القرآن الكريم
وترجمة معانيه إلى
اللغة البورمية

المجلد الأول
من الجزء (١) إلى (١٥)

Translation of the Meanings of

THE NOBLE QURAN

in the Myanmar Language

Volume 1

Part (1) To (15)

القرآن الكريم

وترجمة معانيه إلى

اللغة البوذية

المجلد الأول

من الجزء (١) إلى (١٥)

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ



မှန်မြတ်သည့် ဝတ်ကြောင်းတော်နှစ်ပါးအားစောင့်ကြပ်တော်မူသော

ဘုရင်မင်းမြတ် ဖဟ်ဒ် ဘင်(န်) အဗ္ဗဒွလ်အဇီဇ် အာလ်စဈော်

(စအွောဒီ အာရေဗျ မြို့ပိုင်ဝံ ဘုရင်မင်းမြတ်) ၏

အမိန့်တော်အရ ဤ ကုရ်အာန်ကျမ်းမြတ်နှင့်ငှင်း၏ ဘာသာပြန်ကို ပုံနှိပ်ခြင်းဖြစ်သည်။



هذا المصحف الشريف وترجمة معانيه

هدية من خادم الحرمين الشريفين الملك فهد بن عبد العزيز آل سعود



المجلد الأول

من الجزء (١) إلى (١٥)

مجمع الملك فهد لطباعة المصحف الشريف

ဣဿ် ကုရ်အာန်ကျမ်းမြတ် (မြန်မာဘာသာပြန်)ကို ဆော်ဒီ အာရေးမျ
နိုင်ငံရှိ ဌာန်မြတ်သည် ဝတ်ကျေငင်းတော် နှစ်ပါး အား စောင့်ကြပ်တော်
မူသည့် ဘုရင်မင်းမြတ် "ဖဟ်ဒ်အင်(နှ်)အမ္မဒ္ဒလ် အဇီးဇ်အာလ်စအုဒ်"
(ဟဖိဇဟုလ္လာဟ်)မှ မေတ္တာလက်ဆောင်အဖြစ်လေး အပ်ပါသည်။

ကုရ်အာန်

ကျမ်းမြတ်

မြန်မာဘာသာပြန်

ပထမတွဲ

အစောင် (၁) မှ (၁၅) ထိ

ဖဟ်ဒ် ဘုရင် ကုရ်အာန် ကျမ်း မြေပြင် ပုံနှိပ်တိုက်

بسم الله الرحمن الرحيم

مقدمة

بقلم معالي الدكتور : عبد الله بن عبد المحسن التركي
وزير الشؤون الإسلامية والأوقاف والدعوة والإرشاد
المشرف العام على المجمع

الحمد لله رب العالمين ، القائل في كتابه الكريم :

﴿ ... قَدْ جَاءَكُم مِّنَ اللَّهِ نُورٌ وَكِتَابٌ مُّبِينٌ ﴾

والصلاة والسلام على أشرف الأنبياء والمرسلين، نبينا محمد، القائل :

« خيركم من تعلَّم القرآن وعلَّمه » .

أما بعد :

فإنفاذاً لتوجيهات خادم الحرمين الشريفين، الملك فهد بن عبد العزيز آل سعود، حفظه الله، بالعناية بكتاب الله، والعمل على تيسير نشره، وتوزيعه بين المسلمين، في مشارق الأرض ومغاربها، وتفسيره، وترجمة معانيه إلى مختلف لغات العالم .

وإيماناً من وزارة الشؤون الإسلامية والأوقاف والدعوة والإرشاد بالمملكة العربية السعودية بأهمية ترجمة معاني القرآن الكريم إلى جميع لغات العالم المهمة، تسهيلاً لفهمه على المسلمين الناطقين بغير العربية، وتحقيقاً للبلاغ المأمور به في قوله صلى الله عليه وسلم : « بَلِّغُوا عني ولو آية » .

وخدمة لإخواننا الناطقين باللغة البورمية، يطيب لمجمع الملك فهد لطباعة المصحف الشريف بالمدينة المنورة أن يقدم للقارئ الكريم هذه الترجمة البورمية التي قام بها مجموعة من العلماء، وراجعها من قبل المجمع الشيخ عبد الحميد المظاهري الندوي والشيخ عبد الخالق عبد الولي .

وننتهز هذه الفرصة لنشكر صاحبة حق هذه الترجمة « المؤسسة المركزية للصندوق الإسلامي » في مينمار لسماحها للمجمع بإعادة طبعها .

ونحمد الله سبحانه وتعالى أن وفق لإنجاز هذا العمل العظيم الذي نرجو أن يكون خالصاً لوجهه الكريم، وأن ينفع به الناس .

إننا لندرك أن ترجمة معاني القرآن الكريم ، مهما بلغت دقتها ، فإنها ستكون قاصرة عن أداء المعاني العظيمة التي يحويها النص القرآني المعجز،وأن المعاني التي تؤديها الترجمة إنما هي حصيلة ما بلغه علم المترجم في فهم كتاب الله الكريم، وأنه يعتريها ما يعتري عمل البشر كلّه من خطأ ونقص .

ومن ثم نرجو من كل قارئ لهذه الترجمة أن يوافي مجمع الملك فهد لطباعة المصحف الشريف بالمدينة النبوية، بما قد يجده فيها من خطأ أو نقص أو زيادة، للاستفادة من هذه الملاحظات في الطبعات القادمة إن شاء الله .

والله الموفق ، وهو الهادي إلى سواء السبيل .

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

စကားချီး

الحمد لله رب العالمين ، القائل في كتابه الكريم : ﴿ قَدْ جَاءَكُم مِّنَ اللَّهِ نُورٌ وَكِتَابٌ مُّبِينٌ ﴾

والصلاة والسلام على أشرف الأنبياء والمرسلين ، نبينا محمد ، القائل :

«خيركُم مَنْ تعلَّم القرآن وعلَّمه» .

မွန်မြတ်သည့် ဝတ်ကျောင်းတော်နှစ်ပါး အားစောင့်ကြပ်တော်မူသော ဘုရင်မင်းမြတ် "ဖဟ်ဒ်ဘင်(နံ) အမွှေလ အဒီးဇ်အာလ်ဓအူဒ်'(ဟဖိဇဟုလ္လာဟ်)၏ညွှန်ကြားချက်အား အတည်ပြုကာ၊ ကုရ်အာန်ကျမ်းတော်မြတ်အား အထူးဂရု ဓမ္မ ပြုခြင်း၊ ယင်းကုရ်အာန်ကျမ်းမြတ်အားဖျံ့နှံ့မှုကို လွဲကူစေရန်၊ ၄င်းအား ကမ္ဘာ့တဝှမ်းရှိ မွွေလင်ဓမ္မားအား ဖြန့်ဖြူးခြင်း၊ အနက် အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ဘာသာပေါင်းစုံတွင် ဘာသာပြန်ဆိုရေး သား ခြင်းပင်ဖြစ်သည်။

ဤသည်ကို အဓိကထားက၊ စအူဒီအရေဗျနိုင်ငံရှိ သာသနာရေး၊ အဆောင်ထားရေး၊ သာသနာဖြန့်ချီရေးနှင့်လမ်း ညွှန်မှု ဝန်ကြီး ဌာန သည် ကုရ်အာန်ကျမ်းမြတ် အား ဝင့် ဝါသော ကမ္ဘာ့ဘာသာ စကားပေါင်း စုံတွင် ပြန်ဆိုရေး သား ခြင်းဖြင့် အရစီ စာပေ မကျွမ်းကျင်သည့် မွွေလင်ဓမ္မားအဖို့ လွယ်လင့်တကူ နားလည်သဘောခေါက်မိရန်ဂင်း၊ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လာဟု အလိုက် ဟိဝစ္စလ္လာဟ်)၏ ပြဋ္ဌာန်းချက် ဖြစ်သည့် "ငါ၏ကိုယ်စား၊ တအာယသဲတော်ပင်ဖြစ်လင့်ကစား၊ အသင်တို့ပို့ ဆောင်ပါလေ" ဟူသည့်ဥဝါဒ တော်အားလည်းကျေပွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ် ပေသည်။

မြန်မာ မွွေလင်ဓမ္မားအလို၄၁ အကျိုးသည်ပိုး ဆောင်ရွက်သည်အားဖြင့်၊ မြန်မာစာပေ တတ်ကျွမ်း သည့် မွွေလင်ဓမ္မား အဖို့ ဤ"ကုရ်အာန်ကျမ်းမြတ်ဖြန်မာဘာသာပြန် "ကိုတင်ဆက်ခြင်းသည်၊ မဒီနာဟ်မြို့တော်ရှိ "ဖဟ်ဒ်ဘုရင် ကုရ်အာန်ကျမ်းမြတ်ပုံနှိပ်တိုက်" အဖို့ အလွွန်တရာပင် ဦးမြင့်ဂုဏ်ယူဘွယ်ရာဖြစ်ပေသည်။

ဤ "ကုရ်အာန် ကျမ်း မြတ်၊ မြန်မာဘာသာပြန် "သည် ယခင်ကမြန်မာနိုင်ငံရှိ သာသနာ့ပညာရှင်များတစုမှ ပြစု၊ စီရင်၊ ရေးသား ထား သော ကျမ်းဂန်တစောင်ဖြစ်ပြီး "ဖဟ်ဒ်ဘုရင် ကုရ်အာန် ကျမ်း မြတ် ပုံနှိပ်တိုက်" မှ မော်လာနာ အမွွေလ ဟမီးဒ် မဓါဟရီ၊ နဒဝီ နှင့် မော်လာနာ အမွွေလ ခါလိဏ် အစ်ဒွလ်ဝလီမဓါဟရီ တို့ ကတည်း ဖြတ် ခဲ့ခြင်း ဖြစ်သည်။ ထိုနည်း ၄င်း၊ ဤ အစွင့် ရေး ကို အသုံး ပြုကာ၊ "ကုရ် အာန် ကျမ်း မြတ် ၏ အလင်းပြကျမ်း"မူပိုင်ဖြစ်သည့် မြန်မာနိုင်ငံရှိ "အစ္စလာဗ် ဗဟိရုံပုံ၄ွေအဖွဲ့" အား လည်း ယင်း ကျမ်းဂန်အား ပြန်လည် ပုံနှိပ်ထုပ်ဝေခွင့် ပြုသည်ကို အထူး ကျေးဇူး တင်ရှိပါ၏။

အလွန်မွန်မြတ်လှသော ဤလုပ်ငန်းကြီး အထမြောက်အောင်မြင်ပါစေဟူ၍ အလ္လာဟ်အသ္ဆင်မြတ်ထံတော်၌ ဆုမွွန်ကောင်း တောင်းပါ၏။ ဤလုပ်ငန်းတော်အား ဖြူစင်၊ စင်ကြယ်သည့် စိတ်နှစ်လုံးသားဖြင့် အလ္လာဟ်အသ္ဆင်မြတ် အလို၄ာသက်သက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဖြစ် အတည် ပြု တော် မူပါစေ၊ ထို့ ပြင် တဝ လူ၀ပ်သိမ်း တို့ အား အကြီးဖြစ် ထွန်းပါ စေ။

အမှန်စင်စစ်၊ ဤဘာသာပြန် ကျမ်းဂန်သည်၊ ဘာသာပြန် ပညာရှင်များ၏ တတ်စွမ်းနိုင်သမျှ ကျိုး စား အားထုပ်ကာ အလ္လာဟ်အသ္ဆင်မြတ် ၏ ကျမ်းဂန်တော်အား နားလည်သဘောပေါက် ခြင်း ၏ အကျိုးဆောင်သာလျင် ဖြစ်၏။ မရီစူး ဘဲ၊ အမှတ်တမဲ့၊ တစုံတရာအမှားအယွင်း ရှိခဲ့ပါက၊ ဤသည် မန သာလူသားတိုင်း မှားယွင်းနိုင်သည့် မှားယွင်းမှုနှင့် ချို့ယွင်းမှု သက်သက် သာလျင် ယူဆကြပါကုန်။

သို့ဖြစ်ပေရာ၊ ဤဘာသာပြန်ကို ဖတ်ရှု လေ့လာသူတိုင်းအဖို့၊ တစုံတရာ အမှား အယွင်း သော်လည်း ကောင်း၊ ချို့ယွင်း မှုသော် လည်းကောင်း ၊ တိုးချဲ့မှုသော်လည်းကောင်း၊ မှတ်ချက်တစုံတရာထွေလိုထွေငြား ၊ မဒီနာဟ်မြို့ တော် ရှိ ဖဟ်ဒ်ဘုရင်ကုရ်အာန်ကျမ်းမြတ် ပုံနှိပ်တိုက် သို့ တိုက်ရိုက် ပို့ဆောင်ပါရန် အထူးမေတ္တာရပ်ခံ အပ်ပါသည်။ ယင်းမှတ် ချက်များအားလေ့လာဖတ်ရှုသူများ ပိုမိုအကျိုးဖြစ်ထွန်းစေရန်အလို့ငှာ၊ လာလတ္တံ့သော နေ၁က်ဆက်တွဲများတွင် တိုးချဲ့ ထည့်သွင်းပေပါမည်။(အင်ရာအလ္လာဟ် – အလ္လာဟ်အသ္ဆင်မြတ်သဘောတူခဲ့ပါလျင်)။

"အလ္လာဟ်အသ္ဆင်မြတ်သည်သာလျင် အောင်မြင်မှုပေးသနားတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ် သည်သာလျင် တရားလမ်းမှန်သို့ညွှန်ပြတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"

အစ်ဒွလ္လာဟ်ဘင်နှစ်ဒွလ်မွဟ်စင်နှစ်အလ်သုရ်ကီ

ဝန်ကြီး

သာသနာရေး၊အဆောင်ထားရေး၊ သာသနာဖြန့်ချီရေးနှင့်လမ်းညွှန်မှုဝန်ကြီးဌာန

"ဖဟ်ဒ်ဘုရင်ကုရ်အာန်ကျမ်းမြတ်ပုံနှိပ်တိုက်" ညွှန်ကြားရေးမှူးချုပ်

အဖွင့်ကဏ္ဍ



၁။ မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူထသော အနန္တကရုဏာတော်ရှင် ၁ ဖြစ်တော်မူထသော (မဟာနုဒယောမဟာနုကမ္ပကော) အလ္လာဟ်အရှင်မြတ် ၂ ၏ နာမံတော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ①

① <u>ကုရ်အာန်ကျမ်းမြတ်သည် အစမှအဆုံးတိုင် ကရုဏာချည်းသာတည်း။</u>

ကုရ်အာန်ကျမ်းမြတ်၏ အစအဦး၌ပင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်ဖွင့်ရာတွင် ပဌမဆုံးသော ဂုဏ်တော်ကား ဤ(ကရုဏာရှင်)တည်းဟူသော ဂုဏ်တော်ပင်ဖြစ်လေသည်" အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော် များကို ထင်ပေါ်စေသည်ထက် ထင်ပေါ်စေရန်အလို့ငှာ ကုရ်အာန်ကျမ်းမြတ်တွင် ကဏ္ဍစဉ်-၅၅ "အနန္တကရုဏာရှင်" မည်သောကဏ္ဍကို အထူးတလည် ထုတ်ပြန်ပို့ချတော်မူ၏။ ယင်းကဏ္ဍတွင် အလ္လာဟ်အရှင်မြတ်သည် မိမိကိုယ်တော်တိုင် ရက်ရောစွာ ပေးကမ်းတော်မူထားသော ဂုဏ်ကျေးဇူးများကို အနည်းနည်း အဝဲဝဲ ထုတ်ဖော်ပြလျက် "အိုး-(ဂျင်နနှင့်လူ) အသင်တို့နှစ်စုသည် မိမိတို့၏ အရှင့် ဂုဏ်ကျေးဇူးတော်များအနက် အဘယ်ကျေးဇူးကို ငြင်းပယ်နိုင်ကြပါသနည်း"။ ဟု အကြိမ်ပေါင်း-၃၁-ကြိမ်မျှ သတိပေးနှိုးဆော်၍ မိမိ၏ကရုဏာတရားတော်များကို ပေါ်လွင်ထင်ရှားစေသည်။

ဤမျှမကသေး၊ အလ္လာဟ်အရှင်မြတ်သည် ကရုဏာတရားကို အမြတ်တနိုး ရှေ့ရှုတော်မူ၍ ဝေနေယျသတ္တဝါများပေါ်၌ ကရုဏာတရား ထားရှိတော်မူကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် ဤသို့ မိန့်ဆိုပြန်လေသည်။

(က) (အလ္လာဟ်အရှင်မြတ်သည်) မိမိအဘို့ ကရုဏာပြုမှုကို ပြဋ္ဌာန်းထားတော်မူပြီ။ (၆:၁၂)

(ခ) ငါ(အလ္လာဟ်အရှင်မြတ်)၏ ကရုဏာတော်သည် အရာခပ်သိမ်းကို လွှမ်းခြုံလျက်ရှိချေပြီ။(၇:၁၅၆)

ထိုနည်းတူစွာ နဗီတမန်တော် မုဟမ္မဒ်(ဆွ)အား ချီးကျူးရာ၌လည်း ကုရ်အာန်ကျမ်းမြတ်တွင် စကြဝဠာအပေါင်းတို့၏ "ကရုဏာတော်ရှင်" ဟူ၍ မိန့်ဆိုထားသည်။

(ဂ) ငါ(အလ္လာဟ်အရှင်မြတ်သည်) အသင့်အား စကြာဝဠာအပေါင်းအဘို့ရာ "ကရုဏာတော်ရှင်" အဖြစ်ဖြင့်သာ စေလွှတ်တော်မူသည်။ (၂၁:၁၀၇)

(ဃ) ထိုမှတပါး၊တဲ့ ကုရ်အာန်(၄၈:၂၉)တွင် မွတ်စ်လင်မ်တို့သည် အချင်းချင်း တဦးနှင့်တဦးဆက်ဆံရာတွင် ကရုဏာသက်ဝင်၍ ဆက်ဆံကြောင်းကို မိန့်ဆိုပြီး ယင်းကရုဏာတရားတော်ကိုပင် ရှေ့ရှုချီးကျူး ထားပြန်လေသည်။

(င) ကရုဏာတရားပွားများခြင်း၏အကျိုးကို ထင်ရှားစေရန်အလို့ငှာ နဗီတမန်တော် မုဟမ္မဒ်(ဆွ)၏ မိန့်မြွက်ဟအပ်သော ဒေသနာတော်ကို"ဗုခါရီ" ကျမ်းတွင် ဤသို့တွေ့ရှိရသည်။ "အကြင်သူသည် ➤➤

الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ ۝٢

၂။ ချီးမွမ်း ထောမနာခြင်း ဟူဟူသမျှသည် စကြာဝဠာ အပေါင်းတို့ကို (မဖြစ်မပေါ်မီကစ၍ ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့်) ပြုစုပျိုးထောင်တော်မူထသော အလ္လာဟ် အရှင်မြတ် အဘို့သာတည်း။

الرَّحْمَٰنِ الرَّحِيمِ ۝٣

၃။ (အလ္လာဟ်အရှင်မြတ်သည်) မဟာနုဒယော၊ မဟာနုကမ္ပကော၊ မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူ၏။

➤➤လူအများအပေါ်ဝယ် သနားကြင်နာမှုကင်းမဲ့၏၊ ထိုသူအား အလ္လာဟ်အရှင်မြတ်လည်း သနားကြင်နာတော်မူမည်မဟုတ်။"

(စ) ကုရ်အာန်ကျမ်းမြတ်ပင်လျှင် "ကရုဏာတရား" ဖြစ်ကြောင်း ဤသို့ဆိုထားပြန်၏။ "(အိုနဗီတမန်တော်) ငါအရှင်သည် အကြောင်းအရာခပ်သိမ်းတို့ကို ရှင်းလင်းရန်၄င်း၊ တရားမမှုကို ညွှန်ကြားပြသရန်၄င်း၊ ကရုဏာတရား ပွားများစေရန်၄င်း၊ အသင့်ထံသို့ ကုရ်အာန်ကျမ်းဂန်ကို ပို့ချပေးသနားတော်မူသည်။ (ထို့ပြင်တဝ ယင်းကျမ်းဂန်သည်) မွတ်စ်လင်မ်များအဘို့ ပီတိသောမနဿမင်္ဂလာရှိသော သတင်းလည်းမည်၏။" (၁၆း၈၉)

ကုရ်အာန်ကျမ်းမြတ်နှင့် "ဗုခါရီ"ကျမ်းကြီးများတွင်ကရုဏာတရားတော်ကို မြောက်မြားစွာသော ဌာနများ၌ ချီးမြှင့်ထားသည်ကို နိသမ္ဘဉာဏ်ဖြင့် တွေးတောဆင်ခြင်သော ပုဂ္ဂိုလ်တိုင်းပင် အစ္စလာမ်သာသနာတော်သည် အလွန်တရာမှ သိမ်မွေ့နူးညံ့၍ သန္တိတရား၊ ခေမတရား၊ ငြိမ်းချမ်းရေးတရား၊ ကရုဏာတရားတို့ကို ပွားများစေသော တရားဓမ္မဖြစ်သည်ဟု ဧကန်မုချ ဝန်ခံရပေလိမ့်မည်။

(ဃ) ကုရ်အာန်ကျမ်းမြတ်တွင် ကိုးကွယ်ရာဟူသော သဘောတရားနှင့် စပ်လျဉ်း၍ "အလ္လာဟ်" ဟူသောပုဒ်နှင့် "ဣလ္လာဟ်" ဟူသောပုဒ်ကို မြောက်မြားစွာသော နေရာတို့၌ သုံးထားသည်။ ကွဲပြားချက်မှာကား ဤသို့တည်း။ "ဣလ္လာဟ်"ဟူသောပုဒ်သည် လူမျိုးအသီးသီးတို့မိမိတို့အယူဝါဒအလျောက်ယုံကြည်ကိုးစားသော ကိုးကွယ်ရာများအတွက် အသုံးပြုနိုင်သောပုဒ်ဖြစ်သည်။ "အလ္လာဟ်" ဟူသောပုဒ်မှာကား ဧကန်ဆတ်ဆတ် မုချတွ ကိုးကွယ်ခြင်းကို ခံထိုက်တော်မူထသော(ဧကဝ)တဆူတည်းသော၊(အသာဓါရဏော)ဆက်ဆံသူကင်းသော၊(နိမ္မာတာ) အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူထသော၊(အနာဒိကော)အစမရှိသော၊(အနန္တိကော)အဆုံးမရှိသော၊ (အဒုတိယော) ပေါင်းဖော်ပေါင်းဘက်ကင်းသော၊ (အသမော) အတုမရှိသော၊(အပ္ပဋိပုဂ္ဂလော)ပြိုင်ဘက်မရှိသော၊ (အပ္ပမေယျော) မနှိုင်းယှဉ်အပ်သော၊(အတုလော)တူသူမရှိသော၊(အစိန္တေယျော)မကြံစည်ကောင်းသော၊ (သဗ္ဗညူ၊သဗ္ဗဝိဒူ) ခပ်သိမ်းကုန်သောအရာတို့ကိုမိမိတန်ခိုးအာနုဘော်ဖြင့်အလိုအလျောက်သိတော်မူထသော ၊(နိစ္စ၊ထာဝရ) အမြဲတည်လျက်ရှိသောကိုးကွယ်ရာအရှင်မြတ်အဘို့သာသီးသန့်၍သုံးရသော ဧကဝိဓနာ ပုဒ်ဖြစ်သည်။

مٰلِكِ يَوْمِ الدِّيْنِ ۝

၄။ (အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်း ကုန်သော သတ္တဝါတို့ကို ရှင်ပြန်ထစေတော်မူ၍ သူတော်စင်တို့အား)ကောင်းကျိုး၊ (မသူတော်တို့အား) မကောင်းကျိုး ပေးတော်မူမည်ဖြစ်သောနေ့ကို (ကြွသရ) အစိုးရတော်မူသောအရှင်ဖြစ်သည်။

اِيَّاكَ نَعْبُدُ وَاِيَّاكَ نَسْتَعِيْنُ ۝

၅။ ကျွန်တော်မျိုးတို့သည် ကိုယ်တော်အရှင်မြတ်ကိုသာလျှင် ခယရိုကျိုး ရှိခိုးဆည်းကပ်ပါ၏။ ထို့ပြင်တဝ ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူပါရန် ကိုယ်တော်အရှင်မြတ် အထံတော်၌သာ လျှင် ဆုတောင်းပတ္ထနာပြုပါ၏။

اِهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ ۝

၆။ (အို-အလ္လာဟ်အရှင်မြတ်) ကျွန်တော်မျိုးတို့အား အစစအရာရာတွင် ဖြောင့်မတ်မှန်ကန်သော (မဇ္ဈိမပဋိပဒါ)ဥဇုမဂ္ဂလမ်းစဉ် ၃ ကို ညွှန်ကြားပြသတော်မူပါ။

صِرَاطَ الَّذِيْنَ اَنْعَمْتَ عَلَيْهِمْ ۙ

၇။ အကြင်သူတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် (မေတ္တာကရုဏာသက်ဝင်တော်မူ၍) သုခချမ်းသာဂုဏ်ကျေးဇူးကို ပြုခဲ့လေပြီဖြစ်၏။ ထိုသူမွန်သူမြတ်တို့၏ တရားလမ်းကို (ကျွန်တော်မျိုးတို့အားလည်း ညွှန်ကြားပြသတော်မူပါ။)

غَيْرِ الْمَغْضُوْبِ عَلَيْهِمْ وَلَا الضَّآلِّيْنَ ۝

အမျက်တော်စူးရှခြင်း ခံရသူများ(၏လမ်း)လည်း မဟုတ်၊ လမ်းမှားသူများ(၏လမ်း)လည်း မဟုတ်၊ (သူမွန်သူမြတ်တို့၏ ဥဇုမဂ္ဂလမ်းမှန်ကိုသာ ညွှန်ကြားပြသတော်မူပါ)။

---

① "ဖြောင့်မတ်သောလမ်းသည် တရားစည်းကမ်း နည်းလမ်းမှန်သောလမ်း၊ တနည်းအားဖြင့် အစ္စလာမ်သာသနာတော်ကိုပင် ဆိုလိုသည်။"

မှတ်ချက်။ ။"(ဆွလာတ်ဝတ်ပြုရာတွင်) 'အဖွင့်ကဏ္ဍ' ကို ရွေးဆောင်ရွေရပ်ပုဂ္ဂိုလ် ရွတ်ဖတ်သရဇ္ဈာယ်၍ ပြီးစီးသည့်အခါ၌ အသင်တို့သည် 'အာမိန်' ဟု ဆိုကြကုန်လော့ "ဟုနဗီတမန်တော် မုဟမ္မဒ်(ဆွ)မိန့်တော်မူခဲ့သည်။

ဂါဝီကဏ္ဍ

سُوْرَةُ الْبَقَرَةِ

ဤကဏ္ဍ၏ အမည်နာမမှာ "ဂါဝီ" ကဏ္ဍဖြစ်သည်။ မဒီနာမြို့တော်၌ ကျရောက်ခဲ့သည်။ ဤကဏ္ဍတွင် အာယတ်တော်ပေါင်း (၂၈၆)၊ ရူကူအ်အပိုဒ်ပေါင်း (၄၀) အသီးသီးပါရှိ၏။

"ဂါဝီ" ကဏ္ဍဟု အမည်မှည့်ခေါ်ရခြင်းအကြောင်း။

နဗီတမန်တော် မူစာ(အ)၏လက်ထက် ယဟူဒီဘာသာဝင်များ အီဂျစ်နိုင်ငံတွင် နေထိုင်ကြစဉ် ယင်းသူတို့၌ နွားကိုးကွယ်မှုသည် ဖြစ်ပေါ်လာ၏။ ဤနွားကိုးကွယ်မှုပျောက်၍ ဧကေဝတဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အလို့ငှာ ကြန်အင်လက္ခဏာ အဖြာဖြာနှင့် ပြည့်စုံသော နွားမတစ်ကောင်ကို သတ်ဖြတ်ရန် ယင်းသူတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်ထံမှ အမိန့်တော်ကျရောက်လေသည်။ ထိုအထူးပွတ္တိကို အကြောင်းပြု၍ ဤကဏ္ဍကို "ဂါဝီ" ကဏ္ဍဟုမှည့်ခေါ်သည်။ ယင်းနွားမ၏အကြောင်းကို ဤကဏ္ဍ(၂း ၆၇-၇၁) တွင် တွေ့ရပါအံ့။

"အဖွင့်" ကဏ္ဍနှင့် "ဂါဝီ" ကဏ္ဍ၏ ဆက်စပ်မှု။

ကုရ်အာန်ကျမ်းမြတ်၏ ပဌမကဏ္ဍဖြစ်သော "အဖွင့်" ကဏ္ဍတွင် ကျွန်တော်မျိုးတို့အား (အစစအရာရာတွင်) ဖြောင့်မတ်မှန်ကန်သော မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ညွှန်ကြားပြသတော်မူပါဟု အရှင်ထံ ဆုတောင်းပတ္ထနာပြုထားရာ ဤ "ဂါဝီ" ကဏ္ဍ၏အစ၌ပင် (ဤကျမ်းသည်) သူတော်စင်များအဘို့ သဒ္ဓမ္မတရားတည်းဟု အလ္လာဟ်အရှင်မြတ်သည် ပြန်လည်မိန့်ကြားတော်မူ၍ မိမိ ကျေးတော်ကျွန်တော်များ၏ ဆုပန်ချက်ကို လက်ခံသဘောတူတော်မူကြောင်း ပါရှိလေသည်။ ဤသို့အားဖြင့် "အဖွင့်" ကဏ္ဍနှင့် "ဂါဝီ" ကဏ္ဍသည် အကျိုးနှင့်အကြောင်း ဖြစ်ချေသည်။

ထိုမှတပါးတဲ့ "အဖွင့်" ကဏ္ဍတွင် အရှင်မြတ်၏အမျက်တော် ရူးရှခြင်းခံရသောသူများ၏ လမ်းမှားမှ ဝေးကွာရန်အတွက် တောင်းဆိုထားသော ဆုတောင်းပတ္ထနာနှင့်စပ်လျဉ်း၍ ဤ "ဂါဝီ" ကဏ္ဍတွင် အစ္စရာအီလီလူမျိုးများသည် မည်ကဲ့သို့သော ပြစ်မှုများကြောင့် အမျက်တော်ရူးရှခြင်းခံရသည်ကိုလည်း အကျယ်တဝင့်ဖော်ပြထားသည်။ ဤသို့အားဖြင့် "ဂါဝီ" ကဏ္ဍသည် "အဖွင့်" ကဏ္ဍနှင့် ဆက်စပ်လျက်ရှိကြောင်းကို ထင်ရှားစွာတွေ့မြင်ရပေသည်။

ရာဇဝင်နောက်ခံ။

နဗီတမန်တော် မုဟမ္မဒ်(ဆ)သည် မဒီနာမြို့၌ သီတင်းသုံးနေစဉ် ထိုမြို့နှင့်အနီးအနား ဆင်ခြေဖုံးရပ်ကွက်များ၌ နေထိုင်လျက်ရှိသော ယဟူဒီဘာသာဝင်နှင့် ခရစ်ယာန်ဘာသာဝင်များသည် အာဏာရရှိမှု၊ ပုဂ္ဂိုလ်စွဲကြည်ညိုမှု၊ မိရိုးဖလာ ထုံးတမ်းစဉ်လာ ကိုးကွယ်မှုများကြောင့် အလ္လာဟ်အရှင်မြတ်ထံမှ ထုတ်ပြန်ပို့ချပေးသနားတော်မူသော ကျမ်းများကိုပင် လျစ်လျူရှုနေကြကုန်၏။

ထိုရောကာလမဒီနာမြို့တွင်ရှိ "ဗနူခဒ်ရဂ်" မျိုးနွယ်၏ ခေါင်းဆောင်ဖြစ်သော "အဗ်ဒုလ္လာဟ်ဣဗ်နုအုဗိုင်ဣဗ်နိစုလူလ်" နှင့် အပေါင်းအဖော်များသည် တန်ခိုးအာဏာနှင့် ဥစ္စာဓနလောဘမူစိတ်ဖြင့် မွတ်စ်လင်မ်အသွင်ဆောင်၍ အစ္စလာမ်ဘာသနာကြီး၏အရိပ်ခိုကာ ကိုယ်ပေါင်းစိတ်ခွာ ကိုယ်ကျိုးရှာနေကြတော့၏။ ➤➤

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

الٓمّٓ ①

ذٰلِكَ الْكِتٰبُ لَا رَيْبَ ۛ فِيْهِ ۛ

هُدًى لِّلْمُتَّقِيْنَ ②

အစဉ်သနားကြင်နာ ညှာတာတော်မူထသော အနန္တကရုဏာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

၁။ *အလိဖ်လာမ်မီမ်* [၁]

၂။ ဤကျမ်းသည် (ထုတ်ပြန် ပို.ချပြီးသော ကျမ်းဂန် အသီးသီးတို၌ ဗျာဒိတ်ပေးထားပြီးဖြစ်သော ပရမတ္ထကုရ်အာန်) ဓမ္မကွန်တည်း။ ယင်းကျမ်းမြတ်နှင့်စပ်လျဉ်း၍ ယုံမှားသံသယ ဝိစိကိစ္ဆာဖြစ်ဘွယ်ရာ အကြောင်း အလျှင်းမရှိပြီ။ ယင်းကျမ်းမြတ်သည် သူတော်စင်များအဘို့ တရားလမ်းမှန်ကို ညွှန်ကြားပြသသော တရားဓမ္မဖြစ်သတည်း။

➤➤ နဗီတမန်တော်သည် ထိုအချိန်တွင် အောက်တွင်ဖော်ပြပါ မသမာသော ရန်သူသုံးမျိုးသုံးစားနှင့် ရင်ဆိုင်တွေ့ဆုံနေရတော့၏။

(က) မက္ကမြို့ရှိ အရဗ် ကာဖိရ် မိစ္ဆာဒိဋ္ဌိကများ။

(ခ) ယဟူဒီဘာသာဝင်နှင့် ခရစ်ယာန်ဘာသာဝင်များ။

(ဂ) "မုနာဖိက်" မည်တွင်သော မွတ်စ်လင်မ် အသွင်ဆောင်သူများ။

ထိုသုံးမျိုးသုံးစားသောသူများအား ချိုအေးယဉ်ကျေးသော အစွလာမ်သာသနာတော်နှင့် လိုက်နာကျင့်ဆောင်အပ်သော ပဋိပတ်များကို ဟောကြားရန်အလို့ငှါ အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်ထံ ဤကဏ္ဍကို မဒီနာမြို့၌ စတင်ထုတ်ပြန်ပေးသနားတော်မူ၏။ ဤသည်ကား ဤကဏ္ဍ၏ အကျဉ်းသဓ်ေပ ရာဇဝင် နောက်ခံတည်း။ အခြားအထွာပွတ္တိများကို သက်ဆိုင်ရာ ဝါကျများတွင် ဖော်ပြသွားပါအံ့။

<u>ကဏ္ဍ၏ ရည်ရွယ်ချက်</u>

ဤကဏ္ဍကို ထုတ်ပြန်ချမှတ်ရခြင်း၏ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန်သော အစွရာအီလီလူမျိုးများ၏ ပျက်စီးခြင်းဖြစ်အင်ကိုဆင်ခြင်၍ မွတ်စ်လင်မ်များသတိသဝေဂ တရားရရှိရန်ဖြစ်သည်။

⓶ ကုရ်အာန်ကျမ်းမြတ်တွင် (၂၉) ခုသော ကဏ္ဍများ၏အစ၌ ဤအက္ခရာစုကဲ့သို့ အဓိပ္ပါယ် လျှို့ဝှက်ထားသော သဓ်ေပအက္ခရာများ ပါရှိ၏။ ယင်းအက္ခရာများကို "ဟုရူဖ်မုကတ်တူအဟ်" ဟု ခေါ်ဝေါ်သမုတ်၏။ ထိုအက္ခရာများ၏ အနက်အဓိပ္ပါယ်ကို အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သူမျှ တပ်အပ်သေချာစွာမသိချေ။

"အလိဖ်လာမ်မီမ်" ဟူသော သဓ်ေပအက္ခရာသည် အောက်ပါကဏ္ဍ(၆)ခု၏ အစ၌ ပါရှိသည်။

(က) "ဂါဝီ" ကဏ္ဍ (ကဏ္ဍ ၂)။

(ခ) "အင်မ်ရာန်၏အမျိုးအနွယ်" ကဏ္ဍ (ကဏ္ဍ-၃)။ ➤➤

الَّذِينَ يُؤْمِنُونَ بِالْغَيْبِ
وَيُقِيمُونَ الصَّلَوٰةَ وَمِمَّا
رَزَقْنَٰهُمْ يُنفِقُونَ ۝٣

၃။ အကြင်သူတော်စင်များသည် (ကုရ်အာန်ကျမ်းလာ) အကွယ်၌တည်ရှိသောအရာများ [၁] ကို အမှန်ဖြစ်သည် ရှိသည်ဟု (ခိုင်ခံ့မြဲမြံသော အစလသဒ္ဓါတရားဖြင့်) ယုံကြည် [၂] ကြသည်။ (စည်းကမ်းသေဝပ်စွာ) ဆွလာတ် [၃] ဝတ်ပြုကြသည်။ ထို့ပြင် ထိုသူတို့အား ငါအရှင် ပေးသနားတော် မူထားသော ဥစ္စာပစ္စည်းများ မှ ထိုသူတို့သည် (တရားတော်နှင့်အညီ) လှူဒါန်းကြသည်။ [၄]

➤➤ (၈) "ပင့်ကူကောင်" ကဏ္ဍ (ကဏ္ဍ ၂၉)။
(ဃ) "ဗိုင်ဇင်တိုင်လူမျိုးများ" ကဏ္ဍ (ကဏ္ဍ ၃၀)။
(င) "သုခမိန်လုက်မာန်" ကဏ္ဍ (ကဏ္ဍ ၃၁)။
(စ) "ပျပ်ဝပ်၍ဦးချခြင်း" ကဏ္ဍ (ကဏ္ဍ၃၂)။

① အလ္လာဟ်အရှင်မြတ်နှင့် အပါးတော်စေတမန်များ၊ "ဂျန္နတ်" အမတသုခဘုံ၊ နိရယ ငရဲဘုံ၊ တမလွန်ဘဝရှိခြင်း၊ သေပြီးနောက် ရှင်ပြန်ထခြင်း. . . . . အစစသောမျက်ကွယ်အရာများ အကျူးဝင်ကြလေသည်။ ကုရ်အာန်ကျမ်းမြတ် (၂:၂)တွင် "တက်ဝါ" တရားကို ကျင့်ဆောင်သောသူများ၏ ဂုဏ်ကိုဖေါ်ပြရာ၌ ထိုသူတို့သည် အထက်အဆိုပါ မျက်ကွယ်၌ ဖြစ်သောအရာများပေါ် ခိုင်မြဲစွာယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော သူများဖြစ်ကြသည်ဟု ဆိုထားလေသည်။ ဤအကြောင်းကို ဆင်ခြင်ပါက မျက်ကွယ်ရာဖြစ်သော အထက်အဆိုပါ အကြောင်းအရာများပေါ်ဝယ် ယုံကြည်ခြင်း သဒ္ဓါတရား ရှိရမည်ကား "မုအ်မင်"၊ " မွတ်စ်လင်မ်" တိုင်းအတို့ပဓါန အရင်းခံအချက်ပင် ဖြစ်လေသည်။ မျက်ကွယ်ရာဖြစ်သောအရာများပေါ်ယုံကြည်ခြင်းသဒ္ဓါတရား မရှိဘဲလျက် ကောင်းမှုကုသိုလ်ပြုလုပ်သမျှသည်အချည်းနှီးအဟောသိကံမျှသာဖြစ်ပေသည်။

② အပါးတော်စေတမန် "ဂျိဗ်ရီလ်" ကနဗီတမန်တော်မုဟမ္မဒ်(ဆွ)အား "အီမာန်" ဆိုသည်မှာ အဘယ်အရာနည်းဟု မေးမြန်းရာနဗီတမန်တော်က "အီမာန်" ဟူသည်ကား-

(က) အလ္လာဟ်အရှင်မြတ်ကိုင်၊
(ခ) ထိုအရှင်မြတ်၏ အပါးတော်စေတမန်များကိုင်၊
(ဂ) ထိုအရှင်မြတ်၏ ကျမ်းဂန်များကိုင်၊
(ဃ) ထိုအရှင်မြတ်၏ နဗီတမန်တော်များကိုင်၊
(င) သေပြီးနောက် ပြန်ရှင်ထရမည့်နေ့ကိုင်၊
(စ) ထိုအရှင်မြတ်၏ အကောင်းအဆိုး စီမံခန့်ခွဲနိုင်သော အစွမ်းသတ္တိကိုင်း၊
ယုံကြည်ခြင်းကို ဆိုလိုသည်ဟု ပြန်လည်ဖြေကြားတော်မူလေသည်။

③ ဤပုဒ်ကို ကုရ်အာန်ကျမ်းမြတ်တွင်အောက်ပါအဓိပ္ပါယ်များ၌ သုံးစွဲထားသည်။

(၁) ဆွလာတ်ဝတ်ပြုခြင်း၊
(၂) ချီးကျူးမင်္ဂလာပြုခြင်း၊ ➤➤

وَالَّذِيْنَ يُؤْمِنُوْنَ بِمَآ اُنْزِلَ اِلَيْكَ وَمَآ اُنْزِلَ مِنْ قَبْلِكَ ۚ وَبِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ۝

၄။ ထို့ပြင် ထိုသူတော်စင်များသည် အသင့်ထံသို့ ထုတ်ပြန်ပို့ချသော (ကုရ်အာန်)ကျမ်းမြတ်ကိုငှင်း၊ အသင့်အလျင် ရှေးပဝေဏီက (ပွင့်လေပြီးသော နဗီတမန်တော် များးထံသို့) ထုတ်ပြန် ပို့ချသော ကျမ်းဂန်များကိုငှင်း၊ [၁] ယုံကြည်ကြ၏။ ထို့ပြင်တဝ ထိုသူတော်စင်များသည် (သမ္မရာယ)တမလွန်ဘဝ [၂] ကိုလည်း အမှန်ဟူ၍ သံသယကင်းစွာ ယုံကြည်ကြကုန်၏။ [၃]

➤➤ (၃) ဆုတောင်းခြင်း၊

(၄) ဝတ်ကျောင်း၊

ဤပါဒတွင် ဆွလာတ်ဝတ်ပြုခြင်းအနက်ကိုယူပါကုန်။

"ဆွလာတ်"သည် ပွင့်လေသမျှသော နဗီတမန်တော်တို့၏ ပဋိပတ်ကျင့်စဉ်၌ပါရှိ၏။ ကျင့်နည်းကျင့်ပုံသာ ကွာခြားလေသည်။ နဗီတမန်တော် မုဟမ္မဒ်(ဆွ) တမန်တော်ဘဝကို ချီးမြှင့်ခြင်း ခံရပြီးသည့်နောက် များမကြာမီအတွင်း ဒုတိယအကြိမ် ကျရောက်လာသော အမိန့်တော်သည် ဆွလာတ်ဝတ်ပြုရန် အမိန့်ပင်ဖြစ်သည်။ ကြည့်-ကုရ်အာန်(၇၄:၃)။

အစ္စလာမ်သာသနာ့ဗိမာန်ကြီး၏ အကြီးဆုံး အခြေခံအုဒ်မြစ်တခုဖြစ်သော "ဆွလာတ်" သည် နဗဝီသက္ကရာဇ် ၁ ခုနှစ်မှစ၍ ပတ်ဝန်းကျင်အခြေအနေအရ တဖြည်းဖြည်း အဆင့်ဆင့်တိုးတက်၍လာရာ နဗဝီသက္ကရာဇ် ၅ ခုနှစ်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ချမှတ်ချက်အရ ယခုလက်ရှိအတိုင်း စတင်ဖြစ်ပေါ်လာလေသည်။ ကြည့်-"စီရတုန်နဗီ"။

မွတ်စ်လင်မ်တို့သည် အချင်းချင်း ဂိဏ်းဂဏအားဖြင့် မည်ကဲ့သို့ပင် ကွဲပြားကြလင့်ကစား ဆွလာတ်ဝတ်ပြုရန် အမိန့်တော်ကို နာခံရာ၌မူ အားလုံးသည် တညီတညွတ်တည်း ဖြစ်ကြပေသည်။

(၅) အချို့က ဤဝါကျ၏အလိုမှာ အလ္လာဟ်၏လမ်း၌ သဒ္ဓါဒေယျသဘောဖြင့် ပေးကမ်းလှူဒါန်းခြင်း ဟူ၍ငှင်း၊ အချို့ကမူပြဋ္ဌာန်းထားသော "ဇကာတ်" ဟူ၍ငှင်း ယူဆကြ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော ပစ္စည်းဥစ္စာ၊ အသိပညာ၊ ရာထူးဂုဏ်အင်နှင့်တကွ ပိုင်ဆိုင်သမျှသော အစွမ်းသတ္တိများကို ကမ္ဘာသူကမ္ဘာသားများ အကျိုးကျေးဇူး ဖြစ်စိမ့်ခြင်းငှာ ထိုအရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကို မျှော်ကိုး၍ စည်းကမ်းတကျ ပေးလှူခြင်းကို ဆိုလိုသည်။

(၆) "အသင့်ထံသို့ ပို့ချသောအရာ" ဟူသည် နဗီတမန်တော် မုဟမ္မဒ်(ဆွ)ထံ ထုတ်ပြန်ပို့ချသော ကုရ်အာန်ကျမ်းမြတ်ကိုဆိုလိုသည်။ "အသင့်အလျင် ရှေးပဝေဏီက ပို့ချသောအရာ" ဟူသည်ကား အတိတ်ခေတ်တွင် ပွင့်လေပြီးသော နဗီတမန်တော်များထံ ထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်အသီးသီးကို ဆိုလိုသည်။

ပို့ချပြီးသောကျမ်းဂန်များအနက် ကုရ်အာန်ကျမ်းမြတ်တွင် အောက်အမည်ပါ ကျမ်းဂန်များကို အထူးသဖြင့် ဖော်ပြထားသည်။

(၁) (တောင်ရာတ်) နဗီတမန်တော်မူစာ(အ)ထံ ထုတ်ပြန်ပို့ချတော်မူသောကျမ်း။ ➤➤

➤➤ (၂) (အင်နဲ်ဂျီလ်) နဗီတမန်တော်အီစာ(အ)ထံ ထုတ်ပြန်ပို့ချတော်မူသောကျမ်း။

(၃) (ဇဗူရ်) နဗီတမန်တော် ဒါဝူဒ်(အ)ထံ ထုတ်ပြန်ပို့ချတော်မူသောကျမ်း။

အလ္လာအရှင်မြတ်သည် လူမျိုးအသီးသီးတို့အား မြိန်စွာရသ ဓမ္မနက်လေး တိုက်ကျွေးဝေငှ အမတသာခေါင် သုခဘောင်သို့ ပို့ဆောင်တော်မူရန်အလို့ငှာ မြောက်မြားစွာသော နဗီတမန်တော်များကို ကျမ်းဂန်အသီးသီး ချီးမြှင့်၍ စေလွှတ်တော်မူခဲ့၏။ ကြည့်–ကုရ်အာန် (၃၅၂၄ ၊ ၁၃၁၇)။

သို့ဖြစ်ရာ မွတ်စ်လင်မ်များမှာ ယင်း ကျမ်းဂန်အသီးသီးနှင့်တကွ ပွင့်လေသမျှသော နဗီတမန်တော်တို့အား ခြားနားခြင်း အလျှင်းမထားဘဲ ယုံကြည်ကိုင်းရှိုင်းကြရလေသည်။ ကြည့်၊ ကုရ်အာန် (၂း၂၈၅)။

မှတ်ချက်

ကုရ်အာန်ကျမ်းတော်မြတ်ထက် ဦးစွာပို့ချပြီးသော ကျမ်းဂန်များသည် လူမျိုးတစ်မျိုး၊ ခေတ်တစ်ခေတ်၊ နယ်တစ်နယ်အတွက်သာ ဖြစ်သည့်အပြင် ယင်းကျမ်းဂန်များသည် ယနေ့အဘို့ မူရင်းအတိုင်းလည်း မရှိကြတော့ပြီ။ ကုရ်အာန်ကျမ်းမြတ်မှာမူ စကြာဝဠာတစ်ဝှမ်းလုံးရှိ လူမျိုးတိုင်းအတွက်ဖြစ်သည်သာမက မူရင်းအတိုင်းလည်း ရှိနေပေရာ ယင်းကျမ်းမြတ်ကိုသာ လိုက်နာကျင့်မူကြရပေမည်။

(၂) အချို့ဘာဏ်တိမ်၍ အမြော်အမြင်မရှိသူများသည် ဤဒိဋ္ဌမမ္မပစ္စက္ခ မျက်မှောက်ဘဝအပြင် တမလွန်ဘဝ မရှိဟူ၍ ဥစ္ဆေဒဒိဋ္ဌိ မိစ္ဆာအယူမှားကို လက်ခံထားကြသည်ကို တွေ့ရှိရပေသည်။ ဖော်ပြပါအယူမှားကို ပယ်ဖျက်ရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် (သမ္မရာယ) တမလွန်ဘဝ၌ သတ်မှတ်ထားသောနေ့တွင် သတ္တဝါတိုင်းပင် သေရာမှပြန်ရှင်ကြ၍ မိမိတို့ပြုမူခဲ့ကြသော ကောင်းမှု မကောင်းမှုဟူသရွေ့၏ အကျိုးခံစားကြရမည်ကို မဖောက်မပြန်သော သဒ္ဓါတရားနှင့် ယုံကြည်ကြရမည်ဟု မြောက်မြားစွာသော နေရာ၌ မိန့်တော်မူထားလေသည်။

(၃) "အီကာန်"ဟူသည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် သံသယကင်းသော မဖောက်ပြန်သော ယုံကြည်ခြင်း သဒ္ဓါတရားကို ဆိုလိုသည်။ ကြည့် – ရာဃိဗ်။

အထူးသဖြင့် ဤပါဒတွင် သံသယကင်းသော သဒ္ဓါတရားဖြင့် ယုံကြည်ကြသည်ဟုဆိုရာ၌ မမြင်ဘူး၊ မတွေ့ကြုံဘူးလျက်ပင် အလ္လာဟ်အရှင်မြတ်၏ မုကွပါဠိတော်ကိုသာ ယုံကြည်အားထား၍ တမလွန်ဘဝရှိကြောင်း ယုံကြည်ခြင်းကို ဆိုလိုသည်။

အထက်ပါပါဒ (၃ နှင့် ၄)တွင် "မွတ္တကီ" ခေါ် သူတော်စင်များ၏ အင်္ဂါ ၅ ရပ်ကို ဆင်ခြင်သော် *(က) ယုံကြည်ချက်နှင့် (ခ) ကျင့်ရန်သီလတရားများ* ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

(က) **ယုံကြည်မှု အင်္ဂါအစိတ်အပိုင်း၊**

(၁) အကွယ်၌ တည်ရှိသောအရာများကို ယုံကြည်ခြင်း။

(၂) အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသော ကျမ်းဂန်အသီးသီးတို့ကို ယုံကြည်ခြင်း၊

(၃) တမလွန်ဘဝကို ယုံကြည်ခြင်း။

(ခ) **ပြုကျင့်ရမည့် သီလအကျင့်တရားများ၊**

(၁) စည်းကမ်းသေဝပ်စွာ ဆွေလာတ်ဝတ်ပြုခြင်း။

(၂) သတ္တဝါခပ်သိမ်းတို့၏ ကောင်းကျိုးကို လိုလားတောင့်တ၍ အလ္လာဟ်အရှင်မြတ်ထံမှ မိမိတို့ရရှိသမျှသော ဥစ္စာပစ္စည်း စွမ်းရည်သတ္တိတို့ကို ကြည်ဖြူစွာ စွန့်ကြဲလှူဒါန်းခြင်း။

(က) ၁၊ လောကီလောကုတ္တရာရေးတိုင်း၌ပင် ယုံကြည်ချက်သည် အလွန်အရေးကြီးသည်။ ➤➤

أُولَٰئِكَ عَلَىٰ هُدًى مِّن رَّبِّهِمْ ۖ وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ۝٥

إِنَّ الَّذِينَ كَفَرُوا سَوَاءٌ عَلَيْهِمْ أَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لَا يُؤْمِنُونَ ۝٦

၅။ (ဖော်ပြပါအင်္ဂါရုပ်များနှင့်ပြည့်စုံသော) ထိုသူတော်စင်များသည် မိမိတို့၏ အရှင်သခင်၏ သဒ္ဓမ္မတရားလမ်းပေါ်၌ တည်ရှိကြကုန်၏။ ထိုသူတော်စင်များသည်သာလျှင် အောင်သိမ်္ဓိမျှို့မင်္ဂလာနှင့် ပြည့်စုံသောသူများ ဖြစ်ကြကုန်သတည်း။

၆။ ဧကန်မုချ အသင်သည် သွေဖည်ငြင်းဆန်သော "ကာဖိရ်" မိစ္ဆာဒိဋ္ဌိများအား (ထိတ်လန့်ဘွယ်ရာ အကြောင်းများကို) သတိပေး နှိုးဆော်သည်ဖြစ်စေ၊ မနှိုးဆော်သည်ဖြစ်စေ ထိုသူတို့အဘို့ အကြောင်းမထူး၊ ထိုသူတို့တမူကား ယုံကြည်ကြမည်မဟုတ်ပေ။

➤➤ ယုံကြည်ချက် မှန်ကန်သည်နှင့်အမျှ ကိစ္စအဝဝ အောင်မြင်ပေမည်။ ယုံကြည်ချက် မှားသည်နှင့်အမျှ ကိစ္စအဝဝ ပျက်ပြားရပေမည်။

(ခ) ၁၊ ဆွလာတ်ဝတ်ပြုခြင်းသည် အစ္စလာမ်သာသနာ့ဗိမာန်၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်သာမက လက်တွေ့ပြုကျင့်ရမည့် တာဝန်များတွင်လည်း ပဌမဆုံးသော တာဝန်ပင်ဖြစ်သည်။ "ဆွလာတ်" သည် သာသနာ၏ မဏ္ဍိုင်မည်၏၊ သို့အတွက်ကြောင့် အကြင်သူသည် ဆွလာတ်ဝတ်ပြု၏။ ထိုသူသည် သာသနာကို တည်ထောင်သည်မည်၏၊ အကြင်သူသည် ဆွလာတ်ကို စွန့်လွှတ်၏။ ထိုသူသည် သာသနာကို ဖြိုဖျက်သည်မည်၏။

(ခ) ၂၊ အကြင်သူတစ်ယောက်သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်၏၊ ဆွလာတ်ဝတ်ပြု၏၊ သို့ရာတွင် သတ္တဝါများအား မကူညီ၊ မယိုင်းပင်း မပေးမလှူ မကျွေးမွေးပါလျှင် ထိုသူသည် သူတော်စင် အစစ်အမှန် ဖြစ်နိုင်မည်မဟုတ်ချေ၊ ကုရ်အာန်ကျမ်းမြတ်၏ မြောက်မြားစွာသော ပါဒများတွင် အလှူဒါန၏ အကျိုးကို ဖော်ပြထားသည်။

(က) ၂၊ ပွင့်လေသမျှသော နဗီတမန်တော်များနှင့် အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသမျှသော ကျမ်းဂန်တို့ကို ခွဲခြားခြင်းအလျင်းမပြုဘဲ တညီတညွတ်တည်း တသမတ်တည်း ရိုသေခန့်ညားကြရမည်၊ လေးစားကြရမည်၊ ဤသည် အစ္စလာမ်သာသနာတော်၏ သဘောထား ပြည့်ဝမှုတစ်ရပ်ပင်။

(က) ၃၊ ဤမျက်မှောက်ပစ္စုပ္ပန်ဘဝ ကုန်ဆုံးသည့်အခါ တမလွန်ဘဝသို့ရောက်ကြ၍ လောကတွင် ပြုကျင့်ခဲ့သမျှသော သုစရိုက် ဒုစရိုက်မှုများ၏ ကောင်းကျိုး ဆိုးကျိုးများကို စံစား ခံစားကြရမည်၊ တမလွန်ဘဝ ရှိကြောင်းကို ယုံကြည်သော ပညာရှင်တစ်ဦးသည် တခဏမျှအကျိုးပေး၍ နောင်အချိန် ဒုက္ခပေးမည့်ကိစ္စမျိုးကို အလျှင်းကျင့်ကြံမည်မဟုတ်ပေ၊ ကောင်းကျိုးအမြဲ ခံစားရမည့် အကျင့်သီလများကိုသာ ကျင့်သုံးမည်ကား မလွဲတည်း။

ဖော်ပြပါအင်္ဂါ ၅ ရပ်နှင့် ပြည့်စုံသောသူများသာလျှင် "မုတ္တကီ" သူတော်စင်များမည်ကြ၏၊ ယင်းသူတော်စင်များသာလျှင် ကုရ်အာန်ကျမ်းမြတ်၏ ရသာအမြိုက်ကို အထူးတလည် ခံစားနိုင်ကြ၏။ ➤➤

خَتَمَ اللّٰهُ عَلٰى قُلُوْبِهِمْ وَعَلٰى سَمْعِهِمْ ؕ وَعَلٰٓى اَبْصَارِهِمْ غِشَاوَةٌ ۖ وَّلَهُمْ عَذَابٌ عَظِيْمٌ ۧ

၇။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများနှင့် သောတာရုံအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူလိုက်ပြီ၊ ထို့ပြင် ထိုသူတို့၏စက္ခုအာရုံများအပေါ်၌လည်း အကာအကွယ်ရှိနေလေသည်။ ထို့နောက် ထိုသူတို့အဘို့ ကြီးလေးသော အပြစ်ဒဏ်သည်လည်း အသင့်ရှိချေပြီ။

وَمِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ وَبِالْيَوْمِ الْاٰخِرِ وَمَا هُمْ بِمُؤْمِنِيْنَ ۘ ۸

၈။ မနုဿလူသားများအနက် အချို့သောသူတို့သည် (ဥပါယ်တမျှဉ်ဖြင့်) ကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်ကို၎င်း၊ (ရှင်ပြန်ထရမည့်) နောက်ဆုံး နေ့ကို၎င်း၊ ယုံကြည်ကြပါ၏ဟု ပြောဆိုကြ၏။ အမှန်သော်ကား ထိုသူတို့သည် ယုံကြည်သော "မုအ်မင်" များမဟုတ်ကြပေ။

يُخٰدِعُوْنَ اللّٰهَ وَالَّذِيْنَ اٰمَنُوْا ۚ وَمَا يَخْدَعُوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ۝ ۹

၉။ ထို("မုအ်မင်"အသွင်ဆောင်သော) သူများ သည် အလ္လာဟ်အရှင်မြတ်ကို၎င်း၊ (ယုံကြည်ခြင်း သဒ္ဓါတရားရှိသော) "မုအ်မင်" များကို၎င်း၊ လိမ်လည်လှည့်ဖြားရန်ကြိုးစားအားထုတ်ကြ၏။ [၁] အမှန်သော်ကား ထိုသူများသည် (မည်သူ့ကိုမျှ) လိမ်လည်လှည့်ဖြားကြသည်မဟုတ်၊ မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့ လိမ်လည်လှည့်ဖြားကြ၏၊ သို့သော်ထိုသူများသည် (ဤအကြောင်းကိုပင်) သိမြင်နားလည်ကြသည် မဟုတ်ချေ။

➤➤ ကုရ်အာန်ကျမ်းမြတ် (၂ : ၁၇၇) တွင် သူတော်စင်များ၏ အင်္ဂါရုပ်များကို ထပ်မံရှင်းထားသည်ကို ရှုပါကုန်။

① (مخادعة - يُخٰدِعُوْنَ) ဟူသောပုဒ်၏ အဓိပ္ပါယ်မှာ သူတပါးအား ဒုက္ခဖြစ်စေရန်အလို့ငှာ လိမ်လည်လှည့်ဖြားခြင်း၊ ထင်ယောင်ထင်မှား ဖြစ်စေခြင်း ဖြစ်သည်။ "မွတ်စ်လင်မ်" အသွင်ဆောင်သော သူများသည် အလ္လာဟ်အရှင်မြတ်ကို လိမ်လည် လှည့်ဖြားကြ၏ဟု ဆိုရာ၌ စင်စစ် အလ္လာဟ် အရှင်မြတ်ကို လှည့်ဖြားကြသည်မဟုတ်၊ လှည့်ဖြားနိုင်ကြသည်လည်းမဟုတ်၊ မိမိတို့စိတ်တွင်း၌သာ ငါတို့သည် အလ္လာဟ် အရှင်မြတ်ကို လိမ်လည်လှည့်ဖြားကြသည် ဟူ၍ ယောင်ယောင်မှားမှား အောက်မေ့ခြင်းမျှသာဖြစ်သည်။

فِي قُلُوبِهِم مَّرَضٌ ۙ فَزَادَهُمُ
اللَّهُ مَرَضًا ۚ وَلَهُمْ عَذَابٌ
أَلِيمٌ ۢ بِمَا كَانُوا
يَكْذِبُونَ ﴿١٠﴾

၁၀။ ထို(“မွတ်စ်လင်မ်” အသွင်ဆောင်သော) သူများ၏ စိတ်နှလုံးများ၌ (မနာလိုဝန်တို မစ္ဆရိယအဘိဇ္ဈာ)တည်းဟူသော ရောဂါဝေနာသည် စွဲကပ်လျက်ရှိ၏။ [၁] သို့ဖြစ်လေရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ရောဂါကို တိုးပွားစေတော်မူ၏။ ထိုမှတပါး၊ တုံ ထိုသူများအဘို့ (ဆင်းရဲကြီးစွာ ခံစားရန်) ပြင်းပြနာကျင်ဘွယ်ကောင်းသော အပြစ် ဒဏ်ကိုလည်း အသင့်ထားရှိတော်မူလေ၏။ အဘယ် ကြောင့်ဆိုသော် ထိုသူများသည် (မယုံကြည်ဘဲလျက် ကျွန်ုပ်တို့ ယုံကြည်ကြပါ၏ ဟု) မဟုတ်မလျား မုသားပြောဆိုလေ့ ရှိခြင်းကြောင့်တည်း။

وَإِذَا قِيلَ لَهُمْ لَا تُفْسِدُوا
فِي الْأَرْضِ ۙ قَالُوا إِنَّمَا
نَحْنُ مُصْلِحُونَ ﴿١١﴾

၁၁။ ထို(“မွတ်စ်လင်မ်” အသွင်ဆောင်သော) သူများအား အချင်းတို့၊ အသင်တို့သည် ကမ္ဘာမြေပြင်ပေါ်ဝယ် ပျက်စီးရာပျက်စီးကြောင်း အမှုကိစ္စများကို မပြုလုပ်ကြလင့်ဟု ဩဝါဒစကား ပြောကြားသောအခါ ထိုသူများက ကျွန်ုပ်တို့သည် (အေးချမ်းသာယာအောင်) ပြုလုပ်သူများသာ ဖြစ်ကြပါသည်ဟု တုံ့ပြန်ဖြေဆိုကြလေသည်။

---

① مَرَضٌ ဟူသောပုဒ်သည် (က) ကိုယ်ခန္ဓာ၏ ဖောက်ပြန်ခြင်း (ခ) ကိုယ်ကျင့်တရားများ၏ ဖောက်ပြန်ခြင်း၊ (ဥပမာ) မိုက်မဲခြင်း၊ မနာလိုဝန်တို မစ္ဆရိယအဘိဇ္ဈာ စိတ်ပျက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း ယုတ်မာခြင်း အနက်ပေးသည်။ ရောဂနှစ်ရပ် ဆိုက်ရောက်လာသည့်အခါ ကျန်းမာရေးပျက်စီးပြီး လိုရာစခန်းသို့ မရောက်နိုင်သည့်အတိုင်း၊ ကိုယ်ကျင့်တရားများ ပျက်ပြားလာလျှင်လည်း လူ့ဘဝတွင် အထွတ်အထိပ်သို့ မရောက်နိုင်ချေ။

“အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ရောဂါကို တိုးပွားစေတော်မူ၏” ဟု ဆိုထားခြင်းမှာ ဥပစာနည်းဖြင့် ဆိုရုံမျှသာဖြစ်သည်။ “မွတ်စ်လင်မ်” အသွင်ဆောင်သူများ၏ ရောဂါသည် အခြားမဟုတ်၊ ယင်းသူတို့၏ မနာလို မရှုစိမ့်သော စိတ်ပင်ဖြစ်သည်။ အစ္စလာမ်သာသနာတော် တိုးပွားလာ သည်နှင့်အမျှ ထိုမသမာသော စိတ်ဓာတ်သည်လည်း အလိုအလျောက် တိုးပွားလာလေတော့၏။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်က ထိုမသမာသော စိတ်ဓာတ်ကို တိုးပွားစေတော်မူသည်မဟုတ်။

اَلَآ اِنَّهُمْ هُمُ الْمُفْسِدُوْنَ وَلٰكِنْ لَّا يَشْعُرُوْنَ ⑫

၁၂။ (အို-ကြားနာသူအပေါင်းတို့) သတိပြုကြကုန်လော့။ ထို("မွတ်စ်လင်မ်" အသွင်ဆောင်သော) သူများသာလျှင် (ကမ္ဘာမြေပြင်၌) *ပျက်စီးရာ ပျက်စီးကြောင်းပြုလုပ်သူများ* [၁] ဖြစ်ကြကုန်၏။ သို့ရာတွင် ထိုသူများသည် (မိမိတို့ ပြုကျင့်လျက်ရှိသော မကောင်းမှု များကိုပင် မကောင်းမှုဟူ၍) မသိ နားမလည်ကြချေ။

وَاِذَا قِيْلَ لَهُمْ اٰمِنُوْا كَمَآ اٰمَنَ النَّاسُ قَالُوْٓا اَنُؤْمِنُ كَمَآ اٰمَنَ السُّفَهَآءُ ۭ اَلَآ اِنَّهُمْ هُمُ السُّفَهَآءُ وَلٰكِنْ لَّا يَعْلَمُوْنَ ⑬

၁၃။ ထို "မွတ်စ်လင်မ်" အသွင်ဆောင်သောသူများအား (အချင်းတို့) အခြား ("မုအ်မင်" များသည် စေတနာ ဖြူစင်စွာဖြင့်) သင်္ခါတရား ထားကြသကဲ့သို့ အသင်တို့သည်လည်း ယုံကြည်ခြင်း သင်္ခါတရား ထားရှိကြပါကုန်ဟု ပြောကြားသည့်အခါ၌ ထိုသူတို့က အကျွန်ုပ်တို့သည်လည်း (အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့သော) လူ*ဗါလများ* [၂] ထားရှိသော ယုံကြည်မှုသင်္ခါတရားမျိုး ထားကြရမည်လောဟု ပြန်လည်ပြောဆိုကြ၏။ (အို-ကြားနာသူ အပေါင်းတို့) သတိပြုကြကုန်၊ ထိုမွတ်စ်လင်မ် အသွင်ဆောင်သူများသာလျှင် မသိမိုက်မဲသော လူ*ဗါလများ*ဖြစ်ကြ၏၊ သို့ရာတွင် ထိုသူတို့သည် (မိမိတို့ မိုက်မဲကြောင်းကိုပင်) မသိကြချေ။

---

① اَلْمُفْسِدُوْنَ ဟူသောပုဒ်သည် "ပြုပြင်သောသူများ" ဟူသောပုဒ်၏ တိုက်ရိုက်ဆန့်ကျင်သော ဗျတိရေကပုဒ်ဖြစ်၍ ဖျက်ဆီးသောသူများဟု အနက်အဓိပ္ပါယ်ပေးသည်၊

ကုရ်အာန်ကျမ်းမြတ်တွင် "မွတ်စ်လင်မ်"အသွင်ဆောင်သူများအား ဖျက်ဆီးသောသူများဟု ဆိုထားရခြင်း၏အကြောင်းမှာ ထိုသူတို့သည် နည်းပရိယာယ်အမျိုးမျိုးဖြင့် အစ္စလာမ်သာသနာကို စော်ကားခြင်း၊ မွတ်စ်လင်မ်များအား ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်ခြင်း၊ အစ္စလာမ်သာသနာတွင်းသို့ ဝင်လိုသူများအား ဟန့်တားခြင်း၊ ဒုစရိုက်မှုများကို ပြုကျင့်ခြင်း၊ ပြည်တွင်းဆူပူမှုများဖြစ်အောင်လှုံ့ဆော်ခြင်းများကြောင့် ဖြစ်လေသည်။ ယေဘုယျအားဖြင့်အဖျက်သမားများသည်မိမိတို့၏ဖျက်ဆီးမှုများကို ပြုပြင်မှုဟူ၍ ယူဆပြောဆိုလေ့ရှိကြသည်မှာ ကမ္ဘာ့ရာဇဝင်တွင် ခေတ်တိုင်းလူမျိုးတိုင်း၌ပင် တွေ့ရှိရလေသည်။ ဤကား အဆန်းမဟုတ်ပေ။

② اَلسُّفَهَآءُ သင်္ခါသည်လောကီရေး၌သော်၎င်း၊ လောကုတ္တရာရေး၌သော်၎င်း၊အသိအလိမ္မာ ဉာဏ်ပညာ ➤➤

وَإِذَا لَقُوا الَّذِينَ آمَنُوا قَالُوا آمَنَّا ۖ وَإِذَا خَلَوْا إِلَىٰ شَيَاطِينِهِمْ ۙ قَالُوا إِنَّا مَعَكُمْ ۙ إِنَّمَا نَحْنُ مُسْتَهْزِئُونَ ﴿١٤﴾

၁၄။ "မွတ်စ်လင်မ်" အသွင်ဆောင်သောသူများသည် မွတ်စ်လင်မ်များနှင့် တွေ့ဆုံကြသည့်အခါ ဥပါယ်တံမျဉ်ဖြင့် ယုံကြည်ဟန်ပြု၍ အကျွန်ုပ်တို့ သည် (သင်တို့ ယုံကြည်သကဲ့သို့ပင်) ယုံကြည်ကြပါ ၏ ဟု ပြောဆိုကြ၏၊ သို့ ပြောဆို ပြီးသည့်နောက် မိမိတို့၏ (အကြီးအမှူးများဖြစ်သော) သူယုတ် *ပါပိမာများ* [၁] နှင့် ဆိတ်ကွယ်ရာတွင် ထည်းထည်း တွေ့ဆုံကြပြန်သောအခါ အကျွန်ုပ်တို့သည် အသင်တို့ နှင့်အတူ (တသင်းတည်း တဝါဒတည်း)ပင် ဖြစ်ကြ ပါ၏၊ သို့သော် မုချဧကန် အကျွန်ုပ်တို့သည် (ထို မွတ်စ်လင်မ် များအား) သက်သက် ပြက်ရယ် ကျီစယ် ကရော်ကမည် ပြုသူများသာ ဖြစ်ကြပါ၏ ဟု ဆိုကြပြန်ကုန်၏။

اَللّٰهُ يَسْتَهْزِئُ بِهِمْ وَيَمُدُّهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ ﴿١٥﴾

၁၅။ အလ္လာဟ် အရှင်မြတ်သည် (တုံ့ပြန်သော သဘောဖြင့်) ထို(သူတော်ယောင် ဆောင်သော) သူများအား *ပြက်ရယ်ကျီစယ်တော်မူသည်။* [၂] ထို့ပြင် တဝ ထိုသူတို့ကို မိမိတို့၏ မောက်မာပလွှားမှု၌ ကာလရှည်လျားစွာ လှုံ့ထားတော်မူသည်။ သို့ဖြစ်ရာ ထိုသူတို့သည် မမြင်မကန်း တဝေ့လည်လည် ဖြစ် နေကြသည်။

➤➤ နည်းသော သူများ၊ အသိတရားမရှိသောသူများ၊ မိုက်မဲသောသူများ၏ အနက်ဟောသည်။ ကြည့်၊ ကုရ်အာန် (၂:၁၄၂၊ ၄:၅၊ ၁၆:၁၄၁ ၊၇:၁၆၇)။

① شَيَاطِيْن သဒ္ဒါသည် အလ္လာဟ်အရှင်မြတ်၏ မဟာကရုဏာတော်မှ ကင်းဝေးသသူ "ရှိုင်တွာန်" ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်သည်။

② ဤပါဒတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ပြက်ရယ် ကျီစယ်တော်မူသည်ဟု မိန့်ဆိုထားခြင်း၏ သဘောမှာ ထိုမသူတော်တို့၏ ပြက်ချော်ကျီစယ်မှုတို့ကို တုံ့ပြန်၍ ထိုက်သည့်အားလျော်စွာ အပြစ်ဒဏ် စီရင်တော်မူခြင်းကို ဆိုလိုသည်။

أُولَٰئِكَ الَّذِينَ اشْتَرَوُا الضَّلَالَةَ بِالْهُدَىٰ فَمَا رَبِحَت تِّجَارَتُهُمْ وَمَا كَانُوا مُهْتَدِينَ ﴿١٦﴾

၁၆။ မှန်ကန်သော (အစ္စလာမ်) သာသနာကို ပေးလှယ်၍ မှောက်မှားသောတရားကို ဝယ်ယူကြ သော အကြင်သူများမှာ ဤသူများပင်၊ ထိုသူများ သည် မိမိတို့၏ (ဤ)ရောင်းဝယ် လဲလှယ်မှု၌ အမြတ် မရရှိသည့်အပြင် တရားရသူများလည်း မဟုတ်ကြချေ။

مَثَلُهُمْ كَمَثَلِ الَّذِي اسْتَوْقَدَ نَارًا فَلَمَّا أَضَاءَتْ مَا حَوْلَهُ ذَهَبَ اللَّهُ بِنُورِهِمْ وَتَرَكَهُمْ فِي ظُلُمَاتٍ لَّا يُبْصِرُونَ ﴿١٧﴾

၁၇။ ထို("မွတ်စ်လင်မ်" အသွင်ဆောင်သော) သူ များ၏ ပမာကို ဆိုရသော် လူတစ်ယောက်သည် (တခဲနက် မှောင်အတိကျနေသော ညဉ့်၌) လမ်းကို မြင်နိုင်ခြင်းငှာ) ဆီမီးကို ထွန်းညှိ၏။ ဆီမီးရောင် သည် ထိုသူ၏ ပတ်ဝန်းကျင်ကို လင်းဝင်းစေ၏။ သို့ လင်းဝင်းသည့်အခိုက် အလွှာဟ်အရှင်မြတ် သည် ထိုသူတို့၏ အလင်းရောင်ကို နုတ်သိမ်းယူ သွားပြီး ထိုသူတို့အား မှောင်တိုက်တွင်းဝယ် ပစ်ပယ် ထား တော်မူရာ ထိုသူတို့သည် တစ်စုံတစ်ခုကိုမျှ မမြင်နိုင် ကြချေ။

صُمٌّ بُكْمٌ عُمْيٌ فَهُمْ لَا يَرْجِعُونَ ﴿١٨﴾

၁၈။ ထို("မွတ်စ်လင်မ် အသွင်ဆောင်သော) သူ များသည် (သဒ္ဓမ္မ တရားကို မကြားနာလိုကြသည့် အတွက်) နာပင်းသူများလည်းမည်၏။ (ပီယဝါစာ နှစ်သက်ဘွယ်ရာဖြစ်သော စကားကို မပြောဆိုလို ကြသည့်အတွက်) ဆွံ့အ သူများလည်း မည်၏။ (နိသမ္မဉာဏ်တည်းဟူသော အမြော်အမြင် ဆင်ခြင် တုံတရား မရှိကြသည့်အတွက်) မျက်စိကန်းသော အန္ဓများလည်းမည်၏။ ထိုကဲ့သို့သော အယောင် ဆောင်များသည် (ဤမျှတိုင် ဆွံ့အ၊နားပင်း၊ မျက်ကန်း များဖြစ်ကြရာ သဒ္ဓမ္မ တရားဘက်သို့) ပြန်လှည့်ကြ မည် မဟုတ်ပေ။

أَوْ كَصَيِّبٍ مِّنَ السَّمَاءِ فِيهِ ظُلُمَاتٌ وَرَعْدٌ وَبَرْقٌ ۚ يَجْعَلُونَ أَصَابِعَهُمْ فِي آذَانِهِم مِّنَ الصَّوَاعِقِ حَذَرَ الْمَوْتِ ۚ وَاللَّهُ مُحِيطٌ بِالْكَافِرِينَ ﴿١٩﴾

၁၉။ ထို(“မွတ်စ်လင်မ်” အသွင်ဆောင်သော) သူများ၏ဥပမာကို တနည်းဆိုရပြန်သော် ထိုသူတို့သည် မိုးတိမ်ဝိုင်းလျက်ရှိသောသူများနှင့်တူကြ၏။ (ဖြစ်အင်ကား) ကောင်းကင်မှ မိုးသက်မုန်တိုင်း ၁ သည် သည်းထန်စွာ ရွာသွန်းလျက်ရှိ၏၊ ထိုမိုးကောင်းကင်တွင် တခဲနက်သော အမိုက်မှောင်များလည်း ဖုံးအုပ်လျက်ရှိ၏၊ (ထို မိုးသက်မုန်တိုင်းနှင့် တပါတည်း ပဲ့တင်ထပ်မျှသော) မိုးချုန်းသံလည်း ပါလာ၏။ ထိုရောအခါ မိုးကြိုးစက်သံများ၏ ပြင်းထန်လှစွာသော အသံကို ကြားရသော ထိုသူယုတ်မာတို့သည် သေရမည့်ဘေးကို စိုးရိမ်ပူပန်ကြောင့်ကြသဖြင့် မိမိတို့၏ နားပေါက်များကို လက်ချောင်းများဖြင့် ပိတ်ဆို့ထားကြ၏။

(အမှန်သော်ကား) အလ္လာဟ်အရှင်မြတ်သည် “ကာဖိရ်” မိစ္ဆာဒိဋ္ဌိကများအား (မိမိ၏အနန္တ ဘုန်းတေဇာဖြင့်) ဝန်းရံခြုံလျက်ရှိတော်မူပြီဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်မျှ အရှင့်ဘုန်းတေဇာ စက်ကွင်းမှ လွတ်မြောက်၍ ထွက်ခွာသွားနိုင်မည်မဟုတ်ချေ။

يَكَادُ الْبَرْقُ يَخْطَفُ أَبْصَارَهُمْ ۖ كُلَّمَا أَضَاءَ لَهُم مَّشَوْا فِيهِ ۖ

၂၀။ လျှပ်ပြက်ရောင်သည် ထို(“မွတ်စ်လင်မ်” အသွင်ဆောင်သော) သူများ၏ စက္ခုအာရုံများကို သုတ်ယူသိမ်းဆောင်သွားလု မတတ်ဖြစ်၏။

---

① ဤပုံဆောင်ချက်ကို ထင်ရှားစေဦးအံ့၊ ပုံဆောင်ချက်တွင် “မိုးရေ” ဟူသည် “အစ္စလာမ်သာသနာတော်” ကိုဆိုလို၏၊ “အမိုက်မှောင်များ” ဟူသည် တွေ့ကြုံရမည့် ဘေးဥပဒ်များကိုဆိုလို၏။ “မိုးချုန်းသံ”၊ “မိုးကြိုးစက်သံ” ဟူသည် အလ္လာဟ်အရှင်မြတ်၏ ခြိမ်းခြောက်ချက်များကို ဆိုလို၏၊ “လျှပ်ပြက်ရောင်”ဟူသည် အစ္စလာမ်သာသနာတော်၏ ထင်းလင်းသော သက်သေသာဓကများကို ဆိုလို၏၊ နားများပိတ်ထားကြသည်ဟု ဆိုထားခြင်းမှာ အစ္စလာမ်သာသနာ၏ မှန်သောတရားများကိုသော်လည်းကောင်း၊ မိမိတို့၏ အဖြစ်မှန်များကိုသော်လည်းကောင်း မကြားနာလိုသည်ကိုဆိုလို၏။ ဤပုံဆောင်ချက်နှင့်စပ်လျဉ်း၍ အခြားအနက်ဖွင့်ချက်များကို “အိဗ်နုဂျရီရ်”ကျမ်းတွင် ရှုပါကုန်။

وَإِذَآ أَظۡلَمَ عَلَيۡهِمۡ قَامُواْۚ وَلَوۡ شَآءَ ٱللَّهُ لَذَهَبَ بِسَمۡعِهِمۡ وَأَبۡصَٰرِهِمۡۚ إِنَّ ٱللَّهَ عَلَىٰ كُلِّ شَيۡءٖ قَدِيرٞ ٢٠

လျှပ်ပြက်ရောင်သည် ထိုသူတို့.အဘို့. (သွားရာလမ်းကို) လင်းဝင်းစေတိုင်း ထိုသူများသည် (အလင်းရောင်ကိုမှီ၍) သွားလာကြ၏။ တဖန် အလင်းရောင်ကွယ်ပျောက်၍ အမိုက်မှောင်ကျရောက်လာသောအခါ ထိုသူတို့သည် ရပ်တန့်၍ နေကြကုန်၏။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူခဲ့ပါက မုချဧကန် ထိုသူတို့၏သောတာရုံများနှင့် စက္ခုအာရုံများကို နှတ်သိမ်းယူသွားတော်မူချေပြီ။ ဧကန်မုချ အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူထသောအရှင်ဖြစ်တော်မူသည်။

يَٰٓأَيُّهَا ٱلنَّاسُ ٱعۡبُدُواْ رَبَّكُمُ ٱلَّذِي خَلَقَكُمۡ وَٱلَّذِينَ مِن قَبۡلِكُمۡ لَعَلَّكُمۡ تَتَّقُونَ ٢١

၂၁။ အို-လူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား မွေးမြူတော်မူထသော (အလ္လာဟ်အရှင်မြတ်)ကို ခဝပ်ကိုးကွယ်ကြကုန်။ [၁] ထိုအရှင်သည် အသင်တို့ကိုလည်းကောင်း၊ အသင်တို့အလျင် အထက်ထက်အဆက်ဆက်ကရှိခဲ့ဘူးသော ရှေးပဝေဏီလူဟောင်းများကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်ဖြစ်သည်။ ထိုသို့ ခဝပ်ကိုးကွယ်ကြမှသာလျှင် အသင်တို့သည် (ဒုစရိုက်မှုများကို) ကြဉ်ရှောင်သော သူတော်သူစင်များ ဖြစ်တန်ကြရာသတည်း။

---

① အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရခြင်းသည် အစွယ်လာမ်သာသနာ၏ အဓိကသစ္စာတရားဖြစ်သည်။ ထိုအရှင်သည် သတ္တဝါတို့အား အကြောင်းမဲ့ ဖန်ဆင်းထားတော်မူခဲ့သည်မဟုတ်၊ မိမိအား ခဝပ်ကိုးကွယ်ရန်အလို့ငှာ ဖန်ဆင်းတော်မူ၏။ ကြည့်၊ ကုရ်အာန် (၅၁ : ၅၆)။

ဤပါဒတွင် မွေးမြူစောင့်ရှောက်တော်မူသော အရှင်ကိုသာလျှင် ခဝပ်ကိုးကွယ်ရမည်ဟု အတိအလင်း မိန့်တော်မူထားလေသည်။ ဤသို့ မိန့်ရှိထားသည့်အတိုင်း လိုက်နာသူများသည် လောကီလောကုတ္တရာအကျိုးကို မုချခံစားကြရမည်သာတည်း။ သို့သော် ယခုခေတ်၌ လူသားတို့သည် မိမိတို့အား အရာခပ်သိမ်း၌ စောင်မနိုင်သော အရှင်ကိုမေ့၍ လောကီဂုဏ်အင်ဒြပ်နှင့်ပြည့်စုံသော သာမန်လူသားတို့အား အားထားနေကြသည်။ ဤကဲ့သို့ အားထားခြင်းသည် အကျိုးအားဖြင့် အချည်းနီးသာဖြစ်ပေမည်။

الَّذِىْ جَعَلَ لَكُمُ الْاَرْضَ فِرَاشًا
وَّالسَّمَآءَ بِنَآءً ۖ وَّاَنْزَلَ مِنَ السَّمَآءِ
مَآءً فَاَخْرَجَ بِهٖ مِنَ الثَّمَرٰتِ
رِزْقًا لَّكُمْ ۚ فَلَا تَجْعَلُوْا لِلّٰهِ
اَنْدَادًا وَّاَنْتُمْ تَعْلَمُوْنَ ﴿٢٢﴾

၂၂။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့.(နေထိုင်သွားလာနိုင်ရန်အလို့ငှာ) ဤပထဝီမြေပြင်ကို အခင်းအဖြစ်လည်းကောင်း၊ မိုးကောင်းကင်ကို အမိုးအဖြစ်လည်းကောင်း၊ ပြုလုပ်ပေးသနားတော်မူ၍ ယင်းမိုးကောင်းကင်မှပင် မိုးရွာသွန်းစေပြီး ထိုမိုးရေဖြင့် ကောက်ပဲသီးနှံအမျိုးမျိုးတို့.ကို အသင်တို့.အဘို့. ရိက္ခာအဖြစ် ပေါက်ရောက်စေတော်မူ၏၊ သို့ဖြစ်ရာ အသင်တို့.သည် (အနန္တကျေးဇူးတော်ရှင်ဖြစ်တော်မူ ထသော) အလ္လာဟ်အရှင်မြတ်နှင့် မည်သည့်အရာ ကိုမျှတွဲဘက်၍ ခဝပ်ကိုးကွယ်ခြင်းကို အလျှင်း မပြုကြလင့်၊ (သို့.အလ္လာဟ်အရှင်မြတ်နှင့် တွဲဘက်၍ ခဝပ်ကိုးကွယ်ခြင်း မပြုအပ်သည့် အကြောင်းကို) အသင်တို့ ကိုယ်တိုင်လည်းအသိပင် ဖြစ်ကြသည်။

وَاِنْ كُنْتُمْ فِىْ رَيْبٍ مِّمَّا نَزَّلْنَا
عَلٰى عَبْدِنَا فَاْتُوْا بِسُوْرَةٍ
مِّنْ مِّثْلِهٖ ۖ وَادْعُوْا
شُهَدَآءَكُمْ مِّنْ دُوْنِ اللّٰهِ
اِنْ كُنْتُمْ صٰدِقِيْنَ ﴿٢٣﴾

၂၃။ ငါ၏အစေတော် [နဗီတမန်တော် မုဟမ္မဒ် (ဆွ)] အထံသို့ ငါအရှင်ထုတ်ပြန်ပို့ချတော်မူသော ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ အကယ်၍ အသင်တို့(စိတ်၌) ယုံမှား သံသယ ဒွိဟရှိခဲ့ပါလျှင် ထိုကျမ်းမြတ်နှင့်အလားတူ ကဏ္ဍတစ်ခုမျှ (စီကုန်းရေးသား၍) ယူဆောင်လာကြကုန်လော့။

အကယ်၍ အသင်တို့.သည် (သစ္စဝါဒီ) မှန်ကန်သော စကားပြောဆိုသူများ ဖြစ်ကြပါလျှင် သို့.စီကုံး ရေးသားရာ၌ အလ္လာဟ်အရှင်မြတ်နှင့် ပြိုင်ဆိုင်၍ အသင်တို့.အား ကူညီယိုင်းပင်းမည့် သူများကိုလည်း ခေါ်ဆောင်လာကြကုန်လော့။

---

① ကုရ်အာန်ကျမ်းမြတ်သည် နဗီတမန်တော် မုဟမ္မဒ်(ဆွ)အထံသို့ ထုတ်ပြန်ပို့ချတော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်အစစ်အမှန်ဖြစ်သည်။ နဗီတမန်တော် မုဟမ္မဒ် (ဆွ)စီရင် ရေးသားအပ်သော ကျမ်းဂန်အလျှင်းမဟုတ်ပေ။

>>

فَإِنْ لَّمْ تَفْعَلُوْا وَلَنْ تَفْعَلُوْا فَاتَّقُوا النَّارَ الَّتِيْ وَقُوْدُهَا النَّاسُ وَالْحِجَارَةُ ۖ أُعِدَّتْ لِلْكٰفِرِيْنَ ﴿٢٤﴾

၂၄။ အသင်တို့သည် ကုရ်အာန် ကျမ်းမြတ်နှင့် ယှဉ်ပြိုင်ခြင်းများကို အတိတ်ကာလတွင် မလုပ်နိုင်ခဲ့ကြ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလတွင် လုပ်နိုင်ကြသည်လည်းမဟုတ်၊ နောင်အနာဂတ်ကာလတွင်လည်း အလျှင်းလုပ်နိုင်ကြမည် မဟုတ်ပေ၊ သို့ဖြစ်ရာ အသင်တို့သည် နိရယဇရဲမီးဘေးမှ ဝေးစွာရှောင်ရှားကြကုန်၊ ထိုမီး၏မီးစာမှာ (အယူမှောက်မှားသော) "ကာဖိရ်" မိစ္ဆာဒိဋ္ဌိကများနှင့် (ထိုမိစ္ဆာဒိဋ္ဌိကများ ဆည်းကပ်ကိုးကွယ်ကြသည့်) ကျောက်တုံးများ ဖြစ်ချေသည်။ ထိုမီးသည် "ကာဖိရ်" များအတို့ အသင့်ပြုလုပ်ထားရှိပြီး ဖြစ်ပေသည်။

وَبَشِّرِ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ اَنَّ لَهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۭ

၂၅။ (အို-နဗီတမန်တော်) အသင်သည် "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိ၍ ကောင်းမြတ်သော အကျင့် သီလများကို ဆောက်တည်ကြကုန်သော "မုအ်မင်" များအား ပိတိသောမနဿ ဖြစ်စေသော မင်္ဂလာသတင်းကို ပေးလေလော့၊ ဇကန်ဆတ်ဆတ် ထိုသို့သော သီလဝန္တ ပုဂ္ဂိုလ်များ (စံစားနေထိုင်ရန် အလို့ငှာ) "ဂျန္နတ်" *အမတသုခဘုံများ* [၁] သည် အသင့်ရှိ၏။ ထိုသုခဘုံများအောက်၌ စမ်းရေချောင်းများလည်း (အယဉ်တွေတွေ) စီးဆင်းလျက်ရှိ၏။

➤➤ ကုရ်အာန်ကျမ်းမြတ်ကို ယှဉ်ပြိုင်လိုက ယှဉ်ပြိုင်ကြဟု ကြိုးဝါးထားရှိငြားသော်လည်း ယနေ့ထက်တိုင် တစ်ကျမ်းလုံးကိုထားဘိဉီး၊ တစ်ကဏ္ဍတစ်ပါဒမျှ ယှဉ်ပြိုင်နိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်သေးပေရာ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသော ကျမ်းဂန်အစစ်ဖြစ်ကြောင်းကို ငြင်းဆိုနိုင်ဘွယ်ရာ အကြောင်းအလျှင်းမရှိပေ။

① (جَنَّاتٍ) သည် (جَنَّةٌ) ၏ ဗဟုဝုစ်ကိန်းဖြစ်သည်၊ (جَنَّةٌ) သဒ္ဒါသည် သစ်ပင်များဖြင့် ဝေဝေဆာဆာ ဖုံးအုပ်လျက်ရှိသော ဥယျာဉ်၏အနက်ကိုဟောသည်။ ထိုမှတဆင့် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူအပ်သော အမတသုခဘုံကိုလည်း (جَنَّةٌ) ဟူ၍မှည့်ခေါ်သည်။ မွတ်စ်လင်မ် သူတော်စင်များသည် မိမိတို့ ပြုကျင့်ခဲ့သမျှသော ကုသိုလ်တရားများနှင့်အညီ နောင်တမလွန်ဘဝတွင် "ဂျန္နတ်" သုခဘုံများ၌ ခံစားကြရပေမည်။ ယင်းသုခဘုံများတွင် အလွန်သာယာသော ရှုမျှော်ခင်းများ၊ ဥယျာဉ်ပန်းမာလ်များ၊ ➤➤

كُلَّمَا رُزِقُوا مِنْهَا مِنْ ثَمَرَةٍ
رِّزْقًا ۙ قَالُوا هٰذَا الَّذِيْ رُزِقْنَا
مِنْ قَبْلُ ۙ وَاُتُوْا بِهٖ مُتَشَابِهًا ۭ
وَلَهُمْ فِيْهَآ اَزْوَاجٌ مُّطَهَّرَةٌ ۙ
وَّهُمْ فِيْهَا خٰلِدُوْنَ ۝۲۵

သုခဘုံသားများအား ထိုသုခဘုံ၏ သစ်သီးဝလံများကို တည်ခင်းကျွေးမွေးသည့် အခါတိုင်း၌ "အကျွန်ုပ်တို့သည် ဤသစ်သီးဝလံမျိုးကို ယခင်ကလည်း စားသုံးရဘူးပြီ" ဟု ဆိုကြအံ့၊ ထိုနောက် ထိုသုခဘုံသားများသည် (ရသာခြားနားခြင်း၌) သဏ္ဌာန်တူမျှသော သစ်သီးဝလံများ တည်ခင်းကျွေးမွေးခြင်းကိုလည်း ခံစားကြရဦးအံ့၊ ထိုသုခဘုံသားများအတို့ ထိုသုခဘုံတွင် သန့်စင်သောကြင်ရာကြင်ဘက်များသည်လည်း ရှိဦးအံ့၊ ထို့ပြင်တဝ ထိုသုခဘုံသားများသည် ထိုသုခဘုံများ၌ ထာဝစဉ်စံစားကြရအံ့။

إِنَّ اللّٰهَ لَا يَسْتَحْيٖٓ اَنْ يَّضْرِبَ
مَثَلًا مَّا بَعُوْضَةً فَمَا فَوْقَهَا ۭ
فَاَمَّا الَّذِيْنَ اٰمَنُوْا فَيَعْلَمُوْنَ
اَنَّهُ الْحَقُّ مِنْ رَّبِّهِمْ ۚ وَاَمَّا
الَّذِيْنَ كَفَرُوْا فَيَقُوْلُوْنَ مَاذَآ
اَرَادَ اللّٰهُ بِهٰذَا مَثَلًا ۘ يُضِلُّ
بِهٖ كَثِيْرًا وَّيَهْدِيْ بِهٖ كَثِيْرًا ۭ

၂၆။ အလ္လာဟ်အရှင်မြတ်သည် ခြင်ကောင်နှင့် ဖြစ်စေ၊ ခြင်ကောင်ထက် သေးငယ်သောအရာနှင့် ဖြစ်စေ၊ ပုံဆောင်ခြင်းကို (သေးနုပ်သည် ဟူ၍) ရွက်တော်မမူချေ။ ယုံကြည်သော "မုအ်မင်" များသည် ထိုပုံဆောင်ချက်ကို မိမိတို့အား မွေးမြူတော်မူသော အရှင်ထံတော်မှ လျော်ကန် သင့်မြတ်လှသော ပုံဆောင်ချက် ဖြစ်သည်ဟူ၍ သိနားလည်ကြသည်။ "ကာဖိရ်" မိစ္ဆာဒိဋ္ဌိက တို့မှာမူ အလ္လာဟ် အရှင်မြတ်သည် ဤမျှ သေးနုပ်သော အရာကို ပုံဆောင်ခြင်းအားဖြင့် မည်သို့သော အကြောင်းအရာကို ရည်စူးတော် မူပါသနည်းဟု (ပြက်ရယ်) ပြောဆိုကြလေသည်။ အလ္လာဟ်အရှင်သည် ထိုကဲ့သို့သော ပုံဆောင်ချက်ဖြင့် များစွာသောသူများကို လမ်းမှားသို့ ပို့ဆောင်တော်မူ၍ များစွာသောသူများကိုကား တရားလမ်းမှန်သို့ ညွှန်ကြား ပြသတော်မူသည်။

➤➤ အယဉ်တွေတွေ စီးတွေလျက်ရှိသော စမ်းချောင်းများ၊ စားသုံးရန်အတို့ အေးမြ ချိုဆိမ့်သော ခဲဘွယ်ဘောဇဉ်များ၊ လှပသော ကညာများလည်း အသင့်ရှိကြကုန်၏၊ ဆိုလိုသည်ကား အမတ သုခဘုံတွင် မကြားဘူး၊ မမြင်ဘူး၊ မတွေးဘူးသော စည်းစိမ်များသည် လိုလေသေးမရှိ အပြည့်အစုံရှိ၏ဟူလို။

وَمَا يُضِلُّ بِهِۦٓ إِلَّا ٱلْفَٰسِقِينَ ﴿٢٦﴾

အမှန်စင်စစ်သော်ကား ထိုကဲ့သို့သော ပုံဆောင်ချက်ဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိအမိန့်တော်ကို မနာခံသော မသူတော်(ဒုဇ္ဇန)များမှအပ အခြားမည်သူကိုမျှ လမ်းမှားသို့ ပို့ဆောင်တော်မူသည်မဟုတ်ချေ။

ٱلَّذِينَ يَنقُضُونَ عَهْدَ ٱللَّهِ مِنۢ بَعْدِ مِيثَٰقِهِۦ وَيَقْطَعُونَ مَآ أَمَرَ ٱللَّهُ بِهِۦٓ أَن يُوصَلَ وَيُفْسِدُونَ فِى ٱلْأَرْضِ ۚ أُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ﴿٢٧﴾

၂၇။ ထို(သူယုတ်မာ)တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ခိုင်မာစွာ ပဋိညာဉ်သစ္စာထားကြပြီးသည့်နောက် ထိုပဋိညာဉ်ကို ဖောက်ဖျက်ကြ၏၊ (အချင်းချင်း) ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရန် အမိန့်တော်ချမှတ်ထားသည်ကိုလည်း လိုက်နာကြသည်မရှိ၊ အဆက်ဖြတ်ကြ၏။ ထို့ပြင်တဝထိုသူတို့သည် ကမ္ဘာမြေပြင်၌လည်း (ကမ္ဘာသူကမ္ဘာသားတို့၏) ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြ၏။ (စင်စစ်မှာကား) ထိုသူများသည် ဆုံးရှုံးပျက်စီးသူများသာ ဖြစ်ကြပေသတည်း။

كَيْفَ تَكْفُرُونَ بِٱللَّهِ وَكُنتُمْ أَمْوَٰتًا فَأَحْيَٰكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ ثُمَّ إِلَيْهِ تُرْجَعُونَ ﴿٢٨﴾

၂၈။ (ဟယ်-မိစ္ဆာဒိဋ္ဌိကတို့)အသင်တို့သည် အဘယ်နည်းဖြင့် အလ္လာဟ်အရှင်မြတ်(၏ကျေးဇူးတော်များ)ကိုငြင်းဆိုနိုင်ကြအံ့နည်း၊ အဖြစ်မှန်ကား အသင်တို့သည် (ရှေးဦးမဆွပဌမက)(အဝိညာဏက) သက်မဲ့အရာဝတ္ထုများသာဖြစ်ကြရာ ထိုအရှင်သည် အသင်တို့အား (သဝိညာဏက)သက်ရှိဘဝသို့ ပို့ဆောင်တော်မူ၏။ ထိုနောက်တဖန် ထိုအရှင်သည် (အသင်တို့၏ သက်တမ်းကုန်ဆုံးသည့်အခါ) သင်တို့အား သေစေတော်မူဦးမည်ဖြစ်၏။ သို့သေစေတော်မူပြီးသည့်နောက် ထိုအရှင်သည်အသင်တို့အား တဖန်ရှင်ပြန်ထစေဦးမည်။ ထို့နောက် အသင်တို့သည် (မိမိတို့ပြုကျင့်ခဲ့သမျှသော ကောင်းမှုမကောင်းမှုများနှင့်လျော်ညီစွာထိုက်တန်ရာ အကျိုးများကိုခံစံရန်အလို့ငှာ)ထို အရှင့်ထံတော်သို့ပင်လျှင် ပြန်လည်ရောက်ကြရမည်။

هُوَ الَّذِي خَلَقَ لَكُم مَّا فِي الْأَرْضِ جَمِيعًا ثُمَّ اسْتَوَىٰ إِلَى السَّمَاءِ فَسَوَّاهُنَّ سَبْعَ سَمَاوَاتٍ ۚ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٢٩﴾

၂၉။ ထို(အလ္လာဟ်)အရှင်မြတ်သည် သင်တို့.အကျိုးအလို့ငှာ ပထဝီမြေတွင် ရှိရှိသမျှသော ဝတ္ထုအစုစုကို ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအရှင်သည် မိမိ ဆန္ဒတော်အတိုင်း မိုးကောင်းကင် ဘက်သို့.လှည့်တော်မူ၍ မိုးခုနစ်ထပ်ကို နေထား ကျနစွာ ပြုလုပ်တော်မူ၏၊ စင်စစ်တမူကား ထိုအရှင်သည် (သဗ္ဗညူ) အရာခပ်သိမ်းတို့.ကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَإِذْ قَالَ رَبُّكَ لِلْمَلَائِكَةِ إِنِّي جَاعِلٌ فِي الْأَرْضِ خَلِيفَةً ۖ قَالُوا أَتَجْعَلُ فِيهَا مَن يُفْسِدُ فِيهَا وَيَسْفِكُ الدِّمَاءَ وَنَحْنُ نُسَبِّحُ بِحَمْدِكَ وَنُقَدِّسُ لَكَ ۖ قَالَ إِنِّي أَعْلَمُ مَا لَا تَعْلَمُونَ ﴿٣٠﴾

၃၀။ (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်စဉ်းစား သတိရလော့) တရံရောအခါ အသင့်အားမွေးမြူတော်မူသောအရှင်က (မိမိ၏) အပါးတော်စေတမန်များအား "ဧကန်အမှန် ငါအရှင်သည် ကမ္ဘာပေါ်ဝယ် (ငါ၏အမိန့်အာဏာတော်များကို ထုတ်ပြန်ကျေညာရန် အလို့ငှာ လူတို့၏ဘခင်) အာဒမ်(အ)အား (ငါ၏)ကိုယ်စားလှယ်တော်အဖြစ် မြှောက်စားခန့်အပ်တော်မူမည်" ဟု မိန့်ကြားတော်မူသည်။ ထိုအခါ အပါးတော်စေတမန်များက (ဤသို့.) လျှောက်တင် ပန်ကြားကြကုန်၏။ "(အို-အရှင်) ကမ္ဘာမြေပြင်၌ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်၍ အချင်းချင်း သတ်ဖြတ်ပြီး သွေးထွက်သံယို ပြုလုပ်ကြမည့်သူများကို ကိုယ်တော်အရှင်သည် (ဖန်ဆင်းတော်မူ၍ မိမိကိုယ်စားလှယ်တော်အဖြစ်) မြှောက်စားခန့်အပ်တော်မူပါမည်လော၊ အမှန်စင်စစ် ကိုယ်တော်အရှင်သည် ချို့တဲ့ခြင်းအပေါင်းတို့မှ လုံးဝ သန့်ပြန့်စင်ကြယ်တော် မူကြောင်းကို ကျွန်တော်မျိုးတို့သည် သာလျှင် အမြဲအောက်မေ့ တသကြပါ၏။ ကိုယ်တော်အရှင်မြတ်၏ ဂုဏ်တော်များကို ချီးမွမ်းထောမနာ ပြု၍ အစဉ်အမြဲ ဘာဝနာစီးဖြန်းကြပါ၏။"

ထိုအခါ အလ္လာဟ်အရှင်မြတ်က (အပါးတော် စေတမန်အပေါင်းတို့) အသင်တို့မသိနားမလည်သော အကြောင်းအချက်များကို ငါသာလျှင် မုချ သိတော်မူသည်ဟု ပြန်လည် ဖြေကြားတော် မူလေသည်။

وَعَلَّمَ اٰدَمَ الْاَسْمَآءَ كُلَّهَا ثُمَّ عَرَضَهُمْ عَلَى الْمَلٰٓئِكَةِ فَقَالَ اَنْۢبِـُٔوْنِيْ بِاَسْمَآءِ هٰٓؤُلَآءِ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٣١﴾

၃၁။ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာဦးဘခင် *အာဒမ်(အ)* [၁] အား အရာဝတ္ထုများ၏ အမည်နာမအားလုံးတို့ကို သင်ကြားပေးသနားတော်မူ၏။ သို့သင်ကြားပြီးသည့်နောက် အလ္လာဟ်အရှင်မြတ်သည် ထိုအမည်ပါ ဝတ္ထုအစုစုကို အပါးတော်စေတမန်များ၏ ရှေ့ဝယ်၌ပြတော်မူ၍ ဤသို့မိန့်တော်မူ၏၊ (အပါးတော် စေတမန် အပေါင်းတို့) အကယ်၍ အသင်တို့သည် မှန်ကန်သောစကားကို ပြောဆိုသောသူများဖြစ်ကြပါလျှင် ဤအရာဝတ္ထုများ၏ အမည်နာမများကို ငါ့အား (သေချာဂနစ္ဆာ) တင်လျှောက်ကြကုန်။

قَالُوْا سُبْحٰنَكَ لَا عِلْمَ لَنَآ اِلَّا مَا عَلَّمْتَنَا ۭ اِنَّكَ اَنْتَ الْعَلِيْمُ الْحَكِيْمُ ﴿٣٢﴾

၃၂။ အပါးတော်စေတမန်များက (အလ္လာဟ်အရှင်မြတ်၏အထံတော်၌ ဤသို့လျှောက်ထားကြကုန်သည်) အို-အရှင်၊ ကိုယ်တော်အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းတို့မှ သန့်ရှင်းစင်ကြယ်တော်မူသောအရှင် ဖြစ်တော်မူပါသည်။ ကိုယ်တော်အရှင် သင်ကြားပေးသနားတော်မူသော ပညာရပ်များမှအပ ကျွန်တော်မျိုးတို့အဘို့မှာ အခြားအသိတရားဟူ၍ အလျင်းမရှိပါ။ ဧကန်မုချ ကိုယ်တော် အရှင်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံ တရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပါသတည်း။

---

① လူ့လောကတွင် အဦးအစ ပဌမလူကား အာဒမ်(အ)ပင်ဖြစ်သည်၊ လူသားအားလုံးတို့၏ ဘခင်ဦးဖြစ်ခြင်း ကြောင့် အာဒမ်(အ)ကို "လူတို့၏အဘ" ဟူ၍လည်း ခေါ်ဆိုကြသည်။ အာဒမ်(အ)သည် အဦးအစ ပဌမလူဖြစ်သည့် အားလျော်စွာ ကမ္ဘာနာယကဂုဏ်ကိုလည်း ဦးစွာပဌမ ခြီးမြှင့်ခြင်း ခံခဲ့ရလေသည်။

قَالَ يَٰٓـَٔادَمُ أَنۢبِئۡهُم بِأَسۡمَآئِهِمۡۖ فَلَمَّآ أَنۢبَأَهُم بِأَسۡمَآئِهِمۡ قَالَ أَلَمۡ أَقُل لَّكُمۡ إِنِّيٓ أَعۡلَمُ غَيۡبَ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ وَأَعۡلَمُ مَا تُبۡدُونَ وَمَا كُنتُمۡ تَكۡتُمُونَ ٣٣

၃၃။ အလ္လာဟ် အရှင်မြတ်က အိုဒမ်၊ အသင်သည် ထိုအပါးတော်စေတမန်များအား ထိုအရာဝတ္ထုများ၏ အမည်နာမများကို ထုတ်ဖော်၍ ပြောပြပါလေဟု မိန့်ကြားတော်မူရာ [(ကမ္ဘာဦးဘခင်) အာဒမ်(အ)သည် အပါးတော်စေတမန်များအား ထိုအရာဝတ္ထုအသီးသီး တို့၏ အမည်နာမများကို (သေချာစွာ) ထုတ်ဖော်၍ ပြောပြလေ၏။] သို့ပြောပြပြီးသည့်အခါ အလ္လာဟ်အရှင်မြတ်သည် အပါးတော်စေတမန်များအား ဤသို့ မိန့်ကြားတော်မူ၏၊ (အပါးတော် စေတမန်အပေါင်းတို့) ငါအရှင်သည် မိုးကောင်းကင်များနှင့် ပထဝီမြေပြင်၌ ဖုံးကွယ်လျက်ရှိသော အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသည်ဟု သင်တို့အား မိန့်ကြားခဲ့ဘူးသည် မဟုတ်လော။ ထို့ပြင်တဝ ငါအရှင်သည် အသင်တို့ထုတ်ဖော်ပြောဆိုသည် များကိုလည်းကောင်း၊ လျှို့ဝှက်ဖုံးကွယ်ထိန်ချန် ထားရှိခဲ့ကြသည့် အရာများကိုလည်းကောင်း အကြွင်းမဲ့သိတော်မူသည်။

وَإِذۡ قُلۡنَا لِلۡمَلَٰٓئِكَةِ ٱسۡجُدُواْ لِأٓدَمَ فَسَجَدُوٓاْ إِلَّآ إِبۡلِيسَۖ أَبَىٰ وَٱسۡتَكۡبَرَ

၃၄။ (ပြန်လည်အောက်မေ့ သတိရကြကုန်လော့) တရံရောအခါ ငါအရှင်သည် အပါးတော်စေတမန်များအား အသင်တို့သည် ကမ္ဘာဦးဘခင် အာဒမ်ကို ဦးချကြကုန် ဟု မိန့်ကြားတော်မူသည်။ (ထိုအခါ) "အီဗ်လိစ်" မှအပ ကျန်အားလုံးသော အပါးတော် စေတမန်များသည် (ကမ္ဘာဦးဘခင်) အာဒမ်(အ)အား ဦးချကြကုန်၏။

---

① "စုဂျုဒ်" သဒ္ဒါသည် အဘိဓာန်သဘောအားဖြင့် ရိုကျိုးခြင်း၊ ကျိုးနွံခြင်း၊ အနက်ကိုဟောသည်။ ထို့နောက် ယင်းပုဒ်သည် အလ္လာဟ်အရှင်မြတ်အား ဓယရိုကျိုးရှိခိုးခြင်းအတွက် အသုံးဖြစ်လာချေသည်။

အလ္လာဟ်အရှင်မြတ်အား ရိုကျိုးခြင်းသည် နှစ်မျိုးနှစ်စားရှိ၏၊ [၁] မိမိသဘောအလျောက် ကြည်သာစွာ ရိုကျိုးခြင်း၊ [၂] မလွဲမရှောင်သာ၍ ရိုကျိုးခြင်း။ မိမိသဘောအလျောက် ကြည်သာစွာ ရိုကျိုးခြင်းသည် ➤➤

➢➢ လူသားတို့နှင့်သာ သက်ဆိုင်၏၊ သို့ရိုကျိုးခြင်းဖြင့် ကုသိုလ်အကျိုးကိုလည်း ခံစားကြရ၏။ မလွဲမရှောင်သာ၍ ရိုကျိုးခြင်းဟူသည်ကား သက်ရှိသက်မဲ့ ကမ္ဘာတန်ဆာပလာ အားလုံးတို့နှင့် သက်ဆိုင်ပေသည်။ သို့ရိုကျိုးခြင်းအကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၁၃ : ၁၅၊ ၁၆ : ၄၉၊ ၂၂ : ၁၈၊ ၅၅ : ၆)တွင် တွေ့ရှိနိုင်သည်။ ကြည့် "ရာယိဗ်"။

ဖော်ပြချက်။

(က) ကုရ်အာန်ကျမ်းမြတ်တွင် အချို့နေရာများ၌ "စုဂျုဒ်" ဟူသောပုဒ်ကို "ဆွလာတ်" ဝတ်ပြုခြင်းအနက်၌ အသုံးပြုထားသည်ကို တွေ့ရှိရသည်။ ကြည့်၊ ကုရ်အာန် (၅၀ : ၄၀)။

(ခ) အစ္စလာမ်သာသနာတော်၏ "ရုရီအတ်" ပဋိပတ်ကျင့်စဉ်အရ "ဆွလာတ်" ဝတ်ပြုရာ၌ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် ရည်စူးပြီး မြေနှင့် နဖူးထိလျက် ဦးချခြင်းကိုလည်း "စုဂျုဒ်" ဟုခေါ်သည်။ ကြည့်၊ ရာယိဗ်။

ဤပါဒတွင် (اُسْجُدُوْا لِاٰدَمَ) ဟူသောဝါကျကို အဋ္ဌကထာရှင်များသည် အောက်ပါအတိုင်း အမျိုးမျိုးအနက်ဖွင့်ကြသည်။

(က) အသင်တို့သည် အာဒမ်(အ)ဘက်သို့ မျက်နှာမူ၍ ဦးချကြကုန်။ အာဒမ်(အ)သည် မျက်နှာမူရာ အရပ်မျှသာဖြစ်သည်။ (အသင်တို့၏) ဦးချခြင်းအမူမှာကား အလ္လာဟ် အရှင်မြတ်ကို (ရည်ရွယ်၍) ပြုသောအမူသာတည်း။

ယနေ့ကမ္ဘာအရပ်ရပ်ရှိ မွတ်စ်လင်မ်တို့သည် "ကအ်ဗဟ်" ကျောင်းတော်ဘက်သို့ မျက်နှာမူ၍ အလ္လာဟ်အရှင်မြတ်အား ဦးချကြရာ ကျောင်းတော်ကို ဦးချကြသည်မဟုတ်။ ကျောင်းတော်သည် မျက်နှာမူရာ အရပ်မျှသာဖြစ်သည်။ ထိုနည်းအတူ အပါးတော်စေတမန်များသည်လည်း အာဒမ်(အ)ဘက်သို့ မျက်နှာမူ၍ အလ္လာဟ် အရှင်မြတ်အား ဦးချကြကုန်၏။ အာဒမ်(အ)အား ဦးချကြသည်မဟုတ်။ အာဒမ်(အ)သည် မျက်နှာမူရာ အရပ်မျှသည် ဖြစ်သည်ဟူလို။

(ခ) အပါးတော်စေတမန်များက အာဒမ်(အ)အား ဦးချခြင်းမှာ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို မြေဝယ်မကျနာခံ၍ အာဒမ်(အ)အား အလေးပြုခြင်း၊ ကန်တော့ခြင်းမျှသာ ဖြစ်သည်။ အာဒမ်(အ)အား ခဝပ်ကိုးကွယ်ခြင်းမဟုတ်။

လူသားတို့၏မြင့်မြတ်ခြင်း။

သုတေသီတို့သည် ဤပါဒ(၂:၃၄)ကို တွေးဆဆင်ခြင်ပါက ကမ္ဘာနာယက အာဒမ်(အ)သည် အပါးတော် စေတမန်များထက်ပင် မြင့်မြတ်ကြောင်း၊ ပညာဉာဏ်သည် အဘိုးအနှုံ့ ထိုက်တန်ကြောင်းကို ထင်ရှားစွာ တွေ့ရှိနိုင်ပေသည်။ လူသည် ကမ္ဘာသခင်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သက်သေသာဓက ထုတ်ဖော်ပြရန်ပင်မလိုပေ၊ သို့သော် လူသည် အဘယ်အစွမ်းများကြောင့် ဤကမ္ဘာတွင် သခင်ဖြစ်သနည်း ဟူသောအချက်ကို နိသမ္မဉာဏ်ဖြင့် တွေးဆဆင်ခြင်သောသူကား ရှာလုပေ၏။

သာမန်အားဖြင့် လူကို အခြားသတ္တဝါများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် လူသည် သေးငယ်သော သတ္တဝါပင်ဖြစ်၏။ ကျား၊ ခြင်္သေ့၊ ဝံ အစရှိသော သားရဲတိရစ္ဆာန်များကဲ့သို့ အားအင်လည်း မရှိ၊ ကြွ၊ ဆင်၊ စိုင် သတ္တဝါများကဲ့သို့လည်း ကိုယ်ခန္ဓာမကြီးမား၊ ငှက်များကဲ့သို့လည်း မပျံသန်းနိုင်၊ မြွေ၊ နဂါးတို့ပမာ အဆိပ်အတောက်လည်းမရှိ။သို့ဖြစ်ပါလျက်နှင့်ပင် လူသည် အရာခပ်သိမ်းတို့၏သခင် အဘယ်သို့ဖြစ်သနည်း၊➢➢

وَكَانَ مِنَ الْكَٰفِرِينَ ﴿٣٤﴾

"အီဗ်လီစ်" မူကား မောက်မာပလွားခြင်း ယင်းအမိန့်တော်ကို ဖီဆန်လေ၏။ သို့အတွက်ကြောင့် သူသည် "ကာဖိရ်" မိစ္ဆာဒိဋ္ဌိကတို့တွင် ၃ အပါအဝင် တစ်ဦး ဖြစ်သွားချေပြီ။

➤➤ အဖြေကား၊ အဏုမြူမျှ လွန်စွာ သေးငယ်လှသော အရာကိုပင် ခွဲခြမ်း စိတ်ပိုင်းနိုင်သော အစွမ်းသတ္တိသည် လူ၌ရှိ၏၊ ယင်းအစွမ်းကား အခြားမဟုတ်၊ ပညာပါရမီ၏တန်ခိုးပင်၊ ဤပညာပါရမီ၏တန်ခိုးဖြင့် လူသည် မိမိရာဇဝင် တလျှောက်လုံးတွင် ကမ္ဘာကိုကြီးစိုးခဲ့၏၊ လွှမ်းမိုးခဲ့၏၊ မိုးပျံမြေလျှိုးနိုင်ခဲ့၏၊ ယနေ့တိုးတက်လျက်ရှိသော ကမ္ဘာကြီးတွင် လူသည် မိမိအာသာဆန္ဒအလျောက် စိုးမိုးနေသည်မှာ လယ်ပြင်ဆင်သွားသည့်အလား ထင်ရှားလှပေသည်။

အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာမြေပြင်၌ စီမံအုပ်ချုပ်ရန်အလို့ငှာ လူသားတို့၏ဘဝင် အာဒမ်(အ)အား မိမိ ကိုယ်စားလှယ်တော်အဖြစ် ခြီးမြှင့်တော်မူ၏။ သို့ခြီးမြှင့်တော်မူရာ၌ ဦးစွာပဌမ ပညာပါရမီကို ပေးသနားတော်မူ၏။ ကြည့်-ကုရ်အာန်(၂:၃၁၊ ၅၅:၂-၄၊ ၉၆:၄-၅)။

ပညာ၏ အဘိုးထိုက်တန်ခြင်းကြောင့်ပင် နဗီတမန်တော် မုဟမ္မဒ်(ဆ)အား ပညာတည်းဟူသော ရတနာမြတ်ကို အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ ဆုပန်ရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂၀:၁၁၄) တွင် မိန့်ဆိုထားလေသည်။

"ပညာရှိသူနှင့်ပညာမဲ့သူတို့သည် အဘယ်မှာလျှင် တူနိုင်ကြအုံ့နည်း"၊ ကြည့်-ကုရ်အာန်(၃၉ :၉)။ လူတို့၏ဘဝင် အာဒမ်(အ)သည် ဤပညာပါရမီ တန်ခိုးကြောင့်ပင် ကမ္ဘာနာယကဂုဏ်ထူးကို ခြီးမြှင့်ခြင်းခံခဲ့ရ၏။ ပညာပါရမီနှင့် ပြည့်ဝစုံလင်ခြင်းကြောင့်ပင် အပါးတော်စေတမန်များ၏ အလေးပြုခြင်းကိုလည်း ခံခဲ့ရပေသည်၊ ဤသည်ကားပညာပါရမီ၏ တန်ခိုးပင်။

ကုရ်အာန်ကျမ်းမြတ် (၂၉:၄၃)တွင် နက်နဲသောပြဿနာရပ်များကို ပညာရှင်များသာလျှင် သိနားလည်ကြောင်း၊ (၃၅:၂၈)တွင် ပညာရှင်များသာလျှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ မြတ်နိုးကြောင်း၊ (၅၈:၁၁)တွင် အလ္လာဟ်အရှင်မြတ်သည် ပညာရှင်တို့အား ဂုဏ်အင်ဒြပ် အမျိုးမျိုးတို့ဖြင့် မြှောက်စားတော်မူကြောင်းများကို အထူးတလည် ထုတ်ဖော်မိန့်ဆိုထားသည်ကိုလည်း တွေ့ရှိရပေသည်။

နဗီတမန်တော် မုဟမ္မဒ်(ဆ)ကလည်း ပညာဆည်းပူးလေ့လာရန် အထူးတလည် တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထိုကဲ့သို့ နှိုးဆော်တိုက်တွန်း ချက်များအနက်မှ အချို့ကို ဖော်ပြပါအံ့။

က။ ၎ (မုဟမ္မဒ်)သည် အာစရိယဆရာအဖြစ်ဖြင့် ပွင့်ခဲ့သည်။

ခ။ ပညာရှာဖွေဆည်းပူးခြင်းသည် မွတ်စ်လင်မ်မိန်းမ ယောကျ်ားအားလုံးအဘို့ မလုပ်မနေရသော "ဖရဿွဲ" တာဝန်တစ်ရပ်ဖြစ်သည်။

ဂ။ လပြည့်ညဥ့်တွင် လစန္ဒာသည် ကြယ်တာရာအပေါင်းထက်သာသကဲ့သို့ ပညာရှင်သည် သီလရှင်ထက်သာပေသည်။

ဃ။ "အာလင်(မ်)"ပညာရှိ သုခမိန်များသည် နဗီတမန်တော်များ၏ အမွေစားအမွေခံများဖြစ်ကြသည်။

① ယုံကြည်ခြင်းသဒ္ဓါတရား၏ ပဓါနအချက်သုံးချက်အနက် ပဌမအချက်ချို့တဲ့သူသည် မုနာဖိက် မည်၏၊ ဒုတိယအချက် ချို့တဲ့သူသည် ကာဖိရ် မည်၏၊ တတိယအချက်ချို့တဲ့သူကို ဂိုဏ်းအသီးသီးတို့က ဖါစိက်➤➤

وَقُلْنَا يَٰٓـَٔادَمُ اسْكُنْ أَنتَ
وَزَوْجُكَ ٱلْجَنَّةَ وَكُلَا مِنْهَا
رَغَدًا حَيْثُ شِئْتُمَا ۖ وَلَا تَقْرَبَا
هَٰذِهِ ٱلشَّجَرَةَ فَتَكُونَا
مِنَ ٱلظَّٰلِمِينَ ﴿٣٥﴾

၃၅။ ထို့နောက် ငါ(အလ္လာဟ်အရှင်မြတ်)သည် (အာဒမ်အား) ဤသို့မိန့်ကြားတော်မူ၏။ အို–အာဒမ်၊ အသင်သည် မိမိ၏ကြင်ယာ [၁] (ဟောင်ဝါ)နှင့်တကွ "ဂျန္နတ်" အမတသုခဘုံ၌ နေထိုင်၍ အသင်တို့ဇနီးမောင်နှံနှစ်ဦးသည် ထိုသုခဘုံတွင် အလိုရှိရာနေရာမှ အာသာဆန္ဒရှိသမျှကို (လွတ်လပ်စွာ ယူငင်ပြီး)ဖောသီဝပြောစွာစားသုံးကြကုန်၊ သို့ရာတွင်အသင်တို့သည် ဤအပင်၏အနီးသို့ မချဉ်းကပ်ကြနှင့်၊ (အကယ်၍ ထိုအပင်၏ အနီးသို့ချဉ်းကပ်၍ ထိုအပင်၏ အသီးအနှံကို စားသုံးမိကြလျှင်) အသင်တို့သည် ပြစ်မှုကျူးလွန်သူများတွင် အပါအဝင်ဖြစ်ကြကုန်လတ္တံ့။

فَأَزَلَّهُمَا ٱلشَّيْطَٰنُ عَنْهَا
فَأَخْرَجَهُمَا مِمَّا كَانَا فِيهِ ۖ
وَقُلْنَا ٱهْبِطُوا۟ بَعْضُكُمْ
لِبَعْضٍ عَدُوٌّ ۖ وَلَكُمْ
فِى ٱلْأَرْضِ مُسْتَقَرٌّ

၃၆။ (ကမ္ဘာဦးဘခင် အာဒမ်(အ)နှင့် ကြင်ရာတော် ဟောင်ဝါတို့သည် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော "ဂျန္နတ်" အမတသုခဘုံတွင် သုခစည်းစိမ် ရိပ်ငြိမ်ချမ်းသာကို မွေ့လျော်စွာ စံစား၍ နေကြကုန်၏၊) ထိုသို့ နေထိုင်ရာအတွင်း "ရှိုင်တွာန်" သည် ထိုသစ်ပင်နှင့်စပ်လျဉ်း၍ မာယာ ပရိယာယ်အားဖြင့် လှည့်ပတ်ဖြားယောင်း သွေးဆောင်ပြီး ထိုကြင်ရာကြင်ဘက် နှစ်ဦးတို့အား တိမ်းပါး ချော်ချွတ်စေ၍ ထိုဥယျာဉ်တော်မှ နှင်ထုတ်လေ၏။

➤➤ ဟုဆိုကြသည်။ သို့ရာတွင် ခါရိဂျီ ဂိုဏ်းဝင်တို့က *ကာဖိရ်* ဟု ဆိုကုန်၏။ မုအ်တဇီလီ ဂိုဏ်းဝင်တို့ကမူ *ကာဖိရ်* လည်းမဟုတ်၊ *မွတ်စ်လင်မ်* လည်းမဟုတ်ဟု ဆိုကြကုန်၏။

① **အာဒမ်(အ)၏ ကြင်ယာတော်။**

တစ်ဦးတည်းဖြစ်နေသော အာဒမ်(အ)အဘို့ ကြည်နူးမေတ္တာ ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံအတူနေထိုင်ရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ကြင်ယာတော်တစ်ပါးကို ဖန်ဆင်းပေးတော်မူ၏။

အလ္လာဟ်အရှင်မြတ်သည်အာဒမ်(အ)၏ဘယ်နံရိုးဖြင့် ကြင်ယာတော်(ဟောင်ဝါ)ကိုဖန်ဆင်းတော်မူ၏။

"ဟောင်ဝါ" အား "ဟောင်ဝါ" ဟုမှည့်ခေါ်ခြင်းမှာ [၁] သက်ရှိသတ္တဝါမှ အဖန်ဆင်းခံရခြင်းကြောင့်သော်လည်းကောင်း၊ [၂] လူသတ္တဝါတို့၏ အရင်းမူလဖြစ်ခြင်းကြောင့်သော်လည်းကောင်း၊ [၃] "ဟောင်ဝါ"➤➤

وَّمَتَاعٌ اِلٰى حِيْنٍ ﴿٣٦﴾

ထိုအခါ ငါအလ္လာဟ်အရှင်မြတ်သည် ဤသို့ အမိန့်တော် ချမှတ်တော်မူ၏၊ အသင်တို့သည် (ငါ၏)ဥယျာဉ်တော်မှ) ဆင်းသွားကြကုန်။ အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွား ရန်ဘက်များဖြစ်ကြအံ့။ ကမ္ဘာမြေပြင်တွင် အသင်တို့အဘို့ သတ်မှတ်ထားသည့် သက်တမ်းတိုင်အောင် နေရာထိုင်ခင်းနှင့် အကျိုးခံစားခြင်းရှိအံ့။

فَتَلَقّٰٓى اٰدَمُ مِنْ رَّبِّهٖ كَلِمٰتٍ فَتَابَ عَلَيْهِ ؕ اِنَّهٗ هُوَ التَّوَّابُ الرَّحِيْمُ ﴿٣٧﴾

၃၇။ ထိုအခါ ကမ္ဘာဦးဘခင် အာဒမ်(အ)သည် မိမိအားမွေးမြူစောင့်မကြည့်ရှုတော်မူထသော အရှင့်ထံမှ အချို့သော(ဆုမွန်)*ပုဒ်ပဒများကို* [၁] သင်ကြားနာယူ၍ (အရှင့်ထံ ဝန်ချတောင်းပန် အသနားခံရာ) အလ္လာဟ် အရှင်မြတ်သည် မိမိကရုဏာတော်ဖြင့် အာဒမ်(အ)ဘက်သို့ လှည့်တော်မူ၍ ချမ်းသာခွင့်ပေးသနားတော်မူလေ၏။ အမှန်စင်စစ် ထိုအရှင်သည် သာလျှင် (ဝန်ချတောင်းပန် အသနားခံသူများအား) အကြိမ်ကြိမ်အဖန်ဖန် ချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အစဉ်အမြဲ သနားညှာတာ ကြင်နာတော်မူထသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ ၏မေးစေ့၌ (အချို့အဆိုအရ နှုတ်ခမ်း၌) နီရောင်ရှိခြင်းကြောင့် သော်လည်းကောင်း ဖြစ်၏။ ကုရ်အာန်ကျမ်းမြတ်တွင် "ဟောင်ဝါ"ဟူသော အမည်ကို ထုတ်ဖော်မိန့်ဆိုထားသည် မရှိချေ၊ "ဟဒီဆ်" ဩဝါဒကျမ်းများနှင့် အစ္စလာမ်သမိုင်းများတွင်သာ ထိုအမည်ကို တွေ့ရှိရပေသည်။

① **အာဒမ်၏ ဝန်ချတောင်းပန်ချက်။**

အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ ဝန်ချတောင်းပန် အသနားခံရာတွင် အာဒမ်(အ) မြွက်ဆိုခဲ့သော ပုဒ်ပါဒများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အဆိုပြုးလျက်ရှိသည်ကို တွေ့ရှိရသည်။

အိုး-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် ညှဉ်းပန်းနှိပ်စက်မိကြလေပြီ၊ အကယ်၍သာ ကိုယ်တော်အရှင်သည် ကျွန်တော်မျိုးတို့အား ချမ်းသာခွင့်ပေးသနားတော်မမူခဲ့ပါလျှင် သို့တည်းမဟုတ် ကိုယ်တော်အရှင်သည် ကျွန်တော်မျိုးတို့ပေါ်ဝယ် ကရုဏာသက်ဝင်တော်မမူခဲ့ပါလျှင် ကျွန်တော်မျိုးတို့မှာ ဆုံးရှုံးနစ်မွန်းသော သူများတွင် မုချအပါအဝင် ဖြစ်ကြတော့မည်။

ကုရ်အာန် (၇ :၂၃)။

قُلْنَا اهْبِطُوا مِنْهَا جَمِيعًا ۚ فَإِمَّا
يَأْتِيَنَّكُمْ مِنِّي هُدًى فَمَنْ تَبِعَ
هُدَايَ فَلَا خَوْفٌ عَلَيْهِمْ
وَلَا هُمْ يَحْزَنُونَ ﴿٣٨﴾

၃၈။ (အာဒမ်(အ)နှင့် ကြင်ယာတော် ဟောင်ဝါတို့အား) ငါအရှင် မိန့်ကြားတော်မူသည်မှာ (ယခု) အသင်တို့အားလုံးသည် ဤ"ဂျန္နတ်" အမတသုခဘုံမှ ဆင်းသက်သွားကြကုန်၊ နောင်သောအခါကာလ၌ အကယ်၍ ငါ၏အထံတော်မှ တရားဒေသနာများ ကျရောက်လာလျှင် (ကျရောက်မည်လည်း မုချပင်) သို့ ငါအရှင် ချမှတ်ပေးအပ်တော်မူသော တရားဒေသနာတော်တို့ကို အကြင် မည်သူမဆို နာယူကျင့်မူပါက ထိုကဲ့သို့သော (သူတော်စင် သူတော်မြတ်)တို့သည် စိုးရိမ်ကြောင့်ကြရမည်လည်း မဟုတ်၊ ပူဆွေးကြရ မည်လည်းမဟုတ်။[၁]

وَالَّذِينَ كَفَرُوا وَكَذَّبُوا
بِآيَاتِنَا أُولَٰئِكَ أَصْحَابُ النَّارِ ۖ
هُمْ فِيهَا خَالِدُونَ ﴿٣٩﴾

၃၉။ သို့ရာတွင် ငါအရှင်၏ တရားဒေသနာတော်များကို လိမ်လည်ထားသည့် တရားဒေသနာတော်များဖြစ်သည်ဟု စွပ်စွဲ၍ (ငါ့အား) ငြင်းပယ်သူများကား ငရဲသားများဖြစ်ကြသည်။ ယင်းသူတို့သည် ထိုငရဲတွင် ထာဝစဉ် ခံစားကြရမည့်သူများတည်း။

---

① ကမ္ဘာဦးဘခင် အာဒမ်(အ)သည် "အီဗ်လိစ်" ၏ ဖြားယောင်းမှုကြောင့် ကမ္ဘာမြေပြင်သို့ ဆင်းသက်လာရသော်လည်း အလ္လာဟ်အရှင်မြတ်သည် ထိုအာဒမ်(အ)အား လျစ်လျူရှုထားတော်မူသည်မဟုတ်။

မဟာကရုဏာရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည်လူသားတို့အဘို့ မိမိတို့၏ သက်တမ်းတိုင်အေးချမ်းသာယာစွာနေထိုင်နိုင်ရန်အလို့ငှာ ဦးစွာပဌမ လူသားတို့၏ ချို့တဲ့မှုများနှင့် ပြစ်မှုများကို ခွင့်လွှတ်တော်မူ၏။

လူသားတို့အဘို့ အစာရေစာ နေရာထိုင်ခင်းတို့ကို ကြိုတင်၍ စီမံခန့်ခွဲထားတော်မူ၏။ နှစ်ဘဝ၏ သုခချမ်းသာကို ဆောင်ကြဉ်းနိုင်သော ဓမ္မဒေသနာတော်များကိုလည်း မကြာခဏထုတ်ပြန်ပို့ချတော်မူ၏။

ဤမျှမကသေး၊ လူသဘာဝအလျောက် အမှေအမှား မကင်းနိုင်သော လူသားတို့အဘို့ အရှင်မြတ်၏ ကရုဏာတော်များဘက်မှ မြော်လင့်ကိုးစား အားထားချက်များ မကင်းမဲ့စေရန် မိမိ၏ ဂုဏ်ပုဒ်များအနက် "ဧကန်ဆတ်ဆတ် ထိုအရှင်မြတ်သည် ဝန်ချတောင်းပန် အသနားခံသူများအား အကြိမ်ကြိမ်အဖန်ဖန် ချမ်းသာခွင့်ပေးသနားတော်မူထသောအရှင်၊ အစဉ်အမြဲ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း" ဟူသော ဂုဏ်ပုဒ်များကိုလည်း မကြာခဏ လူသားတို့အား သတိပေးတော်မူသည်။

يَٰبَنِيٓ إِسۡرَٰٓءِيلَ ٱذۡكُرُواْ نِعۡمَتِيَ ٱلَّتِيٓ أَنۡعَمۡتُ عَلَيۡكُمۡ وَأَوۡفُواْ بِعَهۡدِيٓ أُوفِ بِعَهۡدِكُمۡ وَإِيَّٰيَ فَٱرۡهَبُونِ ٤٠

၄၀။ အိုဣသရေလ ၁ မျိုးနွယ်ဝံသအပေါင်းတို့၊ အသင်တို့အား ငါအရှင်ပေးသနားတော်မူသော သုခ၊ ချမ်းသာ၊ ဂုဏ်ကျေးဇူး တော်များကို (အမြဲတစေ) အောက်မေ့ သတိရကြကုန်၊ (သို့သတိရခြင်းအားဖြင့်) သင်တို့သည် (ငါအရှင့်ထံတော်၌ ထားရှိပြီးသော) ပဋိညာဉ် ၂ ခံဝန်ချက်ကို စောင့်ရှောက်အတည်ပြုကြကုန်၊ ငါအရှင်သည်လည်း သင်တို့နှင့်ထားရှိပြီးဖြစ်သော သစ္စာကတိကို အတည်ပြုတော်မူအံ့၊ (သို့ဖြစ်ရာ) အသင်တို့သည် ငါအရှင်ကိုသာလျှင်ကြောက်ရွံ့ရိုသေကြကုန်လော့။

---

① **အစ္စရာအီလ်လူမျိုးတို့၏ ရာဇဝင်အတ္ထုပ္ပတ္တိအကျဉ်း။**

"အစ္စရာအီလ်" ဟူသည်ကား မည်သူနည်း။

"အစ္စရာအီလ်"သည် [နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏မြေး၊ နဗီတမန်တော် အစ္စဟာက်(အ)၏သား] နဗီတမန်တော် ယအ်ကူဗ်၏ ဘွဲ့နာမတော်ဖြစ်သည်။

ကြင်ရာတော် စာရာသခင်မနှင့် ကြင်ရာတော် ဟာဂျရာသခင်မတို့မှ ထွန်းကားသော သားသမီးများသည် အစ္စရာအီလီလူမျိုးနှင့် အစ္စမာအီလီလူမျိုးဟူ၍ ကမ္ဘာရာဇဝင်၌ ထင်ရှား ကျော်ကြားခဲ့ကြ၏။ ကြင်ရာတော် ကိတူရာသခင်မ၏ သားသမီးများ အကြောင်းကိုကား ရာဇဝင်တွင် ထင်ရှားစွာမတွေ့ရှိရပေ။

အီရတ်နိုင်ငံသူ ကြင်ရာတော် စာရာသခင်မသည် နဗီတမန်တော် အစ္စဟာက်(အ)၏ မိခင်ဖြစ်၏။ နဗီတမန်တော် အစ္စဟာက်(အ)၏သားမှာ နဗီတမန်တော် ယအ်ကူဗ်(၀ါ) နဗီတမန်တော် အစ္စရာအီလ်(အ)ဖြစ်၏။ နဗီတမန်တော် ယအ်ကူဗ်(အ)၏ မျိုးနွယ်များသည် အစ္စရာအီလီလူမျိုးဟူ၍ မည်တွင်ကြ၏။

ကြင်ရာတော် ဟာဂျရာ သခင်မသည် အီဂျစ် တိုင်းသူဖြစ်၏။ ထိုသခင်မမှ နဗီတမန်တော် အစ္စမာအီလ်(အ) ကို မွေးဖွား၏။ နဗီတမန်တော် အစ္စမာအီလ်(အ)မှ ဆင်းသက်လာသော လူမျိုးများသည် အစ္စမာအီလီလူမျိုးဟူ၍ မည်တွင်ကြ၏။ နဗီတမန်တော် မုဟမ္မဒ်(ဆွ)၏ မျိုးရိုးဇာတိဖြစ်သော "ကုရိုက်ရှ်" သည် အစ္စမာအီလီလူမျိုးမှ ဆင်းသက်လာသည်။

အစ္စရာအီလီလူမျိုးတို့သည် ယခင်က ကင်နာန်ပြည်၌ နေထိုင်ကြ၏။ နဗီတမန်တော်ယူစုဖ်(အ) လက်ထက်တော်တွင် အီဂျစ်ပြည်သို့ ရွှေ့ပြောင်းနေထိုင်ကြ၏။ ထိုအရပ်ဒေသ၌ နှစ်ပေါင်း(၄၀၀)ခန့် နေထိုင်ကြပြီး နဗီတမန်တော်မူစာ(အ)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် ခံယူသွားပြီးသည့်နောက် နဗီတမန်တော် ယူရှအ်(အ) လက်ထက်တော်တွင် ယေရုရှလင်မြို့တော်ကို အောင်နိုင်ကြ၏။

နဗီတမန်တော် မုဟမ္မဒ်(ဆွ) ပွင့်တော်မမူမီ နှစ်ပေါင်းမြောက်မြားစွာကပင် အချို့ အစ္စရာအီလီလူမျိုးတို့သည် အာရေဗျတိုင်းပြည်၌ရွှေ့ပြောင်းနေထိုင်ကြ၏။သို့ရွှေ့ပြောင်းနေထိုင်ကြခြင်းမှာ မိမိတို့ကျမ်းဂန်များတွင် အာရေဗျတိုင်းပြည်၌ မိမိတို့မြော်လင့်တောင့်တနေသော တမန်တော်ပွင့်တော်မူမည့် ဗျာဒိတ်စကားကို ကြုံတွင်၍ ➤➤

➤➤သိနှင့်ကြသည့်အတွက် ဖြစ်တန်ရာ၏။

ကုရ်အာန်ကျမ်းမြတ်တွင် အစ္စရာအီလီ လူမျိုးတို့၏ရာဇဝင်ကို အလွန်ရှည်လျားစွာ ထုတ်ဖော်မိန့်ဆိုထားခြင်းမှာ ယင်းလူမျိုးတို့သည် အလွှာဟ်အရှင်မြတ်ထံတော်မှ မိမိတို့ရရှိထားသော အခွင့်အာဏာများကို နည်းမှန်လမ်းကျ အသုံးမပြုကြသည့်အတွက် ပျက်စီးခဲ့ကြ၏။ ထိုနည်းအတူ လူမျိုးတိုင်းပင် အလွှာဟ်အရှင်မြတ်ထံမှရရှိသော အခွင့်အာဏာများကို နည်းမှန်လမ်းကျ မသုံးကြလျှင် ဆုံးရှုံးပျက်ပြားကြပေမည်။ သို့ဖြစ်ရာ အစ္စရာအီလီ လူမျိုးတို့၏ ရာဇဝင်သည် နောင်လာနောက်သားများအဘို့ အထူးသဖြင့် မွတ်စ်လင်မ်များအဘို့ သင်ခန်းစာတစ်ရပ်ပင်ဖြစ်ပေသည်။

နဗီတမန်တော် ယအ်ကူးဗ်(ခေါ်) နဗီတမန်တော် အစ္စရာအီလ်(အ)၏ သားတော် ၁၂ ပါးတို့မှ ဆင်းသက်၍ မျိုးရိုးဇာတိ ၁၂ စုဖြစ်ပေါ်လာကြ၏။ ယခုတိုင် အစ္စရာအီလီ အမည်နှင့် ခေါ်တွင်လျက်ရှိကြသည်။

မှတ်ချက်

အစ္စရာအီလီလူမျိုးနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် "အစ္စရာအီလ်၏ မျိုးနွယ်ဝံသ" များဟူ၍ငင်း၊ "ယဟူဒ်"ဟူ၍ငင်း ၂ မျိုးခေါ်ဝေါ်သုံးစွဲထားရာ ထိုအမည် ၂ ခု၏ ခြားနားချက်ကို အထူးသိအပ်ပေ၏။

"အစ္စရာအီလ်၏မျိုးနွယ်ဝံသများ" ဟူသောအမည်သည် လူမျိုးဇာတိကို ထင်ရှားစေရန် အကြောင်းပြု၍ သုံးစွဲသောအမည်ဖြစ်သည်။ "ယဟူဒ်" ဟူသောအမည်ကား ယင်းသူတို့လိုက်နာသော "ယဟူဒီ"သာသနာကို အကြောင်းပြု၍ သုံးစွဲသော အမည်ဖြစ်သည်။ ဤကျမ်းတွင် ယင်းခွဲခြားချက်နှင့်အညီ ထိုအမည်များကို သုံးသွားမည်ဖြစ်သည်။

အစ္စရာအီလီလူမျိုးတို့အပေါ်ဝယ် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ။

အလွှာဟ်အရှင်မြတ်သည် အစ္စရာအီလီလူမျိုးတို့အား အမျိုးမျိုးသော ဂုဏ်ကျေးဇူးတော်များဖြင့် မြှောက်စားခြီးမြှင့်တော်မူခဲ့သည်ကို ကမ္ဘာ့ရာဇဝင်တွင်အထင်အရှားတွေ့ရှိရပေသည်။ ဤတွင်အနည်းငယ်တင်ပြပါအံ့။

[၁] ကမ္ဘာ့အတိတ်ခေတ်တွင် လူမျိုးအသီးသီးတို့သည် "ကုဖ်ရ်" မိစ္ဆာဒိဋ္ဌိအယူများတွင် နစ်မွန်းနေကြခိုက် အစ္စရာအီလီ လူမျိုးများသည် "တောင်ဟီဒ်" တဆူတည်းသော အလွှာဟ်အရှင်မြတ်အား ခဝမ်းကိုးကွယ်ခြင်းတည်းဟူသော ဝါဒအစစ်အမှန်ကို အထူးတလည် လက်ခံနာယူ ကျင့်ကြံခဲ့ကြ၏။ ဤကား အလွှာဟ်အရှင်မြတ်၏ အမြင့်မြတ်ဆုံးသော ကျေးဇူးတော်တစ်ရပ်ပင်။

[၂] အလွှာဟ်အရှင်မြတ်သည် အစ္စရာအီလီလူမျိုးတို့တွင် တရားဒေသနာတော်များကို ဟောကြားရန် အလို့ငှာ မြောက်မြားစွာသော နဗီတမန်တော်များကို ပွင့်စေတော်မူ၍ ကျမ်းဂန် အစောင်စောင်ကိုလည်း ထုတ်ပြန်ပို့ချတော်မူခဲ့၏။ ယင်းအစ္စရာအီလီလူမျိုးများသည် "ကျမ်းရလူမျိုး" ဟူသောဘွဲ့ကိုခြီးမြှင့်ခြင်း ခံခဲ့ကြရ၏။

ထို့ပြင်တဝ ထိုလူမျိုးတွင် အလွှာဟ်အရှင်မြတ်သည် တွာလူတ်၊ ယူရှအ်၊ ဒါဝူဒ်၊ စုလိုင်မာန် အစရှိသည့် အလွန်တန်ခိုးကြီးမားသောမင်းစိုးရာဇာ၊ ဘုရင်ဧကရာဇ်များ၊ စစ်မှုရေးရာ များတွင် ကျမ်းကျင်လိမ္မာသော စစ်သေနာပတိများကိုလည်း အမြောက်အမြား ထွန်းကားစေတော်မူခဲ့၏။ ကြည့်၊ ကုရ်အာန် (၅ : ၂၀)။

[၃] အလွှာဟ်အရှင်မြတ်သည် အစ္စရာအီလီလူမျိုးတို့အပေါ်ဝယ် သဲကန္တာရကြီးတွင် တဝဲလည်လည် ဖြစ်နေခိုက် မိုးတိမ်တို့ဖြင့် အရိပ်အာဝါသကို ပြုလုပ်ပေးတော်မူခဲ့၏။ "မန္နူ" နှင့် "စလ်ဝါ" မည်တွင်သော အာဟာရများကို ချပေးသနားတော်မူခဲ့၏။ ရေတမ်မွတ်ဆာလောင်ခြင်းမှ လွတ်ကင်းစေရန် အလို့ငှာ စမ်းရေချောင်း ၁၂ သွယ်ကိုလည်း စီးဆင်းစေတော်မူခဲ့၏။ ကြည့်၊ ကုရ်အာန် (၂ : ၆၀)။ ➤➤

➤➤ [၄] နဗီတမန်တော်မူစာ(အ) လက်ထက်တွင် အီဂျစ်ပြည်ကို စိုးမိုးသော "ဖိရ်အောင်" ဘုရင်၏ ညှဉ်းဆဲမှု ဘေးဒုက္ခများမှ အလ္လာဟ်အရှင်မြတ်သည်အစ္စရာအီလီလူမျိုးတို့ကို ကယ်ဆယ်တော်မူခဲ့၏။ ဘိုင်ဘဲလ် ကျမ်းတွင် အခြားခေတ်များ၌လည်း ရန်သူတို့၏ ဘေးရန်အမျိုးမျိုးမှ လွတ်ကင်းစေတော်မူခဲ့ကြောင်း တွေ့ရှိရသည်။

[၅] အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလီလူမျိုးတို့ တရားရစိမ့်သောငှာ နဗီတမန်တော် မူစာ(အ)အား တန်ခိုးပြာဋိဟာ ၉ ခုကို အထင်အရှား ပြစေတော်မူခဲ့၏။ ကြည့်၊ ကုရ်အာန် (၁၇ : ၁၀၁)။

[၆] နဗီတမန်တော်မူစာ(အ)၏ လျှောက်ထားပန်ကြားချက်အရ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ရောင်ခြည်တော်ကို တောင်ပေါ်သို့ လွှတ်တော်မူခဲ့သည်။ ကြည့်၊ ကုရ်အာန်(၇:၁၄၃)။

အကျဉ်းရုံး၍ ဆိုရသည်ရှိသော် အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာသူကမ္ဘာသားများတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေးသနားစဘူးသော ဆုလာဘ်များကို အစ္စရာအီလီလူမျိုးတို့အား ပေးသနားတော်မူခဲ့လေသည်။ ကြည့်၊ ကုရ်အာန် (၅ : ၂၀)။

<u>အစ္စရာအီလီလူမျိုးတို့၏ ကျူးလွန်မှုများ။</u>

အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလီ လူမျိုးတို့အပေါ်ဝယ် ဖော်ပြပါအတိုင်း လောကီလောကုတ္တရာ နှစ်ဖြာသော ဂုဏ်ကျေးဇူးတော်များကို ပေးသနားတော်မူပါလျက်နှင့်ပင်၊ [၁] ထိုလူမျိုးတို့သည် အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်များကို မသိလေဟန်ဆောင်၍ အမိန့်တော်များကို သွေဖည် ငြင်းဆိုခဲ့ကြ၏၊ [၂] အလ္လာဟ်အရှင်မြတ်၏ ပဋိညာဉ်တော်ကို ဖောက်ဖျက်ခဲ့ကြ၏။ ကြည့်၊ ကုရ်အာန် (၂ : ၈၃ ၊ ၈၄) [၃] ဥပုသ်သိတင်းနေ့နှင့် စပ်လျဉ်း၍ ထုတ်ပြန်ချမှတ်ထားသော ပညတ်များကို ကျူးလွန်ကြ၏။ ကြည့်၊ ကုရ်အာန် (၂ :၆၅)၊ [၄] အချင်းချင်းသတ်ဖြတ်ကြ၏။ [၅] အချင်းချင်းပြည်နှင်ဒဏ်ပေးကြ၏၊ ကြည့်၊ ကုရ်အာန် (၂ :၈၅)။[၆] နွားကို ကိုးကွယ်ကြ၏။ ကြည့်၊ ကုရ်အာန် (၂ :၅၁)၊ [၇] ထုတ်ပြန်ပို့ချထားသော ကျမ်းဂန်များကို အနည်းငယ်မျှသော အဘိုးအခယူ၍ ဖောက်လွဲဖောက်ပြန် ပြုလုပ်ကြ၏။ကြည့်၊ ကုရ်အာန် (၂:၇၉)၊ [၈] နဗီတမန်တော်များကိုပင် မတရားသတ်ဖြတ်ကြ၏။ ကြည့်၊ ကုရ်အာန် (၂ : ၆၁)။

<u>အစ္စရာအီလီလူမျိုးတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်သောအပြစ်ဒဏ်များ။</u>

ကျေးဇူးတော်ကို မသိတတ်သော အစ္စရာအီလီလူမျိုးတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆို ကြသည့်အတွက် အပြစ်ဒဏ်အမျိုးမျိုးကို ခံစားခဲ့ကြရ၏။

(က) ထိုသူတို့အပေါ်၌ ဂုဏ်ရည်သေးသိမ် ယုတ်ညံ့ခြင်းနှင့် ဒုက္ခဆင်းရဲခြင်းသည် အတည်ဖြစ်ချေပြီ၊ ထို့ပြင် ထိုသူတို့သည်အလ္လာဟ်အရှင်မြတ်၏ အမျက်တော်စူးရှခြင်းကိုခံစားကြရပြီ။ ကုရ်အာန်(၂:၆၁)

(ခ) ဥပုသ်သိတင်းနေ့နှင့် စပ်လျဉ်း၍ (ပညတ်ထားသော စည်းကမ်းချက်များကို) အသင်တို့အနက် အချို့တို့သည် ကျူးလွန် ဖောက်ဖျက်ကြသည့်အတွက် ထိုသူတို့အား ငါအရှင်က "စက်ဆုပ် ရွံ.ရှာဘွယ် ကောင်းသော မျောက်တိရစ္ဆာန်များ ဖြစ်ကြကုန်လော့" ဟု စီရင်တော်မူခဲ့သည်ကို အသင်တို့ မုချအသိပင်ဖြစ်ကြသည်။ ကုရ်အာန် (၂ : ၆၅)။

အစ္စရာအီလီလူမျိုးတို့သည် ကမ္ဘာ့ရာဇဝင်တွင် မည်သည့်လူမျိုးမှ မရရှိခဲ့သော အခွင့်အာဏာ၊ ဂုဏ်ထူးဝိသေသတို့ကို ရရှိခဲ့ကြ၏။ သို့သော် ကျေးဇူးတော်ကို မသိတတ်သော အစ္စရာအီလီ လူမျိုးတို့သည် မိမိတို့ ရရှိထားသော အခွင့်အာဏာကို အလွဲသုံးစား ပြုကြသည့်အတွက် ပျက်ပြားကြရလေသည်။ အလ္လာဟ်အရှင်မြတ်ထံမှ ရရှိပြီးသော အခွင့်အာဏာများကို တရားသဖြင့် အသုံးမပြုသော လူမျိုးတို့ကား အဆုံးတွင် ဆုံးရှုံးပျက်ပြားကြရသည်မှာ ကမ္ဘာ့နိယာမ တရားပင်။

Ⓙ "ပဋိညာဉ်တော်" ဟူသည်ကား ကုရ်အာန်ကျမ်းမြတ် (၂ : ၈၃ - ၈၄)ကို ရည်ညွှန်းသည်။ ➤➤

وَءَامِنُوا۟ بِمَآ أَنزَلْتُ مُصَدِّقًا لِّمَا مَعَكُمْ وَلَا تَكُونُوٓا۟ أَوَّلَ كَافِرٍۭ بِهِۦ ۖ وَلَا تَشْتَرُوا۟ بِـَٔايَٰتِى ثَمَنًا قَلِيلًا وَإِيَّٰىَ فَٱتَّقُونِ ﴿٤١﴾

၄၁။ (အို-အစ္စရာအီလ်၏ မျိုးနွယ်အပေါင်းတို့) အသင်တို့သည် ငါအရှင် ထုတ်ပြန် ပို့ချတော်မူသော (ကုရ်အာန်)ကျမ်းကို နာယူယုံကြည် ကြကုန်လော့၊ အကြောင်းမူကား ယင်း (ကုရ်အာန် ကျမ်းတော်မြတ်သည်) သင်တို့ လက်ဝယ်၌ရှိသော ကျမ်းကိုပင် မှန်ကန်ကြောင်း ထောက်ခံအတည်ပြု လျက်ရှိသော ကျမ်းဂန်ဖြစ်သည်။[၁] သို့ဖြစ်လေရာ အသင်တို့သည် ထို(ကုရ်အာန်) ကျမ်းတော်မြတ်ကို ဦးစွာပဋမငြင်းဆိုသူများ မဖြစ်ကြကုန်လင့်။ ထို့ပြင်တဝ အသင်တို့သည် အနည်းငယ်မျှသော အဘိုးငွေနှင့် ငါအရှင်မြတ်၏ တရားဒေသနာများကို လဲလှယ်ရောင်းချခြင်း မပြုကြကုန်လင့်၊ အသင်တို့သည် ငါအရှင်မြတ်ကို သာလျှင် ကြောက်ရွံ့ ကြကုန်လော့။

➢➢ တရံရောအခါ ငါအရှင်သည် အစ္စရာအီလီလူမျိုးတို့ထံမှာ ကတိဝန်ခံချက်ကို (ဤသို့) ယူတော်မူ၏။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သည့်အရာကိုမျှ ဓယရိုကျိုး ရှိခိုးခြင်းမပြုကြကုန်လင့်။ ထိုပြင် မိဘနှစ်ပါးအားငင်း၊ ဆွေမျိုးရင်းချာတို့အားငင်း၊ မိသက်ဆိုး ဘသက်ဆိုးများအားငင်း၊ အထီးကျန်သူဆင်းရဲများအားငင်း ပြုသင့်ပြုထိုက်သော သဂြိုဟ်ထောက်ပံ့ရန် ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ကြကုန်။

ထို့ပြင် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာ၌ (ပိယဝါစာ သုဘာသိတာ) ချိုအေး သာယာသော အသုံးအနှုန်းများကို ပြောဆိုသုံးစွဲကြကုန်၊ ဆွေလာတ်ဝတ်ပြုကြကုန်။ ဇကာတ်တရားဝင်ဒါနကြေး ပေးဆောင်ကြကုန်။

ထို့နောက်တဖန် အသင်တို့ထံမှ ငါအရှင်သည် ကတိဝန်ခံချက်ကို ယူတော်မူသည်မှာ အသင်တို့သည် အချင်းချင်းမသတ်ဖြတ်ကြကုန်လင့်။ တစ်ဦးကိုတစ်ဦး ပြည်နှင်ဒဏ်မပေးကြကုန်လင့်။

① ကုရ်အာန်ကျမ်းမြတ်သည် အစ္စရာအီလီလူမျိုးတို့ထံ ထုတ်ပြန်ပို့ချသော ကျမ်းဂန်ကိုသာ ထောက်ခံသည်မဟုတ်၊ အလ္လာဟ်အရှင်မြတ် ထံတော်မှ လူမျိုးအသီးသီးတို့ထံ ထုတ်ပြန်ပို့ချသော ကျမ်းဂန် အသီးသီးကိုလည်း ထောက်ခံပေသည်။

(အို-နဗီ) ငါအရှင်သည် အသင့်ထံသို့ မှန်ကန်သော(ကုရ်အာန်) ကျမ်းဂန်ဓမ္မကွန်ကို ထုတ်ပြန်ပို့ချတော်မူ၏။ ယင်းကျမ်းဂန်သည် မိမိထက် ဦးစွာကျရောက်သော ကျမ်းဂန်အသီးသီးကို ထောက်ခံသည် သာမက ထိုထိုသော ကျမ်းဂန်များကိုလည်း စောင့်ရှောက်သော ကျမ်းဂန်ဖြစ်သည်။ (၅ : ၄၈)

وَلَا تَلْبِسُوا الْحَقَّ بِالْبَاطِلِ وَتَكْتُمُوا الْحَقَّ وَأَنتُمْ تَعْلَمُونَ ﴿٤٢﴾

وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَارْكَعُوا مَعَ الرَّاكِعِينَ ﴿٤٣﴾

၄၂။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့) အသင်တို့သည် (သဒ္ဓမ္မ) တရားမှန်ကို (ကုဖ်ရ်) မိစ္ဆာဒိဋ္ဌိ အယူမှားနှင့် မရောနှောကြကုန်လင့်။ အသင်တို့သည် တရားမှန် တရားစစ်ကို မိမိတို့ကိုယ်တိုင် သိရှိကြပါလျက် ဖုံးကွယ်ထိန်ချန်၍ မထားကြကုန်လင့်။

၄၃။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့) အသင်တို့သည် ဆွလာတ် [၁] ဝတ်ပြုကြကုန်၊ တရားဝင်ဒါနကြေးဖြစ်သော ဇကာတ် [၂] ကိုလည်း ပေးဆောင်ကြကုန်၊ ထို့ပြင်တဝ ကိုင်းညွတ်ရိုကျိုးသော သူများနှင့်အတူ (ညီညာဖျဖျ) ကိုင်းညွတ် ရိုကျိုးကြကုန်။ [၃]

---

① အသင်တို့သည် ဆွလာတ် ၅ ကြိမ်ကို ဆွလာတ်ဝတ်ပြုရန် သတ်မှတ်ထားသော အချိန်များတွင် ပညတ်ထားသည့် စည်းကမ်းချက် အားလုံးတို့နှင့်အညီ အစဉ်မပြတ် ဆွလာတ် ဝတ်ပြုကြကုန်ဟူလို။

အသင်တို့သည် မွတ်စ်လင်မ်တို့ ဆွလာတ်ဝတ်ပြုသကဲ့သို့ ဝတ်ပြုကြကုန်ဟူလို။

② "ဇကာတ်" ဟူသောပုဒ်သည် ဖြူစင်စေခြင်း အနက်ပေးသော "ဇကာအွန်" ဟူသောပုဒ်မှ ဖြစ်ပေါ်လာ၏။ အဘယ့်ကြောင့်ဟူမူ ဇကာတ်သည် ဥစ္စာပစ္စည်းများကို အညစ်အကြေးမှ ဖြူစင်စေ၍ စိတ်နလုံးကိုလည်း စေးနဲခြင်းမှ ဖြူစင်စေခြင်းကြောင့်တည်း။

အရွယ်ရောက်သော၊ သတိတရားမချွတ်ယွင်းသော၊ ကျွန်မဟုတ်သော မွတ်စ်လင်မ် တစ်ယောက်သည် တရားတော်က သတ်မှတ်ထားသည့် ပစ္စည်းအချို့အစားကို ပိုင်ဆိုင်သည်ရှိသော် တရားတော်နှင့်အညီ ထိုဇကာတ်ကို စားသုံးအပ်သူတို့အား မိမိပိုင်ဆိုင်သော ဥစ္စာပစ္စည်းများအနက်မှ အချိုးကျနှစ်စဉ် လှူဒါန်းပေးကမ်းရ၏၊ ဤသို့ ပေးကမ်းလှူဒါန်းခြင်းကို အစ္စလာမ်သာသနာတော် ပဋိပတ်ကျင့်စဉ်တွင် ဇကာတ်ဟုခေါ်သည်။

ဇကာတ်သည် အစ္စလာမ်သာသနာတော်၌ ဆွလာတ်ကဲ့သို့ပင် မုချ လိုက်နာပြုကျင့်ရမည်ဖြစ်သော သာသနာ့တာဝန် တစ်ရပ်ပင်ဖြစ်သည်။ ဇကာတ်သည် ယဟူဒီဘာသာ၌လည်းရှိခဲ့၏။ သို့ပင်ငြားလည်း ယဟူဒီဘာသာဝင်တို့သည် ထိုတာဝန်ကို လျစ်လျူရှုကြရုံမျှမက ဥစ္စာခနပစ္စည်း၌ ရမ္မက်လောဘမူစိတ်ဖြင့် ဇကာတ်၏ သဘောနှင့် လုံးဝဆန့်ကျင်သော အတိုးအညွှန့်ကိုပင် စားသုံးကြကုန်၏။ ထို့ကဲ့သို့ တရားပျက်လျက်ရှိသော အစ္စရာအီလီလူမျိုးတို့အား သတိတရား ရစိမ့်သောငှာ အလ္လာဟ်အရှင်မြတ်သည် ဤအမိန့်ကို ထုတ်ပြန်ချမှတ်တော်မူလေသည်။

သာယာဝပြောမှု၏ အကြောင်းတရားများတွင် စီးပွားရေးလည်း တစ်ခုအပါအဝင်ဖြစ်၏၊ ယနေ့ကမ္ဘာ့အရပ်ရပ်တွင် စီးပွားရေးပြဿနာသည် အကြီးဆုံးသော ပြဿနာတစ်ရပ်ပင် ဖြစ်နေတော့၏။ ➤➤

➤➤ နိုင်ငံရေး ခေါင်းဆောင်အသီးသီးတို့သည် ထိုပြဿနာကို အမျိုးမျိုးသော စီမံကိန်းတို့ဖြင့် ဖြေရှင်းရန် ကြိုးစားအားထုတ်လျက်ရှိကြ၏၊ သို့ပင်တစေ ယင်းပြဿနာသည် ယနေ့ထိတိုင် မပြေလည်သည့်အပြင်၊ ပိုမို၍ပင် ရှုပ်ထွေးလျက်ရှိတော့၏။

အစ္စလာမ်သာသနာတော်သည် ငြိမ်းချမ်းရေးကို အထူးလိုလားသော ဘာသာဖြစ်သည့်အလျောက် ကမ္ဘာ့စီးပွားရေးပြဿနာကို ဖြေရှင်းရန်အလို့ငှာ ဇကာတ်စီမံကိန်းကို ချမှတ်ခဲ့၏၊ ပစ္စည်းကုံလုံကြွယ်ဝသော မွတ်စ်လင်မ် တိုင်းအတို့ ဤဇကာတ် တရားဝင်ဒါနကြေးကို မပေးမနေရဟု ပြဋ္ဌာန်းခဲ့၏။ လူသားတို့သည် ဇကာတ်စီမံကိန်းကို လက်တွေ့ကျင့်သုံးကြပါလျှင် ယခုကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော အငတ်ပြဿနာသည် အလိုလိုပင် ပြေလည်သွားမည်မှာ မုချပင်။

ဇကာတ်သည် စေးနဲမှု၊ လောဘရမ္မက်စိတ်၏ ခက်တရော်တင်းမာမှု၊ အဆမတန်အမြတ်ကြီးစားမှု စသည်များကို ပယ်ဖျောက်စေပြီး အချင်းချင်း တစ်ဦးကိုတစ်ဦး စာနာမှု၊ သနားမှု၊ ညှာတာမှု၊ ကြင်နာမှု အစရှိသည့် သဘောတရားများကို ဖန်တီးပေး၏။ ဆင်းရဲဒုက္ခရောက်သူများအတို့ စိတ္တသုခ ကာယသုခကို ဆောင်ကြဉ်းပေး၏။

ဇကာတ်သည် အလ္လာဟ်အရှင်မြတ်ထံမှ "ဖရဿွ်" မုချတွက်လိုက်နာပြုကျင့်ရမည့် ပညတ်တော်တစ်ရပ် ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်တွင် ဆွလာတ်နှင့်တန်းတူထားပြီး ပူးတွဲလျက် ၃၂ ကြိမ်မျှပင် မိန့်ဆိုထားသည်။ ဇကာတ်ပေးဆောင်ရန်မလိုဟု ငြင်းသောသူသည် "ကာဖိရ်" ဖြစ်၍သွားသည်။

ဇကာတ်စားသုံးပိုင်သူများ။

ဇကာတ်သည် [၁] ဆင်းရဲနွမ်းပါးသူများ အဘို့ငင်း၊ [၂] ဖုန်းတောင်း ယာစကာများအဘို့ငင်း၊ [၃] ဇကာတ်နှင့်စပ်လျဉ်းသော ကိစ္စအဝဝကို ဆောင်ရွက်သော အမှုထမ်းများအဘို့ငင်း၊ [၄] အစ္စလာမ် သာသနာတော်၏ တရားများကို နှစ်သက်၍ သာသနာဘောင်တွင်းသို့ ဝင်လိုသူများ၏ စိတ်ကိုနှစ်သိမ့်စေရန် အလို့ငှာငင်း၊ [၅] ကျေးကျွန်များကိုကျွန်ဘဝမှ လွတ်မြောက်စေရန်ငင်း၊ [၆] မြီစာများအဘို့ငင်း၊ [၇] အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ငင်း၊ [၈] (ဒုက္ခရောက်နေသော) ခရီးသည်များအဘို့ငင်း ဖြစ်သည်။ဤသည်ကား အလ္လာဟ်အရှင်မြတ်အထံတော်မှပြဋ္ဌာန်းထားသော ပညတ်တော်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် သမ္မဉ္ဉတ ဉာဏ်တော်ရှင်ဖြစ်တော်မူသတည်း။ ကုရ်အာန် (၉ : ၆၀)

② "ရကူအ်" သဒ္ဒါသည် ကိုင်းညွှတ်ခြင်း အနက်ကိုဟောသည်၊ တခါတရံ ဆွလာတ်ဝတ်ပြုရာ၌ ပါရှိသော သီးသန့်ကိုင်းညွှတ်ခြင်းအတို့လည်း သုံးသည်။ တခါတရံ နိဝါတ ကျိုးနွံနှိမ့်ချခြင်းတရား အဘို့လည်းသုံးသည်။

အသင်တို့သည် ကိုင်းညွှတ်သူများနှင့်အတူ ကိုင်းညွှတ်ကြကုန်ဟူသော ဝါကျ၏သဘောကား အသင်တို့သည် ဆွလာတ်ပြုကြကုန်သော နဗီတမန်တော် မုဟမ္မဒ်(ဆွ)နှင့်အတူငင်း၊ သာဝကကြီး များနှင့်အတူငင်း ဆွလာတ်ပြုကြကုန်ဟူ၏။

(ဤမြန်မာပါဠိတော်၌) "ဆွလာတ်" ကို "ရကူအ်" ဟူ၍ ခေါ်ဆိုသုံးစွဲထားခြင်းမှာ "ရကူအ်"သည် ဆွလာတ်၏ အင်္ဂါအစိတ်အပိုင်း တစ်ခုဖြစ်ခြင်းကြောင့်တည်း။ ဤအမိန့်တော်သည် ယဟူဒီဘာသာဝင်များအတွက် ထုတ်ပြန်သော အမိန့်တော်ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ယင်းသူတို့၏ ဆွလာတ်ဝတ်ပြုမှုတွင် "ရကူအ်"ဟူသော အစိတ်အပိုင်း မပါသည်ဖြစ်ရာ ထိုအစိတ်အပိုင်း ပါဝင်သော ဆွလာတ်ဝတ်ပြုမှုကို ပြုကြကုန်ဟူ၍ အမိန့်တော် ထုတ်ပြန်ခြင်းဖြစ်သည်။ ပြီးနောက် ထိုအမိန့်တော်တွင် စုပေါင်း၍ ဆွလာတ်ပြုရန် တိုက်တွန်းနှိုးဆော်ခြင်း၏ သဘောသည်လည်း အကျုံးဝင်လျက်ရှိပေသည်။ ➤➤

أَتَأْمُرُونَ النَّاسَ بِالْبِرِّ وَتَنسَوْنَ أَنفُسَكُمْ وَأَنتُمْ تَتْلُونَ الْكِتَابَ أَفَلَا تَعْقِلُونَ ﴿٤٤﴾

၄၄။ (အိုဣသရေလ မျိုးနွယ်ဝံသအပေါင်းတို့) အသင်တို့သည် လူအများတို့ကို ကောင်းမှုတရား ပွားများရန် [၁] ဆုံးမသြဝါဒ ပေးကြ၍ မိမိတို့ကိုယ်ကို မေ့လျော့နေကြကုန်သလော။ အမှန်အားဖြင့် အသင်တို့သည် (ငါအရှင်ထုတ်ပြန် ပို့ချပေးသနားတော်မူသော) ကျမ်းဂန်များကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိကြကုန်၏။ သို့ပါလျက် အသင်တို့ နားမလည်ကြပါသလော။

وَاسْتَعِينُوا بِالصَّبْرِ وَالصَّلَاةِ ۚ وَإِنَّهَا لَكَبِيرَةٌ إِلَّا عَلَى الْخَاشِعِينَ ﴿٤٥﴾

၄၅။ အသင်တို့သည် ခန္တီတရားဖြင့်ငင်း၊ [၂] ဆွလာတ်ဝတ်ပြုခြင်းဖြင့်ငင်း၊ [၃] (အလ္လာဟ်အရှင်မြတ်ထံတော်မှ) အကူအညီ အထောက်အပံ့ကို တောင်းယူကြကုန်။ ဧကန်မုချ ထို(ဆွလာတ်ဝတ်ပြုခြင်း)သည် ကျိုးနွံနှိမ့်ချခြင်း တရား ထားရှိကြကုန်သော သူတော်စင်များမှအပ (အခြား သူများအဘို့) အလွန်တရာမျှပင် ကြီးလေးသော တာဝန်တစ်ရပ် ဖြစ်ပေသတည်း။

➤➤ အစ္စရာအီလီလူမျိုးတို့တွင် အလွန်ဆိုးရွားလှသော ရောဂါကြီးသုံးခုသည် အထူးတလည် စွဲကပ်လျက်ရှိ၏။ [၁] ရာထူးဌာနန္တရကိုစွဲလမ်းခြင်း၊ [၂] ဥစ္စာဓနတပ်မက်မောခြင်း၊ [၃] (မစ္ဆရိယ)မနာလိုဝန်တိုခြင်း။

အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့တွင် စွဲကပ်လျက်ရှိသော ရာထူးဌာနန္တရ စွဲလမ်းမှုကို "ဆွလာတ်" ပြုစေခြင်းဖြင့်ငင်း၊ ဥစ္စာဓန လောဘစိတ်ကို "ဇကာတ်" ပေးဆောင်စေခြင်းဖြင့်ငင်း၊ မစ္ဆရိယစိတ်ကို "ရကူအ်" ပြုစေခြင်းဖြင့်ငင်း ကင်းပျောက်စိမ့်သောငှာ ဤမုကွပါဠိတော်ကို ထုတ်ပြန်ပို့ချတော်မူလေသည်။

① "အလ်မိရ်ရ်" ဟူသောပုဒ်သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးသို့ ချဉ်းကပ်စေမည့် ကောင်းမှုအမျိုးမျိုးနှင့် ခဝပ်ကိုးကွယ်မှု အားလုံးကို အကျုံးဝင်သောနာမ်ပုဒ်ဖြစ်သည်။ (اَلْبِرُّ) ဟူသော ပုဒ်၏ အနက်ကို ကုရ်အာန်(၂:၁၇၇)တွင် အကျယ်တဝှန့် ဖွင့်ဟမိန့်ဆိုထားသည်ကို တွေ့ရှိရသည်။

② (صبر) သဒ္ဒါသည် "ရှရီအတ်" ကျင့်စဉ်တရားအရ ဆင်ခြင်တုံတရားနှင့်အညီ စိတ်ဓါတ်ကိုချုပ်တည်းခြင်း အနက်ဟောသည်။

[ဆိုလိုသည်ကား စာရိတ္တတရားများကို ကျင့်ရာ၌ငင်း၊ ဝါရိတ္တတရားများကို ကြဉ်ရာ၌ငင်း၊ မယိမ်းမယိုင် ကျောက်တိုင်ပမာ တည့်မတ်၍ မိမိ၏စိတ်ဓါတ်ကို ချုပ်တည်းထားနိုင်ခြင်းသည် "ဆွဗ်ရ်" **ခန္တီ** မည်၏။]

ဗုဒ္ဓသာဘာတရား၌ ခန္တီတရားသည် ပါရမီဆယ်ပါးတွင် တပါးအပါအဝင်ဖြစ်၏။ အစ္စလာမ်သာသနာတွင်လည်း ခန္တီတရားကို အထူးတလည် ထိန်းသိမ်းစောင့်ရှောက် ရမည့်အကြောင်း ➤➤

الَّذِينَ يَظُنُّونَ أَنَّهُم مُّلَاقُوا رَبِّهِمْ وَأَنَّهُمْ إِلَيْهِ رَاجِعُونَ ﴿٤٦﴾

၄၆။ (ခန္တီတရားထားရှိကုန်သော "မုအ်မင်" တို့သည်) မုချဇကန် မိမိတို့အား မွေးမြူတော်မူသော အရှင်ကို ဖူးတွေ့ကြရမည်သူများ ဖြစ်ကြကုန်၏ ဟူ၍ငင်း၊ ထိုအရှင်၏ အထံတော်သို့လည်း ပြန်လှည့်ကြမည့် သူများ ဖြစ်ကြသည်ဟူ၍ငင်း အမှန် ယုံကြည်ကြကုန်သည်။ [၁]

يَا بَنِي إِسْرَائِيلَ اذْكُرُوا نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَنِّي فَضَّلْتُكُمْ عَلَى الْعَالَمِينَ ﴿٤٧﴾

၄၇။ အို-အစ္စရာအီလ်၏ မျိုးနွယ် အပေါင်းတို့၊ အသင်တို့အား ငါအရှင် ပေးသနားတော် မူသော သုခချမ်းသာ ဂုဏ် ကျေးဇူးတော် များကိုငင်း၊ ငါအရှင်သည် အသင်တို့အား (အထူးထူးသော ဂုဏ်ထူးဝိသေသများဖြင့်) စကြာဝဠာ အပေါင်းထက် ထူးကဲစွာ ခြီးမြှင့်တော်မူခဲ့သည်ကိုငင်း၊ အောက်မေ့သတိရကြကုန်။

➤➤ အများအပြားတွေ့ရှိရ၏။ ကြည့်-ကုရ်အာန် (၂:၁၅၃-၁၅၅၊ ၂:၁၇၇၊ ၉၀:၁၇-၁၈၊ ၁၀၃:၃)

① ဤပါဒ၌ ဆွလာတ်ကို သည်းခံခြင်းတရားနှင့် ပူးတွဲ၍ သုံးထားခြင်းအကြောင်းကို အလျဉ်းသင့်၍ရှင်းပြပါအံ့။

ဆွလာတ်သည် အစ္စလာမ်သာသနာ့ဗိမာန်၏ မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည်။ ဆွလာတ်၌ "ဟဂ်ျ်"၊ "ဇကာတ်" "ဆွိယာမ်"၊ "ရှဟာဒတ်"၊ "ဣအ်တိကာဖ်"၊ "ဂျိဟာဒ်" စသည်တို့၏ သဘောတရားများသည် တနည်းမဟုတ်တနည်း အကျုံးဝင်လျက်ရှိ၏။

ဆွလာတ်ဝတ်ပြုရာ၌ ကိုယ်၏သန့်စင်ခြင်း၊ အဝတ်အစားသန့်ခြင်း၊ နေရာသန့်ခြင်း၊ လောကီအနှောင့်အရှက်တို့မှ စိတ်ကိုကင်းစင်စေခြင်း၊ စိတ်ဓါတ်ကြွံ့ခိုင်ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ဘက်သို့ မျက်နှာမူခြင်း၊ ကျိုးနွံခြင်းတရားနှင့် ဘာဝနာစီးဖြန်းခြင်း၊ ဂုဏ်တော်မွန်းခြင်း၊ ကုရ်အာန်ကျမ်းမြတ် ရွတ်ဘတ်သရဇ္ဈာယ်ခြင်း၊ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုပန်ခြင်း၊ ဟိရီသြတ္တပ္ပတရား စောင့်ရှောက်ခြင်း၊ စသည်တို့သည် ဆွလာတ်၌အကျုံးဝင်လျက်ရှိနေကြပေ၏။

ဖော်ပြပါအကြောင်းများကြောင့် ဆွလာတ်သည် မလုပ်မနေရ မုချလိုက်နာပြုကျင့်အပ်သော ပဋိပတ်တစ်ရပ်အဖြစ် အလ္လာဟ်အရှင်မြတ်သည် ပြဋ္ဌာန်းထားတော်မူသည်။

မုချဇကန် ဆွလာတ်ဝတ်ပြုခြင်းသည် မုအ်မင်များ အဘို့ အလ္လာဟ်အရှင်မြတ်ထံမှ အချိန်ပိုင်းနှင့် သတ်မှတ်ထားသော "ဖရသ်ဿ်" ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သည်။ ကုရ်အာန် (၄:၁၀၃)

② ကုရ်အာန်ကျမ်းလာ(၂ : ၄၆)ကို နက်နက်နဲနဲ တွေးဆဆင်ခြင်ပါသော် (၁) အနန္တကရုဏာရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ဇကန္ဓဖူးတွေ့ရမည်ဟူသော မြော်လင့်ချက်၊ (၂) စောကြောခြင်းခံရန်အလို့ငှာ ➤➤

وَاتَّقُوا يَوْمًا لَّا تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئًا وَلَا يُقْبَلُ مِنْهَا شَفَاعَةٌ وَلَا يُؤْخَذُ مِنْهَا عَدْلٌ وَلَا هُمْ يُنصَرُونَ ﴿٤٨﴾

၄၈။ (အို-အစ္စရာအီလီမျိုးနွယ် အပေါင်းတို့) အသင်တို့သည် သေပြီးနောက် ရှင်ပြန်ထရမည့် "ကိယာမတ်" နေ့(၏ဘေး)ကို (အထူးပင်)ကြောက်ရွံ့၍ မိမိတို့ကိုယ်ကို ကွယ်ကာကြကုန်၊ (အဘယ်ကြောင့်ဟူမူ) ထိုနေ့တွင် မည်သူတစ်ဦးတစ်ယောက်မျှ တစ်စုံတစ်ယောက်သောသူနှင့် ပတ်သက်၍ အနည်းငယ်မျှကိုပင် ဖြည့်စွမ်းပေးနိုင်မည်မဟုတ်။ အဘယ်သူ တစ်စုံတစ်ယောက်၏ အသနားခံပေးခြင်း[၁] ကိုလည်း (ငါအရှင်သည်) သဘောတူ လက်ခံတော်မူမည်မဟုတ်။ အဘယ် တစ်စုံတစ်ယောက်သော သူ၏ထံမှ ကိုယ်စားလဲလှယ်ခြင်းကိုလည်း (ငါအရှင်သည်) လက်ခံတော်မူမည်မဟုတ်။ ထို့ပြင်တဝ (ထိုနေ့တွင်) ယင်းသူတို့သည် (အခြားမည်သည့်) ကူညီယိုင်းပင်းမှုကိုမျှလည်း ခံကြရမည်မဟုတ်ပေ။

➤➤ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ဇကန်မုချ ဝင်ရောက်ရမည်ဟူသော စိုးရိမ်ကြောင့်ကြမ္မာတို့သည် မုအ်မင်သူတော်စင်တို့၏ စိတ်နလုံးများတွင် စွဲလျက်ရှိပေရာ ထိုသို့သော မုအ်မင်များအဘို့ ဆွေလာတ်ဝတ်ပြုမှုသည် အဘယ်မှာလျှင် ဝန်လေးဘွယ်ရာဖြစ်နိုင်တော့အုံနည်း။

ဤအကြောင်းနှင့်စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ်(ဆွ)ကလည်း "အီမာန်" ယုံကြည်ခြင်း သဒ္ဒါတရားသည် စိုးရိမ်ကြောင့်ကြခြင်းနှင့် မြော်လင့်ခြင်း၏အကြား၌ တည်ရှိ၏" ဟု မိန့်ကြား တော်မူခဲ့လေသည်။

① (شَفَاعَة) သဒ္ဒါသည် ချမ်းသာခွင့် တောင်းပန်ပေးရန်အတွက် အခြားသူတစ်ဦးအား ဆည်းကပ်ခြင်း အနက်ကိုဟော၏။ မွတ်စ်လင်မ်ဂိုဏ်း အသီးသီးတို့သည် "ရှဖါအတ်" ပြဿနာကို လက်ခံကြ၏။ ခြားနားချက်ကား ဤသို့တည်း။

မုအ်တဇီလီ ဂိုဏ်းဝင်တို့သည် ဤပါဒကိုအကြောင်းပြု၍ ကြီးမားလေးလံသော အပြစ်များကို ကျူးလွန်သူများအဘို့ "ရှဖာအတ်" မရှိဟုဆိုကြ၏။ အများမွတ်စ်လင်မ်ပညာရှင် သုခမိန်များကမူ "ရှဖာအတ်"သည် အမှန်ရှိ၏ဟု မိန့်ဆိုကြပြီး ဤပြဿနာနှင့် စပ်လျဉ်း၍ နဗီတမန်တော်၏ သြဝါဒများနှင့် ကုရ်အာန်ကျမ်းမြတ်၏ ပါဒများကို သာဓကပြုကြ၏။ ထို့ပြင် ဤပါဒ၌ "ရှဖာအတ်" မရှိဟု မိန့်ဆိုထားသည်မှာ မိစ္ဆာဒိဋ္ဌိများအဘို့သာဖြစ်သည်ဟု အနက်ကောက်ယူကြ၏။

"ရှဖာအတ်"၏သဘောတရား။

"ရှဖာအတ်"၏သဘောကား ဒုစရိုက်မှကျူးလွန်မိသော "မုအ်မင်" တစ်ဦး၏ အချို့အပြစ်များသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုတော်မူချက်အရ သူတော်စင်များ၏ အသနားခံပေးခြင်းဖြင့် လွတ်ငြိမ်း ➤➤

وَإِذْ نَجَّيْنَٰكُم مِّنْ ءَالِ فِرْعَوْنَ يَسُومُونَكُمْ سُوٓءَ الْعَذَابِ يُذَبِّحُونَ أَبْنَآءَكُمْ

၄၉။ (အို-အစ္စရာအီလ်၏ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်သတိရကြကုန်) တရံရောအခါ ငါအရှင် သည် အသင်တို့အား ဖိရ်အောင်န် [၃] ၏ အခြွေအရံ တို့၏ ဘေးအန္တရာယ်မှ ကယ်မခဲ့လေသည်၊ထိုသူတို့သည် အသင်တို့အပေါ်ဝယ် အလွန်တရာ ရက်စက်ကြမ်းကြုတ် ဆိုးရွားလှစွာသော ဘေးဒုက္ခဆင်းရဲမှုများကို သက်ရောက်စေကြသည်၊

➤➤ ချမ်းသာခွင့် ရနိုင်ခြင်းကို ဆိုလိုသည်။

"ရှဖာအတ်"ရှိကြောင်းနှင့် စပ်လျဉ်း၍ အများမွတ်စ်လင်မ်တို့သည် ကုရ်အာန်ကျမ်းလာ (၂၀ : ၁၀၉၊ ၁၀ : ၃)စသည့် မုက္ခပါဠိတော်များကို ကိုးကားကြ၏။

ရှဖာအတ်နှင့်စပ်လျဉ်း၍ "ဟဒီသ်" ကျမ်းကြီးများတွင် ဤသို့မိန့်ဆိုထားလေသည်။

နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် ရှင်ပြန်ထမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်အား ပျံဝပ်၍ ဦးချအံ့။ တမန်တော်သည် သွန်သင်ပို့ချတော်မူသည့်အတိုင်း အလ္လာဟ်အရှင်မြတ်အား ဂုဏ်တော်မွန်းအံ့။ ထိုအခါ အလ္လာဟ်အရှင်မြတ်က အမိန့်တော်ပြန်ကြားမည်မှာ (အို-မုဟမ္မဒ်)၊ ဦးမော့၍တောင်းလော့၊ ရအံ့၊ အသနားခွင့်တောင်းလော့၊ လွတ်ငြိမ်းခွင့်ရအံ့။ ကြည့်၊ ဗုခါရီ။

အလ္လာဟ် အရှင်မြတ်သည် နဗီတမန်တော် မုဟမ္မဒ်(ဆွ)အား "မကာမေမဟ်မူဒ်" ကို ခြီးမြှင့်တော်မူမည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ် (၁၇ : ၇၉)တွင် ပါရှိသည်။

(مقام محمود) ဟူသည်ကား မွန်မြတ်လှစွာသော ဌာနတိုင်းကိုဆိုလိုသည်။ အကျော်ကြားဆုံး အဆိုအရ ယင်းဌာနသည် နဗီတမန်တော် မုဟမ္မဒ်(ဆွ)ကယ်တင်မည့် ဌာနပင်တည်း။

ယင်းဌာနတွင်ရှေးလွန်လေပြီးသူများသည်၎င်း၊ နောင်လာလတ္တံ့သောသူများသည်၎င်း၊ အားလုံးတို့သည် အသင်မုဟမ္မဒ်(ဆွ)အား ခြီးကျူးကြအံ့။ အသင်သည်လည်း သတ္တဝါအပေါင်းတို့ထက် မြှောက်စားခြင်းခံရအံ့။ အသင်လျှောက်ထားသမျှကို (အလ္လာဟ်အရှင်မြတ်ထံမှ) ရရှိအံ့၊ အသင်ကယ်တင်သမျှသည် လွတ်ငြိမ်းချမ်းသာခွင့်ရအံ့။ ကမ္ဘာအဝှန်းရှိ ခပ်သိမ်းကုန်သော လူသူအပေါင်းတို့သည် အသင့်အလံတော်အောက်၌ တည်ရှိကြကုန်အံ့။

ဤလောကတွင် အပြစ်ရှိသူတစ်ဦးအား လိုအပ်သောအရာကို ဖြည့်စွမ်းပေးခြင်းဖြင့်၎င်း၊ အသနားခံပေးခြင်းဖြင့်၎င်း၊ အစားလဲလှယ်ပေးခြင်းဖြင့်၎င်း၊ ကယ်တင်လေ့ရှိ၏။ အစ္စရာအီလီလူမျိုးတို့သည် ဤလောကတွင် ကယ်တင်ရန်အတွက် အသုံးပြုသော နည်းပရိယာယ်များကို နောင်လာလတ္တံ့သော တမလွန်ဘဝ၌လည်း အသုံးပြုနိုင်ကြလိမ့်မည်ဟု ထင်မှတ်ကြပြီး ဒုစရိုက်မှုအမျိုးမျိုးတို့ကို မကြောက်မရွံ့ ပြုကျင့်လျက်ရှိကြကုန်၏။

ယဟူဒီနှင့် ခရစ်ယာန်များမှအပ မည်သူတစ်ဦးတစ်ယောက်မျှ "ဂျန္နတ်"သုခဘုံသို့ အလျင်းဝင်နိုင်မည် မဟုတ်ဟု ယဟူဒီနှင့်ခရစ်ယာန်တို့က ထုတ်ဖော်ပြောဆိုကြ၏။ ကုရ်အာန်-(၂ : ၁၁၁) ငါတို့ကို ငရဲမီးသည် အနည်းငယ်မျှသောနေ့ရက်များမှအပအလျင်းစွဲလောင်မည်မဟုတ်ဟုအစ္စရာအီလီလူမျိုးတို့က ထုတ်ဖော်ပြောဆိုကြ၏။ ကုရ်အာန်-(၂ : ၈၀)

① "ဖိရ်အောင်န်" ဟူသောပုဒ်သည် အမည်နာမ မဟုတ်၊ ဘွဲ့မျှသာဖြစ်သည်။ ကမ္ဘာရာဇဝင်ကို ပြန်လည်➤➤

وَيَسْتَحْيُونَ نِسَآءَكُمْ ۚ وَفِى ذَٰلِكُم بَلَآءٌ مِّن رَّبِّكُمْ عَظِيمٌ ﴿٤٩﴾

ထိုသူတို့သည် အသင်တို့၏ သမီးမိန်းကလေးများကို မသတ်ဘဲချန်လှပ်၍ သားယောကျ်ားများကို မူ (ရက်စက်စွာ) သတ်ဖြတ်လေ့ရှိကြ၏၊ [၃] ဤသည်ကား အသင်တို့ကို မွေးမြူတော်မူသောအရှင်၏ထံတော်မှ ကြီးစွာသော စမ်းသပ်တော်မူခြင်း [၂] တစ်ရပ်ပင်တည်း။

➤➤ သုံးသပ်ကြည့်လျှင် တူရကီပြည် သမတနိုင်ငံမဖြစ်မီခေတ်က မိမိတို့၏ဘုရင်ကို "စုလ်တွာန်" ဟူ၍၎င်း၊ ဂျာမနီပြည်တွင် မိမိတို့၏ဘုရင်ကို "ကိစ်စာ" ဟူ၍၎င်း၊ ရုရှားပြည်တွင် မိမိတို့၏ဘုရင်ကို "ဆီဇာ" (သို့) "တီဇာ" ဟူ၍၎င်း၊ ရှေးအခါမှစ၍ ယနေ့ထက်တိုင် အာဘီစီနီယာပြည်တွင် မိမိတို့ဘုရင်များကို "နဂျာရှ်" ဟူ၍၎င်း၊ ယမန်ပြည်တွင် မိမိတို့ဘုရင်များကို "တွဘ်ဘအ်" ဟူ၍၎င်း၊ အီရန်ပြည်တွင် ဘုရင်များကို "ချိုစ်ရိုးစ်" ဟု၎င်း၊ ရောမတိုင်းပြည်တွင် မိမိတို့၏ဘုရင်များကို "ကွစ်ရိုး" ဟူ၍၎င်း အသီးသီး မှည့်ခေါ်ကြသကဲ့သို့ အတိတ်ခေတ်တွင် အီဂျစ်တိုင်းပြည်၌ စိုးမိုးသော ဘုရင်များကိုလည်း "ဖိရ်အောင်နဲ" ဟူ၍ခေါ်ကြလေသည်။

ဖိရ်အောင်နဲ၏ နောက်ဆုံးအဖြစ်။

ငါအရှင်သည် ဖိရ်အောင်နဲနှင့်တကွ အခြွေအရံများကို (ပင်လယ်တွင်) နှစ်မြှုပ်တော်မူလိုက်လေသည်။

ကုရ်အာန် (၈ : ၅၄)။

ဖိရ်အောင်နဲ၏ရုပ်ကလာပ်။

(ဟယ်-ဖိရ်အောင်နဲ) အသင်သည် မိမိနောက်ရှိလူများအတို့ သတိသံဝေဂရစိမ့်သော လက္ခဏာတစ်ရပ် ဖြစ်ရန်အလို့ငှာ ယနေ့ ငါအရှင်သည် အသင်၏ရုပ်ကလာပ်ကို ဆယ်တင်ထားတော်မူမည်။

ကုရ်အာန်(၁၀ : ၉၂)။

ဖော်ပြချက်

ယနေ့ထိတိုင် အီဂျစ်ပြည်၊ ကိုင်ရိုမြို့၌ "ပီရမစ်" ခေါ် တြိဂံမျက်နှာရှိ အဆောက်အဦတွင် အဆိုပါ ဖိရ်အောင်နဲ၏ ရုပ်ကလာပ်ကိုတွေ့ရှိနိုင်ပေသည်။

⑵ ဖိရ်အောင်နဲသည် အစ္စရာအီလီလူမျိုးတို့၏ အင်အားနည်းပါးခြင်း၊ ဂုဏ်အင်သေးသိမ်ခြင်းကိုသာမက အစ္စရာအီလီလူမျိုးတို့၏ မျိုးနွယ်တစ်ခုလုံး တိမ်ကောပျောက်သွားခြင်းကိုပင် လိုလား၏၊ သို့လိုလားသည့်အတိုင်း ဖိရ်အောင်နဲသည် အစ္စရာအီလီလူမျိုးတို့၏ သားယောကျ်ားများကို သတ်ဖြတ်၍ သမီးမိန်းကလေးများကို အရှင်ထားရန် အမိန့်ထုတ်ပြန်လေသည်။ ကြည့်၊ အလ်မနာရ်။

အစ္စရာအီလီလူမျိုးတို့အား ဖိရ်အောင်နဲက သတ်ဖြတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ဗိုင်ဘယ်ကျမ်းတွင် အောက်ပါအတိုင်း တစ်နည်းရေးသား ဖော်ပြပါထားသည်ကိုလည်း တွေ့ရှိရသည်။

"ယင်းကဲ့သို့ ဖိရ်အောင်နဲ၏ အခြွေအရံများက အစ္စရာအီလီလူမျိုးတို့အား ရက်စက်ကြမ်းကြုတ်စွာ ပြုမူခြင်း၏ အကြောင်းရင်းမှာ များစွာမိကာလအတွင်း အစ္စရာအီလီလူမျိုးတို့တွင် ဖိရ်အောင်နဲ၏ ထီးနန်းကို လုယူမည့် သားယောကျ်ားတစ်ယောက် ပွားမြင်မည့်အကြောင်း ဖိရ်အောင်နဲကိုယ်တိုင် အိပ်မက်မြင်မက်ခဲ့သည်၊ သို့တည်းမဟုတ် ထိုအကြောင်းကို ဗေဒင်ဟူးရားဆရာတို့က ဖိရ်အောင်နဲအား ဟောကြားခဲ့ကြသည်"

⑶ (ﺑَﻠَﺎٓءٌ) သဒ္ဒါသည် ဆွေးမြည့်ခြင်း၊ စမ်းသပ်ခြင်း၊ ဒုက္ခပေးခြင်း၊ သုခပေးခြင်း အနက် ➤➤

وَإِذْ فَرَقْنَا بِكُمُ الْبَحْرَ فَأَنجَيْنَاكُمْ وَأَغْرَقْنَا آلَ فِرْعَوْنَ وَأَنتُمْ تَنظُرُونَ ﴿٥٠﴾

၅၀။ (အို-အစ္စရာအီလီမျိုးနွယ် အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်) တရံရောအခါ၊ ငါအရှင်သည် (အသင်တို့ကူးဖြတ် လျှောက်သွားနိုင်ကြရန်အလို့ငှာ) ပင်လယ်ကိုပင်ခွဲ၍ အသင်တို့အား ဖိရ်အောင်န်၏ အခြွေအရံတို့၏ဘေးမှ ကယ်တင်တော်မူခဲ့၏။ ထို့နောက် ဖိရ်အောင်န်၏ အခြွေအရံများကို ငါအရှင်သည် (အသင့်တို့ မျက်မှောက်၌ပင်) နှစ်မြှုပ်တော်မူလိုက်သည်။ ထိုအချိန် အသင်တို့သည် မိမိတို့ကိုယ်တိုင် (ဤအချင်းအရာများကို) ကြည့်နေကြကုန်သည်။

وَإِذْ وَاعَدْنَا مُوسَىٰ أَرْبَعِينَ لَيْلَةً ثُمَّ اتَّخَذْتُمُ الْعِجْلَ مِن بَعْدِهِ وَأَنتُمْ ظَالِمُونَ ﴿٥١﴾

၅၁။ (အို-အစ္စရာအီလ်၏ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်) တနေ့သောအခါ ငါအရှင်သည် နဗီတမန်တော်မူစာအား ရက်ပေါင်းလေးဆယ် (ကုန်လွန်ပြီးနောက် "တောင်ရာတ်" ကျမ်းဂန်ကို ထုတ်ပြန်ပို့ချပေးသနားတော်မူမည်ဟု) ပဋိညာဉ်ထားတော်မူသည်။ (ထိုပဋိညာဉ်တော်အရ နဗီတမန်တော်မူစာသည် ထိုကျမ်းဂန်ကို ဦးထိပ်ရွက်ပန်ဆင်ရန် "သိန"တောင်၌ ရက်ပေါင်းလေးဆယ် သီတင်းသုံးနေခိုက်) သူ၏ နောက်ကွယ်ရာ၌ အသင်တို့သည် နွားငယ်ကို (ဘုရားအဖြစ်) ပြုလုပ်ကိုးကွယ်ကြကုန်သည်၊ အမှန်စင်စစ် အသင်တို့သည် ကျူးလွန်သူများ ဖြစ်ကြကုန်သည်။

➤➤ အမျိုးမျိုးကိုဟောသည်။ ကြည့်၊ ရာယိဗ်။

အလ္လာဟ်အရှင်မြတ်သည် မနုဿလူသားတို့ကို တခါတရံ ဒုက္ခပေး၍ စမ်းသပ်တော်မူ၏။ တခါတရံ သုခချမ်းသာ ပေးသနားတော်မူ၍ စမ်းသပ်တော်မူ၏။ ကြည့်၊ ကုရ်အာန် (၂၁ : ၃၅)။

[ကုရ်အာန် (၂ : ၄၉)တွင် ပါရှိသော (بِكُمْ)"ထို" ဟူသောပုဒ်သည် ဖိရ်အောင်န်၏ နှိပ်စက်ညှဉ်းပမ်းမှုများကို ညွှန်ပါ(ذَٰلِكُمْ)၏အနက်မှာ ဒုက္ခဟူ၍ဖြစ်၏၊ အကယ်၍ "ထို"ဟူသောပုဒ်သည် အလ္လာဟ်အရှင်မြတ်၏ ကယ်တင်ခြင်းကို ညွှန်ပါသော် (ذَٰلِكَ)၏အနက်မှာ သုခဟူ၍ဖြစ်၏။]

ثُمَّ عَفَوْنَا عَنكُم مِّن بَعْدِ ذَٰلِكَ لَعَلَّكُمْ تَشْكُرُونَ ﴿٥٢﴾

၅၂။ (အို-အစ္စရာအီလီ မျိုးနွယ်ဝံသအပေါင်းတို့) အသင်တို့သည်၊ ထိုသို့နွားကို ကိုးကွယ်ကြပြီးသည့်နောက်သော်မှပင် ငါအရှင်သည် အသင်တို့အား ချမ်းသာခွင့် ပေးသနားတော်မူခဲ့လေသည်။ သို့မှသာလျှင် အသင်တို့သည် ကျေးဇူးတင်ကြပေမည်။

وَإِذْ آتَيْنَا مُوسَى الْكِتَابَ وَالْفُرْقَانَ لَعَلَّكُمْ تَهْتَدُونَ ﴿٥٣﴾

၅၃။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်) တရံရောအခါ ငါအရှင်မြတ်သည် အသင်တို့တရားရစိမ့်သောငှာ နဗီတမန်တော် မူစာ(အလိုင်ဟစ္စလာမ်) အား (တောင်ရာတ်) ကျမ်းဂန် (၀ါ) အမှားအမှန်ခွဲခြားနိုင်သည့် ကြားပြသော ကျမ်းဂန်ကို ထုတ်ပြန် ပို့ချပေးသနားတော်မူ၏။

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِ يَا قَوْمِ إِنَّكُمْ ظَلَمْتُمْ أَنفُسَكُم بِاتِّخَاذِكُمُ الْعِجْلَ فَتُوبُوا إِلَىٰ بَارِئِكُمْ فَاقْتُلُوا أَنفُسَكُمْ ذَٰلِكُمْ خَيْرٌ لَّكُمْ عِندَ بَارِئِكُمْ فَتَابَ عَلَيْكُمْ إِنَّهُ هُوَ التَّوَّابُ الرَّحِيمُ ﴿٥٤﴾

၅၄။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ ပြန်လည် အောက်မေ့သတိရကြကုန်၊) တနေ့သောအခါ နဗီတမန်တော် မူစာက မိမိ၏ အမျိုးသားများအား ပြောကြားသည်မှာ၊ အို-ကျွန်ုပ်၏ အမျိုးသားအပေါင်းတို့၊ ဧကန်မုချ အသင်တို့သည် နွားငယ်ကို ကိုးကွယ်ပူဇော်ခြင်းဖြင့် မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက် ညှဉ်းပန်းကြလေပြီ၊ သို့ဖြစ်၍ (ထိုကဲ့သို့ ကြီးလေးသောအပြစ်မှ ချမ်းသာခွင့်ရရန်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော် မူသောအရှင့်အထံတော်၌ ဝန်ချတောင်းပန် အသနားခံကြကုန် လော့၊ ထို့နောက် အသင်တို့သည် မိမိတို့ အချင်းချင်း သတ်ဖြတ်ကြကုန်လော့။ (သို့ ဝန်ချတောင်းပန် အသနားခံခြင်းသာလျှင်) အသင်တို့အဘို့ အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင့် ထံတော်၌ ကောင်းမြတ်သောအကြောင်းတရားဖြစ်၏၊

ထို့နောက် (အသင်တို့သည် ညွှန်ကြားပြသ ဆိုဆုံးမတော်မူသည့်အတိုင်း ဝန်ချတောင်းပန်ကြသည့် အတွက်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ဝန်ချတောင်းပန်ချက်ကို လက်ခံတော်မူလိုက်လေပြီ။ အဘယ်ကြောင့်ဟူမူ ထိုအရှင်သည်သာလျှင် (ဝန်ချ တောင်းပန် အသနားခံသူတို့၏ တောင်းပန်ချက်ကို) အကြိမ်ကြိမ် လက်ခံတော် မူသောအရှင်၊ မဟာ ကရုဏာရှင် ဖြစ်တော်မူပေသည်။

وَإِذْ قُلْتُمْ يَٰمُوسَىٰ لَن نُّؤْمِنَ لَكَ حَتَّىٰ نَرَى اللَّهَ جَهْرَةً فَأَخَذَتْكُمُ الصَّٰعِقَةُ وَأَنتُمْ تَنظُرُونَ ﴿٥٥﴾

၅၅။ (အို- အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်) တရံရောအခါ အသင်တို့က "အို-မူစာ၊ ကျွန်ုပ်တို့သည် *အလ္လာဟ်အရှင်မြတ်ကို ဒိဋ္ဌမျက်ဝါးထင်ထင် မဖူးမြင်ရသမျှ*[1] ကာလပတ်လုံး ကျွန်ုပ်တို့သည် အသင့်အား အလျင်း ယုံကြည်ကြမည်မဟုတ်" ဟု ပြောဆိုကြကုန်၏။ (ထိုကဲ့သို့ မပြောသင့် မပြောအပ်သော စကားရပ်ကို ပြောဆိုကြသည့်အတွက်) အသင်တို့အား (အလ္လာဟ် အရှင်မြတ်၏ ကြောက်မက်ဖွယ်ကောင်းသော) မိုးကြိုးလောင်မီးသည် ဖမ်းဆီး(ကွပ်မျက်)လိုက်လေပြီ။ အသင်တို့ကိုယ်တိုင်လည်း (ထိုအခြင်းအရာကို) တွေ့မြင်ကြပေသည်။

---

① လူသားတို့သည် မိမိတို့၏မံသစက္ခုဖြင့် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်နိုင်ကြပါ၏လော ဟူသော ပြဿနာသည် အလွန်နက်နဲခက်ခဲလှသော ပြဿနာတရပ်ပင်ဖြစ်ပေသည်။ သို့ခက်ခဲနက်နဲသည့်အလျောက် ယင်းပြဿနာနှင့်စပ်လျဉ်း၍ အယူအဆများလည်း ကွဲပြားလျက်ရှိပေသည်။

"မုအ်တဇီလီ" ဂိုဏ်းဝင်တို့က လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား မည်သည့်နည်းနှင့်မျှ ဖူးမြင်နိုင်ကြမည်မဟုတ်ဟုအတည့်အလင်းဆိုကြသည်။ "အဟ်လိစ္စုန္နတ်" ဂိုဏ်းသားတို့ကမူ နောင်တမလွန်ဘဝတွင် ဂျန္နတ်ဥယျာဉ်မြတ်၌ မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်အား မုချဖူးမြင်ကြရပေမည်။ ဤလောကတွင်လည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ထူးကဲစွာခိုလှုံခံစားရသော အချို့နဗီတမန်တော်များ အဘို့မှာ အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းကိစ္စသည် ဖြစ်နိုင်သော ကိစ္စမျိုးပင်ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ခြင်းသည် မည်ရွေ့မည်မျှ မည်သို့မည်ပုံ အခြင်းအရာလက္ခဏာ ပုံပန်းသဏ္ဌာန် ➤➤

ثُمَّ بَعَثْنَٰكُم مِّنۢ بَعْدِ مَوْتِكُمْ لَعَلَّكُمْ تَشْكُرُونَ ﴿٥٦﴾

၅၆။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊) အသင်တို့ အသက်သေကြေ ပျက်စီးပြီးသည့် နောက် သော်မှပင် ငါအရှင်သည် အသင်တို့အား တဖန် ရှင်ပြန် ထစေတော် မူ၏။ သို့မှသာလျှင် အသင်တို့သည် ကျေးဇူးတင်ကြမည်။

وَظَلَّلْنَا عَلَيْكُمُ ٱلْغَمَامَ وَأَنزَلْنَا عَلَيْكُمُ ٱلْمَنَّ وَٱلسَّلْوَىٰ ۖ كُلُوا۟ مِن طَيِّبَٰتِ مَا رَزَقْنَٰكُمْ ۖ وَمَا ظَلَمُونَا وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ يَظْلِمُونَ ﴿٥٧﴾

၅၇။ (အို- အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့) ငါအရှင်သည် အသင်တို့အပေါ်ဝယ် မိုးတိမ်များကို အရိပ် အာဝါသအဖြစ် ပြုလုပ်ပေးတော်မူ၏။ ထိုမျှ မကသေး (မွတ်သိပ်ဆာလောင်ခြင်းမှ ကင်းစိမ့်သောငှာ) ငါ အရှင်သည် "မန္နာ" ဟူသော စားဘွယ်ရာတမျိုးနှင့် "စလ်ဝါ" ခေါ် ငုံးသတ္တဝါ တမျိုးကို ချပေးသနား တော်မူ၏။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင် ပေးသနားတော်မူသည့် ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ်များကို စားသုံးကြကုန်။ ထိုသူတို့သည် ငါအရှင်မြတ်အား နှိပ်စက်ညှဉ်းပန်းကြသည်မဟုတ်။ မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက်ညှဉ်းပန်းကြကုန်၏။

وَإِذْ قُلْنَا ٱدْخُلُوا۟ هَٰذِهِ ٱلْقَرْيَةَ فَكُلُوا۟ مِنْهَا حَيْثُ شِئْتُمْ رَغَدًا وَٱدْخُلُوا۟ ٱلْبَابَ سُجَّدًا وَقُولُوا۟

၅၈။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်၊) တရံတရောအခါ ငါအရှင်သည် မိန့်ကြားခဲ့သည်မှာ "အသင်တို့သည် ဤမြို့သို့ဝင်ရောက်၍ အလိုရှိရာခဲဘွယ်ဘောဇဉ်များကို အဘယ်မှမဆို မိမိတို့ ဆန္ဒအလိုက် ဖေါဖေါသီသီ စားသုံးကြကုန်၊ (ဤအားလည်း ခယရိုကျိုးသောအနေအားဖြင့်) ဝပ်တွားရှိ မြို့တံခါးပေါက်သို့ ဝင်ကြကုန်။

➤➤. . . အစရှိသည်တို့နှင့် လုံးဝကင်းစင်သော ဖူးမြင်ခြင်းမျိုးသာဖြစ်သည်ဟု ဆိုကြကုန်သည်။ ဤကား အများမွတ်စ်လင်မ်တို့၏ ယူဆချက်ပင်တည်း။

ဤပြဿနာနှင့်စပ်လျဉ်း၍ အကျယ်သိလိုပါက "တဖ်စီရ်ကဗီရ်" ကျမ်းကိုရှုပါကုန်။

حِطَّةٌ نَّغْفِرْ لَكُمْ خَطَٰيَٰكُمْ وَسَنَزِيدُ الْمُحْسِنِينَ ﴿٥٨﴾

"ဟိတ်တွတွန်" (ကျွန်တော်မျိုးတို့.အား အပြစ်များမှ ချမ်းသာခွင့် ပေးသနားတော် မူပါ) ဟုလည်း မြွက်ဆိုကြကုန်။ (ဖေါ်ပြပါ အမိန့်.ဩဝါဒများကို လိုက်နာ ကျင့်မူကြပါလျှင်) ငါအရှင်သည် အသင်တို့.၏ မှားယွင်းမှုများကို ခွင့်လွှတ်တော်မူမည်။ ထို့ပြင်တဝ ငါအရှင်သည် ကောင်းမှုပြုသော သူများကိုလည်း ကုသိုလ်အကျိုး ဆထက်တိုး၍ ပေးသနားတော်မူမည်။

فَبَدَّلَ الَّذِينَ ظَلَمُوا قَوْلًا غَيْرَ الَّذِي قِيلَ لَهُمْ فَأَنزَلْنَا عَلَى الَّذِينَ ظَلَمُوا رِجْزًا مِّنَ السَّمَاءِ بِمَا كَانُوا يَفْسُقُونَ ﴿٥٩﴾

၅၉။ သို့.ရာတွင် (တရားတော်ကို) ကျူးလွန်ကြသော ထို(အစ္စရာအီလီ) လူမျိုးတို့.သည် မိမိတို့.အား သင်ကြားပို့ချထားသော စကားရပ်နှင့် ဆန့်ကျင်သည့် အခြား (မလျော်ကန်သော) စကားရပ် ကို ပြောင်းလွဲ၍ သုံးစွဲကြလေသည်။

သို့ဖြစ်ရာ ငါအရှင်သည် တရားတော်ကို ကျူးလွန်သော ထို(အစ္စရာအီလီ) မျိုးနွယ်တို့. အပေါ် သို့. ဒုစရိုက်မှုများ ပြုလေ့ရှိကြ သည့်အတွက် မိုးကောင်းကင်မှ ရောဂန္တရကပ်ကို ဆိုက်ရောက်စေတော်မူလေသည်။

وَإِذِ اسْتَسْقَىٰ مُوسَىٰ لِقَوْمِهِ فَقُلْنَا اضْرِب بِّعَصَاكَ الْحَجَرَ فَانفَجَرَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْنًا قَدْ عَلِمَ كُلُّ أُنَاسٍ

၆၀။ (အို- အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့. ပြန်လည်အောက်မေ့ သတိရကြလေကုန်၊) အခါတပါး၌ (နဗီတမန်တော်) မူစာ(အ)သည် (ငါအရှင် မြတ်၏ထံတော်မှ) မိမိ အမျိုးသားများအဘို့ သောက်သုံးရန်ရေကို (ပေးသနားတော်မူပါဟု) ဆုတောင်းပတ္ထနာပြုရာ ငါအရှင်က (အို-မူစာ) အသင်သည် မိမိလှင်ကန် တောင်ဝှေးဖြင့် ကျောက်တုံးကို ရိုက်ခတ်လော့ဟု မိန့်.ကြားတော်မူခဲ့လေသည်။

[သို့ မိန့်ကြားချက်အရ နဗီတမန်တော် မူစာ(အလိုင်ဟစ္စလာမ်)သည် ကျောက်တုံးကို ရိုက်ခတ်လေရာ ယင်းကျောက်တုံးသည် ကွဲအက်၍ အစ္စရာအီလီလူမျိုးတို့၏ အသင်းဦးရေ နှင့်အညီ] စမ်းရေချောင်း ၁၂ သွယ်တို့သည် ထိုကျောက်တုံးမှ ပန်းထွက်လာလေသည်။

(ထိုအခါ) ယင်းအစ္စရာအီလီ လူမျိုးတို့သည် အသီးသီး မိမိတို့ သောက်သုံးရာ ဌာနကို (ကောင်းမွန်စွာ) မှတ်သား၍ ထားကြလေသည်။

(ထိုအခါ ငါအရှင်မြတ်သည် ယင်းသူတို့ကို) အသင်တို့သည် ငါအရှင်မြတ်ထံတော်မှ ပေးသနားတော်မူသော ("မန္နဲ" နှင့် "စလ်ဝါ" တည်းဟူသော) ခဲဘွယ်ဘောဇဉ်တို့ကို စားသုံးကြ၍ (အယဉ်တွေတွေ စီးဆင်းလျက်ရှိသော ကျောက်စက်ရေကို ကျေးဇူးတင်စွာဖြင့်) သောက်သုံး ကြကုန်လော့။ အသင်တို့သည် ပထဝီမြေပြင်ဝယ် ဆူပူ သောင်းကျန်းသူများအဖြစ်နှင့် မကျူးလွန်ကြကုန်လင့်၊ (ဟု မိန့်တော်မူလေသည်)။

وَإِذْ قُلْتُمْ يَٰمُوسَىٰ لَن نَّصْبِرَ عَلَىٰ طَعَامٍ وَٰحِدٍ فَٱدْعُ لَنَا رَبَّكَ يُخْرِجْ لَنَا مِمَّا تُنۢبِتُ ٱلْأَرْضُ مِنۢ بَقْلِهَا وَقِثَّآئِهَا وَفُومِهَا وَعَدَسِهَا

مَّشْرَبَهُمْ كُلُوا۟ وَٱشْرَبُوا۟ مِن رِّزْقِ ٱللَّهِ وَلَا تَعْثَوْا۟ فِى ٱلْأَرْضِ مُفْسِدِينَ ﴿٦٠﴾

၆၁။ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရရှိကြကုန်လော့၊) တရံရောအခါ အသင်တို့သည် [နဗီတမန်တော် မူစာ(အလိုင်ဟစ္စလာမ်)အား] အို-နဗီတမန်တော် မူစာ (အလိုင်ဟစ္စလာမ်) ကျွန်တော်များသည် (နေ့စဉ်နှင့်အမျှ "မန္နဲ" နှင့် "စလ်ဝါ"ကိုသာ မှီဝဲစားသုံး နေရခြင်းဖြင့် ငြီးငွေ့ကြပြီဖြစ်ပေရာ) အစားတမျိုးတည်းနှင့် ရောင့်ရဲတင်းတိမ်၍ အလျင်းမနေနိုင်ကြတော့ပြီ၊

وَبَصَلِهَا ۖ قَالَ أَتَسْتَبْدِلُونَ
الَّذِي هُوَ أَدْنَىٰ بِالَّذِي
هُوَ خَيْرٌ ۚ اهْبِطُوا مِصْرًا
فَإِنَّ لَكُم مَّا سَأَلْتُمْ ۗ وَضُرِبَتْ
عَلَيْهِمُ الذِّلَّةُ وَالْمَسْكَنَةُ
وَبَاءُو بِغَضَبٍ مِّنَ اللَّهِ ۗ
ذَٰلِكَ بِأَنَّهُمْ كَانُوا
يَكْفُرُونَ بِآيَاتِ اللَّهِ
وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ
الْحَقِّ ۗ ذَٰلِكَ بِمَا عَصَوا
وَّكَانُوا يَعْتَدُونَ ﴿٦١﴾

သို့ဖြစ်လေရာ ကျွန်တော်များအဘို့ မြေမှ ပေါက်ရောက်သော (အစား:အစာများဖြစ်သော) ဟင်းသီးဟင်းရွက်များ၊ သခွါးသီးများ၊ ဂျုံများ၊ ပဲရာဇာများနှင့် ကြက်သွန်နီများကို ပေါက်ရောက်စေတော်မူပါရန် အသင့်အား မွေးမြူတော်မူသော အရှင်ထံတော်ဝယ် ဆုတောင်းပန်ထွာ၍ ပေးတော်မူပါဟု ပြောခဲ့ကြလေသည်။ [ထိုအခါ နဗီတမန်တော် (မူစာအလိုင်ဟစ္စလာမ်)က ဟယ်-အချင်းတို့] အသင်တို့သည် (ယခုစား:သုံးနေကြရသော) အလွန်ကောင်းမြတ်သော(ဘောဇဉ်ခဲဘွယ်)များကို အလွန်တရာမျှ ညံ့ဖျင်းသော အာဟာရမျိုးဖြင့် လဲလှယ်စား:သုံးလိုကြပါသလော။ (သို့ဖြစ်လျှင်) အသင်တို့လိုလား:တောင့်တကြကုန်သော အစာအာဟာရများကို ရရှိနိုင်ရန် အလို့ငှာ မြို့တမြို့သို့ ဝင်ရောက်နေထိုင်ကြကုန်လော့ဟု မိန့်တော်မူလေသည်။ ထိုကဲ့သို့သော သွေဖည်မှုများကြောင့် ယင်း (အစ္စရာအီလီလူမျိုး)တို့ပေါ်ဝယ် ဂုဏ်ရည်သေးသိမ်ခြင်းနှင့် ဒုက္ခဆင်းရဲခြင်းတို့သည် အတည်ဖြစ်ခဲ့ချေပြီ။ ထို့ပြင် ထိုသူတို့သည် အလွှာဟ်အရှင်မြတ်၏ အမျက်တော်စူးရှခြင်းကို ခံစားကြရချေပြီ။ ယင်း(ကဲ့သို့ အပြစ်ဒဏ်အမျိုးမျိုး ခံစားရခြင်း)၏ အကြောင်းမှာ အလွှာဟ်အရှင်မြတ် ပို့ချပေးသနားတော်မူသော တရားဒေသနာတော်များကို မယုံမကြည် သွေဖည်ငြင်းဆန်လေ့ ရှိခြင်းကြောင့်ၵင်း၊ နဗီတမန်တော်များအား မတရား:သဖြင့် (နှိပ်စက်ညှဉ်းပန်း) သတ်ဖြတ်လေ့ ရှိခြင်းကြောင့်ၵင်း၊ ဖြစ်ပေသည်။ ယင်းကဲ့သို့ ပြစ်မှုကျူးလွန်ခြင်းများသည် ထိုသူတို့၏ ဖီဆန်ပုန်ကန်ခြင်းနှင့် စည်းကမ်း ဖေါက်ဖျက်လေ့ရှိခြင်းများ ကြောင့်ပင်တည်း။

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالنَّصَارَىٰ وَالصَّابِئِينَ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَعَمِلَ صَالِحًا فَلَهُمْ أَجْرُهُمْ عِنْدَ رَبِّهِمْ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٦٢﴾

၆၂။ ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသော 'မုအ်မင်' များသည်ဌင်း၊ ယဟူဒီ များသည်ဌင်း၊ ခရစ်ယာန် များသည်ဌင်း၊ ဆွာဗီအီ များသည်ဌင်း၊ မည်သူမဆို အလ္လာဟ်အရှင်မြတ်ကိုဌင်း၊ (သေပြီး နောက် ရှင်ပြန်ထရမည့်) နောက်ဆုံး နေ့ကိုဌင်း၊ ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည် ခဲ့ပါလျှင် ထိုသူတို့အဘို့အရာ မိမိတို့အား မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် အထံတော်၌ ကုသိုလ်အကျိုးသည် အသင့်ရှိ၏။ ထို့နောက် ယင်းသူတို့အဘို့ မည်သည့် တစုံတရာမျှ စိုးရိမ် ကြောင့်ကြခြင်းလည်းမရှိပေ၊ ဝမ်းနည်း ပူဆွေးကြရမည်လည်း မဟုတ်ချေ။ [၁]

وَإِذْ أَخَذْنَا مِيثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّورَ خُذُوا مَا آتَيْنَاكُمْ بِقُوَّةٍ وَاذْكُرُوا مَا فِيهِ لَعَلَّكُمْ تَتَّقُونَ ﴿٦٣﴾

၆၃။ (အို-အစ္စရာအီလီမျိုးနွယ် အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်လော့) အခါတပါး၌ ငါအရှင်သည် အသင်တို့အထက်ဝယ် 'တူရ်' အမည်ရှိသောတောင်ကို ပင့်မြှောက်လျက် (တောင်ရာတ် ကျမ်းမြတ်နှင့်အညီ လိုက်နာကျင့်ကြရမည့် အကြောင်း) အသင်တို့ထံမှ (ဤသို့) ပဋိညာဉ် ဝန်ခံချက်ကို ယူတော်မူခဲ့လေသည်။

---

① **ဆက်စပ်မှု**

ကုရ်အာန်ကျမ်းမြတ် (၂:၆၁) တွင် အစ္စရာအီလီလူမျိုးတို့အပေါ်၌ ဂုဏ်ရည်သေးသိမ်ခြင်းနှင့် ဒုက္ခဆင်းရဲခြင်းသည် သတ်မှတ်ပြီးဖြစ်၍ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော် စူးရှခြင်းကိုလည်း ခံကြရလေပြီဟု မိန့်ဆိုထားရှိပေရာ အစ္စရာအီလီလူမျိုးတို့သည် ယခုမူ ငါတို့သည်အရှင်မြတ်၏ ကရုဏာတော်မှ လုံးဝကင်းဝေးကြရလေပြီဟု ယူကျုံးမရ ပူဆွေးကြရတော့မည်ဖြစ်၏။

ဤသို့မတွေးမထင်ကြစေရန် အလို့ငှါ အလ္လာဟ်အရှင်မြတ်သည် နောက်ဆက်ပါဒ(၂:၆၂)ကို ထုတ်ပြန်ချမှတ်တော်မူ၍ အစ္စရာအီလီလူမျိုးတို့ ခံစားကြရသော အပြစ်ဒဏ်မှာမူ ယင်းတို့၏ ကိုယ်ကျင့်တရားပျက်ပြားမှု၏ အကျိုးတရားမျှသာဖြစ်ကြောင်း၊ လူမျိုးဘာသာမခြား ဆင်းရဲချမ်းသာမရွေး မည်သူပင်ဖြစ်စေ။ မည်မျှပင် ဒုစရိုက်မှုများကို ကျူးလွန်ခဲ့စေကာမူ သတိသံဝေဂ နောင်တတရားရ၍ ဖြူစင်သော ယုံကြည်ခြင်း သဒ္ဓါတရားကို နှလုံးသွင်းလျက် ကောင်းမြတ်သော သီလများကို ဆောက်တည်ပါမူ၊ ➤➤

"အသင်တို့အား ငါ အရှင် ပေးသနား တော်မူသော တောင်ရာတ်ကျမ်းမြတ်ကို စွဲစွဲမြဲမြဲ လက်ကိုင်ထားကြကုန်။ ထို့နောက် ယင်းကျမ်းလာ တရားဒေသနာတော်များကိုလည်း (သတိဝီရိယနှင့်) လေ့ကျက်မှတ်သား (ကျင့်မှု) ကြကုန်လော့၊ သို့မှသာလျှင် အသင်တို့သည် (ဒုစရိုက်မှုများမှ) ကြဉ်ရှောင်သူများ ဖြစ်တန်ကြရာ၏။"

ثُمَّ تَوَلَّيْتُمْ مِّنۢ بَعْدِ ذٰلِكَ ۚ فَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ لَكُنْتُمْ مِّنَ الْخٰسِرِيْنَ ﴿٦٤﴾

၆၄။ ထို့နောက် အသင်တို့သည် (ထိုကဲ့သို့ တိကျခိုင်လုံစွာ) ပဋိညာဉ် ကတိသစ္စာကို ထုံးဖွဲ့ပြီးသည့်နောက် (ကတိမတည်) နောက်သို့ ပြန်လှည့်ထွက်သွားခဲ့ကြကုန်၏။ ထို့နောက် အကယ်၍ အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်နှင့် မဟာကရုဏာတော်သည် အသင်တို့ အပေါ်ဝယ် သက်ရောက်ခြင်း မရှိခဲ့ပါမူ အသင်တို့သည် မုချဧကန် ဆုံးရှုံးနစ်နာ ပျက်စီးသူများ ဖြစ်ကြပေပြီ။

وَلَقَدْ عَلِمْتُمُ الَّذِيْنَ اعْتَدَوْا مِنْكُمْ فِى السَّبْتِ فَقُلْنَا لَهُمْ كُوْنُوْا قِرَدَةً خٰسِـِٔيْنَ ﴿٦٥﴾

၆၅။ ၄င်းပြင် အသင်တို့အနက်မှ ဥပုသ်သီတင်းနေ့နှင့် စပ်လျဉ်း၍ (တရားတော်၏ ပညတ်ချက်များကို) ဖေါက်ဖျက် ကျူးလွန်ကြကုန်သော သူများအား ငါအရှင်က အသင်တို့သည် ယုတ်ညံ့သိမ်ဖျင်းသော မျောက်တိရစ္ဆာန်များ ဖြစ်ကြကုန်လော့ဟု မိန့်ကြားတော်မူခဲ့ဘူးသည်ကို အသင်တို့သည် မုချအသိပင် ဖြစ်ကြသည်။

➤➤အရှင့်ကရုဏာတော်ကို ခိုလှုံနိုင်ကြောင်း ဖော်ပြထားရှိတော်မူလေသည်။ ဤကားအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ခေတ်သုံးတန်ရှိ လူခပ်သိမ်းတို့အဘို့ အကျိုးအပြစ်စီစစ်ရန် အဘိုးအနှုတန်သော ဓမ္မကြေးမုံတည်း။

فَجَعَلْنٰهَا نَكَالًا لِّمَا بَيْنَ يَدَيْهَا وَمَا خَلْفَهَا وَمَوْعِظَةً لِّلْمُتَّقِيْنَ ﴿٦٦﴾

GG။ တဖန် ငါအရှင်မြတ်သည် ယင်းသူတို့၏ မျက်မှောက်၌ ရှိကြကုန်သော သူများနှင့် ယင်းသူတို့၏ နောင်လာ နောက်သားများ အဘို့အရာ ထိုအတ္ထုပ္ပတ္တိကို သတိသံဝေဂ ရတွယ်ရာ အကြောင်း တရပ်အဖြစ်လည်းကောင်း၊ (အလ္လာဟ်အရှင်မြတ် ကို ကြောက်ရွံ့. ရိုသေခြင်းအားဖြင့်) ပြစ်မှု ဒုစရိုက်များကို ကြဉ်ရှောင်ကြကုန်သော သူတော်စဉ်များအဘို့အရာ ဆုံးမသြဝါဒတရပ် အဖြစ်လည်းကောင်း ပြုထားတော် မူခဲ့လေသည်။

وَإِذْ قَالَ مُوسٰى لِقَوْمِهٖٓ إِنَّ اللّٰهَ يَأْمُرُكُمْ أَنْ تَذْبَحُوْا بَقَرَةً ۖ قَالُوْٓا أَتَتَّخِذُنَا هُزُوًا ۖ قَالَ أَعُوْذُ بِاللّٰهِ أَنْ أَكُوْنَ مِنَ الْجٰهِلِيْنَ ﴿٦٧﴾

G၇။ ၄င်းပြင် (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်း တို့၊ အသင်တို့သည် ပြန်လည်အောက်မေ့သတိရ ကြကုန်လော့) အခါတပါး၌ နဗီတမန်တော်မူစာ (အလိုင်ဟစ္စလာမ်)က မိမိအမျိုးသားများအား (ဤသို့)ပြောကြားလေသည်။ (ဟယ်-အချင်းတို့) အသင်တို့အား အလ္လာဟ် အရှင်မြတ်က (မိမိ နာမံတော်ဖြင့်) နွားမတကောင်ကို လိုဖြတ်ကြရန် မိန့်ကြားတော်မူလေသည်၊ ထိုအခါ ယင်းအမျိုးသား တို့က (အို-နဗီတမန်တော် မူစာ) အသင်သည် အကျွန်ုပ်တို့ကို ပြက်ရယ် ကျီစယ်ဘွယ် ပြုလုပ်ပါသလောဟု မေးမြန်းကြကုန်သည်။ ထိုအခါ နဗီတမန်တော်မူစာ(အလိုင်ဟစ္စလာမ်)က (ဟယ်-အချင်းတို့၊ ပြက်ရယ်ကျီစယ်မှုသည် လူဇါလများ၏ အလေ့အထမျှသာ ဖြစ်သည်၊ ကျွန်ုပ်သည်ကား လူဇါလ မဟုတ်၊ သို့ဖြစ်ရာ) အကျွန်ုပ်သည် အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့ကြကုန်သော လူဇါလတို့အနက် အပါအဝင်မဖြစ်ရန် အလ္လာဟ်အရှင်မြတ်အထံ တော်၌ ခိုလှုံပါကြောင်း ပြန်လည်လျှောက်ထားလေသည်။

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ
لَّنَا مَا هِيَ ۚ قَالَ إِنَّهُ يَقُولُ
إِنَّهَا بَقَرَةٌ لَّا فَارِضٌ وَلَا
بِكْرٌ ۖ عَوَانٌ بَيْنَ ذَٰلِكَ ۚ
فَافْعَلُوا مَا تُؤْمَرُونَ ﴿٦٨﴾

၆၈။ (ထိုအခါ) ယင်းအမျိုးသားတို့က အိုး-နဗီ တမန်တော်မူစာ (အလိုင်ဟစ္စလာမ်) အသင်သည် မိမိအား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်၌ ကျွန်တော်များ သိနားလည်နိုင်ရန်အတို့. ထိုနွားမသည် အဘယ်ကဲ့သို့သော နွားမဖြစ်သည်ကို ရှင်းလင်းဖော်ပြပါမည့်အကြောင်း လျှောက်ထားပန်ကြား၍ ပေးတော်မူပါ ဟု တောင်းပန်လျှောက်ထားကြကုန်၏။ ထိုအခါ မူစာ(အလိုင်ဟစ္စလာမ်)က (ဟယ်-အချင်းတို့) ထိုအရှင်မြတ်က ဧကန်စင်စစ် ထိုနွားမသည် အသက်ကြီး၍ အိုမင်းရင့်ရော်ခြင်းသည်လည်း မရှိစေရ၊ အလွန်နုပျိုသော နွားမတမ်းလည်း မဖြစ်စေရ၊ ယင်းနှစ်မျိုး၏အကြား၌ (အသက်အရွယ်အားဖြင့် မကြီးမငယ်)အလတ်စားပင် ဖြစ်စေရမည်ဟု မိန့်ကြားတော်မူသည်။ သို့ဖြစ်ရာ သင်တို့သည် အမိန့်တော်အတိုင်း လိုက်နာကျင့်မူကြကုန်လော့ဟူ၍ ဖြေကြားခဲ့လေသည်။

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ
لَّنَا مَا لَوْنُهَا ۚ قَالَ إِنَّهُ
يَقُولُ إِنَّهَا بَقَرَةٌ صَفْرَاءُ
فَاقِعٌ لَّوْنُهَا تَسُرُّ
النَّاظِرِينَ ﴿٦٩﴾

၆၉။ (တဖန်) ယင်းအမျိုးသားများက (အိုး-နဗီ တမန်တော်မူစာ) ကျွန်တော်မျိုးများသိနားလည်ရန်အတို့. အသင့်အားမွေးမြူတော်မူသော အရှင်၏အထံတော်၌ ထိုနွားမ၏အသွေးအရောင် အဘယ်ကဲ့သို့. ဖြစ်သည်ကို ကျွန်တော်မျိုးတို့.အားရှင်းလင်းဖော်ပြပေးသနားတော်မူရန် ဆုတောင်းပတ္ထနာပြုပေးပါဦး ဟု တောင်းပန်လျှောက်ထားကြသည်။ ထိုအခါ နဗီတမန်တော်မူစာ(အလိုင်ဟစ္စလာမ်)က ပြန်လည်ဖြေကြားတော်မူသည်မှာ (အိုး-အချင်းတို့) ဧကန်စင်စစ် ယင်းနွားမသည် အဝါရင့်ရောင်တောက်ပြောင်လျက်ရှိပြီး ကြည့်ရှုသူများအားစက္ခုပသာဒဖြစ်စေ၍ (စိတ်ကို) ကြည်လင်ရွှင်လန်းစေနိုင်သော နွားမပင်ဖြစ်စေရမည်ဟု အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်။

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ لَّنَا مَا هِيَ ۚ إِنَّ الْبَقَرَ تَشَابَهَ عَلَيْنَا ۖ وَإِنَّا إِنْ شَاءَ اللَّهُ لَمُهْتَدُونَ ﴿٧٠﴾

၇၀။ ယင်းသူတို့က (ထပ်မံ၍) ပြောဆိုကြသည်မှာ (အို–နဗီတမန်တော် မူစာ) ကျွန်တော်မျိုးတို့၏ မျက်မြင်တွင်မူ နွားများသည် ရုပ်ဆင်းသဏ္ဌာန် အရာ၌(တကောင်နှင့် တကောင်) ဆင်တူရိုးမှား ဖြစ်နေကြသဖြင့် ကျွန်တော်များအဘို့ ထိုနွားမသည် အဘယ်ကဲ့သို့သော (ကြန်အင်လက္ခဏာ) ရှိသည်ကို ရှင်းလင်း ဖော်ပြပေးသနားတော်မူပါရန် အသင့်ကို မွေးမြူတော်မူသော အရှင်အထံတော်၌ ဆုတောင်း ပတ္ထနာပြုပေးတော်မူပါဦး၊ အကယ်၍သာ အလ္လာဟ် အရှင်မြတ်၏ အလိုတော်ရှိခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် (ထိုနွားမကိုရှာဖွေရာ၌) နည်းမှန်လမ်းမှန်ကို စကန်မလွဲတွေ့ရှိသောသူများ ဖြစ်ကြပါလတ္တံ့။

قَالَ إِنَّهُ يَقُولُ إِنَّهَا بَقَرَةٌ لَّا ذَلُولٌ تُثِيرُ الْأَرْضَ وَلَا تَسْقِي الْحَرْثَ ۖ مُسَلَّمَةٌ لَّا شِيَةَ فِيهَا ۚ قَالُوا الْآنَ جِئْتَ بِالْحَقِّ ۚ فَذَبَحُوهَا وَمَا كَادُوا يَفْعَلُونَ ﴿٧١﴾

၇၁။ [ထိုအခါ နဗီတမန်တော်မူစာ(အလိုင်ဟစ္စလာမ်)က (ဟယ်–အချင်းတို့) အလ္လာဟ်အရှင်မြတ်က (ဤကဲ့သို့)မိန့်ကြားတော်မူသည်။] အမှန်စင်စစ် ယင်းနွားမသည် လယ်မြေ၌ ပင်ပန်းစွာ စေစားခြင်း၊ ထွန်ယက်ဘူးခြင်းသော်လည်းကောင်း၊ (ထွန်ယက်ပြီးသော) လယ်ယာမြေများထဲသို့ ရေသွင်းပေးဘူးခြင်းသော်လည်းကောင်း မရှိစေရ၊ ထို့ပြင် မဲ့စွန်းခြင်း၊ ကွက်ကျားခြင်း (အစရှိသော ချို့တဲ့ခြင်းအပေါင်းတို့) မှလည်း ကင်းစင်သော နွားမ ဖြစ်ရမည်ဟု ဖြေကြားလေသည်။ (ယင်းကဲ့သို့ အဖြေများကို ရရှိသော အခါ) ထိုသူတို့က (အို–နဗီတမန်တော် မူစာ) ယခုမှသာလျှင် အသင်သည် ဤကိစ္စကို (အကျွန်ုပ်တို့အား) မှန်ကန်စွာ ရှင်းလင်းဖော်ပြညွှန်ကြား ပြသလေပြီ(ဟု ဝန်ခံကြ ပြီးနောက် ထိုကဲ့သို့သော နွားမတကောင်ကို လိုက်လံရှာဖွေ၍ အရှင်မြတ်၏နာမံတော်ဖြင့်) သတ်ဖြတ်ကြကုန်၏။

သို့သော် စင်စစ် ထိုသူတို့သည် (ထိုအမိန့်တော်ကို) လိုက်နာပြုလုပ်ချင်ဟန် မရှိခဲ့ကြချေ။ ③

وَإِذْ قَتَلْتُمْ نَفْسًا فَادَّارَأْتُمْ فِيهَا ۖ وَاللَّهُ مُخْرِجٌ مَّا كُنتُمْ تَكْتُمُونَ ﴿٧٢﴾

၇၂။ ၄င်းပြင် (အို–အစ္စရာအီလ်၏ မျိုးနွယ်အပေါင်းတို့၊ အသင်တို့သည် ပြန်လည်၍ အောက်မေ့ သတိရကြကုန်လော့) အခါတပါး၌ အသင်တို့သည် လူတဦးကို သတ်ဖြတ်ကြပြီးနောက် ယင်းလူသတ်မှုနှင့်စပ်လျဉ်း၍ အသင်တို့ အချင်းချင်း တစ်ဦးကိုတစ်ဦး စွပ်စွဲခဲ့ကြကုန်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် သင်တို့ (အနက်မှ ကာယကံရှင်များက) ထိမ်ချန် လျှို့ဝှက်ထားသောကိစ္စကို ဖွင့်ထုတ်ဖော်ပြ ရှင်းလင်းတော်မူမည့်အရှင် ဖြစ်တော်မူသည်။

فَقُلْنَا اضْرِبُوهُ بِبَعْضِهَا ۚ كَذَٰلِكَ يُحْيِي اللَّهُ الْمَوْتَىٰ وَيُرِيكُمْ آيَاتِهِ لَعَلَّكُمْ تَعْقِلُونَ ﴿٧٣﴾

၇၃။ ထို့နောက် ငါအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်၊ အသင်တို့သည် ယင်း (အသတ်ခံရသောသူ၏ ရုပ်ကလာပ်)ကို ထို (နွားမ)၏ အချို့ အစိတ်အပိုင်းဖြင့် ရိုက်ခတ် ကြကုန်လော့။ အလ္လာဟ် အရှင်မြတ်သည် (“ကိယာမတ်” ရှင်ပြန်ထရမည့် နေ့၌လည်း) ထိုကဲ့သို့ပင် သေသူများအား ရှင်စေတော်မူလတ္တံ့။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့ နားလည်ကြရန်အလို့ငှါ မိမိ၏သက်သေခံလက္ခဏာရပ်များကို ပြသတော် မူလေသတည်း။

---

③ အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ အကယ်၍ အစ္စရာအီလီ လူမျိုးတို့သည် အမိန့်တော် ကျလျှင်ကျခြင်း ကြုံကုန်စသက်ရာ နွားမတကောင်ကိုသာ အရှင့်နာမံတော်ဖြင့် လှီးဖြတ်ခဲ့ကြပါသော် ထိုသူတို့အတို့ တာဝန်သည် ကျေပွန်လေ၏။ သို့သော် ထိုသူတို့သည် မိမိတို့ကိုယ်တိုင် အမျိုးမျိုးသော စောဒကများတက်ခြင်းဖြင့် မိမိတို့အတို့ ခဲယဉ်းမှုကို ဖန်တီးလာကြရာ အလ္လာဟ်အရှင်မြတ်ကလည်း ယင်းသူတို့အတို့ ခဲယဉ်းမှုကိုပင် ဖြစ်စေတော်မူခဲ့လေသတည်း။

ثُمَّ قَسَتْ قُلُوبُكُم مِّنۢ بَعْدِ ذَٰلِكَ فَهِيَ كَالْحِجَارَةِ أَوْ أَشَدُّ قَسْوَةً ۗ وَإِنَّ مِنَ الْحِجَارَةِ لَمَا يَتَفَجَّرُ مِنْهُ الْأَنْهَارُ ۚ وَإِنَّ مِنْهَا لَمَا يَشَّقَّقُ فَيَخْرُجُ مِنْهُ الْمَاءُ ۚ وَإِنَّ مِنْهَا لَمَا يَهْبِطُ مِنْ خَشْيَةِ اللَّهِ ۗ وَمَا اللَّهُ بِغَافِلٍ عَمَّا تَعْمَلُونَ ﴿٧٤﴾

၇၄။ တဖန် အသင်တို့၏ စိတ်နလုံးများသည် ထို(ကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးပြဋိဟာ အမျိုးမျိုးတို့ကိုပင် တွေ့မြင်ခဲ့ပြီး) နောက်လည်း ခက်ထန်မာကျောလာခဲ့လေသည်၊ [၁] သို့ဖြစ်ပေရာ ယင်းစိတ်နလုံးများသည် ကျောက်ဆောင်များကဲ့သို့ ဖြစ်ခဲ့ရုံမျှမက ယင်းကျောက်ဆောင်များထက်ပင် ပိုမိုပြင်းထန် မာကျောလေသည်။

အကြောင်းသော်ကား ကျောက်ဆောင်များ အနက် စမ်းရေချောင်းများ စီးထွက်လာသော ကျောက်ဆောင် များလည်း မချွတ်မလွဲ ရှိကြသေး၏။ ထိုမျှ မကသေးချေ၊ ယင်း ကျောက်ဆောင်များ အနက် အက်ကွဲ၍ ရေ(တံခွန်များ စီးသွန်း) ပန်းထွက်လာသော ကျောက်ဆောင်များလည်း ဧကန်စင်စစ် ရှိကြသေး၏။

ထိုမှတပါးတံု ယင်း ကျောက်ဆောင်များအနက် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ ရိုသေလေးစား ခြင်းအားဖြင့် လျှောလိမ့် နိမ့်ဆင်းလာသော ကျောက် ဆောင်များလည်း အမှန်ပင် ရှိကြကုန်သည်။

တဖန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုကျင့်ကြကုန်သော ကိစ္စအဝဝတို့ကို (အလျင်း) မေ့လျော့ လျစ်လျူရှု၍ နေတော်မူသော အရှင် မဟုတ်ပေ။

---

① ကုရ်အာန်ကျမ်းမြတ် (၂း၆၇-၇၃) တွင် ဖော်ပြ ပါရှိသည့်အတိုင်း အလ္လာဟ် အရှင်မြတ်သည် အစ္စရာအီလီလူမျိုးတို့အား တမလွန်ဘဝတွင် ပြန်လည် ရှင်ထကြရမည့်အရေးနှင့် စပ်လျဉ်း၍ ဒိဋ္ဌမမူ သာဓက အဖြစ်ဖြင့် မိမိ၏တန်ခိုးအာနုဘော်များကို ထင်ရှားစွာ ပြတော်မူပြီးနောက်သော်မှပင် ယင်းသူတို့အနက် အချို့၏စိတ်နလုံးများသည် ကျောက်တုံးများပမာ အချို့တို့မှာမူ ကျောက်တုံးထက်ပင် မာကျောခက်ထန်လာလေ၏။ ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၅း၁၃)တွင် ဖော်ပြထားသည်။

أَفَتَطْمَعُونَ أَن يُؤْمِنُوا لَكُمْ وَقَدْ كَانَ فَرِيقٌ مِّنْهُمْ يَسْمَعُونَ كَلَامَ اللَّهِ ثُمَّ يُحَرِّفُونَهُ مِن بَعْدِ مَا عَقَلُوهُ وَهُمْ يَعْلَمُونَ ﴿٧٥﴾

၇၅။ (အို- 'မုအ်မင်န်' ယုံကြည်သူအပေါင်းတို့.) အသင်တို့.သည် (အစ္စရာအီလီ လူမျိုးတို့.၏ စိတ်နှလုံး မာကျောခြင်းကို သိရှိပြီး ဖြစ်ကြပါလျက်) ထိုသူတို့.သည် အသင်တို့. (၏) ဆုံးမသြဝါဒ ဟောပြောချက်များ)ကို ယုံကြည်၍ သဒ္ဓါတရား ထားရှိကြကုန်အံ့ဟု မြော်ခေါ်တောင်းတ ကြပါသလော။ (စင်စစ် ယင်းကဲ့သို့.မြော်လင့်ခြင်းသည် အချည်းနှီး ပင်) အကြောင်းမူကား ယင်းသူတို့.တွင် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်များကို ကြားနာကြရသောသူများ အမှန်ပင် ရှိကြလေသည်၊ (သိကြားနာ၍ ထိုမုက္ခပါဠိတော်များကို သိကျွမ်း နားလည်ပြီးနောက် မိမိတို့. အလိုရှိသည့်အတိုင်း) ပြုပြင်ပြောင်းလွဲ ကြကုန်သည်။ စင်စစ် (ထိုကဲ့သို့. ပြောင်းလွဲခြင်းသည် မပြုသင့် မပြုအပ် ကြောင်းကိုလည်း) မိမိတို့.ကိုယ်တိုင် သိရှိကြလေသတည်း။

وَإِذَا لَقُوا الَّذِينَ آمَنُوا قَالُوا آمَنَّا وَإِذَا خَلَا بَعْضُهُمْ إِلَىٰ بَعْضٍ قَالُوا أَتُحَدِّثُونَهُم بِمَا فَتَحَ اللَّهُ عَلَيْكُمْ لِيُحَاجُّوكُم بِهِ عِندَ رَبِّكُمْ ۚ أَفَلَا تَعْقِلُونَ ﴿٧٦﴾

၇၆။ ၄င်းပြင် (မွတ်စ်လင်မ်ယောင်ဆောင်သော) ယဟူဒီများသည် ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြသော မုအ်မင်န်များနှင့် တွေ့ဆုံကြသော အခါ (ဥပါယ်တမျဉ်ဖြင့်. ယုံကြည်ဟန် ဆောင်၍) ကျွန်ုပ်တို့.သည်လည်း (အသင်တို့. ကဲ့သို့.ပင်) ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြပါသည်ဟု ပြောဆိုကြကုန်၏။ သို့သော် ယင်းသူတို့.အနက်မှ အချို့သည် အခြားသော (ယဟူဒီများနှင့် ဆိတ်ကွယ်ရာ၌) တွေ့ဆုံကြသောအခါ အချင်းတို့.- အသင်တို့.သည် အလ္လာဟ်အရှင်မြတ်က (တောင်ရာတ်ကျမ်း၌) သင်တို့.ကို ဖွင့်လှစ်ထုတ်ဖော် ပြသတော်မူထားသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ ထိုမုအ်မင်န်များကို သတင်းများ ပေးပို့.ကြပါသလော၊

ယင်းသူတို့သည် နောင်ခါကာလ၌ အသင်တို့အား မွေးမြူတော် မူသော (အလ္လာဟ်) အရှင်မြတ် အထံတော်တွင် ထိုအကြောင်းအရာ များကိုပင် အခြေပြုကာ သင်တို့နှင့်ဘက်ပြိုင်ငြင်းခုံကြကုန်အံ့။ သင်တို့သည် ဤမျှလောက် (ထင်ရှားလှစွာသော အကျိုးအကြောင်းများကိုပင်) အသိဉာဏ်မရှိ မသိနားမလည်နိုင် ကြပါသလောဟု (တဦးကိုတဦး ပြစ်တင်စကား) ပြောကြားကြကုန်သတည်း။ ၁

أَوَلَا يَعْلَمُونَ أَنَّ اللَّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ﴿٧٧﴾

၇၇။ ထိုသူတို့သည် (မိမိတို့ စိတ်တွင်းဝယ်) တိတ်တဆိတ် လျှို့ဝှက်ထားကြသော အကြောင်းအရာ ခပ်သိမ်းတို့ကိုလည်းကောင်း၊ အထင်အရှား ပွင့်လင်းစွာ ထုတ်ဖော်ပြောဆို ကြကုန်သော အကြောင်းအရာ ခပ်သိမ်းတို့ကို လည်းကောင်း၊ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (မိမိ၏ သဗ္ဗညုတ ဉာဏ်တော်ဖြင့် အကြွင်းမဲ့) သိရှိတော်မူသည်ကို မသိကြလေသလော။

وَمِنْهُمْ أُمِّيُّونَ لَا يَعْلَمُونَ الْكِتَابَ إِلَّا أَمَانِيَّ وَإِنْ هُمْ إِلَّا يَظُنُّونَ ﴿٧٨﴾

၇၈။ ထိုမှတပါး၄င်း(ယဟူဒီ)တို့ အတွင်းဝယ် စာပေကျမ်းဂန် မတတ်ကျွမ်းသူများလည်းရှိကြ၏။ ယင်းသူတို့သည် ကောလာဟလဖြစ်သော သတင်းများမှတပါး ကျမ်းဂန်များကိုမသိ နားမလည်ကြချေ၊ အမှန်သော်ကား ယင်းသူတို့သည် မိမိတို့ ထင်မိထင်ရာ တွေးတောရမ်းဆချက်များမှတပါး (အခြားမည်သည်ကိုမျှ အတိအကျသိရှိကြသည်) မဟုတ်ချေ။

---

① **ဆက်စပ်မှု။**

ကုရ်အာန်ကျမ်းမြတ် (၂၄၀-၅၅)တွင် နဗီတမန်တော်မူစာ(အလိုင်ဟစ္စလာမ်) လက်ထက်ကရှိခဲ့ဘူးသော ရှေးပဝေဏီ ယဟူဒီများ၏ ကိုယ်ကျင့်တရားများကို အလျဉ်းသင့်သည့်အားလျော်စွာ ဖော်ဆိုထားရှိခဲ့ပြီး၊ ယခုဤပါဒတွင် နဗီတမန်တော်မုဟမ္မဒ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) လက်ထက်၌ရှိသော ယဟူဒီများ၏ ကိုယ်ကျင့်တရားကို ဖော်ပြထားရှိ၏။ ။ကြည့်၊ စဗကုလ်ဃာယာတ်။

فَوَيْلٌ لِّلَّذِينَ يَكْتُبُونَ الْكِتَابَ بِأَيْدِيهِمْ ثُمَّ يَقُولُونَ هَٰذَا مِنْ عِندِ اللَّهِ لِيَشْتَرُوا بِهِ ثَمَنًا قَلِيلًا ۖ فَوَيْلٌ لَّهُم مِّمَّا كَتَبَتْ أَيْدِيهِمْ وَوَيْلٌ لَّهُم مِّمَّا يَكْسِبُونَ ﴿٧٩﴾

၇၉။ သို့ဖြစ်၍ ကျမ်းဂန်များကို မိမိတို့ကိုယ်တိုင် မိမိတို့လက်ဖြင့် စီရင်ရေးသားပြီး အနည်းငယ်မျှသောအဘိုးအခနှင့် လဲလှယ်ရောင်းချ(စားသုံး)ရန် အလို့ငှါ၊ ဤကျမ်းဂန်သည်ကား အလ္လာဟ်အရှင်မြတ်အထံတော်မှ (ထုတ်ပြန်ပို့ချတော်မူသော တရားဒေသနာတော်ကျမ်းဂန်)တည်း ဟူ၍ (လိမ်လည်) ပြောဆိုကြသော ယဟူဒီ သာသနာ့ ရှေ့ဆောင် ရှေ့ရပ်တို့သည် ပျက်စီးကြရကုန်လတ္တံ့။ တဖန် ယင်းသူတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့လက်ဖြင့် (မဟုတ်မမှန်) ရေးသားခဲ့ခြင်းကြောင့်၄င်း၊ (မပြုထိုက်မပြုအပ်သော နည်းမျိုးဖြင့် ဥစ္စာပစ္စည်း) ရှာဖွေခြင်းကြောင့်၄င်း ပျက်စီးကြရလတ္တံ့။

وَقَالُوا لَن تَمَسَّنَا النَّارُ إِلَّا أَيَّامًا مَّعْدُودَةً ۚ قُلْ أَاتَّخَذْتُمْ عِندَ اللَّهِ عَهْدًا فَلَن يُخْلِفَ اللَّهُ عَهْدَهُ ۖ أَمْ تَقُولُونَ عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٨٠﴾

၈၀။ ထို့ပြင်တဝ ယင်း(ယဟူဒီ)တို့က (ငရဲ) မီးသည် ကျွန်ုပ်တို့ကို ရေတွက်ထားသောနေ့ရက် (အနည်းငယ်) မှအပ (ကာလကြာမြင့်စွာ) အလျင်းထိရောက်မည်မဟုတ်ဟု ပြောဆိုကြပြန်သည်။ (အိုနဗီတမန်တော် မုဟမ္မဒ် ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အသင်သည် (ယင်းယဟူဒီတို့ကို ဤသို့တုံ့ပြန်) မေးမြန်းပါလေ။ (ဟယ်-အချင်းတို့) အသင်တို့သည် (ဤအကြောင်းနှင့်စပ်လျဉ်း၍) အလ္လာဟ်အရှင်မြတ်၏အထံတော်မှ တစုံတခုသော ပဋိညာဉ်ကို ရယူထားကြပါသလော။ သို့ ရယူထားခဲ့ကြ ပါလျှင် အလ္လာဟ်အရှင်မြတ်သည် မိမိပြုထားတော် မူသော ပဋိညာဉ် ဝန်ခံချက်ကို မည်သည့်အခါမျှ ဖျက်တော်မူလိမ့်မည်မဟုတ်။ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ် အရှင်မြတ်အပေါ်၌ မိမိတို့ မသိနားမလည်သော အကြောင်းတစုံတရာကို လည်ဆယ် ပြောဆိုကြပါသလော။

بَلَىٰ مَنْ كَسَبَ سَيِّئَةً
وَّأَحَاطَتْ بِهِۦ خَطِيٓـَٔتُهُۥ
فَأُو۟لَٰٓئِكَ أَصْحَٰبُ ٱلنَّارِ ۖ
هُمْ فِيهَا خَٰلِدُونَ ﴿٨١﴾

၈၁။ (ယင်း ယဟူဒီတို့၏ စကားသည် လုံးဝ မှန်ကန်သည်မဟုတ်) စင်စစ်မှာကား မည်သူမဆို မကောင်းမှု အကုသိုလ်များကို ဆည်းပူးအံ့။ တဖန် (ယင်းသို့ ဆည်းပူးခြင်းအားဖြင့်) ထိုသူ၏ ပြစ်မှုဒုစရိုက်များသည် ထိုသူအား ဝန်းခြုံလျက် ရှိအံ့။ သို့ဖြစ်ခဲ့ပါလျှင် ထိုကဲ့သို့သော သူတို့သည် ငရဲသားများသာ ဖြစ်ကြကုန်၏၊ ထိုသူတို့သည် ထိုငရဲဘုံ၌ပင် ထာဝစဉ်နေထိုင်ကြရလတ္တံ့။

وَٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟
ٱلصَّٰلِحَٰتِ أُو۟لَٰٓئِكَ أَصْحَٰبُ
ٱلْجَنَّةِ ۖ هُمْ فِيهَا خَٰلِدُونَ ﴿٨٢﴾

၈၂။ သို့သော် အကြင်သူများသည် ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြ၏၊ ထိုသူတို့သည် ဂျန္နတ် အမတ သုခဘုံသားများ ဖြစ်ကြကုန်၏။ ထိုသူများသည် ယင်း ဂျန္နတ် အမတ သုခဘုံ၌ အမြဲ ခံစားကြရမည့်သူများဖြစ်ကြ၏။ [၁]

وَإِذْ أَخَذْنَا مِيثَٰقَ بَنِىٓ
إِسْرَٰٓءِيلَ لَا تَعْبُدُونَ
إِلَّا ٱللَّهَ ۖ وَبِٱلْوَٰلِدَيْنِ

၈၃။ ထို့ပြင်တဝ အခါတပါး၌ ငါအရှင်မြတ်သည် အစ္စရာအီလီ မျိုးနွယ်များထံမှ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှအပ မည်သည့်အရာကိုမျှ ခဝပ် ရိုကျိုး ရှိခိုးပူဇော် *ကိုးကွယ်ဆည်းကပ်ခြင်း မပြုကြ* ရမည့်အကြောင်း၊ [၂]

---

① **ဖော်ပြချက်။**

ဂျန္နတ်အမတ သုခဘုံသို့လားခြင်းသည် အမျိုး၏မြင့်မြတ်ခြင်း၊ အသွေးအရောင်လှပတင့်တယ်ခြင်း စသည်တို့နှင့် အလျင်း မသက်ဆိုင်မေ။ ယုံကြည်ခြင်း သဒ္ဓါတရားထား၍၌ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းပေါ်၌သာ တည်ရှိကြောင်းကို ဤမုက္ခပါဠိတော်တွင် ထင်ရှားစွာ မိန့်ဆိုထားသည်။ ဤသဘောအတိုင်းပင် (၂း၆၂)တွင်လည်း ဖော်ပြပါရှိခဲ့ပေပြီ။

② တဆူတည်းသောအလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သည့်အရာကိုမျှ ခဝပ်ကိုးကွယ်ခြင်း မပြုအပ်ကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် မြောက်မြားစွာသော မုက္ခပါဠိတော်များ၌ ဖော်ပြထားရှိ၏။ တဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ရမည်ဟူသော ဒေသနာတော်သည် အစ္စလာမ်သာသနာတော်၏ အခြေအမြစ် အဓိက အချုပ်တရားပင်ဖြစ်သည်။ တစုံတခုသော အရာကို အလ္လာဟ်အရှင်မြတ်နှင့် ➤➤

إِحْسَانًا وَّذِي الْقُرْبٰى
وَالْيَتٰمٰى وَالْمَسٰكِيْنِ
وَقُوْلُوْا لِلنَّاسِ حُسْنًا
وَّاَقِيْمُوا الصَّلٰوةَ وَاٰتُوا
الزَّكٰوةَ ؕ ثُمَّ تَوَلَّيْتُمْ
اِلَّا قَلِيْلًا مِّنْكُمْ
وَاَنْتُمْ مُّعْرِضُوْنَ ﴿٨٣﴾

ထို့ပြင် မာတာပိတ မိဘနှစ်ပါးကိုင်း၊ [၃] သွေးချင်း နီးစပ်သော ဆွေမျိုးရင်းချာတို့.ကိုင်း၊ [၄] ဘသက် ဆိုးများင်း၊ [၅] အထီးကျန် သူဆင်းရဲတို့.ကိုင်း၊ ကောင်းမှု ပြုကြရမည့် အကြောင်း၊ ထို့မျှမက လူအပေါင်းတို့.နှင့် (ပြောဆိုဆက်ဆံရာ၌ ကဏ္ဍသုခပိယဝါစာဖြစ်သော သာယာချိုအေး ယဉ်ကျေးလှစွာသော (စကားများကိုသာ) ကောင်းမွန်စွာ ပြောဆိုကြရမည့် အကြောင်း၊ ဆွာလာတ်ဝတ်ပြုကြရမည့် အကြောင်းနှင့် ဇကာတ် တရားဝင်ဒါန ကြေးကို ပေးဆောင် ကြရမည့်အကြောင်း ကတိဝန်ခံချက်ကို ယူတော်မူခဲ့လေသည်။ ထို(ကဲ့သို့ ခိုင်မာသော ပဋိညာဉ်ဝန်ခံချက်များကို ပြုပြီးသည့်) နောက် အသင်တို့.အနက်မှ အနည်းငယ်မှအပ ကျန်အားလုံးတို့.သည် (ယင်းပဋိညာဉ် ဝန်ခံချက်ကို ဖေါက်ဖျက်၍) နောက်ဆုတ်လွှဲဖယ် ရှောင်သွားကြလေသည်။ စင်စစ်တမူကား အသင်တို့.သည် (ဖြောင့်မတ် မှန်ကန်သောလမ်းမှ) သွေဖည်လေ့ရှိသော သူများသာ ဖြစ်ကြကုန်လေသတည်း။

➤➤ ဂုဏ်ရည်တူထင်မှတ်ယူဆ၍ ယှဉ်တွဲကိုးကွယ်ခြင်းမှာကား အစွလာမ်သာသနာတော်၌ အကြီးဆုံးသော အကုသိုလ်တရားပင်ဖြစ်သည်၊ သို့.ယှဉ်တွဲကိုးကွယ်ခြင်းသည် မည်မျှကြီးလေးသော ဒုစရိုက်ဖြစ်သည်ကို ကုရ်အာန်ကျမ်းမြတ်တွင် ဤသို့. မိန့်.ဆိုထားသည်။

အလ္လာဟ်အရှင်မြတ်သည် (အခြားတစုံတရာကို) မိမိနှင့်တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်ခြင်းကို အလျင်းချမ်းသာခွင့် ပေးသနားတော်မူမည် မဟုတ်ပေ။ အခြား (ဒုစရိုက်မှုများ)ကိုမူ မိမိလိုရှိတော်မူသောသူအားချမ်းသာခွင့် ပေးသနားတော်မူအံ့။ အမှန်သော်ကား (အခြားတစုံတရာကို) အလ္လာဟ်အရှင်မြတ်နှင့် တွဲဘက်ယှဉ်ပြိုင်ကိုးကွယ်သောသူသည် အလွန်ကြီးလေးသော အပြစ်ကို ပြုလုပ်သောသူပင်တည်း။ ကုရ်အာန် (၄:၄၈)။

① ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစ၍ ယုယပိုက်ထွေးနို့.ချိုကျွေး၍ လူလားမြောက်အောင် ပြုစုရှာခဲ့ကြကုန်သော မာတာပိတ မိခင်ဘခင် ကျေးဇူးရှင်တို့.၏ ကျေးဇူးတို့.ကား များပြားလှ ပေသည်။

မိခင်ဘခင် ကျေးဇူးရှင်တို့.အား မည်ကဲ့သို့. ပြုစုရမည်ကို ကုရ်အာန်ကျမ်းမြတ် ၂:၁၁၅၊ ၄:၃၆၊ ၆:၁၂၊ ၁၇:၂၃၊ ၂၉:၈၊ ၃၁:၁၄၊ ၄၆:၁၅ တွင်ငင်း၊ မိဘများအဘို့. ဆုတောင်းပတ္ထနာပြုရမည်ကို ၁၄:၄၁၊ ၁၇:၂၄၊ ၄၆:၁၅၊ ၇၁:၂၈ တွင်ငင်း၊ ဖော်ပြထားသည်။ ➤➤

➤➤ မိခင်ဘခင် ကျေးဇူးရှင်နှစ်ပါးတို့အား ရိုသေစွာ လုပ်ကိုင်ကျွေးမွေး ပြုစုရမည့် အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းလာ အာယတ်တော်များအနက် အချို့အာယတ်တော်၏ အဓိပ္ပါယ်ကို ဖော်ပြပါအံ့။

အသင့်အား မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်က အမိန့်တော်ထုတ်ပြန်ချမှတ်တော် မူသည်မှာ၊ အသင်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် ခယရိကျိုး ကိုးကွယ်ဆည်းကပ်ကြလေကုန်။ (အသင်တို့သည် ကျေးဇူးရှင်များဖြစ်သော) မိဘနှစ်ပါးအား ကောင်းစွာ ပြုစုကြကုန်။ မိခင်ဖြစ်စေ။ ဘခင်ဖြစ်စေ၊ သို့မဟုတ် ၂ ပါးလုံးပင်ဖြစ်စေ အသင်၏ မျက်မှောက်တွင် ဇရာဒုဗ္ဗလ သက်ရွယ်ကြီးရင့် အိုမင်းမစွမ်းခြင်းသို့ ရောက်လတ်သည်ရှိသော် အသင်သည် ထို(သက်ဝါကြီးသော) မိဘနှစ်ပါးအား (ဝတ်ကြီးဝတ်ငယ် ပြုစုရာတွင်) ဖရုသဝါစာ ကြမ်းကြုတ်သောစကားကို မပြောဆိုလင့်၊ မငေါက်ငမ်းလေနှင့်။ ထိုမိဘနှစ်ပါးအား ပိယဝါစာ သာယာချိုအေးသော စကားကိုသာလျှင်ပြောဆို ပါလေ။ အသင်သည် မိဘတို့ ရှေ့မှောက်သို့ ဝင်ရောက်သောအခါ ဂါရဝနိဝါတ တရား လက်ကိုင်ထား၍ ခစားပါလေ။

အသင်သည် (ကျေးဇူးရှင်မိဘများအဘို့ ဤသို့)ဆုပန်ပါလေ၊ အို-ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော် မူသောအရှင်။ (ထိုမိဘများက) ကျွန်တော်မျိုးအား ငယ်ရွယ်စဉ်ကလေးဘဝတွင် (ချစ်ခင် ကြင်နာ ယုယစွာ) ပြုစုပျိုးထောင်သကဲ့သို့ ကိုယ်တော်အရှင် ကလည်း ထိုမိဘများ အပေါ်ဝယ် ကရုဏာထားတော်မူပါ။

ကြည့်၊ ကုရ်အာန် (၁၇း၂၃-၂၄)။

"အမှန်စင်စစ် ဂျွန်တ်အမတ သုခဘုံသည် မိခင်များ၏ ခြေဖဝါးအောက်၌ တည်ရှိသည်" ဟူသော နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒသည် အထက်ပါ ကုရ်အာန်ကျမ်းဂန်လာ ဒေသနာတော်များကို ထောက်ခံလျက်ရှိသည်။ သို့ဖြစ်ရာ အကျွန်ုပ်တို့သည် မိဘများအား အထူးသတိထား၍ ဂါရဝနိဝါတ တရားများဖြင့် အမြဲစောင့်ရှောက် ပြုစုကျွေးမွေးကြရာသတည်း။

② မိဘများကို စောင့်ရှောက်ရမည့် ဝတ်တရားရှိသည့်အတိုင်း ဆွေမျိုးသားချင်းတို့ကိုလည်း ကောင်းမွန်စွာ ထောက်ပံ့သင်္ဂြိုဟ်ရမည်ကို ဤမုက္ခပါဠိတော်တွင် မိန့်ဆိုထားလေသည်။

ဆွေမျိုးသားချင်းတို့နှင့် အဆက်ဖြတ်သူများသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် ကင်းဝေးကြမည့်အကြောင်း၊ ဆုံးရှုံးပျက်စီးကြရမည့် အကြောင်းနှင့် ဒုဂ္ဂတိလားကြရမည့် အကြောင်းများကို ကုရ်အာန်ကျမ်းမြတ် ၂း၂၇၊ ၁၃း၂၅၊ ၄၇း၂၂-၂၃ တွင် ဖော်ပြထားသည်။

" ဆွေမျိုးသားချင်းတို့နှင့် အဆက်ဖြတ်သောသူသည် 'ဂျွန်တ်' အမတသုခဘုံသို့ ဝင်ရမည်မဟုတ်" ဟု တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့သည်။

③ ကြင်နာခြင်း၊ စာနာခြင်းတရား ထားရှိသောသူများမှာ ခိုကိုးရာမဲ့ မိသက်ဆိုး ဘသက်ဆိုး ကလေးသူငယ်လူမမယ်များ၏ ဖြစ်အင်တို့ကို တွေးဆမိက ယူကျုံးမရ ဖြစ်ကြမည်မှာ ယုံမှားဘွယ်ရာမရှိပေ။

နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင်ပင်လျှင် ငယ်စဉ်ကပင် မိဘတို့၏အရိပ်မှ ကင်းကွာခဲ့ရရှာသဖြင့် မိမိနှင့်ဘဝတူ မိသက်ဆိုးဘသက်ဆိုးတို့ တွေ့ကြုံရသော ဒုက္ခကြီးငယ်ကို ကိုယ်တွေ့ပင်ဖြစ်ခဲ့၏။ တမန်တော်မြတ်သည် မိသက်ဆိုး ဘသက်ဆိုးများအပေါ်ဝယ် သနားကြင်နာခြင်းတရား ထားရှိသင့်ကြောင်းကို အောက်ပါအတိုင်း ဆုံးမဩဝါဒပေးတော်မူခဲ့သည်။ ➤➤

وَإِذْ أَخَذْنَا مِيثَاقَكُمْ لَا
تَسْفِكُونَ دِمَاءَكُمْ وَلَا
تُخْرِجُونَ أَنفُسَكُم مِّن
دِيَارِكُمْ ثُمَّ أَقْرَرْتُمْ
وَأَنتُمْ تَشْهَدُونَ ﴿٨٤﴾

၈၄။ ၄င်းပြင် (အို- အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ အသင်တို့သည် ပြန်လည်၍ အောက်မေ့ သတိရကြကုန်လော့) တပါးသောအခါ၌ ငါအရှင်သည် အသင်တို့ထံမှ အသင်တို့သည် မိမိတို့ အချင်းချင်း (သတ်ဖြတ်ကြ၍) သွေးထွက်သံယို မပြုကြရန်၄င်း၊ တဦးကိုတဦး မိမိတို့နေထိုင်ရာ အိုးအိမ် မြို့ရွာဒေသများမှလည်း နှင်ထုတ်ခြင်း မပြုကြရန်၄င်း၊ ပဋိညာဉ် ဝန်ခံချက်ကို ယူခဲ့ဘူးလေသည်၊ ထို့နောက် အသင်တို့သည် ထိုပဋိညာဉ် ဝန်ခံချက် ကတိသစ္စာကို အတည်ပြုကြရုံမျှမက မိမိတို့ ကိုယ်တိုင်ပင်လျှင် (ထိုအကြောင်းနှင့် စပ်လျဉ်း၍) အသိသက်သေများ ဖြစ်ကြလေသည်။

➤➤ မွတ်စ်လင်မ်အိမ်များတွင် အမြတ်ဆုံးသော အိမ်သည်ကား မိသက်ဆိုးဘသက်ဆိုးတို့ကို ကောင်းမွန်စွာ ပြုစုသောအိမ်ပင်တည်း။ အယုတ်ဆုံးသော အိမ်သည်ကား မိသက်ဆိုးဘသက်ဆိုးတို့ကို ဒုက္ခပေးသောအိမ်ပင်တည်း ဟု နဗီတမန်တော်မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မိန့်မှာခဲ့သည်။

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မိန့်မှာခဲ့သည်မှာ အကြင်သူတယောက်သည် မိသက်ဆိုး ဘသက်ဆိုး၏ ဦးခေါင်းကို ကိုယ်ကျိုးမဘက် အလွှာဟ်အရှင်မြတ်အတွက် ဖြူစင်သောစေတနာဖြင့် ပွတ်သပ်၏။ ထိုသူသည် မိမိလက်ဖြင့် ပွတ်သပ်မိသမျှသော ဆံပင်နှင့်အမျှ ကုသိုလ်အကျိုးကိုခံစားရအံ့။

အကြင်သူတဦးသည် မိမိထံ၌ရှိသော မိသက်ဆိုး ဘသက်ဆိုး မိန်းကလေးကိုဖြစ်စေ၊ ယောကျ်ားကလေးကိုဖြစ်စေ ကောင်းစွာပြုစု၏။ ထိုသူသည် ဤလက်ချောင်း ၂ ချောင်းပမာ 'ဂျန္နတ်' သုခဘုံတွင် ကျန်ပ်နှင့်အတူ စံမြန်းရအံ့ ဟု မိန့်တော်မူ၍ တမန်တော်မြတ်သည် မိမိ၏လက်ချောင်း ၂ ချောင်းကို ပူးတွဲ၍ ပြတော်မူလေသည်။

မိသက်ဆိုး ဘသက်ဆိုးတို့နှင့် မည်ကဲ့သို့ဆက်ဆံရမည့် အကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် ဤသို့ဖော်ပြထားလေသည်။

(၁) မိသက်ဆိုး ဘသက်ဆိုး ကလေးသူငယ်များ၏ ကောင်းရာကောင်းကြောင်းကို ရှေ့ရှု၍ ပြုပြင်ဖန်တီးရမည်။ ကြည့်-ကုရ်အာန်(၂:၂၂၀)

(၂) မိဘမဲ့ကလေးများကို ပေးကမ်းလှူဒါန်းရမည်။ ကြည့်၊ ကုရ်အာန် (၂:၁၇၇၊ ၂:၂၁၅၊ ၄:၈)။

(၃) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာ၌ အရေးသာ၍ သိမ်းယူရရှိသော လက်ရသုံ့ပန်းပစ္စည်း အရပ်ရပ်အနက် မိဘမဲ့ကလေးများအတို့ ဝေစုဝေပုံပါရှိစေရမည်။ ကြည့်၊ ကုရ်အာန် (၈:၄၁၊ ၅၉:၇)။

(၄) မိဘမဲ့တို့၏ ဥစ္စာပစ္စည်းများကို အလွဲသုံးစား မပြုအပ် ရှောင်ကြဉ်အပ်သည်။ ကြည့်၊ကုရ်အာန် (၄:၂၊ ၆:၁၅၃)။ ➤➤

ثُمَّ أَنتُمْ هَٰؤُلَاءِ تَقْتُلُونَ
أَنفُسَكُمْ وَتُخْرِجُونَ فَرِيقًا
مِّنكُم مِّن دِيَارِهِمْ
تَظَٰهَرُونَ عَلَيْهِم بِالْإِثْمِ
وَالْعُدْوَٰنِ ۖ وَإِن يَأْتُوكُمْ
أُسَٰرَىٰ تُفَٰدُوهُمْ وَهُوَ
مُحَرَّمٌ عَلَيْكُمْ إِخْرَاجُهُمْ ۚ
أَفَتُؤْمِنُونَ بِبَعْضِ الْكِتَٰبِ
وَتَكْفُرُونَ بِبَعْضٍ ۚ فَمَا
جَزَآءُ مَن يَفْعَلُ ذَٰلِكَ
مِنكُمْ إِلَّا خِزْيٌ فِى الْحَيَوٰةِ
الدُّنْيَا ۖ وَيَوْمَ الْقِيَٰمَةِ
يُرَدُّونَ إِلَىٰٓ أَشَدِّ الْعَذَابِ ۗ

၈၅။ ထို(ကဲ့သို့ ထင်ရှားစွာ ပဋိညာဉ် ဝန်ခံချက် ပြုကြပြီး)နောက် အသင်တို့.ပင်လျှင် မိမိတို့.အချင်းချင်း တဦးကိုတဦး သတ်ဖြတ်ကြ၍ မိမိတို့.အနက်မှ လူတစုကို ထိုသူတို့.၏ အိုးအိမ်မြို့.ရွာများမှ နှင်ထုတ်ကြ၏။ ၄င်းပြင် အသင်တို့.သည် ထိုသူတို့.ကို ဆန့်.ကျင်၍ အကုသိုလ် ဒုစရိုက်မှုများကို ပြုလုပ်ခြင်း အားဖြင့်၄င်း၊ မတရားသဖြင့် အကျိုးကျေးဇူး ပျက်စီး နစ်နာစေခြင်းအားဖြင့်၄င်း အသင်တို့.သည် (ထိုသူ တို့.၏ရန်သူများအား) ယိုင်းပင်းကူညီကြလေသည်။ (ထိုကဲ့သို့. ပြုလုပ်ခြင်းအားဖြင့် အသင်တို့.သည် ကတိဝန်ခံချက် နှစ်ရပ်လုံးကို ဖေါက်ဖျက်ကြ၏)။

သို့သော် တဖန် ယင်းလူစုသည် အသင်တို့.ထံသို့. သုံ့ပန်းအဖြစ်ဖြင့် (ပြန်လည်) ရောက်ရှိကြ သောအခါ အသင်တို့.သည် ယင်းသူတို့.အား (လျော် ကြေးပေး၍) ရွေးယူကြပြန်သည်၊ စင်စစ်ဆိုသော် ထိုသူတို့.အား ထိုကဲ့သို့. (အိုးအိမ်မြို့.ရွာများမှ) နှင်ထုတ်ခြင်းသည် သင်တို့.အဘို့ မြစ်တားထားသော ပညတ်ချက် (တရပ်)ပင် ဖြစ်ပေသည်။ အသင် တို့.သည် (တောင်ရာတ်) ကျမ်းတော်မြတ်၏ တစိတ် တဒေသကိုသာ ယုံကြည်လက်ခံကြ၍ အချို့. အမိန့်. တော်များကို ငြင်းပယ်ကြလေသလော။

➤➤ (၅) မိသက်ဆိုး ဘသက်ဆိုးများကို မငေါက်ငမ်း မည္ဘဉ်ပန်းရမည့်အကြောင်း။ ကြည့်၊ ကုရ်အာန် (၉၃း၉)။

မိဘမဲ့ကလေးများ၏ ပစ္စည်းဥစ္စာကို ကျူးလွန်စော်ကား အလွဲသုံးစားပြုသူများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း ကြောက်မက်ဖွယ်ရာ မိန့်ဆိုထားသည်။

အကြင်သူတို့.သည် အဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏။ ထိုသူများသည် မိမိတို့.ဝမ်းတွင်း၌ ငရဲမီးကိုသာ မျိုသွင်းရာရောက်၏၊ ထိုသူတို့.သည် မကြာမီကာလအတွင်း အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲမီးထဲ၌ လောင်ကျွမ်းကြအံ့။ (၄း၁၀)

وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿٨٥﴾

ထိုသို့ ဖြစ်ခဲ့ပါလျှင် အသင်တို့အနက်မှ ယင်းကဲ့သို့သော အပြုအမူကို ပြုကျင့်ကြကုန်သော သူများ၏ ထိုက်သင့်သောအကျိုးကား ဤလောကဌ အသက်ထင်ရှားရှိနေစဉ် အရှက်ကွဲခြင်း၊ ဂုဏ်အသရေ ယုတ်ညံ့ခြင်းမှအပ (အခြား)အဘယ်အရာဖြစ်နိုင်ဦး မည်နည်း။ ဤမျှမကသေး တဖန်နောင်တရားစီရင် ဆုံးဖြတ်မည့်နေ့တွင် ပိုမို၍ ပြင်းထန်လှစွာသော အပြစ်ဒဏ်ကို ခံစားကြရဦးမည်၊ စင်စစ်တမူကား အလွှာဟ်အရှင်မြတ်သည် အသင်တို့ ပြုကျင့်ကြကုန်သောကိစ္စ(အရပ်ရပ်တို့)ကို မေ့လျော့ လျစ်လျူရှု တော်မူမည့်အရှင် မဟုတ်ပေ။

أُولٰٓئِكَ الَّذِيْنَ اشْتَرَوُا الْحَيٰوةَ الدُّنْيَا بِالْاٰخِرَةِ ۡ فَلَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْصَرُوْنَ ﴿٨٦﴾

၈၆။ ဤသူများသည် ဤပစ္စုပ္ပန်ဘဝ(၏ စည်းစိမ်ချမ်းသာ) ကို နောင်တမလွန်ဘဝဖြင့် လဲလှယ်ဝယ်ယူကြသူများပင် ဖြစ်ကြသည်။ သို့လဲလှယ်ဝယ်ယူကြသည့်အတွက် ယင်းသူတို့သည် အပြစ်ဒဏ် ခံစားရာ၌ သက်သာစေခြင်း ခံကြရမည် မဟုတ်၊ (မည်သူတစုံတယောက်၏) ကယ်တင် စောင်မခြင်း ကိုမျှလည်း ခံကြရမည်မဟုတ်။

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ وَقَفَّيْنَا مِنْ ۢ بَعْدِهٖ بِالرُّسُلِ ۡ وَاٰتَيْنَا عِيْسَى ابْنَ مَرْيَمَ الْبَيِّنٰتِ وَاَيَّدْنٰهُ بِرُوْحِ الْقُدُسِ ؕ اَفَكُلَّمَا جَآءَكُمْ

၈၇။ ထို့ပြင် (အို-အစ္စရာအီလီမျိုးနွယ် အပေါင်းတို့၊ အသင်တို့ တရားရစိမ့်သောငှါ) ငါအရှင် သည် (နဗီတမန်တော်) မူစာအား (တောင်ရာတ်) ကျမ်းတော်ကို မုချ ထုတ်ပြန်ပို့ချ ပေးသနားတော်မူခဲ့လေသည်။ တဖန် ထို (နဗီတမန်တော်) မူစာ၏ နောက်၌ (မြောက်မြားစွာသော) နဗီတမန်တော်များကို တပါးပြီးတပါး အဆက်မပြတ် စေလွှတ်တော်မူခဲ့လေသည်။

رَسُولٌۢ بِمَا لَا تَهْوَىٰٓ أَنفُسُكُمُ ٱسْتَكْبَرْتُمْ فَفَرِيقًا كَذَّبْتُمْ وَفَرِيقًا تَقْتُلُونَ ﴿٨٧﴾

ထို့နောက် မရ်ယမ် [၃] (သခင်မ)၏သားတော် နဗီတမန်တော် အီစာ [၂] အား ထင်ရှားလှစွာသော သက်သေခံ လက္ခဏာ တန်ခိုး ပြာဋိဟာများကို ပေးသနားတော်မူခဲ့၏၊ ၄င်းပြင် ငါအရှင်သည် ထိုအီစာအား ရူဟုလ်ကုဒ်စ်(ဝါ)အပါးတော်စေတမန် ဂျိဗ်ရီလ်ကို စေလွှတ်ခြင်းဖြင့် ကူညီအားပေးတော်မူခဲ့လေသည်။ သို့ဖြစ်ပါလျက်နှင့်ပင် မည်သည့် အခါမျိုးမဆို နဗီတမန်တော် တပါးပါးသည် အသင်တို့မနှစ်သက်သော အမိန့်တော်များကို အသင်တို့ထံသို့ ယူဆောင်လာခဲ့သည်ရှိသော် အသင်တို့သည် မောက်မာပလွှားကြပြီး (ယင်းအမိန့်တော်များကို မလိုက်နာမကျင့်မူလိုသောကြောင့် ထိုနဗီတမန်တော်များအနက်မှ)တစုကို မဟုတ်မလျား မုသားပြောဆို ကြသူများဟုစွပ်စွဲ၍ တစုကိုမူ (ရက်စက် ကြမ်းကြုတ်စွာ) သတ်ဖြတ်ကြကုန်သည် (မဟုတ်ပါလော)။

---

③ မရ်ယမ်သည် နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်)၏ မွေးသမိခင် ကျေးဇူးရှင်ဖြစ်သည်။ မရ်ယမ်သခင်မ၏ ဘခင်မှာ အိမ်ရာန်ဖြစ်သည်။ (ကြည့်၊ ကုရ်အာန် ၃း၃၄-၃၅)။

မရ်ယမ်သခင်မ၌ ခင်ပွန်းယောကျ်ား မရှိဘဲလျက် အလ္လာဟ်အရှင်မြတ်၏ ဘုန်းသမ္ဘာဖြင့် သားတော် နဗီတမန်တော် အီစာဘွားမြင်ခဲ့သည်၊ (ကြည့်၊ ကုရ်အာန် ၃း၅၈၊ ၁၉း၁၆၊ ၂၁း၂၁-၉၁၊ ၆၆း၁၂)။

မရ်ယမ်သခင်မ၌ ခင်ပွန်းယောကျ်ားမရှိဘဲလျက် သားဘွားမြင်သည်ကို အကြောင်းပြု၍ အချို့သူယုတ်မာတို့က မရ်ယမ်သခင်မအား မဟုတ်မလျား စွပ်စွဲ၍ ပြောဆိုကြသည်။

အမှန်စင်စစ် မရ်ယမ်သခင်မသည် မိမိကာယိန္ဒြေတို့ကို စောင့်ထိန်းသော မိန်းမမြတ်တဦးဖြစ်ကြောင်း ကုရ်အာန် (၃း၉၁၊ ၆၆း၁၂)တွင် အတည့်အလင်း ဖော်ပြထားသည်။ ဤမျှမကသေး မရ်ယမ်သခင်မသည် ကမ္ဘာ့အမျိုးသမီးတို့တွင် မိန်းမမြတ်တဦးအဖြစ် ရွေးချယ်မြှောက်စားခြင်းကိုလည်း ခံခဲ့ရပေသည်။ (ကြည့်၊ ကုရ်အာန် ၃း၄၂)။

[၂] အစ္စရာအီလီလူမျိုးတို့၌ ပွင့်လေသမျှသော နဗီတမန်တော်များတွင် နဗီတမန်တော်အီစာ(အလိုင်ဟစ္စလာမ်)သည် နောက်ဆုံးပွင့်သော နဗီတမန်တော်ဖြစ်သည်။ နဗီတမန်တော်အီစာ(အလိုင်ဟစ္စလာမ်) ပွင့်တော်မူပြီးသည့် နောက် နှစ်ပေါင်း ၅၇၀ ခန့်ရှိသည့်အခါ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ပွင့်လာချေသည်။ ထိုနဗီတမန်တော် ၂ ပါး၏ ကြားကာလ၌ နဗီတမန်တော်တပါးမျှ မပွင့်ခဲ့ဘူးချေ။ ➤➤

➢➢ မွေးဖွားသည့် ခန့်စ်သက္ကရာဇ်နှင့် မွေးဖွားရာဌာန။

နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်)သည် လက်ရှိခရစ်သက္ကရာဇ်မစမီ ၃ နှစ်အလျင် ဖွားမြင်တော်မူလေသည်။ ထိုအချိန်တွင် ရောမတိုင်းကို ကဲသာသြဂတ္တုဘုရင် စိုးစံတော်မူလေသည်၊ ထိုဘုရင်၏ကိုယ်စား စီရိယနိုင်ငံတွင် ဟေရုဒ်သည် ဘုရင်ခံအဖြစ် အုပ်ချုပ်လေသည်။

ခရစ်တော်ဖွားမြင်ခြင်း အကြောင်း ကုရ်အာန်ကျမ်းမြတ် (၁၉း၁၆-၃၄)တွင် တွေ့ရှိရသည်။ အကျဉ်းသဘောမှာ အောက်ပါအတိုင်းဖြစ်သည်။

တရံရောအခါ မရ်ယမ် သခင်မသည် မိမိ အိမ်သူအိမ်သား များနှင့် ခွဲခွါ၍ (ယေရုရှလင်ရှိ ဗိမာန်တော်၏) အရှေ့ဘက်၌ရှိသော အဆောင်တခုအတွင်း၌ တကိုယ်တည်း ဆိတ်ငြိမ်စွာ ဘာဝနာ စီးဖြန်းလျက် နေသည်။

ထိုအခါ အလ္လာဟ်အရှင်မြတ်သည် အပါးတော်စေတမန် ဂျိဗ်ရီလ်(အလိုင်ဟစ္စလာမ်)ကို မရ်ယမ်သခင်မထံသို့ စေလွှတ်တော်မူရာ ဂျိဗ်ရီလ်(အလိုင်ဟစ္စလာမ်)သည် လူသားအယောင် သဏ္ဌာန်ဆောင်၍ ရောက်လာပြီး အကျွန်ုပ်ကား အခြားမဟုတ်၊ အသင်အား မွေးမြူစောင့်ရှောက်တော်မူသော အရှင်မြတ်၏ အပါးတော်စေတမန်ဖြစ်သည်။ အသင်၌ သားရတနာ ထွန်းကားမည့်အကြောင်း သတင်းကောင်းပေးပို့ရန် လာခြင်းမျှသာဖြစ်ပါသည် ဟု ပြောကြားလေသည်။

မရ်ယမ်သခင်မက ကျွန်မ၌ အဘယ်မှာလျှင် သားရတနာ ရနိုင်ပါအံ့နည်း၊ ကျွန်မအား ယောကျ်ားတဦးတယောက်မျှ လက်ဖျားနှင့်မျှ ထိဘူးသည်လည်းမရှိ၊ ကျွန်မသည် မိန်းမတို့၏သီလနှင့် ကာယန္ဒြေချိုးဖျက်သူ၊ ဟိရီသြတ္တပ္ပ အရှက်အကြောက်မရှိသူ မိန်းမယုတ်လည်း မဟုတ်၊ အပျိုစင်တဦး မဟုတ်ပါတကား ဟု ပြန်ကြားလေသည်။

ထိုအခါ ဂျိဗ်ရီလ်(အလိုင်ဟစ္စလာမ်)က ဤအတိုင်းပင်ဖြစ်မည်ဟု ပြောကြားလေသည်။ အသင့်အား မွေးမြူတော်မူသော အရှင်က (ခင်ပွန်းယောကျ်ား မထိပါးဘဲနှင့် သားရတနာဖြစ်ထွန်းစေခြင်းသည်) ငါအရှင်မြတ်အဘို့ အလွန်တရာမျှ လွယ်ကူသော ကိစ္စတရပ်ဖြစ်သည်။ ယင်းကဲ့သို့ ဘမဲ့သားရတနာ ထွန်းကားစေခြင်းအကြောင်းမှာ ငါအရှင်သည် လူသားတို့အဘို့ မိမိ၏ စွမ်းဆောင်နိုင်ခြင်း သတ္တိကို ထင်ရှားစေရန်၄င်း၊ လူသားတို့အပေါ်ဝယ် မိမိ၏ ကရုဏာတော် ပွားစိမ့်သောဌာ၄င်း ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။

(ထိုရောကာလ) မရ်ယမ်(သခင်မ)၌ ကိုယ်ဝန်ရှိလာလေသည်၊ ထိုအခါ လူသူလေးပါးနှင့်ကင်းဝေးသော နေရာ၌ တကိုယ်တည်း နေထိုင်လေသည်၊ ထို့နောက် ကမ္မဇလေ လှုပ်ရှားလာသည့်အခါ စွန့်ပလွှဲပင်အောက် သွားရောက်၍ သားတော်နဗီတမန်တော်အီစာ (အလိုင်ဟစ္စလာမ်)ကို မီးရှူးသန့်စင်ဘွားမြင်လေသည်။

ခရစ်တော်၏တန်ခိုးပြာဋိဟာများ။

(၁) အလ္လာဟ်အရှင်မြတ်၏ အလိုတော်ဖြင့် ရွှံ့မြေဖြင့်၄က်သတ္တဝါဖြစ်အောင်ပြုစွမ်းနိုင်ခြင်း၊

(၂) ကုဋ္ဌနှနာရောဂါကို ပျောက်ကင်းစေနိုင်ခြင်း၊

(၃) အဓိဝမ်းတွင်းမှစကျွတ်အလင်းမရရှိသူ မျက်ကန်းများကိုစကျွတ်အလင်းရရှိအောင် ပြုပေးနိုင်ခြင်း။

(၄) ကွယ်ရာ၌ သိလှောင်ထားသောအရာများကို ဖော်ပြနိုင်ခြင်း၊

(၅) သေသူများကို ရှင်ပြန်ထစေခြင်း။ ကြည့်၊ ကုရ်အာန် (၃း၄၈)

وَقَالُوْا قُلُوْبُنَا غُلْفٌ ۭ بَلْ
لَّعَنَهُمُ اللّٰهُ بِكُفْرِهِمْ
فَقَلِيْلًا مَّا يُؤْمِنُوْنَ ۝

၈၈။ တဖန် ယင်း(ယဟူဒီများက) ပြောဆိုကြ ပြန်သည်မှာ အကျွန်ုပ်တို့၏ စိတ်နှလုံးများသည် လုံးဝ ဖုံးအုပ်လျက် ရှိနေပေသည်။[၁] (သို့ဖြစ်လေရာ အစွမ်းသတ္တိသာသနာသည် ကျွန်ုပ်တို့၏ စိတ်နှလုံးတွင်းသို့ မစူးရှ မဝင်နိုင်ချေ)။ စင်စစ်သော်ကား ထိုသို့အလျင်းမဟုတ်၊ အမှန်မှာ ယင်းသူတို့၏ ငြင်းပယ်ဖီဆန်မှုကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား မိမိကရုဏာတော်မှ ကင်းဝေးစေတော်မူသည်။ သို့ဖြစ်၍ ယင်းသူတို့၏ (စိတ်တွင်း၌) ယုံကြည်ခြင်းသဒ္ဓါတရားသည် အနည်းငယ် စိုးစဉ်မျှသာ ရှိလေသည်။

وَلَمَّا جَآءَهُمْ كِتٰبٌ مِّنْ
عِنْدِ اللّٰهِ مُصَدِّقٌ لِّمَا
مَعَهُمْ ۙ وَكَانُوْا مِنْ قَبْلُ
يَسْتَفْتِحُوْنَ عَلَى الَّذِيْنَ
كَفَرُوْا ۚ فَلَمَّا جَآءَهُمْ
مَّا عَرَفُوْا كَفَرُوْا بِهٖ ۚ فَلَعْنَةُ

၈၉။ အခါတစ်ပါး၌ အလ္လာဟ် အရှင်မြတ် အထံတော်မှ ကျမ်းဂန်တစ်စောင် (ကုရ်အာန်)သည် ယင်း(ယဟူဒီ)များထံ ရောက်ရှိလာခဲ့လေသည်၊ ထို(ကုရ်အာန်) ကျမ်းမြတ်သည် ၎င်းတို့ထံရှိနှင့်ပြီး ဖြစ်သော (တောင်ရာတ်)ကျမ်းကိုပင် ထောက်ခံလျက် ရှိပေသည်။ စင်စစ်ဆိုသော် ယင်းသူတို့ (ကိုယ်တိုင်) သည်လည်း (ထိုကျမ်းဂန်နှင့် ကျမ်းဂန်ကို ယူဆောင်လာမည့် နဗီတမန်တော်၏ အကြောင်းများကို ထိုကျမ်းဂန် မကျရောက်သေးမီကပင် အရဗ်လူမျိုး) ကာဖိရ်တို့အား ထုတ်ဖော် ပြောဆိုလေ့ရှိခဲ့လေသည်။

---

① "ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ဖုံးအုပ်လျက်ရှိနေသည်" ဟုဆိုခြင်း၏ သဘောကား ကျွန်ုပ်တို့ရရှိပြီး ဖြစ်သော တရားဓမ္မများသည် ကျွန်ုပ်တို့အား လုံလောက်ပေရာ၊ အို-မုဟမ္မဒ် အသင့်ထံမှ တရားဓမ္မများကို ဆည်းပူးလေ့လာရန်မလိုတော့ပေ။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ပြည့်ဝပိတ်ဖုံးလျက်ရှိသည်ဟူ၏။ ။ကြည့်၊ ရာဃိဗ်။

ကုရ်အာန်ကျမ်းမြတ် (၂:၇၄၊ ၅:၁၃၊ ၉:၂၅၊ ၄၁:၅၊ ၄၃:၄၄) တွင် ဖော်ပြထားသည့်အတိုင်း ဤမုကျွပါဠ်တော်၏သဘောမှာ ထိုအစွမ်းအင်လီလူမျိုးတို့၏စိတ်နှလုံးသည် ကျောက်တုံးပမာ တင်းမာခက်ထန်နေသည့်အတွက် တရားဒေသနာများသည် ထိုသူတို့၏နှလုံးတွင်းသို့ ထိုးထွင်း၍ မဝင်နိုင်တော့ချေဟု၏။

اللّٰهِ عَلَى الْكٰفِرِيْنَ ﴿٨٩﴾

ပြီးနောက်တဖန် ထိုသူတို့သည် မိမိတို့ထံ မိမိတို့ သိနှင့်ပြီးဖြစ်သော (ကုရ်အာန်) ကျမ်းမြတ်သည် ရောက်ရှိလာသောအခါ ယင်း(ကုရ်အာန်) ကျမ်းမြတ်ကိုပင် ငြင်းပယ် ကြကုန်သည်။ သို့ဖြစ်လေရာ (ယင်းကဲ့သို့) သွေဖည်ငြင်းပယ်သော သူတို့အပေါ် မှာကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်းသာ ရှိပေတော့သည်။

بِئْسَمَا اشْتَرَوْا بِهٖٓ اَنْفُسَهُمْ اَنْ يَّكْفُرُوْا بِمَآ اَنْزَلَ اللّٰهُ بَغْيًا اَنْ يُّنَزِّلَ اللّٰهُ مِنْ فَضْلِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖ ۚ فَبَآءُوْ بِغَضَبٍ عَلٰى غَضَبٍ ۭ وَلِلْكٰفِرِيْنَ عَذَابٌ مُّهِيْنٌ ﴿٩٠﴾

၉၀။ ထိုသူများသည် မိမိတို့ အသက်များဖြင့် လဲလှယ်ဝယ်ယူကြသော အကြင်အရာသည် အလွန် တရာမျှဆိုးရွားလှ၏။ ထိုအရာကား အလ္လာဟ်အရှင်မြတ် ထုတ်ပြန် ချမှတ်တော်မူသော တရားဒေသနာတော်ကို ထိုသူများ၏ ငြင်းပယ်ခြင်း ပင်ဖြစ်၏။ (ယင်းကဲ့သို့ ငြင်းပယ်ခြင်း အကြောင်း မှာလည်း ထိုသူများသည်) အလ္လာဟ် အရှင်မြတ်က မိမိ၏ ကျွန်များအနက် မိမိနှစ်လိုတော် မူသောသူအား မိမိ၏ ကျေးဇူးပြုတော်မူသည်ကို မနာလိုဝန်တို မစ္ဆရိယစိတ် ထားကြခြင်းကြောင့်ပင်တည်း။ သို့အတွက်ကြောင့်ပင် ထိုသူများသည် အမျက်တော် စူးရှခြင်းခံရသည့်အပေါ်၌ ထပ်၍ပင် အမျက်တော် စူးရှခြင်းကိုခံကြရလေပြီ။ ဤမျှမကသေး၊ သွေဖည်ငြင်းပယ်သော သူများအတွက် ဂုဏ်အသရေ ယုတ်ညံ့သိမ်ဖျင်းစေသော အပြစ်ဒဏ်သည်လည်း အသင့်ရှိပေသတည်း။

وَاِذَا قِيْلَ لَهُمْ اٰمِنُوْا بِمَآ اَنْزَلَ اللّٰهُ قَالُوْا نُؤْمِنُ بِمَآ اُنْزِلَ عَلَيْنَا

၉၁။ "အလ္လာဟ် အရှင်မြတ် အထံတော်မှ (နဗီတမန်တော် အသီးသီးတို့ထံ) ထုတ်ပြန်ပို့ချတော်မူသော ဓမ္မဒေသနာ ကျမ်းဂန်များကို ယုံကြည်၍ လိုက်နာ ကျင့်မူကြပါကုန်" ဟု ထိုယဟူဒီဘာသာဝင်တို့အား ပြောဆိုကြသည့်အခါ

وَيَكْفُرُونَ بِمَا وَرَآءَهُۥ
وَهُوَ ٱلْحَقُّ مُصَدِّقًا لِّمَا
مَعَهُمْ ۗ قُلْ فَلِمَ تَقْتُلُونَ
أَنۢبِيَآءَ ٱللَّهِ مِن قَبْلُ إِن
كُنتُم مُّؤْمِنِينَ ﴿٩١﴾

ထို(ယဟူဒီ ဘာသာဝင်)များက "အကျွန်ုပ်တို့သည် မိမိတို့အပေါ်ဝယ် ထုတ်ပြန် ပို့ချပြီးဖြစ်သော (တောင်ရာတ်) ကျမ်းမြတ်ကိုသာ ယုံကြည် (လိုက်နာ ကျင့်မူ) ကြပါ၏" ဟု တုံ့ပြန် ဖြေကြားကြလေသည်။ စင်စစ်တမူကား (ထိုသူတို့ ငြင်းပယ်သော) ထိုကျမ်းမြတ်သည် မှန်ကန်သော ကျမ်းမြတ်ဖြစ်သည့်ပြင် ယင်းသူတို့ထံဝယ် ထုတ်ပြန်ပို့ချပြီး ဖြစ်သော (တောင်ရာတ်ကျမ်း) ကိုလည်း ထောက်ခံအတည်ပြုလျက်ရှိ၏။ (မည်သို့ပင်ဖြစ်စေ၊ အို-နဗီတမန်တော်) အသင်သည် ယင်းသူတို့ကို "ဟယ်-အချင်းတို့၊ အကယ်၍သာ အသင်တို့သည် (တောင်ရာတ်ကျမ်းတော်ကို) ယုံကြည်လိုက်နာ ကျင့်မူကြသူများသာ ဖြစ်ခဲ့ကြပါလျှင် ရှေးအထက်ကျော် ကာလက (အသင်တို့အား ထိုတောင်ရာတ် ကျမ်းမြတ်နှင့် လျော်ညီစွာ လိုက်နာကျင့်မူကြရန် သွန်သင်ဆုံးမ သြဝါဒပေးကြကုန်သော) အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များကို အဘယ့်ကြောင့် သတ်ဖြတ်ကြပါသနည်း" ဟု စုံစမ်းမေးမြန်းပါလေ။

وَلَقَدْ جَآءَكُم مُّوسَىٰ
بِٱلْبَيِّنَٰتِ ثُمَّ ٱتَّخَذْتُمُ

၉၂။ ထိုတွင်မျှ မကသေးချေ၊ အသင်တို့ထံသို့ နဗီတမန်တော် မူစာ(အလိုင်ဟစ္စလာမ်) သည် ထင်ရှားလှစွာသော သက်သေခံလက္ခဏာ တန်ခိုးပြာဋိဟာများနှင့်တကွ [၁] ကြွလာချေပြီ။

---

① ကုရ်အာန်ကျမ်းမြတ် (၁၇း၁၀၁၊ ၂၇း၁၂)တွင် အလ္လာဟ်အရှင်မြတ်က နဗီတမန်တော် မူစာ (အလိုင်ဟစ္စလာမ်)အား တန်ခိုးပြာဋိဟာ ၉ ပါး ခြီးမြှင့်တော်မူသည်ဟု အရေအတွက်နှင့်တကွ အတိအကျ ဆိုထား၏။ သက်ဆိုင်ရာ မုက္ခပါဠ်တော်တွင် အကျယ်ရေးသားဖော်ပြပါအံ့။

الْعِجْلَ مِنْۢ بَعْدِهٖ وَاَنْتُمْ ظٰلِمُوْنَ ﴿٩٢﴾

ထို့နောက်သော်မှပင် အသင်တို့သည် ထို(နဗီတမန်တော်)မူစာ(အလိုင်ဟစ္စလာမ်တူရ်တောင်ပေါ်သို့ခေတ္တခဏကြွမြန်းနေခိုက်၊ ယင်းနဗီတမန်တော်၏) နောက်ကွယ်ရာ၌၊ နွားငယ်ကို (မိမိတို့ကိုးကွယ်ရာအရှင် ဟုမှတ်ယူ) ကိုးကွယ်ခဲ့ကြသည်။ စင်စစ်သော်ကား အသင်တို့သည် (မိမိတို့ကိုယ်ကို မိမိတို့ပင် အမြဲ) ညှဉ်းပန်းနှိပ်စက်ကလူ ပြုလေ့ရှိကြသူများသာတည်း။

وَاِذْ اَخَذْنَا مِيْثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّوْرَ ؕ خُذُوْا مَآ اٰتَيْنٰكُمْ بِقُوَّةٍ وَّاسْمَعُوْا ؕ قَالُوْا سَمِعْنَا وَعَصَيْنَا ۗ وَاُشْرِبُوْا فِىْ قُلُوْبِهِمُ الْعِجْلَ بِكُفْرِهِمْ ؕ قُلْ بِئْسَمَا يَاْمُرُكُمْ بِهٖٓ اِيْمَانُكُمْ

၉၃။ ထိုမှတပါးတဲ့ (အို-အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့၊ အသင်တို့သည် ပြန်လည်အောက်မေ့သတိရကြကုန်လော့) အခါတပါး၌ ငါအရှင်သည် အသင်တို့ထက်ဝယ် "တူရ်" မည်သောတောင်ကို ပင့်မြှောက်ကာ အသင်တို့ထံသို့ ငါအရှင်ထုတ်ပြန်ပို့ချပေးသနားတော်မူသော (တောင်ရာတ်ကျမ်းမြတ် ကို) ခိုင်မြဲစွာ လက်ဆုပ်လက်ကိုင်ပြု၍ (ထိုကျမ်းမြတ်လာဒေသနာတော်များကို စိတ်ရောကိုယ်ပါ) နာယူကြ ရန် အသင်တို့ထံမှ ပဋိညာဉ်ဝန်ခံချက်ကို ယူခဲ့ပြီးဖြစ် သည်။ (ထိုကဲ့သို့ ကတိဝန်ခံချက်ကို ယူတော်မူသည့် အခါ) ထိုသူတို့က *ကျွန်တော်မျိုးတို့ ကြားကြပါပြီ၊ သို့သော် မနာခံကြပါ* [၁] ဟုဆိုကြလေသည်။ (ထိုကဲ့သို့ သွေဖည်ငြင်းဆိုခြင်း၏) အကြောင်းမှာ ယင်းသူတို့၏ နှလုံးသည်းပွတ်တွင်းသို့ နွားငယ်(၏မေတ္တာ)သည် သက်ဝင်ကိန်းအောင်းလျက် ရှိနေခြင်းကြောင့်တည်း။

---

① ယဟူဒီဘာသာဝင်တို့၏ အတိတ်ရာဇဝင်ကို ပြန်လည်သုံးသပ် ဆင်ခြင်သည်ရှိသော် ယင်းသူတို့သည် ရာဇဝင်တလျှောက်လုံးတွင် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ခဲ့ကြ၏။ မောက်မာပလွားဝါကြွားခဲ့ကြ၏။ ရိုင်းပြယုတ်မာသော အကျင့်အကြံမျိုးကို ပြုကျင့်ခဲ့ကြ၏။ ဖရုသဝါစာ ရန့်ရင်းကြမ်းတမ်းသော စကားများကို ပြောဆိုလေ့ရှိခဲ့ကြ၏။

အထက်ပါစကားရပ်များကို ပြောဆိုဝံ့သော ယဟူဒီဘာသာဝင်များအတို့မှာ "ကျွန်ုပ်တို့ ကြားပါ၏၊ သို့သော် မနာခံပါ" ဟု ဆိုရန် ခဲယဉ်းလှမည်မဟုတ်ပေ။ ➤➤

إِن كُنتُم مُّؤْمِنِينَ ﴿٩٣﴾

(အို-နဗီတမန်တော် အသင်သည် ထိုသူတို့အား) "ဟယ်-အချင်းတို့၊ အကယ်၍သာ အသင်တို့သည် ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြသူများ ဖြစ်ခဲ့ကြပါလျှင် အသင်တို့၏ယုံကြည်မှုက အသင်တို့အား ညွှန်ကြားပြသ တိုက်တွန်းသည့် အကြောင်းအရာ အမူကိစ္စများသည် အလွန်ပင် ယုတ်ညံ့သိမ်ဖျင်းလှပေစွတကား" ဟု ပြောဆိုပါလေ။

قُلْ إِن كَانَتْ لَكُمُ الدَّارُ الْآخِرَةُ عِندَ اللَّهِ خَالِصَةً مِّن دُونِ النَّاسِ فَتَمَنَّوُا الْمَوْتَ إِن كُنتُمْ صَادِقِينَ ﴿٩٤﴾

၉၄။ (အို-နဗီတမန်တော်) အသင်သည် (ထို ယဟူဒီဘာသာဝင်တို့အား ဤသို့ချေပပြောဆိုပါလေ၊ "ဟယ်-အချင်းတို့) အကယ်၍ အလွှာဟ် အရှင်မြတ် အထံတော်၌ရှိသော နောင်တမလွန်ဘဝ(၏ အမတသုခချမ်းသာများ)သည် အခြား လူခပ်သိမ်းတို့နှင့် အလျင်း မသက်ဆိုင်ဘဲ အသင်တို့အတို့သာလျှင် ဖြစ်သည်ဟု (ယုံကြည်ပါမူ) အသင်တို့သည် (ဆောလျင်စွာ) မရဏာသေခြင်းကို လိုလားတောင်းတကြလေကုန်။" (ဟယ်-အချင်းတို့) "အသင်တို့သည် ဟုတ်မှန်ရာကို ထုတ်ဖော်ပြောဆိုသူများ ဖြစ်ကြပါလျှင် မရဏာသေခြင်းကို စင်စစ် တောင်းတကြရမည်၊ (သို့ရာတွင် အသင်တို့၌ ဤကဲ့သို့ တောင်းတသူဟူ၍ မတွေ့ရပါတကား)"။

➤➤ **ယဟူဒီနှင့်မွတ်စ်လင်မ်၏ ခြားနားချက်**

ယဟူဒီဘာသာဝင်တို့သည် အလွှာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချတော်မူသော တရားဒေသနာတော်များနှင့်စပ်လျဉ်း၍ "ကျွန်တော်မျိုးတို့ ကြားပါ၏၊ သို့သော် မနာခံပါ" ဟု ပြောဆိုကြ၏။ မွတ်စ်လင်မ်များကမူ "ကျွန်တော်မျိုးတို့ ကြားပါ၏၊ အမိန့်တော် နာခံပါ၏" ဟု ပြောဆိုကြကုန်၏။ ဤကား ယဟူဒီနှင့် မွတ်စ်လင်မ်၏ ခြားနားချက်ပင်တည်း။

وَلَنْ يَّتَمَنَّوْهُ اَبَدًا بِمَا قَدَّمَتْ اَيْدِيْهِمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ﴿۹۵﴾

၉၅။ သို့ရာတွင် ထိုသူတို့သည် မိမိတို့ကိုယ်တိုင် ကျင့်မူ၍ (ငါအရှင်ထံသို့) တင်ကြို၍ ပို့ထားခဲ့လေပြီးဖြစ်သော (အကုသိုလ်ဒုစရိုက်များ၏ ပြစ်ဒဏ်များကို စိုးရိမ်ကြောင့်ကြသော)ကြောင့် မည်သည့်အခါမျှ မရဏာသေခြင်းကို အလျင်းလိုလားတောင်းတကြလိမ့်မည်မဟုတ်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကျူးလွန်သူများ(၏ အကြောင်းများ)ကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၁]

وَلَتَجِدَنَّهُمْ اَحْرَصَ النَّاسِ عَلٰى حَيٰوةٍ ۛ وَمِنَ الَّذِيْنَ اَشْرَكُوْا ۛ يَوَدُّ اَحَدُهُمْ لَوْ يُعَمَّرُ اَلْفَ سَنَةٍ ۚ وَمَا هُوَ بِمُزَحْزِحِهٖ مِنَ الْعَذَابِ اَنْ يُّعَمَّرَ ؕ وَاللّٰهُ بَصِيْرٌۢ بِمَا يَعْمَلُوْنَ ﴿۹۶﴾

၉၆။ စင်စစ်မှာမူ (ထိုယဟူဒီဘာသာဝင်များသည် သေခြင်းတရားကို အလျင်းမနှစ်သက် မလိုလားမတောင်းတကြရုံမျှမက ဤဘဝ၌ပင် ကာလကြာမြင့်စွာ) အသက်ထင်ရှား တည်ရှိနေခြင်းကို အခြားလူခပ်သိမ်းတို့ထက် ပိုမို၍ပင် တပ်မက်မောသော သူများ (ဖြစ်သည်ကို) အသင် (မုဟမ္မဒ် ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် မုချ တွေ့ရှိရပေမည်။ အခြားအခြားသော သူများကို မဆိုထားဘိဦး၊ ယင်းသူတို့သည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်နှင့် တွဲဘက်ယှဉ်ပြိုင်၍ အခြားအရာများကိုပါ ကိုးကွယ်ကြကုန်သော သူများထက်လည်း (ဤဘဝ၌ အသက်ရှည်ခြင်းကို ပိုမိုနှစ်သက် လောဘရမ္မက်ရှိကြကုန်သည်ကို အသင် တွေ့ရှိပေမည်)၊ ယင်း(ယဟူဒီ ဘာသာဝင်)တို့တွင် လူတိုင်းလူတိုင်းပင် နှစ်ပေါင်း တစ်ထောင်မျှသော အသက်ရှည်ခြင်းကို ကြိုက်နှစ်သက်ကြလေသည်။

---

① ဤအကြောင်းကိုပင် ကုရ်အာန်ကျမ်းမြတ် (၆၂ : ၆-၁)တွင် အကျယ်တဝင့် ဖော်ပြထားသည်။

သို့သော် (ဤမျှလောက် သက်တမ်းရှည်စွာ နေထိုင်ခဲ့ရသည့်တိုင်အောင်) ထိုကဲ့သို့ အသက်ရှည်ခြင်းသည် ယင်းသူတို့ကို ငရဲအပြစ်ဒဏ်များမှ ကယ်ဆယ်နိုင်လိမ့်မည် မဟုတ်ချေ၊ အမှန်စင်စစ် အလွှာဟ်အရှင်မြတ်သည် ထိုသူများ ကျင့်မူကြကုန်သော အပြုအမူများကို အကြွင်းမဲ့ ခွဲခြားသိမြင်တော်မူသောအရှင်တည်း။ [၁]

قُلْ مَنْ كَانَ عَدُوًّا لِّجِبْرِيْلَ فَاِنَّهٗ نَزَّلَهٗ عَلٰى قَلْبِكَ بِاِذْنِ اللّٰهِ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ وَهُدًى وَّبُشْرٰى لِلْمُؤْمِنِيْنَ ﴿٩٧﴾

၉၇။ (အို-နဗီတမန်တော်) အသင်သည် (ယဟူဒီဘာသာဝင်တို့အား) ဤသို့ပြောဆိုပါလေ၊ အကြင်မည်သူမဆို အပါးတော် စေတမန် ဂျိဗ်ရီလ် (အလိုင်ဟစ္စလာမ်) ကို ရန်မူအံ့၊ (သို့ရန်မူခြင်းသည် အကြောင်းမဲ့သာလျှင်ဖြစ်အံ့) အဘယ်ကြောင့်ဆိုသော် ယင်း အပါးတော်စေတမန် ဂျိဗ်ရီလ်သည် ထို (ကုရ်အာန်ကျမ်းမြတ်) ကို အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် အသင်၏ စိတ်နလုံးတွင်းသို့ ယူဆောင်ပို့ချ သူမျှဖြစ်၏။ [အပါးတော် စေတမန် ဂျိဗ်ရီလ် (အလိုင်ဟစ္စလာမ်) ယူဆောင် ပို့ချခဲ့သော] ထိုကျမ်းမြတ်သည် မိမိအလျင် ထုတ်ပြန်ပို့ချထားသော(ယဟူဒီ ဘာသာဝင်တို့၏ ကျမ်းဂန်နှင့်တကွ) အတိတ်ခေတ် ကျမ်းများကို ထောက်ခံ၏။ ထို ကျမ်းမြတ်သည် တရားမမှလည်းဖြစ်၏။ "မုအ်မင်နဲ်" သက်ဝင်ယုံကြည် သူများအဘို့ မင်္ဂလာသတင်းလည်းမည်၏။

---

① **အပိုဒ် ၁၁ နှင့် ၁၂ ၏ ဆက်စပ်မှု**

ယခုပြီးခဲ့သော အပိုဒ်များတွင် ယဟူဒီဘာသာဝင်တို့၏ မောက်မာခြင်း၊ နဗီတမန်တော်များ၏ ဩဝါဒများကို မလိုက်နာခြင်းအကြောင်း ပါရှိ၏။ လာမည့်အပိုဒ်တွင်မူ ယင်းသူတို့သည် အပါးတော် စေတမန် ဂျိဗ်ရီလ် (အလိုင်ဟစ္စလာမ်)ကိုပါ မနာလိုမုန်းတီးခြင်းအကြောင်းနှင့် ကျမ်းဂန်လာ တရားဒေသနာတော်များကို ပစ်ပယ်၍ စုန်းပယောဂအတတ်များကို လိုက်စားခြင်းအကြောင်းများ ပါရှိ၏။

مَنْ كَانَ عَدُوًّا لِّلّٰهِ وَمَلٰٓئِكَتِهٖ وَرُسُلِهٖ وَجِبْرِيْلَ وَمِيْكٰلَ فَاِنَّ اللّٰهَ عَدُوٌّ لِّلْكٰفِرِيْنَ ﴿٩٨﴾

၉၈။ မည်သူမဆို အလ္လာဟ်အရှင်မြတ်ကိုသော်လည်းကောင်း၊ ထိုအရှင်မြတ်၏ အပါးတော်စေတမန်များကိုသော်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဒူလ် တမန်တော်များ ကိုသော်လည်းကောင်း၊ အပါးတော် စေတမန် ဂျိဗ်ရီလ်(အလိုင်ဟစ္စလာမ်) ကိုသော်လည်းကောင်း၊ အပါးတော်စေတမန် မီကာလ်(အလိုင်ဟစ္စလာမ်) ကိုသော်လည်းကောင်း၊ ရန်မူခဲ့ပါမူ အလ္လာဟ်အရှင်မြတ်သည်လည်း (ထိုကဲ့သို့ရန်မူသော) ကာဖစ်ရ် သွေဖည် ငြင်းပယ်သောသူတို့၏ ရန်သူဖြစ်တော်မူ၏။

وَلَقَدْ اَنْزَلْنَآ اِلَيْكَ اٰيٰتٍۢ بَيِّنٰتٍ ۚ وَمَا يَكْفُرُ بِهَآ اِلَّا الْفٰسِقُوْنَ ﴿٩٩﴾

၉၉။ ၎င်းပြင် (အို-နဗီတမန်တော်) ငါအရှင်သည် အသင်၏ထံသို့ ထင်ရှားသော သက်သေခံ လက္ခဏာများကို ထုတ်ပြန်ပို့ချတော် မူခဲ့လေပြီ၊ ထိုသက်သေခံလက္ခဏာများကို အမိန့်တော်မနာခံသော သူယုတ်မာများမှအပ မည်သူ တစ်စုံတစ်ယောက်မျှ ထွက်ပြူငြင်းပယ်မည် မဟုတ်ချေ။

اَوَكُلَّمَا عٰهَدُوْا عَهْدًا نَّبَذَهٗ فَرِيْقٌ مِّنْهُمْ ۭ بَلْ اَكْثَرُهُمْ لَا يُؤْمِنُوْنَ ﴿١٠٠﴾

၁၀၀။ ထိုယဟူဒီ ဘာသာဝင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ကတိဝန်ခံချက် တစ်စုံတစ်ခု ထားရှိပြီးတိုင်း ထိုသူတို့အနက်မှ လူတစ်စုသည် (အစဉ်အမြဲ) ထိုဝန်ခံချက်ကို ပယ်ဖျက်လေ့ရှိကြသည်မဟုတ်ပါလော၊ အမှန်သော်ကား၊ ယင်းသူတို့တွင် မြော်က်မြားစွာသော သူတို့သည် (မိမိတို့ထံသို့ ထုတ်ပြန် ပို့ချထားသော ကျမ်းဂန်များကိုပင်) မယုံကြည်ကြချေ။

وَلَمَّا جَآءَهُمْ رَسُوْلٌ مِّنْ عِنْدِ اللّٰهِ مُصَدِّقٌ لِّمَا

၁၀၁။ တဖန် (ထိုကဲ့သို့ပင်) ယင်း(ယဟူဒီ ဘာသာဝင်) များထံသို့ အလ္လာဟ် အရှင်မြတ် အထံတော်မှ ထိုသူတို့ထံ၌ ရှိနှင့်ပြီး ဖြစ်သော

مَعَهُمْ نَبَذَ فَرِيْقٌ مِّنَ
الَّذِيْنَ اُوْتُوا الْكِتٰبَ كِتٰبَ
اللّٰهِ وَرَآءَ ظُهُوْرِهِمْ كَاَنَّهُمْ
لَا يَعْلَمُوْنَ ﴿١٠١﴾

وَاتَّبَعُوْا مَا تَتْلُوا الشَّيٰطِيْنُ
عَلٰى مُلْكِ سُلَيْمٰنَ ۚ وَمَا
كَفَرَ سُلَيْمٰنُ وَلٰكِنَّ
الشَّيٰطِيْنَ كَفَرُوْا يُعَلِّمُوْنَ
النَّاسَ السِّحْرَ ۗ وَمَآ اُنْزِلَ
عَلَى الْمَلَكَيْنِ بِبَابِلَ هَارُوْتَ
وَمَارُوْتَ ۭ وَمَا يُعَلِّمٰنِ مِنْ اَحَدٍ
حَتّٰى يَقُوْلَآ اِنَّمَا نَحْنُ
فِتْنَةٌ فَلَا تَكْفُرْ ۭ فَيَتَعَلَّمُوْنَ
مِنْهُمَا مَا يُفَرِّقُوْنَ بِهٖ بَيْنَ
الْمَرْءِ وَزَوْجِهٖ ۭ وَمَا هُمْ
بِضَاۗرِّيْنَ بِهٖ مِنْ اَحَدٍ

(တောင်ရာတ်) ကျမ်းမြတ်ကို ထောက်ခံသော နဗီတမန်တော်(မုဟမ္မဒ် ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကြွရောက်လာသည့်အခါ ထိုကျမ်းရလူမျိုးတို့အနက် မှပင် လူတစ်စုသည် မသိကြသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ ကျမ်းမြတ် (တောင်ရာတ်) ကိုပင် မိမိတို့၏ ကျောနောက်သို့ ပစ်ပယ်ထားကြလေသည်။

၁၀၂။ ထိုမျှမက (အသိအလိမ္မာ ကင်းမဲ့ကြကုန်သော ယင်းယဟူဒီဘာသာဝင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ဓမ္မဒေသနာတော်ကို မလိုက်နာကြဘဲလျက်) နဗီတမန်တော် စုလိုင်မာန်(အ) စိုးမိုးအုပ်ချုပ်မင်းပြုလုပ်နေသောအခါဝယ် ရှိုင်တွာန်များရွတ်ဘတ်သရဖျာယ်ကြလေသော စုန်းပယောဂအတတ်ကိုသာ ဆည်းပူးလိုက်စားကြကုန်၏။[၁] [ဤတွင်မျှမကသေး၊ အချို့သော လူဗာလတို့သည် နဗီတမန်တော် စုလိုင်မာန်(အ)ကိုပင် မိစ္ဆာဒိဋ္ဌိအယူကိုလိုက်စားသည် ဟုစွပ်စွဲကြသည်။] စင်စစ်တမူကား နဗီတမန်တော် စုလိုင်မာန်(အ)သည် မည်သည့်အခါမျှ မိစ္ဆာဒိဋ္ဌိအယူကို လိုက်စားခဲ့သည် မဟုတ်ချေ၊ သို့ရာတွင် ထိုရှိုင်တွာန်တို့သာလျှင် မိစ္ဆာဒိဋ္ဌိအယူကို လိုက်စားကြခဲ့၏။ ယင်းရှိုင်တွာန်တို့သည်ပင်လျှင် စုန်းပယောဂ အတတ်ကို လူတို့အား သင်ကြားပြသပေးကြလေသည်။ ထို့ပြင် တဝ (ယင်းယဟူဒီ ဘာသာဝင်တို့သည်) ဗာဗိလုံမြို့ရှိ အပါးတော်စေတမန် နှစ်ပါးဖြစ်သော ဟာရူတ်နှင့် မာရူတ်တို့အပေါ်ဝယ် ကျရောက်သည့် စုန်းပယောဂ အတတ်ကိုလည်း လိုက်နာဆည်းပူးကြလေသည်။

---

① ယဟူဒီဘာသာဝင်တို့သည် (မုချဇကန် နာခံရမည်ဖြစ်သော) အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန်ကို စွန့်လွှတ်၍ နဗီတမန်တော် စုလိုင်မာန်(အလိုင်ဟစ္စလာမ်)လက်ထက်တော်တွင် ရှိုင်တွာန်များ ရွတ်ဘတ်သော စုန်းပယောဂနှင့် မျက်လှည့်အတတ်ပညာများကိုသာ လေ့လာလိုက်စားကြကုန်သတည်း။

إِلَّا بِإِذْنِ اللَّهِ ۚ وَيَتَعَلَّمُونَ
مَا يَضُرُّهُمْ وَلَا يَنفَعُهُمْ ۚ
وَلَقَدْ عَلِمُوا لَمَنِ اشْتَرَاهُ
مَا لَهُ فِي الْآخِرَةِ مِنْ
خَلَاقٍ ۚ وَلَبِئْسَ
مَا شَرَوْا بِهِ أَنفُسَهُمْ ۚ
لَوْ كَانُوا يَعْلَمُونَ ﴿١٠٢﴾

ထိုအပါးတော်စေတမန် နှစ်ပါးတို့သည် (မိမိတို့ထံကျရောက်သော စုန်းပယောဂ အတတ်များကို) မည်သူတစ်ဦးကိုမျှ သင်ကြားပေးလေ့မရှိ။ (သင်ကြားပို့ချပေးပါရန် တောင်းဆို လျှောက်ထားလာသူတို့ကို အို-အချင်းတို့) အကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ (အသင်တို့အဘို့) အစမ်းအသပ် တစ်ရပ်အဖြစ် နှင့်သာလျှင် ဆင်းသက်ရောက်ရှိလာကြသည်။ အသင်တို့သည် (ဤစုန်းပယောဂ အတတ်ကို ဆည်းပူးလေ့လာပြီး) မိစ္ဆာဒိဋ္ဌိ အယူကို မလိုက်စားကြကုန်လင့် (ဟု သွန်သင်ဆုံးမ၍ မြစ်တားကြလေသည်)။ သို့မြစ်တားငြားသော်လည်း ယင်းသူတို့သည် ထိုအပါးတော်စေတမန်နှစ်ပါးတို့ထံမှ ဇနီးမောင်နှံနှစ်ဦးကို ပြတ်စဲစေသောအတတ်ကို နည်းခံသင်ယူကြကုန်၏။ စင်စစ်ဆိုသော် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော် မရှိဘဲလျက်နှင့် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိုအတတ်ဖြင့် ဘေးအန္တရာယ်မပြုနိုင်ကြချေ၊ အမှန်သော်ကား ယင်းသူတို့သည် မိမိတို့အား အကျိုးကျေးဇူးမဖြစ်ထွန်းစေဘဲ အကျိုးယုတ်နစ်နာစေတတ်သော စုန်းပယောဂအတတ်ကိုသာ နည်းခံသင်ယူကြလေသည်။ စင်စစ်အားဖြင့် (ထိုကဲ့သို့)အလ္လာဟ်အရှင်မြတ်၏ ကျမ်းမြတ်ဒေသနာတော်ကို ပစ်ပယ်၍ စုန်းပယောဂအတတ်ကို လေ့လာဆည်းပူးသူများအဘို့အရာ နောင်တမလွန်ဘဝတွင် ကုသိုလ်အကျိုး ဝေစုဝေပုံ မရရှိနိုင်ကြောင်းကိုလည်း ယင်းယဟူဒီဘာသာဝင်တို့သည် အသိပင်ဖြစ်ကြ သည်။ ထိုယဟူဒီများသည် မိမိတို့အသက်နှင့်ပင် လဲလှယ်၍ လေ့လာလိုက်စားဆည်းပူးထားသော ထို စုန်းပယောဂ အတတ်များသည် ဆိုးယုတ်သိမ်ဖျင်း လှစွာတကား၊

ထိုသူတို့သည် (မိမိတို့၏ဘဝ ဖြစ်အင်ကို) သိကြပါလျှင် ကောင်းလေစွ။

وَلَوْ اَنَّهُمْ اٰمَنُوْا وَاتَّقَوْا لَمَثُوْبَةٌ مِّنْ عِنْدِ اللّٰهِ خَيْرٌ ؕ لَوْ كَانُوْا يَعْلَمُوْنَ ﴿۱۰۳﴾

၁၀၃။ (ယဟူဒီ ဘာသာဝင်တို့၏ အဖြစ်သည် ဝမ်းနည်း ကြေကွဲစရာပင်၊) အကြောင်းမှာအကယ်၍သာ ထိုသူတို့သည် (အလ္လာဟ် အရှင်မြတ်၏ တရားဒေသနာတော်များကို စိတ်စေတနာဖြူစင်စွာဖြင့်) ယုံကြည်မြတ်နိုး၍ ပြစ်မှုဒုစရိုက်များမှ ဝေးစွာကြဉ် ရှောင်ပါမူ ယင်းသူတို့သည် (အလွန်ချစ်ကြင်သနားတော်မူသော) အလ္လာဟ်အရှင်မြတ် အထံတော်မှ ထူးကဲမြင့်မြတ်လှစွာသော ဆုလာဘ်ပဏ္ဏာများကို ဧကန်မုချ ရကြကုန်ရာသည်။ ယင်းသူတို့သည် (ဤမျှပင်) သိရှိနားလည်ကြပါမူ တော်လေစွတကား။ [၁]

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَقُوْلُوْا رَاعِنَا وَقُوْلُوا انْظُرْنَا وَاسْمَعُوْا ؕ وَلِلْكٰفِرِيْنَ

၁၀၄။ အို-ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြကုန်သော ("မုအ်မင်အန်") အပေါင်းတို့၊ အသင်တို့သည် [နဗီတမန်တော် မုဟမ္မဒ်(ဆွ)အထံဝယ် မည်သည့် အကြောင်းအရာကိုမဆို လျှောက်ထားသောအခါ၌] *"ရာအိနာ" ဟူသောပုဒ်ကို မသုံးစွဲကြကုန်လင့်၊* [၂] "ဥန်ဇုရ်နာ" ဟူသောပုဒ်ကိုသာ သုံးစွဲကြကုန်။

---

① **အပိုဒ် ၁၂ နှင့် ၁၃ ၏ဆက်စပ်မှု**

အပိုဒ် ၁၂ တွင် ယဟူဒီဘာသာဝင်တို့သည် အပါးတော် စေတမန်များကိုပင်လျှင် မနာလိုမုန်းတီးခြင်းအကြောင်း၊ ကျမ်းဂန်လာ တရားဒေသနာတော်များကို ပစ်ပယ်၍ စုန်းပယောဂအတတ်များကို လေ့လာလိုက်စား မိုက်မှားခြင်းအကြောင်းများပါရှိသည်။

ယခုလာမည့် အပိုဒ်တွင် ယင်းယဟူဒီဘာသာဝင်များနှင့်တကွ ပေါင်းဘော် ပေါင်းဘက်ဖြစ်ကြသော အခြားမိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့ကိုယ်တိုင် ကိုယ်ကျင့်တရား ပျက်ပြားကြသည်သာမက သီလဝန္တသမ္မာဒိဋ္ဌိ အယူရှိသူများကိုပင် မိစ္ဆာဒိဋ္ဌိဘဝသို့ တဖန်ပြန်လည်ပို့ဆောင်ရန် ဆန္ဒပြင်းပြစွာထားရှိပြီး စည်းကမ်းမဲ့ ပရမ်းပတာ ထင်မိထင်ရာ ပြောဆို၍ နဗီတမန်တော်ကို ပြောင်လှောင် ပြက်ရယ်ပြုကြသည့် အကြောင်းအရာများ ပါရှိလေသည်။

② သာဝကကြီးများသည် နဗီတမန်တော်မုဟမ္မဒ်(ဆွ)ထံဝယ်အကြောင်းအရာတစ်ခုခုကို လျှောက်တင်လိုသော အခါကျွန်တော်မျိုးတို့ကိုထောက်ထားတော်မူပါဟု အနက်အဓိပ္ပါယ်ပေးသော "ရာအိနာ"ပုဒ်ကို သုံးဆေ့ရှိကြသည် ➤➤

عَذَابٌ أَلِيمٌ ﴿١٠٥﴾

ငင်းပြင် အသင်တို့သည် [နဗီတမန်တော် မုဟမ္မဒ်(ဆွ)၏ ဒေသနာတော်များကို မြေဝယ်မကျ] နာခံကြကုန်။ အကြောင်းသော်ကား (ထိုတရားဒေသနာတော်များကို) သွေဖည်ငြင်းဆန် မနာခံကြကုန်သော မိစ္ဆာဒိဋ္ဌိတို့အဘို့မှာ ပြင်းပြနာကျင်ဘွယ်ဖြစ်သော အပြစ်ဒဏ်များသည် အသင့်ရှိနှင့်ချေပြီ။

مَا يَوَدُّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَلَا الْمُشْرِكِينَ أَنْ يُنَزَّلَ عَلَيْكُمْ مِنْ خَيْرٍ مِنْ رَبِّكُمْ ۚ وَاللَّهُ يَخْتَصُّ بِرَحْمَتِهِ مَنْ يَشَاءُ ۚ وَاللَّهُ ذُو الْفَضْلِ

၁၀၅။ အထက်ကျော်ကာလများက *ကျမ်းရခဲ့ပြီး* ဖြစ်သောလူတို့ [၁] အနက်မှသော်လည်းကောင်း၊ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်နှင့် တွဲဘက် ယှဉ်တွဲ၍ အခြားအရာများကိုပါ ကိုးကွယ်ကြသော သူများအနက်မှ သော်လည်းကောင်း၊ (အလ္လာဟ်အရှင်မြတ်ကို) မယုံမကြည် သွေဖည်ငြင်းဆန်သော သူတို့သည် [၂] အသင်တို့အား ပြုစုပျိုးထောင် မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ အသင်တို့အထံဝယ် မည်သည့်ကောင်းကျိုးချမ်းသာ (ကြီးပွားရာ ကြီးပွားကြောင်းနှင့် အမိန့်ဗျာဒိတ်တော်များ) ပို့ချပေးသနားတော်မူခြင်းကို (လုံး၀) မနှစ်သက်ကြချေ။

➤➤ သို့သော် ယဟူဒီဘာသာဝင်တို့သည် ယင်းပုဒ်ကိုပင် အနည်းငယ်နှုတ်လျှာကို ပြောင်းလွဲလျက် နဗီတမန်တော်၏ ဂုဏ်ဒြဇ်ကို ထိပါးစေ၍ ဆဲဆိုခြင်း အနက်သဘောပါရှိသောပုဒ် ဖြစ်လေအောင်ဖန်တီး၍ ဆိုလေ့ရှိကြသည်၊ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က ထိုပုဒ်ကို မသုံးစွဲကြနှင့်ဟု တားမြစ်တော်မူခြင်းဖြစ်သည်။

① (أَهْلِ الْكِتَٰبِ) ၏ မူရင်းအနက်မှာ ကျမ်းရသူများဟု ဖြစ်သည်။ သို့ရာတွင် ဤပါဒတွင် ယင်းပုဒ်ကိုပင် ယဟူဒီဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များအတွက် သီးသန့်၍ သုံးထားသည်။

② ရှေးအထက်ကျော်ကာရီက ပွင့်တော်မူပြီးသော နဗီတမန်တော်များကို အလ္လာဟ်အရှင်မြတ်က နဗီတမန်တော်အစ္စဟာက်(အ)၏မျိုးနွယ်မှ ပွင့်စေတော်မူခဲ့၏။ နဗီတမန်တော်မုဟမ္မဒ်(ဆွ)ကိုမူ နဗီတမန်တော် အစ္စမာအီလ်(အ)၏ မျိုးနွယ်မှ ပွင့်စေတော်မူရာ ယဟူဒီဘာသာဝင်တို့သည် ဤအကြောင်းကို အလျင်းမနှစ်သက်ကြချေ။

ယဟူဒီဘာသာဝင်တို့၏ လိုလားချက်မှာ ပွင့်လေသမျှသော နဗီတမန်တော်များသည် အစ္စရာအီလ်မျိုးနွယ်ထဲမှသာ ဖြစ်စေလိုသည်။ အခြားမျိုးနွယ်မှ ပွင့်တော်မူခြင်းကို မလိုလားကြချေ။

ထိုသူတို့၏ လိုလားချက်နှင့် ဆန့်ကျင်၍ နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် အစ္စမာအီလ် ➤➤

الْعَظِيْمِ ﴿١٠٥﴾

သို့ရာတွင် (ယင်းသူတို့၏ မနာလိုဝန်တိုကြသဘာမစ္ဆရိယစိတ်စေတနာ ထားခြင်းသည် အချည်းနှီးပင်တည်း) အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူများကို (သာလျှင်) မိမိကရုဏာတော်မြတ် (သက်ရောက်စေတော်မူရန်) သီးသန့်ခြားနားရွေးကောက်တော်မူလေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်သောကျေးဇူးတော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်တည်း။

مَا نَنْسَخْ مِنْ اٰيَةٍ اَوْ نُنْسِهَا نَاْتِ بِخَيْرٍ مِّنْهَآ اَوْ مِثْلِهَا ؕ اَلَمْ تَعْلَمْ اَنَّ اللّٰهَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿١٠٦﴾

၁၀၆။ အကယ်၍ ငါအရှင်သည် အကြင်အာယတ်တော်(၏ အဓိန့်တော်)ကို ရပ်စဲတော်မူအံ့၊ သို့တည်းမဟုတ် ထိုအာယတ်တော်ကိုပင် မေ့ပျောက်စေတော်မူအံ့၊ ငါအရှင်သည် ထိုအာယတ်တော်ထက် ပိုမိုသင့်မြတ်သော အာယတ်တော်ကိုသော် လည်းကောင်း၊ ထိုအာယတ်တော်နှင့် အလားတူ အာယတ်တော်ကိုသော်လည်းကောင်း၊ ထုတ်ပြန် ပို့ချတော်မူသည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ချင့်ချိန်မှန်းဆ၍ စွမ်းဆောင်နိုင်တော် မူသော အနန္တတန်ခိုးတော်ရှင် ဖြစ်သည်ကို အသင်သည်မသိပါသလော။

اَلَمْ تَعْلَمْ اَنَّ اللّٰهَ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِىٍّ وَّلَا نَصِيْرٍ ﴿١٠٧﴾

၁၀၇။ (ထိုမှတပါး၊ အို-နဗီတမန်တော်) ကောင်းကင်ဘုံများနှင့် ပထဝီမြေကို (ငါ)အလ္လာဟ်အရှင်မြတ်သာလျှင် စိုးပိုင်တော်မူကြောင်း အသင်မသိလေသလော၊ ထို့ပြင်တဝ (အို-လူသားတို့) အသင်တို့အဘို့အရာအလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ကြည့်ရှုစောင့်ရှောက်မည့်သူဟူ၍၎င်း၊ ကူညီ မ,စမည့်သူဟူ၍၎င်း၊ မရှိချေ။

➤➤ မျိုးနွယ်မှ ပွင့်သည့်ပြင် ကုရ်အာန်ကျမ်းကလည်း တဖန် အရဗီဘာသာဖြင့် ကျရောက်လာသည်ကို အလွန်ပင် မနှစ်သက်၍ နဗီတမန်တော် မုဟမ္မဒ်(ဆွ)နှင့် ကုရ်အာန်ကျမ်းမြတ်ကို ငြင်းပယ် ပုတ်ခတ်ကြလေသည်။

أَمْ تُرِيدُونَ أَن تَسْـَٔلُوا۟
رَسُولَكُمْ كَمَا سُئِلَ مُوسَىٰ
مِن قَبْلُ ۗ وَمَن يَتَبَدَّلِ
ٱلْكُفْرَ بِٱلْإِيمَٰنِ فَقَدْ ضَلَّ
سَوَآءَ ٱلسَّبِيلِ ﴿١٠٨﴾

၁၀၈။ (အို-အစ္စရာအီလ်၏ မျိုးနွယ်ဝံသအပေါင်းတို့) ရှေးအထက်ကျော်ကာလ၌ (အသင်တို့၏ ဘိုးဘေးများက) နဗီတမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား (မလျော်ကန်သော အချက်များကို) တောင်းဆိုမေးမြန်းကြသကဲ့သို့ အသင်တို့ကလည်း မိမိတို့ခေတ်၌ပွင့်တော်မူသော နဗီတမန်တော် (မုဟမ္မဒ်ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) အား ထိုကဲ့သို့ပင် တောင်းဆိုမေးမြန်းရန် အလိုဆန္ဒရှိကြပါသလော။ မည်သူမဆို ယုံကြည်ခြင်းသဒ္ဒါတရားကို စွန့်ပယ်၍ မိစ္ဆာအယူကို လဲလှယ်(လက်ခံနာ)ယူပါမူ၊ ထိုသူသည် မချွတ်ဧကန် ဖြောင့်မတ်မှန်ကန်သောလမ်းမှ တိမ်းပါးလွဲချော်သွားချေပြီ။

وَدَّ كَثِيرٌ مِّنْ أَهْلِ ٱلْكِتَٰبِ
لَوْ يَرُدُّونَكُم مِّنۢ بَعْدِ
إِيمَٰنِكُمْ كُفَّارًا حَسَدًا مِّنْ
عِندِ أَنفُسِهِم مِّنۢ بَعْدِ
مَا تَبَيَّنَ لَهُمُ ٱلْحَقُّ ۚ
فَٱعْفُوا۟ وَٱصْفَحُوا۟ حَتَّىٰ
يَأْتِىَ ٱللَّهُ بِأَمْرِهِۦٓ ۗ إِنَّ ٱللَّهَ
عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿١٠٩﴾

၁၀၉။ စင်စစ်မှာမူကား ကျမ်းဂန်ရရှိကြကုန်သော (ယဟူဒီဘာသာဝင်များ)အနက်မှ မြောက်မြားစွာသော သူတို့သည်၊ ထင်ရှားခဲ့ပြီးအမှန်သည် ယင်းသူတို့အတို့နောက်သော်မှပင် မိမိတို့စိတ်တွင်း၌ ထားရှိကြကုန်သော မနာလိုဝန်တိုငြူစူခြင်းသဘောများကြောင့် အသင်တို့အား သမ္မာဒိဋ္ဌိဘဝမှ တဖန် မိစ္ဆာဒိဋ္ဌိဘဝသို့ ပြန်လည် ပို့ဆောင်လိုကြသည်။ သို့ဖြစ်ငြားသော်လည်း၊ အလ္လာဟ်အရှင်မြတ်အထံတော်မှ အမိန့်တော်ကျရောက်လာသည့်တိုင်အောင် အသင်တို့သည်၊ ခန္တီတရားကို အမြဲထား၍ ယင်းသူတို့အားလျစ်လျူရှုကာ ခွင့်လွှတ်နေကြကုန်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် စွမ်းဆောင်နိုင်တော်မူသော အနန္တတန်ခိုးတော်ရှင်တည်း။

وَأَقِيمُوا۟ ٱلصَّلَوٰةَ وَءَاتُوا۟

၁၁၀။ ထိုမှတပါး အသင်တို့သည် "ဆွလာတ်" ဝတ်ပြုခြင်းကို အမြဲတစေ ဆောက်တည်ကြလေကုန်၊

الزَّكٰوةَ ۭ وَمَا تُقَدِّمُوْا لِاَنْفُسِكُمْ مِّنْ خَيْرٍ تَجِدُوْهُ عِنْدَ اللّٰهِ ۭ اِنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ۝١١٠

ငင်းပြင် အသင်တို့သည် "ဇကာတ်" တရားဝင်ဒါန ကြေးများကို ပေးဆောင်ကြလေကုန်။ ထို့ပြင်တဝ အသင်တို့သည် မည်သည့်ကောင်းမှုကုသိုလ်ကိုမဆို မိမိတို့အဘို့အရာ ရှေ့သို့ တင်ကြိုပို့ထားနှင့်ကြပါမူ အလ္လာဟ်အရှင်မြတ်အထံတော်မှ ယင်းကောင်းမှု(၏) ကုသိုလ် အကျိုး)ကို အသင်တို့ရရှိကြအံ့၊ မုချအမှန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူကြ ကုန်သော အရာခပ်သိမ်းတို့ကို အကြွင်းမရှိ သိမြင်တော်မူသော အရှင် ဖြစ်တော်မူ၏။

وَقَالُوْا لَنْ يَّدْخُلَ الْجَنَّةَ اِلَّا مَنْ كَانَ هُوْدًا اَوْ نَصٰرٰى ۭ تِلْكَ اَمَانِيُّهُمْ ۭ قُلْ هَاتُوْا بُرْهَانَكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ۝١١١

၁၁၁။ ထို့ပြင်တဝ ယင်းသူတို့က ပြောဆိုကြသည်မှာ၊ "ဂျန္နတ်" အမတသုခဘုံတွင်းသို့ ယဟူဒီဘာသာဝင်သို့မဟုတ် ခရစ်ယာန်ဘာသာဝင်တို့မှအပ (အခြား) မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့်အခါမျှ ဝင်ရောက်နိုင်မည်မဟုတ်ချေ။ ထိုပြောဆိုချက်များသည်ကား ယင်းသူတို့၏ (စိတ်ကူးအလျောက် အချည်းနှီးသော) တပ်မက်မောခြင်းမျှသာဖြစ်သည်။ အို-နဗီတမန်တော်မုဟမ္မဒ်(ဆွ) အသင်သည် ယင်းသူတို့အား ဟယ်-အချင်းတို့၊ အကယ်စင်စစ် အသင်တို့သည်၊ (ဤအကြောင်းများနှင့် စပ်လျဉ်း၍) ဟုတ်မှန်ရာကို ပြောဆိုကြသူများသာဖြစ်ကြလျှင် မိမိတို့၏ အခိုင်လုံဆုံးသော သက်သေခံသာဓက အထောက်အထားများ ဆောင်ယူ(တင်ပြ) ကြကုန်လော့ဟု ပြောဆိုပါလေ။

بَلٰى مَنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ فَلَهٗٓ اَجْرُهٗ عِنْدَ رَبِّهٖ ۠ وَلَا خَوْفٌ عَلَيْهِمْ

၁၁၂။ ထို(ယဟူဒီဘာသာဝင်များနှင့် ခရစ်ယာန်တို့ ပြောဆို ကြသောစကားသည်၊ အဘယ်မှာလျှင် ဟုတ်မှန်ပါအံ့နည်း) စင်စစ်သော်ကား မည်သူမဆို မိမိကိုယ်ကို အလ္လာဟ်အရှင်မြတ်အား လုံးဝ အပ်နှင်းပြီး (ခယရိကျိုး ရှိခိုး၍) ကောင်းမှု ကုသိုလ်များကို

وَلَا هُمْ يَحْزَنُونَ ﴿١١٢﴾

ပွားများခဲ့ပါလျှင် ထိုကဲ့သို့သော သူတို့သည် မိမိတို့၏ အရှင့်အထံတော်၌ အကျိုးကျေးဇူးများကို မုချရရှိ၍ စိုးရိမ်ကြောင့်ကြ ပူဆွေးကြရမည်လည်း မဟုတ်ချေ။

وَقَالَتِ الْيَهُودُ لَيْسَتِ النَّصَارَىٰ عَلَىٰ شَيْءٍ وَقَالَتِ النَّصَارَىٰ لَيْسَتِ الْيَهُودُ عَلَىٰ شَيْءٍ وَهُمْ يَتْلُونَ الْكِتَابَ كَذَٰلِكَ قَالَ الَّذِينَ لَا يَعْلَمُونَ مِثْلَ قَوْلِهِمْ ۚ فَاللَّهُ يَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١١٣﴾

၁၁၃။ ယဟူဒီတို့က ခရစ်ယာန်တို့သည် မည်သည့် အခြေခံတရားပေါ်၌မျှ တည်ရှိနေကြသည်မဟုတ်ဟူ၍၎င်း၊ ထိုနည်းတူစွာ ခရစ်ယာန်တို့ကလည်း ယဟူဒီဘာသာဝင်တို့သည် မည်သည့် အခြေခံတရားပေါ်၌မျှ တည်ရှိနေကြသည်မဟုတ်ဟူ၍၎င်း၊ (တစ်စုကိုတစ်စု ပုတ်ခတ်) ပြောဆိုကြကုန်၏။ [၁] စင်စစ်တမူကား ယင်းသူတို့နှစ်စုစလုံးသည် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ထုတ်ပြန်ပို့ချသော တဆူတည်းသော) ကျမ်းဂန်ကိုပင် ရွတ်ဘတ်သရဇ္ဈာယ်လျက် ရှိကြကုန်၏။ ဤကဲ့သို့ ယဟူဒီဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ ပြောဆိုကြသကဲ့သို့ပင် သာသနာရေး၌ တတ်သိ လိမ္မာခြင်းမရှိသော ပညာမဲ့သူ တို့ကလည်း (အစ္စလာမ် သာသနာသည် အခြေအမြစ်မရှိသော သာသနာဖြစ်သည်ဟူ၍) ပြောဆိုကြလေသည်။ သို့ဖြစ်ရာ အလ္လာဟ် အရှင်မြတ်သည် ရှင်ပြန်ထမည့်နေ့၌ ယင်းသူတို့ ငြင်းခုံလျက်ရှိသော ပြဿနာရပ် အကြောင်းခြင်းရာများကို (မျက်ဝါးထင်ထင် ပေါ်လွင်ထင်ရှားစွာ) စီရင် ဆုံးဖြတ်အမိန့်ချမှတ်တော်မူအံ့။

---

① ယဟူဒီများနှင့် ခရစ်ယာန်တို့သည် ကျမ်းရသောသူများဖြစ်ကြ၏။ ယဟူဒီတို့ထံ၌ "တောင်ရာတ်" ခေါ် ပဋိညာဉ် တရားတော်ဟောင်းရှိ၏။ ခရစ်ယာန်တို့ထံ၌ အင်နှိုလ် ခေါ် ပဋိညာဉ် တရားတော်သစ်ရှိ၏။ ဖော်ပြပါကျမ်းနှစ်စောင်သည် တစ်စောင်ကိုတစ်စောင် ထောက်ခံလျက်ရှိ၏။ သို့ဖြစ်သော်လည်း ယဟူဒီနှင့် ခရစ်ယာန်တို့သည် အယူသည်း၍ တစ်စုကိုတစ်စု ပုတ်ခတ်ပြောဆိုကြ လေသည်။

وَمَنْ أَظْلَمُ مِمَّنْ مَّنَعَ
مَسٰجِدَ اللّٰهِ أَنْ يُّذْكَرَ فِيهَا
اسْمُهُ وَسَعٰى فِي خَرَابِهَا ۚ
أُولٰٓئِكَ مَا كَانَ لَهُمْ أَنْ
يَّدْخُلُوهَآ إِلَّا خَآئِفِينَ ۚ
لَهُمْ فِي الدُّنْيَا خِزْيٌ وَّلَهُمْ
فِي الْآخِرَةِ عَذَابٌ عَظِيمٌ ﴿١١٤﴾

၁၁၄။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များ၌ ထိုအရှင်မြတ်၏ နာမ်တော်ကို ထုတ်ဖော်တသ စီးဖြန်းသရဇ္ဈာယ်ခြင်း၊ ဂုဏ်တော်ဩဇာမွမ်းခြင်းကို တားဆီးပိတ်ပင် ကန့်ကွက်ကြရုံမျှ မကထို ဗလီ ကျောင်းတော်များ၏ ပျက်စီးရာပျက်စီးကြောင်းကိုလည်း ကြိုးပမ်းအားထုတ် ကြကုန်သောသူတို့ထက် သာလွန်ဆိုးယုတ်သော သူသည် အဘယ်မှာလျှင် ရှိနိုင်ပါဦးအံ့နည်း၊ (ဗလီကျောင်းတော်များကို ဖျက်ဆီးဘို့ရာဝေးစွ၊) ထိုသူတို့ကိုယ်တိုင်ပင်လျှင် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ရိုသေသောစိတ်ဖြင့် ထိုဗလီကျောင်းတော် များတွင်သို့ ဝင်ရောက်ရာ၏။ ထိုကဲ့သို့ ဖျက်ဆီးရန် ကြိုးပမ်းခဲ့ကြသောသူတို့၏ အဘို့ရာကား ဤဘဝ၌ပင် ဂုဏ်အသရေ ဆုတ်ယုတ်ခြင်း ဖြစ်သည့်ပြင် နောင် တမလွန်ဘဝ၌လည်း ထိုသူတို့အဘို့ ကြီးလေးသော အပြစ်ဒဏ် (အဆင်သင့်စီမံပြီး) ရှိလေသတည်း။ [၁]

وَلِلّٰهِ الْمَشْرِقُ وَالْمَغْرِبُ ۚ
فَأَيْنَمَا تُوَلُّوا فَثَمَّ وَجْهُ
اللّٰهِ ۚ إِنَّ اللّٰهَ وَاسِعٌ

၁၁၅။ စင်စစ်ဆိုသော် အရှေ့နှင့်အနောက် (အစရှိသော အရပ် ၈ မျက်နှာမျှမက ရှိရှိသမျှသော စကြာဝဠာများကိုပင်) အလ္လာဟ် အရှင်မြတ်က (ဖန်ဆင်းတော်မူလေသည်ဖြစ်ရာ) ထိုအရှင်သည် သာလျှင် စိုးပိုင်တော်မူသောအရှင်တည်း။

---

① **ပါဒ ၂ : ၁၁၄ နှင့် ၂ : ၁၁၅၏ ဆက်စပ်မှု**

ယခုပြီးစီးခဲ့သော ပါဒ ၁၁၄ တွင် မိစ္ဆာဒိဋ္ဌိတို့သည် မွတ်စ်လင်မ်တို့အား ဗလီဝတ်ကျောင်းများ၌ ဝတ်ပြုခြင်းကိစ္စတို့မှ ပိတ်ပင်တားဆီး၍ အစွန်လာမ် သာသနာကို ချေမှုန်းဖျက်ဆီးရန် အမျိုးမျိုး ကြိစည်ကြိုးပမ်း ခဲ့ကြောင်းကို ဖော်ပြခဲ့လေပြီ၊ သို့သော် ပတ္တမြားမှန် နံ့မှာနှစ်လည်းမည်စ် ဆိုသည်နှင့်အညီ အစွန်လာမ်သာသနာသည် မည်သည့်အခါမျှ တိမ်ကောမည်မဟုတ်၊ အစွန်လာမ်သာသနာသည် အမိုက်မှောင်များကိုခွင်း၍ ကမ္ဘာအဝှန်းကို အလင်းပေးမည့်အကြောင်း အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအရပ်ရပ်၌ မွတ်စ်လင်မ်များအား ကူညီမှိုင်းမတော်မူမည့်အကြောင်းများကို ပါဒ ၁၁၅တွင် ဖွင့်ဟမိန့်ဆိုထားတော်မူသည်။

عَلِيْمٌ ﴿١١٥﴾

သို့ဖြစ်လေရာ အသင်တို့သည် (ထိုအရှင်မြတ်ကို ခပ်ကိုးကွယ်ရာ၌) မည်သည့်ဘက်သို့မဆို မျက်နှာပြုကြပါမူ ထို(မျက်နှာပြုရာ)ဘက်၌ပင် အလ္လာဟ်အရှင်မြတ်၏ မျက်နှာတော်သည် (အသင်တို့ ရှေ့တွင်) ရှိနေတော်မူသည်(ဟု မှတ်ပါလေ၊) (အကြောင်းဟူမူ) ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် (အနန္တ တန်ခိုးတော်ရှင် ဖြစ်တော်မူသည့်အတိုင်း) ခပ်သိမ်းကုန်(သော အရပ်ဒေသ)တို့ကို လွှမ်းခြုံတော်မူသောအရှင်၊ အလုံးစုံကို အကြွင်းမဲ့ သိတော် မူသောအရှင် ဖြစ်တော်မူသော ကြောင့်တည်း။

وَقَالُوا اتَّخَذَ اللّٰهُ وَلَدًا سُبْحٰنَهٗ ؕ بَلْ لَّهٗ مَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ كُلٌّ لَّهٗ قٰنِتُوْنَ ﴿١١٦﴾

၁၁၆။ ထို(ခရစ်ယာန်)တို့သည် အလ္လာဟ်အရှင်မြတ်၌သားတော်ရှိသည်ဟူ၍ (မဟုတ်မလျား စွပ်စွဲ) ပြောဆိုကြကုန်၏။ (ဤစကားသည် မှားလေစွ၊ အကြောင်းမှာ) အလ္လာဟ်အရှင်မြတ်သည် (ဃရာ ဝါသအိမ်ထောင်မှုကိစ္စတို့မှ) လုံးလုံးကင်းစင် တော်မူသော အရှင်တည်း။ စင်စစ်တမူကား မိုးကောင်းကင်နှင့် ပထဝီမြေပြင်၌ ရှိရှိသမျှသော အရာခပ်သိမ်းတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ ထိုထိုသော အရာခပ်သိမ်းတို့သည်လည်း ထိုအရှင်မြတ်၏ အမိန့်တော်ကို နာခံလျက် ရှိကြကုန်၏။

بَدِيْعُ السَّمٰوٰتِ وَالْاَرْضِ ؕ وَ اِذَا قَضٰۤى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ﴿١١٧﴾

၁၁၇။ (ထိုအလ္လာဟ် အရှင်မြတ်သည်) မိုးကောင်းကင်များနှင့်တကွ ပထဝီမြေပြင်ကို စတင်ပြုပြင်ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူသည်၊ (ထိုမျှမကသေး) မည်သည့်အခါမဆို ထိုအရှင်မြတ်သည် တစ်စုံတစ်ခုသော အမှုကိစ္စကို ဆုံးဖြတ်စီရင် ပြဋ္ဌာန်းတော်မူလိုပါလျှင် (နတ္ထိတ မရှိရာဘဝမှ အတ္ထိတ ရှိရာဘဝသို့) ဖြစ်စေ(ဟူသောအမိန့်တော်) ပေးရုံမျှဖြင့်

ထိုအမှုကိစ္စ အဝဝတို့သည် (ပြကတော့ အလိုရှိတော်မူသည့်အတိုင်း တခဏချင်းတွင်ပင်) ဖြစ်ပေါ်လာလေသတည်း။

وَقَالَ الَّذِيْنَ لَا يَعْلَمُوْنَ لَوْلَا يُكَلِّمُنَا اللّٰهُ اَوْ تَاْتِيْنَآ اٰيَةٌ ؕ كَذٰلِكَ قَالَ الَّذِيْنَ مِنْ قَبْلِهِمْ مِّثْلَ قَوْلِهِمْ ؕ تَشَابَهَتْ قُلُوْبُهُمْ ؕ قَدْ بَيَّنَّا الْاٰيٰتِ لِقَوْمٍ يُّوْقِنُوْنَ ﴿۱۱۸﴾

၁၁၈။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကို တရားတော်အတိုင်း လိုက်နာကျင့်စေလိုပါလျှင်) အဘယ်ကြောင့် ထိုအရှင်မြတ်သည် ကျွန်ုပ်တို့နှင့် တိုက်ရိုက်စကားမပြောကြားပါသနည်း၊ သို့တည်းမဟုတ် ကျွန်ုပ်တို့ထံသို့ (ထင်ရှားပေါ်လွင်သော) သက်သေလက္ခဏာ တစ်စုံတစ်ခုကို မပို့ချပါသနည်းဟု အသိတရားကင်းမဲ့သောသူများက ပြောဆိုကြကုန်၏။ ထိုနည်းတူစွာ ယင်းသူတို့၏အထက်အဆက်ဆက်က ဖြစ်ခဲ့ဘူးသော ရှေးသူမိုက်တို့ကလည်း ဤသူများပြောဆိုကြသကဲ့သို့ပင် ပြောဆိုခဲ့ကြလေပြီ၊ ယင်းသူတို့အားလုံး၏ စိတ်နှလုံးများသည် (အသိအလိမ္မာကင်းမဲ့ရာ၌ခင်း၊ မောက်မာပလွားရာ၌ခင်း) ထပ်တူထပ်မျှပင် ဖြစ်ချေသည်။ ဧကန်ဆတ်ဆတ် ငါအရှင်မြတ်သည် ယုံကြည်လိုကြကုန်သော သူတို့အဘို့အရာ (အသင်၏ တမန်တော်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍) မြောက်မြားစွာသော ထောက်ခံချက် သက်သေလက္ခဏာရပ် [၁] တို့ကို ရှင်းလင်းထင်ရှားစွာ ဖော်ပြထားတော်မူပြီဖြစ်လေသည်။

---

① နောက်ဆုံးပွင့်သော နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် နဗီတမန်တော်တစ်ပါး: ဟုတ်မှန်ကြောင်းနှင့် စပ်လျဉ်း၍ အကြီးဆုံးသော တန်ခိုးပြာဋိဟာသက်သေလက္ခဏာသည် ကုရ်အာန်ကျမ်းမြတ်ပင် ဖြစ်လေသည်။ ဖေါ်ပြပါအချက်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်း (၂၉း၅၁)တွင် အောက်ပါအတိုင်းမိန့်ဆိုထားသည်။

ထိုသူတို့ရှေ့မှောက်တွင် ရွတ်ဖတ်သရဇ္ဈာယ်ရန် အလို့ငှာ၊ ငါအရှင်သည် အသင့်ထံသို့ ထုတ်ပြန်ပို့ချတော် မူလိုက်သော (ကုရ်အာန်)ကျမ်းဂန်သည် ထိုသူများအဘို့ မလုံလောက်ပါသလော။

ဤအကြောင်းကိုပင် (ကုရ်အာန် ၆း၃၃-၃၅၊ ၂၉း၄၇-၅၁) တွင် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

إِنَّآ أَرۡسَلۡنَٰكَ بِٱلۡحَقِّ بَشِيرٗا وَنَذِيرٗا وَلَا تُسۡـَٔلُ عَنۡ أَصۡحَٰبِ ٱلۡجَحِيمِ ١١٩

၁၁၉။ (အလ္လာဟ်အရှင်မြတ်အဘို့မှာ ထိုအသိ တရားကင်းမဲ့သူများနှင့် တိုက်ရိုက် စကားပြောရန် လည်းမလို၊ ယင်းသူတို့ထံ အထူးတလည် သက်သေ လက္ခဏာများ ပို့ချရန်လည်းအကြောင်းမရှိ၊ အဘယ် ကြောင့်နည်းဟူမူ) ဧကန်အမှန် ငါအရှင်မြတ်သည် အသင် (မုဟမ္မဒ်)အား (ခပ်သိမ်းကုန်သော သတ္တဝါတို့ကို တရားရေအေးအမြိုက်ဆေး တိုက်ကျွေး ရန်) သဒ္ဓမ္မပရမတ္ထတရားတော် [၁] နှင့် (ယုံကြည် လိုက်နာသူတို့ကို အကျိုးဆုလာဘ်များ ရရှိမည့် အကြောင်း) ဝမ်းမြောက် ဘွယ်ရာသော မင်္ဂလာ သတင်း ပြောကြားသူအဖြစ်၎င်း၊ (မယုံမကြည် သွေဖည်ငြင်းဆန်သူတို့အား ပြစ်ဒဏ်များ ခံစားရမည့် အကြောင်းကို) သတိပေး နှိုးဆော်သူအဖြစ်၎င်း၊ စေလွှတ်တော်မူလေသတည်း။ သို့သော် (မိမိတို့ ကံကြမ္မာအားဖြင့် ငရဲလားကြကုန်သော) ငရဲသားများ နှင့်ပတ်သက်၍ အသင်သည် (မည်သို့မျှပင် အပြစ် တင်) စောကြောစစ်ဆေး မေးမြန်ခြင်းကို ခံရမည် မဟုတ်ပေ။ [၂]

---

① (အလိုကား) အို - မုဟမ္မဒ်၊ ငါအရှင်သည် အသင့်အား အစွမ်းလမ်းသာသနာတော်ဖြင့် ခြီးမြှင့်၍ စေလွှတ်တော်မူခဲ့သည်၊ ငါအရှင်သည် အစွမ်းလမ်းသာသနာအပြင် မည်သည့်သာသနာကိုမျှ လက်ခံတော် မူမည်မဟုတ်၊ အစွမ်းလမ်းသာသနာသည်သာလျှင် မှန်ကန်သော သာသနာတော်တည်း။ (အီဗ်နုကျရီရ်)

② အသင်သည် ငရဲလားမည့်သူများနှင့်စပ်လျဉ်း၍ စောကြောခြင်းခံရမည် မဟုတ်ဟု ဆိုထားခြင်းအကြောင်းမှာ ပွင့်လေသမျှသော နဗီတမန်တော်များသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ ထုတ်ပြန်ပို့ချသော တရားဒေသနာတော်များကို သက်ဆိုင်ရာအမျိုးသားများထံသို့ စ, လယ်, ဆုံး မှန်ကန်စွာ ဆင့်ဆိုပြောကြားသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များသာ ဖြစ်ကြပေရာ တရားဒေသနာတော်များကို ဟောကြားခြင်းသည်သာလျှင် ယင်းနဗီတမန်တော်များ၏ တာဝန်ဖြစ်ချေသည်၊ သို့ဟောကြားသည့်အဆုံး၌ ကြားနာသူတို့သည် တရားရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထိုနဗီတမန်တော်များ၏ တာဝန်မဟုတ်တော့ချေ။ ကြည့် - ကုရ်အာန် (၅ :၉၂၊ ၉၉၊ ၁၃ : ၄၀၊ ၂၄ : ၅၄၊ ၂၉ : ၁၈၊ ၃၆ : ၁၇၊ ၄၂ : ၄၈)။

ကုရ်အာန် ကျမ်းတော်မြတ် (၂၁ : ၁၀၇) တွင် နဗီ တမန်တော် မုဟမ္မဒ် (ဆွ) ကို ➤➤

وَلَنْ تَرْضٰى عَنْكَ الْيَهُوْدُ وَلَا
النَّصٰرٰى حَتّٰى تَتَّبِعَ مِلَّتَهُمْ ؕ
قُلْ اِنَّ هُدَى اللّٰهِ هُوَ الْهُدٰى ؕ
وَلَئِنِ اتَّبَعْتَ اَهْوَآءَهُمْ بَعْدَ
الَّذِىْ جَآءَكَ مِنَ الْعِلْمِ ۙ مَا لَكَ
مِنَ اللّٰهِ مِنْ وَّلِىٍّ وَّلَا نَصِيْرٍ ﴿۱۲۰﴾

၁၂၀။ အမှန်သော်ကား (အို-ချစ်တမန်တော် အသင်သည် နဗီတမန်တော်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ မည်မျှလောက်ပင် ထောက်ခံချက် သက်သေလက္ခဏာတော်များကို ဟောပြောပြသပါလည်း အချည်းနှီးအကျိုးမဲ့သာဖြစ်အံ့) ယဟူဒီနှင့် ခရစ်ယာန်တို့သည် ၎င်းတို့၏ ဘာသာအယူဝါဒကို အသင်မလိုက်နာသမျှ ကာလပတ်လုံး အသင့်အား မည်သည့်အခါမျှ နှစ်သိမ့်ကျေနပ်ကြမည်မဟုတ်ပေ၊ (သို့ဖြစ်လေရာ အသင်သည် ယင်းသူတို့အား) အလ္လာဟ်အရှင်မြတ် ညွှန်ကြားပြသတော်မူသော တရားလမ်းသည်သာလျှင် မုချဧကန် ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင်တည်းဟု (ပွင့်လင်းစွာတုံ့ပြန်) ပြောဆိုပါလေ။ ထိုမှတပါး၊ တုံ (အလ္လာဟ်အရှင်မြတ်အထံတော်မှ) အသင်၏ထံသို့ (ယုံကြည်စိတ်ချဘွယ်ရာသော) အသိတရားရောက်ရှိလာပြီးသည့်နောက် အကယ်၍သာ အသင်သည် ယင်းသူတို့၏ ယုတ်ညံ့သိမ်ဖျင်းသောအလိုဆန္ဒများကို လိုက်နာခဲ့အံ့၊ (ထိုသို့သောအခါဝယ်) မည်သူတစ်ဦးတစ်ယောက်မျှ အလ္လာဟ်အရှင်မြတ် (ပေးတော်မူမည့်အပြစ်ဒဏ်များ)မှ အသင့်အား စောင့်ရှောက်သူ မိတ်သဟာဟူ၍၎င်း၊ ကူညီအားပေးစောင်မမည့်သူဟူ၍၎င်း၊ မရှိတော့ပြီ။

➢➢ (رحمة للعٰلمين) ဟူသောဘွဲ့တော် ခြီးမြှင့်ထားသည်နှင့်အညီ နဗီတမန်တော်သည် ခပ်သိမ်းကုန်သော သတ္တဝါတို့၏ နှစ်ဘဝ သုခချမ်းသာကို အထူးတလည် လိုလားတောင့်တတော်မူ၏၊ သို့လိုလားတောင့်တတော်မူပါလျက် နောက်လိုက်တပည့်တို့၏ မောက်မာမှု၊ သွေဖည်မှု၊ မခံညားမှု၊ အကြောင်းမဲ့ တန်ခိုးပြာဋိဟာတောင်းဆိုမှု များကို တွေ့မြင်သောအခါ နဗီတမန်တော်သည် ပူဆွေးမိ၏။ ယူကျုံးမရ ဖြစ်မိ၏။ ကြည့်၊ ကုရ်အာန် (၁၅ : ၉၇၊ ၁၆ : ၁၂၇၊ ၂၇ : ၇၀)။ ထိုသို့ ယူကျုံးမရ ပူပင်သောက ဖြစ်လျက်ရှိသော နဗီတမန်တော်အား စိတ်နှစ်သိမ့်စေရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်က ယခု ကျွန်ုပ်တို့ လေ့လာနေသော ပါဒကို ထုတ်ပြန်ပို့ချတော်မူလေသတည်း။

ٱلَّذِينَ ءَاتَيْنَٰهُمُ ٱلْكِتَٰبَ يَتْلُونَهُۥ حَقَّ تِلَاوَتِهِۦٓ ۚ أُو۟لَٰٓئِكَ يُؤْمِنُونَ بِهِۦ ۗ وَمَن يَكْفُرْ بِهِۦ فَأُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ﴿١٢١﴾

၁၂၁။ အကြင်သူတို့အား ငါအရှင်မြတ်သည် ဒေသနာတော်ကျမ်းမြတ်ကို ပေးသနားတော်မူခဲ့၏။ အကယ်၍ ထိုသူတို့သည် ယင်းဒေသနာတော် ကျမ်းမြတ်ကို ထိုက်သင့်သောနည်းဖြင့် စိတ်ရင်းစေတနာဖြူစင်စွာဖြင့် ရွတ်ဘတ်ကြ၍ လိုက်နာ ကျင့်ကြံကြပါမူ ထိုသူတို့သည်သာလျှင် သဒ္ဓမ္မတရားတည်း ဟူသော ကျမ်းတော်မြတ်ကို အမှန်ယုံကြည်သူများ ဖြစ်ကြအံ့၊ အကြင်မည်သူမဆို ယင်းကျမ်းတော်မြတ်ကို ငြင်းပယ်ကြပါမူ ထိုသူတို့ သည်သာလျှင် ပျက်စီးဆုံးရှုံးခြင်းသို့ ကျရောက်သောသူများပင် ဖြစ်လတ္တံ့။

يَٰبَنِىٓ إِسْرَٰٓءِيلَ ٱذْكُرُوا۟ نِعْمَتِىَ ٱلَّتِىٓ أَنْعَمْتُ عَلَيْكُمْ وَأَنِّى فَضَّلْتُكُمْ عَلَى ٱلْعَٰلَمِينَ ﴿١٢٢﴾

၁၂၂။ အို-အစ္စရာအီလ်၏ မျိုးနွယ်ဝံသအပေါင်းတို့၊ အသင်တို့အား ငါအရှင်မြတ်ပေးသနားတော်မူသော သူခချမ်းသာ ဂုဏ်ကျေးဇူးတော်များကို (အမြဲတစေ) အောက်မေ့ သတိရကြကုန်လော့။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် အသင်တို့အား (အထူးထူးသော) ဂုဏ်ထူးဝိသေသများဖြင့် စကြာဝဠာအပေါင်းတို့ ထက်ထူးကဲစွာ ခြီးမြှင့်တော်မူခဲ့လေသည်ကိုလည်း ပြန်လည်သတိရကြလေကုန်။

وَٱتَّقُوا۟ يَوْمًا لَّا تَجْزِى نَفْسٌ عَن نَّفْسٍ شَيْـًٔا وَلَا يُقْبَلُ مِنْهَا عَدْلٌ وَلَا تَنفَعُهَا شَفَٰعَةٌ وَلَا هُمْ يُنصَرُونَ ﴿١٢٣﴾

၁၂၃။ ထိုမှတပါးတဲ့ (အို-အစ္စရာအီလ်၏ မျိုးနွယ်အပေါင်းတို့) အသင်တို့သည် (သေပြီးသည့်နောက် ပြန်လည်ရှင်ပြန်ထကြရမည့်)နေ့ကို အထူးတလည် ကြောက်ရွံ့ကြကုန်၊ အကြောင်းမူကား ထိုနေ့တွင် မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးတစ်ယောက်အတို့ စိုးစဉ်းမျှကိုပင် စွမ်းဆောင်နိုင်မည် မဟုတ်၊ မည်သူ တစ်ဦးတစ်ယောက် ထံမှလည်း အစားလဲလှယ်ပေးခြင်းကို (အလျှာဟ် အရှင်မြတ်သည်) သဘောတူလက်ခံမည်မဟုတ်၊

မည်သူတစ်စုံတစ်ယောက်၏ အသနားခံတောင်းပန်ပေးခြင်းသည်လည်း အခြား တစ်စုံတစ်ယောက်သော သူအဘို့ အကျိုးဖြစ်ထွန်း စေမည်လည်းမဟုတ်၊ ထို့ပြင်တဝ ယင်းသူတို့သည် မည်သည့်ကူညီ ယိုင်းပင်းမှုကိုမျှလည်း ခံစားကြရမည်မဟုတ်ပေ။

وَإِذِ ابْتَلَىٰٓ إِبْرَٰهِـۧمَ رَبُّهُۥ بِكَلِمَٰتٍ فَأَتَمَّهُنَّ ۖ قَالَ إِنِّى جَاعِلُكَ لِلنَّاسِ إِمَامًا ۖ قَالَ وَمِن ذُرِّيَّتِى ۖ قَالَ لَا يَنَالُ عَهْدِى ٱلظَّٰلِمِينَ ﴿١٢٤﴾

၁၂၄။ တဖန် (အို-အစ္စရာအီလ်၏ မျိုးနွယ်အပေါင်းတို့၊ ပြန်လည်အောက်မေ့သတိရကြကုန်လော့) အခါတပါး၌ နဗီတမန်တော် အီဗ်ရာဟီမ်(အ)ကို ထိုနဗီတမန်တော်အား မွေးမြူတော်မူသောအရှင်မြတ်သည် အချို့သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူလေရာ၊ ထိုနဗီတမန်တော်သည် ယင်းကိစ္စအရပ်ရပ်တို့ကို ပြည့်စုံပြီးမြောက်အောင်ဆောင်ရွက်ခဲ့လေသည်။ (ထိုအခါ) အလ္လာဟ်အရှင်မြတ်က (အို-တမန်တော်အီဗ်ရာဟီမ်) မုချဧကန် ငါအရှင်မြတ် သည် အသင့်အား လူခပ်သိမ်းတို့၏ ရှေ့ဆောင်ဦးစီးနာယကအဖြစ် ခန့်အပ်ခြီးမြှင့်တော်မူအံ့ဟု မိန့်ကြားတော်မူရာ နဗီတမန်တော် အီဗ်ရာဟီမ်(အ)က (အို-မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော အနန္တကျေးဇူးတော်ရှင်) ကျွန်တော်မျိုး၏သားမြေးတို့အနက်မှလည်း (ထိုနည်းတူစွာ ရှေ့ဆောင် ဦးစီးနာယကအဖြစ် ခန့်အပ်တော်မူပါမည်လော) ဟု လျှောက်ထားပန်ကြားပြန်လေသည်။ (ထိုအခါ) အလ္လာဟ်အရှင်မြတ်က ငါအရှင်မြတ်၏ပဋိညာဉ်တော်သည် ပြစ်မှုကျူးလွန်သော မတရားသောသူတို့နှင့် မသက်ဆိုင်ဟု မြွက်ဟမိန့်ကြားတော်မူလေသတည်း။

وَإِذْ جَعَلْنَا ٱلْبَيْتَ مَثَابَةً لِّلنَّاسِ

၁၂၅။ ၎င်းပြင် အသင်တို့သည် ပြန်လည်အောက်မေ့သတိရကြကုန်လော့၊ အခါတပါး၌ ငါအရှင်မြတ်

وَاتَّخِذُوا مِن مَّقَامِ إِبْرَاهِيمَ مُصَلًّى ۖ وَعَهِدْنَا إِلَىٰ إِبْرَاهِيمَ وَإِسْمَاعِيلَ أَن طَهِّرَا بَيْتِيَ لِلطَّائِفِينَ وَالْعَاكِفِينَ وَالرُّكَّعِ السُّجُودِ ﴿١٢٥﴾

သည်(*ကအ်ဗဟ်*)ကျောင်းတော်မြတ် [၁] ကို လူခပ်သိမ်းတို့အတို့ သွားရောက်စုဝေးရာ ဗဟိုဌာနအဖြစ်ဖြင့်၎င်း၊ အဘယဒါယီ ဘေးရန်ခပ်သိမ်းကင်းဝေးရာ ဌာနအဖြစ်ဖြင့်၎င်း၊ ပြုလုပ်သတ်မှတ်တော်မူခဲ့လေပြီ။ ထို့ပြင်တဝ *နဗီတမန်တော် အီဗ်ရာဟီမ်(အ)* ရပ်တည်ရာနေရာကို [၂] ဆွေလာတ်ဝတ်ပြုရန် နေရာအဖြစ် သတ်မှတ်ကြကုန်ဟူ၍ အသင်တို့ကို ငါမိန့်တော်မူခဲ့လေသည်။ ထိုမှတပါး၊ ငါ အရှင်မြတ်သည် *နဗီတမန်တော် အီဗ်ရာဟီမ်(အ)*နှင့် *နဗီတမန်တော် အစ္စမာအီလ် (အ)*တို့အား အသင်တို့ နှစ်ဦးသည် ငါအရှင်မြတ်၏ (*ကအ်ဗဟ်*) ကျောင်းတော်မြတ်ကို လှည့်ပတ်ဖူးမျှော် ကြသူတို့ အဘို့အရာ၎င်း၊ တရားကိုနှစ်သက်၍ ထိုကျောင်းတော်၌ တစ်ကိုယ်တစ်ကာယတည်း အိအ်တိကာဖ် ပြုလုပ်သီတင်းသုံးနေထိုင်ကြသူတို့ အဘို့အရာ၎င်း၊ ဦးညွတ်ရိုကျိုးသောသူအပေါင်းတို့ အဘို့အရာ၎င်း၊ ပျပ်ဝပ်ဦးချသောသူအပေါင်းတို့အဘို့အရာ၎င်း ဤငါ၏အိမ်တော်ကို (ရုပ်ပွားဆင်းတု၊ အညစ်အကြေး၊ အစရှိသည်တို့မှ) ရှင်းလင်းထားကြရမည်ဟု အမိန့်တော်ကို ချမှတ်တော်မူခဲ့လေသတည်း။

---

① ဤပါဒတွင် "အလ်ဗိုက်တ်" ဟူသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ဖြစ်သော *ကအ်ဗဟ်*တော်ကို ဆိုလိုသည်။

*ကအ်ဗဟ်*ကျောင်းတော်မှာမူ အရဗ်နိုင်ငံရှိ မက္ကာမြို့တော်၌ တည်ရှိ၍ ကမ္ဘာမြေပြင်တစ်ဝှမ်းလုံးတွင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အလို့ငှာ ပဌမဆုံး တည်ဆောက်ထားသော ကျောင်းတော်ဖြစ်သည်ဟု ကုရ်အာန်ကျမ်းမြတ်တွင် ဤသို့ကျေညာထားသည်။ အမှန်စင်စစ် လူခပ်သိမ်းတို့၏ အကျိုးအတွက် ပဌမဦးစွာ တည်ဆောက်ထားသော ကျောင်းတော်သည် မက္ကာမြို့၌တည်ရှိသော *ကအ်ဗဟ်*ကျောင်းတော်ဖြစ်၏။ ထိုကျောင်းတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၏။ လူခပ်သိမ်းတို့အား တရားလမ်းမှန်ကို ညွှန်ပြလျက်ရှိ၏။

ကျောင်းတော်၏ ဘွဲ့နာမများ

ထိုဗိမာန်တော်ကို "*ကအ်ဗဟ်*" ဟူ၍၎င်း၊ ကုရ်အာန်(၅ : ၉၇)၊ (البيت الحرام)ဟူ၍၎င်း၊ ➤➤

➤➤ ကုရ်အာန် (၅ : ၂ ၊ ၅ : ၉၇)၊ (البيت العتيق) ဟူ၍၎င်း၊ ကုရ်အာန် (၂၂ : ၂၉)၊ (بيتك المحرم) ဟူ၍၎င်း၊ ကုရ်အာန် (၁၄ : ၃၇) နာမအမျိုးမျိုးဖြင့် မှည့်ခေါ်ထားသည်။

အိမ်တော်ကို မည်သူစတင် တည်ဆောက်သနည်း

နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို စတင် တည်ဆောက်ခဲ့သည်မဟုတ်၊ ထိုအိမ်တော်ကို ပြုပြင်မွမ်းမံခဲ့ခြင်း မျှသာဖြစ်သည်၊ ကုရ်အာန်ကျမ်းမြတ် (၂ : ၁၂၇၊ ၁၄ : ၃၇၊ ၂၂ : ၂၆)၏ သဘောကို ဆင်ခြင်ပါသော် ထိုအိမ်တော်သည် နဗီတမန်တော် အီဗ်ရာဟီမ်(အ)မပွင့်မီကပင် တည်ရှိနေပြီးဖြစ်ကြောင်း ထင်ရှားလှ၏။

အိမ်တော်ကို စတင်တည်ဆောက်သူမှာ ကမ္ဘာဦးဘခင် အာဒမ်(အ)ဟူ၍၎င်း၊ အပါးတော် စေတမန်များဟူ၍၎င်း အဆိုပြားလျက်ရှိသည့်အနက် ပဌမအဆိုမှာ ပို၍နှစ်သက်ဘွယ်ရာပင်။

အလ္လာဟ်အရှင်မြတ်သည် အပါးတော်စေတမန် ဂျိဗ်ရီလ်(အ)ကို စေလွှတ်၍ ကမ္ဘာဦးဘခင် အာဒမ်(အ)နှင့် ဟောင်ဝါသခင်မတို့အား ကအ်ဗဟ်ကျောင်းတော်ကို တည်ဆောက်စေတော်မူရာ ကမ္ဘာဦးဘခင်သည် ကျောင်းတော်ကို တည်ဆောက်လေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က ထိုကျောင်းတော်ကို လှည့်ပတ်ရန် အမိန့်ပေးတော်မူလေသည်။ ထို့နောက် ကမ္ဘာဦးဘခင်အား အသင်သည် ပဌမလူဖြစ်သကဲ့သို့ ဤကျောင်းတော်သည်လည်း လူသားတို့အတို့ ပဌမဆုံးတည်ဆောက်ထားသော အလ္လာဟ်၏ ကျောင်းတော်ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။

ဤကား နဗီတမန်တော် မုဟမ္မဒ်(ဆွ)က မိန့်ကြားတော်မူသည်ဟု အာဆွ၏သား အမ်ရ၊ အမ်ရ၏သား အဗ်ဒုလ္လာဟ်က ပြောကြားခြင်းတည်း။ (အီဗ်နုကဆီရ်)

ℑ (مقام إبراهيم)၏အဓိပ္ပါယ်မှာ နဗီတမန်တော် အီဗ်ရာဟီမ် (အ)၏ ရပ်တည်ရာ ဌာနဟုရသည်၊ ထိုရပ်တည်ရာဌာနကို ဖွင့်ရာ၌ အဋ္ဌကထာရှင်များ၏ ကွဲပြားလျက်ရှိသော အဆိုများကို အိမ်နှဂျရီရ်သခင်က စုဆောင်းဖော်ပြထားသည်။

(က) မကာမိအီဗ်ရာဟီမ်ဟူသည် ဟဂျ် (ပြုခြင်းနှင့် သက်ဆိုင်ရာဌာန) အားလုံးကိုဆိုလိုသည်ဟု အချို့က အနက်ဖော်ပြသည်။

(ခ) မကာမိအီဗ်ရာဟီမ်သည် အရဖတ်၊ မုဇ်ဒလိဖဟ် နှင့် ဂျိမာရ်ခေါ် ဌာနများကို ဆိုသည်ဟု အချို့ကဆိုသည်။

(ဂ) မကာမိအီဗ်ရာဟီမ်သည် "ဟရမ်" ကိုဆိုလိုသည်ဟု အချို့ကဆိုသည်။

(ဃ) ကျောင်းတော်ကို တည်ဆောက်ရာ၌ အုတ်နံရံများ မြင့်တက်လာ၍ နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် ကျောက်ခဲများကို မ,မနိုင်သောအခါ ကျောက်တုံးတစ်ခုထက်တက်၍ ရပ်ခဲ့၏။ ထိုကျောက်တုံးကိုပင် မကာမိ အီဗ်ရာဟီမ်ဟု အချို့ကဆို၏။

(င) "မကာမိ အီဗ်ရာဟီမ်" ဟူသည် "မတ်စ်ဂိဒီဟရာမ်" ကျောင်းတော်၌ ယနေ့အထိ "မကာမိအီဗ်ရာဟီမ်" ဟူ၍ (ထင်ရှားစွာ) ရှိသော ဌာနပင်ဖြစ်သည်ဟု အချို့ကဆို၏။

(စ) နဗီတမန်တော် အစ္စမာအီလ်(အ)၏ ကြင်ရာတော်က နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ ဦးခေါင်းကို ရေဆေးပေးရာတွင် နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ ခြေအောက်၌ ကျောက်တုံးတစ်ခုကို ထားရှိခဲ့ရာ နဗီတမန်တော်သည် ထိုကျောက်တုံးပေါ်၌ မိမိခြေကို တင်ထားလေသည်။ မကာမိ အီဗ်ရာဟီမ်သည် ထိုကျောက်တုံးပင်တည်း။

وَإِذْ قَالَ إِبْرٰهِيمُ رَبِّ اجْعَلْ هٰذَا بَلَدًا اٰمِنًا وَّارْزُقْ اَهْلَهٗ مِنَ الثَّمَرٰتِ مَنْ اٰمَنَ مِنْهُمْ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ قَالَ وَمَنْ كَفَرَ فَاُمَتِّعُهٗ قَلِيْلًا ثُمَّ اَضْطَرُّهٗۤ اِلٰى عَذَابِ النَّارِ وَبِئْسَ الْمَصِيْرُ ﴿١٢٦﴾

၁၂၆။ ထို့ပြင်တဝ (ပြန်လည်အောက်မေ့သတိရကြကုန်လော့) တပါးသောအခါ၌ နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် (အလ္လာဟ် အရှင်မြတ် အထံတော်၌ ဤသို့ လျှောက်ထား ပန်ကြားသည်၊) အို-ကျွန်တော်မျိုးအား မွေးမြူတော်မူသောအရှင်၊ ဤဒေသကို (ခပ်သိမ်းကုန်သော ဘေးရန်တို့မှ ကင်းစေ၍) *ငြိမ်းချမ်းသာယာ (စည်ကားလှသော) မြို့တော်ဖြစ်ပါစေသတည်း၊*[1] ထို့ပြင်ဤဒေသ၌ (မိုတင်းနေထိုင်ကြကုန်သော) မြို့သူမြို့သားများ အနက်မှ အလ္လာဟ်အရှင်မြတ်ကို လည်းကောင်း၊ (သေပြီးနောက် ပြန်လည်ရှင်ထမည့်) နောက်ဆုံးနေ့ကိုလည်းကောင်း ယုံကြည်သူ (အပေါင်း) တို့အား လည်း သစ်သီးဝလံ ခဲဘွယ်ဘောဇဉ် အမျိုးမျိုးကို စားသောက်သုံးစွဲရန် အလို့ငှာ ပေးသနားတော်မူပါ။

---

① အို-အရှင်၊ ဤဌာနကို ငြိမ်းချမ်းသာယာသော မြို့တော်ဖြစ်စေ၍ ထိုမြို့တော်သားများအား စားသုံးရန်အလို့ငှာ အမျိုးမျိုးသော သစ်သီးဝလံ ခဲဘွယ်ဘောဇဉ်များကို ပေးသနားတော်မူပါဟု နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် မကွာမြို့တော်တည်ရာဌာန၌ ဆုပန်ခဲ့လေသည်။

မကွာမြို့တော်တည်ရာဌာနသည် အတိတ်ခေတ်က ခြောက်သွေ့သောဌာန၊ အသွားအလာခက်ခဲသောဌာန၊ ခိုးသားဓားပြတို့ ခိုအောင်းရာဌာနဖြစ်ခဲ့ချေသည်၊ ယခုမူ ထိုမျှဆိုးဝါးလှသောဌာနသည်ပင် အလွန်တရာစည်ပင်သာယာသော မြို့တော်ကြီးဖြစ်၍ နှစ်စဉ်နှင့်အမျှ ကမ္ဘာ့အရပ်ရပ်မှပင် သိန်းသန်းမကသော မွတ်စ်လင်မ်များသည် ထိုမြို့တော်ရှိ အရှင့်ကျောင်းတော်ကို အေးချမ်းသာယာစွာ လာရောက် ဖူးမျှော်နေကြသည်မှာ မျက်မြင်ပင်ဖြစ်ချေသည်။

မကွာမြို့တော်တည်ရှိရာဌာနသည် မိုးခေါင်ရေရှားသော သဲကန္တာရတစ်ခုမျှဖြစ်လင့်ကစား ထိုသဲကန္တာရ၌ပင် အခါကာလမရွေး လတ်ဆတ်သော အသီးအနှံဟင်းလျာများကို လိုလေသေးမရှိ ပြည့်စုံစွာ ရရှိနိုင်သည်မှာ အံ့ဩမဆုံးဘွယ်ရာ တစ်ရပ်ပင်။ ဤကား နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ ဆုမွန်၏ အကျိုးအာနိသင်ပင်ဖြစ်သည်။ ကြည့်၊ ကုရ်အာန် (၂၈ : ၅၇)။

နဗီတမန်တော် အီဗ်ရာဟီမ်(အ)အပေါ်ဝယ် ငြိမ်းချမ်းခြင်းဟူသမျှ ရောက်စေသတည်းဟု အလ္လာဟ်အရှင်မြတ်က ကောင်းချီးပေးတော်မူလေသည်။ ကြည့်၊ ကုရ်အာန် (၃၇ : ၁၀၉)။

(ထိုရောအခါ) အလ္လာဟ်အရှင်မြတ်က " [အိ-အီဗ်ရာဟီမ်] အသင်တင်လျှောက်သည့် ပတ္ထနာဆုမွန်ကို ငါအရှင်မြတ်သည် လက်ခံတော်မူလေပြီ။ သို့ငြားလည်း ငါအရှင်မြတ်သည် ဤမြို့သူမြို့သားများအနက်မှ ငါအရှင်မြတ်ကို မယုံမကြည်သွေဖည်ငြင်းပယ်သူတို့အားလည်း အနည်းငယ်မျှကာလအဘို့ (လောကီ)စည်းစိမ်ကို ပေးသနားတော်မူမည်။ နောင်တမလွန်ဘဝ၌မူ ငါအရှင်မြတ်သည် ထိုသူတို့အား ငရဲမီးဘေး ရှိရာသို့ အတင်းအကြပ် မောင်းနှင် (ပို့ဆောင်) တော်မူမည်။ အမှန်စင်စစ် (ယင်းသူတို့) လားရာခရီး လမ်းဆုံးစခန်းသည် အလွန်ပင်ဆိုးဝါးလှပေသည်တကား" ဟု မိန့်ကြားတော်မူလေသည်။

وَإِذْ يَرْفَعُ إِبْرٰهِيمُ الْقَوَاعِدَ مِنَ الْبَيْتِ وَإِسْمٰعِيلُ رَبَّنَا تَقَبَّلْ مِنَّا ۖ إِنَّكَ أَنْتَ السَّمِيعُ الْعَلِيمُ ﴿١٢٧﴾

၁၂၇။ ထိုမှတပါး (ပြန်လည်အောက်မေ့သတိရကြကုန်လော့) အခါတပါး၌ နဗီတမန်တော် အီဗ်ရာဟီမ်(အ)နှင့် (သားတော်) နဗီတမန်တော် အစ္စမာအီလ်(အ)တို့သည် (ကအ်ဗဟ်) ကျောင်းတော်မြတ်၏ ကျောက်နံရံကို မြင့်တင်နေစဉ် (ဤသို့ဆုမွန်များကို တောင်းဆိုကြကုန်၏)။ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ထံမှ (ဤကောင်းမှုကို မိမိ၏အနန္တကျေးဇူးတော်ဂုဏ်ဖြင့်) သဘောတူလက်ခံယူတော်မူပါ၊ [၁] ဧကန်မုချ အရှင်သည်သာလျှင် (ကျွန်တော်မျိုးတို့ တောင်းဆိုသောဆုများကို) ကြားတော်မူသောအရှင် (ကျွန်တော်မျိုးတို့၏ အဖျားသယ အာသာဆန္ဒများကိုလည်း) သိတော်မူသောအရှင် ဖြစ်တော်မူပါ၏။

① နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်မြတ်ကို တည်ဆောက်ရာ မိမိတည်ဆောက်နေသောကောင်းမှုကို လက်ခံတော်မူရန် (၂ : ၁၂၇-၁၂၉) တွင် ပါရှိသော ဆုမွန်ပတ္ထနာများကို ရွတ်ဆိုလေသည်။ ➤➤

رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِنْ ذُرِّيَّتِنَا أُمَّةً مُّسْلِمَةً لَّكَ وَأَرِنَا مَنَاسِكَنَا وَتُبْ عَلَيْنَا ۚ إِنَّكَ أَنتَ التَّوَّابُ الرَّحِيمُ ﴿١٢٨﴾

၁၂၈။ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသော အရှင်၊ အရှင်သည်ကျွန်တော်မျိုးတို့အား မိမိ၏ အမိန့်တော်ကိုခံယူသူ မွတ်စ်လင်မ်နှစ်ဦး ဖြစ်စေတော်မူပါ၊ ထိုနည်းတူစွာ ကျွန်တော်မျိုးတို့၏ သားစဉ်မြေးဆက်ကိုလည်း အရှင်၏ *အမိန့်တော်ကို နာခံကြသူ* မွတ်စ်လင်မ်များ [၁] ဖြစ်စေတော်မူပါ၊

ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား သာသနာရေးဌ လိုက်နာကြရမည်ဖြစ်သော နည်းနာနိသျည်း အစီအစဉ်တို့ကိုလည်း စံနစ်တကျ ကျင့်သုံးနိုင်ကြ စေခြင်းငှာ သင်ကြားပြသပေးသနားတော်မူပါ၊ ထို့ပြင်လည်း အရှင်မြတ်သည် ကျွန်တော်မျိုးတို့ ဘက်သို့ ကရုဏာတော်ဖြင့် လှည့်တော်မူပါ၊

ဧကန်ဆတ်ဆတ် အရှင်မြတ် သည်သာလျှင် ကရုဏာတော်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် လှည့်တော်မူသောအရှင်၊ အစဉ်အမြဲ သနားကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူပါ၏။

➤➤ **နိုးဆော်ချက်**

ကအ်ဗဟ် ကျောင်းတော်ကို တည်ဆောက်ရာ၌ နဗီတမန်တော် အီဗ်ရာဟီမ်(အ)နှင့် သားတော် နဗီတမန်တော် အစ္မာအီလ်(အ) ဆုမွန်တောင်းဆိုခဲ့သည့် ထုံးတမ်းကိုလိုက်၍ ကောင်းမြတ်သော ကိစ္စရပ်များကို ဆောင်ရွက်ပြီးဆုံးသောအခါ၌ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဆုမွန်ကောင်းတောင်းခြင်းသည် အလွန်တရာမြတ်နိုးဘွယ်ရာကောင်းသော ကိစ္စဖြစ်ပေသည်။

① မွတ်စ်လင်မ်တို့သည် ယနေ့တိုင်အောင် နဗီတမန်တော် အီဗ်ရာဟီမ်(အ)က မှည့်ခေါ်ခဲ့သော မွတ်စ်လင်မ်ဟူသော အမည်နှင့်သာ အခေါ်အနေကြရခြင်းမှာ ထိုနဗီတမန်တော်၏ ဆုမွန်ပတ္ထနာကို အလ္လာဟ်အရှင်မြတ်က သဘောတူ၍ လက်ခံတော်မူခြင်း၏ သက်သေခံတစ်ရပ်ဖြစ်သည်၊ ယခုအချိန် မွတ်စလင်များကို မုဟမ္မဒ်ဘာသာဝင်၊ အစ္စလာမ်ဘာသာကို မုဟမ္မဒ်ဘာသာဟု ခေါ်ဝေါ်သုံးစွဲ နေခြင်းမှာ ကျမ်းဂန်၌မပါ၊ လုံးဝမှားသည်၊ ရှောင်ကြဉ်ကြပါကုန်။

رَبَّنَا وَابْعَثْ فِيهِمْ رَسُولًا مِّنْهُمْ يَتْلُوا عَلَيْهِمْ آيَاتِكَ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَيُزَكِّيهِمْ ۚ إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ﴿١٢٩﴾

၁၂၉။ အို- ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသော အရှင်၊ (အရှင်မြတ်၏) တရားဒေသနာတော်များကို ယင်းသူတို့၏ ရှေ့မှောက်ဝယ် ရွတ်ဘတ်သရဇ္ဈာယ် ရန်အလို့ငှာလည်းကောင်း၊ ကျမ်းဂန်ဓမ္မက္ခန်နှင့်တကွ ဉာဏ်အမြော်အမြင်ကိုပါ သွန်သင်ပြသသင်ကြားပေး ရန်အလို့ငှာလည်းကောင်း၊ ယင်းသူတို့အား အပြစ် ဒုစရိုက်မှုများမှ သန့်ရှင်းစင်ကြယ် စေရန်အလို့ငှာ လည်းကောင်း၊ ယင်းသူတို့အနက်မှပင် (ဆွေမျိုးသား ချင်းတော်စပ်သော) ရာဇူလ်တမန်တော်တပါး[၁] ကို ထိုသူတို့တွင်ပွင့်စေတော်မူပါ၊ ဧကန်မုချ အရှင်မြတ် သည်သာလျှင် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော် မူထသောအရှင်၊ ထူးသောအဘိဉာဏ် အမြော်အမြင် ဉာဏဒဿနနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော် မူပေသတည်းဟု [နဗီတမန်တော် အီဗ်ရာဟီမ်(အ) နှင့် သားတော် နဗီတမန်တော် အစ္စမာအီလ်(အ) တို့သည် ဆုတောင်းပတ္ထနာ ပြုကြလေသည်။]

وَمَن يَرْغَبُ عَن مِّلَّةِ إِبْرَاهِيمَ إِلَّا مَن سَفِهَ نَفْسَهُ ۚ وَلَقَدِ

၁၃၀။ မိမိကိုယ်ကို မိမိပင် လူမိုက်လူဇာလဖြစ်စေ သောသူမှအပ အဘယ်သူသည် နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ သာသနာမှ[၂] မျက်နှာလွှဲဖယ် တိမ်းရှောင်သွားနိုင်ပါမည်နည်း။

---

① ဤပါဒတွင် (رَسُولًا) ဟု နဗီတမန်တော် အီဗ်ရာဟီမ်(အ)နှင့် နဗီတမန်တော် အစ္စမာအီလ်(အ)တို့က ဆုတောင်းခြင်းမှာ မြောက်မြားစွာသော နဗီတမန်တော်များ ပွင့်စေရန်ကို ဆုတောင်းသည်မဟုတ်၊ ရာဇူလ်တမန်တော်တစ်ပါးတည်း ပွင့်စေရန်သာ ဆုတောင်း ပတ္ထနာပြုလေသည်ကို ထင်ရှားစေသည်၊ သို့ဖြစ်၍ မှတ်သားဘွယ်ရာအချက်မှာ ပွင့်တော်မူမည့် ရာဇူလ်တမန်တော်သည် တစ်ပါးတည်းသာ ဖြစ်ရမည်။ တဖန် ထိုရာဇူလ်တမန်တော်သည် အစ္စမာအီလ်(အ)၏ အဆက်အနွယ်ဖြစ်သော အရဗ်လူမျိုးမှပင် ဖြစ်ရပေမည်။ ထိုအချက်နှစ်ရပ်လုံးသည် နဗီတမန်တော် မိုဟမ္မဒ်၌သာ ပြည့်စုံသည်ကို ထင်ရှားတွေ့ရသည်။ ထိုအချက်နှစ်ရပ်သည် အခြားမည်သည့် နဗီတမန်တော်များ၌မျှ မတွေ့ရှိချေ။

② နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ သာသနာသည် သဘာဝဓမ္မနှင့် လုံးဝကိုက်ညီပေရာ၊ ညာန ➤➤

اصْطَفَيْنٰهُ فِي الدُّنْيَا ۚ وَإِنَّهُ فِي الْآخِرَةِ لَمِنَ الصّٰلِحِينَ ﴿١٣٠﴾

စင်စစ်တမူကား ငါ အရှင်မြတ်သည် ထို နဗီတမန်တော် အီဗ်ရာဟီမ်(အ)အား ချစ်မြတ်နိုး၍ ဤလောကဌ နဗီတမန်တော်အဖြစ်ဖြင့် ရွေးချယ်ခြီးမြှင့်တော်မူခဲ့လေပြီ။ တဖန် နောင်တမလွန်ဘဝ၌လည်း ထိုနဗီတမန်တော်သည် ပါရမီရှင် သူမွန်သူမြတ်များအနက်မှ မလွဲဧကန် ဖြစ်လတ္တံ့။

إِذْ قَالَ لَهُ رَبُّهُ أَسْلِمْ ۖ قَالَ أَسْلَمْتُ لِرَبِّ الْعٰلَمِينَ ﴿١٣١﴾

၁၃၁။ (ပြန်လည်အောက်မေ့ သတိရကြကုန်လော့) အကြင်အခါ၌ နဗီတမန်တော် အီဗ်ရာဟီမ်(အ)ကို အလ္လာဟ် အရှင်မြတ်က [အို- အီဗ်ရာဟီမ်(အ) အသင်သည် ငါ အရှင်မြတ်၏] အမိန့် နာခံသူ (မွတ်စ်လင်မ်) ဖြစ်ပါလေဟု မိန့်ကြားတော် မူခဲ့၏။ ထိုအခါ နဗီတမန်တော် အီဗ်ရာဟီမ် (အ)က ကျွန်တော်မျိုးသည် ခပ်သိမ်းကုန်သော စကြာဝဠာ အပေါင်းတို့ကို မွေးမြူတော်မူထသော အရှင်မြတ်၏ အမိန့်တော်ကို ကြည်ဖြူစွာခံယူပါပြီဟု တင်လျှောက်ခဲ့လေသတည်း။

➤➤ ဒဿနဥာဏ် ပညာအမြော်အမြင် ရှိသူများအတို့ ယင်းဘာသာကိုငြင်းပယ်ရန် အလျင်းအကြောင်းမရှိနိုင်ပေ။ နဗီတမန်တော် မုဟမ္မဒ်(ဆွ)ဖြန့်ဖြူးတော်မူခဲ့သော အစ္စလာမ်သာသနာတော်သည် နဗီတမန်တော် အီဗ်ရာဟီမ်(အ) တည်ထောင်ခဲ့သော သာသနာပင်ဖြစ်သည်။ အစ အဆုံး သဘာဝမမှန်နှင့် ကိုက်ညီသော သာသနာဖြစ်လေသည်။

ဤပါဒတွင် အစ္စလာမ် သာသနာကို အလ္လာဟ်အရှင်မြတ်၏ သာသနာ၊ သို့မဟုတ် အစ္စလာမ် သာသနာတော်ဟူ၍ မိန့်ဆိုမည့်အစား နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏သာသနာဟု ခေါ်ဝေါ်သမုတ်ခြင်း အကြောင်းမှာ ယဟူဒီများ၊ ခရစ်ယာန်များနှင့် အရင်မိစ္ဆာဒိဋ္ဌိတို့သည်လည်း နဗီတမန်တော်အီဗ်ရာဟီမ်(အ)အား မွတ်စ်လင်မ်များကဲ့သို့ပင် မိမိတို့၏ရှေ့ဆောင် ဦးစီးနာယကဟူ၍ ယုံကြည်လက်ခံကြသည်ကို ထောက်ထား၍ မိန့်ဆိုခြင်းဖြစ်သည်။

သဘောမှာ ယခုငါအရှင်မြတ်က နဗီတမန်တော်မုဟမ္မဒ်(ဆွ)ထံသို့ ပို့ချလိုက်သော အစ္စလာမ် သာသနာသည် အသစ်အဆန်းမဟုတ်ပေ။ သင်တို့ယုံကြည်လေးစားသော နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏သာသနာပင်ဖြစ်ချေသည်။ သင်တို့သည် ထိုနဗီတမန်တော်အားမိမိတို့၏ ရှေ့ဆောင်ဦးစီး နာယကဟူ၍ ယုံကြည်လက်ခံပါလျက်နှင့် အစ္စလာမ်သာသနာကိုမူ အဘယ့်ကြောင့် လက်မခံကြပါသနည်း။

وَوَصّٰى بِهَآ اِبْرٰهٖمُ بَنِيْهِ
وَيَعْقُوْبُ ۭ يٰبَنِيَّ اِنَّ اللّٰهَ
اصْطَفٰى لَكُمُ الدِّيْنَ فَلَا
تَمُوْتُنَّ اِلَّا وَاَنْتُمْ
مُّسْلِمُوْنَ ۝١٣٢

၁၃၂။ ထို့ပြင် နဗီတမန်တော် အီဗ်ရာဟီမ်(အ)နှင့် နဗီတမန်တော် ယအ်ကူဗ်(အ)တို့သည် ထိုအကြောင်း ကိစ္စနှင့်စပ်လျဉ်း၍ မိမိတို့၏သားများကို အို-ငါ၏ သားအပေါင်းတို့ မုချဧကန် အလ္လာဟ်အရှင်မြတ် သည်အသင်တို့အတို့ရာ (အစ္စလာမ်) သာသနာ တော်ကို ရွေးချယ်တော်မူပြီးဖြစ်ရာ အသင်တို့သည် အမိန့်တော်ကိုနာခံသော မွတ်စ်လင်မ်များ အဖြစ်နှင့် သာလျှင် သေဆုံးကြလေလော့ဟု ပစ္ဆိမဝစနနောက်ဆုံး စကားမှာကြားခဲ့လေသည်။

اَمْ كُنْتُمْ شُهَدَآءَ اِذْ حَضَرَ
يَعْقُوْبَ الْمَوْتُ ۙ اِذْ قَالَ
لِبَنِيْهِ مَا تَعْبُدُوْنَ مِنْۢ
بَعْدِيْ ۭ قَالُوْا نَعْبُدُ اِلٰهَكَ
وَاِلٰهَ اٰبَاۗىِٕكَ اِبْرٰهٖمَ
وَاِسْمٰعِيْلَ وَاِسْحٰقَ اِلٰهًا
وَّاحِدًا ۚ وَّنَحْنُ لَهٗ
مُسْلِمُوْنَ ۝١٣٣

၁၃၃။ နဗီတမန်တော် ယအ်ကူဗ်(အ) သည် အလ္လာဟ်၏အမိန့်တော်ခံယူမည့်ဆဲဆဲ၌ မိမိ၏ သားများကို (အမောင်တို့) အသင်တို့သည် ငါ ကွယ်လွန်ပြီးသည့်နောက် မည်သည်ကို ဆည်းကပ် ကိုးကွယ်ကြမည်နည်းဟု မေးမြန်းတော်မူရာ သားများက (အို-ဘခမည်းတော်)ကျွန်တော်တို့သည် ကျေးဇူး ရှင် မွေးသဘခင်နှင့်တကွ ဘခင်၏ ဘိုးဘေးများ ဖြစ်သော နဗီတမန်တော် အီဗ်ရာဟီမ်(အ)၊ နဗီ တမန်တော် အစ္စမာအီလ်(အ)နှင့် နဗီတမန်တော် အစ္စဟာက် (အ)တို့၏ ကိုးကွယ် ဆည်းကပ်ရာ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ် ကိုသာလျှင် ခဝပ်ကိုးကွယ် ကြပါမည်။ ထိုအရှင်၏တရား ဒေသနာတော် များကို သာလျှင် မြေဝယ်မကျ နာခံကြမည့် မွတ်စ်လင်မ်များ ဖြစ်ကြပါမည်ဟု ဖြေကြား ကြလေသည်။ (အို-ယဟူဒီနှင့် ခရစ်ယာန်ဘာသာဝင် အပေါင်းတို့) နဗီတမန်တော် ယအ်ကူဗ်(အ)သည် မိမိ၏ သားများကို ယင်းကဲ့သို့သော ပစ္ဆိမဝစန စကားပြောကြားစဉ် အသင်တို့သည် မိမိတို့ကိုယ်တိုင် ရှိခဲ့ကြပါသလော၊

(အမှန်သော် သင်တို့သည် ထိုအချိန်၌ မရှိခဲ့ချေ။ သို့ဖြစ်ပါလျက် ထိုနဗီတမန်တော်များနှင့် စပ်လျဉ်း၍ အသင်တို့သည် ယခုအခါ၌ မည်သည့်နည်းဖြင့် ဤသို့ မဟုတ်မမှန်သော စကားကို ပြောဆိုနိုင်ကြပါသနည်း၊)

تِلْكَ أُمَّةٌ قَدْ خَلَتْ ۖ لَهَا مَا كَسَبَتْ وَلَكُمْ مَا كَسَبْتُمْ ۖ وَلَا تُسْأَلُونَ عَمَّا كَانُوا يَعْمَلُونَ ﴿١٣٤﴾

၁၃၄။ (မည်သို့ပင် ဖြစ်စေ) ယင်းသူတို့သည် (အတိတ်ကာလ၌) လွန်လေပြီးသော သာသနာဝင်လူစုဖြစ်ကြ၍ ယင်းသူတို့ ပြုကျင့် ဆည်းပူးခဲ့သမျှသော သုစရိုက်မှု ကုသိုလ်က၊ ဒုစရိုက်မှု အကုသိုလ်ကံတို့သည် ယင်းသူတို့အတို့သာတည်း။ ထိုနည်းတူစွာ အသင်တို့ ပြုကျင့်ဆည်းပူးခဲ့သမျှသော (ကောင်းမှု မကောင်းမှု) တို့၏ အကျိုးသည်လည်း အသင်တို့အတို့ သာတည်း။ ထိုမှတပါး၊ တုံ့ အသင်တို့သည် ယင်းသူတို့ ပြုကျင့်ခဲ့လေသော ကိစ္စများနှင့် စပ်လျဉ်း၍ စောကြော မေးမြန်းခြင်းကို ခံကြရမည် မဟုတ်ပေ။

وَقَالُوا كُونُوا هُودًا أَوْ نَصَارَىٰ تَهْتَدُوا ۗ قُلْ بَلْ مِلَّةَ إِبْرَاهِيمَ حَنِيفًا ۖ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٣٥﴾

၁၃၅။ ထို့ပြင်တဝ ယဟူဒီနှင့် ခရစ်ယာန်ဘာသာဝင်တို့က မွတ်စ်လင်မ်တို့အား ပြောဆိုကြသည်မှာ အသင်တို့သည် ယဟူဒီ ဘာသာဝင်များသော်လည်းကောင်း၊ ခရစ်ယာန် ဘာသာဝင်များသော်လည်းကောင်း၊ ဖြစ်ကြကုန်လော့။ သို့မှသာလျှင် အသင်တို့သည် မှန်ကန်သော တရားလမ်းကို ရရှိကြလတ္တံ့ ဟု ပြောဆိုကြသည်။

အို-နဗီတမန်တော်၊ အသင်သည် ယင်းသူတို့အား ဤသို့ ပြန်လည်ဖြေကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့ ပြောစကားများစွ၊ ငါတို့သည် နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ သာသနာကို

ယုံကြည်မြတ်နိုးသူများသာဖြစ်ကြကုန်၏။ ထိုနဗီတမန်တော်သည် ဖြောင့်မတ်သော [၁] ပုဂ္ဂိုလ်မြတ်ဖြစ်၏၊ ထိုနဗီတမန်တော်သည် အလ္လာဟ်နှင့် တွဲဘက်ကိုးကွယ်သူများတွင် အပါအဝင်လည်းမဟုတ်ချေ။

قُولُوٓاْ ءَامَنَّا بِٱللَّهِ وَمَآ أُنزِلَ إِلَيۡنَا وَمَآ أُنزِلَ إِلَىٰٓ إِبۡرَٰهِـۧمَ وَإِسۡمَٰعِيلَ وَإِسۡحَٰقَ وَيَعۡقُوبَ وَٱلۡأَسۡبَاطِ وَمَآ أُوتِيَ مُوسَىٰ وَعِيسَىٰ وَمَآ أُوتِيَ ٱلنَّبِيُّونَ مِن رَّبِّهِمۡ لَا نُفَرِّقُ بَيۡنَ أَحَدٖ مِّنۡهُمۡ وَنَحۡنُ لَهُۥ مُسۡلِمُونَ ١٣٦

၁၃၆။ (အို-မွတ်စ်လင်မ်အပေါင်းတို့) အသင်တို့သည် ဤသို့ပြောဆိုကြကုန်လော့၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ အကျွန်ုပ်တို့ထံပို့ချ သော ဓမ္မဒေသနာ (ကုရ်အာန်ကျမ်းမြတ်)ကို လည်းကောင်း၊ နဗီတမန်တော် အီဗ်ရာဟီမ်(အ)၊ နဗီတမန်တော် အစ္စမာအီလ်(အ)၊ နဗီတမန်တော် အစ္စဟာက်(အ)၊ နဗီတမန်တော် ယအ်ကူဗ်(အ)နှင့် နဗီတမန်တော် ယအ်ကူဗ် (အ)၏ အမျိုးအနွယ် သားမြေးတို့ထံ ထုတ်ပြန်ပို့ချသော တရား ဒေသနာတော် များကိုလည်းကောင်း၊ ယုံကြည်ကြပါသည်။ [၂] ထို့ပြင် နဗီတမန်တော် မူစာ(အ)နှင့် နဗီတမန်တော် အီစာ(အ)တို့အား ပေးသနားတော် မူခြင်းခံရသော တရားဓမ္မများကိုလည်း ယုံကြည်ကြပါပြီ။ ထို့ပြင် အကျွန်ုပ်တို့သည် နဗီတမန်တော်အပေါင်းတို့ထံသို့ ထိုနဗီတမန်တော်များကို မွေးမြူတော်မူသောအရှင်၏အထံတော်မှ ပေးသနားတော်မူခြင်း ခံရကုန်သော ဒေသနာတော်များကိုလည်း ယုံကြည်ကြပါပြီ။

---

① နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် မိမိ၏ ရာဇဝင်တလျောက်လုံးတွင် (တွေ့ကြုံခဲ့ရသော ပြဿနာအရပ်ရပ်၌ မှားသောတရားများကို ဖဲကြဉ်၍ အမှန်ကိုသာ ဦးလည်မသုံ လိုက်နာကျင့်မူခဲ့ပေသည်။ ဟုတ်တိုင်းမှန်ရာကို မယိမ်းမယိုင် ကျောက်တိုင်ပမာ တည်တည်ကြည်ကြည် ပြုကျင့်သည့်အတွက် အလ္လာဟ်အရှင်မြတ်က ထိုနဗီတမန်တော်ကို "ဟနီးဖ်" ဟူသော ဂုဏ်တော်ဘွဲ့ဖြင့် ခြီးမြှင့်တော်မူလေသည်။

② ဤအမိန့်တော်သည် မွတ်စ်လင်မ်တို့ကို ပေးတော်မူသော အမိန့်တော်ဖြစ်၏။ "အကျွန်ုပ်တို့ထံ ထုတ်ပြန်ပို့ချတော် ဓမ္မဒေသနာတော်" ဟူသည်ကား ကုရ်အာန်ကျမ်းမြတ်ကို ဆိုလိုသည်။

နဗီတမန်တော် ယအ်ကူဗ် (အလိုင်ဟစ္စလာမ်)၏ သားမြေးတို့ဟူသည် ထိုသားမြေးတို့အနက် နဗီတမန်တော်များကိုသာ ဆိုလိုသည်။

(ထိုသို့ယုံကြည်ရာ၌ အကျွန်ုပ်တို့သည် ထိုနဗီတမန်တော်အပေါင်းတို့ အနက်မှ နဗီတမန်တော်တစ်ပါးကို အခြား နဗီတမန်တော်တစ်ပါးနှင့် လုံးဝခွဲခြားခြင်းလည်း မပြုကြပါ၊ အမှန်သော်ကား ကျွန်ုပ်တို့သည် ထိုအလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်ကို သာလျှင် လိုက်နာသူများပင် ဖြစ်ကြပါသည်။

فَإِنْ آمَنُوا بِمِثْلِ مَا آمَنْتُمْ بِهِ فَقَدِ اهْتَدَوْا ۖ وَإِنْ تَوَلَّوْا فَإِنَّمَا هُمْ فِي شِقَاقٍ ۖ فَسَيَكْفِيكَهُمُ اللَّهُ ۚ وَهُوَ السَّمِيعُ الْعَلِيمُ ﴿١٣٧﴾

၁၃၇။ ထို့ကြောင့် အကယ်စင်စစ် (ယဟူဒီနှင့် ခရစ်ယာန်ဘာသာဝင်တို့သည်) အသင်တို့ယုံကြည်ကြသကဲ့သို့ ယုံကြည်ကြပါမူ ဧကန်အမှန်ယင်းသူတို့သည်လည်း တရားလမ်းမှန်ကို ရရှိကြကုန်အံ့။ သို့ရာတွင် အကယ်၍သာ လွှဲဖယ်ရှောင်ရှား ကျောခိုင်းသွားကြပါမူ ယင်းသူတို့သည် ငြင်းခုံကွဲပြားဆန့်ကျင်ဘက်ပြုကြသူများသာ ဖြစ်ကြလတ္တံ့။ [၁] သို့ဖြစ်လေရာ အကယ်၍ ယင်းသူတို့နှင့် ယှဉ်ပြိုင်ဘို့ရာ အကြောင်းကိစ္စ ပေါ်လာပါက အသင်သည် မစိုးရိမ်လင့်၊ အသင်၏အဘို့ရာ အလ္လာဟ်အရှင်မြတ်သည်လုံလောက်တော်မူအံ့။ [၂] စင်စစ်သော်ကား ထို(အလ္လာဟ်)အရှင်မြတ်သည် အလုံးစုံတို့ကို အကြွင်းမရှိ ကြားတော်မူထသောအရှင်၊ အရာခပ်သိမ်းကို အကြွင်းမရှိ သိစွမ်းတော်မူထသောအရှင်ပေတည်း။

---

① သဘောမှာ အကယ်၍သာ ယင်းသူတို့သည် ဤမျှရှင်းလင်း ထင်ရှားလှစွာသော တရားဒေသနာရောက်ရှိပြီးနောက်လည်း ယုံကြည်ခြင်း သဒ္ဓါတရားမရှိကြဘဲ အတိုက်အခံပြုနေကြပါလျှင် ထိုသူတို့ကို ရန်လိုသူများဟူ၍ပင် ဆိုရပေလိမ့်မည်။

② ဤမုက္ခပါဠိတော်ကို အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော် မုဟမ္မဒ်(ဆွ)အား စိတ်ပူပင်သောကမရှိစေရန်အလို့ငှာ မိန့်ဆိုတော်မူသည်။

ဆိုလိုရင်းမှာကား၊ အို-နဗီတမန်တော် မုဟမ္မဒ်(ဆွ) အသင်သည် ရန်သူများဝိုင်းရံလျက်ရှိခြင်းကြောင့်သော်၎င်း၊ အတိုက်အခံသမားတို့၏ လူဦးရေနှင့်အင်အား ကြီးမားခြင်းကြောင့်သော်၎င်း၊ စိတ်ပူပင်သောကဖြစ်ခြင်း၊ ကြောင့်ကြခြင်းမရှိပါလေနှင့်၊ ယင်းသူတို့သည် အသင်နှင့် အသင်၏ သာသနာကို မည်သို့မျှအကျိုးယုတ်စေနိုင်ကြမည် မဟုတ်ချေ။ ငါအရှင်မြတ်သည် အသင့်အား ယင်းသူတို့၏ဘေးရန်များမှ ➤➤

صِبْغَةَ اللَّهِ ۖ وَمَنْ أَحْسَنُ مِنَ اللَّهِ صِبْغَةً ۖ وَنَحْنُ لَهُ عَابِدُونَ ﴿١٣٨﴾

၁၃၈။ (အို-မွတ်စ်လင်မ် အပေါင်းတို့၊ အသင်တို့သည် ယဟူဒီနှင့်ခရစ်ယာန် ဘာသာဝင်တို့ကို ဟယ်-အချင်းတို့ အကျွန်ုပ်တို့ကို) အလ္လာဟ်အရှင်မြတ်သည် (အစွမ်းလမ် သာသနာတော်၏) ဆေးရောင်ဖြင့် [၁] ချယ်ထားတော် မူလေပြီ။ ထိုအလ္လာဟ် အရှင်မြတ်ထက်ပင် သာ၍ကောင်းမွန်စွာ ဆေးရောင်ချယ်နိုင်သူ မည်သူရှိပါသေးသနည်း။ ထို့ကြောင့် အကျွန်ုပ်တို့သည် ထိုအလ္လာဟ်အရှင်မြတ်ကို သာလျှင် ခဝပ် ကိုးကွယ်ကြသူများ ဖြစ်ကြသည် (ဟု ပြောဆိုကြကုန်လော့)။

قُلْ أَتُحَاجُّونَنَا فِي اللَّهِ وَهُوَ رَبُّنَا وَرَبُّكُمْ ۖ وَلَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ ۖ وَنَحْنُ لَهُ مُخْلِصُونَ ﴿١٣٩﴾

၁၃၉။ [အို-နဗီတမန်တော် မုဟမ္မဒ်(ဆွ)၊ အသင်သည် ယင်းယဟူဒီနှင့် ခရစ်ယာန် ဘာသာဝင်တို့ကို] ဟယ်-အချင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ငါတို့နှင့် အခြေအတင် ပြောဆိုငြင်းခုံကြလေသလော၊ စင်စစ်တမူကား ထိုအရှင်မြတ်သည်သာလျှင် ငါတို့ကို လည်းကောင်း၊ အသင်တို့ကိုလည်းကောင်း၊ မွေးမြူတော်မူသော အရှင်တည်း။ ထို့ပြင်တဝ ငါတို့၏ ကိုယ်ကျင့်သီလများသည် ငါတို့အတို့အရာသာ ဖြစ်သည်၊ ထိုနည်းတူစွာ အသင်တို့၏ ကိုယ်ကျင့် သီလများသည်လည်း အသင်တို့အတို့အရာသာဖြစ်သည်။ ငါတို့သည် ထိုအရှင်မြတ်ကိုသာလျှင် စိတ်စေတနာ ဖြူစင်စွာဖြင့် ကိုးကွယ်ဆည်းကပ်သူများ ဖြစ်ကြလေသည်ဟု ပြောကြားပါလေ။

➤➤ ကယ်ဆယ်စောင့်ရှောက်တော်မူလတ္တံ့။ ငါ၏ကယ်မစောင့်ရှောက်ခြင်းသည် အသင့်အတို့အရာမုချလုံလောက်ပေသည်ဟု ကောင်းစွာ ယုံကြည်အားထားပါလေ။

① "အလ္လာဟ်အရှင်မြတ်၏ ဆေးရောင်" ဟူသည် အလ္လာဟ်အရှင်မြတ်၏ သာသနာဖြစ်သော အစွမ်းလမ် သာသနာကိုပင် ဆိုလိုသည်။

أَمْ تَقُولُونَ إِنَّ إِبْرٰهِمَ
وَإِسْمٰعِيلَ وَإِسْحٰقَ
وَيَعْقُوبَ وَالْأَسْبَاطَ
كَانُوا هُودًا أَوْ نَصٰرٰى ۗ قُلْ
ءَأَنتُمْ أَعْلَمُ أَمِ اللَّهُ ۗ وَمَنْ
أَظْلَمُ مِمَّنْ كَتَمَ شَهَادَةً
عِندَهُۥ مِنَ اللَّهِ ۗ وَمَا اللَّهُ
بِغَٰفِلٍ عَمَّا تَعْمَلُونَ ﴿١٤٠﴾

၁၄၀။ အသင်တို့က နဗီတမန်တော်များဖြစ်ကြသော အီဗ်ရာဟီမ်(အ)၊ အစ္စမာအီလ်(အ)၊ အစ္စဟာက်(အ)၊ ယအ်ကူဗ်(အ)နှင့် [နဗီတမန်တော် ယအ်ကူဗ်(အ)၏ သားမြေးတို့အနက်] ပွင့်သမျှသောနဗီတမန်တော်များသည် ယဟူဒီဘာသာဝင်များသော်လည်းကောင်း၊ သို့မဟုတ် ခရစ်ယာန်ဘာသာဝင်များသော်လည်းကောင်း၊ ဖြစ်ခဲ့ကြလေသည်ဟုပြောဆိုကြလေသလော။အို-နဗီတမန်တော်မုဟမ္မဒ်(ဆွ) အသင်သည် ယင်းသူတို့အား "ဟယ်-အချင်းတို့၊ (ဤအကြောင်းကို) အသင်တို့က ပင်ပိုင်သိရှိကြလေသလော၊ သို့တည်းမဟုတ်အလ္လာဟ် အရှင်မြတ်ကပင် ပိုင်ပင်သိရှိတော်မူပါသလော" ဟု မေးပါလေ၊(အကယ်၍ ဤအကြောင်းကိုသိလျက်နှင့်ပင် ယင်းသူတို့လျှို့ဝှက်ထားကြပါလျင်) အလ္လာဟ် အရှင်မြတ် အထံတော်မှ ချပေးသနားတော်မူသော သက်သေခံချက်ကို ထိမ်ချန်လျှို့ဝှက် ထားသောသူထက်သာလွန်၍ မတရားသောသူသည် အဘယ်မှာရှိနိုင်ပါအံ့နည်း။ အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့ပြုကျင့်ကြကုန်သောကိစ္စအဝဝကို လျစ်လျူရှုတော်မူမည့်အရှင်မဟုတ်ပေ။

تِلْكَ أُمَّةٌ قَدْ خَلَتْ ۖ لَهَا مَا
كَسَبَتْ وَلَكُمْ مَّا كَسَبْتُمْ ۖ
وَلَا تُسْـَٔلُونَ عَمَّا كَانُوا
يَعْمَلُونَ ﴿١٤١﴾

၁၄၁။ ထိုသူတို့သည် (အတိတ်ကာလ၌) လွန်လေပြီးသောသာသနာဝင်လူစုဖြစ်ကြကုန်၍ ထိုသူတို့ပြုကျင့်ဆည်းပူးခဲ့သမျှသောသုစရိုက်မူကုသိုလ်ကံ၊ ဒုစရိုက်မူအကုသိုလ်ကံတို့သည် ထိုသူတို့အတို့သာဖြစ်လေသည်။ ထိုနည်းတူစွာ အသင်တို့ပြုကျင့် ဆည်းပူးခဲ့သမျှသော(ကောင်းမှုမကောင်းမှု)တို့၏ အကျိုးသည်လည်း အသင်တို့အတို့အရာသာတည်း။ ထိုမှတပါး အသင်တို့သည်ထိုသူတို့ ပြုကျင့်ခဲ့ကြသော ကိစ္စများနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းကို ခံကြရမည်မဟုတ်ပေ။

سَيَقُولُ السُّفَهَآءُ مِنَ النَّاسِ مَا وَلَّىٰهُمْ عَن قِبْلَتِهِمُ الَّتِي كَانُوا عَلَيْهَا ۚ قُل لِّلَّهِ الْمَشْرِقُ وَالْمَغْرِبُ ۚ يَهْدِي مَن يَشَاءُ إِلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿١٤٢﴾

၁၄၂။ မကြာမီ ကာလအတွင်း လူတို့အနက်မှ ("ကစ်ဗ်လဟ်" ပြောင်းလွဲခြင်း၏ သဘောတရားကို နားမလည်ကြသော) လူဗာလတို့က အဘယ် အရာသည် ယင်းမွတ်စ်လင်မ်များကို မိမိတို့၏ နဂိုမူလ မျက်နှာမူရာ အရပ်ဒိသာဘက်မှ ပြောင်းလွဲအောင် ပြုဘိသနည်း ဟု မုချ (ကဲ့ရဲ့ပြစ်တင်) ပြောဆိုကြ ကုန်အံ့။ [၁] (အို-နဗီတမန်တော်) အသင်သည် အရှေ့ နေထွက်ရာ အရပ်ကိုလည်းကောင်း၊ အနောက် နေဝင်ရာ အရပ်ကိုလည်းကောင်း၊ (အရပ်ရှစ်မျက်နှာ လုံးကို) အလ္လာဟ်အရှင်မြတ်သည်သာလျှင် ပိုင်ဆိုင် တော်မူသည်၊ ထို အရှင်မြတ်သည် မိမိ နှစ်လို တော်မူသောသူကိုသာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့ ညွှန်ကြားပြသ ပို့ဆောင်တော် မူသည်ဟု (ထိုသူတို့အား) တုံ့ပြန်ဖြေကြားပါလေ။

---

① **နိဒါနကထာ**

အစ္စရာအီလီ လူမျိုးတို့၏ (ကစ်ဗ်လဟ်) မျက်နှာမူရာ အရပ်သည် "ဗိုင်တုလ်မုကဒ္ဒတ်စ်" ယေရုရှလင် မြို့တော်ရှိ နဗီတမန်တော် စုလိုင်မာန် (အလိုင်ဟစ္စလာမ်) တည်ဆောက်ခဲ့သော "မတ်စ်ဂျေ့ဒ့အတ်က်ဆွာ" ဗလီကျောင်းတော်ပင် ဖြစ်သည်။ နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် မူလက မက္ကာမြို့တော်၌ သီတင်းသုံးနေ ခိုက်တွင်၎င်း၊ မဒီနာမြို့တော်သို့ ရွှေ့ပြောင်း၍ သီတင်းသုံးနေရာတွင် ပဌမတနှစ်ခွဲနီးပါးအထိ၎င်း၊ "မတ်စ်ဂျေ့ဒ့ အတ်က်ဆွာ" ဗလီကျောင်းတော်ဘက်သို့ပင် မျက်နှာမူ၍ ဆွလာတ်ဝတ်ပြုခဲ့လေသည်။

နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ "မတ်စ်ဂျေ့ဒ့အတ်က်ဆွာ" ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုနေရလင့်ကစား ဘေးတော် နဗီတမန်တော်အီဗ်ရာဟီမ် (အ)တည်ဆောက်ခဲ့သော မက္ကာမြို့တော်ရှိ "ဗိုင်တုလ္လာဟ်" ခေါ် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ဘက်သို့သာ မျက်နှာမူ၍ ဆွလာဟ် ဝတ်ပြုရန် အာသာဆန္ဒ ပြင်းပြလျက်ရှိနေလေသည်။

မဒီနာမြို့တော်၌ နဗီတမန်တော် သီတင်းသုံး၍ ၁၆လ၊ သို့မဟုတ် ၁၇လကြာလတ်သော် "ယခုမူ အသင်သည် မတ်စ်ဂျေ့ဒ့ဟရာမ်(ခေါ်) မက္ကာမြို့တော်ရှိ အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ဘက်သို့ မျက်နှာမူ၍ ဆွလာတ်ဝတ်ပြုလေ" ဟူသော အမိန့်တော်သည် အလ္လာဟ်အရှင်မြတ် အထံတော်မှ ကျရောက် လာလေသည်။ [ကြည့်၊ ဗုခါရီကျမ်း။]

မျက်နှာမူရာအရပ်လွှဲပြောင်းရန်အမိန့်တော်ကျရောက်လာသည့်အခါနဗီတမန်တော် မုဟမ္မဒ်(ဆွ)နှင့်တကွ သာဝကများသည်မဒီနာမြို့ရှိ "မတ်စ်ဂျေ့ဒ့ကုဗာ" ဗလီဝတ်ကျောင်းတော်တွင် ဆွလာဟ်ဝတ်ပြုလျက် ➤➤

وَكَذَٰلِكَ جَعَلْنَٰكُمْ أُمَّةً وَسَطًا لِّتَكُونُوا۟ شُهَدَآءَ عَلَى ٱلنَّاسِ وَيَكُونَ ٱلرَّسُولُ عَلَيْكُمْ شَهِيدًا ۗ وَمَا جَعَلْنَا ٱلْقِبْلَةَ ٱلَّتِى كُنتَ عَلَيْهَآ إِلَّا لِنَعْلَمَ

၁၄၃။ ထို့ပြင် ဤနည်းနှင်နှင် ငါအရှင်မြတ်သည် အသင်တို့ကိုလည်း အလယ်အလတ် [၁] (တရားမျှတသော အမြင့်မြတ်ဆုံးသော) သာသနာဝင်များအဖြစ် ပြုတော်မူခဲ့လေပြီ၊ (ယင်းကဲ့သို့ပြုတော်မူခြင်းမှာ) အသင်တို့သည် လူခပ်သိမ်းတို့အတို့ အသိသက်သေများ [၂] ဖြစ်စေအံ့သောငှာငင်း၊ ထို့ပြင်ရန္ဓလ်တမန်တော် (မုဟမ္မဒ်)သည်လည်း အသင်တို့အတို့ အသိသက်သေဖြစ်စိမ့်သောငှာငင်း၊ (ပြုတော်မူခြင်းပင်)ဖြစ်လေသည်။

➤➤ ရှိကြကုန်၏။ အမိန့်တော် ကျရောက်လာသည်နှင့် တပြိုင်နက် ဝတ်ပြုနေစဉ်အတွင်းမှာပင် မတ်စ်ဂိဒ္ဒေအတ်က်ဆွာ ဘက်မှ မက္ကာမြို့တော်ရှိ အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ဘက်သို့ မျက်နှာလှည့်၍ ဝတ်ပြုကြလေသည်။

ယဟူဒီဘာသာဝင်တို့သည် မွတ်စ်လင်မ်များအပေါ်၌ မကျေနပ်မှုများ အများအပြားရှိလင့်ကစား ဝတ်ပြုရာ၌ မျက်နှာမူရာအရပ်ချင်း ထပ်တူထပ်မျှရှိနေသည်ကို နှစ်သိမ့်လျက် ဂုဏ်ယူပြောဆိုနေခဲ့ကြ၏၊ ထိုအခိုက်မှာပင် မွတ်စ်လင်မ်တို့၏ မျက်နှာမူရာအရပ်ပြောင်းလွဲသွားရာ ယဟူဒီဘာသာဝင်တို့သည် မွတ်စ်လင်မ်တို့ကို အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့ပြစ်တင်ပြောဆိုကြလေသည်။

မျက်နှာမူရာအရပ် ပြောင်းလွဲသွားသည့်အခါ ယဟူဒီဘာသာဝင်တို့က ယင်းကဲ့သို့ ကဲ့ရဲ့ပြစ်တင်ပြောဆိုကြမည့်အကြောင်းကို အလ္လာဟ်အရှင်မြတ်က ကြိုတင်၍ ဤမုဟမ္မဒ်တော်တွင် ဗာဒီတ်ပေးထားတော်မူခြင်းပေတည်း။ (တဖ်စီရ်ကဗီရ်)

① အစ္စလာမ်သာသနာမထွန်းကားမီ အတိတ်ခေတ်များတွင် လူတို့သည် နှစ်မျိုးနှစ်စားသော အယူဝါဒကို လိုက်စားခဲ့ကြလေသည်၊ အချို့သည် လောကုတ္တရာရေးများကို အလျင်းစွန့်ပယ်၍ လောကီစည်းစိမ်များတွင် လုံးဝနစ်မွန်းနေခဲ့ကြကုန်၏။ ကျန်တစုမှာမူလောကုတ္တရာရေးများကိုသာ တဘက်သတ်လေ့လာလိုက်စားခဲ့ကြကုန်၏။ ဤဝါဒနှစ်ရပ်ကား သဘာဝလည်းမကျ လိုက်နာကျင့်သုံးခြင်းငှာလည်း ခဲယဉ်းလှစွာသော လမ်းစဉ်သာဖြစ်သည်။

အစ္စလာမ်သာသနာသည်ကား လူ့ဘဝမွန်နှင့်အညီ လောကီရေးနှင့် လောကုတ္တရာရေး နှစ်မျိုးလုံးကို မယုတ်မလွန် ဒွန်တွဲ၍ လေ့လာလိုက်စားစေပြီး နှစ်ဘဝ၏သုခကို ဆောင်ကြဉ်းလေသည်။ ဤအတွက်ကြောင့်ပင် မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်အညီ နှစ်ဘဝ၏သုခချမ်းသာကိုပင် ပန်ထွာကြလေသည်။ သို့ဖြစ်၍ ဤပါဒတွင်ပါရှိသော "ဝစတွာန်" ၏အနက်အဓိပ္ပါယ်မှာ မချိမပို့ပဒါ အလယ်အလတ်ဖြစ်သော လမ်းစဉ်ဖြစ်သည်။

② "ရှဟဒါ" - ဆိုလိုရင်းသဘောကား မွတ်စ်လင်မ်တို့သည် လူခပင်းအတို့ စံပြများ ဖြစ်ကြသည့်အတိုင်း နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည်လည်း မွတ်စ်လင်မ်တို့အတို့ စံပြပင်ဖြစ်တော်မူလေသည်ဟူလို။

مَنْ يَّتَّبِعُ الرَّسُوْلَ مِمَّنْ يَّنْقَلِبُ
عَلٰى عَقِبَيْهِ ؕ وَاِنْ كَانَتْ لَكَبِيْرَةً
اِلَّا عَلَى الَّذِيْنَ هَدَى اللّٰهُ ؕ
وَمَا كَانَ اللّٰهُ لِيُضِيْعَ
اِيْمَانَكُمْ ؕ اِنَّ اللّٰهَ بِالنَّاسِ
لَرَءُوْفٌ رَّحِيْمٌ ﴿١٤٣﴾

စင်စစ် ငါ အရှင်မြတ်သည် အသင် (နဂိုမူလက) မျက်နှာမူခဲ့ဘူးသည့် ကစ်ဗ်လဟ် (ဝါ) ဗိုင်တုလ်မုကဒ္ဒတ်စ် ကို (ကစ်ဗ်လဟ်အဖြစ်ယာယီအား ဖြင့်) ထားရှိတော်မူခဲ့ခြင်းအကြောင်းမှာ (နောင်အနာဂတ်တွင် "ကစ်ဗ်လဟ်" မျက်နှာမူရာ "ကအ်ဗဟ်" ဘက်သို့ ပြောင်းလွဲသောအခါ) ရစူလ်တမန်တော်၏ အမိန့်ကို လိုက်နာသောသူနှင့် မိမိတို့ခြေဖနောင့် ဘက်သို့ ပြန်လှည့်သွား သူတို့ကို (ခွဲခြား) သိတော်မူရန်သာ ဖြစ်ချေသည်။ စင်စစ်သော်ကား ("ကစ်ဗ်လဟ်" ပြောင်းလွဲရန် အမိန့်တော်သည်) အလ္လာဟ်အရှင်မြတ်က တရားလမ်းမှန်ကို ညွှန်ကြားပြသ (ပို့ဆောင်)တော်မူခြင်းကို ခံရသူတို့မှအပ (အခြားသူတို့ အဘို့လိုက်နာရန်) အလွန်ပင် ခဲယဉ်းလှပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ယုံကြည်ခြင်း သဒ္ဓါတရား [(ဝါ) မူလ ကစ်ဗ်လဟ်ဘက်သို့ မျက်နှာမူ၍ ဆွလာတ်ဝတ်ပြုခဲ့ကြသည်] ကို အချည်းနှီးအကျိုးမဲ့ ဖြစ်စိမ့်သောငှာ (ဤသို့ပြောင်းလွဲရန် အမိန့်ထုတ်ပြန်တော် မူသည်) မဟုတ်ချေ။ [၁] အလ္လာဟ်အရှင်မြတ်သည် လူခပ်သိမ်းတို့အပေါ်ဝယ် စင်စစ် နူးညံ့သိမ်မွေ့တော် မူထသောအရှင်၊ မပြတ်မစဲ သနား ညှာတာတော် မူထသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① ကုရ်အာန်ကျမ်းလာ ဤဝါကျ၏ အဓိပ္ပါယ်ကို ရှင်းလင်းပြဦးအံ့။

(က) ဤဝါကျ၌ပါရှိသော "အီမာန်" ဟူသောပုဒ်၏သဘောမှာ ဆွလာတ်ဝတ်ပြုခြင်းဖြစ်သည်၊ အကြောင်းဖော်ပြရသည်ရှိသော် မျက်နှာမူရာအရပ်ပြောင်းလွဲရန် အမိန့်တော်ကျရောက်လာသည့်အခါ အချို့သာဝကကြီးများ၏စိတ်တွင် ထိုအမိန့်တော်မကျရောက်မီ ငါတို့ပြုခဲ့ဘူးသောဆွလာတ်ဝတ်ပြုမှုသည် အသို့ဖြစ်မည်နည်း၊ ထိုအမိန့်တော်မကျရောက်မီ ကွယ်လွန်အနိစ္စရောက်ခဲ့ကြသော မွတ်စ်လင်မ်တို့၏ အရေးသည် အဘယ်သို့ဖြစ်ပါလိမ့်မည်နည်းဟူသော တွေးတောမှုသည် ပေါပေါက်လာပေရာ အလ္လာဟ်အရှင်မြတ်က ငါအရှင်သည် ဤ အမိန့်တော် မကျရောက်မီက အသင်တို့ ပြုခဲ့သော ဆွလာတ် ဝတ်ပြုမှုကိုငင်း၊ ➤➤

قَدْ نَرَىٰ تَقَلُّبَ وَجْهِكَ فِي السَّمَاءِ ۖ فَلَنُوَلِّيَنَّكَ قِبْلَةً تَرْضَاهَا ۚ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۚ وَحَيْثُ مَا كُنْتُمْ فَوَلُّوا وُجُوهَكُمْ شَطْرَهُ ۗ وَإِنَّ الَّذِينَ أُوتُوا الْكِتَابَ لَيَعْلَمُونَ أَنَّهُ الْحَقُّ مِنْ رَبِّهِمْ ۗ وَمَا اللَّهُ بِغَافِلٍ عَمَّا يَعْمَلُونَ ﴿١٤٤﴾

၁၄၄။ အသင်သည် (မိမိစိတ်တွင်းဝယ် ဆွလာတ်ဝတ်ပြုရာ၌မျက်နှာမူရန် ကအ်ဗဟ်ကျောင်းတော်ကို ကစ်ဗ်လဟ်ဖြစ်စေလိုရ၌ အလ္လာဟ်အရှင်မြတ်အထံတော်မှ အမိန့်တော်ကိုမျှော်လင့်လျက်) မိုးကောင်းကင်သို့ အကြိမ်ကြိမ်မျက်နှာမော်၍ ကြည့်နေသည်ကိုငါအရှင်မြတ်သည် မုချ မြင်တော်မူသည်ဖြစ်လေရာ အသင်နှစ်သက်လေသော "ကစ်ဗ်လဟ်" ဘက်သို့အသင့်အားငါအရှင်မြတ်သည် မုချဧကန် လှည့်၍ပေးတော်မူအံ့။ သို့ဖြစ်ရာ (အို-နဗီတမန်တော်) အသင်သည် မိမိမျက်နှာကို (ယခုချိန်မှစ၍ ဆွလာတ်ဝတ်ပြုရာတွင်) မတ်စ်ဂျိဒေဟရာမ် (ဝါ) ကအ်ဗဟ်ကျောင်းတော်ဘက်သို့လှည့်ပါလေ။ ထိုမှတပါးအသင်တို့သည် မည်သည့်နေရာ *(အရပ်ဒေသ)*၌ပင် ရှိနေစေကာမူ [၁] (ဆွလာတ်ဝတ်ပြုသောအခါ) ယင်း (မတ်စ်ဂျိဒ့ဟရာမ်)ဘက်သို့သာလျှင် မိမိတို့မျက်နှာများကို လှည့်ကြကုန်လော့။

➤➤ (အသင်တို့အလျင်သေဆုံးသွားကြသောသူများ၏ ဆွလာတ်များကိုရင်း၊ အချည်းနှီးဖြစ်စေမည်မဟုတ်) ဟု မိန့်ကြားတော်မူလေသည်။ ဤကား "စုယူတို့" ၏အဆိုတည်း။

(ခ) ဤပါဒ၌ပါရှိသော "အီမာန်"ဟူသောပုဒ်၏အနက်မှာ ယုံကြည်ခြင်းသဒ္ဓါတရားဟူသော မူရင်းအဓိပ္ပါယ်အတိုင်းပင် ဖြစ်သည်၊ ယင်းပုဒ်၏အနက်မှာ ဆွလာတ်ဝတ်ပြုခြင်းမဟုတ်ပေ၊ မျက်နှာမူရာအရပ်ကို ပြောင်းလွဲလိုက်သည့်အခါ အချို့သော သာသနာ့အရေခြုံများသည် သာသနာတော်ကို သွေဖည်သွားကြကုန်၏၊ သို့ရာတွင် ထိုသို့မျက်နှာမူရာအရပ် ပြောင်းလွဲသွားသည့်အတွက် မွတ်စ်လင်မ်တို့၏ "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားတွင် ပြောင်းလွဲမှုစိုးစဉ်းမျှ မဖြစ်သည့်ပြင် ယင်းသူတို့သည် သာသနာတော်ကို ယခင်ထက်ပင် ကြည်ညိုမြတ်နိုးလာကြကုန်၏။ ဤကဲ့သို့ ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြသော မွတ်စ်လင်မ်တို့အား အလ္လာဟ်အရှင်မြတ်က အို-မုအ်မင်န်အပေါင်းတို့၊ ငါအရှင်သည် အသင်တို့၏(တည်ကြည်သော) ယုံကြည်ခြင်းသဒ္ဓါတရားကို အဟောသိက ဖြစ်စေမည်မဟုတ်၊ ပူပင်သောကမရှိကြလင့်၊ ငါအရှင်သည် အသင်တို့အား ကုသိုလ်အကျိုးကို ဆထက်တိုး၍ ခြီးမြှင့်တော်မူအံ့ဟု မိန့်ဆိုခြင်းပင်တည်း။

② "မည်သည့်နေရာဌာန၌မဆို အသင်တို့သည်ရှိအံ့" ဟုဆိုရာ၌ "ဖုကဟာ" ဓမ္မဝိနိစ္ဆယ သုခမိန်များက ဆွလာတ်ဝတ်ပြုခြင်းသည် သန့်ပြန့်သောနေရာတိုင်း၌ ပြုပိုင်သည်။ ဗလီဝတ်ကျောင်းများ၌သာ ဆွလာတ်ဝတ်ပြုရမည်ဟူ၍ အထူးပညတ်ထားသည်မဟုတ်။ အကြောင်းရှိက မည်သည့်သန့်ပြန့်သောနေရာ၌မဆို ဝတ်ပြုပိုင်ခွင့်ရှိသည်ဟု ဤပါဒကို သာဓကအဖြစ် အမှီပြု၍ စီရင်ဆုံးဖြတ်ကြသည်။ ကြည့်-မာဂျီဒီ။

وَلَئِنْ أَتَيْتَ الَّذِينَ أُوتُوا
الْكِتَابَ بِكُلِّ آيَةٍ مَّا تَبِعُوا
قِبْلَتَكَ ۚ وَمَا أَنتَ بِتَابِعٍ
قِبْلَتَهُمْ ۚ وَمَا بَعْضُهُم بِتَابِعٍ
قِبْلَةَ بَعْضٍ ۚ وَلَئِنِ اتَّبَعْتَ
أَهْوَاءَهُم مِّن بَعْدِ مَا
جَاءَكَ مِنَ الْعِلْمِ ۙ إِنَّكَ
إِذًا لَّمِنَ الظَّالِمِينَ ﴿١٤٥﴾

အမှန်စင်စစ် (အလ္လာဟ်အရှင်မြတ်ထံမှ) ကျမ်းဂန်ရသောသူတို့သည်(လည်း) ထို (မတ်စ်ဂျိဒ့ဟရာမ်ရှိရာဘက်သို့ မျက်နှာမူရန် အမိန့်တော်သည်) မိမိတို့အား မွေးမြူတော်မူသော (အလ္လာဟ်) အရှင်မြတ်အထံတော်မှကျရောက်၍ မှန်ကန်သော အမိန့်တော်ပင်ဖြစ်သည်ဟု မုချအမှန် သိရှိကြကုန်၏။ (သို့ရာတွင် မနာလိုမုန်းထားသော သဘောဖြင့်သာလျှင် မထီမဲ့မြင်ပြုကြလေသတည်း)၊ စင်စစ် အလ္လာဟ်အရှင်မြတ် သည် ယင်းသူတို့ပြုမူကျင့်ကြံလေသောကိစ္စရပ်များကို မေ့လျော့လျစ်လျူရှုတော်မူမည့်အရှင်မဟုတ်ပေ။

၁၄၅။ ထို့ပြင်တဝ (အို-နဗီတမန်တော်၊ အလ္လာဟ်အရှင်မြတ်အထံတော်မှ) ဓမ္မဒေသနာ ကျမ်းဂန်များရရှိသူ (ယဟူဒီနှင့် ခရစ်ယာန်)တို့ရှေ့ဝယ် အကယ်စင်စစ် အသင်သည် သက်သေသာဓက လက္ခဏာဟူသမျှကိုယူဆောင်တင်ပြပါသော်လည်း ယင်းသူတို့သည် အသင်၏မျက်နှာမူရာ ကစ်ဗ်လဟ်ကို လိုက်နာကြလိမ့်မည် မဟုတ်ချေ။ အသင်သည်လည်း ယင်းသူတို့၏မျက်နှာမူရာအရပ်ကို လိုက်နာမည်မဟုတ်။ ယင်း (ယဟူဒီနှင့် ခရစ်ယာန်) တို့သည်လည်း အချင်းချင်း အချို့သည်အချို့၏ မျက်နှာမူရာအရပ်ကို လိုက်နာကြသည် မဟုတ်ပေ။ သို့ဖြစ်၍ (ငါ အရှင်မြတ်၏ အထံတော်မှ ကအ်ဗဟ်ကျောင်းတော်ဘက်သို့ မျက်နှာမူရန် အမိန့်တော်ကျရောက်၍ မှန်ကန်သော) အသိတရားများ အသင့်ထံရောက်ပြီးသည့်နောက် အသင်သည် ယင်းသူတို့၏ အလိုဆန္ဒများကို အကယ်စင်စစ် လိုက်လျောခဲ့ပါမူ အသင်သည် ပြစ်မှုကျူးလွန်သောသူများတွင် ဧကန်မုချတဦးအပါအဝင် ဖြစ်ချေတော့အံ့။

الَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْرِفُوْنَهٗ كَمَا يَعْرِفُوْنَ اَبْنَآءَهُمْ ۭ وَاِنَّ فَرِيْقًا مِّنْهُمْ لَيَكْتُمُوْنَ الْحَقَّ وَهُمْ يَعْلَمُوْنَ ﴿١٤٦﴾

၁၄၆။ အမှန်စင်စစ် (တောင်ရာတ်နှင့် အင်နဂျီလ်) ကျမ်းများကို ငါအရှင်မြတ်ပေးသနားတော်မူသော (ယဟူဒီနှင့် ခရစ်ယာန်တို့၏ ပညာရှိ သုခမိန်)တို့သည် မိမိတို့၏ သားမြေးတို့ကို သိတိုသကဲ့သို့ပင် ထို[နဗီတမန်တော်မုဟမ္မဒ်(ဆွ)] ကိုလည်း သိကြလေသည်။ သို့ရာတွင် ဧကန်မုချ ယင်းသူတို့အနက်မှ လူတစ်စုသည် အမှန်ကို (အမှန်ဟူ၍) သိရှိပါလျက်နှင့်ပင် ထိမ်ချန်ထားရှိကြလေသတည်း။

اَلْحَقُّ مِنْ رَّبِّكَ فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ ﴿١٤٧﴾

၁၄၇။ (အို- နဗီတမန်တော်) ဤ (ကစ်ဗ်လဟ် ပြောင်းလွဲခြင်းနှင့် စပ်လျဉ်းသော) အမိန့်တော်သည် အသင့်ကိုမွေးမြူတော်မူသော အရှင်မြတ်၏အထံ တော်မှ ကျရောက်သည့် မှန်ကန်သော အမိန့်တော်ပင် ဖြစ်ချေသည်။ သို့ဖြစ်လေရာ အသင်သည် ဒွိဟ မကင်းသောသူတို့တွင် အပါအဝင်မဖြစ်ပါလေနှင့်။

وَلِكُلٍّ وِّجْهَةٌ هُوَ مُوَلِّيْهَا فَاسْتَبِقُوا الْخَيْرٰتِ ۭ اَيْنَ مَا تَكُوْنُوْا يَاْتِ بِكُمُ اللّٰهُ جَمِيْعًا ۭ اِنَّ اللّٰهَ عَلٰي كُلِّ

၁၄၈။ ထိုမှတပါး လူမျိုးအသီးသီးတို့၌ *(မျက်နှာမူရာ)အရပ်တခုကျစီရှိ၏။* [၁] ထို(လူမျိုးအသီးသီး)တို့သည် (ဝတ်ပြုရာ၌မိမိတို့ဘာသာတရားနှင့်အညီ) ထိုမျက်နှာမူရာဘက်သို့ မျက်နှာမူလေ့ရှိကြကုန်၏။ သို့ဖြစ်လေရာ အသင်တို့သည် ကုသိုလ်ကောင်းမှုဆည်းပူးရာ၌ သူ့ထက်ငါသာအောင် (လုံ့လဝီရိယစိုက်ထုတ်ကာ)*အဆောတလျင်ပြုလုပ်ကြကုန်လော့။* [၂]

---

① "ဝစ်ဂျ်ဟတွန်" သဒ္ဒါသည် (က) မျက်နှာမူရာအရပ်၊ (ခ) ရည်မှန်းချက် အနက်ကိုဟောသည်။ ဆိုလိုသည်ကား လူမျိုးအသီးသီးတို့သည် ဝတ်ပြုရာ၌ မျက်နှာမူရာအရပ် တစ်ခုခုကိုသတ်မှတ်၍ ထိုအရပ်ဘက်သို့သာ မျက်နှာမူလေ့ရှိကြ၏။

② အစွမ်းလာမ်သာသနာအရ အရပ်မျက်နှာတဘက်ဘက်သို့ မျက်နှာမူခြင်းသည်သာ အဓိကမဟုတ်ပေ၊ ကုသိုလ်တရား ပွားများခြင်းသည်သာလျှင် အဓိကဖြစ်ပေသည်။ ကြည့်၊ ကုရ်အာန် (၂:၁၇၇)။ ထိုအကြောင်းကို ရှင်းလင်းစေရန်အလို့ငှာ ဤပါဒတွင်ပင် ကောင်းမှုကုသိုလ်များကို အဆောတလျင် လုပ်ကြရမည်ဟု မိန့်ဆိုန်းဆော်ထားတော်မူလေသည်။

شَيْءٍ قَدِيرٌ ﴿١٠٦﴾

အသင်တို့သည် မည်သည့်နေရာ၌မဆို ရှိကြအံ့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ အားလုံးတို့ကို (တဌာနတည်း၌) စုရုံးတော်မူအံ့။ ၁ မုချဇကန် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ အပေါ်ဝယ် စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။

وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۖ وَإِنَّهُ لَلْحَقُّ مِن رَّبِّكَ ۗ وَمَا اللَّهُ بِغَافِلٍ عَمَّا تَعْمَلُونَ ﴿١٤٩﴾

၁၄၉။ ထို့ပြင်တဝ (အို-နဗီတမန်တော်) အသင် သည် မည်သည့်နေရာဌာနမှမဆို (ခရီး) ထွက်အံ့၊ (ဝါ) မည်သည့်နေရာ၌မဆိုရှိနေအံ့၊ ဆွေလာတ်ဝတ်ပြု ရာ၌ မိမိမျက်နှာကို (ထိုဌာနမှ) မတ်စ်ဂျိဒ့ဒေ်ဟရာမ် ကျောင်းတော်ဘက်သို့သာလျှင်လှည့်ပါလေ။ စင်စစ် သော်ကား မုချဇကန် ဣသ်လာမိန့်တော်သည် အသင့် အား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်မှ လုံးဝမှန်ကန်သော အမိန့်တော်ပင်ဖြစ်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကျင့်မူ ကြကုန်သော ကိစ္စရပ်များကို မေ့လျော့လျစ်လျူရှု တော်မူမည့်အရှင် မဟုတ်ပေ။

وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۖ وَحَيْثُ

၁၅၀။ တဖန် (အို-နဗီတမန်တော်) အသင်သည် မည်သည့်နေရာဌာနမှမဆို (ခရီး)ထွက်အံ့။ သို့(ခရီး) ထွက်ရာနေရာဌာနမှ (ဆွေလာတ်ဝတ်ပြုရာ၌)ကအ်ဗဟ် ကျောင်းတော်ဘက်သို့သာလျှင် မျက်နှာမူပါလေ။

---

① ဤဝါကျကို အဋ္ဌကထာရှင်များသည် အောက်ပါအတိုင်း အမျိုးမျိုးအနက်ဖွင့်ကြသည်။ -

(က) အသင်တို့သည် အဘယ်အရပ်၌ပင် ရှိစေကာမူ အသင်တို့အားလုံးကို အလ္လာဟ်အရှင်မြတ်သည် သေစေတော်မူအံ့။

(ခ) အသင်တို့သည် အဘယ်အရပ်၌ပင် ရှိစေကာမူ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အားလုံးကို သေပြီးနောက် ရှင်ပြန်ထသည့်နေ့တွင် စုပေါင်းတော်မူအံ့။

(ဂ) အသင်တို့သည် အဘယ်အရပ်၌ပင် ရှိစေကာမူ အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ဆွေလာတ်ဝတ်ပြုခြင်းကို မျက်နှာမူရာ အရပ်တစ်ခုတည်းဘက်သို့ လှည့်တော်မူအံ့။

مَا كُنتُمْ فَوَلُّوا وُجُوهَكُمْ شَطْرَهُ
لِئَلَّا يَكُونَ لِلنَّاسِ عَلَيْكُمْ
حُجَّةٌ إِلَّا الَّذِينَ ظَلَمُوا
مِنْهُمْ فَلَا تَخْشَوْهُمْ
وَاخْشَوْنِي وَلِأُتِمَّ
نِعْمَتِي عَلَيْكُمْ وَلَعَلَّكُمْ
تَهْتَدُونَ ﴿١٥٠﴾

တဖန်ပြကတော့ထိုနည်းအတိုင်း(အို-မွတ်စ်လင်မ် အပေါင်းတို့) အသင်တို့သည်လည်း မည်သည့် နေရာဌာနခဏမဆို ရှိကြသည် ဖြစ်အံ့။ ဆွလာတ် ဝတ်ပြုရာ၌) ထို (ကအ်ဗဟ်ကျောင်းတော်) ဘက်သို့ သာလျှင် မျက်နှာမူကြကုန်လော့။ (ဤအမိန့်တော် ထုတ်ပြန်တော်မူခြင်းကား အသင်တို့အား အတိုက် အခံ ပြုကြကုန်သော) လူဆပ်သိမ်းတို့ အဘို့ အသင်တို့နှင့် ဆန့်ကျင်၍ လျှောက်လဲချက် မရှိရန်အလို့ငှာ ဖြစ်သည်။ သို့ရာတွင် ယင်းသူတို့ အနက်မှ မတော်မတရားပြုမူသော သူတို့ကား (ဇွတ်မိုက်၍ ဆင်ခြေလဲကြဦးမည် ဖြစ်သော်လည်း ၎င်းတို့၏ဆင်ခြေလဲခြင်းမှာဂရုပြုဘွယ်မဟုတ်ချေ။) သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အား အလျင်း မကြောက်ရွံ့ကြဘဲ ငါ အရှင်မြတ် ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် ငါအရှင်မြတ် သည် အသင်တို့အပေါ် မိမိကျေးဇူးတော်များကို ပြည့်စုံစေတော်မူအံ့။ ထို့ပြင်တဝ အသင်တို့သည် ဥဇုမဂ္ဂ တည်းဟူသော ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ရရှိသူများလည်း ဖြစ်ကြအံ့။

كَمَا أَرْسَلْنَا فِيكُمْ رَسُولًا مِّنكُمْ
يَتْلُوا عَلَيْكُمْ آيَاتِنَا وَيُزَكِّيكُمْ
وَيُعَلِّمُكُمُ الْكِتَابَ وَالْحِكْمَةَ
وَيُعَلِّمُكُم مَّا لَمْ تَكُونُوا

၁၅၁။ (ငါအရှင်မြတ်သည် ကအ်ဗဟ် ကျောင်းတော်ကို ကစ်ဗ်လဟ်အဖြစ် သတ်မှတ်၍ ပေးတော်မူခြင်းမှာ) ငါအရှင်မြတ်သည် အသင်တို့ထံဝယ် အသင်တို့အနက်မှ ရာရူလ်တမန်တော်တပါး စေလွှတ်တော်မူသကဲ့သို့ပင် ဖြစ်သည်၊ ထိုရာရူလ်တမန်တော်သည် ငါအရှင်မြတ် (ပို့ချတော်မူသော) ဒေသနာများကို အသင်တို့ရှေ့ဝယ် ရွတ်ဖတ် သရဇ္ဈာယ်သည်။

تَعْلَمُونَ ﴿١٥١﴾

ထို့ပြင်တဝ အသင်တို့(၏ စိတ်နှလုံးများ)ကို (အကုသိုလ်ဒုစရိုက်များမှ) သန့်စင်အောင် ပြုပေးသည်။ ထိုမျှမက အသင်တို့အား ကျမ်းဂန်နှင့် အသိ အလိမ္မာ အမြော်အမြင် တရားများကိုလည်း သင်ကြားပြသသည်၊ ထိုမှတပါး အသင်တို့ မသိ နားမလည်ခဲ့ကြသော အကြောင်းအရာအရပ်ရပ် တို့ကိုလည်း သင်ကြားပြသသည်။

فَاذْكُرُونِي أَذْكُرْكُمْ وَاشْكُرُوا لِي وَلَا تَكْفُرُونِ ﴿١٥٢﴾

၁၅၂။ သို့ဖြစ်လေရာ အသင်တို့သည် ငါအရှင်မြတ်ကို (ခဝပ်ကိုးကွယ်ခြင်းအားဖြင့်၎င်း၊ ငါအရှင်မြတ်၏အမိန့်တော်များကို ရိုသေစွာ လိုက်နာခြင်းအားဖြင့်၎င်း၊) အောက်မေ့တသ သတိရကြကုန်လော့၊ [၁] ငါအရှင်မြတ်သည်လည်း အသင်တို့အား (ကူညီစောင့်ရှောက်တော်မူခြင်းအားဖြင့်) သတိရတော်မူအံ့။ ထိုမှတပါး အသင်တို့သည် ငါအရှင်မြတ်၏ကျေးဇူးတော်ကို သိကြကုန်လော့၊ အသင်တို့သည် ငါအရှင်မြတ်အား ကျေးဇူးမကန်းကြကုန်လင့်။

---

① အလ္လာဟ်အရှင်မြတ်ကို သတိရခြင်းသည် မည်သည့်အချိန်၌ မည်သည့်ဌာန၌ ဖြစ်ရမည်ဟူ၍ ပိုင်းခြားသတ်မှတ်ထားသည်မရှိ။ အချိန်မရွေး ဌာနမရွေး အလ္လာဟ်အရှင်မြတ်အား အောက်မေ့သတိရကြပေမည်။

အလ္လာဟ်အရှင်မြတ်အား သတိရခြင်းသည်အခြားမဟုတ်၊ အစစအရာရာကို ထိုအရှင်မြတ်၏ တရားဒေသနာတော်နှင့်အညီ ပြုကျင့်ခြင်းပင်တည်း။

အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားတော်မူချက်ကို နဗီတမန်တော် မုဟမ္မဒ်(ဆ)က အောက်ပါအတိုင်း တဆင့်ဟောတော်မူသည်။

ငါ(အလ္လာဟ်အရှင်မြတ်)သည် ငါ့အားငါ့အစေတော်က ထင်မြင်ယူဆသည့်အတိုင်းပင် ဖြစ်တော်မူ၏။ သူသည်ငါ့ကိုသတိရလျှင် ငါသည် သူနှင့်အတူတကွရှိတော်မူ၏။ သူသည်ငါ့ကို မိမိစိတ်၌သတိရလျှင် ငါသည်မိမိစိတ်၌ပင် သူ့ကိုသတိရတော်မူ၏။ သူသည်ငါ့ကို ပရိသတ်ရှေ့၌ တ,သ သတိရလျှင် ငါသည် ထိုပရိသတ်ထက် ကောင်းမြတ်သောပရိသတ်ရှေ့၌ သူ့ကိုသတိရတော်မူ၏၊ သူသည်ငါ့ထံ တထွာချဉ်းကပ်လျှင် ငါသည်သူ့ထံ တတောင်ချဉ်းကပ်တော်မူ၏။ သူသည်ငါ့ထံ တတောင်ချဉ်းကပ်လျှင် ငါသည်သူ့ထံ တလံချဉ်းကပ်တော်မူ၏။ သူသည်ငါ့ထံ ဖြည်းဖြည်းလာလျှင် ငါသည်သူ့ထံသို့ လျင်မြန်စွာကြွတော်မူ၏။

(ဗုခါရီ၊ မွတ်စ်လင်မ်၊ ဒုရ်ရိမန်သူရ်။)

➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱسْتَعِينُواْ بِٱلصَّبْرِ وَٱلصَّلَوٰةِ ۚ إِنَّ ٱللَّهَ مَعَ ٱلصَّٰبِرِينَ ١٥٣

၁၅၃။ အို- ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြသူ အပေါင်းတို့၊ သင်တို့သည် သည်းခံတရားထားခြင်း ဖြင့်၎င်း၊ ဆွလာတ်ဝတ်ပြုခြင်းဖြင့်၎င်း၊ [၁] (အလ္လာဟ် အရှင်မြတ်၏အထံတော်မှ) ကူညီထောက်ပံ့ စောင်မ တော်မူခြင်းကို ရယူကြကုန်လေ့။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ခန္ဓီတရားထားရှိသော သူ တို့နှင့်အတူတကွ (အမြဲ) ရှိတော်မူလေသတည်း။ [၂]

وَلَا تَقُولُواْ لِمَن يُقْتَلُ فِى سَبِيلِ ٱللَّهِ أَمْوَٰتٌۢ ۚ بَلْ أَحْيَآءٌ وَلَٰكِن لَّا تَشْعُرُونَ ١٥٤

၁၅၄။ ထို့ပြင်တဝ (အို-မုအ်မင်န် အပေါင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ် လမ်းတော်၌ သတ်ဖြတ်ခြင်း ခံရသူတို့ကို သူသေများဟူ၍ မပြောဆိုကြကုန်လင့်။ [၃]

➤➤ အမြင့်မြတ်ဆုံးသော ဘာဝနာပွားများခြင်းသည် "လာအိလာဟ အစ်လ္လလ္လာဟ်" ဟုဆိုခြင်းဖြစ်၏။ အမြင့်မြတ်ဆုံးသော ကျေးဇူးတင်ခြင်းသည် "အလ်ဟမ်ဒုလစ်လ္လာဟ်"ဟု ဆိုခြင်းဖြစ်သည်။ (ဒုရ်ရိမန်သူရ်။)

အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ သတိရခြင်းအားဖြင့် မွတ်စ်လင်မ်တို့၏ စိတ်နလုံးများသည် နှစ်သိမ့်ကြည်နူးသည့်အကြောင်း ကုရ်အာန်(၁၃း၂၈)တွင် ပါရှိလေသည်။

① ဆွလာတ်ဝတ်ပြုခြင်းသည် ဝတ်ပြုခြင်း အပေါင်းတို့၏အချုပ် မုအ်မင်န် သက်ဝင်ယုံကြည်သော သူတို့၏ "မိအ်ရာဂ်"မည်၏။ စကြာဝဠာအပေါင်းတို့ကို မွေးမြူတော်မူသော အရှင်မြတ်ထံ တိတ်ဆိတ်စွာ အသနား ခံခြင်းမည်၏။

② ကုရ်အာန်ကျမ်းမြတ်(၅၇း၄)တွင် အလ္လာဟ်အရှင်မြတ်သည် သူငါခပ်သိမ်းနှင့်အတူတကွ နေရာဌာနတိုင်းတွင် ရှိတော်မူသည်ဟု မိန့်ဆိုထားတော်မူသည်။ ဤပါဒတွင်မူ အလ္လာဟ်အရှင်မြတ်သည် ခန္ဓီတရားထားရှိသူများနှင့် အတူတကွရှိတော်မူသည်ဟု မိန့်ဆိုထားလေသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် သူခပ်သိမ်းတို့ကို စောင်မကြည့်ရှုတော်မူ၏။ သို့ရာတွင် ခန္ဓီတရားရှိသူများကိုမူကား အထူးသဖြင့် စောင်မကြည့်ရှုတော်မူသည်ဟု ဆိုလိုသည်။

စကြာဝဠာအဝှန်းရှိ သက်ရှိသက်မဲ့အရာအားလုံးတို့ကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် မိမိအနန္တတန်ခိုးတော်ဖြင့် ရှိရှိသမျှသော သတ္တဝါအပေါင်းတို့အား ကြည့်ရှုစောင်မတော်မူသော အရှင်ဖြစ်တော်မူရကား ဒုက္ခသည်တဦးသည် ထိုအရှင်မြတ်အား အမှီသဟဲပြုထားပါမူ ထိုသူ၏ ကာယသုခ၊ စိတ္တသုခ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုသည် မတွေးဆနိုင်လောက်အောင်ပင် ကြီးမားရင့်သန်လာပေမည်။

"ဥဟုဒ်" စစ်ပွဲတွင် ရန်သူတို့၏ တိုက်ခိုက်ခြင်းဒဏ်ကို အသေအလဲခုခံနေကြရသော နဗီတမန်တော် မုဟမ္မဒ်(ဆ)နှင့် သာဝကကြီးများသည် အလ္လာဟ်အရှင်မြတ်၏ စောင်မကြည့်ရှုတော်မူခြင်းကို ရကြသည့်အခါ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်နေကြသည့် အချိန်မှာပင် စိုးရိမ်ကြောင့်ကြမှုမှ ကင်းလွတ်ပြီး ငိုက်မျည်း၍ လာကြလေသည်။ ကြည့်၊ ကုရ်အာန် (၃း၁၅၄၊ ၈း၁၁)။

لَا تَشْعُرُونَ ﴿١٥٤﴾

(ယင်း သူတို့သည် သူသေများ) အလျင်းမဟုတ်။ စင်စစ်မှာမူ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ အသက်ရှင်လျက်ပင်ရှိကြလေသည်။ [၃] သို့ရာတွင် အသင်တို့သည် (ထိုအကြောင်းကို) တွေးဆ ဆင်ခြင် မသိမမြင်နိုင်ကြချေ။ [၂]

---

② နိဒါနကထာ

"ဗဒ်ရ" စစ်ပွဲတွင် "မုဟာဂျိရ်" များအနက်မှ သာဝကကြီး ၆ပါး၊ အန်ဆာရီများအနက်မှ သာဝကကြီး ၈ပါး။ ပေါင်း ၁၄ပါးတို့သည် အလ္လာဟ် အရှင်မြတ်၏လမ်း၌ အသက်စွန့်သွားခဲ့ကြ၏။ ထိုကဲ့သို့ အလ္လာဟ် အရှင်မြတ်၏လမ်းတော်၌ အသက်စွန့်သွားခဲ့ကြသော သာဝကကြီးများနှင့်ပတ်သက်၍ အချို့သောသူများက မည်သူမည်ဝါတို့သည် သေပြီ၊ ထိုသူတို့သည် လောကီစည်းစိမ်မှ ကင်းကွာသွားချေပြီဟုလည်း ရွတ်ချ ပြောဆိုကြသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အဆိုတရပ်ရှိသည်မှာ မိစ္ဆာဒိဋ္ဌိများနှင့် မွတ်စ်လင်မ် အသွင်ဆောင်သူများက "မွတ်စ်လင်မ်တို့သည် မုဟမ္မဒ်ကို နှစ်သိမ့်စေရန်အလို့ငှာ မိမိတို့ကိုယ်ကို မိမိတို့ပင် အကျိုးမဲ့ မတရား သတ်ဖြတ်ကြကုန်သည်" ဟု ကဲ့ရဲ့ပြစ်တင် ပြောဆိုကြသည်။ ယင်းသူတို့၏ ပြောဆိုခြင်းသည် မဟုတ်မမှန်ကြောင်း ထင်ရှားစေရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ဤမှုကိစ္စပါဌ်တော်ကို ထုတ်ပြန်ပို့ချတော်မူသည်။

ကြည့်-ခါဇင်နဲကျမ်း။

③ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသက်စွန့်သွားကြကုန်သော အစ္စလာမ်သာသနာ့ အာဇာနည်တို့ကို "ရှဟီဒ်" များဟုခေါ်သည်။ ထိုအာဇာနည်သူရဲကောင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ခံယူသွားကြလင့်ကစား၊ အခြားသူများကဲ့သို့ သူသေများမဟုတ်ကြချေ။ အမြဲတစေ အသက်နှင့်ပင် အရှင့်ထံတော်ပါး၌ ရှင်နေကြကုန်သည်။

(ထိုရှဟီဒ်) သာသနာ့သူရဲကောင်းများသည် ရှင်လျက်ရှိကြကုန်၏ ဟု မိန့်ဆိုထားခြင်း၏သဘောမှာ ယင်းသူရဲကောင်းများသည် အခွင့်အရေးအားဖြင့် ရှင်သူများကဲ့သို့ပင် ဖြစ်ကြကုန်၏။ ယင်းသူတို့ပြုကျင့်ခဲ့သော အကျင့်သီလများ၏ ကုသိုလ်အကျိုးသည်လည်း ပြတ်စဲသည်မရှိပေ။ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ကို ကူညီစောင်မရန်အတွက် အသက်စွန့်သွားခဲ့ကြ၏။ သို့ဖြစ်လေရာ လောကတွင် သာသနာတော်တည်တံ့၍ အလ္လာဟ်အရှင်မြတ်၏ တရားလမ်းစဉ်၌ စစ်ရေးပြိုင်ဆိုင်တိုက်ခိုက်သော သူရဲကောင်းတဦးတယောက် ရှိနေသမျှကာလပတ်လုံး ထို(သာနာတော်တည်တံ့ခြင်း၏) ကုသိုလ်အကျိုးကို ထိုသာသနာ သူရဲကောင်းများလည်း ခံစားကြရမည်သာတည်း၊ အဘယ်ကြောင့်ဟူမူ ထိုသာသနာ့ သူရဲကောင်းများကပင် သာသနာတော်အတွက် အသက်စွန့်ခြင်းတည်းဟူသော လမ်းစဉ်ကို စတင်ချမှတ်သွားကြသည့် အတွက်ကြောင့်တည်း။ (ရူဟုလ်ဗယာန်။)

④ သတ္တဝါများ ကွယ်လွန်သေဆုံးပြီးသည်အချိန်မှစ၍ ကုသိုလ်၊ အကုသိုလ်တရားများကို စောကြောခြင်းခံရန် အလို့ငှာ ပြန်လည်ရှင်ထသည့်နေ့အထိ ကြားကာလကို "အာလမုလ်ဗရ်ဇခ်" ဟုခေါ်သည်။ ထိုကြားကာလတွင် (ရှဟီဒ်) မွတ်စ်လင်မ်သူရဲကောင်းတို့၏ အခြေအနေ အဖြစ်မှန်ကို မည်သူမျှတွေးဆ၍မသိနိုင်ချေ။ ➤➤

وَلَنَبْلُوَنَّكُمْ بِشَيْءٍ مِّنَ الْخَوْفِ وَالْجُوعِ وَنَقْصٍ مِّنَ الْأَمْوَالِ وَالْأَنفُسِ وَالثَّمَرَاتِ ۗ وَبَشِّرِ الصَّابِرِينَ ﴿١٥٥﴾

၁၅၅။ ထို့ပြင်တဝ (အို-မုအ်မင်န် အပေါင်းတို့) မချွတ်ဧကန် ငါအရှင်မြတ်သည် အသင်တို့ကို တစ်စုံတစ်ခုသော ကြောက်ရွံ့. စိုးရိမ်စေခြင်းဖြင့်သော်၎င်း၊ ငတ်မွတ်စေခြင်း အားဖြင့်သော်၎င်း၊ ဥစ္စာပစ္စည်းများ ဆုံးပါးစေခြင်း ဖြင့်သော်၎င်း၊ အသက်သေကြေ ပျက်စီးစေခြင်း ဖြင့်သော်၎င်း၊ ကောက်ပဲသီးနှံများ ပျက်ပြားစေခြင်း ဖြင့်သော်၎င်း၊ [(တနည်း)သားသမီးများ သေဆုံးစေခြင်း ဖြင့်သော်၎င်း၊] စမ်းသပ်တော် မူလတ္တံ့။ [၁] သို့ရာတွင် (ထိုကဲ့သို့ စမ်းသပ်သော ဘေးအန္တရာယ်များကို) ခန္တီတရားဖြင့် သည်းခံသူအပေါင်းအား ဝမ်းမြောက်ဘွယ်ရာ ကောင်းချီးမင်္ဂလာသတင်းကို (အို-နဗီတမန်တော်မုဟမ္မဒ်) အသင်သည် ပြောကြားပါလေ။

الَّذِينَ إِذَا أَصَابَتْهُم مُّصِيبَةٌ قَالُوا إِنَّا لِلَّهِ وَإِنَّا إِلَيْهِ رَاجِعُونَ ﴿١٥٦﴾

၁၅၆။ ထိုသူတို့သည် မိမိတို့အပေါ်၌ ဘေးဥပဒ်အန္တရာယ်တစုံတရာ ဆိုက်ရောက်လာသောအခါ ဧကန်အမှန် အကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ အဘို့အရာသာဖြစ်၍ မချဧကန် ထိုအရှင်မြတ်၏ အထံတော်သို့သာ ပြန်လည်သွားကြရမည့် သူများဖြစ်ကြပါသည်ဟု ဆိုလေ့ရှိကြကုန်၏။ [၂]

---

[၁] ထို(အာလမုလ်ဗရ်ဇခ်)၏ အကြောင်းသည် လူသားတို့၏ဉာဏ်ဖြင့် သိနိုင်ရာသောကိစ္စမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ (ဝဟီ) မှတ်ပါဠိတော်ဖြင့်သာ သိနိုင်သည်။

ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်က ဤပါဒတွင် "သို့ရာတွင် အသင်တို့သည် (ထိုသာသနာသူရဲကောင်းတို့၏ အကြောင်းကို မိမိတို့၏ သာမညဉာဏ်ဖြင့် တွေးဆခြေခြင့်၍) မသိနိုင်ကြချေ" ဟု အမိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

[၂] ကုရ်အာန်ကျမ်းမြတ် (၂း၁၅၅) တွင်ပါသော စိုးရိမ်ကြောင့်ကြစေခြင်း၏ သဘောမှာ အလ္လာဟ်အရှင်မြတ် (၏အမျက်)ကို ကြောက်ရွံ့ခြင်းကို ဆိုလိုသည်ဟူ၍၎င်း၊ မွတ်သိပ်ဆာလောင်စေခြင်း၏ သဘောမှာ ရမဇာန်လ၌ ဆွိယာမ်ဥပုသ် ဆောက်တည်ခြင်းကို ဆိုလိုသည်ဟူ၍၎င်း၊ ဥစ္စာပစ္စည်း ပျက်စီးဆုံးပါးခြင်း၏ သဘောမှာ ဇကာတ်တရားဝင်ဒါနကြေး ပေးဆောင်ခြင်းနှင့် အလျှူဒါနပြုခြင်းများကို ဆိုလိုသည်ဟူ၍၎င်း၊ အသက်သေကြေ ပျက်စီးစေခြင်း၏ သဘောမှာ ရောဂါဝေဒနာများကို ဆိုလိုသည်ဟူ၍၎င်း၊ ကောက်ပဲသီးနှံ ပျက်စီးစေခြင်း၏ ➤➤

أُولَٰئِكَ عَلَيْهِمْ صَلَوَٰتٌ مِّن رَّبِّهِمْ وَرَحْمَةٌ ۖ وَأُولَٰئِكَ هُمُ الْمُهْتَدُونَ ﴿١٥٧﴾

၁၅၇။ ထို(ကဲ့သို့ စမ်းသပ်သော ဘေးအန္တရာယ်များကို ခန္ဓိတရားဖြင့်သည်းခံသော) ဤသူတို့အပေါ်၌သာလျှင် ယင်းသူတို့အား မွေးမြူတော်မူထသောအလွန်ဟအရှင်မြတ်အထံတော်မှ ကောင်းခြီးမင်္ဂလာများနှင့် မေတ္တာကရုဏာတော် သက်ရောက်ပေမည်။ ၎င်းပြင် ထိုသူတို့သည်သာလျှင် ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်ကိုရရှိသူများ ဖြစ်ကြကုန်သတည်း။ [၁]

➤➤ သဘောမှာ သားသမီးများ သေကြေပျက်စီးခြင်းကို ဆိုလိုသည်ဟူ၍၎င်း အေမာမ်ရာဖိအီထံမှ တဆင့်ကြားသိရပေသည်။

(၂) ဤမုက္ခပါဠိတော် (၂း၁၅၆) သည် "ဗဒ်ရ်" စစ်မြေပြင်တွင် ပါဝင်ဆင်နွှဲကြကုန်သော နဗီတမန်တော်မုဟမ္မဒ်(ဆွ)၏ တပည့်သာဝကများနှင့် ပတ်သက်၍ ထုတ်ပြန်ပို့ချသော မုက္ခပါဠိတော်ဖြစ်လင့်ကစား အလိုသဘောအားဖြင့် ခန္ဓိတရားဆောက်တည်သော မွတ်စ်လင်မ်တိုင်းနှင့် သက်ဆိုင်ပေသည်။

ဤမုက္ခပါဠိတော်တွင် လူဘဝဖြစ်အင်ကို အမှန်သိမြင်ကြကုန်သော ခန္ဓိပါရမီရှင် သာဝကကြီးများ၏ အကျင့်စရိုက်များကို ဖော်ပြထားသည်။ သာဝကကြီးများသည် ဒုက္ခကြီးငယ်တို့နှင့် ရင်ဆိုင်ကြရသည့်အခါ၌ "ဇကန်မုချ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်အဘို့သာဖြစ်၍ ထိုအရှင်မြတ်၏ထံတော်ပါးသို့ ပြန်လည်ရောက်ရှိကြမည့် သူများသာ ဖြစ်ကြပေသတည်း" ဟု ဖြေဆိုလေ့ရှိကြသည်။

ဤမုက္ခပါဠိတော်ကို လေးလေးနက်နက် စဉ်းစားဆင်ခြင်သည်ရှိသော် သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူကြောင်း၊ သတ္တဝါအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ ပြန်လည် ရောက်ရှိကြမည်ဖြစ်ကြောင်း၊ ဤပစ္စုပ္ပန်လောက၌ ရှိရှိသမျှသော အရာခပ်သိမ်းတို့သည် အရိပ်ပမာ သခ်ါရမျှသာဖြစ်ကြောင်းများကို ကောင်းစွာ သိရှိနိုင်ပေသည်။

ငါတည်းဟူသောမာနတရားများကို ရှေ့ထား၍ ခေတ္တခဏမျှရရှိထားသော ဥစ္စာပစ္စည်း သားသမီးတို့ကို ခင်တွယ်ပြီး သံယောဇဉ်ငြိကပ်လျက်ရှိကြသဖြင့် လူသားတို့မှာ ကာယဒုက္ခ၊ စိတ္တဒုက္ခ အမျိုးမျိုးကို ခံစားနေကြရခြင်းဖြစ်သည်။ အကယ်၍သာ လူသားတို့သည် ဤပစ္စုပ္ပန်ဘဝ၏ မတည်မြဲခြင်းကို သတိတရားဖြင့် ဆင်ခြင်ပါလျှင် ကာယသုခ၊ စိတ္တသုခ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို မုချခံစား ကြရမည်မှာ အမှန်ပင်ဖြစ်သည်။

နဗီတမန်တော် မုဟမ္မဒ်(ဆွ)နှင့် သာဝကကြီးများသည် ဒုက္ခကြီးငယ်တွေ့ကြုံသည့်အခါတိုင်း၌ပင် ကုရ်အာန်ကျမ်းလာ အထက်ပါ မုက္ခပါဠိတော်ကို မြွက်ဆိုလေ့ရှိကြသည်၊ ထို့အတူ ကျွန်ုပ်တို့သည်လည်း ငါတည်းဟူသော မာနကိုစွန့်ပယ်၍ သက်ရောက်သမျှသော ဘေးဒုက္ခတို့သည် အလ္လာဟ်အရှင်မြတ်ထံမှ စမ်းသပ်တော်မူခြင်းမျှသာ ဖြစ်သည်ဟု နှလုံးပိုက်ကာ ခန္ဓိတရားကို ဆောက်တည်ထားပါက လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများကို ခံစားကြရမည်မှာ မုချပင်တည်း။

(၁) ပါဒချင်းဆက်စပ်မှု

ကုရ်အာန်ကျမ်းမြတ် (၂း၁၅၃)တွင် ခန္ဓိတရားထားရမည့်အကြောင်း (၂း ၁၅၄-၁၅၇) တွင် ခန္ဓိတရားထားကြကုန်သော သာသနာ့အာဇာနည် သူရဲကောင်းများအကြောင်း၊ သတ္တဝါများကိုဘေးဥပါဒ် ➤➤

➤➤ အန္တရာယ်အမျိုးမျိုးဖြင့် စမ်းသပ်တော် မူခြင်းအကြောင်း၊ ယင်းသူတော်သူမြတ်တို့ အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် ကောင်းခြီးမင်္ဂလာများ သက်ရောက်ခြင်း အကြောင်းများကို ဘတ်ရှကြားနာသူများ (အီမာန်)သဒ္ဓါတရား တိုးပွားနိုင်စိမ့်သောငှာ မိန့်ဆိုထားလေသည်။

ရှေ့လာမည့်ပါဒ (၂၁၅)တွင် ဖော်ပြပါ ခန္ဓိတရားနှင့် ဆက်စပ်၍ ဆွဖာနှင့်မရ်ဝဟ် တောင်ပူစာ ၂ ခု အကြောင်းကို မိန့်ဆိုထားသည်။ ထိုတောင်ပူစာများသည် ခန္ဓိတရားထားခြင်းနှင့် မည်သို့ဆက်စပ်လျက်ရှိသည်ကို ရှင်းပြပါဦးအုံ့။

နဗီတမန်တော် အီဗ်ရာဟီမ်(အ)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ ကြင်ရာတော် ဟာဂျရာနှင့်သားတော် အစ္စမာအီလ်ကို လူသူမနီးသည့်နေရာတွင် ပစ်ထားခဲ့၏။ သို့ပစ်ထားပြီး တစုံတရာမျှ မှာကြားခြင်းမပြုဘဲ နဗီတမန်တော် အီဗ်ရာဟီမ်သည် ထွက်သွားခဲ့၏။

ထိုအခါ ကြင်ရာတော်ဟာဂျရာသည် နောက်မှလိုက်၍ အို-အမောင်၊ အမောင်သည် ယခုကျွန်မတို့ သားအမိ ၂ ဦး အား ဤနေရာတွင် ပစ်ထား၍အဘယ်ကို သွားတော့မည်နည်း၊ ဟု အကြိမ်ကြိမ်မေးရှာ၏။

အလ္လာဟ် အရှင်မြတ်၏ အလိုတော်ကို အရာခပ်သိမ်းထက် အထွတ်အမြတ်ထားသော သံယောဇဉ် လုံးဝကင်းသော အလ္လာဟ် အရှင်မြတ်၏ အချစ်တော် နဗီတမန်တော် အီဗ်ရာဟီမ်သည် "မွတ်စ်လင်မ်" အစစ်ဖြစ်သည့်ဂုဏ်နှင့်အညီ အမိန့်တော်ကိုသာ အာရုံပြု၍ သနားစဘွယ်ကောင်းလှသော ကြင်ရာတော်၏ စကားများကိုပင် အလျင်း ဂရုမပြုခဲ့ချေ။

နောက်ဆုံးတွင် ကြင်ရာတော် ဟာဂျရာက "အမောင်အား အလ္လာဟ်အရှင်မြတ်က ဤသို့ပြုရန် မိန့်ဆိုတော်မူထားပါသလော" ဟု မေးရာ၊ တမန်တော် အီဗ်ရာဟီမ်(အ)က ဟုတ်ပါ၏၊ ဤအတိုင်း အမိန့်တော်ရှိပါသည်ဟု ပြန်လည်ဖြေကြားလေသည်။

အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အတိုင်းသာ ဖြစ်ကြောင်း ကြားသိသောအခါ ကြင်ရာတော် ဟာဂျရာက တည်ကြည်သောစိတ်ဖြင့် "သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ကျွန်မတို့ သားအမိ ၂ ဦးအား ပျက်စီးစေတော်မူမည်မဟုတ်" ဟု ပြောဆို၍ အရှင်အမိန့်တော်ကို သဒ္ဓါကြည်ဖြူစွာဖြင့် ခန္ဓိတရားထားလျက် ဆိတ်ဆိတ်နေလေ၏။

သားအမိ ၂ ဦးတို့အား နဗီတမန်တော်အီဗ်ရာဟီမ်(အ) ပေးအပ်ခဲ့သော စားနပ်ရိက္ခာသည် ရေတဘူးနှင့် စွန်ပလွံသီးတအိတ်မျှသာဖြစ်ရာ ရက်အနည်းငယ်အတွင်းမှာပင် ကုန်ခန်းသွားလေသည်။ ထိုအခါတွင် ကြင်ရာတော်ဟာဂျရာသည် အသက်အရွယ်နုနယ်လှသော သားငယ်၏ ရေငတ်မွတ်ခြင်းဘေးကို တွေးမိကာ အနီးရှိ ဆွဖာနှင့်မရ်ဝဟ် တောင်ပူစာနှစ်ခုကြားတွင် ခုနစ်ကြိမ်တိုင်တိုင် ပြေးလွှားပြီး ရေရှာခဲ့လေသည်။

ထိုကဲ့သို့ ဒုက္ခကြီးစွာ ခံစားနေကြရသော သားအမိ ၂ ဦးအား အလ္လာဟ်အရှင်မြတ်သည် မိမိ၏ မဟာကရုဏာဖြင့် ငတ်မွတ်ခြင်းဘေးမှ ကယ်တင်တော်မူ၍ ထိုသားအမိ ၂ ဦး၏ ဖြစ်အင်အထွားပွတို့ကို အမှတ်ရစိမ့်သောငှာ ထိုတောင်ပူစာ ၂ ခုကိုပင် အစ္စလာမ်သာသနာတော်၏ အထိမ်းအမှတ်တရပ်အဖြစ် သတ်မှတ်ထားတော်မူလေသည်။

တနည်းဆိုသော် ဆွဖာနှင့်မရ်ဝဟ်တောင်ပူစာ ၂ ခုသည် ထိုအာဇာနည်မိသားတစုတို့၏ ခန္ဓိပါရမီ ဖြည့်ကျင့်ဆည်းပူးရာဌာနပင် ဖြစ်ချေသည်။

အဆိုပါအကြောင်းနှင့် ဆက်စပ်၍ ဤမုက္ခပါဠိတော်တွင် ဟဂ်ျပြုခြင်း၊ အွန်မရဟ်ပြုခြင်း အကြောင်းများကိုလည်း မိန့်ဆိုထားတော်မူလေသည်။

إِنَّ الصَّفَا وَالْمَرْوَةَ مِن شَعَآئِرِ
اللَّهِ ۖ فَمَنْ حَجَّ الْبَيْتَ أَوِ اعْتَمَرَ
فَلَا جُنَاحَ عَلَيْهِ أَن يَطَّوَّفَ
بِهِمَا ۚ وَمَن تَطَوَّعَ خَيْرًا ۙ
فَإِنَّ اللَّهَ شَاكِرٌ عَلِيمٌ ﴿١٥٨﴾

၁၅၈။ ဧကန်အမှန် ဆွဖာနှင့်မရ်ဝဟ်တောင်များ [၁] သည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူ သော သာသနာ့တော်၏အထိမ်းအမှတ်များ [၂] အနက်မှ ဖြစ်သည်၊ အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ဖြစ်သော ကအ်ဗဟ် ကျောင်းတော်သို့ ဟဂ်ျပြုရန် [၃] သွားရောက်သည်ဖြစ်စေ၊ သို့တည်း မဟုတ် အွန်မ်ရဟ် [၄] ပြုသည်ဖြစ်စေ ထိုသူ၏အပေါ်၌ ထိုတောင် ၂လုံးအကြားတွင် သွားလာခြင်းသည် [၅] တစုံတရာမျှ အပြစ်မရှိပြီ။ [၆] ထို့ပြင် အကြင်သူသည် မိမိ၏စိတ်စေတနာအလျောက် တစုံတခုသောကုသိုလ် ကောင်းမှုကိုပြုလုပ်ပါမူ မုချဧကန် အလ္လာဟ်အရှင် မြတ်သည် ကျေးဇူးသိတော်မူ (၍ ရက်ရောစွာ ကောင်းကျိုးပေးသနားတော်မူ) သောအရှင်၊ အရာ ခပ်သိမ်းတို့ကို သိတော်မူသောအရှင် ဖြစ်တော်မူ လေသတည်း။

---

① ဆွဖာနှင့်မရ်ဝဟ်သည် မက္ကာမြို့ရှိ ဗလီကျောင်းတော်ပါး၌ တည်ရှိသော တောင်ပူစာ ၂ ခု၏အမည် ဖြစ်သည်။ ဆွဖာသည် ကျောင်းတော်၏အရှေ့တောင်ဘက် ကိုက် ၁၀၀ ခန့်တွင်တည်ရှိ၏၊ မရ်ဝဟ်သည် ကျောင်းတော်၏အနောက်တောင်ဘက်၌ တည်ရှိ၏။

နှစ်စဉ်နှင့်အမျှကမ္ဘာ့အရပ်ရပ်မှ ဟဂ်ျပြုရန် မက္ကာမြို့တော်သို့လာကြကုန်သော ထောင်သောင်းမကသော ဟာဂ်ီများသည်ပဋိပတ်ကျင့်စဉ်တစ်ရပ်အဖြစ်ဖြင့် ထိုတောင်ကုန်း၂-ခု၏အကြားတွင် ခုနစ်ကြိမ် ပြေးလွှားကြရသည်။ ဤကဲ့သို့ ပြေးလွှားရခြင်း၏ သဘောမှာ နဗီတမန်တော် အစ္စမာအီလ်(အ)၏မယ်တော် ဟာဂျရာသည် မိမိသားငယ်ကလေးအတွက် ထိုတောင် ၂ ခုကြားတွင် ပြေးလွှား၍ ရေရှာရသည်ကို ဤကမ္ဘာကြီး တည်ရှိနေသမျှ ကာလပတ်လုံး မွတ်စ်လင်မ်တိုင်း အောက်မေ့တသသတိရ၍ ရာဇဝင်တည်ရှိနေရန် အလို့ငှာ ဖြစ်လေသည်။

② ကုရ်အာန်ကျမ်းမြတ်တွင်ပါရှိသော "ရှအာအစ်ရ်" ၏အနက်သဘောမှာ ပရိသတ်နှင့် စုပေါင်းပြုလုပ်ရသော ဟဂ်၏ ပဋိပတ်ကျင့်စဉ် များကိုသာဆိုသည်။ သို့ရာတွင် အချို့ ပညာရှင်များက အဇာန်ဆိုခြင်း၊ သော်ကြာနေ့ဝတ်ပြုခြင်း၊ အီဒ်ပွဲတော် ၂ ခု၏ ဆွလာတ်ဝတ်ပြုခြင်း ကဲ့သို့သော ပရိသတ်နှင့် စုရုံးပူးပေါင်း ဆောင်ရွက်ရသော သာသနာတော်၏ ကျင့်ဝတ်ကျင့်စဉ်များကိုလည်း သာသနာ့အထိမ်းအမှတ်များတွင် ထည့်သွင်းရေတွက်ကြသည်။

③ အစ္စလာမ်သာသနာ၏အခြေခံတရားငါးပါးတွင် ဟဂ်ျပြုခြင်းသည် တပါးအပါအဝင်ဖြစ်သည်။ မက္ကာမြို့တော်ရှိ အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ကို သွားရောက်ဖူးမျှော်နိုင်ရန်အတွက် စရိတ်ကြေးငွေ တတ်ကုန်နိုင်၍ ➤➤

➤➤ အခြားလိုအပ်သော တာဝန်အရပ်ရပ်ကိုလည်း ဖြည့်စွမ်းနိုင်သော မွတ်စ်လင်မ် ယောကျ်ားမိန်းမများအတို့ မိမိတို့တသက်တာတွင် အနည်းဆုံးတကြိမ် ဟဂ်ျပြုရမည့် ဝတ်တရားသည် မလုပ်မနေရသော "ဖရသ်ွ" တာဝန်တရပ်ဖြစ်ပေသည်။

ဟဂ်ျပြုရာတွင် ကမ္ဘာ့အရပ်ရပ်မှ မွတ်စ်လင်မ်များသည် မက္ကာမြို့တော်သို့ ဆိုက်ရောက်လာကြပြီး တူညီသော ရည်ရွယ်ချက်၊ တမျိုးတစားတည်းသော အဝတ်အစားတို့ဖြင့် တူညီသောကျင့်စဉ်များကို တညီတညွတ်တည်း ဆောင်ရွက်ကြပေရာ ဟဂ်ျပြုခြင်းကို ကမ္ဘာ့မွတ်စ်လင်မ် သာသနာ့ကုလသမဂ္ဂ ဟု တနည်းခေါ်ဆိုနိုင်ပေမည်။

ဟဂ်ျပြုပုံနည်းနိသျည်းမှာ စိတ်ဝင်စားဘွယ်ကောင်းလှ၏၊ သို့ရာတွင် ကျမ်းလေးမည်စိုးသဖြင့် ချန်လှပ်ခဲ့ပါသည်၊ သုတေသီများ အကျယ်သိလိုပါက "ဟိဒါယဟ်" အစရှိသည့် ဓမ္မသတ်ကျမ်းများ၌ ရှုပါကုန်။

⑨ "အွန်မ်ရဟ်" သည် ဟဂ်ျအငယ်စားပင် ဖြစ်သည်။ ခြားနားချက်မှာ အွန်မ်ရဟ်ပြုရာတွင် ဟဂ်ျပြုရန်ကဲ့သို့ အချိန်ကာ သတ်မှတ်ထားသည်မရှိချေ။ အချိန်မရွေးပြုနိုင်ခွင့် ရှိသည်။ အွန်မ်ရဟ်ပြုခြင်းသည် ဖရသ်ွမဟုတ်၊ စွန့်တ်မုအက္ကဒဟ်ဖြစ်သည်။ စွန့်တ်မုအက္ကဒဟ်ဟူသည် နဗီတမန်တော် မုဟမ္မဒ်(ဆွ) အမြဲတစေပြုမူလေ့ရှိသော သာသနာ့ကျင့်စဉ်ကို ဆိုလိုသည်။

<u>အွန်မ်ရဟ်ပြုနည်း</u>

အွန်မ်ရဟ်ပြုလိုသူတစ်ဦးသည် ဦးစွာပဌမ ကျောင်းတော် ပရဝုဏ်အပြင်မှ အွန်မ်ရဟ်ပြုရန် (နိယတ်)ရည်စူးရ၏။ ထို့နောက် "ဂ္လဟ်ရာမ်" ခေါ်ဝတ်ဖြူစင်ကြယ်ကို ရုံ၍ ကျောင်းတော်ကိုလှည့်ပတ်ရ၏။ ဆွဖာနှင့် မရ်ဝဟ်တောင်ကုန်း ၂ခုကြားပြေးလွှားရ၏။ ထို့နောက် ဆံပယ်၍ ဂ္လဟ်ရာမ်ခေါ် ဝတ်ဖြူစင်ကြယ်ကို ချွတ်လိုက်ရ၏။ ဤကား အွန်မ်ရဟ်ပြုနည်းတည်း။

⑨ "တတ္တောင်ဝုဖ်"၏ မူရင်းအဓိပ္ပါယ်မှာ လှည့်ပတ်သွားလာခြင်း ဖြစ်သော်လည်း ဤပါဒ၌ ယင်းပုဒ်၏ အနက်သဘောမှာ ဆွဖာနှင့် မရ်ဝဟ်တောင်ပူစာ ၂ခုကြား ကျင့်ဝတ်တရပ်အနေနှင့် ပြေးလွှားခြင်းကို ဆိုလိုသည်။

⑩ ဆွဖာနှင့်မရ်ဝဟ်တောင်ကုန်းများသည် နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ ကြင်ရာတော် ဟာဂျရာနှင့် သားတော် အစ္မေလ်တို့၏ ရာဇဝင်အထိမ်းအမှတ်ဖြစ်၏။

အစ္မေလ်သာသနာတော် မထွန်းကားမီ အမိုက်ခေတ်တွင် အရဗ်မိစ္ဆာဒိဋ္ဌိတို့သည် ထိုတောင်ကုန်း ၂ခုပေါ်တွင် "ဂ္လစာဖ်" နှင့် "နာအိလဟ်" အမည်ရှိသော ရုပ်ဆင်းတုများကို ထားရှိကြ၏။ ထိုတောင်ပူစာ ၂ခုကြားတွင် ပြေးလွှားကြ၍ ထိုဆင်းတုများကို နမ်းရှုပ်ကြ၏။ ဆည်းကပ်ကိုးကွယ်ကြ၏။

အစ္မေလ်သာသနာ ထွန်းကားလာသောအခါ ရုပ်ပွားဆင်းတုရှိနေသော ထိုတောင်ပူစာ ၂ခုကြားတွင် (စအီ)ခေါ် ပြေးလွှားခြင်းပြုသင့် မပြုသင့် ပြဿနာပေါ်ပေါက်လာခဲ့လေသည်။ ထိုအခါ တောင်ဟီဒ်တရားကို လိုက်နာကြကုန်သော သာဝကကြီးများသည် ဤကဲ့သို့ ရုပ်ပွားဆင်းတုများ ထားရှိခဲ့ဘူးသည့် တောင်ပူစာ ၂ခုကြားတွင် ကျင့်စဉ်ကျင့်ဝတ်များ ပြုသင့်ပါ၏လောဟု ဒွိဟသံသယ ဖြစ်လာခဲ့ကြ၏။ ထို့ပြင်တဝ မိစ္ဆာဒိဋ္ဌိတို့က မွတ်စ်လင်မ်များသည် အစ္မေလ်ဘာသာအယူဝါဒကို လက်ခံနာယူကြပါသည်ဟု ဆိုကြလင့်ကစား ယခုထက်တိုင် ငါတို့၏ ထုံးတမ်းစဉ်လာများကို လိုက်နာလျက်ပင် ရှိကြသေးသည်ဟု ကဲ့ရဲ့ပြစ်တင် စကားပြောကြမည်ကိုလည်း စိုးရိမ်မကင်းဖြစ်နေကြ၏။

ဖော်ပြပါအတိုင်း သာဝကကြီးများ၏ သံသယနှင့် စိုးရိမ်မကင်းဖြစ်မှုကို ပယ်ဖျောက်စေရန် ➤➤

إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلْنَا
مِنَ الْبَيِّنَٰتِ وَالْهُدَىٰ مِن بَعْدِ مَا
بَيَّنَّٰهُ لِلنَّاسِ فِي الْكِتَٰبِ
أُولَٰٓئِكَ يَلْعَنُهُمُ اللَّهُ
وَيَلْعَنُهُمُ اللَّٰعِنُونَ ﴿١٥٩﴾

၁၅၉။ မုချဇကေန် အကြောင်သူတို့သည် ငါအရှင်ချပေးသနားတော်မူသော ထင်ရှားစွာသော အမိန့်တော်များနှင့် တရားဓမ္မများကို ထိမ်ချန်ကြကုန်၏၊[၁] (ယင်းသို့ ထိမ်ချန်ခြင်းမှာလည်း) ငါအရှင်မြတ်သည် ထို အမိန့်တော်များနှင့် တရား ဓမ္မများကို (တောင်ရာတ်၊အင်နဂျီလ်) ကျမ်းများ၌ လူအများ (သိနားလည်ရန်) အဘို့ ရှင်းလင်းစွာ ဖော်ပြပြီးသည့် နောက်မှပင် ဖြစ်သည်။ ထိုသို့သော သူတို့အား အလ္လာဟ်အရှင်မြတ်သည် ကရုဏာတော်မှ ကင်းဝေးစေတော်မူသည်။ ၎င်းပြင် ကျိန်ဆဲသူများကလည်း ထိုသူတို့ကို ကျိန်ဆဲကြလေသည်။

➤➤ အလို့ငှာ ကုရ်အာန်ကျမ်းလာ ဤပါဒတွင် ထိုတောင်ပူစာ ၂ခုကြားတွင် ပြေးလွှားမှု ကျင့်ဝတ်ကျင့်စဉ်သည် အစ္စလာမ်သာသနာတော်၏ အထိမ်းအမှတ်တစ်ရပ်ဖြစ်သည့်အတွက် အပြစ်မရှိသည့်အပြင် ကုသိုလ်အကျိုးခံစားရန် အကြောင်းပင်ဖြစ်သည်ဟု အလ္လာဟ်အရှင်မြတ်က ထင်ရှားစွာ မိန့်ကြားတော်မူထားခြင်းဖြစ်သည်။

① ကျမ်းလာစကားများကို မဖုံးမကွယ် ဟောကြားရမည့်အကြောင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်သည် အတိတ်ခေတ် ကျမ်းဂန်ရရှိသူတို့နှင့် ပဋိညာဉ်ဖွဲ့ထားတော်မူသည်။ ကြည့်-ကုရ်အာန် (၃း၁၈၇)။

သို့ပါလျက်နှင့်ပင် ထိုကျမ်းရလူမျိုးဖြစ်သော ယဟူဒီနှင့်ခရစ်ယာန်တို့သည် ဒေသနာတော်များကို ထိမ်ချန်ထားကြသည်သာမက အနည်းငယ်မျှသော အဘိုးအခနှင့်ပင် ရောင်းစားကြလေသည်။ ကြည့်-(၂း၇၄၊ ၃း၇၀၊ ၃း၁၈၇)

အလ္လာဟ်အရှင်မြတ်သည် မိမိမက္ခပါဠိတော်များကို အကြောင်းအရာ အထွူးပွတ္ထိတရပ်ရပ်နှင့် ပတ်သက်၍အခါကာလနှင့် လျော်ညီစွာ ထုတ်ပြန်ပို့ချတော်မူသည်သာတည်း။ ယင်းသို့ အကြောင်းတရပ်ရပ်နှင့် စပ်လျဉ်း၍အထူးတလည် ထုတ်ပြန်ပို့ချတော်မူသော်လည်း ထိုမက္ခပါဠိတော်တွင်ပါရှိသော အမိန့်ဒေသနာတရားဓမ္မတို့သည် ထိုအကြောင်းတခုတည်းနှင့်သာလျှင် သက်ဆိုင်သည်မဟုတ်၊ အကျိုးတူအကြောင်းတူ အားလုံးနှင့်သက်ဆိုင်ပေသည်။

ဥပမာဆိုရသော် ဖော်ပြပါမက္ခပါဠိတော် (၂း၁၅၉)တွင် ယဟူဒီ၊ ခရစ်ယာန်ဘာသာ ကျမ်းတတ်ပုဂ္ဂိုလ်များသည် ကိုယ်ကျိုးကို ရှေ့ရှု၍မိမိတို့ ကျမ်းလာစကားများကို တစုံတရာဟောပြောခြင်းမရှိဘဲ ထိမ်ချန်လျှို့ဝှက်ထားကြသည့်အတွက် အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲတော်မူခြင်းကိုပင် ခံကြရသည့်အကြောင်း မိန့်ဆိုထားသည်။ သို့ပင်တစေ ထိုအမိန့်တော်သည် ထိုယဟူဒီ၊ ခရစ်ယာန်ဘာသာ ကျမ်းတတ်ပုဂ္ဂိုလ်များနှင့်သာလျှင် သက်ဆိုင်သည်ဟု မယူအပ်ပေ။ အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာသော ကျမ်းလာစကားများကို မည်သည့်ပုဂ္ဂိုလ်မဆို ထိန်ချန်လျှို့ဝှက်ထားလျှင် အထက်အဆိုပါ ယဟူဒီ၊ ခရစ်ယာန်ကျမ်းတတ် ပုဂ္ဂိုလ်များကဲ့သို့ပင် အရှင်မြတ်၏ကျိန်ဆဲတော်မူခြင်းကို ခံကြရမည်မှာ မလွဲဧကန်ပင်တည်း။

إِلَّا الَّذِينَ تَابُوا وَأَصْلَحُوا وَبَيَّنُوا فَأُولَٰئِكَ أَتُوبُ عَلَيْهِمْ ۚ وَأَنَا التَّوَّابُ الرَّحِيمُ ﴿١٦٠﴾

၁၆၀။ သို့ရာတွင် အကြင်သူတို့သည် (မိမိတို့၏ ချွတ်ယွင်းမှုများကို) ဝန်ချတောင်းပန်ကြအံ့၊ ၎င်းပြင် မိမိတို့၏ အကျင့် စာရိတ္တများကို ပြုပြင်ပြောင်းလွဲပြီး ကုသိုလ်တရား ပွားများကြကုန်အံ့၊ ၎င်းပြင် (ကျမ်းလာ အမိန့်ပညတ်များကိုလည်း မှန်ကန်စွာ) ထုတ်ဖော် ထင်ရှားစေကြကုန်အံ့။ သို့ဖြစ်လျှင် ငါ အရှင်မြတ်သည် ထိုသူတို့ ဘက်သို့ (မိမိ ကရုဏာတော်ဖြင့်) ပြန်လှည့်တော်မူအံ့။ စင်စစ် တမူကား ငါအရှင်မြတ်သည် (ဝန်ချတောင်းပန်သူများဘက်သို့) အကြိမ်ကြိမ် အဖန်ဖန် ပြန်လှည့်တော်မူထသောအရှင်၊ မပြတ်မစဲ သနားကြင်နာညှာတာတော်မူထသောအရှင်မြတ် ဖြစ်တော်မူ၏။

إِنَّ الَّذِينَ كَفَرُوا وَمَاتُوا وَهُمْ كُفَّارٌ أُولَٰئِكَ عَلَيْهِمْ لَعْنَةُ اللَّهِ وَالْمَلَائِكَةِ وَالنَّاسِ أَجْمَعِينَ ﴿١٦١﴾

၁၆၁။ ၎ကန်အမှန် အကြင်သူတို့သည် တရားဒေသနာတော်များကို မယုံမကြည်သွေဖည်ငြင်းဆန်၍ ကာဖစ်ရိအဖြစ်နှင့်ပင်သေဆုံးကြ၏။ ယင်းသူတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျိန်ဆဲခြင်း၊ အပါးတော်စေတမန်များ (၏ ကျိန်ဆဲခြင်း၊) လူများ (၏ ကျိန်ဆဲခြင်း၊) အားလုံးတို့ (၏ ကျိန်ဆဲခြင်းသည် ကျရောက်အံ့။)

خَالِدِينَ فِيهَا ۖ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْظَرُونَ ﴿١٦٢﴾

၁၆၂။ (ယင်းသူတို့သည်) ထို(ကျိန်ဆဲခြင်း)၌ အမြဲတစေ နေကြရမည့်သူများဖြစ်ကြ၏။ ၎င်းတို့ထံမှ အပြစ်ဒဏ်သည် ပေါ့ပါးသွားမည်လည်းမဟုတ်၊ ၎င်းပြင် ယင်းသူတို့သည် အပြစ်ဒဏ်စီရင်ခြင်းကို ဆိုင်းငံ့ခွင့်လည်း ရရှိကြမည်မဟုတ်ချေ။

---

① **ပါဒချင်းဆက်စပ်မှု**

ပြီးစီးခဲ့သောအပိုဒ်၁၈၏ အဆုံးတွင်တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား တသရမည့်အကြောင်း၊ အရှင်မြတ်၏ ကျေးဇူးများကို သိရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

ဤအပိုဒ်၁၉တွင် အရှင်မြတ်၏ ကျေးဇူးတော်ကိုသိ၍ ထိုအရှင်မြတ်၏ တရားဒေသနာ ➤➤

وَإِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۖ لَا إِلَٰهَ إِلَّا هُوَ الرَّحْمَٰنُ الرَّحِيمُ ﴿١٦٣﴾

၁၆၃။ စင်စစ်အားဖြင့် တဆူတည်းဖြစ်တော်မူသော ခပ်ကိုးကွယ်ရာ အရှင်သည်သာလျှင် အသင်တို့၏ ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှ တပါး အခြားကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိချေ။ ထိုအရှင်မြတ်သည် အနန္တကရုဏာတော်ရှင်၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူ၏။

إِنَّ فِي خَلْقِ السَّمَاوَاتِ وَالْأَرْضِ وَاخْتِلَافِ اللَّيْلِ وَالنَّهَارِ وَالْفُلْكِ الَّتِي تَجْرِي فِي الْبَحْرِ بِمَا يَنفَعُ النَّاسَ وَمَا أَنزَلَ اللَّهُ مِنَ السَّمَاءِ مِن مَّاءٍ فَأَحْيَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيهَا مِن كُلِّ دَابَّةٍ وَتَصْرِيفِ الرِّيَاحِ وَالسَّحَابِ الْمُسَخَّرِ بَيْنَ

၁၆၄။ မိုးကောင်းကင် များနှင့် ပထဝီမြေပြင်ကို ဖန်ဆင်းတော်မူခြင်း၌ လည်းကောင်း၊ နေ့နှင့်ည၌ ပြောင်းလွဲသွားလာခြင်း၌ လည်းကောင်း၊ လူသား တို့အား အကျိုးဖြစ်ထွန်းစေသော ဝတ္ထုပစ္စည်းများကို တင်ဆောင်၍ ပင်လယ် သမုဒ္ဒရာများတွင် စုံဆန် သွားလာနေသော ရေယာဉ်များ၌ လည်းကောင်း၊ မြေသေမြေဟောင်း မြေသရောင်းကို ပြန်လည်ရှင်စေ ပြီး (မြေဩဇာဖြစ်စေ၍ သစ်ပင်ဝါးပင် အမျိုးမျိုး ပေါက်ရောက်စေရန် အလို့ငှာ) မိုးကောင်းကင်မှ အလွှာဟ်အရှင်မြတ် ရွာသွန်းစေတော်မူသော မိုးရေ၌လည်းကောင်း၊ ထိုမြေပြင်၌ (အလွှာဟ်အရှင်မြတ်) ပေါက်ပွားပျံ့နှံ့စေတော်မူသော တိရစ္ဆာန်အမျိုးမျိုး၌ လည်းကောင်း၊ လေများကို တိုက်ခတ်စေတော်မူခြင်း၌ လည်းကောင်း၊

➤➤ တော်များကို သက်စွန့်ကြိုးပမ်း လိုက်နာဆောင်ရွက်ကြကုန်သော သာသနာ့အာဇာနည်များအကြောင်းနှင့် အရှင်မြတ်၏ ကျေးဇူးတော်များကို မသိတတ်သော၊ တရားဒေသနာတော်များကို ထိမ်ချန်ထားလေ့ရှိသော သူများ၏အကြောင်းကို ယှဉ်တွဲ၍ မိန့်ဆိုထားတော်မူသည်။

ထို့နောက်အဆုံးတွင် အစ္စလာမ်သာသနာတော်၏အဓိကဖြစ်သော "တောင်ဟီဒ်" ခေါ်တဆူတည်းသော အလွှာဟ်အရှင်မြတ်ကိုသာ ခပ်ကိုးကွယ်ရမည့်တရားကို ပွင့်လင်းစွာ မိန့်ဆိုထားတော်မူလေသည်။

အစ္စလာမ်သာသနာသည် "တောင်ဟီဒ်" အပေါ်၌ တည်ရှိပေရာ ထို"တောင်ဟီဒ်" တရားကို လက်မခံသည့်နှင့်အမျှအခြား ကုသိုလ်တရားများကို ပွားများခြင်းသည် အချည်းနှီးပင်ဖြစ်ပေသည်။

السَّمَاۤءِ وَالْاَرْضِ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ﴿١٦٤﴾

မိုးနှင့်မြေကြီးဝယ် (အလ္လာဟ် အရှင်မြတ်၏အမိန့်တော်ကို) နာခံလျက်ရှိသော မိုးတိမ်များ၌ လည်းကောင်း၊ နိသမ္မဉာဏ်အရင်းခံ၍ စဉ်းစားဆင်ခြင် သိမြင်နားလည် ကြကုန်သော လူများအတို့ မုချကေန် (တဆူတည်းဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်၏ တန်ခိုးတော် ဉာဏ်တော် ကရုဏာတော်များကို ညွှန်ပြသော) သက်သေ လက္ခဏာများ ရှိပေသတည်း။ [၁]

وَمِنَ النَّاسِ مَنْ يَّتَّخِذُ مِنْ دُوْنِ اللّٰهِ اَنْدَادًا يُّحِبُّوْنَهُمْ

၁၆၅။ သို့ရာတွင် လူသားတို့အနက်မှ အချို့တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပြိုင်ဆိုင်၍ (မိမိတို့၏) *ဉီးစီးနာယကများကို* [၂] ကိုးကွယ်ကြလေသည်၊

---

① စကြာဝဠာကြီးကို စတင်ဖန်ဆင်းတော်မူသောအရှင်သည် တစ်ပါးသာဖြစ်ရပေမည်၊ နှစ်ပါးမဖြစ်နိုင်ချေ။ အကြောင်းကား စတင်ဖန်ဆင်းတော်မူသော အရှင်နှစ်ပါးဖြစ်လျှင် တချိန်သော်အရာတခုကိုဖန်ဆင်းရာတွင် ထိုအရှင်နှစ်ပါးသည် သဘောကွဲလွဲပေမည်၊ အချင်းပွားပေမည်။ နောက်ဆုံးတွင် စကြာဝဠာကြီးသည် ပျက်စီးသွားပေမည်။ ဘုရင်နှစ်ပါး တပြိုင်တည်းအုပ်စိုးသော တိုင်းပြည်ဟူ၍ မရှိနိုင်သကဲ့သို့ပင်တည်း။

စကြာဝဠာကြီးကိုမြင်ပြီး ထိုစကြာဝဠာကြီးကို ဖန်ဆင်းတော်မူသော အရှင်အား တွေးဆသိမြင်ရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်၌ မြောက်များစွာသော မုကွပါဠိတော်များတွင် မိန့်ဆိုထားတော်မူသည်။ သတိမမူ ဂူမမြင်ဆိုသကဲ့သို့ စကြာဝဠာကြီးကို တွေ့မြင်နေပါလျက် ထိုစကြာဝဠာကြီးကို ဖန်ဆင်းတော်မူသောအရှင်အား မတွေးမမြင်ပါလျှင် မတွေးမမြင်သူ၏ အပြစ်သာဖြစ်၏။

ကုရ်အာန်ကျမ်းလာ ဤမုကွပါဠိတော် (၂:၁၆၄) ကို တွေးတောဆင်ခြင် သုံးသပ်ရမည့်အကြောင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ်(ဆွ)က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

အကြင်သူသည် ကုရ်အာန်ကျမ်းလာ ဤမုကွပါဠိတော် (၂:၁၆၄)ကို ရွတ်ဘတ်သရဇ္ဈာယ်ပြီး ထိုမုကွပါဠိတော်၏သဘောကို မတွေးတောမဆင်ခြင်အံ့၊ ထိုသူသည် ပျက်စီးဆုံးရှုံးအံ့။

ဆက်စပ်မှု

ကုရ်အာန်ကျမ်းလာမုကွပါဠိတော် (၂:၁၆၃-၁၆၄)တွင် တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရမည့် အကြောင်းနှင့် ထိုအရှင်မြတ်၏တန်ခိုးတော်၊ ဉာဏ်တော်၊ ကရုဏာတော်များကို မိန့်ဆိုဖော်ပြထားသည်။

ယခု ဤမုကွပါဠိတော် (၂:၁၆၅)တွင်မူ အလ္လာဟ်အရှင်မြတ်အပြင် အခြားကိုးကွယ်ရာများကို ယှဉ်တွဲကိုးကွယ်သော မိစ္ဆာဒိဋ္ဌိများအကြောင်းနှင့် တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား တစိတ်တလက်တည်း ယုံကြည်ကိုးကွယ်သော မုအ်မင်နှ်တို့၏ အကြောင်းကို ဒွန်တွဲ၍ မိန့်ဆိုထားတော်မူလေသည်။

يُحِبُّهُمْ وَيُحِبُّونَهُۥٓ أَذِلَّةٍ عَلَى الْمُؤْمِنِينَ أَعِزَّةٍ عَلَى الْكَٰفِرِينَ يُجَٰهِدُونَ فِى سَبِيلِ اللَّهِ وَلَا يَخَافُونَ لَوْمَةَ لَآئِمٍ ۚ ذَٰلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَآءُ ۚ وَاللَّهُ وَٰسِعٌ عَلِيمٌ ﴿٥٤﴾ إِنَّمَا وَلِيُّكُمُ اللَّهُ وَرَسُولُهُۥ وَالَّذِينَ ءَامَنُوا۟ الَّذِينَ يُقِيمُونَ الصَّلَوٰةَ وَيُؤْتُونَ الزَّكَوٰةَ وَهُمْ رَٰكِعُونَ ﴿٥٥﴾ وَمَن يَتَوَلَّ اللَّهَ وَرَسُولَهُۥ وَالَّذِينَ ءَامَنُوا۟ فَإِنَّ حِزْبَ اللَّهِ هُمُ الْغَٰلِبُونَ ﴿٥٦﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ لَا تَتَّخِذُوا۟ الَّذِينَ اتَّخَذُوا۟ دِينَكُمْ هُزُوًا وَلَعِبًا مِّنَ الَّذِينَ أُوتُوا۟ الْكِتَٰبَ مِن قَبْلِكُمْ وَالْكُفَّارَ أَوْلِيَآءَ ۚ وَاتَّقُوا۟ اللَّهَ إِن كُنتُم مُّؤْمِنِينَ ﴿٥٧﴾ وَإِذَا نَادَيْتُمْ إِلَى الصَّلَوٰةِ اتَّخَذُوهَا هُزُوًا وَلَعِبًا ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَّا يَعْقِلُونَ ﴿٥٨﴾ قُلْ يَٰٓأَهْلَ الْكِتَٰبِ هَلْ تَنقِمُونَ مِنَّآ إِلَّآ أَنْ ءَامَنَّا بِاللَّهِ وَمَآ أُنزِلَ إِلَيْنَا وَمَآ أُنزِلَ مِن قَبْلُ وَأَنَّ أَكْثَرَكُمْ فَٰسِقُونَ ﴿٥٩﴾ قُلْ هَلْ أُنَبِّئُكُم بِشَرٍّ مِّن ذَٰلِكَ مَثُوبَةً عِندَ اللَّهِ ۚ مَن لَّعَنَهُ اللَّهُ وَغَضِبَ عَلَيْهِ وَجَعَلَ مِنْهُمُ الْقِرَدَةَ وَالْخَنَازِيرَ وَعَبَدَ الطَّٰغُوتَ ۚ أُو۟لَٰٓئِكَ شَرٌّ مَّكَانًا وَأَضَلُّ عَن سَوَآءِ السَّبِيلِ ﴿٦٠﴾ وَإِذَا جَآءُوكُمْ قَالُوٓا۟ ءَامَنَّا وَقَد دَّخَلُوا۟ بِالْكُفْرِ وَهُمْ قَدْ خَرَجُوا۟ بِهِۦ ۚ وَاللَّهُ أَعْلَمُ بِمَا كَانُوا۟ يَكْتُمُونَ ﴿٦١﴾ وَتَرَىٰ كَثِيرًا مِّنْهُمْ يُسَٰرِعُونَ فِى الْإِثْمِ وَالْعُدْوَٰنِ وَأَكْلِهِمُ السُّحْتَ ۚ لَبِئْسَ مَا كَانُوا۟ يَعْمَلُونَ ﴿٦٢﴾ لَوْلَا يَنْهَىٰهُمُ الرَّبَّٰنِيُّونَ وَالْأَحْبَارُ عَن قَوْلِهِمُ الْإِثْمَ وَأَكْلِهِمُ السُّحْتَ ۚ لَبِئْسَ مَا كَانُوا۟ يَصْنَعُونَ ﴿٦٣﴾ وَقَالَتِ الْيَهُودُ يَدُ اللَّهِ مَغْلُولَةٌ ۚ غُلَّتْ أَيْدِيهِمْ وَلُعِنُوا۟ بِمَا قَالُوا۟ ۘ بَلْ يَدَاهُ مَبْسُوطَتَانِ يُنفِقُ كَيْفَ يَشَآءُ ۚ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّآ أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَٰنًا وَكُفْرًا ۚ وَأَلْقَيْنَا بَيْنَهُمُ الْعَدَٰوَةَ وَالْبَغْضَآءَ إِلَىٰ يَوْمِ الْقِيَٰمَةِ ۚ كُلَّمَآ أَوْقَدُوا۟ نَارًا لِّلْحَرْبِ أَطْفَأَهَا اللَّهُ ۚ وَيَسْعَوْنَ فِى الْأَرْضِ فَسَادًا ۚ وَاللَّهُ لَا يُحِبُّ الْمُفْسِدِينَ ﴿٦٤﴾ وَلَوْ أَنَّ أَهْلَ الْكِتَٰبِ ءَامَنُوا۟ وَاتَّقَوْا۟ لَكَفَّرْنَا عَنْهُمْ سَيِّـَٔاتِهِمْ وَلَأَدْخَلْنَٰهُمْ جَنَّٰتِ النَّعِيمِ ﴿٦٥﴾ وَلَوْ أَنَّهُمْ أَقَامُوا۟ التَّوْرَىٰةَ وَالْإِنجِيلَ وَمَآ أُنزِلَ إِلَيْهِم مِّن رَّبِّهِمْ لَأَكَلُوا۟ مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِم ۚ مِّنْهُمْ أُمَّةٌ مُّقْتَصِدَةٌ ۖ وَكَثِيرٌ مِّنْهُمْ سَآءَ مَا يَعْمَلُونَ ﴿٦٦﴾ يَٰٓأَيُّهَا الرَّسُولُ بَلِّغْ مَآ أُنزِلَ إِلَيْكَ مِن رَّبِّكَ ۖ وَإِن لَّمْ تَفْعَلْ فَمَا بَلَّغْتَ رِسَالَتَهُۥ ۚ وَاللَّهُ يَعْصِمُكَ مِنَ النَّاسِ ۗ إِنَّ اللَّهَ لَا يَهْدِى الْقَوْمَ الْكَٰفِرِينَ ﴿٦٧﴾ قُلْ يَٰٓأَهْلَ الْكِتَٰبِ لَسْتُمْ عَلَىٰ شَىْءٍ حَتَّىٰ تُقِيمُوا۟ التَّوْرَىٰةَ وَالْإِنجِيلَ وَمَآ أُنزِلَ إِلَيْكُم مِّن رَّبِّكُمْ ۗ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّآ أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَٰنًا وَكُفْرًا ۖ فَلَا تَأْسَ عَلَى الْقَوْمِ الْكَٰفِرِينَ ﴿٦٨﴾ إِنَّ الَّذِينَ ءَامَنُوا۟ وَالَّذِينَ هَادُوا۟ وَالصَّٰبِـُٔونَ وَالنَّصَٰرَىٰ مَنْ ءَامَنَ بِاللَّهِ وَالْيَوْمِ الْـَٔاخِرِ وَعَمِلَ صَٰلِحًا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٦٩﴾ لَقَدْ أَخَذْنَا مِيثَٰقَ بَنِىٓ إِسْرَٰٓءِيلَ وَأَرْسَلْنَآ إِلَيْهِمْ رُسُلًا ۖ كُلَّمَا جَآءَهُمْ رَسُولٌۢ بِمَا لَا تَهْوَىٰٓ أَنفُسُهُمْ فَرِيقًا كَذَّبُوا۟ وَفَرِيقًا يَقْتُلُونَ ﴿٧٠﴾ وَحَسِبُوٓا۟ أَلَّا تَكُونَ فِتْنَةٌ فَعَمُوا۟ وَصَمُّوا۟ ثُمَّ تَابَ اللَّهُ عَلَيْهِمْ ثُمَّ عَمُوا۟ وَصَمُّوا۟ كَثِيرٌ مِّنْهُمْ ۚ وَاللَّهُ بَصِيرٌۢ بِمَا يَعْمَلُونَ ﴿٧١﴾ لَقَدْ كَفَرَ الَّذِينَ قَالُوٓا۟ إِنَّ اللَّهَ هُوَ الْمَسِيحُ ابْنُ مَرْيَمَ ۖ وَقَالَ الْمَسِيحُ يَٰبَنِىٓ إِسْرَٰٓءِيلَ اعْبُدُوا۟ اللَّهَ رَبِّى وَرَبَّكُمْ ۖ إِنَّهُۥ مَن يُشْرِكْ بِاللَّهِ فَقَدْ حَرَّمَ اللَّهُ عَلَيْهِ الْجَنَّةَ وَمَأْوَىٰهُ النَّارُ ۖ وَمَا لِلظَّٰلِمِينَ مِنْ أَنصَارٍ ﴿٧٢﴾ لَقَدْ كَفَرَ الَّذِينَ قَالُوٓا۟ إِنَّ اللَّهَ ثَالِثُ ثَلَٰثَةٍ ۘ وَمَا مِنْ إِلَٰهٍ إِلَّآ إِلَٰهٌ وَٰحِدٌ ۚ وَإِن لَّمْ يَنتَهُوا۟ عَمَّا يَقُولُونَ لَيَمَسَّنَّ الَّذِينَ كَفَرُوا۟ مِنْهُمْ عَذَابٌ أَلِيمٌ ﴿٧٣﴾ أَفَلَا يَتُوبُونَ إِلَى اللَّهِ وَيَسْتَغْفِرُونَهُۥ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٧٤﴾ مَّا الْمَسِيحُ ابْنُ مَرْيَمَ إِلَّا رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ الرُّسُلُ ۖ وَأُمُّهُۥ صِدِّيقَةٌ ۖ كَانَا يَأْكُلَانِ الطَّعَامَ ۗ انظُرْ كَيْفَ نُبَيِّنُ لَهُمُ الْـَٔايَٰتِ ثُمَّ انظُرْ أَنَّىٰ يُؤْفَكُونَ ﴿٧٥﴾ قُلْ أَتَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَمْلِكُ لَكُمْ ضَرًّا وَلَا نَفْعًا ۚ وَاللَّهُ هُوَ السَّمِيعُ الْعَلِيمُ ﴿٧٦﴾ قُلْ يَٰٓأَهْلَ الْكِتَٰبِ لَا تَغْلُوا۟ فِى دِينِكُمْ غَيْرَ الْحَقِّ وَلَا تَتَّبِعُوٓا۟ أَهْوَآءَ قَوْمٍ قَدْ ضَلُّوا۟ مِن قَبْلُ وَأَضَلُّوا۟ كَثِيرًا وَضَلُّوا۟ عَن سَوَآءِ السَّبِيلِ ﴿٧٧﴾ لُعِنَ الَّذِينَ كَفَرُوا۟ مِنۢ بَنِىٓ إِسْرَٰٓءِيلَ عَلَىٰ لِسَانِ دَاوُۥدَ وَعِيسَى ابْنِ مَرْيَمَ ۚ ذَٰلِكَ بِمَا عَصَوا۟ وَّكَانُوا۟ يَعْتَدُونَ ﴿٧٨﴾ كَانُوا۟ لَا يَتَنَاهَوْنَ عَن مُّنكَرٍ فَعَلُوهُ ۚ لَبِئْسَ مَا كَانُوا۟ يَفْعَلُونَ ﴿٧٩﴾ تَرَىٰ كَثِيرًا مِّنْهُمْ يَتَوَلَّوْنَ الَّذِينَ كَفَرُوا۟ ۚ لَبِئْسَ مَا قَدَّمَتْ لَهُمْ أَنفُسُهُمْ أَن سَخِطَ اللَّهُ عَلَيْهِمْ وَفِى الْعَذَابِ هُمْ خَٰلِدُونَ ﴿٨٠﴾ وَلَوْ كَانُوا۟ يُؤْمِنُونَ بِاللَّهِ وَالنَّبِىِّ وَمَآ أُنزِلَ إِلَيْهِ مَا اتَّخَذُوهُمْ أَوْلِيَآءَ وَلَٰكِنَّ كَثِيرًا مِّنْهُمْ فَٰسِقُونَ ﴿٨١﴾ لَتَجِدَنَّ أَشَدَّ النَّاسِ عَدَٰوَةً لِّلَّذِينَ ءَامَنُوا۟ الْيَهُودَ وَالَّذِينَ أَشْرَكُوا۟ ۖ وَلَتَجِدَنَّ أَقْرَبَهُم مَّوَدَّةً لِّلَّذِينَ ءَامَنُوا۟ الَّذِينَ قَالُوٓا۟ إِنَّا نَصَٰرَىٰ ۚ ذَٰلِكَ بِأَنَّ مِنْهُمْ قِسِّيسِينَ وَرُهْبَانًا وَأَنَّهُمْ لَا يَسْتَكْبِرُونَ ﴿٨٢﴾ وَإِذَا سَمِعُوا۟ مَآ أُنزِلَ إِلَى الرَّسُولِ تَرَىٰٓ أَعْيُنَهُمْ تَفِيضُ مِنَ الدَّمْعِ مِمَّا عَرَفُوا۟ مِنَ الْحَقِّ ۖ يَقُولُونَ رَبَّنَآ ءَامَنَّا فَاكْتُبْنَا مَعَ الشَّٰهِدِينَ ﴿٨٣﴾ وَمَا لَنَا لَا نُؤْمِنُ بِاللَّهِ وَمَا جَآءَنَا مِنَ الْحَقِّ وَنَطْمَعُ أَن يُدْخِلَنَا رَبُّنَا مَعَ الْقَوْمِ الصَّٰلِحِينَ ﴿٨٤﴾ فَأَثَٰبَهُمُ اللَّهُ بِمَا قَالُوا۟ جَنَّٰتٍ تَجْرِى مِن تَحْتِهَا الْأَنْهَٰرُ خَٰلِدِينَ فِيهَا ۚ وَذَٰلِكَ جَزَآءُ الْمُحْسِنِينَ ﴿٨٥﴾ وَالَّذِينَ كَفَرُوا۟ وَكَذَّبُوا۟ بِـَٔايَٰتِنَآ أُو۟لَٰٓئِكَ أَصْحَٰبُ الْجَحِيمِ ﴿٨٦﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ لَا تُحَرِّمُوا۟ طَيِّبَٰتِ مَآ أَحَلَّ اللَّهُ لَكُمْ وَلَا تَعْتَدُوٓا۟ ۚ إِنَّ اللَّهَ لَا يُحِبُّ الْمُعْتَدِينَ ﴿٨٧﴾ وَكُلُوا۟ مِمَّا رَزَقَكُمُ اللَّهُ حَلَٰلًا طَيِّبًا ۚ وَاتَّقُوا۟ اللَّهَ الَّذِىٓ أَنتُم بِهِۦ مُؤْمِنُونَ ﴿٨٨﴾ لَا يُؤَاخِذُكُمُ اللَّهُ بِاللَّغْوِ فِىٓ أَيْمَٰنِكُمْ وَلَٰكِن يُؤَاخِذُكُم بِمَا عَقَّدتُّمُ الْأَيْمَٰنَ ۖ فَكَفَّٰرَتُهُۥٓ إِطْعَامُ عَشَرَةِ مَسَٰكِينَ مِنْ أَوْسَطِ مَا تُطْعِمُونَ أَهْلِيكُمْ أَوْ كِسْوَتُهُمْ أَوْ تَحْرِيرُ رَقَبَةٍ ۖ فَمَن لَّمْ يَجِدْ فَصِيَامُ ثَلَٰثَةِ أَيَّامٍ ۚ ذَٰلِكَ كَفَّٰرَةُ أَيْمَٰنِكُمْ إِذَا حَلَفْتُمْ ۚ وَاحْفَظُوٓا۟ أَيْمَٰنَكُمْ ۚ كَذَٰلِكَ يُبَيِّنُ اللَّهُ لَكُمْ ءَايَٰتِهِۦ لَعَلَّكُمْ تَشْكُرُونَ ﴿٨٩﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوٓا۟ إِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالْأَنصَابُ وَالْأَزْلَٰمُ رِجْسٌ مِّنْ عَمَلِ الشَّيْطَٰنِ فَاجْتَنِبُوهُ لَعَلَّكُمْ تُفْلِحُونَ ﴿٩٠﴾ إِنَّمَا يُرِيدُ الشَّيْطَٰنُ أَن يُوقِعَ بَيْنَكُمُ الْعَدَٰوَةَ وَالْبَغْضَآءَ فِى الْخَمْرِ وَالْمَيْسِرِ وَيَصُدَّكُمْ عَن ذِكْرِ اللَّهِ وَعَنِ الصَّلَوٰةِ ۖ فَهَلْ أَنتُم مُّنتَهُونَ ﴿٩١﴾ وَأَطِيعُوا۟ اللَّهَ وَأَطِيعُوا۟ الرَّسُولَ وَاحْذَرُوا۟ ۚ فَإِن تَوَلَّيْتُمْ فَاعْلَمُوٓا۟ أَنَّمَا عَلَىٰ رَسُولِنَا الْبَلَٰغُ الْمُبِينُ ﴿٩٢﴾ لَيْسَ عَلَى الَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ الصَّٰلِحَٰتِ جُنَاحٌ فِيمَا طَعِمُوٓا۟ إِذَا مَا اتَّقَوا۟ وَّءَامَنُوا۟ وَعَمِلُوا۟ الصَّٰلِحَٰتِ ثُمَّ اتَّقَوا۟ وَّءَامَنُوا۟ ثُمَّ اتَّقَوا۟ وَّأَحْسَنُوا۟ ۗ وَاللَّهُ يُحِبُّ الْمُحْسِنِينَ ﴿٩٣﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ لَيَبْلُوَنَّكُمُ اللَّهُ بِشَىْءٍ مِّنَ الصَّيْدِ تَنَالُهُۥٓ أَيْدِيكُمْ وَرِمَاحُكُمْ لِيَعْلَمَ اللَّهُ مَن يَخَافُهُۥ بِالْغَيْبِ ۚ فَمَنِ اعْتَدَىٰ بَعْدَ ذَٰلِكَ فَلَهُۥ عَذَابٌ أَلِيمٌ ﴿٩٤﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ لَا تَقْتُلُوا۟ الصَّيْدَ وَأَنتُمْ حُرُمٌ ۚ وَمَن قَتَلَهُۥ مِنكُم مُّتَعَمِّدًا فَجَزَآءٌ مِّثْلُ مَا قَتَلَ مِنَ النَّعَمِ يَحْكُمُ بِهِۦ ذَوَا عَدْلٍ مِّنكُمْ هَدْيًۢا بَٰلِغَ الْكَعْبَةِ أَوْ كَفَّٰرَةٌ طَعَامُ مَسَٰكِينَ أَوْ عَدْلُ ذَٰلِكَ صِيَامًا لِّيَذُوقَ وَبَالَ أَمْرِهِۦ ۗ عَفَا اللَّهُ عَمَّا سَلَفَ ۚ وَمَنْ عَادَ فَيَنتَقِمُ اللَّهُ مِنْهُ ۗ وَاللَّهُ عَزِيزٌ ذُو انتِقَامٍ ﴿٩٥﴾ أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُۥ مَتَٰعًا لَّكُمْ وَلِلسَّيَّارَةِ ۖ وَحُرِّمَ عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ حُرُمًا ۗ وَاتَّقُوا۟ اللَّهَ الَّذِىٓ إِلَيْهِ تُحْشَرُونَ ﴿٩٦﴾ جَعَلَ اللَّهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيَٰمًا لِّلنَّاسِ وَالشَّهْرَ الْحَرَامَ وَالْهَدْىَ وَالْقَلَٰٓئِدَ ۚ ذَٰلِكَ لِتَعْلَمُوٓا۟ أَنَّ اللَّهَ يَعْلَمُ مَا فِى السَّمَٰوَٰتِ وَمَا فِى الْأَرْضِ وَأَنَّ اللَّهَ بِكُلِّ شَىْءٍ عَلِيمٌ ﴿٩٧﴾ اعْلَمُوٓا۟ أَنَّ اللَّهَ شَدِيدُ الْعِقَابِ وَأَنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٩٨﴾ مَّا عَلَى الرَّسُولِ إِلَّا الْبَلَٰغُ ۗ وَاللَّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ ﴿٩٩﴾ قُل لَّا يَسْتَوِى الْخَبِيثُ وَالطَّيِّبُ وَلَوْ أَعْجَبَكَ كَثْرَةُ الْخَبِيثِ ۚ فَاتَّقُوا۟ اللَّهَ يَٰٓأُو۟لِى الْأَلْبَٰبِ لَعَلَّكُمْ تُفْلِحُونَ ﴿١٠٠﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ لَا تَسْـَٔلُوا۟ عَنْ أَشْيَآءَ إِن تُبْدَ لَكُمْ تَسُؤْكُمْ وَإِن تَسْـَٔلُوا۟ عَنْهَا حِينَ يُنَزَّلُ الْقُرْءَانُ تُبْدَ لَكُمْ ۚ عَفَا اللَّهُ عَنْهَا ۗ وَاللَّهُ غَفُورٌ حَّلِيمٌ ﴿١٠١﴾ قَدْ سَأَلَهَا قَوْمٌ مِّن قَبْلِكُمْ ثُمَّ أَصْبَحُوا۟ بِهَا كَٰفِرِينَ ﴿١٠٢﴾ مَا جَعَلَ اللَّهُ مِنۢ بَحِيرَةٍ وَلَا سَآئِبَةٍ وَلَا وَصِيلَةٍ وَلَا حَامٍ ۙ وَلَٰكِنَّ الَّذِينَ كَفَرُوا۟ يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ ۖ وَأَكْثَرُهُمْ لَا يَعْقِلُونَ ﴿١٠٣﴾ وَإِذَا قِيلَ لَهُمْ تَعَالَوْا۟ إِلَىٰ مَآ أَنزَلَ اللَّهُ وَإِلَى الرَّسُولِ قَالُوا۟ حَسْبُنَا مَا وَجَدْنَا عَلَيْهِ ءَابَآءَنَا ۚ أَوَلَوْ كَانَ ءَابَآؤُهُمْ لَا يَعْلَمُونَ شَيْـًٔا وَلَا يَهْتَدُونَ ﴿١٠٤﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ عَلَيْكُمْ أَنفُسَكُمْ ۖ لَا يَضُرُّكُم مَّن ضَلَّ إِذَا اهْتَدَيْتُمْ ۚ إِلَى اللَّهِ مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿١٠٥﴾ يَٰٓأَيُّهَا الَّذِينَ ءَامَنُوا۟ شَهَٰدَةُ بَيْنِكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ حِينَ الْوَصِيَّةِ اثْنَانِ ذَوَا عَدْلٍ مِّنكُمْ أَوْ ءَاخَرَانِ مِنْ غَيْرِكُمْ إِنْ أَنتُمْ ضَرَبْتُمْ فِى الْأَرْضِ فَأَصَٰبَتْكُم مُّصِيبَةُ الْمَوْتِ ۚ تَحْبِسُونَهُمَا مِنۢ بَعْدِ الصَّلَوٰةِ فَيُقْسِمَانِ بِاللَّهِ إِنِ ارْتَبْتُمْ لَا نَشْتَرِى بِهِۦ ثَمَنًا وَلَوْ كَانَ ذَا قُرْبَىٰ ۙ وَلَا نَكْتُمُ شَهَٰدَةَ اللَّهِ إِنَّآ إِذًا لَّمِنَ الْـَٔاثِمِينَ ﴿١٠٦﴾ فَإِنْ عُثِرَ عَلَىٰٓ أَنَّهُمَا اسْتَحَقَّآ إِثْمًا فَءَاخَرَانِ يَقُومَانِ مَقَامَهُمَا مِنَ الَّذِينَ اسْتَحَقَّ عَلَيْهِمُ الْأَوْلَيَٰنِ فَيُقْسِمَانِ بِاللَّهِ لَشَهَٰدَتُنَآ أَحَقُّ مِن شَهَٰدَتِهِمَا وَمَا اعْتَدَيْنَآ ۖ إِنَّآ إِذًا لَّمِنَ الظَّٰلِمِينَ ﴿١٠٧﴾ ذَٰلِكَ أَدْنَىٰٓ أَن يَأْتُوا۟ بِالشَّهَٰدَةِ عَلَىٰ وَجْهِهَآ أَوْ يَخَافُوٓا۟ أَن تُرَدَّ أَيْمَٰنٌۢ بَعْدَ أَيْمَٰنِهِمْ ۗ وَاتَّقُوا۟ اللَّهَ وَاسْمَعُوا۟ ۗ وَاللَّهُ لَا يَهْدِى الْقَوْمَ الْفَٰسِقِينَ ﴿١٠٨﴾ يَوْمَ يَجْمَعُ اللَّهُ الرُّسُلَ فَيَقُولُ مَاذَآ أُجِبْتُمْ ۖ قَالُوا۟ لَا عِلْمَ لَنَآ ۖ إِنَّكَ أَنتَ عَلَّٰمُ الْغُيُوبِ ﴿١٠٩﴾ إِذْ قَالَ اللَّهُ يَٰعِيسَى ابْنَ مَرْيَمَ اذْكُرْ نِعْمَتِى عَلَيْكَ وَعَلَىٰ وَٰلِدَتِكَ إِذْ أَيَّدتُّكَ بِرُوحِ الْقُدُسِ تُكَلِّمُ النَّاسَ فِى الْمَهْدِ وَكَهْلًا ۖ وَإِذْ عَلَّمْتُكَ الْكِتَٰبَ وَالْحِكْمَةَ وَالتَّوْرَىٰةَ وَالْإِنجِيلَ ۖ وَإِذْ تَخْلُقُ مِنَ الطِّينِ كَهَيْـَٔةِ الطَّيْرِ بِإِذْنِى فَتَنفُخُ فِيهَا فَتَكُونُ طَيْرًۢا بِإِذْنِى ۖ وَتُبْرِئُ الْأَكْمَهَ وَالْأَبْرَصَ بِإِذْنِى ۖ وَإِذْ تُخْرِجُ الْمَوْتَىٰ بِإِذْنِى ۖ وَإِذْ كَفَفْتُ بَنِىٓ إِسْرَٰٓءِيلَ عَنكَ إِذْ جِئْتَهُم بِالْبَيِّنَٰتِ فَقَالَ الَّذِينَ كَفَرُوا۟ مِنْهُمْ إِنْ هَٰذَآ إِلَّا سِحْرٌ مُّبِينٌ ﴿١١٠﴾ وَإِذْ أَوْحَيْتُ إِلَى الْحَوَارِيِّـۧنَ أَنْ ءَامِنُوا۟ بِى وَبِرَسُولِى ۖ قَالُوٓا۟ ءَامَنَّا وَاشْهَدْ بِأَنَّنَا مُسْلِمُونَ ﴿١١١﴾ إِذْ قَالَ الْحَوَارِيُّونَ يَٰعِيسَى ابْنَ مَرْيَمَ هَلْ يَسْتَطِيعُ رَبُّكَ أَن يُنَزِّلَ عَلَيْنَا مَآئِدَةً مِّنَ السَّمَآءِ ۖ قَالَ اتَّقُوا۟ اللَّهَ إِن كُنتُم مُّؤْمِنِينَ ﴿١١٢﴾ قَالُوا۟ نُرِيدُ أَن نَّأْكُلَ مِنْهَا وَتَطْمَئِنَّ قُلُوبُنَا وَنَعْلَمَ أَن قَدْ صَدَقْتَنَا وَنَكُونَ عَلَيْهَا مِنَ الشَّٰهِدِينَ ﴿١١٣﴾ قَالَ عِيسَى ابْنُ مَرْيَمَ اللَّهُمَّ رَبَّنَآ أَنزِلْ عَلَيْنَا مَآئِدَةً مِّنَ السَّمَآءِ تَكُونُ لَنَا عِيدًا لِّأَوَّلِنَا وَءَاخِرِنَا وَءَايَةً مِّنكَ ۖ وَارْزُقْنَا وَأَنتَ خَيْرُ الرَّٰزِقِينَ ﴿١١٤﴾ قَالَ اللَّهُ إِنِّى مُنَزِّلُهَا عَلَيْكُمْ ۖ فَمَن يَكْفُرْ بَعْدُ مِنكُمْ فَإِنِّىٓ أُعَذِّبُهُۥ عَذَابًا لَّآ أُعَذِّبُهُۥٓ أَحَدًا مِّنَ الْعَٰلَمِينَ ﴿١١٥﴾ وَإِذْ قَالَ اللَّهُ يَٰعِيسَى ابْنَ مَرْيَمَ ءَأَنتَ قُلْتَ لِلنَّاسِ اتَّخِذُونِى وَأُمِّىَ إِلَٰهَيْنِ مِن دُونِ اللَّهِ ۖ قَالَ سُبْحَٰنَكَ مَا يَكُونُ لِىٓ أَنْ أَقُولَ مَا لَيْسَ لِى بِحَقٍّ ۚ إِن كُنتُ قُلْتُهُۥ فَقَدْ عَلِمْتَهُۥ ۚ تَعْلَمُ مَا فِى نَفْسِى وَلَآ أَعْلَمُ مَا فِى نَفْسِكَ ۚ إِنَّكَ أَنتَ عَلَّٰمُ الْغُيُوبِ ﴿١١٦﴾ مَا قُلْتُ لَهُمْ إِلَّا مَآ أَمَرْتَنِى بِهِۦٓ أَنِ اعْبُدُوا۟ اللَّهَ رَبِّى وَرَبَّكُمْ ۚ وَكُنتُ عَلَيْهِمْ شَهِيدًا مَّا دُمْتُ فِيهِمْ ۖ فَلَمَّا تَوَفَّيْتَنِى كُنتَ أَنتَ الرَّقِيبَ عَلَيْهِمْ ۚ وَأَنتَ عَلَىٰ كُلِّ شَىْءٍ شَهِيدٌ ﴿١١٧﴾ إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ ۖ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ﴿١١٨﴾ قَالَ اللَّهُ هَٰذَا يَوْمُ يَنفَعُ الصَّٰدِقِينَ صِدْقُهُمْ ۚ لَهُمْ جَنَّٰتٌ تَجْرِى مِن تَحْتِهَا الْأَنْهَٰرُ خَٰلِدِينَ فِيهَآ أَبَدًا ۖ رَّضِىَ اللَّهُ عَنْهُمْ وَرَضُوا۟ عَنْهُ ۚ ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿١١٩﴾ لِلَّهِ مُلْكُ السَّمَٰوَٰتِ وَالْأَرْضِ وَمَا فِيهِنَّ ۚ وَهُوَ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿١٢٠﴾

ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ်အား ချစ်ကြည် မြတ်နိုးဘိ သကဲ့သို့ပင် မိမိတို့၏ ဦးစီးနာယကများကို ချစ်ကြည်မြတ်နိုးကြကုန်၏။ [၁] သို့ရာတွင် ယုံကြည်ခြင်း သဒ္ဓါတရား ရှိကြသူတို့မှာမူ အလ္လာဟ် အရှင်မြတ်ကိုသာလျှင် အလွန်ထက်သန်သော (ယုံကြည်ခြင်း သဒ္ဓါတရားဖြင့်) ချစ်ကြည်မြတ်နိုး (ကိုးကွယ်) ကြလေသတည်း။ (တဆူတည်းသော အလ္လာဟ် အရှင်မြတ်ကိုသာ ကိုးကွယ်ရမည်ဟူသော ဒေသနာတော်ကို) ကျူးလွန်သူတို့သည် (နောင်တမလွန်ဘဝ၌) အပြစ်ငရဲများကို မျက်ဝါးထင်ထင် တွေ့မြင်ကြသည့်အခါ အလုံးစုံသော တန်ခိုးအာဏာ တို့သည် အလ္လာဟ် အရှင်မြတ်၌သာလျှင် တည်ရှိ ကြောင်း၊ အလ္လာဟ် အရှင်မြတ်သည် ပြင်းထန်သော ပြစ်ဒဏ်များကို စီရင်တော်မူသော အရှင်ဖြစ်ကြောင်းကို သိရှိကြလိမ့်မည်။ အကယ်၍သာ ထို ကျူးလွန်သူတို့သည် (မိမိတို့ကိုယ်တိုင်တွေ့ကြုံရမည့် နောင်ရေးများကို) ဤဘဝ၌ပင် ကြိုတင်၍ သိမြင်ထားကြပါမူ ကောင်းလေစွတကား။

---

[၁] "အန်ဒါဒန်" ဟူသော ပုဒ်၏သဘောကို ဖော်ရာတွင် အဋ္ဌကထာရှင်များသည် အောက်ပါအတိုင်း အဆိုပြုလျက်ရှိ၏။

က။ ရုပ်ပွါးဆင်းတုများ။

ခ။ (ကာဖစ်ရ်တို့၏) ဦးစီးနာယကများ။

ဂ။ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သည်ကို တားမြစ်သောအရာများ။

ရှင်ပြန်ထမည့်နေ့တွင် ကာဖစ်ရ်တို့တွင် ရှေ့ဆောင်ရှေ့ရပ်ဖြစ်ခဲ့ဘူးသော အကြီးအကဲများသည် မိမိတို့၏ တပည့်နောက်လိုက်တို့အား စိမ်းကားစွာ စွန့်ခွာသွားကြမည်ဟူသော ကုရ်အာန် (၂:၁၆၆)ကို ဆင်ခြင်သည်ရှိသော် အထက်အဆိုသုံးရပ်အနက် ဒုတိယအဆိုသည် ပိုမိုသင့်မြတ်လှပေသည်။

[၂] ကုရ်အာန်(၂:၁၆၅)၏ သဘောမှာ အလ္လာဟ်အရှင်မြတ်အပြင် မည်သည့်အရာကိုမျှ ချစ်ကြည်မြတ်နိုးခြင်း မပြုရဟုမဆိုလိုပေ၊ မိဘဆရာသမားဆွေမျိုးညာတိ၊ မိတ်သင်္ဂဟနှင့် သူမွန်သူမြတ်တို့ကို ချစ်ကြည်မြတ်နိုးရပေမည်။ ဤကား ကျမ်းဂန်ပညတ်တည်း။

တားမြစ်ထားသော ချစ်ကြည်မြတ်နိုးမှုမှာကား အလ္လာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုး ➤➤

إِذْ تَبَرَّأَ الَّذِينَ اتُّبِعُوا مِنَ الَّذِينَ اتَّبَعُوا وَرَأَوُا الْعَذَابَ وَتَقَطَّعَتْ بِهِمُ الْأَسْبَابُ ﴿١٦٦﴾

၁၆၆။ အကြင်အချိန်အခါဝယ် (လူအပေါင်းတို့ကို လှည့်ဖြားသွေးဆောင် ကြကုန်သော) ခေါင်းဆောင်တို့သည် မိမိတို့၏ တပည့်နောက်လိုက် တို့အား စွန့်ပစ်ကြကုန်အံ့၊ ထိုအခါ ယင်းခေါင်းဆောင်များနှင့် နောက်လိုက် တပည့်တို့သည် ပြစ်ဒဏ်များကို (မျက်ဝါးထင်ထင်) ရှုမြင်ကြအံ့၊ (၎င်းပြင်) ယင်းသူတို့၌ တဦးနှင့်တဦး ဆက်သွယ်မှု များသည်လည်း ပြတ်တောက်သွားလတ္တံ့။

وَقَالَ الَّذِينَ اتَّبَعُوا لَوْ أَنَّ لَنَا كَرَّةً فَنَتَبَرَّأَ مِنْهُمْ كَمَا تَبَرَّءُوا مِنَّا ۗ كَذَٰلِكَ يُرِيهِمُ اللَّهُ أَعْمَالَهُمْ حَسَرَاتٍ عَلَيْهِمْ ۖ وَمَا هُمْ بِخَارِجِينَ مِنَ النَّارِ ﴿١٦٧﴾

၁၆၇။ ၎င်းပြင် (မသမာသော ဦးစီးနာယကများ၏ လှည့်ပတ်ဖြားယောင်းရာနောက်သို့ လိုက်ပါမိခဲ့သော) နောက်လိုက်တပည့်များက အကယ်၍သာ ငါတို့သည် (လူ့လောကသို့) တကြိမ်မျှပင်ပြန်ကြရပါလျှင် အလွန်ကောင်းပေအံ့၊ သို့ပြန်ရပါလျှင် ထိုရှေ့ဆောင်ရှေ့ရပ်တို့သည် ငါတို့ကို (ယခုစိမ်းကားစွာ) စွန့်ပစ်သွားကြသကဲ့သို့ ငါတို့သည်လည်း ယင်းသူတို့အား (စိမ်းကားစွာ) စွန့်ပစ်ကြမည်ဟု ပြောဆိုကြမည်။ အလ္လာဟ် အရှင်မြတ်သည် ထိုရှေ့ဆောင်ရှေ့ရပ်များနှင့် တပည့်နောက်လိုက် အားလုံးတို့အား အပြစ်ငရဲကို မျက်ဝါးထင်ထင် ပြတော်မူသကဲ့သို့ပင် ယင်းသူတို့၏အပြုအမူများကို ဝမ်းနည်းကြေကွဲဘွယ်ရာများအဖြစ် ပြတော်မူမည်။ စင်စစ်အားဖြင့် ယင်းသူတို့သည် ငရဲမီးတွင်းမှ ထွက်ကြရမည့်သူများလည်း မဟုတ်ကြချေ။

➤➤ ခြင်းကဲ့သို့ အခြားအရာများကို ချစ်ကြည်မြတ်နိုးခြင်းကိုသာ ဆိုလိုသည်။

အစ္စလာမ် တရားတော်အရ "ဝလီ" များကိုထားဘိဉီး၊ အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များကိုပင်လျှင် ကိုးကွယ်ရာအရှင်အဖြစ် ချစ်ကြည်မြတ်နိုးခြင်း အလျင်းမပြုအပ်ချေ။ ဤအရာ၌ အစ္စလာမ် တရားတော်သည် မည်သည့်ခြွင်းချက်ကိုမျှ လက်မခံသည့်အတွက်ကြောင့် ကမ္ဘာပေါ်ရှိ သာသနာများအနက် အစ္စလာမ် သာသနာတော်ကို (Unconpromisingly Monothiastic Religion) ဟု ခေါ်ဆိုထားပေသည်။

يَٰٓأَيُّهَا ٱلنَّاسُ كُلُوا۟ مِمَّا فِى ٱلْأَرْضِ حَلَٰلًا طَيِّبًا وَلَا تَتَّبِعُوا۟ خُطُوَٰتِ ٱلشَّيْطَٰنِ ۚ إِنَّهُۥ لَكُمْ عَدُوٌّ مُّبِينٌ ﴿١٦٨﴾

၁၆၈။ အို-လူသားအပေါင်းတို့၊ အသင်တို့သည် ကမ္ဘာမြေပေါ်ဝယ် ရှိလေသော အရာများ အနက်မှ စားသုံးပိုင်ခွင့်ပြုထားသော [၁] သန့်စင်သောအရာများကို စားသုံးကြကုန်လော့၊ သို့ရာတွင် အသင်တို့သည် ရှိုင်တွန်၏ခြေရာများကို (ဖဝါးခြေထပ်) မလိုက်ကြကုန်လင့်။ [၂] အမှန်စင်စစ် ယင်းရှိုင်တွန်သည် အသင်တို့၏ ပွင့်လင်းထင်ရှားလှစွာသော ရန်သူရန်ဘက်ပင် ဖြစ်ချေသည်။

---

(၁) ဟလာလ်ဟူသည် အစ္စလာမ်သာသနာက စားသုံးပိုင်ခွင့် ပြုထားသောအစာ အာဟာရကိုဆိုလိုသည်။

(၂) ဤမုက္ခပါဠိတော်တွင် ကောင်းမြတ်သော အစာအာဟာရများကို စားသုံးမှီဝဲကြဟု ပညတ်တော်မူသည့် အမိန့်တော်နှင့်တွဲလျက် ရှိုင်တွန်၏စကားကို မနာခံကြကုန်လင့် ဟု မိန့်ဆိုထားခြင်း၏သဘောမှာ အို-လူသားတို့၊ အသင်တို့သည် ကောင်းမြတ်သော အစာအာဟာရများကို စားသုံး၍ ကောင်းမြတ်သော ကိုယ်ကျင့်တရားများကို စောင့်စည်းကုန်လော့ဟူလို။

ရှိုင်တွန်၏စကားကို မနာခံကြကုန်လင့်ဟု မိန့်ဆိုထားတော်မူခြင်း၏ အကြောင်းကို ကုရ်အာန် (၂:၁၆၉)တွင် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

"ရှိုင်တွန်" ကား အခြားမဟုတ်။ ကမ္ဘာဦး ဘခင်အာဒမ်(အ)နှင့် ကြင်ရာတော်ဟောင်ဝါသခင်မတို့အား ဂျန္နတ်အမတသုခဘုံမှ ထွက်ခွာသွားကြရသည်အထိ ဖန်တီးခဲ့သူပင်ဖြစ်၏။ ကြည့်-ကုရ်အာန် (၂:၃၆၊ ၇:၂၀-၂၅)

ကမ္ဘာဦးဘခင်အား ဦးချကန်တော့ရန် အမိန့်တော်ကို သွေဖည်သဖြင့် ပြစ်ဒဏ်တော်ခတ်ခြင်းခံရသော ထိုရှိုင်တွန်သည် အခဲမကြေဖြစ်ပြီး ရန်တုံ့ပြန်လိုသောသဘောဖြင့် လူသားတို့အား အမှားမှားအယွင်းယွင်းဖြစ်စေရန် ရှုပ်ပြန်ထရမည့်နေ့အထိ လွတ်လပ်ခွင့်ပြုပါမည့်အကြောင်း အလ္လာဟ်အရှင်မြတ် အထံတော်၌ ဆုပန်ခဲ့သည်။ ကြည့်-ကုရ်အာန်(၃၈:၇၉-၈၃)။

ရှိုင်တွန်သည် လူသားတို့အား နည်းပရိယာယ်မာယာအမျိုးမျိုးတို့ဖြင့် ဒုစရိုက်မှုများပြုလုပ်ရန် တိုက်တွန်းသည်။ ကြည့်-ကုရ်အာန် (၄:၁၁၉)။ ရှိုင်တွန်သည် လူသားတို့အချင်းချင်း မုန်းတီးမှုကို လိုလားသည်။ ကြည့်- ကုရ်အာန် (၅:၅၁)။

ဖော်ပြပါ အကြောင်းများကြောင့် ကုရ်အာန်(၃၆:၆၀)တွင် အသင်တို့သည် ရှိုင်တွန်ကို မကိုးကွယ်ကြကုန်လင့်ဟူ၍ငင်း၊ (၇:၂၇)တွင် ရှိုင်တွန်၏ဖြားယောင်းခြင်းကို မခံကြကုန်လင့်ဟူ၍ငင်း၊ (၂၄:၂၁)တွင် အသင်တို့သည် ရှိုင်တွန်၏နောက်သို့ ဖဝါးခြေထပ်မလိုက်ကြကုန်လင့်ဟူ၍ငင်း အလ္လာဟ်အရှင်မြတ်သည် မိမိ၏ မဟာကရုဏာတော်ဖြင့် လူသားတို့အား အကြိမ်ကြိမ်သတိပေး နှိုးဆော်ထားတော်မူသည်။ ဤမျှမကသေး ရှိုင်တွန်၏နောင့်ယှက်ခြင်းမှ ကင်းလွတ်နိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်၏ ၁၁၄ခုမြောက် ကဏ္ဍဖြစ်သော "မနုဿလူသားများကဏ္ဍ" ကိုလည်းထုတ်ပြန်ပို့ချထားတော်မူလေသည်၊

إِنَّمَا يَأْمُرُكُم بِالسُّوءِ
وَالْفَحْشَاءِ وَأَن تَقُولُوا
عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿١٦٩﴾

၁၆၉။ (အကြောင်းကား) ထိုရှိုင်တွာန်သည် အသင်တို့ကို မကောင်းမှုဒုစရိုက်များကိုငင်း၊ အလွန်ညစ်ညမ်းသော ကိစ္စများကိုငင်း၊ ထို့ပြင် အသင်တို့သည် မိမိတို့ မသိရှိကြသော အကြောင်းအရာများကို အလ္လာဟ် အရှင်မြတ်နှင့် ဆန့်ကျင်၍ (လုပ်ကြံ) ပြောဆိုကြရန်ငင်း အမိန့်ပေးတိုက်တွန်း နှိုးဆော်သည်သာဖြစ်သည်။ [၁]

وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا
أَنزَلَ اللَّهُ قَالُوا بَلْ نَتَّبِعُ مَا
أَلْفَيْنَا عَلَيْهِ آبَاءَنَا ۚ أَوَلَوْ كَانَ
آبَاؤُهُمْ لَا يَعْقِلُونَ شَيْئًا
وَلَا يَهْتَدُونَ ﴿١٧٠﴾

၁၇၀။ ၎င်းပြင် (အမြော်အမြင်မရှိသော) ထိုသူတို့ကို တဦးတယောက်က (ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ် ပေးသနားတော်မူသော တရားဒေသနာများကို လိုက်နာကြပါကုန်ဟု ပြောဆိုပါလျှင် ယင်းသူတို့က ပြောဆိုကြသည်မှာ ထိုသို့အလျင်းမဟုတ်၊ စင်စစ်မှာကား အကြင် တရားလမ်းစဉ်ပေါ်၌ အကျွန်ုပ်တို့သည် မိမိတို့၏ ဘိုး၊ဘေး၊ဘီ၊ဘင်များကိုတွေ့ရ၏။ ထိုတရားလမ်းစဉ်ကိုသာလျှင် ကျွန်ုပ်တို့သည် လိုက်နာကြအံ့ ဟု တုံ့ပြန်ပြောဆိုကြကုန်သည်။ [၂]

---

① အတိတ်ခေတ်ရှိ ယဟူဒီ ဘာသာဝင်များ၊ ခရစ်ယာန် ဘာသာဝင်များနှင့် အရဗ် မိစ္ဆာဒိဋ္ဌိတို့သည် နဗီတမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)၏ သာသနာတော်ကို စွန့်လွှတ်၍ အထူးသဖြင့် စားရေးသောက်ရေးများတွင် အဘယ်အရာကား စားသုံးပိုင်သည်၊ အဘယ်အရာကား မစားသုံးပိုင်စသည်ဖြင့် မိမိတို့အာသာဆန္ဒအလျောက် ပညတ်လျက်ရှိကြ၏။ ၎င်းတို့သည် သာသနာရေးတွင် ဤကဲ့သို့ ကပြောင်းကပြန် ပြုလုပ်ကြသည် သာမက မိမိတို့၏ ပြုမူခြင်းများသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ ဖြစ်သည်ဟူ၍ပင် လိမ်လည် ပြောဆိုကြကုန်သည်။ ဤအမိန့်တော်တွင် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မသင့်မတော်မလျော်ကန်သော အပြောအဆို၊ အသုံးအနှုန်း၊ အပြုအမူ၊ အယူအဆ အားလုံးတို့သည် အကျုံးဝင်သည်။

(မဒါရစ်က်။)

② ဥပမာ၊ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားသောအရာများကို ဂုဏ်ရည်တူများဟု ယူဆခြင်းကိုးကွယ်ခြင်း၊ စားသုံးပိုင်ခွင့်မရှိသောအရာများကို စားသုံးပိုင်သောအရာများအဖြစ် ပြုလုပ်ခြင်း၊ စားသုံးပိုင်သော အရာများကို မစားသုံးပိုင်သောအရာများဟူ၍ ပြုလုပ်ခြင်း၊ ဤကဲ့သို့ ပြုမူခြင်းသည် အလ္လာဟ်အရှင်မြတ်အား လိမ်လည်စွပ်စွဲပြောဆိုခြင်းပင်ဖြစ်၏။

ငင်းတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် တစုံတရာကိုမျှ မဆင်ခြင်နိုင်ကြသည့်ပြင်၊ တရား လမ်းမှန်ကို မရရှိကြသော်လည်း (ငင်းတို့သည် ထိုသို့သော ဘိုး၊ ဘေးတို့၏ လမ်းစဉ်ကိုပင် လိုက်နာကြမည်လော)။

وَمَثَلُ الَّذِينَ كَفَرُوا كَمَثَلِ الَّذِي يَنْعِقُ بِمَا لَا يَسْمَعُ إِلَّا دُعَاءً وَنِدَاءً ۚ صُمٌّ بُكْمٌ عُمْيٌ فَهُمْ لَا يَعْقِلُونَ ﴿١٧١﴾

၁၇၁။ "ကာဖစ်ရ်" မိစ္ဆာဒိဋ္ဌိတို့(အား သွန်သင်ဆုံးမသူ)၏ပမာကား ခေါ်သံနှင့်ဟစ်အော်ကြွေးကြော်သံမှတပါး အဘယ်တစုံတခုကိုမျှ မကြားသောတိရစ္ဆာန်များကို ဟစ်အော်ဆုံးမသူနှင့်တူချေသည်။ [၁] (အမှန်သော်ကား ထိုမိစ္ဆာဒိဋ္ဌိတို့သည် တရားဒေသနာတော်ကိုမနာခံသော) နားပင်းသူများ၊ (မှန်သောစကားကို မပြောဆိုသော) ဆွံ့အသူများ၊ (သက်သေလက္ခဏာတော်များကိုမမြင်သော) အကန်းများပင်တည်း။ သို့ဖြစ်လေရာ ယင်းသူတို့သည် မည်သည့်အရာ တစုံတခုကိုမျှ တွေးတောဆင်ခြင် သိမြင်သူများမဟုတ်ကြချေ။

---

(၂) အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချတော်မူသော မှန်ကန်သော တရားဒေသနာတော်များကို လိုက်နာရမည့် အကြောင်း၊ ပြောဆိုသည့်အခါတွင် အမြော်အမြင်မရှိသော မိစ္ဆာဒိဋ္ဌိတို့က ကျွန်ုပ်တို့သည် မိမိတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ မိရိုးဖလာ လမ်းစဉ်များကိုသာ လိုက်နာကြပါ၏ဟု ပြန်လည် ဖြေကြားကြလေသည်။ ဤမုဟမ္မဒ်တော်တွင် ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုကိုငင်း၊ ဂိဏ်းဂဏ သံယောဇဉ်တွဲဘက်ခြင်းကိုငင်း၊ မိရိုးဖလာထုံးတမ်းစဉ်လာကိုငင်း တားမြစ်ထားတော်မူလေသည်။

(၁) ဤပုံဆောင်ချက်တွင် တရားဓမ္မဟောကြားညွှန်ပြသော နဗီတမန်တော်နှင့် မိရိုးဖလာထုံးတမ်းစဉ်လာကို စုံမှိတ်၍ လိုက်နာသောမိစ္ဆာဒိဋ္ဌိတို့၏ ဖြစ်အင်ကို ဖော်ပြထားတော်မူသည်။

မိစ္ဆာဒိဋ္ဌိတို့သည် တိရစ္ဆာန်နှင့် တူချေသည်။ အကြောင်းကား တိရစ္ဆာန်များသည် ဟစ်အော်ကြွေးကြော်သူ၏ ကြွေးကြော်သံကိုကြားနိုင်၏။ သို့သော် ထိုကြွေးကြော်သံ၏ အနက်အဓိပ္ပါယ်ကိုကားမသိချေ။ ထို့အတူ မိစ္ဆာဒိဋ္ဌိများသည်လည်း နဗီတမန်တော်၏ တရားစကားများကို ကြားကြ၏။ သို့ရာတွင် တရားဓမ္မ၏ အဓိပ္ပါယ်ကိုကား အလျင်းနားမလည်ကြချေ။

စိတ်နှလုံးများရှိပါလျက် မှန်ကန်သောတရားလမ်းစဉ်ကို မတွေးတောသောသူများ၊ မျက်စိများရှိပါလျက် သက်သေလက္ခဏာတော်များကို မမြင်သောသူများ၊ နားများရှိပါလျက် တရားစကားကို မကြားသောသူများသည် တိရစ္ဆာန်များထက်ပင် မိုက်မဲသူများဖြစ်ချေသည်၊ ကြည့်၊ကုရ်အာန်(၇:၁၇၉)။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ كُلُوا۟ مِن
طَيِّبَٰتِ مَا رَزَقْنَٰكُمْ وَٱشْكُرُوا۟
لِلَّهِ إِن كُنتُمْ إِيَّاهُ
تَعْبُدُونَ ﴿١٧٢﴾

၁၇၂။ အို- "မုအ်မင်နှ်" ယုံကြည်သူအပေါင်းတို့. အသင်တို့.အား ငါအရှင်မြတ် ပေးသနားတော်မူသော ကောင်းမွန်သန့်ပြန့်သော အာဟာရများအနက်မှ အသင်တို့.သည် (ကြိုက်နှစ်သက်ရာကို) စားသုံးကြကုန်။ ၎င်းအပြင် အကယ်၍ အသင်တို့.သည် ထို အရှင်မြတ် အားသာလျှင် ခဝပ်ကိုးကွယ်ကြပါလျှင် အသင်တို့.သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ကြကုန်။

إِنَّمَا حَرَّمَ عَلَيْكُمُ ٱلْمَيْتَةَ
وَٱلدَّمَ وَلَحْمَ ٱلْخِنزِيرِ وَمَآ
أُهِلَّ بِهِۦ لِغَيْرِ ٱللَّهِ ۖ فَمَنِ
ٱضْطُرَّ غَيْرَ بَاغٍ وَلَا عَادٍ

၁၇၃။ အလ္လာဟ် အရှင်မြတ်သည် အသင်တို့.အပေါ်၌ *အသေကောင်များကို*၎င်း၊ [၁] (ယိုစီးသော) *သွေး*ကိုလည်း၊ [၂] *ဝက်၏အသားကို*လည်း၊ [၃] အလ္လာဟ်အရှင်မြတ်၏နာမ်တော်မှတပါး *အခြားကိုးကွယ်ရာများ၏အမည်နာမများကို တ,သပြိုး လှီးဖြတ်ထားသော တိရစ္ဆာန်များကို*လည်း၊ [၄] မုချ တားမြစ်ထားတော်မူလေသည်။

---

① အစ္စလာမ်သာသနာမထွန်းကားမီ အမိုက်ခေတ်တွင် ယဟူဒီဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အရှင်မိဆ္ဆာဒါဋ္ဌိတို့က "ငါတို့သည် နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ သာသနာဝင်များဖြစ်ကြသည်" ဟု ဝါကြွားပြောဆိုကြကုန်၏။ အမှန်သော်ကား ယင်းသူတို့သည် နဗီတမန်တော် အီဗ်ရာဟီမ်(အ)၏ သာသနာရေးဆိုင်ရာ ပဋိပတ်ကျင့်စဉ်များကို မိမိတို့ အာသာဆန္ဒအလျောက် နှုတ်ပယ်ဖြည့်စွက်လျက် ဤအရာကား စားသုံးအပ်၏။ ဤအရာကား မစားသုံးအပ်ဟု မဟုတ်မလျား အမှားမှားအယွင်းယွင်း ပညတ်လျက်ရှိကြကုန်၏။ ကြည့်၊ ကုရ်အာန် (၃း၉၊ ၆း၁၃၉-၁၄၀-၁၄၄၊ ၁၄၅၊ ၁၅၁။ ၁၆း၁၁၆)။

ဖော်ပြပါအတိုင်း သာသနာဖျက်တို့သည် စားရေးသောက်ရေးများတွင် အမှားမှားအယွင်းယွင်း ပြုလုပ်ထားကြ သည့်အတွက် စားသုံးအပ်သော အရာနှင့် မစားသုံးအပ်သော အရာများကို ပိုင်းခြား၍ သိမြင်နိုင်ရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ဤမုဟူပါဒ်တော်တွင် (၁)အသေကောင်၊ (၂)သွေး၊ (၃)ဝက်တိရစ္ဆာန်ကောင်၏အသား၊ (၄)အလ္လာဟ်အရှင်မြတ်၏နာမ်တော်မှတပါး အခြားအရာများကို ရည်စူး၍ သတ်ဖြတ်ထားသော တိရစ္ဆာန်တို့၏အသားကို အလျင်းမစားအပ်ဟု ပညတ်ထားတော်မူသည်။

မှတ်ချက်။ ။ ဤမုဟူပါဒ်တော်တွင် မစားအပ်ဟု ပညတ်ထားသော ပစ္စည်း ၄ ရပ်သည်သာလျှင် မစားအပ်သော ပစ္စည်းများ မဟုတ်သေးချေ။ အစ္စလာမ်သာသနာတွင် အခြားပညတ်ထားသောအရာများ မြောက်မြားစွာ ရှိသေးသည် ကိုလည်း အထူးသတိပြုအပ်၏။ ကျမ်းလေးမည်စိုး၍ မရေးပြီ၊ အကျယ်ကိုသိလိုပါက သက်ဆိုင်ရာ "ဖစ်ကွဟ်" ဓမ္မသတ်ကျမ်းများတွင် ရှုပါကုန်။

➤➤

>> အသေသားကို မစားအပ်

အသေကောင်ဟူသည် အစွယ်လာမ်တရားတော်နှင့်အညီ "ဇဗ်ဟ်" ပြုရန်တာဝန်ရှိသော တိရစ္ဆာန်များအနက် "ဇဗ်ဟ်" ပြုလုပ်ထားခြင်းမရှိဘဲ အလိုအလျောက်သေသွားသော တိရစ္ဆာန်များတည်း။ (မဒါရစ်က်)

မှတ်ချက်။

တမန်တော်မြတ်၏ ဟဒီဆ်ဩဝါဒတော်အရ ငါးသေနှင့်ကျိုင်းကောင်သေကိုကား စားသုံးပိုင်ခွင့်ရှိသည်။

(၂) သွေးဟုဆိုရာ၌ ယိုစီးသောသွေးကို ဆိုလိုသည်။ (မအာလင်မ်။)

ကုရ်အာန်ကျမ်းမြတ် ဤမုကျပါဠ်တော်(၂:၁၇၃)တွင် သွေးကို အထူးဝိသေသပုဒ်မထည့်ဘဲ မိန့်ဆိုထားလင့်ကစား ကုရ်အာန်(၆:၁၄၅)တွင်မူ ယိုစီးသောသွေးဟူသော ဝိသေသပုဒ်ဖြင့် ဖွင့်ဟမိန့်ဆိုထားသည်။ ထို့ကြောင့် အဋ္ဌကထာရှင်များသည် ကုရ်အာန်(၂:၁၇၃)တွင်ပါရှိသော သွေး၏သဘောကိုလည်း ယိုစီးသောသွေးဟုပင် တညီတညွတ်တည်း ယူဆကြသည်။

သွေးသည် မသန့်သောအရာဖြစ်၏။ သွေးသည် မစားအပ်၊ သွေးဖြင့် အကျိုးမခံစားအပ်၊ သွေးကို လုံးဝမစားသုံးအပ်ဟု ပညတ်ထားရာ၌လည်း အဋ္ဌကထာရှင်များ အဆိုညီကြသည်။

(၃) ဝက်၏အသားကို မစားအပ်ဟု ကုရ်အာန်ကျမ်းမြတ် (၂:၁၇၃၊ ၅:၃၊ ၆:၁၄၆၊ ၁၆:၁၁၅)တွင် အတည့်အလင်းဖော်ပြထားသည်၊ ဝက်၏အသားကို မစားအပ်ဟုဆိုထားရာ၌ အသားကိုသာဆိုသည်မဟုတ်၊ ယင်းတိရစ္ဆာန်၏ ကိုယ်ခန္ဓာအစိတ်အပိုင်း အားလုံးပင် မစားသုံးအပ်။ ဤပညတ်ချက်တွင် အစွယ်လာမ်သာသနာဂိုဏ်း အားလုံးပင် အဆိုညီကြကုန်သည်။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုး အားလုံးတို့၌လိုလိုပင် ကိုယ်ကျင့်တရား ယုတ်မာသူများနှင့် ညစ်ညမ်းသောသူများကို ဝက်တိရစ္ဆာန်နှင့် နှိုင်းယှဉ်လေ့ရှိသည်ကို ထောက်ရှုခြင်းအားဖြင့် ဝက်တိရစ္ဆာန်ကို မည်မျှစက်ဆုပ်ရွံ့ရှာကြသည့်အကြောင်း ထင်ရှားစွာသိနိုင်ပေသည်။

မထိုက်တန်သူတဦးအား ပညာသင်ကြားပို့ချပေးသောသူသည် ဝက်တိရစ္ဆာန်ကို ရွေရတနာများနှင့် ပုလဲဝတ်ဆင်ပေးသော သူနှင့်တူသည်ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်၊ ကြည့်၊ မိရ်ကာတ်ကျမ်း (ပညာကဏ္ဍ)။

ထို့အတူကောင်းမြတ်သော ရတနာများနှင့် မထိုက်တန်သူများကိုငင်း၊ အပြစ်ဒုစရိုက်မှုများတွင် နစ်မွန်းနေသူများကိုငင်း Bible ကျမ်းတွင်လည်း ဝက်တိရစ္ဆာန်နှင့်ပင် နှိုင်းယှဉ်ထားလေသည်။

ကြည့်၊ ရှင်မဿဲ (၇:၆)၊ ၂၂ ပေတရု။ (၂:၂၂)။

(၄) "အလ္လာဟ်အရှင်မြတ်မှတပါး အခြားအရာများအဖို့ ကြွေးကြော် တ,သခြင်းခံရသော အရာ" ဟူသည်ကား လိုးဖြတ်ချိန်၌ အလ္လာဟ်အရှင်မြတ်မှတပါး အခြားအရာများကို တ,သပြီးလိုးဖြတ်သော သားကောင်ကိုဆိုလိုသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မွတ်စ်လင်မ်များတွင် အဆိုကွဲပြားမှုအလျဉ်းမရှိပေ။ (ဂျဆွဲဆွာဆွဲ)

မှတ်သားဘွယ်

အကယ်၍ မွတ်စ်လင်မ်တဦးသည် တိရစ္ဆာန်တကောင်ကို လိုးဖြတ်ရာ၌ အလ္လာဟ်အရှင်မြတ်မှတပါး အခြားအရာများကို ချဉ်းကပ်ရန် ရည်စူး၍ လိုးဖြတ်သည်ရှိသော် ထိုသူသည် (မုရ်တဒ်) (သာသနာကို ဖောက်ပြန်သူ) မည်၏။ ထိုသူလိုးဖြတ်ထားသော သားကောင်သည်လည်း သာသနာကို ဖောက်ပြန်သူ၏ လိုးဖြတ်ထားသော သားကောင်ပင်မည်၏။ (ကဗီရ်)

فَلَآ إِثْمَ عَلَيْهِ ۚ إِنَّ ٱللَّهَ غَفُورٌ رَّحِيمٌ ﴿١٧٣﴾

သို့တားမြစ်ထားသော်လည်း မလွဲမရှောင်သာ နိုင်အောင် အကျပ်အတည်းနှင့် တွေ့ကြုံနေသော သူတဦးသည် (တားမြစ်ထားသော အာဟာရကို) မက်မောသူ မဟုတ်ဘဲ၊ အစားကျူးသူလည်း မဟုတ်ဘဲ၊ (အသက်မသေရုံမျှ စားသုံးခဲ့ပါလျှင်) ထိုသူ့အပေါ် ၌ တစုံတရာ အပြစ်မရှိချေ။ ① ဧကန်မုချ အလွန်ဟ်အရှင်မြတ်သည် (ချို့တဲ့မှုများကို) အထူး ချမ်းသာခွင့် ပေးသနားတော်မူအရှင်၊ အစဉ်အမြဲ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော် မူပေသတည်း။

إِنَّ ٱلَّذِينَ يَكْتُمُونَ مَآ أَنزَلَ ٱللَّهُ مِنَ ٱلْكِتَٰبِ وَيَشْتَرُونَ بِهِۦ ثَمَنًا قَلِيلًا ۙ أُو۟لَٰٓئِكَ مَا يَأْكُلُونَ فِى بُطُونِهِمْ إِلَّا ٱلنَّارَ وَلَا يُكَلِّمُهُمُ ٱللَّهُ يَوْمَ ٱلْقِيَٰمَةِ وَلَا يُزَكِّيهِمْ ۖ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٧٤﴾

၁၇၄။ အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော *ကျမ်းဂန်လာ တရားဒေသနာတော်များကို* ထိမ်ချန်၍ ② ထိုဒေသနာတော်များကို အနည်းငယ်မျှသော အဘိုးအခဖြင့် လဲလှယ်ရောင်းချ စားသုံးသောသူများသည် မိမိတို့၏ဝမ်းတွင်းသို့ အခြား (တစုံတရာ) စားသုံးကြသည်မမည်။ စင်စစ်အားဖြင့် မီးကိုသာ စားသုံးရာမည်ချေသည်။ အလ္လာဟ် အရှင်မြတ်သည် ရှင်ပြန်ထမည့်နေ့တွင် ထိုသူများ အား (ချိုအေးသောစကားကို) ပြောကြားတော်မူမည် လည်းမဟုတ်၊ ထိုသူတို့အား (အပြစ်ဒုစရိုက်မှုများမှ) သန့်ရှင်းစေတော်မူမည် လည်းမဟုတ်၊

① ဤမုဏ္ဍပါဠိတော်တွင် စားသုံးအပ်သော ပစ္စည်းနှင့် မစားသုံးအပ်သော ပစ္စည်းများကို ပိုင်းခြားဖွင့် ပညတ်ထားတော်မူလင့်ကစား မလွဲသာမရှောင်သာသော အခက်အခဲ အကျဉ်းအကျပ်နှင့် ရင်ဆိုင်ရသည့်အခါမျိုးဌိမှ မစားအပ်ဟု ပညတ်ထားသော ပစ္စည်းကိုပင်လျှင် စားသုံးပိုင်သည်ဟု အလ္လာဟ်အရှင်မြတ်သည် အခွင့်ပြုထားတော်မူလေသည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်တည်း။

မလွဲမရှောင်သာသောအခါ၌ စားသုံးခြင်းသည် (သာမန်)ခွင့်ပြုချက်မဟုတ်၊ မုချလိုက်နာရမည်ဖြစ်သော ပြဋ္ဌာန်းချက်ပင် ဖြစ်လေသည်။ အကယ်၍ အကြင်သူတဦးသည် မစားသုံးဘဲနေပါလျှင် ထိုသူသည် အမိန့်တော်ကို ဖီဆန်သောသူမည်၏။

② အစ္စလာမ်သာသနာတော်အရ မည်သူတဦးတယောက်၏ အသက်ကိုမျှ သတ်ပိုင်ခွင့်မရှိချေ။ ➤➤

ထို့ပြင်တဝ ယင်းသူတို့ ခံစားရန် ပြင်းပြနာကျင်စေသော အပြစ်ဒဏ်လည်း အသင့်ရှိပေသတည်း။

أُولَٰئِكَ الَّذِينَ اشْتَرَوُا الضَّلَالَةَ بِالْهُدَىٰ وَالْعَذَابَ بِالْمَغْفِرَةِ ۚ فَمَا أَصْبَرَهُمْ عَلَى النَّارِ ﴿١٧٥﴾

၁၇၅။ (ဤဘဝတွင်)လမ်းမှားကို လမ်းမှန်ဖြင့်၎င်း၊ ပြစ်ဒဏ်ကို လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့်၎င်း၊ လဲလှယ်ဝယ်ယူသော သူများသည် ဤသူများပင်တည်း၊ ယင်းသူတို့သည် အဘယ်နည်းဖြင့် ငရဲမီး၏ ဒဏ်ကို ခံဝံ့ကြပါဘိသနည်း။

ذَٰلِكَ بِأَنَّ اللَّهَ نَزَّلَ الْكِتَابَ بِالْحَقِّ ۗ وَإِنَّ الَّذِينَ اخْتَلَفُوا فِي الْكِتَابِ لَفِي شِقَاقٍ بَعِيدٍ ﴿١٧٦﴾

၁၇၆။ ဤကဲ့သို့ (အပြစ်ဒဏ်များ ခံစားကြရမည့်) အကြောင်းမှာကား၊ အမှန်စင်စစ် အလွှာဟ်အရှင်မြတ်သည် မှန်ကန်သော ဓမ္မဒေသနာများနှင့်တကွ ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သော်လည်း (ယင်း) ကျမ်းတော်မြတ်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲကြသူတို့သည် မှန်သောတရားတော်မှ (အလွန်တရာမျှ) ဝေးကွာလှသော ကွဲပြားမှုဌ္ဌ ဇကန်အမှန် ရောက်ရှိကြလေပြီ။

➤➤ အစာငတ်ခံ၍ အသက်အသေခံခြင်း၊ တနည်းနည်းနှင့် မိမိအသက်ကို မိမိဖျက်ဆီးခြင်းသည် အစွလာမ်တရားတော်နှင့် လုံးဝဆန့်ကျင်သောအမှုဖြစ်ချေသည်။

အစာကိုဖြတ်၍ မိမိကိုယ်ကို မိမိကိုယ်တိုင် သတ်သေခြင်းသည် အကြီးဆုံးသော ဒုစရိုက်မှုတည်း။

"အာဒင်န်" နှင့် "ဗာဃင်န်" ဟူသော ပုဒ်များကို ကုရ်အာန်ကျမ်းတတ် ပါရဂူများသည် အမျိုးမျိုးအနက်ဖွင့်ကြသည်။ ဤတွင် အချို့ကို ဖော်ပြပါအံ့။

သဘောကား

မစားသုံးအပ်ဟု ပညတ်ထားသော အာဟာရကို မလွဲမရှောင်သာသော အခက်အခဲအကျဉ်းအကျပ်နှင့် ရင်ဆိုင် တွေ့ဆုံရသည့်အခါ၌ စားသုံးနိုင်ခွင့် ရရှိသောသူသည် အရသာကို မက်မောသောသူလည်း မဖြစ်ရ၊ အဆာပြေသည်ထက် ပိုမိုစားသုံးသူလည်း မဖြစ်ရ။

(၂) ကျမ်းလာအမိန့် ပညတ်တော်များကို ထိမ်ချန်ထားခြင်းသည် မစားသုံးအပ်သော အာဟာရများကို စားသုံးခြင်းထက်ပင် ပိုမိုဆိုးရွားလှသည်ကို အထူးပြောရန်မလို၊ ထို့ကြောင့် ဤကဲ့သို့ ပြစ်မှုကျူးလွန်သော သူများခံစားရမည့် ပြစ်ဒဏ်များသည်လည်း မတွေးတောဝံ့အောင် ထိတ်လန့်ကြောက်ရွံ့ဘွယ် ပြင်းထန်လှပေသည်။

لَيْسَ الْبِرَّ أَنْ تُوَلُّوا وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَٰكِنَّ الْبِرَّ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَالْمَلَائِكَةِ وَالْكِتَابِ وَالنَّبِيِّينَ وَآتَى الْمَالَ عَلَىٰ حُبِّهِ ذَوِي

၁၇၇။ အရှေ့အရပ် ဘက်သို့သော် လည်းကောင်း၊ အနောက်အရပ် ဘက်သို့သော် လည်းကောင်း မျက်နှာမူခြင်းသည် (သာလျှင်) အသင်တို့အဘို့ ကောင်းမြတ်သောအကျင့်သီလ ၁ မဟုတ်သေးပေ။ ကောင်းမြတ်သောသီလရှိသူ သီလဝန်ဂုဏ်ဝန်တို့ ဟူသည်ကား အလ္လာဟ်အရှင်မြတ်ကိုလည်း၊ နောက်ဆုံးနေ့ကိုလည်း၊ ကောင်းကင်တမန် များကိုလည်း၊ (အလ္လာဟ်အရှင်မြတ်ထံမှကျရောက်သော) ပရိယတ္တိ ကျမ်းဂန်များကိုလည်း၊ နဗီ ၂ တမန်တော်များကိုလည်း၊ ယုံကြည်မြတ်နိုးကြသောသူများတည်း။

---

① "ဗစ်ရ်ရ်" ဟူသောပုဒ်၏ အဓိပ္ပါယ်ကြွယ်သည်နှင့်အညီ အဋ္ဌကထာရှင်များသည် ထိုပုဒ်၏အနက်ကို အမျိုးမျိုးဖွင့်ကြသည်။

(က) "ဗစ်ရ်ရ်" ဟူသည်ကောင်းမြတ်သောအကျင့်တရားကို များစွာပွားများခြင်းတည်း။ (ရာဃိဗ်)

(ခ) "ဗစ်ရ်ရ်" ဟူသည် လိုက်နာခြင်းတည်း။ (တာဂျ်)

(ဂ) "ဗစ်ရ်ရ်" ဟူသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ ချဉ်းကပ်စေနိုင်သော ခပ်မှုများနှင့် ကောင်းမှုများအားလုံးကိုအကျုံးဝင်သော နာမ်ပုဒ်ဖြစ်သည်။(ကဗီရ်။)

(ဃ) "ဗစ်ရ်ရ်" ဟူသည် လူသားတို့အား ကုသိုလ်အကျိုးဖြစ်ထွန်းစေသော ကောင်းမှုအစုစုတို့၏ အမည်နာမဖြစ်သည်။(ကဗီရ်။)

(င) "ဗစ်ရ်ရ်" ဟူသည် နှစ်မြို့ဘွယ်ကောင်းသော အပြုအမူအရပ်ရပ်တည်း။

(စ) "ဗစ်ရ်ရ်" ဟူသည် ကောင်းမှုပြုခြင်း၊ ကောင်းမှု၏ပြည့်စုံခြင်းကို ဆိုသည်။(ရွတ်။)

(ဆ) "ဗစ်ရ်ရ်" ဟူသည် ပစ္စက္ခဘဝနှင့် နောင်တမလွန်ဘဝ၏ ကောင်းခြင်းကို ဆိုလိုသည်။ ဤကား အဗူမန်ဆူရ်၏ အဆိုတည်း။(တာဂျ်။)

(ဇ) အဆိုတရပ်အရ ထို(အလ်ဗစ်ရ်ရ်) ဟူသောစကားသည် ကောင်းခြင်း၏ လမ်းစဉ်အရပ်ရပ်ကို ဆိုလိုသည်။ မုက္ခပါဠိတော်၏ ဓမ္မဓိဋ္ဌာန်ဖြစ်ခြင်းကြောင့် ဤအဆိုသည် မှန်ကန် သင့်မြတ်ပေသည်။ (အီဗ်နုအရဗီ)

(ဈ) "ဗစ်ရ်ရ်" ဟူသည် ကောင်းမြတ်သောအရာတည်း။ (တာဂျ်။)

(တာဂျ်)ကျမ်းရှင်က ဤအဆိုနှင့်စပ်လျဉ်း၍ ကျွန်ုပ်သည် ဤအဆိုထက် အနက်အဓိပ္ပါယ်ပြည့်ဝစုံလင်သော အဆိုကို မသိပါ၊ အဘယ့်ကြောင့်ဆိုသော် ဤအဆိုသည် အဋ္ဌကထာရှင်အသီးသီးတို့၏ အဆိုများကို အကျုံးဝင်သော အဆိုဖြစ်သည်ဟု ဝေဘန်ထားလေသည်။

ကုရ်အာန်ကျမ်းမြတ်တွင် ဤမုက္ခပါဠိတော်အပြင် (ဗစ်ရ်ရ်)ဟူသောပုဒ်ကို ၇ ဌာနတွင် သုံးထားသည်ကို တွေ့ရှိရသည်။ ကြည့်၊ ကုရ်အာန်(၂း၄၄၊ ၂း၁၇၇၊ ၂း၁၈၉၊ ၃း၉၁၊ ၅း၉၁)။ ကုရ်အာန်ကျမ်းမြတ် (၅း၂) ➤➤

➤➤ တွင် (ဗစ်ရ်ရ်) ဟူသောပုဒ်ကို အပြစ်ဒုစရိုက်အနက်ဟောသော "ဣဆ်မ" နှင့် ဆန့်ကျင်၍ သုံးထားသည် ဖြစ်ရာ "ဗစ်ရ်ရ်" ၏အနက်သည် သုစရိုက်၊ ဗြဟ္မစရိယ၊ မြတ်သောအကျင့်ဟုရသည်။

ဒုစရိုက်နှင့်သုစရိုက် ခွဲခြားသိလိုရ်၍ လာရောက်မေးလျှောက်သော သာဝကကြီးတပါးအား နဗီတမန်တော် မုဟမ္မဒ်(ဆွ)က အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

. . . . အသင်သည် (ဤအကြောင်းနှင့်စပ်လျဉ်း၍) မိမိ၏စိတ်ကိုသာ မေးမြန်းပါဟု သုံးကြိမ် တိုင်တိုင် မိန့်ကြားတော်မူလေသည်။ ထို့နောက် ဆက်လက်၍ အကြင်ကိစ္စတရပ်သည် မိမိ၏စိတ်တွင်း၌ အေးချမ်းသာယာမှုကို ဖြစ်စေ၏။ နှလုံးတွင်း၌ နှစ်သိမ့်မှုကိုဖြစ်စေ၏။ ထိုကိစ္စသည် သုစရိုက်မည်၏။ အကြင်ကိစ္စရပ်သည် စိတ်တွင်း၌ မချမ်းမြေ့ဘဲနေ၏။ ရင်တွင်း၌ ယုံမှားသံသယဖြစ်၏။ ယင်းကိစ္စသည် ဒုစရိုက်မည်၏ဟု မိန့်ကြားတော်မူလေသည်။ (မစ်ရ်ကာတ်။)

⑷ "နဗီ" နှင့် "ရစူလ်" အသို့ခြားနားသနည်း။

ရစူလ်ဟူသည် လူသားတို့အားဟောကြားရန်အလို့ငှာ (ရှရီအတ်) ပဋိပတ်ကျင့်စဉ်အသစ်နှင့်တကွ အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသော သူမွန်သူမြတ်များတည်း။ နဗီဟူသည်အဆိုပါ ရစူလ်တမန်တော်တွင်လည်း အကျုံးဝင်၏။ ထို့ပြင် ပို့ချပြီးသောပဋိပတ်ကျင့်စဉ်များကို တည်စေရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်က စေလွှတ်တော်မူသော သူမွန်သူမြတ်တွင်လည်းအကျုံးဝင်၏။ ဤသည်ကို အကြောင်းပြု၍ နဗီတမန်တော် မုဟမ္မဒ်(ဆွ)က ကျွန်ုပ်၏တပည့်သာဝကများအနက်ပညာရှင်သုခမိန်များသည် အစ္စရာအီလီလူမျိုးတွင်ပွင့်သော နဗီတမန်တော်များနှင့်တူ၏ဟု ရှိုင်းယှဉ်၍ မိန့်ဆိုတော်မူခဲ့၏။ ဥပမာ နဗီတမန်တော် မူစာ(အ)နှင့် နဗီတမန်တော် အီစာ(အ)တို့၏ကြားတွင် ပွင့်လေသမျှသော နဗီတမန်တော်များကို ဆင်ခြင်ပါကုန်။

ထို့ပြင်တဝ နဗီတမန်တော်များသည် အဘယ်မျှရှိကြောင်း မေးလျှောက်သောအခါ နဗီ တမန်တော် ဦးရေမှာ ၁၂၄,၀၀၀ ဖြစ်ကြောင်း နဗီတမန်တော်မုဟမ္မဒ်(ဆွ)က ဖြေကြားတော်မူ၏။ တဖန်ထပ်မံ၍ ယင်းနဗီ တမန်တော်များအနက် ရစူလ်တမန်တော် အဘယ်မျှ ရှိပါသနည်းဟု လျှောက်သောအခါ ယင်းတို့အနက် ရစူလ်တမန်တော် ၃၁၃ ပါးရှိကြောင်း မိန့်ကြားတော်မူ၏။

သတိပေးနှိုးဆော်ချက်

ပွင့်လေသမျှသော နဗီတမန်တော်များတွင် နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် အနှိမ်အဆုံးအစွန်၌ ပွင့်တော်မူသော နဗီတမန်တော်တည်း။ နဗီတမန်တော် မုဟမ္မဒ်(ဆွ) ပွင့်တော်မူပြီးသည့်နောက်တွင် မည်သည့်ခေတ် မည်သည့်ဒေသ၌မျှ နဗီရစူလ်အသစ် ပွင့်တော်မူမည်မဟုတ်ချေ။

အဘယ့်ကြောင့်ဟူမူ (က) အစ္စလာမ် သာသနာတော်သည်ကား လုံးဝပြည့်စုံချေပြီ။ ကြည့်၊ ကုရ်အာန်(၅း၃) (ခ) အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်ကပင် နဗီတမန်တော်မုဟမ္မဒ်(ဆွ)အား "ခါတမွန်နဗီယီန်" နဗီတမန်တော်များတွင် အနှိမ အဆုံးစွန်၌ပွင့်သော နဗီတမန်တော်ဖြစ်သည်ဟု အတည့်အလင်း ဖွင့်ဟ မိန့်ဆိုထားတော်မူသည်၊ (ဂ) ထို့ပြင်တဝ နဗီတမန်တော် မုဟမ္မဒ်(ဆွ)ကလည်း ဤအကြောင်းနှင့် စပ်လျဉ်း၍ ငါ(မုဟမ္မဒ်(ဆွ))၏ နောက်တွင် မည်သည့်နဗီတမန်တော်မျှပင် ပွင့်ရန်အလျင်းမရှိပြီဟု အတည့်အလင်း မိန့်ဆိုခဲ့လေပြီ။ ကြည့်၊ ဗုခါရီ။

ဖော်ပြပါအကြောင်းများကြောင့် အကယ်၍ ပုဂ္ဂိုလ်တဦးတယောက်သည် နဗီတမန်တော် မုဟမ္မဒ်(ဆွ)၏နောက်တွင် မိမိကိုယ်ကို နဗီတမန်တော်ဟု ထုတ်ဖော်ပြောဆိုပါမူ ထိုသူကိုအစ္စလာမ် တရားတော်အရ (ဒဂျ်ဂျာလ်) ဖြားယောင်းလိမ်လည်သူဟု မှတ်ယူရမည်သာတည်း။

الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنَ
وَابْنَ السَّبِيْلِ ۙ وَالسَّآئِلِيْنَ
وَفِي الرِّقَابِ ۚ وَاَقَامَ الصَّلٰوةَ
وَاٰتَى الزَّكٰوةَ ۚ وَالْمُوْفُوْنَ
بِعَهْدِهِمْ اِذَا عٰهَدُوْا ۚ
وَالصّٰبِرِيْنَ فِي الْبَاْسَآءِ
وَالضَّرَّآءِ وَحِيْنَ الْبَاْسِ ؕ

ငင်းပြင် ယင်းသူတို့သည် *မိမိတို့၏ ဥစ္စာပစ္စည်းများကို စုံမက်နှစ်သက်ပါလျက်နှင့်ပင်* ③ (တနည်း အလ္လာဟ် အရှင်မြတ်ကို ကြည်ညိုမြတ်နိုး ကြ၍) ဆွေမျိုးညာတကာ များအား၎င်း၊ မိသက်ဆိုး ဘသက်ဆိုးများအား၎င်း၊ အထီးကျန်သူဆင်းရဲများ အား၎င်း၊ ခရီးသည်များအား၎င်း၊ ဖုန်းတောင်း ယာစကာများအား၎င်း၊ *ကြေးကျွန်များကို ကျွန်ဘဝမှ လွတ်မြောက်စေရာ၌၎င်း*၊ ④ ပေးကမ်းလှူဒါန်း စွန့်ကြဲကြ၏။ ထို့ပြင် ယင်းသူတို့သည် ဆွေလာတ် ဝတ်ပြုကြ၏။ ဇကာတ် တရား၀င်ဒါနကြေးကိုလည်း ပေးလှူကြ၏။

---

③ "ဟွတ်ဗ်ဗိဟီ" ဟူသော ပုဒ်၌ပါရှိသည့် "ဟီ" ဟူသော နာမ်စားသည် (က) အလ္လာဟ်အရှင်မြတ်ကို ညွှန်းသည်ဟူ၍၎င်း၊ (ခ) ဥစ္စာပစ္စည်းကို ညွှန်းသည်ဟူ၍၎င်း အဋ္ဌကထာရှင်များသည် အသီးသီးယူဆကြ၏။ ဆိုလိုရင်းသဘောမှာ အလ္လာဟ်အရှင်မြတ်ကို ကြည်ညိုမြတ်နိုး၍ လှူဒါန်းခြင်းသည် မြတ်၏ဟု အချို့ကယူဆ၏။ အချို့ကမူ နှစ်သက်သောပစ္စည်းကို လှူဒါန်းခြင်းသည် မြတ်၏ဟု ယူဆ၏။

ဖော်ပြပါ အဆိုနှစ်ရပ်သည် အကျိုးအားဖြင့် မခြားလှပေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ် အရှင်မြတ်ကို ကြည်ညိုမြတ်နိုးသောသူသည် မိမိနှစ်သက်သော ပစ္စည်းကို မတွန့်မတို ကြည်ဖြူစွာ ရက်ရက်ရောရော လှူဒါန်းမည်သာတည်း။ ထို့အတူ မိမိနှစ်သက်သောပစ္စည်းကို လှူဒါန်းသောသူသည် အလ္လာဟ် အရှင်မြတ်ကို ကြည်ညို မြတ်နိုးသော သူသာဖြစ်ချေမည်။ အလ္လာဟ် အရှင်မြတ်ကို မကြည်ညိုသောသူသည် မိမိနှစ်သက်သော ပစ္စည်းကို လှူဒါန်းမည်မဟုတ်။ "မကောင်းကျောင်ပို့" ဆိုသောသဘောနှင့် အသုံးမ၀င်သော ပစ္စည်းများကို စွန့်ကြဲသောသူသည် အလ္လာဟ်အရှင်မြတ်ကို အဘယ်မှာလျှင် ကြည်ညိုမြတ်နိုးသောသူ ဖြစ်နိုင်ပါအုံးနည်း။ သို့ဖြစ်လေရာ အလ္လာဟ်အရှင်မြတ်ကို မြတ်နိုး၍ လှူဒါန်းခြင်းနှင့် နှစ်သက်သောပစ္စည်းကို လှူဒါန်းခြင်းသည် စကားအသုံးအနှုန်း ခြားနားကာမျှဖြစ်၍ အလိုအားဖြင့် ခြားနားသည်မရှိပေ။ သံတူကြောင်းကွဲမျှသာ ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်ကို ယုံကြည်မြတ်နိုးသော သူများဖြစ်သည်နှင့် လျော်ညီစွာ မိမိတို့၏ ဥစ္စာပစ္စည်းများနှင့်တကွ မိမိတို့၌ ရှိရှိသမျှသော စွမ်းရည်သတ္တိများကို အလ္လာဟ်အရှင်မြတ်နှစ်မြို့တော်မူသော ကိစ္စအ၀ဝ၌ သင့်ခါတရားကိုရှေ့ရှုလျက် လှူဒါန်းသုံးစွဲကြရမည်မှာ အမှန်ပင်ဖြစ်ပေသည်။

④ "ရိကာဗ်" ဟူသောစကားသည် "ရကဗဟ်" ဟူသောစကား၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ "ရကဗဟ်" ၏ မူရင်းအနက်မှာ လည်တိုင်လည်ကုပ်ဟူ၍ ဖြစ်သည်။ အရဗီဘာသာစာပေ၌ လည်ကုပ်ဟူသော စကားကို ဥပစာနည်းဖြင့် ကြေးကျွန်အဘို့ သုံးစွဲသည်၊ ကြည့် (ရာဃိဗ်)။

လူစင်စစ်ပင် ဖြစ်ပါလျက် အခါအခွင့် အကြောင်း မသင့်သည့် အတွက် အခြား သူများ ➤➤

أُولَٰئِكَ الَّذِينَ صَدَقُوا ۖ وَأُولَٰئِكَ هُمُ الْمُتَّقُونَ ﴿١٧٧﴾

ယင်းသူတို့သည် ကတိပြုသောအခါ၌ မိမိတို့၏ ပဋိညာဉ် ဝန်ခံချက်များကို အတည်ပြုကြ၏။ ဆင်းရဲဒုက္ခကျရောက်သည့်အခါ၌၎င်း၊ ရောဂါဘယ ဖိစီးသည့်အခါ၌၎င်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သည့်အခါ၌၎င်း၊ ခန္တီပါရမီကို ခိုင်မြဲစွာစောင့်စည်းကြ၏။ ဤတရားများကို လိုက်နာကျင့်သုံးသော သူမွန်သူမြတ်များ သည်သာလျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။ ဤ သူမွန်သူမြတ်တို့ သည်သာလျှင် (အလ္လာဟ်အရှင်မြတ်ကို) ကြောက်ရွံ့ရိုသေ မြတ်နိုးသော သီလဝန် ဂုဏဝန်များ ဖြစ်ကြကုန်၏။

يَا أَيُّهَا الَّذِينَ آمَنُوا كُتِبَ عَلَيْكُمُ الْقِصَاصُ فِي الْقَتْلَى ۖ الْحُرُّ بِالْحُرِّ وَالْعَبْدُ بِالْعَبْدِ وَالْأُنثَىٰ بِالْأُنثَىٰ ۚ فَمَنْ عُفِيَ لَهُ مِنْ أَخِيهِ

၁၇၈။ အို-"အီမန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူအပေါင်းတို့၊ အသင်တို့အပေါ်၌ (အနိုင်အထက် နှိပ်စက်ညှဉ်းပမ်း မတရား) သတ်ဖြတ်ခြင်း ခံကြရသူတို့နှင့် စပ်လျဉ်း၍ (အလ္လာဟ်အရှင်မြတ်၏အထံတော်မှ) လက်စားချေရန် [၁] (ဓမ္မသတ်ဥပဒေကို) ပြဋ္ဌာန်း အတည်ပြုထားတော်မူလေပြီ။

➤➤ လက်ဝယ်တွင် တိရစ္ဆာန်များပမာ ကြေးကျွန်အဖြစ်သို့ ရောက်ရှိနေသောသူများသည် လူဖြစ်ကျိုးမနပ် ဖြစ်ကြရတော့သည်ကား အလွန်ဝမ်းနည်းစရာပင်။

အစ္စလာမ်တရားတော်၌ လျော်ဒဏ်ပေးဆောင်ရန် ပညတ်အမျိုးမျိုးရှိသည့်အနက် လူဖြစ်ကျိုးရှုံး၍ လူညွှန့်တုံးလျက်ရှိသော ကြေးကျွန်များကို (ကျွန်ဘဝမှ ကယ်တင်ခြင်း)သည်လည်း ကြီးမားသော လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ လျော်ဒဏ် ပေးဆောင်ခြင်းတရုပ်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူထားသည်။ ကြည့် ကုရ်အာန် (၄:၉၂၊ ၅:၈၉၊ ၅၈:၃)။

နဗီတမန်တော် မုဟမ္မဒ်(ဆ)ကလည်း ကြေးကျွန်များအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၏ အကျိုးအာနိသင်များကို အောက်ပါအတိုင်း မိန့်မှာတော်မူခဲ့သည်။

အကြင်သူသည်၊ မွတ်စ်လင်မ် ကျွန်တဦးအား၊ ကျွန်အဖြစ်မှ လွတ်မြောက်စေအံ့၊ အလ္လာဟ် အရှင်မြတ်သည် ထိုသူ့အား (လွတ်ငြိမ်းခွင့်ပြုခြင်းခံရသော ထိုကျွန်၏) အဆစ်အပိုင်း အားလုံးနှင့်အမျှ ထိုသူ့အား၊ ငရဲမီးဘေးမှကယ်တင်တော်မူအံ့။ (မစ်ရှကာတ်)

[၁] သေစားသေစေခြင်း၊ ပြစ်ဒဏ်ခတ်ခြင်း အစရှိသည်တို့ကို အာဏာပိုင်မင်းများသာလျှင် စီရင်ဆုံးဖြတ်နိုင်ခွင့်ရှိသည်။ ဤပြဿနာတွင် အဆိုကွဲပြားမှုမရှိချေ။ (ကုရ်တုဗီ)

شَيْءٌ فَاتِّبَاعٌۢ بِالْمَعْرُوْفِ وَاَدَآءٌ
اِلَيْهِ بِاِحْسَانٍ ذٰلِكَ تَخْفِيْفٌ
مِّنْ رَّبِّكُمْ وَرَحْمَةٌ ۗ فَمَنِ
اعْتَدٰى بَعْدَ ذٰلِكَ فَلَهٗ
عَذَابٌ اَلِيْمٌ ﴿١٧٨﴾

(ပြဋ္ဌာန်းချက်မှာ) လွတ်လပ်သော သူကောင်းသည်၊ လွတ်လပ်သော သူကောင်း၏အစား၊ [၁] ကြေးကျွန်သည် ကြေးကျွန်၏အစား၊ မိန်းမသည်မိန်းမ၏အစား (သေဒဏ်ခံရပေမည်)။ သို့ပင်တစေ အကြင်သူသည် မိမိ၏ ညီသားအစ်ကိုဖြစ်သော သေသူ၏အမွေဆိုင် တို့ဘက်မှ (လျော်ကြေးပေးလျှင် ကျေအေးမည်ဟု) ခွင့်လွှတ်ခြင်းခံရပါမူ (အမွေစားအမွေခံတို့အဘို့မှာ ထိုလျော်ကြေးငွေကို) ယဉ်ကျေး သိမ်မွေ့စွာဖြင့် တောင်းဆိုရမည်။ [၂] (ယင်းလက်သည်အဘို့မှာလည်း ထိုသူတို့တောင်းဆိုသည့်အတိုင်း) သာယာချောင်သော နည်းဖြင့် ပေးဆပ်ရမည်။ ဤသည်ကား အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ်၏အထံ တော်မှ သေစားသေစေခြင်းဒဏ်မှ သက်သာစေခြင်း နှင့် ကရုဏာတော်သက်ရောက်စေခြင်းပင် ဖြစ်လေ သည်။ (သို့သော်) ထို (ဥပဒေစည်းမျဉ်း ပြဋ္ဌာန်း ပြီးသည့်) နောက် မည်သူမဆို (ထိုစည်းမျဉ်း ဥပဒေကို ဖောက်ဖျက်) ကျူးလွန်ပါလျှင် ထိုသူအဘို့ (နောင်တမလွန်ဘဝတွင်) အလွန်ပြင်းပြ နာကျင်ဘွယ်ရာသော အပြစ်ဒဏ်သည် ရှိလတ္တံ့။

---

① လူတန်းစားမရွေး အသွေးအရောင်မခြား လူတို့၏အသက်ဇီဝိန်သည် တမျိုးတစားတည်းဖြစ်ကြောင်း၊ မိမိ၏အပြစ်ကို မိမိသာလျှင်ခံရမည်ဖြစ်ကြောင်း၊ အပြစ်ဒဏ်ပေးရာတွင် တရားမျှတရမည့်အကြောင်း၊ မတရားမှုများကို ဟန့်တား ဖယ်ရှားရမည့် အကြောင်းများကို အလွှာဟ်အရှင်မြတ်သည် ဤမုက္ခပါဠိတော် (၂း၁၇၈)တွင် ထုတ်ဖော် မြွက်ကြားထားတော်မူသည်။

② လူသတ်မှုသည် ရာဇဝတ်ကြောင်းနှင့် သက်ဆိုင်သကဲ့သို့ တရားမကြောင်းနှင့်လည်း သက်ဆိုင်ပေသည်။ လူသတ်မှုသည် ပြည်သူအများနှင့် သက်ဆိုင်သော ကိစ္စဖြစ်သကဲ့သို့ တဦးချင်းနှင့် သက်ဆိုင်သော ကိစ္စလည်း ဖြစ်ပေသည်။ လူသားတို့၏ တရားဥပဒေစည်းမျဉ်းကို ချိုးဖောက်ရာလည်း ရောက်ပေသည်။ အသတ်ခံရသူအား ကျူးကျော်စော်ကားရာလည်း ရောက်ပေသည်။ တခါတရံ လူသတ်မှုကျူးလွန်သောသူကို ဥပဒေစည်းမျဉ်းအရ သေစားသေစေရန် အဓိန့်ချ၍ သတ်လိုက်သော်လည်း ထိုသူ၏ လက်ချက်ဖြင့် အသတ်ခံရသူကို မှီခိုအားထားနေကြသော သားသမီးများနှင့် ဆွေမျိုးသားချင်းတို့မှာ မည်ကဲ့သို့မျှ အကျိုးမခံစားရဘဲ ➤➤

وَلَكُمْ فِي الْقِصَاصِ حَيَوٰةٌ يَٰٓأُولِي الْأَلْبَٰبِ لَعَلَّكُمْ تَتَّقُونَ ﴿١٧٩﴾

၁၇၉။ အို-ဆင်ခြင်တုံတရားနှင့်ပြည့်စုံသော နိသမ္မဉာဏ်ရှင်အပေါင်းတို့၊ စင်စစ်သော်ကား (ယင်းကဲ့သို့) လက်စားချေခြင်း၌ အသင်တို့အဘို့ရာ အသက်ရှင်ခြင်းရှိသည်။ ၁ သို့မှသာလျှင် အသင်တို့သည် ကြဉ်ရှောင်သူများ ဖြစ်တန်ကြရာပေသည်။

➤➤ အလွန်ကြီးလေးသော ဒုက္ခများနှင့် ရင်ဆိုင်၍ ကသီလင်တ ဖြစ်ကြရသည်ကိုလည်း တွေ့ရှိရသည်။ ထို့အတွက်ကြောင့် အကယ်၍ အသတ်ခံရသူ၏ သက်ဆိုင်ရာဆွေမျိုးများက ဥပဒေအရ သေစားသေစေဟူသော အမိန့်ကိုလျှော့၍ ကျေအေးလိုက အသက်ဘိုးလျော်ကြေးယူ၍ ကျေအေးနိုင်ကြောင်းကို အလ္လာဟ်အရှင်မြတ်သည် ဤမုက္ခပါဠ်တော် (၂း၁၇၈)တွင် ခွင့်ပြုထားတော်မူသည်။ ဤကားလူသားတို့၌ ဖြစ်ပေါ်တတ်သော သဘောတရားကိုရှေ့ရှု၍ သက်ညှာစွာ မိန့်ဆိုထားသော သက်သာခွင့်ပင် ဖြစ်ချေသည်။ ယခုခေတ်တွင် နိုင်ငံသားတစ်ဦးကို အခြားနိုင်ငံသားတစ်ဦးက သတ်သွား၍ အမှုအခင်းပြုလုပ်ရန် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည့်အခါ၌ မိမိတို့နိုင်ငံသားတစ်ဦး ဆုံးရှုံးရသည့်အတွက် (Damages) လျော်ကြေးနှင့်ပင် ကျေအေးကြရသည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်၏။

လူသတ်မှု ဖြစ်ပွားသည့်အခါ အသတ်ခံရသူ၏ ဆွေမျိုးသားချင်းများတွင် လက်စားချေလိုသောစိတ်ဓာတ်များ တက်ကြွနေမည်မှာ ဓမ္မတာပင်ဖြစ်၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်က လူသတ်မှုကျူးလွန်မိသော မွတ်စ်လင်မ်သည် အလွန်ကြီးလေးလှသော ပြစ်မှုကို ကျူးလွန်မိလင့်ကစား ကာဖိရ် ဖြစ်မသွားကြောင်း၊ အစွန်လာမ် ချစ်ကြည်ရေးဘောင်အတွင်းမှ ထွက်မသွားကြောင်း၊ ထိုလူသတ်မှု ကျူးလွန်မိသော မွတ်စ်လင်မ်သည် အသတ်ခံရသူ၏သားချင်းများနှင့် သာသနာဝင်ညီနောင်ပင် ဖြစ်လျက်ရှိကြောင်း မိန့်ဆိုထားတော်မူ၍ အချင်းချင်း ကျေအေးနိုင်ရန် လမ်းစဉ်ကို ပြထားတော်မူလေသည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ပင်တည်း။

① အစွန်လာမ်သာသနာသည် ကမ္ဘာ့အေးချမ်းသာယာမှုကို အထူးလိုလားသော သာသနာပင်ဖြစ်ပေရာ၊ မတရားသတ်ဖြတ်မှုကို အလျင်းမလိုလားပေ။ သို့ဖြစ်ပါလျက် အစွန်လာမ်သာသနာသည် သတ်စားသတ်ရန်အမိန့်ကို အဘယ့်ကြောင့် ထုတ်ပြန်သနည်း၊ လင်းပြဦးအံ့။

နိသမ္မဉာဏ်ဖြင့် စဉ်းစားဆင်ခြင်သည်ရှိသော် တုံ့ပြန်သောသဘောဖြင့် သေစားသေစေခြင်းသည် လူသားတို့၏ အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အကြောင်းမှန်တရပ်ပင် ဖြစ်ပေသည်။ သူတပါး၏ အသက်တချောင်းကို အကြောင်းမဲ့ဖြစ်စေ၊ မလုံလောက်သော အကြောင်းနှင့်ဖြစ်စေ သတ်ဖြတ်သူကို သက်ညှာ၍ ခွင့်လွှတ်ခဲ့သည်ရှိသော် အဆိပ်ပင်ကို ရေလောင်းဘိသကဲ့သို့ ထိုသူသည် အတင့်ရဲကာ ထောင်ပေါင်းများစွာသော လူသားတို့အား မလွဲဧကန် အန္တရာယ်ပြုပေမည်။ ထို့ကြောင့် လူသတ်မှုကျူးလွန်သူ တယောက်ကို သနားခြင်းသည် ထောင်ပေါင်းများစွာသော လူသားတို့အား မသနား မညှာတာရာရောက်ပေသည်။ လူသားတို့အား သနားကြင်နာပါက ထိုသို့သောသူမိုက်ကို မုချကွပ်မျက်ရပေမည်။

သေစားသေစေခြင်းတည်းဟူသော ပြစ်ဒဏ်သည် အလွန်ရုန့်ရင်းကြမ်းကြုတ်သော ပြစ်ဒဏ်ဖြစ်သည်ဟု အချို့သောသူများက ယူဆကြသည်။ အမှန်မှာ သေစားသေစေခြင်း ပြစ်ဒဏ်သည် တရားမျှတ၍သာ ➤➤

كُتِبَ عَلَيْكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ إِن تَرَكَ خَيْرًا ۖ الْوَصِيَّةُ لِلْوَالِدَيْنِ وَالْأَقْرَبِينَ بِالْمَعْرُوفِ ۖ حَقًّا عَلَى الْمُتَّقِينَ ﴿١٨٠﴾

၁၈၀။ (ထို့ပြင်) အသင်တို့အပေါ်၌ ပြဋ္ဌာန်းထားတော်မူသော အမိန့်တော်တရပ်မှာ အသင်တို့အနက် တဦးတယောက်၏ထံသို့ သေခြင်းတရားသည် ဆိုက်ရောက်လာသောအခါ၊ အကယ်၍ ထိုသူသည် တစုံတရာ ဥစ္စာပစ္စည်း ထားရှိခဲ့ပါမူ (ထိုသူ၏) မိဘနှစ်ပါးနှင့် ဆွေမျိုးရင်းချာတို့အဘို့ရာ ကောင်းမြတ်သောနည်းဖြင့် *(သေတမ်းစာအဖြစ်)* မှာကြားခဲ့ရန် [၁] တာဝန်ရှိပေသည်။ (ဤသည်ကား) ဒုစရိုက်မှုတို့မှ ကြဉ်ရှောင်သူ အပေါင်းတို့အပေါ်၌ (မလွဲမရှောင်သာသော) တာဝန်ဝတ္တရားတရပ်ပင် ဖြစ်ချေသတည်း။

فَمَن بَدَّلَهُ بَعْدَمَا سَمِعَهُ فَإِنَّمَا إِثْمُهُ عَلَى الَّذِينَ يُبَدِّلُونَهُ ۚ إِنَّ اللَّهَ سَمِيعٌ عَلِيمٌ ﴿١٨١﴾

၁၈၁။ တဖန်အကြင်သူတို့သည် ထိုမှာကြားချက်ကို ကြားနာကြပြီးသည့်နောက် (တမျိုးတဖုံ) ပြောင်းလွဲခဲ့ပါမူ၊ ထိုမှာကြားချက်ကို ပြောင်းလွဲသူတို့အပေါ်၌ သာလျှင် ထိုပြောင်းလွဲခြင်း၏အပြစ်သည် ထိုက်ချေသည်။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် (ယင်းသူတို့ မှာထားခဲ့သည်များကို) အကြွင်းမဲ့ ကြားတော်မူသောအရှင် (ယင်းသူတို့၏ စေတနာ သဒ္ဓါတရားများကိုလည်း) အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူ၏။

➤➤ တူညီမျှ အခွင့်အရေးပေးသော ဥပဒေတစ်ရပ်ပင်ဖြစ်ပေသည်။ လူသားတို့အချင်းချင်း စိတ်ချယုံကြည်စွာ ပေါင်းသင်းဆက်ခံရေးနှင့် တိုင်းပြည်သာယာဝပြောရေးတွင် ဤဥပဒေသည် မရှိလျှင်မဖြစ်သော ဥပဒေတစ်ရပ်ပင် ဖြစ်ချေသည်။

ဤဥပဒေကို အတည်ပြုထားခြင်းဖြင့် လူများစုသည် လူနည်းစုကိုငင်း၊ အာဏာရှိသောသူများသည် အာဏာမဲ့သောသူများကိုငင်း၊ ကုံလုံကြွယ်ဝသောသူများသည် ဆင်းရဲသားများကိုငင်း၊ အနိုင့်အထက် နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ဝံ့ကြမည်မဟုတ်ပေ။ ဤဥပဒေတည်ရှိနေခြင်းဖြင့် လူသားတို့သည် မိမိတို့၏ အသက်စည်းစိမ်များအတွက် ပူပန်သောကကင်း၍ အေးချမ်းစွာ နေနိုင်ကြပေမည်၊ တဦးနှင့်တဦး ချစ်ခင်ကြပေမည်။ တဦးကိုတဦး ယုံကြည်အားထားကြပေမည်။ ဤကား သတ်စားသတ်ခြင်း ဥပဒေရှိခြင်း၏ အကျိုးပေတည်း။

① ကျန်ရှိသောဥစ္စာပစ္စည်းများကို သက်ဆိုင်ရာသူများအား သေတမ်းစာဖြင့်ပေးကမ်းရန် အမိန့်သည် တမန်တော် မုဟမ္မဒ်(ဆ)၏လက်ထက် အစ္စလာမ်သာသနာခေတ်ဦးလောက်တွင် ထုတ်ပြန်ချမှတ်သော အမိန့်တော် ➤➤

فَمَنْ خَافَ مِنْ مُّوْصٍ جَنَفًا
اَوْ اِثْمًا فَاَصْلَحَ بَيْنَهُمْ فَلَآ
اِثْمَ عَلَيْهِ ۭ اِنَّ اللّٰهَ غَفُوْرٌ
رَّحِيْمٌ ۝۱۸۲

၁၈၂။ သို့ဖြစ်ငြားလည်း အကြင်သူသည် သေတမ်းစာ ထားရှိခဲ့သောသူ၏ထံမှ တစုံတရာသောလွဲချော်တိမ်းပါးမှားယွင်းမှု ကိုသော်လည်းကောင်း၊ သို့တည်း မဟုတ် တစုံတရာသော ပြစ်မှုကိုသော်လည်းကောင်း၊ စိုးရိမ်မကင်းဖြစ်သည့်အတွက် ယင်း(အမွေဆိုင်)သူတို့၏အကြားဝယ် စေ့စပ်သင့်မြတ်စေခဲ့ပါမူ (ထိုစေ့စပ်သင့်မြတ်ပေးသော) သူ၏အပေါ်၌ တစုံတရာ အပြစ်မရှိပြီ၊ ဧကန်မုချ အလွန်ဟ်အရှင်မြတ်သည် (ပြစ်မှုဒုစရိုက်တို့ကို) အဖန်တလဲလဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန် သနားကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُتِبَ
عَلَيْكُمُ الصِّيَامُ كَمَا كُتِبَ
عَلَى الَّذِيْنَ مِنْ قَبْلِكُمْ
لَعَلَّكُمْ تَتَّقُوْنَ ۝۱۸۳

၁၈၃။ အို-"မုအ်မင်န်" ယုံကြည်ခြင်းသဒ္ဓါတရားရှိကြကုန်သောသူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက်အလျင်ရှိခဲ့ကြသော သူတို့အပေါ်ဝယ် ဥပုသ်သီတင်းဆောက်တည်ရန် ³ ပညတ်တော်ကို ပြဋ္ဌာန်းတော်မူသကဲ့သို့ပင် အသင်တို့အပေါ်၌ လည်း ဥပုသ်သီတင်းဆောက်တည်ရန် အမိန့်တော်ကို ပြဋ္ဌာန်းအတည်ပြုတော်မူခဲ့လေပြီ။ သို့ (ဥပုသ်သီတင်းဆောက်တည်) မှသာလျှင် အသင်တို့သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သူများ ဖြစ်တန်ကြရာ၏။

➤➤ ဖြစ်ချေသည်။ နောင်သောအခါ၌ သက်ဆိုင်ရာ အမွေစားများအဘို့ အမွေခွဲတမ်းကို အတိအကျသိစေရန်အလို့ငှာ ကုရ်အာန်ကျမ်းမြတ် (၄:၁၁-၁၂)ကို ထုတ်ပြန်ချမှတ်ပေးတော်မူသည်။

အထက်အဆိုပါ မုက္ခပါဠိတော် (၄:၁၁-၁၂)ကျရောက်လာပြီးနောက်မှာကား အမွေပစ္စည်း၏သုံးပုံတပုံကိုသာလျှင် သေတမ်းစာဖြင့် ပေးကမ်းလှူဒါန်းပိုင်ခွင့်ရှိသည်။ သုံးပုံတစ်ပုံထက်ပို၍ သေတမ်းစာဖြင့် ပေးလှူပိုင်ခွင့်ကား မရှိတော့ချေ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကိုသိလိုပါက အလ်မနာရ်ကျမ်းတွင် ရှုပါကုန်။

③ အရဗီဘာသာစာပေ၌ ဥပုသ်ဆောက်တည်ခြင်းကို "ဆွိယာမ်" ဟူ၍ငင်း၊ "ဆွောင်မ်" ဟူ၍ငင်း၊ ခေါ်ဆို၏။ ထိုပုဒ်များ၏ မူရင်းအဓိပ္ပါယ်မှာ ဆိုင်းငံ့ခြင်း၊ တားဆီးခြင်းဟူ၍ဖြစ်၏။

အစ္စလာမ် သာသနာ ပဋိပတ် ကျင့်စဉ်တွင် ဥပုသ် ဆောက်တည်ခြင်း အနက်သဘောမှာ ➤➤

➤➤ အောက်ပါအတိုင်းဖြစ်သည်။

"ဆွောင်မ်" ဟူသည် စိတ်ပြဋ္ဌာန်းချက်ဖြင့် နေ့အချိန်၌ စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းများမှ ဆိုင်းငံ့ခြင်းကို ဆိုလိုသည်။ ဟိဒါယယ်။

ဆွိယာမ်ဥပုသ် ဆောက်တည်ခြင်းသည် အစွန်လာမ်သာသနာ၏ မဏ္ဍိုင်ကြီး ၅ ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာလောကရှိ ဘာသာအသီးသီးတွင်လည်း မိမိတို့၏ ဘာသာအယူဝါဒအလျောက် ဥပုသ်ဆောက်တည်ကြသည်ကို တွေ့ရှိရပေသည်။

ဆွိယာမ်ဥပုသ် ဆောက်တည်ခြင်းသည် အစွန်လာမ် တရားတော်အရ မလုပ်မနေရသော တာဝန်တရပ်ပင်ဖြစ်သည်၊ ဥပုသ် ဆောက်တည်ခြင်းသည် သာသနာရေး ပဋိပတ်ကျင့်စဉ်တရပ် ဖြစ်သည့် အားလျော်စွာ လောကုတ္တရာ အကျိုးဆောင်မည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်ရာမရှိပေ။ သို့သော် ဥပုသ်ဆောက်တည်ခြင်းအားဖြင့် ဤလောကတွင်လည်း မြောက်မြားစွာသော အကျိုးကျေးဇူးများ ခံစားကြရလေသည်။ ဥပုသ်ဆောက်တည်ခြင်းအားဖြင့် ကျန်းမာရေးတွင် များစွာသောအကျိုးတရား ဖြစ်ထွန်းကြောင်းကို ခေတ်မှီဆေးပါရဂူကြီးများက ထောက်ခံလျက်ရှိကြ၏။

ဥပုသ်ဆောက်တည်ရာတွင် စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းနှင့် မကောင်းမှုတို့မ ရှောင်ရှားရပေရာ စိတ်ဓါတ်ကို ချုပ်တည်းနိုင်သော သတ္တိ၊ ဒုက္ခကြီးငယ်တို့ကို ရင်ဆိုင်နိုင်သော အရည်အချင်းနှင့် သူတော်ကောင်းစိတ်များသည် ဖြစ်ပေါ်လာလေသည်။

ဥစ္စာဓန ကုလုံကြွယ်ဝသဖြင့် ငတ်မွတ်ဆာလောင်ခြင်းကိုပင် မသိသော အချို့သူဌေးသူကြွယ်များသည် ဥပုသ်ဆောက်တည်ခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် ဆာလောင်မွတ်သိပ်ကြသောအခါ နေ့စဉ်နှင့်အမျှ ဆာလောင် မွတ်သိပ်နေသော သူဆင်းရဲများကို ကိုယ်ချင်းစာနာကာ ပေးကမ်းလှူဒါန်းကြပေမည်။

ကမ္ဘာအဝှမ်းရှိ မွတ်စ်လင်မ်တို့သည် ဆင်းရဲချမ်းသာမရွေး၊ လူတန်းစားမခွဲ တရားတော်ကပေးထားသော စည်းကမ်းနှင့်အညီ တချိန်တည်း၊ တညီတညွတ်တည်း၊ တမျိုးတစားတည်း၊ ရည်မှန်းချက်တခုတည်းနှင့် ဥပုသ်ဆောက်တည်ကြ၏။ သို့ဖြစ်ရာ ဆွိယာမ်ဥပုသ်ဆောက်တည်ခြင်းသည် အလွှာဟ်အရှင်မြတ်၏အမိန့်တော်ကို နာခံရာရောက်သည်သာမက လက်တွေ့အားဖြင့် ကျန်းမာမှု ညီညွတ်မှု၊ ကိုယ်ချင်းစာနာမှု၊ ခွဲသတ္တိရှိမှု၊ သဒ္ဓါစိတ်၊ သူတော်ကောင်းစိတ်ရှိမှု အစုစုတို့ကို ဖြစ်ပွါးစေနိုင်သော ကျင့်စဉ်တရပ်ပင်ဖြစ်ပေသည်။

ဆွိယာမ်ဥပုသ်ဆောက်တည်ခြင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ်၏ ဩဝါဒတော်များကို ဤတွင်ဖော်ပြပါအံ့။

- အသင်တို့ဥပုသ်ဆောက်တည်ကြကုန်၊ ကျန်းမာကြကုန်လတ္တံ့ ။
- ဥပုသ်ဆောက်တည်ခြင်းသည် (အပြစ်မှုဒုစရိုက်တို့မှ ကာကွယ်ရန်) ဒိုင်းလွှားပင်ဖြစ်သည်။
- အကြင်သူတဦးသည် (ဥပုသ်ဆောက်တည်နေပါလျက်) မုသားပြောဆိုခြင်း၊ မုသားပြုလုပ်ခြင်း၊ အမှုတို့ကိုပြုအံ့၊ ထိုသူ၏အစားအသောက်ဖြတ်ထားခြင်းကို ၊အလွှာဟ်အရှင်မြတ်သည် အလိုရှိတော်မမူချေ။ (မစ်ရှ်ကာတ်)
- ဥပုသ်ဆောက်တည်ခြင်းမှအပ လူသားတို့၏ အကျင့်သီလများသည် ကျင့်ဆောင်သူတို့အဖို့သာ ဖြစ်သည်။ ဥပုသ်ဆောက်တည်ခြင်းမှာမူကား ငါအရှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထို့ဥပုသ်ဆောက်တည်ခြင်း၏ အကျိုးကိုလည်း ငါကိုယ်တော်တိုင် ခြီးမြှင့်တော်မူအံ့။

(မစ်ရှ်ကာတ်)

أَيَّامًا مَّعْدُودَاتٍ ۚ فَمَن كَانَ
مِنكُم مَّرِيضًا أَوْ عَلَىٰ سَفَرٍ
فَعِدَّةٌ مِّنْ أَيَّامٍ أُخَرَ ۚ
وَعَلَى الَّذِينَ يُطِيقُونَهُ
فِدْيَةٌ طَعَامُ مِسْكِينٍ ۖ فَمَن
تَطَوَّعَ خَيْرًا فَهُوَ خَيْرٌ لَّهُ ۚ
وَأَن تَصُومُوا خَيْرٌ لَّكُمْ
إِن كُنتُمْ تَعْلَمُونَ ﴿١٨٤﴾

၁၈၄။ (အသင်တို့ ဆွိယာမ် ဥပုသ်သီတင်း ဆောက်တည်ကြရမည့်နေ့ရက်များကား) ရေတွက်ထားသော (အနည်းငယ်မျှသော) နေ့ရက်များပင်တည်း။ [၁] သို့ရာတွင် အသင်တို့အနက်မှ တဦးတယောက်သော သူသည် ဝေဒနာဖွဲ့ကပ်၍ မကျန်းမာသောကြောင့်ဖြစ်စေ၊ [၂] သို့တည်းမဟုတ် ခရီးထွက်လျက်ရှိနေသောကြောင့်ဖြစ်စေ၊ [၃] (ဥပုသ်သီလ မဆောက်တည်နိုင်ဘဲ ပျက်ကွက်ခဲ့ပါလျှင်) ထိုသူ့အပေါ်၌ အခြားသောနေ့ရက်များကို တွက်စစ်၍ ဖြည့်စွက်(ဆောက်တည်)ရန် တာဝန်ရှိပေသည်။ တဖန် အကြင်သူတို့သည် ခဲယဉ်းစွာ သီလဆောက်တည်ကြရပါမူ [၄] ယင်းသူတို့သည် (ထိုပျက်ကွက်သော နေ့ရက်များ) အစား (တရက်လျှင်) သူဆင်းရဲတဦးကို (ထမင်းတရက်စာ) ကျွေးမွေးကြရမည်။

---

① "ဖရဿွဲ" မှ၍ ဆောက်တည်ရန် တာဝန်ရှိသော ဥပုသ်သီတင်း ဆောက်တည်ရန် အလို့ငှါ၊ အလ္လာဟ်အရှင်မြတ်သည် ရမဿွန်လကို အတိအကျသတ်မှတ်ထားတော်မူပေရာ မည်သူမျှမိမိအာသာ ဆန္ဒအလျောက် အခြားသောနေ့ရက်များတွင် ဥပုသ်ဆောက်တည်နိုင်ခွင့်မရှိချေ။ သို့ဥပုသ်ဆောက်တည်ရန်အတွက် ရမဿွာန်လကို သတ်မှတ်ထားခြင်းဖြင့် ကမ္ဘာ့အဝှန်းရှိမွတ်စ်လင်မ် များတွင် ဥပုသ်ဆောက်တည်ရာ၌ ညီညွတ်မှု တရပ်သည် အလိုအလျောက်ဖြစ်ပေါ်လျက်ရှိပေသည်။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏လွယ်ကူမှုကိုသာ အလိုတော်ရှိသည် ။ ခဲယဉ်းမှုကိုကား လိုလားတော်မမူချေ။ အလိုတော်မရှိပေ။ကြည့် - ကုရ်အာန် (၂း၁၈၅)။ သို့အတွက်ကြောင့် ထိုအရှင်မြတ်သည် လူသားတို့ ဥပုသ်ဆောက်တည်နိုင်ရန်အတွက် တနှစ်လုံးတွင် တလ(၀ါ)ရက်ပေါင်း ၂၉ ၊သို့မဟုတ် ၃၀မျှကိုသာ သတ်မှတ်ထားတော်မူသည်။ဤကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ပင်တည်း။

② မကျန်းမာဖြစ်နေသောသူများသည် သတ်မှတ်ထားသောနေ့ရက်များတွင် ဥပုသ်မဆောက်တည်နိုင်သော်ထိုသူတို့အဖို့ အခြားသောနေ့ရက်များတွင် ဥပုသ်ဆောက်တည်ပိုင်ခွင့်ကို အလ္လာဟ်အရှင်မြတ်သည် ခွင့်ပြုထားတော်မူသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ပင်တည်း။

မှတ်သတိ ။ ။ ရောဂါသည်တဦးအဖို့ ဥပုသ်ရက် ရွေ့ဆိုင်းဆောက်တည်ရန် အခွင့်သည် ဥပုသ်ဆောက်တည်ခြင်းဖြင့် ရောဂါသည်၏ ရောဂါတိုးလာခြင်းအပေါ်၌ တည်ရှိပေသည်။ အကယ်၍ ဥပုသ်ဆောက်တည်ခြင်းဖြင့် နစ်နာဆုံးရှုံးမှုကို မစိုးရိမ်ရလျှင် ထိုရောဂါသည် သည် ဥပုသ်ဆောက်တည်ရပေမည်။ ဤအချက်၌ ဓမ္မသတ်ရှင်များသည် အဆိုညီကြသည်။ ဂျဆ်ဆွာဆွ်

⑨ မကျန်းမမာသောသူများသည် သတ်မှတ်ထားသော နေ့ရက်များအစား အခြားသော နေ့ရက်များတွင် ရွေ့ဆိုင်း၍ ဥပုသ်ဆောက်တည်နိုင်သကဲ့သို့ ခရီးသည်များသည်လည်း အခြားသောနေ့ရက်များတွင် ရွေ့ဆိုင်းပြီး ဥပုသ်ဆောက်တည်နိုင်သည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ပင်တည်း။

ဓမ္မသတ်

ဥပုသ်ဆောက်တည်ခြင်းကို ရွေ့ဆိုင်းခွင့် ရရှိနိုင်ရန်အတွက် ခရီးကိုသတ်မှတ်ရာတွင် ဓမ္မသတ်ရှင်များသည် အဆိုကွဲပြားလျက်ရှိကြသည်။

ကျွန်ုပ်တို့၏ (ဟနဖီဂိုဏ်းဝင်) ဓမ္မသတ်ရှင်များက (ဥပုသ်ဆောက်တည်ခြင်းကို ရွေ့ဆိုင်းနိုင်ရန်) ခရီးမှာ သုံးနေ့နှင့်သုံးညဥ့် ခရီးဟူ၍ဆိုကြသည်။ အချို့က နှစ်နေ့ခရီးဟူ၍ငင်း၊ အချို့က တနေ့ခရီးဟူ၍ငင်း ဆိုသည်။ (ဂျဆ်ဆ္ဆာဆ်)

ခရီးနှင့်စပ်လျဉ်း၍ ဓမ္မသတ်အကျယ်ကို ဟဒါဃယ်ကျမ်းတွင် ရှုပါကုန်။

⑩ (يطيقون) ဟူသောပုဒ်သည် (طاقة) ဟူသောပုဒ်မှ ဆင်းသက်လာသည်။ထိုပုဒ်၏အနက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"တွာကတ်"ဟူသောစကားသည် လူသားတို့ခဲယဉ်းစွာဖြင့် ပြုရသောကိစ္စကိုဆိုလိုသည်။(ရာဃိဗ်)

ဤအနက်ကို ရှေ့ရှု၍ အဋ္ဌကထာရှင်များသည် ဤမုက္ခပါဠိတော်ကို အောက်ပါအတိုင်း အနက်ဖွင့်ကြသည်။

"အကြင်သူများသည် ပင်ပန်းကြီးစွာနှင့် ခဲယဉ်းစွာဥပုသ်ဆောက်တည်ကြကုန်၏။"(ကဗီရ်)

ခဲယဉ်းစွာဖြင့် ဥပုသ်ဆောက်တည်သူများကား အဘယ်သူများနည်း။

ခဲယဉ်းစွာဖြင့် (ဥပုသ်ဆောက်တည်သူများကား) အဘိုးအို၊အမယ်အိုများတည်း။

(ခဲယဉ်းစွာဖြင့် ဥပုသ်ဆောက်တည်သူများတွင်) ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်ကျွေးလျက်ရှိသော သားသည်အမေများလည်း အပါအဝင်ဖြစ်ပေသည်။ (ရွုဟ်)

ဖေါ်ပြချက်

အချို့အဋ္ဌကထာရှင်များက ဤမုက္ခပါဠိတော်သည် "မန်စူခ်" ပလပ်သွားပြီဟု ယူဆကြသည်။ (အမှန်သော်ကား။ဤမုက္ခပါဠိတော်သည် ပလပ်သွားပြီမဟုတ် တည်လျက်ပင်ရှိချေသည်။)

သာဓက

(က) အဂ္ဂသာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအမ္မဖ်က (မိန်းကြားသည်မှာ) ဤမုက္ခပါဠိတော်သည် ပလပ်သွားပြီမဟုတ်။ (ခဲယဉ်းစွာဖြင့် ဥပုသ်ဆောက်တည်သောသူများမှာ) ဥပုသ်ဆောက်တည်နိုင်စွမ်းမရှိသော အဘိုးအိုနှင့် အမယ်အိုများကိုဆိုလိုသည်။ (အီဗ်နုကဆီရ်)

(ခ) ခဲယဉ်းစွာဖြင့် ဥပုသ်ဆောက်တည်သောသူများသည် (ဥပုသ်တနေ့အစား) ဆင်းရဲသားတဦးကို ထမင်းကျွေးရမည်ဟူသော မုက္ခပါဠိတော်သည် ပလပ်သွားပြီမဟုတ်။ ခဲယဉ်းစွာဖြင့် ဥပုသ်ဆောက်တည်သူများသည် ဥပုသ်မဆောက်တည်နိုင်သော အဘိုးအိုနှင့် အမယ်အိုများကို ဆိုလိုသည်။ ထိုအဘိုးအို၊ အမယ်အိုများသည် ဥပုသ်မဆောက်တည်နိုင်သော နေ့များတွင် (တနေ့၏အစား ဆင်းရဲသား တဦးကို နေ့စဉ်နေ့တိုင်း ထမင်းကျွေးကြရမည်။) ဤသည်ကား မှန်ကန်သောအဆိုပင်ဖြစ်သည်။ (ကြည့်-ကုရ်တုဗီ) ဥပုသ်မဆောက်တည်နိုင်သော အဘိုးအိုအမယ်အိုများသည် ပျက်ကွက်သော ဥပုသ်တနေ့၏အစား ဆင်းရဲသားတဦးကို ထမင်းကျွေးခွင့်ပြုထားခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်၏ မဟာကရုဏာတော်ပင်ဖြစ်၏။

شَهْرُ رَمَضَانَ الَّذِيْٓ اُنْزِلَ فِيْهِ الْقُرْاٰنُ هُدًى لِّلنَّاسِ وَ بَيِّنٰتٍ مِّنَ الْهُدٰى وَالْفُرْقَانِ ۚ فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ ۖ وَمَنْ كَانَ مَرِيْضًا اَوْ عَلٰى

သို့ရာတွင် အကြင်သူသည် မိမိစိတ်စေတနာအလျောက် တစုံတခုသော ကောင်းမှုကုသိုလ်ကို ပြုလုပ်ခဲ့သည်ရှိသော် ယင်းသို့ပြုလုပ်ခြင်းကား ထိုသူ၏အတွက်အရာ ပို၍ပင် ကောင်းမြတ်ပေသည်။ သို့(ခွင့်ပြုချက် ရှိ)သော်ငြားလည်း အကယ်စင်စစ် အသင်တို့သည် (ဥပုသ်သီလ ဆောက်တည်ခြင်း၏ အကျိုးအာနိသင်တို့ကို ကောင်းမွန်စွာ) သိနားလည်သူများ ဖြစ်ကြပါလျှင် အသင်တို့ အတွက်အရာ ဥပုသ်သီလ ဆောက်တည်ခြင်းသည်သာလျှင် ပို၍ ကောင်းမြတ်(သော အမှု)ပင် ဖြစ်ပေသတည်း။

၁၈၅။ ("ဆွိယာမ်" ဥပုသ်ဆောက်တည်ရန်အတွက် သတ်မှတ်ထားသည့် အနည်းငယ်မျှသော နေ့ရက်များသည်) ရမဿာန်လ [၃] ပင် ဖြစ်သည်။ (ထိုလ၌ အလွှာဟ်အရှင်မြတ်အထံတော်မှ) *ကုရ်အာန်ကျမ်းတော်မြတ်သည် ကျရောက်လာခဲ့လေသည်။* [၂] (ယင်းကုရ်အာန်ကျမ်းတော်မြတ်သည်) လူသားခပ်သိမ်းတို့အတွက် *တရားဓမ္မအဖြစ်၎င်း၊* [၃] တရားလမ်းမှန်ရစေသော အမှားအမှန်ကို ခွဲခြားသိစေသော ထင်ရှားလှသည့် သက်သေခံလက္ခဏာများ အဖြစ်၎င်း (ကျရောက်လာသောကျမ်းတော်မြတ်ပင်တည်း)။

---

③ ရမဿာန်လမြတ်သည် အစ္စလာမ်သာသနာ၏ လများအနက် နဝမမြောက်လဖြစ်သည်။ ရမဿာန်ဟူသော ပုဒ်သည် လောင်ကျွမ်းခြင်း အနက်ပေးသော (رمض) ဟူသော စကားမှ ဆင်းသက်လာသည်။

ရမဿာန်ဟု အမည်မှည့်ခေါ်ရခြင်း အကြောင်းမှာ ယင်းလတွင် ဥပုသ်ဆောက်တည်ခြင်းဖြင့် မွတ်သိပ်ဆာလောင်သည်ကို အကြောင်းပြု၍သော်လည်းကောင်း၊ ဥပုသ်ဆောက်တည်ခြင်းဖြင့် အပြစ်ဒုစရိုက်များ လောင်ကျွမ်းသွားသည်ကို အကြောင်းပြု၍သော်လည်းကောင်း၊ သို့တည်းမဟုတ် အတိတ်ခေတ်စာပေများမှ လများ၏အမည်နာမများကို ကူးပြောင်းရေးသားရာ၌ ဤရမဿာန်လသည် ပူပြင်းသော ဥတုရာသီနှင့် တိုက်ဆိုင်နေသည်ကို အကြောင်းပြု၍သော်လည်းကောင်း၊ ရမဿာန်ဟူ၍ အမည်နာမမှည့်ခေါ်ခြင်း ဖြစ်တန်ရာသည်။

(ကြည့်၊ ကာမူစ်အဘိဓါန်ချုပ်နှင့် တဖိစီရ်အဗီစအူဒ်။)

အစ္စလာမ်သာသနာသည် နေ့ရက်များကိုသတ်မှတ်ရာတွင် နေကို အကြောင်းမပြုဘဲ "လ" ➤➤

➤➤ ကိုသာ အကြောင်းပြု၍ သတ်မှတ်ထားသည်။ ရမဿွာန်လသည် ဥတုရာသီပြောင်းသည်နှင့်အမျှ ပြောင်းလွဲလျက်ရှိပေသည်။ ဤသို့အားဖြင့် မွတ်စ်လင်မ်များသည် ရမဿွာန်လဖြစ်သော ဥတုရာသီတိုင်းတွင် ဥပုသ်ဆောက်တည်ကြရသည်။

အစ္စလာမ် သာသနာသည် ဥပုသ် ဆောက်တည်ရန်အတွက် "လ" ကို သတ်မှတ်ထားပေရာ၊ ကမ္ဘာအဝှန်းရှိ မွတ်စ်လင်မ်များသည် တညီတညွတ်တည်း ရမဿွာန်လ၌ပင် ဥပုသ်ဆောက်တည်ကြရပေသည်။

(၂) ကုရ်အာန်ကျမ်းမြတ်သည် နဗီတမန်တော်မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အပေါ်၌ အလ္လာဟ်အရှင်မြတ်အထံတော်မှ ထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်၏အမည်ဖြစ်သည်။

"ကုရ်အာန်" ဟူသောပုဒ်၏ မူရင်းအဓိပ္ပါယ်မှာ စုပေါင်းခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဟူ၍ ဖြစ်သည်။

ကြည့်၊ ကုရ်အာန် - (၇၅ : ၁၇-၁၈)

ကုရ်အာန်ကျမ်းမြတ်ကို ကုရ်အာန်ဟူ၍အမည်မှည့်ခေါ်ရခြင်း၏အကြောင်းမှာ ကုရ်အာန်ကျမ်းမြတ်သည် စုပေါင်းခြင်းတည်းဟူသော အဓိပ္ပါယ်နှင့်အညီ၊ အတိတ်ခေတ်ရှိ ကျမ်းဂန်အသီးသီးတို့၌ပါရှိသော အနှစ်သာရများကို ထိုကျမ်းဂန်တော်၌ စုပေါင်းထားခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့ပညာအရပ်ရပ်၏ အဆီအနှစ်များကို စုပေါင်းထားခြင်းကြောင့်လည်းကောင်း၊ ကုရ်အာန်ဟူ၍ အမည်မှည့်ထားခြင်းဖြစ်သည်။ ကြည့် (ရာဃိဗ်)

ကုရ်အာန်ကျမ်းမြတ်သည် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတည်းဟူသော အနက်ကို ဆောင်ထားသည်နှင့်အညီ၊ ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာ့ကျမ်းဂန်များတွင် အများဆုံးရွတ်ဖတ်ရသော ကျမ်းတော်ကြီးပင်ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ် ကျရောက်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ အဋ္ဌကထာရှင်များသည် အောက်ပါအတိုင်း အမျိုးမျိုးယူဆကြသည်။

ကုရ်အာန်ကျမ်းမြတ်သည် ရမဿွာန်လ "ကဒ်ရ်" ညဥ့်၌ စတင်ကျရောက်လာသည်။ အချို့က ကုရ်အာန်ကျမ်းမြတ်သည် ထိုရမဿွာန်လ၌ (ပဋမဆုံး) မိုးထပ်သို့ အစအဆုံးကျရောက်ပြီး၊ ထိုမှတဆင့် တဖြည်းဖြည်း (လိုသမျှ) တမန်တော်ထံသို့ ကျရောက်သည်ဟု ယူဆသည်။ အချို့ အဋ္ဌကထာရှင်များကမူ (اُنْزِلَ فِيْهِ الْقُرْاٰنُ) ဟူသော မုက္ခပါဌ်တော်အနက်ကို ကုရ်အာန်ကျမ်းမြတ်သည် ထို(ရမဿွာန်)လ အကြောင်းနှင့် စပ်လျဉ်း၍ ကျရောက်လာသည်ဟူ၍ အနက်ဖွင့်ကြသည်။

အထက်ဖော်ပြပါအဆိုသုံးရပ်အနက် ပဋမအဆိုကို အများအဋ္ဌကထာရှင်များ ပိုမိုရှုန်စ်ခြိုက်ကြပေသည်။ (ကြည့်၊ အီဗ်နဟိရ်ဂျမ်)။

ကုရ်အာန်နှင့် ရမဿွာန်

ကုရ်အာန်ကျမ်းမြတ်နှင့် ရမဿွာန်လတို့သည် အချင်းချင်းဆက်စပ်နေ၏။ ကမ္ဘာအဝှန်းရှိ မွတ်စ်လင်မ်တို့သည် နေ့စဉ်နေ့တိုင်း ဆွလာတ်ဝတ်ပြုရာတွင် နည်းများမဆို ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ သို့ရာတွင် ရမဿွာန်လမြတ်တွင် "တရာဝီဟ်" ဆွလာတ်ဝတ်ပြုရာ၌ ကုရ်အာန်ကျမ်းမြတ်ကို အစမှအဆုံးတိုင် အထူးသဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။

(၃) အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းကုန်သော လူသားတို့နှင့် သက်ရှိသက်မဲ့ အရာအားလုံးတို့ကို မွေးမြူဖန်ဆင်းတော်မူသောအရှင်ဖြစ်ပေသည်။ နဗီတမန်တော်မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အရပ်လူမျိုးတမျိုးတည်းအတွက် ပွင့်လာတော်မူသည်မဟုတ်၊ ခပ်သိမ်းကုန်သော လူသားတို့အတွက် ပွင့်တော်မူသည်။

[ကြည့်၊ ကုရ်အာန် (၇:၁၅၈၊ ၂၁:၁၀၇)]

မွတ်စ်လင်မ် များသည်လည်း ကမ္ဘာသူ၊ကမ္ဘာသားများ၏အကျိုးကို ဆောင်ကြဉ်းသူများသာ ➤➤

سَفَرٍ فَعِدَّةٌ مِّنْ أَيَّامٍ أُخَرَ ۗ يُرِيدُ
اللَّهُ بِكُمُ الْيُسْرَ وَلَا يُرِيدُ بِكُمُ
الْعُسْرَ وَلِتُكْمِلُوا الْعِدَّةَ
وَلِتُكَبِّرُوا اللَّهَ عَلَىٰ مَا
هَدَاكُمْ وَلَعَلَّكُمْ
تَشْكُرُونَ ﴿١٨٥﴾

သို့ဖြစ်လေရာ အသင်တို့အနက်မှ မည်သူမဆို ထို(ရမဿွာန်)လမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်၌ (တလပတ်လုံး) ဥပုသ်သီတင်းဆောက်တည်ရပေမည်။ [၁] သို့ရာတွင် အကြင်သူတဦးတယောက်သည် တစုံတရာ ဝေဒနာစွဲကပ်၍ မကျန်းမာဖြစ်ခဲ့သော်၊ သို့တည်းမဟုတ် ခရီးထွက်လျက်ရှိနေခဲ့သော် ထိုသူ့အပေါ်ဝယ် အခြားသောနေ့ရက်များတွင် (မိမိပျက်ကွက်ခဲ့သော ဥပုသ်ရက်များကို) တွက်စစ်၍ (ဖြည့်စွက်)ဆောက်တည်ရန် တာဝန်ရှိပေသည်။ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အဘို့ သက်သာချောင်ချိမှုကို အလိုရှိတော်မူပေသည်။ [၂] အသင်တို့အဘို့ ခက်ခဲမှုကိုကား (အလျင်း) လိုလားတော်မူသည် မဟုတ်ချေ။ ထို့ပြင်တဝ (အလ္လာဟ်အရှင်မြတ်သည်) အသင်တို့(ပျက်ကွက်ခဲ့သော နေ့ရက်) အရေအတွက်ကို ပြည့်စုံအောင်ပြုစေရန်၎င်း၊ အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်ညွှန်ပြတော်မူသော နည်းလမ်းအတိုင်း ကြီးကဲမြင့်မြတ်တော်မူကြောင်း ရွတ်ဆိုကြရန်၎င်း (အလိုဆန္ဒ ရှိတော်မူသည်)၊ သို့မှသာလျှင် အသင်တို့သည် (ထိုအရှင်မြတ်၏) ကျေးဇူးကို သိသောသူများ ဖြစ်ကြရာသည်။

➤➤ ဖြစ်ချေသည်။ ကြည့်၊ ကုရ်အာန်(၃း၁၁၀)

ဤကုရ်အာန်ကျမ်းမြတ်သည်လည်း အရစ်လူမျိုးများကိုသာ လမ်းမှန်ညွှန်ပြသော တရားကျမ်းဂန်မဟုတ်ပေ။ "ခပ်သိမ်းကုန်သော လူသားတို့အား တရားဓမ္မ ဟောညွှန်ပြသောကျမ်းဂန် ဖြစ်ပေသည်။

ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည်၎င်း၊ နဗီတမန်တော်မုဟမ္မဒ်(ဆွ)သည်၎င်း၊ ကုရ်အာန်ဓမ္မကွန်သည်၎င်း၊ ကမ္ဘာအဝှန်းရှိ မွတ်စ်လင်မ်များသည်၎င်း၊ စကြဝဠာအပေါင်း၏အကျိုးကို သယ်ပိုးလျက်ရှိသည်မှာ ထင်ရှားလှပေသည်။

① ဥပုသ်ဆောက်တည်မှုနှင့် စပ်လျဉ်း၍ "အသင်တို့အနက် (ရမဿွာန်)လမြတ်နှင့် ကြုံကြိုက်သောသူများသည် ထိုလမြတ်၌ ဥပုသ်ဆောက်တည်ရမည်"ဟု ကုရ်အာန်ကျမ်း၌ ပါရှိ၏။ ရမဿွာန်လမြတ်သည် ဥပုသ် ➤➤

وَإِذَا سَأَلَكَ عِبَادِي عَنِّي فَإِنِّي قَرِيبٌ ۖ أُجِيبُ دَعْوَةَ الدَّاعِ إِذَا دَعَانِ ۖ فَلْيَسْتَجِيبُوا

၁၈၆။ ထို့ပြင်တဝ [အို-နဗီတမန်တော်မုဟမ္မဒ်(ဆ)] ငါအရှင်မြတ်၏ကျွန်များသည် ငါအရှင်မြတ်နှင့် ပတ်သက်၍ အသင့်ထံ မေးမြန်းကြသောအခါဝယ် (အသင်သည် ဤကဲ့သို့ ဖြေကြားပါလေ) မုချဇကာန် ငါအရှင်မြတ်သည် (ယင်းသူတို့နှင့်) နီးကပ်စွာပင် ရှိတော်မူ၏။ [၁]

➤➤ ဆောက်တည်ရေးနှင့် ဆက်စပ်လျက်ရှိပေသည်။ သို့ရာတွင် ကမ္ဘာလောက၏ အချို့သောဒေသများ၌ နေသည် အချိန်များစွာ ထွက်သည်မရှိ၊ နေထွက်ပြန်သည်ရှိသော်လည်း အချိန်များစွာဝင်သည်မရှိ၊ (ဥပမာ၊ ဥတ္တရဃဉ်စွန်းနှင့် ဒက္ခိဏဃဉ်စွန်းအလွန်၌ ရှိသောဒေသများ အာတိတ်နှင့် အန္ဓာတိတ် စက်ဝိုင်းအတွင်းရှိ အရပ်ဒေသများဖြစ်၏။) ထိုသို့သောဒေသများ၌ လကို ကြည့်၍ နေ့ရက်၊ လ များကို မသတ်မှတ်နိုင်သည့်အတွက် ရမသွေခန်လ ဥပုသ်ဆောက်တည်ရန် ပြဿနာမပေါ်နိုင်ချေ။ သို့ပင်ဖြစ်သော်လည်း အကယ်၍ ထိုသို့သောဒေသရှိ မွတ်စ်လင်မ်များသည် မိမိတို့စေတနာ အလျောက် ဥပုသ်ဆောက်တည်လိုပါက မိမိတို့ဒေသ၌ လုပ်ကိုင်စားသောက်သွားလာရန်အတွက် သတ်မှတ်ထားသော အချိန်များကို တွက်ဆပြီး ဥပုသ်ဆောက်တည်လိုက ဆောက်တည်နိုင်ပေသည်။ ကြည့်-မာဂျိဒီ (အ-၁။ စ-၇၀။ အအ-၆၆၄။)

(၂) ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဘို့ လွယ်ကူမှုကိုသာ လိုလားတော်မူ၍ ခက်ခဲမှုကိုကား အလျင်း လိုလားတော်မမူဟု မိန့်ဆိုထားတော်မူသည်နှင့် အညီ အစ္စလာမ်သာသနာ၏ ပဋိပတ်ကျင့်စဉ် အရပ်ရပ်တွင် လွယ်ကူမှုကိုသာ တွေ့ရှိပေသည်။

အစ္စလာမ်သာသနာသည် လိုက်နာကျင့်သုံးသောသူများ၏ အခြေအနေ၊ အသက်အရွယ်၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် တွေ့ကြုံရမည့်အခက်အခဲများကို အမြဲတစေရေးရှုပေရာ အစ္စလာမ်သာသနာ၏ ကျင့်စဉ်ကျင့်ရပ်များကို လက်တွေ့ လိုက်နာကျင့်သုံးရာတွင် ဘယ်သောအခါမျှ အခက်အခဲ မတွေ့ရှိရပေ။ ဥပမာအားဖြင့် ဤ ဥပုသ် ဆောက်တည်မှုကိုပင် ဆင်ခြင်ကြပါကုန်။ အစ္စလာမ် သာသနာသည် ဥပုသ် ဆောက်တည်မှုတွင် မကျန်းမာသောသူများ၊ ခရီးသည်များ၊ အိုမင်းမစွမ်းသောအဘိုးအို၊ အမယ်အိုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နို့တိုက်ကျွေးလျက်ရှိသော သားသည်အမေများအဘို့ အမျိုးမျိုးသော လွယ်ကူမှုများကို ပြဋ္ဌာန်းထားသည်မှာ အထင်အရှားပင် မဟုတ်ပါလော။ ဖော်ပြပါ အကြောင်းများကြောင့် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္စလ်မ်) ကိုယ်တော်တိုင်ကပင် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်သည် လွယ်ကူလှပေသည်" ဟူ၍ ၎င်း၊ "အသင်တို့သည် လွယ်ကူအောင်ပြုလုပ်ကြကုန်၊ ခဲယဉ်းအောင် မပြုကြကုန်လင့်၊ ကောင်းချီးသတင်းကိုပေးကြကုန်၊ စက်ဆုတ်ဘွယ်အမှုကို မပြုကြကုန်လင့်" ဟူ၍၎င်း မိန့်ကြားတော်မူခဲ့သည်။

(၃) "ငါအရှင်မြတ်သည် အနီး၌ ရှိတော်မူ၏" ဟု မိန့်ဆိုထားခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ ပြုလုပ်သမျှသော အပြုအမူများနှင့် ပြောဆိုသမျှသော စကားများကို အကြွင်းမရှိ ကောင်းစွာ သိတော်မူခြင်း၊ ယင်းသူတို့အဖြစ် အပျက်များကို သိရှိတော်မူခြင်းတို့ကို ဥပစာအားဖြင့် မိန့်ဆိုထားခြင်းပင်ဖြစ်သည်။

ဖော်ပြပါ သဘောတရားကိုပင် ကုရ်အာန်ကျမ်းမြတ် (၅၀း၁၆။ ၅၇း၄။၅၈း၇) တွင် ရှင်းလင်းစွာ မိန့်ဆိုထားသည်။

لِىْ وَلْيُؤْمِنُوا بِىْ لَعَلَّهُمْ يَرْشُدُوْنَ ﴿١٨٦﴾

ငါအရှင်သည် ဆုတောင်း ပတ္ထနာ ပြုသူ၏ ဆုတောင်း ပတ္ထနာပြုချက်ကို သဘောတူလက်ခံတော်မူ၏။ သို့ဖြစ်လေရာ ယင်းသူတို့သည် *ငါအရှင်မြတ်၏အမိန့်တော်များကိုလက်ခံနာယူ၍* [၃] ငါအရှင်မြတ်ကိုသာ ယုံကြည်မြတ်နိုးကြရမည်။ သို့မှသာလျှင် ယင်းသူတို့သည် ဖြောင့်မတ် မှန်ကန်သော တရားလမ်းကို ရရှိကြသူများဖြစ်တန်ရာ၏။

اُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ اِلٰى نِسَآئِكُمْ ؕ هُنَّ لِبَاسٌ لَّكُمْ وَاَنْتُمْ لِبَاسٌ لَّهُنَّ ؕ عَلِمَ اللّٰهُ اَنَّكُمْ كُنْتُمْ تَخْتَانُوْنَ

၁၈၇။ (အို-မွတ်စ်လင်မ်အပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည်) အသင်တို့အဘို့ရာ ဥပုသ်နေ့၏ညဉ့်၌ မိမိတို့ဇနီးမိန်းမများနှင့် *သံဝါသပြုခြင်းကို* [၂] ခွင့်ပြုတော်မူလေပြီ။ ယင်းဇနီးမိန်းမများသည် အသင်တို့အဘို့ရာ (အရှက်အိန္ဒြေကို လုံခြုံစွာဖုံးကွယ်သော) *ဝတ်စားတန်ဆာများ(ကဲ့သို့) ဖြစ်ကြ*၏။ [၃] ထိုနည်း တူစွာ အသင်တို့သည်လည်း ထိုဇနီးမိန်းမများအတွက်အရာ (အရှက်အိန္ဒြေကို လုံခြုံစွာဖုံးကွယ်သော) ဝတ်စားတန်ဆာများ(ကဲ့သို့)ပင် ဖြစ်ကြလေသည်။

---

(၁) မိမိတို့၏ ကြီးလေးသော ကိစ္စများနှင့် စပ်လျဉ်း၍ လူသားတို့၏ တောင်းဆိုသော ဆုများကို ငါအရှင် ဖြည့်ဖေးတော်မူသကဲ့သို့ ငါအရှင်သည် ယင်းသူတို့အား ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိရန်နှင့် အမိန့်တော်နာခံရန် အလို့ငှါ မိန့်ကြားသည်ကိုလည်း ယင်းသူတို့သည် နာခံကြရပေမည်။

(၂) "ရဖဆ်" ဟူသောပုဒ်သည် မေထုန်မှုနှင့် စပ်လျဉ်း၍ပင်း၊ မေထုန်မှီဝဲမှုကို လွှဲဆော်ခြင်းနှင့် စပ်လျဉ်း၍ပင်း ရှက်ဘွယ်ရာဖြစ်သော စကားကိုဆိုသည်။ ထို့နောက် အရဗီစာပေ ဝေါဟာရတွင် ယင်းပုဒ်ကို မေထုန်မှီဝဲခြင်း အဓိပ္ပါယ်၌ တင်စား၍ အသုံးပြုကြသည်။ ကြည့်-(ရာဃိဗ်)။ အဋ္ဌကထာရှင်များလည်း ဤနေရာ၌ ဤအနက်ကိုပင် ကောက်ယူကြသည်။

ဟဟူဒီဘာသာ၌ ဥပုသ်ဆောက်တည်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ပညတ်များသည် အလွန်ပြင်းထန်လှ၏။ ဥပမာ အကြင်သူတစ်ယောက်သည် ညနေအချိန်ဥပုသ်ထွက်၍ အိပ်ပျော်သွားသည်ရှိသော် ထိုသူသည် အိပ်ရာမှ နိုးလာသောအခါ၌ အဘယ်တစ်စုံတစ်ရာကိုမျှ စားသုံးပိုင်ခွင့်မရှိ။ ထို့အတူ ဥပုသ်ဆောက်တည်စဉ် နေ့ညဉ့်မခြား မေထုန်မှီဝဲခွင့်လည်းမရှိ။

အစ္စလာမ်သာသနာတော်ထွန်းကား၍ ဥပုသ်ဆောက်တည်ရန် အမိန့်တော်ကျရောက်လာသောအခါ၊ မွတ်စ်လင်မ် တို့သည်လည်း မိမိတို့၏ စိတ်စေတနာ အလျောက် ယဟူဒီများကဲ့သို့ ဆွိယာမ်ဥပုသ် ➤➤

أَنفُسَكُمْ فَتَابَ عَلَيْكُمْ وَعَفَا
عَنكُمْ ۖ فَالْآنَ بَاشِرُوهُنَّ
وَابْتَغُوا مَا كَتَبَ اللَّهُ لَكُمْ ۚ
وَكُلُوا وَاشْرَبُوا حَتَّىٰ يَتَبَيَّنَ
لَكُمُ الْخَيْطُ الْأَبْيَضُ مِنَ
الْخَيْطِ الْأَسْوَدِ مِنَ الْفَجْرِ ۖ

အသင်တို့သည် (ဤအမိန့်မကျရောက်မီ ညဉ့်များ၌ မိမိတို့ဇနီးမိန်းမများနှင့် ပုန်းလျှိုး၍ သံဝါသပြုခြင်းအားဖြင့်) မိမိတို့ကိုယ်ကို မိမိတို့ပင် လှည့်စားလျက်ရှိနေခဲ့ကြသည်ကို အလ္လာဟ် အရှင်မြတ်သည် သိရှိပြီးဖြစ်တော်မူ၏။ သို့ပင်တစေ ထို အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကရုဏာတော်ဖြင့် ပြန်လှည့်တော်မူ၍ အသင်တို့ (ပြုခဲ့ပြီးဖြစ်သော အပြစ်တို့) ကို ခွင့်လွှတ်တော်မူပြီး (နောင်အဘို့လည်း ဇနီးမိန်းများနှင့် ဥပုသ်နေ့၏ညဉ့်များတွင် သံဝါသပြုရန် ခွင့်ပြုထားတော်မူလေပြီ)။

➤➤ ဖြေပြီးသည့်အချိန်မှ ညဉ့်အိပ်စက်သည့်အချိန်ထိ စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းကိစ္စတို့ကို မပြုလုပ်ပိုင်သော ကိစ္စများဟူ၍ ယူဆကာ ရောင်ကြဉ်လျက်ရှိခဲ့ကြကုန်၏။

တနေ့သောအခါ အဂ္ဂသာဝကကြီး "အုမရ်" သည် အိပ်စက်ပြီးသည့်နောက်တွင် မိမိဇနီးနှင့် မေထုန်မှီဝဲမှုပြုမိသဖြင့် နဗီတမန်တော်မုဟမ္မဒ် (ဆွ)ထံ လာရောက်၍ မိမိ၏အဖြစ်အပျက်ကို လျှောက်ထားလေ၏။ ထိုအခိုက်တွင် အချို့သောသာဝကကြီးများက ကျွန်တော်မျိုးတို့သည်လည်း မိမိတို့၏ဇနီးများနှင့် မေထုန်မှီဝဲမှုကို ပြုမိခဲ့ကြပါသည်ဟု အသီးသီး လျှောက်ထားကြလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ် ထံတော်မှ အထက်ပါမုက္ခပါဠိတော် (၂း၁၈၇) ကျရောက်လာလေသည်။ ကြည့် – အလ်မနာရ်ကျမ်း။

မေထုန်မှီဝဲမှုသည် သဘာဝမမွှအလျှောက် မလွဲမရှောင်သာနိုင်သော ဆက်ဆံမှုတရပ်ပင် ဖြစ်ပေသည်။ ဤဆက်ဆံမှုကို လုံးဝ ပိတ်ပင်တားဆီးထားပါက ကမ္ဘာလူထုကြီးတစ်ရပ်လုံးသည် ကမ္ဘာဓာတ်ခုပေါ်မှ ပျောက်ကွယ်သွားမည်ကို မည်သူငြင်းနိုင်အံ့နည်း။ ထို့အတွက်ကြောင့်ပင် အစ္စလာမ် သာသနာသည် တရားတော်နှင့်အညီ ထိမ်းမြားခြင်းကို ကောင်းမြတ်သော ကျင့်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

② ဤမုက္ခပါဠိတော် (၂း၁၈၇)တွင် ဇနီးမောင်နှံတို့အား ဝတ်စားတန်ဆာနှင့် ပမာခိုင်း၍ မိန့်ဆိုထားသည်။ သို့ဝတ်စားတန်ဆာနှင့်ပမာ ခိုင်းထားခြင်း၏သဘောမှာ (က) ဝတ်စားတန်ဆာများသည် လူသားတို့၏ အရှက်ကို ဖုံး၍ လှပမှုကို ဖန်တီးသကဲ့သို့ ဇနီးမောင်နှံတို့သည်လည်း အချင်းချင်း တဦး၏ချွတ်ယွင်းချက်ကို တစ်ဦးက ဖုံးကာ တစ်ဦး၏ ကောင်းကျိုးကို တစ်ဦးက သည်ပိုးရမည်ဟူ၍ငင်း၊ (ခ) ဝတ်စား တန်ဆာသည် လူသားတို့အား အပူ၊ အအေးစသည်တို့မှ ကာကွယ်သည့်အလား ဇနီးမောင်နှံတို့သည်လည်း မိမိတို့ထံ သက်ရောက်မည့် ဘေးဒုက္ခများကို ကာကွယ်၍ တစ်ဦးကိုတစ်ဦး ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူ၍ငင်း၊ (ဂ) ဝတ်စားတန်ဆာကို လူသားတို့ခင်မင်သကဲ့သို့ ဇနီးမောင်နှံတို့သည်လည်း အချင်းချင်း နှစ်ကိုယ့်တစ်စိတ် ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံကြရမည်ဟူ၍ငင်း၊ အချင်းချင်း တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချရမည်၊ အားထားရမည်ဟူ၍ငင်း အဋ္ဌကထာရှင်များက အသီးသီးအနက်ဖွင့်ကြသည်။ ➤➤

ثُمَّ أَتِمُّوا الصِّيَامَ إِلَى اللَّيْلِ ۚ وَلَا تُبَاشِرُوهُنَّ وَأَنتُمْ عَاكِفُونَ فِي الْمَسَاجِدِ ۗ تِلْكَ حُدُودُ اللَّهِ فَلَا تَقْرَبُوهَا ۗ كَذَٰلِكَ يُبَيِّنُ اللَّهُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَّقُونَ ﴿١٨٧﴾

သို့အတွက်ကြောင့် ယခုမှစ၍အသင်တို့သည် ထိဇနီးမိန်းမတို့နှင့် သံဝါသပြုကြ၍ အသင်တို့အတို့ အလွှာဟ် အရှင်မြတ် *ပြဋ္ဌာန်းထားတော်မူသော အရာများကို* ရှာဖွေကြလေကုန်။ [၁] ထိုမှတပါးတုံ အသင်တို့သည် ချည်မျှင်အနက် (တည်းဟူသော ညဉ့်၏အမှောင်)မှ ချည်မျှင်အဖြူ (တည်းဟူသော) နံနက်မိုးလင်း အရုဏ်တက်ခြိန်၏ အလင်းရောင် ပေါ်လွင်ထင်ရှားလာလေသည့် တိုင်အောင် (အစာ အာဟာရများကို) စားသောက်ကြကုန်လော့။ တဖန် အသင်တို့သည် (ယင်းအလင်းရောင်ပေါ်လာသည်မှ နေဝင်၍) ညဉ့်အခြိန် (ကျရောက်လာသည့်) တိုင်အောင် အခြိန်ပြည့် ဥပုသ်သီလဆောက်တည်ကြ ကုန်လော့။ သို့ရာတွင် အသင်တို့သည် ဗလီ ကျောင်းတော်များတွင် *"အီအ်တိကာဖ်" သီတင်းသုံး နေထိုင်ကြစဉ်အခါ၌* [၂] ထိဇနီးမိန်းမတို့နှင့် သံဝါသပြုခြင်းကို အလျင်း မပြုကြကုန်လင့်။

➤➤ (က) ဇနီးမောင်နှံတို့သည် အချင်းချင်း ကရုဏာတရား ထားရမည့်အကြောင်း၊ ခင်မင်ရင်းနှီးစွာ ဆက်ဆံရမည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၇:၁၈၉။ ၃၀:၂၁) တွင် ထုတ်ဖော်မိန့်ဆိုထားသည်။

(ခ) နဗီတမန်တော် မုဟမ္မဒ် (ဆွ)ကလည်း အသင်တို့အနက် အကောင်းမွန်ဆုံးသောသူသည် မိမိတို့၏ ဇနီးမိန်းမများအပေါ်၌ ကောင်းသောသူများသာ အကောင်းမွန်ဆုံးသူဖြစ်သည်ဟု အတည့်အလင်းဖွင့်ဟ မိန့်ဆိုခဲ့ပေသည်။

① အသင်တို့အတို့ အလွှာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အရာဟူသည်ကား သားသမီး ရတနာများကိုဆိုလိုသည်။ ဤကားအများအဋ္ဌကထာရှင်တို့၏ ယူဆချက်တည်း။ (မအာလင်မ်)

သားသမီးသည် ရတနာတပါးဖြစ်၏။ သားသမီးသာလျှင် မိဘတို့၏ကျောထောက်နောက်ခံဖြစ်၏။ သားသမီးများပင် မိဘတို့၏အရိုက်အရာကို ဆက်ခံ၏။ သူမွန်သူမြတ်သည် ကောင်းမြတ်သော သားသမီး ရတနာများကို ရရှိရန် အလွှာဟ်အရှင်မြတ်ထံ ဆုပန်ကြ၏။

② အစ္စလာမ်ပဋိပတ်တွင် "အီအ်တိကာဖ်" ဟူသည် အလွှာဟ်အရှင်မြတ်၏အပါးတော်သို့ ချည်းကပ်ရန် ရည်မှန်း၍ ဗလီကျောင်းများအတွင်းသို့ သွားရောက်ကာ တရားအားထုတ်နေခြင်းကိုဆိုသည်။ နဗီတမန်တော် မုဟမ္မဒ်(ဆွ)သည် အထူးသဖြင့် ရမဿွာန်လမြတ်၏ နောက်ဆုံး ၁၀ ရက်တွင် အမြဲတစေ အီအ်တိကာဖ် ထိုင်တော် မူလေ့ရှိသည်။ အီအ်တိကာဖ်သည် စွန့်တ် "ကိဖါယဟ်" ဖြစ်သည်။ ရပ်ရွာတွင် တစ်ဦး ➤➤

ဤသည်တို့သည် အလ္လာဟ် အရှင်မြတ်သတ်မှတ်ထား တော်မူသော နယ်နိမိတ်များပင် ဖြစ်ရကား အသင်တို့သည် ထိုနယ်နိမိတ်များ၏အပါးသို့ပင် မချဉ်းကပ်ကြကုန်လင့်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် မိမိအမိန့်ဒေသနာတော်များကို လူခပ်သိမ်းတို့ (သိစိမ့်သောငှါ) ရှင်းလင်းဖော်ပြတော်မူလေသည်။ သို့မှသာလျှင် ယင်းသူတို့သည် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်သောသူများ ဖြစ်တန်ကြရာကုန်သတည်း။

وَلَا تَأْكُلُوٓا۟ أَمْوَٰلَكُم بَيْنَكُم بِٱلْبَٰطِلِ وَتُدْلُوا۟ بِهَآ إِلَى ٱلْحُكَّامِ لِتَأْكُلُوا۟ فَرِيقًا مِّنْ أَمْوَٰلِ ٱلنَّاسِ بِٱلْإِثْمِ وَأَنتُمْ تَعْلَمُونَ ﴿١٨٨﴾

၁၈၈။ အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦး၏ ပစ္စည်းကို တစ်ဦးက မတရားသောနည်းဖြင့် မစားသုံးကြကုန်လင့်။ ထို့ပြင်တဝ အသင်တို့သည် သူတပါးတို့၏ ဥစ္စာ ပစ္စည်းများအနက် တစ်စိတ်တစ်ဒေသကို မတရားသောနည်းဖြင့် စားသုံးရန်အလို့ငှါ (တန်ဆိုးလက်ဆောင်အဖြစ်ဖြင့်) အာဏာပိုင်မင်းများထံသို့ ယင်းပစ္စည်းများကို မပို့ဆောင်ကြကုန်လင့်။ ထိုသို့ပြုလုပ်ခြင်းများသည် မတရားသောအကျင့်အကြံများ ဖြစ်သည်ကိုလည်း အသင်တို့အသိပင်ဖြစ်ကြပေသည်။

➤➤ တစ်ယောက်မျှ အီအိမ်တိကာဖ် မထိုင်သော် တစ်ရွာလုံးအပြစ်သင့်မည်။ တစ်ဦးတစ်ယောက်တည်းပင် အီအိမ်တိကာဖ်ထိုင်သည်ရှိသော် တစ်ရွာလုံး၏ တာဝန်ကျေသည်။

ရမဿွာန်လ၌ဖြစ်စေ၊ အခြားလများ၌ဖြစ်စေ၊ အီအိမ်တိကာဖ်ထိုင်ရာတွင် ဆွိယာမ်ဥပုသ်ဆောက်တည်ခြင်းသည် မုချ လိုက်နာပြုကျင့်အပ်သော စည်းကမ်းချက်တစ်ရပ်ဖြစ်သည်။ အီအိမ်တိကာဖ် ထိုင်သောအခါ၌ မေထုန်မှီဝဲခြင်းမပြုရ၊ ဗလီကျောင်းတွင်းမှ အပြင်သို့ အကြောင်းမဲ့မထွက်ရ။ အမျိုးသမီးများသည် မိမိတို့နေအိမ်တွင် ဝတ်ပြုရန်အတွက်သတ်မှတ်ထားသောနေရာ၌ အီအိမ်တိကာဖ် ထိုင်ကြရသည်။

အီအိမ်တိကာဖ်နှင့် စပ်လျဉ်းသော အခြားအသေးစိတ် အချက်အလက်များကို "ဖစ်ဂ်ဟ်" ဓမ္မသတ်ကျမ်းများတွင် ရှုပါကုန်။

ဆက်စပ်မှု

ကုရ်အာန်ကျမ်းမြတ် (၂:၁၈၃-၁၈၇)တွင် ဆွိယာမ်ဥပုသ်ဆောက်တည်ရမည့်အကြောင်း မိန့်ဆိုထား၏။ လာလတ္တံ့သော မုက္ခပါဠိတော် (၂:၁၈၈)တွင် သူတပါး၏ပစ္စည်းကို မတရားသဖြင့် မစားသုံးရမည့် ➤➤

يَسْـَٔلُونَكَ عَنِ ٱلْأَهِلَّةِ ۖ قُلْ هِىَ مَوَٰقِيتُ لِلنَّاسِ

၁၈၉။ (အို-နဗီတမန်တော်) အချို့သူများသည် ဆန်းဦးစ -လ-များနှင့် စပ်လျဉ်း၍ အသင့်ထံ လာရောက်မေးမြန်းကြသည်၊ အသင်သည် (ထိုသူတို့အား ဤသို့)ဖြေကြားပါလော။ [၁]

➤➤ အကြောင်း မိန့်ဆိုထား၏။ ဤသို့ ရှေ့နောက်ဆက်စပ်၍ မိန့်ဆိုထားခြင်း၏ သဘောမှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုနာခံ၍ ရမဿွာန်လမြတ်၌ ဥပုသ်ဆောက်တည်ရာတွင် စားသုံးအပ်သော အစာအဟာရများကိုပင် မစားသုံးသကဲ့သို့ပင် မစားသုံးအပ်သော အရာများကိုလည်း တစ်သက်လျာလုံး ကြဉ်ရှောင်ရမည့် အကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သကဲ့သို့ပင် လူသားတို့၏ တာဝန်များကိုလည်း မပျက်ကွက်ရမည့် အကြောင်းများကို သတိပေးနှိုးဆော်ထားခြင်းပင်ဖြစ်သည်။

① ဆန်းဦးစ လ-များဟူသည် ကာလအပိုင်းအခြားဖြစ်သော (၂၉-ရက်တစ်လ၊ ၃၀ရက် တစ်လဖြစ်သော) လများကို ဆိုလိုသည်။ ထိုကာလအစိတ်အပိုင်းဖြစ်သောလကို ဆန်းဦးစ လ ဟူသောစကားဖြင့် ခေါ်ဆိုသုံးစွဲရခြင်းမှာ ကာလအစိတ်အပိုင်းဖြစ်သောလတွင် ထိုဆန်းဦးစ (လ) ထွက်ပေါ်သည့်အတွက်ဖြစ်သည်။ ကုရ်တုဗီ။

ဆက်စပ်မှု

ပြီးခဲ့သော အပိုဒ် (၂၃)တွင် ရမဿွာန်လမြတ်အကြောင်းနှင့် ဆွိယာမ်ဥပုသ် ဆောက်တည်ခြင်း၏ ပညတ်ချက်များပါရှိ၏။ ရမဿွာန်လမြတ်နှင့် ဆက်စပ်လျက်ရှိသော လများမှာ ရှောင်ဝါလ်လ၊ ဿကအ်ဒဟ်လ၊ သူလ်ဟစ်ဂ်ျဂ်ဟ်လများ ဖြစ်သည်။ ဤလများသည် ဟဂ်ျနှင့် အထူးသက်ဆိုင်သော လများဖြစ်သည်။ ဟဂ်ျလများသည် အရဗ်လူမျိုးတို့တွင် အထူးပင်ကျော်ကြား၏။ ကြည့်-ကုရ်အာန် (၂:၁၉၇)

ယခုဤအပိုဒ်တွင် ထိုရမဿွန်လမြတ်နှင့် ဆက်စပ်လျက်ရှိသော လများအကြောင်း၊ ထို့ပြင်တဝ ထိုလများနှင့် ဆက်စပ်လျက် စစ်မတိုက်ရန် မြစ်တားထားသော မို့ဟရ်ရမ်လ၊ ရဂျဗ်လ၊ သူကအ်ဒဟ်လ၊ သူလ်ဟစ်ဂ်ျဂ်ဟ်လများ အကြောင်းကိုလည်း မိန့်ဆိုထားခြင်းဖြစ်သည်။

ထုတ်ပြန်ပို့ချခြင်းအကြောင်း

အန်ဆွာရီများဖြစ်သော မုအာဿ် အီဗ်နို့ဂျဗလ်နှင့် သအ်လဗဟ် အီဗ်နဃနမ်က "လ" ၏ အကြောင်းနှင့် စပ်လျဉ်း၍ အို-အလ္လာဟ်အရှင်မြတ်၏ရစူလ်၊ "လ"သည် ပဌမ သေးငယ်စွာ ထွက်ပေါ်လာပြီး တဖြည်းဖြည်း လဝန်းသည် ပြည့်လာ၏။ ထို့နောက် တဖန်ပြည့်လျက်ရှိသော လဝန်းသည် တဖြည်းဖြည်းငယ်ပြီး နောက်ဆုံးတွင် ယခင်ကကဲ့သို့ပင် ပြန်လည်ဖြစ်သွား၏။ လ သည် တမျိုးတစားတည်း တည်ရှိနေသည်မရှိ၊ ဤကားအသို့ပါနည်းဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုက်ဟိဝစလ္လမ်)အား လာရောက်မေးမြန်းကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤမုက္ခပါဠိတော်ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ (ခါဇင်)

ဖော်ပြချက်

ကမ္ဘာအတိတ် ရာဇဝင်ကို ပြန်လည်သုံးသပ်ကြည့်လျှင် ဘုရားအများကိုးကွယ်သော "မွတ်ရှရစ်က်" တို့သည် လကိုလည်း ဘုရားဟူ၍ မှတ်ယူကိုးကွယ်ခဲ့သည်။ အချို့သည် ဆန်းဦးစ-လ-ကိုလည်း ဘုရားအမှတ် ကိုးကွယ်ခဲ့ကြသည်။ အချို့က ဆန်းဦးစလသည် မင်္ဂလာဖြစ်၍ ဆုတ်သောလသည် အမင်္ဂလာဖြစ်သည်ဟူ၍ ယူဆခဲ့ကြသည်။ အိန္ဒိယပြည်တွင် ယနေ့တိုင် လကိုးကွယ်မှုကို တွေ့ရှိရပေသေးသည်။ ➤➤

وَالْحَجِّ ۗ وَلَيْسَ الْبِرُّ بِأَنْ
تَأْتُوا الْبُيُوتَ مِنْ
ظُهُورِهَا وَلَٰكِنَّ الْبِرَّ مَنِ
اتَّقَىٰ ۚ وَأْتُوا الْبُيُوتَ
مِنْ أَبْوَابِهَا ۚ وَاتَّقُوا اللَّهَ
لَعَلَّكُمْ تُفْلِحُونَ ﴿١٨٩﴾

ထိုဆန်းဦးစ လများသည် လူခပ်သိမ်းတို့အတို့ အချိန်ကာလများကို အမှတ်သညာပြုနိုင်အံ့သောငှါ လည်းကောင်း၊ ဟဂျ်ပြုရန်သတ်မှတ်ထားသောနေ့ ရက်များကို သိနိုင်အံ့သောငှာလည်းကောင်း၊ (ပြုထား တော်မူသော) *အမှတ်သညာများသာဖြစ်ချေသည်။*[၁] သင်တို့သည် (ဟဂျ်ပြုရန် "အိဟ်ရာမ်" ခေါ် ဝတ်ရုံ များဝတ်ဆင်ပြီး မိမိတို့)အိမ်များကို (ပြန်လာသော အခါ) အိမ်၏နောက်ဘက်မှ ဝင်ရောက်ခြင်းသည် ကောင်းမြတ်သော အကျင့်သီလမဟုတ်ပေ။ အမှန် အားဖြင့် (အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍) မကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်သော သူများ သာလျှင် သူမွန်သူမြတ်များ ဖြစ်ကြပေသည်။ သို့ ဖြစ်ရာ အသင်တို့သည် (မိမိတို့) အိမ်တွင်းသို့ (ဝင်ရောက် ကြသောအခါ) (ဝင်ထွက်သွားလာရိုး ဖြစ်သော) တံခါးပေါက်များမှသာ ဝင်ကြကုန်လော့။ ၎င်းပြင် အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကြကုန်လော့။ သို့မှသာလျှင် အသင်တို့သည် (နှစ်ဘဝလုံး၌) အောင်ကြပေမည်။

➤➤ လ သည် လသားတို့အဘို့ အချိန်ကာလများကို သိနိုင်ရန် ပြုလုပ်ထားသော အမှတ်သညာတစ်ခုမျှသာ ဖြစ်ကြောင်း၊ လ သည် ကိုးကွယ်ရာ ဘုရားမဟုတ်ကြောင်းနှင့် လူသားတို့ အသုံးအဆောင်မျှသာဖြစ်ကြောင်းကို အလွှာဟ်အရှင်မြတ်သည် ဤမုဟမ္မဒ်တော်တွင် ထုတ်ဖော် မိန့်ဆိုထားခြင်းပင်ဖြစ်သည်။ (မာဂျီဒီ)။

① အစ္စလာမ်သာသနာသည် အစစအရာရာတွင် လူသားတို့အဘို့ လွယ်ကူမှုကို ရှေးရှုပေသည်။ အစ္စလာမ်သာသနာသည် နေ့ရက်အချိန်များကို သတ်မှတ်ရာတွင် နေကိုအဓိကမထားဘဲ၊ လ ကိုသာ အဓိကထားပေသည်။အကြောင်းသော်ကား လ သည် နေ့စဉ်နှင့်အမျှ ပြောင်းလွဲလျက်ရှိ၏။ လဆန်း၊ လကွယ်ကို လူတိုင်းပင်သိကြ၏။ (နေကိုအကြောင်းပြု၍ နေ့ရက်သတ်မှတ်ခြင်း ကိစ္စမှာကား နက္ခတ်တာရာ အတတ်ပညာ တတ်ကျွမ်းသော သူများအတို့သာ ဖြစ်နိုင်၏) လူသာမန်တို့အဘို့ မဖြစ်နိုင်ပေ။ ထို့အတွက်ကြောင့် အစ္စလာမ်သာသနာသည် (အများ) လူခပင်းတို့၏ လွယ်ကူမှုကို ရှေးရှုကာ ဟဂျ်ပြုခြင်း၊ ဆွိယာမ် ဥပုသ်ဆောက်တည်ခြင်း၊ ဇကာတ်ပေးဆောင်ခြင်း၊ အီဒ်ပွဲတော်များ ကျင်းပခြင်း၊ "တွလာက်" လင်ခန်း မယားခန်းပြတ်စဲခြင်း၊ အစရှိသည့် သာသနာရေး ကိစ္စများအတွက် နေ့ရက်များကို သတ်မှတ်ထားရာတွင် လ ကိုသာ အဓိကထား၍ နေ့ရက်ကိုသတ်မှတ်ထားသည်။ အခြားလောကီရေး ကိစ္စများတွင် နေကို ➤➤

وَقَاتِلُوا فِي سَبِيلِ اللَّهِ الَّذِينَ يُقَاتِلُونَكُمْ وَلَا تَعْتَدُوا ۚ إِنَّ اللَّهَ لَا يُحِبُّ الْمُعْتَدِينَ ﴿١٩٠﴾

၁၉၀။ ထို့ပြင်တဝ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသင်တို့ကို (စတင်) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သူတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်လော့။ [၁] သို့ရာတွင် (ဤသို့တိုက်ခိုက်ရာ၌) အသင်တို့သည် (မည်သည့်နည်းနှင့်မျှ) မကျူးလွန်ကြကုန်လင့်။ ဇကန်မုချ အလ္လာဟ်အရှင်မြတ် သည် ကျူးလွန်သူတို့ကို နှစ်သက်တော်မူသည် မဟုတ်ချေ။

➤➤ အကြောင်းပြု၍ ရက်သတ်မှတ်ခြင်းကိုလည်း အစွလာမ်သာနာသည် မပိတ်ပင်ပေ။ သို့ပင်တစေ အစစအရာရာတွင် အစွလာမ်သာသနာတော်နှင့်အညီ လ ကို အကြောင်းပြု၍ နေ့ရက်များကိုသတ်မှတ်ခြင်းသည် ပိုမို၍ သင့်မြတ်ပေသည်။ မောင်လာနာထာနဝီသခင်ကမူ လ ကို အကြောင်းပြု၍ ရက်သတ်မှတ်ခြင်းသည် "ဖရ်သွိကေ့ဖါယတ်" ဖြစ်သည်ဟူ၍ပင် မိန့်ဆိုထားသည်။ ကြည့်-တဖ်စီရ်ဗယာနုလ် ၊ကုရ်အာန်။

① **ဆက်စပ်မှု**

ပြီးစီးခဲ့သော မက္ခပါဠ်တော် (၂း ၁၈၉)တွင် "တာက္ကဝါ" ခေါ် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေရမည့် အကြောင်းပါရှိ၏။ ယခုဤမက္ခပါဠ်တော် (၂း ၁၉၀)တွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သည့် အချိန်၌ပင်လျှင် "တာက္ကဝါ" တည်းဟူသော တရားကိုစောင့်စည်းရမည့်အကြောင်း ထုတ်ဖော်မိန့်ဆိုထားသည်။ ဤကား "တာက္ကဝါ" ၏အမျိုးစားများအနက် အခက်ခဲဆုံးသော "တာက္ကဝါ" ပင်တည်း။ ကြည့် - ကဗီရ်ကျမ်း။

မွတ်စ်လင်မ်တို့သည် မက္ကာမြို့တွင် ၁၃-နှစ်တိုင်တိုင် အရဗ်ကာဖိရ် မိစ္ဆာဒိဋ္ဌိတို့၏ ညှဉ်းဆဲနှိပ်စက်ခြင်း အမျိုးမျိုးတို့ကို မချိမဆန့်ခံခဲ့ကြရ၏။ အိမ်မဲ့အိုးမဲ့ ဖြစ်ခဲ့ကြရ၏။ မိမိတို့ နေရင်းဌာနဖြစ်သော မက္ကာမြို့ကိုပင် စွန့်လွှတ်၍ အချို့မွတ်စ်လင်မ်များသည် အဘီစီးနီးယားပြည်သို့ ထွက်ခွာသွားခဲ့ကြရ၏။ အချို့တို့သည် မက္ကာမြို့မှ မိုင် (၃၀၀)ခန့်ကွာဝေးသော မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြ၏။ သို့ရွှေ့ပြောင်းနေကြသော်လည်း ကာဖိရ်တို့၏ အနှောင့်အယှက် အမျိုးမျိုးတို့ကြောင့် အေးချမ်းသာယာစွာ မနေနိုင်ခဲ့ကြချေ။ မိမိတို့၏ ဘာသာရေးကိစ္စများကိုလည်း လွတ်လပ်စွာ မဆောင်ရွက်နိုင်ခဲ့ကြချေ။

ဟစ်ဂျ်ရီ (၆) ခုနှစ်၊ သူကအ်ဒဟ်လတွင် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုက်ဟိ ဝစလ္လမ်)သည် ၁၄၀၀ ခန့်မျှရှိသော (ဆွဟာဗဟ်) သာဝကကြီးများနှင့်အတူတကွ "အုမ်ရဟ်" ပြုရန်အလို့ငှါ မဒီနာမြို့မှ မက္ကာမြို့သို့ ခရီးထွက်တော်မူသည်။ မက္ကာမြို့နှင့် ခရီးတစ်စခန်းအကွာ၌ရှိသော "ဟုဒိုင်ဗိယဟ်" အမည်ရှိသော ဌာနသို့ ရောက်ကြသောအခါ မက္ကာမြို့သူမြို့သားများက နဗီတမန်တော်နှင့်တကွ သာဝကကြီးများအား မက္ကာမြို့တွင်းသို့ ဝင်ရောက်ခြင်းမှ တားမြစ်ကြလေသည်။

နဗီတမန်တော်က မိမိတို့လာရောက်ခြင်းမှာ စစ်တိုက်ခိုက်ရန် မဟုတ်ကြောင်း၊ "အုမ်ရဟ်" ပြုရန်အလို့အငှါသာ လာရောက်ခြင်းဖြစ်ကြောင်းများကို ရှင်းပြတော်မူ၏။ ထို့နောက် နဗီတမန်တော်နှင့် အရဗ်ကာဖိရ်တို့သည် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုကြလေသည်။ ထိုစာချုပ်၏စည်းကမ်းချက် အရပ်ရပ် အနက် စည်းကမ်းချက်တစ်ရပ်မှာ နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)နှင့်တကွ ➤➤

➢➢ မွတ်စ်လင်မ်များသည် ယခုနှစ် "အုမ်ရဟ်" မပြုဘဲ ပြန်ကြရမည်။ နောက်နှစ်တွင် မက္ကာမြို့သို့ လာရောက်၍ အုမ်ရဟ်ပြုနိုင်ကြသည် ဟူ၍ဖြစ်သည်။

နဗီတမန်တော်နှင့် သာဝကကြီးများသည် စာချုပ်ပါ စည်းကမ်းချက်အရ အုမ်ရဟ်မပြုဘဲ မဒီနာမြို့သို့ ပြန်ခဲ့ကြလေသည်။ "ဟုဒိုင်ဗိယဟ်" စာချုပ်အကြောင်း အကျယ်ကို "စီရတုအစ်မ်နိဟိရှာမ်" ကျမ်းတွင်ရှုပါကုန်။

အဆိုပါ စာချုပ်အရ နဗီတမန်တော်မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) နှင့်တကွ သာဝကကြီးများသည် ဟစ်ဂျ်ရီ (၇) ခုနှစ်တွင် မက္ကာမြို့သို့ သွားရောက်၍ "အုမ်ရဟ်" ပြုရန်စီစဉ်ကြ၏။ ထိုအခါ အချို့သာဝကကြီးများ၏စိတ်တွင် အရစ်ကာဖိရ်များသည် စာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး မွတ်စ်လင်မ်တို့အား တားဆီးကြမည်။ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြမည်ဟူ၍ စိုးရိမ်မှုဖြစ်ပေါ်လာလေ၏။

အကယ်၍ အရစ်ကာဖိရ်တို့က စတင်တိုက်ခိုက်ခဲ့သည် ရှိသော် မွတ်စ်လင်မ် များသည် စစ်မတိုက်ချင်ဘဲလျက် စစ်တိုက်ကြရပေမည်။ မွတ်စ်လင်မ်တို့သည် စစ်မတိုက်ရန် မြစ်တားထားသောလများတွင် အထူးသဖြင့် အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော် ပရဝုဏ်အတွင်း၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို လုံးဝမလိုလားကြပေ။

ထိုကဲ့သို့ မွတ်စ်လင်မ်များ ပူပန်သောက ဖြစ်နေကြသောအခါ၌ အလ္လာဟ်အရှင်မြတ်သည် ကျူးကျော်စော်ကားမှု အမျိုးမျိုးကို ခံနေကြရသော မွတ်စ်လင်မ်များအား ကျူးကျော်စော်ကားလျက်ရှိသော ကာဖိရ်တို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် ဤမုကွပါဋ္ဌတော်ကို မဒီနာမြို့တွင် ဦးစွာပဌမ ထုတ်ပြန်ပို့ချတော်မူလေသည်။ ကြည့်-အလ်မနာရ်ကျမ်း၊ ကဗီရ်ကျမ်း။

အစ္စလာမ်သမိုင်းတွင် အထူးကျော်ကြားခဲ့သော စစ်ပွဲကြီးသုံးပွဲမှာ (၁) ဗဒ်ရ်စစ်ပွဲ၊ (၂) အိုဟွဒ်စစ်ပွဲ၊ (၃) အဟ်ဇာဗ်စစ်ပွဲ များပင်ဖြစ်သည်။

ဖော်ပြပါ စစ်ပွဲသုံးပွဲ ဖြစ်ပွားရာဌာနကို ချင့်ချိန်စဉ်းစား ဆင်ခြင်ကြည့်သည်ရှိသော် မည်သူက မည်သူ့အား စတင်တိုက်ခိုက် ကျူးကျော်သည်ကို ကောင်းစွာ သိနိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် ဟစ်ဂျ်ရီ ၂-ခုနှစ်၊ ဆွဖရ်လ ၁၂-ရက်နေ့တွင် ကာဖိရ်တို့၏ ကျူးကျော်စော်ကားခြင်း ခံနေကြရသော မွတ်စ်လင်မ်တို့အား ပြန်လည်ခုခံ ကာကွယ်တိုက်ခိုက်ရန် စတင် ခွင့်ပြုတော်မူသည့်အကြောင်းကို "မဝါဟိဗ် လဒ္ဒန်နီယတ်" ကျမ်းနှင့် ဇုရ်ကာနီကျမ်းတွင် တွေ့ရှိရပေသည်။

ခုခံကာကွယ်တိုက်ခိုက်ရန် မွတ်စ်လင်မ်တို့အား ခွင့်ပြုတော်မူခြင်းနှင့် စပ်လျဉ်း၍ ဦးစွာပဌမ ထုတ်ပြန်ပို့ချတော်မူသော မုကွပါဋ္ဌတော်သည် ကုရ်အာန်ကျမ်းလာ မုကွပါဋ္ဌတော် (၂၂း၃၉) ဖြစ်သည်ဟု အေမာမ်ဇုဟ်ရီ သခင်ကဆိုသည်။

အီဗ်နုကျဳရိရ် သခင်ကမူ ယင်းမုကွပါဋ္ဌတော်သည် ကုရ်အာန်ကျမ်းလာ မုကွပါဋ္ဌတော် (၂း ၁၉၀) ဖြစ်သည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါမုကွပါဋ္ဌတော် ၂-ပုဒ်ကို စဉ်းစားဆင်ခြင်သည်ရှိသော် မွတ်စ်လင်မ်တို့အား မိမိတို့ကို စတင်တိုက်ခိုက်သူများအား ပြန်လည်ခုခံ ကာကွယ်တိုက်ခိုက်ရန် ခွင့်ပြုထားတော်မူခြင်းမှာ ထင်ရှားလှပေသည်။ ကြည့် - စီရတွန်နဗီ၊ ပဌမတွဲ။ စာမျက်နှာ (၂၈၆-၂၈၇)။

وَاقْتُلُوهُمْ حَيْثُ ثَقِفْتُمُوهُمْ وَأَخْرِجُوهُم مِّنْ حَيْثُ أَخْرَجُوكُمْ وَالْفِتْنَةُ أَشَدُّ مِنَ الْقَتْلِ ۚ وَلَا تُقَاتِلُوهُمْ عِندَ الْمَسْجِدِ الْحَرَامِ حَتَّىٰ يُقَاتِلُوكُمْ فِيهِ ۖ فَإِن قَاتَلُوكُمْ فَاقْتُلُوهُمْ ۗ كَذَٰلِكَ جَزَاءُ الْكَافِرِينَ ﴿١٩١﴾

၁၉၁။ ထို့ပြင်တဝ အသင်တို့သည် ထိုကာဖိရ်မိစ္ဆာဒိဋ္ဌိတို့အား တွေ့ဆုံဖမ်းဆီးမိရာအရပ်၌ သုတ်သင်ရှင်းလင်း ကြကုန်လော့။ ထို့ပြင်တဝ ထိုကာဖိရ်တို့က အသင်တို့အား (မက္ကာမြို့တော်မှ) နှင်ထုတ်သကဲ့သို့ အသင်တို့သည်လည်း ထိုကာဖိရ်တို့အား (မက္ကာမြို့တော်မှ) နှင်ထုတ်ကြကုန်။ [၁] အမှန်သော်ကား (သာသနာရေးဌ်) ညှဉ်းဆဲနှိပ်စက် နှောင့်ယှက်ခြင်းသည် သတ်ဖြတ်ခြင်းထက်ပင် ပိုမို၍ဆိုးရွားလှ၏။

သို့ဖြစ်ငြားလည်း "မတ်စ်ဂျိဒ် ဟရာမ်" ခေါ် ရိုသေမြတ်နိုးအပ်သော (အလ္လာဟ် အရှင်မြတ်၏) ကျောင်းတော်ပါး၌ ထိုကာဖိရ်တို့က အသင်တို့အား စတင်မတိုက်ခိုက်သမျှ ကာလပတ်လုံး အသင်တို့သည်ငင်းတို့အား မတိုက်ခိုက်ကြကုန်လင့်။ အကယ်၍ ထိုကာဖိရ်တို့သည် အသင်တို့အား စတင်တိုက်ခိုက်ကြပါမူ အသင်တို့သည်ထိုသူတို့အား တုံ့ပြန်တိုက်ခိုက်ကြလေကုန်။

ဤသည်ပင် ကာဖိရ်တို့အား အပြစ်ဒဏ်ပေးခြင်းပင်ဖြစ်သည်။

---

① (ထိုကာဖိရ် မိစ္ဆာဒိဋ္ဌိတို့က အသင်တို့အား နှင်ထုတ်သကဲ့သို့ အသင်တို့ကလည်း ထိုမိစ္ဆာဒိဋ္ဌိတို့အား နှင်ထုတ်ကြကုန်ဟူ၍ ကုရ်အာန်ကျမ်းမြတ်တွင် အမိန့်တော်လာရှိသည်နှင့်အညီ) နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ကျောင်းတော်ပရဝုဏ်မှ မုရှ်ရစ်က်အာလုံးတို့ကို နှင်ထုတ်တော်မူခဲ့၏။ ထို့ပြင် နဗီတမန်တော်သည် ထိုမိစ္ဆာဒိဋ္ဌိတို့ကို မဒီနာမြို့တော်မှလည်း နှင်ထုတ်တော်မူခဲ့၏။ ၎င်းနောက် အာရေဗျတိုင်းပြည်တွင် (မှန်ကန်သော ဘာသာနှင့် မမှန်ကန်သော) ဘာသာနှစ်ရပ်သည် အတူမရှိနိုင်ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူခဲ့လေသည်။

တဖ်စီရ်ဖခ်ရ်ဒီန်ရာဇီ။

ယနေ့ထက်တိုင် အလ္လာဟ်အရှင်မြတ်၏ကျောင်းတော်ပရဝုဏ်နှင့် "ဟရမ်" ဟု သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ကာဖိရ်များ နေနိုင်ခွင့်မရှိသည်မှာ မျက်မြင်ပင်ဖြစ်ချေသည်။

فَإِنِ انْتَهَوْا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٩٢﴾

၁၉၂။ သို့သော် အကယ်၍သာ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သွေဖည်ခြင်း၊ မွတ်စ်လင်မ်တို့အားညှဉ်းဆဲခြင်းနှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းတို့ကို) ရပ်စဲခဲ့ကြပါလျှင် [၁] မုချဧကန် အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုဒုစရိုက်တို့ကို)အဖန်တလဲလဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ (သတ္တဝါအပေါင်းတို့အား) မပြတ်မစဲ သနားကြင်နာညှာတာတော်မူသောအရှင်ဖြစ်တော်မူလေသတည်း။

وَقَٰتِلُوهُمْ حَتَّىٰ لَا تَكُونَ فِتْنَةٌ وَيَكُونَ الدِّينُ لِلَّهِ فَإِنِ انْتَهَوْا فَلَا

၁၉၃။ ထို့ပြင်တဝ အသင်တို့သည် သာသနာရေးညှဉ်းပန်းမှု လုံးဝပပျောက်၍ သာသနာသည် အလ္လာဟ်အရှင်မြတ်အဘို့သာ [၂] ဖြစ်သွားသည့် တိုင်အောင် (ဝါ) (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုသာလျှင် လိုက်နာလာကြသည့် တိုင်အောင်) ထိုသူတို့နှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်လော့။

---

① "ထိုကာဖိရ်များသည် အကယ်၍ ရပ်တန့်ကြပါလျှင်" (ဝါ) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သွေဖည်ခြင်းမှငင်း၊ စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှငင်း၊ (ရပ်တန့်ကြပါလျှင်)။

ဆိုလိုသည်ကား ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို လိုလားကြပါလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သွေဖယ်ခြင်းမှ ရပ်တန့်ကြရမည်။ မိမိတို့ ကျူးလွန်ခဲ့သမျှ မကောင်းမှုဒုစရိုက်တို့ကို အလ္လာဟ်အရှင်မြတ်၏ထံတော်၌ ဝန်ချတောင်းပန် အသနားခံ၍ အစ္စလာမ်သာသနာတော်ကို ဦးလည်မသုံ လက်ခံနာယူကြရမည်။ မွတ်စ်လင်မ်တို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကိုလည်း ရပ်စဲကြရမည်ဟူလို။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံပါက လွတ်ငြိမ်းချမ်းသာခွင့်ရမည့် အကြောင်း ကုရ်အာန်ကျမ်းမြတ် (၈း၃၈)တွင် မိန့်ဆိုထားတော်မူ၏။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို မနာခံပါက ငရဲသို့ လားမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၅း၇၁)တွင် မိန့်ဆိုထားတော်မူ၏။

ကြည့် – အီဗ်နုကျရီရ်၊ မအာလိမွတ်တန်ဇီလ်။

အချို့ကျမ်းများတွင် ဤမူကိုပါဠိတော်နှင့် စပ်လျဉ်း၍ ကာဖိရ်များသည် အကယ်၍ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ ရပ်တန့်ကြလျှင် (ဝါ) ရပ်တန့်ရုံမျှဖြင့် အလ္လာဟ် အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို ခံစားကြရမည်ဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဤစကားသည် အမှားစင်စစ်ဖြစ်၏။

② အစ္စလာမ်သာသနာသည် ကမ္ဘာအဝှန်းအတွက် ဖြစ်၏။ ကမ္ဘာအဝှန်းတွင် ပျံ့နှံ့လျက်ရှိ၏။ ကမ္ဘာအဝှန်းတွင် ပျံ့နှံ့လျက်ရှိသောကမ္ဘာမွတ်စ်လင်မ်များ တစ်နေရာတစ်ဌာနတွင်စုဝေးနိုင်ရန်အလို့ငှာ ဗဟိုဌာနတစ်ခုသည် မုချရှိအပ်၏။ ထိုဌာနသည်အစ္စလာမ်သာသနာတော်၏ စံပြဌာနဖြစ်ရပေမည်။ ထိုဌာနတွင်တဆူတည်းသော ➤➤

عُدْوَانَ إِلَّا عَلَى الظَّٰلِمِينَ ﴿١٩٣﴾

သို့ရာတွင် အကယ်စင်စစ် ထိုသူတို့သည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို ရပ်စဲကြပါမူ ကျူးလွန်နှိပ်စက် ညှဉ်းပန်းသူတို့မှတပါး အခြားသူတို့ အပေါ်ဝယ် မည်သို့မျှ ကျူးကျော်စော်ကား (တုံ့ပြန်သတ်ဖြတ်)ရန် အကြောင်းမရှိပေ။

➤➤ အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရပေမည်။ အစ္စလာမ်နှင့် ဆန့်ကျင်သည့်၊ အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းဆိုမှု၊ ရှစ်ရဂ်အခြားအရာများကို ယှဉ်တွဲကိုးကွယ်မှုစသည်တို့သည် အလျင်းမရှိအပ်ပေ။

ကမ္ဘာ့မွတ်စ်လင်မ်တို့၏ ဗဟိုဌာနအဖြစ် နဗီတမန်တော် မုဟမ္မဒ်(ဆွတ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) မွေးဘွားတော်မူရာဌာန၊ အစ္စလာမ်သာသနာတော်ကို လက်တွေ့ကျင့်သုံးပြတော်မူရာဌာန၊ အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ရှိရာဌာန၊ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူရာဌာနဖြစ်သော အရဗ်တိုင်းပြည်ထက် ပိုမိုသင့်မြတ်သောဌာနသည် အဘယ်မှာလျှင်ရှိနိုင်အုံနည်း။ ကြည့်- မာဂျိဒီ

အစ္စလာမ်သာသနာတော်၏ စံပြဌာနတွင် အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ပရဂုဏ်အတွင်း၌ အလ္လာဟ်အရှင်မြတ်အား ကြည်ညိုမြတ်နိုးသော မွတ်စ်လင်မ်တို့ကို ဒုက္ခပေးခြင်း၊ ညှင်းဆဲခြင်း၊ ဥစ္စာပစ္စည်းသိမ်းယူခြင်း၊ အသက်စည်းစိမ်တို့ကိုရန်ရှာခြင်း၊တိုင်းပြည်မှနှင်ထုတ်ခြင်း၊ ရောင်တိမ်းနေသောမြို့ရွာများသို့ လိုက်လံ၍ဒုက္ခပေးခြင်း၊ မွတ်စ်လင်မ်တို့အား အဓမ္မနည်းဖြင့် မိမိတို့ဘာသာအတွင်းသို့ ပြန်လည်သွတ်သွင်းခြင်း၊ သာသနာတော်အရေးနှင့် စပ်လျဉ်း၍ ဤရွေ့ဤမျှ အနှောက်အယှက်ပေးခြင်းတို့သည် အဘယ်မျှဆိုးရွားသည်ကို သူ-ငါအများသိနိုင်ပေသည်။

ဤသည်ကိုပင် ကုရ်အာန်ကျမ်းမြတ်က ယင်းကဲ့သို့ သာသနာတော်အရေးနှင့် စပ်လျဉ်း၍ ညှဉ်းဆဲခြင်းသည် သတ်ဖြတ်ခြင်းထက်ပင် ပိုမိုဆိုးရွားလှပေသည်ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ သာသနာတော်ထိမချိအောင်နာသည်မှာ မှန်ကန်လှ၏။

ဖော်ပြပါ အကြောင်းများကြောင့် ကမ္ဘာ့မွတ်စ်လင်မ်တို့၏ဗဟိုဌာနတွင် သာသနာရေးလွတ်လပ်မှုရရှိစိမ့်သောငှာ သာသနာတော်အရေးနှင့် စပ်လျဉ်း၍ မွတ်စ်လင်မ်တို့အား အမျိုးမျိုးညှဉ်းဆဲလျက်ရှိသော ကာဖိရ်၊ မွတ်ရ်ရစ်က် မိစ္ဆာဒိဋ္ဌိတို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း၊ ယင်းသူတို့အား အစ္စလာမ်ဗဟိုဌာနမှ နှင်ထုတ်ခြင်းသည် မလွဲမရှောင်သာသော ကိစ္စတစ်ရပ်ပင်ဖြစ်ချေသည်။

ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်က သာသနာတော်ရေးနှင့်စပ်လျဉ်း၍ ညှဉ်းဆဲမှုပပျောက်၍ သာသနာတော်သည် အလ္လာဟ်အရှင်မြတ်အတို့သာ ဖြစ်လာသည့်တိုင်အောင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြကုန်ဟူ၍ ကုရ်အာန်ကျမ်းလာ ဤမုကွပါဠ်တော် (၂:၁၉၃)တွင် မိန့်ဆိုထားတော်မူသည်။ ဤအကြောင်းကို ကုရ်အာန် (၂၂:၃၉-၄၀)တွင်လည်း တနည်းဖော်ပြထားတော်မူသည်။

اَلشَّهْرُ الْحَرَامُ بِالشَّهْرِ الْحَرَامِ وَالْحُرُمٰتُ قِصَاصٌ ؕ فَمَنِ اعْتَدٰى عَلَيْكُمْ فَاعْتَدُوْا عَلَيْهِ بِمِثْلِ مَا اعْتَدٰى عَلَيْكُمْ ۪ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ مَعَ الْمُتَّقِيْنَ ﴿۱۹۴﴾

၁၉၄။ ထူးမြတ်သော လ(ကို လေးစားခြင်း)သည် ထူးခြားသော လ(ကိုလေးစားခြင်း)အပေါ်၌ တည်ရှိပေသည်။ [၁] ထိန်းသိမ်းစောင့်ရှောက် ရိုသေမြတ်နိုး အပ်သောအရာများသည် အပြန်အလှန် တုံ့ပြန်အပ်သော အရာများသာဖြစ်ချေသည်။ သို့ဖြစ်လေရာ အကြင်သူသည် (ထူးမြတ်သောလကို မလေးစားဘဲလျက်) အသင်တို့ကို စတင်ကျူးကျော် စော်ကားပါမူ ထိုသူက အသင်တို့ကို ကျူးကျော်စော်ကားသကဲ့သို့ အသင်တို့သည်လည်း ထိုသူအား တုံ့ပြန်၍ လက်စားချေကြကုန်လော့။ [၂] သို့ရာတွင် အသင်တို့သည် အမြဲမပြတ် အလ္လာဟ်အရှင်မြတ်ကိုကြောက်ရွံ့ရိုသေခန့်ညားကြကုန်။ ၎င်းပြင် အသင်တို့သိထားကြကုန်၊ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် (မိမိအား) ကြောက်ရွံ့ရိုသေ ခန့်ညားသောသူများနှင့်အတူ ရှိတော်မူသည်။

---

① အမိုက်ခေတ်တွင် အရဗ်လူမျိုးများသည် မပြောပလောက်သော သာမန်ကိစ္စကလေးများကို အကြောင်းပြု၍ အချင်းချင်းစစ်မက်ပြိုင်ဆိုင် တိုက်ခိုက်လေ့ရှိကြကုန်၏။ သို့ပင်တစေယင်း အရဗ်တို့သည် တစ်နှစ်လျှင် လေးလတိုင်တိုင် စစ်မတိုက်ဘဲ အေးချမ်းစွာ နေထိုင်ကြကုန်၏။ ကြည့်-ကုရ်အာန် (၉း၃၆)

စစ်မတိုက်ရန် သတ်မှတ်ထားသောလများမှာ (၁) မိုဟရ်ရမ်လ၊ (၂) ရဂျဗ်လ၊ (၃) ဇူလ်ကအ်ဒဟ်လ၊ (၄) ဇူလ်ဟစ်ဂျ်ဂျဟ်လ များဖြစ်သည်။ ဤမုဟ္မဒ်ပါဒ်တော်တွင် ပါရှိသည့် ထူးမြတ်သောလဟူသည် ဟစ်ဂျ်ရီသက္ကရာဇ် (၇) ခုနှစ်၊ ဇူလ်ကအ်ဒဟ်လကို ရည်ညွှန်းသည်။ ထိုလတွင် နဗီတမန်တော်မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝဓလ္လမ်)နှင့်တကွ သာဝကကြီးများသည် ဟုဒိုင်ဗိယဟ် စာချုပ်အရ အေးချမ်းစွာ "အုမ်ရဟ်" ပြုရန်အလို့ငှါ မဒီနာမြို့မှ မက္ကာမြို့သို့ ထွက်ခွာလာခဲ့ကြ၏။ သို့ရာတွင် မက္ကာမြို့ရှိ ကာဖိရ်မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့ကိုယ်တိုင် ချုပ်ဆိုထားသော ထိုစာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး "အုမ်ရဟ်" ပြုရန် လာကြသော မွတ်စ်လင်မ်တို့အား စတင်တိုက်ခိုက်ကြလေသည်။

ထို့အတွက်ကြောင့် ရိုသေမြတ်နိုးအပ်သောလများကို လေးစား၍ စစ်မတိုက်ခိုက်ခြင်းကိစ္စသည် တစ်ဘက်သားများက ထိုလများကိုလေးစားသကဲ့သို့ အခြားတစ်ဖက်သားများ၏ လေးစားခြင်းအပေါ်၌ တည်ရှိနေကြောင်း ဤမုဟ္မဒ်ပါဒ်တော် (၂း ၁၉၄)တွင် ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

နှစ်ဦးနှစ်ဘက် ချုပ်ဆိုထားသော စာချုပ်တစ်ခုသည် ထိုစာချုပ်ပါ စည်းကမ်းချက်များကို နှစ်ဦးနှစ်ဘက်လုံး လိုက်နာသည်နှင့်အမျှ တည်ရှိပေမည်။ တစ်ဘက်ဘက်မှ စာချုပ်ပါစည်းကမ်းချက် ➤➤

وَأَنفِقُوا۟ فِى سَبِيلِ ٱللَّهِ وَلَا تُلْقُوا۟ بِأَيْدِيكُمْ إِلَى ٱلتَّهْلُكَةِ ۛ وَأَحْسِنُوٓا۟ ۛ إِنَّ ٱللَّهَ يُحِبُّ ٱلْمُحْسِنِينَ ﴿١٩٥﴾

၁၉၅။ ထို့ပြင်တဝ အသင်တို့သည် (မိမိတို့၏ဥစ္စာပစ္စည်းများကို) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လှူဒါန်းပေးကမ်း စွန့်ကြဲကြလေကုန်။ အသင်တို့သည် (မိမိတို့ကိုယ်ကို) *မိမိတို့လက်များဖြင့် ပျက်စီးရာပျက်စီးကြောင်းကို မပြုလုပ်ကြကုန်လင့်။* [၁] ထိုမှတပါး အသင်တို့သည် ကုသိုလ်တရားပွါးများရာ ပွါးများကြောင်းကိုသာ ပြုလုပ်ကြကုန်။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် ကုသိုလ်တရား ပွါးများသူတို့ကို နှစ်သက်တော်မူသည်။

➤➤ များကို ဖောက်ဖျက်သည်ရှိသော် ကျန်တစ်ဘက်သားများအပေါ်တွင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်တာဝန်မရှိပေ။

Ⓙ အရဗီစာပေ ဝေါဟာရတွင် များသောအားဖြင့် တုံ့ပြန်ခြင်း၊ လက်စားချေခြင်း၊ ချေပခြင်း အနက်သဘောကို ဖော်ရာ၌ မူလသုံးစွဲခဲ့သော ပုဒ်ကိုပင် ပြန်လည်သုံးစွဲလေ့ရှိသည်။ ဥပမာ ပြက်ရယ်ပြုခြင်းကို တုံ့ပြန်ရာတွင် ပြက်ရယ်ပြုခြင်းဟူသော မူလပုဒ်ကိုငင်း၊ ကြည့် - ကုရ်အာန် (၁း၁၄-၁၅) လှည့်ဖြားခြင်းကို တုံ့ပြန်ရာတွင် လှည့်ဖြားခြင်းဟူသော ပုဒ်ကိုငင်း၊ ကြည့် - ကုရ်အာန် (၂၇း၅၀) မကောင်းမှုကို ချေပရာတွင် မကောင်းမှုဟူသော စကားကိုငင်း၊ ကြည့်-ကုရ်အာန် (၄၂း၄၀)၊ သုံးထားသည်။ ဤနည်းအတိုင်းပင် ဤမုဏ္ဍပါဠိတော် (၂း၁၉၄) တွင်လည်း စတင်ကျူးကျော်သူများအား တုံ့ပြန်ရာတွင် ကျူးကျော်စော်ကားသူအား ကျူးကျော်စော်ကားကြကုန် (၀၊) တုံ့ပြန်၍ လက်စားချေကြကုန်ဟူ၍ သုံးနှုန်းမိန့်ဆို ထားတော်မူခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် တုံ့ပြန်လက်စားချေရန်ခွင့်ပြုထားတော်မူသော မုဏ္ဍပါဠိတော်တိုင်းလိုလို၌ စည်းကမ်းမကျူးလွန်ရမည့်အကြောင်း၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ကိုင်းညွှတ်ရမည့်အကြောင်း၊ သို့ကြောက်ရွံ့ရိုသေ ကိုင်းညွှတ်သောသူများအား အလ္လာဟ်အရှင်မြတ်သည် ကူညီစောင့်ရှောက်တော်မူမည့်အကြောင်းနှင့် ကုသိုလ်တရားပွားများရမည့် အကြောင်းများကို မိန့်ဆိုထားတော်မူသည်။ ကြည့် - ကုရ်အာန် (၃း၁၉၀-၁၉၉။ ၄း၇၅-၇၆။ ၈း၁-၇။ ၉း၂၉-၃၆။ ၉း၁၁၁-၁၁၂။ ၂၂း၃၉-၄၁)။ ဤအချက်ကို စဉ်းစားဆင်ခြင်သည်ရှိသော် အစ္စလာမ်သာသနာရေးစစ်သည် မွတ်စ်လင်မ်တို့အား ရက်စက်ကြမ်းကြုတ်သောသူများ၊ ကျူးကျော်စော်ကားသူများ မဖြစ်စေလိုကြောင်း၊ သူမွန်သူမြတ်များသာ ဖြစ်စေလိုကြောင်း ထင်ရှားလှတော့၏။

Ⓘ <u>ထုတ်ပြန်ပို့ချတော်မူခြင်းအကြောင်း</u>

ဤမုဏ္ဍပါဠိတော် (၂း၁၉၅)ကို ထုတ်ပြန်ပို့ချခြင်းအကြောင်းနှင့် စပ်လျဉ်း၍ အဗူအိုင်ယူဗ် အန်ဆွာရီက အောက်ပါအတိုင်း ထုတ်ဖော်ပြောကြား၏။

အလ္လာဟ် အရှင်မြတ်၏ အလိုတော်ဖြင့် အစ္စလာမ် သာသနာတော် အင်အား ကြီးမား၍ အစ္စလာမ် သာသနာဝင်များ များပြားလာသောအခါ အချို့ အန်ဆွာရီများက "ငါတို့ပစ္စည်းများသည် ပျက်ပြားခဲ့ပေပြီ။ ယခုမူ အလ္လာဟ် အရှင်မြတ်၏ အလိုတော်ဖြင့် အစ္စလာမ် သာသနာတော်၏ အင်အားသည် ➤➤

وَأَتِمُّوا الْحَجَّ وَالْعُمْرَةَ لِلَّهِ

၁၉၆။ ထိုမှတပါး အသင်တို့သည် ဟဇ္ဇ် နှင့် အုမ်ရဟ်ကို အလ္လာဟ်အရှင်ကိုသာလျှင် ရည်စူး၍ ပြည့်စုံပြီးစီးအောင် ပြုကြလေကုန်။

➤➤ ကြီးမားလာချေပြီ။ သို့ဖြစ်ရာ ငါတို့သည် မိမိတို့၏စီးပွားရေးကို ပြန်လည်ထူထောင်ကြပြီး ယခင်က ပျက်စီးခဲ့သည်များကိုလည်း ပြုပြင်ရလျှင်ကောင်းပေမည်" ဟု အချင်းချင်း တိုင်ပင်နှီးနှောကြကုန်၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤမုကျွပါဠိတော် (၂း၁၉၅)ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ ကြည့် - (တစ်ရဲမိသီ)။

စစ်အရေးသည် တစ်မျိုးသားလုံး၏ အရေးဖြစ်သည်။ စစ်နှင့်ရင်ဆိုင်ရသောအခါ အမျိုး၊ ဘာသာ၊ သာသနာအတွက် အသက်စည်းစိမ်ဥစ္စာကိုပါ စွန့်လွှတ်၍ မိမိတို့၏ရန်ကို ကာကွယ်ခြင်းသည် တမျိုးသားလုံးအပေါ်၌ အကြီးဆုံးသော တာဝန်တရပ်ပင် ဖြစ်သည်။ အသက်စွန့်၍တိုက်သော စစ်သည်တော်များရှိ ငြားသော်လည်း ထိုစစ်သည်များအတွက် လိုအပ်သော စားနပ်ရိက္ခာ အစီးအနင်းနှင့် စစ်လက်နက်များကို အသင့်စုဆောင်းရန်အလို့ငှါ ငွေရေးကြေးရေး ပြည့်စုံစွာ မရှိပါလျှင် စစ်ရေး ရှုံးနိမ့်မည်သာဖြစ်သည်။ သို့ငွေရေး ကြေးရေးကြောင့် စစ်ရေးရှုံးနိမ့်သည်ရှိသော် သာသနာတော်နှင့်တကွ တမျိုးသားလုံး ပျက်စီးရချေမည်။ ဤသည့်အတွက်ကြောင့် ဤမုကျွပါဠိတော် (၂း၁၉၅)တွင် "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (ဥစ္စာပစ္စည်းများကို) လှူဒါန်းကြလေကုန်၊ အသင်တို့သည် (မလှူဒါန်းဘဲ၊ စစ်မတိုက်ဘဲ) မိမိတို့ကိုယ်ကို မိမိတို့လက်ဖြင့် ပျက်စီးရာ ပျက်စီးကြောင်း မပြုကြကုန်လင့်" ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

သာသနာတော်အရေးတွင် အသက်နှင့်တကွ ဥစ္စာပစ္စည်းကို လှူဒါန်းသောသူများသည် အလ္လာဟ်အရှင်မြတ်၏ထံတော်၌ ဂုဏ်သိရှိကြီးမားသောသူများ၊ လိုအင်ဆန္ဒ အဝဝနှင့် ပြည့်စုံအောင်မြင်သောသူများ ဖြစ်ကြောင်း ကုရ်အာန်ကျမ်းမြတ် (၉း၂၀။ ၆၁း၁၀-၁၃)တွင် မိန့်ဆိုထားတော်မူသည်။

⑥ ဟဇ္ဇ်သည် သုံးမျိုးသုံးစားရှိသည်။ (၁) "အစ်ဖ်ရာဒ်"
(၂) "ကိရာန်"
(၃) "တမတ္တုအ်"

"အစ်ဖ်ရာဒ်" ဟူသည် ဟဇ္ဇ်၏ နေ့ရက်များတွင် ဟဇ္ဇ်တခုတည်း ပြုခြင်းကိုဆိုလိုသည်။

"ကိရာန်" ဟူသည် ဟဇ္ဇ်၏နေ့ရက်များတွင် "အုမ်ရဟ်"နှင့်ဟဇ္ဇ်ကိုပူးပေါင်း၍ ပြုလုပ်ခြင်းကိုဆိုလိုသည်။ သို့ပူးပေါင်းပြုလုပ်ရာ၌ "အုမ်ရဟ်"နှင့် ဟဇ္ဇ်၏ စပ်ကြားတွင် "အိဟ်ရာမ်" ဝတ်ရုံကိုချွတ်၍ အကျိုးခံစားခွင့်မရှိချေ။

"တမတ္တုအ်" ဟူသည် ဟဇ္ဇ်၏စပ်ကြားတွင် အုမ်ရာဟ်နှင့်ဟဇ္ဇ်ကို ပူးပေါင်း၍ပြုလုပ်ခြင်းကို ဆိုလိုသည်။ သို့ပူးပေါင်းပြုလုပ်ရာ၌ အုမ်ရဟ်နှင့်ဟဇ္ဇ်၏စပ်ကြားတွင် အိဟ်ရာမ်ကိုချွတ်၍ အကျိုးခံစားခွင့်ရှိသည်။ ထို့နောက်တဖန် ဿလ်ဟစ်ဂျ်ဂျာ (၈)ရက်နေ့တွင် မက္ကာမြို့ရှိ "ဗလီ" ကျောင်းတော်မှစတင်၍ အိဟ်ရာမ်ကိုဝတ်ရုံပြီး အိစ်ဖ်ရာဒ်ဟဇ္ဇ် ပြုသူများကဲ့သို့ ဆက်လက်၍ ဟဇ္ဇ်ပြုရချေသည်။ ဟဇ္ဇ်နှင့် အုမ်ရဟ်၏ အသေးစိပ်အကြောင်းများကို ဟိဒါယတ်ကျမ်းတွင်ရှုပါ။

အစွမ်းသတ္တိသာသနာမထွန်းကားမီ အရပ်လူမျိုးတို့သည် ဟဇ္ဇ်ကို ပွဲလမ်းသဘင်တစ်ခုအနေနှင့် ပြုလုပ်ကြကုန်၏။ ထိုသူတို့သည် ဟဇ္ဇ်ကိုအကြောင်းပြု၍ စုရုံးကြ၏။ အချင်းချင်း ကူညီယိုင်ပင်းကြ၏။ ဈေးလိုက်သည့်အနေဖြင့် လိုရာပစ္စည်းများကို ဝယ်ယူကြ၏။ အလ္လာဟ်အရှင်မြတ်ကို ရည်စူး၍ သာသနာရေးကျင့်စဉ်တရပ်အနေနှင့် ဟဇ္ဇ်ပြုလုပ်ကြသည် မဟုတ်ပေ။ ဤမုကျွပါဠိတော် (၂း၁၉၆)တွင် ➤➤

فَإِنْ أُحْصِرْتُمْ فَمَا اسْتَيْسَرَ
مِنَ الْهَدْيِ ۚ وَلَا تَحْلِقُوا
رُءُوسَكُمْ حَتَّىٰ يَبْلُغَ الْهَدْيُ
مَحِلَّهُ ۚ فَمَنْ كَانَ مِنْكُمْ مَرِيضًا
أَوْ بِهِ أَذًى مِنْ رَأْسِهِ
فَفِدْيَةٌ مِنْ صِيَامٍ أَوْ صَدَقَةٍ
أَوْ نُسُكٍ ۚ فَإِذَا أَمِنْتُمْ فَمَنْ
تَمَتَّعَ بِالْعُمْرَةِ إِلَى الْحَجِّ فَمَا
اسْتَيْسَرَ مِنَ الْهَدْيِ ۚ فَمَنْ
لَمْ يَجِدْ فَصِيَامُ ثَلَاثَةِ أَيَّامٍ
فِي الْحَجِّ وَسَبْعَةٍ إِذَا رَجَعْتُمْ ۗ

သို့ရာတွင် အကယ်၍သာ အသင်တို့သည် (အကြောင်းတစ်စုံတစ်ခုကြောင့် မက္ကာမြို့တော်သို့) မရောက်နိုင်ကြပါမူ ကုရ်ဗာနီသားကောင်များအနက်မှ လွယ်လင့်တကူရရှိသော သားကောင်ကိုပင် (အလ္လာဟ်အရှင်မြတ်၏ နာမံတော်နှင့် ကုရ်ဗာန်ပြုကြကုန် လော့)။ ထို့ပြင်တဝ ကုရ်ဗာနီသားကောင်သည် [၃] မိမိ၏ ရောက်သင့်ရာစခန်းဖြစ်သော (မိနာ) သို့ မရောက်မီ ကာလအတွင်း အသင်တို့သည် မိမိတို့ ဦးခေါင်းများကို မရိတ်ကြနှင့်။ သို့ရာတွင် အသင် တို့အနက်မှ တစ်ဦးတစ်ယောက်သည် *နာမကျန်း ဖြစ်ခဲ့သော်၊* [၂] သို့တည်းမဟုတ် ထိုသူ၏ဦးခေါင်း၌ တစ်စုံတစ်ခုသော အနာရောဂါ စွဲကပ်ခဲ့သော် ထိုသူသည် ဥပုသ်သီတင်းဆောက်တည်ခြင်း အားဖြင့်သော် လည်းကောင်း၊ (သူဆင်းရဲတို့အား စားသောက် ဘွယ်ရာများကို) ပေးလှူခြင်းအားဖြင့် သော်လည်းကောင်း၊ (သားကောင်ကို အလ္လာဟ် အရှင်မြတ်၏ နာမံတော်ဖြင့်) လှီးဖြတ်ခြင်း အားဖြင့်သော် လည်းကောင်း အစားပေးကြရမည်။

➤➤ ဖော်ပြပါ မလျော်ကန်သော အမှုကိစ္စတို့ကို မပြုလုပ်ရမည့်အကြောင်း၊ အလ္လာဟ်အရှင်မြတ်ကို ရည်စူး၍ သာသနာရေး ကျင့်စဉ်တရပ်အနေဖြင့်သာ ဟဂ်ျပြုလုပ်ရမည့်အကြောင်း၊ မိန့်ဆိုထားတော်မူသည်။ ကြည့် (အဟိကာမွလ်ကုရ်အာန်ကျမ်း)။ ၎င်းပြင် အကြောင်းအားလျော်စွာ ဟဂ်ျပြုရာတွင် ရောင်းဝယ်ခြင်းကိုလည်း ခွင့်ပြုထားတော်မူသည်။ ကြည့် - ကုရ်အာန် (၂:၁၉၈)။

② "ဟဒ်ယ" ဟူသောစကားသည် "ဟဒ်ယတ်" ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ "ဟဒ်ယတ်" ၏ မူရင်းအဓိပ္ပါယ်မှာ လက်ဆောင်ဟူ၍ဖြစ်သည်။ ဤနေရာတွင် အလ္လာဟ်အရှင်မြတ်အား ရည်စူး၍ ကအ်ဗဟ်ကျောင်းတော်သို့ ပို့ဆောင်သော ကုရ်ဗာနီသားကောင်များကိုသာ ဆိုလိုသည်။ ကြည့် - (အဟ်ကာမုလ် ကုရ်အာန်ကျမ်း)။

③ အိဟ်ရာမ် ဝတ်ရုံကို ဝတ်ရုံထားသည့် အချိန်၌ ဟာဂျီတစ်ဦးသည် နာမကျန်းဖြစ်သည့် အတွက်ကြောင့်ဖြစ်စေ၊ ဦးခေါင်း၌ သန်းပေါများခြင်း၊ ဒက်ပေါက်ခြင်း၊ ဦးခေါင်း ကိုက်ခဲခြင်း . . . စသည့် ဝေဒနာ တစ်ခုခု စွဲကပ်သည့် အတွက်ကြောင့် အချိန်မကျရောက်မီ ဆံပင်ကို ရိတ်ဖြတ်ခဲ့ရသည် ရှိသော် သို့ဝတ္တရားပျက်ကွက်သည့်အတွက် ပြစ်ဒဏ်ဖြေရန်အလို့ငှါ ထိုဟာဂျီသည် ဆွိယာမ် ဥပုသ်သုံးရက် ➤➤

تِلْكَ عَشَرَةٌ كَامِلَةٌ ۗ ذٰلِكَ
لِمَنْ لَّمْ يَكُنْ اَهْلُهٗ حَاضِرِى
الْمَسْجِدِ الْحَرَامِ ۗ وَاتَّقُوا اللّٰهَ
وَاعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ
الْعِقَابِ ﴿١٩٦﴾

တဖန် အသင်တို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ စိတ်အေးချမ်းသာ ရှိကြသောအခါ အုမ်ရဟ်ကို ဟဂျ်နှင့်တွဲ၍ အကျိုးခံစားသူသည်လည်း ၃ မိမိတတ်စွမ်းနိုင်သော ကုရ်ဗာနီသားကောင်(ကို အလ္လာဟ်အရှင်မြတ်၏ နာမံတော်နှင့် လှီးဖြတ်ရပေမည်)။ သို့သော် ကုရ်ဗာနီသားကောင် မရရှိသောသူသည် ဟဂျ်ရက်များ အတွင်းတွင် သုံးရက်၊ (ဟဂျ်ပြုပြီး မိမိတို့မြို့ရွာများသို့) ပြန်လည် ရောက်ရှိသောအခါ ခုနစ်ရက် ဥပုသ်သီလ ဆောက်တည်ရမည်။ ဤသည် (သုံးရက်နှင့် ခုနစ်ရက်ပေါင်း) ဆယ်ရက်တိတိဖြစ်၏။ ထို(ကဲ့သို့ အုမ်ရဟ်နှင့် ဟဂျ်ကို ပေါင်းစပ်၍ပြုရန်) အမိန့်တော်သည် ရိုသေကိုင်းညွှတ် ထိုက်သော (ကအ်ဗဟ်) ဗလီကျောင်းတော်၏ အနီးအပါး [(ဝါ) မက္ကာမြို့တော်] ၌ အိမ်ထောင်သားစု မရှိသော (အရပ်တပါးမှ လာကြကုန်သော) သူတို့အဘို့သာ တည်း။ ထို့ပြင်တဝ အသင်တို့သည် (ဤအမိန့်တော်ရပ်များကို လိုက်နာ ကျင့်မူကြရာ၌) အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကာ ပြစ်မှုဒုစရိုက်များမှကြဉ်ရှောင်ကြကုန်လော့။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုကျူးလွန်သူတို့အား) ပြင်းပြစွာ အပြစ်ဒဏ်ပေးတော်မူမည့်အရှင် ဖြစ်တော် မူသည်ကို သင်တို့မှတ်ယူကြကုန်။

➤➤ ဆောက်တည်ရမည်။ သို့တည်းမဟုတ် ဆင်းရဲသား ဖ-ဦးတို့အား "ဆွဒ်ကဟ်ဖိတ်ရ်" ခန့်မှုပေးလှူရမည်။ သို့တည်းမဟုတ် ဆိတ်တကောင် ကုရ်ဗာနီပြု၍ ဆင်းရဲသားများအား ဝေပေးရမည်။ ကြည့် - ထာနဒီ။

③ အရပ်လူမျိုးတို့သည် အမိုက်ခေတ်တွင် ဟဂျ်အချိန်၌ ဟဂျ်နှင့်အုမ်ရဟ် ပူးတွဲဆောင်ရွက်ခြင်းကို အလွန်ဆိုးရွားသော အမှုကိစ္စတရပ်ဟူ၍ယူဆခဲ့ကြ၏။ ဤမုဟ္ဒပါဠ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့၏ ယူဆချက်ကို ပယ်ဖျက်တော်မူပြီးလျှင် ဟဂျ်နှင့် အုမ်ရဟ် ပူးပေါင်းပြုနိုင်ကြောင်း မိန့်ဆိုထားတော်မူသည်။

ဟဂျ်နှင့် အုမ်ရဟ် ပူးပေါင်း၍ ပြုလုပ်သော သူများသည် မုချ ကုရ်ဗာနီ ပြုကြရမည်။ ဟဂျ်တခုတည်း လုပ်သူအဖို့ငင်း ၊အုမ်ရဟ် သက်သက် လုပ်သူအဖို့ငင်း၊ ကုရ်ဗါနီပြုရန် တာဝန်မရှိပေ။ ➤➤

اَلْحَجُّ اَشْهُرٌ مَّعْلُوْمٰتٌ ۚ فَمَنْ
فَرَضَ فِيْهِنَّ الْحَجَّ فَلَا رَفَثَ
وَلَا فُسُوْقَ وَلَا جِدَالَ فِي الْحَجِّ ۗ
وَمَا تَفْعَلُوْا مِنْ خَيْرٍ يَّعْلَمْهُ
اللّٰهُ ۗ وَتَزَوَّدُوْا فَاِنَّ خَيْرَ
الزَّادِ التَّقْوٰى ۡ وَاتَّقُوْنِ

၁၉၇။ ဟဂ်ပြုလုပ်ရန်လများကား (အများ) သိရှိပြီးဖြစ်သော လများပင်ဖြစ်ချေသည်။ [၁] သို့ဖြစ်လေရာ အကြင်သူသည် ထိုလများ၌ ဟဂ်ပြုလုပ်ရန် စိတ်ပြဋ္ဌာန်းခဲ့ပါလျှင် ထိုသူသည် ဟဂ်အတွင်းတွင် (အိဟ်ရာမ် ဝတ်ရုံထားသည်အခါ၌ မေထုန်သံဝါသပြုလုပ်ရန်ဝေးစွ) ကာမဂုဏ်နှင့် သက်ဆိုင်သည့် ညစ်ညမ်းသော စကားကိုပင် အလျင်းမသုံးရ၊ မည်သည့် ဆိုးသွမ်းမှုကိုလည်း အလျင်းမပြုရ။ မည်သည့် ငြင်းခုံ ခိုက်ရန် ပွါးမှုကိုလည်း အလျင်းမပြုရ။ အမှန်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြကုန်သော မည်သည့်ကောင်းမှုကို မဆို သိရှိတော်မူလေသည်။

➤➤ ဟဂ်နှင့်အုမ်ရဟ် ပူးပေါင်းပြုလုပ်သော သူများသည် ငွေကြေး မတတ်စွမ်းနိုင်သည့် အတွက်ကြောင့်သော်၎င်း၊ အခြားအကြောင်း တစုခုကြောင့်သော်၎င်း ကုရ်ဗာနီ မပြုနိုင်ကြသည်ရှိသော် ထိုသူများသည် ဟဂ်နေ့ရက်များတွင် ၃-ရက်၊ ဟဂ်ကိစ္စအဝဝ ပြီးသောအခါ၌သော်၎င်း၊ နေရပ်ဌါနသို့ ပြန်လည်ရောက်ရှိကြသောအခါ၌သော်၄င်း၊ ၇ရက်၊ ပေါင်းဒသရက်တိတိ ဥပုသ်ဆောက်တည်ကြရမည်။

ဟဂ်နေ့ရက်များအတွင်း ၃ရက် ဆွိယာမ်ဥပုသ်ဆောက်တည်ရာတွင် နောက်ဆုံးဥပုသ်နေ့သည် သူလ်ဟဂ်လဂ္ဂရက်နေ့ ဖြစ်စေရမည်။ ကြည့်-ဟိဒါယဟ်ကျမ်း

ဟဂ်နှင့် အုမ်ရဟ်ပူးပေါင်းဆောင်ရွက်ခွင့်သည် မက္ကာမြို့တော်သူ မြို့တော်သားများ၊ မက္ကာမြို့နှင့် အနီးအနားနေသူများအတွက် မဟုတ်ချေ၊ (၀၊) "မီကာတ်" ဟူ၍ သတ်မှတ်ထားသော နယ်နိမိတ်အပြင်ဘက်တွင် နေထိုင်သူများ အဘို့သာဖြစ်ချေသည်။ ကြည့် - မာဂျီဒီ။

ⓒ ဟဂ်ပြုလုပ်ရန်အတွက် သတ်မှတ်ထားသောလများကား ထင်ရှားလှ၏။ အဘယ်ကြောင့်ဆိုသော် ဟဂ်သည် နဗီတမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)လက်ထက်တော်မှ စတင် ကျော်ကြားလာသည့်အတွက်ကြောင့်တည်း။ ဟဂ်ပြုလုပ်ရန် နေ့ရက်များသည် သတ်မှတ်ပြီးဖြစ်ရာ ထိုနေ့ရက်များကို ရွေ့ဆိုင်းခွင့်အလျင်းမရှိပေ။ ထိုလများမှာ (၁) ရှောဝါလ်၊ (၂) သူလ်ကအ်ဒဟ်လ။ (၃) သူလ်ဟစ်ဂျာ်လများ ဖြစ်ချေသည်။

ဟဂ်၏ အဓိကကျင့်စဉ်များကို သူလ်ဟစ်ဂျ်ဂျာ်လ၏ ဒုတိယ ရက်သတ္တပတ်တွင် လိုက်နာကျင့်သုံးရ၏။ သို့ရာတွင် ဟဂ်၏ပဏာမဖြစ်သော အိဟ်ရာမ်ဝတ်ရုံတော်ကိုမူ ဟာဂျီလောင်းများသည် ရှောဝါလ်လမှပင်စတင်၍ ဝတ်ရုံကြလေသည်။

အိဟ်ရာမ်ဝတ်ရုံတော်ကား အခြားမဟုတ်။ ဟဂ်နေ့ရက်များတွင် သတ်မှတ်ထားသော နေရာများ၌ ဟာဂျီလောင်းများ ဝတ်ရုံသည့် ချုပ်ရိုးမပါသော စင်ကြယ်သော ဝတ်ဖြူပိုင်းနှစ်ပိုင်းကို ဆိုလိုသည်။ ဟာဂျီလောင်းများသည် အိဟ်ရာမ်ဝတ်ရုံတော်ကို ဝတ်ရုံသည့်အချိန်မှစ၍ ဝတ်ရုံတော်ကို ချွတ်သည့် ➤➤

يَٰٓأُو۟لِى ٱلْأَلْبَٰبِ ﴿١٩٧﴾

ထိုမှတပါး အသင်တို့သည် (ဟဂျ်ပြုလုပ်ရန်) ခရီးထွက်ရာ၌) စားနပ်ရိက္ခာ (ခရီးစရိတ်) စသည်များကို (လုံလောက်စွာ) ဆောင်ယူကြကုန်လော့။ အမှန်စင်စစ် အမွန်မြတ်ဆုံးသော စားနပ်ရိက္ခာ (ခရီးစရိတ်)မှာ (ဒုစရိုက်မှုတို့မှ၎င်း၊ အကြောင်းမဲ့လက်ဖြန့်တောင်းရမ်း စားသုံးခြင်းမှ၎င်း) ကြဉ်ရှောင်ခြင်းပင်တည်း။ သို့အတွက်ကြောင့် အို-ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော နိသမ္မဉာဏ်ရှင်အပေါင်းတို့ အသင်တို့သည် ငါအရှင်မြတ်ကို ကြောက်ရွံ့ရိုသေခန့်ညားကြကုန်လော့။

➤➤ အချိန်ထိ အောက်ပါအတိုင်း "တလ်ဗိယဟ်" ကို ရွတ်ဆိုကြရ၏။

لبيك اللّٰهم لبيك لبيك لا شريك لك لبيك ٥ ان الحمد والنعمة لك والملك لا شريك لك

အဓိပ္ပါယ်

ရှေ့တော်မှောက်သို့ အသင့်ရောက်ရှိပါကြောင်း။ အို-အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ အသင့်ရောက်ရှိပါကြောင်း။ ကိုယ်တော်အရှင်မှာ ဂုဏ်ရည်တူအလျင်းမရှိပါ။ ရှေ့တော်မှောက်သို့ အသင့်ရောက်ရှိပါကြောင်း။ ချီးမွမ်းခြင်းအပေါင်းသည်၎င်း၊ ကျေးဇူးတော် အပေါင်းသည်၎င်း၊ နိုးပိုင်ခြင်းသည်၎င်း၊ ကိုယ်တော်အရှင်မြတ်အဘို့သာမုချဖြစ်ပါသည်။ ကိုယ်တော်အရှင်မြတ်မှာ တွဲဘက်ယှဉ်ဘက်ဟူ၍ အလျင်းမရှိပါ။

ဖော်ပြချက်

နှစ်စဉ်နှင့်အမျှ ကမ္ဘာ့အရပ်အရပ်မှ ထောင်ပေါင်းများစွာသော မွတ်စ်လင်မ်တို့သည် မက္ကာမြို့ရှိ ကာအ်ဗဟ်ကျောင်းတော်သို့ လာရောက်၍ ဟဂျ်ပြုကြကုန်၏။ သို့လာရောက်ဟဂျ်ပြုကြသော မွတ်စ်လင်မ်များတွင် လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်များ၊ အမျိုးသမီးများ၊ အမျိုးသားများ၊ စိတ်ဓါတ်နှုံးညံ့သိမ်မွေ့သူများ၊ စိတ်ဓါတ်ခက်ထန်သောသူများ၊ ဘုရင်၊ သမတ၊ အရာရှိ၊ သူဌေး၊ သူကြွယ်၊ ဆင်းရဲသား၊ ပညာရှိ၊ ပညာမဲ့၊ ကုန်သည် ပွဲစားအစရှိသည့် လူတန်းစားအားလုံးတို့သည် ပါဝင်ကြ၏။ သို့ဖြစ်ရာ ဟဂျ်သည် တိုင်းပြည်ပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံပါဝင်သော ကမ္ဘာ့မွတ်စ်လင်မ်ညီလာခံကြီးပင် ဖြစ်ချေသည်။

ဖော်ပြပါအတိုင်း ကမ္ဘာ့အရပ်ရပ်မှ ဘာသာစကား အမျိုးမျိုးပြောဆိုကြကုန်သော၊ အဝတ်အစား အမျိုးမျိုးဝတ်ဆင်ကြကုန်သော၊ လူတန်းစားအမျိုးမျိုး ပါဝင်ကြကုန်သော ကမ္ဘာ့မွတ်စ်လင်မ်တို့သည် ကာအ်ဗဟ် ကျောင်းတော်သို့ လာရောက်ကြသောအခါ၌ မိမိတို့အမြဲတစေ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများ မဝတ်ဆင်ရတော့ဘဲ အိဟ်ရာမ်ခေါ် ဝတ်ဖြူကို ဝတ်ဆင်ကြရကုန်၏။ ဝတ်ပြုရာတွင် မိမိတို့ အမြဲတစေပြောဆိုလေ့ရှိသော ဘာသာစကားများကိုစွန့်၍ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ဖြစ်သော ကုရ်အာန်ကျမ်းတော်လာစကား၊ [၀၊] အရဗီဘာသာစကားကိုသာလျှင် သုံးစွဲကြကုန်၏။ ကမ္ဘာ့အရပ်ရပ်မှ လာကြကုန်သော မွတ်စ်လင်မ်များတွင် လူတန်းစားအမျိုးမျိုး ပါဝင်ကြလင့်ကစား ဟဂျ်ပြုရာတွင် လူတန်းစားခွဲခြားမှု အလျင်းမတွေ့ရှိရပေ။ ➤➤

لَيْسَ عَلَيْكُمْ جُنَاحٌ أَنْ تَبْتَغُوا فَضْلًا مِّنْ رَّبِّكُمْ ۚ فَإِذَا أَفَضْتُم مِّنْ عَرَفَٰتٍ

၁၉၈။ (ဟဂ်အချိန်တွင်) အသင်တို့သည် မိမိတို့အား မွေးမြူတော် မူသော အရှင်မြတ် အထံတော်မှ အသင်တို့အတို့ သတ်မှတ် (ပြဋ္ဌာန်းထားတော်မူသော) စီးပွားကို [၁] ရှာဖွေကြသည့်အတွက် အသင်တို့အပေါ်၌ တစုံတရာ အပြစ်မရှိချေ။

➤➤ ကမ္ဘာ့အရပ်ရပ်မှ ဤမျှများပြားလှသော မွတ်စ်လင်မ်များ တနေရာတဌာနတွင် စုရုံးရာ၌ [ဖရုသဝါစာ] ကြမ်းကြုတ်သော စကားတခွန်းတပါဒမျှ မပြောကြရပေ။ အချင်းချင်း တဦးနှင့်တဦး ခိုက်ရန်ဒေါသ မဖြစ်ကြရပေ၊ ဟဂ်သည် အလွှာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုး၍ လိုက်နာပြုကျင့်ရသော အစွမ်းသာသနာ့ ကျင့်စဉ် တရပ်ဖြစ်ပေရာ အိဟ်ရာမ်ဝတ်ရုံတော်ကို ဝတ်ဆင်ထားသည့်အခါ၌ မိမိတို့၏ သားမယားတို့နှင့် မေထုန်သံဝါသ ပြုရန်ကိုဝေးစွ၊ ကာမဂုဏ်နှင့်စပ်လျဉ်းသော စကားကိုပင်အလျင်းမပြောကြရပေ။ အခြားအချိန်များတွင် အချို့ပြုလုပ်ပိုင်ခွင့်ရှိသော ကိစ္စများကိုပင်လျှင် အလွှာဟ်အရှင်မြတ်၏ ကျောင်းတော်ပရဝုဏ်အတွင်း၌ ထွဋ်မြတ်သောလများတွင် မပြုလုပ်ကြရချေ။ ဟဂ်ကျင့်စဉ်ကား ကောင်းမွန်မြင့်မြတ်လှပါဘိတကား။

① ဤမုဏ္ဍပါဠိတော်တွင်ပါရှိသော "ဖွသွိလ" ဟူသောပုဒ်၏ အနက်သဘောမှာ စီးပွားဥစ္စာပင်ဖြစ်သည်။ ဤအရာ၌ အများမုဖတ်စ်စစ်ရ် အဋ္ဌကထာရှင်များ အဆိုညီကြလေသည်။ ကြည့်-ဂျဆွဆွာဆွ်။

အစွမ်းသာသနာသည် လောကုတ္တရာရေးရာ အကျိုးတရားများကို ညွှန်ကြားသကဲ့သို့ လောကီရေးရာ အကျိုးတရားများကိုလည်း ညွှန်ကြားပေသည်။ အစွမ်းသာသနာ၏ ကျင့်စဉ်များဖြစ်သော ဆွလာတ်၊ ဆွိယာမ်၊ ဇကာတ် စသည်တို့တွင် လောကုတ္တရာရေးရာ အကျိုးတရားများနှင့်တကွ လောကီရေးရာ အကျိုးတရားများကို ဒွန်တွဲတွေ့ရှိရသကဲ့သို့ ဟဂ်ပြုရာတွင်လည်း လောကုတ္တရာရေးရာ အကျိုးတရားများနှင့်တကွ လောကီရေးရာ ဆိုင်ရာအကျိုးတရားများကိုလည်း တွေ့ရှိရပေသည်။

ကမ္ဘာ့ မွတ်စ်လင်မ်တို့သည် ဟဂ်ပြုခြင်းအားဖြင့် လောကုတ္တရာအကျိုး အမျိုးမျိုးကို ခံစားကြရသည်သာမက လောကီရေးအားဖြင့် ကမ္ဘာ့မွတ်စ်လင်မ် ချစ်ကြည်ရေး၊ ညီညွတ်ရေး၊ စည်းရုံးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကမ္ဘာ့ဗဟုသုတစသည့် အကျိုးတရားများကို လက်တွေ့ခံစားကြရပေသည်။

ဘာသာရေးနှင့် ကူးသန်းရောင်းဝယ် ဖောက်ကားမှုသည် ဆန့်ကျင်သောကိစ္စနှစ်ရပ်ဟု မှတ်ယူကာ အချို့သူများသည် ဟဂ်ပြုရာတွင် ကူးသန်းရောင်းဝယ် ဖောက်ကားမှုပြုက ဟဂ်ပင် အထ မမြောက်ဟူ၍ပင် မှတ်ယူကြ၏။ ဤကား မမှန်ပေ။

အစွမ်းသာသနာမထွန်းကားမီ အမှောင်ခေတ်တွင် အုကာဇ်၊ မဂျန်နဟ်၊ ဇုလ်မဂျာဇ် စသည်ဖြင့် ဈေးများရှိခဲ့၏။ ဟဂ်အချိန်တွင် ရောင်းဝယ်ဖောက်ကားမှုကို (အရဗ်မိန္ဓာဒိဋ္ဌိတို့သည်) အပြစ်ဟူ၍ မှတ်ယူခဲ့ကြ၏။ ထိုအခါ အလွှာဟ်အရှင်မြတ် ထံတော်မှ ဟဂ်အချိန်တွင် ရောင်းဝယ်ဖောက်ကားမှု ပြုခြင်းသည် အပြစ်မရှိကြောင်း မုဏ္ဍပါဠိတော်ကျရောက်လာ၏။ ကြည့်-ဗုခါရီကျမ်း။

အစွမ်းသာသနာ၏ ကျင့်စဉ်များအနက် ဇကာတ်၊ ဟဂ်၊ ဂျိဟာဒ်စသည့် ကျင့်စဉ်များသည် စီးပွားရေးနှင့် စပ်ဆက်လျက်ရှိပေသည်။ ကုရ်အာန်ကျမ်းမြတ်တွင်လည်း များစွာသော နေရာများ၌ စီးပွားရေးကို ရှာကြံရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ကြည့်-ကုရ်အာန် (၆၂း၁၀။ ၇၃း၂၀) ➤➤

فَاذْكُرُوا اللَّهَ عِنْدَ الْمَشْعَرِ الْحَرَامِ ۖ وَاذْكُرُوهُ كَمَا هَدَاكُمْ ۚ وَإِنْ كُنْتُمْ مِنْ قَبْلِهِ لَمِنَ الضَّالِّينَ ﴿١٩٨﴾

တဖန် အသင်တို့သည် "အရဖာတ်" [၁] မှ အစုလိုက်ပြန်လာကြသောအခါ မရှ်အရိဟရာမ် [၂] အနီးအပါးတွင် အလ္လာဟ်အရှင်မြတ်ကို တသကြကုန်။ အသင်တို့သည် ထိုအရှင်က အသင်တို့ကို ညွှန်ကြားပြသတော်မူသည့်အတိုင်း ထိုအရှင်မြတ်အား တသကြ ကုန်။ အမှန်သော်ကား အသင်တို့သည် ယင်းကဲ့သို့ ထိုအရှင်မြတ်က ညွှန်ကြားပြသတော်မမူမီ မုချ မသိလမ်းလွဲသူများ ဖြစ်ခဲ့ကြပေသည်။

➤➤ ဤမုက္ခပါဠိတော်သည် ဟဂ်ပြုချိန်တွင် ဟာဂျီများအဘို့ ခဝပ်ကိုးကွယ်မှုနှင့်ပူးတွဲပြီး ကူးသန်းရောင်းဝယ်မှု ပြုနိုင်ခွင့်ရှိကြောင်း သာဓကတစ်ရပ်ပင် ဖြစ်ပေသည်။ သို့ [ဟဂ်နှင့်ပူးတွဲ၍] စီးပွားရှာခြင်းဖြင့် ဟဂ်ပြုရန်တာဝန်ရှိသော ဟာဂျီ၏စေတနာကို မည်သို့မျှ မထိခိုက်ချေ။ ကြည့်-အီဗ်နလ်အရဗီ။

ဟဂ်သည် စီးပွါးရှာကြံမှုကို ပိတ်ပင်တားမြစ်သည်မဟုတ် ၊ ထို့အတွက် မွတ်စ်လင်မ်တို့သည် နဗီတမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်) လက်ထက်တော်မှစ၍ ယနေ့တိုင်ဟဂ်နေ့ရက်များတွင် မက္ကာနှင့်မဒီနာမြို့များတွင် ကူးသန်းရောင်းဝယ်မှု ပြုလျက်ရှိကြပေသည်။ ကြည့် ၊ ဂျဆ်ဆွာဆွ်။

မှတ်ချက်။ ။ ဟဂ်ပြုရာတွင် ဟဂ်သည်အဓိက ဖြစ်စေရမည်။ ကူးသန်းရောင်းဝယ် ဖောက်ကားမှုကိုကား အကြောင်းအားလျော်စွာ ခွင့်ပြုထားခြင်းမျှသာ ဖြစ်ပေသည်။

① "အရဖာတ်" ဟူသည်ကား မက္ကာမြို့မှ တွာအိဖ်မြို့သို့ သွားရာလမ်းတွင် မက္ကာမြို့၏အရှေ့ဘက် ၁၂-မိုင် အကွာအဝေး၌ ကျယ်ပြန့်လှသော ကွင်းပြင်ကြီး၏အမည်ဖြစ်သည်။ ထိုကွင်းပြင်တွင် အရဖာတ်အမည်ရှိသော တောင်တခုရှိ၏။ ထိုတောင်သည် မြေပြင်မှ ကိုက် ၂၀၀ ခန့်မြင့်၏။ ကမ္ဘာ့အရပ်ရပ်မှ ဟဂ်ပြုရန်လာကြကုန်သော ဆောင်ပေါင်းများစွာသော မွတ်စ်လင်မ်တို့သည် ဇိလ်ဟစ်ဂ်ျဟ်လ ၉-ရက်နေ့တွင် ထိုကွင်းပြင်၌ လာရောက်တည်းခိုကြ၏။

ဟာဂျီများသည် ဇိလ်ဟစ်ဂ်ျဟ်လ ၈-ရက်နေ့တွင် မက္ကာမြို့မှ မိနာမြို့သို့ ခရီးထွက်ကြ၏။ ထို့နောက်တဖန် ဇိလ်ဟစ်ဂ်ျဟ်လ ၉-ရက်နေ့တွင် မိနာမြို့မှ အရဖာတ်ကွင်းပြင်သို့ ဆက်လက်ခရီးထွက်ကြရ၏။ ဟာဂျီများသည် ဇုဟ်ရ်အချိန်မှစ၍ အဆွဲရ်၏ နောက်ဆုံးအချိန်ထိ အရဖာတ်တွင် ရပ်ဆိုင်းလျက် အလ္လာဟ်အရှင်မြတ်အား ခဝပ်ရိုကျိုးရှိခိုးကြ၏။ အရှင်မြတ်၏ ဂုဏ်တော်များကို မွှမ်းကြ၏။ အရှင်မြတ်ထံတော်၌ ဆုမွန်တောင်းဆိုကြ၏။

ဟာဂျီများသည် အရဖာတ်၌ ဇော်ရ်နှင့် အဆွဲရ် ဆွလာတ်ဝတ်ပြုမှုများကို ပူးပေါင်း၍ ပြုကြ၏။ ထို့နောက် ဟာဂျီများသည် အရဖာတ်မှ "မရှ်အရ်ဟရာမ်" ခေါ် "မုဇ်ဒလိဖဟ်" သို့ ဆက်လက်ခရီးထွက်ကြ၏။ ဟာဂျီများသည် မုဇ်ဒလိဖဟ်၌ မဃ်ရိဗ်နှင့် အိရှာ ဆွလာတ် ဝတ်ပြုမှုများကို ပူးပေါင်း၍ အိရှာအချိန်၌ ဝတ်ပြုကြ၏။ ဟာဂျီများသည် ထိုညဉ့်တွင် မုဇ်ဒလိဖဟ်၌ပင် တည်းခိုကြ၏။

ဟဂ်ပြုရာတွင် မလုပ်မနေရသောဖရဇ်သွဲတာဝန်များမှာ (၁)အိဟ်ရာမ်ဝတ်ရုံခြင်း။ (၂)ဇိလ်ဟစ်ဂ်ျဟ်လ ၉-ရက်နေ့တွင် အရဖာတ်တွင်ရောက်ရှိခြင်း၊ (၃) တွဝါဖုလ်ဖရဿွ ခေါ် ကအ်ဗဟ်ကျောင်းတော်ကို ➤➤

ثُمَّ أَفِيضُوا مِنْ حَيْثُ أَفَاضَ النَّاسُ وَاسْتَغْفِرُوا اللَّهَ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٩٩﴾

၁၉၉။ ထို့နောက် လူများအစုလိုက်ပြန်လာကြသော နေရာ (အရဖာတ်) မှ အသင်တို့သည်လည်း (သွားရောက်၍) ပြန်လာကြကုန်လော့။ ဘုရားသခင်ထံ ဆုတောင်းပန်ပြီး အသင်တို့သည် (မိမိတို့အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ လျှောက်ထား အသနားခံကြကုန်လော့။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် အဖန်တလဲလဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူထသော အရှင်၊ အစဉ် သနားကြင်နာ ညှာတာတော် မူထသောအရှင် ဖြစ်တော်မူလေသတည်း။

➤➤ လှည့်ပတ်ခြင်းတို့ဖြစ်သည်။ ဖော်ပြပါ တာဝန်အရပ်ရပ်အနက် အရဖာတ်သို့ ရောက်ရှိခြင်းသည် ပို၍ အရေးကြီးလှပေသည်။

(၂) မရှိအရိဟရာမ်သည် "မုဇ်ဒလိဖဟ်" ကို ဆိုလိုသည်။ ရိသေမြတ်နိုးအပ်သော အထိမ်းအမှတ် ဟူသော အနက်ပေးသည်။ မုဇ်ဒလိဖဟ်သည် မက္ကာမြို့၏ အရှေ့ဘက် ၆-မိုင်အကွာတွင် တည်ရှိသည်။ "မုဇ်ဒလိဖဟ်" တွင် ကုဇဟ်အမည်ရှိသော တောင်တခုရှိသည်။ ထိုတောင်ခြေ၌တည်းခိုခြင်းသည် မြတ်၏။ နဗီတမန်တော်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)နှင့် သာဝကကြီးများသည် ထိုတောင်ခြေ၌ တည်းခိုလေ့ရှိကြသည်။

ဟာဂျီများသည် ဇိလ်ဟစ်ဂျ်ဂျဟ်လ ၉-ရက်နေ့တွင် အရဖာတ်မှ ပြန်လာပြီး မုဇ်ဒလိဖဟ်၌ တညဉ့်တည်းခိုကြ၏။ ထို့ဌာနတွင် ဟာဂျီများသည် မဃ်ရိဗ်နှင့်အိရှာ ဆွလာတ်များကို ပူးပေါင်းပြီး ဝတ်ပြုကြ၏။

(၃) ကုရိုက်ရှ်၊ ကနာနဟ်၊ ဂျူဒိုင်လဟ်၊ ကိုက်စ် . . . စသည့်မျိုးနွယ်တို့က "ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ မြို့တော်သားများ၊ အလ္လာဟ်အရှင်မြတ်၏ကျောင်းတော်၌ ဝေယျာဝစ္စကို ဆောင်ရွက်သူများဖြစ်ကြသည်" ဟူ၍ ပြောဆိုကြ၏။ ယင်းသူတို့သည် အခြားအရပ် လူမျိုးများနှင့်အတူ ကျောင်းတော်ပရဝုဏ်အပြင် အရဖာတ်သို့ သွားရောက်တည်းခိုရခြင်းမှာ မိမိတို့၏ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု ယူဆကာ အရဖာတ်သို့မသွားကြဘဲ ကျောင်းတော်ပရဝုဏ်အနီး၌ရှိသော "မုဇ်ဒလိဖဟ်" ၌ပင်တည်းခိုကြ၏။

သာဓက

(ဟဂျ်ပြုရာတွင်) ကုရိုက်ရှ်မျိုးနွယ်နှင့် ထို(ကုရိုက်ရှ်)နှင့် အယူဝါဒတူသူများသည် မုဇ်ဒလိဖဟ်၌ တည်းခိုကြ၏။ ယင်းသူတို့သည် မိမိတို့ ကိုယ်ကို "ဟမ်စ်" (သာသနာရေးကို မြဲမြံစွာ ဆောက်တည်သူများ)ဟူ၍ အမည်ပေးကြ၏။ အခြားအရပ်အမျိုးသားအားလုံးတို့သည် အရဖာတ်၌တည်းခိုကြ၏။ အစ္စလာမ်သာသနာထွန်းကားလာသောအခါ၌ အလ္လာဟ်အရှင်မြတ်က မိမိ၏နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား အရဖာတ်သို့ သွားရောက်တည်းခို ရမည့်အကြောင်း၊ ထိုအရဖာတ်မှပင် (မီနာသို့) ပြန်လှည့်ရမည့်အကြောင်း မိန့်ဆိုတော်မူလေသည်။ ဗုခါရီကျမ်း။

ဆိုလိုသည်ကား အစ္စလာမ်သာသနာ၏ ကျင့်စဉ်ကျင့်ရပ်များကို လိုက်နာကျင့်သုံးရာတွင် ➤➤

فَإِذَا قَضَيْتُم مَّنَاسِكَكُمْ فَاذْكُرُوا اللَّهَ كَذِكْرِكُمْ آبَاءَكُمْ أَوْ أَشَدَّ ذِكْرًا ۗ فَمِنَ النَّاسِ مَن يَقُولُ رَبَّنَا آتِنَا فِي الدُّنْيَا وَمَا لَهُ فِي الْآخِرَةِ مِنْ خَلَاقٍ ﴿٢٠٠﴾

၂၀၀။ ထို့နောက် အသင်တို့သည် (ဟဂ်နှင့် သက်ဆိုင်သော) မိမိတို့၏ *ကျင့်စဉ်ကျင့်ရပ်များကို* ဆောင်ရွက်ပြီးကြသောအခါ၌ [၁] (အတိတ်ခေတ်များတွင်) မိမိတို့၏ဘိုးဘေးများကို တ,သခြင်း ပြုကြသကဲ့သို့ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား တ,သကြကုန်။ ဤမျှမက (မိမိတို့၏ဘိုးဘေးများကို တ,သခြင်းပြုကြသည်ထက်ပင်) ပိုမို၍ (အလ္လာဟ် အရှင်မြတ်အား) အော်မေ့ တ,သကြကုန်။ သို့သော် လူသားတို့အနက် အချို့သည် (အလ္လာဟ်အရှင်မြတ် ထံတော်၌) အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့အား (ပေးလိုတော်မူသောကောင်းကျိုးများကို) *ဤဘဝ၌ပင်(လောလောဆယ်) ပေးသနားတော်မူပါဟူ၍ဆုပန်ကြကုန်၏*၊ [၂] သို့ဖြစ်ရာ ထိုကဲ့သို့ ဆုပန်သောသူများအတို့ နောင်တမလွန် ဘဝတွင်ပင် (အကျိုးခံစားရန်) တစုံတရာ ဝေစုဝေပုံ ရှိမည်မဟုတ်ပေ။

➤➤ "ငါသာသည်၊ သူသာသည်" ဟူသော ခွဲခြားသောစိတ်၊ မာနစိတ် အလျင်းမထားရသည့်အကြောင်း၊ အများမွတ်စံလင်မ်တို့သည် ဘာသာရေး ကိစ္စအရပ်ရပ်ကို တညီတညွတ်တည်း လိုက်နာဆောင်ရွက် ကြမည့် အကြောင်းကို ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

① ဟာဂျီများသည် မုဇ်ဒလိဖဟ်မှပြန်လာပြီး မိနာမြို့၌ ဇိလ်ဟစ်ဂျ်ဂျဟ်လ ၁၀-ရက်၊ ၁၁-ရက်၊ ၁၂-ရက် (အချို့ပညာရှင်များ အဆိုအရ ၁၃-ရက်) နေ့များတွင် တည်းခိုနေကြရ၏။ ထိုနေ့ရက်များတွင် ဟာဂျီများသည် ကျောက်ခဲပစ်ရန် သတ်မှတ်ထားသော "ဂျမ်ရဟ်" ဧေါ် နေရာများသို့ သွားရောက်ကြပြီး ကျောက်ခဲများပစ်ကြရ၏။

အစ္စလာမ်သာသနာ မထွန်းကားမီ အရပ်ဖျိုးနွယ်အသီးသီးတို့သည် ဟဂ်ဂျင့်စဉ်များကို ဆောင်ရွက်ကြပြီးသောအခါ မိနာတွင် စုရုံးကြပြီး မိမိတို့၏ အဘ၊ အဘိုး၊ အဘေး၊ အဘွေး၊ အဘဲ၊ အဘီ၊ အဘော်စသည်တို့၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ပြောဆိုကြ၏။ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်ကြ၏။ အစ္စလာမ်သာသနာ ထွန်းကားလာသောအခါ ထိုထိုသော မလျော်ကန်သည့် အမူများကိုမပြုကြဘဲ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကိုသာ ထုတ်ဖော်မြွက်ဆို ကြရမည့်အကြောင်း ဤမုဟ္မဒ်တော် (၂း၂၀၀)တွင် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

② လူ့လောကတွင် အချို့ လူသားတို့သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်လင့်ကစား နောင်တမလွန် ဘဝတွင် ခံစားရမည့်ကောင်းကျိုးများကိုမူ အလျင်းမယုံကြည်ကြပေ။ ဤကဲ့သို့ လောကီရေးများတွင် ➤➤

وَمِنْهُمْ مَّنْ يَّقُوْلُ
رَبَّنَآ اٰتِنَا فِى الدُّنْيَا
حَسَنَةً وَّفِى الْاٰخِرَةِ
حَسَنَةً وَّقِنَا
عَذَابَ النَّارِ ﴿٢٠١﴾

၂၀၁။ ထို့ပြင်တဝ ယင်းတို့အနက်မှပင် အချို့သော ပုဂ္ဂိုလ်တို့သည် (ပစ္စုပ္ပန်နှင့် တမလွန်ဘဝ နှစ်ဌာနလုံး၏ သုခချမ်းသာများကိုရှေးရှုကာ) အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ၌ဌင်း၊ နောင်တမလွန်ဘဝ၌ဌင်း၊ (နှစ်ဘဝလုံး၌ပင်) ကောင်းကျိုးချမ်းသာမင်္ဂလာများကို ပေးသနားတော်မူပါ။ ငရဲမီး၏ ဘေးဒဏ်မှလည်း ကယ်ဆယ်တော်မူပါဟု ဆုတောင်းပတ္ထနာ ပြုကြလေသည်။ [၁]

➤➤ နစ်မွန်းလျက်ရှိသောသူတို့၏ လိုအင်ဆန္ဒအဝဝနှင့် ဆုမွန်များသည်လည်း သဘာဝအလျောက် လောကီအကျိုးတရားများနှင့်သာ ဆက်စပ်လျက်ရှိပေမည်။

အစ္စလာမ်သာသနာ မထွန်းကားမီ ဘုရားအများ ကိုးကွယ်သော အရဗ်မှုရှိရိတ်တို့သည်လည်း ဤနည်းနှင်နှင် လောကီအကျိုးများကိုသာ ရှေးရှုပြီး ကုလားအုပ်၌၊ သိုး၊ ဆိတ် စသည်များကို ရရှိရန်နှင့် မိမိတို့၏ ရန်သူများကို အောင်နိုင်ရန် အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ကြ၏။ နောင်တမလွန်ဘဝ၏ ကောင်းကျိုးချမ်းသာမှုများကိုကား အလျင်း ဆုတောင်းကြသည်မရှိပေ။ သို့ဖြစ်ရာ ယင်းကဲ့သို့ နောင်တမလွန်ဘဝကို ငြင်းပယ်သူများအဘို့ နောင်တမလွန်ဘဝတွင် ကောင်းကျိုးချမ်းသာခွင့်သည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။

ကြည့်-(ကုရ်တုဗီ)။

① လူ့လောကတွင် အချို့လူသားတို့သည် ပစ္စုပ္ပန်နှင့်တမလွန်ဘဝ နှစ်ဌာနလုံး၏ ကောင်းကျိုးချမ်းသာများ ရစိမ့်သောငှာ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုပန်ကြ၏။ ဤသူများကား မွတ်စ်လင်မ်များတည်း။

အစ္စလာမ် သာသနာသည် နှစ်ဘဝ၏ကောင်းကျိုးကို ညွှန်ကြား၏။ မွတ်စ်လင်မ်တို့သည်လည်း နှစ်ဘဝ၏ကောင်းကျိုးများကို လိုလားကြ၏။ သို့လိုလားကြသည်နှင့်အညီ နှစ်ဘဝ၏ကောင်းကျိုးချမ်းသာများကို ရစိမ့်သောငှာ အလ္လာဟ်အရှင်မြတ်ထံတော်၌ အမြဲတစေ ဆုပန်ကြ၏။ ဆုတောင်းပတ္ထနာ ပြုကြ၏။

နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) အများဆုံး တောင်းဆိုလေ့ရှိသော ဆုမွန်မှာ အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ပစ္စုပ္ပန်ဘဝ၌ဌင်း၊ တမလွန်ဘဝ၌ဌင်း၊ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ပေးသနားတော်မူပါ။ ကျွန်တော်မျိုးတို့အား ငရဲမီးဘေးမှလည်း ဖယ်ရှားတော်မူပါဟု ဆုတောင်းလေသည်။

"ဟစနဟ်" ဟူသော စကားသည် နှစ်ဘဝ၏ စည်းစိမ်ချမ်းသာကောင်းကျိုး အဖြာဖြာ၏အနက်ကို ဆောင်သည်။ ကြည့် (ကုရ်တုဗီ) (ရူဟုလ်မအာနီ)။

أُولَٰئِكَ لَهُمْ نَصِيبٌ مِّمَّا كَسَبُوا ۚ وَاللَّهُ سَرِيعُ الْحِسَابِ ﴿٢٠٢﴾

၂၀၂။ (နှစ်ဘဝ၏ သုခချမ်းသာများကို ဆုတောင်းပတ္ထနာပြုကြသော) ဤသူများသည် နှစ်ဘဝလုံးဦးပင် မိမိတို့ပြုကျင့်ခဲ့ကြသော အကျင့်သီလတို့၏ ကုသိုလ်အကျိုးများကို ရရှိကြမည့်သူများတည်း။ အလ္လာဟ်အရှင်မြတ်သည် ဆောလျင်စွာ စစ်ဆေးမေးမြန်းတော်မူမည့်အရှင်ဖြစ်တော်မူ၏။

وَاذْكُرُوا اللَّهَ فِي أَيَّامٍ مَّعْدُودَاتٍ ۚ فَمَن تَعَجَّلَ فِي يَوْمَيْنِ فَلَا إِثْمَ عَلَيْهِ ۚ وَمَن تَأَخَّرَ فَلَا إِثْمَ عَلَيْهِ ۚ لِمَنِ اتَّقَىٰ ۗ وَاتَّقُوا اللَّهَ وَاعْلَمُوا أَنَّكُمْ إِلَيْهِ تُحْشَرُونَ ﴿٢٠٣﴾

၂၀၃။ ထိုမှတပါး၊ တုံ အသင်တို့သည် သတ်မှတ်ထားသောနေ့များတွင် [၁] အလ္လာဟ်အရှင်မြတ်အား သတိရကြကုန်လော့။ သို့ရာတွင် အကြင်သူသည် နှစ်ရက်အတွင်း၌ပင် [၂] အလျင်တဆောပြန်ခဲ့သော် ထိုသူ့အပေါ်ဝယ် တစုံတရာအပြစ်မရှိချေ။ ထိုနည်းတူစွာ အကြင်သူသည် နောင့်နေးကြန့်ကြာခဲ့ပါမူ၊ ထိုသူ့အပေါ်၌လည်း တစုံတရာ အပြစ်မရှိချေ။ (ယင်းကဲ့သို့ခွင့်ပြုခြင်းသည်) ပြစ်မှု ဒုစရိုက်တို့မှ ရှောင်ရှားသူတို့အတွက်သာဖြစ်သည်။ ထို့ကြောင့် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကာ ပြစ်မှုဒုစရိုက်တို့ကို ကြဉ်ရှောင်ကြကုန်။ ထိုမှတပါး အသင်တို့သည် ထိုအရှင်မြတ်၏ အထံတော်၌ပင် စုရုံးကြရမည်ကိုလည်း (ကောင်းစွာ) သိထားကြကုန်။

---

① ရေတွက်ထားသော နေ့ရက်များဟူသည်ကား ဇိလ်ဟစ်ဂျ်ဂျဟ်လ-၁၀၊ ၁၁၊၁၂၊ ရက်နေ့များကိုဆိုလိုသည်။ ယင်းနေ့ရက်များကို "အိုင်ယာမိတရှ်ရီက်" ဟုလည်းခေါ်သည်။ ထိုနေ့ရက်များတွင် ဟာဂျီများသည် မိနာ၌တည်းခိုလျက်ရှိကြ၏။ မိနာသည် မက္ကာမြို့၏ အနောက်မြောက်ဘက်တွင် ၄-မိုင်အကွာ၌တည်ရှိ၏။

ဟာဂျီများသည် ဇိလ်ဟစ်ဂျ်ဂျဟ်လ ၁၀-ရက်နေ့ ဆွာလာတ် ဖဂျ်ရ်ဝတ်ပြုပြီး မုဇ်ဒလိဖဟ်မှ ဆက်လက်ခရီးထွက်ကြရာ နံနက်ပိုင်း၌ပင် မိနာသို့ ဆိုက်ရောက်လာကြ၏။ မိနာတွင် ဇိလ်ဟစ်ဂျ်ဂျဟ်လ-၁၂ရက်နေ့အထိ တည်းခိုရ၏။ ဟာဂျီများသည် ကုရ်ဗာနီပြုခြင်း၊ ဆံရိပ်ခြင်း၊ ခဲပစ်ခြင်း၊ အိဟ်ရာမ်ဝတ်ရုံတော်ကို ချွတ်ခြင်း စသည်တို့ကိုလည်း မိနာ၌ပင် ပြုလုပ်ကြကုန်၏။

② မိနာမှမက္ကာမြို့တော်သို့ ဟာဂျီများပြန်ရန်နည်းကားနှစ်နည်းရှိ၏။ မိနာ၌ ဇိလ်ဟစ်ဂျ်ဂျဟ်လ ၁၀-ရက်၊ ၁၁-ရက်နေ့များတွင်နေပြီး ၁၂-ရက်နေ့ညနေတွင် မက္ကာမြို့သို့ ပြန်လိုကပြန်နိုင်၏။ သို့တည်းမဟုတ် ➤➤

وَمِنَ النَّاسِ مَنْ يُّعْجِبُكَ قَوْلُهٗ فِى الْحَيٰوةِ الدُّنْيَا وَيُشْهِدُ اللّٰهَ عَلٰى مَا فِىْ قَلْبِهٖ ۙ وَهُوَ اَلَدُّ الْخِصَامِ ﴿٢٠٤﴾

၂၀၄။ ထို့ပြင်တဝ၊ လူတို့အနက်အချို့ ဤသို့လည်း ရှိ၏။ လောကီရေးနှင့်စပ်လျဉ်း၍ ထိုသူ၏(ဖွဲ့နွဲ့) ပြောဆိုသောစကားများသည် အသင့်အားနှစ်သိမ့်စေ၏။ ဤမျှမကသေး၊ ထိုသူသည် မိမိ၏စိတ်တွင်းရှိ စကားများ (မှန်ကန်ကြောင်း)နှင့်စပ်လျဉ်း၍ အလွှာဟ် အရှင်မြတ်ကိုပင် သက်သေထား၏။ အမှန်သော်ကား ထိုသူသည် ရန်သူများအနက် ပိုမိုလွန်ကဲသော ရန်သူ ကြီးပင် ဖြစ်ပေသည်။

وَاِذَا تَوَلّٰى سَعٰى فِى الْاَرْضِ لِيُفْسِدَ فِيْهَا وَيُهْلِكَ الْحَرْثَ وَالنَّسْلَ ۗ وَاللّٰهُ لَا يُحِبُّ الْفَسَادَ ﴿٢٠٥﴾

၂၀၅။ ထို့မျှမကသေးချေ၊ ထို(မုနာဖစ်က်)သည် (အသင့်ထံမှ) *ပြန်သွားသောအခါ* [၁] မြေပြင်ဝယ် ပျက်စီးကြောင်းများကို ပြုမူရန်၎င်း၊ လယ်ယာ ကိုင်းကျွန်းများနှင့် (ကျွဲနွားများ) *တိရစ္ဆာန်များကို* [၂] ဖျက်ဆီးရန်၎င်း၊ ကြိုးပမ်း အားထုတ်လေသည်။ အမှန်စင်စစ် အလွှာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့) ဖျက်ဆီးခြင်းကို စိုးစဉ်းမျှ နှစ်သက်တော်မမူပေ။

➤➤ မိနာ၌ ဇိလ်ဟစ်ဂျ်ဂျဟ်လ ၁၂-ရက် ကုန်သည်အထိ စောင့်ဆိုင်းနေပြီး ၁၃-ရက်နေ့ကျမှ မက္ကာမြို့သို့ ပြန်လိုကလည်းပြန်နိုင်၏။ ဖော်ပြပါ နှစ်နည်းလုံးသည် ပြုလုပ်ပိုင်ခွင့်ရှိသော နည်းများပင်ဖြစ်ချေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အစ္စလာမ်သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် အရပ်လူမျိုးတို့သည် နှစ်ဂိုဏ်းကွဲလျက်ရှိခဲ့ကြ၏။ အချို့တို့သည် မိနာမှ ဆောလျင်စွာ ပြန်ခြင်းကို အပြစ်ရှိသည်ဟု ယူဆကြ၏။ သို့ယူဆခြင်းသည် မှားကြောင်း ၊မိနာမှ ဆောလျင်စွာ ပြန်ခြင်းသည် အပြစ် မဟုတ်ကြောင်း ၊ ထို့အတူ မိနာ၌ စောင့်ဆိုင်းနေခြင်းသည်လည်း အပြစ်မဟုတ်ကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၂:၂၀၃) တွင် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

① "တဝလ္လီ" ဟူသောပုဒ်သည် (က) ပြန်လှည့်ခြင်း၊ (ခ) အာဏာရရှိခြင်း ဟူသောအနက်ကို ဆောင်သည်။ ကြည့်-(အလ်မနာရ်)၊ (ရူဟုလ်ဗယာန်)။ ဤမုက္ခပါဠိတော် (၂:၂၀၅)တွင် ဖော်ပြပါ အဓိပ္ပါယ်နှစ်ရပ်လုံးကို ကောက်ယူနိုင်သည်။

ဆိုလိုသည်ကား မုနာဖစ်က်တို့သည် ပရိသတ်ရှေ့မှောက်တွင် တမျိုး၊ ကွယ်ရာတွင်တဖုံ၊ (တနည်း) အာဏာမရမီတမျိုး၊ အာဏာရရှိပြီးနောက်တဖုံ၊ အမျိုးမျိုး လိမ်လည်လှည့်ဖြားကြသည်။

② "ဟရ်ဆ်" "နတ်စ်လ်" ဟူသောပုဒ်များနှင့် စပ်လျဉ်း၍ အဋ္ဌကထာရှင်များသည် အနက်အမျိုးမျိုးဖွင့်ကြသည်။ အဗ်ဟရီက "ဟရ်ဆ်" ၏အလိုမှာ မိန်းမများဖြစ်သည်။ "နတ်စ်လ်" ၏အလိုမှာ သားသမီးများဖြစ်သည်ဟု ယူဆ၏။ ဂျအ်ဖရ်ဆွာဒိက်က "ဟရ်ဆ်" ၏အလိုမှာ သာသနာဖြစ်သည်။ "နတ်စ်လ်" ၏အလိုမှာ ➤➤

وَإِذَا قِيلَ لَهُ اتَّقِ اللَّهَ أَخَذَتْهُ الْعِزَّةُ بِالْإِثْمِ فَحَسْبُهُ جَهَنَّمُ ۚ وَلَبِئْسَ الْمِهَادُ ﴿٢٠٦﴾

၂၀၆။ ထိုမှတပါးတုံ့ မည်သည့်အခါမဆို (မွတ်စ်လင်မ်တဦးတယောက်က) ထို(မုနာဖစ်က်)ကို အသင်သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ပါလေဟု ပြောဆိုသည်ရှိသော် ထိုသူ့အား (ထိုသူ၏)ဂုဏ်မာန သည် မကောင်းမှုဒုစရိုက်ဘက်သို့ ဆွဲဆောင်သွားလေ၏။ သို့ဖြစ်ရာ ထိုသူအဘို့ "ဂျဟန္နမ်" ငရဲသည် လုံလောက်၏။ အမှန်သော်ကား (ဂျဟန္နမ် ငရဲသည်) အလွန်ဆိုးရွားလှသောနေရာ ဌာနဖြစ်ပေသည်။

وَمِنَ النَّاسِ مَن يَشْرِي نَفْسَهُ ابْتِغَاءَ مَرْضَاتِ اللَّهِ ۗ وَاللَّهُ رَءُوفٌ بِالْعِبَادِ ﴿٢٠٧﴾

၂၀၇။ ထို့ပြင်တဝ လူတို့အနက် အချို့သည် အလ္လာဟ်အရှင်မြတ် နှစ်မြို့တော်မူခြင်းကို ရစိမ့် သောငှာ မိမိ၏အသက်ကိုပင် စွန့်လှူ၏။ အမှန် သော်ကား အလ္လာဟ်အရှင်မြတ်သည် ဤသို့ (စေတနာဖြူစင်သော) ကျွန်များကို အလွန်ချစ်ကြင် သနားတော်မူသောအရှင်ဖြစ်တော်မူ၏။

➤➤ သားသမီးများဖြစ်သည်ဟု ယူဆသည်။ မုဂျာဟိဒ်ကမူ "ဟရ်ဆ်" ၏အလိုမှာ မြေထွက် ကောက်ပဲသီးနှံများဖြစ်သည်။ "နတ်စ်လ်" ၏အလိုမှာကား သတ္တဝါများဖြစ်သည်ဟု ယူဆသည်။

နောက်ဆုံးအဆိုသည် ပိုမိုသင့်မြတ်လှပေသည်။ သတ္တဝါများနှင့် ကမ္ဘာစားနပ်ရိက္ခာများကို ဖျက်ဆီးခြင်းထက် ဆိုးရွားသော ဖျက်ဆီးမှုကား အဘယ်မှာ ရှိနိုင်တော့အံ့နည်း။

① <u>**ထုတ်ပြန်ပို့ချခြင်းအကြောင်း**</u>

ဆွူဟိုက်ဗ်အီဗ်နုစနာန်ရူမီသည် မက္ကာမြို့သို့ ရောက်ချိန်တွင် ဆင်းရဲနွမ်းပါးလှ၏။ ထို့နောက် ထိုပုဂ္ဂိုလ်သည် ဥစ္စာပစ္စည်းကုလုံကြွယ်ဝသူတဦးဖြစ်လာ၏။ အစ္စလာမ်သာသနာကိုလည်း သက်ဝင်ယုံကြည်လာ၏။

နောက်ဆုံးတွင် မက္ကာမြို့သား အရဗ်မိစ္ဆာဒိဋ္ဌိတို့၏ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးတို့ကြောင့် မခံမရပ်နိုင်ဖြစ်ပြီး မက္ကာမြို့ကို စွန့်လွှတ်၍ မဒီနာမြို့သို့ ထွက်ခွာသွားရလေ၏။ (ထိုအချိန်တွင် ဆွူဟိုက်ဗ်၏ အသက်မှာ အနှစ်(၁၀၀)တင်းတင်းရှိချေပြီ။ မဒီနာမြို့သို့ သွားလမ်းတွင်ပင် အချို့မက္ကာမြို့သား မိစ္ဆာဒိဋ္ဌိတို့နှင့် ရင်ဆိုင်တွေ့ဆုံလေသည်။ ထိုအခါ ဆွူဟိုက်ဗ်က ဟယ်-အချင်းတို့ငါကား နာမည်ကြီး ဒူးလေးသမားတဦးဖြစ်၏။ ငါ၏မြှားတလက်သည် အသင်တို့အနက် လူတဦး၏ရင်ခွင်ကို ထိုးဖောက်နိုင်၏၊ ငါ၏မြှားများမကုန်သမျှ အသင်တို့သည် ငါ၏အနီးသို့ မချဉ်းကပ်နိုင်၊ ငါ၏ထံ၌ ဓားလက်နက်လည်းရှိသေး၏။ (မြှားကုန်သည့်အခါ) ဓားလက်နက်ဖြင့် ခုခံဦးအုံ၊ ထို့နောက်မှသာ အသင်တို့ သဘောအတိုင်း ငါ့အား ထိပါးနိုင်ကြမည်။ (အချင်းတို့) ငါကား အသက်အရွယ် ကြီးလှပြီ။ အသင်တို့ထံတွင် ငါရှိနေခြင်းဖြင့် အသင်တို့အဘို့ မည်သို့မျှအကျိုးမထူးပေ။ အချင်းတို့၊ မက္ကာမြို့တွင် ငါ၏ ဥစ္စာပစ္စည်း အများအပြားရှိသည်။ ထို ပစ္စည်းအားလုံးကို အသင်တို့ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱدۡخُلُواْ فِي ٱلسِّلۡمِ كَآفَّةٗ وَلَا تَتَّبِعُواْ خُطُوَٰتِ ٱلشَّيۡطَٰنِۚ إِنَّهُۥ لَكُمۡ عَدُوّٞ مُّبِينٞ ٢٠٨

၂၀၈။ အို-ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြသော မုအ်မင်နအ်အပေါင်းတို့၊ အသင်တို့သည် အစွလာမ် သာသနာအတွင်းသို့ လုံးလုံးလျားလျား (စိတ်ရော ကိုယ်ပါ) ဝင်ကြကုန်လော့၊ ၎င်းပြင် ရှိုင်တွာန်၏ နောက်သို့ ဖဝါးခြေထပ် မလိုက်ကြကုန်လင့်၊ ထိုရှိုင်တွာန်သည် မုချ သင်တို့အဘို့ ထင်ရှားသော ရန်သူပင် ဖြစ်ပေသည်။ [၁]

➤➤ ယူကြပါကုန်။ ငါ့အား ငါ့သာသနာနှင့်လွတ်လပ်စွာ နေနိုင်ခွင့် ပေးကြပါကုန်ဟု ပြောဆိုရာ မိန္ဓာဒိဋ္ဌိတို့သည် ကျေနပ်နှစ်သိမ့်ကြပြီး ဆွုဟိုက်ဗ်အား ရန်မပြုဘဲ လွတ်လိုက်ကြလေသည်။

ဆွုဟိုက်ဗ်သည် မဒီနာဖြို့သို့ ရောက်ရှိလာသောအခါ အဗူဗက်ရ်ဆွစ်ဒ်ဒီက်နှင့် တွေ့လေ၏။ လမ်းတွင်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြောပြရာ အဗူဗက်ရ်ဆွစ်ဒ်ဒီက်က အို-ဆွုဟိုက်ဗ်၊ အသင်၏ ရောင်းဝယ်မှုကား မြတ်လှဘိ၏ဟုဆိုလေသည်။ ဆွုဟိုက်ဗ်က အဘယ်ကြောင့်နည်းဟု ပြန်လည်မေးမြန်းရာ အဗူဗက်ရ်က အသင်နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ မုကွပါဠ်တော် ကျရောက်လာသည်ဟု ပြောပြ၍ ကုရ်အာန်ကျမ်း (၂း၂၀၇)ကို ရွတ်ဘတ်ပြလေသည်။

သို့ရာတွင် များစွာသော အဋ္ဌကထာရှင်များကမူ ဤမုကွပါဠ်တော်သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ဂျီဟာဒ်ပြုတော်မူသော သာသနာ့ အာဇာနည်တိုင်းနှင့် ပတ်သက်၍ ထုတ်ပြန်ပို့ချတော်မူသော မုကွပါဠ်တော်ဖြစ်သည်ဟု ယူဆကြ၏။ ထို့နောက် သာကေအဖြစ် ကုရ်အာန်ကျမ်းလာ မုကွပါဠ်တော် (၉း၁၁၁)ကို တင်ပြကြလေသည်။ (ကြည့်- အီဗ်နကဆီရ်ကျမ်း)။ အများ အဋ္ဌကထာရှင်တို့ ယူဆချက်ကား ပိုမို သင့်မြတ်လှပေသည်။

③ ထုတ်ပြန်ပို့ချတော်မူသောအကြောင်း

ကုရ်အာန်ကျမ်းမြတ် (၂း၂၀၇)ကို ထုတ်ပြန်ပို့ချတော်မူခြင်း အကြောင်းကား ဤသို့တည်း။ ယဟူဒီဘာသာဝင်များဖြစ်ကြသော ကျမ်းတတ်ပုဂ္ဂိုလ်ကြီး အဗ်ဒုလ္လာဟ် အီဗ်နဆလာမ်နှင့်တကွ ထိုပုဂ္ဂိုလ်ကြီး၏ တပည့်နောက်လိုက်များသည် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဟောပြော ဆုံးမသော တရားများကို နာခံကြပြီး အစွလာမ်သာသနာအတွင်းသို့ ဝင်လာခဲ့ကြ၏။ သို့အစွလာမ် သာသနာအတွင်းသို့ ဝင်လာကြရာ၌ မိမိတို့ ယခင်ကိုးကွယ်ခဲ့ကြသော ယဟူဒီဘာသာအယူဝါဒအတိုင်း အချို့ ကျင့်စဉ်ကျင့်ဝတ်များကိုလည်း လက်မလွတ်လိုကြပေ။

ယင်းသူတို့က တွေးဆကြသည်မှာ ယဟူဒီဘာဘာတွင် စနေနေ့သည် နေ့ထူးနေ့မြတ်ဖြစ်သည်၊ အစွလာမ် သာသနာတွင် စနေနေ့ကို မမြတ်နိုးရဟူ၍ ပိတ်ပင်ထားသည်မရှိ။ ယဟူဒီဘာသာတွင် ကုလားအုင်္ဂါ၏ အသားကို ဟရာမ်မစားရဟု ပညတ်ထားသည်၊ အစွလာမ်သာသနာတွင် ကုလားအုင်္ဂါ၏အသားကို စားသုံးပိုင်ခွင့် ရှိသည်ဟု ဆိုထား လင့်ကစား ဖရသွဲ့ မစားမနေရဟူ၍ အမိန့် ထုတ်ပြန်ထားသည်မရှိ။ သို့ဖြစ်ရာ ငါတို့သည် စနေနေ့ကို ယခင်ကကဲ့သို့ပင် မြတ်နိုးကြအံ့။ ထို့အတူ အစွလာမ် တရားတော်နှင့်အညီ ကုလားအုင်္ဂါ၏အသား စားသုံးပိုင်ခွင့်ရှိသည်ဟု မိမိတို့စိတ်တွင် ယုံကြည်ယူဆကာ ယဟူဒီဘာသာအရ ➤➤

فَإِن زَلَلْتُم مِّن بَعْدِ مَا جَاءَتْكُمُ الْبَيِّنَاتُ فَاعْلَمُوا أَنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٢٠٩﴾

၂၀၉။ ထို့ကြောင့် (အစ္စလာမ် သာသနာရေးရာများနှင့်စပ်လျဉ်း၍) ထင်ရှားသော သက်သေလက္ခဏာများ အသင်တို့ထံ ရောက်ရှိလာပြီးသည့် နောက်သော်မှပင် အသင်တို့သည် (ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်မှ) ချွတ်ချော် တိမ်းပါးသွားခဲ့ကြသော် ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံ တရားနှင့် ပြည့်စုံတော် မူသောအရှင်၊ ဖြစ်တော် မူသည်ကို အသင်တို့သည် ကောင်းစွာ ယုံကြည် မှတ်သားထားကြကုန်လော့။

➤➤ ကုလားအုပ်စု၏အသားကို လက်တွေ့မစားသုံးဘဲနေကြအံ့၊ ဤသို့အားဖြင့် ယဟူဒီဘာသာကိုလည်း လေးစားရာရောက်ကြပေမည်။ အစ္စလာမ်သာသနာကိုလည်း ဆန့်ကျင်ရာရောက်မည် မဟုတ်ပေ။

ဤသို့အားဖြင့် ယင်းသူတို့သည် အစ္စလာမ်သာသနာနှင့် ယဟူဒီဘာသာ၏ကျင့်စဉ်ကျင့်ရပ်များကို ဒွန်တွဲပြီး လိုက်နာကျင့်သုံးခဲ့ကြလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်ထံတော်မှ ယင်းသူတို့နှင့်ပတ်သက်၍ အသင်တို့သည် အစ္စလာမ် သာသနာအတွင်းသို့ လုံးလုံးလျားလျား ဝင်ကြရမည့်အကြောင်းနှင့် ပတ်သက်၍ မုက္ခပါဠိတော် ကျရောက်လာလေသည်။ ကြည့်-ထာနဝီ။

အစ္စလာမ်သည် အနည်းငယ်မျှသော အချို့ယုံကြည်ချက်၊ အချို့ကျင့်စဉ်နှင့် အချို့ဝတ်ပြုမှုများ၏ အမည်မဟုတ်၊ အစ္စလာမ်သည် ပစ္စုပ္ပန်၊ တမလွန်နှစ်ဘဝလုံးအတွက် ပြည့်ဝစုံလင်သော စည်းမျဉ်းကြီးတရပ်ဖြစ်ပေသည်။ အစ္စလာမ်သည် နှစ်ဘဝလုံးတွင် လူသားတို့ တွေ့ကြုံရမည့် ပြဿနာအရပ်ရပ်ကို တခုမကျန် ခရေစေ့တွင်းကျ ညှစ်ပြထားသည်။ အစ္စလာမ်တွင်ပါရှိသော အချက်အလက်အားလုံးတို့ သည်လည်း တခုနှင့်တခု ဆက်စပ်လျက်ရှိပေသည်။ တခုနှင့်တခု ခွဲခြားထား၍ကားမရပေ။

အထက်ပါ အာယတ်တော် (၂း၂၀၈)၏ အလိုသဘောမှာ အကြင်သူတဦးသည်တဆူတည်းသော အလ္လာဟ်အရှင်မြတ်ကို ယုံကြည်မြတ်နိုးငြားသော်လည်း၊ နိုင်ငံရေးတွင် (အစ္စလာမ်အပြင်) အခြားအယူဝါဒကို လိုက်နာသည်ရှိသော်၊ သို့တည်းမဟုတ် ယဉ်ကျေးမှုတွင် အခြားဘာသာကို နာယူသည်ရှိသော် ထိုသို့သောသူတဦးကို ကျွန်ုပ်တို့သည် ပြည့်စုံသောမွတ်စ်လင်မ်ဟူ၍ မခေါ်ဆိုနိုင်ပေ။

အစ္စလာမ်သာသနာသည် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ပေါင်းသင်းဆက်ဆံရေး . . . စသည့် အရေးပူပူသမျှကို လိုလေသေးမရှိ ပြည့်ဝစုံလင်စွာ ဖော်ပြထားရှိပြီးဖြစ်ရကား အစ္စလာမ်သာသနာကို လက်ခံနာယူသူတဦးအဘို့ အခြားဘာသာ၊ အခြားအယူဝါဒ၊ အခြားလမ်းစဉ်များကို လက်ခံရန် အလျင်းအကြောင်းမရှိပေ၊ ဤအကြောင်းကိုပင် ကုရ်အာန်ကျမ်းမြတ်(၂း၂၀၈)တွင် ဖွင့်ဟမိန့်ဆိုထားတော်မူသည်။

هَلْ يَنْظُرُوْنَ اِلَّآ اَنْ يَّاْتِيَهُمُ اللّٰهُ فِيْ ظُلَلٍ مِّنَ الْغَمَامِ وَالْمَلٰٓئِكَةُ وَقُضِيَ الْاَمْرُ ۭ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝٢١٠

၂၁၀။ (ထိုသူများသည် သက်သေလက္ခဏာတော်များကို အထင်အရှား တွေ့မြင်ကြပါလျက်နှင့်ပင် တရားဒေသနာတော်များကိုသွေဖည်လျက် ရှိကြကုန်၏) ယင်းသူတို့သည် မိမိတို့ထံသို့ အလွှာဟ်အရှင်မြတ်သည် အပါးတော် စေတမန်များ နှင့်တကွ (ယင်းသူတို့အား) (ကွပ်မျက်တော်မူရန်) *တိမ်တိုက်များမိုးလျက်ကြရောက်လာပြီး၊* [၁] ကိစ္စပြီးဆုံးသွားခြင်းကိုသာ စောင့်မျှော်နေကြကုန်၏။ အမှန်သော်ကား အရေးကိစ္စ ဟူသမျှတို့သည် အလွှာဟ်အရှင်မြတ်ထံတော်ပါးသို့ ပြန်လည် ရောက်ကြရမည်သာ ဖြစ်ကုန်သတည်း။

سَلْ بَنِيْٓ اِسْرَاۗءِيْلَ كَمْ اٰتَيْنٰهُمْ مِّنْ اٰيَةٍۢ بَيِّنَةٍ ۭ وَمَنْ يُّبَدِّلْ نِعْمَةَ اللّٰهِ مِنْۢ بَعْدِ مَا جَاۗءَتْهُ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝٢١١

၂၁၁။ (အို-နဗီတမန်တော်) ငါအရှင်သည် ထို (အစ္စရာအီလီ) မျိုးနွယ်ဝင်တို့အား ထင်ရှားသော သက်သေလက္ခဏာများကို အဘယ်မျှပေးသနားတော်မူခဲ့သည်ကို အသင်သည် ယင်းအစ္စရာအီလီမျိုးနွယ်ဝင်တို့အား မေးမြန်းပါလေ။ အကြင်သူသည် ၎င်းထံသို့ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များ ရောက်ပြီးသည့်နောက် တနည်းတဖုံ ပြောင်းလွဲခဲ့ပါမူ အလွှာဟ်အရှင်မြတ်သည် အပြစ်ဒဏ်ကို ပြင်းထန်စွာစီရင်တော်မူသောအရှင် ဖြစ်တော်မူလေသတည်း။

---

① အလွှာဟ်အရှင်မြတ်သည် (အနာဒိကော) အစမရှိသော၊ (အနန္တိကော) အဆုံးမရှိသော (အတုလော) ဂုဏ်ရည်တူမရှိသော (အစိန္တေယျော) မကြံစည်နိုင်သော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် ကိုယ်ခန္ဓာ၊ နေရာဌါန စသည်တို့နှင့်လည်း လုံးဝကင်းစင်တော်မူသော အရှင်ဖြစ်တော်မူသည်။ ဤသည်ကား အများမွတ်စ်လင်မ်တို့၏ ယုံကြည်ချက်တည်း။

သို့ဖြစ်ရာ ကုရ်အာန်ကျမ်းမြတ် (၂:၂၁၀)တွင် တိမ်တိုက်များမိုးလျက် အလွှာဟ်အရှင်မြတ် ကြွလာတော်မူရန် မျှော်လင့်နေကြကြောင်း ထုတ်ဖော်မိန့်ဆိုထားသည်မှာ "မုချ"မဟုတ်၊ "ဥပစာ" မျှသာဖြစ်ချေသည်။

ကုရ်အာန်ကျမ်းမြတ် (၂:၂၁၀)သည် ကုရ်အာန် (၁၆:၃၃)နှင့် စကား အထားအသို အနည်းငယ်ကွဲပြားသော်လည်း သဘောအားဖြင့် အတော်ပင်တူညီပေသည်။ (၁၆:၃၃)တွင် ယင်းသူတို့ထံ အလွှာဟ် အရှင်မြတ် တိမ်တိုက်တို့၏ အရိပ်များတွင် ကြွရောက်တော်မူခြင်း၏ အစား အသင့်အား ➤➤

زُيِّنَ لِلَّذِينَ كَفَرُوا الْحَيٰوةُ الدُّنْيَا وَيَسْخَرُونَ مِنَ الَّذِينَ اٰمَنُوا ۘ وَالَّذِينَ اتَّقَوْا فَوْقَهُمْ يَوْمَ الْقِيٰمَةِ ۗ وَاللّٰهُ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ﴿٢١٢﴾

၂၁၂။ (အမှန်စင်စစ်) မယုံမကြည်သွေဖည်ငြင်းဆန်ကြကုန်သော ကာဖိရ်တို့သည် ဤပစ္စုပ္ပန်ဘဝ၌ အသက်ထင်ရှားနေထိုင်ခြင်း(နှင့် လောကီစည်းစိမ်တို့)ကို ကောင်းမွန်သည်ဟု [၁] ထင်မြင်ယူဆပေရာ ယင်းသူတို့သည် ယုံကြည်သဒ္ဓါတရား ထားရှိကြကုန်သော မုအ်မင်န်တို့ကို ပြက်ရယ်ပြောင်လှောင်ကြလေသည်။ စင်စစ်သော်ကား (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေ၍ ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သော သူများသည် ရှင်ပြန်ထမည့်နေ့တွင် ထိုကာဖိရ်တို့ထက် သာလွန် မြင့်မြတ်ကြကုန်အံ့။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် မိမိအလိုတော်ရှိသောသူတို့ကို အတိုင်းမရှိ စားနပ်ရိက္ခာများကို ပေးသနားတော်မူလေသတည်း။

كَانَ النَّاسُ أُمَّةً وَّاحِدَةً ۟ فَبَعَثَ اللّٰهُ النَّبِيّٖنَ مُبَشِّرِيْنَ وَمُنْذِرِيْنَ ۪ وَاَنْزَلَ مَعَهُمُ الْكِتٰبَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيْمَا اخْتَلَفُوْا فِيْهِ ۭ وَمَا

၂၁၃။ လူသားအားလုံးတို့သည် *(မူလက)* တသင်းတဖွဲ့တည်း*ဖြစ်ခဲ့ကြ၏*။ [၂] အဓွန့်ကာလရှည်ကြာလတ်သော် (စိတ်ဓာတ်များကွဲပြားပြီး အယူဝါဒကွဲပြားလာလေရာ) အလ္လာဟ်အရှင်မြတ်သည် (လူသားတို့ထံ) နဗီတမန်တော်များကို (အမိန့်တော်နာခံသူများအဘို့) ပီတိသောမနဿ ဝမ်းမြောက်ဘွယ်ရာ မင်္ဂလာသတင်း ပေးပို့သူများ အဖြစ်ဖြင့်၎င်း၊ (မနာခံသူများအား) သတိပေးနှိုးဆော်သော သူများအဖြစ်ဖြင့်၎င်း၊ စေလွှတ်တော်မူလေသည်။

➤➤ မွေးမြူတော်မူသော အရှင်၏ အမိန့်တော်ရောက်ခြင်းဟူ၍ ပါရှိပေသည်။

ဤသည်ကို အကြောင်းပြု၍ အချို့အဋ္ဌကထာရှင်များက (၂:၂၁၀)တွင် ယင်းသူတို့ထံ အလ္လာဟ် အရှင်မြတ် ကြွရောက်လာခြင်းဟူသော မုက္ခပါဠိတော်ကို အလ္လာဟ်အရှင်မြတ်၏ စီရင်ချက် (ဝါ) ပြစ်ဒဏ်တော် သက်ရောက်ခြင်း ဟူ၍ အနက်ဖွင့်ကြလေသည်။

① ဥစ္စာမန ကုံလုံကြွယ်ဝခြင်းသည် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတော်မူသည့်အတိုင်းသာ ဖြစ်ချေသည်။ ဥစ္စာမန ကုံလုံကြွယ်ဝခြင်းသည် မြင့်မြတ်ခြင်း၊ အလ္လာဟ်အရှင်မြတ် နှစ်မြို့တော်မူခြင်း၏ နိမိတ် ➤➤

➢➢ လက္ခဏာတစ်ရပ်ဖြစ်သည်ဟူ၍ ယတိပြတ်မယူဆအပ်ပေ။

အရပ်ကာဖိရ်တို့သည် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဆင်းရဲနွမ်းပါးသော "ဆွဟာဗဟ်" သဘဝကြီးများအား အထင်အမြင်သေးခဲ့ကြ၏။ ကြည့်-ကုရ်အာန်(၁၁း၂၇)၊ (၂၆း၁၁၁)။

ဥစ္စာဓန ကုံလုံကြွယ်ဝသည့်အတွက် မိမိကိုယ်ကို အထင်ကြီး၍ သူဆင်းရဲတို့ကို အထင်အမြင်သေးခြင်းသည် မလိမ္မာမှုတစ်ရပ်သာဖြစ်ချေသည်။ ကြည့်-ထာနဝီ။

အလ္လာဟ်အရှင်မြတ် နှစ်မြို့တော်မူသောသူများကား ထိုအရှင်မြတ်အား ချစ်ကြောက်ရိုသေ မြတ်နိုး၍ ကိုယ်ကျင့်တရားကောင်းမြတ်သော "မွတ္တကီ" သူတော်စင်များသာတည်း။

ⓙ ကမ္ဘာလောကရှိ လူသားတို့သည် ကမ္ဘာဦးဘခင်အာဒမ်(အလိုင်ဟစ္စလာမ်)နှင့် မိခင်ကြီးဟောင်ဝါတို့မှ ဆင်းသက်ပေါက်ဖွားလာကြကုန်သော သားသမီးများသာဖြစ်ကြ၏။ လူသားအားလုံးတို့သည် တမိတဘတည်း၏ သားသမီးများဖြစ်ကြရကား တသင်းတဖွဲ့တည်းလည်း ဖြစ်ကြ၏။

လူသားတို့သည် ကာလအချိန်ကြာမြင့်စွာ ဘခင်ကြီး အာဒမ်(အလိုင်ဟစ္စလာမ်) ဟောကြားသော အစ္စလာမ် သာသနာကိုပင် လိုက်နာဆောင်ရွက်ခဲ့ကြ၏။ ကြည့် - အီဗ်နုဂျရိရ်ကဗီရ်။

ထိုနောက် လူသားတို့သည် တစ်နှစ်ထက်တစ်နှစ်၊ တစ်ခေတ်ထက်တစ်ခေတ် ဦးရေများပြားလာကာ ရေကြည်ရာ မြက်နုရာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားကြ၏။ မျိုးနွယ်အစားစား၊ လူမျိုးအဖုံဖုံ၊ တိုင်းပြည်အသီးသီး ဖြစ်ပေါ်လာကြ၏။ ပတ်ဝန်းကျင်များနှင့် ဥတုရာသီတို့၏ ကွဲပြားမှုကြောင့် အစားအသောက် အနေအထိုင်တို့သည် ကွဲပြားလာရာ စိတ်ဓာတ်များလည်း ကွဲပြားလာကြ၏။

ကမ္ဘာ့အိမ်ထောင်စုကြီးတွင် နေထိုင်ကြကုန်သော လူသားတို့သည် ကိုယ်ခန္ဓာ၏ အဆစ်အပိုင်းများနှင့် အလားသဏ္ဌာန်တူပေသည်။ လူသားတစ်ဦးသည် တစ်ဦးတစ်ယောက်တည်းနေ၍ မဖြစ်ချေ။ အဘယ့်ကြောင့်ဟူမူ လူသားတစ်ဦးသည် မိမိအတွက် လိုအပ်သောအရာများကို မိမိတစ်ဦးတည်း ဖန်တီးနိုင်သည်မဟုတ်။ လူသားအားလုံးတို့သည် တစ်ဦး၏အလိုကို တစ်ဦးဖြည့်ကာ အချင်းချင်း မှီခိုအားထား၍ နေကြရသည်သာတည်း။ သို့ဖြစ်ရာ လူသားတို့သည် တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အမြော်အမြင်၊ လုပ်ရည်ကိုင်ရည် စသည်တို့တွင် ခြားနားလျက်ရှိကြပေမည်။

လူသားအားလုံးတို့သည် မှန်ကန်သော သဘာဝပေါ်၌ တည်ရှိခဲ့ကြ၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ "ကလေးသူငယ်တိုင်းသည် မှန်ကန်သော သဘာဝအတိုင်းသာ ဖွားကြသည်။ ထို့နောက် ထိုကလေးသူငယ်၏ မိဘနှစ်ပါးတို့သည် ထိုသားငယ်အားယဟူဒီ ဘာသာဝင်သော်လည်းကောင်း၊ နဆ္ရရာနီဘာသာဝင်သော်လည်းကောင်း၊ မဂျူးစီဘာသာဝင်သော် လည်းကောင်း ဖြစ်စေကြသည်" ဟူ၍ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် လူသဘာဝဖြစ်စဉ်ကို ဖော်ပြမိန့်ဆိုခဲ့၏။ ကြည့်-(ဗုခါရီ)။

လူသားအားလုံးတို့သည် မိဘသားချင်းတို့၏ဖန်တီးမှုကိုလည်း ခံကြရ၏။ ရှိုင်တွာန်၏ ဖြားယောင်းသွေးဆောင်မှု အမျိုးမျိုးကိုလည်းခံကြရ၏။

ထို့အတွက်ကြောင့်ပင် လူသားတို့သည် တအူတုံဆင်း တမိဝမ်းတွင်းမှ ပေါက်ဖွားလာကြသော ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြလင့်ကစား အယူအဆကွဲကြလေသည်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတည်းဟူသော အယုတ်တရားများ၌ နစ်မွန်း၍ အချင်းချင်း အငြင်းပွားကြလေသည်။ စိတ်နလုံးများ မာကျောလာကြ၏။ ကြည့်-ကုရ်အာန် (၅၇း၁၆)။

اخْتَلَفَ فِيهِ إِلَّا الَّذِينَ
أُوتُوهُ مِن بَعْدِ مَا
جَاءَتْهُمُ الْبَيِّنَاتُ بَغْيًا
بَيْنَهُمْ ۖ فَهَدَى اللَّهُ الَّذِينَ
آمَنُوا لِمَا اخْتَلَفُوا فِيهِ مِنَ
الْحَقِّ بِإِذْنِهِ ۗ وَاللَّهُ يَهْدِي
مَن يَشَاءُ إِلَىٰ صِرَاطٍ
مُّسْتَقِيمٍ ﴿٢١٣﴾

ထို.ပြင်တဝ လူသား‌တို့ အချင်း‌ချင်း ကွဲပြား‌လျက်ရှိသော ပြဿနာများ‌ရပ်ကို စီရင် ဆုံး‌ဖြတ်ပေး‌တော်မူအံ့သော‌ငှာ အလ္လာဟ် အရှင်မြတ်သည် ထို နဗီတမန်‌တော် များ‌နှင့်အတူ မှန်‌ကန်သော ကျမ်း‌ဂန် အသီး‌သီး တို့‌ကိုလည်း ထုတ်ပြန် ချမှတ်ပေး‌အပ်‌တော်မူ‌လေသည်။ ထို‌ကျမ်း‌ဂန်‌နှင့် စပ်လျဉ်း၍‌ကား (မည်သူ‌တစ်ဦး‌တစ်ယောက်မျှ) ကွဲပြား‌သည် မရှိချေ။ ထို‌ကျမ်း‌ဂန်‌ကို ရရှိသော‌သူများ‌သာလျှင် မိမိတို့.ထံ ထင်ရှား‌သော အမှတ်‌အသား လက္ခဏာ‌တော်များ‌ရောက်ရှိ‌လာပြီး‌သည့်‌နောက်‌တွင် မိမိတို့. အချင်း‌ချင်း မလိုမုန်း‌ထား ထောင်လွှား‌ခြင်း‌ကြောင့် ထို‌ကျမ်း‌ဂန်‌နှင့် စပ်လျဉ်း၍ ကွဲပြား‌လာ‌ကြ‌လေ၏။ ထို‌အခါ (နောက်ဆုံး၌) အလ္လာဟ်‌အရှင်မြတ်သည် မိမိအလို‌တော်ဖြင့် လူသား‌တို့ ကွဲပြား‌လျက်ရှိသော ပြဿနာများ‌နှင့် စပ်လျဉ်း၍ ယုံ‌ကြည်‌ခြင်း‌သဒ္ဓါ တရား‌ထား‌ရှိ‌ကုန်သော မုအ်မင်‌တို့.အား တရား‌မှန်‌ကို ညွှန်‌ကြား ပြသ‌တော်မူ‌လေသည်။ ဧကန်‌အမှန် အလ္လာဟ် အရှင်မြတ်သည် မိမိနှစ်မြို့‌တော်မူသော သူတို့.‌ကို ဖြောင့်မတ်မှန်‌ကန်သော တရား‌လမ်း‌သို့ ညွှန်‌ကြား‌ပြသ ပို့‌ဆောင်‌တော်မူ‌လေသ‌တည်း။

أَمْ حَسِبْتُمْ أَن تَدْخُلُوا
الْجَنَّةَ وَلَمَّا يَأْتِكُم مَّثَلُ
الَّذِينَ خَلَوْا مِن
قَبْلِكُم ۖ مَّسَّتْهُمُ

၂၁၄။ (အို-မုအ်မင်‌နှ်‌အပေါင်း‌တို့) အသင်‌တို့.သည် “ဂျန္နတ်” အမတသုခဘုံ‌သို့ (လွယ်လင့်‌တကူ) ဝင်‌ကြ‌ရလိမ့်‌မည်‌ဟု မှတ်‌ထင်‌ကြ‌လေ‌သ‌လော။ (ယခုမူ) အသင်‌တို့.အလျင် လွန်‌လေ‌ပြီး‌သော သူမွန်‌သူမြတ်‌တို့.ထံ‌သို့ သက်‌ရောက်‌ခဲ့‌ဘူး‌သော အဲ့‌သြဘွယ်‌ရာ အဖြစ်‌အပျက်‌သည် အသင်‌တို့.ထံ‌သို့ သက်‌ရောက် သည် မရှိ‌သေး‌ချေ။

الْبَاْسَآءُ وَالضَّرَّآءُ وَزُلْزِلُوْا حَتّٰى يَقُوْلَ الرَّسُوْلُ وَالَّذِيْنَ اٰمَنُوْا مَعَهٗ مَتٰى نَصْرُ اللّٰهِ ؕ اَلَآ اِنَّ نَصْرَ اللّٰهِ قَرِيْبٌ ﴿٢١٤﴾

ထိုသူမွန်သူမြတ်တို့ အပေါ်ဝယ် ဒုက္ခအမျိုးမျိုး၊ ဘေးဥပဒ် အဖုံဖုံတို့သည် ဆိုက်ရောက်ခဲ့ပေသည်။ (ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကြောင့်) ထိုသူမွန်သူမြတ်တို့သည် တုန်လှုပ်ချောက်ချား ခဲ့ကြရပေသည်။ (နောက်ဆုံးတွင်) နဗီတမန်တော်နှင့် နောက်ပါတပည့်သားများဖြစ်ကြကုန်သော "မုအ်မင်န်" တို့သည်ပင် (ထိတ်ထိတ်လန့်လန့်ဖြစ်ကာ) အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မတော် မူခြင်းသည် မည်သည့်အခါ၌ ရောက်ရှိပါအုံးနည်း ဟု ပြောဆိုကြလေသည်။ (သို့ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသောအခါ၌ အလ္လာဟ်အရှင်မြတ်က) သတိပြုကြကုန်။ ဧကန်အမှန် အလ္လာဟ် အရှင်မြတ်၏ စောင်မတော်မူခြင်းသည် နီးကပ်လျက်ရှိချေပြီ (ဟု မိန့်ကြားတော်မူလေသတည်း။) [၁]

---

① **ထုတ်ပြန်ပို့ချခြင်း။**

ဟစ်ဂျ်ရီသက္ကရာဇ် (၅)ခုနှစ်၊ "ဓူကအ်ဒဟ်"လတွင် ယဟူဒီများသည် အရဗ်လူမျိုးစု အသီးသီးတို့နှင့် မဟာမိတ်ဖွဲ့ပြီး စစ်သည်တော် ဗိုလ်ခြေ နှစ်သောင်းလေးထောင်(၂၄၀၀၀)ကျော်တို့ဖြင့် မဒီနာမြို့ကို ဝိုင်းဝန်းကာ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်တကွ မွတ်စ်လင်မ် တစ်မျိုးသားလုံးတို့အား လုံးဝ ချေမှုန်းပစ်ရန် စစ်ပွဲဆင်နွှဲခဲ့ကြလေသည်။ ရန်သူစစ်သည်တော်များသည် မဒီနာမြို့ကို တစ်လနီးပါး ဝိုင်းဝန်း ထားခဲ့ကြ၏။ မွတ်စ်လင်မ်တို့သည် ထိုအချိန်တွင် အင်အား နည်းပါးလျက် ရှိကြ၏။ သာဝကကြီး စလ်မာန်ဖာရစီ၏ အကြံပေးချက်အရ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် မဒီနာမြို့၏ ပတ်ဝန်းကျင်၌ ကျုံးတူး၍ မွတ်စ်လင်မ်စစ်သည်တော် သုံးထောင်(၃၀၀၀)တို့ဖြင့် ရန်သူတို့အား ခုခံကာကွယ်တော်မူခဲ့၏။

မွတ်စ်လင်မ်တို့သည် စစ်အင်အားနည်းခြင်း၊ စီးပွားရေးကျပ်တည်းခြင်း၊ နွေဆက်အစာငတ်မွတ်ခြင်း၊ ညဉ့်ဆက်အအိပ်ပျက်ခြင်း၊ ဥတုရာသီဆိုးရွားခြင်း၊ တစ်လနီးပါး ရန်သူတို့ကဝိုင်းဝန်းထားခြင်းကို ခံရခြင်း၊ ရန်သူတို့၏ စစ်အင်အား ကြီးမားလှခြင်းတို့ကြောင့် မကြုံစဘူးသော ဒုက္ခတို့နှင့် ရင်ဆိုင်ခဲ့ကြရ၏။ တုန်လှုပ်ချောက်ချားခဲ့ကြရ၏။ သို့ရာတွင် နောက်ဆုံး၌ အလ္လာဟ်အရှင်မြတ်၏ စောင်မတော်မူခြင်းဖြင့် ရန်သူတို့သည် ကစဉ့်ကလျားဖြစ်သွားကြပြီးလျှင် မွတ်စ်လင်မ်များသည်ပင် စစ်ရေးသာခဲ့ကြလေသည်။

ယဟူဒီများနှင့် အရဗ်လူမျိုးစုအားလုံး မဟာမိတ်ဖွဲ့ပြီး စစ်ပွဲဆင်နွှဲသည်ကို အကြောင်းပြု၍ ဤစစ်ပွဲကို "ဃတ်ဇ်ဝတုလ်အဟ်ဇာဗ်" မဟာမိတ်တို့၏ စစ်ပွဲဟူ၍ငင်း၊ မွတ်စ်လင်မ်တို့သည် ကျုံးတူး၍ ခုခံကာကွယ်ခဲ့ကြသည်ကို အကြောင်းပြု၍ "ဃတ်ဇ်ဝတုလ်ခန်ဒက်" ကျုံးစစ်ပွဲ ဟူ၍ငင်း၊ ခေါ်ဝေါ်ကြသည်။ ➤➤

يَسْـَٔلُوْنَكَ مَاذَا يُنْفِقُوْنَ ۗ قُلْ مَآ اَنْفَقْتُمْ مِّنْ خَيْرٍ فَلِلْوَالِدَيْنِ وَالْاَقْرَبِيْنَ وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ۗ وَمَا تَفْعَلُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿٢١٥﴾

၂၁၅။ (အို-နဗီတမန်တော်) အချို့သောသူများသည် (ကုသိုလ်အကျိုးငှာ) မည်သည့် အရာဝတ္ထုကို (မည်သည့်နေရာ၌) လှူဒါန်းပေးကမ်း သုံးစွဲကြရပါမည်နည်းဟု အသင့်ကိုမေးမြန်းကြရာ အသင်သည် (ယင်းသူတို့အား) "*အသင်တို့သည် (မိမိတို့နှစ်သက်ရာကို) ပေးကမ်း လှူဒါန်းနိုင်ကြပေသည်။* [၁] သို့ရာတွင် မိဘနှစ်ပါးတို့အတို့ငှင်း၊ ဆွေမျိုးနီးစပ်သောသူတို့အတို့ငှင်း၊ ဘသက်ဆိုးတို့အတို့ငှင်း၊ သူဆင်းရဲတို့အတို့ငှင်း၊ ခရီးသည်အာဂန္တု(များ)အတို့ငှင်း (သုံးစွဲလှူဒါန်းခြင်းသည် ပိုမိုသင့်မြတ်လှပေသည်)၊ အမှန်စင်စစ် အသင်တို့သည် မည်သည့်ကောင်းမှုကုသိုလ်မျိုးကိုမဆို ပြုလုပ်ကြပါမူ ဧကန်မုချ အလွှာဟ် အရှင်မြတ်သည် ထိုပြုလုပ်သမျှသော ကောင်းမှုကုသိုလ်တို့ကို ကောင်းစွာ သိရှိတော်မူသော အရှင်ဖြစ်တော်မူသည်" ဟု ဖြေကြားပါလေ။

كُتِبَ عَلَيْكُمُ الْقِتَالُ وَهُوَ كُرْهٌ لَّكُمْ ۚ وَعَسٰٓى اَنْ تَكْرَهُوْا شَيْـًٔا وَّهُوَ خَيْرٌ لَّكُمْ ۚ وَعَسٰٓى اَنْ

၂၁၆။ (အို-"မုအ်မင်န်" အပေါင်းတို့) အသင်တို့အပေါ်ဝယ် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းသည် "*ဖရသ်*" *ပြဋ္ဌာန်းပြီး ဖြစ်ချေပြီ။* [၂] အမှန်စင်စစ် ထိုစစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းသည် အသင်တို့အတို့ (သဘာဝအလျောက်) ရွံရှာစက်ဆုပ်(ဝန်လေး)ဘွယ်ရာပင် ဖြစ်ချေသည်။

➤➤ ဤစစ်ပွဲအကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၃၃း၉-၂၀)တွင် တွေ့ရှိနိုင်သည်။ အကျယ်ကို စီရတုန္နဗီ၊ ပဌမတွဲ။ စာမျက်နှာ (၃၈၀-၄၂၄)တွင် ရှုပါကုန်။ ကုရ်အာန်ကျမ်းလာ (၂း၂၁၄)သည် ဤစစ်ပွဲတွင် မွတ်စ်လင်မ်တို့ ဒုက္ခအမျိုးမျိုး ခံစားခဲ့ရသည့် အကြောင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချမှတ်တော်မူသော မုက္ခပါဠိတော်ဖြစ်သည်ဟု အများ အဋ္ဌကထာရှင်များ ယူဆကြလေသည်။ ကြည့်-အီဗ်နဂျ်ရီရ်ကျမ်း၊ အဒ်ဒုရ်ရုလ်မန်ဆူရ်ကျမ်း။

① ကုရ်အာန်ကျမ်းလာ ဤမုက္ခပါဠိတော် (၂း၂၁၅) သည် စေတနာအလျောက် ပေးကမ်းလှူဒါန်းသော အလှူဒါနများနှင့်သာ သက်ဆိုင်ပေသည်။ "ဖရသ်" မပေးမနေရဟူ၍ ပြဋ္ဌာန်းသတ်မှတ်ထားသော "ဇကာတ်"သည် ဤမုက္ခပါဠိတော်နှင့် မသက်ဆိုင်၊ သီးခြားအဓိန့်တော်တစ်ရပ်ဖြစ်ပေသည်။ ကြည့်-အဒ်ဒုရ် ရုလ်မန်ဆူရ်ကျမ်း။ အီဗ်နကဆီရ်ကျမ်း၊ မဒါရိုက်ကျမ်း။

تُحِبُّوا شَيْئًا وَهُوَ شَرٌّ لَّكُمْ ۗ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٢١٦﴾

သို့ရာတွင် အသင်တို့သည် တစ်စုံတစ်ရာကို ရွံရှာစက်ဆုပ်သော်လည်း စင်စစ်မှာ ထိုအရာသည် အသင်တို့အဘို့ အကောင်းဖြစ်တန်ရာ၏။ [၁] ထိုနည်း တူပင် အသင်တို့သည် တစ်စုံတစ်ရာကို နှစ်သက်သော်လည်း စင်စစ်မှာ ထိုအရာသည် အသင်တို့အဘို့ အဆိုးဖြစ်တန်ရာသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် (အကောင်းနှင့်အဆိုးကို တပ်အပ်သေချာစွာ)သိရှိတော်မူ၏။ အသင်တို့မူကား (တစ်စုံတစ်ရာကိုမျှ တိကျသေချာစွာ) သိနားလည်ကြသည် မဟုတ်ကြချေ။ [၂]

---

(၂) အရဗ် "ကာဖိရ်" တို့၏ဉာဉ်းပမ်းနိပ်စက်မှုအမျိုးမျိုးတို့ကို မခံမရပ်နိုင်ကြသဖြင့် နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)နှင့်တကွ မြောက်မြားစွာသော မွတ်စ်လင်မ်တို့သည် မက္ကာမြို့ကို စွန့်လွှတ်၍ မဒီနာမြို့သို့ ရွှေ့ပြောင်းတည်းခိုနေကြ၏။ ထိုအချိန်တွင် မွတ်စ်လင်မ်တို့သည် နေရေး, ထိုင်ရေး, စားရေး, သောက်ရေး အစရှိသည့် လူမှုရေးရာကိစ္စအဝဝတွင် ချို့တဲ့ကြ၏။ အင်အားချည့်နဲ့ကြ၏။ စိတ်ဓာတ်များပင် ပျက်ပြားလျက်ရှိကြ၏။ ထိုကဲ့သို့ ကစဉ့်ကလျားဖြစ်နေသော အချိန်အခါမျိုးတွင် အင်အားကြီးမားလှသော ရန်သူတို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့်တော် ကျရောက်လာပေရာ မွတ်စ်လင်မ်တို့အဘို့ လူသဘာဝအလျောက် မုချဝန်လေးပေမည်။ ဤသည် ထိုထိုသော မွတ်စ်လင်မ် အာဇာနည်တို့၏ "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ယင်းသူတို့၏ ဂုဏ်ပုဒ်ကို စိုးစဉ်းမျှ ထိခိုက်သည်မဟုတ်ပေ။

(၁) "အသင်တို့ စက်ဆုပ်သောအရာသည် အသင်တို့အဘို့ အကောင်းဖြစ်တန်ရာ၏" ဟူသော မူကွပါဌ်တော်၏ အလိုကား အသင်တို့သည် မိမိတို့၏ ထင်မြင်ယူဆချက်အရ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို မလိုလားကြသော်လည်း ရန်သူတို့အား ခုခံတိုက်ခိုက်၍ အောင်နိုင်သောအခါ ထိုသို့ ခုခံကာကွယ် တိုက်ခိုက်ခြင်းသည်ပင် သင်တို့အဘို့ အကောင်းဖြစ်လိမ့်မည်ဟူလို။

"အသင်တို့လိုလားသောအရာသည် အသင်တို့အဘို့ အဆိုးဖြစ်တန်ရာ၏" ဟူသော မူကွပါဌ်တော်၏ အလိုကား အသင်တို့သည် မိမိတို့၏ထင်မြင်ယူဆချက်အရ စစ်မတိုက်ခိုက်ခြင်းကို နှစ်သက်၍ အေးချမ်းစွာ နေလိုကြသော်လည်း ရန်သူမိစ္ဆာဒိဋ္ဌိတို့သည် အသင်တို့အား လွှမ်းမိုးပြီးလျှင် ညှဉ်းပန်းနှိပ်စက်ကြမည်ဖြစ်ရာ ထိုသို့စစ်မတိုက်ဘဲ အေးချမ်းစွာနေလိုခြင်းသည်ပင် အသင်တို့အဘို့ အဆိုးဖြစ်လိမ့်မည်ဟူလို။

(၂) အလ္လာဟ်အရှင်မြတ်သည် သမ္မညတညာဏ်တော်ရှင်ဖြစ်တော်မူပေရာ ထိုအရှင်မြတ် ထုတ်ပြန် ချမှတ်တော်မူသော အမိန့်ပညတ် အရပ်ရပ်တို့သည် မြောက်မြားစွာသော ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာတို့ကို ခြုံလျက်ရှိပေသည်။ လူသားတို့၏အသိဉာဏ်၊ အတွေးအခေါ် အမြော်အမြင်တို့မှာမူ အလွန်မျှပင် နည်းပါးတိုတောင်းကျဉ်းမြောင်းလှရကား လူသားတို့သည်အဘယ်တစ်စုံတစ်ခုကိုမျှ တိကျစွာမသိနိုင်ကြပေ၊ သို့ဖြစ်ရာ လူသားတို့သည် အရာရာတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို ဦးလည်မသုံ လိုက်နာဆောင်ရွက်ခြင်းဖြင့်သာလျှင် ဘေးရန်ကင်း၍ ငြိမ်းချမ်းခြင်းသို့ ရောက်ရှိနိုင်ကြမည်သာတည်း။ ကြည့်-မာဂျိဒီ။

يَسْـَٔلُونَكَ عَنِ الشَّهْرِ الْحَرَامِ قِتَالٍ فِيهِ ۖ قُلْ قِتَالٌ فِيهِ كَبِيرٌ ۖ وَصَدٌّ عَنْ سَبِيلِ اللَّهِ وَكُفْرٌ بِهِ وَالْمَسْجِدِ الْحَرَامِ

၂၁၇။ (အို-နဗီတမန်တော်) ထိုသူတို့သည် ရိုသေလေးစားအပ်သော လမြတ်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းနှင့် စပ်လျဉ်း၍ အသင့်ကို (လာရောက်) မေးမြန်းကြရာ အသင်သည် (ယင်းသူတို့အား၊ ဟယ်-အချင်းတို့) "ထိုလမြတ်၌ (သိလျက်နှင့်ပင်) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းသည် ကြီးလေးသော အပြစ်ပင်ဖြစ်ချေသည်။ [၁]

⓵ **ထုတ်ပြန်ပို့ချတော်မူခြင်း။**

(ရိုသေမြတ်နိုးအပ်သောလများမှာ မုဟာရ်ရမ်၊ ရဂျဗ်၊ ဇုလ်ကအ်ဒဟ်၊ ဇုလ်ဟိဂ္ဂ်ျဟ်လများဖြစ်ကြသည်)။ ဗဒါရ်စစ်ပွဲမဖြစ်မီ ၁၇-လ၊ ဟစ်ဂျ်ရီ သက္ကရာဇ် ၂-ခုနှစ်၊ ဂျုမာဒလ်အုခ်ရာလ၏ နောက်ပိုင်းတွင် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လဟု အလိုင်ဟိ ဝစလ္လမ်)သည် ကုရိုက်ရှ်တို့၏အခြေအနေများကို ထောက်လှမ်းရန်အလို့ငှာ အစ်ဒုလ္လာဟ် အီဗ်နုဂျဟ်ရှ်နှင့်တကွ "မုဟာဂျိရီန်" သာဝကကြီး ၈-ပါးတို့အား စေလွှတ်တော်မူခဲ့၏။ ထိုသာဝကကြီးများသည် "နခ်လဟ်" အမည်ရှိသော ဌာနသို့ရောက်ကြသောအခါ ကုရိုက်ရှ်မျိုးနွယ်ဝင်အချို့ကုန်သည်များကို မြင်ကြလေသည်။ သို့မြင်ကြသည့်အခါ သာဝကကြီးများသည် ထိုကုရိုက်ရှ်ကုန်သည်များအရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြ၏။ ထိုနေ့သည် ဂျုမာဒလ်အုခ်ရာလ၏ နောက်ဆုံးနေ့ပင်ဖြစ်၏။ အကယ်၍ ငါတို့သည် ထိုကုန်သည်များကို လျစ်လျူပြုကြအံ့၊ ထိုသူများသည် ရိုသေမြတ်နိုးအပ်သောလများအတွင်းသို့ရောက်သွားကြအံ့၊ ထိုအချိန်အခါတွင် ထိုသူတို့သည် အကာအကွယ်ရသွားကြပေမည်။ အကယ်၍ ငါတို့သည် ထိုသူများကိုတိုက်ခိုက်ကြအံ့၊ ရိုသေမြတ်နိုးအပ်သော လများတွင် တိုက်ခိုက်ရာရောက်ကြအံ့၊ သို့တွေးဆဆင်ခြင်လျက် သာဝကကြီးများသည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် သင့်တော်သည်၊ မသင့်တော်သည်ကို စဉ်းစားရာတွင် စနောင့်စနင်း ဖြစ်နေခဲ့ကြ၏။ နောက်ဆုံးတွင် သာဝကကြီးများသည် တိုက်ခိုက်ရန်ဆုံးဖြတ်ကြပြီး ထို "ကုရိုက်ရှ်"ကုန်သည်တို့အား တိုက်ခိုက်ကြလေသည်။ ထိုစစ်ပွဲတွင် ကုရိုက်ရှ်ကုန်သည်တို့ဘက်မှ အမ်ရ်အီဗ်နလ်ဟသ်ရမီ ကျဆုံး၍ အခြား ၂-ဦး လက်ရဖမ်းဆီးခြင်း ခံကြရ၏။

ယင်းကိစ္စ ပြီးစီးသည့်အခါ အစ်ဒုလ္လာဟ် အီဗ်နုဂျဟ်ရှ်၏ အဖွဲ့သားများသည် စစ်သုံ့ပန်း ပစ္စည်းများနှင့်တကွ ဘမ်းဆီးထားသော အကျဉ်းသား ၂-ယောက်တို့ကို ယူဆောင်၍ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ထံသို့ လာရောက်ကြလေ၏။ ထိုအခါ နဗီတမန်တော်က "ငါသည် အသင်တို့ကို ရိုသေမြတ်နိုးအပ်သော လများတွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့်ပေးခဲ့သည်မဟုတ်" ဟု မိန့်ဆိုလေသည်။ ထို့နောက် နဗီတမန်တော်သည် ဘမ်းဆီး ယူဆောင်လာသော အကျဉ်းသား ၂-ယောက်နှင့် စစ်သုံ့ပန်းပစ္စည်းများအနက် အနည်းငယ်မျှ လက်ခံခြင်းကိုပင် ငြင်းပယ်တော်မူလေ၏။ ထိုအခါ အစ်ဒုလ္လာဟ် အီဗ်နုဂျဟ်ရှ်နှင့် အဖွဲ့သားတို့သည် ရှက်ကြောက်ကြ၏။ ယုကြိုးမရ ဖြစ်ကြ၏။ ငါတို့သည် ပျက်စီးကြရတော့အံ့ဟု ထင်မှတ်ကြ၏။

အစ်ဒုလ္လာဟ် အီဗ်နုဂျဟ်ရှ်နှင့် အဖွဲ့သားတို့အား မွတ်စ်လင်မ်များကလည်း "အသင်တို့သည် ပြုလုပ်ရန်အမိန့်မရှိသည်များကို ပြုလုပ်ကြသည်။ ရိုသေမြတ်နိုးအပ်သောလများတွင် စစ်မက်ပြိုင်ဆိုင် ➤➤

وَإِخْرَاجُ أَهْلِهِ مِنْهُ أَكْبَرُ عِندَ
اللَّهِ ۚ وَالْفِتْنَةُ أَكْبَرُ مِنَ الْقَتْلِ ۗ
وَلَا يَزَالُونَ يُقَاتِلُونَكُمْ
حَتَّىٰ يَرُدُّوكُمْ عَن دِينِكُمْ إِنِ
اسْتَطَاعُوا ۚ وَمَن يَرْتَدِدْ
مِنكُمْ عَن دِينِهِ فَيَمُتْ وَهُوَ
كَافِرٌ فَأُولَٰئِكَ حَبِطَتْ
أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ ۖ

သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ (သာသနာ့) လမ်းတော်မှ ပိတ်ပင်တားဆီးခြင်းသည်ငင်း၊ ထို အရှင်မြတ်အား မယုံမကြည် သွေဖည်ငြင်းပယ်ခြင်း သည်ငင်း၊ ရိုသေလေးစားအပ်သော (အလ္လာဟ်အရှင် မြတ်၏) ဗလီကျောင်းတော်မှ *(ဖူးမျှော်ရန်လာသော သူများကို) တားဆီးပိတ်ပင်ခြင်းသည်ငင်း၊* [၁] ထိုဗလီ ကျောင်းတော်၌ မှီတင်းနေထိုင်ကြသော သူတို့ကို ယင်းဗလီကျောင်းတော်မှ နှင်ထုတ်ခြင်းသည်ငင်း၊ အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ သာလွန်၍ ကြီးလေးသောအပြစ်ပင် ဖြစ်ချေသည်။ ထိုနည်းတူစွာ (သာသနာရေး၌) ညှဉ်းပန်းနှိပ်စက် ကလူပြုခြင်း သည်လည်း (ထို)သတ်ဖြတ်ခြင်းထက်ပင် သာလွန်၍ ကြီးလေးသော အပြစ်ကြီးတစ်ရပ်ဖြစ်ပေသည်" ဟု အသင်ဖြေကြားပါလေ။

➤➤ တိုက်ခိုက်ကြသည်၊ ထိုလများတွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အသင်တို့အား အမိန့်တစ်စုံတစ်ရာ ပေးထားသည်သည်း မရှိ" ဟု ပြစ်တင်ပြောဆိုကြလေ၏။ ကုရိုက်ရှ် မျိုးနွယ်တို့ကလည်း "မုဟမ္မဒ်နှင့် နောက်လိုက်တပည့်သားတို့သည် ရိုသေမြတ်နိုးအပ်သောလများတွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို ခွင့်ပြု၍ သွေးထွက်သံယိုပြုကြပြီး၊ ထိုလများတွင် ပစ္စည်းများကို သိမ်းယူကြပြီ၊ လူသားတို့ကို အကျဉ်းသားများအဖြစ် ဘမ်းဆီးကြပြီ" ဟု ကဲ့ရဲ့ ပြစ်တင်ကြလေသည်။ ထိုအခါ မက္ကာမြို့ရှိ မွတ်စ်လင်မ်များက "အဗ်ဒုလ္လာဟ် အီဗ်နုဂျဟ်ရှ်နှင့် အဖွဲ့သားတို့သည် ရိုသေမြတ်နိုးအပ်သော လများတွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြသည်မဟုတ်၊ ဂျူမာဒလ်အုခ်ရာလ၌ တိုက်ခိုက်ခြင်းသာဖြစ်သည်" ဟု ပြန်လည်ချေပ ပြောဆိုကြလေသည်။ ထိုစစ်ပွဲအကြောင်းနှင့် စပ်လျဉ်း၍ သို့လော-သို့လော အမျိုးမျိုးဝေဘန်ပြောဆိုနေကြသည့်အခါ အလ္လာဟ်အရှင်မြတ် ထံတော်မှ ကုရ်အာန်ကျမ်းလာ မုကွပါဠ်တော် (၂:၂၁၇) သည် ကျရောက်လာလေသည်။ ကြည့်-အီဗ်နုဂျရီရ်။ အလ်မနာရ်။

① မက္ကာမြို့တော်ရှိ "အလ်မတ်စ်ဂ်ဒ်ဒုလ်ဟာရာမ်" သည် အထူးရှိသေ မြတ်နိုးအပ်သော အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်ဖြစ်သည်၊ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ကြကုန်သော မွတ်စ်လင်မ်တို့သည် အလ္လာဟ် အရှင်မြတ်၏ ကျောင်းတော်တွင် အချိန်မရွေး လွတ်လပ်စွာ သွားလာခွင့်ကို ရလိုကြပေမည်၊ သာသနာရေး လွတ်လပ်မှုကို ဖန်တီးပေးခြင်းသည် အစ္စလာမ်အစိုးရ၏ အဓိက တာဝန်တစ်ရပ်ပင်ဖြစ်၏။ မည်သည့်သာသနာဝင် မဆို မိမိတို့ ယုံကြည်ကိုးကွယ်သော သာသနာကို လွတ်လပ်စွာ လိုက်နာကျင့်သုံးလိုကြ၏။ "သာသနာထိ မချိအောင်နာ" ဆိုသကဲ့သို့ မည်သည့်ဘာသာဝင်မျှ ဘာသာရေး ချုပ်ချယ်မှုကို အလျင်းမလိုလားကြပေ။ သို့ပင်တစေ အရှမ်မိစ္ဆာဒိဋ္ဌိတို့သည် မွတ်စ်လင်မ်တို့အား "အလ်မတ်စ်ဂ်ဒ်ဒုလ်ဟာရာမ်" ခေါ် အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်သို့ သွားရောက်ဝတ်ပြုခြင်းကိုပင် ပိတ်ပင်တားဆီးလျက်ရှိကြကုန်၏။

وَأُولَٰئِكَ أَصْحَابُ النَّارِ ۖ هُمْ فِيهَا خَالِدُونَ ﴿٢١٧﴾

(အို-မုအ်မင်နအပေါင်းတို့) စင်စစ်တမူကား၊ အကယ်၍သာ ယင်း(ကာဖိရ်)တို့ တတ်စွမ်းနိုင်ကြပါမူ အသင်တို့ (သက်ဝင်ယုံကြည်လျက်ရှိသော အစ္စလာမ်) သာသနာတော်ကို စွန့်လွှတ်ကြရန်အတွက် အစဉ်မပြတ် အသင်တို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြကုန် လတ္တံ့။ ပြီးနောက် အသင်တို့အနက် အကြင်သူ(တို့) သည် မိမိတို့ (သက်ဝင် ယုံကြည်သော အစ္စလာမ်) သာသနာတော်မှ ဖောက်ပြန်၍ "ကာဖိရ်" အဖြစ်နှင့် သေဆုံးကြအံ့၊ ထိုသူတို့၏ အကျင့်သီလဟူသရွေ့တို့သည် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝ နှစ်ဌာနလုံး၌ပင် အချည်းနှီး အကျိုးမဲ့ ဖြစ်ကြချေ၏။ ဤသူများသည် ငရဲသားများဖြစ်ကြ၏။ ၎င်းတို့သည် ထိုငရဲတွင် အမြဲ ခံစားကြရမည့်သူများပင်တည်း။

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَاجَرُوا وَجَاهَدُوا فِي سَبِيلِ اللَّهِ ۙ أُولَٰئِكَ يَرْجُونَ رَحْمَتَ اللَّهِ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٢١٨﴾

၂၁၈။ ဧကန်မုချ အကြင်သူတို့သည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြ၏။ ထို့ပြင် အကြင်သူတို့သည် *(မိမိတို့၏နေရင်းဌာနများကိုပင်)* စွန့်၍ [၁] ထွက်ခွာသွားကြကုန်၏။ ထို့ပြင် ယင်းသူတို့သည် "ဂျိဟာဒ်" [၂] အလ္လာဟ်အရှင်မြတ်၏လမ်း၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြကုန်၏။ ဤသူများသည်ပင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို မြော်လင့် တောင့်တကြကုန်သည်။

---

① အစ္စလာမ်သာသနာကို ကာကွယ်ထိန်းသိမ်း ဆောင်ရွက်ရန်အလို့ငှာ မိမိချစ်မြတ်နိုးသော နေရင်းဌာနနှင့်တကွ အခြား မြတ်နိုးအပ်သောအရာများကို စွန့်လွှတ်၍ "ကုဖ်ရ်" နိုင်ငံမှ "အစ္စလာမ်" ထွန်းကားသောနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခြင်းကို "ဟိဂျ်ရတ်" ဟုခေါ်သည်။ (သို့ "ဟိဂျ်ရတ်" ပြုသူကို "မုဟာဂျိရ်" ဟုခေါ်သည်)။ ကြည့်-မာဂျီဒီ။

"ဟိဂျ်ရတ်" ဟူသည် "ကုဖ်ရ်" နိုင်ငံမှ "အစ္စလာမ်" သာသနာထွန်းကားသောနိုင်ငံသို့ ထွက်ခွာသွားခြင်းကို ဆိုသည်။ (ရာယိဗ်)

② "ဂျိဟာဒ်" ဟူသောပုဒ်သည် ရန်သူကို တွန်းလှန်ကာကွယ်ရန်အတွက် အစွမ်းသတ္တိများကို အစွမ်းကုန် အသုံးပြုခြင်း အနက်ဟောသည်။(ရာယိဗ်)

➤➤

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အကြိမ်ကြိမ် အဖန်ဖန် ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အစဉ်မပြတ် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

يَسْـَٔلُونَكَ عَنِ الْخَمْرِ وَالْمَيْسِرِ ۖ قُلْ فِيهِمَآ إِثْمٌ

၂၁၉။ (အိ-နဗီတမန်တော်) အချို့သောသူတို့သည် သုရာမေရယ အရက်သေစာနှင့် စပ်လျဉ်း၍ငင်း၊ လောင်းတမ်းကစားခြင်းနှင့် စပ်လျဉ်း၍ငင်း၊ [၁] အသင့်ထံ (လာရောက်) မေးမြန်းကြလေသည်။

➤➤ "ဂျိဟာဒ်" သည် သုံးမျိုးသုံးစားရှိ၏၊ (က) ရန်သူနှင့် ဂျိဟာဒ် လုပ်ခြင်း။ (ခ) "ရွိုင်တွာန်" နှင့် ဂျိဟာဒ် ပြုလုပ်ခြင်း။ (ဂ) အကုသိုလ်စိတ်နှင့် ဂျိဟာဒ်ပြုခြင်း။ ကြည့်-ရာဃိဗ်။

ဖော်ပြပါ "ဂျိဟာဒ်"နှင့်စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

အသင်တို့သည် မိမိတို့ရန်သူများနှင့် ဂျိဟာဒ် ပြုကြသကဲ့သို့ မိမိတို့၏ အကုသိုလ်စိတ်များနှင့်လည်း ဂျိဟာဒ်ပြုကြကုန်။ ရာဃိဗ်။

အသင်တို့သည် မိမိတို့၏လက်များဖြင့်ငင်း၊ မိမိတို့၏နှုတ်လျှာများဖြင့်ငင်း၊ ကာဖိရ်မိစ္ဆာဒိဋ္ဌိတို့နှင့် ဂျိဟာဒ်ပြုကြကုန်။ ရာဃိဗ်။

အထက်တွင် ဖော်ပြပါအတိုင်း 'ဂျိဟာဒ်'သည် အစ္စလာမ်သာသနာကို ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ရန် အလို့ငှါ အဖွမ်းသတ္တိများကို အသုံးပြုခြင်း၊ ကြိုးပမ်းအားထုတ်ခြင်းပင်ဖြစ်သည်။ သာသနာကို ထိမ်းသိမ်းကာကွယ်ရန် လမ်းစဉ်အရပ်ရပ်အနက် လက်နက်ဆွဲကိုင်၍ ရန်သူတို့အားခုခံကာကွယ် တိုက်ခိုက်ခြင်းသည် ဂျိဟာဒ်၏လမ်းစဉ်တရပ်သာ ဖြစ်ချေသည်။ 'ဂျိဟာဒ်'ပြုသူကို 'မုဂျာဟိဒ်'ဟုခေါ်သည်။

① "ခမ်ရ်"၏ မူရင်းအဓိပ္ပါယ်မှာ ဖုံးအုပ်ထားခြင်းဟု ရသည်၊ ဤသည့်အနက်ကို အကြောင်းပြု၍ အမျိုးသမီးများဦးခေါင်းဖုံးအုပ်သော အဝတ်ကိုလည်း "ခိမာရ်" "ခုမုရ်"ဟူ၍ငင်း၊ အုံးခွက် ဖုံးအုပ်ခြင်းကိုလည်း (تخمير للاناء) ဟူ၍ငင်း၊ ဖုံးအုပ်ထားရသော "အလင်" ကိုလည်း "ခမီရဟ်"ဟူ၍ငင်း၊ ထို့အတူ အသိအလိမ္မာ ဉာဏ်ပညာကို ဖုံးအုပ်တွေဝေစေတတ်သော သေရည်သေရက်ကိုလည်း "ခမ်ရ်"ဟူ၍ငင်း ခေါ်ဆိုကြ၏။ ဤမှကျွပါ၌တော်တွင် (ခမ်ရ်)အနက်ကို သေရည်သေရက်ဟူ၍ ယူပါကုန်။

"ခမ်ရ်" ဟူသည် အသိဉာဏ်ကို ဖုံးအုပ်စေ၍ မူးယစ်စေတတ်သော အရာအားလုံးအတွက် အသုံးပြုသော အမည်ဖြစ်သည်။ (တာဂျ်)

"ခမ်ရ်" ဟူသည် မည်သည့်အရာမှမဆို စစ်ထုတ်ထားသည့် မူးယစ်စေတတ်သော သေရည်သေရက်ကို ဆိုလိုသည်။ (တာဂျ်)

"ခမ်ရ်" ဟူသည် အသိဉာဏ်ကို တွေဝေဖုံးအုပ်စေသော အရာကို ဆိုလိုသည်။ (ဗုခါရီ)

မူးယစ်စေတတ်သော အရည်အားလုံးသည် "ဟရာမ်" အလျင်းမသောက်သုံးအပ်ဟု ➤➤

كَبِيرٌ وَّمَنَافِعُ لِلنَّاسِ وَإِثْمُهُمَآ أَكْبَرُ مِنْ نَّفْعِهِمَا ۗ وَيَسْـَٔلُونَكَ مَاذَا يُنفِقُونَ ۖ قُلِ الْعَفْوَ ۗ كَذَٰلِكَ يُبَيِّنُ

အသင်သည် (ယင်းသူတို့အား အိုး-အချင်းတို့) ထို (သေစာအရက်သောက်စားခြင်းနှင့် လောင်းတမ်းကစားခြင်း) နှစ်မျိုးလုံးတို့၌ ကြီးလေးသောအပြစ်များသည်လည်း ရှိ၏။ လူတို့အဘို့ရာ (အနည်းငယ်သော) အကျိုးကျေးဇူးများ သည်လည်းရှိ၏။ သို့ရာတွင် ယင်းအမှုနှစ်မျိုးလုံး၏ အပြစ်များသည် ထိုအမှုနှစ်မျိုးလုံး၏ အကျိုးကျေးဇူးထက် အလွန်ကြီးလေးပေသည်ဟု ဖြေကြားပါလေ။ [၁]

➤➤ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) က မိန့်ကြားတော်မူခဲ့လေသည်။ (မစ်ရ်ကာတ်)

ရှိုင်တွာန်သည် သေရည်သေရက် အလောင်းအစားနှင့် စပ်လျဉ်း၍ လူသားတို့တွင် ရန်မှုပွားခြင်း၊ ငြူစူခြင်းများကို ဖြစ်ပွားစေလို၏၊ လူသားတို့အား "ဆွလာတ်" ဝတ်ပြုခြင်း၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းမှ ပိတ်ပင်တားဆီးလို၏။ ကြည့်- (ကုရ်အာန် ၅:၉၁)။

သေရည်သေရက် သောက်သူများနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

မိဘစကားကို သွေဖည်သူများ၊ အလောင်းအစားပြုသူများ၊ မိမိ၏ကျေးဇူးကို ထုတ်ဖော်ပြောဆိုလေ့ရှိသူများနှင့် အမြဲသေရည်သေရက် သောက်သောသူများသည် "ဂျန္နတ်" သုခဘုံတွင် စံစားကြရမည်မဟုတ်ဟု နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူသည်။ (မစ်ရ်ကာတ်)

အဂ္ဂမဟာသာဝကကြီး အုမရ်သည် သေရည်သေရက် သောက်စားသောသူများအား ကြိမ်ဒဏ် ၈၀-တိတိ ပေးခဲ့လေသည်။ (မစ်ရ်ကာတ်)

ဤတွင် အဂ္ဂသာဝကကြီးများနှင့် ဓမ္မသတ်ရှင်များသည် အဆိုညီကြလေသည်။ သေရည်သေရက် သောက်စားသူတို့အား ပြစ်ဒဏ်ပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဓမ္မသတ်များကို "ဟိဒါယဟ်" ကျမ်းတွင်ရှုပါ။

မှတ်ချက်။

အချို့က "တန်ဆေး၊ လွန်ဘေး" ဆိုသကဲ့သို့ သေရည်သေရက် အနည်းငယ်မျှ သောက်သုံးလျှင် မူးယစ်သည်မရှိ၊ အများအပြား သောက်သုံးမှသာလျှင် မူးယစ်သည်ဖြစ်ရာ အနည်းငယ် အရက်သောက်ခြင်းသည် အပြစ်မရှိ၊ တရားတော်နှင့်လည်း မဆန့်ကျင်ဟူ၍ မဟုတ်မလျား ပြောဆိုလေ့ရှိကြသည်။ ယင်းသူတို့၏ စကားများသည် လုံးဝမှားသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

အကြင်အရာ၏ အများစုသည် မူးယစ်စေတတ်၏၊ ထိုအရာ၏ အနည်းစုသည်လည်း "ဟရာမ်" တားမြစ်ထားသော အရာဖြစ်၏။ (မစ်ရ်ကာတ်)

③ ဆက်စပ်မှု။

ကုရ်အာန်ကျမ်းမြတ် (၂:၂၁၇-၂၁၈)တွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းအကြောင်း ဖော်ပြပါရှိ၏၊ (၂:၂၁၉)တွင် သေရည်သေရက်သောက်သုံးခြင်း၊ အလောင်းအစားပြုခြင်းအကြောင်း ဖော်ပြပါရှိ၏၊ ➤➤

➤➤ ထိုမှတ်ပါဉာဏ်များသည် အချင်းချင်း အသို့ဆက်စပ်လျက်ရှိသည်ကို ရှင်းပြဦးအံ့။

သေရည်သေရက်သောက်သုံးခြင်းသည် အသိဉာဏ်ကို ချွတ်ယွင်းစေ၏၊ အလောင်းအစားပြုခြင်းသည် ဥစ္စာပစ္စည်းကို ပျက်ပြားစေ၏။ ဤဒုစရိုက်နှစ်ရပ်လုံးသည်ပင် ရန်မီးပွားစေနိုင်၏၊ ဆူပူမှုဖြစ်ပွားစေနိုင်၏၊ ထို့အတွက်ကြောင့် ထိုမှုပြစ်နှစ်ရပ်လုံးကို စစ်မက်အကြောင်းနှင့် ပူးတွဲဖော်ပြမိန့်ဆိုထားခြင်းဖြစ်သည်။

စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာတွင် အသိဉာဏ်အမြော်အမြင်သည် အရေးကြီးလှ၏။ သို့ရာတွင် များသောအားဖြင့် အရဗ်လူမျိုးတို့သည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာတွင် စစ်သည်တော်များအား ရဲဆေးတင်သည်ဆိုသကဲ့သို့ မူးရစ်ပြီး ရန်သူတို့နှင့် တိုက်ခိုက်နိုင်ရန်အလို့ငှာ အရက်တိုက်လေ့ရှိခဲ့ကြ၏။ အမှန်သော်ကား အရက်သောက်ခြင်းဖြင့် မိုက်ရူးရဲစိတ် ပေါပေါက်၍ ပင်ကိုယ်သတ္တိပင် ပျောက်ကွယ်သွားလေသည်၊ ထို့အတွက်ကြောင့် သေရည်သေရက်မသောက်သုံးရန် တားမြစ်တော်မူခြင်းဖြစ်သည်။

စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာ၌ အသိဉာဏ် လိုအပ်သကဲ့သို့ ဥစ္စာပစ္စည်းကိုလည်း အထူးလို ပေသည်၊ အရဗ်လူမျိုးတို့သည် စစ်အတွက်လိုအပ်သော စစ်စရိတ် ကြေးငွေများ စုဆောင်းနိုင်ရန်အတွက် အလောင်းအစားပြုကြ၏။ အလောင်းအစားသည် ဥစ္စာကို မတိုးပွားစေသည့်ပြင် ပျက်ပြားစေတတ်သည်။ ထို့အတွက် အလောင်းအစားပြုခြင်းကို မြစ်တားတော်မူခြင်းဖြစ်သည်၊ ထိုအလောင်း အစားကို မြစ်တားတော်မူလိုက်သောအခါ အဘယ်အရာကို လျှုဒါန်းကြရပါမည်နည်းဟု မေးလာကြ၏၊ ဤသည့်အမေးကို (၂း၂၁၉) တွင်ပင် ဖော်ပြမိန့်ဆိုထားလေသည်။

ဖော်ပြချက်။

ကုရ်အာန်ကျမ်းမြတ် (၂း၂၁၉)တွင် သေရည်သေရက် မသောက်သုံးအပ်ကြောင်း၊ အလောင်းအစား မပြုအပ်ကြောင်းနှင့် လျှုဒါန်းပေးကမ်းရမည့် အကြောင်းများကို မှတ်ပါဉာဏ်တော် တပါဒတည်းတွင် ဒွန်တွဲ၍ မိန့်ဟောထားတော် မူခြင်းအကြောင်းမှာ အယုတ် အမြတ် လူနှစ်မျိုး၏ အကြောင်းကို ယှဉ်တွဲမိန့်တော်မူခြင်းပင်ဖြစ်သည်။

သေစာအရက် သောက်သုံးသူများနှင့် အလောင်းအစားပြုသော သူများသည် ဥစ္စာပစ္စည်းများကို ဒုစရိုက်မှုများတွင် စည်းမဲ့ကမ်းမဲ့ သုံးဖြန်းကြ၏၊ ဝါကြွားမောက်မာမှုတို့တွင် ဖြုန်းတီးကြ၏၊ ဤသူတို့ကား သူယုတ်တို့တည်း။

အချို့သူများသည် မိမိတို့၏ ချွေးနည်းစာများကို ဆွေဆင်းရဲ၊ မျိုးဆင်းရဲများနှင့်တကွ အများပြည်သူအကျိုးငှာ တရားသဖြင့် သုံးစွဲလျှုဒါန်းကြ၏၊ ဤသူတို့ကား သူမြတ်တို့တည်း။ ဤသို့အားဖြင့် အလွှာဟ်အရှင်မြတ်သည် ဥစ္စာပစ္စည်းများကို မတရားသုံးဖြန်းသော သူယုတ်တို့နှင့် ဥစ္စာပစ္စည်းများကို တရားသဖြင့် သုံးစွဲလျှုဒါန်းသော သူမြတ်တို့၏အကြောင်းကို ယှဉ်တွဲ၍ မိန့်ကြားတော်မူခြင်းပင်ဖြစ်၏။

<u>သေရည်သေရက်မသောက်သုံးအပ်ကြောင်းနှင့်စပ်လျဉ်း၍ မှတ်ပါဉာဏ်တော်များ ထုတ်ပြန်ပို့ချတော်မူခြင်းအကြောင်း။</u>

သေရည်သေရက်နှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် မှတ်ပါဉာဏ်တော် ၄-ပါး လာရှိ၏။ ထိုမှတ်ပါဉာဏ်တော် ၄-ပါး အနက် ဦးစွာပဌမ၊ "အသင်တို့သည် စွန်ပလွံနှင့် သပြက်သီးတို့မှ မူးယစ်စေတတ်သောအရာနှင့် ကောင်းမြတ်သောအာဟာရများ ပြုလုပ်ကြ၏" ဟူသော မှတ်ပါဉာဏ်တော်သည် မက္ကာမြို့တွင် ကျရောက်လာခဲ့၏။ ကြည့်-ကုရ်အာန် (၁၆း၆၇)။ ထိုအချိန်တွင် မွတ်စ်လင်မ်တို့သည် သေရည်သေရက်ကို သောက်သုံးလျက်ရှိခဲ့ကြ၏။ သေရည်သေရက် သောက်သုံးခွင့်လည်းရှိခဲ့၏။

ထို့နောက် တနေ့သောအခါ သာဝကကြီး အုမရ်။ သာဝကကြီး မုအာဿိနှင့် အချို့ ➤➤

➤➤ သာဝကကြီးများသည် နဗီတမန်တော်ထံသို့ သွားရောက်၍ "အို-အလ္လာဟ်အရှင်မြတ်၏တမန်တော်၊ သေရည်သေရက်သည် အသိဉာဏ်ကိုလည်း ချွတ်ယွင်းစေ၏၊ ဥစ္စာဓနကိုလည်း ဆုံးပါးစေ၏၊ သို့အတွက် သေရည်သေရက်နှင့် စပ်လျဉ်း၍ တပည့်တော်တို့အား ဓမ္မသတ် အဆုံးအဖြတ်ပေးတော်မူပါ" ဟု လျှောက်ထားကြလေသည်။

ထိုအခါ အလ္လာဟ်အရှင်မြတ်အထံတော်မှ ("အို-နဗီ) ထိုသေရည်သေရက်ကို သောက်စားခြင်းနှင့် အလောင်းအစားပြုခြင်း နှစ်မျိုးလုံး၌ ကြီးသောအပြစ်ရှိ၏၊ လူတို့အဘို့ အကျိုးများလည်းရှိ၏၊ သို့ရာတွင် ယင်းအမှု နှစ်မျိုးလုံး၏ အပြစ်များသည် ယင်းအမှုနှစ်မျိုးလုံး၏ အကျိုးထက် ကြီးလေးလှပေသည် ဟု ဖြေကြားပါလေ" ဟူသော မုက္ခပါဠိတော်သည် ကျရောက်လာခဲ့လေသည်။ ကြည့်-ကုရ်အာန် (၂:၂၁၉)။

သို့အမိန့်တော် ကျရောက်လာသည့်အခါ အချို့သာဝကများသည် သေရည်သေရက်ကို သောက်မြိတ်ိုင်း သောက်သုံးလျက်ရှိကြ၍ အချို့က သေရည်သေရက်သောက်စားမှုကို စွန့်လွှတ်လိုက်ကြလေသည်။

ထို့နောက် တနေ့သောအခါ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အီဗ်နအောတ်ဖ်က အချို့သာဝကများကို ဘိတ်မန္တကပြု၍ ဧည့်ခံကျွေးမွေးလေသည်။ သာဝကများသည် ထိုဧည့်ခံပွဲ၌ သောက်စား မူးယစ်ကြ၏၊ သို့သောက်စားမူးယစ်ပြီးနောက် ဆွေးလာတ်ဝတ်ပြုရာ၌ ရှေ့ဆောင် အေမာမ်ဖြစ်သော သာဝကတစ်ပါးသည် (قُلْ يَٰٓأَيُّهَا ٱلْكَٰفِرُونَ ۝ لَآ أَعْبُدُ مَا تَعْبُدُونَ) ဟုဘတ်ရမည့်အစား(قل يـٰـايها الكفرون اعبد ما تعبدون)ဟု အမှားမှား အယွင်းယွင်း ရွတ်ဘတ်လေတော့၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်ထံတော်မှ "အသင်တို့ မူးယစ်နေသောအချိန်တွင် ဆွေးလာတ်ဝတ်ပြုခြင်း အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်" ဟူသော မုက္ခပါဠိတော်သည် ကျရောက်လာလေသည်။ ကြည့်-ကုရ်အာန် (၄:၄၃)။

သို့အမိန့်တော်ကျရောက်လာသည့်အခါ သေရည်သေရက်သောက်စားသော သူများသည် နည်းပါးသွားကြ၏။ ထို့နောက် သာဝကကြီးဥတ်ဗာန်အီဗ်နမာလစ်က်က အချို့အမျိုးသားများကို ဘိတ်မန္တကပြု၍ ဧည့်ခံကျွေးမွေးလေ၏။ ထိုဧည့်ခံပွဲတွင် သာဝကကြီး စအ်ဒ်အီဗ်နအဗီဝါက္ကာဆွဲသည်လည်း ပါဝင်ခဲ့၏။ ထိုဧည့်ခံပွဲတွင် သာဝကများသည် သောက်စားမူးယစ်ကြပြီး အချင်းချင်း ဝါကြွား ဂုဏ်ပြိုင်ကြ၏။ သီချင်းများသီဆိုကြ၏။

နောက်ဆုံး အဂ္ဂသာဝကကြီး စအ်ဒ်အီဗ်နအဗီဝါက္ကာဆွဲက အန်ဆွာရီများ၏အပြစ်ကို ဖော်ပြကာ လင်္ကာတစ်ပုဒ်ကို သီဆိုမိတော့၏။ သို့သီဆိုမိသောအခါ အန်ဆွာရီများအနက်မှ သာဝကတစ်ပါးက ထိုသာဝကကြီးအား ကုလားအုပ်ပါးစောင်ရိုးဖြင့်ရိုက်၍ ဦးခေါင်းကိုဟက်တက်ကွဲစေခဲ့၏။ ထိုအခါ သာဝကကြီး စအ်ဒ်သည် နဗီတမန်တော်ထံသို့ သွားရောက်တိုင်တန်းလေ၏။

ထိုအချိန်တွင် အဂ္ဂသာဝကကြီး အုမရ်က "အို-အလ္လာဟ်အရှင်မြတ်၊ သေရည်သေရက်နှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးတို့အား အတိအကျ ဖွင့်ဟမိန့်ဆိုတော်မူပါ"ဟု ဆုပန်လေသည်။ ထိုအခါ "မှချသေရည်သေရက်သည် ...ရွံ့ငံတွန်၏ ရွံရှာစက်ဆုပ်ဘွယ်ကောင်းသော အပြုအမူမျှဖြစ်သည်၊ အသင်တို့သည် ထိုအပြုအမူကို ဝေးစွာ ရှောင်ကြဉ်ကြကုန်လော့"...ဟူသော မုက္ခပါဠိတော်သည်ကျရောက်လာသည်။ ကြည့်-(ကုရ်အာန် ၅:၉၁)။

ထိုအမိန့်တော်၏ နောက်ဆုံးတွင် "အသင်တို့သည် စွန့်လွှတ်သောသူများ ဖြစ်ကြပါသလော" (တနည်း "အသင်တို့ မစွန့်လွှတ်ကြသေးသလော")ဟု မိန့်ဆိုထားပေရာ အဂ္ဂသာဝကကြီး အုမရ်က "ကျွန်တော်မျိုးတို့သည် စွန့်လွှတ်ကြပါပြီ" ဟု လျှောက်ထားလေသည်။

ထိုအချိန်မှစ၍ သေရည်သေရက် သောက်စားခြင်းသည် "ဟရာမ်" လုံးဝ ပိတ်ပင်မြစ်တားထားသော အရာဖြစ်သွားလေသတည်း။

اللَّهُ لَكُمُ الْآيَاتِ لَعَلَّكُمْ تَتَفَكَّرُونَ ﴿٢١٩﴾

ထိုမှတပါးတဲ့ ယင်းသူတို့သည် (ကုသိုလ်အကျိုးငှာ) *မည်မျှလောက်သော ဝတ္ထုပစ္စည်းများကို ပေးကမ်း လှူဒါန်းရပါမည်နည်း*ဟု [၁] အသင့်ထံ လာရောက်မေးမြန်းကြပြန်ရာ အသင်သည်(ယင်းသူတို့အား အို-အချင်းတို့ အသင်တို့သည် မိမိတို့အတို့လိုအပ်သည်ထက်) *ပိုလျှံသောပစ္စည်းများ* [၂] (အနက်မှစွမ်းအားရှိသမျှကို ပေးကမ်း လှူဒါန်းနိုင်ကြသည်)ဟု ဖြေကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည် ဤကဲ့သို့ပင် ဒေသနာတော်များကို အသင်တို့အား လိုက်နာကျင့်ဆောင်နိုင်ကြရန် ရှင်းလင်းထင်ရှားစွာ မိန့်ကြားတော်မူသည်။ သို့မှသာလျှင် အသင်တို့သည် (လောကီနှင့်လောကုတ္တရာရေးတို့.ကို ကောင်းစွာ) *စဉ်းစားဆင်ခြင်ကြတန်ရာသတည်း*။ [၃]

① **ထုတ်ပြန်ပို့ချတော်မူသည့်အကြောင်း။**

သာဝကကြီး မုဟာဿိမ်းနဂျဇလ်နှင့် သာဝကကြီး ဆအ်လဗဟ်တို့သည် နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)ထံသို့ ဝင်ရောက်၍ "အို-အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်၊ ကျွန်တော်များ၌ အိမ်သူအိမ်သားများရှိကြပါ၏၊ ထို့ပြင် ကျေးကျွန်များလည်း ရှိကြပါ၏၊ ကျွန်တော်များ၌ ကျွန်တော်များ၏ ဥစ္စာပစ္စည်းများအနက် အချို့အဝက်ကို လှူဒါန်းရန် တာဝန်ရှိပါသလောဟု တမန်တော်ထံ အခွင့်ပန်သောအခါ ဤမုက္ခပါဠိတော် ကျရောက်လာလေသည်။ ကြည့်-အီဗ်နုကဆီရ်၊

② *လိုအပ်သည်ထက် ပိုလျှံသော ဥစ္စာပစ္စည်းများကို လှူဒါန်းကြကုန်ဟူလို*။ မဒါရစ်က်

ကုရ်အာန်ကျမ်းမြတ် (၂:၁၉)တွင် ပိုလျှံသော ဥစ္စာပစ္စည်းများကို လှူဒါန်းရမည်ဟု မိန့်ဆိုထားရာ၌ "ဖရသွဲ"အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသော "ဇကာတ်" အပြင် အများပြည်သူအကျိုးငှာ လှူဒါန်းပေးကမ်းခြင်းများကို ဆိုလိုသည်။ ကြည့်-(အလ်မနာရ်)။

③ အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော ဒေသနာတော်များသည် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးများကို ပွားတိုးစေသည်။ ရုပ်တရား ၊ နာမ်တရားများကိုလည်း ယှဉ်တွဲ၍ညွှန်ပြသည်၊ ဤသည်ကိုပင် အကြောင်းပြု၍ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)က "ပစ္စုပ္ပန်လောကသည် နောင်တမလွန်ဘဝ၏ စိုက်ပျိုးရာဌာနဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့လေသည်။

မှတ်ချက်

ကုရ်အာန်ကျမ်းမြတ် (၂:၂၂၀)၏အစတွင် ပါရှိသော (فِي الدُّنْيَا وَالْآخِرَةِ) ဟူသော မုက္ခပါဠိတော်သည် အာယတ်စဉ်အရ (၂:၂၂၀)တွင် ပါဝင်နေသော်လည်း အဓိပ္ပါယ်အားဖြင့် (၂:၂၁၉)နှင့်သာ သက်ဆိုင်သည်ကို သတိမူပါကုန်။

فِي الدُّنْيَا وَالْآخِرَةِ ۗ وَيَسْأَلُونَكَ عَنِ الْيَتَامَىٰ ۖ قُلْ إِصْلَاحٌ لَّهُمْ خَيْرٌ ۖ وَإِن تُخَالِطُوهُمْ فَإِخْوَانُكُمْ ۚ وَاللَّهُ يَعْلَمُ الْمُفْسِدَ مِنَ الْمُصْلِحِ ۚ وَلَوْ شَاءَ اللَّهُ لَأَعْنَتَكُمْ ۚ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٢٢٠﴾

၂၂၀။ ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝ (၏ကိစ္စအဝဝတို့)နှင့်စပ်လျဉ်း၍။ ထို့ပြင်တဝ (အို-နဗီတမန်တော်) ယင်းသူတို့သည် အသင့်ကို ဘမဲ့ကလေးသူငယ်များနှင့် ပတ်သက်၍လည်း ၃ (လာရောက်) မေးမြန်းကြ၏။ အသင်သည် ယင်းသူတို့ကို (ဤသို့) ဖြေကြားပါလေ။ ထိုဘမဲ့ကလေးသူငယ်တို့(၏အခြေအနေ)ကို ကောင်းမွန်မှန်ကန်အောင် ပြုပြင်ပေးခြင်းသည်သာလျှင် အကောင်းဆုံး အမြင့်မြတ်ဆုံးပင်ဖြစ်သည်။ အကယ်၍သာ အသင်တို့သည် ယင်းသူငယ်တို့နှင့် ရောနှော ပေါင်းစပ်ကြပါလျှင် (စိုးရိမ်စရာမရှိ) ထိုဘမဲ့ ကလေးသူငယ်တို့သည် အသင်တို့၏ ညီနောင်များပင် ဖြစ်ကြကုန်၏။

① **ထုတ်ပြန်ပို့ချတော်မူခြင်း။**

ကုရ်အာန်ကျမ်းမြတ် (၆း၁၅၁၊ ၁၇း၃၄)တွင် "အသင်တို့သည် ကောင်းမြတ်သောနည်းမှတပါး အခြားနည်းနှင့် မိသက်ဆိုး ဘသက်ဆိုး၏ ဥစ္စာပစ္စည်းအနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်" ဟူ၍၎င်း၊ ကုရ်အာန်ကျမ်းမြတ် (၄း၁၀)တွင် မိသက်ဆိုးဘသက်ဆိုးတို့၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးသောသူများသည် မိမိတို့၏ဝမ်းဗိုက်တွင်းသို့ မီးကိုသာ မျိုသွင်းစားသုံးရာမည်ကြသည်။

(ထို့ပြင်တဝ) ယင်းသူတို့သည် မကြာမီအတွင်း ငရဲလားကြလိမ့်မည်" ဟူ၍ ၎င်းမှာပါ၌တော် ကျရောက်လာသောအခါ မိသက်ဆိုး ဘသက်ဆိုးများကို အုပ်ထိန်းသော သာဝကကြီးများသည် (စိုးရိမ်မကင်းဖြစ်ကာ) မိမိတို့၏ စားဘွယ်သောက်ဘွယ် အစာအာဟာရများကို မိသက်ဆိုး ဘသက်ဆိုးတို့၏ စားဘွယ်သောက်ဘွယ် အစာအာဟာရများနှင့် ခွဲခြားထားကြကုန်၏။ သို့အစာအာဟာရ များကို ခွဲခြားထားသောအခါ မိသက်ဆိုး ဘသက်ဆိုးတို့၏ အစာအာဟာရများအနက် အချို့အဝက်သည်(မကြာခဏ) ပိုမိုကြွင်းကျန်၍လာလေသည်။သို့ကြွင်းကျန်နေသော အစာအာဟာရများကိုလည်း ထိုမိသက်ဆိုး ဘသက်ဆိုးကလေးများ စားသုံးရန်အလို့ငှာ အုပ်ထိန်းသူများသည် သိမ်းဆည်းထားကြကုန်၏၊ (ကလေးများမစားသုံးသောအခါ၌) ထိုကြွင်းကျန်သော စားဘွယ်သောက်ဘွယ်တို့သည် ပျက်စီးကြကုန်၏။ သို့အစားအစာများ မကြာခဏ ပျက်စီးသွားခြင်းသည် အုပ်ထိန်းသူများအတို့ ကြီးလေးသော ပြဿနာတစ်ရပ်ဖြစ်လာသောအခါ အုပ်ထိန်းသူများသည် နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လာမ်)ထံသို့ ဝင်ရောက်၍ ထိုပြဿနာကို မေးမြန်းကြလေသည်၊ ထိုအခါ ကုရ်အာန်ကျမ်းလာမုကွပါဠ်တော်(၂း၂၂၀) ကျရောက်လာလေသည်။ ကြည့်-(အီဗ်နုကသီရ်)။

"ယတာမာ" ဟူသောပုဒ်သည် "ယတီမ်"ဟူသောပုဒ်၏ဗဟုဝုစ်ကိန်းဖြစ်သည်။ "ယတီမ်"ဟူသည့် ဝေါဟာရတွင် မိသက်ဆိုး ဘသက်ဆိုး ကလေးသူငယ်လူမမယ်တို့ကို ဆိုလိုသည်။ "ရှရီအတ်" ➤➤

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ဘသက်ဆိုးတို့၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်သောသူများနှင့် ကောင်းမွန်အောင် ပြုပြင်ပေးသောသူများကို ခွဲခြားသိရှိတော်မူသည်။ ထိုမှတပါး တုံ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူခဲ့ပါလျှင် အသင်တို့ကို (မိဘမဲ့ကလေးသူငယ်များနှင့် ပတ်သက်၍ ခဲယဉ်းသောစည်းမျဉ်းဥပဒေသတ်မှတ်တော်မူပြီးလျှင်) မုချ ဒုက္ခရောက်စေတော်မူပြီးဖြစ်ချေပြီ။ မုချ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့်လွှမ်းမိုးတော်မူသောအရှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

وَلَا تَنْكِحُوا الْمُشْرِكٰتِ حَتّٰى يُؤْمِنَّ ۚ وَلَاَمَةٌ مُّؤْمِنَةٌ خَيْرٌ مِّنْ مُّشْرِكَةٍ وَّلَوْ اَعْجَبَتْكُمْ ۚ وَلَا تُنْكِحُوا الْمُشْرِكِيْنَ حَتّٰى

၂၂၁။ (အို-"အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြသော "မုအ်မင်န်" အပေါင်းတို့) အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍အခြားအရာကိုကိုးကွယ်သောမိန်းမများသည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားမထားရှိကြသမျှ ကာလပတ်လုံး ထိုမိန်းမများနှင့် အသင်တို့သည် ထိမ်းမြားမင်္ဂလာမပြုကြကုန်လင့်။

➤➤ ပဋိပါတ်၌မူ "ယတီမ်" ဟူသည် ဘသက်ဆိုးကိုသာဆိုလိုသည်။ မိသက်ဆိုးကိုမဆိုလိုပေ။ "ယတာမာ" ဟူသည် အရွယ်မရောက်သေးသည့် ဘသက်ဆိုးကလေးသူငယ် လူမမယ်များကိုသာဆိုလိုသည်။ (ဂျဆ်ဆွာဆွဲ)။ ကုရ်အာန်ကျမ်းမြတ်တွင် မိသက်ဆိုးဘသက်ဆိုး ကလေးများကို ကောင်းမွန်စွာ ပြုစုရမည့်အကြောင်း၊ ထိုကလေးသူငယ်များ၏ ဥစ္စာပစ္စည်းများကို အလွဲသုံးစား မပြုရမည့်အကြောင်း၊ ထိုကလေးသူငယ်များနှင့် ကောင်းစွာဆက်ဆံရမည့်အကြောင်းကို များစွာသော နေရာများ၌ ဖော်ပြထားသည်။ ကြည့်-ကုရ်အာန် ၂:၈၃၊ ၂:၁၇၇၊ ၂:၂၁၅၊ ၂:၂၂၀၊ ၄:၂-၃၊၄:၆၊ ၄:၈-၁၀၊ ၄:၃၆၊ ၄:၁၂၇၊ ၆:၈၅၃၊ ၈:၄၁၊ ၁၇:၃၄၊ ၁၈:၈၂၊ ၅၉:၇၊ ၇၆:၈၊ ၈၉:၁၇၊၉၀:၁၅၊ ၉၃:၆၊ ၁၁၇:၁-၂။

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် မိမိကိုယ်တိုင် မိသက်ဆိုးဘသက်ဆိုးဘဝနှင့် ရင်ဆိုင်ခဲ့ရဖေရာ မိသက်ဆိုး ဘသက်ဆိုးတို့အား ထိန်းသိမ်း စောင့်ရှောက်ရ မည့်အကြောင်း၊ သနားကြင်နာ ညှာတာရမည့်အကြောင်း၊ စာနာခြင်းတရား ထားရှိရမည့်အကြောင်းများနှင့် စပ်လျဉ်း၍ အများအပြားဩဝါဒစကား ဟောကြားတော်မူခဲ့၏။

يُؤْمِنُوا ۗ وَلَعَبْدٌ مُّؤْمِنٌ خَيْرٌ
مِّن مُّشْرِكٍ وَلَوْ أَعْجَبَكُمْ ۗ
أُولَٰئِكَ يَدْعُونَ إِلَى النَّارِ ۖ
وَاللَّهُ يَدْعُو إِلَى الْجَنَّةِ
وَالْمَغْفِرَةِ بِإِذْنِهِ ۖ وَيُبَيِّنُ
آيَاتِهِ لِلنَّاسِ لَعَلَّهُمْ
يَتَذَكَّرُونَ ﴿٢٢١﴾

အမှန်သော်ကား အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကိုကိုးကွယ်သော မိန်းမတစ်ဦးသည် အသင်တို့အဘို့ အကယ်၍ နှစ်သက်စရာဖြစ်ငြားသော်လည်း "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော ကျွန်မိန်းမတစ်ဦးသည် (အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သော) ထိုမိန်းမထက် မုချ သာ၍ကောင်း၏။ ထိုနည်း တူစွာ အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာကိုကိုးကွယ်သော ယောကျ်ားများသည် "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရား မထားရှိကြသမျှ ကာလပတ်လုံး ထိုသူများနှင့် (မွတ်စ်လင်မ်အမျိုးသမီးများကို) ထိမ်းမြား၍ မပေးကြကုန်လင့်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သူတစ်ဦးသည် အသင်တို့အဘို့ အကယ်၍ နှစ်သက်စရာဖြစ်ငြားသော်လည်း "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော ကျွန်ယောကျ်ား တစ်ဦးသည် (အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သော) ထိုယောကျ်ားထက် မုချ သာ၍ကောင်း၏။ [၁]

---

① **ထုတ်ပြန်ပို့ချတော်မူခြင်းအကြောင်း။**

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် မက္ကာမြို့မှ အချို့သော မွတ်စ်လင်မ်များကို ထုတ်ဆောင်တော်မူရန်အလို့ငှာ "မရ်ဆဒ်အလ်ဃနဝီ"အား မက္ကာမြို့သို့စေလွှတ်တော်မူ၏။ မက္ကာမြို့သို့ရောက်ရှိသော် "မရ်ဆဒ်" ထံသို့ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ ဘုရားအများကိုကိုးကွယ်သော "အနာက်" အမည်ရှိသော အမျိုးသမီးတစ်ဦး ရောက်ရှိလာ၏။ မရ်ဆဒ်သည် "ဂျာဟိလီယတ်" အဓိပ်ပါယ်တွင် ထိုအမျိုးသမီးနှင့် ချစ်ခင်စုံမက်ခဲ့ဘူး၏။ "မရ်ဆဒ်" အား ထိုအမျိုးသမီးက "ကျွန်မတို့ ရင်းနှီးစွာ အတူတကွနေထိုင်ကြစို့" ဟုပြောဆိုသောအခါ မရ်ဆဒ်က အစ္စလာမ်သာသနာသည် ငါတို့ကြား၌ ခွဲခြားလျက် ရှိပေသည်ဟု ပြန်လည်ဖြေကြားလေသည်။ သို့ ဖြေကြားသောအခါ ထိုအမျိုးသမီးက ဆက်လက်၍ "အသင့်မှာ ကျွန်မနှင့်ထိမ်းမြားပိုင်ခွင့် ရှိပါသလား" ဟု မေးမြန်းရာ မရ်ဆဒ်က "ဟုတ်ကဲ့၊ သို့ရာတွင် ကျွန်ုပ်သည် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ထံသို့ ပြန်၍ ဤအကြောင်းနှင့်စပ်လျဉ်းပြီး ➤➤

➢➢ ခွင့်ပန်လျှောက်ထားပါဦးမည်" ဟု ပြန်လည်ဖြေကြားလေသည်။ သို့ဖြေကြားသည့်အတိုင်း မရ်ဆဒ်သည် ထိုအကြောင်းနှင့်စပ်လျဉ်း၍ နဗီတမန်တော်အား လျှောက်ထားသည့်အခါ ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော် (၂:၂၂၁)သည် ကျရောက်လာလေသည်။

ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော် (၂:၂၂၁)ကို ထုတ်ပြန်ပို့ချတော်မူခြင်းအကြောင်းနှင့် စပ်လျဉ်း၍ အခြားအဆိုများကို "အလ်မနာရ်"ကျမ်းတွင် ရှုပါ။

ထိမ်းမြားမင်္ဂလာမူသည် အကြင်လင်မယားနှစ်ဦးတို့၏ ဘာသာအယူဝါဒ တူမျှခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်ခြင်း၊ ကိုယ့်အကျိုးသူ့အကျိုးကို လိုလားခြင်း၊ သနားကြင်နာ ညှာတာခြင်း၊ သဘောမျှခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့အပေါ်၌ တည်ရှိပေသည်။ ထိုသို့သော အချက်အလက်များနှင့် ပြည့်စုံသော အကြင်လင်မယား တို့သည်သာလျှင် ဥမကွဲ သိုက်မပျက် အဓွန့်ရှည်စွာ ပေါင်းသင်းနေနိုင်ကြပေသည်။

ထိုသို့မဟုတ်ပဲ အကယ်၍ အကြင်လင်မယားနှစ်ဦးတို့သည် မိမိတို့သက်တမ်းတစ်လျှောက်လုံးတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ရမည့် သာသနာရေးဆိုင်ရာ အဓိကဖြစ်သော ယုံကြည်ခြင်း သဒ္ဓါတရားများတွင်ပင် အချင်းချင်း အယူအဆ သဘောမမျှကြဘဲ တစ်ဦးနှင့်တစ်ဦး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြပါလျှင် ထိုလင်မယားနှစ်ဦးတို့သည် အဓွန့်ရှည်စွာ ပေါင်းသင်းနေထိုင်ကြမည် မဟုတ်ပေ။ အနေးနှင့်အမြန်ဆိုသလို ကွဲကြမည်မှာ မလွဲဧကန်ပင်။

အစ္စလာမ်သာသနာတွင် ထိမ်းမြားခြင်းသည် (Civil Contract)မဟုတ်။ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)၏ "စွန့်တ်" လိုက်နာဆောင်ရွက်ရမည့် ကျင့်စဉ်တစ်ရပ်ဖြစ်ပေသည်။

ထို့ပြင်တဝ အယူဝါဒသဘောချင်း မမျှသော သူနှစ်ဦးတို့၏ အတူပေါင်းသင်း နေထိုင်ခြင်းသည် သဘာဝမမှန်လည်းမညီပေ။ အစ္စလာမ်သာသနာသည် အစစအရာရာတွင် သဘာဝမမှကို ထောက်ထားပေရာ ထိုသို့ ဝါဒသဘောချင်း မမျှသောသူနှစ်ဦးတို့၏ ထိမ်းမြားခြင်းကို အဘယ်မှာလျှင် ခွင့်ပြုနိုင်အံ့နည်း။

"မုရှ်ရိကာတ်" ဟူသည် "ကာဖိရ်" အမျိုးသမီးအားလုံးကို ဆိုလိုသည်။

ကုရ်အာန်ကျမ်းမြတ်သည် မွတ်စ်လင်မ်ယောကျ်ားတို့အား မွတ်စ်လင်မ်မဟုတ်သော ကာဖိရ်-မုရှ်ရိက် အမျိုးသမီးတို့နှင့် ထိမ်းမြားခြင်းကို ပိတ်ပင်မြစ်တားထားလေသည်၊ သို့ရာတွင် ကျမ်းရလူမျိုးများဖြစ်သော ဂျူးဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင် အမျိုးသမီးတို့နှင့် ထိမ်းမြားခြင်းကိုကား ခွင့်ချက်အားဖြင့် ခွင့်ပြုထားလေသည်။ ကြည့်-ကုရ်အာန်(၅:၅)။

("မုရှ်ရိက်" အမျိုးသမီးများနှင့် ထိမ်းမြားခြင်းမပြုရန် ပိတ်ပင်မြစ်တားထားသော) ဤအမိန့်တော်သည် ကုရ်အာန်ကျမ်း(၅:၅)အရ "ကိတာဗီယာတ်" ကျမ်းဂန်ရအမျိုးသမီးတို့မှအပ အခြားကာဖိရ် အမျိုးသမီးများနှင့်သာ သက်ဆိုင်ပေသည်။ (ကျလာလိုင်န်)

"ကာဖိရ်" "မုရှ်ရိက်" အမျိုးသမီးတို့နှင့် ထိမ်းမြားခြင်းမပြုရန် ပိတ်ပင်မြစ်တားထားသော်လည်း အကယ်၍ ထိုအမျိုးသမီးများသည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်လာကြပါလျှင် ထိုအမျိုးသမီးများနှင့် ထိမ်းမြားပိုင်ခွင့်ရှိသည်။

"ကာဖိရ်"၊ "မုရှ်ရိက်" အမျိုးသမီးများနှင့် မထိမ်းမြားရန် ပိတ်ပင်မြစ်တားထားခြင်းအကြောင်းမှာ ဘာသာ အယူဝါဒ ခြားနားခြင်းကြောင့်ပင်ဖြစ်သည်။

မျိုးရိုးခြားနားခြင်း၊ တိုင်းပြည်ခြားနားခြင်း၊ အသွေးအရောင်ခြားနားခြင်းနှင့် လူတန်းစား ကွဲပြားခြင်းတို့သည် မထိမ်းမြားရန် အကြောင်းတရားများ မဟုတ်ပေ။ ကြည့်-(မာဂျိဒ်)။

(အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍အခြားအရာကို ကိုးကွယ်သောသူတို့သည် အသင်တို့အား) ငရဲမီးသို့ ခေါ်ဆောင်ကြကုန်၏။ အလ္လာဟ်အရှင်မြတ်မှာမူ မိမိ၏ဆန္ဒတော်ဖြင့် (အသင်တို့အား) ဂျန္နတ်အမတသုခဘုံသို့ ၎င်း၊ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူခြင်းသို့ ၎င်း၊ ခေါ်ဆောင်လျက်ရှိတော်မူ၏။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် လူသားတို့သတိတရား ရစိမ့်သောငှာ မိမိ၏ တရားဒေသနာတော်များကို ထင်ရှားစေတော်မူ၏။

وَيَسْـَٔلُونَكَ عَنِ الْمَحِيضِ ۖ قُلْ هُوَ أَذًى ۙ فَاعْتَزِلُوا النِّسَاءَ فِي الْمَحِيضِ ۙ وَلَا تَقْرَبُوهُنَّ حَتَّىٰ يَطْهُرْنَ ۖ فَإِذَا تَطَهَّرْنَ فَأْتُوهُنَّ مِنْ حَيْثُ أَمَرَكُمُ

۲۲۲။ ထိုမှတပါးတုံ၊ (အို-နဗီတမန်တော်) အသင့်အား ထိုသူတို့သည် ရာသီပန်းပွင့်ခြင်း အကြောင်းနှင့် စပ်လျဉ်း၍မေးမြန်းကြ၏။ အသင်သည် (ထိုသူတို့အား)ဤသို့)ဖြေကြားပါလေ။ ထို(ရာသီပန်းပွင့်ခြင်း)သည် စက်ဆုပ်ရွံရှာဘွယ်ရာဖြစ်သောအညစ်အကြေးတစ်မျိုးပင်ဖြစ်ချေသည်။ သို့ဖြစ်ရာ ရာသီပန်းပွင့်သည့်အချိန်တွင် အသင်တို့သည် ဇနီးမိန်းမများနှင့် (ကာယသံသဂ္ဂပြုခြင်းမှ) ခွဲခွာ၍နေကြလေကုန်၊ [1]

---

① **ဆက်စပ်မှု။**

ကုရ်အာန်ကျမ်းမြတ် ဂါဝီကဏ္ဍ၊ အပိုဒ် ၂၈-မှ အပိုဒ် ၃၁-အထိတွင် ရာသီပန်းပွင့်ခြင်းအကြောင်း၊ ကာယသံသဂ္ဂပြုခြင်း အကြောင်း၊ လင်ခန်းမယားခန်း ပြတ်စဲခြင်းအကြောင်း၊ မုဆိုးမများ အကြောင်းများ ပါရှိ၏။ ဤအကြောင်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိ၏။

စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သည့်အခါတွင် စစ်သည်တော်များသည် နည်းများမဆို ကျဆုံး တက်ကြပေရာ ကျဆုံးသော စစ်သည်တော်များ၏ ဇနီးမိန်းမများသည် မုဆိုးမဘဝသို့ ရောက်လာကြရ၏။ ထိုမုဆိုးမများ၏ ပြန်လည် ထိမ်းမြားရေး ပြဿနာနှင့် ပြန်လည် ထိမ်းမြားနိုင်ရန်အတွက် "အစ်ဒ်ဒတ်" ဆိုင်းငံ့ရန် သတ်မှတ်ထားသော အချိန်ကာလ ပြဿနာများလည်း တပါတည်း ပေါ်ပေါက်လာ၏။ ဤဆိုင်းငံ့ခြင်း ပြဿနာသည် ကွာရှင်းခြင်းခံရသော အမျိုးသမီးတို့နှင့်လည်းသက်ဆိုင်ပေ၏။ တဖန် ကွာရှင်းခြင်းပြဿနာသည် ရာသီပန်းပွင့်ခြင်းနှင့် သက်ဆိုင်လျက်ရှိပေ၏။ ထို့အတွက်ကြောင့် အထက်ဖော်ပြပါ အကြောင်းများနှင့် အခြားဆက်စပ်လျက်ရှိသော အကြောင်းများကို ကုရ်အာန်ကျမ်းမြတ် အပိုဒ် ၂၈ မှ ၃၁ တွင် တဆက်တည်း ဖွင့်ဟ မိန့်ဆိုထားတော်မူခြင်း ဖြစ်ပေသတည်း။

اللَّهُ إِنَّ اللَّهَ يُحِبُّ التَّوَّابِينَ وَيُحِبُّ الْمُتَطَهِّرِينَ ﴿٢٢٢﴾

ငင်းပြင် ထိဇနီးမိန်းမများ သန့်စင်လာကြသည့်တိုင် အောင် အသင်တို့သည် ထိဇနီးမိန်းမများထံသို့ မချဉ်း ကပ်ကြကုန်လင့်။ သို့ရာတွင် ထိဇနီးမိန်းမများ (ကောင်းစွာ) သန့်စင်လာကြသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ် အမိန့်တော်ရှိထား တော်မူသည် နှင့်အညီ ထိဇနီးမိန်းမများထံသို့ ချဉ်းကပ်ကြကုန်။ ဇကန်မုချ အလ္လာဟ်အရှင်မြတ်သည် (မေ့မှားမှုကို) ဝန်ချတောင်းပန်သော သူများကို ချစ်နှစ်သက်တော် မူ၏။ ထို့အတူ ထိုအရှင်မြတ်သည်သန့်ရှင်းစင်ကြယ် သောသူများကိုလည်း ချစ်နှစ်သက်တော်မူ၏။ ၂

---

① **ထုတ်ပြန်ပို့ချတော်မူခြင်း။**

အစ္စလာမ်သာသနာ မထွန်းကားမီ "ဂျာဟိလီယတ်" အမိုက်ခေတ်တွင်ရှိသော အရဗ်မိစ္ဆာဒိဋ္ဌိတို့သည် "ယဟူဒီ" နှင့် "မဂျူစီ" များကဲ့သို့ပင် ရာသီပန်းပွင့်နေသော ဇနီးမိန်းမများနှင့် အတူနေထိုင်စားသောက်မှုများ မပြုလုပ်ကြချေ။ ထိုကဲ့သို့ ရာသီပန်းပွင့်နေသော ဇနီးမိန်းမများနှင့် အတူနေထိုင်စားသောက်မှု မပြုလုပ်ခြင်းသည် အရဗ်တို့တွင်လည်း ထုံးတမ်းစဉ်လာတစ်ခု ဖြစ်လျက်ရှိတော့၏။

တနေ့သော် "အဗုဒဒ်ဟဟ်ဒါဟ်" အမည်ရှိသော သာဝကကြီးက အချို့သာဝကကြီးများရှေ့မှောက်တွင် [နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား] ထိုအကြောင်းနှင့် စပ်လျဉ်း၍ မေးမြန်းလေသည်။ ထိုအခါ ကုရ်အာန်ကျမ်းလာ မုကျပါဠ်တော် (၂:၂၂၂)သည် ကျရောက်လာလေသည်။

ရာသီပန်းပွင့်လျက်ရှိသော ဇနီးမိန်းမနှင့် ကာယသံသဂ္ဂအမှု မပြုရန် မုကျပါဠ်တော် ကျရောက်လာ သည့်အခါ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "အသင်တို့သည် ကာယသံသဂ္ဂအမှု ပြုခြင်းမှအပ အခြားကိစ္စအရပ်ရပ်ကို ပြုလုပ်ကြကုန်" ဟု ရှင်းပြမိန့်ကြားတော်မူလေသည်။

ကြည့်-(အလ်မနာရ်)၊ (အီဗ်နုကဆီရ်)။

ကုရ်အာန်ကျမ်းမြတ်သည် ဝေနေယျသတ္တဝါအားလုံးတို့အတို့ လောကီ၊ လောကုတ္တရာရေးရာ အဖြာဖြာသော ပြဿနာများကို ဖြေရှင်းရန်အလို့ငှာ ထုတ်ပြန်ပို့ချတော်မူသော ဓမ္မာပဒေသ ပြည့်ဝစုံလင်လှသော ကျမ်းဂန်ဓမ္မကွန် ဖြစ်တော်မူပေရာ ထိုကျမ်းဂန်တွင် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားများနှင့်တကွ နေရေး၊ ထိုင်ရေး၊ စားရေးသောက်ရေး၊ ပညာရေး၊ စီးပွားရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ နိုင်ငံရေး၊ ချစ်ကြည်ရေး၊ ကျန်းမာရေး၊ ကိုယ်လက်စင်ကြယ်ရေး . . . စသည်တို့ကို တိကျစွာ ရှင်းပြထားသည်။

"မိန်းမ ယောကျ်ားများ လူစကားကို မကြားစကောင်း မဆိုကောင်းလည်း အကြောင်းဆိုင် တွေးဆို တုံသေး၏ ဆိုရေးရှိက ဆိုအပ်လှ၏" ဟု ဆိုဘိသကဲ့သို့ လူသဘာဝအလျောက် လူသားတို့ မကင်းနိုင်သော အိမ်တွင်းရေးများကိုသော်မှပင် ဥပစာ အမျိုးမျိုးတို့ဖြင့် အလွန်ယဉ်ကျေး သိမ်မွေ့စွာ ဖွင့်ဟမိန့်ဆိုထားပေသည်။

သို့ပြည့်ဝစုံလင်စွာ ဖွင့်ဟ မိန့်ဆိုထားသည်နှင့်အညီ ကုရ်အာန်ကျမ်းမြတ်(၂:၂၂၂-၂၂၃)တွင် ➤➤

نِسَآؤُكُمْ حَرْثٌ لَّكُمْ فَأْتُوا۟ حَرْثَكُمْ أَنَّىٰ شِئْتُمْ ۖ وَقَدِّمُوا۟ لِأَنفُسِكُمْ ۚ وَٱتَّقُوا۟ ٱللَّهَ وَٱعْلَمُوٓا۟ أَنَّكُم مُّلَٰقُوهُ ۗ

၂၂၃။ အသင်တို့၏ ဇနီးမိန်းမများသည် အသင်တို့အဘို့ လယ်ယာမြေ(ပမာပင်) [၁] ဖြစ်ပေရာ အသင်တို့သည် မိမိတို့လယ်ယာများသို့ မိမိတို့ ကြိုက်နှစ်သက်ရာနည်းနှင့် [၂] သွားလာ (စိုက်ပျိုး) ကြကုန်။ ထို့ပြင် အသင်တို့သည် (နောင်ရေးကို ရှေ့ရှုကာ) မိမိတို့ အကျိုးအလို့ငှာ (ကောင်းမှု ကုသိုလ်များကို) တင်ကြို၍ ပို့ဆောင်(ပြုလုပ်)ကြကုန်။ [၃]

➤➤ ရာသီပန်းပွင့်သည့်အချိန်တွင် ဇနီးမိန်းမများနှင့် ကာယသံသဂ္ဂ မပြုရမည့်အကြောင်းကို ဖွင့်ဟမိန့်ဆိုထားတော်မူသည်ကို တွေ့ရှိရပေသည်။

အစ္စလာမ်သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် ရာသီပန်းပွင့်လျက်ရှိသော ဇနီးမိန်းမများနှင့် ကာယသံသဂ္ဂ ပြုခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ခရစ်ယာန် ဘာသာဝင်များနှင့် ယဟူဒီ ဘာသာဝင်တို့သည် အလွန်အယူသည်းလျက် ရှိကြကုန်၏။

ခရစ်ယာန်ဘာသာဝင်တို့သည် ရာသီပန်းပွင့်သည်ကိုပင် အလေးဂရု အရေးမပြုဘဲ ရာသီပန်းပွင့်လျက်ရှိသော ဇနီးမိန်းမများနှင့် ကာယသံသဂ္ဂအမှုကို ပြုလုပ်လိုက်စား မိုက်မှားလျက်ရှိကြကုန်၏။ ယဟူဒီဘာသာဝင်တို့ကမူ ရာသီပန်းပွင့်သည်ကိုပင် အညစ်အယုတ် အပြစ်ကြီးတစ်ခုလုပ်၍ ရာသီပန်းပွင့်လျက်ရှိသော ဇနီးမိန်းမများကို ညစ်ညမ်းယုတ်မာသော သတ္တဝါများပမာ ကြဉ်ဖယ်ရှောင်ရှားကြကုန်၏။

ဓမ္မသတ်။

ရာသီပန်းပွင့်ခြင်း၏ အချိန်ပိုင်းသည် အများဆုံး ၁၁-ရက်နှင့် ၁၀-ညဉ့်ဖြစ်၍ အနည်းဆုံး ၃-ရက် ၃-ညဉ့်ဖြစ်ပေသည်။ ရာသီသွေးဆင်းလျက်ရှိသော အမျိုးသမီးတို့၌ "ဆွလာတ်" ဝတ်ပြုရန် တာဝန်မရှိချေ။ သန့်ရှင်းသွားသောအခါ၌လည်း မိမိတို့မပြုခဲ့သော "ဆွလာတ်" ဝတ်ပြုမှုများကို ပြန်လည်ဖြည့်ရန် မလိုချေ။ ထို့အတူ ရာသီသွေးဆင်းလျက်ရှိသော အမျိုးသမီးများအဘို့ "ဆိွယာမ်" ဥပုသ်ဆောက်တည်ပိုင်ခွင့် မရှိချေ၊ သို့ရာတွင် သန့်ရှင်းစင်ကြယ် သွားသောအခါ၌မူ ဆောက်တည်ရန်တာဝန်ရှိခဲ့သော "ဆိွယာမ်"ဥပုသ်များကို ပြန်လည်ဆောက်တည်ကြရပေမည်။

ရာသီသွေးဆင်းလျက် ရှိသော အမျိုးသမီးတို့အဘို့ "မတ်စ်ဂျိဒ်" ဗလီကျောင်းများတွင် ဝင်ထွက်သွားလာခြင်း၊ "ဗိုင်တုလ္လာဟ်" ခေါ် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကို "တွာဝါဖ်" ရစ်ပတ်ဖူးမျှော်ခြင်း၊ ကာယသံသဂ္ဂအမှုပြုခြင်း၊ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဘတ် သရဇ္ဈာယ်ခြင်း၊ ကုရ်အာန်ကျမ်းမြတ်ကို တစ်စုံတစ်ခု ကိုင်တွယ်စရာမပါဘဲ ကိုင်တွယ်ခြင်းတို့သည် မပြုပိုင်ချေ။ ကြည့်-(ဟိဒါယတ်ကျမ်း)။

③ <u>ထုတ်ပြန်ပို့ချတော်မူခြင်း၊</u>

ဇနီးမိန်းမနှင့် နောက်ကျောဘက်မှ ကာယသံသဂ္ဂအမှုပြုလျှင် မွေးဘွားလာသော ကလေးသည် မျက်စိအစွေ မွေးဘွားသည်ဟု ယဟူဒီများက ပြောဆိုကြ၏။ ထိုအခါ ကုရ်အာန်ကျမ်းလာ မုက္ခပါဠ်တော်(၂း၂၂၃)သည် ကျရောက်လာလေသည်။ (အိဗ်နကဆီရ်)။

လယ်ယာကိုင်းကျွန်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ အသက်သွေးကြောပင်ဖြစ်၏။ ➤➤

➤➤ တောင်သူ လယ်သမားတို့သည် မိမိတို့၏ လယ်မြေများကို အသက်တမျှ မြတ်နိုးကြ၏၊ တောင်သူလယ်သမားတို့၏ အဓိကလိုလားချက်သည် မိမိတို့ လယ်ယာကိုင်းကျွန်းမှ ထွက်သော ကောက်ပဲ သီးနှံများပင်ဖြစ်၏။ ထို့အတွက်ကြောင့်ပင် တောင်သူလယ်သမားတို့သည် မိမိတို့လိုလားသော အသီးအနှံများ ရနိုင်ရန်အလို့ငှာ စိုက်ပျိုးအပ်သော လယ်ယာများကို ရွေးချယ်၍ ဥတုရာသီအားလျော်စွာ စနစ်တကျ ထွန်ယက်စိုက်ပျိုးကြ၏။ တောင်သူလယ်သမားတို့သည် မိမိတို့၏လယ်ယာများတွင် အောင်အောင်မြင်မြင် ပြည့်ပြည့်ဝဝ စိမ်းလန်းစိုပြေသော ကောက်ပဲသီးနှံတို့ကို တွေ့မြင်သောအခါ ကြည်နူးရွှင်လန်းကြ၏။

ထိုနည်းတူစွာ ဥပမာအတိုင်းပင် အမျိုးသမီးတို့သည် ကမ္ဘာအိမ်ထောင်စုသားတို့၏ တည်တံ့ရေးတွင် အရေးကြီးဆုံးသော အဓိက အကြောင်းတစ်ရပ်ပင်ဖြစ်ပေသည်။ ဇနီးမိန်းမတို့သည် လယ်ယာမြေနှင့် တူကြပေသည်၊ လင်ယောကျ်ားတို့သည် တောင်သူလယ်သမားများနှင့် တူကြပေသည်၊ လင်ယောကျ်ားတို့သည် ဇနီးမိန်းမများကို အသက်တမျှမြတ်နိုးကြပေသည်။

တောင်သူ လယ်သမားတို့၏ အဓိက လိုလားချက်သည် လယ်ယာ ကိုင်းကျွန်းမှ ထွက်သော အသီးအနှံများဖြစ်သကဲ့သို့ လင်ယောကျ်ားတို့၏ အဓိကလိုလားချက်သည်လည်း ဇနီးမိန်းမတို့မှ ထွန်းကားပေါက်ပွားသော သားသမီးများပင် ဖြစ်ကြပေသည်။ ထို့အတွက်ကြောင့်ပင် လင်ယောကျ်ားတို့သည် အချိန်အခါအားလျော်စွာ သဘာဝဓမ္မနှင့်အညီ စနစ်တကျ ဇနီးမိန်းမများနှင့် ကာယသံသဂ္ဂအမှု ပြုကြသည်၊ မိဘတို့သည် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာများကို ကျန်းမာဝဖြိုးစွာ ရှုမြင်ရသောအခါ ဖရဏာပီတိ ဂွမ်းဆီထိဘိသကဲ့သို့ ပီတိသောမနဿ ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက်ကြပေသည်။

"လယ်ယာကောင်းကောင်း၊ မျိုးကောင်းကောင်း၌ တစလောင်းနှင့် တစ်သောင်းထွက်" ဆိုဘိသကဲ့သို့ သီးနှံကောင်းစွာ ထွက်ရှိရေးသည် လယ်မြေ၏ကောင်းခြင်း၊ ဥတုရာသီ၏ကောင်းခြင်း၊ နေရာတကျ ထွန်ယက်စိုက်ပျိုးခြင်း၊ မျိုးစေ့၏ကောင်းခြင်းတို့၏အပေါ်တွင် တည်နေပေသည်။

ထို့အတူပင် သားကောင်းသမီးကောင်းတို့၏ ထွန်းကားရေးသည်လည်း အမိအဘနှစ်ပါးလုံးပင် ကျန်းမာရေးနှင့် ပြည့်စုံခြင်း၊ သဘာဝဓမ္မနှင့်အညီ အချိန်အခါ အားလျော်စွာ ပေါင်းသင်းဆက်ဆံခြင်းတို့အပေါ်ဝယ် တည်ရှိနေပေသည်။ ဤကား ကုရ်အာန်ကျမ်းတော်လာ "အသင်တို့၏ ဇနီးမိန်းမများသည် အသင်တို့၏ လယ်ယာမြေဖြစ်သည်" ဟူသောမူကွပါဌ်တော်၏ အဖွင့်သဘောတည်း။

ချစ်ခင်ရင်နှီးစွာပေါင်းသင်း ဆက်ဆံနေထိုင်ရန်အလို့ငှာ အမျိုးသမီးများကိုဖန်ဆင်းပေးတော်မူခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကြီးမားလှသော ကျေးဇူးတော်တစ်ရပ်ပင် ဖြစ်ပေသည်။ ကြည့်-ကုရ်အာန် (၇:၁၈၉၊ ၃၀:၂၁)။ သားမယားကိုစွန့်ပြီး တောထွက်ခြင်းသည် အစ္စလာမ်၏ လမ်းစဉ်မဟုတ်၊ ကြည့်-ကုရ်အာန်(၅၇:၂၇)။ အလ္လာဟ်အရှင်မြတ်က လူသားတို့အား သားဆုပန်ရန် မိန့်ကြားထားတော်မူ၏။ ကြည့်-ကုရ်အာန် (၂၅:၇၄)။

ထိမ်းမြားခြင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ကလည်း အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

ထိမ်းမြားခြင်းသည် ငါ၏လမ်းစဉ်ဖြစ်၏။ ငါ၏လမ်းစဉ်ကို မလိုက်နာမကျင့်သုံးသော သူသည် ငါ၏အသင်းဝင်မဟုတ်ချေ။ (အီဗ်နမာဂျာ)

Ⓙ "အန္နာ" ဟူသောစကားသည် "အဘယ်ကဲ့သို့"၊ "အဘယ်မှာ" ဟူသောအနက်ကိုဟောသည်။ ကြည့်-ရာဃိဗ်။ ထို့အတူ "အဘယ်အခါ" ဟူသောအနက်ကိုလည်းဟောသည်။ကြည့်-(အီဗ်နဇျရီရ်)။(ဗဟိရ်)။(ကဗီရ်)။

လယ်ယာမြေသို့ သွားလာခြင်းဟူသည် ဇနီးမိန်းမများနှင့် ကာယသံသဂ္ဂအမှုပြုခြင်းကို ➤➤

وَبَشِّرِ الْمُؤْمِنِينَ ﴿٢٢٣﴾

ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ [၃] ထို့ပြင် အသင်တို့သည် ထို အရှင်မြတ်၏ ရှေ့တော်မှောက်သို့ မုချ ဝင်ရောက်ကြရမည့်သူများဖြစ်သည်ကိုလည်း မှတ်ယူကြကုန်၊[၂] ထို့ပြင်(အို-နဗီ) အသင်သည် ယုံကြည်ခြင်းသဒ္ဓါတရားနှင့်ပြည့်စုံသော "မုအ်မင်နိ်" တို့အား ဝမ်းမြောက်ဘွယ်ရာသတင်းကို ပြောကြားပါလေ။ [၄]

➤➤ ဥပမာ တင်စား၍ မိန့်ဆိုထားခြင်းပင်ဖြစ်သည်။ အစ္စလာမ်သာသနာတွင် ကာယသံသဂ္ဂအမှုပြုခြင်း၏ အဓိကရည်ရွယ်ချက်သည် သားသမီးထွန်းကားရန်ပင်ဖြစ်သည်။ သို့ရာတွင် လူသဘာဝအလျောက် ကာမဂုဏ်ခံစားမှုကိုလည်း လျစ်လျူရှုထားသည်မဟုတ်ပေ။

တဖ်စီရ်အဋ္ဌကထာကျမ်းအစောင်စောင်တွင် ဖော်ပြပါရှိသည့်အတိုင်း ယဟူဒီဘာသာဝင်တို့သည် ကာယသံသဂ္ဂအမှု ပြုခြင်းနှင့်စပ်လျဉ်း၍ အမှားမှားအယွင်းယွင်း ထင်မှတ်ပြောဆိုကြ၏။ ယင်းသူတို့၏ မှားယွင်းသော ယူဆချက်ကို ကုရ်အာန်ကျမ်းမြတ်(၂း၂၂၃)တွင် မိန့်ဆိုထားတော်မူသည်။

တရားတော်နှင့်အညီ အခါကာလကို ထောက်ထား၍ အာသာဆန္နအလျောက် ယဉ်ကျေးသိမ်မွေ့စွာ ကာသံသဂ္ဂအမှုပြုသည်ကို အစ္စလာမ်သာသနာသည် ခွင့်ပြုထားလေသည်။

(၃) အစ္စလာမ်သာသနာတွင် ကာယသံသဂ္ဂပြုခြင်းကို ခွင့်ပြုထားသော်လည်း လူသားတို့သည် မိမိတာဝန်ဝတ္တရားများကို မည်သည့်အချိန်၌မျှ မမေ့အပ်ကြပေ။

ကာမဂုဏ် အာရုံခံစားမှုများတွင် လုံးလုံးလျားလျား နစ်မွန်း၍ မနေအပ်ကြပေ။ နောင်ရေးအတွက် ကုသိုလ်တရား များပွါးများရပေမည်။

အချို့အဋ္ဌကထာကျမ်းများတွင် (وَقَدِّمُوا لِأَنفُسِكُمْ) ဟူသော မုက္ခပါဠ္ဍတော်၏ အနက်ကို သားဆုပန်ကြဟူ၍ဆင်း၊ ကာယသံသဂ္ဂအမှုပြုရာတွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို တသကြဟူ၍ဆင်း၊ အသီးသီးဖွင့်ဆိုကြသည်။

(၁) လူသားတို့သည် မိမိတို့ ဘဝလမ်းစဉ်၌ ကိစ္စအဝဝတွင် အဿာသ ပဿာသ ထွက်သက်ဝင်သက်နှင့်အမျှ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားရပေမည်။

(၂) "ငါတို့သည် တနေ့သော် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ မုချ ဝင်ရောက်ကြရမည်"ဟူသော ယုံကြည်ချက်ကို အမြဲတစေ နှလုံးသွင်းပါမူ လူသားတို့သည် ကျင့်ရန် ကြဉ်ရန်တရားများကို လိုက်နာရာတွင် အခက်အခဲ တွေ့ရှိကြမည်မဟုတ်ပေ။

(၃) ကုရ်အာန်ကျမ်းမြတ်(၂း၂၂၃)တွင် ဖော်ပြပါရှိသည့်အတိုင်း ဇနီးမိန်းမများနှင့် ကောင်းစွာ ပေါင်းသင်းဆက်ဆံသော၊ ကုသိုလ်တရားပွားများသော၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားသော၊ တနေ့သော် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ကြရမည်ကို ယုံကြည်သော၊ "မုအ်မင်နိ်" သူတော်စင်တို့အား မင်္ဂလာသတင်းစကားကို ပြောကြားရမည်ဟု မိန့်ကြားထားတော်မူလေသည်။

وَلَا تَجْعَلُوا اللَّهَ عُرْضَةً لِّأَيْمَانِكُمْ أَن تَبَرُّوا وَتَتَّقُوا وَتُصْلِحُوا بَيْنَ النَّاسِ ۚ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٢٢٤﴾

၂၂၄။ ထို့ပြင်· အသင်တို့သည် ကုသိုလ်ကောင်းမှုများကို မပြုကြရန်၎င်း၊ ဒုစရိုက်မှုများကို မကြဉ်ရှောင်ကြရန်၎င်း၊ လူသားတို့စပ်ကြားတွင် ခိုက်ရန်ဖြစ်ပွားမှုများကိုမဖြန့်ဖြေကြရန်၎င်း၊ မိမိတို့၏ကျိန်ဆိုချက်များဖြင့် အလွှာဟ်အရှင်မြတ်အား ဒိုင်းကြိုးသဖွယ် အကာအကွယ် ခံ မပြုလုပ်ကြကုန်လင့်။ အမှန်သော်ကား အလွှာဟ်အရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။

---

② ထုတ်ပြန်ပို့ချတော်မူခြင်း။

သာဝကကြီး အဗူဗတ်ဂ်ရ်၏သမီး၊ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ကြင်ရာတော် အာအိရှာသခင်မအား မွတ်စ်လင်မ်အသွင်ဆောင် "မုနာဖိဂ်" တို့က မလိုမုန်းထား၍ မဟုတ်မတရား စွပ်စွဲပြောဆိုရာတွင် သာဝကကြီး အဗူဗတ်ဂ်ရ်၏ အိမ်နေတပည့်တစ်ဦးဖြစ်သူ "မစ်တွဟ်" သည်လည်း အဖြစ်မှန်ကို မစူးစမ်းမဆင်ခြင်ဘဲ "မုနာဖိတ်" တို့၏ သံယောင်လိုက်၍ စွပ်စွဲပြောဆိုခဲ့ပေရာ သာဝကကြီး "အဗူဗတ်ဂ်ရ်"က ငါသည် မစ်တွဟ်အား လျှုဒါန်းပေးကမ်းခြင်း ပြုမည် မဟုတ်ပါဟူ၍ ကျိန်ဆိုလေသည်။ ထိုအခါ ကုရ်အာန်ကျမ်းလာ မုကွပါဠ်တော် (၂၊၂၂၄)သည် ကျရောက်လာလေသည်။

အခြားအဆိုတစ်ရပ်ရှိသည်မှာ သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုရဝါဟတ်က မိမိ၏ယောက်ဖဖြစ်သူ ဗရှီရ်အီဗ်နု နအ်မာန်နှင့် ငါသည် စကားပြောမည်မဟုတ်ပါဟူ၍ငင်း၊ ငါသည် မိမိ၏ယောက်ဖနှင့် နှမတို့စပ်ကြားတွင် ဝင်ရောက်ဖြန့်ဖြေမည်မဟုတ်ပါ ဟူ၍ငင်း ကျိန်ဆိုလေသည်။ ထိုအခါ ကုရ်အာန်ကျမ်းလာ မုကွပါဠ်တော်(၂း၂၂၄)သည် ကျရောက်လာလေသည်။

အစ္စလာမ်သာသနာ မထွန်းကားမီ "ဂျာဟိလီယတ်" အမိုက်ခေတ်တွင် အရဗ်တို့၏ ထုံးတမ်းစဉ်လာများအနက် ကောင်းမှုကုသိုလ် မပြုလိုသောအခါ ငါတို့သည် ထိုထိုဤဤ ကောင်းမှုများကို ပြုလုပ်ကြမည်မဟုတ်ပါဟူ၍ အလွှာဟ်အရှင်မြတ်ကို တိုင်တည်ပြီး သစ္စာဆိုလေ့ရှိကြသည်၊

သို့ကျိန်ဆိုထားသူတစ်ဦးအား အခြားတစ်ယောက်က အသင်သည် ဤကုသိုလ်ကောင်းမှုကို အဘယ်ကြောင့်မပြုပါသနည်းဟု ပြောဆိုသည့်အခါ ထိုသူက ကျွန်ုပ်သည် ထိုကောင်းမှုမပြုပါဟု အလွှာဟ်အရှင်မြတ်ကို တိုင်တည် သစ္စာဆိုပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားလေသည်။ ဤမုကွပါဠ်တော်သည် ထိုသို့ပြောဆိုသူများနှင့်ပတ်သက်၍ ကျရောက်လာခဲ့ပေသည်။

ကုသိုလ်ကောင်းမှုများကို ပြုလုပ်နိုင်ပါလျက် မပြုဘဲနေခြင်းသည် မည်သည့်နည်းနှင့်မျှ ကောင်းမွန်သောကိစ္စတစ်ရပ်မဖြစ်နိုင်ပေ။

အလွှာဟ် အရှင်မြတ်သည် အခါကာလမရွေး လူသားတို့အား ကုသိုလ်တရား ပွားများစေရန် အမျိုးမျိုး အဖုံဖုံ အကြိမ်ကြိမ် အဖန်ဖန် တိုက်တွန်း နှိုးဆော်သော အရှင် ဖြစ်တော် မူပေရကား ➤➤

➢➢ ထိုအရှင်မြတ်ကိုပင် တိုင်တည်၍ ကုသိုလ်ကောင်းမှုများ မပြုလုပ်ပါဟု ကျိန်ဆိုခြင်းသည် အဘယ်မှာလျှင် လျော်ကန် သင့်မြတ်နိုင်ပါအံ့နည်း။

ဤကား အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို အလွဲသုံးစားပြုခြင်းပင် ဖြစ်ပေသည်။ ဤသို့ အလ္လာဟ်အရှင်မြတ်၏နာမံတော်ကို အလွဲသုံးစားမပြုရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂:၂၂၄)တွင် အတည့်အလင်း မိန့်ဆိုထားတော်မူသည်။

အရာရာတွင် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုခြင်းသည် အလ္လာအရှင်မြတ်အား မရိုမသေ မလေးမစား မခန့်ညားရာရောက်ပေသည်။

အလ္လာဟ်အရှင်မြတ်ကိုတိုင်တည်၍ အကြောင်းမဲ့ကျိန်ဆိုခြင်းများကိုလည်း "ဖုကဟာ" အစွန်လာမ်ဓမ္မသတ်ရှင်တို့သည် မနှစ်ခြိုက်ကြပေ။

ဥစ္စာဓန ကုံလုံကြွယ်ဝသောသူတို့သည် ဆွေမျိုးသားချင်းတို့နှင့် ဆင်းရဲသူ ဆင်းရဲသားတို့အား မပေးမကမ်းပါဟု ကျိန်ဆို၍ စွန့်လွှတ်မထားသင့်ကြောင်း ကုရ်အာန်ကျမ်း(၂၄:၂၂)တွင် မိန့်ဆိုထားတော်မူလေသည်။

"အုရ်ဿွဟ်" ဟူသောစကားသည်

(၁) အကာအကွယ်၊ အတားအဆီး၊ ဒိုင်း။

(၂) ဖော်ပြရန်ပစ္စည်း၊ တင်ပြရန်အကြောင်းတရား . . . ၏ အနက်ကိုဟောသည်။ ဖော်ပြပါအနက် နှစ်ရပ်အနက် ပဌမအနက်ကိုရွေးချယ်၍ ကုရ်အာန်ကျမ်းလာ မုက္ခပါဠ်တော် (၂:၂၂၄)ကို ဘာသာပြန်ဆိုရေးသားခဲ့ပေပြီ။

"အုရ်ဿွဟ်" ဟူသောစကား၏ အဓိပ္ပါယ်နှစ်ရပ်အနက် ဒုတိယအဓိပ္ပါယ်အရ ကုရ်အာန်ကျမ်းလာ မုက္ခပါဠ်တော် (၂:၂၂၄)၏ အနက်သဘောမှာ "အသင်တို့သည် ကုသိုလ်တရား ပွားများကြရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို ဖော်ပြရန် အကြောင်းတရားအနေဖြင့် မပြုလုပ်ကြကုန်လင့်။

ဆိုလိုသည်မှာ အသင်တို့သည် ကုသိုလ်ကောင်းမှု မပြုကြရန်အတွက် အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို ကျိန်ဆိုခြင်း မပြုလုပ်ကြကုန်လင့်ဟူလို။

အလ္လာဟ်အရှင်အား တိုင်တည်၍ အကြောင်းမဲ့များစွာ ကျိန်ဆိုသူတစ်ဦးသည် ထိုအရှင်အား အတင့်ရဲ၍ မရိုသေ မလေးစားရာ ရောက်ပေသည်။ အတင့်ရဲ၍ မရိုသေသောသူတစ်ဦးသည် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားသောသူလည်း မဖြစ်နိုင်။

ဤသို့ ကျိန်ဆိုလေ့ရှိသောသူသည် မည်သည့်ကိစ္စတွင်မျှ ယုံကြည်စိတ်ချစရာ အကြောင်းလည်းမရှိပေ။ သို့အတွက်ကြောင့်ပင် ကုရ်အာန်ကျမ်းမြတ် (၆၈:၁၀)တွင် များစွာကျိန်ဆိုသူ၏စကားကို မလိုက်နာရန် ပိတ်ပင်မြစ်တားထားတော်မူသည်။

အကြင်သူတစ်ဦးသည် (ကိစ္စတစ်ရပ်ကိုပြုလုပ်ရန်) ကျိန်ဆို၏။ သို့ကျိန်ဆိုပြီးနောက်တွင် ထိုသူသည် ထိုကိစ္စထက် အခြားကိစ္စတစ်ရပ်ကို ပိုမိုကောင်းမြတ်သည်ဟု ထင်မြင်ယူဆမိ၏။

သို့ဖြစ်လျှင် ထိုသူသည် မိမိကျိန်ဆိုခြင်းနှင့်စပ်လျဉ်း၍ "ကဖ္ဖရဟ်" အာပတ်ဖြေပြီး ပိုမိုကောင်းမြတ်သော ထိုကိစ္စကိုပင်ပြုလုပ်ရမည်ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ (ခါဇင်)။

لَا يُؤَاخِذُكُمُ اللَّهُ بِاللَّغْوِ فِيٓ أَيْمَٰنِكُمْ وَلَٰكِن يُؤَاخِذُكُم بِمَا كَسَبَتْ قُلُوبُكُمْ ۗ وَاللَّهُ غَفُورٌ حَّلِيمٌ ﴿٢٢٥﴾

၂၂၅။ အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏ အချည်းနှီးသော *ကျိန်ဆိုချက်များနှင့်စပ်လျဉ်း၍* [၁] အသင်တို့ကို ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်။ သို့ရာတွင် အသင်တို့၏စိတ်နှလုံးများက စေ့ဆော်တိုက်တွန်း၍ ကျိန်ဆိုသော ကျိန်ဆိုချက်များနှင့် စပ်လျဉ်း၍မူ ထိုအရှင်မြတ်သည် အသင်တို့ကို ပြစ်ဒဏ်ပေးတော်မူပေမည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ် သည် အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန် ထောက်ထားညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

لِلَّذِينَ يُؤْلُونَ مِن نِّسَآئِهِمْ تَرَبُّصُ أَرْبَعَةِ أَشْهُرٍ ۖ فَإِن فَآءُو فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٢٢٦﴾

၂၂၆။ မိမိတို့၏ဇနီးမိန်းမများနှင့် (ကာယ သံသဂ္ဂ အမှုပြုကြမည်မဟုတ်ပါဟု) *ကျိန်ဆိုသူများ* [၂] အတို့ လေးလစောင့်ဆိုင်းခွင့်ရှိ၏။ အကယ်၍ ထိုသူတို့သည် (ထိုကဲ့သို့) ကျိန်ဆိုပြီးနောက် (၄-လအတွင်း မိမိတို့၏ ကျိန်ဆိုချက်ကို) ပြန်လည်ရုပ်သိမ်းကြပါလျှင် မုချဧကန် အလ္လာဟ် အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန် ကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

---

① "လယ်ဝ်" ဟူသည် မိမိ၏မှားယွင်းသောထင်မြင်ယူဆချက်အပေါ်တွင် မူတည်၍ ကျိန်ဆိုခြင်းကိုဆိုလိုသည်ဟူ၍ အေ့မာမ် အဗူဟနီဖဟ်သခင် မိန့်ကြားခဲ့သည်။ ဆိုလိုရင်း အနက်ကား အသင်တို့ (လိမ်လည်လိုသော စေတနာမပါဘဲ) မေ့မှား၍ကျိန်ဆိုမိသော ကျိန်ဆိုချက်များနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်၊ သို့ရာတွင် အသင်တို့ လိမ်လည်ရန်ရည်စူး၍ ကျိန်ဆိုသောကျိန်ဆိုချက်များနှင့် စပ်လျဉ်း၍မူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို ပြစ်ဒဏ်ပေးတော်မူလိမ့်မည်။

② အစ္စလာမ်သာသနာမထွန်းကားမီ "ဂျာဟီလီယတ်" အမိုက်ခေတ်တွင် အရဗ်လူမျိုးတို့သည် မိမိတို့၏ဇနီးမိန်းမများနှင့်စပ်လျဉ်း၍ အမျက်ဒေါသထွက်သောအခါ "ငါတို့သည်မိမိတို့၏ဇနီးမိန်းမများနှင့် ကာယသံသဂ္ဂအမှုပြုကြမည်မဟုတ်ပါ" ဟူ၍ ကျိန်ဆိုလေ့ရှိကြ၏၊ သို့ကျိန်ဆိုခြင်းကို "အီလာ"ဟူ၍ ခေါ်ဆိုကြသည်။

အရဗ်လူမျိုးတို့သည် "အီလာ" ပြုခြင်းကို "တွလာက်" လင်ခန်းမယားခန်းပြတ်စဲခြင်းဟု ယူဆကြ၏၊ သို့ယူဆကြသည့်အတိုင်း ယင်းသူတို့သည် "အီလာ"ပြုပြီးသည့်နောက်တွင် မိမိတို့၏ဇနီးမိန်းမများအား ➤➤

وَإِنْ عَزَمُوا الطَّلَاقَ فَإِنَّ اللَّهَ سَمِيعٌ عَلِيمٌ ﴿٢٢٧﴾

၂၂၇။ ထို့ပြင် အကယ်၍သာ ယင်းသူတို့သည်၊ ကွာရှင်းခြင်းကိုသာ စိတ်ပိုင်းဖြတ်ကြပါလျှင် ဧကန်မုချ အလွှာဟ် အရှင်မြတ်သည် (ထိုသူတို့၏ ကျိန်ဆိုချက်တို့ကိုလည်း) အကြွင်းမရှိသိတော်မူသော အရှင်၊ (ထိုသူတို့၏ စိတ်ပြဋ္ဌာန်းချက်များကိုလည်း) အကြွင်းမရှိ သိတော်မူသောအရှင် ဖြစ်တော် မူလေသတည်း။

وَالْمُطَلَّقَاتُ يَتَرَبَّصْنَ بِأَنْفُسِهِنَّ ثَلَاثَةَ قُرُوءٍ ۚ

၂၂၈။ ထို့ပြင် ကွာရှင်းခြင်းခံရသော ဧနီးမိန်းမများသည် ရာသီပန်းသုံးကြိမ် ပွင့်သည့်တိုင်အောင် [၁] (အိမ်ထောင်သစ်ပြုခြင်းမှ) မိမိတို့ကိုယ်ကို ဆိုင်းငံ့ထားကြရမည်။

➤➤ စားစရိတ်နှင့်တကွ အခြားပေးအပ်ရမည့် အခွင့်အလမ်းများကို ရပ်စဲလိုက်ကြ၏။

"အီလာ" နှင့်စပ်လျဉ်း၍ အရဗ်လူမျိုးတို့၏ အယူအဆ အပြုအမူများသည် မှားယွင်းလျက်ရှိကြောင်း၊ အစ္စလာမ်သာသနာတွင် "အီလာ"သည် လင်ခန်းမယားခန်းပြတ်စဲခြင်း၏ အဓိပ္ပါယ်သို့ မသက်ရောက်ကြောင်း၊ "အီလာ" သည် လင်ခန်းမယားခန်းပြတ်စဲရန် လမ်းကြောင်း နိဒါန်းစကားမျှဖြစ်ကြောင်း၊ သို့နိဒါန်းစကားမျှဖြစ်ပေရာ "အီလာ" ပြုမိသော လင်ယောကျ်ားတို့သည် မိမိတို့၏ "အီလာ" နှင့်စပ်လျဉ်း၍ အေးအေးဆေးဆေး ရှေ့နောက်ပြန်လည် စဉ်းစားနိုင်ရန်အတွက် ၄-လ ခွင့်ပြုထားကြောင်း၊ ထိုအတောအတွင်း လင်ယောကျ်ားတို့သည် မိမိတို့၏ဧနီးမိန်းမများနှင့် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းလိုက ပေါင်းသင်းနိုင်ကြောင်း၊ လင်ခန်းမယားခန်း ပြတ်စဲလိုကလည်း ပြတ်စဲနိုင်ကြောင်းများကို ထင်ရှားသိသာစေရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ မကွပါဠိတော်(၂:၂၂၆-၂၂၇)ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ ကြည့်-(မာဂျီဒီ)။

"အီလာ" ဟူသည် အစ္စလာမ်သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် အရဗ်လူမျိုးတို့ မိမိတို့၏ဧနီးမယားများအား ဒုက္ခပေးခြင်းတစ်ရပ်ပင်ဖြစ်သည်။ လင်ယောကျ်ားများသည် အကယ်၍ မိမိတို့၏ဧနီးမိန်းမများကို ချစ်ခင်ကြင်နာကြသည်လည်းမရှိ၊ လင်ယူပိုင်ခွင့်လည်း မပေးလိုကြ၊ ထိုအခါမျိုးတွင် လင်ယောကျ်ားများသည် "အီလာ" (၀ါ) ငါတို့သည် မိမိတို့ ဧနီးမိန်းမများထံသို့ ချဉ်းကပ်ကြမည် မဟုတ်ပါဟု ကျိန်ဆိုပြီး ဧနီးမိန်းမတို့အား "လင်ရှိ မုဆိုးမ" သဘွယ် တွဲလဲထားလေ့ရှိကြ၏။ အရဗ်လူမျိုးတို့သည် အစ္စလာမ်သာသနာ ထွန်းကားခါစအချိန်တွင်လည်း ဖော်ပြပါအတိုင်း "အီလာ" လုပ်၍ ဧနီးမိန်းမတို့အား ဒုက္ခပေးလျက်ရှိကြကုန်၏။ ထိုအခါ ကုရ်အာန်ကျမ်းလာ မကွပါဠိတော် (၂:၂၂၆-၂၂၇)သည် ကျရောက်လာခဲ့လေသည်။ ဤကား စအီဒ်အီဗ်နုအလ် မုစိုင်ယိဗ်၏ အဆိုတည်း။ ကြည့်-(ခါဇင်)။

① အရဗီဘာသာစာပေတွင် "ကရ်အန်"ဟူသောစကား၏မူရင်းအဓိပ္ပါယ်မှာ အချိန်ဟုဖြစ်သည်။(အီဗ်နုကုတိုင်ဗဟ်)။

"ကရ်အန်" ဟူသော စကားသည် အချိန်ဟူသော အနက်ပေးရာတွင် အဘိဓါန်ရှင်များ ➤➤

➤➤ အဆို ညီကြပေသည်။

("ကရ်အန်" ၏ ဗဟုဝုစ်ကိန်းမှာ "အတ်က်ရာအ်" ဖြစ်သည်)။ "အတ်က်ရာအ်" ဟူသောစကားသည် အရဗီဘာသာစာပေတွင် ဆန့်ကျင်ဘက်အဓိပ္ပါယ် နှစ်မျိုးထွက်သောပုဒ်ဖြစ်သည်ဟု အဗူအုဗိုင်ဒဟ်သခင်က မိန့်ဆိုသည်။ (ကဗီရ်)။ "ကရ်အန်" ဟူသောစကားသည် ရာသီသွေးဆင်းချိန်နှင့် ရာသီသွေးဆင်းပြီး၍ သန့်ရှင်းနေသော အချိန်၏ အဓိပ္ပါယ်ကို ဆောင်သောစကားဖြစ်သည်။

ဖော်ပြပါအတိုင်း "ကရ်အန်" ဟူသော စကားသည် ဆန့်ကျင်ဘက် အဓိပ္ပါယ်ပေးသော စကားဖြစ်နေသည့် အလျောက် ကုရ်အာန်ကျမ်းတတ် ပါရဂူများသည် ထိုစကား၏ အနက်ဖွင့်ရာတွင် အဆိုပြားလျက်ရှိကြ၏။

အာအိရှာ် သခင်မ၊ အေမာမ်ရှာဖိအီ သခင်နှင့် အချို့ပါရဂူတို့သည် "ကရ်အန်" ၏အနက်ကို ရာသီသွေးဆင်းပြီး ပြန်၍သန့်ရှင်းသော အချိန်ဟူ၍ ဖွင့်ဆိုကြသည်။ အဂ္ဂသာဝကကြီး အုမရ်၊ အလီ၊ အီဗ်နုအမ္မါစ်၊ အီဗ်နုမတ်စ်အူဒ်၊ အဗူမူစာကဲ့သို့သော သာဝကကြီး ၁၃-ပါးသည် "ကရ်အန်" ၏အနက်ကို ရာသီသွေးဆင်းနေသောအချိန်ဟူ၍ ဖွင့်ဆိုကြသည်။ ဤနည်းအတိုင်းပင် အေမာမ်ဆောင်ရီ၊ အေမာမ်အောင်ဇာအီ၊ အေမာမ်အဗူဟနီဖတ်နှင့်တကွ ဟနဖီဂိုဏ်း၏ အေမာမ်အားလုံးတို့သည်လည်း "ကရ်အန်" အနက်ကို ရာသီသွေးဆင်းနေသော အချိန်ဟူ၍ပင် ဖွင့်ဆိုကြသည်။

ကွာရှင်းခြင်းခံရသော အမျိုးသမီးများသည် ရာသီသွေးသုံးကြိမ် ဆင်းသည့်တိုင်အောင် စောင့်ဆိုင်းနေထိုင်ကြရ၏။ သို့စောင့်ဆိုင်းခြင်းကို "အစ်ဒ်ဒတ်" ဟုခေါ်သည်။ ကွာရှင်းခြင်းခံရသော အမျိုးသမီးများသည် "အစ်ဒ်ဒတ်" ရက်အတွင်း၌ အိမ်ထောင်သစ်မပြုနိုင်ကြချေ၊ "အစ်ဒ်ဒတ်" ကုန်ဆုံးပြီးမှ အိမ်ထောင်သစ်များ ပြုနိုင်ပေသည်။

လင်ယောကျ်ားတို့သည် ဇနီးမိန်းမတို့အား ကွာရှင်းလိုက ရာသီသွေးဆင်း၍ သန့်ရှင်းနေသော အချိန်တွင် ကွာရှင်းကြရ၏။ ဤသည် ကွာရှင်းရေးတွင် အတားအဆီးတစ်ခုပင်။ အကြောင်းသော်ကား ရာသီသွေးဆင်းလျက်ရှိသော ဇနီးမိန်းမတို့နှင့် လင်ယောကျ်ားတို့သည် ကာယသံသဂ္ဂအမှု မပြုနိုင်ကြပေရာ ထိုအချိန်တွင် ဇနီးမောင်နံတို့သည် အနည်းငယ် ကင်းကွာလျက်ရှိကြ၏။ ရာသီသွေးဆင်းပြီး၍ သန့်ရှင်းနေသောအချိန်တွင် ဇနီးမောင်နံတို့သည် လူသဘာဝအလျောက် ပိုမိုခင်မင်ရင်းနှီးကြကုန်၏။ သို့ခင်မင်ရင်းနှီးနေသောအချိန်များတွင် ကွာရှင်းမှုသည် လင်ယောကျ်ားတို့အဘို့ မလွယ်ကူလှပေ။

အကြောင်းတစ်ခုခုကြောင့် လင်ယောကျ်ားတို့သည် ဇနီးမိန်းမတို့အား ကွာရှင်းကြပြန်လျှင်လည်း ကွာရှင်းခြင်းခံရသော ဇနီးမိန်းမတို့သည် တခါတည်းပြတ်စဲသွားကြသည်မဟုတ်၊ တရားတော်နှင့်အညီ "အစ်ဒ်ဒတ်" ရက်များ စောင့်ဆိုင်းကြရ၏။ သို့စောင့်ဆိုင်း နေရခြင်းအားဖြင့် ဇနီးမောင်နံနှစ်ဦးတို့တွင် ကွာရှင်းမှုကို ဖြစ်ပေါ်စေသော ဒေါသစိတ်များ၊ ပဋိပက္ခမှုများ၊ အထင်အမြင် မှားမှုများသည် ပယောက်ပြီး မေတ္တာတရားများ ပြန်လည်သက်ဝင်လာနိုင်ပေသည်။

ဤမျှမကသေး၊ "အစ်ဒ်ဒတ်"ရက်များ စောင့်ဆိုင်းခြင်းအားဖြင့် ဇနီးမိန်းမတို့တွင် ကိုယ်ဝန်ရှိမရှိကိုလည်း ကောင်းစွာသိနိုင်ပေမည်။ အကယ်၍ ဇနီးမိန်းမတို့တွင် ကိုယ်ဝန်ရှိနေပါက သားသမီးတို့၏ သံယောဇဉ် နှောင်ကြိုးသည် ပြတ်လုဆဲဆဲဖြစ်နေသော မိဘနှစ်ပါးတို့အား ပြန်လည်စေ့စပ်ပေးနိုင်ပေသည်။ ဖော်ပြပါ စကားရပ်များကို ဆင်ခြင်သော် "အစ်ဒ်ဒတ်" စောင့်ဆိုင်းခြင်းသည်ပင် ဇနီးမောင်နံနှစ်ဦးတို့၏ ပြန်လည်စေ့စပ်မှုကို အထူးအားပေးလျက်ရှိသော အဓိကအကြောင်းကြီးတစ်ရပ်ဖြစ်ကြောင်း ကောင်းစွာ သိနိုင်ပေသည်။

وَلَا يَحِلُّ لَهُنَّ أَنْ يَكْتُمْنَ
مَا خَلَقَ اللَّهُ فِي أَرْحَامِهِنَّ
إِنْ كُنَّ يُؤْمِنَّ بِاللَّهِ وَالْيَوْمِ
الْآخِرِ ۚ وَبُعُولَتُهُنَّ أَحَقُّ
بِرَدِّهِنَّ فِي ذَٰلِكَ إِنْ
أَرَادُوا إِصْلَاحًا ۚ وَلَهُنَّ
مِثْلُ الَّذِي عَلَيْهِنَّ
بِالْمَعْرُوفِ ۖ وَلِلرِّجَالِ
عَلَيْهِنَّ دَرَجَةٌ ۗ وَاللَّهُ
عَزِيزٌ حَكِيمٌ ﴿٢٢٨﴾

ထို့ပြင် အကယ်စင်စစ် ထိုဇနီးမိန်းမများသည် အလ္လာဟ်အရှင်မြတ်ကိုငင်း၊ နောက်ဆုံးနေ့ကိုငင်း ယုံကြည်ကြပါလျှင် ထိုဇနီးမိန်းမများအဘို့ မိမိတို့သားအိမ်များတွင် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော် မူသောအရာ (ကိုယ်ဝန်များကိုငင်း၊ ရာသီပန်းပွင့်ခြင်းကိုငင်း၊) ထိန်ချန် လျှို့ဝှက်ထားပိုင်ခွင့်မရှိချေ။ [၁] ထို့ပြင် ထိုဇနီးမိန်းမများတို့၏ လင်ယောကျ်ားတို့သည် သင့်မြတ်ခြင်းကို ရည်စူးကြပါလျှင် ထိုဇနီးမိန်းမများအား *ပြန်လည်သိမ်းပိုက်ရန် အခွင့်အရေး ပို၍ရှိသူများ ဖြစ်ကြပေသည်။* [၂] ထို့ပြင် ထိုဇနီးမိန်းမများအပေါ်ဝယ် တာဝန်များရှိသကဲ့သို့ *ထိုဇနီးမိန်းမများအဘို့လည်း တရားစည်းကမ်းများအတိုင်း အခွင့်အရေးများလည်း ရှိကြပေသည်။* [၃] သို့ပင်တစေ လင်ယောကျ်ားတို့ အဘို့မှာကား ထိုဇနီးမိန်းမများ အပေါ်ဝယ် သာလွန်ခြင်းတစ်ရပ် ရှိပေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ် သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

---

① ကွာရှင်းခြင်းခံရသော ဇနီးမိန်းမများသည် မိမိတို့၏ကိုယ်ဝန်ကိုငင်း၊ ရာသီသွေးကိုငင်း၊ ရှိက ရှိသည့်အလျောက်၊ မရှိက မရှိသည့်အလျောက် ဟုတ်မှန်ရာကို ထုတ်ဖော်ပြောဆိုကြရပေမည်။ ထိန်ချန်၍ မထားပိုင်ချေ။ အကယ်၍ ဇနီးမိန်းမများသည် မိမိတို့ကိုယ်ဝန်ကိုငင်း၊ ရာသီသွေးကိုငင်း၊ ထိန်ချန်ထားကြသည်ရှိသော် "အစ်ဒ်ဒတ်" ရက် ရေတွက်ရာတွင် အမှားမှားအယွင်းယွင်းဖြစ်ပြီး ရှေ့ဆက်လက်၍ မှားယွင်းမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

② လင်ယောကျ်ားများသည် "တွလာက်ရဂ်ျအီ" ပေး၍ ဖြတ်ထားသော ဇနီးမိန်းမများအား "အစ်ဒ်ဒတ်" ရက်အတွင်း သင့်မြတ်မှုကို ရည်စူး၍ ပြန်လည် သိမ်းပိုက်လိုက သိမ်းပိုက်နိုင်ကြပေသည်။ သို့ပြန်လည် သိမ်းပိုက်ခြင်းကို "ရှရီအတ်" တွင် "ရဂ်ျအတ်" ဟုခေါ်သည်။

③ လင်ယောကျ်ားတို့၏ အခွင့်အရေးများသည် ဇနီးမိန်းမများအပေါ်တွင်ရှိသကဲ့သို့ ဇနီးမိန်းမတို့၏ အခွင့်အရေးများသည်လည်း လင်ယောကျ်ားတို့အပေါ်၌ တည်ရှိပေသည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ မုကွပါဠိတော်တည်း။

>>

اَلطَّلَاقُ مَرَّتٰنِ ۪ فَاِمْسَاكٌۢ بِمَعْرُوْفٍ اَوْ تَسْرِيْحٌۢ بِاِحْسَانٍ ۭ وَلَا يَحِلُّ لَكُمْ اَنْ تَاْخُذُوْا مِمَّآ

၂၂၉။ (ဇနီးမောင်နှံ ပြန်လည်ပေါင်းသင်းနိုင်သော) ကွာရှင်းခြင်းသည် နှစ်ကြိမ်မျှသာတည်း။ [၁] ထို့နောက် (လင်ယောကျ်ားများသည် မိမိတို့၏ ဇနီးများကို) တရားတော်နှင့်အညီ ပြန်လည်သိမ်းပိုက် ပေါင်းသင်းရန်သာရှိ၏။ သို့တည်းမဟုတ် (တတိယအကြိမ်ထပ်မံကွာရှင်း၍) ကောင်းမွန်စွာ စွန့်လွှတ်ရန်သာရှိတော့သတည်း။

>> အစ္စလာမ်သာသနာမထွန်းကားမီ "အိုင်ယာမိဂျာဟိလီယတ်" အမိုက်ခေတ်တွင် အရှင်လူမျိုးတို့သည် အမျိုးသမီးများကို လူ၏စာရင်း၌ပင်မသွင်းခဲ့ကြပေ။ အမျိုးမျိုးချုပ်ချယ် နှိမ်နင်း၍ ထားခဲ့ကြ၏။ အမျိုးသမီးများကို တိရိစ္ဆာန်များပမာ လူတို့၏ အသုံးအဆောင် ပစ္စည်းသဘွယ် ယူဆထားကြ၏။ လင်ယောကျ်ားများ သေဆုံးသွားသည့်အခါ ကျန်ရစ်သော ဇနီးမိန်းမများသည် အမွေခံ အမွေစားဖြစ်သော လင်ပါသား ယောကျ်ားတို့၏ အမွေပစ္စည်းများအထိ ဖြစ်သွားခဲ့ကြရ၏။

အတိတ်ခေတ်များတွင် ယဟူဒီဘာသာနှင့် ခရစ်ယာန်ဘာသာတို့သည်လည်း အမျိုးသမီးများကို မကောင်းမှုတို့၏ ဖြစ်ပွားရာဌာနပဟူ၍ပင် မှတ်ယူခဲ့ကြ၏။

အစ္စလာမ်သာသနာတွင်ကား အမျိုးသမီးတို့အား ရသင့်ရထိုက်သော အခွင့်အရေးတို့ကို အပြည့်အစုံပေးထားလေသည်။

အလ္လာဟ် အရှင်မြတ်သည် အမျိုးသမီးများနှင့် ပတ်သက်သည့် အချို့ ပြဿနာရပ်များကို ထင်ရှားသိစေတော်မူရန်အလို့ငှာ ကုရ်အာန်ကျမ်းမြတ်တွင် "အမျိုးသမီး-ကဏ္ဍ" ကို သီးသန့် ထုတ်ပြန်ပို့ချတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် အမျိုးသမီး၊ အမျိုးသားတို့၏ ကုသိုလ်အကျိုးများကို အညီအမျှ ပေးသနားတော်မူလေသည်။ ကြည့်-ကုရ်အာန်-(၃း၁၉၄၊ ၄း၁၂၄၊ ၁၆း၉၇၊ ၄၀း၄၀)။

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)သည် ဇနီးသည်တို့အား ကောင်းစွာထားရှိရမည့် အကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

အသင်တို့တွင် အကောင်းဆုံးသောသူကား မိမိတို့၏ ဇနီးမိန်းမများအပေါ်တွင် အကောင်းဆုံးသော သူပင်ဖြစ်၏။ ငါကား ငါ၏ဇနီးမိန်းမများအပေါ်တွင် အကောင်းဆုံးပင်ဖြစ်၏။ (မစ်ရ်ကာတ်)။

"အကြင်အမျိုးသမီးတစ်ဦးသည် အကယ်၍ မိမိ၌တာဝန်ရှိသော "ဆွလာတ်" ငါးကြိမ်ဝတ်ပြု၏။ မိမိ၌ တာဝန်ရှိသော ရမဿွာန်လတွင် "ဆွိယာမ်" ဥပုသ်ဆောက်တည်၏။ မိမိ၏ ဣန္ဒြေသိက္ခာကို ထိန်းသိမ်းစောင့်ရှောက်၏၊ မိမိခင်ပွန်း၏စကားကိုလည်း နာခံ၏၊ သို့ဖြစ်ပါသော် ထိုအမျိုးသမီးသည် ဂျန္နတ်အတွင်းသို့ မိမိအလိုရှိရာ မည်သည့်တံခါးပေါက်မှမဆို ဝင်ရောက်စံမြန်းနိုင်၏" ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)က မိန့်ကြားတော်မူခဲ့သည်။ (မစ်ရ်ကာတ်)။

[၁] ကုရ်အာန်ကျမ်းမြတ် (၂း၂၂၉)တွင်ပါရှိသော "တွလာက်"သည် "တွလာက် ရဂျ်အီ"ကို ဆိုလိုသည်။ "တွလာက်ရဂျ်အီ" ဟူသည်ကား ဇနီးမောင်နှံနှစ်ဦး ပြန်လည်ပေါင်းသင်းနိုင်သော လင်မယားကွာရှင်းခြင်းမျိုးကို ဆိုလိုသည်။ တွလာက်ရဂျ်အီသည် နှစ်ကြိမ်မျှသာ ဖြစ်ချေသည်။ >>

➤➤ "တွလာက်" ကွာရှင်းခြင်းသည် သုံးမျိုးသုံးစားရှိ၏၊

(၁) တွလာက်အဟ်စန်၊

(၂) တွလာက်ဟစန်၊

(၃) တွလာက်ဗစ်ဒ်အတ်။

က။ "တွလာက်အဟ်စန်" အကောင်းဆုံးသော ကွာရှင်းခြင်းဟူသည်ကား ဇနီးမိန်းမသည် ရာသီပန်းပွင့်ချိန်ပြီး၍ "တူဟ်ရ်" သန့်ရှင်းနေသော အချိန်တွင်ဖြစ်စေရမည်၊ လင်ယောကျ်ားသည် ထိုသန့်ရှင်းသောအချိန်တွင် ထိုဇနီးမိန်းမနှင့် ကာယသံသဂ္ဂအမှု မပြုသည်လည်း ဖြစ်စေရမည်။ ထိုအချိန်တွင် လင်ယောကျ်ားသည် မိမိ၏ဇနီးမိန်းမအား တွလာက်တကြိမ်ပေး၍ "အစ်ဒ်ဒတ်" ရက် ကုန်ဆုံးသည်အထိ ပြန်လည်သိမ်းပိုက်ခြင်းမပြုဘဲ စွန့်လွှတ်ပြတ်စဲခြင်းကို ဆိုလိုသည်။

ခ။ "တွလာက်ဟစန်" ကောင်းသောတွလာက် ဟူသည်ကား လင်ယောကျ်ားသည် (ကာယသံသဂ္ဂအမှု ပြုပြီးသော) မိမိ၏ ဇနီးမိန်းမအား ပဌမလ ရာသီပန်းပွင့်ပြီး၍ သန့်ရှင်းနေသော အချိန်တွင် တကြိမ်၊ ဒုတိယလ ရာသီပန်းပွင့်ပြီး၍ သန့်ရှင်းနေသော အချိန်တွင်တကြိမ်၊ တတိယလ ရာသီပန်းပွင့်ပြီး၍ သန့်ရှင်းနေသောအချိန်တွင် တကြိမ်၊ ဤသို့ တွလာက်သုံးကြိမ် အသီးသီး ပေးခြင်းကိုဆိုလိုသည်။

ဂ။ "တွလာက်ဗစ်ဒ်အီ" - "ဗစ်ဒ်အတ်" ဖြစ်သော တွလာက်ဟူသည်ကား လင်ယောကျ်ားသည် မိမိ၏ဇနီးမိန်းမအား တွလာက်သုံးကြိမ်ကို တခွန်းတည်းဖြင့်ပေးခြင်းကိုငင်း၊ "တူဟ်ရ်" ရာသီပန်းပွင့်ပြီး၍ သန့်ရှင်းနေသော အချိန်တစ်ခုတည်းတွင် တွလာက် သုံးကြိမ်ပေးခြင်းကိုငင်း၊ ဆိုလိုသည်။ ထိုကဲ့သို့ တွလာက် ဗစ်ဒ်အီပေးလျှင်လည်း တွလာက်အထမြောက်သည်၊ သို့ရာတွင် တရားတော်နှင့် ဆန့်ကျင်သောနည်းဖြင့် တွလာက်ပေးသည့်အတွက် အပြစ်သင့်ပေမည်။ ကြည့်-(ဟိဒါယဟ်ကျမ်း)။

သာဝကကြီးတစ်ပါးက အိုး-အလ္လာဟ်၏ရာဇာလ်၊ "တွလာက်" သည် နှစ်ကြိမ်မျှဖြစ်သည်ဟု အလ္လာဟ်အရှင်မြတ်၏ မှတ္ခပါဠ်တော်တွင် ပါရှိပါသည်၊ တတိယ တွလာက်သည် အဘယ်မှာနည်း၊ အမိန့်ရှိတော်မူပါဟု လျှောက်ထားရာ နဗီတမန်တော်က "ကောင်းစွာ စွန့်လွှတ်ပြတ်စဲခြင်း" ဟူသော မှတ္ခပါဠ်တော်သည်ပင် တတိယတွလာက်ဖြစ်ကြောင်း ပြန်ကြားတော်မူလေသည်။ (တစ်ရ်မိဇီ)

လင်ယောကျ်ားတို့သည် ဇနီးမိန်းမများအား ပြန်လည်သိမ်းပိုက်လိုကြလျှင် တရားတော်နှင့်လျော်ညီစွာ ကောင်းမြတ်သော စေတနာဖြင့် ပြန်လည်သိမ်းပိုက်ကြရမည်။ နှိပ်စက်ညှဉ်းပမ်းလိုသော သဘောဖြင့် ပြန်လည်သိမ်းပိုက်ခြင်းမပြုကြရ။ ဇနီးမိန်းမတို့အား ကွာရှင်းကြလျှင်လည်း ယဉ်ကျေးသိမ်မွေ့စွာ ကွာရှင်းကြရမည်၊ ဇနီးမိန်းမတို့၏ ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ်၍ မပြောကြရ၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လည်း မပြုကြရ။

ဇနီးမိန်းမတို့အား ပြန်လည်သိမ်းပိုက်ခြင်း အကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကို "ဟိဒါယဟ်" ကျမ်းတွင်ရှုပါ။

ဇနီးမောင်နှံနှစ်ဦးတို့၏ မသင့်မျှမှုတွင် ဇနီးမိန်းမဘက်မှ ချွတ်ယွင်းချက်ရှိပါလျက် ထိုဇနီးမိန်းမကပင် ကွာစာတောင်းလျှင် ထိုမိန်းမ၌အပြစ်ရှိချေသည်။ ထိုမိန်းမပေးသောလျော်ကြေးကို ယူသည့်အတွက် လင်ယောကျ်ား၌ အပြစ်မရှိချေ။ သို့ရာတွင် လင်ယောကျ်ားသည် လျော်ကြေးကို "မဟ်ရ်" ခန်းဝင်ပစ္စည်းထက် ပိုမို၍ မယူအပ်ချေ။

ဇနီးမောင်နှံနှစ်ဦးတို့၏ မသင့်မျှမှုတွင် ချွတ်ယွင်းချက်သည် လင်ယောကျ်ားဘက်မှ ဖြစ်သော် လင်ယောကျ်ားသည် ဇနီးမိန်းမထံမှ လျော်ကြေးအလျင်းမယူသင့်ချေ။ ➤➤

اٰتَيْتُمُوْهُنَّ شَيْـًٔا اِلَّآ اَنْ
يَّخَافَآ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ؕ
فَاِنْ خِفْتُمْ اَلَّا يُقِيْمَا
حُدُوْدَ اللّٰهِ ۙ فَلَا جُنَاحَ
عَلَيْهِمَا فِيْمَا افْتَدَتْ بِهٖ ؕ
تِلْكَ حُدُوْدُ اللّٰهِ فَلَا
تَعْتَدُوْهَا ۚ وَمَنْ يَّتَعَدَّ
حُدُوْدَ اللّٰهِ فَاُولٰٓئِكَ
هُمُ الظّٰلِمُوْنَ ﴿٢٢٩﴾

ၦင်းပြင် အသင်တို့အဘို့ ထိဇနီး မိန်းမတို့အား ပေးခဲ့သော (“မဟ်ရ်” ခန်းဝင်ပစ္စည်း အစရှိသည်များ)အနက်မှ တစုံတရာကိုမျှ ပြန်လည်ယူပိုင်ခွင့်မရှိချေ။ သို့ရာတွင် ယင်းဇနီးမောင်နှံနှစ်ဦးတို့သည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို စောင့်ထိန်းနိုင်ကြမည်မဟုတ်ဟု စိုးရိမ်ကြသောအခါမျိုးဌ မူ (ယူနိုင်ခွင့်ရှိပေသည်။) သို့ဖြစ်လေရာ အကယ်၍ ယင်းဇနီး မောင်နှံနှစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်း ဥပဒေများကို မစောင့်ထိန်းနိုင်မည်ကို အသင်တို့စိုးရိမ်ကြပါမူ ထိဇနီးမိန်းမက လျော်ကြေးပေးသော ပစ္စည်းနှင့်စပ်လျဉ်း၍ ထိဇနီးမောင်နှံနှစ်ဦးတို့အပေါ်တွင် တစုံတရာမျှ အပြစ်မထိုက်သင့်ချေ။ ဤသည်တို့ကား အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော စည်းမျဉ်းဥပဒေများတည်း။ သို့ဖြစ်လေရာ အသင်တို့သည် ယင်းစည်းမျဉ်းတို့ကို မကျူးလွန်ကြကုန်လင့်။ စင်စစ်တမူကား အကြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်းများကို ကျူးလွန်ပါမူ ထိုသူတို့သာလျှင် ပြစ်မှားကျူးလွန်သူများ ဖြစ်ကြကုန်သတည်း။

➤➤ အကယ်၍ ဇနီးမောင်နှံနှစ်ဦးတို့တွင် ဖြစ်ပွားလျက်ရှိသော မသင့်မျှမှုနှင့်စပ်လျဉ်း၍ လင်ယောကျ်ားက မိမိမှာ တစုံတရာ အပြစ်မရှိ၊ ဇနီးမိန်းမ၌သာ အပြစ်ရှိသည်ဟုဆို၏။ ဇနီးမိန်းမကလည်း မိမိမှာ တစုံတရာ အပြစ်မရှိ၊ လင်ယောကျ်ား၌သာ အပြစ်ရှိသည်ဟုဆို၏၊ သို့အချင်းဖြစ်ပွားနေသော အချိန်မျိုးတွင် ဇနီးမိန်းမက လျော်ကြေးပေး၍ ကွာစာတောင်းသည်ရှိသော် ထိုသို့လျော်ကြေးပေး၍ ကွာစာတောင်းသည့်အတွက် ဇနီးမိန်းမ၌ အပြစ်မရှိချေ၊ လင်ယောကျ်ား၌လည်း လျော်ကြေးယူသည့်အတွက် အပြစ်မရှိချေ။ သို့ရာတွင် လင်ယောကျ်ားသည် “မဟရ်” ခန်းဝင်ပစ္စည်းထက် ပိုမို၍ကား လျော်ကြေးမယူသင့်ချေ။ ကြည့်-(ထာနဝီ)။

မည်သည့်မိန်းမ မဆို စိုးရိမ်ကြောင့်ကြမူ တစုံတခု မရှိဘဲလျက် မိမိ၏ လင်ယောကျ်ားထံမှ တွလာက် ဖြတ်စာတောင်းသည်ရှိသော် ထိုမိန်းမအပေါ်တွင် “ဂျနွတ်” အမတသုခဘုံ၏ အနှံ့အသက် သည်ပင် “ဟရာမ်” ဖြစ်ချေသည်ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ (အီဗ်နဂျရီရ်။)

فَإِنْ طَلَّقَهَا فَلَا تَحِلُّ لَهُۥ
مِنۢ بَعْدُ حَتَّىٰ تَنكِحَ
زَوْجًا غَيْرَهُۥ ۗ فَإِن طَلَّقَهَا
فَلَا جُنَاحَ عَلَيْهِمَآ أَن
يَتَرَاجَعَآ إِن ظَنَّآ أَن
يُقِيمَا حُدُودَ ٱللَّهِ ۗ
وَتِلْكَ حُدُودُ ٱللَّهِ
يُبَيِّنُهَا لِقَوْمٍ يَعْلَمُونَ ﴿٢٣٠﴾

၂၃၀။ (တွလာက်ရဂ်ျအီ နှစ်ကြိမ်ပေးပြီးသည့်နောက်) တဖန် အကယ်၍ လင်ယောကျ်ားသည် ထိဇနီး မိန်းမအား ထပ်မံ၍ "တွလာက်" ကွာရှင်းခဲ့သည် ရှိသော် (သို့သုံးကြိမ်မြောက် တွလာက် ပေးပြီးသည့်) နောက် ထိုလင်ယောကျ်ားအဘို့ ထိဇနီးမိန်းမသည် အခြား လင်ယောကျ်ားတစ်ဦးဦးနှင့် နိကာဟ် ထိမ်းမြား ဆက်ဆံ ပေါင်းသင်းခြင်းမပြုသမျှ ကာလပတ်လုံး (ဟလာလ်) တရားဝင်ဇနီး ဖြစ်မည်မဟုတ်ပေ။ [၁] (ထိုကဲ့သို့ အခြား လင်ယောကျ်ား တစ်ဦးဦးနှင့် ထိမ်းမြားပြီးသည့်နောက်) အကယ်၍ ထို(ဒုတိယ) လင်ယောကျ်ားကလည်း ထိဇနီးမိန်းမအား ကွာရှင်းခဲ့ပြန်သည်ရှိသော် ထိဇနီးမိန်းမနှင့် (ပဌမ) လင်ယောကျ်ားနှစ်ဦးတို့သည် အကယ်၍ မိမိတို့နှစ်ဦးသည် အလ္လာဟ် အရှင်မြတ်၏ စည်းမျဉ်းဥပဒေများကို စောင့်ထိန်းနိုင်ကြမည်ဟု ထင်မြင်ယူဆပြီး တဖန် ပြန်လည်ပေါင်းသင်း ဆက်ဆံကြပါသော် ထိဇနီးမောင်နှံ နှစ်ဦးတို့အပေါ်တွင် တစုံတရာအပြစ်မရှိချေ။

---

① ယောကျ်ားတစ်ဦးသည် ဇနီးမိန်းမအား "တွလာက်ရဂ်ျအီ" ၂-ကြိမ်ပေးပြီးသည့်နောက် အကယ်၍ ထပ်မံပြီး တတိယအကြိမ်မြောက် "တွလာက်" ပေးခဲ့သည်ရှိသော် ထိုယောကျ်ားအဘို့ ထိဇနီးမိန်းမသည် အခြားယောကျ်ားနှင့် ထိမ်းမြား၍ ကာယသံသဂ္ဂအမှု မပြုသမျှကာလပတ်လုံး တရားဝင်မယားဖြစ်မည်မဟုတ်ပေ။ ရှင်းဦးအံ့-။

တွလာက် သုံးကြိမ်တိတိ ပေးခြင်းခံရ၍ လင်ယောကျ်ားနှင့် လုံးလုံးလျားလျား ပြတ်စဲလျက်ရှိသော အမျိုးသမီးတစ်ဦးသည် နောက်တဖန်ပြန်လည်၍ မိမိ၏ ပဌမလင်ယောကျ်ားအဘို့ တရားဝင်မယားဖြစ်ရန် မလွယ်ကူလှပေ၊ သို့ရာတွင် အကယ်၍ ထိဇနီးမိန်းမသည် တရားတော်နှင့်အညီ အစ်ဒ်ဒတ် ရက်ဆိုင်းပြီးသည့်နောက် အခြားယောကျ်ားတစ်ဦးနှင့် နိကာဟ်ပြုအံ့၊ လင်ခန်းမယားခန်းလည်း မြောက်အံ့၊ ကာယသံသဂ္ဂအမှုလည်းပြုအံ့၊ သို့နိကာဟ်ပြုပြီးသည့်နောက် ဒုတိယလင်ယောကျ်ားသည် အကယ်တန္တ သေဆုံးသွားအံ့၊ သို့တည်းမဟုတ် ဒုတိယလင်ယောကျ်ားကလည်း ထိဇနီးမိန်းမအား တွလာက်ပေးအံ့၊ ထိဇနီးမိန်းမသည် အစ်ဒ်ဒတ်ရက်လည်း ဆိုင်းပြီးဖြစ်အံ့၊ ထိုအချိန်တွင် ထိဇနီးမိန်းမနှင့် ပဌမယောကျ်ားတို့သည် ဇနီးမောင်နှံတို့နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်းဥပဒေများကို မပျက်မကွက် လိုက်နာဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ထင်မြင်ယူဆကြပါလျှင် ပြန်လည်၍ ထိမ်းမြားနိုင်ကြပေသည်။

وَإِذَا طَلَّقْتُمُ النِّسَاءَ
فَبَلَغْنَ أَجَلَهُنَّ
فَأَمْسِكُوهُنَّ بِمَعْرُوفٍ
أَوْ سَرِّحُوهُنَّ
بِمَعْرُوفٍ ۖ وَلَا تُمْسِكُوهُنَّ
ضِرَارًا لِّتَعْتَدُوا ۚ وَمَن
يَفْعَلْ ذَٰلِكَ فَقَدْ ظَلَمَ
نَفْسَهُ ۚ وَلَا تَتَّخِذُوا آيَاتِ
اللَّهِ هُزُوًا ۚ وَاذْكُرُوا
نِعْمَتَ اللَّهِ عَلَيْكُمْ

အမှန်စင်စစ် ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းဥပဒေများပင်တည်း။ ထိုအရှင်မြတ် သည် ထိုဥပဒေစည်းမျဉ်းများကို အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော သူများအတို့ ရှင်းလင်းစွာ ထုတ်ဖော်မိန့်ကြားထားတော်မူလေသတည်း။

၂၃၁။ တဖန် မည်သည့်အခါဝယ် အသင်တို့သည် (မိမိတို့) *ဧနီးမိန်းမများကို (တွလာက်ရဂ်အီ)ပေး၍* ကွာရှင်းပြီးသည့်နောက် ထိုဧနီးမိန်းမတို့သည် (မိမိတို့အဘို့ ကန့်သတ် ပိုင်းခြားထားသော "*အစ်ဒ်ဒတ်*" ရက်ပိုင်းကာလ *ပရိဏ္ဍေဒ (ကုန်ဆုံးခါနီး)* သို့ ၂ ရောက်ရှိသွားကြပါမူ၊ အသင်တို့သည် ထိုဧနီးမိန်းမတို့အား တရားစည်းကမ်းနှင့် အညီ ပြန်လည် သိမ်းပိုက်ပေါင်းသင်းကြရမည်၊ သို့တည်း မဟုတ် တရားစည်းကမ်း အတိုင်း ထိုဧနီး မိန်းမတို့အား စွန့်လွှတ်ကြရမည်။ သို့ရာတွင် အသင်တို့သည် ထိုဧနီးမိန်းမတို့ကို နစ်နာစေသော စေတနာဖြင့် ညှဉ်းပန်းနှိပ်စက် နိုင်ကြရန်အတွက် ပြန်လည် သိမ်းပိုက်ခြင်းကို မပြုကြကုန်လင့်။ အမှန်သော်ကား မည်သူမဆို ယင်းကဲ့သို့ (နစ်နာစေမှုကို) ပြုလုပ်ခဲ့ပါမူ ထိုသူသည် အမှန်စင်စစ် မိမိကိုယ်ကိုသာ မိမိ နှိပ်စက်ရာ ရောက်ပေသည်။

---

① ကုရ်အာန်ကျမ်းလာ မူကွပါဠိတော်(၂:၂၃၁)တွင် ပါရှိသော 'တွလာက်' ဟူသည် 'တွလာက်ရဂ်အီ' ကိုပင် ဆိုလိုသည်။

② "အဂျလ်" ဟူသော စကားသည် ကာလပရိဏ္ဍေဒ၊ အချိန်ပိုင်းအားလုံးကိုလည်း ဆိုသည်၊ ကာလပရိဏ္ဍေဒ၏ နောက်ဆုံးပိုင်းကိုလည်း ဆိုသည်။ အရဗီစာပေ၌ လူ၏ သက်တမ်းကိုငင်း၊ သေဆုံးခြင်းကိုငင်း၊ "အဂျလ်" ဟူ၍ အသုံးအနှုန်း ရှိသည်ကို ဆင်ခြင်ရာ၏။ ဤ မူကွပါဠိ တော်တွင် အချိန်၏ နောက်ဆုံးပိုင်းကို ဆိုလိုသည်။

"ဗူလူဃ်" ဟူသောစကားသည် ရောက်ခြင်း၊ နီးကပ်ခြင်း အနက်များကိုဆောင်သည်။ ဤမူကွပါဠိတော်တွင် နီးကပ်ခြင်း၊ အနက်ကို ဆိုလိုသည်။ ➤➤

وَمَآ اَنْزَلَ عَلَيْكُمْ مِّنَ الْكِتٰبِ وَالْحِكْمَةِ يَعِظُكُمْ بِهٖ ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿٢٣١﴾

ထိမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို ပြောင်လျောင်ပြက်ချော်သရော်သမှုမပြုလုပ်ကြကုန်လင့်။ [၃] တဖန် အသင်တို့သည် မိမိတို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ် ပြုထားတော်မူသော *ကျေးဇူးတော်များကိုငင်း*၊ [၂] ထို အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော *ကျမ်းဂန်နှင့်အသိအလိမ္မာ ဉာဏ်ပညာများကိုငင်း*၊ [၃] သတိရကြကုန်လော့။ ထိုအရှင်သည် ထိုကျမ်းဂန်ဒေသနာဖြင့်ငင်း၊ အသိအလိမ္မာ ဉာဏ်ပညာဖြင့်ငင်း အသင်တို့အား ပဲ့ပြင်ဆုံးမတော်မူသည်၊ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်၊ ဧကန်စင်စစ် အလ္လာအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်ကိုလည်း အသင်တို့ ယုံကြည်မှတ်ယူကြလေကုန်။

➤➤ "ထိဇနီးမိန်းမများသည် မိမိတို့၏ အချိန်ပိုင်းသို့ ရောက်ရှိသွားကြပြီ" ဟူသောစကား၏ အလိုမှာ အချိန်ပိုင်း လုံးဝကုန်ဆုံးသွားသည်ကို ဆိုလိုသည်မဟုတ်၊ အချိန်ပိုင်းကုန်ဆုံးခါနီးသို့ ရောက်ရှိသွားခြင်းကိုသာ ဆိုလိုသည်။ ဤသို့သော အလားတူအသုံးအနှုန်းများသည် ကုရ်အာန်ကျမ်းမြတ်တွင်၎င်း၊ အဘိဓာန်ကျမ်းများတွင်၎င်း၊ အများအပြား တွေ့ရှိရပေသည်။ (ဂျဆွဲဆွာဆွဲ)။

③ "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို ပြောင်လျောင်ပြက်ချော် သရော်သမှု မပြုလုပ်ကြကုန်လင့်" ဟူသော မုက္ခပါဠ်တော်တွင် ပါရှိသော သရော်သမှုပြုခြင်း ဟူသောစကားသည် "မုချ" မဟုတ်၊ "ဥပစာ" ဖြစ်ချေသည်။ ဆိုလိုသည်ကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်များကို လိုက်နာကျင့်သုံးရာတွင် မပျက်ကွက်ကြကုန်လင့်၊ အတိအကျ လိုက်နာကြကုန်" ဟူလို။ အဘယ့်ကြောင့် ဟူမူ အကြင်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို တကယ်ပြောင်လျောင် ပြက်ချော်သရော်သမှုပြုပါမူ ထိုသူသည် "ကာဖိရ်" ဖြစ်သွားပေမည်။

အချို့ "မုဖတ်စ်စစ်ရ်" များသည် အထက်ဖော်ပြပါ မုက္ခပါဠ်တော်ကို အောက်ပါအတိုင်း တနည်း အနက်ဖွင့်ကြသည်။

အတိတ်ခေတ်တွင် အချို့သူများသည် မိမိတို့၏ ဇနီးမိန်းမများအား တွလာက်ပေးကြ၏၊ သို့ 'တွလာက်' ပေးပြီးနောက် ငါပြောင်လျောင်မိခြင်းသာဖြစ်ပါသည်ဟု ပြောဆိုကြ၏။ ထို့အတူ အချို့တို့သည် မိမိတို့၏ ကြေးကျွန်များကို ကျွန်အဖြစ်မှ လွတ်မြောက်စေ၏။ သို့လွတ်မြောက်စေပြီးနောက် ငါသည် ➤➤

وَإِذَا طَلَّقْتُمُ النِّسَاءَ فَبَلَغْنَ أَجَلَهُنَّ فَلَا تَعْضُلُوهُنَّ أَنْ يَنْكِحْنَ أَزْوَاجَهُنَّ إِذَا تَرَاضَوْا بَيْنَهُمْ بِالْمَعْرُوفِ ۗ ذَٰلِكَ يُوعَظُ بِهِ مَنْ كَانَ

၂၃၂။ ထို့ပြင် အကြင်အခါဝယ် အသင်တို့သည် (မိမိတို့၏) ဇနီးမိန်းမများကို *(တွလာက်ရဂ်အီပေး၍)*ကွာရှင်းကြပါလျှင် [၁] သို့ကွာရှင်းပြီးနောက် ထိုဇနီးမိန်းမတို့သည် *မိမိတို့၏(အစ်ဒ်ဒတ်)* ရက်ပိုင်း *(အဆုံး)*သို့ ရောက်သွားကြသောအခါ [၂] အကယ်၍ (ထိုဇနီးမိန်းမတို့နှင့် နောက်ထပ်အိမ်ထောင် ပြုအံ့ သောလင်ခင်ပွန်းတို့သည်) တရားစည်းကမ်းနှင့် အညီ (အိမ်ထောင်ပြုရန်) အချင်းချင်း နှစ်ဦးနှစ်ဝသဘော မျှကြပါသော် အသင်တို့သည် ထိုဇနီးမိန်းမတို့အား မိမိတို့၏ ခင်ပွန်းများနှင့် ထိမ်းမြားခြင်းမှ ဖိနှိပ် ချုပ်ချယ်မြစ်တားခြင်းမပြုကြကုန်လင့်။

➤➤ ပြောင်လှောင်မိခြင်းသာဖြစ်သည်" ဟု ပြောဆိုကြ၏။

ကျမ်းဂန်လာ အမိန့်ပညတ် များနှင့် စပ်လျဉ်း၍ ဖော်ပြပါအတိုင်း အတိတ်ခေတ်များတွင် ပြောင်လှောင်ပြက်ချော် သရော်သမှု ပြုခဲ့ကြသည်များကို မပြုကြရန်အတွက် အလွှာဟ် အရှင်မြတ်သည် မြစ်တားတော်မူခြင်းပင်ဖြစ်သည်။ ကြည့်-ထာနဝီ။

အမိန့်ပညတ်များကို ပေါ့ပေါ့ဆဆ မပြုလုပ်ရမည့်အကြောင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော်သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

အချက်သုံးရပ်ရှိသည်၊ ထိုအချက်များကို အတည်တကျပြုလုပ်ခြင်းသည်လည်း အတည်ဖြစ်၏၊ ထိုအချက်များကို ပြောင်လှောင်ခြင်းသည်လည်း အတည်ပင်ဖြစ်၏၊ ကိုအချက်များကား ကွာရှင်းခြင်း၊ ထိမ်းမြားခြင်း၊ ကျွန်အဖြစ်မှ လွတ်မြောက်စေခြင်း တို့တည်း။

① ကုရ်အာန်ကျမ်း (၂း၂၃၁)တွင်ပါရှိသော "အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်" တွင် တရားလမ်းမှန်သို့ ပို့ဆောင်ခြင်းနှင့် နဗီတမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား စေလွှတ်တော်မူခြင်းသည်လည်း အပါအဝင်ဖြစ်ပေသည်။

② ကုရ်အာန်ကျမ်း(၂း၂၃၀)တွင် ပါဝင်သော 'ကိတာဗ်' ဟူသည် ကုရ်အာန်ကျမ်းမြတ်ကိုဆိုလိုသည်၊ 'ဟစ်မတ်' ဟူသည် နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ကျင့်စဉ်ကိုဆိုလိုသည်။

③ ကုရ်အာန်ကျမ်း(၂း၂၃၁)တွင် ပါရှိသော "အသင်တို့သည် ကွာရှင်းခဲ့ကြ၏" ဟူသော မူကပါဠိတော်၌ 'အသင်တို့' ဟူသောစကားသည် လင်ယောကျ်ားများကိုငင်း၊ သက်ဆိုင်ရာ အကြီးအကဲ အုပ်ထိန်းသူများကိုငင်း၊ လူသားအားလုံးတို့ကိုငင်း ရည်ညွှန်းသောစကားဖြစ်သည်။ ကြည့်-ဂျဆ္ဆိဆွာဆွိ။

④ ကုရ်အာန်ကျမ်းမြတ် (၂း၂၃၁)တွင်ငင်း၊ (၂း၂၃၂)တွင်ငင်း၊ (فَبَلَغْنَ أَجَلَهُنَّ) ဟူသောဝါကျ ၂-ခုကို တွေ့ရှိရပေသည်။ ထိုဝါကျ ၂-ခုသည် စာသားချင်းတူကြားသော်လည်း အလိုသဘောမှာ ခြားနားလျက်ရှိပေသည်။ (၂း၂၃၁) တွင်ပါရှိသော (فَبَلَغْنَ أَجَلَهُنَّ) ၏အလိုသဘောမှာ "ထို ဇနီးမိန်းမတို့သည် မိမိတို့၏ ➤➤

مِنكُم يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ ۚ ذَٰلِكُمْ أَزْكَىٰ لَكُمْ وَأَطْهَرُ ۚ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٢٣٢﴾

ဤပညတ်တော်ကား အသင်တို့အနက် အလ္လာဟ်အရှင်မြတ်ကိုငင်း၊ နောက်ဆုံးနေ့ကိုငင်း ယုံကြည်သောသူများအား သွန်သင်ဆုံးမအပ်သော ပညတ်တော်တည်း။ ဤ(ပညတ်တော်ကိုနာခံခြင်း) သည် အသင်တို့အတို့ အလွန်တရာမျှ အကျိုးဖြစ်ထွန်းစေသော၊ (အပြစ်ဒုစရိုက်တို့မှ) ပိုမို၍ သန့်ရှင်းစေသော ပညတ်တော်တည်း။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် (အကျိုးဖြစ်ထွန်းစေမည့် အကြောင်းတရားတို့ကို) သိတော်မူ၏။ အသင်တို့မူကား မသိကြချေ။

وَالْوَالِدَاتُ يُرْضِعْنَ أَوْلَادَهُنَّ حَوْلَيْنِ كَامِلَيْنِ لِمَنْ أَرَادَ أَن

၂၃၃။ ထို့ပြင် မိခင်တို့သည် (လင်ယောကျ်ားနှင့် ပြတ်စဲသည်ဖြစ်စေ၊ မပြတ်စဲသည်ဖြစ်စေ) မိမိတို့၏ သားသမီးများကို ၂-နှစ်တိုင်တိုင် နို့ရည်တိုက်ကျွေးကြရမည်။ [၁] (ဤအမိန့်တော်သည် ရက်ပိုင်းစေ့အောင် နို့ရည်တိုက်ကျွေးလိုသောသူတို့အဘို့ဖြစ်၏)။

➤➤ အစ်ဒ်ဒတ် ရက်ပိုင်းကုန်ဆုံးခါနီးသို့ ရောက်ရှိကြပြီ" ဟူသော အနက်ကိုဟောသည်။ (၂:၂၃၂)တွင်ပါရှိသော (فَبَلَغْنَ أَجَلَهُنَّ)၏ အလိုသဘောမှာ "ထိဇနီးမိန်းမတို့သည် မိမိတို့၏ အစ်ဒ်ဒတ်ရက်ပိုင်းအဆုံးသို့ ရောက်ရှိကြပြီဟူသော အနက်ကိုဟောသည်။ ကြည့်-အီဗ်နလ်အရဗီ၊ ဂျဆ်ဆွာဆွ်။

① နို့စို့အရွယ်ကလေးသူငယ်တို့အဘို့ မိခင်တို့၏ရင်၌ အလ္လာဟ်အရှင်မြတ် ဖန်တီးထားတော်မူသော နို့ရည်သည် အကောင်းဆုံးနှင့် တစ်ခုတည်းသော အာဟာရဖြစ်ပေသည်၊ ထို့အတွက်ကြောင့်လည်း မိခင်တို့သည် မိမိတို့၏ ရင်သွေးတို့ကို နို့တိုက်ကျွေးကြရမည်ဟူ၍ ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ဆိုထားတော်မူခြင်းတည်း။

ဤမူကွပါဠိတော်တွင် မိခင်များဟူသည် လင်ယောကျ်ားတို့နှင့် မပြတ်စဲသော ကလေးမိခင်များကိုငင်း၊ လင်ယောကျ်ားတို့နှင့် ပြတ်စဲနေသော ကလေးမိခင်များကိုငင်း ဆိုနိုင်ချေသည်။

မိခင်တို့သည် နို့စို့အရွယ် ကလေးသူငယ်တို့အား ၂-နှစ်အပြည့် နို့ တိုက်ကျွေး ကြရမည်ဟူ၍ အချိန်ကာလသတ်မှတ်ပေးခြင်းမှာ လူသဘာဝအလျောက် အားအင်နုနယ်သော ကလေးသူငယ်တို့၏ အားအင်ချည့်နဲ့မှုကို ထောက်ထားခြင်းပင်ဖြစ်သည်။ ဤအချိန်ကာလအတွင်း ကလေးသူငယ်တို့အဘို့ နို့ရည်သည် အသင့်မြတ်ဆုံးသော အာဟာရပင်ဖြစ်ပေသည်။ နို့စို့ဘက်ဖြစ်၍ အချင်းချင်း ထိမ်းမြားပိုင်ခွင့်မရှိသော ပြဿနာသည်လည်း ဤအချိန်ကာလအတွင်း၌ဖြစ်ပေါ်သော နို့စို့ဘက်ဖြစ်ခြင်းအပေါ်၌ပင် တည်ရှိပေသည်။ ကြည့်-(အလ်မနာရ်)။

ကလေးများအား ၂-နှစ်ကျော်လွန်သည့်အခါ၌ နို့တိုက်ကျွေးခြင်းသည် ကလေးများ၏ ➤➤

يُتِمَّ الرَّضَاعَةَ ۚ وَعَلَى
الْمَوْلُودِ لَهُ رِزْقُهُنَّ وَكِسْوَتُهُنَّ
بِالْمَعْرُوفِ ۗ لَا تُكَلَّفُ نَفْسٌ إِلَّا
وُسْعَهَا ۚ لَا تُضَارَّ وَالِدَةٌ
بِوَلَدِهَا وَلَا مَوْلُودٌ لَّهُ بِوَلَدِهِ ۚ
وَعَلَى الْوَارِثِ مِثْلُ ذَٰلِكَ ۗ فَإِنْ
أَرَادَا فِصَالًا عَن تَرَاضٍ
مِّنْهُمَا وَتَشَاوُرٍ فَلَا جُنَاحَ

ထို့ပြင် (ကလေး၏) ဘခင်အပေါ်၌ (နို့ရည်တိုက်ကျွေးသော ကာလပရိစ္ဆေဒ ရက်ပိုင်းစေ့သည့်တိုင်အောင်) *ထိုမိခင်တို့၏ စားနပ်ရိက္ခာ နှင့်တကွ ဝတ်စားတန်ဆာကို တရားစည်းမျဉ်းနှင့် အညီ (စီမံပေးရန်) တာဝန်ရှိပေသည်။* [၁] (သို့ရာတွင်) မည်သူ တစ်ဦးတစ်ယောက်မျှ *မိမိတတ်စွမ်းနိုင်သည်ထက် ပို၍ တာဝန်ထမ်းဆောင်စေခြင်းကို မခံရချေ။* [၂] (သို့ဖြစ်လေရာ) မည်သည့်မိခင်မျှ မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ၊ မည်သည့် ဘခင်မျှလည်း မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ။ (သေဆုံးသည့်အခါ၌) *အမွေစားအမွေခံများ အပေါ်၌ ထိုကဲ့သို့ပင် (မိခင်၏စားနပ်ရိက္ခာနှင့် ဝတ်စားတန်ဆာများကို စီမံပေးရန်)တာဝန်ရှိ၏။* [၃]

➤➤ ခန္ဓာကိုယ်ကိုသော်၎င်း၊ အသိဉာဏ်ကိုသော်၎င်း၊ ထိခိုက်စေတတ်သည်။ ကြည့်ပါ-(အီဗင်္ဂေလိတ်ရှ်)။

ကလေးသူငယ်တို့အား နို့တိုက်ကျွေးရမည့် အချိန်ကာလ အပိုင်းအခြားနှင့် စပ်လျဉ်း၍ အေမာမ်အဗူဟနီဖဟ် သခင်က လပေါင်း ၃၀-ဟူ၍ဂဋ်၊ အေမာမ်ဧဖရ်သခင်က ၃-နှစ်ဟူ၍ဂဋ်၊ အေမာမ်မုဟမ္မဒ်၊ အေမာမ်အဗူယူစုဖ်နှင့် အေမာမ်ရာဖိအီသခင်တို့ကမူ ၂-နှစ်ဟူ၍ဂဋ်း အသီးသီးဆိုကြကုန်၏။

ဖော်ပြပါ အဆိုသုံးရပ်အနက် တတိယအဆိုသည် အများမွတ်စ်လင်မ် သုခမိန်တို့၏အဆိုဖြစ်၏။ အမှန်ဆုံးပင်ဖြစ်၏၊ ဓမ္မသတ် ဆုံးဖြတ်ချက်သည်လည်း ထိုအဆို အတိုင်းပင်ဖြစ်၏။ ကြည့်-(ဖတ်ဟုလ်ကဒီရ်)။

① ကလေးများကို နို့ရည်တိုက်ကျွေးခြင်းသည် မိခင်တို့၏ တာဝန်တစ်ရပ်ဖြစ်၏၊ ကလေးများကို နို့ရည်တိုက်ကျွေးသော ကလေးမိခင်တို့၏ စားသောက်ဝတ်ဆင်မှုတို့ကို စီမံခန့်ခွဲပေးခြင်းသည် ဘခင်ဖြစ်သူတို့၏ တာဝန်တစ်ရပ်ဖြစ်၏၊ ဤသို့ တာဝန်ခွဲပေးခြင်းသည် သဘာဝဓမ္မနှင့် ကိုက်ညီလှပေသည်။

② "ဝန်နှင့်အား၊ မြှားနှင့်လေး" ဆိုသကဲ့သို့ မိခင်ဘခင်တို့သည် မိမိတို့၏ကလေးများနှင့်စပ်လျဉ်း၍ ထမ်းဆောင်နိုင်သော တာဝန်များကို အသီးသီးထမ်းဆောင်ကြရပေမည်။ ထမ်းဆောင်နိုင်သည်ထက် ပိုမို၍ကား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ တာဝန်မပေးရချေ။ မိဘ ၂-ပါးတို့ အချင်းချင်း လိုက်နာပြုစုအပ်သည့် တာဝန်များကို ကုရ်အာန်ကျမ်းမြတ် (၆၅း၆-၇)တွင်လည်း ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

③ ဘခင်ကွယ်လွန် သေဆုံးပြီးသည့်နောက် ကလေး၏ မွေးမြူစရိတ်သည် အမွေစား အမွေခံတို့၏ တာဝန်ဖြစ်သည်ဟူ၍ ကုရ်အာန်ကျမ်းမြတ်တွင် ဓမ္မဒီဋ္ဌာန်အားဖြင့် မိန့်ဆိုထားသည်။

"အမွေစား အမွေခံ" ဟူသောစကား၏ အလိုသဘောကို ကုရ်အာန်ကျမ်းတတ်ပါရဂူတို့သည်

(၁) ဘခင်၏အမွေစား အမွေခံ၊ တနည်း ကလေးကိုပင် ဆိုလိုသည်ဟူ၍ဂဋ်း၊

(၂) မိဘနှစ်ပါးတို့အနက် ကျန်ရစ်ခဲ့သောသူကို ဆိုလိုသည်ဟူ၍ဂဋ်း၊ ➤➤

عَلَيْهِمَا وَإِنْ أَرَدْتُمْ أَنْ
تَسْتَرْضِعُوا أَوْلَادَكُمْ فَلَا جُنَاحَ
عَلَيْكُمْ إِذَا سَلَّمْتُمْ مَا آتَيْتُمْ
بِالْمَعْرُوفِ ۗ وَاتَّقُوا اللَّهَ

ထို့နောက် အကယ်၍ မိဘနှစ်ပါးတို့သည် (ကလေး၏ အကျိုးငှာ) မိမိတို့ အချင်းချင်း တိုင်ပင်ဆွေးနွေး၍ နှစ်ဦး နှစ်ဘက် သဘော တူညီချက်ဖြင့် (နှစ်နှစ် မစေ့ရောက်မီ) နို့ဖြတ် လိုပါက (နို့ဖြတ်နိုင်ခွင့် ရှိသည်)၊ ထိုသို့ (နို့ ဖြတ်သည့် အတွက်) ထိုမိဘနှစ်ပါး အပေါ်ဝယ် မည်သို့မျှ အပြစ် မရှိချေ။

➤➤ (၃) ကလေး၏ အမွေစားအမွေခံများကို ဆိုလိုသည်ဟူ၍ငင်း၊

(၄) ထိုကလေး၏ "မဟ်ရမ်" ဖြစ်သော အမွေစားအမွေခံတို့ကို ဆိုလိုသည်ဟူ၍ငင်း၊

(၅) ထိုကလေး၏ "အဆွဲဗဟ်" မည်တွင်သော ဆွေမျိုးသားချင်းတို့ကို ဆိုလိုသည်ဟူ၍ငင်း အသီးသီးမိန့်ဆိုကြကုန်သည်။

ဖော်ပြပါအဆိုများအနက် စတုတ္ထအဆိုနှင့်စပ်လျဉ်း၍ မောင်လာနာထာနဝီသခင်က အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

"ကလေး၏ဘခင် အသက်ထင်ရှားရှိသမျှကာလပတ်လုံး ကလေး၏မွေးမြူစရိတ်သည် ဘခင်၏ တာဝန်သာလျှင် ဖြစ်သည်။ အကယ်၍ ဘခင်သေဆုံးခဲ့လျှင် ကလေး၏ မွေးမြူစရိတ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အကယ်၍ကလေး၌ ပစ္စည်းဥစ္စာရှိလျှင် ထိုကလေး၏ပစ္စည်းမှ ထိုကလေး၏ မွေးမြူစရိတ်ကို သုံးစွဲရမည်၊ အကယ်၍ကလေးမှာ ပစ္စည်းမရှိလျှင် ထိုကလေး၏မွေးမြူစရိတ်ကို ထိုကလေး၏ ဆွေမျိုးတို့အနက် ကြွယ်ဝသော "မဟ်ရမ်" ဖြစ်သော "ရှရီအတ်" တရားတော်နှင့်အညီ အမွေစားအမွေခံဖြစ်သော ဆွေမျိုးသားချင်းတို့က ထမ်းဆောင်ကြရမည်။

ထိုအမွေစား အမွေခံတို့တွင် မိခင်လည်းအပါအဝင်ဖြစ်၏။ ဥပမာ ကလေးတစ်ယောက်၌ မိခင်ရှိ၏။ ဘိုးအေ (ဘခင်၏ဘခင်) ရှိ၏၊ သို့ဖြစ်လျှင် ထိုကလေး၏ မွေးမြူစရိတ်ကို မိခင်သည် သုံးပုံတစ်ပုံ ထမ်းဆောင်ရမည်၊ ဘိုးအေသည် သုံးပုံနှစ်ပုံ ထမ်းဆောင်ရမည်။

အဘယ်ကြောင့်ဟူမူ ထိုဘိုးအေနှင့်မိခင်တို့သည် "မဟ်ရမ်" များလည်းဖြစ်ကြ၏၊ ထိုကလေး၏ အမွေကိုလည်း ဖော်ပြပါ အချိုးအတိုင်း ရရှိနိုင်သော အမွေစားအမွေခံများဖြစ်ကြသောကြောင့်တည်း။

ဖော်ပြချက်။

"မဟ်ရမ်" ဟူသည်ကား အကြင်ဆွေမျိုး ၂-ဦးတို့တွင် သွေးစပ်မှုကား ဤသို့ရှိအံ့၊ အကယ်၍ ထိုသူ ၂-ဦးတို့အနက် တစ်ဦးကို ယောကျ်ားဟူ၍ငင်း အခြားတဦးကိုမိန်းမဟူ၍ငင်း ယူမှတ်ခဲ့သည်ရှိသော် ထိုသူ ၂-ဦးတို့တွင် အချင်းချင်း ထိမ်းမြားပိုင်ခွင့်ကား အလျင်းမရှိချေ၊ ယင်းသို့သွေးစပ်၍ အချင်းချင်း ထိမ်းမြားပိုင်ခွင့်မရှိသော ဆွေမျိုးတို့ကို "မဟ်ရမ်" ဟူ၍ခေါ်သည်။

وَاعْلَمُوٓا۟ أَنَّ ٱللَّهَ بِمَا تَعْمَلُونَ بَصِيرٌ ﴿٢٣٣﴾

ထိုနည်းတူစွာ အကယ်၍ အသင်တို့သည် မိမိတို့၏ သားသမီးများကို (နို့ထိမ်းသည်တဦးဦး အားငှားရမ်း၍) နို့ရည်တိုက်ကျွေးစေလိုကလည်း အသင်တို့သည် (နို့ထိမ်းသည်အား) ပေးရန်ရှိသည့် အခကြေးငွေများကို တရားစည်းကမ်းနှင့် အညီ ပေးဆပ်ခဲ့ကြသည်ရှိသော် အသင်တို့၌ မည်သို့မျှ အပြစ်မရှိချေ။ [၃] ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ [၂] ထို့ပြင် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှသော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ ခွဲခြားသိမြင်တော်မူသောအရှင် ဖြစ်တော်မူကြောင်း ကိုလည်း (ကောင်းစွာ) သိနားလည်ကြကုန်။

وَٱلَّذِينَ يُتَوَفَّوْنَ مِنكُمْ وَيَذَرُونَ أَزْوَٰجًا يَتَرَبَّصْنَ بِأَنفُسِهِنَّ أَرْبَعَةَ أَشْهُرٍ

၂၃၄။ ထို့ပြင် အသင်တို့အနက် အကြင်သူတို့သည် ကွယ်လွန်သေဆုံးကြကုန်၏။ ထို့ပြင် ဇနီးမိန်းမများကို ချန်ရစ်ခဲ့ကြ၏။ ထိုဇနီးမိန်းမသည် ၄-လနှင့် ၁၀-ရက်တိုင်တိုင် [၃] (အိမ်ထောင်သစ်ပြုခြင်းမှ) မိမိတို့ကိုယ်ကို ဆိုင်းငံ့၍ထားကြရမည်။

---

③ ကုရ်အာန်ကျမ်းလာ (إِذَا سَلَّمْتُم مَّآ ءَاتَيْتُم بِٱلْمَعْرُوفِ) ဟူသောမူကိုပါ၌တော်နှင့် စပ်လျဉ်း၍ မောင်လာနာ မဟ်မူဒုလ်ဟစန်က မိမိကျမ်းတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

ဆိုလိုရင်းသဘောကား အို-ယောက်ျားတို့၊ အသင်တို့သည် အရေးကြီးသော အချက်အလက်၊ အကျိုးကျေးဇူး တခုခုကြောင့် (ကလေးအား) မိခင်ဖြစ်သူ၏ နို့ရည်မတိုက်ကျွေးဘဲ အခြား နို့ထိန်းသည်တစ်ဦး၏ နို့ရည်ကို တိုက်ကျွေးလိုကြလျှင် (တိုက်ကျွေးနိုင်ကြပေသည်)၊ ဤသို့ပြုမူသည့်အတွက် အသင်တို့၌ အပြစ်မရှိချေ၊ သို့ရာတွင် ထိုသို့ပြုမူသည့်အတွက် မိခင်၏အခွင့်အလမ်းများကိုမူ မနစ်နာစေရ၊ မိခင်အားပေးဆပ်ရန်ရှိသည်များကို တရားတော်နှင့်အညီ ပေးဆပ်ကြရပေမည်။ ထို့ပြင် အဆိုပါမူကို၌တော်၏ အလိုသဘောမှာ နို့ထိန်းသည်၏ အခွင့်အလမ်းများကို မနစ်နာစေရဟူ၍လည်း တနည်း အဓိပ္ပါယ် ကောက်ယူနိုင်ပေသည်။

④ လူသားတို့သည် အလ္လာဟ်အရှင်မြတ်ကို မေ့လျော့တတ်ကြ၏။ အလ္လာဟ်အရှင်မြတ်ကို မေ့သည်နှင့်အမျှ ဒုစရိုက်မှုများကိုလည်း ကျူးလွန်တတ်ကြ၏၊ သို့အတွက်ကြောင့်ပင် ကုရ်အာန်ကျမ်းမြတ်တွင် "အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြကုန်၊ ဧကန်မုချ အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်ဖြစ်တော်မူသည်ကိုလည်း သိနားလည်ကြကုန်" ဟူ၍ ➤➤

وَّعَشْرًا ۚ فَإِذَا بَلَغْنَ أَجَلَهُنَّ فَلَا جُنَاحَ عَلَيْكُمْ فِيمَا فَعَلْنَ فِي أَنفُسِهِنَّ بِالْمَعْرُوفِ ۗ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿٢٣٤﴾

ထို့ပြင် ထိုဇနီးမိန်းမများသည် မိမိတို့၏ (အစ်ဒ်ဒတ်) သတ်မှတ်ထားသော ရက်ပိုင်းကာလ ပရိစ္ဆေဒအဆုံးသို့ ရောက်ရှိသောအခါ မိမိတို့ ကိုယ်ရေးနှင့်ပတ်သက်၍ တရားစည်းကမ်းနှင့်အညီ ပြုလုပ်တတ်ကြသောကိစ္စ (အိမ်ထောင်သစ်ပြုခြင်း၊ ဖြီးလိမ်းခြင်းစသည်တို့)တွင် အသင်တို့၌ တစုံတရာမျှအပြစ်မရှိချေ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသောကိစ္စအရပ်ရပ်ကို အကြွင်းမဲ့ ကြားသိတော်မူသောအရှင် ဖြစ်တော်မူသတည်း။

➤➤ အကြိမ်ကြိမ် အခါခါ သတိပေး နှိုးဆော်ထားတော်မူ၏။ အလ္လာဟ်အရှင်မြတ်အား ရိုသေမြတ်နိုး၍ အမြဲတစေ သတိရနေသောသူတစ်ဦးသည် ဒုစရိုက်မှုများကို အဘယ်မှာလျှင် ကျူးလွန်ဝံ့တော့အံ့နည်း။

② ကွာရှင်းခြင်းခံရသော ဇနီးမိန်းမတို့၏ "အစ်ဒ်ဒတ်" ကာလ ပရိစ္ဆေဒသည် ၃-လဖြစ်၏၊ မုဆိုးမတို့၏ "အစ်ဒ်ဒတ်" ကာလ ပရိစ္ဆေဒသည် ၄-လနှင့် ၁၀-ရက်ဖြစ်၏။ အကယ်၍ ကွာရှင်းခြင်းခံရသောဇနီးမိန်းမများနှင့် မုဆိုးမများသည် ကိုယ်ဝန်ဆောင်သော သူများဖြစ်ကြပါလျှင် ထိုသူမတို့၏ "အစ်ဒ်ဒတ်" ကာလပရိစ္ဆေဒမှာ ကလေးမွေးဖွားသည်အထိ ဖြစ်သည်။

ဖော်ပြချက်။

"အိုင်ယာမေ့ကျာဟိလီယတ်" အဓိက်ခေတ်တွင် အရဗ်လူမျိုးတို့သည် အမျိုးသမီးတို့အား အမျိုးမျိုးချုပ်ချယ်ဖိနှိပ်ခဲ့ကြ၏။ အဓိက်ခေတ်တွင် မုဆိုးမတို့သည် လင်သေသည့်နေ့မှစ၍ တစ်နှစ်တိုင်တိုင် အိမ်တွင်းရှိမှောင်သော အခန်းငယ်တစ်ခုတွင် နေထိုင်ကြရ၏။ အလွန့်အလွန် ဟောင်းနွမ်းရိဆွေးသော အဝတ်အစားများကို ဝတ်ဆင်ကြရ၏၊ ထိုအချိန်တွင် ဖြီးလိမ်းခြင်း၊ ဆံသခြင်း၊ လက်သည်း ခြေသည်းလှီးခြင်းများ မပြုလုပ်ရ၊ လူအများ စုဝေးရာဌာနသို့ သွားလာဝင်ထွက်ခြင်းလည်း မပြုကြရ၊ တစ်နှစ်စေ့သောအခါ မုဆိုးမတို့သည် အလွန်ဆိုးရွားလှသော ရုပ်ဆင်းသဏ္ဌာန်ဖြင့် ထိုအခန်းမှထွက်ကြရ၏၊ သို့ထွက်လာပြီး မိမိတို့ရှေ့မှောက်၌ရှိသော ခွေး၊ ငှက် . . . အစရှိသော တိရစ္ဆာန်များကို ကုလားအုတ်၊ မြင်း၊ သိုး၊ ဆိတ် . . . စသည်တို့၏ မစင်များဖြင့် နိမိတ်အမျိုးမျိုးကောက်ယူကာ ပစ်ပေါက်ကြရ၏။

ဖော်ပြပါအတိုင်း လင်သေသည့်နေ့မှစ၍ တစ်နှစ်တိုင်တိုင် မုဆိုးမတို့ နေထိုင်ရေးနှင့် စပ်လျဉ်း၍ အရဗ်လူမျိုးတို့ ပြုလုပ်ထားသော ထုံးတမ်းစဉ်လာများနှင့် စည်းကမ်းချက်များသည် ဆိုးရွားလှ၏၊ မုဆိုးမတို့အား မတရားသဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းမျှဖြစ်၏၊ ဆိုးရွားလှ၏၊ ထို့အတွက်ကြောင့် အစ္စလာမ်သာသနာတော်က ထိုမတရားချုပ်ချယ်မှုများကို ပယ်ဖျက်ပြီး မုဆိုးမတို့အတို့ တစ်နှစ်အစား ၄-လနှင့် ၁၀-ရက်၊ ကိုယ်ဝန်ဆောင်ရှိသော မုဆိုးမများအဘို့ ကလေးမျက်နှာမြင်သည်အထိမျှသာ "အစ်ဒ်ဒတ်" အဖြစ် သတ်မှတ်၍ ပေးထားလေသည်။

အစ္စလာမ်တရားတော်အရ မုဆိုးမတို့သည် "အစ်ဒ်ဒတ်" အတွင်း အလှအပ ပြင်ဆင်ဖြီးလိမ်းခြင်း၊➤➤

۲۲၅။ ထို့ပြင်တဝ (“အစ်ဒ်ဒတ်” အတွင်းရှိနေသော) မုဆိုးမများအား(ထိမ်းမြားရန်) စေ့စပ်ကြောင်းလမ်းခြင်းနှင့်စပ်လျဉ်း၍ စကားရိပ်စကားမြွက် ပြောဆိုခြင်း၌ဒဏ်း၊ သို့တည်းမဟုတ် (ထိမ်းမြားလိုသော ဆန္ဒကို) မိမိတို့စိတ်နှလုံးများတွင် လျှို့ဝှက်မျိုသိပ်ထားခြင်း၌ဒဏ်း၊ အသင်တို့အပေါ်ဝယ် တစုံတရာမျှ အပြစ်မရှိချေ။

အသင်တို့သည် မကြာမြင့်မီ ယင်းမိန်းမများ၏အကြောင်းကို ထုတ်ဖော်ပြောဆိုကြမည် ကို အလ္လာဟ်အရှင်မြတ်သည် သိပြီးဖြစ်တော်မူသည်။ သို့ရာတွင် အသင်တို့သည် (စကားရိပ်အားဖြင့်) ယဉ်ကျေးသိမ်မွေ့စွာ စကားပြောဆိုခြင်းမှ အပ (ထိမ်းမြားရန်အကြောင်းနှင့်စပ်လျဉ်း၍) ထိုမိန်းမများနှင့် တီးတိုးလျှို့ဝှက်စွာမျှပင် ကတိမပြုကြကုန်လင့်။

ၔင်းပြင် အသင်တို့သည် (ထိုမိန်းမများအဘို့) ပြဋ္ဌာန်းပြီးဖြစ်သော (အစ်ဒ်ဒတ်) ရက်ပိုင်းကာလ ပရိစ္ဆေဒမကုန်ဆုံးမီ ထိမ်းမြားခြင်းတည်းဟူသော မင်္ဂလာအထုံးအဖွဲ့ကို အတည်မဖွဲ့ကြကုန်လင့်။ ထိုမှတပါး အသင်တို့၏စိတ်တွင် (မျိုသိပ် ထားရှိသော) အကြောင်းအရာ ခပ်သိမ်းတို့ကို အလ္လာဟ် အရှင်မြတ်သည် ၎ကန်အမှန် သိရှိတော်မူသည်ကို ယုံကြည်မှတ်ယူကြ၍ ထိုအရှင်မြတ်အား ကြောက်ရွံ့ကြကုန်လော့။

وَلَا جُنَاحَ عَلَيْكُمْ فِيمَا عَرَّضْتُمْ بِهِۦ مِنْ خِطْبَةِ ٱلنِّسَآءِ أَوْ أَكْنَنتُمْ فِىٓ أَنفُسِكُمْ ۚ عَلِمَ ٱللَّهُ أَنَّكُمْ سَتَذْكُرُونَهُنَّ وَلَٰكِن لَّا تُوَاعِدُوهُنَّ سِرًّا إِلَّآ أَن تَقُولُوا۟ قَوْلًا مَّعْرُوفًا ۬ وَلَا تَعْزِمُوا۟ عُقْدَةَ ٱلنِّكَاحِ حَتَّىٰ يَبْلُغَ ٱلْكِتَٰبُ أَجَلَهُۥ ۚ وَٱعْلَمُوٓا۟ أَنَّ ٱللَّهَ يَعْلَمُ مَا فِىٓ أَنفُسِكُمْ فَٱحْذَرُوهُ ۖ وَٱعْلَمُوٓا۟ أَنَّ ٱللَّهَ غَفُورٌ حَلِيمٌ ﴿٢٣٥﴾

➤➤ အမွေးအကြိုင် လိမ်းကျံခြင်း၊ လှပသော ဝတ်စားတန်ဆာ ဝတ်ဆင်ခြင်း၊ အကြောင်းမဲ့ အိမ်ပြင်ထွက်ခြင်း၊ ထိမ်းမြားရန် ကတိပြုခြင်းများ မပြုကြရချေ။ “အစ်ဒ်ဒတ်” ကာလ ပရိစ္ဆေဒ ကုန်ဆုံးသွားသောအခါ၌မူ ထိုမုဆိုးမတို့သည် အခြားအမျိုးသမီးများနည်းတူ မိမိတို့၏ ကိုယ်ရေးကိုယ်တာများကို တရားတော်နှင့်အညီ လွတ်လပ်စွာ ပြုလုပ်နိုင်ကြပေသည်။ ဤကား မုဆိုးမများ ခေတ်မရွေး ဌာနမရွေး လွယ်လင့်တကူ လိုက်နာကျင့်သုံးနိုင်သော လူသဘာဝနှင့်ကိုက်ညီသော စည်းကမ်းချက်များတည်း။ ကြည့်-အလ်မနာရ်။

ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အပြစ်များမှ) အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ ဆိုင်းငံ့ ထောက်ထားတော်မူသောအရှင်၊ ဖြစ်တော်မူသည်ကိုလည်း ယုံကြည်မှတ်ယူကြကုန်လော့။

لَا جُنَاحَ عَلَيْكُمْ إِن طَلَّقْتُمُ
النِّسَاءَ مَا لَمْ تَمَسُّوهُنَّ
أَوْ تَفْرِضُوا لَهُنَّ فَرِيضَةً
وَمَتِّعُوهُنَّ عَلَى الْمُوسِعِ
قَدَرُهُ وَعَلَى الْمُقْتِرِ قَدَرُهُ
مَتَاعًا بِالْمَعْرُوفِ حَقًّا
عَلَى الْمُحْسِنِينَ ﴿٢٣٦﴾

၂၃၆။ အကယ်၍ အသင်တို့သည် ဇနီးမိန်းမများ အား *မထိတွေ့ကြမီသော်၎င်း*၊ [၁] ထိုမိန်းမများအတွက် သတ်မှတ်ထားသော မဟ်ရ်ပစ္စည်း (မည်ရွေ့မည်မျှပေးမည်ဟူ၍) သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုကြမီသော်၎င်း၊ ကွာရှင်းခဲ့ကြပါလျှင် အသင်တို့၌မည်သို့မျှ အပြစ်မရှိချေ။ သို့ရာတွင် (ဤသို့ပြုခြင်းအားဖြင့် ယင်းမိန်းမတို့၌ နစ်နာဘွယ်ရာအကြောင်းရှိသဖြင့်) အသင်တို့သည် ထိုမိန်းမတို့အား တရားစည်းကမ်းနှင့်အညီ *အကျိုးကျေးဇူး ဖြစ်ထွန်းစေကြရမည်*။ [၂] ဥစ္စာပစ္စည်းကုံလုံကြွယ်ဝသူအပေါ်၌ မိမိတတ်စွမ်းနိုင်သည့်အလျောက် သူဆင်းရဲအပေါ်၌လည်း မိမိတတ်စွမ်းနိုင်သည့်အလျောက် အကျိုးဖြစ်ထွန်းစေရန် တာဝန်ရှိသည်၊ ဤကား ကောင်းကျိုး မင်္ဂလာပွားများသောသူများ အပေါ်၌ တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

---

① "အသင်တို့သည် ဇနီးမိန်းမများအား မတွေ့ထိကြသမျှ ကာလပတ်လုံး" ဟူသော မကွပါဠိတော်၌ တွေ့ထိခြင်းဟူသည် မေထုန်သံဝါသပြုခြင်းကို ဆိုလိုသည်။ အကြင်လင်မယား နှစ်ဦးတို့အဘို့ မေထုန်သံဝါသပြုနိုင်လောက်သော လွတ်လပ်မှုရရှိခြင်းသည်လည်း မေထုန်သံဝါသပြုခြင်း၏ အမိန့်တွင် အကျုံးဝင်ပေသည်။

ထိမ်းမြားပြီးနောက် အကြင်ဇနီးမောင်နှံနှစ်ဦးတို့သည် မေထုန်မှီဝဲခြင်းအမှု မပြုကြမီ အလျင်ပြတ်စဲသွားကြသည်ရှိသော် ဇနီးမိန်းမအပေါ်၌ "အစ်ဒ်ဒတ်" ကာလ ပရိစ္ဆေဒဟောင်ဆိုင်းရန် တာဝန်မရှိပေ။ ကြည့်-ကုရ်အာန်(၃၃း၄၉)။

② ဇနီးမိန်းမတို့အား အကျိုးကျေးဇူးဖြစ်ထွန်းစေသော အရာကို "မွတ္တအဟ်" ဟူ၍ခေါ်သည်။

"မွတ္တအဟ်" များအနက် အနည်းဆုံးသော "မွတ္တအဟ်" သည် "ဒိရ်ဟမ်" သုံးဆယ်ဖြစ်သည်။ ဤကား သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နအုမရ်၏ အဆိုတည်း။ (ရူဟုလ်မအာနီ) ➤➤

وَإِنْ طَلَّقْتُمُوهُنَّ مِنْ قَبْلِ
أَنْ تَمَسُّوهُنَّ وَقَدْ فَرَضْتُمْ
لَهُنَّ فَرِيضَةً فَنِصْفُ مَا
فَرَضْتُمْ إِلَّا أَنْ يَعْفُونَ
أَوْ يَعْفُوَا الَّذِي بِيَدِهِ عُقْدَةُ
النِّكَاحِ ۚ وَأَنْ تَعْفُوا أَقْرَبُ
لِلتَّقْوَىٰ ۚ وَلَا تَنْسَوُا الْفَضْلَ
بَيْنَكُمْ ۚ إِنَّ اللَّهَ بِمَا تَعْمَلُونَ
بَصِيرٌ ﴿٢٣٧﴾

၂၃၇။ တဖန် အကယ်၍ အသင်တို့သည် ထိဇနီး မိန်းမတို့အဘို့ တစုံတခုသော မဟ်ရ်ပစ္စည်းကို သတ်မှတ်အတည်ပြုခဲ့ပြီးလျှင် ထိဇနီးမိန်းမတို့အား အသင်တို့ မတွေ့ထိမီကပင် ကွာရှင်းခဲ့ကြသည်ရှိသော် မိမိတို့သတ်မှတ်ခဲ့သော မဟ်ရ်ပစ္စည်း၏ ထက်ဝက် (ကိုသာပေးဆပ်ကြရမည်) ဖြစ်သည်။ သို့ရာတွင် ထိဇနီးမိန်းမများသည် (မိမိတို့ရသင့်သော မဟ်ရ် ပစ္စည်းထက်ဝက်ကို) ခွင့်လွှတ်ကြပါမူ (ထိုမဟ်ရ် ပစ္စည်းထက်ဝက်ကိုပင် ပေးဆပ်ရန် လင်ယောကျ်ား တို့၌တာဝန်မရှိပေ)၊ သို့တည်းမဟုတ် ထိမ်းမြားခြင်း၏ အနှောင်အဖွဲ့ကို ပိုင်ဆိုင်သော လင်ယောကျ်ားက (မိမိ၌ ပေးဆပ်ရန် တာဝန်ရှိသော မဟ်ရ်ပစ္စည်း ထက်ဝက် အပြင် မိမိပြန်လည် သိမ်းပိုက်ထားနိုင်ခွင့် ရှိသော ကျန်ထက်ဝက်ကိုပါ) ခွင့်လွှတ်(၍ မဟ်ရ် ပစ္စည်း အားလုံးကို အကျေအပြွန်ပေးဆပ်) ပါမူ (ပေးဆပ် နိုင်ပေသည်)။

အမှန်စင်စစ် အသင်တို့၏ ခွင့်လွှတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းတည်း ဟူသော "တာက္ကဝါ" တရားနှင့် ပိုမို၍ပင် နီးစပ် လှပေသည်။ ထို့ပြင် အသင်တို့သည် မိမိတို့ အချင်းချင်း ကျေးဇူးပြုခြင်းကို မမေ့မလျော့ ကြကုန်လင့်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှသော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသတည်း။

➤➤ "ဖုကဟာ" ဓမ္မသတ်ရှင်များကမူ "မွတ္တအဟ်" ၏ အနက်သဘောမှာ လူမျိုးအသီးသီးတို့သည် မိမိတို့တိုင်းပြည် ဒေသထုံးတမ်းစဉ်လာနှင့်အညီ ဝတ်ဆင်ကြသည့် အဝတ်သုံးထည်ပါသော ဝတ်စုံတစ်စုံ ဖြစ်သည်ဟူ၍ ဆိုကြကုန်သည်။ ကြည့်-အဗ်ဒုလ်မာဂျီဒ်။

حَٰفِظُوا۟ عَلَى ٱلصَّلَوَٰتِ وَٱلصَّلَوٰةِ ٱلْوُسْطَىٰ وَقُومُوا۟ لِلَّهِ قَٰنِتِينَ ﴿٢٣٨﴾

၂၃၈။ အသင်တို့သည် (ယေဘုယျအားဖြင့်) အားလုံးသော ဆွလာတ်ဝတ်ပြုခြင်း တို့ကိုလည်း၊ (အထူးသဖြင့်) အလယ်ဖြစ်သော "ဆွလာတ်" ဝတ်ပြုမှုကိုလည်း၊[၁] စောင့်ရှောက်ထိန်းသိမ်းကြလေကုန်။ ထို့ပြင် အသင်တို့သည် အလွှာဟ်အရှင်မြတ်၏ ရှေ့တော်ဝယ် ဂါရဝတရားရှေ့ထား၍ ခဝပ်ရိုကျိုးသော သူများအဖြစ်နှင့် [၂] ရပ်ကြကုန်လော့။

---

① (الوسطى) ဟူသော ပုဒ်၏အနက်မှာ အလယ်၌ရှိသောအရာဟူ၍လည်း၊ အမြင့်မြတ်ဆုံးသော အရာဟူ၍လည်း ဖြစ်သည်။

အလယ်၌ရှိသော ဆွလာတ်ဝတ်ပြုခြင်းကား အဘယ်ဆွလာတ်ဝတ်ပြုခြင်းကို ဆိုလိုသနည်း၊ ဤအကြောင်းနှင့် စပ်လျဉ်း၍ အလီ၊ အီဗ်နုအဗ္ဗါစ်၊ အီဗ်နုမာစ်အူဒ်၊ အဗူဟုရိုင်ရဟ် အစရှိသည့် သာဝကကြီးများကလည်း၊ ကတာဒဟ်၊ သွာဟ္ဟာက်၊ အဗူဟနီဖဟ်၊ နခ်အီအစရှိသည့် ဓမ္မသတ်ရှင်များကလည်း၊ အလယ်၌ရှိသော ဆွလာတ်ဝတ်ပြုခြင်းဟူသည် 'ဆွလာတုလ် အဆွိရ်' ကို ဆိုလိုသည်ဟု မိန့်ဆိုကြကုန်၏။ အထက်တွင်ဖော်ပြပါပညာရှင်များနှင့် အချို့တန်းတူပညာရှင်များက အလယ်၌ရှိသော ဆွလာတ်ဝတ်ပြုခြင်းဟူသည် 'ဆွလာတ်ဇုဿ်ဟ်ရ်' ဟူ၍လည်း၊ 'ဆွလာတုလ်မယ်ရိဗ်' ဟူ၍လည်း၊ 'ဆွလာတုလ်အိရ်ဂ' ဆိုလိုသည်ဟု မိန့်ဆိုကြကုန်၏။ အချို့ပညာရှင်များကမူ ဆွလာတ် ၅-ကြိမ်အနက် ဆွလာတ်တိုင်းသည် မိမိရှေ့နောက်ရှိ ဆွာလာတ်များနှင့် နှိုင်းစာလျှင် အလယ်၌ရှိသော ဆွလာတ်ဖြစ်နိုင်သည့်အတွက် ဓမ္မမိဌာန်နည်းအားဖြင့် ဆွလာတ်တိုင်းသည်ပင် အလယ်၌ရှိသောဆွလာတ်ဖြစ်သည်ဟုလည်း မိန့်ဆိုကြကုန်လေသည်။ ကြည့်-(မာဂျီဒီ)။

ဖော်ပြပါအဆိုသုံးရပ်အနက် ပဌမအဆိုသည် ပိုမိုသင့်မြတ်လှ၏။ မွတ်စ်လင်မ်တို့သည် "ခန်ဒါက်" စစ်မြေပြင်တွင် ကာဖိရ်များနှင့်စစ်ရေးပြိုင်ဆိုင်နေကြရသည့်အတွက် ဆွလာတုလ်အဆွိရ် ဝတ်ပြုရာတွင် ကြန့်ကြာသွားခဲ့ကြ၏။ ထိုအချိန်တွင်နဗီတမန်တော်မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝဆလ္လမ်)က ထိုကာဖိရ်တို့သည် ငါတို့အား အလယ်၌ရှိသော ဆွလာတ် (၀၊) ဆွလာတုလ် အဆွိရ် ဝတ်ပြုခြင်းမှ ကြန့်ကြာစေကြသည်ဟု မိန့်ဆိုတော်မူခဲ့လေသည်။ တမန်တော်မိန့်တော်မူသော အဆိုပါစကားကို ထောက်ရှုခြင်းအားဖြင့် အလယ်၌ရှိသော ဆွလာတ်ဝတ်ပြုခြင်းသည် ဆွလာတုလ် အဆွိရ်ကိုပင် ဆိုလိုကြောင်း ထင်ရှားလှတော့၏။

အလယ်၌ရှိသော ဆွလာတ်ဝတ်ပြုခြင်းနှင့် စပ်လျဉ်း၍ အိမာမ် ရှောင်ကာနီသခင်က ပညာရှင်တို့၏ အဆို(၁၈)ရပ် တိတိကို ထုတ်ဖော်ရေးသားထားသည်၊ အကျယ်ကို သိလိုက "နိုင်လုလ်အောင်တွာရ်" ကျမ်း၌ ရှုပါ။

② "ကာနိတီန" ဟူသောစကားသည် "ကုန္နုတ်" ဟူသောမူရင်းပုဒ်မှဆင်းသက်လာသည်။ "ကုန္နုတ်" ဟူသော စကား၏ အနက် အဓိပ္ပါယ်ကား ကြွယ်ဝလှတော့၏။ ထိုစကားနှင့်စပ်လျဉ်း၍ အီဗ်နုလ်အရဗီက အောက်ပါအတိုင်း အဓိပ္ပါယ် (၁၀)ရပ်ကို ရေးသားဖော်ပြထားလေသည်။ (၁) ဆုမွန်တောင်းခြင်း၊ (၂) ကျိုးနွံခြင်း၊ (၃) ခဝပ်ကိုးကွယ်ခြင်း၊ (၄) အမိန့်နာခံခြင်း၊ (၅) ကျေးကျွန်ဖြစ်ကြောင်း ဝန်ခံခြင်း၊ (၆) ဆိတ်ငြိမ်ခြင်း။ (၇) ဆွလာတ် ဝတ်ပြုခြင်း၊ (၈) မတ်တတ် ရပ်ခြင်း၊ (၉) ကြာရှည်စွာ မတ်တတ် ရပ်ခြင်း၊ ➤➤

فَإِنْ خِفْتُمْ فَرِجَالًا أَوْ رُكْبَانًا ۖ فَإِذَا أَمِنْتُمْ فَاذْكُرُوا اللَّهَ كَمَا عَلَّمَكُمْ مَا لَمْ تَكُونُوا تَعْلَمُونَ ﴿٢٣٩﴾

၂၃၉။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ရန်သူတို့၏ ဘေးရန်များကို) ဝိုးရိမ်မကင်း ဖြစ်ကြပါမူ ခြေလျင်ဖြစ်စေ၊ *(တစုံတခုသော အစီးအနင်းကို)* စီးနင်းလျက်ဖြစ်စေ၊ [၁] (ဖြစ်နိုင်သောနည်းဖြင့် ဆွလာတ် ဝတ်ပြုကြ လေကုန်)၊ ထို့နောက် အသင်တို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ကြသောအခါဝယ် အသင်တို့အား အသင်တို့ မသိနားမလည်စဉ်က သင်ကြား ပြသတော်မူသည့် အတိုင်း အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို အောက်မေ့ တ,သ သတိရကြ ကုန်လော့။

وَالَّذِينَ يُتَوَفَّوْنَ مِنْكُمْ وَيَذَرُونَ أَزْوَاجًا وَصِيَّةً لِأَزْوَاجِهِمْ مَتَاعًا إِلَى الْحَوْلِ غَيْرَ إِخْرَاجٍ ۚ فَإِنْ

၂၄၀။ ၎င်းပြင် အသင်တို့အနက် ဇနီးမိန်းမများကို ထားရှိခဲ့၍ ကွယ်လွန်သေဆုံးကြသော သူများသည် မိမိတို့၏ ဇနီးမိန်းမများအတွက် (နေအိမ်မှ) နှင်ထုတ်ခြင်းမပြုစေဘဲ တနှစ်ကာလပတ်လုံး (နေထိုင် စားသောက်မှုတို့ကို) အကျိုးခံစားခွင့် ရှိစေရန်အလို့ငှာ *(သေတမ်းစာရေးသား၍)* မှာကြားခဲ့ကြရမည်။ [၂]

➤➤ (၁၀) အမြဲတစေ အမိန့်နာခံခြင်း။ ကြည့်-(အလ်မနာရ်)။

ဖော်ပြချက်။

ဇိုက်ဒ် အီဗ်နုအရ်ကမ်က ထုတ်ဖော်ပြောကြားသည်မှာ ကျွန်ုပ်တို့သည် တမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ လက်ထက်တော်တွင် ဆွလာတ် ဝတ်ပြုရာ၌ မိမိအနီး၌ ရှိသူများနှင့် စကားပြောဆိုလေ့ရှိကြ၏။ (وَقُومُوا لِلَّهِ قَانِتِينَ) ဟူသော မုကမ္မပါဠ်တော် ကျရောက်လာသည့်အခါ၌မူ တမန်တော်က ကျွန်ုပ်တို့အား ဆွလာတ်ဝတ်ပြုရာတွင် စကားပြောဆိုခြင်းကို မြစ်တား၍ ဆိတ်ငြိမ်စွာနေရန် မိန့်တော်မူလေသည်။ ကြည့်-(ထာနဝီ)။

① ရန်သူတို့၏ ဘေးရန်များကို ဝိုးရိမ်ကြောင့်ကြ၍ နေရသောအခါများ၌ မွတ်စ်လင်မ်တို့သည် ခြေလျင်ဖြစ်စေ၊ တစုံတခုသော အစီးအနင်းများကို စီးနင်းလျက်ဖြစ်စေ၊ ကစ်ဗ်လဟ်ဘက်သို့ မျက်နှာလှည့်သည်ဖြစ်စေ၊ မလှည့်သည်ဖြစ်စေ၊ ရကူအ်၊ စဂျ်ဒဟ် ပြုနိုင်သည်ဖြစ်စေ၊ မပြုနိုင်သည်ဖြစ်စေ– ဖြစ်နိုင်သောနည်းဖြင့် ဆွလာတ် ဝတ်ပြုကြရသည်။ ရန်သူတို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်နေသည့် အချိန်တွင် မည်သို့မည်ပုံ ဆွလာတ်ဝတ်ပြုရမည် နည်းနိသျည်းများ "ဟဒါဃဟ်" အစရှိသည့် ကျမ်းများတွင် အတိအကျ ရေးသားဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဤတွင် ကျမ်းလေးမည်စိုး၍ မရေးတော့ပြီ။ ➤➤

خَرَجْنَ فَلَا جُنَاحَ عَلَيْكُمْ فِي مَا فَعَلْنَ فِي أَنفُسِهِنَّ مِن مَّعْرُوفٍ ۗ وَاللَّهُ عَزِيزٌ حَكِيمٌ ﴿٢٤٠﴾

သို့ရာတွင် ထိုဇနီးမိန်းမများသည် (အစ်ဒ္ဒတ်ကာလ ပရိဘ္ဗောဒကုန်ဆုံးသွားသည့်အခါ နေအိမ်မှ) ထွက်ခွာသွားပြီး မိမိတို့ ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ တင့်တယ်လျောက်ပတ်သော ကိစ္စတရပ်ရပ်ကို ပြုလုပ်ကြပါမူ (အို-အုပ်ထိန်းသူအပေါင်းတို့) အသင်တို့၌ အပြစ်တစုံတရာမရှိချေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ထူးကဲသောအမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

➤➤ ㉑ တနှစ်တိုင်တိုင် မုဆိုးမများအား (လင်ယောကျ်ားတို့၏ အိမ်မှ) နှင်ထုတ်ခြင်း မပြုစေဘဲ ထိုမုဆိုးမများအတွက် တနှစ်တာကာလပတ်လုံး နေထိုင်စားသောက်မှုအကျိုးများ ခံစားနိုင်ရန်အလို့ငှာ လင်ယောကျ်ားတို့သည် သေတမ်းစကား မှာကြားခဲ့ကြရမည်ဟူသော မကွပါဒ်တော်သည် မုဆိုးမများနှင့်စပ်လျဉ်း၍ အမွေခွဲတမ်းဆိုင်ရာ မကျရောက်မီ အလျင်ထုတ်ပြန်ပို့ချတော်မူသော မကွပါဒ်တော်ဖြစ်သည်။ ယခုမူ မုဆိုးမများ၏ အမွေခွဲတမ်းနှင့်စပ်လျဉ်း၍ မကွပါဒ်တော်များ ကျရောက်လာပြီ ဖြစ်သဖြင့် မုဆိုးမများသည် လင်ယောကျ်ားများထံမှ မိမိတို့၏အမွေများကို အချိုးကျရရှိကြပေပြီ၊ သို့ဖြစ်၍ မုဆိုးများအတွက် သေတမ်းစကား မှာကြားခဲ့ကြရမည်ဟူသော မကွပါဒ်တော်နှင့်အညီ လိုက်နာကျင့်သုံးရန် အကြောင်းမရှိတော့ပေ။ ဤသည်ကိုပင် မုဖာစ်စိရိန် အဋ္ဌကထာရှင်များ၏ ဝေါဟာရအသုံးအနှုန်းတွင် "နာစ်ခ်" အမိန့်တော်ပလပ်ခြင်းဟု ခေါ်သည်။

ဖော်ပြချက်

မုဆိုးမများ၏ အမွေခွဲတမ်းနှင့် စပ်လျဉ်းသော မကွပါဒ်တော်များ မကျရောက်မီအလျင် အစွဲလာမ်သာသနာတွင် မုဆိုးမများကို အောက်ပါ အခွင့်အလမ်းများကို ပေးထားခဲ့၏။

(က) မုဆိုးမများသည် မိမိတို့၏ လင်ယောကျ်ား၏အိမ်တွင် တနှစ်တိတိ နေလိုကနေနိုင်ကြပေသည်၊ သို့နေထိုင်သည်ကို မည်သူတဦးမျှ မနှောင့်ယှက်နိုင်ပေ။

(ခ) မုဆိုးမများသည် ထိုတနှစ်အတွင်း မိမိတို့ ဝတ်ဆင်စားသောက်မှုအတွက် ကုန်ကျစရိတ်များကို မိမိတို့၏ လင်ယောကျ်ားတို့၏ ပစ္စည်းမှ ရရှိကြရပေမည်။

(ဂ) "အစ်ဒ်ဒတ်" ကာလ ပရိဘ္ဗောဒကုန်ဆုံးသွားသည့်အခါတွင် မုဆိုးမများသည် မိမိတို့ဆန္ဒအလျောက် လင်သားတို့၏နေအိမ် ရွှေ့ပြောင်းနေထိုင်လိုက နေထိုင်နိုင်ကြပေသည်။ အခြားအခွင့်အလမ်းများကဲ့သို့ ဤအခွင့်အလမ်းကို စွန့်လွှတ်လိုကလည်း စွန့်လွှတ်နိုင်ကြပေသည်။ ကြည့်-(မာဂျီဒီ)။

မုဆိုးမများအတွက် သေတမ်းစကား မှာကြားရမည်ဟူသော မကွပါဒ်တော်သည် "မန်စူခ်" မကွပါဒ်တော်ဖြစ်သည်ဟု အများမွတ်စ်လင်မ်ပညာရှင်တို့က ယူဆကြကုန်၏။

သို့ရာတွင် မုဂျာဟိဒ်နှင့်အဗူမွတ်စ်လင်မ်တို့ကမူ ထိုမကွပါဒ်တော်သည် ပလပ်ထားသော မကွပါဒ်တော်ဖြစ်သည်ဟူ၍မယူဆကြပေ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကိုသိလိုက အလ်မနာရ်ကျမ်းတွင်ရှုပါ။

وَلِلْمُطَلَّقَٰتِ مَتَٰعٌۢ بِٱلْمَعْرُوفِ ۖ حَقًّا عَلَى ٱلْمُتَّقِينَ ﴿٢٤١﴾

كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمْ ءَايَٰتِهِۦ لَعَلَّكُمْ تَعْقِلُونَ ﴿٢٤٢﴾

၂၄၁။ ထိုနည်းတူစွာ ကွာရှင်းပြီးဖြစ်သော မိန်းမများကိုလည်း ဓလေ့ထုံးစံအတိုင်း အကျိုးခံစားစေကြရမည်။ (ဤသည်ကား)အလ္လာဟ်အရှင်မြတ်ကိုကြောက်ရွံ့သော သူတော်စင်များ (လိုက်နာဆောင်ရွက်ရမည့်) တာဝန်တရပ်ဖြစ်ပေသည်။

၂၄၂။ ဤနည်းနှင်နှင် အလ္လာဟ်အရှင်မြတ်သည် မိမိအမိန့်ပညတ်တော်များကို အသင်တို့ (လိုက်နာကျင့်သုံးနိုင်ရန်) အလို့ငှာ ရှင်းလင်း ထင်ရှားစွာ ထုတ်ဖော် မိန့်ကြားတော်မူလေသည်။ သို့မှသာလျှင် အသင်တို့သည် သိနားလည်ကြပေမည်။

---

① **ဖော်ပြချက်။**

ဤကဏ္ဍတွင် ဇနီးမိန်းမများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချမှတ်ထားတော်မူသော မုက္ခပါဠ်တော်များကို များစွာတွေ့ရှိရ၏။ ထိုမုက္ခပါဠ်တော်များကို ထုတ်ပြန်မိန့်ဆိုရာတွင် "ဤသည်တို့ကား အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတော်မူသော စည်းမျဉ်းဥပဒေများဖြစ်သည်၊ သို့ဖြစ်ရာ အသင်တို့သည် ထိုစည်းမျဉ်းဥပဒေများကို မကျူးလွန် ကြကုန်လင့်၊ အကြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်းဥပဒေများကို ကျူးလွန်ပါ မူထိုသူများသာလျှင် ကျူးလွန်သူများ ဖြစ်ကြကုန်သတည်း" ဟူ၍ဆင်း၊ အကြင်မည်သူမဆို (ဇနီးမိန်းမတို့အား နစ်နာအောင်) ပြုလုပ်ခဲ့ပါမူ ထိုသူသည် မိမိကိုယ်ကို မိမိကိုယ်တိုင်ပင် နှိပ်စက်ညှဉ်းပန်းရာ ရောက်ပေသည်ဟူ၍ဆင်း၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ပညတ်တော်များကို ပြောင်လှောင်ပြက်ရယ်သရော်သမူ မပြုလုပ်ကြကုန်လင့်ဟူ၍ဆင်း၊ ဤပညတ်တော်များကား အသင်တို့အနက် အလ္လာဟ်အရှင်မြတ်ကိုငဲ့၊ နောက်ဆုံးနေ့ကိုငဲ့ သက်ဝင်ကြည်ယုံသောသူများအား သွန်သင်ဆုံးမအပ်သော ပညတ်တော်များ ဖြစ်သည်ဟူ၍ဆင်း၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြ ကုန်ဟူ၍ဆင်း၊ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသော ကိစ္စရပ်ရပ်ကို အကြင်းမဲ့သိမြင်တော်မူသော အရှင်ဖြစ်တော်မူသည်ကို အသင်တို့ သိနားလည်ကြ ကုန်ဟူ၍ဆင်း၊ ဤကားမွတ္တကီ သူတော်စင်များ လိုက်နာ ကျင့်သုံးအပ်သော တာဝန်တရပ်ဖြစ်သည်ဟူ၍ဆင်း၊ အလ္လာဟ်အရှင်မြတ်သည် အကြင်းမဲ့ သိတော်မူသော အရှင်၊ မြင်တော်မူသော အရှင်၊ ကြားတော်မူသောအရှင် ဖြစ်တော်မူသည် ဟူ၍ဆင်း၊ အကြိမ်ကြိမ် အခါခါ မိန့်ဆိုထားတော်မူလေသည်။

အဆိုပါ မုက္ခပါဠ်တော်များကို ထောက်ရှုဆင်ခြင်ပါသော် ဇနီးမိန်းမများနှင့် ပတ်သက်၍ ထုတ်ပြန်ချမှတ်ထားတော်မူသော မုက္ခပါဠ်တော်များမှာ သာမည မိန့်ဆိုထားတော်မူသော မုက္ခပါဠ်တော်များ မဟုတ်ကြောင်း၊ အတိအကျ လိုက်နာကျင့်သုံးစေရန် အလို့ငှာ လေးလေးနက်နက် ထုတ်ပြန်ချမှတ်ထားတော်မူသော မုက္ခပါဠ်တော်များ ဖြစ်ကြောင်း ထင်ရှားလှပေသည်။ ကြည့်-(ထာနဝီ)။

أَلَمْ تَرَ إِلَى الَّذِينَ خَرَجُوا مِن دِيَارِهِمْ وَهُمْ أُلُوفٌ حَذَرَ الْمَوْتِ فَقَالَ لَهُمُ اللَّهُ مُوتُوا ثُمَّ أَحْيَاهُمْ إِنَّ اللَّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَشْكُرُونَ ﴿٢٤٣﴾

၂၄၃။ (အို- နဗီတမန်တော်) အသင် မသိမမြင် မဆင်ခြင်မိပါသလော အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာသော သူတို့သည် သေဘေးမှ လွတ်မြောက်ရန်အလို့ငှာ မိမိတို့နေအိမ်များမှ ထွက်ခွာကြသောအခါဝယ် [၁] အလ္လာဟ်အရှင်မြတ်က ယင်းသူတို့အား အသင်တို့သည် "သေကြကုန်လော့" ဟု မိန့်ကြားတော်မူ၏။ သို့မိန့်ကြားတော်မူ (လေရာယင်းသူတို့သည် သေကြေပျက်စီး သွားကြ၏) ထို့နောက်တဖန် ထိုအရှင်မြတ်က ယင်းသူတို့ကို ရှင်ပြန်စေတော် မူခဲ့သည်။ မချွတ်မလွဲ အလ္လာဟ် အရှင်မြတ်သည် လူခပင်းတို့အပေါ်ဝယ် မုချ ကျေးဇူးပြုတော်မူထသော အရှင် ဖြစ်တော် မူလေသည်။ သို့ရာတွင် လူတို့အနက် မြောက်မြားစွာသော သူတို့သည် (ငါအရှင်မြတ်၏) ကျေးဇူးတော်ကို မသိတတ်ကြချေ။

---

① သေဘေးမှလွတ်မြောက်ရန်အလို့ငှာ မိမိတို့နေအိမ်များမှထွက်ပြေးကြကုန်သော ထောင်ပေါင်းစွာသော သူတို့သည် မည်သူများနည်း၊ ဤတွင် "မုဖာစ်စိရိန်" အဋ္ဌကထာရှင်များသည် အမျိုးမျိုးအဆိုပြုးလျက်ရှိကြပေသည်။

ကျမ်းစာအစောင်စောင်တွင် တွေ့ရှိရသော အဆိုအရပ်ရပ်ကို လေ့လာဆင်ခြင်သည်ရှိသော် သေဘေးမှ လွတ်မြောက်ရန် အလို့ငှာ မိမိတို့နေအိမ်များမှ ထွက်ပြေးကြကုန်သော သူများမှာ အခြားမဟုတ်၊ အစ္စရာအီလီမျိုးနွယ်များပင် ဖြစ်ကြပေသည်။

ထိုအဖြစ်အပျက်သည် တမန်တော် ဟဇ်ကီလ် (အလိုင်ဟစ္စလာမ်) လက်ထက်တော်တွင် ဖြစ်ပွားခဲ့၏။ အဂ္ဂသာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအဗ္ဗာစ် သခင်ကလည်း ဤအတိုင်းပင် မိန့်ဆိုခဲ့၏။ ဤအဆိုကား သင့်မြတ်လှ၏။ ယုတ္တိရှိ၏။ ကြည့်-ဟက္ကာနီ၊ ထာနဝီ။

ဆက်စပ်မှု။

ကုရ်အာန်ကျမ်းမြတ်(၂:၂၄၃)တွင် အစ္စရာအီလီလူမျိုးတို့သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင် သေဘေးမှလွတ်မြောက်ရန်အလို့ငှာ မိမိတို့အိမ်များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော်လည်း အလ္လာဟ်အရှင်မြတ်၏ အာဏာစက်ကွင်းမှ မလွတ်ကင်းနိုင်ကြဘဲ သေကြေပျက်စီးကြရသည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

မွတ်စ်လင်မ်တို့သည် ထိုအကြောင်းကို ဆင်ခြင်၍ အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ မကြောက်မရွံ့ဘဲ ခွဲသတ္တိရှိရှိဖြင့် စစ်မက်ပြိုင်ဆိုင်ကြရန် အလို့ငှာ ဤမုက္ခပါဠိတော်ကို ထုတ်ပြန်ချမှတ်တော်မူခြင်း ဖြစ်၏။

وَقَاتِلُوا۟ فِى سَبِيلِ ٱللَّهِ وَٱعْلَمُوٓا۟ أَنَّ ٱللَّهَ سَمِيعٌ عَلِيمٌ ﴿٢٤٤﴾

၂၄၄။ ထို့ပြင်တဝ အသင်တို့သည် (အထက်ဖော်ပြပါ အတ္ထုပ္ပတ္တိကို ဆင်ခြင်၍) စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်။ ၎င်းပြင် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို အကြွင်းမရှိ ကြားတော်မူသောအရှင်၊ အကြွင်းမရှိ သိတော်မူသောအရှင် ဖြစ်တော်မူသည်ကိုလည်း အသင်တို့သည် ယုံကြည်မှတ်ယူကြကုန်လော့။ [၁]

مَّن ذَا ٱلَّذِى يُقْرِضُ ٱللَّهَ قَرْضًا حَسَنًا فَيُضَٰعِفَهُۥ لَهُۥٓ أَضْعَافًا كَثِيرَةً ۗ وَٱللَّهُ يَقْبِضُ وَيَبْصُۜطُ ۖ

၂၄၅။ အလ္လာဟ်အရှင်မြတ်အား *မွန်မြတ်လှစွာသော ကြွေးမြီချေးငှားမည့်* [၂] သူသည် မည်သူနည်း။ သို့ချေးငှားခြင်း အားဖြင့် အလ္လာဟ်အရှင်မြတ်သည် ယင်းကဲ့သို့သောချေးငှားခြင်း၏ အကျိုးကို ထိုသူအဘို့ *အဆပေါင်းများစွာ တိုးပွားစေတော်မူအံ့။* [၃]

---

① **ဆက်စပ်မှု**

ကုရ်အာန်ကျမ်းမြတ် (၂း၂၄၄) တွင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရမည့်အကြောင်း မိန့်ဆိုထားတော်မူ၏။ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင် စစ်စရိတ်အမြောက်အများကုန်ကျသည်မှာ အထင်အရှားပင် ဖြစ်လေသည်။ထို့အတွက်ကြောင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် ထုတ်ပြန်ချမှတ်တော်မူသော အမိန့်တော်နှင့် ဆက်စပ်၍ စစ်ရံပုံငွေတွင် အလှူပါဝင်ကြရမည့်အကြောင်းကို ကုရ်အာန်ကျမ်း (၂း၂၄၅) တွင် မိန့်ဆို ထားတော်မူသည်။

② အရာခပ်သိမ်းတို့သည် အမှန်အားဖြင့် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာဖြစ်သည်။ သို့ဖြစ်ပါလျက် အလှူထည့်ဝင်ခြင်းကို အလ္လာဟ်အရှင်မြတ်အား ကြွေးမြီချေးငှားခြင်း ဟူ၍ မိန့်ဆိုထားခြင်းမှာ ကြွေးမြီချေးငှားသည့်အခါ မိမိချေးငှားသောပစ္စည်း၏ အစားမူချ ပြန်လည်ရရှိသကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ကြွေးမြီချေးငှားခြင်း၏ အစားကိုလည်း မူချပြန်လည်ရရှိမည်ကို သိစိမ့်သောငှာ တင်စား၍ မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ကြည့်-ထာနဝီ။

"ကောင်းမြတ်သော ကြွေးမြီချေးငှားခြင်း" ဟူသည် ကောင်းမြတ်သောစိတ်ထားဖြင့် လှူဒါန်းခြင်းဟူ၍ငင်း၊ ဖြူစင်သန့်ရှင်းသောဥစ္စာပစ္စည်းများကို လှူဒါန်းခြင်းဟူ၍ငင်း၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဥစ္စာပစ္စည်း လှူဒါန်းခြင်း၊ ကိုယ်ထိလက်ရောက်လိုက်နာကျင့်မူခြင်းဟူ၍ငင်း၊ အသီးသီးအနက်ဖွင့်ကြသည်။ ကြည့်-ဗိုင်ဿာဝီ။

② "အလ္လာဟ်အရှင်မြတ်သည် မိမိအား ကြွေးမြီချေးငှားခြင်း၏ ကုသိုလ်အကျိုးကို အဆပေါင်းများစွာတိုးတက်၍ ပေးသနားတော်မူမည်" ဟူသော မုက္ခပါဌ်တော်တွင် ပါရှိသော "ဆပေါင်းများစွာ" ဟူသည် အဆပေါင်းခုနစ်ရာဟူ၍ အချို့ကဆိုကြသည်၊ သို့ရာတွင် "ဆပေါင်းများစွာ" ဟူသည် မည်၍မည်မျှဖြစ်သည်ကို အမှန်အားဖြင့် အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။

وَإِلَيْهِ تُرْجَعُونَ ﴿٢٤٥﴾

(တဖန် ယင်းကဲ့သို့ ကြွေးမြီချေးငှားသူတို့ အဘို့မှာလည်း မိမိတို့၏ဥစ္စာပစ္စည်း နည်းပါးသွားမည်ကို စိုးရိမ်မကင်းမဖြစ်သင့်ချေ။) အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ် သည်သာလျှင် (ဥစ္စာပစ္စည်းကို) ကျပ်တည်းစေတော်မူသည်။ ထို အရှင်မြတ်သည်ပင်လျှင် (ဥစ္စာပစ္စည်းကို) ချောင်လည်စေတော်မူလေသည်။ တဖန် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လှည့်ကြရပေမည်။

أَلَمْ تَرَ إِلَى الْمَلَإِ مِن بَنِي إِسْرَائِيلَ مِن بَعْدِ مُوسَىٰ إِذْ قَالُوا لِنَبِيٍّ لَّهُمُ ابْعَثْ لَنَا مَلِكًا نُّقَاتِلْ فِي سَبِيلِ اللَّهِ ۖ قَالَ هَلْ عَسَيْتُمْ إِن كُتِبَ عَلَيْكُمُ الْقِتَالُ أَلَّا تُقَاتِلُوا ۖ قَالُوا وَمَا لَنَا أَلَّا نُقَاتِلَ

၂၄၆။ (အို-နဗီ တမန်တော်) အသင်သည် နဗီတမန်တော် မူစာ (အလိုင်ဟစ္စလာမ်) ကွယ်လွန်ပြီးသည့်နောက် အစ္စရာအီလီ မျိုးနွယ်များ အနက်မှ ဦးစီးနာယကများ၏ (ဖြစ်အင်များ)ကို လေ့လာဆင်ခြင် သုံးသပ်ပြီးသည် မဟုတ်ပါလော။ အခါတပါး၌ ယင်းသူတို့သည် မိမိတို့၏ နဗီတမန်တော်အား "ကျွန်တော်မျိုးတို့အဘို့ ဘုရင်တပါးကို ခန့်အပ်တင်မြှောက်၍ ပေးတော်မူပါ၊ ကျွန်တော် မျိုးတို့သည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြပါမည်" ဟု လျှောက်ထားကြကုန်၏။ [၁]

---

① အစ္စရာအီလီ လူမျိုးတို့က မိမိတို့၏ နဗီတမန်တော်ထံတွင် "ကျွန်တော်မျိုးတို့အတွက် ဘုရင်တပါးခန့်အပ်တင်မြှောက်ပေးတော်မူပါ" ဟု လျှောက်ထားသောခေတ်သည် နဗီတမန်တော်မူစာ (အလိုင်ဟစ္စလာမ်) ကွယ်လွန်သေဆုံးပြီးနောက် နှစ်ပေါင်း (၃၀၀)ခန့်၊ နဗီတမန်တော် ဒါဝူဒ် (အလိုင်ဟစ္စလာမ်) မပွင့်မီခေတ်တွင် ဖြစ်သည်။ ကြည့်-(မာဂျီဒီ)။

فِىْ سَبِيْلِ اللّٰهِ وَقَدْ اُخْرِجْنَا مِنْ دِيَارِنَا وَاَبْنَآئِنَا ؕ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ تَوَلَّوْا اِلَّا قَلِيْلًا مِّنْهُمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ﴿٢٤٦﴾

ထိုအခါ နဗီတမန်တော်က (အချင်းတို့) အကယ်၍ သာ အသင်တို့အပေါ်ဝယ် (အလ္လာဟ်အရှင်မြတ် အထံတော်မှ) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့် ပြဋ္ဌာန်းချက်သည် အတည်ဖြစ်ပါမူ အသင်တို့သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမပြုသူများ ဖြစ် တန်ရာသည် မဟုတ်လော) ဟု ဖြေကြားတော်မူ၏။ ထိုအခါ ယင်းသူတို့က အမှန်စင်စစ် ကျွန်တော်မျိုး တို့သည် မိမိတို့အိုးအိမ် စည်းစိမ်များနှင့်တကွ မိမိတို့သားသမီးများကိုပါ စွန့်လွှတ်ခွဲခွာ၍ နှင် ထုတ်ခြင်းခံရသူများ ဖြစ်ကြရကား ကျွန်တော်မျိုး တို့အဘို့ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ် မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမပြုရန် အဘယ်မှာလျှင် အကြောင်းရှိနိုင်ပါအံ့နည်း" ဟု လျှောက်ထားကြ ပြန်လေသည်။ ထို့နောက် (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ယင်းသူတို့အပေါ်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့်တော်ကျရောက်လာသောအခါ ယင်းသူတို့အနက်မှ အနည်းငယ်သောသူများမှ အပ (ကျန်လူ အားလုံးတို့သည်) ကျောခိုင်းသွားကြလေ သည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းဖောက်ဖျက်သောသူတို့ကို သေချာစေ့ငုံစွာ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَقَالَ لَهُمْ نَبِيُّهُمْ اِنَّ اللّٰهَ قَدْ بَعَثَ لَكُمْ طَالُوْتَ مَلِكًا ؕ قَالُوْٓا اَنّٰى يَكُوْنُ لَهُ الْمُلْكُ

၂၄၇။ ထို့နောက်ယင်းသူတို့အား ထိုသူတို့၏နဗီတမန်တော်က "ဟယ်-အချင်းတို့ ဧကန်ဆတ်ဆတ် အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပေါ် "တွာလူတ်"[၁] ကို ဘုရင်အဖြစ် တင်မြှောက်တော်မူလေပြီ" ဟု ပြောကြား လေရာ

---

① အစ္စရာအီလီ လူမျိုးတို့၏ လျှောက်ထားချက်အရ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အပေါ်၌ မင်းလုပ်အုပ်ချုပ်ရန် 'တွာလူတ်' အား ဘုရင်အဖြစ် မြှောက်စားတော်မူလေသည်။ ➤➤

عَلَيْنَا وَنَحْنُ أَحَقُّ بِالْمُلْكِ
مِنْهُ وَلَمْ يُؤْتَ سَعَةً مِّنَ
الْمَالِ ۚ قَالَ إِنَّ اللَّهَ اصْطَفَاهُ
عَلَيْكُمْ وَزَادَهُ بَسْطَةً فِي
الْعِلْمِ وَالْجِسْمِ ۖ وَاللَّهُ يُؤْتِي
مُلْكَهُ مَن يَشَاءُ ۚ وَاللَّهُ وَاسِعٌ
عَلِيمٌ ﴿٢٤٧﴾

ထိုသူတို့က "အဘယ်အတွက်ကြောင့် ယင်း 'တွာလူတ်' တွင် ကျွန်တော်မျိုးတို့အပေါ်၌ မင်းလုပ် အုပ်ချုပ်နိုင်ရန် သြဇာအာဏာသည် အသို့လျှင်ရှိနိုင်အံ့နည်း၊[1] အမှန်စင်စစ် ကျွန်တော်မျိုးတို့သည် ယင်းပုဂ္ဂိုလ် ထက်ပင် သြဇာအာဏာ ရထိုက်သူများ ဖြစ်ကြပါသည်။ ၎င်းပြင် ထို 'တွာလူတ်' သည် ဥစ္စာဓန ကြွယ်ဝချမ်းသာမှုကိုလည်း ရရှိသူ မဟုတ်ပါ" ဟု လျှောက်ထားကြကုန်၏။ ထိုအခါဝယ် ယင်း နဗီတမန်တော်က "ဟယ်-အချင်းတို့ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ယင်း 'တွာလူတ်' ကိုပင် အသင်တို့အပေါ်၌ (ဘုရင်အဖြစ်) ရွေးချယ်တင်မြှောက်တော်မူလေပြီ၊ ထို့ပြင်တဝ ထိုအရှင်မြတ်သည် ယင်း 'တွာလူတ်' အား (စစ်မက်ရေးရာ အဖြာဖြာ၌ ကျွမ်းကျင်လိမ္မာခြင်းတည်းဟူသော) ဉာဏဗလ၌ဌင်း၊ (ရူပလက္ခဏာကြွန်အင်္ဂါနှင့်ပြည့်စုံ၍ ကိုယ်ခန္ဓာထွားကျိုင်း ခွန်အားကြီးမားခြင်း တည်းဟူသော) ကာယဗလအရာ၌ဌင်း၊ အသင်တို့ထက် ကျယ်ဝန်းစွာ ပေးသနားတော်မူလေသည်။

---

[1] 'တွာလူတ်' ၏ဘခင်မှာ 'ကိ'ရှ်' ဖြစ်၏။ 'တွာလူတ်' သည် အစ္စရာအီလီလူမျိုးတို့တွင် ဦးစွာပထမ ဘုရင်အဖြစ် မြှောက်စားခြင်းခံရသူပင်ဖြစ်၏။ 'တွာလူတ်' ၏ နန်းသက်သည် B.C. ၁၀၂၈ မှ B.C.၁၀၁၂ အထိတည်ရှိခဲ့၏။ ကြည့်-မာဂျီဒီ။

② အစ္စရာအီလီ လူမျိုးတို့သည် တမန်တော် ရှမူအီလ်(အလိုင်ဟစ္စလာမ်)ထံ လာရောက်၍ မိမိတို့အပေါ်တွင် မင်းလုပ်အုပ်ချုပ်ရန် 'ဘုရင်တပါး ခန့်အပ်ပေးတော်မူပါ' ဟု လျှောက်ထားကြ၏။ ထိုအချိန်တွင် တမန်တော် ရှမူအီလ်(အလိုင်ဟစ္စလာမ်)က 'အချင်းတို့ အသင်တို့သည် စစ်မက်ပြိုင်ဆိုင်ရန် အမိန့်တော် ကျရောက်လာသည် ရှိသော် တကယ်ပင်စစ်တိုက်နိုင်ကြပါမည်လော" ဟူ၍ မိမိ၏ ဒွိဟသံသယဖြစ်မှုကိုပင် ထုတ်ဖော်ပြောဆိုလေသည်။

အစ္စရာအီလီလူမျိုးတို့က အကြောင်းအမျိုးမျိုးပြကာ ဘုရင်တပါးရရှိရေးကိုသာ ဆက်လက်၍ တောင်းဆိုလျှောက်ထား ကြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့အပေါ်တွင် 'တွာလူတ်' အား ဘုရင်အဖြစ် ခန့်အပ်တော်မူလိုက်သည့်အခါတွင် (တမန်တော်ရှမူအီလ် ကြိုတင်တွေးမြင်သည့်အတိုင်းပင်) အစ္စရာအီလီလူမျိုးတို့သည် စစ်တိုက်ကြရမည့်အရေးကို စိုးရိမ်ကြောင့်ကြပြီး၊ 'တွာလူတ်' အား ဘုရင်အဖြစ် ခန့်အပ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ "ထိုသူသည် ကျွန်တော်မျိုးတို့အပေါ်တွင် အသို့လျှင် ဘုရင် ➤➤

အကြောင်းမူကား အလ္လာဟ်အရှင်မြတ်သည် မိမိ (ပိုင်ဆိုင်တော်မူသော) သြဇာအာဏာကို မိမိနှစ်သက်လိုလား တော်မူသော သူကိုသာလျှင် ပေးသနားတော် မူလေသည်။ တဖန် အလ္လာဟ် အရှင်မြတ် သည်သာလျှင် (ဥစ္စာဓန ချမ်းသာကြွယ်ဝမှုကို) ကျယ်ဝန်းစွာ ပေးသနားတော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသည်။" ဟု ပြန်လည် ဖြေကြားတော်မူလေသတည်း။

وَقَالَ لَهُمْ نَبِيُّهُمْ إِنَّ آيَةَ مُلْكِهِ
أَنْ يَأْتِيَكُمُ التَّابُوتُ فِيهِ
سَكِينَةٌ مِنْ رَبِّكُمْ وَبَقِيَّةٌ مِمَّا
تَرَكَ آلُ مُوسَىٰ وَآلُ هَارُونَ
تَحْمِلُهُ الْمَلَائِكَةُ إِنَّ فِي ذَٰلِكَ
لَآيَةً لَكُمْ إِنْ كُنْتُمْ
مُؤْمِنِينَ ﴿٢٤٨﴾

၂၄၈။ ထို့ပြင် ထိုသူတို့အား ထိုသူတို့၏ နဗီတမန်တော်က ထို တွာလူတ် ဘုရင်ဖြစ်ခြင်း၏ နမိတ်လက္ခဏာတော်မှာ အသင်တို့ထံသို့ အကြင် သေတ္တာသည် အလိုအလျောက် ပြန်ရောက်လာခြင်း ပင်ဖြစ်သည်။ ထိုသေတ္တာတွင် အသင်တို့အား မွေးမြူတော်မူသောအရှင်မြတ်၏ အထံတော်မှဖြစ်သော စိတ်နှလုံးအေးချမ်းစေသော ပစ္စည်းရှိ၍၊ ၎င်းပြင် နဗီတမန်တော် မူစာ(အလိုင်ဟစ္စလာမ်)၏ အဆက်အနွယ်များနှင့် နဗီတမန်တော် ဟာရွန်(အလိုင်ဟစ္စလာမ်)၏ အဆက်အနွယ်များ ထားရှိခဲ့ကြသော အကြွင်းအကျန် ပစ္စည်းများလည်းရှိအံ့၊ ထိုသေတ္တာကို အပါးတော်စေတမန်များ ဆောင်ကြဉ်းလာကြကုန်အံ့။ အကယ်၍ အသင်တို့သည် ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြသော 'မုအ်မင်န်'များ ဖြစ်ကြပါမူ ယင်း(သေတ္တာပြန်ရောက်လာခြင်း)သည် မုချ အသင်တို့အဘို့ သက်သေ သာဓကတရပ်ပင် ဖြစ်ချေသည်ဟု ပြောကြားလေသည်။

➤➤ ဖြစ်နိုင်ပါအံ့နည်း၊ ကျွန်တော်မျိုးတို့သာလျှင် သူတို့ထက်ပိုမို၍ ဘုရင်ဖြစ်ထိုက်ကြပါသည်။ ထိုသူသည် ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသူလည်း မဟုတ်ပါ... စသည်ဖြင့် အမျိုးမျိုး ဝေဘန်ပြောဆိုကြလေတော့သည်။

فَلَمَّا فَصَلَ طَالُوتُ بِالْجُنُودِ ۙ
قَالَ إِنَّ اللَّهَ مُبْتَلِيكُمْ بِنَهَرٍ ۖ
فَمَنْ شَرِبَ مِنْهُ فَلَيْسَ مِنِّي ۖ
وَمَنْ لَمْ يَطْعَمْهُ فَإِنَّهُ مِنِّي إِلَّا مَنِ
اغْتَرَفَ غُرْفَةً بِيَدِهِ ۚ فَشَرِبُوا
مِنْهُ إِلَّا قَلِيلًا مِنْهُمْ ۗ فَلَمَّا
جَاوَزَهُ هُوَ وَالَّذِينَ آمَنُوا مَعَهُ ۙ
قَالُوا لَا طَاقَةَ لَنَا الْيَوْمَ بِجَالُوتَ
وَجُنُودِهِ ۗ قَالَ الَّذِينَ يَظُنُّونَ
أَنَّهُمْ مُلَاقُو اللَّهِ كَمْ مِنْ فِئَةٍ
قَلِيلَةٍ غَلَبَتْ فِئَةً كَثِيرَةً
بِإِذْنِ اللَّهِ ۗ وَاللَّهُ مَعَ
الصَّابِرِينَ ﴿٢٤٩﴾

၂၄၉။ ထို့နောက် တွာလူတ်ဘုရင်သည် (မိမိ၏) စစ်သည်တော်များနှင့် တကွ ('ဂျာလူတ်'အား စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်အလို့ငှါ) ထွက်ခွါချီတက်သွားသောအခါ ထို(တွာလူတ်) ဘုရင်က "(အချင်းတို့) မုချ စင်စစ် အလ္လာဟ်အရှင်မြတ် သည် အသင်တို့အား မြစ်တခုဖြင့် စမ်းသပ်တော်မူ လတ္တံ့၊ သို့ဖြစ်ရာ အကြင်သူသည် ထိုမြစ်ရေကို (လွန်ကျူးစွာ) သောက်သုံး သည်ရှိသော် ထိုသူသည် ငါနှင့်စပ်ဆိုင်သူမဟုတ်၊ ထို့ပြင် အကြင်သူသည် ထိုမြစ်ရေကိုမသောက်သော် ထိုသူသည်သာလျှင် ငါနှင့်စပ်ဆိုင်သူဖြစ်သည်။ သို့ရာတွင် အကြင်သူသည် (ထိုမြစ်ရေကို) မိမိလက်ဖြင့် တလက်ခုပ်မျှလောက် သောက်သုံးသည်ရှိသော် (တစုံတရာအပြစ်မရှိပေ)" ဟု ပြောကြားလေသည်။ သို့တစေလည်း တွာလူတ်ဘုရင်၏ စစ်သည်တော်များအနက် အနည်းငယ်မျှသောလူတစုမှအပကျန်အားလုံးတို့သည် ထိုမြစ်ရေ ကို (လွန်ကျူးစွာ) သောက်သုံးကြလေ၏။ ထို့နောက် ထို(တွာလူတ်) ဘုရင်သည်လည်းငင်း၊ ထိုတွာလူတ်ဘုရင်နှင့် အတူတကွလိုက်ပါလာသောယုံကြည်ခြင်းသဒ္ဓါတရား ထားရှိသော 'မုအ်မင်န်' တို့သည်ငင်း၊ ထိုမြစ်ကိုဖြတ်ကူး၍ ကျော်လွန်သွားကြသည့်အခါ ထိုလိုက်ပါလာသော စစ်သည်တော်တို့ (အနက် တချို့)က "ယနေ့အဘို့ ကျွန်ုပ်တို့၌ ဂျာလူတ်နှင့် ထိုဂျာလူတ်၏ စစ်သည်တော်တို့အား ဖြိုင်ဆိုင်တိုက်ခိုက်ရန် စွမ်းအားမရှိပြီ" ဟု ပြောဆိုကြလေသည်။ (ထို အခါဝယ်) ငါတို့သည် ဧကန်မုချ အလ္လာဟ် အရှင်မြတ်အား ဖူးတွေ့ရမည့် သူများဖြစ်ကြသည်ဟူ၍ ယုံကြည်သောသူများက "အလ္လာဟ်

وَلَمَّا بَرَزُوا۟ لِجَالُوتَ وَجُنُودِهِۦ
قَالُوا۟ رَبَّنَآ أَفْرِغْ عَلَيْنَا صَبْرًا
وَثَبِّتْ أَقْدَامَنَا وَٱنصُرْنَا
عَلَى ٱلْقَوْمِ ٱلْكَٰفِرِينَ ﴿٢٥٠﴾

အရှင်မြတ်၏ အမိန့်တော်ဖြင့် အနည်းငယ်မျှသော လူစုကလေးများသည် စစ်သည်တော် မြောက်မြားစွာ ပါဝင်သောလူစုများကိုပင် ကြိမ်ဖန်များစွာ အောင်နိုင်ခဲ့ဘူးလေပြီ၊ အမှန်စင်စစ် အလွှာဟ်အရှင် မြတ်သည် ခန္တီပါရမီနှင့်ပြည့်စုံသောသူများနှင့် အတူတကွ ရှိတော်မူပေသည်" ဟု ပြောဆိုကြကုန်၏။

၂၅၀။ ထို့နောက် တဖန် ယင်းသူတို့သည် ဂျာလူတ် ဘုရင်နှင့်ဌင်း၊ ယင်း(ဂျာလူတ်)၏ စစ်သည်ရဲမက် တို့နှင့်ဌင်း၊ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) မျက်နှာ ချင်းဆိုင်ကြသောအခါ (အလွှာဟ်အရှင်မြတ်အထံ တော်၌) "အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူ သောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ အပေါ်ဝယ် ဇွဲသတ္တိကို သွန်းလောင်း၍ ပေးသနား တော်မူပါ။ ဌင်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုး တို့၏ခြေများကို ခိုင်မြဲစွာ ရပ်တည်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ် ကြကုန်သောသူတို့ အပေါ်၌ အောင်မြင်မှုရရန် ကူညီစောင်မ တော်မူပါဟု ရွတ်ဆို *(ပတ္ထနာ) ပြုကြကုန်၏*။ [၁]

---

① မွတ်စ်လင်မ်စစ်သည်တော်တို့သည် မိမိတို့၏ စွမ်းရည်သတ္တိ၊ ကြိုးပမ်းအားထုတ်မှု၊ စစ်သည်အင်အားနှင့် စစ်လက်နက်များထက် အလွှာဟ်အရှင်မြတ်၏ ကူညီစောင်မတော်မူခြင်းကို အထူးအမှီသဟဲပြု၍ အားထားကြကုန်သည်။ ဤသည့်အတွက်ကြောင့်ပင် မွတ်စ်လင်မ် စစ်သည်တော်များသည် စစ်မြေပြင်တွင် အလွှာဟ်အရှင်မြတ်၏ ထံတော်ပါး၌ "အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် ကျွန်တော်မျိုး တို့အပေါ်ဝယ် ဇွဲသတ္တိကို သွန်းလောင်းပေးတော်မူပါ၊ကျွန်တော်မျိုးတို့၏ခြေများကိုခိုင်မြဲစွာ ရပ်တည်စေတော်မူပါ။ ကျွန်တော်မျိုးတို့အား 'ကာဖိရ်' တို့အပေါ်ဝယ် အောင်နိုင်စေတော်မူပါ" ဟု ဆုတောင်းပတ္ထနာ ပြုကြကုန်သည်။

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစ္စလ္လမ်)သည် စစ်ပွဲတိုင်းတွင် မွတ်စ်လင်မ် စစ်သည်တော်များ အောင်နိုင်ရေး အတွက် အလွှာဟ်အရှင်မြတ်၏ အထံတော်၌ ဆုတောင်းပတ္ထနာ ပြုတော်မူခဲ့သည်မှာ ရာဇဝင်အထင်အရှားပင် ဖြစ်ပေသည်။

فَهَزَمُوهُم بِإِذْنِ اللَّهِ وَقَتَلَ دَاوُۥدُ جَالُوتَ وَءَاتَىٰهُ اللَّهُ الْمُلْكَ وَالْحِكْمَةَ وَعَلَّمَهُۥ مِمَّا يَشَآءُ ۗ وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّفَسَدَتِ الْأَرْضُ وَلَٰكِنَّ اللَّهَ ذُو فَضْلٍ عَلَى الْعَٰلَمِينَ ﴿٢٥١﴾

၂၅၁။ ထို(ကဲ့သို့ ဆုတောင်းပတ္ထနာပြုခဲ့ကြပြီး)နောက် ယင်း('တွာလူတ်' ဘုရင်၏စစ်သည်တော်)တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် ထို ('ဂျာလူတ်'၏စစ်သည်ရဲမက်)တို့ကိုတွန်းလှန်ဖြိုဖျက်၍ စစ်ရေးနိမ့်စေခဲ့ကြလေသည်။ 'ဒါဝူဒ်' သည်လည်း 'ဂျာလူတ်'ကို ကွပ်မျက်ခဲ့လေ၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထိုဒါဝူဒ်အား ဩဇာအာဏာကိုငင်း၊ ဉာဏ်ပညာအမြော်အမြင်(ဝါ)နဗီတမန်တော်၏ဂုဏ်ထူးကိုငင်း၊ ခြီးမြှင့် ပေးသနားတော်မူခဲ့လေသည်။ ထိုမှတပါးတဲ့ အလ္လာဟ်အရှင်မြတ်သည် ယင်း[နဗီတမန်တော်ဒါဝူဒ် (အလိုင်ဟစ္စလာမ်)]အား မိမိအလိုရှိတော်မူသောပညာရပ်တို့ကိုလည်းသင်ကြားပေးသနားတော်မူခဲ့လေသည်။ အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည်လူသားတို့အား ထိုလူသားတို့အနက် အချို့တို့ကိုအချို့တို့ဖြင့် တွန်းလှန်တားဆီးခြင်းမပြုခဲ့ပါမူ ဤကမ္ဘာမြေပြင်ကြီးသည်ပျက်စီးယိုယွင်းပြီးဖြစ်အံ့။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် စကြာဝဠာအပေါင်းတို့အပေါ်၌ ကျေးဇူးတော်ရှင်ဖြစ်တော်မူလေသည်။

تِلْكَ ءَايَٰتُ اللَّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ ۖ وَإِنَّكَ لَمِنَ الْمُرْسَلِينَ ﴿٢٥٢﴾

၂၅၂။ (အို-နဗီတမန်တော်) ဤသည်တို့သည် အလ္လာဟ်အရှင်မြတ်၏မုကွပါဋိတော်များပင်ဖြစ်သည်၊ ငါအရှင်မြတ်သည်အသင့်အား ထိုမုကွပါဋိတော်များကို မှန်ကန်စွာကြားသိစေတော်မူသည်၊ ၎င်းပြင် အသင်သည် စေလွှတ်တော်မူခြင်းခံရသော *'ရာ့ဆူလ်' တမန်တော်များတွင်မုချတပါးအပါအဝင် ဖြစ်လေ၏။*[၁]

---

① **ဆက်စပ်မှု** ကုရ်အာန်ကျမ်းမြတ်၏ အဓိကရည်ရွယ်ချက်များတွင် တမန်တော်မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ္စလ္လမ်)၏ တမန်တော်ဖြစ်ကြောင်းကို ထင်ရှားစေခြင်းသည်လည်း အပါအဝင်ဖြစ်ပေသည်။ သို့အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်တွင် မြောက်မြားစွာသော နေရာများ၌ အလျဉ်းသင့်သည့်အခါတိုင်း တမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစ္စလ္လမ်)သည်တမန်တော်တပါးဖြစ်ကြောင်းကိုထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

تِلْكَ الرُّسُلُ فَضَّلْنَا
بَعْضَهُمْ عَلَىٰ بَعْضٍ
مِنْهُمْ مَنْ كَلَّمَ اللَّهُ وَرَفَعَ
بَعْضَهُمْ دَرَجَاتٍ وَآتَيْنَا
عِيسَى ابْنَ مَرْيَمَ الْبَيِّنَاتِ
وَأَيَّدْنَاهُ بِرُوحِ الْقُدُسِ وَلَوْ
شَاءَ اللَّهُ مَا اقْتَتَلَ الَّذِينَ مِنْ

၂၅၃။ အချို့သော တမန်တော်များကို အချို့သော တမန်တော်များထက် ပိုမို ဂုဏ်ဒြဇ် ခြီးမြှင့်တော်မူခဲ့လေပြီ။ ထိုတမန်တော်များတွင် အလ္လာဟ်အရှင်မြတ် (ကိုယ်တော်တိုင် တိုက်ရိုက်) စကားပြောကြားတော်မူခဲ့သော တမန်တော်များလည်းရှိ၏။ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းတမန်တော်များအနက် အချို့ကို ဂုဏ်ဒြဇ်များစွာ ခြီးမြှင့်မြှောက်စားတော်မူခဲ့လေသည်။ [၂] ၎င်းပြင် ငါ အရှင်မြတ်သည် မရ်ယမ်၏သား (နဗီတမန်တော်) အီစာအား ထင်ရှားလှစွာသောသက်သေခံ လက္ခဏာတော်များကို ခြီးမြှင့်တော်မူခဲ့သည့်ပြင် ရူဟုလ်ကုဒ်စ် ခေါ် စေတမန်'ဂျိဗ်ရီလ်' ဖြင့်လည်းကူညီထောက်မတော်မူခဲ့လေသည်။

ဆက်စပ်မှု

ကုရ်အာန်ကျမ်းမြတ်(၂:၂၅၂)တွင် နဗီတမန်တော်များ၏ အကြောင်း အကျဉ်းသဘောအားဖြင့် ပါရှိသဖြင့် (၂:၂၅၃)တွင် အချို့နဗီတမန်တော်များ၏ ဂုဏ်အင်ဒြဇ်များနှင့် ထိုနဗီတမန်တော်များ၏ နောက်လိုက် တပည့်သားတို့၏ အတ္ထုပ္ပတ္တိများကို ဆက်စပ်၍ မိန့်ဆိုထားတော်မူသည်။

① အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များအနက် အချို့နှင့် တိုက်ရိုက် စကားပြောတော်မူခဲ့သည်၊ အလ္လာဟ်အရှင်မြတ် တိုက်ရိုက်စကား ပြောကြားတော်မူသော တမန်တော်မှာ တမန်တော်မူစာ (အလိုင်ဟစ္စလာမ်) ဖြစ်သည်။ တမန်တော်မူစာအားအလ္လာဟ်အရှင်မြတ် တိုက်ရိုက်စကား ပြောကြားတော်မူသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၄:၁၆၄။ ၇:၁၄၃-၁၄၄) တွင်လည်း အတည့် အလင်း ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

ဤလောကတွင် လူသား တစ်ဦးဦးအား အလ္လာဟ်အရှင်မြတ် စကားပြောကြားတော် မူခြင်းသည် သုံးမျိုးသုံးစားသာရှိသည်။ (၁) 'ဝဟ်ယ်'ပို့ချတော်မူခြင်း၊ (၂) အကွယ်မှပြောကြားတော်မူခြင်း၊ (၃) စေတမန်တပါးပါးအား စေလွှတ်၍ 'ဝဟ်ယ်' ပို့ချတော်မူခြင်း။ ကြည့်-ကုရ်အာန် (၄၂:၅၁)။ သို့ဖြစ်ပေရာ တမန်တော်မူစာအား အလ္လာဟ်အရှင်မြတ် စကားပြောကြားတော်မူခြင်းသည် ဖော်ပြပါစကားပြောကြားတော်မူခြင်း သုံးမျိုးအနက် ဒုတိယအမျိုးသာ ဖြစ်ပေမည်။ ကြည့်-ထာနဝီ။

② အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များအနက် အချို့အား ဂုဏ်အင်ဒြဇ်များကို ပိုမို၍ ခြီးမြှင့်ထားတော်မူသည်၊ သို့ဂုဏ်အင်ဒြဇ်ပိုမို၍ ခြီးမြှင့်ခြင်းခံရသော နဗီတမန်တော်မှာ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ပင် ဖြစ်တော်မူသည်။ ဤကားအများမွတ်စ်လင်မ် ပညာရှင်တို့၏ ယူဆချက်တည်း။

ကြည့်-အလ်မနာရ်၊ ရူဟုလ်မအာနီ၊ အလ်ဗဟ်ရုလ်မုဟီးတ်၊

بَعْدِ هِمْ مِّنْ بَعْدِ مَا جَآءَتْهُمُ
الْبَيِّنٰتُ وَلٰكِنِ اخْتَلَفُوْا فَمِنْهُمْ
مَّنْ اٰمَنَ وَمِنْهُمْ مَّنْ كَفَرَ ؕ
وَلَوْ شَآءَ اللّٰهُ مَا اقْتَتَلُوْا ۙ
وَلٰكِنَّ اللّٰهَ يَفْعَلُ
مَا يُرِيْدُ ﴿۲۵۳﴾

အကယ်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အလိုဆန္ဒ ရှိတော်မူခဲ့ပါမူ ယင်း တမန်တော်များ ပွင့်ပြီးသည့်နောက် ရှိခဲ့သော နောက်လိုက်တပည့်သားတို့သည် မိမိတို့ထံဝယ် ထင်ရှားလှစွာသော သက်သေခံလက္ခဏာ တော်များ ရောက်ရှိပြီးသည့် နောက် အချင်းချင်း သတ်ဖြတ်ကြမည် မဟုတ်ပေ၊ သို့ရာတွင် ယင်းသူတို့သည် အချင်းချင်း ကွဲလွဲကြ ပေရာ ထိုသူတို့အနက် အချို့တို့သည် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိ၍ အချို့မှာမူ 'ကုဖ်ရ်' သွေဖည် ငြင်းဆန်လျက်ပင် ရှိကြကုန်၏။

အကယ်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အလိုတော်ရှိခဲ့ပါလျှင် [၁] ထိုသူတို့သည် အချင်းချင်း သတ်ဖြတ်ကြမည် မဟုတ်ချေ။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် မိမိ အလိုတော်ရှိသည်များကို (မိမိ) ပြုလုပ်တော်မူလေသတည်း။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اَنْفِقُوْا

၂၅၄။ အို- "မုအ်မင်န်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြသူ အပေါင်းတို့၊

---

① အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိရာ အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ဖြစ်ပေရာ ကမ္ဘာသူ ကမ္ဘာသား လူသားအားလုံးတို့အား သာသနာ တခုတည်းအပေါ်၌ စုစည်းတော်မူလိုပါက မိမိ၏တန်ခိုးအာဏာတော်ဖြင့် စုစည်းတော်မူနိုင်ပေသည်။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာကို လူသားတို့အား စမ်းသပ်ရာ ကမ္ဘာအဖြစ်ပင် ထားရှိတော်မူလိုသဖြင့် လူသားတို့အား တခုတည်းသော သာသနာအပေါ်၌ မိမိ၏အာဏာတော်ဖြင့် စုစည်းတော်မမူဘဲ လူသားတို့အား သာသနာရေးတွင် မိမိတို့ကြိုက်နှစ်သက်ကြသည့်အတိုင်း လွတ်လပ်စွာ လိုက်နာကျင့်သုံး နိုင်ခွင့်ကို ပေးထားတော်မူခဲ့လေသည်။

သာသနာရေးနှင့် စပ်လျဉ်း၍ သို့လွတ်လပ်ခွင့် ရှိကြသည့်အတိုင်း လူသားတို့သည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တမျိုးနှင့်တမျိုး၊ အယူဝါဒအမျိုးမျိုး ကွဲပြားလာခဲ့ကြလေသည်။ အယူဝါဒကွဲပြားသည်မှအစ အချင်းချင်း ရန်ခိုက်ဒေါသ ဖြစ်ပွားသည့်အခြေသို့ပင် ဆိုက်ရောက်ခဲ့ကြလေသည်။ လူသားတို့တွင် အယူဝါဒကွဲပြားခဲ့သည်ကို ကမ္ဘာရဇဝင်တလျှောက်တွင် တွေ့ရှိနိုင်ပေသည်။ ကြည့်-မာကျိဒ်။

مِمَّا رَزَقْنٰكُمْ مِّنْ قَبْلِ اَنْ يَّاْتِيَ
يَوْمٌ لَّا بَيْعٌ فِيْهِ وَلَا خُلَّةٌ وَّلَا
شَفَاعَةٌ ۭ وَالْكٰفِرُوْنَ
هُمُ الظّٰلِمُوْنَ ۝

ငါအရှင်မြတ်သည် အသင်တို့အား ပေးသနားတော်မူသော ဥစ္စာပစ္စည်းများအနက်မှ (အချို့အဝက်ကို) အသင်တို့သည် "ကိယာမတ်" နေ့မရောက်မီပင် လျှုဒါန်းပေးကမ်းကြကုန်လော့။ ထိုနေ့တွင် မည်သည့် ရောင်းဝယ်မှုမျှရှိမည်မဟုတ်၊ မိတ်ဆွေဖြစ်မှုလည်း ရှိမည်မဟုတ်၊ အသနားခံ တောင်းပေးမှုလည်းရှိမည်မဟုတ်။ "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူများသာလျှင် ကျူးကျော်စော်ကားသူများဖြစ်ကြသည်။

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ ۚ اَلْحَيُّ
الْقَيُّوْمُ ۚ لَا تَاْخُذُهٗ سِنَةٌ وَّلَا
نَوْمٌ ۭ لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي
الْاَرْضِ ۭ مَنْ ذَا الَّذِيْ يَشْفَعُ
عِنْدَهٗٓ اِلَّا بِاِذْنِهٖ ۭ يَعْلَمُ مَا بَيْنَ
اَيْدِيْهِمْ وَمَا خَلْفَهُمْ ۚ وَلَا
يُحِيْطُوْنَ بِشَيْءٍ مِّنْ عِلْمِهٖٓ
اِلَّا بِمَا شَاۗءَ ۚ وَسِعَ كُرْسِيُّهُ
السَّمٰوٰتِ وَالْاَرْضَ ۚ وَلَا يَـــُٔـوْدُهٗ
حِفْظُهُمَا ۚ وَهُوَ الْعَلِيُّ
الْعَظِيْمُ ۝

၂၅၅။ အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ခဝပ် ကိုးကွယ်ရာ အရှင် ဖြစ်တော်မူ၏)။ ထို အရှင်မြတ်မှတပါး ကိုးကွယ်ခြင်းခံထိုက်သူဟူ၍ အလျင်းမရှိပြီ။ (ထို အရှင်မြတ်သည်) အမြဲ ရှင်နေတော် မူသော အရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည်နေတော်မူ၍ သတ္တဝါအပေါင်းတို့.ကိုလည်း) ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင် ဖြစ်တော်မူ၏။ ထို အရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်၎င်း ၊ အိပ်စက်ခြင်းသည်၎င်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသ ကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိသက်မဲ့)အရာဝတ္ထုဟူသမျှတို့.ကို ပိုင်ဆိုင်တော်မူသော အရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါး အတွက် အသနားခံ တောင်းပန်ပေး နိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့.၏ ရှေ့နောက်အဖြစ်အပျက် အကြောင်းကိစ္စအလုံးစုံတို့.ကို အကြွင်းမဲ့ သိရှိတော် မူလေသည်။ သို့.ရာတွင် ယင်းသူတို့.သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့. အနက်မှ

ထိုအရှင်မြတ် အလိုရှိတော်မူသော အကြောင်းကိစ္စမှ အပ တစုံတရာကိုမျှ ဝန်းခြုံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင် တခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်း နွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်တမူကား ထို အရှင်မြတ်သည် (မကြေစည်နိုင်အောင်) မြင့်မြတ်တော်မူသောအရှင်၊ ကြီးကဲ ထွတ်မြတ်တော်မူသောအရှင်တည်း။ [၁]

لَآ إِكْرَاهَ فِى الدِّينِ ۖ قَد تَّبَيَّنَ الرُّشْدُ مِنَ الْغَىِّ ۚ فَمَن يَكْفُرْ بِالطَّٰغُوتِ وَيُؤْمِنۢ بِاللَّهِ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ

၂၅၆။ ဖြောင့်မတ်မှန်ကန်သော (အစ္စလာမ်သာသနာတော်၏) တရားလမ်းစဉ်သည် မမှန်ကန်သော လမ်းစဉ်နှင့် (သိသိသာသာ) ရှင်းလင်းထင်ရှားစွာ ကွဲပြားခြားနားလျက်ရှိနေပြီဖြစ်ပေရာ (မည်သူတစ်ဦးတစ်ယောက်ကိုမျှ အစ္စလာမ်)သာသနာတော်တွင်၌ (ဝင်ရောက်ရန်အတွက်) အတင်းအဓမ္မ အနိုင်အထက် အလျင်းမပြုရ။

---

① ဤမုဏ္ဍပါဠိတော်၏ အမည်နာမမှာ **'အာယတုလ်ကုရ်စီ'** ဟူ၍ဖြစ်၏။ ဤမုဏ္ဍပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို ပြည့်ဝစုံလင်စွာ ဖွင့်ဟမိန့်ဆို ထားတော်မူ၏။ ဤမုဏ္ဍပါဠိတော်၏ တန်ခိုးတော်များကား ကြီးမားလှ၏။ ထို့အတွက်ကြောင့်ပင်လည်း ဤမုဏ္ဍပါဠိတော်၏ ထွတ်မြတ်ခြင်း အကြောင်းများကို 'ဟဒီဆ်' ကျမ်းကြီးများတွင် အများအပြားတွေ့ရှိရပေသည်။ ဤတွင် ဤမုဏ္ဍပါဠိတော်နှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ အချို့သြဝါဒတော်ကို အောက်တွင် ရေးသား ဖော်ပြလိုပေသည်။

အကြင်သူတစ်ဦးသည် 'ဖရသ်ဆွလာတ်' ဝတ်ပြုပြီးသည့်အခါတိုင်းတွင် 'အာယတုလ်ကုရ်စီ' ကို ရွတ်ဘတ်သရဇ္ဈာယ်သည်ရှိသော် ထိုသူအား 'ဂျန္နတ်' သို့ ဝင်ရောက်ရန် မရဏသေခြင်း တရားမှအပ အဘယ်တစ်စုံတရာကမျှ ပိတ်ပင်တားဆီးနိုင်သည်မရှိချေ။ သေခြင်းအမှုသည်သာလျှင် ကျန်ရှိပေတော့သည်။

အကြင်သူတစ်ဦးသည် မိမိအိပ်ရာသို့ ဝင်သောအခါ 'အာယတုလ်ကုရ်စီ' ကို ရွတ်ဘတ် သရဇ္ဈာယ်သည်ရှိသော် အလ္လာဟ် အရှင်မြတ်သည် ထိုသူ့အားဎီး၊ ထိုသူ၏ အိမ်နီးချင်းကိုဎီး၊ ထိုသူ၏အိမ်နီးချင်း၏ အိမ်နီးချင်း ကိုဎီး၊ ထိုသူ၏ ပတ်ဝန်းကျင်ရှိ အိမ်များ ကိုဎီး (ဘေးရန် ခပ်သိမ်းတို့မှ) ကင်းဝေးမြဲ စေတော်မူအံ့။

الْوُثْقٰى ۗ لَا انْفِصَامَ لَهَا ۗ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿٢٥٦﴾

သို့ဖြစ်၍ အကြင်သူ တစ်ဦးတစ်ယောက်သည် (အလ္လာဟ်အရှင်မြတ်မှအပ လူသားတို့ မှတ်ယူထားသော မမှန်ကန်သော ကိုးကွယ်ရာများကို) သွေဖည်ငြင်းဆန် (စွန့်လွှတ်ပယ်ရှား)ကာ (တဆူတည်းသော) အလ္လာဟ်အရှင်မြတ် ကိုသာလျှင် ယုံကြည်ကိုးကွယ်ပါမူ ဧကန်အမှန် ထိုသူသည် အလွန်ခိုင်မြဲ၍ ယုံကြည် အားကိုးဘွယ်ရာ ဖြစ်သည့်ပြင် မည်သည့် အခါမျှ ကျိုးပျက်ခြင်းအလျင်းမရှိသော ကြိုးကွင်းကို မြဲမြံစွာဆွဲကိုင်ထားသူဖြစ်ချေပြီ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အသင်တို့၏ နှုတ်လျှာမှ ထွက်ဆိုသော အကြောင်းအရာများကို) အလုံးစုံကြားတော်မူသောအရှင်၊ (အသင်တို့စိတ်တွင်း၌ လျှို့ဝှက်သောအကြောင်းအရာ) ခပ်သိမ်းတို့ကိုလည်း အကြွင်းမရှိ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

اَللّٰهُ وَلِيُّ الَّذِيْنَ اٰمَنُوْا يُخْرِجُهُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ۗ وَالَّذِيْنَ كَفَرُوْٓا اَوْلِيٰٓـُٔهُمُ الطَّاغُوْتُ يُخْرِجُوْنَهُمْ مِّنَ النُّوْرِ اِلَى الظُّلُمٰتِ ۗ اُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا

၂၅၇။ အလ္လာဟ် အရှင်မြတ်သည် ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိသူ အပေါင်းတို့ကို (အထူးကြည့်ရှုစောင့်မတော် မူသော) အဆွေခင်ပွန်းပင်တည်း။ ထိုအရှင်မြတ်သည် ယင်းယုံကြည်သူအပေါင်းတို့ကို ("ကုဖ်ရ်" တည်းဟူသော) အမိုက်မှောင်များ အတွင်းမှ (အစွမ်းလာမ်တည်းဟူသော) အလင်းရောင်သို့ ထုတ်ယူပို့ဆောင်တော်မူလေသည်။ သို့ရာတွင် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့၏ အဆွေခင်ပွန်းများမှာ မူကား ရှိုင်တွာန်များပင်တည်း။ ယင်းရှိုင်တွာန်များသည် ထိုသူတို့အား (အစွမ်းလာမ်တည်းဟူသော) အလင်းရောင်မှ "ကုဖ်ရ်" တည်းဟူသော အဝိဇ္ဇာအမိုက်မှောင်အတွင်းသို့ ပို့ဆောင်ကြကုန်၏။

خَٰلِدُونَ ﴿٢٥٨﴾

ယင်းကဲ့သို့ (အစ္စလာမ်သာသနာတော်ကို) မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့သည် ငရဲသားများဖြစ်ကြရကား ထိုငရဲ၌ပင် ထာဝစဉ်ခံစား နေထိုင်ကြရမည့်သူများ ဖြစ်ကြပေသတည်း။

၂၅၈။ (အို-နဗီတမန်တော်) အသင်သည် အကြင် (ဘုရင်)၏ အကြောင်းကို လေ့လာဆင်ခြင်ပြီး မဟုတ်ပါလော။ အလ္လာဟ် အရှင်မြတ်သည် ထိုဘုရင်အား သြဇာအာဏာတိက္ကမ ပေးသနားတော်မူထား သည့်အတွက်ကြောင့် ထိုဘုရင်သည် (စောင်းမာန် တက်ကြွပြီး) နဗီတမန်တော် အီဗ်ရာဟီမ် (အလိုင် ဟစ္စလာမ်)အား မွေးမြူတော်မူသော အရှင်နှင့် ပတ်သက်၍ ထိုတမန်တော် အီဗ်ရာဟီမ် (အလိုင် ဟစ္စလာမ်)နှင့် အငြင်းအခုံ ပြုခဲ့လေသည်။ အခါတပါး၌ နဗီတမန်တော် အီဗ်ရာဟီမ် (အလိုင် ဟစ္စလာမ်)က (ယင်း ဘုရင်၏ မေးခွန်းကို အကြောင်းပြု၍) 'ငါ့အား မွေးမြူတော်မူသော အရှင်မြတ်သည် (သက်မဲ့ အပေါင်းတို့ကို) ရှင်စေတော်မူသောအရှင်၊ (သက်ရှိ အပေါင်းတို့ကို) သေစေတော်မူသောအရှင် ပင် ဖြစ်တော်မူပေသည်' ဟု ဖြေကြားခဲ့လေသည်။ ထိုအခါ ထို(ဘုရင်)က 'ငါသည်လည်း (မိမိ အလိုရှိသူကို သေဒဏ်မှ လွတ်မြောက်စေခြင်းအားဖြင့်) ရှင်စေနိုင်သည်၊ ထိုနည်းတူစွာ ငါသည်လည်း (မိမိအလိုရှိသူကိုသတ်စေခြင်းအားဖြင့်) သေစေနိုင် သည်' ဟု ပြန်လည်ပြောကြားရာ နဗီတမန်တော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်) က (ထိုဘုရင်၏ အသိဉာဏ် ခေါင်းပါးမှုကို ထောက်ရှုကာ) ဧကန် စင်စစ် (ငါ၏ ကိုးကွယ်ရာအရှင် ဖြစ်တော်မူသော) အလ္လာဟ် အရှင်မြတ်သည် သူရိယနေကို အရှေ့ဘက်မှ

اَلَمْ تَرَ اِلَى الَّذِىْ حَآجَّ اِبْرٰهٖمَ فِىْ رَبِّهٖٓ اَنْ اٰتٰىهُ اللّٰهُ الْمُلْكَ اِذْ قَالَ اِبْرٰهٖمُ رَبِّىَ الَّذِىْ يُحْىٖ وَيُمِيْتُ ۙ قَالَ اَنَا اُحْىٖ وَاُمِيْتُ ؕ قَالَ اِبْرٰهٖمُ فَاِنَّ اللّٰهَ يَاْتِىْ بِالشَّمْسِ مِنَ الْمَشْرِقِ فَاْتِ بِهَا مِنَ الْمَغْرِبِ فَبُهِتَ الَّذِىْ كَفَرَ ؕ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿٢٥٨﴾

ထွက်စေတော်မူလေသည်။ အသင်သည် (အလ္လာဟ် အရှင်မြတ်ကဲ့သို့ တန်ခိုး အာနုဘော်နှင့် ပြည့်စုံပါလျှင်) ထိုသူရိယနေကို အနောက်ဘက်မှ ထွက်စေပါလေ' ဟု (တနည်းပြောင်း၍) ပြောကြားပြန်လေသည်။ ထိုအခါ (အလ္လာဟ်အရှင်မြတ်ကို) မယုံမကြည်သွေဖည်ငြင်းပယ်သော (ဘုရင်)သည် (တစုံတရာမျှ တုံ့ပြန် ဖြေကြားနိုင်သည်မရှိဘဲ) မိန်းမောတွေဝေအံ့အားသင့်၍ သွားလေတော့သည်။ စင်စစ် တမူကား အလ္လာဟ် အရှင်မြတ်သည် (ယင်းကဲ့သို့) မတော်မတရား ကျူးလွန်သော သူများအား တရားလမ်းမှန်ကို ညွှန်ကြား ပြသတော်မမူချေ။

أَوْ كَالَّذِي مَرَّ عَلَىٰ قَرْيَةٍ وَهِيَ خَاوِيَةٌ عَلَىٰ عُرُوشِهَا قَالَ أَنَّىٰ يُحْيِي هَٰذِهِ اللَّهُ بَعْدَ مَوْتِهَا فَأَمَاتَهُ اللَّهُ مِائَةَ عَامٍ ثُمَّ بَعَثَهُ قَالَ كَمْ لَبِثْتَ قَالَ لَبِثْتُ يَوْمًا أَوْ بَعْضَ يَوْمٍ قَالَ بَل لَّبِثْتَ مِائَةَ عَامٍ فَانظُرْ إِلَىٰ طَعَامِكَ وَشَرَابِكَ لَمْ يَتَسَنَّهْ وَانظُرْ إِلَىٰ حِمَارِكَ

၂၅၉။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် အကြင်သူ၏ အဖြစ်အပျက်ကို လေ့လာဆင်ခြင်သုံးသပ်ပြီးဖြစ်သည် မဟုတ်ပါလော။ ထိုသူသည် (အိမ်ခေါင်မိုးများပြိုကျကာ နံရံများသည်လည်း) ခေါင်မိုးများပေါ်သို့ ပြိုကျ၍ ပျက်စီးလျက်ရှိသော မြို့ရွာတစ်ခုကို ဖြတ်သန်းသွားလေရာ "အလ္လာဟ် အရှင်မြတ်သည် ဤမြို့ရွာကို ပျက်စီးပြီးနောက် အဘယ်နည်းဖြင့် ပြန်လည် (ရှင်စေ) ထူထောင်တော်မူအံ့နည်း" ဟု (မိမိစိတ်တွင်းဝယ် အံ့သြကြီးစွာဖြင့် တွေးဆ) ပြောဆိုလေသည်။ သို့ဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်သည် ထိုသူအား နှစ်ပေါင်းတရာတိတိ သေစေတော်မူခဲ့လေ၏။ ထို့နောက်တဖန် ထိုအရှင်မြတ်သည် ထိုသူအားရှင်စေတော်မူ၍ "အသင်သည် (ဤနေရာ၌)မည်မျှတိုင်အောင် ကြာမြင့်စွာနေခဲ့ပါသနည်း" ဟု မေးမြန်းတော်မူလေရာ ထိုသူက ကျွန်တော်မျိုးသည် တနေ့တိတိ သို့တည်းမဟုတ် တနေ့လျော့လျော့နေခဲ့ပါသည်" ဟု လျှောက်ထားလေသည်။

وَلِنَجْعَلَكَ اٰيَةً لِّلنَّاسِ وَانْظُرْ اِلَى الْعِظَامِ كَيْفَ نُنْشِزُهَا ثُمَّ نَكْسُوْهَا لَحْمًا ؕ فَلَمَّا تَبَيَّنَ لَهٗ قَالَ اَعْلَمُ اَنَّ اللّٰهَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿٢٦٠﴾

(ထိုအခါ အလ္လာဟ် အရှင်မြတ်က) "ဤသို့မဟုတ်၊ စင်စစ်မှာကား အသင်သည်နှစ်ပေါင်းတရာမျှတိုင်အောင် နေခဲ့လေပြီ။ အသင်သည် မိမိ၏စားဘွယ် သောက်ဘွယ်ရာများကို ရှုပါလေ၊ ထိုစားဘွယ်ရာများသည် (ဤမျှ နှစ်ကာလ ပရိစ္ဆေဒကြာမြင့်သော်လည်း ဓိုးစဉ်းမျှ) ပုပ်သိုးနံစော်ခြင်းမရှိပြီ။ တဖန် (မိမိ စီးနင်း၍လာသော) မြည်းတိရိစ္ဆာန်ကို (လည်း) ကြည့်ပါလေ၊ စင်စစ်တမူကား ငါအရှင်မြတ်သည် အသင့်ကို (ယင်းကဲ့သို့သေစေတော်မူပြီး တဖန်ရှင်စေတော် မူခြင်းမှာ လူခပင်းတို့ အတို့သက်သေခံ လက္ခဏာတရပ် ပြုလုပ်တော်မူရန်ပင်တည်း။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် (အသင် စီးနင်း၍လာသော မြည်းတိရိစ္ဆာန်၏) အရိုးများကို မည်သည့်နည်းမျိုးဖြင့် ဆက်စပ်တော်မူ၍ အသားဖြင့် ဖုံးအုပ်ပေးတော်မူသည်ကိုလည်း ရှုပါလေ" ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် (အလ္လာဟ် အရှင်မြတ်မိန့်ကြားတော်မူသည့်အတိုင်း အဖြစ်အပျက်အလုံးစုံတို့သည်) ထိုသူ့အတို့ရာ ထင်ရှားလာသောအခါ ထိုသူက "မုချဇကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ဖြစ်တော်မူသည်ကို ကျွန်တော်မျိုး (မျက်မြင်ဒိဋ္ဌသိမြင်) ယုံကြည်ပါပြီ"ဟု လျှောက်ထားလေသတည်း။

وَاِذْ قَالَ اِبْرٰهٖمُ رَبِّ اَرِنِىْ كَيْفَ تُحْىِ الْمَوْتٰى ؕ قَالَ اَوَلَمْ تُؤْمِنْ ؕ قَالَ بَلٰى

၂၆၀။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ပြန်လည်အောက်မေ့ သတိရပါလေ။ တရံရောအခါ နဗီတမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်) သည် (အလ္လာဟ်အရှင်မြတ် အထံတော်၌ ဤသို့) လျှောက်ထားခဲ့လေသည်။

وَلَٰكِن لِّيَطْمَئِنَّ قَلْبِي ۖ قَالَ فَخُذْ أَرْبَعَةً مِّنَ الطَّيْرِ فَصُرْهُنَّ إِلَيْكَ ثُمَّ اجْعَلْ عَلَىٰ كُلِّ جَبَلٍ مِّنْهُنَّ جُزْءًا ثُمَّ ادْعُهُنَّ يَأْتِينَكَ سَعْيًا ۚ وَاعْلَمْ أَنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٢٦٠﴾

အိုး-ကျွန်တော်မျိုးအား မွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် (ရှင်ပြန်ထမည့် နေ့တွင်)သေသူများအား မည်သည့်နည်းဖြင့် ရှင်စေတော်မူမည်ကို ကျွန်တော်မျိုးအား ပြသတော်မူပါ။ ၁ ထိုအခါ အလ္လာဟ်အရှင်မြတ်က " (အိုး-နဗီတမန်တော်အီဗ်ရာဟီမ်) အသင်သည် (သေသူတို့အား ငါအရှင်မြတ် ရှင်ပြန်ထစေတော်မူမည်ကို) မယုံကြည်ပါသလော" ဟု မေးမြန်းတော်မူရာ နဗီတမန်တော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)က ထိုသို့မဟုတ်ပါ၊ မူချပင်ယုံကြည်ပါ၏။ သို့ရာတွင် မိမိစိတ်နှစ်သိမ့်ကျေနပ်ရန် အလို့ငှါ (လျှောက်ထားခြင်းသာဖြစ်ပါသည်)ဟု လျှောက်ထားလေသည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်က "သို့ဖြစ်လျှင် (အိုး-အီဗ်ရာဟီမ်) အသင်သည် ငှက်သတ္တဝါ လေးကောင် ကို (ဖမ်း) ယူပြီးလျှင် ထိုငှက်သတ္တဝါများကို မိမိထံ၌ အပိုင်းပိုင်း ဖြတ်တောက်၍ (မိမိပတ်ဝန်းကျင်၌ ရှိသော) တောင်အသီးသီးတို့ပေါ်ဝယ် ထားပါလေ။ ထို့နောက် သင်သည် ယင်း ငှက်သတ္တဝါတို့ကို ဟစ်အော်၍ ခေါ်ပါလေ။ ယင်း ငှက်သတ္တဝါတို့သည် (ရှင်ပြန်ထ၍) အသင့်ထံပြေး၍ လာကြလိမ့်မည်။ ထို့ပြင် မူချဇကန် အလ္လာဟ်အရှင်မြတ်သည် ဘုန်းတန်ခိုး အာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ထူးကဲသော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော် မူသော အရှင်ဖြစ်တော်မူသည်ကို အသင် ယုံကြည်မှတ်ယူပါလေ" ဟု မိန့်ကြားတော်မူလေသတည်း။

---

① နောင် တမလွန်ဘဝ၌ အလ္လာဟ် အရှင်မြတ်သည် သူသေ ခပ်သိမ်းတို့အား ပြန်လည် ရှင်ထစေတော်မူမည့် အကြောင်းသည် 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရားတွင် အပါအဝင်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ် (၂:၂၅၉ -၂၆၀)တွင် ဖော်ပြပါရှိသော တမန်တော် အုဇိုင်ရ် (အလိုင်ဟစ္စလာမ်) ➤➤

مَثَلُ الَّذِينَ يُنفِقُونَ أَمْوَالَهُمْ فِي سَبِيلِ اللَّهِ كَمَثَلِ حَبَّةٍ أَنبَتَتْ سَبْعَ سَنَابِلَ فِي كُلِّ سُنۢبُلَةٍ مِّائَةُ حَبَّةٍ ۗ وَاللَّهُ يُضَاعِفُ لِمَن يَشَاءُ ۗ وَاللَّهُ وَاسِعٌ عَلِيمٌ ﴿٢٦١﴾

၂၆၁။ မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ [၁] ပေးကမ်းလှူဒါန်းသုံးစွဲသူတို့၏ (အလှူပစ္စည်းများသည်) အကြင်မျိုးစေ့နှင့်အလားတူ၏။ ယင်းမျိုးစေ့သည် ကောက်နှံခုနစ်နှံကို ပေါက်ရောက်စေ၏။ ထိုကောက်နှံအသီးသီးတို့တွင် အစေ့ပေါင်း တရာစီပါရှိလေသည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော်မူသော သူတို့အဘို့ (ယင်းကဲ့သို့ပင်) ဆထက်ထမ်းပိုးတိုးပွားစေတော်မူလေသည်။ [၂] အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် ရက်ရောစွာ ပေးသနားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမရှိသိတော်မူသောအရှင် ဖြစ်တော်မူလေသတည်း။

➤➤ နှင့် တမန်တော် အီဗ်ရာဟီမ် (အလိုင်ဟ္ဝစ္စလာမ်) တို့၏ အထ္ထုပ္ပတ္တိများသည် နောင်တမလွန်ဘဝတွင် ပြန်လည်ရှင်ထခြင်းအတွက် အလွန်ထင်ရှားသော သက်သေ သာဓကများပင် ဖြစ်ချေသည်။

① အစ္စလာမ် သာသနာရေး ကိစ္စအဝဝအားလုံးတို့သည် 'အလ္လာဟ်အရှင်မြတ်၏လမ်းတော်' ဟူသော စကားတွင် အကျုံးဝင်လျက်ရှိပေသည်။ ကြည့်-(အလ်မနာရ်)၊ (မာဂျီဒီ)။

② အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ ပြုလုပ်သော အလှူဒါနများ၏ ကုသိုလ် အကျိုးများကို ထိုအရှင်မြတ်သည် လှူဒါန်းသူ၏ စိတ်စေတနာ သဒ္ဓါတရားအလျောက် (ဟိန၊ မဇ္ဈိမ၊ ပဏီတ) အငယ်၊ အလတ်၊ အမြတ်အားဖြင့် အချို့တို့အား ၁၀-ဆတိုးမြှင့်၍ ပေးသနားတော်မူသည်၊ ကြည့်-ကုရ်အာန်-(၆:၁၆၀)၊

အချို့တို့အား အဆပေါင်း ၇၀၀-တိုး၍ ပေးသနားတော်မူ သည်၊ ကြည့်-ကုရ်အာန် (၂:၁၆၁)၊

အချို့တို့ကိုမူကား အသင်္ချေအသင်္ချာ မရေမတွက်နိုင်အောင် ပေးသနားတော်မူသည်၊ ကြည့်-ကုရ်အာန် (၂:၂၁၁၊ ၂၄:၃၈၊ ၃၉:၁၀၊ ၄၀:၄၀)။

ဆက်စပ်မှု။

အထက်တွင် မိန့်ဆိုခဲ့ပြီးသော မုက္ခပါဠ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ ပြုလုပ်သော အလှူဒါနများ၏ ကုသိုလ်အကျိုးများကို အလ္လာဟ်အရှင်မြတ်သည် ဆထက်ထမ်းပိုးတိုး၍ ခြီးမြှင့်တော်မူသည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

ယခုလာလတ္တံ့သော မုက္ခပါဠ်တော်တွင် လှူဒါန်းပေးကမ်းရာ၌ လိုက်နာအပ်သော စည်းကမ်းချက်များကို ထုတ်ဖော် မိန့်ဆိုထားတော်မူသည်။

اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ ثُمَّ لَا يُتْبِعُوْنَ مَآ اَنْفَقُوْا مَنًّا وَّلَآ اَذًى ۙ لَّهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿٢٦٢﴾

၂၆၂။ အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ပေးကမ်းလှူဒါန်းသုံးစွဲကြကုန်၏။ ထိုကဲ့သို့ပေးကမ်းစွန့်ကြဲသုံးစွဲပြီးသည့်နောက် ယင်းသူတို့သည် (မိမိတို့စွန့်ကြဲပေးကမ်းသော သူဆင်းရဲတို့အား) ဂုဏ်ဖော်ခြင်းလည်းမပြုကြချေ၊ ထိုနည်းတူစွာ မည်သည့်ဒုက္ခရောက်စေခြင်းကိုမှလည်း မပြုကြချေ။ ထိုကဲ့သို့သော သူတို့အဘို့ ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်၌ ကုသိုလ် အကျိုးများရှိသည်။ ယင်းသူတို့အဘို့ မည်သည့်စိုးရိမ်ကြောင့်ကြခြင်းမျှလည်းမရှိ။ ယင်းသူတို့သည် ပူဆွေးကြမည်လည်းမဟုတ်ကြချေ။

قَوْلٌ مَّعْرُوْفٌ وَّمَغْفِرَةٌ خَيْرٌ مِّنْ صَدَقَةٍ يَّتْبَعُهَآ اَذًى ۗ وَاللّٰهُ غَنِيٌّ حَلِيْمٌ ﴿٢٦٣﴾

၂၆၃။ (ပေးကမ်း လှူဒါန်းခြင်းမပြုနိုင်သော အချိန်အခါဝယ် သူဖုန်းစားသူဆင်းရဲတို့အား) ကောင်းမြတ်သော စကားတခွန်း ပြောဆိုခြင်းသည်လည်းကောင်း၊ (သူဖုန်းစားသူဆင်းရဲတို့၏ ဇွတ်တရွတ် မဖွယ်မရာ ပြောဆိုပြုလုပ် သည်များကို) ခွင့်လွှတ်ခြင်းသည်လည်းကောင်း (ဥစ္စာပစ္စည်း) ပေးကမ်းစွန့်ကြဲလှူဒါန်းပြီးနောက် (ယင်းသူဆင်းရဲတို့အား အထင်အမြင်သေးခြင်း စသည်တို့ဖြင့်) စိတ်ဒုက္ခရောက်စေခြင်းထက် (အဆပေါင်း များစွာ) သာလွန်၍ကောင်းမြတ်ပေသတည်း။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်ကြွယ်ဝတော်မူသော အရှင်၊ ခမာဂုဏ်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်မြတ်ဖြစ်တော်မူလေသတည်း။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا

၂၆၄။ အို-ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အလှူဒါနများကို ကျေးဇူး ဖော်ခြင်း အားဖြင့်၎င်း၊ စိတ်

لَا تُبْطِلُوا صَدَقٰتِكُمْ بِالْمَنِّ
وَالْاَذٰى ۙ كَالَّذِيْ يُنْفِقُ
مَالَهٗ رِئَآءَ النَّاسِ وَلَا يُؤْمِنُ
بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۭ فَمَثَلُهٗ
كَمَثَلِ صَفْوَانٍ عَلَيْهِ تُرَابٌ
فَاَصَابَهٗ وَابِلٌ فَتَرَكَهٗ صَلْدًا ۭ
لَا يَقْدِرُوْنَ عَلٰي شَيْءٍ مِّمَّا
كَسَبُوْا ۭ وَاللّٰهُ لَا يَهْدِي
الْقَوْمَ الْكٰفِرِيْنَ ۝

ဒုက္ခ ရောက်စေခြင်း အားဖြင့်ငင်း၊ အကြင်သူကဲ့သို့ အချည်းနှီး မဖြစ်စေကြကုန်လင့်။ ထိုသူသည် အလ္လာဟ်အရှင်မြတ်နှင့်နောက်ဆုံးနေ့ကို မယုံကြည်ဘဲလျက် လူတို့အား ပြစားရန်အလို့ငှါသာ မိမိဥစ္စာပစ္စည်းကို လှူဒါန်းပေးကမ်း၏။ သို့ဖြစ်လေရာ ထိုသူသည် သွေ့ခြောက်ချောမွတ် မာကျောပြောင်လက်သော ကျောက်တုံးနှင့် အလားသဏ္ဌာန်တူ၏၊ ထိုကျောက်တုံးပေါ်တွင် အနည်းငယ် မြေမှုန့်တင်လျက်ရှိ၏၊ ထိုကျောက်တုံးပေါ်၌ သည်းထန်သော မိုးသည် ရွာသွန်းချလိုက်ရာ (မြေမှုန့်များသည် မိုးရေနှင့်အတူ မျောပါ၍သွားသဖြင့်) ထိုကျောက်တုံးသည် ပြကတော့အတိုင်း ကျောက်သားမျှသာ ပြောင်လက်စွာ ကျန်ရှိခဲ့လေသည်။ ထိုကဲ့သို့သော သူများသည် မိမိတို့ ရှာဖွေ ဆည်းပူးခဲ့ကြသော ကောင်းမှု ကုသိုလ်များအနက် အဘယ်တစုံတရာကို မျှပင် (နောင် 'ကိယာမတ်' နေ့တွင်) ရရှိနိုင်ကြမည် မဟုတ်ချေ။ (ဤသူတို့ကား ကျောက်တုံးနှင့်အလားသဏ္ဌာန်တူသော ကာဖိရ်များသာ ဖြစ်ကြပေသည်)၊ အလ္လာဟ် အရှင်မြတ်သည် (ယင်းကဲ့သို့သော) 'ကာဖိရ်' တို့အား တရားဓမ္မ ညွှန်ပြတော်မူမည် မဟုတ်ချေ။

وَمَثَلُ الَّذِيْنَ يُنْفِقُوْنَ
اَمْوَالَهُمُ ابْتِغَاۗءَ مَرْضَاتِ
اللّٰهِ وَتَثْبِيْتًا مِّنْ اَنْفُسِهِمْ
كَمَثَلِ جَنَّةٍۢ بِرَبْوَةٍ اَصَابَهَا

၂၆၅။ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို ဆည်းပူးရှာဖွေရန်ငင်း၊ မိမိတို့၏ စိတ်နှလုံးများတွင် (သဒ္ဓါတရား) ထက်သန်မြဲမြံ ခိုင်ခန့်စေရန်ငင်း မိမိတို့၏ ဥစ္စာပစ္စည်းများကို ပေးကမ်းလှူဒါန်း စွန့်ကြဲကြကုန်၏။ ထိုသူတို့(လှူဒါန်းသောအလှူဒါန)၏ ဥပမာသည် ကုန်းမြင့်ပေါ်တွင်ရှိသော ဥယျာဉ်နှင့် အလားသဏ္ဌာန်တူ၏။

وَابِلٌ فَاٰتَتْ اُكُلَهَا ضِعْفَيْنِ ۚ فَاِنْ لَّمْ يُصِبْهَا وَابِلٌ فَطَلٌّ ۗ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿٢٦٥﴾

ထိုဥယျာဉ်၌ သည်းထန်းသောမိုးသည် ရွာသွန်းချ၏။ သို့ဖြစ်လေရာ ထိုဥယျာဉ်သည် မိမိ၏ အသီးအနှံများကို (အခြားသောဥယျာဉ်များထက်) နှစ်ဆတိုး၍ ပေါက်ပွားစေလေသည်။ အကယ်၍ ထိုဥယျာဉ်၌ သည်းထန်သောမိုး ရွာသွန်းခြင်း မရှိသော်လည်း (မြေဩဇာ ကောင်းသည့်အတွက်ကြောင့်) မိုးဖွဲကျခြင်းသည်ပင် (ထိုဥယျာဉ်အတွက် လုံလောက်ပေသည်)။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် သင်တို့ ပြုလုပ်သမျှသော ကိစ္စအဝဝကို အကြွင်းမဲ့ ခွဲခြား သိမြင်တော် မူသောအရှင် ဖြစ်တော်မူသည်။ ၁

أَيَوَدُّ أَحَدُكُمْ أَنْ تَكُوْنَ لَهٗ جَنَّةٌ مِّنْ نَّخِيْلٍ وَّاَعْنَابٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ لَهٗ

၂၆၆။ အသင်တို့အနက် တဦးတယောက်သော သူသည် (ဤအဖြစ်ကို) ကြိုက်နှစ်သက်ပါသလော၊ (အဖြစ်ကား) ထိုသူ၌ စွန်ပလွံ၊ သပြက်ဥယျာဉ်တခု ရှိ၏၊ ထိုဥယျာဉ်အောက်မှ ရေယဉ်ချောင်းများ စီးတွေလျှက်ရှိ၏။

---

① **ဖော်ပြချက်။**

အကြင်လယ်သမားသည် မိမိတို့လယ်ယာ၌ မြေဩဇာချ၍ လယ်လုပ်ကရိယာ စုံလင်စွာဖြင့် ကောင်းမွန်စွာထွန်ယက်ပြီး မျိုးစေ့ကောင်းများကို စံနစ်တကျ စိုက်ပျိုးပါက အောင်မြင်ဖွံ့ဖြိုးသော အသီးအနှံများကို အမှန်ပင်ရရှိပေမည်။ ထိုနည်းအတူပင် အလ္လာဒါနပြုသူတို့သည်လည်း လယ်ယာမြေကောင်းနှင့်တူသော အလ္လာခံပုဂ္ဂိုလ်တို့အား မျိုးစေ့ကောင်းနှင့်တူသော စေတနာ သဒ္ဓါမျိုးစေ့ကို စံနစ်တကျစိုက်ပျိုး လှူဒါန်းကြပါလျှင် အလ္လာဒါန၏ ကုသိုလ်အကျိုးကို ဆထက်ထောင်ရာ များပြားစွာ ရရှိကြပေမည်။ ထိုအကြောင်းနှင့် ပတ်သက်၍ 'လယ်ယာကောင်းကောင်း မျိုးကောင်းကောင်း တစလောင်းနှင့် တသောင်းထွက်၏' ဟု ဆိုရိုးပြုကြ၏။

အကြင်လယ်သမားသည် မြေဩဇာ မကောင်းသောလယ်၌ စံနစ်တကျ ထွန်ယက်ခြင်းမပြုဘဲ ညံ့ဖျင်းသောမျိုးစေ့ကို စိုက်ပျိုးပါလျှင် အောင်မြင်ဖွံ့ဖြိုးသော အသီးအနှံများကို ရရှိ နိုင်လိမ့်မည်မဟုတ်ချေ။ ထို့အတူပင် အကြင်အလ္လာရှင်တစ်ဦးတွင် လယ်မြေနှင့်တူသော အလ္လာခံပုဂ္ဂိုလ်ကလည်း ညံ့ဖျင်း၍ မျိုးစေ့နှင့်တူသော စေတနာသဒ္ဓါတရားကလည်း ညံ့ဖျင်းမည်ဖြစ်ပါက ထိုသူ၏အလ္လာဒါနသည် သွေ့ခြောက်မာကျောပြောင်လက်သော ကျောက်တုံးကြီးပေါ်တွင် သည်းထန်သော မိုးကြီးရွာချလိုက်သောအခါ ကျောက်တုံးကြီးပေါ်တွင် မူလကတင်ရှိနေသော မြေမှုန့်တို့သည် မိုးရေနှင့်အတူ မျောပါသွားသဖြင့် မူလပကတိ ကျောက်တုံးကြီးအတိုင်းပင် ကျန်ရှိဘိသကဲ့သို့ အချည်းနီးသာဖြစ်ပေလိမ့်မည်။

فِيهَا مِن كُلِّ الثَّمَرَاتِ ۗ وَأَصَابَهُ الْكِبَرُ وَلَهُ ذُرِّيَّةٌ ضُعَفَاءُ ۖ فَأَصَابَهَا إِعْصَارٌ فِيهِ نَارٌ فَاحْتَرَقَتْ ۗ كَذَٰلِكَ يُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ لَعَلَّكُمْ تَتَفَكَّرُونَ ﴿٢٦٦﴾

ထိုဥယျာဉ်၌ ထိုသူ့အဘို့ အမျိုးစုံသော သစ်သီးဝလံများလည်းရှိ၏။ ထိုသူ၌ ဧရာဒုဗ္ဗလသက်ရွယ်ကြီးပြင်း အိုမင်း ရင့်ရော်ခြင်းသည် ဆိုက်ရောက်လာ၏၊ ထိုသူ၌ မစွမ်းမသန် အားအင်ချည့်နဲ့သော သားသမီးများလည်းရှိ၏။ (ထိုကဲ့သို့သော အချိန်မျိုးတွင်) ထိုဥယျာဉ်၌ လောင်မီးပါရှိသော လေပြင်း မုန်တိုင်းသည် တိုက်ခတ်လေရာ ထိုဥယျာဉ်သည် လောင်ကျွမ်း (ပျက်စီး) သွားလေတော့သည်။ (ထိုသူသည် ဤအဖြစ်ကို အဘယ်သို့လျှင် ကြုံကြိုက်နှစ်သက် နိုင်အံ့နည်း)။ ယင်းကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား သက်သေလက္ခဏာတော်များကို ထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူလေသည်။ သို့မှသာလျှင် အသင်တို့သည် စဉ်းစားဆင်ခြင် သိမြင်ကြမည်ဖြစ်ကုန်၏။ ②

---

① ဤမုက္ခပါဠိတော်၏ သဘောကား ဤသို့တည်း။ လူတယောက်၌ မိမိတသက်တာပတ်လုံး ကြိုးပမ်းအားထုတ်၍ ပြုစုပျိုးထောင်ထားသော ဥယျာဉ်တခုရှိ၏။ ထိုဥယျာဉ်တွင် စွန်ပလွံ၊ သပြက်စသည့် သစ်သီးဝလံမျိုးစုံရှိ၏၊ ရေယဉ်ချောင်းများလည်း အယဉ်တွေတွေစီးဆင်းလျက်ရှိ၏။ ဥယျာဉ်ကားသာယာဝပြောလှ၏။ ဥယျာဉ်မှူးသည် မိမိ၏ဥယျာဉ်ကိုပြုစုပျိုးထောင်ရင်းနှင့်ပင် သက်ရွယ်ကြီးပြင်း၍ လာလေတော့၏။ သက်ရွယ်ကြီးပြင်းလာသဖြင့် ဥယျာဉ်မှူးသည် ဝမ်းရေးအတွက် အခြားအဘယ်တစုံတခုကိုမျှ လုပ်ကိုင်နိုင်သည်လည်း မရှိတော့ချေ။ 'ဘူးလေးရာဖရုံဆင့်' ဆိုသကဲ့သို့ ထိုဥယျာဉ်မှူး၌ ချည့်နဲ့သော သားသမီးငယ်များလည်း ရှိနေပြန်ရာ၊ သားသမီးများသည် ဘခင်ကြီးအတွက် ကျောထောက်နောက်ခံဖြစ်ရန်ဝေးစွ မိမိတို့သည်ပင် ဘခင်ကြီးအတွက် ဝန်ထုပ်ကြီးတစ်ခု ဖြစ်လျက်ရှိကုန်၏။

ဥယျာဉ်မှူးသည် မိမိကိုယ်တိုင် သက်ရွယ်ကြီးပြင်းသဖြင့် လှုပ်ရှားသွားလာခြင်း မပြုနိုင်သည့်အပြင် ငယ်ရွယ်သောသားသမီးများ. သံယောဇဉ် ငြိတွယ်လျက်ရှိခြင်းကြောင့် အမျိုးမျိုး ကြောင့်ကြနေလေ၏။ မိမိနှင့် သားသမီးများအဘို့ မှီခိုအားထားရာကား ထိုဥယျာဉ်တခုပင်ရှိ၏။ ထိုသို့သော အချိန်မျိုးတွင် လောင်မီးပါသော လေပြင်းမုန်တိုင်းသည် ရုတ်တရက် တိုက်ခတ်လိုက်သဖြင့် ထိုဥယျာဉ်ကြီးသည် လောင်ကျွမ်းပျက်စီးသွားပေရာ ထိုဥယျာဉ်မှူးကြီးသည် ခဲလေသမျှ သဲရေကျဖြစ်၍ အတိုင်းမသိ ဝမ်းနည်းကြေကွဲ ပူဆွေးလေသည်။

အထက်တွင် ဖော်ပြပါ ဥယျာဉ်မှူးကြီးထက်ပင် အဆပေါင်းများစွာပိုမို၍ ပူဆွေးရမည့် သူလည်း ရှိသေး၏။ ထိုသူကားအခြားမဟုတ်၊ မိမိတသက်တာလုံး လောကီရေးတို့တွင် လုံးဝ နစ်မွန်း၍ ကုသိုလ်တရားအလျင်း မပွားနိုင်သူပင်ဖြစ်၏။ သတိသံဝေဂ ရပြန်သော် ကုသိုလ်တရား ပွားများရန် အချိန်ကား ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ أَنفِقُوا۟ مِن طَيِّبَٰتِ مَا كَسَبْتُمْ وَمِمَّآ أَخْرَجْنَا لَكُم مِّنَ ٱلْأَرْضِ ۖ وَلَا تَيَمَّمُوا۟ ٱلْخَبِيثَ مِنْهُ تُنفِقُونَ وَلَسْتُم بِـَٔاخِذِيهِ إِلَّآ أَن تُغْمِضُوا۟ فِيهِ ۚ وَٱعْلَمُوٓا۟ أَنَّ ٱللَّهَ غَنِىٌّ حَمِيدٌ ﴿٢٦٧﴾

၂၆၇။ အို- 'အီမါန်' ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် မိမိတို့ ရှာဖွေလုပ်ကိုင်၍ ရရှိသော သန့်စင်သော ဥစ္စာ ပစ္စည်းများ အနက်မှငင်း၊ ငါအရှင်မြတ်သည် အသင်တို့အတို့ မြေမှထွက်စေသော (သစ်သီးသစ်ဥ၊ သတ္တုအစရှိသည်) တို့အနက်မှငင်း၊ ပေးကမ်းစွန့်ကြဲကြကုန်။ သို့ရာတွင် အသင်တို့သည် (သေးနုပ်သိမ်ဖျင်း) မသန့်ရှင်းသော ဥစ္စာပစ္စည်းများကိုမူ ပေးကမ်းစွန့်ကြဲလှူဒါန်းရန် စိတ်ကူးမျှ မထည့်ကြကုန်လင့်။ စင်စစ်တမူကား (သူတပါးတို့က အသင်တို့အား ထိုကဲ့သို့သေးနုပ်သိမ်ဖျင်း မသန့်ရှင်းသော ပစ္စည်းများကိုပေးကမ်းသည်ရှိသော်) အသင်တို့ကိုယ်တိုင်ပင် ယင်း ပစ္စည်းများကို ယူကြမည့် သူများမဟုတ်ချေ။ သို့ရာတွင်(အားနာသောအားဖြင့်) မျက်စိမှိတ်၍သာယူကြပေမည်။

➤➤ မရှိဖြစ်လေ၏။ မိမိ၏ကုသိုလ်စာရင်းကို သုံးသပ်ကြည့်ပြန်သော် မှီခိုအားထားနိုင်လောက်သော ကုသိုလ်ကောင်းမှုဟူ၍ တစုံတစ်ခုကိုမျှ မတွေ့ရှိရပေ။ ဤသူကား ဖော်ပြပါဥယျာဉ်မှူးကြီးထက်ပင် အသနေ့အသန်း အဆပေါင်းများစွာ ပိုမို၍ ဝမ်းနည်းကြေကွဲရပေမည်၊ သို့ဖြစ်ပေရာ ယင်းကဲ့သို့ ကြေကွဲရမည့်အဖြစ်ကို မည်သူကြိုက်နှစ်သက်နိုင်ပါအံ့နည်း။ ကြည့်-(မာဂျိဒီ)။

တနည်းကား- ဤပုံဆောင်ချက်သည် လူသူအများ မြင်စေရန်အတွက် လှူဒါန်းသောသူများ၊ အလှူဒါနပြု၍ ဂုဏ်ဖော်သူများနှင့် အလှူခံများအား စိတ်ဒုက္ခ ရောက်စေသောသူများကို ရည်ညွှန်းသော ပုံဆောင်ချက်ပင်ဖြစ်သည်။

အကြင်သူတဦးသည် မိမိ သက်ရှယ်ကြီးပြင်းသည့်အခါ၌ အကျိုးခံစားနိုင်ရန်အတွက် ငယ်ရွယ်နုပျိုစဉ် အချိန်တွင် ဥယျာဉ်တခုကို ပြုစုပျိုးထောင်လေသည်။ ထိုသူကြီးပြင်း၍ မိမိဥယျာဉ်မှ အကျိုးခံစားရန် အကယ်အချိန်ကျရောက်သောအခါတွင် ထိုဥယျာဉ်သည် ပျက်စီးယိုယွင်း၍ သွားလေသည်။

ထို့အတူအကြင်သူတဦးသည် နောင်တမလွန်ဘဝတွင် အကျိုးခံစားနိုင်ရန်အလို့ငှါ အလှူဒါနပြု၏။ အလှူဒါနသည် ဥယျာဉ်နှင့်တူ၏။ အလှူဒါန၏ ကုသိုလ်အကျိုးသည် ဥယျာဉ်မှထွက်သော အသီးအနှံနှင့်တူ၏။ သို့ရာတွင် ထိုသူသည် အလှူဒါနပြု၍ ဂုဏ်ဖော်ခြင်း၊ အလှူခံများကို စိတ်ဒုက္ခရောက်စေခြင်း အမှုများကိုပြုပြီး မိမိ၏စိတ်စေတနာ သဒ္ဓါတရားများ ပျက်ပြားစေသဖြင့် ထိုသူ၏ အလှူဒါနတည်းဟူသော ဥယျာဉ်သည် ပျက်စီးသွားလေပြီဖြစ်ရာ ထိုသူသည် နောင်တမလွန်ဘဝတွင် အသီးအနှံတည်းဟူသော ကုသိုလ် အကျိုးကို အဘယ်မှာလျှင် ခံစားနိုင်အံ့နည်း၊

ထို့ပြင်တဝ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် လိုလား တောင်းတခြင်း အပေါင်းတို့မှ ကင်းစင်တော် မူသောအရှင်၊ ခြီးမွမ်းဘွယ်ရာ ဂုဏ်အဖြာဖြာနှင့် ပြည့်စုံတော် မူသောအရှင် ဖြစ်တော် မူသည်ကိုလည်း အသင်တို့သည် ယုံကြည်မှတ်ယူကြကုန်လော့။

اَلشَّيْطٰنُ يَعِدُكُمُ الْفَقْرَ وَيَاْمُرُكُمْ بِالْفَحْشَآءِ ۚ وَاللّٰهُ يَعِدُكُمْ مَّغْفِرَةً مِّنْهُ وَفَضْلًا ۗ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿٢٦٨﴾

၂၆၈။ ရှိုင်တွာန်သည် အသင်တို့အား၊ (မိမိတို့ဥစ္စာပစ္စည်းများကို လှူဒါန်းရန် ကြံရွယ်သော အချိန်အခါမျိုးဌ်၊ ယင်းကဲ့သို့ ပေးကမ်းစွန့်ကြဲခြင်းအားဖြင့် အသင်တို့သည်) ဆင်းရဲနွမ်းပါး၍ သွားကြမည်ဟု ခြိမ်းခြောက်ကာ၊ (ပေးကမ်းစွန့်ကြဲခြင်းမပြုဘဲ)၊ စေးနဲ၍နေကြရန် [၁] ညွှန်ကြားလေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်မူကား၊ (ယင်းကဲ့သို့ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းအားဖြင့်၊) အသင်တို့အား မိမိအထံတော်မှ (အသင်တို့၏ပြစ်မှုဒုစရိုက်များကို) လွှတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်ဟူ၍ငင်း၊ ပေးကမ်း လှူဒါန်းခြင်း၏အကျိုးကို ပေါများစွာ ပေးသနားတော်မူမည်ဟူ၍ငင်း၊ ကတိထားရှိတော်မူလေသည်။ အကြောင်းတမူကား အလ္လာဟ်အရှင်မြတ်သည် ကျယ်ဝန်းစွာ ပေးသနားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

---

① **ထုတ်ပြန်ပို့ချတော်မူသည့်အကြောင်း။**

'ဗရ့' ၏ထံမှတဆင့် ဤသို့ကြားသိရ၏။ ဤမုက္ခပါဠ်တော်သည် ကျွန်ုပ်တို့ အန်ဆာရ်များနှင့် ပတ်သက်၍ ကျရောက်လာခဲ့သော မုက္ခပါဠ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် စွန့်ပလွဲခြံရှင်များဖြစ်ကြသည်။ ကျွန်ုပ်တို့အနက် အချို့တို့သည် စွန့်ပလွဲသီးများကို စွန့်ပလွဲသီး အထွက်နည်းလျှင် နည်းသည့်အလျောက်၊ များလျှင် များသည့်အလျောက် (ပေးလှူကြ၏)။ အချို့ သူများသည် အလှူဒါနတွင် စိတ်မဝင်စား ကြပေ။ ထိုသူများသည် စွန့်ပလွဲခိုင်များကို ယူလာကြ၏။ ထို စွန့်ပလွဲ အခိုင်များတွင် အလွန် ညံ့ဖျင်းသော ➤➤

يُؤْتِي الْحِكْمَةَ مَنْ يَّشَآءُ ۚ وَمَنْ يُّؤْتَ الْحِكْمَةَ فَقَدْ اُوْتِيَ خَيْرًا كَثِيْرًا ۗ وَمَا يَذَّكَّرُ اِلَّآ اُولُوا الْاَلْبَابِ ﴿٢٦٩﴾

၂၆၉။ ထို အရှင်မြတ်သည် မိမိနှစ်လိုတော်မူသော သူများကိုသာ ဉာဏ်ပညာ အမြော်အမြင်ကို ပေးသနားတော်မူလေသည်။ အမှန်စင်စစ်သော်ကား ဉာဏ်ပညာ အမြော်အမြင်ကို ပေးသနားတော်မူခြင်း ခံရသောသူသည် အလွန်တရာမျှ များပြားလှသော ဂုဏ်ကျေးဇူးတော်ကို ပေးသနားတော်မူခြင်းခံရသော သူတည်း။ သို့ရာတွင် စူးစမ်းဆင်ခြင်သော နိသမ္မ ဉာဏ်ရှင်များမှအပ လူတိုင်း သတိသံဝေဂတရား ရရှိသည်မဟုတ်ပေ။

➤➤ အသီးများပါရှိ၏။ အခိုင်များမှာလည်း ကျိုးလျက်ရှိ၏။ ထိုသို့သော စွန့်ပလွှဲခိုင်များကို ချိတ်ဆွဲထားကြ၏။ ထိုအခါ အလွှာဟ်အရှင်မြတ်သည် ဤမုက္ခပါဠိတော်ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ (ထာနဝီ)၊ အ-၁။ စ-၁၅၁။ အတ်တာဂျုလ် ဂျာမိအ အ-၄-စ-၇၀။

'ဖဟ်ရှာ' ဟူသောစကားသည်၊ စက်ဆုပ်ရွံရှာ ယုတ်မာညစ်ညမ်းသော အပြုအမူများ၊ အပြောအဆိုများ အားလုံးတို့အတွက် အသုံးပြုသော စကားများပင်ဖြစ်သည်။

သို့ရာတွင် ဤမုက္ခပါဠိတော်၌ ယင်းစကား၏ အနက်သဘောမှာ စေးနဲခြင်း ဖြစ်သည်ဟူ၍ 'မုဖတ်စ်စိရိန်' အဋ္ဌကထာရှင်များသည် တညီတညွတ်တည်း ဆိုကြကုန်သည်။ ကြည့်-တာဂျုလ်အုရူစ်၊ ဂျဆ်ဆွာဆွ်၊ မာဂျီဒီ၊ ထာနဝီ၊ အလ်မနာရ်။

① 'ဟိက်မတ်' ဟူသော စကား၏ အနက်အဓိပ္ပါယ်ကား များပြားလှ၏။ ထိုထိုသော အနက်အဓိပ္ပါယ်များအနက်-ဤနေရာတွင် သာသနာရေးနှင့် စပ်လျဉ်း၍ စဉ်းစား ဆင်ခြင် မြော်မြင်တတ်သော နိသမ္မဉာဏ်ဟူသော အနက်သည် အသင့်မြတ်ဆုံးသော အနက်ပင်ဖြစ်သည်။ ကြည့်-(မာဂျီဒီ)။

သာသနာရေးတွင် အမြော်အမြင်ရှိသော သူတဦးသည် စေးနဲတွန့်တိုမှုကို စက်ဆုတ်ရွံရှာပေမည်။ သုံးစွဲလှူဒါန်းရာတွင် မျှတမှုကို အမြဲတစေရှေ့ရှုပေမည်။ ထိုသူသည် မိမိ၏ ဥစ္စာပစ္စည်းများကို မိမိတဦးတည်း အကျိုးငှါ ဤပစ္စက္ခမျက်မှောက်ဘဝတွင် ဖြုန်းတီးပစ်မည်မဟုတ်ပေ။

ထိုသူသည် နောင်တမလွန်ဘဝတွင် ကုသိုလ်အကျိုး တိုးသည်ထက်တိုး၍ ခံစားနိုင်ရန်အလို့ငှါ မိမိဥစ္စာပစ္စည်းများကို ကောင်းစွာ လှူဒါန်းပေးကမ်းပေမည်။ ထိုသူသည် အလွှာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်များကိုသာ ဦးထိပ်ရွက်ပန်ဆင်ပေမည်။ ရှိုင်တွာန်၏ စကားများကိုကား အလျင်း နားထောင်မည်မဟုတ်ပေ။

ထိုကြောင့်ပင်လျှင် ယင်းကဲ့သို့ 'စဉ်းစားဆင်ခြင် မြော်မြင်နိုင်သော နိသမ္မဉာဏ် ခြိုးမြှင့်ခြင်းခံရသော သူသည် များပြားလှစွာသော ဂုဏ်ကျေးဇူးတော်များကို ခြိုးမြှင့်ခြင်းခံရသော သူပင်တည်း' ဟူ၍ ဤမုက္ခပါဠိတော်တွင် မိန့်ဆိုထားတော် မူလေသည်။ 'ဟိက်မတ်' ဟူသော ပုဒ်နှင့်စပ်လျဉ်း၍ အကျယ်ကို သိလိုပါက ရာဃိဗ်စာမျက်နှာ (၁၂၆) တွင် ရှုပါကုန်။

وَمَآ اَنْفَقْتُمْ مِّنْ نَّفَقَةٍ اَوْ نَذَرْتُمْ مِّنْ نَّذْرٍ فَاِنَّ اللّٰهَ يَعْلَمُهٗ ؕ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿۲۷۰﴾

၂၇၀။ စင်စစ်တမူကား အသင်တို့သည် မည်သည့် လှူဒါန်းခြင်းကိုမဆို ပေးကမ်းလှူဒါန်းကြသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့်အဓိဋ္ဌာန်ပြုခြင်း [၁] ကိုမဆို မိဋ္ဌာန်ကြသည်ဖြစ်စေ ဧကန်ဆတ်ဆတ် အလွှာဟ် အရှင်မြတ်သည် (အသင်တို့ ပြုလုပ်သမျှသော) ထိုထိုကိစ္စ အဝဝတို့ကို အကြွင်းမဲ့ သိရှိတော်မူပေသည်။ (သို့အကြွင်းမဲ့ သိတော်မူသည့်အတိုင်း ကောင်းသူတို့အား ကောင်းကျိုး၊ မကောင်းသူတို့အား မကောင်းကျိုးများကို ပေးတော်မူမည်)၊ သို့ရာတွင် (ရှင်ပြန်ထမည့်နေ့တွင်) မတရားပြုလုပ်သူတို့အား ကူညီမစ ကယ်ဆယ်မည့်သူဟူ၍ တဦးတယောက်မျှ ရှိလိမ့်မည် မဟုတ်ချေ။

اِنْ تُبْدُوا الصَّدَقٰتِ فَنِعِمَّا هِيَ ۚ وَاِنْ تُخْفُوْهَا وَتُؤْتُوْهَا الْفُقَرَآءَ فَهُوَ خَيْرٌ لَّكُمْ ؕ وَيُكَفِّرُ عَنْكُمْ مِّنْ سَيِّاٰتِكُمْ ؕ

၂၇၁။ အကယ်၍ အသင်တို့သည် (မိမိတို့ပေးကမ်းစွန့်ကြဲကြကုန်သော) အလှူဝတ္ထုများကို ထင်ရှားစွာ (လှူဒါန်း ပေးကမ်းကြပါမူ) ယင်းသို့ထင်ရှားစေခြင်းသည်လည်း ကောင်းမြတ်၏။ [၂] သို့ရာတွင် အကယ်၍ အသင်တို့သည် ယင်း(ပေးကမ်းလှူဒါန်းကြကုန်သော) အလှူဝတ္ထုများကို လျှို့ဝှက်စွာ သူဆင်းရဲတို့အား ပေးကမ်းစွန့်ကြဲကြပါမူ၊ ယင်းသို့လျှို့ဝှက်ခြင်းသည်ကား အသင်တို့အတို့ရာ သာ၍ပင် ကောင်းမြတ်ပေသည်။

---

① 'နဓ်ရ်' ဟူသည် အကြောင်းကိစ္စတခု ဖြစ်မြောက်ရန်အလို့ငှါ တာဝန်မရှိသော ကိစ္စတရပ်ကို မိမိအပေါ်၌ တာဝန်တရပ်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်းကိုဆိုလိုသည်။ ကြည့်-(ရာဃိဗ်)။

'နဓ်ရ်' အကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကိုသိလိုပါက 'ဟိဒါယဟ်' ကျမ်းတွင်ရှုပါကုန်။

② ဤမူကျပါ၌တော်တွင် 'ဖရသ်ဿွ' အဖြစ်လှူဒါန်းရမည်ဟူ၍ သတ်မှတ်ပြဋ္ဌာန်း ထားတော်မူသော အလှူဒါနများသည်၎င်း၊ 'နဖိလ်' ခေါ် စိတ်စေတနာအလျောက် လှူဒါန်းသော အလှူဒါနများသည်၎င်း အကျိုးဝင်လျက်ရှိပေသည်။ အလှူဒါနအားလုံးတို့.ကိုပင် လျှို့ဝှက်စွာ လှူဒါန်းခြင်းသည် ပိုမို၍မြတ်ပေသည်။ လျှို့ဝှက်စွာ လှူဒါန်းခြင်းအားဖြင့် အလှူရှင်များသည် ဂုဏ်ပကာသနထုတ်ဖော်ခြင်းမှ ကင်းရှင်းနိုင်ကြ ➤➤

وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿٢٧٤﴾

ထို့ပြင် (အလ္လာဟ် အရှင်မြတ်သည်) အသင်တို့၏ ဒုစရိုက်မှုအချို့တို့ကို ဖယ်ရှားတော်မူအံ့။ အကြောင်းမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြကုန်သော ကိစ္စရပ်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသောအရှင်တည်း။

لَيْسَ عَلَيْكَ هُدَاهُمْ وَلَٰكِنَّ اللَّهَ يَهْدِي مَن يَشَاءُ ۗ وَمَا تُنفِقُوا مِنْ

၂၇၂။ (အို-နဗီတမန်တော်) ထို (ကာဖိရ်) တို့အား တရားလမ်းမှန်သို့ အရောက် ပို့ဆောင်ခြင်းသည် အသင်၏ တာဝန် မဟုတ်ပေ။ [၁] သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် မိမိနှစ်လိုတော်မူသော သူတို့ကို တရားလမ်းမှန်သို့ အရောက် ပို့ဆောင်တော်မူသည်။

➤➤ ပေသည်။ အလျှံခံပုဂ္ဂိုလ်များ အဘို့လည်း ကျန်ခြေသိက္ခာမဲ့ရန် အကြောင်းမရှိပေ။ သို့ရာတွင် လျှို့ဝှက်စွာ လျှဒါန်းခြင်းအားဖြင့် အလျှရှင်အပေါ်၌ မဟုတ်မတရား စွပ်စွဲပြောဆိုခြင်းခံရမည်ကို စိုးရိမ်ရသောအခါမျိုးတွင်ငင်း၊ ထို့အတူမိမိ၏ အလျှဒါနကုသလကို သူတပါးတို့ အတုယူစိမ့်သောငှါ လျှဒါန်းသည့်အခါမျိုး၌ငင်း အလျှဒါနများကို အထင်အရှားပြုလုပ်နိုင်ပေသည်။

လျှို့ဝှက်စွာ လျှဒါန်းပေးကမ်းရမည့် အကြောင်းနှင့်စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝဓလ္လမ်)သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

အလ္လာဟ်အရှင်မြတ်၏ အရိပ်အာဝါသမှအပ အခြားအရိပ်အာဝါသအလျင်းရှိမည် မဟုတ်သော 'ကိယာမတ်' နေ့တွင် ထိုအရှင်မြတ်သည် ၇-ဦးသောသူတို့အား မိမိ၏ အရိပ်အာဝါသအောက်တွင် ခိုလှုံခွင့်ပေးတော်မူမည်။ ထို-၇-ဦးသောသူတို့အနက် တဦးမှာ အကြင်သူပင်ဖြစ်၏၊ ထိုသူသည် ညာလက်ကလျှသည်ကိုပင် ဘယ်လက်ကမသိအောင် လျှို့ဝှက်စွာ လျှဒါန်းပေးကမ်း၏။ (ဗုခါရီ)

⑤ ထုတ်ပြန်ပို့ချတော်မူခြင်း

'အန်ဆွာရီ' မည်တွင်သော မဒီနာမြို့ခံ 'ဆွဟာဗဟ်' သာဝကကြီးများအနက် အချို့တို့သည် မွတ်စ်လင်မ် မဟုတ်သောမိမိတို့၏ ဆွေဆင်းရဲ မျိုးဆင်းရဲတို့အား ပေးကမ်းလျှဒါန်းခြင်း မပြုကြချေ၊ ယင်းသို့ မလျှဒါန်းခြင်း အကြောင်းမှာလည်း ထိုသာဝကများက ထိုဆွေဆင်းရဲမျိုးဆင်းရဲတို့သည် (အလျှဒါနကို တပ်မက်၍) အစ္စလာမ် သာသနာအတွင်းသို့ ဝင်ရောက် လာကြလိမ့်မည်ဟု မြော်ကိုး နေကြခြင်းကြောင့် ဖြစ်လေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်ထံတော်မှ (လူမျိုးဘာသာမရွေး ပေးကမ်းလျှဒါန်းရမည့် အကြောင်းနှင့် စပ်လျဉ်း၍) ဤမုက္ခပါဠိတော်ကျရောက်လာလေသည်။ ကြည့်-(အလ်မနာရ်)။

တရားလမ်းမှန်ပေါ်သို့ အရောက်ပို့ဆောင်ခြင်းသည် နဗီတမန်တော်များ၏ တာဝန်မဟုတ်ပေ။ တရားမမှ ဟောပြခြင်းသည်သာလျှင် တမန်တော်များ၏ တာဝန်ဖြစ်ပေသည်။ ကြည့်-ကုရ်အာန် (၃း၁၉။ ၅း၉၂-၉၉။ ၁၃း၃၅-၈၂။ ၂၄း၅၄။ ၂၉း၁၈။ ၃၂း၃၀။ ၆၂း၁၂)။

خَيْرٍ فَلِأَنفُسِكُمْ ۚ وَمَا
تُنفِقُونَ إِلَّا ابْتِغَاءَ
وَجْهِ اللَّهِ ۚ وَمَا تُنفِقُوا
مِنْ خَيْرٍ يُوَفَّ إِلَيْكُمْ
وَأَنتُمْ لَا تُظْلَمُونَ ﴿٢٧٢﴾

ထို့ပြင် (အိုး–မွတ်စ်လင်မ် အပေါင်းတို့) အသင်တို့သည် (မိမိတို့၏) ဥစ္စာပစ္စည်းများအနက် မည်သည့် ဥစ္စာပစ္စည်းကိုမဆို အလှူဒါနပြုကြကုန်အံ့၊ (ထို အလှူဒါနများသည်) အသင်တို့၏ အကျိုးငှာသာ ဖြစ်ကုန်၏။ စင်စစ်သော်ကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို ဆည်းပူးရန်အလို့ငှါသာ လှူဒါန်းပေးကမ်းကြကုန်၏။ (သို့ဖြစ်ရာအသင်တို့သည် 'မွတ်စ်လင်မ်'၊ 'ကာဖိရ်' မခြားသူဆင်းရဲတို့အား ပေးကမ်းလှူဒါန်း ကြရပေမည်)။ တဖန် အသင်တို့သည် (မိမိတို့၏) ဥစ္စာ ပစ္စည်းများအနက် မည်သည့် ဥစ္စာပစ္စည်းကိုမဆို လှူဒါန်းကြကုန်အံ့၊ (ထို အလှူဒါနများ၏ ကုသိုလ် အကျိုးများကို) အသင်တို့သည် အပြည့်အစုံ ခံစားကြရကုန်အံ့၊ ထို့ပြင် အသင်တို့သည် (မိမိတို့၏ အလှူဒါနများနှင့် စပ်လျဉ်း၍) မတရားပြုခြင်းကို ခံကြရမည် မဟုတ်ပေ။

لِلْفُقَرَاءِ الَّذِينَ
أُحْصِرُوا فِي سَبِيلِ
اللَّهِ لَا يَسْتَطِيعُونَ ضَرْبًا
فِي الْأَرْضِ ۖ يَحْسَبُهُمُ
الْجَاهِلُ أَغْنِيَاءَ مِنَ
التَّعَفُّفِ ۚ تَعْرِفُهُم
بِسِيمَاهُمْ ۚ لَا يَسْأَلُونَ

၂၇၃။ (အလှူဒါနများသည်) အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဝန်းဝိုင်းဆီးတားခြင်း ခံနေကြရကုန်သော သူဆင်းရဲတို့ အဘို့တည်း။ ယင်း သူတို့သည် (သာသနာရေးရာ များကို ဆောင်ရွက်လျက်ရှိကြရကား မိမိတို့၏ဝမ်းရေးအတွက်) ကမ္ဘာမြေပြင်ဝယ် သွားလာခြင်းကို မစွမ်းနိုင်ကြပေ။ (တဖန် ယင်းသူတို့၏ ဣန္ဒြေစောင့်စည်းခြင်းကြောင့် မသိနားမလည်သောသူသည် ယင်းတို့အား ကုံလုံ ကြွယ်ဝသူများဟူ၍ ထင်မှတ်လေသည်။ (သို့ရာတွင်) အသင်သည် ယင်းသူတို့၏ ရုပ်ရည် လက္ခဏာ အမူအရာ(ကို ကြည့်ရှုရုံမျှ)ဖြင့် (ထိုသူတို့၏ ဆင်းရဲနွမ်းပါးကြောင်း ကို) သိမြင်နိုင်ပေသည်။

النَّاسَ اِلْحَافًا ؕ وَمَا
تُنْفِقُوْا مِنْ خَيْرٍ
فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿٢٧٣﴾

اَلَّذِيْنَ يُنْفِقُوْنَ
اَمْوَالَهُمْ بِالَّيْلِ
وَالنَّهَارِ سِرًّا وَّعَلَانِيَةً
فَلَهُمْ اَجْرُهُمْ عِنْدَ
رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ
وَلَا هُمْ يَحْزَنُوْنَ ﴿٢٧٤﴾

اَلَّذِيْنَ يَاْكُلُوْنَ الرِّبٰوا
لَا يَقُوْمُوْنَ اِلَّا كَمَا يَقُوْمُ
الَّذِىْ يَتَخَبَّطُهُ الشَّيْطٰنُ

ယင်း သူတို့သည် လူတို့ထံ တွယ်ကပ်၍ တောင်းရမ်းခြင်း ကိုလည်း မပြုကြချေ။ စင်စစ် သော်ကား အသင်တို့သည် (မိမိတို့) ဥစ္စာပစ္စည်း အနက်မှ ပေးကမ်းစွန့်ကြဲ သုံးစွဲကြသော အလှူဒါန များကို အလွန်ဟ်အရှင်မြတ်သည် အကြွင်းမဲ့ သိရှိတော် မူသောအရှင် ဖြစ်တော်မူချေသတည်း။

၂၇၄။ အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်း များကို နေ့ည၌မရွေး (အခါခပ်သိမ်း) လျှို့ဝှက်စွာဖြင့် (တမျိုး) ထင်ရှားစွာဖြင့်(တဖုံ) လှူဒါန်းသုံးစွဲကြကုန် ၏။ သို့ဖြစ်လျှင် ယင်းသူတို့၏ ကုသိုလ်အကျိုးသည် ယင်းသူတို့အား မွေးမြူတော် မူသော အရှင်မြတ်၏ အထံတော်၌ (အသင့်) ရှိပေသည်။ ထို့ပြင်တဝ ယင်းသူတို့အပေါ်ဝယ် မည်သည့်စိုးရိမ်ကြောင့်ကြခြင်း လည်းမရှိ၊ ယင်းသူတို့သည် ဝမ်းနည်း ပူဆွေးကြမည် လည်းမဟုတ်ပေ။

၂၇၅။ အတိုးအညှန့်စားသူတို့သည် [၁] (ရှင်ပြန် ထမည့်နေ့တွင် သင်းချိုင်းတွင်းမှ ထကြသောအခါ) ကောင်းမွန်စွာ မရပ်နိုင်ကြဘဲ ရှိုင်တွာန်ဖမ်းစား၍ အသိဉာဏ်မှောက်မှား ရူးသွပ်တွေဝေ နေသူများကဲ့သို့ သာလျှင် ရပ်ကြကုန်အံ့။

---

① အတိုးအညှန့်စားသုံးခြင်းသည် သူဆင်းရဲတို့၏ သွေးစုတ်ခြင်း၊ ဆင်းရဲတွင်း နက်စေခြင်းဖြစ်သည်သာမက ပေါင်းသင်းဆက်ဆံရေးတို့တွင်လည်း အလွန်ကြီးမားသော အန္တရာယ်ကြီး တစ်ခုဖြစ်ပေသည်။

အတိုးအညှန့် စားသုံးသောသူများသည် ဥစ္စာကို အထူးမက်မောကြကုန်၏။ နေ့ရောညဉ့်ပါ အခါမရွေး ဥစ္စာရရှိရေးသာ ရှေ့ရှုကြကုန်၏။ ဥစ္စာနှင့် ပတ်သက်လာလျှင် တရားသည် မတရားသည်ကိုပင် မဆင်ခြင်နိုင်ဘဲ ရသာလျှင် ဘ,နဖူးသိုက်တူးမည့်သူများ ဖြစ်ကြကုန်၏။ အတိုးအညှန့်စားသုံးသော သူများအတို့ ဥစ္စာသည်အမိ၊ ဥစ္စာသည်အဘ၊ ဥစ္စာသည်သာလျှင် အဓိကဖြစ်၏။ ထိုသူတို့၏ စိတ်နှလုံးများသည် မာကျော ခက်ထန်၏။ သိမ်ဖျင်းယုတ်ညံ့၏။ ထိုသူတို့တွင် သနားကြင်နာမှုဟူ၍ကား စိုးစဉ်းမျှမရှိပေ။ ထိုသူတို့သည် ဆင်းရဲသားမြီစားတို့အား အရှက်တကွဲဖြစ်အောင် အချိန်မရွေး ပြုလုပ်ကြစည်လျက် ရှိကြကုန်၏။ ➤➤

مِنَ الْمَسِّ ۚ ذَٰلِكَ بِأَنَّهُمْ قَالُوا إِنَّمَا الْبَيْعُ مِثْلُ الرِّبَا ۗ وَأَحَلَّ اللَّهُ الْبَيْعَ وَحَرَّمَ الرِّبَا ۚ فَمَن جَاءَهُ مَوْعِظَةٌ مِّن رَّبِّهِ فَانتَهَىٰ فَلَهُ مَا سَلَفَ ۖ وَأَمْرُهُ

ဤကဲ့သို့ ဖြစ်ရခြင်းကား ယင်းသူတို့က "ကုန်စည် ကူးသန်းရောင်းဝယ်ခြင်း သည်လည်း အတိုးအညှန့် စားခြင်းနှင့် ထပ်တူထပ်မျှသာ ဖြစ်သည်"ဟု ပြောဆိုကြသောကြောင့် ဖြစ်လေသည်။ အမှန် စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကုန်စည် ကူးသန်းရောင်းဝယ်ခြင်းကို ခွင့်ပြုထား တော်မူ၍ အတိုးအညှန့်စားခြင်းကိုမူကား တားမြစ် တော်မူခဲ့လေသည်။

➤➤ တနည်းအားဖြင့်ဆိုသော် ထိုသူတို့သည် ဥစ္စာရူးများပင် ဖြစ်ကြကုန်၏။

လောကတွင် လူသားတို့ လိုက်နာကျင့်မူခဲ့သော အပြုအမူများသည် နောင်တမလွန်ဘဝတွင် ထိုလူသားတို့၌ ရုပ်ဆင်းသဏ္ဌာန်ပေါ်၍ နေပေမည်။ သူတော်ကောင်းများသည် သင်းချိုင်းများမှ ကောင်းသော ရုပ်ဆင်းသဏ္ဌာန်နှင့် ထကြရမည်။ သူယုတ်မာများသည် ဆိုးယုတ်သော ရုပ်ဆင်းသဏ္ဌာန်နှင့် ထကြရမည်။ လောကတွင် ဥစ္စာရမ္မက် ငန်းငန်းတက်၍ အတိုးအညှန့်စားသုံးသောသူများသည် မိမိတို့တွင် စွဲကပ်လျက်ရှိသော ဥစ္စာရမ္မက်များကြောင့် နောင်တမလွန်ဘဝတွင် သင်းချိုင်းမှ ထကြသောအခါ ရွှင်တွာန်ဖမ်းစားသော သူရူးများသဘွယ် ထကြရပေမည်။

အတိုးအညှန့် စားသုံးခြင်းသည် ဤမျှဆိုးရွားသည့် အတွက်ကြောင့်ပင် အတိုးအညှန့်ကို အလျင်း မစားသုံးအပ်ကြောင်း၊ အတိုးအညှန့် စားသုံးသောသူများသည် အမြဲထာဝစဉ် "ဂျဟန္နမ်" ငရဲလားကြရမည့် အကြောင်း အလ္လာဟ်အရှင်မြတ်သည် လေးနက်စွာ မိန့်ဆိုထားတော်မူသည်။

နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အတိုးအညှန့်စားသုံးသောသူများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အထိတ်တလန့် ကြောက်ရွံ့ဘွယ်ရာ မိန့်ကြားတော်မူခဲ့လေသည်။

"အတိုးအညှန့် စားသုံးသူ၊ အတိုးအညှန့်ယူသူ၊ အတိုးအညှန့်နှင့် စပ်လျဉ်း၍ ရေးမှတ်သော စာရေးစာချီနှင့် အတိုးအညှန့်နှင့် စပ်လျဉ်း၍ သက်သေခံသူ ၂ဦးတို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးကြပါစေသတည်း" ဟု နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်) သည် ကျိန်ဆဲတော်မူခဲ့သည်။ (မစ်ရ်ကာတ်)။

(အတိုးအညှန့် မစားသုံးအပ်ကြောင်း) "သိပါလျက်နှင့် အတိုးအညှန့် အဖြစ် 'ဒိရ်ဟမ်" တပြား စားသုံးခြင်းသည် ကာမေသုမိစ္ဆာစာရကံကို ၃၆-ကြိမ် ကျူးလွန်ခြင်းထက်ပင် ပိုမိုး၍ ဆိုးရွားး၏" ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာ ဟု အလိုင်ဟိ ဝစလ္လာမ်) မိန့်ကြားတော်မူခဲ့သည်။ (မစ်ရ်ကာတ်)။

"အတိုးအညှန့်စားသုံးခြင်း၏ အပြစ်သည် အရွယ်အစားအားဖြင့် ၇၀-ရှိ၏။ ထိုအပြစ်များအနက် အငယ်ဆုံးသောအပြစ်သည် မိမိ၏မိခင်နှင့် ထိမ်းမြားခြင်းပင် ဖြစ်သည်" ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်) မိန့်ကြားတော်မူခဲ့လေသည်။ (မစ်ရ်ကာတ်)။ ➤➤

إِلَى اللَّهِ ۖ وَمَنْ عَادَ فَأُولَٰئِكَ أَصْحَابُ النَّارِ ۖ هُمْ فِيهَا خَالِدُونَ ﴿٢٧٥﴾

သို့ဖြစ်လေရာ အကြင်သူသည်၊ မိမိအား မွေးမြူတော် မူသော အရှင်မြတ်၏ အထံတော်မှ (အတိုးအညှန့်ကို မြစ်တားခြင်းနှင့် စပ်လျဉ်း၍) ဆုံးမသြဝါဒ ရောက်ရှိလာပေရာ (အတိုးအညှန့် စားခြင်းကို) စွန့်လွှတ် ရပ်ဆိုင်းလိုက်ပါမူ ယခင်က (လက်ခံပြီး စားသုံးခဲ့သော) ယူခဲ့သော (အတိုးအညှန့် ကြေးငွေများသည်) ထိုသူ၏ပစ္စည်းများပင်တည်း။

ထို့ပြင်တဝ ထိုသူ၏ (အတွင်းရေး) ကိစ္စသည် အလ္လာဟ်အရှင်မြတ် အထံတော်သို့ အပ်နှံပြီးဖြစ်လေသည်။

သို့ရာတွင် အကြင်သူတို့သည် (အလ္လာဟ် အရှင်မြတ် အထံတော်မှ အတိုးအညှန့်နှင့် စပ်လျဉ်းသော ပညတ်တော်များ ရောက်ရှိလာပြီးသည့်နောက်) တဖန် ထပ်မံ၍ (အတိုးအညှန့် စားခြင်းကို) ပြုကြပါမူ ထိုသူတို့သည် ငရဲသားများပင် ဖြစ်ကြကုန်၏။ ထိုသူတို့သည် ငရဲမီးတွင် ထာဝစဉ် (ဒုက္ခကြီးစွာ) ခံစားနေထိုင်ကြရမည့်သူများ ဖြစ်ကြကုန်သတည်း။

➤➤ **ဗျာဒိတ်စကား**

"လူသားတို့အပေါ်၌ ခေတ်တခေတ် မုချရောက်လာလိမ့်မည်၊ ထိုခေတ်တွင် အတိုးအညှန့် မစားသုံးသော သူဟူ၍ တဦးတယောက်မျှ ကျန်ရှိမည်မဟုတ်ပေ၊ အကယ်၍ လူတဦးတယောက်သည် အတိုးအညှန့်ကို မစားသုံးသည့်တိုင်အောင် ထိုသူသည် အတိုးအညှန့်၏ အနံ့အသက်နှင့်ကား ကင်းစင်နိုင်မည် မဟုတ်ပေ" ဟု နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်) သည် ကြိုတင်၍ ပြောကြားတော်မူခဲ့လေသည်။

ကြည့်-(မစ်ရှ်ကာတ်)။

နဗီတမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်) ကြိုတင်ဟောကြား တော်မူခဲ့သည့်အတိုင်း ယခုခေတ်တွင် အတိုးအညှန့်နှင့် ကင်းစင်နိုင်သူကား အတော်ပင် ရှားလှ၏။ သူငါအများ အတိုးအညှန့်နှင့် ကင်းနိုင်ကြပါစေတည်း။

يَمْحَقُ اللَّهُ الرِّبٰوا وَيُرْبِي الصَّدَقٰتِ ۗ وَاللَّهُ لَا يُحِبُّ كُلَّ كَفَّارٍ اَثِيْمٍ ﴿٢٧٦﴾

၂၇၆။ အလ္လာဟ် အရှင်မြတ်သည် အတိုးအညွှန့်ကို ဆုတ်ယုတ်ပျက်စီး စေတော်မူ၍ (ပေးကမ်းစွန့်ကြဲသုံးစွဲကြကုန်သော) အလှူဝတ္ထုများကိုမူ (ဆထက်ထမ်းပိုး) တိုးပွားစေတော်မူ၏။ [၁] အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် ယုံကြည်ခြင်းသဒ္ဓါတရား ကင်းမဲ့သော ပြစ်မှုဒုစရိုက်များ ကျူးလွန်သော [၂] မည်သူတဦးတယောက်ကိုမျှ နှစ်သက်တော်မူသည် မဟုတ်ချေ။

إِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ لَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ

၂၇၇။ မုချဧကန် အကြင်သူတို့သည် ယုံကြည်ခြင်းသဒ္ဓါတရား ထား၍ ကြ၍ ကောင်းမြတ်သော အကျင့်သီလများကိုလည်း ဆောက်တည်ကြကုန်၏။ ထို့ပြင်တဝ ယင်းသူတို့သည် "ဆွလာတ်" ဝတ်ပြုကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် "ဇကာတ်" တရားဝင်ဒါနကြေးကိုလည်း ပေးဆောင်ကြကုန်၏။

---

① အတိုးအညွှန့် စားသုံးသည့်အတွက် ဆုတ်ယုတ် ပျက်စီးကြောင်းနှင့် အလှူဒါန ပြုသည့်အတွက် တိုးပွားကြောင်းများကို နောင်တမလွန်ဘဝတွင်ကား မုချ ကြုံတွေ့ရပေမည်။ ဤပစ္စက္ခ မျက်မှောက်တွင်လည်း ဖော်ပြပါ အကြောင်း ၂-ရပ်၏ အကျိုးတရားများကို တနည်းတဖုံ တွေ့ကြုံကြရပေသည်။

အတိုးအညွှန့်စားသုံးသောသူများသည် အောက်ခြေအမှတ် (၄၉၁) တွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း ဥစ္စာပစ္စည်းကို အတိုင်းထက်အလွန်မက်မောကြသဖြင့် လောဂီစည်းစိမ်များကိုပင် မခံစားနိုင်ကြပေ။ အတိုးအညွှန့်စားသုံးသောသူများတွင် မကြာခဏ ခိုက်ရန်ဖြစ်ပွားမှုနှင့် လူသတ်မှုများ ဖြစ်ပေါ်တတ်၏။ ယင်းသူတို့သည် မကြာခဏ "ဒေဝါလီ" ခံတတ်ကြ၏။ ယင်းသူတို့သည် ဥစ္စာပစ္စည်းပေါများ ကြွယ်ဝလင့်ကစား မပေးကမ်း မလှူဒါန်းကြသည့်အပြင် ဆင်းရဲသားတို့အား အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကြသည့်အတွက် လူအများတို့၏ ကြည်ညိုလေးစားမှုကိုလည်း မခံကြရပေ။

အလှူဒါနပြုလုပ်သူများမှာကား မိမိတို့၏ဥစ္စာပစ္စည်းများကို အမျိုးဘာသာ သာသနာ ထွန်းကားရေးနှင့် တိုင်းပြည်တိုးပွားရေးတွင် ပေးကမ်းလှူဒါန်းကြ၏။ ဆင်းရဲသားတို့အား ကူညီထောက်မကြ၏။ အများ၏အကျိုးကို သည်ပိုးကြ၏။ ယင်းသူတို့သည် အချင်းချင်း ခင်မင်မြတ်နိုးကြ၏။ လူအများ၏ မေတ္တာကို ခံယူကြရ၏။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ၏။ ဤမျှမကသေး။ လှူဒါန်းခြင်းအားဖြင့် ဥစ္စာပစ္စည်းများ မလျော့ပါးသည့်အပြင် ဆထက်ထမ်းပိုး တိုးပွား၍လာသည်များကိုလည်း မကြာခဏ တွေ့ရှိရပေသည်၊ ဤကား မျက်မြင်ဒိဋ္ဌပင်။

② "ကဖွရ်" ဟူသည် 'ဟရာမ်' ဟူ၍ ပိတ်ပင်မြစ်တားထားသော အရာများကို ပြုလုပ်ခွင့်ရှိသော 'ဟလာဟ်' အရာများဖြစ်သည်ဟူ၍ ဇွတ်တရွတ် ပြုလုပ်ပြောဆိုသောသူကို ဆိုလိုသည်။

عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٢٧٤﴾

ယင်းသူတို့၏ အကျိုး ဆုလာဘ်သည် ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်၌ (အသင့်)ရှိ၏။ ၎င်းပြင်ယင်းသူတို့အတွက်အရာမည်သည့် စိုးရိမ်ကြောက်ရွံ့ခြင်းမျှမရှိချေ။ ၎င်းပြင် ယင်းသူတို့သည် ဝမ်းနည်းပူဆွေးကြမည်လည်းမဟုတ်ပေ။

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَذَرُوا مَا بَقِيَ مِنَ الرِّبَا إِن كُنتُم مُّؤْمِنِينَ ﴿٢٧٨﴾

၂၇၈။ အို-ယုံကြည်သူ အပေါင်းတို့၊ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ၊ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့လေးစား ရိုသေခန့်ညားကြကုန်၊ ၎င်းပြင် ကြွင်းကျန်လျက်ရှိသော အတိုးအညွှန့်များကိုလည်း စွန့်လွှတ်ကြကုန်။ [၁]

فَإِن لَّمْ تَفْعَلُوا فَأْذَنُوا بِحَرْبٍ مِّنَ اللَّهِ وَرَسُولِهِ ۖ وَإِن تُبْتُمْ فَلَكُمْ رُءُوسُ أَمْوَالِكُمْ لَا تَظْلِمُونَ

၂၇၉။ တဖန် အကယ်၍သာ အသင်တို့သည် (အတိုးအညွှန့် မစားသုံးအပ်ခြင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို မလိုက်နာ) မပြုလုပ်ခဲ့ကြပါမူ အလ္လာဟ်အရှင်မြတ်နှင့်၎င်း၊ ထိုအရှင်မြတ်၏ ရာရွယ်တမန်တော် (မုဟမ္မဒ် ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)နှင့်၎င်း၊ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ကြရန် အဆင်သင့်ရှိကြကုန်၊ [၂]

---

① **ဖော်ပြချက်**

တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်) သည် နောက်ဆုံး ဟဂျ်ပြုတော်မူသော 'ဟိဂျ်ဂျတုလ်ဝဒါအ်' တွင် မိမိ၏ နောက်လိုက် တပည့်သားတို့အား အထူး မှတ်သား နာယူဘွယ်ကောင်းသောဩဝါဒ စကားများကို မြွက်ကြားတော်မူခဲ့၏။ မြွက်ကြားတော် မူသော စကားများအနက်၊ အတိုးအညွှန့် စားသုံးခြင်းကို လုံးဝပယ်ဖျက်လိုက်ပြီ ဖြစ်ကြောင်း။ ကြွင်းကျန်ခဲ့သော အတိုးအညွှန့်များအနက် ဦးစွာပဌမ မိမိ၏ ဘကြီးတော် အဗ္ဗါစ် အိဗ်နုအဗ်ဒုလ်မုတ္တလိဗ်၏ အတိုးအညွှန့်များကို စာရင်းလျှော်လိုက်ပြီ ဖြစ်ကြောင်း အတည့်အလင်း ကျေညာတော်မူခဲ့လေသည်။ ဤသို့အားဖြင့် တမန်တော်သည် အတိုးအညွှန့် စားသုံးမှုကို မိမိ၏ ဘကြီးတော်အိမ်မှ လက်တွေ့ စတင်ပယ်ဖျက်၍ ကမ္ဘာအဝှန်းကို စံပြတော်မူခဲ့လေသည်၏။

ကုရ်အာန်ကျမ်းလာ မုကွပါဠ်တော် (၂:၂၇၈) ကိုဆင်ခြင်၍ ပညာရှင်သုခမိန်များသည် အောက်ပါအတိုင်း ဓမ္မသတ်ဆုံးဖြတ်ကြသည်။

အကြင်သူ တစ်ဦးသည် အစ္စလာမ်၏ ပညတ်တော်များ အနက် ပညတ်တော် တရပ်ကို ➤➤

وَلَا تُظْلَمُونَ ﴿٢٧٩﴾

သို့ရာတွင် အကယ်၍သာ၊ အသင်တို့သည် နောင်တ တရားရရှိကာ (အတိုးအညွှန့် စားသုံးခြင်းကို စွန့်လွှတ်၍ အလွှာဟ်အရှင်မြတ်ဘက်သို့) ပြန် လှည့်ကြပါလျှင် အသင်တို့သည် မိမိတို့ (ချေးငှား ထားသော) ငွေရင်းများကို ပိုင်ဆိုင်ခွင့် ရှိကြကုန်၏။ (မတည် ငွေရင်းများထက် ပိုမို၍ အတိုးအညွှန့် မယူခြင်းအားဖြင့်) အသင်တို့သည် (သူတပါးကို) မတရား ဆုံးရှုံး နစ်နာစေကြ မည်လည်းမဟုတ်၊ (မိမိတို့၏ မတည် ငွေရင်းများကို ပြန်လည်ရရှိခြင်း အားဖြင့် သူတပါး တို့၏) မတရားဆုံးရှုံး နစ်နာစေခြင်းကိုလည်း ခံကြရ မည်မဟုတ်ပေ။

وَإِنْ كَانَ ذُو عُسْرَةٍ فَنَظِرَةٌ إِلَىٰ مَيْسَرَةٍ ۚ وَأَنْ تَصَدَّقُوا خَيْرٌ لَّكُمْ إِنْ كُنْتُمْ تَعْلَمُونَ ﴿٢٨٠﴾

၂၈၀။ တဖန် အကယ်၍ (မြီစားသည်) ဆင်းရဲ နွမ်းပါးသူဖြစ်၍ (အသင်တို့၏ကြွေးမြီများကို အချိန်မှီ မပေးဆပ်နိုင်ခဲ့ပါမူ ထိုသူအား) ဥစ္စာပစ္စည်း ချောင် လည်သည်အထိ အချိန်ကို ရွှေ့ဆိုင်း၍ပေးရမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် သိတတ်ကြ ပါမူ (မြီစား၏ဒုက္ခကို ထောက်ထားညှာတာသည့် သဘောဖြင့် မိမိတို့ရထိုက်သောကြွေးမြီကိုပင်) အလှူ ဒါနအဖြစ် (စာရင်းချေဖျက်) စွန့်လွှတ်ခြင်းသည် အသင်တို့အဘို့ သာ၍ပင် ကောင်းမြတ်ပေသတည်း။

➤➤ ငြင်းပယ်သည်ရှိသော် ထိုသူသည် အစ္စလာမ်၏ ပညတ်တော်အားလုံးကို ငြင်းပယ်သကဲ့သို့ပင် 'ကာဖိရ်' ဖြစ်သွားချေသည်။' ကြည့်- ကဗီရ်ကျမ်း။

Ⓙ အတိုးအညွှန့်မစားသုံးရန် အမိန့်ပညတ်များ ကျရောက်လာပြီးသည့်နောက်တွင် ထိုအမိန့်တော်ကို မနာခံသွေဖည ငြင်းဆန်သူတို့အား "အသင်တို့သည် အလွှာဟ်အရှင်မြတ်နှင့်ငင်း၊ ထို အရှင်မြတ်၏ တမန်တော်မြတ်နှင့်ငင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အသင့်ရှိကြကုန်" ဟူ၍ စစ်ကျေညာထားတော် မူသည်ကို ထောက်ရှုဆင်ခြင်ပါသော် အတိုးအညွှန့် စားသုံးခြင်းသည် အဘယ်မျှ အပြစ်ကြီးလေး သည်ကိုကား ကောင်းစွာ သိနိုင်ပေသည်။

အတိုးအညွှန့်နှင့် စပ်လျဉ်း၍ အသေးစိတ်ပြဿနာများကို 'ဟိဒါယဟ်' ကျမ်းတွင် ရှုပါကုန်။

وَاتَّقُوا يَوْمًا تُرْجَعُونَ فِيهِ إِلَى اللَّهِ ثُمَّ تُوَفَّىٰ كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿٢٨١﴾

၂၈၁။ ထို့ပြင်တဝ (အို-မွတ်စ်လင်မ် အပေါင်းတို့) အသင်တို့သည် အကြင်နေ့ကို ကြောက်ရွံ့ကြကုန်။ ထိုနေ့တွင် အသင်တို့သည် အလွှာဟ်အရှင်မြတ် အထံတော်သို့ ပြန်လည်ရောက်ရှိကြကုန်အံ့။

ထို့နောက် လူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော (ကောင်းမှု မကောင်းမှုတို့၏ အကျိုးအပြစ်များကို) အပြည့်အစုံပေးခြင်း ခံကြရလတ္တံ့။ သို့ရာတွင် ယင်းသူတို့သည် (ထိုကဲ့သို့ အကျိုးအပြစ်ပေးခြင်း ခံကြရာတွင် တစုံတရာမျှ) မတော်မတရား နစ်နာ ဆုံးရှုံးခြင်းကို ခံကြရမည် မဟုတ်ပေ။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا تَدَايَنتُم بِدَيْنٍ إِلَىٰ أَجَلٍ مُّسَمًّى فَاكْتُبُوهُ ۚ وَلْيَكْتُب

၂၈၂။ အို-ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြကုန်သော (မွတ်စ်လင်မ်) အပေါင်းတို့။ အသင်တို့သည် မိမိတို့အချင်းချင်း (ကုန်စည်ရောင်းဝယ်ရာ၌) ကာလ ပရိစ္ဆေဒ သတ်မှတ်ပိုင်ခြာ၍ [၁] အကြွေးရောင်းဝယ်ကြသောအခါ၊ ထိုအကြွေးရောင်းဝယ်ခြင်းကိစ္စကို (စာချုပ်စာတမ်းပြုလုပ်) ရေးသားကြကုန်၏။

---

① **ဖော်ပြချက်**

ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော် (၂:၂၈၂) နှင့် စပ်လျဉ်း၍ အစ္စလာမ်ဓမ္မသတ်ဆိုင်ရာ သုခမိန်တဦးဖြစ်သူ ဖကီးတ် အီဗ်နုလ်အရ ဗီမာလိကီ က အဆိုပါ မုက္ခပါဠိတော်သည် ရောင်းဝယ်ရေးကိစ္စများအတွက် အချုပ်ပင် ဖြစ်ပေသည်ဟူ၍ အတည့်အလင်း ထုတ်ဖော် ရေးသားထားသည်။ သို့ထုတ်ဖော်ရေးသားထားသည်နှင့်အညီ မိမိကျမ်းတွင် အဆိုပါ မုက္ခပါဠိတော်ကို ဖွင့်ဆိုရာ၌ ပြဿနာပေါင်း ၅၂-တိတိကိုလည်း အကျယ်တဝင့် ရေးသားဖော်ပြထားသည်။

'သတ်မှတ် ပိုင်းခြားသော ကာလပရိစ္ဆေဒ' ဟူသော စကားကို ထောက်ရှုဆင်ခြင်၍ အကြွေးရောင်းဝယ်ရာတွင် ပြန်လည်ပေးဆပ်မည့်ကာလ ပရိစ္ဆေဒကို မပြတ်မသားမထင်မရှား မပြုလုပ်ကြဘဲ တိကျပြတ်သားစွာ ပြုလုပ်ကြရမည့် အကြောင်းကို 'မုဖတ်စ်စိရီန်' အဋ္ဌကထာရှင်ကြီးများနှင့် 'ဖုကဟာ' ဓမ္မသတ်ရှင်ကြီးများသည် အတည့်အလင်း ထုတ်ဖော်ရေးသားကြကုန်သည်။ ကြည့်-(မာဂျီဒီ)။

بَّيْنَكُمْ كَاتِبٌۢ بِالْعَدْلِ ۠
وَلَا يَأْبَ كَاتِبٌ اَنْ يَّكْتُبَ كَمَا
عَلَّمَهُ اللّٰهُ فَلْيَكْتُبْ ۚ وَلْيُمْلِلِ
الَّذِىْ عَلَيْهِ الْحَقُّ وَلْيَتَّقِ اللّٰهَ
رَبَّهٗ وَلَا يَبْخَسْ مِنْهُ شَيْـًٔا ۭ فَاِنْ
كَانَ الَّذِىْ عَلَيْهِ الْحَقُّ سَفِيْهًا
اَوْ ضَعِيْفًا اَوْ لَا يَسْتَطِيْعُ اَنْ
يُّمِلَّ هُوَ فَلْيُمْلِلْ وَلِيُّهٗ
بِالْعَدْلِ ۭ وَاسْتَشْهِدُوْا
شَهِيْدَيْنِ مِنْ رِّجَالِكُمْ ۚ فَاِنْ

စင်စစ် အသင်တို့သည် မိမိတို့ အချင်းချင်း (ယင်းကဲ့သို့ အကြွေးရောင်းဝယ်ကြသောအခါ) ရေးမှတ်သူ တဦးဦးသည် (စာချုပ်စာတမ်းကို) *တရားမျှတစွာဖြင့်* ရေးသား၍ ပေးရမည်။ [၁] ထိုမှတပါးတဲ့ ရေးမှတ်သူတဦးဦးသည် မိမိအား အလ္လာဟ်အရှင် မြတ်သင်ကြားပြသ၍ ပေးသနားတော်မူသည့် အတိုင်း (စာချုပ်စာတမ်း) ရေးသား၍ ပေးခြင်းကို ငြင်းပယ်ခြင်းမပြုရပေ။ သို့ဖြစ်လေရာ စာရေးသူသည်လည်း ရေးသား၍ပေးရမည်။

ထို့နည်းတူစွာ (ကြွေးမြီ ပေးဆပ်ရန်) *တာဝန်ရှိသောသူ (မြီစား) သည် (ပြောပြ)* ရေးသားစေရမည်။ [၂] သို့ရာတွင် (ယင်းကဲ့သို့ ပြောပြ ရေးသားစေသော အချိန်အခါဝယ်) မိမိအား မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကာ ထိုတာဝန်ရှိသည့်အနက် တစုံတရာကိုမျှ လျှော့၍ (ရေးသားစေခြင်းကို) မပြုရချေ။

---

① ရေးမှတ်သောသူများသည် စာချုပ်စာတမ်းများကို မျက်နှာမလိုက်ဘဲ၊ တရားသဖြင့် တိကျမှန်ကန်စွာ ရေးသားကြရပေမည်။ ဤစကားကို ထောက်ရှု၍ စာရေးသူများသည် သစ္စာသမာဓိဂုဏ်နှင့် ပြည့်စုံသောသူများ ဖြစ်ကြရမည့်အပြင် စာချုပ်စာတမ်းဆိုင်ရာ အစွန်လာမဲ့စည်းကမ်းချက်များကိုလည်း တတ်ကျွမ်းသောသူများ ဖြစ်ကြရပေမည်ဟု ဓမ္မသတ်ရှင်များက ဆိုကြကုန်သည်။ ကြည့်-(မဒါရိုက်)။

စာချုပ်စာတမ်းရေးမှတ်သောသူများသည် စာချုပ်စာတမ်းရေးသားရာ၌ မိမိတို့၏ ပင်ပန်းမှုအတွက် အခကြေးငွေများကိုလည်း ယူပိုင်ခွင့် ရှိကြသည်။

ကြည့်-ထာနဝီမာဂျီဒီ၊ဟာက္ကနီ။

② စာချုပ်စာတမ်းရေးမှတ်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ သူတပါးအား ပေးဆပ်ရန်ရှိသော ကြွေးမြီကို ဝန်ခံခြင်းပင်ဖြစ်ပေရာ ချုပ်ဆိုသော စာချုပ်စာတမ်းကို ရေးသားစေခြင်းမှာ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသော မြီစား၏တာဝန်ပင် ဖြစ်ပေသည်။

သို့ရေးသားစေရာတွင် အပြည့်အစုံ ရေးသားစေရမည်။ လျှော့ခြင်း၊ ချန်လှပ်ခြင်းများကို မပြုရပေ။ အရေးကိစ္စအဝဝတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ငြားရပေမည်။ မလျော်ကန်မသင့်မြတ်သော အမှုကိုမူ ဘယ်သောအခါမျှ မပြုလုပ်ရပေ။

لَّمْ يَكُونَا رَجُلَيْنِ فَرَجُلٌ
وَّامْرَاَتٰنِ مِمَّنْ تَرْضَوْنَ
مِنَ الشُّهَدَآءِ اَنْ تَضِلَّ
اِحْدٰىهُمَا فَتُذَكِّرَ اِحْدٰىهُمَا
الْاُخْرٰى ؕ وَلَا يَاْبَ الشُّهَدَآءُ
اِذَا مَا دُعُوْا ؕ وَلَا تَسْـَٔمُوْٓا
اَنْ تَكْتُبُوْهُ صَغِيْرًا اَوْ كَبِيْرًا
اِلٰٓى اَجَلِهٖ ؕ ذٰلِكُمْ اَقْسَطُ عِنْدَ
اللّٰهِ وَاَقْوَمُ لِلشَّهَادَةِ
وَاَدْنٰٓى اَلَّا تَرْتَابُوْٓا اِلَّآ اَنْ
تَكُوْنَ تِجَارَةً حَاضِرَةً
تُدِيْرُوْنَهَا بَيْنَكُمْ فَلَيْسَ
عَلَيْكُمْ جُنَاحٌ اَلَّا

တဖန် အကယ်၍ (ကြွေးမြီပေးဆပ်ရန်) တာဝန်ရှိသူကား ဉာဏ်ထိုင်းသောသူ ဖြစ်သော်၎င်း၊[၁] အသက်အရွယ် အိုမင်းရင့်ရော်သူ ဖြစ်သော်၎င်း၊ အရွယ်မရောက်သေးသော ငယ်ရွယ်သူ ဖြစ်သော်၎င်း၊ မစွမ်းမသန်သောသူ ဖြစ်သော်၎င်း၊ [၂] သို့တည်းမဟုတ် ရေးသားစေရန် မစွမ်းနိုင်သောသူ ဖြစ်သော်၎င်း၊ ထိုသူ၏ အုပ်ထိန်းသူ [၃] (သို့မဟုတ် အာဏာပိုင်သော ကိုယ်စားလှယ်) သည် (ထိုသူ၏ကိုယ်စား) တရားမျှတစွာဖြင့် ရေးသားစေရမည်။

ထို့ပြင်တဝ အသင်တို့သည် (ယင်းကဲ့သို့ စာချုပ် ချုပ်ဆိုကြသည့်ပြင် ခိုင်လုံသည်ထက် ခိုင်လုံစေခြင်းငှာ) မိမိတို့အနက်မှ ယောကျ်ားနှစ်ဦးကို (လည်း) သက်သေထားရှိကြကုန်။ [၄] တဖန် အကယ်၍ ထိုသက်သေ နှစ်ဦးတို့သည် ယောကျ်ားနှစ်ဦး မဖြစ်ကြပါလျှင် အသင်တို့ သဘောတူညီ နှစ်သက်ကြလေသော သက်သေများအနက်မှ ယောကျ်ား တဦးနှင့် မိန်းမနှစ်ဦးတို့ သည်ပင်လျှင် လုံလောက်ကြပေသည်။ [၅] အကြောင်းသော်ကား ယင်းမိန်းမနှစ်ဦး အနက်မှ တယောက်သည် မေ့လျော့ခဲ့ပါမူ ယင်းမိန်းမနှစ်ယောက်အနက် တယောက်သည် ကျန်မိန်းမ တယောက်ကို သတိရစေနိုင်ခြင်းကြောင့်တည်း။

---

① 'စဖိဟ်'ဟူသော စကားသည် အသိဉာဏ်နည်းပါးသူကို ဆိုလိုသည်။ ထိုစကားတွင် အရွယ်မရောက်သေးသော ကလေးများနှင့် သတိမေ့လျော့တတ်သော သူအိုများ၊ အသိဉာဏ်ကင်းမဲ့လျက်ရှိသော သူရူးများသည်လည်း အကြုံးဝင်လျက်ရှိကြသည်။ ကြည့်-(ကဗီရ်)။

② 'ဿွအီဖ်' မစွမ်းဆောင်နိုင်သူဟူသည် ဆွံ့အသည့်အတွက်ကြောင့် သော်၎င်း၊ တိုင်းတပါးသားဖြစ်၍ သက်ဆိုင်ရာဘာသာ စကားကို မတတ်ကျွမ်းသည့်အတွက်ကြောင့် သော်၎င်း၊ ချို့တဲ့မှု တခုခုကြောင့် စာချုပ်စာတမ်းရေးသားစေရာတွင် မစွမ်းဆောင်နိုင်သောသူများကို ဆိုလိုသည်။ ကြည့်-မာဂျီဒီ။

③ "ဝလီ" ဟူသောစကား၌ ရှရီအတ်ပဋိပတ်တွင် ဓေါဟာရသုံးစွဲသော 'ဝလီ'သည်၎င်း၊ အုပ်ထိန်းသူ၊ ကိုယ်စားလှယ်၊ စကားပြန်များသည်၎င်း အားလုံး အကြုံးဝင်လျက်ရှိပေသည်။ ကြည့်-(ထာနဝီ)။ ➤➤

تَكْتُبُوهَا ۚ وَأَشْهِدُوٓا۟ إِذَا
تَبَايَعْتُمْ ۖ وَلَا يُضَآرَّ كَاتِبٌ
وَلَا شَهِيدٌ ۚ وَإِن تَفْعَلُوا۟
فَإِنَّهُۥ فُسُوقٌۢ بِكُمْ ۗ
وَٱتَّقُوا۟ ٱللَّهَ ۖ وَيُعَلِّمُكُمُ

ထိုနည်းနှင်နှင် သက်သေများ သည်လည်း ယင်းသူတို့အား (သက်သေခံရန် အတွက်သော်၎င်း၊ သက်သေအဖြစ် ပါဝင်ရန်အတွက်သော်၎င်း) ဘိတ် ခေါ်သောအခါဝယ် *မငြင်းပယ်ကြရပေ။* [၃]

ထို့ပြင်တဝ အသင်တို့သည် ကြွေးမြီကိစ္စကို သေးငယ်သည် ဖြစ်စေ၊ ကြီးကျယ်သည် ဖြစ်စေ ချိန်း ချက်ထားသော အချိန်ကာလအထိ ရေးသားရသည့် အတွက် *မငြီးငွေ့ကြကုန်လင့်။* [၂]

➤➤ ရှရီအတ်၌ သုံးစွဲသော ဝလီ၏ အကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို သိလိုက 'ဟိဒါယတ်' အစရှိသည့် ဓမ္မသတ်ကျမ်းများတွင် ရှုပါကုန်။

⑨ "စာချုပ်စာတမ်းရေးမှတ်ရာတွင် အသင်တို့သည် မိမိတို့အနက်မှ ၂-ဦးကို သက်သေထားရှိကြကုန်" ဟူသော မုက္ခပါဠ်တော်ကို ထောက်ရှုခြင်းအားဖြင့် ထိုသက်သေ ၂-ဦးမှာ မွတ်စ်လင်မ်များပင် ဖြစ်ကြရပေမည်။

သက်သေများသည် ကြေးကျွန်မဟုတ်သော သူများဖြစ်ခြင်း၊ အရွယ်ရောက်ခြင်း။ မွတ်စ်လင်မ် ဖြစ်ခြင်းစသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသောသူများသာလျှင် ဖြစ်နိုင်ကြပေသည်။ ကြည့်-မဒါရိက်။

အသိသက်သေများ၌ ရှိအပ်သော ဂုဏ်ပုဒ်များနှင့် စပ်လျဉ်း၍ အကျယ်ကို သိလိုပါက ဟိဒါယဟ်ကျမ်း တတိယတွဲတွင် ရှုပါကုန်။

⑩ စာချုပ်စာတမ်း ရေးမှတ်ရာတွင် ယောကျ်ားသက်သေ ၂-ဦးမရရှိပါက ယောကျ်ားတဦးနှင့် မိန်းမ ၂-ဦးကို သက်သေထားကြရမည်ဟု ကုရ်အာန် ကျမ်းမြတ်တွင် အမိန့်တော် လာရှိပါသည်။ အစ္စလာမ် သာသနာတွင် အမျိုးသမီးတို့အား သက်သေခံပိုင်ခွင့် ပေးထားပေသည်။ ယဟူဒီဘာသာတွင်မူ အမျိုးသမီးတို့အား သက်သေခံနိုင်ခွင့်ကို အလျင်း ပေးထားခြင်းမရှိပေ။ အမျိုးသားတဦး၏နေရာတွင် အမျိုးသမီး ၂-ဦး ထားခြင်း၏ အကြောင်း အရပ်ရပ်အနက် အကြောင်းတရပ်မှာ အမျိုးသမီးတို့သည် မေ့တတ်ကြသဖြင့် တဦးမေ့သည်ရှိသော် ကျန်တဦးက သတိပေးရန် အလို့ငှာ ဖြစ်ပေသည်။

ခပ်သိမ်းကုန်သော သက်ရှိသက်မဲ့ အားလုံးတို့ကို ဖန်ဆင်းတော်မူသော အလွန်ဟ်အရှင်မြတ်သည် မိမိ၏ သဗ္ဗညုတဉာဏ်တော်ဖြင့် လူသဘာဝကို ကောင်းစွာ သိကျွမ်းတော်မူသည့်အလျောက် သက်ဆိုင်ရာတို့အား ထိုက်တန်ရာတာဝန်များနှင့် ထိုက်တန်ရာ အခွင့်အရေးများကို ခွဲဝေပေးထားတော်မူခြင်းပင် ဖြစ်ပေတည်း။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို 'အီဗ်နုလ်အရဗီ' တွင် ရှုပါကုန်။

⑪ ရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ စာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့သော အသိသက်သေများကို အကြောင်းကိစ္စရှိ၍ ခေါ်ဆိုပါလျှင် ထိုသက်သေများသည် မငြင်းဆိုကြရပေ။ တာဝန်သိသိ၊ သစ္စာရှိရှိနှင့် မိမိတို့ သိရှိသမျှကို ဟုတ်တိုင်းမှန်ရာ ထွက်ဆိုကြရပေမည်။ ယင်းသို့ အသိသက်သေများ၏ ဟုတ်မှန်ရာကို ထွက်ဆိုခြင်းဖြင့် ရောင်းဝယ်သူတို့၏ ရောင်းဝယ်မှုများသည် အမှန်အတိုင်း ဖြစ်ပေမည်။

⑫ များသောအားဖြင့်ကုန်သည်များသည် အကြွေးရောင်းဝယ်ရာတွင် စာချုပ်စာတမ်းမပြုလုပ်ကြသဖြင့် ➤➤

اللَّهُ ۗ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿٢٨٢﴾

ဤ(ကဲ့သို့ ရေးသားခြင်း)ကား အလ္လာဟ်အရှင်မြတ်အထံတော်၌ အသင်တို့အဘို့အရာသာ၍ တရားမျှတသော နည်းလမ်းဖြစ်၏။ (၎င်းပြင်) သက်သေခံရန်အတွက် ပိုမို၍ ခိုင်လုံသေချာသော နည်းဖြစ်၏။ (၎င်းပြင်) အသင်တို့ ဒွိဟ သံသယ ကင်းစေခြင်းငှာ ပိုမို၍သင့်လျော်သောအချက်လည်း ဖြစ်၏။ သို့ရာတွင် (အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းသည်ရှေ့မှောက်တွင်)အရန်သင့်ရှိ၍ လက်ချင်း ပြောင်းလွဲ ဖလှယ်ကြလေသော အရောင်းအဝယ်မျိုး ဖြစ်သဖြင့် (စာချုပ်စာတမ်း) ရေးသားခြင်းကို မပြုခဲ့ပါမူ အသင်တို့၌တစုံတရာမျှအပြစ်မရှိချေ။ [၁]

သို့ပင်တစေ (ယင်းကဲ့သို့ ပစ္စည်းနှင့် ငွေ လက်ငင်းပေးဆပ်သော) ရောင်းဝယ်ခြင်းပြုလုပ်သော အချိန်အခါမျိုး၌လည်း သက်သေများထားရှိကြကုန်။ ၎င်းပြင် မည်သည့်စာရေးသူနှင့် မည်သည့်သက်သေ ကိုမျှ *နစ်နာဆုံးရှုံးစေခြင်းကိုလည်းမပြုအပ်ပေ။* [၂]

➤➤ အချင်းချင်း မကြာခဏ အငြင်းပွားကြသည်မှာ မျက်မြင်ဒိဋ္ဌပင် ဖြစ်ပေတော့၏။ ထိုအတွက်ကြောင့်ပင် ကြွေးမြီကိစ္စများနှင့် စပ်လျဉ်း၍ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ စာချုပ်စာတမ်းများ လုပ်ရာတွင် မငြီးငွေ့ကြကုန်လင့်ဟု အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားတော်မူခြင်း ဖြစ်သည်။ ယင်းကဲ့သို့စာချုပ်စာတမ်းပြုလုပ်ထားခြင်းသည် တရားမျှတသောနည်းလမ်းလည်းဖြစ်၏။ သက်သေခံရန် အတွက်လည်း ပိုမိုခိုင်လုံ၏။ ဤသို့အားဖြင့် အချင်းချင်း မယုံသင်္ကာဖြစ်ရန်လည်း အကြောင်းမရှိပေ။

① ရောင်းဝယ်မှုများတွင် စာချုပ်စာတမ်းများ ရေးမှတ်ထားကြရမည့် အကြောင်းအထက်တွင် ပါရှိခဲ့ပေပြီ။ သို့ရာတွင် လက်ချင်းပြောင်းလွဲ ဖလှယ်ကြသော သာမည အရောင်းအဝယ်များသည် နေ့စဉ်နှင့်အမျှ အများအပြားရှိပေသည်။ ဤသို့သော ရောင်းဝယ်မှုမျိုးတွင် တဦးနှင့်တဦး ပေးယူသော ငွေများသည်လည်း မများလှသဖြင့် ငြင်းပွားရန် အကြောင်းလည်း မရှိလှပေ။ ဤကဲ့သို့ အရောင်းအဝယ်မျိုးတွင်လည်း စာချုပ်စာတမ်း ရေးမှတ်ကြရမည်ဖြစ်ပါက ရောင်းဝယ်သူများသည် အချိန်ကုန်လူပန်းဖြစ်ကြရပေမည်။ သို့ဖြစ်၍ ထိုအရောင်းအဝယ်မျိုးများတွင် စာချုပ်စာတမ်းများ မပြုလုပ်ကြသည့်အတွက် အပြစ်မရှိကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ကြားထားတော်မူသည်။

② ရေးမှတ်သောသူများသည် စာချုပ်စာတမ်းများကို တရားသဖြင့် ရေးမှတ်ပေးကြရမည့် အကြောင်း၊ အသိသက်သေများသည်လည်း အကြောင်းကိစ္စရှိ၍ ဘိတ်ခေါ်သောအခါ လာရောက်သက်သေ ထွက်ဆို ➤➤

အကယ်၍သာ အသင်တို့သည် ယင်း(ဆုံးရှုံးနစ်နာစေခြင်း) ကို ပြုလုပ်ကြပါမူ ထိုပြုမူချက်ကား အသင်တို့၌ အပြစ်တရပ်ပင် ဖြစ်၏။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။

အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား (ယင်းကဲ့သို့ အကျိုးဖြစ်ထွန်းစေသောနည်းစံနစ်တို့ကို မိမိ၏ကျေးဇူးတော်ဖြင့်) သင်ကြားပြသ၍ ပေးသနားတော် မူလေသည်။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَإِنْ كُنْتُمْ عَلَىٰ سَفَرٍ وَلَمْ تَجِدُوا كَاتِبًا فَرِهَانٌ مَقْبُوضَةٌ فَإِنْ أَمِنَ بَعْضُكُمْ بَعْضًا فَلْيُؤَدِّ الَّذِي اؤْتُمِنَ أَمَانَتَهُ وَلْيَتَّقِ

၂၈၃။ တဖန် အကယ်၍ အသင်တို့သည် ခရီးသွားနေစဉ် (အကြွေးရောင်းဝယ်မှုကို ပြုလုပ်ကြရာ၌ စာချုပ်စာတမ်း ရေးသားရန်အတွက်) ရေးမှတ်သူ တဦးမျှကိုပင်မရရှိခဲ့ပါမူ ထိုအခါ (မြီစားသည် မြီရှင်အား) အပေါင်အနှံ ဝတ္ထုပစ္စည်းများကို (ယုံကြည်စိတ်ချရန်အတွက်) လက်ရောက် ပေးထားရမည်။

➤➤ ကြရမည့်အကြောင်း၊ ရေးမှတ်သူများနှင့် သက်သေတို့အား မနစ်နာစေရမည့်အကြောင်း၊ (ဥပမာ စာရေးများနှင့် အသိသက်သေတို့အား လိုအပ်သော ရေးမှတ်ခနှင့် ခရီးစရိတ်များကို အကြောင်းအားလျော်စွာ ထုတ်ပေးရမည်ဖြစ်ကြောင်း) ရေးမှတ်သူများနှင့် အသိသက်သေတို့အား နစ်နာစေခြင်းသည် အပြစ်ဖြစ်ကြောင်းများကို ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ကြားထားတော်မူသည်။

ဖော်ပြချက်

ကုရ်အာန်ကျမ်းမြတ်လာ မုက္ခပါဠ်တော် (၂:၂၈၂)တွင် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ လိုအပ်သော အသေးစိတ် စည်းကမ်းချက်များကို အကျယ်တဝှန့် မိန့်ကြားထားတော်မူခြင်းကို ထောက်ရှုခြင်းအားဖြင့် ရောင်းဝယ်ဖောက်ကားမှုသည် အစွန်လာမ်သာသနာရေးနှင့် မဆန့်ကျင်သည့်အပြင် အထူးပင် လိုလားအပ်သော အမှုတရပ်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

اللَّهَ رَبَّهُۥ ۗ وَلَا تَكْتُمُوا۟ ٱلشَّهَٰدَةَ ۚ وَمَن يَكْتُمْهَا فَإِنَّهُۥٓ ءَاثِمٌ قَلْبُهُۥ ۗ وَٱللَّهُ بِمَا تَعْمَلُونَ عَلِيمٌ ﴿٢٨٣﴾

သို့ရာတွင် အကယ်၍ အသင်တို့အနက် တဦးသည်တဦးကို ယုံကြည်စိတ်ချ(၍ ပစ္စည်းပေါင်နှံရန် မလိုခဲ့)ပါလျှင် ယုံကြည်စိတ်ချခြင်းခံရသော (မြီစား)သည် မိမိအားမွေးမြူတော်မူသော အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့လေးစားလျက် ထို (ယုံကြည်စိတ်ချသော မြီရှင်) ၏ကြွေးမြီကို ပြေလည်အောင် ပေးဆပ်ရမည်။

၎င်းပြင် အသင်တို့သည် သိမြင်သမျှတို့ကို (သက်သေမခံပဲ) ထိမ်ချန်လျှို့ဝှက်ခြင်း မပြုကြကုန်လင့်။ အမှန်သော်ကား အကြင်သူသည် ယင်းသိမြင်သမျှကို ထိမ်ချန်လျှို့ဝှက်အံ့ ထိုသူ၏ စိတ်နှလုံး[၁]သည် ပြစ်မှုဒုစရိုက်ကို ကျူးလွန်သော သူ၏စိတ်နှလုံးဖြစ်အံ့။

စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူချေသတည်း။

---

(၁) စိတ်နှလုံးသည် ကုသိုလ်တရား၊ အကုသိုလ်တရားများ၏ မူလအစ ဖြစ်ပွါးရာ ဌါနပင်ဖြစ်ပေသည်။ "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား၊ ကောင်းမြတ်သော ကုသိုလ်တရားများသည်လည်း စိတ်နှလုံးနှင့်ပင် သက်ဆိုင်ပေသည်။ "ကုဖ်ရ်" အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းဆန်ခြင်း၊ "ရှိရ်က်" အလ္လာဟ်အရှင်နှင့် ယှဉ်ဖက်၍ အခြားဘုရားများကို ကိုးကွယ်ခြင်း၊ စသည့် အဆိုးရွားဆုံးသော အကုသိုလ်တရားများသည်လည်း စိတ်နှလုံးနှင့်ပင် သက်ဆိုင်ပေသည်။

သိမြင်သမျှသော သက်သေခံ အကြောင်းကိစ္စကို ထိမ်ချန်လျှို့ဝှက်ခြင်းသည် စိတ်နှလုံးနှင့် သက်ဆိုင်သော ဒုစရိုက်မှုဖြစ်သည်ဟု ဤမှတ္ထုပါဌ်တော်တွင် အတိအကျ မိန့်ဆိုထားတော်မူပေရာ ယင်းဒုစရိုက်မှုသည် အဘယ်မျှ ဆိုးရွားသည်ကို ကောင်စွာသိရှိနိုင်ပေသည်။ ကြည့်(မဒါရိတ်)။

ဤမှတ္ထုပါဌ်တော်တွင် "အသင်တို့သည် သိမြင်သမျှကို ထိမ်ချန်မထားကြကုန်လင့်" ဟူသော အမိန့်တော်သည် အကြွေးရောင်းဝယ်ရာတွင် ချုပ်ဆိုသော စာချုပ်စာတမ်းနှင့်သာလျှင် သက်ဆိုင်သည်မဟုတ်ပေ။ ထိုအမိန့်တော်သည် ရောင်းဝယ်ခြင်း၊ အမွေခွဲဝေခြင်း ၊ သေတမ်းစာ ရေးမှတ်ခြင်း၊ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အစရှိသည့် လောကီ လောကုတ္တရာ ကိစ္စအဝဝ အားလုံးနှင့် သက်ဆိုင်ပေသည်။ ကြည့်-(မာဂျိဒီ)။

لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي
الْاَرْضِ ۭ وَاِنْ تُبْدُوْا مَا فِيْٓ
اَنْفُسِكُمْ اَوْ تُخْفُوْهُ
يُحَاسِبْكُمْ بِهِ اللّٰهُ ۭ
فَيَغْفِرُ لِمَنْ يَّشَاۗءُ وَيُعَذِّبُ
مَنْ يَّشَاۗءُ ۭ وَاللّٰهُ عَلٰي كُلِّ
شَيْءٍ قَدِيْرٌ ۝۲۸۴

၂၈၄။ မိုးကောင်းကင်များနှင့် ပထဝီမြေပြင်ဝယ်ရှိသော (သက်ရှိ၊သက်မဲ့) အရာဝတ္ထုအလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုများပင်တည်း။

ထို့ပြင်တဝ အသင်တို့သည် မိမိတို့ စိတ်တွင်းဝယ်ရှိလေသော အကြောင်းအရာများကို ထင်ရှားစွာ *ပြုလုပ်ပြောဆိုကြသည်ဖြစ်စေ၊* [၃] ထိမ်ချန်လျှို့ဝှက်ထားကြသည်ဖြစ်စေ၊ အလ္လာဟ် အရှင်မြတ်သည် ယင်းအကြောင်းအရာများကို အသင်တို့အား *စစ်ဆေးမေးမြန်းတော်မူအံ့၊* [၂] ထို့နောက်ထို အလ္လာဟ်အရှင်မြတ်သည် *မိမိနှစ်လိုတော်မူသောသူတို့အား(အပြစ်များမှ) လွှတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူ၍* [၃] မိမိအလိုရှိသောသူတို့ကို အပြစ်ဒဏ်ပေးတော်မူအံ့၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

---

③ ထုတ်ပြန်ပို့ချတော်မူခြင်း၊

သာဝကကြီး အဗူဟုရိုင်ရဟ် သခင်က ထုတ်ဖော်ပြောကြားသည်မှာ "မိုးကောင်းကင်များနှင့် ပထဝီမြေပြင်၌ ရှိရှိသမျှသော(သက်ရှိသက်မဲ့) အရာဝတ္ထုအားလုံးတို့သည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုများပင်ဖြစ်သည်။ ထို့ပြင်အသင်တို့သည် မိမိတို့စိတ်တွင်း၌ရှိသော အကြောင်းကိစ္စများကို ထင်ရှားစွာ ပြုလုပ်ပြောဆို ကြသည်ဖြစ်စေ ၊ ထိမ်ချန်လျှို့ဝှက် ထားသည်ဖြစ်စေ ထိုအကြောင်းများနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား စစ်ကြောမေးမြန်းတော် မူလိမ့်မည် " ဟူသော မုက္ခပါဠ်တော်သည် နဇီတမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အပေါ်သို့ ကျရောက်သောအခါ တမန်တော်မြတ်၏ သာဝကကြီးများသည် ထိုမုက္ခပါဠ်တော်ကို လေးလံသည်ဟု ယူဆကြသဖြင့် တမန်တော်မြတ်ထံ လာရောက်ပြီး ပုဆစ်ဒူးတုပ်ကာ "အို-အလ္လာဟ်အရှင်မြတ်၏ တမန်တော် ၊ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိတို့တတ်စွမ်းနိုင်သော ဇကာတ်၊ဂျိဟာဒ်၊အလျှဒါန ပေးကမ်းခြင်းတာဝန်များ ကိုပေးတော်မူခဲ့သည်။ ယခုမူ အလ္လာဟ်အရှင်မြတ်သည် ဤမုက္ခပါဠ်တော်ကို ထုတ်ပြန်ပို့ချတော်မူ၏။ ကျွန်တော်မျိုးတို့သည် ထိုမုက္ခပါဠ်တော်ကို လိုက်နာကျင့်သုံးရန် မစွမ်းနိုင်ကြပါ" ဟု လျှောက်ထားကြလေသည်။

အသင်တို့သည် အသင်တို့အလျင် ရှိခဲ့ကြသော ကျမ်းရလူမျိုးများက "ကျွန်တော်မျိုးတို့ ကြားကြပါပြီသို့ရာတွင်မူကား ကျွန်တော်မျိုးတို့သည် သွေဖည်ကြပါပြီ"ဟု ပြောဆိုကြသကဲ့သို့အသင်တို့လည်း ➤➤

➤➤ ပြောဆိုလိုကြပါသလော။ အသင်တို့ကမူ "ကျွန်တော်မျိုးတို့သည် ကြားနာကြပါပြီ ၊ ကျွန်တော်မျိုးတို့ လိုက်နာကြပါပြီ။ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို (လိုလားကြပါသည်၊) တဖန် အရှင်မြတ်အထံသို့လျှင် ပြန်လှည့်ကြရပါမည်" ဟူ၍သာ ပြောဆိုကြကုန် ဟု မိန့်ကြားတော်မူလေသည်။

ထိုအခါ သာဝကကြီးများသည် တမန်တော်၏ အဆုံးအမသြဝါဒကို စဉ်းစားဆင်ခြင်ပြီး ဆိတ်ငြိမ် သွားကြလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် "နဗီတမန်တော်သည် မိမိအားမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ မိမိထံသို့ ထုတ်ပြန်ချမှတ်သော ကျမ်းဂန်(ကုရ်အာန်)ကို ယုံကြည်လေပြီ၊ ထို့အတူ မုအ်မင်န်များသည်လည်း ယုံကြည်ကြလေပြီ" ဟူသော မုကွပါဠ်တော်ကို ထုတ်ပြန်ပို့ချတော်မူလေသည်။

ယင်းသို့သာဝကကြီးများသည် အမိန့်တော်ကို လိုက်နာကြသောအခါ အလ္လာဟ်အရှင်မြတ်သည် ဖေါ်ပြပါ မုကွပါဠ်တော်ကို "နတ်စ်ခ်" ရှင်းလင်း၍ "အလ္လာဟ်အရှင်မြတ်သည် မည်သူ တဦးတယောက်ကိုမျှ ထိုသူ စွမ်းဆောင်နိုင်သည်ထက် ပိုမိုး၍ တာဝန်ပေးတော်မမူချေ" ဟူသော မုကွပါဠ်တော်ကို ထုတ်ပြန် ချမှတ်တော်မူလေသည်။ ကြည့် -(အလ်မနာရ်)

ဖေါ်ပြချက်။

'နတ်စ်ခ်' အကြောင်းကို ရှေ့တွင် အကျယ်တဝှန့်ရေးသားခဲ့ပေပြီ။ အတိတ်ခေတ်ရှိ ပညာရှင်တို့သည် အလိုသဘောကို ရှင်းလင်းပြရန်အလို့ငှါ ထုတ်ပြန်ချမှတ်ခြင်းကိုလည်း 'နတ်စ်ခ်ဟူ၍' သုံးစွဲကြကုန်သည်။

[ကြည့်-(ထာနဝီ)။ အ-၁။စ-၁၆၄။)]

ဤအကြောင်းနှင့်စပ်လျဉ်း၍အကျယ်ကိုသိလိုပါက 'အလ်မနာရ်'ကျမ်းတွင်ရှုပါကုန်။

(၂) အသင်တို့သည် မိမိတို့၏စိတ်တွင်း၌ဖြစ်ပေါ်သော အကြောင်းကိစ္စများကို အထင်အရှား ထုတ်ဖေါ်ပြလုပ်ပြောဆို ကြသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိမ်ချန်လျှို့ဝှက်ထားကြသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် ထိုအကြောင်း ကိစ္စများနှင့်စပ်လျဉ်း၍ အသင်တို့အား စောကြော မေးမြန်းတော်မူလိမ့်မည်ဟု ဤမုကွပါဠ်တော်တွင်လာရှိ၏။

စိတ်နှလုံးတွင် ဖြစ်ပေါ်သော အကြောင်းကိစ္စများသည် နှစ်မျိုးနှစ်စားရှိ၏။ (၁) မိမိအာသာ ဆန္ဒအလျောက် ဒုစရိုက်မှုကိုပြုလုပ်ရန် စိတ်ပိုင်းဖြတ်ခြင်း၊ ဥပမာ "ကုဖ်ရ်" "ရှိရ်ကဲ့" . . အစရှိသည့် မှားယွင်းသော မိစ္ဆာအယူဝါဒများကို ယုံကြည်ခြင်း။ (၂) အလိုအလျောက်ဖြစ်စေ၊ ရှိုင်တွာန်၏ နှောင့်ယှက်မှု ကြောင့်ဖြစ်စေ စိတ်တွင်မကောင်းသော အတွေးအခေါ်များ ပေါ်ပေါက်ခြင်း၊ ဖေါ်ပြပါ အကြောင်းကိစ္စ နှစ်မျိုးနှစ်စား အနက် ပဌမအမျိုးအစားမှာအပြစ်ရှိ၍ ဒုတိယအမျိုးအစားမှာမူကား အပြစ်မရှိချေ။ကြည့်-(ထာနဝီ)။

စိတ်နှလုံးတွင် ဖြစ်ပေါ်သောအကြောင်း ကိစ္စနှစ်မျိုးနှစ်စားအနက် ဒုတိယအမျိုးအစားနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လာလ္လာဟု အလိုင်ဟိဝစလ္လမ်)က "ကျွန်ုပ်၏ တပည့်နောက်လိုက်တို့သည် မိမိတို့၏ စိတ်နှလုံးတွင် အလိုအလျောက် ဖြစ်ပေါ်လာသော စိတ်ပျံလွှင့်ခြင်းများကို ကာယက်မြောက် ပြုလုပ်ပြောဆိုခြင်း မပြုသမျှကာလပတ်လုံး (ထို စိတ်ပျံလွှင့်ခြင်းနှင့် စပ်လျဉ်း၍) အလ္လာဟ် အရှင်မြတ်သည် ကျွန်ုပ်၏ တပည့်နောက်လိုက်တို့အား အပြစ်မှ ချမ်းသာခွင့်ပေးသနားတော်မူထားသည်" ဟု မိန့်ကြားတော်မူလေသည်။

ကြည့် (ဗုခါရီ-မွတ်စ်လင်မ်၊)

(၃) အလ္လာဟ်အရှင်မြတ်သည် မိမိ၏အနန္တကရုဏာတော်ဖြင့် အလိုတော်ရှိသော သူများကို ချမ်းသာခွင့် ပေးသနားတော်မူ၏၊ ထိုအရှင်မြတ်သည် တရားမျှတစွာ စီရင်တော်မူသည်နှင့်အညီ အပြစ်ဒဏ်ပေးလိုသော သူများကိုလည်း အပြစ်ဒဏ်ပေးတော်မူသည်။

اٰمَنَ الرَّسُوْلُ بِمَآ اُنْزِلَ اِلَيْهِ مِنْ رَّبِّهٖ وَالْمُؤْمِنُوْنَ ؕ كُلٌّ اٰمَنَ بِاللّٰهِ وَمَلٰٓئِكَتِهٖ وَكُتُبِهٖ وَرُسُلِهٖ ۫ لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْ رُّسُلِهٖ ۫ وَقَالُوْا سَمِعْنَا وَاَطَعْنَا ۫ غُفْرَانَكَ رَبَّنَا وَاِلَيْكَ الْمَصِيْرُ ۝٢٨٥

၂၈၅။ ရစူလ်တမန်တော် (မုဟမ္မဒ် ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သည် မိမိထံသို့ မိမိအား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်မှ ထုတ်ပြန်ပို့ချသော(ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်လေပြီ။ [၁] ထိုနည်းတူစွာ (မုအ်မင်န်) ယုံကြည်သူအပေါင်းတို့သည်လည်း ယုံကြည်ကြချေပြီ။

[ယင်းရစူလ်တမန်တော် မုဟမ္မဒ်(ဆွ)နှင့် တကွ ယုံကြည်သူ] ခပ်သိမ်းသူတို့သည် (တဆူတည်း ဖြစ်တော်မူသော) အလ္လာဟ် အရှင်မြတ်ကိုငင်း၊ ထိုအရှင်မြတ်၏ (မလာအိကဟ်) အပါးတော် စေတမန်တော် အပေါင်းတို့ကိုငင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန် အပေါင်းတို့ကိုငင်း၊ ထိုအရှင်မြတ်၏ရစူလ် တမန်တော် အပေါင်းတို့ကိုငင်း၊ ယုံကြည်ကြကုန်၏။ [၂] (ထို့ပြင်ယင်းသူတို့က) ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့အနက် *မည်သည့် ရစူလ်တမန်တော်တပါးကိုမျှ ခွဲခြားခြင်း မပြုကြပါ။* [၃] (အားလုံးကိုယုံကြည်ပါသည် ဟုပြောဆိုကြကုန်၏။)

---

① "နဗီတမန်တော်(မုဟမ္မဒ် ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်သည်) သည် မိမိအား မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ မိမိထံသို့ထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်(ကုရ်အာန်မဇ္ဈကွန်) ကို အီမာန် စွဲယူယုံကြည်သည်" ဟူ၍ကုရ်အာန်ကျမ်းမြတ်တွင် မကွပါဠိတော်လာရှိခြင်းမှာ တမန်တော်မုဟမ္မဒ် (ဆွာလ္လလ္လဟု အလိုင်ဟိဝစလ္လာမ်) ကိုယ်တော်တိုင် မှန်ကန်တိကျစွာ အီမာန်စွဲယူယုံကြည်ကြောင်း အလ္လာဟ် အရှင်မြတ်ထံတော်မှ သက်သေသာဓကတရပ်ဖြစ်ပေသည်။ ကြည့်(ကရ်ရှားဗ်)။

② အလ္လာဟ်အရှင်မြတ်ကိုငင်း၊ ထိုအရှင်မြတ်၏ အပါးတော် စေတမန်များကိုငင်း၊ ကျမ်းဂန်များကိုငင်း၊ ရစူလ် တမန်တော်များကိုငင်း၊ အီမာန် ယုံကြည်ရမည့်အကြောင်း အောက်ခြေအမှတ် (၂၃၆၉) တွင် အကျယ်တဝှန့် ရေးသားခဲ့ပေပြီ။

③ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်များကို တပါးနှင့်တပါး ခွဲခြားခြင်း မပြုကြပါ။ ဤကားမွတ်စ်လင်မ်တို့၏ ယုံကြည်ချက်တည်း။

ထိုမှတပါးတဲ့ ယင်းသူတို့သည် (အလ္လာဟ် အရှင်မြတ်အထံတော်၌) "ကျွန်တော်မျိုးတို့သည် (အရှင်မြတ်၏ အမိန့်တော်များကို) ကြားနာ ကြပါပြီ။ ထို့ပြင်တဝ (ကြားနာသည့်အတိုင်း) လိုက်နာကြပါပြီ။

အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ်များမှ) အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ (ထာဝစဉ် လိုလား တောင့်တကြပါသည်)။ တဖန် (ကျွန်တော်မျိုးတို့၏ ပြန်လည် ရောက်ရှိရာ) နောက်ဆုံး စခန်းသည်လည်း အရှင်မြတ်၏ အထံတော်၌ပင် ဖြစ်ပါသည်" ဟု လျှောက်ထားပန်ကြားကြလေသတည်း။

لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا
وُسْعَهَا ۚ لَهَا مَا كَسَبَتْ
وَعَلَيْهَا مَا اكْتَسَبَتْ ۗ رَبَّنَا
لَا تُؤَاخِذْنَا إِنْ نَسِينَا أَوْ
أَخْطَأْنَا ۚ رَبَّنَا وَلَا تَحْمِلْ
عَلَيْنَا إِصْرًا كَمَا حَمَلْتَهُ
عَلَى الَّذِينَ مِنْ قَبْلِنَا ۚ رَبَّنَا
وَلَا تُحَمِّلْنَا مَا لَا طَاقَةَ لَنَا
بِهِ ۖ وَاعْفُ عَنَّا وَاغْفِرْ لَنَا

၂၈၆။ အလ္လာဟ် အရှင်မြတ်သည် မည်သူ တဦးတယောက်ကိုမျှ ထိုသူ၏ စွမ်းအားထက်ပို၍ တာဝန်ပေးတော်မမူချေ။

မိမိကိုယ်တိုင် ရှာဖွေ ဆည်းပူး ပြုလုပ်ခဲ့သော (ကောင်းမှု၏အကျိုးသည်)သာလျှင် ထိုသူ၏ အတိုဖြစ်၍၊ မိမိကိုယ်တိုင် ရှာဖွေဆည်းပူး ပြုကျင့်ခဲ့သော (မကောင်းမှု၏ အပြစ်သည်) သာလျှင် ထိုသူ၏ အပေါ်၌တင်ရှိအံ့။

(အသင်တို့သည် အလ္လာဟ် အရှင်မြတ် အထံတော်၌ ဤသို့ ဆုတောင်းပတ္ထနာ ပြုကြကုန်) အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ မေ့လျော့၍ဖြစ်စေ၊ မှားယွင်းချွတ်ချော်၍ဖြစ်စေ (ပြုမိသော မကောင်းမှုနှင့်

وَارْحَمْنَا ۚ أَنْتَ مَوْلَىٰنَا
فَانْصُرْنَا عَلَى الْقَوْمِ
الْكَافِرِينَ ﴿٢٨٦﴾

စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။

ထို့ပြင်တဝ အို- ကျွန်တော်မျိုးတို့အား မွေးမြူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အလျင် ရှေးအထက်အဆက်ဆက်က လူမျိုးတို့အပေါ်၌ တင်ထားတော်မူသကဲ့သို့ ကျွန်တော်မျိုးတို့အပေါ်၌ လေးလံသောဝန်ကို တင်တော်မမူပါနှင့်။

ထို့ပြင် အို- ကျွန်တော်မျိုး တို့အား မွေးမြူတော် မူသောအရှင်၊ ကျွန်တော်မျိုးတို့မတတ်စွမ်းနိုင်သော တာဝန်ကိုလည်း အရှင်မြတ် သည် ကျွန်တော်မျိုးတို့အား ထမ်းရွက်စေတော် မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုး တို့ကို ခွင့်လွှတ်တော် မူပါ၊ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုး တို့အား (အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးသနားတော် မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ အပေါ်ဝယ်၊ သနားညှာတာတော် မူပါ။ အရှင်မြတ်သည်သာလျှင် ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူသောအရှင် ဖြစ်တော်မူပါ၏၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား "ကာဖိရ်" မယုံမကြည် သွေဖည် ငြင်းဆန်သောသူများအပေါ်ဝယ် (အောင်နိုင်စေခြင်း၄၂) ကူညီစောင်မတော်မူပါ။

အိမ်ရာန်၏ မျိုးနွယ်ကဏ္ဍ



ဤကဏ္ဍ၏ အမည်နာမမှာ "အိမ်ရာန်၏ မျိုးနွယ်" ကဏ္ဍဖြစ်သည်။
မဒီနာမြို့တော်၌ ကျရောက်ခဲ့သည်။ ဤကဏ္ဍတွင် အာယတ်တော်ပေါင်း (၁၉၉)၊
ရူကူအ်အပိုဒ်ပေါင်း (၂၀) အသီးသီးပါရှိ၏။

ကဏ္ဍ၏အမည်နာမ

အတိတ်ခေတ်တွင် "အိမ်ရာန်" ဟူသောအမည်ဖြင့် ပုဂ္ဂိုလ်ကြီးနှစ်ဦးရှိခဲ့၏။ နဗီ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)၏ ဘခင်၏အမည်မှာလည်း "အိမ်ရာန်"ဟူ၍ပင်ဖြစ်၏။ မရ်ယမ် သခင်မ၏ ဘခင်၏အမည်မှာလည်း "အိမ်ရာန်" ဟူ၍ပင်ဖြစ်၏။

ဤကဏ္ဍတွင်ပါရှိသော "အိမ်ရာန်" သည် ဖေါ်ပြပါ အိမ်ရာန် ၂-ဦးအနက် အဘယ်အိမ်ရာန်နည်း။ အချို့ပညာရှင်များကမူ တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)၏ ဘခင်ကို ဆိုလိုကြသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်များကို ရှေ့နောက်ဆက်စပ် ဆင်ခြင်သုံးသပ်သည်ရှိသော်အဆိုပါ "အိမ်ရာန်"သည် မရ်ယမ်သခင်မ၏ ဘခင်ကိုသာ ဆိုလိုသည်မှာ ထင်ရှားလှပေသည်။

ကြည့်-အိမ်နကဆီရ်၊ ကဗီရ်၊ ရူဟုလ်မအာနီ၊
[မာဂျိဒီ။ အ-၃။ စ-၁၃၀၊ အာ-၈၆]

ဤကဏ္ဍတွင် အိမ်ရာန်၏ သမီးတော်၊ မရ်ယမ်သခင်မ၊ မြေးတော် နဗီတမန်တော် အီစာ (အလိုင်အစ္စလာမ်)၏ အတ္ထုပ္ပတ္တိနှင့် ခရစ်ယာန်သာသနာဝင်တို့၏ အကြောင်းများကို အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ဤသည်ကိုပင် အကြောင်းပြု၍ ဤကဏ္ဍကို "အိမ်ရာန်၏မျိုးနွယ်" ကဏ္ဍဟူ၍ အမည်မှည့်ခေါ်ထားခြင်းဖြစ်သည်။

ဖေါ်ပြချက်။

အိမ်ရာန်မျိုးနွယ်ကဏ္ဍသည် မဒီနာမြို့၌ ထုတ်ပြန်ပို့ချတော်မူသော ကဏ္ဍဖြစ်သည်။ ဤကဏ္ဍတွင် "အာယတ်" ပါဒ ၁၉၉၊ အပိုဒ် ၂၀၊ ပုဒ် ၃၅၄၂၊ အက္ခရာ ၁၅၃၃၆၊ အသီးသီးပါရှိ၏။

မှတ်ချက်။

အိမ်ရာန်မျိုးနွယ်ကဏ္ဍတွင်ပါရှိသော အာယတ်၊ ပါဒများကို သတ်မှတ်ပိုင်းခြား ရေတွက်ရာတွင် ပညာရှင်များသည် အဆိုပြားလျက်ရှိကြပေသည်။ များသောအားဖြင့် ပညာရှင်များသည် အိမ်ရာန် မျိုးနွယ်ကဏ္ဍလာ အာယတ်များကို ပါဒ ၂၀၀ ဖြစ်သည်ဟူ၍ ရေတွက်ကြကုန်၏။ သို့ရာတွင် ကုရ်အာန်ကျမ်းမြတ်ကို ဌာန်ကရိဏ်းကျနစွာ ရွတ်ဘတ်သရဇ္ဈာယ်သော "ကာရီ" ခေါ် ပညာရှင်များကမူ အိမ်ရာန်မျိုးနွယ်ကဏ္ဍ၌ လာရှိသော အာယတ်များမှာ ၁၉၉ ဖြစ်သည်ဟူ၍ ရေတွက်ကြကုန်၏။ သို့ကွာခြားခြင်း၏ အကြောင်းမှာ အိမ်ရာန်မျိုးနွယ်ကဏ္ဍ၏အစ၌ပါရှိသော မုက္ခပါဠိတော် (نَزَّلَ عَلَيْكَ الْكِتٰبَ) မှ (ذُوانْتِقَامٍ) အထိကို ပိုင်းခြားရေတွက်ရာတွင် သဘောကွဲလွဲခြင်းကြောင့်ပင်ဖြစ်သည်။ အချို့ပညာရှင်များသည် (نَزَّلَ عَلَيْكَ الْكِتٰبَ) မှ (الاِنجيل) သို့မဟုတ် (الفرقان) အထိကို အာယတ်တခုဟူ၍ငင်း၊ (اِنَّ الَّذِيْنَ كَفَرُوْا) မှ (ذُوانْتِقَامٍ) အထိကို အာယတ်တခုဟူ၍ငင်း၊ ရေတွက်ကြကုန်၏။ ➤➤

➤➤ အချို့ပညာရှင်များကမူ (نَزَّلَ عَلَيْكَ الْكِتَٰبَ) မှ (ذُو انتِقَامٍ) အထိကို အာယတ် ၂ ခုမဟုတ်၊ အာယတ်တခုဟူ၍သာ ရေတွက်ကြကုန်၏။

မောင်လာနာထာနဝီသည်လည်း အိမ်ရာန်မျိုးနွယ်ကဏ္ဍ၌ ပါရှိသော အာယတ်များကို (၁၉၉) ဟူ၍ပင် မိမိ၏ကျမ်း၌ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ (ကျွန်ုပ်တို့သည်လည်း အိမ်ရာန်မျိုးနွယ် ကဏ္ဍတွင် အာယတ်တော်ပေါင်း (၁၉၉) ဟူ၍ပင် ရေးသားဖော်ပြသွားမည်ဖြစ်ပါကြောင်း)။

အိမ်ရာန်မျိုးနွယ်ကဏ္ဍ၏ မြင့်မြတ်ခြင်း။

အိမ်ရာန်မျိုးနွယ်ကဏ္ဍ၏ မြင့်မြတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လာမ်) က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

> "အကြင်သူတဦးသည် အိမ်ရာန်မျိုးနွယ် ကဏ္ဍကို ရွတ်ဘတ်သရဇ္ဈာယ်အံ့၊ ထိုသူသည် ထိုကဏ္ဍလာ မုက္ခပါဠ်တော်တိုင်း၏အစား ဂျာန္နတ်၏တံတား (ပေါ်သို့ လျှောက်သွားခြင်း)မှ လွတ်ငြိမ်းချမ်းသာခွင့်ရအံ့။ အကြင်သူတဦးသည် "ဂျွမ်အဟ်" သောကြာနေ့တွင် အိမ်ရာန်မျိုးနွယ် အကြောင်းပါသော ကဏ္ဍကို ရွတ်ဘတ်သရဇ္ဈာယ်အံ့၊ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ကောင်းကင်တမန်တော်များသည် နေလုံး ကွယ်ပျောက်သွားသည်အထိ ထိုသူ့အပေါ်သို့ မေတ္တာပို့သကြကုန်လတ္တံ့"။

ထုတ်ပြန်ပို့ချတော်မူခြင်း။

အရဗ်နိုင်ငံတော် ယမန်ပြည်တွင် နဂျ်ရာန်အမည်ဖြင့် ကျယ်ပြန့်သောမြို့နယ်တွင် အရဗ်နိုင်ငံသား ခရစ်ယာန်သာသနာဝင်များသည် စည်ကားသိုက်မြိုက်စွာ မိတင်းနေထိုင်ခဲ့ကြ၏။ ထိုမြို့နယ်တွင် ခရစ်ယာန်သာသနာဝင်များ၏ ကြီးကျယ်ခမ်းနားသော (Cloister) ခရစ်ယာန် ဘုန်းကြီးကျောင်းတကျောင်းရှိ၏။ ထိုသူတို့သည် ထိုဘုန်းကြီးကျောင်းကို မက္ကာမြို့တော်ရှိ အလ္လာဟ်အရှင်မြတ်၏ကျောင်းတော်နှင့် တန်းတူဟူ၍ ယူဆကြ၏။

အရဗ်နိုင်ငံရှိ ခရစ်ယာန်သာသနာဝင်များအတို့ ထိုဘုန်းကြီးကျောင်းသည် အကြီးမားဆုံးသော ဘုန်းကြီးကျောင်းပင်ဖြစ်၏။ ထိုဘုန်းကြီးကျောင်း တွင် "စိုင်ယိဒ်"၊ "အာကိဗ်" ဘွဲ့ရ နာမည်ကြီး ခရစ်ယာန်ဘုန်းကြီးများ သီတင်းသုံးနေထိုင်ကြ၏။ ထိုဘုန်းကြီးကျောင်းတွင် ဝင်ရောက်သောသူသည် ဘေးရန်အပေါင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိလေ၏။ ထိုဘုန်းကြီးကျောင်းတွင် လျှုဒါန်းထားသော ပစ္စည်းများ အမြောက်အများရှိ၍ နှစ်စဉ်ဝင်ငွေမှာ နှစ်သိန်းရှိ၏။ ထိုဘုန်းကြီးကျောင်းတွင် ဂိုဏ်းချုပ်ဘုန်းကြီးမှာ "အဗူ ဟာရိဆဟ်" ဖြစ်၏။ ထိုဂိုဏ်းချုပ်ဘုန်းကြီးအား ထိုဘွဲ့တော်များကို ရောမဘုရင်က လျှုဒါန်း ဆပ်ကပ်ထား၏။

ဟိဂျ်ရီသက္ကရာဇ် (၇)ခုနှစ်တွင် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က နဂျ်ရာန်မြို့ရှိ ခရစ်ယာန်သာသနာဝင်များထံသို့ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ရန် အလို့ငှာ သဝဏ်လွှာ တစောင် ပို့တော်မူလိုက်သည့်အခါ နဂျ်ရာန်မြို့မှ ခရစ်ယာန်ဂိုဏ်းချုပ် ဘုန်းကြီးနှင့်တကွ ခရစ်ယာန် ဘုန်းကြီး အပေါ်း ၆၀ တို့သည် မဒီနာမြို့သို့ ကြွရောက်လာ၏။

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် နဂျ်ရာန်မြို့မှ ကြွရောက်လာသော ဘုန်းတော်ကြီးများအား မိမိ၏ ဗလီကျောင်းတော်တွင် တည်းခိုစေတော်မူ၏။ တခဏအကြာတွင် ဝတ်ပြုရန်အချိန် ကျရောက်လာ၍ ခရစ်ယာန်ဘုန်းတော်ကြီးများသည် ဝတ်ပြုရန် ကြိုးစားကြသောအခါ "ဆွဟာဗဟ်" ➤➤

➤➤ သာဝကကြီးများက မြစ်တားကြလေသည်။ သို့သော် နဗီတမန်တော်က ခွင့်ပြုတော်မူသဖြင့် ခရစ်ယာန်ဘုန်းတော်ကြီးများသည် အရှေ့အရပ်သို့ မျက်နှာမူ၍ ဝတ်ပြုကြလေသည်။ (ဘာသာခြားများနှင့် ဆက်ဆံရာတွင် အစွန်လာမ်တရားက မည်မျှသဘောထားကြီးကြောင်းကို ဤနေရာတွင် ထင်ရှားစွာ သိမြင်နိုင်ပေသည်။)

နဂျရာန်မြို့မှ ကြွရောက်လာကြသော ဘုန်းတော်ကြီးများက သာသနာရေးနှင့် စပ်လျဉ်း၍ တမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အမျိုးမျိုး မေးလျှောက်ကြရာ နဗီတမန်တော်သည် အလ္လာဟ်အရှင်မြတ် ညွှန်ကြားတော်မူသည့်အတိုင်း မေးလျှောက်သမျှသော အချက်အလက်တို့ကို ကောင်းစွာ ဖြေကြားတော်မူလေသည်။

မဒီနာမြို့၌ နဂျရာန်မြို့မှ ကြွရောက်လာသော ဘုန်းတော်ကြီးများ တည်းခိုနေကြသည့် အခိုက်တွင် ယင်းသူတို့နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်သည် အိမ်ရာန်မျိုးနွယ်ကဏ္ဍ၏ ပဌမပိုင်းတွင်ပါရှိသော မုက္ခပါဠိတော်(၈၀)ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ ကြည့်-စီရတွန်နဗီ၊ ဒုတိယတွဲ၊ စာမျက်နှာ ၃၇-၃၈။

မှတ်ချက်။

အိမ်ရာန်မျိုးနွယ်ကဏ္ဍသည် ခရစ်ယာန်သာသနာဝင်တို့၏ မှားယွင်းချက်များကို ပယ်ဖျက်ရန် ထုတ်ပြန်ပို့ချတော်မူသော ကဏ္ဍဖြစ်ပေရာ ဤကဏ္ဍတွင် ဖော်ပြပါရှိသော အချက်အလက်တို့သည် များသော အားဖြင့် ခရစ်ယာန်သာသနာ၏ မှားယွင်းချက်များကို ပယ်ဖျက်ဖြေရှင်းလျက်ရှိသည်သာ ဖြစ်ပေသည်။

ဂါဝီကဏ္ဍနှင့် အိမ်ရာန်မျိုးနွယ်ကဏ္ဍ၏ ဆက်စပ်မှု။

ဂါဝီကဏ္ဍအဆုံးတွင် "ကျွန်တော်မျိုးတို့အား ကာဖိရ် သွေဖည်ငြင်းဆိုသော သူများအပေါ်၌ (အောင်နိုင်ရန်) အရှင်မြတ်သည် ကူညီစောင်မတော်မူပါ" ဟူသော ဆုတောင်းပတ္ထနာကို တွေ့ရှိရ၏။ "အိမ်ရာန်မျိုးနွယ်" ကဏ္ဍသည် ထိုဆုတောင်းပတ္ထနာ၏ အကျိုးဆက်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ အိမ်ရာန်မျိုးနွယ်ကဏ္ဍတွင် များစွာသောနေရာများ၌ မွတ်စ်လင်မ်တို့သည် ကာဖိရ်များနှင့် နှုတ်အားဖြင့်ငင်း၊ လက်အားဖြင့်ငင်း ပြိုင်ဆိုင်ရာတွင် အောင်မြင်ခဲ့ကြသည့် အကြောင်းများကို အထူးတလည် ဖွင့်ဟ မိန့်ဆိုထားတော်မူခြင်းကြောင့်တည်း။ ကြည့်-(ထာနဝီ)။

ဂါဝီကဏ္ဍတွင် အကျယ်အားဖြင့် ဖော်ပြပါရှိသော အကြောင်းများသည် အိမ်ရာန်မျိုးနွယ်ကဏ္ဍတွင် အကျဉ်းအားဖြင့်ပါရှိ၏။ ဂါဝီကဏ္ဍတွင် အကျဉ်းအားဖြင့် ဖော်ပြပါရှိသော အကြောင်းများသည် အိမ်ရာန်မျိုးနွယ်ကဏ္ဍတွင် အကျယ်အားဖြင့် ဖော်ပြပါရှိ၏။

ဂါဝီကဏ္ဍတွင် ယဟူဒီများနှင့် စပ်လျဉ်းသောအကြောင်း အများအပြားပါရှိ၏။ ခရစ်ယာန်များ၏ အကြောင်းအနည်းငယ်မျှပါရှိ၏။ အိမ်ရာန်မျိုးနွယ်ကဏ္ဍတွင်မူ ခရစ်ယာန်များအကြောင်း အများအပြားပါရှိ၍ ယဟူဒီများအကြောင်း အနည်းငယ်မျှ ပါရှိပေ၏။

ဂါဝီကဏ္ဍတွင် မြေဖြင့် ဖန်ဆင်းခြင်းခံရသော ကမ္ဘာဦးဘခင် အာဒမ်(အလိုင်ဟစ္စလာမ်)၏ အကြောင်းပါရှိ၏။ အိမ်ရာန်မျိုးနွယ်ကဏ္ဍတွင် အဘမရှိဘဲလျက် မီးရှူးသန့်စင် ဖွားမြင်တော်မူသော တမန်တော်အီစာ (အလိုင်ဟစ္စလာမ်)၏ အကြောင်းပါရှိလေ၏။

ဂါဝီကဏ္ဍတွင် စက်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များပါရှိ၏။ ဤကဏ္ဍတွင်မူ "အုဟုဒ်" စစ်ပွဲအကြောင်း အကျယ်တဝင့် ပါရှိ၏။

ဂါဝီကဏ္ဍ၏ အစတွင် အောင်မြင်သူများ၏အကြောင်း ပါရှိသကဲ့သို့ ဤကဏ္ဍ၏ အဆုံးတွင်လည်း အောင်မြင်သူများ၏ အကြောင်းပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

الٓمٓ ①

اللَّهُ لَا إِلَٰهَ إِلَّا هُوَ الْحَيُّ الْقَيُّومُ ②

အစဉ်မပြတ်သနားကြင်နာညှာတာတော်မူထသော၊ အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

၁။ အလိဖ်လာမ်မီမ်။

၂။ အလ္လာဟ် အရှင်မြတ် သည်သာလျှင် (ခဝပ်ကိုးကွယ်ရာ အရှင်ဖြစ်တော်မူ၏။) ထိုအရှင်မြတ်မှတပါး၊ ခဝပ်ကိုးကွယ်ရာဟူ၍ အလျင်း မရှိချေ။ (ထိုအရှင်မြတ်သည် မရဏ သေခြင်းတရားမှ လုံးဝကင်းစင်တော်မူ၍) နိစ္စထာဝရ အမြဲ ရှင်နေတော်မူသော အရှင်၊ (မိမိကိုယ်တော်တိုင် အမြဲထာဝရ တည်နေတော်မူ၍ သက်ရှိသက်မဲ့ အပေါင်းတို့အား) ထိန်းသိမ်း စောင့်ရှောက်တော် မူသောအရှင်မြတ် ဖြစ်တော်မူလေသတည်း။ ②

---

① အလ္လာဟ်အရှင်မြတ် သည်သာလျှင် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူ၏။ ထိုအရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူ ဟူ၍ တဦးတယောက်မျှ အလျင်းမရှိချေ။ သို့ဖြစ်သောကြောင့် ခရစ်ယာန်သာသနာဝင်တို့ယူဆသကဲ့သို့ နဗီတမန်တော် အီစာ(အလိုင်ဟိစ္စလာမ်)သည် အဘယ်မှာလျှင် ခဝပ်ကိုးကွယ်ရာ အရှင်ဖြစ်နိုင်ပါအံ့နည်း။

အလ္လာဟ်အရှင်မြတ်သည် အို၊ နာ၊ သေရေး၊ ဒုက္ခဘေးအပေါင်းတို့မှ လုံးဝကင်းစင်တော်မူသော အရှင်ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်၌ အစဟူ၍လည်းမရှိ၊ အဆုံးဟူ၍လည်းမရှိ၊ ထိုအရှင်မြတ်သည် နိစ္စထာဝရ အမြဲ တည်ရှိတော်မူသော အရှင်ဖြစ်တော်မူ၏။ နဗီတမန်တော် အီစာ (အလိုင်ဟစ္စလာမ်) သည်ကား လူသားတစ်ဦးမျှသာ ဖြစ်သောကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းစသော အနိစ္စ သဘောတရားများနှင့် လုံးဝမကင်းနိုင်ချေ။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်သိလိုပါက မာဂျိဒီ။ အတွဲ၊ ၁၊ အအ-(၉၇၉)တွင် ရှုပါကုန်။

အလ္လာဟ်အရှင်မြတ်သည် မိမိကိုယ်တိုင် အစဉ်ထာဝရ တည်ရှိတော်မူ၍၊ အရာခပ်သိမ်းတို့ကို မွေးမြူထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်မှာ အဘယ်အရာကိုမျှ တောင့်တမှု ကြောင့်ကြမှုဟူ၍ အလျင်းမရှိပေ။ အရာခပ်သိမ်းတို့သည် တဆူတည်းသော အလ္လာဟ်အရှင်မြတ်ကိုသာလျှင် မှီခိုအားထားကြရပေသည်။

ဤမုက္ခပါဠ်တော်ကို ထောက်ရှုခြင်းအားဖြင့် ခရစ်ယာန်သာသနာဝင်တို့၏ အယူအဆများမှာ မှားယွင်းလျက်ရှိကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

نَزَّلَ عَلَيْكَ الْكِتٰبَ بِالْحَقِّ
مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ
وَاَنْزَلَ التَّوْرٰىةَ وَالْاِنْجِيْلَ ۙ﴿۳﴾
مِنْ قَبْلُ هُدًى لِّلنَّاسِ
وَاَنْزَلَ الْفُرْقَانَ ؕ اِنَّ الَّذِيْنَ
كَفَرُوْا بِاٰيٰتِ اللّٰهِ لَهُمْ عَذَابٌ
شَدِيْدٌ ؕ وَاللّٰهُ عَزِيْزٌ ذُو
انْتِقَامٍ ؕ﴿۴﴾

၃။–၄။ ထို(အလ္လာဟ်)အရှင်မြတ်သည် အသင်၏ အပေါ်ဝယ် ကျမ်းမြတ်(ကုရ်အာန်)ကို မှန်ကန်တိကျစွာဖြင့် ထုတ်ပြန်ပို့ချတော်မူလေပြီ။ (ယင်း ကုရ်အာန်ကျမ်းတော်မြတ်သည်) မိမိထက်ရှေးဦးစွာ ကျရောက်ခဲ့သော ဒေသနာတော် ကျမ်းဂန်များကို ထောက်ခံလျက်ရှိပေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ရှေးအထက်ကျော်ကာလ၌ လူခပင်းတို့အဘို့ တရားဓမ္မအဖြစ် "တော်ရာတ်" ကျမ်းမြတ်နှင့် "အင်နဂျီလ်" ကျမ်းမြတ်ကိုလည်း ထုတ်ပြန်ပို့ချတော်မူခဲ့လေပြီ။ ထိုမှတပါးတဲ့ အရှင်မြတ်သည် (မိမိစေလွှတ်တော် မူသော နဗီ တမန်တော်များကို ထောက်ခံစေခြင်းအားဖြင့်) အမှားအမှန်ကို ခွဲခြားသိစွမ်းနိုင်စေသောအရာကိုလည်း ချပေးသနားတော်မူခဲ့ချေပြီ။

မုချဇကန် အလ္လာဟ်အရှင်မြတ်၏ သက်သေသာဓကလက္ခဏာရပ်များကို မယုံမကြည် သွေဖည်ငြင်းပယ်ကြသော သူတို့အဘို့ ပြင်းထန်သော ပြစ်ဒဏ်သည် အသင့်ရှိ၏။

အကြောင်းမူကား အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ တုံ့ပြန်လက်စားချေတော် မူသော အရှင် ဖြစ်တော်မူပေသတည်း။

إِنَّ اللّٰهَ لَا يَخْفٰى عَلَيْهِ شَيْءٌ
فِي الْاَرْضِ وَلَا فِي السَّمَآءِ ؕ﴿۵﴾

၅။ ဇကန်မုချ ပထဝီမြေပြင်၌ ရှိရှိသမျှသော အရာဝတ္ထုများသည်၎င်း၊ အာကာသကောင်းကင်၌ ရှိရှိသမျှသော အရာဝတ္ထုများသည်၎င်း၊ မည်သည့် တစုံတခုမျှ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဖုံးကွယ်နေသည်ဟူ၍ မရှိချေ။

هُوَ الَّذِي يُصَوِّرُكُمْ فِي الْأَرْحَامِ كَيْفَ يَشَاءُ ۚ لَا إِلَٰهَ إِلَّا هُوَ الْعَزِيزُ الْحَكِيمُ ﴿٦﴾

၆။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသည့်အတိုင်း၊ (မိခင်တို့၏) သားအိမ်များတွင် အသင်တို့၏ ရုပ်ဆင်းသဏ္ဌာန်များကို ပြုလုပ်ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် (ဖြစ်တော်မူ၏)။

ထို အရှင်မြတ်မှတပါး: ခဝပ် ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိပြီ၊ *(ထိုအရှင်မြတ်သည်) တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံဉာဏ်ပညာနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူချေသတည်း။* [၁]

هُوَ الَّذِي أَنْزَلَ عَلَيْكَ الْكِتَابَ مِنْهُ آيَاتٌ مُحْكَمَاتٌ هُنَّ أُمُّ الْكِتَابِ وَأُخَرُ مُتَشَابِهَاتٌ ۖ فَأَمَّا الَّذِينَ فِي قُلُوبِهِمْ زَيْغٌ فَيَتَّبِعُونَ مَا تَشَابَهَ مِنْهُ ابْتِغَاءَ الْفِتْنَةِ وَابْتِغَاءَ تَأْوِيلِهِ ۗ

၇။ ထို အလ္လာဟ်အရှင်မြတ်သည် အသင့် အပေါ်ဝယ် ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပို့ချတော်မူသော အရှင်မြတ်ပင်တည်း။ ထိုကျမ်းမြတ်အနက် မပြောင်းမလွဲ *ပေါ်လွင်ထင်ရှား ပြတ်သား၍ အနက်အဓိပ္ပါယ် တမျိုးတစားတည်း ထွက်သော အာယတ်တော်များလည်း ရှိပေ၏။* [၂] ယင်း အာယတ်တော်များသည်သာလျှင် ကုရ်အာန် ကျမ်းမြတ်၏ မူလ အရင်းခံ အခြေအမြစ် ဖြစ်လေသည်။ ထို့ပြင်တဝ အခြား အာယတ်တော်များမှာမူကား *အဓိပ္ပါယ်ပြားသော၊ ဆင်တူရိုးမှား ဖြစ်သော အာယတ်တော်များလည်း ရှိ၏။* [၃]

---

① ဤမုကဒ္ဒမပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင်၊ ကိုးကွယ်ရာ တဆူတည်း ဖြစ်တော်မူသောအရှင်၊ အနန္တ တန်ခိုးတော်ဖြင့် အရာရာကို နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်၊ "ဟစ်က်မတ်" ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူကြောင်း ဖွင့်ဟမိန့်ဆိုထားတော်မူသည်။ နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်) ၌ကား ထိုထိုသော တန်ခိုးတော်များသည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။

② "မုဟ်ကမ်" ဟူသည်ကား: ပုဒ်ပဒအားဖြင့်ငင်း၊ အနက်အဓိပ္ပါယ်အားဖြင့်ငင်း၊ ယုံမှားသံသယ မရှိသော မုကဒ္ဒမပါဠိတော်ကို ဆိုလိုသည်။ (ရာဃိဗ်)

"မုဟ်ကမ်" ဟူသည်ကား: အနက်အဓိပ္ပါယ်ထင်ရှားသော၊ ရည်ညွှန်းချက်ပေါ်လွင်သော၊ အနက်သဘော ပြတ်သားသော၊ ယုံမှားသံသယ ကင်းသော မုကဒ္ဒမပါဠိတော်ကို ဆိုလိုသည်။ (ရှုဟ်) ➤➤

وَمَا يَعْلَمُ تَأْوِيلَهُ إِلَّا اللَّهُ ۗ وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ كُلٌّ مِّنْ عِندِ رَبِّنَا ۗ

သို့ရာတွင် မည်သို့ပင်ဖြစ်စေ စိတ်နလုံးတွင် သွေဖည် ယိမ်းယိုင်မှု ရှိသောသူတို့မူကား (လူ ခပင်းတို့အား သာသနာရေးတွင်) လမ်းမှား စေလို၍ပင်၊ ထို အာယတ်တော်များ၏ အဓိပ္ပါယ် များကို အမှားကောက်လို၍ပင်၊ ယင်း ဆင်တူရိုးမှား အာယတ်တော်များကိုပင် လိုက်နာလိုက်စား ကြကုန်၏။ [၁]

➤➤ "မုတ်ကမ်"၏ အလိုသဘောမှာကား၊ ယင်းမုက္ခပါဠိတော်တွင် ပါရှိသော ပုဒ်ပဒများသည် အဓိပ္ပါယ် ပြားသည်မရှိ၊ ထိုပုဒ်ပဒများကို ကြားနာသူသည်လည်း အဓိပ္ပါယ်တခုတည်းကိုသာ ကောက်ယူနိုင်၏။
(ဂျဆ်ဆွာဆွ်)

(၃) "မုတရှာဗိဟ်" ဟူသည်ကား ပုဒ်ပဒ အားဖြင့်သော်၎င်း၊ အနက် အဓိပ္ပါယ် အားဖြင့်သော်၎င်း၊ အခြား မုက္ခပါဠိတော်များနှင့် ဆင်တူရိုးမှား ဖြစ်နေသည့်အတွက် အနက်ဖွင့်ရန် ခဲယဉ်းသော မုက္ခပါဠိတော်ကို ဆိုလိုသည်။ (ရာဃိဗ်)

အဆိုတရပ်အရ "မုတရှာဗိဟ်" ဟူသည်ကား အနက်အဓိပ္ပါယ် အမျိုးမျိုးထွက်နိုင်သော မုက္ခပါဠိတော် ကိုဆိုသည်။ (ကုရ်တုဗီ)

"မုတရှာဗိဟာတ်" ဟူသော မုက္ခပါဠိတော်များနှင့် စပ်လျဉ်း၍ ရာဃိဗ်၊ အလ်မနာရ်နှင့် အီဗ်နုတိုင်မိယဟ် သခင်၏ကျမ်းတွင် အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။ ကျမ်းလေးမည်စိုး၍ ဤတွင် မရေးပြီ။

မှတ်ချက်။

အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်များသည် 'မုဟ်ကမာတ်'။ 'မုတရှာဗိဟာတ်' ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ထိုနှစ်မျိုးနှစ်စားအနက် 'မုဟ်ကမာတ်' မည်တွင်သော မုက္ခပါဠိတော်များသည်သာလျှင် ကုရ်အာန်ကျမ်းမြတ်၏မူလအရင်းခံ အခြေအမြစ်များ ဖြစ်ပေသည်။ 'မုဟ်ကမာတ်' အနက်အဓိပ္ပါယ် ပေါ်လွင်ထင်ရှားသော မုက္ခပါဠိတော်များ ရှိပါလျက် 'မုတရှာဗိဟာတ်' အနက်အဓိပ္ပါယ် အမျိုးမျိုးထွက်သော၊ မပေါ်လွင်သော မုက္ခပါဠိတော်များကို ကိုးကားခြင်းမပြုအပ်ပေ။ ကြည့်-(ကဗီရ်)။

(၁) စိတ်နလုံးများတွင် သွေဖည်ယိမ်းယိုင်မှုရှိ၍ မရိုးသား မဖြောင့်မတ်သောသူများသည် သူတပါးတို့အား ဇဝေဝေဖြစ်၍ အလွဲလွဲ အချော်ချော် ဖြစ်စေရန်အလို့ငှာ 'မုဟ်ကမာတ်' ခေါ် အနက်အဓိပ္ပါယ်ပေါ်လွင် ထင်ရှားပြတ်သားသော မုက္ခပါဠိတော်များကို လျစ်လျူရှုပြီး 'မုတရှာဗိဟာတ်' ခေါ် အနက်အဓိပ္ပါယ် မပေါ်လွင် မထင်ရှားသော မုက္ခပါဠိတော်များကိုသာ မရိုးသားသည့်သဘောဖြင့် မိမိတို့ အလိုကျ အမှားမှား အယွင်းယွင်း အနက်ကောက်ကြပေသည်။ ကြည့်-အီဗ်နုကျရီရ်၊ ထာနဝီ။

وَمَا يَذَّكَّرُ إِلَّا أُولُوا الْأَلْبَابِ ﴿٧﴾

အမှန်စင်စစ် ယင်းအဓိပ္ပါယ်ပြားသော ဆင်တူရိုးမှားဖြစ်သော အာယတ်တော်များ၏ မှန်ကန်သော အနက်အဓိပ္ပါယ် အလိုသဘောကိုမူကား အလ္လာဟ် *အရှင်မြတ်မှတပါး မည်သူမျှမသိချေ။* [၁]

သို့ရာတွင် ပညာအရာ၌ ကျွမ်းကျင်လိမ္မာရင့်သန်သော ပါရဂူများကမူ (ကုရ်အာန်ကျမ်းလာ မုဟ်ကမာတ်၊ မုတရှာ၊ ဗိဟာတ်၊ အာယတ်တော်များ) အားလုံးတို့သည် ကျွန်ုပ်တို့အား မွေးမြူတော်မူသော အရှင်မြတ် အထံတော်မှပင် (ကျရောက်လာသော အာယတ်တော်များ) ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းအဓိပ္ပါယ်ပြားသော၊ ဆင်တူရိုးမှား ဖြစ်သော အာယတ်တော်များကိုလည်း (ခြွင်းချက်မရှိ လုံး၀)ယုံကြည်ကြပါသည်ဟု ပြောဆိုကြကုန်၏။

အမှန်သော်ကား စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် ပညာရှင်အပေါင်းတို့မှအပ အခြားသူများ တရားလမ်းမှန် မရနိုင်ချေ။

---

① (وَمَا يَعْلَمُ تَأْوِيلَهُ إِلَّا اللَّهُ وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ) ဟူသော မုကွပါဠိတော်ကို ရွတ်ဘတ်ရာတွင် အချို့ပညာရှင်များသည် (إِلَّا اللَّهُ) ၌ စကားရပ်၍ (وَمَا يَعْلَمُ تَأْوِيلَهُ إِلَّا اللَّهُ) ကို ၀ါကျတစ်ခု၊ (وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ) ကို သီးခြား၀ါကျတခုဟု မှတ်ယူကြ၏။

အချို့ပညာရှင်တို့ကမူ (إِلَّا اللَّهُ) ၌မရပ်ဘဲ အဆိုပါ မုကွပါဠိတော်ကို ၀ါကျတခုတည်းဟု မှတ်ယူကြသည်။ ကြည့်-အလ်မနာရ်။

၀ါကျနှစ်ခု မှတ်ယူသည့်အခါ ယင်းမုကွပါဠိတော်၏ အဓိပ္ပါယ်မှာ ဤစာအုပ်တွင် ရေးသားထားသည့် အတိုင်းဖြစ်ပေမည်။

၀ါကျတခုတည်း မှတ်ယူသည့်အခါ၌မူ အဆိုပါမုကွပါဠိတော်၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်သွားပေမည်။

"ထို(မုတရှာဗိဟာတ်)၏ အနက်အဓိပ္ပါယ် သဘောကို အလ္လာဟ် အရှင်မြတ်နှင့် ကျွမ်းကျင်လိမ္မာသော ပါရဂူများမှအပ အခြားမည်သူမျှ မသိချေ။"

رَبَّنَا لَا تُزِغْ قُلُوبَنَا بَعْدَ إِذْ هَدَيْتَنَا وَهَبْ لَنَا مِن لَّدُنكَ رَحْمَةً ۚ إِنَّكَ أَنتَ الْوَهَّابُ ﴿٨﴾

၈။ ယင်းကဲ့သို့ အသိအမြင် ဉာဏ်ပညာအရာ၌ ရင့်သန်သောသူတို့သည် ဤကဲ့သို့ဆုပန်ကြကုန်၏) အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော် မူပြီးနောက် ကျွန်တော်မျိုးတို့၏ စိတ်နှလုံးများကို တိမ်းစောင်းလွဲချော်အောင် ပြုတော်မမူပါနှင့်။ ကျွန်တော်မျိုးအား (တရားလမ်း ပေါ်၌မြဲမြံစွာ တည်တံ့နိုင်စေခြင်းငှာ) မိမိ အထံတော်မှ ကရုဏာတရားကို ပေးသနားတော်မူပါ။

ဧကန်အမှန် အရှင်မြတ် သည်သာလျှင် ရက်ရောစွာပေးသနားတော်မူသော အရှင်မြတ်ဖြစ်တော်မူပါသည်။ [၁]

رَبَّنَا إِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لَّا رَيْبَ فِيهِ ۚ إِنَّ اللَّهَ لَا يُخْلِفُ الْمِيعَادَ ﴿٩﴾

၉။ အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ မုချဧကန် အရှင်မြတ်သည် အကြင် (ရှင်ပြန်ထမည့်)နေ့တွင် လူခပ်သိမ်းတို့အား စုရုံးတော်မူမည့် အရှင်မြတ်ပင်တည်း။ ထိုနေ့နှင့် စပ်လျဉ်း၍ လုံးဝ ယုံမှားသံသယမရှိပါ။

မုချဧကန် အလ္လာဟ် အရှင်မြတ်သည် ထားရှိတော်မူသော ကတိသစ္စာတော်ကို အလျင်းဖောက်ဖျက်တော်မူမည် မဟုတ်ပါ။ [၂]

---

① **ဖော်ပြချက်**

နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာ ဟု အလိုင်ဟိ ဝစလ္လာမ်) သည် ဤမုကွပါဠိတော်လာ ဆုတောင်းပတ္ထနာကို အမြဲတစေ ရွတ်ဘတ်တော်မူလေ့ရှိသည်။ ကြည့်- (အီဗ်နုကဆီရ်)။

② **ဖော်ပြချက်**

ဤ မုကွပါဠိတော်ပါ ဆုတောင်းပတ္ထနာကို ထောက်ရှုခြင်းအားဖြင့် ပညာပါရဂူတို့သည် အဘယ်မျှပင် သီလ၊ သမာဓိ၊ ပညာ ဂုဏ်သိက္ခာနှင့် ပြည့်စုံကြသော်လည်း မပလွားကြောင်း၊ အခါခပ်သိမ်း အလ္လာဟ် အရှင်မြတ်၏ တရားမမြဲသဘောကိုသာ အထူးလိုလားတောင့်တကြောင်း၊ အရှင်မြတ်၏ ကရုဏာတော်ကိုသာ ခိုလှုံလိုကြောင်း၊ နောင်တမလွန် ဘဝအရေး စိတ်မအေးကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

إِنَّ الَّذِينَ كَفَرُوا لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا أَوْلَادُهُم مِّنَ اللَّهِ شَيْئًا ۖ وَأُولَٰئِكَ هُمْ وَقُودُ النَّارِ ﴿١٠﴾

၁၀။ ဧကန်အမှန် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့၏ ပစ္စည်းဥစ္စာ ရတနာများသည်လည်းကောင်း၊ ယင်းသူတို့၏ သားသမီးရတနာများသည်လည်းကောင်း၊ ယင်းသူတို့အား (ရှင်ပြန်ထမည့်နေ့၌) အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ (ကာကွယ်ရန်) စိုးစဉ်းမျှပင် အသုံးဝင်မည်မဟုတ်ချေ။ [၁] စင်စစ်သော်ကား ယင်းသူတို့သည် "ဂျဟန္နမ်" ငရဲမီး၏ လောင်စာများသာ ဖြစ်ကြလတ္တံ့။

كَدَأْبِ آلِ فِرْعَوْنَ وَالَّذِينَ مِن قَبْلِهِمْ ۚ كَذَّبُوا بِآيَاتِنَا ۖ

၁၁။ (ထိုသူတို့အလေ့အကျင့်သည်) ဖိရ်အောင်နှ်၏ နောက်လိုက် အခြွေအရံတို့နှင့် ယင်းဖိရ်အောင်နှ်၏ အခြွေအရံများအလျင် ရှိခဲ့ကြသောသူများ၏ အလေ့အကျင့်ကဲ့သို့ပင်ဖြစ်၏။ [၂]

---

① (က)။ "မိဘများသည် 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရားနှင့် လုံးဝကင်းကွာပြီး ကာဖိရ်အဖြစ်နှင့် သေဆုံးသွားကြသော်လည်း ကျန်ရစ်ခဲ့သော သားသမီးများက အလျှဒါန ပေးကမ်းလှူဒါန်းခြင်းအားဖြင့် ထိုမိဘများသည် နောင်တမလွန်ဘဝတွင် လွတ်ငြိမ်းချမ်းသာခွင့် အကျိုးရရှိနိုင်ကြမည်"ဟု အတိတ်ခေတ်ရှိ လူဗါလတို့သည် ထင်မှတ်ခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ဤမုဟမ္မဒပါဠိတော်တွင် ယင်းသူတို့၏ ထင်မှတ်ချက် မှားယွင်းကြောင်းကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ကြည့်-(မာဂျီဒီ)။

(ခ)။ ကာဖိရ်မိစ္ဆာဒိဋ္ဌိတို့သည် မိမိတို့၌ ဥစ္စာဓနကုံလုံကြွယ်ဝခြင်း၊ သားသမီး အခြွေအရံ ပေါများခြင်းများကို အကြောင်းပြု၍ ငါတို့သည် ဘယ်သောအခါ၌မျှ ပြစ်ဒဏ်တပ်ရိုက် စီရင်ခြင်းကို ခံကြရမည်မဟုတ်ဟု ထင်မှတ်ခဲ့ကြသည်။ ကြည့်-ကုရ်အာန် (၃၄း၃၅)။

ယင်းကာဖိရ်တို့၏ ယူဆချက်တရပ်မှာ 'ကိယာမတ်' သေရာမှတဖန် ပြန်လည် ရှင်ပြန်ထရမည့် နေ့ဟူသည်ကားမရှိ၊ အကယ်တန္တ ရှင်ပြန်ထရသည်ရှိသော် ငါတို့သည် ဤပစ္စက္ခဘဝထက်ပင် ပိုမို၍ စည်းစိမ်ချမ်းသာများကို မုချရရှိကြပေမည်ဟူ၍ ထင်မှတ်ပြောဆိုခဲ့ကြပေသည်။

ကြည့်-ကုရ်အာန် (၁၈း၃၅-၃၆။ ၁၉း ၇၇-၇၈)။

အလ္လာဟ် အရှင်မြတ်သည် ဤမုဟမ္မဒပါဠိတော်တွင် ကာဖိရ်တို့၏ ဖော်ပြပါ ယူဆပြောဆိုချက်များ မှားယွင်းကြောင်း၊ ယင်းကာဖိရ်တို့သည် ဤဘဝမှာပင် စစ်ရေးနိမ့်၍ နောင်တမလွန်ဘဝတွင် ငရဲလားကြမည့် အကြောင်းဖွင့်ဟမိန့်ဆိုထားတော်မူလေသည်။ သို့ဖွင့်ဟမိန့်ဆိုထားတော်မူသည့်အတိုင်းလည်း ကာဖိရ်တို့သည် ဤပစ္စက္ခ မျက်မှောက်ဘဝမှာပင် အကြီးအကျယ် စစ်ရေးနိမ့်ခဲ့ကြရပြီ မဟုတ်ပါတကား။ ကြည့်-အလ်မနာရ်။

② ကာဖိရ်တို့၏ အလေ့အကျင့်များသည် "ဖိရ်အောင်နှ်"၏ နောက်လိုက် အခြွေအရံများနှင့် ယင်းသူတို့ အလျင်ရှိခဲ့ကြသော သူများ၏ အလေ့အကျင့်များကဲ့သို့ပင် ဖြစ်သည်ဟု မိန့်ဆိုထားတော်မူခြင်း၏ ➤➤

فَأَخَذَهُمُ اللَّهُ بِذُنُوبِهِمْ ۗ وَاللَّهُ شَدِيدُ الْعِقَابِ ﴿١١﴾

(ထို အလေ့အကျင့်မှာ) ယင်းသူတို့သည် ငါအရှင်မြတ်၏ အမိန့်တော် (သက်သေခံလက္ခဏာတော်) များကို မဟုတ်မမှန် မုသားဖြစ်သည်ဟူ၍ ငြင်းဆို ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်သည် ယင်းသူတို့အား ယင်းသူတို့၏ ပြစ်မှုဒုစရိုက်များကြောင့် အရေးယူ အပြစ်ဒဏ် ပေးတော်မူခဲ့ချေပြီ။

အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် ပြင်းထန်စွာအပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ် ပင်တည်း။ [၁]

➤➤ အလိုသဘောထား အတိတ်ခေတ်ရှိ 'ဖိရ်အောင်န်'၏ အခြွေအရံများနှင့် ယင်းသူတို့ အလျင်ရှိခဲ့သော သူများသည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်လာတရား ဒေသနာတော်များ၊ တန်ခိုးပြာဋိဟာများ၊ အမိန့်ဗျာဒိတ်များနှင့် သက်သေလက္ခဏာစသည်များကို မဟုတ်မမှန် မုသားဖြစ်သည်ဟု စွပ်စွဲပြောဆိုပြီး သွေဖည် ငြင်းဆန်ခဲ့ကြသဖြင့် အရှင်မြတ်၏ ပြစ်ဒဏ်တော်ကို ခံခဲ့ကြရပေသည်။

ယင်းသို့ ပြစ်ဒဏ်တော်ကို ခံကြရသည့်အခါတွင် ယင်းသူတို့၏ ဥစ္စာပစ္စည်း၊ သားသမီးများသည် ယင်းသူတို့အဘို့ ဘိုးစဉ်းမျှ အသုံးမဝင်၊ အကျိုးမသက်ရောက်ခဲ့ကြပေ။ ဤကား ရာဇဝင် အထင်အရှားပင်။

ထို့အတူပင် အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန်လျက်ရှိသော ကာဖိရ်တို့သည်လည်း တချိန်သော် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်ကို မုချခံကြရပေမည်။ သို့ ပြစ်ဒဏ်တော်ကို ခံကြရသည့်အခါတွင် ယင်းသူတို့၏ မှီခိုအားထားရာဖြစ်သော ဥစ္စာပစ္စည်း သားသမီးများသည်လည်း ယင်းသူတို့အဘို့ အနည်းငယ်မျှပင် အသုံးဝင်မည်မဟုတ်ပေ။ ကြည့်-(မာဂျီဒီ)။

① အလ္လာဟ်အရှင်မြတ်သည် အနန္တကရုဏာတော်ရှင်၊ တရားမျှတတော်မူသောအရှင်၊ အရာရာကို နိုင်နင်းလွန်မိုးတော်မူသော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ချီးမြှောက်သင့်သူအား ချီးမြှောက်တော်မူ၏။ အပြစ်ပေးသင့်သူအား အပြစ်ပေးတော်မူ၏။

အလွန်အကျွံ ဆိုးသွမ်းသူတို့အား ထိုက်သည့်အားလျော်စွာ ပြင်းထန်စွာပင် ပြစ်ဒဏ် တပ်ရိုက်စီရင်တော်မူ၏။ အပြစ်ပေးသင့် ပေးအပ်သူတို့အား ထိုသူ၏ အပြစ်အားလျော်စွာ ပြစ်ဒဏ်ပေးခြင်းသည်သာလျှင် တရားမျှတသည်မည်၏။

သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်၌ ရှိတော်မူသော အနန္တ ကရုဏာတော်ရှင်တည်းဟူသော ဂုဏ်တော်နှင့် ပြင်းထန်စွာ အပြစ်ဒဏ်တပ်ရိုက်စီရင်တော်မူသော အရှင်တည်းဟူသော ဂုဏ်တော်များသည် အချင်းချင်း မဆန့်ကျင်သည်သာမက အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူကြောင်း အထူးပင် ထင်ရှားစေသည်။

قُلْ لِّلَّذِيْنَ كَفَرُوْا سَتُغْلَبُوْنَ وَتُحْشَرُوْنَ اِلٰى جَهَنَّمَ ؕ وَبِئْسَ الْمِهَادُ ﴿۱۲﴾

၁၂။ (အို-နဗီတမန်တော်) အသင်သည် (ယင်း) မယုံမကြည် သွေဖည် ငြင်းပယ်ကြကုန်သော ကာဖိရ်တို့ကိုပြောကြားပါလေ။ "မကြာမီအတွင်း အသင်တို့သည် (ဤပစ္စုပ္ပန် မျက်မှောက် ဘဝတွင်လည်း မွတ်စ်လင်မ်တို့၏) နိုင်နင်းလွှမ်းမိုးခြင်းကိုခံကြရကုန်အံ့။ ၁ ၎င်းပြင် (နောင်တမလွန်ဘဝတွင်လည်း) "ဂျဟန္နမ်" ငရဲဘုံ၌ စုရုံးစေခြင်းကို ခံကြရကုန်အံ့။ စင်စစ် ထို(ငရဲဘုံတည်းဟူသော) နေရာထိုင်ခင်းသည် အလွန်ယုတ်ညံ့ သိမ်ဖျင်းလှစွာတကား။

---

၁ မကြာမြင့်မီအတွင်း နိုင်နင်းလွှမ်းမိုးခြင်းကိုခံကြရမည်ဟူသော ဗျာဒိတ်စကားနှင့်စပ်လျဉ်း၍ ယင်းကာဖိရ်တို့သည် နောင်တမလွန်ဘဝတွင် ငရဲလားကြမည်ကို မဆိုထားဘိ၊ ဤပစ္စုပ္ပန်မျက်မှောက်ဘဝတွင်လည်း မကြာမြင့်မီအတွင်း စစ်ရေးနိမ့်ကြမည်ဟု "မုဖတ်စ်စိရိန်' အဌကထာရှင်အပေါင်းတို့က တညီတညွတ်တည်း ဆိုကြကုန်သည်။ အဆိုပါ ဗျာဒိတ်တော်အရ ကာဖိရ်တို့သည် ဤမျက်မှောက်ဘဝမှာပင် မျက်ဝါးထင်ထင် စစ်ရေးရှုံးနိမ့်ခဲ့ကြချေပြီ။

အချို့ ပညာရှင်များက အဆိုပါ ဗျာဒိတ်တော်သည် 'ဗဒ်ရ်' စစ်ပွဲတွင် မက္ကာမြို့သား မုရှ်ရိုက်များ စစ်ရေးနိမ့်ခဲ့သည်ကို ရည်ညွှန်းသည်ဟု ဆိုကြ၏။

အချို့ ပညာရှင်များက အဆိုပါဗျာဒိတ်တော်သည် မဒီနာမြို့ရှိအင်အားကြီးမားများပြားလှသော ယဟူဒီဘာသာဝင်များ မရှုမလှစစ်ရေးရှုံးနိမ့်ခဲ့ကြသည်ကို ရည်ညွှန်းသည်ဟုဆိုကြ၏။ ကြည့်(ရှွလ်မအာနီ) အချို့ပညာရှင်များကမူ အဆိုပါကုရ်အာန်ကျမ်းလာ ဗျာဒိတ်တော်သည် ယဟူဒီနှင့်မှုရိုက်အားလုံးကို ရည်ညွှန်းသည်ဟုဆိုကြသည်။ ကြည့်-(ဗဟ်ရုလ်မဟီတွ်) ဤတတိယအဆိုသည် ပိုမိုမှန်သင့်မြတ်လှပေသည်။ ကြည့်-(မာဂျိဒီ)။

ဖော်ပြချက်

အဆိုပါ ဗျာဒိတ်တော်သည် ဗဒ်ရ်စစ်ပွဲ မဖြစ်မီ ၂-နှစ် အလျင် ထုတ်ပြန် ပို့ချတော်မူသော မက္ကာပါဌ်တော်ဖြစ်သည်။ ကြည့်-အလ်ဗတ်ရုလ်မုတီတွ်၊ ထိုစဉ်အခါဝယ် မွတ်စ်လင်မ်တို့သည် စား၊ သောက်၊ နေ၊ ထိုင်ရေးများတွင် အဘက်ဘက်၌ ဆင်းရဲပင်ပန်းခဲမ်းနယ်လျက် ရှိကြကုန်၏။ ထိုအခါမျိုး၌ မွတ်စ်လင်မ်တို့က မက္ကာမြို့သား မုရှ်ရိုက်များနှင့် မဒီနာမြို့ရှိ ယဟူဒီများကို ရင်ဆိုင်ရန်ကိစ္စမှာ မည်သူတဦးတယောက်မျှ တွေးနိုင်ဝံ့မည် မဟုတ်ပေ။ သို့ပင်ဖြစ်လင့်ကစား၊ ကုရ်အာန်ကျမ်းလာ ဗျာဒိတ်တော်အတိုင်း အနည်းငယ်မျှသော မွတ်စ်လင်မ် စစ်သည်တော်များသည် မိမိတို့ထက် စစ်သည်အင်အား ပိုမိုများပြားလှစွာသော ကာဖိရ်၊ မုရှိရိုက် စစ်သည်တော်တို့ကို အပြတ်အသတ် အောင်နိုင်ခဲ့ကြသည်မှာ ရာဇဝင် အထင်အရှားပင် ဖြစ်ပေသည်။

ဆက်စပ်မှု

လွန်ခဲ့ပြီးသော ကုရ်အာန်ကျမ်းမြတ် (၃း၁၁)တွင် ကာဖိရ်တို့ စစ်ရေးနိမ့်ကြမည့် အကြောင်း မိန့်ဆိုထားတော်မူ၏။ ယခုလာလတ္တံ့သော မက္ကာပါဌ်တော်(၃း၁၂)တွင်မူ ကာဖိရ်တို့ စစ်ရေးနိမ့် ခဲ့ကြသည့် သာဓကတရပ်ကို မိန့်ဆိုထားတော်မူသည်။

قَدْ كَانَ لَكُمْ اٰيَةٌ فِيْ فِئَتَيْنِ
الْتَقَتَا ؕ فِئَةٌ تُقَاتِلُ فِيْ سَبِيْلِ
اللّٰهِ وَاُخْرٰى كَافِرَةٌ يَّرَوْنَهُمْ
مِّثْلَيْهِمْ رَاْىَ الْعَيْنِ ؕ وَاللّٰهُ
يُؤَيِّدُ بِنَصْرِهٖ مَنْ يَّشَآءُ ؕ اِنَّ
فِيْ ذٰلِكَ لَعِبْرَةً لِّاُولِى
الْاَبْصَارِ ﴿١٣﴾

၁၃။ မချွတ်ဧကန် အသင်တို့ (ဆင်ခြင်ရန်၊ ကိုးကားရန်) အတွက် (ဗဒ်ရ်)စစ်ပွဲတွင် လူနှစ်စုသည် တဘက်နှင့်တဘက် ရင်ဆိုင်ကြသော (အခြင်းအရာ) ၌ သက်သေသာဓကတရပ် ရှိပေသည်။ ①

(ယင်းလူနှစ်စုအနက်) တစုသည် (မွတ်စ်လင်မ်များပင်ဖြစ်ကြပေရာ) အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်လျက် ရှိခဲ့ကြလေသည်။ သို့ရာတွင် နောက်တစုသည် မယုံမကြည်သွေဖည် ငြင်းပယ်လေသော ကာဖိရ်များပင် ဖြစ်ခဲ့ကြ၏။ ယင်းသူတို့သည် မိမိတို့ကိုယ်ကို ထိုမွတ်စ်လင်မ်များထက် နှစ်ဆ ဖြစ်နေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြလေသည်။

သို့ရာတွင် (အနိုင်အရှုံးသည် အလ္လာဟ် အရှင်မြတ်၏လက်တော်၌သာ ရှိနေပေရာ) အလ္လာဟ် အရှင်မြတ်သည် မိမိနှစ်လိုသောသူများကိုသာ မိမိအကူအညီဖြင့် အားပေး၍ (နိုင်စေ)တော်မူလေသည်။ အမှန်စင်စစ်သော်ကား ယင်း(အခြင်းအရာ)၌ ဉာဏ်စက္ခု ဉာဏ်အမြော်အမြင် ရှိသူများ အတို့အရာ (ကြီးကျယ်သော) သင်ခန်းစာသည် အမှန် ရှိပေသတည်း။

---

① ဤမုက္ခပါဠိတော်သည် ဟိဂျ်ရီသက္ကရာဇ် ၂-ခုနှစ် ရမဿွာန်လတွင် မွတ်စ်လင်မ်တို့နှင့် ကာဖိရ်တို့၏ စပ်ကြားခဲ့ ဖြစ်ပွားခဲ့သော ဗဒ်ရ်စစ်ပွဲကို ရည်ညွှန်းသော မုက္ခပါဠိတော်ဖြစ်သည်။

ဗဒ်ရ်စစ်ပွဲ

ထိုစစ်ပွဲတွင် မွတ်စ်လင်မ်တို့သည် လူနည်းစုဖြစ်၍ ကာဖိရ်တို့သည် လူများစုကြီး ဖြစ်၏။ မွတ်စ်လင်မ် စစ်သည်တော်များသည် အရေအတွက်အားဖြင့် ၃၁၃ ယောက်သာရှိ၏။ ဆွဲကိုင်တိုက်ခိုက်ရန် လက်နက် အင်အားသည်လည်း အလွန်တရာမျှ ချို့တဲ့လှ၏။ စီးနင်းရန် ကုလားအုင်္ဃသည် စစ်သည်၄ဦးတွင် ကုလားအုင်္ဃ တကောင်စီသာရှိ၏။ မွတ်စ်လင်မ် စစ်တပ်တခုလုံးတွင် မြင်းသည် ၂-ကောင်သာရှိ၏။ စစ်သည်တော် ၃၁၃ ယောက်အနက် စစ်သည် ၇-ဦးသာလျှင် သံချပ်အင်္ကျီဝတ်ဆင်နိုင်ကြ၏။ ဤကား မွတ်စ်လင်မ် ➤➤

زُيِّنَ لِلنَّاسِ حُبُّ الشَّهَوٰتِ مِنَ النِّسَآءِ وَالْبَنِيْنَ وَالْقَنَاطِيْرِ الْمُقَنْطَرَةِ مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ الْمُسَوَّمَةِ وَالْاَنْعَامِ وَالْحَرْثِ ؕ

၁၄။ လူခပင်းတို့ အဘို့အရာ၊ မိန်းမများကိုလည်း၊ သားရတနာ များကိုလည်း၊ စုဆောင်းသိုမှီးထားသော ရွှေငွေ ရတနာများကိုလည်း၊ သင်ကြား လေ့ကျင့် ရွေးချယ်သတ်မှတ်ထားသော၊ မျိုးမှန် မျိုးကောင်း မြင်းများကိုလည်း၊ (နွား၊ သိုး၊ ဆိတ်) ကုလားအုပ် စသည့် တိရိစ္ဆာန်များကိုလည်း၊ လယ်ယာဥယျာဉ်များ ကိုလည်း၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုး၊ လှပတင့်တယ် ရှုချင်စဘွယ်ရှိအောင် ပြုလုပ်ထားတော်မူသည်။

➤➤ စစ်သည်တော်များ၏ အခြေအနေတည်း။

ကာဖိရ် စစ်သည်များမှာ မက္ကာမြို့ရှိ မုရ်ရစ်က် အုပ်စုကြီး၏ စစ်တပ်ဖြစ်၏။ အရေအတွက် အားဖြင့် ၉၅၀ တိတိရှိ၏။ ထိုစစ်သည်များကို ကုရိုင်ရှီ မြင်းစီးသူရဲများက စီမံ အုပ်ချုပ်လျက်ရှိ၏။ စစ်လက်နက် အပြည့်အစုံပါရှိ၏။ ထိုစစ်သည်များတွင် ကုလားအုပ်စီးစစ်သည် ၇၀၀ တိတိပါရှိ၏။ သံချပ်အင်္ကျီ ဝတ်ဆင်သော စစ်သည် ၁၀၀ တိတိပါရှိ၏။

ကျန် စစ်သည်များတွင်လည်း အသီးသီး အစီးအနင်းများ ပါရှိ၍ ကာဖိရ်တို့သည် ဥစ္စာဓန အင်အား နှင့် စားနပ်ရိက္ခာများလည်း ပေါများကြကုန်၏။ ကာဖိရ်စစ်သည်များသည် မိမိတို့ကိုယ်ကို မွတ်စ်လင်မ် စစ်သည်တော်များထက် နှစ်ဆ ပိုများကြောင်းကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေကြ၏။ ဤကား ကာဖိရ်စစ်သည်များ၏ အခြေအနေတည်း။

တနည်းဆိုသော် ထိုစစ်ပွဲသည် လူနည်းစုနှင့် လူများစု၊ အမှန်နှင့် အမှား၊ အလင်းနှင့် အမှောင်၊ အစွမ်းသတ္တိနှင့် ကုဖ်ရ်၏ စစ်ပွဲပင်တည်း။ ကာဖိရ်စစ်သည်များသည် လက်နက်အင်အား ပြည့်စုံ၍ အဘယ်မျှပင် များပြားကြလင့်ကစား လက်တဆုပ်မျှရှိသော မွတ်စ်လင်မ်စစ်သည်တော်များကို ချေမှုန်းနိုင်ရန် မဆိုထားဘိ၊ ထိုစစ်ပွဲတွင် အထင်နှင့်အမြင် မကိုက်ညီဘဲ မရှုမလှ အရှုံးကြီးရှုံးခဲ့ကြရလေသည်။

ယင်းကဲ့သို့ ဗဒ်ရ်စစ်ပွဲတွင် လက်တဆုပ်မျှလောက်သော မွတ်စ်လင်မ်တို့သည် စစ်သည်အင်အား၊ လက်နက်အင်အား စသည်တို့ဖြင့် အဘက်ဘက်တွင် အင်အားကြီးမားလျက်ရှိသော ကာဖိရ်စစ်သည်များအား အပြတ်အသတ်ချေမှုန်း၍ အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ကြသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကူညီမှီငြိမ်းမတော်မူခြင်း၏ အကျိုးတရားပင်တည်း။

ဤသည့်အချက်ကိုပင် စဉ်းစားဆင်ခြင်ရန်အလို့ငှာ ဗဒ်ရ်စစ်ပွဲတွင် ကာဖိရ် နှင့် မွတ်စ်လင်မ် လူနှစ်စု ရင်ဆိုင်တိုက်ခိုက်ရာတွင် အသင်တို့အဘို့ မုချသက်သေသာဓက တရပ်ရှိသည်ဟူ၍ အလ္လာဟ်အရှင်မြတ် မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

'ဗဒ်ရ်'စစ်ပွဲအကြောင်း ကုရ်အာန်ကျမ်းမြတ် (၈း၂-၁၉)၊ (၈း၄၀-၄၇)၊(၈း၆၇-၇၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ဤစစ်ပွဲအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို စီရတွန်နဗီကျမ်း၊ ပဌမတွဲ၊ စာမျက်နှာ (၂၈၂-၃၃၉) တွင်ရှုပါကုန်။

ذَٰلِكَ مَتَاعُ الْحَيَاةِ الدُّنْيَا ۖ وَاللَّهُ عِندَهُ حُسْنُ الْمَآبِ ﴿١٤﴾

ဤသည်တို့ကား ပစ္စုပ္ပန် လောကီဘဝ၏ အသုံးအဆောင် များသာတည်း။ အမှန်စင်စစ်အားဖြင့် အမြင့်မြတ်ဆုံးသော ပြန်လည်ရာ ဌာနသည်ကား အလ္လာဟ် အရှင်မြတ်၏ အထံတော်၌သာလျှင် ရှိပေသတည်း။ ၁

قُلْ أَؤُنَبِّئُكُم بِخَيْرٍ مِّن ذَٰلِكُمْ ۚ لِلَّذِينَ اتَّقَوْا عِندَ رَبِّهِمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ

၁၅။ (အို-နဗီတမန်တော်) အသင်သည် (လူသားတို့အား) ပြောကြားပါလေ။ အကျွန်ုပ်သည် အသင်တို့အား ထို (အထက်အဆိုပါ လောကီရတနာစည်းစိမ်များ)ထက် ပိုမိုသင့်မြတ်သောအရာများကို အကြောင်းကြားရပါမည်လော။

---

၁ ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်(၃း၁၃) တွင် လူသားတို့အတို့ ချစ်ခင်စုံမက် နှစ်သက်ဘွယ်ရာများတွင် မိန်းမများ၊ သားသမီးများ၊ ရွှေ၊ ငွေ ရတနာများ၊ မြင်းကောင်းများ၊ တိရိစ္ဆာန်များနှင့် လယ်ယာဥယျာဉ်များကိုသာ ဖော်ပြမိန့်ဆိုထားတော်မူသော်လည်း လူသားတို့အတို့ အခြားနှစ်သက်ဘွယ်ရာ အားလုံးတို့သည်လည်း ဤမုက္ခပါဠိတော်တွင် အကျုံးဝင်လျက် ရှိပေသည်။

လူသားတို့သည် လူသဘာဝအလျောက် ချစ်ခင်စုံမက် နှစ်သက်ဘွယ်ရာများဖြစ်သော လူ့လောက အသုံးအဆောင်များကိုကား ချစ်ခင်စုံမက်ကြသည်သာ ဖြစ်ကြ၏။ ထိုထိုသော အသုံးအဆောင်များသည် အချည်းနှီး အလဟဿပစ္စည်းများလည်း မဟုတ်ချေ။ လူသားတို့၌ ထိုအသုံးအဆောင်များကို ချစ်ခင်စုံမက်မှုကို စွန့်လွှတ်ပယ်ရှားရန် တာဝန်လည်း မရှိပေ။ ထိုထိုသော အသုံးအဆောင်များသည် လူသက်တမ်းတွင် လူသားတို့အတို့ အကူအညီအထောက်အပံ့ အကျိုးဖြစ်ထွန်းစေနိုင်သော အရာများလည်း ဖြစ်သည်။

သို့ပင်ဖြစ်သော်လည်း ထိုအသုံးအဆောင်များသည် လူ့ဘဝ၏ အထွတ်အထိပ် လိုရာစခန်းကား မဟုတ်ပေ။ ဤပစ္စက္ခလောကကြီးသည် အရိပ်ပမာ သခ်ါရမျှသာဖြစ်ပေရာ ဤလောကတွင်းရှိ ထိုထို ဤဤ အသုံးအဆောင်များသည်လည်း အဘယ်မှာလျှင် နိစ္စထာဝရဖြစ်နိုင်ပါအံ့နည်း။ အကာအတိ အနှစ်မရှိသော သခ်ါရမျှသာ ဖြစ်ကြပေသည်။

သို့ဖြစ်၍ လူသားတို့သည် လောကအသုံးအဆောင်များကို တရားဒေသနာတော်နှင့်အညီ နိသမ္မဉာဏ်ဖြင့် စူးစမ်းဆင်ခြင် မြော်မြင်ပြီး မယုတ်မလွန် အသုံးပြု၍ အမြဲထာဝရ တည်ရှိနေမည်ဖြစ်သော နောင်တမလွန်ဘဝ၏ ကောင်းစားရေးကိုသာ ရှေးရှုအထူးကြိုးပမ်း အားထုတ်ကြရပေမည်။

ထို့အတွက်ကြောင့်ပင်လျှင် ကုရ်အာန် ကျမ်းမြတ်၌ ထို အသုံးအဆောင်များနှင့် စပ်လျဉ်း၍ "ဤသည်တို့ကား ပစ္စုပ္ပန် လောကီဘဝ၏ အသုံးအဆောင်များသာဖြစ်၏။ အမှန်စင်စစ်အားဖြင့် (အမြဲထာဝရ) ကောင်းမြတ်သော ဌာနသည်ကား အလ္လာဟ်အရှင်မြတ်၏ အထံတော်၌သာလျှင် ရှိပေသည်" ဟု မိန့်ဆိုထားတော်မူခြင်း ဖြစ်ပေသတည်း။

خٰلِدِيْنَ فِيْهَا وَاَزْوَاجٌ مُّطَهَّرَةٌ وَّرِضْوَانٌ مِّنَ اللّٰهِ ؕ وَاللّٰهُ بَصِيْرٌۢ بِالْعِبَادِ ﴿۱۵﴾

(အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားခြင်း၌ ဒုစရိုက် မှုတို့ကို) ကြဉ်ရှောင်သော သူတော်စင်များအဘို့ ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ ဥယျာဉ်တော်များ ရှိပေသည်။ ထိုဥယျာဉ်တော်များ၏ အောက်မှ စမ်းရေချောင်းများသည် (အယဉ်တွေတွေ) စီးဆင်းလျက် ရှိပေသည်။ (ယင်းသူတို့သည်) ထိုဥယျာဉ်တော်များတွင် အမြဲထာဝရ စံနေကြမည့်သူများပင် ဖြစ်ကြပေသည်။ (ထို့ပြင် ယင်းသူတို့အဘို့) စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ဇနီးများလည်း ရှိကြပေသည်။ ထို့ပြင်တဝ *အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုလည်း ရှိပေသည်။* [၃] စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် (မိမိ၏) ကျွန်များ (၏အခြေအနေ အဖြစ်အပျက် အားလုံးတို့ကို) ခွဲခြားသိမြင်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

اَلَّذِيْنَ يَقُوْلُوْنَ رَبَّنَاۤ اِنَّنَاۤ اٰمَنَّا فَاغْفِرْ لَنَا ذُنُوْبَنَا وَقِنَا عَذَابَ النَّارِ ﴿۱۶﴾

၁၆။ *အကြင်သူ(တော်စင်)တို့သည်* [၂] (အလ္လာဟ် အရှင်မြတ်အထံတော်၌) "အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် မလွဲဧကန် (အရှင်မြတ်ကို) သက်ဝင်ယုံကြည်ကြပါပြီ။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်တော်မူပါ။ ငင်းပြင် (နောင်တမလွန်ဘဝတွင်) ကျွန်တော်မျိုးတို့အား ငရဲမီးဘေးမှလည်း ကာကွယ်စောင့်ရှောက်တော်မူပါဟု လျှောက်ထား ပန်ကြားကြလေသည်။

---

① 'ရိသ္ဝါန်' ဟူသောပုဒ်၏အဓိပ္ပါယ်မှာ လွန်စွာ ကျေနပ်နှစ်သက်တော်မူခြင်းဟူ၍ ဖြစ်သည်။ ကြည့်-ရာဃိဗ်။ ရူဟုလ်မအာနီ။

အလ္လာဟ်အရှင်မြတ်၏ သုခချမ်းသာ ဂုဏ်ကျေးဇူးတော်အပေါင်းတို့တွင် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုသည် အဓိက အချုပ်ပင်ဖြစ်တော့၏။ ကြည့်-ကုရ်အာန် (၉:၇၂)။

② ကုရ်အာန် ကျမ်းမြတ် (၃:၁၇)တွင် အလ္လာဟ်အရှင်မြတ် အထံတော်၌ ဆုတောင်းပတ္ထနာ ပြုသူများ ➤➤

اَلصّٰبِرِيْنَ وَالصّٰدِقِيْنَ
وَالْقٰنِتِيْنَ وَالْمُنْفِقِيْنَ
وَالْمُسْتَغْفِرِيْنَ بِالْاَسْحَارِ ﴿١٧﴾

၁၇။ (အပြစ်များမှ ကြဉ်ရှောင်သော ထိုသူတော်စင်များသည်) ခန္တီတရားနှင့် ပြည့်စုံသော သူများ၎င်း၊ (စိတ်နလုံး ဖြောင့်မတ်မှန်ကန် ငြိမ်သက်တည်ကြည်သော) သစ္စာဝါဒီများ၎င်း၊ (အလ္လာဟ် အရှင်မြတ်ရှေ့တော်မှောက်တွင်) ခယ ရိကျိုး သူများ၎င်း၊ (အစွလာမ်တရားတော်နှင့်အညီ သဒ္ဓါစေတနာထက်သန်စွာ) လှူဒါန်းသုံးစွဲ ပေးကမ်းစွန့်ကြဲသူများ၎င်း၊ *ညဉ့်၏နောက်ဆုံးယံ အရုဏ်တက်ချိန်များတွင်* [၁] (အလ္လာဟ်အရှင်မြတ်အထံတော်တွင် မိမိတို့အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားသူများ၎င်း၊ ဖြစ်ကြလေသတည်း။

شَهِدَ اللّٰهُ اَنَّهٗ لَآ اِلٰهَ اِلَّا هُوَ
وَالْمَلٰٓئِكَةُ وَاُولُوا الْعِلْمِ

၁၈။ *အလ္လာဟ် အရှင်မြတ်သည် မိမိမှတပါး အခြားဓဝပ်ကိုးကွယ်ရာ အရှင်မရှိကြောင်း (မိမိ ကိုယ်တော်တိုင်) သက်သေခံတော်မူခဲ့လေပြီ။* [၂]

---

[၁] အကြောင်းပါရှိ၏။ ထိုသူများကား အခြားမဟုတ်၊ ကုရ်အာန်(၃း၁၅)တွင် ဖော်ပြပါရှိသော "မွတ္တကီ" သူတော်စင်များ ပင်တည်း။

သူတော်စင်များသည် ဆုတောင်းပတ္ထနာပြုရာတွင် 'အီမာန်' စွဲယူယုံကြည်ကြောင်း၊ ဝန်ခံဖြွက်ဆို၍ မိမိတို့၏ အပြစ်များကို လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူပါမည့်အကြောင်း ဆုတောင်းကြလေသည်။ ယင်းသို့ ဆုတောင်းကြခြင်းမှာ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်သည် 'အီမာန်' စွဲယူယုံကြည်ခြင်းအပေါ်၌သာ တည်ရှိ၍ 'အီမာန်' မရှိခဲ့လျှင် ချမ်းသာခွင့် မရရှိနိုင်ခြင်းကြောင့်ပင် ဖြစ်ပေသည်။ ကြည့်-မာဂျီဒီ။

သူတော်စင်များသည် သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်သိက္ခာနှင့် ပြည့်စုံကြသည့် အားလျော်စွာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြသဖြင့် နောင်တမလွန်ဘဝတွင် ချမ်းသာခွင့်ရရှိရေးနှင့် ထာဝစဉ် ကောင်းစားရေးကိုသာ အထူးတလည် ဆုတောင်းပတ္ထနာ ပြုကြလေသည်။

② သူတော်စင်များသည် ညဉ့်၏ နောက်ဆုံးယံများတွင် အလ္လာဟ်အရှင်မြတ် အထံတော်၌ အထူးသဖြင့် ဆုတောင်း ပတ္ထနာပြုကြလေသည်။ အကြောင်းကား ညဉ့်၏နောက်ဆုံးယံများတွင် အသွားအလာ အလွန်နည်းပါးလှသဖြင့် အထူးပင် တိတ်ဆိတ်ငြိမ်သက်၏။ ယေဘုယျအားဖြင့် လူသာမန်တို့သည် အိပ်စက်လျက် ရှိကြကုန်၏။ ထိုအချိန်များတွင် အိပ်ရာမှ နိုးကြားရန်ပင် မလွယ်ကူပေ။ ထိုအချိန်များတွင် စိတ်ဓါတ်များသည် အထူးပင် ကြည်လင်၏။ ရွှင်လန်း၏။ သဒ္ဓါစိတ် ပိုမိုထက်သန်၏။ ယင်းသို့သော အချိန်များတွင် သဒ္ဓါတရားထက်သန်စွာဖြင့် ဆုတောင်းပတ္ထနာပြုခြင်းသည် ပိုမိုစူးရှကြောင်း၊ ဆုတောင်း ➤➤

قَآئِمَۢا بِٱلْقِسْطِ ۚ لَآ إِلَٰهَ إِلَّا هُوَ ٱلْعَزِيزُ ٱلْحَكِيمُ ﴿١٨﴾

ထိုနည်းတူစွာ၊ "မလာအိကဟ်" ကောင်းကင်တမန်များနှင့် ပညာရှင် သုခမိန် အပေါင်းတို့သည်လည်း (မိမိတို့၏ အကျင့်အမူများဖြင့် သက်သေခံခဲ့ကြလေပြီ။) *ထိုအရှင်မြတ်သည် တရားမျှတစွာ စီမံအုပ်ချုပ်လျက်ရှိတော်မူ၏။* [၁]

➤➤ ပြည့်ကြောင်း- 'ဟဒီဆ်'ကျမ်းကြီးများတွင် လာရှိပေသည်။

(၂) "အလ္လာဟ်အရှင်မြတ် မှတပါ၊ ခဝ်ပကိုးကွယ်ရာ အလျင်းမရှိကြောင်းကို အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် သက်သေခံတော် မူခဲ့လေပြီ" ဟူသော မုက္ခပါဠ်တော်၏ အနက်သဘောမှာ ထိုအရှင်မြတ်သည် အတိတ်ခေတ်ကောင်းကင်ကျ ကျမ်းဂန်များတွင်၎င်း၊ ကမ္ဘာအဝှန်း၌ ရှိရှိသမျှသော အရာရာတိုင်းတွင်၎င်း၊ ထိုအရှင်မြတ်တဆူတည်း ရှိတော်မူသည့်အကြောင်း ညွှန်ပြလျက်ရှိသော သဘာဝဓမ္မ သက်သေလက္ခဏာများကို စီရင်ဖန်တီးထားတော်မူခြင်းကို ဆိုလိုသည်။

အရာရာတိုင်း၌ ထိုအရှင်မြတ်အား ညွှန်ပြလျက်ရှိသော အမှတ်အသားရှိ၏။ ထိုအမှတ်အသားသည် ထိုအရှင်မြတ်တဆူတည်း ဖြစ်တော်မူကြောင်းကို ညွှန်ပြလျက်ရှိ၏။

ဤအကြောင်းကိုပင် ကုရ်အာန်ကျမ်းမြတ်(၄၁း၅၃)တွင် အတည့်အလင်း မိန့်ဆိုထားတော်မူသည်။

'မလာအိကဟ်' ကောင်းကင်စေတမန်များက သက်သေခံကြသည်ဆိုသည်မှာ ထိုစေတမန်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို တသဝေမတိမ်း လိုက်နာဆောင်ရွက်ခြင်းကို ဆိုသည်။ ကောင်းကင်စေတမန်များသည် အမိန့်တော်များကို နာခံကြသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၇၉း၁-၅)တွင်ရှုပါ။

ပညာရှင် သုခမိန်တို့က သက်သေခံကြသည် ဆိုသည်မှာ အလ္လာဟ်အရှင်မြတ် စီရင်ဖန်ဆင်းထားတော်မူသည့် အံ့ဩမဆုံးသော ကမ္ဘာတန်ဆာပလာများကို ထိုပညာရှင်တို့သည် မိမိတို့၏ ဉာဏ်အမြော်အမြင်နှင့် စူးစမ်းဆင်ခြင် သိမြင်ကြပြီး ဟောပြောချက်များဖြင့်တမျိုး၊ ရေးသားချက်များဖြင့်တဖုံ၊ နည်းမျိုးစုံဖြင့် ထုတ်ဖော်ဝန်ခံခြင်းကို ဆိုလိုသည်။ ကြည့်-(ရာဃိဗ်)။

တဆူတည်း ဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်၏အကြောင်း ကောင်းကင်ကျ ဓမ္မကွန်အစောင်စောင်တွင် ပါရှိ၏။ ဤကား ကျမ်းဂန်များဖြင့် သိရသောအချက်ဖြစ်၏။ ထိုအရှင်မြတ် တပါးတည်း ဖြစ်တော်မူသည့်အကြောင်းကို ကမ္ဘာတန်ဆာပလာများကလည်း သက်သေခံလျက်ရှိ၏။ ဤကား ဉာဏ်ဖွံ့ဖြိုးဖြင့် သိနိုင်သောအချက်ဖြစ်၏။ ကြည့်-(မာဂျိဒ်)။

(၃) တရားမျှတစွာ စီမံခန့်ခွဲနိုင်ရန် ဂုဏ်ထူးနှစ်ရပ် အထူးလိုအပ်ပေသည်။ (၁) တန်ခိုးအာဏာရှိခြင်း၊ (၂) အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ ထိုဂုဏ်ထူးနှစ်ရပ်နှင့် မပြည့်စုံပါလျှင် တရားမျှတစွာ စီမံခန့်ခွဲရန် ခဲယဉ်းပေလိမ့်မည်။

အလ္လာဟ်အရှင်မြတ်သည် ထိုဂုဏ်ထူးနှစ်ရပ်လုံးနှင့် လုံးဝပြည့်စုံတော်မူသည့်အတွက် မိမိ သဗ္ဗညုတဉာဏ်တော်ဖြင့် ကျိုးကြောင်းဆင်ခြင်တော်မူ၍ မိမိ၏ အနန္တတန်ခိုးတော်ဖြင့် နိုင်နင်းလွှမ်းမိုးတော်မူပြီး ကမ္ဘာအဝှန်းကို တရားမျှတစွာ စီမံခန့်ခွဲ ကွပ်ကဲအုပ်ချုပ်လျက် ရှိတော်မူပေသတည်း။

ထိုအရှင်မြတ် သည်သာလျှင် ခဝပ်ကိုးကွယ်ရာ အရှင်ဖြစ်တော်မူ၍ ထိုအရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိပြီ။ (ထို အရှင်မြတ်သည်) တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင်တည်း။

إِنَّ الدِّينَ عِندَ اللَّهِ الْإِسْلَامُ ۗ وَمَا اخْتَلَفَ الَّذِينَ أُوتُوا الْكِتَابَ إِلَّا مِن بَعْدِ مَا جَاءَهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ ۗ وَمَن يَكْفُرْ بِآيَاتِ اللَّهِ فَإِنَّ اللَّهَ سَرِيعُ الْحِسَابِ ﴿١٩﴾

၁၉။ မချွတ်ဧကန် အလ္လာဟ်အရှင်မြတ်အထံတော်၌ (နှစ်မြို့တော်မူပြီးဖြစ်သော) "ဒီန်" သာသနာမှာ မူကား အစ္စလာမ် သာသနာတော်ပင်တည်း။ [၁]

အမှန်သော်ကား ("တော်ရာတ်"နှင့် "အင်နဂျီလ်") ကျမ်းများ ပေးသနားတော်မူခြင်းခံကြရသော သူတို့သည် မိမိတို့ထံ အသိတရား ရောက်ရှိပြီးနောက် သော်မှပင် မိမိတို့အချင်းချင်း မနာလို ဝန်တိုစိတ်ထား ရှိခြင်းကြောင့် မညီမညွတ် သဘောကွဲလွဲကြကုန်၏။

သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းပယ်ပါမူ မုချဧကန် အလ္လာဟ် အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးစောကြောတော် မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူသတည်း။

---

① 'အစ္စလာမ်' ဟူသော ပုဒ်၏ အဓိပ္ပါယ်မှာ အမိန့်နာခံခြင်း၊ အပ်နှင်းခြင်းဟူ၍ဖြစ်သည်။ အစ္စလာမ် သာသနာဝင် 'မွတ်စ်လင်မ်' တဦးအား မွတ်စ်လင်မ်ဟူ၍ ခေါ်ဆိုခြင်းမှာ မွတ်စ်လင်မ်သည် အလ္လာဟ်အရှင်မြတ်အား မိမိကိုယ်ကို အပ်နှင်း၍ ထိုအရှင်မြတ်၏ အမိန့်တော်မှန်သမျှကို ဦးလည်မသုံ တသဝေမတိမ်း လိုက်နာကျင့်မူသည့်အတွက်ပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ် နှစ်မြို့တော်မူသော သာသနာသည် 'အစ္စလာမ်' သာသနာပင်ဖြစ်သည်။ ကမ္ဘာလောကတွင် ပွင့်လေသမျှသော နဗီတမန်တော် အားလုံးတို့သည်လည်း အစ္စလာမ်သာသနာကိုပင် အသီးသီး ဟောကြားတော်မူခဲ့ကြကုန်၏။ အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာမှအပ အခြားမည်သည့် သာသနာကိုမျှ လက်ခံတော်မူမည် မဟုတ်ပေ။ ကြည့်-ကုရ်အာန် (၃း၈၄)။

فَإِنْ حَآجُّوكَ فَقُلْ أَسْلَمْتُ
وَجْهِيَ لِلَّهِ وَمَنِ اتَّبَعَنِ ۗ
وَقُل لِّلَّذِينَ أُوتُوا الْكِتَٰبَ
وَالْأُمِّيِّـۧنَ ءَأَسْلَمْتُمْ ۚ فَإِنْ
أَسْلَمُوا۟ فَقَدِ ٱهْتَدَوا۟ ۖ وَإِن
تَوَلَّوْا۟ فَإِنَّمَا عَلَيْكَ ٱلْبَلَٰغُ ۗ
وَٱللَّهُ بَصِيرٌۢ بِٱلْعِبَادِ ﴿٢٠﴾

၂၀။ (အစ္စလာမ် သာသနာတော်သည် မှန်ကန်သောသာသနာဖြစ်၍ အလ္လာဟ်အရှင်မြတ် သဘောတူ နှစ်ခြိုက်တော်မူသော သာသနာဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်ပါလျက်နှင့်ပင်) တဖန် ယင်းသူတို့သည် အသင်နှင့် အချေအတင် ငြောဆိုငြင်းခုံကြပါမူ အသင်က (ယင်းသူတို့အား) (ဟယ်အချင်းတို့) အကျွန်ုပ်သည် မိမိမျက်နှာကို အလ္လာဟ်အရှင်မြတ် (အမိန့်တော်ကို နာခံခြင်းအားဖြင့် ထိုအရှင်မြတ်) ဘက်သို့သာလျှင် လှည့်ပြီးဖြစ်ချေပြီ။ ထိုနည်းတူစွာ အကျွန်ုပ်၏ နောက်လိုက်များသည်လည်း (မိမိတို့၏ မျက်နှာများကို အရှင်မြတ်ဘက်သို့သာလျှင် လှည့်ကြချေပြီ) ဟု ပြောကြားပါလေ။

ထိုမှ တပါးတုံ့ အသင်သည် ကျမ်းဂန် (တော်ရာတ်နှင့်အင်နှ်ဂျီလ်)ကို ရရှိပြီးဖြစ်သောသူတို့ကိုလည်း၊ စာပေမတတ် အသိပညာကင်းမဲ့သော [၁] (အရဗ်မှုရိုတ်) တို့ကိုလည်း၊ (ဟယ်-အချင်းတို့) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) အမိန့်တော်ကို နာခံသော မွတ်စ်လင်မ်များ ဖြစ်ကြပါသလောဟု မေးမြန်းပါလေ။

တဖန် အကယ်၍သာ ယင်းသူတို့သည် အမိန့်တော်ကိုနာခံသော မွတ်စ်လင်မ်များဖြစ်ကြပါလျှင် ယင်းသူတို့သည်လည်း တရားလမ်းမှန်ကို ရရှိကြလတ္တံ့။

---

① 'အွမ်မိယီန်" ဟူသော စကားသည် 'အွမ်မိယွန်' ဟူသော စကား၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ 'အွမ်မိယွန်' ဟူသော စကား၏ အနက်အဓိပ္ပါယ်မှာ စာမရေးတတ် မဘတ်တတ်သူဟူ၍ဖြစ်သည် ဤမုကျွပါဠ်တော်တွင် ပါရှိသော စာမရေးတတ် မဘတ်တတ်သောသူများမှာ အရဗ်မှုရိုက်များကိုဆိုသည်။ ကြည့်-(မာဂျီဒီ)။

သို့ရာတွင် အကယ်၍ ယင်းသူတို့သည် (အစ္စလာမ်သာသနာကို) မျက်နှာလွှဲရှောင်ကျောခိုင်း၍ သွားကြပါလျှင် အသင့်အပေါ်ဝယ် (အလ္လာဟ်အရှင်မြတ်၏) အမိန့်ဗျာဒိတ်တော်များကို ဟောကြားပို့ဆောင်ရုံမျှသာ တာဝန်ရှိပေသည်။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ)၏ကျွန်များကို ခွဲခြား၍သိမြင်တော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။

إِنَّ الَّذِينَ يَكْفُرُونَ بِآيَاتِ اللَّهِ وَيَقْتُلُونَ النَّبِيِّينَ بِغَيْرِ حَقٍّ ۙ وَّيَقْتُلُونَ الَّذِينَ يَأْمُرُونَ بِالْقِسْطِ مِنَ النَّاسِ ۙ فَبَشِّرْهُمْ بِعَذَابٍ أَلِيمٍ ﴿٢١﴾

၂၁။ ဧကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို မနာယူငြင်းဆန်ပယ်ရှားကြကုန်၏။ ထို့ပြင်တဝ ယင်းသူတို့သည် နဗီတမန်တော်များကို သတ်ဖြတ်ခွင့်မရှိဘဲလျက် (တရားမဲ့)သတ်ဖြတ်ကြကုန်၏။ ထိုနည်းတူစွာ ယင်းသူတို့သည် လူသားတို့အနက်မှ တရားမျှတစွာပြုလုပ်ရန် ညွှန်ကြားသူတို့ကိုလည်း သတ်ဖြတ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် ယင်းကဲ့သို့သော သူတို့အား အလွန်နာကျင်ဖွယ်ဖြစ်သော အပြစ်ဒဏ်(ခံကြရမည့်အကြောင်း) သတင်းကောင်း ကျေညာပါလေ။

أُولَٰئِكَ الَّذِينَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ ۖ وَمَا لَهُم مِّن نَّاصِرِينَ ﴿٢٢﴾

၂၂။ ဤသူများသည် အကြင်သူများပင်တည်း။ ယင်းသူတို့ ဆည်းပူးခဲ့သမျှသော (ကောင်းမှု)တို့သည် ဤပစ္စုပ္ပန်ဘဝ၌၎င်း၊ နောင်တမလွန်ဘဝ၌၎င်း၊ *အချည်းနှီး အကျိုးမဲ့ဖြစ်ချေပြီ။* [၁] ထို့ပြင်တဝ ယင်းသူတို့ကို (အလ္လာဟ်အရှင်မြတ်၏) အပြစ်ဒဏ်တော်မှလွတ်မြောက်စေရန် ကယ်ဆယ်စောင်မမည့်သူဟူ၍လည်း တဦးတယောက်မျှ ရှိမည်မဟုတ်ချေ။

---

① အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန်၍ နဗီတမန်တော်များနှင့် တရားသဖြင့် သွန်သင်ဆုံးမသြဝါဒပေးသော သူတော်စင်များအား လုပ်ကြံသတ်ဖြတ်သော သူများသည် နှစ်ဘဝလုံးတွင် အရှုံးကြီး ရှုံးရကြမည်သာတည်း။

اَلَمْ تَرَ اِلَى الَّذِيْنَ اُوْتُوْا نَصِيْبًا مِّنَ الْكِتٰبِ يُدْعَوْنَ اِلٰى كِتٰبِ اللّٰهِ لِيَحْكُمَ بَيْنَهُمْ ثُمَّ يَتَوَلّٰى فَرِيْقٌ مِّنْهُمْ وَهُمْ مُّعْرِضُوْنَ ﴿٢٣﴾

၂၃။ (အို-နဗီ) ကျမ်းဂန်များအနက်မှ တစိတ်တဒေသ ချီးမြှင့်ခြင်းခံရသော အကြင်သူတို့(၏ အဖြစ်)ကို အသင်စဉ်းစားဆင်ခြင် မမြင်မိပါသလော၊ ထိုသူတို့သည် ၎င်းတို့၏စပ်ကြားဝယ် အချင်းချင်း (အငြင်းပွားလျက်ရှိသောပြဿနာကို) စီရင်ဆုံးဖြတ်ပေးရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန် (၏အဆုံးအဖြတ်)ကို ခံယူကြရန် ဘိတ်ခေါ်ခြင်းခံကြရလေသည်။ [၁] (သို့ ဘိတ်ခေါ်ခြင်းခံကြရသည့်) နောက်တွင် ယင်းသူတို့အနက် (အကြီးအကဲဖြစ်သော) လူတစုသည် သွေဖည်ကျောခိုင်း၍ သွားကြလေသည်။ အမှန်သော်ကား ထိုသူများသည် (အမြဲတစေ) မျက်နှာလွှဲဖယ်သူများပင် ဖြစ်ကြကုန်သတည်း။

---

① **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း**

နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တနေ့သော် ယဟူဒီဘာသာဝင်များ၏ ဘုန်းကြီးကျောင်းသို့ ကြွသွားတော်မူ၍ တဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် တရားဓမ္မဟောကြားတော်မူလေသည်။ ထိုအခါ ယဟူဒီဘာသာဝင်များ အနက်မှ နအီမ်အီဗ်နအမ်ရ်နှင့် အလ်ဟာရစ်ဆ် အီဗ်နဇီဂ်ဒ်က တမန်တော်မြတ်အား "အို-မုဟမ္မဒ်၊ အသင်သည် မည်သည့် သာသနာဝင်ဖြစ်ပါသနည်း" ဟု မေးမြန်းကြရာ တမန်တော်မြတ်က "ငါသည်တမန်တော်မြတ် အီဗ်ရာဟီမ်သခင်၏ သာသနာဝင်ဖြစ်သည်" ဟု ပြန်လည်ဖြေကြားတော်မူ၏။ တဖန် ထိုသူနှစ်ဦး (နအီမ်နှင့် အလ်ဟာရစ်ဆ်)က "တမန်တော်မြတ် အီဗ်ရာဟီမ်သည် ယဟူဒီ ဖြစ်ပါသည်" ဟုပြောကြရာ တမန်တော်မြတ်က တောင်ရာတ်ကျမ်းသည် ငါတို့ထံ၌ရှင်း၊ အသင်တို့ထံ၌ရှင်း ရှိ၏။ သို့ဖြစ်ပေရာ ဤအကြောင်းနှင့်စပ်လျဉ်း၍ တောင်ရာတ်ကိုပင် ကြည့်ကြစို့" ဟု မြောကြားတော်မူရာ ထိုသူ ၂-ဦးသည် သွေဖည်ငြင်းဆိုသွားကြလေသည်။

ဖော်ပြချက်

အချို့ယဟူဒီဘာသာဝင်များသည် မိမိတို့တွင် ဖြစ်ပွားသော ပြဿနာများနှင့် စပ်လျဉ်း၍ အစ္စလာမ်ဓမ္မသတ်တွင် သက်သာချောင်ချိမှုကို ရရှိလိမ့်မည်ဟု မြော်မှန်းကြသောအခါ တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လာမ်)ထံ အဆုံးအဖြတ်ခံယူရန် ချဉ်းကပ်ကြလေသည်။ တမန်တော်မြတ်၏ အဆုံးအဖြတ်သည် မိမိတို့အကြိုက်နှင့် ညီလျှင် လက်ခံကြ၍ မိမိတို့အကြိုက်နှင့် မညီသောအခါ၌မူကား သွေဖည်ငြင်းဆန်ကြလေသည်။

ဥပမာ တနေ့သောအခါ ယဟူဒီဘာသာဝင်များအနက် ဂုဏ်သရေရှိသူများတွင် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မှုတခု ဖြစ်ပေါ်လာခဲ့၏။ ထိုအခါ ယင်းသူတို့သည် ထိုအမှုနှင့်စပ်လျဉ်း၍ အစ္စလာမ်ဓမ္မသတ်တွင် သက်သာချောင်ချိမှု ရရှိလိမ့်မည်ဟု မြော်မှန်းကာ တမန်တော်မြတ်ထံ အဆုံးအဖြတ်ခံယူရန် လာကြလေ၏။ တမန်တော်မြတ်သည် ထိုအမှုနှင့်စပ်လျဉ်း၍ ယဟူဒီဘာသာဝင်တို့၏တောင်ရာတ်ကျမ်းလာဆုံးဖြတ်ချက် ➤➤

ذَٰلِكَ بِأَنَّهُمْ قَالُوا۟ لَن تَمَسَّنَا
ٱلنَّارُ إِلَّآ أَيَّامًا مَّعْدُودَٰتٍ ۖ وَغَرَّهُمْ
فِى دِينِهِم مَّا كَانُوا۟ يَفْتَرُونَ ﴿٢٤﴾

၂၄။ ဤ(ကဲ့သို့ တရားဒေသနာတော်များကို သွေဖည် ကျောခိုင်းဝံ့ခြင်းအကြောင်း)မှာကား ထိုသူတို့က ငရဲမီးသည် ငါတို့အား ရေတွက်ထားသော နေ့ရက် (အနည်းငယ်)မှအပ အလျင်းထိရောက်မည်မဟုတ် ဟု (ယုံကြည်) ပြောဆိုနေခြင်း ကြောင့်ပင်တည်း။ စင်စစ်သော်ကား၊ ၎င်းတို့အား ၎င်းတို့၏သာသနာရေးနှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် လိမ်ဆယ်လုပ်ကြံဖန်တီးထားသော အချက်များကပင် လှည့်ပတ်ဖြားယောင်းထားလေသည်။

فَكَيْفَ إِذَا جَمَعْنَٰهُمْ لِيَوْمٍ لَّا
رَيْبَ فِيهِ ۖ وَوُفِّيَتْ كُلُّ نَفْسٍ
مَّا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿٢٥﴾

၂၅။ သို့ရာတွင် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ငါအရှင်မြတ်သည် ထိုသူတို့အား စုရုံးစေတော်မူသည့်အခါ (ထိုသူတို့၏အဖြစ်သည်) မည်သို့ဖြစ်အံ့နည်း။ ထိုရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်း၍ ဒိုဟသံသယ အလျင်းမရှိ။ (ထိုနေ့သည်ကား မုချဆိုက်ရောက်မည် ဖြစ်သည်။) ထို့ပြင် (ထိုနေ့တွင်) လူတိုင်းလူတိုင်းသည် မိမိတို့ ပြုလုပ်ဆည်းပူးခဲ့သော (ကောင်းမှု၊ မကောင်းမှုတို့၏အကျိုးအပြစ်ကို) အပြည့်အစုံပေးခြင်း ခံကြရလတ္တံ့။ ထိုသူတို့သည် (အကျိုးအပြစ်ပေးခြင်းခံကြရာ၌) မတရားပြုလုပ်ခြင်းကို အလျင်း ခံကြရမည်လည်းမဟုတ်ချေ။

➢➢ အတိုင်းပင် အဆုံးအဖြတ်ပေးတော်မူခဲ့လေသည်။ ထိုအခါ ယင်းသူတို့သည် မိမိတို့၏ကျမ်းချက်နှင့် ကိုက်ညီသော အဆုံးအဖြတ်ကိုပင်လျှင် မိမိတို့အကြိုက်မဖြစ်သဖြင့် သွေဖည်ငြင်းဆိုကြလေသတည်း။ ကြည့်-အလ်မနာရ်။

ဤမုဏ္ဍပါဠိတော်တွင်ပါရှိသော 'အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန်' ဟူသည် ကုရ်အာန်ကျမ်းကိုလည်း ဆိုနိုင်၏။ အဘယ့်ကြောင့်ဟူမူ ကုရ်အာန်ကျမ်းကို ထုတ်ပြန်ပို့ချတော်မူမည့်အကြောင်း တောင်ရာတ်၊ အင်နဂျီလ်ကျမ်းများတွင် ဗျာဒိတ်တော်များပါရှိပြီး ဖြစ်သဖြင့် ကုရ်အာန်ကျမ်းမြတ်ကို လိုက်နာရန် ဘိတ်ခေါ်ခြင်းသည်ပင် တနည်းဆိုသော် တောင်ရာတ်၊ အင်နဂျီလ်ကျမ်းများကိုလိုက်နာရန် ဘိတ်ခေါ်ရာရောက်ခြင်းကြောင့်တည်း။ သို့တည်းမဟုတ် ဤမုဏ္ဍပါဠိတော်တွင်ပါရှိသော 'အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန်'ဟူသည် တောင်ရာတ်၊ အင်နဂျီလ်ကျမ်းများကိုပင် ရည်ညွှန်းသည်ဟုဆိုပါကလည်း မှားယွင်းနိုင်ရန်အကြောင်းမရှိပေ။

قُلِ اللّٰهُمَّ مٰلِكَ الْمُلْكِ تُؤْتِي الْمُلْكَ مَنْ تَشَآءُ وَتَنْزِعُ الْمُلْكَ مِمَّنْ تَشَآءُ وَتُعِزُّ مَنْ تَشَآءُ وَتُذِلُّ مَنْ تَشَآءُ بِيَدِكَ الْخَيْرُ ؕ اِنَّكَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٢٦﴾

၂၆။ (အို-နဗီ)အသင်သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့) လျှောက်ထားပန်ကြားပါလေ။ အာဏာတန်ခိုး အမျိုးမျိုးကို စိုးပိုင်တော်မူသော အို-အလ္လာဟ် အရှင်မြတ်၊ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအား တန်ခိုးအာဏာကို ပေးသနား တော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူ၏ထံမှ ဩဇာအာဏာကို ပြန်လည်ရုပ်သိမ်းတော်မူ၏။ ထိုနည်းပမာ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူကို ဂုဏ်အင်ဒြပ်ချီးမြှင့်တော် မူ၏။ ထိုနည်းအတိုင်းပင် အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို ဂုဏ်အင်ဒြပ်နှိမ့်ချယုတ်လျော့စေတော်မူ၏။

ကောင်းမြတ်ခြင်း အဖြာဖြာတို့သည် အရှင်မြတ်၏ လက်တော်၌သာလျှင် ရှိ၏။ မုချဧကန်ကိုယ်တော် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင်တည်း။

تُوْلِجُ الَّيْلَ فِي النَّهَارِ وَتُوْلِجُ النَّهَارَ فِي الَّيْلِ ۚ وَتُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَتُخْرِجُ الْمَيِّتَ

၂၇။ အရှင်မြတ်သည် (အချို့ ဥတုရာသီ၌) ည၌်(၏အစိတ်အပိုင်း)ကို နေ့၏အတွင်း၌ထည့်သွင်းတော်မူလေသည်။ [၁] ထိုနည်းတူစွာ (အချို့ရာသီဥတု၌) နေ့(၏အစိတ်အပိုင်း)ကို ည၌်၏အတွင်း၌ ထည့်သွင်းတော်မူလေသည်။

---

① ကမ္ဘာတန်ဆာပလာများသည် စံနစ်တကျ ပြောင်းလဲလျက်ရှိကြ၏။ ဥပမာ နေ့၊ လ၊ နက္ခတ် ..... အစရှိသည့် ဂြိုလ်များသွားလာခြင်း၊နေ့၊ည၌်ပြောင်းလဲခြင်း၊ နေ့တာ၊ ည၌်တာရှည်ခြင်း၊ တိုခြင်း၊ ဥတုရာသီပြောင်းလဲခြင်း လေတိုက်ခြင်း၊ မိုးရွာခြင်း၊ ဒီရေအတက်အကျရှိခြင်း ... အစရှိသည်တို့ဖြင့် ကမ္ဘာအဝှန်းတွင် ဖြစ်ပေါ်လျက်ရှိသော ပြောင်းလဲမှုအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်း သာလျှင် ဖြစ်ချေသည်။

နေ့ကို ည၌်အတွင်း၌ခင်း၊ ည၌်ကို နေ့အတွင်း၌ခင်း၊ ထည့်သွင်းတော် မူခြင်း၏ သဘောမှာ နေ့၏အစိတ်အပိုင်းကိုည၌်အတွင်းသို့ခင်း၊ ည၌်၏အစိတ်အပိုင်းကိုနေ့အတွင်းသို့ခင်း၊ ထည့်သွင်းတော်မူ၍ ➤➤

مِنَ الْحَيِّ وَتَرْزُقُ مَنْ تَشَآءُ
بِغَيْرِ حِسَابٍ ﴿٢٧﴾

ထို့ပြင် အရှင်မြတ်သည် သက်မဲ့မှ သက်ရှိကို ထုတ်တော်မူ၏။ ထိုနည်းပမာ သက်ရှိမှ သက်မဲ့ကို ထုတ်တော်မူ၏။ ထိုမှတပါးတဲ့ အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူအား အသရေအသချီ့ အရေအတွက်မရှိ ရိက္ခာပေးသနားတော်မူ၏။

لَا يَتَّخِذِ الْمُؤْمِنُونَ الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۚ وَمَنْ يَّفْعَلْ ذٰلِكَ فَلَيْسَ مِنَ اللّٰهِ فِيْ شَيْءٍ اِلَّآ اَنْ تَتَّقُوْا مِنْهُمْ تُقٰىةً ۗ وَيُحَذِّرُكُمُ اللّٰهُ نَفْسَهٗ ۗ وَاِلَى اللّٰهِ الْمَصِيْرُ ﴿٢٨﴾

၂၈။ ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြကုန်သော မုအ်မင်နှ်တို့သည် မုအ်မင်နှ်များကို ပစ်ပယ်ကျော်လွန်၍ (အလ္လာဟ်အရှင်မြတ်အား) သွေဖည်ငြင်းပယ်ကြကုန်သော ကာဖိရ်တို့ကို အဆွေခင်ပွန်းများအဖြစ် မပြုအပ်ကြပေ။ အကြင် မည်သူမဆိုယင်းသို့ပြုခဲ့၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ အဘယ်တစုံတခုနှင့်မျှ မပတ်သက်တော့ချေ။ သို့ရာတွင် အသင်တို့သည် ထို(ကာဖိရ်)တို့၏ ဘေးရန်မှ စိုးရိမ် ကြောင့်ကြ(၍ မိမိတို့ကိုယ်ကို ကာကွယ်လိုကြသောအခါ၌မူ အခြေအနေအရ ပြုလုပ်နိုင်ကြ) ပေသည်။

အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိအားကြောက်ရွံ့ရန် အသင်တို့ကို ခြိမ်းခြောက်တော်မူသည်။ ထို့ပြင် နောက်ဆုံး ပြန်လည်ရန် ဌာနသည် အလ္လာဟ်အရှင်မြတ် အထံတော်၌သာလျှင် ဖြစ်ပေသတည်း။

➤➤ ဥတုရာသီအလိုက် နေ့တာ ညဉ့်တာ အတိုအရှည်ဖြစ်အောင် အလ္လာဟ်အရှင်မြတ် ဖန်တီးပေးတော်မူခြင်းကိုဆိုလိုသည်။

သက်မဲ့မှ သက်ရှိကိုငင်း၊သက်ရှိမှသက်မဲ့ကိုငင်း ဖြစ်စေတော်မူခြင်း၏ အလိုသဘောမှာ ဥပမာ သက်မဲ့ဖြစ်သော ကြက်ဥမှ သက်ရှိဖြစ်သော ကြက်ငယ်ကိုငင်း၊ သက်ရှိဖြစ်သော ကြက်မမှ သက်မဲ့ဖြစ်သော ကြက်ဥကိုငင်း၊ ဖြစ်စေတော်မူခြင်းကို ဆိုလိုသည်။ ကြည့်-ထာနဝီ။

قُلْ إِنْ تُخْفُوا مَا فِي صُدُورِكُمْ أَوْ تُبْدُوهُ يَعْلَمْهُ اللَّهُ ۗ وَيَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۗ وَاللَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٢٩﴾

၂၉။ (အို-နဗီတမန်တော်) အသင်ပြောကြားပါလေ၊ (အချင်းတို့) အကယ်၍ အသင်တို့သည် မိမိတို့၏ ရင်တွင်းဝယ်ရှိသော အကြံအစည်များကို ထိမ်ချန်လျှို့ဝှက် ဖုံးအုပ်ထားကြသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုအကြံအစည်များကို ထင်ရှားစွာ ထုတ်ဖော်ကြသည်ဖြစ်စေ(မည်သို့ပင်ဖြစ်စေကာမူ) အလ္လာဟ်အရှင်မြတ်သည် ထိုအကြံအစည်များကို သိရှိတော်မူလေသည်။

ထိုမျှမကသေးချေ။ ထိုအရှင်မြတ်သည် အာကာသ ကောင်းကင်ဘုံများ၌ရှင်း၊ ပထဝီမြေပြင်၌ရှင်း၊ ရှိရှိသမျှ အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူပေသည်။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအနန္တဘုန်းတန်ခိုးတော်ရှင်လည်း ဖြစ်တော်မူပေသတည်း။

يَوْمَ تَجِدُ كُلُّ نَفْسٍ مَا عَمِلَتْ مِنْ خَيْرٍ مُحْضَرًا ۖ وَمَا عَمِلَتْ مِنْ سُوءٍ تَوَدُّ لَوْ أَنَّ بَيْنَهَا وَبَيْنَهُ أَمَدًا بَعِيدًا ۗ وَيُحَذِّرُكُمُ اللَّهُ نَفْسَهُ ۗ وَاللَّهُ رَءُوفٌ بِالْعِبَادِ ﴿٣٠﴾

၃၀။ အကြင်နေ့၌ လူတိုင်းလူတိုင်းသည် မိမိပြုလုပ်ခဲ့သမျှသောကောင်းမှုသုစရိုက်များကိုလည်း၊ မိမိတို့ ပြုလုပ်ခဲ့သမျှသောမကောင်းမှု ဒုစရိုက်များကိုလည်း (မိမိတို့) ရှေ့မှောက်တွင် အဆင်သင့်တွေ့ရှိကြလတ္တံ့။ ထိုအခါ ယင်းသူတို့သည် (မိမိတို့ ပြုကျင့်ခဲ့လေသော ဒုစရိုက်များကို မမြင်လိုကြသဖြင့်) "အကယ်၍သာ ယင်းသူတို့နှင့် ထို့နေ့၏ စပ်ကြားဝယ် ကမ်းလှမ်းဝေးကွာလှစွာသော ခရီးစခန်းရှိနေပါလျှင် ကောင်းလေစွတကား" ဟုတောင့်တကြကုန်အံ့။ တဖန် အလ္လာဟ်အရှင်မြတ်သည် မိမိ(၏ အပြစ်ဒဏ်တော်)ကို (ကြောက်ရွံ့စေရန်) အသင်တို့အား သတိပေးနှိုးဆော်တော်မူသည်။ အကြောင်းတမူကား အလ္လာဟ်အရှင်မြတ်သည် (မိမိ)ကျွန်များကို အလွန် သနားညှာတာတော်မူသောအရှင် ဖြစ်တော်မူသတည်း။

قُلْ إِن كُنتُمْ تُحِبُّونَ اللَّهَ فَاتَّبِعُونِي يُحْبِبْكُمُ اللَّهُ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ ۗ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٣١﴾

၃၁။ (အို-နဗီတမန်တော်) အသင်သည် (လူခပင်းတို့အား ဤသို့) ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးကြပါမူ *ငါ၏အမိန့်ဩဝါဒများကို* အစဉ်တစိုက်လိုက်နာကြကုန်။ [၁] (သို့မှသာလျှင်) အသင်တို့အား အလ္လာဟ်အရှင်မြတ်သည် ချစ်ကြည်မြတ်နိုးတော်မူအံ့။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် အသင်တို့၏ ပြစ်မှု ဒုစရိုက် များကိုလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူအံ့။ စင်စစ်တမူကား အလ္လာဟ် အရှင်မြတ်သည် (အပြစ်များမှ) အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူသောအရှင်၊ အစဉ်သနား ညှာတာတော်မူသော မဟာ ကရုဏာတော်ရှင် ဖြစ်တော်မူသတည်း။

قُلْ أَطِيعُوا اللَّهَ وَالرَّسُولَ ۖ فَإِن تَوَلَّوْا فَإِنَّ اللَّهَ لَا يُحِبُّ الْكَافِرِينَ ﴿٣٢﴾

၃၂။ အသင်သည် (ယင်းသူတို့အား) ပြောကြားပါလေ။ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော် များကိုငင်း၊ ရစူလ် တမန်တော်၏ အမိန့်တော်များကိုငင်း၊ (တသဝေမသိမ်း) လိုက်နာကြကုန်။

---

① တမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်၏ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချတော်မူသော တရားဒေသနာတော်များကို တိကျပြတ်သားစွာ လက်တွေ့လိုက်နာကျင့်သုံး၍ ကမ္ဘာသူကမ္ဘာသားတို့အား ကမ္ဘာမီးရှူးတန်ဆောင်အဖြစ် စံပြသွားတော်မူခဲ့ချေပြီ။ သို့ဖြစ်ပေရာ အကြင်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား ကြည်ညိုမြတ်နိုးပါလျှင် ထိုသူသည် တမန်တော်မြတ် ချမှတ်တော်မူခဲ့သော လမ်းစဉ်များကို ဖဝါးခြေထပ် လိုက်နာကျင့်မူရပေမည်။ ဤကား 'အီမာန်' ၏ စံချိန်ပေတည်း။ တမန်တော်မြတ် ချမှတ်တော်မူခဲ့သည့် လမ်းစဉ်များကို မလိုက်နာမကျင့်သုံးပါဘဲလျက် အလ္လာဟ် အရှင်မြတ်အား ကြည်ညိုမြတ်နိုးပါသည်ဟု ထုတ်ဖော် ပြောဆိုခြင်းမှာ အဓိပ္ပါယ် မရှိလှချေ။ ထို့အတွက်ကြောင့် ပင်လျှင် "အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြည်ညိုမြတ်နိုးကြပါလျှင် ငါ၏ အမိန့်ဩဝါဒများကို လိုက်နာကြကုန်၊ သို့ဖြစ်လျှင် အရှင်မြတ်သည် အသင်တို့အား ချစ်ကြည်မြတ်နိုးတော်မူအံ့ အသင်တို့၏ အပြစ်များကိုလည်း ချမ်းသာခွင့် ပေးသနားတော်မူအံ့" ဟု မိန့်ဆိုထားတော်မူလေသည်။

တဖန် အကယ်၍ ယင်းသူတို့သည် သွေဖည်ကျောခိုင်း၍ လွှဲရှောင် သွားကြပါမူ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့) မယုံမကြည် သွေဖည် ငြင်းပယ်သော "ကာဖိရ်" တို့ကိုကား နှစ်သက်တော်မမူချေ။ [၃]

إِنَّ اللَّهَ اصْطَفَىٰ آدَمَ وَنُوحًا وَآلَ إِبْرَاهِيمَ وَآلَ عِمْرَانَ عَلَى الْعَالَمِينَ ﴿٣٣﴾

၃၃။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (နဗီတမန်တော်) အာဒမ်ကိုငင်း၊ [၂] (နဗီတမန်တော်) နူဟ်ကို ငင်း၊ [၃] (နဗီတမန်တော်) အီဗ်ရာဟီမ်၏ အဆက်အနွယ်ကို ငင်း၊ အိမ်ရာန်၏ အဆက်အနွယ်ကိုငင်း၊ စကြာဝဠာ ခပ်သိမ်းတို့အပေါ်ဝယ် ရွေးချယ်မြှောက်စားတော်မူခဲ့လေပြီ။

---

① အလ္လာဟ်အရှင်မြတ်သည် မိမိ၏ တရားဒေသနာတော်များကို နာခံသော သူများအား နှစ်သက်တော်မူ၏။ မိမိ၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန်သောသူများကိုကား မည်သို့ပင် ဖြစ်စေကာမူ အလ္လာဟ်အရှင်မြတ်သည် နှစ်သက်တော်မမူချေ။

② ဘခင်ကြီး တမန်တော်အာဒမ် (အလိုင်ဟစ္စလာမ်) ၏ အမည်နာမကို ကုရ်အာန်ကျမ်းမြတ်တွင် (၂၅)နေရာ၌ တွေ့ရှိရပေသည်။ တမန်တော် အာဒမ်၏ အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍အကျယ်ကို အောက်ခြေအမှတ် ၇၄-၇၅-၇၉-၈၀-၈၂-၈၄-၈၅-၈၆-၈၇-၈၈-၉၀-၉၂- တွင်ရှုပါ။

③ အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူခဲ့သော တမန်တော်များတွင် တမန်တော် နူဟ်သည် တပါးအပါအဝင်ဖြစ်၏။ တမန်တော်နူဟ်၏ အမည်နာမကို ကုရ်အာန် ကျမ်းမြတ်တွင် (၄၃) နေရာ၌ တွေ့ရှိရ၏။ ထိုတမန်တော်ကြီး၏ အကြောင်း အတ္ထုပ္ပတ္တိကို ကုရ်အာန်ကျမ်းမြတ် ၃း၃၅။ ၄း၁၆၃။ ၆း၈၅။ ၇း၅၉-၆၄။ ၉း၇၀။ ၁၀း၇၁-၇၃။ ၁၁း၂၅-၄၉။၁၁း၈၉။ ၁၄း၉။ ၁၇း၃၊၁၅။ ၁၉း၅၈။ ၂၁း၇၆-၇၇။ ၂၂း၄၂။ ၂၃း၂၃-၃၀။ ၂၅း၃၇။ ၂၆း၁၀၅-၁၂၀။ ၂၉း၁၄-၁၅။ ၃၃း၇။ ၃၇း၇၅-၈၂။ ၄၀-၅း၃၁။ ၄၂း၁၃။ ၅၄း၉။ ၅၇း၁၆။ ၅၇း၅၂။ ၅၉း၉။ ၅၇း၂၆၊ ၆၆း၁၀။ ၇၁း၁-၂၈ တွင် ဖွင့်ဟမိန့်ဆိုထားတော်မူသည်။ ကုရ်အာန်ကျမ်းမြတ်၏ (၇၁)ကြိမ်မြောက် ကဏ္ဍသည် တမန်တော် နူဟ် (အလိုင်ဟစ္စလာမ်)နှင့် ပတ်သက်သော ကဏ္ဍပင်ဖြစ်သည်။

တမန်တော် နူဟ်သည် 'အိရာက်' နယ်တွင် ဖွားမြင်တော်မူ၏။ ထိုတမန်တော်ကြီး၏ မျိုးရိုးအဆက်အနွယ်ကို အချို့ကျမ်းများတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

တမန်တော်နူဟ်၊ ၎င်း၏အဘ လာမိက်၊ ၎င်း၏အဘ မတ်သူရှာလိဟ်၊ ၎င်း၏အဘ အုခ်နုခ်၊ (တနည်းခနူဟ်)၊၎င်း၏အဘ ယာရဒ်၊ ၎င်း၏အဘ မဟ်လအီလ်၊ ၎င်း၏အဘ ကီနာန်၊ ၎င်း၏အဘ အနူရှ်၊ ၎င်း၏အဘ တမန်တော်ရှီဆ်၊ ၎င်း၏အဘ တမန်တော်အာဒမ်။ ကြည့်-ကိဆွဆွတ်လ်ကုရ်အာန်။

တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအား နှစ်ပရိစ္ဆေဒကြာမြင့်စွာ တရားဟောကြားတော်မူခဲ့၏။ သို့ရာတွင်လည်း အနည်းငယ်မျှသောလူတစုမှတပါး ကျန်အမျိုးသားများသည် ➤➤

ذُرِّيَّةًۢ بَعْضُهَا مِنۢ بَعْضٍ ۗ وَٱللَّهُ سَمِيعٌ عَلِيمٌ ﴿٣٤﴾

၃၄။ ယင်းသူတို့အနက် အချို့သော သူတို့သည် အချို့သော သူတို့၏ သားစဉ် မြေးဆက်များပင် ဖြစ်ကြပေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ ကြားသိတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်ပေသတည်း။

إِذْ قَالَتِ ٱمْرَأَتُ عِمْرَٰنَ رَبِّ إِنِّى نَذَرْتُ لَكَ مَا فِى بَطْنِى مُحَرَّرًا فَتَقَبَّلْ مِنِّىٓ ۖ إِنَّكَ أَنتَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿٣٥﴾

၃၅။ (ပြန်လည်အောက်မေ့သတိရကြကုန်) အခါတပါး၌ (မရ်ယမ်သခင်မ၏ဘခင်) အိမ်ရာန်၏ဇနီးမိန်းမက (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့) လျှောက်ထား ပန်ကြားခဲ့၏။ "အို- ကျွန်တော်မျိုးမ အား မွေးမြူတော်မူသော အရှင်မြတ်။ စင်စစ်ဧကန် ကျွန်တော် မျိုးမသည် အရှင်မြတ် အဘို့ မိမိ ဝမ်းတွင်း၌ရှိသောကလေးကို အရှင်မြတ်အား သာ(ဝတ်ပြုနိုင်စေခြင်းငှာ) လွတ်လပ်စွာထားရှိရန် အတွက် ဓိဋ္ဌာန်ပြုပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ် သည် ယင်း(ဓိဋ္ဌာန်ချက်ကို) ကျွန်တော်မျိုးမ၏ အထံမှ သဘောတူလက်ခံတော်မူပါ။

➤➤ တမန်တော်ကြီး၏ အဆုံးအမကို မနာခံကြသည့်အပြင် မလျော်ကန်သော အကြောင်းအမျိုးမျိုးပြကာ တမန်တော်ကြီးကိုပင် မထီမဲ့မြင် ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုခဲ့ကြ၏။ ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ် "ဟူဒ်" ကဏ္ဍတွင် အကျယ်တဝင့် တွေ့ရှိရသည်။

တမန်တော်နူဟ်သည် သက်တော် (၉၅၀)တိုင်တိုင် သက်တော်ထင်ရှားရှိ၍ မိမိ၏အမျိုးသားများကို တရားမမှ ဟောညွှန်ပြသော်လည်း အမျိုးသားတို့သည် ပိုမိုရှုပ် ဆိုးသွမ်း၍ လာခဲ့ကြသည်ကို တွေ့မြင်ရသောအခါ အထူးပင် ကြေကွဲဝမ်းနည်းတော်မူလေသည်။

အလ္လာဟ်အရှင်မြတ်သည် ထိုမျှဆိုးသွမ်းလှသော အမျိုးသားများကို အပြစ်ရှိသည့်အားလျော်စွာ ရေဘေးသင့်စေပြီး ကွပ်မျက်တော်မူရန် ကြံရွယ်တော်မူသောအခါ တမန်တော်မြတ်အား သင်္ဘောတစင်းကို တည်ဆောက်စေ၍ မိမိ၏နောက်လိုက်တပည့်သားများနှင့် တိရစ္ဆာန် ဖို,မ တစုံစီကို တင်စေတော်မူလေသည်။ တမန်တော်နူဟ်သည် အမိန့်တော်အတိုင်း သင်္ဘောတစင်းကို တည်ဆောက်ရာ ဆိုးသွမ်းလှသော အမျိုးသားတို့သည် ထိုသို့ သင်္ဘောတည်ဆောက်သည်ကိုပင် ပြက်ရယ်စကားပြောဆိုခဲ့ကြသေး၏။ ကြည့်-ကုရ်အာန် (၁၁:၃၈)။

ပြစ်ဒဏ်တော်ခတ်ရန် အချိန်ကျရောက်လာသောအခါ နေ့ညဥ့်မပြတ် မိုးသည်းထန်စွာ ➤➤

فَلَمَّا وَضَعَتْهَا قَالَتْ رَبِّ إِنِّي
وَضَعْتُهَا أُنْثَىٰ وَاللَّهُ أَعْلَمُ بِمَا
وَضَعَتْ وَلَيْسَ الذَّكَرُ
كَالْأُنْثَىٰ وَإِنِّي سَمَّيْتُهَا مَرْيَمَ
وَإِنِّي أُعِيذُهَا بِكَ وَذُرِّيَّتَهَا
مِنَ الشَّيْطَانِ الرَّجِيمِ ﴿٣٦﴾

မုချဇကန် အရှင်မြတ်သည် အကြွင်းမဲ့ကြားသိတော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။

၃၆။ တဖန် ထို(အီမ်ရာန်၏ ဇနီးမိန်းမ)သည် ထို(သန္ဓေ)ကို သမီးမိန်းကလေး ဖွားမြင်ခဲ့လေရာ (ဝမ်းနည်းစွာဖြင့်) "အို- ကျွန်တော်မျိုးမအား မွေးမြူတော် မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်တော်မျိုးမသည် ထိုသန္ဓေကို သမီးမိန်းကလေး ဖွားမြင်ပါပြီ"။

အမှန်အားဖြင့် အလ္လာဟ် အရှင်မြတ်သည် ထိုသူမဖွားမြင်ခဲ့သည်ကို ပိုမို၍ သိရှိတော်မူ၏။ သို့ရာတွင် (ထိုသူမလိုလားသော) ယောကျ်ားလေးမူကား (မည်သည့်နည်းနှင့်မျှ) ဤ(ဖွားမြင်လေသော) သမီးမိန်းကလေးကဲ့သို့ မဟုတ်ချေ။

ထို့ပြင်တဝ မုချဇကန် ကျွန်တော်မျိုးမသည် ထိုသမီးမိန်းကလေးကို "မရ်ယမ်" ဟူ၍ အမည်မှည့်ခေါ်ပါပြီ။ ထို့ပြင် ထိုသူမကိုငင်း၊ ထိုသူမ၏ သားသမီးများကိုငင်း၊ နှင်ထုတ်ခြင်းခံရသော ရှိုင်တွာန်၏ အနှောင့်အယှက်များမှ ကာကွယ်စောင့်ထိန်းတော်မူပါရန် အရှင်မြတ်အားအပ်နှံပါ၏"ဟု လျှောက်ထားပန်ကြားလေသည်။

➤➤ ရွာသွန်း၍ အင်း၊ အိုင်၊ ချောင်း၊ ကန်များမှ ရေများလျှံထွက်လာပြီး ရေဘေးကြီး ဆိုက်ရောက်ခဲ့ပေရာ တမန်တော် နူဟ်နှင့်တကွ သင်္ဘောပေါ်တွင် ပါရှိသောသူများမှအပ ကျန်တမျိုးသားလုံးတို့သည် ရေနစ်၍ အကြီးအကျယ် သေကြေပျက်စီးခဲ့ကြလေသည်။

တမန်တော်နူဟ်၏သား 'ကင်နာန်အာန်'သည် တမန်တော်ကြီး၏ သားပင်ဖြစ်ပါလျက် လူပေါင်းမှား၍ ဘခင်ကြီး၏ အဆုံးအမကို မနာယူသည့်အတွက် ရေဘေးသင့်၍ သေဆုံးခဲ့ရလေသည်။

ပြစ်ဒဏ်တော်ရပ်စဲသွား၍ ရေများကျဆင်းသွားသည့်အခါ တမန်တော်နူဟ်၏ သင်္ဘောသည် "ဂျူဒီ" အမည်ရှိသော တောင်ထိပ်တွင် တည်ရှိနေခဲ့လေ၏။ ကြည့်-ကုရ်အာန် (၁၁:၄၄)။

فَتَقَبَّلَهَا رَبُّهَا بِقَبُولٍ حَسَنٍ
وَّأَنۢبَتَهَا نَبَاتًا حَسَنًا وَّكَفَّلَهَا
زَكَرِيَّا ۖ كُلَّمَا دَخَلَ عَلَيْهَا زَكَرِيَّا
الْمِحْرَابَ وَجَدَ عِنْدَهَا
رِزْقًا ۖ قَالَ يٰمَرْيَمُ أَنّٰى لَكِ هٰذَا ۖ
قَالَتْ هُوَ مِنْ عِنْدِ اللّٰهِ ۖ إِنَّ
اللّٰهَ يَرْزُقُ مَنْ يَّشَآءُ
بِغَيْرِ حِسَابٍ ﴿٣٧﴾

၃၇။ ထို့နောက် ထို(မရ်ယမ်)အား ၎င်းကိုမွေးမြူတော်မူသော အရှင်သည် ကောင်းမွန်သောလက်ခံခြင်းမျိုးနှင့် သဘောတူလက်ခံတော်မူ၍ ကောင်းမွန်သော ကြီးပြင်းဖွံ့ဖြိုးခြင်း နည်းမျိုးဖြင့် ကြီးပြင်းဖွံ့ဖြိုးစေတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် တမန်တော် ဇကရိယာ [၁] အား ထိုမိန်းကလေးကို ထိန်းသိမ်းစောင့်ရှောက်စေတော်မူခဲ့၏။

တမန်တော် ဇကရိယာသည် ထိုမရ်ယမ်အား ကြည့်ရှုရန် ၎င်း၏အဆောင်အတွင်းသို့ ဝင်ရောက်သည့်အခါတိုင်း၌ ထို(မရ်ယမ်)၏အနီး၌ စားဘွယ်များကိုတွေ့ရှိရသဖြင့် "အို-မရ်ယမ်၊ ဤစားဘွယ်ဘောဇဉ်များသည် အသင့်ထံ အဘယ်မှ ရောက်ရှိလာပါသနည်း"ဟု မေးမြန်းလေသည်။

ထိုအခါ (မရ်ယမ်)က ထိုစားဘွယ်များသည် အလ္လာဟ်အရှင်မြတ် အထံတော်မှဖြစ်ပါသည် ဟု ဖြေကြားခဲ့လေသည်။

ဇကန်မုချ အလ္လာဟ် အရှင်မြတ်သည် မိမိနှစ်လိုတော်မူသော သူများကို မခန့်မှန်း မချင့်တွက်နိုင်လောက်အောင် စားနပ်ရိက္ခာများကို ပေးသနားတော်မူလေသတည်း။

---

① **တမန်တော် ဇကရိယာ။**

ဇကရိယာသခင်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များတွင် တပါး၊အပါအဝင်ဖြစ်၏။ တမန်တော် ဇကရိယာ၏အကြောင်း ကုရ်အာန်ကျမ်းမြတ်(၃း၃၆-၄၀၊ ၆း၈၅၊ ၁၉း၂-၁၁၊ ၂၁း၈၉-၉၀)တွင် တွေ့ရှိရပေသည်။ တမန်တော် ဇကရိယာသခင်သည် တမန်တော် ဒါဝူဒ်သခင်၏ အဆက်အနွယ်ဖြစ်သည်။

တမန်တော် ဇကရိယာ၏ ကြင်ရာတော် ဧလိရှဗအ်သည် တမန်တော် ဟာရွန်၏မျိုးနွယ်မှ ဖြစ်သည်။ ကြင်ရာတော် ဧလိရှဗအ်နှင့် မရ်ယမ်သခင်မ၏ မယ်တော် ဟွန်နာတို့သည် ညီအစ်မအရင်းများ ဖြစ်ကြပေသည်။

هُنَالِكَ دَعَا زَكَرِيَّا رَبَّهُ ۖ قَالَ
رَبِّ هَبْ لِي مِن لَّدُنكَ ذُرِّيَّةً
طَيِّبَةً ۚ إِنَّكَ سَمِيعُ الدُّعَاءِ ﴿٣٨﴾

၃၈။ (မရိယမ် သခင်မ၏ ပြန်ကြားချက်ကို ကြားနာရလေသော်၊ နဗီတမန်တော်) ဇကရိယာ (အလိုင်ဟစ္စလာမ်)သည် ထိုအခါ ထိုနေရာ၌ပင် [၁] မိမိအား မွေးမြူတော်မူသော အရှင်မြတ်ထံတော်၌ ဆုတောင်းပတ္ထနာ ပြုခဲ့လေသည်။ (ဆုတောင်းရာ တွင်) ထိုနဗီတမန်တော် ဇကရိယာ(အလိုင်ဟစ္စလာမ်) က "အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးကို မိမိ အထံတော်မှ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သားကောင်းရတနာတပါးကို ပေးသနားတော်မူပါ။ မလွဲဧကန် အရှင်မြတ်သည် ဆုတောင်းပတ္ထနာများ ကို ကြားတော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း" ဟု လျှောက်ထားပန်ကြားခဲ့လေသည်။

فَنَادَتْهُ الْمَلَائِكَةُ وَهُوَ قَائِمٌ
يُصَلِّي فِي الْمِحْرَابِ أَنَّ اللَّهَ
يُبَشِّرُكَ بِيَحْيَىٰ مُصَدِّقًا بِكَلِمَةٍ
مِّنَ اللَّهِ وَسَيِّدًا وَحَصُورًا
وَنَبِيًّا مِّنَ الصَّالِحِينَ ﴿٣٩﴾

၃၉။ သို့ဖြစ်ပေရာ ထို [တမန်တော် ဇကရိယာ (အလိုင်ဟစ္စလာမ်)] သည် အခန်းတွင်း၌ ဆွလာတ် ဝတ်ပြုနေခိုက် "မလာအေ့ကဟ်" ကောင်းကင်တမန်များသည် ထိုတမန်တော်အား အသံကျယ်စွာ ပြောဆို နေကြသည်မှာ "မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အသင့်အား "ယဟ်ယာ" [၂] အမည်ရှိသော သားကောင်းရတနာတပါး ပေးသနားတော် မူသည့် အကြောင်း ပီတိသောမနဿ ဝမ်းမြောက်ဘွယ်ရာ သတင်းပြောကြားတော်မူလေသည်။

---

① "ဟုနာလိက" ဟူသောစကား၏အဓိပ္ပါယ်မှာ "ထိုအချိန်၌" ဟူ၍၎င်း၊ "ထိုဌာန၌" ဟူ၍၎င်း ဖြစ်သည်။ တမန်တော်ဇကရိယာ (အလိုင်ဟစ္စလာမ်) ၏ ဆုတောင်းပတ္ထနာသည် အချိန်နှင့် ဌာနကို ထောက်ရှုခြင်းအားဖြင့် ကောင်းမြတ်သော အချိန်နှင့် ကောင်းမြတ်သောဌာနများတွင် အကြောင်းအားလျော်စွာ ဆုတောင်းပတ္ထနာပြုပါက ဆုတောင်းပြည့်နိုင်သည်ကို ဆင်ခြင်အပ်ပေသည်။

② တမန်တော် ယဟ်ယာ (အလိုင်ဟစ္စလာမ်) သည် တမန်တော်ဇကရိယာ (အလိုင်ဟစ္စလာမ်)၏ သားတော်ဖြစ်သည်။ တမန်တော် ယဟ်ယာ၏အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၃:၃၇-၄၀၊ ၆:၈၆၊ ၁၉:၂-၁၅၊ ၂၁:၈၉-၉၀) တွင် တွေ့ရှိနိုင်ပေသည်။

ထိုသားရတနာသည် "ကလိမတုလ္လာဟ်" အလ္လာဟ်အရှင်မြတ်၏ 'မုက္ခပါဠိတော်' (တည်းဟူသော တမန်တော်အိစာ)ကို ထောက်ခံမည့်သူဖြစ်အံ့၊ အကြီးအမှူးလည်းဖြစ်အံ့။ (ကာမဂုဏ်အာရုံကို) အထူးစောင့်စည်းသူလည်းဖြစ်အံ့၊ သူတော်စင်များအနက်မှ နဗီတမန်တော် တပါးလည်းဖြစ်အံ့။

قَالَ رَبِّ أَنَّىٰ يَكُونُ لِي غُلَٰمٌ وَقَدْ بَلَغَنِيَ ٱلْكِبَرُ وَٱمْرَأَتِي عَاقِرٌ ۖ قَالَ كَذَٰلِكَ ٱللَّهُ يَفْعَلُ مَا يَشَآءُ ﴿٤٠﴾

၄၀။ (ထိုစကားကိုကြားလျှင်) ထိုနဗီတမန်တော် (ဇကရိယာ)က "အို-ကျွန်တော်မျိုးကို မွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုး၌ သားကောင်းရတနာသည် အဘယ်သို့ ရရှိနိုင် ပါအံ့နည်း။ အကြောင်းကား ဇကေနစ်စင် ဇရာမမှ အိုခြင်းတရားသည် ကျွန်တော်မျိုးထံ ဆိုက်ရောက်လာခဲ့ချေပြီ။ [1] ကျွန်တော်မျိုး၏ ဇနီးမိန်းမသည်လည်း (သက်ရွယ်ကြီးရင့်ပြီ ဖြစ်သည်သာမက) သားသမီး မမွေးသော အမြဲလည်းဖြစ်ပါသည် ဟု လျှောက်ထား ပန်ကြားလေသည်။

(ထိုရောကာလ) အလ္လာဟ် အရှင်မြတ်က "ဤနည်းအတိုင်းပင် (သားကောင်းရတနာကို ရရှိအံ့၊ အကြောင်းကား) အလ္လာဟ် အရှင်မြတ်သည် (ဖြစ်လေ့ဖြစ်ထမရှိ၊ အံ့ဘွယ်သရဲဖြစ်သော အမှု ကိစ္စများကိုပင်) အလိုတော်ရှိရာ ပြုလုပ်တော် မူပေသည်" ဟု ပြန်ကြားတော်မူခဲ့လေသည်။

---

① တမန်တော် ဇကရိယအား "မလာအိကဟ်" ကောင်းကင်တမန်များက သားတော်တပါး ရရှိမည့်အကြောင်း ပြောကြားသည့်အချိန်တွင် တမန်တော် ဇကရိယာ၏ အသက်မှာ ၉၉-နှစ်ဖြစ်၍ တမန်တော်၏ကြင်ယာတော်မှာ အသက် ၉၈-နှစ်ဖြစ်ချေသည်။ ကြည့်-ဗဟ်ရုလ်မုဟီတ်။

قَالَ رَبِّ اجْعَل لِّيٓ ءَايَةً ۚ قَالَ
ءَايَتُكَ أَلَّا تُكَلِّمَ ٱلنَّاسَ ثَلَٰثَةَ
أَيَّامٍ إِلَّا رَمْزًا ۗ وَٱذْكُر رَّبَّكَ
كَثِيرًا وَسَبِّحْ بِٱلْعَشِىِّ
وَٱلْإِبْكَٰرِ ﴿٤١﴾

၄၁။ ထို (နဗီတမန်တော် ဇကရိယာသည် အလ္လာဟ်အရှင်မြတ်၏ ပြန်ကြားချက်ကို ကြားရလျှင် ထပ်မံ၍ ဤသို့) လျှောက်ထား ပန်ကြား ပြန်လေသည်။ "အို-ကျွန်တော်မျိုးကို မွေးမြူတော် မူသောအရှင်၊ (သို့ ဖြစ်လျှင်) အရှင်မြတ်သည် ကျွန်တော်မျိုးအတို့ရာ (ကျွန်တော်မျိုး၏ ဇနီးမှာ သားရတနာကိုယ်ဝန်ဆောင်ရှိကြောင်း ကောင်းစွာ သိနိုင်အံ့သော ၄၁) *နိမိတ်လက္ခဏာ တရပ်ရပ်ကို ပြဋ္ဌာန်း၍ ပေးတော်မူပါ။* [၁]

"(ထိုရောအခါဝယ် အလ္လာဟ်အရှင်မြတ်က ဤသို့) မိန့်ကြားတော်မူလေသည်။ (အို-ဇကရိယာ)၊ အသင်၏လက္ခဏာကား သုံးရက်တိုင်တိုင် လူအပေါင်း တို့နှင့် လက်ရိပ်ခြေရိပ် မျက်ရိပ်မှအပ (တခွန်း တပါဒမျှ) အသင် စကားမပြောဆိုနိုင်ခြင်းပင်တည်း။ အသင်သည် (ထိုနေ့ရက်များတွင်း) မိမိအရှင်ကို များစွာ တ,သ သတိရကာ ညဉ့်ဦးယံများ၌၎င်း၊ နံနက်ယံများ၌၎င်း၊ (ထိုအရှင်မြတ်)၏ "တတ်စ်ဗီဟ်" ဘာဝနာကို စီးဖြန်းပါလေ။

---

① အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း တမန်တော် ဇကရိယာ(အလိုင်ဟိစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ သားဆုပန်ကြားသောအခါ အလ္လာဟ်အရှင်မြတ်သည် သားထူးသားမြတ် တပါး ပေးသနား တော်မူမည့်အကြောင်း သတင်းကောင်းကို အပါးတော်စေတမန်များက တမန်တော်မြတ်အား ပြောကြားခဲ့ကြလေသည်။

တမန်တော် ဇကရိယာသည် မိမိ၏ကြီးရင့်သော အသက်အရွယ်နှင့် မိမိ၏ဇနီးသည် အမြဲဖြစ်သည်ကို ထောက်ချင့်၍ "မိမိ၌ အသို့လျှင် သားရတနာ ရနိုင်ပါအံ့နည်း" ဟု အလ္လာဟ်အရှင်မြတ် အထံတော်၌ လျှောက်ထားပြန်ရာ အလ္လာဟ်အရှင်မြတ်က သက်ရွယ်ကြီးရင့်လျက်ရှိသော လင်ခင်ပွန်းနှင့် မြဲလျက်ရှိသော ဇနီးခင်ပွန်း၌ပင် သားရတနာထွန်းကားမည့်အကြောင်း ပြန်ကြားတော်မူလေသည်။

ထိုအခါ တမန်တော် ဇကရိယာသည် ဝမ်းသာလှသဖြင့် အမိဝမ်းတွင်း၌ ထိုသားရတနာကိုယ်ဝန်ဆောင်သည်ကို အမြန်သိနိုင်ရန် အလို့ငှာ "အို- ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးအတို့ နိမိတ်လက္ခဏာတရပ်ကို ပြဋ္ဌာန်းပေးတော်မူပါ" ဟု အလ္လာဟ်အရှင်မြတ်ထံတော်၌ လျှောက်ထား ➤➤

وَإِذْ قَالَتِ الْمَلَٰٓئِكَةُ يَٰمَرْيَمُ إِنَّ اللَّهَ اصْطَفَىٰكِ وَطَهَّرَكِ وَاصْطَفَىٰكِ عَلَىٰ نِسَآءِ الْعَٰلَمِينَ ﴿٤٢﴾

၄၂။ တဖန် (သတိရကြလေကုန်) တရံရောအခါ၊ မလာအိကဟ် ကောင်းကင်စေတမန်များက (မရ်ယမ် သခင်မအား) အို-"မရ်ယမ်" မုချဧကန် အလ္လာဟ် အရှင်မြတ်သည် အသင့်အား ရွေးချယ် မြှောက်စားတော်မူခဲ့လေပြီ။ မနှစ်မြို့ဘွယ်ရာသော အကြောင်း အရာများမှလည်း ကင်းရှင်းစေတော် မူခဲ့လေပြီ။ ၎င်းအပြင် (ယခုတဖန်) အသင့်အား စကြာဝဠာ အပေါင်းရှိ အမျိုးသမီးများ တွင်လည်း ရွေးချယ် မြှောက်စားတော်မူခဲ့လေပြီ ဟု ပြောကြားခဲ့ကြလေသည်။

يَٰمَرْيَمُ اقْنُتِى لِرَبِّكِ وَاسْجُدِى وَارْكَعِى مَعَ الرَّٰكِعِينَ ﴿٤٣﴾

၄၃။ (သို့ဖြစ်ပေရာ) အို-မရ်ယမ်၊ အသင်သည် မိမိအရှင်မြတ်၏ အမိန့်တော်များကို ဦးထိပ်ရွက် ဆင်လျက်နေပါလေ။ ထို့ပြင်တဝ အသင်သည် "စဂျ်ဒဟ်" ပျပ်ဝပ်ဦးချလျက်နေပါလေ။ ထို့ပြင် အသင်သည် ရုကူအ် ကိုင်းညွတ် ရိုကျိုးသူတို့နှင့် အတူတကွ ရုကူအ် ကိုင်းညွတ် ရိုကျိုးလျက်နေပါလေ(ဟု "မလာအိကဟ်" အပါးတော် စေတမန်များက ဆက်လက်၍ ပြောကြားကုန်သတည်း)။

ذَٰلِكَ مِنْ أَنۢبَآءِ الْغَيْبِ نُوحِيهِ إِلَيْكَ ۖ وَمَا كُنتَ لَدَيْهِمْ إِذْ يُلْقُونَ أَقْلَٰمَهُمْ

၄၄။ (အို-နဗီတမန်တော်) ဤ(သည့် အထွာပွတို့များ)သည် (အသင်၏) မျက်ကွယ်၌ဖြစ်သော သတင်းများအနက်မှဖြစ်ရကား ငါအရှင်မြတ်သည် ထိုအထွာပွတို့များကို အသင့်အား ပြန်ကြားတော်မူလေသည်။

➤➤ အသနားခံလေရာ အလ္လာဟ်အရှင်မြတ်က "အသင့်အဘို့ နိမိတ်လက္ခဏာသည်ကား အသင်သည် သုံးရက်တိုင်တိုင် လူသားတို့နှင့် လက်ရိပ်, ခြေရိပ်, မျက်နှာရိပ်မှအပ စကားပြောဆိုနိုင်မည်မဟုတ်" ဟု ပြန်ကြားတော်မူလေသည်။

أَيُّهُمْ يَكْفُلُ مَرْيَمَ وَمَا كُنْتَ لَدَيْهِمْ إِذْ يَخْتَصِمُونَ ﴿٤٤﴾

စင်စစ်တမူကား ယင်းသူတို့သည် "မရ်ယမ်" ကို ယင်းသူတို့အနက်မှ မည်သူအုပ်ထိန်းရမည်ကို (မဲကောက်ရန်အတွက်) မိမိတို့၏ ကလောင်များကို (ရေထဲ၌) ပစ်ချကြသောအခါတွင်လည်း အသင်သည် ယင်းသူတို့အပါး၌ ရှိခဲ့သည်မဟုတ်။

ထိုနည်းတူစွာ ယင်းသူတို့သည် (မဲမကောက်မီ) မိမိတို့အချင်းချင်း တဦးနှင့်တဦး ငြင်းခုံလျက်ရှိကြသော အခိုက်တွင်လည်း အသင်သည် ယင်းသူတို့အပါးဝယ် ရှိခဲ့သည်မဟုတ်ချေ။

إِذْ قَالَتِ الْمَلَٰئِكَةُ يَٰمَرْيَمُ إِنَّ اللَّهَ يُبَشِّرُكِ بِكَلِمَةٍ مِّنْهُ اسْمُهُ الْمَسِيحُ عِيسَى ابْنُ مَرْيَمَ وَجِيهًا فِي الدُّنْيَا وَالْآخِرَةِ وَمِنَ الْمُقَرَّبِينَ ﴿٤٥﴾

၄၅။ (ပြန်လည်အောက်မေ့ သတိရရှိကြကုန်)၊ အခါတပါး၌ "မလာအိကဟ်" ကောင်းကင်တမန်များက (မရ်ယမ်အား) ဤသို့ပြောဆိုကြကုန်၏။ အို-မရ်ယမ်၊ အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲမိမိထံတော်မှ မုကွပါဋိဃ်တော် [(ဝါ) အလ္လာဟ်၏ မုကွပါဋိဃ်တော်ဟူသော ဘွဲ့နာမဖြင့် ကျော်ကြားမည့် သားတော်တပါး၊ ရရှိမည့်အကြောင်း] နှင့် ပတ်သက်၍ ဝမ်းမြောက်ဘွယ်ရာ မင်္ဂလာသတင်းကို အသင့်ထံသို့ ပို့တော်မူ၏။ ယင်း(သားကောင်းရတနာ)၏ အမည်နာမ(နှင့် ဘွဲ့)မှာ မရ်ယမ်၏သား "အီစာ"၊ "မစီဟ်" ဟူ၍ဖြစ်အံ့၊ ယင်းအီစာသည် မျက်မှောက်ဘဝ၌၎င်း၊ နောင်တမလွန် ဘဝ၌၎င်း၊ ဂုဏ်အသရေ ရှိသူလည်းဖြစ်အံ့။ အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်သော သူတို့ဘောင်တွင် အပါအဝင်လည်းဖြစ်အံ့။

وَيُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلًا وَمِنَ الصَّٰلِحِينَ ﴿٤٦﴾

၄၆။ ၎င်းပြင် ယင်းအီစာသည် (အလ္လာဟ်အရှင်မြတ်အထံတော်မှ တန်ခိုးပြာဋိဟာများ ရရှိခြင်းကြောင့်) ပုခက်တွင်း၌၎င်း၊ အရွယ်ရောက်သော အခါ၌၎င်း၊ လူခပင်းတို့နှင့် စကားစမြည်ပြောဆိုအံ့။

ငင်းပြင် ယင်းအိစာသည် သူတော်စင်သူတော်ကောင်းတို့ဘောင်တွင် အပါအဝင်လည်း ဖြစ်အံ့။

قَالَتْ رَبِّ اَنّٰى يَكُوْنُ لِىْ وَلَدٌ وَّلَمْ يَمْسَسْنِىْ بَشَرٌ ؕ قَالَ كَذٰلِكِ اللّٰهُ يَخْلُقُ مَا يَشَآءُ ؕ اِذَا قَضٰٓى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ﴿۴۷﴾

၄၇။ ထိုသူမ (မရ်ယမ်သခင်မ)သည် (အပါးတော်စေတမန်များ၏ စကားများကိုကြားရလျှင် အလွန်ဟ် အရှင်မြတ်၏ အထံတော်၌ ဤသို့ လျှောက်ထားခဲ့လေသည်။) အို-ကျွန်တော်မ၏ အရှင်၊ ကျွန်တော် မျိုးမ၌ မည်သည့်နည်းဖြင့်သာ သားရတနာ ရှိနိုင်ပါအံ့နည်း။ အမှန်စင်စစ်သော်ကား မည်သည့်ယောကျ်ားတဦးတယောက်ကမျှ ကျွန်တော်မျိုးမအား ထိတွေ့ဘူးခဲ့သည်မရှိပါ။

(ထိုအခါ) အလ္လာဟ် အရှင်မြတ်က (အို-မရ်ယမ်၊ အသင်၌ မည်သူတဦးတယောက်ကမျှ ထိတွေ့ခြင်း မရှိဘဲလျက်) ဤနည်းအတိုင်းပင် (သားကောင်းရတနာတပါး ရရှိအံ့။ အကြောင်းတမူကား) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိရာ ဖန်ဆင်းတော်မူ၏။

ထိုအရှင်မြတ်သည် တစုံတခုသော အရေးကိစ္စကို စီရင် ပြဋ္ဌာန်းတော်မူသောအခါ ထိုအရေးကိစ္စကို ဖြစ်စေဟူ၍ မိန့်ကြားတော်မူရုံမျှဖြင့် ထိုအရေးကိစ္စသည် (တမုဟုတ်ခြင်းပင်) ဖြစ်လာလေသတည်း။

وَيُعَلِّمُهُ الْكِتٰبَ وَالْحِكْمَةَ وَالتَّوْرٰىةَ وَالْاِنْجِيْلَ ﴿۴۸﴾

၄၈။ ထိုမှတပါး ထို အရှင်မြတ်သည် ယင်း(သားတော်)အား ကျမ်းဂန်ကိုငင်း၊ ဉာဏ်ပညာအမြော်အမြင်ကိုငင်း၊ "တော်ရာတ်" ကျမ်းမြတ်ကိုငင်း၊ "အင်နဂျီလ်" ကျမ်းမြတ်ကိုငင်း သင်ကြားပြသတော်မူလတ္တံ့။

وَرَسُولًا إِلَىٰ بَنِيٓ إِسۡرَٰٓءِيلَ أَنِّي قَدۡ جِئۡتُكُم بِـَٔايَةٖ مِّن رَّبِّكُمۡ أَنِّيٓ أَخۡلُقُ لَكُم مِّنَ ٱلطِّينِ كَهَيۡـَٔةِ ٱلطَّيۡرِ فَأَنفُخُ فِيهِ فَيَكُونُ طَيۡرَۢا بِإِذۡنِ ٱللَّهِۖ وَأُبۡرِئُ ٱلۡأَكۡمَهَ وَٱلۡأَبۡرَصَ وَأُحۡيِ ٱلۡمَوۡتَىٰ بِإِذۡنِ ٱللَّهِۖ وَأُنَبِّئُكُم بِمَا تَأۡكُلُونَ وَمَا تَدَّخِرُونَ فِي بُيُوتِكُمۡۚ إِنَّ فِي ذَٰلِكَ لَأٓيَةٗ لَّكُمۡ إِن كُنتُم مُّؤۡمِنِينَ ٤٩

၄၉။ ထို့ပြင်တဝ (ယင်း သားတော်)အား အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့ထံသို့ ရာဇဝင်တမန်တော် အဖြစ် စေလွှတ်တော်မူအံ့။

(ထိုအခါ ယင်း သားတော်က အစ္စရာအီလီ မျိုးနွယ်တို့အားဤသို့ပြောကြားအံ့)။ "(အို-အချင်းတို့) အကျွန်ုပ်သည် ဧကန်မုချ အသင်တို့ထံသို့ အသင်တို့၏ အရှင်မြတ် အထံတော်မှ သက်သေလက္ခဏာ တန်ခိုးပြာဋိဟာများကို အမှန်ပင်ဆောင်ယူခဲ့ပါသည်။

အကျွန်ုပ်သည် မုချဧကန် အသင်တို့(ယုံကြည်အံ့သောငှာ) ရှဉ့်မြေဖြင့် ငှက်တိရစ္ဆာန်၏ ပုံသဏ္ဌာန်ကဲ့သို့ ငှက်ရုပ် ပြုလုပ်ပြီးနောက် ထိုပုံသဏ္ဌာန် အတွင်းသို့ မန်းမှုတ်မည်၊ ထိုအခါ ထိုငှက်ရုပ်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် (အသက်ရှင်၍ပျံသန်းနိုင်သော ပကတိ)ငှက်တိရိစ္ဆာန် ဖြစ်လာအံ့။

ၔင်းပြင် အကျွန်ုပ်သည် အမိဝမ်းတွင်းမှ စက္ခုအလင်းမရရှိခဲ့သူကိုၔင်း၊ (ခရသင်းစသော)ကုဋ္ဌနာစွဲကပ်သူကိုၔင်း၊ ရောဂါဘယ ပျောက်ကင်း(၍ ပြကတေ့လူကောင်းများဖြစ်လာ)နိုင်စေအံ့။ ထိုနည်း တူစွာ အကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့် တော်ဖြင့် သူသေများကိုလည်း ရှင်စေနိုင်အံ့။

ထိုမှတပါးတုံ အကျွန်ုပ်သည် အသင်တို့မိမိတို့အိမ်များတွင် စားသုံးခဲ့သော အရာများကိုလည်းကောင်း၊ အသင်တို့ (မိမိတို့အိမ်များ၌) သိမ်းဆည်းသိုမှီးထားခဲ့သော အရာများကိုလည်းကောင်း၊ အသင်တို့အား ထုတ်ဖော်ပြောကြားနိုင်အံ့။

အကယ်၍သာ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ မလွဲဧကန် ဤအချက်၌ အသင်တို့အဘို့အရာ လုံလောက်စွာသော သက်သေလက္ခဏာတန်ခိုးပြာဋိဟာ မုချရှိပေသည်။

وَمُصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرٰىةِ وَلِأُحِلَّ لَكُمْ بَعْضَ الَّذِيْ حُرِّمَ عَلَيْكُمْ وَجِئْتُكُمْ بِاٰيَةٍ مِّنْ رَّبِّكُمْ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿٥٠﴾

၅၀။ ထို့ပြင် (အို-အချင်းတို့) အကျွန်ုပ်သည် မိမိအလျင် ရှိနှင့်ပြီးဖြစ်သော တော်ရာတ်ကျမ်းကို ထောက်ခံအတည်ပြုသူ အဖြစ်လည်းကောင်း၊ အသင်တို့အဘို့အရာ [နဗီတမန်တော်မူစာ(အလိုင် ဟစ္စလာမ်၏ပဋိပတ်ကျင့်စဉ်၌] "ဟရာမ်" ဟူ၍ မြစ်တားထားသော အရာများအနက်မှ အချို့ကို "ဟလာလ်" ဟူ၍ ခွင့်ပြုအံ့သောငှာ လည်းကောင်း (ပွင့်ခဲ့သည်၊) ထို့ပြင် အကျွန်ုပ်သည် အသင်တို့ထံသို့ အသင်တို့၏ အရှင်မြတ် အထံတော်မှပင် (လုံလောက် စွာသော) သက်သေလက္ခဏာ တန်ခိုးပြာဋိဟာ ကိုလည်း ဆောင်ယူခဲ့သည်။

သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြကုန်၊ ငင်းပြင် အကျွန်ုပ်ဟောပြောသော ဓမ္မဒေသနာ များကိုလည်း (တသဝေမတိမ်း) လိုက်နာဆောင်ရွက်ကြကုန်။

إِنَّ اللّٰهَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٥١﴾

၅၁။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အကျွန်ုပ်ကို မွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ အသင်တို့ကို မွေးမြူတော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြကုန်။ ဤကား ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင် ဖြစ်ချေသတည်း။

فَلَمَّآ اَحَسَّ عِيْسٰى مِنْهُمُ الْكُفْرَ
قَالَ مَنْ اَنْصَارِيْٓ اِلَى اللّٰهِ ۭ
قَالَ الْحَوَارِيُّوْنَ نَحْنُ
اَنْصَارُ اللّٰهِ ۚ اٰمَنَّا بِاللّٰهِ ۚ
وَاشْهَدْ بِاَنَّا مُسْلِمُوْنَ ۝۵۲

၅၂။ တဖန် (နဗီတမန်တော်) အီစာ (အလိုင်ဟစ္စလာမ်)သည် ယင်း (အစ္စရာအီလီမျိုးနွယ်) များဘက်မှ သွေဖည် ငြင်းဆန်မှုကို တွေ့သိရသော အခါ "*အကျွန်ုပ်အား အလ္လာဟ် အရှင်မြတ်၏ လမ်းစဉ်၌ ကူညီစောင်မမည့် သူ မည်သူများ ရှိကြပါသနည်း*" [၁] ဟု မေးမြန်းလေသည်။(ထိုရောကာလ) *ဟဝါရီများက* [၂] "ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်(၏ သာသနာတော်ကို) ကူညီသော သူများ ဖြစ်ကြပါသည်။ ကျွန်တော်မျိုးတို့သည် အလ္လာဟ် အရှင်မြတ်ကို ယုံကြည်ကြပါပြီ။ သို့ဖြစ်ပါ၍ အသင်(နဗီတမန်တော်ကိုယ်တိုင်)ပင် ကျွန်တော်မျိုးတို့သည် အမိန့်နာခံသောသူများ ဖြစ်ကြောင်း သက်သေခံတော်မူပါ"ဟု ပြောဆိုကြကုန်၏။

---

① တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)သည် အစ္စရာအီလီမျိုးနွယ်တို့၏ငြင်းပယ်မှုကို တွေ့မြင်သောအခါ "အလ္လာဟ်အရှင်မြတ်အဘို့ ငါ့အားကူညီစောင်မမည့်သူ မည်သူများ ရှိကြပါသနည်းဟု" မေးမြန်းတော်မူလေသည်။

ဤမုဒ္ဓပါဠိတော်တွင် ပါရှိသော "အေ့လလ္လာဟိ"၏ အနက်သဘောကို အဋ္ဌကထာရှင်များသည် အောက်ပါအတိုင်း အမျိုးမျိုးအနက်ဖွင့်ကြသည်။

က။ အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်၌၊ ကြည့်-(ကုရ်တို့ဗီ)။
ခ။ အလ္လာဟ်အရှင်မြတ်နှင့် အတူတကွ၊
ဂ။ အလ္လာဟ်အရှင်မြတ်၌။
ဃ။ အလ္လာဟ်အရှင်မြတ်အဘို့။
င။ အလ္လာဟ်အရှင်မြတ်ထံတော်ပါး၌။

② "ဟဝါရီ" ဟူသောစကားသည် "ဟောင်ရ်" ဟူသော မူရင်းဓာတ်မှ ဆင်းသက်လာ၏။ "ဟာရ်" ၏အဓိပ္ပါယ်မှာ ဖြူဆွတ်ခြင်း၊ အဝတ်ကိုလျှော်၍ ဖြူစင်အောင် ပြုလုပ်ခြင်းဟု ရသည်။ "ဟဝါရီ" ဟူသည် စေတနာဖြူစင်စွာဖြင့် ကူညီရိုင်းပင်းသောသူကို ဆိုသည်။

တမန်တော်အီစာအား ကူညီရိုင်းပင်းကြသော သူများကို "ဟဝါရီ" ဟူ၍ ခေါ်ဆိုရခြင်းအကြောင်းမှာ (က) စိတ်စေတနာ ဖြူစင်ခြင်းကြောင့်သော်လည်းကောင်း၊ (ခ) ဝတ်ဖြူစင်ကြယ်များကို ဝတ်ဆင်ခြင်းကြောင့်သော်လည်းကောင်း၊ (ဂ) ခဝါသည် ဖြစ်ခြင်းကြောင့်သော်လည်းကောင်း ဖြစ်တန်ရာ၏။

"အလ္လာဟ်အရှင်မြတ်၏ လမ်းစဉ်၌ငါ့အား ကူညီရိုင်းပင်းမည့်သူ မည်သူများ ရှိကြပါသနည်း" ဟု တမန်တော်အီစာ (အလိုင်ဟစ္စလာမ်)က မေးမြန်းတော်မူသည့်အခါ "ဟဝါရီ" များက ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ် (၏သာသနာ)ကို ကူညီရိုင်းပင်းမည့်သူများ ဖြစ်ကြပါသည်ဟု ဖြေကြားကြလေသည်။

رَبَّنَآ اٰمَنَّا بِمَآ اَنْزَلْتَ وَاتَّبَعْنَا الرَّسُوْلَ فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ﴿٥٣﴾

၅၃။ (ထို့နောက် ယင်း ဟဝါရီတို့က) "အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ် ထုတ်ပြန် ပို့ချတော်မူသော အမိန့်တော်များကို ယုံကြည်၍ (အရှင်မြတ် စေလွှတ်တော်မူသော) ရာဇူလ်တမန်တော် [အီစာ (အလိုင်ဟစ္စလာမ်)၏ ဩဝါဒများကို(လည်း တသွေမတိမ်း)] လိုက်နာကြပါပြီ။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သက်သေခံသူအပေါင်းနှင့်အတူ ရေးမှတ်တော်မူပါ" (ဟုအလ္လာဟ်အရှင်မြတ် အထံတော်၌ ဆက်လက်၍ ဆုတောင်းပတ္ထနာပြုကြကုန်သတည်း)။

وَمَكَرُوْا وَمَكَرَ اللّٰهُ ۗ وَاللّٰهُ خَيْرُ الْمٰكِرِيْنَ ﴿٥٤﴾

၅၄။ ယင်း (အစ္စရာအီလီ မျိုးနွယ်တို့အနက် တမန်တော်အီစာအား မယုံကြည်သော) သူတို့သည်လည်း [နဗီတမန်တော် အီစာ (အလိုင်ဟစ္စလာမ်)ကို သတ်ဖြတ်ကြရန် အလို့ငှာ ပရိယာယ်မာယာဝေဂုစ်အားဖြင့်] *လိမ္မာပါးနပ်စွာ ကြံစည်ခဲ့ကြ၏။*[၁] အလ္လာဟ်အရှင်မြတ်သည်လည်း [နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်)အား ယင်းသူတို့၏ ဘေးရန်ခပ်သိမ်းတို့မှ ကင်းလွတ်စေတော်မူခြင်းငှာ] ပရိယာယ်ဝေဂုစ်ဖြင့်ပင် ကြံဆောင်တော်မူခဲ့လေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပရိယာယ်ဝေဂုစ်ဖြင့် ကြံဆောင်သူများထက် အကောင်းဆုံးကြံဆောင်တော်မူနိုင်သော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① တမန်တော်အီစာ (အလိုင်ဟစ္စလာမ်)အား မယုံကြည်သော ယဟူဒီများသည် တမန်တော်၏ ဩဝါဒများကို ငြင်းဆန်ခဲ့ကြလေ၏။ တမန်တော်အား ဒုက္ခအမျိုးမျိုး ပေးခဲ့ကြ၏။ နောက်ဆုံးတွင် တမန်တော်အား သတ်ဖြတ်ရန်ပင် ကြံစည်ခဲ့ကြလေသည်။

တမန်တော်အီစာအားသတ်ဖြတ်ရန်ကြံစည်မှုသည် ဆီရီယာနိုင်ငံ ပါလက်စတိုင်းပြည်နယ်တွင် ➤➤

إِذْ قَالَ اللَّهُ يَا عِيسَىٰ إِنِّي
مُتَوَفِّيكَ وَرَافِعُكَ إِلَيَّ
وَمُطَهِّرُكَ مِنَ الَّذِينَ كَفَرُوا
وَجَاعِلُ الَّذِينَ اتَّبَعُوكَ
فَوْقَ الَّذِينَ كَفَرُوا إِلَىٰ
يَوْمِ الْقِيَامَةِ ۖ ثُمَّ إِلَيَّ
مَرْجِعُكُمْ فَأَحْكُمُ بَيْنَكُمْ

၅၅။ တရံရောအခါဝယ် အလ္လာဟ်အရှင်မြတ်က အိုအီစာ(အသင်သည် မည်သို့မျှဖိုးရိမ်ကြောင့်ကြခြင်းမရှိလေနှင့်) မုချဧကန် ငါအရှင်မြတ်သည် အသင့်ကို (သတ်မှတ်ထားသောအချိန်၌)သေစေတော်မူအံ့၊[1] ငင်းပြင် အသင့်အား မိမိအထံတော် (ကောင်းကင်ဘုံ)သို့ ပင့်မယူတော်မူအံ့။ ငင်းပြင် မယုံမကြည်သွေဖည်ငြင်းပယ်သော ကာဖိရ်တို့(၏ စွပ်စွဲ ချက်တို့)မှ သန့်ရှင်းစင်ကြယ်၍ လွတ်ကင်းစေတော်မူအံ့။ ငင်းပြင် အသင်၏ဩဝါဒကို လိုက်နာသူတို့အား (အသင့်ကို) မယုံမကြည် ငြင်းဆန်သော ကာဖိရ်တို့အထက်ဝယ် ကိယာမတ်နေ့အထိ လွှမ်းမိုးစေတော်မူအံ့။

➤➤ ဖြစ်ပေါ်ခဲ့၏။ ဆီရီယာနိုင်ငံသည် ထိုအချိန်တွင် ရောမဘုရင်၏ လက်အောက်တွင် ရောက်ရှိနေ၏။ ရောမဘုရင်သည် ဆီရီယာနိုင်ငံကို အုပ်ချုပ်ရန် ဘုရင်ခံချုပ်တစ်ဦးကို ခန့်အပ်ထား၏။ ထိုဘုရင်ခံချုပ်၏ လက်အောက်တွင် ပါလက်စတိုင်းပြည်နယ်၌ ဘုရင်ခံတဦးရှိ၏။

ယဟူဒီများသည် မိမိတို့၏ အမှုအခင်းများနှင့် စပ်လျဉ်း၍ မိမိတို့၏ သာသနာ့ ခုံရုံးများတွင် တရားစွဲဆို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရရှိထားကြ၏။ သို့ရာတွင် မိမိတို့၏ သာသနာ့ခုံရုံးမှ ပြစ်ဒဏ်ပေးရန် စီရင်ချက်ချမှတ် လိုက်သောတရားခံများအပေါ်တွင် ပြစ်ဒဏ်များကို အတည်ဖြစ်စေရန်အလို့ငှာ ထိုတရားခံများကို ရောမအစိုးရ၏ တရားရုံးများသို့ ပို့ဆောင်ကြရလေသည်။ ယဟူဒီသာသနာ့ ခုံရုံးတွင် သာသနာကို ဖောက်ဖျက်သူတို့အား သတ်ဖြတ်စေဟု စီရင်ချက်ချမှတ်ပိုင်ခွင့် ရှိလင့်ကစား ထိုစီရင်ချက်ကို အတည်ဖြစ်စေသော အာဏာသည် ရောမအစိုးရ၏ တရားရုံးများ၌သာလျှင် ရှိပေသည်။ ရောမဘုရင် အစိုးရသည် သတ်ရန် အမိန့်ကျသူတို့အား လက်ဝါးကပ်တိုင်တွင် တင်၍ သတ်လေ့ရှိသည်။

ယဟူဒီများသည် ဦးစွာပဌမ တမန်တော် အီစာအပေါ်၌ သာသနာဖျက်ဆီးမှုကို အကြောင်းပြု၍ မိမိတို့၏ သာသနာ့ခုံရုံးတွင် တရားစွဲဆိုခဲ့ကြ၏။ ထို့နောက်တဖန် တမန်တော်အီစာ ပေါ်၌ တိုင်းပြည်ပုန်ကန်မှုကို အကြောင်းပြု၍ ရောမအစိုးရ၏ တရားရုံးတွင် တမန်တော်အား တရားစွဲဆိုကြခဲ့ပြန်၏။

① "မုတဝဖ္ဖီက" ဟူသောပုဒ်သည် "တာဖ္ဖီ" ဟူသော မူရင်းဓါတ်မှ ဆင်းသက်လာ၏။ "တဝဖ္ဖီ"၏ အနက်အဓိပ္ပါယ်မှာ (၁) အပြည့်အစုံယူခြင်း၊ (၂) သေစေခြင်း ဟုဖြစ်သည်။

"အင်နီမုတဝဖ္ဖီက" ဟူသောဝါကျတွင် ဤအနက်နှစ်ရပ်လုံးသည် အကျုံးဝင်လျက်ရှိသည်။ အပြည့်အစုံယူခြင်းဟူသော အနက်ကိုယူသော် "အင်နီမုတဝဖ္ဖီက" ၏ အလိုသဘောမှာ ငါအရှင်သည်သင့်အား အပြည့်အစုံ ကိုယ်ခန္ဓာနှင့်တကွ ယူဆောင်တော်မူအံ့ ဟူ၍ဖြစ်သည်။ သေစေခြင်းဟူသော အနက်ကို ယူသည်ရှိသော် "အင်နီမုတဝဖ္ဖီ" ၏အလိုသဘောမှာ ငါအရှင်သည် အသင့်အား သတ်မှတ်ထားသော အချိန်ပြည့်မှ သေစေတော်မူအံ့ ဟူ၍ဖြစ်သည်။

فِيمَا كُنتُمْ فِيهِ تَخْتَلِفُونَ ﴿٥٥﴾

ပြီးနောက် တဖန် အသင်တို့၏ (နောက်ဆုံး) ပြန်လည်ရာ စခန်းသည် ငါအရှင်မြတ်၏ အထံတော်တွင် ရှိနေပေရာ ငါအရှင်မြတ်သည် အသင်တို့ အချင်းချင်း အကွဲအလွဲ ရှိခဲ့သော ကိစ္စများနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူအံ့။

فَأَمَّا الَّذِينَ كَفَرُوا فَأُعَذِّبُهُمْ عَذَابًا شَدِيدًا فِي الدُّنْيَا وَالْآخِرَةِ ۖ وَمَا لَهُم مِّن نَّاصِرِينَ ﴿٥٦﴾

၅၆။ သို့ဖြစ်လေရာ မယုံမကြည် သွေဖည်ငြင်းပယ်သော မိစ္ဆာဒိဋ္ဌိတို့.ကိုမူကား ငါအရှင်မြတ်သည် ယင်းသူတို့အား ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ ပြင်းထန်စွာသော ပြစ်ဒဏ်ကို ခတ်တော်မူအံ့။ ထိုမှတပါးတုံ့ ယင်းသူတို့အား ကူညီမိုင်းမမည့်သူဟူ၍လည်း တဦးတယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။

وَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ ۗ وَاللَّهُ لَا يُحِبُّ الظَّالِمِينَ ﴿٥٧﴾

၅၇။ သို့.ရာတွင် ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြ၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူတို့.မှာမူကား ထို အရှင်မြတ်သည် ယင်းသူတို့.အား (ယင်းသူတို့. ပြုလုပ်ဆောက်တည်ခဲ့ကြသော အကျင့်သီလများ၏) အကျိုးကျေးဇူးများကို ပြည့်စုံစွာ ပေးသနားတော်မူလတ္တံ့။ ၎င်းပြင် အလ္လာဟ် အရှင်မြတ်သည် မတော်မတရား ကျူးလွန် စော်ကား သူတို့.အား နှစ်သက်တော်မူသည် မဟုတ်ချေ။

ذَٰلِكَ نَتْلُوهُ عَلَيْكَ مِنَ الْآيَاتِ وَالذِّكْرِ الْحَكِيمِ ﴿٥٨﴾

၅၈။ ဤ(အတ္ထုပ္ပတ္တိများ)သည် (အသင်နဗီဖြစ်ခြင်း၏) သက်သေလက္ခဏာများ အနက်မှလည်း ဖြစ်၏။ ဉာဏ်ပညာနှင့်ပြည့်စုံသော အကြောင်းအရာများအနက်မှလည်း ဖြစ်ပေ၏။ ထိုအကြောင်းအရာများကို ငါအရှင်သည် အသင့်အား (ဝဟီဖြင့်) ရွတ်ဘတ်ကြားနာ ပြောပြတော်မူသည်။

إِنَّ مَثَلَ عِيسَىٰ عِندَ اللَّهِ كَمَثَلِ آدَمَ خَلَقَهُۥ مِن تُرَابٍ ثُمَّ قَالَ لَهُۥ كُن فَيَكُونُ ﴿٥٩﴾

၅၉။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်၏အထံတော်၌ (နဗီတမန်တော်)အီစာ၏ (ထူးဆန်းသော) အဖြစ်ကား (နဗီတမန်တော်) အာဒမ်၏ (ထူးဆန်းသော) အဖြစ်ကဲ့သို့ပင်တည်း။ ထိုအရှင်မြတ်သည် (ဦးစွာပဌမ) ထို(နဗီတမန်တော် အာဒမ်)အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်၊ ပြီးနောက် ထိုအရှင်မြတ်သည် ထိုတမန်တော် အာဒမ်(၏ပုံသဏ္ဌာန်)ကို ဖြစ်စေဟုမိန့်ကြားတော်မူခဲ့ရာ ထိုတမန်တော်အာဒမ်(၏ပုံသဏ္ဌာန်)သည် (အသက်ထင်ရှားရှိသောလူသတ္တဝါ)ဖြစ်လာခဲ့ရလေသတည်း။

ٱلْحَقُّ مِن رَّبِّكَ فَلَا تَكُن مِّنَ ٱلْمُمْتَرِينَ ﴿٦٠﴾

၆၀။ (အို- နဗီတမန်တော် ဤအဆိုပါ နဗီတမန်တော်အီစာ၏) အတ္ထုပ္ပတ္တိ အကြောင်းအရာများသည် အသင့်အား မွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်မှ (ထုတ်ပြန် မိန့်ကြားတော်မူသော) အတ္ထုပ္ပတ္တိ အကြောင်းအရာများပင် ဖြစ်ပေရာ အသင်သည် ဒွိဟ သံသယရှိသူတို့အနက် အပါအဝင် မဖြစ်လေနှင့်။

فَمَنْ حَآجَّكَ فِيهِ مِنۢ بَعْدِ مَا جَآءَكَ مِنَ ٱلْعِلْمِ فَقُلْ تَعَالَوْا۟ نَدْعُ أَبْنَآءَنَا وَأَبْنَآءَكُمْ وَنِسَآءَنَا وَنِسَآءَكُمْ وَأَنفُسَنَا

၆၁။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင့်ထံ၌ (ငါအရှင်မြတ် အထံတော်မှ မှန်ကန်သော) အသိတရား ရောက်ရှိလာပြီးသည့် နောက်သော်မှပင်၊ အကြင်သူ တစ်ဦးတစ်ယောက်သည် ယင်း (နဗီတမန်တော်အီစာ)နှင့်ပတ်သက်၍ အသင့်အား *အချေအတင်ပြောဆိုခဲ့ပါမူ*၊ [3] အသင်သည် (ယင်းသူတို့အား)("ဟယ်-အချင်းတို့") လာကြကုန်လော့။

---

③ ဟစ်ဂျ်ရီသက္ကရာဇ် ၉-ခုနှစ်တွင် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)သည် နဂျ်ရာန်မြို့ရှိ ခရစ်ယာန်ဘာသာဝင်များထံ အစွလာမ်သာသနာရေးနှင့်စပ်လျဉ်း၍ စာချွန်တော် ပေးပို့လိုက်သည့်အခါ နဂျ်ရာန်မြို့နယ်မှ ခရစ်ယာန်ဘာသာဝင်အကြီးအကဲ ၁၄-ဦးတို့သည် တမန်တော်မြတ်ထံသို့ လာရောက်ကြပြီး သာသနာရေးဆိုင်ရာ စကားရပ်များကို ဆွေးနွေးကြ၏။ ➤➤

وَأَنفُسَكُمْ ثُمَّ نَبْتَهِلْ فَنَجْعَل لَّعْنَتَ اللَّهِ عَلَى الْكَاذِبِينَ ﴿٦١﴾

(အသင်တို့နှင့်) အကျွန်ုပ်တို့သည် (ပူးပေါင်းကာ) အကျွန်ုပ်တို့၏သားမြေးတို့ကိုလည်းကောင်း၊ အသင်တို့၏သားမြေးတို့ကိုလည်းကောင်း၊ အကျွန်ုပ်တို့၏မိန်းမများကို လည်းကောင်း၊ အသင်တို့၏မိန်းမများကို လည်းကောင်း၊ ခေါ်ယူ (စုရုံးစေ)ပြီး အကျွန်ုပ်တို့ကိုယ်တိုင်နှင့် အသင်တို့ကိုယ်တိုင်လည်း (ပါဝင်ကြကုန်အံ့)။ ထို့နောက် အကျွန်ုပ်တို့(နှင့် အသင်တို့)သည် (ပူးပေါင်းကာ အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤအချေအတင် ပြောဆိုရာတွင်) "မုသားပြောဆိုသူတို့ အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ လအ်နတ် (အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခြင်းသည်) ကျရောက်ပါစေသား" ဟူ၍ စိတ်ရောကိုယ်ပါ တောင်းပန် အသနားခံကြကုန်အံ့ ဟု ပြောဆို (ကျေညာ)ပါလေ။

➤➤ နောက်ဆုံးတွင် တမန်တော် အီစာ(အလိုင်ဟစ္စလာမ်)သည် ကိုးကွယ်ရာအရှင်တစ်ပါးဖြစ်သည်၊ မဖြစ်သည်ဟူသောပြဿနာကို အချေအတင်ပြောဆိုကြ၏။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ ဤမုက္ခပါဠိတော်(၃း၆၀)ကို ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ တမန်တော်အီစာနှင့် ပတ်သက်၍ အစ္စလာမ်သာသနာ၏ သဘောထားကား ရှင်းလင်းပြတ်သားလှ၏၊ ထုတ်ဖော်ရေးသားပြရန်ပင်မလိုပေ။ သို့ရာတွင် နဂျ်ရာန်မှလာကြသော ထိုခရစ်ယာန်ဘာသာဝင်အကြီးအကဲများမှာမူကား တမန်တော်အီစာသည် ကိုးကွယ်ရာအရှင်ဖြစ်သည်ဟူသော မိမိတို့၏ရှိရင်းစွဲ ယုံကြည်ယူဆချက်အပေါ်၌ပင် ဇွတ်မှိတ်၍နေကြလေသည်။ နောက်ဆုံးတွင် တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္စလ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်တော်မူသောမုက္ခပါဠိတော်အရ ထိုခရစ်ယာန်ဘာသာဝင် အကြီးအကဲတို့အား အချင်းတို့၊ ငါတို့သည် ဤပြဿနာနှင့်စပ်လျဉ်း၍ အချေအတင် အကြီးအကျယ်ပြောဆိုပြီးကြပြီ၊ ယခုငါတို့သည် မိမိတို့ရင်နှီးသော ဆွေမျိုးသားချင်းတို့အား အသီးသီးခေါ်ဆောင်ပြီး မမှန်ကန်သောသူများသည် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ ကင်းဝေးပါစေသတည်းဟု အလ္လာဟ်အရှင်မြတ်အထံတော်၌ ကိုယ်နှုတ်နလုံး သုံးပါးလုံးဖြင့် အပြိုင်အဆိုင် လက်တွေ့ဆုတောင်း အဓိဋ္ဌာန်ပြုကြစို့ ဟု ပြောကြားတော်မူခဲ့လေသည်။ (ယင်းကဲ့သို့ ဆုတောင်းခြင်းကို "မုဗာဟလတ်"ဟုခေါ်သည်) ထိုကဲ့သို့ ပြောကြားတော်မူပြီး တမန်တော်သည် သမီးတော်ဖာတိမဟ်၊ မြေးတော်ဟစန်၊ ဟုစိုင်နှင့် သားမက်တော် အလီသခင်တို့အား ခေါ်ဆောင်၍ ဆုပန်ကြားရန် အသင့်ကြတော်လာမူလေသည်။ ထိုအချိန်တွင် ခရစ်ယာန်ဘာသာဝင် အကြီးအကဲတို့သည် မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေး၍ တမန်တော်မြတ်နှင့် ပြိုင်ဆိုင်ကာ ဆုပန်ကြားခြင်း မပြုဝံ့ကြသဖြင့် အစ္စလာမ်အစိုးရ၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ခံယူ၍ အစ္စလာမ်အစိုးရအား အခွန်တော်ဆက်ရန် သဘောတူသွားကြလေသည်။ ကြည့်-မာဂျိဒီ။

إِنَّ هَٰذَا لَهُوَ الْقَصَصُ الْحَقُّ ۚ وَمَا مِنْ إِلَٰهٍ إِلَّا اللَّهُ ۚ وَإِنَّ اللَّهَ لَهُوَ الْعَزِيزُ الْحَكِيمُ ﴿٦٢﴾

၆၂။ မုချဇကန် ဤ (အဆိုပါ) အတ္ထုပ္ပတ္တိ အကြောင်းအရာ များသည်သာလျှင် စင်စစ်အားဖြင့် မှန်ကန်သော အတ္ထုပ္ပတ္တိ အကြောင်းအရာများတည်း။ အမှန်စင်စစ် (ဇကေဝတစ်ဆူတည်းသော) အလွှာဟ် အရှင်မြတ် မှတပါး အခြား ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍အလျင်းမရှိပြီ။ ၎င်းပြင် မုချဇကန် ထို အလွှာဟ်အရှင်မြတ်သည်သာလျှင် စင်စစ်အားဖြင့် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော် မူသောအရှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော် မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၁]

فَإِنْ تَوَلَّوْا فَإِنَّ اللَّهَ عَلِيمٌ بِالْمُفْسِدِينَ ﴿٦٣﴾

၆၃။ သို့ဖြစ်လေရာ (ဤရွေ့ဤမျှ ဖွင့်ဟမိန့်ဆို ထားတော်မူပြီးသည့်နောက်သော်မှပင်) အကယ်၍သာ ယင်း(ခရစ်ယာန်)တို့သည် မျက်နှာလွှဲ၍ ကျောခိုင်း သွားကြပါမူ၊ မုချဇကန် အလွှာဟ်အရှင်မြတ်သည် ဖျက်ဆီးသူအပေါင်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင်တည်း။

قُلْ يَا أَهْلَ الْكِتَابِ تَعَالَوْا إِلَىٰ كَلِمَةٍ سَوَاءٍ بَيْنَنَا وَبَيْنَكُمْ أَلَّا نَعْبُدَ إِلَّا اللَّهَ

၆၄။ (အို-နဗီ) အသင်သည် (ယဟူဒီနှင့် ခရစ်ယာန်တို့အား) ပြောကြားပါလေ၊ အို-ကျမ်းဂန် ရရှိသူအပေါင်းတို့၊ အသင်တို့သည် အကျွန်ုပ်တို့နှင့် အသင်တို့ကြား၌ (အားလုံး လက်ခံထားသည့်) တူညီသော စကားဘက်သို့လာကြကုန်၊

---

① တမန်တော်အီစာ (အလိုင်ဟစ္စလာမ်)နှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းလာ ဤအတ္ထုပ္ပတ္တိများသည်သာလျှင် မှန်ကန်သော အတ္ထုပ္ပတ္တိများဖြစ်သည်။ ဤအတ္ထုပ္ပတ္တိများတွင် တမန်တော်အီစာသည် လူသားတစ်ဦးမျှဖြစ်ကြောင်း အတည့်အလင်း မိန့်ဆိုထားသည်။ "အလွှာဟ်အရှင်မြတ်မှ တပါး အခြားကိုးကွယ်ရာ အရှင် အလျင်းမရှိ"။ သို့ဖြစ်ပေရာ တမန်တော်အီစာသည် အဘယ်မှာလျှင် ကိုးကွယ်ရာအရှင်ဖြစ်နိုင်အုံ့နည်း။ "မုချဇကန် အလွှာဟ်အရှင်မြတ်သည်သာလျှင် အနန္တတန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်၊ အကျိုးအကြောင်း ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသည်"။ ဤသည်တို့ကား အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်များတည်း။ တမန်တော်အီစာ၏ ဂုဏ်ပုဒ်များ မဟုတ်ချေ။

وَلَا نُشْرِكَ بِهِۦ شَيْـًٔا وَّلَا يَتَّخِذَ بَعْضُنَا بَعْضًا أَرْبَابًا مِّن دُونِ اللَّهِ ۚ فَإِن تَوَلَّوْا۟ فَقُولُوا۟ ٱشْهَدُوا۟ بِأَنَّا مُسْلِمُونَ ﴿٦٤﴾

(ထိုစကားသည်ကား) ငါတို့သည် အလ္လာဟ် အရှင်မြတ်မှတပါး အခြား မည်သည့် အရာကိုမျှ မခဝပ် မကိုးကွယ်ခြင်း၊ ငါတို့သည် တစုံတခုသော အရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဘက်ယှဉ်ဘက်ဟူ၍ မပြုခြင်း၊ ငါတို့အနက် အချို့သည် အလ္လာဟ် အရှင်မြတ်ကို ဖဲကြဉ်၍ အချို့သောသူများကို မွေးမြူတော်မူသော အရှင်များဟူ၍ မပြုလုပ်ခြင်း (ပင်တည်း)။

(ယင်းကဲ့သို့ ဘိတ်ခေါ်ပြီးသည့် နောက် သော်မှပင်) အကယ်၍ ထိုသူတို့သည် သွေဖည် ကျောခိုင်းသွားကြပါမူ (အို-မွတ်စ်လင်မ် အပေါင်းတို့) အသင်တို့က (ထိုသူတို့အား၊ အချင်းတို့) ကျွန်ုပ်တို့သည် (အလ္လာဟ် အရှင်မြတ်၏) အမိန့်တော်များကို မုချနာခံသော မွတ်စ်လင်မ်များပင် ဖြစ်ကြောင်း အသင်တို့ကိုယ်တိုင် သက်သေခံကြကုန်ဟု ပြောဆိုကြကုန်လော့။

يَٰٓأَهْلَ ٱلْكِتَٰبِ لِمَ تُحَآجُّونَ فِىٓ إِبْرَٰهِيمَ وَمَآ أُنزِلَتِ ٱلتَّوْرَىٰةُ وَٱلْإِنجِيلُ إِلَّا مِنۢ بَعْدِهِۦٓ ۚ أَفَلَا تَعْقِلُونَ ﴿٦٥﴾

၆၅။ အို-ရှေးအထက် ကျမ်းဂန်များကို ရရှိသူ အပေါင်းတို့၊ အသင်တို့သည် တမန်တော် အီဗ်ရာဟီမ် နှင့်ပတ်သက်၍ (ထိုတမန်တော်သည်ယဟူဒီဖြစ်သည် ဟူ၍ငင်း၊ ခရစ်ယာန်ဖြစ်သည်ဟူ၍ငင်း) အဘယ်ကြောင့် အချေအတင် ပြောဆိုငြင်းခုံကြသနည်း။ အမှန်စင်စစ် "တောင်ရာတ်" နှင့် "အင်နဂျီလ်" ကျမ်းများသည် ထိုတမန်တော် အီဗ်ရာဟီမ်၏နောက် (အတန်ကြာမှပင်) ကျရောက်လာသောကျမ်းဂန်များ ဖြစ်၏။ (ယဟူဒီနှင့်ခရစ်ယာန်ဘာသာ အယူဝါဒများသည် ထိုကျမ်းဂန်များကျရောက်ပြီးနောက်တွင်မှ ဖြစ်ပေါ်လာသောဘာသာ အယူဝါဒများသာ ဖြစ်ပေ

ရာ တမန်တော် အိဗ်ရာဟိမ်သည် အဘယ်သို့လျှင် ယဟူဒီ၊ သို့မဟုတ် ခရစ်ယာန်ဘာသာဝင် ဖြစ်နိုင်အုံးနည်း၊ ဤမျှ ထင်ရှားသောစကားကိုပင်) အသင်တို့ မသိမမြင် မဆင်ခြင်ကြပါသလော။

هَٰٓأَنتُمْ هَٰٓؤُلَآءِ حَٰجَجْتُمْ فِيمَا لَكُم بِهِۦ عِلْمٌ فَلِمَ تُحَآجُّونَ فِيمَا لَيْسَ لَكُم بِهِۦ عِلْمٌ ۚ وَٱللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٦٦﴾

၆၆။ ဟယ်-အချင်းတို့၊ အသင်တို့သည် အကြင် အကြောင်းနှင့်စပ်လျဉ်း၍ *အချေအတင် ပြောဆိုခဲ့ကြချေပြီ။* [၁] (ထိုအကြောင်းနှင့်စပ်လျဉ်း၍) အသင်တို့၌ အနည်းငယ်မျှသာ အသိတရားရှိခဲ့၏။ ယခုတဖန် မိမိတို့လုံးဝမသိသော ကိစ္စနှင့်စပ်လျဉ်း၍ အဘယ်ကြောင့် အသင်တို့ အချေအတင် ငြင်းခုံပြောဆိုကြပြန်သနည်း။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် (အရာခပ်သိမ်းကို လုံးဝဥဿုံ အလုံးစုံ) သိတော်မူ၏၊ အသင်တို့မူကား (အဘယ် တစုံတရာကိုမျှ အတိအကျ) မသိနားမလည်ကြချေ။

---

① **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။**

နဂျ်ရာန်မြို့မှ ခရစ်ယာန် အကြီးအကဲများနှင့် ယဟူဒီဘာသာဝင် ပညာရှင်များသည် တမန်တော်မြတ်မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ထံတွင် စုရုံးကြသည့်အခါ ယဟူဒီပညာရှင်များက တမန်တော် အိဗ်ရာဟိမ်သည် ယဟူဒီဖြစ်သည်ဟူ၍၎င်း၊ ခရစ်ယာန်များကလည်း တမန်တော် အိဗ်ရာဟိမ်သည် ခရစ်ယာန်ဖြစ်သည်ဟူ၍၎င်း အချင်းချင်း ငြင်းခုံကြလေသည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ မုကွပါဠိတော် (၃း၆၄-၆၇)ကို ထုတ်ပြန်ပို့ချတော်မူလေသည်။

ယဟူဒီများနှင့် ခရစ်ယာန်များသည် တမန်တော်အိစာ (အလိုင်ဟစ္စလာမ်)နှင့် ပတ်သက်၍ အချေအတင် ငြင်းခုံခဲ့ကြ၏။ ခရစ်ယာန်များသည်သွေဖည်လွန်ပြီး တမန်တော်အိစာအား အလ္လာဟ်အရှင်မြတ်၏သားတော်ဟူ၍၎င်း၊ ကိုးကွယ်ရာ အရှင်တစ်ပါး ဖြစ်သည်ဟူ၍၎င်း ပြောဆိုခဲ့ကြ၏။ ယဟူဒီများကမူ တမန်တော်အိစာအား တမန်တော်ဟူ၍ မယုံကြည်သည့်အပြင် ထိုတမန်တော်ကိုပင် ပြစ်တင်ရှုတ်ချကဲ့ရဲ့ ပြောဆိုခဲ့ကြ၏။ ယင်းသို့ ဖြစ်ခြင်းကြောင့် ယဟူဒီများနှင့် ခရစ်ယာန်များသည် အမှားကြီးမှားခဲ့ကြလေပြီ။

ယခုတဖန် ယင်းသူတို့သည် တမန်တော်အိဗ်ရာဟိမ်(အလိုင်ဟစ္စလာမ်)နှင့် ပတ်သက်၍ အချင်းချင်း ငြင်းခုံကြပြန်ပြီ။ ယဟူဒီများက တမန်တော် အိဗ်ရာဟိမ်သည် ယဟူဒီဖြစ်သည်၊ ငါတို့သည် တမန်တော် အိဗ်ရာဟိမ်၏ လမ်းစဉ်အပေါ်၌ တည်ရှိကြ၏ဟု ပြောဆိုကြ၏။ ခရစ်ယာန်များကလည်း တမန်တော် အိဗ်ရာဟိမ်သည် ခရစ်ယာန်ဖြစ်သည်။ ငါတို့သည် တမန်တော် အိဗ်ရာဟိမ်၏ လမ်းစဉ်ပေါ်၌ တည်ရှိကြ၏ဟု ပြောဆိုကြ၏။ အမှန်သော်ကား ယင်းသူတို့နှစ်ဦး၏ ပြောဆိုခြင်းများသည် အမှားစင်စစ်ဖြစ်၏။ ➤➤

مَا كَانَ إِبْرٰهِيْمُ يَهُوْدِيًّا وَّلَا نَصْرَانِيًّا وَّلٰكِنْ كَانَ حَنِيْفًا مُّسْلِمًا ۭ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ۝۶۷

၆၇။ တမန်တော် အီဗ်ရာဟီမ်သည် ယဟူဒီလည်း မဟုတ်ခဲ့ပေ၊ ခရစ်ယာန်လည်း မဟုတ်ခဲ့ပေ၊ အမှန်စင်စစ်အားဖြင့် "ဟနီဖ်" [၁] ဖြောင့်မတ်မှန်ကန်သော၊ "မွတ်စ်လင်မ်" အမိန့်တော်နာခံသော ပုဂ္ဂိုလ်မြတ်တစ်ပါးသာလျှင် ဖြစ်ခဲ့ပေသည်။

ထိုတမန်တော် (အီဗ်ရာဟီမ်)သည် "မုရှ်ရိုက်" ဘုရားအများ ကိုးကွယ်သော သူများတွင် အပါအဝင်လည်း မဟုတ်ခဲ့ပေ။

➤➤ အဘယ်ကြောင့်ဟူမူ ယဟူဒီနှင့် ခရစ်ယာန်ဟူသောအမည်များသည် တောင်ရတ်နှင့် အင်နဂျီလ် ကျမ်းများ ကျရောက်ပြီးသည့် နောက်မှ ပေါ်ပေါက်လာသော အမည်များသာ ဖြစ်ချေသည်။ ထိုကျမ်းဂန်များသည် တမန်တော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်) ပွင့်ပြီးသည့်နောက် အချိန်အတန်ကြာမှပင် ကျရောက်လာသော ကျမ်းဂန်များဖြစ်ပေရာ တမန်တော်အီဗ်ရာဟီမ်သည် အဘယ်သို့လျှင် ယဟူဒီ သို့မဟုတ် ခရစ်ယာန်ဖြစ်နိုင်အံ့နည်း။

ယဟူဒီနှင့် ခရစ်ယာန်များကဲ့သို့ပင် မုရှ်ရိုက်တို့ကလည်း ငါတို့သည် တမန်တော် အီဗ်ရာဟီမ်၏ လမ်းစဉ်အပေါ်၌ တည်ရှိကြ၏ဟု ပြောဆိုကြ၏။ ဤသည်လည်း အလျင်းမဖြစ်နိုင်ပေ၊ အဘယ်ကြောင့်ဟူမူ မုရှ်ရိုက်တို့သည် အလွှာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားသက်ရှိ၊ သက်မဲ့များစွာတို့ကို ကိုးကွယ်ကြ၏။ တမန်တော် အီဗ်ရာဟီမ်မှာကား "တောင်ဟီဒ်" တစ်ဆူတည်းသော အလွှာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ခြင်းတည်းဟူသော အယူဝါဒကို စွမ်းလွန်းတမန် သက်စွန့်ကြိုးပမ်း လိုက်နာကျင့်သုံးခဲ့သော တမန်တော်တစ်ပါးဖြစ်၏။

သို့ဖြစ်ပေရာ တမန်တော် အီဗ်ရာဟီမ်၏ အယူဝါဒနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ပြီး အလွှာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ သက်ရှိ သက်မဲ့များကို ကိုးကွယ်သော မုရှ်ရိုက်တို့က ငါတို့သည် တမန်တော် အီဗ်ရာဟီမ်၏ လမ်းစဉ်ပေါ်၌ တည်ရှိကြပါသည်ဟု ပြောဆိုခြင်းမှာ အသို့လျှင် မှန်ကန်နိုင်အံ့နည်း။ ထို့အတွက်ကြောင့်ပင်လျှင် အလွှာဟ်အရှင်မြတ်က တမန်တော် အီဗ်ရာဟီမ်သည် ယဟူဒီလည်းမဟုတ်၊ ခရစ်ယာန် လည်းမဟုတ်၊ မုရှ်ရိုက်လည်းမဟုတ်၊ တမန်တော် အီဗ်ရာဟီမ်သည် ဖြောင့်မတ်မှန်ကန်သော ပုဂ္ဂိုလ်မြတ်၊ အမိန့်တော်နာခံသော ပုဂ္ဂိုလ်မြတ်သာလျှင် ဖြစ်ကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် အတည့်အလင်း ဖွင့်ဟမိန့်ဆိုထားတော်မူလေသည်။

① "ဟနီဖ်" ဟူသော ပုဒ်ကို ကုရ်အာန်ကျမ်းမြတ်တွင် (၁၀)နေရာ၌ တွေ့ရှိရ၏။ ကြည့်-ကုရ်အာန်(၂း၁၃၅၊ ၃း၆၆။ ၃း၉၅။ ၄း၁၂၅။ ၆း၁၆၁။ ၁၀း၁၀၅။ ၁၆း၁၂၀။ ၁၆း၁၂၃။ ၃၀း၃၀)။

"ဟနဖ်" ဟူသည် လမ်းမှားခြင်းကို ပယ်၍ ဖြောင့်မတ် မှန်ကန်ခြင်းကို နှစ်ခြိုက်ခြင်းကိုဆို၏။ "ဂျနဖ်" ဟူသည် ဖြောင့်မတ်မှန်ကန်ခြင်းကို ပယ်၍ လမ်းမှားခြင်းကို နှစ်ခြိုက်ခြင်းကိုဆို၏။ "ဟနီဖ်" ဟူသည် လမ်းမှားခြင်းကို ပယ်၍ ဖြောင့်မတ် မှန်ကန်ခြင်းကို နှစ်ခြိုက်သောသူကိုဆို၏။ (ရာဃိဗ်)။

إِنَّ أَوْلَى النَّاسِ بِإِبْرٰهِيمَ
لَلَّذِينَ اتَّبَعُوهُ وَهٰذَا
النَّبِيُّ وَالَّذِينَ آمَنُوا ۗ
وَاللَّهُ وَلِيُّ الْمُؤْمِنِينَ ﴿٦٨﴾

၆၈။ မုချ တမန်တော် အီဗ်ရာဟီမ်နှင့် အနီးစပ်ဆုံးသော သူတို့သည်ကား အမှန်စင်စစ် ထိုတမန်တော် (အီဗ်ရာဟီမ်၏ ဩဝါဒများ)ကို လိုက်နာသူများသည်ၾကင်း၊ ဤ နဗီတမန်တော် (မုဟမ္မဒ်ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်ၾကင်း၊ ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကုန်သော (တမန်တော် မုဟမ္မဒ်၏ တပည့် နောက်လိုက် များ)သည်ၾကင်း၊ ဖြစ်ကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် (မှန်ကန်စွာ)ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိသော "မုအ်မင်န်" များကို စောင့်ရှောက်တော် မူသောအရှင် ဖြစ်တော်မူ၏။

وَدَّت طَّآئِفَةٌ مِّنْ أَهْلِ
الْكِتٰبِ لَوْ يُضِلُّونَكُمْ ۖ
وَمَا يُضِلُّونَ إِلَّآ أَنفُسَهُمْ
وَمَا يَشْعُرُونَ ﴿٦٩﴾

၆၉။ ရှေးအထက် ကျမ်းရရှိသူတို့အနက်မှ လူတစ်စုသည် အသင်တို့အား လမ်းမှားစေခြင်းကို အာသာဆန္ဒ ရှိကြကုန်၏။ အမှန်စင်စစ် ယင်းသူတို့သည် မိမိတို့ကိုယ်မှအပ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လမ်းမှားသို့ ရောက်စေနိုင်ကြသည်မဟုတ်။ သို့ရာတွင် ယင်းသူတို့သည် (ဤအကြောင်းကို) မသိနားမလည်ကြချေ။

يٰٓأَهْلَ الْكِتٰبِ لِمَ تَكْفُرُونَ
بِـَٔايٰتِ اللَّهِ وَأَنتُمْ
تَشْهَدُونَ ﴿٧٠﴾

၇၀။ အို-အထက်ကျမ်းဂန် ရရှိသူအပေါင်းတို့၊ အသင်တို့သည် (မိမိတို့ ယုံကြည်လေးစားကြသော "တောင်ရာတ်" နှင့် "အင်နဂျီလ်" ကျမ်းလာ) အလ္လာဟ်အရှင်မြတ်၏ မုဇ္ဇာပါဋိဟာ်များကို အဘယ်ကြောင့် မယုံမကြည် သွေဖည်ငြင်းဆန် ကြပါသနည်း။ အမှန်စင်စစ် အသင်တို့သည် မိမိတို့ကိုယ်တိုင် ဝန်ခံပြီးဖြစ်ကြကုန်၏။

يٰٓأَهْلَ الْكِتٰبِ لِمَ تَلْبِسُونَ

၇၁။ အို-အထက်ကျမ်းဂန် ရရှိသူအပေါင်းတို့၊ အဘယ်ကြောင့် အသင်တို့သည် အမှန်ကို အမှားနှင့် ရောနှော ရှုပ်ထွေးစေကြပါသနည်း၊

الْحَقَّ بِالْبَاطِلِ وَتَكْتُمُونَ الْحَقَّ
وَأَنْتُمْ تَعْلَمُونَ ﴿٧١﴾

ငင်းပြင် (အဘယ်ကြောင့်) အမှန်ကို ထိမ်ချန်ထား ကြပါသနည်း၊ အမှန်သော်ကား အသင်တို့သည် မိမိတို့ကိုယ်တိုင် သိမြင်နားလည်ကြကုန်၏။

وَقَالَت طَّائِفَةٌ مِّنْ أَهْلِ الْكِتَابِ
آمِنُوا بِالَّذِي أُنزِلَ عَلَى الَّذِينَ
آمَنُوا وَجْهَ النَّهَارِ وَاكْفُرُوا
آخِرَهُ لَعَلَّهُمْ يَرْجِعُونَ ﴿٧٢﴾

၇၂။ ထို့ပြင် အသင်တို့သည် မိမိတို့၏သာသနာကို ယုံကြည်လိုက်နာသူမှအပ (အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ) မယုံကြည်ကြကုန်လင့် (ဟုလည်း ထိုသူများသည် ပြောဆိုကြလေသည်)၊

(အို-နဗီတမန်တော်) မုချဇကန် အလ္လာဟ်အရှင်မြတ်၏ တရားဓမ္မသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားဓမ္မဖြစ်သည်ကို (ယင်းကျမ်းရသူတို့အား) ပြောကြားပါလေ။

(အို-ကျမ်းရသူ အပေါင်းတို့၊ အသင်တို့ ယခုကဲ့သို့ ပြောဆိုခြင်းမှာ) အသင်တို့ရရှိသကဲ့သို့သော တရားဓမ္မကို အခြားသူ တစ်ဦးတစ်ယောက် ရရှိခြင်း ကြောင့်သော်၎င်း၊ သို့တည်းမဟုတ် ထိုအခြားသူတို့သည် အသင်တို့၏ အရှင်မြတ် အထံတော်၌ အသင်တို့အား အချေအတင် ပြောဆိုရာတွင် အနိုင်ရရှိကြမည် ဖြစ်ခြင်းကြောင့်သော်၎င်း၊ ဖြစ်ချေသည်။

وَلَا تُؤْمِنُوا إِلَّا لِمَن تَبِعَ
دِينَكُمْ قُلْ إِنَّ الْهُدَىٰ هُدَى
اللَّهِ أَن يُؤْتَىٰ أَحَدٌ مِّثْلَ مَا
أُوتِيتُمْ أَوْ يُحَاجُّوكُمْ عِندَ
رَبِّكُمْ قُلْ إِنَّ الْفَضْلَ بِيَدِ
اللَّهِ يُؤْتِيهِ مَن يَشَاءُ
وَاللَّهُ وَاسِعٌ عَلِيمٌ ﴿٧٣﴾

(အို- နဗီတမန်တော် ယင်းသူတို့အား) ပြောကြားပါလေ။ (ဟယ်-အချင်းတို့) ကျေးဇူးတော်အစုံတို့သည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်းခွံသာ ရှိ၏။ ထို အရှင်မြတ်သည် မိမိနှစ်မြို့တော်မူသော သူကိုသာလျှင် ကျေးဇူးပြုတော်မူ၏။

အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်ကျယ်ဝန်းစွာ ပေးသနားတော်မူသော အရှင်၊ အကြွင်းမဲ့ အလုံးစုံကို သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း၊

يَّخْتَصُّ بِرَحْمَتِهٖ مَنْ يَّشَآءُ ؕ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿٧٤﴾

၇၄။ ထို အရှင်မြတ်သည် မိမိ ကရုဏာတော်ဖြင့် မိမိ နှစ်မြို့တော် မူသောသူအား သီးသန့်ရွေးချယ်တော်မူလေသည်။ အကြောင်းမူကား အလ္လာဟ် အရှင်မြတ်သည် အလွန်ကြီးမားလှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူခြင်းကြောင့်တည်း။

وَمِنْ اَهْلِ الْكِتٰبِ مَنْ اِنْ تَاْمَنْهُ بِقِنْطَارٍ يُّؤَدِّهٖۤ اِلَيْكَ ۚ وَمِنْهُمْ مَّنْ اِنْ تَاْمَنْهُ بِدِيْنَارٍ لَّا يُؤَدِّهٖۤ اِلَيْكَ اِلَّا مَا دُمْتَ عَلَيْهِ قَآئِمًا ؕ ذٰلِكَ بِاَنَّهُمْ قَالُوْا لَيْسَ عَلَيْنَا فِى الْاُمِّيّٖنَ سَبِيْلٌ ۚ وَيَقُوْلُوْنَ عَلَى

၇၅။ ၎င်းပြင် ရွေးအထက်ကျမ်းဂန် ရရှိသူများအနက်အကြင်သူများသည်လည်း ရှိကြ၏၊ အကယ်၍ အသင်သည် ထိုသူများအား ယုံကြည်စိတ်ချ၍ (ရွှေငွေ) အမြောက်အမြားကို အပ်နှံထားခဲ့သည်ရှိသော် ထိုသူများသည် အသင့်အား ပြန်လည်ပေးဆပ်ကြကုန်အံ့။

ထို့ပြင် ထိုသူများအနက် အကြင်သူများလည်း ရှိကြသေး၏။ အကယ်၍ အသင်သည် ထိုသူတို့အား ယုံကြည်စိတ်ချကာ (ရွှေငွေအမြောက်အမြားကို မဆိုထားဘိ) "ဒီနာရ်" ရွှေဒင်္ဂါး တစ်ပြားမျှကိုပင် အပ်နှံ ခဲ့သည်ရှိသော် အသင်သည် ထိုသူများထံ

اللّٰهِ الْكَذِبَ وَهُمْ يَعْلَمُوْنَ ﴿٧٥﴾

မတ်တတ်ရပ်၍ (ကြာရှည်စွာမနေမနား) မတောင်းဆိုသမျှ ကာလပတ်လုံး ထိုသူများသည် ထိုရွေဒင်္ဂါးကို အသင့်အား ပြန်လည်ပေးဆပ်ကြမည် မဟုတ်ပေ။

ယင်းကဲ့သို့ မပေးဆပ်ခြင်းအကြောင်းမှာ ယင်းသူတို့က စာပေမတတ်ကျွမ်းသောသူများ (၀ါ) ကျမ်းဂန်မရသော သူများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ အပေါ်၌ (ဘာသာတရားအရ အပြစ်ပေးသင့်ရန်) နည်းလမ်းမရှိ ဟု ပြောဆိုခြင်းကြောင့်ပင်တည်း။

စင်စစ် ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အား မဟုတ်မလျား စွပ်စွဲပြောဆိုကြကုန်၏၊ အမှန်သော်ကား ၎င်းတို့သည် (၎င်းတို့မတရားကြောင်းကိုလည်း) ၎င်းတို့ကိုယ်တိုင် အသိပင်ဖြစ်ကြပေသည်။

بَلٰى مَنْ اَوْفٰى بِعَهْدِهٖ وَاتَّقٰى فَاِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ﴿٧٦﴾

၇၆။ ထိုသို့အလျင်းမဟုတ်၊ စင်စစ်(ထိုသူတို့အပေါ်၌အပြစ်ရှိပေသည်၊ အဘယ်ကြောင့်ဟူမူ) အကြင်သူသည် မိမိထားရှိအပ်သောပဋိညာဉ်ကို အတည်ပြု၍ (အလ္လာဟ် အရှင်မြတ်အား) ကြောက်ရွံ့ရိုသေပါမူ အလ္လာဟ် အရှင်မြတ်သည် ကြောက်ရွံ့ရိုသေသော သူတော်စင်တို့အား မုချ နှစ်သက်တော်မူပေသည်။

اِنَّ الَّذِيْنَ يَشْتَرُوْنَ بِعَهْدِ اللّٰهِ وَاَيْمَانِهِمْ ثَمَنًا قَلِيْلًا اُولٰٓئِكَ لَا خَلَاقَ لَهُمْ فِى الْاٰخِرَةِ وَلَا يُكَلِّمُهُمُ اللّٰهُ وَلَا يَنْظُرُ اِلَيْهِمْ

၇၇။ ဧကန်မုချ အကြင်သူတို့သည် အလ္လာဟ် အရှင်မြတ်နှင့် (မိမိတို့ ထားရှိခဲ့သော) ပဋိညာဉ်ကို ၎င်း၊ မိမိတို့ ကျိန်ဆိုချက် များကို၎င်း အနည်းငယ်မျှသော အဘိုးအခဖြင့် လဲလှယ် ရောင်းချကြကုန်၏။ ဤသူများကား အကြင်သူများပင်၊ ထိုသူတို့အဘို့ နောင်တမလွန်ဘဝ၌ (သုခချမ်းသာများအနက်) ဝေစုဝေပုံဟူ၍ စိုးစဉ်းမျှ ရှိမည်မဟုတ်၊

يَوْمَ الْقِيٰمَةِ ۭ وَلَا يُزَكِّيْهِمْ وَلَهُمْ عَذَابٌ اَلِيْمٌ ۝۷۷

ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် "ကိယာမတ်" ရှင်ပြန် ထမည့်နေ့တွင် ထိုသူတို့အား စကားပြောကြားတော် မူမည်လည်းမဟုတ်၊ ထိုသူတို့အား ရှုစားတော် မူမည်လည်းမဟုတ်၊ ထိုသူတို့အား (ဒုစရိုက်မှုများမှ) သန့်စင်အောင် ပြုလုပ်ပေးတော် မူမည်လည်းမဟုတ်။

ထိုသူတို့အတို့ ပြင်းပြ နာကျင်စေသော အပြစ်ဒဏ်သည် အသင့်ရှိပေမည်။

وَاِنَّ مِنْهُمْ لَفَرِيْقًا يَّلْوٗنَ اَلْسِنَتَهُمْ بِالْكِتٰبِ لِتَحْسَبُوْهُ مِنَ الْكِتٰبِ وَمَا هُوَ مِنَ الْكِتٰبِ ۚ وَيَقُوْلُوْنَ هُوَ مِنْ عِنْدِ اللّٰهِ وَمَا هُوَ مِنْ عِنْدِ اللّٰهِ ۚ وَيَقُوْلُوْنَ عَلَى اللّٰهِ الْكَذِبَ وَهُمْ يَعْلَمُوْنَ ۝۷۸

၇၈။ ၎င်းပြင် ထိုသူများအနက် လူတစ်စုသည် မုချရှိ၏၊ ထိုသူများသည် ကျမ်းဂန်(ကို ရွတ်ဘတ်ရာ) ၌ မိမိတို့၏ လျှာများကို လိပ်ခေါက်ကြ၏။ (ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ ထိုသူတို့ လုပ်ကြံရွတ်ဘတ်သော) ထိုအရာကို အသင်တို့က ကျမ်းလာစကားဟု ထင်မှတ်ကြရန် ဖြစ်သည်။ အမှန်သော်ကား ထိုအရာသည် ကျမ်းလာစကား အလျင်းမဟုတ်ပေ။

၎င်းပြင် ထိုသူတို့က (မိမိတို့ ရွတ်ဘတ်သော) အရာသည် အလ္လာဟ် အရှင်မြတ်၏ အထံတော်မှ (ကျရောက်သည်)ဟု ပြောဆိုကြ၏။ စင်စစ်သော်ကား ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ (ကျရောက်သည်) အလျင်း မဟုတ်ချေ။

သို့တစေလည်း ထိုသူများသည် မိမိတို့ကိုယ်တိုင် သိကြပါလျက် နှင့်ပင် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မုသားကို လုပ်ကြံ ပြောဆိုကြလေသည်။

مَا كَانَ لِبَشَرٍ اَنْ يُّؤْتِيَهُ اللّٰهُ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ ثُمَّ يَقُوْلَ لِلنَّاسِ كُوْنُوْا عِبَادًا لِّيْ مِنْ دُوْنِ اللّٰهِ وَلٰكِنْ كُوْنُوْا رَبّٰنِيّٖنَ بِمَا كُنْتُمْ تُعَلِّمُوْنَ الْكِتٰبَ وَبِمَا كُنْتُمْ تَدْرُسُوْنَ ﴿٧٩﴾

၇၉။ မည်သည့် လူသား တစ်ဦးတစ်ယောက်မဆို၊ အလ္လာဟ် အရှင်မြတ်သည် ထိုသူ့အား ပရိယတ္တိဒေသနာတော် ကျမ်းမြတ်ကိုလည်းကောင်း၊ အကျိုးအကြောင်း ဆင်ခြင်နိုင်သော ဉာဏ်ပညာ အမြော်အမြင်ကိုလည်းကောင်း၊ နဗီတမန်တော်၏ဂုဏ်ထူးကိုလည်းကောင်း၊ ချီးမြှင့် ပေးသနားတော်မူ၏။ သို့ ချီးမြှင့်ပြီးနောက် ထိုသူက လူခပင်းတို့အား "(ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို စွန့်လွှတ်၍ ငါ၏ကျွန်များဖြစ်ကြကုန်" ဟူ၍ ပြောဆိုရန် မဖြစ်နိုင်ပေ။ သို့ရာတွင် (ထိုသို့ ချီးမြှင့်ခြင်း ခံရသောသူက ဤသို့သာလျှင် ပြောဆိုအံ့)၊ "(ဟယ်-အချင်းတို့)၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို နာခံသူများ ဖြစ်ကြကုန်"၊ အကြောင်းမူကား အသင်တို့သည် ဒေသနာတော် ကျမ်းဂန်ကို (သူတပါး၊တို့အား) သင်ကြားပြသပို့ချသည့်ပြင် မိမိတို့ ကိုယ်တိုင်လည်း ဘတ်ရွတ်လေ့လာသူများ ဖြစ်သောကြောင့်ပင်တည်း။

وَلَا يَاْمُرَكُمْ اَنْ تَتَّخِذُوا الْمَلٰٓئِكَةَ وَالنَّبِيّٖنَ اَرْبَابًا ۭ اَيَاْمُرُكُمْ بِالْكُفْرِ بَعْدَ اِذْ اَنْتُمْ مُّسْلِمُوْنَ ﴿٨٠﴾

၈၀။ ထိုနည်းတူစွာ ယင်း(ကဲ့သို့ ချီးမြှင့်ခြင်း ခံရသော)သူက အသင်တို့အား "မလာအိကဟ်" အပါးတော် စေတမန်များကိုလည်းကောင်း၊ နဗီတမန်တော်များကို လည်းကောင်း၊ (မိမိတို့အား) မွေးမြူတော် မူသောအရှင်များ အဖြစ် ပြုလုပ်ကြရန်လည်း (မည်သည့်အခါမျှ) ညွှန်ကြားမည် မဟုတ်ပေ။ အသင်တို့ (မွတ်စ်လင်မ်) အမိန့်နာခံသောသူများ ဖြစ်ကြပြီးနောက် ထို(နဗီအဖြစ် ချီးမြှင့်ခြင်းခံရသော) သူသည် အသင်တို့အား သွေဖည်ငြင်းပယ်ရန် ညွှန်ကြားပါမည်လော။

وَإِذْ أَخَذَ اللَّهُ مِيثَاقَ
النَّبِيِّينَ لَمَا آتَيْتُكُم مِّن
كِتَابٍ وَحِكْمَةٍ ثُمَّ جَاءَكُمْ
رَسُولٌ مُّصَدِّقٌ لِّمَا مَعَكُمْ
لَتُؤْمِنُنَّ بِهِ وَلَتَنصُرُنَّهُ ۚ
قَالَ أَأَقْرَرْتُمْ وَأَخَذْتُمْ عَلَىٰ
ذَٰلِكُمْ إِصْرِي ۖ قَالُوا أَقْرَرْنَا ۚ
قَالَ فَاشْهَدُوا وَأَنَا مَعَكُم
مِّنَ الشَّاهِدِينَ ﴿٨١﴾

၈၁။ ထိုမှတပါးတဲ့ (ပြန်လည်အောင့်မေ့ သတိရကြကုန်၊) တရံရော အခါဝယ် အလ္လာဟ် အရှင်မြတ်သည် နဗီတမန်တော်များထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော် မူလေသည်။ "(အို-နဗီတမန်အပေါင်းတို့) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်ကိုင်း၊ ဥာဏ်ပညာ အမြော်အမြင်ကိုဂင်း၊ ပေးသနားတော် မူပြီးနောက် အသင်တို့ လက်ဝယ်ရှိနှင့်ပြီးဖြစ်သော ကျမ်းဂန်များကိုထောက်ခံသော ရစူလ်*တမန်တော် တစ်ပါးပါး*[၁] သည် အသင်တို့ထံ ရောက်လတ်သော် အသင်တို့သည် ထိုရစူလ်တမန်တော်ကို (မိမိတို့စိတ်တွင်းမှ) မုချ ယုံကြည်ကြပေမည်။ ၎င်းပြင် ထိုရစူလ်တမန်တော်ကို (ကာယကံမြောက်လည်း) အားပေးကူညီကြပေမည်"။

ထို့နောက် အလ္လာဟ်အရှင်မြတ်က "(အို-နဗီတမန်တော် အပေါင်းတို့) အသင်တို့သည် ဝန်ခံကြပြီလော။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အသင်တို့သည် ငါအရှင်မြတ်၏ ပဋိညာဉ်တော်ကိုလည်း လက်ခံကြပြီလော" ဟု မေးမြန်းတော်မူ၏။

(ထိုအခါ နဗီတမန်တော် အပေါင်းတို့က) "ကျွန်တော်မျိုးတို့သည် ဝန်ခံကြပါပြီ" ဟု တင်လျှောက် ကြလေသည်။

---

① ဤမုကဒ္ဒပါဠ်တော်၌ "ရစူလ်" တမန်တော်တစ်ပါးဟူသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လာမ်)ကို ရည်ညွှန်းသည်ဟု သာဝကကြီး အလီသခင်နှင့် သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအဗ္ဗါစ်တို့က ဖွင့်ဆိုထားကြလေသည်။ (ကုရ်တုဗီ)။

(ထိုအခါ အလ္လာဟ်အရှင်မြတ်က) "သို့ဖြစ်လျှင် အသင်တို့သည် (ဤပဋိညာဉ် ဝန်ခံချက်နှင့် စပ်လျဉ်း၍) အသိ သက်သေများ ဖြစ်ကြကုန်။ ငါအရှင်မြတ် သည်လည်း အသင်တို့နှင့်အတူ အသိ သက်သေများအနက် အပါအဝင်ဖြစ်တော်မူသည်" ဟု မိန့်ကြားတော်မူလေသတည်း။

فَمَنْ تَوَلّٰى بَعْدَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿٨٢﴾

၈၂။ တဖန် အကြင်သူသည် ထို(ကဲ့သို့ ပဋိညာဉ် ထားရှိပြီး)နောက် မျက်နှာလွှဲဖယ် သွားခဲ့ပါမူ၊ ဤကဲ့သို့သော သူတို့သည်သာလျှင် အမိန့်မနာခံ သူများ ဖြစ်ကြပေသည်။

اَفَغَيْرَ دِيْنِ اللّٰهِ يَبْغُوْنَ وَلَهٗٓ اَسْلَمَ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ طَوْعًا وَّكَرْهًا وَّاِلَيْهِ يُرْجَعُوْنَ ﴿٨٣﴾

၈၃။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်၏ သာသနာတော်မှတပါး၊ အခြား(နည်းလမ်း)ကို ရွေးစမ်းရှာဖွေလိုကြသလော။ စင်စစ်သော်ကား ကောင်းကင်များနှင့် ပထဝီမြေကြီးတွင် ရှိရှိသမျှသော အရာခပ်သိမ်းတို့သည် သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ၊ ထိုအရှင်မြတ်၏ အမိန့်တော် ကိုသာ လိုက်နာလျက် ရှိကြကုန်သည်။ တဖန် (နောက်ဆုံးတွင်) ထို ခပ်သိမ်းကုန်သော အရာတို့သည် ထိုအရှင်မြတ်၏ အထံတော်သို့ သာလျှင် ပြန်လှည့်ကြရပေမည်။

قُلْ اٰمَنَّا بِاللّٰهِ وَمَآ اُنْزِلَ عَلَيْنَا وَمَآ اُنْزِلَ عَلٰٓى اِبْرٰهِيْمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَالْاَسْبَاطِ وَمَآ اُوْتِىَ مُوْسٰى

၈၄။ (အို-နဗီတမန်တော် မုဟမ္မဒ်) အသင်သည် ပြောကြားပါလေ။ "အကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်းကောင်း၊ အကျွန်ုပ်တို့အပေါ်ဝယ် ကျရောက် လာသော ဓမ္မဒေသနာ (ကုရ်အာန် ကျမ်းတော်မြတ်)ကိုလည်းကောင်း၊ နဗီတမန်တော် အီဗရာဟီမ်၊ နဗီတမန်တော် အစ္မာအီလ်၊ နဗီတမန်တော် အစ္ဘာက်၊ နဗီတမန်တော် ယအ်ကူဗ်နှင့်

وَعِيسَىٰ وَالنَّبِيُّونَ مِن رَّبِّهِمْ ۖ لَا نُفَرِّقُ بَيْنَ أَحَدٍ مِّنْهُمْ ۖ وَنَحْنُ لَهُ مُسْلِمُونَ ﴿٨٤﴾

(နဗီတမန်တော် ယအ်ကူဗ်၏) သားမြေး၊ မြစ်တို့ အပေါ်၌ ကျရောက်လာသော ဒေသနာတော်များကို လည်းကောင်း၊ ယုံကြည်ကြပါသည်။

ထို့ပြင် နဗီတမန်တော်မူစာ၊ နဗီတမန်တော် အီစာနှင့် အခြား နဗီတမန်တော် အပေါင်းတို့အား ၎င်းတို့၏ အရှင်မြတ်အထံတော်မှ ပေးသနားတော်မူသော ဒေသနာတော်များကိုလည်း ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။

(တဖန် ယင်းကဲ့သို့ ယုံကြည်ရာ၌) ထိုနဗီတမန်တော် အပေါင်းတို့အနက် တပါးနှင့် တပါး ခွဲခြားခြင်း အလျင်း မပြုကြပါ။

အမှန်သော်ကား အကျွန်ုပ်တို့သည် ထို (တစ်ဆူတည်းသော) (အလ္လာဟ် အရှင်မြတ်၏ ဒေသနာတော်များ)ကို လိုက်နာသော မွတ်စ်လင်မ်များ ဖြစ်ကြပါသည်။

وَمَن يَبْتَغِ غَيْرَ الْإِسْلَامِ دِينًا فَلَن يُقْبَلَ مِنْهُ ۚ وَهُوَ فِي الْآخِرَةِ مِنَ الْخَاسِرِينَ ﴿٨٥﴾

၈၅။ ထို့ပြင်တဝ မည်သူမဆို "အစ္စလာမ်" သာသနာမှတပါး အခြားသာသနာ တစ်ရပ်ရပ်ကို ရှာဖွေစူးစမ်းပါမူ ထိုသူ၏ထံမှ (ထိုသူရှာဖွေသော သာသနာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌) လက်ခံသဘောတူတော်မူခြင်းကို အလျင်းခံရမည် မဟုတ်ပေ။

၎င်းပြင် ထိုသူသည် နောင်တမလွန်ဘဝ၌လည်း ဆုံးရှုံးသူများအနက် တစ်ဦးအပါအဝင် ဖြစ်ပေမည်။

كَيْفَ يَهْدِي اللَّهُ قَوْمًا كَفَرُوا بَعْدَ إِيمَانِهِمْ وَشَهِدُوا أَنَّ الرَّسُولَ حَقٌّ وَجَاءَهُمُ الْبَيِّنَاتُ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿٨٦﴾

၈၆။ ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိပြီးနောက် ၎င်း၊ ရာဇဝင်တမန်တော် (မုဟမ္မဒ် ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစ္လလ်မ်)သည် နဗီတမန်တော် အစစ်အမှန်ဖြစ်ကြောင်း သက်သေခံပြီး နောက်၎င်း၊ မိမိတို့ထံဝယ် (အစ္စလာမ် သာသနာတော်သည် မှန်ကန်သော သာသနာဖြစ်ကြောင်းနှင့် စပ်လျဉ်း၍) ထင်ရှားလှစွာသော သက်သေ သာဓကများလည်း ရောက်ရှိခဲ့ပြီး နောက်၎င်း၊ မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော လူစုကို အလ္လာဟ်အရှင်မြတ်သည် မည်သည့်နည်းဖြင့် တရားလမ်းမှန်ကို ညွှန်ကြားတော် မူပါအံ့နည်း၊

အကြောင်းသော်ကား အလ္လာဟ် အရှင်မြတ်သည် မတော်မတရား ပြစ်မှုကျူးလွန်သူတို့အား တရားလမ်းမှန်ကို ညွှန်ကြားတော်မူမည်မဟုတ်ချေ။

أُولَٰئِكَ جَزَاؤُهُمْ أَنَّ عَلَيْهِمْ لَعْنَةَ اللَّهِ وَالْمَلَائِكَةِ وَالنَّاسِ أَجْمَعِينَ ﴿٨٧﴾

၈၇။ ယင်းသူတို့၏ အကျိုးကား မုချဧကန် "ယင်းသူတို့အပေါ်ဝယ် အလ္လာဟ် အရှင်မြတ်၏ "လအ်နတ်" ရွတ်ချခြင်းသည်၎င်း၊ "မလာအိကဟ်" အပါးတော် စေတမန်အပေါင်းတို့၏ ရွတ်ချခြင်းသည်၎င်း၊ လူခပင်းတို့၏ ရွတ်ချခြင်းတို့သည်၎င်း အားလုံးတို့၏ ရွတ်ချခြင်းသည် ကျရောက်လေသည်။

خَالِدِينَ فِيهَا ۖ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْظَرُونَ ﴿٨٨﴾

၈၈။ ထိုသူတို့သည် ယင်း(ရွတ်ချခြင်း) ၌ပင် ထာဝစဉ် ခံစားကြရမည့် အပြင် ယင်းသူတို့၏ အပြစ်ဒဏ်သည်လည်း ပေါ့လျော့စေခြင်း ခံရမည် မဟုတ်။ ထိုမှတပါး ယင်းသူတို့သည် (အပြစ်ဒဏ် စီရင်ရာ၌) ဆိုင်းငံ့ထားခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

إِلَّا الَّذِينَ تَابُوا مِنْ بَعْدِ ذَٰلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَحِيمٌ ﴿٨٩﴾

၈၉။ သို့ရာတွင် အကြင်သူတို့သည် ထို(ကဲ့သို့ငြင်းပယ်ပြီး)နောက် (သံဝေဂတရား ရရှိကာ မိမိတို့အပြစ်များကို)ဝန်ချတောင်းပန်ကြ၍ (မိမိတို့စိတ်နှလုံးကိုလည်း) ပြုပြင်ကြပါမူ မုချဧကန် အလွန်ဟ်အရှင်မြတ်သည်လည်း (ထိုကဲ့သို့သောသူတို့အား) အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော အရှင်၊ မပြတ်မစဲ သနားကြင်နာ ညှာတာတော် မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။

إِنَّ الَّذِينَ كَفَرُوا بَعْدَ إِيمَانِهِمْ ثُمَّ ازْدَادُوا كُفْرًا لَنْ تُقْبَلَ تَوْبَتُهُمْ وَأُولَٰئِكَ هُمُ الضَّالُّونَ ﴿٩٠﴾

၉၀။ ဧကန်အမှန် အကြင်သူတို့သည် မိမိတို့ယုံကြည်ခြင်း သဒ္ဓါတရားထားရှိပြီး နောက်မှ တဖန်သွေဖည်ငြင်းပယ် ကြကုန်၏။ ထို့နောက် ယင်းသူတို့သည် သွေဖည်ငြင်းပယ်မှုဌာပင် နစ်မွန်း၍ နေကြကုန်သည်။ ယင်းသို့သောသူတို့၏ နောင်တတရားရရှိခြင်းသည် (အလ္လာဟ်အရှင်မြတ် အထံတော်၌) သဘောတူလက်ခံတော်မူခြင်းကို အလျင်းခံရမည်မဟုတ်ပေ။ အမှန်သော်ကား ဤသူတို့သည် (အစဉ်) လမ်းလွဲသောသူများသာတည်း။

إِنَّ الَّذِينَ كَفَرُوا وَمَاتُوا وَهُمْ كُفَّارٌ فَلَنْ يُقْبَلَ مِنْ أَحَدِهِمْ مِلْءُ الْأَرْضِ ذَهَبًا وَلَوِ افْتَدَىٰ بِهِ ۗ أُولَٰئِكَ لَهُمْ عَذَابٌ أَلِيمٌ وَمَا لَهُمْ مِنْ نَاصِرِينَ ﴿٩١﴾

၉၁။ ဧကန်မုချ အကြင်သူတို့သည် သွေဖည်ငြင်းပယ်ကြ၍၊ သွေဖည်ငြင်းပယ်သူများ အဖြစ်နှင့်ပင် သေဆုံးကြ၏၊ ထိုသို့သော သူတို့အနက် တစ်ဦးဦးသည် (အပြစ်များမှ ချမ်းသာရရန် အလို့ငှာ) ကမ္ဘာမြေနှင့်အပြည့် ရွှေကို (စုပုံ၍) လျော်ကြေးပေးငြားသော်လည်း (အလ္လာဟ် အရှင်မြတ်သည်) အလျင်း သဘောတူ လက်ခံတော်မူမည် မဟုတ်ပေ။ (အမှန်စင်စစ်) ယင်းသူတို့အတို့ အလွန် ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သာရှိ၏၊ ထို့ပြင် ယင်းသူတို့အတို့ ကူညီမိုင်းမမည့်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။

لَن تَنَالُوا الْبِرَّ حَتَّىٰ تُنفِقُوا مِمَّا تُحِبُّونَ ۚ وَمَا تُنفِقُوا مِن شَيْءٍ فَإِنَّ اللَّهَ بِهِ عَلِيمٌ ﴿٩٢﴾

၉၂။ (အို-မွတ်စ်လင်မ်အပေါင်းတို့) အသင်တို့သည် မိမိတို့နှစ်သက်ကြကုန်သော[၁] ဥစ္စာပစ္စည်းများအနက်မှ၊ လျှဒါန်းသုံးစွဲခြင်းမပြုသမျှ ကာလပတ်လုံး၊ မြင့်မြတ်သော အကျင့်တရားအစစ်အမှန်(၏ အကျိုးကျေးဇူး)ကို မည်သည့်နည်းနှင့်မျှ ရယူနိုင်ကြမည်မဟုတ်ပေ။

ဂင်းပြင် မည်သည့်အရာမဆို အသင်တို့ လျှဒါန်းသုံးစွဲကြပါမူ၊ အလ္လာဟ်အရှင်မြတ်သည် ထိုအရာကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။

كُلُّ الطَّعَامِ كَانَ حِلًّا لِّبَنِي إِسْرَائِيلَ إِلَّا مَا حَرَّمَ إِسْرَائِيلُ عَلَىٰ نَفْسِهِ مِن قَبْلِ أَن تُنَزَّلَ التَّوْرَاةُ ۗ قُلْ فَأْتُوا بِالتَّوْرَاةِ فَاتْلُوهَا إِن كُنتُمْ صَادِقِينَ ﴿٩٣﴾

၉၃။ "တောင်ရာတ်" ကျမ်းမြတ်မကျရောက်မီ [နဗီတမန်တော် အစ္စရာအီလ် (၀၁) ယအ်ကူဗ် (အလိုင်ဟစ္စလာမ်)] သည် (Sciatica ခေါ် တင်ကြောလျှောက်နာ ဖြစ်ခဲ့သဖြင့်] မိမိအဘို့ မြစ်တားခဲ့သောအရာ [(၀၁)ကုလားအုပ်သား)] မှအပ (ယေဘုယျအားဖြင့် လူအများစားသုံးကြကုန်သော အခြား) စားဘွယ်သောက်ဘွယ် အားလုံးတို့သည် အစ္စရာအီလ်၏ မျိုးနွယ်များအဘို့ (စား) ခွင့်ပြုပြီး ဖြစ်ခဲ့လေသည်။

ဆက်စပ်မှု။

ကုရ်အာန်ကျမ်းမြတ် (၃း၉၀)တွင် ကာဖိရ်တို့၏ လျော်ကြေးပေးခြင်းသည် အဘယ်မျှပင် များပြားလင့်ကစား အကျိုးမရှိသည့်အကြောင်းပါရှိ၏။ ယခုဖော်ပြလတ္တံ့သော အာယသ်တော်များတွင် ကား မွတ်စ်လင်မ်တို့၏ အလျှဒါနသည် နောင်တမလွန်ဘဝတွင် အကျိုးရှိသည့်အကြောင်း ပါရှိလေသည်။ ကြည့်-(ထာနဝီ။)

① "အသင်တို့ နှစ်သက်မြတ်နိုးကြသောအရာ"ဟူသည် ဥစ္စာပစ္စည်းကိုသာလျှင် ဆိုလိုသည်မဟုတ်၊ ထိုစကားတွင် လူသားတို့နှစ်သက်မြတ်နိုးသော အသက်၊စည်းစိမ်၊ရာထူး၊ဂုဏ်သိရ်၊ အိုးအိမ်၊ ဂေဟာ၊ တန်ခိုး၊ အာဏာ၊ ဥစ္စာပစ္စည်း ... စသည်တို့သည် အားလုံးအကျုံးဝင်လျက်ရှိပေသည်။ ကြည့်-မာဂျိဒီ။

(သို့ဖြစ်ပေရာ အို-နဗီတမန်တော် ကုလားအုပ်သားကို မစားရဟု နဗီတမန်တော် အီဗ်ရာဟိမ် (အလိုင်ဟစ္စလာမ်) လက်ထက်ကပင် ပညတ်ထားသည်ဟု ပြောဆိုကြကုန်သော ယဟူဒီများအား) အသင် (ဤသို့) ပြောကြားပါလေ။ "(ဟယ်-ယဟူဒီအပေါင်းတို့)" သို့ (အသင်တို့ ပြောဆိုကြသည့်အတိုင်း) ဖြစ်ခဲ့ပါလျှင် အသင်တို့သည် တောင်ရာတ်ကျမ်းမြတ်ကို ဆောင်ယူခဲ့ကြလေကုန်၊ ပြီးနောက် တဖန် အကယ်၍ သင်တို့သည် (မိမိတို့ ပြောဆိုရာ၌) အမှန်ကို ပြောဆိုကြသူများဖြစ်ကြပါမူ ယင်း(တောင်ရာတ် ကျမ်းမြတ်)ကို ရွတ်ဘတ်ကြလေကုန်။

فَمَنِ افْتَرٰى عَلَى اللّٰهِ الْكَذِبَ مِنْۢ بَعْدِ ذٰلِكَ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿٩٤﴾

၉၄။ သို့(ထိုသူတို့ မုသား ပြောဆိုကြောင်းကို သာဓကနှင့်တကွ ထင်ရှားစေပြီး) ဖြစ်ပါလျက် အကြင်သူတို့သည် ထို(ကဲ့သို့ထင်ရှားစေပြီး) နောက် အလ္လာဟ်အရှင်မြတ်အပေါ်၌ လုပ်ကြံ မုသားပြောဆိုပါမူ ဤကဲ့သို့သောသူများသည် ပြစ်မှုကျူးလွန်သော သူများပင်ဖြစ်သည်။

قُلْ صَدَقَ اللّٰهُ ۫ فَاتَّبِعُوْا مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ۭ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿٩٥﴾

၉၅။ (အို-နဗီတမန်တော်) အသင်သည် (ယင်း ယဟူဒီတို့အား ဤသို့) ပြောကြားပါလေ။ "(ဟယ်-ယဟူဒီအပေါင်းတို့) အလ္လာဟ် အရှင်မြတ်ကမူ ဟုတ်တိုင်းမှန်ရာ မြွက်ဟ မိန့်ကြားတော်မူခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ဖြောင့်မတ်တည်ကြည်သော (နဗီတမန်တော်) အီဗ်ရာဟိမ် (အလိုင်ဟစ္စလာမ်)၏ (အစ္စလာမ်) သာသနာကိုပင် လိုက်နာကြလေကုန်။

စင်စစ်သော်ကား ယင်း နဗီတမန်တော် (အီဗ်ရာဟီမ် အလိုင်ဟစ္စလာမ်)သည် အခြား တစုံတရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဘက် ကိုးကွယ်သူများ အနက်မှလည်း မဖြစ်ခဲ့ဘူးချေ။"

إِنَّ أَوَّلَ بَيْتٍ وُّضِعَ لِلنَّاسِ لَلَّذِي بِبَكَّةَ مُبَارَكًا وَّهُدًى لِّلْعَٰلَمِينَ ﴿٩٦﴾

၉၆။ ဧကန်စင်စစ် (အလျှာဟ် အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အလို့ငှာ) လူသားတို့အဖို့ ဦးစွာပဌမ တည်ဆောက်ထားသော အိမ်တော်သည်ကား [၁] မက္ကာမြို့တော်၌ [၂] တည်ရှိသော အိမ်တော်ပင်တည်း။ ထိုအိမ်တော်သည် ကောင်းခြီးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံလျက်ရှိသည့်ပြင် [၃] စကြာဝဠာခပ်သိမ်းကို တရားလမ်းမှန်သို့လည်း ညွှန်ကြားလျက် ရှိပေသည်။

① **ဖော်ပြချက်။**

ယဟူဒီများသည် ယေရုရှလင်မြို့တော်ရှိ "မတ်စ်ဂျစ်ဒ်အက်ဆွာ" ကျောင်းတော်ကို မက္ကာမြို့တော်ရှိ "ကအ်ဗဟ်" ကျောင်းတော်ထက် အမြတ်တနိုးထားကြ၏။ မွတ်စ်လင်မ်များကမူ မက္ကာမြို့တော်ရှိ "ကအ်ဗဟ်" ကျောင်းတော်ကို အထွတ်အမြတ်ဆုံးဟူ၍ ယူဆကြ၏။ ယဟူဒီများနှင့် မွတ်စ်လင်မ်များ စပ်ကြားတွင် သူ့ကျောင်းသာသည်၊ ငါ့ကျောင်းသာသည် ဟူ၍ အချင်းချင်း အငြင်းပွားလျက်ရှိသည့်အခါ မွတ်စ်လင်မ်များ၏ ယူဆချက်မှန်ကန်ကြောင်းကို အလျှာဟ်အရှင်မြတ်သည် ဤအာယသ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ကြည့်-ထာနဝီ။

အလျှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အလို့ငှါ လူသားတို့အဖို့ ဦးစွာပဌမ တည်ဆောက် ထားတော်မူသော အိမ်တော်သည် မက္ကာမြို့တော်ရှိ ကအ်ဗဟ်ကျောင်းတော်ပင် ဖြစ်ချေသည်။ ထိုကျောင်းတော်သည် ယေရုရှလင်မြို့ရှိ မတ်စ်ဂျစ်ဒ်အက်ဆွာ ကျောင်းတော်ထက် ရှေးလည်းကျပေသည်။ သာလွန်၍လည်း မြင့်မြတ်ပေသည်။

② ဗက္ကဟ်ဟူသည် မက္ကာမြို့တော်ကို ဆိုသည်။ ကြည့်-ကုရ်တုဗီ။

အရဗီဘာသာတွင် (မ) အက္ခရာနှင့် (ဗ) အက္ခရာနှင့် ပြောင်းလဲလေ့ရှိ၏။ ဥပမာ လာဇ်မ်နှင့် လာဇ်၊ ရာတင်မ်နှင့် ရာတစ်ဗ်၊ နမီးတွံနှင့် နဗီတွံ။ ဤနည်းအတိုင်းပင် မက္ကာဟ်နှင့် ဗက္ကဟ်တွင်လည်း (မ)နှင့် (ဗ)ပြောင်းလဲခြင်း ဖြစ်ပေသည်။ ကြည့်-မာဂျီဒီ။

③ နဗီတမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)သည် အလျှာဟ်အရှင်မြတ်၏ အမိန့်တော်အရ ကြင်ရာတော် ဟာဂျိရာဟ်နှင့် သားတော် အစ္စမာအီလ် တို့အား အလျှာဟ်အရှင်မြတ်၏ ကျောင်းတော်ပါးသို့ သွားရောက် စွန့်ပစ်ထားခဲ့၏။ ထိုအချိန်တွင် ထိုကျောင်းတော်ပါးဌ် လူနေအိမ်ခြေဟူ၍လည်း မရှိ၊ လယ်ယာကိုင်းကျွန်း ဟူ၍လည်းမရှိ၊ စားနပ်ရိက္ခာ အလွန်တရာမျှပင် ခေါင်းပါးလှ၏။

သို့ပင်တစေ ကုရ်အာန်ကျမ်းမြတ် (၁၄း၃၇။၂း၁၂၆။)တွင် ပါရှိသည့်အတိုင်း နဗီတမန်တော် ➤➤

فِيهِ ءَايَٰتُۢ بَيِّنَٰتٌ مَّقَامُ
إِبْرَٰهِيمَ ۖ وَمَن دَخَلَهُۥ كَانَ
ءَامِنًا ۗ وَلِلَّهِ عَلَى ٱلنَّاسِ حِجُّ
ٱلْبَيْتِ مَنِ ٱسْتَطَاعَ إِلَيْهِ
سَبِيلًا ۚ وَمَن كَفَرَ فَإِنَّ ٱللَّهَ
غَنِىٌّ عَنِ ٱلْعَٰلَمِينَ ﴿٩٧﴾

၉၇။ ယင်းအိမ်တော်၌ ထင်ရှားလှစွာသော သက်သေလက္ခဏာများ ရှိကြ၏။ (ယင်း လက္ခဏာများ အနက်မှ "မကာမုအိဗ်ရာဟိမ်" နဗီတမန်တော်) အီဗ်ရာဟိမ်(အလိုင်ဟစ္စလာမ်) ရပ်တည်သောနေရာသည် (လည်း လက္ခဏာတရပ်ပင်) ဖြစ်ချေသည်။ ထိုမှတပါး အကြင်သူသည် ယင်းအိမ်တော်သို့ ဝင်ရောက်ခဲ့အံ့၊ ထိုသူသည် ဘေးရန်*(ခပ်သိမ်း)* ကင်းဝေးသူ ဖြစ်လတ္တံ့။ [၁]

တဖန် လူများအပေါ်ဝယ် တာဝန်ရှိသည်မှာ၊ အကြင်သူသည် ထိုအိမ်တော်သို့အရောက် ခရီးသွားရန် တတ်စွမ်း နိုင်ခဲ့ပါလျှင်၊ အလ္လာဟ် အရှင်မြတ် (နှစ်သက်တော် မူရန်)အတွက် ထိုအိမ်တော်သို့ သွားရောက် ဟဂ်ျပြုရန် (ထိုသူ့အပေါ်၌) တာဝန်ရှိပေသည်။ သို့ရာတွင် အကြင်သူသည် (အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို) ငြင်းပယ်သည်ရှိသော် (အလ္လာဟ်အရှင်မြတ်၌ တစုံတရာမျှ နစ်နာဆုံးရှုံးမှု အလျင်းမရှိချေ၊) အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်သည် မုချဇကန် စကြာဝဠာအပေါင်းတို့အား လိုလား တောင့်တခြင်း ကင်းတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

➤➤ အီဗ်ရာဟိမ် (အလိုင်ဟစ္စလာမ်) ၏ ဆုတောင်းပတ္ထနာကြောင့် ထိုကျောင်းတော်၏ ပတ်ဝန်းကျင်တွင် ကမ္ဘာကျော် မက္ကာမြို့တော်သည် ဖြစ်ပေါ်လာ၏။ ထိုမြို့တော်ကြီးသည် အစဉ်သဖြင့် ငြိမ်းချမ်းသာယာလျက်ရှိ၏။ ကောက်ပဲသီးနှံအမျိုးမျိုးလည်း ရရှိ၏။ ကမ္ဘာအရပ်ရပ်မှ ထောင်ပေါင်းများစွာသော ဟာဂျီလောင်းများသည် နှစ်စဉ်နှစ်တိုင်း ထိုဌာနသို့ လာရောက် ဟဂ်ျပြုကြ၏။ ကမ္ဘာအရပ်ရပ်ရှိ သန်းပေါင်းများစွာသော မွတ်စ်လင်မ်များသည် နေ့ညဥ့်မပြတ် ဆွေလာတ်ဝတ်ပြုရာ၌ ထိုကျောင်းတော်ဘက်သို့ မျက်နှာမူကြ၏။ ဤသည့် အချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် ထိုကျောင်းတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ ကမ္ဘာအဝှန်းအား တရားဓမ္မ ပြသလျက်ရှိသည်မှာ အထင်အရှားပင် ဖြစ်ချေသည်။ ကြည့်-အလ်မနာရ်။

① အလ္လာဟ်အရှင်မြတ်၏ ကျောင်းတော်တွင်းသို့ ဝင်ရောက်သောသူသည် ဘေးရန်ခပ်သိမ်းမှ ကင်းဝေးသွားလေသည်။

قُلْ يَٰٓأَهْلَ ٱلْكِتَٰبِ لِمَ تَكْفُرُونَ بِـَٔايَٰتِ ٱللَّهِ وَٱللَّهُ شَهِيدٌ عَلَىٰ مَا تَعْمَلُونَ ﴿٩٨﴾

၉၈။ အသင်သည် (ထိုအထက်ကျမ်းဂန်ရရှိသူတို့အား ဤသို့)ပြောကြားပါလေ။ "အို-ကျမ်းဂန်ရရှိသူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို အဘယ်ကြောင့် ငြင်းပယ်ကြပါသနည်း။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ် သည် အသင်တို့ ပြုလုပ်သမျှသော ကိစ္စအဝဝကို ဒိဋ္ဌမျက်မြင် အသိသက်သေပင် ဖြစ်တော်မူသည်"။

قُلْ يَٰٓأَهْلَ ٱلْكِتَٰبِ لِمَ تَصُدُّونَ عَن سَبِيلِ ٱللَّهِ مَنْ ءَامَنَ تَبْغُونَهَا عِوَجًا وَأَنتُمْ شُهَدَآءُ ۗ وَمَا ٱللَّهُ بِغَٰفِلٍ عَمَّا تَعْمَلُونَ ﴿٩٩﴾

၉၉။ (အို-နဗီတမန်တော်) အသင်သည် (ယင်းအထက်ကျမ်းဂန်ရရှိသူတို့အား ဤသို့)ပြောကြားပါလေ။ "အို-ကျမ်းဂန်ရရှိသူအပေါင်းတို့ အသင်တို့သည် ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသူတို့အား အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်မှ ထိုတရားလမ်းတော်၌ ကွေ့ကောက်မှုကို ရှာဖွေစူးစမ်း (ဖန်တည်း) ကာ အဘယ်ကြောင့် ပိတ်ပင်တားဆီးကြပါသနည်း။ စင်စစ်တမူကား (အလ္လာဟ်အရှင်မြတ်၏ တရားလမ်းစဉ် မှန်ကန်ကြောင်းနှင့်စပ်လျဉ်း၍) အသင်တို့ ကိုယ်တိုင်ပင်လျှင် အသိသက်သေများဖြစ်ကြကုန်၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကို မေ့လျော့လျစ်လျူရှုတော်မူမည့် အရှင်လည်း မဟုတ်ချေ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِن تُطِيعُوا۟ فَرِيقًا مِّنَ ٱلَّذِينَ أُوتُوا۟ ٱلْكِتَٰبَ يَرُدُّوكُم بَعْدَ إِيمَٰنِكُمْ كَٰفِرِينَ ﴿١٠٠﴾

၁၀၀။ အို-"မုအ်မင်န်" ယုံကြည်သူအပေါင်းတို့ အကယ်၍ အသင်တို့သည် (အထက်)ကျမ်းဂန်ရရှိသူတို့အနက် လူတစု(၏စကား)ကို လိုက်နာကြပါမူယင်းသူတို့သည် အသင်တို့အား အသင်တို့ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြပြီးနောက် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သောသူများအဖြစ်သို့ ပြန်လည်ရောက်ရှိစေကြကုန်အံ့။

وَكَيْفَ تَكْفُرُوْنَ وَاَنْتُمْ تُتْلٰى عَلَيْكُمْ اٰيٰتُ اللّٰهِ وَفِيْكُمْ رَسُوْلُهٗ ؕ وَمَنْ يَّعْتَصِمْ بِاللّٰهِ فَقَدْ هُدِيَ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿١٠١﴾

၁၀၁။ ၎င်းပြင် အသင်တို့သည် မည်သည့်နည်းဖြင့် မယုံမကြည် သွေဖည် ငြင်းပယ်နိုင်ကြအုံ့နည်း။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များလည်း အသင်တို့ရှေ့ဝယ် ဘတ်ကြားလျက်ရှိ၏။ ထိုမှတပါး ထို(အလ္လာဟ်)အရှင်မြတ်၏ ရဿူလ်တမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်) သည်လည်း အသင်တို့အတွင်း၌ ရှိနေလေပြီ။

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို မြဲမြံစွာ ဖက်ကိုင်၍ ထားပါလျှင် ထိုသူသည် ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်သို့ ဧကန်မလွဲ ညွှန်ကြားပြသခြင်း ခံရလတ္တံ့။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ حَقَّ تُقٰتِهٖ وَلَا تَمُوْتُنَّ اِلَّا وَاَنْتُمْ مُّسْلِمُوْنَ ﴿١٠٢﴾

၁၀၂။ အိုဝ်-(မုအ်မင်န်) ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေအပ်သည့်အတိုင်း ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် မွတ်စ်လင်မ်များအဖြစ်မှတပါး အခြားအဖြစ်နှင့် မသေဆုံးကြကုန်လင့်။

وَاعْتَصِمُوْا بِحَبْلِ اللّٰهِ جَمِيْعًا وَّلَا تَفَرَّقُوْا ۠ وَاذْكُرُوْا نِعْمَتَ اللّٰهِ

၁၀၃။ ထို့ပြင်တဝ အသင်တို့သည် တစည်းတလုံးတည်း *အလ္လာဟ်အရှင်မြတ်၏ကြိုး*[၁] ကို စွဲမြဲစွာ ကိုင်ထားကြလေကုန်။ ၎င်းပြင် အသင်တို့သည် အချင်းချင်း သွေးမကွဲကြကုန်လင့်။

---

① ကုရ်အာန်ကျမ်းတတ် ပါရဂူများသည် "အလ္လာဟ်အရှင်မြတ်၏ကြိုး"ဟူသော စကားကို ပဋိညာဉ်တော်ဟူ၍၎င်း၊ ကုရ်အာန်ကျမ်းမြတ်ဟူ၍၎င်း၊ လိုက်နာခြင်းဟူ၍၎င်း၊ စိတ်စေတနာဖြူစင်စွာဖြင့် ဝန်ချတောင်းပန်ခြင်းဟူ၍၎င်း၊ အသင်းအဖွဲ့ဟူ၍၎င်း၊ စိတ်စေတနာဖြူစင်စွာဖြင့် တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းဟူ၍၎င်း၊ အစွန်လာမ်သာသနာတော် ဟူ၍၎င်း၊ အသီးသီး အနက်ဖွင့် ကြပေသည်။ အဆိုပါ အနက်အရပ်ရပ်သည် အချင်းချင်း ဆက်စပ်လျက်ရှိပေသည်။ ကြည့်- ဗဟ်ရ်။

عَلَيْكُمْ إِذْ كُنتُمْ أَعْدَآءً فَأَلَّفَ
بَيْنَ قُلُوبِكُمْ فَأَصْبَحْتُم بِنِعْمَتِهِۦٓ
إِخْوَٰنًا وَكُنتُمْ عَلَىٰ شَفَا حُفْرَةٍ
مِّنَ ٱلنَّارِ فَأَنقَذَكُم مِّنْهَا
كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمْ ءَايَٰتِهِۦ
لَعَلَّكُمْ تَهْتَدُونَ ﴿١٠٣﴾

တဖန် အသင်တို့သည် မိမိတို့ အပေါ်ဝယ် အလ္လာဟ်အရှင်မြတ် ပြုတော်မူသော ကျေးဇူးတော်ကိုလည်း ၁ ပြန်လည်၍ သတိရကြကုန်လော့။ အခါတပါး၌ အသင်တို့သည် (မိမိတို့အချင်းချင်း တဦးနှင့်တဦး) ရန်သူများပင် ၂ ဖြစ်ခဲ့ကြပေရာ ထို(အလ္လာဟ်) အရှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများကို ချစ်ခင်ညီညွတ် စေတော်မူခဲ့၏။ သို့ဖြစ်၍ အသင်တို့သည် (ယခုအခါ) ထိုအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် (မိမိတို့ အချင်းချင်း) ညီရင်းအစ်ကိုများပင် ၃ ဖြစ်ခဲ့ကြချေပြီ။

၎င်းပြင် အသင်တို့သည် "ဂျဟန္နမ်" ငရဲမီး၏ နူတ်ခမ်းသို့ (လုံးဝ) ရောက်ရှိခဲ့ကြပေရာ ၄ ထို အရှင်မြတ်သည် အသင်တို့အား (အစ္စလာမ် သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူခြင်း အားဖြင့်) ယင်းငရဲမီးမှ ကယ်ဆယ်တော်မူခဲ့လေပြီ။

ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ဒေသနာတော်များကို ထင်ရှားစေတော်မူ၏။ သို့မှသာလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြပေမည်။

---

① အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်တွင် နောင်တမလွန်ဘဝ၏အောင်မြင်မှုပါဝင်သည့်အပြင် ပစ္စက္ခလောကဘဝ ညီညွတ်မှု၏ အကျိုးတရားဖြစ်သော လောကီအောင်မြင်မှုလည်း အကျုံးဝင်လျက်ရှိပေသည်။ ကြည့်-မာဂျီဒီ။

② အစ္စလာမ် သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် 'အောက်စ်' နှင့် 'ခဇ်ရ်ဂျ်' လူမျိုးစု များသည် အချင်းချင်း ရန်ဘက်များ ဖြစ်ခဲ့ကြ၏။ ကျန် အရဗ်လူမျိုးစုများသည်လည်း မပြောပလောက်သော သာမန်ကိစ္စကလေးများကို အကြောင်းပြုပြီး အချင်းချင်း စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြ၏။ ယင်း သူတို့၏ စစ်ပွဲများသည် ရာဇဝင်တွင် စကားပုံတခုပင် ဖြစ်နေပေတော့၏။ အရဗ်လူမျိုးစုများတွင် ဖြစ်ပွားခဲ့သော စစ်ပွဲများအနက် ရာဇဝင်တွင် စစ်ပွဲပေါင်း ၁၇၀၀ တိတိကို ယခုတိုင် တွေ့ရှိရပေသေးသည်။

③ အစ္စလာမ်သာသနာ မထွန်းကားမီ အရဗ်လူမျိုးစုတို့၏ စစ်ပွဲများသည် ရာဇဝင်တွင်သာကဲ့သို့ အစ္စလာမ်သာသနာ ထွန်းကားပြီးသည့်နောက်တွင်မူ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော် အဟုန်ကြောင့် ယင်းသူတို့၏ ➤➤

وَلْتَكُنْ مِّنْكُمْ أُمَّةٌ يَّدْعُوْنَ
إِلَى الْخَيْرِ وَيَأْمُرُوْنَ
بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ
الْمُنْكَرِ ۚ وَأُولٰٓئِكَ هُمُ
الْمُفْلِحُوْنَ ﴿١٠٤﴾

၁၀၄။ ၎င်းပြင် အသင်တို့တွင် (အကြင်သို့သော) အဖွဲ့အစည်းတခု ရှိရပေမည်။ ထိုအဖွဲ့အစည်းသည် (လူသားတို့အား) ကောင်းရာကောင်းကြောင်းဘက်သို့ ဖိတ်ခေါ်ကြရမည်။ ထို့ပြင် ကောင်းမြတ်သောအရာများကို ညွှန်ကြားကြရမည်။ ၎င်းပြင် ထိုအဖွဲ့အစည်းသည် မကောင်းမှုများမှ မြစ်တားကြရမည်။ ဤသို့သော သူများသည်ပင်လျှင် (လုံးဝ) အောင်မြင်မည့်သူများ ဖြစ်ကြပေသတည်း။

وَلَا تَكُوْنُوْا كَالَّذِيْنَ تَفَرَّقُوْا
وَاخْتَلَفُوْا مِنْ بَعْدِ مَا
جَآءَهُمُ الْبَيِّنٰتُ ۚ وَأُولٰٓئِكَ لَهُمْ
عَذَابٌ عَظِيْمٌ ﴿١٠٥﴾

၁၀၅။ ၎င်းပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်၊ ယင်းသူတို့သည် (အလ္လာဟ် အရှင်မြတ်၏ တခုတည်းသော သာသနာကို တစည်းတလုံးတည်း မလိုက်နာကြဘဲ) အချင်းချင်း ကွဲကြသည့်အပြင် မိမိတို့ထံ (အလ္လာဟ်အရှင်မြတ် ၏) ထင်ရှားလှစွာသော သက်သေသာဓကများ ရောက်ရှိလာပြီးသည့် နောက်တွင်လည်း (ဂုဏ်တုဂုဏ်ပြိုင်ပြုလိုကြ၍) အချင်းချင်းကွဲလွဲခဲ့ကြကုန်၏။ အမှန်သော်ကား ယင်း(ကဲ့သို့သော) သူတို့အဘို့သာလျှင် ကြီးလေးသော အပြစ်ဒဏ်သည် ရှိပေသည်။

يَّوْمَ تَبْيَضُّ وُجُوْهٌ وَّتَسْوَدُّ
وُجُوْهٌ ۚ فَأَمَّا الَّذِيْنَ اسْوَدَّتْ

၁၀၆။ ထို(လာလတ္တံ့သော ရှင်ပြန်ထမည့်) နေ့၌ များစွာသော (သူတို့၏) မျက်နှာများသည် (ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ သန့်ရှင်း ကြည်လင်) ဖြူစင်စွာ ရှိကြကုန်အံ့။

➤➤ ချစ်ခင်မှု၊ ရင်းနှီးမှု၊ ညီညွတ်မှု၊ စိတ်စေတနာ ဖြူစင်မှုများသည် အထူးသဖြင့် မက္ကာမြို့သား'မုဟာဂျိရ်'များနှင့် မဒီနာမြို့သား အန်ဆာရ်များ၏ ညီနောင်များဖြစ်မှုသည်လည်း ရာဇဝင်တွင်ခဲ့ပေသည်။ (မာဂျိဒီ)။

⑨ အရပ်လူမျိုးစုများသည် 'ကာဖိရ်'မွန်ရှရစ်က် ဖြစ်ခဲ့ကြခြင်းကြောင့် ငရဲတွင်း၏နှုတ်ခမ်းပေါ်သို့ပင် ရောက်လျက်ရှိခဲ့ကြ၏။ (တနည်း) ငရဲလားအဲ့ဆဲဆဲပင် ဖြစ်နေခဲ့ကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့အား အစွမ်းသာသနာတော်ကို ချီးမြှင့်တော်မူ၍ ငရဲမီးဘေးမှ ကယ်ဆယ်တော်မူလိုက်လေသည်။ (ထာနဝီ)။

وُجُوهُهُمْ ۖ أَكَفَرْتُم بَعْدَ إِيمَٰنِكُمْ فَذُوقُوا الْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ ﴿١٠٦﴾

သို့ရာတွင် များစွာသော (သူတို့၏) မျက်နှာများမှာမူကား (ကျန်ခြေကင်းမဲ့) လျက် မည်းနက်စွာ ရှိကြကုန်အံ့။

ထိုအခါ မည်းနက်သော မျက်နှာရှင်တို့အား "အသင်တို့သည် ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိပြီးနောက် သွေဖည်ငြင်းပယ် ခဲ့ကြသည် မဟုတ်လော၊ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ ငြင်းပယ်သွေဖယ် ခဲ့ကြသည့်အတွက် အပြစ်ဒဏ်၏ အရသာကို မြည်းစမ်းကြကုန်လော့" (ဟု မိန့်ကြားတော်မူပေမည်)။

وَأَمَّا الَّذِينَ ابْيَضَّتْ وُجُوهُهُمْ فَفِي رَحْمَةِ اللَّهِ ۖ هُمْ فِيهَا خَٰلِدُونَ ﴿١٠٧﴾

၁၀၇။ သို့ရာတွင် (ကျက်သရေမင်္ဂလာနှင့်ပြည့်စုံ၍) မျက်နှာသန့်ရှင်းကြည်လင် ဖြူစင်သောသူတို့မူကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်၌ ရှိကြ၍ ထိုကရုဏာတော်၌ပင် ထာဝစဉ် တည်နေကြမည့် သူများ ဖြစ်ကြပေသတည်း။

تِلْكَ آيَٰتُ اللَّهِ نَتْلُوهَا عَلَيْكَ بِالْحَقِّ ۗ وَمَا اللَّهُ يُرِيدُ ظُلْمًا لِّلْعَٰلَمِينَ ﴿١٠٨﴾

၁၀၈။ (အို- နဗီတမန်တော်) ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များတည်း။ ငါအရှင်မြတ်သည် ထိုအာယသ်များကို မှန်ကန်စွာ ဖြင့် အသင်အား ကြားနာစေတော်မူ၏။ အမှန် သော်ကား အလ္လာဟ်အရှင်မြတ်သည် စကြဝဠာ ခပ်သိမ်းတို့ကို အနည်းငယ်မျှပင် မတရားပြုရန် ကြံရွယ်တော်မူသည် မရှိချေ။

وَلِلَّهِ مَا فِي السَّمَٰوَٰتِ وَمَا فِي الْأَرْضِ ۗ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ ﴿١٠٩﴾

၁၀၉။ ထို့ပြင်တဝ ကောင်းကင်ဘုံများနှင့် ပထဝီမြေဝယ် ရှိရှိသမျှတို့သည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသောအရာများသာ ဖြစ်ကြကုန်၏၊ တဖန် အရေးကိစ္စ ဟူသမျှတို့သည် အလ္လာဟ်အရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြလတ္တံ့။

كُنْتُمْ خَيْرَ أُمَّةٍ أُخْرِجَتْ لِلنَّاسِ تَأْمُرُونَ بِالْمَعْرُوفِ وَتَنْهَوْنَ عَنِ الْمُنْكَرِ وَتُؤْمِنُونَ بِاللَّهِ ۗ وَلَوْ آمَنَ أَهْلُ الْكِتَابِ لَكَانَ خَيْرًا لَهُمْ ۚ مِنْهُمُ الْمُؤْمِنُونَ وَأَكْثَرُهُمُ الْفَاسِقُونَ ﴿١١٠﴾

၁၁၀။ (အို-မွတ်စ်လင်မ်အပေါင်းတို့) အသင်တို့သည် လူခပင်းတို့အတို့ (တရားဓမ္မ ညွှန်ကြားရန်အလို့ငှာ) ထွက်ပေါ် လာကြကုန်သော အကောင်းဆုံးသော သာသနာဝင် လူစုပင်တည်း။ [၁] (အကြောင်းမူကား) အသင်တို့သည် ကောင်းမြတ်သော ကိစ္စများကို (ပြုလုပ်ကြရန်) ညွှန်ကြားကြသည့်ပြင် စက်ဆုပ် ရွံ.ရှာဘွယ်ရာများမှလည်း မြစ်တားကြကုန်၏။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ် ကိုလည်း ယုံကြည်ကြကုန်၏။ [၂]

အကယ်၍သာ (အထက်) ကျမ်းဂန်ရရှိသူတို့သည်လည်း (အသင်တို့ကဲ့သို့ပင်) ယုံကြည်ကြပါမူ၊ မုချ ယင်းသူတို့အတို့ (ထိုယုံကြည်ခြင်းသည်) သာ၍ပင် ကောင်းချေသည်။ ယင်းသူတို့အနက်မှ (အချို့) ယုံကြည်သော သူများလည်း ရှိကြပေသည်။ [၃] သို့ရာတွင် ထိုသူများအနက် အများဆုံးသော သူများမှာမူကား အမိန့်တော်ကိုမနာခံသူများ (ဝါ) (ကာဖိရ်များ) သာ ဖြစ်ကြပေသတည်း။

---

① ဤအာယသ်တော်တွင်အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား 'ခိုင်ရအွန်မတ်'၊ "အကောင်းဆုံးသော သာသနာဝင်လူစု" ဟူသောကောင်းမွန် မြင့်မြတ်လှသည့် ဂုဏ်ပုဒ်ကို ခြီးမြှင့် တော် မူ၍ ယင်းသူတို့လိုက်နာ ကျင့်သုံးရမည့် တာဝန်ဝတ္တရားများကို အတည့်အလင်း ဖွင့်ဟမိန့်ဆိုထား တော်မူသည်။

မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်အား စိတ်စေတနာ ဖြူစင်စွာဖြင့် ယုံကြည်၍ မိမိတို့၏ တာဝန် ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်သည်နှင့်အမျှ 'ခိုင်ရအွန်မတ်' ဟူသော ဂုဏ်ပုဒ်ကို ဆောင်နိုင်ကြပေမည်။ ယင်းသို့မဟုတ်ပါမူ၊ 'ထိုဂုဏ်ပုဒ်ကို အသို့လျှင် ဆောင်နိုင်ကြအံ့နည်း။ မာဂျီဒီ။

② အလ္လာဟ်အရှင်မြတ်အား ယုံကြည်ရာတွင် အစွမ်းလာမ်သာသနာရေးနှင့် စပ်လျဉ်း၍ အခြားယုံကြည်ရမည့် အချက်အလက်များသည်လည်း အကျုံးဝင်လျက် ရှိပေသည်။ အဘယ်ကြောင့်ဟူမူ၊ ထိုအချက်အလက်များကို ယုံကြည်ရန်လည်း ထိုအရှင်မြတ်ကပင် ဟောကြားတော်မူခြင်းကြောင့်တည်း။ (ထာနဝီ။)

③ အတိတ်ခေတ် ကျမ်းဂန်ရရှိသူများ အနက် အချို့ 'အီမာန်' ယုံကြည်ခြင်း သဒ္ဒါတရားထားရှိသော သူများလည်း ရှိခဲ့ကြ၏။ ဥပမာ သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နဗလာမ်၊ ဆအ်လဗဟ် အီဗ်နရှအ်ဗဟ်။ ထိုသာဝကကြီးများသည် ယခင်က ယဟူဒီဖြစ်ခဲ့ကြ၏။ နောက်တွင်မူ အစွမ်းလာမ် သာသနာကို သက်ဝင်ယုံကြည်လာခဲ့ကြလေသည်။

لَن يَضُرُّوكُمْ إِلَّآ أَذًى ۖ وَإِن يُقَٰتِلُوكُمْ يُوَلُّوكُمُ ٱلْأَدْبَٰرَ ثُمَّ لَا يُنصَرُونَ ﴿١١١﴾

၁၁၁။ ယင်း (ကျမ်းဂန် ရရှိသော) သူတို့သည် (မည်မျှပင် ရန်ရှာကြသော်လည်း) အသင်တို့အား အနည်းငယ်မျှသော အန္တရာယ် ဖြစ်စေနိုင်ရုံမျှမှအပ ဆုံးရှုံးနစ်နာ *ပျက်စီးလေအောင် အလျင်းပြုနိုင်ကြမည် မဟုတ်ချေ။* [၁] တဖန် အကယ်၍သာ ယင်းသူတို့သည် (တဆင့်တိုး၍) အသင်တို့နှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြပါမူ၊ ယင်းသူတို့သည် အသင်တို့ဘက်သို့ ကျောခိုင်း၍ ထွက်ပြေးကြလတ္တံ့။ ထို့နောက် ယင်းသူတို့သည် (မည်သူ တစုံတယောက်သောသူ၏) ကူညီစောင်မခြင်းကိုမျှ ခံကြရမည် မဟုတ်ပေ။

ضُرِبَتْ عَلَيْهِمُ ٱلذِّلَّةُ أَيْنَ مَا ثُقِفُوٓا۟ إِلَّا بِحَبْلٍ مِّنَ ٱللَّهِ وَحَبْلٍ مِّنَ ٱلنَّاسِ وَبَآءُو بِغَضَبٍ مِّنَ ٱللَّهِ وَضُرِبَتْ عَلَيْهِمُ ٱلْمَسْكَنَةُ ۚ ذَٰلِكَ

၁၁၂။ ထိုသူတို့သည် မည်သည့် နေရာ၌မဆို၊ အလ္လာဟ် အရှင်မြတ်နှင့်သော်၄င်း၊ လူတို့နှင့်သော်၄င်း၊ ပဋိညာဉ်ထားရှိသည်မှအပ နေလေရာအရပ်တိုင်းတွင် ယင်းသူတို့ အပေါ်၌ ဂုဏ်အသရေ သေးသိမ်ခြင်းသည် အတည်ပြုပြီးဖြစ်သည့်ပြင်၊ ယင်းသူတို့အား အလ္လာဟ်အရှင်မြတ်၏ အမျက်တော်သည် သင့်ခဲ့ချေပြီ။ ထိုမျှမက ယင်းသူတို့အပေါ်ဝယ် ဒုက္ခဆင်းရဲခြင်းသည်လည်း အတည်ပြုပြီး ဖြစ်ချေပြီ။

---

① ဤအာယသ်တော်သည် မဒီနာမြို့တော်နှင့် မဒီနာမြို့တော်၏ ပတ်ဝန်းကျင်ရှိ ယဟူဒီများကို ရည်ညွှန်း၏။ ထိုယဟူဒီများသည် ဥစ္စာဓန ပေါများကြွယ်ဝလှ၏။ လက်နက်အင်အား ကြီးမားလှ၏။ ထိုယဟူဒီများသည် မက္ကာမြို့ရှိ အရဗ်မွန်ရစ်များနှင့် မဒီနာမြို့ရှိ မုနာဖစ်ဂ်များ၏ အကူအညီများကိုလည်း အထူးမြော်ကိုးလျက်ရှိကြ၏။ ထိုအချိန်တွင် မွတ်စ်လင်မ်တို့ကား အဘက်ဘက်တွင် အင်အားနည်းပါးလျက်ရှိကြ၏၊ မျက်မြင်အားဖြင့် မွတ်စ်လင်မ်တို့သည် ယဟူဒီများကို တုဘက်နိုင်ရန် အကြောင်းအလျင်း မရှိပေ။

ထိုအချိန်အခါမျိုးမှာပင် အလ္လာဟ်အရှင်မြတ်သည် ဤအာယသ်တော်ကို ထုတ်ပြန်ပို့ ချတော်မူ၍ အင်အားကြီးမားလှသော ထိုယဟူဒီများရုံးနိမ့်ကြမည့်အကြောင်း ဗာဒီတ်စကားဟောကြားတော် မူလေသည်။ သို့ဟောကြားတော်မူသည့် အတိုင်း မဒီနာမြို့နှင့် မဒီနာမြို့၏ ပတ်ဝန်းကျင်ရှိ ယဟူဒီမျိုးနွယ်များ ဖြစ်သော ဗနူကုရိုင်ဇွာဟ်၊ ဗနူနသွိရ်၊ ဗနူကိုင်ကာအ်နှင့် ခိုင်ဗရ်ရှိ ယဟူဒီအားလုံးတို့သည် ရှုံးနိမ့်ခဲ့ကြသည်မှာ ရာဇဝင် အထင်အရှားပင် ဖြစ်ချေသည်။ (မာဂျိဒီ)

بِاَنَّهُمْ كَانُوْا يَكْفُرُوْنَ بِاٰيٰتِ اللّٰهِ وَيَقْتُلُوْنَ الْاَنْۢبِيَآءَ بِغَيْرِ حَقٍّ ؕ ذٰلِكَ بِمَا عَصَوْا وَّكَانُوْا يَعْتَدُوْنَ ﴿۱۱۲﴾

ဤ(ကဲ့သို့ ဂုဏ်အသရေ သေးသိမ်ခြင်း၊ အမျက်တော် သင့်ခြင်းနှင့် ဆင်းရဲခြင်း ဒုက္ခခံစားရခြင်းတို့) အကြောင်းကား ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့် ဗျာဒိတ်တော်များကို မယုံမကြည် သွေဖည ငြင်းပယ်လေ့ ရှိခြင်းကြောင့် လည်းကောင်း၊ နဗီတမန်တော်များအား (မည်သည့် နည်းနှင့်မျှ) သတ်ဖြတ်ပိုင်ခွင့် မရှိဘဲလျက် မတရား သဖြင့် သတ်ဖြတ်လေ့ရှိခြင်းကြောင့် လည်းကောင်း ဖြစ်ချေသည်။

(တဖန်) ဤ(ကဲ့သို့ ပြစ်မှုဒုစရိုက်များ ကျူးလွန်ခြင်း) အကြောင်းကား ယင်းသူတို့သည် အမိန့်တော်ကို မနာခံခဲ့ခြင်းကြောင့်၎င်း၊ စည်းကမ်း ဖေါက်ဖျက်ခဲ့ကြခြင်း ကြောင့်၎င်း၊ ဖြစ်ပေသတည်း။

لَيْسُوْا سَوَآءً ؕ مِنْ اَهْلِ الْكِتٰبِ اُمَّةٌ قَآئِمَةٌ يَّتْلُوْنَ اٰيٰتِ اللّٰهِ اٰنَآءَ الَّيْلِ وَهُمْ يَسْجُدُوْنَ ﴿۱۱۳﴾

၁၁၃။ ယင်း (အထက်ကျမ်းဂန်ရရှိသော) သူတို့သည် အားလုံး မတူကြချေ။ (အမှန်စင်စစ် ထိုအထက်) ကျမ်းဂန် ရရှိသူတို့ အနက်မှပင် (မှန်ကန်သော တရားလမ်းစဉ်၌) ဖြောင့်မတ်စွာ တည်တံ့နေသော လူစုတစုသည်လည်း ရှိနေကြကုန်၏။ ယင်းသူတို့သည် ညဥ့်ယံများ၌ အလ္လာဟ် အရှင်မြတ်၏ အာယသ်တော်များကို ရွတ်ဖတ် သရဇ္ဈာယ်ကြကုန်၏။ ၄င်းပြင် (အလ္လာဟ် အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) 'စဂျ်ဒဟ်' ဦးချကြကုန်၏။

يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَيَاْمُرُوْنَ

၁၁၄။ (ထို့မျှမကသေး၍၊) ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အား၎င်း၊ နောက်ဆုံးနေ့ကို၎င်း ယုံကြည်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ကောင်းရာကောင်းကြောင်းများကိုလည်း ညွှန်ကြားကြကုန်၏။

بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ وَيُسَارِعُوْنَ فِى الْخَيْرٰتِ ؕ وَاُولٰٓئِكَ مِنَ الصّٰلِحِيْنَ ﴿١١٤﴾

ထိုနည်းတူစွာပင် ယင်းသူတို့သည် ဒုစရိုက်မှု (အရပ်ရပ်တို့)မှလည်း တားမြစ်ကြကုန်၏။ တဖန် ထိုသူတို့သည် (မိမိတို့ကိုယ်တိုင်လည်း) ကောင်းမှုကုသိုလ်များ ပြုလုပ်ရာတွင် သူ့ထက် ငါသာအောင် (အပတ်တကုတ်ကြိုးစားအားထုတ်၍) အဆောတလျင် ပြုလုပ်ကြကုန်၏။ စင်စစ်သော်ကား ဤသူများသည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူမွန် သူမြတ်များ အနက်မှပင် ဖြစ်ကြကုန်၏။

وَمَا يَفْعَلُوْا مِنْ خَيْرٍ فَلَنْ يُّكْفَرُوْهُ ؕ وَاللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ﴿١١٥﴾

၁၁၅။ ထို့ပြင်တဝ၊ ယင်းသူတို့သည် မည်သည့်ကောင်းမှုကုသိုလ်ကိုမဆို ပြုလုပ်ကြပါမူ၊ ထိုသူတို့သည် ထိုကောင်းမှုကုသိုလ်(၏အကျိုး)ကို လက်လွတ်စေခြင်း အလျင်းခံကြရမည် မဟုတ်ပေ။

အကြောင်းတမူကား အလ္လာဟ် အရှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်အပေါင်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

اِنَّ الَّذِيْنَ كَفَرُوْا لَنْ تُغْنِىَ عَنْهُمْ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ مِّنَ اللّٰهِ شَيْـًٔا ؕ وَاُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿١١٦﴾

၁၁၆။ ဧကန်အမှန် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့၏ ပစ္စည်းဥစ္စာ ရတနာများသည်၎င်း၊ ယင်းသူတို့၏ သားသမီး ရတနာများသည်၎င်း (ရှင်ပြန်ထမည့်နေ့တွင်) အလ္လာဟ်အရှင်မြတ် (၏ပြစ်ဒဏ်တော်)မှ ကာကွယ်ရန် အနည်းငယ် စိုးစဉ်းမျှပင် အလျင်း အသုံးဝင်မည် မဟုတ်ပေ။

စင်စစ် ဤသူတို့သည် ငရဲသားများပင် ဖြစ်ကြ၏။ ယင်းသူတို့သည် ထိုငရဲ၌ပင် ထာဝစဉ် နေထိုင်ခံစားကြရမည့် သူများပင်တည်း။

مَثَلُ مَا يُنْفِقُوْنَ فِيْ هٰذِهِ
الْحَيٰوةِ الدُّنْيَا كَمَثَلِ رِيْحٍ
فِيْهَا صِرٌّ اَصَابَتْ حَرْثَ قَوْمٍ
ظَلَمُوْٓا اَنْفُسَهُمْ فَاَهْلَكَتْهُ ؕ
وَمَا ظَلَمَهُمُ اللّٰهُ وَلٰكِنْ
اَنْفُسَهُمْ يَظْلِمُوْنَ ﴿۱۱۷﴾

၁၁၇။ ဤပစ္စုပ္ပန်ဘဝတွင် ယုံကြည်ခြင်းသဒ္ဓါတရား ကင်းမဲ့ကြကုန်သော ထို('ကာဖိရ်' မိစ္ဆာဒိဋ္ဌိ) တို့၏ လှူဒါန်းစွန့်ကြဲခြင်း၏ ဥပမာ ပုံဆောင်ချက်ကား အကြင် လေ နှင့်အလားတူ၏။ ထိုလေ၌ အလွန် ပြင်းထန်သော အအေးဓါတ်သည်ရှိ၏။ ထိုလေသည် မိမိတို့ ကိုယ်ကို နှိပ်စက်ကလူ ပြုကြကုန်သော အကြင် လူစုတစု၏ လယ်ယာကို တိုက်ခတ်၍ ထိုလယ်ယာကိုင်းကျွန်းကို (ဆွေးမြေ့)ပျက်စီးစေခဲ့၏။ (ထိုနည်းပမာ ယုံကြည်ခြင်းသဒ္ဓါတရား ကင်းမဲ့သော သူတို့၏ အလှူဒါနများသည်လည်း နောင်တမလွန်ဘဝ၌ အချည်းနှီးပင် ဖြစ်ပေမည်)။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့အား နှိပ်စက်ညှဉ်းပန်းတော် မူသည်မဟုတ်ပေ၊ သို့ရာတွင် ယင်းသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ပင် နှိပ်စက်ကလူ ပြုကြကုန်သတည်း။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا
لَا تَتَّخِذُوْا بِطَانَةً مِّنْ دُوْنِكُمْ
لَا يَاْلُوْنَكُمْ خَبَالًا ؕ وَدُّوْا مَا
عَنِتُّمْ ۚ قَدْ بَدَتِ الْبَغْضَآءُ
مِنْ اَفْوَاهِهِمْ ۖ وَمَا تُخْفِيْ صُدُوْرُهُمْ
اَكْبَرُ ؕ قَدْ بَيَّنَّا لَكُمُ الْاٰيٰتِ
اِنْ كُنْتُمْ تَعْقِلُوْنَ ﴿۱۱۸﴾

၁၁၈။ အို – "မုအ်မင်န်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့(မွတ်စ်လင်မ်များ)အပြင် (အခြားမည်သူကိုမျှ) အကျွမ်းတဝင် ခင်မင်ရင်းနှီးသော အတွင်းသိ ချစ်ဆွေအဖြစ် မပြုကြကုန်လင့်။ (အကြောင်းတမူကား) ထိုသူတို့သည် အသင်တို့အား မကောင်းကြံစည်ရာ၌ အကြံအစည် လျှော့ကြမည်မဟုတ်ချေ။ (အမှန်စင်စစ်) ယင်းသူတို့သည် အသင်တို့ ဒုက္ခကြီးစွာ တွေ့ကြုံခြင်းကိုသာ နှစ်သက်ကြကုန်၏။ (သို့ကြောင့်) ရန်ငြိုးထားခြင်းသည် ယင်းသူတို့၏ နှုတ်များမှ မုချထွက်ပေါ်လာခဲ့ချေပြီ။ တဖန် ယင်းသူတို့ စိတ်နှလုံးများ၌ ကိန်းအောင်းလျက်ရှိသော အကြံအစည်များမှာမူ၊ သာ၍ပင် ကြီးမားလှတော့၏။

အကယ်၍သာ အသင်တို့သိနားလည်ကြပါမူ၊ ငါအရှင်မြတ်သည် အသင်တို့ အကျိုးငှါ (ယင်းသူတို့ ရန်ငြိုးထားရှိကြောင်းနှင့် စပ်လျဉ်း၍) သက်သေသာဓက လက္ခဏာရပ်တို့ကို မုချထုတ်ဖော် မိန့်ကြားထင်ရှားစေတော်မူခဲ့ပြီ ဖြစ်ချေသတည်း။

هَٰٓأَنتُمْ أُولَآءِ تُحِبُّونَهُمْ وَلَا يُحِبُّونَكُمْ وَتُؤْمِنُونَ بِالْكِتَٰبِ كُلِّهِۦ ۖ وَإِذَا لَقُوكُمْ قَالُوٓا۟ ءَامَنَّا ۖ وَإِذَا خَلَوْا۟ عَضُّوا۟ عَلَيْكُمُ الْأَنَامِلَ مِنَ الْغَيْظِ ۚ قُلْ مُوتُوا۟ بِغَيْظِكُمْ ۗ إِنَّ اللَّهَ عَلِيمٌۢ بِذَاتِ الصُّدُورِ ﴿١١٩﴾

၁၁၉။ ကြည့်စမ်း၊ ဟယ်- (“မုအ်မင်နဲ်” ယုံကြည်သူ အပေါင်းတို့) အသင်တို့သည် (သာလျှင်) ယင်းသူတို့အား ချစ်ခင် မြတ်နိုးကြကုန်၏။ သို့ရာတွင် ထိုသူတို့မူကား အသင်တို့အား (အလျင်း) ချစ်ခင် မြတ်နိုးကြသည်မဟုတ်ချေ။ ၎င်းပြင် အသင်တို့သည် (ကောင်းကင်မှ ကျရောက်လာသော) ကျမ်းဂန်အလုံးစုံတို့ကို ယုံကြည်ကြကုန်သည်။ (ထိုသူတို့ကား ဤသို့မဟုတ်ချေ)

ထိုမှတပါး ယင်းသူတို့သည် အသင်တို့နှင့် တွေ့ဆုံကြသောအခါ “အကျွန်ုပ်တို့သည် ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြပါပြီ” ဟု ပြောဆိုကြကုန်၏။ သို့ရာတွင် (အသင်တို့ကွယ်ရာတွင်) တကိုယ်ထီးတည်း ဖြစ်ကြလေသောအခါ အသင်တို့ အပေါ် ဝယ် အမျက်ဒေါသထွက်ခါ (မိမိတို့၏) လက်ချောင်းများကိုပင် ကိုက်ခဲကြကုန်သည်။

(အို- နဗီတမန်တော်) အသင်သည် ယင်းသူတို့အား (“အချင်းတို့) အသင်တို့သည် မိမိတို့အမျက်ဒေါသနှင့်ပင် သေကြကုန်လော့” ဟု ပြောကြားပါလေ။ မုချဧကန် အလ္လာဟ် အရှင်မြတ်သည် စိတ်နှလုံးများ၌ရှိသော အရာများကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင်တည်း။

إِنْ تَمْسَسْكُمْ حَسَنَةٌ تَسُؤْهُمْ وَإِنْ تُصِبْكُمْ سَيِّئَةٌ يَفْرَحُوا بِهَا ۖ وَإِنْ تَصْبِرُوا وَتَتَّقُوا لَا يَضُرُّكُمْ كَيْدُهُمْ شَيْئًا ۗ إِنَّ اللَّهَ بِمَا يَعْمَلُونَ مُحِيطٌ ﴿١٢٠﴾

၁၂၀။ အကယ်၍ အသင်တို့၌ ကောင်းကျိုးချမ်းသာ တစုံတရာ ဖြစ်ပေါ်လာခဲ့ပါမူ၊ ထိုသူတို့အား စိတ်ဒုက္ခ ရောက်စေ၏။ သို့ရာတွင် အသင်တို့၌ တစုံတရာ ဘေးအန္တရာယ် ဆိုက်ရောက်သည်ရှိသော်၊ ယင်း သူတို့သည် ဝမ်းသာအားရ ဖြစ်ကြလေသတည်း။

အမှန် စင်စစ်သော်ကား အကယ်၍သာ သင်တို့သည် သည်းခံခြင်းတရား ထားရှိ၍ ၁ ပြစ်မှုစရိုက်များမှ ကြဉ်ရှောင်ကြပါမူ၊ ထိုသူတို့၏ လှုပ်ရှားကြံစည်မှုသည် အသင်တို့အား လုံးဝ နစ်နာစေနိုင်မည် မဟုတ်ပေ။ မုချအမှန် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့ ပြုလုပ်ကြံကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَإِذْ غَدَوْتَ مِنْ أَهْلِكَ تُبَوِّئُ الْمُؤْمِنِينَ مَقَاعِدَ لِلْقِتَالِ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿١٢١﴾

၁၂၁။ (အို - နဗီတမန်တော်) အခါတပါး၌ အသင်သည် မိမိအိမ်သူ အိမ်သားများထံမှ (စစ်မက် ပြိုင်ဆိုင်ရန် အလို့ငှာ အုဟုဒ်တောင်ခြေသို့) နံနက် စောစော ထွက်ခဲ့၍ တပ်စွဲရန် နေရာများတွင် "မုအ်မင်နိ်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသော သူတို့အား နေရာချပေးလျက် ရှိခဲ့သည် (ကို အသင်သည် ပြန်လည်၍ သတိရှိပါလေ)။

---

၁ အစ္စလာမ်သာသနာ၏ ရန်သူကြီးငယ်တို့သည် မွတ်စ်လင်မ်တို့အား နစ်နာ ပျက်စီးစေရန် အဘယ်မျှပင် ကြံစည် အားထုတ်ကြလင့်ကစား အကယ်၍သာ မွတ်စ်လင်မ်တို့သည် 'ဆွဗ်ရ်' နှင့် 'တက္ကဝါ' တရားများကို တကယ်ပင် လက်ဆုပ်လက်ကိုင် ပြုထားကြပါလျှင် မွတ်စ်လင်မ်တို့သည် ရန်သူတို့၏ ဘေးရန်ခပ်သိမ်းတို့မှ လွတ်ငြိမ်းနိုင်ကြပေသည်။ ဤကားမွတ်စ်လင်မ်တို့အတို့ ရန်သူတို့၏ဘေးရန်အပေါင်းမှ လွတ်ငြိမ်းရန် ဆေးနည်းကောင်းတရပ်ပင်။(မာဂျိဒီ)

စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ထိုအခါက အသင်တို့နှင့် တကွ အသင်တို့၏ ရန်သူများ ပြောဆိုကြသော စကားအရပ်ရပ်တို့ကို) အကြွင်းမဲ့ကြားသိတော် မူသောအရှင်။ (အသင်တို့နှင့် တကွ အသင့်တို့၏ ရန်သူများ၏ အဖြစ်အပျက်အခြေအနေ အလုံးစုံတို့ကို) အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၁]

إِذْ هَمَّت طَّآئِفَتَانِ مِنكُمْ أَن تَفْشَلَا ۙ وَاللَّهُ وَلِيُّهُمَا ۗ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٢٢﴾

၁၂၂။ ထိုအချိန်တွင် အသင်(မွတ်စ်လင်မ်)တို့အနက်မှ လူစုနှစ်စုကားအားလျော့(၍လှည့်ပြန်ကြ)ရန် ကြံရွယ်ခဲ့ကြလေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထိုလူစုနှစ်စုလုံးကိုပင် စောင့်ရှောက်လျက် ရှိတော်မူခဲ့သည်။

သို့ဖြစ်ရာ ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြကုန်သော "မုအ်မာန်" အပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ယုံကြည်စိတ်ချ၍ အားကိုးအားထား)ပြုထိုက်ချေသည်။

---

① **အုဟုဒ်စစ်ပွဲ**

ဟစ်ဂျ်ရီ သက္ကရာဇ် ၂- ခုနှစ်တွင် 'ဗဒ်ရ်' စစ်ပွဲဖြစ်ပွားခဲ့၏။ ထိုစစ်ပွဲတွင် မက္ကာမြို့သား ကာဖိရ်များသည် အကြီးအကျယ် စစ်ရေးရှုံးနိမ့်ခဲ့ကြ၏။ မက္ကာမြို့သား ကာဖိရ်များသည် 'ဗဒ်ရ်' စစ်ပွဲတွင် မိမိတို့၏စစ်ရေးရှုံးနိမ့်ခဲ့သည်ကို လက်စားချေရန်အတွက် စစ်သည် ၃၀၀၀-ဖြင့် မဒီနာမြို့၏မြောက်ဘက် ၃-မိုင်ခန့်အကွာတွင်တည်ရှိသော 'အုဟုဒ်' တောင်ခြေသို့ချီတက်လာခဲ့ကြ၏။ ကာဖိရ်တို့၏ စစ်သည် ၃၀၀၀-တွင် သံချပ်အင်္ကျီဝတ်ဆင်ထားသော စစ်သည် ၇၀၀-ပါရှိ၏။ မြင်းစီးသူရဲ ၂၀၀-ပါရှိ၏။ ကျန်စစ်သည်များသည် ကုလားအုင်္ဂစီးသူရဲများဖြစ်ကြသည်။ ဤစစ်ပွဲတွင် ကာဖိရ်တို့ ဘက်မှ အကြီးအကဲများ အားလုံးလိုလိုပင် ပါဝင်ခဲ့ကြသည်။ စစ်သည်များ၏ စိတ်ဓါတ်များကို လှုံ့ဆော်ပေးရန် အမျိုးသမီးများကလည်း ပါဝင်ဆင်နွှဲခဲ့ကြ၏။

ထိုကာဖိရ် စစ်သည်တော်များအား ခုခံတိုက်ခိုက်ရန်အလို့ငှါ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် စစ်သည်တော် ၁၀၀၀-နှင့်အတူ မဒီနာမြို့မှထွက်၍ 'ရောက်တွံ' အမည်ရှိသော နေရာသို့ ရောက်ရှိလာတော်မူသောအခါ အဗ်ဒုလ္လာဟ်အီဗ်နအုဗိုင်ယ်က "ကျွန်ုပ်၏ဆန္ဒမှာ မြို့တွင်းမှနေပြီး ခုခံ တိုက်ခိုက်ရန်ဖြစ်သည်။ သို့သော် (တမန်တော်)မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် ကျွန်ုပ်၏အကြံဉာဏ်ကို လက်မခံပါ" ဟု ပြောဆိုကာ မိမိဘက်တော်သား ၃၀၀-ခေါ်ဆောင်၍ မြို့တွင်းသို့ ➤➤

➤➤ ပြန်သွားလေသည်။ ဤအခြင်းအရာကို တွေ့မြင်သော ဗန္ဓုစလိမဟ်နှင့် ဗန္ဓုဟာရိဆဟ် မျိုးနွယ်စု နှစ်စုသည်လည်း စိတ်ဓါတ်လျှော့ရန် တွေးတောခဲ့ကြ၏။ သို့ရာတွင် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ထိုမျိုးနွယ်နှစ်စုသည် နောက်ဆုံးတွင် စိတ်ဓါတ်ကြံခိုင်လာပြီး နဗီတမန်တော်နှင့် တကွ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် သဘောတူခဲ့ကြ၏။

ဤသို့အားဖြင့် နဗီတမန်တော်နှင့်အတူ အုဟုဒ် စစ်မြေပြင်သို့ ချီတက်သွားသော မွတ်စ်လင်မ် စစ်သည်တော်များမှာ ၇၀၀-သာလျှင်ဖြစ်၏။ ထိုစစ်သည်တော် ၇၀၀-တွင်လည်း သံချပ်အင်္ကျီဝတ်ဆင်နိုင်သော စစ်သည်တော်များမှာ ၂၀၀-မျှသာဖြစ်၏။ အစီးနင်းမှာလည်း စစ်တပ်တတပ်လုံးတွင် နဗီတမန်တော်၏ အစီးအနင်းအပြင် မြင်းတစ်ကောင် သာလျှင် ပါရှိ၏။ ဤစစ်ပွဲ၌ မွတ်စ်လင်မ်တို့ဘက်တွင် စစ်သည်တော်လည်း နည်း၏ လက်နက်အင်အားလည်း ချို့တဲ့လှ၏။

နဗီတမန်တော်သည် စစ်သည်တော် ၇၀၀-နှင့်အတူတကွ အုဟုဒ်တောင်ခြေသို့ ချီတက်တော်မူ၍ အုဟုဒ်တောင်ကို နောက်ခံထားပြီး စစ်သည်တော်များအား စံနစ်တကျ နေရာချတော်မူ၏။ အုဟုဒ်တောင်၏ နောက်ကျောဘက်မှ ရန်သူများ တက်ရောက်ကျော်နင်းမလာနိုင်ရန်အတွက် တမန်တော်သည် လေးသည်တော် ၅၀-အား ထိုတောင်ထိပ်ပေါ်တွင် နေရချထားတော်မူ၏။ ထိုလေးစစ်သည်တော်များ အပေါ်တွင် အဗ်ဒုလ္လာဟ် အီဗ်နုဂျုဗိုင်ရ်အား တပ်ဗိုလ်အဖြစ် ခန့်တော်မူပြီး " ငါတို့သည် စစ်မြေပြင်တွင် အောင်နိုင်လင့်ကစား အသင့်တို့သည် မိမိတို့နေရာမှ မရွေ့ကြနှင့် " ဟုမှာကြားထားတော်မူခဲ့၏။

ကာဖိရ် စစ်သည်များနှင့် မွတ်စ်လင်မ် စစ်သည်တော်များ စတင်တိုက်ခိုက်ကြရာတွင် မွတ်စ်လင်မ်တို့သည် အောင်နိုင်ကြလေသည်။ ထို့သို အောင်နိုင်ကြသည့်အခါတွင် တောင်ပေါ်၌ အစောင့်ချထားသော လေးသည်တော်များအနက် ၁၂-ဦးမှအပ ကျန်လေးသည်တော်များသည် မိမိတို့ တပ်ဗိုလ်ဖြစ်သော သာဝကကြီး အဗ်ဒုလ္လာဟ်အီဗ်နုဂျုဗိုင်ရ်က တောင်ခြေသို့ ဆင်းမသွားရန် အကြိမ်ကြိမ် တားမြစ်သည်ကိုပင် နားမထောင်ဘဲ တောင်ခြေသို့ ဆင်းလာခဲ့လေသည်။

ထိုသို့လေးသည်တော်များ တောင်ထိပ်မှဆင်းလာသောအခါ ရန်သူတို့ဘက်မှ ခါလစ်ဒ်အီဗ်နဝလီဒ် သည် မိမိစစ်သည်များနှင့်အတူ တောင်ထိပ်သို့ တက်လာပြီးလျှင် တောင်ထိပ်ရှိ မွတ်စ်လင်မ် လေးသည်တော် ၁၂-ဦးတို့အား တိုက်ခိုက်ကြ၏။ မွတ်စ်လင်မ် လေးသည်တော်များသည် အင်းအားချင်း မမျှသဖြင့် အသီးသီးကျဆုံးသွားရှာခဲ့လေ၏။ ထိုအချိန်တွင် ခါလစ်ဒ်အီဗ်နဝလီဒ်၏ စစ်သည်တော်များသည် တောင်ထိပ်မှနေ၍ မွတ်စ်လင်မ် စစ်သည်တော်များ အပေါ်သို့ မှားမိုးများ ရွာချလေရာ မွတ်စ်လင်မ် စစ်သည်တော်များ ကစဉ့်ကလျား ဖြစ်သွားခဲ့ကြရလေသည်။ စစ်ပွဲပြီးဆုံး၍ ကာဖိရ်စစ်သည်တော်များ တပ်လန်သွားကြသည်အခါ ကာဖိရ် စစ်သည်များသည် ပြန်လှန် မတိုက်ခိုက်နိုင်ကြရန်အတွက် ရန်သူတို့၏နောက်သို့ တမန်တော်မြတ်ကိုယ်တိုင်ပင် မွတ်စ်လင်မ်စစ်သည်တော် ၇၀နှင့်အတူတကွ ချီတက်သွားတော်မူလေသည်။

ဤစစ်ပွဲတွင် မွတ်စ်လင်မ်တို့သည် စစ်ရေးအောင်နိုင်ကြသော်လည်း မွတ်စ်လင်မ်စစ်သည်တော် ၇၀-တိတိ 'ရှဟီဒ်' ဖြစ်ကြလေသည်။ အဂ္ဂသာဝကကြီး ဟမ်ဇာဟ်သခင်လည်း ဤစစ်ပွဲမှာပင် ရှဟီဒ် ဖြစ်ရရှာသည်။ ဤစစ်ပွဲမှာပင် တမန်တော်မြတ်၏ သွားတော်တချောင်း ပဲ့စင်သွားရှာ၏ မျက်နှာတော်လည်း အနည်းငယ် ဒဏ်ရာရ၏။ ဤစစ်ပွဲအကြောင်းကား ရှည်လျားလှ၏ တရားရဘွယ်လည်း ကောင်းလှ၏။ သို့ပင် တစေလည်း ကျမ်းလေးမည်စိုး၍ ဤမျှနှင့်ပင် ဤအကြောင်းကို နိဂုံးချုပ်လိုက်ရပေသည်။ အကျယ်သိလိုပါက 'စီရတွန်နဗီကျမ်းတွင်ရှုပါကုန်'။

وَلَقَدْ نَصَرَكُمُ اللَّهُ بِبَدْرٍ وَأَنْتُمْ أَذِلَّةٌ ۖ فَاتَّقُوا اللَّهَ لَعَلَّكُمْ تَشْكُرُونَ ﴿١٢٣﴾

၁၂၃။ အသင်တို့သည် ဗဒ်ရ် (စစ်ပွဲ၌) [၁] အင်အား ချည့်နဲ့နေခိုက် [၂] အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား စကန်အမှန် ကူညီတော် မူခဲ့ချေပြီ။ သို့ဖြစ်ပေရာအသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ် အရှင်မြတ်၏) ကျေးဇူးတော်များကို သိတတ်ကြရာသတည်း။

إِذْ تَقُولُ لِلْمُؤْمِنِينَ أَلَنْ يَكْفِيَكُمْ أَنْ يُمِدَّكُمْ رَبُّكُمْ بِثَلَاثَةِ آلَافٍ مِنَ الْمَلَائِكَةِ مُنْزَلِينَ ﴿١٢٤﴾

၁၂၄။ (အို - နဗီတမန်တော်) ထိုအခါ သင်သည် (စစ်မြေပြင်၌) " မုအ်မင်န် " သက်ဝင်ယုံကြည်သူတို့အား (ဤသို့) ပြောကြားလျက် ရှိခဲ့လေသည်။ [၃] (ဟယ်-အချင်းတို့) အသင်တို့ကို မွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အား (ထို အရှင်မြတ် အထံတော်မှ) ဆင်းသက် စေတော်မူခြင်း ခံရလေသော *'မလာအိကဟ်' အပါးတော်* *စေတမန်သုံးထောင်ဖြင့်* [၄] ကူညီစောင်မတော်မူခြင်းသည် အသင်တို့ အဘို့မလုံလောက်ပါလော။

---

① 'ဗဒ်ရ်' သည် မဒီနာမြို့တော်၏ အနောက်တောင်ဘက် မိုင်၂၀ခန့်တွင်တည်ရှိသော ခရီးစခန်းတခု၏ အမည်ဖြစ်သည်။ ထိုစခန်းတွင် သောက်သုံးရန် ရေလုံလောက်စွာရ၏။ ထိုစခန်းတွင် ဟဂျ်ရီ သက္ကရာဇ် ၂-ခုနှစ် ရမဿွာန်လ-၂၇-ရက်သောကြာနေ့ (ခရစ်သက္ကရာဇ် ၆၂၄ခု မတ်လ ၁၁ ရက်နေ့)၌ မွတ်စ်လင်မ်တို့နှင့် မက္ကာမြို့သား မွတ်ရှ်ရစ်ကိုအကြားတွင် ရာဇဝင်ထင်ရှားသည့် စစ်ပွဲတပွဲဖြစ်ပွားခဲ့၏။

② ဗဒ်ရ် စစ်ပွဲဖြစ်ပွားသည့် အချိန်တွင် မွတ်စ်လင်မ်တို့သည် အလွန်တရာမှ အင်အားချည့်နဲ့ခဲ့ကြ၏။ ထိုစစ်ပွဲတွင် မွတ်စ်လင်မ် စစ်သည်တော်များမှာ ၃၁၃-မျှသာဖြစ်၏။ အစီးအနင်းအတွက် မြင်း၂ကောင် ကုလားအုပ် ၇၀-မျှသာပါရှိ၏။

③ "ဗဒ်ရ်" စစ်မြေပြင်တွင် အရပ်မှရှ်ရစ်က် ရန်သူတို့အား စစ်ကူပေးရန် အတွက် "ကုရ်ဇ် အီဗ်နု ဂျာဗိရ်မုဟာရဗီ" သည် မိမိဘက်တော်သားများနှင့် အတူတကွ လာပြီ ဟူသော ကောလဟာလ သတင်းတစ်ရပ် ပေါက်ကြား လာသောအခါ၊ မွတ်စ်လင်မ် စစ်သည်တော်များ ပူပန်သောက ဖြစ်ကြလေသည်။ ထိုအချိန်တွင် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ မွတ်စ်လင်မ် စစ်သည်တော်များ စိတ်ဓါတ် ကြံ့ခိုင်စေရန် အလို့ငှာ ဤအာယသ်တော်တွင် ပါရှိသည့်အတိုင်း အားပေးစကား ပြောကြားတော်မူလေသည်။ စစ်မြေပြင်တွင် စစ်သည်တော်များ စိတ်ဓါတ်ကြံ့ခိုင်မှု စွမ်းရည် သတ္တိသည် အဘယ်မျှအရေးကြီးသည်ကို အထူးထုတ်ဖော်ရေးသားရန်မလိုပေ။ ကြည့်-မာဂျီဒီ။

بَلَىٰٓ إِن تَصْبِرُوا۟ وَتَتَّقُوا۟ وَيَأْتُوكُم مِّن فَوْرِهِمْ هَٰذَا يُمْدِدْكُمْ رَبُّكُم بِخَمْسَةِ آلَٰفٍ مِّنَ ٱلْمَلَٰٓئِكَةِ مُسَوِّمِينَ ﴿١٢٥﴾

၁၂၅။ အဘယ်ကြောင့် မလုံလောက်ပါမည်နည်း။ (မုချလုံလောက်ပေမည်)။ အကယ်၍ အသင်တို့သည် ခန္တီတရားထား ရှိကြပါလျှင်လည်းကောင်း၊ ထိုနည်း တူစွာ အသင်တို့သည် (မြစ်တားထားသော အချက်တို့မှ) ကြည်ရောင်ကြပါလျှင်လည်းကောင်း၊ ထို့ပြင် ထို (ရန်)သူများသည် အသင်တို့ထံ ရုတ်တရက် တမဟုတ်ခြင်း လာရောက် (တိုက်ခိုက်)ကြပါလျှင်လည်းကောင်း၊ အသင်တို့ကို မွေးမြူတော်မူသော အရှင်မြတ်သည် *အမှတ်သညာ* ထားရှိကြကုန်သော *"မလာအိကဟ်" အပါးတော်စေတမန်* [၁] ငါးထောင် ဖြင့် အသင်တို့အား ကူညီစောင်မတော်မူလတ္တံ့။

---

(၄) အလ္လာဟ်အရှင်မြတ်သည် 'ဗဒ်ရ်' စစ်မြေပြင်တွင် မွတ်စ်လင်မ် စစ်သည်တော်များအား ပဌမအကြိမ်၌' 'မလာအိကဟ်' အပါးတော်စေတမန် ၁၀၀၀-စေလွှတ်၍ ကူညီတော်မူရန် ကတိပြုတော်မူခဲ့သည်။ ဒုတိယအကြိမ် အပါးတော်စေတမန် ၃၀၀၀- စေလွှတ်၍ ကူညီရန် ကတိပြုတော်မူခဲ့သည်။ တတိယအကြိမ်၌ အပါးတော်စေတမန် ၅၀၀၀- စေလွှတ်၍ ကူညီရန် ကတိပြုတော်မူခဲ့သည်။ အပါးတော်စေတမန်များ ဦးရေကို ဤသို့ အဆင့်ဆင့်တိုး၍ ကတိပြုတော်မူခြင်း၏ အကြောင်းကိုရှင်းပြဦးအံ့။

ပဌမအကြိမ်တွင် အပါးတော်စေတမန် ၁၀၀၀- စေလွှတ်၍ ကူညီရန် ကတိပြုတော်မူခြင်းမှာ မွတ်စ်လင်မ် စစ်သည်တော်များ၏ ဆုပန်ကြားချက်အရဖြစ်သည်။ ဤအကြောင်းအရာကို ကုရ်အာန်ကျမ်းမြတ် (၈း၉)တွင် အထင်အရှားတွေ့ရှိရပေသည်။

ဒုတိယအကြိမ် အပါးတော်စေတမန် ၃၀၀၀- စေလွှတ်၍ ကူညီရန်ကတိပြုတော်မူခြင်းမှာ 'ဗဒ်ရ်' စစ်မြေပြင်တွင် ရန်သူများထံသို့ စစ်ကူရောက်လာပြီဟူသော ကောလဟာလ သတင်းဖြစ်ပွားး၍ မွတ်စ်လင်မ် စစ်သည်တော် များပူပင်သောက ဖြစ်ခြင်းကြောင့်ဖြစ်သည်။

တတိယအကြိမ်တွင် အပါးတော်စေတမန် ၅၀၀၀- စေလွှတ်၍ ကူညီရန် ကတိပြုတော်မူခြင်းသည် ခြွင်းချက်နှင့် ပြုထားတော်မူသော ကတိဖြစ်ပေသည်။ အကယ်၍ မွတ်စ်လင်မ် စစ်သည်တော်များသည် ခန္တီတရားကို လက်ကိုင်ထားရှိ၍ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြအံ့။ ၎င်းပြင်ရန်သူများကလည်း မွတ်စ်လင်မ် တို့အား တမုဟုတ်ခြင်း လာရောက်တိုက်ခိုက်ကြအံ့၊ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် အပါးတော် စေတမန် ၅၀၀၀-ကို စေလွှတ်၍ ကူညီတော်မူအံ့ ဟူလို။ (ထာနဝီ)။

[အလ္လာဟ်အရှင်မြတ်သည် 'ဟုနိုင်န်' စစ်ပွဲတွင်လည်း အပါးတော်စေတမန်များကို စေလွှတ်တော်မူ၍ မွတ်စ်လင်မ် စစ်သည်တော်များအား ကူညီတော်မူခဲ့လေသည်။ ကြည့်-ကုရ်အာန် (၉း၂၆)။ ဤအကြောင်းကို သက်ဆိုင်ရာ အာယသ်တော်တွင် အကျယ်ရေးသားဦးအံ့။]

(၅) "မုစောင်ဝိမိန်' ဟူသောစကား၏ အဓိပ္ပါယ်မှာ ' အမှတ်သညာ တပ်ဆင်ထားသောသူများ' ဟူ၍ ➤➤

وَمَا جَعَلَهُ اللَّهُ إِلَّا بُشْرَىٰ لَكُمْ وَلِتَطْمَئِنَّ قُلُوبُكُم بِهِ ۚ وَمَا النَّصْرُ إِلَّا مِنْ عِندِ اللَّهِ الْعَزِيزِ الْحَكِيمِ ﴿١٢٦﴾

၁၂၆။ အလ္လာဟ်အရှင်မြတ်သည် (တမန်တော်မြတ်၏) ထို (ပြောကြားချက်) ကို အသင်တို့အတို့ဝမ်းမြောက်ဘွယ်ရာ သတင်း (ဖြစ်စေရန်)နှင့် ထို (ပြောကြားချက်ကို ကြားသိရခြင်း)အားဖြင့် အသင်တို့၏ စိတ်နှလုံးများတည်ငြိမ်ရန် အတွက်သာလျှင် ပြုတော်မူခဲ့လေသည်။

အမှန်စင်စစ် ကူညီမှု ဟူသည်ကား တန်ခိုးအာနုဘော်ဖြင့်လွှမ်းမိုးတော်မူသော။ အကျိုးအကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏အထံတော်မှသာလျှင် ဖြစ်ချေသည်။

لِيَقْطَعَ طَرَفًا مِّنَ الَّذِينَ كَفَرُوا أَوْ يَكْبِتَهُمْ فَيَنقَلِبُوا خَائِبِينَ ﴿١٢٧﴾

၁၂၇။ (၄င်းပြင် ယင်းသို့ ကူညီစောင့်မတော်မူခြင်းသည်) 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အနက်မှတစ်စုကို ဖျက်စီးရန်အတွက် [၁] ဖြစ်ချေသည်။ သို့တည်းမဟုတ် ယင်းသူအား ဂုဏ်ရည်သေးသိမ်စေရန်အတွက် [၂] ဖြစ်သည်။ သို့ဖြစ်ပေရာ ယင်းသူတို့သည် အလိုဆန္ဒမပြည့်ဝကြဘဲလျက် ပြန်လှည့်(ဆုတ်ခွာထွက်ပြေး)ကြရပေမည်။

➤➤ ဖြစ်သည်။ ကြည့် - ရာဃိဗ်။ အထက်ပါစကား၏ အခြားအဓိပ္ပါယ်တစ်ရပ်မှာ 'တိုက်ခိုက်ချေဖျက်သူများ' ဟူ၍ လည်းဖြစ်သည်။ ကြည့်- လိစါနလ်အရဗ်။ အဆိုပါ အဓိပ္ပါယ်နှစ်ရပ်အနက် ပဌမအဓိပ္ပါယ်ကို 'မုဖတ်စ်စိရီန်' အဋ္ဌကထာရှင်များ ပိုမို နှစ်ခြိုက်ကြပေသည်။ တိုင်းပြည်နိုင်ငံ အသီးသီးတို့ရှိ စစ်တပ်များတွင် အမှုထမ်းလျက်ရှိသော စစ်သားများသည် Uniform တမျိုးတစားတည်း၊ တပုံစံတည်း ဝတ်ဆင်ကြသည်မှာ သူငါအများအသိပင် ဖြစ်ကြ၏။ ထိုအတူ 'ဗဒ်ရ်' စစ်မြေပြင်တွင် မွတ်စ်လင်မ် စစ်သည်တော်များအား ကူညီရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်က စေလွှတ်ရန် ကတိပြုတော်မူသော အပါးတော် စေတမန်များသည်လည်း ထူခြားသော အမှတ်သညာ ဝတ်စားတန်ဆာများကို ဆင်မြန်းလျက်ရှိကြပေသည်။ ဤကဲ့သို့ Uniform ဆင်တူဝတ်စုံ ဝတ်ဆင်လျက်ရှိသော အပါးတော် စေတမန်များအား တွေ့မြင်ခြင်းအားဖြင့် မွတ်စ်လင်မ် စစ်သည်တော်များ၏ စိတ်ဓါတ်ကြံ့ခိုင်လာမည်မှာ မုချပင် ဖြစ်ပေသည်။

① " 'ကာဖိရ်'တို့အနက်မှ လူစုတစ်စုအား ချေဖျက်တော်မူရန်အလို့ငှာ" ဟုမိန့်ဆိုတော်မူသည့် အတိုင်း 'ဗဒ်ရ်' စစ်မြေပြင်တွင် ကာဖိရ်စစ်သည်များအနက်မှ စစ်သည် ၇၀- တိတိ ကျဆုံးခဲ့ကြရလေသည်။

② " ထိုကာဖိရ်တို့အား ဂုဏ်ရည် သေးသိမ်စေတော်မူရန် အလို့ငှာ" ဟု မိန့်ဆိုထားတော်မူသည့် ➤➤

لَيْسَ لَكَ مِنَ الْأَمْرِ شَيْءٌ أَوْ يَتُوبَ عَلَيْهِمْ أَوْ يُعَذِّبَهُمْ فَإِنَّهُمْ ظَالِمُونَ ﴿١٢٨﴾

၁၂၈။ (အို- နဗီတမန်တော်) ဤကိစ္စနှင့်စပ်လျဉ်း၍ အသင်တစ်စုံတရာ ဝင်ရောက် စွက်ဖက်ပိုင်ခွင့်မရှိချေ။ ထိုအရှင်မြတ်သည် ထိုသူတို့ဘက်သို့ ကရုဏာတော် ဖြင့် ပြန်လှည့်တော် မူသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုသူတို့အား အပြစ်ဒဏ် ပေးတော်မူသည်ဖြစ်စေ၊ အဘယ်ကြောင့်ဟူမူ ထိုသူများသည် မုချဧကန် မတော် မတရားကျူးလွန်သော သူများဖြစ်ကြပေသည်။[၁]

وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ يَغْفِرُ لِمَنْ يَشَاءُ وَيُعَذِّبُ مَنْ يَشَاءُ ۗ وَاللَّهُ غَفُورٌ رَحِيمٌ ﴿١٢٩﴾

၁၂၉။ ထိုပြင်တဝ အာကာသကောင်းကင်များ၌ ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာများသည်၎င်း၊ ပထဝီမြေ၌ ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာများသည်၎င်း၊ အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများချည်းသာတည်း။

ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူကို အပြစ်မှချမ်းသာပေးသနားတော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူကို အပြစ်ပေးတော် မူလေသည်။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အပြစ်များမှ အလွန် ချမ်းသာခွင့် ပေးသနားတော်မူထသော အရှင်၊ အစဉ်သနား ကြင်နာ ညှာတာတော် မူထသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ အတိုင်း 'ဗဒ်ရ်' စစ်ပွဲတွင် ကာဖိရ်တို့သည် စစ်ရေးရှုံးနိမ့်၍ စစ်မြေပြင်မှ မရှုမလှ ထွက်ပြေးကြရသည်သာမက မွတ်စ်လင်မ်တို့လက်တွင်း၌ ကာဖိရ်စစ်သည် ၇၀-သည်လည်း စစ်သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ကြရပေသည်။

① **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။**

'အုဟုဒ်' စစ်မြေပြင်တွင် မွတ်စ်လင်မ် စစ်သည်တော်များ အများအပြား ကျဆုံးရသည်သာမက နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ မျက်နှာနှင့် သွားများ၌ပင်လျှင် ဒဏ်ရာရရှိခဲ့လေသည်။ ထိုအချိန်တွင် တမန်တော်မြတ်က" မိမိတို့၏နဗီ၏မျက်နှာကို သွေးဖြင့် အရောင်ဆိုးသောသူများသည် အသို့လျှင် အောင်နိုင်ကြအုံးနည်း" ဟုပြောကြားတော်မူခဲ့၏။ ထိုအခါတွင် အလ္လာဟ်အရှင်မြတ်သည် ဤအာယသ်တော်ကို ထုတ်ပြန်ပို့ချတော်မူခဲ့လေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَأْكُلُوا۟ ٱلرِّبَوٰٓا۟ أَضْعَٰفًا مُّضَٰعَفَةً ۖ وَٱتَّقُوا۟ ٱللَّهَ لَعَلَّكُمْ تُفْلِحُونَ ﴿١٣٠﴾

၁၃၀။ အို-“ မုအ်မင်န် ” ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသူ အပေါင်းတို့။ အသင်တို့သည် ဆထက် တိုးပြီးဖြစ်သော၊ *ဆပေါင်းများစွာသော* [၁] အတိုး အညွှန့်ကို [၂] မစားကြကုန်လင့်။ ၄င်းပြင် အသင်တို့ သည် အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ကြလေ ကုန်၊ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြ ကုန်အံ့။

وَٱتَّقُوا۟ ٱلنَّارَ ٱلَّتِىٓ أُعِدَّتْ لِلْكَٰفِرِينَ ﴿١٣١﴾

၁၃၁။ ထိုမှတပါးတဲ့ အသင်တို့သည် “ကာဖိရ်” မယုံကြည် သွေဖယ်ငြင်းပယ်ကြကုန်သော သူတို့ အတို့ အသင့်ပြင်ဆင် ထားရှိပြီးဖြစ်သော (၎ရဲ)မီး ဘေးမှ (လည်း) ကြဉ်ရှောင်ကြလေကုန်။

---

① အတိုးအညွှန့်သည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ‘ဟရာမ်’ ပင်ဖြစ်သည်။ အလျင်း မစားသုံးအပ်ပေ။

ဤအာယသ်တော်တွင် “ဆထက်တိုးထားသော၊ ဆပေါင်းများစွာသော” ဟူသောစကားသည် အတိုးအညွှန့်မစားသုံးရန်အတွက် သတ်မှတ်ထားသောခြွင်းချက်မဟုတ်ပေ။ အတိတ်ခေတ်တွင်ယင်းကဲ့သို့ ဆပေါင်းများစွာ တိုးတက်၍ အတိုးအညွှန့် စားသုံးခဲ့သည့် ထုံးတမ်းစဉ်လာကို ရည်ညွှန်းမိန့်ဆို ထားတော်မူခြင်းဖြစ်သည်။

အတိတ်ခေတ်၌ အကြွေးအရောင်းအဝယ် ပြုသည့်အခါ ကြွေးဆပ်ရန် သတ်မှတ်ထားသော နေ့ရက်တွင် အကြွေးကို ပြေလည်အောင်ပေးဆပ်ပါမည်ဟု မြီစားယူသူက ကတိပြုရသည်။ အကြွေးဆပ်ရန် သတ်မှတ်ထားသော အချိန်ရောက်၍ အကြွေးကိုမဆပ်နိုင်သော် ကြွေးရှင်သည် မူလကြွေးရင်းကို ပိုမိုတိုးထားပြီးလျှင် အကြွေးဆပ်ရန် မြီစားအား အချိန်ပိုပေးလေ့ရှိသည်။ (ထာနဝီ)။

အတိုးအညွှန့်သည် ဓနရှင်အား ဓနရှင်ကြီးဖြစ်စေ၏။ ဆင်းရဲသားအား ဆင်းရဲဒုက္ခ၏ အဆိုးရွားဆုံး ဘဝသို့ရောက်စေ၏။ အတိုးအညွှန့်သည် အလွန်တရားဆိုးရွားလှသော ရေဂါကြီးနှင့်တူ၏။ ထို့အတွက်ကြောင့် ပင်လျှင် အလ္လာဟ်အရှင်မြတ်သည် အတိုးအညွှန့်စားသုံးခြင်းကို လုံးဝမြစ်တားထားတော်မူလေသည်။ များစွာသော ‘မုဖတ်စိရီန်’ အဋ္ဌကထာရှင်များက ပြေဆိုကြသည်မှာ ဤကြောက်မက်ဘွယ် သတိပေးနှိုးဆော်ချက်သည် အတိုးအညွှန့်စားသုံးခြင်းကို ‘ဟလာလ်’ စားသုံးပိုင်သည်ဟူ၍ ယုံကြည်ယူဆသော သူအတွက် ဖြစ်သည်။ အတိုးအညွှန့်စားသုံးခြင်းကို ‘ဟလာလ်’ စားသုံးပိုင်သည်ဟူ၍ ယူဆသောသူသည် ‘ကာဖိရ်’ ဖြစ်သည်။ ကုရ်တုဗီ။

② အတိုးအညွှန့်မစားသုံးအပ်သည့် အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂:၂၇၅၊ ၂၇၈၊ ၂၇၉။ ၃း ၁၂၉။ ၄း ၁၆၁။ ၃၀း ၃၉။) တွင် တွေ့ရှိရပေသည်။

وَأَطِيعُوا اللَّهَ وَالرَّسُولَ لَعَلَّكُمْ تُرْحَمُونَ ﴿١٣٢﴾

၁၃၂။ ထို့ပြင်တဝ အသင်တို့သည် အလွှာဟ် အရှင်မြတ်၏ အမိန့်တော် များကိုလည်း၊ ရဿူလ် တမန်တော်၏ ဩဝါဒများကိုလည်း၊ လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် သနားကြင်နာညှာတာတော်မူခြင်းကို ခံကြရလတ္တံ့။

وَسَارِعُوا إِلَىٰ مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمَاوَاتُ وَالْأَرْضُ أُعِدَّتْ لِلْمُتَّقِينَ ﴿١٣٣﴾

၁၃၃။ ထို့ပြင်တဝ အသင်တို့သည် မိမိ တို့၏ အရှင်မြတ်၏ အထံတော်မှဖြစ်သော အပြစ်မှ ချမ်းသာ ပေးသနားတော်မူရာသို့လည်း၊ "ဂျန္နတ်" အမတသုခဘုံသို့လည်း၊ သူ့ထက်ငါသာအောင် လျင်မြန်စွာ ပြေးလာကြကုန်လော့။ ထို "ဂျန္နတ်" အမတသုခဘုံ၏ အကျယ်အဝန်းကား [၁] မိုးကောင်းကင်များနှင့် ပထဝီမြေပြင် (တမျှ) ဖြစ်၏။ ထို "ဂျန္နတ်" အမတသုခဘုံသည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော "မွတ္တကီ" သူတော်စင်များအဘို့ အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသတည်း။

الَّذِينَ يُنفِقُونَ فِي السَّرَّاءِ وَالضَّرَّاءِ وَالْكَاظِمِينَ الْغَيْظَ

၁၃၄။ ထိုသူတော်စင်များသည် စီးပွားတိုးတက်ချောင်လည်စွာရှိသော အချိန်အခါများ၌လည်း၊ ဆင်းရဲဒုက္ခရောက်ရှိသောအခါများ၌လည်း (အချိန်အခါ မရွေး) *ပေးကမ်းစွန့်ကြဲ လှူဒါန်းကြကုန်၏။* [၂]

---

① လူသားတို့အမြင်တွင် မိုးနှင့်မြေထက် ကျယ်ဝန်းသော အရာဝတ္ထု မရှိချေ။ မိုးနှင့်မြေသည် အကျယ်ဝန်းဆုံးသော အရာများဖြစ်ချေသည်။ ထို့အတွက်ကြောင့်ပင် 'ဂျန္နတ်' ၏အကျယ်အဝန်းကို လူသားတို့ခန့်မှန်းနိုင်ရန် အလို့ငှါ 'ဂျန္နတ်' သည် မိုးများနှင့် ပထဝီမြေကြီးတမျှဖြစ်သည်" ဟူ၍ ဤအာယသ်တော်တွင် နှိုင်းယှဉ်ပြီး မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ 'ဂျန္နတ်' ၏ အကျယ်အဝန်းမှာ ဤရွေ့ဤမျှဖြစ်သည်ဟူ၍ အတိအကျ တိုင်းထွာပြထားသည်မဟုတ်။ ဂျန္နတ်သည် မိုးမြေတို့ထက်ဆပေါင်းများစွာ ကျယ်ဝန်းကြောင်း တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဩဝါဒများတွင် အများအပြား တွေ့ ရှိရပေသည်။

② **မွတ္တကီများ၏ ဂုဏ်ပုဒ်များ။**

(က)။ အများအားဖြင့်လူသားတို့သည် ဥစ္စာဓနအလွန်တရာ ပေါများကြွယ်ဝနေကြသည့်အခါ စိုးရိမ်ကြောင့်ကြမူမှကင်း၍ လောကီစည်းစိမ်တွင် နစ်မွန်းကာ အလွှာဟ်အရှင်မြတ်ကိုပင် မေ့လျော့နေတတ်ကြ၏။ ➤➤

وَالْعَافِينَ عَنِ النَّاسِ ۗ وَاللَّهُ يُحِبُّ الْمُحْسِنِينَ ﴿١٣٤﴾

(ထိုသူတော်စင်များသည်) အမျက်ဒေါသကို ချုပ်တည်းမျိုသိပ်သော သူများလည်း [၁] ဖြစ်ကြကုန်၏။ လူသားတို့အား ခွင့်လွှတ်သူများလည်း [၂] ဖြစ်ကြကုန်၏။ စင်စစ် အလ္လာဟ် အရှင်မြတ်သည် (ယင်းသို့) ကောင်းမှုပြုလုပ်သော သူများအား [၃] နှစ်သက်တော်မူချေသတည်း။

➤➤ ထိုအချိန်မျိုးတွင် အလှူဒါနမပြုနိုင်ကြချေ။ ထို့အတူ အလွန်ဆင်းရဲပြီး စားဝတ်နေရေးတို့တွင် ကသီလင်တ ဖြစ်နေသည့် အခါတွင်လည်း အလှူဒါန မပြုနိုင်ကြချေ။ သို့ရာတွင် 'မွတ္တကီ' သူတော်စင်များသည် ချမ်းသာကြွယ်ဝသည့်အခါ၌ငင်း၊ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံနေကြရသည့်အခါတွင်ငင်း။ အချိန်အခါမရွေး မိမိတို့၏ ဥစ္စာပစ္စည်းများကို လောကီ၊ လောကုတ္တရာရေးများ၌ တရားသဖြင့် ပေးကမ်းလှူဒါန်းကြကုန်၏ မတရားဖြုန်တီးခြင်းနှင့် တွန့်တိုခြင်းသည် သူတော်စင်တို့၏ လက္ခဏာမဟုတ်။ သူယုတ်မာတို့၏ လက္ခဏာတည်း။

① (ခ) 'မွတ္တကီ' သူတော်စင်များ၏ ဂုဏ်ထူးဝိသေသများအနက် ဝိသေသတရပ်မှာ ထိုသူတော်စင်များသည် အမျက်ဒေါသကို ချုပ်တည်းနိုင်ခြင်းပင်ဖြစ်ပေသည်။ 'သတိတမံ ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့အုပ်' ဆိုသကဲ့သို့ ဆင်ကြီးနှင့်တူသော ဒေါသကို ပညာဉာဏ်တည်းဟူသော ချွန်းဖြင့် အုပ်ထိန်းနိုင်ရပေသည်။ ဆင်ကိုချွန်းဖြင့် မအုပ်ထိန်းပါကလူကို ဘေးရန်ဖြစ်စေသကဲ့သို့ ဒေါသအမျက်ကို ဉာဏ်ပညာဖြင့် မချုပ်တည်းပါက အလွန်အကျွံ ဖြစ်စေတတ်သည်။

အမျက်ဒေါသကို ချုပ်တည်းနိုင်သောသူများနှင့် စပ်လျဉ်း၍ နဗီတမန်တော် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က ဤသို့ မိန့်ကြားတော်မူခဲ့လေသည်။

> အကြင်သူသည် အမျက်ဒေါသအလျောက် ပြုမူစွမ်းနိုင်ပါလျက် အမျက်ဒေါသကို ချုပ်တည်းအံ့။ အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏စိတ်နှလုံးကို အေးချမ်းမှုဖြင့်ငင်း။ 'အီမါန်' ယုံကြည်ခြင်းသဒ္ဓါတရားဖြင့်ငင်း ဖြည့်စွမ်းပေးတော်မူအံ့၊

② (ဂ) 'မွတ္တကီ' သူတော်စင်များ၏ ဂုဏ်ထူးဝိသေသများအနက် ဝိသေသတရပ်မှာ ထိုသူတော်စင်များသည် သူတပါး၏ အပြစ်ကြီးငယ်များကို တုံ့ပြန်ချေပနိုင်ပါလျက် ခွင့်လွှတ်ခြင်းပင်ဖြစ်၏။ ဤဂုဏ်ထူးသည် အမျက်ဒေါသကို ချုပ်တည်းနိုင်မှုထက် မြင့်မြတ်ပေသည်။

③ (ဃ) 'မွတ္တကီ' သူတော်စင်များ၏ ဂုဏ်ထူးဝိသေသများအနက် ဝိသေသတရပ်မှာ ထိုသူတော်စင်များသည် အပြစ်ရှိသူတို့အား ခွင့်လွှတ်ကြသည်သာမက ယင်းသူတို့အား အကောင်းဖြင့် တုံ့ပြန်ကြကုန်၏။ ဤဂုဏ်ထူးသည် အမျက်ဒေါသကို ချုပ်တည်းနိုင်မှုနှင့်အပြစ်များကို ခွင့်လွှတ်မှုထက်ပင် ပိုမိုမြင့်မြတ်ပေသည်။

အတုယူဘွယ် သာဓက။

တနေ့သ၌ နဗီတမန်တော်၏မြေးတော်ဟိုစိုင်န်သခင်၏သား၊ မြစ်တော်အလီသခင်အား ကျွန်မကလေးတစ်ယောက်သည် 'ဝုဿူ' ပြုရာ၌ရေလောင်းပေးနေစဉ် ရေခွက်သည် ကျွန်မကလေး၏လက်မှလွတ်၍ အလီသခင်၏အပေါ်သို့ ကျသွားလေရာ အလီသခင်သည် ဒေါသဖြစ်မိလေသည်။ ထိုအချိန်တွင် ကျွန်မကလေးသည် သူတော်စင်များသည် "ဒေါသအမျက်ကိုချုပ်တည်းနိုင်သောသူများဖြစ်ကြကုန်၏" ဟု အနက်ပေးသော ➤➤

وَالَّذِيْنَ اِذَا فَعَلُوْا فَاحِشَةً
اَوْ ظَلَمُوْٓا اَنْفُسَهُمْ ذَكَرُوا
اللّٰهَ فَاسْتَغْفَرُوْا لِذُنُوْبِهِمْ ۗ
وَمَنْ يَّغْفِرُ الذُّنُوْبَ اِلَّا
اللّٰهُ ۗ وَلَمْ يُصِرُّوْا عَلٰى
مَا فَعَلُوْا وَهُمْ
يَعْلَمُوْنَ ﴿١٣٥﴾

၁၃၅။ ထို့ပြင်တဝ ယင်း သူတော်စင် များသည် ညစ်ညမ်းသော ကိစ္စတရပ်ရပ်ကို ပြုလုပ်မိကြသည်ဖြစ်စေ၊ မိမိတို့ကိုယ်ကို နှိပ်စက်ညှင်းပန်းမိကြသည်ဖြစ်စေ (ပြုမိလျှင်ပြုမိခြင်း) အလျှာဟ် အရှင်မြတ်အား အောက်မေ့ တသ သတိရကြကုန်၏။ ထို့နောက် မိမိတို့အပြစ်များမှ ချမ်းသာရန်အလို့ငှါ (အလျှာဟ်အရှင်မြတ် အထံတော်၌) အသနားခံတောင်းပန်ကြကုန်၏။

စင်စစ်သော်ကား အလျှာဟ် အရှင်မြတ်မှတပါး အပြစ်များမှ ချမ်းသာခွင့် ပေးနိုင်သောသူသည် အဘယ်သူနည်း။ တဖန် ယင်းသူတို့သည် မိမိတို့ ပြုလုပ်မိကြသော (ပြစ်မှု ဒုစရိုက်များကို) ဖွတ်တိုး၍ မိမိတို့ကိုယ်တိုင် သိနားလည်ကြပါလျက်နှင့် လက်မလျှော့ဘဲ ပြုမြဲပြုနေခဲ့ကြ သည်လည်း မဟုတ်ချေ။ ၁

>> (الْكٰظِمِيْنَ الْغَيْظَ) ဟူသော အာယသ်တော်ကို ရွတ်ဘတ်လေရာ အလီသခင်၏ဒေါသသည် ပြေပျောက်သွားလေ၏။

ထို့နောက် ကျွန်မကလေးက "သူတော်စင်များသည် လူတို့၏အပြစ်များကို ခွင့်လွှတ်သောသူများဖြစ်ကြကုန်၏" ဟု အနက်ပေးသော (الْعَافِيْنَ عَنِ النَّاسِ) ဟူသော အာယသ်တော်ကို ရွတ်ဘတ်ပြန်လေရာ အလီသခင်က "ငါသည် အသင်မအား ခွင့်လွှတ်လိုက်လေပြီ" ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက်တဖန် ကျွန်မကလေးက "အလျှာဟ်အရှင်မြတ်သည် အကောင်းပြုသူတို့အား နှစ်သက်တော်မူ၏" ဟု အနက်ပေးသော (وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ) ဟူသော အာယသ်တော်ကို ရွတ်ဘတ်ပြန်လေရာ အလီသခင်က "ငါသည် အသင်မကို ကြေးကျွန်အဖြစ်မှ လွတ်မြောက်စေပြီ အသင်မသွားလိုရာသွားပေတော့" ဟုပြောကြားလိုက်လေသတည်း။ ဤကား အတုယူဘွယ် ကောင်းလှတော့၏။ ကြည့်- မာဂျိဒီ။

၁ (c) 'မွတ္တကီ' သူတော်စင်များသည် မည်သည့် ညစ်ညမ်းဆိုးသွမ်းမှုကိုမျှ သိပါလျှက်နှင့် မပြုကြချေ။ မိမိတို့ကိုယ်ကိုလည်း မိမိတို့မနှိပ်စက်ကြချေ။ မိမိတို့တာဝန်ဝတ္တရားများကိုလည်း မပျက်ကွက်ကြချေ။ သူတော်စင်များသည် တခါတရံ အမှတ်မဲ့မေ့မှား၍ ပြစ်မှုတစ်ရပ်ကို ကျူးလွန်မိကြသော် ထိုသူတော်စင်များသည် အလျှာဟ်အရှင်မြတ်အား သတိရ၍ ထိုအရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်အသနားခံကြကုန်သည်။

ပြုမိသော ပြစ်မှုများကိုလည်း ဆက်လက်ဖွတ်တိုးပြီးလျှင် ဘယ်သောအခါမှ မပြုလုပ်ကြချေ။ ဝေးစွာကြည်ရောင်ကြပေသည်။ ဤသည်လည်းသူတော်စင်များ၏ လက္ခဏာတရပ်ပေတည်း ။

أُولَٰئِكَ جَزَآؤُهُم مَّغْفِرَةٌ مِّن رَّبِّهِمْ وَجَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَنِعْمَ أَجْرُ الْعَامِلِينَ ﴿١٣٦﴾

၁၃၆။ ထိုသူတော်စင်တို့၏ အကျိုးကား ယင်းသူတို့အား မွေးမြူတော်မူသောအရှင်မြတ် အထံတော်မှ အပြစ်ချမ်းသာပေးသနားတော်မူခြင်းနှင့် ဥယျာဉ်များဖြစ်၏။ ထိုဥယျာဉ်များ၏အောက်တွင် စမ်းရေချောင်းများစီးဆင်းလျက်ရှိ၏။ (ထိုသူတော်စင်များသည်)ထိုဥယျာဉ်များ၌ ထာဝစဉ် စံမြန်းနေထိုင်လျက်ရှိကြကုန်အံ့။ စင်စစ် ကောင်းမှုပြုလုပ်သောသူတို့၏ ကုသိုလ်အကျိုးသည် အလွန်ကောင်းမြတ်လှပေသတည်း။

قَدْ خَلَتْ مِن قَبْلِكُمْ سُنَنٌ فَسِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿١٣٧﴾

၁၃၇။ ဧကန်ဆတ်ဆတ် အသင်တို့အလျင် အမျိုးမျိုးသော (အယူဝါဒ) ထုံးတမ်းဓလေ့များ [၁] (ကိုလိုက်စားသူများ) လွန်လေခဲ့ကြချေပြီ။ သို့ဖြစ်ရာ အသင်တို့သည် ကမ္ဘာမြေပြင်ဝယ် သွားလာလှည့်ပတ်၍ (အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်ကို) မဟုတ်မမှန် မုသားဟု ပြောဆိုငြင်းပယ်ကြသောသူတို့၏ *နောက်ဆုံးအဖြစ်အပျက်သည် မည်သို့ဖြစ်ခဲ့သည်ကို၊ ကြည့်ရှုဆင်ခြင်ကြလေကုန်။* [၂]

---

① 'စွန်နတွန်' ဟူသောစကား၏ အနက်အဓိပ္ပါယ်မှာ လမ်းစဉ်ဟုရသည်။ ထိုလမ်းစဉ်ကို လိုက်နာကျင့်သုံးသောသူကိုလည်း 'စွန်နတ်' ဟူ၍ အခေါ်အဝေါ်ရှိသည်။ ဤအာယသ်တော်တွင် 'လမ်းစဉ်များ' ဟူသည် ထိုလမ်းစဉ်များကို လိုက်နာကျင့်သုံးသောသူများကို ဆိုလိုသည်။ ကြည့် - ရူဟုလ်မအာနီ။ ကုရ်တုဗီ။

အတိတ်ခေတ်များတွင် လမ်းစဉ်အမျိုးမျိုးကို လိုက်နာကျင့်သုံးခဲ့သူများ ရှိခဲ့ကြ၏။ 'ကာဖိရ်'များလည်း ရှိခဲ့ကြ၏။ 'မုအ်မင်န်' များလည်းရှိခဲ့ကြ၏။ ထိုသူတို့သည် အချင်းချင်းကွဲပြားခဲ့ကြ၏။ ပြိုင်ဆိုင်ခဲ့ကြ၏။ လက်နက်ဆွဲကိုင်၍ တိုက်ခိုက်ခဲ့ကြ၏။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးသော 'မုအ်မင်န်' များသည် အရေးသာကြပြီး ကာဖိရ်တို့မှာကား အရေးရှုံးနိမ့် ပျက်စီးခဲ့ကြရလေသည်။

ယခုထက်တိုင် အတိတ်ခေတ်က ပျက်စီးခဲ့ကြသော ကာဖိရ်တို့၏ တိုက်တာအိမ်ယာ အဆောက်အဦ၊ အသုံးအဆောင် စသည့် အမှတ်အသားများ၊ ရှေးဟောင်းပစ္စည်းများကို တွေ့ရှိရပေသည်။

② အတိတ်ခေတ်များတွင် တရားဒေသနာတော်များကို သွေဖည်ငြင်းပယ်ကြကုန်သော ကာဖိရ်တို့သည် နောက်ဆုံးတွင် မည်သို့မည်ပုံဆုံးရှုံးပျက်စီးခဲ့ရသည်ကို ကြည့်ရှုဆင်ခြင်ပြီး သတိသံဝေဂ တရားရနိုင်ရန်အလို့ငှါ ယခုထိတိုင် ကြွင်းကျန်လျက်ရှိသော ယင်းကာဖိရ်တို့နှင့် ပတ်သက်သည့် အဆောက်အဦ၊တိုက်တာ၊အိမ်ယာ၊ အမှတ်အသားများကိုကမ္ဘာလှည့်၍ လေ့လာကြည့်ရှုရန် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်များအား ➤➤

هَٰذَا بَيَانٌ لِّلنَّاسِ وَهُدًى وَمَوْعِظَةٌ لِّلْمُتَّقِينَ ﴿١٣٨﴾

၁၃၈။ ဤသည်ကား ၁ လူခပ်သိမ်းတို့ (သိနားလည်နိုင်ရန်) အလို့ငှာ ရှင်းလင်းဖော်ပြချက်လည်းဖြစ်၏။ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော "မွတ္တကီ" သူတော်စင်များအဘို့ တရားဓမ္မ ညွှန်ကြားချက်များလည်းဖြစ်၏။ ဆုံးမသြဝါဒလည်းဖြစ်၏။

وَلَا تَهِنُوا وَلَا تَحْزَنُوا وَأَنتُمُ الْأَعْلَوْنَ إِن كُنتُم مُّؤْمِنِينَ ﴿١٣٩﴾

၁၃၉။ ထိုပြင့်တဝအသင်တို့သည် အားလည်းမလျော့ကြကုန်လင့်၊ ပူပင်သောကလည်းမဖြစ်ကြကုန်လင့်။ စင်စစ်သော်ကား အကယ်၍သာ အသင်တို့သည် "မုအ်မင်န်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသူများဖြစ်ကြပါမူ (နောက်ဆုံးတွင်) အသင်တို့သည်သာလျှင် *အနိုင်ရရှိသူများ ဖြစ်ကြလတ္တံ့။* ၂

إِن يَمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِّثْلُهُ ۚ وَتِلْكَ الْأَيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ ۚ وَلِيَعْلَمَ اللَّهُ

၁၄၀။ အကယ်၍ အသင်တို့၌ (အုဟုဒ် စစ်ပြေပြင်တွင်) တစုံတရာ ဒဏ်ရာဒဏ်ချက် ထိရောက်ခဲ့ပါလျှင် ယင်းကဲ့သို့ ဒဏ်ရာဒဏ်ချက်သည်ပင် (ဗဒ်ရ် စစ်မြေပြင်တွင်) ထိုရန်သူများ၌လည်း ထိရောက်ခဲ့ပြီး ဖြစ်ပေသည်။ (နိုင်တခါ ရှုံးတလှည့်ဖြစ်သော) *ဤခေတ်သမယများကို ငါအရှင်မြတ်သည် လူသားတို့စပ်ကြားတွင်လှည့်ပတ်ရောက်စေတော်မူသည်။* ၃

➤➤ မိန့်ကြားထားတော်မူသည်။ အတိတ်ခေတ်ရာဇဝင်များနှင့် ကမ္ဘည်းကျောက်စာများကို 'အီမါန်' ယုံကြည်ခြင်းသဒ္ဓါတရားဖြင့် တိကျမှန်ကန်စွာ လေ့လာလိုက်စားပါက သတိသံဝေဂ နောင်တတရား ရမည်မှာ မုချပင်ဖြစ်၏။

① "ဟာဿာ" 'ဤ' ဟူသော နိဒဿန နာမ်စားသည် ဤအာယသ်တော်တွင်ဖော်ပြ ပါရှိသော အမိန့်မြစ်တားချက် ကတိပေးချက်နှင့်၊သတိပေးနှိုးဆော်ချက်များကို ရည်ညွှန်းသည်ဟု အရှိုး ပညာရှင်များ ကဆိုကြသည်။ ကြည့်-ကဗီရ်။ အချို့ပညာရှင်များကမူ 'ဤ' ဟူသောနိဒဿနနာမ်စားသည် ကုရ်အာန်ကျမ်းမြတ်ကို ရည်ညွှန်းသည်ဟူ၍ ဆိုကြသည်။ ကြည့်-ဗရ္ဓလ်မုဟီတ်။မာဂျိဒီ။

② မုစ်လင်တို့သည် အလ္လာဟ်အရှင်မြတ်အား စိတ်စေတနာဖြူစင်စွာဖြင့် ယုံကြည်မြတ်နိုးကြပြီး ထိုအရှင်မြတ်၏ အဆုံးအမ သြဝါဒတော်များကို ကိုယ်စိတ်နလုံးသုံးပါးဖြင့် တသဝေမတိမ်း လိုက်နာကျင့်ကြပါလျှင် အရေးကိစ္စ ဟူသမျှတွင် အောင်နိုင်ကြမည်မှာ မုချပင်ဖြစ်ပေသည်။

③ အလ္လာဟ် အရှင်မြတ်သည် လူသားတို့တွင် အရှုံးအနိုင် ခေတ်များကို အကြောင်းအားလျော်စွာ ➤➤

الَّذِيْنَ اٰمَنُوْا وَيَتَّخِذَ مِنْكُمْ شُهَدَآءَ ۗ وَاللّٰهُ لَا يُحِبُّ الظّٰلِمِيْنَ ﴿١٤٠﴾

(ယင်းသို့ ပြုလုပ်တော်မူခြင်းမှာ) အလ္လာဟ် အရှင်မြတ်သည် အီမါန် ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြသော 'မုအ်မင်န်' တို့ကို သိရှိတော်မူရန် အလို့ငှာငင်း၊ အသင်တို့အနက်မှ အချို့တို့ကို (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌) အသက် စွန့်သွားသော အာဇာနည်များအဖြစ် ပြုလုပ်တော် မူရန် အလို့ငှာငင်း ဖြစ်ချေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မတရား ကျူးကျော်စော်ကားသောသူများကို နှစ်သက်တော်မူသည် မဟုတ်ချေ။

وَلِيُمَحِّصَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَيَمْحَقَ الْكٰفِرِيْنَ ﴿١٤١﴾

၁၄၁။ ၎င်းပြင် (ယင်းကဲ့သို့ ပြုလုပ်တော်မူခြင်းမှာ) အလ္လာဟ် အရှင်မြတ်သည် 'မုအ်မင်န်' အီမါန် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော သူတို့အား (ပြစ်မှုအပေါင်းတို့မှ) သန့်ရှင်း စင်ကြယ်စေတော် မူရန် အလို့ငှာငင်း၊ ကာဖိရ် မယုံမကြည် သွေဖယ်ငြင်းပယ်သောသူများကို သုတ်သင်ရှင်းလင်းတော်မူရန်အလို့ငှာငင်း၊ ဖြစ်ချေသတည်း။

اَمْ حَسِبْتُمْ اَنْ تَدْخُلُوا الْجَنَّةَ وَلَمَّا يَعْلَمِ اللّٰهُ الَّذِيْنَ

၁၄၂။ (အို-မွတ်စ်လင်မ်အပေါင်းတို့) အသင်တို့သည် 'ဂျန္နတ်' အဓိပ္ပာယ် သုခဘုံသို့ (လွယ်လင့်တကူ လျင်မြန်ထုတ်ချောက်) ဝင်ရောက်နိုင်ကြလိမ့်မည်ဟု ထင်မှတ် ကြလေသလော။

>> ပြောင်းလွဲပေးတော်မူ၏။ ယင်းကဲ့သို့ ခေတ်များကို ပြောင်းလွဲတော်မူခြင်း၏ အကျိုးကား များပြားလှပေ၏။ မွတ်စ်လင်မ်တို့သည် "ဗဒ်ရ်" စစ်ပွဲတွင် စစ်ရေးသာခဲ့ပြီး အုဟုဒ်စစ်ပွဲတွင် အကြီးအကျယ်ဒဏ်ရာ ဒဏ်ချက်များ ရခဲ့ကြသည်မှာလည်း သာဓကတစ်ရပ်ပင်ဖြစ်၏။ ယင်းကဲ့သို့ခေတ်များကို နိုင်တခါ ရှုံးတလှည့် ပြောင်းလွဲပေးခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့၏ အီမါန် ယုံကြည်ခြင်းသဒ္ဓါတရားကိုလည်း အထင်အရှား သိလိုတော်မူ၏။ အချို့မွတ်စ်လင်မ်များကိုလည်း 'ရှဟီဒ်' သာသနာ့အာဇာနည်များအဖြစ် ချီးမြှင့်တော်မူလို၏။ မွတ်စ်လင်မ်များကိုလည်း အပြစ်ကြီးငယ် အပေါင်းတို့မှ သန့်ရှင်းစေလိုတော်မူ၏။ ကာဖိရ်များကိုလည်း သုတ်သင်ရှင်းလင်းတော်မူလို၏။ (ထာနဝီ)၊

جٰهَدُوْا مِنْكُمْ وَيَعْلَمَ الصّٰبِرِيْنَ ﴿١٤٢﴾

အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် (ယခုတိုင်)အသင်တို့အနက် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သော သူတို့ကိုလည်း တွေ့ရှိတော်မမူသေးပေ။ ထိုနည်းတူစွာ ခန္တီတရား ထားရှိသူတို့ကိုလည်း တွေ့ရှိတော်မမူသေးချေ။

وَلَقَدْ كُنْتُمْ تَمَنَّوْنَ الْمَوْتَ مِنْ قَبْلِ اَنْ تَلْقَوْهُ ۖ فَقَدْ رَاَيْتُمُوْهُ وَاَنْتُمْ تَنْظُرُوْنَ ﴿١٤٣﴾

၁၄၃။ ၎င်းပြင် အသင်တို့သည် မရဏာ သေခြင်းတရားကို ထိုမရဏာ သေခြင်းတရားနှင့် မတွေ့ကြုံမီ အလျင်က မချွတ်မလွဲ တောင်းတလျက်ရှိခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ယခုမူကား) အသင်တို့သည် ထိုမရဏာ သေခြင်းတရားကို (မိမိတို့ တောင်းတသည့် အားလျော်စွာ) မလွဲဧကန် မျက်မြင်ဒိဋ္ဌ တွေ့မြင်ခဲ့ကြချေပြီတကား။

وَمَا مُحَمَّدٌ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ۭ

၁၄၄။ အမှန်သော်ကား (တမန်တော်) မုဟမ္မဒ် *(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)*သည် [၂] ရှေ့လ် တမန်တော်တပါးမျှသာ ဖြစ်သည်။

---

① **ဖော်ပြချက်။**

'ဗဒ်ရ်' စစ်မြေပြင်တွင် 'မွတ်စ်လင်မ်' စစ်သည်တော်များသည် ကာဖိရ်စစ်သည်များအား အပြတ်အသတ် အောင်နိုင်လိုက်ကြသည့်အခါ ထိုစစ်ပွဲတွင် မပါဝင်လိုက်ရသော အချို့ မွတ်စ်လင်မ်များက နောက်နောင် စစ်ပွဲဖြစ်ပွားခဲ့လျှင် ငါတို့သည် နဗီတမန်တော်နှင့် အတူတကွ စစ်ပွဲဆင်နွှဲ၍ ဗဒ်ရ်စစ်ပွဲတွင် ကျဆုံးသွားသော "ရှဟဒါ" "မွတ်စ်လင်မ် သာသနာ့အာဇာနည်တို့၏ ဂုဏ်ထူးကို ဆွတ်ခူးကြမည်ဟု တောင့်တခဲ့ကြလေသည်။ များမကြာမီအတွင်း အုဟုဒ်စစ်ပွဲဖြစ်ပွားခဲ့၏။ ထိုစစ်ပွဲတွင် တမန်တော်မြတ်သည် မဒီနာမြို့တွင်းမှပင် ခုခံတိုက်ခိုက်လိုသော်လည်း ထိုသူတို့၏ ပန်ကြားချက်ဖြင့် မြို့ပြင်သို့ထွက်၍ အုဟုဒ်တောင်ခြေတွင် စစ်ပွဲဆင်နွှဲတော်မူ၏။ ထိုစစ်ပွဲတွင် မိမိတို့၏နောင်တော် ညီတော်များနှင့် ဆွေမျိုးသားချင်းတို့ သေဆုံးသည်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသောအခါ ယခင်က သေခြင်းတရားကိုပင် တောင်းတခဲ့သော သူများသည် ထိတ်လန့်ကြောက်ရွံ့ သွားကြလေသည်။ ဤ အာယသ်တော်တွင် ထိုသူတို့အား ရည်ညွှန်း၍ မိန့်ဆို ထားတော်မူသည်။

② က။ တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် ရှေ့လ်တမန်တော်တပါးသာ ဖြစ်ချေသည်။ တမန်တော်မြတ်၏အလျင်ပွင့်တော်မူခဲ့ပြီးသော များစွာသော တမန်တော်များသည်လည်း အသီးသီး ကွယ်လွန်အနိစ္စရောက်ခဲ့ကြပြီ ဖြစ်ပေရာ တမန်တော်မြတ်သည်လည်း ကွယ်လွန်အနိစ္စရောက်ရမည်မှာ မုချပင်ဖြစ်၏။ ➤➤

أَفَإِيْنْ مَّاتَ أَوْ قُتِلَ انْقَلَبْتُمْ عَلَىٰ أَعْقَابِكُمْ ۚ وَمَنْ يَّنْقَلِبْ عَلَىٰ عَقِبَيْهِ فَلَنْ يَّضُرَّ اللّٰهَ شَيْئًا ۗ وَسَيَجْزِي اللّٰهُ الشّٰكِرِيْنَ ﴿١٤٤﴾

ထို (ရဏ္ဍလ်တမန်တော်) မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အလျင် (အခြား) ရဏ္ဍလ် တမန်တော်များ(လည်း) မလွဲဧကန် လွန်လေခဲ့ကြ ချေပြီ။ သို့ဖြစ်ပေရာ အကယ်၍သာ ထို (ရဏ္ဍလ် တမန်တော်) မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည်(လည်း) ကွယ်လွန်သေဆုံးခဲ့လျှင် သော်လည်းကောင်း၊ [၁] သို့တည်းမဟုတ် သတ်ဖြတ် ခြင်းခံခဲ့ရလျှင်သော် လည်းကောင်း၊ အသင်တို့သည် (စစ်မြေပြင်မှ ဖြစ်စေ၊ အစ္စလာမ် သာသနာတော်မှ ဖြစ်စေ) မိမိတို့ ခြေဖနောင့်ဘက်သို့ ပြန်လှည့်၍ ဆုတ်ခွာသွားကြမည်လော။

>> အလ္လာဟ်အရှင်မြတ်သည်သာလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ တရားတို့မှ ကင်းစင်တော်မူသော အရှင်ဖြစ်တော်မူသည်။ တမန်တော်မြတ်သည် လူသားတစ်ဦးပင် ဖြစ်ရကား အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ အသို့လျှင် ကင်းနိုင်တော်မူပါအံ့နည်း။ တမန်တော်များအား စေလွှတ်တော်မူခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တရား မမှေဟကြွားရန်ပင်ဖြစ်သည်။ တမန်တော်များသည် လောကတွင် ထာဝစဉ် တည်ရှိနေကြရန်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထာဝစဉ် တည်ရှိနေနိုင်သည်လည်း မဟုတ်ပေ။

၁။ 'မုဟမ္မဒ်' ဟူသော အမည်နာမသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များတွင် နောက်ဆုံး ပွင့်တော်မူသော တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမည်နာမဖြစ်သည်။ ကုရ်အာန် ကျမ်းမြတ်တွင် "မုဟမ္မဒ်" ဟူသော အမည်နာမကို ၄ - နေရာ၌ တွေ့ရှိရပေသည်။ ကြည့် - ကုရ်အာန် (၃း ၁၄၄။ ၃၃း ၄၀။ ၄၇း ၂။ ၄၈း ၂၉။)

တမန်တော်မြတ် မပွင့်မီအလျင် အာရေဗျနိုင်ငံတွင် 'မုဟမ္မဒ်' ဟူသောအမည်သည် အလွန်တရာမျှ ရှားပါးလှ၏။ တမန်တော်မြတ်အလျင် 'မုဟမ္မဒ်' ဟူသောအမည်ဖြင့် ၇-ဦးမျှသာ ရှိခဲ့၏။ ကြည့် - အလ်မွအ်တဗရ်၊ စာမျက်နှာ ၁၇၁။ လိစာန္နလ်အရဗ်။ တာဂျလ်အ္ရူစ်။

'မုဟမ္မဒ်' ဟူသော အမည်နာမတော်ကို ပညာရှင် သုခမိန်တို့သည် အမျိုးမျိုး ဝိဂြိုလ် ဝစနတ္ထ ပြုကြ၏။ ဤတွင် အနည်းငယ်ဖော်ပြပါအံ့။

'မုဟမ္မဒ်' ဟူသည် ချီးမွမ်းဘွယ်ရာ စာရိတ္တ အဖြာဖြာ နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၏။ (ရာဃိဗ်)

'ပညတ်သွားရာ ခါတ်သက်ပါ' "ဂုဏ်နှင့် ဒြဗ် ထက်ချက်ပါ" ဆိုဘိသကဲ့သို့ တမန်တော်မြတ်သည် 'မုဟမ္မဒ်' ဟူသောနာမတော်နှင့်အညီ မပွင့်မီအလျင် အတိတ်ခေတ်မှာလည်း ချီးမွမ်းထောမနာခြင်း ခံခဲ့ရ၏။ ပွင့်ပြီးသည့်နောက် ယနေ့ထက်တိုင်လည်း သတ္တဝါအပေါင်းတို့သည် တမန်တော်မြတ်အား ချီးမွမ်းထောပနာ ပြုလျက်ရှိကြကုန်၏။ နောင်အနာဂတ် တစ်လျှောက်လုံးတွင်လည်း သတ္တဝါအပေါင်းတို့သည် တမန်တော်မြတ်အား ချီးမွမ်းထောမနာပြုလျက်ပင် ရှိကြမည်မှာ မုချပင်ဖြစ်တော့၏။ <<

➤➤ တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အတ္ထုပ္ပတ္တိကား ကျယ်ဝန်းလှ၏။ အကျယ်သိလိုပါက စီရတ် ဣဗ်နိဟိရှာမ်၊ စီရတွန္နဗီ၊ အဆွတ်ဟွတ်စ်စီယရ်၊ ကိဆွဆွလ် ကုရ်အာန် အစရှိသည့် ကျမ်းကြီးများတွင် ရှုပါကုန်။

③ 'အုဟုဒ်' စစ်မြေပြင်တွင် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကိုယ်တိုင် ဒဏ်ရာဒဏ်ချက်ရရှိသောအခါ ရှိုင်တွာန်က 'တမန်တော်မြတ်ကျဆုံးသွားလေပြီ' ဟုမဟုတ်မမှန် သတင်းလွှင့်လိုက်ပေရာ စိတ်ဓါတ်နုနယ်သောအချို့သာဝကများသည် စိတ်ဓါတ်ကျဆုံးပြီး စစ်မြေပြင်မှပင် ဆုတ်ခွာသွားကြလေသည်။ ထိုအချိန်မှာပင် 'မုနာဖိက်' တို့သည်အခွင့်ကောင်းယူကာ မွတ်စ်လင်မ်တို့အား ကဲ့ရဲ့ပြစ်တင်၍ အစွမ်းလာမ်သာသနာကိုပင် စွန့်လွှတ်ကြရန် လှုံ့ဆော် တိုက်တွန်းကြလေသည်။ ဤအာယသ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် အထက်ပါအဖြစ်အပျက်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ ကြည့် – မာဂျိဒီ။

ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။

'အုဟုဒ်' စစ်မြေပြင်တွင် ကာဖိရ် စစ်သည်တစ်ဦးဖြစ်သူ "အဗ်ဒုလ္လာဟ် အီဗ်နကမိအဟ် အလ်ဟာရိဆီ" က တမန်တော်မြတ်အား ကျောက်ခဲနှင့် ပစ်ပေါက်လိုက်ရာ တမန်တော်မြတ်၏ ရှေ့သွားတစ်ချောင်းပဲ့စင်၍ မျက်နှာတော်၌ ဒဏ်ရာရသွားလေသည်။ ထိုအချိန်တွင် ၎င်းကာဖိရ်က တမန်တော်မြတ်အား သတ်ဖြတ်ရန် ရှေ့သို့တိုးလာရာ မွတ်စ်လင်မ်တို့၏ အလံတော်ကိုင် သာဝကကြီး "မွတ်ဆွ်အဗ်နအုမိုင်ရ်" သည် တမန်တော်မြတ်ဘက်မှ ခုခံကာကွယ်၍ ထိုကာဖိရ်အား တိုက်ခိုက်လေရာ နောက်ဆုံးတွင် ထိုသာဝကကြီးသည် ကျဆုံးသွားရရှာလေသည်။ ထိုသာဝကကြီး ကျဆုံးသွားရရှာသည်ကိုပင် ထိုကာဖိရ်က တမန်တော်မြတ်ကျဆုံးသည်ဟု ထင်မှတ်၍ 'တမန်တော်ကျဆုံးပြီ' ဟု ပြောဆိုလေ၏။

ထိုအချိန်တွင် ကြွေးကြော်သူတစ်ဦးက ထိုအကြောင်းကိုပင် ဟစ်အော် ကြွေးကြော်လေ၏။ ထိုကြွေးကြော်သံသည် မွတ်စ်လင်မ်စစ်သည်တော်များတွင် ပျံ့နှံ့သွားလေရာ အချို့မွတ်စ်လင်မ်များသည် စိတ်ဓါတ်ကျဆုံး၍ စစ်မြေပြင်မှပင် ဆုတ်ခွါထွက်ပြေး သွားကြလေသည်။ ထိုအခါ တမန်တော်မြတ်က "အိုး-အလ္လာဟ်အရှင်မြတ်၏ ကျွန်အပေါင်းတို့၊ ငါ့ထံ ပြန်လှည့်လာကြလော့" ဟု ဟစ်ခေါ်တော်မူလေရာ အချို့ သာဝကများသည် တမန်တော်မြတ်၏ထံပါးသို့ ပြန်လည်စုရုံး လာကြလေသည်။ ထိုအချိန်တွင် တမန်တော်မြတ်က ထိုသူတို့အား ပြစ်တင်စကား ပြောကြားတော်မူရာ သာဝကများက "အကျွန်ုပ်တို့သည် မိမိတို့၏ မိဘများကိုပင် သခင့်အတွက် စွန့်လွှတ်ကြပါပြီ၊ တမန်တော်မြတ်ကျဆုံးသည်ဟူသော သတင်းစကားကို ကြားလိုက်ရသဖြင့် စိတ်ဓါတ်များ တုန်လှုပ်ချောက်ချားပြီး စစ်မြေပြင်မှ ထွက်ပြေးကြခြင်းဖြစ်ပါသည်" ဟု လျှောက်ထားကြလေသည်။ ထိုအချိန်တွင် ဤအာယသ်တော် ကျရောက်လာလေသည်။

အုဟုဒ်စစ်ပွဲတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်နှင့် ပတ်သက်၍ အချို့ကျမ်းကြီးများတွင် ဤသို့လည်း တွေ့ရှိရ၏။ တမန်တော်မြတ်ကျဆုံးပြီဟူသော သတင်းထွက်ပေါ်လာသည့်အခါ စိတ်ဓာတ်နုနယ်သော အချို့ မွတ်စ်လင်မ်များက အဗ်ဒုလ္လာဟ်အီဗ်နအုမိုင်ယ်သည် (ရန်သူတို့၏စစ်ဗိုလ်ကြီး) အဗူစွတ်ဖ်ယာန်ထံမှ ငါတို့အဘို့ လွတ်ငြိမ်းချမ်းသာခွင့် တောင်းပေးပါလျှင် ကောင်းစွ ဟု ပြောဆိုကြ၏။ အချို့မုနာဖစ်က်များကလည်း "အကယ်၍ မုဟမ္မဒ်သည် နဗီတမန်တော် အဟုတ်တကယ်ဖြစ်ပါလျှင် ကျဆုံးမည်မဟုတ်။ အသင်တို့သည် မိမိတို့၏ ညီနောင်များနှင့် ပြန်လည်ပူးပေါင်းကြ။ (အစွမ်းလာမ်ကိုစွန့်လွှတ်၍) မိမိတို့၏ မူလယုံကြည်ရင်း ဘာသာဘက်သို့ ပြန်လှည့်ကြ" ဟု ပြောဆိုကြ၏။

ထိုအချိန်တွင် သာဝကကြီးအနတ်စ်အီဗ်နနဿရ်က "အိုး-ကျွန်ုပ်၏အမျိုးသားများ၊အကယ်၍ ➤➤

وَمَا كَانَ لِنَفْسٍ اَنْ تَمُوْتَ
اِلَّا بِاِذْنِ اللّٰهِ كِتٰبًا مُّؤَجَّلًا ؕ وَ
مَنْ يُّرِدْ ثَوَابَ الدُّنْيَا نُؤْتِهٖ

အမှန် စင်စစ်သော်ကား မည်သူမဆို မိမိ ခြေမနှောင့်ဘက်သို့ ပြန်လှည့်၍ ဆုတ်ခွာသွားပါမူ ထိုသူသည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မျှ အလျင်း ဆုံးရှုံးနစ်နာစေနိုင်မည်မဟုတ်ချေ။ [၁] ထို့ပြင် တဝ အလ္လာဟ်အရှင်မြတ်သည် "ကတညူ" ကျေးဇူး တော်များကို သိတတ်သောသူတို့အား မကြာမီ အကျိုးကျေးဇူး ပေးသနားတော်မူအံ့။

၁၄၅။ ထိုမှတပါး: မည်သူ တစ်ဦးတစ်ယောက်၌မျှ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မရှိဘဲလျက် သေဆုံးနိုင်ခွင့်မရှိချေ။ [၂] (လူတိုင်းအတို့ သေဆုံးရန် အတွက်) သတ်မှတ်ထားသော အချိန်တစ်ချိန်သည် ရေးသားပြီးဖြစ်၏။

➤➤ တမန်တော်မုဟမ္မဒ်သည် ကျဆုံးသွားခဲ့သည်ရှိသော် တမန်တော်မုဟမ္မဒ်အား မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်သည်ကား ထာဝရ ရှင်နေတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ကွယ်လွန်တော်မူသည် မဟုတ်ချေ။ တမန်တော်မြတ် မရှိသည့်နောက်တွင် အသက်ရှင်၍နေခြင်းသည် အသို့ အကျိုးရှိအံ့နည်း။ အသင်တို့သည် တမန်တော်မြတ် တိုက်ခိုက်တော်မူသော လမ်းစဉ်အတိုင်း တိုက်ခိုက်ကြလော့။ တမန်တော်မြတ်ကွယ်လွန်တော်မူသည့် လမ်းစဉ်အတိုင်း ကွယ်လွန်ကြလော့" ဟု ပြောဆိုလေ၏။ ထို့နောက် ထိုသာဝကကြီးက "အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ဤသူများ ပြောဆိုကြသည့် စကားများနှင့် မပတ်သက်ကြောင်း အရှင့်အထံတော်၌ အစီရင်ခံပါ၏။ ကျွန်တော်မျိုးသည် ဤသူတို့ပြုလုပ်သော အပြုအမူများနှင့်လည်း လွတ်ကင်းပါ၏" ဟု လျှောက်ထားလေသည်။ ထို့နောက် မိမိ၏ ခါးလွယ်ကို ဆွဲကိုင်၍ ရန်သူတို့အား တိုက်ခိုက်ရင်းပင် နောက်ဆုံးတွင် ကျဆုံးသွားရှာလေသည်။

① မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ 'ဂျိဟာဒ်' ပြုင်ဆိုင်တိုက်ခိုက်ခြင်းမှ ဆုတ်ခွာတိမ်းရှောင်အံ့။ သို့တည်းမဟုတ် အစွမ်းသာသနာကိုဖေါက်ပြန်သွားအံ့။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အား စိုးစဉ်းမျှ နစ်နာဆုံးရှုံးစေနိုင်သည်မဟုတ်။မိမိကိုယ်ကို မိမိကိုယ်တိုင်သာလျှင် နစ်နာဆုံးရှုံးစေသည်မည်၏။

② သက်ရှိသတ္တဝါအပေါင်းတို့သည် သေကြရမည်သာဖြစ်၏။ ကြည့် - ကုရ်အာန် (၃း ၁၈၄။ ၂၁း ၃၅။ ၂၉း ၅၇) မည်သူ တစ်ဦးတစ်ယောက်မျှ သေဘေးမှ တိမ်းရှောင်ပုန်းအောင်း၍ လွတ်ကင်းနိုင်မည်လည်း မဟုတ်ပေ။ ကြည့် - ကုရ်အာန် (၄း ၇၈။ ၃၃း ၁၆။ ၆၂း ၈)။

သက်ရှိသတ္တဝါအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသော အချိန်၌ပင် သေကြရပေသည်။ သတ္တဝါများသည် သတ်မှတ်ထားသောအချိန်မကျမီ တစ်နာရီမျှ စောလျှင်လည်း မသေနိုင်ကြ။ သတ်မှတ်ထားသောအချိန် တစ်နာရီမျှ ဆိုင်းငံ့၍လည်း မသေနိုင်ကြပေ။ ကြည့်-ကုရ်အာန်(၁၀း၄၉။ ၁၆း၆၁)။

مِنْهَا ۚ وَمَنْ يُّرِدْ ثَوَابَ
الْاٰخِرَةِ نُؤْتِهٖ مِنْهَا ۗ
وَسَنَجْزِى الشّٰكِرِيْنَ ﴿١٤٥﴾

တဖန်မည်သူမဆို လောကီအကျိုးကို အလိုရှိခဲ့ပါမူ၊ ငါအရှင်မြတ်သည် (အလိုတော်ရှိပါလျှင်) ထိုသူအား လောကီအကျိုးကို ပေးသနားတော်မူအံ့။ ထိုနည်းတူစွာ မည်သူမဆို နောင်တမလွန်ဘဝ၏ အကျိုးကျေးဇူးကို အလိုရှိခဲ့ပါလျှင်၊ ငါအရှင်မြတ် သည် ထိုသူအား နောင်တမလွန် ဘဝ၏ အကျိုးကို ပေးသနားတော်မူအံ့။ ၎င်းပြင် ငါအရှင်မြတ်သည် "ကတညူ" ကျေးဇူးသိတတ်သော သူတို့အား မကြာမီ အကျိုးပေးဆပ်တော်မူအံ့။

وَكَاَيِّنْ مِّنْ نَّبِيٍّ قٰتَلَ ۙ
مَعَهٗ رِبِّيُّوْنَ كَثِيْرٌ ۚ
فَمَا وَهَنُوْا لِمَآ اَصَابَهُمْ
فِىْ سَبِيْلِ اللّٰهِ وَمَا ضَعُفُوْا
وَمَا اسْتَكَانُوْا ۗ وَاللّٰهُ يُحِبُّ
الصّٰبِرِيْنَ ﴿١٤٦﴾

၁၄၆။ ၎င်းပြင် မြောက်မြားစွာသော နဗီတမန်တော်များနှင့် အတူတကွ အလ္လာဟ် အရှင်မြတ်အား ကြည်ညိုမြတ်နိုး ကြကုန်သော သူတော်ကောင်းများသည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြလေသည်။

သို့ပါလျက် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မိမိတို့၌ဆိုက်ရောက်ခဲ့သော ဘေးအန္တရာယ်ဆင်းရဲဒုက္ခများကြောင့် စိတ်အား လျော့ခြင်းသည်၎င်း၊ အင်အားလျော့နည်းခြင်း သည်၎င်း၊ ကြို့ငဲ့ နိမ့်ကျခြင်းသည်၎င်း၊ မရှိခဲ့ကြချေ။

အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် (ဇွဲသတ္တိနှင့်ပြည့်စုံ၍) ခန္တီတရားထားရှိသူတို့ကို ချစ်ကြည်မြတ်နိုးတော်မူပေသည်။

وَمَا كَانَ قَوْلَهُمْ اِلَّآ اَنْ
قَالُوْا رَبَّنَا اغْفِرْ لَنَا

၁၄၇။ ၎င်းပြင် ထိုသူတို့သည် (ယင်းကဲ့သို့ ဘေးအတန်တန်၊ ရန်အဖုံဖုံ၊ ဆင်းရဲဒုက္ခ အမျိုးမျိုး ရောက်နေကြသောအခါ တစ်စုံတစ်ရာ ငြီးငြူခြင်း မပြုဘဲ) ဤသို့သာလျှင် လျှောက်ထားကြကုန်သည်။

ذُنُوبَنَا وَإِسْرَافَنَا فِيٓ أَمْرِنَا وَثَبِّتْ أَقْدَامَنَا وَانصُرْنَا عَلَى الْقَوْمِ الْكَٰفِرِينَ ﴿١٤٧﴾

"အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ အပြစ်များကိုလည်း၊ ကျွန်တော်မျိုးတို့၏ အရေးကိစ္စတွင် ကျွန်တော်မျိုးတို့၏ အလွန်အကျွန်ပြုမူခဲ့ခြင်း များကိုလည်း၊ ချမ်းသာခွင့် ပေးသနားတော်မူပါ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ခြေများကို (ဥဇုမဂ္ဂ ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်အပေါ်၌) တည်တံ့ခိုင်မြဲစေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးတို့အား "ကာဖိရ်" ယုံကြည်ခြင်း သဒ္ဓါတရားကင်းမဲ့သော သူတို့အပေါ်၌ အောင်မြင်ခြင်းကို ပေးသနားတော်မူပါ။"

فَـَٔاتَىٰهُمُ اللَّهُ ثَوَابَ الدُّنْيَا وَحُسْنَ ثَوَابِ الْـَٔاخِرَةِ ۗ وَاللَّهُ يُحِبُّ الْمُحْسِنِينَ ﴿١٤٨﴾

၁၄၈။ သို့ဖြစ်ပေရာ၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား လောကီအကျိုး(ဖြစ်သော အောင်မြင်မှု)ကိုလည်း၊ နောင်တမလွန်ဘဝ၏ (နိစ္စသုခတည်းဟူသော) ကောင်းမြတ်သော အကျိုးကျေးဇူးကိုလည်း ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သော အကျင့်အမူ ကျင့်မူသော သူတို့အား ချစ်ကြည်တော်မူလေသတည်း။

يَٰٓأَيُّهَا الَّذِينَ ءَامَنُوٓا۟ إِن تُطِيعُوا۟ الَّذِينَ كَفَرُوا۟ يَرُدُّوكُمْ عَلَىٰٓ أَعْقَٰبِكُمْ فَتَنقَلِبُوا۟ خَٰسِرِينَ ﴿١٤٩﴾

၁၄၉။ အို-ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသူအပေါင်းတို့။ အသင်တို့သည် အကယ်၍သာ ကာဖိရ်ငြင်းပယ်သော သူတို့ (ပြောဆို ကြသည့်အတိုင်း) လိုက်နာကြပါမူ၊ ယင်းသူတို့သည် အသင်တို့အား (အစ္စလာမ် သာသနာတော်မှ "ကုဖ်ရ်" မိစ္ဆာဒိဋ္ဌိအယူဝါဒများဘက်သို့) ပြန်လည်၍ လှည့်စေကြကုန်အံ့။ သို့ပြန်လှည့်သွားကြလျှင် အသင်တို့သည် နစ်နာဆုံးရှုံးသူများအဖြစ်သို့ ရောက်ရှိသွားကြကုန်လတ္တံ့။

بَلِ اللَّهُ مَوْلَىٰكُمْ ۖ وَهُوَ خَيْرُ النَّاصِرِينَ ﴿١٥٠﴾

၁၅၀။ စင်စစ်အားဖြင့် (ယုံကြည်ခြင်း သဒ္ဓါတရား ကင်းမဲ့သောသူတို့သည် အသင်တို့အား စောင့်ရှောက်မည့်သူများ) အလျင်း မဟုတ်(ကြချေ။) အလွှာဟ် အရှင်မြတ်သည်သာလျှင် အသင်တို့အား အထူး စောင့်ရှောက်တော်မူသောအရှင် [၁] ဖြစ်တော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် စောင်မသူများတွင် အကောင်းဆုံး စောင်မတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

سَنُلْقِي فِي قُلُوبِ الَّذِينَ كَفَرُوا الرُّعْبَ بِمَا أَشْرَكُوا بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا ۖ وَمَأْوَاهُمُ النَّارُ ۖ وَبِئْسَ مَثْوَى الظَّالِمِينَ ﴿١٥١﴾

၁၅၁။ မကြာမြင့်မီ ငါအရှင်မြတ်သည် "ကာဖိရ်" မယုံမကြည် သွေဖည် ငြင်းပယ်သော သူတို့၏ စိတ်နှလုံးအတွင်းသို့ အလွန်တရာကြောက်လန့်သော စိတ်ကို ထည့်သွင်းတော်မူအံ့။ [၂] အကြောင်းသော်ကား ယင်းသူတို့သည် အကြင်အရာများကို အလွှာဟ် အရှင်မြတ်နှင့် တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်ခဲ့ကြ၏။ ထိုအရာများကို (တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်ရန် အကြောင်း)နှင့် စပ်လျဉ်း၍ ထိုအရှင်မြတ်သည် မည်သည့် သက်သေ သာဓက တစ်စုံတရာကိုမျှ ထုတ်ပြန်ချမှတ်တော်မူခဲ့သည် မဟုတ်ချေ။

---

① ထိုကာဖိရ်များသည် မွတ်စ်လင်မ်တို့၏ မိတ်ဆွေများ မဟုတ်ကြပေ။ ရန်သူများသာလျှင် ဖြစ်ကြ၏။ ကာဖိရ်များသည် မွတ်စ်လင်မ်တို့အား အမျိုးမျိုးအနှောင့်အယှက်ပေးလျက်ရှိကြ၏။ မွတ်စ်လင်မ်တို့အား 'မုရ်တဒ္ဒ်' အစွန်လာမ်သာသနာကို ဖောက်ပြန်သွားသောသူများ ဖြစ်အောင်ပင် ကြိုးပမ်းလျက်ရှိကြ၏။ အလွှာဟ်အရှင်မြတ်မှာကား မွတ်စ်လင်မ်တို့၏ မိတ်ဆွေလည်း ဖြစ်တော်မူ၏။ အကောင်းဆုံး အကူအညီပေးတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ မွတ်စ်လင်မ်တို့သည် အလွှာဟ်အရှင်မြတ်အားသာလျှင် မှီခိုအားထားကြရပေမည်။ ထိုအရှင်မြတ်၏ အမိန့်တော်များကိုသာလျှင် မြေဝယ်မကျ နာခံကြရပေမည်။ ကာဖိရ်တို့မူကား အလျင်းအားမထားကြရပေ။ ထိုသူတို့၏ စကားများကိုလည်း အလျင်းမနာခံကြရပေ။

② **ဖော်ပြချက်။**

အထက်ပါ အာယသ်တော်တွင် အလွှာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား အကောင်းဆုံး ကူညီစောင်မတော်မူသော အရှင်ဖြစ်တော်မူကြောင်းပါရှိ၏။ ယခုဤအာယသ်တော်တွင် အလွှာဟ်အရှင်မြတ် ကူညီတော်မူသည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ➤➤

ငင်းပြင် ယင်းသူတို့၏ နေထိုင်ရာဌာနသည် ငရဲမီးဘုံပင်ဖြစ်၏။ စင်စစ် မတော်မတရား ပြုမူသူတို့၏ နေထိုင်ရာဌာနသည် အလွန်တရာ ဆိုးရွားလှ၏တကား။

وَلَقَدْ صَدَقَكُمُ اللَّهُ وَعْدَهُ إِذْ تَحُسُّونَهُمْ بِإِذْنِهِ ۖ حَتَّىٰ إِذَا فَشِلْتُمْ وَتَنَازَعْتُمْ

၁၅၂။ မုချဧကန် အလ္လာဟ်မြတ်သည် အသင်တို့အဘို့ မိမိ ထားရှိတော်မူခဲ့သော ကတိတော်ကို အတည်ဖြစ်စေတော်မူခဲ့ချေပြီ။ [၁] အကြင်အခါဝယ် အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့် ထိုကာဖိရ်တို့အား သတ်ဖြတ်ချေမှုန်းနေကြကုန်၏။

➤➤ အုဟုဒ်စစ်ပွဲတွင် ပဋမပိုင်း၌ မွတ်စ်လင်မ် စစ်သည်တော်များ အရေးသာခဲ့ ကြသော်လည်း စစ်ပွဲပြီးဆုံးသည်အခါ မျက်မြင်အားဖြင့် ကာဖိရ်တို့သည် အရေးသာခဲ့ကြသည်။ အခြေအနေအရ ကာဖိရ်တို့သည် အုဟုဒ် စစ်မြေပြင်နှင့် အလွန်နီးကပ်လျက်ရှိသော မဒီနာမြို့တွင်းသို့ ချင်းနင်းဝင်ရောက်ပြီး မွတ်စ်လင်မ် အားလုံးတို့အား ချေမှုန်းကြရန်သာ ဖြစ်ပေသည်။

သို့သော် ဤအာယသ်တော်တွင် ပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့၏ စိတ်နှလုံးများတွင် တုန်လှုပ်ချောက်ချားမှုကို ထည့်သွင်းပေးတော်မူလိုက်သဖြင့် ထိုကာဖိရ်စစ်သည်များသည် စစ်မြေပြင်မှပင် ပြန်လည်ဆုတ်ခွာ သွားကြရလေသည်။ ခရီးအတော်အတန်ရောက်ကြသည့်အခါ မွတ်စ်လင်မ်တို့အား ပြန်လည် တိုက်ခိုက်ချေမှုန်းရန် ကာဖိရ်တို့၌ အကြံအစည်ပေါ်လာလေသည်။

ထိုအကြောင်း တမန်တော်မြတ် ဝဟီဖြင့်သိတော်မူရာ ကာဖိရ်စစ်သည်တော်များ ပြန်လည် စစ်ဦးမလှည့်နိုင်ရန် တမန်တော်မြတ်သည် မွတ်စ်လင်မ် စစ်သည်တော်များနှင့်တကွ မဒီနာမြို့မှ (၇) မိုင်ကွာဝေးသော "ဟမ်ရာအိုလ်အစဒ်" အမည်ရှိသော ဌာနအထိ နောက်မှ လိုက်သွားတော်မူ၏။ ထိုဌာန၌ မွတ်စ်လင်မ်စစ်သည်တော်များသည် သုံးရက်တိုင်တိုင်စားခန်းချ၍ နေခဲ့ကြ၏။ ကာဖိရ် စစ်သည်တစ်ဦးကိုပင် လက်ရဖမ်းဆီးထားနိုင်ခဲ့ကြသေး၏။ (ထာနဝီ)

① အကယ်၍ မွတ်စ်လင်မ်တို့သည် ခန္ဓိတရားလက်ကိုင်ထား၍ တည်တံ့ခိုင်မြဲစွာ ရပ်တည်နေနိုင်ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား အကူအညီပေးတော်မူမည့်အကြောင်းကို တမန်တော်မြတ်သည် မဆွကပင် ကြိုတင်၍ မိန့်ကြားတော်မူခဲ့၏။ တမန်တော်မြတ် မိန့်ကြားခဲ့သည့်အတိုင်းပင် အလ္လာဟ်အရှင်မြတ် ကလည်း အုဟုဒ်စစ်ပွဲ၏ ပဋမပိုင်းတွင် မွတ်စ်လင်မ်တို့အား ကူညီတော်မူခဲ့၏။ မွတ်စ်လင်မ် စစ်သည်တော်များသည်လည်း ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့် ကာဖိရ်တို့အား သတ်ဖြတ်ချေမှုန်းနိုင်ခဲ့ကြပေသည်။

ကုရ်အာန်ကျမ်းမြတ် ဤအာယသ်တော် (၃း ၁၅၁) တွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဘို့ မိမိ ထားရှိတော် မူခဲ့သော ကတိတော်ကို အတည် ဖြစ်စေတော်မူပြီ ဟူသော အာယသ်တော်သည် အထက်ပါ အကြောင်းကိုပင် ရည်ညွှန်းသည်။

فِي الْأَمْرِ وَعَصَيْتُم مِّن
بَعْدِ مَا أَرَاكُم مَّا تُحِبُّونَ
مِنكُم مَّن يُرِيدُ الدُّنْيَا
وَمِنكُم مَّن يُرِيدُ
الْآخِرَةَ ثُمَّ صَرَفَكُمْ

နောက်ဆုံးတွင် အသင်တို့အား ထိုအရှင်မြတ်က အသင်တို့နှစ်သက်ကြကုန်သော(ဝါ) အောင်မြင်မှုကို (မျက်မြင်ကိုယ်တွေ့) ပြသတော်မူပြီးသည့်နောက် အသင်တို့သည် သူရသတ္တိ ညံ့ဖျင်းသွားခဲ့ကြကုန်၏။ [၃] ၎င်းပြင် အသင်တို့သည် (နဗီတမန်တော်မြတ်၏) အမိန့်တော်နှင့်စပ်လျဉ်း၍ အချင်းချင်း အငြင်းပွားခဲ့ကြ၏။ [၂] (နဗီတမန်တော်မြတ်၏) အမိန့်တော်ကိုလည်း သွေဖည်ခဲ့ကြ၏။ [၃]

---

① အုဟုဒ်စစ်မြေပြင်တွင် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အုဟုဒ်တောင်ကို နောက်ခံထား၍ စစ်သည်တော်များကို စံနစ်တကျ နေရာချပေးတော်မူခဲ့၏။ တောင်၏နောက်မှ ရန်သူများ လာရောက်မတိုက်နိုင်ရန် အလို့ငှါ လေးသည်တော် ၅၀-အား တောင်ထိပ်ပေါ်တွင် နေရာချထားပေးတော်မူပြီး "ငါတို့သည် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မည်သို့ပင်ဖြစ်စေကာမူ အသင်တို့သည် မိမိတို့နေရာမှ အလျင်းမရွေ့ကြကုန်လင့်" ဟု တမန်တော်မြတ်သည် ထိုလေးသည်တော်များအား လေးနက်စွာ မှာကြားထားတော်မူခဲ့၏။

ထို့နောက် စတင်စစ်ဖြစ်ပွားခဲ့သည်အခါ မွတ်စ်လင်မ် စစ်သည်တော်များသည် ဇွဲသတ္တိရှိရှိဖြင့် ပိပိရိရိ အကွက်စိစိ စည်းကမ်းသေသပ်စွာ တိုက်ခိုက်ကြရာ ကာဖိရ်စစ်သည်များသည် ကစဉ့်ကလျားဖြစ်ပြီး နောက်ဆုံးတွင် စစ်မြေပြင်မှ ဆုတ်ခွာကြရလေသည်။ မွတ်စ်လင်မ် စစ်သည်တော်များသည် ရန်သူတို့၏ ပစ္စည်းများကို စတင် သိမ်းပိုက်ကြလေသည်။

ဤအခြင်းအရာကို တောင်ပေါ်ရှိ လေးသည်တော်များ တွေ့မြင်သောအခါ ထို လေးသည်တော်များက ယခု ငါတို့ လုံးဝ အောင်နိုင်ကြပြီ၊ ရန်သူများလည်းပြေးကြပြီ၊ ဤနေရာတွင် ဆက်လက်ပြီး တပ်စွဲရန် မလိုတော့ပြီ။ ရန်သူတို့နောက် လိုက်လံတိုက်ခိုက်ကြစို့၊ စစ်လက်ရပစ္စည်းများကို သိမ်းပိုက်ကြစို့ဟု ထင်မြင်ယူဆ ပြောဆိုကြလေ၏။ ထိုအခါ လေးသည်တော်များ၏ အကြီးအမှူးဖြစ်သူ သာဝကကြီးအဗ်ဒုလ္လာဟ် အီဗ်နုဂျုဗိုင်ရ်က ထိုသူများအားတမန်တော်မြတ်၏ မိန့်မှာချက်များကို ပြန်လည်သတိပေးသော်လည်း လေးသည်တော် ၁၂-ဦးမှအပ ကျန်လေးသည်တော်များသည် ဆက်လက်၍ တပ်စွဲနေရန် မလိုတော့ပြီဟု ထင်မြင် ယူဆကြသည့်အတိုင်း တောင်ပေါ်မှ ဆင်းလာပြီးလျှင် စစ်လက်ရပစ္စည်းများကို သိမ်းဆည်းကြလေသည်။ ထိုအချိန်တွင် တောင်ပေါ်၌ သာဝကကြီးအဗ်ဒုလ္လာဟ် အီဗ်နုဂျုဗိုင်ရ်နှင့်အတူ လေးသည်တော် ၁၁-ဦးမျှ ကျန်ရစ်ခဲ့ကြလေ၏။

ထိုအချိန်တွင် ရန်သူတို့ဘက်မှ စစ်ဗိုလ်ကြီးတစ်ဦးဖြစ်သူ ခါလစ်ဒ် အီဗ်နဝလီဒ်သည် တောင်ထိပ်မှ မွတ်စ်လင်မ်လေးသည်တော်များ ဆင်းလာသည်ကို မြင်သောအခါ မိမိ၏တပ်သား ၂၅၀-နှင့်တကွ အဆိုပါ တောင်ထိပ်သို့ တက်လာပြီးလျှင် တောင်ပေါ်တွင် ကျန်ရှိခဲ့သော မွတ်စ်လင်မ် လေးသည်တော် ၁၂-ဦးတို့အား တိုက်ခိုက်လေသည်။ မွတ်စ်လင်မ် လေးသည်တော်များသည် သက်စွန့်ကြိုးပမ်း ခုခံကာကွယ်ကြသော်လည်း အင်းအားချင်းမမျှသဖြင့် နောက်ဆုံးတွင် အသီးသီးကျဆုံးသွားကြရရှာသည်။

မွတ်စ်လင်မ်လေးသည်တော် အသီးသီး ကျဆုံးသွားကြသည့်အခါ ခါလစ်ဒ်အီဗ်နဝလီဒ်၏ တပ်သားများသည် တောင်ပေါ်မှနေ၍ မွတ်စ်လင်မ် စစ်သည်တော်များ အပေါ်သို့ မြားမိုး ရွာချ လေသည်။ ➤➤

عَنْهُمْ لِيَبْتَلِيَكُمْ ۖ وَلَقَدْ عَفَا عَنْكُمْ ۗ وَاللَّهُ ذُو فَضْلٍ عَلَى الْمُؤْمِنِينَ ﴿١٥٢﴾

(ထိုအခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အကူအညီကို ရုပ်သိမ်းထားတော် မူခဲ့လေသည်၊ အကြောင်းသော်ကား) အသင်တို့အနက် *အချို့သည် လောကီ(အကျိုးစီးပွား)ကို အလိုရှိ၏။* [၁] *အချို့ကမူ နောင်တမလွန်ဘဝ(သုခချမ်းသာ)ကို အလိုရှိ၏။* [၂] ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား စမ်းသပ်တော်မူရန် အလို့ငှာ ထို (ရန်)သူတို့ကို (သုတ်သင် ရှင်းလင်းနေခြင်း)မှ အသင်တို့အား *ပြန်လှည့်စေတော်မူခဲ့လေသည်။* [၃]

➤➤ စစ်မြေပြင်မှဆုတ်ခွါထွက်ပြေးကြသော ကာဖိရ်စစ်သည်များလည်း ပြန်လည် စုရုံးလာကြလေသည်။ ထိုအချိန်တွင် မွတ်စ်လင်မ်များသည် အထက်အောက်ညှပ်မိပြီးလျှင် ရန်သူတို့၏ ဒဏ်ကို အလူးအလဲ ခံလိုက်ကြရလေသည်။ ထိုသို့ အလူးအလဲခံနေရသည့်အချိန် အတွင်းမှာပင် တမန်တော်မြတ် ကျဆုံးသွားပြီ ဟူသော သတင်းထွက်ပေါ်လာသည့်အခါ အချို့မွတ်စ်လင်မ်များသည် စိတ်အားလျော့၍ စစ်မြေပြင်မှပင် ဆုတ်ခွာသွားကြလေသည်။ ဤအာယသ်တော် (၃း ၁၅၁) တွင် 'အသင်တို့သည် စိတ်အားလျော့သွားခဲ့ကြ၏' ဟူသော အာယသ်တော်သည် အထက်ပါအကြောင်းကိုပင် ရည်ညွှန်းသည်။

[၁] ဤအာယသ်တော် (၃း ၁၅၁) တွင် 'အသင်တို့သည် အမိန့်တော်နှင့် စပ်လျဉ်း၍ အငြင်းပွားခဲ့ကြ၏' ဟူသော အာယသ်တော်သည် အုဟုဒ်စစ်ပွဲတွင် တမန်တော်မြတ်၏ အမိန့်တော်နှင့်စပ်လျဉ်း၍ မွတ်စ်လင်မ် လေးသည်တော်များအချင်းချင်း အငြင်းပွားခဲ့ကြသည့်အကြောင်းကို ရည်ညွှန်းသည်။

[၂] ဤအာယသ်တော် (၃း ၁၅၁) တွင် 'အသင်တို့သည် သွေဖည်ခဲ့ကြ၏' ဟူသော အာယသ်တော်သည် တမန်တော်မြတ်၏ မိန့်မှာချက်ကို အချို့လေးသည်တော်များက မနာခံခဲ့ကြသည်ကို ရည်ညွှန်းသည်။

[၃] "အသင်တို့အနက် အချို့သည် လောကီအကျိုးစီးပွားကို အလိုရှိ၏" ဟူသော အာယသ်တော်သည် တမန်တော်မြတ်၏ မိန့်မှာချက်ကို သွေဖည်၍ အုဟုဒ်တောင်ပေါ်မှ ဆင်းသက်လာခဲ့သော မွတ်စ်လင်မ် လေးသည်တော်များကို ရည်ညွှန်းသည်။

[၄] "အသင်တို့အနက်အချို့သည် နောင်တမလွန်ဘဝကို အလိုရှိ၏" ဟူသော အာယသ်တော်သည် တမန်တော်မြတ်၏ မိန့်မှာချက်အတိုင်း တောင်ပေါ်တွင် ကြံ့ခိုင်တည်မြဲစွာ တပ်စွဲလျက် ရန်သူတို့အား သက်စွန့် ကြိုးပမ်း ခုခံတိုက်ခိုက်၍ ကျဆုံးသွားကြရာသော မွတ်စ်လင်မ်လေးသည်တော်များကို ရည်ညွှန်းသည်။

[၅] အုဟုဒ်စစ်မြေပြင်တွင် အချို့စစ်သည်များ၏ ချွတ်ယွင်းမှုများကြောင့် မွတ်စ်လင်မ်စစ်သည်တော်များတွင် တည်တံ့ခိုင်မြဲမှုပျက်စီး၍ အမိန့်မနာခံမှုများဖြစ်ပေါ်လာသည့်အခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အကူအညီကို ရုပ်သိမ်းထားလိုက်တော်မူလိုက်၏။ ထိုအခါ မွတ်စ်လင်မ်တို့သည် နိုင်နေကြရာမှ အခိုက်အတန့်အားဖြင့် လွှမ်နိမ့်သွားခဲ့ကြရလေသည်။ ဤကဲ့သို့ဖြစ်စေခြင်းမှာလည်း မွတ်စ်လင်မ်တို့၏ 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ခန္တီတရားများကို အလ္လာဟ်အရှင်မြတ် စမ်းသပ်တော်မူရန်ပင်ဖြစ်သည်။

(ယခုမူကား) ထိုအရှင်မြတ်သည် အသင်တို့အား (အပြစ်များမှ) မုချဧကန် ခွင့်လွှတ်တော်မူပြီး ဖြစ်လေပြီ။ [၃] စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် ယုံကြည်ခြင်း သဒ္ဒါတရားထားရှိသူတို့အဘို့ ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။

إِذْ تُصْعِدُونَ وَلَا تَلْوُۥنَ
عَلَىٰٓ أَحَدٍ وَٱلرَّسُولُ
يَدْعُوكُمْ فِىٓ أُخْرَىٰكُمْ
فَأَثَٰبَكُمْ غَمًّۢا بِغَمٍّ
لِّكَيْلَا تَحْزَنُوا۟ عَلَىٰ
مَا فَاتَكُمْ وَلَا مَآ
أَصَابَكُمْ ۗ وَٱللَّهُ
خَبِيرٌۢ بِمَا تَعْمَلُونَ ﴿١٥٣﴾

၁၅၃။ (ပြန်လည်အောက်မေ့ သတိရကြလေကုန်) တရံရောအခါ အသင်တို့သည် ("အုဟုဒ်" စစ်မြေပြင်မှ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လှည့်၍ မကြည့်ဘဲ (ကိုယ်လွတ်ရုန်းကာ) ထွက်ပြေးနေကြလေသည်။ [၂] စင်စစ် (ထိုအခါ) ရာစူလ်တမန်တော်သည် အသင်တို့နောက်မှ အသင်တို့အားဟစ်ခေါ် လျက်ရှိတော်မူခဲ့လေသည်။ (သို့ရာတွင် အသင်တို့ သည် မလိုက်နာဘဲ ရာစူလ်တမန်တော်ကို စိတ်ဆင်းရဲ ခြင်းဖြစ်စေခဲ့ကြသည်။) သို့ ဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်သည် (နဗီတမန်တော်ကို အသင်တို့ စိတ်ဆင်းရဲခြင်း ဖြစ်စေခဲ့ကြသည့်အတွက်) အသင်တို့အား *စိတ်ဆင်းရဲခြင်းအစား စိတ်ဆင်းရဲခြင်းကိုပင်* ပေးတော်မူခဲ့လေသည်။ [၃]

---

① အုဟုဒ်စစ်မြေပြင်တွင် ပါဝင်ဆင်နွှဲကြကုန်သော မွတ်စ်လင်မ်စစ်သည်တော်များသည် မိမိတို့၏ ချွတ်ယွင်းချက်များကြောင့် လောကၓ် နစ်နာဆုံးရှုံးခဲ့ကြရသော်လည်း 'မုအ်မင်န်' တို့အား အထူးအကျိုးပြုတော်မူသော အလ္လာဟ်အရှင်မြတ်သည် ထိုမွတ်စ်လင်မ် စစ်သည်တော်များအား ချမ်းသာခွင့်ပြုတော်မူလိုက်ပြီးဖြစ်သဖြင့် နောင် 'ကိယာမတ်' နေ့တွင်မူကား ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်မှ လုံးဝ လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြမည်မှာ မုချပင်ဖြစ်ပေသည်။

② 'အုဟုဒ်' စစ်မြေပြင်တွင် မွတ်စ်လင်မ်စစ်သည်များသည် ကစဉ့်ကလျား ဖြစ်ပြီး စစ်မြေပြင်မှပင် အချို့ဆုတ်ခွာထွက်ပြေးကြလေသည်။ တစ်ဦးကိုတစ်ဦးပြန်လှည့် မကြည့်နိုင်ကြပေ။ ထိုအချိန်တွင် တမန်တော်မြတ်သည် မိမိနေရာ၌ ရပ်တည်လျက် ကစဉ့်ကလျား ထွက်ပြေးလျက်ရှိသော စစ်သည်တော်များအား မိမိထံသို့ ပြန်လှည့်လာကြရန် ခေါ်လျက် ရှိတော်မူ၏။ ယင်းသို့ ခေါ်တော်မူသည်ကိုပင် အချို့ စစ်သည်တော်များသည် မကြားနိုင်ကြပေ။ တပ်ပျက်၍ ဖရိုဖရဲ ဖြစ်သည့်အခါ အသီးသီး မိမိကိုယ်ကို မိမိ အလွတ်ရုန်းသည်မှာ မထူးဆန်းပေ။ ဖြစ်လေ့ရှိသော ကိစ္စတရပ်ပင်ဖြစ်ချေသည်။

သို့မှသာလျှင် အသင်တို့သည် (ဤသည်ကို အကြောင်းပြု၍ နောက်နောင်များတွင်) မိမိတို့ လက်လွတ်သွားသော ကိစ္စများနှင့် စပ်လျဉ်း၍ငင်း၊ မိမိတို့၌ ဆိုက်ရောက်လာသော ဘေးဒုက္ခများနှင့် စပ်လျဉ်း၍ငင်း၊ *ပူဆွေးကြမည်မဟုတ်ပေ၊* [၃] စင်စစ် တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

ثُمَّ أَنزَلَ عَلَيْكُم مِّن بَعْدِ الْغَمِّ أَمَنَةً نُّعَاسًا يَغْشَىٰ طَائِفَةً مِّنكُمْ وَطَائِفَةٌ قَدْ أَهَمَّتْهُمْ

၁၅၄။ တဖန် (ယင်းကဲ့သို့) စိတ်ဆင်းရဲခြင်း ဖြစ်ကြပြီးနောက် (စိတ်ချမ်းသာစေရန်) ထို အရှင်မြတ်သည် အသင်တို့အပေါ်၌ ဘေးရန်ကင်းငြိမ်းခြင်း တည်းဟူသော *ငိုက်မျည်းခြင်းကို ချပေးတော်မူခဲ့* လေသည်။ [၂] ယင်းငိုက်မျည်းခြင်းသည် အသင်တို့ အနက်မှ လူတစ်စုကို လွှမ်းမိုးခဲ့လေသည်။

---

(၃) 'အုဟုဒ်' စစ်မြေပြင်တွင် အချို့မွတ်စ်လင်မ် စစ်သည်တော်များသည် တမန်တော်မြတ်၏ အမိန့်တော်ကို သွေဖည်ငြင်းဆန်ကြပြီး တမန်တော်မြတ်အား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား စိတ်ဆင်းရဲစေခြင်း၏ အစား စိတ်ဆင်းရဲစေခြင်းကို ဖြစ်စေတော်မူလေသည်။

(၂) မွတ်စ်လင်မ်တို့သည် 'အုဟုဒ်' စစ်ပွဲတွင် မိမိတို့၏ မှားယွင်းမှုများကြောင့်ပင်လျှင် အကြီးအကျယ် စိတ်ဆင်းရဲခဲ့ကြ၏။ သို့ဖြစ်ပေရာ မွတ်စ်လင်မ်တို့သည် ထိုစစ်ပွဲမှ သင်ခန်းစာရယူပြီး နောင်အခါများတွင် လုံလဝီရိယ ရှိကြရပေမည်။ နွဲ့သတ္တိရှိကြရပေမည်။ ခံနိုင်ရည်ရှိကြရပေမည်။ ရင့်ကျက်လာကြရပေမည်။ ယင်းသို့အားဖြင့် မွတ်စ်လင်မ်တို့သည် မိမိတို့ တွေ့ကြုံခဲ့ရသော ဘေးဒုက္ခများ၊ မိမိတို့ လက်လွတ်လိုက်ရသည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ပူးဆွေးကြမည်မဟုတ်ပေ။

(၁) 'အုဟုဒ်' စစ်မြေပြင်မှ ကာဖိရ်စစ်သည်များ ပြန်လည် ဆုတ်ခွာသွား ကြသည့်အခါ ကိုယ်စိတ် နှစ်ဖြာပင်ပန်းနွမ်းနယ်လျက် ရှိသော မွတ်စ်လင်မ် စစ်သည်တော်များ အပေါ်သို့ အလ္လာဟ် အရှင်မြတ်သည် စိတ်ချမ်းသာမှုတည်းဟူသော ငိုက်မြည်းခြင်းကို ချပေးသနားတော်မူခဲ့၏။ ထိုအချိန်တွင် အချို့မွတ်စ်လင်မ် စစ်သည်တော်များသည် တရေးတမှိတ် အိပ်ပျော်ရှိပင် သွားခဲ့ကြ၏။ ယင်းသို့ အားဖြင့် မွတ်စ်လင်မ် စစ်သည်တော်များသည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းဖြစ်နေရာ ကာယသုခ၊ စိတ္တသုခ၊ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း ဖြစ်လာခဲ့ ကြလေသည်။ ➤➤

أَنفُسُهُمْ يَظُنُّونَ بِاللَّهِ
غَيْرَ الْحَقِّ ظَنَّ الْجَاهِلِيَّةِ ۖ
يَقُولُونَ هَل لَّنَا مِنَ الْأَمْرِ
مِن شَيْءٍ ۗ قُلْ إِنَّ الْأَمْرَ كُلَّهُ
لِلَّهِ ۗ يُخْفُونَ فِي أَنفُسِهِم مَّا
لَا يُبْدُونَ لَكَ ۖ يَقُولُونَ
لَوْ كَانَ لَنَا مِنَ الْأَمْرِ شَيْءٌ

သို့ရာတွင် (မုနာဖစ်က်မည်သော) လူတစ်စု မှာမူ၊ မိမိတို့၏ အသက်(ဘေးအန္တရာယ်)များကိုသာ စိုးရိမ်နေခဲ့ကြကုန်သည်။ [၁] ထိုသူတို့ကား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ *မမှန်ကန်သော၊ မိုက်မဲသော(ခေတ်က) ထင်မြင်ယူဆချက်များကို* ယူဆခဲ့ကြကုန်၏။ [၂]

ထိုသူတို့က "အကျွန်ုပ်တို့၌ (ယခုတွေ့ကြုံနေရသော ကိစ္စနှင့်စပ်လျဉ်း၍) တစုံတရာ ပြောရေးဆိုခွင့် အမိန့်အာဏာများရှိပါသလား" ဟုပြောဆိုကြ၏။ [၃] (အို-နဗီတမန်တော်) "အမိန့်အာဏာ အားလုံးတို့သည် အလ္လာဟ် အရှင်မြတ်၌သာ ရှိသည်" ဟု အသင် ပြောကြားပါလေ။

➤➤ ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းနွမ်းနယ်လျက် ခြေကုန်လက်ပန်း ကျနေသော အချိန်အခါ မျိုးတွင် ခေတ္တခဏ တရေးတမိတ် အိပ်စက်လိုက်ရခြင်းသည် အဘယ်မျှ အကျိုးရှိသည်ကို စစ်မြေပြင်သို့ ထွက်၍ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ကြဘူးသော စစ်သည်တော်များသည် ကောင်းစွာ သိရှိနိုင်ကြပေသည်။

ကြည့် - မာဂျီဒီ။

① 'အုဟုဒ်' စစ်မြေပြင်တွင် မွတ်စ်လင်မ် စစ်သည်များနှင့်အတူ အခြားလူတစ်စုလည်း ရှိသေး၏။ ထိုသူများသည် 'မုနာဖစ်က်' များ ဖြစ်ကြ၏။ ထိုသူများသည် အစ္စလာမ် သာသနာ၏အရေး၊ နဗီတမန်တော် အရေးနှင့် မွတ်စ်လင်မ်တို့၏ အရေးများကို အနည်းငယ်မျှပင် စိတ်မဝင်စားခဲ့ကြပေ။ မိမိတို့၏ အသက်ဘေးန္တရာယ်ကို သာလျှင် စိုးရိမ် ကြောင့်ကြနေခဲ့ကြ၏။

"မိမိတို့၏ အသက်ဘေးအန္တရာယ်ကိုသာ စိုးရိမ်နေသော လူတစ်စု" ဟူသည် 'မုနာဖစ်က်' များပင် ဖြစ်ကြသည်ဟူ၍ 'မုဖာစစ်စီရိန်' အဋ္ဌကထာရှင် အားလုံးလိုလိုကပင် ဆိုကြသည်။ သို့ရာတွင် အလ်မနာရ် ကျမ်းရှင်ကမူ ထိုသူများသည် မုနာဖစ်က်များ မဟုတ်ကြ၍။ 'အီမာန်' ယုံကြည်ခြင်းသဒ္ဓါတရား နုနယ်သော မွတ်စ်လင်မ်များပင် ဖြစ်ကြသည်ဟူ၍ အလ်မနာရ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-(၁၈၆-၁၈၈)တွင် ရေးသားဖော်ပြထားသည်။

② 'မုနာဖစ်က်' များသည် အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ 'ဂျာဟိလီယတ်' ခေါ် အစ္စလာမ်သာသနာ မထွန်ကားမီခေတ်က လူမိုက်များ ထင်မှတ်ယူဆကြသကဲ့သို့ မမှန်ကန်သော အတွေးအခေါ်များကိုပင် တွေးတောခဲ့ကြ၏။ အမိုက်ခေတ်၏ အယူအဆတစ်ရပ်မှာ "အလ္လာဟ်အရှင်မြတ်သည် ကတိပြုတော်မူပြီးသည့်နောက် မိမိ၏ကတိတော်အတိုင်း မပြုလုပ်ဘဲလည်း နေတော်မူ၏" ဟူ၍ဖြစ်၏။ ဤကား လုံးဝမမှန်ကန်သော အယူအဆမျှသာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ဘယ်သောအခါမျှ မိမိ၏ ကတိတော်ကို ➤➤

(စစ်စစ်အားဖြင့်) ထိုသူတို့သည် မိမိတို့ စိတ်တွင်း၌ ထိမ်ချန် ထားရှိသမျှတို့ကို အသင့်အား (ပွင့်လင်းစွာ) ထုတ်ဖော်(ပြောဆို)ကြသည်မဟုတ်ပေ။ ယင်းသူတို့က "အကယ်၍သာ အကျွန်ုပ်တို့၌ တစုံတရာမျှသော အမိန့်အာဏာသည် ရှိခဲ့ပါမူ အကျွန်ုပ်တို့သည် ဤနေရာ(စစ်မြေပြင်)၌ အသတ်ခံကြရမည် မဟုတ်ပေ" ဟု ပြောဆိုကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် မိမိတို့အိမ်များ၌ပင် ရှိနေကြသည့်တိုင်အောင် (ရေးဦးမစွက) အသတ်ခံရန် သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်ကြသောသူတို့မှာကား မိမိတို့ အသတ်ခံရမည့်နေရာများသို့ မုချ ထွက်လာကြရမည်သာဖြစ်၏။ စင်စစ်သော်ကား (ယင်းကဲ့သို့ ဖြစ်ခဲ့ရသည်မှာ) အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏ ရင်များအတွင်း၌ရှိသော (ယုံကြည်မှု)ကို စမ်းသပ်တော်မူခြင်းငှာငင်း၊ အသင်တို့ စိတ်နလုံးများ၌ရှိသော (အညစ်အကြေးတို့)ကို သန့်ရှင်းစင်ကြယ်စေတော်မူခြင်းငှာငင်း၊ ဖြစ်ချေသည်။

قُلْ لَّوْ كُنْتُمْ فِيْ بُيُوْتِكُمْ لَبَرَزَ الَّذِيْنَ كُتِبَ عَلَيْهِمُ الْقَتْلُ اِلٰى مَضَاجِعِهِمْ ۚ وَلِيَبْتَلِيَ اللّٰهُ مَا فِيْ صُدُوْرِكُمْ وَلِيُمَحِّصَ مَا فِيْ قُلُوْبِكُمْ ۗ وَاللّٰهُ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿١٥٤﴾

➤➤ ဖောက်ဖျက်တော်မူသည် မဟုတ်ချေ။ ကြည့် - ကုရ်အာန် (၃း ၈။ ၁၃း ၃၁။ ၁၄း ၄၇။ ၂၂း ၄၇။ ၃၀း ၆။ ၃၉း ၂၀။)

'ဂျာဟီလီယတ်' အမိုက်ခေတ်ဟူသည် အစ္စလာမ်သာသနာမထွန်ကားမီ 'ရှစ်ရ်က်' ခေါ် အလ္လာဟ် အရှင်မြတ်နှင့် တုဘက်ယှဉ်တွဲ၍ ဘုရားအများ ကိုးကွယ်ခဲ့သည်ခေတ်ကို ဆိုသည်။ ကြည့်-မာဂျီဒီ။

⓵ 'မုနာဖစ်က်' တို့သည် မမှန်ကန်သော အတွေးအခေါ်များကို ထင်မြင်ယူဆခဲ့ကြသည်သာမက နှုတ်မှ ဖွင့်ဟပြီး အကယ်၍သာ အကျွန်ုပ်တို့၌ တစုံတရာ အခွင့်အာဏာရှိလျှင် (ဆိုလိုသည်ကား အကျွန်ုပ်တို့ အကြံပေးချက်ကို လက်ခံပါလျှင်) ကျွန်ုပ်တို့သည် ဤနေရာ၌ အသတ်ခံကြရမည် မဟုတ်ပေဟူ၍လည်း ပြောဆိုခဲ့ကြသေး၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်က အကယ်၍ အသင်တို့သည် မိမိတို့အိမ်များတွင် ရှိနေစေကြကာမူ အသတ်ခံရန် သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်သောသူများမှာကား မိမိတို့ အသတ်ခံရမည့် နေရာများသို့ မုချ ထွက်လာကြပေမည် ဟု နဗီ တမန်တော်မြတ်အား ဖြေကြားတော် မူစေသည်။ ဆိုလိုသည်ကား Man Proposes God Disposes ဆိုသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်သည်သာလျှင် အဓိကဖြစ်သည်။ လူသားတို့၏ အကြံအစည်ကား အဓိက မဟုတ်ချေ။

အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (လူသားတို့၏) ရင်များအတွင်း၌ရှိသည့် အရာတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

إِنَّ الَّذِينَ تَوَلَّوْا مِنكُمْ يَوْمَ الْتَقَى الْجَمْعَانِ ۙ إِنَّمَا اسْتَزَلَّهُمُ الشَّيْطَانُ بِبَعْضِ مَا كَسَبُوا ۖ وَلَقَدْ عَفَا اللَّهُ عَنْهُمْ ۗ إِنَّ اللَّهَ غَفُورٌ حَلِيمٌ ﴿١٥٥﴾

၁၅၅။ အသင်တို့ အနက်မှ အကြင် သူတို့သည် (မွတ်စ်လင်မ်နှင့် ကာဖိရ်) လူစုနှစ်စုတို့ တစ်ဘက်နှင့် တစ်ဘက် ရင်ဆိုင်တွေ့ဆုံ တိုက်ခိုက်ကြသောနေ့တွင် (စစ်မြေပြင်မှ) ဧကန်စင်စစ် ကျောခိုင်း၍ ပြန်လှည့်ဆုတ်ခွာသွားကြ၏။ (စင်စစ်တမူကား) ရှိုင်တွာန်သည် ထိုသူတို့ပြုကျင့်ခဲ့သော အချို့ ပြုမူချက်များကြောင့်ပင် ထိုသူတို့ကို ခြေချော်အောင် ပြုလုပ်ခဲ့လေပြီ။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည်ကား ထိုသူတို့အား အမှန်စင်စစ် ခွင့်လွှတ်တော်မူခဲ့လေပြီ။

ဧကန်မုချ အလ္လာဟ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူထသော အရှင်မြတ်၊ အလွန်တရာ ထောက်ထား ညှာတာသည်းခံတော်မူထသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَكُونُوا كَالَّذِينَ كَفَرُوا وَقَالُوا

၁၅၆။ အို- 'မုအ်မင်န်' သက်ဝင် ယုံကြည်သူအပေါင်းတို့။ အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူတို့သည် မယုံမကြည် သွေဖည်ငြင်းပယ်ကြသည့်ပြင် [၁] မိမိတို့၏ ညီသား

---

① ဤအာယသ်တော်တွင် 'မုနာဖစ်က်' များကို 'ကာဖိရ်' များဟူ၍ မိန့်ဆိုထားတော်မူသည်။ မုနာဖစ်က်များသည် အစ္စလာမ်သာသနာကို လက်ခံနာယူကြောင်းကို နှုတ်ဖြင့် ဖွင့်ဟပြောဆိုကြသော်လည်း စိတ်တွင်းကမူ မယုံကြည်ကြပေ။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် စိတ်စေတနာမပါဘဲလျက် နှုတ်မျှဖြင့် အစ္စလာမ်သာသနာကို လက်ခံနာယူကြောင်းပြောဆိုခြင်းသည် 'အီမာန်' မခြောက်ကြောင်းထင်ရှားပေသည်။ ကြည့် - ကဗီရ်။

لِإِخْوَٰنِهِمْ إِذَا ضَرَبُوا۟ فِى
ٱلْأَرْضِ أَوْ كَانُوا۟ غُزًّى
لَّوْ كَانُوا۟ عِندَنَا مَا مَاتُوا۟
وَمَا قُتِلُوا۟ لِيَجْعَلَ ٱللَّهُ
ذَٰلِكَ حَسْرَةً فِى قُلُوبِهِمْ ۗ
وَٱللَّهُ يُحْىِۦ وَيُمِيتُ ۗ وَٱللَّهُ
بِمَا تَعْمَلُونَ بَصِيرٌ ﴿١٥٦﴾

အစ်ကိုများနှင့်ပတ်သက်၍ ထိုညီသားအစ်ကိုများသည် ပထဝီမြေပြင်ဝယ် (သာသနာရေး ကိစ္စနှင့်) ခရီးသွားလာကြသောအခါ (ကွယ်လွန် သေဆုံးခဲ့သည်) ဖြစ်စေ၊ စစ်သည်တော်များဖြစ်(၍ စစ်မြေပြင်၌ကျဆုံး) ခဲ့သည်ဖြစ်စေ၊ "အကယ်၍သာ ထိုသူတို့သည် ငါတို့နှင့်အတူရှိနေခဲ့ကြပါလျှင် (ယင်းကဲ့သို့) သေကြေပျက်စီးကြမည်လည်းမဟုတ်။ သတ်ဖြတ်ခြင်းခံကြရမည်လည်း မဟုတ်ပေတကား" ဟု ပြောဆိုလေ့ရှိကြကုန်၏။

အလ္လာဟ်အရှင်မြတ်သည် ထိုသူများကဲ့သို့ အသင်တို့မဖြစ်ကြသည်ကိုပင် ထို (ကာဖိရ်သွေဖည်ငြင်းပယ်သော)သူတို့၏ စိတ်နလုံးတွင်း၌ ဝမ်းနည်းပူဆွေးဘွယ်တစ်ရပ် ဖြစ်စေတော်မူရန်ဖြစ်သည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ရှင်စေ တော်မူ၏။ ထိုအရှင်မြတ်သည်သာလျှင် သေစေတော် မူ၏။ ထိုမှတပါး:တုံ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြကုန်သော ကိစ္စရပ်တို့ကိုလည်း ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။

وَلَئِن قُتِلْتُمْ فِى سَبِيلِ ٱللَّهِ
أَوْ مُتُّمْ لَمَغْفِرَةٌ مِّنَ ٱللَّهِ
وَرَحْمَةٌ خَيْرٌ مِّمَّا
يَجْمَعُونَ ﴿١٥٧﴾

၁၅၇။ သို့ရာတွင်မူကား စင်စစ် အကယ်၍ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ အသတ်ခံကြ ရသည် ဖြစ်စေ၊ သို့တည်းမဟုတ် သေဆုံးကြသည် ဖြစ်စေ၊ သို့ဖြစ်လျှင် အလ္လာဟ် အရှင်မြတ် အထံတော်မှ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခြင်းသည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း။ ထို(ကာဖိရ်)တို့ စုဆောင်းကြကုန်သော အရာဝတ္ထုများထက် မုချကောန် သာလွန်၍ကောင်းမြတ်ပေသည်။

وَلَئِنْ مُّتُّمْ اَوْ قُتِلْتُمْ لَاِاِلَى اللّٰهِ تُحْشَرُوْنَ ﴿١٥٨﴾

၁၅၈။ ထိုနည်းတူစွာ အကယ်၍ အသင်တို့သည် စင်စစ် သေဆုံးကြသည် ဖြစ်စေ၊ သို့တည်းမဟုတ် အသတ်ခံကြရသည်ဖြစ်စေ၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့သာလျှင် မုချ စုရုံးစေခြင်းခံကြရပေမည်။

فَبِمَا رَحْمَةٍ مِّنَ اللّٰهِ لِنْتَ لَهُمْ ۚ وَلَوْ كُنْتَ فَظًّا غَلِيْظَ الْقَلْبِ لَانْفَضُّوْا مِنْ حَوْلِكَ ۖ فَاعْفُ عَنْهُمْ وَاسْتَغْفِرْ لَهُمْ وَشَاوِرْهُمْ فِى الْاَمْرِ ۚ فَاِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللّٰهِ ۚ اِنَّ اللّٰهَ يُحِبُّ الْمُتَوَكِّلِيْنَ ﴿١٥٩﴾

၁၅၉။ တဖန် (အို- နဗီတမန်တော်) အသင်သည် အလ္လာဟ် အရှင်မြတ်၏ ကရုဏာတော် ကြောင့် သာလျှင် ထိုသူတို့နှင့်နူးညံ့(စွာဆက်ဆံ)ခဲ့လေပြီ။ [၁] အကယ်၍သာ အသင်သည် ကြမ်းတန်းသောသူ (လူမှုဆက်ဆံရေး၌) *စိတ်သဘော ခက်ထန် ကြမ်းကြုတ်သောသူဖြစ်ခဲ့ပါမူ*၊ [၂] ထိုသူတို့သည် အသင်၏ အပါးမှ ကစဉ့်ကလျားဖြစ်ကာ ထွက်ခွာသွားကြမည်မှာ ဧကန်မလွဲတည်း။ သို့ဖြစ်ရကား အသင်သည် ထိုသူတို့(၏ ချွတ်ယွင်းမှုများ)ကို ခွင့်လွှတ်ပါလေ။ (အလ္လာဟ်အရှင်မြတ်အထံတော်၌လည်း) ထိုသူတို့အတွို့ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံပေးပါလေ။ ထိုမှတပါးတုံ အသင်သည် ရေးခွင့်ကိစ္စအဝဝနှင့် စပ်လျဉ်း၍ ထိုသူတို့နှင့်တိုင်ပင်ဆွေးနွေးပါလေ။ [၃]

---

① 'အုဟုဒ်' စစ်မြေပြင်တွင် အချို့မွတ်စ်လင်မ်များ၏ ချွတ်ယွင်းမှုသွေဖည်မှု၊ မိမိတို့၏ ထင်မြင်ယူဆချက်အတိုင်း ပြုမူအစရှိသည်များကြောင့် မွတ်စ်လင်မ်စစ်သည်တော် ၇၀-ခန့်ကျဆုံးခဲ့ကြရ၏။ အကြီးအကျယ် နစ်နာဆုံးရှုံးခဲ့ကြရ၏။ အနိုင်သည်အရှုံးဖြစ်ခဲ့ရ၏။ သို့ဖြစ်သောကြောင့် တမန်တော်မြတ်သည်အကြီးအကျယ် စိတ်ဆင်းရဲခြင်းဖြစ်ခဲ့ရရှာ၏။ သို့ရာတွင်တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်အဟုန်ကြောင့် ထိုကဲ့သို့ မှားယွင်းခဲ့သော မွတ်စ်လင်မ်စစ်သည်တော်တို့အား အပြစ်ထားတော်မမူဘဲ ထိုသူတို့နှင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံတော်မူခဲ့လေသည်။ ဤကား ကမ္ဘာရာဇဝင်တွင် အံ့ချီးမဆုံးသော ကိစ္စတစ်ရပ်ပင် ဖြစ်ပေတော့သည်။

② တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ စိတ်ခါတ် နူးညံ့ သိမ်မွေ့ပုံများ၊ သနားကြင်နာပုံများ၊ ထောက်ထား ညှာတာပုံများ၊ သည်းခံပုံများ၊ စိတ်ချုပ်တည်းပုံများ၊ ကရုဏာတရားပွားများပုံများကား၊ အလွန်တရာ များပြားလှတော့၏။ ထိုထိုသော အကြောင်းများကို 'ဟဒီဆ်' ကျမ်းကြီးများနှင့် 'စီရတ်' တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိ ကျမ်းကြီးများတွင် အကျယ်တဝင့် ရေးသားထားပေသည်။ ➤➤

(သို့ဆွေးနွေးတိုင်ပင်) ပြီးနောက် အသင်သည် (တစုံတရာသော ကိစ္စနှင့်စပ်လျဉ်း၍) ပြုလုပ်ရန် စိတ်ပြဋ္ဌာန်းလိုက်သည့်အခါ *အလ္လာဟ်အရှင်မြတ် အပေါ်ဝယ် ယုံကြည် စိတ်ချ လွှဲအပ်(၍ ပြုလုပ်) ပါလေ။* [၃] အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် (မိမိအပေါ်ဝယ်) ယုံကြည်စိတ်ချ အားထားသောသူတို့ကို ချစ်ခင်တော်မူလေသတည်း။

إِن يَنصُرْكُمُ اللَّهُ فَلَا غَالِبَ لَكُمْ ۖ وَإِن يَخْذُلْكُمْ فَمَن ذَا الَّذِي يَنصُرُكُم مِّن بَعْدِهِ ۗ

၁၆၀။ (အို-သက်ဝင်ယုံကြည်သူ အပေါင်းတို့) အကယ်၍ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အား ကူညီစောင့်မတော် မူပါလျှင်၊ *အသင်တို့အပေါ်၌ အောင်မြင် လွှမ်းမိုးမည့်သူဟူ၍ မည်သူ တစ်ဦး တစ်ယောက်မျှ ရှိတော့မည်မဟုတ်ပေ။* [၂]

➤➤ တမန်တော်မြတ်နှင့်ပတ်သက်၍ အထူးမှတ်သားထားအပ်သည့်အချက်တစ်ရပ်မှာ တမန်တော်မြတ်သည် မိမိတစ်သက်တာပတ်လုံး မိမိကိုယ်ရေးအတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တုံ့ပြန်လက်စားချေတော်မမူခဲ့ချေ။

(၃) 'အုဟုဒ်'စစ်မြေပြင်တွင်မှားယွင်းချွတ်ချော်ခဲ့သော မွတ်စ်လင်မ်စစ်သည်တော်များနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား 'အသင်သည် ထိုသူတို့အား ခွင့်လွှတ်ပါလေ။ ထိုသူတို့အဘို့ လွှတ်ငြိမ်းချမ်းသာ ခွင့်ကိုလည်း အသနားခံပေးပါလေ။ နောက်ပြီး အမှုကိစ္စများကို ဆောင်ရွက်ရာတွင် ထိုသူများနှင့် တိုင်ပင်ဆွေးနွေးပါလေ' ဟု အဆုံးအမ ဩဝါဒပေးတော်မူခဲ့သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် နောက်လိုက်တပည့်သားတို့အား ကြင်နာမှု၊ ထောက်ထားညှာတာမှု၊ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် ငယ်သားတို့နှင့် တိုင်ပင်ဆွေးနွေးမှုသည် အဘယ်မျှ အရေးကြီးသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။

(၁) အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီးသည့်နောက် ကိစ္စတစ်ရပ်ကို ပြုလုပ်ရန် အတိအကျ စိတ်ပိုင်းဖြတ်လိုက်သည့်အခါ အလ္လာဟ် အရှင်မြတ်အား ယုံပုံအားထားပြီးလျှင် မဆုတ်မနစ်သော လုံ့လဥဿဟဖြင့် ထိုကိစ္စကို ပြုလုပ်ဆောင်ရွက်ရပေမည်။ ဤအာယသ်တော်တွင် အချင်းချင်း ဆွေးနွေးတိုင်ပင် နှီးနှောခွင့်ပြုထားသော်လည်း တကယ်မှီခို အားထားရမည့်အရာကား အခြားမဟုတ်၊ အလ္လာဟ် အရှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်းကို ညွှန်ပြ ထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်က မိမိ၏နဗီတမန်တော်အား မည်သည့်အခါမဆို နဗီတမန်တော်သည် အရာတစ်ခုကို ပြုလုပ်ရန် အတိအကျ စိတ်ပိုင်းဖြတ်လိုက်သည့်အခါ အလ္လာဟ်အရှင်မြတ်အားသာလျှင် ယုံပုံအားထားရမည်။ ထိုမွတ်စ်လင်မ်တို့နှင့် ဆွေးနွေးတိုင်ပင်မှု အပေါ်၌ ယုံပုံအားမထားရဟု အမိန့်ပေးထားတော်မူသည်။ ဤကား ကတာဒဟ်သခင်၏ အဆိုတည်း။ ကုရ်တုဗီ။

(၂) ဥပမာ မွတ်စ်လင်မ်တို့သည် 'ဗဒ်ရ်' စစ်ပွဲတွင် အလ္လာဟ်အရှင်မြတ်၏ အကူအညီကို ရရှိခဲ့ကြသဖြင့် အောင်နိုင်ခဲ့ကြ၏။ ဤကား အမိန့်တော်နာခံခြင်း၏ အကျိုးပင်။ ကြည့် - မာဂျိဒီ။

وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٦٠﴾

သို့ရာတွင် အကယ်၍သာ ထို အရှင်မြတ်သည် အသင်တို့အား (ကူညီစောင်မတော်မူခြင်း မပြုဘဲ) စွန့်ပစ်ထားတော်မူပါလျှင်၊ [၁] ထိုကဲ့သို့ စွန့်ပစ်ထားတော် မူပြီးနောက် အသင်တို့အား ကူညီစောင်မမည့် သူသည် အဘယ်သူ ရှိပါသေးသနည်း။ သို့ဖြစ်ရကား ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသော သူတို့သည် အလ္လာဟ် အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်စိတ်ချ အားထားကြရပေမည်တည်း။

وَمَا كَانَ لِنَبِيٍّ أَنْ يَغُلَّ ۚ وَمَنْ يَغْلُلْ يَأْتِ بِمَا غَلَّ يَوْمَ الْقِيَامَةِ ۚ ثُمَّ تُوَفَّىٰ كُلُّ نَفْسٍ مَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿١٦١﴾

၁၆၁။ ၎င်းပြင်၊ မည်သည့် နဗီတမန်တော် တပါးမျှ ထိမ်ချန် လျှို့ဝှက်ခြင်း (သစ္စာမဲ့ခြင်း) မရှိခဲ့ပြီ။ အမှန်စင်စစ်သော်ကား မည်သူမဆို ထိမ်ချန်လျှို့ဝှက်ခဲ့ပါမူ ထိုသူသည် ရှင်ပြန်ထမည့် နေ့တွင် မိမိ ထိမ်ချန်လျှို့ဝှက်သော အရာများကို (အလ္လာဟ် အရှင်မြတ်၏ ရှေ့တော်မှောက်သို့) ယူဆောင်လာအံ့။

ထို့နောက် လူတိုင်းသည် မိမိ ရွာဖွေဆည်းပူးခဲ့သမျှ(သောကုသိုလ်အကုသိုလ်၏အကျိုး)ကို အပြည့်အစုံရရှိကြလတ္တံ့။ ၎င်းပြင် ထိုသူတို့သည် *မတရားပြုခြင်းကို အလျင်း ခံကြရမည်မဟုတ်ချေ။* [၂]

---

① ဥပမာ မွတ်စ်လင်မ်တို့သည် အုဟုဒ်စစ်ပွဲတွင် အမိန့်တော်ကို အချို့စစ်သည်တော်များ၏ မနာခံမှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ပစ်ပယ်ခြင်းကိုခံလိုက်ကြရသဖြင့် ခေတ္တခဏ စစ်ရေးရှုံးနိမ့်ခဲ့ကြရ၏။ ဤကား အမိန့်မနာခံမှု၏ အကျိုးပင်။ ကြည့် - မာဂျိဒီ။

② **ထုတ်ပြန်ပို့ချတော်မူသည့်အကြောင်း။**

'ဗဒ်ရ်' စစ်ပွဲတွင် (စစ်လက်ရပစ္စည်းများအနက်) နီလွင်သော ကတ္တီပါ ဝတ်ရုံတထည် ပျောက်ဆုံးနေသည့်အခါ အချို့သူများက 'တမန်တော်မြတ်သည် ထိုဝတ်ရုံကို ယူထားကောင်း ယူထားပေလိမ့်မည်' ဟု ပြောဆိုကြ၏။ ထိုအခါ ဤအာယသ်တော် ကျရောက်လာလေသည်။

(အထက်ပါအကြောင်းကို ပြောဆိုသူမှာ 'မုနာဖစ်က်' ဖြစ်ပါမူ ထိုသူသည် တမန်တော်မြတ်အား မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းသာလျှင် ဖြစ်ပေသည်။ အကယ်၍ ပြောဆိုသူမှာ မွတ်စ်လင်မ် တစ်ဦး: ➤➤

أَفَمَنِ اتَّبَعَ رِضْوَانَ اللَّهِ كَمَنْ بَاءَ بِسَخَطٍ مِّنَ اللَّهِ وَمَأْوَاهُ جَهَنَّمُ ۖ وَبِئْسَ الْمَصِيرُ ﴿١٦٢﴾

၁၆၂။ သို့ဖြစ်ရာ အလ္လာဟ် အရှင်မြတ်၏ နှစ်သက်လိုလားမှုကို လိုက်နာပြုလုပ်သောသူသည် [၁] အကြင်သူ(ယုတ်)ကဲ့သို့ အဘယ်မှာလျှင် ဖြစ်နိုင်အံ့နည်း။ ထိုသူယုတ်သည် *အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကို ခံစားခဲ့ရ၏။* [၂] ထိုသူ၏ ပြန်လည်ရာဌာနသည် ငရဲဘုံဖြစ်၏။ ထိုငရဲဘုံသည် အလွန်ယုတ်ညံ့ ဆိုးရွားလှသော ပြန်လည်ရာ ဌာနပင် ဖြစ်ပေသည်။

هُمْ دَرَجَاتٌ عِندَ اللَّهِ ۗ وَاللَّهُ بَصِيرٌ بِمَا يَعْمَلُونَ ﴿١٦٣﴾

၁၆၃။ ထိုသူတို့အဘို့ အလ္လာဟ်အရှင်မြတ်ထံတော်၌ *အဆင့်အတန်း အမျိုးမျိုး ရှိကြကုန်၏။* [၃] အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့ ပြုမူကြကုန်သော ကိစ္စအရပ်ရပ်တို့ကို ခွဲခြားသိမြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَقَدْ مَنَّ اللَّهُ عَلَى الْمُؤْمِنِينَ إِذْ بَعَثَ فِيهِمْ رَسُولًا مِّنْ أَنفُسِهِمْ يَتْلُوا عَلَيْهِمْ آيَاتِهِ

၁၆၄။ အလ္လာဟ် အရှင်မြတ်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူတို့ထံသို့ ထိုသူတို့၏အ(မျိုးအစား)ထဲမှပင် အကြင် ရာဇူလ်တမန်တော်တပါးကို စေလွှတ်တော်မူခြင်းအားဖြင့် မုချ ယင်းသူတို့အပေါ် (မဟာ)ကျေးဇူးတော်ကို ပြုတော်မူခဲ့ချေပြီ။

➤➤ တစ်ယောက် ဖြစ်ပါမူ တမန်တော်မြတ်အဘို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကြောင်းကြားခြင်းမရှိဘဲ ယူငင်သုံးစွဲပိုင်ခွင့် ရှိသည်ဟူသော ထင်မှားချက်ဖြင့် ပြောဆိုမိခြင်းဖြစ်ပေမည်)။

ထိမ်ချိန်လှို့ဝှက်ခြင်းသည် ကြီးလေးသော ဒုစရိုက်မှုဖြစ်၏။ တမန်တော်များမှာမူကား မူပြစ်ကြီးငယ် ဒုစရိုက်အသွယ်သွယ်တို့မှ လုံးဝကင်းစင်ကြကုန်၏။ သို့ဖြစ်ပေရာ တမန်တော်များအဘို့ ထိမ်ချန်လှို့ဝှက်မှုသည် အသို့လျှင် ဖြစ်နိုင်အံ့နည်း။

① အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကို လိုက်နာသောသူကား ဥပမာ – နဗီတမန်တော်များ။

② အလ္လာဟ်အရှင်မြတ်၏ အမျက်တော်စူးရှခြင်းခံရ၍ ငရဲလားမည့်သူကား ဥပမာ – အလွဲသုံးစားပြုသူများ။

③ အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကို လိုက်နာသော သူတော်စင်များနှင့် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်စူးရှခြင်းခံရ၍ ငရဲလားသော သူယုတ်မာတို့သည် ထိုအရှင်မြတ်၏ အထံတော်၌ အဆင့်အတန်း တမျိုးတစားတည်းမဟုတ်ပေ။ အထူးပင်ခြားနားလျက်ရှိကြပေသည်။

وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ ۚ وَاِنْ كَانُوْا مِنْ قَبْلُ لَفِيْ ضَلٰلٍ مُّبِيْنٍ ﴿١٦٤﴾

ထို ရာဇပုတ္တရာသည် ယင်းသူတို့ရှေ့မှောက်ဝယ် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကိုလည်း ဖတ်ကြားလေသည်။ ထိုသူတို့အား (ပြစ်မှုဒုစရိုက်အပေါင်းတို့မှ) သန့်စင်အောင်လည်း ပြုချေသည်။ ၎င်းပြင် ယင်းသူတို့အား (အလ္လာဟ်အရှင်မြတ်၏) ကျမ်းဂန်တော်ကိုလည်း၊ ထူးသောဉာဏ်အမြော်အမြင်ကိုလည်း၊ သွန်သင်ပြသ သင်ကြားပို့ချလေသည်။

အမှန်စင်စစ် ၎င်းတို့သည် (ထိုရာဇပုတ္တရာတော် မပွင့်မီ) အလျင်က ထင်ရှားလှစွာသော လမ်းလွဲမှုဒဏ်ခံ၌ပင် မုချဧကန် ရှိနေခဲ့ကြကုန်၏။

أَوَلَمَّآ أَصَابَتْكُمْ مُّصِيْبَةٌ قَدْ أَصَبْتُمْ مِّثْلَيْهَا ۙ قُلْتُمْ أَنّٰى هٰذَا ۭ قُلْ هُوَ مِنْ عِنْدِ أَنْفُسِكُمْ ۭ إِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿١٦٥﴾

၁၆၅။ တဖန် (အုဟုဒ် စစ်မြေပြင်ဝယ်) အသင်တို့၌ အတိဒုက္ခသည် ဆိုက်ရောက်ခဲ့လေသည်။ အသင်တို့သည် *ယင်းအတိဒုက္ခ၏ နှစ်ဆမျှသော အတိဒုက္ခများကိုမူ (ရန်သူတို့၌) စင်စစ်ဧကန် ဆိုက်ရောက်စေခဲ့ကြပြီးဖြစ်၏။* [၁] (သို့အတိဒုက္ခဆိုက်ရောက်သော အခါ) အသင်တို့က ဤ (ဒုက္ခ) သည် (ကျွန်ုပ်တို့၌) *အဘယ်မှ ဆိုက်ရောက်ပါသနည်းဟု (ညည်းညူ) ပြောဆိုခဲ့ကြလေသည်။* [၂]

---

① 'အုဟုဒ်' စစ်ပွဲတွင် မွတ်စ်လင်မ်တို့သည် နှစ်နာဆုံးရှုံးခဲ့ကြ၏။ စစ်သည်တော် ၇၀-ကျဆုံးခဲ့ကြရ၏။ 'ဗဒ်ရ်' စစ်ပွဲတွင် ကာဖိရ်တို့သည် ဆုံးရှုံးခဲ့ကြ၏။ စစ်သည် ၇၀-ကျဆုံး၍ စစ်သည် ၇၀-တိတိပင် စစ်သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ကြ၏။ အဆိုပါ စစ်ပွဲ ၂-ပွဲတွင် နှစ်ဦးနှစ်ဖက်၏ ဆုံးရှုံးမှုကို ဆန်းစစ်ကြည့်လျှင် ကာဖိရ်တို့၏ ဆုံးရှုံးမှုမှာ မွတ်စ်လင်မ်တို့၏ ဆုံးရှုံးမှု၏ နှစ်ဆဖြစ်ခဲ့ပေသည်။ ဤအကြောင်းကိုပင် ဤအာယသ်တော်တွင် မိန့်ဆိုထားတော်မူသည်။

② အုဟုဒ်စစ်ပွဲတွင် မွတ်စ်လင်မ်တို့စစ်ရေးနိမ့်ခဲ့ကြသည့်အခါ အချို့မွတ်စ်လင်မ်များက "ငါတို့သည် 'မုအ်မင်န်' များဖြစ်ကြ၏။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သော စစ်သည်တော်များဖြစ်ကြ၏။ ငါတို့တွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်လည်း ရှိတော်မူ၏။ ရန်သူများမှာ 'မွရှ်ရစ်ကဲ' များ ဖြစ်ကြ၏။ သို့ ဖြစ်ပါလျက် ငါတို့သည် အဘယ်ကြောင့် စစ်ရေး နိမ့်ကြရသနည်း။ ဤ ဒုက္ခသည် အဘယ်မှ ➤➤

(အို-နဗီတမန်တော် စင်စစ်) ယင်းဒုက္ခသည် အသင်တို့ထံမှပင် (ဆိုက်ရောက်ခြင်း) ဖြစ်သည်ဟု ပြောကြားပါလေ။ မုချဇကန် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသော အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူပေသည်။

وَمَآ أَصَابَكُمْ يَوْمَ ٱلْتَقَى ٱلْجَمْعَانِ فَبِإِذْنِ ٱللَّهِ وَلِيَعْلَمَ ٱلْمُؤْمِنِينَ ﴿١٦٦﴾

၁၆၆။ ၎င်းပြင် (အုဟုဒ်စစ်မြေပြင်ဝယ်) လူစုနှစ်စုတို့သည် တစ်စုနှင့်တစ်စု ရင်ဆိုင်ကြသောနေ့တွင် အသင်တို့၌ ဆိုက်ရောက်ခဲ့သော ဆင်းရဲဒုက္ခသည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ဖြင့် (ဆိုက်ရောက်သောဆင်းရဲဒုက္ခပင်)ဖြစ်ပေသည်။ (ယင်းသို့ဆိုက်ရောက်ခြင်းသည်ကား) အလ္လာဟ် အရှင်မြတ်သည် "မုအ်မင်န်" ယုံကြည်သူတို့အား သိရှိတော်မူခြင်းငှာ ဖြစ်ပေသည်။

وَلِيَعْلَمَ ٱلَّذِينَ نَافَقُوا۟ ۚ وَقِيلَ لَهُمْ تَعَالَوْا۟ قَٰتِلُوا۟ فِى سَبِيلِ ٱللَّهِ أَوِ ٱدْفَعُوا۟ ۖ قَالُوا۟ لَوْ نَعْلَمُ قِتَالًا لَّا ٱتَّبَعْنَٰكُمْ ۖ هُمْ لِلْكُفْرِ يَوْمَئِذٍ أَقْرَبُ

၁၆၇။ ထိုနည်းတူစွာ (ယင်းကဲ့သို့ ဆင်းရဲဒုက္ခဆိုက်ရောက်ခြင်းမှာ) ထိုအရှင်မြတ်သည် မွတ်စ်လင်မ်ယောင်ဆောင်သော သူတို့ကို သိရှိတော်မူခြင်းငှာ ဖြစ်ချေသည်။ စင်စစ် ထို (မွတ်စ်လင်မ်ယောင်ဆောင်သော)သူတို့အား "(ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ လာရောက်တိုက်ခိုက်ကြ လေကုန်။ သို့တည်းမဟုတ် ခုခံကြလေကုန်" ဟု ပြောဆိုသောအခါ

➤➤ လာသနည်း" ဟု အချင်းချင်း ပြောဆိုကြလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က "ဤဒုက္ခသည် အသင်တို့ထံမှပင် ဖြစ်သည်" ဟု တမန်တော်မြတ်အား ဖြေကြားစေတော်မူလေသည်။ အုဟုဒ် စစ်ပွဲတွင် မွတ်စ်လင်မ်တို့ စစ်ရေးရှုံးနိမ့်ခဲ့ကြရသည့်အကြောင်းမှာ တမန်တော်မြတ်၏ အမိန့်တော်ကို မနာခံကြခြင်းကြောင့်ပင် ဖြစ်ပေရာ 'မည်သူမပြု မိမိမှု' ဆိုသကဲ့သို့ မွတ်စ်လင်မ်တို့သည် မိမိတို့၏ မနာခံမှုကြောင့် မိမိတို့၏ စစ်ရေးနိမ့်မှုကို မိမိကိုယ်တိုင်ပင် ဖန်တီးရာ ရောက်နေပေသည်။ မာဂျိဒီ။

مِنْهُمْ لِلْإِيمَانِ يَقُولُونَ بِأَفْوَاهِهِمْ مَّا لَيْسَ فِي قُلُوبِهِمْ وَاللَّهُ أَعْلَمُ بِمَا يَكْتُمُونَ ﴿١٦٧﴾

ထိုသူတို့က "အကယ်၍သာ (စံနစ်ကျသော) စစ်ပွဲဟု ကျွန်ုပ်တို့ယူဆခဲ့ပါလျှင် ဧကန်မလွဲ အသင်တို့နှင့် အတူ လိုက်ခဲ့ကြမည်" ဟု ဖြေဆိုကြကုန်သည်။ ②

ထိုသူတို့သည် (ယင်းကဲ့သို့ ဖြေဆိုသော) နေ့တွင် "အီမာန်" ယုံကြည်ခြင်းဘက်ထက် "ကုဖ်ရ်" ငြင်းပယ်ခြင်း ဘက်သို့ ပို၍ နီးကပ်သူများ ဖြစ်ခဲ့ကြကုန်၏။ ③ ထိုသူတို့သည် မိမိတို့ စိတ်နှလုံး၌ မရှိသော အကြောင်းအရာများကို မိမိတို့ နှုတ်များဖြင့် ပြောဆိုကြလေသည်။ သို့ရာတွင်မူကား အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့ ထိမ်ချန်လျှို့ဝှက် ကြကုန်သောအကြောင်းအရာများကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသည်။

---

② 'အုဟုဒ်' စစ်မြေပြင်တွင် ကာဖိရ်တို့ကို ခုခံတိုက်ခိုက်ရန်အတွက် မွတ်စ်လင်မ်စစ်သည်တော်များ မဒီနာမြို့မှ ထွက်လာကြသည့်အခါ မုနာဖစ်က်တို့၏ အကြီးအကဲဖြစ်သူ အဗ်ဒုလ္လာဟ် အိဗ်နုအုဗိုင်ယ်သည် မိမိအကြံ မထမြောက်သည့်အတွက် မိမိ၏ ဘက်တော်သား ၃၀၀ တို့အား ခေါ်ဆောင်၍ မြို့တွင်းသို့ပြန်သွားလေသည်။ ထိုအခါ မွတ်စ်လင်မ်များက ထိုမုနာဖစ်က်တို့အား အသင်တို့သည် ငါတို့နှင့် အတူလိုက်ပါ၍ အလ္လာဟ်ဒွင်းဒွါဂြိုဟ်ဖြစ်ဖွယ် ဝိုင်ဒေးဇးဒွလးဃဃ ဖြစ်ဒုဝ်ခြဲဒွါဖ်ဈ တိုက်ခိုက်ကြကုန်။ သို့မဟုတ် အသင်တို့ ခုခံကြကုန်။ ။နှဲယ်ဃြဲဇ့်ဇဲ ဂ်းဒွဝိဝါ်ခြွ် ဒွါဇင်ဒွါဝဒွါဇင်ဈ :ဒွါဇ်ဖဃ) ဒွါဇင်ဒွါဝဒွါဇင်ဈ:ဒွါဇ်ဖဃ ။နှဲယ်ဃြဲဖွဲခြဲ:ဃ်ဂ်ဒွဝဲဒွဲဇဈ်ခြွ် :ဒွါဇ်ဖဃ လူဦးရေများပြားအောင် ပြုလုပ်၍ ဟန့်တားကြကုန်) ဟု ပြောဆိုကြလေသည်။

ထိုအခါ မုနာဖစ်က်တို့က ဤစစ်ပွဲသည် စနစ်ကျသောစစ်ပွဲမဟုတ်။ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် သတ်သေခြင်းသည်သာလျှင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရန်သူများသည် မွတ်စ်လင်မ်တို့၏ ၄-ဆဖြစ်ကြ၏။ လက်နက်အင်အားလည်းသာကြ၏။ ဤအခြေအနေမျိုးတွင် မြို့ပြင်သို့ထွက်၍ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းသည် စစ်ဥပဒေနှင့် လုံးဝဆန့်ကျင်သည်။ အကယ်၍ ဤစစ်ပွဲသည် စနစ်ကျသောစစ်ပွဲဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆပါလျှင် ကျွန်ုပ်တို့သည် အသင်တို့နောက်သို့ မုချလိုက်ကြပါမည်ဟု ပြောဆိုကြလေသည်။ (ဤကဲ့သို့ ပြောဆိုခြင်းသည်လည်း ပရိယာယ်ဖြင့် ပြောဆိုခြင်းမျှသာလျှင် ဖြစ်ချေသည်)။ မာဂျိဒီ။

③ မုနာဖစ်က်တို့၌ "အီမာန်"ယုံကြည်မှုကားအလျင်းမရှိချေ။ ထိုသူတို့သည် မွတ်စ်လင်မ်အယောင်ဆောင်နေသူများသာဖြစ်ကြသည်။ ထိုသူတို့သည် မွတ်စ်လင်မ်အယောင်ဆောင်နေခဲ့ကြသော်လည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မပြောသင့်မပြောအပ်သောစကားများကို ထုတ်ဖော်ပြောဆို လိုက်ကြသည့်နေ့တွင်မူ ထိုသူတို့သည် အမြင်အားဖြင့်လည်း ကုဖ်ရ်နှင့် ပိုမိုနီးစပ်သွားကြလေသည်။

اَلَّذِيْنَ قَالُوْا لِاِخْوَانِهِمْ وَقَعَدُوْا لَوْ اَطَاعُوْنَا مَا قُتِلُوْا ؕ قُلْ فَادْرَءُوْا عَنْ اَنْفُسِكُمُ الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۱۶۸﴾

၁၆၈။ ထိုသူတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်စဉ်က) ကိုယ်တိုင် (မိမိတို့အိမ်များတွင်) ထိုင်နေခဲ့ကြပါလျက် (အုဟုဒ် စစ်မြေပြင်၌ ကျဆုံးခဲ့သော) မိမိတို့၏ ညီသားအစ်ကိုများနှင့် [၃] ပတ်သက်ပြီး "အကယ်၍သာ ထိုသူတို့သည် ကျွန်ုပ်တို့(ပြောစကား)ကို နာယူခဲ့ကြပါမူ (ယင်းကဲ့သို့) သတ်ဖြတ်ခြင်း ခံကြရမည် မဟုတ်ပေတကား" ဟု ပြောဆို (ဝေဘန်) ကြကုန်သည်။

(အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား) "သို့ဖြစ်လျှင် အကယ်၍သာ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ခဲ့ကြပါလျှင် မိမိတို့ကိုယ်မှ 'မရဏာ' သေခြင်းတရားကို ဖယ်ရှားကြပါလေကုန်" ဟု ပြောဆိုဖြေကြားပါလေ။

وَلَا تَحْسَبَنَّ الَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللّٰهِ اَمْوَاتًا ؕ بَلْ اَحْيَآءٌ عِنْدَ رَبِّهِمْ يُرْزَقُوْنَ ﴿۱۶۹﴾

၁၆၉။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ (စစ်တိုက်စဉ်)အသတ်ခံရသော သူတို့ကို သူသေများ *ဟူ၍ အလျင်း မထင်မှတ်ပါလေနှင့်။* [၂]

(ထိုသူတို့ကား သူသေများ) အလျင်းမဟုတ်၊ စင်စစ်မှာမူကား ထိုသူများသည် ၎င်းတို့၏ အရှင်မြတ် အထံတော်ဝယ် အသက်ရှင်နေသော သူများပင်ဖြစ်ကြသည့်ပြင် (အလ္လာဟ်အရှင်မြတ်၏) ကျွေးမွေးတော် မူခြင်းကိုလည်း ခံကြရကုန်၏။

---

③ ဤဝါကျတွင် ညီနောင်များဟူသည် သာသနာရေးနှင့် အယူဝါဒကို အကြောင်းပြုပြီး တော်စပ်သော ညီနောင်များကို ဆိုသည်မဟုတ်။ မျိုးနွယ်နှင့် တိုင်းပြည်ကို အကြောင်းပြုပြီး တော်စပ်သော ညီနောင်များကို ဆိုလိုသည်။ မာဂျီဒီ။

② အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရင်း ကျဆုံးသွားကြကုန်သော 'ရှဟီဒ်' အစ္စလာမ် သာသနာ့အာဇာနည်များသည် အခြားသေသူများကဲ့သို့ သူသေများ မဟုတ်ကြပေ။ ➤➤

فَرِحِيْنَ بِمَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ ۙ وَيَسْتَبْشِرُوْنَ بِالَّذِيْنَ لَمْ يَلْحَقُوْا بِهِمْ مِّنْ خَلْفِهِمْ ۙ اَلَّا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿١٧٠﴾

၁၇၀။ ထိုသူတို့သည် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်က မိမိ စည်းစိမ်ချမ်းသာ အကျိုးကျေးဇူးတော်ကို ခြီးမြှင့် ပေးသနားတော်မူသောကြောင့် နှစ်ထောင်းအား၍၊ ရွှင်လန်းလျက်ရှိကြသည်သာမက မိမိတို့နောက်၌ (ကျန်ရစ်ခဲ့သော) မိမိတို့နှင့် လာရောက်တွေ့ဆုံပူးပေါင်းခြင်း မရှိကြသေးသော သူတို့နှင့် ပတ်သက်၍လည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ကြကုန်သည်။ အကြောင်းတမူကား ထို (ကျန်ရစ်ခဲ့သော) သူတို့အဘို့မှာလည်း (မိမိတို့ထံ ရောက်ရှိလာကြသောအခါ) မည်သို့မျှ စိုးရိမ်ကြောင့်ကြခြင်းသည်၎င်း၊ ဝမ်းနည်းပူဆွေးခြင်းသည်၎င်း မရှိခြင်းကြောင့် ပင်တည်း။

يَسْتَبْشِرُوْنَ بِنِعْمَةٍ مِّنَ اللّٰهِ وَفَضْلٍ ۙ وَّاَنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُؤْمِنِيْنَ ﴿١٧١﴾

၁၇၁။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ စည်းစိမ်ချမ်းသာ အကျိုးကျေးဇူးတော်များ(ခံစားရသော)ကြောင့်၎င်း၊ ထိုနည်းတူစွာ (အလ္လာဟ်အရှင်မြတ်၏) ရက်ရောစွာ ပေးသနားတော်မူခြင်း [၁] (ကို ရရှိသော) ကြောင့်၎င်း၊ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်နဲ်" ယုံကြည်သောသူတို့၏ အကျိုးကို ဖြုန်းတီးတော်မူမည် မဟုတ်သောကြောင့်၎င်း၊ *ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။* [J]

➤➤ ထိုအာဇာနည်များသည် 'အာလမုလ်ဗရ်ဇခ်' ၌ ထူးခြားသော ရှင်ခြင်းမျိုးဖြင့် အသက်ရှင်လျက်ရှိကြကုန်၏။ 'အာလမုလ်ဗရ်ဇခ်' နှင့် လျော်ကန်သော ရိက္ခာများကိုလည်း စားသုံးလျက်ရှိကြကုန်၏။ မိမိတို့၏ အရှင်မြတ်အထံတော်၌လည်း ဂုဏ်သရေရှိသူများ ဖြစ်ကြကုန်၏။

① 'ဖဿွလ်' ဟူသည် ရသင့်ရထိုက်သည်ထက်ပင် ပိုမိုပေးကမ်းခြင်းကိုဆိုသည်။

Ⓙ အလ္လာဟ်အရှင်မြတ်၏ တရားလမ်းတော်၌ ကျဆုံးသွားခဲ့ကြကုန်သော သာသနာ့အာဇာနည်များသည် မိမိတို့နောက် မိမိတို့နှင့်လာရောက်တွေ့ဆုံပူးပေါင်းကြမည့် သာသနာ့အာဇာနည်များနှင့်စပ်လျဉ်း၍ ထိုအာဇာနည်များသည်လည်း မိမိတို့ကဲ့သို့ပင် စိုးရိမ်မှု၊ ပူဆွေးမှုတို့နှင့် ကင်းဝေးကြရမည်ကို သိနှင့်ကြသဖြင့် ယခုကပင် ဝမ်းသာလျက် ရှိကြကုန်သည်။

اَلَّذِيْنَ اسْتَجَابُوْا لِلّٰهِ وَالرَّسُوْلِ مِنْۢ بَعْدِ مَآ اَصَابَهُمُ الْقَرْحُ ۛ لِلَّذِيْنَ اَحْسَنُوْا مِنْهُمْ وَاتَّقَوْا اَجْرٌ عَظِيْمٌ ﴿١٧٢﴾

၁၇၂။ အကြင်သူတို့သည် (အုဟုဒ် စစ်မြေပြင်၌) ဒဏ်ရာဒဏ်ချက်များ ရရှိပြီးနောက်တွင် အလ္လာဟ်အရှင်မြတ်နှင့် ရာစူလ်တမန်တော်၏ ဖိတ်ခေါ်ချက်ကို လက်ခံနာယူခဲ့ကြကုန်သည်။

ထိုသူတို့အနက်မှ ကောင်းမြတ်သော အကျင့်အမူတို့ကို ကျင့်မူသည့်အပြင် (ပြစ်မှုဒုစရိုက်တို့မှလည်း) ကြဉ်ရှောင်ကြကုန်သော သူတို့အတွက်မှာကား အလ္လာဟ်အရှင်မြတ်အထံတော်၌ ထူးမြတ်ကြီးကျယ်လှသော အကျိုးဆုလာဘ်သည် အသင့်ရှိပေသည်။

اَلَّذِيْنَ قَالَ لَهُمُ النَّاسُ اِنَّ النَّاسَ قَدْ جَمَعُوْا لَكُمْ فَاخْشَوْهُمْ فَزَادَهُمْ اِيْمَانًا ۖ وَّقَالُوْا حَسْبُنَا اللّٰهُ وَنِعْمَ الْوَكِيْلُ ﴿١٧٣﴾

၁၇၃။ ထို(သူတော်စင်)များကား၎င်းတို့အား အချို့သူများက "ဧကန် စင်စစ် ရန်သူတို့သည် အသင်တို့နှင့် ပြိုင်ဆိုင် (တိုက်ခိုက်)ကြရန်အလို့ငှါ (စစ်မက်ပစ္စည်း အားလုံးတို့ကို) မချွတ်ဧကန် စုဆောင်းထားရှိ ကြပြီး ဖြစ်လေသည်။ သို့ဖြစ်ရကား အသင်တို့သည် ယင်း သူတို့အား ကြောက်ရွံ့(တိမ်းရှောင်)ကြလေကုန်" ဟု ပြောဆိုလေသည်။ သို့တစေလည်း ၎င်းတို့၏ ပြောဆိုမှုသည် (တစုံတရာ စိုးရိမ်ကြောင့်ကြစေခြင်း မရှိစေသည့်အပြင်) ထိုသူ(တော်စင်) တို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို တိုးတက်ပွားများ စေခဲ့လေသည်။ ယင်း(သူတော်စင်)တို့ကမူ (ကြောက်ရွံ့စိုးရိမ်ကြမည့်အစား) ပြန်လည်ဖြေကြားကြသည်မှာ "အလ္လာဟ် အရှင်မြတ်သည် အကျွန်ုပ်တို့ (မှီခို အားထားရန်) အလို့ငှါ လုံလောက်တော်မူပေသည်။ ၎င်းပြင် ထို အရှင်မြတ်သည် ယုံပုံအားထားရာ အကောင်းဆုံး အရှင်မြတ်ပင် ဖြစ်တော် မူပေသည်" ဟု တုံ့ပြန် ဖြေကြားခဲ့ကြကုန်သတည်း။

فَانْقَلَبُوا بِنِعْمَةٍ مِّنَ اللَّهِ وَفَضْلٍ لَّمْ يَمْسَسْهُمْ سُوءٌ وَاتَّبَعُوا رِضْوَانَ اللَّهِ ۗ وَاللَّهُ ذُو فَضْلٍ عَظِيمٍ ﴿١٧٤﴾

၁၇၄။ သို့ဖြစ်ပေရာ ယင်းသူတို့သည် (ယုံကြည်စိတ်ချစွာဖြင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် ထွက်ခဲ့ကြပြီးနောက်) မည်သည့် အန္တရာယ်မျှ ထိရောက်ခြင်းမျှ မရှိဘဲ အလွန်ဟန်အရှင်မြတ် အထံတော်မှ (ပေးသနားတော်မူသော) စည်းစိမ်ချမ်းသာများအပြင် အထူး ကျေးဇူးတော်နှင့်တကွ (မိမိတို့အိမ်များသို့) ပြန်ခဲ့ကြကုန်သည်။ စင်စစ် တမူကား ထိုသူတို့သည် အလွန်ဟ် အရှင်မြတ်၏ နှစ်သက်မှုကို လိုက်နာပြုလုပ်ခဲ့ကြကုန်၏။ အလွန်ဟ် အရှင်မြတ်သည်လည်း *အတိုင်းမရှိ ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။* [၁]

---

① **ဖော်ပြချက်။**

ကုရ်အာန်ကျမ်းမြတ် (၃း၁၇၁-၁၇၄) ကို ထုတ်ပြန်ပို့ချတော်မူခြင်း အကြောင်းရင်းနှင့် စပ်လျဉ်း၍ မုဖတ်စ်စီရိန် အဋ္ဌကထာရှင်များသည် အဆိုပြားလျက်ရှိကြ၏။ ဤတွင် အဆို ၂-ရပ်ကို ရေးသားဖော်ပြပါအံ့။

အထက်တွင် အုဟုဒ်စစ်ပွဲအကြောင်း ဖော်ပြပြီးစီးခဲ့လေပြီ။ ယခုဤအာယသ်တော်များတွင် ထိုစစ်ပွဲနှင့် ဆက်စပ်လျက်ရှိသော "ဟမ်ရာအုလ်အစဒ်" စစ်ပွဲအကြောင်းကို မိန့်ဆိုထားတော်မူ၏။ အုဟုဒ်စစ်မြေပြင်မှ ကာဖိရ်စစ်သည်များ ပြန်လည်ဆုတ်ခွာ၍ လမ်းခုလတ်သို့ရောက်ကြသောအခါ ဝမ်းနည်းစွာဖြင့် "ငါတို့သည် အောင်နိုင်ကြပါလျက် အကြောင်းမဲ့ စစ်မြေပြင်မှ ပြန်လာကြသည်။ သို့ဖြစ်ပေရာ ငါတို့သည် ယခုပြန်လည် သွားရောက်ပြီး မွတ်စ်လင်မ်တို့အား ချေမှုန်းကြစို့" ဟု ပြောဆိုကြလေသည်။

ထိုအခါ အလွန်ဟ်အရှင်မြတ်သည် ထိုကာဖိရ်တို့၏ စိတ်နှလုံးတွင် ကြောက်စိတ်ထည့်သွင်း ပေးတော်မူလိုက်ရာ ကာဖိရ်များသည် မက္ကာမြို့သို့ ပြန်ကြလေသည်။ သို့ရာတွင် ကာဖိရ်များက အချို့ ခရီးသည်များအား တနည်းတဖုံ မွတ်စ်လင်မ်တို့ကို ခြောက်လှန့်ရန် မှာသွားကြလေသည်။ ဤအခြင်းအရာကို တမန်တော်မြတ်သည် 'ဝဟီ' အမိန့်တော်ဖြင့် သိတော်မူသောအခါ "ဟမ်ရာအုလ်အစဒ်" အမည်ရှိသောဌာနအထိ စစ်ချီ၍ ကြွသွားတော်မူလေသည်။ တမန်တော်မြတ်သည် ထိုဌာနတွင် သုံးရက်တိုင်တိုင် စားခန်းချ၍ နေတော်မူခဲ့လေသည်။

ကာဖိရ်များသည် မက္ကာမြို့သို့ အပြန် 'ရောင်ဟာ' ၌ မွတ်စ်လင်မ်တို့ စားခန်းဘက်မှ ထွက်ခွာလာသော မအ်ဗဒ်ခုဇာအီကို တွေ့ကြသဖြင့် မွတ်စ်လင်မ်တို့၏ အခြေအနေကို မေးမြန်းကြရာ မအ်ဗဒ်ခုဇာအီက (ထိုအချိန်တွင် ထိုပုဂ္ဂိုလ်သည် မွတ်စ်လင်မ်မဖြစ်သေးချေ။ တမန်တော်မြတ်အား ချစ်မြတ်နိုးသူတစ်ဦးသာ ဖြစ်ချေသည်) "မွတ်စ်လင်မ်တို့သည် စစ်အင်အားကြီးမားစွာဖြင့် ချီတက်လာနေကြသည်" ဟု ပြောပြလေရာ ကာဖိရ်စစ်သည်များသည် လုံးဝ စိတ်အားလျော့၍ ယခင်က မိမိတို့၌ မက္ကာမြို့သို့ပြန်ရန် စိတ်ဆန္ဒရှိကြသည့်အတိုင်း မက္ကာမြို့သို့ပင် ထုတ်ချောက် ပြန်ခဲ့ကြလေသည်။ ➤➤

>> ကာဖိရ်တို့သည် မက္ကာမြို့တော်သို့ အပြန်လမ်း၌ မဒီနာမြို့သို့ သွားလျက်ရှိသော အဗ်ဒုလ်ကိုင်စ်မျိုးနွယ်မှ ကုန်သည်များနှင့် ရုတ်တရက် တွေ့ကြပြန်ကာ ကာဖိရ်များက ထိုကုန်သည်များအား အသင်တို့သည် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)နှင့် တွေ့ပြီး သူ၏ နောက်လိုက် တပည့်သားတို့ကို ငါတို့အား ကြောက်လန့်စေရန် ငါတို့သည် မွတ်စ်လင်မ်တို့အား ချေမှုန်းရန်အတွက် စစ်အင်အားအမြောက်အမြား စုဆောင်းထားကြောင်းနှင့် မကြာမီအတွင်း လာရောက်တိုက်ခိုက် ချေမှုန်းကြမည့်အကြောင်းများကို ဝါဒဖြန့်ပြောကြားကြပါဟု မှာကြားလိုက်လေသည်။

သို့မှာကြားလိုက်သည့်အတိုင်း ထိုကုန်သည်များက ကာဖိရ်တို့ မှာကြားလိုက်သော စကားများကို မွတ်စ်လင်မ်တို့အား ပြောကြားကြသောအခါ မွတ်စ်လင်မ် စစ်သည်တော်များက ဇွဲသတ္တိရှိရှိဖြင့် တညီတညွတ်တည်း "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အဘို့ လုံလောက်တော်မူပေသည်။ ထိုအရှင်မြတ်သည် အကောင်းဆုံး စီမံပေးတော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူပေသည်" ဟု ပြန်လည်ဖြေကြားကြလေသည်။ ထို့နောက် မွတ်စ်လင်မ်များသည် အေးချမ်းသာယာစွာ မဒီနာမြို့သို့ ပြန်သွားကြလေသည်။

မွတ်စ်လင်မ်တို့သည် ထိုဌာနတွင် အချို့ကုန်သည်များနှင့် ရုတ်တရက် ရောင်တခင် တွေ့ကြရာ တမန်တော်မြတ်သည် ထိုကုန်သည်များထံမှ ကုန်ပစ္စည်းများကို ဝယ်ယူပြီး ရောင်းချ၏။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် အမြတ်အစွန်း အများအပြားရရှိပေရာ တမန်တော်မြတ်သည် ထိုအမြတ်အစွန်းများကို မိမိနှင့်အတူ ပါလာကြကုန်သော စစ်သည်တော်များအား ခွဲဝေပေးတော်မူလေသည်။

အချို့ မုဟတ်စ်စီရိန် အဋ္ဌကထာရှင်များက ဤအာယသ်တော်များသည် "ဗဒ်ရ်ဆုယ်ရာ" စစ်ပွဲနှင့် သက်ဆိုင်သည်ဟု ဆိုကြ၏။ ထိုစစ်ပွဲအကြောင်း အကျဉ်းချုပ်မှာ အုဟုဒ်စစ်မြေပြင်မှ အပြန်တွင် ကာဖိရ်များက နောက်နှစ် ဗဒ်ရ်စစ်မြေပြင်တွင် စစ်ပွဲဆင်နွှဲကြမည်ဟု ကြေညာခဲ့ရာ တမန်တော်မြတ်ကလည်း ထိုကြေညာချက်ကို လက်ခံတော်မူလိုက်၏။

သို့ရာတွင် ကြေညာထားခဲ့သည့်အတိုင်း စစ်ပွဲဆင်နွှဲရန် အချိန်ကျရောက်သည့်အခါ ကာဖိရ်တို့သည် အချို့အဆိုအရ "မက္ကာဟ်" အထိ အချို့အဆိုအရ "အတ်စ်ဖ်န်" အထိ ချီတက်လာကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ စိတ်နလုံးများတွင် ကြောက်စိတ် ထည့်သွင်းပေးတော်မူသဖြင့် ကြောက်လန့်ပြီး မိုးလေဝသခေါင်းပါးသည်ကို အကြောင်းပြု၍ ထိုဌာနမှပင် ပြန်လည်သွားကြလေသည်။

ကာဖိရ်တို့သည် နအီမ်ဣဗ်နမတ်စ်အူဒ်အရ်ဂျအီ အား ဆုလာဒ်ပေးပြီး မွတ်စ်လင်မ်တို့အား သွားရောက် ခြိမ်းခြောက်ရန် လွှတ်လိုက်ကြ၏။ ဤသို့ပြုလုပ်ခြင်းမှာ မွတ်စ်လင်မ်တို့သည် ကြောက်လန့်ပြီး စစ်မြေပြင်သို့ မလာရောက်ခဲ့ပါလျှင် မွတ်စ်လင်မ်တို့အား ကတိပျက်ကွက်သည်ဟု စွပ်စွဲပြောဆိုကြရန်ပင် ဖြစ်သည်။

ယင်းကဲ့သို့ ကာဖိရ်တို့က လူလွှတ်၍ မွတ်စ်လင်မ်တို့အား ခြိမ်းခြောက်သော်လည်း မွတ်စ်လင်မ် စစ်သည်တော်များသည် ချိန်းချက်ထားသည့်အတိုင်း အချိန်မှီ ဗဒ်ရ် စစ်မြေပြင်သို့ ချီတက်လာခဲ့ကြ၏။ ကာဖိရ်တို့ကား မလာဝံ့ခဲ့ကြပေ။

ထိုစစ်ပွဲတွင် ကာဖိရ်တို့ မလာရောက်ကြသည့်အတွက် ပြိုင်ဆိုင်တိုက်ခိုက်မှု မဖြစ်ခဲ့ပေ။ ဗဒ်ရ်တွင် အရောင်းအဝယ်ဖြစ်သဖြင့် မွတ်စ်လင်မ်တို့သည် အရောင်းအဝယ်ပြုလုပ်ကြရာ အမြတ်အစွန်း အများအပြား ရရှိကြပြီး ခလုတ်မထိ ဆူးမညှဘဲ အေးချမ်းသာယာစွာ မဒီနာမြို့သို့ ပြန်လည်သွားခဲ့ကြလေသည်။

ဖော်ပြပါ အဆို ၂-ရပ်အနက် မောင်လာနာ ထာနဝီသခင်သည် ပဌမအဆိုကို ပိုမိုနှစ်ခြိုက်လေသည်။

ကြည့် - ထာနဝီ။ အလ်မနာရ်။

إِنَّمَا ذَٰلِكُمُ الشَّيْطَٰنُ يُخَوِّفُ أَوْلِيَآءَهُۥ فَلَا تَخَافُوهُمْ وَخَافُونِ إِن كُنتُم مُّؤْمِنِينَ ﴿١٧٥﴾

၁၇၅။ ဤသည် ရှိုင်တွာန်မျှသာတည်း။ [၁] ထို ရှိုင်တွာန်သည် (အသင်တို့ထံ ယင်းကဲ့သို့ မဟုတ်မမှန် သောသတင်းများကို ပို့ဆောင်ခြင်းအားဖြင့်) အသင် တို့အား မိမိ အဆွေခင်ပွန်းတို့ကို ကြောက်ရွံ့ စေလေသည်။ (တနည်း) မိမိအဆွေခင်ပွန်းတို့ကို ခြိမ်းခြောက်လေသည်။ သို့သော်လည်း အကယ်၍ အသင်တို့သည် "မုအ်မင်နိ်" သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် ယင်းသူတို့အား မကြောက်မရွံ့ဘဲ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်။

وَلَا يَحْزُنكَ الَّذِينَ يُسَٰرِعُونَ فِى الْكُفْرِ ۚ إِنَّهُمْ لَن يَضُرُّوا۟ ٱللَّهَ شَيْـًٔا ۗ يُرِيدُ ٱللَّهُ أَلَّا يَجْعَلَ لَهُمْ حَظًّا فِى الْـَٔاخِرَةِ ۖ وَلَهُمْ عَذَابٌ عَظِيمٌ ﴿١٧٦﴾

၁၇၆။ ထို့ပြင်တဝ (အို-နဗီတမန်တော်) သွေဖည် ငြင်းပယ်မှုဌ္ဌ လျှင်မြန်စွာ ကျဆင်းသောသူတို့သည် အသင့်အား စိတ်ဒုက္ခ(ရောက်စေသောအကြောင်း) မဖြစ်စေရ။ အမှန်စင်စစ် ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်အား အနည်းငယ်မျှပင် အကျိုးယုတ် နစ်နာစေခြင်းကို အလျင်းပြုစွမ်းနိုင်ကြမည်မဟုတ်ပေ။

အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အဘို့ နောင်တမလွန်ဘဝတွင် (မိမိ၏ စည်းစိမ်ချမ်းသာ အကျိုး ကျေးဇူးတော်များအနက်မှ) မည်သည့် ဝေစုဝေပုံကိုမျှ ပေးသနားတော်မူရန် ရည်စူးတော် မမူချေ။ ၎င်းပြင် ထိုသူတို့အဘို့ (နောင်တမလွန် ဘဝတွင်) အလွန်ကြီးလေးသော အပြစ်ဒဏ်သည် လည်း (အသင့်)ရှိပေသည်။

---

① ဤအာယသ်တော်တွင် ပါရှိသော 'ရှိုင်တွာန်' ဟူသော စကားသည် လူရှိုင်တွာန်ကို ဆိုလိုသည်ဟူ၍ဋ္ဌင်း။ ဣင်န် ရှိုင်တွာန်ကို ဆိုလိုသည်ဟူ၍ဋ္ဌင်း အသီးသီး အဆိုရှိကြ၏။ အထက်ပါအဆို ၂-ရပ်အနက် ထိုရှိုင်တွာန်မှာ လူရှိုင်တွာန်ဖြစ်သည်ဟု ယူဆပါမူ ထိုရှိုင်တွာန်ကား အသူနည်း။ အချို့က လူရှိုင်တွာန်မှာ အဗူစုဖ်ယာန်ကို ဆိုလိုသည်ဟူ၍ဋ္ဌင်း၊ အချို့က အဗူစုဖ်ယာန် စေလွှတ်လိုက်သော နအီမ်အီမ်နမတ်စ်အုဒ်ကို ဆိုလိုသည်ဟူ၍ဋ္ဌင်း၊ အချို့ကမူ အဗီဒုလ်ကိုက်စ် မျိုးနွယ်၏ ကုန်သည်များကို ဆိုလိုသည်ဟူ၍ဋ္ဌင်း အသီးသီးဆိုကြပြန်သည်။ ကြည့် - အလ်မနာရ်။

إِنَّ الَّذِينَ اشْتَرَوُا الْكُفْرَ بِالْإِيمَانِ لَن يَضُرُّوا اللَّهَ شَيْئًا ۖ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٧٧﴾

၁၇၇။ ဧကန်မလွဲ "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား(တည်းဟူသော ရတနာ)ဖြင့် သွေဖည် ငြင်းပယ်မှုကို လဲလှယ်ဝယ်ယူကြကုန်သော သူတို့သည် အလ္လာဟ် အရှင်မြတ်အား အနည်းငယ်မျှ အကျိုးယုတ်နစ်နာစေခြင်းကို အလျင်းပြုစွမ်းနိုင်ကြမည် မဟုတ်ချေ။

အမှန် စင်စစ်သော်ကား ယင်းသူတို့ အတို့ (နောင်တမလွန် ဘဝတွင်) အလွန် နာကျင်ဘွယ် ဖြစ်သောအပြစ်ဒဏ်သည် (အသင့်) ရှိချေသတည်း။

وَلَا يَحْسَبَنَّ الَّذِينَ كَفَرُوا أَنَّمَا نُمْلِي لَهُمْ خَيْرٌ لِّأَنفُسِهِمْ ۚ إِنَّمَا نُمْلِي لَهُمْ لِيَزْدَادُوا إِثْمًا ۚ وَلَهُمْ عَذَابٌ مُّهِينٌ ﴿١٧٨﴾

၁၇၈။ ထို့မှတပါး၊ တုံ့ သွေဖည် ငြင်းပယ်ကြကုန်သောသူတို့သည် မိမိတို့အား ငါအရှင်မြတ်က (အပြစ်ဒဏ်ပေးတော်မူခြင်းမှ) ဆိုင်ငံ့ထားတော် မူသည်ကို မိမိတို့အတို့ ကောင်းမြတ်လှပေသည်ဟု အလျင်း မထင်မှတ်ကြချေ။

ငါ အရှင်မြတ်သည် ယင်းသူတို့အား (အပြစ်ဒဏ် ပေးတော်မူခြင်းမှ) ဆိုင်းငံ့ထားတော်မူသည်မှာ စင်စစ် ယင်းသူတို့သည် အပြစ်ဒုစရိုက်မှုများ၌ ပိုမို တိုးပွားစိမ့်သောငှာသာလျှင် ဖြစ်ချေသည်။

တဖန် (နောင်တမလွန်ဘဝတွင်လည်း) ထိုသူတို့အတို့ ဂုဏ်အသရေပျက်စေသော အပြစ်ဒဏ်သည် (အသင့်ပြင်ဆင်ပြီး) ရှိပေသတည်း။

مَا كَانَ اللَّهُ لِيَذَرَ الْمُؤْمِنِينَ عَلَىٰ مَا أَنتُمْ عَلَيْهِ حَتَّىٰ يَمِيزَ

၁၇၉။ အလ္လာဟ်အရှင်မြတ်သည် မသန့်စင်သော သူ (မုနာဖစ်က်)ကို သန့်စင်သောသူ (မွတ်စ်လင်မ် အစစ်အမှန်)နှင့် ခွဲခြားတော် မမူဘဲ "မုအ်မင်န်" သက်ဝင်ယုံကြည်သော သူအပေါင်းတို့အား (ယနေ့)

الْخَبِيثَ مِنَ الطَّيِّبِ ۗ وَمَا
كَانَ اللَّهُ لِيُطْلِعَكُمْ عَلَى
الْغَيْبِ وَلَٰكِنَّ اللَّهَ يَجْتَبِي
مِن رُّسُلِهِ مَن يَشَاءُ ۖ فَآمِنُوا
بِاللَّهِ وَرُسُلِهِ ۚ وَإِن تُؤْمِنُوا
وَتَتَّقُوا فَلَكُمْ أَجْرٌ عَظِيمٌ ﴿١٧٩﴾

အသင်တို့ (“မွတ်စ်လင်မ်” အစစ်နှင့် “မုနာဖစ်က်” အယောင်ဆောင် “မွတ်စ်လင်မ်” တို့သည် ရောနှော လျက်ရှိသော) အခြေအနေမျိုးတွင် လွတ်ထားတော် မူမည်မဟုတ်ပေ။ [၁]

ထိုနည်းတူစွာ အလ္လာဟ် အရှင်မြတ်သည် (အယောင်ဆောင် “မွတ်စ်လင်မ်” တို့၏ အမည်နာမ တို့ကို ထုတ်ဖော် ပြသတော် မူခြင်းအားဖြင့်) အသင်တို့အား မျက်ကွယ်၌ရှိသော အကြောင်း အရာများနှင့်စပ်လျဉ်း၍ အသိပေးတော်မူမည်လည်း မဟုတ်ပေ။ [၂] သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ် သည် (ယင်းကဲ့သို့သော အကြောင်းကိစ္စများအတွက်) မိမိ၏ ရစူလ်တမန်တော်များအနက်မှ အလိုရှိတော် မူသော ရစူလ်တမန်တော်အား ရွေးချယ်(တော်မူ၍ ထုတ်ဖော်ပြသရန် လိုအပ်သော အကြောင်းအရာ များကိုသာ ထုတ်ဖော် မိန့်ကြား)တော်မူလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော် (အပေါင်း) တို့ကို ယုံကြည်ကြလေကုန်။

---

① မွတ်စ်လင်မ်တို့အထဲတွင် မုနာဖစ်က်တို့သည် ရောနှောလျက်ရှိကြ၏။ ဤကဲ့သို့ မွတ်စ်လင်မ်နှင့် မုနာဖစ်က်တို့ အရောရော အနှောနှော ဖြစ်နေသည်ကို အလ္လာဟ်အရှင်မြတ်သည် လိုလားတော်မမူချေ။

အလ္လာဟ် အရှင်မြတ်သည် ဝဟီဖြင့် အသိပေးတော် မူခြင်းအားဖြင့်၎င်း၊ ကြီးလေးသော ဒုက္ခဆင်းရဲမှုများကို သက်ရောက်စေခြင်းအားဖြင့်၎င်း၊ မွတ်စ်လင်မ်နှင့် မုနာဖစ်က်၊ သူကောင်းနှင့် သူယုတ်၊ အမှန်နှင့် အမှားကို ခွဲခြားပေးတော်မူလေသည်။

② ‘ဃိုက်ဗ်’ မျက်ကွယ်၌ရှိသော အရာများကို အလ္လာဟ်အရှင်မြတ် တပါးတည်းသာလျှင် သိတော်မူ၏။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်စွမ်းပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အကြောင်းအားလျော်စွာ မိမိ၏ တမန်တော်များအနက် အလိုတော်ရှိသော အချို့တမန်တော်များအား မျက်ကွယ်၌ရှိသော အရာများအနက် လိုအပ်သော အချို့အရာများကိုမူ အသိပေးတော်မူလေသည်။ ဤအချက်ကို အထောက်အထားပြု၍ အချို့တမန်တော်များသည် ‘ဃိုက်ဗ်’ မျက်ကွယ်၌ ရှိသောအရာများကို သိကြသည်ဟူ၍ မထင်မှားအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် (၁) မျက်ကွယ်၌ရှိသော အရာများနှင့် စပ်လျဉ်း၍ အချို့တမန်တော်များ၏ ➤➤

တဖန် အကယ်၍သာ အသင်တို့သည် ယုံကြည်ခြင်း သဒ္ဓါတရားထား၍၍ (ပြစ်မှု ဒုစရိုက်တို့မှ) ကြဉ်ရှောင်ကြပါမူ (နောင်တမလွန်ဘဝတွင်) အသင်တို့အဘို့ ကြီးကျယ်လှစွာသော အကျိုးဆုလာဘ်သည် (အသင့်) ရှိလတ္တံ့။

وَلَا يَحْسَبَنَّ الَّذِينَ يَبْخَلُونَ بِمَآ اٰتٰىهُمُ اللّٰهُ مِنْ فَضْلِهٖ هُوَ خَيْرًا لَّهُمْ ۭ بَلْ هُوَ شَرٌّ لَّهُمْ ۭ سَيُطَوَّقُوْنَ

၁၈၀။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိကျေးဇူးတော်ဖြင့် ရက်ရောစွာ ပေးသနားတော်မူသော ဥစ္စာပစ္စည်းနှင့် စပ်လျဉ်း၍ စစ်စီစေးနဲကြကုန်သော သူတို့သည် (ယင်းကဲ့သို့) စစ်စီစေးနဲခြင်းသည် မိမိတို့အဘို့ ကောင်းမြတ်သည်ဟူ၍ မထင်မှတ်ကြရာ ချေ။ [၁] စင်စစ်မူကား (ယင်းကဲ့သို့) စစ်စီစေးနဲခြင်းသည် ထိုသူတို့အဘို့ ဆိုးရွားလှပေသည်။

➤➤ သိခြင်းမှာ မိမိတို့ အလိုအလျောက် သိကြခြင်းမဟုတ်၊ 'ဝဟီ' အလ္လာဟ် အရှင်မြတ်၏ အသိပေးတော်မူခြင်းဖြင့်သာလျှင် ဖြစ်ချေသည်။ (၂) တမန်တော်များသည် မျက်ကွယ်၌ ရှိသောအရာအားလုံးကို သိကြသည်မဟုတ်ကြပေ။ အလ္လာဟ်အရှင်မြတ် အသိပေးတော်မူသမျှ အချို့ကိစ္စများကိုသာလျှင် သိနိုင်ကြပေသည်။ အလ္လာဟ်အရှင်မြတ်မှာကား ခပ်သိမ်းကုန်သော အရာအားလုံးကို မိမိအလိုအလျောက် အကြွင်းမဲ့ သိရှိတော်မူသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၆း ၅၀။ ၇း ၁၈၈။ ၁၁း ၃၁။ ၅း ၁၀၆၊၁၁၆။ ၆း ၅၆။ ၁၃း ၉။ ၂၃း ၉၂။ ၂၇း ၆၅။ ၃၂း ၆။ ၃၅း ၃၈။ ၃၉း ၄၆။ ၄၉း ၁၈။ ၅၉း ၂၂။ ၆၄း ၁၈။ ၇၂း ၂၆) ကို လေ့လာ ဆင်ခြင်ကြပါကုန်။

① ဤအာယသ်တော်သည် မုချပေးဆောင်ရမည်ဟု ဖရဿွပြုလုပ်ထားသော ဧကာဒ်တရားဝင် ဒါနကြေးမပေးသော သူများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ပို့ချသော အာယသ်တော်ဖြစ်သည်။ (ဗဟ်ရ်) (ထာနဒီ)။

စစ်စီးစေးနဲသော သူများနှင့် ဧကာဒ်မပေးသောသူများ၏ လည်ပင်း၌ ထိုသူတို့၏ ဥစ္စာပစ္စည်းများသည် မြွေဖြစ်၍ ပတ်ရစ်လိမ့်မည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ်က ဤကဲ့သို့ မိန့်ကြားတော်မူခဲ့သည်။

အကြင်သူတစ်ဦးသည် မိမိဥစ္စာပစ္စည်းထဲမှ ဧကာဒ်မပေးအံ့။ အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် ထိုသူ၏ဥစ္စာပစ္စည်းကို မြွေဖြစ်စေ၍ ထိုသူ၏ လည်ပင်း၌ ရစ်ပတ်စေတော်မူအံ့။

အလ္လာဟ်အရှင်မြတ်သည် အကြင်သူအားဥစ္စာပစ္စည်းပေးကမ်းတော်မူ၏။ ထိုသူသည် မိမိဥစ္စာပစ္စည်းထဲမှ ဧကာဒ်မပေးသည်ရှိသော် ကိယာမတ်နေ့တွင် ထိုသူ၏ဥစ္စာပစ္စည်းသည်အကွက် ၂-ခုပါသော အဆိပ်အတောက်အလွန်ပြင်းထန်သောမြွေဆိုးကြီးဖြစ်၍ ထိုသူအားရစ်ပတ်ပြီး ထိုသူ၏ပါးသွယ်ရိုး ၂-ချောင်းကို ကိုက်ခဲအံ့။ ၎င်းနောက်ထိုမြွေကငါသည်အသင်သိုလှောင်ထားခဲ့သောဥစ္စာပစ္စည်းဖြစ်သည်ဟုပြောလတ္တံ့။(ဗုခါရီ)

مَا بَخِلُوْا بِهٖ يَوْمَ الْقِيٰمَةِ ؕ وَ لِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَ الْاَرْضِ ؕ وَ اللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿۱۸۰﴾

(အဘယ်ကြောင့်ဟူမူ) ထိုသူတို့သည် မုချ ရှင်ပြန်ထမည့်နေ့တွင် မိမိတို့ စစ်စီစေးနဲ့(သိုမှီး စုဆောင်း) ခဲ့ကြကုန်သော ဥစ္စာပစ္စည်းများဖြင့် လည်ပင်း၌ ကွင်းစွပ်ခြင်းကို ခံကြရမည် (ဖြစ်သော ကြောင့်တည်း)။ အမှန်သော်ကား ကောင်းကင်ဘုံ များ၌ရှင်း၊ ပထဝီမြေပြင်၌ရှင်း၊ ရှိရှိသမျှသော အမွေပစ္စည်း အစုစုတို့သည် အလ္လာဟ် အရှင်မြတ် အတို့သာ ဖြစ်သည်။ [၁] အမှန် စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြ ကုန်သော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ ကြားသိ တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَقَدْ سَمِعَ اللّٰهُ قَوْلَ الَّذِيْنَ قَالُوْۤا اِنَّ اللّٰهَ فَقِيْرٌ وَّ نَحْنُ اَغْنِيَآءُ ۘ سَنَكْتُبُ مَا قَالُوْا وَ قَتْلَهُمُ الْاَنْۢبِيَآءَ بِغَيْرِ حَقٍّ ۙ وَّ نَقُوْلُ ذُوْقُوْا عَذَابَ الْحَرِيْقِ ﴿۱۸۱﴾

၁၈၁။ အလ္လာဟ်အရှင်မြတ်သည် အကြင်သူတို့၏ ပြောဆိုသောစကားကို ဧကန်စင်စစ် ကြားတော်မူခဲ့ လေပြီ။ ထိုသူတို့က "အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ ဆင်းရဲတော်မူသော အရှင်မြတ် ဖြစ်တော် မူ၏။ သို့ရာတွင် အကျွန်ုပ်တို့မူကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ ပေါများသူများပင် ဖြစ်ကုန်၏" ဟု ပြောဆိုခဲ့ကြ လေသည်။ (သို့ ပြောဆိုကြသည်ကို ကြားတော် မူသည့်အတိုင်း) ငါ အရှင်မြတ်သည် ထိုသူတို့၏ ပြောဆိုချက်နှင့်တကွ နဗီတမန်တော် များအား မည်သည့်အခွင့်အလမ်းမျှ မရှိဘဲလျက် (သက်သက်မတရားသဖြင့်) ထိုသူတို့၏ သတ်ဖြတ် ခြင်းကိုပါ မုချအမှန် ရေးမှတ်တော်မူအံ့။

---

① အချို့လူသားတို့သည် မိမိတို့အားအလ္လာဟ်အရှင်မြတ်က ခေတ္တခဏအပ်နှံထားတော်မူသော ဥစ္စာပစ္စည်း များကိုပင် ငါ့မြေ့ငါ့ယာငါ့လယ်ယာဟုထင်မှတ်ပြောဆိုနေကြ၏။ အမှန်သော်ကား မိုးမြေနှင့်တကွ ရှိရှိသမျှသော အရာခပ်သိမ်းတို့ကို အလ္လာဟ်အရှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူသည်။ သို့ဖြစ်ပေရာ လူသားတို့သည် အလ္လာဟ်အရှင်မြတ်အပ်နှင်းထားတော်မူသော ဥစ္စာပစ္စည်းများကို ထိုအရှင်မြတ်၏ တရားလမ်းတော်၌ သဒ္ဓါ ကြည်ဖြူစွာပေးကမ်းလှူဒါန်းရန်သာရှိသည်။ စေးနဲတွန့်တိုရန်ကား အလျင်းအကြောင်းမရှိပေ။

တဖန် ငါအရှင်မြတ်သည် (ထိုသူတို့အား ကိယာမတ် ခေါ် ရှင်ပြန်ထမည့်နေ့တွင်) "အသင်တို့သည် ဟုန်းဟုန်းတောက်သော ငရဲမီး (တည်းဟူသော) အပြစ်ဒဏ်၏ အရသာကို မြည်းစမ်းကြလေကုန်" ဟု မိန့်ကြားတော်မူလတ္တံ့။

ذٰلِكَ بِمَا قَدَّمَتْ اَيْدِيْكُمْ وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ لِّلْعَبِيْدِ ﴿١٨٢﴾

၁၈၂။ ဤ(ကဲ့သို့ ပြစ်ဒဏ်ခံကြရမည်မှာ)ကား အသင်တို့ (ကိုယ်တိုင်) မိမိတို့လက်များဖြင့် ကြိုတင်ပို့နှင့်ပြီးဖြစ်သော အကုသိုလ် ဒုစရိုက်များကြောင့် ပင်တည်း။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် (မိမိ) ကျွန်များအပေါ် မတရား ဖိစီးညှဉ်းပန်းနှိပ်စက်တော်မူသော အရှင်မဟုတ်ပေ။

اَلَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ عَهِدَ اِلَيْنَآ اَلَّا نُؤْمِنَ لِرَسُوْلٍ حَتّٰى يَاْتِيَنَا بِقُرْبَانٍ تَاْكُلُهُ النَّارُ ۭ قُلْ قَدْ جَاۗءَكُمْ رُسُلٌ مِّنْ قَبْلِيْ بِالْبَيِّنٰتِ وَبِالَّذِيْ قُلْتُمْ فَلِمَ قَتَلْتُمُوْهُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿١٨٣﴾

၁၈၃။ (ထိုယဟူဒီများသည် အကြင်သူများပင် ဖြစ်ကြကုန်၏။) ထိုသူတို့က "အကျွန်ုပ်တို့သည် မည်သည့် တမန်တော်တပါးကိုမျှ (ကောင်းကင်မှ) မီးစားသော အလှူဝတ္ထု တစ်စုံတရာကို ထိုတမန်တော်သည် အကျွန်ုပ်ထံ မယူဆောင်လာသမျှ ကာလပတ်လုံး မယုံကြည်ကြရန် အလ္လာဟ် အရှင်မြတ်က အကျွန်ုပ်တို့အား မှာချ အမိန့်တော် ချမှတ်ထားတော်မူခဲ့လေသည်" ဟု (မဟုတ်မမှန် လုပ်ကြံ) ပြောဆိုကြကုန်သည်။

(သို့ဖြစ်၍ အို- နဗီတမန်တော် အသင်သည် ထိုသူတို့အား "ဟယ်-အချင်းတို့) အသင်တို့သည် အကယ်၍သာ "သစ္စာဝါဒီ" မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြပါမူ အကျွန်ုပ်၏အလျင် မြောက်မြားစွာသော ရဏ္ဍာလ်တမန်တော်များသည် (အမျိုးမျိုးသော) တန်ခိုးပြာဋိဟာများနှင့်တကွ အသင်တို့ပြောဆိုသော အချက်ကိုပါ ယူဆောင် ကြွရောက်လာခဲ့ချေပြီ။

သို့ဖြစ်ပါလျက် အသင်တို့သည် အဘယ်ကြောင့် ထိုရဿူလ်တမန်တော်များကို သတ်ဖြတ်ခဲ့ကြပါသနည်း" ဟု ပြောဆို မေးမြန်းပါလေ။

فَإِنْ كَذَّبُوكَ فَقَدْ كُذِّبَ رُسُلٌ مِّنْ قَبْلِكَ جَآءُو بِالْبَيِّنٰتِ وَالزُّبُرِ وَالْكِتٰبِ الْمُنِيرِ ﴿١٨٤﴾

၁၈၄။ (အို- နဗီတမန်တော်) အကယ်၍ ထို ("ကာဖိရ်" ငြင်းပယ်သော)သူတို့သည် အသင့်အား မုသားပြောဆိုသူဟူ၍ စွပ်စွဲပြောဆိုကြပါမူ (သို့စွပ်စွဲပြောဆိုခြင်းကား မထူးဆန်းလှပေ။ အကြောင်းဟူမူ) အသင်၏အလျင် ထင်ရှားစွာသော တန်ခိုးပြာဋိဟာသက်သေသာဓကများကိုငင်း၊ [၃] ကျမ်းငယ် (အစောင်စောင်)များကိုငင်း၊ [၂] ထွန်းလင်းတောက်ပသော ကျမ်းကြီးများကိုငင်း၊ [၃] ယူဆောင်လာခဲ့ကြကုန်သော ရဿူလ်တမန်တော်များသည်ပင်လျှင် မုသားပြောဆိုသူများဟူ၍ စွပ်စွဲပြောဆိုခြင်းကိုခံခဲ့ကြရလေသတည်း။

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ۗ وَإِنَّمَا تُوَفَّوْنَ أُجُورَكُمْ يَوْمَ الْقِيٰمَةِ ۖ فَمَن زُحْزِحَ عَنِ النَّارِ وَأُدْخِلَ الْجَنَّةَ فَقَدْ فَازَ ۗ وَمَا الْحَيٰوةُ الدُّنْيَآ إِلَّا مَتَاعُ

၁၈၅။ သက်ရှိသတ္တဝါတိုင်းသည် "မရဏ" သေခြင်းတရား၏ရသာကို မြည်စမ်းကြရမည်။ တဖန် အသင်တို့သည် "ကိယာမတ်" ခေါ် (သေပြီးနောက်)ရှင်ပြန်ထရမည့်နေ့၌သာလျှင် မိမိတို့၏(ကောင်းမှုမကောင်းမှုတို့၏)အကျိုးများကို အပြည့်အစုံပေးခြင်းခံကြရပေမည်။ သို့ဖြစ်ပေရာ အကြင်သူသည် ငရဲမီးဘေးမှ ဖယ်ရှားခြင်းခံရ၍ "ဂျန္နတ်" အမတ သုခဘုံသို့ ဝင်ရောက်စေခြင်းကို ခံရအံ့။ သို့ဖြစ်ရာ ထိုသူသာလျှင် စင်စစ်ဧကန် အောင်မြင်သောသူ ဖြစ်ပေသည်။

---

① 'အလ်မိုင်ယိနာတ်' ဟူသောစကားတွင် အသိဉာဏ်နှင့် ယှဉ်၍ သိစေနိုင်သော သက်သေ သာဓကများ တန်ခိုးပြာဋိဟာများသည် အကျုံးဝင်လျက်ရှိပေသည်။ ကြည့် - မာဂျိဒီ။ ကဗီရ်။

② 'ဇုဗုရ်' ဟူသော ပုဒ်သည် 'ဇဗုရ်' ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းများဖြစ်သည်။ 'ဇုဗုရ်' ဟူသည် အဆုံးအမညွှန်ကြားသောပါရှိသော ကျမ်းငယ်များကို ဆိုသည်။ ရာဃိဗ်။

③ 'အလ်ကိတာဗ်' ဟူသည် ကုရ်အာန်ကျမ်းမြတ်၏ ဝေါဟာရ အသုံးအနှုန်းတွင် အမိန့်ပညတ်များနှင့် ရှရီအတ် ပဋိပတ်ကျင့်စဉ်ကျင့်ရပ်များ ပါရှိသော ကျမ်းကြီးများကို ဆိုသည်။

الْغُرُوْرِ ﴿١٨٥﴾

အမှန်သော်ကား (နောင်တမလွန်ဘဝသည် သာလျှင် အမြဲခံစားရမည့် ဘဝဖြစ်၍ ဤပစ္စက္ခ မျက်မှောက်) လောကီဘဝသည်ကား ထင်ယောင်ထင်မှားဖြစ်စေသောပစ္စည်းမျှသာ ဖြစ်ချေသည်။ ③

لَتُبْلَوُنَّ فِيْٓ اَمْوَالِكُمْ وَاَنْفُسِكُمْ ۗ وَلَتَسْمَعُنَّ مِنَ الَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ وَمِنَ الَّذِيْنَ اَشْرَكُوْٓا اَذًى كَثِيْرًا ۭ وَاِنْ تَصْبِرُوْا وَتَتَّقُوْا فَاِنَّ ذٰلِكَ مِنْ عَزْمِ الْاُمُوْرِ ﴿١٨٦﴾

၁၈၆။ စင်စစ် အသင်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများနှင့်စပ်လျဉ်း၍ပင်၊ မိမိတို့၏ အသက်ဇီဝိန်နှင့်စပ်လျဉ်း၍ပင်၊ စမ်းသပ်ခြင်းကို အမှန်ပင် ခံကြကုန်အံ့။ ထိုမှတပါး တုံ့ဇကန်မလွဲ အသင်တို့သည် မိမိတို့အလျောင် (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ဒေသနာတော် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့ထံမှ၎င်း၊ (အခြားအရာကို အလ္လာဟ်အရှင်မြတ်နှင့်) တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်ခဲ့ကြကုန်သော သူတို့ထံမှ၎င်း စိတ်နလုံးထိခိုက် နာကြည်းဖွယ်ရာများစွာကိုလည်း အမှန်စင်စစ် ကြားကြရပေမည်။

သို့ရာတွင်မူကား အသင်တို့သည် (ဘေးဒုက္ခများနှင့် ရင်ဆိုင်ရာ၌) အကယ်၍သာ ခန္တီတရား ထားရှိကာ (အဓမ္မတည်းဟူသော မတရားမှု ခပ်သိမ်းတို့မှ) ကြဉ်ရှောင်ကြပါလျှင် ယင်း(ကဲ့သို့ သည်းခံခြင်းနှင့်မတရားမှုတို့မှ ကြဉ်ရှောင်ခြင်းတို့) သည် *စိတ်ဓာတ် ကြံ့ခိုင်စွာ ပြုမူရသောအရေးကိစ္စများ* အနက်ပင်ဖြစ်သည်။ ④

---

③ "လောကီဘဝသည် ထင်ယောင်ထင်မှားဖြစ်စေသော ပစ္စည်းမျှသာဖြစ်ချေသည်" ဟူ၍ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ဆိုထားတော်မူ၏။ ဤအမိန့်တော်နှင့်စပ်လျဉ်း၍ "စအီဒ်အီဗ်နု ဂျုဗိုင်ရ်"က အောက်ပါအတိုင်း အနက်ဖွင့်ထားသည်။ ဤအမိန့်တော်သည် လောကီဘဝကို နောင်တမလွန်ဘဝထက် အသာပေးသူအဘို့ဖြစ်သည်။ သို့ရာတွင် ထိုလောကီဘဝဖြင့် နောင်တမလွန်ဘဝကို ဆည်းပူးသူအဘို့မှာကား ထိုလောကီဘဝသည် (လိုရာစခန်းသို့) ပို့ဆောင်ပေးသော ပစ္စည်းပင်ဖြစ်ချေသည်။

④ ဤ အာယသ်တော်သည် မွတ်စ်လင်မ် တို့ကို ရည်ညွှန်းတော်မူ၏။ အလ္လာဟ် အရှင်မြတ်သည် ➤➤

وَإِذْ أَخَذَ اللَّهُ مِيثَاقَ
الَّذِينَ أُوتُوا الْكِتَابَ
لَتُبَيِّنُنَّهُ لِلنَّاسِ وَلَا
تَكْتُمُونَهُ فَنَبَذُوهُ وَرَاءَ
ظُهُورِهِمْ وَاشْتَرَوْا
بِهِ ثَمَنًا قَلِيلًا ۖ فَبِئْسَ
مَا يَشْتَرُونَ ﴿١٨٧﴾

၁၈၇။ ထို့ပြင်တဝ (အသင်တို့သည် ပြန်လည်အောက်မေ့ သတိရရှိကြလေကုန်) အခါတပါး၌ အလ္လာဟ် အရှင်မြတ်သည် (အသင်တို့ အလျင်) ကျမ်းဂန်ကို ချီးမြှင့် ပေးသနားတော်မူခြင်းခံကြရသောသူတို့၏ထံမှ ပဋိညာဉ်ဝန်ခံချက်ကို (ဤသို့) ယူတော်မူခဲ့လေသည်။ "မုချဧကန် အသင်တို့သည် ယင်းကျမ်းဂန်(လာ တရားဒေသနာတော်များ)ကို ထိမ်ချန်မထားကြဘဲ လူသားတို့ (သိစိမ့်သော)ငှာ အတိအကျ ထင်ရှားစေကြရမည်"။ (သို့ရာတွင်) ထိုသူတို့သည် သို့(ပဋိညာဉ် ဝန်ခံချက်ထားရှိခဲ့ကြ)ပါလျက်နှင့်ပင်၊ ယင်း ကျမ်းဂန်ကို မိမိတို့၏ ကျောနောက်သို့ ပစ်ထားခဲ့ကြ၏။ ၎င်းပြင် အနည်းငယ်မျှသော အဘိုးအခနှင့် ယင်းကျမ်းဂန်(လာ ဒေသနာတော်များ)ကို ရောင်းစားခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ထိုသူတို့ လဲလှယ်ဝယ်ယူကြကုန်သော အဘိုးအခသည် အလွန်တရာမျှပင် ယုတ်ညံ့သိမ်ဖျင်းလှပေသည်တကား။

لَا تَحْسَبَنَّ الَّذِينَ يَفْرَحُونَ
بِمَا أَتَوْا وَّيُحِبُّونَ أَنْ

၁၈၈။ (အို-နဗီတမန်တော်) အသင်သည် အလျင်းမထင်မှတ်လေနှင့်။ အကြင်သူတို့သည် မိမိတို့၏(မဟုတ်မလျား) အကျင့်မှားဖြင့် အားရဝမ်းသာမွေ့လျော်ပျော်ရွှင်လျက် ရှိကြကုန်၏။

➤➤ ဤအာယသ်တော်တွင် မွတ်စ်လင်မ်တို့သည် နောက်နောင်တွင်လည်း ဥစ္စာပစ္စည်းများနှင့် စပ်လျဉ်း၍၎င်း၊ အသက်ဇီဝိန်များနှင့် စပ်လျဉ်း၍၎င်း၊ အစမ်းသပ် ခံကြရမည့်အကြောင်း၊ အတိတ်ခေတ် ကျမ်းရသောသူများနှင့် မွန်ရစ်က်တို့၏ စိတ်နာကြည်းဖွယ် စကားများကိုလည်း ကြားကြရဦးမည့်အကြောင်း ဗျာဒိတ်စကား ဟောကြားတော်မူ၍ မွတ်စ်လင်မ်တို့သည် အဆိုပါ ဒုက္ခများနှင့် ရင်ဆိုင်ကြရသည့်အခါ ခန္တီတရား လက်ကိုင်ထားပြီး ဒုစရိုက်မှုများကို ကြဉ်ရှောင်ကြရမည့်အကြောင်း မိန့်ဆိုထားတော်မူလေသည်။

အထက်ပါ ဗျာဒိတ်တော်အရ အတိတ်ခေတ်များတွင် မွတ်စ်လင်မ်တို့သည် စမ်းသပ်မှု အမျိုးမျိုး ခံခဲ့ကြရ၏။ ရန်သူတို့ပြောဆိုသော စိတ်နာကြည်းဖွယ် စကားများကို ကြားခဲ့ကြရ၏။ ယခုမျက်မှောက်ပစ္စုပ္ပန်တွင်လည်း အစမ်းသပ်ခံကြရလျက် စိတ်နာကြည်းဖွယ်သော စကားများကို ကြားကြလျက်ပင် ရှိကြပေသည်။

يُّحْمَدُوْا بِمَا لَمْ يَفْعَلُوْا
فَلَا تَحْسَبَنَّهُمْ بِمَفَازَةٍ
مِّنَ الْعَذَابِ ۚ وَلَهُمْ
عَذَابٌ اَلِيْمٌ ﴿١٨٨﴾

ငင်းပြင် ထိုသူတို့သည် မိမိတို့ မပြုခဲ့ကြသော (ကောင်းမှု) ကိစ္စနှင့်စပ်လျဉ်း၍ (လူအများ၏) ချီးမွမ်းခြင်းကို ခံလိုကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် ထိုသူတို့အား (ဤလောကတွင်လည်း) ပြစ်ဒဏ်မှ လွတ်မြောက်ကြမည်ဟူ၍ အလျင်းမထင်မှတ်လေနှင့်။ ငင်းပြင် ထိုသူတို့အတို့ (နောင်တမလွန်ဘဝ၌လည်း) ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် (အသင့်) ရှိချေသတည်း။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ
وَالْاَرْضِ ۗ وَاللّٰهُ عَلٰى
كُلِّ شَيْءٍ قَدِيْرٌ ﴿١٨٩﴾

၁၈၉။ အမှန် စင်စစ်သော်ကား အာကာသ ကောင်းကင်များနှင့် ကမ္ဘာမြေကို စိုးမိုး အုပ်ချုပ်မှုသည် အလ္လာဟ် အရှင်မြတ်အတို့သာဖြစ်သည်။ ငင်းပြင် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်တော်မူနိုင်သော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူပေသတည်း။ [၁]

اِنَّ فِيْ خَلْقِ السَّمٰوٰتِ
وَالْاَرْضِ وَاخْتِلَافِ
الَّيْلِ وَالنَّهَارِ لَاٰيٰتٍ
لِّاُولِي الْاَلْبَابِ ﴿١٩٠﴾

၁၉၀။ ဧကန်စင်စစ် အာကာသကောင်းကင်ဘုံများနှင့်ကမ္ဘာမြေကို ဖန်ဆင်းတော်မူရာ၌ လည်းကောင်း၊ နေ့နှင့်ည၌တို့၏ ပြောင်းလဲမှု၌ လည်းကောင်း နိသမ္မဉာဏ်ရှင်များအတို့ (တစ်ဆူတည်းဖြစ်တော် မူသော အလ္လာဟ် အရှင်မြတ်အား ထင်ရှားသိစေနိုင်သော) သက်သေသာဓကများ မုချ ရှိပေသည်။ [၂]

---

① အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအဝှန်းကို စိုးပိုင်တော်မူ၏။ အရာခပ်သိမ်းကိုလည်း စွမ်းဆောင်နိုင်တော်မူ၏။ ဤသည့်အချက်ကိုပင် အကြင်သူတစ်ဦးသည် နှလုံးသွင်းထားပါမူ ထိုသူသည် မည်သည့်ပြစ်မှုမျိုးကိုမျှ ကျူးလွန်ဝံ့မည်မဟုတ်ပေ။ ကြည့် - မာဂျီဒီ။

② မိုး, မြေ, နေ, လ, နက္ခတ်တာရာ အစရှိသည့် ထူးထွေဆန်းကြယ်လှသော ကမ္ဘာတန်ဆာများသည် မိမိတို့အား ဖန်ဆင်းတော်မူသော ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ် တပါးတည်း ရှိတော်မူကြောင်းကို သက်သေခံလျက်ရှိကြပေသည်။ အဲ့မဆုံးသော ကမ္ဘာ့စက်ယန္တရားကြီးကို ကြည့်ရှုမျှော်မြင် ဆင်ခြင်ခြင်းအားဖြင့် နိသမ္မဉာဏ်ရှင် အပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်များကို ကောင်းစွာ သိရှိနိုင်ကြပေသည်။ ➤➤

الَّذِيْنَ يَذْكُرُوْنَ اللّٰهَ قِيٰمًا وَّقُعُوْدًا وَّعَلٰى جُنُوْبِهِمْ وَيَتَفَكَّرُوْنَ فِيْ خَلْقِ السَّمٰوٰتِ

၁၉၁။ အကြင် နိသမ္ဘဉာဏ်ရှင်များသည် အလွှာဟ် အရှင်မြတ်အား မတ်တတ်ရပ်လျက်၎င်း၊ ထိုင်လျက်လည်းကောင်း၊ လဲလျောင်းလျက် လည်းကောင်း (အခါခပ်သိမ်း) အောက်မေ့ တသ သတိရကြ၏။ ၎င်းပြင် ထိုသူတို့သည် အာကာသ ကောင်းကင်ဘုံများနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ *စဉ်းစားဆင်ခြင်(ကာ ဤသို့လျှောက်ထား)ကြ၏။* [1]

➤➤ ကမ္ဘာတန်ဆာများ၏ များပြားပုံ၊ အနေအထားကျပုံ၊ သွားလာရွေ့လျားပုံ၊ အချင်းချင်းဆက်စပ်မှီတွယ်ပုံ၊ နေနှင့်လ ဝင်ထွက်ပုံ၊ လဆန်းလဆုတ်ဖြစ်ပုံ၊ ကမ္ဘာမြေကြီး၏ ပုံပန်းသဏ္ဌာန်၊ ထုထယ်အကျယ်အဝန်း၊ ဆွဲငင်ခြင်းသတ္တိ၊ ပေါက်ရောက်စေနိုင်ပုံ၊ မြေမှ ဓာတ်သတ္တုပစ္စည်းအမျိုးမျိုးထွက်ပုံ၊ သမုဒ္ဒရာပင်လယ်နက်ရှိုင်းပုံ၊ ကျယ်ပြန့်ပုံ၊ (ဒီရေ) ရေတက်ရေကျဖြစ်ပုံ၊ မိုးရွာသွန်းပုံ-စသည်များကား အံ့မဆုံးပင်ဖြစ်တော့၏။

ကမ္ဘာတန်ဆာများကို အကြောင်းပြု၍ **Astronomy** ကြယ် နက္ခတ်တာရာ အတတ်ပညာ၊ **Cosmography** စကြာဝဠာ အစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ဆက်စပ်မှီတွယ်ကြောင်း ဖော်ပြရာပညာ၊ **Geography** ပထဝီ၊ **Physics** ရူပဗေဒ၊ **Geology** ဘူမိဗေဒ၊ အစရှိသော **Science** လောကဓာတ်ပညာ အမျိုးမျိုး ထွန်းကားလျက်ရှိပေသည်။ နောက်နောင် မည်ရွေ့မည်မျှ ထွန်းကားဦးမည်ကို မချင့်တွေးနိုင်ပေ။ ထိုထိုသော ပညာများ ထွန်းကားလာသည်နှင့်အမျှ အလွှာဟ်အရှင်မြတ်၏ ထူးထွေဆန်းကြယ်လှသော အနန္တတန်ခိုးတော်များကို လူသားတို့သည် ပိုမိုး၍ သိလာကြပေမည်။

ထိုထိုသော အံ့ဘွယ် ကမ္ဘာတန်ဆာပလာများသည် အချို့သူတို့ ထင်မှတ်ကြသကဲ့သို့ ဆည်းကပ်ကိုးကွယ်ရာများ မဟုတ်ချေ။ လူသားတို့အကျိုးငှာ အလွှာဟ်အရှင်မြတ် ပြုလုပ်စီရင်ထားတော်မူသော လူသားတို့၏ အသုံးအဆောင်များသာ ဖြစ်ချေသည်။

① မိုး, မြေ, နေ, လ, နက္ခတ်တာရာ အစရှိသော ကမ္ဘာစက်ယန္တရားကြီး၏ သွားလာလှုပ်ရှားမှုများကို ဆင်ခြင်၍ အလွှာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်များကို မြော်မြင်ဆင်ခြင် နှလုံးသွင်းခြင်းသည်လည်း အလွန်မွန်မြတ်လှသော 'အိဗါဒတ်' ဝတ်ပြုမှုတစ်ရပ်ပင်ဖြစ်ပေသည်။

(နိသမ္ဘဉာဏ်ရှင်များသည်) အထောက်အထားပြုရန်၎င်း၊ တရားယူရန်၎င်း မိုးများနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်းနှင့်စပ်လျဉ်း၍ တွေးခေါ်မြော်မြင် ဆင်ခြင်ကြ၏။ ယင်းကဲ့သို့ ဆင်ခြင်ခြင်းသည် အမြတ်ဆုံးသော ခပ်မှုပင်ဖြစ်သည်။ တမန်တော်မြတ်ကလည်း "ဆင်ခြင်ခြင်းနှင့်တူသော ခပ်မှုသည်မရှိချေ" ဟု မိန့်ကြားတော်မူခဲ့သည်။ အဘယ်ကြောင့်ဟူမူ ထိုဆင်ခြင်မှုသည် စိတ်နှလုံးနှင့်လည်း ဆိုင်၏။ ဖန်ဆင်းတော်မူခြင်း၏ အဓိက ရည်ရွယ်ချက်လည်းဖြစ်၏။

ဖော်ပြချက်။

တမန်တော်မြတ်သည် ညဉ့်အချိန် နိုးထသောအခါ တံပူဝါးလျက် အာကာသ ကောင်းကင်ဘက်သို့ ရှုမျှော်ကာ ကုရ်အာန်ကျမ်းလာ မုက္ခပါဠ်တော် (၃း၁၈၉) ကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိ၏။ ဤအာယသ်တော်နှင့်စပ်လျဉ်း၍လည်း တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။ ➤➤

وَالْأَرْضِ ۚ رَبَّنَا مَا
خَلَقْتَ هٰذَا بَاطِلًا ۚ
سُبْحٰنَكَ فَقِنَا عَذَابَ
النَّارِ ﴿١٩١﴾
رَبَّنَآ إِنَّكَ مَنْ تُدْخِلِ
النَّارَ فَقَدْ أَخْزَيْتَهُ ۖ
وَمَا لِلظّٰلِمِينَ مِنْ
أَنْصَارٍ ﴿١٩٢﴾
رَبَّنَآ إِنَّنَا سَمِعْنَا
مُنَادِيًا يُنَادِي
لِلْإِيمَانِ أَنْ آمِنُوا
بِرَبِّكُمْ فَآمَنَّا ۚ رَبَّنَا

"အိုး-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်မြတ်သည် ဤ (ဖန်ဆင်းထားသောအရာများ)ကို အချည်းနှီး ဖန်ဆင်းထားတော် မူသည်မဟုတ်ပါ၊[၁] အရှင်မြတ်သည် ချို့တဲ့ခြင်း အပေါင်းမှ ကင်းစင်တော် မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ငရဲမီး၏ပြစ်ဒဏ်မှ ဖယ်ရှားတော်မူပါ။

၁၉၂။ အိုး-ကျွန်တော်မျိုးတို့၏ အရှင်၊ ဧကန်မုချ အရှင်မြတ်သည် အကြင်မည်သူ့ကိုမဆို ငရဲမီးထဲသို့ ထည့်သွင်းတော် မူပါလျှင် အရှင်မြတ်သည် ထိုသူအား မုချ ဂုဏ်ရည်သေးသိမ်အောင်ပြုတော်မူချေပြီ။ ၎င်းပြင် မတရားကျူးလွန်သောသူတို့အဘို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှမရှိပါ။

၁၉၃။ အိုး- ကျွန်တော်မျိုးတို့၏အရှင်၊ မုချဧကန်၊ ကျွန်တော်မျိုးတို့သည် *ကြွေးကြော်သူတစ်ဦး* [၂] (၏ကြွေးကြော်သံကို) ကြားကြပါသည်။ ထိုသူသည် (လူခပ်သိမ်းတို့အား) "အီမာန်" ယုံကြည်ခြင်းတရားထားရန်အလို့ငှာ (အိုး-လူအပေါင်းတို့) "အသင်တို့သည် မိမိတို့၏အရှင်မြတ်အား ယုံကြည်ကြကုန်" ဟု ကြွေးကြော်လျက်ရှိပါသည်။

➤➤ အကြင်သူတစ်ဦးသည် ဤမုကွပါဠိတော်ကို ရွတ်ဘတ်ပြီး ၎င်းမုကွပါဠိတော်လာ အချက်များကို မတွေးတောမဆင်ခြင်သည်ရှိသော် ထိုသူသည် ပျက်စီးအံ့။

မွတ်စ်လင်မ်တို့သည် လောကဓာတ်ပညာများကိုလေ့လာဆည်းပူး၍ အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်များကို တွေးမြင်ကာ ထိုအရှင်မြတ်အား အမြဲတစေ အောက်မေ့တသ သတိရနိုင်ကြပါစေသတည်း။

① ဤစကြာဝဠာကြီးသည် အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်ဖြင့် ဖြစ်ပေါ်လာ၏။ မိမိ အလိုအလျောက် ဖြစ်ပေါ်လာသည် မဟုတ်ချေ။ ထိုအရှင်မြတ်သည် ဤစကြာဝဠာကြီးကို အချည်းနှီး ဖန်ဆင်းထားတော် မူသည်လည်းမဟုတ်။ အကြောင်းအမျိုးမျိုး၊ အကျိုးအဖုံဖုံအတွက် ဖန်ဆင်းထားတော်မူခြင်းသာဖြစ်သည်။

② ဤမုကွပါဠိတော်တွင် ပါရှိသော "အီမာန် စွဲယုယုံကြည်ရန် ကြွေးကြော်သူ" ဟူသည် နဗီတမန်တော် (မုဟမ္မဒ် ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကို ဆိုလိုသည်။ အလ်မနာရ်။

فَاغْفِرْ لَنَا ذُنُوبَنَا وَكَفِّرْ عَنَّا سَيِّاٰتِنَا وَتَوَفَّنَا مَعَ الْاَبْرَارِ ﴿١٩٣﴾

သို့ ဖြစ်ပါ၍ ကျွန်တော် မျိုးတို့သည် (အရှင်မြတ်အား) ယုံကြည် ကြပါပြီ။ အို-ကျွန်တော်မျိုးတို့၏ အရှင်၊ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (ကြီးလေးသော) အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (သေးငယ်သော) မကောင်းမှုများကိုလည်း ကျွန်တော်မျိုးတို့ထံမှ ပယ်ဖျောက်စေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် (မိမိ၏ ကရုဏာတော်အဟုန်ဖြင့်) ကျွန်တော်မျိုးတို့အား သူမွန်သူမြတ်တို့နှင့် အတူတကွ သေဆုံးစေတော်မူပါ။

رَبَّنَا وَاٰتِنَا مَا وَعَدْتَّنَا عَلٰى رُسُلِكَ وَلَا تُخْزِنَا يَوْمَ الْقِيٰمَةِ ؕ اِنَّكَ لَا تُخْلِفُ الْمِيْعَادَ ﴿١٩٤﴾

၁၉၄။ အို- ကျွန်တော်မျိုးတို့၏အရှင်၊ ၎င်းပြင် အရှင်မြတ်သည် မိမိ၏ ရဿူလ် တမန်တော်များမှတဆင့် ကျွန်တော်မျိုးတို့အား ကတိပြုတော်မူသော ကုသိုလ် အကျိုးကိုလည်း ကျွန်တော်မျိုးတို့အား ပေးသနားတော် မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကိယာမတ်နေ့တွင် ဂုဏ်ရည်သေးသိမ်အောင် ပြုတော်မမူပါလင့်။ မုချဧကန် အရှင်မြတ်သည် (မိမိထားရှိသော) ကတိတော်ကို (ဘယ်သော အခါမျှ) ဖောက်ဖျက်တော် မူသည် မဟုတ်ပါ။

فَاسْتَجَابَ لَهُمْ رَبُّهُمْ اَنِّيْ لَاۤ اُضِيْعُ عَمَلَ عَامِلٍ مِّنْكُمْ مِّنْ ذَكَرٍ اَوْ اُنْثٰى ۚ بَعْضُكُمْ مِّنْۢ بَعْضٍ ۚ

၁၉၅။ သို့ ဖြစ်ပေရာ ထို သူတော်စင်တို့၏ လျှောက်ထား ပန်ကြားချက်ကို ထိုသူတို့၏ အရှင်မြတ်သည် သဘောတူ လက်ခံတော် မူခဲ့လေပြီ။ အကြောင်းသော်ကား ငါအရှင်မြတ်သည် အသင်တို့အနက်မှ မည်သည့် ကောင်းမှုပြုသောသူ၏ကောင်းမှုကိုမျှ အလဟဿ အချည်းနှီး ဖြစ်စေတော်မူသည် မဟုတ်သောကြောင့်တည်း။

فَالَّذِيْنَ هَاجَرُوْا
وَاُخْرِجُوْا مِنْ دِيَارِهِمْ
وَاُوْذُوْا فِيْ سَبِيْلِيْ وَقٰتَلُوْا
وَقُتِلُوْا لَاُكَفِّرَنَّ عَنْهُمْ
سَيِّاٰتِهِمْ وَلَاُدْخِلَنَّهُمْ
جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا
الْاَنْهٰرُ ثَوَابًا مِّنْ عِنْدِ
اللّٰهِ ؕ وَاللّٰهُ عِنْدَهٗ حُسْنُ
الثَّوَابِ ﴿١٩٥﴾

ထိုကောင်းမှုပြုသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အသင်တို့ အညမည အချင်းချင်း တစ်ဦးသည် တစ်ဦး၏အစိတ်အပိုင်း (ဖြစ်ပေရာ အမိန့်တော်လည်း *တမျိုးတစားတည်းပင်)ဖြစ်ချေသည်။*[၃]

ပြီးနောက် အကြင်သူတို့သည် (မှန်ကန်သော တရားလမ်းစဉ်ကို လိုက်နာ ကျင့်မူနိုင်အံ့သောငှာ မိမိတို့၏ နေရင်းဒေသကို) စွန့်လွှတ် ထွက်ခွာခဲ့ကြကုန်၏။ ၎င်းပြင် မိမိတို့၏နေအိမ်များမှ နှင်ထုတ်ခြင်းလည်း ခံခဲ့ကြရ၏။ ၎င်းပြင် ငါ အရှင်မြတ်၏ လမ်းတော်၌ (အမျိုးမျိုးသော)ဒုက္ခပေးခြင်းကိုလည်း ခံခဲ့ကြရ၏။ ၎င်းပြင် (မှန်ကန်သောတရားလမ်းစဉ်၌) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြ၏။ (များစွာသော သူများသည်) သတ်ဖြတ်ခြင်းကိုလည်းခံခဲ့ကြရ၏။ ငါအရှင်မြတ်သည် ထိုသူတို့၏ မကောင်းမှုဒုစရိုက်တို့ကို မုချဖယ်ရှားတော်မူအံ့။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား *အကြင်ဥယျာဉ်တော်များသို့လည်း ဝင်ရောက်စေတော်မူအံ့။* [၂] ထိုဥယျာဉ်တော်များ၏ အောက်၌ စမ်းရေချောင်းများ စီးဆင်းလျက်ရှိ၏။ ဤသည် အလွန်ဟန်အရှင်မြတ်အထံတော်မှ ရရှိမည့် ကုသိုလ်အကျိုးပင်ဖြစ်ချေသည်။ အမှန်စင်စစ် အမွန်မြတ်ဆုံးသော အကျိုးဆုလာဘ်သည်ကား အလွှာဟ် အရှင်မြတ်အထံတော်၌သာလျှင် ရှိပေသတည်း။

---

① မိန်းမနှင့်ယောကျ်ားသည် တမန်တော်အာဒမ်နှင့် မိခင်ကြီး ဟောင်ဝါတို့မှ ဆင်းသက် ပေါက်ဖွားလာကြ၏။ သီးခြား ကင်းကွာလျက်ရှိသောသူများ မဟုတ်ကြပေ။ အညမည အချင်းချင်း ဆက်စပ်လျက်ရှိကြပေသည်။ အစ္စလာမ်သာသနာမထွန်းကားမီ အမိုက်ခေတ်များတွင် မိန်းမဖြစ်ခြင်းကိုပင် အပြစ်ဟူ၍ ယူဆခဲ့ကြ၏။ အမျိုးသမီးများသည် မိမိတို့၏ အခွင့်အလမ်းများ ဆုံးရှုံးခဲ့ကြရ၏။ အမျိုးသမီးများသည် တိရစ္ဆာန်ဘဝသို့ပင် ရောက်ရှိနေခဲ့ကြရ၏။ အစ္စလာမ်သာသနာသည် အမျိုးသမီးတို့၏ အဆင့်အတန်းကို မြှင့်တင်၍ ရသင့်ရထိုက်သော အခွင့်အလမ်းကို အတိအကျ ပေးထားလေသည်။ အစ္စလာမ် သာသနာတော်အရ ကဲ့၏အကျိုး ➤➤

لَا يَغُرَّنَّكَ تَقَلُّبُ الَّذِيْنَ كَفَرُوْا فِى الْبِلَادِ ﴿١٩٦﴾

၁၉၆။ (အို-နဗီတမန်တော်) အမြို့မြို့အရွာရွာတွင် (လောကီစည်းစိမ်များဖြင့် ပြည့်ပြည့်စုံစုံ ချမ်းသာစွာ) ကာဖိရ်တို့၏သွားလာခြင်းသည် အသင့်အား အထင်မှား အမြင်မှား မဖြစ်စေနှင့်။

مَتَاعٌ قَلِيْلٌ ثُمَّ مَأْوٰىهُمْ جَهَنَّمُ ۚ وَبِئْسَ الْمِهَادُ ﴿١٩٧﴾

၁၉၇။ (အမှန်စင်စစ်သော်ကား ယင်းသွားလာမှုနှင့် စည်းစိမ်ချမ်းသာများသည်) တဒင်္ဂ တခဏမျှသော အကျိုးခံစားမှုမျှသာဖြစ်သည်။ နောက်ဆုံးတွင်မူကား ထိုသူတို့၏ ပြန်လည်ရာဌာနသည် "ဂျဟန္နမ်" ငရဲဘုံသည်သာလျှင် ဖြစ်လတ္တံ့။ စင်စစ် ယင်း ဂျဟန္နမ် ငရဲဘုံသည် အလွန်တရာ ဆိုးဝါးလှသော နေရာပင် ဖြစ်ပေသတည်း။

لٰكِنِ الَّذِيْنَ اتَّقَوْا رَبَّهُمْ لَهُمْ جَنّٰتٌ تَجْرِىْ مِنْ تَحْتِهَا

၁၉၈။ သို့ရာတွင်မူကား အကြင်သူတို့သည် မိမိတို့၏အရှင်မြတ်ကို ကြောက်ရွံ့. (ရိုသေခြင်းအား ဖြင့် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်)ကြပါမူ ထို သူတို့အတို့ အကြင်ဥယျာဉ်များရှိအံ့။

➢➢ တရားများတွင် မိန်းမနှင့်ယောကျ်ားသည် အတူတူပင်ဖြစ်ပေသည်။ ဥပမာ-အလ္လာဟ်အရှင်မြတ်သည် အမျိုးသားများ၏ ကုသိုလ်ကောင်းမှုများကို လက်ခံတော်မူတိသကဲ့သို့ အမျိုးသမီးများ၏ ကုသိုလ်ကောင်းမှုများကိုလည်း လက်ခံတော်မူလေသည်။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏ သူတော်စင် ကျွန်များအား (ကုသိုလ်အကျိုးပေးတော်မူရန်) ကတိပြုတော်မူရာ၌ အမျိုးသားများနှင့်အတူ အမျိုးသမီးများပါဝင်ကြောင်း ဤမုကွပါဠ်တော်တွင် ဖွင့်ဟမိန့်ဆိုထားတော်မူသည်။ (မဒါရစ်)

ⓙ အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်၏ သာမန်ကုသိုလ်အကျိုးကိုပင်လျှင် အချည်းနှီး ဖြစ်စေတော်မမူပေရာ၊ အစွမ်းလမ် သာသနာရေးအတွက် တိုင်းပြည်ကို စွန့်ခဲ့ကြရကုန်သော တိုင်းပြည်မှ နှင်ထုတ်ခြင်း၊ ခံခဲ့ကြရကုန်သော ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရကုန်သော စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြရကုန်သော သတ်ဖြတ်ခြင်း၊ ခံခဲ့ကြရကုန်သော သာသနာ့အာဇာနည်တို့၏ ကုသိုလ်အကျိုးများကိုကား အဘယ်မှာလျှင် အချည်းနှီး ဖြစ်စေတော်မူအံ့နည်း။

ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် ထိုသို့သော သာသနာ့ အာဇာနည်တို့၏ ပြစ်မှုကြီးငယ် အားလုံးတို့ကို ပမျောက်စေတော်မူပြီး ထိုသူတော်စင်များအား ဂျန္နတ် အမတသုခဘုံများတွင် စံမြန်းစေတော်မူမည်ဟု ဤမုကွပါဠ်တော်တွင် အတည့် အလင်း မိန့်ကြားထားတော်မူလေသည်။

الْأَنْهٰرُ خٰلِدِيْنَ فِيْهَا نُزُلًا مِّنْ عِنْدِ اللّٰهِ ؕ وَمَا عِنْدَ اللّٰهِ خَيْرٌ لِّلْاَبْرَارِ ﴿۱۹۸﴾

ထိုဥယျာဉ်များ၏အောက်မှ စမ်းရေချောင်း များစီးတွေလျက်ရှိကြ၏။ ထိုသူတို့သည် ၎င်းဥယျာဉ်များ၌ထာဝစဉ် နေထိုင်စံမြန်းလျက် ရှိကြပေမည်။ ဤသည် အလ္လာဟ် အရှင်မြတ် အထံတော်မှ ဧည့်ခံတော်မူခြင်းပင် ဖြစ်ချေသည်။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ် အထံတော်၌ ရှိသော အရာသည် သူမွန်သူမြတ်တို့အဘို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ ③

وَاِنَّ مِنْ اَهْلِ الْكِتٰبِ لَمَنْ يُّؤْمِنُ بِاللّٰهِ وَمَاۤ اُنْزِلَ اِلَيْكُمْ وَمَاۤ اُنْزِلَ اِلَيْهِمْ خٰشِعِيْنَ لِلّٰهِ ۙ لَا يَشْتَرُوْنَ بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيْلًا ؕ اُولٰٓئِكَ لَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ؕ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۱۹۹﴾

၁၉၉။ ၎င်းပြင် မုချဧကန် ကျမ်းဂန်ရရှိသော သူတို့အနက် အကြင်သူတို့သည်လည်း ဧကန်စင်စစ် ရှိကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကို၎င်း၊ အသင်တို့ထံ ထုတ်ပြန် ပို့ချပြီးဖြစ်သော အရာ[(၀၁) ကုရ်အာန်ကျမ်းတော်မြတ်] ကို၎င်း၊ မိမိတို့ထံထုတ်ပြန် ပို့ချပြီးဖြစ်သောအရာ (၀၁) "တောင်ရာတ်" နှင့် "အင်နဂျီလ်" ကျမ်းများကို၎င်း၊ သက်ဝင်ယုံကြည် ကြကုန်သည်။ ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ် ရှေ့တော်မှောက်ဝယ် မိမိတို့ကိုယ်ကို နှိမ့်ချ ကျိုးနွံလျက် ရှိကြကုန်သည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ မုဏ္ဍပါဠိတော်များနှင့် အနည်းငယ်မျှသော အဘိုးအခကို လဲလှယ် ဝယ်ယူကြသည်လည်း မဟုတ်ပေ။ ဤကဲ့သို့သောသူတို့၏ အကျိုးဆုလာဘ်သည် ထိုသူတို့၏အရှင်မြတ် အထံတော်၌ ရှိချေပြီ။

---

③ **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။**

အချို့မွတ်စ်လင်မ်များက ချောင်, လည်, ချမ်း, သာ, သွားလာနေထိုင်ကြသော မွန်ရစ်ဂ်တို့အား မြင်ကြသောအခါ "အလ္လာဟ်အရှင်မြတ်၏ ရန်သူများသည် ငါတို့အမြင်၌ ကောင်းစွာရှိကြ၏။ ငါတို့မူကား ငတ်မွတ်ခြင်း၊ ဒုက္ခဖြစ်ခြင်းကြောင့် ပျက်စီးလျက်ရှိကြ၏" ဟု ပြောဆိုကြလေသည်။ ထိုအခါ ဤမုဏ္ဍပါဠိတော် ကျရောက်လာလေသည်။ ဗိုင်ဿွာဝီ။

အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (လူခပင်းတို့၏ သုစရိုက်၊ ဒုစရိုက်တို့ကို) ဆောလျင်စွာ စောကြော စစ်ဆေးတော်မူမည့် အရှင် ဖြစ်တော်မူပေသတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱصۡبِرُواْ وَصَابِرُواْ وَرَابِطُواْ وَٱتَّقُواْ ٱللَّهَ لَعَلَّكُمۡ تُفۡلِحُونَ ٢٠٠

၂၀၀။ အို- သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် (ဒုက္ခတွေ့ကြုံလျှင်) သည်းခံကြလေကုန်။ ၎င်းပြင် (ရန်သူတို့နှင့်) ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်လည်း တည်တံ့ခိုင်မြဲစွာ ရှိကြလေကုန်။ ၎င်းပြင် အသင်တို့သည် (ရန်သူတို့အား ခုခံကာကွယ်ရန်) အဆင်သင့် ရှိကြလေကုန်။ [၁]

ထို့ပြင်တဝ အသင်တို့သည် (အခါခပ်သိမ်း) အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ ခန့်ညားကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

---

① 'ရာဗိတ္တူ' ဟူသောပုဒ်သည် 'မုရာဗတ္တာတွံ' ဟူသော မူရင်းဓါတ်မှ ဆင်းသက်လာ၏

(က) ရိဗာတ်၏ မူရင်းအဓိပ္ပါယ်မှာ ရန်သူကို ကာကွယ်ရန်အတွက် မြင်းကို ခြည်နှောင်ခြင်းဖြစ်သည်။ ထို့မှတဆင့် မိမိနောက်၌ ရှိသူများအတွက် ရန်သူကို ကာကွယ်ရန် မြင်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နယ်စပ်မှ ကင်းစောင့်ခြင်းအနက်တွင် အသုံးဖြစ်လာချေသည်။ ကြည့်-အီဗ်နကျရီရ်။

(ခ) မုရာဗတ္တာတ်၏ အနက်အဓိပ္ပါယ်မှာ (က) ကာဖိရ်များ၏ ဘေးရန်ကို ကာကွယ်ရန်အတွက် အစွမ်းလမ်းနိုင်ငံနှင့် ကုဖ်ရိနိုင်ငံစပ်ကြားရှိ နယ်စပ်တွင် ကင်းစောင့်ခြင်း၊ (ခ) အမိန့်တော်များကို စွဲမြဲစွာ လိုက်နာဆောင်ရွက်ခြင်းဟူ၍ဖြစ်သည်။

ဆွေလာတ်တစ်ကြိမ်ဝတ်ပြုပြီးနောက် နောက်တစ်ကြိမ် ဆွေလာတ်ပြုရန် စောင့်မျှော်ခြင်းကိုလည်း ရိဗာတ်ဟူ၍ တမန်တော်မြတ် မိန့်ကြားတော်မူခဲ့လေသည်။ (မုရာဗတ္တာတွံ နှင့် ရိဗာတ် ဟူသော ပုဒ်များသည် အဓိပ္ပါယ်တူဖြစ်သည်)။ ဤမုကဒ္ဒိမ်တော်တွင် ပါရှိသော 'ရာဗိတ္တူ' ဟူသော ပုဒ်၌ အဆိုပါအဓိပ္ပါယ်နှစ်ရပ်လုံး အကျုံးဝင်နိုင်ပေသည်။ ကြည့်-ထာနဝီ။

ကင်းစောင့်ခြင်းအကျိုးနှင့်စပ်လျဉ်း၍ တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

အကြင်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ တနေ့နှင့်တညဥ်
ကင်းစောင့်အံ့၊ ထိုသူသည် တစ်လတိတိ စဉ်တိုက် ဆိုယာမ်ဥပုသ် ဆောက်တည်ခြင်း၊
တစ်လတိတိ ဆွေလာတ် ဝတ်ပြုခြင်းနှင့်အမျှ အကျိုးရရှိပေမည်။

အမျိုးသမီးများကဏ္ဍ

سُوْرَةُ النِّسَآءِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အစဉ်မပြတ် သနားကြင်နာတော်မူထသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

يَٰٓأَيُّهَا ٱلنَّاسُ ٱتَّقُوا۟ رَبَّكُمُ ٱلَّذِى خَلَقَكُم مِّن نَّفْسٍ وَٰحِدَةٍ وَخَلَقَ مِنْهَا زَوْجَهَا وَبَثَّ مِنْهُمَا رِجَالًا كَثِيرًا وَنِسَآءً ۚ وَٱتَّقُوا۟ ٱللَّهَ ٱلَّذِى تَسَآءَلُونَ بِهِۦ وَٱلْأَرْحَامَ ۚ

၁။ အို-မနုဿ လူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ကို *ကြောက်ရွံ့. (ရှိသေ)ကြကုန်လော့။* [၁] ထို အရှင်မြတ်သည် အသင်တို့အား *အသက်တစ်ချောင်းတည်းမှ* ဖန်ဆင်းတော်မူခဲ့လေသည်။ [၂] ၎င်းပြင် ထိုအရှင်မြတ်သည် *ထိုအသက်တစ်ချောင်းတည်းမှပင် ၎င်း၏ ကြင်ရာ ကြင်ဘက်ကိုလည်း* ဖန်ဆင်းတော်မူခဲ့လေ၏။ [၃] ၎င်းနောက် ထို(လူသား)နှစ်ဦးတို့မှ များပြားလှစွာသော ယောကျ်ား၊ မိန်းမတို့ကို ပြန့်ပွားစေတော်မူခဲ့လေသည်။

---

① ဤမုကဓပါဠ်တော်သည် လူသားလုံးကို ရည်ညွှန်း၍ မိန့်ဆိုထားတော်မူသော မုကဓပါဠ်တော်ပင်ဖြစ်သည်။ အီမာန် စွဲယူယုံကြည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမြတ်နိုးခြင်းသည် လူတိုင်း၏ တာဝန်ပင်ဖြစ်သည်။ မာဂျီဒီ။

② လူဖြစ်စဉ်နှင့် လူ၏ မျိုးရိုးစဉ်ဆက် ဖြစ်ပေါ်လာပုံကို တွေးခေါ်မြော်မြင် ဆင်ခြင်သူတိုင်းသည် အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်များကား ထူးထွေဆန်းကြယ်လှပါဘိဟု မုချ ဝန်ခံရပေမည်။ အလ္လာဟ်အရှင်မြတ်သည် ဦးစွာပဌမ အာဒမ်အား ဖန်ဆင်းတော်မူ၏။ အာဒမ်မှ ဟောင်ဝါကို ဖန်ဆင်းတော်မူ၏။ ထို မိခင် ဘခင်နှစ်ဦးတို့မှ မိန်းမယောကျ်ား လူအမြောက်အများ ဆင်းသက်ပေါက်ဖွားလာကြ၏။ အိမ်ထောင်စုများ၊ မျိုးနွယ်များအဆင့်ဆင့် ဖြစ်ပေါ်လာပြီး ကမ္ဘာအိမ်ထောင်စုကြီး ဖြစ်ပေါ်လာ၏။ သို့ဖြစ်၍ ကမ္ဘာ့လူသားထုကြီး တစ်ရပ်လုံးသည် ဖြူနက်မခြား၊ ဆင်းရဲချမ်းသာမရွေး၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲ အမိအဘာ တစ်ဦးတည်းမှ ဆင်းသက်ပေါက်ဖွားလာကြသော ညီရင်းအစ်ကို မောင်ရင်းနှမများသာ ဖြစ်ကြလေသည်။ နယ်ပယ်ခြားခြင်း၊ အဆင်းအရောင် ကွဲပြားခြင်းသည် လူမျိုးစဉ်ဆက်ကို မဖျက်ဆီးနိုင်ပေ။

ဤသဘောကိုပင် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။ ➤➤

إِنَّ اللَّهَ كَانَ عَلَيْكُمْ رَقِيبًا ①

သို့ ဖြစ်ပေရာ အသင်တို့သည် အကြင် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏ အခွင့်အရေးများကို) တောင်းဆို ကြကုန်၏။ ၎င်းပြင် အသင်တို့သည် *ဆွေမျိုးညာတကာ(တို့၏ အခွင့်အရေးများကို ဆုံးရှုံးနစ်နာစေခြင်း)မှလည်း ကြဉ်ရှောင်ကြကုန်လော့။* [၁] အလ္လာဟ် အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ဧကန်စင်စစ် ကြီးကြပ် ထိန်းသိမ်း စောင့်ရှောက်ကြည့်ရှုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ အရဗ်လူမျိုးသည် အခြားလူမျိုးထက်မသာ၊ အခြားလူမျိုးသည်လည်း အရဗ်လူမျိုးထက်မသာ၊ အသင်တို့သည် အာဒမ်၏ သားသမီးများ ဖြစ်ကြသည်၊ အာဒမ်သည် မြေမှုဖြစ်၏။

သတ္တဝါအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သူ အိမ်တော်သားများဖြစ်ကြသည်။ ထိုအိမ်တော်သူ အိမ်တော်သားများအနက် အလ္လာဟ်အရှင်မြတ်အထံတော်၌ ချစ်မြတ်နိုး ဘွယ်ရာ အကောင်းဆုံးသော သူသည် ထို အရှင်မြတ်၏ အိမ်တော်သူ အိမ်တော်သားများအား အကောင်းပြုသူပင်ဖြစ်သည်။

ဤမုဟူပါဠိဆော်၏ သဘောကိုပင် ကုရ်အာန်ကျမ်းမြတ် (၄၉း၁၃)တွင်လည်း မိန့်ဆိုထားတော်မူသည်။

② ဘခင်ကြီးအာဒမ်(အလိုင်ဟစ္စလာမ်)မှ မိခင်ကြီး ဟောင်ဝါ(အလိုင်ဟာစ္စလာမ်)အား ဖန်ဆင်းတော်မူသည့်အကြောင်း ရေးသားဖေါ်ပြခဲ့ပေပြီ။

③ ကမ္ဘာအိမ်ထောင်စုသားများသည် တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှီတွယ်လျက်ရှိကြပေရာ ဆွေမျိုးသားချင်းတို့၏ အခွင့်အရေးကို အထူးလေးစား ထောက်ထားကြရပေမည်။ တစ်ဦးကိုတစ်ဦး ကူညီယိုင်းပင်းရပေမည်။ ဆွေမျိုးသားချင်း တို့နှင့် အလျင်း အဆက်မဖြတ်သင့်ပေ။

ဆွေမျိုးသားချင်းတို့နှင့် အဆက်ဖြတ်သူနှင့်စပ်လျဉ်း၍ တမန်တော်မြတ်သည် အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

သားချင်းနှင့် အဆက်ဖြတ်သူသည် ဂျန္နတ်သို့ ဝင်ရမည်မဟုတ်ပေ။

သားချင်းတို့၏ အခွင့်အရေးများကို ထောက်ထားရမည့် အကြောင်းနှင့်စပ်လျဉ်း၍ 'ဖုကဟာ' ဓမ္မသတ်ရှင်များကလည်း အောက်ပါအတိုင်း တညီတညွတ်တည်း မိန့်ဆိုထားကြလေသည်။

သားချင်းတို့အား စောင့်ရှောက်ခြင်းသည် 'ဝါဂျစ်ဗ်' မုချပြုအပ်သော တာဝန်တစ်ရပ်ဖြစ်၍ သားချင်းတို့နှင့် အဆက်ဖြတ်ခြင်းသည် 'ဟရာမ်' ဖြစ်သည်ဟူ၍ 'ဖုကဟာ' ဓမ္မသတ်ပါရဂူရှင်များ အဆိုညီကြလေသည်။ (ကုရ်တုဗီ)

وَاٰتُوا الْيَتٰمٰٓى اَمْوَالَهُمْ ۖ وَلَا تَتَبَدَّلُوا الْخَبِيْثَ بِالطَّيِّبِ ۖ وَلَا تَاْكُلُوْٓا اَمْوَالَهُمْ اِلٰٓى اَمْوَالِكُمْ ۭ اِنَّهٗ كَانَ حُوْبًا كَبِيْرًا ۝

၂။ ထို့ပြင်တဝ အသင်တို့သည် အဘမဲ့ကလေးတို့အား ထိုသူတို့၏ ဥစ္စာပစ္စည်းများကို (သစ္စာရှိစွာဖြင့်) ပြန်၍ပေးကြကုန်လော့။ [၁] ၎င်းပြင် အသင်တို့သည် (မိမိတို့၏ပစ္စည်း) အည့်ကို (အဘမဲ့တို့၏ပစ္စည်း)အကောင်းနှင့် လဲလှယ်ခြင်းမပြုကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် ထိုအဘမဲ့ ကလေးတို့၏ ဥစ္စာပစ္စည်းများကို မိမိတို့၏ ဥစ္စာပစ္စည်းများနှင့် ရောနှော စားသုံးခြင်းကိုလည်း မပြုကြကုန်လင့်။ ယင်းကဲ့သို့ပြုမူခြင်းသည် စင်စစ်ဧကန် ကြီးစွာသော အပြစ်ပင်ဖြစ်ချေ၏။

وَاِنْ خِفْتُمْ اَلَّا تُقْسِطُوْا فِي الْيَتٰمٰى فَانْكِحُوْا مَا طَابَ لَكُمْ مِّنَ النِّسَاۗءِ مَثْنٰى وَثُلٰثَ وَرُبٰعَ ۚ فَاِنْ خِفْتُمْ

၃။ သို့ရာတွင် အကယ်၍ အသင်တို့သည် ဘမဲ့မိန်းကလေးများနှင့် (ထိမ်းမြားရာတွင် ထိုမိန်းကလေးတို့၏အခွင့်အရေးများနှင့်)ပတ်သက်၍ တရားမျှတအောင် ပြုလုပ်နိုင်ကြမည်မဟုတ်ဟု စိုးရိမ်ကြသော် (ထိုမိန်းကလေးနှင့်မထိမ်းမြားကြနှင့်) မိမိတို့နှစ်ခြိုက်သော (အခြား) အမျိုးသမီးများအနက် (ယောကျ်ားတစ်ဦးလျှင်) မိန်းမ နှစ်ယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမ သုံးယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမ လေးယောက်စီနှင့်ဖြစ်စေ ထိမ်းမြားကြကုန်။

---

① ဆွေမျိုးသားချင်းတို့တွင် မိုဓိရာမဲ့ ဖြစ်နေကြရှာသော ဘမဲ့ကလေးများ၏ ပြဿနာသည် ခေတ်တိုင်းနှင့် လူမျိုးတိုင်းတွင် အရေးကြီးဆုံးသော ပြဿနာကြီးတစ်ရပ်ပင်ဖြစ်ပေသည်။ သို့ အရေးကြီးသည့်အားလျော်စွာ အလွှာဟ်အရှင်မြတ်သည် ဘမဲ့ကလေးများနှင့်စပ်လျဉ်း၍ ဤမုက္ခပါဠိတော်တွင် အဆုံးအမ ဩဝါဒများ ပေးထားတော်မူသည်။

ဘမဲ့ကလေးများ၏ အုပ်ထိန်းသူများသည် ထိုကလေးများ အရွယ်ရောက်၍ မိမိတို့ပိုင်ဆိုင်သော ပစ္စည်းများကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ မဆိုင်းမတွဘဲ ပြန်လည် ပေးအပ်ကြရမည်။ အဘမဲ့ကလေးများ၏ ကောင်းသောပစ္စည်းများကို ထုတ်ယူပြီး မိမိတို့၏ မကောင်းသောပစ္စည်းများကို အစားထည့်သွင်းပေးခြင်းကိုလည်း မပြုလုပ်ကြရပေ။ ဘမဲ့ကလေးများ၏ ပစ္စည်းနှင့် မိမိတို့၏ပစ္စည်းများကိုလည်း ရောပြွန်း၍ မစားသုံးကြရပေ။

اَلَّا تَعْدِلُوْا فَوَاحِدَةً اَوْ مَا مَلَكَتْ اَيْمَانُكُمْ ؕ ذٰلِكَ اَدْنٰۤى اَلَّا تَعُوْلُوْا ؕ ۳

တဖန် အကယ်၍ အသင်တို့သည် (မိန်းမ တစ်ယောက်ထက်ပို၍ ထိမ်းမြားရာတွင်) တရားမျှတမှုကို ပြုနိုင်ကြမည် မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ကြပြန်သော် (ဇနီးမိန်းမ) တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြရမည်)။ သို့မဟုတ်ပါမူ (တရားတော်အရ) မိမိတို့လက်အောက်ပိုင်ဆိုင်သော ကျွန်မိန်းမနှင့်ပင် တင်းတိမ်ကြရမည်။ ဤသည် အသင်တို့စည်းကမ်း ကျူးလွန်မှု မပြုကြရန် အနီးစပ်ဆုံး (အသင့်လျော်ဆုံးနည်းပင်) ဖြစ်ချေသည်။

وَاٰتُوا النِّسَآءَ صَدُقٰتِهِنَّ نِحْلَةً ؕ فَاِنْ طِبْنَ لَكُمْ عَنْ شَیْءٍ مِّنْهُ نَفْسًا فَكُلُوْهُ هَنِیْٓـًٔا مَّرِیْٓـًٔا ۴

၄။ ထို့ပြင်တဝ အသင်တို့သည် (မိမိတို့၏) ဇနီးမိန်းမတို့အား *ၔင်းတို့၏ 'မဟရ်' ကို ကြည်ဖြူစွာ ပေးကြကုန်လော့။* [၁] သို့ရာတွင် အကယ်၍ ထိုဇနီးမိန်းမတို့က ယင်း 'မဟရ်'အနက်မှ တချို့တဝက်ကို (သော်ၔင်း၊ အားလုံးကိုသော်ၔင်း) အသင်တို့အတို့သဒ္ဓါစိတ် ကြည်ဖြူစွာနှင့် စွန့်လွှတ်ကြပါလျှင် အသင်တို့သည် (စွန့်လွှတ်သော)ထို *'မဟရ်' ကို အရသာရှိရှိ မြိန်ရှက်စွာ စားသုံးနိုင်ကြသည်။* [၂]

---

① **ဆက်စပ်မှု**

အထက်ပါ အာယသ်တော်များတွင် ထိမ်းမြားခြင်းအကြောင်းပါရှိ၏။ အစွလာမ်တရားတော်အရ ထိမ်းမြားရာတွင် 'မဟရ်' ပစ္စည်းသည် အရေးကြီးသော အစိတ်အပိုင်းတခုဖြစ်၏။ များသောအားဖြင့်လူများသည် 'မဟရ်' ပစ္စည်းပေးရာတွင် ခဲယဉ်းလျက်ရှိကြ၏။ ထို့ကြောင့် ဤအာယသ်တော်တွင် 'မဟရ်ကို' ကြည်ဖြူစွာပေးကြရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ (ထာနဝီ)

"ဆွဒ္ဒကဟ်" သည် "မဟရ်" ကို ဆိုလိုသည်။ "မဟရ်" ဟူသည် မိန်းမယူရန်အတွက် သက်ဆိုင်ရာမိန်းမ၏ ဆွေမျိုးသားချင်းတို့အား ထိုမိန်းမ၏ အဘိုးအခအဖြစ်ပေးသော ကြေးငွေပစ္စည်းမဟုတ်၊ အစွလာမ်တရားတော်တွင် "မဟရ်" ဟူသည် ထိမ်းမြားရာတွင် မိန်းမအားလေးစားသောအားဖြင့် မေတ္တာလက်ဆောင်အဖြစ် ထိုမိန်းမကိုတိုက်ရိုက်ပေးရန် မိမိအပေါ်၌သတ်မှတ်ပြဋ္ဌာန်းထားသော ကြေးငွေပစ္စည်းကိုဆိုသည်။(ကြည့်-မာဂျိဒီ။

② အကယ်၍ ဇနီးမိန်းမများသည် မိမိတို့ပိုင်ဆိုင်သော 'မဟရ်' ပစ္စည်းများအနက် တချို့တဝက်ကိုဖြစ်စေ၊ အားလုံးကိုပင်ဖြစ်စေ လင်ယောကျ်ားအတွက် ကြည်ဖြူစွာဖြင့် စွန့်လွှတ်ကြပါလျှင် ယောကျ်ားများသည် ထို 'မဟရ်' ပစ္စည်းများကို ကြည်ဖြူစွာဖြင့် စားသုံးနိုင်ကြပေသည်။ ➤➤

وَلَا تُؤْتُوا السُّفَهَاءَ أَمْوَالَكُمُ الَّتِي جَعَلَ اللَّهُ لَكُمْ قِيَامًا وَارْزُقُوهُمْ فِيهَا وَاكْسُوهُمْ وَقُولُوا لَهُمْ قَوْلًا مَعْرُوفًا ۝٥

၅။ ၎င်းပြင် အသင်တို့သည် မိမိတို့ (ထံ၌ ထိန်းသိမ်းထားသော ဘဏ္ဍာကလေးများ၏) *ဥစ္စာပစ္စည်းများကို* [၃] အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးသော သူတို့*အားမပေးကြကုန်လင့်*။ [၂] အလ္လာဟ်အရှင်မြတ်သည် ထိုဥစ္စာပစ္စည်းများကို အသင်တို့အတို့ အသက်မွေးဝမ်းကျောင်းမှုအတွက် အရင်းအနှီးအဖြစ် ပြုထားတော်မူသည်။ သို့ရာတွင် အသင်တို့သည် ထိုဥစ္စာပစ္စည်းများအနက်မှ ထိုသူတို့အား ကျွေးမွေးကြလေကုန်၊ ၎င်းပြင် ထိုသူတို့အား ဝတ်စားတန်ဆာဆင်ယင်ပေးကြလေကုန်၊ ၎င်းပြင် ထိုသူတို့အား ကောင်းမွန်သောစကားကို ပြောဆိုသွန်သင် ဆုံးမကြလေကုန်။

---

[၃] သို့ရာတွင် ဇနီးမိန်းမတို့အား 'မဟရ်' ပစ္စည်းများကို စွန့်လွှတ်စေရန်အတွက် အဓမ္မနည်းကိုင်း၊ ပရိယာယ်ကိုင်း၊ အသုံးမပြုကြရချေ။ အကယ်၍ အကြင်သူတစ်ဦးသည် ပရိယာယ်ဖြင့်၎င်း၊ အဓမ္မနည်းဖြင့်၎င်း ဇနီးမိန်းမထံမှ 'မဟရ်'ပစ္စည်းများကိုစွန့်လွှတ်စေပြီး သက်ဆိုင်ရာတရားရုံးတော်က ထိုသူအား အနိုင်ပေးထားစေကာမူ ထိုသူသည် အလ္လာဟ်အရှင်မြတ်အထံတော်၌တွင်မူကား လွတ်ငြိမ်းချမ်းသာခွင့် ရမည်မဟုတ်ပေ။

ဇနီးမိန်းမသည် ခင်ပွန်းသည်ထံမှ 'မဟရ်' ပစ္စည်းကို လက်ခံယူပြီးသည့်နောက် 'မဟရ်' ပစ္စည်းများကို ခင်ပွန်းသည်အား ပြန်လည်ပေးခြင်းကို 'ဟီဗဟ်' ဟူ၍ခေါ်သည်။ 'မဟရ်' ပစ္စည်းကို ခင်ပွန်းသည်ထံမှ မယူမီပင် ထို'မဟရ်' ပစ္စည်းကို ခင်ပွန်းသည်အတို့ စွန့်လွှတ်ခြင်းကို (အစ်ဗ်ရာအ်)ဟူ၍ခေါ်သည်။ တရားတော်အရ အဆိုပါနှစ်နည်းစလုံးသည်ပင် ပြုလုပ်ပိုင်ခွင့်ရှိသော နည်းများပင် ဖြစ်ပေသည်။ ကြည့်-မာဂျိဒီ။

① (က)။ ဤမုက္ခပါဠိတော်တွင် အသိအလိမ္မာ ဉာဏ်ပညာနည်းပါးသော သူများဟူသည် အသက်အရွယ်အားဖြင့် အရွယ်ရောက်သူများဖြစ်ကြလင့်ကစား ဥစ္စာပစ္စည်းများကို စံနစ်တကျ ထိန်းသိမ်းစီမံခန့်ခွဲသုံးစွဲနိုင်ရန်အတွက် အသိအလိမ္မာ ဉာဏ်ပညာနည်းပါးကြသေးသော ဘဏ္ဍာကလေးများကို ဆိုလိုသည်။ ထိုကဲ့သို့သော ဘဏ္ဍာကလေးများအား ယင်းတို့၏ ဥစ္စာပစ္စည်းများကို ပြန်လည် အပ်လိုက်ပါက ထိုကလေးများသည် မိမိတို့၏ ဥစ္စာပစ္စည်းများကို မသုံးသင့်မသုံးအပ်သော နေရာများတွင် သုံးဖြုန်းပစ်ကြပေမည်။ သို့အတွက်ကြောင့်ပင် ဤမုက္ခပါဠိတော်၌ ထိုသို့သော ဘဏ္ဍာကလေးတို့အား ယင်းတို့၏ ဥစ္စာပစ္စည်းများကို လောလောဆယ် ပြန်လည်မပေးအပ်သေးဘဲ ခေတ္တဆိုင်းငံ့ထားကြရမည့်အကြောင်း မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ မာဂျိဒီ။

(ခ)။ ဤမုက္ခပါဠိတော်၌ အုပ်ထိန်းသူများအား မိန့်ဆိုရာတွင် "အသင်တို့၏ ပစ္စည်းများ" ဟူသည် အုပ်ထိန်းသူများက မိမိတို့ထံ၌ ထိန်းသိမ်းထားသော ဘဏ္ဍာကလေးများ၏ ပစ္စည်းများကို ဆိုလိုသည်။ ဤကဲ့သို့ ဘဏ္ဍာကလေးများ၏ ပစ္စည်းများကို အုပ်ထိန်းသူများအား မိန့်ဆိုရာ၌ 'အသင်တို့၏ ပစ္စည်းများ' ဟု မိန့်ဆိုထားခြင်းမှာ ထိုပစ္စည်းများသည် အုပ်ထိန်းသူများ၏ စီမံအုပ်ချုပ်မှု အောက်တွင် ရှိနေခြင်းကြောင့်တည်း။

وَابْتَلُوا الْيَتٰمٰى حَتّٰٓى اِذَا
بَلَغُوا النِّكَاحَ ۚ فَاِنْ اٰنَسْتُمْ
مِّنْهُمْ رُشْدًا فَادْفَعُوْٓا
اِلَيْهِمْ اَمْوَالَهُمْ ۚ وَلَا
تَاْكُلُوْهَآ اِسْرَافًا وَّبِدَارًا
اَنْ يَّكْبَرُوْا ۭ وَمَنْ كَانَ
غَنِيًّا فَلْيَسْتَعْفِفْ ۚ وَمَنْ
كَانَ فَقِيْرًا فَلْيَاْكُلْ
بِالْمَعْرُوْفِ ۭ فَاِذَا دَفَعْتُمْ
اِلَيْهِمْ اَمْوَالَهُمْ فَاَشْهِدُوْا
عَلَيْهِمْ ۭ وَكَفٰى بِاللّٰهِ
حَسِيْبًا ۝

၆။ ၎င်းပြင် အသင်တို့သည် ဘမဲ့ကလေးများ(၏ အသိအလိမ္မာ ဉာဏ်ပညာ)ကို ထိမ်းမြားရန် အချိန်အရွယ်သို့ ရောက်ရှိလာကြသည့် တိုင်အောင် ၁ စမ်းသပ်ကြလေကုန်၊ ထို့နောက် အကယ်၍ အသင်တို့သည် ထိုဘမဲ့ကလေးတို့၌ ဆင်ခြင်နိုင်သော အသိတရား(ရှိသည်)ကို တွေ့ရှိသော် ထိုဘမဲ့ကလေးတို့အား ထိုကလေးများ၏ ဥစ္စာပစ္စည်းများကို ပေးအပ်ကြလေကုန်။ ၎င်းပြင်အသင်တို့သည် ထိုဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ထိုကလေးများကြီးပြင်းလာကြမည်ကို စိုးရိမ်၍ အလဟသ သုံးဖြုန်းခြင်းအားဖြင့်၎င်း၊ လျင်မြန်စွာ သုံးစွဲခြင်းဖြင့်၎င်း စားသုံးခြင်း မပြုကြကုန်လင့်။

၎င်းပြင် (ဘမဲ့ကလေးတို့အား အုပ်ထိန်းသော) အကြင်သူသည် ချမ်းသာကြွယ်ဝသူဖြစ်လျှင် ထိုသူသည် (ဘမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းများကို စားသုံးခြင်းမှ)ရှောင်ကြဉ်ရပေမည်၊ သို့ရာတွင် (ဘမဲ့ကလေးတို့အား အုပ်ထိန်းသော) အကြင်သူသည် ဆင်းရဲနွမ်းပါးသူဖြစ်ပါလျှင် ထိုသူသည် (ထိုဘမဲ့ကလေးတို့၏ ဥစ္စာပစ္စည်းအနက်မှ) မလွဲမရှောင်သာနိုင်သော ကိစ္စများအတွက် အသင့်အတင့် စားသုံးနိုင်ပေသည်။

---

① ဥစ္စာပစ္စည်းသည် အလွှာဟ်အရှင်မြတ်၏ အလွန်ကြီးမားသော ကျေးဇူးတော် တစ်ရပ်ပင်ဖြစ်ပေရာ လူသားတို့သည် ဥစ္စာပစ္စည်း၏ တန်ဘိုးကို သိနားလည်ကြရပေမည်။ ဤမူကိုပါ၌တော်ကို ထောက်ရှုခြင်းအားဖြင့် ဥစ္စာပစ္စည်းများကို စံနစ်တကျ ထိန်းသိမ်းရမည့်အကြောင်း၊ စီမံခန့်ခွဲ သုံးစွဲရမည့်အကြောင်းနှင့် ဥစ္စာပစ္စည်းများကို အလဟသ မဖြုန်းတီးရမည့်အကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ ရှု-(၇၂ဆွဲ ဆွာဆွဲ)

② 'ဗုလူဃ်' အရွယ်ရောက်ခြင်း၏ နိမိတ်လက္ခဏာသည် မိန်းကလေးများအတွက် ရာသီပန်းပွင့်ခြင်းဖြစ်သည်၊ ယောကျ်ားလေးများအဘို့ သုတ်ထွက်ခြင်းဖြစ်သည်။ ဤနိမိတ်လက္ခဏာများ မရှိပါက ယောကျ်ားများအဘို့ အသက်(၁၈)နှစ်ပြည့်ခြင်း၊ မိန်းကလေးများအဘို့ အသက်(၁၇)နှစ်ပြည့်ခြင်းဖြစ်သည်။ အချို့ပညာရှင်များ၏ ယူဆချက်အရ မိန်းကလေးနှင့် ယောကျ်ားကလေး ၂-ဦးလုံးအတွက် ၁၅-နှစ်ပြည့်ခြင်းသည် အရွယ်ရောက်ခြင်းပင်ဖြစ်သည်ဟူ၏။ ဤအဆိုအတိုင်းပင် ဓမ္မသတ်ရှင်များသည် အဆုံးအဖြတ်ပေးကြသည်။ ထာနဝီ။

لِلرِّجَالِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَالْأَقْرَبُونَ ۠ وَلِلنِّسَاءِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَالْأَقْرَبُونَ مِمَّا قَلَّ مِنْهُ أَوْ كَثُرَ ۚ نَصِيبًا مَّفْرُوضًا ﴿٧﴾

တဖန် အသင်တို့သည် ထိုဘဲမဲ့ကလေးတို့အား ထိုကလေးများ၏ဥစ္စာပစ္စည်းများကို ပြန်လည် ပေးအပ်ကြသောအခါ ထိုသူတို့(အား ပြန်လည်ပေးခြင်း) အပေါ်၌ အသိသက်သေများ ထားကြလေကုန်၊ [၁] အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည်ပင် တွက်ချက် စစ်ဆေးတော်မူသည့် အရှင်အဖြစ် လုံလောက်တော်မူပေသတည်း။

၇။ (ကြီးငယ်မဆို) ယောကျ်ားများအတို့ မိဘနှစ်ပါးနှင့် (သွေးချင်းနီးစပ်သော)ဆွေမျိုးညာတကာတို့က ထားရှိခဲ့ကြသော (အမွေ)ပစ္စည်းများအနက်မှ ဝေစုဝေပုံသည် (သတ်မှတ်ပြီး)ဖြစ်၏။ ၎င်းပြင် (ကြီးငယ်မဆို) မိန်းမများအတို့လည်း မိဘနှစ်ပါးနှင့် သွေးချင်းနီးစပ်သော ဆွေမျိုး ညာတကာတို့က ထားရှိခဲ့ကြသော (အမွေ)ပစ္စည်းများအနက်မှ ဝေစုဝေပုံသည် (သတ်မှတ်ပြီး)ဖြစ်၏။

ထို(အမွေ ပစ္စည်းသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ် အထံတော်မှ) သတ်မှတ်ပြဋ္ဌာန်း ထားတော်မူသော ဝေစုဝေပုံ တစ်ရပ်ဖြစ်သတည်း။

---

① ဘဲမဲ့ကလေးများသည် အရွယ်ရောက်၍ လိမ္မာရေးခြားရှိကြသည့်အခါ ယင်းတို့၏ ပစ္စည်းများကို ပြန်လည် ပေးအပ်ကြရမည်၊ သို့ပေးအပ်ကြသောအခါ၌လည်း လောကီထုံးတမ်းစဉ်လာအတိုင်း သက်သေများထားရှိကြရမည်။ သက်သေများထားရှိခြင်းသည် လောကီထုံးတမ်းစဉ်လာအရ ပြုလုပ်ခြင်းမျှသာဖြစ်သည်။

အကြင်သူတစ်ဦးသည် လောကီ ထုံးတမ်းစဉ်လာအရ သက်သေထားပြီး ပေးကမ်းပါသည်ဟု ဆိုရာတွင် မရိုးသားသောသဘောဖြင့် လိမ်လည်မည်ဆိုပါက လောကတွင် လူသားတို့အား လိမ်လည်နိုင်စေကာမူ ထိုသူသည် အလ္လာဟ်အရှင်မြတ် ရှေ့တော်၌မှာမူကား လိမ်လည်နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏ သစ္စာရှိမှု မရှိမှု အစုစုကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသောကြောင့်တည်း။

وَإِذَا حَضَرَ الْقِسْمَةَ أُولُو الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينُ فَارْزُقُوهُم مِّنْهُ وَقُولُوا لَهُمْ قَوْلًا مَّعْرُوفًا ﴿٨﴾

وَلْيَخْشَ الَّذِينَ لَوْ تَرَكُوا مِنْ خَلْفِهِمْ ذُرِّيَّةً ضِعَافًا خَافُوا عَلَيْهِمْ فَلْيَتَّقُوا اللَّهَ وَلْيَقُولُوا قَوْلًا سَدِيدًا ﴿٩﴾

၈။ ၎င်းပြင် (အမွေပစ္စည်း) ခွဲဝေရာ၌ (အမွေ မရထိုက်သော) ဆွေမျိုး၊ ညာတကာတို့သည်၎င်း၊ မိဘမဲ့ကလေးတို့သည်၎င်း၊ သူဆင်းရဲ တို့သည်၎င်း၊ ရှေ့မှောက်တွင် အသင့်ရောက်ရှိလာကြသည်ရှိသော် အသင်တို့သည် ထိုသူတို့အားလည်း ယင်း(အမွေပစ္စည်း)ထဲမှ (အနည်းငယ်မျှ) *ကျွေးမွေး ပေးကမ်းကြကုန်။* [၁] ၎င်းပြင် အသင်တို့သည် ထိုသူတို့အား *ကောင်းမွန်စွာ ပြောဆိုကြလေကုန်။* [၂]

၉။ ၎င်းပြင် အကြင်သူများ သည် ကြောက်ရွံ့ကြရပေမည်။ အကယ်၍ ထိုသူများသည် မိမိတို့နောက်၌ အင်အားချည့်နဲ့သော ကလေးများကို စွန့်ထား(၍ သေဆုံး) ကြရသည်ရှိသော် *ထိုကလေးများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြပေမည်။* [၃] သို့ဖြစ်ပေရာ ထိုသူတို့သည် (ဘမဲ့ကလေးများနှင့် ပတ်သက်၍) အလွန်ဟ် အရှင်မြတ်အား ကြောက်ရွံ့ကြရပေမည်။ ၎င်းပြင် (တရားမျှတသော) ဖြောင့်မတ်မှန်ကန်သော စကားကို ပြောဆိုကြရပေမည်။

---

① အမွေပစ္စည်းခွဲဝေရာ၌ အမွေမဆိုင်သောသားချင်းများ၊ ဘမဲ့ကလေးများနှင့်သူဆင်းရဲများ ရောက်ရှိလာကြပါလျှင် ထိုသူများကိုလည်း သနားညှာတာထောက်ထားခြင်းအားဖြင့် အမွေပစ္စည်း ထဲမှ အနည်းငယ် ပေးသင့်ပေသည်။

ဤအဓိန့်သည် 'ဝါဇ်ဗ်' မုချလိုက်နာပြုကျင့်ရသော အဓိန့်ပညတ်မဟုတ်ပေ၊ 'မုစ်တဟပ်' ပြုသင့်ပြုထိုက်သော သင့်မြတ်သော နှစ်သက်ဘွယ်ကောင်းသော အမှုကိစ္စ ပညတ်မျှသာဖြစ်သည်။

အမွေမဆိုင်သူတို့အား အမွေပစ္စည်းထဲမှ အနည်းငယ် ပေးကမ်းရာ၌ အရွယ်ရောက်သော အမွေဆိုင်သူတို့၏ အမွေထဲမှသာလျှင် ပေးပိုင်ခွင့်ရှိသည်။ အရွယ်မရောက်သေးသော ကလေးများ၏ အမွေထဲမှ ပေးပိုင်ခွင့် အလျင်းမရှိချေ။ ထာနဝီ။

② အမွေပစ္စည်းထဲမှ အမွေမဆိုင်သော သားချင်းများ၊ ဘမဲ့ကလေးများနှင့် သူဆင်းရဲသားတို့အား ခွဲဝေပေးရန် အခွင့်အလမ်း မရှိပါသော် ဥပမာ အမွေခွဲဝေသော ပစ္စည်းများသည် ဘမဲ့ကလေးများ၏ ပစ္စည်းဖြစ်နေသည်ရှိသော် သေဆုံးသူကလည်း တစုံတရာ အလှူအတန်းပြုရန် ဝဆ္ဆီယတ် မှာကြားသွားခြင်းမရှိသော် ထိုသူတို့အား ကျိုးကြောင်းပြု၍ အမွေပစ္စည်းထဲမှ မိမိတို့အလှူအတန်း မပြုနိုင်သည့်အကြောင်းကို ကောင်းမွန်ခြေငှာ ပြောကြားရမည်။

إِنَّ الَّذِينَ يَأْكُلُونَ
أَمْوَالَ الْيَتَامَىٰ ظُلْمًا
إِنَّمَا يَأْكُلُونَ فِي بُطُونِهِمْ
نَارًا ۖ وَسَيَصْلَوْنَ
سَعِيرًا ﴿١٠﴾

يُوصِيكُمُ اللَّهُ فِي أَوْلَادِكُمْ ۖ لِلذَّكَرِ
مِثْلُ حَظِّ الْأُنْثَيَيْنِ ۚ فَإِنْ كُنَّ
نِسَاءً فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا
مَا تَرَكَ ۖ وَإِنْ كَانَتْ وَاحِدَةً فَلَهَا

၁၀။ မုချဖကန် အကြင်သူများသည် ဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးကြ၏။ မုချဖကန် ထိုသူများသည် မိမိတို့ ဝမ်းတွင်းသို့ မီး(ကျီမီးခဲ)ကိုသာလျှင် (ထည့်သွင်း) စားသုံးကြ၏။ ၎င်းပြင် ထိုသူများ သည် မကြာမြင့်မီအတွင်း အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲသို့ သက်ဆင်းဝင်ရောက်ကြရပေမည်။ [၁]

၁၁။ (အို– "နှအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့) *အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား၊ အသင်တို့၏သားသမီးတို့နှင့်ပတ်သက်၍ (ဤသို့)အမိန့်ပေးတော်မူလေသည်။* [၂] (သား) ယောကျ်ားအတွက် (သမီး)မိန်းမနှစ်ယောက်၏ ဝေစုဝေပုံနှင့် ထပ်တူထပ်မျှ (ဝါ) *ယောကျ်ားကလေး၏ဝေစုဝေပုံမှာ မိန်းကလေး၏ဝေစုဝေပုံ၏ နှစ်ဆ ဖြစ်သည်။* [၃]

---

① ဤအာယသ်တော်သည် မူရင်းသဘောအားဖြင့် ဘမဲ့ကလေးများကို အုပ်ထိန်းသောသူနှင့် ၎င်း၊ 'ဝဆ္ဍိယတ်' မှာကြားခြင်းခံရသူနှင့်၎င်း သက်ဆိုင်ပေသည်။ ၎င်းပြင် အဆင့်ဆင့် အခြားသော သူများသည်လည်း ဤအာယသ်တော်ကို သတိပြုကာ လိုက်နာကြရပေသည်။

ဤအာယသ်တော်၏ ဆိုလိုရင်းသဘောမှာ မည်သူမဆို သေဆုံးပြီးနောက် မိမိ၏ သားသမီးများအား သူတပါးက နှိပ်စက်ကလူပြုမည်ကို စိုးရိမ်ပူပန်သည်သာဖြစ်၏။ သို့ဖြစ်ပေရာ လူတိုင်း လူတိုင်းသည် မိမိတို့ သေဆုံးကြပြီးနောက် မိမိ၏ကလေးများနှင့် ပတ်သက်၍ မိမိတို့ လိုလားနှစ်ခြိုက်သော ဆက်ဆံမှုမျိုးကို မိမိတို့ကိုယ်တိုင် အခြား ဘမဲ့ကလေးများနှင့် ဆက်ဆံရာတွင်လည်း လိုက်နာပြုလုပ်ကြရပေမည်။ (ဆိုလိုသည်ကား အရာရာတွင် စာနာခြင်း တရားထားကြရပေမည်)။

ဤအာယသ်တော်နှင့် စပ်လျဉ်း၍ အကျယ်ကို သိလိုပါသော သုတေသီများသည် အီဗ်နုကျရီရ်ကျမ်းနှင့် အလ်မာနာရ်ကျမ်းတွင် ရှုနိုင်ကြပေသည်။

② ဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် စားသုံးသောသူများ ခံစားကြရမည့် အပြစ်ဒဏ်နှင့် စပ်လျဉ်း၍ တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

သာဝကကြီး အဗူစအိဒ် အလ်ခုဒ်ရီသခင်ထံမှ ကြားသိရသည်မှာ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လါဟု အလိုင်ဟိဝစလ္လမ်)က 'မိအ်ရာဂ်' ညဉ့်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား (ဤသို့) ပြောကြားတော်မူသည်။ ကျွန်ုပ်မြင်ရသည်မှာ ရုတ်တရက် ကျွန်ုပ်သည် လူတစုထံ ရောက်ရှိသွား၏။ ထိုသူတို့၌ ကုလားအုင်၏ နဖားကြိုး ကဲ့သို့ နဖားကြိုးများ တပ်လျက်ရှိ၏။ ထိုသူများ၏ နဖားကြိုးကို ဆွဲကိုင်ရန် တာဝန် ➤➤

➤➤ လွဲအပ်ခြင်း ခံရသူများလည်းရှိကြ၏။ ထို့နောက် ထိုတာဝန်ခံများသည် ထိုသူတို့၏ ခံတွင်းများတွင် မီးကျောက်ခဲကြီးကို ထည့်သွင်းကြ၏။

ထိုကျောက်မီးခဲကြီးများသည် ထိုသူများ၏အောက်ပိုင်းမှ ထွက်သွား၏။ ကျွန်ုပ်က အိုး-ဂျီဗရီလ် ဤသူများကား မည်သူများနည်း ဟုမေးရာ ဂျီဗရီလ်က "ဤသူများကား ဘဲမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရား စားသုံးသော သူများ၊ မိမိဝမ်းတွင်းသို့ ငရဲမီးကျီးမီးခဲများကို ထည့်သွင်း စားသုံးသောသူများ ဖြစ်ကြပါသည်" ဟု ဖြေကြားလေသည်။ (အိဗ်နုဂျရီရ်)။

(၂) အမွေခွဲဝေခြင်းသည် အလွန်အရေးကြီးသော ပြဿနာ တရပ်ပင်ဖြစ်၏။ သက်ဆိုင်ရာ အမွေဆိုင်တို့၏ အသက်မွေးဝမ်းကျောင်းမှုသည် တနည်းအားဖြင့် တရားမျှတစွာ အမွေခွဲဝေခြင်းအပေါ်၌ တည်ရှိနေပေ၏။ ထို့အတွက်ကြောင့်ပင် ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည် မိမိကိုယ်တော်တိုင် အမွေခွဲဝေပုံကို သတ်မှတ်ပြဋ္ဌာန်း အတည်ပြုထားတော်မူသည်။

(၃) ယောကျ်ားကလေးတဦး၏ အမွေပိုင်ဆိုင်ခွင့်သည် မိန်းကလေးနှစ်ဦး၏ အမွေပိုင်ဆိုင်ခွင့်နှင့် ညီမျှသည်။

ဥပမာ- သေဆုံးသူတဦး၌ သားတယောက်၊ သမီးနှစ်ယောက်ရှိသော် အမွေပစ္စည်း၏ ထက်ဝက်သည် သားအဘို့ ဖြစ်သည်။ ကျန်တဝက်သည် သမီးနှစ်ယောက်အဘို့ဖြစ်သည်။ အကယ်၍ သားတယောက် သမီးတယောက်ရှိသော် အမွေပစ္စည်း၏ ၃ ပုံ ၂ ပုံမှာ သားအဘို့ဖြစ်သည်။ ကျန် ၃ ပုံ ၁ ပုံမှာ သမီးအဘို့ ဖြစ်သည်။

အစ္စလာမ်သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် မိန်းမများသည် အမွေပိုင်ဆိုင်ခွင့်မရှိခဲ့ပေ။ ယောကျ်ားများသာလျှင် အမွေပိုင်ဆိုင်ခွင့် ရှိခဲ့လေသည်။ ယောကျ်ားများတွင်လည်း အရွယ်ရောက်သော ယောကျ်ား၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်နိုင်သော ယောကျ်ားများသာလျှင် အမွေပိုင်ဆိုင်ခွင့်ရှိ၏။ ဤကား သဘာဝလည်းမကျ၊ တရားမျှတသော နည်းလမ်းလည်းမဟုတ်ပေ။

ယခုခေတ်တွင်လည်း အချို့လူများက ယောကျ်ားနှင့်မိန်းမ သာတူညီမျှ အမွေရသင့်သည်ဟု ပြောဆိုကြ၏။ ဤကဲ့သို့ ပြောဆိုခြင်းသည်လည်း သဘာဝမကျပေ။

အဘယ်ကြောင့်ဟူမူ အရှင်မြတ်၏ အလိုတော်အတိုင်း အမျိုးသမီးများ၏ ရုပ်ဆင်းသဏ္ဌာန်၊ ခန္ဓာကိုယ်အနေအထားသည် ယောကျ်ားများကဲ့သို့ တောင့်တင်း ကြံ့ခိုင်သည်မဟုတ်။ ကိုယ်နှုတ်အမူအရာ ပြောပြောင်းနွဲ့နောင်း၍ အင်အားဗလ ချည့်နဲ့သော အမျိုးအစားများသာ ဖြစ်ကြသည်။

အမျိုးသမီးတို့မှာ ဓမ္မတာ ရာသီလာရခြင်း၊ အိမ်တွင်းကိစ္စ ဆောင်ရွက်ရခြင်း စသော ဗဟုကိစ္စများ ရှိနေသောကြောင့် အသက်မွေးဝမ်းကျောင်းမှုဖြစ်သော စီးပွားရေးကိစ္စကို ဆောင်ရွက်နိုင်ကြသည် မရှိချေ။ အမျိုးသမီးများသည် အိမ်တွင်းမှုကိုသာ တာဝန်ခံ၍ ထိန်းသိမ်းစောင့်ရှောက်ကြရ၏။ ယောကျ်ားသည်သာလျှင် မိမိဇနီး သားသမီးများနှင့်တကွ တအိမ်ထောင်လုံး၏ တာဝန်ကို ဆောင်ရွက်ရပေသည်။

ထို့အတွက်ကြောင့်ပင် အစ္စလာမ်တရားတော်က အသက်မွေးဝမ်းကျောင်းအတွက် ရှာဖွေမှုတာဝန်ကို ယောကျ်ား၏ တာဝန် ပြုလုပ်ထားလေသည်။

သို့ဖြစ်ပေရာ တာဝန်ကြီးသူအား တာဝန်ကြီးသည်နှင့်အညီ အမွေကို တဆပို၍ ပေးထားတော်မူခြင်း ဖြစ်သည်။ ဤသည် တရားမျှတသော စည်းကမ်းချက်ပင်ဖြစ်ပေသည်။

النِّصْفُ ۚ وَلِأَبَوَيْهِ لِكُلِّ وَاحِدٍ
مِّنْهُمَا السُّدُسُ مِمَّا تَرَكَ إِن
كَانَ لَهُ وَلَدٌ ۚ فَإِن لَّمْ يَكُن لَّهُ
وَلَدٌ وَوَرِثَهُ أَبَوَاهُ فَلِأُمِّهِ الثُّلُثُ ۚ
فَإِن كَانَ لَهُ إِخْوَةٌ فَلِأُمِّهِ
السُّدُسُ مِن بَعْدِ وَصِيَّةٍ
يُوصِي بِهَا أَوْ دَيْنٍ ۗ آبَاؤُكُمْ
وَأَبْنَاؤُكُمْ لَا تَدْرُونَ أَيُّهُمْ
أَقْرَبُ لَكُمْ نَفْعًا ۚ فَرِيضَةً
مِّنَ اللَّهِ ۗ إِنَّ اللَّهَ كَانَ

တဖန်အကယ်၍ (သမီး) မိန်းမများသည် နှစ်ဦးထက်ပိုခဲ့လျှင် ထိုသူတို့အတွက် (ကွယ်လွန်သူ) ထားရှိခဲ့သော (အမွေ) ပစ္စည်း၏ သုံးပုံနှစ်ပုံ ဖြစ်ပေသည်။ ၁

သို့ရာတွင် ယင်း (သမီး) မိန်းမသည် တဦးတည်းသာ ဖြစ်ခဲ့ပါမူ ၎င်း၏အဘို့ (ကွယ်လွန်သူထားရှိခဲ့သော အမွေပစ္စည်း၏) ထက်ဝက်ပင် ဖြစ်ချေသည်။ ၎င်းပြင် အကယ်၍ ယင်း (ကွယ်လွန်သူ)၌ သားသမီး တစုံတယောက် ရှိခဲ့ပါမူ ထို (ကွယ်လွန်)သူ၏ မိဘနှစ်ပါးတို့အနက် အသီးသီးတို့အတွက် (ကွယ်လွန်သူ၏ အမွေပစ္စည်းအနက်မှ) ခြောက်ပုံတပုံစီဖြစ်၏။ သို့ရာတွင် အကယ်၍ ထို (ကွယ်လွန်)သူ၌ သားသမီးတစုံတယောက်မျှမရှိ၍ မိဘနှစ်ပါးတို့သည်(သာလျှင်) ယင်း (ကွယ်လွန်သူ၏ အမွေကို ဆက်ခံခဲ့ကြပါမူ သို့ဖြစ်လျှင် ၎င်း (ကွယ်လွန်သူ)၏ အမိအဘို့မှာ သုံးပုံတပုံဖြစ်သည်။

---

① ကွယ်လွန်သေဆုံးသူ၌ ကျန်ရစ်ခဲ့သောကလေးများမှာ အကယ်၍ သားယောကျ်ားတစ်ဦးတယောက်မျှ မရှိပါဘဲ မိန်းကလေးများသာလျှင် ဖြစ်ပြီး နှစ်ဦးထက်ပိုလျှင် ထိုမိန်းကလေးများ၏ အမွေမှာ ၃ ပုံ ၂ ပုံဖြစ်သည်။ မိန်းကလေးများနှစ်ဦးတည်းဖြစ်လျှင်လည်း ထိုမိန်းကလေးနှစ်ဦး၏ အမွေမှာ ၃ ပုံ ၂ ပုံဖြစ်ပေသည်။

သား၏ အမွေမှာ သမီးအမွေထက် ပို၏။ သမီးတယောက်၏ အမွေမှာ သားတယောက်နှင့် ယှဉ်တွဲ၍ အမွေခွဲရာတွင် ထိုသမီး၏ အမွေမှာ ၃ ပုံ ၁ ပုံဖြစ်၏။ သို့ဖြစ်ပေရာ သမီးတယောက်၏ အမွေသည် (သားအစား) အခြား သမီးတယောက်နှင့် ယှဉ်တွဲခွဲဝေရာ၌ ၃ ပုံ ၁ ပုံပင် ဖြစ်မည်မှာ မုချပင်ဖြစ်သည်။ သားယောကျ်ားကြောင့် သမီးတယောက်၏ အမွေမှာ မလျော့လျှင် သမီးကြောင့် အဘယ်သို့လျှင် လျော့သွားနိုင်အံ့နည်း။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် သမီးနှစ်ယောက်၏ အမွေမှာ ၃ ပုံ ၂ ပုံဖြစ်ကြောင်း အလိုအလျောက် သိနိုင်ပေသည်။

သမီးနှစ်ယောက်၏ အမွေမှာ ၃-ပုံ ၂-ပုံဖြစ်ပေရာ သမီး ၄-၅ ယောက်ဖြစ်လျှင် အမွေခွဲဝေပုံပိုမိုများလာမည်ဟု တွေးထင်ရန် အကြောင်းရှိလေသည်။ ဤသို့မတွေးထင်ရန်အလို့ငှါ သမီးနှစ်ယောက်၏ အမွေမှာလည်း ၃-ပုံ ၂-ပုံပင် ဖြစ်ကြောင်း သမီး ၂-ယောက်ထက် ပိုလျှင်လည်း ၃-ပုံနှင့် ၂-ပုံပင်ဖြစ်ကြောင်း ဤအာယသ်တော်တွင် အတည့်အလင်း မိန့်ဆိုထားတော်မူလေသည်။

عَلِيمًا حَكِيمًا ⑪

တဖန် (အကယ်၍) ယင်း(ကွယ်လွန်သူ) ၌ (မိဘနှစ်ပါးအပြင်) ညီအစ်ကို၊ မောင်နှမများ လည်းရှိကြပါသော် ထို(ကွယ်လွန်)သူ၏ အမိအဘို့ မှာကား ခြောက်ပုံတပုံသာ ဖြစ်၏။ (ယင်းကဲ့သို့ အမွေခွဲဝေခြင်း ကိစ္စသည်) ထို(ကွယ်လွန်)သူ မှာကြားခဲ့သော သေတမ်းစာအရ ဆောင်ရွက်ရန် ကိစ္စများကို ဆောင်ရွက်ပြီးနောက်၊ သို့တည်းမဟုတ် (ကွယ်လွန်သူ၏အပေါ်၌ တင်ရှိသော) ကြွေးမြီ ပေးဆပ်ပြီးမှသာလျှင် ခွဲဝေကြရမည်ဖြစ်သည်။

(စင်စစ်မှာမူကား) အသင်တို့၏အဘ (ဘိုး၊ ဘေး) များနှင့် အသင်တို့၏ သား(မြေး၊ မြစ်)များ အနက် မည်သူသည် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းတွင် အသင်တို့နှင့် အနီးစပ်ဆုံးဖြစ်သည်ကို အသင်တို့သည် မသိနိုင်ကြချေ။ (သို့ဖြစ်ပေရာ ဤအမွေခွဲတမ်းသည်) အလ္လာဟ်အရှင်မြတ်အထံတော်မှ (အသင်တို့၏ ကောင်းကျိုးကို ထောက်ထားကာ) ပြဋ္ဌာန်းပြီးဖြစ်သော တာဝန်တရပ်ပင်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်၊ အကျိုးအကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَلَكُمْ نِصْفُ مَا تَرَكَ أَزْوَاجُكُمْ إِن لَّمْ يَكُن لَّهُنَّ

၁၂။ ၎င်းပြင် အသင်တို့အတွက် အကယ်၍သာ အသင်တို့၏ ဇနီးမိန်းမများ၌ သားသမီး တစုံတယောက်မျှ မရှိခဲ့လျှင်၊ ထိုဇနီးမိန်းမများ ထားရှိခဲ့ကြသော (အမွေ)ပစ္စည်း၏ ထက်ဝက်ပင်ဖြစ်သည်။ [၁]

---

① ခင်ပွန်းသည် မိမိဇနီး၏ အမွေပစ္စည်းအနက် အကယ်၍ ထိုဇနီး၌ သားသမီးမရှိလျှင် ၂-ပုံ ၁-ပုံ ဆိုင်သည်။ အကယ်၍ ထိုဇနီး၌ သားသမီးရှိလျှင် ၄-ပုံ ၁-ပုံ ဆိုင်သည်။ ဇနီး၌ကျန်ရစ်ခဲ့သော ➤➤

وَلَدٌ ۚ فَإِن كَانَ لَهُنَّ وَلَدٌ
فَلَكُمُ الرُّبُعُ مِمَّا تَرَكْنَ مِن
بَعْدِ وَصِيَّةٍ يُوصِينَ بِهَآ
أَوْ دَيْنٍ ۚ وَلَهُنَّ الرُّبُعُ مِمَّا
تَرَكْتُمْ إِن لَّمْ يَكُن لَّكُمْ وَلَدٌ ۚ
فَإِن كَانَ لَكُمْ وَلَدٌ فَلَهُنَّ
الثُّمُنُ مِمَّا تَرَكْتُم مِّنۢ بَعْدِ
وَصِيَّةٍ تُوصُونَ بِهَآ أَوْ دَيْنٍ ۗ
وَإِن كَانَ رَجُلٌ يُورَثُ كَلَٰلَةً
أَوِ ٱمْرَأَةٌ وَلَهُۥٓ أَخٌ أَوْ أُخْتٌ
فَلِكُلِّ وَٰحِدٍ مِّنْهُمَا ٱلسُّدُسُ ۚ

တဖန် အကယ်၍ ယင်းဇနီးမိန်းမတို့၌ သားသမီးတစ်စုံတစ်ယောက် ရှိခဲ့ပါမူ အသင်တို့အတွက် ထိုဇနီးမိန်းမများ ထားရှိခဲ့ကြသော(အမွေ) ပစ္စည်းများအနက်မှ လေးပုံတစ်ပုံသာ ဖြစ်ချေသည်။ (သို့ရာတွင် ၎င်းအမွေပစ္စည်း တို့ကို) ထိုဇနီးမိန်းမများက မှာကြားခဲ့ကြသော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန်ကိစ္စများ) ကို ဆောင်ရွက်ပြီးနောက်၎င်း၊ (ထိုဇနီးသည်တို့ အပေါ်ဝယ် တင်ရှိနေသော)ကြွေးမြီများကို ဆပ်ပြီးနောက်တွင်၎င်း၊ (ခွဲဝေရပေမည်)။

၎င်းပြင် အကယ်၍ အသင်တို့၌ သားသမီးတစ်စုံတစ်ယောက် မရှိခဲ့ပါလျှင်၊ အသင်တို့ ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ၎င်းဇနီးမိန်းမတို့အတွက် လေးပုံတစ်ပုံသည် ဖြစ်သည်။

တဖန် အကယ်၍ အသင်တို့၌ သားသမီးတစ်စုံတစ်ယောက် ရှိခဲ့ပါသော် ထိုဇနီးမိန်းမတို့ အတွက် အသင်တို့ ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ရှစ်ပုံတစ်ပုံ (သာ)ဖြစ်သည်။

➤➤ သားသမီး များသည် တစ်ဦးဖြစ်စေ၊ အများဖြစ်စေ၊ သားဖြစ်စေ၊ သမီးဖြစ်စေ ထိုခင်ပွန်းနှင့်ရသော သားသမီးဖြစ်စေ၊ အခြားခင်ပွန်းနှင့် ရသော သားသမီးဖြစ်စေ အတူတူပင်ဖြစ်သည်။

ဇနီးမိန်းမသည် လင်ခင်ပွန်း၏ အမွေပစ္စည်းအနက် အကယ်၍ ထိုလင်ခင်ပွန်း၌ သားသမီးမရှိလျှင် ၄-ပုံ ၁-ပုံ ဆိုင်သည် အကယ် ထိုလင်ခင်ပွန်း၌ သားသမီးရှိလျှင် ၈-ပုံ ၁-ပုံ သာလျှင် ဆိုင်သည်။ လင်ခင်ပွန်း၌ ကျန်ရစ်ခဲ့သော သားသမီးများသည် တစ်ဦးဖြစ်စေ၊ အများဖြစ်စေ၊ သားဖြစ်စေ၊ သမီးဖြစ်စေ၊ ထိုဇနီးနှင့်ရသော သားသမီးဖြစ်စေ၊ အခြားဇနီးနှင့်ရသော သားသမီးဖြစ်စေ အတူတူပင် ဖြစ်သည်။

မှတ်ချက်

ဇနီးမိန်းမများ၏ 'မဟရ်'သည် လင်ခင်ပွန်း၏ ကျန်ရစ်ခဲ့သော အမွေပစ္စည်းနှင့် မည်သို့မျှ မသက်ဆိုင်ချေ။ ကြွေးမြီစာရင်းတွင် ပါဝင်သည်။

فَإِنْ كَانُوٓا۟ أَكْثَرَ مِن ذَٰلِكَ فَهُمْ شُرَكَآءُ فِى ٱلثُّلُثِ مِنۢ بَعْدِ وَصِيَّةٍ يُوصَىٰ بِهَآ أَوْ دَيْنٍ

(သို့ရာတွင် ယင်း အမွေပစ္စည်းတို့ကို) အသင်တို့မှာကြားခဲ့သော သေတမ်းစကား(သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန်ကိစ္စများ)ကို ဆောင်ရွက်ပြီးနောက်၎င်း၊ (အသင်တို့အပေါ်ဝယ် တင်ရှိသော) ကြွေးမြီကို ပေးဆပ်ပြီးနောက်၎င်း၊ ခွဲဝေရမည်။

ထို့ပြင်တဝ အမွေထားရှိခဲ့သော အကြင် ယောကျ်ားတစ်ဦးတစ်ယောက်ဖြစ်စေ၊ အကြင်မိန်းမ တစ်ဦးတစ်ယောက်ဖြစ်စေ၊ (မိဘနှင့် သားသမီး မရှိဘဲ) ထိုသူ(သို့မဟုတ် ထိုသူမ)၌ (မိတူဘကွဲ)ညီ (သို့မဟုတ် မောင် သို့မဟုတ်)အစ်ကိုတဦးတယောက် သော်၎င်း၊ (မိတူဘကွဲ)နှမ (သို့မဟုတ် ညီ သို့မဟုတ် အစ်မ) တစ်ဦးတစ်ယောက်သော်၎င်း ရှိခဲ့သော်၊ ထို (အစ်ကို၊ မောင်၊ နှစ်မ) နှစ်ဦးတို့အနက် အသီးသီးတို့အတွက် *ခြောက်ပုံတစ်ပုံစီဖြစ်၏။* [၁]

---

① 'ကလာလဟ်'ဟူသည် အကြင်သေဆုံးသော ယောကျ်ား သို့မဟုတ် မိန်းမများကို ဆိုလိုသည်။ ထိုယောကျ်ား သို့မဟုတ် မိန်းမတွင် မိဘသားသမီးဟူ၍ တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခဲ့ပေ။ (ဝါ) ထိုမိန်းမ သို့မဟုတ် ထိုယောကျ်ားတွင် 'အုဆူလ်' အထက်ဆက်လည်းမကျန်ရစ်ခဲ့ပေ။ 'ဖုရူအ်' အောက်ဆက်လည်း မကျန်ရစ်ခဲ့ပေ။ (ထာနဝီ)။

ဤအာယသ်တော်တွင် မိတူဘကွဲ ညီအစ်ကို မောင်နှမများ၏ အမွေပိုင်ဆိုင်ပုံ မိန့်ဆိုထားတော်မူသည်။ သေဆုံးသူ၌ အဘသော်၎င်း၊ သားသော်၎င်း၊ ကျန်ရှိခဲ့သော် သေဆုံးသူ၏ ညီအစ်ကို မောင်နှမများသည် အမွေမဆိုင်ကြပေ။ သေဆုံးသူ၌ အဘသော်၎င်း၊ သားသော်၎င်း၊ မကျန်ရစ်ခဲ့ပါမူ ညီအစ်ကိုမောင်နှမများသည် အမွေဆိုင်ကြပေသည်။

ညီအစ်ကိုမောင်နှမများသည် သုံးမျိုးသုံးစားရှိသည်။

(၁) (အိုင်နီ) မိတူဘတူ ညီအစ်ကို မောင်နှမများ။

(၂) (အလ္လာတီ) ဘတူမိကွဲ ညီအစ်ကို မောင်နှမများ။

(၃) (အခ်ယာဖီ) မိတူဘကွဲ ညီအစ်ကို မောင်နှမများ။

ဤအာယသ်တော်တွင် ဖော်ပြပါ ညီအစ်ကိုမောင်နှမ သုံးမျိုးအနက် တတိယအမျိုးအစားဖြစ်သော မိတူဘကွဲ ညီအစ်ကို မောင်နှမများကိုသာ ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် များစွာသော ➤➤

غَيْرَ مُضَآرٍّ ۚ وَصِيَّةً مِّنَ اللَّهِ ۗ

တဖန် အကယ်၍ ယင်း (မိတ္တဘကွဲ ညီအစ်ကို၊ မောင်၊ နှမ)တို့သည် တစ်ဦးထက်ပိုခဲ့ပါမူ ၎င်းတို့သည် သုံးပုံတစ်ပုံတွင် (ညီတူညီမျှ သက်ဆိုင်သော) အစုရှင်များ ဖြစ်ကြကုန်၏။ (ယင်းသို့ခွဲဝေခြင်းကို) မှာကြားပြီးဖြစ်သော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန်ရှိသော ကိစ္စများ)ကို ဆောင်ရွက်ပြီးနောက်၎င်း၊ (ပေးဆပ်ရန်ရှိသော) ကြွေးမြီများကို ပေးဆပ်ပြီးနောက်၎င်း၊ ပြုရပေမည်။ သို့ရာတွင် (မှာကြားသွားသူသည်) (သက်ဆိုင်ရာ အမွေစားတို့အား မိမိမှာကြားခြင်းဖြင့် *နစ်နာဆုံးရှုံးအောင် မဖြစ်စေခဲ့သည်ရှိသော်)*။ [၁]

➤➤ သာဝကကြီးများ၏ (قراءة) ဖတ်နည်းတွင် (وَلَهُ أَخٌ أَوْ أُخْتٌ) ဟူသော ဝါကျ၏ နောက်တွင် (مِنْ أُمٍّ) 'အမိဘက်မှ' ဟူသော ပုဒ်ပါရှိလေသည်။ ၎င်းပြင် မွတ်စ်လင်မ်ပညာရှင် သုခမိန်များ အားလုံးကလည်း ဤအတိုင်းပင် ယူဆကြသည်။

(ညီအစ်ကိုမောင်နှမ သုံးမျိုးအနက် ပဌမနှင့် ဒုတိယ အမျိုးအစားဖြစ်သော မိတ္တဘတူ ညီအစ်ကို မောင်နှမများနှင့် ဘတူမိကွဲ ညီအစ်ကို မောင်နှမများ၏ အမွေဆိုင်ပုံကို ဤကဏ္ဍ၏နောက်ဆုံး 'အာယသ်' တွင် မိန့်ဆိုထားတော်မူသည်ကို တွေ့ရှိနိုင်ပေသည်)။

ဤအာယသ်တော်အရ မိဘသားသမီး မကျန်ရစ်ခဲ့ဘဲ သေဆုံးသူ ယောကျ်ား သို့မဟုတ် မိန်းမ တစ်ဦးတစ်ယောက်၌ မိတ္တဘကွဲညီ သို့မဟုတ် မောင်တစ်ယောက်သော်လည်းကောင်း၊ အစ်မ သို့မဟုတ် နှမ သို့မဟုတ် ညီမ တစ်ယောက်သော်လည်းကောင်း ကျန်ရစ်ခဲ့သော် ထိုကျန်ရစ်သူသည် အမွေပစ္စည်း၏ ၆-ပုံ ၁-ပုံ ဆိုင်ပေသည်။

အကယ်၍ မိတ္တဘကွဲ ညီအစ်ကို မောင်နှမများသည် တစ်ယောက်ထက်ပိုကြလျှင် ထိုညီအစ်ကို မောင်နှမအားလုံးတို့သည် အမွေပစ္စည်းများ၏ ၃-ပုံ ၁-ပုံ တွင် ညီတူညီမျှ ပိုင်ဆိုင်ကြသည်။ မိတ္တဘကွဲ ညီအစ်ကို မောင်နှမများသည် အဆိုပါ အမွေပိုင်ဆိုင်ရာတွင် ကျားမ မခြား အပိုအလျော့မရှိ ညီတူညီမျှ ဖြစ်ကြပေသည်။

① သေဆုံးသူ၏ 'ဝဆ်ဗီယတ်' သေတမ်းစာသည် သက်ဆိုင်ရာ အမွေစားတို့အား နစ်နာဆုံးရှုံးမှု မဖြစ်စေမှသာလျှင် တရားဝင်ဖြစ်ပေမည်။

သေတမ်းစာဖြင့် အမွေစားတို့အား နစ်နာစေမှုမှာ ဥပမာ-သေဆုံးသူသည် အမွေပစ္စည်း၏ ၃-ပုံ ၁-ပုံထက် ပိုမို၍ မှာကြားခြင်း၊ အမွေရရှိသော အမွေဆိုင်တစ်ဦးအတွက် မှာကြားခြင်း၊ ဖြစ်သည်။ ဤသို့မဖြစ်သင့်ချေ။ သို့ရာတွင် သက်ဆိုင်ရာ အမွေဆိုင်တို့က ကျေနပ်ကြသော် ထိုသေတမ်းစာသည် အတည် ဖြစ်ချေမည်။ သို့မဟုတ်ပါမူ ထိုသေတမ်းစာသည် အတည်ဖြစ်မည်မဟုတ်ပေ။ ➤➤

وَاللَّهُ عَلِيمٌ حَلِيمٌ ﴿١٢﴾

(ဤသည်ကား) အလ္လာဟ် အရှင်မြတ် အထံတော်မှ (ထုတ်ပြန်တော်မူသော) အမိန့်တော် ပင်တည်း။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ် သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော် မူသောအရှင်၊ အလွန်တရာမျှ သည်းခံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ ၁

➤➤ **မှတ်ချက်**

အချို့ အမွေဆိုင်များသည် သေဆုံးသူ၏ ကြွေးမြီနှင့် မှာကြားချက်ကို လျစ်လျူရှုပြီး လောဘရမ္မက်ဖြင့် သေဆုံးသူ၏ အမွေပစ္စည်းအားလုံးကို သိမ်းပိုက်ထားတတ်ကြသည်။ ထို့အတွက်ကြောင့်ပင်လျှင် အမွေခွဲတမ်းနှင့်တွဲ၍ သေဆုံးသူ၏မှာကြားချက်နှင့် ကြွေးမြီများကို လျစ်လျူမရှုရမည့်အကြောင်း အကြိမ်ကြိမ် မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

သေဆုံးသူ၌ ကြွေးမြီတင်ရှိနေသော် သက်ဆိုင်ရာကြွေးရှင်သည် မိမိ၏ကြွေးမြီကို တောင်းဆိုမည်ပင် ဖြစ်သည်။ မှာကြားချက်သည် စေတနာအလျောက် အလှူဒါန တစ်ခုဖြစ်သည့်အပြင် များသောအားဖြင့် ပုဂ္ဂလိက တစ်ဦးအတွက် မဖြစ်တတ်ဘဲ ဓမ္မဒိဋ္ဌာန်သာဖြစ်တတ်ပေရာ အဆိုပါ မှာကြားချက်နှင့် စပ်လျဉ်း၍ တောင်းဆိုမည့်သူ မရှိသည့်အတွက် ပျက်ပြယ် သွားတတ်ပေသည်။ ထို့အတွက်ကြောင့် ကြွေးမြီသည် မှာကြားချက်ထက်ပင် အရေးကြီးလင့်ကစား မှာကြားချက်သည်လည်း တနည်းအားဖြင့် အရေးကြီးကြောင်းကို ထင်ရှားစေရန် အလို့ငှာ ကုရ်အာန်ကျမ်းမြတ်တွင် ကြွေးမြီအလျင် သုံးထားတော်မူခြင်းဖြစ်သည်။

① ကုရ်အာန်ကျမ်းမြတ် (၄:၁၁-၁၂)တွင် အမွေဆိုင်တို့အနက် သားသမီး မိဘ လင်မယားနှင့် မိတ္တူဘကွဲမောင်နှမများ၏ အမွေခွဲတမ်းကို မိန့်ဆိုထားတော်မူ၏။ ဤအမွေဆိုင်တို့အား 'သဝုလ်ဖုရူသ်ွ' ဟူ၍ ခေါ်၏။ ယင်းကဲ့သို့ အမွေခွဲတမ်းကို မိန့်ဆိုတော်မူပြီးသည့်နောက် ဤခွဲတမ်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသည့်အကြောင်း၊ အလွန်တရာမျှ ခမာဂုဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်ကား အမွေခွဲတမ်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြစ်ပေရာ ထိုအမိန့်တော်ကို ဦးလည်မသုံလိုက်နာကျင့်သုံးရပေမည်။ အလ္လာဟ်အရှင်မြတ်သည် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်တော်မူပေရာ အမွေခွဲတမ်းနှင့် စပ်လျဉ်း၍ အမိန့်တော်နာခံသူကိုလည်း၊ သွေဖည်သူကိုလည်း၊ မှာကြားချက် ကြွေးမြီနှင့် စပ်လျဉ်း၍ တရားသဖြင့် ဆောင်ရွက်သူကိုလည်း၊ မတရားပြုသူကိုလည်း၊ မှာကြားရာတွင် အမွေစားတို့အား နစ်နာစေသော သူကိုလည်း၊ နစ်နာအောင် မပြုသောသူကိုလည်း၊ အားလုံးတို့ကို အကြွင်းမဲ့သိတော်မူပေသည်။ အလ္လာဟ်အရှင်မြတ်သည် ခမာဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဖြစ်တော်မူပေရာ အပြစ်ဒဏ်ခတ်တော်မူရာ၌ ဆိုင်းငံ့၍ ပြစ်ဒဏ်ခတ်တော်မူသည်၊ ဤသည့်အချက်ကို လူသားတို့သည် အမှုမဲ့ အမှတ်မဲ့ မနေအပ်ပေ။ အဘယ်ကြောင့်ဟူမူ ဤအာယသ်တော်နှင့် ပူးတွဲ၍ ကုရ်အာန်ကျမ်းမြတ် (၄:၁၃-၁၄)တွင် အမိန့်တော်နာခံသော သူများသည် ဂျန္နတ်တွင် ထာဝစဉ် စံမြန်းနေရမည့်အကြောင်း၊ အမိန့်တော်ကို ငြင်းဆန်သောသူများသည် အလွန်ဆိုးရွားလှသော ငရဲ၌ ထာဝစဉ် ခံစားရမည့်အကြောင်းကို အတည့်အလင်း မိန့်ဆိုထားတော်မူခြင်းကြောင့်တည်း။

تِلْكَ حُدُودُ اللَّهِ ۚ وَمَن يُطِعِ اللَّهَ وَرَسُولَهُ يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ وَذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿١٣﴾

၁၃။ ဤသည်တို့သည် အလ္လာဟ် အရှင်မြတ် (သတ်မှတ်ပြဋ္ဌာန်းတော်မူသော)စည်းမျဉ်းဥပဒေများ ပင်တည်း၊

အမှန်သော်ကား အကြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်း၊ ထိုအရှင်မြတ်၏ ရာဇူလ် တမန်တော်မြတ်၏အမိန့်တော်များကိုလည်း၊ လိုက်နာပါမူ ထိုအရှင်မြတ်သည် ၎င်းအား အကြင် ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူအံ့။ ယင်းဥယျာဉ်များအောက်၌ စမ်းရေချောင်းများသည် စီးတွေလျက် ရှိသည်။ ထိုသူတို့သည် ၎င်းဥယျာဉ်များ၌ နေထိုင် စံမြန်းလျက် ရှိကြမည်။

وَمَن يَعْصِ اللَّهَ وَرَسُولَهُ وَيَتَعَدَّ حُدُودَهُ يُدْخِلْهُ نَارًا خَالِدًا فِيهَا وَلَهُ عَذَابٌ مُّهِينٌ ﴿١٤﴾

၁၄။ သို့ရာတွင် အကြင် မည်သူမဆို အလ္လာဟ် အရှင်မြတ်၏ အမိန့်တော် များကိုလည်း၊ ထို အရှင်မြတ်၏ ရာဇူလ် တမန်တော်၏ အမိန့်တော် များကိုလည်း၊ သွေဖည် ငြင်းပယ်၍ ထို အရှင်မြတ်၏ စည်းမျဉ်း ဥပဒေများကိုလည်း ကျူးကျော် ဖောက်ဖျက်သည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းသူအား (ငရဲ) မီးထဲသို့ ဝင်ရောက်စေတော်မူအံ့။ ထိုသူသည် ယင်း (ငရဲမီး) ထဲ၌ ထာဝစဉ် နေထိုင်ရပေမည်။ ၎င်းပြင် ထိုသူအတို့ ဂုဏ်အသရေ ပျက်ပြားစေသော အပြစ်ဒဏ်သည်လည်းရှိအံ့။

وَالّٰتِيْ يَاْتِيْنَ الْفَاحِشَةَ مِنْ نِّسَآىِٕكُمْ فَاسْتَشْهِدُوْا عَلَيْهِنَّ اَرْبَعَةً مِّنْكُمْ ۚ فَاِنْ شَهِدُوْا فَاَمْسِكُوْهُنَّ فِي الْبُيُوْتِ حَتّٰى يَتَوَفّٰىهُنَّ الْمَوْتُ اَوْ يَجْعَلَ اللّٰهُ لَهُنَّ سَبِيْلًا ﴿١٥﴾

၁၅။ ထို့ပြင်တဝ အသင်တို့၏ ဇနီးမိန်းမတို့ အနက်မှ အကြင်မိန်းမတို့သည် *ကာမေသုမိစ္ဆာစာရက်* ကို [၁] ကျူးလွန်ကြပါလျှင်၊ အသင်တို့သည် ထိုဇနီးမိန်းမများ အပေါ်၌ မိမိတို့အနက်မှ (ယောကျ်ား) လေးယောက်တို့ကို သက်သေထားရှိကြလေကုန်။

အကယ်၍ ထိုသူ လေးဦးတို့က (အမှန်အကန်) သက်သေ ခံခဲ့ကြပါမူ အသင်တို့သည် ယင်းမိန်းမတို့အား အိမ်များအတွင်း၌ ထိုသူမတို့ အသက်သေဆုံးသည့် တိုင်အောင်ဖြစ်စေ၊ သို့တည်း မဟုတ် အလ္လာဟ် အရှင်မြတ်သည် ထိုသူမတို့အဘို့ တစ်စုံတစ်ရာ နည်းလမ်းကို ပြုလုပ်ပေးသည့် တိုင်အောင်ဖြစ်စေ၊ *အကျဉ်းချထားကြလေကုန်*။ [၂]

---

① 'အလ်ဖာဟိရှ်ဟ်' ဟူသည် အလွန်တရာ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော အပြုအမူ အပြောအဆိုများကိုဆိုသည်။ သို့ရာတွင် ဤနေရာ၌ 'အလ်ဖာဟိရှိဟ်' ဟူသည် 'ဇိနာ' ကာမေသုမိစ္ဆာစာရက်ကိုသာ ဆိုလိုသည်။ မုချဇကန် 'အလ်ဖာဟိရှဟ်' ဟူသည် ဤနေရာ၌ 'ဇိနာ' ကာမေသုမိစ္ဆာစာရက်ကိုသာ ဆိုလိုသည်။ (ကဗီရ်)။

② အစ္စလာမ် သာသနာ ထွန်းကားခါစ အချိန်တွင် ကာမေသုမိစ္ဆာစာရက် ကျူးလွန်မှု၏ အပြစ်ဒဏ်မှာ ဇနီးမိန်းများဖြစ်လျှင် အိမ်တွင် တစ်သက်တာ အကျဉ်းချထားခြင်းပင်ဖြစ်သည်။ ထိုဇနီးမိန်းမများအပြင် ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော အခြား မိန်းမ၊ ယောကျ်ားများကိုကား အစ္စလာမ်အစိုးရ အာဏာပိုင်များက ပြစ်တင် ကြိမ်မောင်းရှိုက်နှက်၍ခင်း၊ ရိုက်နှက်၍ခင်း၊ ဆုံးမခြင်းပင်ဖြစ်သည်။ ထို့နောက် မကြာမီအတွင်း ကုရ်အာန်ကျမ်းလာ အာယသ်တော် (၂၄:၂) ကျရောက်လာလေသည်။ ထိုအာယသ်တော်အရ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော မိန်းမယောကျ်ားများ၏ ပြစ်ဒဏ်မှာ ကြိမ်ဒဏ်တရာတိတိ ရိုက်ခြင်းပင်ဖြစ်သည်။ ပြီးနောက် တဖန် နဗီတမန်တော်မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုက်ဟိဝစ္စလ္လမ်)က ဤအာယသ်တော်တွင်ပါရှိသော ကြိမ်ဒဏ်တရာသည် တရားတော်အရ မထိမ်းမြား ရသေးသော အပျို လူပျိုများ အတွက်သာ ဖြစ်ကြောင်း၊ တရားတော်အရ ထိမ်းမြားပြီးသော လင်ရှိ မိန်း၊ မယားရှိ ယောကျ်ားများအဘို့မှာကား 'ရဂျ်မ်' သေသည့်တိုင်အောင် ခဲဖြင့် ပစ်ပေါက်သတ်ခြင်း ပင်ဖြစ်ကြောင်း ရှင်းပြထားတော်မူလေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို ဟဒါဃတ်ကျမ်းတွင် ရှုပါကုန်။

ဓမ္မသတ်။

ကာမေသုမိစ္ဆာစာရက် ကျူးလွန်သူအား အပြစ်ဒဏ် ပေးပိုင်ခွင့်အာဏာသည် အစ္စလာမ်အစိုးရ အာဏာပိုင်များ၌သာလျှင် တည်ရှိပေသည်။ အခြားသူတစ်ဦးတစ်ယောက်၌ ဤအခွင့်အာဏာ မရှိပေ။ (ထာနဝီ)။

ကာမေသုမိစ္ဆာစာရက် ကျူးလွန်မှုနှင့် စပ်လျဉ်း၍ မျက်မြင် သက်သေထွက်ဆိုသော ➤➤

وَالَّذَانِ يَأْتِيٰنِهَا مِنكُمْ فَاٰذُوهُمَا ۚ فَإِن تَابَا وَأَصْلَحَا فَأَعْرِضُوا عَنْهُمَآ ۗ إِنَّ اللَّهَ كَانَ تَوَّابًا رَّحِيمًا ﴿١٦﴾

၁၆။ ၎င်းပြင် အသင်တို့ အနက်မှ အကြင်သူနှစ်ဦးတို့သည် [၁] ယင်း ကာမေသု မိစ္ဆာစာရက်ကို ကျူးလွန်ကြပါမူ အသင်တို့သည် ထိုသူနှစ်ဦးကို ဒုက္ခပေးကြလေကုန်။

တဖန် အကယ်၍ ထိုသူတို့နှစ်ဦးသည် (နောင်တတရားရရှိကာ မိမိတို့အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခြင်း၄၊) ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်သွား ခဲ့ကြပါမူ အသင်တို့သည် ယင်းသူတို့ နှစ်ဦး(အား ဒုက္ခပေးခြင်း)မှ ရှောင်ရှားကြလေကုန်။ [၂] ဧကန်စင်စစ် အလွန်တန်ခိုးအရှင်မြတ်သည် (ဝန်ချတောင်းပန်သူများဘက်သို့) အကြိမ်ကြိမ် ကရုဏာတော်နှင့် ပြန်လှည့်တော်မူသော အရှင်၊ အလွန် သနားညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။

➤➤ ယောကျ်ား၄-ဦးတို့သည် မွတ်စ်လင်မ်ဖြစ်ခြင်း၊ အသိညာဏ်ရှိခြင်း၊ အရွယ်ရောက်ခြင်း၊ ကြွေးကျွန်မဟုတ်လွတ်လပ်သူဖြစ်ခြင်း၊ တည်းဟူသော အင်္ဂါရပ်တို့နှင့် ပြည့်စုံကြရမည်။ (ထာနဝီ)။

① 'အကြင်သူနှစ်ဦး' ဟူသောပုဒ်တွင် ထိမ်မြားပြီးသူ၊ မထိမ်းမြားရသေးသောသူ၊ ယောကျ်ား၊ မိန်းမ၊ အားလုံး အကျုံးဝင်လျက်ရှိပေသည်။

② ကာမေသုမိစ္ဆာစာရက် ကျူးလွန်သောသူများသည် တရားတော်အရ အပြစ်ဒဏ်စီရင်ခြင်းကို ခံကြရပြီးသည့်နောက် ဝန်ချတောင်းပန်၍ မိမိတို့ ကိုယ်ကို ပြုပြင်ပြီး ကောင်းမွန်စွာ နေထိုင်သွားကြပါလျှင် ထိုသို့သော သူတို့အား ဆက်လက်၍ ကဲ့ရဲ့ပြစ်တင်ခြင်းမှ ရှောင်ရှားကြရပေမည်။

မှတ်ချက်။

ကာမေသု မိစ္ဆာစာရက် ကျူးလွန်သူတစ်ဦးအတို့ ပြစ်ဒဏ်မစီရင်မီ ဝန်ချတောင်းပန်ခြင်းသည် လုံလောက်သည်မဟုတ်ပေ။ (မာဂျိဒီ)

ဆက်စပ်မှု။

အထက်တွင် ဝန်ချတောင်းပန်ခြင်း အကြောင်းပါရှိ၏။ ယခု လာလတ္တံ့သော အာယသ်တော်များတွင် အလွှာဟ်အရှင်မြတ်သည် မည်သူမည်ဝါတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံသဘောတူတော်မူ၍ မည်သူမည်ဝါတို့၏ ဝန်ချတောင်းပန်မှုကိုမူ သဘောမတူ လက်ခံတော်မမူသည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ (ထာနဝီ)။

إِنَّمَا التَّوْبَةُ عَلَى اللَّهِ لِلَّذِينَ
يَعْمَلُونَ السُّوءَ بِجَهَالَةٍ
ثُمَّ يَتُوبُونَ مِن قَرِيبٍ
فَأُولَٰئِكَ يَتُوبُ اللَّهُ
عَلَيْهِمْ ۗ وَكَانَ اللَّهُ
عَلِيمًا حَكِيمًا ﴿١٧﴾

၁၇။ အလ္လာဟ် အရှင်မြတ်အပေါ်၌ အကြင်သူတို့၏ ဝန်ချတောင်းပန်ချက်ကိုသာလျှင် သဘောတူလက်ခံတော်မူရန် တာဝန်ရှိပေသည်။ [၁] ထိုသူတို့သည် မသိမိုက်မဲမှုကြောင့် ဒုစရိုက်မှုကိုပြုမိကြ၏။ ထို့နောက် မကြာမီအတွင်း [၂] ထိုသူတို့သည် (သတိသံဝေဂ နောင်တရရှိကာ) ဝန်ချတောင်းပန်ကြ၏။ သို့ဖြစ်လျှင် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့ဘက်သို့ (ကရုဏာတော်နှင့်) ပြန်လှည့်တော်မူလေသည်။ စင်စစ် အလ္လာဟ် အရှင်မြတ်သည် အကြင်းမဲ့ သိရှိတော်မူသော အရှင်၊ အကျိုးအကြောင်းဆင်ခြင် တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသည်။

وَلَيْسَتِ التَّوْبَةُ لِلَّذِينَ
يَعْمَلُونَ السَّيِّئَاتِ ۚ حَتَّىٰ
إِذَا حَضَرَ أَحَدَهُمُ الْمَوْتُ
قَالَ إِنِّي تُبْتُ الْآنَ وَلَا

၁၈။ သို့ရာတွင် အကြင် သူတို့အဘို့ ဝန်ချတောင်းပန်ချက်ကား မရှိပေ။ ထိုသူတို့သည် ဒုစရိုက်မှုများကို ပြုကျင့်လျက်ရှိကြ၏။ (ယင်းကဲ့သို့ ဒုစရိုက်မှုများတွင် နစ်မွန်းလျက် ရှိကြပေရာ နောက်ဆုံးတွင်) ထိုသူတို့အနက် တဦးတယောက် ထံသို့ သေခြင်းတရားသည် ရောက်ရှိလာလေတော့၏။

---

① အလ္လာဟ်အရှင်မြတ်အပေါ်၌ တစ်စုံတစ်ခုကို ဆောင်ရွက်ရန် တာဝန်ဟူ၍ကားမရှိပေ။ ဤအာယသ်တော်တွင် 'အလ္လာဟ်အရှင်မြတ်အပေါ်၌ တာဝန်ရှိသည်' ဟု မိန့်ဆိုထားခြင်းမှာ ကတိတော်ကို လေးနက်စေခြင်းပင်ဖြစ်သည်။

② 'ကရီဗ်' ၏ အဓိပ္ပါယ်မှာ မကြာမြင့်မီ၊ အနီးဟူ၍ ရသည်။ 'ကရီဗ်' ၏ အနက်ကို ပညာရှင်များသည် အောက်ပါအတိုင်း အမျိုးမျိုးဖွင့်ကြပေသည်။

(၁) ကရီဗ်ဟူသည် မိမိလက်ရှိအချိန်နှင့် မရဏာသေမင်းကို တွေ့မြင်ရသည့်အချိန်၏ ကြားကာလကို ဆိုလိုသည်။ (သွဟ်ဟါတ်မှ တဆင့် အီဗ်နုဂျရီရ်)

(၂) မသေမီ အရာအားလုံးသည် နီးသည်သာဖြစ်သည်။ (သက်ရှိသက်မဲ့ဟူသမျှသည် သေဘို့အချိန်နှင့် နီးသည်။) (အီဗ်နုဂျရီရ်)

(၃) ထိုကရီဗ် ဟူသောစကား၏ အလိုသဘောကား (မိမိ၏) ဒုစရိုက်မှုသည် မိမိ၏ကောင်းမှုများကို လွှမ်းခြုံဖုံးအုပ်ပြီး အချည်းနီးမဖြစ်စေမီ အလျင် (အချိန်)ပိုင်းကိုဆိုလိုသည်။ (မအာလင်မ်)

الَّذِيْنَ يَمُوْتُوْنَ وَهُمْ كُفَّارٌ اُولٰٓئِكَ اَعْتَدْنَا لَهُمْ عَذَابًا اَلِيْمًا ﴿١٨﴾

ထိုအခါ ထိုသူက "ကျွန်တော်မျိုးသည် ယခု မှုချတောင်းပန်ပါပြီ" ဟု လျှောက်ထားလေသည်။ ၎င်းပြင် အကြောင်သူများအဘို့လည်း ဝန်ချတောင်းပန်ခြင်းကား မရှိပေ။ ထိုသူများသည် ကာဖိရ်များအဖြစ်နှင့်ပင် သေဆုံးသွားကြ၏။

ဤသူများ (ကာဖိရ်များ)အဘို့ ငါအရှင်မြတ်သည် ပြင်းပြ နာကြင်ဘွယ်ဖြစ်သော အပြစ်ဒဏ်ကို အသင့် ပြုလုပ်ထားတော်မူသည်။ [၁]

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا يَحِلُّ لَكُمْ اَنْ تَرِثُوا النِّسَآءَ كَرْهًا ؕ

၁၉။ အိုး- သက်ဝင် ယုံကြည်သူ အပေါင်းတို့။ အသင်တို့အဘို့ မိန်းမတို့အား အဓမ္မနည်းဖြင့် အမွေ(ပစ္စည်း)အဖြစ် သိမ်းပိုက်ခြင်းသည် တရားသက်ဝင်သည်မဟုတ်ပေ၊ [၂]

---

① ကုရ်အာန်ကျမ်းမြတ် (၄:၁၇-၁၈)တွင် သုံးဦးသောသူများ၏ ဝန်ချတောင်းပန်ခြင်းအကြောင်း မိန့်ဆိုထားတော်မူလေသည်။

(၁) မွတ်စ်လင်မ်တစ်ဦးသည် မသိမိုက်မဲသည့်အတွက် ပြစ်မှုတစ်ခုကို ကျူးလွန်မိ၏။ ထို့နောက် မကြာမီအတွင်းမှာပင် ဝန်ချတောင်းပန်၏။ ဤသို့သောသူ၏ ဝန်ချတောင်းပန်မှုကို အလ္လာဟ်အရှင်မြတ်သည် လက်ခံသဘောတူတော်မူရန် ကတိပြုထားတော်မူသည်။

(၂) မွတ်စ်လင်မ်တစ်ဦးသည် ပြစ်မှုများကိုကျူးလွန်လေ့ရှိ၏။ ဝန်ချတောင်းပန်ခြင်းကား မရှိချေ။ မရဏာသမင်းကို မြင်သောအခါမှပင် ဝန်ချတောင်းပန်၏။ ဤသို့သောသူ၏ ဝန်ချတောင်းပန်မှုကို လက်ခံသဘောတူတော်မူရန် အလ္လာဟ် အရှင်မြတ်ကတိတော်မရှိချေ။ သို့ရာတွင်မူ အလ္လာဟ်အရှင်မြတ်သည် မိမိကရုဏာတော်အဟုန်ဖြင့် ထိုသူအား ချမ်းသာခွင့် ပေးတော်မူလိုပါက ပေးတော်မူနိုင်ပေသည်။

(၃) ကာဖိရ်တစ်ဦးသည် မိမိတစ်သတ်တာလုံး ကာဖိရ်အဖြစ်နှင့်ပင် နေထိုင်၏။ နောက်ဆုံးတွင် ကာဖိရ်အဖြစ်နှင့်ပင် သေဆုံးသွားလေသည်။ ထိုသို့သော ကာဖိရ်၏ ဝန်ချတောင်းပန်ချက်ကိုမူ အလ္လာဟ်အရှင်မြတ်သည် လက်ခံသဘောတူတော်မူမည် မဟုတ်ပေ။

② အစ္စလာမ်သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် သေဆုံးသူ၏ ပစ္စည်းများသည် အမွေဆိုင်တို့၏ လက်တွင်းသို့ ရောက်ရှိသွားသကဲ့သို့ သေဆုံးသူ၏ ဇနီး မိန်းမသည်လည်း အမွေဆိုင်တို့၏ လက်တွင်းသို့ ရောက်ရှိသွားလေသည်။ အမွေဆိုင် ယောကျ်ားသည် မိမိ၏ လက်တွင်းသို့ အမွေပစ္စည်းအဖြစ် ရောက်ရှိလာသော မုဆိုးမကို သဘောကျလျှင် မိမိကိုယ်တိုင် အဓမ္မနည်းဖြင့် ထိမ်းမြား ယူလေသည်။ သို့မဟုတ် အခြားယောကျ်ားတဦးတယောက်နှင့် ထိမ်းမြားပေးလေသည်။ >>

وَلَا تَعْضُلُوهُنَّ لِتَذْهَبُوا بِبَعْضِ مَا آتَيْتُمُوهُنَّ إِلَّا أَنْ يَأْتِينَ بِفَاحِشَةٍ مُبَيِّنَةٍ ۚ وَعَاشِرُوهُنَّ بِالْمَعْرُوفِ ۚ فَإِنْ كَرِهْتُمُوهُنَّ فَعَسَىٰ أَنْ تَكْرَهُوا

ဂင်းပြင် အသင်တို့သည် ထိုသူတို့အား ပေးခဲ့ဘူးသော ပစ္စည်း အချို့အဝက်ကို ပြန်လည်၍ ယူရန်အလို့ငှာ ထိုမိန်းမတို့အား *(ထိမ်းမြားခြင်းမှ ပိတ်ပင် တားဆီးခြင်းကိုလည်း မပြုကြလေနှင့်၊* [3] သို့ရာတွင် ထို မိန်းမများသည် ထင်ရှားသော စက်ဆုပ် ရွံ့ရှာဘွယ် အမှုကိစ္စကို ပြုကျင့်သည်ရှိသော် (အသင်တို့သည် ထိုမိန်းမတို့အား ထိမ်းမြားခြင်းမှ ပိတ်ပင် တားဆီးနိုင်ကြပေသည်။ ထိုမိန်းမတို့၏ ဥစ္စာပစ္စည်းကို ယူပိုင်ကြပေသည်)။

➤➤ အမိုက်ခေတ်တွင် အမျိုးသမီးများနှင့် ၎င်းတို့၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် သိမ်းပိုက်ပုံမှာ သုံးမျိုးသုံးစားရှိသည်။

(၁) မုဆိုးမရသင့်ရထိုက်သော အမွေပစ္စည်းများကို ထိုမုဆိုးမအား ခွဲဝေမပေးဘဲ အမွေဆိုင်တို့က သိမ်းပိုက်ထားခြင်း။

(၂) မုဆိုးမထံမှ ဥစ္စာပစ္စည်းများကို အလိုရှိသည့်အတွက် မုဆိုးမအား သူတပါးနှင့် ထိမ်းမြားခွင့်မပြုဘဲ ထားခြင်း၊ အကယ်၍ ထိုအတောအတွင်း မုဆိုးမ သေဆုံးသွားလျှင် ထိုမုဆိုးမ၏ပစ္စည်းများကို သိမ်းပိုက်ယူကြလေသည်။ သို့မဟုတ် ထိုမုဆိုးမသည် မိမိ၏ ပစ္စည်းအချို့ကို ပေး၍ ကိုယ်လွတ်ရုန်းသွားရလေသည်။

(၃) လင်ယောကျ်ားသည် မိမိ၏ဇနီးထံမှ ဥစ္စာပစ္စည်း အချို့အဝက်ကို လိုချင်သည့် အတွက် ဇနီးမိန်းမအား အကြောင်းမဲ့ ညှဉ်းပန်းခြင်း။ ရှု - (ထာနဝီ)။

③ အစ္စလာမ်သာနာ မထွန်းကားမီ အမိုက်ခေတ်တွင် ထုံးတမ်းစဉ်လာ တစ်ခုရှိသည်မှာ ဥစ္စာပစ္စည်းပေါများသော မုဆိုးမ၏ ပစ္စည်းများကို အလိုရှိသော အမွေဆိုင်တို့သည် ထိုမုဆိုးမအား အခြားသူတစ်ဦးတစ်ယောက်နှင့် ထိမ်းမြားခွင့်မပြုဘဲ အိမ်ထဲတွင် ပိတ်လှောင်ထားလေ့ရှိကြသည်။ တစ်ခါတစ်ရံ မုဆိုးမသည် အိမ်တွင်းမှာပင် ပိတ်လှောင်လျက် သေဆုံးသွားရလေသည်။ တစ်ခါတရံ
မုဆိုးမသည် မိမိပိုင် ဥစ္စာပစ္စည်းများကို အမွေဆိုင်တို့အား ပေးပြီး မိမိကိုယ်ကို အလွတ်ရုန်းထွက်ရလေသည်။

အမိုက်ခေတ်တွင် အမျိုးသမီးများအား မတရားဖိနှိပ်ချုပ်ချယ်ပုံမှာ သုံးမျိုးသုံးစားရှိသည်။

(၁) သေသူ၏ အမွေဆိုင်တို့သည် သေသူ၏ ဇနီးထံမှ ဥစ္စာပစ္စည်းအချို့အဝက်ကို မရရှိသည်နှင့်အမျှ ထိုမိန်းမအား သူတပါးနှင့် ထိမ်းမြားခွင့်မပြုခြင်း။

(၂) လင်ယောကျ်ားသည် မိမိ၏ ဇနီးထံမှ ဥစ္စာပစ္စည်း အချို့အဝက်ကို ယူလိုသည့်အတွက် ဇနီးမိန်းမအား မကွာရှင်းဘဲ အကြပ်ကိုင်ခြင်း။

(၃) လင်ယောကျ်ားသည် မိမိ၏ဇနီးမိန်းမအား ကွာရှင်းပြီးသည့် နောက်သော်မှပင် ထိုဇနီးမိန်းမထံမှ အချို့အဝက် ဥစ္စာပစ္စည်း မရရှိသည်နှင့်အမျှ သူတပါးနှင့် ထိမ်းမြားခွင့်မပြုခြင်း။ ကြည့် - (ထာနဝီ)။ ➤➤

شَيْـًٔا وَّيَجْعَلَ اللّٰهُ فِيْهِ
خَيْرًا كَثِيْرًا ﴿١٩﴾

ၔင်းပြင် အသင်တို့သည် ယင်းမိန်းမတို့နှင့် ကောင်းမွန်စွာ ဆက်ဆံကြလေကုန်၊ [၁] တဖန် အကယ်၍ အသင်တို့သည် ထိုမိန်းမတို့ကို မနှစ်ခြိုက်ကြပါမူ (ခန္ဓိတရား ထားရှိကြကာ သည်းခံကြလေကုန်)။ အကြောင်းသော်ကား အသင်တို့သည် တစုံတရာကို မနှစ်ခြိုက်ကြငြားလည်း အလ္လာဟ် အရှင်မြတ်သည် ယင်းအရာများ၌ များစွာသောကောင်းမြတ်ခြင်းကို ပြုလုပ်တော်မူတန်ရာ၏။ [၂]

➤➤ ဤသည်ကား အစ္စလာမ်သာသနာမထွန်းကားမီ အမိုက်ခေတ်တွင် အမျိုးသမီးများအား အမျိုးမျိုးချုပ်ချယ်ခြင်းတည်း။ အစ္စလာမ်သာသနာသည် ထိုထိုသောချုပ်ချယ်မှုများမှ အမျိုးသမီးများအားကယ်တင်ခဲ့လေသည်။

ⓙ 'ထင်ရှားသော စက်ဆုပ်ရွံ့ရှာဘွယ်အမှု' ဟူသည် ကာမေသုမိစ္ဆာစာရက် ကျူးလွန်မှုကို ဆိုလိုသည်မှာ အထင်အရှားပင် ဖြစ်သည်။ အချို့ပညာရှင်များကမူ အထက်ပါ "ထင်ရှားသော စက်ဆုပ်ရွံ့ရှာဘွယ်အမှု" ဟူသောစကားတွင် ကာမေသုမိစ္ဆာစာရက် ကျူးလွန်မှု အကျုံးဝင်သကဲ့သို့ လင်ခင်ပွန်း၏ အမိန့်ကို သွေဖည်ခြင်းပယ်မှုလည်း အကျုံးဝင်လျက်ရှိပေသည်ဟု ဆိုကြလေသည်။ ရှု – (အီဗ်နကျရီရ်)

အမျိုးသမီးများအား အမိုက်ခေတ်ကဲ့သို့ အကြောင်းမဲ့ ပိတ်လှောင်ချုပ်ချယ်ခြင်း မပြုရမည့်အကြောင်း၊ ယင်းသူတို့ထံမှ ဥစ္စာပစ္စည်းများကို အဓမ္မနည်းဖြင့် ယူငင်ခြင်းမပြုရမည့်အကြောင်း၊ အထက်တွင် ပါရှိခဲ့လေပြီ။ သို့ရာတွင် အကယ်၍ မိန်းမတစ်ယောက်သည် ထင်ရှားစက်ဆုပ်ရွံ့ရှာဘွယ်အမှုကို ကျူးလွန်သည်ရှိသော် ယောကျ်ားသည် မိန်းမအား အိမ်တွင်ပိတ်လှောင်ချုပ်ချယ်ခြင်းကိုငင်း၊ ထိုမိန်းမထံမှ အချို့အဝက် ပစ္စည်းယူခြင်းကိုငင်း၊ ပြုလုပ်နိုင်ပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ဓမ္မသတ်များကို ထာနဝီသခင်ရေး ဗဟာနလ် ကုရ်အာန်ကျမ်းတွင် ရှုပါ။

ⓘ အမျိုးသမီးများနှင့် ကောင်းမွန်သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံခြင်းသည် အိမ်ထောင်စုတစ်ခုလုံး သာယာမှု၏ အဓိကအချက်ပင် ဖြစ်ပေသည်။ ဤအမိန့်တော်တွင် ဇနီးမိန်းမများ၊ ကွာရှင်းပြတ်စဲထားသော အမျိုးသမီးများအားလုံးအကျုံးဝင်လေသည်။ (မာဂျီဒီ)

ⓙ တစ်ခါတရံ ယောကျ်ားများသည် ဇနီးမိန်းမများအားအပြစ်ဆိုရန် တစုံတရာမရှိပါဘဲလျက် စိတ်တွင်းမကျေအလျောက် မနှစ်ခြိုက်ရွံ့ရှာတတ်ကြပေသည်။ ယင်းကဲ့သို့ အကြောင်းမဲ့ မနှစ်သက်မှုဖြစ်ပေါ်လာလျှင် ယောကျ်ားများသည် သည်းခံတရားထားကာ ဆက်လက်၍ပင် ပေါင်းသင်းဆက်ဆံပြီး နေထိုင်ကြရပေမည်။ အဘယ်ကြောင့်ဟူမူ အလာဟ်အရှင်မြတ်သည် ထိုကဲ့သို့ လူသားတို့ မနှစ်ခြိုက်သောအရာ၌ပင် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးများကို စီရင်ပြုလုပ် ဖန်တီးထားတော်မူနိုင်ခြင်းကြောင့်တည်း။ ယောကျ်ားများအကြောင်းမဲ့ မနှစ်ခြိုက်သောအမျိုးသမီးများပင်လျှင် လင့်ဝတ္တရားကြေပြွန်သူများ၊ လင်ယောကျ်ားအတို့ ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုများကို ဆောင်ကြဉ်းသူများ၊ လင်ယောကျ်ားတို့အား ချစ်ခင်ကြင်နာ လေးစားသူများ ဖြစ်နိုင်ကြပေသည်။ နှစ်ဘဝ၏အကျိုးဆောင်မည့် သားကောင်းရတနာများကို ဘွားမြင်နိုင်ကြပေသည်။ ယုတ်စွအဆုံး လင်ယောကျ်ားများသည် မိမိတို့၏သည်းခံပေါင်းသင်းခြင်း၏ အကျိုးကို မုချရရှိကြပေမည်။ (ထာနဝီ)

وَإِنْ أَرَدتُّمُ اسْتِبْدَالَ زَوْجٍ مَّكَانَ زَوْجٍ وَآتَيْتُمْ إِحْدَاهُنَّ قِنطَارًا فَلَا تَأْخُذُوا مِنْهُ شَيْئًا ۚ أَتَأْخُذُونَهُ بُهْتَانًا وَإِثْمًا مُّبِينًا ﴿٢٠﴾

၂၀။ ထို့ပြင်တဝ အကယ်၍ အသင် တို့သည် (ပေါင်းသင်းဆက်ဆံခြင်းငှာ မဖြစ်နိုင်၍) ဇနီးမိန်းမ တဦး(ကို ကွာရှင်းကာ ၎င်း)၏ နေရာ၌ အခြားမိန်းမ တဦးကို ပြောင်းလဲ(ထိမ်းမြား)ရန် ကြံရွယ်ရည်စူး ကြပါမူ၊ အသင်တို့သည် ထို (ပဌမ)ဇနီးသည်ကို ပစ္စည်း အမြောက်အမြား ပေးထားခဲ့ကြလင့် ကစား ထိုပစ္စည်းများအနက်မှ တစ်စုံတစ်ရာကိုမျှ ပြန်၍ မယူကြကုန်လင့်။ [၁]

အသင်တို့သည် (မိမိတို့ ပေးခဲ့ပြီးဖြစ်သော) ပစ္စည်းများကို မဟုတ်မမှန် ပြောဆို စွပ်စွဲ၍ ထင်ရှားသော မှုပြစ်ကို (ကျူးလွန်ကာ) ပြန်၍ ယူလိုကြပါသလော။

وَكَيْفَ تَأْخُذُونَهُ وَقَدْ أَفْضَىٰ بَعْضُكُمْ إِلَىٰ بَعْضٍ وَأَخَذْنَ مِنكُم مِّيثَاقًا غَلِيظًا ﴿٢١﴾

၂၁။ တဖန် အသင်တို့သည် ဥစ္စာပစ္စည်းများကို အဘယ်ကဲ့သို့ ပြန်၍ ယူကြမည်နည်း။ ဇကန် စင်စစ် အသင်တို့သည် တဦးနှင့် တဦး (အကြင် ဇနီး မောင်နှံအဖြစ် ပေါင်းသင်းဆက်ဆံ) ရောနှော စပ်ယှက်ပြီး ဖြစ်ကြသည့်ပြင်၊ ယင်းဇနီးမိန်းမ တို့သည် (မိမိတို့၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍) အသင်တို့ ထံမှ ခိုင်မာသော ကတိသစ္စာ ပဋိညာဉ် ဝန်ခံချက်ကို ယူထားပြီးလည်း ဖြစ်ကြလေသတည်း။

---

(၁) အထက်ပါ အာယသ်တော်များ၌ အကယ်၍ ဇနီးမိန်းမများသည် စက်ဆုပ်ရွံရှာဘွယ် အမှုကို ကျူးလွန်ခဲ့ကြသည် ရှိသော် ထိုသို့သော ဇနီးမိန်းမများထံမှ ဥစ္စာပစ္စည်း အချို့အဝက်ကို ယူပိုင်ခွင့်ရှိကြောင်း ပါရှိလေသည်။ အခြားအကြောင်းများနှင့် ပတ်သက်၍ကား ဇနီးမိန်းမများထံမှ ဥစ္စာပစ္စည်းများကို အလျင်း ယူပိုင်ခွင့်မရှိချေ။ ယူပိုင်ခွင့်မရှိသော အကြောင်းများတွင် အောက်ပါအကြောင်းသည်လည်း အပါအဝင်ဖြစ်သည်။

ဥပမာ - ယောကျ်ားတစ်ယောက်သည် ပဌမမိန်းမကို မိမိအလိုအလျောက် စိတ်ကုန်ခန်းပြီး ဒုတိယ မိန်းမတစ်ယောက်နှင့် ထိမ်းမြားလိုသောအခါ ထိုဒုတိယမိန်းမအား 'မဟ်ရ်' ပေးရန်အတွက် ပဌမမိန်းမအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး 'မဟ်ရ်' ကို ပြန်ယူရန် ကြိုးပမ်း၏။ အကယ်၍ ပဌမမိန်းမအား 'မဟ်ရ်' လက်ရောက် မပေးရသေးသည်ရှိသော် ထို 'မဟ်ရ်' ကို စွန့်လွှတ်ကြရန် အကြပ်ကိုင်၏။ ➤➤

وَلَا تَنكِحُوا۟ مَا نَكَحَ ءَابَآؤُكُم مِّنَ ٱلنِّسَآءِ إِلَّا مَا قَدْ سَلَفَ ۚ إِنَّهُۥ كَانَ فَٰحِشَةً وَمَقْتًا وَسَآءَ سَبِيلًا ﴿٢٢﴾

JJ။ ၄င်းပြင် အသင်တို့သည် မိမိတို့၏ ဘခင်များ ထိမ်းမြား ခဲ့ကြကုန်သော မိန်းမတို့နှင့် ထိမ်းမြားခြင်းကို မပြုကြကုန်လင့်။ [၁] သို့ရာတွင် (ဤအမိန့်တော်မကျရောက်မီ) လွန်ခဲ့သော အမှုများကား (လွန်ခဲ့လေပြီ။)

အကြောင်းသော်ကား ယင်းအမှုကိစ္စသည် ဇကန်စင်စစ် ယုတ်မာမှုတရပ်ဖြစ်သည့်ပြင် စက်ဆုပ်ရွံရှာဘွယ်လည်းဖြစ်၏။ ဤမျှမက ယင်းကိစ္စသည် အလွန် ဆိုးရွားလှသော နည်းလမ်း တခုလည်း ဖြစ်ပေသေး၏။

➤➤ ဤသို့အားဖြင့် ထိုယောကျ်ားသည် ဒုတိယမိန်းမယူရာတွင် 'မဟ်ရ်' ကို မိမိထံမှ အကုန်အကျ မခံလိုဘဲ ပဌမဇနီးမိန်းမထံမှ မတရားသဖြင့် တောင်းယူ၏။

ဤသို့ကား အလျင်းမပြုအပ်ချေ။ အဘယ်ကြောင့်ဆိုသော် လင်ယောကျ်ားသည် ထိုမိန်းမအား နှစ်ဦးသဘောတူ လူကြီးစုရာရှေ့တွင် ကောင်းမွန်စွာ ထိမ်းမြားယူထား၏။ 'မဟ်ရ်' အမြောက်အမြားကို ပေးပြီးဖြစ်၏။ သို့တည်းမဟုတ် ပေးရန် ကတိပြုထား၏။ ဇနီးမောင်နှံ ၂-ဦးအဖြစ် ပေါင်းသင်းဆက်ဆံနေထိုင်ပြီးလည်းဖြစ်၏။ သို့ဖြစ်ပေရာ ထိုကဲ့သို့ အပြစ်မရှိသော ဇနီးမိန်းမတစ်ဦးအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုပြီး ထိုဇနီးမိန်းမ၏ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းကို ယူခြင်းမှာ အသိုလျှင် တရားသည်ဟု ဆိုနိုင်အုံနည်း။ ဤသည့်အကြောင်းကိုပင် ဤအာယသ်တော်၌ မိန့်ဆိုထားတော်မူသည်။ (ထာနဝီ)။

① အစ္စလာမ်သာသနာ မထွန်းကားမီ အမိုက်ခေတ်တွင် အလွန်ဆိုးရွားလှသော ထုံးတမ်းစဉ်လာများရှိခဲ့၏။ ထိုထုံးတမ်းစဉ်လာများတွင် မိမိတို့၏ မိထွေးများနှင့် ထိမ်းမြားခြင်းလည်း အပါအဝင်ဖြစ်၏။

ဤထုံးတမ်းစဉ်လာ အပြုအမူသည် အရှက်အကြောက် ကင်းမဲ့သော အပြုအမူလည်းဖြစ်၏။ စက်ဆုတ်ရွံရှာဘွယ် ကောင်းလှသော အမှုလည်းဖြစ်၏။ အလွန်မကောင်းသော နည်းလမ်းလည်းဖြစ်၏။ အမိုက်ခေတ်မှာပင် အချို့ ယဉ်ကျေးသိမ်မွေ့သောသူများသည် မိထွေးနှင့် ထိမ်းမြားခြင်းကို စက်ဆုပ်ရွံရှာခဲ့ကြ၏။ အမိုက်ခေတ်မှာပင် မိထွေးနှင့် ထိမ်းမြားခြင်းကို 'နိကာဟုလ်မါက်တိ' စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော ထိမ်းမြားခြင်းဟု ခေါ်ဆိုခဲ့ကြ၏။ မိထွေးနှင့် ထိမ်းမြားရရှိသော သားသမီးများကို 'မါက်တီ' စက်ဆုပ်ရွံရှာဘွယ် ဖြစ်သော သားသမီးဟု ခေါ်ဆိုခဲ့ကြ၏။ သို့အတွက်ကြောင့်ပင်လျှင် ကုရ်အာန်ကျမ်းမြတ်၌ မိထွေးနှင့် ထိမ်းမြားခြင်း မပြုရမည့်အကြောင်း မြစ်တားတော်မူခြင်းဖြစ်သည်။

ဘခင်တို့ထိမ်းမြားခဲ့သော ဇနီးများဟုဆိုရာ၌ အဘိုး၊ အဘေး၊ အဘွေး - စသည်တို့၏ ဇနီးများလည်း အကျုံးဝင်ပေသည်။ (ထာနဝီ)။

حُرِّمَتْ عَلَيْكُمْ أُمَّهٰتُكُمْ
وَبَنٰتُكُمْ وَأَخَوٰتُكُمْ وَعَمّٰتُكُمْ
وَخٰلٰتُكُمْ وَبَنٰتُ الْأَخِ وَبَنٰتُ
الْأُخْتِ وَأُمَّهٰتُكُمُ الّٰتِيٓ
أَرْضَعْنَكُمْ وَأَخَوٰتُكُمْ مِّنَ
الرَّضَاعَةِ وَأُمَّهٰتُ
نِسَآئِكُمْ وَرَبَآئِبُكُمُ الّٰتِي
فِي حُجُورِكُمْ مِّنْ نِّسَآئِكُمُ
الّٰتِي دَخَلْتُمْ بِهِنَّ ز
فَإِن لَّمْ تَكُونُوا دَخَلْتُمْ
بِهِنَّ فَلَا جُنَاحَ عَلَيْكُمْ ز
وَحَلَٰٓئِلُ أَبْنَآئِكُمُ الَّذِينَ
مِنْ أَصْلَٰبِكُمْ وَأَن
تَجْمَعُوا بَيْنَ الْأُخْتَيْنِ
إِلَّا مَا قَدْ سَلَفَ ط

၂၃။ (အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့) အသင်တို့အဘို့ ("နိကာဟ်" ထိမ်းမြား လက်ထပ်ခြင်းမပြုကြရန်) "ဟရာမ်" ဟူ၍ မြစ်တားထားပြီးဖြစ်သော မိန်းမများကား၊ အသင်တို့၏ မိခင်များသည်လည်းကောင်း၊ အသင်တို့၏ သမီးများသည်လည်းကောင်း၊ အသင်တို့၏အစ်မ များ၊ နှမများသည်လည်းကောင်း၊ အသင်တို့၏ အရီးကြီး၊ အရီးကလေးသည်လည်းကောင်း၊ အသင် တို့၏ အမိကြီး၊ အမိထွေးတို့သည်လည်းကောင်း၊ ညီ (သို့မဟုတ်) အစ်ကို၏ သမီးများသည်လည်း ကောင်း၊ အသင်တို့အား နို့ရည်တိုက်ကျွေးခဲ့ ဘူးသော နို့ထိန်းသည် မိခင်တို့သည်လည်းကောင်း၊ အစ်မ၊ နှမ၏ သမီးများသည် လည်းကောင်း၊ နို့စို့ဘက် အစ်မ၊ နှမများသည် လည်းကောင်း၊ အသင်တို့၏ဇနီးမိန်းမတို့၏ မိခင်များသည်ၵင်း၊ အသင်တို့ပေါင်းသင်း စပ်ယှက်ခဲ့ဘူးကြသော ဇနီးမိန်းမတို့မှ ပေါက်ဖွား ကြကုန်သော အသင်တို့၏ ရင်ခွင်၌ ကြီးပြင်းကြသော မိမိတို့မယားပါ သမီးများသည် လည်းကောင်း၊ ဖြစ်ကြကုန်သတည်း။

သို့ရာတွင် အကယ်၍ အသင်တို့သည် ယင်းဇနီးမိန်းမတို့နှင့် ပေါင်းသင်း စပ်ယှက်ခြင်း မပြုခဲ့ကြပါမူ (ထိုမယားပါ သမီးများနှင့် ထိမ်းမြားခြင်းအားဖြင့်) အသင်တို့၌ အပြစ်တစုံတရာမျှ မရှိပေ။ ၄င်းပြင် အသင်တို့၏သားရင်းတို့၏ ဇနီးမိန်းမတို့(နှင့် ထိမ်းမြားခြင်း)သည် လည်းကောင်း၊ ညီအစ်မနှစ်ယောက်တို့ကို (တချိန်တည်းထိမ်းမြား) ပေါင်းသင်းခြင်းသည် လည်းကောင်း၊ (မြစ်တားပြီး ဖြစ်ပေသည်)။

إِنَّ اللَّهَ كَانَ غَفُورًا رَّحِيمًا ﴿٤٣﴾

သို့ရာတွင် (ဤအမိန့်တော် မကျရောက် မီက) ပြုခဲ့သည်တို့သည် (ခွင့်လွှတ်ပြီး ဖြစ်ချေ သည်) အကြောင်းတမူကား အလ္လာဟ်အရှင်မြတ် သည် (ပြစ်မှုဒုစရိုက်တို့မှ) အကြိမ်ကြိမ် လွတ်ငြိမ်း ချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန် တရာ သနားကြင်နာ ညှာတာတော်မူသော မဟာ ကရုဏာ တော်ရှင် ဖြစ်တော်မူပေသတည်း။ [၁]

⑥ ထိမ်းမြားခြင်းမပြုရန် မြစ်တားထားသော အမျိုးသမီးများ

၁။	*မိခင်များ*	မိခင်များဆိုရာ၌ မိခင်များနှင့်တကွ မိခင်ဘက်မှငင်း၊ အဘဘက်မှငင်း အထက်အဆက်များ ဖြစ်သော အဘွား၊ အဘေးမ၊ အဘွေးမ၊ အဘဲမ၊ အဘိမ၊ အဘော်မ အာလုံး အကျုံးဝင်ပေသည်။
၂။	*သမီးများ*	သမီးများဟု ဆိုရာ၌ သားဘက်မှငင်း၊ သမီးဘက်မှငင်း၊ အောက်ဆက်များဖြစ်သော မြေး၊ မြစ်၊ တီ၊ မြွေ့၊ ကျွတ်၊ကျွတ်ဆတ်၊ အာလုံး အကျုံးဝင်ပေသည်။
၃။	*အစ်မ၊ နှစ်မများ*	အစ်မ၊ နှစ်မများဟု ဆိုရာ၌ မိတူဘတူ အစ်မနှစ်မများနှင့် တကွ မိတူဘကွဲ၊ ဘတူမိကွဲ အစ်မနှစ်မများအားလုံး အကျုံးဝင်ပေသည်။
၄။	*အရီးများ*	အရီးများဟုဆိုရာ၌ ဘခင်နှင့် ဘခင်၏အထက် အားလုံးတို့၏ မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲ အစ်မနှစ်မ အားလုံး အကျုံးဝင်ပေသည်။
၅။	*အဒေါ်များ*	အဒေါ်များဟု ဆိုရာ၌ မိခင်နှင့်တကွ မိခင်၏ အထက်ဆက် အားလုံးတို့၏ မိတူဘတူ၊ မိတူဘကွဲ။ ဘတူမိကွဲ အစ်မညီမများ အားလုံးအကျုံးဝင်ပေသည်။
၆။	*ညီ-အစ်ကို၏သမီးများ*	ညီ-အစ်ကို၏သမီးများဟု ဆိုရာ၌ မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲ ညီ-အစ်ကို အာလုံးတို့၏ သမီးများ အကျုံးဝင်ပေသည်။
၇။	*အစ်မ-နှမ၏သမီးများ*	အစ်-နှမ၏သမီးများဟု ဆိုရာ၌ မိတူဘတူ မိတူဘကွဲ၊ ဘတူမိကွဲ အစ်မ-နှမများ အားလုံးတို့၏ သမီးများ အကျုံးဝင်ပေသည်။
၈။	*နို့တိုက်ကျွေးဘူးသော နို့ထိန်းသည်မိခင်များ*	နို့တိုက်ကျွေးဘူးသော နို့ထိန်းသည်များကို အစ္စလာမ်သာသနာက အမိ ဟူ၍ပင် ခေါ်ဆိုထားသည်။ သို့ဖြစ်ပေရာ နို့ထိန်းသည်သည် မိခင်အရင်း၏ စည်းကမ်းချက်အတိုင်းပင် ဖြစ်ပေသည်။ ➤➤

၉။ *နို့စို့ဘက်အစ်မနှမများ* အကြင်ယောကျ်ားကလေး တယောက်သည် အကြင် မိန်းကလေး တယောက်၏ မိခင်နို့ကိုငင်း၊ ထိုမိန်းကလေး၏ နို့ထိန်းသည်၏ နို့ကိုငင်း၊ ထို့အတူ အကြင်မိန်းကလေး တယောက်သည် အကြင် ယောကျ်ားကလေး၏ မိခင်နို့ကိုငင်း၊ ထိုယောကျ်ားကလေး၏ နို့ထိန်းသည်၏နို့ကိုငင်း တချိန်တည်းဖြစ်စေ၊ တခြားစီဖြစ်စေ စို့ခဲ့ဘူးသော်၊ ထိုယောကျ်ားကလေးနှင့် ထိုမိန်းကလေးများသည် အချင်းချင်း နို့စို့ဘက် မောင်နှမများ ဖြစ်သွားကြလေသည်။

၁၀။ *ဇနီးမိန်းမများ၏မိခင်များ* ဇနီးမိန်းမများ၏ မိခင်များဟု ဆိုရာ၌ ဇနီးမိခင်နှင့်တကွ ထိုဇနီး၏ အထက်အဆက် အားလုံး အကျုံးဝင်ပေသည်။

မှတ်ချက်။

မိန်းမတဦးတယောက်နှင့် ထိမ်းမြားရုံမျှဖြင့် (သံဝါသ စပ်ယှက်မှု မပြုရသော်လည်း) ထိုမိန်းမ၏ အထက်ဆက် အားလုံးတို့နှင့် ထိမ်းမြားခြင်း မပြုပိုင်ချေ။ (ရှ-ကရ်ရှာဖ်)

၁၁။ *မယားပါသမီးများ* မယားပါသမီးများဟု ဆိုရာ၌ မယားပါသမီးများနှင့်တကွ ယင်းတို့၏ အောက်ဆက်များ အားလုံး အကျုံးဝင်ပေသည်။

မှတ်ချက်။

အကယ်၍ အကြင်မိန်းမတဦးနှင့် ထိမ်းမြားပြီး သံဝါသမပြုသေးလျှင် ထိုမိန်းမအား ကွာရှင်းပြီး၍သော်ငင်း၊ ထိုမိန်းမ သေဆုံးသည်ရှိသော်ငင်း၊ ထိုမိန်းမ၏သမီးနှင့် ထိမ်းမြားပိုင်ခွင့်ရှိသည်။

မိမိတို့၏ရင်ခွင်၌ ကြီးပြင်းသော မယားပါသမီးများဟူ၍ မိန့်ဆိုထားတော်မူခြင်းမှာ ဖြစ်လေ့ဖြစ်ထ ရှိသည်ကို ရည်ညွှန်းခြင်းမျှသာ ဖြစ်သည်။ သီးခြားစည်းကမ်းချက် မဟုတ်ပေ။ ရင်ခွင်၌ ကြီးပြင်းခြင်းသည် အဓိက အချက်မဟုတ်ပေ။

၁၂။ *သားရင်းများ၏ဇနီးများ* သားရင်းများ၏ဇနီးမိန်းမများဟုဆိုရာ၌ သားရင်းများနှင့်တကွ ယင်းတို့၏အောက်ဆက်များ အားလုံးအကျုံးဝင်ပေသည်။ သားရင်းဟု မိန့်ဆိုထားတော်မူခြင်းမှာ သားရင်းမဟုတ်သော မွေးစားသားများ၏ ဇနီးမိန်းများနှင့်ကား ထိမ်းမြားပိုင်ခွင့် ရှိခြင်းကြောင့်တည်း။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၃၃း ၃၇)တွင် တွေ့ရှိရပေသည်။

၁၃။ *ညီအစ်မနှစ်ယောက်ကို တပြိုင်တည်း ထိမ်းမြားပိုင်ခွင့်မရှိ* ညီအစ်မနှစ်ဦးဟု ဆိုရာ၌ မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲ၊ ညီအစ်များ၊ နို့စို့ဘက် ညီအစ်မများ အားလုံး အကျုံးဝင်ပေသည်။

၁၄။ *လင်ရှိမိန်းမများ* လင်ရှိမိန်းမများနှင့် ထိမ်းမြားခြင်းမပြုအပ်သည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ် ပဉ္စမအစောင်၏ အစ၌ပင် တွေ့ရှိရအံ့။

وَّالْمُحْصَنٰتُ مِنَ النِّسَآءِ
اِلَّا مَا مَلَكَتْ اَيْمَانُكُمْ ۚ
كِتٰبَ اللّٰهِ عَلَيْكُمْ ۚ وَاُحِلَّ
لَكُمْ مَّا وَرَآءَ ذٰلِكُمْ اَنْ
تَبْتَغُوْا بِاَمْوَالِكُمْ
مُّحْصِنِيْنَ غَيْرَ مُسٰفِحِيْنَ ۗ
فَمَا اسْتَمْتَعْتُمْ بِهٖ مِنْهُنَّ
فَاٰتُوْهُنَّ اُجُوْرَهُنَّ فَرِيْضَةً ۗ
وَلَا جُنَاحَ عَلَيْكُمْ فِيْمَا
تَرٰضَيْتُمْ بِهٖ مِنْۢ بَعْدِ

၂၄။ ၎င်းအပြင် အမျိုးသမီးများအနက် ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်သော (ဝါ) လင်ရှိ မိန်းမများသည်လည်း (ထိမ်းမြားရန်မြစ်တားပြီး ဖြစ်ချေ သည်)၊ သို့ရာတွင် အကြင် မိန်းမများသည် အသင်တို့ လက်တွင်းသို့ သုံ့ပန်းအဖြစ်နှင့် ရောက်ရှိ လာကြသော် *(ထိုသို့ လင်ရှိ သုံ့ပန်းမိန်းမများကိုပင် ထိမ်းမြားပိုင်ခွင့်ရှိပေသည်)*။ [၁] (ဤသည်) အသင်တို့အပေါ်၌ အလွှာဟ်အရှင်မြတ်၏ (အထံတော်မှ) သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အမိန့်တော်ဖြစ်သည်။ ၎င်းအပြင် ထို (ဖော်ပြပါ) မိန်းမတို့မှတပါး *အခြားသော မိန်းမများကို* အသင်တို့အဘို့ *"ဟလာလ်" ပြုလုပ်ထားတော်မူသည်*။ [၂] ဆိုလိုသည်ကား အသင်တို့သည် (ထိုမိန်းမများကို) မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့် ကာမဂုဏ် လိုက်စားသူများအဖြစ်နှင့် မဟုတ်ဘဲ ထိန်းသိမ်း စောင့်ရှောက်သော သူများအဖြစ်နှင့် (ဝါ)ထိမ်းမြားလက်ထပ်ယူသော သူများအဖြစ်နှင့် ရှာဖွေတောင်းဆို (ထိမ်းမြား)ကြကုန်။

---

① ထိမ်းမြားခြင်းမပြုရန် မြစ်တားထားသော အမျိုးသမီးများတွင် လင်ရှိမိန်းမများလည်း အပါအဝင် ဖြစ်သည်။ လင်ရှိမိန်းမတယောက်ကို ထိုသူ၏ ခင်ပွန်းက ကွာရှင်း၍ လင်ကွာ "အစ်ဒ်ဒတ်" ရက်မကုန်ဆုံးသမျှ ကာလပတ်လုံး ထိုသို့သော မိန်းမတဦးအား မည်သူတဦးတယောက်၌မျှ ထိမ်းမြားပိုင်ခွင့်မရှိချေ။ သို့ရာတွင် အကယ်၍ လင်ရှိမိန်းမတယောက်သည် စစ်သုံ့ပန်းအဖြစ်နှင့် အကြင်မွတ်စ်လင်မ် တဦးတယောက်၏ လက်တွင်းသို့ ရောက်ရှိလာသော် ထိုမွတ်စ်လင်မ်သည် မိမိ၏ လက်တွင်းသို့ ရောက်ရှိလာသော ထိုလင်ရှိမိန်းမအား တရားတော်နှင့်အညီ ထိမ်းမြားယူနိုင်ပေသည်။

ဥပမာ- "ဒါရုလ်ဟရ်ဗ်"ခေါ် ကာဖိရ်နိုင်ငံကို မွတ်စ်လင်မ် စစ်သည်တော်များသည် ချီတက်တိုက်ခိုက်အံ့၊ ကာဖိရ်နိုင်ငံတွင် အချင်းချင်း ထိမ်းမြားထားသော ဇနီးမောင်နှံများရှိအံ့၊ မွတ်စ်လင်မ် စစ်သည်တော်များသည် လင်ရှိမိန်းမတယောက်ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီး၍ ဒါရုလ်အစ္စလာမ်ခေါ် အစ္စလာမ်နိုင်ငံသို့ ယူဆောင်လာအံ့၊ ထိုအချိန်တွင် လင်ရှိမိန်းမအား ဒါရုလ်ဟရ်ဗ်၌ အသက်ထင်ရှားရှိနေသော ထိုသူမ၏ လင်ခင်ပွန်းက ကွာရှင်းခြင်း မပြုသော်လည်း ထိုမိန်းမအား ပိုင်ဆိုင်သော အကြင် မွတ်စ်လင်မ် ယောကျ်ားသည် တရားတော်စည်းကမ်းချက်နှင့်အညီ သက်ဆိုင်ရာ အစ်ဒ်ဒတ် ရက်ကုန်ဆုံးသည့်အခါ ထိမ်းမြားယူနိုင်ပေသည်။

ထိုမိန်းမ၏ အစ်ဒ်ဒတ်ရက်မှာ ရာသီသွေး တကြိမ်ဆင်းခြင်း၊ သို့တည်းမဟုတ် ကလေး ➤➤

الْفَرِيضَةِ ۗ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا ﴿٢٤﴾

ပြီးနောက် အသင်တို့သည် ထိုမိန်းမများနှင့် (ဇနီးမောင်နှံအဖြစ်နှင့်) အကျိုးကျေးဇူး ခံစားခဲ့ကြသည်ရှိသော် အသင်တို့သည် ထိုမိန်းမများအား သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်သော မဟ်ရ်ကိုပေးကြကုန်။

သို့ရာတွင် အကယ်၍ အသင်တို့သည် (ယင်းကဲ့သို့) မဟ်ရ်ကို သတ်မှတ်ပြဋ္ဌာန်း ပြီးနောက်တွင်(ထိုမဟ်ရ်ကို တိုးခြင်း၊ လျှော့ခြင်း၊ လုံးဝ ခွင့်လွှတ်ခြင်း၌) မိမိတို့အချင်းချင်း သဘောတူကျေနပ်ကြပါမူ အသင်တို့အပေါ်၌ အပြစ်တစုံတရာ မရှိချေ။

အလ္လာဟ်အရှင်မြတ်သည် မုချဧကန် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

(တနည်း)

ငင်းအပြင် အသင်တို့ ပိုင်ဆိုင်ခဲ့ကြသော (လင်ရှိ) သုံ့ပန်းမိန်းမများမှတပါး အခြား ထိမ်းသိမ်းစောင့်ရှောက်ပြီးဖြစ်သော (ဝါ) သူတပါးနှင့် ထိမ်းမြားထားသော အိမ်ထောင်သည် မိန်းမတို့သည်လည်း (ဟရာမ်မြစ်တားပြီးဖြစ်၏၊) [၃] (ဤသည်) အသင်တို့အပေါ်၌ အလ္လာဟ် အရှင်မြတ် (အထံတော်မှ) သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော (အမိန့်တော်ပင်တည်း၊)

➤➤ မျက်နှာမြင်ခြင်းဖြစ်သည်။ ကြည့်-ထာနဝီ။

(J) ဟဒီဆ်တော်၊ စွန့်တ်တော်များအရ အရီးနှင့်တူမကို တချိန်တည်း ထိမ်းမြားခြင်း၊ အဒေါ်နှင့် တူမကို တချိန်တည်း ထိမ်းမြားခြင်းသည်လည်း ဟရာမ်ဖြစ်သည်။

သို့ရာတွင် ယင်း (ဖော်ပြပါ) မိန်းမတို့မှတပါး အခြားမိန်းမတို့သည် (အကယ်၍) ယင်းမိန်းမတို့အား ကာမဂုဏ် လိုက်စားကြသူများအဖြစ် မဟုတ်ဘဲ အသင်တို့သည် မိမိတို့ ဥစ္စာပစ္စည်းများဖြင့် (ရိုးသားစွာ) ထိန်းသိမ်း စောင့်ရှောက် ကြသူများ အဖြစ် (၀၀) ထိမ်းမြားလက်ထပ် သူများ အဖြစ်နှင့် အိမ်ထောင်ပြုလိုကြပါမူ အသင်တို့အဘို့ ခွင့်ပြုပြီး ဖြစ်ချေသတည်း။ ၂

တဖန် အသင်တို့သည် ထိုဇနီးမိန်းမများ အနက်မှ မည်သည့်မိန်းမနှင့်မဆို (ဇနီးမောင်နှံအဖြစ်) အကျိုးကျေးဇူး ခံစားခဲ့သည်ရှိကြသော် အသင်တို့သည် ၎င်းမိန်းမတို့အား မဟ်ရ်များကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည့်အတိုင်း ပေးဆပ်ကြလေကုန်၊

သို့ရာတွင် အကယ်၍ အသင်တို့သည် (ယင်းကဲ့သို့) မဟ်ရ်ကို သတ်မှတ်အတည်ပြုပြီးသည့်နောက် (ထိုမဟ်ရ်ကို လျှော့ခြင်း၊ တိုးခြင်း၊ လုံးဝခွင့်လွှတ်ခြင်းနှင့် စပ်လျဉ်း၍) မိမိတို့အချင်းချင်း သဘောတူကျေနပ်ကြပါမူ အသင်တို့ အပေါ်ဝယ် ယင်းသည့်အချက်နှင့် စပ်လျဉ်း၍ အပြစ်တစုံတရာမျှ မရှိပေ။

အလ္လာဟ် အရှင်မြတ်သည် ဧကန်စင်စစ် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံ တော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

وَمَن لَّمْ يَسْتَطِعْ مِنكُمْ طَوْلًا

၂၅။ သို့ရာတွင် အသင်တို့ အနက်မှ အကြင်သူသည် လွတ်လပ်သော မုအ်မင်နှ် အမျိုးသမီးများနှင့်

اَنْ يَّنْكِحَ الْمُحْصَنٰتِ الْمُؤْمِنٰتِ
فَمِنْ مَّا مَلَكَتْ اَيْمَانُكُمْ مِّنْ
فَتَيٰتِكُمُ الْمُؤْمِنٰتِ ۭ وَاللّٰهُ
اَعْلَمُ بِاِيْمَانِكُمْ ۭ بَعْضُكُمْ
مِّنْ بَعْضٍ ۚ فَانْكِحُوْهُنَّ
بِاِذْنِ اَهْلِهِنَّ وَاٰتُوْهُنَّ
اُجُوْرَهُنَّ بِالْمَعْرُوْفِ مُحْصَنٰتٍ

ထိမ်းမြားနိုင်ရန် (ကုလုံကြွယ်ဝ) တတ်စွမ်းနိုင်ခြင်း မရှိခဲ့ပါလျှင် ထိုသို့သောသူသည် အသင်တို့ ပိုင်ဆိုင်ကြသော မုအ်မင်နှ်ကျွန်မများ(နှင့် ထိမ်းမြားနိုင်ပေသည်) [၁]

စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို အသိဆုံးပင် ဖြစ်တော်မူပေသည်။ [၂]

အသင်တို့သည် (အာဒမ်နှင့်ဟောင်ဝါမ ဆင်းသက်လာသော) သားချင်းများပင် [၃] ဖြစ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းကျွန်မတို့အား ပိုင်ဆိုင်ကြသော သခင်များ၏ ခွင့်ပြုချက်ဖြင့် ထိုကျွန်မများနှင့် ထိမ်းမြား လက်ထပ်ကြကုန်။

---

① "တွောင်လ်" ၏ အဓိပ္ပါယ်မှာ ချောင်ချိခြင်း၊ ကုလုံကြွယ်ဝခြင်းဟူ၍ ဖြစ်သည်။ ဤနေရာတွင် "တွောင်လ်"၏ အလိုသဘောမှာ မဟ်ရ်နှင့် စားဝတ်နေထိုင်ရေး စသည်တို့အတွက် ကုန်ကျစရိတ်များကိုဆိုလိုသည်။

ကျွန်မဟုတ်သော လွတ်လပ်သော ဂုဏ်အသရေရှိ မွတ်စ်လင်မ်အမျိုးသမီးများနှင့် ထိမ်းမြားရန်အတွက် မဟ်ရ်နှင့် အခြားစားဝတ်နေထိုင်ရေး တို့အတွက် ကုန်ကျစရိတ်များကို မတတ်စွမ်းနိုင်သော သူများသည် မွတ်စ်လင်မ်ကျွန်မများနှင့် ထိမ်းမြားနိုင်ကြပေသည်။ ဤကဲ့သို့ ကျွန်မများနှင့် ထိမ်းမြားရန် ညွှန်ပြထားတော်မူခြင်းမှာ ကျွန်မများအတွက် ကုန်ကျစရိတ်သည် လွတ်လပ်သော အမျိုးသမီးများအတွက် ကုန်ကျရသည့်စရိတ်နှင့် စာလျှင် သက်သာလွယ်ကူခြင်းကြောင့် ဖြစ်ပေသည်။ ထို့ပြင်တဝ ကျွန်မများ၏ သခင်များသည် မရှိဆင်းရဲသော သူများအား မိမိတို့၏ ကျွန်မများနှင့် ထိမ်းမြားပေးခြင်းကို စက်ဆုပ်ရွံရှာကြမည်လည်း မဟုတ်ပေ။ တနည်းအားဖြင့် ကျွန်မများကို မြှောက်စားရာလည်း ရောက်ပေသည်။

② လူသားတို့၏ မြင့်မြတ်ခြင်းသည် "အီမာန်" အပေါ်၌သာလျှင် တည်ရှိပေသည်။ ကျွန်ဖြစ်ခြင်း၊ လွတ်လပ်သူဖြစ်ခြင်းအပေါ်၌ ကား မတည်ရှိပေ။ မာဂျီဒီ။

③ အမိုက်ခေတ်တွင် အရပ်လူမျိုးတို့သည် မျိုးရိုးဇာတိကို အကြောင်းပြု၍ အထူးဂုဏ်ယူ ဝါကြွားလေ့ရှိခဲ့ကြ၏။ ကျွန်များကို အလွန်တရာမျှ အထင်အမြင် သေးခဲ့ကြ၏။ အမှန်သော်ကား ကျွန်များသည်၎င်း၊ လွတ်လပ်သောသူများသည်၎င်း ဘခင်ကြီးအာဒမ်နှင့် မိခင်ကြီး ဟောင်ဝါတို့မှ ဆင်းသက်ပေါက်ဖွားလာခဲ့ကြသော သူများသာလျှင် ဖြစ်ကြ၏။ ၎င်းပြင် လိုက်နာကျင့်သုံးလျက်ရှိသော သာသနာမှာလည်း အစ္စလာမ် သာသနာပင်ဖြစ်၏ ကျွန်မများနှင့် လွတ်လပ်သော သူများသည် အစ္စလာမ်သာသနာဝင်များချည်း ဖြစ်ကြပေရာ၊ အစစ အရာရာတွင် သာတူညီမျှ ဖြစ်ကြပေသည်။ အခြေအနေအရ အကြောင်းမသင့်၍ သူ့ကျွန်ဖြစ်နေရသူတို့ကို လုံးဝ အထင်အမြင်မသေးသင့်ပေ။

غَيْرَ مُسٰفِحٰتٍ وَّلَا مُتَّخِذٰتِ
اَخْدَانٍ ۚ فَاِذَآ اُحْصِنَّ فَاِنْ
اَتَيْنَ بِفَاحِشَةٍ فَعَلَيْهِنَّ
نِصْفُ مَا عَلَى الْمُحْصَنٰتِ
مِنَ الْعَذَابِ ۭ ذٰلِكَ لِمَنْ
خَشِيَ الْعَنَتَ مِنْكُمْ ۭ وَاَنْ
تَصْبِرُوْا خَيْرٌ لَّكُمْ ۭ وَاللّٰهُ
غَفُوْرٌ رَّحِيْمٌ ۝۲۵

ဌင်းပြင် အသင်တို့သည် တရားဥပဒေနှင့် အညီ ထိုကျွန်မများအား ဌင်းတို့၏ မဟ်ရ်များကို ပေးကြကုန်၊ ထို ကျွန်မများသည် (ထိမ်းမြားခြင်းအား ဖြင့် မိမိတို့၏)ဂုဏ်ရည်ကို ထိန်းသိမ်းစောင့်ရှောက် သူများ ဖြစ်ကြရပေမည်။ ကာမေသုမိဇ္ဈာစာရကို ကျူးလွန်သူများ မဖြစ်ကြရပေ။ တိတ်တိတ်ပုံး မိတ်ဖွဲ့ (လင်မြှောင်ထား) သူများလည်း မဖြစ်ကြရပေ။ ထို့ပြင် ထို ကျွန်မများသည် ဇနီးမိန်းမများအဖြစ် ထိမ်းမြားခြင်းခံရပြီးနောက် အကယ်၍ ကာမေသုမိဇ္ဈာစာရကို ကျူးလွန်ခဲ့ကြသော် ထိုကျွန်မတို့အပေါ်၌ (စီရင်အပ်သော အပြစ်ဒဏ်သည်) လွတ်လပ်သော အမျိုးသမီးများအပေါ်၌ စီရင်အပ်သော *အပြစ်ဒဏ်၏ ထက်ဝက်ဖြစ်သည်*။ [၁]

ဤ(ကဲ့သို့ ကျွန်မများနှင့် ထိမ်းမြားရန်) အဓိန့်တော်သည် အသင်တို့အနက်မှ (ထိမ်းမြားခြင်း မပြုဘဲ နေခဲ့သည်ရှိသော်) ကာမေသုမိဇ္ဈာစာရ (ကျူးလွန်မိမည်)ကို စိုးရိမ်သောသူတို့အဘို့ဖြစ်၏။

---

① ကာမေသုမိဇ္ဈာစာရကို အကယ်၍(ကြေးကျွန်မဟုတ်သော) လွတ်လပ်သော ဂုဏ်အသရေရှိ မိန်းမပျိုတယောက်က ကျူးလွန်သည်ရှိသော် ၎င်းမိန်းမပျိုး၏ပြစ်ဒဏ်မှာ ကြိမ်ဒဏ်တရာ (၁၀၀)ဖြစ်သည်။ ရှ-ကုရ်အာန်ကျမ်းမြတ်-(၂၄း၂)။ ကာမေသုမိဇ္ဈာစာရကို အကယ်၍ ကျွန်မတယောက်က ကျူးလွန်သည်ရှိသော် ၎င်းကျွန်မ၏ ပြစ်ဒဏ်မှာ လွတ်လပ်သော မိန်းမပျိုတယောက်၏ ပြစ်ဒဏ်၏ထက်ဝက် (၀၊) ကြိမ်ဒဏ်ငါးဆယ် (၅၀) ဖြစ်သည်။

ကာမေသုမိဇ္ဈာစာရကို အကယ်၍ လွတ်လပ်သော လင်ရှိ အမျိုးသမီးတယောက် ကျူးလွန်သည်ရှိသော် ၎င်းလင်ရှိ အမျိုးသမီး၏ပြစ်ဒဏ်မှာ "ရဂျ်မ်" ခဲဖြင့် ပေါက်သတ်ခြင်းဖြစ်သည်။ ကာမေသုမိဇ္ဈာစာရ ကျူးလွန်သော ကျွန်မအဘို့ အပျိုဖြစ်စေ၊ လင်ရှိဖြစ်စေ ခဲဖြင့်ပေါက်သတ်ခြင်းအပြစ်ဒဏ်မရှိချေ။ ကြိမ်ဒဏ် (၅၀)ပင် ဖြစ်ချေသည်။ အဘယ်ကြောင့်ဟူမူ ခဲဖြင့် ပေါက်သတ်ခြင်း ပြစ်ဒဏ်၏ထက်ဝက် မဖြစ်နိုင်ခြင်းကြောင့်ပင်တည်း။ လွတ်လပ်သော အမျိုးသမီး၏ အပြစ်ဒဏ်နှင့် လွတ်လပ်သော အမျိုးသား၏ ပြစ်ဒဏ်မှာ အတူတူပင်ဖြစ်၏။ ထို့အတူပင် ကျွန်မ၏ပြစ်ဒဏ်နှင့် ကျွန်ယောကျ်ား၏ အပြစ်ဒဏ်သည်လည်း အတူတူပင်ဖြစ်ပေသည်။ မာဂျီဒီ။ ထာနဝီ။

ကာမေသုမိဇ္ဈာစာရ ကျူးလွန်မှုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်များအကြောင်းကို "ဟဒါဃဟ်" ကျမ်းတွင်၎င်း၊ အေမာမ်ရာဇီသခင်ရေး "အဟ်ကာမုလ် ကုရ်အာန်" ကျမ်းတွင်၎င်း အကျယ်တဝင့် တွေ့ရှိနိုင်ပေသည်။

ငင်းပြင်အသင်တို့သည် (မိမိတို့၏ စိတ်များကို ချုပ်တည်း၍ ကျွန်မများနှင့်မထိမ်းမြားဘဲ) သည်းခံကြပါမူ အသင်တို့အတို့ ပို၍ပင်ကောင်းပေသည်။ [၁]

အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုများမှ) အလွန်တရာ ချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်တရာ သနားညှာတာ ကရုဏာထားတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

يُرِيدُ اللَّهُ لِيُبَيِّنَ لَكُمْ وَيَهْدِيَكُمْ سُنَنَ الَّذِينَ مِن قَبْلِكُمْ وَيَتُوبَ عَلَيْكُمْ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٢٦﴾

၂၆။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတို့ (မိမိအမိန့်တော်များကို) ရှင်းလင်းဖော်ပြတော်မူရန်လည်းကောင်း၊ အသင်တို့အလျင် ရှိခဲ့ကြသော သူ(တော်စင်) တို့၏ တရားနည်းလမ်း တို့ကို ညွှန်ကြားပြသတော် မူရန်လည်းကောင်း၊ (မိမိ) ကရုဏာတော်နှင့် အသင်တို့ဘက်သို့ ပြန်လှည့်တော်မူရန်လည်းကောင်း ရည်စူးတော်မူလေသည်။

စင်စစ် သော်ကား အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော် မူသောအရှင်မြတ် ဖြစ်တော် မူပေသတည်း။

وَاللَّهُ يُرِيدُ أَن يَتُوبَ عَلَيْكُمْ وَيُرِيدُ الَّذِينَ

၂၇။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ဘက်သို့ (မိမိ) ကရုဏာတော်ဖြင့် လှည့်တော်မူရန် ရည်စူးတော်မူလေသည်။

---

[၁] အကယ်၍ အကြင်လွတ်လပ်သောသူ တဦးသည် မိမိ၏ စိတ်ကို ချုပ်တည်းနိုင်သည့်အတွက် ထိမ်းမြားခြင်း မပြုဘဲလျက်ပင် ကာမသုခိမစ္ဆာစာရ ကျူးလွန်မိမည်ကို မစိုးရိမ်ရသော် ထိုသို့ လွတ်လပ်သော သူအတို့ ကျွန်မိန်းမများနှင့် မထိမ်းမြားဘဲ လွတ်လပ်သော အမျိုးသမီးနှင့် ထိမ်းမြားနိုင်သည့် တိုင်အောင် သည်းခံနေခြင်းသည် ပို၍ပင် သင့်မြတ်ပေသည်။ (မာဂျိဒီ)

يَتَّبِعُونَ الشَّهَوَٰتِ أَن تَمِيلُوا مَيْلًا عَظِيمًا ﴿٢٧﴾

သို့ရာတွင် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်စားကြကုန်သော သူတို့မှာကား [၁] အသင်တို့ (ဖြောင့်မတ် မှန်ကန်သော တရားလမ်းစဉ်မှ) အကြီး အကျယ် ယိမ်းယိုင် ချွတ်ချော် တိမ်းပါးခြင်းကိုသာ ရည်စူးကြကုန်သတည်း။

يُرِيدُ اللَّهُ أَن يُخَفِّفَ عَنكُمْ ۚ وَخُلِقَ الْإِنسَانُ ضَعِيفًا ﴿٢٨﴾

၂၈။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ဝန်ကို လျော့ပေါ့စေတော် မူရန် ရည်စူးတော်မူ၏၊ [၂] စင်စစ်တမူကား လူသားတို့သည် အားအင်ချည့်နဲ့ သူများအဖြစ် ဖန်ဆင်းခြင်း ခံခဲ့ကြရလေသတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَأْكُلُوا أَمْوَالَكُم بَيْنَكُم بِالْبَاطِلِ إِلَّا أَن تَكُونَ تِجَارَةً عَن تَرَاضٍ مِّنكُمْ ۚ

၂၉။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အချင်းချင်း တဘက်နှင့် တဘက် သဘောတူ ကျေနပ်မှုဖြင့် တစုံတရာ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သည်မှတပါး မိမိဥစ္စာပစ္စည်းများကို မိမိတို့အချင်းချင်း မတရားသော နည်းနှင့် [၃] စားသုံးခြင်းမပြုကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း သတ်ဖြတ်ခြင်းကိုလည်း မပြုကြကုန်လင့်။ [၄]

---

① စိတ်အလိုဆန္ဒများကို လိုက်နာသောသူများဟူသည် မည်သူမည်ဝါများနည်း။ ကုရ်အာန်ကျမ်းလာ အသုံးအနှုန်းကို ထောက်ရှုခြင်းအားဖြင့် စိတ်အလိုဆန္ဒများကို လိုက်နာသောသူများမှာ ကာဖိရ်များ ဖြစ်ကြောင်း ထင်ရှားလှပေသည်။ ဤစကားတွင် ယဟူဒီများ၊ နဆ္ဒရာနီများ၊ မဂျူစီများ၊ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူများ၊ သူယုတ်မာများလည်း အကျုံးဝင်သည်ဟု အသီးသီး အဆိုရှိပေသည်။

စိတ်၏ အလိုဆန္ဒများကို လိုက်နာသောသူများတွင် ယဟူဒီများ၊ နဆ္ဒရာနီများ၊ ကာမေသုမိစ္ဆာစာရကို ကျူးလွန်သောသူများနှင့် မမှန်ကန်သောအရာကို လိုက်စားသောသူ အားလုံးတို့သည် အကျုံးဝင်ပေသည်။ အဘယ့်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်က မြစ်တားထားတော်မူသော အရာများကို ပြုကျင့်သောသူ အားလုံးတို့သည် မိမိ၏ စိတ်အလိုဆန္ဒကို လိုက်သူများသာ ဖြစ်ခြင်းကြောင့်တည်း။ အီဗ်နုကျရီရ်။ မာဂျီဒီ။

② အလ္လာဟ်အရှင်မြတ်သည် မဟာကရုဏာတော်ရှင် ဖြစ်တော်မူပေရာ လူသားတို့အား လူသားတို့ ထမ်းဆောင်နိုင်သော တာဝန်များကိုသာလျှင် ထမ်းဆောင်စေတော်မူသည်၊ လူသားတို့ မထမ်းဆောင်နိုင်သော တာဝန်များကိုမူကား လူသားတို့အား ထမ်းဆောင်စေတော်မူရန် တာဝန်ပေးတော်မမူချေ။ လူသားတို့၏ ကိုယ်ခန္ဓာနှင့်တကွ လူသားတို့၏ အတွေးအခေါ် အမြော်အမြင် အားလုံးတို့သည် အားအင်ချည့်နဲ့ ➤➤

وَلَا تَقْتُلُوٓا۟ أَنفُسَكُمْ ۚ إِنَّ ٱللَّهَ كَانَ بِكُمْ رَحِيمًا ﴿٢٩﴾

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَمَن يَفْعَلْ ذَٰلِكَ عُدْوَٰنًا وَظُلْمًا فَسَوْفَ نُصْلِيهِ نَارًا ۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرًا ﴿٣٠﴾

၃၀။ သို့ရာတွင် အကြင်သူသည် ကျူးလွန်ခြင်းအားဖြင့်လည်းကောင်း၊ မတော်မတရား ညှဉ်းပန်းနှိပ်စက်ခြင်းအားဖြင့် လည်းကောင်း၊ ယင်းကဲ့သို့ ပြုလုပ်ပါမူ၊ ငါအရှင်မြတ်သည် ထိုသူအား မကြာမြင့်မီ ငရဲထဲသို့ ထည့်သွင်းတော်မူအံ့။ အမှန်သော်ကား ဤ(ကဲ့သို့ ထည့်သွင်းခြင်း)သည် အလ္လာဟ် အရှင်မြတ်အဘို့ လွယ်ကူသောအမှုပင် ဖြစ်ချေသည်။

إِن تَجْتَنِبُوا۟ كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنكُمْ سَيِّـَٔاتِكُمْ

၃၁။ (အို- "မုအ်မင်နဲ်" သင်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိမိတို့အား မြစ်တားပြီးဖြစ်သော၊ *ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်၍ နေကြပါမူ၊* [၁]

➤➤ နုနယ်သည်သာဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်သည် လူသားတို့အဘို့ ပြဋ္ဌာန်းတော်မူသော အဓိန့်ပညတ်အရပ်ရပ်၌ လူသားတို့ လွယ်လင့်တကူ လိုက်နာဆောင်ရွက်နိုင်ရန် အလို့ငှါ လွယ်ကူမှုကို အမြဲတစေရှေ့ရှုတော်မူပေသည်။ ရှ ကုရ်အာန် - (၂: ၁၈၅။ ၂: ၂၃၃။ ၂: ၂၈၆။ ၆: ၁၅၂။ ၇: ၄၂။ ၂၃: ၆၂)။ (အီဗ်နုကျရီရ်)၊ (မာဂျီဒီ)

① ဆိုလိုသည်ကား သူတပါး၏ ဥစ္စာပစ္စည်းကို မတရားသဖြင့် စားသုံးခြင်းမပြုရ။ ဥပမာ - သူတပါး၏ ဥစ္စာပစ္စည်းများကို မုသားပြောဆို၍ ၎င်း၊ ကောက်ကျစ်စဉ်းလဲ လှည့်ဖြားု၍ ၎င်း၊ ခိုးဝှက်၍ ၎င်း၊ အခြားမည်သည့် မတရားသောနည်းဖြင့် စားသုံးခြင်းအလျင်းမပြုအပ်ပေ။ သို့ရာတွင် တရားသဖြင့် နှစ်ဦးသဘောတူရောင်းဝယ်ဖောက်ကားမှုတွင်မူ တရားသဖြင့် စားသုံးပိုင်ခွင့်ရှိပေသည်၊ ('မတရားသဖြင့်' ဟူသော စကားတွင် အစွယ်လာမ်တရားတော်နှင့် ဆန့်ကျင်သော ကိစ္စအဝဝအားလုံးသည် အကျုံးဝင်ပေသည်)။

② "အသင်တို့သည် မိမိတို့ကိုယ်ကို သတ်ဖြတ်ခြင်းမပြုကြကုန်လင့်" ဟူသော အမိန့်တော်တွင် သူတပါးကို သတ်ခြင်း၊ ညီနောင်အချင်းချင်း သတ်ခြင်း၊ သာသနာဝင် အချင်းချင်းသတ်ခြင်း၊ မိမိကိုယ်ကို မိမိကိုယ်တိုင် သတ်ခြင်းများ အားလုံးအကျုံးဝင်ပေသည်။ ရှ - မာဂျီဒီ။

③ 'ဂုနာဟ် ကဗီရဟ်' ကြီးလေးသော အပြစ်ဟူသည်ကား အဘယ်အပြစ်နည်း။ ဤကိစ္စနှင့် စပ်လျဉ်း၍ 'အီဗ်နုကျရီရ်ကျမ်း' တွင် အဆိုအမျိုးမျိုးတွေ့ရှိရပေသည်။ ဤတွင် အဂ္ဂသာဝကကြီး အဗ်ဒုလ္လါဟ် အီဗ်နု အမ္ဗါစ်သခင်၏ အဆိုတော်တရပ်ကို ဖော်ပြလိုပေသည်။ ➤➤

وَنُدْخِلْكُمْ مُّدْخَلًا كَرِيْمًا ﴿٣١﴾

ငါအရှင်မြတ်သည် အသင်တို့၏(သေးငယ်သော) မကောင်းမှု ဒုစရိုက်တို့ကို အသင်တို့မှ ကျေအေးစေတော်မူ၍ အသင်တို့အား ဂုဏ်သိရိထူးကဲမွန်မြတ်သောဌာနသို့ ဝင်ရောက်စေတော်မူအံ့။

وَلَا تَتَمَنَّوْا مَا فَضَّلَ اللّٰهُ بِهٖ بَعْضَكُمْ عَلٰى بَعْضٍ ؕ لِلرِّجَالِ نَصِيْبٌ مِّمَّا اكْتَسَبُوْا ؕ وَلِلنِّسَآءِ نَصِيْبٌ مِّمَّا اكْتَسَبْنَ ؕ وَسْـَٔلُوا اللّٰهَ مِنْ فَضْلِهٖ ؕ اِنَّ اللّٰهَ كَانَ بِكُلِّ شَیْءٍ عَلِيْمًا ﴿٣٢﴾

၃၂။ ထိုမှတပါးတဲ့ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အနက် အချို့ကိုအချို့ထက် (အရည်အခြင်း-အဆင့်အတန်း) သာလွန်စေတော်မူခဲ့သည်ကို အသင်တို့သည် အာသာငမ်းငမ်း လောဘ မရှိကြကုန်လင့်။

ယောကျ်ားများအတို့ ၎င်းတို့ရှာဖွေဆည်းပူးခဲ့ကြသော "အမလ်" ကျင့်ဝတ်(တို့၏ ကုသိုလ်အကျိုးဖြစ်သော) ဝေစုဝေပုံသည် ရှိ၏။ ထိုနည်းတူစွာ မိန်းမများ အဘို့လည်း ယင်းမိန်းမတို့ ရှာဖွေဆည်းပူးခဲ့သော "အမလ်" ကျင့်ဝတ် (တို့၏ ကုသိုလ်အကျိုးဖြစ်သော) ဝေစုဝေပုံသည် ရှိ၏။

သို့ရာတွင် အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်ကို အသနားခံကြလေကုန် အလ္လာဟ် အရှင်မြတ်သည် ဇကန်အမှန် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ် ဖြစ်တော်မူသတည်း။

➤➤ "အသင်တို့သည် မိမိတို့မြစ်တားခြင်းခံရသော ကြီးလေးသော အပြစ်များကို ကြဉ်ရှောင်ကြသည်ရှိသော်" ဟူသော မူကွပါဠ်တော်နှင့် စပ်လျဉ်း၍ အဂ္ဂသာဝက ကြီး အီဗ်နုအဗ္ဗါစ်သခင်က ဖွင့်ဟပြောကြားတော်မူသည်မှာ ထိုကြီးလေးသော အပြစ်များဟူသည် အကြင်အပြစ်အားလုံးကို ဆိုလိုသည်၊ ထိုအပြစ်များနှင့် စပ်လျဉ်း၍ အလ္လာဟ် အရှင်မြတ်သည် ငရဲမီးဘေးဖြင့်သော်လည်းကောင်း၊ အမျက်တော်ဖြင့် သော်လည်းကောင်း၊ အပြစ်ဒဏ်ဖြင့်သော်လည်းကောင်း အဆုံးစီရင်ထားတော်မူသည်။ အီဗ်နုကျဒီရ်။

وَلِكُلٍّ جَعَلْنَا مَوَالِيَ مِمَّا تَرَكَ
الْوَالِدَانِ وَالْأَقْرَبُونَ ۚ
وَالَّذِينَ عَقَدَتْ أَيْمَانُكُمْ
فَآتُوهُمْ نَصِيبَهُمْ ۚ إِنَّ اللَّهَ
كَانَ عَلَىٰ كُلِّ شَيْءٍ شَهِيدًا ﴿٣٣﴾

၃၃။ ထို့အပြင်တဝ မိဘနှစ်ပါးသည်၎င်း၊ ဆွေမျိုးနီးစပ်တို့သည်၎င်း၊ ထားရှိခဲ့သော အမွေပစ္စည်းများနှင့် စပ်လျဉ်း၍ အားလုံး၌ (အသီးသီး အသက အသက သော) အမွေစားအမွေခံများကို ငါအရှင်မြတ်သည် သတ်မှတ်၍ ထားတော်မူခဲ့လေပြီ။

၎င်းပြင် အသင်တို့သည် မိမိတို့(၏ လက်ျာလက်များဖြင့်) ပဋိညာဉ်ထုံးဖွဲ့ထားသော သူတို့အားလည်း ၎င်းတို့၏ (ထိုက်သင့်သော)ဝေစုဝေပုံကို ပေးကြလေကုန်။ အလ္လာဟ် အရှင်မြတ်သည် မုချဇကန် အရာခပ်သိမ်းတို့ကို (အကြွင်းမဲ့)သိမြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။

اَلرِّجَالُ قَوَّامُونَ عَلَى النِّسَآءِ
بِمَا فَضَّلَ اللَّهُ بَعْضَهُمْ عَلَىٰ
بَعْضٍ وَبِمَا أَنفَقُوا مِنْ
أَمْوَالِهِمْ ۚ فَالصَّالِحَاتُ قَانِتَاتٌ
حَافِظَاتٌ لِّلْغَيْبِ بِمَا حَفِظَ

၃၄။ အလ္လာဟ် အရှင်မြတ်သည် (ယောကျ်ားနှင့် မိန်းမတို့အနက်) အချို့ကို (ယောကျ်ားများကို) အချို့ထက် (မိန်းမများထက်)ပင် အရည်အခြင်း၊ အဆင့်အတန်း၊ သာလွန်စေတော် မူခဲ့သောကြောင့်၎င်း၊ ယောကျ်ားများသည် မိမိတို့၏ ဥစ္စာပစ္စည်းများကို (မိန်းမတို့အား ကျွေးမွေး ထောက်ပံ့ရာတွင်) သုံးစွဲသောကြောင့်၎င်း၊ ယောကျ်ားများသည် မိန်းမတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြသည်။ ၁

---

① အလ္လာဟ်အရှင်မြတ်၏ အထံတော်ပါးသို့ ချဉ်းကပ်ရာတွင်၎င်း၊ ကုသိုလ်အကျိုးများကို ခံစားရာတွင်၎င်း အမျိုးသမီးများနှင့် အမျိုးသားများသည် တန်းတူဖြစ်ကြသည့် အကြောင်း အထက်တွင် ရေးသားဖော်ပြခဲ့ပေပြီ။ ဆွေလာတ်ဝတ်ပြုမှု၊ ဆွိယာမ် ဥပုသ်ဆောက်တည်မှု၊ ဇကာတ်ပေးဆောင်မှု၊ ဟဂ်ျပြုမှုနှင့် တကွ အခြားခပ်ကိုးကွယ်မှုအားလုံးတို့သည် ယောကျ်ားများအပေါ်၌ တာဝန်ရှိသကဲ့သို့ မိန်းမများအပေါ်၌လည်း တာဝန်ရှိသည်။ ယောကျ်ားများ၏ ခပ်ကိုးကွယ်မှုများကို အလ္လာဟ်အရှင်မြတ်သည် လက်ခံတော်မူသကဲ့သို့ မိန်းမများ၏ ခပ်မှုများကိုလည်း လက်ခံတော်မူ၏ ဝတ်ပြုရန် ယောကျ်ားများအဘို့ အခွင့်အလမ်းများ ရှိသကဲ့သို့ မိန်းမများအဘို့လည်း အခွင့်အလမ်းများရှိ၏။

လောကုတ္တရာရေးရာများတွင် ယောကျ်ားများနှင့် မိန်းမများသည် တန်းတူ ဖြစ်ကြသော်လည်း လောကီရေးကိစ္စများကို စီမံအုပ်ချုပ်မှုများတွင်ကား အမျိုးသမီးများနှင့် အမျိုးသားများသည် တူညီကြ ➤➤

اللَّهُ ۚ وَاللَّاتِي تَخَافُونَ نُشُوزَهُنَّ فَعِظُوهُنَّ وَاهْجُرُوهُنَّ فِي الْمَضَاجِعِ وَاضْرِبُوهُنَّ

သို့ဖြစ်ပေရာ သူတော်ကောင်း အမျိုးသမီးတို့သည် (လင်ခင်ပွန်းသည်တို့၏) အမိန့်ကို နာယူသူများသည်လည်းကောင်း၊ ဆိတ်ကွယ်ရာတွင် (လင်ခင်ပွန်းသည်တို့၏ ဥစ္စာပစ္စည်းနှင့် မိမိတို့၏ ကာယိန္ဒြေ သိက္ခာများကို) အလ္လာဟ် အရှင်မြတ်၏ (ကူညီ) စောင့်ရှောက်မှုဖြင့် ထိန်းသိမ်းသူများသည်လည်းကောင်း၊ ဖြစ်ကြကုန်၏။ [၁]

➤➤ သည်မဟုတ်ပေ။ အဘနှင့် သားသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်ရာတွင် တူညီကြ၏။ အဘ၏ကောင်းမှုကိုငဲ့၊ သား၏ ကောင်းမှုကိုငဲ့၊ အလ္လာဟ်အရှင်မြတ်သည် လက်ခံတော်မူ၏။ သို့တစေလည်း အစ္စလာမ် တရားတော်၏ ပညတ်ချက်အရပင်လျှင် အဘဖြစ်သူသည် စီမံအုပ်ချုပ်သူဖြစ်၏။ သားသည် စီမံအုပ်ချုပ်ခြင်းခံရသူဖြစ်၏။ အဘဖြစ်သူသည် အမိန့်ပေးသူဖြစ်၏။ သားသည် နာခံရသူဖြစ်၏။ ထို့အတူပင် မိန်းမများနှင့် ယောကျ်ားများသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်ရာတွင် အတူတူ ဖြစ်ကြ၏။ ယောကျ်ားများ၏ ကောင်းမှုများကို အလ္လာဟ်အရှင်မြတ် လက်ခံတော်မူသကဲ့သို့ မိန်းမများ၏ ကောင်းမှုများကိုလည်း လက်ခံတော်မူ၏။ သို့တစေလည်း ယောကျ်ားများသည် စီမံအုပ်ချုပ်သော သူများဖြစ်ကြ၏။ မိန်းမများသည် စီမံအုပ်ချုပ်ခြင်းကို ခံရသူများဖြစ်ကြ၏။ ယောကျ်ားများသည် အမိန့်ပေးကြ၏။ မိန်းမများသည် နာခံကြရ၏။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်ကပင် 'ဝဟ်ဗီ' အဖြစ်နှင့် ယောကျ်ားတို့အား ကိုယ်ခန္ဓာအားဖြင့်ငင်း၊ အတွေးအခေါ် အမြော်အမြင်အားဖြင့်ငင်း အသာပေးထားတော်မူသည်။ ငင်းပြင် ယောကျ်ားတို့သည် မိန်းမတို့၏ နေထိုင်စားသောက်ဝတ်ဆင်ရေး အားလုံးတို့အတွက် တာဝန်ခံများလည်း ဖြစ်ကြသည်။ ဤသည့် အကြောင်းကိုပင် ဤမုဟူပါဠိတော်၌ အတည့်အလင်း မိန့်ဆိုထားတော်မူသည်။ ဤကား အမျိုးသမီးတို့အား ယင်းအမျိုးသမီးတို့နှင့် လျော်ကန်သင့်မြတ်သော အဆင့်အတန်းတွင် အစ္စလာမ်သာသနာက စံနစ်တကျ နေရာချထားပေးခြင်းပင်တည်း။

① အလ္လာဟ်အရှင်မြတ်သည် ယောကျ်ားများအား မိန်းမများထက် အသာပေးထားတော်မူ၏။ ယောကျ်ားများသည်လည်း မိန်းမတို့၏ နေထိုင်စားသောက်ဝတ်ဆင်မှု စသည်တို့အတွက် တာဝန်ခံများ ဖြစ်ကြ၏။ သို့ဖြစ်ပေရာ မွတ်စ်လင်မ် မိန်းမမြတ်တို့သည် လင်ခင်ပွန်းတို့၏ အမိန့်များကို နာခံကြရပေမည်။ လင်ခင်ပွန်းတို့ မရှိကြသည့်အချိန် မိမိတို့၏ကာယိန္ဒြေနှင့် တကွ ဥစ္စာပစ္စည်းများကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါများနှင့် စပ်လျဉ်း၍ တမန်တော်မြတ်၏ ဩဝါဒတော်တရပ်ကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

မိန်းမတို့အနက် အကောင်းဆုံးမိန်းမသည် အကြင်မိန်းမပင်ဖြစ်၏။ အကယ်၍ အသင်သည် ထိုမိန်းမအား ကြည့်လျှင် ထိုမိန်းမသည် အသင့်အား ပျော်ရွှင်စေမည်။ အကယ်၍ အသင်သည် ထိုမိန်းမအား အမိန့်ပေးလျှင် ထိုမိန်းမသည် အသင်၏ အမိန့်ကို နာခံပေမည်။ အကယ်၍ အသင်သည် ထိုမိန်းမထံမှ မျက်ကွယ်ရာသို့ ရောက်ရှိနေလျှင် ထိုမိန်းမသည် မိမိ၏ ကာယိန္ဒြေနှင့် တကွ အသင်၏ ပစ္စည်းများကိုထိန်းသိမ်း စောင့်ရှောက်ထားပေမည်။ (အီဗ်နုဂျရီရ်)

فَإِنْ أَطَعْنَكُمْ فَلَا تَبْغُوا عَلَيْهِنَّ سَبِيلًا ۗ إِنَّ اللَّهَ كَانَ عَلِيًّا كَبِيرًا ﴿٣٤﴾

သို့ရာတွင် အသင်တို့သည် (အခြေအနေကို ထောက်ထားသုံးသပ် အကဲခပ်ခြင်းအားဖြင့်) အကြင် ဇနီးသည်တို့၏သွေဖည် ပုန်ကန်မှုကို (အကယ်စင်စစ်) စိုးရိမ်ကြသော် (ဦးစွာပဌမ) အသင်တို့သည် ယင်း မိန်းမတို့အား (ယဉ်ကျေးသိမ်မွေ့စွာဖြင့်) သွန်သင် ဆုံးမပဲ့ပြင်ကြလေကုန်။ ထို့နောက် (အကယ်၍ နာယူခြင်းမရှိကြသေးပါမူ) အသင်တို့သည် ထိုမိန်းမ တို့အား အိပ်ခန်းများတွင် (အိပ်ရာများတွင် တဦးထီး တည်းခွဲခွါ) စွန့်ပစ်ထားကြလေကုန်။ ထို့နောက် (အကယ်၍ လိမ္မာရေးခြားမရှိကြသေးပါမူ) အသင် တို့သည် ထိုမိန်းမတို့အား (လွန်ကျူးခြင်းမရှိစေကြဘဲ ဆုံးမသောအနေနှင့်) ရိုက်နှက်ကြလေကုန်။ တဖန် အကယ်၍ ထိုမိန်းမတို့သည် အသင်တို့၏အမိန့်ကို နာခံကြပါမူ အသင်တို့သည် ၎င်းတို့နှင့် ဆန့်ကျင်၍ မည်သည့်နည်းလမ်းကိုမျှ မရှာကြကုန်လင့်။ [၁]

အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ် သည် အလွန်မြင့်မြတ်တော်မူသော၊ ကြီးကဲတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အထက်တွင် ယဉ်ကျေးသိမ်မွေ့သော မိန်းမမြတ်တို့၏ အကြောင်းပါရှိခဲ့လေပြီ၊ ယခုဆက်လက်၍ လင်ခင်ပွန်းတို့အား သွေဖည် ပုန်ကန်သော မိန်းမဆိုးတို့အား မည်သို့ မည်ပုံ ဆုံးမရမည့် အကြောင်း မိန့်ဆို ထားတော်မူသည်။

လင်ခင်ပွန်းတို့သည် ပတ်ဝန်းကျင် အခြေအနေများကို ထောက်ထားသုံးသပ် အကဲခပ်ခြင်းအားဖြင့် ဇနီးမိန်းမတို့၏ မောက်မာ သွေဖည်ပုန်ကန်မှုများကို ရိပ်စားသိရှိကြသောအခါ လင်ခင်ပွန်းတို့သည် ထိုသို့သော ဇနီးမိန်းမတို့အား ဦးစွာ ပဌမ နှုတ်ဖြင့် သွန်သင် ဆုံးမပဲ့ပြင်ကြရမည်။

သို့သွန်သင် ဆုံးမသည်ကို အကယ်၍ နာယူခြင်းမရှိကြပါမူ ဒုတိယအကြိမ် ဆုံးမသည့်အနေဖြင့် ထိုဇနီးမိန်းမများနှင့် တအိပ်ရာထဲတွင် မအိပ်ဘဲ ခွဲ၍အိပ်ကြရမည်။

ယင်းကဲ့သို့ အိပ်ရာခွဲခွာ၍အိပ်သည့် နောက်တွင်လည်း နာယူခြင်းမရှိပါမူ ထိုသို့သော ဇနီးမိန်းမတို့အား တတိယအကြိမ်ဆုံးမသည့်အနေဖြင့် ရိုက်နှက်၍ဆုံးမကြရမည်။ ရိုက်နှက်ဆုံးမရာတွင် အလွန်အကျူး မဖြစ်စေရပေ။

وَإِنْ خِفْتُمْ شِقَاقَ بَيْنِهِمَا فَابْعَثُوا حَكَمًا مِّنْ أَهْلِهِ وَحَكَمًا مِّنْ أَهْلِهَا ۚ إِن يُرِيدَا إِصْلَاحًا يُوَفِّقِ اللَّهُ بَيْنَهُمَا ۗ إِنَّ اللَّهَ كَانَ عَلِيمًا خَبِيرًا ﴿٣٥﴾

၃၅။ ထိုမှတပါး အကယ်၍ အသင်တို့သည် ယင်းဇနီးမောင်နှံနှစ်ဦးတို့၏ အကြားဝယ် (အကြီးအကျယ်) ပဋိပက္ခ ဖြစ်ပွားမည်ကို စိုးရိမ်ခဲ့ကြပါသော် (၎င်းဇနီးမောင်နှံ နှစ်ဦးတို့၏ ပြဿနာများကို ဖြေရှင်းနိုင်ခြင်းငှါ) ထိုလင်ယောကျ်ား၏ ဆွေမျိုးသားချင်းတို့အနက်မှ ခုံသမာဓိလူကြီးတယောက် ကို၎င်း၊ ထိုဇနီးမိန်းမ၏ ဆွေမျိုးသားချင်းတို့ အနက်မှ ခုံသမာဓိလူကြီးတယောက်ကို၎င်း၊ ခန့်အပ်(၍ ယင်းပြဿနာကို ဖြေရှင်းစေ)ကြလေကုန်။ အကယ်၍သာ ယင်း(ခုံသမာဓိလူကြီး)နှစ်ဦးတို့သည် (စိတ်ရောကိုယ်ပါ) ထိုဇနီးမောင်နှံနှစ်ဦးတို့၏ အခြေအနေကို ပြုပြင်ရန်အတွက် ရည်စူးကြပါသော်၊ အလ္လာဟ် အရှင်မြတ်သည် ယင်း (ဇနီးမောင်နှံ) နှစ်ဦးတို့၏ အကြားတွင် (မလွဲဧကန်)သင့်တင့်စေတော်မူအံ့။ ③

အလ္လာဟ် အရှင်မြတ်သည် မချွတ်ဧကန် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ရှိသိတော်မူသော အရှင်၊ အလုံးစုံတို့ကို အကြွင်းမဲ့ကြားသိတော်မူ သောအရှင်ပင် ဖြစ်တော်မူပေသတည်း။

---

③ ဤအထက်ပါ မုက္ခပါဠိတော်သည် မွတ်စ်လင်မ် တမျိုးသားလုံးတို့အား ရည်ညွှန်း၍ မိန့်ဆိုထားတော်မူသော မုက္ခပါဠိတော်ဖြစ်၏။ ဤမုက္ခပါဠိတော်တွင် အစွန်လာမ် အစိုးရ အာဏာပိုင်များလည်း အကျုံးဝင်၏။

မွတ်စ်လင်မ်အချင်းချင်းသည် ကိုယ်ခန္ဓာတခုတည်းနှင့်ငင်း၊ အင်္ဂနံရံရှိအင်္ဂချပ်ကလေးများနှင့်ငင်း အလားသဏ္ဌာန်တူ၏။ မွတ်စ်လင်မ်တဦးချင်းတို့သည် မွတ်စ်လင်မ်တမျိုးသားလုံးနှင့် ဆက်စပ်လျက်ရှိ၏။ မွတ်စ်လင်မ်တဦးချင်း၏ အရေးသည် မွတ်စ်လင်မ်တမျိုးသားလုံး၏အရေးပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တဦးချင်း၏ကောင်းမြတ်မှုအပေါ်တွင် တမျိုးသားလုံး၏ ကောင်းမြတ်မှုသည် တည်ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။ ဥပမာ-အိမ်ထောင်တခုတွင် ဇနီးမောင်နှံ ၂-ဦးတို့၏အရေးသည် မွတ်စ်လင်မ်တမျိုးသား၏ အရေးပင်ဖြစ်၏။ အကယ်၍ ဇနီးမောင်နှံ ၂-ဦးတို့တွင် ပဋိပက္ခဖြစ်ပွားပါက ထိုပဋိပက္ခကို ကျွန်မွတ်စ်လင်မ်များသည် လျစ်လျူရှု၍ မထားသင့်ပေ၊ ထိုပဋိပက္ခမှုကိုလျစ်လျူရှုထားပါက ထိုဇနီးမောင်နှံနှစ်ဦးတို့သည် အလွန်တရာမှ ဆိုးရွားသောအဖြစ်သို့ ရောက်ရှိသွားကြမည်။ လင်ခန်းမယားခန်း ပြတ်စဲသွားကြမည်။ ဤသို့ဖြစ်လျှင် မွတ်စ်လင်မ် တမျိုးသား၏ နစ်နာဆုံးရှုံးမှုတရပ်ပင်ဖြစ်ပေမည်။ ထို့အတွက်ကြောင့်ပင် ဇနီးမောင်နှံနှစ်ဦးတို့တွင် ပဋိပက္ခမှုဖြစ်ပွားက ➤➤

وَاعْبُدُوا اللَّهَ وَلَا تُشْرِكُوا بِهِ شَيْئًا ۖ وَبِالْوَالِدَيْنِ إِحْسَانًا وَبِذِي الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينِ وَالْجَارِ ذِي الْقُرْبَىٰ وَالْجَارِ الْجُنُبِ وَالصَّاحِبِ بِالْجَنْبِ وَابْنِ السَّبِيلِ ۙ وَمَا مَلَكَتْ أَيْمَانُكُمْ ۗ إِنَّ اللَّهَ لَا يُحِبُّ مَنْ كَانَ مُخْتَالًا فَخُورًا ﴿٣٦﴾

၃၆။ ထို့ပြင် အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မည်သည့် တစုံတရာကိုမျှ ထို အရှင်မြတ် နှင့် တွဲဘက် ရှိုင်းယှဉ်ခြင်းကို မပြုကြကုန်လင့်။ ထိုမှတပါး တုံ အသင်တို့သည် အမိအဘ နှစ်ပါးတို့နှင့်၎င်း၊ ဆွေမျိုးနီးစပ်တို့နှင့်၎င်း၊ ဘမဲ့ကလေးတို့နှင့်၎င်း၊ အထီးကျန်သူဆင်းရဲတို့ နှင့်၎င်း၊ (အိမ်ချင်း) နီးကပ်သော (တနည်း) ဆွေမျိုးတော်စပ်သော အိမ်နီးချင်းတို့နှင့်၎င်း၊ [၃] (အိမ်ချင်း) ဝေးလံသော (တနည်း) ဆွေမျိုးတော်စပ်ခြင်းမရှိ သော အိမ်နီးချင်းတို့နှင့်၎င်း၊ (မိမိတို့နှင့်အတူ နေထိုင် သွားလာကြကုန်သော) *အပေါင်းအဖော်*တို့နှင့်၎င်း၊ [၂] ခရီးသည်တို့နှင့်၎င်း၊ [၃] မိမိတို့၏လက်အောက် ဖြစ်သော (ဝါ) *မိမိတို့ပိုင်ဆိုင်သော* ကြေးကျွန်တို့ နှင့်၎င်း၊ [၄] ကောင်းစွာ ဆက်ဆံ ပြုစုကြလေကုန်။

➤➤ လင်ခင်ပွန်း၏ ဆွေမျိုးသားချင်းထဲမှ ခုံသမာဓိတဦးနှင့် ဇနီးမိန်းမ၏ ဆွေမျိုးသားချင်းအထဲမှ ခုံသမာဓိ လူကြီး တဦးကို စေလွှတ်ပြီး ထိုပဋိပက္ခမှုကို စေ့စပ်ဖြန်ဖြေပေးကြရမည့် အကြောင်း ဤအထက်ပါ မုက္ခပါဠိတော်တွင် အမိန့်တော်လာရှိလေသည်။

① အိမ်နီးချင်း သုံးမျိုးသုံးစားရှိကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

အိမ်နီးချင်းသုံးမျိုး သုံးစားရှိ၏။ အချို့အိမ်နီးချင်းအဘို့ တာဝန်သုံးရပ်ရှိ၏။ အိမ်နီးချင်းဖြစ်ခြင်း၏ တာဝန်၊ ဆွေမျိုးဖြစ်ခြင်း၏ တာဝန်၊ မွတ်စ်လင်မ် ဖြစ်ခြင်း၏ တာဝန်။ အချို့ အိမ်နီးချင်းအဘို့ တာဝန်နှစ်ရပ်ရှိ၏။ အိမ်နီးချင်းဖြစ်ခြင်း၏ တာဝန်၊ မွတ်စ်လင်မ် ဖြစ်ခြင်း၏ တာဝန်။ အချို့အိမ်နီးချင်းအဘို့မှာကား တာဝန်တရပ်တည်းသာ ရှိ၏။ အိမ်နီးချင်းဖြစ်ခြင်း၏ တာဝန်။ (အလ်မနာရ်)

ကုရ်အာန်ကျမ်းမြတ်တွင် အထက်ဖော်ပြပါ အိမ်နီးချင်း သုံးမျိုးသုံးစားလုံး၏ တာဝန်များကို ကျေပွန်ရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

② "အဆွဆွာဟိဗုဗစ်လ်ဂျန်ဗီ" ၏ မူရင်း အဓိပ္ပါယ်မှာ "နံဘေးတွင်ရှိသော အဘော်" ဟူ၍ ဖြစ်သည်။ ဤပုဒ်တွင် ကျောင်းနေဘက်၊ ကစားဘော် ကစားဘက်၊ လုပ်ဘော်ကိုင်ဘက်၊ ကုန်ကူးဘက်၊ ခရီးသွားဘက်၊ ဝတ်ပြုဘက်၊ မိတ်ဆွေသင်္ဃာ အပေါင်းအဘော် အားလုံးတို့သည် အကျုံးဝင်သည်။ အချို့ပညာရှင်များက နံဘေး၌ရှိသော အဘော်၏ အလိုမှာ ဇနီးမိန်းမကို ဆိုလိုသည်ဟူ၍ ယူဆကြ၏။

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် *မာနထောင်လွှားသောသူ၊ ဝါကြွားပြောဆိုသောသူကို* နှစ်သက်တော်မူသည် *မဟုတ်ပေ။* [၁]

الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ وَيَكْتُمُونَ مَا آتَاهُمُ اللَّهُ مِن فَضْلِهِ ۗ وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا ﴿٣٧﴾

၃၇။ အကြင်သူတို့သည် မိမိတို့ကိုယ်တိုင်လည်း စေးနဲကြကုန်၏ သူတပါးတို့အားလည်း စေးနဲကြစေရန် ညွှန်ကြားကြ၏။ ထို့မျှသာမကသေးယင်းသူတို့သည် ၎င်းတို့အား အလ္လာဟ် အရှင်မြတ်က မိမိ ကျေးဇူးတော်နှင့် ပေးသနားတော် မူခဲ့သော အရာများ ကိုလည်း (လျှုဒါန်း သုံးစွဲခြင်းမပြုဘဲ) လျှို့ဝှက် ထိမ်ချန်၍ ထားရှိကြ၏။ အမှန်စင်စစ် ငါ အရှင်မြတ်သည် ကျေးဇူးကန်းသော သူတို့အတို့ ဂုဏ်အသရေ ပျက်စီးစေသော အပြစ်ဒဏ်ကို အသင့်ပြင်ဆင် ထားရှိတော်မူသည်။

---

(၃) ဤစကားတွင် ဧည့်သည်များလည်း အကျုံးဝင်သည်။ ခရီးသည်တို့နှင့် ကောင်းစွာ ဆက်ဆံရမည့်အကြောင်းကို ထောက်ရှုခြင်းအားဖြင့် ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် ခရီးသွားလာခြင်း၊ ယင်းကဲ့သို့ ခရီးသွားလာသူတို့အား ကူညီခြင်းများသည် အဘယ်မျှ မြင့်မြတ်သည်ကို သိရှိနိုင်ပေသည်။

(၄) မိမိတို့ပိုင်ဆိုင်သော ကြေးကျွန်များနှင့်လည်း ကောင်းစွာ ဆက်ဆံကြရမည်။ ပိုင်ဆိုင်သော အရာများတွင် ကြေးကျွန် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ငှက် စသော တိရစ္ဆာန်များလည်း အကျုံးဝင်ပေသည်။

တမန်တော်မြတ်၏ ဩဝါဒတော်များတွင် ကြေး၊ ကျွန်တို့အား ကောင်းစွာ ကျွေးမွေးရမည့် အကြောင်း၊ ကောင်းစွာ ဝတ်ဆင်ပေးကြရမည့် အကြောင်းများကို အများအပြား တွေ့ရှိရပေသည်။ တမန်တော်မြတ်သည် အလ္လာဟ် အရှင်၏ အမိန့်တော်ကို ခံယူတော် မူခါနီးဆဲဆဲ အချိန်တွင် မှာကြားသွားတော်မူခဲ့သည်၊ မှာကြားချက်များအနက် နောက်ဆုံးမှာကြားချက်မှာ ကြေးကျွန်လက်အောက်ငယ်သားများနှင့်ကောင်းစွာ ဆက်ဆံရမည့် အကြောင်းပင်ဖြစ်သည်။

(၅) သူတပါးနှင့် ကောင်းစွာ ဆက်ဆံရာတွင် မိမိကိုယ်ကို အထင်ကြီးမှုနှင့် ဝါကြွားမှုများသည် အဟန့်အတားပင်ဖြစ်သည်။ ထို့ထက်ပင် ကြီးမားသော အဟန့်အတားကား စေးနဲမှုပင် ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ် အရှင်မြတ်သည် မိမိကိုယ်ကို မိမိအထင်ကြီးသောသူကိုလည်း၊ ကြွားဝါသောသူကိုလည်း၊ စေးနဲသူကိုလည်း အလျင်း နှစ်သက်တော်မူသည် မဟုတ်ချေ။ ထိုသူများသည် မိမိတို့ကိုယ်တိုင်လည်း ပေးကမ်း လျှုဒါန်းခြင်းမပြုဘဲ၊ စေးနဲကြ၏။ သူတပါးကိုလည်း စေးနဲရန်ပင် တိုက်တွန်းကြ၏။ မိမိတို့အား အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းများနှင့်တကွ အသိဉာဏ်များကိုလည်း ထိမ်ချိန်လျှို့ဝှက်ထားကြ၏။ လျှုဒါန်းပြန်သော်လည်း စေတနာမဘက် ထင်ပေါ်မှုအတွက်သာ လျှုဒါန်းကြ၏။ ➤➤

وَالَّذِينَ يُنفِقُونَ أَمْوَالَهُمْ رِئَآءَ النَّاسِ وَلَا يُؤْمِنُونَ بِاللَّهِ وَلَا بِالْيَوْمِ الْآخِرِ ۗ وَمَن يَكُنِ الشَّيْطَٰنُ لَهُۥ قَرِينًا فَسَآءَ قَرِينًا ﴿٣٨﴾

၃၈။ ၎င်းပြင် အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို လူအများတို့အား ပြစားရန်အလို့ငှာ လျှဒါန်း သုံးစွဲကြကုန်၏။ သို့ရာတွင် မူကား ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်း၊ နောက်ဆုံးနေ့ကိုလည်း၊ ယုံကြည်ကြသည်မဟုတ်ပေ။

အမှန်စင်စစ် မည်သူမဆို "ရှိုင်တွာန်" မိစ္ဆာကောင်သည် ထိုသူ၏ အပေါင်းအဖော်ဖြစ်ခဲ့ပါမူ (ထို "ရှိုင်တွာန်" သည်) အလွန်ဆိုးရွားလှသော အပေါင်းအဖော်ပင် ဖြစ်ချေသတည်း။

وَمَاذَا عَلَيْهِمْ لَوْ ءَامَنُوا۟ بِاللَّهِ وَالْيَوْمِ الْآخِرِ وَأَنفَقُوا۟ مِمَّا رَزَقَهُمُ اللَّهُ ۚ وَكَانَ اللَّهُ بِهِمْ عَلِيمًا ﴿٣٩﴾

၃၉။ ၎င်းပြင် အကယ်၍သာ ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်း၊ နောက်ဆုံးနေ့ကိုလည်း ယုံကြည် ခဲ့ကြပါလျှင် ထိုနည်းတူစွာ ၎င်းတို့သည် မိမိတို့အား အလ္လာဟ် အရှင်မြတ်က ပေးသနားတော်မူခဲ့သော ဥစ္စာပစ္စည်းများကို (ထိုအရှင်မြတ်၏ နှစ်သက်မှုကို ရယူခြင်းငှါ) လျှဒါန်းသုံးစွဲခဲ့ကြပါလျှင် ထိုသူတို့မှာ အဘယ်ကဲ့သို့ နစ်နာသွားရမည်နည်း။ စင်စစ်အားဖြင့် အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့(၏ အခြေအနေ ဖြစ်အင်တို့ကို) ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

إِنَّ اللَّهَ لَا يَظْلِمُ مِثْقَالَ ذَرَّةٍ ۖ وَإِن تَكُ حَسَنَةً يُضَٰعِفْهَا

၄၀။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (အကျိုးပေးတော်မူရာတွင်) မြူမှုန့်ခန့်မျှ မတော်မတရားပြုတော်မူမည် မဟုတ်ပေ။

>> အမှန်သော်ကား: ထိုသူများသည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်မြတ်နိုးကြသည် မဟုတ်ပေ။ "ကိယာမတ်" နေ့ကိုလည်း ယုံကြည်ကြသည်မဟုတ်ပေ။ ထို့အတွက်ကြောင့်ပင်လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူများ ခံစားကြရန်အတွက် အလွန်တရာမျှ ဆိုးရွားလှသော ပြစ်ဒဏ်ကို အသင့်ပြုလုပ်ထားတော်မူခြင်း ဖြစ်သည်။

وَيُؤْتِ مِن لَّدُنْهُ أَجْرًا عَظِيمًا ﴿٤٠﴾

စင်စစ် အကယ်၍ ကောင်းမှုတရပ် ဖြစ်ခဲ့ပါလျှင်၊ ထိုအရှင်မြတ်သည် ယင်းကောင်းမှုကို ဆထက်ထမ်းပိုး တိုးပွားစေတော်မူအံ့၊ ကုသိုလ်အကျိုးပေးသနားတော်မူအံ့။ ၎င်းပြင် မိမိအထံတော်မှ အလွန် ကြီးကျယ်သော အကျိုးဆုလာဘ် ကိုလည်း ခြီးမြှင့်ပေးသနားတော်မူအံ့။

فَكَيْفَ إِذَا جِئْنَا مِن كُلِّ أُمَّةٍۭ بِشَهِيدٍ وَجِئْنَا بِكَ عَلَىٰ هَٰٓؤُلَآءِ شَهِيدًا ﴿٤١﴾

၄၁။ တဖန် ငါအရှင်မြတ်သည် ("ကိယာမတ်" ရှင်ပြန် ထမည့်နေ့တွင်) သာသနာဝင် အသီးသီးတို့မှ သက်သေ တဦးကျစီ ခေါ်ယူတော်မူအံ့။ [၁] ၎င်းပြင် ငါအရှင်မြတ်သည် အသင် (မုဟမ္မဒ်) အားလည်း ထိုသူတို့အတွက် သက်သေအဖြစ် ခေါ်ယူတော်မူအံ့။ ထိုအခါ ("ကာဖိရ်" သွေဖည်ငြင်းဆန်သော သူတို့၏ အဖြစ်သည်) မည်ကဲ့သို့ ဖြစ်ပါအံ့နည်း။

---

① လောကမှာရှိစဉ် အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန်သောသူတို့ကို "ကိယာမတ်" နေ့တွင်စစ်ဆေးတော်မူသည့်အချိန်၌ အလ္လာဟ်အရှင်မြတ်သည် သက်ဆိုင်ရာ နဗီတမန်တော်များအား သက်သေတော်များအဖြစ် ခေါ်ယူတော်မူမည်။

ထိုနဗီ တမန်တော်များ သည်လည်း မိမိတို့ အသက်ထင်ရှားရှိစဉ် တွေ့ကြုံခဲ့သမျှသော အကြောင်းခြင်းရာများကို ဟုတ်တိုင်းမှန်ရာ ထွက်ဆို အစီရင်ခံကြမည်။ ယင်းကဲ့သို့ နဗီ တမန်တော်များ ထွက်ဆို အစီရင်ခံကြသည့်အခါ ဒေသနာတော်များကို သွေဖည်ငြင်းဆန်သော သူများသည် မှုပြစ် အထင်အရှားဖြစ်ပြီး ပြစ်ဒဏ်ခတ်ရိုက် စီရင်တော်မူခြင်းကို ခံကြရပေမည်။ (ထာနဝီ)

ကုရ်အာန်ကျမ်းမြတ်တွင် "ငါအရှင်မြတ်သည် အသင့်အား ဤသူများနှင့် ပတ်သက်၍ သက်သေအဖြစ် ခေါ်ယူတော်မူမည်" ဟု ပါရှိ၏။ ဤမှာပါဌ်တော်တွင်ပါရှိသော ဤသူများအား မည်သူများနည်း၊ ဤတွင် အဆိုပြားလျက်ရှိသည်။

(က) "ဤသူများ" ဟူသည် နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သက်တော်ထင်ရှားရှိစဉ် ကုရ်အာန်ကျမ်းမြတ်ကို ကြားနာကြရသော သူများကို ဆိုလိုသည်။ ရှု - ကဗီရ်။

(ခ) အခြား အဆိုတရပ်အရ "ဤသူများ" ဟူသည် လူမျိုးအသီးသီးတို့နှင့် ပတ်သက်၍ သက်သေ ထွက်ဆိုကြမည့် နဗီတမန်တော်များကို ဆိုလိုသည်ဟူ၏။ ➤➤

يَوْمَئِذٍ يَّوَدُّ الَّذِيْنَ كَفَرُوْا وَعَصَوُا الرَّسُوْلَ لَوْ تُسَوّٰى بِهِمُ الْاَرْضُ ۭ وَلَا يَكْتُمُوْنَ اللّٰهَ حَدِيْثًا ۴۲

၄၂။ အကြင်သူတို့သည် (အလ္လာဟ် အရှင်မြတ်အား) မယုံမကြည် သွေဖည် ငြင်းပယ်ခဲ့ကြ၏။ ရှုလ် တမန်တော်ကိုလည်း မထီမဲ့မြင်ပြုခဲ့ကြ၏။ ထိုနေ့တွင် ထိုသူတို့က ၎င်းတို့သည် မြေကြီးနှင့် တသားတည်း ဖြစ်သွားခဲ့ပါလျှင် ကောင်းလေစွဟု တောင့်တကြမည်။ စင်စစ်သော်ကား ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ်အပေါ်၌ မည်သည့်စကားကိုမျှ ဖုံးအုပ်ထားနိုင်ကြမည်လည်း မဟုတ်ချေ။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَقْرَبُوا الصَّلٰوةَ وَاَنْتُمْ سُكٰرٰى حَتّٰى تَعْلَمُوْا مَا تَقُوْلُوْنَ وَلَا جُنُبًا اِلَّا عَابِرِيْ سَبِيْلٍ حَتّٰى تَغْتَسِلُوْا ۭ وَاِنْ كُنْتُمْ

၄၃။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့ အသင်တို့သည် မူးယစ်နေကြစဉ် မိမိတို့ (နှုတ်ဖြင့်) ထွက်ဆိုသော စကားကို ကောင်းစွာ မသိနားမလည် သမျှ ကာလပတ်လုံး "ဆွလါတ်" ဝတ်ပြုမှု၏ အပါးသို့ပင် မချဉ်းကပ်ကြလေနှင့်။ ထို့နည်းတူစွာ အသင်တို့သည်၊ ခရီးသည် အဖြစ်မှ တပါး အခြားအချိန်အခါမျိုးတွင် "ဂျနာဗတ်" ရေချိုးရန် တာဝန်ရှိသူများ ဖြစ်နေကြပါလျှင် [၁] ရေမချိုးသမျှ ကာလပတ်လုံး ("ဆွလာတ်" ဝတ်ပြုခြင်း၏ အပါးသို့ ချဉ်းကပ်ခြင်းကို) မပြုကြကုန်လင့်။

➤➤ တမန်တော်မြတ်၏ စေခိုင်းချက်အရ သာဝကကြီး အစ်ဗ်နု မာစ်အူဒ်သည် ကုရ်အာန်ကျမ်းလာ အမျိုးသမီးကဏ္ဍကို စတင်ရွတ်ဘက်ရာ ဤမှာပါဌ်တော် (၄း၄၁) သို့ ရောက်သောအခါ (တမန်တော်မြတ်သည် မိမိ၏ တာဝန်ကြီးမားပုံနှင့် တကွ၊ နောက်လိုက်တပည့်သားတို့၏ နောင်ရေးကို မြော်တွေးမိသဖြင့်) မျက်လုံးတော်အစုံမှ မျက်ရည်များ စီးဆင်းယိုကျလာလေသည်။ ရှ - အလ်မနာရ်။ မာဂျီဒီ။

နဗီတမန်တော်မြတ်သည်ပင် ကိယာမတ်နေ့တွင် ဖြစ်ပျက်မည့် အရေးကို မြော်တွေးမိသဖြင့် မျက်ရည်ကျတော်မူခဲ့လေသည်။ ကျွန်ုပ်တို့ မွတ်စ်လင်မ်များသည် ဤသည့်အချက်ကို ဆင်ခြင်စဉ်းစားသတိထား၍ တရားသံဝေဂရသင့်ပေသည်။

① 'ဂျုနုဗ်' ဟူသော စကားသည် 'ဂျနာဗတ်' ဟူသော မူရင်းပုဒ်မှ ဆင်းသက်လာ၏။ 'ဂျနာဗတ်' ၏ မူရင်းအဓိပ္ပါယ်မှာ ဝေးကွာခြင်း ဟူ၍ ဖြစ်၏။ 'ရှရီအတ်' ပဋိပါတ်တွင် 'ဂျနာဗတ်' ဟူသည် သုတ်လွှတ်ခြင်းကြောင့်၎င်း၊ သံဝါသ စပ်ယှက်ခြင်းကြောင့်၎င်း ရေချိုးရန် တာဝန်ရှိလာသည့်အဖြစ်ကို ဆိုလိုသည်။ 'ဂျုနုဗ်' ဟူသည် 'ဂျနာဗတ်' ဖြစ်သည့်အတွက် ရေချိုးရန် တာဝန်ရှိသောသူများကို ဆိုသည်။ ➤➤

مَّرْضَىٰٓ أَوْ عَلَىٰ سَفَرٍ أَوْ جَآءَ
أَحَدٌ مِّنكُم مِّنَ ٱلْغَآئِطِ
أَوْ لَٰمَسْتُمُ ٱلنِّسَآءَ فَلَمْ تَجِدُوا۟
مَآءً فَتَيَمَّمُوا۟ صَعِيدًا
طَيِّبًا فَٱمْسَحُوا۟ بِوُجُوهِكُمْ
وَأَيْدِيكُمْ إِنَّ ٱللَّهَ كَانَ عَفُوًّا
غَفُورًا ﴿٤٣﴾

(တနည်း) အသင်တို့သည် ဖြတ်သန်းသွားလာခြင်းမှ တပါး အခြားအချိန်အခါမျိုးတွင် "ဆွလာတ်" [၁] ဝတ်ပြုရာဌာနဖြစ်သော ဗလီကျောင်းတော်၏ အပါးသို့ မချဉ်းကပ် ကြလေနှင့်။

သို့ရာတွင် အသင်တို့သည် အကယ်၍ ဝေဒနာသည်များ၊ သို့မဟုတ် ခရီးသည်များဖြစ်ကြလျှင်၎င်း၊ သို့တည်းမဟုတ် အသင်တို့အနက်မှ တဦးတယောက်သောသူသည် ကျင်ကြီးကျင်ငယ် စွန့်ရာမှ ပြန်လာခဲ့သည် ဖြစ်လျှင်၎င်း၊ သို့မဟုတ် အသင်တို့သည် ဇနီးမိန်းမများနှင့် *မေထုန်သံဝါသ* [၂] ပြုခဲ့ကြသည်ဖြစ်လျှင်၎င်း၊ ထိုအချိန်တွင် အသင်တို့သည် (ရေချိုးရန် အတွက်သော်၎င်း၊ ဝုဿူပြုရန် အတွက်သော်၎င်း) ရေမရရှိကြလျှင်၎င်း၊ အသင်တို့သည် စင်ကြယ်သောမြေဖြင့် တယမ်မွန်မ် [၃] ပြုကြလေကုန်၊

➤➤ 'ဂျနုဗ်' ဟူသောပုဒ်သည် ဇကဝုစ်၊ ဗဟုဝုစ်။ ဣတ္တိလိင်၊ ပုလ္လိင် အားလုံးအတွက် အသုံးဖြစ်ချေသည်။ 'ဂျနာဗတ်' ဖြစ်ပြီးနောက် ရေချိုးရခြင်းသည် 'ဖရသွိ' တာဝန်ဖြစ်သည်။ ရေမချိုးနိုင်ရန်အကြောင်း တစုံတရာမရှိဘဲ ရေမချိုးသမျှ ကာလပတ်လုံး ဆွလာတ်ဝတ်ပြုခွင့်မရှိချေ။

'ဂျာနဗတ်' ဟု မှည့်ခေါ်ရခြင်းအကြောင်းမှာ 'ဂျနာဗတ်' သည် ရှရီအတ်တရားတော်အရ ဆွလာတ်ဝတ်ပြုမှုနှင့် ဝေးကွာရခြင်း၏ အကြောင်းဖြစ်ခြင်းကြောင့်တည်း။ (ရာဃိဗ်)

'ဂျနာဗတ်' ဖြစ်ပြီးနောက် ရေချိုးခြင်းသည် ဖရသွိဖြစ်သည်။ ရေမချိုးဘဲလျက် ဆွလာတ်ဝတ်ပြုမှုသည် မပိုင်ပေ။ ယောကျ်ားသုတ်လွှတ်ခြင်း၊ မိန်းမရာသီသွေးဆင်းခြင်း၊ မိန်းမနှင့် ယောကျ်ား မေထုန်မှုပြုခြင်း (သုတ်လွှတ်သည်ဖြစ်စေ၊ သုတ်မလွှတ်သည်ဖြစ်စေ) ဤအဖြစ်များအားလုံးသည် 'ဂျနာဗတ်' တွင် အကျုံးဝင်သည်။ မာဂျီဒီ။ အ-၁။ စ-၁၉၃။ အအ-၅၅၇။

① ဤမုက္ခပါတ်တော်တွင် ပါရှိသော ဆွလာတ်ဟူသော ပုဒ်၏ အလိုသဘောမှာ ဆွလာတ်ဝတ်ပြုရာ ဌာနများ (ဝါ) ဗလီများဟူ၍လည်း အနက်ဖွင့်ကြသည်။

ဆွလာတ်ဟူသည် ဆွလာတ် ဝတ်ပြုရာ ဌာနများ (ဝါ) မတ်စ်ဂျစ်ဒ် ဗလီများကို ဆိုလိုသည်။ မဒါရစ်က်။

ဆွလာတ်၏ အလိုသဘောကို ဆွလာတ်ဝတ်ပြုရာ ဌာနဟူ၍ အနက်ဖွင့်ကြသော ဓမ္မသတ်ရှင်များက 'သို့ရာတွင် ဖြတ်သန်းသွားသူများ' ဟူသော မုက္ခပါဠ်တော်အရ ဂျနာဗတ်ဖြစ်သော ပုဂ္ဂိုလ်များသည် မလွဲမရှောင်သာသည့်အခါတွင် ဗလီတွင်းမှ ဖြတ်သန်းသွားလာ ပိုင်ခွင့်ရှိသည်ဟု ဓမ္မသတ်ရေးမှတ်ကြသည်။

(တယမ်မွန်မ် ပြုနည်းကား) အသင်တို့သည် (လက်ဝါး နှစ်ဘက်ဖြင့် မြေကိုရိုက်ပုတ်၍) မိမိတို့၏ မျက်နှာနှင့် လက်များကို ပွတ်သပ် ကြလေကုန်။ အလ္လာဟ် အရှင်မြတ်သည် မုချဧကန် အလွန်တရာ ခွင့်လွှတ်တော် မူသောအရှင်၊ အလွန်တရာ ချမ်းသာခွင့် ပေးသနားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

اَلَمْ تَرَ اِلَى الَّذِيْنَ اُوْتُوْا نَصِيْبًا مِّنَ الْكِتٰبِ يَشْتَرُوْنَ الضَّلٰلَةَ وَيُرِيْدُوْنَ اَنْ

၄၄။ အသင်သည် ကျမ်းဂန်များအနက် တစိတ်တဒေသကို ခြီးမြှင့်ပေးသနားတော်မူခြင်း ခံကြရကုန်သောသူတို့၏ (ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။

---

① 'လမ်စ်' နှင့် 'မတ်စ်' ဟူသော ပုဒ်များ၏ မူရင်းအဓိပ္ပါယ်မှာ 'ထိခြင်း' ဟူ၍ ပင်ဖြစ်သည်။ ထို့အတွက် ကြောင့် အချို့ 'ဖကီဟ်' ဓမ္မသတ်ရှင်များက ဤမုကွပါဠ်တော်တွင် မိန်းမများကို သာမန်ထိခြင်း ဟူ၍ပင် အနက် ကောက်ပြီး မိန်းမများအား ထိခြင်းသည် ဝုဿူ ပျက်စေသော အကြောင်းတရပ် ဖြစ်သည်ဟု ယူဆ ကြသည်။ သို့ရာတွင် 'လမ်စ်' ၏ အနက်မှာ သံဝါသ စပ်ယှက်ခြင်းဖြစ်၏။

ကုရ်အာန်ကျမ်းမြတ်တွင် 'မတ်စ်'၏ အနက်မှာ သံဝါသ စပ်ယှက်ခြင်းပင် ဖြစ်သည်။ ရှု–ကုရ်အာန် (၂၊ ၂၃၆)။ သို့အတွက်ကြောင့် ဟနဖီ ဓမ္မသတ်ရှင်များသည် 'လမ်စ်' ၏ အနက်ကိုလည်း သံဝါသ စပ်ယှက်ခြင်းဟူ၍ ကောက်ယူကြလေသည်။

ဤအဆိုသည် ခိုင်လုံသော အဆိုဖြစ်သည်။ သာဝကကြီး အလီသခင်၊ သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအဗ္ဗါစ် တို့ကလည်း ဤအတိုင်းပင် ဖွင့်ဆိုကြသည်။ ထို့အတူ ဟစန်၊ မုဂျာဟိဒ်၊ ကတာဒဟ်၊ တွာအူစ်။ အုဗိုက်ဒ် အီဗ်နုအုမိုင်ရ်၊ စအီဒ် အီဗ်နုဂျုဗိုင်ရ်၊ ရှအ်ဗီ၊ မုကာတိလ် စသည့် ဓမ္မသတ်ရှင်များကလည်း ဤအတိုင်းပင် ဆုံးဖြတ်ကြသည်။

② ရေချိုးရန် တာဝန်ရှိသော်လည်း ရေမချိုးနိုင်ရန် အကြောင်းများမှာ ဥပမာ–ရောဂါသည်တဦးသည် ရေကို အသုံးပြုခြင်းဖြင့် ရောဂါပိုမို ပြင်းထန်လာမည်ကို စိုးရိမ်ရသောအခါ၌သော်၎င်း၊ ခရီးသည်တစ်ဦးသည် ရေမရှိသောအခါသော်၎င်း၊ တဦးတယောက်သောသူသည် ကျင်ကြီးကျင်ငယ်ဖွန့်ပြီး ရေမရရှိသော အခါ၌သော်၎င်း၊ သံဝါသ စပ်ယှက်ပြီးနောက် 'ဂုနာဗတ်' ရေချိုးရန်အတွက် ရေမရရှိသော အခါ၌သော်၎င်း၊ ရေရှိသော်လည်း သုံးနိုင်စွမ်းမရှိသည့် အခါ၌သော်၎င်း 'တယမ်မွန်မ်' ပြုပိုင်ခွင့်ရှိပေသည်။

'တယမ်မွန်မ်' ဟူသည် သန့်စင်သော မြေကို လက်နှစ်ဘက်ဖြင့် ပဌမအကြိမ် ပုတ်၍ မျက်နှာကို ပွတ်သပ်ပြီး ထိုကဲ့သို့ပင် ဒုတိယအကြိမ်မြေကိုပုတ်၍ လက်နှစ်ဘက်ကို တတောင်ဆစ်အထိ ပွတ်သပ်ခြင်းကို ဆိုသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို 'ဟဒါဃဟ်' ကျမ်းတွင်ရှုပါ။

تَضِلُّوا السَّبِيلَ ﴿٤٤﴾

ထိုသူတို့သည် (လမ်းမှန်ကို စွန့်၍) လမ်းမှားကို လိုက်စားကြသည်။ ၎င်းပြင် အသင်တို့ လမ်းမှားခြင်းကိုလည်း လိုလားကြသည်။ [၁]

وَاللَّهُ أَعْلَمُ بِأَعْدَائِكُمْ ۚ وَكَفَىٰ بِاللَّهِ وَلِيًّا وَكَفَىٰ بِاللَّهِ نَصِيرًا ﴿٤٥﴾

၄၅။ အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏ရန်သူများကို ကောင်းစွာသိရှိတော်မူလေသည်။ ၎င်းပြင် အလ္လာဟ် အရှင်မြတ်သည် (အသင်တို့အဘို့) ပြုစု စောင့်ရှောက်တော်မူသော မိတ်သဟာယအဖြစ်လည်း လုံလောက်တော် မူပေသည်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အဘို့) ကူညီစောင်မတော် မူသောအရှင်မြတ် အဖြစ်လည်း လုံလောက်တော်မူပေသတည်း။

مِنَ الَّذِينَ هَادُوا يُحَرِّفُونَ الْكَلِمَ عَن مَّوَاضِعِهِ وَيَقُولُونَ سَمِعْنَا وَعَصَيْنَا وَاسْمَعْ غَيْرَ مُسْمَعٍ وَرَاعِنَا لَيًّا بِأَلْسِنَتِهِمْ وَطَعْنًا فِي الدِّينِ ۚ وَلَوْ أَنَّهُمْ قَالُوا سَمِعْنَا

၄၆။ ယဟူဒီဖြစ်ကြကုန်သော သူတို့အနက် အချို့သည် (ကျမ်းဂန်လာမူရင်း) စကားရပ်များကို ၎င်းတို့၏မူရင်းနေရာများမှ ရွှေ့ပြောင်းကြသည်သာမက [၂] ယင်းသူတို့သည် (အသင်နှင့် လာရောက်တွေ့ဆုံကြသောအခါများတွင်) "စမစ်အ်နာ ဝအဆွိုင်နာ" ဟူ၍လည်းကောင်း၊ 'အစ္စမအ်၊ဃိုင်ရမွတ်စ်မအင်န်" ဟူ၍လည်းကောင်း၊ မိမိတို့၏လျှာများကို လိပ်ခေါက်ကာ "ရာအိနာ" ဟူ၍လည်းကောင်း၊ "ဒီန်" သာသနာကို ပုတ်ခတ်ထိပါးစေခြင်းအားဖြင့် ပြောဆိုလေ့ရှိကြလေသည်။ [၃]

---

① **ဆက်စပ်မှု**

ကုရ်အာန်ကျမ်းမြတ်(၄:၃၆)၏ အဆုံးတွင် 'အလ္လာဟ်အရှင်မြတ်သည် မာနထောင်လွှား ဝါကြွားပြောဆိုသောသူကို နှစ်သက်တော်မူသည်မဟုတ်ချေ' ဟူသော မူကွပါဠိတော်မှ (၄:၄၂)အထိ ယဟူဒီများ၏ဆိုးသွမ်းမှုများ အကြောင်းပါရှိ၏။ (၄:၄၃)တွင် အထူးဆက်စပ်မှု တခုရှိနေသည့်အတွက် ဂျနာဗတ် ဖြစ်နေသည့်အချိန်နှင့် မူးယစ်နေသည့်အချိန်များတွင် ဆွေလာတ်ဝတ်မပြုရမည့် အကြောင်းပါရှိ၏။ (၄:၄၄)မှ တဖန် ဆက်လက်၍ ယဟူဒီများ၏ ငြင်းပယ်မှု၊ လမ်းမှားလိုက်စားမှုများအကြောင်း မိန့်ဆိုထားတော်မူ၏။ ဤကဲ့သို့ ယဟူဒီများ၏ ဆိုးသွမ်းမှုများ အကြောင်းကို မိန့်ဆိုတော်မူခြင်းမှာ ထိုယဟူဒီများနှင့်တကွ ➤➤

وَأَطَعْنَا وَاسْمَعْ وَانْظُرْنَا لَكَانَ خَيْرًا لَّهُمْ وَأَقْوَمَ وَلَٰكِن لَّعَنَهُمُ اللَّهُ بِكُفْرِهِمْ

စင်စစ်သော်ကား အကယ်၍သာ ထိုသူတို့သည် "စမစ်အ်နာ၊ဝအတွာအ်နာ"ဟူ၍လည်းကောင်း၊ "အစွမအ်၊ဝါန်ဇုရ်နာ" ဟူ၍လည်းကောင်း၊ ပြောဆို ခဲ့ကြပါမူ၊ မချွတ်ဧကန် ထိုသူတို့အဘို့ အကောင်းဆုံးနှင့် အမှန်အကန်ဆုံးပင် ဖြစ်ခဲ့ပေအံ့။ [၁]

➤➤ အခြားသူများပါ သတိသံဝေဂ ရရှိစေရန်ဖြစ်သည်။

ယဟူဒီများသည် 'တောင်ရာတ်' ကျမ်းဂန်ကို ရရှိခဲ့ကြပါလျက် လမ်းမှားကို လိုက်စားခဲ့ကြသည်။ မွတ်စ်လင်မ်များကိုလည်း လမ်းမှားစေရန် အမျိုးမျိုးကြံစည် အားထုတ်ခဲ့ကြလေသည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၃:၆၈။ ၃:၉၉) တွင်လည်းပါရှိ၏။

(၂) ယဟူဒီများသည် ကျမ်းဂန်လာ စကားများကို အက္ခရာအားဖြင့်ငင်း၊ အနက်အဓိပ္ပါယ်အားဖြင့်ငင်း ကပြောင်းကပြန် ပြုလုပ်ခဲ့ကြပေသည်။

(၃) ယဟူဒီများ၏ ယုတ်မာမှုများအနက် ယုတ်မာမှုတရပ်မှာ ယင်းသူတို့သည် တမန်တော်မြတ်နှင့် စကားပြောဆိုကြသည့်အခါ ကဲ့ရဲ့ရှုံ့ချလိုသော စေတနာဖြင့် ကောင်းသော အဓိပ္ပါယ်ကိုငင်း၊ မကောင်းသော အဓိပ္ပါယ်ကိုငင်း အဓိပ္ပါယ်နှစ်မျိုး နှစ်စားဆောင်သော စကားမျိုးကို သုံးစွဲ၍ စိတ်တွင်းမှ မကောင်းသော အနက်သဘောကိုသာ ယူဆကာ ပြောဆိုလေသည်။

ယဟူဒီများ သုံးစွဲသောစကားများအနက် စကားတရပ်မှာ 'စမစ်အ်နာ ဝအဆွိုင်နာ' ဖြစ်သည်။ ဤစကား၏ မူလအဓိပ္ပါယ်မှာ 'ကျွန်ုပ်တို့ကြားပါ၏။ ကျွန်ုပ်တို့ မနာခံပါ' ဟူ၍ဖြစ်သည်။ ဤစကား၏ ကောင်းသော အဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် (အသင်၏ ဩဝါဒများကို) ကြားပါသည်။ ကျွန်ုပ်တို့သည် (အသင်၏ ရန်သူတို့၏ စကားကို) မနာခံပါဟူ၍ ဖြစ်သည်။ ဤစကား၏ မကောင်းသော အဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် (အသင်၏ စကားကို) ကြားပါ၏။ (သို့ရာတွင် အသင်၏ စကားကို) မနာခံပါဟူ၍ ဖြစ်သည်။

ထိုးပြင် ဒုတိယစကားတရပ်မှာ 'အစ်စမအ် ဃိုင်ရမွတ်စ်မအင်ဂ်ဂ်' ဖြစ်သည်။ ဤစကား၏ အဓိပ္ပါယ်မှာ 'အသင်ကြားပါစေ၊ မကြားပါစေနှင့်' ဟူ၍ ဖြစ်သည်။ ထိုးစကား၏ ကောင်းဘက်ဆောင်သော အဓိပ္ပါယ်မှာ အသင်သည် (ကောင်းသတင်းကိုသာ) ကြားပါစေ၊ (မကောင်းသတင်းကိုကား) မကြားပါစေနှင့်ဟူ၍ ဖြစ်သည်။ ထိုးစကား၏ မကောင်းဘက်သို့ ဆောင်သောအဓိပ္ပါယ်မှာ အသင်သည် (မကောင်းသတင်းကို ကြားပါစေ၊) (ကောင်းသတင်းကိုကား) မကြားပါစေနှင့် ဟူ၍ ဖြစ်သည်။

ထိုးပြင် တတိယ စကားတရပ်မှာ 'ရာအိနာ' ဖြစ်သည်။ ဤစကား၏ ကောင်းသော အဓိပ္ပါယ်မှာ 'အသင်သည် ကျွန်ုပ်တို့အား ထောက်ထားညှာတာပါ' ဟူ၍ ဖြစ်သည်။ သို့ရာတွင် ဤစကား၌ပါရှိသော 'အိ' ဟူသော သရကို 'အီ' ဟူ၍ ဆွဲငင်ရွတ်ဖတ်ပါက အဓိပ္ပါယ်မှာ 'အို-ငါတို့၏ ဆိတ်ကျောင်းသမားဟူ၍ ဖြစ်သွားချေသည်။ ထိုးပြင် 'ရာအိနာ' ဟူသော စကားသည် ဟီဗရူးဘာသာစကားတွင် ဆဲဆိုသော စကားလည်းဖြစ်သည်။

(၁) အကယ်၍ ယဟူဒီများသည် 'စမစ်အ်နာ ဝအဆွိုင်နာ' ၏အစား 'စမစ်အ်နာ ဝအတွာအ်နာ' ဟူ၍ငင်း၊➤➤

فَلَا يُؤْمِنُونَ إِلَّا قَلِيلًا ﴿٤٦﴾

သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ သွေဖည် ငြင်းပယ်မှုကြောင့်ပင် (မိမိ) ကရုဏာတော်မှ ကင်းဝေးစေတော် မူခဲ့လေပြီ။ သို့ဖြစ်ပေရာ (ယင်းသူတို့အနက်မှ) အနည်းငယ်မျှသော သူတို့မှတပါး ကျန်ရှိသော သူတို့မှာမူကား သက်ဝင်ယုံကြည်ကြမည် မဟုတ်ချေ။

يَا أَيُّهَا الَّذِينَ أُوتُوا الْكِتَابَ آمِنُوا بِمَا نَزَّلْنَا مُصَدِّقًا لِّمَا مَعَكُم مِّن قَبْلِ أَن نَّطْمِسَ وُجُوهًا فَنَرُدَّهَا عَلَىٰ أَدْبَارِهَا أَوْ نَلْعَنَهُمْ كَمَا لَعَنَّا أَصْحَابَ السَّبْتِ ۚ وَكَانَ أَمْرُ اللَّهِ مَفْعُولًا ﴿٤٧﴾

၄၇။ အို-ကျမ်းဂန်ကို ခြီးမြှင့်ပေးသနားတော်မူခြင်း ခံကြရကုန်သောသူ အပေါင်းတို့၊ ငါ အရှင်သည် (အသင်တို့၏) မျက်နှာများကိုဖျက်ဆီး၍ ကျောဘက်သို့ ပြန်လှည့်တော် မမူမီအလျင်၊ သို့တည်းမဟုတ် ငါ အရှင်မြတ်သည် 'စဗ်တ်' ခေါ် ဥပုသ်နေ့ကို ကျူးလွန် ဖောက်ဖျက်သော သူတို့အား (မိမိ) ကရုဏာတော်မှ ကင်းဝေးစေတော်မူဘိသကဲ့သို့ပင် ယင်း (အီမာန် သက်ဝင်ယုံကြည်မှု မရှိသော) သူတို့အား လည်း (မိမိ) ကရုဏာတော်မှ ကင်းဝေး စေတော် မမူမီအလျင်၊ အသင်တို့သည် ငါအရှင်မြတ်ချပေးသနားတော်မူသော အကြင်ကျမ်းဂန်(ကုရ်အာန်)ကို (ဆောလျင်စွာ) သက်ဝင်ယုံကြည် ကြလေကုန်။ ထို ကျမ်းဂန် (ကုရ်အာန်)ကို အသင်တို့ထံ၌ ရှိလေသော (မူရင်း) ကျမ်းဂန်များကို ထောက်ခံလျက် ရှိပေသည်။ အမှန် စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်သည် ပြီးမြောက်အောင်မြင်ပြီး ဖြစ်သည် သာတည်း။

➤➤ 'အစ်စမအ်ဃိုင်ရမွတ်စ် မအင်နံ' ၏အစား 'အစ်စမအ်' ဟူ၍၎င်း၊'ရာအိနာ'၏ အစား 'အွဒုရ်နာ' ဟူ၍၎င်းသုံးစွဲပြောဆိုကြပါလျှင် ထိုသူတို့အတို့ အကောင်းဆုံးလည်းဖြစ်သည်။ အမှန်အကန်ဆုံးလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'စမစ်အ်နာ ဝအတွာအ်နာ' ၏ အဓိပ္ပါယ်မှာ 'ကျွန်ုပ်တို့ကြားပါ၏။ လိုက်နာပါ၏' ဟူ၍ သာဖြစ်သည်။ 'အွန်ဓိုရ်နာ' အဓိပ္ပါယ်မှာ 'ကျွန်ုပ်တို့အား ကြည့်ရှု့ထောက်ထားပါ' ဟူ၍သာ ဖြစ်သည်။ အဓိပ္ပါယ် နှစ်မျိုးမရချေ။ ကဲ့ရဲ့ရှုံ့ချသည့် အနက်အဓိပ္ပါယ်နှင့်လည်း လုံးဝကင်းစင်ပေသည်။

إِنَّ اللَّهَ لَا يَغْفِرُ أَن يُشْرَكَ بِهِ وَيَغْفِرُ مَا دُونَ ذَٰلِكَ لِمَن يَشَاءُ ۚ وَمَن يُشْرِكْ بِاللَّهِ فَقَدِ افْتَرَىٰ إِثْمًا عَظِيمًا ﴿٤٨﴾

၄၈။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် တစုံတရာကို မိမိနှင့် တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်ခြင်းကို လွတ်ငြိမ်းချမ်းသာခွင့် အလျင်း ပေးတော်မူမည် မဟုတ်ပေ။ [၁] သို့ရာတွင် ထို တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်မှုမှတပါး အခြားပြစ်မှု ဒုစရိုက်တို့ကိုမူကား မိမိအလိုရှိတော် မူသောသူအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူအံ့။ အမှန်စင်စစ်သော်ကား မည်သူမဆို တစ်စုံတစ်ရာကို အလ္လာဟ် အရှင်မြတ်နှင့် တွဲဘက်ရှိုင်းယှဉ် ကိုးကွယ်ပါမူ၊ ထိုသူသည် ဧကန်မလွဲ အလွန် ကြီးလေးလှစွာသော ပြစ်မှုဒုစရိုက်ကို ကျူးလွန် ခဲ့လေသတည်း။

أَلَمْ تَرَ إِلَى الَّذِينَ يُزَكُّونَ أَنفُسَهُم ۚ بَلِ اللَّهُ يُزَكِّي مَن يَشَاءُ وَلَا يُظْلَمُونَ فَتِيلًا ﴿٤٩﴾

၄၉။ (အိုမုဟမ္မဒ်-နဗီတမန်တော်) အသင်သည် မိမိတို့ကိုယ်ကို မိမိတို့ သန့်ရှင်းစင်ကြယ်ကြောင်း ပြောဆို (ကြွားဝါ)သောသူတို့(၏ ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။ ထိုသို့ အလျင်းမဟုတ်၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိအလိုရှိတော် မူသောသူအား သန့်ရှင်း စင်ကြယ်စေတော်မူလေ၏။ သို့ရာတွင် ၎င်းတို့သည် (အပြစ်ပေးတော်မူခြင်းကို ခံကြရာ၌) ဆံခြည်တမျှင်ခန့်မျှပင် မတရားနှိပ်စက် ညှဉ်းပန်းခြင်းကို ခံကြရလိမ့်မည် မဟုတ်ပေ။ [၂]

---

① အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ တစ်စုံတစ်ခုကို ခဝပ်ကိုးကွယ်ခြင်းသည် အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်အား ပုန်ကန် သောင်းကျန်းခြင်းပင် ဖြစ်သည်။ ထိုအရှင်မြတ်အား ပုန်ကန်သောင်းကျန်းမှုထက် ကြီးလေးဆိုးရွားသော အပြစ်သည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်သည် 'ရှရစ်ဂ်' ပြုလုပ်သော သူများကိုကား ဘယ်သောအခါမျှ ချမ်းသာခွင့် ပေးတော်မူမည်မဟုတ်ချေ။ 'ရှရစ်ဂ်' မှ အပ ကျန်အပြစ် ကြီးငယ်တို့ကိုမူ အလိုတော်ရှိပါလျှင် 'တောင်ဗဟ်' ဝန်ချတောင်းပန်မှု မရှိဘဲလျက်နှင့်ပင် ချမ်းသာခွင့် ပေးသနားတော်မူမည်ဖြစ်သည်။

② အလ္လာဟ် အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို ခံရခြင်းနှင့် မြင့်မြတ်သောသူ ဖြစ်ခြင်း၏ အဓိက အကြောင်းတရားမှာ တောင်ဟီဒ်နှင့် တာက္ကဝါ တရားပင်ဖြစ်သည်။ မည်သူပင်ဖြစ်စေကာမူ အဆိုပါ ➤➤

أُنْظُرْ كَيْفَ يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ ۖ وَكَفَىٰ بِهِ إِثْمًا مُّبِينًا ﴿٥٠﴾

၅၀။ (အို–နဗီတမန်တော်) ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို မည်ကဲ့သို့ ကြံဖန်လည်ဆယ် ပြောဆိုဝံ့ကြသည်ကို အသင်ရှုပါလေ။ အမှန်စင်စစ် ယင်း(ကဲ့သို့) လည်ဆယ်ပြောဆိုခြင်းသည်ပင်လျှင် (ၘင်းတို့၏) ထင်ရှားလှစွာသောပြစ်မှုဒုစရိုက်အဖြစ် လုံလောက်ပေသတည်း။

أَلَمْ تَرَ إِلَى الَّذِينَ أُوتُوا نَصِيبًا مِّنَ الْكِتَابِ يُؤْمِنُونَ بِالْجِبْتِ وَالطَّاغُوتِ وَيَقُولُونَ لِلَّذِينَ كَفَرُوا هَٰؤُلَاءِ أَهْدَىٰ مِنَ الَّذِينَ آمَنُوا سَبِيلًا ﴿٥١﴾

၅၁။ (အို–နဗီ) အသင်သည် ကျမ်းဂန်အနက်မှ တစိတ်တဒေသကို ရရှိခဲ့သူတို့(၏ ဖြစ်အင်)ကို မတွေ့.မမြင်ပါလေသလော၊ ထိုသူတို့သည် ရုပ်ပွားဆင်းတုများကိုၘင်း၊ ရိုင်တွာန်ကိုၘင်း ယုံကြည်ကြ၏။ ၘင်းပြင် ထိုသူတို့က ကာဖိရ်များနှင့် စပ်လျဉ်း၍ 'ဤသူများသည် မုအ်မင်နဲ်များထက် ပိုမိုရှု တရားလမ်းမှန် ရသောသူများဖြစ်ကြသည်' ဟူ၍ ပြောဆိုကြ၏။

أُولَٰئِكَ الَّذِينَ لَعَنَهُمُ اللَّهُ ۖ وَمَن يَلْعَنِ اللَّهُ فَلَن تَجِدَ لَهُ نَصِيرًا ﴿٥٢﴾

၅၂။ ဤသူများပင် အကြင် သူများတည်း။ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား (မိမိ) ကရုဏာတော်မှ ကင်းဝေးစေတော် မူခဲ့လေသည်။ အမှန်သော်ကား မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည် (မိမိ)ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့ပါလျှင် အသင်သည်ထိုသူအားကူညီစောင်မမည့်သူတဦး တယောက်ကိုမျှအလျင်း တွေ့ရှိလိမ့်မည်မဟုတ်ပေ။

أَمْ لَهُمْ نَصِيبٌ مِّنَ الْمُلْكِ فَإِذًا لَّا يُؤْتُونَ النَّاسَ نَقِيرًا ﴿٥٣﴾

၅၃။ သို့တည်းမဟုတ်၊ ၘင်း(ယဟူဒီ)တို့၌ တစိတ်တဒေသမျှ ဩဇာအာဏာသည် ရှိလေသလော။ သို့ရှိခဲ့ပါလျှင် (မိမိတို့ရရှိထားသော ဩဇာအာဏာများအနက်မှ) နှမ်းစေ့ခန့်မျှပင်၊ သူတပါးတို့အားပေးကြလိမ့်မည် မဟုတ်ပေ။

➤➤ တရားများကိုလက်ခံနာယူကျင့်မူပါက ထိုသူသည် သူမွန်သူမြတ်ပင် ဖြစ်ချေသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း ထိုသူအား နှစ်သက်တော်မူပေသည်။

أَمْ يَحْسُدُونَ النَّاسَ عَلَىٰ مَآ ءَاتَىٰهُمُ اللَّهُ مِن فَضْلِهِۦ ۖ فَقَدْ ءَاتَيْنَآ ءَالَ إِبْرَٰهِيمَ ٱلْكِتَٰبَ وَٱلْحِكْمَةَ وَءَاتَيْنَٰهُم مُّلْكًا عَظِيمًا ﴿٥٤﴾

၅၄။ သို့တည်းမဟုတ်၊ ၎င်း (ယဟူဒီ)တို့သည် အလ္လာဟ် အရှင်မြတ်က မိမိကျေးဇူးတော်အနက်မှ အခြားသူတို့အား ချီးမြှင့် ပေးသနားတော်မူသော အရာများနှင့် စပ်လျဉ်း၍ မနာလိုကြလေသလော။

သို့ဖြစ်လျှင်၊ ငါ အရှင်မြတ်သည် (နဗီ တမန်တော်) အီဗ်ရာဟီမ်၏ အဆက်အနွယ်အား ကျမ်းဂန်ကို လည်းကောင်း၊ ဉာဏ်ပညာကို လည်းကောင်း၊ ချီးမြှင့် ပေးသနားတော်မူခဲ့သည့် အပြင်၊ ငါ အရှင်မြတ်သည် ၎င်းတို့အား ကြီးကျယ်လှစွာသော (အုပ်ချုပ်မှု) သြဇာအာဏာကိုလည်း ချီးမြှင့် ပေးသနားတော်မူခဲ့လေသတည်း။

فَمِنْهُم مَّنْ ءَامَنَ بِهِۦ وَمِنْهُم مَّن صَدَّ عَنْهُ ۚ وَكَفَىٰ بِجَهَنَّمَ سَعِيرًا ﴿٥٥﴾

၅၅။ သို့တစေလည်း ယင်း (နဗီတမန်တော်၏ အဆက်အနွယ်)တို့ အနက် အချို့သူတို့သည် ထို (ကျမ်းဂန်နှင့်ဉာဏ်ပညာစသည်တို့)ကို ယုံကြည်ခဲ့ကြလေ၏။ သို့ရာတွင် ၎င်းတို့အနက် အချို့သူတို့မှာမူကား ထို(ကျမ်းဂန်နှင့် ဉာဏ်ပညာစသည်တို့ကို ယုံကြည်ခြင်း)မှ သွေရှောင်ခဲ့ကြလေ၏။

အမှန်သော်ကား (ယင်းကဲ့သို့ သူတို့အဘို့) အလျဉ်ပြောင်ပြောင် တောက်လောင်သော ဂျဟန္နမ် ငရဲဘုံသည်ပင် ပြစ်ဒဏ်အဖြစ် လုံလောက်ပေသည်။

إِنَّ ٱلَّذِينَ كَفَرُوا۟ بِـَٔايَٰتِنَا سَوْفَ نُصْلِيهِمْ نَارًا كُلَّمَا نَضِجَتْ جُلُودُهُم بَدَّلْنَٰهُمْ

၅၆။ စင်စစ်ကန် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မယုံမကြည်သွေဖည်ငြင်းပယ် ခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ထိုသူတို့အား မကြာမြင့်မီ (ငရဲ)မီးထဲသို့ ထည့်သွင်းတော်မူအံ့။

جُلُودًا غَيْرَهَا لِيَذُوقُوا
الْعَذَابَ ۗ إِنَّ اللَّهَ كَانَ
عَزِيزًا حَكِيمًا ﴿٥٦﴾

ထိုသူတို့၏ အရေများသည် ကျက်ကြေကျွမ်းလောင်၍သွားတိုင်း၊ ထိုသူတို့သည် ပြစ်ဒဏ်(၏အရသာ)ကို (အမြဲမပြတ်) မြည်းစမ်းကြရန် ငါအရှင်မြတ်သည် ၎င်းတို့အား (ကျွမ်းလောင်ခဲ့သော) ထိုအရေများ၏အစား အခြား(အသစ်ဖြစ်သော) အရေများကို လဲလှယ်၍ပေးတော်မူအံ့။

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) နိုင်နင်း လွှမ်းမိုးတော်မူသော အရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَالَّذِينَ آمَنُوا وَعَمِلُوا
الصَّالِحَاتِ سَنُدْخِلُهُمْ
جَنَّاتٍ تَجْرِي مِنْ تَحْتِهَا
الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ۖ
لَهُمْ فِيهَا أَزْوَاجٌ مُطَهَّرَةٌ ۖ
وَنُدْخِلُهُمْ ظِلًّا ظَلِيلًا ﴿٥٧﴾

၅၇။ သို့ရာတွင်မူ အကြင်သူတို့သည် 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြ၏။ ၎င်းပြင်ကောင်းမြတ်သော အကျင့်သီလ များကိုလည်း ဆောက်တည် စောင့်ထိန်းကြ၏။ ထိုသူတို့အား ငါ အရှင်မြတ်သည် မကြာမြင့်မီ အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူအံ့၊ ထိုဥယျာဉ်များ၏ အောက်၌ စမ်းရေချောင်းများ စီးဆင်းလျက်ရှိမည်။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ အမြဲထာဝစဉ် နေထိုင်စံမြန်းကြရမည်။

၎င်းဥယျာဉ်များတွင် ထိုသူတို့အဖို့ သန့်ရှင်းစင်ကြယ်သော ဇနီးမိန်းမများလည်း ရှိကြမည်။ ၎င်းပြင် ငါ အရှင်မြတ်သည် ထိုသူတို့အား အလွန် ထူထပ်ချမ်းမြေ့ သာယာသော အရိပ်အာဝါသ အောက်သို့ ဝင်ရောက်စေတော်မူအံ့။

إِنَّ اللَّهَ يَأْمُرُكُمْ أَنْ تُؤَدُّوا الْأَمَانَاتِ إِلَىٰ أَهْلِهَا وَإِذَا حَكَمْتُمْ بَيْنَ النَّاسِ أَنْ تَحْكُمُوا بِالْعَدْلِ ۚ إِنَّ اللَّهَ نِعِمَّا يَعِظُكُمْ بِهِ ۗ إِنَّ اللَّهَ كَانَ سَمِيعًا بَصِيرًا ﴿٥٨﴾

၅၈။ (အို-မွတ်စ်လင်မ်အပေါင်းတို့) အလ္လာဟ်အရှင်မြတ်သည် ဧကန်စင်စစ် အသင်တို့အား (မိမိတို့ထံ သူတပါး၏) *အပ်နှံထားသောပစ္စည်းများကို* [၃] ထိုပစ္စည်းရှင်များသို့ (ပြန်လည်) ပေးဆပ်ကြရန်၎င်း၊ လူတို့စပ်ကြား၌ စီရင်ဆုံးဖြတ်ကြရာတွင် *တရားမျှတစွာဖြင့် စီရင်ဆုံးဖြတ်ကြရန်၎င်း*၊ [၄] အမိန့်တော် ပေးတော်မူလေသည်။

ဧကန်စင်စစ် အသင်တို့အား အလ္လာဟ် အရှင်မြတ် ဆုံးမတော်မူသော သြဝါဒတော်သည် အလွန် မွန်မြတ်လှပေသည်။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြင်းမရှိ ကြားသိတော် မူသောအရှင်၊ ခပ်သိမ်းဥဿုံ အလုံးစုံတို့ကို ခွဲခြားသိမြင်တော်မူသော အရှင်မြတ် ဖြစ်တော် မူပေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ وَأُولِي الْأَمْرِ

၅၉။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် *အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို* လိုက်နာကြလေကုန်၊ [၇] ထိုနည်းတူစွာ အသင်တို့သည် *ရာဇလ်တမန်တော်၏အမိန့်တော်များကိုလည်းကောင်း*၊ [၄] မိမိတို့ အနက်မှ *အာဏာပိုင်များ၏ အမိန့်*ကို လည်းကောင်း၊ [၅] လိုက်နာကြလေကုန်။

---

③ အမာနတ်ဟူသည် သူတပါးက မိမိအားယုံကြည်စိတ်ချ၍ အပ်နှံထားသောအရာကို ဆိုလိုသည်။ အမာနတ်တွင် ဥစ္စာပစ္စည်းများအပြင် လွဲအပ်ခြင်း ခံရသော အသိပညာနှင့် တာဝန်ရပ်ရပ်လည်း အကျုံးဝင်ပေသည်။ ဤမုက္ခပါဠ်တော်တွင် အမာနတ်အရပ်ရပ်ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံသို့ သစ္စာရှိစွာဖြင့် ပြန်လည်ပေးပို့ ကြရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

ဤမုက္ခပါဠ်တော်တွင် လူသားတို့အပေါ်၌ သက်ရောက်သော အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်းသည့် တာဝန်များ၊ လူသားအချင်းချင်းနှင့် စပ်လျဉ်းသည့် တာဝန်များအားလုံးသည် အကျုံးဝင်ပေသည်။

④ တရားသဖြင့် စီရင်ဆုံးဖြတ်ရမည်ဟူသော အမိန့်တော်သည် လူသားတို့ကြားတွင် တရားစီရင် ဆုံးဖြတ်သော သူများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ပို့ချတော်မူသော မုက္ခပါဠ်တော်ဖြစ်သည်။ ရှု-အီဗ်နုကဆီရ်။ ➤➤

مِنكُمْ ۖ فَإِن تَنَٰزَعْتُمْ فِى
شَىْءٍ فَرُدُّوهُ إِلَى ٱللَّهِ
وَٱلرَّسُولِ إِن كُنتُمْ
تُؤْمِنُونَ بِٱللَّهِ وَٱلْيَوْمِ
ٱلْءَاخِرِ ۚ ذَٰلِكَ خَيْرٌ وَأَحْسَنُ
تَأْوِيلًا ﴿٥٩﴾

တဖန် အကယ်၍ အသင်တို့သည် တစုံတရာ ကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားခဲ့ကြသော်၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို လည်းကောင်း၊ နောက်ဆုံးနေ့ကို လည်းကောင်း၊ သက်ဝင်ယုံကြည်ကြပါလျှင် ထိုကိစ္စကို အလ္လာဟ် အရှင်မြတ် အထံတော်သို့ လည်းကောင်း၊ ရဏ္ဍလ်တမန်တော်၏ထံသို့ လည်းကောင်း၊ *ပြန်လည်၍ ပို့သကြလေကုန်။* [၁] ဤ(သို့ ပြုလုပ်ခြင်း)သည်ကား (အသင်တို့အဘို့ ဤမျက်မှောက် လောကီဘဝ၌) အမွန်မြတ်ဆုံးဖြစ်သည့်အပြင်၊ (နောက်တမလွန် ဘဝ၌လည်း) အကျိုး အာနိသင်အား ဖြင့် အကောင်းဆုံးပင် ဖြစ်ချေသတည်း။

➤➤ တရားသဖြင့် စီရင်ဆုံးဖြတ်ရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အမြောက်အမြား တွေ့ရှိရပေသည်။ ကုရ်အာန်(၄:၁၃၅။ ၅:၈။ ၅:၄၂။ ၆:၁၃၅။ ၇:၂၉။ ၁၆:၇၆။ ၄၂:၁၅။ ၄၉:၉။၅၇:၂၅။)

① အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် သက်ရှိသက်မဲ့အားလုံးတို့၏ ခယရိုကျိုးရှိခိုးခြင်းကို ခံယူတော်မူထိုက်သောအရှင်ဖြစ်သည်။

② "ရဏ္ဍလ်"တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ စေလွှတ်တော်မူခြင်းခံရသော ပုဂ္ဂိုလ်မြတ်များဖြစ်ကြ၏။ ထိုတမန်တော်များသည်ပင်လျှင် ထိုအရှင်မြတ်၏ ဓမ္မဒေသနာတော်များကို လူသားတို့အား ရှင်းလင်း၍ ဟောကြားဆိုဆုံးမကြ၏။ သို့ဖြစ်ပေရာ ထိုတမန်တော်မြတ်များ၏ အမိန့်ညွှန်ကြားချက်များကိုလည်း နာခံကြရပေမည်။

③ 'အုလစ်လ်အမ်ရိ' အာဏာပိုင်များဟူသည် မည်သူများနည်း၊ ဤတွင် အဆိုပြုလျက်ရှိ၏။ အချို့က တိုင်းပြည်ကို စီမံအုပ်ချုပ်သော အစိုးရများကို ဆိုလိုသည်ဟူ၍ ၎င်း၊ အချို့က 'အာလင်မ်' ပညာရှိသုခမိန်များကို ဆိုလိုသည်ဟူ၍၎င်း၊ အချို့က တရားသူကြီးများကို ဆိုလိုသည်ဟူ၍၎င်း၊ အချို့က စစ်သူကြီးများကို ဆိုလိုသည်ဟူ၍၎င်း၊ အမျိုးမျိုးယူဆကြသည်။ ကုရ်အာန်ကျမ်းလာ မူရာပါဌ်တော်အရ အထက်ပါ ပုဂ္ဂိုလ် အားလုံးကိုလည်း ဆိုနိုင်ပေသည်။ ရှ-ဂျဆ်ဆွာဆ်။

④ မိမိတို့အချင်းချင်းအငြင်းပွားသောပြဿနာကို အလ္လာဟ်အရှင်မြတ်အထံတော်သို့ လွှဲအပ်ခြင်းဟူသည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းမြတ်နှင့်အညီ လိုက်နာကျင့်သုံးခြင်းကိုဆိုလိုသည်။ တမန်တော်မြတ်ထံသို့ လွှဲအပ်ခြင်းဟူသည် တမန်တော်မြတ်သက်တော်ထင်ရှားရှိစဉ် တမန်တော်မြတ်ထံသို့ ချဉ်းကပ်၍ တမန်တော်မြတ်၏ အမိန့်ညွှန်ကြားချက်အညီ လိုက်နာကျင့်သုံးခြင်းကိုဝင်း၊ တမန်တော်မြတ် ကွယ်လွန်အနိစ္စရောက်ပြီးနောက်တွင်မူ တမန်တော်မြတ်၏ 'ဟဒီဆ်' ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်သုံးခြင်းကိုဝင်း ဆိုလိုသည်။

ဤသည့်အချက်ကို ထောက်ခံခြင်းအားဖြင့် အစ္စလာမ် သာသနာတွင် ကုရ်အာန် ကျမ်းမြတ်နှင့် တမန်တော်မြတ်၏ ဟဒီဆ်ညွှန်ကြားချက်များသည် အဓိကဖြစ်ကြောင်း အထင်အရှား သိရပေသည်။

أَلَمْ تَرَ إِلَى الَّذِينَ يَزْعُمُونَ أَنَّهُمْ آمَنُوا بِمَا أُنْزِلَ إِلَيْكَ وَمَا أُنْزِلَ مِنْ قَبْلِكَ يُرِيدُونَ أَنْ يَتَحَاكَمُوا إِلَى الطَّاغُوتِ وَقَدْ أُمِرُوا أَنْ يَكْفُرُوا بِهِ وَيُرِيدُ الشَّيْطَانُ أَنْ يُضِلَّهُمْ ضَلَالًا بَعِيدًا ﴿٦٠﴾

၆၀။ (အို-နဗီတမန်တော်) အသင်သည် အကြင်သူတို့(၏)ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။ ထိုသူတို့က မိမိတို့သည် အသင့်ထံ ထုတ်ပြန်ပြီးဖြစ်သော (ကုရ်အာန်) ကျမ်းတော်ကို လည်းကောင်း၊ အသင်၏အလျင် ထုတ်ပြန်ခဲ့ပြီးဖြစ်သော ကျမ်းတော်များကိုလည်းကောင်း၊ မုချဇကန် သက်ဝင်ယုံကြည်ခဲ့ကြလေပြီဟု (ဟန်ဆောင်) ထုတ်ဖော် ပြောဆိုကြလေသည်။

(သို့တစေလည်း) ယင်းသူတို့သည် (မိမိတို့၏)အမှုအခင်းများကို "ရှိုင်တွာန်" မိစ္ဆာကောင်၏ထံသို့ (သွားရောက်)တင်လိုကြကုန်၏။ အမှန်စင်စစ်သော်ကား၊ ယင်းသူတို့သည် ထို "ရှိုင်တွာန်" မိစ္ဆာကောင်ကို မယုံမကြည် သွေဖည်ငြင်းပယ်ကြ ရန် အမိန့်တော်ရရှိပြီး ဖြစ်ကြကုန်၏။

အမှန်သော်ကား "ရှိုင်တွာန်" မိစ္ဆာကောင်သည် ၎င်းတို့အား ဝေးလံစွာသော လမ်းမှားသို့ ပို့ဆောင်လိုပေသတည်း။

وَإِذَا قِيلَ لَهُمْ تَعَالَوْا إِلَى مَا أَنْزَلَ اللَّهُ وَإِلَى الرَّسُولِ رَأَيْتَ الْمُنَافِقِينَ يَصُدُّونَ عَنْكَ صُدُودًا ﴿٦١﴾

၆၁။ ၎င်းပြင် (တဦးတယောက်သော သူသည်) ထိုသူတို့အား အသင်တို့သည် (တရားစီရင်ဆုံးဖြတ်ရန်အလို့ငှာ) အလ္လာဟ် အရှင်မြတ် ထုတ်ပြန်ချမှတ်တော် မူသော တရားဓမ္မ(တည်း ဟူသော ကုရ်အာန် ကျမ်းတော်မြတ်) ဘက်သို့လည်းကောင်း၊ ရာ္ဇူလ် တမန်တော်မြတ် ထံသို့လည်းကောင်း လာကြလေကုန်ဟု ပြောဆိုသောအခါ၊ အသင်သည် "မုနာဖစ်က်" အယောင်ဆောင် မွတ်စ်လင်မ်တို့အား မိမိထံ (လာရောက်ခြင်း) မှ ဖဲကြဉ်သွေရှောင်ကြသည်ကို တွေ့မြင်ရပေအံ့။

فَكَيْفَ إِذَآ أَصَٰبَتْهُم مُّصِيبَةٌۢ بِمَا قَدَّمَتْ أَيْدِيهِمْ ثُمَّ جَآءُوكَ يَحْلِفُونَ بِٱللَّهِ إِنْ أَرَدْنَآ إِلَّآ إِحْسَٰنًا وَتَوْفِيقًا ﴿٦٢﴾

၆၂။ တဖန် ထိုသူတို့၌ မိမိတို့၏ကိုယ်ထိလက်ရောက်ပြုလုပ်မှုများကြောင့်ပင် တစုံတရာ ဘေးဥပဒ်အန္တရာယ်သည် ဆိုက်ရောက်လတ်သော် (ထိုသူတို့သည်) မည်သို့ဖြစ်သွားကြသနည်း။ ထို(သို့ဖြစ်ကြပြီး)နောက် ထိုသူတို့ကား 'ကျွန်တော်များသည် အကောင်း ဖြစ်စေခြင်းနှင့်' (အချင်းချင်း) စိတ်တူကိုယ်မျှ ဖြစ်စေခြင်းမှတပါး အခြားမည်သည်ကိုမျှ ရည်စူးခဲ့ကြသည် မဟုတ်ပါ' ဟူ၍ အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကျိန်ဆိုလျက် အသင့်ထံလာကြကုန်သတည်း။

أُو۟لَٰٓئِكَ ٱلَّذِينَ يَعْلَمُ ٱللَّهُ مَا فِى قُلُوبِهِمْ فَأَعْرِضْ عَنْهُمْ وَعِظْهُمْ وَقُل لَّهُمْ فِىٓ أَنفُسِهِمْ قَوْلًۢا بَلِيغًا ﴿٦٣﴾

၆၃။ ဤသူတို့ကား၊ အကြင် သူများပင်တည်း။ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့၏ စိတ်တွင်း၌ ရှိသမျှတို့ကို သိရှိတော်မူလေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုသူတို့(၏ အပြစ်များ)ကို လျစ်လျူရှု၍ နေပါလေ။ သို့ရာတွင် အသင်သည် ၎င်းတို့အား ဆုံးမပဲ့ပြင်၍ ပေးပါလေ။ ထိုမှတပါး အသင်သည် ၎င်းတို့အား ၎င်းတို့နှင့်ပတ်သက်၍ ထိရောက်စွဲမြဲ သော (တရား)စကားကိုလည်း ပြောကြားပါလေ။

وَمَآ أَرْسَلْنَا مِن رَّسُولٍ إِلَّا لِيُطَاعَ بِإِذْنِ ٱللَّهِ ۚ وَلَوْ أَنَّهُمْ إِذ ظَّلَمُوٓا۟ أَنفُسَهُمْ جَآءُوكَ فَٱسْتَغْفَرُوا۟ ٱللَّهَ وَٱسْتَغْفَرَ لَهُمُ ٱلرَّسُولُ لَوَجَدُوا۟ ٱللَّهَ

၆၄။ အမှန်စင်စစ် ငါ အရှင်မြတ်သည် ရာဇူလ် တမန်တော်အပေါင်းတို့အား စေလွှတ်တော်မူခဲ့ခြင်းမှာ အလ္လာဟ် အရှင်မြတ်၏အမိန့်တော်ဖြင့် (လူခပ်သိမ်းတို့သည်) ထိုရာဇူလ် တမန်တော်များ၏ ဩဝါဒများကို နာခံကြရန်အတွက်သာလျှင် ဖြစ်ပေသည်။

တဖန်အကယ်၍သာ ထိုသူတို့သည် မိမိတို့ကိုယ်ကို နှိပ်စက်ကလူ ပြုမိခဲ့ကြလျှင် အသင့်ထံလာကြ၍ အလ္လာဟ်အရှင်မြတ် ထံတော်၌ ချမ်းသာခွင့်ကို အသနားခံပေးသည်ရှိသော် ၎င်းပြင် ရာဇူလ်

تَوَّابًا رَّحِيمًا ﴿٦٤﴾

တမန်တော်ကလည်း ၎င်းတို့အတို့ ချမ်းသာခွင့်ကို အသနားခံပေးသည် ရှိသော် ထိုသူတို့သည် အလွှာဟ် အရှင်မြတ်အား အကြိမ်ကြိမ် ကရုဏာတော်နှင့် ပြန်လှည့်တော် မူသော အရှင်အဖြစ်ရင်း၊ အလွန် သနားကြင်နာ ညှာတာတော်မူသော အရှင်အဖြစ်ရင်း တွေ့ရှိကြရမည်မှာ မလွဲဧကန်တည်း။

فَلَا وَرَبِّكَ لَا يُؤْمِنُونَ حَتَّىٰ يُحَكِّمُوكَ فِيمَا شَجَرَ بَيْنَهُمْ ثُمَّ لَا يَجِدُوا فِي أَنفُسِهِمْ حَرَجًا مِّمَّا قَضَيْتَ وَيُسَلِّمُوا تَسْلِيمًا ﴿٦٥﴾

၆၅။ သို့ဖြစ်ပေရာ၊ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏ 'ကစမ်'၊ ထိုသူတို့သည် မိမိတို့အချင်းချင်း အငြင်းပွားသော ပြဿနာနှင့် စပ်လျဉ်း၍ အသင်အား ခုံသမာဓိတင်မြှောက်ခြင်း မရှိသမျှ ကာလပတ်လုံး၊ ပြီးနောက် ၎င်းတို့သည် အသင် စီရင်ခဲ့သော ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မိမိတို့ စိတ်တွင်းဝယ်၊ မည်သည့် ကျဉ်းကျပ်မှုကိုမျှ မတွေ့ရှိကြသည့်ပြင် (ယင်းစီရင်ဆုံးဖြတ်ချက်ကို) အပြည့်အစုံ (ကြည်ဖြူစွာ)လက်ခံနာယူခြင်း မရှိသမျှ ကာလပတ်လုံး ထိုသူတို့သည် 'မုအ်မင်န်' သက်ဝင် ယုံကြည်သူများ ဖြစ်နိုင်ကြမည်မဟုတ်ပေ။

وَلَوْ أَنَّا كَتَبْنَا عَلَيْهِمْ أَنِ اقْتُلُوا أَنفُسَكُمْ أَوِ اخْرُجُوا مِن دِيَارِكُم مَّا فَعَلُوهُ إِلَّا قَلِيلٌ مِّنْهُمْ ۖ وَلَوْ أَنَّهُمْ فَعَلُوا مَا يُوعَظُونَ بِهِ لَكَانَ خَيْرًا لَّهُمْ وَأَشَدَّ تَثْبِيتًا ﴿٦٦﴾

၆၆။ ၎င်းပြင်၊ အကယ်၍သာ ငါ အရှင်မြတ်သည် ထိုသူတို့အပေါ်ဝယ်၊ 'အသင်တို့သည်' မိမိတို့ကိုယ်ကို မိမိတို့ပင် သတ်ဖြတ်ကြလေကုန် ဟူ၍သော်လည်း ကောင်း၊ အသင်တို့သည် မိမိတို့(နေရင်း)ဒေသများမှ ထွက်ခွာ သွားကြလေကုန် ဟူ၍သော် လည်းကောင်း (အမိန့်တော်) သတ်မှတ်ပြဋ္ဌာန်းတော် မူခဲ့ပါလျှင် ထိုသူတို့အနက်မှ အနည်းငယ်မျှသော သူတို့မှတပါး အခြားသူတို့မှာမူကား၊ ထိုပြဋ္ဌာန်းချက်ကို လိုက်နာ ကျင့်သုံးကြမည် မဟုတ်ပေ။

သို့ရာတွင် အကယ်၍သာ ၎င်းတို့သည်၊ ၎င်းတို့ဆုံးမခြင်းခံကြရသော အမှုကိစ္စများကို လိုက်နာဆောင်ရွက်ကြပါမူ (ယင်းသို့ လိုက်နာဆောင်ရွက်ခြင်းသည်ကား) ၎င်းတို့အဘို့ အကောင်းဆုံး ဖြစ်ခဲ့သည့်အပြင်၊ (၎င်းတို့၏ 'အီမာန်' ယုံကြည်မှုကို) ပိုမိုခိုင်မြဲစေမည်လည်း ဖြစ်အံ့သတည်း။

وَّاِذًا لَّاٰتَيْنٰهُمْ مِّنْ لَّدُنَّاۤ اَجْرًا عَظِيْمًا ﴿٦٧﴾

၆၇။ ၎င်းပြင်၊ ထိုအချိန်အခါမျိုးတွင်၊ ဧကန်စင်စစ် ငါအရှင်မြတ်သည် ထိုသူတို့အား မိမိအထံတော်မှ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့အံ့။

وَّلَهَدَيْنٰهُمْ صِرَاطًا مُّسْتَقِيْمًا ﴿٦٨﴾

၆၈။ ထိုမှတပါး၊ ဧကန်မလွဲ ငါအရှင်မြတ်သည် ထိုသူတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကိုလည်း ညွှန်ကြား ပြသတော်မူခဲ့အံ့။

وَمَنْ يُّطِعِ اللّٰهَ وَالرَّسُوْلَ فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ وَالصّٰلِحِيْنَ ۚ وَحَسُنَ اُولٰٓئِكَ رَفِيْقًا ﴿٦٩﴾

၆၉။ အမှန် စင်စစ်သော်ကား၊ အကြင်သူသည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို လည်းကောင်း၊ ရာရူလ်တမန်တော်၏ (အမိန့်တော်များ)ကို လည်းကောင်း၊ လိုက်နာအံ့၊ ယင်း(ကဲ့သို့သော) သူတို့သည် အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူသော နဗီတမန်တော်များ၊ 'ဆွစ်ဒ္ဒီက်' တိကျ မှန်ကန်စွာ ပြောဆိုပြုလုပ် ဆောင်ရွက်သူများ၊ 'ရှဟီဒ်' အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ အသက်ဇီဝိန်ကို စွန့်သူများ၊ 'ဆွာလိဟ်' သူတော်စင် သူတော်ကောင်းများနှင့် အတူတကွ ရှိကြလတ္တံ့။ စင်စစ်ဆိုသော် ယင်းသူတို့သည် အဘယ်မျှလောက် မွန်မြတ်လှစွာသော *မိတ်သဟာရအဖော် အဖက်များ* ဖြစ်ကြပေသနည်း။ [၁]

---

① အကြင်လောကီသားတဦး၌ လောကီစည်းစိမ်ချမ်းသာ အဘယ်မျှပင်များပြားလင့်ကစား အကယ်၍ မိတ်ဆွေကောင်းမရှိပါမူ ထိုသူသည်ထိုမျှများပြားသော စည်းစိမ်ချမ်းသာများကို ပြည့်စုံစွာခံစားနိုင်မည်မဟုတ်ပေ၊ ➤➤

ذَٰلِكَ الْفَضْلُ مِنَ اللَّهِ ۚ وَكَفَىٰ بِاللَّهِ عَلِيمًا ﴿٧٠﴾

၇၀။ ဤသည်ကား၊ အလ္လာဟ် အရှင်မြတ် အထံတော်မှ ကျေးဇူးတော် ပင်တည်း။ စင်စစ်မူကား၊ အလ္လာဟ် အရှင်မြတ်သည်ပင်လျှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်အဖြစ် လုံလောက်တော်မူပေသတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا خُذُوا حِذْرَكُمْ فَانْفِرُوا ثُبَاتٍ أَوِ انْفِرُوا جَمِيعًا ﴿٧١﴾

၇၁။ အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏(ကြိုတင်) ကာကွယ်မှုကို ပြင်ဆင်ပြုလုပ်ကြလေကုန်။ (တနည်း- အသင်တို့သည် မိမိတို့၏ လက်နက်များကို စွဲကိုင်ထားကြလေကုန်၊) ထို့နောက် အသင်တို့သည် (ရန်သူတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြရန်) အစုလိုက် ချီတက်ကြလေကုန်၊ သို့တည်းမဟုတ် အသင်တို့သည် တစည်းတလုံးတည်း ချီတက်ကြလေကုန်။

وَإِنَّ مِنكُمْ لَمَن لَّيُبَطِّئَنَّ ۖ فَإِنْ أَصَابَتْكُم مُّصِيبَةٌ قَالَ قَدْ أَنْعَمَ اللَّهُ عَلَيَّ إِذْ لَمْ أَكُن مَّعَهُمْ شَهِيدًا ﴿٧٢﴾

၇၂။ ၎င်းပြင် မုချဧကန် အသင်တို့တွင် အကြင်ကဲ့သို့သော သူလည်းရှိ၏။ ထိုသူသည် (စစ်မြေပြင်သို့ လိုက်ပါသွားခြင်း မပြုဘဲ) ဖင့်နွှဲ. ဆိုင်းတွ (ကျန်ရစ်)လေသည်။

တဖန် အကယ်၍ အသင်တို့၌ ဘေးအန္တရာယ် တစ်စုံတစ်ရာဆိုက်ရောက်ခဲ့မူ၊ ထိုသူက 'ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့လေပြီ၊ ထို့အတွက်ကြောင့်ပင်၊ ကျွန်ုပ်သည် ထိုသူတို့နှင့်အတူ (စစ်မြေပြင်သို့) လိုက်ပါသွားခြင်း မရှိခဲ့ပြီ ဟု ပြောဆိုလေသည်။

➤➤ ဂျနူတ်အမတ သုခဘုံသားများသည်ကား ကာယသုခ၊ စိတ္တသုခနှစ်ပါးနှင့် ပြည့်စုံစေနိုင်သော အမျိုးမျိုးသော သုခချမ်းသာများကို ရရှိကြမည့်အပြင် စိတ်သဘောချင်းမျှသော လူ.ဘဝတွင် အထွဋ်အထိပ်သို့ ရောက်ရှိနေသော၊ အလွန်မွန်မြတ်လှသော မိတ်ဆွေကောင်း မိတ်ဆွေမြတ်များနှင့်အတူ နေထိုင်ခွင့်လည်း ရရှိမည့် အကြောင်း ဤမုဟ္မပါဒ်တော်တွင် ကောင်းချီးသတင်းပေးထားတော်မူသည်။ (မာဂျီဒီ)

وَلَئِنْ أَصَابَكُمْ فَضْلٌ مِّنَ اللَّهِ لَيَقُولَنَّ كَأَن لَّمْ تَكُنۢ بَيْنَكُمْ وَبَيْنَهُۥ مَوَدَّةٌ يَٰلَيْتَنِى كُنتُ مَعَهُمْ فَأَفُوزَ فَوْزًا عَظِيمًا ﴿٧٣﴾

၇၃။ သို့ရာတွင် အကယ်၍ အသင်တို့၌ အလ္လာဟ် အရှင်မြတ် ထံတော်မှ ကျေးဇူးတော်သည် ဆိုက်ရောက်ခဲ့မူ၊ ထိုသူသည် အသင်တို့နှင့်ငင်း၏အကြား တွင် ခင်မင်ရင်းနှီးမှု လုံးဝ မရှိခဲ့ဘူးသည့်အလား၊ "ဩော်- ကျွန်ုပ်သည်လည်း ထိုသူတို့နှင့် အတူ (စစ်မြေပြင်သို့ လိုက်ပါသွားသည်) ဖြစ်ခဲ့ပါလျှင်၊ ကောင်းလေစွတကား၊ သို့(လိုက်ပါသွားခဲ့)ပါလျှင်၊ ကျွန်ုပ်သည်လည်း (ငင်းတို့ကဲ့သို့ပင်) ကြီးကျယ် လှစွာသော အောင်မြင်မှုကို ရရှိချေမည်တကား" ဟု ဧကန်မလွဲ (ဟစ်ကြွေး) ပြောဆိုလေသတည်း။

فَلْيُقَٰتِلْ فِى سَبِيلِ اللَّهِ الَّذِينَ يَشْرُونَ الْحَيَوٰةَ الدُّنْيَا بِالْءَاخِرَةِ ۚ وَمَن يُقَٰتِلْ فِى سَبِيلِ اللَّهِ فَيُقْتَلْ أَوْ يَغْلِبْ فَسَوْفَ نُؤْتِيهِ أَجْرًا عَظِيمًا ﴿٧٤﴾

၇၄။ သို့ဖြစ်ပေရာ ပစ္စုပ္ပန်ဘဝကို နောင်တမလွန် ဘဝဖြင့် လဲလှယ် ရောင်းချကြသော သူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြရပေမည်။

(တနည်း- သို့ ဖြစ်ပေရာ ထိုသူသည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ အကြင်သူ များနှင့် စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ရပေမည်။ ထိုသူတို့သည် မျက်မှောက်ဘဝကို နောင်တမလွန် ဘဝဖြင့် လဲလှယ်ဝယ်ယူကြ၏)

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်အံ့။ ထို့နောက် သို့ တိုက်ခိုက်ရာတွင် ထိုသူသည် အသတ်ခံရသည်ဖြစ်စေ၊ အောင်နိုင် သည်ဖြစ်စေ ငါအရှင်သည် ထိုသူ့အား မကြာမြင့်မီ အတွင်း ကြီးကျယ်မြင့်မြတ်သော အကျိုးကို ပေး သနားတော်မူအံ့။

وَمَا لَكُمْ لَا تُقَاتِلُونَ فِي
سَبِيلِ اللَّهِ وَالْمُسْتَضْعَفِينَ
مِنَ الرِّجَالِ وَالنِّسَاءِ
وَالْوِلْدَانِ الَّذِينَ
يَقُولُونَ رَبَّنَا أَخْرِجْنَا
مِنْ هَٰذِهِ الْقَرْيَةِ الظَّالِمِ
أَهْلُهَا ۚ وَاجْعَل لَّنَا مِن
لَّدُنكَ وَلِيًّا ۚ وَاجْعَل
لَّنَا مِن لَّدُنكَ
نَصِيرًا ﴿٧٥﴾

၇၅။ စင်စစ်ဆိုသော် အသင်တို့၌ မည်သည့်အကြောင်း ရှိချေသနည်း။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လည်းကောင်း၊ အကြင် အင်အားချည့်နဲ့သော ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်တို့(အား ကယ်တင်ရန်)အလို့ငှာ လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း မပြုကြချေ။

ထို (ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်)တို့သည်ကား၊ 'အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤအကြင် မြို့ရွာမှ ထုတ်ဆောင်တော်မူပါ။ ထို မြို့ရွာသူ မြို့ရွာသားများသည် မတရားနှိပ်စက် ညှဉ်းပန်းသူများ ဖြစ်ကြပါ၏။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဘို့ မိမိအထံတော်မှ အဆွေခင်ပွန်းတဦးဦးကို ဖန်တီး၍ ပေးသနားတော်မူပါ။ ထိုနည်းတူစွာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဘို့ မိမိ အထံတော်မှ ကာကွယ်စောင့်ရှောက်မည့်သူ တဦးဦးကိုလည်း ဖန်တီး၍ ပေးသနားတော်မူပါ' ဟု လျှောက်ထား ပန်ကြားလျက် ရှိကြကုန်သတည်း။

الَّذِينَ آمَنُوا يُقَاتِلُونَ فِي
سَبِيلِ اللَّهِ ۖ وَالَّذِينَ كَفَرُوا
يُقَاتِلُونَ فِي سَبِيلِ
الطَّاغُوتِ فَقَاتِلُوا أَوْلِيَاءَ
الشَّيْطَانِ ۖ إِنَّ كَيْدَ الشَّيْطَانِ
كَانَ ضَعِيفًا ﴿٧٦﴾

၇၆။ မုအ်မင်္ဂန်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြ၏။ ကာဖိရ်တို့သည်မူကား တွာဃူတ်၏လမ်း၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ရှိုင်တွာန်၏အဆွေခင်ပွန်းတို့ကို တိုက်ခိုက်ကြကုန်၏။

မုချကေန် ရှိုင်တွာန်၏ ပရိယာယ်သည် ချည့်နဲ့လှပေသည်။ (တနည်း-ပေါ့ပျက်လှပေသည်)။

أَلَمْ تَرَ إِلَى الَّذِينَ قِيلَ
لَهُمْ كُفُّوا أَيْدِيَكُمْ وَأَقِيمُوا
الصَّلَوٰةَ وَآتُوا الزَّكَوٰةَ فَلَمَّا
كُتِبَ عَلَيْهِمُ الْقِتَالُ إِذَا
فَرِيقٌ مِّنْهُمْ يَخْشَوْنَ النَّاسَ
كَخَشْيَةِ اللَّهِ أَوْ أَشَدَّ خَشْيَةً ۚ
وَقَالُوا رَبَّنَا لِمَ كَتَبْتَ عَلَيْنَا
الْقِتَالَ لَوْلَا أَخَّرْتَنَا إِلَىٰ
أَجَلٍ قَرِيبٍ ۗ قُلْ مَتَاعُ
الدُّنْيَا قَلِيلٌ ۖ وَالْآخِرَةُ
خَيْرٌ لِّمَنِ اتَّقَىٰ ۖ وَلَا

၇၇။ (အို-နဗီတမန်တော်) အသင်သည် အကြင်သူတို့(၏ ဖြစ်အင်)ကို မတွေ့.မမြင်ပါလေသလော။ (ထိုသူတို့သည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့်.မကျရောက်မီက စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြရန် အလွန် စိတ်အားထက်သန်နေကြသဖြင့်) ၎င်းတို့အား အသင်တို့.သည် မိမိတို့. လက်များကို (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ချုပ်တည်း၍ ထားရှိကာ "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်နေကြကုန်၊ ၎င်းပြင် ဇကာတ်တရား၀င် ဒါနကြေး ပေးဆောင်နေကြကုန် ဟု ပြောခဲ့.ဘူးလေသည်။

တဖန် ထိုသူတို့.အပေါ်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် (အမိန့်.တော်သည်) အတည် ဖြစ်လာခဲ့.သောအခါ ၎င်းတို့.အနက်မှ လူတစုသည် အလွှာဟ် အရှင်မြတ်ကို ကြောက်ရွံ့.ဘိသကဲ့.သို့.ပင် လူတို့.ကို ကြောက်ရွံ့.လာကြရုံမျှမက အလွှာဟ် အရှင်မြတ် ထက်ပင် ပိုမို၍ ကြောက်ရွံ့.လာကြကုန်၏။

၎င်းပြင် ထိုသူတို့.က ပြောဆိုခဲ့.ကြသည်မှာ "အို- ကျွန်တော်မျိုးတို့.၏အရှင်၊ အရှင်မြတ်သည် မည်သည့်အတွက်ကြောင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို ကျွန်တော်မျိုးတို့.အပေါ်၌ သတ်မှတ် အတည်ပြုတော် မူပါသနည်း။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့.အား ထပ်မံ၍ ရက်အနည်းငယ် ရွှေ့.ဆိုင်းပေးတော် မူခဲ့.ပါလျှင် တော်လေစွတကား" ဟု လျှောက်ထား ပန်ကြားခဲ့.ကြကုန်သည်။ ②

---

② ဟစ်ဂျ်ရာဟ် မပြုလုပ်မီအလျင် မွတ်စ်လင်မ်တို့.သည် မက္ကာမြို့.တွင် ကာဖိရ်တို့.၏ နှိပ်စက်ညှဉ်းပန်းမှုဒဏ်အမျိုးမျိုးကို အကြီးအကျယ် ခံစားနေခဲ့.ကြကုန်၏။ ထိုအချိန်တွင် မွတ်စ်လင်မ်များသည် မခံမရပ်နိုင်ဖြစ်ပြီး တမန်တော်မြတ်ထံ လာရောက်ကာ ကာဖိရ်တို့.အား စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်၍ လက်စားချေနိုင်ရန် ➤➤

(အို-နဗီတမန်တော်) အသင်သည် (ယင်းတို့အား) "လောကီအကျိုးခံစားမှုသည် ခေတ္တခဏမျှ အတို့သာဖြစ်၍ ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သော သူ(တော်စင်)များအတို့ နောင်တမလွန်ဘဝ (၏ အကျိုးကျေးဇူးများ) သည်သာလျှင် အမွန်အမြတ်ဆုံး ဖြစ်ပေသည်။ ထိုမှတပါးတုံ အသင်တို့သည် ဆံခြည်ခန့်မျှပင် မတော်မတရားနှိပ်စက်မှုကို ခံကြရမည်မဟုတ်ပေ" ဟု ဖြေကြားပါလေ။ ﴿٧٧﴾ تُظْلَمُونَ فَتِيلًا

➤➤ ခွင့်ပန်ကြလေသည်။ တမန်တော်မြတ်က ယခုအချိန်ထိ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့်တော် မကျရောက်သေးကြောင်း၊ သည်းခံ၍ လျစ်လျူရှုကာ နေထိုင်ကြရမည့်အကြောင်း၊ အမိန့်တော် ရောက်ရှိပြီး ဖြစ်သော ဆွေလာတ်နှင့် ဇကာတ်များကို ဆောက်တည်နေကြရမည့် အကြောင်း ပြန်ကြားတော် မူလေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရာတွင် စိတ်ဓါတ်ကို ချုပ်တည်းနိုင်ခြင်း၊ ဒုက္ခခံနိုင်ခြင်း၊ ဥစ္စာပစ္စည်းများကို စွန့်ကြဲလှူဒါန်းနိုင်ခြင်း အစရှိသည့် အရည်အချင်းများသည် မုချရှိရမေမည်။ ဤသို့သော အရည်အချင်းများမရှိလျှင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန်နှင့် အသက်စွန့်ရန်မှာ ခဲယဉ်းလှပေသည်။ ထိုအချိန်တွင် မွတ်စ်လင်မ်များသည် တမန်တော်မြတ်၏ ဩဝါဒများကို လက်ခံသဘောတူသွားကြလေသည်။

နောက်ဆုံးတွင် မဒီနာမြို့သို့ ဟစ်ဂျရာ ပြုလုပ်ရန် အမိန့်တော် ကျရောက်လာ၏။ (မွတ်စ်လင်မ်တို့သည် လည်း ဟစ်ဂျရာပြုလုပ်ပြီး လိုအပ်သော အရည်အချင်းများနှင့် ပြည့်စုံသည့်အခါ အလ္လာဟ်အရှင်မြတ် အထံတော်မှ ကာဖိရ်တို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အမိန့်တော် ကျရောက်လာခဲ့လေသည်) ထိုအခါ စိတ်ဓါတ် နုနယ်သေးသော အချို့ မွတ်စ်လင်မ်များသည် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရမည့် အရေးကိုပင် အကြောက်ကြီး ကြောက်ကာ အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ စစ်အမိန့်တော်ကို ခေတ္တခဏ ရွှေ့ဆိုင်းပေးတော်မူပါမည့်အကြောင်း လျှောက်ထားပန်ကြားလေသည်။

⑦ ကာဖိရ်တို့နှင့် စစ်မက်ပြိုင်ဆိုင် မတိုက်ခိုက်လိုခြင်း၊ အသက်ရှည်လျားစွာ နေထိုင်လိုခြင်းများသည် လောကီ စည်းစိမ်များကို ခင်တွယ်ခြင်းကြောင့်သာ ဖြစ်ချေသည်။ အမှန်မှာ လောကီဘဝဖြင့် လောကီ စည်းစိမ်များသည် မမြဲသော အနိစ္စမျှသာဖြစ်ချေသည်။ သတ္တဝါမှန်သမျှတို့သည်လည်း သေကြရမည်သာ ဖြစ်ချေသည်။ နှစ်သက် မြတ်နိုးအပ်သော အရာကား နောင်တမလွန်ဘဝနှင့် နောင်တမလွန်ဘဝရှိ သုခများသာ ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန်ဘဝသည် နိစ္စဖြစ်ချေသည်။ ထို့အတူ နောင်တမလွန်ဘဝရှိ သုခများသည်လည်း အမတပင်ဖြစ်ချေသည်။ ထိုနိစ္စဘဝနှင့် အမတသုခများကိုရရှိနိုင်သော အကြောင်းတရားများမှာ "တာက္ကဝါ" အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ ရိုသေမြတ်နိုးခြင်းနှင့် ထိုအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးခြင်းပင် ဖြစ်ချေသည်။ "ဂျိဟာဒ်" သည်လည်း တာက္ကဝါ၏ အစိတ်အပိုင်းတခုပင် ဖြစ်ချေသည်။

(မာဂျိဒီ)

أَيْنَ مَا تَكُونُوا۟ يُدْرِككُّمُ
ٱلْمَوْتُ وَلَوْ كُنتُمْ فِى بُرُوجٍ
مُّشَيَّدَةٍ ۗ وَإِن تُصِبْهُمْ
حَسَنَةٌ يَقُولُوا۟ هَٰذِهِۦ مِنْ
عِندِ ٱللَّهِ ۖ وَإِن تُصِبْهُمْ
سَيِّئَةٌ يَقُولُوا۟ هَٰذِهِۦ مِنْ
عِندِكَ ۚ قُلْ كُلٌّ مِّنْ عِندِ
ٱللَّهِ ۖ فَمَالِ هَٰٓؤُلَآءِ ٱلْقَوْمِ
لَا يَكَادُونَ يَفْقَهُونَ
حَدِيثًا ﴿٧٨﴾

၇၈။ အသင်တို့သည် မည်သည့်နေရာ၌ပင် ရှိစေကာမူ၊ မရဏာ သေခြင်းတရားသည် အသင်တို့ထံ ရောက်ရှိ လာအံ့။ အကယ်၍ အသင်တို့သည် အလွန်ခိုင်ခံ့လုံခြုံသော ခံတပ်ရဲတိုက်များအတွင်း (ပုန်းအောင်းခိုလှုံ၍) ရှိနေကြသော်လည်း (မရဏာ သေခြင်းတရားမှ လွတ်မြောက်နိုင်ကြမည် မဟုတ်ချေ၊)

၎င်းပြင် အကယ်၍ ယင်း (အယောင်ဆောင်မွတ်စ်လင်မ်)တို့၌ တစုံတရာ ကောင်းခြင်းမင်္ဂလာ ဆိုက်ရောက်ခဲ့သည်ရှိသော် ၎င်းတို့က "ဤကား အလ္လာဟ်အရှင်မြတ် အထံတော်မှ ဖြစ်သည်" ဟု ပြောဆိုလေ့ရှိကြကုန်၏။ သို့ရာတွင် အကယ်၍ ၎င်းတို့၌ အမင်္ဂလာ တစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သော် "ဤသည်ကား အသင့်အတွက်ကြောင့် ဖြစ်သည်" ဟု ပြောဆိုလေ့ရှိကြကုန်သည်။ [၁] အို-(နဗီတမန်တော်) အသင်သည်(ထိုသူတို့အား မင်္ဂလာအမင်္ဂလာ ဟူသမျှ) အားလုံးတို့သည်အလ္လာဟ်အရှင်မြတ်အထံတော်မှပင် [၂] ဖြစ်သည်ဟု (ပြန်လည်၍) ဖြေကြားပါလေ။ [၃]

---

① ဤတွင် မုနာဖစ်ဂ်တို့၏အကြောင်း မိန့်ဆိုထားတော်မူသည်၊ မွတ်စ်လင်မ်တို့တွင် ကောင်းရာ ကောင်းကြောင်း တခုဖြစ်လျှင် (ဥပမာ-စစ်အောင်နိုင်လျှင်) မုနာဖစ်ဂ်တို့က ဤသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် သာတူညီမျှ အကျိုးခံစားပိုင်ခွင့် ရှိကြသည်ဟု ပြောဆိုကြသည်။ အကယ်၍ မွတ်စ်လင်မ်တို့တွင် ဒုက္ခတစုံတစ်ရာ ဖြစ်ပွားလျှင် ဤသည် မွတ်စ်လင်မ်တို့နှင့် တကွ မွတ်စ်လင်မ်တို့၏ အကြီးအကဲဖြစ်သော တမန်တော်မြတ်၏ ချွတ်ယွင်းမှုကြောင့်သာ ဖြစ်ရသည်ဟု စွပ်စွဲပြောဆိုကြလေသည်။

② "မင်္ဂနှင့်အင်္ဂဒီလ္လာဟ်" ဟူသော ပုဒ်၏ မူရင်း အဓိပ္ပါယ်မှာ အလ္လာဟ်အရှင်မြတ်၏အနီးမှ ဟူ၍ရသည်။ 'မိနလ္လာဟ်' ဟူသောပုဒ်၏မူရင်းအဓိပ္ပါယ်မှာ အလ္လာဟ်အရှင်မြတ်မှ ဟူ၍ရသည်။ "မင်္ဂနှင့်အင်္ဂဒီလ္လာ" ဟူသော ပုဒ်သည် ထိုအရှင်မြတ်နှစ်သက်သော အရာများနှင့်စပ်လျဉ်း၍ငင်း၊ ထိုအရှင်မြတ် မနှစ်သက်သော အရာများနှင့် စပ်လျဉ်း၍ငင်း၊ အသုံးဖြစ်ချေသည်။ မိနလ္လာဟ် ဟူသောပုဒ်မှာကား ထိုအရှင်မြတ် အမိန့်ပေးတော်မူသော အရာများနှင့် ထိုအရှင်မြတ် နှစ်သက်တော်မူသော အရာများ၌သာလျှင် အသုံးဖြစ်ချေသည်။ (ဗဟ်ရ်)

③ ဒုက္ခ၊ သုခ အစုစုတို့ကို အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်စေတော်မူသည်။ သုခဖြစ်လျှင် ထိုသုခသည် လူသားတို့၏အပြုအမူများကြောင့် မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကြောင့် ➤➤

သို့ဖြစ်ပေရာ ဤသူတို့သည် အဘယ်ကဲ့သို့ သောအဖြစ်၌ ဆိုက်ရောက်နေကြသနည်း၊ ထိုသူများသည် မည်သည့် အတွက်ကြောင့် မည်သည့် စကားကို နားမျှမလည်ဘဲ ရှိကြပါနည်း။

مَآ أَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللَّهِ ۖ وَمَآ أَصَابَكَ مِن سَيِّئَةٍ فَمِن نَّفْسِكَ ۚ وَأَرْسَلْنَٰكَ لِلنَّاسِ رَسُولًا ۚ وَكَفَىٰ بِاللَّهِ شَهِيدًا ﴿٧٩﴾

၇၉။ (အို-လူသား)။ အသင်၌ ဆိုက်ရောက်သမျှသော ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့သည် အလ္လာဟ်အရှင်မြတ်၏အထံတော်မှပင် ဖြစ်၏။ သို့ရာတွင် အသင့်၌ဆိုက်ရောက်သမျှသော ဒုက္ခဟူသရွေ့ တို့သည် မိမိ(အပြုအမူတို့)ကြောင့် သာဖြစ်၏။ (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်အား လူခပ်သိမ်းတို့ထံသို့ ၁ ရစူလ် တမန်တော်အဖြစ် စေလွှတ်တော် မူခဲ့လေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည်ပင်လျှင် (အသင် ရစူလ် တမန်တော်မြတ်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။

➤➤ သာလျှင် ဖြစ်ချေသည်။ ဒုက္ခတစ်စုံတစ်ရာ ဖြစ်လျှင်ကား ထိုဒုက္ခသည် လူသားတို့၏ မကောင်းသော အပြုအမူများကြောင့် အလ္လာဟ်အရှင်မြတ်၏ တရားမျှတစွာ စီရင်တော်မူခြင်းပင်ဖြစ်ချေသည်။

ကောင်းသောအဖြစ်တွင် ရောက်ရှိနေသော အကြင်သူတစ်ဦးသည် ထိုအဖြစ်သို့ မရောက်မီအလျင် ထိုအဖြစ်နှင့် ညီမျှသော ကောင်းမှုများကို ပြုနိုင်ခဲ့သည် မရှိခဲ့ချေ။ ဤမျှမကသေး ထိုသူသည် ကောင်းမှုများကို မပြုလုပ်မီအလျင်ကပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်များကို အများအပြားရရှိပြီး ဖြစ်ချေသည်။ မကောင်းသော အဖြစ်တွင် ရောက်နေသော အကြင်သူတစ်ဦးသည် ထိုသို့ မဖြစ်မီအလျှင် ထိုအဖြစ်ထက် ပိုမိုဆိုးရွားစေနိုင်သော မကောင်းမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပေမည်။ ကောင်းကျိုးသည် ကောင်းမှု၏ အကျိုးဖြစ်သည်ဟူ၍ မိန့်ဆိုထားတော်မူခြင်းမှာ အမြင်အားဖြင့်သာလျှင် ဖြစ်ချေသည်၊ အမှန်မှာ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သာလျှင် ဖြစ်ချေသည်။ (ထာနဝီ၊ မာဂျိဒီ)

ဒုက္ခသည် မကောင်းမှု၏ အကျိုးဖြစ်သည်ဟူ၍ ဆိုထားသည်မှာ လူတိုင်းအဘို့ မဟုတ်ချေ။ မကောင်းသော သူများအတွက်သာလျှင် ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော် သူတော်ကောင်းများသည်လည်း ဒုက္ခများနှင့် ရင်ဆိုင်ကြရပေသည်။ သို့ရာတွင် သူတော်ကောင်းများ၏ ဒုက္ခသည် မကောင်းမှုများကြောင့် မဟုတ်ပေ၊ သူတော်ကောင်းများ၏ ပါရမီဖြည့်ရန်အတွက်သာလျှင် ဖြစ်ချေသည်။ တနည်းဆိုသော် သူတော်ကောင်း များအဘို့ ထိုဒုက္ခသည် သုခ၏ အကြောင်းတရားသာလျှင် ဖြစ်ချေသည်။

① ဤမုက္ခပါဠိတော်တွင်ပါရှိသော လူသားများဟူသည် အရဗ်လူမျိုးများကိုသာဆိုလိုသည်မဟုတ်ပေ။ ➤➤

مَنْ يُّطِعِ الرَّسُوْلَ فَقَدْ
اَطَاعَ اللّٰهَ ۚ وَمَنْ تَوَلّٰى فَمَآ
اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ﴿٨٠﴾

၈၀။ မည်သူမဆို ရာစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာပါလျှင်၊ ထိုသူသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသည်မည်၏။ [၁] သို့ရာတွင် မည်သူမဆို (အသင်၏ အမိန့်များကိုသွေဖည်၍) မျက်နှာလွှဲဖယ်သွားခဲ့ပါမူ (အသင်၏ တာဝန်မဟုတ်ချေ) ငါအရှင်မြတ်သည် အသင့်အား ထိုသူတို့အပေါ်၌ (တာဝန်ခံ) အုပ်ထိန်းသူအဖြစ် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ [၂]

وَيَقُوْلُوْنَ طَاعَةٌ ۡ فَاِذَا بَرَزُوْا
مِنْ عِنْدِكَ بَيَّتَ طَآئِفَةٌ
مِّنْهُمْ غَيْرَ الَّذِىْ تَقُوْلُ ؕ وَاللّٰهُ
يَكْتُبُ مَا يُبَيِّتُوْنَ ۚ فَاَعْرِضْ
عَنْهُمْ وَتَوَكَّلْ عَلَى اللّٰهِ ؕ

၈၁။ ထို့ပြင်တဝ ၎င်း("မုနာဖစ်ဂ်" အယောင်ဆောင် မွတ်စ်လင်မ်)တို့သည် (အသင်၏ ရှေ့၌မူကျွန်တော်များ၏တာဝန်ကား အသင် နဗီတမန်တော်၏အမိန့်တော်များကို မပျက်မကွက်) "လိုက်နာရန်သာရှိသည်" ဟု ပြောဆိုလေ့ရှိကြကုန်၏။ တဖန် အသင်၏ထံမှ ထွက်ခွာသွားကြသောအခါ ၎င်းတို့အနက်မှ လူတစုသည် မိမိတို့ ပြောဆိုခဲ့ကြသော အချက်များနှင့် ဆန့်ကျင်သော ကိစ္စများကို ညဉ့်အချိန်၌ တိုင်ပင် ဆွေးနွေးကြကုန်သည်။

➤➤ ကမ္ဘာအဝှန်းရှိ လူမျိုးအသီးသီးတို့ကို ဆိုလိုသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် ကမ္ဘာအဝှန်းအတွက် နဗီတမန်တော်အဖြစ် ပွင့်တော်မူခဲ့ကြောင်း ထင်ရှားသိရပေသည်။

① အကြင်သူသည် ရာစူလ်တမန်တော်မြတ်၏ အမိန့်တော်ကို နာခံ၏။ ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံသည်မည်၏။ ဤမုကဒ္ဒပါဒ်တော်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် "မအ်ဆူမ်" လုံးဝအပြစ်ကင်းသော သူမွန်သူမြတ်ဖြစ်ကြောင်း သိရှိရပေသည်။ အကယ်၍သာ တမန်တော်မြတ်၌ အနည်းငယ်မျှပင် မှားယွင်းမှု၊ ချွတ်ယွင်းမှုများ ရှိပါလျှင် တမန်တော်မြတ်၏ အမိန့်နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် နာခံရာရောက်ပေသည်ဟူ၍ မိန့်ကြားတော်မူမည်မဟုတ်ချေ။

② တမန်တော်မြတ်သည် အမိန့်တော်ကို သွေဖည်ငြင်းဆန်လျက်ရှိသော ကာဖိရ်တို့၏ အရေးနှင့် စပ်လျဉ်း၍ ပူပင်သောက ဖြစ်လျက်ရှိပေရာ အလ္လာဟ်အရှင်မြတ်က "ငါသည် အသင့်အား ထိုသူတို့ အပေါ်၌ (တာဝန်ခံ) အုပ်ထိန်းသူအဖြစ် စေလွှတ်တော်မူခဲ့သည်မဟုတ်ချေ" ဟု မိန့်ကြားတော်မူလေသည်။ ဆိုလိုသည်ကား တမန်တော်မြတ်၏ တာဝန်မှာ တရားမမှုဟောကြား ဆိုဆုံးမခြင်းသာဖြစ်သည်။ လိုက်နာခြင်း မလိုက်နာခြင်းသည် တရားနာသူတို့၏ တာဝန်သာဖြစ်ချေသည်။ ထိုသူတို့၏ မလိုက်နာမှုနှင့် စပ်လျဉ်း၍ တမန်တော်၌ တစ်စုံတစ်ရာ တာဝန်မရှိပေရာ ပူပင်သောကဖြစ်ရန်လည်း မလိုပေဟူလို။(ထာနဝီ)

وَكَفٰى بِاللّٰهِ وَكِيْلًا ﴿٨١﴾

အလ္လာဟ် အရှင်မြတ်သည်လည်း ၎င်းတို့ ညဉ့်အချိန်၌ ဆွေးနွေးကြသောကိစ္စများကို ရေးသားလျက် ရှိတော်မူ၏။ ② သို့ဖြစ်ပေရာ အသင်သည် ထိုသူတို့အား လျစ်လျူရှုပြီး အလ္လာဟ်အရှင်မြတ်အားသာ ယုံကြည်စိတ်ချ အားထား၍နေပါလေ။

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် ယုံကြည်အားထားရာ အရှင်အဖြစ် လုံလောက်တော် မူပေသတည်း။

اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ ؕ وَلَوْ كَانَ مِنْ عِنْدِ غَيْرِ اللّٰهِ لَوَجَدُوْا فِيْهِ اخْتِلَافًا كَثِيْرًا ﴿٨٢﴾

၈၂။ ၎င်းတို့သည် ကုရ်အာန် ကျမ်းတော်မြတ်ကို လေ့လာဆင်ခြင် သုံးသပ်ခြင်း မရှိကြပါသလော။ ③ အကယ်၍သာ ယင်း (ကုရ်အာန် ကျမ်းတော်မြတ်) သည် အလ္လာဟ် အရှင်မြတ်မှတပါး အခြားသူ၏ ထံမှ (ရောက်ရှိလာသော ကျမ်းဂန်)သာ ဖြစ်ခဲ့ပါမူ၊ ထိုသူတို့သည် ၎င်း(ကုရ်အာန် ကျမ်းတော်)တွင် မြောက်မြားစွာသော ကွဲလွဲမှုတို့ကို မလွဲဧကန် တွေ့ရှိခဲ့ကြကုန်အံ့။

---

② ထိုမှနာဖစ်က ခေါင်းဆောင်တို့၏ ဆွေးနွေးချက်များကို အလ္လာဟ်အရှင်မြတ်သည် ရေးမှတ်ထားတော်မူသည်၊ ထိုအရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ ယုတ်မာသောအကြံအစည်များ အလျောက် ပြစ်ဒဏ်ပေးတော်မူမည် ဟူလိုရာ အသင်သည် ထိုသူတို့အား လျစ်လျူရှုပြီး၊ အလ္လာဟ်အရှင်မြတ်အားသာ ယုံကြည်စိတ်ချ အားထား၍ နေပါလေ။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် ယုံကြည်စိတ်ချအားထားရာ အရှင်အဖြစ် လုံလောက်တော်မူပေသတည်း။

③ အထက်တွင် ပါရှိခဲ့သော မုက္ခပါဠိတော်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း၊ တမန်တော်မြတ်၏ အမိန့်နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် နာခံရာမည်ကြောင်း၊ အမိန့်တော်ကို သွေဖည်ငြင်းပယ်သော သူသည် ထိုအရှင်မြတ်၏ အပြစ်ဒဏ်သင့်မည် ဖြစ်ကြောင်း ကောင်းစွာ သိရှိရပေသည်။ သို့ရာတွင် မုနာဖစ်က်များနှင့် အမိန့်တော်ကို ဆန့်ကျင်သောသူများက ကျွန်ုပ်တို့အဘို့ အလ္လာဟ်အရှင်မြတ်၏ သက်သေခံချက်နှင့် စပ်လျဉ်း၍ငင်း၊ ထိုအရှင်မြတ်၏ အမိန့်တော်ကို ယုံကြည်ခြင်း၊ နာခံခြင်းနှင့် စပ်လျဉ်း၍ငင်း၊ တစ်စုံတစ်ရာ ငြင်းဆိုရန် မရှိသော်လည်း ဤကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန် အစစ်အမှန် ဖြစ်သည်ကိုမူ အသို့သိနိုင်အုံနည်းဟု ပြောဆိုကြသည်။

وَإِذَا جَآءَهُمْ أَمْرٌ مِّنَ الْأَمْنِ
أَوِ الْخَوْفِ أَذَاعُوا بِهِۦ ۖ
وَلَوْ رَدُّوهُ إِلَى الرَّسُولِ
وَإِلَىٰٓ أُولِي الْأَمْرِ مِنْهُمْ لَعَلِمَهُ
الَّذِينَ يَسْتَنۢبِطُونَهُۥ مِنْهُمْ ۗ
وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ
وَرَحْمَتُهُۥ لَاتَّبَعْتُمُ الشَّيْطَٰنَ
إِلَّا قَلِيلًا ﴿٨٣﴾

၈၃။ ထိုမှတပါးတဲ့ ၎င်းတို့ထံ စိတ်အေးဘွယ်ရာသော သတင်းတရပ်ရပ်၊ သို့မဟုတ် ကြောက်ရွံ့စိုးရိမ်ဘွယ်ရာသော သတင်း တရပ်ရပ် ရောက်ရှိလတ်သော်၊ ထိုသူတို့သည် ၎င်းသတင်းကို (စဉ်းစားဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ ချက်ခြင်းပင်) ပျံ့နှံ့စေလေ့ရှိကြသည်။ [၁]

အကယ်၍သာ ထိုသူတို့သည် ၎င်းသတင်းကို ရဏ္ဍလ်တမန်တော်ထံသို့ဖြစ်စေ၊ သို့မဟုတ် သြဇာအာဏာရှိသူများထံသို့ဖြစ်စေ၊ ပို့ဆောင်လွှဲအပ်ခဲ့ကြပါမူ၊ ထိုသူတို့အနက်မှ နက်နဲစွာ စဉ်စားဆင်ခြင်တတ်သော သူတို့သည် ထိုသတင်း(၏အခြေအမြစ်)ကို မလွဲဧကန် (ဝေဖန်ပိုင်းခြား၍) သိရှိကြပေမည်။

အမှန် စင်စစ်သော်ကား အကယ်၍သာ အသင်တို့ အပေါ်ဝယ် အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သည် မရှိခဲ့ပါမူ အနည်းငယ်သော သူတို့မှအပ အသင်တို့ (အားလုံး) သည် "ရှိုင်တွာန်" ၏နောက်သို့ မုချ လိုက်ခဲ့ကြမည်သာတည်း။

---

① ဤမုကွပါဠိတော်သည် မုနာဖစ်က်များနှင့် အသိအလိမ္မာ အမြော်အမြင် နည်းပါးသော မွတ်စ်လင်မ်များအား ရည်ညွှန်း၍ ဟောကြားတော်မူသော မုကွပါဠိတော်ဖြစ်သည်။ ရှု (ဂျလာလိုင်န်)။ ချမ်းမြေ့သာယာသော သတင်းဟူသည်ကား ဥပမာ -အသင်းအဖွဲ့ တစ်ခုခုနှင့် တမန်တော်မြတ်သည် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုသည်၊ မွတ်စ်လင်တို့ စစ်အောင်နိုင်ကြသည် စသည့် သတင်းများဖြစ်သည်။ စိုးရိမ်ကြောက်လန့်ဘွယ် သတင်းဟူသည်ကား ဥပမာ-မွတ်စ်လင်မ်တို့ စစ်ရေးရှုံးနိမ့်ကြသည်။ ရန်သူများ စုရုံးနေကြသည် စသည့် သတင်းများဖြစ်သည်။ အစ္စလာမ် သာသနာသည် အစည်းအရုံးကြီး တစ်ခုဖြစ်၏။ အစည်းအရုံးနှင့် စပ်လျဉ်းသော သတင်းများကို သက်ဆိုင်ရာ အာဏာပိုင် တို့တွင်သာလျှင် ထုတ်ဖော် ကျေညာပိုင်ခွင့်ရှိသည်၊ သို့ဖြစ်ပေရာ ထိုသူတို့သည် ထိုသို့သော သတင်းများကို ရရှိလျှင် တမန်တော်မြတ်အား ၎င်း၊ သက်ဆိုင်ရာ သာဝကကြီးများကို ၎င်း၊ ဦးစွာ ပဌမ အသိပေးကြရပေမည်။ ထိုသို့သော သတင်းများကို မစူးစမ်းမဆင်ခြင်ဘဲ မိမိတို့ ကိုယ်တိုင်တာဝန်မဲ့အုတ်အုတ်ကျက်ကျက် ထုတ်ဖော်မပြောဆိုသင့်ကြပေ။ ဤသို့ တာဝန်မဲ့ ပြောဆိုကြသည့်အတွက် များသောအားဖြင့် မွတ်စ်လင်မ်တို့သည် နစ်နာဆုံးရှုံးခဲ့ကြရပေသည်။

فَقَاتِلْ فِي سَبِيلِ اللَّهِ ۚ لَا تُكَلَّفُ إِلَّا نَفْسَكَ وَحَرِّضِ الْمُؤْمِنِينَ ۖ عَسَى اللَّهُ أَنْ يَكُفَّ بَأْسَ الَّذِينَ كَفَرُوا ۗ وَاللَّهُ أَشَدُّ بَأْسًا وَأَشَدُّ تَنْكِيلًا ﴿٨٤﴾

၈၄။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ပါလေ။ အသင်၌ အသင်၏ တာဝန်သာရှိသည်။ (အခြားသူ၏ တာဝန်မရှိချေ)။ သို့ရာတွင်အသင်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား (စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ကြရန်) တိုက်တွန်းနှိုးဆော်လျက် ရှိပါလေ။

မကြာမြင့်မီ အလ္လာဟ် အရှင်မြတ်သည် 'ကာဖိရ်' မယုံကြည် သွေဖည် ငြင်းပယ်သော သူတို့၏ အင်အားကို ဟန့်တားတော် မူတွယ်ရာရှိ၏၊ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် အင်အား အကြီးမားဆုံးသော အရှင် ဖြစ်တော်မူသည့်ပြင်၊ ပြစ်ဒဏ်ပေးတော် မူရာ၌လည်း အပြင်းထန်ဆုံးသော အရှင် ဖြစ်တော်မူပေသတည်း။

مَنْ يَشْفَعْ شَفَاعَةً حَسَنَةً يَكُنْ لَهُ نَصِيبٌ مِنْهَا ۖ وَمَنْ يَشْفَعْ شَفَاعَةً سَيِّئَةً يَكُنْ لَهُ كِفْلٌ مِنْهَا ۗ وَكَانَ اللَّهُ عَلَىٰ كُلِّ شَيْءٍ مُقِيتًا ﴿٨٥﴾

၈၅။ မည်သူမဆို ကောင်းမြတ်သော (ကိစ္စတွင်) ကြားဝင် တိုက်တွန်းအံ့၊ ပါဝင်ဆောင်ရွက်မှုကိုပြုအံ့၊ ထိုသူ၏အဘို့ ယင်းပါဝင်ဆောင်ရွက်ခြင်း၏ ဝေစုဝေပုံသည်ရှိအံ့။

ထိုနည်းတူစွာ မည်သူမဆို ဆိုးယုတ်သော အမှုကိစ္စ ဆောင်ရွက်ရာတွင် ပါဝင် ဆောင်ရွက်မှုကိုပြုအံ့၊ ထိုသူ၏အပေါ်၌ ယင်းပါဝင်ဆောင်ရွက်ခြင်း၏ တာဝန်သည်ရှိအံ့။

စင်စစ်သော်ကား၊ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ အပေါ်ဝယ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَإِذَا حُيِّيتُم بِتَحِيَّةٍ فَحَيُّوا بِأَحْسَنَ مِنْهَا أَوْ رُدُّوهَا ۗ إِنَّ اللَّهَ كَانَ عَلَىٰ كُلِّ شَيْءٍ حَسِيبًا ﴿٨٦﴾

၈၆။ တဖန် အသင်တို့သည် တနည်းနည်းအားဖြင့် (စလာမ်မေတ္တာပို့သလျက်) နှုတ်ခွန်းဆက်သခြင်းကို ခံကြရသောအခါ၊ အသင်တို့သည် ထိုနှုတ်ခွန်းဆက်သခြင်းခံကြရသည်ထက် ပိုမို၍ ကောင်းမြတ်သောနည်းမျိုးဖြင့် (စလာမ်မေတ္တာပို့၍) နှုတ်ခွန်းဆက်သကြလေကုန်၊ သို့တည်းမဟုတ် ထို(နှုတ်ခွန်းဆက်ခြင်းခံကြရသည်) အတိုင်းပင် တုံ့ပြန်ကြလေကုန်။ ဘုရားသခင်သည် အရာခပ်သိမ်းတို့ကို စစ်ဆေးတော် မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① မွတ်စ်လင်မ်တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသည့်အခါ၌ရင်း၊ ခွဲခွာသည့်အခါ၌ရင်း၊ 'စလာမ်' မေတ္တာပို့ရမည်ဟု တမန်တော် မိန့်ကြားတော်မူခဲ့သည်။

ကမ္ဘာ အရပ်ရပ်ရှိ မွတ်စ်လင်မ်များသည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသည့် အခါ 'စလာမ်' မေတ္တာပို့ကြသည်မှာ အထင်အရှားပင် ဖြစ်ပေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ် သာသနာသည် မေတ္တာတရားကို ရှေ့ရှုသော သာသနာ၊ ငြိမ်းချမ်းရေးကို လိုလားသော သာသနာ ဖြစ်ကြောင်း ထင်ရှားလှပေသည်။

မွတ်စ်လင်မ်တို့သည် မေတ္တာတရားကို လက်ကိုင်ထားသူများ၊ ငြိမ်းချမ်းရေးကို ချစ်ခင်မြတ်နိုးသော သူများ ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

စလာမ်မေတ္တာပို့သူအား မေတ္တာတုံ့ပြန်ခြင်းသည် 'ဝါဂျိဗ်' တာဝန်ဖြစ်သည်။ မေတ္တာပို့သူ၏ မေတ္တာထက် ပိုမို ကောင်းမွန်သော မေတ္တာကို တုံ့ပြန်ရမည်။ ဥပမာ မေတ္တာပို့သူက (အာစ္စလာမု အလိုင်ကွန်မ်း) ဟု ဆိုလျှင် မေတ္တာ အပို့ခံရသူက (ဝအလိုင်ကုမုစ္စလာမ် ဝရဟ်မတုလ္လာဟိ) ဟု မေတ္တာတုံ့ပြန်ရမည်။ အကယ်၍ မေတ္တာပို့ခံရသူက (အာစ္စလာမု အလိုင်ကွန်မ် ဝရဟ်မတုလ္လာဟိ) ဟု ဆိုသော် မေတ္တာအပို့ခံရသူက (ဝအလိုင်ကုမုစ္စလာမ် ဝရဟ်မတုလ္လါဟိ ဝဗရကာတုဟူ) ဟူ၍ မေတ္တာ တုံ့ပြန်ရမည်။ သို့မဟုတ် မေတ္တာပို့သူ၏ မေတ္တာကဲ့သို့ပင် တုံ့ပြန်ရမည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အချို့သာဝကကြီးများနှင့် တာဗီအီန်ပညာရှင်များ၏ အဆိုကို ဤတွင် ဖော်ပြလိုပေသည်။--

> အသင်တို့သည် မိမိတို့၏ သာသနာဝင်များ အပေါ်၌ မေတ္တာ တုံ့ပြန်ရာတွင် (မေတ္တာပို့သူ၏ မေတ္တာထက်) ပိုမို ကောင်းမြတ်သော နည်းဖြင့် မေတ္တာ ပို့သကြကုန်။ ၎င်းပြင် ဘာသာခြားတို့အား မေတ္တာ တုံ့ပြန်ရာတွင် မေတ္တာပို့သူ၏ မေတ္တာကဲ့သို့ပင် တုံ့ပြန်ကြကုန်။ (အီဗ်နုအဗ္ဗါစ်) ➤➤

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ ؕ لَيَجْمَعَنَّكُمْ
اِلٰى يَوْمِ الْقِيٰمَةِ لَا رَيْبَ
فِيْهِ ؕ وَمَنْ اَصْدَقُ مِنَ
اللّٰهِ حَدِيْثًا ﴿٨٧﴾

၈၇။ အလ္လာဟ် အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း၊ ထို အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာ အလျင်းမရှိပေ၊ ထိုအရှင်မြတ်သည် မုချအသင်တို့ကို 'ကိယာမတ်' ခေါ် ရှင်ပြန်ထမည့် နေ့တွင် စုရုံးစေသော်မူအံ့၊ ဤအရာ၌ ဒွိဟသံသယ အလျင်းမရှိရပေ၊ စင်စစ်သော်ကား စကားအရာ၌ အလ္လာဟ် အရှင်မြတ်ထက် ပိုမို မှန်ကန်စွာ ပြောဆိုသောသူ မည်သူရှိပါမည်နည်း။

فَمَا لَكُمْ فِى الْمُنٰفِقِيْنَ
فِئَتَيْنِ وَاللّٰهُ اَرْكَسَهُمْ بِمَا
كَسَبُوْا ؕ اَتُرِيْدُوْنَ اَنْ
تَهْدُوْا مَنْ اَضَلَّ اللّٰهُ ؕ

၈၈။ သို့ပါလျက် အသင်တို့သည် မည်သည့် အတွက်ကြောင့် "မုနာဖစ်က်" မွတ်စ်လင်မ် အယောင်ဆောင်တို့နှင့် ပတ်သက်၍ နှစ်စုကွဲနေကြပါသနည်း။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထို 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့အား ၎င်းတို့၏ ပြုမူဆည်းပူးချက်တို့ကြောင့် ပြောင်းပြန်လှည့်ထားတော်မူခဲ့လေသည်။

➤➤ တမန်တော်မြတ်က မိမိ၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော (အလ္လာဟ်) အရှင်မြတ်အား တိုင်တည်ကာ 'အသင်တို့သည် အီမာန်မယုံကြည်ကြသမျှ ကာလပတ်လုံး 'ဂျန္နတ်'သို့ဝင်ကြရမည်မဟုတ်ပေ၊ အသင်တို့သည် အချင်းချင်း မချစ်ခင်ကြသမျှ ကာလပတ်လုံး အီမာန်ယုံကြည်နိုင် ကြလိမ့်မည် မဟုတ်ပေ၊ ငါသည် သင်တို့အား အလုပ်တစ်ခုကို ညွှန်ပြရမည်လော၊ အသင်တို့သည် ထိုအလုပ်ကို ပြုလုပ်ကြသောအခါ အသင်တို့သည် အချင်းချင်း ချစ်ခင်ကြပေမည်။ သို့ဖြစ်လျှင်ကား အသင်တို့သည် မိမိတို့အချင်းချင်း စလာမ်မေတ္တာပို့ကြကုန်ဟု မိန့်ကြားတော်မူခဲ့လေသည်။ အဗူဒါဝူဒ်၊ တိရ်မိဇီ၊ မွတ်စ်လင်မ်။

မွတ်စ်လင်မ်တစ်ဦးအပေါ်၌ မွတ်စ်လင်မ်တစ်ဦးနှင့် စပ်လျဉ်း၍ ကောင်းမြတ်သော တာဝန် ၆-ရပ်ရှိသည်ဟု တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့သည်။

မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ်တစ်ဦးနှင့် တွေ့ဆုံလျှင် စလာမ်မေတ္တာပို့ရမည်။ ဖိတ်ခေါ်လျှင် လက်ခံရမည်။ နာချေလျှင် 'ဟရ်ဟမုကလ္လာဟ်' ဟုဆိုရမည်၊ ဖျားနာလျှင် သွားရောက်ကြည့်ရှုရမည်၊ သေလျှင် အသုဘကို လိုက်ပို့ရမည်။ မိမိအတွက် နှစ်ခြိုက်သောအရာကို အခြားမွတ်စ်လင်မ်အတွက်လည်း နှစ်ခြိုက်ရမည်။ (မစ်ရှ်ကာတ်)

وَمَنْ يُّضْلِلِ اللّٰهُ فَلَنْ تَجِدَ لَهٗ سَبِيْلًا ۝٨٨

အသင်တို့သည် အလ္လာဟ် အရှင်မြတ်က လမ်းမှားသို့ ချထားတော်မူသော သူတို့အား တရား လမ်းမှန်သို့ ရောက်စေလိုကြသလော။ စင်စစ် (အို-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်က လမ်းမှားသို့ ချထားတော်မူသော သူ၏ အဘို့ မည်သည့်လမ်းကိုမျှ အသင်အလျင်း တွေ့ရှိလိမ့်မည်မဟုတ်ချေ။

وَدُّوْا لَوْ تَكْفُرُوْنَ كَمَا كَفَرُوْا فَتَكُوْنُوْنَ سَوَآءً فَلَا تَتَّخِذُوْا مِنْهُمْ اَوْلِيَآءَ حَتّٰى يُهَاجِرُوْا فِيْ سَبِيْلِ اللّٰهِ ؕ فَاِنْ تَوَلَّوْا فَخُذُوْهُمْ وَاقْتُلُوْهُمْ حَيْثُ وَجَدْتُّمُوْهُمْ ۪ وَلَا تَتَّخِذُوْا مِنْهُمْ وَلِيًّا وَّلَا نَصِيْرًا ۝٨٩

၈၉။ ၎င်း ('မုနာဖစ်က်' မွတ်စ်လင်မ် အယောင်ဆောင်)တို့သည် မိမိတို့(ကိုယ်တိုင်) 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူများဖြစ်ကြသကဲ့သို့ပင် အသင်တို့လည်း 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူများဖြစ်ကြရန် တောင့်တကြခဲ့သည်။ သို့မှသာလျှင် အသင်တို့သည်လည်း (၎င်းတို့နှင့်) တန်းတူဖြစ်ကြကုန်အံ့၊ သို့ဖြစ်သောကြောင့် ၎င်း (မုနာဖစ်က်)တို့သည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ (မိမိတို့၏ အိုးအိမ်တို့ကို စွန့်လွှတ်ကာ) ရွှေ့ပြောင်း ထွက်ခွာသွားခြင်း မပြုသမျှ ကာလပတ်လုံး၊ အသင်တို့သည် ထိုသူတို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆွေခင်ပွန်းမပြုကြကုန်လင့်။

တဖန် အကယ်၍ ယင်းသူတို့သည် (မိမိတို့၏ အိုးအိမ်များကို စွန့်လွှတ် ရွှေ့ပြောင်းထွက်ခွာသွားရန် အမိန့်တော်ကို) သွေဖည် လွှဲရှောင်သွားခဲ့ကြပါမူ၊ အသင်တို့သည် ၎င်းတို့အား တွေ့ရှိရာအရပ်၌ ဖမ်းဆီးကြကုန်၊ သတ်ဖြတ်ကြကုန်၊ ၎င်းပြင် အသင်တို့သည် ထိုသူတို့အနက် မည်သူတဦး တယောက်ကိုမျှ အဆွေခင်ပွန်းဟူ၍၎င်း၊ မိမိတို့အား ကူညီ စောင်မမည့်သူ ဟူ၍၎င်း (မှတ်ယူခြင်း) မပြုကြကုန်လင့်။

إِلَّا الَّذِينَ يَصِلُونَ إِلَىٰ
قَوْمٍ بَيْنَكُمْ وَبَيْنَهُم
مِّيثَاقٌ أَوْ جَآءُوكُمْ
حَصِرَتْ صُدُورُهُمْ أَن
يُقَاتِلُوكُمْ أَوْ يُقَاتِلُوا
قَوْمَهُمْ ۚ وَلَوْ شَآءَ اللَّهُ
لَسَلَّطَهُمْ عَلَيْكُمْ فَلَقَٰتَلُوكُمْ ۚ
فَإِنِ اعْتَزَلُوكُمْ فَلَمْ
يُقَاتِلُوكُمْ وَأَلْقَوْا إِلَيْكُمُ
السَّلَمَ ۙ فَمَا جَعَلَ اللَّهُ
لَكُمْ عَلَيْهِمْ سَبِيلًا ﴿٩٠﴾

၉၀။ သို့ရာတွင် အကြင် ('မုနာဖစ်က်' မွတ်စ်လင်မ် အယောင်ဆောင်) တို့သည် အကြင်အမျိုးသားတို့ထံ (သွားရောက်)ပူးပေါင်းကြကုန်၏။ အသင်တို့နှင့် ထိုအမျိုးသားတို့၏အကြားတွင် (တဘက်နှင့်တဘက် စစ်မဖြစ်ကြရန်) ပဋိညာဉ် ထားရှိပြီးဖြစ်၏။

သို့တည်းမဟုတ် ယင်း("မုနာဖစ်က်" မွတ်စ်လင်မ် အယောင်ဆောင်)တို့သည် အသင်တို့ထံ သို့ပင်လာကြသော်လည်း၊ ၎င်းတို့သည် အသင်တို့နှင့် တိုက်ခိုက်ရန်သော် လည်းကောင်း၊ မိမိတို့၏ အမျိုးသား(များ ဖြစ်သော ကာဖိရ်)တို့နှင့် တိုက်ခိုက်ရန်သော် လည်းကောင်း၊ ရင်လေးလျက် ရှိကြကုန်၏။

သို့ရာတွင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ဧကန်စင်စစ် ၎င်းတို့အား အသင်တို့အပေါ်ဝယ် အခွင့်အာဏာ ရှိစေတော်မူခဲ့အံ့။ (တနည်း) နိုင်နင်းစေတော်မူခဲ့အံ့။ သို့ဖြစ်ခဲ့လျှင် မုချဧကန် ထိုသူတို့သည် အသင်တို့အား တိုက်ခိုက်ခဲ့ကြကုန်အံ့။

သို့ဖြစ်ပေရာ အကယ်၍ ၎င်းတို့သည် အသင်တို့ထံမှ ဆုတ်ခွာ၍ အသင်တို့နှင့် တိုက်ခိုက်ခြင်း မပြုဘဲ နေခဲ့ကြပါသော်၊ ထို့ပြင် ၎င်းတို့သည် အသင်တို့ထံ စစ်မက်အရေး ကျေအေးရန် ကမ်းလှမ်းခဲ့ကြပါသော်၊ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အား ၎င်းတို့နှင့် ဆန့်ကျင်ဘက် ပြုကြရန် (ဝါ) စစ်တိုက်ကြရန် မည်သည့်နည်းလမ်းကိုမျှ ခွင့်ပြုတော်မူသည် မဟုတ်ချေ။

سَتَجِدُوْنَ اٰخَرِيْنَ يُرِيْدُوْنَ
اَنْ يَّاْمَنُوْكُمْ وَ يَاْمَنُوْا
قَوْمَهُمْ ؕ كُلَّمَا رُدُّوْۤا اِلَى
الْفِتْنَةِ اُرْكِسُوْا فِيْهَا ۚ فَاِنْ لَّمْ
يَعْتَزِلُوْكُمْ وَيُلْقُوْۤا اِلَيْكُمُ
السَّلَمَ وَيَكُفُّوْۤا اَيْدِيَهُمْ
فَخُذُوْهُمْ وَاقْتُلُوْهُمْ حَيْثُ
ثَقِفْتُمُوْهُمْ ؕ وَاُولٰٓئِكُمْ جَعَلْنَا
لَكُمْ عَلَيْهِمْ سُلْطٰنًا مُّبِيْنًا ﴿٩١﴾

၉၁။ အသင်တို့သည် အခြားသူ တို့ကိုလည်း မကြာမြင့်မီ တွေ့ရှိကြလတ္တံ့။ ထိုသူတို့သည် အသင်တို့၏ ဘေးရန်များမှငင်း၊ မိမိတို့လူမျိုး ဖြစ်သော ကာဖိရ်တို့၏ ဘေးရန်များမှငင်း၊ လွတ်ကင်း ချမ်းသာစွာ နေလိုကြ၏။

(သို့ရာတွင်) ထိုသူတို့သည် မည်သည့်အခါမျိုးမဆို စစ်တိုက်ခိုက်မှုတွင် ကာဖိရ်တို့၏ ပြန်လည်သိမ်းသွင်းခြင်းကို ခံကြရသော်၊ ထိုစစ်တိုက်ခိုက်မှုဘက်သို့ပင် ပြန်လှည့်တတ်ကြကုန်၏။ သို့ဖြစ်ပေရာ အကယ်၍သာ ၎င်းတို့သည် အသင်တို့(နှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်း)မှ ဆုတ်ခွာ၍ မနေခဲ့သည် ရှိသော်၊ ၎င်းပြင် အသင်တို့ထံ စစ်မက်အရေး ကျေအေးပြေငြိမ်းရန် ကမ်းလှမ်းခြင်း မပြုခဲ့သည်ရှိသော် ၊၎င်းပြင် မိမိတို့ လက်များကို (အသင်တို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ) ချုပ်တည်း၍ထားခြင်း မပြုခဲ့ကြသည်ရှိသော် အသင်တို့သည် ၎င်းတို့အား တွေ့ရှိရာ အရပ်ဒေသ၌ ဖမ်းဆီးကြလေကုန်၊ သတ်ဖြတ်ကြလေကုန်။

ဤသူတို့အပေါ်၌ပင်လျှင် ငါအရှင်မြတ်သည် အသင်တို့အား၊ ထင်ရှားသောအခွင့်အာဏာ တန်ခိုးသတ္တိ နိုင်နင်းမှုကို ပေးသနားတော်မူခဲ့လေသည်။

وَمَا كَانَ لِمُؤْمِنٍ اَنْ يَّقْتُلَ مُؤْمِنًا
اِلَّا خَطَـًٔا ۚ وَمَنْ قَتَلَ مُؤْمِنًا خَطَـًٔا
فَتَحْرِيْرُ رَقَبَةٍ مُّؤْمِنَةٍ وَّدِيَةٌ

၉၂။ ၎င်းပြင် မှားယွင်းချွတ်ချော်၍ သတ်မိခြင်းမှအပ အကြင် မွတ်စ်လင်မ် တစ်ဦးတစ်ယောက်ကို သတ်ဖြတ်ခြင်းသည် မည်သည့် မွတ်စ်လင်မ် တဦးတယောက်၏ ဂုဏ်အင်္ဂါနှင့်မျှ မညီညွတ်ချေ။ (တနည်း) မည်သည့် မွတ်စ်လင်မ် တဦးတယောက် အဘို့မျှ မထိုက်ပေ။

مُّسَلَّمَةٌ إِلَىٰٓ أَهْلِهِۦٓ إِلَّآ أَن يَصَّدَّقُوا۟ ۚ فَإِن كَانَ مِن قَوْمٍ عَدُوٍّ لَّكُمْ وَهُوَ مُؤْمِنٌ فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ ۖ وَإِن كَانَ مِن قَوْمٍۭ بَيْنَكُمْ وَبَيْنَهُم مِّيثَٰقٌ فَدِيَةٌ مُّسَلَّمَةٌ إِلَىٰٓ أَهْلِهِۦ وَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ ۖ فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ ۖ تَوْبَةً

(သို့ရာတွင် အကြင်သူ တယောက်သည် မွတ်စလင်မ် တဦးတယောက်ကို မှားယွင်း ချွတ်ချော်၍ သတ်ဖြတ်မိခဲ့ပါမူ (ထိုသူ၌) မွတ်စ်လင်မ် ကျွန် တယောက်ကို လွတ်မြောက်စေရမည့်ပြင် ထို(အသတ်ခံရသော)သူ၏ ဆွေမျိုး အမွေစားအမွေခံတို့အား *လျော်ကြေးပေးရန်လည်း တာဝန်ရှိပေသည်။* [၁] သို့ရာတွင် ထိုအမွေစားအမွေခံတို့က ခွင့်လွှတ်ကြသည် ရှိသော် *(လျော်ကြေးပေးရန်မလိုပေ)။* [၂]

တဖန် အကယ်၍ ထို(မှားယွင်း၍ အသတ်ခံရသော)သူသည် အသင်တို့၏ ရန်သူများအသင်းမှ ဖြစ်အံ့၊ ၎င်းပြင် ထိုသူသည် မွတ်စ်လင်မ်လည်းဖြစ်အံ့၊ သို့ဖြစ်လျှင် (သတ်မိသောသူ၌) မွတ်စ်လင်မ် ကျွန် *တယောက်ကိုလွတ်မြောက်စေရန်(သာ)တာဝန်ရှိ၏။* [၃]

---

① မွတ်စ်လင်မ်တဦးသည် မွတ်စ်လင်မ်တဦးအား မှားယွင်း၍ သတ်ဖြတ်မိခဲ့သည်ရှိသော် မွတ်စ်လင်မ်ကြေးကျွန်တယောက်ကို သူကောင်းပြုရမည်။ ၎င်းပြင် အသတ်ခံရသူ၏ သက်ဆိုင်ရာ အမွေစားတို့အား အသက်ဘိုး လျော်ကြေးကိုလည်း ပေးဆောင်ရမည်။ အသက်ဘိုး လျော်ကြေးကို အသတ်ခံရသူ၏ အမွေစားတို့သည် တရားတော်နှင့်အညီ အမွေခွဲတမ်းအလိုက် အချိုးကျ ခွဲဝေယူကြရသည်။

မှတ်ချက်။

လူသတ်မှု ကျူးလွန်မိသည့်အတွက် ကျွန်ကိုသူကောင်းပြုခြင်း၊ ကျွန်ကိုသူကောင်းမပြုနိုင်ပါက နှစ်လတိတိ အဆက်မပြတ် ဆို့ယာမ် ဥပုသ်ဆောက်တည်ခြင်းကို 'ကဖ်ဖါရဟ်' ဟုခေါ်၏။ အသက်ဘိုး လျော်ကြေးကို 'ဒီယတ်' ဟုခေါ်၏။

② အသတ်ခံရသူတို့၏ အမွေစားတို့က 'ဒီယတ်' အသက်ဘိုး လျော်ကြေးအနက် အချို့အဝက်ကိုငင်း၊ အားလုံးကိုငင်း၊ ခွင့်လွှတ်လိုက ခွင့်လွှတ်နိုင်ကြပေသည်။ သက်ဆိုင်ရာ အမွေစားတို့က အသက်ဘိုး လျော်ကြေးကို ခွင့်လွှတ်လိုက ခွင့်လွှတ်နိုင်သော်လည်း 'ကဖ်ဖါရဟ်' အာပတ်ဖြေမှုကိုကား မည်သူတဦးတယောက်မျှ ခွင့်လွှတ်နိုင်သည်မရှိချေ။

③ အကယ်၍ မွတ်စ်လင်မ် တဦးတယောက်သည် 'ဒါရုလ်ဟရ်ဗ်' ရန်သူ ကာဖိရ်နိုင်ငံတွင် နေထိုင်၏ သို့တစေလည်း ထိုသူ၏အသက်ကို မွတ်စ်လင်မ်ဖြစ်နေသည့်အတွက် ကာကွယ်ထိန်းသိမ်းရန် တာဝန်ရှိပေသည်။ ထို့အတွက်ကြောင့် လည်း ထိုကဲ့သို့သော မွတ်စ်လင်မ်တဦးတယောက်အား မှားယွင်း၍သတ်ဖြတ်မိသည်ရှိသော် 'ကဖ်ဖါရဟ်' ပေးရပေသည်။ 'ဒီယတ်' အသက်ဘိုး လျော်ကြေးပေးရန်ကား မလိုချေ။

အဘယ်ကြောင့်ဆိုသော် ထိုအသတ်ခံရသော မွတ်စ်လင်မ်၏ အမွေစားအမွေခံများသည် ➤➤

مِّنَ اللَّهِ ۗ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ﴿٩٢﴾

ငင်းပြင် အကယ်၍ ထို(မှားယွင်း၍ အသတ်ခံရသော) သူသည် အသင်တို့၏ မဟာမိတ်တို့ အသင်းမှဖြစ်ခဲ့လျှင် ၎င်း၏ အမွေစားအမွေခံတို့အား လျော်ကြေး ပေးရမည့်အပြင်၊ မွတ်စ်လင်မ် ကျွန် တယောက်ကိုလည်း လွတ်မြောက်စေရန် တာဝန်ရှိပေသေး၏။ တဖန်အကြင်သူသည် (ကျွန်ကို လွတ်မြောက်စေရန် စရိတ်စက) မတတ်နိုင်ခဲ့လျှင် ထိုသူသည် *နှစ်လတိတိ အဆက်မပြတ် တဆက်တည်း ဥပုသ်သီလ ဆောက်တည်ရပေမည်။* [၁] (ဤသည်) အလ္လာဟ်အရှင်မြတ် အထံတော်မှ သတ်မှတ်ပြဋ္ဌာန်းတော်မူသော ဝန်ချတောင်းပန်ရန် နည်းပင်ဖြစ်ပေသည်။

အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည်၊ အကြွင်းမဲ့ သိတော်မူသော အရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသည်။

وَمَن يَقْتُلْ مُؤْمِنًا مُّتَعَمِّدًا فَجَزَآؤُهُۥ جَهَنَّمُ خَالِدًا فِيهَا وَغَضِبَ

၉၃။ သို့ရာတွင် အကြင်သူသည် မွတ်စ်လင်မ်တဦး တယောက်ကို တမင်သက်သက် ကြံစည် သတ်ဖြတ်ခဲ့ပါမူ ထိုသူ၏အပြစ်သည် 'ဂျဟန္နမ်' ငရဲဘုံပင်ဖြစ်သည်။

➤➤ ကာဖိရ်များ ဖြစ်ကြ၏။ ကာဖိရ်သည် မွတ်စ်လင်မ်၏အမွေကို ဆက်ခံနိုင်ခွင့်မရှိပေ။ ၎င်းပြင် 'ဒါရုလ်ဟရ်ဗ်' မှ ဒါရုလ်အစ္စလာမ်သို့ အမွေပစ္စည်းများကို ယူဆောင်လာရသည်လည်းမရှိချေ။ (ထာနဝီ)

① လူသတ်မှုနှင့် စပ်လျဉ်း၍ ကျွန်ကို သူကောင်းပြုရန် တာဝန်ရှိသူတစ်ဦးသည် ကျွန်ကို သူကောင်းပြုရန် စရိတ်စက မတတ်နိုင်ခဲ့သည် ရှိသော်၎င်း၊ သို့မဟုတ် ကျွန်မရရှိနိုင်သော်၎င်း၊ နှစ်လတိတိ အဆက်မပြတ် ဆို့ယာမ်ဥပုသ်ဆောက်တည်ရမည်။ ယင်းသို့ နှစ်လတိတိ ဥပုသ်ဆောက်တည်ရာတွင် အစ္စလာမ်တရားတော်က ခွင့်ပြုထားသော အကြောင်းတစ်စုံတစ်ရာ မရှိဘဲလျက် ဥပုသ်တစ်ရက်မျှပင် ပျက်ကွက်ခြင်း မရှိစေရ။ အကြောင်းမဲ့တစ်ရက် ပျက်ကွက်သည်ရှိသော် ဆို့ယာမ် ဥပုသ်ကို နှစ်လတိတိ အစမှအဆုံးတိုင် ပြန်လည် ဆောက်တည်ရပေမည်။ (မာဂျီဒီ)

اللَّهُ عَلَيْهِ وَلَعَنَهُ وَأَعَدَّ لَهُ
عَذَابًا عَظِيمًا ﴿٩٣﴾

(ထိုသူသည်) ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ အစဉ် အမြဲလားရမည်။ ထိုမှတပါးတုံ အလ္လာဟ် အရှင်မြတ်သည် ၎င်း၏အပေါ်၌ အမျက်တော် ထားတော်မူအံ့။ ထိုသူအား ကရုဏာတော်မှလည်း ကင်းဝေးစေတော် မူအံ့။ ထိုသူ၏ အဘို့ ကြီးလေးသော ပြစ်ဒဏ်တော်ကိုလည်း အဆင်သင့် ပြုထားတော် မူလတ္တံ့။ [၁]

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا ضَرَبْتُمْ
فِي سَبِيلِ اللَّهِ فَتَبَيَّنُوا وَلَا
تَقُولُوا لِمَنْ أَلْقَىٰ إِلَيْكُمُ السَّلَامَ
لَسْتَ مُؤْمِنًا تَبْتَغُونَ عَرَضَ
الْحَيَاةِ الدُّنْيَا فَعِنْدَ اللَّهِ
مَغَانِمُ كَثِيرَةٌ كَذَٰلِكَ كُنْتُمْ
مِنْ قَبْلُ فَمَنَّ اللَّهُ عَلَيْكُمْ
فَتَبَيَّنُوا إِنَّ اللَّهَ كَانَ بِمَا

၉၄။ အို- 'မုအ်မင်န်' အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ (စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ခြင်းငှာ) ခရီးထွက်ကြသော အခါ (ရန်သူနှင့် မိတ်ဆွေကို ခွဲခြားရှာဖွေ စုံစမ်းကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား 'စလာမ်' (မေတ္တာ) ပို့သ(ကာ မိမိကိုယ်ကို မွတ်စ်လင်မ် ဖြစ်ကြောင်း ထင်ရှားစေ)သော သူကို အသင်သည် 'မုအ်မင်န်' မဟုတ်ဟု မပြောကြ ကုန်လင့်၊ အသင်တို့သည် လောကီ ဥစ္စာပစ္စည်း စည်းစိမ်များကို ရှာဖွေကြ၏။ သို့ဖြစ်လျှင် အလ္လာဟ် အရှင်မြတ် အထံတော်၌ (တရားသဖြင့် သုံးစွဲနိုင်သော) လက်ရ ပစ္စည်းများသည် ပေါများစွာ ရှိကုန်၏။

---

① မွတ်စ်လင်မ်တဦးသည် အခြား မွတ်စ်လင်မ်တဦးအား မွတ်စ်လင်မ် ဖြစ်ကြောင်း သိပါလျက်နှင့် သေစေရန် ရည်စူး၍ ကျူးလွန် သတ်ဖြတ်ခဲ့သည်ရှိသော် ထိုသူသည် ပစ္စုပ္ပန်လောက၌ ကုရ်အာန် ကျမ်းလာ မုကျွပါဒ်တော် (၂၁၇၈)အရ သတ်စားသတ်ခြင်း ခံရပေမည်။ နောင်တမလွန် ဘဝတွင်လည်း ထိုသူ၏ လားရာဌာနမှာ ဂျဟန္နမ် ငရဲဘုံဖြစ်သည်။

ထိုသူသည် ထိုငရဲဘုံတွင် အမြဲထာဝစဉ် လားရပေမည်။ အလ္လာဟ် အရှင်မြတ်၏ အမျက်တော်စူးရှခြင်းကိုလည်း ခံရပေမည်။ ကရုဏာတော်နှင့် ကင်းဝေးရပေမည်။ ကြီးလေးသော ပြစ်ဒဏ်ကိုလည်း ခံရပေမည်။

تَعْمَلُونَ خَبِيرًا ﴿٩٤﴾

အသင်တို့သည်လည်း ယခင်မူလက ထိုကဲ့သို့ပင် (မိမိတို့ မွတ်စ်လင်မ်ဖြစ်ကြောင်းနှင့် ပတ်သက်၍ နှုတ်ဖြင့် ကလိမဟ် ရွတ်ဖက်ခြင်းကိုပင် အမှီသဟဲပြုကြရသူများ) ဖြစ်ခဲ့ကြ၏။ ထို့နောက် အလ္လာဟ် အရှင်မြတ်သည် အသင်တို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် စီစစ်ရှာဖွေစုံစမ်းကြလေကုန်။

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပြုမူကြကုန်သော အမှုကိစ္စတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَا يَسْتَوِي الْقٰعِدُوْنَ مِنَ الْمُؤْمِنِيْنَ غَيْرُ اُولِي الضَّرَرِ وَالْمُجٰهِدُوْنَ فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ؕ فَضَّلَ اللّٰهُ الْمُجٰهِدِيْنَ بِاَمْوَالِهِمْ وَاَنْفُسِهِمْ عَلَى الْقٰعِدِيْنَ دَرَجَةً ؕ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَفَضَّلَ اللّٰهُ

၉၅။ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အနက်မှ (ချည့်နဲ့ကျိုးကန်း မစွမ်းမသန်သော) ဒုက္ခိတများ[၁] မဟုတ်ဘဲ (မိမိတို့အိမ်တွင်းဝယ်) ထိုင်၍နေသော သူတို့နှင့် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ အသက်စည်းစိမ်တို့ဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူတို့သည် တူညီကြသည်မဟုတ်ပေ။

အလ္လာဟ် အရှင်မြတ်သည် မိမိတို့၏ အသက်စည်းစိမ်တို့ဖြင့် စစ်မက်ပြိုင်ဆိုင် တိုက်ကြကုန်သောသူတို့အား (မိမိတို့အိမ်တွင်းဝယ်) ထိုင်၍ နေကြကုန်သောသူတို့ထက် ဂုဏ်ရည် အဆင့်အတန်းအားဖြင့် မြင့်မြတ်စေတော်မူခဲ့လေသည်။

---

① 'အိုလိဝသွံရ်'၏ မူရင်းအဓိပ္ပါယ်မှာချို့ယွင်းချို့တဲ့သောသူများ ဒုက္ခိတများဟူ၍ဖြစ်သည်။ဤပုဒ်တွင် မျက်စိမမြင်ခြင်း၊ ခြေလက်မစွမ်းမသန်ခြင်း၊ ရောဂါစွဲကပ်ခြင်း လက်နက်ကရိယာမစုံလင်ခြင်း စသည့် အကြောင်းတစုံတရာကြောင့် ဂျိဟာဒ်တွင် မပါဝင်နိုင်သူအားလုံး အကျုံးဝင်ပေသည်။ (ရှ-ကဗီရ်။)

الْمُجٰهِدِيْنَ عَلَى الْقٰعِدِيْنَ
اَجْرًا عَظِيْمًا ﴿٩٥﴾

အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (ထိုင်၍နေသူများနှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သူများ) အားလုံးတို့ကို ကောင်းကျိုး ပေးသနားတော်မူမည် ဟု ပဋိညာဉ် ထားရှိတော်မူပြီးဖြစ်၏။ [၁]

သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်သောသူတို့အား (မိမိတို့အိမ်တွင်း၌ အငြိမ်း) ထိုင်၍နေသော သူတို့ထက် ကြီးကျယ်သော အကျိုးကျေးဇူး (ချီးမြှင့်တော်မူခြင်း) အားဖြင့် မြင့်မြတ်စေတော်မူခဲ့လေပြီ။ [၂]

دَرَجٰتٍ مِّنْهُ وَمَغْفِرَةً
وَّرَحْمَةً ؕ وَكَانَ اللّٰهُ
غَفُوْرًا رَّحِيْمًا ﴿٩٦﴾

၉၆။ အလ္လာဟ် အရှင်မြတ်အထံတော်မှ ဂုဏ်ရည်အဆင့်အတန်း အမျိုးမျိုးတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်းအားဖြင့်ငင်း၊ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူခြင်းအားဖြင့်ငင်း၊ ကရုဏာပြုတော် မူခြင်းအားဖြင့်ငင်း၊ (ထိုသူတို့အား မြင့်မြတ်စေတော်မူခဲ့လေပြီ၊) အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အစဉ်အမြဲ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① 'အလ္လာဟ်အရှင်မြတ်သည် အားလုံးတို့ကို ကောင်းကျိုးပေးရန် ကတိပြုထားတော်မူသည်'။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ဂျိဟာဒ်တွင် ပါဝင်သော သူများတို့အား ယင်းသူတို့၏ သက်စွန့် ကြိုးပမ်းမှုကို အကြောင်းပြု၍ငင်း၊ ဂျိဟာဒ်တွင် မပါဝင်သူတို့အား အခြားသော ကောင်းမှုများကို အကြောင်းပြု၍ငင်း ကောင်းကျိုး ပေးသနားတော်မူမည်ဟုလို။ (မာဂျိဒီ)

'အလ်ဟုတ်စ်နာ' ဟူသည် 'ဂျန္နတ်' ကိုဆိုလိုသည်။ ရှု– အလ်မနာရ်၊ထာနဝီ

② ဤမုက္ခပါဠ်တော်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ 'ဂျိဟာဒ်' စစ်ပွဲတွင် ပါဝင်ကြိုးပမ်းသော 'မုဂျာဟိဒ်'များနှင့် ထိုဂျိဟာဒ်စစ်ပွဲတွင် မပါဝင်ဘဲထိုင်နေသော 'ကာအိဒ်'များကို ရည်ညွှန်း၍ မိန့်ဆိုထားတော်မူသော မုက္ခပါဠ်တော်ပင်ဖြစ်သည်။ သို့ရာတွင် ဂျိဟာဒ်ဟူသော စကားကို စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း အနက်အဓိပ္ပါယ်၌သာလျှင် ယူဆသုံးနှုန်းခြင်းမပြုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုဂျိဟာဒ်ဟူသော ➤➤

إِنَّ الَّذِينَ تَوَفَّىٰهُمُ الْمَلَٰٓئِكَةُ ظَالِمِىٓ أَنفُسِهِمْ قَالُوا۟ فِيمَ كُنتُمْ ۖ قَالُوا۟ كُنَّا مُسْتَضْعَفِينَ فِى الْأَرْضِ ۖ قَالُوٓا۟ أَلَمْ تَكُنْ أَرْضُ اللَّهِ وَٰسِعَةً فَتُهَاجِرُوا۟ فِيهَا ۚ فَأُو۟لَٰٓئِكَ مَأْوَىٰهُمْ جَهَنَّمُ ۖ وَسَآءَتْ مَصِيرًا ﴿٩٧﴾

၉၇။ ကောန်စင်စစ် အကြင်သူတို့သည် မိမိတို့ကိုယ်ကို နှိပ်စက်နေကြစဉ် 'မလာအိကဟ်' ကောင်းကင်တမန်တို့သည် ထိုသူတို့၏ အသက် ဇီဝိန်ကို နှုတ်ခဲ့ ကြကုန်အံ့။ (ထိုကဲ့သို့သော သူတို့အား) ယင်း'မလာအိကဟ်' ကောင်းကင်တမန်တော်တို့က (ဤသို့) စစ်ဆေးမေးမြန်းကြကုန်အံ့။ 'အသင်တို့သည် မည်သည့်ကိစ္စမျိုးဌ် ပါဝင်ဆောင်ရွက်ခဲ့ကြသနည်း'။ မည်သည့်အဖြစ်မျိုးဌ် ရှိခဲ့ကြသနည်း။ (ထိုအခါ) ၎င်းတို့က (ဤသို့) ဖြေကြားကြလတ္တံ့။ 'ကျွန်တော်များသည် (ထို) တိုင်းပြည်ဒေသ၌ ဖိနှိပ်ချုပ်ချယ်မှုခံနေရသူများဖြစ်ခဲ့ကြပါ၏'။

(တဖန်) ထို'မလာအိကဟ်' ကောင်းကင်တမန်တို့က (ဤသို့) ပြန်ပြောကြကုန်အံ့။ (အသင်တို့ရွှေ့ပြောင်းနေထိုင်ကြရန် အလို့ငှာ) အလ္လာဟ်အရှင်မြတ်၏ ပထဝီမြေပြင်သည် ကျယ်ဝန်းစွာ ရှိသည်မဟုတ်လော။ သို့ဖြစ်ရာ အသင်တို့သည် ထိုပထဝီမြေပြင်ဝယ် ရွှေ့ပြောင်း (နေထိုင်) နိုင်ကြ၏။

သို့(ရွှေ့ပြောင်း နေထိုင်နိုင်ကြပါလျက် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုကြသည့်) အတွက်ကြောင့် ထိုကဲ့သို့သော သူတို့၏ဌာနသည် 'ဂျဟန္နမ်' ငရဲဘုံပင်ဖြစ်၏။ အမှန်သော်ကား ထို ဂျဟန္နမ်ငရဲဘုံသည် အလွန်ဆိုးဝါးလှသောနေရာထိုင်ခင်းပင်ဖြစ်ချေသတည်း။

➤➤ စကားတွင် အစွမ်းသာသနာရေးအတွက် ကြိုးပမ်းမှု တွေးတောမှုအားလုံးသည် အကျုံးဝင်လျက်ရှိခြင်းကြောင့်ဖြစ်သည်။ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းသည်လည်း သာသနာရေးကြိုးပမ်းမှုများတွင် တခုမျှ အပါအဝင်ဖြစ်ပေသည်။ ထို့အတူ 'ကုအူဒ်' ထိုင်နေခြင်းဟူသော စကားတွင် သာသနာရေးနှင့် စပ်လျဉ်း၍ စိတ်မဝင်စားမှု၊ ပျင်းရိမှုအားလုံး အကျုံးဝင်လျက်ရှိ၏။ ထိုပျင်းရိမှုများတွင် သာသနာရေးစစ်ပွဲမှ ထိုင်နေခြင်းလည်း တခုအပါအဝင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ဤမုက္ခပါဠိတော်အရ သာသနာရေးတွင် ကြိုးပမ်းဆောင်ရွက်သော သူသည် မကြိုးပမ်းမဆောင်ရွက်ဘဲ ထိုင်နေသူထက်သာလွန်မြင့်မြတ်သည်မှာ မုချပင်တည်း။ (မာဂျိဒီ)

إِلَّا الْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاءِ وَالْوِلْدَانِ لَا يَسْتَطِيعُونَ حِيلَةً وَلَا يَهْتَدُونَ سَبِيلًا ﴿٩٨﴾ فَأُولَٰئِكَ عَسَى اللَّهُ أَن يَعْفُوَ عَنْهُمْ ۚ وَكَانَ اللَّهُ عَفُوًّا غَفُورًا ﴿٩٩﴾

၉၈။ သို့ရာတွင် အင်အားချည့်နဲ့ မစွမ်းမသန်သော အကြင်ယောကျ်ားး၊ မိန်းမ၊ ကလေးသူငယ်တို့သည် (ဟစ်ဂျ်ရတ် ပြုလုပ်ရန်အတွက်) မည်သည့် အကြံအစည်ကိုမျှ မတတ်စွမ်းနိုင်ကြအံ့။ ၎င်းပြင် မည်သည့် လမ်းကိုမျှလည်း မတွေ့ရှိကြအံ့။

၉၉။ ယင်းသို့ဖြစ်လျှင် အလ္လာဟ် အရှင်မြတ်သည် ထိုကဲ့သို့သောသူတို့အား မကြာမြင့်မီ ခွင့်လွှတ်တော်မူပေမည်။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် အလွန်တရာမျှ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာမျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَمَن يُهَاجِرْ فِي سَبِيلِ اللَّهِ يَجِدْ فِي الْأَرْضِ مُرَاغَمًا كَثِيرًا وَسَعَةً ۚ وَمَن يَخْرُجْ مِن بَيْتِهِ مُهَاجِرًا إِلَى اللَّهِ وَرَسُولِهِ ثُمَّ يُدْرِكْهُ الْمَوْتُ فَقَدْ وَقَعَ أَجْرُهُ عَلَى اللَّهِ ۗ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ﴿١٠٠﴾

၁၀၀။ ၎င်းပြင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ 'ဟစ်ဂျ်ရတ်' တနေရာမှ တနေရာသို့ ရွှေ့ပြောင်းခြင်းကိုပြုအံ့။ ထိုသူသည် ကမ္ဘာမြေပြင်ဝယ် (ခိုလှုံရာ) နေရာများစွာကိုလည်းကောင်း၊ (ဘာသာသာသနာရေးအတွက်) ကျယ်ဝန်း(လွတ်လပ်)မှုကိုလည်းကောင်း၊ တွေ့ရှိပေအံ့။

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ် အရှင်မြတ် (နှစ်သက်တော်မူသောနေရာ) ကို ရည်စူး၍၎င်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ် (အားကူညီခြင်း)ကို ရည်စူး၍၎င်း၊ မိမိအိမ်မှ 'မုဟာဂျစ်ရ်' တနေရာမှ တနေရာသို့ ရွှေ့ပြောင်းသူ အဖြစ် ထွက်ခဲ့ပြီးနောက် (လမ်းခရီး၌ပင်) ထိုသူ၌ 'မရဏ' သေခြင်းတရား ဆိုက်ရောက်လာ(သဖြင့် သေဆုံး)ခဲ့မူ၊ မုချဧကန် ထိုသူ၏အကျိုးသည် အလ္လာဟ်အရှင်မြတ် အပေါ်၌ အတည်ဖြစ်ချေပြီ။

အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَإِذَا ضَرَبْتُمْ فِي الْأَرْضِ فَلَيْسَ عَلَيْكُمْ جُنَاحٌ أَنْ تَقْصُرُوا مِنَ الصَّلَاةِ إِنْ خِفْتُمْ أَنْ يَفْتِنَكُمُ الَّذِينَ كَفَرُوا إِنَّ الْكَافِرِينَ كَانُوا لَكُمْ عَدُوًّا مُبِينًا ﴿١٠١﴾

၁၀၁။ ၎င်းပြင် အကြင်အခါဝယ်၊ အသင်တို့သည် ကမ္ဘာမြေပြင်ဝယ် ခရီးထွက်ခဲ့ကြကုန်၏။ ထိုအခါဝယ် အသင်တို့သည် အကယ်၍ မိမိတို့အား ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့က ဒုက္ခပေးကြမည်ကို စိုးရိမ်ကြသည်ရှိသော်၊ အသင်တို့၌ *'ဆွလာတ်'* ဝတ်ပြုမှုကိုလျော့၍ပြုခြင်းအားဖြင့် [၂] အပြစ်တစုံတရာမျှ မရှိချေ။

၎ကန့်စင်စစ် ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့ကား အသင်တို့၏ ထင်ရှားစွာသော ရန်သူများပင် ဖြစ်ကြကုန်သတည်း။

---

① အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဟိဂျ်ရတ်ပြုလုပ်ခြင်းသည် အရေးကြီးသည့်အကြောင်းကို အထက်တွင် ရေးသားခဲ့ပေပြီ။ အစ္စလာမ်သာသနာရေး ပညာကို ဆည်းပူးရန်အတွက် ခရီးထွက်ခြင်း၊ ဟဂျ်ပြုလုပ်ရန်အတွက် ခရီးထွက်ခြင်း၊ 'ဂျိဟာဒ်' အတွက် ခရီးထွက်ခြင်း၊ သာသနာရေးကိစ္စများကို ပိုမို လိုက်နာဆောင်ရွက်နိုင်ရန်အတွက်သော်၎င်း၊ ပစ္စုပ္ပန်လောကတွင် ပိုမိုဖူလုံရန်အတွက်သော်၎င်း၊ သူတော်ကောင်းတရား ပိုမို ပွားများနိုင်ရန်အတွက်သော်၎င်း၊ သမ္မာအာဇီဝနည်းဖြင့် စားနပ်ရိက္ခာကို ရှာဖွေဆည်းပူးနိုင်ရန် အတွက်သော်၎င်း၊ တိုင်းတပါးသို့ ရွှေ့ပြောင်းနေထိုင်ခြင်း များသည်လည်း ဟိဂျ်ရတ်ဟူသော စကားတွင် အကျုံးဝင်ပေသည်။

② ခရီးတွင် 'ဆွလာတ်' ကိုလျော့၍ပြုရသည် ။ ဤသို့လျော့၍ပြုခြင်းကို 'ကာဆ်ရ်' ဟုခေါ်သည်။ 'ကာဆ်ရ်' သည် 'ဝါဂျိဗ်' တာဝန်ဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ သိသင့်သိအပ်သော အချို့အချက်အလက်များကို ရေးသားဖော်ပြလိုပေသည်။-

က။ 'မန်ဇိလ်' ခေါ် ခရီး စခန်းသုံးခုထက်နည်းသော ခရီးများတွင် 'ကာဆ်ရ်' မပြုပိုင်ချေ။ ဆွလာတ်ကို အပြည့်ပြုရ၏။ (မန်ဇစ်လ် ၁-စခန်းသည် ခရီး (၁၆) မိုင်ကိုဆိုသည်။)

ခ။ ခရီးထွက်၍ မိမိလိုရာ စားခန်းသို့ ရောက်သောအခါ အကယ်၍ ၁၅-ရက်ထက်လျှော့ရပ်နားရန် ရည်ရွယ်ပါက ဆွလာတ်ကို အပြည့်ပြုရပေမည်။ ကာဆ်ရ် မပြုရချေ။

ဂ။ 'ကာဆ်ရ်' သည် 'ဇုဟ်ရ်'၊ 'အဆ်ရ်'၊ 'အိရှာ' ဖရ်သ်ဖွဲ့ ဆွလာတ်များ တွင်သာ ပြုရ၏။ အဆိုပါ ဆွလာတ်သုံးရပ်တွင် ဖရ်သ်ဖွဲ့ ၄-'ရာက်အတ်' အစား နှစ် 'ရာက်အတ်' သာ ➤➤

وَإِذَا كُنتَ فِيهِمْ فَأَقَمْتَ لَهُمُ الصَّلَوٰةَ فَلْتَقُمْ طَآئِفَةٌ مِّنْهُم مَّعَكَ وَلْيَأْخُذُوٓا۟ أَسْلِحَتَهُمْ ۖ فَإِذَا سَجَدُوا۟

၁၀၂။ ၎င်းပြင် (အို-နဗီတမန်တော်) အကြင်အခါ ဝယ် အသင်သည် ထိုသူတို့အထဲတွင် ရှိနေ၍ ထိုသူတို့ အဘို့ 'ဆွေလာတ်' ဝတ်ပြုမှုကို စီစဉ်ခဲ့ပါလျှင်၊ ထိုအခါ ၎င်းတို့အနက်မှ လူတစ်စုသည် (အသင်၏နောက်မှ 'ဆွေလာတ်' ဝတ်ပြုကြရန်) အသင်နှင့်အတူ ရပ်ကြရပေမည်။ ၎င်းပြင် ထိုသူတို့သည် မိမိတို့၏လက်နက်များကိုလည်း ယူဆောင်ထားကြရပေမည်။

➤➤ ပြုရ၏။ မယ်ရစ်ဗ်၊ ဖဂျ်ရ်ဆွေလာတ်များနှင့် စွန့်တ်၊ ဝိတ်ရ်ဆွေလာတ်များတွင် ကာဆွ်ရ်မရှိချေ။(ထာနဝီ)

ဃ။ ခရီးသွားလာစဉ် ရန်သူတို့၏ အနောက်အယှက်မှ စိုးရိမ်ကြောင့်ကြမှု မရှိသော်လည်း 'ကဆွ်ရ်' ပြုလုပ်ရ၏။ ဤကား 'ကွဂျ်မာအ်' ခေါ် မွတ်စ်လင်မ်အများစုကြီး၏ ယူဆချက်တည်း။ ကုရ်အာန်ကျမ်းမြတ်တွင် 'အကယ်၍အသင်တို့အား ကာဖိရ်များက ဒုက္ခပေးကြမည်ကို စိုးရိမ်ကြသော်' ဟူ၍ ကန့်သတ်ချက်ဖြင့် မိန့်ဆိုထားခြင်းမှာ ကုရ်အာန်ကျမ်းမြတ် ကျရောက်စဉ် ပတ်ဝန်းကျင် အခြေအနေကို ထောက်ထား၍ မိန့်ဆိုထားခြင်းသာ ဖြစ်သည်။ တမန်တော် မြတ်၏ ဩဝါဒတော်များတွင် ခရီး၌ စိုးရိမ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကာဆွ်ရ် ပြုလုပ်ရမည့် အကြောင်း အတိုအကျ တွေ့ရှိရပေသည်။ (ထာနဝီ)

တမန်တော်မြတ်သည် စိုးရိမ်မှုကင်းသော ခရီးများတွင်လည်း ကာဆွ်ရ်ပြုတော်မူခဲ့၏။ သာဝကကြီးများကိုလည်း ကာဆွ်ရ်ပြုရန် လေးနက်စွာ မိန့်ကြားတော်မူခဲ့၏။ ယခုမူ ခရီးတွင် စိုးရိမ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အမြဲတန်းအတွက် ကာဆွ်ရ်ပြုရန်အမိန့်ကား အတည်ဖြစ်ချေပြီ၊ ဤကားအလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်း။

သာဓကသဘော။

ယအ်လာ အီဗ်နုအမိုင်ယဟ် သခင်ထံမှတဆင့်ကြားသိရသည်မှာ ထိုသခင်က ကျွန်ုပ်သည် သာဝကကြီး အုမရ်အား (ကုရ်အာန်ကျမ်းမြတ်တွင်) အကယ်၍ အသင်တို့စိုးရိမ်ကြလျှင် အသင်တို့ဆွေလာတ်ကို လျှော့၍ ဝတ်ပြုခြင်းသည် အသင်တို့အပေါ်၌ တစ်စုံတစ်ရာအပြစ်မရှိချေဟု ပါရှိ၏။ ယခုမူလူများသည် အေးချမ်းစွာရှိကြ၏။ (အေးချမ်းနေသည့် အခါမျိုးတွင် ကာဆွ်ရ်ပြုလုပ်ခြင်းမှာ အံ့ဘွယ်ပင်ဖြစ်၏။) ထိုအခါ သာဝကကြီးအုမရ်က အသင်အံ့သြသကဲ့သို့ ကျွန်ုပ်လည်းအံ့သြမိခဲ့၏။ နောက်ဆုံးတွင်ကျွန်ုပ်သည် ဤအကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ်အား မေးမြန်းသည့်အခါ တမန်တော်မြတ်က ဤကား အလ္လာဟ်အရှင်မြတ်က အသင်တို့အားပြုတော်မူသော အလှူဒါနတစ်ရပ်ပင်ဖြစ်ချေသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်၏ အလှူကို လက်ခံသဘောတူကြကုန်ဟု မိန့်ကြားတော်မူလေသည်။ (အီဗ်နုကျရီရ်)

င။ ရေကြောင်း ခရီးတွင်လည်း ကုန်းကြောင်း ခရီးကဲ့သို့ပင် ဆွေလာတ် ဝတ်ပြုရာ၌ 'ကဆွ်ရ်' ပြုရ၏။ (ထာနဝီ)

'ကာဆွ်ရ်' နှင့် စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို 'ဟဒါဃဟ်' အစရှိသည့် 'ဖစ်ဟ်' ဓမ္မသတ်ကျမ်းကြီးများတွင် အကျယ်တဝင့် တွေ့ရှိနိုင်ပေသည်။

فَلْيَكُونُوا۟ مِنْ وَّرَآىِٕكُمْ ۖ
وَلْتَاْتِ طَآىِٕفَةٌ اُخْرٰى
لَمْ يُصَلُّوا۟ فَلْيُصَلُّوا۟ مَعَكَ
وَلْيَاْخُذُوا۟ حِذْرَهُمْ ۗ
وَاَسْلِحَتَهُمْ ۗ وَدَّ الَّذِيْنَ
كَفَرُوْا لَوْ تَغْفُلُوْنَ عَنْ
اَسْلِحَتِكُمْ وَاَمْتِعَتِكُمْ
فَيَمِيْلُوْنَ عَلَيْكُمْ مَّيْلَةً
وَّاحِدَةً ۗ وَلَا جُنَاحَ عَلَيْكُمْ

တဖန် ယင်းသူတို့သည် (အသင်နှင့်အတူ) 'စဂျဒဟ်' ပျပ်ဝပ် ဦးချပြီးကြသောအခါ အသင်တို့၏ နောက်သို့ ဆုတ်သွားကြရပေမည်။ ထို့နောက် 'ဆွလာတ်' ဝတ်မပြုကြရသေးသော အခြားသူတစုသည် လာပြီးလျှင်၊ အသင်နှင့်အတူ 'ဆွလာတ်' ဝတ်ပြုကြရပေမည်။ [၁] ထို့ပြင် ၎င်းတို့သည်လည်း မိမိတို့၏ဘေးရန်ကို ကာကွယ်မည့် ပစ္စည်းများနှင့် လက်နက်များကို ယူဆောင်ထား ကြရပေမည်။ (အကြောင်းသော်ကား) 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့က အကယ်၍သာ အသင်တို့သည် မိမိတို့၏ လက်နက်များနှင့် အသုံးအဆောင် ပစ္စည်းများကို မေ့လျော့သွားကြသော် ၎င်းတို့သည် အသင်တို့အား တဟုန်တည်း ဝင်ရောက်တိုက်ခိုက်ရန် နှစ်သက်လိုလား ကြ(သောကြောင့် ဖြစ်)ပေသည်။

---

① **ဖော်ပြချက်**

ကုရ်အာန်ကျမ်းမြတ် (၄း၁၀၂) တွင် စစ်မြေပြင်၌ ရန်သူတို့၏ တိုက်ခိုက်မှုကို စိုးရိမ်နေရသော အခါမျိုးတွင် ဂျမာအ့တ်နှင့် ဆွလာတ်ဝတ်ပြုနည်းကို မိန့်ဆိုထားတော်မူသည်။ ထိုသို့သော ဆွလာတ်ကို ဆွလာတ်တုလ်ခေါက်ဖ် ဟုခေါ်သည်။ ဆွလာတုလ်ခေါက်ဖ်သည် တမန်တော်မြတ် ကွယ်လွန် အနိစ္စရောက်ပြီးသည့် နောက်ပိုင်းတွင်လည်း တည်ရှိခဲ့၏။ ကိယာမတ်နေ့တိုင် တည်ရှိမည်လည်း ဖြစ်၏။ ဤကား ဣဂျ်မာအ်တည်း။

ဤမုက္ခပါဠ်တော်တွင် ပါရှိသော 'ကွန်တ' ဟူသောပုဒ်သည် တုံ့မှယောဂဇကဝုစ်ကိန်းဖြစ်၏။ တမန်တော်မြတ်အား ရည်ညွှန်း၏။ သို့ရာတွင် ယင်းပုဒ်တွင် 'အမီရ်' အကြီးအကဲ အားလုံးတို့သည် အကျုံးဝင်ပေသည်။ ရှု-ကုရ်တုဗီ။

ဤမုက္ခပါဠ်တော်တွင်ပါရှိသည့် ဆွလာတုလ်ခေါက်ဖ် ဝတ်ပြုနည်းမှာ အေမာမ်ရှေ့ဆောင် တဦးတည်း၏ နောက်တွင် လူအားလုံး ဝတ်ပြုကြလိုသောအခါ၌သာ ဖြစ်၏။ အကယ်၍ လူများသည် နှစ်စု (သုံးစု) ခွဲ၍ အေမာမ်ရှေ့ဆောင် နှစ်ဦး (သုံးဦး)၏ နောက်တွင် တခြားစီဝတ်ပြုလိုကလည်း ဝတ်ပြုနိုင်ကြပေသည်။ ရှု-ထာနဝီ၊ ဒုရ်ရိမုခ်တာရ်။

ဤမုက္ခပါဠ်တော်တွင် ပါရှိသည့်အတိုင်း ဆွလာတုလ်ခေါက်ဖ်ကို အေမာမ်နှင့် တကွ စံနစ်တကျ ဝတ်ပြုရန် တာဝန်သည် အစီအစဉ်ဖြစ်နိုင်သော အခြေအနေများတွင်သာလျှင် ဖြစ်၏၊ အစီအစဉ်မဖြစ်နိုင်က ဂျမာအတ်နှင့်ဆွလာတ်ဝတ်ပြုရန် တာဝန်မရှိချေ။ ကုရ်အာန်ကျမ်းမြတ်(၂း၂၃၉)တွင် ပါရှိသည့်အတိုင်း ➤➤

إِنْ كَانَ بِكُمْ أَذًى مِّنْ مَّطَرٍ
أَوْ كُنتُم مَّرْضَىٰ أَن تَضَعُوٓا
أَسْلِحَتَكُمْ ۖ وَخُذُوا
حِذْرَكُمْ ۗ إِنَّ اللَّهَ أَعَدَّ
لِلْكَٰفِرِينَ عَذَابًا مُّهِينًا ﴿١٠٢﴾

သို့တစေလည်း အကယ်၍သာ အသင်တို့၌ မိုးရွာသွန်းသောကြောင့် (လက်နက်များ ယူဆောင်ကာ 'ဆွလာတ်' ဝတ်ပြုကြရန်) ခဲယဉ်းမှု ရှိခဲ့မူ၊ သို့တည်းမဟုတ် အသင်တို့သည် ဝေဒနာရှင်များဖြစ်ခဲ့ကြပါမူ မိမိတို့၏လက်နက်များကို ချထားခြင်းကြောင့် အသင်တို့၌ အပြစ်မရှိပြီ။ သို့သော်လည်း အသင်တို့သည် မိမိတို့အဘို့ ကာကွယ်မှုကိုမူ ပြုလုပ်၍ ထားရှိကြလေကုန်။

၎င်းမလွဲ အလ္လာဟ်အရှင်မြတ်သည် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့ အဘို့ ကျိုးယုတ်ရှက်ရဖြစ်စေမည့် ပြစ်ဒဏ်ကို အရံသင့်ပြုထားတော်မူလေသတည်း။

➤➤ ခြေလျင်သွားလာလျက်၊ စီးနင်းလျက်ပင်လျှင် ဆွလာတ် ဝတ်ပြုနိုင်ပေသည်။ ရန်သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်နေရသည့် အချိန်အခါမျိုးတွင် မူကား ဆွလာတ်ကိုပင် ရွှေ့ဆိုင်း၍ ပြုရ၏။ ရှု-ထာနဝီ။

ဆွလာတုလ်ခေါက်ဖ်နှင့် စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို 'ဖစ်ဟ်' ဓမ္မသတ် ကျမ်းကြီးများတွင် တွေ့ရှိနိုင်ပေသည်။

ဖော်ပြချက်။

မဃ်ရိဗ်အချိန်တွင် 'ဆွလာတုလ်ခေါက်ဖ်' ပြုလျှင် ပဌမအုပ်စုသည် အေမာမ်နှင့်အတူ ၂-'ရက္အတ်' ပြုရမည်။ ဒုတိယ အုပ်စုသည် ကျန် ၁-'ရက္အတ်' ကိုအေမာမ်နှင့် အတူပြုရမည်။ ကြည့်-ထာနဝီ။

စိုးရိမ်မှုအခြေအနေကား နှစ်မျိုးနှစ်စား ရှိ၏။ ထိုစိုးရိမ်မှု အခြေအနေနှစ်ရပ်၏ အပေါ်တွင် အမိန့်ပညတ်များသည်လည်း ခြားနား၏။

(က) ပဌမအခြေအနေကား စစ်မြေပြင်တွင် ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက် နေရသော အချိန်ဖြစ်၏။ ထိုအချိန်တွင် ဂျမာအတ်နှင့် ဆွလာတ်ဝတ်ပြုရန် အစီအစဉ် အလျင်း မဖြစ်နိုင်ချေ။ ထိုသို့သော အခြေအနေမျိုးတွင် ဂျမာအတ်နှင့် ဆွလာတ်ဝတ်ပြုရန် မလိုချေ။ ကုရ်အာန်ကျမ်းမြတ် (၂း ၂၃၉) တွင် ပါရှိသည့်အတိုင်း ယာဉ်ပေါ်တွင် စီးနင်းလျက်ဖြစ်စေ၊ ခြေလျင်သွားလျက်ဖြစ်စေ ဆွလာတ်ဝတ်ပြုနိုင်၏။ 'ရုကူအ်၊ ညီညွတ်ခြင်း၊ 'စဂျွဒ်'၊ ဦးချခြင်းများအတွက် 'ဂ္ဂရာရဟ်' အရိပ်နိမိတ် လက္ခဏာပြခြင်းသည် လုံလောက်၏။ 'ကိဗ်လဟ်' ဘက်သို့ မျက်နှာမူရန်လည်း အရေးမကြီးတော့ချေ။

(ခ) ဒုတိယအခြေအနေကား စစ်မြေပြင်တွင်ရောက်ရှိနေသောအချိန်ဖြစ်၏။ သို့ရာတွင် တိုက်ခိုက်မှုကား မဖြစ်သေးချေ။ ဂျမာအတ်နှင့်ဆွလာတ်ဝတ်ပြုရန် အစီအစဉ်ဖြစ်နိုင်သေး၏။ ကုရ်အာန်ကျမ်း(၄း၁၀၂) တွင်ပါရှိသော 'ဆွလာတုလ်ခေါက်ဖ်' ဝတ်ပြုနည်းသည် ဤဒုတိယအခြေအနေမျိုးနှင့် သက်ဆိုင်ပေသည်။ ရှု-(မာဂျိဒီ)

فَإِذَا قَضَيْتُمُ الصَّلٰوةَ
فَاذْكُرُوا اللّٰهَ قِيٰمًا
وَّقُعُوْدًا وَّعَلٰى جُنُوْبِكُمْ ۚ
فَإِذَا اطْمَأْنَنْتُمْ فَأَقِيْمُوا
الصَّلٰوةَ ۚ إِنَّ الصَّلٰوةَ كَانَتْ
عَلَى الْمُؤْمِنِيْنَ كِتٰبًا
مَّوْقُوْتًا ﴿١٠٣﴾

၁၀၃။ တဖန် အသင်တို့သည် 'ဆွလာတ်' ဝတ်ပြု၍ ပြီးကြသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို မတ်တတ်ရပ်လျက်၎င်း၊ ထိုင်လျက်၎င်း၊ လဲလျောင်းလျက်၎င်း၊ အောက်မေ့တသ သတိရရှိကြလေကုန်။ [၁] တဖန် အသင်တို့သည် ဘေးရန်ကင်းငြိမ်း၍ စိတ်ချရသောအခါ (နဂိုရိမ္မူလအတိုင်း စည်းကမ်း ကျနစွာဖြင့်) ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည် ကြလေကုန်။

ဧကန်မလွဲ 'ဆွလာတ်' ဝတ်ပြုမှုသည် 'မုအ်မင်န်' တို့ အပေါ်၌ အချိန်ကာလ ပိုင်းခြား၍ အတည် သတ်မှတ် ပြဋ္ဌာန်းထားသော ဖရတ်သွဲ့ တာဝန်တရပ်ပင် ဖြစ်ချေသတည်း။

وَلَا تَهِنُوْا فِي ابْتِغَآءِ
الْقَوْمِ ۖ إِنْ تَكُوْنُوْا تَأْلَمُوْنَ
فَإِنَّهُمْ يَأْلَمُوْنَ كَمَا
تَأْلَمُوْنَ ۚ وَتَرْجُوْنَ مِنَ اللّٰهِ
مَا لَا يَرْجُوْنَ ۗ وَكَانَ اللّٰهُ
عَلِيْمًا حَكِيْمًا ﴿١٠٤﴾

၁၀၄။ ၎င်းပြင် အသင်တို့သည် ရန်သူတို့အား လိုက်လံ (တိုက်ခိုက်)ရာ၌ စိတ်အားမလျော့ကြကုန်လင့်။ အကယ်၍ အသင်တို့ ဒုက္ခခံစားကြရပါလျှင် ထိုသူတို့သည်လည်း အသင်တို့ကဲ့သို့ပင် ဒုက္ခခံစားကြရကုန်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထိုသူတို့မမျှော်လင့်သော အရာများကို မျှော်လင့်ကြကုန်။

၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။

---

① အခြေအနေအရ ဆွလာတ်ဝတ်ပြုမှုတွင် လျော့ပေါ့ခွင့်ရှိသော်လည်း အလ္လာဟ်အရှင်မြတ်အား၊ အောက်မေ့တသ သတိရမှုတွင်ကား လျော့ပေါ့ခွင့်မရှိချေ။ စစ်မြေပြင်တွင် ရင်ဆိုင်တိုက်ခိုက်နေရသော အချိန်အခါမျိုးတွင်လည်း အလ္လာဟ်အရှင်မြတ်အား မမေ့ရပေ။ ဆိုလိုသည်ကား ထိုအရှင်မြတ်အား အခါကာလမရွေး အမြဲတစေ အောက်မေ့တသ သတိရလျက်ရှိကြရမည်သာတည်း။ (မာဂျိဒီ)

إِنَّآ أَنزَلْنَآ إِلَيْكَ ٱلْكِتَٰبَ بِٱلْحَقِّ لِتَحْكُمَ بَيْنَ ٱلنَّاسِ بِمَآ أَرَىٰكَ ٱللَّهُ ۚ وَلَا تَكُن لِّلْخَآئِنِينَ خَصِيمًا ﴿١٠٥﴾

၁၀၅။ (အို-နဗီတမန်တော်) အသင်သည် လူတို့၏ စပ်ကြားဝယ် အလ္လာဟ် အရှင်မြတ်က အသင့်အား ပြသတော် မူသည့်အတိုင်း စီရင်ဆုံးဖြတ်ခြင်းငှာ၊ ငါ အရှင်မြတ်သည် အသင်၏ထံသို့ ကျမ်းမြတ် ကုရ်အာန်ကို မှန်ကန်မှုနှင့်တကွ ချပေးသနားတော် မူခဲ့၏။ ၎င်းပြင် အသင်သည် သစ္စာဖောက်လိမ်လည် လှည့်ဖြား အလွဲသုံးစားပြုသူများဘက်မှ ကာကွယ် ချေပပြောဆိုသူ မဖြစ်ပါလေနှင့်။

وَٱسْتَغْفِرِ ٱللَّهَ ۚ إِنَّ ٱللَّهَ كَانَ غَفُورًا رَّحِيمًا ﴿١٠٦﴾

၁၀၆။ ၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ် အထံတော်၌ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်ကို လျှောက်ထားပန်ကြားပါလေ၊[၁] ဧကန်မလွဲ အလ္လာဟ် အရှင်မြတ်သည် အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူသောအရှင်၊ အလွန် သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَلَا تُجَٰدِلْ عَنِ ٱلَّذِينَ يَخْتَانُونَ أَنفُسَهُمْ ۚ إِنَّ ٱللَّهَ لَا يُحِبُّ مَن كَانَ خَوَّانًا أَثِيمًا ﴿١٠٧﴾

၁၀၇။ ထိုမှတပါး: *မိမိကိုယ်ကို လိမ်လည်လှည့်ဖြား* သူတို့ဘက်မှ ၂ အသင်သည် ပြောဆိုခြင်း မပြုလေနှင့်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန် သစ္စာမဲ့သူ၊ အလွန် ပြစ်မှုဒုစရိုက် ကျူးလွန်သူတို့ကို နှစ်သက်တော်မမူချေ။

---

② ဤမုက္ခပါဠိတော်တွင် ပါရှိသည့် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန် အမိန့်တော်သည် (ဤမုက္ခပါဠိတော်နှင့် စပ်လျဉ်း၍ အထက်တွင် ဖော်ပြပါရှိသည့် ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်းတွင်) ခိုးမှု၏တရားခံ မုနာဖစ်က် ဗုရွိုင်ရန့်နှင့် ပတ်သက်၍ သားချင်းတော်စပ်သည်ကို အကြောင်းပြုကာ ခုခံကာကွယ် ပြောဆိုသူများ အတွက် ဖြစ်ပေသည်။ ရှု-ကုရ်တုဗီ။

လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန် အမိန့်တော်သည် တမန်တော်မြတ်ကိုပင် ရည်ညွှန်း မိန့်ကြားတော် မူသော မုက္ခပါဠိတော်ဖြစ်သည် ဟုလည်း ဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် ဗနူအုဗိုင်ရိုက်၏ တိုင်တန်းချက်အရ မျက်မြင်အဖြစ်အပျက်နှင့် သက်သေထွက်ဆိုချက်များကို ထောက်ထား၍ သာဝကကြီးက တာဒဟ်အား အသင်သည် သက်သေသာဓက မရှိဘဲလျက် အဘယ်ကြောင့် မွတ်စ်လင်မ် လူကြီးလူကောင်း အိမ်ထောင်စုအား ခိုးသည်ဟု ပြောဆိုသနည်းဟု မိန့်ကြားမိခဲ့၏။ ဤမျှ ထင်မှတ် ➤➤

يَّسْتَخْفُوْنَ مِنَ النَّاسِ
وَلَا يَسْتَخْفُوْنَ مِنَ اللّٰهِ
وَهُوَ مَعَهُمْ اِذْ يُبَيِّتُوْنَ
مَا لَا يَرْضٰى مِنَ الْقَوْلِ ؕ
وَكَانَ اللّٰهُ بِمَا يَعْمَلُوْنَ
مُحِيْطًا ﴿١٠٨﴾

၁၀၈။ ၎င်းတို့သည် လူသားတို့ကို ရှက်ကြောက်ကြကုန်၏။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်ကိုမူ ရှက်ကြောက်ခြင်း မရှိကြချေ။ စင်စစ် ထိုအရှင်မြတ်သည် ၎င်းတို့ ညဉ့်အချိန်၌ ထိုအရှင်မြတ် မနှစ်မြို့တော်မူသောစကားများကို လျှို့ဝှက် ကြံစည်ကြစဉ်ကလည်း ၎င်းတို့နှင့်အတူ ရှိတော်မူခဲ့၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ပြုမူကြကုန်သော အမှုကိစ္စ အဝဝတို့ကိုလည်း ဝန်းခြုံလျက် ရှိတော်မူလေ၏။

هٰٓاَنْتُمْ هٰٓؤُلَآءِ جٰدَلْتُمْ
عَنْهُمْ فِى الْحَيٰوةِ الدُّنْيَا ۣ
فَمَنْ يُّجَادِلُ اللّٰهَ عَنْهُمْ
يَوْمَ الْقِيٰمَةِ اَمْ مَّنْ يَّكُوْنُ
عَلَيْهِمْ وَكِيْلًا ﴿١٠٩﴾

၁၀၉။ ဟယ်– (သစ္စာဖောက်တို့ကို ထောက်ခံသူ အပေါင်းတို့) အသင်တို့သည် ယင်းသစ္စာဖောက်တို့ဘက်မှ (ဤမျက်မှောက်) လောကီဘဝတွင် ချေဆိုလျှောက်လဲ ခဲ့ကြချေပြီ။ သို့ရာတွင် ရှင်ပြန်ထမည့်နေ့၌မူ ထိုသူတို့ဘက်မှ အလ္လာဟ်အရှင်မြတ်အား မည်သူသည် ချေပပြောဆိုအံ့နည်း။ သို့တည်းမဟုတ် ထိုသူတို့အတွက် ကာကွယ် ခုခံပြောဆိုမည့်သူ မည်သူရှိအံ့နည်း။

وَمَنْ يَّعْمَلْ سُوْٓءًا اَوْ يَظْلِمْ
نَفْسَهٗ ثُمَّ يَسْتَغْفِرِ اللّٰهَ

၁၁၀။ အမှန်စင်စစ်သော်ကား မည်သူမဆို မကောင်းမှုအကုသိုလ် တစုံတရာကို ကျူးလွန်မိအံ့။ သို့တည်းမဟုတ် ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ကလူ ပြုမိအံ့။

➤➤ ပြောဆိုမိခြင်းသည် လူသာမန်တို့အတွက် အပြစ်မဟုတ်သော်လည်း တာဂ္ဂဝါအားဖြင့်၎င်း၊ စိတ်နလုံး၏ သန့်ရှင်းမှုအားဖြင့်၎င်း၊ အထွတ်အထိပ်သို့ ရောက်ရှိနေတော်မူသော တမန်တော်မြတ်အဘို့မှာမူ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန်ပင် ဖြစ်ပေသည်။ (မာဂျီဒီ)

ⓙ 'ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် သစ္စာမဲ့ကြ၏' ဟု မိန့်ဆိုထားတော်မူခြင်းမှာ သစ္စာမဲ့ခြင်း၏ အကျိုးတရားဖြစ်သော အပြစ်ဒဏ်ကို သစ္စာမဲ့သူကိုယ်တိုင် ခံစားရသည့်အတွက် သူတပါးအား သစ္စာမဲ့ခြင်းသည် မိမိတို့ကိုယ်ကို မိမိတို့ပင် သစ္စာမဲ့ရာ ရောက်သည်ဟူ၍ မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ရှ–ရူဟုလ်မအာနီ။

يَجِدِ اللَّهَ غَفُورًا رَّحِيمًا ﴿١١٠﴾

ထို့နောက် ယင်းသူသည် အလ္လာဟ် အရှင်မြတ် အထံတော်၌ လွတ်ငြိမ်း ချမ်းသာခွင့်ကို လျှောက်ထားပန်ကြားအံ့၊ ထိုသူသည် အလ္လာဟ် အရှင်မြတ်ကို အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်အဖြစ်တွေ့ရှိပေအံ့၊

وَمَن يَكْسِبْ إِثْمًا فَإِنَّمَا يَكْسِبُهُ عَلَىٰ نَفْسِهِ ۚ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ﴿١١١﴾

၁၁၁။ ထို့ပြင်တဝ မည်သူမဆို ပြစ်မှုဒုစရိုက်ကို ရှာဖွေဆည်းပူးပါမူ ထိုသူသည် ယင်းပြစ်မှုဒုစရိုက်ကို မိမိကိုယ်နှင့် ဆန့်ကျင်၍ (တနည်း) မိမိကိုယ်ကို နစ်နာဆုံးရှုံးအောင် ရှာဖွေ ဆည်းပူးသည်သာဖြစ်အံ့၊ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော် မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူလေ၏။

وَمَن يَكْسِبْ خَطِيئَةً أَوْ إِثْمًا ثُمَّ يَرْمِ بِهِ بَرِيئًا فَقَدِ احْتَمَلَ بُهْتَانًا وَإِثْمًا مُّبِينًا ﴿١١٢﴾

၁၁၂။ ထိုမှတပါးတဲ့ မည်သူမဆို မှားယွင်းပြုမိတတ်သော ပြစ်မှု အသေးအဖွဲကိုဖြစ်စေ၊ ကြီးလေးသော ပြစ်မှုဒုစရိုက်ကိုဖြစ်စေ၊ ရှာဖွေဆည်းပူးပြီးနောက် ယင်းပြစ်မှုဒုစရိုက်နှင့်စပ်လျဉ်း၍ အပြစ်ကင်းမဲ့သော သူတစ်ဦးတစ်ယောက်ကို ယိုးစွပ်ပါမူ ထိုသူသည် ဧကန်မလွဲ ကြီးမားသော စွပ်စွဲမှုကိုငင်း၊ ထင်ရှားလှသော ပြစ်မှုဒုစရိုက်ကိုငင်း၊ သည်ပိုး ရွက်ဆောင်ခဲ့ချေပြီ။

وَلَوْلَا فَضْلُ اللَّهِ عَلَيْكَ وَرَحْمَتُهُ لَهَمَّت طَّائِفَةٌ

၁၁၃။ အကယ်၍ အသင်၏အပေါ်ဝယ် အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သည် သာလျှင် မရှိခဲ့ပါမူ ထိုသူတို့အနက်မှ လူတစ်စုသည် အသင့်အား လမ်းလွဲစေကြရန် မုချ စိတ်ပြဋ္ဌာန်းပြီး ဖြစ်ခဲ့ကြ၏။

مِّنْهُمْ اَنْ يُّضِلُّوْكَ ؕ
وَمَا يُضِلُّوْنَ اِلَّاۤ اَنْفُسَهُمْ
وَمَا يَضُرُّوْنَكَ مِنْ شَيْءٍ ؕ
وَاَنْزَلَ اللّٰهُ عَلَيْكَ الْكِتٰبَ
وَالْحِكْمَةَ وَعَلَّمَكَ مَا لَمْ
تَكُنْ تَعْلَمُ ؕ وَكَانَ فَضْلُ
اللّٰهِ عَلَيْكَ عَظِيْمًا ﴿۱۱۳﴾

အမှန်သော်ကား ထိုသူတို့သည် မိမိတို့ကိုယ်ကိုသာလျှင် လမ်းလွဲစေကြ၏။ ၎င်းပြင် ယင်းသူတို့သည် အသင့်အား အလျင်း နစ်နာစေနိုင်ကြသည်လည်း မဟုတ်ချေ။

အကြောင်းကား အလ္လာဟ် အရှင်မြတ်သည် အသင်၏အပေါ်ဝယ် ကျမ်းမြတ်ကိုင်း၊ ဉာဏ်ပညာကိုင်း၊ ချပေးသနားထားတော်မူခဲ့၏။ ၎င်းပြင် အသင်မသိ နားမလည်ခဲ့သော အရာများကိုလည်း အသင့်အား သင်ကြားပြသတော်မူခဲ့၏။

အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည် အသင်၏ အပေါ်ဝယ် ကြီးကျယ်လှပေသည်။

لَا خَيْرَ فِيْ كَثِيْرٍ مِّنْ
نَّجْوٰىهُمْ اِلَّا مَنْ اَمَرَ
بِصَدَقَةٍ اَوْ مَعْرُوْفٍ اَوْ
اِصْلَاحٍۢ بَيْنَ النَّاسِ ؕ وَمَنْ
يَّفْعَلْ ذٰلِكَ ابْتِغَآءَ
مَرْضَاتِ اللّٰهِ فَسَوْفَ
نُؤْتِيْهِ اَجْرًا عَظِيْمًا ﴿۱۱۴﴾

၁၁၄။ ယေဘုယျအားဖြင့် ၎င်းတို့၏ လျှို့ဝှက်တိုင်ပင်နှီးနှောခြင်းများ၌ ကောင်းမြတ်ခြင်းသည် အလျင်းမရှိချေ။ သို့ရာတွင် အကြင်သူသည် လှူဒါန်းပေးကမ်းရန်နှင့်စပ်လျဉ်း၍၎င်း၊ ကောင်းမှုပြုရန်နှင့်စပ်လျဉ်း၍၎င်း၊ လူတို့၏စပ်ကြားတွင် သင့်မြတ်စေရန်နှင့်စပ်လျဉ်း၍၎င်း၊ ညွှန်ကြား၏။ (ထိုသို့သော ကိစ္စများနှင့်စပ်လျဉ်း၍ လျှို့ဝှက်စွာ တိုင်ပင်နှီးနှောခြင်းများတွင်မူ ကောင်းမြတ်ခြင်းရှိပေသည်၊)

အမှန်စင်စစ် မည်သူမဆို အလ္လာဟ် အရှင်မြတ်၏နှစ်သက်မှုကို ရယူခြင်းငှာ၊ ထိုကဲ့သို့ (ပေးကမ်းစွန့်ကြဲမှုကိုင်း၊ ကောင်းမှုကိုင်း၊ လူခပင်းတို့စပ်ကြားဝယ် စေ့စပ်ခြင်းကိုင်း၊) ပြုမူအံ့။ သို့ဖြစ်လျှင် မကြာမြင့်မီ ငါအရှင်မြတ်သည် ထိုသူအား ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူအံ့။

وَمَنْ يُّشَاقِقِ الرَّسُوْلَ مِنْۢ
بَعْدِ مَا تَبَيَّنَ لَهُ
الْهُدٰى وَ يَتَّبِعْ غَيْرَ
سَبِيْلِ الْمُؤْمِنِيْنَ نُوَلِّهٖ
مَا تَوَلّٰى وَنُصْلِهٖ جَهَنَّمَ ؕ
وَسَآءَتْ مَصِيْرًا ﴿۱۱۵﴾

၁၁၅။ သို့ရာတွင် မည်သူမဆို မိမိအဘို့ တရားဓမ္မ လမ်းစဉ်သည် ထင်ရှားခဲ့ပြီးနောက် ရစူလ်တမန်တော်ကို ဆန့်ကျင်အံ့၊ ၎င်းပြင် ထိုသူသည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့၏ လမ်းစဉ်မှအပ အခြားလမ်းစဉ်ကို လိုက်နာအံ့၊ သို့ဖြစ်လျှင် ငါအရှင်မြတ်သည် ထိုသူအား ၎င်းကိုယ်တိုင် လှည့်ရာဘက်သို့ လှည့်ပေးတော်မူအံ့။ ထို့နောက်တဖန် ငါအရှင်မြတ်သည် ထိုသူအား ဂျဟန္နမ် ငရဲဘုံသို့ ထည့်သွင်းတော်မူအံ့။ [၁] စင်စစ် ထို 'ဂျဟန္နမ်' ငရဲဘုံသည် အလွန်ယုတ်ညံ့လှသော ပြန်လည်ရာဌာနပင်ဖြစ်ပေသည်။

اِنَّ اللّٰهَ لَا يَغْفِرُ اَنْ يُّشْرَكَ
بِهٖ وَيَغْفِرُ مَا دُوْنَ ذٰلِكَ
لِمَنْ يَّشَآءُ ؕ وَمَنْ يُّشْرِكْ

၁၁၆။ မုချဇကန် အလ္လာဟ် အရှင်မြတ်သည် (အခြားတစုံတရာကို) *မိမိနှင့် တွဲဘက်ယှဉ်ပြိုင်ကိုးကွယ်ခြင်းကို* အလျင်း ချမ်းသာခွင့်ပေးတော်မူမည်မဟုတ်ပေ။ [၂] သို့ရာတွင် ထိုမှတပါး အခြားအပြစ်ကိုမူ မိမိအလိုရှိတော်မူသူအား ခွင့်လွှတ်တော်မူပေမည်။

---

① ဤမုက္ခပါဠ်တော်ကို အကြောင်းပြု၍ ဖုကဟာ ဓမ္မသတ်ရှင်များသည် စည်းမျဉ်းတရပ်ကို ရရှိခဲ့ကြ၏။ အစ်ဂျ်မာအေ 'အွန်မွတ်' မွတ်စ်လင်မ် တမျိုးသားလုံး၏ အဆုံးအဖြတ်သည်၊ ဟွဂျ်တေရှရ်အီ လိုက်နာရန် သက်သေသာဓက တရပ်ဖြစ်သည် ဟု ယူဆခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် မုအ်မင်နဲ်တို့၏ လမ်းစဉ်မှအပ အခြားလမ်းစဉ်ကို လိုက်နာခြင်းသည် ဟရာမ်ဖြစ်၏။ ယင်းသို့လိုက်နာသူသည် ဂျဟန္နမ်ငရဲသို့ လားရမည်လည်းဖြစ်၏။ သို့ဖြစ်ရာ ၎င်း၏ဆန့်ကျင်ဘက် (၀၊) မုအ်မင်နဲ်တို့၏ လမ်းစဉ်ကို လိုက်နာခြင်းသည် မုချ ၀ါဂျစ်ဗ် ဖြစ်၏။ မုအ်မင်နဲ်တို့၏ လမ်းစဉ်ကို ဆန့်ကျင်ခြင်းသည်လည်း ကုဖ်အာန်ကျမ်းမြတ်နှင့် နဗီတမန်တော်၏ စွန့်တော်ကို ဆန့်ကျင်ခြင်း ဖြစ်ဘိသကဲ့သို့ ဖြစ်သည်။ ၎င်းပြင် ဤမုက္ခပါဠ်တော်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နဲ်တို့၏ လမ်းစဉ်ကို မလိုက်နာခြင်းကို တမန်တော်မြတ်အား ဆန့်ကျင်ခြင်းနှင့် ပူးတွဲ မိန့်ဆိုထားတော်မူသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် မုအ်မင်နဲ်တို့၏ လမ်းစဉ်ကို လိုက်နာခြင်းသည် အဘယ်မျှ အရေးကြီးကြောင်း သိရှိနိုင်ပေသည်။

② 'တောင်ဟီဒ်'ခေါ် တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းသည် အစွမ်းလာမ်သာသနာ၏ အဓိကအချက်ပင် ဖြစ်၏။ 'ရှရစ်က်' ခေါ် အလ္လာဟ်အရှင်မြတ်နှင့် ဖက်စပ်ယှဉ်တွဲ၍ အခြားတစုံတစ်ရာကို ကိုးကွယ်ခြင်းသည် 'တောင်ဟီဒ်' နှင့် လုံးဝ ဆန့်ကျင်သော အချက်ပင်ဖြစ်၏။ 'တောင်ဟီဒ်' သည် ➤➤

بِاللَّهِ فَقَدْ ضَلَّ ضَلٰلًا بَعِيْدًا ﴿١١٦﴾

အမှန်စင်စစ်သော်ကား မည်သူမဆို (တစုံတရာကို) အလ္လာဟ် အရှင်မြတ်နှင့် တွဲဘက် (ယှဉ်ပြိုင်ကိုးကွယ်)ပါမူ၊ ထိုသူသည် မလွဲဧကန် (မှန်ကန်သောတရားလမ်းတော်မှ) အလွန်ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ ရောက်ရှိချေပြီ။

إِنْ يَّدْعُوْنَ مِنْ دُوْنِهٖٓ اِلَّآ اِنٰثًا ۚ وَاِنْ يَّدْعُوْنَ اِلَّا شَيْطٰنًا مَّرِيْدًا ﴿١١٧﴾ لَّعَنَهُ اللّٰهُ ۘ وَقَالَ لَاَتَّخِذَنَّ مِنْ عِبَادِكَ نَصِيْبًا مَّفْرُوْضًا ﴿١١٨﴾

၁၁၇။ ၎င်း(မုရ်ရစ်က်)တို့သည် ထိုအရှင်မြတ်မှတပါး 'ဣတ္ထိ' - 'မ' များကိုသာကိုးကွယ်ကြ၏။ [၁] ၎င်းပြင် ထိုသူတို့သည်။ ပုန်ကန်သော "ရှိုင်တွာန်" ကိုသာ တိုင်တည်ကိုးကွယ် ပတ္ထနာပြုကြသည်။

၁၁၈။ အလ္လာဟ် အရှင်မြတ်သည် 'ရှိုင်တွာန်' ကို (မိမိ) ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့ချေပြီ။ (ယင်းကဲ့သို့ ကရုဏာတော်မှ ကင်းဝေးရသောအခါ) ထို "ရှိုင်တွာန်" က(ဤသို့)လျှောက်ထားခဲ့လေသည်။ "ကျွန်တော်မျိုးသည် အရှင်မြတ်၏ကျွန်များအနက်မှ (မိမိအဘို့မိမိ) သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော ဝေစုဝေပုံတစုံ တခုကို မုချယူပါမည်။

>> ကောင်းကျိုးချမ်းသာ အဖြာဖြာတို့၏ ရေသောက်မြစ် ဖြစ်သကဲ့သို့ 'ရုရစ်က်' သည် မကောင်းမှုအစုစုတို့၏ ပေါက်ဖွားရာ ဌာနပင်ဖြစ်၏။

ခရီးသည်တစ်ဦးသည် မိမိသွားလိုရာ လမ်းစခန်းဘက်သို့ ဦးမတည်ဘဲ ကျောခိုင်း၍ သွားသည်ရှိသော် ထိုသူသည် လိုရာစခန်းသို့ ဘယ်သောအခါမျှ မရောက်နိုင်သည့်အပြင် လိုရာစခန်းနှင့် တနေ့ထက်တနေ့ ဝေး၍ဝေး၍သာ သွားပေမည်။ (ထို့အတူ တောင်ဟီဒ်ကိုကျောခိုင်းလျက်ရှိသော မုရ်ရစ်က်သည်လည်း ကောင်းကျိုးချမ်းသာများမှ တနေ့တခြား ဝေး၍ဝေး၍သာ သွားကြပေမည်။)

ရုရစ်က်သည် ပြစ်မှုတို့တွင် အကြီးလေးဆုံးပင် ဖြစ်၏။ မည်သည့်ပြစ်မှုနှင့်မျှ မနှိုင်းယှဉ်နိုင်ပေ။ ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်သည် ရုရစ်က်မှအပ အခြား အပြစ်ကြီးငယ်တို့ကို မိမိအလိုတော်ရှိက လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည် ဖြစ်သော်လည်း ရုရစ်က် ကိုမူ လွတ်ငြိမ်းချမ်းသာခွင့် အလျင်းပေးတော်မူမည် မဟုတ်ပေ။ မာဂျိဒီ၊ စာမျက်နှာ - ၂၁၆၊ အောက်ခြေအမှတ် (၇၃၀)

① 'ဂျာဟီလီယတ်' အမိုက်ခေတ်တွင် အရစ်မုရ်ရစ်က်တို့ ဆည်းကပ်ကိုးကွယ်သော ဘုရားများ၏ အမည်များသည် များသောအားဖြင့် ဣတ္ထိလိင် အမည်များဖြစ်ကြသည်။ ဥပမာ - လာတ်၊ မနာတ်၊ အုဇ္ဇာ၊ ဤအမည်များသည် ဣတ္ထိလိင် အမည်များသာဖြစ်သည်။ >>

وَّلَاُضِلَّنَّهُمْ وَلَاُمَنِّيَنَّهُمْ وَلَاٰمُرَنَّهُمْ فَلَيُبَتِّكُنَّ اٰذَانَ الْاَنْعَامِ وَلَاٰمُرَنَّهُمْ فَلَيُغَيِّرُنَّ خَلْقَ اللّٰهِ ؕ وَمَنْ يَّتَّخِذِ الشَّيْطٰنَ وَلِيًّا مِّنْ دُوْنِ اللّٰهِ فَقَدْ خَسِرَ خُسْرَانًا مُّبِيْنًا ﴿۱۱۹﴾

၁၁၉။ (ယူမည့်နည်းကား) ကျွန်တော်မျိုးသည် ယင်းသူတို့အား လမ်းမှားသို့လည်း မုချရောက်စေပါမည်။ ၎င်းပြင် ထိုသူတို့အား လိုချင်တပ်မက်ခြင်းကိုလည်း အမှန်ပင် ဖြစ်စေပါမည်။ ထို့ပြင်တဝ ကျွန်တော်မျိုးသည် ယင်းသူတို့အား ဧကန်စင်စစ် အမိန့်ပေးပါမည်။ သို့ဖြစ်လျှင် ထိုသူတို့သည် အခြေလေးချောင်းသတ္တဝါတို့၏ *နားရွက်များကို ဖြတ်တောက်ကြလတ္တံ့။* [၁] ထိုနည်းတူစွာ ကျွန်တော်မျိုးသည် ၎င်းတို့အား အမိန့်ပေးပါမည်။ သို့အမိန့်ပေးလျှင် ထိုသူတို့သည် *အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော (နဂို မူလ)ရုပ်လက္ခဏာကို ပြောင်းလဲကြလတ္တံ့။* [၂]

အမှန်စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏အစား "ရှိုင်တွာန်" ကို အဆွေခင်ပွန်းပြုလုပ်အံ့။ ထိုသူသည် မလွဲဧကန် အလွန်(ကြီးလေး)ထင်ရှားလှစွာသော နစ်နာဆုံးရှုံးမှုကို ခံစားရလတ္တံ့။

➤➤ သတ္တဝါများတွင် ဣတ္ထိလိင်များသည် ပုလ္လိင်များနှင့် စာလျှင် အားအင်ချည့်နဲ့သည်ကို တွေ့ရှိရ၏။ ထို့အတွက်ကြောင့် အားအင်ချည့်နဲ့သော အရာကိုလည်း ဣတ္ထိလိင် 'မ' ဟူ၍ အရဗီဘာသာစာပေတွင် အသုံးအနှုန်းရှိသည်။ ရှု - ရာယိဗ်။

အရဗ်မုရ်ရစ်က်တို့၏ ကိုးကွယ်ရာများသည် ဂျဲမာဒါတ် (Mineral)မာကျစ်သော သက်ရှင်မဲ့သူပထဝီဖြင့် ပြုလုပ်ထားသောသတ္တု အရာများသာဖြစ်၏။ ထိုကိုးကွယ်ရာများတွင် တစ်စုံတစ်ရာ တွေးဆနိုင်သော သတ္တိ၊ ကြားနိုင်သောသတ္တိ၊ ပြုစွမ်းနိုင်သော သတ္တိဟူ၍ အလျင်းမရှိချေ။ ဤသည့်အချက်ကို အကြောင်းပြု၍ ကုရ်အာန်ကျမ်းမြတ် (၁၉း၃၂) တွင် ပါရှိသည့်အတိုင်း တမန်တော်မြတ် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)က မိမိ၏ဘခင်အား အို-ကျွန်ုပ်၏ ဘခင်၊ ဘခင်သည် မကြားသော၊ မမြင်သော၊ ဘခင်အားတစုံတရာ မကာကွယ်နိုင်သောအရာကို အဘယ်ကြောင့် ကိုးကွယ်ပါသနည်းဟု ပြောကြားခဲ့ဘူး၏။

အရဗ်မုရ်ရစ်က်တို့၏ ကိုးကွယ်ရာများတွင် အစွမ်းသတ္တိ အလျင်း မရှိသည့်အတွက် အလ္လာဟ်အရှင်မြတ်က ထိုသို့သော ကိုးကွယ်ရာများကို ဣတ္ထိလိင် ဟူသော အမည်ဖြင့် ခေါ်ဝေါ် သုံးစွဲ ထားတော်မူခြင်းဖြစ်သည်။ ရှု-ရာယိဗ်၊ စာမျက်နှာ - (၂၇)

① အရဗ်မုရ်ရစ်က်တို့သည် မိမိတို့၏ ကိုးကွယ်ရာများအား ပူဇော်ပသရန် ရည်စူးသော တိရစ္ဆာန်များ၏ နားရွက်များကို တိုဖြတ်လေ့ရှိကြသည်။ ဤကား အမိုက်ခေတ်၏ ဓလေ့ထုံးစံတရပ်ပင်ဖြစ်သည်။ (ထာနဝီ)။

يَعِدُهُمْ وَيُمَنِّيهِمْ ۚ وَمَا يَعِدُهُمُ الشَّيْطَانُ إِلَّا غُرُورًا ﴿١٢٠﴾

၁၂၀။ ထို 'ရှိုင်တွာန်' သည် ထိုသူတို့အား ကတိပေး၏။ [၃] တပ်မက်မောစေ၏။ သို့ရာတွင်ထို 'ရှိုင်တွာန်' သည် ထိုသူတို့အား လိမ်လည်ဖြားယောင်းခြင်းအားဖြင့် သာ ကတိပေးသည်။

أُولَٰئِكَ مَأْوَاهُمْ جَهَنَّمُ وَلَا يَجِدُونَ عَنْهَا مَحِيصًا ﴿١٢١﴾

၁၂၁။ ထို သူများကား၊ ဤသူများ ပင်တည်း၊ ယင်းသူတို့၏ ခိုလှုံရာ ဌာနကား "ဂျဟန္နမ်" ငရဲဘုံဖြစ်၏။ ၎င်းပြင် ယင်းသူတို့သည် ထိုငရဲဘုံမှ ထွက်ပြေးလွတ်မြောက်ရာ တစုံတရာဌာနကိုလည်း ရရှိကြမည်မဟုတ်ပေ။

---

(၂) 'အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုကို ပြောင်းလွဲခြင်း' ဟူသော စကားကို အနက်ဖွင့်ရာတွင် အဆို အမျိုးမျိုး တွေ့ရှိရ၏။

(က) အလ္လာဟ် အရှင်မြတ်၏ ဖန်ဆင်းမှု ဟူသည် ထိုအရှင်မြတ် ပြုပြင် စီရင်ဖန်ဆင်း ထားတော်မူသော မူလ ရုပ်ဆင်းသဏ္ဌာန် ကိုယ်အင်္ဂါ အနေအထားကို ဆိုလိုသည်။ ပြောင်းလဲခြင်း ဟူသည် ထိုမူလ ရုပ်ဆင်းသဏ္ဌာန်ကို ပြောင်းလဲခြင်းကို ဆိုလိုသည်။ ဤစကားတွင် ပရဲထိုးခြင်း၊ မှင်ကြောင်ထိုးခြင်း၊ ယောကျ်ားက မိန်းမကဲ့သို့ ပြင်ဆင်ပြုမူ ဆင်ယင်ခြင်း၊ မိန်းမက ယောကျ်ားကဲ့သို့ ပြင်ဆင်ပြုမူ ဆင်ယင်ခြင်း၊ စသည်တို့သည် အကျုံးဝင်ပေသည်။

(ခ) အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုဟူသည် ထိုအရှင်မြတ်၏ တရားဒေသနာ တော်ကို ဆိုလိုသည် ပြောင်းလဲမှုဟူသည် ထိုအရှင်မြတ်၏ တရားဒေသနာတော်များကို ကပြောင်းကပြန် ပြုလုပ်ခြင်းကို ဆိုလိုသည်။ ဤစကားတွင် 'ဟလာလ်' ကို 'ဟရာမ်' ပြုခြင်း၊ 'ဟရာမ်' ကို 'ဟလာလ်' ပြုခြင်း စသည့်များ အကျုံးဝင်ပေသည်။

(ဂ) နေ ကိုးကွယ်ခြင်း၊ လ ကိုးကွယ်ခြင်း၊ သစ်ပင် ကိုးကွယ်ခြင်း၊ တိရစ္ဆာန် ကိုးကွယ်ခြင်း တို့သည် အလ္လာဟ် အရှင်မြတ် ဖန်ဆင်းထားတော် မူသော သဘာဝကို ပြောင်းလဲခြင်းတွင် အကျုံးဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် လူသား တို့ အကျိုးငှာ အလ္လာဟ် အရှင်မြတ် ဖန်ဆင်းထားတော် မူသော အသုံးခံ ပစ္စည်းများသာ ဖြစ်ချေသည်။ သို့ဖြစ်ပေရာ မိမိတို့၏ အသုံးခံပစ္စည်းများကို အသုံးခံအဖြစ် အသုံးမပြုဘဲ ယင်းပစ္စည်း များကိုပင် ကိုးကွယ်သမှု ပြုခြင်းမှာ ထိုအရှင်မြတ်၏ ဖန်ဆင်းခြင်း၏ မူလရည်ရွယ်ချက်ကို ပြောင်းလဲရာ ရောက်ပေသည်။

(၃) ရှိုင်တွာန်သည် လူသားတို့အား မည်သို့ ကတိပေးသည် မည်သို့ ညွှန်ကြားသည်များကို ကုရ်အာန်ကျမ်းမြတ် (၂:၂၆၈) တွင် တွေ့ရှိရပေသည်။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَنُدْخِلُهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ وَعْدَ اللّٰهِ حَقًّا ؕ وَمَنْ اَصْدَقُ مِنَ اللّٰهِ قِيْلًا ﴿۱۲۲﴾

၁၂၂။ သို့ရာတွင် အကြင်သူများသည် 'အီမာန်' ယုံကြည်ခဲ့ကြ၏။ ၎င်းပြင် ကောင်းမြတ်သော ကျင့်ဝတ်များကိုလည်းကျင့်မူခဲ့ကြ၏။ ငါအရှင်မြတ်သည် မကြာမြင့်မီ ထိုသူတို့အား (အကြင်သို့သော) ဥယျာဉ်များသို့ ဝင်ရောက် နေထိုင်စေတော်မူအံ့၊ ထိုဥယျာဉ်များအောက်မှ စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြအံ့။ ထိုသူများသည် ထိုဥယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြအံ့။

အလ္လာဟ် အရှင်မြတ်သည် မှန်ကန်သော ကတိကို ပြုထားတော်မူသည်။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်ထက်ပိုမို၍ စကားအရာ၌ မှန်ကန်သော သူသည် မည်သူရှိအံ့နည်း။

لَيْسَ بِاَمَانِيِّكُمْ وَلَآ اَمَانِيِّ اَهْلِ الْكِتٰبِ ؕ مَنْ يَّعْمَلْ سُوْٓءًا يُّجْزَ بِهٖ ۙ وَلَا يَجِدْ لَهٗ مِنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ﴿۱۲۳﴾

၁၂၃။ အသင်တို့၏ အာသာရမ္မက် အလိုဆန္ဒ အတိုင်းလည်းဖြစ်မည် မဟုတ်ပေ။ (ရှေးအထက်) ကျမ်းဂန်ရရှိသောသူတို့၏ အာသာရမ္မက် အလိုဆန္ဒ အတိုင်းလည်း ဖြစ်မည်မဟုတ်ပေ။ (စင်စစ်အားဖြင့်) မည်သူမဆို မကောင်းမှု ဒုစရိုက်ကို ကျင့်မူအံ့။ ထိုသူသည် ယင်းမကောင်းမှုအတွက် အပြစ်ပေးခြင်းကို ခံရလတ္တံ့။ ထို့ပြင်တဝ ယင်းသူသည် မိမိအတို့ အလ္လာဟ်အရှင်မြတ်မှတပါး အခြား အဆွေခင်ပွန်း တဦးတယောက်ကိုသော်၎င်း၊ ကူညီစောင်မမည့်သူ တဦးတယောက်ကိုသော်၎င်း၊ တွေ့ရှိလိမ့်မည် မဟုတ်ချေ။

وَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ

၁၂၄။ သို့ရာတွင် မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကောင်းမြတ်သော ကျင့်ဝတ်တို့ကို ကျင့်မူအံ့၊

مِنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰٓئِكَ يَدْخُلُوْنَ الْجَنَّةَ وَلَا يُظْلَمُوْنَ نَقِيْرًا ﴿١٢٤﴾

ငင်းပြင် ထိုသူသည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူလည်းဖြစ်အံ့၊ [၁] သို့ဖြစ်လျှင် ထိုကဲ့သို့သောသူတို့သည် 'ဂျန္နတ်' အမတ သုခဘုံသို့ ဝင်ရောက် (စံမြန်း) ကြရမည့်အပြင် ထိုသူတို့သည် နိပ်စက်ညှင်းပန်းခြင်း ကိုလည်း စိုးစဉ်းမျှ ခံကြရမည် မဟုတ်ပေ။

وَمَنْ اَحْسَنُ دِيْنًا مِّمَّنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ وَّاتَّبَعَ مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ؕ وَاتَّخَذَ اللّٰهُ اِبْرٰهِيْمَ خَلِيْلًا ﴿١٢٥﴾

၁၂၅။ အမှန်သော်ကား အကြင် သူထက် 'ဒီန်' သာသနာအားဖြင့် ပိုမို၍ မြင့်မြတ်သောသူသည် မည်သူရှိသနည်း။ ထိုသူသည် မိမိမျက်နှာ (မိမိကိုယ်) ကို အလ္လာဟ်အရှင်မြတ် အထံတော်သို့ အပ်နှင်းခဲ့သည့်ပြင် (အပြောအဆို အကျင့်အမူ အားဖြင့်) မြင့်မြတ်သော သူလည်းဖြစ်၏။ ထိုမှတပါး ထိုသူသည် ဖြောင့်မတ်တည်ကြည်သော (နဗီတမန်တော်) *အီဗ်ရာဟီမ်၏ 'ဒီန်'* သာသနာ [၂] ကိုလည်း လိုက်နာ၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (နဗီတမန်တော်) အီဗ်ရာဟီမ်အား (မိမိ) မိတ်ဆွေအဖြစ် ပြုလုပ်ချီးမြှင့်တော်မူခဲ့လေသတည်း။

وَلِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَكَانَ اللّٰهُ بِكُلِّ شَىْءٍ مُّحِيْطًا ﴿١٢٦﴾

၁၂၆။ ထို့ပြင်တဝ အာကာသ ကောင်းကင်များ၌ ရှိရှိသမျှတို့သည်၎င်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှတို့သည်၎င်း၊ အလ္လာဟ် အရှင်မြတ် ပိုင်ဆိုင်သော ပစ္စည်းများသာ ဖြစ်သည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျက် ရှိတော်မူသောအရှင် ဖြစ်တော်မူသည်။

---

① မုအ်မင်န်အဖြစ်နှင့် ပြုလုပ်သော ကောင်းမှုသည်သာလျှင် ကောင်းမှုအစစ်အမှန်ဖြစ်၏။ အီမာန်တည်းဟူသော သဒ္ဓါတရားမပါဘဲလျက် ပြုလုပ်သော ကောင်းမှုသည် အမည်ခံကောင်းမှုမျှသာ ဖြစ်ချေမည်။ အစစ်အမှန်ကောင်းမှု မဖြစ်နိုင်ပေ။ ထိုသို့သော အမည်ခံကောင်းမှုများကိုလည်း အလ္လာဟ်အရှင်မြတ်သည် လက်ခံတော်မူမည်မဟုတ်ပေ။ ရှူ-မာကျိဒီ။ အတွဲ ၁၊ အောက်ခြေအမှတ် (၇၄၂)။

② နဗီတမန်တော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်) ၏သာသနာသည် အစ္စလာမ်သာသနာပင် ဖြစ်သည်။

وَيَسْتَفْتُونَكَ فِي النِّسَاءِ ۖ قُلِ اللَّهُ يُفْتِيكُمْ فِيهِنَّ وَمَا يُتْلَىٰ عَلَيْكُمْ فِي الْكِتَابِ فِي يَتَامَى النِّسَاءِ اللَّاتِي لَا تُؤْتُونَهُنَّ مَا كُتِبَ لَهُنَّ وَتَرْغَبُونَ أَن تَنكِحُوهُنَّ وَالْمُسْتَضْعَفِينَ مِنَ الْوِلْدَانِ وَأَن تَقُومُوا لِلْيَتَامَىٰ بِالْقِسْطِ ۚ وَمَا تَفْعَلُوا مِنْ خَيْرٍ فَإِنَّ اللَّهَ كَانَ بِهِ عَلِيمًا ﴿١٢٧﴾

၁၂၇။ ၎င်းပြင် ထိုသူတို့သည် မိန်းမတို့(၏ အမွေနှင့် စပ်လျဉ်း၍၎င်း၊ 'မဟရ်' နှင့် စပ်လျဉ်း၍၎င်း) ဓမ္မသတ် ဆုံးဖြတ်ချက်ကို အသင့်ထံတောင်းကြကုန်သည်။ အသင်သည် (ထိုသူတို့အား)ဤသို့)ဖြေကြားပါလေ။ 'အလ္လာဟ် အရှင်မြတ်သည် မိန်းမတို့နှင့် ပတ်သက်၍ အသင်တို့အား (ယခင်အတိုင်းပင်) တရားစီရင် ပြဋ္ဌာန်းပေးတော် မူလေသည်။ ထို့ပြင် တဝ (ယခင်က ချမှတ်ပေးတော် မူခဲ့ပြီး)ဖြစ်၍) ကုရ်အာန် ကျမ်းတော်မြတ်တွင် အသင်တို့အား ဖတ်ရွတ် ကြားနာစေတော် မူခဲ့သော မုဟ္မဒ်ပါဋ္ဌတော်များသည်လည်း (အသင်တို့ကို ညွှန်ကြားလျက်) ရှိပေသည်။ ထိုမုဟ္မဒ်ပါဋ္ဌတော်များသည် အကြင်မိဘမဲ့ မိန်းကလေးတို့နှင့် ပတ်သက်သော မုဟ္မဒ်ပါဋ္ဌတော်များဖြစ်၏။ အသင်တို့သည် ထိုမိန်းကလေးတို့အတို့ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အခွင့်အရေးများကို မပေးကြပေ။ ၎င်းပြင် အသင်တို့သည် ထိုမိန်းကလေးတို့နှင့်လည်း ထိမ်းမြားလိုကြ၏။ ထို့နည်းတူစွာ (ယင်း မုဟ္မဒ်ပါဋ္ဌတော်များသည်) အားအင်ချည့်နဲ့သော သူငယ်တို့နှင့် ပတ်သက်သော အမိန့်တော်များလည်း ဖြစ်၏။ ၎င်းပြင် အသင်တို့သည် မိဘမဲ့ကလေးတို့နှင့် ပတ်သက်၍ တရားမျှတစွာ ဆောင်ရွက်ကြရန် အမိန့်တော်လည်းဖြစ်ပေသည်။

အမှန်စင်စစ်သော်ကား အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို ပြုလုပ်ကြပါမူ အလ္လာဟ် အရှင်မြတ်သည် ဧကန်မလွဲ ယင်းကောင်းမှုကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَإِنِ امْرَأَةٌ خَافَتْ مِنْ بَعْلِهَا نُشُوزًا أَوْ إِعْرَاضًا فَلَا جُنَاحَ عَلَيْهِمَا أَنْ يُصْلِحَا بَيْنَهُمَا صُلْحًا ۚ وَالصُّلْحُ خَيْرٌ ۗ وَأُحْضِرَتِ الْأَنْفُسُ الشُّحَّ ۚ وَإِنْ تُحْسِنُوا وَتَتَّقُوا فَإِنَّ اللَّهَ كَانَ بِمَا

၁၂၈။ ထို့ပြင်တဝ အကယ်၍ အကြင်မိန်းမတစ်ဦးသည် မိမိလင်ယောကျ်ား၏ နှိပ်စက်ခြင်းကိုသော်၎င်း၊ လျစ်လျူရှု စွန့်ပစ်ထားခြင်းကိုသော်၎င်း၊ စိုးရိမ်မကင်းဖြစ်ခဲ့အံ့။ သို့ဖြစ်ခဲ့သော် ထို(ဇနီးမောင်နှံ)နှစ်ဦးတို့သည် အကယ်၍ ပြန်လည် သင့်မြတ်စေသော စည်းကမ်းချက်တစ်စုံတစ်ခုကို သတ်မှတ်ခြင်း အားဖြင့် ပြန်လည် သင့်မြတ်ကြပါလျှင်၊ ၎င်းနှစ်ဦး၏အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ [၁]

(မည်သို့ပင်ဖြစ်စေကာမူ) ပြန်လည် သင့်မြတ်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ချေသည်။ အမှန်စင်စစ် သော်ကား လောဘရမ္မက်သည် [၂] (လူတို့၏) စိတ်တွင် ရှိမြဲပင် ဖြစ်ပေသည်။

---

① အကယ်၍ ဇနီးမိန်းမတစ်ဦးသည် မိမိ၏ခင်ပွန်းယောကျ်ားက နှိပ်စက်ခြင်း၊ အရေးမစိုက်၊ ဂရုမထားခြင်း၊ ဝတ္တရား ပျက်ကွက်ခြင်းများကို စိုးရိမ်မကင်းဖြစ်သည်ရှိသော် ထိုဇနီးမောင်နှံ ၂-ဦးတို့သည် တရားတော်နှင့် မဆန့်ကျင်သော စည်းကမ်းချက်များကို သတ်မှတ်ပြီး တနည်းတဖုံ အချင်းချင်း ပြန်လည်သင့်မြတ်ကြရပေမည်။ သင့်မြတ်ရန်နည်းလမ်းကား ဇနီးမိန်းမသည် မိမိပိုင်ဆိုင်သော အခွင့်အရေးများအနက် ဥပမာ 'မဟ်ရ်' ကို လျှော့ခြင်း၊ သို့မဟုတ် အားလုံးစွန့်လွှတ်ခြင်း၊ သို့မဟုတ် စားစရိတ်လျှော့၍ယူခြင်း၊ စသည်များဖြစ်သည်။ ဤသို့ပြုလုပ်ပြီး ပြန်လည် သင့်မြတ်ကြသည့်အတွက် ထိုဇနီးမောင်နှံ ၂-ဦးအပေါ်၌ တစ်စံတစ်ရာ အပြစ်လည်း မရှိချေ။ ရှ - မာဂျိဒ်။

② **ဖော်ပြချက်**

ဇနီးမောင်နှံ ၂-ဦးတို့ ပြန်လည်သင့်မြတ်ရာတွင် ထားရှိကြသော စည်းကမ်းချက်များသည် တရားဝင်ပြုပိုင်သော စည်းကမ်းချက်များ ဖြစ်ရပေမည်။ ဟရာမ်ဟူ၍ မြစ်တားထားသော တရားမဝင်သော စည်းကမ်းချက်များ မဖြစ်စေရ။

ဤကိစ္စနှင့် စပ်လျဉ်း၍ 'ဖုကဟာ' ဓမ္မသတ်ရှင်ကြီးများက အတည့်အလင်း ရေးသားထားကြသည်မှာ အကယ်၍ ဇနီးမောင်နှံ နှစ်ဦးတို့၏ ပြန်လည်သင့်မြတ်မှုသည် တရားမဝင်သော စည်းကမ်းချက် တရပ်ပေါ်၌ တည်ရှိနေပါမူ ထိုသင့်မြတ်မှုသည် တရားမဝင် အချည်းနီးပင် ဖြစ်ပေမည်။ ဥပမာ ယောကျ်ားဖြစ်သူက ပြန်လည် သင့်မြတ်ရာတွင် မိမိ၏ ဇနီးနှင့်အတူတကွ ထိုဇနီး၏ ညီမအရင်းကိုလည်း ဇနီးသည်အဖြစ် ထားရှိမည်ဟု စည်းကမ်းချက်ထားရှိ၍ ထိုစည်းကမ်းချက်ကို ထိုဇနီးသည်ကလည်း လက်ခံသဘောတူသည် ရှိသော်ငြားလည်း အစ္စလာမ် တရားတော်တွင် ညီအစ်မအရင်း ၂ ယောက်ကို တချိန်တည်း ထိမ်းမြားခြင်းမှာ ဟရာမ်ဖြစ်သည့်အတွက် ယင်းသင့်မြတ်မှုသည် တရားမဝင် အချည်းအနီးပင် ဖြစ်ပေသည်။ ➤➤

تَعْمَلُونَ خَبِيرًا ﴿١٢٨﴾

သို့ရာတွင် အကယ်၍ အသင်တို့သည် (ဇနီးမိန်းမတို့နှင့်) ကောင်းစွာဆက်ဆံ၍ (ငင်းတို့အား လျစ်လျူရှု စွန့်ပစ်ထားခြင်းမှ) ကြဉ်ရှောင်ကြပါမူ၊ (အသင်တို့သည် ကြီးကျယ်လှသော ကုသိုလ်အကျိုးရရှိကြအံ့၊ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို ဇကန်စင်စစ် အကြွင်းမဲ့ ကြားသိတော် မူသော အရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။

وَلَن تَسْتَطِيعُوٓا۟ أَن تَعْدِلُوا۟ بَيْنَ ٱلنِّسَآءِ وَلَوْ حَرَصْتُمْ فَلَا تَمِيلُوا۟ كُلَّ ٱلْمَيْلِ فَتَذَرُوهَا كَٱلْمُعَلَّقَةِ ۚ وَإِن تُصْلِحُوا۟ وَتَتَّقُوا۟ فَإِنَّ ٱللَّهَ كَانَ

၁၂၉။ ထိုမှတပါးတဲ့ အသင်တို့သည် (မည်မျှပင် တရားမျှတစေရန်) ဆန္ဒ ထားရှိကြသော်လည်း (မိမိတို့၏တဦးထက်ပိုသော) ဇနီးမိန်းမတို့၏ စပ်ကြားဝယ် (အဘက်ဘက်မှ) တရားမျှတအောင် အလျင်းပြုနိုင်ကြမည်မဟုတ်ပေ။ [၃] သို့ဖြစ်ပေရာ အသင်တို့သည် (ဇနီးမိန်းမတဦးဦးဘက်သို့) လုံးဝ တဘက်သက် ယိမ်းယိုင်မသွားကြကုန်လင့်။ သို့ (ယိမ်းယိုင်ကြ)ပါလျှင် အသင်တို့သည် (အခြား) ဇနီးမိန်းမကို တွဲလျားထားဘိသကဲ့သို့ ဖြစ်အံ့။ [၂]

➤➤ ဇနီးမောင်နှံ ၂-ဦးတို့အချင်းချင်း ပြန်လည်သင့်မြတ်ရာတွင် ဇနီးသည် မိမိ၏ ခင်ပွန်းသည်အား ကျေနပ်စေရန်အတွက် မိမိ ရသင့်ရထိုက်သော အခွင့်အရေးများအနက် အချို့သော အခွင့်အရေးများကို စွန့်လွှတ်နိုင်သည် ဥပမာ-ဇနီးမိန်းမသည် မိမိ၏ မဟ်ရ်ကို ခွင့်လွှတ်ခြင်း၊ မိမိ၏ အလှည့်ကို အခြားဇနီးအား လွှဲပေးခြင်း၊ မိမိ၏ ကုန်ကျစရိတ်များကို လျှော့ယူခြင်း။

ယောကျ်ားများအပေါ်၌ရှိသော ဇနီးမိန်းမတို့၏ အခွင့်အရေးများသည် (၂) မျိုး ၂-စားရှိသည်၊ (၁) အမြဲအတည်ဖြစ်သော အခွင့်အရေး၊ ဥပမာ - မဟ်ရ်။ (၂) အချိန်အခါအားလျော်စွာ ဖြစ်ပေါ်သော အခွင့်အရေးများ၊ ဥပမာ - စားစရိတ်၊ မေထုန်မှု။

ဇနီးမိန်းမသည် လင်ခင်ပွန်းနှင့် ပြန်လည်သင့်မြတ်ရန်အတွက် အထက်တွင် ဖော်ပြပါ အခွင့်အရေး ၂-မျိုး ၂-စားလုံးကို ခွင့်လွှတ်နိုင်သည် သို့ရာတွင် ခြားနားချက်တရပ်မှာ ပဌမအမျိုးအစားဖြစ်သော အခွင့်အရေးများကို စွန့်လွှတ်လိုက်သည်ရှိသော် ပြန်လည်တောင်းဆိုပိုင်ခွင့် မရှိတော့ချေ။ သို့ရာတွင် ဒုတိယအမျိုးအစားဖြစ်သော အခွင့်အရေးများကို ခွင့်လွှတ်လိုက်သည်ရှိသော် သို့ ခွင့်လွှတ်ပြီးသည့် နောက်ပိုင်းတွင် ပြန်လည်တောင်းဆိုပိုင်ခွင့်ရှိပေသည်။

③ ကုရ်အာန်ကျမ်းမြတ်(၄:၃)တွင် ညီတူညီမျှ ထားနိုင်ပါက ဇနီးမိန်းမလေးယောက်အထိ ယူပိုင်ခွင့် ➤➤

غَفُورًا رَّحِيمًا ﴿١٢٩﴾

သို့ရာတွင် အကယ်၍ အသင်တို့သည် (ဇနီးမိန်းမတို့နှင့် ပတ်သက်၍ မိမိတို့၏ ချွတ်ယွင်းချက်များကို) ပြုပြင်၍ (တစ်ဘက်သက် ဇနီးမိန်းမတဦးဦးဘက်သို့ ယိမ်းယိုင်ခြင်းမှ) ဆင်ခြင်ကြပါမူ အလ္လာဟ်အရှင်မြတ်သည် မလွဲဧကန် အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ ရှိသည့်အကြောင်း ပါရှိ၏။ ယခု ဤမုက္ခပါဠိတော် (၄း၁၂၉)တွင် လင်ခင်ပွန်းများသည် ဇနီးမိန်းမများအား ညီတူညီမျှ အလျင်းထားနိုင်ကြမည် မဟုတ်ကြောင်း၊ မိန့်ဆိုထားတော်မူ၏။ အထက်ပါ မုက္ခပါဠိတော်နှစ်ရပ်လုံးတွင် ညီတူညီမျှ ဟူသော အနက်ပေးသည့် စကားပါရှိ၏။ သို့ရာတွင် သဘောချင်းကား ခြားနား၏။ (၄း၃) တွင် ပါရှိသော ညီတူညီမျှဟူသည် ကျွေးမွေးမှု၊ ဆင်ယင်မှု၊ နေထိုင်မှုစသည့် လူသားတို့ ပြုစွမ်းနိုင်သော ကိစ္စများတွင် ညီတူညီမျှ ပြုခြင်းကို ဆိုလိုသည်။ (၄း၁၂၉) တွင် လင်ခင်ပွန်းများသည် ညီတူညီမျှ အလျင်းမပြုနိုင်ကြောင်း မိန့်ဆိုထားတော်မူသည်မှာ လင်ခင်ပွန်းများသည် ဇနီးမိန်းမများအား မေတ္တာထားရာတွင် ညီတူညီမျှ မပြုနိုင်ကြမည်ကို ဆိုလိုသည်။ လင်ခင်ပွန်းများကို မဆိုထားဘိ၊ မိဘများသည်ပင်လျှင် မိမိတို့၏ သားသမီးများကို တမျိုးတစားတည်း မချစ်ခင်နိုင်ကြပေ။

အချို့ခေတ်သစ် သာသနာဖျက်တို့သည် ဤမုက္ခပါဠိတော်ကို အကြောင်းပြု၍ ကုရ်အာန်ကျမ်းမြတ်သည် ဇနီးမိန်းမတို့ စပ်ကြားတွင် မျှတမှု အလျင်းမဖြစ်နိုင်ကြောင်း၊ တရားမျှတမှု ရှိမှသာလျှင် မိန်းမတစ်ယောက်မှ မိန်းမလေးယောက်အထိ ယူနိုင်ခွင့်ပြုထားကြောင်း၊ ယင်းသို့အားဖြင့် ကုရ်အာန်ကျမ်းမြတ်တွင် မိန်းမလေးယောက်အထိ ယူနိုင်ခွင့်ပြုပြီးနောက် ပြန်လည် ရုပ်သိမ်းထားကြောင်းဖြင့် ပြောဆိုကြသည်။ ဤသို့ပြောဆိုခြင်းမှာ မသိ၍ ပြောဆိုကြသည်ပင် ဖြစ်စေကာမူ ယင်းသို့ပြောဆိုခြင်းမှာ ကုရ်အာန်ကျမ်းမြတ်ကို အကြီးအကျယ် စော်ကားရာ ရောက်ပေသည်။ ပြီးနောက် ကုရ်အာန်ကျမ်းမြတ်နှင့် ပတ်သက်၍ ယင်းကျမ်းမြတ်သည် မိမိ တားဆီးပိတ်ပင်လိုသောအရာကို တိုက်ရိုက်မပိတ်ပင်ဘဲ အကြောင်းမဲ့ ခက်ရာခဲဆစ် ရှုတ်ထွေးလှသော လမ်းစဉ်တရပ်ကို ကျင့်သုံးသည်ဟု စွပ်စွဲရာလည်း ရောက်ပေသည်။

ကြည့် မာဂျီဒီ။ အ-၁၊ စ-၂၁၉။ အောက်ခြေအမှတ်-၇၅၇။

(၂) လင်ခင်ပွန်းများသည် မိမိချစ်ခင်စုံမက်သော ဇနီးမိန်းမဘက်သို့ လုံးဝယိမ်းယိုင်ပြီး မေတ္တာမဲ့သော အခြားဇနီးအား လင်ရှိ ဇနီးအရာ၌လည်းမထား၊ ကွာရှင်းသည်လည်းမပြုဘဲ လင်ရှိမဆိုးမ ဆိုသကဲ့သို့ တွဲလဲထားကြသည်။ ဇနီးသည်အား တွဲလဲထားခြင်းသည် အဆိုးရွားဆုံးသော အပြုအမူတရပ်ဖြစ်သည်။ သို့ဖြစ်ပေရာ လင်ခင်ပွန်းများသည် ဇနီးမိန်းမများနှင့် ပတ်သက်သော တာဝန်အရပ်ရပ်ကို တတ်စွမ်းနိုင်သမျှ ကျေပွန်စွာ ထမ်းဆောင်ရပေမည်။ မထမ်းဆောင်နိုင်သည့်အဆုံးတွင် ဇနီးမိန်းမအား တွဲလဲမထားဘဲ တရားတော်နှင့်အညီ ကွာရှင်းရမည်။ ရှု-မာဂျီဒီ၊ အတွဲ - ၁။ အောက်ခြေအမှတ် - ၇၅၉။

وَإِنْ يَّتَفَرَّقَا يُغْنِ اللّٰهُ كُلًّا مِّنْ سَعَتِهٖ ۭ وَكَانَ اللّٰهُ وَاسِعًا حَكِيْمًا ﴿١٣٠﴾

၁၃၀။ သို့ရာတွင် အကယ်၍ ထို (ဇနီးမောင်နှံ) နှစ်ဦးတို့သည် (မိမိတို့အချင်းချင်းသင့်မြတ်နိုင်ခြင်းငှာ နည်းလမ်းမရှိတော့၍) ကွာရှင်းခွဲခွာကြပါမူ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ များပြားသော ကျေးဇူးတော်ဖြင့် (ယင်းဇနီးမောင်နှံ နှစ်ဦးတို့အား) တဦးကိုတဦး မတောင့်တ မကြောင့်ကြရအောင် ပြုလုပ်ပေးတော်မူအံ့။

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်ပေါများကြွယ်ဝတော်မူသော ကျေးဇူးတော်ရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَلَقَدْ وَصَّيْنَا الَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ وَاِيَّاكُمْ اَنِ اتَّقُوا اللّٰهَ ۭ وَاِنْ تَكْفُرُوْا فَاِنَّ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۭ وَكَانَ اللّٰهُ غَنِيًّا حَمِيْدًا ﴿١٣١﴾

၁၃၁။ ထို့ပြင်တဝ အာကာသ ကောင်းကင်များ၌ ရှိရှိသမျှသော အရာဝတ္ထုများကိုလည်းကောင်း၊ ပထဝီမြေကြီး၌ ရှိရှိသမျှသော အရာဝတ္ထုများကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူ၏။

မုချဇနကန် ငါအရှင်မြတ်သည် အသင်တို့အလျင် ကျမ်းဂန်ရရှိပြီးဖြစ်သောသူတို့ကိုလည်း၊ အသင်တို့ကိုလည်း၊ 'အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ကြကုန်လော့' ဟု အမိန့်ပေးတော်မူခဲ့၏။

သို့ရာတွင် အကယ်၍သာ အသင်တို့သည် မယုံမကြည် သွေဖည်ငြင်းပယ်ကြပါမူ (အလ္လာဟ်အရှင်မြတ်၌ မည်သို့မျှ အကျိုးယုတ်နစ်နာမှု ရှိမည်မဟုတ်၊ အသင်တို့၌သာ အကျိုးယုတ်နစ်နာမှုရှိအံ့။ အဘယ်ကြောင့်ဆိုသော်) အာကာသ ကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိရှိသမျှတို့ကို အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသောကြောင့်တည်း။

ငင်းပြင် အလ္လာဟ် အရှင်မြတ်သည် လိုလား တောင့်တခြင်း ကင်းမဲ့တော် မူသောအရှင် ချီးမွမ်း ထောပနာခြင်းအပေါင်းကို ခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသတည်း။

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَكَفٰى بِاللّٰهِ وَكِيْلًا ﴿١٣٢﴾

၁၃၂။ အမှန်စင်စစ် အာကာသ ကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိရှိသမျှတို့ကို အလ္လာဟ်အရှင်မြတ် သာ ပိုင်ဆိုင်တော်မူ၏။ ငင်းပြင် ထိုအရှင်မြတ် သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင် စီမံပြုလုပ် ပေးတော်မူသော အရှင်မြတ်အဖြစ် လုံလောက်တော် မူသောအရှင် ဖြစ်တော်မူသည်။

اِنْ يَّشَاْ يُذْهِبْكُمْ اَيُّهَا النَّاسُ وَيَاْتِ بِاٰخَرِيْنَ ؕ وَكَانَ اللّٰهُ عَلٰى ذٰلِكَ قَدِيْرًا ﴿١٣٣﴾

၁၃၃။ အို-လူအပေါင်းတို့၊ အကယ်၍သာ ထို အရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့ အား ပယ်ရှား (ဖျက်ဆီး)တော် မူ၍ (အသင်တို့ ၏အစား) အခြားသူတို့ကို ဖြစ်ထွန်းစေတော် မူ အံ့ အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် ယင်းသည့်ကိစ္စကို စွမ်းဆောင်တော်မူနိုင်သော အရှင် မြတ်ပင် ဖြစ်တော်မူပေ၏။

مَنْ كَانَ يُرِيْدُ ثَوَابَ الدُّنْيَا فَعِنْدَ اللّٰهِ ثَوَابُ الدُّنْيَا وَالْاٰخِرَةِ ؕ وَكَانَ اللّٰهُ سَمِيْعًا بَصِيْرًا ﴿١٣٤﴾

၁၃၄။ မည်သူမဆို မျက်မှောက် လောကီဘဝ၏ အကျိုးကို(သာ) အလိုရှိပါမူ၊ (ထိုသူသည် အသိ အလိမ္မာကင်းမဲ့သူဖြစ်၏။ အဘယ်ကြောင့်ဆိုသော်) အလ္လာဟ်အရှင်မြတ်အထံတော်၌ မျက်မှောက်လောကီ ဘဝနှင့် နောင်တမလွန်ဘဝ (နှစ်ဘဝလုံး)၏ အကျိုး ကျေးဇူးသည်ရှိ၏။ ငင်းပြင် အလ္လာဟ် အရှင်မြတ် သည် (လျှောက်ထား ပန်ကြားချက် အလုံးစုံတို့ကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ (လူခပင်းတို့၏ စိတ်စေတနာများကို) အကြွင်းမဲ့ ခွဲခြားသိမြင်တော် မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ كُونُواْ
قَوَّٰمِينَ بِٱلْقِسْطِ شُهَدَآءَ
لِلَّهِ وَلَوْ عَلَىٰٓ أَنفُسِكُمْ
أَوِ ٱلْوَٰلِدَيْنِ وَٱلْأَقْرَبِينَ ۚ
إِن يَكُنْ غَنِيًّا أَوْ فَقِيرًا فَٱللَّهُ
أَوْلَىٰ بِهِمَا ۖ فَلَا تَتَّبِعُواْ

၁၃၅။ အို–'မုအ်မင်္ဂန်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မည်သည့်ကိစ္စမျိုး၌မဆို) တရားမျှတမှုကို ထာဝစဉ် တည်တံ့စေသူများ (တနည်း) *တရားမျှတမှုအပေါ်၌ မြဲမြံစွာ တည်တံ့သူများ* ဖြစ်ကြလေကုန်။ [၁] (သက်သေခံရာ၌လည်း) မိမိတို့ကိုယ်ကျိုးနှင့်ဆန့်ကျင်သည်ဖြစ်စေ၊ မိဘနှစ်ပါးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ ဆွေမျိုးနီးစပ်တို့နှင့် ဆန့်ကျင်သည်ဖြစ်စေ၊ [၂] (အသင်တို့သည်) အလျှာဟ်အရှင်မြတ်ကိုသာ ထောက်ထား၍ *(တိကျမှန်ကန်စွာ)* သက်သေခံသူများပင် [၃] ဖြစ်ကြလေကုန်။

---

① လူသက်တမ်း တလျှောက်လုံးတွင် အချင်းချင်း ပြုလုပ်ကြသည့် အရောင်းအဝယ်၊ အငှေးအယူ၊ အပြောအဆို၊ အဆုံးအဖြတ်၊ စသည့် အမှုကိစ္စအဝဝတွင် တရားမျှတမှုကို အထူးတလည်အစဉ် ရှေ့ရှုကြရမည့် အကြောင်းကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ် အဖန်ဖန် သတိပေးနှိုးဆော်ထားတော်မူသည်။

② သူစိမ်းတစ်ဦးဦးကို ဆန့်ကျင်၍ သက်သေထွက်ဆိုရန် မခဲယဉ်းလှသော်လည်း မိမိကိုယ်နှင့် ဆန့်ကျင်၍ သော်၎င်း၊ မိဘနှစ်ပါးနှင့် ဆန့်ကျင်၍သော်၎င်း၊ သားချင်းတို့နှင့် ဆန့်ကျင်၍သော်၎င်း၊ မှန်ကန်စွာ သက်သေထွက်ဆိုရန်မှာကား ပြုနိုင်ခဲသော ကိစ္စပင်ဖြစ်၏။

ထို့အတွက်ကြောင့်ပင်လျှင် အလျှာဟ်အရှင်မြတ်က ဤမုကျွပါဠိတော်တွင် မုအ်မင်္ဂန်တို့သည် မှန်ကန်စွာ သက်သေထွက်ဆိုရာတွင် သူတပါးကို မဆိုထားဘိ မိမိကိုယ်နှင့် တကွ မိဘသားချင်းများကိုပင်လျှင် မငဲ့ကွက် မထောက်ထားဘဲ မှန်ကန်စွာ သက်သေထွက်ဆိုရမည့်အကြောင်း မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို လက်တွေ့ လိုက်နာကျင့်သုံးသော မွတ်စ်လင်မ်တစ်ဦးသည် အဘယ်ကိစ္စ အဘယ်အခါ၌မျှ မုသားပြောဆိုမည်မဟုတ်ပေ။ အမှန်သော်ကား 'မွတ်စ်လင်မ်'နှင့် 'မုသား' သည် ဆက်စပ်၍ပင် မဖြစ်နိုင်။

③ သက်သေထွက်ဆိုရန် အကြောင်းပေါ်ပေါက်လာပါက အလျှာဟ်အရှင်မြတ်၏ ရွေးမျက်နှာတော်ကို ထောက်ထားကာ၊ ထိုအရှင်မြတ်၏ ချစ်ကြည်မြတ်နိုးမှုကို လိုလားကာ ထိုအရှင်မြတ်၏ ကုသိုလ်အကျိုးကို တောင့်တကာ မှန်ကန်စွာ သက်သေထွက်ဆိုကြရပေမည်။ ရှ – ကုရ်တုဗီ။

အချို့ပညာရှင်များက 'ရှဟဒါအလိလ္လာဟိ' ၏ အနက်ကို 'အလျှာဟ်အရှင်မြတ်၏ သက်သေတော်များဖြစ်ကြကုန်' ဟူ၍ ဖွင့်ဆိုကြသည်။ ဆိုလိုသည်ကား မှန်ကန်စွာ သက်သေထွက်ဆိုသော သူများသည် အလျှာဟ်အရှင်မြတ်၏ သက်သေတော်များပင် ဖြစ်ကြသည်ဟူလို။ (ရှ – မာဂျီဒီ။)

الْهَوٰٓى اَنْ تَعْدِلُوْا ۚ وَاِنْ تَلْوٗٓا اَوْ تُعْرِضُوْا فَاِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ﴿١٣٥﴾

အကယ်၍ (အသင်တို့က) ဆန့်ကျင်၍ သက်သေထွက်ဆို ရမည့်သူသည် ချမ်းသာကြွယ်ဝသူပင်ဖြစ်စေ၊ ဆင်းရဲသူပင်ဖြစ်စေ (မည်သို့ပင်ဖြစ်စေကာမူ) အလွှာဟ်အရှင်မြတ်သည် (အသင်တို့ထက်) ၎င်းတို့နှစ်ဦးလုံးနှင့် အနီးစပ်ဆုံးသောအရှင်ဖြစ်တော်မူပေ၏။ သို့ဖြစ်ပေရာ အသင်တို့သည် *တရားမျှတမှုမှ တိမ်းစောင်းမသွားကြရန်* [၁] စိတ်၏အလိုဆန္ဒကို မလိုက်နာ မလိုက်စားကြကုန်လင့်။

သို့ရာတွင် အကယ်၍ အသင်တို့သည် (သက်သေခံရာတွင် လိမ်လည်) *ကွေ့ကောက် ပြောဆို ကြပါလျှင်*၊ သို့တည်းမဟုတ် (သက်သေခံခြင်းမှ လုံး၀) *လွှဲဖယ် တိမ်းရှောင်ကြပါလျှင်* [၂] ဧကန်မလွဲ အလွှာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။ [၃]

---

① မုသားသက်သေ ထွက်ဆိုရန် အကြောင်းတရားသည် များသောအားဖြင့် ၂ ခုသာရှိ၏။ (၁) မိမိဆန့်ကျင်၍ သက်သေထွက်ဆိုရမည့်သူသည် ချမ်းသာကြွယ်ဝသူတဦးဖြစ်လျှင် ထိုသူအား အားနာခြင်း။ ထောက်ထားခြင်း၊ မိမိအား ထိုချမ်းသာသူက ဖိနှိပ်မည်ကို စိုးရိမ်ခြင်းကြောင့် မုသားသက်သေထွက်ဆိုခြင်းကို ဖြစ်စေတတ်၏။ (၂) မိမိဆန့်ကျင်၍ သက်သေထွက်ဆိုရမည့် သူသည် ဆင်းရဲသားတဦးဖြစ်နေလျှင် ထိုဆင်းရဲသားကို သနားခြင်း၊ ငဲ့ညှာခြင်း များသည်လည်း မုသားသက်သေ ထွက်ဆိုခြင်းကို ဖြစ်စေတတ်၏။ ထို့အတွက်ကြောင့် အလွှာဟ်အရှင်မြတ်က ဤမုကွပါဠိတော်တွင် ချမ်းသာကြွယ်ဝသူကိုလည်း မထောက်ထားရမည့်အကြောင်း၊ ဆင်းရဲသားကိုလည်း မငဲ့ညှာရမည့်အကြောင်း၊ အတည့်အလင်း မိန့်ဆိုထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည် ထိုချမ်းသာသူနှင့်ငင်း ထိုဆင်းရဲသူနှင့်ငင်း ကျွန်ုပ်တို့လူသားတို့ထက် ပိုမို၍ နီးစပ်တော်မူသည်၊ ပိုမို၍ သက်ဆိုင်တော်မူသည်။ ယင်းကဲ့သို့ ပိုမို၍ နီးစပ်တော် မူသော သက်ဆိုင်တော် မူသော အရှင်ကပင်လျှင် မငဲ့ညှာ မထောက်ထားဘဲ သက်သေထွက်ဆိုရန် မိန့်ကြားတော်မူသည် ဖြစ်ရာ သာမန်မျှ နီးစပ်ပတ်သက်သော ကျွန်ုပ်တို့ လူသားတို့အဘို့မှာ မှန်ကန်စွာ ထွက်ဆိုရန်သာလျှင် အကြောင်းရှိပေသည်။ ငဲ့ညှာထောက်ထား၍ မုသားထွက်ဆိုရန်ကား အလျင်း အကြောင်းမရှိပေ။

② သက်သေထွက်ဆိုရာတွင် လိမ်လည်ကွေ့ကောက်၍လည်း မထွက်ဆိုရ။ သက်သေထွက်ဆိုခြင်းမှ တိမ်းရှောင်၍လည်း မနေရ။ သက်သေထွက်ဆိုရန် ရှိကတိမ်းရှောင်၍ မနေဘဲ တိကျမှန်ကန်စွာ သက်သေထွက်ဆိုရပေမည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ ءَامِنُوا۟ بِٱللَّهِ وَرَسُولِهِۦ وَٱلْكِتَٰبِ ٱلَّذِى نَزَّلَ عَلَىٰ رَسُولِهِۦ وَٱلْكِتَٰبِ ٱلَّذِىٓ أَنزَلَ مِن قَبْلُ ۚ وَمَن يَكْفُرْ بِٱللَّهِ وَمَلَٰٓئِكَتِهِۦ وَكُتُبِهِۦ وَرُسُلِهِۦ وَٱلْيَوْمِ ٱلْءَاخِرِ فَقَدْ ضَلَّ ضَلَٰلًۢا بَعِيدًا ﴿١٣٦﴾

၁၃၆။ အို-သက်ဝင်ယုံကြည်သူ (မုအ်မင်န်)အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်ကို၎င်း၊ ထိုအရှင်မြတ်၏ ရာစူလ် တမန်တော်မြတ် (မုဟမ္မဒ်) ကို၎င်း၊ ထိုအရှင်မြတ်က မိမိ၏ရာစူလ်တမန်တော်မြတ်(မုဟမ္မဒ်) အပေါ်၌ ထုတ်ပြန်ပို့ချတော်မူခဲ့သော (ကုရ်အာန်) ကျမ်းတော်မြတ်ကို၎င်း (ယင်းကုရ်အာန်ကျမ်းတော်မြတ်)အလျင် ထုတ်ပြန်ပို့ချတော်မူခဲ့သော ကျမ်းတော်(များ)ကို၎င်း၊ ယုံကြည်ကြလေကုန်။ [၁]

သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကိုသော်၎င်း၊ ထိုအရှင်မြတ်၏ "မလာအိကဟ်" အပါးတော်စေတမန်များကိုသော်၎င်း၊ ထိုအရှင်မြတ်၏ကျမ်းဂန်များ ကိုသော်၎င်း၊ ထိုအရှင်မြတ်၏ရာစူလ်တမန်တော်များ ကိုသော်၎င်း၊ နောက်ဆုံးနေ့ကိုသော်၎င်း၊ ငြင်းပယ်ခဲ့ပါလျှင် ထိုသူသည် အလွန်ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ မချွတ်ဇကာန် ရောက်ရှိခဲ့ချေပြီ၊ [၂]

---

(၃) လူသားတို့အချင်းချင်း လိမ်လည်လှည့်ဖြားနိုင်သော်လည်း အလ္လာဟ်အရှင်မြတ်ကိုကား မလှည့်ဖြားနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် လူသားတို့ပြုသမျှသော ကိစ္စအဝဝကို အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်၏ သမ္ဗညုတညာဏ်တော်ကို ယုံကြည်သော အကြင်သူတဦးသည် မကောင်းမှုကို အသို့လျှင်ပြုဝံ့အံ့နည်း။ အဘယ်နည်းနှင့်မျှ ပြုနိုင်တော့မည်မဟုတ်ချေ။ ဤယုံကြည်ချက်သည် စိတ်နှလုံးအပေါ်တွင် အစောင့်အကြပ်တခုပင်ဖြစ်၏။ ဤယုံကြည်ချက်သည် ရင့်ကျက် လေသည်နှင့် အမျှ စိတ်နှလုံး၏ အစောင့်အကြပ်လည်း ပိုမိုပြင်းထန်လာမည်ဖြစ်၏။ စိတ်နှလုံး၏ အစောင့်အကြပ်ပြင်းထန်လာသည်နှင့်အမျှ အပြစ်ခုစရိုက် ကင်းဝေးနေမည်မှာ မုချပင်ဖြစ်တော့သည်။

(၄) ဤမုကျွပါဠိတော်သည် အစ္စလာမ်သာသနာတော်ကို အကျဉ်းအားဖြင့် သက်ဝင်ယုံကြည်၍ မုအ်မင်န်တို့၏ ဘောင်တွင် ရောက်ရှိနေကြသော သူတို့အား ရည်ညွှန်း၍ မိန့်ဆိုထားတော်မူသော မုကျွပါဠိတော်ဖြစ်သည်။ ထိုသို့သော မုအ်မင်န်တို့အား အီမာန်ယုံကြည်ခြင်း သဒ္ဓါတရားနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အီမာန်ယုံကြည်ရမည့် အချက်အလက် အားလုံးတို့ကို အတိအကျ အပြည့်အစုံ မှန်ကန်စွာ ယုံကြည်ရမည့်အကြောင်း ဤမုကျွပါဠိတော်တွင် မိန့်ဆိုထားတော်မူသည်။ ရှ - မာဂျီဒီ။ ထာနဝီ။ ကုရ်တုဗီ။

إِنَّ الَّذِينَ آمَنُوا ثُمَّ كَفَرُوا ثُمَّ آمَنُوا ثُمَّ كَفَرُوا ثُمَّ ازْدَادُوا كُفْرًا لَّمْ يَكُنِ اللَّهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ سَبِيلًا ﴿١٣٧﴾

၁၃၇။ မုချကေန် အကြင်သူတို့သည် 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြ၏။ ထို့နောက် မယုံမကြည်သွေဖည်ငြင်းပယ်ကြပြန်၏။ ထို့နောက် တဖန်ပြန်၍ 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြပြန်၏။ ထို့နောက် တဖန် မယုံမကြည် သွေဖည်ငြင်းပယ်ကြပြန်၏။ ထို့နောက် ၎င်းတို့သည် (အသက်ထက်ဆုံး) သွေဖည် ငြင်းပယ်မှု၌ပင် တိုးတက် နစ်မွန်းလျက် ရှိကြကုန်သည်။ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်လည်း ပေးသနားတော်မူမည် မဟုတ်ပေ။ ထိုသူတို့အား (ဂျန္နတ်) ရောက်ရာ ရောက်ကြောင်း လမ်းကိုလည်း ညွှန်ပြတော်မူမည် မဟုတ်ပေ။

بَشِّرِ الْمُنَافِقِينَ بِأَنَّ لَهُمْ عَذَابًا أَلِيمًا ﴿١٣٨﴾

၁၃၈။ (အို-နဗီတမန်တော်)အသင်သည် 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့အား ၎င်းတို့အတို့ ပြင်းပြနာကျင်ဘွယ်ရာ အပြစ်ဒဏ်သည် (အဆင့်သင့်) ရှိသည်ဟု သတင်းကောင်းပြောကြားပါလေ။ ၁

ⓙ အီမာန်ယုံကြည်ရမည့် အချက်အလက်များကို အတိအကျအပြည့်အစုံ မှန်ကန်စွာယုံကြည်ရပေမည်။ မည်သည့် အချက်ကိုမျှမငြင်းပယ်ရပေ။ အဘယ်ကြောင့်ဆိုသော် အီမာန်ယုံကြည်ရမည့် အချက်အလက်များအနက် အချို့ကို ငြင်းပယ်ခြင်းသည် ယုံကြည်ရမည့်အချက်အားလုံးတို့ကို ငြင်းပယ်ရာရောက်သောကြောင့်ပင်တည်း။ (မဒါရိုက်၊မာဂျီဒီ)

ⓚ 'ဗရ်ရှိရ်' သည် 'တဗ်ရှီရ်' ဟူသောပုဒ်မှ ဆင်းသက်လာသော ပုဒ်ဖြစ်၏။ ယင်းပုဒ်၏အဓိပ္ပါယ်မှာ များသောအားဖြင့် ဝမ်းမြောက်ဘွယ်ရာ သတင်းစကား ပြောကြားခြင်းဟူ၍ ဖြစ်၏။

သို့ရာတွင် ဤသို့အမြဲ မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အဘိဓာန်သဘောအရ မျက်နှာပေါ်တွင် အမှတ်အသား အရိပ်အရောင် ဖြစ်ပေါ်စေသော သတင်းစကား အားလုံးအတွက် (ထိုသတင်းစကားသည် ဝမ်းသာဘွယ်ရာ စကားဖြစ်စေ၊ ဝမ်းနည်းဘွယ်ရာ စကားဖြစ်စေ) အဆိုပါပုဒ်သည် အသုံးဖြစ်ချေသည်။

'တဗ်ရှီရ်' ဟူသည် မျက်နှာပေါ်တွင် အမှတ်အသား အရိပ်အရောင် ထင်ပေါ်စေသော အကြောင်းအရာနှင့် စပ်လျဉ်း၍ သတင်းပေးခြင်းဖြစ်သည်။ (ကုရ်တုဗီ) ၎င်းပြင် တနည်း ဤနေရာတွင် အဆိုပါပုဒ်ကို ခန့်စောင်းချိတ် နာကျည်း ထိခိုက်စေသည့်သဘောဖြင့် သုံးထားသည်ဟူ၍လည်း ယူဆနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အရဗီစာပေတွင် ဤသို့သောအသုံးအနှုန်းများကို အများအပြားတွေ့ရှိရပေသည်။ ဥပမာ-အသင်၏ နှုတ်ခွန်းဆက်သခြင်းသည် ရိုက်ခြင်းပင်ဖြစ်၏။မာဂျီဒီ။ အတွဲ - ၁။ စာမျက်နှာ ၂၂၂။

إِلَّذِينَ يَتَّخِذُونَ الْكَٰفِرِينَ
أَوْلِيَآءَ مِن دُونِ الْمُؤْمِنِينَ ۚ
أَيَبْتَغُونَ عِندَهُمُ الْعِزَّةَ فَإِنَّ
الْعِزَّةَ لِلَّهِ جَمِيعًا ﴿١٣٩﴾

၁၃၉။ အကြင် (‘မုနာဖစ်က်’ အယောင်ဆောင်မွတ်စ်လင်မ်) တို့သည် ‘မုအ်မင်န်’ တို့အား စွန့်လွှတ်ပြီး ‘ကာဖိရ်’ တို့ကို *အဆွေခင်မွန်းများ ပြုလုပ်ကြလေသည်။* [၁]

ၔင်းတို့သည် ထို‘ကာဖိရ်’တို့ထံတွင် ဂုဏ်အင်ဒြဗ်ရှာဖွေကြလေသလော။ သို့ဖြစ်လျှင် ဂုဏ်အင်ဒြဗ်ဟူသမျှတို့သည် မုချဧကန် အလ္လာဟ်အရှင်မြတ်အတွက်သာတည်း။ (ပိုင်ဆိုင်သည်သာတည်း။)

وَقَدْ نَزَّلَ عَلَيْكُمْ فِى الْكِتَٰبِ
أَنْ إِذَا سَمِعْتُمْ ءَايَٰتِ اللَّهِ يُكْفَرُ
بِهَا وَيُسْتَهْزَأُ بِهَا فَلَا تَقْعُدُوا
مَعَهُمْ حَتَّىٰ يَخُوضُوا فِى
حَدِيثٍ غَيْرِهِۦٓ ۚ إِنَّكُمْ إِذًا

၁၄၀။ ၎င်ပြင် ဧကန်မလွဲ ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ (ကုရ်အာန်) ကျမ်းတော်မြတ်တွင် ဤသို့(အဓိန့်တော်) ထုတ်ပြန် ချမှတ်တော်မူခဲ့လေသည်။ မည်သည့်အခါမျိုးမဆို အသင်တို့သည် (ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့က) အလ္လာဟ်အရှင်မြတ်၏လက္ခဏာတော်များကို [၂] ငြင်းပယ်ကြသည်ကိုလည်းကောင်း၊ ပြက်ရယ်ပြောင်လှောင်ကြသည်ကိုလည်းကောင်း၊ ကြားကြရပါလျှင်၊ ယင်း(ငြင်းပယ်ပြောင်လှောင်သော)သူတို့သည် ထိုစကားကိုစွန့်၍ အခြားစကားများတွင် အာရုံမစူးစိုက်သမျှ ကာလပတ်လုံး အသင်တို့သည် ၎င်းတို့နှင့်အတူ *မထိုင်ကြကုန်အံ့။* [၃] သို့ထိုင်ကြပါလျှင် အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင် (အပြစ်ရှိသူများ) ဖြစ်သွားကြကုန်အံ့။

---

① ‘မုနာဖစ်က်’ တို့သည် ‘မုအ်မင်န်’ တို့အား ရိုးသားဖြောင့်မတ်စွာဖြင့် စိတ်နှလုံးအတွင်းမှ ချစ်ကြည်မြတ်နိုးရန် ထားဘိဦး၊ မျက်မြင်အားဖြင့် အပေါ်ရံ သာမန်ဆက်ဆံမှုကိုပင် မထားနိုင်ခဲ့ကြပေ။ ဤမျှမကသေး ယင်းသူတို့သည် မုအ်မင်န်တို့အား သူစိမ်းပြင်ပြင် ဖဲကြဉ်ကြ၏။ ကာဖိရ်များနှင့်မူ မိတ်ဖွဲ့လျက်ရှိကြ၏။ အမှန်အားဖြင့် မုနာဖစ်က်တို့သည် အခြေအနေအရ မှတ်စ်လင်မ် အယောင်ဆောင်နေကြသော ကာဖိရ်များသာလျှင် ဖြစ်ကြပေရာ သမဏေဏာ သမဏော၊ ဂေါဏော ဆိုသကဲ့သို့ မုနာဖစ်က်တို့သည် ကာဖိရ်တို့နှင့် ပူးပေါင်းကြသည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ ➤➤

مِّثْلُهُمْ ۗ إِنَّ اللَّهَ جَامِعُ

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့နှင့် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့အားလုံးကို 'ဂျဟန္နမ်' ငရဲဘုံတွင် [၁] စုပေါင်းတော်မူမည့် အရှင်ဖြစ်တော်မူပေသတည်း။ [၂]

➤➤ **ဓမ္မသတ်၊**

ဤမုက္ခပါဠိတော်ကို ကိုးကား၍ 'ဖုကဟာ' ဓမ္မသတ်ရှင်များက "အကြောင်းမရှိဘဲလျက် ကာဖိရ်တို့နှင့် ရောနှောခြင်း၊ ယင်းသူတို့၏ အပြုအမူကဲ့သို့ ပြုမူခြင်း၊ ယင်းသူတို့ ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ခြင်း၊ ယင်းသူတို့နှင့် အပေါင်းအဘော်ပြုခြင်း၊ ယင်းသူတို့၏ ယဉ်ကျေးမှုများကို ဂုဏ်ရှိသောအရာများဟူ၍ ထင်မှတ်ခြင်းများသည်လည်း မုနာဖစ်က်ဖြစ်ခြင်း၏ အကြောင်းများတွင် အကျုံးဝင်သည်' ဟုဆုံးဖြတ်ကြလေသည်။ (မာဂျီဒီ။ အ-၁၈စ-၂၂၂)

(၂) ဤမုက္ခပါဠိတော်တွင် ပါရှိသော 'အလ္လာဟ်အရှင်မြတ်၏ အာယသ်များ' ဟူသည် ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်များကိုလည်း ဆိုနိုင်၏။ အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော် များကိုလည်း ဆိုနိုင်၏။ ကြည့်-မာဂျီဒီ။

မက္ကာမြို့တွင် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ပြက်ရယ်သော သူများသည် မုရှ်ရစ်က်များဖြစ်ကြသည်။ မဒီနာမြို့တွင် ထိုအရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ပြက်ရယ်သော သူများကား ယဟူဒီများနှင့် မုနာဖစ်က်များဖြစ်ကြသည်။

(၃) ကာဖိရ်တို့အား မိတ်ဆွေမပြုလုပ်ရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အမိန့်တော်လာရှိ၏။ ကြည့်ကုရ်အာန် (၃း၁၃၁)။ အကယ်၍ ကာဖိရ်တို့သည် 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှုများကို ပြုလုပ်ပြောဆိုကြသည့် အချိန်အခါမျိုးဖြစ်လျှင် ယင်းကာဖိရ်တို့နှင့် မျက်မြင်အားဖြင့် အတူပင် မထိုင်ရမည့်အကြောင်း ဤမုက္ခပါဠိတော်တွင် မိန့်ဆိုထားတော်မူသည်။

က။ ကာဖိရ်တို့နှင့် အတူထိုင်ခြင်းသည် အမျိုးမျိုးရှိ၏။ 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှုများကို ကျေနပ်၍ ယင်းကာဖိရ်တို့နှင့် အတူထိုင်ခြင်းသည် 'ကုဖ်ရ်' ဖြစ်၏။

ခ။ 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှုများကို ပြုလုပ်ပြောဆိုနေသည့် အချိန်အခါမျိုးတွင် ယင်းကာဖိရ်တို့နှင့် အတူထိုင်ခြင်းသည် 'မက်ရူတ်' ဖြစ်၏။ အကြောင်းမဲ့ဖြစ်က 'ဖစ်က်' ဖြစ်၏။

ဂ။ လောကီရေး ကိစ္စတစုံတရာအတွက် ကာဖိရ်တို့နှင့် အတူထိုင်ခြင်းသည် 'မုဗါတ်' ဖြစ်၏။ ပြုပိုင်၏။

ဃ။ အစ္စလာမ် တရားဓမ္မ ဟောကြားရန်အတွက် ကာဖိရ်တို့နှင့် အတူထိုင်ခြင်းသည် 'အိဇာဒါတ်' ဖြစ်၏။

င။ အနိုင်အထက် အဓမ္မအဖြစ်မျိုးဖြင့် ကာဖိရ်တို့နှင့်အတူ ထိုင်ခြင်းသည် 'မအ်ဇူရ်' ဖြစ်၏။ (အပြစ်မရှိချေ) (ထာနဝီ) အတွဲ - ၂။ စာမျက်နှာ ၁၆၆။

(၁) မုနာဖစ်က်တို့သည်ဤပစ္စုပ္ပန်လောကတွင်သာ မွတ်စ်လင်မ်အယောင်ဆောင်ပြီး မွတ်စ်လင်မ်တို့နှင့် ➤➤

الْمُنٰفِقِيْنَ وَالْكٰفِرِيْنَ فِيْ جَهَنَّمَ جَمِيْعًا ﴿١٤٠﴾

တနည်း။ . . .

ငင်းပြင် မည်သည့်အခါမဆို (ကာဖိရ်)တို့က အရှင်မြတ်၏မုက္ခပါဠိတော်ကို ငြင်းပယ်ကြသည်ကိုငင်း၊ ပြောင်လှောင်ကြသည်ကိုငင်း၊ (သင်တို့) တွေ့မြင်ကြားသိရလျှင် ထိုသူတို့သည် ယင်းစကားအပြင် အခြားစကားဘက်သို့ အာရုံမပြောင်းကြသမျှ ကာလပတ်လုံး အသင်တို့သည် ငင်းတို့နှင့်အတူ ထိုင်မနေကြကုန်လင့်။ (သင်တို့သည် အကယ်၍သာ) ထိုသူတို့နှင့်အတူ ထိုင်နေကြပါလျှင် အသင်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင် ဖြစ်သွားကြကုန်လတ္တံ့။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် သင်တို့အား မိန့်ဆိုထုတ်ပြန် ချမှတ်တော်မူထား၏။

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (မုနာဖစ်ဂ်)တို့နှင့် ကာဖိရ်တို့ကို ဂျဟန္နမ်တွင် စုပေါင်းထားတော်မူမည့်အရှင် ဖြစ်တော်မူ၏။

➤➤ ရောနှောကာ စည်းမျဉ်းအရ မွတ်စ်လင်မ်တို့၏ အခွင့်အရေးများကိုပင် ရယူနိုင်ခဲ့ကြသော်လည်း ကိယာမတ်နေ့တွင်ကား ယင်းသူတို့သည် ဤသို့အလျင်းပြုနိုင်ကြမည်မဟုတ်။

ယင်းသူတို့ ဖုံးကွယ်ထားသော 'ကုဖ်ရ်' သည် ထိုနေ့တွင် ထင်ရှားပေါ်လွင်သွားပေမည်။ မွတ်စ်လင်မ်တို့နှင့် တခြားစီဖြစ်သွားကြပေမည်။ မွတ်စ်လင်မ်တို့သည် ဂျန္နတ်သို့ လားကြ၍ မုနာဖစ်ဂ်တို့ကား ဂျဟန္နမ်သို့ လားကြမည်။ (မာဂျီဒီ)

ⓙ ဤမုက္ခပါဠိတော်သည် မဒီနာမြို့၌ ကျရောက်သော မုက္ခပါဠိတော်ဖြစ်သည်။ ဤမုက္ခပါဠိတော်တွင် ပါရှိသော အမိန့်တော်ကို ယခင် မက္ကာမြို့တွင် ထုတ်ပြန်ပို့ချထားတော်မူခဲ့ဘူး၏။ ကြည့်–ကုရ်အာန် (၆း၆၈)၊

အမိန့်တော်တရပ်တည်းကို မက္ကာမြို့တွင်တကြိမ်၊ မဒီနာမြို့တွင်တကြိမ်၊ နှစ်ကြိမ် ထုတ်ပြန်ပို့ချတော်မူခြင်းကို ထောက်ရှုဆင်ခြင်ခြင်းအားဖြင့် အဆိုပါအမိန့်တော်သည် အဘယ်မျှလေးနက်သည်ကို ကောင်းစွာသိနိုင်ပေသည်။

အခြားစကားများတွင် အာရုံမစူးစိုက်သမျှ ကာလပတ်လုံးအသင်တို့သည် ငင်းတို့နှင့် အတူထိုင်၍ မနေကြကုန်လင့်။ သို့ ထိုင်၍ နေကြပါလျှင် အသင်တို့ သည်လည်း ထိုသူတို့ ကဲ့သို့ပင် (အပြစ်ရှိသူများ) ဖြစ်သွားကြကုန်အံ့။ ➤➤

إِلَّا الَّذِينَ يَتَرَبَّصُونَ بِكُمْ فَإِنْ
كَانَ لَكُمْ فَتْحٌ مِّنَ اللَّهِ قَالُوا
أَلَمْ نَكُنْ مَّعَكُمْ وَإِنْ كَانَ
لِلْكَافِرِينَ نَصِيبٌ قَالُوا
أَلَمْ نَسْتَحْوِذْ عَلَيْكُمْ
وَنَمْنَعْكُمْ مِّنَ الْمُؤْمِنِينَ
فَاللَّهُ يَحْكُمُ بَيْنَكُمْ يَوْمَ
الْقِيَامَةِ وَلَنْ يَجْعَلَ اللَّهُ
لِلْكَافِرِينَ عَلَى الْمُؤْمِنِينَ
سَبِيلًا ﴿١٤١﴾

၁၄၁။ အကြင် ('မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်)တို့သည် အသင်တို့(၌ သက်ရောက်မည့် ဘေးဒုက္ခများ)ကို စောင့်မျှော်နေကြ၏။

အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ 'ဇယျ'မင်္ဂလာ အောင်မြင်မှုကို ရရှိခဲ့ပါမူ ထိုသူတို့က 'ငါတို့သည်လည်း အသင်တို့နှင့်အတူ ပါဝင်(ကူညီ)ခဲ့ကြသည် မဟုတ်လော' ဟု ပြောဆိုကြကုန်၏။

သို့ရာတွင် အကယ်၍ 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့တွင် (အောင်နိုင်မှု) တစိတ်တဒေသ ဖြစ်သွားပါမူ ၎င်းတို့သည် (ယင်းသူတို့ထံ သွားရောက်ပြီးလျှင်) 'ငါတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရာတွင်) အသင်တို့ကို အောင်နိုင်မည့်ဆဲဆဲ ဖြစ်ခဲ့ကြသည် မဟုတ်လော။ သို့ (အောင်နိုင်ခဲ့)ပါလျက် ငါတို့သည် အသင်တို့ကို (မွတ်စ်လင်မ်တို့၏ ဘေးရန်တို့မှ လွတ်မြောက်ကြရန်) ကာကွယ်ခဲ့ကြသည် မဟုတ်ပါလော' ဟု ပြောဆိုကြပြန်သည်။

သို့ဖြစ်ရကား အလ္လာဟ် အရှင်မြတ်သည် 'ကိယာမတ်' နေ့တွင် အသင်တို့၏စပ်ကြား၌ စီရင်ဆုံးဖြတ်တော်မူအံ့။

>> အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့နှင့် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့အားလုံးကို 'ဂျဟန္နမ်' ငရဲဘုံတွင် စုပေါင်းတော်မူမည့် အရှင် ဖြစ်တော်မူပေသတည်း။

ဤ မုက္ခပါဠ်တော်သည် နောင်တမလွန် ဘဝကို ရည်ညွှန်း၍ မိန့်ဆိုထားတော် မူသော မုက္ခပါဠ်တော်ဖြစ်သည်။ ရှု - ထာနဝီ။

إِنَّ الْمُنٰفِقِيْنَ يُخٰدِعُوْنَ اللّٰهَ وَهُوَ خَادِعُهُمْ ۚ وَإِذَا قَامُوْٓا إِلَى الصَّلٰوةِ قَامُوْا كُسَالٰى ۙ يُرَآءُوْنَ النَّاسَ وَلَا يَذْكُرُوْنَ اللّٰهَ إِلَّا قَلِيْلًا ﴿١٤٢﴾

ငင်းပြင် အလ္လာဟ် အရှင်မြတ်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့အား မွတ်စ်လင်မ်တို့ အပေါ်၌ (အောင်မြင် လွှမ်းမိုးနိုင်ခြင်းငှာ) မည်သည့် နည်းလမ်းကိုမျှ အလျင်း ပေးတော်မူမည် မဟုတ်ချေ။

၁၄၂။ ဧကန်မလွဲ 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်ကို လိမ်လည် လှည့်ဖြားကြကုန်၏။ [၁]

ထို အရှင်မြတ်သည်လည်း ငင်းတို့အား လှည့်ဖြားတော်မူမည့် အရှင်မြတ်ပင် [၂] ဖြစ်တော်မူပေသတည်း။ ငင်းပြင် ထိုသူတို့သည် 'ဆွလာဟ်' ဝတ်ပြုရန် ရပ်ကြရာ၌လည်း *ပျင်းရိစွာနှင့်*၊ [၃] လူခပင်းတို့အား ပြစားရန် အတွက်သာလျှင် ရပ်ကြကုန်၏။ ထို့ပြင်တဝ ငင်းတို့သည် အလ္လာဟ် အရှင်မြတ်ကို အနည်းငယ်မျှ (လူကြားကောင်းအောင်) မှအပ အောက်မေ့ တသကြသည်မဟုတ်ပေ။

---

① (က) 'မုနာဖစ်က်တို့သည် အလ္လာဟ် အရှင်မြတ်အား လှည့်ဖြားကြသည်' ဟူသော မူကွပါဠိတော်၏အလိုသဘောမှာ မုနာဖစ်က်တို့သည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်နှင့် ထိုအရှင်မြတ်၏ အချစ်တော်များအား လှည့်ဖြားကြသည်ကို ဆိုလိုသည်။ အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်နှင့် အချစ်တော်များအား လှည့်ဖြားခြင်းကို ထိုအရှင်မြတ်အား လှည့်ဖြားသည်ဟု မိန့်ဆိုထားခြင်း အကြောင်းမှာ နဗီတမန်တော်မြတ်အား ဆက်ဆံခြင်းသည် အလ္လာဟ်အရှင်မြတ်အား ဆက်ဆံခြင်းကဲ့သို့ပင် ဖြစ်၏။

ထို့အတွက်ကြောင့်လည်း ကုရ်အာန်ကျမ်းမြတ် (၄၈း၁၀) တွင် တမန်တော်မြတ်ထံ 'ဗိုင်အတ်' ပြုသော သူများသည် အလ္လာဟ်အရှင်မြတ်ထံ ဗိုင်အတ်ပြုသူများပင် ဖြစ်သည်ဟု မိန့်ဆိုထားတော်မူလေသည်။ ဤသို့ သုံးနှုန်း မိန့်ဆိုထားခြင်းမှာ မုနာဖစ်က်တို့ အပြုအမူ ယုတ်မာဆိုးသွမ်းခြင်းကိုငင်း၊ တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်များ၏ ဂုဏ်အင်ကြီးကဲ မြင့်မြတ်ခြင်းကိုငင်း၊ ထင်ရှားစေရန် ဖြစ်သည်။

အလ်မနာရ်၊ အတွဲ - ၅။ စာမျက်နှာ - ၄၆၈။

(ခ) မုနာဖစ်က်တို့သည် အစွန်လာမ်သာသနာကို သက်ဝင်ယုံကြည်ပါသည်ဟု လိမ်လည်ပြောဆို၍ အလ္လာဟ်အရှင်မြတ်ကိုပင်လျှင် လှည့်ဖြားလိုကြပေသည်။ ယင်းသူတို့သည် ဤပစ္စုပ္ပန်တွင် လိမ်လည်လှည့်ဖြား၍ ဆက်ဆံမှု ရနေကြဘိသကဲ့သို့ နောင်တမလွန်ဘဝတွင်လည်း ဆက်ဆံမှုရကြလိမ့်မည်ဟု ထင်မှတ်နေကြသည်။ ဤကား ယင်းသူတို့၏ မိုက်မဲမှုပင်တည်း။ မာဂျိဒီ။ အ-၁၊ စ-၂၂၃။

مُّذَبۡذَبِينَ بَيۡنَ ذَٰلِكَ لَآ إِلَىٰٓ هَٰٓؤُلَآءِ وَلَآ إِلَىٰ هَٰٓؤُلَآءِۚ وَمَن يُضۡلِلِ ٱللَّهُ فَلَن تَجِدَ لَهُۥ سَبِيلٗا ١٤٣

၁၄၃။ (ယင်း 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ်လင်မ်တို့သည်) 'အီမာန်' ယုံကြည်မှုနှင့် 'ကုဖ်ရ်' မယုံမကြည် သွေဖည်ငြင်းပယ်မှု၏ စပ်ကြားဝယ် (မည်သည့်ဘက်ကိုမျှ) အတိတကျ စိတ်ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ၊ ထိုဘက်မရောက်၊ ဤဘက်မရောက် (သို့လော၊ သို့လော ယုံမှား သံသယတည်းဟူသော ဝိစိကိစ္ဆာ စိတ်နှစ်ခွထားရှိသူများ) ဖြစ်နေကြကုန်၏။

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမဆို လမ်းမှား၌ ထားရှိတော်မူပါလျှင် အသင်သည် ထိုသူ၏အဘို့ မည်သည့်နည်းလမ်းကိုမျှ အလျင်း တွေ့ရှိမည်မဟုတ်ချေ။

---

① "ထိုအရှင်မြတ်သည် ထိုသူတို့အား လှည့်ဖြားတော်မူသော အရှင်ဖြစ်တော်မူ၏" ဟူသော မုက္ခပါဠ်တော်၏ အလိုမှာ ထိုအရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ လှည့်ဖြားခြင်းကြောင့် အပြစ်ဒဏ်ခတ်တော်မူမည်ဟူ၏။ (ကဗီရ်)

② မုနာဖစ်က်တို့တွင် 'အီမာန်' မရှိပေရာ ယင်းသူတို့သည် 'ဆွလာတ်' ဝတ်ပြုခြင်းကို အလ္လာဟ်အရှင်မြတ်သတ်မှတ် ပြဋ္ဌာန်းထားတော်မူသော 'ဖရ်ဿ်' ဟူ၍လည်း မယူဆကြပေ။ ဆွလာတ်ဝတ်ပြုခြင်းအားဖြင့် ကုသိုလ်အကျိုး ရရှိသည်ကိုလည်း မယုံကြည်ကြပေ။ သို့ဖြစ်ရာ ယင်းသူတို့သည် အဘယ်မှာလျှင် ဆွလာတ် ဝတ်ပြုကြပေမည်နည်း။ ဆွလာတ် ဝတ်မပြုကြပေ။ သို့ရာတွင် မွတ်စ်လင်မ်တို့စပ်ကြားတွင် ရောက်ရှိ၍ မလွဲမရှောင်သာသည့် အခါမျိုး၌ ရုက်ကိုးရုက်ကန်းဖြင့် ဝတ်ပြုကြရပြန်လျှင် ပြစားရန် အတွက်သာ ပျင်းရိစွာ ဆွလာတ် ဝတ်ပြုကြလေသည်။

ဆွလာတ် ဝတ်ပြုရာတွင် စိတ်ပါဝင်စားမှု၊ စိတ်၏ ကြည်လင်မှု၊ ဟဒယပျော်ရွှင်မှု၊ ကိုယ်ကာယ၏ သွက်လက်မှုသည် အီမာန် ယုံကြည်မှုအပေါ်၌ တည်ရှိပေသည်။ မုနာဖစ်က်တို့တွင် အီမာန်သည် စိုးစဉ်မျှပင် မရှိပေရာ ယင်းသူတို့တွင် ဆွလာတ်ဝတ်ပြုရာ၌ ဟဒယပျော်ရွှင်မှုအသို့လျှင် ဖြစ်ပေါ်နိုင်အံ့နည်း။ ပျင်းရိမှုသာလျှင် ဖြစ်ပေါ်ပေမည်။

ဤနေရာတွင် ဆွလာတ် ဝတ်ပြုခြင်းကို အထူးတလည် ထုတ်ဖော် မိန့်ဆိုထားတော်မူခြင်း အကြောင်းမှာ ဆွလာတ်သည် အစ္စလာမ်သာသနာ၏ မဏ္ဍိုင်ကြီးတစ်ခုဖြစ်၏။

ကာယက်မြောက် လိုက်နာပြုကျင့်ရသော ခဝပ်မှုများတွင် ဆွလာတ်ဝတ်ပြုမှုကိုပင် မုနာဖစ်က်တို့သည် ပစ်ပယ်သမှုပြုနေကြလျှင် အခြားကျင့်စဉ်များကို အသို့ လျစ်လျူရှုထားကြမည်ကို ထုတ်ဖော်ရေးသားရန်ပင် မလိုပေ။ (မာဂျိဒီ)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّخِذُوا۟ ٱلْكَٰفِرِينَ أَوْلِيَآءَ مِن دُونِ ٱلْمُؤْمِنِينَ ۚ أَتُرِيدُونَ أَن تَجْعَلُوا۟ لِلَّهِ عَلَيْكُمْ سُلْطَٰنًا مُّبِينًا ﴿١٤٤﴾

၁၄၄။ အို- 'မုအ်မင်န်' ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိသူအပေါင်းတို့၊ အသင်တို့သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့မှတပါး 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့အား ကလျာဏ မိတ်သဟာယ အဆွေခင်ပွန်း မပြုလုပ်ကြကုန်လင့်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အဘို့ မိမိတို့နှင့်ဆန့်ကျင်၍ ထင်ရှားစွာသောသက်သေခံကို ပြုလုပ်လိုကြပါသလော။

إِنَّ ٱلْمُنَٰفِقِينَ فِى ٱلدَّرْكِ ٱلْأَسْفَلِ مِنَ ٱلنَّارِ ۖ وَلَن تَجِدَ لَهُمْ نَصِيرًا ﴿١٤٥﴾

၁၄၅။ ဧကန်အမှန် 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ်လင်မ်တို့သည် ငရဲဘုံ၏ အောက်ဆုံးအထပ်၌ ရှိကြလတ္တံ့။ ၎င်းပြင်အသင်သည် ထိုသူတို့အဘို့ ကူညီစောင်မမည့်သူဟူ၍လည်း တဦးတယောက်ကိုမျှ တွေ့ရှိရမည်မဟုတ်ပေ။ ၁

إِلَّا ٱلَّذِينَ تَابُوا۟ وَأَصْلَحُوا۟ وَٱعْتَصَمُوا۟ بِٱللَّهِ وَأَخْلَصُوا۟ دِينَهُمْ لِلَّهِ فَأُو۟لَٰٓئِكَ مَعَ ٱلْمُؤْمِنِينَ ۖ وَسَوْفَ يُؤْتِ ٱللَّهُ ٱلْمُؤْمِنِينَ أَجْرًا

၁၄၆။ သို့ရာတွင် အကြင်သူတို့သည် သတိသံဝေဂနောင်တတရား ရရှိခဲ့ကြသည့်ပြင် ၎င်းတို့သည် မိမိတို့၏အခြေအနေကိုလည်း ပြုပြင်ခဲ့ကြကုန်အံ့။ ထိုမှတပါးယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်(၏ အမိန့်တော်များ)ကိုလည်း မြဲမြံစွာ ဖက်ကိုင်ထားခဲ့ကြကုန်အံ့၊ ၎င်းပြင်ထိုသူတို့သည် မိမိတို့၏ 'သာသနာကိုလည်း သီးသန့် အလ္လာဟ်အရှင်မြတ်အဘို့ ဖြစ်စေခဲ့ကြကုန်အံ့။ ထိုသူတို့သည် 'မုအ်မင်န်' ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိသောသူတို့နှင့်အတူတကွရှိကြလတ္တံ့။ ၂

---

① မုနာဖစ်က်သည် ကာဖိရ်ပင်ဖြစ်၏။ ကာဖိရ်ထက်ပင် ပိုမိုဆိုးရွားဏ်။ အဘယ်ကြောင့်ဆိုသော် မုနာဖစ်က်သည် 'ကုဖ်ရ်' တည်းဟူသောအပြစ်ကို ကျူးလွန်သည် သာမက 'နိဖါက်' အယောင်ဆောင်မှု၊ ဖြားယောင်းမှုတည်းဟူသော အပြစ်ကိုပါ ကျူးလွန်သူ ဖြစ်သောကြောင့် ဖြစ်၏။ ထို့အတွက်ကြောင့်ပင် မုနာဖစ်က်တယောက်သည် သာမန်ရိုရိုး ကာဖိရ် တစ်ယောက်ထက် ပိုမို ဆိုးရွားသော အပြစ်ဒဏ်ကိုခံရပေမည်။ (မာဂျိဒီ)

② ဤမုက္ခပါဠိတော်တပုဒ်လုံး၏ အကျဉ်းသဘောမှာ အလွန်ကြီးလေးသော အပြစ်ဒဏ်များကို ခံထိုက်သော မုနာဖစ်က်များသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် လွတ်ငြိမ်းချမ်းသာခွင့်မှာ ရမှုန်ကင်းကြရန် မဟုတ်သေးပေ။ အကယ်၍ မုနာဖစ်က်များသည် ဝန်ချတောင်းပန်ကြမည်။ မိမိတို့၏အပြုအမူ၊ အခြေအနေ ➤➤

عَظِيمًا ﴿١٤٧﴾

ဂုဏ်ပြင် မကြာမြင့်မီ အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သော သူတို့အား ကြီးကျယ် မြင့်မြတ်လှသော အကျိုးဆုလဒ်ကို ချီးမြှင့်ပေးသနားတော်မူအံ့။

مَا يَفْعَلُ اللَّهُ بِعَذَابِكُمْ إِن شَكَرْتُمْ وَآمَنتُمْ ۚ وَكَانَ اللَّهُ شَاكِرًا عَلِيمًا ﴿١٤٧﴾

၁၄၇။ အို-'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်အပေါင်းတို့၊ အကယ်၍သာ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိ အဆုံးမရှိသော) ကျေးဇူးတော်များကိုသိကြ၍ 'အီမာန်' ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြပါမူ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အဘယ်သို့လျှင် အပြစ်ဒဏ်ပေးတော်မူအံ့နည်း။ [၁]

အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် ကောင်းမှုပြုသူတို့အား ရက်ရောစွာ ကောင်းကျိုးပေးသနားတော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင်တည်း။

➤➤ များကို အစွန်လာမ် တရားတော်နှင့်အညီ ပြုပြင် ပြောင်းလဲကြမည်။ အလ္လာဟ်အရှင်မြတ်ကိုသာလျှင် မှီခိုအားထားကြမည်။ စိတ်စေတနာ ဖြူစင်စွာဖြင့် သာသနာကို အလ္လာဟ်အရှင်မြတ်အတွက် သက်သက် ပြုလုပ်ကြမည်ဆိုလျှင် ထိုသူတို့သည် မုအ်မင်နဲ်များနှင့်အတူ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်များကို ခိုလှုံကြရပေမည်။

ဝန်ချတောင်းပန်မှု၊ ပြုပြင်ပြောင်းလဲမှု စသည်တို့သည် စေတနာ အလျောက်ပြုစွမ်းနိုင်သော အရာများဖြစ်၏။ အချိန်မရွေး နေရာမရွေးပြုနိုင်၏။

သို့ဖြစ်ပေရာ မုနာဖစ်က်များသည်ပင်လျှင် အလိုဆန္ဒရှိက ဝန်ချတောင်းပန်၍ အစွန်လာမ်တရားတော်ကို လိုက်နာကျင့်သုံးကြပြီး မုအ်မင်နဲ်တို့၏ ဘောင်သို့ ကူးပြောင်းနိုင်ကြပေသည်။ (မာဂျီဒီ)

① ဤမုက္ခပါဠိတော်သည် မုနာဖစ်က်တို့အား ရည်ညွှန်း၍ မိန့်ဆိုထားတော်မူသော မုက္ခပါဠိတော်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကြောင်းမဲ့ အပြစ်ဒဏ်ပေးတော်မူသည်မဟုတ်ချေ။

မုနာဖစ်က်တို့သည် မိမိတို့၏ ကျေးဇူးကန်းမှု၊ သွေဖည်ငြင်းပယ်မှုများကြောင့် မိမိတို့ကိုယ်ကို မိမိတို့ပင်လျှင် ဂျန္နတ်၏ အမတသုခများနှင့် မထိုက်တန်အောင် ပြုလုပ်ထားကြပေသည်။ မုနာဖစ်က်တို့ ခံစားရမည့် အပြစ်ဒဏ်သည် ယင်းသူတို့ကျူးလွန်သော ပြစ်မှုတို့၏ အကျိုးသာ ဖြစ်ချေသည်။

အကယ်၍ မုနာဖစ်က်တို့သည် ကျေးဇူးတော်များကို သိတတ်၍ 'အီမာန်' ယုံကြည်ကြမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်များကို မုချခိုလှုံကြရပေမည်။

لَا يُحِبُّ اللَّهُ الْجَهْرَ بِالسُّوءِ مِنَ الْقَوْلِ إِلَّا مَنْ ظُلِمَ ۚ وَكَانَ اللَّهُ سَمِيعًا عَلِيمًا ﴿١٤٨﴾

၁၄၈။ အလ္လာဟ် အရှင်မြတ်သည် (သူတပါး၏) မကောင်းကြောင်း ထုတ်ဖော်ပြောဆိုသည်ကို နှစ်မြို့တော်မမူချေ၊ သို့ရာတွင် နှိပ်စက်ညှဉ်းပန်းခြင်း ခံရသောသူမှာကား (မိမိအား နှိပ်စက်သူ၏ မကောင်းကြောင်းကို ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိပေသည်။) [၁]

အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသောသူ၏ ပြောဆိုမှုကို) ကောင်းစွာ ကြားသိတော် မူသောအရှင်၊ (ညှဉ်းပန်းနှိပ်စက်သော သူ၏အကြောင်းကိုလည်း) ကောင်းစွာ သိရှိတော် မူသောအရှင်၊ ဖြစ်တော်မူသည်။

إِنْ تُبْدُوا خَيْرًا أَوْ تُخْفُوهُ أَوْ تَعْفُوا عَنْ سُوءٍ فَإِنَّ اللَّهَ كَانَ عَفُوًّا قَدِيرًا ﴿١٤٩﴾

၁၄၉။ (ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသောသူ၌ မိမိမကျေမနပ် ဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုညည်းညူနိုင်ခွင့် ရှိငြားလည်း) အကယ်၍ အသင်တို့သည် ကောင်းမှုတစုံတရာကို ထုတ်ဖော်ကြပါလျှင်၊ သို့မဟုတ် ယင်းကောင်းမှုကို ဖုံးအုပ်ကြပါလျှင်၊ သို့တည်းမဟုတ် အသင်တို့သည် (တစုံတယောက်သောသူ၏) ပြစ်မှုတစ်စုံတရာကို ခွင့်လွှတ်ကြပါလျှင် (ဤသည် အကောင်းဆုံးပင်တည်း။ အကြောင်းသော်ကား) ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည်လည်း အလွန်တရာ ခွင့်လွှတ်တော် မူသောအရှင်၊ အလွန်တရာ စွမ်းဆောင်နိုင်တော် မူသောအရှင် ဖြစ်တော်မူ၏။ [၂]

---

① ဤမုကဒ္ဒပါဠိတော်အရ ပိသုနဝါစာ ကုန်းချောခြင်း၊ ဖရုသဝါစာ ကြမ်းကြုတ်သော စကားပြောဆိုခြင်း၊ သူတပါး၏ဂုဏ်အသရေကို ထိခိုက်စေသော စကားပြောဆိုခြင်း၊ သူတပါး၏ ရှေ့တွင်သော်၎င်း၊ နောက်ကွယ်ရာတွင်သော်၎င်း ရုန့်ရင်းကြမ်းတမ်းသော စကားပြောဆိုခြင်းများသည် အလျင်း မပြုအပ်ပေ။ သို့ရာတွင် နှိပ်စက်ညှဉ်းပန်းခြင်းခံရသူတဦးသည် မိမိအားနှိပ်စက်ညှဉ်းပန်းသူ၏ နှိပ်စက်ကလူပြုမှုခြင်းကို ထုတ်ဖော် ပြောဆိုပိုင်ခွင့်ရှိသည်၊ ယင်းသို့ပြောဆိုရာတွင်လည်း ဟုတ်မှန်သမျှကိုသာလျှင် ပြောဆိုပိုင်သည်၊ မဟုတ်မမှန် လုပ်ကြံ၍ကား အလျင်း မပြောပိုင်ပေ။ အချုပ်အားဖြင့် သူတပါး၏မကောင်းကြောင်းကို အကြောင်းမဲ့ ➤➤

إِنَّ الَّذِينَ يَكْفُرُونَ بِاللَّهِ وَرُسُلِهِ وَيُرِيدُونَ أَنْ يُفَرِّقُوا بَيْنَ اللَّهِ وَرُسُلِهِ وَيَقُولُونَ نُؤْمِنُ بِبَعْضٍ وَنَكْفُرُ بِبَعْضٍ وَيُرِيدُونَ أَنْ يَتَّخِذُوا بَيْنَ ذَٰلِكَ

၁၅၀။ ဧကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ "ရာသူလ်" တမန်တော်တို့ကို ငြင်းပယ်ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် (အီမာန်ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိရာ၌လည်း) အလ္လာဟ်အရှင်မြတ်နှင့် ထို အရှင်မြတ်၏ "ရာသူလ်" တမန်တော်တို့၏ စပ်ကြား တွင် ခွဲခြား လိုကြကုန်သည်။ ထိုမျှမက သေးချေ၊ ယင်းသူတို့သည် (မိမိတို့၏နှုတ်ဖြင့်) ငါတို့သည် အချို့ ("ရာသူလ်" တမန်တော်များ)ကို ယုံကြည် ကြကုန်၏။

➤➤ အကျိုးမဲ့ ဘယ်သောအခါ၌မျှ မပြောသင့် မပြောအပ် မပြောရာ။
ကြည့်-မာဂျိဒီ၊ အတွဲ-၁၊ စာမျက်နှာ-၂၂၅။ အောက်ခြေအမှတ်-(၇၉၆)။

ဓမ္မသတ်။

အကြင်သူတဦးကြောင့် သာသနာရေးတွင်သော်၎င်း၊ လောကီရေးတွင်သော်၎င်း၊ ဘေးအန္တရာယ် တစုံတရာ ပေါ်လာမည်ကို စိုးရိမ်ရလျှင် ထိုသို့သောသူ၏ အကြောင်းကိုမူ လူအများသိလေအောင် ထုတ်ဖော်ပြောဆိုခြင်းသည် "ဝါဂျစ်မ်" ဖြစ်သည်၊ မုချထုတ်ဖော်ပြောဆိုရပေမည်။ (ထာနဝီ)။

ⓙ ဤမုဏ္ဍပါဠိတော်တွင် ကောင်းမှု၏ အဆင့်အတန်း သုံးမျိုးသုံးစားကို ကြီးစဉ်ငယ်လိုက် မိန့်ဆိုထားတော်မူ၏။ (၁) လူတယောက်သည် ကောင်းမှုတခုပြု၏။ ထိုကောင်းမှုကို လူအများသိအောင်လည်း ထင်ရှားစေ၏၊ လူအများ၏ချီးကျူးခြင်းကို လိုလား၏၊ ဤလည်းကောင်းမှုပင်ဖြစ်၏၊ သို့ရာတွင်အငယ်စားဖြစ်၏။ (၂) လူတဦးသည် ကောင်းမှုတခုပြု၏၊ ထိုကောင်းမှုကို လူအများမသိရလေအောင် လျှို့ဝှက်ထား၏၊ ထိုသူသည် အများ၏ချီးကျူးသံကိုလည်း မလိုလားပေ၊ အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကိုသာလျှင် လိုလား၏၊ ဤကောင်းမှုသည် ပထမကောင်းမှုထက် အဆင့်အတန်းမြင့်ပေသည်။ (၃) လူတဦးသည် မိမိအား သူတပါးက နှိပ်စက်ကလူ ပြုခြင်းကိုခံရ၏၊ ထိုသူသည် မိမိအားနှိပ်စက်ကလူပြုသူကို လက်စားမချေ၊ ခွင့်လွှတ်လိုက်၏၊ ဤကဲ့သို့ မိမိအားနှိပ်စက်ကလူပြုသူကို လက်စားမချေ၊ ခွင့်လွှတ်လိုက်၏၊ ဤကဲ့သို့မိမိအား နှိပ်စက်ကလူပြုသူကို လက်စားမချေဘဲ မိမိ၏စိတ်ကို ချိုးနှိမ်ကာခွင့်လွှတ်ခြင်းသည် လူသားတို့အဘို့ မလွယ်ကူသော ကိစ္စပင်ဖြစ်၏။ ဤကောင်းမှုသည် ပထမကောင်းမှု၊ဒုတိယကောင်းမှုများထက် အဆင့်အတန်းမြင့်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် လက်စားချေနိုင်တော်မူပါလျက် ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူ၏၊ ဤမုဏ္ဍပါဠိတော်တွင် ဤဂုဏ်တော်ကို မိန့်ဆိုထားတော်မူခြင်းမှာ လူသားတို့သည် လည်း အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို နှလုံးသွင်းကာ မိမိတို့အား နှိပ်စက်ကလူပြုသူများကို ခွင့်လွှတ်ပေးကြရန် နှိုးဆော်ထားတော်မူခြင်းပင်ဖြစ်သည်။ ရှု-မာဂျိဒီ၊အတွဲ-၁။ စာမျက်နှာ-၂၂၅၊အောက်ခြေအမှတ်-၇၉၈။

سَبِيلًا ﴿١٥٠﴾

သို့ရာတွင် အချို့(“ရှုလ်” တမန်တော်များ)ကိုမူ ငြင်းပယ်ကြသည် ဟူ၍လည်း၊ ပြောဆိုကြကုန်သည်။ ထိုမှတပါး တုံ့ ၎င်းတို့သည် ယင်း(“ကုဖ်ရ်” သွေဖည် ငြင်းပယ်မှုနှင့် ‘အီမာန်’ ယုံကြည်မှု)၏ အလယ်အကြားတွင် နည်းလမ်းတခုကိုလည်း ပြုလုပ်လိုကြကုန်သတည်း။ ③

أُولَٰئِكَ هُمُ الْكَافِرُونَ حَقًّا ۚ وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا ﴿١٥١﴾

၁၅၁။ (သို့ဖြစ်ပေရာ) ထိုသူတို့သည်သာလျှင် မုချ “ကာဖိရ်” သွေဖည် ငြင်းပယ်သောသူများ ဖြစ်ကြကုန်၏။ ငါအရှင်မြတ်သည် “ကာဖိရ်” သွေဖည် ငြင်းပယ်သော သူတို့အဘို့ ဂုဏ်ရည် သေးသိမ်စေသောအပြစ်ဒဏ်ကို အဆင်သင့် ပြင်ဆင်ထားရှိတော်မူပြီး ဖြစ်ချေသတည်း။

وَالَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ وَلَمْ يُفَرِّقُوا بَيْنَ أَحَدٍ مِّنْهُمْ أُولَٰئِكَ سَوْفَ يُؤْتِيهِمْ أُجُورَهُمْ ۗ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ﴿١٥٢﴾

၁၅၂။ သို့ရာတွင် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထို အရှင်မြတ်၏ “ရှုလ်” တမန်တော်တို့ကို ယုံကြည် ခဲ့ကြ၏။ (“အီမာန်” ယုံကြည်ခြင်း သဒ္ဒါတရားထားရှိရာ၌)၎င်း၊ (‘ရှုလ်’ တမန်တော်) တို့အနက် မည်သည့်. (“ရှုလ်” တမန်တော်)တပါးကိုမျှ ခွဲခြားခြင်းကိုလည်း မပြုခဲ့ကြချေ။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ယင်းသူတို့အား ၎င်းတို့၏ ကုသိုလ်အကျိုးများကို မုချ ချီးမြှင့်ပေးသနားတော်မူအံ့။

---

③ ဤမုက္ခပါဠ်တော်သည် ယဟူဒီများအား အဓိကအားဖြင့် ရည်ညွှန်းသည်မှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် ယဟူဒီများသည် အတိတ်ခေတ်တွင် ပွင့်တော်မူခဲ့ကြသည့်. နဗီ တမန်တော်များအနက် မြောက်များစွာသော နဗီတမန်တော်များအား ယုံကြည်မြတ်နိုးကြသော်လည်း မိမိတို့၏ အဆက်အနွယ်တွင် ပွင့်တော်မူသော နဗီတမန်တော် ယာဟ်ယာ(အလိုင်ဟစ္စလာမ်)၊ နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်)တို့ကိုကား မယုံကြည်ကြပေ၊ နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကိုလည်း မယုံကြည်ကြပေ။

ၚင်းပြင် ဤမုက္ခပါဠ်တော်တွင် နဆ္ဆရာနီများလည်း အကျုံးဝင်နိုင်ပေသည်၊ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကို အတည့်.အလင်း ငြင်းဆိုကြ၏၊ ➤➤

အမှန်စင်စစ်သော်ကား အလွှာဟ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်း ချမ်းသာခွင့် ပေးသနားတော် မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။

يَسْـَٔلُكَ أَهْلُ ٱلْكِتَٰبِ أَن تُنَزِّلَ عَلَيْهِمْ كِتَٰبًا مِّنَ ٱلسَّمَآءِ فَقَدْ سَأَلُوا۟ مُوسَىٰٓ أَكْبَرَ مِن ذَٰلِكَ فَقَالُوٓا۟ أَرِنَا ٱللَّهَ جَهْرَةً فَأَخَذَتْهُمُ ٱلصَّٰعِقَةُ بِظُلْمِهِمْ ۚ ثُمَّ ٱتَّخَذُوا۟ ٱلْعِجْلَ مِنۢ بَعْدِ مَا

၁၅၃။ (အို- နဗီတမန်တော်) ရှေးအထက် ကျမ်းဂန်ရရှိသူ (ယဟူဒီ)တို့သည် ရေးသားပြီးဖြစ်သော ကျမ်းဂန် တစောင်လုံးကို (လောလောဆယ်ပင်) မိမိတို့ထံ ကောင်းကင်မှ ချပေးစေရန် အသင့်ထံတောင်းဆိုကြပါလျှင်၊ မလွဲဧကန် ၎င်းတို့သည် (နဗီတမန်တော်) မူစာ၏ထံ ယင်းထက် ကြီးကျယ်သောအချက်ကိုပင် တောင်းဆိုခဲ့ဘူးကြ၏။ [၁] ၎င်းတို့သည် (နဗီတမန်တော်မူစာကို) "အသင်သည် ကျွန်ုပ်တို့အား အလွှာဟ် အရှင်မြတ်ကို အထင်အရှားပြပါလေ" ဟု ပြောဆိုခဲ့ကြကုန်၏။ သို့ဖြစ်၍ ၎င်းတို့၏ ဆိုးသွမ်းမှုကြောင့် မိုးကြိုး လောင်မီးသည် ၎င်းတို့အား ဖမ်းဆီး(ကွပ်မျက်)ခဲ့လေသည်။

➤➤ တမန်တော် အီစာ(အလိုင်ဟစ္စလာမ်)ကိုလည်း နဗီတမန်တော်၏ အဆင့်အတန်းတွင် မထားဘဲ ကိုးကွယ်ရာ အရှင်မြတ်ဟူ၍ မှတ်ယူ ကိုးကွယ်ကြ၏။

① နဗီတမန်တော်မြတ်ထံ ထိုကဲ့သို့ တောင်းဆိုသောသူများမှာ မဒီနာမြို့ရှိ ယဟူဒီများ၊ အထူးသဖြင့် ကာအ်ဗ် အီဗ်နုအရှ်ရဖ်နှင့် ၎င်း၏အပေါင်းအဖော်များ ဖြစ်ကြ၏။ ယဟူဒီများက ကျွန်ုပ်တို့သည် ကောင်းကင်တမန်တပါးမှ တဆင့် နဗီတမန်တော်တပါး၏ စိတ်နှလုံးတွင်းသို့ကျရောက်သော "ဝဟီ" အမိန့်တော်များကို မယုံကြည်၊ တမန်တော်မူစာထံသို့ ရေးသားထားသည့်အမိန့် ပညတ်တော် ၁၀-ပါး ကျရောက်ခဲ့၏၊ အကယ်၍ အသင်သည် မိမိပြောဆိုသည့်အတိုင်း နဗီတမန်တော်တပါးဖြစ်ပါလျှင် ကောင်းကင်မှ ရေးသားပြီးဖြစ်သော ကျမ်းဂန်တစောင် တင်ပြပါဟု နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား တောင်းဆိုကြ၏။ ကြည့်.-မာဂျိဒီ။ အစောင်-၁။ စာမျက်နှာ-၂၂၆။

ယဟူဒီများက နဗီတမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရေးသားပြီးဖြစ်သော တောင်ရာတ်ကျမ်းသည် တမန်တော်မူစာထံ ကျရောက်သကဲ့သို့ မိုးကောင်းကင်မှ ရေးသားပြီးဖြစ်သော ကျမ်းဂန် တစောင်ကို ယင်းသူတို့ထံ ချပေးစေရန် တောင်းဆိုကြ၏။ (အီဗ်နုကဆီရ်)။ ➤➤

جَآءَتْهُمُ الْبَيِّنٰتُ فَعَفَوْنَا عَنْ ذٰلِكَ ۚ وَاٰتَيْنَا مُوْسٰى سُلْطٰنًا مُّبِيْنًا ﴿١٥٣﴾

တဖန် ထိုသူများသည် မိမိတို့.ထံ ထင်ရှားစွာသော သက်သေလက္ခဏာများ ရောက်လာပြီးသည့်နောက်၌ပင် နွားငယ်ကလေး(၏)ရုပ်တု)ကို (ကိုးကွယ်ရာဘုရားအဖြစ်) ပြုလုပ်(ကိုးကွယ်)ခဲ့.ကြပြန်သည်။ သို့.ပါလျက် ငါ အရှင်မြတ်သည် ယင်းပြစ်မှုကို ခွင့်လွှတ်တော် မူခဲ့.လေသည်။ ထို့.ပြင်တဝ ငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာအား ပေါ်လွင်ထင်ရှားသော သြဇာတိက္ကမ အခွင့်အာဏာကို ချီးမြှင့်ပေးသနားတော် မူခဲ့.လေသည်။

وَرَفَعْنَا فَوْقَهُمُ الطُّوْرَ بِمِيْثَاقِهِمْ وَقُلْنَا لَهُمُ ادْخُلُوا الْبَابَ سُجَّدًا وَّقُلْنَا لَهُمْ لَا تَعْدُوْا فِي السَّبْتِ وَاَخَذْنَا مِنْهُمْ مِّيْثَاقًا غَلِيْظًا ﴿١٥٤﴾

၁၅၄။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့.ထံမှ ပဋိညာဉ်ယူခြင်းငှာ ထိုသူထက်ဝယ် "တူရ်" မည်သောတောင်ကို ပင့်မြှောက်တော် မူခဲ့.၏။ ထို့.ပြင် ငါအရှင်မြတ်သည် ထိုသူတို့.ကို "အသင်တို့.သည် (မြို့.၏)တံခါးပေါက်သို့. ဝပ်တွားး၍ ဝင်ကြလေကုန်" ဟူ၍လည်း မိန့်.ကြားတော်မူခဲ့.၏။ ၎င်းပြင် ထိုသူတို့.အား "အသင်တို့.သည် 'စဗ်တ်' (စနေနေ့.)ဥပုသ်နေ့.နှင့်စပ်လျဉ်း၍ မကျူးလွန်ကြလေနှင့်" ဟူ၍လည်း မိန့်.ကြားတော်မူခဲ့.၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုသူတို့.ထံမှ အလွန်ခိုင်မာသော ပဋိညာဉ်ကိုလည်း ယူခဲ့.တော်မူ၏။

➤➤ ဤကဲ့.သို့. ယဟူဒီများက တမန်တော်မြတ်ထံ တောင်းဆိုကြခြင်းမှာ အထူးအဆန်း မဟုတ်ပေ၊ ထိုသူများသည် ထိုထက်ပင် ကြီးကျယ်သောအချက်ကို တမန်တော်မူစာထံ တောင်းဆိုခဲ့.ကြဘူး၏၊ ယဟူဒီများ၏ တောင်းဆိုခြင်း၏ ရည်ရွယ်ချက်မှာ တရားရယူကြရန် မဟုတ်ဘဲ၊ မနာလို မုန်းထားကြသည့်အတွက် တောင်းဆိုခြင်းသာဖြစ်၏။ တမန်တော်မူစာသည် ရေးသားပြီးဖြစ်သော ကျမ်းဂန်ကိုပင် ယူဆောင်လာခဲ့.၏။ သို့.တစေလည်း ထိုသူများသည် မလိုက်နာခဲ့.ကြချေ၊ မလိုက်နာခဲ့.ကြသည်သာမက တမန်တော်မူစာအား "အသင်သည် ကျွန်ုပ်တို့.အား အလွှာဟ်အရှင်မြတ်ကို အထင်အရှားပြပါ" ဟူ၍ပင် တဆင့်တက်၍ တောင်းဆိုကြပြန်သည်။ အမှန်မှာ ယဟူဒီများ၏ ရာဇဝင်တခုလုံးသည် မနာလိုမုန်းထားမှု၊ သွေဖည်ဆန့်ကျင်မှုများနှင့် ပြည့်လျှံနေသည်မှာ အထင်အရှားပင်။ မာဂျိဒီ။ အစောင်-၁။ စာမျက်နှာ-၂၂၆။

فَبِمَا نَقْضِهِمْ مِّيثَاقَهُمْ وَكُفْرِهِمْ بِآيَاتِ اللَّهِ وَقَتْلِهِمُ الْأَنبِيَاءَ بِغَيْرِ حَقٍّ وَقَوْلِهِمْ قُلُوبُنَا غُلْفٌ ۚ بَل طَبَعَ اللَّهُ عَلَيْهَا بِكُفْرِهِمْ فَلَا يُؤْمِنُونَ إِلَّا قَلِيلًا ﴿١٥٥﴾

၁၅၅။ ထို့နောက် ၎င်းတို့သည် မိမိတို့ထားရှိကြကုန်သော ပဋိညာဉ် ဝန်ခံချက်ကို ဖောက်ဖျက်ခြင်းကြောင့်၎င်း၊ အလ္လာဟ် အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို သွေဖည် ငြင်းပယ်ခြင်းကြောင့်၎င်း၊ နဗီတမန်တော်များကို မတရားသဖြင့် သတ်ဖြတ်ခြင်းကြောင့်၎င်း၊ ယင်းသူတို့က (နဗီတမန်တော်မုဟမ္မဒ်အား "ကျွန်ုပ်တို့၏ စိတ်နှလုံးများသည် ဖုံးအုပ်(လုံခြုံ)ပြီး ဖြစ်လေသည်" ဟု ပြောဆိုခြင်းကြောင့်၎င်း၊ (ပြစ်ဒဏ်အမျိုးမျိုးတို့ကို ခံစားခဲ့ကြရလေသည်)။

စင်စစ်သော်ကား (၎င်းတို့၏ စိတ်နှလုံးသည်) ထိုသို့ အလျင်း ဖုံးအုပ်နေသည် မဟုတ်ပေ။ အမှန်မှာ ထိုသူတို့၏ ငြင်းပယ်သွေဖည်မှုကြောင့် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော် မူခဲ့လေသည်။ သို့အတွက်ကြောင့် ၎င်းတို့သည် အနည်းငယ်မျှသာ ယုံကြည်ကြကုန် သတည်း။

وَبِكُفْرِهِمْ وَقَوْلِهِمْ عَلَىٰ مَرْيَمَ بُهْتَانًا عَظِيمًا ﴿١٥٦﴾

၁၅၆။ ၎င်းပြင် ထိုသူတို့၏ သွေဖည်ငြင်းပယ်မှုကြောင့်၎င်း၊ "မရိယမ်" ၏အပေါ်ဝယ် အကြီး အကျယ် ယိုးစွပ်ခြင်းကြောင့်၎င်း။

وَقَوْلِهِمْ إِنَّا قَتَلْنَا الْمَسِيحَ عِيسَى ابْنَ مَرْيَمَ رَسُولَ اللَّهِ ۖ وَمَا قَتَلُوهُ وَمَا صَلَبُوهُ

၁၅၇။ ထိုမှတပါးတုံ ယင်းသူတို့က "ဧကန်စင်စစ် ကျွန်ုပ်တို့သည် "မရိယမ်" ၏သား အလ္လာဟ် အရှင်မြတ်၏ 'ရာဇူလ်' တမန်တော် 'မစီဟ် အီစာ' ကို သတ်ဖြတ်ခဲ့ကြကုန်သည်" ဟု ပြောဆိုခြင်း ကြောင့် (ငါအရှင်မြတ်သည် ထိုသူတို့ကို ပြစ်ဒဏ် အမျိုးမျိုး ခတ်တော်မူခဲ့၏၊)

وَلَٰكِن شُبِّهَ لَهُمْ ۚ وَإِنَّ
ٱلَّذِينَ ٱخْتَلَفُوا۟ فِيهِ لَفِى
شَكٍّ مِّنْهُ ۚ مَا لَهُم بِهِۦ مِنْ
عِلْمٍ إِلَّا ٱتِّبَاعَ ٱلظَّنِّ ۚ
وَمَا قَتَلُوهُ يَقِينًۢا ﴿١٥٧﴾

အမှန် စင်စစ်သော်ကား ယင်းသူတို့သည် ထိုနဗီတမန်တော်အဓိဋ္ဌာန်ကို သတ်ဖြတ်နိုင်ခဲ့ကြသည်လည်းမဟုတ်ပေ။ [၁] လက်ဝါးကပ်တိုင် တင်နိုင်ခဲ့ကြသည်လည်းမဟုတ်ချေ။ အမှန်မှာကား၊ ၎င်းတို့အဘို့မှာ (လက်ဝါးကပ်တိုင် အတင်ခံရသောသူ၏ အဆင်းသဏ္ဌာန်သည်) ဆင်တူယိုးမှား ဖြစ်စေခြင်း ခံရခဲ့လေသည်။ [၂]

၎င်းပြင် ဧကန်စင်စစ် ထိုနဗီတမန်တော်အဓိဋ္ဌာန်နှင့် ပတ်သက်၍ ကွဲလွဲ ငြင်းခုံကြကုန်သော သူတို့ကား ယင်းနဗီတမန်တော်အဓိဋ္ဌာန်နှင့် ပတ်သက်၍ ဒွိဟသံသယ၌သာ (နစ်မွန်းလျက်) ရှိနေကြသည်မှာ မလွဲဧကန်တည်း။

၎င်းတို့၌ ထိုနဗီတမန်တော် အဓိဋ္ဌာန်နှင့် ပတ်သက်၍ (မိမိတို့၏ မဟုတ်မမှန်သော) ထင်မြင်ယူဆချက်ကို လိုက်နာခြင်းမှတပါး (တိကျမှန်ကန်သော) အသိတရားဟူ၍ အလျင်း မရှိချေ။ စင်စစ်သော်ကား ယင်းသူတို့သည် ထို နဗီတမန်တော် အဓိဋ္ဌာန်အား အမှန်စင်စစ် သတ်ဖြတ်နိုင်ခဲ့ကြသည် မဟုတ်ပေ။

---

① ယဟူဒီများသည် နဗီတမန်တော် အဓိဋ္ဌာန်(အလိုင်ဟစ္စလာမ်)အား နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် သတ်ဖြတ်နိုင်ရန် ကြိုးစားခဲ့ကြလင့်ကစား ထိုသူတို့သည် နဗီတမန်တော် အဓိဋ္ဌာန်(အလိုင်ဟစ္စလာမ်)အား ကာယကံမြောက် သတ်ဖြတ်နိုင်ခဲ့ကြသည်လည်းမဟုတ်ပေ။ လက်ဝါးကပ်တိုင်သို့ တင်နိုင်ခဲ့ကြကုန်သည်လည်း မဟုတ်ချေ။

② နဗီတမန်တော် အဓိဋ္ဌာန်(အလိုင်ဟစ္စလာမ်)အား သတ်ဖြတ်နိုင်ရန် အမျိုးမျိုး ကြိုးစားခဲ့ကြသော ယဟူဒီများသည် တမန်တော်အဓိဋ္ဌာန်အား ကားစင်သို့တင်ရန် ပြုလုပ်ကြသည့်အချိန်တွင် တမန်တော်အဓိဋ္ဌာန်အား ကားစင် မတင်မီဘဲ အခြားသူတဦးကို တမန်တော်အဓိဋ္ဌာန်ဟူ၍ ထင်မှတ်ကာ ကားစင်တင်မိခဲ့ကြ၏။ တမန်တော်အဓိဋ္ဌာန်(အလိုင်ဟစ္စလာမ်)မှာကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် ယင်းသူတို့၏ လက်တွင်းမှ ဘေးမသီရန်မခ လုံးဝလွတ်မြောက်တော် မူခဲ့လေသည်။

بَل رَّفَعَهُ اللَّهُ إِلَيْهِ ۚ وَكَانَ اللَّهُ عَزِيزًا حَكِيمًا ﴿١٥٨﴾

၁၅၈။ ထိုသို့ အလျင်း မဟုတ်ပေ။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် ထိုနဗီတမန်တော်အီစာ အား မိမိအထံတော်သို့ ပင့်ချီ မ,ယူတော်မူခဲ့လေသည်။ [၃] စင်စစ် သော်ကား အလ္လာဟ် အရှင်မြတ်သည် အလွန်အင်အား ကြီးမားတော် မူသောအရှင်၊ ဉာဏ်ပညာနှင့် အလွန်ပြည့်စုံတော် မူသောအရှင်၊ ဖြစ်တော်မူ၏။

وَإِن مِّنْ أَهْلِ الْكِتَابِ إِلَّا لَيُؤْمِنَنَّ بِهِ قَبْلَ مَوْتِهِ ۖ وَيَوْمَ الْقِيَامَةِ يَكُونُ عَلَيْهِمْ شَهِيدًا ﴿١٥٩﴾

၁၅၉။ ၎င်းပြင် ရှေးအထက်ကျမ်းဂန်ကို ရရှိသူ (ယဟူဒီ)တို့အနက် တယောက်မကျန် နဗီတမန်တော် မစီဟ်အီစာ မကွယ်လွန်မီ ထို နဗီတမန်တော် မစီဟ်အီစာအား ယုံကြည်ကြကုန်အံ့။ ထို့ပြင်တဝ ယင်းနဗီတမန်တော် အီစာသည် "ကိယာမတ်" ခေါ် ရှင်ပြန်ထမည့်နေ့တွင် ယင်း (ယဟူဒီ) တို့နှင့် ပတ်သက်၍ သက်သေခံလိမ့်မည် ဖြစ်ချေသတည်း။

فَبِظُلْمٍ مِّنَ الَّذِينَ هَادُوا حَرَّمْنَا عَلَيْهِمْ طَيِّبَاتٍ أُحِلَّتْ لَهُمْ وَبِصَدِّهِمْ عَن سَبِيلِ اللَّهِ كَثِيرًا ﴿١٦٠﴾

၁၆၀။ တဖန် ယဟူဒီတို့၏ (ယင်းကဲ့သို့သော) ကျူးကျော်မှုကြောင့်၎င်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ (လူတို့အား) များစွာ ပိတ်ပင် တားဆီးမှုကြောင့်၎င်း၊ ငါအရှင်မြတ်သည် ၎င်းတို့အတို့ (ယခင်မူလက) ခွင့်ပြုထားသော သန့်စင်ကောင်းမွန် သောအရာများကို ၎င်းတို့အပေါ်၌ "ဟရာမ်" ဟူ၍ တားမြစ်တော်မူခဲ့လေသည်။

---

[၃] အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)အား မိမိတန်ခိုးတော်ဖြင့် မိမိအထံတော်သို့ ပင့်မ ယူဆောင်ထားတော်မူခြင်းဖြစ်သည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်(၃း၅၄)တွင် ပါရှိပြီးဖြစ်၏။

وَّاَخْذِهِمُ الرِّبٰوا وَقَدْ نُهُوْا
عَنْهُ وَاَكْلِهِمْ اَمْوَالَ النَّاسِ
بِالْبَاطِلِ ؕ وَاَعْتَدْنَا لِلْكٰفِرِيْنَ
مِنْهُمْ عَذَابًا اَلِيْمًا ﴿۱۶۱﴾

၁၆၁။ ထို့ပြင်တဝ ထိုသူတို့၏ အတိုးအညွှန့်ကို ယူငင်(စားသုံး)မှုကြောင့်၎င်း၊ အမှန်မှာ ထိုသူတို့သည် ထို(သို့ အတိုးအညွှန့်စားသုံးခြင်း)မှ မြစ်တားခြင်း ခံခဲ့ကြရပေပြီ။ သူတပါးတို့၏ ဥစ္စာပစ္စည်းများကို မတရားသောနည်းဖြင့် စားသုံးမှု ကြောင့်၎င်း၊ (ငါ အရှင်မြတ်သည် ထိုသူတို့အဘို့ ကောင်းမွန်သော အရာများကို မြစ်တားတော် မူခဲ့လေသည်၊) ထိုမှတပါးတဲ့ ငါအရှင်မြတ်သည် ထိုသူတို့အနက်မှ သွေဖည်ငြင်းပယ်သော သူတို့အဘို့ အလွန်ပြင်းပြ နာကျင်ဘွယ်ဖြစ်သော ပြစ်ဒဏ်ကိုလည်း အဆင် သင့်ပြုလုပ် ထားရှိတော်မူပြီး ဖြစ်ပေသတည်း။

لٰكِنِ الرّٰسِخُوْنَ فِي الْعِلْمِ
مِنْهُمْ وَالْمُؤْمِنُوْنَ يُؤْمِنُوْنَ
بِمَآ اُنْزِلَ اِلَيْكَ وَمَآ اُنْزِلَ مِنْ
قَبْلِكَ وَالْمُقِيْمِيْنَ الصَّلٰوةَ
وَالْمُؤْتُوْنَ الزَّكٰوةَ وَالْمُؤْمِنُوْنَ
بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ اُولٰٓئِكَ
سَنُؤْتِيْهِمْ اَجْرًا عَظِيْمًا ﴿۱۶۲﴾

၁၆၂။ သို့ရာတွင် ၎င်း(ယဟူဒီ)တို့အနက်မှ ပညာအရာ၌ ကျွမ်းကျင်လိမ္မာ ခြေမြစ်ခိုင်မာ ရင့်သန်ကြ၍ "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြကုန်သော သူတို့သည် အသင့်ထံ ထုတ်ပြန်ချမှတ်ပြီးဖြစ်သောကျမ်းဂန်ကိုလည်း၊ အသင်၏ အလျင် (အခြားအခြားသောနဗီတမန်တော်များထံ ထုတ်ပြန်ချမှတ်ပြီးဖြစ်သော ကျမ်းဂန်တို့ကိုလည်း၊ ယုံကြည်ကြကုန်၏။ ထို့ပြင်တဝ ၎င်းတို့သည် "ဆွလာတ်" ဝတ်ပြုမှုကို အမြဲထာဝစဉ် ဆောက်တည်သူများလည်း ဖြစ်ကြကုန်၏။ ထိုမှတပါးတဲ့ "ဇကာတ်" တရားဝင် ဒါနကြေးကို ပေးဆောင်သူများလည်းဖြစ်ကြကုန်၏။ ထို့ပြင် ယင်းသူတို့သည် အလွှာဟ်အရှင်မြတ်ကိုလည်း၊ နောက်ဆုံးနေ့ကိုလည်း၊ ယုံကြည်ကြသူများလည်း ဖြစ်ကြ၏။ ဤကဲ့သို့သော သူများပင်တည်း။ ငါ အရှင်မြတ်သည် မုချ ယင်းသူတို့အား ကြီးကျယ်လှစွာသော အကျိုးဆုလဒ်ကို ချီးမြှင့်ပေးသနားတော်မူအံ့။

إِنَّآ أَوۡحَيۡنَآ إِلَيۡكَ كَمَآ أَوۡحَيۡنَآ
إِلَىٰ نُوحٖ وَٱلنَّبِيِّـۧنَ مِنۢ بَعۡدِهِۦۚ
وَأَوۡحَيۡنَآ إِلَىٰٓ إِبۡرَٰهِيمَ
وَإِسۡمَٰعِيلَ وَإِسۡحَٰقَ
وَيَعۡقُوبَ وَٱلۡأَسۡبَاطِ
وَعِيسَىٰ وَأَيُّوبَ وَيُونُسَ
وَهَٰرُونَ وَسُلَيۡمَٰنَۚ وَءَاتَيۡنَا
دَاوُۥدَ زَبُورٗا ١٦٣

၁၆၃။ ဧကန်စင်စစ် ငါ အရှင်မြတ်သည် (နဗီတမန်တော်) "နူဟ်" နှင့် ယင်း (နဗီတမန်တော် "နူဟ်") ၏နောက်၌ ပွင့်ခဲ့ကြလေသော နဗီတမန်တော်တို့ထံသို့ (ဝဟ်ယ်) အမိန့်ဗျာဒိတ်တော်များ ပို့တော်မူဘိသကဲ့သို့ ၎င်း၊ (နဗီတမန်တော်) "အီဗ်ရာဟီမ်"၊ (နဗီတမန်တော်) "အစ္စမာအီလ်"၊ (နဗီတမန်တော်) "အစ္စဟာက်" (နဗီတမန်တော်) "ယအ်ကူဗ်"၊ (ထို နဗီတမန်တော် "ယအ်ကူဗ်"၏) သား- မြေး -မြစ် (တို့တွင် ပွင့်လေသော နဗီတမန်တော်များ)၊ (နဗီတမန်တော်) "အီစာ"၊ (နဗီတမန်တော်) "အိုက်ယူဗ်"၊ (နဗီတမန်တော်) "ယူနုတ်စ်"၊ (နဗီတမန်တော်) "ဟာရူန်" နှင့် (နဗီတမန်တော်) "စုလိုင်မာန်" တို့ထံသို့ (ဝဟ်ယ်) အမိန့်ဗျာဒိတ် တော်များပို့တော်မူဘိသကဲ့သို့ ၎င်း၊ (နဗီတမန်တော်) "ဒါဝူဒ်" အား "ဇဗူရ်" ကျမ်းတော်ကို ချီးမြှင့် ပေးသနားတော်မူဘိသကဲ့သို့ ၎င်း၊ အသင့်ထံသို့လည်း (ဝဟ်ယ်) အမိန့်ဗျာဒိတ်တော်များကို ပို့တော်မူခဲ့လေသတည်း။

وَرُسُلٗا قَدۡ قَصَصۡنَٰهُمۡ عَلَيۡكَ
مِن قَبۡلُ وَرُسُلٗا لَّمۡ
نَقۡصُصۡهُمۡ عَلَيۡكَۚ وَكَلَّمَ

၁၆၄။ ၎င်းပြင် (ငါ အရှင်မြတ်သည်) အကြင် ရာဇဝင်တမန်တော်များ ထံသို့လည်း ("ဝဟ်ယ်" အမိန့်ဗျာဒိတ်တော်များကို ပို့တော်မူခဲ့လေသည်)။ ထိုရာဇဝင်တမန်တော်များ၏ အကြောင်းအထွာပွတို့ကို ငါအရှင်မြတ်သည် ယခင်မူလက အသင်၏ရှေ့ဝယ် ပြောပြတော်မူခဲ့ဘူး၏။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် နဗီ၊ ရာဇဝတမန်တော်ပေါင်း ၁၂၄၀၀၀-ကျော်ကို စေလွှတ်တော်မူခဲ့၏။ ထိုနဗီတမန်တော်များအနက် အချို့နဗီတမန်တော်များ၏အကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် တွေ့ရှိရ၏။ ပွင့်လေကုန်သော နဗီတမန်တော်အားလုံးတို့အား ချွင်းချန်ခြင်း၊ ခွဲခြားခြင်း မရှိဘဲအီမာန် ယုံကြည်ကြရပေမည်။ သို့ယုံကြည်ရာတွင် တမန်တော်အသီးသီး၏အကြောင်းကို အသေးစိတ်သိရန်မလိုပေ။ ကြည့်-မဒါရိုက်။ မာဂျိဒီ။

اللَّهُ مُوسَىٰ تَكْلِيمًا ﴿١٦٤﴾

ထိုနည်းတူစွာ (ငါ အရှင်မြတ်သည်) အကြင်ရရှူလ်တမန်တော်များထံသို့လည်း (“ဝဟ်ယ်” အမိန့်ဗျာဒိတ်တော်များကို ပို့တော်မူခဲ့လေသည်၊) ထိုရရှူလ်တမန်တော်များ၏ အတ္ထုပ္ပတ္တိကို ငါ အရှင်မြတ်သည် အသင်၏ရှေ့ဝယ် ဖေါ်ပြတော်မူခဲ့ဘူးသည်မရှိချေ။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် (နဗီတမန်တော်)မူစာနှင့် (အထူးသဖြင့်) စကားပြောဆိုတော်မူခဲ့လေသတည်း။ [၁]

رُسُلًا مُّبَشِّرِينَ وَمُنذِرِينَ لِئَلَّا يَكُونَ لِلنَّاسِ عَلَى اللَّهِ حُجَّةٌ بَعْدَ الرُّسُلِ ۚ وَكَانَ اللَّهُ عَزِيزًا حَكِيمًا ﴿١٦٥﴾

၁၆၅။ (ငါအရှင်မြတ်သည်) ရရှူလ် တမန်တော်များအား ဝမ်းမြောက်ဘွယ်ရာ သတင်းပေးသူများ အဖြစ်၎င်း၊ သတိပေး နှိုးဆော်သူများအဖြစ်၎င်း၊ (စေလွှတ်တော်မူခဲ့လေသည်။ ယင်းသို့ စေလွှတ်တော်မူခြင်းမှာ) ထိုရရှူလ်တမန်တော်များ ရောက်ရှိလာကြပြီးနောက် (“ကိယာမတ်” ခေါ် ရှင်ပြန်ထရမည့်နေ့တွင်) အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်၌ လူတို့အဘို့ အကြောင်းပြချက် မရှိစေရန်အလို့ငှာ ဖြစ်ချေသည်။ [၂] အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို နိုင်နင်း လွှမ်းမိုးတော်မူသောအရှင်၊ ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော် မူစာ (အလိုင်ဟစ္စလာမ်) နှင့် မိမိစပ်ကြားတွင် အဆက်အသွယ်မထားဘဲ စကားပြောကြားတော်မူခဲ့လေသည်။ ကြည့်-ဂျလာလိုင်န်။

စပ်ကြားတွင် အဆက်အသွယ်မထားဘဲ စကားပြောကြားတော်မူခြင်းသည် (ဝဟီ) ၏ အဆင့်အတန်းများအနက် အမြင့်မြတ်ဆုံး အဆင့်အတန်းပင်ဖြစ်ချေသည်။ ကြည့်-ရူဟုလ်မအာနီ၊ မာဂျိဒီ။

② အလ္လာဟ်အရှင်မြတ်သည် ‘အွန်မတ်’ လူမျိုး အသီးသီးတို့ထံသို့ နဗီတမန်တော်များကို စေလွှတ်တော်မူခဲ့၏။ ကြည့်-ကုရ်အာန်(၃၅း၂၄)။ အကယ်၍သာလူသားတို့ထံ နဗီတမန်တော်များကို စေလွှတ်တော်မမူပါက ယင်းသူတို့သည် မိမိတို့ထံသို့နဗီတမန်တော်များအား စေလွှတ်တော်မမူခြင်းကိုအကြောင်းပြကြပေမည်။ ကြည့်-ကုရ်အာန် (၂၀း၁၃၄။ ၂၈း၄၇။ ၂၈း၅၉။ ၁၇း၁၅။ ၆း၁၅၆-၁၅၈။)။ ယင်းသူတို့ထံ နဗီတမန်တော်များ ရောက်လာကြပြီးသည့်နောက်ပိုင်းတွင်မူ မိမိတို့၏သွေဖည်ငြင်းပယ်မှုများနှင့် စပ်လျဉ်း၍ တစုံတရာ အကြောင်းပြနိုင်ကြမည် မဟုတ်ပေ။

لَٰكِنِ ٱللَّهُ يَشْهَدُ بِمَآ أَنزَلَ إِلَيْكَ أَنزَلَهُۥ بِعِلْمِهِۦ ۖ وَٱلْمَلَٰٓئِكَةُ يَشْهَدُونَ ۚ وَكَفَىٰ بِٱللَّهِ شَهِيدًا ﴿١٦٦﴾

၁၆၆။ သို့ရာတွင် (ယင်းသူတို့က အသင် နဗီတမန်တော်ဖြစ်ကြောင်း ငြင်းပယ်ကြသော်လည်း) အလ္လာဟ် အရှင်မြတ်သည် (အသင် နဗီတမန်တော်ဖြစ်ကြောင်းကို) မိမိ ချပေးသနားတော်မူခဲ့သော (ကုရ်အာန်) ကျမ်းတော်မြတ်ဖြင့် သက်သေခံတော်မူလေသည်။ [၁] ထို အရှင်မြတ်သည် ယင်းကျမ်းတော်မြတ်ကို မိမိ အသိပညာတော်နှင့်တကွ ချပေးသနားတော်မူခဲ့လေသည်။ ၎င်းပြင် "မလာအိကဟ်" အပါးတော် စေတမန်အပေါင်းတို့လည်း (အသင် နဗီတမန်တော်ဖြစ်ကြောင်းကို) သက်သေခံလျက် ရှိကြကုန်သည်။ [၂] အမှန်စင်စစ်သော်လည်း အလ္လာဟ် အရှင်မြတ်သည်ပင် သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။

ထုတ်ပြန်ပို့ချတော်မူခြင်းအကြောင်း။

တနေ့သ၌ ယဟူဒီတစုသည် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ရောက်လာကြ၏။ တမန်တော်မြတ်က ထိုသူတို့အား "အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ပြောမည်၊ မုချ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ရာဇူလ်တမန်တော်ဖြစ်ကြောင်းကို အသင်တို့အမှန်သိကြသည်" ဟု ပြောကြားတော်မူရာ ယဟူဒီများက "ဤသည်ကို ကျွန်ုပ်တို့မသိကြပါ" ဟု ပြန်လည်ဖြေကြားကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်(၄:၁၆၆)ကို ထုတ်ပြန်ပို့ချတော်မူလေသည်။

ကြည့်-အီဗ်နုကျရီရ်။ အတွဲ-၆၊ စာမျက်နှာ-(၂၂)။

① ကာဖိရ်များသည် တမန်တော်မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) နဗီဖြစ်တော်မူသည်ကို အဘယ်သို့လျှင် ငြင်းဆိုကြလင့်ကစား တမန်တော်မြတ်၏ဂုဏ်ကို စိုးစဉ်းမျှမထိခိုက်ချေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် နဗီဖြစ်ခြင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် သက်သေခံတော်မူခြင်းကြောင့် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ သက်သေခံတော်မူခြင်းသည် အမှန်ကန်ဆုံး၊ အခိုင်လုံဆုံးပင်ဖြစ်၏။ ကြည့်-ကုရ်အာန်-(၆:၁၆၂)၊ "အလ္လာဟ်အရှင်မြတ်သည်ပင်သက်သေအဖြစ် လုံလောက်တော်မူပေသည်"။

② အလ္လာဟ်အရှင်မြတ်သည် စေတမန်များအား စေလွှတ်တော်မူ၍ တမန်တော်မြတ်နှင့်တကွ မုအ်မင်နဲ်တို့အား ကူညီ ယိုင်းပင်းစေတော်မူခဲ့၏။ ကြည့်-ကုရ်အာန်(၈:၁၂)။ အပါးတော်စေတမန် ဂျိဗ်ရီလ်(အလိုင်ဟစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ် အထံတော်မှ ကုရ်အာန်ကျမ်းတော်မြတ်ကို တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ယူဆောင်ပို့ချခဲ့၏။ ကြည့်-ကုရ်အာန်(၂:၉၆)။ ယင်းကဲ့သို့ အပါးတော်စေတမန်များ တမန်တော်မြတ်အား ကူညီယိုင်းပင်းခြင်းသည် တမန်တော်မြတ်အား နဗီဖြစ်ကြောင်း သက်သေခံခြင်းပင်ဖြစ်သည်။

ကြည့်-အလ်မနာရ်၊ အတွဲ- ၆၊ စာမျက်နှာ-(၇၆)။

إِنَّ الَّذِينَ كَفَرُوا وَصَدُّوا عَن سَبِيلِ اللَّهِ قَدْ ضَلُّوا ضَلَالًا بَعِيدًا ﴿١٦٧﴾

၁၆၇။ ဧကန်စင်စစ် အကြင်သူတို့သည် (တမန်တော်မုဟမ္မဒ်သည် နဗီဖြစ်ခြင်းနှင့်စပ်လျဉ်း၍ သက်သေခံအထင်အရှားရှိပါလျက်) မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြ၏။ ၎င်းပြင် အခြားသူများကို အလ္လာဟ်အရှင်မြတ်၏(တရား) လမ်းတော်မှလည်း မြစ်တားခဲ့ကြ၏။ မလွဲဧကန် ထိုသူတို့သည် (တရားလမ်းမှန်မှ) အလွန် ကမ်းလှမ်းဝေးကွာသော လမ်းမှားသို့ ရောက်ရှိခဲ့ကြချေပြီ။

إِنَّ الَّذِينَ كَفَرُوا وَظَلَمُوا لَمْ يَكُنِ اللَّهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ طَرِيقًا ﴿١٦٨﴾

၁၆၈။ ဧကန်စင်စစ် အကြင်သူတို့သည် မယုံမကြည် သွေဖည်ငြင်းပယ်ကြ၏။ ၎င်းပြင် မတော်မတရား ပြုမူခဲ့ကြ၏။ ထိုသူတို့အား အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်လည်းမဟုတ်ပေ။ မည်သည့်လမ်းကိုမျှ ညွှန်ကြားပြသတော်မူမည်လည်းမဟုတ်ချေ။

إِلَّا طَرِيقَ جَهَنَّمَ خَالِدِينَ فِيهَا أَبَدًا ۚ وَكَانَ ذَٰلِكَ عَلَى اللَّهِ يَسِيرًا ﴿١٦٩﴾

၁၆၉။ သို့ရာတွင် (အလ္လာဟ် အရှင်မြတ်သည် ယင်းသူတို့အား) "ဂျဟန္နမ်" ငရဲဘုံ၏လမ်းကိုသာ (ညွှန်ကြားပြသတော်မူအံ့)၊ ၎င်းတို့သည် ထိုငရဲဘုံ၌ ထာဝစဉ်နေထိုင်သောသူများ ဖြစ်ကြလတ္တံ့။ အမှန်စင်စစ် ယင်းကဲ့သို့ ပြစ်ဒဏ်ပေးခြင်းသည် အလ္လာဟ်အရှင်မြတ်အဘို့ လွယ်ကူလှပေသတည်း။

يَا أَيُّهَا النَّاسُ قَدْ جَاءَكُمُ الرَّسُولُ بِالْحَقِّ مِن رَّبِّكُمْ فَآمِنُوا خَيْرًا لَّكُمْ ۚ وَإِن تَكْفُرُوا فَإِنَّ لِلَّهِ مَا

၁၇၀။ အို–လူအပေါင်းတို့၊ ဧကန်စင်စစ် (ဤ)ရာဇူလ်တမန်တော်(မုဟမ္မဒ်)သည် အသင်တို့ထံသို့ အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ (မှန်ကန်သောတရားဓမ္မ)ကို ယူဆောင်၍လာခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် 'အီမာန်' သဒ္ဒါတရား ထားရှိကြလေကုန်။ (ဤကဲ့သို့ 'အီမာန်' သဒ္ဒါတရား ထားရှိခြင်းကား)အသင်တို့အဘို့အကောင်းဆုံးပင်ဖြစ်မည်။

فِي السَّمٰوٰتِ وَالْاَرْضِ ؕ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ﴿١٧٠﴾

သို့ရာတွင် အကယ်၍ အသင်တို့သည် မယုံမကြည် သွေဖည်ငြင်းပယ်ကြပါမူ (အသင်တို့သည်ပင်လျှင် နစ်နာဆုံးရှုံးကြလတ္တံ့)။ အကြောင်းမူကား မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာဝတ္ထု အလုံးစုံတို့သည် အလွှာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာ ဖြစ်သောကြောင့် ပင်တည်း။ ၎င်းပြင် အလွှာဟ် အရှင်မြတ်သည် ခပ်သိမ်း ဥဿုံ အလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။ [၁]

يٰٓاَهْلَ الْكِتٰبِ لَا تَغْلُوْا فِيْ دِيْنِكُمْ وَلَا تَقُوْلُوْا عَلَى اللّٰهِ اِلَّا الْحَقَّ ؕ اِنَّمَا الْمَسِيْحُ عِيْسَى ابْنُ مَرْيَمَ

၁၇၁။ *အို-ရွေးအထက် ပရိယတ္တိ ကျမ်းဂန်ရရှိသူ အပေါင်းတို့၊* [၂] အသင်တို့သည် မိမိတို့ဘာသာသာသနာ၌ အလွန်အကျူး လွန်ကဲခြင်းလည်းမပြုကြကုန်လင့်။ [၃] အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ *အမှန်အကန်ပြောဆိုခြင်းမှတပါး အခြား တစုံတရာ ပြောဆိုခြင်းကိုလည်း မပြုကြကုန်လင့်။* [၄]

---

① ဤမုက္ခပါဠ်တော်သည် မက္ကာမြို့သူမြို့သားများ၊ သို့မဟုတ် အရစ်လူမျိုးများကိုသာ ရည်ညွှန်းသည်မဟုတ်၊ ကမ္ဘာ့အဝှန်းရှိ လူသားအားလုံးတို့ကို ရည်ညွှန်းမိန့်ဆိုတော်မူသော မုက္ခပါဠ်တော် ဖြစ်သည်။
(ကြည့်-ကဗီရ်၊ ကုရ်တုဗီ၊ ရူဟုလ်မအာနီ၊ မာဂျိဒီ။)

② ဤမုက္ခပါဠ်တော်တွင် 'အဟ်လလ်ကိတာဗ်'၊ "ကျမ်းရသောသူများ" ဟူသည် 'အင်နဂျီလ်' ကျမ်းရသော 'နဆ္စာရာနီ' ခရစ်ယာန်များကို ဆိုလိုသည်။ ကြည့်-အီဗ်နုကျရီရ်။ ကဗီရ်။ အီဗ်နုကသီရ်။ မအာလင်မ်။

③ အထက်တွင် ယဟူဒီများ၏ ဆိုးသွမ်းမှု၊ တရားစည်းကမ်း လွန်ကျူးမှုများအကြောင်း ပါရှိခဲ့၏။ ယခု ဤမုခ်ပါဠ်တော်တွင် နဆ္စရာနီတို့အား တရားစည်းကမ်း မကျူးလွန်ကြရန် မိန့်ကြားထားတော်မူ၏။ ယဟူဒီများသည် တမန်တော်အီစာအား နဗီဟူ၍ မယုံကြည်ကြသည့်အပြင် သတ်ဖြတ်ကြရန်ပင် ကြိုးစားခဲ့ကြ၏။ နဆ္စရာနီများမှာမူ တမန်တော် အီစာအား အကြည်ညိုလွန်ကာ နဗီ ၏ အဆင့်အတန်းထက် ပိုမိုမြှင့်တင်ပြီး တမန်တော်အီစာသည် အလ္လာဟ်အရှင်မြတ်ဖြစ်သည်ဟူ၍ပင်၊ အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ပင်၊ ဘုရားသုံးဆူတွင် တပါးအပါအဝင်ဖြစ် သည်ဟူ၍ပင် မှတ်ယူခဲ့ကြ၏။ ယင်းကဲ့သို့ မဖြစ်စေရန် ဤမုက္ခပါဠ်တော်တွင် ဆိုဆုံးမထားတော်မူသည်။ (ကြည့်-မာဂျိဒီ။)

رَسُولُ اللَّهِ وَكَلِمَتُهُ ۚ أَلْقَاهَا
إِلَىٰ مَرْيَمَ وَرُوحٌ مِّنْهُ ۖ فَآمِنُوا
بِاللَّهِ وَرُسُلِهِ ۖ وَلَا تَقُولُوا
ثَلَاثَةٌ ۚ انتَهُوا خَيْرًا لَّكُمْ ۚ
إِنَّمَا اللَّهُ إِلَٰهٌ وَاحِدٌ ۖ
سُبْحَانَهُ أَن يَكُونَ لَهُ وَلَدٌ ۘ
لَّهُ مَا فِي السَّمَاوَاتِ وَمَا فِي
الْأَرْضِ ۗ وَكَفَىٰ بِاللَّهِ

"မရ်ယမ်" ၏သားတော် (နဗီတမန်တော်) "မစိဟ်၊အီစာ" သည် အလ္လာဟ် အရှင်မြတ်၏ ရဿူလ် တမန်တော်မျှသာ ဖြစ်ချေသည်။ ၎င်းပြင် (နဗီတမန်တော် အီစာသည်) အလ္လာဟ် အရှင်မြတ်၏ အကြင်သတင်းစကားလည်းဖြစ်၏။ [၃] အလ္လာဟ် အရှင်မြတ်သည် ထိုသတင်းစကားကို "မရ်ယမ်"၏ထံသို့ ပို့ဆောင်တော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်အထံတော်မှ ဝိညာဉ်လည်းဖြစ်၏။ [၄] သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို၎င်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်အပေါင်းတို့ကို၎င်း၊ ယုံကြည်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် (ကိုးကွယ်ရာဘုရား၊ သို့တည်းမဟုတ် အလ္လာဟ် အရှင်မြတ်သည်) သုံးပါးရှိသည်ဟူ၍ မပြောဆိုကြကုန်လင့်။

---

⑨ အလ္လာဟ်အရှင်မြတ်၌ သားသမီးများရှိသည်ဟူ၍၎င်း၊ ဘုရားသုံးဆူပေါင်းတွင် တဆူဖြစ်သည်ဟူ၍၎င်း၊ တမန်တော်အီစာသည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍၎င်း၊ အလ္လာဟ်အရှင်မြတ်သည် မစိဟ်အီစာပင် ဖြစ်သည်ဟူ၍၎င်း၊ ယုံကြည်ခြင်းများသည် အမှားစင်စစ်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန်သော စကားကို အလျင်းမပြောရာ။ ကြည့်.-ထာနဝီ။

③ နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်၏ 'ကလိမဟ်' မုက္ခပါဠိတော်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်ဟူ၍ ဘွဲ့နာမ မှည့်ခေါ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ 'မုဖါစ်စိရ်' အဋ္ဌကထာရှင်များသည် အောက်ပါအတိုင်း ရေးသားကြသည်။

(က) အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော် အီစာအား 'ကွန်' ဟူသော အမိန့်တော်ဖြင့် ဖန်ဆင်းတော်မူခဲ့ခြင်းကို အကြောင်းပြု၍ အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိဟူ၍ မှည့်ခေါ်ခြင်း ဖြစ်သည်ဟူ၏။
ကြည့်-အီဗ်နုအဗ္ဗါစ်၊ ကဗီရ်၊ ကုရ်တုဗီ၊ ရူဟုလ်မအာနီ၊ မအာလင်မ်၊ အီဗ်နုကသီရ်၊ ရာဃိဗ်။

(ခ) မရ်ယမ်သခင်မ၌ လင်ခင်ပွန်း မရှိဘဲလျက် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် သားတော်တပါး ဖွားမြင်မည့်အကြောင်းကို အလ္လာဟ်အရှင်မြတ်သည် မရ်ယမ်သခင်မအား အပါးတော်စေတမန် ဂျိဗ်ရီလ်(အလိုင်ဟစ္စလာမ်)ကို စေလွှတ်၍ သတင်းစကား ပြောကြားစေတော်မူခဲ့၏။ ဤအကြောင်း ကုရ်အာန်-(၁၉း၁၇)တွင် ပါရှိ၏။ ယင်းကဲ့သို့ သတင်းစကား ပြောကြားတော်မူခြင်းကို အကြောင်းပြု၍ တမန်တော် အီစာအား အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်ဟူ၍ မှည့်ခေါ်ခြင်းဖြစ်သည်ဟူ၏။
ကြည့်-အီဗ်နုလ်အရဗီ၊ အလ်မနာရ်၊ မာဂျီဒီ။

وَكِيلًا ﴿١٤١﴾

အသင်တို့သည် (ယင်းကဲ့သို့ ပြောခြင်းမှ) ရပ်စဲကြလေကုန်။ (သို့ရပ်စဲခြင်းသည်) အသင်တို့အဘို့ အကောင်းဆုံးပင် ဖြစ်လတ္တံ့။ အလ္လာဟ် အရှင်မြတ်သည် တဆူတည်းသော ကိုးကွယ်ရာ အရှင်သည်သာ ဖြစ်တော်မူလေ၏။

ထို အရှင်မြတ်သည် *မိမိ၌ သားရှိခြင်းမှ ကင်းစင်တော်မူ၏*။ [၁] မိုးကောင်းကင်၌ ရှိသမျှတို့သည်၎င်း၊ မြေ၌ ရှိသမျှတို့သည်၎င်း၊ အလ္လာဟ် အရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာများချည်းသာ ဖြစ်ကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် အရာရာကို စီမံပြုလုပ်ပေးတော်မူသောအရှင်မြတ် အဖြစ် လုံလောက်တော်မူပေသတည်း။ [၂]

لَن يَسْتَنكِفَ الْمَسِيحُ أَن يَكُونَ عَبْدًا لِّلَّهِ وَلَا الْمَلَائِكَةُ الْمُقَرَّبُونَ ۚ وَمَن يَسْتَنكِفْ عَنْ عِبَادَتِهِ

၁၇၂။ (နဗီတမန်တော်) "မစီဟ်" (အီစာ)သည်၎င်း၊ အပါးတော်မြို့ "မလာအိကဟ်" စေတမန်အပေါင်းတို့သည်၎င်း၊ အလ္လာဟ်အရှင်မြတ်၏ကျွန်ဖြစ်ခြင်းကို (ဂုဏ်ရည်ယုတ်ညံ့ ရှက်ဘွယ်ရာဖြစ်သည်ဟု အလျင်းထင်မှတ်ကြမည် မဟုတ်ပေ။ အလျင်း စက်ဆုပ်ကြမည်လည်းမဟုတ်ပေ)။

---

[၂] နဗီတမန်တော် အီစာ(အလိုင်ဟစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ ဝိညာဉ်တော်ဖြစ်၏။ ဆိုလိုသည်ကား တမန်တော် အီစာသည် လူ့သဘာဝအလျောက် ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းတရားများ မပါဘဲ အလ္လာဟ်အရှင်မြတ် စီရင် ဖန်ဆင်းထားတော်မူသော ဝိညာဉ်တော် ဖြစ်သည်ဟူ၏။

[၁] အလ္လာဟ်အရှင်မြတ်သည် သားသမီး သဲယောင်ခြေနှင့် လုံးဝ ကင်းစင်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ အရာခပ်သိမ်းတို့သည် အဖန်ဆင်းခံ ပစ္စည်းမျှဖြစ်၏။ ဖန်ဆင်းတော်မူသော အရှင်သည် ပိုင်ဆိုင်တော်မူသော အရှင်ဖြစ်၏။ ဖန်ဆင်းခြင်းခံရသောပစ္စည်းသည် အပိုင်ဆိုင်ခံပစ္စည်းမျှဖြစ်၏။ ပိုင်ဆိုင်သူနှင့် အပိုင်ဆိုင်ခံပစ္စည်းသည် ကွဲပြားခြားနား၏။ အမျိုးမတူချေ။ တဖန် သားနှင့်အဘသည် ကွဲပြားခြားနားသည် မရှိ၊ တမျိုးတစား တည်းဖြစ်၏။ ရှိရှိသမျှသော သက်ရှိသက်မဲ့ အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံ အပိုင်ဆိုင်ခံ ပစ္စည်းများသာ ဖြစ်ပေရာ ထိုအရှင်မြတ်၌ သားသမီးဟူ၍မရှိချေ။ ကြည့်-မာဂျိဒီ၊အတွဲ-၁၊စာမျက်နှာ(၂၃၂)။

وَيَسْتَكْبِرْ فَسَيَحْشُرُهُمْ إِلَيْهِ جَمِيعًا ﴿١٧٢﴾

သို့ရာတွင် မည်သူမဆို ထိုအရှင်မြတ်၏ ကျွန်ဖြစ်ခြင်းကို စက်ဆုပ်၍ မာန်မာန ထောင်လွှား သည်ရှိသော် ထိုအရှင်မြတ်သည် မကြာမြင့်မီ ထို (ကဲ့သို့သော)သူ အားလုံးတို့ကို မိမိအထံတော်သို့ (စစ်ဆေးမေးမြန်းခြင်းငှာ) စုရုံးစေတော်မူအံ့။

فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ وَيَزِيدُهُمْ مِنْ فَضْلِهِ ۖ وَأَمَّا الَّذِينَ اسْتَنْكَفُوا وَاسْتَكْبَرُوا فَيُعَذِّبُهُمْ عَذَابًا أَلِيمًا ۙ وَلَا يَجِدُونَ لَهُمْ مِنْ دُونِ اللَّهِ وَلِيًّا وَلَا نَصِيرًا ﴿١٧٣﴾

၁၇၃။ တဖန် ထို အရှင်မြတ်သည် "အီမာန်" သဒ္ဒါတရားထားရှိ၍ ကောင်းမြတ်သော ကိုယ်ကျင့် တရားများ ဆောက်တည်ကြကုန်သော သူတို့အား ၎င်းတို့၏ ကုသိုလ် အကျိုးတို့ကို အပြည့်အစုံ ပေးသနားတော်မူအံ့။ ၎င်းပြင် မိမိကျေးဇူးတော်ဖြင့်လည်း ထိုသူတို့အား ပိုမို ချီးမြှင့်တော်မူအံ့။

သို့ရာတွင် အကြင်သူတို့သည် (ထိုအရှင်မြတ်၏ကျွန်ဖြစ်ခြင်းကို) ရွံ့ရှာစက်ဆုပ်၍ မာန်မာန ထောင်လွှားခဲ့ကြ၏။ ထိုသူတို့ကို ထိုအရှင်မြတ်သည် ပြင်းပြ နာကျင်ဘွယ်ရာဖြစ်သော အပြစ်ဒဏ်ကို ပေးတော်မူလတ္တံ့။

၎င်းပြင် ထို သူတို့သည် မိမိတို့အဘို့ အလ္လာဟ် အရှင်မြတ်မှတပါး အခြား မည်သူတဦး တယောက်ကိုမျှ အဆွေခင်ပွန်း အဖြစ်နှင့်၎င်း၊ ကူညီစောင်မမည်သူ အဖြစ်၎င်း၊ တွေ့ရှိကြရမည် မဟုတ်ချေ။

---

(၂) အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စီမံ ပြုလုပ်ပေးတော်မူသော အရှင်ဖြစ်တော်မူ၏။ အရာရာကို စီမံပြုလုပ်ပေးရန် ထိုအရှင်မြတ်သည် လုံလောက်တော်မူ၏။ မည်သူတဦး တယောက်ကိုမျှ မတောင့်တရတော်မူပေ။ သို့ဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်အား အထောက်အမပြုရန် သားသမီးလည်းမလိုပေ။ တွဲဘက် ယှဉ်ဘက်လည်း မလိုပေ။

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُم بُرْهَٰنٌ مِّن رَّبِّكُمْ وَأَنزَلْنَآ إِلَيْكُمْ نُورًا مُّبِينًا ﴿١٧٤﴾

၁၇၄။ အို-လူခပ်သိမ်းတို့၊ [၁] အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်မှ အသင်တို့ထံသို့ ခိုင်လုံသောသက်သေသာဓကတရပ် [၂] (ဖြစ်သော နဗီတမန်တော် မုဟမ္မဒ် ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဧကန်မလွဲ ရောက်ရှိလာခဲ့ချေပြီ။ ၎င်းပြင် ငါ အရှင်မြတ်သည် အသင်တို့ထံသို့ ထင်ရှားလှစွာသော အလင်းရောင် [၃] (ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်) ကိုလည်း ချပေးသနားတော်မူခဲ့ချေပြီ။

فَأَمَّا ٱلَّذِينَ ءَامَنُوا۟ بِٱللَّهِ وَٱعْتَصَمُوا۟ بِهِۦ فَسَيُدْخِلُهُمْ فِى رَحْمَةٍ مِّنْهُ وَفَضْلٍ وَيَهْدِيهِمْ إِلَيْهِ صِرَٰطًا مُّسْتَقِيمًا ﴿١٧٥﴾

၁၇၅။ သို့ဖြစ်ပေရာ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်၍ ထို အရှင်မြတ်(၏ဒီန်သာသနာတော် အစ္စလာမ်)ကို မြဲမြံခိုင်ခံ့စွာ ဘက်ကိုင်ထားရှိကြကုန်၏။ သို့ဖြစ်လျှင် ထိုသူတို့အား မကြာမြင့်မီ ထိုအရှင်မြတ်သည် မိမိကရုဏာတော်(တည်း ဟူသော "ဂျန္နတ်" အမတ သုခဘုံ)နှင့် ကျေးဇူးတော် တွင်းသို့ ဝင်ရောက်စေတော် မူအံ့။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းသူတို့အား မိမိအထံတော်သို့ (ရောက်ရှိနိုင်ရန်) ဖြောင့်မတ်သော (တရား)လမ်းကိုလည်း ညွှန်ပြတော်မူလတ္တံ့။ [၄]

---

① "အို-လူအပေါင်းတို့" ဟူသည် လူသားအားလုံးတို့အား ရည်ညွှန်းမိန့်ဆိုသော မုက္ခပါဠိတော်ဖြစ်သည်။ ကြည့်-အီဗ်နဂျရီရ်၊ အီဗ်နကဆီရ်၊ ရူဟုလ်ဗယာန်။

② "ဗုရ်ဟာန်" သက်သေသာဓကဟူသည် နဗီတမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ဆိုလိုသည်။ ကြည့်-အီဗ်နအဗ္ဗါစ်၊ အလ်ဗဟ် ရုလ်မုတီတွ်။

တမန်တော်မြတ်၏ သန့်ရှင်းသော ကိုယ်ကျင့်တရားများနှင့် ပြည့်ဝစုံလင်သော အဆုံးအမ သြဝါဒများသည် အခက်အခဲ ဟူဟူသမျှတို့ကို လွယ်ကူစေခဲ့၏။ ကျောက်၊ သဲကဲ့သို့ မာကျောသောစိတ်ဓါတ်များကိုပင် ပျော့ပျောင်းစေခဲ့၏။ (မာဂျိဒီ။)

③ "ထင်ရှားသောအလင်းရောင်" ဟူသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုလိုသည်။ ကြည့်-အီဗ်နအဗ္ဗာစ်၊ ရူဟုလ်မအာနီ။

④ အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ထိုအရှင်မြတ်၏ တရားဒေသနာတော်ကို စွဲမြဲစွာ ➤➤

يَسْتَفْتُونَكَ قُلِ اللَّهُ يُفْتِيكُمْ
فِي الْكَلَالَةِ إِنِ امْرُؤٌا هَلَكَ
لَيْسَ لَهُ وَلَدٌ وَلَهُ أُخْتٌ
فَلَهَا نِصْفُ مَا تَرَكَ وَهُوَ
يَرِثُهَا إِن لَّمْ يَكُن لَّهَا وَلَدٌ
فَإِن كَانَتَا اثْنَتَيْنِ فَلَهُمَا
الثُّلُثَانِ مِمَّا تَرَكَ وَإِن
كَانُوا إِخْوَةً رِّجَالًا وَنِسَاءً
فَلِلذَّكَرِ مِثْلُ حَظِّ

၁၇၆။ (အို-နဗီတမန်တော်) ထိုသူတို့သည် (မိဘ၊ သားသမီး တစုံတယောက်မျှမရှိသော "ကလာလလ်" ယောကျ်ား၏အမွေနှင့်စပ်လျဉ်းသော) တရားစီရင်ဆုံးဖြတ်ချက်ကို အသင့်အား မေးမြန်းကြကုန်သည်။ အသင်သည် (ထိုသူတို့အား ဤသို့)ဖြေကြားပါလေ၊ "အလ္လာဟ် အရှင်မြတ်သည် *(ကလာလဟ်) မိဘ၊ သားသမီး တစုံတယောက်မျှမရှိသော* [၁] ယောကျ်ား (၏အမွေ)နှင့်စပ်လျဉ်း၍ (ဤသို့) အဆုံးအဖြတ်ပေးတော်မူလေသည်။

အကယ်၍ အကြင် ယောကျ်ား တဦး တယောက်သည် သေကြေပျက်စီး၍ ထိုသူ၌ သားသမီး တစုံတယောက်မျှမရှိဘဲ နှမ(သို့မဟုတ်အစ်မ) တယောက်သာ ရှိခဲ့မူ၊ ထိုနှမ(သို့မဟုတ်အစ်မ)သည် "ကလာလဟ်" ယောကျ်ားထားရှိခဲ့သော *အမွေပစ္စည်း၏ ထက်ဝက်ကို ရရှိပေအံ့။* [၂]

➤➤ လိုက်နာ ကျင့်သုံးသူတို့ကို အရှင်မြတ်သည် ဂျန္နတ်တွင် ထားရှိတော်မူမည့်အပြင် အခြား ကျေးဇူးတော်များကို ချီးမြှင့်တော်မူဦးမည် ဖြစ်၏။

① 'ကလာဟဟ်' ၏ အမွေခွဲတမ်းအကြောင်း ဤကဏ္ဍ (၄း၁၂) တွင် ပါရှိခဲ့၏။ ထိုမှကျပါ၌တော် ကျရောက် ပြီးသည့်နောက် အချို့ သာဝကကြီးများက 'ကလာဟဟ်' ၏ အမွေခွဲတမ်းနှင့် စပ်လျဉ်း၍ အသေးစိတ်မေးမြန်းကြပြန်သည့်အခါ အလ္လာဟ် အရှင်မြတ်သည် ဤ မှကျပါ၌တော်ကို ထုတ်ပြန် ပို့ချတော်မူလေသည်။

အမွေဆိုင်သူ အစစ်အမှန်မှာ မိဘနှင့်သားသမီးများဖြစ်ကြ၏။ ထိုသူများမရှိခဲ့လျှင် ဘတူ၊ မိတူ၊ အစ်ကိုအရင်း၊ ညီအရင်း၊ မောင်အရင်း၊ အစ်မအရင်း၊ နှမအရင်း၊ ညီအရင်းများသည် သား သမီးများ၏ အခွင့်အလမ်းရရှိကာ အမွေရရှိကြ၏။ အကယ်၍ ဘတူ၊ မိတူများ မရှိခဲ့လျှင် ဘတူမိကွဲများ အမွေရရှိကြ၏။ အစ်မ၊နှစ်မ တယောက်ရှိလျှင် အမွေတဝက်ဆိုင်၏။ နှစ်ယောက်ဖြစ်လျှင်၊ သို့မဟုတ် နှစ်ယောက်ထက်ပို၍လျှင် သုံးပုံနှစ်ပုံ အမွေပိုင်ဆိုင်၏။ အကယ်၍ အမွေဆိုင်များတွင် ယောကျ်ား၊ မိန်းမရှိနေခဲ့ကြလျှင် ယောကျ်ားနှစ်စု၊ မိန်းမတစု အမွေဆိုင်၏။ အကယ်၍ အမွေဆိုင်များတွင် အစ်မ၊ ညီမ မရှိဘဲ အစ်ကို၊ မောင်များသာရှိလျှင် ထိုသူတို့သည် ထိုသေသူ အစ်မ၊ နှမ၏ အမွေကို ဆိုင်ကြ၏။ (ထိုသူများသည် အဆွဗဟ်များ ဖြစ်ကြသည့်အတွက် ယင်းသူတို့အဘို့ အမွေဝေစုသတ်မှတ်ခြင်းမရှိပေ)။

မိတူဘကွဲ မောင်နှမများ၏ အမွေခွဲတမ်းသည် ကုရ်အာန် (၄း၁၂) တွင် ပါရှိခဲ့၏။

الْأُنْثَيَيْنِ ۗ يُبَيِّنُ اللَّهُ لَكُمْ
أَنْ تَضِلُّوا ۗ وَاللَّهُ بِكُلِّ
شَيْءٍ عَلِيمٌ ﴿١٧٦﴾ ع

(အကယ်၍ ထိုနှမသော်၎င်း၊ အစ်မသော်၎င်း၊ သေဆုံး၍) ၎င်း၌ သားသမီး တစုံတယောက်မျှ မရှိခဲ့ပါလျှင် ထို(ကလာလဟ်) ယောကျ်ားသည်၎င်း၊ (ထားရှိခဲ့.သောပစ္စည်းအားလုံး)ကို အမွေဆိုင်၏။ [၁] တဖန်အကယ်၍ (သေဆုံးသော ထို "ကလလာဟ်" ယောကျ်ား၌) အစ်မ (သို့.မဟုတ် အစ်မနှင့် နှမ) နှစ်ယောက်ရှိခဲ့.ကြပါလျှင်၊ ၎င်းတို့.နှစ်ဦးသည် ထို "ကလာလဟ်" ယောကျ်ား ထားရှိခဲ့.သော အမွေပစ္စည်းအနက်မှ သုံးပုံနှစ်ပုံကို ရရှိကြလတ္တံ့။

အကယ်၍သာ ၎င်း(သေဆုံးသူ 'ကလာ လဟ်' ယောကျ်ား အမွေစားအမွေခံ)တို့.သည် ညီ အစ်ကို မောင်နှမများ၊ ယောကျ်ားရော မိန်းမပါ ရှိနေကြပါမူ၊ ယောကျ်ား(တယောက်)သည် မိန်းမ နှစ်ယောက်၏ ဝေစုဝေပုံနှင့် ညီတူညီမျှ ရရှိပေအံ့။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့. လမ်းမှားသို့. မရောက်ကြစေရန် (ဤအမိန့်.ပညတ်တော်များကို) အသင်တို့.အား ရှင်းလင်းစွာ မိန့်.ကြားတော် မူလေသည်။ [၂]

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့.ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၃]

---

(၁) ဥပမာ - ယောကျ်ားတယောက် သေဆုံး၏။ ထိုသူ၌ မိဘ၊ သားသမီး မရှိ။ အစ်မ သို့.မဟုတ် နှမ တယောက် ရှိ၏။ သို့.ဖြစ်လျှင် ထိုအစ်မ၊ နှမသည် အမွေတဝက်ဆိုင်၏။ (ကျန်တဝက်သည် အဆွေဟ်ရှိက ထိုအဆွေဟ်ရမည်၊ အဆွေဟ် မရှိက ထိုအစ်မ၊ သို့.မဟုတ် နှမပင် ရရှိမည်ဖြစ်၏။)

(၂) ဥပမာ - မိန်းမတယောက် သေဆုံး၏။ ထိုသူမ၌ မိဘ၊ သားသမီး မရှိ။ ဘတူမိတူ သို့.မဟုတ် ဘတူမိကွဲ အစ်ကို၊ မောင် ရှိ၏။ သို့.ဖြစ်လျှင် ထိုသူများသည် အဆွေဟ်ဖြစ်သည့်အတွက် အမွေဆိုင်ကြ၏။ အကယ်၍ ထိုသေဆုံးသူမိန်းမ၌ သမီးရှိလျှင်သမီးဖြစ်သူသည် မိမိအမွေရယူပြီးနောက် ကျန်သောအမွေကို ထိုမောင်များ ဆိုင်ကြ၏။ အကယ်၍ ထိုသေဆုံးသူမိန်းမ၌ မိတူဘကွဲများ ရှိလျှင် ထိုသူတို့.သည် ခြောက်ပုံတပုံ အမွေဆိုင်ကြ၏။ ဤအကြောင်း ကုရ်အာန်(၄း၁၂)တွင် ပါရှိ၏။

ဤကဏ္ဍ၏ အစတွင်လည်း အမွေခွဲတမ်းအကြောင်းပါရှိ၏၊ အလယ်တွင်လည်း ပါရှိ၏၊ ➤➤

ခဲဘွယ်ဘောဧည့်ကဏ္ဍ

အစဉ် သနားကြင်နာ ညှာတာတော်မူထသော၊
အနန္တကရုဏာရှင် ဖြစ်တော်မူထသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မိမိတို့ထားရှိကြလေသော) ပဋိညာဉ် ကတိဝန်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်ကြလေကုန်။ (လာလတ္တံ့သော မုက္ခပါဠ်တော်၌) အသင်တို့အား ကြားနာစေအံ့သော အရာများမှအပ (ကုလားအုင်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်ကဲ့သို့သော) ခြေလေးချောင်းရှိသော တိရစ္ဆာန်တို့သည်ကား အသင်တို့အဘို့ ("ဟလာလ်" ဟူ၍ စားသုံး) ခွင့်ပြုထားပြီးဖြစ်ချေသတည်း။ သို့ရာတွင် အသင်တို့သည် ("ဟဂျ်"ပြုရန်အတွက်) "အိဟ်ရာမ်" ဝတ်ရုံကို ဝတ်ဆင်ပြီးဖြစ်နေကြစဉ် အမဲလိုက်ခြင်းကို ("ဟလာလ်") ခွင့်ပြုပြီးဖြစ်သည်ဟူ၍ မထင်မှတ်မယူဆကြရပေ။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည်မိမိ အလိုတော်ရှိရာကိုသာ အမိန့်ပေးတော်မူပေသတည်း။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اَوْفُوْا
بِالْعُقُوْدِ ۗ اُحِلَّتْ لَكُمْ
بَهِيْمَةُ الْاَنْعَامِ اِلَّا مَا يُتْلٰى
عَلَيْكُمْ غَيْرَ مُحِلِّى الصَّيْدِ
وَاَنْتُمْ حُرُمٌ ۗ اِنَّ اللّٰهَ
يَحْكُمُ مَا يُرِيْدُ ①

➤➤ အဆုံးတွင်လည်း ပါရှိ၏။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် သက်ဆိုင်ရာ အမွေဆိုင်တို့အား တရားတော်နှင့်အညီ အမွေခွဲဝေပေးခြင်းသည် အဘယ်မျှအရေးကြီးသည်ကို ကောင်းစွာသိနိုင်ပေသည်။ (ထာနဝီ)။

① အလ္လာဟ်အရှင်မြတ်သည် လောကီ၊ လောကုတ္တရာကိစ္စအဝဝတို့တွင် လူသားတို့အား တရားလမ်းမှန်ရကြစေရန် အလို့ငှာ အမိန့်ပညတ် အရပ်ရပ်ကို ရှင်းလင်းစွာ မိန့်ကြားတော် မူခြင်းဖြစ်၏။ ဤကား အလ္လာဟ်အရှင်မြတ်၏ အလွန်ကြီးမားလှစွာသော ကျေးဇူးတော်ပင်တည်း။

② အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူပေရာ ထို အရှင်မြတ်၏ အမိန့်ပညတ်အရပ်ရပ်ကို လူသားတို့ လိုက်နာကျင့်သုံးပါက နှစ်ဘဝ ၏ သုခချမ်းသာအဖြာဖြာကို ခံစားကြရမည်မှာ မုချမလွဲတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تُحِلُّواْ
شَعَٰٓئِرَ ٱللَّهِ وَلَا ٱلشَّهْرَ
ٱلْحَرَامَ وَلَا ٱلْهَدْيَ وَلَا
ٱلْقَلَآئِدَ وَلَآ ءَآمِّينَ ٱلْبَيْتَ
ٱلْحَرَامَ يَبْتَغُونَ فَضْلًا مِّن
رَّبِّهِمْ وَرِضْوَٰنًا ۚ وَإِذَا حَلَلْتُمْ
فَٱصْطَادُواْ ۚ وَلَا يَجْرِمَنَّكُمْ
شَنَـَٔانُ قَوْمٍ أَن صَدُّوكُمْ عَنِ
ٱلْمَسْجِدِ ٱلْحَرَامِ أَن تَعْتَدُواْ ۘ
وَتَعَاوَنُواْ عَلَى ٱلْبِرِّ وَٱلتَّقْوَىٰ ۖ
وَلَا تَعَاوَنُواْ عَلَى ٱلْإِثْمِ

၂။ အို-"အီမာန်" ယုံကြည်ခြင်း သဒ္ဒါတရား ထားရှိကြသူ "မုအ်မင်န်" အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ (သာသနာတော်၏) ထူးခြားထင်ရှားသော အထိမ်းအမှတ်တို့ကိုငင်း၊ [၁] ထူးမြတ်သော လများကိုငင်း၊ [၂] "ဟရမ်" ဟူ၍ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ပြုလုပ်မည် ဖြစ်သော "ကုရ်ဗာနီ" သားကောင်ကိုငင်း၊ [၃] ကုရ်ဗာနီ ပြုလုပ်ရန်အတွက် လည်ပင်းတွင် လည်ဆွဲ၊ ပန်းကုံး၊ အမှတ်အသား တခုခု ဆွဲထားသော ကုရ်ဗာနီ သားကောင်များကိုငင်း၊ [၄] မိမိတို့အား မွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်နှင့်နှစ်သက်မှုကို ရှာဖွေဆည်းပူးခြင်းအားဖြင့် "အလ်ဗိုက်သုလ်ဟရာမ်" ထူးမြတ်သော အိမ်တော် (၀၊) "ကအ်ဗဟ်" ကျောင်းတော်သို့ သွားရောက်ရန် ရည်စူးကြကုန်သောသူတို့.ကိုငင်း၊ မရိုမသေ မလေးမခန့် မပြုကြကုန်လင့်။ ၎င်းနောက် အသင်တို့သည် (မိမိတို့) "အိဟ်ရာမ်" ဝတ်ရုံကို ချွတ်ပြီးကြ လေသောအခါ အမဲလိုက်ခြင်းကို (ပြုလိုက)ပြုကြလေကုန်။

---

① "အလ္လာဟ် အရှင်မြတ်၏ ကြီးကဲ မြင့်မြတ်ခြင်းနှင့် ကိုးကွယ်ရာအရှင် ဖြစ်တော် မူခြင်းအတွက် သတ်မှတ်ထားသော အမှတ်အသား၊ အထိမ်းအမှတ်များသည် "အလ္လာဟ်အရှင်မြတ်၏ ရှအာအစ်ရ်" ပင်တည်း။ ထိုအထိမ်းအမှတ်များတွင် ဟရမ်တော်၊ ဗိုင်တုလ္လာဟ်၊ ဂျမရာတ်၊ ဆွဖါ၊ မရ်ဝဟ်၊ 'ဟဒ်ယ်' ကုရ်ဗာနီသားကောင်၊ အစ်ဟ်ရာမ်၊ မာစ်ဂျိဒ်ဗလီများ၊ ကောင်းကင်ကျကျမ်းဂန်များနှင့် သာသနာရေးဆိုင်ရာ အမိန့်.ပညတ်၊ တာဝန်အရပ်ရပ်တို့.သည် အကျုံးဝင်၏"။

သာသနာရေးဆိုင်ရာ အထိမ်းအမှတ်များနှင့် စပ်လျဉ်းသော ပညတ်ချက်များကို ဆန့်ကျင်ခြင်းသည် ထိုအထိမ်းအမှတ်များကို မရိုမသေ မလေးမခန့်. ပြုရာရောက်သည်။ ဥပမာ-ဟရာမ်အတွင်း အမဲမလိုက်ရဟု ပညတ်ထား၏။ အကြင်သူတဦးသည် ဟရာမ်အတွင်း အမဲလိုက်သော် ထိုသူသည် ဟရာမ်ကို မရိုမသေ မလေးမခန့်.ရာရောက်၏။ ဟရာမ်ကို မလေးမခန့်.ပြုခြင်းသည် အလ္လာဟ်အရှင်မြတ်အား မလေးမခန့်.ရာရောက်ပေသည်။

② ထူးမြတ်သောလများမှာ (၁) သုလ်ကအ်ဒဟ်၊ (၂) သုလ်ဟိဂ်ဂျဟ်၊ (၃) မုဟရ်ရမ်၊ (၄) ရဂျဗ်လများဖြစ်၏။ ထိုလများအကြောင်း ကုရ်အာန် (၂:၁၉၄၊ ၂:၂၁၇၊ ၉:၃၆) တွင်ပါရှိ၏။ ➤➤

وَالْعُدْوَانِ ۖ وَاتَّقُوا اللَّهَ ۖ إِنَّ اللَّهَ شَدِيدُ الْعِقَابِ ﴿٢﴾

ငင်းပြင် အသင်တို့သည် အကြင်လူမျိုးတမျိုးကို မုန်းတီးခြင်းသည် အသင်တို့အား (တရားစည်းမျဉ်းကို) ကျူးလွန်ဖောက်ဖျက်ရန် လှုံ့ဆော်ရန်သည် မရှိစေရ။ ထိုလူမျိုးသည် (“ဟုဒိဗီယဟ်” တွင် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုသောနှစ်တွင်) အသင်တို့အား “ကအ်ဗဟ်” ကျောင်းတော်သို့ (သွားရောက်ခြင်း)မှ ပိတ်ပင်တားဆီးခဲ့ကြလေသည်။

ထို့ပြင်တဝ အသင်တို့သည် ကောင်းမှုကုသိုလ်ပြုရာ၌ရင်း၊ မကောင်းမှုဒုစရိုက်မှ ကြဉ်ရှောင်ရာ၌ရင်း၊ အချင်းချင်း ကူညီယိုင်းပင်းကြလေကုန်။ သို့ရာတွင် ပြစ်မှုဒုစရိုက်ကို ပြုကျင့်ရာတွင်ရင်း၊ ကျူးကျော် စော်ကားရာတွင်ရင်း၊ အချင်းချင်း ယိုင်းပင်းကူညီခြင်းကို မပြုကြကုန်လင့်။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။

အလ္လာဟ် အရှင်မြတ်သည် မလွဲဧကန် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်ပင်တည်း။

➤➤ “ထိုလများကို လေးစားခြင်း၏ သဘောကား ထိုလများတွင် အခြားလများထက် ပိုမို၍ ကုသိုလ်တရားပွားများရမည်။ ‘တာက္ကဝါ’တရားကို စွဲမြဲစွာ စောင့်စည်းရမည်။ သူတပါးကို အနှောင့်အရှက်ပြုခြင်းမှ အထူးရှောင်ကြဉ်ရမည်။ အထူးသဖြင့် ဟဂ်ျပြုရန် သွားကြကုန်သော ဟာဂ်ီများအား အနှောင့်အရှက်မပြုရ၊ ဒုက္ခမပေးရ၊ တားဆီးခြင်းမပြုရ။ အဆိုပါ အမိန့်ပညတ်များကို ၁၂-လလုံး တွင် မှချ လိုက်နာကျင့်သုံးရမည် ဖြစ်သော်လည်း ထူးမြတ်သောလများတွင်ကား အထူးတလည် လိုက်နာကျင့်သုံးရပေမည်ဟူလို။

⑦ ‘ဟဒ်ယ်’ ဟူသည် ကုရ်ဗာနီ ပြုလုပ်ရန်အတွက် ကအ်ဗဟ် ကျောင်းတော်သို့ ယူဆောင်သွားသော ကုရ်ဗာနီ သားကောင်များကိုသာ ဆိုလိုသည်။ ကြည့်-ရာဃိဗ်၊ မာဂျီဒီ။

⑨ သားကောင်များ၏ လည်ပင်းတွင် လည်ပတ်တပ်ဆင်ထားခြင်းသည် အလ္လာဟ်အရှင်မြတ်အား ရည်စူးထားသော သားကောင်ဖြစ်ကြောင်း၊ ဟရမ်အတွင်း၌ပင် ဇောဟ်ပြုလုပ်မည်ဖြစ်ကြောင်း အမှတ်သညာဖြစ်၏။ ကြည့်-မာဂျီဒီ။ တ-၂၊ စ-၂၃၅၊ အာ-၆။ ထာနဝီ၊ တ-၃၊ စ-၆၄။

حُرِّمَتْ عَلَيْكُمُ الْمَيْتَةُ وَالدَّمُ
وَلَحْمُ الْخِنْزِيرِ وَمَا أُهِلَّ لِغَيْرِ
اللَّهِ بِهِ وَالْمُنْخَنِقَةُ
وَالْمَوْقُوذَةُ وَالْمُتَرَدِّيَةُ
وَالنَّطِيحَةُ وَمَا أَكَلَ السَّبُعُ
إِلَّا مَا ذَكَّيْتُمْ وَمَا ذُبِحَ عَلَى
النُّصُبِ وَأَنْ تَسْتَقْسِمُوا
بِالْأَزْلَامِ ذَٰلِكُمْ فِسْقٌ الْيَوْمَ
يَئِسَ الَّذِينَ كَفَرُوا مِنْ
دِينِكُمْ فَلَا تَخْشَوْهُمْ
وَاخْشَوْنِ

၃။ အလိုအလျောက် သေသော တိရစ္ဆာန်သည်၎င်း၊ သွေးသည်၎င်း၊ ဝက်တိရစ္ဆာန်၏ အသားသည်၎င်း၊ အလွှာဟ် အရှင်မြတ်မှတပါး အခြားကို ရည်စူးထားသော တိရစ္ဆာန်သည်၎င်း၊ လည်မျိုး(ညှစ်၍ဖြစ်စေ၊ လိမ်၍ဖြစ်စေ) သေရသောတိရစ္ဆာန်သည်၎င်း၊ ရိုက်နှက်၍ဖြစ်စေ၊ ထိခိုက်၍ဖြစ်စေ သေသော တိရစ္ဆာန်သည်၎င်း၊ မြင့်ရာမှကျ၍ သေသော တိရစ္ဆာန်သည်၎င်း၊ ဦးချိုဖြင့်တွေ့ခတ်ခြင်းခံရ၍ သေသော တိရစ္ဆာန်သည်၎င်း၊ (အသက်မထွက်မီ တရားတော်နှင့်အညီ) အသင်တို့ "ဇဗ်ဟ်" လှီးဖြတ်နိုင်ခဲ့သော တိရစ္ဆာန်များမှအပ သားရဲတိရစ္ဆာန်များကိုက်ခဲ သတ်ဖြတ်ထားသော တိရစ္ဆာန်သည်၎င်း၊ အသင်တို့အပေါ်၌ *ဟရာမ်ဟူ၍ တားမြစ်ထားပြီးဖြစ်လေပြီ။* [၃] ရုပ်ပွား ဆင်းတုများ ထားရှိရာဌာနများတွင် ပူဇော်သက္ကာပြုရန် လှီးဖြတ်ထားသော တိရစ္ဆာန်များသည်၎င်း၊ *မဲမြှားတို့ဖြင့် အသင်တို့ ဝေစုဝေပုံ ခွဲခြင်းသည်၎င်း၊* [၂] အသင်တို့အဘို့ (စားသုံးခြင်းမပြုကြရန်) ဟရာမ် တားမြစ်ထားပြီးဖြစ်ချေသည်။ ဤသည်တို့ကား ပြစ်မှုဒုစရိုက်များပင်တည်း။

---

③ ကုရ်အာန်ကျမ်းမြတ်(၅း၁) "သို့ရာတွင် အသင်တို့အားကြားနာစေအံ့သောအရာများ" ဟူသော ခြွင်းချက်ပါရှိ၏။ ဤမုက္ခပါဠိတော်တွင် အဆိုပါခြွင်းချက်ကို အကျယ်မိန့်ဆိုထား တော်မူသည်။ အစ္စလာမ်တရားတော်အရ 'ဇဗ်ဟ်' လှီးဖြတ်ခြင်းမပြုဘဲသေသော တိရစ္ဆာန်၊ 'ဒမွန်မတ်စ်ဖူထွန်' ခေါ် စီးလျက်ရှိသောသွေး၊ ဝက်တိရစ္ဆာန်၏ အသားနှင့် ၎င်းဝက်တိရစ္ဆာန်၏ ကိုယ်ခန္ဓာအစိတ်အပိုင်း အားလုံး၊ အလွှာဟ်အရှင်မြတ်မှတပါး အခြားအရာကို ရည်စူးတသ၍ သတ်ဖြတ်ထားသောအရာများ ဟရာမ်ဖြစ်ကြောင်း၊ ကုရ်အာန်(၂း၁၇၃)တွင် ပါရှိခဲ့၏။

④ အရဗ်လူမျိုးတို့တွင် စပ်တူဝယ်၍ မဲချပြီးခွဲဝေယူသော အလေ့အထ တရပ်ရှိ၏။ ဥပမာ-ကုလားအုပ်ကောင်ကို စပ်တူဝယ်ပြီးလျှင် အသားကို ခွဲဝေယူရာ၌ ငွေစုပါဝင်သူတို့အား ပါဝင်ထားသည့်ငွေ၏ အချိုးကျအတိုင်း မခွဲဝေဘဲ မြှားနှိုက်၍ ခွဲဝေကြ၏။ ယင်းသူတို့ထံတွင် ဤကိစ္စအတွက် မြှားဆယ်ချောင်းရှိ၏။ မြှားခုနစ်ချောင်းတွင် သီးသန့် အမှတ်အသားများ ပြုလုပ်ထား၏။ မြှားသုံးချောင်းတွင် အမှတ်အသား တစုံတရာမရှိချေ။ ➤➤

اَلْيَوْمَ اَكْمَلْتُ لَكُمْ دِيْنَكُمْ
وَاَتْمَمْتُ عَلَيْكُمْ نِعْمَتِيْ
وَرَضِيْتُ لَكُمُ الْاِسْلَامَ دِيْنًا ۭ
فَمَنِ اضْطُرَّ فِيْ مَخْمَصَةٍ
غَيْرَ مُتَجَانِفٍ لِّاِثْمٍ ۙ فَاِنَّ اللّٰهَ
غَفُوْرٌ رَّحِيْمٌ ۝٣

ယနေ့အဘို့မှာကား ကာဖိရ် သွေဖည် ငြင်း ပယ်သော သူတို့သည် အသင်တို့၏ သာသနာကို (ဖျက်ဆီး နိုင်ခြင်း)မှ မျှော်လင့်ချက် ကင်းမဲ့ကြပြီး ဖြစ်ရာ အသင်တို့သည် ထိုသူတို့ကို စိုးရိမ်ကြောက်ရွံ့ ခြင်း မရှိကြဘဲ ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြ လေကုန်။

ယနေ့သေဉ်ကား ငါ အရှင်မြတ်သည် အသင်တို့အဘို့ အသင်တို့၏ ဒီန်သာသနာကို ပြည့်စုံစေတော်မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်သည် မိမိ၏ကျေးဇူးတော်များကို အသင်တို့အဘို့ အပြည့် အစုံ ချီးမြှင့်ပေးသနားတော် မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်သည် အစ္စလာမ် သာသနာကို အသင်တို့ အဘို့ 'ဒီန်' သာသနာတော်အဖြစ် သဘောတူ နှစ်မြို့တော်မူခဲ့လေပြီ။ သို့ရာတွင် (အထက်တွင် မြစ်တားထားခဲ့သော အရာများနှင့် စပ်လျဉ်း၍ သိအပ်သော အချက်တရပ်မှာ) မည်သူမဆို အပြင်း အထန် ဆာလောင်မွတ်သိပ်၍ မလွှဲမရှောင်သာသည့် အခြေသို့ ဆိုက်ရောက်ခဲ့သဖြင့် ထိုသူသည် ပြစ်မှုကို နှစ်သက်လိုလားခြင်း မရှိဘဲ (မြစ်တားထားသော အရာများကို စားသုံးမိပါက) မချွတ်ဓကန် အလွှာဟ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်း ချမ်းသာ ခွင့်ပေးတော်မူသောအရှင်၊ အလွန်တရာ ကြင်နာ သနားတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ အသီးသီး မြွားကို နှိုက်ကြရ၏။ မဲမြွားနှိုက်ရာတွင် မိမိတို့နှိုက်ယူသော မဲမြွား၌ပါရှိသည့် အမှတ်အသားအတိုင်း ဝေစုရရှိ၏၊ အကယ်၍ အမှတ်အသား တစုံတရာမပါရှိသော ဗလာမဲမြွားကို နှိုက်မိလျှင် ထိုသူသည် မည်သည့်ဝေစုဝေပုံမျှ မရရှိတော့ပေ။ ဤသို့အားဖြင့် ငွေစုပါဝင်သူများအနက် အချို့သည် မိမိ ရထိုက်သည်ထက်ပင် ပို၍ရ၏။ အချို့သည် မိမိရထိုက်သော ဝေစုကိုပင် မရတော့ပေ။ ဤသည်ကား အလောင်းအစား တရပ်ပင်ဖြစ်၏။ (အလောင်းအစားပြုခြင်းသည် ဟရာမ်ဖြစ်ပေသည်) ကြည့်-ကုရ်အာန်(၅:၁၁၉)။

يَسْـَٔلُونَكَ مَاذَآ أُحِلَّ لَهُمْ ۖ قُلْ
أُحِلَّ لَكُمُ ٱلطَّيِّبَٰتُ ۙ وَمَا عَلَّمْتُم
مِّنَ ٱلْجَوَارِحِ مُكَلِّبِينَ
تُعَلِّمُونَهُنَّ مِمَّا عَلَّمَكُمُ ٱللَّهُ ۖ
فَكُلُوا۟ مِمَّآ أَمْسَكْنَ عَلَيْكُمْ
وَٱذْكُرُوا۟ ٱسْمَ ٱللَّهِ عَلَيْهِ ۖ وَٱتَّقُوا۟
ٱللَّهَ ۚ إِنَّ ٱللَّهَ سَرِيعُ ٱلْحِسَابِ ﴿٤﴾

၄။ (အို-နဗီတမန်တော်) ထိုသူတို့သည် မိမိတို့(စားသုံးခြင်း) အလို့ငှာမည်သည်. (တိရစ္ဆာန်များ) ကို "ဟလာလ်" ခွင့်ပြုထားပြီး ဖြစ်ပါသနည်းဟု အသင့်အား (လာရောက်) မေးမြန်းကြကုန်၏။

အသင်သည် (ၔင်းတို့အားဤသို့) ဖြေကြားပါလေ။ (အို-အချင်းတို့)၊ အသင်တို့. (စားသုံးရန်) အလို့ငှာ စင်ကြယ်သန့်ရှင်းသော(တိရစ္ဆာန်)ဟူသရွေ့တို့သည် 'ဟလာလ်' ခွင့်ပြုပြီးဖြစ်ကုန်၏။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ် သင်ကြားပြသတော်မူသော နည်းနိဿည်းအတိုင်း မိမိတို့၏ အမဲလိုက်တိရစ္ဆာန်များကို (အမဲလိုက်ရန် စည်းကမ်းများကို တတ်သိ လိမ်မာအောင်) သင်ကြားပြီး လွှတ်လိုက်၍ အသင်တို့အဘို့ ဖမ်းဆီးခဲ့သော အမဲကိုလည်း [၁] အသင်တို့သည် စားသုံးကြလေကုန်။ သို့ရာတွင် အသင်တို့သည် (ထိုအမဲလိုက်တိရစ္ဆာန်ကို အမဲလိုက်ရန် အလို့ငှာ လွှတ်လိုက်သောအခါ) အလ္လာဟ် အရှင်မြတ်၏ နာမတော်ကို တသကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးစောကြောတော်မူမည်. အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အမဲလိုက်ခွေး၊ သိန်းစသည်တို့၏ ဖမ်းဆီးထားသော သားကောင်များကို အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်ပါက စားသုံးပိုင်ခွင့်ရှိ၏။

(၁) အမဲလိုက် တိရစ္ဆာန်သည် သင်ကြားထားသော တိရစ္ဆာန်ဖြစ်ခြင်း။

(၂) အမဲလိုက်ရန်ရည်စူး၍ အမဲလိုက်တိရစ္ဆာန်ကိုလွှတ်ခြင်း။

(၃) ရှရီအတ်တရားတော်ကအသိအမှတ်ပြုထားသောနည်းဖြင့် အမဲလိုက်တိရစ္ဆာန်များကို သင်ကြားထားခြင်း။ ဆိုလိုသည်ကား-အမဲလိုက်ခွေးကို သင်ကြားရာတွင် ခွေးသည် မိမိဖမ်းဆီးရမိသော သားကောင်ကို မစားစေရ၊ သိန်းကို သင်ကြားရာတွင် သိန်းသည် သူ့ကိုခေါ်လိုက်သည့်အခါ (ထိုသိန်းသည် သားကောင်နောက်ကို လိုက်နေလျက် ရှိစေကာမူ) ပြန်လှည့်.လာစေရမည်။ အကယ်၍ ခွေးသည် မိမိ ဖမ်းဆီးရမိထားသော သားကောင်ကို မိမိကိုယ်တိုင်စားခဲ့သော်၊ သိန်းသည် ပြန်လှည့်.လာရန် ခေါ်ရာတွင် မလာခဲ့သည်ရှိသော် ➤➤

اَلْيَوْمَ اُحِلَّ لَكُمُ الطَّيِّبٰتُ ؕ وَطَعَامُ الَّذِيْنَ اُوْتُوا الْكِتٰبَ حِلٌّ لَّكُمْ ۖ وَطَعَامُكُمْ حِلٌّ لَّهُمْ ۫ وَالْمُحْصَنٰتُ مِنَ الْمُؤْمِنٰتِ وَالْمُحْصَنٰتُ مِنَ الَّذِيْنَ اُوْتُوا

၅။ (အို-မွတ်စ်လင်မ်အပေါင်းတို့) ယနေ့ စင်ကြယ်သန့်ပြန့်သော အရာဟူသမျှတို့သည် အသင်တို့အဖို့ စားသုံးခွင့်ပြုပြီးဖြစ်လေသည်။ ၎င်းပြင် (ရှေးအထက်) *ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသော* သူတို့၏ *စားသုံးဘွယ်ရာများသည်လည်း* [၁] အသင်တို့အဘို့ (စားသုံး) ခွင့်ပြုပြီးဖြစ်ချေသည်။ ထိုနည်းတူစွာ အသင်တို့၏ စားသုံးဘွယ်ရာများသည်လည်း အသင်တို့အဘို့ (စားသုံး)ခွင့်ပြုပြီးဖြစ်၏။

➤➤ ထိုတိရစ္ဆာန်များသည် သားကောင်များကို မိမိတို့၏သခင်များအတွက် မဟုတ်ဘဲ မိမိတို့အတွက်သာ ဖမ်းဆီးကြသည်ဟု ယူဆရပေမည်။

(၄) အမဲလိုက်တိရစ္ဆာန်များကို လွှတ်သည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ကို ရွတ်ဆိုတသ၍ လွှတ်ခြင်း။ (၀၊) "ဗစ္စမင်လ္လာဟ် အလ္လာဟု အကဗ်ာဗရ်" ဟုဆိုခြင်း။

(ဤစည်းကမ်းချက် ၄-ရပ်သည် ကုရ်အာန်ကျမ်းမြတ်တွင်ပါရှိ၏။)

(၅) အမဲလိုက်တိရစ္ဆာန်များသည် သားကောင်များ၌ ဒဏ်ရာဒဏ်ချက်ဖြစ်စေပြီး သွေးယိုစီးစေခြင်း။ (ဤ ပဋ္ဌမစည်းကမ်းချက်သည် အေမာမ်အဗူဟနီဖတ်သခင် အသိအမှတ်ပြုသော စည်းကမ်းချက်ပင် ဖြစ်သည်။ ဤစည်းကမ်းချက်ပါ သဘောကို ဤမုက္ခပါဠိတော်တွင် ပါရှိသည်. "ဂျပါရိဟ်" ဟူသောပုဒ်က ညွှန်လျက်ရှိ၏။

အထက်ပါ စည်းကမ်းချက်များအနက် စည်းကမ်းချက်တရပ်ရပ် ချို့ယွင်းသည်ရှိသော် အမဲလိုက်တိရစ္ဆာန်များ၏ သားကောင်သည် မစားသုံးနိုင်ချေ။

ဤမုက္ခပါဠိတော်တွင်ပါရှိသော ပညတ်တော်သည် တောတိရစ္ဆာန်များနှင့်သာ သက်ဆိုင်ပေသည်။ အိမ်မွေး တိရစ္ဆာန်များကိုကား "ဇဗ်ဟ်" မပြုလုပ်ဘဲ စားသုံးပိုင်ခွင့်မရှိချေ။ ဖမ်းဆီးရရှိသော သားကောင်များကိုလည်း "ဇဗ်ဟ်" ပြုရန်အချိန်ရရှိက "ဇဗ်ဟ်" ပြုလုပ်ရမည်။ "ဇဗ်ဟ်" မပြုလုပ်ပါကစားသုံးပိုင်ခွင့်မရှိချေ။ (ထာနဝီ)

⑥ ဤမုက္ခပါဠိတော်တွင်ပါရှိသည့် 'တူအာမ်' အစာအာဟာရဟူသည် စားသုံးပိုင်သော တိရစ္ဆာန်များအနက် 'ကိတာဗီ' များ 'ဇဗ်ဟ်' ပြုလုပ်ထားသော တိရစ္ဆာန်များကို ဆိုလိုသည်။

ကြည့်-ကဗီရ်၊ ကုရ်တုဗီ၊ ရူဟုလ်မအာနီ၊ ဂျဆ်ဆ္ဆာဆ်၊ မာဂျိဒီ။

'ကိတာဗီ' များ ဇဗ်ဟ်ပြုလုပ်ထားသော အသားသည် စားသုံးပိုင်ခွင့်ရှိ၏။ သို့ရာတွင် ကိုတာဗီများ၏ အခြေအနေ ပြောင်းလွဲလာခဲ့ပေရာ ထိုကိတာဗီများဇဗ်ဟ်ပြုလုပ်ထားသော အသားနှင့် စပ်လျဉ်း၍ မွတသတ်ရှင်တို့၏ မွတသတ်များသည်လည်း ပြောင်းလွဲလာခဲ့ပေသည်။ ဤတွင် အချို့မွတသတ်များကို ရေးသားဖော်ပြလိုပါသည်။

(က) အရဗ်ယဟူဒီဖြစ်စေ၊ နဆ္ဆရာနီဖြစ်စေ၊ အရဗ်မဟုတ်သော ယဟူဒီဖြစ်စေ၊ နဆ္ဆရာနီဖြစ်စေ၊ ကိတာဗီ တယောက်သည် အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ကိုရွတ်ဆို၍ ဇဗ်ဟ်ပြုလုပ်သော် ထို ဇဗ်ဟ် ပြုလုပ်ထားသော အသားကို စားသုံးပိုင်ခွင့်ရှိ၏။ အကယ်၍ နဆ္ဆရာနီတယောက်သည် (အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ကို မရွတ်ဆိုဘဲ) တမန်တော်အီစာ၏အမည်ကို ရွတ်ဆို၍ ဇဗ်ဟ်ပြုလုပ်သည်ရှိသော် ဇဗ်ဟ်ပြုလုပ်သော ➤➤

➢➢ အသားသည် မစားသုံးပိုင်ချေ။ ဤကား အေမာမ်အဗူဟနီဖတ်၊ အေမာမ်အဗူယူစုဖ်။ အေမာမ်မုဟမ္မဒ်၊ အေမာမ်ဇူရ်တို့၏ ယူဆချက်တည်း။ (ဂျဆ္ဖိုဆွာဆွို)

(ခ) အချို့မမွသတ်ရှင်များက အတိအကျယူဆကြသည်မှာ ကိတာဗီများ ဧဗ်ဟ်ပြုလုပ်ထားသော အသားကို စားသုံးပိုင်ခွင့်ရှိသည် ဆိုရာ၌ ၎င်းကိတာဗီများသည် အပြုအမူ၊ အပြောအဆို အစစအရာရာတွင် ကိတာဗီ အစစ်အမှန်များ ဖြစ်ကြရပေမည်။ မိရိုးဖလာအမည်ခံ ကိတာဗီများ မဖြစ်ကြရပေ။ မိရိုးဖလာအမည်ခံ ကိတာဗီများ ဧဗ်ဟ်ပြုလုပ်ထားသော အသားကို မစားသုံးပိုင်ပေ။

အမည်ခံ ကိတာဗီများ ဧဗ်ဟ်ပြုလုပ်ထားသော အသားကို မစားသုံးပိုင်သည်.အကြောင်းနှင့်စပ်လျဉ်း၍ အချို့ သာဝကကြီးများ၏ အဆုံးအဖြတ်ကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

"အသင်တို့သည် ဗနီတဃ်လိဗ်မျိုးနွယ်ဝင် နဆရာနီများ၏ ဧဗ်ဟ်ပြုလုပ်ထားသော အသားများကို မစားကြကုန်လင့်၊ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် သေရည်သေရက် သောက်စားခြင်းမှအပ နဆ်ရာနီဘာသာ၏ မည်သည့်စည်းကမ်းချက်ကိုမျှ လိုက်နာကျင့်သုံးကြသည် မရှိချေဟု သာဝကကြီးအလီသခင်က မိန့်ကြားခဲ့သည်။ (အီဗ်နုဂျရီရ်)။

အသင်တို့သည် အရဗ်နဆ္ဆရာနီများ ဧဗ်ဟ်ပြုလုပ်ထားသော အသားများကိုငင်း၊ အာရ်မေနီးယား နဆ္ဆရာနီများ ဧဗ်ဟ်ပြုလုပ်ထားသော အသားများကိုငင်း မစားသုံးကြနှင့်ဟု သာဝကကြီး အီဗ်နုအဗ္ဒါစ်က မိန့်ကြားခဲ့သည်။ (အီဗ်နုဂျရီရ်)။

အထက်ပါ အဆုံးအဖြတ်အတိုင်း သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအုမရ်နှင့် အာအေရှာသခင်မတို့ကလည်း အဆုံးအဖြတ်ပေးခဲ့ကြသည်။ ထို့အတူပင် တာဗီအီ မမွသတ်ရှင်များဖြစ်သော တွာအူစ်နှင့် ဟစန်တို့ကလည်း အဆုံးအဖြတ်ပေးခဲ့ကြလေသည်။ ကြည့်-ကုရ်တုဗီ၊ မာဂျိဒီ။

(ဂ) အေမာမ်မါလစ်က်က ကျွန်ုပ်သည် ထို(ကိတာဗီများ၏ ဧဗ်ဟ်ပြုလုပ်ထားသော အသား)ကို မကျွေးဟု ယူဆကြောင်း ပြောဆိုခဲ့၏။ သို့ရာတွင် အေမာမ်မာလစ်က ထိုအသားကိုဟရာမ်ဟူ၍ကား မဆိုချေ။ (ကုရ်တုဗီ)။

(ဃ) အချို့ပညာရှင်များကမူ ကိတာဗီများ၏ ဧဗ်ဟ် ပြုလုပ်ထားသော အသားသည် ချွင်းချက်မရှိ စားသုံးပိုင်သည်ဟု ဆိုကြ၏။

များစွာသောပညာရှင်တို့က ကိတာဗီများ ဧဗ်ဟ်ပြုလုပ်ထားသော အသားသည် စားသုံးပိုင်၏ဟု ယူဆကြသည်။ ဤသည် ရှအ်ဗီ၊ အတွာအ်၊ ဇုဟ်ရီ၊ မါက်ဟူလ်တို့၏ အဆိုတည်း။ (မအာလင်မ်)။

ဟစန်(ဗဆွရီတာဗီအီ)က ပြောကြားသည်မှာ အကယ်၍ ယဟူဒီ သို့မဟုတ် နဆ္ဆရာနီတဦးသည် ဧဗ်ဟ် ပြုလုပ်သည့်အခါ အလ္လာဟ်အရှင်မြတ်မှတပါး အခြားအရာ၏အမည်ကို ရွတ်ဆိုလျှင်၊ သို့ရွတ်ဆိုသည်ကို အသင်ကိုယ်တိုင်ကြားလျှင် ထိုအသားကို အသင်မစားနှင့်။ အကယ်၍ ထိုသူတို့၏ ဧဗ်ဟ်ပြုလုပ်မှုသည် အသင်၏ မျက်ကွယ်ရာတွင် ဖြစ်သည်ရှိသော အသင်သည် ထိုအသားကို စားပါလေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အသင့်အဘို့ ဟလာလ်ပြုထားတော်မူသည်။(မအာလင်မ်။ ရွဟ်)။

အထက်ဖေါ်ပြပါ ကွဲလွဲချက်များသည် ကိတာဗီများ၏ ဧဗ်ဟ်ပြုလုပ်ထားသော အရာများနှင့်သာ သက်ဆိုင်၏။ ကိတာဗီများ၏ ဧဗ်ဟ်မပြုလုပ်သော (ဥပမာ လည်မျိုလိမ်သတ်သော) အရာများနှင့် စပ်လျဉ်း၍ကား စားသုံးပိုင်သည်၊ စားသုံးမပိုင်သည်ဟူသော ပြဿနာပင်မပေါ်ချေ။ ကြည့်-မာဂျိဒီ။

الْكِتٰبَ مِنْ قَبْلِكُمْ اِذَآ اٰتَيْتُمُوْهُنَّ اُجُوْرَهُنَّ مُحْصِنِيْنَ غَيْرَ مُسٰفِحِيْنَ وَلَا مُتَّخِذِيْٓ اَخْدَانٍ ۭ وَمَنْ يَّكْفُرْ بِالْاِيْمَانِ فَقَدْ حَبِطَ عَمَلُهٗ ۠ وَهُوَ فِي الْاٰخِرَةِ مِنَ الْخٰسِرِيْنَ ۝

ငင်းပြင် သိက္ခာကိုစောင့်ထိန်းသော မွတ်စ်လင်မ် အမျိုးသမီးတို့သည်ငင်း၊ ② အသင်တို့အလျင် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသော သူတို့. အနက်မှ ကာယိန္ဒြေကို စောင့်ထိန်းသော အမျိုးသမီးတို့သည်ငင်း၊ ③ အကယ်၍ အသင်တို့သည် ထိုအမျိုးသမီးတို့အား ငင်းတို့၏ "မဟ်ရ်" ထိမ်းမြားကြေးများကိုပေးဆပ်၍ ထင်ထင်ပေါ်ပေါ် ကာမဂုဏ်လိုက်စားခြင်းနှင့် တိတ်တိတ်ပုန်း အမြွှောင်မယားထားခြင်းမပြုဘဲ မိမိတို့၏သိက္ခာကို စောင့်ထိန်းခြင်းအားဖြင့်သာ ထိမ်းမြားကြပါမူ။ (ထိမ်းမြားခွင့်ပြုပြီးဖြစ်လေသည်)။ စင်စစ်သော်ကား မည်သူမဆို "အီမာန်" ယုံကြည်မှုကို ပယ်ရှားပါလျှင် ④ ထိုသူ၏ (ပြုခဲ့သမျှသော) ကောင်းမှုသည် မလွဲဧကန် အလဟဿအချည်းနှီးပင် ဖြစ်အံ့။ ငင်းပြင် ထိုသူသည် နောင်တမလွန်ဘဝ၌လည်း ကျိုးယုတ်ပျက်စီးသော သူတို့တွင် အပါအဝင်ဖြစ်လတ္တံ့။

---

② 'မုဟ်ဆွနာတ်' ဟူသည် ကြေးကျွန်မဟုတ်သော၊ ကာမသုမိစ္ဆာစာရက် ကျူးလွန်မှုမှကင်းစင်သော အမျိုးသမီးများကို ဆိုလိုသည်၊ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကာယိန္ဒြေရှိမှုသည် အဘယ်မျှကောင်းမြတ်သည်၊ ကာယိန္ဒြေ ထိန်းသိမ်းမှုသည် အဘယ်မျှအရေးကြီးသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။ သို့တစေလည်း ဤဂုဏ်ပုဒ်သည် တရားဥပဒေအရ မရှိမဖြစ်သော စည်းကမ်းချက် မဟုတ်ပေ။

"မုဟ်ဆွနာတ်" ဟူသည် ကြေးကျွန်မဟုတ် သူကောင်းဖြစ်သော ကာယိန္ဒြေရှိသော အမျိုးသမီးများကို ဆိုလိုသည်။ ဤသည် ထိမ်းမြားမှုမှန်ကန်ရန်အတွက် စည်းကမ်းချက်တရပ်မဟုတ်ပေ။ သို့ရာတွင် ဤသည် 'မုစ်တဟ္မဒ်' နှစ်ခြိုက်ဘွယ်ရာ အချက်တရပ် မုချ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် မွတ်စ်လင်မ်ကျွန်မိန်းမများနှင့်၎င်း၊ ကာယိန္ဒြေမဲ့သော အမျိုးသမီးများနှင့်၎င်း ထိမ်းမြားပိုင်ခွင့်ရှိခြင်းကြောင့်တည်း။(မဒါရစ်ကို)။

③ 'ကိတာဗီများ' ဇော်ဟ်ပြုထားသောအသားသည် မွတ်စ်လင်မ်တို့အဘို့ စားသုံးပိုင်ခွင့်ရှိသကဲ့သို့ မွတ်စ်လင်မ်များ ဇော်ဟ်ပြုထားသောအသားသည်လည်း ကိတာဗီများအဘို့ စားသုံးပိုင်ခွင့်ရှိပေသည်။ ယင်းကဲ့သို့ မွတ်စ်လင်မ်များနှင့် ကိတာဗီများအဘို့ အသီးသီး ဇော်ဟ်ပြုထားသောအသားသည် နှစ်ဦးနှစ်ဘက်လုံးအဘို့ အပြန်အလှန် စားသုံးပိုင်ခွင့်ရှိသော်လည်း၊ ထိမ်းမြားရာတွင်ကား ကိတာဗီအမျိုးသမီးများကို မွတ်စ်လင်မ်ယောကျ်ားများသည် ထိမ်းမြားယူပိုင်ခွင့်ရှိ၏၊ မွတ်စ်လင်မ်အမျိုးသမီးများကိုမူ ကိတာဗီယောကျ်ားများနှင့် ထိမ်းမြားပေးပိုင်ခွင့် မရှိချေ။ ဤအမိန့်တော်သည် ကိတာဗီအစစ်အမှန်နှင့်သာ သက်ဆိုင်၏။ မိရိုးဖလာအမည်ခံ ကိတာဗီများနှင့်ကားမသက်ဆိုင်ချေ။ (ထာနဝီ)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا قُمْتُمْ إِلَى ٱلصَّلَوٰةِ فَٱغْسِلُوا۟ وُجُوهَكُمْ وَأَيْدِيَكُمْ إِلَى ٱلْمَرَافِقِ

၆။ အို-မုအ်မင် သက် ဝင် ယုံ ကြည် သူ အပေါင်း တို့၊ အသင်တို့သည် *"ဆွလာတ်" ဝတ်ပြု ရန်ထကြ သောအခါ* [၃] မိမိတို့ ၏ မျက်နှာများကိုဂင်း၊ လက်များကိုတံတောင်ဆစ်ပါဂင်း၊ ဆေးကြော်ကြလေကုန်။ ထိုနည်းတူစွာအသင်တို့၏ ဦးခေါင်းများကိုပွတ်သပ်ကြလေကုန်။ ဂင်း ပြင် အသင်တို့ သည်မိမိ တို့ ၏ ခြေများကိုလည်းခြေမျက်စိများပါ (ဆေးကြော်ကြလေကုန်)။

---

(၄) ဤ မုကွပါဠိ တော် တွင် ပါရှိ သည့် 'အီမာန်' ယုံကြည် ရမည့် အရာများကို ဆိုလိုသည်။ ထို ယုံကြည် ရမည့် အရာများတွင် အလ္လာဟ်အသျှင်မြတ်က ဟလါလ် ပြုထားတော် မူ သော်အရာ ကို ဟလာလ်ဟူ၍ယုံကြည်ခြင်း၊ ဟရာမ်ပြုထားတော်မူသောအရာကို ဟရာမ်ဟူ၍ ယုံကြည်ခြင်းလည်း အပါအဝင်ဖြစ်ပေသည်။

(၅) ဆွလာတ်ဝတ် ပြုရန်ထခြင်း ဟူသည် ဆွလာတ်ဝတ်ပြုရန် ရည်ရွယ်ခြင်းကို ဆိုလိုသည်။ ကြည့်-(ထာနဝီ)။

ဤမုကွပါဠိတော်၏ ပေါ်လွင်ထင်ရှားသော အဓိပ္ပါယ်အရ ဆွလာတ် ဝတ်ပြုရန် ရည်ရွယ်သူတိုင်း အပေါ်၌ ဝဿူ ပြုရန် တာဝန်ရှိသူ 'မုဟ်ဒိဆ်' မဟုတ်သော်လည်း ဝဿူပြုရန် တာဝန်ရှိသည်ဟု ယူဆဖွယ်ရာရှိ၏။ အမှန်မှာ ဝဿူ ပြုရန်တာဝန်ရှိသူများ အပေါ်၌သာလျှင် ဝုဇ္ဇူ ပြုရန် တာဝန်ရှိပေသည်။ ဤကား 'ဖွ ဂျ်မာအ်' တည်း။

ဝဿူ ရှိသူများအပေါ်၌ ထပ်မံ ဝဿူ ပြုရန် တာဝန်မရှိသော်လည်း သန့်ရှင်းသည်ထက် ပိုမို၍ သန့်ရှင်း ရန်၊ စိတ်ဓါတ်ကြည်လင်ရန် အလို့ငှာ ထပ်မံ၍ ဝဿူ ပြုလုပ်ခြင်းသည် ကောင်းမြတ်သော အမူပင် ဖြစ်၏။ တမန်တော်မြတ်နှင့်တကွ သာဝကကြီးများ အဗူဗက်ရ်၊ အုမရ်၊ အုဆမာန်၊ အလီသခင်တို့ သည် ဆွလာတ် ဝတ်ပြုသည့် အခါတိုင်းတွင် ဝဿူပြုလေ့ရှိကြ၏။ ထို့အတူ အခြားမြောက်များစွာသော သာဝကကြီးများသည်လည်း ထပ်မံ၍ ဝဿူ ပြုလုပ်ကြသည်။ ဝဿူ ရှိပါလျက် ထပ်မံ၍ ဝဿူ ပြုခြင်း၏အကျိုးနှင့်စပ်လျဉ်း၍ တမာန်တော်မြတ်၏ဩဝါဒကိုလည်းအများအပြားတွေ့ ရှိရပေသည်။ အစ္စလာမ်သာသနာသည် အတွင်းစိတ်ဓါတ်၏ သန့်ရှင်းမှု ကို လိုလားသကဲ့ သို့ အပြင်အပ ခန္ဓာကို၏ သန့်ရှင်းစင်ကြယ်မှုကိုလည်း အထူးလိုလား၏။ ထို့အတွက်ကြောင့် အစ္စလာမ်သာသနာ၏ ဓလံကိုးကွယ်မှုများတွင် အချုပ်အချာအဓိကဖြစ်သော ဆွလာတ်ဝတ်ပြု မှု အလျောင် ဝဿူ ပြုခြင်းကို တာဝန် တရပ်အဖြစ်သတ်မှတ်ထားသည်။ ဝဿူ မရှိဘဲ ဆွလာတ်ဝတ်ပြုခြင်းသည် အလျောင်းမပိုင်ပေ။

ဝဿူ တွင်ဖရ်သ်ပွဲ ၄-ပါး ရှိ၏။

၁။ မျက်နှာဆေးခြင်း။ ၂။ လက်များကို တတောင်ဆစ်အထိ (တတောင် ဆစ်အပါအဝင်) ဆေးခြင်း။

၃။ ဦးခေါင်းကို စိုလျက်ရှိသောလက်ဖြင့် 'မတ်စဟ်' ပွတ်သပ်ခြင်း။

၄။ ခြေတောက်များကို ခြေမျက်စေ့ အထိ (ခြေမျက်စိအပါအဝင်) ဆေးခြင်း။

အဆိုပါဖရ်သ်ပွဲ ၄- ပါး ကို ဤ မုကွပါဠိ တော်တွင် အတည့်အလင်း မိန့်ဆိုထားတော်မူသည်။ ဝဿူ နှင့် စပ်လျဉ်း၍ အခြား အသေးစိတ် အချက်အလက်များကို 'ဖစ်ကဟ် 'ဓမ္မသတ်ကျမ်း များတွင် တွေ့ ရှိနိုင်ပေသည်။

وَامْسَحُوا بِرُءُوسِكُمْ وَأَرْجُلَكُمْ
إِلَى الْكَعْبَيْنِ ۚ وَإِنْ كُنْتُمْ
جُنُبًا فَاطَّهَّرُوا ۚ وَإِنْ
كُنْتُمْ مَرْضَىٰ أَوْ عَلَىٰ
سَفَرٍ أَوْ جَاءَ أَحَدٌ مِنْكُمْ
مِنَ الْغَائِطِ أَوْ لَامَسْتُمُ
النِّسَاءَ فَلَمْ تَجِدُوا مَاءً
فَتَيَمَّمُوا صَعِيدًا طَيِّبًا
فَامْسَحُوا بِوُجُوهِكُمْ
وَأَيْدِيكُمْ مِنْهُ ۚ مَا يُرِيدُ

သို့ရာတွင် အကယ်၍ အသင်တို့သည် 'ဂျနဗ်' ခန္ဓာကိုယ်မသန့်သော သူများဖြစ်၍ [၁] (ရေသုံးသပ်ရန် ထိုက်နေကြပါလျှင် တကိုယ်လုံးကို) သန့်စင်အောင် ပြုကြလေကုန်။

၎င်းပြင် အကယ်၍ အသင်တို့သည် ဝေဒနာရှင်များ ဖြစ်နေကြသော်၎င်း၊ ခရီးသည်များ ဖြစ်နေကြသော်၎င်း၊ သို့တည်းမဟုတ် အသင်တို့အနက် တစုံတယောက်သောသူသည် ကျင်ကြီးကျင်ငယ်စွန့်ရာမှ ပြန်ခဲ့သည်ရှိသော်၎င်း၊ သို့မဟုတ် အသင်တို့သည် (မိမိတို့၏) ဇနီးမိန်းမများနှင့် မေထုန်သံဝါသ ပြုခဲ့ကြသည်ရှိသော်၎င်း၊ ပြီးနောက် အသင်တို့သည် ရေကိုမရရှိခဲ့ကြပါလျှင် စင်ကြယ်သန့်ပြန့်သော မြေကြီးဖြင့် "သယမ်မွန်မ်" ပြုကြလေကုန်။ [၂] ထို(ကဲ့သို့ "သယမ်မွန်မ်" ပြုသော)အခါ အသင်တို့သည် (လက်ဝါးနှစ်ဘက်ဖြင့် မြေကြီးကို ရိုက်ပုတ်၍) မိမိတို့၏ မျက်နှာနှင့် လက်များကို ထိုမြေကြီးဖြင့်ပွတ်သပ်ကြလေကုန်။

---

① ဤမုကွပါဠိတော်တွင် 'ဂျနာဇဟ်' ဖြစ်လျှင် တကိုယ်လုံး သန့်စင်အောင် ရေချိုးရမည်.အကြောင်း မိန့်ဆိုထားတော်မူသည်။ 'ဂျနာဇတ်' ကြောင့် ရေချိုးခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို ဓမ္မသတ်ကျမ်းများတွင် တွေ့ရှိနိုင်ပေသည်။

② မွတ်စ်လင်မ် တဦးတယောက်သည် မမာမကျန်းဖြစ်၍ ရေကိုအသုံးမပြုနိုင်သည်. အခါမျိုးတွင်၎င်း၊ ခရီးသွားခိုက် ရေမရှိသည်.အခါ သို့မဟုတ် ရေကိုအသုံးမပြုနိုင်သည်. အခါမျိုးတွင်၎င်း၊ ရေချိုးရန်တာဝန်ရှိ၍ ရေချိုးရန် ရေမရရှိသောအခါ၊ သို့မဟုတ် ရေကိုအသုံးမပြုနိုင်သည်. အခါမျိုးတွင်၎င်း ဖေါ်ပြပါ အချိန်အခါမျိုးတွင် သန့်ပြန့်သောမြေဖြင့် 'တယမ်မွန်မ်' ပြုလုပ်ရပေမည်။

'တယမ်မွန်မ်' ဟူသည် သန့်ပြန့်သောမြေကို လက်ဝါး နှစ်ဘက်ဖြင့် နှစ်ကြိမ်ရိုက်ပုတ်၍ ပဌမအကြိမ် မျက်နှာကိုပွတ်သပ်ခြင်း၊ ဒုတိယအကြိမ်လက်ကိုတဆောင်ဆစ်အထိ ပွတ်သပ်ခြင်းကိုဆိုသည်။ကြည့်.-"ဟီဒါယဟ်"။

'တယမ်မွန်မ်' စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို 'ဖစ်ဟ်' ဓမ္မသတ်ကျမ်းများတွင် တွေ့ရှိနိုင်ပေသည်။

ဤမုကွပါဠိတော်နှင့် အလားတူမုကွပါဠိတော်တပါးသည် ကုရ်အာန်(၄:၄၃)တွင်လာရှိ၏။

اللَّهُ لِيَجْعَلَ عَلَيْكُمْ مِّنْ حَرَجٍ وَّلٰكِنْ يُّرِيْدُ لِيُطَهِّرَكُمْ وَلِيُتِمَّ نِعْمَتَهٗ عَلَيْكُمْ لَعَلَّكُمْ تَشْكُرُوْنَ ۝٦

အလ္လာဟ် အရှင်မြတ်သည် အသင်တို့.အပေါ်၌ ကျဉ်းကြပ်မှုကို ပြုလုပ်ရန် ရည်ရွယ်တော်မူသည်မဟုတ်။ [၁] သို့.ရာတွင် ထိုအရှင်မြတ်သည် အသင်တို့.အား သန့်.ရှင်းစင်ကြယ်အောင် ပြုလုပ်ရန်နှင့် [၂] မိမိကျေးဇူးတော်ကို အသင်တို့.အတို့. အပြည့်.အစုံ ပေးသနားတော်မူရန်သာ [၃] ရည်ရွယ်တော်မူလေသည်။ သို့.မှသာလျှင် အသင်တို့.သည် ကျေးဇူးတော်ကိုသိတတ်သူများ ဖြစ်တန်ကြရာလေသတည်း။

ဆက်စပ်မှု။

(က) ဤကဏ္ဍအစတွင် ပဋိညာဉ်များကို အတည်ပြုရမည့်.အကြောင်း ပါရှိ၏။ ပဋိညာဉ်သည် နှစ်မျိုးနှစ်စားရှိ၏။ (၁) အဟ်ဒုရဗ္ဗူဗိယတ်၊ ပြုစုပျိုးထောင်ခြင်းနှင့် စပ်လျဉ်းသော ပဋိညာဉ်။ (၂) အဟ်ဒုအဗ္ဗူဒီယတ်၊ ခဝပ်ကိုးကွယ်ခြင်းနှင့် စပ်လျဉ်းသော ပဋိညာဉ်။ ပဌမ ပဋိညာဉ်သည် အလ္လာဟ်အရှင်မြတ်နှင့်သက်ဆိုင်၏။ ဒုတိယပဋိညာဉ်သည် လူသားတို့.နှင့် သက်ဆိုင်၏။

လောကီရေးဆိုင်ရာ အကျိုးအမြတ်အရပ်ရပ်တို့.သည် စားသောက်မှု၊ ထိမ်းမြားမှုနှင့် ဆက်စပ်လျက်ရှိ၏။ ထို့.အတွက် အလ္လာဟ်အရှင်မြတ်သည် စားသုံးမှု၊ ထိမ်းမြားမှုများနှင့်စပ်လျဉ်း၍ အထက်တွင် အကျယ်မိန့်.ဆိုထားတော်မူသည်။

လူသားတို့.၏ ပဋိညာဉ်ကား ခဝပ်ကိုးကွယ်ခြင်းဖြစ်၏၊ အီမာန်ယုံကြည်ကြပြီးနောက် အကြီးဆုံးသော ခဝပ်မှုကား ဆွလာတ်ဝတ်ပြုခြင်းပင် ဖြစ်၏။ ဆွလာတ်ဝတ်ပြုမှုသည် မသန့်.ရှင်း မစင်ကြယ်ဘဲ မဖြစ်နိုင်၊ သို့.အတွက်ကြောင့် ဤမုက္ခပါဠိတော်တွင် ဝုဿူပြုခြင်း၊ ရေချိုးခြင်း၊ တယမ်မွန်မ်ပြုခြင်း၏ စည်းကမ်းချက်များကို မိန့်.ဆိုထားတော်မူခြင်းဖြစ်သည်။

"ဂျနာဗဟ်" ရေချိုးရခြင်းသည် ထိမ်းမြားခြင်းကြောင့် ဖြစ်ရ၏။ ဝုဿူပျက်ရခြင်းသည် စားသောက်မှုကြောင့် ဖြစ်ရ၏။ ဤသည်ကိုဆင်ခြင်ပါက ဤမုက္ခပါဠိတော်နှင့် ပြီးစီးခဲ့သော မုက္ခပါဠိတော်များသည် တပါးနှင့်တပါး ဆက်စပ်လျက်ရှိသည်ကို သိရှိနိုင်ပေသည်။ (အလ်မနာရ်)။

(ခ) အထက်တွင်လောကီရေးဖြစ်သော စားသောက်မှု၊ ထိမ်းမြားမှုများနှင့်သက်ဆိုင်သော စည်းကမ်းချက်များကို ဟောကြားထားတော်မူ၏။ ဤမုက္ခပါဠိတော်တွင် လောကုတ္တရာရေးဆိုင်ရာ ဆွလာတ်ဝတ်ပြုမှုနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို ဟောကြားထားတော်မူသည်။ (ထာနဝီ)

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့. လိုက်နာကျင့်သုံးနိုင်ရန်အတွက် တရားစည်းကမ်းချက်များကို သတ်မှတ်ပြဋ္ဌာန်းတော်မူရာတွင် ခက်ခဲမှု၊ ကျပ်တည်းခဲယဉ်းမှုကို အလျင်း လိုလားတော်မမူချေ။ လွယ်ကူမှု၊ သက်သာချောင်ချိမှုကိုသာ လိုလားတော်မူပေသည်။ ဤသည့်.သဘောကို ကုရ်အာန်ကျမ်းမြတ် (၂:၁၁၅။ ၂၂:၇၈) တွင်လည်း မိန့်.ဆိုထားတော်မူသည်။ အစ္စလာမ်သာသနာ၏ စည်းကမ်းချက်များကို လက်တွေ့.လိုက်နာကျင့်သုံးပါက လူ.သက်တမ်း တလျှောက်လုံးတွင် တွေ့.ကြုံရသော အခက်အခဲများကို လွယ်ကူစွာဖြင့် ကျော်လွန်နိုင်ပေသည်။ (မာဂျိဒီ)။

وَاذْكُرُوا نِعْمَةَ اللَّهِ عَلَيْكُمْ وَمِيثَاقَهُ الَّذِي وَاثَقَكُمْ بِهِ إِذْ قُلْتُمْ سَمِعْنَا وَأَطَعْنَا ۖ وَاتَّقُوا اللَّهَ ۚ إِنَّ اللَّهَ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٧﴾

၇။ တဖန် အသင်တို့သည် မိမိတို့ အပေါ်၌ အလ္လာဟ် အရှင်မြတ်က ပြုတော်မူသော ကျေးဇူးတော်ကိုလည်း၊ အသင်တို့က "ကျွန်တော်မျိုးတို့သည် (အမိန့်တော် များကို) နာခံကြပါပြီ၊ ထို့ပြင် ကျွန်တော်မျိုးတို့သည် (ယင်းအမိန့်တော်များအတိုင်း) လိုက်နာကြပါပြီ" ဟု ပြောဆိုကြသော အချိန်တွင် ထိုအရှင်မြတ်သည် အသင်တို့နှင့် မြဲမြံခိုင်ခဲ့စွာ ဖွဲ့တော်မူသော ထိုအရှင်မြတ်၏ ပဋိညာဉ်တော်ကိုလည်း၊ [၁] ပြန်လည်အောက်မေ့ သတိရကြလေကုန်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား (အမြဲတစေ) ကြောက်ရွံ့ကြလေကုန်။

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (လူတို့၏) စိတ်နလုံးများ တွင်ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

---

(၂) အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းမှုကို လိုလားတော်မူသည်ဟု မိန့်ဆိုရာတွင် ခန္ဓာကိုယ်၏ သန့်ရှင်းမှု၊ စိတ်နလုံး၏သန့်ရှင်းမှု ၂-ရပ်လုံး အကျုံးဝင်ပေသည်။ ထို့အတွက်ကြောင့်လည်း ကိုယ်ခန္ဓာ၏သန့်ရှင်းမှုနှင့် စပ်လျဉ်းသော စည်းကမ်းချက်များကိုလည်း၊ စိတ်နလုံး၏ သန့်ရှင်းမှုနှင့်စပ်လျဉ်းသော စည်းကမ်းချက်များကိုလည်း ဟောကြားထားတော်မူခြင်း ဖြစ်သည်။ မာဂျိဒီ။

(၃) အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ကို အပြည့်အစုံ ပေးသနားတော်မူလို၏။ ယင်းသို့ လိုလားတော်မူသည့်အတိုင်း မိမိ၏ထံတော်ပါးသို့ ချဉ်းကပ်နိုင်စေရန်နှင့် မိမိ၏ နှစ်သက်လိုလားမှုကို ရရှိခံစားနိုင်စေရန်အတွက် အလွယ်ကူဆုံး၊ အပြည့်ဝဆုံးသော နည်းနာနိသျများကို (၀၁) အစွမ်းသာသနာတော်၏ 'ရှရီအတ်' တရားဓမ္မသတ်များကို ဟောကြားထားတော်မူသည်။ ကြည့်- ဂျာလာလိုင်န်၊ မာဂျိဒီ။

(၄) ဤမုကဒ္ဒမ်ပါဠိတော်တွင် ပါရှိသည့် "ပဋိညာဉ်" ဟူသည်ကား၊ အဘယ်ပဋိညာဉ်ကိုဆိုလိုသနည်း။ ဤတွင် 'မုဖတ်စ်စီရိန်' ပညာရှင်များသည် အဆိုပြုလျက်ရှိကြ၏။

(က) 'အာလမိအရဝါဟ်' ခေါ် ဝိညာဉ်လောကတွင် အလ္လာဟ်အရှင်မြတ်က ဝိညာဉ်အပေါင်းတို့အား၊ လူသားအားလုံးတို့အား "ငါသည် အသင်တို့၏ အရှင်မဟုတ်ပါသလော" ဟုမေးတော်မူရာ ဝိညာဉ်အပေါင်းတို့က၊ လူသားအပေါင်းတို့က "ဟုတ်ပါ၏" ဟု ဖြေဆိုဝန်ခံခဲ့ကြလေ၏။ ဤမုကဒ္ဒမ်ပါဠိတော်တွင် ပါရှိသည့် ပဋိညာဉ်ဟူသည် အဆိုပါပဋိညာဉ်ကိုပင် ဆိုလိုသည်ဟု အချို့ပညာရှင်များက ဆိုလိုကြသည်။ ကြည့်-ကဗီရ်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ كُونُوا۟ قَوَّٰمِينَ لِلَّهِ شُهَدَآءَ بِٱلْقِسْطِ ۖ وَلَا يَجْرِمَنَّكُمْ شَنَـَٔانُ قَوْمٍ عَلَىٰٓ أَلَّا تَعْدِلُوا۟ ۚ ٱعْدِلُوا۟

၈။ အို-'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်(၏ နှစ်သက်မှုရယူရန်)အလို့ငှာ ဖြောင့်မတ်တည်ကြည်သောသူများ၊ (သက်သေခံရာတွင်) တရားမျှတစွာ သက်သေခံသူများ ဖြစ်ကြလေကုန်။ [၃] ၎င်းပြင် မည်သည့် လူမျိုးတမျိုးကိုမဆို မုန်းတီးခြင်းသည် အသင်တို့အား တရားမျှတမှုကို မပြုဘဲနေကြရန် လှုံ့ဆော်သည်မရှိစေရ။ [၂]

➤➤ (ခ) ပဋိညာဉ်ဟူသည် အစွမ်းသတ္တိသန္ဓာကို သက်ဝင်ယုံကြည်သည့်အချိန်တွင် အစွမ်းသတ္တိသန္ဓာရေးဆိုင်ရာ အမိန့်ပညတ်အရပ်ရပ်ကို လိုက်နာကျင့်သုံးပါမည်ဟု 'မုအ်မင်နဲ်' တိုင်းဝန်ခံသော ပဋိညာဉ်ဝန်ခံချက်ကို ဆိုလိုသည်ဟု အချို့ပညာရှင်များက ဆိုကြ၏။ ကြည့် - ဗဟ်ရ်။

(ဂ) ဟိဂ်ရီသက္ကရာဇ် (၆) ခုနှစ်တွင် သစ်ပင်တပင်အောက်၌ ဆွာဟာဗဟ် သာဝကကြီးများက တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် 'ဗိုင်အတ်' ပြု၍ အကျွန်ုပ်တို့သည် အမိန့်ပညတ် အရပ်ရပ်ကို မိမိတို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ လိုက်နာ ကျင့်သုံးကြပါမည်ဟု ပဋိညာဉ်ပေးခဲ့ကြ၏။ ဤပဋိညာဉ်ကို 'ဗိုင်အတုရ်ရစ်သွဝါန်' ဟူ၍ ခေါ်ဝေါ်ကြသည်။ ဤမုက္ခပါဠိတော်တွင် ပါရှိသော ပဋိညာဉ်ဟူသည် အဆိုပါ ပဋိညာဉ်ကိုပင် ဆိုလိုသည်။ ဤကားများစွာသော မုဖတ်စ်ရီန် ပညာရှင်များတို့၏ ယူဆချက်တည်း။ ကြည့် (ကုရ်တုဗီ)။

① အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အမိန့်ပညတ်တာဝန် အရပ်ရပ်ကို ကျေပွန်စွာ လိုက်နာကျင့်သုံးကြရပေမည်။ ထို့အတူ အလ္လာဟ်အရှင်မြတ် ပြုပြင် စီရင်ဖန်ဆင်းထားတော်မူသော သက်ရှိ၊ သက်မဲ့ အားလုံးတို့နှင့် သက်ဆိုင်သည့် တာဝန်အရပ်ရပ်ကိုလည်း ကျေပွန်ကြရပေမည်။ ဤမုက္ခပါဠိတော်တွင် (قَوَّٰمِينَ لِلَّهِ) ဟူသော ဝါကျသည် (حقوق الله) ဟု 'ကုကုလ္လာဟ်' အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ထမ်းဆောင်ရမည် ဖြစ်သော တာဝန်အရပ်ရပ်ကို ရည်ညွှန်းသည်။ (شُهَدَآءَ بِٱلْقِسْطِ) ဟူသောဝါကျသည် (حقوق العباد) 'ဟုကူကုလ်အိဗါဒ်' အလ္လာဟ်အရှင်မြတ်၏ ကျွန်အပေါင်းတို့နှင့် သက်ဆိုင်သည့် တာဝန်အရပ်ရပ်ကို ရည်ညွှန်းသည်။

② ဤမုက္ခပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် ကာဖိရ်တို့အား ကာဖိရ်ဖြစ်ကြလင့်ကစား မုန်းတီးသည့်အတွက် မတရား မပြုကြရမည့်အကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ ကာဖိရ်များနှင့်ပင်လျှင် တရားမျှတစွာ ဆက်ဆံကြရမည်ဖြစ်ပေရာ မွတ်စ်လင်မ်အချင်းချင်း ဆက်ဆံရာတွင် တရားမျှတမှု ပိုမိုအရေးကြီးသည်မှာ ထင်ရှားလှပေသည်။ ကြည့် - ကဗီရ်၊ ကုရ်တုဗီ။

မတရားပြုမူခြင်း၏ အကြောင်းတရားများသည် များသောအားဖြင့် ၂-ခုတွေ့ရှိရ၏။ ➤➤

هُوَ أَقْرَبُ لِلتَّقْوَىٰ ۖ وَاتَّقُوا اللَّهَ ۚ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ ﴿٨﴾

အသင်တို့သည် (မည်သည့် ကိစ္စမျိုးဌ်မဆို) တရားမျှတ ကြလေကုန်။ [၁] ယင်း တရားမျှတမှုသည် ကား ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်းနှင့် [၂] အနီးစပ်ဆုံးပင်တည်း။ ထိုမှတပါး အသင်တို့သည် အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ မလွဲဧကန် အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။

وَعَدَ اللَّهُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ ﴿٩﴾

၉။ အလ္လာဟ်အရှင်မြတ်သည် အီမာန် ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိ၍ ကောင်းမြတ်သောအကျင့် သီလများကို ဆောက်တည်ကြကုန်သော သူတို့အား၊ "ငင်းတို့အဘို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသောအကျိုး ဆုလပ်သည်ရှိပေသည်" ဟူ၍ ဝန်ခံကတိ ထားရှိတော်မူခဲ့ချေပြီ။

وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ الْجَحِيمِ ﴿١٠﴾

၁၀။ သို့ရာတွင် သွေဖည်ငြင်းပယ်သည့်ပြင် ငါ အရှင်မြတ်၏ တန်ခိုးပြာဋိဟာ သက်သေသာဓက လက္ခဏာများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုသော သူတို့မူကား ငရဲဘုံသားများပင်ဖြစ်ကြကုန်သတည်း။

➤➤ (၁) တဘက်သားအား ထောက်ထားညှာတာမှု၊ (၂) တဘက်သားအား မုန်းတီးမှု၊ ပဌမအကြောင်းကုရ်အာန်ကျမ်းမြတ် (၄း၁၃၅)တွင် မိန့်ဆိုထားတော်မူ၏။ ဒုတိယအကြောင်းကို ဤမုဟမ္မဒပါဌ်တော်တွင် မိန့်ဆိုထားတော်မူပေသည်။ ကြည့် - ထာနဝီ။

① 'အဒ်လ်' ဟူသည် သူတပါးအား အလွန်အယုတ် မဖြစ်စေဘဲပြုသင့် ပြုအပ်ပြုထိုက်သည့်အတိုင်း တရားမျှတစွာ ပြုမူဆက်ဆံခြင်းကိုဆိုသည်။ တရားမျှတမှုသည် ချိန်ခွင်လျှာကဲ့သို့ တည့်မတ်စွာ ရှိရပေမည်။ တဘက်သားအား မုန်းထားမှုကြောင့် ဖြစ်စေ၊ ချစ်ခင်မှုကြောင့် ဖြစ်စေ တဘက်ဘက်သို့ တိမ်းစောင်း၍ မသွားစေရ။

② 'တာက္ဝါ' တည်းဟူသော တရားကို ဆည်းပူးရာတွင် တရားမျှတမှုသည် အရေးပါ အရာရောက်ဆုံးနှင့် အနီးစပ်ဆုံးသော အကြောင်းတရားတခု ဖြစ်ပေသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا
اذْكُرُوْا نِعْمَتَ اللّٰهِ
عَلَيْكُمْ اِذْ هَمَّ قَوْمٌ اَنْ
يَّبْسُطُوْٓا اِلَيْكُمْ اَيْدِيَهُمْ
فَكَفَّ اَيْدِيَهُمْ عَنْكُمْ ۚ
وَاتَّقُوا اللّٰهَ ۭ وَعَلَى اللّٰهِ
فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ⑪

၁၁။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌(ရှိသော) အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို အောက်မေ့သတိရရှိကြလေကုန်။ တရံရောအခါ လူမျိုး တမျိုးသည် မိမိတို့၏လက်များကို အသင်တို့ဘက်သို့ လှမ်း(၍ အသင်တို့ကို သတ်ဖြတ်)ကြရန် ကြံရွယ်ခဲ့ကြလေသည်။ [၁] ထိုအခါ ထိုအရှင်မြတ်သည် ၎င်းတို့၏လက်များကို အသင်တို့(အား သတ်ဖြတ်ခြင်း)မှ တားဆီးတော်မူခဲ့လေသည်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ အမှန်သော်ကား 'မုအ်မင်န်' သက်ဝင်ယုံကြည်သော သူတို့သည် အလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်စိတ်ချ အားထားကြရပေမည်။

وَلَقَدْ اَخَذَ اللّٰهُ مِيْثَاقَ بَنِيْٓ
اِسْرَاۗءِيْلَ ۚ وَبَعَثْنَا مِنْهُمُ
اثْنَيْ عَشَرَ نَقِيْبًا ۭ وَقَالَ اللّٰهُ
اِنِّىْ مَعَكُمْ ۭ لَىِٕنْ اَقَمْتُمُ
الصَّلٰوةَ وَاٰتَيْتُمُ

၁၂။ ၎င်းနောက်မှ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် (မိမိ အမိန့်တော်များကို လိုက်နာရန်) အစ္စရာအီလီ လူမျိုးတို့ထံမှ(လည်း) ပဋိညာဉ်ဝန်ခံချက်ကိုယူတော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့အနက်မှ၊ ဦးစီးနာယက အကြီးအကဲဆယ့်နှစ်ဦး ခန့်အပ်တော်မူခဲ့လေသည်။ ထိုနောက် အလ္လာဟ်အရှင်မြတ်သည် မိန့်ကြားတော်မူခဲ့လေသည်။ ဇကန်စင်စစ် ငါအရှင်မြတ်(၏ ကူညီ ယိုင်းပင်းမှု)သည် အသင်တို့နှင့်အတူရှိအံ့။

---

① မွတ်စ်လင်မ်တို့အား သတ်ဖြတ်ရန် ကြံရွယ်သူတို့သည် မွတ်စ်လင်မ်တို့၏ ရန်သူများပင်ဖြစ်သည်မှာ ထင်ရှားပေသည်။ ထိုရန်သူများသည် မည်သူမည်ဝါများနည်း။

အစ္စလာမ်သာသနာ၏ ပဌမပိုင်းတွင် ကုရိုက်မျိုးနွယ်ဝင် မုရှ်ရစ်ကများသည် မွတ်စ်လင်မ်တို့အား အများဆုံး ရန်ပြုခဲ့ကြသည်။ ထို့အတွက်ကြောင့် အချို့မုဖတ်စ်စီရိန်များက မွတ်စ်လင်မ်တို့အား သတ်ဖြတ်ရန် ကြံရွယ်သူများဟူသည် အဆိုပါ ကုရိုက်ရှ်မျိုးနွယ်ဝင် မုရှ်ရစ်ကများကိုပင် ဆိုလိုသည်ဟုယူဆကြသည်။

ကြည့် - ကဗီရ်၊ မာဂျီဒီ။ ➤➤

الزَّكٰوةَ وَاٰمَنْتُمْ بِرُسُلِيْ
وَعَزَّرْتُمُوْهُمْ وَاَقْرَضْتُمُ
اللّٰهَ قَرْضًا حَسَنًا لَّاُكَفِّرَنَّ
عَنْكُمْ سَيِّاٰتِكُمْ
وَلَاُدْخِلَنَّكُمْ جَنّٰتٍ تَجْرِيْ
مِنْ تَحْتِهَا الْاَنْهٰرُ ۚ فَمَنْ
كَفَرَ بَعْدَ ذٰلِكَ مِنْكُمْ
فَقَدْ ضَلَّ سَوَآءَ
السَّبِيْلِ ⑫

အကယ်၍သာ အသင်တို့သည် 'ဆွေလာတ်' ဝတ်ပြုမှုကိုလည်း အမြဲ ဆောက်တည်ကြကုန်အုံ့။ ၎င်းပြင် အသင်တို့သည် 'ဇကာတ်' တရားဝင် ဒါန ကြေးကိုလည်း ပေးဆောင်ကြကုန်အုံ့။ ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်၏ ရာဇလ်တမန်တော် တို့အားလည်း သက်ဝင်ယုံကြည်၍ ထိုရာဇလ် တမန်တော် များအား ယိုင်းပင်းကူညီကြကုန်အုံ့။

၎င်းပြင် အသင်တို့သည် အလွှာဟ်အရှင်မြတ်အား မွန်မြတ်လှစွာသော ကြွေးမြီချေးငှားခြင်းကိုလည်းပြုကြအုံ့၊ ယင်းသို့ဖြစ်လျှင် ငါအရှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို မုချ ပယ်ဖျောက်စေတော်မူအုံ့၊ ၎င်းပြင် အသင်တို့အား အကြင် ဥယျာဉ်များ၌လည်း မုချ ဝင်ရောက်စေတော်မူအုံ့၊ ထိုဥယျာဉ်များအောက်၌ ရေချောင်းများသည် စီးဆင်းလျက် ရှိကြလတ္တံ့။

သို့ရာတွင်မူကား အသင်တို့အနက်မှ မည်သူမဆို ယင်း(ကဲ့သို့ ပဋိညာဉ်ထားရှိပြီး)နောက် သွေဖည်ငြင်းပယ်ခဲ့ပါမူ၊ ထိုသူသည် ဖြောင့်မှန်သော (တရား) လမ်းမှ မုချ ဝေးကွာသွားခဲ့ချေပြီ။

➤➤ အစ္စလာမ်သာသနာ၏ ဒုတိယပိုင်းတွင် မွတ်စ်လင်မ်တို့အား အရဗ်ယဟူဒီများသည် အများဆုံး ရန်ပြုခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် အချို့ မုဖတ်စိစိရိန်များက မွတ်စ်လင်မ်တို့အား သတ်ဖြတ်ရန် ကြံရွယ်သူများသည် ယဟူဒီများပင်ဖြစ်ကြသည်ဟု ယူဆကြသည်။ ကြည့် - မာဂျိဒီ။

ဤမုကဒ္ဒပါဠ်တော်တွင် ထုတ်ပြန်ပို့ချတော်မူခြင်းနှင့် စပ်လျဉ်း၍ အီဗ်နုဂျရီရ်ကျမ်းတွင် အကြောင်းအထွေထွေတို့ အများအပြားတွေ့ရှိရ၏။ ထိုအကြောင်း အထွေထွေတို့အားလုံးတို့သည် တခုနှင့် တခု ကွဲပြားသော်လည်း ဤမုကဒ္ဒပါဠ်တော်နှင့်ကား သက်ဆိုင်လျက်ပင် ရှိပေသည်။ (မာဂျိဒီ။)

فَبِمَا نَقْضِهِمْ مِّيثَٰقَهُمْ
لَعَنَّٰهُمْ وَجَعَلْنَا قُلُوبَهُمْ
قَٰسِيَةً ۖ يُحَرِّفُونَ
الْكَلِمَ عَن مَّوَاضِعِهِۦ
وَنَسُوا۟ حَظًّا مِّمَّا ذُكِّرُوا۟ بِهِۦ ۚ
وَلَا تَزَالُ تَطَّلِعُ عَلَىٰ
خَآئِنَةٍ مِّنْهُمْ إِلَّا
قَلِيلًا مِّنْهُمْ
فَٱعْفُ عَنْهُمْ وَٱصْفَحْ ۛ
إِنَّ ٱللَّهَ يُحِبُّ ٱلْمُحْسِنِينَ ﴿١٣﴾

၁၃။ ထိုနောက် ၎င်း(အစ္စရာအီလီမျိုးနွယ်)တို့သည် မိမိတို့၏ပဋိညာဉ်ကို ဖောက်ဖျက်ခြင်းကြောင့် ငါ အရှင်မြတ်သည် ၎င်းတို့အား (မိမိ၏) ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ ထိုပြင်၎င်းတို့၏ စိတ်နှလုံးများ ကိုလည်း ခက်ထန်မာကျောအောင် ပြုလုပ်တော်မူခဲ့၏။ ထိုသူတို့သည် မုကွပါဠိတော်များကို ၎င်းတို့၏ မူရင်းနေရာမှများမှ ရွေ့ပြောင်းကြသည်။ ၎င်းပြင် ထိုသူတို့သည် မိမိတို့အား ဆုံးမထားသော အဆုံးအမ ဩဝါဒများအနက်မှ (ကြီးကျယ်သော) အစိတ်အပိုင်း တခုကိုလည်း မေ့ပစ်ခဲ့ကြလေသည်။ အမှန်သော်ကား အသင်သည် ၎င်းတို့အနက်မှ တချို့သောသူတို့မှတပါး ကျန်လူများ၏သစ္စာဖောက်မှုတခုခုကို အမြဲပင် ကြားသိလျက် ရှိနေပေမည်။ သို့ရာတွင် အသင်သည် *၎င်းတို့အား ခွင့်လွှတ်ပါလေ၊ ထို့ပြင် (၎င်းတို့ဘက်မှ) မျက်နှာလွှဲရှောင်ပါလေ၊*[၁] ကောင်းစွာ ပြုသောသူတို့အား ချစ်မြတ်နိုးတော်မူလေသတည်း။

وَمِنَ ٱلَّذِينَ قَالُوٓا۟ إِنَّا
نَصَٰرَىٰٓ أَخَذْنَا مِيثَٰقَهُمْ
فَنَسُوا۟ حَظًّا مِّمَّا ذُكِّرُوا۟
بِهِۦ فَأَغْرَيْنَا بَيْنَهُمُ
ٱلْعَدَٰوَةَ وَٱلْبَغْضَآءَ إِلَىٰ

၁၄။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် (မိမိတို့ကိုယ်ကို) "အကျွန်ုပ်တို့သည် နဆွာရာ ခရစ်ယာန်များဖြစ်ကြသည်" ဟု ပြောဆိုကြကုန်သော သူတို့ထံမှလည်း (ငါအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြရန်) ပဋိညာဉ်ဝန်ခံချက်ကို ယူတော်မူခဲ့လေသည်။ သို့ပါလျက် ယင်းသူတို့သည် ဆိုဆုံးမခဲ့ပြီးဖြစ်သော ဆုံးမဩဝါဒတို့အနက်မှ (အကြီး အကျယ်) အစိတ်အပိုင်းကို မေ့လျော့ပစ်ခဲ့ကြကုန်၏။

---

① "ရှရီအတ်" ဓမ္မသတ် ဥပဒေအရ အရေးယူရန်အကြောင်းတစုံတရာမရှိပါက အပြစ်ကြီးငယ် ကျူးလွန်မိသောသူများကိုပင် အရေးမယူရပေ၊ အရှက်တကွဲ အကျိုးနဲမပြုပေ၊ ခွင့်လွှတ်ရပေမည်။ ကြည့် - မာကျိဒီ။

يَوْمِ الْقِيٰمَةِ ؕ وَسَوْفَ
يُنَبِّئُهُمُ اللّٰهُ بِمَا
كَانُوْا يَصْنَعُوْنَ ﴿۱۴﴾

يٰۤاَهْلَ الْكِتٰبِ قَدْ
جَآءَكُمْ رَسُوْلُنَا يُبَيِّنُ
لَكُمْ كَثِيْرًا مِّمَّا كُنْتُمْ
تُخْفُوْنَ مِنَ الْكِتٰبِ
وَيَعْفُوْا عَنْ كَثِيْرٍ ؕ
قَدْ جَآءَكُمْ مِّنَ اللّٰهِ
نُوْرٌ وَّكِتٰبٌ
مُّبِيْنٌ ﴿۱۵﴾

သို့ဖြစ်ပေရာ ငါ အရှင်မြတ်သည် ၎င်းတို့တွင် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တိုင်အောင် ရန်ငြိုးထားမှုနှင့် မုန်းတီးမှုတို့ကို ထည့်သွင်းပေးတော်မူခဲ့လေသည်။ ၎င်းပြင် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့ ပြုလုပ်လေ့ရှိခဲ့ကြသော အရာများကို မကြာမြင့်မီ သိမြင်စေတော်မူအံ့။

၁၅။ အို-'ကိတာဗီ' ရှေးအထက်ကျမ်းဂန် ရရှိသူအပေါင်းတို့၊ ငါအရှင်မြတ်၏ ရုစူလ်တမန်တော် (မုဟမ္မဒ်)သည် အသင်တို့ထံသို့ မုချဧကန် ရောက်ရှိလာခဲ့ချေပြီ၊ ထိုရုစူလ်တမန်တော်သည် (တောင်ရာတ်နှင့်အင်နဂျီလ်)ကျမ်းထဲမှ အသင်တို့ထိန်ချန် လျှို့ဝှက်ဖုံးအုပ်ထားခဲ့သော အရာများအနက် များစွာသော အရာတို့ကို အသင်တို့အား ရှင်းလင်းထင်ရှားစွာ ဖော်ပြလေသည်။ [၁] ၎င်းပြင် များစွာသောအချက်တို့ကိုမူ အပြစ်မယူဘဲ ခွင့်လွှတ်လေသည်။ [၂]

အသင်တို့ထံသို့ အလ္လာဟ်အရှင်မြတ်အထံတော်မှ (ထွန်းလင်းတောက်ပသော) ရောင်ခြည်တော် (ဝါ)နဗီတမန်တော်(မုဟမ္မဒ်)နှင့်တကွ ထင်ရှားလှစွာသော (ကုရ်အာန်)ကျမ်းတော်မြတ်သည် စင်စစ်ဧကန် ရောက်ရှိလာခဲ့ချေပြီ။ [၃] (တနည်း) အသင်တို့ထံသို့ အလ္လာဟ် အရှင်မြတ် အထံတော်မှ ရောင်ခြည် တော်တည်းဟူသော ထင်ရှားသော(ကုရ်အာန်)ကျမ်းတော်မြတ်သည် စင်စစ်ဧကန် ရောက်ရှိလာခဲ့ချေပြီ။

---

① ကိတာဗီများကို ထိန်ချန်ထားသော ကျမ်းဂန်လာ ဒေသနာတော်များကို တမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် အလ္လာဟ်အရှင်မြတ်၏ 'ဝဟီ' ဖြင့် ထုတ်ဖော်ပြောကြားနိုင်တော်မူခဲ့၏။ ဤသည် တမန်တော်မြတ်၏ တမန်တော်ဖြစ်ခြင်း၏ သာဓကတရပ်ပင်တည်း။ ကြည့် - မာဂျီဒီ။

يَّهْدِيْ بِهِ اللّٰهُ مَنِ
اتَّبَعَ رِضْوَانَهٗ سُبُلَ
السَّلٰمِ وَيُخْرِجُهُمْ مِّنَ
الظُّلُمٰتِ اِلَى النُّوْرِ
بِاِذْنِهٖ وَيَهْدِيْهِمْ اِلٰى
صِرَاطٍ مُّسْتَقِيْمٍ ﴿١٦﴾

لَقَدْ كَفَرَ الَّذِيْنَ قَالُوْٓا
اِنَّ اللّٰهَ هُوَ الْمَسِيْحُ ابْنُ
مَرْيَمَ ؕ قُلْ فَمَنْ يَّمْلِكُ
مِنَ اللّٰهِ شَيْـًٔا اِنْ اَرَادَ
اَنْ يُّهْلِكَ الْمَسِيْحَ
ابْنَ مَرْيَمَ وَاُمَّهٗ وَمَنْ
فِى الْاَرْضِ جَمِيْعًا ؕ وَلِلّٰهِ

၁၆။ အလ္လာဟ် အရှင်မြတ်သည် ထို(ကုရ်အာန်) ကျမ်းတော်မြတ်ဖြင့် မိမိ၏နှစ်သက်မှုကို လိုက်နာသောသူတို့အား ငြိမ်းချမ်းသာယာခြင်း၏ လမ်းများကို ပြသတော်မူ၏။ ၎င်းပြင် ယင်းသူတို့အား မိမိအမိန့်တော်နှင့်(၀၊)မိမိ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော ဥပဒေစည်းမျဉ်းအတိုင်း "ကုဖ်ရ်" တည်းဟူသော အမှောင်ထုကြီးအတွင်းမှ (အစွမ်းလာမ်တည်းဟူသော) အလင်းရောင်သို့ ထုတ်ယူပို့ဆောင်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုသူတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကိုလည်း ပြသတော်မူ၏။

၁၇။ "အလ္လာဟ်ဟူသည် ဧကန်မလွဲ မရ်ယမ်၏ သားတော် မစီဟ်(အီစာ)ပင်ဖြစ်သည်" ဟူ၍ ပြောဆိုကြကုန်သောသူတို့ကား ဧကန်စင်စစ် သွေဖည်ငြင်းပယ်သူများဖြစ်ခဲ့ကြချေပြီ။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား ဤသို့ချေပ)ပြောဆိုပါလေ။ ("ဟယ်-အချင်းတို့) သို့ဖြစ်လျှင် အကယ်၍သော ထိုအလ္လာဟ်အရှင်မြတ်သည် 'မရ်ယမ်' ၏သားတော် 'မစီဟ်'ကိုငင်း၊ ထို'မစီဟ်'၏ မယ်တော်ကိုငင်း၊ ကမ္ဘာမြေပြင်ဝယ်ရှိရှိသမျှအားလုံးတို့ကို ဖျက်ဆီးလိုတော်မူပါလျှင်၊ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်၌ တစုံတရာဝင်ရောက်စွက်ဘက် ကန့်ကွက်နိုင်သူကား မည်သူရှိသနည်း။

ⓙ တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကိတာဗီများ၏ များစွာသော အကြောင်းများကို လျစ်လျူရှုထားတော်မူခဲ့၏။ ထိုအကြောင်းများသည် သာသနာရေးနှင့် မည်သို့မျှမဆိုင်ချေ။ ထိုအကြောင်းများထုတ်ဖော် ပြောကြားခြင်းဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့တွင် အရှက်တကွဲအကျိုးနည်းဖြစ်မည်၊ အကျိုးထူးမရှိချေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် ထိုသို့သောအကြောင်းများကို လျစ်လျူရှုတော်မူခဲ့ပေသည်။ ဤသည်တမန်တော်မြတ်၏ မြင့်မြတ်သော ဂုဏ်အင်တရပ်တည်း။ ကြည့် - မာဂျီဒီ။

ⓚ 'နူရ်' အလင်းရောင်ဟူသည် နဗီတမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ကိုဆိုလိုသည်။ 'ကိတာဗွန် မုဗီန်' ထင်ရှားသော ကျမ်းဂန်ဟူသည် ကုရ်အာန်ကျမ်းမြတ်ကို ဆိုလိုသည်။ (အီဗ်နကျရီရ်)

مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۚ يَخْلُقُ مَا يَشَآءُ ۚ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿١٧﴾

အမှန်စင်စစ်သော်ကား မိုးကောင်းကင်များကိုလည်း၊ ကမ္ဘာမြေကြီးကိုလည်း၊ မိုးနှင့်မြေကြားရှိ အရာဝတ္ထု အားလုံးတို့ကိုလည်း၊ အလွှာဟ် အရှင်မြတ်သာလျှင်စိုးပိုင်တော်မူ၏။ ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိရာကို ဖန်ဆင်းတော်မူ၏။ စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

وَقَالَتِ الْيَهُوْدُ وَالنَّصٰرٰى نَحْنُ اَبْنٰٓؤُا اللّٰهِ وَاَحِبَّآؤُهٗ ۚ قُلْ فَلِمَ يُعَذِّبُكُمْ بِذُنُوْبِكُمْ ۚ بَلْ اَنْتُمْ بَشَرٌ مِّمَّنْ خَلَقَ ۚ يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ۚ وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۡ وَاِلَيْهِ الْمَصِيْرُ ﴿١٨﴾

၁၈။ ၎င်းပြင် ယဟူဒီတို့သည်၎င်း၊ ခရစ်ယာန်တို့သည်၎င်း၊ "ငါတို့သည် အလွှာဟ်အရှင်မြတ်၏ သားတော်များလည်းဖြစ်ကြသည်၊ ထိုအရှင်မြတ်၏ အချစ်တော်များလည်းဖြစ်ကြသည်" ဟူ၍ပြောဆိုကြ၏။ (အို- နဗီတမန်တော် အသင်သည်၎င်းတို့အား ဤသို့)မေးမြန်းပါလေ။ ("အချင်းတို့") သို့ဖြစ်လျှင် ထိုအရှင်မြတ်သည် အဘယ်ကြောင့် အသင်တို့အား အသင်တို့၏ အပြစ်များကြောင့် ပြစ်ဒဏ်စီရင်တော်မူပါသနည်း။

အမှန်မှာ အသင်တို့သည်လည်း ထိုအရှင်မြတ် ဖန်ဆင်းတော်မူသည့် (လူသားများ) အနက်မှ လူသာမန်များပင် ဖြစ်ကြပေသည်။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူ၍ မိမိအလိုရှိတော်မူသောသူကို ပြစ်ဒဏ်ပေးတော်မူ၏။ အမှန်မှာ မိုးများနှင့် ကမ္ဘာမြေကြီးကိုလည်း၊ ထိုမိုးနှင့်မြေ၏ စပ်ကြားတွင် ရှိရှိသမျှသောအရာများကိုလည်း အလွှာဟ်အရှင်မြတ် သာလျှင်စိုးပိုင်တော်မူသည်။ ၎င်းပြင် (လူခပ်သိမ်းတို့သည်) ထိုအရှင်မြတ် ဘက်တော်သို့သာလျှင် ပြန်လည် ရောက်ကြရမည်သာတည်း။

يَٰٓأَهۡلَ ٱلۡكِتَٰبِ قَدۡ جَآءَكُمۡ رَسُولُنَا يُبَيِّنُ لَكُمۡ عَلَىٰ فَتۡرَةٖ مِّنَ ٱلرُّسُلِ أَن تَقُولُواْ مَا جَآءَنَا مِنۢ بَشِيرٖ وَلَا نَذِيرٖۖ فَقَدۡ جَآءَكُم بَشِيرٞ وَنَذِيرٞۗ وَٱللَّهُ عَلَىٰ كُلِّ شَيۡءٖ قَدِيرٞ ١٩

၁၉။ အိုဧ-(ရှေးအထက်) ကျမ်းဂန်ရရှိသူ (ယဟူဒီ၊ ခရစ်ယာန်) အပေါင်းတို့၊ အသင်တို့သည် ('ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင်) ကျွန်တော်မျိုး တို့ထံ (မှန်ကန်သော တရားဓမ္မနှင့် စပ်လျဉ်း၍) ဝမ်းမြောက်ဖွယ်ရာ သတင်း ပြောကြားသူ ဟူ၍ငင်း၊ (လမ်းမှားသို့ မရောက်စေရန်) သတိပေး နှိုးဆော်သူ ဟူ၍ငင်း၊ တဦးတယောက်မျှပင် ရောက်ရှိလာခဲ့သည် မရှိပါဟု မပြောဆိုနိုင်ကြရန် ရှုလ်တမန်တော်များ အဆက်ပြတ်နေသော အချိန်ကာလ၌ အရှင်မြတ်၏ ရှုလ် တမန်တော် (မုဟမ္မဒ်)သည် အသင်တို့ထံ ရောက်ရှိလာခဲ့ချေပြီ။ ထိုရှုလ်တမန်တော်(မုဟမ္မဒ်) သည် အသင်တို့အား (မှန်ကန်သော တရားဓမ္မ၊ အမိန့်၊ ပညတ်တို့ကို) ပွင့်လင်းထင်ရှားစွာ ဟောညွှန်ကြားရှိပေသည်။ သို့ဖြစ်ပေရာ ယခုသော်ကား အသင်တို့ထံ ဝမ်းမြောက်ဖွယ်ရာ သတင်းပြောကြားသူ၊ သတိပေး နှိုးဆော်သူ (နဗီတမန်တော် မုဟမ္မဒ်) သည် ဧကန်မလွဲ ရောက်ရှိလာခဲ့ချေပြီ။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَإِذۡ قَالَ مُوسَىٰ لِقَوۡمِهِۦ يَٰقَوۡمِ ٱذۡكُرُواْ نِعۡمَةَ ٱللَّهِ عَلَيۡكُمۡ إِذۡ جَعَلَ فِيكُمۡ أَنۢبِيَآءَ وَجَعَلَكُم مُّلُوكٗا وَءَاتَىٰكُم مَّا

၂၀။ ထို့ပြင်တဝ (ပြန်လည်အောက်မေ့ သတိရရှိကြလေကုန်) အခါတပါး၌ (နဗီတမန်တော်)"မူစာ"သည် မိမိအမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ အိုဧ-ငါ၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌ တင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို ပြန်လည်အောက်မေ့ သတိရကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့၌ နဗီတမန်တော်များကို ပွင့်စေတော်မူခဲ့လေသည်။

لَمْ يُؤْتَ اَحَدًا مِّنَ
الْعٰلَمِيْنَ ﴿٢٠﴾

ငင်းပြင် အသင်တို့အား ဘုရင်မင်းများ (အဖြစ်) လည်း မွေးဖက်စားတော် မူခဲ့လေသည်။ ငင်းပြင် အသင်တို့အား စကြာဝဠာတွင် မည်သူတဦးတယောက် ကိုမျှ ချီးမြှင့်တော်မမူခဲ့သော ကျေးဇူးတော်များကို လည်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

يٰقَوْمِ ادْخُلُوا الْاَرْضَ
الْمُقَدَّسَةَ الَّتِيْ كَتَبَ اللّٰهُ
لَكُمْ وَلَا تَرْتَدُّوْا عَلٰٓى
اَدْبَارِكُمْ فَتَنْقَلِبُوْا خٰسِرِيْنَ ﴿٢١﴾

၂၁။ အို- ကျွန်ုပ်၏ အမျိုးသား အပေါင်းတို့၊ အသင်တို့သည် မိမိတို့အဘို့ အလွှာဟ်အရှင်မြတ်က (သတ်မှတ်) ရေးသားတော်မူပြီးဖြစ်သော ထွတ်မြတ် သည့် (နယ်)အတွင်းသို့ ဝင်ရောက်ကြလေကုန်။ ငင်းပြင် အသင်တို့သည် မိမိတို့၏နောက်ဘက်သို့ လှည့်၍ ပြန်မသွားကြကုန်လင့်။ သို့ပြန်လှည့် သွား ကြပါမူ အသင်တို့သည် ဆုံးရှုံးပျက်စီးသူများ ဖြစ်သွား ကြရပေမည်။

قَالُوْا يٰمُوْسٰٓى اِنَّ فِيْهَا قَوْمًا
جَبَّارِيْنَ ۖ وَاِنَّا لَنْ نَّدْخُلَهَا
حَتّٰى يَخْرُجُوْا مِنْهَا ۚ فَاِنْ
يَّخْرُجُوْا مِنْهَا فَاِنَّا
دٰخِلُوْنَ ﴿٢٢﴾

၂၂။ ငင်း(အမျိုးသား)တို့ကမူ (ဤသို့) ဖြေကြား ခဲ့ကြလေသည်။ "အို-မူစာ၊ မုချဧကန် ထို(နယ်) မြေ၌ လုံးရပ်အင်အား ကြီးမားသော လူမျိုးတမျိုး သည် ရှိနေကြကုန်၏။ ထိုလူမျိုးတို့သည် ငင်း(နယ်) မြေအတွင်းမှထွက်ခွာ၍ မသွားသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် ယင်း(နယ်)မြေအတွင်းသို့ အလျင်း ဝင်ရောက်ကြမည်မဟုတ်ပေ။ အကယ်၍ ထိုလူမျိုး တို့သည် ငင်း(နယ်)မြေအတွင်းမှ ထွက်ခွာသွားကြပါမူ၊ ကျွန်ုပ်တို့သည် ဧကန်စင်စစ် (ထိုနယ်မြေအတွင်းသို့) ဝင်ရောက်ကြလတ္တံ့."။

قَالَ رَجُلٰنِ مِنَ الَّذِيْنَ
يَخَافُوْنَ اَنْعَمَ اللّٰهُ عَلَيْهِمَا

၂၃။ (ထိုအခါ) အလွှာဟ် အရှင်မြတ်ကို ကြောက် ရွံ့ကြကုန်သော သူတို့အနက်မှ အလွှာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူသော လူနှစ်ယောက်သည် (ဤသို့) ပြောဆိုကြလေသည်။

ادْخُلُوا عَلَيْهِمُ الْبَابَ ۚ فَإِذَا دَخَلْتُمُوهُ فَإِنَّكُمْ غَالِبُونَ ۚ وَعَلَى اللَّهِ فَتَوَكَّلُوا إِنْ كُنْتُمْ مُؤْمِنِينَ ﴿٢٣﴾

(ဟယ်-အချင်းတို့) အသင်တို့သည် ၎င်းတို့အားတိုက်ခိုက်ရင်း တံခါးဝအတွင်းသို့ ဝင်ရောက်ကြလေကုန်။ အကယ်၍သာ အသင်တို့သည် ယင်းတံခါးဝအတွင်းသို့ ဝင်ရောက်ခဲ့ကြပါလျှင်၊ အသင်တို့ သည်သာလျှင် (စစ်ရေး) အောင်မြင်သူများဖြစ်ကြလတ္တံ့။ ၎င်းပြင် အသင်တို့သည် အကယ်၍ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင်၊ အလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည် စိတ်ချအားထားကြလေကုန်။

قَالُوا يَا مُوسَىٰ إِنَّا لَنْ نَدْخُلَهَا أَبَدًا مَا دَامُوا فِيهَا فَاذْهَبْ أَنْتَ وَرَبُّكَ فَقَاتِلَا إِنَّا هَاهُنَا قَاعِدُونَ ﴿٢٤﴾

၂၄။ ထိုအခါ အမျိုးသား(တို့က "အို-'မူစာ' ၎င်းတို့သည် ထို (နယ်)မြေအတွင်း ရှိနေသမျှကာလပတ်လုံး မုချဧကန် ကျွန်ုပ်တို့သည် ယင်း(နယ်)မြေအတွင်းသို့ မည်သည့်အခါမျှ အလျင်းဝင်ရောက်ကြမည်မဟုတ်ပေ၊ သို့ဖြစ်ပေရာ အသင်ကိုယ်တိုင် မိမိအရှင်မြတ်နှင့်တကွ သွားရောက်ပြီးအသင်တို့ နှစ်ဦးသာလျှင် တိုက်ခိုက်ကြလေကုန်။ ကျွန်ုပ်တို့မူကား ဤနေရာ၌ပင် ထိုင်၍နေကြကုန်အံ့" ဟု ပြောဆိုကြကုန်သတည်း။

قَالَ رَبِّ إِنِّي لَا أَمْلِكُ إِلَّا نَفْسِي وَأَخِي فَافْرُقْ بَيْنَنَا وَبَيْنَ الْقَوْمِ الْفَاسِقِينَ ﴿٢٥﴾

၂၅။ ထိုရောအခါဝယ် (နဗီတမန်တော်)'မူစာ' က "အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ ကျွန်တော်မျိုးသည် မိမိကိုယ်နှင့်မိမိ၏နောင်တော် (နဗီတမန်ဟာရွန်) မှတပါး အခြားမည်သူ့အပေါ်၌မျှ အခွင့်အာဏာပိုင်ဆိုင်သည်မရှိပါ။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်တော်မျိုးနှင့် (ဤ)စည်းကမ်းဖောက်ဖျက်သွေဖည်ငြင်းဆန်သောလူမျိုးတို့၏စပ်ကြားတွင် အဆုံးအဖြတ်ပေးတော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေသည်၊[၁]

① တမန်တော်မူစာသည် မိမိ၏အမျိုးသားများအား အမျိုးမျိုးအဖုံဖုံ ဆိုဆုံးမခဲ့၏။ ဆိုဆုံးမ၍ လုံး၀ ➤➤

قَالَ فَإِنَّهَا مُحَرَّمَةٌ عَلَيْهِمْ أَرْبَعِينَ سَنَةً ۚ يَتِيهُونَ فِي الْأَرْضِ ۗ فَلَا تَأْسَ عَلَى الْقَوْمِ الْفَاسِقِينَ ﴿٢٦﴾

၂၆။ ထိုအခါဝယ် (အလ္လာဟ် အရှင်မြတ်ကမူ) "သို့ဖြစ်လျှင် ဧကန်စင်စစ် ထို (နယ်)မြေသည် ၎င်းတို့အဖို့ နှစ်ပေါင်းလေးဆယ်တိုင်တိုင် 'ဟရာမ်' မြစ်တားထားပြီးဖြစ်ချေပြီ။ ၎င်းတို့သည် (ဤသိန္နကျွန်းစွယ်၏နယ်) မြေ၌ပင် တဝဲလည်လည် ဖြစ်ကြလတ္တံ့။ သို့ဖြစ်ပေရာ အသင် (နဗီတမန်တော် မူစာ) သည် (ဤ)စည်းကမ်းဖောက်ဖျက် အမိန့်တော်ကို သွေဖည်ငြင်းဆန်သော လူမျိုးနှင့်ပတ်သက်၍ (လုံး၀) ပူဆွေးဝမ်းနည်းခြင်း မရှိပါလေနှင့်" ဟု မိန့်ကြားတော်မူခဲ့လေသတည်း။

وَاتْلُ عَلَيْهِمْ نَبَأَ ابْنَيْ آدَمَ بِالْحَقِّ ۘ إِذْ قَرَّبَا قُرْبَانًا فَتُقُبِّلَ مِنْ أَحَدِهِمَا وَلَمْ يُتَقَبَّلْ مِنَ الْآخَرِ ۚ قَالَ لَأَقْتُلَنَّكَ ۖ قَالَ إِنَّمَا يَتَقَبَّلُ اللَّهُ مِنَ الْمُتَّقِينَ ﴿٢٧﴾

၂၇။ ၎င်းပြင် (အို -နဗီတမန်တော်) အသင်သည် ထိုသူတို့အား အာဒမ်၏ သားတော် နှစ်ဦး၏ အကြောင်းကို မှန်ကန်စွာ ပြောပြပါလေ။ တရံရောအခါ ထိုသားတော်နှစ်ဦးသည် (အလ္လာဟ်အရှင်မြတ် အားရည်စူး၍) တစုံတရာ အလှူဝတ္ထုကို ပူဇော်သက္ကာရပြုကြလေရာ ၎င်းတို့နှစ်ဦးအနက် တဦး (ဖြစ်သော ညီတော်ဟာဗီဟ်)၏ ပူဇော်သက္ကာရ ဝတ္ထုပစ္စည်းသည် (အလ္လာဟ်အရှင်မြတ်)၏ သဘောတူတော်မူခြင်းခံရပြီး၊ အခြားတဦး(ဖြစ်သောနောင်တော် ကာဗီလ်)၏ ပူဇော်သက္ကာရ ဝတ္ထုပစ္စည်း မှာမူ (အလ္လာဟ်အရှင်မြတ်၏) သဘောတူတော်မူခြင်းကို ခံခဲ့ရသည်မရှိချေ။

(သို့ဖြစ်ပေရာ "ကာဗီလ်" က "ဟာဗီလ်" အား) "ငါသည် အသင့်ကို မုချသတ်မည်" ဟု ပြောဆိုခဲ့၏။

➤➤ မရသည့် အဆုံးတွင် စိတ်လျှော့ကာ "ကျွန်တော်မျိုးတို့နှင့် သွေဖည်ငြင်းဆန်သော အမျိုးသားများ၏ စပ်ကြားတွင် အဆုံးအဖြတ်ပေးတော်မူပါ" ဟူ၍ ဆုပန်ကြားရှာလေတော့သည်။ ကြည့် - မာဂျီဒီ။

("ဟာဗီလ်" က) "အလ္လာဟ်အရှင်မြတ်သည် သူတော်စင်များ၏ ထံမှသာလျှင် (ပူဇော်သက္ကာရများကို) သဘောတူ လက်ခံတော်မူပေသည်" ဟု ပြောကြားလေသည်။

لَئِنۢ بَسَطْتَّ اِلَيَّ يَدَكَ لِتَقْتُلَنِيْ مَآ اَنَا بِبَاسِطٍ يَّدِيَ اِلَيْكَ لِاَقْتُلَكَ ۚ اِنِّيْٓ اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ ﴿٢٨﴾

၂၈။ အသင်သည် အကယ်၍ ကျွန်ုပ်အား သတ်ဖြတ်ရန် မိမိလက်ကို လှမ်းခဲ့အုံငြားလည်း ကျွန်ုပ်သည် အသင့်အား သတ်ဖြတ်ရန် အသင့်ဘက်သို့ ကျွန်ုပ်၏လက်ကို လှမ်းမည်မဟုတ်ပေ။ ဧကန်စင်စစ် ကျွန်ုပ်သည် စကြာဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သောကြောင့်ပင်တည်း။

اِنِّيْٓ اُرِيْدُ اَنْ تَبُوْٓاَ بِاِثْمِيْ وَاِثْمِكَ فَتَكُوْنَ مِنْ اَصْحٰبِ النَّارِ ۚ وَذٰلِكَ جَزٰٓؤُا الظّٰلِمِيْنَ ﴿٢٩﴾

၂၉။ ဧကန်စင်စစ် ကျွန်ုပ်(အား သတ်ဖြတ်ခြင်း)၏အပြစ်ကိုငင်း၊ အသင်၏ (ယခင်)အပြစ်ကိုငင်း၊ အသင်သာလျှင် (မိမိပခုံးဖြင့်) ထမ်းဆောင်၍ ပြန်သွားရန် ကျွန်ုပ်ရည်စူး၏။ ထို့နောက် အသင်သည် ငရဲသားတို့တွင် အပါအဝင် ဖြစ်ချေမည်။ အမှန်စင်စစ် ဤသည်သာလျှင် မတော်မတရားပြုမူသောသူတို့၏ အကျိုးတည်း။

فَطَوَّعَتْ لَهٗ نَفْسُهٗ قَتْلَ اَخِيْهِ فَقَتَلَهٗ فَاَصْبَحَ مِنَ الْخٰسِرِيْنَ ﴿٣٠﴾

၃၀။ ထို့နောက် ထို(ကာဗီလ်)၏ စိတ်သည် ၎င်းအား မိမိညီတော်(ဟာဗီလ်)ကို သတ်ဖြတ်ရန် တိုက်တွန်းခဲ့ပေရာ၊ ယင်း(ကာဗီလ်)သည် မိမိညီတော်(ဟာဗီလ်)ကို သတ်ဖြတ်ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းသည် ကျိုးယုတ် ပျက်ပြားသူတို့အနက် အပါအဝင် ဖြစ်သွားခဲ့လေသတည်း။

فَبَعَثَ اللّٰهُ غُرَابًا يَّبْحَثُ

၃၁။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကျီးကန်းတကောင်ကို စေလွှတ်တော်မူခဲ့လေ၏။

فِى الْاَرْضِ لِيُرِيَهٗ كَيْفَ
يُوَارِىْ سَوْءَةَ اَخِيْهِ ۭ قَالَ
يٰوَيْلَتٰٓى اَعَجَزْتُ اَنْ اَكُوْنَ
مِثْلَ هٰذَا الْغُرَابِ فَاُوَارِيَ
سَوْءَةَ اَخِيْ ۚ فَاَصْبَحَ مِنَ
النّٰدِمِيْنَ ۝۳۱

ထိုကျီးကန်းသည် ၎င်း(ကာဗီလ်)အား မိမိညီတော် (ဟာဗီလ်)၏ ရုပ်ကလာပ်ကို မည်သို့မည်ပုံ (မြှုပ်နှံ) ဖုံးအုပ် လျှို့ဝှက်ရမည်ကို ပြသရန် အလို့ငှာ မြေကြီးကို ကုတ်ခြစ်တူးဆွလေသည်။

ထိုအခါ ယင်း(ကာဗီလ်)က "သြော် ငါသည် ဤကျီးကန်းကဲ့သို့ပင် မဖြစ်နိုင်သည်မှာ ဝမ်းနည်း ဖွယ်ကောင်းလေစွတကား။ အကယ်၍သာ (ယင်း ကျီးကန်းကဲ့သို့) ဖြစ်နိုင်ခဲ့မူ ငါသည် မိမိညီတော် (ဟာဗီလ်)အား (မြေကြီးတူး၍မြှုပ်နှံ ဖုံးအုပ် လျှို့ဝှက်နိုင်မည်သာဖြစ်ချေသည်" ဟု ပြောဆို (ညည်းညူမြီတမ်း) ခဲ့လေသည်။ ထို့နောက် ၎င်း (ကာဗီလ်)သည် နောင်တရသူတို့တွင် အပါအဝင် ဖြစ်လေသတည်း။

مِنْ اَجْلِ ذٰلِكَ ۚ كَتَبْنَا عَلٰى
بَنِيْٓ اِسْرَاۗءِيْلَ اَنَّهٗ مَنْ
قَتَلَ نَفْسًۢا بِغَيْرِ نَفْسٍ
اَوْ فَسَادٍ فِى الْاَرْضِ فَكَاَنَّمَا
قَتَلَ النَّاسَ جَمِيْعًا ۭ وَمَنْ
اَحْيَاهَا فَكَاَنَّمَآ اَحْيَا النَّاسَ
جَمِيْعًا ۭ وَلَقَدْ جَاۗءَتْهُمْ
رُسُلُنَا بِالْبَيِّنٰتِ ۡ ثُمَّ اِنَّ

၃၂။ ထို့အတွက်ကြောင့်ပင် ငါအရှင်မြတ်သည် အစ္စရာအီလီ မျိုးနွယ်တို့အပေါ်၌ (ဤသို့)အမိန့် ပြဋ္ဌာန်းတော်မူခဲ့လေသည်။ ဧကန်စင်စစ် မည်သူမဆို အကြင်သူတဦးတယောက်အား အသက်တချောင်း၏ အစားလည်းမဟုတ်ဘဲ၊ တိုင်းပြည်၌ ဆူပူသောင်းကျန်း (မှုကို ပြုလုပ်)ခြင်းကြောင့်လည်း မဟုတ်ဘဲ (မတရား သက်သက်) သတ်ဖြတ်ခဲ့ပါလျှင်၊ ထိုသူသည် လူ ခပ်သိမ်းတို့ကို သတ်ဖြတ်ဘိသကဲ့သို့ပင်ဖြစ်၏။

ထိုနည်းတူစွာ မည်သူမဆို လူတဦးတယောက် ကို (အသက်ဘေးအန္တရာယ်မှ ကယ်ဆယ်ခြင်းအား ဖြင့်) အသက်ရှင်စေခဲ့ပါမူ၊ ထိုသူသည် လူအပေါင်း တို့အား အသက်ရှင်စေဘိသကဲ့သို့ပင် ဖြစ်၏။

كَثِيرًا مِّنْهُم بَعْدَ ذَٰلِكَ فِي الْأَرْضِ لَمُسْرِفُونَ ﴿٣٢﴾

ငင်းအပြင် ငါအရှင်မြတ်၏ ရဿလ်တမန်တော်များသည် ထို(အစ္စရာအီလီလူမျိုး) တို့ထံ ထင်ရှားလှစွာသော အမိန့်ပညတ်တော်များ၊ သက်သေလက္ခဏာတော်များနှင့်တကွ မုချ ရောက်ရှိလာခဲ့ကြလေ၏။ သို့ပါလျက်နှင့်ပင် ယင်း (အစ္စရာအီလီလူမျိုး)တို့တွင် များစွာသော သူတို့သည် တိုင်းပြည်၌ စည်းကမ်းဖောက်ဖျက် ကျူးလွန်သူများ အဖြစ် ရှိကြသေး၏။

إِنَّمَا جَزَٰٓؤُا۟ الَّذِينَ يُحَارِبُونَ اللَّهَ وَرَسُولَهُۥ وَيَسْعَوْنَ فِي الْأَرْضِ فَسَادًا أَن يُقَتَّلُوٓا۟ أَوْ يُصَلَّبُوٓا۟ أَوْ تُقَطَّعَ أَيْدِيهِمْ وَأَرْجُلُهُم مِّنْ خِلَٰفٍ أَوْ يُنفَوْا۟ مِنَ الْأَرْضِ ۚ ذَٰلِكَ لَهُمْ خِزْىٌ فِي الدُّنْيَا ۖ وَلَهُمْ فِي الْءَاخِرَةِ عَذَابٌ عَظِيمٌ ﴿٣٣﴾

၃၃။ အကြင်သူတို့သည် အလ္လာဟ် အရှင်မြတ်နှင့် ထို အရှင်မြတ်၏ ရဿလ် တမန်တော်မြတ်(၏ အမိန့်တော်များ)ကို (သွေဖည်ငြင်းဆန်ပုန်ကန်) တိုက်ခိုက်ကြကုန်၏။ ၎င်းပြင် ကမ္ဘာမြေပြင်ဝယ် ပျက်စီးရာ ပျက်စီးကြောင်းကို ပြုလုပ်ကြကုန်၏။ [၁] ထိုသူတို့၏ အပြစ်ဒဏ်သည်ကား၊ ၎င်းတို့သည် သတ်ဖြတ်ခြင်း ခံကြရမည်၊ သို့မဟုတ် လက်ဝါးကပ်တိုင်တင်ခြင်း ခံကြရမည်၊ သို့မဟုတ် ၎င်းတို့၏ ခြေလက်တို့ကို လက်ျာ လက်ဝဲ ဘက်လွှဲ၍ ဖြတ်တောက်ခြင်း ခံကြ ရမည်၊ သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်း ခံကြ ရမည်ဖြစ်၏။ ဤသည်ကား၎င်းတို့အား မျက်မှောက်ဘဝ၌ ကျိုးယုတ်ရှက်ရဖြစ်စေခြင်းပင်ဖြစ်၏။ ၎င်းပြင် ထိုသူတို့၌ နောင်တမလွန်ဘဝတွင်(လည်း) အလွန်ကြီးလေး သောပြစ်ဒဏ်သည် ရှိပေမည်။

---

① ဤမှတ္ထုပါဌ်တော်တွင် "အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရဿလ်တမန်တော်ကို ပုန်ကန်တိုက်ခိုက်ခဲ့ကြ၏" ဟူ၍၎င်း၊ "၎င်းပြင် ထိုသူများသည် ကမ္ဘာမြေပြင်တွင် ပျက်စီးရာ ပျက်စီးကြောင်းကို ပြုလုပ်ကြ၏" ဟူ၍၎င်း၊ ဝါကျနှစ်ခုပါရှိ၏။ အဆိုပါ ဝါကျနှစ်ခုတွင် ဒုတိယဝါကျသည် ပဌမဝါကျ၏ အဖွင့်သဘော ဖြစ်သည်။ ကြည့်-မာဂျိဒီ။ ➤➤

➤➤ ဤမုကွပါဠိတော်တွင် ပါရှိသည့် "ပျက်စီးရာ ပျက်စီးကြောင်း ဟူသောပုဒ်ကို များစွာသော 'မုဖတ်စ်စစ်ရ်' တို့က ဓါးပြတိုက်ခြင်း" ဟူ၍ အနက်ဖွင့်ကြ၏။ သို့ရာတွင် ကုရ်အာန်ကျမ်းမြတ်တွင် ဓမ္မဓိဌာန် မိန့်ဆို ထားတော်မူသည့် အတိုင်း ယင်းပုဒ်ကို ဓမ္မဓိဌာန်အနက်၌ထားလျှင် အဓိပ္ပါယ်သည် ပိုမို ကျယ်ဝန်းလာမည်ဖြစ်၏။ ဤမုကွပါဠိတော် ထုတ်ပြန်ပို့ချရသည့်အကြောင်းနှင့် စပ်လျဉ်းသော 'ဟဒီဆ်' တော်များသည်လည်း အဆိုပါပုဒ်၏ ဓမ္မဓိဌာန် ဖြစ်ခြင်းကိုပင် ရည်ညွှန်းလျက်ရှိ၏။ အဆိုပါပုဒ်ကို ဓမ္မဓိဌာန်အနက်၌ ယူဆသည်ရှိသော် ယင်းပုဒ်တွင် ကာဖိရ်များ၏ တိုက်ခိုက်မှု၊ အစွန်လာမ်သာသနာမှ ဖောက်ပြန်သွားမှု၊ ဓါးပြတိုက်မှု၊ မတရားသတ်ဖြတ်မှု၊ လုယက်မှု၊ ရာဇဝတ်မကင်းသော လုပ်ကြံမှု၊ လမ်းမှားစေသော လှုံ့ဆော်မှုများ၊ အားလုံး အကျုံးဝင်ပေမည်။

အထက်တွင် ဖော်ပြပါပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ခဲ့သည်ရှိသော် ဤမုကွပါဠိတော်တွင် ပါရှိသည့်အတိုင်း အောက်ပါပြစ်ဒဏ် လေးရပ်အနက် ပြစ်ဒဏ်တရပ်ရပ်ကို ခံရမည်ဖြစ်၏။

(၁) သတ်ဖြတ်ကွပ်မျက်ခြင်း။

(၂) လက်ဝါးကပ်တိုင်တင်ခြင်း။

(၃) ခြေလက်များကို လက္ခဏာ လက်ဝဲ ဘက်လွှဲ၍ ဖြတ်တောက်ခြင်း။

အကြင်သူသည် လူကိုသတ်၏။ သို့ရာတွင် ပစ္စည်းကို မယူဖြစ်ခဲ့ချေ၊ ထိုသူသည် သတ်ဖြတ်ခြင်း ခံရမည်ဖြစ်၏။ အကြင်သူသည် လူကိုလည်းသတ်၏။ ပစ္စည်းကိုလည်းယူ၏။ ထိုသူသည် လက်ဝါးကပ်တိုင် အတင်ခံရမည်ဖြစ်၏။ အကြင်သူသည် ပစ္စည်းကိုယူ၏။ သို့ရာတွင် လူကိုမသတ်ခဲ့ချေ။ ထိုသူသည် ခြေလက်များကို လက္ခဏာ၊ လက်ဝဲ၊ ဘက်လွှဲ၍ အဖြတ်ခံရမည်ဖြစ်၏။ အကြင်သူသည် ပစ္စည်းကိုလည်း မယူဖြစ်၊ လူကိုလည်း မသတ်ဖြစ်၊ လုယက်တိုက်ခိုက်ရန် ကြံစည်ပြီးသည့်နောက်တွင် အဖမ်းခံလိုက်ရသော် ထိုသူသည် ပြည်နှင်ဒဏ်ပေးခြင်း ခံရမည်ဖြစ်၏။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အသေးစိတ်ဓမ္မသတ်များကို 'ဟိဒါယဟ်' ကျမ်းတွင် ရှုပါကုန်။

မှတ်ချက်။

"အန္တဖ်ယုမိနလ်အရ်သွိ" ၏ အလိုသဘောတရပ်မှာ ပြည်နှင်ဒဏ်ပေးခြင်း ဟူ၍ဖြစ်၏။ အခြား အလိုသဘောတရပ်မှာ သက်ဆိုင်ရာ ပြစ်မှုကျူးလွန်သူအား တိုင်းပြည်တွင် လွတ်လပ်စွာ သွားလာနိုင်ခြင်း မရှိစေရန်အတွက် အကျဉ်းထောင်ချထားခြင်း ဟူ၍ပင်ဖြစ်၏။ ဟနဖီ ဓမ္မသတ်ရှင်များသည် အထက်ပါ အလိုသဘော နှစ်ရပ်အနက် ဒုတိယ အလိုသဘောကို နှစ်ခြိုက်ကြ၏။ "အဟ်လုလ္လဃတ်" အဘိဓာန်ရှင်များ ကလည်း ဤဒုတိယ အလိုသဘောကိုပင် ထောက်ခံကြ၏။ 'အန္တဖ်ယုမိနလ်အရ်သွိ' ဟူသည် အကျဉ်းထောင် ချထားခြင်း ဖြစ်သည်ဟူ၍ အေမာမ်အဗူဟနီဖဟ် သခင်က ဆို၏။ ဤသည်များစွာသော 'အဟ်လုလ္လဃတ်' အဘိဓာန်ရှင်များ နှစ်ခြိုက်သောအဆိုလည်းဖြစ်၏။ (ကဗီရ်)

ကျွန်ုပ်တို့ (ဟနဖီများ) ထံတွင် 'အန္တဖ်ယု' ၏ အလိုသဘောမှာ ချုပ်နှောင်ခြင်း၊ ထောင်ချခြင်း ဟူ၍ဖြစ်၏။ အရဗ် လူမျိုးတို့သည်လည်း 'အန္တဖ်ယု' ဟူသောပုဒ်ကို ဤအနက်၌ပင် သုံးစွဲကြလေသည်။ အဘယ်ကြောင့်ဆိုသော် (အကျဉ်းထောင်ချထားခြင်းခံရသော) လူသည် မိမိ၏အိမ်မှဉင်း၊ မိမိ၏ အိမ်သူ အိမ်သားများမှဉင်း၊ ကွဲကွာ၍ နေရခြင်းကြောင့်ဖြစ်သည်။ (ရွတ်)

ဉင်း(အရဗ်)တို့၏ 'အန္တဖ်ယု' ဟူသည် အမြဲတစေ အကျဉ်းထောင်ချထားခြင်းကို ဆိုသည်ဟု အဆိုရှိသည်။ (တာဂျ်-လိစာန်။) ➤➤

إِلَّا الَّذِينَ تَابُوا مِنْ قَبْلِ أَنْ تَقْدِرُوا عَلَيْهِمْ ۖ فَاعْلَمُوا أَنَّ اللَّهَ غَفُورٌ رَحِيمٌ ﴿٣٤﴾

၃၄။ သို့ရာတွင် အကြင်သူတို့သည် အသင်တို့လက်ရမဖမ်းဆီးမီ (သတိသံဝေဂ၊ နောင်တတရား ရရှိကာ) ဝန်ချတောင်းပန်ခဲ့ကြ သည်ရှိသော်၊ ဧကန်စင်စစ် "အလ္လာဟ်အရှင်မြတ်" သည် အလွန်တရာမျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန် သနားကြင်နာညှာတာတော် မူသောအရှင်မြတ်ပင် ဖြစ်တော်မူကြောင်းကို အသင်တို့သည် သိထားကြလေကုန်။ [၁]

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَابْتَغُوا إِلَيْهِ الْوَسِيلَةَ وَجَاهِدُوا فِي سَبِيلِهِ لَعَلَّكُمْ تُفْلِحُونَ ﴿٣٥﴾

၃၅။ အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင်အသင်တို့သည် *ထိုအရှင်မြတ်၏ အပါးတော်သို့ ချဉ်းကပ်မှုကို* [၂] ရှာဖွေကြလေကုန်။ ထိုမှတပါး၊ အသင်တို့သည် (နောင်တမလွန်ဘဝတွင်) အောင်မြင်ကြအံ့သောငှါ ထိုအရှင်မြတ်၏ လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန်)၊ (တနည်း) (အပတ်တကုတ် ကြိုးစားအားထုတ်ကြလေကုန်)။

➤➤ ဟနဖီ ဓမ္မသတ်ရှင်များက ပြောဆိုကြသည်မှာ - အကယ်၍ ပြစ်မှုကျူးလွန်သူအား ပြည်နှင်ဒဏ် ပေးလိုက်သည်ရှိသော် ထိုသူသည် အစွန်လာမ်နိုင်ငံသို့သော်လည်းကောင်း၊ 'ဒါရုလ်ဟရ်ဗ်' ကာဖိရ်နိုင်ငံသို့ သော်လည်းကောင်း ရောက်ရှိသွားပေမည်။ အကယ်၍ ထိုသူသည် အစွန်လာမ်နိုင်ငံသို့ ရောက်ရှိသွားသော် ထိုသူသည် ထိုနိုင်ငံတွင်လည်း ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်ပေမည်။ အကယ်၍ ကာဖိရ်နိုင်ငံသို့ ရောက်ရှိသွားသော် အစွန်လာမ်၏ ရန်သူများအား အားပေးရာရောက်ပေမည်။ ထို့အတွက်ကြောင့် 'အန္နဖ်ယု' ၏ အလိုသဘောမှာ ချုပ်နှောင်ခြင်း၊ အကျဉ်းထောင်ချခြင်းဟူ၍ပင် ယူဆရပေမည်။ ကြည့်-မာဂျိဒီ။

① ဆိုလိုသည်ကား-အထက်တွင်ပါရှိသော အပြစ်ဒဏ်များသည် 'ဟဒ္ဒ်'၊ 'ဟတ်ဂ္ဂ်ုလ္လာဟ်' အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အာဏာစက်အရ ဖြစ်သည်။ ထိုအပြစ်ဒဏ်များသည် လူသားတို့၏ ခွင့်လွှတ်ခြင်းဖြင့် ခွင့်လွှတ်နိုင်သည်မရှိချေ။ (အထက်တွင်ပါရှိသော အပြစ်ဒဏ်များသည်) လူသားတို့၏ ခွင့်လွှတ်ခြင်းဖြင့် ခွင့်လွှတ်နိုင်သည့် 'ကိဆွာဆ်' သတ်စား သတ်ခြင်း၊ 'ဟတ်ဂ္ဂ်ုလ်အဗ်ဒ်' လူနှင့် သက်ဆိုင်သည့် အခွင့်အလမ်းမျိုး မဟုတ်ချေ။ ထို့အတွက်ကြောင့် ပြစ်မှုကျူးလွန်သောသူများသည် ဖမ်းဆီးခြင်း မခံရမီအလျင် အမှန်တကယ် ဝန်ချတောင်းပန်ခဲ့ကြသည်ရှိသော် အလ္လာဟ်အရှင်မြတ်၏အာဏာစက်မှ ခွင့်လွှတ်သွား ➤➤

➤➤ နိုင်ကြပေမည်။ သို့ရာတွင် (ယင်းကဲ့သို့ အလွှာဟ်အရှင်မြတ်၏ အာဏာစက်မှ လွတ်ကင်း၍ပင် သွားကြလင့်ကစား) 'ဟတ်ဂ္ဂျလ်အဓ်ဒ်' လူတို့နှင့်သက်ဆိုင်သည့် အခွင့်အလမ်းများသည် ကျန်ရှိ၍ပင် နေပေသေးသည်။ ဥပမာ - အကယ်၍ပင် တဦးတယောက်၏ ပစ္စည်းကို ခိုးဝှက်တိုက်ခိုက် ယူသည်ရှိသော် ပစ္စည်းကို ပြန်လည်ပေးရပေမည်။ တဦးတယောက်အား သတ်ဖြတ်ခဲ့သည်ရှိသော် သတ်စားသတ်ခြင်း ခံရပေမည်။ သို့ရာတွင် ပစ္စည်းပြန်လည်ပေးခြင်း၊ သတ်စားသတ်ခြင်းကို ခွင့်လွှတ်နိုင်သော အခွင့်အာဏာသည် သက်ဆိုင်ရာ ပစ္စည်းရှင်နှင့် အသတ်ခံရသူ၏ သက်ဆိုင်ရာသားချင်းတို့တွင် တည်ရှိပေသည်။ ကြည့် - ထာနဝီ။

ⓙ 'ဝစီလဟ်' ဟူသည် နီးကပ်မှုကိုဆိုလိုသည်။ (အီဗ်နုဂျရီရ်) 'ဝစီလဟ်' ဟူသောပုဒ်၏အနက်ကို အဗူဝါအစ်လ်၊ ဟစန်၊ မုဂျာဟစ်ဒ်၊ ကတာဒဟ်၊ အတွာ၊ စုဒီ၊ အီဗ်နုဇိုက်ဒ်၊ အဗ်ဒုလ္လာဟ်-အီဗ်နုကသီရ် တို့ကလည်း နီးကပ်မှုဟူ၍ပင် ဖွင့်ဆိုကြ၏။ ထို့အတူပင် ကုရ်တုဗီ၊ အီဗ်နုကုတိုင်ဗဟ်တို့ကလည်း အနက်ဖွင့်ဆိုကြ၏။

အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးသို့ ချဉ်းကပ်ရန် အကောင်းဆုံး အကြောင်းတရားမှာ ထိုအရှင်မြတ်၏အမိန့်တော်ကို နာခံခြင်း၊ ထိုအရှင်မြတ် နှစ်သက်တော်မူသော အရာကို ပြုကျင့်ခြင်းပင်ဖြစ်သည်။

"ထိုအရှင်မြတ်ထံသို့ နီးကပ်မှုကို ရှာဖွေကြလေကုန်" (၀၊)အသင်တို့သည် ထိုအရှင်မြတ်၏ထံတော်သို့ ထိုအရှင်မြတ်၏ အမိန့်တော် နာခံခြင်းဖြင့်၎င်း၊ ထိုအရှင်မြတ်နှစ်မြို့တော်မူသော အရာကို ပြုကျင့်ခြင်းအားဖြင့်၎င်း ချဉ်းကပ်ကြကုန်။ (အီဗ်နုဂျရီရ်)

အချို့သူများသည် ဤမုဟမ္မဒ်ပါဠိတော်တွင်ပါရှိသည့် 'ဝစီလဟ်'ဟူသောပုဒ်ကို အုရ်ဒူစာပေတွင် ခေါ်ဝေါ်သုံးစွဲသော 'ဝစီလဟ်'ဟူသောပုဒ်နှင့် အဓိပ္ပါယ်တူဟူ၍ယူဆကာ နဗီများ၊ ဝလီများ၊ သူတော်ကောင်းများအား အကူအညီ တောင်းခြင်းကို ပြုပိုင်သည်ဟူ၍ ယူဆကြ၏။ ဤကားအလွန်ဆိုးရွားသော မှားယွင်းမှုကြီးပင်ဖြစ်သည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အလ္လာမဟ်အာလူစီသခင်က အကျယ်တဝင့် ရေးသားဖော်ပြထား၏။ ဤတွင်အလ္လာမဟ် အာလူစီသခင်၏ အချို့ကောက်နုတ်ချက်များကို ဖော်ပြလိုပေသည်။

"သေသူတဦးတယောက်ထံ တောင်းဆိုပန်ကြားခြင်းသည် မပြုပိုင်သော အမှုဖြစ်၏။ ဤကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်အာလင်မ်မျှ ဒွိဟမရှိချေ။ သူသေတဦးတယောက်ထံ တောင်းဆို ပန်ကြားခြင်းသည် 'ဗစ်ဒ်အတ်' ဖြစ်သည်။ အတိတ်ခေတ်ရှိ ပညာရှင်သုခမိန်တို့အနက် တပါးမျှထိုအမှုကို မပြုခဲ့ချေ။

ဆွဟာဗဟ် သာဝကကြီးများသည် ကောင်းမှုကုသိုလ်ကို အထူးလိုလားခဲ့ကြ၏။ ထိုသာဝကကြီးများအနက် မည်သည့်သာဝကတပါးမျှ သူသေထံမှ တစုံတရာပန်ကြားခဲ့သည်ဟူ၍ကား အလျင်း မရှိချေ။

သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအုမရ်သခင်သည် တမန်တော်မြတ်၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးရာတွင် အထူးပင်ကျော်ကြားခဲ့၏။ ထိုသာဝကကြီးသည် ဇီယာရတ်ပြုရန် တမန်တော်မြတ်၏ သင်းချိုင်းတော်အတွင်းသို့ ဝင်သောအခါ အို-အလ္လာဟ်အရှင်မြတ်၏ရစူလ်၊ အတ်စွလာမုအလိုင်ကွန်မ်။ အို-အဗာဗတ်က်ရ်အတ်စွလာမို့ အလိုင်ကွန်မ်။ အို-ဘခင်၊ အတ်စွလာမုအလိုင်ကွန်မ် ဟူ၍ စလာမ်ဆို၏။ ထို့နောက်ပြန်ထွက်လာ၏။ ထို့ထက်ပို၍ တခွန်းတပါဒမျှမပြော။ တမန်တော်မြတ်ထံတွင်လည်း တစုံတရာ မပန်ကြား တမန်တော်မြတ်၏ အပါးတွင်ရှိသော သာဝကကြီး နှစ်ပါးထံတွင်လည်း တစုံတရာ မပန်ကြားခဲ့ချေ။ အမှန်မှာ ထိုသူမြတ်တို့မှာ ကမ္ဘာတွင် အမြင့်မြတ်ဆုံးပင် ဖြစ်ကြလေသည်။

သာဝကကြီးများသည် တမန်တော်မြတ်၏ သင်းချိုင်းတော်တွင် အလ္လာဟ်အရှင်မြတ်အထံတော်၌ ဆုပန်ကြားကြသောအခါတွင် တမန်တော်မြတ်၏ သင်းချိုင်းတော်ဘက်သို့ မျက်နှာမမူဘဲ "ကအ်ဗဟ်" ကျောင်းတော်ဘက်သို့သာလျှင် မျက်နှာမူလေ့ရှိကြလေသည်။ (ကြည့်-မာဂျီဒီ)

إِنَّ الَّذِينَ كَفَرُوا لَوْ أَنَّ
لَهُم مَّا فِي الْأَرْضِ
جَمِيعًا وَمِثْلَهُ مَعَهُ
لِيَفْتَدُوا بِهِ مِنْ عَذَابِ
يَوْمِ الْقِيَامَةِ مَا تُقُبِّلَ
مِنْهُمْ ۚ وَلَهُمْ عَذَابٌ
أَلِيمٌ ﴿٣٦﴾

၃၆။ ဓကန်စင်စစ် သွေဖည် ငြင်းပယ်သောသူ တို့သည် (မည်သည့်အခါမျှ မိမိတို့၏ အပြစ်များမှ ချမ်းသာခွင့် ရရှိကြလိမ့်မည်မဟုတ်ပေ)။ အကယ်၍ "ကိယာမတ်" ရှင်ပြန်ထမည့်နေ့၏ ပြစ်ဒဏ်များမှ လျော်ကြေးပေး၍ လွတ်မြောက်ခြင်းငှာ ၎င်းတို့ထံ၌ ကမ္ဘာလောကဌ ရှိရှိသမျှသော ဥစ္စာပစ္စည်းအားလုံး ရှိသည့်ပြင် ၎င်းနှင့်တကွ ထိုမျှလောက်သော ဥစ္စာပစ္စည်း နောက်ထပ်ရှိသော်လည်း ထိုပစ္စည်းများကို (လျော်ကြေးပေးကြသည့်တိုင်) ၎င်းတို့ထံမှ သဘောတူ လက်ခံတော်မူလိမ့်မည် မဟုတ်ပေ။ [၃] အမှန်သော်ကား ထိုသူတို့အဘို့ အလွန်ပြင်းပြ နာကျင်ဘွယ် ဖြစ်သော အပြစ်ဒဏ်သည် အဆင့်သင့်ရှိပေသည်။

يُرِيدُونَ أَن يَخْرُجُوا مِنَ
النَّارِ وَمَا هُم بِخَارِجِينَ
مِنْهَا ۖ وَلَهُمْ عَذَابٌ مُّقِيمٌ ﴿٣٧﴾

၃၇။ ၎င်းတို့သည် "ဂျဟန္နမ်" ငရဲမီးမှ ထွက်လို ကြကုန်အံ့။ သို့ရာတွင်မူကား၊ ၎င်းတို့သည် (မည်သည့် အခါမျှ) ထို("ဂျဟန္နမ်") ငရဲမီးမှ ထွက်ကြရမည့် သူများမဟုတ်ပေ။ အမှန်စင်စစ်သော်ကား၊ ၎င်းတို့ အဘို့ အမြဲတည်တံ့သော ပြစ်ဒဏ်သည် (အဆင့်သင့်) ရှိနေလေသတည်း။

وَالسَّارِقُ وَالسَّارِقَةُ فَاقْطَعُوا
أَيْدِيَهُمَا جَزَاءً بِمَا كَسَبَا
نَكَالًا مِّنَ اللَّهِ ۗ وَاللَّهُ

၃၈။ ၎င်းအပြင် (အိုး-တရားသူကြီးအပေါင်းတို့) ခိုးသူ ယောကျ်ားပင် ဖြစ်စေ၊ ခိုးသူ မိန်းမပင် ဖြစ်စေ၊ အသင်တို့သည် ၎င်းတို့နှစ်ဦးလုံး၏ လက်များကို ဖြတ်တောက်ကြလေကုန်။ [၂]

---

① အမိုက်ခေတ်ရှိလူများ၏ အယူအဆ မှားယွင်းချက်များအနက် မှားယွင်းချက်တရပ်မှာ ၎င်းတို့သည် နောင်တမလွန်ဘဝ၏ အရေးများကို ပစ္စုပ္ပန်၏ အရေးများနှင့် နှိုင်းယှဉ်ကာ လူလောကရှိ တရားရုံးများတွင် ဥစ္စာတန်ဆိုး လက်ဆောင်ထိုး၍ မှုပြစ်ကြီးငယ်တို့မှ လွတ်မြောက်အောင် ပြုလုပ်နိုင်ကြသကဲ့သို့ နောင်တမလွန်ဘဝတွင်လည်း ဥစ္စာတန်ဆိုးလက်ဆောင်ထိုး၍ မှုပြစ်ကြီးငယ်တို့မှ လွတ်မြောက်နိုင်ကြလိမ့်မည်ဟူ မှတ်ထင်ခဲ့ကြ၏။ ယင်းသူတို့၏ အယူအဆမှားယွင်းကြောင်းကို ဤမုဟမ္မဒပါဠိတော်တွင် မိန့်ဆိုထားတော်မူသည်။ ကြည့်-မာဂျီဒီ။

عَزِيزٌ حَكِيمٌ ﴿٣٨﴾

(ဤသည်) ထိုသူတို့နှစ်ဦး ပြုမူခဲ့ကြသော ပြုမူချက်၏ ပြစ်ဒဏ်လည်းဖြစ်၏။ အလ္လာဟ် အရှင်မြတ် အထံတော်မှ (အခြားသူများ) သတိသံဝေဂရစေရန် ဆုံးမချက်တရပ်လည်း ဖြစ်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ ဥာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင်တည်း။

④ ဓမ္မသတ်။

ခိုးမှုကျူးလွန်သည့်အတွက် ပြစ်ဒဏ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဓမ္မသတ်ရှင်များသည် ကုရ်အာန်နှင့် စွန့်တ်ကို ကိုးကားကာ စည်းကမ်းချက်အမျိုးမျိုး သတ်မှတ်ထားကြသည်။ ဟနဖီဓမ္မသတ်ရှင်များ သတ်မှတ်ထားကြသော စည်းကမ်းချက်တို့၏ အချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်-။

(၁) ခိုးသူသည် အသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူဖြစ်ရမည်။ ကလေးနှင့် ရူးသွတ် နေသူများသည်၊ ၎င်းတို့၏ခိုးဝှက်မှုကြောင့် လက်ဖြတ်ပြစ်ဒဏ်ပေးခြင်းခံကြရမည်မဟုတ်ပေ။

(၂) ခိုးသူသည် ပစ္စည်းကို လျှို့ဝှက်ယူသွားသည်ဖြစ်ရမည်၊ ဖြောင်လုယက် တိုက်ခိုက်ယူသည်မဖြစ်စေရ။ အဘယ်ကြောင့်ဆိုသော် လုယက်တိုက်ခိုက်သူ၏ ပြစ်ဒဏ်မှာ ခိုးမှုပြစ်ဒဏ်နှင့် မတူချေ၊ သီးခြားရှိသည်။

(၃) ခိုးရာပါပစ္စည်းသည်၊ တဦးတယောက်ပိုင်ဆိုင်သော ပစ္စည်းဖြစ်ရမည်။ ပိုင်ရှင်မဲ့ ပစ္စည်းကို ခိုးယူခြင်းသည် ဥပမာ-ကဖန်ပိတ်ကို ခိုးယူခြင်းသည် ခိုးမှုပြစ်ဒဏ်ပေးရမည့် ခိုးမှုမျိုးတွင် အကျုံးမဝင်ပေ။

(၄) ခိုးရာပါပစ္စည်းသည် ခိုးသူ၏ပစ္စည်းနှင့် တနည်းတဖုံ ဆက်စပ် ရောနှောနေသော ပစ္စည်းမဖြစ်စေရ။ လင်ယောကျ်ား၊ ဇနီးမိန်းမ၊ သားသမီးစသည်တို့သည် တဦး၏ပစ္စည်းကို တဦးက ခိုးဝှက်သည့်အတွက် ခိုးမှုပြစ်ဒဏ် ခံကြရမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ပစ္စည်းများသည် ဖက်စပ် ရောနှောနေလေ့ ရှိတတ်သောကြောင့်ပင်။

(၅) ခိုးရာပါပစ္စည်းများသည် တနည်းတဖုံအားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက် ထားသော ပစ္စည်းဖြစ်ရမည်။ ဥပမာ-စစ်သား၊ ပုလိပ်၊ ဒရုဝါန်စသည်တို့၏ စောင့်ရှောက်မှုခံ ထားရှိသော ပစ္စည်းသော်၎င်း၊ သို့တည်းမဟုတ် တိုက်တာအိမ်ဂေဟာ၏ အတွင်းခံထားရှိသော ပစ္စည်းသော်၎င်း၊ သေတ္တာခံသော်၎င်း၊ အိမ်တွင်းခံသော်၎င်း၊ ထားရှိသောပစ္စည်းမျိုးဖြစ်ရမည်။ လမ်းပေါ်၌ ဖရိဖရဲကျနေသော ပစ္စည်းတစုံတရာကို ကောက်ယူသည့်အတွက် ခိုးမှုပြစ်ဒဏ်ခံရမည် မဟုတ်ပေ။

အစောင့်အကြပ်များ၊ ဒရုဝါန်များသည် မိမိတို့စောင့်ရှောက်နေသော ပစ္စည်းများကို ခိုးဝှက်ကြလျှင် ၎င်းတို့အပေါ်၌ အလွဲသုံးစားပြုခြင်း၏ ပြစ်ဒဏ်ကို ခံစားကြရမည်။ ခိုးမှုပြစ်ဒဏ်ကို ခံစားရမည်မဟုတ်ပေ။ ကြည့်-မာဂျိဒီ၊ အစောင်-၂၊ စာမျက်နှာ- ၂၅၂၊ အောက်ခြေအမှတ် -(၁၃၅)။

فَمَنْ تَابَ مِنْ بَعْدِ ظُلْمِهٖ
وَاَصْلَحَ فَاِنَّ اللّٰهَ
يَتُوْبُ عَلَيْهِ ۭ اِنَّ اللّٰهَ
غَفُوْرٌ رَّحِيْمٌ ۝۳۹

၃၉။ တဖန် မည်သူမဆို မိမိ ပြစ်မှုကျူးလွန်ပြီး သည့်နောက် (သတိသံဝေဂ နောင်တတရား ရရှိကာ အလ္လာဟ် အရှင်မြတ် အထံတော်၌) ဝန်ချတောင်းပန်ပြီး (မိမိကိုယ်ကို မိမိ) ပြုပြင်ခဲ့ပါ။ မလွဲဧကန် အလ္လာဟ် အရှင်မြတ်သည် ထိုသူ၏ ဖက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူအံ့။ [၁] အလ္လာဟ် အရှင်မြတ်သည် စင်စစ်ဧကန် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

اَلَمْ تَعْلَمْ اَنَّ اللّٰهَ لَهٗ مُلْكُ
السَّمٰوٰتِ وَالْاَرْضِ ۭ يُعَذِّبُ
مَنْ يَّشَاۗءُ وَيَغْفِرُ لِمَنْ يَّشَاۗءُ ۭ
وَاللّٰهُ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝۴۰

၄၀။ ဧကန်စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေကိုစိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အရှင်မြတ်၌သာရှိသည်ကို အသင်သည် မသိလေသလော။ ထို အရှင်သည် မိမိ အလိုရှိတော်မူသောသူအား ပြစ်ဒဏ်ပေးတော်မူ၏။ ထိုနည်းတူစွာ မိမိ အလိုရှိတော်မူသော သူအားချမ်းသာခွင့်ပေးသနားတော်မူ၏။ အမှန် သော်ကားအလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။

---

① ကုရ်အာန်ကျမ်းမြတ်(၅း၃၈)တွင် ခိုးသူ၏ ပြစ်ဒဏ်အကြောင်းပါရှိ၏။ ဤမှာပါ၌တော်တွင် ခိုးသူသည် ခိုးမှုကို ကျူးလွန်မိပြီးနောက် အကယ်၍ "တောင်ဗတ်" ဝန်ချတောင်း ပန်ပြီး မိမိကိုယ်ကို မိမိပြုပြင်သွားမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအပေါ်၌ ကရုဏာထားတော်မူမည့်အကြောင်းပါရှိ၏။

သူခိုး၏ "တောင်ဗဟ်" ဝန်ချတောင်းပန်မှုသည် 'ရှရီအတ်' တရားနှင့်ညီရပေမည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ "ဖုကဟာ"ဓမ္မသတ်ရှင်များက သူခိုးသည် မိမိခိုးယူထားသော ပစ္စည်းကို သက်ဆိုင်ရာပိုင်ရှင်ထံသို့ ပြန်ပေးရမည်။ အကယ်၍ ခိုးထားသောပစ္စည်းသည် ပျက်စီးသွားပါလျှင် သက်ဆိုင်ရာပိုင်ရှင်အား လျော်ကြေးပေးရမည်။ လျော်ကြေးမပေးနိုင်ပါလျှင် မိမိအားခွင့်လွှတ်ရန် ပိုင်ရှင်ထံ မေတ္တာရပ်ခံရမည်ဟု ဆိုကြ၏။ ဤသည်ကား "တောင်ဗဟ်" ဝန်ချ တောင်းပန်ခြင်း၌ ပြည့်စုံခြင်း စည်းကမ်းချက်များပင်တည်း။

သူခိုးသည် ဝန်ချတောင်းပန်ခြင်းဖြင့် (အစိုးရ၏) လက်ဖြတ်ခြင်းမှ ကင်းလွတ်မည် မဟုတ်ပေ။ လက်ဖြတ်မှု အပြစ်ဒဏ်သည် ဝန်ချတောင်းပန် သည့်အတွက် သူခိုးအပေါ်မှ ကင်းစင်သွားမည် မဟုတ်ပေ။ ဤကား အများပညာရှင်တို့၏ အဆိုတည်း။ (မအောလင်မ်)

يَٰٓأَيُّهَا ٱلرَّسُولُ لَا
يَحۡزُنكَ ٱلَّذِينَ يُسَٰرِعُونَ
فِي ٱلۡكُفۡرِ مِنَ ٱلَّذِينَ قَالُوٓاْ
ءَامَنَّا بِأَفۡوَٰهِهِمۡ وَلَمۡ تُؤۡمِن
قُلُوبُهُمۡۛ وَمِنَ ٱلَّذِينَ
هَادُواْۛ سَمَّٰعُونَ لِلۡكَذِبِ
سَمَّٰعُونَ لِقَوۡمٍ ءَاخَرِينَ لَمۡ
يَأۡتُوكَۖ يُحَرِّفُونَ ٱلۡكَلِمَ
مِنۢ بَعۡدِ مَوَاضِعِهِۦۖ
يَقُولُونَ إِنۡ أُوتِيتُمۡ هَٰذَا
فَخُذُوهُ وَإِن لَّمۡ تُؤۡتَوۡهُ

၄၁။ အို-ရဏ္ဍုလ်တမန်တော်၊ အကြင်သူတို့သည် အသင့်အား *စိတ်နှလုံးမချမ်းမသာမြေ့* ဖြစ်စေကြရ။ [၁] ထိုသူတို့သည် ၎င်းတို့၏ စိတ်နှလုံးများက "အီမာန်" သက်ဝင်ယုံကြည်ခြင်း မရှိဘဲ မိမိတို့၏ နှုတ်များဖြင့်သာ ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည် ကြပါပြီဟု ပြောဆိုသူတို့ အနက်မှပင်ဖြစ်စေ၊ ယဟူဒီများအနက်မှပင်ဖြစ်စေ၊ ထိုထိုသောသူတို့သည် မုသားကို အလွန်တရာ ကြားနာသူများ၊ အသင့်ထံမလာကြသောသူတို့အတို့ (အသင့်ထံလာရောက်၍) နားစွင့်သူများ ဖြစ်ကြကုန်၏။

၎င်းတို့သည် မကွပါဋ္ဌတော်များကို ထိုမကွပါဋ္ဌတော်များ၏ မူရင်းနေရာများမှ ရွှေ့ပြောင်းလေ့ရှိကြသည့်ပြင် (မိမိတို့အုပ်စုဝင်များအား) အသင်တို့သည် (နဗီတမန်တော် မုဟမ္မဒ်၏ထံမှ) ဤ(ရွှေ့ပြောင်း ထားသည့်)အတိုင်း အမိန့်ရရှိကြပါမူ နာယူလက်ခံကြလေကုန်၊ သို့ရာတွင် ထို(ရွှေ့ပြောင်းထားသည့်)အတိုင်း မရရှိကြလျှင် ဖယ်ရှောင်ကြလေကုန်ဟူ၍လည်း ပြောဆိုလေ့ရှိကြကုန်၏။

---

① အထက်တွင် ဆူပူသောင်းကျန်မှု၊ ခိုးမှုများ၏ အပြစ်ဒဏ်များပါရှိခဲ့၏။ ဤမကွပါဋ္ဌတော်တွင် အလ္လာဟ်အရှင်မြတ်၏ စီရင်ချက်များကို ဖေါက်လွဲဖေါက်ပြန်ပြုလုပ်၍ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ပင်ကြီးလေးသော အပြစ်ဒဏ်သင့်အောင် ပြုလုပ်သော အချို့အမျိုးသားများ၏ အကြောင်းကို မိန့်ဆိုထားတော်မူ၏။ ထိုအမျိုးသားများ၏ ဖြစ်အင်တရပ်ကို ဗဟဝီသခင်က အောက်ပါအတိုင်း ရေးသားဖေါပြထားလေသည်။

'ခိုင်ဗရ်'ရှိ ယဟူဒီ ယောကျ်ား တယောက်နှင့် မိန်းမ တယောက်တို့သည် ကာမသုမိဇ္ဈာစာရက်ကို ကျူးလွန်ကြ၏။ ထိုသူနှစ်ယောက်သည် လူပျို၊ အပျိုများလည်း မဟုတ်ကြပေ။ 'တောင်ရာတ်' ကျမ်းတွင် မိဇ္ဈာစာရက် ကျူးလွန်ခြင်း၏အပြစ်မှာ 'ရဂျိမ်' ခဲဖြင့် ပေါက်သတ်ခြင်းပင်ဖြစ်၏။ (ကာမသုမိဇ္ဈာစာရက် ကျူးလွန်သော အဆိုပါမိန်းမနှင့် ယောကျ်ားမှာ မျက်နှာကြီးများ ဖြစ်နေသဖြင့် ၎င်းတို့နှစ်ဦးကို ခဲဖြင့် ပေါက်သတ်ခြင်း ပြစ်ဒဏ်ပေးရန် အရေးမှာ သက်ဆိုင်ရာ အကြီးအကဲတို့အဖို့ ခဲယဉ်းနေတော့၏)။ မျက်နှာကြီးမှသည် ခဲပေါက်သတ်ခြင်း ပြစ်ဒဏ်ကို တားဆီးလျက်ရှိ၏။ ထိုအခါ သက်ဆိုင်ရာ အကြီးအကဲတို့သည် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အချင်းချင်း ဤသို့တိုင်ပင် ဆွေးနွေးကြ၏။ ➤➤

➤➤ 'ယဿိရိဗ်' (မဒီနာ)မြို့တွင် ပုဂ္ဂိုလ်တဦး(တမန်တော်(မုဟမ္မဒ်)ဆွေမျိုးလွန်ဟု အလိုင်ဟိဝစလ္လမ်)ရှိသည်၊ ၎င်း၏ကျမ်းဂန်တွင် ကာမေသုမိဿာစာရက် ကျူးလွန်သူ၏အပြစ်မှာ 'ရဂျိမ်' ခဲပေါက်သတ်ခြင်းဟူ၍ မပါရှိ၊ ကြိမ်ဒဏ်ပေးခြင်းသာ ပါရှိ၏။ သို့ဖြစ်ရာ ဗဓိကုရိုင်ဇွာဟ်မျိုးနွယ်မှ အချို့ပုဂ္ဂိုလ်များကို ၎င်းထံသို့စေလွှတ်၍ ၎င်း၏သဘောကို စုံစမ်းကြရမည်။ ဗဓိကုရိုင်ဇွာဟ် မျိုးနွယ်သည် ၎င်းနှင့်အိမ်နီးချင်းလည်းဖြစ်၏။ ၎င်းနှင့် ငြိမ်းချမ်းရေးစာချုပ်လည်း ချုပ်ဆိုထား၏။ ယင်းသို့တိုင်ပင် ဆွေးနွေးကြပြီးနောက် ကာမေသုမိဿာစာရက် ကျူးလွန်သူနှင့်စပ်လျဉ်း၍ တမန်တော်မြတ်သည် မည်သို့ပြစ်ဒဏ်သတ်မှတ်သည်ကို သွားရောက်မေးမြန်းရန်အတွက် (ကုရိုင်ဇွာဟ်မျိုးနွယ်မှ) လူအချို့ကို တမန်တော်မြတ်ထံသို့ စေလွှတ်ကြလေ၏။ မိမိတို့စေလွှတ်လိုက်သော သူများအား အကယ်၍ တမန်တော်မြတ်သည် ကြိမ်ဒဏ်ရိုက်ရန် အမိန့်ပေးလျှင် အသင်တို့လက်ခံကြ၊ အကယ်၍ ခဲပေါက် သတ်ဒဏ်ပေးလျှင် လက်မခံကြနှင့်ဟုလည်း ပြောဆိုမှာကြားလိုက်ကြ၏။

စေလွှတ်ခြင်းခံရသော ပုဂ္ဂိုလ်များသည် တမန်တော်မြတ်ထံရောက်၍ ကာမေသုမိဿာစာရက် ကျူးလွန်သူ၏ပြစ်ဒဏ်ကို မေးမြန်းကြသောအခါ တမန်တော်မြတ်က အသင်တို့သည် ကျွန်ုပ်၏ အဆုံးအဖြတ်ကို နာခံကြမည်လောဟု မေးတော်မူသောအခါ ထိုပုဂ္ဂိုလ်များက ကျွန်တော်တို့နာခံကြပါမည်ဟု ဝန်ခံပြောဆိုကြလေသည်။ (ထိုအချိန်မှာပင်) အလ္လာဟ်အရှင်မြတ်၏ထံတော်မှ အပါးတော်စေတမန် ဂျိဗရီလ်သည် ခဲပေါက်သတ်ခြင်း အမိန့်တော်ကို ယူဆောင်လာလေ၏။ ထိုအမိန့်တော်ကို ကြားကြသောအခါ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ဝန်ခံချက်ကို ဖေါက်ဖျက်သွားကြလေ၏။

နောက်ဆုံးတွင် တမန်တော်မြတ်က ဖိဒတ်က်တွင်နေထိုင်သူ အီဗ်နုဆွူရိယာသည် အသင်တို့တွင် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သနည်းဟု ၎င်းတို့အား မေးတော်မူသောအခါ ၎င်းတို့က ယခုအချိန် ကမ္ဘာမြေပြင်တွင် တမန်တော်မူစာ၏ ရှရှီအတ် တရားဓမ္မသတ်ကို ထိုပုဂ္ဂိုလ်ထက် ပိုမို၍ သိသူတဦးမျှမရှိပါဟု ဖြေကြား၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် အီဗ်နုဆွူရိယာအား ခေါ်ခိုင်းတော်မူ၍ ၎င်းအား လေးလေးနက်နက် ကျမ်းသစ္စာဆိုစေပြီး တောင်ရာတ်ကျမ်းဂန်တွင် ကာမေသုမိဿာစာရက် ကျူးလွန်ခြင်း၏အပြစ်သည် မည်သို့ပါရှိသနည်း ဟု မေးတော်မူလေ၏။ ထိုအချိန်တွင် တခြားယဟူဒီများသည် ကာမေသုမိဿာစာရက်နှင့် စပ်လျဉ်း၍ တောင်ရာတ် ကျမ်းချက်ကို ထိမ်ဝှက်ရန် အထူးကြိုးပမ်းလျက် ရှိကြ၏။ ၎င်းတို့၏ ထိမ်ဝှက်မှုသည်လည်း သာဝကကြီး အဗ်ဒုလ္လဟ် အီဗ်နုစလာမ်၏ ဖွင့်ဟပြောဆိုခြင်းကြောင့် ထင်ရှားခဲ့ပြီးဖြစ်၏။ အီဗ်နုဆွူရိယာသည် ယဟူဒီများ၏ယုံကြည်အားထားရာ ပုဂ္ဂိုလ်ကြီးဖြစ်လင့်ကစား အကြောင်းတရပ်ရပ်ကြောင့် တောင်ရာတ်ကျမ်းဂန်တွင် ကာမေသုမိဿာစာရက် ကျူးလွန်ခြင်း၏ အပြစ်မှာ 'ရဂျိမ်' ခဲပေါက်သတ်ခြင်းပင်ဖြစ်ကြောင်း ဝန်ခံပြောဆိုလေ၏။ ၎င်းနောက် အီဗ်နုဆွူရိယာကပင် ဆက်လက်၍ "ယဟူဒီများသည် အဆိုပါ ပြစ်ဒဏ်ကို ပယ်ဖျက်၍ ကြိမ်ဒဏ်ရိုက်ခြင်း၊ မျက်နှာအိုးမဲသုတ်၍ မြည်းပေါ်တွင် နောက်ပြန်ထိုင်စေပြီး မြို့ရွာတွင် လှည့်ပတ်စေခြင်း ပြုလုပ်ကြသည့် အကြောင်းကိုလည်း" အကျယ်တဝင့် ရှင်းလင်းဖော်ပြလေသည်။

နောက်ဆုံးတွင် တမန်တော်မြတ်သည် ကာမေသုမိဿာစာရက် ကျူးလွန်သော ထိုယဟူဒီယောကျ်ားနှင့် မိန်းမ ၂-ယောက်တို့အပေါ်တွင် ခဲပေါက်သတ်ဒဏ် စီရင်ရန် အမိန့်ချမှတ်တော်မူလိုက်၏။ ၎င်းနောက် တမန်တော်မြတ်သည် အလ္လာဟ် အရှင်မြတ်ထံတော်တွင် "အို-အလ္လာဟ် အရှင်မြတ်၊ ထိုသူများက ကိုယ်တော်အရှင်မြတ်၏ အမိန့်တော်ကို ဖျောက်ထားကြပြီး နောက်ပိုင်းတွင် ဤလောကၽ်ိ ကိုယ်တော်အရှင်မြတ်၏ အမိန့်တော်ကို ပြန်၍ထုတ်ဖော်သူမှာ ကျွန်တော်မျိုးသည် ပဌမပင်ဖြစ်ပါသည်" ဟုလျှောက်ထားလေ၏။ ဤကား အဖြစ်အပျက်အမှန်တည်း။

فَاحْذَرُوْاۚ وَمَنْ يُّرِدِ اللّٰهُ
فِتْنَتَهٗ فَلَنْ تَمْلِكَ لَهٗ مِنَ
اللّٰهِ شَيْـًٔاۗ اُولٰۤىِٕكَ الَّذِيْنَ
لَمْ يُرِدِ اللّٰهُ اَنْ يُّطَهِّرَ
قُلُوْبَهُمْۗ لَهُمْ فِى الدُّنْيَا
خِزْيٌ ۖ وَّلَهُمْ فِى الْاٰخِرَةِ
عَذَابٌ عَظِيْمٌ ۝٤١

အမှန် စင်စစ်သော်ကား မည်သူ့ကိုမဆို အလ္လာဟ် အရှင်မြတ်သည် လမ်းလွဲစေတော်မူပါလျှင်၊ အသင်သည် အလ္လာဟ် အရှင်မြတ်နှင့် ဆန့်ကျင်၍ ထိုသူအား မည်သည့်အကျိုးကိုမျှ ပြုစွမ်းနိုင်ခြင်း အလျင်း မရှိပေ။

ဤသူတို့ကား အကြင် သူများတည်း။ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများကို သန့်ရှင်းစင်ကြယ်စေရန် ရည်စူးတော်မူခဲ့သည် မဟုတ်ပေ။ ၎င်းတို့၌(ဤပစ္စုပ္ပန်) လောကီဘဝတွင်လည်း ကျိုးယုတ်ရှက်ရ ဖြစ်ခြင်းသည်ရှိ၏။ နောင်တမလွန်ဘဝတွင်လည်း ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည်ရှိချေအံ့သတည်း။

(တနည်း) . . .

အိုရဏွေလ၊ 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှု၌ ပြေးလွှားကျဆင်းလျက်ရှိသော အကြင်သူများသည် အသင့်အား စိတ်ဒုက္ခမရောက်စေကြရ၊ (အသင်သည် ထိုသူတို့၏ သွေဖည်မှုများကြောင့် ပူပန်သောက မဖြစ်လေနှင့်)။ (ကုဖ်ရ် သွေဖည်မှု၌ ပြေးလွှားကျဆင်းလျက်ရှိသော) ထိုသူများသည် အကြင်သူတို့ အနက်မှဖြစ်စေ၊ ၎င်းတို့သည်ကျွန်ုပ်တို့ အီမာန်ယုံကြည်ကြပါသည်ဟု မိမိတို့၏ နှုတ်များဖြင့် ပြောဆိုကြ၏။ အမှန်မှာ ၎င်းတို့၏စိတ်နှလုံးများသည် အီမာန်ယုံကြည်ကြသည်မရှိချေ။ (ကုဖ်ရ်၌ ပြေးလွှားကျဆင်းလျက်ရှိသော) ထိုသူများသည် အကြင်သူတို့ အနက်မှဖြစ်စေ ၎င်းတို့သည်ယဟူဒီဖြစ်ကြ၏။--

سَمّٰعُوْنَ لِلْكَذِبِ اَكّٰلُوْنَ لِلسُّحْتِ ؕ فَاِنْ جَآءُوْكَ فَاحْكُمْ بَيْنَهُمْ اَوْ اَعْرِضْ عَنْهُمْ ۚ وَاِنْ تُعْرِضْ عَنْهُمْ فَلَنْ يَّضُرُّوْكَ شَيْـًٔا ؕ وَاِنْ حَكَمْتَ فَاحْكُمْ بَيْنَهُمْ بِالْقِسْطِ ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ﴿۴۲﴾

၄၂။ ယင်း(ယဟူဒီ)တို့သည် မဟုတ်မမှန် မုသားကို အလွန်တရာမျှပင် နာယူလက်ခံသောသူများ၊ (အလ္လာဟ်အရှင်မြတ်က) "ဟရာမ်" (ဟူ၍ မြစ်တားထားတော်မူသော တန်ဖိုးလက်ဆောင်အစရှိသည်) ကို အလွန်တရာမျှ စားသုံးသူများပင် ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အကယ်၍ ထိုသူတို့သည် အသင်၏ထံသို့ (မိမိတို့၏ အမှုအခင်းများကို စီရင်ဆုံးဖြတ်စေခြင်းငှာ) လာရောက် ကြပါမူ၊ အသင်သည် ၎င်းတို့၏စပ်ကြား၌ (တရားစစ်ဆေး စီရင်လိုက) စစ်ဆေးစီရင်ပါလေ။ သို့တည်းမဟုတ် (တရားစီရင်စစ်ဆေးဝိုင်ခွင့်မရှိဟူ၍) ၎င်းတို့ဘက်မှ မျက်နှာလွှဲဖယ်၍ နေပါလေ။ အကယ်၍ အသင်သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲဖယ်ပါမူ၊ ၎င်းတို့သည် အသင့်အား လုံးဝ အကျိုးယုတ် နစ်နာစေနိုင်ကြမည်မဟုတ်ပေ။ သို့ရာတွင် အကယ်၍ အသင်သည် တရားစစ်ဆေးစီရင်သည်ရှိသော်၊ ၎င်းတို့၏စပ်ကြား၌ တရားမျှတစွာ စီရင်ဆုံးဖြတ်ပါလေ။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူတို့အား ချစ်ကြည်မြတ်နိုးတော်မူခြင်းကြောင့်ပင်တည်း။

وَكَيْفَ يُحَكِّمُوْنَكَ وَعِنْدَهُمُ التَّوْرٰىةُ فِيْهَا حُكْمُ اللّٰهِ ثُمَّ يَتَوَلَّوْنَ مِنْۢ بَعْدِ ذٰلِكَ ؕ وَمَاۤ اُولٰٓئِكَ بِالْمُؤْمِنِيْنَ ﴿۴۳﴾

၄၃။ သို့ရာတွင် ထို သူတို့သည် အသင့်အား အဘယ်ကဲ့သို့ ခုံသမာဓိ တင်မြှောက်ကြပါသနည်း။ အမှန်စင်စစ်သော်ကား၊ ၎င်းတို့ထံဝယ် "တောင်ရာတ်" ကျမ်းလည်း ရှိ၏။ ယင်း တောင်ရာတ်ကျမ်းတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်လည်း ပါရှိ၏။ တဖန် ထို(ကဲ့သို့အသင့်အား ခုံသမာဓိတင်မြှောက်ပြီး) နောက် ယင်းသူတို့သည် (အသင်၏တရားစစ်ဆေးစီရင်ချက်မှ) မျက်နှာလွှဲဖယ် သွားကြပြန်၏။

إِنَّآ أَنزَلْنَا ٱلتَّوْرَىٰةَ فِيهَا هُدًى وَنُورٌ ۚ يَحْكُمُ بِهَا ٱلنَّبِيُّونَ ٱلَّذِينَ أَسْلَمُوا۟ لِلَّذِينَ هَادُوا۟ وَٱلرَّبَّٰنِيُّونَ وَٱلْأَحْبَارُ بِمَا ٱسْتُحْفِظُوا۟ مِن كِتَٰبِ ٱللَّهِ وَكَانُوا۟ عَلَيْهِ شُهَدَآءَ ۚ فَلَا تَخْشَوُا۟ ٱلنَّاسَ وَٱخْشَوْنِ وَلَا تَشْتَرُوا۟ بِـَٔايَٰتِى ثَمَنًا قَلِيلًا ۚ وَمَن لَّمْ يَحْكُم بِمَآ أَنزَلَ ٱللَّهُ فَأُو۟لَٰٓئِكَ هُمُ ٱلْكَٰفِرُونَ ﴿٤٤﴾

အမှန် စင်စစ်သော်ကား ၎င်းတို့သည် "မုအ်မင်နိ်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူများ အလျင်း မဟုတ်ကြချေ။

၄၄။ ဇကေနအမှန် ငါ အရှင်မြတ်သည် 'တောင်ရာတ်'ကျမ်းကို ချပေးသနားတော်မူခဲ့၏။ ယင်း "တောင်ရာတ်" ကျမ်းမြတ်တွင် တရားဓမ္မ ညွှန်ကြားခြင်းနှင့် ရောင်ခြည်တော်သည်ရှိ၏။ (အလွှာဟ် အရှင်မြတ်၏) အမိန့်တော်များကို လိုက်နာကြကုန်သော နဗီတမန်တော်များသည် ယဟူဒီများအပေါ်၌ ယင်း "တောင်ရာတ်" ကျမ်းမြတ်နှင့်အညီ တရားစစ်ဆေး စီရင်လေ့ ရှိခဲ့ကြကုန်၏။ ထိုနည်းတူစွာ ယဟူဒီ ဘုန်းကြီးရဟန်းတို့နှင့် ပညာရှင်သုခမိန်တို့သည်လည်း) ယင်းတောင်ရာတ် ကျမ်းမြတ်နှင့်အညီ တရားစစ်ဆေး စီရင်လေ့ရှိခဲ့ကြကုန်သည်။ အကြောင်းသော်ကား ၎င်း(ဘုန်းကြီး ရဟန်းတို့နှင့်ပညာရှင်)တို့သည် အလွှာဟ်အရှင်မြတ်၏ ကျမ်းတော်(နှင့်အညီ လိုက်နာ ကျင့်သုံးကြရန်)ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရသည့်အပြင်၊ ၎င်းတို့သည် ထိုကျမ်းတော်ကို လိုက်နာကျင့်သုံးကြပါမည်ဟု ဝန်ခံသူများလည်း ဖြစ်ခဲ့ခြင်းကြောင့်ပင်။

သို့ဖြစ်ပေရာ (အို-ယဟူဒီ အကြီးအကဲအပေါင်းတို့) အသင်တို့သည် လူတို့အား မကြောက်ရွံ့ကြလေနှင့်၊ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်၊ ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်၏ မကွပါဒ်တော်များကို အနည်းငယ်မျှသော အဖိုးအခကြေးငွေဖြင့် ရောင်းစားခြင်း မပြုကြကုန်လင့်။

ဂင်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသည့် (အမိန့်တော်)အတိုင်း တရားစစ်ဆေး စီရင်ဆုံးဖြတ်ခြင်းကို မပြုခဲ့မူ၊ ထိုကဲ့သို့သော သူများသည် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူများပင် ဖြစ်ကြပေသတည်း။

وَكَتَبْنَا عَلَيْهِمْ فِيهَآ أَنَّ
النَّفْسَ بِالنَّفْسِ ۙ وَالْعَيْنَ
بِالْعَيْنِ وَالْأَنفَ بِالْأَنفِ
وَالْأُذُنَ بِالْأُذُنِ وَالسِّنَّ
بِالسِّنِّ ۙ وَالْجُرُوحَ
قِصَاصٌ ۚ فَمَن تَصَدَّقَ
بِهِۦ فَهُوَ كَفَّارَةٌ لَّهُۥ ۚ وَمَن
لَّمْ يَحْكُم بِمَآ أَنزَلَ اللَّهُ
فَأُو۟لَٰٓئِكَ هُمُ الظَّٰلِمُونَ ﴿٤٥﴾

၄၅။ ဂင်းပြင် ငါအရှင်မြတ်သည် ထို "တောင်ရာတ်" ကျမ်းမြတ်တွင် ယင်းယဟူဒီတို့အပေါ်၌ အသက်ဇီဝိန်၏ အစား အသက်ဇီဝိန်ဟူ၍ဂင်း၊ မျက်စိ၏အစား မျက်စိဟူ၍ဂင်း၊ နှာခေါင်း၏အစား နှာခေါင်းဟူ၍ဂင်း၊ နားရွက်အစား နားရွက်ဟူ၍ဂင်း၊ သွား၏အစား သွားဟူ၍ဂင်း၊ (အချို့) ဒဏ်ရာဒဏ်ချက်များ၌လည်း (ထပ်တူထပ်မျှ) လက်စားချေခြင်းပင် ရှိသည်ဟူ၍ဂင်း၊ အမိန့်တော်ချမှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ တဖန် အကြင်သူသည် ယင်းလက်စားချေခြင်းကို ခွင့်လွှတ်ခဲ့လျှင် ထို(ကဲ့သို့) ခွင့်လွှတ်ခြင်းသည်ဂင်း၊ (ခွင့်လွှတ်သူ)၏ အတို့အပြစ်များမှ လွတ်ကင်းရန်အကြောင်းပင် ဖြစ်ချေသည်။ ဂင်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ် ချမှတ်တော်မူသည့်(အမိန့်တော်)အတိုင်း တရားစစ်ဆေး ဆုံးဖြတ်ခြင်းကိုမပြုခဲ့ပါလျှင် ထိုကဲ့သို့သော သူများပင် ကျူးလွန်သောသူများ ဖြစ်ကြကုန်သတည်း။

وَقَفَّيْنَا عَلَىٰٓ ءَاثَٰرِهِم بِعِيسَى
ٱبْنِ مَرْيَمَ مُصَدِّقًا لِّمَا بَيْنَ
يَدَيْهِ مِنَ التَّوْرَىٰةِ ۖ وَءَاتَيْنَٰهُ

၄၆။ ဂင်းပြင် ငါအရှင်မြတ်သည် (နဗီတမန်တော်)များ၏နောက်၌ ထိုနဗီတမန်တော်များ၏ လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးရန် အလို့ငှာ "မရ်ယမ်"၏သားတော် "အီစာ"အား ဂင်း၏အလျင် ရှိခဲ့သော "တောင်ရာတ်" ကျမ်းကို (အခိုင်အမာပြုသူ) ထောက်ခံသူအဖြစ်ဖြင့် စေလွှတ်တော်မူခဲ့၏။

الْإِنجِيلَ فِيهِ هُدًى وَنُورٌ وَمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرَاةِ وَهُدًى وَمَوْعِظَةً لِّلْمُتَّقِينَ ﴿٤٦﴾

ငင်းပြင် ငါအရှင်သည် ထို(တမန်တော်အီစာ)အား "အင်နှ်ဂျီလ်" ကျမ်းကို ချီးမြှင့်တော်မူခဲ့၏။ ထိုကျမ်းတွင် တရားဓမ္မလည်းရှိ၏။ အလင်းရောင်လည်းရှိ၏။ ထိုကျမ်းသည် မိမိအလျောင်ရှိသော "တောင်ရာတ်" ကျမ်းကို ထောက်ခံ (အခိုင်အမာပြု) လျက်ရှိသည့်ပြင် "မွတ္တကီ" သူတော်စင်များအတို့ တရားဓမ္မ အဆုံးအမလည်း ဖြစ်၏။

وَلْيَحْكُمْ أَهْلُ الْإِنجِيلِ بِمَا أَنزَلَ اللَّهُ فِيهِ ۚ وَمَن لَّمْ يَحْكُم بِمَا أَنزَلَ اللَّهُ فَأُولَٰئِكَ هُمُ الْفَاسِقُونَ ﴿٤٧﴾

၄၇။ ထို့ပြင်တဝ "အင်နှ်ဂျီလ်" ကျမ်းတော်ကိုရရှိသောသူတို့သည်လည်း ယင်း "အင်နှ်ဂျီလ်" ကျမ်းတော်တွင် အလ္လာဟ်အရှင်မြတ်က ထုတ်ပြန် ချမှတ်တော်မူသည့်အတိုင်း စီရင်ကြရပေမည်။ စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော် မူသည့် အမိန့်တော်အတိုင်း တရားစီရင်ဆုံးဖြတ်ခြင်း မပြုခဲ့သော်၊ ထိုကဲ့သို့သော သူများသည် အမိန့်တော်ကို ကျူးလွန်ဖေါက်ဖျက်သော သူများပင်တည်း။

وَأَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ الْكِتَابِ وَمُهَيْمِنًا عَلَيْهِ فَاحْكُم بَيْنَهُم بِمَا أَنزَلَ

၄၈။ ငင်းပြင် (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်ထံသို့ မှန်ကန်သော ကျမ်းမြတ် (ကုရ်အာန်)ကို ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ (ယင်း ကုရ်အာန်ကျမ်းတော်မြတ်သည်) ၎င်း၏ အလျောင်ရှိခဲ့သောကျမ်းများကို ထောက်ခံလျက်ရှိ၏။ [၁] ငင်းပြင် ယင်းကျမ်းများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။

---

① "ကုရ်အာန်ကျမ်းသည် မိမိအလျောင်ရှိခဲ့သော တောင်ရာတ်၊ အင်နှ်ဂျီလ်၊ ဇဗူရ်အစရှိသည့် ကျမ်းဂန်များကို ထောက်ခံလျက်ရှိ၏။" ဟုမိန့်ဆိုထားတော်မူခြင်း၏ အလိုသဘောမှာ ထိုထိုသော ကျမ်းများသည်လည်း အလ္လာဟ်အရှင်မြတ် ထံတော်မှ ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းဂန်များဖြစ်ကြောင်းကို ထောက်ခံခြင်း ဖြစ်သည်ဟူ၏။

ဤကဲ့သို့ထောက်ခံခြင်းအားဖြင့် ထိုထိုသော ကျမ်းများတွင် အချို့သူများ၏ မှောက်လှန်ကပြောင်းကပြန် ပြုလုပ်မှုများကြောင့် ပါရှိနေသော မှားယွင်းမှုများကို ထောက်ခံရာ မရောက်ပေ။ ကြည့်-မာဂျီဒီ။

اللَّهُ وَلَا تَتَّبِعْ أَهْوَاءَهُمْ
عَمَّا جَاءَكَ مِنَ الْحَقِّ ۖ لِكُلٍّ
جَعَلْنَا مِنْكُمْ شِرْعَةً وَمِنْهَاجًا ۚ
وَلَوْ شَاءَ اللَّهُ لَجَعَلَكُمْ أُمَّةً
وَاحِدَةً وَلَٰكِنْ لِيَبْلُوَكُمْ
فِي مَا آتَاكُمْ ۖ فَاسْتَبِقُوا الْخَيْرَاتِ ۚ
إِلَى اللَّهِ مَرْجِعُكُمْ جَمِيعًا فَيُنَبِّئُكُمْ
بِمَا كُنْتُمْ فِيهِ تَخْتَلِفُونَ ﴿٤٨﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့၏ စပ်ကြားဝယ် အလ္လာဟ်အရှင်မြတ်ထုတ်ပြန် ချမှတ်တော်မူသည့် (တရားတော်)နှင့်အညီ စီရင်ဆုံးဖြတ်ပါလေ။ ၎င်းပြင် အသင်သည် မိမိထံရောက်ရှိလာသော မှန်ကန်သော ကျမ်းတို့ကိုစွန့်၍ ၎င်းတို့၏ အလိုဆန္ဒများကို မလိုက်လေနှင့်။ ငါ အရှင်မြတ်သည် အသင်တို့အနက် အသီးသီးတို့အဘို့ တရားဓမ္မသတ် (နည်းဥပဒေ) တမျိုးနှင့် ထင်ရှားလှစွာသော လမ်းစဉ်တမျိုးကို သတ်မှတ်ပြဋ္ဌာန်းပေးတော်မူခဲ့သည်။

အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် အလိုရှိတော် မူခဲ့ပါမူ အသင်တို့ (အားလုံး)ကို သာသနာဝင်တမျိုးတည်း ဖြစ်စေတော် မူခဲ့မည်မှာ ဧကန်မလွဲပင်။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိပြဋ္ဌာန်း ပေးသနားတော်မူသည့် (တရား လမ်းစဉ်) နှင့်စပ်လျဉ်း၍ အသင်တို့အား စမ်းသပ်တော်မူခြင်းငှာ (ထိုကဲ့သို့ သာသနာဝင်တမျိုးတည်း ဖြစ်စေတော် မမူခဲ့ချေ)။ သို့ဖြစ်ပေရာ အသင်တို့သည် ကောင်းမှုများကို သူ့ထက်ငါသာအောင် လျင်မြန်စွာ ပြုလုပ်ကြလေကုန်။

အသင်တို့ အားလုံးသည် အလ္လာဟ်အရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြမည် ဖြစ်ကုန်၏။ ထိုရောအခါဝယ်၊ ထိုအရှင်မြတ်သည် အသင်တို့ ကွဲလွဲခဲ့ကြကုန်သော အကြောင်းအချက်တို့နှင့် စပ်လျဉ်း၍ အသင်တို့အားအသိပေးတော်မူမည်ဖြစ်၏။

وَأَنِ احْكُمْ بَيْنَهُمْ بِمَا أَنْزَلَ اللَّهُ وَلَا تَتَّبِعْ أَهْوَاءَهُمْ وَاحْذَرْهُمْ أَنْ يَفْتِنُوكَ عَنْ بَعْضِ مَا أَنْزَلَ اللَّهُ إِلَيْكَ ۖ فَإِنْ تَوَلَّوْا فَاعْلَمْ أَنَّمَا يُرِيدُ اللَّهُ أَنْ يُصِيبَهُمْ بِبَعْضِ ذُنُوبِهِمْ ۗ وَإِنَّ كَثِيرًا مِنَ النَّاسِ لَفَاسِقُونَ ﴿٤٩﴾

၄၉။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့၏ စပ်ကြားဝယ် အလ္လာဟ် အရှင်မြတ် ထုတ်ပြန် ချမှတ်တော်မူသည့် (တရားတော်) နှင့် အညီ တရားစီရင် ဆုံးဖြတ်ပါလေ။ ၎င်းပြင် အသင်သည် ထိုသူတို့၏ စိတ်အလိုဆန္ဒကို မလိုက်စားပါလေနှင့်။ ထိုမှတပါး အလ္လာဟ် အရှင်မြတ်က အသင့်ထံ ထုတ်ပြန်ချမှတ် ပေးသနားတော်မူသော အချို့ အမိန့်တော်များနှင့် စပ်လျဉ်း၍ ထိုသူတို့သည်အသင့်အား ချွတ်ချော်တိမ်းပါးစေမည်ကို အသင် သတိထားပါလေ။

ထို့နောက် အကယ်၍ ၎င်းတို့သည် (အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်းမရှိဘဲ) မျက်နှာလွှဲဖယ်သွားခဲ့ကြပါမူ၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အချို့ပြစ်မှု ဒုစရိုက်များကြောင့် ယင်းသူတို့ကို (ပစ္စုပ္ပန် လောက၌ပင်) ပြစ်ဒဏ် ပေးလိုတော်မူကြောင်း အသင် ကောင်းစွာ မှတ်ယူပါလေ။ အမှန်စင်စစ်သော်ကား လူတို့အနက် များစွာသော လူတို့သည် (အလ္လာဟ် အရှင်မြတ်၏) စည်းကမ်းကို ဖေါက်ဖျက်ကျူးလွန်သူများပင် ဖြစ်ကြကုန်သတည်း။

أَفَحُكْمَ الْجَاهِلِيَّةِ يَبْغُونَ ۚ وَمَنْ أَحْسَنُ مِنَ اللَّهِ حُكْمًا لِقَوْمٍ يُوقِنُونَ ﴿٥٠﴾

၅၀။ ပြီးနောက်ယင်းသူတို့သည် အဓိက်ခေတ်၏ [၁] စီရင်ဆုံးဖြတ်မှုကို လိုလားကြလေသလော။ အမှန်စင်စစ်သော်ကား ယုံကြည်မှုထားရှိသော အမျိုးသားတို့အဘို့ အလ္လာဟ်အရှင်မြတ်ထက် ပိုမိုကောင်းမွန်စွာ စီရင်ဆုံးဖြတ်မည့်သူကား အသူနည်း။

---

(၁) 'ဂျာဟိလိယတ်' ဟူသည် ကုရ်အာန်ကျမ်းမြတ်၏ အသုံးအနှုန်းတွင် အစွလာမ်သာသနာ မထွန်းကားမီ "ရှစ်ရ်က်" ၏ ခေတ်ကိုဆိုသည်။ "ဂျာလိဟိယတ်"သည် 'တောင်ဟီဒ်' နှင့် လုံးဝ ဆန့်ကျင်၏။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَتَّخِذُواْ ٱلْيَهُودَ وَٱلنَّصَٰرَىٰٓ أَوْلِيَآءَ ۘ بَعْضُهُمْ أَوْلِيَآءُ بَعْضٍ ۚ وَمَن يَتَوَلَّهُم مِّنكُمْ فَإِنَّهُۥ مِنْهُمْ ۗ إِنَّ ٱللَّهَ لَا يَهْدِى ٱلْقَوْمَ ٱلظَّٰلِمِينَ ﴿٥١﴾

၅၁။ အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ယဟူဒီတို့အား၎င်း၊ ခရစ်ယာန်တို့အား၎င်း၊ *မိတ်သဟာယ အဆွေခင်ပွန်းများ မပြုကြကုန်လင့်။* [၁] ၎င်း(ယဟူဒီနှင့်ခရစ်ယာန်)တို့သည် (အသင်တို့ကို ဆန့်ကျင်ရာတွင်) အချင်းချင်း တဦးကိုတဦး *ယိုင်းပင်းကူညီသော အဆွေခင်ပွန်းများ ပင် ဖြစ်ကြပေသည်။* [၂]

အမှန်သော်ကား အသင်တို့အနက် မည်သူမဆို ထိုသူတို့အား "ကလျာဏ" အဆွေခင်ပွန်း ပြုလုပ်သည် ရှိသော်၊ ထိုသူသည် ဧကန်မုချ ၎င်း*တို့တွင် (အပါအဝင်)ဖြစ်၏။* [၃] မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သူတို့အား *တရားလမ်းမှန်သို့ ပို့ပေးတော်မူမည်မဟုတ်ပေ။* [၄]

➤➤ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်ကို ဆန့်ကျင်၍ လူသားတို့ ပြုလုပ်ဖန်တီးထားသော ဥပဒေစည်းမျဉ်းအားလုံးသည် ဂျာဟိလိယတ်၏ ဥပဒေစည်းမျဉ်းတွင် အကျုံးဝင်၏။ ကြည့်-မာဂျီဒီ။

အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်သည် မှန်ကန်၏။ မျှတ၏။ သမာသမတ်ဖြစ်၏။ ထိုအရှင်အမြတ်၏ အဆုံးဖြတ်ထက် ပိုမိုကောင်းမွန်သော အဆုံးအဖြတ်သည် အဘယ်သို့လျှင်ရှိနိုင်အံ့နည်း။ ထိုအရှင်မြတ်၏ အဆုံးအဖြတ်ထက် ပိုမိုကောင်းမွန်သော အဆုံးအဖြတ်ကိုထားဘိဦး တူညီသော အဆုံးအဖြတ်ပင်လျှင် အလျင်းမရှိပေ။ သို့ပါလျက် ယဟူဒီများနှင့် နဆွရာနီများသည် အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်ကို သွေဖည်လျက်ရှိကြ၏။ ယင်းသို့သွေဖည်ခြင်းသည် ဂျာဟိလိယတ် ခေတ်၏အဆုံးအဖြတ်ကို လိုလားရာရောက်ပေသည်။ အမှန်ကိုသိပါလျက် အမှားကိုနှစ်ခြိုက်ခြင်း၊ အလင်းကိုကြဉ်၍ အမှောင်ရှိရာသို့ သွားခြင်းသည် မိုက်မဲမှုပင်ဖြစ်၏။ နှလုံးသားတွင် သံချေးတက်လျက်ရှိသော သူများ၏ အလုပ်သာလျှင်ဖြစ်၏။

① ယဟူဒီများနှင့် နဆွရာနီများသည် ကျမ်းဂန်ရရှိသောသူများ ဖြစ်ကြသော်လည်း အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သွေဖည်ငြင်းပယ်ခဲ့ကြ၏။ ပုန်ကန်ခဲ့ကြ၏။ ထိုသို့သော ယဟူဒီများနှင့် နဆွရာနီများကို မိတ်ဆွေမပြုကြရမည့်အကြောင်း ဤမုဟွပါဠိတော်တွင် မိန့်ဆိုထားတော်မူသည်။

"အောင်လိယာအ" ဟူသောပုဒ်သည် 'ဝလိယွန်' 'ဝလီ' ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်၏။ 'ဝလီ' ဟူသော ပုဒ်သည် အဆွေခင်ပွန်း၊ မိတ်ဆွေ၊ သားချင်း၊ ကူညီယိုင်းပင်းသူဟူသော အနက်များ၌ အသုံးဖြစ်၏။ ဤမုဟွပါဠိတော်တွင် မြစ်တားထားတော်မူသောအရာမှာ အဆွေခင်ပွန်း ပြုလုပ်ခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ အထူးတလည် ရင်းနှီးခြင်းပင် ဖြစ်၏။ သို့ရာတွင် တရားမျှတခြင်း ကောင်းစွာဆက်ဆံခြင်းသည် မွတ်စ်လင်မ်၊ ကာဖိရ်မဆိုထားဘိ လူသားတိုင်း၊ သတ္တဝါတိုင်း၊ သက်ရှိသက်မဲ့ အရာအားလုံးအပေါ်၌ ➤➤

فَتَرَى الَّذِينَ فِي قُلُوبِهِم مَّرَضٌ يُسَارِعُونَ فِيهِمْ يَقُولُونَ نَخْشَىٰ أَن تُصِيبَنَا دَائِرَةٌ ۚ فَعَسَى اللَّهُ

၅၂။ ထို့ကြောင့်ပင် အသင်သည် စိတ်နှလုံးများတွင် ဝေဒနာ စွဲကပ်လျက်ရှိသော သူတို့အား ထို(ယဟူဒီ နှင့် ခရစ်ယာန်) တို့ထံ အပြေးအလွှား သွားကြသည်ကို တွေ့မြင်ရလေသည်။ ထိုသူတို့က "ကျွန်ုပ်တို့သည် မိမိတို့၌ (မတော်တဆ) ဘေးဒုက္ခ အန္တရာယ်တစုံတရာ ဆိုက်ရောက် လာမည်ကို စိုးရိမ်ကြသည်" ဟု ပြောဆိုကြကုန်၏။ [၁]

➤➤ ထားရှိရမည့် မုချတာဝန်ပင် ဖြစ်ပေသည်။ မွတ်စ်လင်မ်တို့သည် သင့်လျော်သည်ဟူ၍ ယူဆပါလျှင် "ရှရီအတ်" တရားဥပဒေနှင့်မဆန့်ကျင်ပါက ဆက်ဆံခြင်း၊ စေ့စပ်ခြင်းများကို မည်သူနှင့်မဆို ပြုလုပ်နိုင်ကြပေသည်။ ကြည့်- မာဂျီဒီ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အွဆ်မာနီ၊ စာမျက်နှာ-၁၅၀၊ အောက်ခြေအမှတ်(၂-၅)တွင် အကျယ်တွေ့ရှိနိုင်ပေသည်။

(၂) ယဟူဒီနှင့် နဆ္ဒရာနီများတွင် သာသနာအုပ်စုကွဲပြားမှု၊ မနာလိုမုန်းတီးမှုများ ရှိသော်လည်း၎င်းတို့သည် အချင်းချင်း မိတ်ဆွေအဖြစ် ဆက်ဆံလျက်ရှိကြ၏။ မွတ်စ်လင်မ်တို့အား ဆန့်ကျင်ရာတွင်မူ ကာဖိရ်အားလုံးတို့သည် အချင်းချင်း မိတ်ဆွေပင်ဖြစ်ကြ၏။ အချင်းချင်း ယိုင်းပင်းကူညီကြ၏။ ဤသည်ကို ရည်ညွှန်း၍ တမန်တော်မြတ်က "ကုဖရ်သည် ဘာသာတခုတည်းပင်ဖြစ်၏" ဟုမိန့်ကြားတော်မူခဲ့၏။

(၃) မုစ်လင်များအနက် မည်သူမဆို ယဟူဒီ၊ နဆ္ဒရာနီများနှင့် အကျွမ်းတဝင် မိတ်ဆွေဖွဲ့လျှင် ထိုသူသည် ၎င်းတို့တွင် အပါအဝင်ဖြစ်သည်၊ ၎င်းတို့၏ တစိတ်တဒေသ ဖြစ်သည်ဟူ၍ ယူဆရမည်သာ ဖြစ်သည်။

(၄) အကြင်သူများသည် 'အစ္စလာမ်' ၏ရန်သူများနှင့် မိတ်ဆွေဖွဲ့၍ မိမိတို့ကိုယ်ကို၎င်း ၊ မွတ်စ်လင်မ်များကို၎င်း၊ ညှဉ်းပန်းနှိပ်စက်လျက်ရှိကြ၏။ အစ္စလာမ်၏ ရှုံးနိမ့်ရေးကို အထူးစောင့် မျှော်နေကြ၏။ ထိုမျှဆိုးသွမ်းသော သူများသည် အလွှာဟ်အရှင်မြတ်၏ တရားလမ်းမှန်ကို အသို့လျှင် ရရှိနိုင်ကြအုံးနည်း။ ကြည့်-အွဆ်မာနီ။

(၅) မုနာဖစ်က်တို့သည် မွတ်စ်လင်မ်များနှင့် တွေ့ဆုံသောအခါ ပရိယာယ်မာယာဖြင့် "ကျွန်ုပ်တို့ထံ တစုံတရာ ဘေးအန္တရာယ် ဆိုက်ရောက်မည်ကို ကျွန်ုပ်တို့စိုးရိမ်ကြပါသည်" ဟု ပြောဆိုလေ့ရှိကြ၏။ လင်းပြဉီးအုံ။

မဒီနာမြို့တွင် အဗ်ဒုလ္လာဟ်အီဗ်နဆုဗိုင်ယ် ခေါင်းဆောင်လျက်ရှိသော မုနာဖစ်က်တို့၏ အုပ်စုသည် အားအင်ကြီးမား၏။ ၎င်းတို့သည် ဥစ္စာဓန ချမ်းသာကြွယ်ဝသော ယဟူဒီ နဆ်ရာနီများနှင့် အရောင်းအဝယ် အပေးအယူ ပြုလုပ်လျက်ရှိကြ၏။ ၎င်းတို့သည် မွတ်စ်လင်မ်များနှင့် တွေ့ဆုံသည့်အခါ "နက်ဖြန်ခါ" ဘာဖြစ်မည်မသိ၊ အကယ်တန္တ ထိုယဟူဒီ၊ နဆ္ဒရာနီများသည် အသင်တို့ကို အောင်နိုင်သွားခဲ့ကြသည်ရှိသော် သို့တည်းမဟုတ် အသင်တို့ ကျွန်ုပ်တို့ထံ တစုံတရာဘေးအန္တရာယ် ကျရောက်ခဲ့သည်ရှိသော် ထိုသူများထံမှ အကူအညီမယူဘဲ အဘယ်တစုံတရာကိုမျှ ပြုလုပ်နိုင်ကြမည်မဟုတ်၊ ထို့အတွက်ကြောင့် ထိုသူများကို မုချ ပူးပေါင်းထားကြရပေမည်" ဟု ပရိယာယ်မာယာဖြင့် ပြောဆိုကြ၏။ ကြည့်- (မာဂျီဒီ။)

အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း မုနာဖစ်က်တို့သည် ယဟူဒီ နဆ္ဒရာနီများနှင့် ပူးပေါင်းရသည့် အကြောင်းနှင့် စပ်လျဉ်း၍ စီးပွားရေးကို ထုတ်ဖော်ပြောဆိုလျက်ရှိကြ၏။ အမှန်မှာ ၎င်းတို့၏ ➤➤

أَنْ يَأْتِيَ بِالْفَتْحِ أَوْ أَمْرٍ مِّنْ عِنْدِهِ فَيُصْبِحُوا عَلَىٰ مَا أَسَرُّوا فِي أَنْفُسِهِمْ نَادِمِينَ ﴿٥٢﴾

သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် မကြာမြင့်မီ (မွတ်စ်လင်မ်တို့အား) ဇေယျ မင်္ဂလာ အောင်မြင်ခြင်း တရားကို ပေးသနားတော်မူအံ့။ သို့တည်းမဟုတ် အထူးအကြောင်း တရပ်ရပ်ကို (ဖြစ်စေတော်မူအံ့၊) ထိုအခါ ယင်းသူတို့သည် မိမိတို့စိတ်တွင်း၌ လျို့ဝှက် ထိမ်ချန် ထားရှိခဲ့ကြသော အကြောင်းများနှင့်စပ်လျဉ်း၍ ဝမ်းနည်း ပူဆွေးကြရလတ္တံ့။ ၂

➤➤ အတွင်း သဘောကား အကယ်တန္ဆ ယဟူဒီ နဆွဲရာနီများသည် မွတ်စ်လင်မ်တို့အား အောင်နိုင်သွားခဲ့ကြသည်ရှိသော် ငါတို့သည် ၎င်းတို့အား မှီခိုအားထားကြရမည်ဖြစ်၏။ ယခုငင်းတို့နှင့် ပူးပေါင်းထားခြင်းသည် ထိုအချိန်တွင် အသုံးကျပေမည်ဟူ၍ဖြစ်၏။ ကြည့်-ထာနဝီ။

၂ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မုနာဖစ်က်တို့က မွတ်စ်လင်မ်များသည် မကြာမီအတွင်း အရေးနိမ့်ကြမည်၊ ယဟူဒီ နဆွဲရာနီများသည် အရေးသာကြမည်။ ယဟူဒီ နဆွဲရာနီများနှင့် ပူးပေါင်းထားခြင်းသည် အကျိုးရှိပေမည်ဟူ၍ ထွေးထင်လျက်ရှိကြ၏။ ထိုသို့ထွေးထင်လျက်ရှိသော မုနာဖစ်က်တို့၏ အထွေးအထင်သည် အိမ်မက်မှန်ဖြစ်ကြောင်း၊ ၎င်းတို့အထွေးအထင်အတိုင်း လုံးဝဖြစ်မည်မဟုတ်ကြောင်း ဤမုကဒ္ဒပါဠ်တော်တွင် မိန့်ကြားထားတော်မူသည်။

အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် မကြာမီအတွင်း မွတ်စ်လင်မ်တို့အား ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးမည်ပြင် အောင်နိုင်မှုများကိုလည်း ပေးသနားတော်မူမည်ဖြစ်သည်။ အရဗ်နိုင်ငံ၏ ဗဟိုဌာနကြီးဖြစ်သော မက္ကာမြို့တော်ကိုလည်း တမန်တော်မြတ်အား ပြန်လည်အောင်နိုင်စေတော်မူမည်ဖြစ်သည်။ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည် မိမိ၏တန်ခိုးတော်ဖြင့် မုနာဖစ်က်တို့၏ မျှော်မှန်းချက်များ ဟန်ဆောင်မှုများနှင့် အကြံအစည်များကို အချည်းနီးဖြစ်စေရန်အတွက် အကြောင်းတရားများကို ဖြစ်ပေါ်စေတော်မူမည်ဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ဗျာဒိတ်တော်ပင်ဖြစ်၏။

ထိုဗျာဒိတ်တော်အတိုင်းပင် များမကြာမီအတွင်း တမန်တော်မြတ်သည် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်တော်မူခဲ့၏။ မွတ်စ်လင်မ်များသည် အရာရာတွင် အရေးသာလာခဲ့ကြ၏။ အစွယ်လာမ့်အောင်လံသည် တလူလူဖြစ်လာတော့၏။ အစွယ်လာမ့်ရန်သူများသည် အရာရာတွင် မရှုမလှအရေးနိမ့်ခဲ့ကြရ၏။ များစွာသော ယဟူဒီများသည် ကွပ်မျက်ခြင်း။ ပြည်နှင်ဒဏ်ပေးခြင်းခံကြရ၏။ မုနာဖစ်က်တို့၏ မျှော်မှန်းချက်များသည် အချည်းနီးဖြစ်သွားခဲ့၏။ ၎င်းတို့၏ အကြံအစည်များလည်း ပေါက်ကြားသွားခဲ့၏။ ၎င်းတို့သည် မွတ်စ်လင်မ်များထဲတွင် လူလိမ်များ ၊အယောင်ဆောင်များဖြစ်ကြောင်း ထင်ရှားသွားခဲ့ကြ၏။ ယဟူဒီများနှင့် ပူးပေါင်းခြင်းသည်လည်း အဟောသိကံ ဖြစ်သွားခဲ့၏။

မုနာဖစ်က်များသည် ပစ္စုပ္ပန်မျက်မှောက်ဘဝတွင်လည်း အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ကြရ၏။ နောင်တမလွန်ဘဝတွင်လည်း ကြီးလေးသော ပြစ်ဒဏ်များကို ခံကြရဦးမည်ဖြစ်၏။ မုနာဖစ်က်များသည် ဤဖြစ်ထွေများကို မျက်ဝါးထင်ထင် တွေ့မြင်ကြသောအခါ ခဲလေသမျှ သဲရေကျဖြစ်ကာ အရှက်ကြီး ➤➤

وَيَقُولُ الَّذِينَ آمَنُوا أَهَٰؤُلَاءِ
الَّذِينَ أَقْسَمُوا بِاللَّهِ جَهْدَ
أَيْمَانِهِمْ إِنَّهُمْ لَمَعَكُمْ ۚ
حَبِطَتْ أَعْمَالُهُمْ فَأَصْبَحُوا
خَاسِرِينَ ﴿٥٣﴾

يَا أَيُّهَا الَّذِينَ آمَنُوا مَن يَرْتَدَّ
مِنكُمْ عَن دِينِهِ فَسَوْفَ يَأْتِي
اللَّهُ بِقَوْمٍ يُحِبُّهُمْ وَيُحِبُّونَهُ
أَذِلَّةٍ عَلَى الْمُؤْمِنِينَ أَعِزَّةٍ
عَلَى الْكَافِرِينَ يُجَاهِدُونَ
فِي سَبِيلِ اللَّهِ وَلَا يَخَافُونَ
لَوْمَةَ لَائِمٍ ۚ ذَٰلِكَ
فَضْلُ اللَّهِ يُؤْتِيهِ
مَن يَشَاءُ ۚ وَاللَّهُ وَاسِعٌ

၅၃။ ၎င်းပြင် 'အီမာန်' သက်ဝင်ယုံကြည်သော သူများက (မုနာဖစ်က်များနှင့် စပ်လျဉ်း၍) "အလ္လာဟ်အရှင်မြတ်အား အထူးတလည် တိုင်တည်၍ မုချဧကန် ၎င်းတို့သည် အသင်တို့နှင့်အတူပင် ရှိကြပါသည်ဟု ပြောဆိုသောသူများမှာ ဤသူများပင်လော" ဟု ပြောဆိုကြမည်။ ၎င်းတို့၏ အပြုအမူများသည် အချည်းနှီး ဖြစ်ခဲ့ချေပြီ၊ သို့ဖြစ်ပေရာ ၎င်းတို့သည် နစ်နာဆုံးရှုံးသူများပင် ဖြစ်ခဲ့ကြချေပြီ။

၅၄။ အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့အနက်မှ မည်သူမဆို (မိမိ သက်ဝင်ယုံကြည်လျက်ရှိသော အစွမ်းလာမ်) သာသနာတော်မှ လှည့်၍ ပြန်ထွက်သွားပါလျှင် အလ္လာဟ်အရှင်မြတ်သည် မကြာမြင့်မီကာလအတွင်း အကြင်လူမျိုးတမျိုးကို ဖန်ဆင်းတော်မူအံ့၊ ယင်းလူမျိုးကို ထိုအရှင်မြတ်သည် ချစ်ကြည်တော်မူအံ့။ ထိုနည်းအတူ ၎င်းတို့သည်လည်း အလ္လာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးကြကုန်အံ့။ (ယင်းသူတို့သည်) "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့ အဘို့ နိဝါတ တရားထားရှိသူများ ဖြစ်ကြအံ့။ "ကာဖိရ်" မယုံ မကြည်သွေဖည်ငြင်းပယ်သော သူတို့အဘို့ကား ပြင်းထန်တင်းမာသော သူများပင်ဖြစ်ကြအံ့။ ထိုသူ တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန်ကြိုးပမ်း (တိုက်ခိုက်) ဆောင်ရွက်ကြအံ့။

>> ရှက်ခဲ့ကြပေသည်။ "လူမိုက်နောက်မှ အကြဲရ" ဆိုသကဲ့သို့ ၎င်းတို့၏ နောင်တရခြင်းသည် အကျိုးဖြစ်ထွန်းစေနိုင်တော့မည် မဟုတ်ပေ။ ဤအကြောင်းကိုပင် လာလတ္တံ့သော မုက္ခပါဠ် တော်တွင် မိန့်ဆိုထားတော်မူသည်။

عَلِيمٌ ﴿٥٥﴾

ငင်းပြင် ထိုသူတို့သည် မည်သည့် ပြစ်တင်ကဲ့ရဲ့သော သူတဦးတယောက်၏ ပြစ်တင်ကဲ့ရဲ့ပုတ်ခတ်ခြင်းမျှလည်း စိုးရိမ်ကြမည် မဟုတ်ပေ။ ဤသည်ကား အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်ပင်တည်း။ ထိုအရှင်မြတ်သည် ထိုကျေးဇူးတော်ကို မိမိအလိုရှိတော်မူသောသူအား ချီးမြှင့်ပေးသနားတော်မူလေသတည်း။ ငင်းပြင် အလ္လာဟ် အရှင်မြတ်သည် ကျယ်ဝန်းစွာ ပေးသနားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

إِنَّمَا وَلِيُّكُمُ اللَّهُ وَرَسُولُهُ وَالَّذِينَ آمَنُوا الَّذِينَ يُقِيمُونَ الصَّلَاةَ وَيُؤْتُونَ الزَّكَاةَ وَهُمْ رَاكِعُونَ ﴿٥٥﴾

၅၅။ အမှန်စင်စစ် အသင်တို့၏ ကလျာဏ မိတ်သဟာယ အဆွေခင်ပွန်းကား အလ္လာဟ်အရှင်မြတ် သာလျှင်၎င်း၊ ထိုအရှင်မြတ်၏ ရဿူလ် တမန်တော်မြတ် သာလျှင်၎င်း၊ အကြင် "မုအ်မင်န်" သက်ဝင်ယုံကြည်သော သူတို့သာလျှင်၎င်း၊ ဖြစ်ကြကုန်၏။ ထို("မုအ်မင်န်" သက်ဝင်ယုံကြည်သော) သူတို့သည် ကျိုးနွံသူများအဖြစ်နှင့် "ဆွလာတ်" ဝတ်ပြုကြ၏။ ဇကာတ်တရားဝင်ဒါနကြေးကိုလည်းပေးဆောင်ကြ၏၊[၁]

---

(၁) ဤမုကွပါဠ်တော်တွင် 'မုအ်မင်န်'တို့၏ ဂုဏ်ရည်များကို အထူးမိန့်ဆိုထားတော်မူသည်။ မုအ်မင်န်တို့သည်

(၁) 'အကာအစ်ဒ်' ယုံကြည်ချက်များတွင်လည်း တိကျမှန်ကန်ကြကုန်၏။

(၂) 'အီဗာဒတ်ဗဒနီ' ကာယကံအားဖြင့် လိုက်နာပြုကျင့်ရမည့် အကျင့်သီလများကိုလည်း တိကျမှန်ကန် မြဲမြံစွာ ဆောက်တည်ကြကုန်၏။ ဥပမာ -ဆွလာတ် ဝတ်ပြုကြကုန်၏။

(၃) 'အီဗာဒတ်မာလီ' ဥစ္စာပစ္စည်းများကိုလည်း အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ရက်ရောစွာ လှူဒါန်းပေးကမ်းကြကုန်၏။ ဥပမာ- ဇကာတ်ပေးလှူကြကုန်၏။

(၄) စိတ်နေသဘောထားလည်း ဖြူစင်ကြကုန်၏။ နိဝါတတရား အမြဲ လက်ကိုင်ထားကြကုန်၏။ ဆိုလိုသည်ကား မုအ်မင်န်တို့သည် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ပစ္စယဒါနအလှူဝတ္ထုပစ္စည်းကိုလည်း လှူဒါန်း၏။ ကြည့် -မာဂျီဒီ။

وَمَنْ يَّتَوَلَّ اللّٰهَ وَرَسُوْلَهٗ وَالَّذِيْنَ اٰمَنُوْا فَاِنَّ حِزْبَ اللّٰهِ هُمُ الْغٰلِبُوْنَ ﴿٥٦﴾

၅၆။ အမှန်စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို၎င်း၊ ထိုအရှင်မြတ်၏ ရာဇူလ်တမန်တော်ကို၎င်း၊ "မုအ်မင်န်" သက်ဝင်ယုံကြည်သော သူတို့ကို၎င်း၊ ကလျာဏ မိတ်သဟာယ အဆွေခင်ပွန်းများ ပြုလုပ်ကြပါလျှင် (ထိုသို့သော သူများသည် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သားများ ဖြစ်ကြ၏)၊ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သားများ သည်သာလျှင် အောင်မြင်သောသူများ ဖြစ်ကြပေသတည်း။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الَّذِيْنَ اتَّخَذُوْا دِيْنَكُمْ هُزُوًا وَّلَعِبًا مِّنَ الَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ وَالْكُفَّارَ اَوْلِيَآءَ ۚ وَاتَّقُوا اللّٰهَ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿٥٧﴾

၅၇။ အို- 'မုအ်မင်န်' သက်ဝင်ယုံကြည်ကြသူ အပေါင်းတို့၊ အသင်တို့သည် မိမိတို့အလျင် ကျမ်းဂန် ရရှိသော သူတို့အနက်မှ အသင်တို့၏ သာသနာကို ပြက်ရယ် ကျီစယ်ဖွယ်ရာ၊ ကစားဖွယ်ရာ ပြုလုပ်သောသူများအား၎င်း၊ ကာဖိရ်များအား၎င်း၊ မိတ်ဆွေခင်ပွန်းများမပြုလုပ်ကြကုန်လင့်၊ ထို့ပြင် အသင်တို့သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။

وَاِذَا نَادَيْتُمْ اِلَى الصَّلٰوةِ اتَّخَذُوْهَا هُزُوًا وَّلَعِبًا ۭ ذٰلِكَ بِاَنَّهُمْ قَوْمٌ

၅၈။ ထို့ပြင်တဝ အသင်တို့သည် "ဆွလာတ်" ဝတ်ပြုခြင်းငှာ *(အဇာန်) ဟစ်ခေါ်ကြသောအခါ*၊ [၁] ထိုသူတို့သည် ယင်းဟစ်ခေါ်ခြင်းကိုပင် [၂] ပြက်ရယ် ကျီစယ်ဖွယ်ရာနှင့် ကစားဖွယ်ရာ၎င်း၊ ပြုလုပ်ကြပေသည်။

---

① ဆွလာတ် ဝတ်ပြုရန် အချိန်ကျရောက်ကြောင်း လူအများ ကြားသိစေရန်အလို့ငှါ ဟစ်ခေါ်ခြင်းကို 'ရှရီအတ်' တရားဥပဒေတွင် 'အဇာန်' ဟူ၍ခေါ်ဆို၏။ 'အဇန်' သည် အစွယ်လာမ်သာသနာ၏ ထူးခြားသော အထိမ်းအမှတ်တရပ်ဖြစ်၏။ 'အဇာန်' သည်ဆွလာတ် ဝတ်ပြုရန်အတွက် ဟစ်ခေါ်ခြင်းဖြစ်သည်သာမက ဝတ်ပြုခြင်းလည်းဖြစ်၏။ ➤➤

➤➤ 'အဇာန်' ဟူသည် အောက်ပါအတိုင်းဖြစ်၏။

"အလ္လာဟု အတ်က်ဗရ်" အလ္လာဟ်အရှင်မြတ်သည် အကြီးအကဲအမြင့်မြတ်ဆုံးဖြစ်တော်မူ၏။ (၄-ကြိမ်)။

'အရ်ဟဒုအလ္လာအီလာဟ အစ်လ္လလ္လာဟ်" အလ္လာဟ်အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာမရှိကြောင်း ကျွန်တော်မျိုးသက်သေခံပါ၏။ (၂-ကြိမ်)။

"အရ်ဟဒုအန္နု မုဟမ္မဒ်ရ် ရစူလုလ္လာဟ်" မုဟမ္မဒ်သခင်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း ကျွန်တော်မျိုးသက်သေခံပါ၏။ (၂-ကြိမ်)။

"ဟိုင်ယ အလဆ်ဆလာတ်" ဆွေလာတ် ဝတ်ပြုရန် လာကြကုန်လော့။ (၂-ကြိမ်)။

"ဟိုင်ယ အလလ်ဖလာတ်" အောင်မြင်ခြင်းသို့ လာကြကုန်လော့။ (၂-ကြိမ်)။

"အဆ်ဆလာတု ခိုင်ရွန်မ်မိန်နောင်မ်" ဆွေလာတ်ဝတ်ပြုခြင်းသည် အိပ်စက်ခြင်းထက် ကောင်းမြတ်၏။ (၂-ကြိမ်)။ (ဤစာပိုဒ်သည် 'ဖဂျိရ်' ဆွေလာတ်ဝတ်ပြုခြင်းနှင့်သာလျှင် သက်ဆိုင်ပေသည်)။

"အလ္လာဟုအတ်က်ဗရ်" အလ္လာဟ်အရှင်မြတ်သည် အကြီးကဲအမြင့်မြတ်ဆုံးဖြစ်တော်မူ၏။ (၂-ကြိမ်)။

"လာအီလာဟ အစ်လ္လလ္လာဟ်" အလ္လာဟ်အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာ အလျင်းမရှိ။ (၁-ကြိမ်)

အထက်တွင်ဖော်ပြပါအတိုင်း 'အဇာန်' မြွက်ဆိုရာတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးကဲမြင့်မြတ်ကြောင်း ထိုအရှင်မြတ်သည် တပါးတည်း ဖြစ်တော်မူကြောင်း၊ တမန်တော် မုဟမ္မဒ်သည် ထိုအရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း၊ ဆွေလာတ်ဝတ်ပြုရန် ဘိတ်ခေါ်ခြင်း၊ အောင်မြင်ရန်ဘိတ်ခေါ်ခြင်း၊ ဆွေလာတ် ဝတ်ပြုခြင်းသည် အိပ်စက်နေခြင်းထက်ကောင်းခြင်း ---များ ပင်ပါရှိ၏။ အဇာန်တွင်ပါရှိသော စကားများကား မှန်ကန်လှ၏။ မြင့်မြတ်လှ၏။ သာယာနာပျော်ဘွယ်ကောင်းလှ၏။ ဤထက်ပိုမိုကောင်းမြတ်သော ကြွေးကြော်သံသည် အဘယ်အသံ ဖြစ်နိုင်အုံနည်း။

ကမ္ဘာအဝှန်းတွင် မွတ်စ်လင်မ်တို့သည် ပျံ့နှံ့လျက်ရှိကြ၏။ မွတ်စ်လင်မ်တို့ရှိသည့် နေရာတိုင်းလိုလို မှာပင် 'မတ်စ်ဂျဒ်' ဗလီဝတ်ကျောင်းရှိ၏။ 'မုအဇ်ဇင်' အဇာန်ဆိုသူသည် ဗလီဝတ် ကျောင်းတွင် မြင့်သောနေရာသို့ တက်၍ မတ်တတ်ရပ်ပြီး တနေ့လျှင် ငါးကြိမ်တိတိ အဇာန်ဆို၏။ လူသားထုကြီးတရပ်လုံးအား အောင်မြင်ရာသို့ ဘိတ်မန္တကပြုလျက်ရှိ၏။ သာယာနာပျော်ဘွယ်ကောင်းလှတော့၏။

အထက်တွင် ဖော်ပြပါအတိုင်း 'အဇာန်' တွင် ပြက်ရယ်ကျီစယ်ဘွယ်ရာ စကားတပိုဒ်မျှမပါရှိပေ။ ဤရွေ့ ဤမျှ မှန်ကန်မြင့်မြတ် သာယာနာပျော်ဘွယ်ဖြစ်သော 'အဇာန်' ကို ပြောင်လှောင်ပြက်ရယ် ကျီစယ်သူတို့မှာ အသိအလိမ္မာ ဉာဏ်ပညာမရှိသော၊ စိတ်စေတနာ မဖြူစင်သော မိုက်တွင်းနက်လှသော သူယုတ်မာများသာ ဖြစ်ကြပေမည်။ ကြည့် -မာဂျိဒီ။

ⓙ "အစ်တ္တာခသူဟာ" ၌ပါရှိသော 'ဟာ' ဟူသော နာမ်စားသည် ဆွေလာတ်ဝတ်ပြုခြင်းကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်၏။ 'အဇာန်' ဟစ်ခေါ်ခြင်းကို ရည်ညွှန်းသည်ဟုလည်းဆိုနိုင်၏။ မုက္ခပါဌ်တော်၏ အနေအထားကို ထောက်ထားသည်ရှိသော် အဆိုပါနာမ်စားသည် 'အဇာန်'ကို ရည်ညွှန်းသည်ဟုဆိုခြင်းမှာ ပိုမိုသင့်မြတ်၏။

ကြည့် -မာဂျိဒီ၊ အစောင်- ၂၊ စာမျက်နှာ -၂၅၉၊ အောက်ခြေအမှတ် -(၂၀၆)။

لَا يَعْقِلُونَ ﴿٥٨﴾

ယင်းကဲ့သို့ ပြုလုပ်ခြင်း၏ အကြောင်းကား ထိုသူတို့သည် လုံးဝ အသိဉာဏ်ကင်းမဲ့သော လူတစုပင် ဖြစ်သောကြောင့်သာတည်း။ ၁

قُلْ يَا أَهْلَ الْكِتَابِ هَلْ تَنْقِمُونَ مِنَّا إِلَّا أَنْ آمَنَّا بِاللَّهِ وَمَا أُنْزِلَ إِلَيْنَا وَمَا أُنْزِلَ مِنْ قَبْلُ وَأَنَّ أَكْثَرَكُمْ فَاسِقُونَ ﴿٥٩﴾

၅၉။ (အို-နဗီတမန်တော်) အသင်သည် (ရှေး အထက်ကျမ်းဂန်ရရှိသူ ယဟူဒီနှင့် ခရစ်ယာန်တို့အား ဤသို့) ပြောဆိုပါလေ။ "အို- ကျမ်းဂန်ရရှိသူ အပေါင်းတို့၊ အကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်တကွ မိမိတို့ထံ ကျရောက်လာသော ဓမ္မဒေသနာတော်နှင့် ရှေး အထက်ကျော်ကာရီက ကျရောက်ခဲ့လေသော ဓမ္မ ဒေသနာတော်များကိုပါ သက်ဝင်ယုံကြည်ကြသည်ကို သာလျှင် အသင်တို့သည် အကျွန်ုပ်တို့ အပေါ်၌ ကဲရဲ့ပြစ်တင်နေကြသည် မဟုတ်ပါလော။ အမှန်စင်စစ်သော်ကား အသင်တို့အနက် များစွာသော သူတို့သည် စည်းကမ်းဖောက်ဖျက်သောသူများပင် ဖြစ်ကြပေသတည်း။ ၂

---

① **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။**

မဒီနာမြို့တွင် နဆွဲရာနီတယောက်ရှိ၏။ ဆွလာတ်ဝတ်ပြုရန်အတွက် 'မုအတ်ဇ်ဇင်န်' က 'အဇာန်' ဆိုရာတွင် "အရှ်ဟဒုအန္နု မုဟမ္မဒရ် ရစူလုလ္လာဟ်" ဟု မြွက်ဆိုဟစ်ကြွေးသောအခါ ထိုနဆွဲရာနီက "ကဒ်ဟရိကလ်ကာဿဲဗ်" "လိမ်လည်သူသည် လောင်ကျမ်းပါစေ" ဟုဆို၏။ တည်ဋ္ဌေဝ် ထိုသူ၏အစေခံမသည် မီးယူလာ၏။ ထိုသူနှင့်ထိုသူ၏ အိမ်သူအိမ်သားများသည် အိပ်စက်လျက်ရှိကြ၏။ အစေခံမယူလာသော မီးမှ မီးခဲတခဲ ကျသွားသဖြင့် အိမ်မီးလောင်ကျမ်းရာ ထိုနဆွဲရာနီနှင့် ၎င်း၏ အိမ်သူအိမ်သား များပါ လောင်ကျမ်းသွားကြလေသည်။ ကြည့် -အီဗ်နုဂျရီရ်၊ ထာနဝီ၊

② မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်အားယုံကြည်မြတ်နိုးကြ၏။ မိမိတို့ထံသို့ကျရောက်သော ကျမ်းဂန်ကိုလည်း မြတ်နိုးကြ၏။ ရှေးအထက်ကျော် ကာရီက ကျရောက်ခဲ့သော ကျမ်းဂန်များကိုလည်း မြတ်နိုးကြ၏။ မိမိတို့ထံတွင် ပွင့်တော်မူသော နဗီတမန်တော်ကိုလည်း ယုံကြည်မြတ်နိုးကြ၏။ အတိတ်ခေတ်တွင် အသီးသီး ပွင့်တော်မူခဲ့သော နဗီတမန်တော်များကိုလည်း ယုံကြည်မြတ်နိုးကြ၏။ အစွမ်းလမ်း သာသနာတော်တွင် ပါရှိသမျှသော အချက်အလက်များအနက် မည်သည့်အချက်အလက်ကိုမျှလည်း အပြစ်ဆိုဖွယ်ရာမရှိ။ သို့ပါလျက်လည်း ကိတာဗီများသည် မွတ်စ်လင်မ်တို့အား မနာလိုမုန်းတီးလျက်ရှိကြ၏။

သို့ဖြစ်ပေရာ တနည်းအားဖြင့်ကိတာဗီများထံတွင် မွတ်စ်လင်မ်တို့၏အပြစ်မှာအခြားမဟုတ်၊ ➤➤

قُلْ هَلْ أُنَبِّئُكُم بِشَرٍّ مِّن ذَٰلِكَ مَثُوبَةً عِندَ اللَّهِ ۚ مَن لَّعَنَهُ اللَّهُ وَغَضِبَ عَلَيْهِ وَجَعَلَ مِنْهُمُ الْقِرَدَةَ وَالْخَنَازِيرَ وَعَبَدَ الطَّاغُوتَ ۚ أُولَٰئِكَ شَرٌّ مَّكَانًا وَأَضَلُّ عَن سَوَاءِ السَّبِيلِ ﴿٦٠﴾

၆၀။ အသင်သည် (ကိတာဗီ ရှေးအထက် ကျမ်းဂန်ရရှိသောသူတို့အား ဤသို့) ပြောကြားပါလေ။ ငါသည် "အလ္လာဟ်အရှင်မြတ် အထံတော်၌ အကျိုးအားဖြင့် ထို့ထက် ဆိုးရွားသောအဖြစ်အပျက်ကို အသင်တို့အား ထုတ်ဖော် ပြောဆိုရမည်လော။ (၎င်းအဖြစ်အပျက်မှာ ကား) အကြင်သူတို့၏ (အဖြစ်အပျက်) ပင်တည်း။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား (မိမိ) ကရုဏာတော်မှ ကင်းဝေစေတော်မူခဲ့၏။ ၎င်းပြင် ယင်းသူတို့အပေါ်၌ အမျက်တော်လည်း ပွားတော်မူခဲ့၏။ ၎င်းပြင် ထိုသူတို့အနက်မှ မျောက်တိရစ္ဆာန်များ နှင့် ဝက်တိရစ္ဆာန်များလည်း ဖြစ်စေတော်မူခဲ့၏။ ၎င်းပြင် ထိုသူတို့သည် 'ရှိုင်တွာန်' မိစ္ဆာကောင်ကိုလည်း ဆည်းကပ်ကိုးကွယ်ခဲ့ကြ၏။ [၁]

➤➤ အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးခြင်း။ ထိုအရှင်မြတ်ထံတော်မှ ကျရောက်သမျှသော ကျမ်းဂန်အသီးသီးကို ယုံကြည်ခြင်း ထိုအရှင်မြတ်၏ နဗီတမန်တော် အသီးသီးတို့အား ယုံကြည်မြတ်နိုးခြင်း သည်ပင်လျှင် မွတ်စ်လင်မ်တို့၏ အခြေခံဖြစ်၍နေချေသည်။ ဤကားအံ့ဘွယ်ရာပင်။

ကိတာဗီများသည် မွတ်စ်လင်မ်တို့အား အကြောင်းမဲ့ မုန်းတီးလျက်ရှိကြ၏။ အမှန်မှာ ၎င်းတို့အနက် များစွာသောသူများသည် ကျမ်းဂန်လာ တရားဥပဒေစည်းကမ်းများကို အမျိုးမျိုး ဖေါက်ဖျက်လျက်ရှိကြ၏။ 'တောင်ဟီဒ်' အပေါ်၌ပင် အတိအကျ တည်ရှိကြသည်မဟုတ်။ ပွင့်လေသမျှသော နဗီတမန်တော် အားလုံးကိုလည်း ယုံကြည် မြတ်နိုးကြသည်မဟုတ်၊ ကျရောက်သမျှသော ကျမ်းဂန် အသီးသီးကိုလည်း အတိအကျ ယုံကြည် ကြသည်မဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်း အမျိုးမျိုး သွေဖည်လျက်ရှိကြ၏။ မိမိအပြစ်ကိုမမြင်ဘဲ သူတပါး၏ ကောင်းမှုကိုပင် တမင် အပြစ်ဆိုခြင်းသာဖြစ်သည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်က ဤမုဟူပါဠိတော်တွင် တမန်တော်မြတ်အား ကိတာဗီများကို ချေပဖြေကြား စေတော်မူခြင်းဖြစ်သည်။ (မာဂျိဒီ၊)

① အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည် မြတ်နိုးကြ၏။ ထိုအရှင်မြတ်၏ နဗီတမန်တော်များနှင့် ကျမ်းဂန်အသီးသီးကိုလည်း ယုံကြည်မြတ်နိုးကြ၏။ ဤသို့ယုံကြည် မြတ်နိုးလျက်ရှိသော မွတ်စ်လင်မ်များကိုပင် ကိတာဗီများသည် မုန်းတီးကြ၏။ မွတ်စ်လင်မ်များ၏ လမ်းစဉ်ကိုလည်း ကဲ့ရဲ့ပြစ်တင်ကြ၏။ အမှန်မှာ မွတ်စ်လင်မ်တို့၏ လမ်းစဉ်သည် တိကျမှန်ကန်လှသဖြင့် ချီးမွမ်းဘွယ်ရာပင်ဖြစ်၏။ ကဲ့ရဲ့ပြစ်တင်ဘွယ်ရာကား အလျင်းမဟုတ်။

အလ္လာဟ်အရှင်မြတ်၏အထံတော်၌ အပြစ်အားဖြင့် အဆိုးရွားဆုံးသော လမ်းစဉ်ကား အကြင်သူများ၏ လမ်းစဉ်ပင်ဖြစ်၏။ ထိုသူများကို အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ဆိုးသွမ်းမှု၊ သွေဖည်မှု၊ ➤➤

ထိုသူတို့သည် (လားရာ) နေရာဌာနအားဖြင့်လည်း အဆိုးရွားဆုံးသော သူများပင်ဖြစ်ကြ၏။ ၎င်းပြင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းတော်မှလည်း အလွန်ဝေးကွာလျက်ရှိသော သူများပင်ဖြစ်ကြ၏။

وَإِذَا جَآءُوكُمْ قَالُوٓا۟ ءَامَنَّا وَقَد دَّخَلُوا۟ بِٱلْكُفْرِ وَهُمْ قَدْ خَرَجُوا۟ بِهِۦ ۚ وَٱللَّهُ أَعْلَمُ بِمَا كَانُوا۟ يَكْتُمُونَ ﴿٦١﴾

၆၁။ ၎င်းပြင် ထို(မုနာဖစ်က်) တို့သည် အသင်တို့ထံ လာကြလေသောအခါ 'ကျွန်ုပ်တို့သည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြပါပြီ' ဟု (လိမ်လည်) ပြောဆိုကြကုန်၏။ စင်စစ်တမူကား၎င်းတို့သည် "ကုတ်ဖ်ရ်" သွေဖည် ငြင်းပယ်မှုကို ယူဆောင်၍ ဝင်ရောက်လာကြပြီး ထို 'ကုတ်ဖ်ရ်' သွေဖည်ငြင်းပယ်မှုကိုပင် ယူဆောင်၍ ပြန်ထွက်သွားကြလေသည်။ [၁] သို့ရာတွင် အလ္လာဟ်အရှင်မြတ်မှာမူကား၎င်းတို့ ထိမ်ချန် လျှို့ဝှက်ထားရှိကြလေသောအရာများကို အသိဆုံးပင် ဖြစ်တော်မူပေသတည်း။

➤➤ ယုတ်မာမှုများကြောင့် မိမိ၏ကရဏာမှပင် ကင်းဝေးစေတော်မူခဲ့၏။ ထိုသူများအပေါ်၌ အမျက်တော်ထွက်တော်မူခဲ့၏။ ထိုသူများအနက် အချို့ကိုမျောက်တိရစ္ဆာန်၊ ဝက်တိရစ္ဆာန်များ ဖြစ်စေတော်မူခဲ့၏။ ထိုသူများသည် အလ္လာဟ် အရှင်မြတ်အား ဖဲကြဉ်၍ ရှိုင်တွာန်ကိုလည်း ဆည်းကပ်ကိုးကွယ်ခဲ့ကြ၏။ ထိုသူများသာလျှင် အဆိုးရွားဆုံးဖြစ်ကြ၏။ ထိုသူများသာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်မှ ဝေးခြင်းကြီးမက ဝေးလျက်ရှိကြ၏။ ထိုသို့သောသူများ၏ လမ်းစဉ်သည်သာလျှင် ကဲ့ရဲ့ပြစ်တင်ဘွယ်ရာဖြစ်၏။ ထိုလမ်းစဉ်က အခြားမဟုတ် မွတ်စ်လင်မ်တို့အား မုန်းတီးလျက်ရှိသောသူများ၏ လမ်းစဉ်ပင်တည်း။

① ဤမုက္ခပါဠိတော်တွင်'မုနာဖစ်က်' များ၏အကြောင်း။ အထူးသဖြင့် ယဟူဒီ မုနာဖစ်က်များ၏အကြောင်း မိန့်ဆိုထားတော်မူ၏။ ကြည့် -ဂျလာလိုင်န်။

မုနာဖစ်က်များသည် မွတ်စ်လင်မ်တို့နှင့် တွေ့ဆုံကြသည့်အခါ ပရိယာယ်ဖြင့် ကျွန်ုပ်တို့သည်လည်း "အီမာန်" ယုံကြည်ကြပါသည်ဟု ပြောဆိုကြ၏။ အမှန်မှာ ၎င်းတို့၏စိတ်နှလုံးတွင် 'အီမာန်' မရှိ။ 'ကုဖိရ်' သာရှိ၏။ ၎င်းတို့သည် 'ကုဖ်ရ်' ၏ ယုံကြည်ချက်များကို ယူဆောင်၍ လာခဲ့ကြ၏။ 'ကုဖ်ရ်' ၏ယုံကြည်ချက်များကို ယူဆောင်၍ပြန်သွားကြ၏။ ဆိုလိုသည်ကား ကာဖိရ်အဖြစ်နှင့် လာခဲ့ကြ၏။ ကာဖိရ်အဖြစ်နှင့်ပင် ပြန်သွားခဲ့ကြ၏။ ထိုသူတို့သည် တမန်တော်မြတ်၏ တရားဒေသနာတော်များကို ကြားကြသော်လည်း မည်သို့မျှ ဆက်ခံနာယူကြသည်မရှိချေ။ ဟူလို။ ကြည့် -ကုရ်တုဗီ။ မာဂျီဒီ။

وَتَرَىٰ كَثِيرًا مِّنْهُمْ يُسَارِعُونَ فِي الْإِثْمِ وَالْعُدْوَانِ وَأَكْلِهِمُ السُّحْتَ ۚ لَبِئْسَ مَا كَانُوا يَعْمَلُونَ ﴿٦٢﴾

၆၂။ ထို့ပြင်တဝ အသင်သည် ထို (ယဟူဒီ) တို့အနက် မြောက်မြားစွာသောသူတို့ကို ပြစ်မှုဒုစရိုက်ပြုခြင်း၌၎င်း၊ မတော်မတရား ကျူးကျော်စော်ကားခြင်း၌၎င်း၊ မတရားသဖြင့်ရရှိသောပစ္စည်းကို စားသုံးခြင်း၌၎င်း သူ့ထက်ငါသာအောင် ပြေးလွှား(သက်ဆင်း) ကြသည်ကို တွေ့မြင်လတ္တံ့။ စင်စစ်ဧကန်၎င်းတို့၏ အပြုအမူတို့သည် ယုတ်ညံ့သိမ်ဖျင်းလှပေတကား။

لَوْلَا يَنْهَاهُمُ الرَّبَّانِيُّونَ وَالْأَحْبَارُ عَن قَوْلِهِمُ الْإِثْمَ وَأَكْلِهِمُ السُّحْتَ ۚ لَبِئْسَ مَا كَانُوا يَصْنَعُونَ ﴿٦٣﴾

၆၃။ (၎င်းတို့၏) Ribbi ဘုန်းကြီးရဟန်းတို့နှင့် ပညာရှင်တို့သည် ထိုသူတို့အား အပြစ်ရှိသော(မုသား)စကားကို ပြောဆိုခြင်းမှငင်း၊ မတရားသဖြင့်ရရှိသောပစ္စည်းကိုစားသုံးခြင်းမှငင်း၊ *အဘယ်ကြောင့် မတားမြစ်ကြသနည်း။* [၃] ထိုသူတို့ပြုလေ့ရှိသော အပြုအမူများသည် မုချဧကန် ဆိုးရွားလှပေ၏တကား။

وَقَالَتِ الْيَهُودُ يَدُ اللَّهِ

၆၄။ ၎င်းပြင် ယဟူဒီတို့က "*အလ္လာဟ်အရှင်မြတ်၏လက်သည် ဆုပ်ထားပြီးဖြစ်သည်*" *ဟု ပြောဆိုကြကုန်သည်။* [၂]

---

③ ယဟူဒီ အကြီးအကဲတို့သည် ပြစ်မှုကြီးငယ်တို့ကို ကျူးလွန်လျက်ရှိသော မိမိတို့နောက်လိုက် ငယ်သားတို့အား မသွန်သင် မဆုံးမကြသည့်အတွက် ထိုအကြီးအကဲတို့အား ဤမှုပါ၌တော် တွင် ပြစ်တင်မိန့်ကြားထားတော်မူ၏။

အာလင်မ် ပညာရှင်များအား ကြိမ်းမောင်းမိန့်ကြားရာတွင် ကုရ်အာန်ကျမ်းမြတ်၌ ဤမှုပါ၌တော်ထက် ပြင်းထန်သောမှုပါ၌တော်မရှိချေ၊ ၎င်းပြင် ထိုပညာရှင်တို့အဖို့ ဤမှုပါ၌တော်ထက် စိုးရိမ်ကြောက်မက်ဘွယ်ကောင်းသော မှုပါ၌တော်လည်းမရှိချေဟူ၍ အာလင်မ်ပညာရှင်များက ဆိုကြ၏။ (အီဗ်နကျရီ၎)

တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့၏။ အကြင်လူတယောက်သည် လူမျိုးတမျိုးတွင်ရှိ၏။ ထိုသူသည် ထိုလူမျိုးတွင် ဒုစရိုက်မှုများကို ပြုလုပ်၏။ ထိုလူမျိုးသည် ထိုသူအား ဒုစရိုက်မှုပြု လုပ်ခြင်းမှ တားဆီးနိုင်ပါလျက် မတားဆီးဘဲနေကြ၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုလူမျိုးကို ၎င်းတို့မသေမီပင် ပြစ်ဒဏ်တပ်ရိုက်စီရင်တော်မူလေသည်။ (အီဗ်နကဆီရ်။ အီဗ်နကျရီရ်၊)

④ **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း**

တမန်တော်မြတ်သည် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မဒီနာမြို့သို့ကြွရောက် လာသည့် ➤➤

مَغْلُولَةٌ ۚ غُلَّتْ أَيْدِيهِمْ
وَلُعِنُوا بِمَا قَالُوا ۘ بَلْ يَدَاهُ
مَبْسُوطَتَانِ يُنفِقُ كَيْفَ يَشَاءُ ۚ
وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّا أُنزِلَ
إِلَيْكَ مِن رَّبِّكَ طُغْيَانًا وَكُفْرًا ۚ

ငင်းတို့၏ လက်များသည်သာလျှင် ဆုပ်ထားပြီးဖြစ်ကြ၏။ စင်စစ် ထိုသူတို့သည် မိမိတို့၏ ထိုပြောဆိုမှုကြောင့် (အလ္လာဟ် အရှင်မြတ်၏) ကရုဏာတော်မှ ကင်းဝေး ကြရလေပြီ။ (အလ္လာဟ် အရှင်မြတ်၏ လက်တော်များသည်) အလျင်း (ဆုပ်ထားပြီး) မဟုတ်ပေ။ စင်စစ်မှာမူကား ထိုအရှင်မြတ်၏ လက်တော် နှစ်ဘက်စလုံးပင် ပြန့်လျက်ရှိကုန်၏။ ထိုအရှင်မြတ်သည် မိမိ အလိုတော်အတိုင်း သုံးစွဲလျက်ရှိတော်မူ၏။

➤➤ အခါ ယဟူဒီများသည် တမန်တော်မြတ်အား မုန်းတီးကြ၏။ ဆန့်ကျင်ကြ၏။

ထိုအခါ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့၏ စားရေး သောက်ရေးကို ကျပ်တည်း ခဲယဉ်း စေတော် မူခဲ့၏။ ယင်းသို့ စားရေး သောက်ရေး ကျပ်တည်း ခဲယဉ်း လာသည့်အခါ အချို့ ယဟူဒီများက (ဝါ ရှာစ်အီဗ်နကိုက်စ် နှင့် ကိုင်နိကာအ် မျိုးနွယ် ယဟူဒီများ၏ ခေါင်းဆောင်ဖြစ်သူ ဖင်နှာဆွဲ အီဗ်နအာဇူရာက အလ္လာဟ် အရှင်မြတ်နှင့် စပ်လျဉ်း၍ "အလ္လာဟ် အရှင်မြတ်၏ လက်တော်သည် ဆုပ်ထားပြီးဖြစ်သည်" ဟု မရိုမသေ မလေးမစား မခန့်မညား ပြောဆိုကြ၏။ ထိုအခါ ဤမုကျွပါဌ်တော် ကျရောက်လာ၏။

ယဟူဒီများတွင် အလ္လာဟ် အရှင်မြတ်နှင့် စပ်လျဉ်း၍ မဘွယ်ရာသော စကားပြောဆိုသူမှာ နှစ်ယောက်ပင် ဖြစ်သော်လည်း ကျန် ယဟူဒီများသည် ထိုသူနှစ်ယောက်အား ယင်းသို့ ပြောဆိုခြင်းမှ မြစ်တားခြင်း မပြု ကြသည့် အပြင် ထိုသို့ ပြောဆိုခြင်းကို နှစ်ခြိုက်ခဲ့ကြ သည့်အတွက် ကုရ်အာန် ကျမ်းမြတ်တွင် ယဟူဒီများက ယင်းသို့ ပြောဆို ခဲ့ကြသည်ဟူ၍ မိန့်ဆိုထားတော် မူခြင်း ဖြစ်ပေသည်။

(ကြည့်-ထာနဝီ။)

ဤမုကျွပါဌ်တော်နှင့် စပ်လျဉ်း၍ ကုရ်အာန် (၃း ၁၈၀) နှင့် သက်ဆိုင်ရာ ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်းကို ရှုပါ။

တကယ် လက်ပြတ်နေသူ တဦးသည်ပင် ပေးကမ်း လှူဒါန်းပါက ထိုသူနှင့် စပ်လျဉ်း၍ "၎င်း၏လက် သည် ပြန့်နေသည်" ဟူ၍ဆင်း၊ စေးနဲပါက "၎င်း၏လက်သည် ဆုပ်ထားသည်" ဟူ၍ဆင်း၊ စာပေအရ လွတ်လပ်စွာ ရေးသား သုံးနှုန်းနိုင်ပေသည်။ ကြည့်-မာဂျိဒီ။

وَأَلْقَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَاءَ إِلَىٰ يَوْمِ الْقِيَامَةِ ۖ كُلَّمَا أَوْقَدُوا نَارًا لِّلْحَرْبِ أَطْفَأَهَا اللَّهُ ۙ وَيَسْعَوْنَ فِي الْأَرْضِ فَسَادًا ۚ وَاللَّهُ لَا يُحِبُّ الْمُفْسِدِينَ ﴿٦٤﴾

ငင်းပြင် အသင်၏ အရှင်မြတ်အထံတော်မှ အသင့်ထံသို့ ကျရောက်လာသောအရာ (ကုရ်အာန် ကျမ်းတော်မြတ်)သည် ထိုသူတို့အနက်များစွာသော သူတို့အား ကျူးလွန်မှုနှင့် သွေဖည်ငြင်းပယ်မှုကို မုချတိုးပွားစေအံ့။ ထို့ပြင်တဝ ငါအရှင်မြတ်သည် ငင်းတို့၏စပ်ကြားဝယ် ရန်ငြိုးထားခြင်းနှင့် မုန်းတီးမှုကို "ကိယာမတ်" ရှင်ပြန်ထမည့် နေ့တိုင်အောင် ဖန်တီးတော်မူခဲ့လေသည်။ ငင်းတို့သည် စစ်မီးကို မွေးတိုင်း မွေးတိုင်း အလ္လာဟ်အရှင်မြတ်သည် ထိုမီးကို ငြိမ်းအေးစေတော်မူခဲ့၏။ ထိုမှတပါး ယင်းသူတို့သည် ကမ္ဘာမြေပြင်ဝယ် ပျက်စီးရာ ပျက်စီးကြောင်းကို ကြိုးစားအားထုတ်ကြကုန်သည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့အား (အလျင်း) ချစ်ကြည် မြတ်နိုးတော်မူသည် မဟုတ်ပေ။

وَلَوْ أَنَّ أَهْلَ الْكِتَابِ آمَنُوا وَاتَّقَوْا لَكَفَّرْنَا عَنْهُمْ سَيِّئَاتِهِمْ وَلَأَدْخَلْنَاهُمْ جَنَّاتِ النَّعِيمِ ﴿٦٥﴾

၆၅။ ငင်းပြင် အကယ်၍ ရှေးအထက် ကျမ်းဂန်ရရှိသူ ကိတာဗီများသည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိ၍ ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြပါမူ၊ မုချကေန် ငါအရှင်မြတ်သည် ငင်းတို့၏ ပြစ်မှုများကို (ခွင့်လွှတ်)တော်မူ၍ ငင်းတို့အား ချမ်းသာသုခနှင့် ပြည့်စုံသောဥယျာဉ်များသို့လည်း ဝင်ရောက်စေတော်မူအံ့။ ①

---

① အလွန်ကြီးမားလှသော မှုပြစ်ကြီးငယ်တို့ကို ကျူးလွန်ခဲ့ကြသော ကိတာဗီများသည်ပင် အကယ်၍ မိမိတို့၏အပြစ်များကို ဝန်ချတောင်းပန် အသနားခံ၍ တမန်တော်မြတ် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) နှင့် ကုရ်အာန်ကျမ်းမြတ်ကို ယုံကြည်ကြလျှင်၊ 'တတ်ဝါ' တရားကို လက်ကိုင်ထားကြလျှင် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏ အပြစ်များကို ခွင့်လွှတ်တော်မူ၍ ငင်းတို့အား ဂျန္နတ်တွင် စံမြန်းခွင့် ပေးတော်မူမည်ဖြစ်၏။ ယခုထက်တိုင်ငင်းတို့အဘို့ 'ဆောင်ဗဟ်' ဝန်ချတောင်းပန်ခြင်း၏ တံခါးသည် မပိတ်သေးချေ။ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကား ကြီးမားလှပါပေတကား။

وَلَوْ أَنَّهُمْ أَقَامُوا التَّوْرٰىةَ وَالْإِنجِيلَ وَمَا أُنزِلَ إِلَيْهِم مِّن رَّبِّهِمْ لَأَكَلُوا مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِمْ ۚ مِّنْهُمْ أُمَّةٌ مُّقْتَصِدَةٌ ۖ وَكَثِيرٌ مِّنْهُمْ سَاءَ مَا يَعْمَلُونَ ﴿٦٦﴾

၆၆။ ထိုမှတပါး အကယ်၍သာ ၎င်းတို့သည် "တောင်ရာတ်" "အင်နှ်ဂျီလ်" ကျမ်းများနှင့်တကွ ၎င်းတို့၏ အရှင်မြတ် အထံတော်မှ ၎င်းတို့ထံ (နဗီတမန်တော် မုဟမ္မဒ်မှ တဆင့်) ကျရောက်လာသော (ကုရ်အာန်)ကျမ်းတော်မြတ်ကိုပါ အတည်ပြုလိုက်နာကြပါသော် မုချကောန် ထိုသူတို့သည် *မိမိတို့အထက်မှ၎င်း၊ မိမိတို့၏ ခြေဖျားအောက်မှ၎င်း၊* [၁] (ခဲဘွယ်ဘောဧည့်များကို ဖေါဖေါသီသီ) စားသုံးကြလတ္တံ့။ ထိုသူတို့တွင် *ဖြောင့်မတ်မှုနှင့်ကန်သော လမ်းကို လိုက်သော* လူတစ်စုသည်(လည်း) ရှိကြပေသည်။ [၂] သို့ရာတွင် ထိုသူတို့အနက် အများစု၏ ပြုမူချက်တို့ကား ဆိုးရွားချေသတည်း။

يَا أَيُّهَا الرَّسُولُ بَلِّغْ مَا أُنزِلَ إِلَيْكَ مِن رَّبِّكَ ۖ وَإِن لَّمْ تَفْعَلْ فَمَا بَلَّغْتَ رِسَالَتَهُ ۚ وَاللَّهُ يَعْصِمُكَ مِنَ النَّاسِ ۗ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ

၆၇။ အို-ရစူလ်တမန်တော်၊ အသင်သည် မိမိအရှင်မြတ် အထံတော်မှ မိမိထံသို့ ကျရောက်လာသမျှသော ဒေသနာတော်များကို (လူခပ်သိမ်းတို့ထံသို့) *ပို့ဆောင်ဟောကြားပါလေ။* [၃] အကယ်တန္တ အသင်သည် (ထိုကဲ့သို့ ပို့ဆောင်ဟောကြားခြင်း) မပြုခဲ့ပါလျှင်၊ အသင်သည် ထို အရှင်မြတ်၏ အကြောင်းကြားချက်များကို ပို့ဆောင် (ဟောကြား) သည် မမည်ချေ။ (တနည်း) နဗီတမန်တော်ဖြစ်ခြင်း၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သည်မမည်ချေ။

---

① အထက်အောက်မှ (စားသုံးကြရမည်) ဟူသည် လောကီစည်းစိမ်များကို အပြည့်အဝခံစားကြရမည်ဟူလို။ (ကုရ်တုဗီ)။

ဤမှကွပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းသည် စားနပ်ရိက္ခာ ပေါများခြင်း၏ အကြောင်းတရပ်ဖြစ်သည်မှာ ထင်ရှားလှပေသည်။ ကြည့် - မဒါရစ်ဂ်၊ မာဂျိဒီ။

② ကိတာဗီများတွင် ဖြောင့်မတ်မှုနှင့်ကန်သော လမ်းစဉ်ကို လိုက်နာသူများသည် ရှိကြ၏။ ဥပမာ - ယဟူဒီများအနက် အဗ်အုလ္လာဟ် အီဗ်နုစလမ်နှင့် ၎င်း၏ အပေါင်းအဖော်များ၊ နဆ္ဆရာနီများအနက် နဂျာရှီ ဘုရင်နှင့် ၎င်း၏ အပေါင်းအဖေါ်များ။ ကြည့် - ထာနဝီ။

الْكَٰفِرِينَ ﴿٦٧﴾

စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် အသင့်အား လူတို့၏ (ဘေးရန်ခပ်သိမ်းတို့)မှ ထိန်းသိမ်း စောင့်ရှောက်တော် မူမည်ဖြစ်သည်။ [၃] စင်စစ်ဇကန် အလ္လာဟ် အရှင်မြတ်သည် ကာဖိရ် ငြင်းပယ်သောသူတို့အား (အသင့်ကို လာရောက် ဖျက်ဆီးနိုင်ရန်) လမ်းပေးတော်မူမည်မဟုတ်ပေ။

---

② ဤမုက္ခပါဠိတော်၏ အလိုသဘောမှာ အသင်သည် မိမိထံ ထုတ်ပြန်ပို့ချသမျှသော အမိန့်ပညတ်အရပ်ရပ်ကို ဟောကြားပါလေဟူ၍ဖြစ်သည်ဟု သာဝကကြီး အီဗ်နု အဗ္ဗါစ်က ဖွင့်ဆိုခဲ့သည်။ (ကုရ်တုဗီ။)

ဤမုက္ခပါဠိတော်တွင် တမန်တော်မြတ် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုက်ဟိ ဝဓလ္လမ်) အား လူသားအားလုံးတို့ကို ၎င်းတို့နှင့် စပ်လျဉ်း၍ ထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်နှင့် အမိန့်ပညတ်အရပ်ရပ်တို့ကို ဟောကြားရန်နှင့် တစ်ဦးတစ်ယောက်အား စိုးရိမ်၍သော်၎င်း၊ ငဲ့ညာ၍ သော်၎င်း အမိန့်ပညတ်တော်များအနက် တစ်စုံတစ်ခုကိုမျှ ထိန်ချန်မထားရန် အမိန့်တော်လာရှိတော်မူ၏။ (ဂျဆွဲဆွာဆွဲ)။

③ အလ္လာဟ် အရှင်မြတ်သည် တမန်တော်မြတ်အား ရန်သူများ၏ ဘေးရန်အပေါင်းမှ ထိန်းသိမ်း ကာကွယ်တော်မူမည်ဟူသော ဗျာဒိတ်တော်အရ တမန်တော်မြတ်သည် ရန်သူတို့၏ ဘေးရန်အပေါင်းမှ လွတ်မြောက်တော်မူခဲ့၏။

ကာဖိရ်များသည် တမန်တော်မြတ်အား သတ်ဖြတ်ရန်အတွက် အကြိမ်ကြိမ် စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြ၏။ တမန်တော်မြတ်နှင့် ကာဖိရ်တို့တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများ၌ များသောအားဖြင့် ကာဖိရ်များသည် စစ်သည်တော်များ အားဖြင့်၎င်း၊ လက်နက်အားဖြင့်၎င်း များပြားခဲ့ကြသည်သာ ဖြစ်၏။ ကာဖိရ်တို့သည် တမန်တော်မြတ်အား သတ်ဖြတ်ရန် အမျိုးမျိုးကြိုးစားခဲ့ကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ထိန်းသိမ်းကာကွယ်မှုကြောင့် ကာဖိရ်များသည် တမန်တော်မြတ်အား အချို့စစ်ပွဲများတွင် အနည်ငယ်မျှ ဒဏ်ရာဖြစ်စေနိုင်ခဲ့ကြသည်မှအပ အသက်ဆုံးပါးအောင်ကား မပြုနိုင်ခဲ့ကြပေ။

'တစ်ရ်မိဇီ' ကျမ်းတွင် ဤသို့လာ၏။ စစ်ပွဲများတွင် ယခင်က တမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်ရန် ကိုယ်ရံတော်များ ထားလေ့ရှိခဲ့၏။ ဤဗျာဒိတ်တော် ကျရောက်လာသည့်အခါ တမန်တော်မြတ်က ကိုယ်ရံတော်များကို "အသင်တို့သွားကြကုန်၊ ကျွန်ုပ်တို့ကို အသင်တို့ ကာကွယ်စောင့်ရှောက်ရန် မလိုတော့ပါ။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား ကာကွယ်စောင့်ရှောက်တော်မူမည် ဖြစ်သည်" ဟု မိန့်ကြားတော်မူလေသည်။ ဤကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ယုံကြည်အားထားခြင်းသည် 'ဝဟီ' မရရှိဘဲ အလျင်း မဖြစ်နိုင်ပေ။ ကြည့် - (ထာနဝီ)။

အလ္လာဟ်အရှင်မြတ်သည် အသင့်အား (ရန်သူများ၏) သတ်ဖြတ်ခြင်းမှ ကာကွယ်ထိန်းသိမ်းထားတော်မူမည်ဖြစ်ရာ ထို (ရန်) သူများသည် အသင့်ကို သတ်ဖြတ်နိုင်ကြမည်မဟုတ်ပေ။ (မအာလင်မ်)။

قُلْ يَٰٓأَهْلَ ٱلْكِتَٰبِ لَسْتُمْ عَلَىٰ
شَىْءٍ حَتَّىٰ تُقِيمُوا۟ ٱلتَّوْرَىٰةَ
وَٱلْإِنجِيلَ وَمَآ أُنزِلَ إِلَيْكُم
مِّن رَّبِّكُمْ ۗ وَلَيَزِيدَنَّ كَثِيرًا
مِّنْهُم مَّآ أُنزِلَ إِلَيْكَ مِن
رَّبِّكَ طُغْيَٰنًا وَكُفْرًا ۖ فَلَا
تَأْسَ عَلَى ٱلْقَوْمِ ٱلْكَٰفِرِينَ ﴿٦٨﴾

၆၈။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ "အို-(ကိတာဗီ) ကျမ်းဂန်ရရှိသူ အပေါင်းတို့၊ အသင်တို့သည် 'တောင်ရာတ်' ကျမ်းကိုငင်း၊ 'အင်နဂျီလ်' ကျမ်းကိုငင်း၊ အသင်တို့ထံ အသင်တို့၏ အရှင်မြတ်အထံတော်မှ ကျရောက်လာသည့် (ကုရ်အာန်ကျမ်းမြတ်ကို)ကိုငင်း၊ အတည်လိုက်နာခြင်းမရှိသမျှ ကာလပတ်လုံး အသင်တို့သည် မည်သည့် (မှန်ကန်သော) လမ်းစဉ်ပေါ်၌သာ တည်ရှိကြသည်မဟုတ်ပေ။ [၁]

(ကိတာဗီများသည် မနှစ်မြို့ဘွယ်ဖြစ်သော အယူသန်မှုတွင် နစ်မွန်းလျက်ရှိကြ၏။ သို့ဖြစ်ပေရာ) အသင့်အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အသင့်ထံသို့ ကျရောက်လာသော (ကုရ်အာန် ကျမ်းမြတ်သည်) ထိုသူတို့အနက် များစွာသောသူတို့၌ ကျူးလွန်မှုကိုငင်း၊ သွေဖည်ငြင်းပယ်မှုကိုငင်း၊ အမှန်ပင် များပြားစေမည်ဖြစ်၏။

သို့ဖြစ်ပေရာ အသင်သည် ကာဖိရ် သွေဖည်ငြင်းပယ်သူတို့နှင့် ပတ်သက်၍ ပူပန်သောက မရှိလေနှင့်။

---

① အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို နာခံခြင်းဖြင့်သည်သာလျှင် တစ်ဦးတစ်ယောက်သည် ထိုအရှင်မြတ်၏ အထံတော်တွင် ချဉ်းကပ်နိုင်၏။ မြင့်မြတ်သောဆုလာဒ် ဂုဏ်အင်ဒြဗ်များကို ရရှိနိုင်၏။ သို့ဖြစ်သောကြောင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို အစကနဦးကပင် ငြင်းပယ်လျက်ရှိသောသူသည် ထိုအရှင်မြတ်အထံတော်တွင် အသို့လျှင် ချဉ်းကပ်နိုင်အံ့နည်း၊ ကောင်းမြတ်သော ဆုလာဒ်ဂုဏ်အင်ဒြဗ်များကို အသို့လျှင် ရရှိနိုင်အံ့နည်း။

ကိတာဗီများသည် မိမိတို့၏ မြင့်မြတ်ကြောင်းကို အဘယ်သို့ပင် ထုတ်ဖော်ပြောဆိုနေကြသော်လည်း အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသည့် တောင်ရာတ်၊ အင်နဂျီလ်၊ ကုရ်အာန် ကျမ်းဂန်များကို အတိအကျ မလိုက်နာကြသမျှ ကာလပတ်လုံး ထိုသူများသည် မှန်ကန်သော တရားလမ်းစဉ်အပေါ်၌ တည်ရှိနေကြသည်ဟူ၍ကား အလျင်းမဆိုနိုင်ပေ။ ('မာဂျိဒီ' ကို မှီးသည်)

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئُونَ وَالنَّصَارَىٰ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَعَمِلَ صَالِحًا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٦٩﴾

၆၉။ စင်စစ်ဇကန် 'မုအ်မင်န်' သက်ဝင် ယုံကြည်သူများသည်၎င်း၊ "ယဟူဒီ"များသည်၎င်း၊ "ဆွာဗီ"များသည်၎င်း၊ ခရစ်ယာန်များသည်၎င်း၊ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပြီး ကောင်းမြတ်သော ကိုယ်ကျင့်တရားများကို ဆောက်တည်ခဲ့ပါလျှင်၊ ထိုကဲ့သို့သော သူတို့အဘို့ မည်သည့်စိုးရိမ်မှုမျှမရှိ၊ ၎င်းတို့သည် ပူဆွေးကြမည်လည်း မဟုတ်ပေ။ [၁]

لَقَدْ أَخَذْنَا مِيثَاقَ بَنِي إِسْرَائِيلَ وَأَرْسَلْنَا إِلَيْهِمْ رُسُلًا ۖ كُلَّمَا جَاءَهُمْ رَسُولٌ بِمَا لَا تَهْوَىٰ أَنْفُسُهُمْ فَرِيقًا كَذَّبُوا وَفَرِيقًا يَقْتُلُونَ ﴿٧٠﴾

၇၀။ ဇကန်မုချ ငါအရှင်မြတ်သည် "အစ္စရာအီလီ" မျိုးနွယ်တို့ထံမှ ပဋိညာဉ်ကို ယူတော်မူခဲ့၏။ [၂] ၎င်းပြင် ငါအရှင်မြတ်သည် ၎င်းတို့ထံသို့ (များစွာသော) ရဿူလ်တမန်တော်များကိုလည်း စေလွှတ်တော်မူခဲ့၏။ မည်သည့်အခါမျိုးမဆို ထိုသူတို့ထံသို့ ရဿူလ်တမန်တော် တပါးပါးသည် ထိုသူတို့ မကြိုက် မနှစ်သက်သော အမိန့်ပညတ်တော်ကို ယူဆောင်လာခဲ့သည်ရှိသော်၊ ထိုသူတို့သည် အချို့ (ရဿူလ်တမန်တော်များ)ကို မုသာဝါဒီများဟူ၍ ပြောဆို ငြင်းပယ်ခဲ့ကြ၏။ အချို့တမန်တော်များကိုမူ သတ်ဖြတ်ခဲ့ကြ၏။

---

① ဤမုက္ခပါဠ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးတို့အား ထာဝစဉ် ငြိမ်းချမ်းရေး၏ လမ်းစဉ်ကြီးကို မိန့်ကြားထားတော်မူသည်။

'မွတ်စ်လင်မ်' ခေါ်တွင်သူဖြစ်စေ၊ ယဟူဒီဖြစ်စေ၊ ဆွာဗီဖြစ်စေ၊ နဆ်ရာနီဖြစ်စေ၊ အခြားမည်သူပင်ဖြစ်စေ၊ ထိုထို ဤဤအမည်၊ မျိုးနွယ်၊ အသွေးအရောင်၊ အလုပ်အကိုင်၊ တိုင်းပြည် ---- စသည့် အရာများကြောင့် မှန်ကန်သော ထာဝစဉ် အောင်မြင်မှုကို ရရှိနိုင်ကြမည်မဟုတ်ပေ။ ထာဝစဉ် ငြိမ်းချမ်းရေး လမ်းစဉ်ကား တစ်ခုတည်းပင်ရှိ၏။ ထိုလမ်းစဉ်ကား 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ကောင်းမြတ်သော ကိုယ်ကျင့်တရား ပင်ဖြစ်၏။ မည်သည့်မျိုးနွယ်ပင်ဖြစ်ဖြစ်၊ မည်သည့်နိုင်ငံသားပင်ဖြစ်ဖြစ်၊ မည်သည့်အုပ်စုမှပင်ဖြစ်ဖြစ်၊ မည်သည့်အသွေးအရောင်ပင် ရှိသည်ဖြစ်စေ၊ အယုတ်၊ အလတ်အမြတ်မရွေး၊ ဖြူ-နက် မခြား၊ လူတန်းစားမရွေးမည်သူပင် ဖြစ်စေကာမူ 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရားထားရှိ၍ အစွမ်းသတ္တိတရားတော်နှင့်အညီ ကောင်းမြတ်သောကိုယ်ကျင့်တရားများကိုဆောက်တည်ပါမူ ထိုသူသည် ငရဲမီးဘေးမှ လွတ်မြောက်ပေမည်၊ မုချအောင်မြင်ပေမည်။ ထိုသူ့အဘို့ စိုးရိမ်စရာ ပူပင်စရာဟူ၍ အလျင်းမရှိချေ။ ➤➤

وَحَسِبُوٓا۟ أَلَّا تَكُونَ فِتْنَةٌ فَعَمُوا۟ وَصَمُّوا۟ ثُمَّ تَابَ ٱللَّهُ عَلَيْهِمْ ثُمَّ عَمُوا۟ وَصَمُّوا۟ كَثِيرٌ مِّنْهُمْ ۚ وَٱللَّهُ بَصِيرٌۢ بِمَا يَعْمَلُونَ ﴿٧١﴾

၇၁။ ထို့မျှမကသေးချေ။ ၎င်းတို့သည် (ယင်းကဲ့သို့ ရာဇဝတ်မှုလိမ်တော်များကို ငြင်းပယ်ခြင်းနှင့် သတ်ဖြတ်ခြင်းအားဖြင့် မိမိတို့၌) ဘေးဥပဒ် အန္တရာယ်တစ်စုံတစ်ရာမျှ ဆိုက်ရောက်လိမ့်မည်မဟုတ် ဟူ၍ပင် ထင်မြင်ယူဆခဲ့ကြလေသည်။ သို့ဖြစ်သောကြောင့် ထိုသူတို့သည် မျက်စိစုံလုံး ကန်းခဲ့ကြလေသည်၊ နားပင်းခဲ့ကြလေသည်။ ထို့နောက်တဖန် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ဘက်သို့ (မိမိ) ကရုဏာတော်နှင့် ပြန်လှည့်တော်မူ၍ (၎င်းတို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူ) ခဲ့လေ၏။ ထို့နောက်သော်မှပင် ယင်းသူတို့အနက် များစွာသောသူတို့သည် မျက်စိစုံလုံးကန်းသူများနှင့် နားပင်းသူများပင် ဖြစ်သွားကြပြန်သည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကျင့်ကူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပေတည်း။

➤➤ သို့ဖြစ်ပေရာ လူသား အားလုံးတို့သည် ဤ မှတ်ကျောက်ပေါ်တွင် မိမိကိုယ်ကို တင်၍ ကြည့်အပ်ပေသည်။

Ⓙ အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလီ မျိုးနွယ်များထံမှ နဗီတမန်တော်များအား ယုံကြည်မြတ်နိုး၍ ကူညီရိုင်းပင်းရန် ပဋိညာဉ် ယူထားတော်မူခဲ့၏။ ထိုပဋိညာဉ်ကို သတိရစိမ့်သောငှါ ၎င်းတို့ထံသို့ နဗီတမန်တော်အမြောက်အမြား စေလွှတ်တော်မူခဲ့၏။

သို့ရာတွင် အစ္စရာအီလီ မျိုးနွယ်များသည် မိမိတို့ ကြိုက်နှစ်သက်သော အရာကိုသာ လိုက်နာပြုလုပ်လိုကြ၏။ မိမိတို့ မကြိုက်မနှစ်သက်သော အရာကိုကား မလိုက်နာ မပြုလုပ်လိုကြပေ။ ထို့အတွက်ကြောင့်လည်း အစ္စရာအီလီ မျိုးနွယ်များသည် မိမိတို့ မကြိုက် မနှစ်သက်သော အရာကို ဟောကြားသော နဗီတမန်တော်များအား အချို့ကို မုသာဝါဒီများ လူလိမ်များဟူ၍ စွပ်စွဲဖြောဆိုခဲ့ကြလေသည်။ အချို့ကိုမူ သတ်ဖြတ်ခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူလိုက်သော နဗီတမန်တော်များအား မဟုတ်မလျားဖြောဆိုခြင်း၊ သတ်ဖြတ်ခြင်းသည် ထိုအရှင်မြတ်အား မထီလေးစားပြုခြင်း၊ ပုန်ကန်ခြင်းပင် ဖြစ်သည်။ ဤသို့အားဖြင့် အစ္စရာအီလီမျိုးနွယ်များသည် မိမိတို့၏ ပဋိညာဉ်ကို မိမိကိုယ်တိုင် ဖောက်ဖျက်၍ ထာဝစဉ် ငြိမ်းချမ်းရေးလမ်းစဉ်ကိုလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခဲ့ကြပေသည်။

لَقَدْ كَفَرَ الَّذِينَ قَالُوٓا۟ إِنَّ اللَّهَ هُوَ الْمَسِيحُ ابْنُ مَرْيَمَ ۖ وَقَالَ الْمَسِيحُ يَٰبَنِىٓ إِسْرَٰٓءِيلَ اعْبُدُوا۟ اللَّهَ رَبِّى وَرَبَّكُمْ ۖ إِنَّهُۥ مَن يُشْرِكْ بِاللَّهِ فَقَدْ حَرَّمَ اللَّهُ عَلَيْهِ الْجَنَّةَ وَمَأْوَىٰهُ النَّارُ ۖ وَمَا لِلظَّٰلِمِينَ مِنْ أَنصَارٍ ﴿٧٢﴾

၇၂။ မလွဲဧကန် ကာဖစ်ရ် ဖြစ်သွားကြသော သူတို့က "ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် 'မရ်ယမ်' ၏သားတော် 'မစီဟ်' (အီစာ)ပင် ဖြစ်တော်မူသည်" ဟု ပြောဆိုခဲ့ကြကုန်၏။ အမှန်သော်ကား "မစီဟ်" (ကိုယ်တိုင်)ကပင် "အို - အစ္စရာအီလီ မျိုးနွယ်အပေါင်းတို့ အသင်တို့သည် ငါ၏အရှင်နှင့်၊ အသင်တို့၏ အရှင် ဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်ကိုပင် ခဝပ်ကိုးကွယ် ကြလေကုန်ဟု ပြောဆိုခဲ့လေသည်။ [၁]

စင်စစ်ဧကန် မည်သူမဆို (တစ်စုံတစ်ရာကို) အလ္လာဟ်အရှင်မြတ်နှင့် တွဲဘက် (ကိုးကွယ်)ပါလျှင်၊ အလ္လာဟ်အရှင်မြတ်သည် ထို(ကဲ့သို့သော) သူ၏ အတို့ 'ဂျန္နတ်' အမတ သုခဘုံကို မုချဧကန် ပိတ်ပင်ထားတော်မူအံ့။ ၎င်းပြင် ထိုသူ၏ လားရာဌာနသည် ငရဲမီးပင် ဖြစ်လတ္တံ့။ ထိုမှတပါး (ယင်းကဲ့သို့) မတရားကျူးလွန်သော သူတို့အား ရိုင်းပင်း ကူညီစောင်မမည့် သူဟူ၍ကား တစ်စုံတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ"။

---

① အထက်တွင် ယဟူဒီများ၏ 'အီမာန်' ယုံကြည်မှု တိမ်းပါးခဲ့သည့်အကြောင်းပါရှိ၏။ ဤမုက္ခပါဠိတော် (၅း ၇၂-၇၃) တွင် နဆ်ရာနီများ၏ အီမာန်ယုံကြည်မှုမှားယွင်းခဲ့သည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။

တမန်တော်အီစာ (အလိုင်ဟစ္စလာမ်) က မိမိသည် အခြားလူသားများကဲ့သို့ လူသားတစ်ဦးမျှ ဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ အစေတော်သာလျှင် ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် တစ်ဆူတည်းသော ခဝပ်ကိုးကွယ်ရာ အရှင်ဖြစ်တော်မူကြောင်း အတည့်အလင်း ထုတ်ဖော်ပြောဆိုခဲ့ပါလျက်နှင့်ပင် နဆ်ရာနီများက "မရ်ယမ်၏သား မစီဟ်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်သည်" ဟူ၍၎င်း၊ "အလ္လာဟ်အရှင်မြတ်သည် ဘုရားသုံးဆူတွင် တတိယဘုရားဖြစ်တော်မူသည်" ဟူ၍၎င်း မဟုတ်မလျား ယူဆပြောဆိုခဲ့ကြလေသည်။ ယင်းသို့ ပြောဆိုခြင်းသည် "ကုဖ်ရ်" ဖြစ်၏။

لَقَدْ كَفَرَ الَّذِينَ قَالُوٓا۟ إِنَّ ٱللَّهَ ثَالِثُ ثَلَٰثَةٍ ۘ وَمَا مِنْ إِلَٰهٍ إِلَّآ إِلَٰهٌ وَٰحِدٌ ۚ وَإِن لَّمْ يَنتَهُوا۟ عَمَّا يَقُولُونَ لَيَمَسَّنَّ ٱلَّذِينَ كَفَرُوا۟ مِنْهُمْ عَذَابٌ أَلِيمٌ ﴿٧٣﴾

၇၃။ ဧကန်အမှန် အကြင်သူ တို့သည်လည်း ကာဖိရ်များပင် ဖြစ်သွားခဲ့ကြကုန်၏။ ထိုသူများက "အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (ဘုရား) သုံးဆူအနက် တတိယ(ဘုရား)ဖြစ်သည်" ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ အမှန်သော်ကား တစ်ဆူတည်း သော ကိုးကွယ်ရာ (အလ္လာဟ်အရှင်)မြတ်မှတပါး အခြားကိုးကွယ်ရာ (ဘုရား)ဟူ၍ အလျင်းမရှိချေ။

အကယ်၍သာ ယင်းသူတို့သည် မိမိတို့ ပြောဆိုမှုကို မရပ်စဲကြသော် ၎င်းတို့အနက်မှ ဆက်လက်၍ သွေဖည်ငြင်းပယ်ကြသော သူတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် မုချ ဆိုက်ရောက်ပေမည်။

أَفَلَا يَتُوبُونَ إِلَى ٱللَّهِ وَيَسْتَغْفِرُونَهُۥ ۚ وَٱللَّهُ غَفُورٌ رَّحِيمٌ ﴿٧٤﴾

၇၄။ ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ် အထံတော်ဝယ် ဝန်ချ တောင်းပန်ခြင်း ကို၎င်း၊ ထို အရှင်မြတ် အထံတော်မှ လွတ်ငြိမ်း ချမ်းသာခွင့် အသနားခံခြင်းကို၎င်း၊ မပြုကြလေသလော။ စင်စစ် တမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာမျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာမျှ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။

مَّا ٱلْمَسِيحُ ٱبْنُ مَرْيَمَ إِلَّا رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ ٱلرُّسُلُ ۖ وَأُمُّهُۥ صِدِّيقَةٌ ۖ كَانَا يَأْكُلَانِ

၇၅။ "မရ်ယမ်" ၏သားတော် "မစီဟ်" သည် ရာ္ဇူလ် *တမန်တော်တပါး*မျှသာ *ဖြစ်၏*။ [၁] ထို "မရ်ယမ်" ၏သားတော် "မစီဟ်" (အီစာ)၏အလျင်လည်း (အခြား သော) ရာ္ဇူလ်တမန်တော်တို့သည် မုချ ပွင့်ခဲ့ကြ လေသည်။

---

(၁) တမန်တော် အီစာ (အလိုင်ဟစ္စလာမ်) သည် အလ္လာဟ်အရှင်မြတ် မဟုတ်ကြောင်း၊ ဘုရားသုံးဆူပေါင်းတွင် တပါးအပါဝင်လည်း မဟုတ်ကြောင်းကို ဤမုက္ခပါဠိတော်တွင် သက်သေသာဓက ကျိုးကြောင်းပြ၍ ➤➤

الطَّعَامَ ۖ انظُرْ كَيْفَ نُبَيِّنُ لَهُمُ الْآيَاتِ ثُمَّ انظُرْ أَنَّىٰ يُؤْفَكُونَ ﴿٧٥﴾

ငင်းပြင် ထို "မစီဟ်" (အီစာ)၏ မယ်တော် (မရ်ယမ်)သည် သစ္စာသမာဓိနှင့် အထူးပြည့်စုံသော *မိန်းမမြတ်တစ်ဦးပင် ဖြစ်ချေသည်။* [၃] ထို(သားအမိ) နှစ်ဦးလုံးသည် (အခြား လူသားများ ကဲ့သို့ပင်) *အစာအဟာရကို စားသုံးလေ့ရှိခဲ့ကြ၏။* [၂]

(အို- နဗီတမန်တော်) ငါအရှင်မြတ်သည် ထို(ခရစ်ယာန်)တို့ရှေ့ဝယ် သက်သေသာဓကများကို မည်ကဲ့သို့ ရှင်းလင်း ဖော်ပြတော်မူသည်ကို အသင် ရှုပါလေ။ ထို့နောက် တဖန် ယင်းသူတို့သည် (မှန်ကန်သော တရားလမ်းစဉ်ကိုစွန့်၍) အဘယ်သို့ ပြန်လှည့်သွားကြ သည်ကိုလည်း အသင်ရှုပါလေ။

➤➤ မိန့်ဆိုထားတော်မူသည်။

တမန်တော် အီစာ(အလိုင် ဟစ္စလာမ်)သည် တမန်တော်တပါးမျှဖြစ်၏။ တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)အလျင်ကလည်း မြောက်မြားစွာသော တမန်တော်များပွင့်ခဲ့ကြ၏။ တမန်တော်ဖြစ်ခြင်း၊ တန်ခိုးပြာဋိဟာ ပြခြင်းသည် ဘုရားဖြစ်ခြင်း၏သာဓကမဟုတ်ပေ။ တမန်တော်ဖြစ်ခြင်းကို အကြောင်းပြု၍ တမန်တော် အီစာ(အလိုင်ဟစ္စလာမ်)အား ဘုရားဟုဆိုလျှင် ပွင့်လေပြီးကုန်သော တမန်တော်များအားလည်း ဘုရားဟု ဆိုရပေမည်။ သို့ဖြစ်ရာ တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)သည် အသို့လျှင် ဘုရားဖြစ်နိုင်အံ့နည်း။

① တမန်တော် အီစာ(အလိုင်ဟစ္စလာမ်)၏ မိခင် မရ်ယမ်သခင်မသည် မှန်ကန်သောစကားကို ပြောဆိုသူဖြစ်၏။ သူတော်စင်မတစ်ဦးမျှဖြစ်၏။ နဗီလည်းမဟုတ်ပေ၊ ဘုရားလည်းမဟုတ်ပေ။ နဗီဂုဏ်ထူးကို ယောကျ်ားများသာလျှင် ချီးမြှင့်ခြင်း ခံခဲ့ကြရပေသည်။ ကြည့်-ကုရ်အာန် (၁၂း ၁၉၀)။ မရ်ယမ်သခင်မ အလျင်ကလည်း သူတော်ကောင်း အမျိုးသမီးများ အများအပြား ထွန်းကားခဲ့ကြ၏။ သူတော်ကောင်း မဖြစ်ခြင်းသည် ဘုရားဖြစ်ခြင်း၏ သာဓကမဟုတ်ပေ။ သူတော်ကောင်း မဖြစ်သည်ကို အကြောင်းပြု၍ မရ်ယမ်သခင်မအား ဘုရားဟုဆိုလျှင် ကျန်သူတော်ကောင်းမများအားလည်း ဘုရားဟူ၍ ဆိုရပေလိမ့်မည်။ သို့ဖြစ်ပေရာ မရ်ယမ်သခင်မသည် အသို့လျှင် ဘုရားဖြစ်နိုင်အံ့နည်း။ ကြည့် - ထာနဝီ၊

② တမန်တော် အီစာ (အလိုင်ဟစ္စလာမ်) နှင့် မယ်တော် မရ်ယမ်သခင်မတို့ သားအမိ ၂-ဦးတို့သည် အခြားလူသားများကဲ့သို့ပင် အစာအဟာရကို မှီဝဲစားသုံးခဲ့ကြရ၏။ အစာအဟာရကို မှီဝဲစားသုံးရခြင်းသည် သခါရသဘော၊ ပျက်စီးခြင်းသဘောပင်ဖြစ်၏။ မုချ ကိုးကွယ်ခြင်း ခံထိုက်တော်မူသော ဘုရား၏ ဂုဏ်ပုဒ်တရပ်မှာ နိစ္စထာဝရဖြစ်၏။ ပျက်စီးခြင်း သဘောတရားသည် နိစ္စထာဝရနှင့် လုံးဝဆန့်ကျင်၏။ သို့ဖြစ်ပေရာ ပျက်စီးခြင်းတရားနှင့် မကင်းနိုင်သော တမန်တော် အီစာ(အလိုင်ဟစ္စလာမ်)နှင့် မယ်တော် မရ်ယမ်သခင်မတို့သည် အသို့လျှင် ထာဝရ ဘုရားဖြစ်နိုင်ကြအံ့နည်း။ ကြည် - ထာနဝီ။

قُلْ أَتَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَمْلِكُ لَكُمْ ضَرًّا وَلَا نَفْعًا ۚ وَاللَّهُ هُوَ السَّمِيعُ الْعَلِيمُ ﴿٧٦﴾

၇၆။ (အို-နဗီတမန်တော်) အသင်သည် (ခရစ်ယာန်တို့အား ဤသို့) ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ် အရှင်မြတ်မှ တပါး အသင်တို့အား အကျိုးယုတ် နစ်နာစေခြင်းကိုငင်း၊ အကျိုး ဖြစ်ထွန်းစေခြင်းကိုငင်း၊ *မပြုစွမ်းနိုင်ကြသောအရာများကို ကိုးကွယ်ဆည်းကပ် ကြလေသလော။* [၁] အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် (အလုံးစုံတို့ကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင် (အရာခပ်သိမ်း တို့ကို) အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူလေသတည်း။ [၂]

قُلْ يَا أَهْلَ الْكِتَابِ لَا تَغْلُوا فِي دِينِكُمْ غَيْرَ الْحَقِّ وَلَا تَتَّبِعُوا أَهْوَاءَ قَوْمٍ قَدْ ضَلُّوا مِن قَبْلُ وَأَضَلُّوا كَثِيرًا وَضَلُّوا عَن سَوَاءِ السَّبِيلِ ﴿٧٧﴾

၇၇။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ အို-'ကိတာဗီ' ရှေးအထက်ကျမ်းဂန်ရရှိသူ အပေါင်းတို့ အသင်တို့သည် မိမိတို့၏ 'ဒီန်' ဘာသာ သာသနာရေးတွင် (စည်းကမ်းသတ်မှတ် ထားသည်ထက်) အလွန်အကျွံ မဖြစ်ကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် အကြင်သူတို့၏ အလိုဆန္ဒများကိုလည်း မလိုက်စားကြကုန်လင့်။ ထိုသူတို့သည် အထက်ကျော်ကာရီက (မိမိတို့ကိုယ်တိုင်) လမ်းမှားသို့ ရောက်ရှိခဲ့ကြသည် သာမက၊ များစွာသော သူတို့ကိုလည်း လမ်းမှားစေခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ဖြောင့်မတ်မှန်ကန်သော (တရားမှန်ကို သိကြပါလျက်နှင့်ပင်) တရားလမ်းတော်မှ လွှဲတော်ချော်တိမ်းပါးခဲ့ကြသတည်း။

---

① နဆွဲရာနီများသည် တစ်ဆူတည်းဖြစ်သော၊ အနန္တ တန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှ တပါးတစ်စုံတစ်ရာ မစွမ်းဆောင်နိုင်သောအရာကို ဆည်းကပ်ကိုးကွယ်ကြ၏။ မစွမ်းဆောင်နိုင်မှုသည်ပင် ထာဝရဘုရား၏ ဂုဏ်အင်နှင့် လုံးဝဆန့်ကျင်လျက် ရှိပေသည်။ ဤသည့်အချက်ကိုပင် ဤမုက္ခပါဠိတော်တွင် မိန့်ဆိုထားတော်မူသည်။

لُعِنَ الَّذِيْنَ كَفَرُوْا مِنْۢ بَنِيْٓ اِسْرَآءِيْلَ عَلٰى لِسَانِ دَاوٗدَ وَعِيْسَى ابْنِ مَرْيَمَ ۭ ذٰلِكَ بِمَا عَصَوْا وَّكَانُوْا يَعْتَدُوْنَ ۝۷۸

၇၈။ အစ္စရာအီလီ မျိုးနွယ်တို့အနက်မှ "ကာဖိရ်" သွေဖည် ငြင်းပယ်ကြကုန်သော သူတို့မှာမူ (နဗီတမန်တော်) "ဒါဝူဒ်" နှင့် "မရ်ယမ်" (သခင်မ) ၏သားတော်၊ (နဗီတမန်တော်) "အီစာ" ၏ နှုတ်မှ တဆင့် ကျိန်ဆဲခြင်း ခံခဲ့ကြရ၏။ ယင်းကဲ့သို့ ဘေးသင့်ခဲ့ကြရခြင်းမှာ ၎င်းတို့သည် သွေဖည်ခဲ့ကြသည့်ပြင် အမြဲတစေ စည်းကမ်းဖောက်ဖျက် ကျူးလွန်လေ့ရှိခြင်းကြောင့်ပင်တည်း။

كَانُوْا لَا يَتَنَاهَوْنَ عَنْ مُّنْكَرٍ فَعَلُوْهُ ۭ لَبِئْسَ مَا كَانُوْا يَفْعَلُوْنَ ۝۷۹

၇၉။ ထိုသူတို့သည် မိမိတို့ ပြုကျင့်ခဲ့ကြသော မကောင်းမှု ဒုစရိုက်မှ အချင်းချင်း တစ်ဦးကိုတစ်ဦး ပိတ်ပင် မြစ်တားလေ့ မရှိခဲ့ကြပေ။ စင်စစ်ဇကန် ၎င်းတို့ပြုကျင့်လေ့ ရှိခဲ့ကြကုန်သော အပြုအမူတို့သည် ဆိုးယုတ် သိမ်ဖျင်းလှပေစွတကား။

تَرٰى كَثِيْرًا مِّنْهُمْ يَتَوَلَّوْنَ الَّذِيْنَ كَفَرُوْا ۭ لَبِئْسَ مَا قَدَّمَتْ لَهُمْ اَنْفُسُهُمْ اَنْ سَخِطَ اللّٰهُ عَلَيْهِمْ وَفِي الْعَذَابِ هُمْ خٰلِدُوْنَ ۝۸۰

၈၀။ (အို-နဗီတမန်တော်) ၎င်းတို့အနက် "ကာဖိရ်" သွေဖည်ငြင်းပယ်သော သူတို့အား အဆွေခင်ပွန်းများ ပြုလုပ်ကြသူ အမြောက်အမြားကို အသင်သည် တွေ့မြင်ရပေအံ့။ [၁] အမှန်စင်စစ် ၎င်းတို့က မိမိတို့ကိုယ်တိုင် မိမိတို့အဘို့ တင်ကြို၍ ပို့ထားနှင့်ကြကုန်သောအပြုအမူတို့သည် ယုတ်ညံ့ သိမ်ဖျင်းလှပေသည်။ (ထို့အတွက်ကြောင့်ပင်) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် အမျက်တော်ထားတော်မူခဲ့လေသည်။ ထို့ပြင် ၎င်းတို့သည် ထာဝစဉ် အပြစ်ဒဏ်၌ နေထိုင်ကြရမည်။

---

(၂) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ဆုပန်ကြားချက်များနှင့် ပြောဆိုချက်ဟူသမျှတို့ကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ အသင်တို့၏ လိုအင်ဆန္ဒများနှင့် အဖြစ်အပျက် ဟူဟူသမျှတို့ကိုလည်း အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေရာ ထိုအရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြရပေမည်။ ထိုအရှင်မြတ်မှ တပါး အခြားမည်သည့်အရာကိုမျှ မကိုးကွယ်အပ်ပေ။ ကြည့် - (အလ်မနာရ်)။

(၁) တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ လက်ထက်တော်ရှိ ယဟူဒီများသည် ➤➤

وَلَوْ كَانُوا يُؤْمِنُونَ بِاللَّهِ وَالنَّبِيِّ وَمَا أُنْزِلَ إِلَيْهِ مَا اتَّخَذُوهُمْ أَوْلِيَاءَ وَلَٰكِنَّ كَثِيرًا مِنْهُمْ فَاسِقُونَ ﴿٨١﴾

၈၁။ အကယ်၍ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုငင်း၊ နဗီ တမန်တော်မြတ် ကိုငင်း၊ ထိုနဗီ တမန်တော်မြတ်ထံသို့ ကျရောက်လာသည့် (ကျမ်းတော်မြတ် ကုရ်အာန်)ကိုငင်း၊ သက်ဝင်ယုံကြည်ကြပါလျှင်၊ ထို (“ကာဖိရ်” သွေဖည် ငြင်းပယ်သော) သူတို့အား အဆွေခင်ပွန်းများ ပြုလုပ်ကြမည် မဟုတ်ပေ။ သို့ရာတွင် ယင်းသူတို့အနက် များစွာသော သူတို့မှာကား (အမိန့်ကို ဖီဆန်သော သူများပင် ဖြစ်ကြကုန်သတည်း၊) (အီမာန်၏ အပြင်ဘက်သို့ ရောက်ရှိနေသူများပင် ဖြစ်ကြ၏။)

لَتَجِدَنَّ أَشَدَّ النَّاسِ عَدَاوَةً لِلَّذِينَ آمَنُوا الْيَهُودَ وَالَّذِينَ أَشْرَكُوا ۖ وَلَتَجِدَنَّ أَقْرَبَهُمْ مَوَدَّةً لِلَّذِينَ آمَنُوا الَّذِينَ قَالُوا إِنَّا نَصَارَىٰ ۚ ذَٰلِكَ بِأَنَّ مِنْهُمْ قِسِّيسِينَ وَرُهْبَانًا وَأَنَّهُمْ لَا يَسْتَكْبِرُونَ ﴿٨٢﴾

၈၂။ (အို-နဗီတမန်တော်) အသင်သည် “မုအ်မင်န်” သက်ဝင်ယုံကြည်သော သူတို့ကို ရန်ငြိုးထားရာ၌ လူသားများအနက် ယဟူဒီတို့နှင့် “မုရှ်ရစ်က်” တို့ကို အပြင်းအထန်ဆုံးသော သူများအဖြစ် တွေ့ရှိရလတ္တံ့။ ၎င်းပြင် အသင်သည် “မုအ်မင်န်” သင်ဝင်ယုံကြည်သောသူတို့ကို မိတ်ဖွဲ့ရာ၌ ထိုလူသားများအနက် အနီးစပ်ဆုံးသော သူများအဖြစ် (မိမိတို့ ကိုယ်ကို) “ကျန်ုပ်တို့သည် ‘နဆ္စာရာ’ များဖြစ်ကြသည်” ဟု ပြောဆိုကြကုန်သောသူတို့အား တွေ့ရှိရပေအံ့။

အဘယ်ကြောင့် ဆိုသော် ထိုသူတို့တွင် ပညာရှင်များနှင့် ဘုန်းကြီးရဟန်းများ ရှိနေကြသောကြောင့်၎င်း၊ ထိုသူတို့သည် မာန်မာနထောင်လွှားခြင်းလည်း မရှိကြသောကြောင့်၎င်း၊ ဖြစ်ချေသည်။

➤➤ တမန်တော်မြတ်အား မလိုမုန်းထားခဲ့ကြသည့်အတွက် အရဗ် ကာဖိရ်မုရှ်ရစ်က်တို့နှင့်ပင်လျှင် မိတ်ဖွဲ့ခဲ့ပြီး အစ္စလာမ် သာသနာကို ဖျက်ဆီးနိုင်ရန် အမျိုးမျိုး ကြိုးပမ်း အားထုတ်ခဲ့ကြလေသည်။ ဤကားရာဇဝင် အထင်အရှားပင်။ ကြည့်-မာဂျိဒီ။

وَإِذَا سَمِعُوا مَا أُنزِلَ إِلَى الرَّسُولِ تَرَىٰ أَعْيُنَهُمْ تَفِيضُ مِنَ الدَّمْعِ مِمَّا عَرَفُوا مِنَ الْحَقِّ ۖ يَقُولُونَ رَبَّنَا آمَنَّا فَاكْتُبْنَا مَعَ الشَّاهِدِينَ ﴿٨٣﴾

၈၃။ ၎င်းပြင် ယင်းသူတို့သည် ရစူလ်တမန်တော် (မုဟမ္မဒ်)၏ထံသို့ ကျရောက်လာသော မုက္ခပါဠ် တော်များကို ကြားနာကြရသောအခါ (ထိုမုက္ခပါဠ် တော်များအားဖြင့်) အမှန်ကို သိမြင်လာကြသော ကြောင့်၊ ၎င်းတို့၏ မျက်စိများမှ မျက်ရည်များ ယိုစီးလျက် ရှိသည်ကို အသင်တွေ့မြင်ရလတ္တံ့။ (၎င်းပြင်) ယင်းသူတို့က "အို - ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့သည် ယုံကြည်ပါပြီ၊ သို့ဖြစ်ပေရာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်း ယုံကြည် ထောက်ခံ သက်သေထွက်ဆိုသော သူတို့နှင့်အတူ အသိအမှတ် ပြုတော်မူပါ" ဟု လျှောက်ထား ပန်ကြား ကြကုန် သတည်း။

وَمَا لَنَا لَا نُؤْمِنُ بِاللَّهِ وَمَا جَاءَنَا مِنَ الْحَقِّ وَنَطْمَعُ أَن يُدْخِلَنَا رَبُّنَا مَعَ الْقَوْمِ الصَّالِحِينَ ﴿٨٤﴾

၈၄။ ထို့ပြင်တဝ ယင်းသူတို့က "ကျွန်ုပ်တို့သည် မိမိတို့အား မိမိတို့၏အရှင်မြတ်က (ကောင်းမြတ် သောအကျင့်သီလများကို ဆောက်တည်ကြကုန်သော) သူတော်စင် သူတော်ကောင်းတို့ အတွင်း၌ ပါဝင်စေ တော်မူမည်ဟု မြော်လင့်ချက် ထားရှိကြသည်ဖြစ်ရာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်း၊ (ယခု) ကျွန်ုပ်တို့ထံဝယ် ရောက်ရှိလာသော အမှန်တရားကို ၎င်း၊ မယုံကြည်ကြရန် မည်သည့်အကြောင်းမျှ မရှိတော့ပြီ" (ဟူ၍လည်း ပြောဆိုကြကုန်သတည်း)။

တနည်း

၎င်းပြင် (ထိုသူတို့က) ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်း၊ ကျွန်ုပ်တို့ထံ ရောက်ရှိ လာသော အမှန်တရားကိုလည်း၊ မယုံကြည်ကြရန် အကြောင်းမရှိပါ၊ အမှန်စင်စစ်သော်ကား ကျွန်ုပ်တို့

သည် မိမိတို့အား မိမိတို့၏အရှင်က သူတော်စင်တို့တွင် အပါအဝင်ဖြစ်စေတော်မူမည်ကို မျှော်လင့်လျက် ရှိကြပါသည် (ဟု ပြောဆိုကြ၏)။

فَأَثَابَهُمُ اللَّهُ بِمَا قَالُوا جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ وَذَٰلِكَ جَزَاءُ الْمُحْسِنِينَ ﴿٨٥﴾

၈၅။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည်၊ ထိုသူတို့အား ထိုသူတို့၏(ထိုသို့ဝန်ခံ) ပြောဆိုခဲ့ကြသည့် အတွက်ကြောင့် အကြင်ဥယျာဉ်များကို အစားပေးတော်မူအံ့။ ထိုဥယျာဉ်များ၏အောက်၌ စမ်းရေချောင်းများသည်စီးဆင်းလျက်ရှိမည်။ ၎င်းတို့သည်ထိုဥယျာဉ်များ၌ထာဝစဉ်နေထိုင်ကြမည်။ ဤသည်ကား ကောင်းမြတ်သောအကျင့်သီလများကို ဖြည့်ကျင့်ဆည်းပူးကြလေသော သူတော်ကောင်းတို့၏အကျိုးပင်တည်း။

وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ الْجَحِيمِ ﴿٨٦﴾

၈၆။ သို့ရာတွင် အကြင်သူများသည် သွေဖည်ငြင်းပယ် နေခဲ့ကြ၏။ ၎င်းပြင် ထိုသူများသည် ငါအရှင်မြတ်၏ ဒေသနာတော်များကို မုသားဟုငြင်းဆိုနေခဲ့ကြ၏။ ထိုကဲ့သို့သော သူများသာလျှင် ငရဲသားများ ဖြစ်ကြပေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تُحَرِّمُوا طَيِّبَاتِ مَا أَحَلَّ اللَّهُ لَكُمْ وَلَا تَعْتَدُوا ۚ إِنَّ اللَّهَ لَا يُحِبُّ الْمُعْتَدِينَ ﴿٨٧﴾

၈၇။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အဘို့ အလ္လာဟ်အရှင်မြတ်က ခွင့်ပြုထားတော်မူသည့် သန့်ရှင်းစင်ကြယ်သော အရာများကို (မိမိတို့အဘို့) (ဟရာမ်)ဟူ၍ *ပိတ်ပင်တားမြစ်ခြင်းမပြုကုန်လင့်။* [၁] ထိုမှတပါး အသင်တို့သည် စည်းကမ်း(ဥပဒေ)ကိုလည်း *ဖောက်ဖျက်ကျူးလွန်ခြင်း မပြုကြလေနှင့်။* [၂]

---

① အချို့သူများသည် တရားသဖြင့် ပြုလုပ်ပိုင်ခွင့်ရှိသော အရာများကိုပင် မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်ရေးဖြစ်သည်ဟု မှတ်ယူကာ အမြဖယ်ကြဉ် ရှောင်ရှားလေ့ရှိကြသည်။ အကယ်၍ မွတ်စ်လင်မ် တစ်ဦးတယောက်သည် ယင်းကဲ့သို့ ပြုပိုင်ခွင့်ရှိသောအရာကို ဟရာမ်ဟူ၍ရှောင်ကြဉ်ခဲ့သည်ရှိသော် ထိုသို့သော မွတ်စ်လင်မ်သည် တနည်းအားဖြင့် "ထိုထိုဤကြ် အရာများကို အစွလာမ်သာသနာတော်တွင် ခွင့်ပြုထားသည်မှာ ➤➤

ဖကန်မလွဲ အလ္လာဟ် အရှင်မြတ်သည် စည်းကမ်းဖောက်ဖျက် ကျူးလွန်သောသူတို့.ကို နှစ်သက်မြတ်နိုးတော်မူသည် မဟုတ်ချေ။

وَكُلُوا۟ مِمَّا رَزَقَكُمُ ٱللَّهُ حَلَٰلًا طَيِّبًا ۖ وَٱتَّقُوا۟ ٱللَّهَ ٱلَّذِىٓ

၈၈။ ထို.ပြင်တဝ အသင်တို.သည် မိမိတို.အား အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူသည်များ အနက်မှ (စားသုံး) ခွင့်ပြုထားတော်မူသော သန့်စင် သောအရာများကို စားသုံးကြလေကုန်။ [၁]

➤➤ ချွတ်ယွင်းနေသည်၊ ကျွန်ုပ်သည် မိမိ၏အသိဉာဏ်အမြော်အမြင် ဗဟုသုတတို့ဖြင့် အဆိုပါ ချွတ်ယွင်းချက်များကို ပြုပြင်ဖြည့်စွက် ဖန်တည်းလျှက်ရှိပါသည်" ဟုပြောရာရောက်နေပေသည်။ ဤသို့ကား အလျင်းမပြုအပ်ပေ။

ကျန်းမာရေးအတွက်သော်၎င်း၊ စီမံခန့်ခွဲမှုအတွက်သော်၎င်း၊ ပြုပိုင်ခွင့်ရှိသော အရာတစုံတခုကို ရှောင်ကြဉ်ခြင်းကား ဟလာလ်ကို ဟရာမ်ပြုရာတွင် အကျုံးမဝင်ပေ။ အတိတ်ခေတ်ရှိ အချို့မွတ်စ်လင်မ် သူတော်စင်များသည် အမြိန့်အရသာရှိသော စားဘွယ်သောက်ဘွယ်များကို ရှောင်ကြဉ်၍ တရား အားထုတ်ခဲ့ကြသည်မှာလည်း ဤသည့် သဘောမျိုးပင်ဖြစ်ပေမည်။ (ကြည့် - မာဂျီဒီ။)

"အလ္လာဟ်အရှင်မြတ်က အသင်တို့အဘို့ ဟလာလ် ပြုလုပ်ထားတော်မူသောအရာကို အသင်တို့သည် ဟရာမ်ဟူ၍ မပြုလုပ်ကြလင့်" ဟူသောမူဖွဲ့ပါဠိတော်တွင် ကာယက်အားဖြင့် ဟရာမ်ပြုလုပ်ခြင်း၊ ဝစီကံအားဖြင့် ဟရာမ် ပြုလုပ်ခြင်း၊ မနောကံအားဖြင့် ဟရာမ်ပြုလုပ်ခြင်း၊ အားလုံးပင် အကျုံးဝင်သည်။ အလ္လာဟ်အရှင်မြတ်က ဟလာလ်ဟူ၍ ခွင့်ပြုထားတော်မူသော "တွိုင်ယိဗါတ်" စင်ကြယ်သန့်ရှင်း အပြစ်ကင်းသောအရာများတွင် စားဘွယ်သောက်ဘွယ် အဝတ်အစား၊ အိမ်ထောင်ပြုမှုစသည့် ကြိုက်နှစ်သက်ဖွယ်ရာ အားလုံးအကြုံးဝင်သည်။

① ကမ္ဘာအဝှန်းကို မွေးမြူဖန်ဆင်းတော်မူသော၊ သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော တရားစည်းကမ်းချက်များမှာ တိကျလှ၏။ မှန်ကန်လှ၏။ သင့်မြတ်လှ၏။ ပြည့်ဝစုံလင်လှ၏။ ထိုထိုသော တရားစည်းကမ်းချက်များတွင် တစုံတရာနှုတ်ယပ် ဖြည့်စွက်ရန် အကြောင်းကား အလျင်း မရှိပေ။ သို့ဖြစ်ပေရာ ထိုထိုသော စည်းကမ်းချက်များတွင် မည်သူမျှ မိမိအတွေးအခေါ် အမြော်အမြင်ဖြင့် တစုံတရာ နှုတ်ယပ်ခြင်းလည်းမပြုရ၊ ဖြည့်စွက်ခြင်းလည်းမပြုရ၊ အလ္လာဟ်အရှင်မြတ် သတ်မှတ် ပြဋ္ဌာန်းထားတော်မူသော စည်းကမ်းချက်များတွင် အနည်းငယ် ဖြည့်စွက်ခြင်းသည် စည်းကမ်းကျူးလွန်ရာ ရောက်သကဲ့သို့ အနည်းငယ် နှုတ်ယပ်ခြင်းသည်လည်း စည်းကမ်းကျူးလွန်ရာပင်ရောက်ပေသည်။ ထိုအတွက်ကြောင့် ကျွန်ုပ်တို့သည် အစွန်လာမ်သာသနာရေးဆိုင်ရာ စည်းကမ်းချက်များကို ဖြည့်စွက်နှုတ်ယပ်ခြင်း အလျင်းမပြုဘဲ တသဝေမတိမ်း တိကျမှန်ကန်စွာ လိုက်နာကျင့်သုံးကြရမေပြီ။ ဟလာလ်ကို ဟရာမ်မပြုကြရ၊ ဟရာမ်ကိုလည်း ဟလာလ်မပြုကြရ။

② အလ္လာဟ်အရှင်မြတ်က စားသုံးရန်ခွင့်ပြုထားတော်မူသည့် သန့်စင်သောအရာများကို မစားသုံးဘဲနေခြင်းသည် ထူးကဲမြင့်မြတ်ခြင်း၏ အကြောင်းတရားမဟုတ်ပေ။ ကြည့် - ဂျဆ်ဆွာဆ်။မာဂျီဒီ

တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဆိတ်သား၊ သိုးသား၊ ကြက်သား၊ စသည့်အသားများကို စားသုံးတော်မူခဲ့၏။ အသီးအနှံများကိုလည်းစားသုံးတော်မူခဲ့၏။ 'ယလ်ဝါ'၊ ပျားရည် ➤➤

أَنتُم بِهِۦ مُؤْمِنُونَ ﴿٨٩﴾

ငင်းပြင် အသင်တို့သည် မိမိတို့ သက်ဝင်ယုံကြည်လျက်ရှိကြကုန်သော အလ္လာဟ်အရှင်မြတ်အားသာ ကြောက်ရွံ့ကြလေကုန်။ [၁]

لَا يُؤَاخِذُكُمُ اللَّهُ بِاللَّغْوِ فِيٓ أَيْمَٰنِكُمْ وَلَٰكِن يُؤَاخِذُكُم بِمَا عَقَّدتُّمُ

၈၉။ အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏ အချည်းနီးသော ကျိန်ဆိုချက်များနှင့် စပ်လျဉ်း၍ အသင်တို့အား ပြစ်ဒဏ် ပေးတော်မူမည် မဟုတ်၊ သို့ရာတွင် အသင်တို့ အခိုင်အမာ ကျိန်ဆိုကြသော ကျိန်ဆိုချက်များနှင့် စပ်လျဉ်း၍ကား အသင်တို့ကို အပြစ်ဒဏ်ပေးတော်မူမည် ဖြစ်သည်။ [၂]

➤➤ စသည့် ချို့သောအရာများကိုလည်း စားသုံးတော်မူခဲ့၏။ ကြည့်-ဂျဆ်ဆွာဆ်၊ မာဂျီဒီ။

(ကုလ) "စားသုံးကြ" ဟူသောစကားသည် စားဘွယ်သောက်ဘွယ်များနှင့်သာလျှင် သက်ဆိုင်သည် မဟုတ်၊ ယင်းစကားတွင် စားမှု၊ သောက်မှု၊ ဝတ်မှု၊ စီးနင်းမှု စသည့် အကျိုးခံစားဘွယ်ရာ အရာအားလုံး အကျုံးဝင်လျက်ရှိပေသည်။ ကြည့်-ကုရ်တုဗီ။

သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအဗ္ဗါစ်သခင်က "အသင်သည် (ဟလာလ်ဖြစ်သော အရာများအနက်) စားချင်သောအရာကို စားပါ၊ ဝတ်ဆင်လိုသောအရာကို ဝတ်ဆင်ပါ၊ သို့ရာတွင် ဖြုန်းတီးမှုနှင့် ဝါကြွားမှုကိုကား ရှောင်ပါ" ဟု ပြောကြားလေ့ရှိခဲ့သည်။ ကြည့်-ဂျဆ်ဆွာဆ်။

① ခွင့်ပြုထားတော်မူသော အရာများကို စားသုံးရာတွင် 'တာက္ကဝါ' တရားကို အမြဲတစေ လက်ကိုင်ပြုထားကြရမည်၊ အဘယ်ကြောင့်ဆိုသော် တာက္ကဝါတရားကို လက်ကိုင်ထားသူ တစ်ဦးသည် စားသုံးရာတွင် အလွန်အယုတ်ဖြစ်မည်မဟုတ်၊ အလယ်အလတ် လမ်းစဉ်ကိုသာ လိုက်နာပေမည်၊ ဝါကြွားမှု၊ ဖြုန်းတီးမှုများကိုလည်း အထူးရှောင်ရှားပေမည်။ (မာဂျီဒီကို မှီးသည်)။

အထက်တွင် 'ဟလာလ်'ကို 'ဟရာမ်' မပြုလုပ်ရမည့်အကြောင်း ပါရှိ၏။ 'ဟလာလ်' ကို 'ဟရာမ်' ပြုလုပ်သည့်နည်းတရပ်မှာ (ယမီးန်) ကျိန်ဆိုခြင်းပင်ဖြစ်၏။ ထို့အတွက်ကြောင့် လာလတဲ့သော မုက္ခပါဠိတော်တွင် ကျိန်ဆိုခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို မိန့်ဆိုထားတော်မူသည်။ ကြည့်-၊ ထာနဝီ၊

② အလေ့အထအလျောက် အမှုမဲ့အမှတ်မဲ့ အချည်းနီးကျိန်ဆိုသော ကျိန်ဆိုချက်များနှင့်စပ်လျဉ်း၍ အလ္လာဟ် အရှင်မြတ်သည် အပြစ်ပေးတော်မမူသော်လည်း အခိုင်အမာကျိန်ဆိုသော ကျိန်ဆိုချက်များနှင့်စပ်လျဉ်း၍ကား အပြစ်ပေးတော်မူမည်ဖြစ်သည်။

(ယမီန်) ကျိန်ဆိုခြင်းသည် သုံးမျိုးသုံးစားရှိသည်။ (၁) ဃမူစ်၊ (၂) မွန်အကိဒဟ်၊ (၃) လဃ်ဝ်

(၁) "ဃမူစ်" ဟူသည် အတိတ်တွင် ဖြစ်ပျက်ခဲ့သော ကိစ္စတစ်ရပ်နှင့် စပ်လျဉ်း၍ လိမ်လည်လိုသော စေတနာဖြင့် မုသားကျိန်ဆိုခြင်းကိုခေါ်သည်။ ယင်းသို့ကျိန်ဆိုသောသူသည် အပြစ်ဒဏ်ခံရမည်ဖြစ်၏။ 'ကဖာရဟ်' အပြစ်ဖြေရန်တာဝန်မရှိ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန် အသနားခံရပေမည်။

(၂) "မွန်အကိဒဟ်" ဟူသည် အနာဂါတ်တွင်ဖြစ်မည့် ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ (ဥပမာ -➤➤

الْأَيْمَانَ ۚ فَكَفَّارَتُهُۥٓ إِطْعَامُ
عَشَرَةِ مَسَٰكِينَ مِنْ أَوْسَطِ
مَا تُطْعِمُونَ أَهْلِيكُمْ
أَوْ كِسْوَتُهُمْ أَوْ تَحْرِيرُ رَقَبَةٍ ۖ
فَمَن لَّمْ يَجِدْ فَصِيَامُ ثَلَٰثَةِ
أَيَّامٍ ۚ ذَٰلِكَ كَفَّارَةُ أَيْمَٰنِكُمْ
إِذَا حَلَفْتُمْ ۚ وَٱحْفَظُوٓا۟
أَيْمَٰنَكُمْ ۚ كَذَٰلِكَ يُبَيِّنُ
ٱللَّهُ لَكُمْ ءَايَٰتِهِۦ لَعَلَّكُمْ

သို့ဖြစ်ပေရာ (ယင်းကဲ့သို့သော ကျိန်ဆို ချက်များကို ချိုးဖောက်ခဲ့သည်ရှိသော်) ထိုကျိန်ဆို ချက်ကို (ချိုးဖောက်ခြင်း)၏ အပြစ် အာပတ်ဖြေ မှုကား အသင်တို့သည် မိမိတို့၏ အိမ်သူအိမ်သား တို့ကို ကျွေးမွေးလေ့ရှိကြသော ခဲဘွယ်ဘောဇဉ်မျိုးထဲမှ အလတ်စားဖြစ်သော ခဲဘွယ်ဘောဇဉ်ကို သူဆင်းရဲ ဆယ်ယောက်အား ကျွေးမွေးခြင်းသော်၎င်း၊ ထိုသူ ဆင်းရဲသား (ဆယ်ယောက်)တို့အား အဝတ်အစား (တစုံကျစီ) ပေးခြင်းသော်၎င်း၊ ကျွန်တယောက်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေခြင်းသော်၎င်း၊ ဖြစ် ချေသည်။ သို့ရာတွင် အကြင်သူသည် (ဤအချက် များကိုလိုက်နာရန်) မတတ်စွမ်းနိုင်ခဲ့ပါမူ (ထိုသူ သည်) သုံးရက်(ဆက်၍) "ဆွိယာမ်" ဥပုသ် ဆောက် တည်ရမည်။

➤➤ ကျွန်ုပ်သည် ဤအလုပ်ကို ပြုလုပ်မည် ဟူ၍သော် လည်းကောင်း၊ ကျွန်ုပ်သည် ဤအလုပ်ကို ပြုလုပ်မည် မဟုတ် ဟူ၍သော် လည်းကောင်း၊) ကျိန်ဆိုခြင်းကို ဆိုသည်။ ယင်းကဲ့သို့ ကျိန်ဆို ပြီးနောက် မိမိ၏ ကျိန်ဆိုချက်ကို ချိုးဖောက်ခဲ့သည် ရှိသော် ထိုသူ့အပေါ်၌ "ကဖ္ဖါရဟ်" အပြစ် အာပတ်ဖြေရန် တာဝန် ရှိသည်။

(၃) "လဃ်ဝ်" ဟူသည် အတိတ်ခေတ်တွင် ဖြစ်ပျက်ခဲ့သော ကိစ္စတရပ်ရပ်နှင့်စပ်လျဉ်း၍ မိမိကျိန်ဆိုသည့် အတိုင်း မှန်ကန်သည်ဟု ယူဆကာ ကျိန်ဆိုခြင်းကို ဆိုသည်။ သို့ရာတွင် အဖြစ်မှန်မှာ ထိုကျိန်ဆိုသူ၏ ယူဆချက်သည် မှားလျက်ရှိ၏။ ထိုကဲ့သို့ ကျိန်ဆိုသောသူ၌ အပြစ်ရှိမည်မဟုတ်ချေ။

ကြည့်–ဟီဒါယဟ်ကျမ်း၊ အစောင် – ၂၊ စာမျက်နှာ (၄၅၈ – ၄၅၉)

ဓမ္မသတ်–။

(က) ဆင်းရဲသား ၁၀ ဦးကို (နံနက်စာ၊ ညစာနှစ်နပ်) ထမင်းအဝကျွေးမွေးရာတွင် ၎င်းတို့အား မိမိအိမ်၌လည်း ခေါ်၍ကျွေးနိုင်သည်။ သို့မဟုတ် "ဆွဒကတုလ်ဖစ်တ်ရ်" အလှူနှင့်အမျှ ဆင်းရဲသားများကို ကောက်ပဲ သီးနှံကိုသော်လည်းကောင်း၊ အခကြေးငွေကိုသော်လည်းကောင်း၊ ပေးနိုင်ပေသည်။

(ခ) ဆင်းရဲသားများအား အဝတ်အစားပေးရာတွင် ကိုယ်ခန္ဓာ၏အများစုကို လုံခြုံစေသည့် အဝတ်အစားများကို ပေးရမည်။ ဥပမာ–အင်္ကျီ၊ ဘောင်းဘီ၊ သို့မဟုတ် ပုဆိုး၊ ခြုံထည် ပါဝင်စေရမည်။

(ဂ) ကျွန်ကို ကျွန်အဖြစ်မှ လွတ်မြောက်စေရာတွင် အဆိုပါကျွန်သည် မွတ်စ်လင်မ်ဖြစ်ရန်မလိုပေ။

(ဃ) တရက်နှစ်ရက် ဥပုသ်ဆောက်တည်ပြီးမှ ဆင်းရဲသားများကို ထမင်းကျွေးရန် စွမ်းဆောင် ➤➤

تَشْكُرُونَ ﴿٩١﴾

ဤသည်တို့ကား အသင်တို့ ကျိန်ဆိုပြီး (မိမိတို့၏ ကျိန်ဆိုချက်များကို ချိုးဖောက်)ခဲ့သည် ရှိသော် အသင်တို့ကျိန်ဆိုချက်များ၏ အပြစ်အာပတ် ဖြေခြင်းပင် ဖြစ်သည်။ ၎င်းပြင် အသင်တို့သည် မိမိ တို့၏ ကျိန်ဆိုချက်များကို စောင့်ထိန်းကြလေကုန်။ ဤသို့အားဖြင့် အလ္လာဟ် အရှင်မြတ်သည် မိမိ၏ အမိန့်တော်များကို အသင်တို့အား ရှင်းလင်းစွာ ထုတ်ဖော် မိန့်ကြားတော်မူလေသည်။ သို့မှသာလျှင် အသင်တို့ ကျေးဇူးသိတတ်ကြပေမည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِنَّمَا ٱلْخَمْرُ وَٱلْمَيْسِرُ وَٱلْأَنصَابُ وَٱلْأَزْلَٰمُ رِجْسٌ مِّنْ عَمَلِ ٱلشَّيْطَٰنِ فَٱجْتَنِبُوهُ لَعَلَّكُمْ تُفْلِحُونَ ﴿٩٠﴾

၉၀။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မုချဧကန် သေစာအရက်သည်၎င်း၊ လောင်းတမ်းကစားခြင်းသည်၎င်း၊ ရုပ်ထု၊ ဆင်းတု (အစရှိသည့် အရာ)များသည်၎င်း၊ မြှား (ဖြင့် ကံစမ်းခြင်း)သည်၎င်း၊ အလွန်ဆိုးရွား ညစ်ညမ်းလှသော အမှုကိစ္စများ၊ 'ရှိုင်တွာန်' အပြုအမူများသာလျှင် ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထို(ဆိုးရွားညစ်ညမ်းသောအရာ)ကို ရှောင်ကြဉ်ကြကုန်လော့၊ [၁] သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။

➤➤ နိုင်ခဲ့သည် ရှိသော်၊ သို့မဟုတ် အဝတ်အစားပေးရန် စွမ်းဆောင်နိုင်ခဲ့သည်ရှိသော် ဥပုသ် ဆောက်တည်ခြင်းသည် 'ကဖ်ဖာရဟ်' ဖြစ်မည် မဟုတ်ပေ။ (အဘယ့်ကြောင့်ဆိုသော် ကဖ်ဖာရဟ်အတွက် ဥပုသ်ဆောက်တည်ရာတွင် သုံးရက်ဆက်တိုက် ဆောက်တည်ရသည်)။

(ဂ) ဤမုကျွပါဠိတော်တွင် စွမ်းဆောင်နိုင်ခြင်းဟူသည် "ဆွာနိဟ်" ဧကာတ် ပေးဆောင်ရန် အတွက် တရားတော်က သတ်မှတ်ထားသည့် ဥစ္စာပစ္စည်း(အရေအတွက်မျှ) ပိုင်ဆိုင်ခြင်းကို ဆိုလိုသည်မဟုတ်။ ကဖ်ဖာရဟ်ပေးရန်အတွက် လိုအပ်သမျှကို စွမ်းဆောင်နိုင်ခြင်းကိုသာ ဆိုလိုသည်။

(စ) ကျိန်ဆိုချက်ကို တမင်ချိုးဖောက်သည်ဖြစ်စေ၊ မေ့မှား၍ ချိုးဖောက်မိသည်ဖြစ် 'ကဖ်ဖါရဟ်' ပေးရမည်သည်ဖြစ်၏။ ထာနဝီ၊ အတွဲ - ၁၊ စာမျက်နှာ - (၅၉)။

(ဆ) ဆင်းရဲသား ၁၀ ယောက်ကို ထမင်းကျွေးမွေးရာတွင် နံနက်စာ၊ ညစာ၊ နှစ်နပ် ကျွေးမွေးရမည် ဖြစ်သည်။ ဆင်းရဲသား ၁၀ ယောက်ကို တရက်တည်းတွင်လည်း ကျွေးမွေးနိုင်သည်။ ဆင်းရဲသား ၁ ယောက်ကို ၁၀ ရက်လည်း ကျွေးမွေးနိုင်သည်။ (မာဂျီဒီ၊ ထာနဝီ)။

① ဤမုကျွပါဠိတော်တွင် သေရည်သေရက်သောက်စားခြင်း၊ လောင်းကစားခြင်းများကို "ဟရာမ်" ဟူ၍ ➤➤

➤➤ ပညတ်တော်မူရာတွင် သုံးနှုန်းထားတော်မူသော အသုံးနှုန်းနှင့် အကြောင်းပြချက်များကို အလွှာမဟ်ဓမေခ်ရှရီက အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

(၁) ဤမုကွပါဠိတော်၏အစဉ် အလွှာဟ်အရှင်မြတ်သည် "အင်နံနမာ" (ဤမှတပါး အခြား မဟုတ်) ဟူသောပုဒ်ကို သုံးထားတော်မူသည်။ ဆိုလိုသည်ကား သေရည်သေရက်နှင့် လောင်းတမ်းကစားမှု၏ အခြေအမြစ်မှာ ဤမုကွပါဠိတော်တွင် ပါရှိသည့်အတိုင်းပင်ဖြစ်သည်။ ဤမှတပါးအခြားမဟုတ်ပေ။

(၂) သေရည်သေရက်နှင့် လောင်းတမ်းကစားမှု အကြောင်းကို ဆင်းတု၊ ကံစမ်းမဲမြှားစသည့် ဆိုးရွားညစ်ညမ်းသော အရာများနှင့် ပူးတွဲ၍ မိန့်ဆိုထားတော်မူသည်။

(၃) သေရည်သေရက်နှင့် လောင်းကစားမှုများကို "ရစ်ဂျိစ်" ညစ်ညမ်းယုတ်မာသော အရာများဟူ၍ မိန့်ဆိုထားတော်မူသည်။

(၄) သေရည်သေရက်နှင့် လောင်းတမ်းကစားမှုများကို ရွံဒ်တွာန်၏အလုပ်ဖြစ်သည် ဟူ၍ မိန့်ဆိုထားတော်မူသည်။

(၅) သေရည်သေရက်နှင့် လောင်းတမ်းကစားမှုများကို ရှောင်ကြဉ်ကြလော့ ဟု အတည့်အလင်း ပညတ်ထားတော်မူသည်။

(၆) သေရည်သေရက်နှင့် လောင်းတမ်းကစားမှုများကို ရှောင်ကြဉ်လျှင် အောင်မြင်မည်ဟူ၍ မိန့်ဆိုထားတော်မူသည်။

(၇) သေရည်သေရက်နှင့် လောင်းတမ်းကစားမှုများနှင့် စပ်လျဉ်း၍ လောကီ၊ လောကုတ္တရာရေးများတွင် ကျိုးယုတ်ဆုံးရှုံးများကိုလည်း ပူးတွဲမိန့်ဆိုထားတော်မူသည်။ ဤသည့်အချက်များကို ထောက်ရှုခြင်းအားဖြင့် သေရည်သေရက်၊ လောင်းတမ်းကစားမှုများသည် ဟရာမ်ဖြစ်ကြောင်း၊ အဘယ်မျှ ဆိုးရွားကြောင်းကို ကောင်းစွာသိနိုင်ပေသည်။ ကြည့်-မာဂျီဒီ။

သေရည်သေရက်ကို 'ဟရာမ်' ဟူ၍ တားမြစ်တော်မူသည့်အကြောင်း ဤမုကွပါဠိတော် တပါးတည်းနှင့်ပင် လုံလောက်ပေသည်။ အဘယ်ကြောင့်ဆိုသော် (၁) သေရည်သေရက်သည် (ရစ်ဂျစ်) ညစ်ညမ်းသောအရာဖြစ်၏။ ရှရီအတ်တွင် 'ရစ်ဂျစ်' ညစ်ညမ်းသော အရာဟူသမျှကို ရှောင်ကြည်ရ၏။ (၂) သေရည်သေရက်ကို အသင်တို့ ရှောင်ကြဉ်ကြကုန်လော့ဟူ၍ အလွှာဟ်အရှင်မြတ်က အတည့်အလင်း ပညတ်ထားတော်မူသည်။ အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ကို မုချလိုက်နာကျင့်သုံးရသည်ဖြစ်၏။

ဂျဆ်ဆွာဆ်။ မာဂျီဒီ၊ အတွဲ-၁၊ စာမျက်နှာ-၂၆၉၊ အောက်ခြေအမှတ်(၂၈၄)။

သေရည်သေရက် သောက်စားမှုကို ပိတ်ပင်တားမြစ်တော်မူရာ၌ ထုတ်ပြန်ချမှတ်တော်မူသည့် ဤမုကွပါဠိတော်တွင် သုံးနှုန်းထားတော်မူသည့် အသုံးအနှုန်းများနှင့် အကြောင်းပြချက်များကို အထူးစဉ်းစားဆင်ခြင်အပ်ပေသည်။ ဤတွင် 'အလ်မနာရ်' ကျမ်းမှ ကောက်နှုတ်ချက်ကို ရေးသားဖော်ပြပါအံ့။

(၁) အလွှာဟ်အရှင်မြတ်သည် သေရည်သေရက် သောက်စားမှုနှင့် လောင်းတမ်းကစားမှုကို 'ရစ်ဂျစ်' ဟူ၍ မိန့်ဆိုထားတော်မူ၏။ 'ရစ်ဂျစ်' ဟူသည် အဆိုးရွားဆုံး၊ အညစ်အညမ်းဆုံး၊ အယုတ်မာဆုံးသော အရာကိုဆိုသည်။ 'ရစ်ဂျစ်' ဟူသော ပုဒ်ကို ကုရ်အာန်ကျမ်းမြတ်တွင် ၉ -နေရာ၌ သုံးနှုန်းထားတော်မူသည်ကို တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၅း၉၀။ ၆း၁၅၆။ ၆း၁၄၆။ ၇း၇၁။ ၉း၉၅။ ၉း၁၂၅။ ၁၀း၁၀၀။ ၂၂း၃၀။ ၃၃း၃၃) ကုရ်အာန်ကျမ်းလာ မုကွပါဠိတော်များကို ကြည့်ခြင်းအားဖြင့် အလွှာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်သော အရာများကို ခွင့်ပြုထားတော်မူသည့် ➤➤

➤➤ အကြောင်း၊ ညစ်ညမ်းသော အရာများကို တားမြစ်ထားတော်မူသည့် အကြောင်းကောင်းစွာ သိရှိရပေသည်။

တမန်တော်မြတ်ကလည်း သေရည်သေရက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

သေရည်သေရက်သည် ယုတ်မာညစ်ညမ်းမှုအပေါင်းတို့၏ မိခင် (အချုပ်) ဖြစ်သည်။

သေရည်သေရက်သည် ရှက်ဘွယ်မှုအပေါင်းတို့၏ အမိဖြစ်၏၊ ကြီးလေးသော အပြစ်များ အနက် အကြီးဆုံး အပြစ်ဖြစ်၏။ အကြင်သူသည် သေရည်သေရက် သောက်စားအံ့၊ ထိုသူသည် ဆွေလာတ်ဝတ်ပြုမှုကို စွန့်အံ့၊ ၎င်းပြင် ထိုသူသည် မိမိ၏ အမိ၊ အရီး၊ အဒေါ်များကိုလည်း ပြုကျင့်အံ့။

(၂) အလ္လာဟ်အရှင်မြတ်သည် အဆိုပါမုက္ခပါဠိတော်ကို "အင်နံနမာ" ဟူသော ယုံမှားဘွယ်မရှိခြင်းပြ ကြိယာဝိသေသနပုဒ်ဖြင့် အစပြုထားတော်မူသည်။ "အင်နံနမာ" ၏ အဓိပ္ပါယ်မှာ "ဤမှတပါး အခြားမဟုတ်"၊ "မုချဇကန်" ဟူ၍ဖြစ်၏။ ဆိုလိုသည်ကား သေရည်သေရက် သောက်စားမှုနှင့် လောင်းတမ်းကစားမှုသည် ကုရ်အာန်ကျမ်းမြတ်တွင် ပါရှိသည့်အတိုင်းပင် အလွန်တရာမှ ယုတ်မာ ညစ်ညမ်းသော အမှုသာလျှင်ဖြစ်၏။ အကောင်းဟူ၍ ဘာမျှမရှိ။ ဤမှတပါး အခြားမဟုတ်ချေ။

(၃) အလ္လာဟ်အရှင်မြတ်သည် သေရည်သေရက် သောက်စားမှုနှင့် လောင်းတမ်းကစားမှုများကို အမိုက်ဆော်ရှိ သူမိုက်များ ဆည်းကပ်ကိုးကွယ်ခဲ့ကြသည့် ရုပ်လုံး၊ ရုပ်ထုများ၊ သူမိုက်တို့ အသုံးပြုခဲ့ကြသည့် မဲမြှားများနှင့် ပူးတွဲ၍ မိန့်ဆိုထားတော်မူသည်။

(၄) အလ္လာဟ်အရှင်မြတ်သည် သေရည်သေရက် သောက်စားမှုနှင့် လောင်းတမ်းကစားမှုသည် "ရှိုင်တွာန်" ၏ အလုပ်ဟူ၍ မိန့်ဆိုထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှု ၂ - ရပ်မှ သွေဖည်မှု၊ မကောင်းမှုများသာ ဖြစ်ပွားခြင်းကြောင့်ပင်ဖြစ်သည်။ ၎င်းပြင် ရှိုင်တွာန်၏ အလုပ်မှန်သမျှသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးရန်အကြောင်းချည်းသာလျှင် ဖြစ်ပေသည်။

(၅) အလ္လာဟ်အရှင်မြတ်က "ဖဂျ်တနိဗူဟု" (အသင်တို့သည် ထိုယုတ်မာညစ်ညမ်းသော အရာကို ဝေးစွာရှောင်ကြဉ်ကြ) ဟု အတည့်အလင်းပိတ်ပင် မြစ်တားထားတော်မူသည်။

(၆) အလ္လာဟ်အရှင်မြတ်က သေရည်အရက်သောက်စားမှုနှင့် လောင်းတမ်းကစားမှုကို ရှောင်ကြဉ်လျှင် အောင်မြင်မည်ဟူ၍လည်း မိန့်ကြားထားတော်မူသည်။

(၇-၈) အလ္လာဟ်အရှင်မြတ်က သေရည်အရက်သောက်စားမှုနှင့် လောင်းတမ်းကစားမှုသည် ရန်ငြိုးပွားမှု၊ မုန်းထားမှုများ၏ အကြောင်းရင်းဖြစ်သည် ဟူ၍လည်း မိန့်ဆိုထားတော်မူသည်။ ရန်ငြိုးပွားမှု၊ မုန်းထားမှုသည် လောကီရေးများတွင် ဒုစရိုက်မှုအမျိုးမျိုးကို ဖြစ်ပွားစေသည့် အဆိုးရွားဆုံးသော အရာပင်ဖြစ်သည်။

(၉-၁၀) သေရည်သေရက် သောက်စားမှုနှင့် လောင်းတမ်းကစားမှုသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းနှင့် ဆွေလာတ်ဝတ်ပြုခြင်းများကိုလည်း တားဆီးသည်ဟူ၍လည်း မိန့်ဆိုထားတော်မူသည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းသည် သာသနာ၏ ဝိညာဉ်ဖြစ်၏။ ဆွေလာတ်ဝတ်ပြုခြင်းသည် သာသနာ၏ မဏ္ဍိုင်ဖြစ်၏။

(၁၁) အလ္လာဟ်အရှင်မြတ်သည် ကျိုးကြောင်းပြတော်မူ၍ အဆိုပါမုက္ခပါဠိတော်၏ အဆုံးတွင် "ဖဟလ်အန်တွန်မ် မွန်တဟူန်" အသင်တို့သည် ရပ်တန့်ကြမည်လော၊ (ရပ်တန့်ကြ)ဟူ၍ ➤➤

إِنَّمَا يُرِيدُ الشَّيْطَٰنُ أَن يُوقِعَ بَيْنَكُمُ الْعَدَٰوَةَ وَالْبَغْضَآءَ فِى الْخَمْرِ وَالْمَيْسِرِ وَيَصُدَّكُمْ عَن ذِكْرِ اللَّهِ وَعَنِ الصَّلَوٰةِ ۖ فَهَلْ أَنتُم مُّنتَهُونَ ﴿٩١﴾

၉၁။ မချဧကန် "ရိုင်တွာန်" မိစ္ဆာကောင်သည် သေစာအရက်(ကို သောက်စား စေခြင်း)ဖြင့်၎င်း၊ လောင်းတမ်း ကစားစေခြင်းဖြင့်၎င်း၊ အသင်တို့၏ စပ်ကြားဝယ် ရန်ငြိုးပွားမှုကိုဂင်း၊ မုန်းတီးမှုကိုဂင်း၊ ဖန်တီးရန်နှင့် အသင်တို့ကို အလွှာဟ်အရှင်မြတ်အား အောက်မေ့သတိရခြင်းမှဂင်း၊ "ဆွလာတ်" ဝတ်ပြုခြင်းမှဂင်း၊ ပိတ်ပင်တားဆီးရန်သာလျှင် ကြံစည်လျက် ရှိလေ၏။ [၁] သို့ဖြစ်ပေရာ အသင်တို့သည် (သေစာအရက်သောက်စားခြင်းနှင့်လောင်းတမ်းကစားခြင်းမှ) ရပ်စဲကြပါမည်လော။

➤➤ လေးနက်စွာ မြစ်တားထားတော်မူသည်။

(၁၂) သေရည်အရက်သောက်စားမှု၊ လောင်းတမ်းကစားမှုများကို ရှောင်ကြဉ်ရန်နှင့်စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကိုဂင်း၊ တမန်တော်မြတ်၏ သြဝါဒများကိုဂင်း၊ လိုက်နာကြရမည်ဟူ၍လည်း ထပ်ဆင့်၍ အလွှာဟ်အရှင်မြတ်က မိန့်ဆိုထားတော်မူသည်။

(၁၃) သေရည်အရက်သောက်စားမှု၊ လောင်းတမ်းကစားမှုများကို ရှောင်ကြဉ်ကြရန်နှင့်စပ်လျဉ်းသည့် အမိန့်တော်များကို ဆွေဖည်က ပစ္စက္ခဘဝနှင့် နောင်တမလွန်ဘဝတွင် သက်ရောက်မည့် ပြစ်ဒဏ်များကို သတိပြုကြဟူ၍လည်း အလွှာဟ်အရှင်မြတ်က သတိပေးထားတော်မူသည်။

(၁၄) သေရည်အရက် သောက်စားမှု၊ လောင်းတမ်းကစားမှုများကို ရှောင်ကြဉ်ရန်နှင့် စပ်လျဉ်း၍ အမိန့်တော်များကို ဆွေဖည်ကြလျှင် "ငါ၏ တမန်တော်အပေါ်၌ ရှင်းလင်းစွာ ဟောကြားရန် တာဝန်သာလျှင် ရှိသည်" ဟူ၍ ထပ်မံသတိပေးထားတော်မူသည်။ ဆိုလိုသည်ကား တမန်တော်မြတ်သည် မိမိ၌ တာဝန်ရှိသည့် အတိုင်း ပွင့်လင်းစွာ ဟောကြားပြီးချေပြီ။ နာခံခြင်း၊ မနာခံခြင်းသည် အသင်တို့၏ တာဝန်သာဖြစ်၏။ တာဝန် ကျေပြွန်သူတို့ကို အကျိုးပေးခြင်း၊ တာဝန် ပျက်ကွက်သူတို့ကို အပြစ်ပေးခြင်းသည် ငါ၏တာဝန် ဖြစ်၏။ သို့ဖြစ်ပေရာအသင်တို့သည် မိမိတို့၏အကျိုးအပြစ်ကို မကြာမီအတွင်း တွေ့မြင်ကြရမည်ဟူလို။

သေရည်သေရက်သောက်စားမှုနှင့် လောင်းတမ်းကစားမှုကို ပိတ်ပင်တားမြစ်ထားတော်မူရာတွင် လေးနက်သော အသုံးအနှုန်း၊ ကြောက်မက်ဘွယ်ကောင်းသော သတိပေးချက်များဖြင့် ကျိုးကြောင်းပြ၍ လေးနက်ကျပ်တည်းစွာ ပညတ်ထားတော်မူသည်။

① သေရည်သေရက် သောက်စားသည့်အခါ အသိဉာဏ်သည် ပျောက်ကွယ်သွား၏၊ ဟီရိသြတ္တပ္ပ အရှက်အကြောက်ကင်းမဲ့သွား၏။ "ကာမကြူးလွှင်-မွဲ၊ သေရည်ကြူးလွှင်-ဆဲ" ဆိုသကဲ့သို့ ဆဲဆို၏။ အချို့အချိန်များတွင် သူရူးသဘွယ်ဖြစ်၍ အချင်းချင်း ခိုက်ရန်ဒေါသဖြစ်၏။ အမူးပြေသည့် နောက်သော်မှပင် ရန်ငြိုးရန်စ ကျန်လျက်ရှိတတ်၏။ လောင်းတမ်းကစားခြင်းသည် ထို့ထက်မကပင် အချင်းချင်းအကြီးအကျယ် အငြင်းအခုံဖြစ်စေ၏၊ ➤➤

တနည်း။

ဤမှတပါး အခြားမဟုတ်၊ ရှိုင်တွာန်မိစ္ဆာကောင်သည် သေရည်သေရက်ဖြင့်ငင်း၊ အလောင်းအစားဖြင့်ငင်း၊ အသင်တို့စပ်ကြားတွင် ရန်ငြိုးပွားမှု၊ မုန်းထားမှုများကို ဖြစ်စေလို၏။ ငင်းပြင် (ရှိုင်တွာန်သည်) အသင်တို့ကို အလ္လာဟ် အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှငင်း၊ ဆွလာတ်ဝတ်ပြုခြင်းမှငင်း၊ ပိတ်ပင်တားဆီးလို၏။ သို့ဖြစ်ပေရာ အသင်တို့သည် ရပ်တုံ့ကြမည်သူများဖြစ်ကြသလော။ (ရပ်တန့်ကြမည်လော)(ဝါ) ရပ်တန့်ကြလေကုန်။

وَأَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ وَاحْذَرُوا ۚ فَإِن تَوَلَّيْتُمْ فَاعْلَمُوا أَنَّمَا عَلَىٰ رَسُولِنَا الْبَلَاغُ الْمُبِينُ ﴿٩٢﴾

၉၂။ ငင်းပြင်အသင်တို့သည် အလ္လာဟ်အရှင်မြတ်(၏ အမိန့်တော်အရပ်ရပ်)ကို လိုက်နာကြလေကုန်၊ ငင်းပြင်အသင်တို့သည် ရာစူလ်တမန်တော်(၏ ဩဝါဒအရပ်ရပ်)ကိုလည်း လိုက်နာကြလေကုန်၊ ငင်းပြင်အသင်တို့သည်သတိထားကြလေကုန်၊ တဖန် အကယ်၍အသင်တို့သည် (အလ္လာဟ်အရှင်မြတ်နှင့် နဗီတမန်တော်မြတ်၏ အမိန့်တော်များကို မလိုက်နာကြဘဲ)

➢➢ နိုင်သူသည် စည်းမဲ့ကမ်းမဲ့ အပျော်ကြူး၏။ ရှုံးသူသည် ဝမ်းနည်းပက်လက် ဖြစ်၏။ တဖန်ပြန်လည်၍ အနိုင်ရရှိရန်အတွက် အခြားလုပ်ငန်းဆောင်တာများကိုပင် မစဉ်းစားနိုင်ဘဲ မစားနိုင် မသောက်နိုင် ကြိုးပမ်း၏။ နိုင်သူကို လုပ်ကြံသတ်ဖြတ်၏။ အရက်သေစာသောက်စားသူများနှင့် လောင်းကစား သူများသည် ပစ္စက္ခမျက်မှောက်ဘဝ၌ပင် ဥစ္စာပစ္စည်း ဆုံးပါးကြရ၏။ အရက်သမား၊ ကစားသမားဟူ၍ လူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံကြရ၏။ ထိုသို့သောသူများသည် အလ္လာဟ်အရှင်မြတ်အား အသို့လျှင် အောက်မေ့တသ သတိရကြနိုင်အံ့နည်း၊ အသို့လျှင် ဆွလာတ်ဝတ်ပြုနိုင်ကြအံ့နည်း။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းသည် သာသနာ၏ ဝိညာဉ်ဖြစ်၏။ ဆွလာတ်ဝတ်ပြုခြင်းသည် သာသနာ၏ မဏ္ဍိုင်ဖြစ်၏။ (အလ်မနာရ်)။

သေရည်သေရက်သောက်စားခြင်း၊ အလောင်းအစား ပြုလုပ်ခြင်းသည် တနည်းအားဖြင့် ရှိုင်တွာန်မိစ္ဆာကောင်၏သစ္စာရေကို သောက်သုံးရာမည်၏။ ရှိုင်တွာန်သည် အရက်သမားနှင့်ကစားသမားများအား ဒုစရိုက်မှုအမျိုးမျိုးကို ကျူးလွန်ရန် ကောင်းစွာစေစား၏။ အချုပ်အားဖြင့် အရက်သမားကစားသမားများသည် နှစ်ဘဝလုံး၌ပင် အဆုံးကြီးဆုံး၍ အရှုံးကြီးရှုံးကြရမည့် သူယုတ်မာများသာ ဖြစ်ကြပေသည်။

လွဲဖယ်သွားကြပါမူ၊ ငါ အရှင်မြတ်၏ ရာဇလ် တမန်တော်၌ (ငါအရှင်မြတ်၏ အမိန့်တော်များကို) ရှင်းလင်းထင်ရှားစွာ (ထုတ်ဖော်ဟောကြား) ပို့သ ရန်သာ တာဝန်ရှိသည်ကို အသင်တို့ (ကောင်းစွာ) သိနားလည်ထားကြလေကုန်။

لَيْسَ عَلَى الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جُنَاحٌ فِيْمَا طَعِمُوْٓا اِذَا مَا اتَّقَوْا وَّاٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ثُمَّ اتَّقَوْا وَّاٰمَنُوْا ثُمَّ اتَّقَوْا وَّاَحْسَنُوْا ۗ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ﴿٩٣﴾

၉၃။ 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရားထားရှိ၍ ကောင်းမြတ်သော သီလများကို ကျင့်မူကြကုန်သော သူတို့အပေါ်ဝယ်၊ ၎င်းတို့သည် (အတိတ်ကာလ၌ "ဟရာမ်" ဟူ၍တားမြစ်ခြင်းမပြုမီ သေစာအရက်ကို ၎င်း၊ လောင်းတမ်းကစားခြင်းဖြင့်ရရှိသော ပစ္စည်း ကိုဌင်း၊ အခြားတစုံရာကိုဌင်း) စားသုံးမိခဲ့ကြသည့် အတွက် အပြစ်တစုံတရာမျှမရှိချေ။

အကြင်အခါဝယ် ထိုသူတို့သည် (ထိုစဉ်အခါက တားမြစ်ထားသောအရာများမှလည်း) ကြဉ်ရှောင်ခဲ့ကြကုန်၏။ ထို့ပြင်တဝ ထိုသူတို့သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို) ယုံကြည်ကြ၏။ ("ဆွလာတ်" ဝတ်ပြုခြင်း၊ 'ဆွိယာမ်' ဥပုသ် သီတင်းသီလဆောက်တည်ခြင်း၊ 'ဂျီဟာဒ်' အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း၊ အစရှိသည့်) ကောင်းမြတ်သောသီလများကိုလည်း ကျင့်မူကြကုန်၏။

ထိုနောက်တဖန် ထိုသူတို့သည် (အလ္လာဟ်အရှင်မြတ်က "ဟရာမ်"ဟူ၍ တားမြစ်တော်မူသော အခါ၊ ထိုတားမြစ်တော်မူသော အရာများမှလည်း) ကြဉ်ရှောင်ကြကုန်၏။ ၎င်းပြင် (ထိုအရာများနှင့် စပ်လျဉ်း၍ ကျရောက်လာသော အမိန့်ပညတ်တော်များကိုလည်း) အီမာန်ယုံကြည်ကြကုန်၏။

ထို့နောက်တဖန် ထိုသူတို့သည် (သဒ္ဓါတရား ထက်သန်စွာနှင့် တဆင့်တိုးပြီး "ဟရာမ်" ဟူ၍ တားမြစ်ထားသော အရာများမှ လွတ်ကင်းနိုင်ခြင်းငှာ ဒွိဟသံသယ မကင်းသော အရာများမှလည်း) ကြဉ်ရှောင်ကြ၏။ ၎င်းပြင် (ကောင်းမြတ်သော ကျင့်ဝတ်တို့ကို စိတ်ရောကိုယ်ပါ) ကောင်းမွန်စွာ ဖြည့်ကျင့် ဆည်းပူးလျက်လည်း ရှိကြ၏။ အမှန် စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကောင်းမွန်စွာ ဖြည့်ကျင့် ဆည်းပူးကြကုန်သောသူတို့အား ချစ်ကြည် မြတ်နိုးတော်မူလေသတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَيَبۡلُوَنَّكُمُ ٱللَّهُ بِشَيۡءٖ مِّنَ ٱلصَّيۡدِ تَنَالُهُۥٓ أَيۡدِيكُمۡ وَرِمَاحُكُمۡ لِيَعۡلَمَ ٱللَّهُ مَن يَخَافُهُۥ بِٱلۡغَيۡبِۚ فَمَنِ ٱعۡتَدَىٰ بَعۡدَ ذَٰلِكَ فَلَهُۥ عَذَابٌ أَلِيمٞ ٩٤

၉၄။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိအား အကွယ်၌ မည်သူကြောက်ရွံ့သည်ကို သိတော်မူခြင်းငှာ အသင်တို့၏ လက်များနှင့် လုံစွပ်များမှီနိုင်သော အချို့ အမဲများဖြင့် အသင်တို့အား စမ်းသပ်တော်မူမည်။ သို့ဖြစ်ပေရာ မည်သူမဆို ထို(ကဲ့သို့ ထုတ်ဖော်မိန့်ကြားတော်မူပြီး)နောက် (ထိုအမဲများကို ပစ်ခတ်ဖမ်းဆီးခြင်းအားဖြင့်) ကျူးကျော်ခဲ့ပါမူ၊ ထိုသူတို့၏ အဘို့ (နောင်တမလွန်ဘဝတွင်) အလွန်နာကျင်ဘွယ်ဖြစ်သော ပြစ်ဒဏ်သည် အဆင်သင့်ရှိပေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَقۡتُلُواْ ٱلصَّيۡدَ وَأَنتُمۡ حُرُمٞۚ وَمَن قَتَلَهُۥ

၉၅။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'အစ်ဟ်ရာမ်' ဝတ်ရုံကို ဝတ်ဆင်လျက်ရှိကြစဉ်အခါဝယ်၊ အမဲတိရစ္ဆာန်တို့ကို (ပစ်ခတ်ဖမ်းဆီး) သတ်ဖြတ်ခြင်း မပြုကြကုန်လင့်။ [၁]

---

① **ဓမ္မသတ်။**

၁။ "ဟရာမ်" ဟူ၍သတ်မှတ်ထားသော နယ်နမိတ်အတွင်း၌ဌင်း၊ "အစ်ဟ်ရာမ်" ဝတ်ရုံထားသည့် အချိန်တွင်း၌ဌင်း၊ သားကောင်များကို ဘမ်းဆီးသတ်ဖြတ်ခြင်းသည် ဟရာမ်ဖြစ်၏။ ထိုသားကောင်များတွင် စားသုံးပိုင်ခွင့်ရှိသော သားကောင်များသည်ဌင်း၊ မစားသုံးပိုင်သော သားကောင်များသည်ဌင်း၊ အကျိုးဝင်၏၊ ➤➤

مِنكُم مُّتَعَمِّدًا فَجَزَآءٌ مِّثْلُ
مَا قَتَلَ مِنَ النَّعَمِ يَحْكُمُ بِهِۦ
ذَوَا عَدْلٍ مِّنكُمْ هَدْيًۢا بَٰلِغَ
ٱلْكَعْبَةِ أَوْ كَفَّٰرَةٌ طَعَامُ
مَسَٰكِينَ أَوْ عَدْلُ ذَٰلِكَ
صِيَامًا لِّيَذُوقَ وَبَالَ
أَمْرِهِۦ عَفَا ٱللَّهُ عَمَّا سَلَفَ ۖ
وَمَنْ عَادَ فَيَنتَقِمُ ٱللَّهُ مِنْهُ ۗ
وَٱللَّهُ عَزِيزٌ ذُو ٱنتِقَامٍ ﴿٩٥﴾

အမှန်စင်စစ်သော်ကား မည်သူမဆို အသင်တို့အနက်မှ ထိုအမဲတိရစ္ဆာန်များကို တမင်ကြံရွယ်ပြီး သတ်ဖြတ်ခဲ့ပါမူ၊ ထို သတ်ခဲ့သော တိရစ္ဆာန်နှင့် တူမျှသော အခြေလေးချောင်း တိရစ္ဆာန်တကောင်ကို ကုရ်ဗာနီသားကောင်အဖြစ် ကအ်ဗဟ် ကျောင်းတော်သို့ ပို့ဆောင်ခြင်းအားဖြင့် ဒဏ်ဆောင်ရမည်၊ ၎င်း (ဒဏ်ဆောင်ရမည့် တိရစ္ဆာန်)ကို အသင်တို့အနက်မှ တရားမျှတမှုရှိသော ပုဂ္ဂိုလ်နှစ်ဦးသည် ဆုံးဖြတ်၍ ပေးရမည်။ သို့မဟုတ် သူဆင်းရဲတို့အား ဘောဇဉ် ခဲဘွယ်တို့ကို ကျွေးမွေးခြင်းအားဖြင့်သော်၎င်း၊ ယင်း (ကျွေးမွေးရမည့် သူဆင်းရဲတို့၏ ဦးရေ)နှင့်အမျှ ဥပုသ်သီတင်း သီလဆောက်တည်ခြင်း အားဖြင့်သော်၎င်း၊ အပြစ်ဒဏ်အာပတ်ဖြေရပေမည်။ (ယင်းကဲ့သို့ ဒဏ်ဆောင်စေခြင်းနှင့် အပြစ် အာပတ်ဖြေစေခြင်းမှာ)ထိုသူသည် မိမိပြုမူချက်၏ရသာကို မြည်းစမ်းခြင်းငှာ ဖြစ်ချေသည်။

➤➤ ၂။ 'ဆွိုက်ဒ်' ဟူသည် တောတိရစ္ဆာန်များကို ဆိုလိုသည်။ အိမ်မွေးတိရစ္ဆာန်များကိုမူကား ဥပမာ-ဆိတ်၊ သိုး၊ ကုလားအုင်္ဂ စသည်များကိုမူ ဇဗ်ဟ်ပြုပိုင်ခွင့်၊ စားသုံးပိုင်ခွင့်ရှိသည်။

၃။ ဤမူကွပါဋ္ဌတော်တွင် "အသင်တို့သည် အစ်ဟ်ရာမ် ဝတ်ရုံထားသည့်အချိန်၌ အမဲ၊ သားကောင်များကို သတ်ဖြတ်ခြင်း မပြုကြကုန်လင့်" ဟုပါရှိ၏။ သို့ရာတွင် အခြားမူကွပါဋ္ဌတော်နှင့် ဟဒီဆ်တော်များက ချွင်းချက်ပြုထားသော တိရစ္ဆာန်များကိုမူကား သတ်ဖြတ်ပိုင်ခွင့်ရှိသည်။ ဥပမာ ကုရ်အာန်ကျမ်းမြတ် (၅:၁၀၀)တွင် ရေသတ္တဝါများကို ဖမ်းဆီးစားသုံးပိုင်ခွင့် ပြုထားတော်မူသည်။ ထို့အတူ တမန်တော်မြတ်ကလည်း ကျီးကန်း၊ စွန်ရဲ၊ ဝံပုလွေ၊ မြွေ၊ ကင်းမီးကောက်၊ ကိုက်တတ်သောခွေး၊ စသော အချို့တိရစ္ဆာန်များကို သတ်ဖြတ်ခွင့် ပြုတော်မူခဲ့လေသည်။ ထို့အတူ သားရဲတိရစ္ဆာန်တကောင်က စတင် ရန်ပြုခဲ့သော် ထိုသို့သော သားရဲတိရစ္ဆာန်ကိုလည်း သတ်ဖြတ်ပိုင်ခွင့်ရှိသည်။

၄။ အစ်ဟ်ရာမ် မဝတ်ဆင်သူတဦးက 'ဟရမ်' အပြင်မှ စားသုံးပိုင်ခွင့်ရှိသော သားကောင်ကို ဖမ်းဆီးလာသော် ထိုသားကောင်၏အသားကို အစ်ဟ်ရာမ်ဝတ်ဆင်ထားသောသူသည် စားသုံးပိုင်ခွင့်ရှိသည်။ သို့ရာတွင် အစ်ဟ်ရာမ်ဝတ်ဆင်ထားသောသူသည် ထိုသားကောင်ကို ဖမ်းဆီးသတ်ဖြတ်ရာတွင် ကူညီယိုင်းပင်းသူ ညွှန်ပြသူမဖြစ်စေရ။

၅။ စိတ်စေတနာပါ၍ သားကောင်ကို သတ်ဖြတ်ခြင်း၌ ဒဏ်ဆောင်ရာဘိသကဲ့သို့ စိတ် ➤➤

➤➤ စေတနာမပါပဲမေ့မှား၍ သတ်ဖြတ်မိရာ၌လည်း ဒဏ်ဆောင်ရမည်ပင်ဖြစ်၏။ ခြားနားချက်ကား စိတ်စေတနာပါ၍ သတ်ဖြတ်ခြင်း၌ ဒဏ်ဆောင်ရခြင်းသည် ထိုသူ၏ပြုမှုခြင်းကြောင့်ဖြစ်၏။ စိတ်စေတနာမပါဘဲ မေ့မှား၍သတ်ဖြတ်ခြင်း၌ ဒဏ်ဆောင်ရခြင်းသည် နေရာဌာနအတွက်ကြောင့်ဖြစ်၏။

၆။ သားကောင်တကောင်ကို သတ်ဖြတ်မိရာတွင် ထိုသတ်ဖြတ်မိသောနေရာနှင့် ထိုသတ်ဖြတ်မိသော အချိန်တွင် အကောင်းဆုံးမှာ တရားမျှတသူ ၂-ဦး၊ သို့မဟုတ် ၁-ဦး ထံတွင် သတ်ဖြတ်မိသော အဆိုပါတိရစ္ဆာန်၏ တန်ဘိုးကို အဆုံးအဖြတ်ခံယူရမည်။ အကယ်၍ ထိုသတ်ဖြတ်မိသော တိရစ္ဆာန်သည် မစားသုံးပိုင်သော တိရစ္ဆာန်ဖြစ်ပါက ထိုတိရစ္ဆာန်၏တန်ဘိုးသည် ဆိတ်တကောင်၏ တန်ဘိုးထက်ပိုမို၍ သင့်မည်မဟုတ်ချေ။ အကယ်၍ သတ်ဖြတ်မိသော ထိုတိရစ္ဆာန်သည် စားသုံးပိုင်သော တိရစ္ဆာန်ဖြစ်ပါမူ အဆုံးအဖြတ်ပေးသူ၏ အဆုံးအဖြတ်အတိုင်းပင် အတိအကျဒဏ်ဆောင်ရပေမည်။

ဒဏ်ဆောင်နည်းကား သုံးမျိုးသုံးစားရှိ၏။ ထိုသုံးမျိုးသုံးစားအနက် မိမိကြိုက်နှစ်သက်ရာနည်းကို ရွေးချယ်နိုင်၏။

(၁) အဆုံးအဖြတ်ပေးထားသော တန်ဘိုးနှင့်အမျှ ကုရ်ဗာနီ စည်းကမ်းချက်များနှင့်အညီ သားကောင်ကိုဝယ်ယူ၍ ဟရမ် နယ်နိမိတ်အတွင်းတွင် ပို့ဆောင်ပြီး ဇဗ်ဟ်ပြုလုပ်၍ ဆင်းရဲသားများကို ဝေငှရမည်။

(၂) သို့မဟုတ် အဆုံးအဖြတ်ပေးထားသော တန်ဘိုးနှင့်အမျှ "ဆွဒကဟ် ဖစ်တွရ်" ၏ စည်းကမ်းချက်များနှင့်အညီ ကောက်ပဲသီးနှံကို ဝယ်ယူပြီးလျှင် ဆင်းရဲသားများကိုတဦးလျှင် 'ဆွာအ်' တဝက်စီ အချိုးကျပေးရမည်။

(၃) သို့တည်းမဟုတ် ဆင်းရဲသားတဦးလျှင် 'ဆွာအ်' တဝက်စီ အချိုးကျဖြင့် ကောက်ပဲသီးနှံ ဝေငှနိုင်သည်။ ဆင်းရဲသားလူဦးရေနှင့်အမျှ ဆိုယာမ်ဥပုသ် ဆောက်တည်ရမည်။ (ဥပမာ-သတ်ဖြတ်မိသော သားကောင်၏ တန်ဘိုးနှင့်အမျှ ဝယ်ယူသော ကောက်ပဲသီးနှံသည် ဆွာအ်တဝက်ကျဖြင့် ဆင်းရဲသား ၁၀-ဦးကို ဝေငှနိုင်လျှင် ၁၀-ရက် ဥပုသ်ဆောက်တည်ရမည်ဖြစ်သည်)။

၇။ ကောက်ပဲသီးနှံ ဝေငှရာတွင်၎င်း၊ ဥပုသ်ဆောက်တည်ရာတွင်၎င်း၊ "ဟရမ်" အတွင်း၌သာလျှင် ပြုလုပ်ရမည်ဟူ၍ စည်းကမ်းချက်မရှိချေ။ အကယ်၍ အဆုံးအဖြတ်ပေးထားသော တန်ဘိုးငွေသည် ဆွာအ်တဝက်ထက်လျော့၍ ထိုက်သင့်လျှင် ထိုတန်ဘိုးကို ဆင်းရဲသားတဦးကိုလည်း ပေးနိုင်သည်။ ထိုတန်ဘိုးအစား ဥပုသ် တရက်ဆောက်တည်လိုကလည်း ဆောက်တည်နိုင်ပေသည်။ ထို့အတူ ဆင်းရဲသားများကို ဆွာအ်တဝက်စီ အချိုးကျပေးဝေပြီးနောက် အကယ်၍ ဆွာအ် တဝက်ထက်လျော့၍ ကျန်နေခဲ့သည်ရှိသော် ထိုကျန်နေသော ကောက်ပဲသီးနှံကို ဆင်းရဲသားတဦးအား ပေးလိုကလည်း ပေးနိုင်သည်။ ဥပုသ်တရက် ဆောက်တည်လိုကလည်း ဆောက်တည်နိုင်ပေသည်။

၈။ အဆုံးအဖြတ်ပေးထားသော တန်ဘိုးငွေနှင့်အမျှ ကောက်ပဲသီးနှံဝေငှနိုင်သော ဆင်းရဲသားဦးရေနှင့်အညီ ထိုဆင်းရဲသားများကို ထမင်းကျွေးလိုက (နံက်၊ ညဦးနှစ်ကြိမ်) ဝဝလင်လင်ကျွေးမွေးကလည်း ပိုင်သည်။

၉။ အဆုံးအဖြတ်ပေးထားသော တန်ဘိုးငွေနှင့်အမျှ တိရစ္ဆာန်တကောင်ကို ဝယ်ရာ၌ ငွေအနည်းငယ်ပိုနေသည်ရှိသော် ထိုငွေပိုဖြင့် အခြားတိရစ္ဆာန်တကောင်ကိုသော်၎င်း၊ ကောက်ပဲသီးနှံကိုသော်၎င်း၊ ဝယ်၍ ဆင်းရဲသားများကိုလည်း ဝေငှနိုင်သည်။ သို့မဟုတ် ကောက်ပဲသီးနှံဝေငှနိုင်သော ဆင်းရဲသားလူဦးရေ ➤➤

အလ္လာဟ်အရှင်မြတ်သည် လွန်လေပြီးသော အပြစ်တို့ကို ခွင့်လွှတ်တော်မူခဲ့ပြီးဖြစ်၏။ သို့ရာတွင် မည်သူမဆို ထပ်မံ၍ ပြုကျင့်ပါမူ၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူအားလက်စားချေတော်မူအံ့။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့်လွှမ်းမိုးတော်မူသောအရှင်၊ လက်စားချေတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

၉၆။ အသင်တို့အဘို့ ("အစ်ဟ်ရာမ်" ဝတ်ရုံကို ဝတ်ဆင်ထားသည့် အချိန်၌) ပင်လယ်(ဝါ) ရေသတ္တဝါများကိုဘမ်းခြင်းနှင့်၊ ၎င်းတို့ကို စားသုံးခြင်းသည် "*ဟလာလ်*"*ဟူ၍ခွင့်ပြုထားပြီးဖြစ်၏*။ [၁] (သို့ခွင့်ပြုခြင်းကား) အသင်တို့၏ အကျိုးငှာငင်း၊ ခရီးသည် များ၏ အကျိုးငှာငင်း၊ ဖြစ်ပေသည်။

أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُ
مَتَاعًا لَّكُمْ وَلِلسَّيَّارَةِ ۖ وَحُرِّمَ
عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ
حُرُمًا ۗ وَاتَّقُوا اللَّهَ الَّذِي

➤➤ နှင့်အမျှ ဥပုသ် ဆောက်တည်လိုကလည်း ဆောက်တည်နိုင်သည်။

၁၀။ သားကောင်တကောင်ကို သတ်ဖြတ်မိရာတွင် ဒဏ်ဆောင်ရသကဲ့သို့ ထိုသို့သော သားကောင်တကောင်ကိုအနာတရ ဖြစ်စေမိခဲ့သော် ယင်းသို့အနာတရဖြစ်စေခဲ့သည့်အတွက်ကြောင့် ထိုသားကောင်၏ လျော့နည်းသွားသော တန်ဘိုးကို အထက်တွင်ဖေါ်ပြပါ ဒဏ်ဆောင်ခြင်းသုံးနည်းအနက် တနည်းနည်းဖြင့် ဒဏ်ဆောင်ရမည်။

၁၁။ အစ်ဟ်ရာမ် ဝတ်ဆင်ထားသူများအဖို့ အကြင်သားကောင်ကို ဖမ်းဆီးသတ်ဖြတ်ခြင်းသည် ဟရာမ်ဖြစ်လျှင် ထိုသားကောင်ကို ဇဗ်ဟ်လိုးဖြတ်ခြင်းသည်လည်း ဟရာမ်ပင်ဖြစ်၏။ အကယ်၍ ဇဗ်ဟ်လိုးဖြတ်ခဲ့သည်ရှိသော် ထိုသားကောင်သည် အသေသားကဲ့သို့ပင်ဖြစ်၏။ မစားသုံးပိုင်ချေ။

၁၂။ သားကောင်ကို သတ်ဖြတ်မိသောနေရာသည် တောဖြစ်လျှင်ထိုတောနှင့် အနီးဆုံးဖြစ်သော လူနေရပ်ကွက်၏ တန်ဘိုးအလိုက် သားကောင်၏တန်ဘိုးကို ဆုံးဖြတ်ပေးရမည်။

၁၃။ သားကောင်ကို ဘမ်းဆီးသတ်ဖြတ်ရာ၌ ညွှန်ခြင်း၊ ပြခြင်း၊ ကူညီပိုင်းပင်းခြင်းများသည်လည်း ကာယက်မြောက် အမဲလိုက်ခြင်းကဲ့သို့ပင် ဟရာမ်ဖြစ်၏။ ဆိုလိုသည်ကား သားကောင်များကို မသတ်ဖြတ်ရဟူသော ပညတ်တော်တွင် သတ်ဖြတ်ဖမ်းဆီးခြင်းနှင့် သက်ဆိုင်သမျှ အကြောင်းအရာအားလုံးသည် အကျုံးဝင်ပေသည်။

၁၄။ သားကောင်သတ်ဖြတ်မိသူသည် 'မုဟ်ရင်မ်' မဟုတ်လျှင် အထက်တွင်ဖေါ်ပြပါ ဒဏ်ဆောင်နည်းသုံးမျိုးအနက် တတိယနည်းဖြစ်သော ဥပုသ်ဆောက်တည်ခြင်း အားဖြင့် ဒဏ်ဆောင်ပိုင်ခွင့် မရှိချေ။

ထာနဒီ၊ အ၃၊စဖ၃၊။

ⓐ ရေကြောင်းခရီးသည်များအဖို့ 'အစ်ဟ်ရာမ်'အတွင်း၌ပင် ရေသတ္တဝါများကို ဖမ်းဆီး စားသုံးပိုင်ခွင့် ပြုထားတော်မူသည်။ ဤသည် ၎င်းတို့အဘို့ ထူးခြားသော ဂရုဏာတော်ပင်ဖြစ်သည်။ ➤➤

إِلَيْهِ تُحْشَرُونَ ﴿٩٦﴾

သို့ရာတွင် အသင်တို့ "အစ်ဟ်ရာမ်" ဝတ်ရုံကို ဝတ်ဆင်လျက် ရှိသမျှကာလပတ်လုံး ကုန်းသတ္တဝါများကိုမူ အမဲလိုက်ခြင်းသည် အသင်တို့အပေါ်၌ "ဟရာမ်" ဟူ၍ တားမြစ်ပြီး ဖြစ်ချေသည်။ (သို့ဖြစ်ပေရာ) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို (အလ္လာဟ်)အရှင်မြတ်ထံတော်၌သာ အသင်တို့သည် (ပြန်လည်၍) စုရုံးကြရမည်ဖြစ်သည်။

جَعَلَ اللَّهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيَامًا لِّلنَّاسِ وَالشَّهْرَ الْحَرَامَ وَالْهَدْيَ وَالْقَلَائِدَ ۚ ذَٰلِكَ لِتَعْلَمُوا

၉၇။ အလ္လာဟ် အရှင်မြတ်သည် မြင့်မြတ်သော "ကအ်ဗဟ်" *အိမ်တော်ကိုငင်း*၊ [၁] ထူးမြတ်သောလများကိုငင်း၊ (ကုရ်ဗာန် ပြုမည်ဖြစ်သော) "ကုရ်ဗာနီ" သားကောင်များကိုငင်း၊ (ကုရ်ဗာန်ပြုလုပ်ရန်) လည်ပတ်ကြိုးအစရှိသည်ကို တပ်ဆင်ထားသော သားကောင်များကိုငင်း၊ လူတို့အတို့ (သာသနာရေးနှင့် လောကီရေးများ) တည်မြဲစေရန် အကြောင်းပြုလုပ်ထားတော်မူ၏။

➤➤ "ဗဟ်ရ်" ဟူသည် သမုဒ္ဒရာကိုသာလျှင် ဆိုလိုသည်မဟုတ်။ ချောင်း၊ မြောင်း၊ တူးမြောင်း၊ မြစ်၊ အင်း၊ အိုင်၊ ရေကန်ကြီးငယ်စသည် အားလုံးကိုဆိုလိုသည်။

① အဘိဓာန်သဘောအရ "ကအ်ဗဟ်" ဟူသောပုဒ်သည် စတုရန်း လေးထောင့်ရှိသောအရာကို ဆို၏။ အချို့ပညာရှင်များ၏ ယူဆချက်အရ "ကအ်ဗဟ်" ဟူသောပုဒ်သည် မြင့်မောက်သော အရာကိုဆို၏။ ယင်း "ကအ်ဗဟ်" ဟူသောအမည်သည် အရပ်နှိုင်ငံ မက္ကာမြို့တော်တွင် နဗီတမန်တော်အစ်ဗရာဟီမ် (အလိုင်ဟစ္စလာမ်) ပြန်လည်တည်ဆောက်ခဲ့သော အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ကိုဆိုလိုသည်။

မြင့်မြတ်သော 'ကအ်ဗဟ်' ကျောင်းတော်သည် လူသားတို့အတို့ လောကီလောကတွင်ရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာအဖြာဖြာ ဆောက်တည်ရာဌာနကြီးဖြစ်၏။ ဟဂျ်၊ အွန်မဲရဟ် ကျင့်ဝတ်များသည် ကအ်ဗဟ် ကျောင်းတော်နှင့် တိုက်ရိုက်သက်ဆိုင်၏။ ဆွေလာတ်ဝတ်ပြုရာတွင်လည်း ယင်းကျောင်းတော်ဘက်သို့ပင် မျက်နှာမူကြရ၏။ ဟဂ်ျပြုရန်အတွက် ထောင်ပေါင်းများစွာသော မွတ်စ်လင်မ်တို့သည် ကမ္ဘာအရပ်ရပ်မှ ကအ်ဗဟ်ကျောင်းတော်သို့ လာရောက် စုရုံးကြရ၏။ ယင်းသို့ စုရုံးခြင်းအားဖြင့် သာသနာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး အစရှိသည့် အဖျားတွေ၊ ဗဟိဒ္ဓါ အကျိုးများကို ဆည်းပူးနိုင်ကြ၏။

အလ္လာဟ်အရှင်မြတ်သည် ကျောင်းတော်ပရဝုဏ်ကို အဘယဌာနီ ဘေးရန်အပေါင်းကင်းဝေးရာ ဌာနကြီး ပြုလုပ်ထားတော်မူသဖြင့် လူသားများသာမက တိရစ္ဆာန်များသည်ပင် ဘေးရန်ကင်းစွာနေကြရ၏၊ ➤➤

أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَأَنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٩٧﴾

ဤကဲ့သို့ ပြုလုပ်တော်မူခြင်းကား အလ္လာဟ် အရှင်မြတ်သည် မိုးများ၌ ရှိသမျှတို့ကိုလည်း၊ ပထဝီ၌ ရှိသမျှတို့ကိုလည်း၊ သိရှိတော်မူသည်ကို အသင်တို့ ယုံကြည်ကြရန်ဖြစ်သည်။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

တနည်း။

အလ္လာဟ် အရှင်မြတ်သည် မြင့်မြတ်သော "ကအ်ဗဟ်" အိမ်တော်ကို လူသားတို့၏အကျိုး တည်ရှိနေစေရန် အကြောင်းပြုထားတော်မူသည်။ ထိုနည်းအတူ မြင့်မြတ်သောလများကိုလည်း၊ (ဟရမ်အတွင်း) ကုရ်ဗာနီပြုမည့် သားကောင်များကိုလည်း၊ (ဟရမ်အတွင်း၌ အလ္လာဟ်အရှင်မြတ်အား ရည်စူး၍ ဧဗ်ဟ်ပြုလုပ်ရန်ဖြစ်သော) လည်ပတ်ကြိုးပါရှိသော သားကောင်များကိုလည်း၊ (လူသားတို့အကျိုး တည်ရှိနေစေရန်အကြောင်း ပြုလုပ်ထားတော်မူသည်၊)

➤➤ ကျူးကျော်စော်ကားမှု၊ သတ်ဖြတ်မှုများတွင် နစ်မွန်းလျက်ရှိခဲ့သော အမိုက်ခေတ်မှာပင် လူတယောက်သည် မိမိ၏ဘခင်အား သတ်ဖြတ်သူကို 'ဟရမ်' အတွင်း၌ တွေ့ပါက ကျောင်းတော်ကို လေးစားသောအားဖြင့် ဘေးရန်မပြုခဲ့ပေ။ ကျောင်းတော်သည် လွင်တီးခေါင် သဲကန္တာရကြီးထဲတွင် တည်ရှိခြင်း သော်လည်း ကမ္ဘာအရပ်ရပ်မှ အမြိန်အရသာနှင့်ပြည့်စုံသော စားဘွယ်သောက်ဘွယ်များသည် ကျောင်းတော်သို့ ပေါများစွာ ရောက်လျက်ရှိသည်မှာလည်း အံ့မဆုံးပင်ဖြစ်၏။

"အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်သော အိမ်တော်ကို လူသားတို့အကျိုး တည်ရှိစေရန်အကြောင်း ပြုလုပ်ထားတော်မူသည်" ဟူသော မူကပါဠိတော်တွင် အထက်၌ဖေါ်ပြပါ အကျိုးကျေးဇူးများသည် အကျုံးဝင်လျက်ရှိ၏။ ဤမျှမကသေး ကမ္ဘာအဝှန်းရှိ လူသားအားလုံးတို့အဘို့ တရားဓမ္မတည်းဟူသော စမ်းရေချောင်းကြီးသည်လည်း ဤနေရာ ဤဌာနမှပင် အမြဲတစေ စီးဆင်းဖြာထွက်စေတော်မူ၏။ ကမ္ဘာဦးစီး ခေါင်းဆောင်ကြီးဖြစ်သော တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝဓလ္လမ်)သည်လည်း ဤနေရာ ဤဌာနမှာပင် မီးရှူးသန့်စင် ဘွားမြင်တော်မူမည်ကိုလည်း အလ္လာဟ်အရှင်မြတ်သည် မိမိ၏ သမ္ဘည္ဘုတ ဉာဏ်တော်ဖြင့် သိရှိတော်မူပြီးဖြစ်၏။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အလို့ငှာ ဦးစွာပဌမ တည်ဆောက်တော်မူသော ကျောင်းတော်မှာလည်း ဤကျောင်းတော်ပင်ဖြစ်၏။ကြည့်-ကုရ်အာန် (၃း၉၅) ➤➤

ယင်းသို့ ပြုလုပ်ထားတော်မူခြင်းမှာ မိုးများ၌ ရှိရှိသမျှတို့ကိုလည်း၊ မြေ၌ ရှိရှိသမျှတို့ကိုလည်း၊ ဧကန်မုချ အလ္လာဟ် အရှင်မြတ်သည် အကြွင်းမဲ့သိရှိတော်မူသည်ကို အသင်တို့ ယုံကြည်ကြရန်ပင်ဖြစ်၏။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

اِعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ وَاَنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٩٨﴾

၉၈။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (တစုံတရာကို ထိုအရှင်မြတ်နှင့် တွဲဖက် ကိုးကွယ်ခြင်း၊ အမိန့်တော်ကို သွေဖည်ငြင်းပယ်ခြင်း၊ အစရှိသောပြစ်မှုများနှင့် မိမိတို့ကိုယ်ကို ဖုံးလွှမ်းစေသောသူတို့အား) အလွန်ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်ကြောင်းနှင့် စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် (ထို တဆူတည်းသော အရှင်မြတ်အား ယုံကြည်ဆည်းကပ်၍ ကောင်းမြတ်သော သီလများကို ဆောက်တည်ကြကုန်သောသူတို့အား) အလွန်တရာမျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာမျှ သနား ညှာတာတော်မူသောအရှင်ဖြစ်တော်မူကြောင်းကို အသင်တို့သည်ကောင်းစွာ သိထားကြလေကုန်။

➤➤ ဤကျောင်းတော် တည်ရှိနေခြင်းသည် ကမ္ဘာတည်ရှိနေခြင်း၏ အကြောင်းတရားပင် ဖြစ်၏။ ဤကျောင်းတော်တည်ရှိ၍ ဤကျောင်းတော်ကို လေးစားသူများရှိနေသမျှကာလပတ်လုံး ကမ္ဘာကြီးသည် တည်ရှိနေမည်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာကြီးကို အဆုံးသပ်တော် မူလိုသောအခါတွင် ဦးစွာပဌမ ဤကျောင်းတော်ကိုပင် ရုပ်သိမ်းတော်မူမည်ဖြစ်၏။ (ဤအကြောင်းဗုဒ္ဓါရီ ကျမ်းတွင်လည်းတွေ့ရှိရ၏)။

အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာကြီးကို တည်ရှိစေရန် ဆန္ဒထားရှိတော်မူသမျှ ကာလပတ်လုံး ဤကျောင်းတော်ကို မည်သူတဦးတယောက်မျှ ဖျက်ဆီးနိုင်မည်မဟုတ်ပေ၊ ဤအကြောင်းများကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ဤကျောင်းတော်ကို ကမ္ဘာလူသားတို့၏အကျိုးငှာ ပြုလုပ်ထားတော်မူခြင်းမှာ မျက်မြင်ဒိဋ္ဌပင်ဖြစ်ချေသတည်း။

مَا عَلَى الرَّسُولِ إِلَّا الْبَلَٰغُ ۗ وَاللَّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ ﴿٩٩﴾

၉၉။ ရဏ္ဍုလ်တမန်တော် (မုဟမ္မဒ်)၏ အပေါ်၌ (အလ္လာဟ်အရှင်မြတ်၏ အမိန့်ဗျာဒိတ်တော်များကို လူတို့ထံသို့) ပို့ဆောင်(ဟောကြား)ရန် တာဝန်သာ ရှိ၏။ အသင်တို့ ထင်ရှားစွာ ပြုလုပ်သောအရာများကိုလည်း၊ အသင်တို့ ထိမ်ချန် လျှို့ဝှက်စွာပြုသော အရာများကိုလည်း၊ စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသတည်း။

قُل لَّا يَسْتَوِي الْخَبِيثُ وَالطَّيِّبُ وَلَوْ أَعْجَبَكَ كَثْرَةُ الْخَبِيثِ ۚ فَاتَّقُوا اللَّهَ يَا أُولِي الْأَلْبَابِ لَعَلَّكُمْ تُفْلِحُونَ ﴿١٠٠﴾

၁၀၀။ (အိုမုဟမ္မဒ်-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ မသန့်ရှင်းမစင်ကြယ်သော အရာများ၏ပေါများမှုသည် အသင့်အား ဝမ်းသာအားရစေသော်လည်း *မသန့်ရှင်းမစင်ကြယ်သော အရာများနှင့် သန့်ရှင်းစင်ကြယ်သောအရာများသည် မတူချေ။*[၁] သို့ဖြစ်ပေရာ အိုခွဲခြားသိနိုင်သော နိသမ္မ ဉာဏ်ရှင်အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြလတ္တံ့။

---

① သန့်ရှင်းသောအရာနှင့် မသန့်ရှင်းသောအရာသည် မတူချေ။ သန့်ရှင်းသော အပြုအမူနှင့် မသန့်ရှင်းသော အပြုအမူသည် မတူချေ၊ သန့်ရှင်းသောသူနှင့် မသန့်ရှင်းသောသူလည်း မတူချေ။ စင်ကြယ်သန့်ရှင်း အပြစ်ကင်း၍ 'ဟလာလ်' ဖြစ်သော အရာသည် အဘယ်မျှပင် နည်းလင့်ကစား များစွာသော ဟရာမ်ဖြစ်သော အရာများထက် ပိုမို ကောင်းမြတ်သည်သာလျှင် ဖြစ်၏။ သို့ဖြစ်ပေရာ ကောင်းစွာ စဉ်းစားဆင်ခြင်တတ်သော နိသမ္မဉာဏ်ရှင် အပေါင်းတို့သည် စင်ကြယ်သန့်ရှင်း အပြစ်ကင်း၍ 'ဟလာလ်' ဖြစ်သော အရာကိုသာလျှင် ရွေးချယ်ကြရပေမည်။ အရေအတွက်ကား အဓိကမဟုတ်၊ အရည်အခြင်းသာလျှင် အဓိကဖြစ်ပေသည်၊ မသန့်ရှင်းသော ဟရာမ်ဖြစ်သော အရာကိုမူကား အဘယ်မျှပင် များပြားလင့်ကစား အမြင်အားဖြင့် အဘယ်မျှပင် နှစ်သက်ဘွယ်ရာ ဖြစ်လင့်ကစား မနှစ်ခြိုက်အပ်ပေ၊ စိတ်ကူးဥပင် မထည့်အပ်ပေ။

အလ္လာဟ်အရှင်မြတ်သည် သမ္မဉ္ဇတ ဉာဏ်တော်ရှင်ဖြစ်တော်မူ၏။ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ လိုအပ်သမျှသော အရာများကိုလည်း လိုလေသေးမရှိ ပြုပြင် စီရင်ထားတော်မူ၏။ တရာဓမ္မဟောကြားရန် နဗီတမန်တော်များကိုလည်း စေလွှတ်တော်မူ၏။ တရားမျှတစွာ စီရင်တော်မူသော အရှင်လည်းဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းသူနှင့် မသန့်ရှင်းသူ သူတော်စင်နှင့် သူယုတ်မာ၊ လူကောင်းနှင့်လူဆိုး၊ တရားသူနှင့်မတရားသူ၊ ပြုပြင်သူနှင့်ဖျက်ဆီးသူ၊ စောင်ကားသူနှင့် စောင်ကားခြင်းခံရသူ၊ ပညာရှိနှင့်ပညာမဲ့၊ မုအ်မင်နှင့်ကာဖိရ်များကို လျစ်လျူရှုပြုထားတော်မူမည်မဟုတ်၊ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَسْـَٔلُوا۟ عَنْ أَشْيَآءَ إِن تُبْدَ لَكُمْ تَسُؤْكُمْ ۖ وَإِن تَسْـَٔلُوا۟ عَنْهَا حِينَ يُنَزَّلُ ٱلْقُرْءَانُ تُبْدَ لَكُمْ ۖ عَفَا ٱللَّهُ عَنْهَا ۗ وَٱللَّهُ غَفُورٌ حَلِيمٌ ﴿١٠١﴾

၁၀၁။ အို-သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (နဗီတမန်တော်မြတ်ထံ မဖွယ်မရာသော) အကြင် (အကြောင်း)အရာများနှင့် စပ်လျဉ်း၍ လျှောက်ထား မေးမြန်းခြင်းကို မပြုကြကုန်လင့်။ အကယ်၍သာ ထို(အကြောင်း)အရာများကို အသင်တို့ရှေ့ဝယ် ထုတ်ဖော် (ပြောဆို)ခဲ့သည် ရှိသော် အသင်တို့အဘို့ [မကောင်းဖြစ်ပေအံ့]။ (တနည်း) [မနှစ်သက်ဘွယ်ဖြစ်ပေအံ့]။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် ထို (အကြောင်း)အရာ များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်နေစဉ် အခါကာလ၌ လျှောက်ထား မေးမြန်းကြပါမူ ထို (အကြောင်း)အရာများသည် အသင်တို့ရှေ့ဝယ် ထုတ်ဖော်ပြီးဖြစ်အံ့။ ယင်းသို့သော အရာများနှင့် စပ်လျဉ်း၍ (အတိတ်တွင်မေးခဲ့ကြသည်များကိုမူကား) အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်တော်မူ၏။ အမှန် စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ ခန္တီတရားနှင့် ပြည့်စုံတော်(မူ၍ သည်းခံတော်)မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

قَدْ سَأَلَهَا قَوْمٌ مِّن قَبْلِكُمْ ثُمَّ أَصْبَحُوا۟ بِهَا كَٰفِرِينَ ﴿١٠٢﴾

၁၀၂။ အသင်တို့အလျင် အထက်ကျော်ကာရီ၌ရှိခဲ့ကြသောသူတို့သည်လည်း ယင်းကဲ့သို့သောအကြောင်းအရာများကို မေးမြန်းခဲ့ဘူးကြလေသည်။ [၁] ထို့နောက် ၎င်းတို့သည် ယင်းအကြောင်းအရာများကို မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သတည်း။

➤➤ တမျိုးတစားတည်း ထားတော်မူမည်လည်းမဟုတ်၊ တရားသဖြင့် ကျိုးပြစ်ပေးတော်မူမည်သာဖြစ်၏။

① အချည်းနှီးသော၊ မလိုသော၊ အကြောင်းမဲ့ဖြစ်သော အရာများနှင့်စပ်လျဉ်း၍ အတိတ်ခေတ်တွင် မဖွယ်မရာ မေးမြန်းခဲ့သူများမှာ အစ္စရာအီလီမျိုးနွယ်ဝင်များ ဖြစ်ကြသည်ဟူ၍ အများအားဖြင့် ပညာရှင်များသည် ➤➤

مَا جَعَلَ اللَّهُ مِنۢ بَحِيرَةٍ
وَّلَا سَآئِبَةٍ وَّلَا وَصِيلَةٍ
وَّلَا حَامٍ ۙ وَّلَٰكِنَّ الَّذِينَ
كَفَرُوا يَفْتَرُونَ عَلَى اللَّهِ
الْكَذِبَ ۖ وَأَكْثَرُهُمْ
لَا يَعْقِلُونَ ﴿١٠٣﴾

၁၀၃။ [အလ္လာဟ် အရှင်မြတ်သည် "ဗဟီရဟ်" ကိုလည်း (ရှရီအတ်တရားဥပဒေတွင်) သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မဟုတ်ပေ။ "စာအိဗဟ်" ကိုလည်း သတ်မှတ် ပြဋ္ဌာန်းတော်မူခဲ့သည် မဟုတ်ပေ။ "ဝဆီလဟ်" ကိုလည်း သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မဟုတ်ပေ။ "ဟာမီ" ကိုလည်း အသိအမှတ်ပြုတော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့မူကား အလ္လာဟ်အရှင်မြတ် အပေါ်၌ မဟုတ်မမှန်လုပ်ကြံ၍ မုသားစကား ပြောဆိုကြကုန်၏။ စင်စစ်သော်ကားငင်းတို့အနက် များစွာသောသူတို့သည် အသိဉာဏ်ကင်းမဲ့ကြကုန်သတည်း။

وَإِذَا قِيلَ لَهُمْ تَعَالَوْا إِلَىٰ
مَا أَنزَلَ اللَّهُ وَإِلَى الرَّسُولِ
قَالُوا حَسْبُنَا مَا وَجَدْنَا عَلَيْهِ
آبَاءَنَا ۚ أَوَلَوْ كَانَ آبَاؤُهُمْ
لَا يَعْلَمُونَ شَيْئًا وَلَا
يَهْتَدُونَ ﴿١٠٤﴾

၁၀၄။ ၎င်းပြင် ထိုသူတို့အား "အသင်တို့သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော အမိန့်တော်များနှင့် ရာရွလ် တမန်တော်ဖက်သို့ လာကြလေကုန်" ဟု ပြောဆိုသောအခါ၊ ထိုသူတို့က "ကျွန်ုပ်တို့အဘို့ အကြင်လမ်းစဉ်သည် လုံလောက်ပေသည်။ ထိုလမ်းစဉ်ပေါ်၌ ကျွန်ုပ်တို့သည် မိမိတို့၏အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား တွေ့ရှိခဲ့ကြသည်" ဟု ဖြေကြား၏။ အကယ်၍ ၎င်းတို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင် တို့သည် မည်သည့်တစုံတရာကိုမျှ မသိ နားမလည်ကြသည့်ပြင် (ကောင်းကင်ကျ) တရားလမ်းစဉ်ကိုပင် မရရှိကြသော်လည်း (၎င်းတို့ ၎င်းအဘို့၊ ၎င်းတို့၏ အဘ၊ ဘိုး၊ ဘေး၊ တို့၏ လမ်းစဉ်သည် ၎င်းတို့အဘို့ လုံလောက်ပါသလော။ အလျင်းမလုံလောက်ပေ။)

➤➤ ယူဆကြပေသည်။ ယင်းသို့မေးမြန်းသော အခြားသူများလည်း ဤမုက္ခပါဠိတော်တွင် အကျူးဝင်နိုင်ပေသည်။ ကြည့်-မာဂျိဒီ၊ အစောင်-၂၊ စာမျက်နှာ-၂၇၂၊ အောက်ခြေအမှတ်-၃၁၆။ ထာနဝီ၊ အစောင်-၂၊ စာမျက်နှာ-၆၇။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ عَلَيۡكُمۡ أَنفُسَكُمۡۖ لَا يَضُرُّكُم مَّن ضَلَّ إِذَا ٱهۡتَدَيۡتُمۡۚ إِلَى ٱللَّهِ مَرۡجِعُكُمۡ جَمِيعٗا فَيُنَبِّئُكُم بِمَا كُنتُمۡ تَعۡمَلُونَ ١٠٥

၁၀၅။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်သာလျှင် ပူပန်ကြလေကုန်။ အသင်တို့၏တရားလမ်းစဉ်အတိုင်း (မတိမ်းမစောင်း) လိုက်နာနေကြပါလျှင်၊ တရားလမ်းမှားသောသူသည် အသင်တို့ကို (မည်သို့မျှ) အကျိုးယုတ် နစ်နာစေနိုင်မည် မဟုတ်ပေ။

အသင်တို့ အားလုံးတို့သည် နောက်ဆုံးတွင် အလွှာဟ် အရှင်မြတ် အထံတော်သို့သာလျှင် ပြန်ကြရလတ္တံ့။ ထိုအခါ ထို အရှင်မြတ်သည် အသင်တို့ ပြုမူခဲ့သမျှတို့ကို အသင်တို့အား အသိပေးတော်မူအံ့။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ شَهَٰدَةُ بَيۡنِكُمۡ إِذَا حَضَرَ أَحَدَكُمُ ٱلۡمَوۡتُ حِينَ ٱلۡوَصِيَّةِ ٱثۡنَانِ ذَوَا عَدۡلٖ مِّنكُمۡ أَوۡ ءَاخَرَانِ مِنۡ غَيۡرِكُمۡ إِنۡ أَنتُمۡ ضَرَبۡتُمۡ فِي ٱلۡأَرۡضِ فَأَصَٰبَتۡكُم مُّصِيبَةُ ٱلۡمَوۡتِۚ تَحۡبِسُونَهُمَا مِنۢ بَعۡدِ ٱلصَّلَوٰةِ

၁၀၆။ အို - သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့အနက် တဦးတယောက်ထံသို့ 'မရဏ' သေခြင်းတရားသည် ဆိုက်ရောက်၍ (ထိုသူသည်) "ဝဆ်ဩယသ်" မှာတမ်းစကား ပြောကြားလေသောအခါ၊ အသင်တို့အနက်မှ တရားမျှတမှုရှိသောသူနှစ်ယောက်သက်သေအဖြစ် ရှိကြရပေမည်။ သို့တည်းမဟုတ် အသင်တို့သည် မြေပြင်ဝယ်ခရီးထွက်နေစဉ် အသင်တို့၌ သေဘေးဆိုက်ရောက်ခဲ့သည်ရှိသော် အကယ်၍ မွတ်စ်လင်မ် မရှိသော် အသင်တို့မှတပါး အခြား (သာသနာဝင်)တို့အနက်မှ သက်သေနှစ်ဦး ရှိကြရပေမည်။

အကယ်၍ အသင်တို့သည် မှာကြားခြင်းခံခဲ့ရသောသူတို့နှင့်ပတ်သက်၍ ဒွိဟသံသယမကင်း ဖြစ်ခဲ့ကြပါမူ၊ ထို(သက်သေ) နှစ်ယောက်ကို (ဗလီတွင်း "ဆွလာတ်" ဝတ်ပြုပြီးနောက် ဆိုင်းငံ့ထားကြလေကုန်။

فَيُقْسِمٰنِ بِاللّٰهِ اِنِ ارْتَبْتُمْ لَا نَشْتَرِيْ بِهٖ ثَمَنًا وَّلَوْ كَانَ ذَا قُرْبٰى ۙ وَلَا نَكْتُمُ شَهَادَةَ اللّٰهِ اِنَّآ اِذًا لَّمِنَ الْاٰثِمِيْنَ ﴿١٠٧﴾

ထိုအခါ ထိုသူတို့ နှစ်ဦးစလုံးတို့သည် အလ္လာဟ် အရှင်မြတ်ကို တိုင်တည်၍ (ဤသို့) ကျိန်ဆိုကြရမည်။ "ကျွန်ုပ်တို့သည် (ဤကိစ္စ၌ မိမိတို့) ဆွေမျိုးနီးစပ် ပါဝင်နေသည့်တိုင်အောင် ဤသို့ ကျိန်ဆိုခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးကိုမျှ ရလိုကြသည် မဟုတ်ပေ။

ၔင်းပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ် အမိန့်တော်အတိုင်း တာဝန်ရှိသော သက်သေခံခြင်း ကိုလည်း လျှို့ဝှက် ထိမ်ချန် ထားရှိကြသည် မဟုတ်ချေ။ (အကယ်၍ ထိမ်ချန်လျှို့ဝှက်ထားရှိခဲ့မူ) ကျွန်ုပ်တို့သည် ဧကန်စင်စစ် အပြစ်မကင်းသော သူတို့အနက်မှပင် ဖြစ်ကုန်အံ့သတည်း။"

فَاِنْ عُثِرَ عَلٰٓى اَنَّهُمَا اسْتَحَقَّآ اِثْمًا فَاٰخَرٰنِ يَقُوْمٰنِ مَقَامَهُمَا مِنَ الَّذِيْنَ اسْتَحَقَّ عَلَيْهِمُ الْاَوْلَيٰنِ فَيُقْسِمٰنِ بِاللّٰهِ لَشَهَادَتُنَآ اَحَقُّ مِنْ شَهَادَتِهِمَا وَمَا اعْتَدَيْنَآ ۖ اِنَّآ اِذًا لَّمِنَ الظّٰلِمِيْنَ ﴿١٠٨﴾

၁၀၇။ တဖန် အကယ်၍ ၔင်းတို့နှစ်ဦးသည် (တစုံတရာ အပြစ်) ကျူးလွန်ခဲ့ကြောင်း သိရှိရပါလျှင်၊ ထိုအပြစ်ရှိသူ နှစ်ဦး၏နေရာတွင် (ကွယ်လွန်သူ၏) ဆွေမျိုးအနီးစပ်ဆုံး အမွေစားတို့အနက် သက်သေနှစ်ယောက် ရပ်ပြီးလျှင်၊ "ကျွန်ုပ်တို့၏ သက်သေခံခြင်းမှာ ထိုသူတို့နှစ်ဦး သက်သေခံခြင်း ထက်ပိုမို၍ မှန်ကန်ပါသည်။ ၔင်းပြင် ကျွန်ုပ်တို့သည်(ပစ္စည်းတောင်းဆိုရာတွင်၎င်း၊ ဝဆွိများအား စွပ်စွဲရာတွင်၎င်း၊) စည်းကမ်းကျူးလွန်ခြင်းလည်း မရှိကြပါ။

(အကယ်၍သာ ကျူးလွန်ခဲ့သည်ရှိသော်) ကျွန်ုပ်တို့သည် မလွဲဧကန် မတော်မတရား ကျူးလွန်သော သူတို့အနက် အပါအဝင် ဖြစ်ကြပါအံ့" ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြရပေမည်။

ذٰلِكَ أَدْنٰىٓ أَن يَأْتُوا۟ بِٱلشَّهَٰدَةِ عَلٰى وَجْهِهَآ أَوْ يَخَافُوٓا۟ أَن تُرَدَّ أَيْمَٰنٌۢ بَعْدَ أَيْمَٰنِهِمْ ۗ وَٱتَّقُوا۟ ٱللَّهَ وَٱسْمَعُوا۟ ۗ وَٱللَّهُ لَا يَهْدِى ٱلْقَوْمَ ٱلْفَٰسِقِينَ ﴿١٠٨﴾

၁၀၈။ ဤသည်ကား သက်သေများသည် သက်သေခံထိုက်သောနည်းမှန်တိုင်း သက်သေခံကြရန်၊ သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့၏ကျိန်ဆိုချက်များမှာ အခြားသူများ၏ ကျိန်ဆိုချက်များဖြင့် ကန့်ကွက်ပယ်ချခြင်းခံရမည်ကို စိုးရိမ်ကြရန် အနီးစပ်ဆုံး (အကောင်းဆုံး)သောနည်းပင် ဖြစ်ချေသည်။

(မည်သို့ပင်ဖြစ်စေ) အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်၊ ၎င်းပြင် (ထိုအရှင်မြတ်၏ အမိန့်တော်များကို) နာယူကြလေကုန်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို ကျူးလွန်သောသူတို့အား တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မူသည် မဟုတ်ပေ။

يَوْمَ يَجْمَعُ ٱللَّهُ ٱلرُّسُلَ فَيَقُولُ مَاذَآ أُجِبْتُمْ ۖ قَالُوا۟ لَا عِلْمَ لَنَآ ۖ إِنَّكَ أَنتَ عَلَّٰمُ ٱلْغُيُوبِ ﴿١٠٩﴾

၁၀၉။ (အသင်တို့သည် အကြင်နေ့ကို သတိရကြလေကုန်၊ ကြောက်ရွံ့ ကြလေကုန်) ထိုနေ့တွင် အလ္လာဟ် အရှင်မြတ်သည် ရစူလ်တမန်တော်များအား စုရုံးစေတော်မူပြီး (ထို ရစူလ်တမန်တော် များကို) "အသင် တို့သည် (မိမိတို့၏ နောက်လိုက်များထံမှ) မည်သို့ သော ပြန်ကြားခြင်းကို ရရှိခဲ့ကြပါသနည်း" ဟု မေးမြန်းတော်မူအံ့။ (ထိုအခါ ထိုရစူလ်တမန်တော်များက) *ကျွန်တော်မျိုးတို့တွင်အလျင်းမသိကြပါ။* [၁] ဧကန်စင်စစ် အရှင်မြတ်သည်သာလျှင် အကွယ်၌ရှိသောအရာများကို အကြွင်းမဲ့ သိတော်မူသောအရှင်ဖြစ်တော်မူပါသည်ဟု လျှောက်ထားခဲ့ကြကုန်အံ့။

---

① အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် "မဟ်ရှရ်" ကွင်းပြင်၌ နဗီတမန်တော်များအား ၎င်းတို့၏ နောက်လိုက်များနှင့် မျက်နှာချင်းဆိုင်စေကာ အသင်တို့သည် ဤသူတို့ထံသို့ ငါ၏တရားဒေသနာတော်များကို ယူဆောင်သွားခဲ့ကြ၏။ ဤသူတို့က အသင်တို့အား အသို့အဖြေပေးသနည်း၊ ငါ၏ဒေသနာများကို အဘယ်မျှလိုက်နာ ကျင့်သုံးခဲ့ကြသနည်း၊ ဟု မေးမြန်းတော်မူလိမ့်မည်။ ➤➤

إِذْ قَالَ اللَّهُ يَٰعِيسَى ٱبْنَ مَرْيَمَ
ٱذْكُرْ نِعْمَتِى عَلَيْكَ وَعَلَىٰ
وَٰلِدَتِكَ إِذْ أَيَّدتُّكَ
بِرُوحِ ٱلْقُدُسِ تُكَلِّمُ
ٱلنَّاسَ فِى ٱلْمَهْدِ وَكَهْلًا
وَإِذْ عَلَّمْتُكَ ٱلْكِتَٰبَ
وَٱلْحِكْمَةَ وَٱلتَّوْرَىٰةَ
وَٱلْإِنجِيلَ ۖ وَإِذْ تَخْلُقُ
مِنَ ٱلطِّينِ كَهَيْـَٔةِ
ٱلطَّيْرِ بِإِذْنِى فَتَنفُخُ
فِيهَا فَتَكُونُ طَيْرًۢا

၁၁၀။ (ၿငိုးနောက် ထိုနေ့မှာပင်) အကြင်အခါဝယ် အလ္လာဟ် အရှင်မြတ်သည် (တမန်တော်အီစာသခင် အား ဤသို့) မိန့်ကြားတော်မူအံ့၊ အို-မရ်ယမ်၏ သား အီစာ၊ အသင်သည် မိမိအပေါ်၌ငင်း၊ မိမိ၏ မိခင်အပေါ်၌ငင်း၊ ငါအရှင်မြတ်ပြုတော်မူခဲ့သော ကျေးဇူးတော်များကို ပြန်လည်အောက်မေ့ သတိရပါ လေ။ အကြင် အခါဝယ် ငါ အရှင်မြတ်သည် အသင့်အား "ရူဟုလ်ကုဒ္ဒုတ်စ်" ဖြင့် ကူညီထောက်မ တော်မူခဲ့၏။ (ၿငိုးပြင်) အသင်သည် ပုခက်တွင်း၌ (အမိရင်ခွင်၌)ငင်း၊ အသက်အရွယ်ကြီးပြင်းလာ သည့်အခါ၌ငင်း၊ လူတို့နှင့် (တမျိုးတစားတည်း) စကားပြောဆိုခဲ့၏။

ၿငိုးပြင် အကြင်အခါဝယ် ငါအရှင်မြတ် သည် အသင့်အား ကောင်းကင်ကျ ကျမ်းဂန်များကို ငင်း၊ 'ဟစ်က်မတ်' အသိဉာဏ် အထူးအမြင်ကိုငင်း၊ 'တောင်ရာတ်' နှင့် 'အင်နဂျီလ်' ကျမ်းဂန်များကိုငင်း၊ သင်ကြားပို့ချတော်မူခဲ့၏။

>> ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ တန်ခိုးတေဇော်အာနုဘော်များကို ထင်ရှား ပြတော်မူမည်ဖြစ်ရာ အလွန်တရာ ကြောက်မက်ဘွယ်ကောင်းလှ၏။ လူသာမန်များကို ထားဘိဦး အကြီးအကဲ အားလုံးတို့သည်ပင် သတိရှိကြမည် မဟုတ်ပေ။

နဗီတမန်တော်များသည်လည်း မိမိတို့အရေးနှင့် မိမိတို့အသီးသီး ပူပန်သောက ဖြစ်လျက်ရှိကြပေမည်။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်က နဗီတမန်တော်များအား ငင်းတို့၏နောက်လိုက်တပည့်များနှင့် စပ်လျဉ်း၍ မေးမြန်းတော်မူမည်ဖြစ်၏။ နဗီတမန်တော်များသည် အလ္လာဟ်အရှင်မြတ်အား ရိုသေခန့်ညားစွာ "ကျွန်တော်မျိုး ထံတွင် တစုံတရာ အသိမရှိပါ" ဟု လျှောက်ထားကြလိမ့်မည်။ ဟစန်၊ မုဂျာဟစ်ဒ် စသည့် ပညာရှင်ကြီးများ ထံမှလည်း ဤအတိုင်း ကြားသိရပေသည်။

ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များနှင့်တကွ သက်ဆိုင်ရာ အုပ်စု အသီးသီးတို့အား မေးမြန်းတော်မူမည့် အကြောင်း ကုရ်အာန်(၇း၆-၇)တွင်လည်း အတည့်အလင်း ပါရှိသည်။

بِإِذْنِي وَتُبْرِئُ الْأَكْمَهَ وَالْأَبْرَصَ بِإِذْنِي وَإِذْ تُخْرِجُ الْمَوْتَىٰ بِإِذْنِي وَإِذْ كَفَفْتُ بَنِي إِسْرَائِيلَ عَنْكَ إِذْ جِئْتَهُمْ بِالْبَيِّنَاتِ فَقَالَ الَّذِينَ كَفَرُوا مِنْهُمْ إِنْ هَٰذَا إِلَّا سِحْرٌ مُبِينٌ ﴿١١٠﴾

ငင်းပြင် အကြင်အခါဝယ် ငါအရှင်မြတ်၏ အမိန့်တော်ဖြင့် မြေဖြင့် အသင်သည် ငှက်၏သဏ္ဌာန် ကဲ့သို့ပြုလုပ်၍ ထိုအရာတွင် မှုတ်၏။ ထိုအခါ ထိုအရာသည် ငါအရှင်မြတ်၏ အမိန့်တော်ဖြင့် (အသက်ရှင်သော ပြကတော့) ငှက်သတ္တဝါ ဖြစ်သွားလေ၏။ ငင်းပြင် အသင်သည် ငါအရှင်မြတ်၏ အမိန့်တော်ဖြင့် (အမိဝမ်းတွင်းမှ) မျက်စိအလင်းမရရှိသောသူတို့ကိုငင်း၊ ခရသင်းစသော ကုဋ္ဌနာနာ စွဲကပ်လျက် ရှိသောသူတို့ကိုငင်း၊ ပျောက်ကင်းစေ၏။ ငင်းပြင် အကြင်အခါဝယ် အသင်သည် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် သူသေများကို (ရှင်စေပြီး သင်းချိုင်းတွင်းမှ) ထွက်စေခဲ့၏။

ငင်းပြင် အကြင်အခါဝယ် ငါ အရှင်မြတ်သည် အစ္စရာအီလီ မျိုးနွယ်တို့ကို အသင့်(အားဖမ်းဆီး ကွပ်မျက်ခြင်း)မှ တားဆီးတော်မူခဲ့၏၊ အကြင် အခါဝယ် အသင်သည် ငင်းတို့ထံသို့ ထင်ရှား လှစွာသော သက်သေလက္ခဏာ (တန်ခိုးပြာဋိဟာ)များကို ယူဆောင်သွားခဲ့၏။ ပြီးနောက် ငင်းတို့အနက်မှ မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့သူတို့က "ဤကား ထင်ရှားသော စုန်းပရောဂအတတ်မျှဖြစ်သည်" ဟု ပြောဆိုခဲ့ကြ၏။

وَإِذْ أَوْحَيْتُ إِلَى الْحَوَارِيِّينَ أَنْ آمِنُوا بِي وَبِرَسُولِي قَالُوا آمَنَّا وَاشْهَدْ بِأَنَّنَا

၁၁၁။ ငင်းပြင် (အို-နဗီတမန်တော်အီစာ) အသင်သည် (ပြန်လည်အောက်မေ့ သတိရပါလေ) အကြင်အခါဝယ် ငါအရှင်မြတ်သည် 'ဟဝါရီ'တို့ထံ "အသင်တို့သည် ငါ အရှင်မြတ်ကိုငင်း၊ ငါ အရှင်မြတ်၏ တမန်တော် (အီစာ)အားငင်း၊ သက်ဝင် ယုံကြည်လေကုန်"ဟု အမိန့်တော်ထုတ်ပြန် ချမှတ်တော်မူခဲ့လေ

مُسْلِمُونَ ﴿١١١﴾

ရာ ထို(ဟဝါရီ)တို့က၊ "ကျွန်တော်မျိုးတို့သည် ယုံကြည်ကြပါပြီ၊ ကျွန်တော်မျိုးတို့သည် အမိန့်ကို လိုက်နာကြသော 'မွတ်စလင်မ်' များဖြစ်ကြောင်း အရှင်မြတ်သည် သက်သေ ဖြစ်တော်မူပါ" ဟူ၍ လျှောက်ထား ပန်ကြားခဲ့ကြသည်။

إِذْ قَالَ الْحَوَارِيُّونَ
يَٰعِيسَى ابْنَ مَرْيَمَ هَلْ
يَسْتَطِيعُ رَبُّكَ أَنْ
يُنَزِّلَ عَلَيْنَا مَآئِدَةً
مِّنَ السَّمَآءِ ۖ قَالَ اتَّقُوا
اللَّهَ إِن كُنتُم مُّؤْمِنِينَ ﴿١١٢﴾

၁၁၂။ (အို-နဗီတမန်တော် မုဟမ္မဒ်၊ အသင်သည် ပြန်လည်သတိရစေပါလေ၊) အခါတပါး၌ 'ဟဝါရီ' တို့က "အို-'မရ်ယမ်' (သခင်မ)၏သား (နဗီတမန်တော်)အီစာ (သခင်)၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် ကောင်းကင်မှ စားဖွယ်သောက်ဖွယ် (နှင့် ပြည့်စုံသောစားပွဲတစ်ခု)ကို ချပေးသနားတော်မူနိုင်စွမ်းပါသလော" ဟု ပြောဆိုကြလေသည်။

ထိုအခါ နဗီ တမန်တော် "အီစာ" က ဟယ်- အချင်းတို့) အသင်တို့သည် အကယ်စင်စစ် "မုအ်မင်နဲ်" သက်ဝင် ယုံကြည်သောသူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်ဟု ပြောကြားတော်မူခဲ့ပေသည်။ ၁

---

① ဤစကားဖွယ်သောက်ဖွယ် ခဲဖွယ်ဘောဇဉ်ကိုအကြောင်းပြု၍ ဤကဏ္ဍကိုလည်း 'စူရတုလ်မာအဒဟ်' ခဲဖွယ်ဘောဇဉ်ကဏ္ဍဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ ကြည့်-အီဗ်နုကသီရ်၊ ဒုတိယတွဲ၊ စာမျက်နှာ-(၁၁၈)။

အကြောင်းမဲ့ တန်ခိုးပြာဋိဟာများကို တောင်းဆိုခြင်းသည် မုအ်မင်နဲ်တို့၌ရှိအပ်သော ရိုသေကိုင်းရှိုင်းမှုများနှင့် လုံးဝဆန့်ကျင်ပေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)က မိမိ၏နောက်လိုက်တပည့်သား ဟဝါရီတို့အား "အသင်တို့သည် မုအ်မင်နဲ်များဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်" ဟု ဆုံးမ မိန့်ကြားတော်မူခြင်းဖြစ်လေသည်။ ကြည့်-ကဗီရ်၊ ရှဟ်၊ မာဂျီဒီ။

မုအ်မင်နဲ်တဦးသည် မဖွယ်မရာသော ကိစ္စများကို တောင်းဆို၍ အလ္လာဟ်အရှင်မြတ်အား စမ်းသပ်ရန် အလျင်း မသင့်ပေ။ စားနပ်ရိက္ခာများကို ထိုအရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော နည်းနိသျှည်းများနှင့် အညီ ရှာဖွေဆည်းပူးရပေမည်။

လူတယောက်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမြတ်နိုးပြီး ထိုအရှင်မြတ်အားကိုးစားအားထားပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ထိုသူ မတွေးမဆင်ခြင်မိသောနေရာမှပင် ➤➤

قَالُوْا نُرِيْدُ اَنْ نَّاْكُلَ مِنْهَا وَتَطْمَىِٕنَّ قُلُوْبُنَا وَنَعْلَمَ اَنْ قَدْ صَدَقْتَنَا وَنَكُوْنَ عَلَيْهَا مِنَ الشّٰهِدِيْنَ ﴿١١٣﴾

၁၁၃။ ထို(ဟဝါရီ)များက ကျွန်တော်မျိုးတို့သည် ထို(စားပွဲတွင် ပါရှိလေသော) စားဖွယ်ကို (ဗရ်ကတ် မဂ််လာ ရှိစေခြင်းအားဖြင့်) စားသုံးခြင်းငှာငင်း၊ ကျွန်တော်မျိုးတို့၏ စိတ်နှလုံးများ နှစ်သိမ့်ကျေနပ်ခြင်းငှာငင်း၊ အသင် (တမန်တော် အီစာ)သည် ကျွန်တော်မျိုးတို့အား (မိမိ နဗီတမန်တော်ဖြစ်ကြောင်း) မှန်ကန်စွာ ပြောဆိုခဲ့သည်ကို (ကိုယ်တွေ့မျက်မြင်) ကောင်းမွန်စွာ ယုံကြည်ခြင်းငှာငင်း၊ ထို (တန်ခိုးပြာဋိဟာ)နှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးတို့သည် အသိသက်သေ ဖြစ်ခြင်းငှာငင်း၊ ရည်စူးကြပါသည်ဟု ပြန်ကြားကြကုန်၏။ [၁]

قَالَ عِيْسَى ابْنُ مَرْيَمَ اللّٰهُمَّ رَبَّنَآ اَنْزِلْ عَلَيْنَا مَآىِٕدَةً مِّنَ السَّمَآءِ تَكُوْنُ لَنَا عِيْدًا لِّاَوَّلِنَا

၁၁၄။ မရ်ယမ်(သခင်မ)၏သား(တော် တမန်တော်) အီစာ(အလိုင်ဟစ္စလာမ်)က "အိုဟ်-အလ္လာဟ်အရှင်မြတ်၊ အိုဟ်-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့. အပေါ်သို့ မိုးကောင်းကင်မှ စားဖွယ်သောက်ဖွယ်ကို ချပေးသနားတော်မူပါ၊

➤➤ ရိက္ခာများကို ပေးသနားတော်မူသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်၌လာရှိ၏။

ကြည့်-ကုရ်အာန်(၆၅း၂-၃)။အလ်မနာရ်

① အထက်ပါမုက္ခပါဠိတော်တွင် ပါရှိသည့်အတိုင်း တမန်တော်အီစာ(အလိုင်ဟစ္စလမ်)က မိန့်ကြားတော်မူသည့် အခါ ဟဝါရီများကတဖန် ပြန်လည်လျှောက်ထားကြလေသည်။ ၎င်းတို့၏လျှောက်ထားချက် အကျဉ်းသဘောမှာ ကျွန်တော်မျိုးတို့. ယင်းကဲ့သို့. တန်ခိုးပြာဋိဟာ တောင်းဆိုခြင်းမှာ မရိုမသေမခန့်.မညား ပြုလိုသောသဘော မဟုတ်ပါ၊ ကျွန်တော်မျိုးတို့.၏စေတနာမှာ (က)ကျွန်တော်မျိုးတို့.သည် ကောင်းကင်ကျ ထိုအဟာရကို 'တဗရ်ရုက်' မဂ််လာရှိသော အဟာရအဖြစ် အမြတ်တနိုးစားသုံးလိုခြင်း။ (ခ)ထိုတန်ခိုးပြာဋိဟာကို ဖူးတွေ့ရခြင်းအားဖြင့် ကျွန်တော်မျိုးတို့.၏ "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားသည် ပိုမိုထက်သန် ရင့်ကျက်လာစေလိုခြင်း၊ (ဂ)ထိုတန်ခိုးပြာဋိဟာကို ဖူးတွေ့ရခြင်းအားဖြင့် တမန်တော်မြတ်၏တရားဓမ္မ အဆုံးအမ ဩဝါဒတော်များ မှန်ကန်ကြောင်းကို ကိုယ်တွေ့မျက်မြင် ယုံကြည်လိုရှိဖြစ်ခြင်း၊ (ဃ)၎င်းပြင် ကျွန်တော်မျိုးတို့.သည် တန်ခိုးပြာဋိဟာနှင့်စပ်လျဉ်း၍ (ထိုတန်ခိုးပြာဋိဟာကို မဖူးတွေ့ရသော) သူတပါးတို့.အတွက် အသိသက်သေ ဖြစ်လိုခြင်းများသာ ဖြစ်သည်ဟု ရှင်းလင်းဖေါ်ပြ လျှောက်ထားကြလေသည်။ မာဂျိဒီ၊အစောင်-၂၊စာမျက်နှာ-၂၇၆၊အောက်ခြေအမှတ်-၃၄၇။

وَاَخِرْنَا وَاٰيَةً مِّنْكَ ۚ وَارْزُقْنَا وَاَنْتَ خَيْرُ الرّٰزِقِيْنَ ﴿١١٤﴾

ထိုစားဖွယ် သောက်ဖွယ်သည် ကျွန်တော်မျိုးတို့အဘို့ (ဝါ) ကျွန်တော်မျိုးတို့တွင် ရှေးကျသူများအဘို့ဎင်း၊ ကျွန်တော်မျိုးတို့နောက် လာလတ္တံ့သောသူများအဘို့ဎင်း၊ ပျော်ရွှင်ဖွယ်ရာ ဖြစ်ပါစေ၊ ဎင်းပြင် အရှင်မြတ် ထံတော်မှ သက်သေ လက္ခဏာတော် တပါးလည်း ဖြစ်ပါစေ။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ပေးသနားတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည်သာလျှင် အကောင်းဆုံးသော ပေးသနားတော်မူသော အရှင် ဖြစ်တော်မူပါသည်" ဟု လျှောက်ထားပန်ကြားလေသည်။

قَالَ اللّٰهُ اِنِّيْ مُنَزِّلُهَا عَلَيْكُمْ ۚ فَمَنْ يَّكْفُرْ بَعْدُ مِنْكُمْ فَاِنِّيْٓ اُعَذِّبُهٗ عَذَابًا لَّآ اُعَذِّبُهٗٓ اَحَدًا مِّنَ الْعٰلَمِيْنَ ﴿١١٥﴾

၁၁၅။ အလ္လာဟ်အရှင်မြတ်က "ငါအရှင်မြတ်သည် ထိုစားဖွယ်သောက်ဖွယ်ကို အသင်တို့အပေါ်၌ မုချဧကန် ချပေးသနားတော်မူအံ့၊ သို့ရာတွင် ထို(သို့ချပေးသနားတော်မူပြီး)နောက် အသင်တို့အနက် မည်သူမဆို ငြင်းပယ်ပါမူ၊ ငါအရှင်မြတ်သည် စကြာဝဠာ ခပ်သိမ်းတို့အနက် မည်သူတဦးတယောက်ကိုမျှပေးတော်မမူမည့် အပြစ်ဒဏ်ကို ထိုသူအား ဧကန်မလွဲ ပေးတော်မူအံ့" ဟု ပြန်ကြားတော်မူခဲ့လေသတည်း။ ၁

---

① အထက်တွင်ပါရှိသည့်အတိုင်း တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)က မိုးကောင်းကင်မှ စားဘွယ်သောက်ဘွယ်ကို ပို့ချပေးသနားတော်မူပါရန် အလ္လာဟ်အရှင်မြတ် အထံတော်တွင် လျှောက်ထားပန်ကြားသည့်အခါ ထိုအရှင်မြတ်က ဤမုကဒ္ဒပါဠ်တော်တွင် ပါရှိသည့်အတိုင်း မိန့်ကြားတော်မူလေသည်။

'အီမာန်' ယုံကြည်မှု၏ကုသိုလ်အကျိုးသည် 'ဃိဗ်' မျက်ကွယ်ရှိအရာများကို ယုံကြည်ခြင်းအပေါ်၌ တည်ရှိ၏။ ယခုမူကား ဤသို့မဟုတ်ချေ။ ကောင်းကင်မှ ချက်ပြုတ်ပြီးစားဘွယ်သောက်ဘွယ် ကျရောက်လာခြင်းသည် ဖြစ်လေ့ဖြစ်ထမရှိသော အံ့ဘွယ်ရာဖြစ်၏၊ ထင်ရှားလှသော သက်သေလက္ခဏာဖြစ်၏။ ကြီးမားလှသော တန်ခိုးပြာဋိဟာလည်းဖြစ်၏။ ယင်းကဲ့သို့ ထင်ရှားကြီးမားလှသော တန်ခိုးပြာဋိဟာကို မိမိတို့ကိုယ်တိုင် တောင်းဆို၍ တောင်းဆိုသည့်အတိုင်း ထိုတန်ခိုးပြာဋိဟာကို မိမိတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရပြီးနောက် သွေဖည်ငြင်းပယ်ပါမူ ဤငြင်းပယ်မှုသည် အကွယ်ရှိအရာကို ငြင်းပယ်သည်မဟုတ်။ ကိုယ်တွေ့မျက်မြင် ကိစ္စကို ငြင်းပယ်ခြင်းသာ ဖြစ်ချေသည်။ ကိုယ်တွေ့မျက်မြင်ကိစ္စကို ငြင်းပယ်ခြင်းကား အဆိုးဝါးဆုံး ➤➤

وَإِذْ قَالَ اللَّهُ يَا عِيسَى ابْنَ
مَرْيَمَ أَأَنتَ قُلْتَ لِلنَّاسِ
اتَّخِذُونِي وَأُمِّيَ إِلَٰهَيْنِ مِن
دُونِ اللَّهِ ۖ قَالَ سُبْحَانَكَ مَا يَكُونُ
لِي أَنْ أَقُولَ مَا لَيْسَ لِي
بِحَقٍّ ۚ إِن كُنتُ قُلْتُهُ فَقَدْ
عَلِمْتَهُ ۚ تَعْلَمُ مَا فِي نَفْسِي
وَلَا أَعْلَمُ مَا فِي نَفْسِكَ ۚ
إِنَّكَ أَنتَ عَلَّامُ الْغُيُوبِ ﴿١١٦﴾

၁၁၆။ (ပြန်လည်အောက်မေ့သတိရပါလေ၊) အကြင်အခါဝယ် အလ္လာဟ် အရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူအံ့၊ "အိ-'မရ်ယမ်' ၏သား 'အီစာ'၊ အသင်က လူတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် ကျွန်ုပ်(အီစာ)ကိုငင်း၊ ကျွန်ုပ်၏မယ်တော် (မရ်ယမ်)ကိုငင်း၊ ကိုးကွယ်ရာ(ဘုရား)နှစ်ပါး မှတ်ယူကြလေကုန် ဟု ပြောကြားခဲ့ပါသလော"။

ထိုအခါ (အီစာ)(အလိုင်ဟစ္စလာမ်)သည် (ဤသို့) လျှောက်ထား ပြန်ကြားပေအံ့။ ("အိ - အရှင်) အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးမှာ မိမိ မပြောထိုက်သော စကားကို ပြောဆိုခွင့် အလျင်း မရှိပါ။ အကယ်၍ သာ ကျွန်တော်မျိုးသည် ထိုစကားကို ပြောဆိုမိခဲ့ပါမူ၊ အရှင်မြတ်သည် ထိုပြောဆိုသည်ကို မုချသိရှိ တော်မူပြီးပင် ဖြစ်ပါသည်။

➢➢ အကြီးမားဆုံး အပြစ်ပင် ဖြစ်ပေသည်။ အဆိုးဝါးဆုံးသော ပြစ်မှုကို ကျူးလွန်သူတဦးသည် အဆိုးဝါးဆုံးသော အပြစ်ဒဏ်ကို ခံရမည်မှာ အထင်အရှားပင် ဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင် ဤမုကွပါဠ်တော်တွင် အလ္လာဟ်အရှင်မြတ်က "သို့ချပေးတော်မူပြီးသည့်နောက် အသင်တို့အနက် မည်သူမဆို သွေဖည်ငြင်းပယ်ပါမူ ငါအရှင်မြတ်သည် ထိုသူအား စကြာဝဠာခပ်သိမ်းတွင် မည်သူတဦးတယောက်ကိုမျှ ပေးတော်မမူသော ပြစ်ဒဏ်ကို မုချပေးတော်မူအံ့" ဟု မိန့်ကြားထားတော်မူခြင်းဖြစ်ပေသည်။

တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)၏ လျှောက်ထားပန်ကြားချက်အရ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှ စားဘွယ်သောက်ဘွယ်ကိုချပေးတော်မူခဲ့ပါသလော၊ ဤတွင် အဆိုပြားလျက်ရှိပေသည်။ (က) များစွာသော မုတ်စိရိန် သုခမိန်တို့၏ ယူဆချက်အရ ထိုစားဘွယ်သောက်ဘွယ်သည် မိုးကောင်းကင်မှ အမှန်တကယ်ပင် ကျရောက်ခဲ့ပေသည်။

သာဝကကြီး အမ္မာရ် အီဗ်နုယာစစ်ရ်ထံမှတဆင့် ကြားသိရ၏၊ တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ ထိုစားဘွယ်သည် မုံ့၊ အသားနှင့်တကွ ကျရောက်လာခဲ့၏။ ထိုသူတို့အား သစ္စာမမဲ့ကြရန်၊ သိလောင်၍မထားကြရန်နှင့် နက်ဖြန်အတွက် ချန်မထားကြရန် အမိန့်ထားတော်မူ၏။ ထိုသူများသည် သစ္စာမဲ့ခဲ့ကြ၏၊ သိလှောင်ခဲ့ကြ၏။ နောက်နေ့အတွက် ချန်ထားခဲ့ကြ၏၊ ထို့အတွက်ကြောင့် ၎င်းတို့သည် မျောက်၊ ဝက်တိရစ္ဆာန်များဖြစ်သွားခဲ့ကြရလေသည်။ (အီဗ်နုကျဒီရ်)

အရှင်မြတ်သည် ကျွန်တော်မျိုး၏ စိတ်တွင်း၌ရှိသမျှတို့ကို (အကြွင်းမဲ့)သိရှိတော်မူပါ၏။ သို့ရာတွင် ကျွန်တော်မျိုးမှာမူကား အရှင်မြတ်၏စိတ်တွင်း၌ ရှိသည်တို့ကို မသိပါ။ ဧကန်စင်စစ် အရှင်မြတ်သည်သာလျှင် အကွယ်၌ရှိသမျှတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင် ဖြစ်တော်မူပါသတည်း။

مَا قُلْتُ لَهُمْ إِلَّا مَا أَمَرْتَنِي بِهِ أَنِ اعْبُدُوا اللَّهَ رَبِّي وَرَبَّكُمْ ۚ وَكُنْتُ عَلَيْهِمْ شَهِيدًا مَّا دُمْتُ فِيهِمْ ۖ فَلَمَّا تَوَفَّيْتَنِي كُنْتَ أَنْتَ الرَّقِيبَ عَلَيْهِمْ ۚ وَأَنْتَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿١١٧﴾

၁၁၇။ ကျွန်တော်မျိုးသည် ၎င်းတို့ကို အရှင်မြတ်က ကျွန်တော်မျိုးအား မိန့်တော်မူသည့် (အတိုင်း) 'အို-အချင်းတို့၊ အသင်တို့သည် ကျွန်ုပ်၏အရှင်လည်းဖြစ်တော်မူသော၊ အသင်တို့၏အရှင်လည်းဖြစ်တော်မူသော (တဆူတည်းသော) အလ္လာဟ် အရှင်မြတ်အားသာ ကိုးကွယ်ကြလေကုန်' ဟူသော စကားမှအပ အခြားမည်သည့်စကားကိုမျှ ပြောဆိုခဲ့သည် မရှိပါ။ ထို့ပြင်တဝ ကျွန်တော်မျိုးသည် ၎င်းတို့အထဲတွင် ရှိနေသမျှ ကာလပတ်လုံး ၎င်းတို့(၏အကြောင်း)ကို သိရှိသူ ဖြစ်ပါသည်။

တဖန် အရှင်သည် *ကျွန်တော်မျိုးအား ပင့်မယူဆောင်သောအခါ* [၁] အရှင်သည်ပင်လျှင် ၎င်းတို့(၏ အကြောင်း)ကို သိရှိတော်မူသောအရှင် ဖြစ်တော် မူခဲ့ပါသည်။ အမှန် စင်စစ်သော်ကား အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်။

---

① "အရှင်မြတ်သည် ကျွန်တော်မျိုးအား ပင့်မယူဆောင်လိုက်သည့်အခါ"၊ ဆိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)အား ပဋမအကြိမ်တွင် မိုးကောင်းကင်သို့ အသက်နှင့်တကွ ပင့်မယူတော်မူခဲ့၍ ဒုတိယအကြိမ်တွင် အသက်သေစေတော်မူခဲ့၏။ (ဤစကားနှစ်ရပ်လုံးသည် ဤမူကွပါဠိတော်တွင် အကျုံးဝင်လျက်ရှိ၏) ကြည့်-ထာနဝီ၊အတွဲ-၃၊ စာမျက်နှာ-(၇၇)။

တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)အား မိုးကောင်းကင်သို့ ပင့်မ ယူဆောင်ထားတော်မူသည့် အကြောင်းကို ကုရ်အာန်ကျမ်းမြတ်(၃း၅၄)၏အဖွင့်တွင် အကျယ်တဝင့် ရေးသားခဲ့ပါပြီ၊ ပြန်လည်ရှုပါကုန်။

إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ ۖ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ﴿١١٨﴾

၁၁၈။ "အရှင်မြတ်သည် အကယ်၍ ထိုသူတို့အား အပြစ်ဒဏ် ပေးတော်မူခဲ့ပါလျှင်၊ ၎င်းတို့သည် ကန်မလွဲ အရှင်မြတ်၏ ကျွန်များပင် ဖြစ်ကြပါ၏။ ၎င်းပြင် အကယ်၍ အရှင်မြတ်သည် ထိုသူတို့အား (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါလျှင်လည်း (ပြုစွမ်းတော်မူနိုင်ပါသည်။) အဘယ်ကြောင့်ဆိုသော် ကန် စင်စစ် အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်၊ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပါသည်။" [၁]

قَالَ اللَّهُ هَٰذَا يَوْمُ يَنفَعُ الصَّادِقِينَ صِدْقُهُمْ ۚ لَهُمْ

၁၁၉။ အလ္လာဟ်အရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူလတ္တံ့။ [၂] ယနေ့မူကား မှန်ကန်သူများအဘို့၊ ၎င်းတို့၏မှန်ကန်မှုသည် [၃] အကျိုးပေးသည့်နေ့ပင် ဖြစ်ချေသည်။

---

① ဤမုက္ခပါဠ်တော်၏ ဆိုလိုရင်းသဘောကား အိုး-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ၎င်းတို့အား ပြစ်ဒဏ် တပ်ရိုက် စီရင်တော်မူပါလျှင် ၎င်းတို့သည် အရှင်မြတ်၏ကျွန်များပင် ဖြစ်ကြပါသည်။ အရှင်မြတ်သည် ၎င်းတို့၏ အရှင်သခင် ဖြစ်တော်မူပါသည်။ အရှင်သခင်သည် မိမိ၏ကျွန်များကို ၎င်းတို့၏အပြစ်များအလျောက် ပြစ်ဒဏ်တပ်ရိုက် စီရင်ပိုင်ခွင့်ရှိပါသည်။ အကယ်၍ အရှင်မြတ်သည် ၎င်းတို့ကို လွတ်ငြိမ်းခွင့် ပေးသနားတော်မူပါလျှင်လည်း ပေးစွမ်းတော်မူနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။ ချမ်းသာခွင့် ပေးသနားတော်မူနိုင်ပါသည်။ အရှင်မြတ်သည် ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင်လည်း ဖြစ်တော်မူပါသည်။ သို့ဖြစ်ပေရာ အရှင်မြတ်၏ ချမ်းသာခွင့် ပေးသနားတော်မူခြင်းသည် "ဟစ်က်မတ်" ဉာဏ်တော် အတိုင်းသာ ဖြစ်ပေသည်။ တရားသဖြင့်သာလျှင် ဖြစ်ပေမည်။ ခို့တဲ့မှုတစုံတရာ အလျင်း ရှိမည်မဟုတ်ပါ။ ဆိုလိုသည်ကား အရှင်မြတ်သည် အပြစ် ပေးတော်မူလိုပါကလည်း အပြစ်ပေးတော်မူနိုင်ပါသည်။ ချမ်းသာခွင့် ပေးတော်မူလိုပါကလည်း ချမ်းသာခွင့်ပေးတော်မူနိုင်ပါသည်။ ကျွန်တော်မျိုးသည် တစုံတရာ ဝင်ရောက် စွက်ဘက်သည် မဟုတ်ပါဟူလို။

② အဆက်တွင်ပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် နဗီတမန်တော်ပေါင်းတို့အား (သက်ဆိုင်ရာကိစ္စရပ်များကို) မေးမြန်းတော်မူပြီးသည့်နောက်တွင် ဤမုက္ခပါဠ်တော်တွင် ပါရှိသည့်အတိုင်း မိန့်ကြားတော်မူမည်ဖြစ်သည်။ ကြည့်-မာဂျိဒီ-ထာနဝီ။

③ (ဆွာဒိကီန်)ဟူသည် ဤပစ္စုပ္ပန်လောကတွင် မှန်ကန်သော ယုံကြည် ယူဆချက်များနှင့် ကောင်းမွန်မြင့်မြတ်သော အကျင့်သီလများအပေါ်တွင် တည်ရှိခဲ့သော သူမွန်သူမြတ်တို့ကို ဆိုလိုသည်။

جَنَّٰتٌ تَجۡرِي مِن تَحۡتِهَا ٱلۡأَنۡهَٰرُ خَٰلِدِينَ فِيهَآ أَبَدٗاۖ رَّضِيَ ٱللَّهُ عَنۡهُمۡ وَرَضُواْ عَنۡهُۚ ذَٰلِكَ ٱلۡفَوۡزُ ٱلۡعَظِيمُ ١١٩

ထို (မှန်ကန်သူများ)အတို့ အကြောင်းဉယျာဉ်များသည် (အဆင်သင့်)ရှိကြပေအံ့။ ထိုဥယျာဉ်များ၏အောက်မှစမ်းရေချောင်းများသည် စီးထွေလျက်ရှိကြလတ္တံ့။ ၎င်းတို့သည် ထိုဥယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင် (စံမြန်း)ကြကုန်အံ့။

အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အပေါ်၌ ကျေနပ်တော်မူပြီးဖြစ်တော်မူ၏။ ၎င်းတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ပြီး ဖြစ်ကြကုန်၏။ ဤသည်ကား ထူးကဲမြင့်မြတ်လှစွာသော (ဇေယျတုမဂ်လာ) အောင်မြင်မှုကြီးပင်တည်း။

لِلَّهِ مُلۡكُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ وَمَا فِيهِنَّۚ وَهُوَ عَلَىٰ كُلِّ شَيۡءٖ قَدِيرٌ ١٢٠

၁၂၀။ မိုးကောင်းကင်များကိုလည်း၊ ပထဝီမြေပြင်ကိုလည်း၊ ထိုမိုးကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိသမျှတို့ကိုလည်း၊ စိုးမိုးအုပ်ချုပ်ခြင်း(အာဏာ)သည် အလ္လာဟ်အရှင်မြတ်၌သာ ရှိချေသည်။ [၁]

စင်စစ်မူကား ထိုအရှင်မြတ်သည် အရာရာကို ပြုစွမ်းနိုင်တော်မူသောအရှင်ပင် ဖြစ်တော်မူချေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် မိုးမြေစကြာဝဠာ အစရှိသည့် ကမ္ဘာတဝှန်းကို စိုးမိုးတော်မူသော တပါးတည်းသော အရှင်ဖြစ်တော်မူ၏။ သို့စိုးမိုးတော်မူသော အရှင်ဖြစ်တော်မူသည့်အလျောက် အမိန့်ပညတ် အရပ်ရပ်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားတော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် အရာရာကို ပြုစွမ်းတော်မူနိုင်သော အရှင်လည်းဖြစ်တော်မူပေရာ ဒေသနာတော်များကို လိုက်နာကျင့်သုံးသူတို့အား ကုသိုလ်အကျိုးပေးသနားတော်မူ၍ ဒေသနာတော်များကို မလိုက်နာသူတို့အား ပြစ်ဒဏ်တပ်ရိုက်စီရင်တော်မူမည်ဖြစ်၏။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ကြီးကဲမြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ဦးလည်မသုံလိုက်နာကျင့်သုံး၍ ထိုအရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကို ရယူရန် ကြိုးပမ်းအားထုတ်ကြမည်သာ ဖြစ်ပေသတည်း။

သားကောင်များကဏ္ဍ



بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

اَلْحَمْدُ لِلّٰهِ الَّذِیْ خَلَقَ
السَّمٰوٰتِ وَالْاَرْضَ وَجَعَلَ
الظُّلُمٰتِ وَالنُّوْرَ ؕ ثُمَّ الَّذِیْنَ
كَفَرُوْا بِرَبِّهِمْ یَعْدِلُوْنَ ①

အစဉ်မပြတ် သနားကြင်နာတော်မူသော
အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်
(အစပြုပါ၏)။

၁။ အလုံးစုံသော ချီးမွမ်း ထောမနာပြုခြင်း တို့သည် အလ္လာဟ်အရှင်မြတ် အဘို့သာတည်း။ ထို အရှင်မြတ်သည် မိုးများနှင့် ပထဝီမြေကို ဖန်ဆင်းတော် မူခဲ့လေသည်။ ၎င်းပြင် ထို အရှင်မြတ်သည် *အမှောင်များနှင့် အလင်းရောင်ကို ပြုလုပ်တော် မူခဲ့* လေသည်။ [၁]

သို့ပါလျက်နှင့်ပင် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့ကား (အခြားသူတို့ကို) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် နှင့်တန်းတူ *မှတ်ယူထားရှိကြကုန်သတည်း*။ [၂]

---

① လမ်းမှန်မူသည် အလင်းရောင်နှင့်တူ၏။ လမ်းမှားမှုတည်းဟူသောအမှောင်များသည် အများအပြား အမြောက်အမြားရှိ၏။ လမ်းမှန်မှုတည်းဟူသောအလင်းရောင်သည် တခုတည်းပင်ရှိ၏။ ဥပမာ-ကိုယ်ခြေမကြီတွင် "အမှတ်နှစ်ခု တို့၏စပ်ကြား၌ မျဉ်းကောက်များစွာ ဆွဲထားနိုင်သော်လည်း၊ မျဉ်းဖြောင့်ကိုမူ တကြောင်းတည်းသာ ဆွဲသားနိုင်သည် ဖြစ်ကဲ့သို့ပင်။ ဤသည့်သဘောကို သိရှိစေရန်အလို့ငှာ၊ အမှောင်ကို ဗဟုဝုစ်ကိန်းဖြင့်ငင်း၊ အလင်းရောင်ကို ဧကဝုစ်ကိန်းဖြင့်ငင်း၊ သုံးနှုန်းထားတော်မူခြင်းပင် ဖြစ်ပေသည်။ ကြည့်-မာဂျီဒီ၊ အ-၂၊ စ-၂၇၉၊ အအ-၁။

② အရပ်နိုင်ငံရှိ မွတ်ရှ်ရစ်ဂ်များသည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကိုခွဲဝေရာ၌ အားလုံးထက်ပင် ရက်ရောလျက်ရှိကြ၏။ ၎င်းတို့သည် တောင်များ၌ရှိသမျှသော ကျောက်တုံး၊ ကျောက်ခဲများကို ကိုးကွယ်ကြ၏။ မီး၊ နေ၊ လ၊ ကြယ်တာရာ၊ သစ်ပင်၊ တိရစ္ဆာန်စသည်ဖြင့် အရာအားလုံးကိုလည်း ဆည်းကပ်ကိုးကွယ်ကြ၏။ ကိုးကွယ်ရာ၌ ထိုသို့သောအရာများကို အလ္လာဟ်အရှင်မြတ်နှင့် တန်းတူထား၍ ကိုးကွယ်ကြ၏။

အမှန်မှာ မိုး၊ မြေ၊ နေ၊ လ၊ နေ့၊ ည၌၊ အလင်း၊ အမှောင်၊ အသိရှိမှု၊ အသိမဲ့မှု၊ တရားရမှု၊ တရားမဲ့မှု၊ သေခြင်း၊ ရှင်ခြင်း၊ စသည်ဖြင့် ဖြစ်ပျက်လျက်ရှိသော ဖြစ်စဉ်ဖြစ်ရပ် အရပ်ရပ်တို့ကို ပြုစုစီရင်တော်မူသောအရှင်မှာ တဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူ၏။ ထို အရှင်မြတ်သည် မည်သူတဦး တယောက်ကိုမျှ မှီခို အားထားတော်မူရသည်မရှိ။ ထိုအရှင်မြတ်နှင့် ➤➤

هُوَ الَّذِي خَلَقَكُم مِّن طِينٍ ثُمَّ قَضَىٰ أَجَلًا وَأَجَلٌ مُّسَمًّى عِندَهُ ثُمَّ أَنتُمْ تَمْتَرُونَ ﴿٢﴾

၂။ ထို အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ရွံ့မြေဖြင့် ဖန်ဆင်းတော်မူပြီးနောက် (အသက်သေဆုံးစေရန်) အချိန်တချိန်ကို သတ်မှတ်ပြဋ္ဌာန်း တော်မူခဲ့သော အရှင်ပင် ဖြစ်ပေသည်။ [၁] ၎င်းပြင် (ရှင်ပြန်ထစေရန်)အချိန်သည် ထိုအရှင်မြတ် ထံတော်၌သာ သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်၏။ သို့ပါလျက် အသင်တို့သည် ဒွိဟသံသယ ဖြစ်ကြကုန်သတည်း။

➤➤ ယုဉ်ကွဲဘက်ပြိုင်နိုင်သူ ဟူ၍လည်း တဦးတယောက်မျှမရှိ။ မည်သူ တဦးတယောက်မျှ ထို အရှင်မြတ်၏ ကိစ္စ၌ စွက်ဘက် နိုင်သည်လည်းမရှိ။ ထိုအရှင်မြတ်သည် ကမ္ဘာအဝှန်းကို မွေးမြူတော်မူသော အရှင်၊ ပိုင်ဆိုင်တော်မူသောအရှင်၊ မိမိ၏အလိုတော်အတိုင်း ပြုလုပ်စီရင်တော်မူသော အရှင်၊ ဘုန်းတော်အစုံ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ် တပါးတည်းသာလျှင် ခပ်သိမ်းကုန်သော ခြီးမွမ်း ထောမနာခြင်းများကို ခံထိုက်တော်မူပေသည်။ ယင်းသို့သော အဖြစ်မှန်များကို သိရှိကြပါလျက် နှင့်ပင် ကာဖိရ်များသည် အခြား အရာများကို အလ္လာဟ် အရှင်မြတ်နှင့် တန်းတူထား၍ ကိုးကွယ်ကြသည်မှာ အံ့ဘွယ်ရာပင်။

① အထက်တွင် "အာလမေ့ကဗီရ်" ခေါ် ကမ္ဘာကြီးကို ဖန်ဆင်းတော်မူသည့်အကြောင်းပါရှိ၏။ ဤမုက္ခပါဠိတော်တွင် "အာလမေ့ဆွယီရ်" ခေါ် ကမ္ဘာငယ် (၀ါ) လူသားကိုဖန်ဆင်းတော်မူသည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ဘဝခြင်းကြီး အာဒမ်သခင်အား အစတွင် ဖန်ဆင်းတော်မူရာ၌ အသက်မရှိသောမြေဖြင့် မြေရုပ်တခု ပြုလုပ်တော်မူ၏။ ထို့နောက် ထိုမြေရုပ်တွင် အသက်ဇီဝိန်ကို ထည့်သွင်းတော်မူ၏။ လူသားတို့နှင့်သက်ဆိုင်သည့် အရည်အချင်းများကို ပေးသနားတော်မူ၏။ ယခုလည်း အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးတော်ဖြင့် မြေမှစားသောက်ဘွယ် ကောက်ပဲသီးနှံများ ဖြစ်ထွန်းလျက်ရှိ၏။ ထိုစားဘွယ်သောက်ဘွယ်များကို လူသားတို့သည် မှီဝဲစားသုံးခြင်းအားဖြင့် လူသားတို့တွင် အသွေးအသား၊ သုတ်ရည်၊ သုတ်သွေးများ၊ ဖြစ်လာ၏။ ထိုသုတ်သွေးမှတဖန် လူသားတို့သည် ဖြစ်ပွားလာကြ၏။ အချုပ်အားဖြင့်ဆိုရသော်၊ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ကို မရှိရာမှ ရှိရာသို့ ဖန်ဆင်းတော်မူ၏၊ လူသားတို့ အသီးသီး သေဆုံးကြရန် အချိန်ကိုလည်း၊ သတ်မှတ်ထားတော်မူ၏။

လူသည် မြေမှဖြစ်၏။ မြေအတွင်းသို့ပင် ပြန်လည်ရောက်ရမည်ဖြစ်၏။ လူသားတို့ အသီးသီး သေဆုံးသည်ကို "ကေ့ယာမက်သွဟ်ဃ်ရာ" ကေ့ယာမက်အငယ် ဟုခေါ်သည်။ ကမ္ဘာကြီးပျက်စီးခြင်းကို "ကေ့ယာမတ်ကွဟ်ဗ်ရာ" ကေ့ယာမက်အကြီး ဟုခေါ်သည်။ ကမ္ဘာငယ်(၀ါ)လူသားတို့သည် သတ်မှတ်ထားသည့် အချိန်တွင် သေကြေပျက်စီးလျက် ရှိကြသည်ကို ထောက်ရှုဆင်ခြင် မြော်မြင်သည်ရှိသော်၊ ကမ္ဘာကြီးသည်လည်း၊ သတ်မှတ်ထားသည့်အချိန်တွင် မုချ ပျက်စီးမည်ကို ကောင်းစွာသိရှိနိုင်ပေသည်။

လူသားတို့သည်၊ မကြာခဏ သေဆုံးလျက်ရှိရာ ၎င်းတို့သည် မိမိတို့၏သေဆုံးမည့် အချိန်ကာလ အပိုင်းအခြားများကို မှန်းဆနိုင်ကြပေသည်။ ကမ္ဘာကြီးပျက်စီးမည့် အချိန်ကိုမူ လူသားတို့ မသိနိုင်ပေ။ အလ္လာဟ်အရှင်မြတ်သာလျှင်၊ အတိအကျ သိတော်မူသည်။ လူသားတို့၏ ရှင်ခြင်း၊ သေခြင်းများကို ➤➤

وَهُوَ اللَّهُ فِي السَّمَاوَاتِ وَفِي الْأَرْضِ ۖ يَعْلَمُ سِرَّكُمْ وَجَهْرَكُمْ وَيَعْلَمُ مَا تَكْسِبُونَ ﴿٣﴾

၃။ အမှန်စင်စစ် မိုးများနှင့်မြေတွင်၊ ထို အလ္လာဟ် အရှင်မြတ် သည်သာလျှင်၊ ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော (တဆူတည်းသော) အရှင် ဖြစ်တော်မူသည်။ ထို အရှင်မြတ်သည် အသင်တို့၏ လျှို့ဝှက်ထားသော အဖြစ်အပျက် အခြေအနေကိုလည်း၊ အသင်တို့၏ ပေါ်လွင်ထင်ရှားစေသော အဖြစ်အပျက် အခြေအနေကိုလည်း၊ သိတော်မူ၏။ ၎င်းပြင် ထို အရှင်မြတ်သည်အသင်တို့ ရှာဖွေဆည်းပူး ပြုလုပ်ကြသမျှသော အရာများကိုလည်း (အကြွင်းမဲ့)သိတော်မူသည်။ [၁]

وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ ﴿٤﴾

၄။ ၎င်းပြင် ထိုသူတို့ထံ ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ မည်သည့် သက်သေသာဓက လက္ခဏာမျိုးမဆို [၂] ဆိုက်ရောက်လာခဲ့သည်ရှိသော် ထိုသူတို့သည် ထိုသက်သေသာဓက လက္ခဏာတော်များမှ မျက်နှာလွှဲဖယ်ကျောခိုင်း သွားကြသည်ချည်းသာတည်း။

➤➤ တွေ့မြင်နေကြရပါလျက် ကမ္ဘာကြီးပျက်စီးမည့်အရေးတွင် ဒွိဟ သံသယမကင်းဖြစ်နေကြသူများမှာ အံ့သြစရာပင် ဖြစ်လေသည်။

① အလ္လာဟ်အရှင်မြတ်သည် မိုးများနှင့်မြေကိုလည်း၊ ဖန်ဆင်းတော်မူ၏။ အမှောင်များနှင့် အလင်းရောင်ကိုလည်း ဖန်ဆင်းတော်မူ၏။ လူသားတို့ကိုလည်း ဖန်ဆင်းတော်မူ၏။ အသက်သေဆုံးရန် အချိန်လည်းသတ်မှတ်တော်မူ၏။ ရှင်ပြန်ထရမည့် အချိန်ကိုလည်း ထိုအရှင်မြတ်ပင်သိတော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့ ပေါ်လွင်ထင်ရှားစေသော အကြောင်းများကိုလည်း သိတော်မူ၏။ အသင်တို့၏ ထိန်ချန်လျှို့ဝှက်ထားသော အကြောင်းများကိုလည်း သိတော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့ဆည်းပူးကြသမျှသော ကောင်းမှု၊ မကောင်းမှု အစုစုကိုလည်း အကြွင်းမဲ့ သိတော်မူ၏။ ယင်းသို့သိတော်မူသည့်အလျောက် ကောင်းကျိုး၊ မကောင်းကျိုးများကိုလည်း ပေးတော်မူမည်ဖြစ်၏။ သို့ဖြစ်ပေရာ ထိုထိုသောဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော တဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝမ်းကိုးကွယ်ကြရပေမည်။ ထိုအရှင်မြတ်အားသာလျှင် ချီးမွမ်းထောမနာ ပြုကြရပေမည်။ (ထာနဒီကိုမိုး၊သည်)။

② ဤမူကွပါဠိတော်တွင်ပါရှိသော "အာယဿ်" ဟူသောပုဒ်၌ "တရ်ရီအီ" တရားဒေသနာတော်နှင့် သက်ဆိုင်သော သက်သေလက္ခဏာတော်များ၊ 'တက်ဝီနီ' ဖန်ဆင်းတော်မူခြင်းနှင့်သက်ဆိုင်သော သက်သေလက္ခဏာတော်များ အကျုံးဝင်သည်။ ဆိုလိုသည်ကား– အဆိုပါ "အာယသ်"တွင် မှန်ကန်သောသာသနာများ ထွန်းကားခြင်း၊ ထိုသာသနာများ၏ အဆုံးမသြဝါဒများ တရားဓမ္မများလည်း အကျုံးဝင်၏။ ထို့အတူ "မုအ်ဂျိဇဟ်" ➤➤

فَقَدْ كَذَّبُوا بِالْحَقِّ لَمَّا جَآءَهُمْ فَسَوْفَ يَأْتِيهِمْ أَنۢبَٰٓؤُا مَا كَانُوا بِهِۦ يَسْتَهْزِءُونَ ۝٥

၅။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့ထံ "အမှန်" ရောက်ရှိလာသောအခါ၊ ထိုအမှန်ကိုလည်း ငြင်းပယ်လိုက်ကြလေသည်။ သို့ဖြစ်၍ ၎င်းတို့ထံ မကြာမြင့်မီကာလအတွင်း အကြင်အရာ၏ သတင်းမှန်သည် ရောက်လာပေမည်။ ထိုအရာနှင့်စပ်လျဉ်း၍ ၎င်းတို့သည် ပြက်ရောဲ ပြောင်လှောင်လေ့ရှိခဲ့ကြ၏။

أَلَمْ يَرَوْا۟ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ مَّكَّنَّٰهُمْ فِى ٱلْأَرْضِ مَا لَمْ نُمَكِّن لَّكُمْ وَأَرْسَلْنَا ٱلسَّمَآءَ عَلَيْهِم مِّدْرَارًا وَجَعَلْنَا ٱلْأَنْهَٰرَ تَجْرِى مِن تَحْتِهِمْ فَأَهْلَكْنَٰهُم بِذُنُوبِهِمْ وَأَنشَأْنَا مِنۢ بَعْدِهِمْ قَرْنًا ءَاخَرِينَ ۝٦

၆။ ငါအရှင်မြတ်သည် ၎င်းတို့အလျင် *အဘယ်မျှလောက်သော* လူမျိုးတို့ကို [၁] ပျက်စီးစေတော်မူခဲ့သည်ကို ထိုသူတို့သည် မမြင်ခဲ့ကြသလော။ ငါအရှင်မြတ်သည် ထိုလူမျိုးတို့အား ကမ္ဘာမြေပြင်ဝယ် အခြေစိုက် တည်မြဲစေတော်မူခဲ့သည့် နည်းမျိုးဖြင့် အသင်တို့အား အခြေစိုက် တည်မြဲစေတော်မူခဲ့သည် မဟုတ်ပေ။ ထို့ပြင်တဝ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးကို သည်းထန်စွာ ရွာသွန်းစေတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့၏ဥယျာဉ်များ၊ အိမ်များအောက်မှ စမ်းချောင်းများကိုလည်း စီးဆင်းစေတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းသူတို့အား ယင်းသူတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ပျက်စီးစေတော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့၏နောက်တွင် အခြားလူမျိုးတို့ကို ဖန်ဆင်းတော်မူခဲ့လေသတည်း။

➤➤ တန်ခိုးပြာဋိဟာများ၊ မိုးခေါင်ခြင်း၊ မြေငလျင်တုန်လှုပ်ခြင်း၊ စသည့် ကြောက်ဘွယ်ကောင်းသော သက်သေလက္ခဏာတော် များလည်း အကျူးဝင်ပေသည်။ ကြည့်–မာဂျီဒီ၊ အ–၂၊ စ–၂၇၉၊ အအ–၅။

① "ကရ်နုန်" ဟူသောပုဒ်နှင့်စပ်လျဉ်း၍ ခေတ်အခါကာလကို သတ်မှတ်ပိုင်းခြားရာတွင် အဆိုပြားလျက်ရှိ၏။ အဆိုအရပ်ရပ်အနက် အလယ်အလတ်ဖြစ်သော အဆိုအရ၊ နှစ်ပေါင်း(၇၀)၊ သို့မဟုတ် နှစ်ပေါင်း(၈၀)ဖြစ်သည်။ အချို့အဆိုအရ၊ နှစ်ပေါင်း(၁၀၀)၊ သို့မဟုတ် နှစ်ပေါင်း(၁၀၀)ထက်ပိုသော အချိန်ကာလဖြစ်သည်။ အချို့အဆိုအရ၊ နှစ်ပေါင်း(၆၀)၊ သို့မဟုတ်(၄၀)ဖြစ်သည်။ အသိဉာဏ်နှင့်ယှဉ်၍ဆိုရသော်၊ ခေတ်တိုင်းခေတ်တိုင်းတွင် လူများ၏ အလယ်အလတ်ဖြစ်သော သက်တမ်းကို သတ်မှတ်ခြင်းပင်ဖြစ်၏။ ယုတ္တိလည်းရှိသည်။ ➤➤

وَلَوْ نَزَّلْنَا عَلَيْكَ كِتَٰبًا فِى قِرْطَاسٍ فَلَمَسُوهُ بِأَيْدِيهِمْ لَقَالَ الَّذِينَ كَفَرُوٓا۟ إِنْ هَٰذَآ إِلَّا سِحْرٌ مُّبِينٌ ۝٧

၇။ ၎င်းပြင် အကယ်၍ ငါ အရှင်မြတ်သည် အသင်၏အပေါ်သို့ စာရွက်တွင် ရေးသားထားသော ကျမ်းတစောင်စောင်ကို ထုတ်ပြန်တော်မူခဲ့သော်၊ ထို့နောက် ထိုသူတို့သည် ယင်းကျမ်းကို မိမိတို့၏ လက်များဖြင့် ထိတွေ့ စမ်းသပ်ခဲ့ကြသည်ရှိသော်၊ သို့တစေလည်း "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့ကမူ "ဤသည် အလွန်ထင်ရှားသော စုန်းပယောဂ ဖြစ်သည်" ဟူ၍ပင် မုချ ပြောဆိုကြပေမည်။ [၁]

➤➤ အချို့ပညာရှင်များက "လူမျိုးတမျိုးတည်လျက်ရှိသည့် စုပေါင်းနေထိုင်မှုကို အကြောင်းပြု၍ ခေတ်ကို သတ်မှတ်ကြသည်။ ဥပမာ–ဇူဂျာဂျိက ကရ်နံ့ ဟူသည် ခေတ်တခေတ်ရှိ အကြင်သို့သော လူများကိုဆို၏။ ၎င်းတို့တွင်၊ နဗီတပါးဖြစ်စေ၊ သို့မဟုတ် ပညာအရပ်ရပ်တွင် ထူးချွန်စွာတတ်မြောက်သော ပါရဂူတဦးဖြစ်စေ၊ သို့မဟုတ် ဘုရင်တပါးဖြစ်စေ ပေါ်ထွန်းခဲ့၏။" ဤသည် ကုရ်အာန်ကျမ်းမြတ်၏ အသုံးအနှုန်းနှင့်အလွန်နီးစပ်၏။ အဘယ်ကြောင့်ဆိုသော နဗီတမန်တော် နူဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများသည် 'ကရ်နံ့' ဖြစ်၏။ အမှန်မှာ တမန်တော်နူဟ်(အလိုင်ဟစ္စလ္လမ်)သည် မိမိ၏အမျိုးသားများတွင် နှစ်ပေါင်း(၁၀၀၀)ခန့် နေထိုင်ခဲ့၏။ "အာဒ်" အမျိုးသားများသည်လည်း၊ "ကရ်နံ့" ဖြစ်၏။ ထို့အတူ တမန်တော်ဆွာလစ်ဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများသည်လည်း၊ "ကရ်နံ့" ပင်ဖြစ်၏။

"ကရ်နံ့" ဟူသောစကားကို ခေတ်ဟူသောစကား၏ အနက်၌လည်း အသုံးပြုပေသည်။

ယခုအခါ စာပေလောကတွင် "ကရ်နံ့" ဟူသော စကားသည် (ရာစု) နှစ်(၁၀၀)၏ အဓိပ္ပါယ်၌ အထူး ကျော်ကြားလျက် ရှိပေသည်။

① မက္ကာမြို့ရှိ အချို့မွတ်ရှ်ရစ်များက တမန်တော်မြတ်အား၊ 'သင်သည် စာရွက်တွင် ရေးမှတ်ထားသော ကျမ်းဂန်တစောင်ကို ကောင်းကင်မှယူဆောင်လာပါ။ သို့ယူဆောင်လာရာတွင် ကောင်းကင်တမန် ၄–ပါးသည်လည်း၊ ထိုကျမ်းစာနှင့်အတူ လိုက်ပါလာကြပြီးလျှင် ကျွန်ုပ်တို့ရှေ့မှောက်တွင် ထိုကောင်းကင်တမန်များက ဤကျမ်းဂန်သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်အဟုတ်အမှန် ဖြစ်ပါသည်ဟု သက်သေထွက်ဆိုကြရမည်၊ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ပါမည်။" ဟု ပြောဆိုခဲ့ကြသည်။

ဤမုက္ခပါဠိတော်(၆:၇)တွင် အဆိုပါမွတ်ရှ်ရစ်က်တို့၏ တောင်းဆိုမှုကိုပင် ဖြေကြားတော်မူသည်။ ထိုမွတ်ရှ်ရစ်က်များသည် လက်ရှိအခြေအနေမှာပင် ကုရ်အာန်ကျမ်းမြတ်ကို စုန်းပယောဂဟူ၍ ဆိုလျက်ရှိကြ၏။ ကုရ်အာန်ကျမ်းမြတ်ကို ယူဆောင်ပေါကြားသော တမန်တော်မြတ်အား စုန်းပယောဂဆရာဟူ၍ ဆိုလျက်ရှိကြ၏။ အကယ်တန္တု၊ အလ္လာဟ်အရှင်မြတ်သည် ရေးမှတ်ထားသော ကျမ်းဂန်တစောင်ကို ကောင်းကင်မှချပေးတော်မူအံ့၊ ပြီးနောက် ထိုကျမ်းဂန်ကို ၎င်းတို့ကိုယ်တိုင် မိမိတို့၏လက်များဖြင့် ကိုင်တွယ်စမ်းသပ်ကြည့်ကြအံ့၊ သို့တစေလည်း ၎င်းတို့က 'ဤသည်ထင်ရှားသော စုန်းပယောဂသာဖြစ်သည်' ဟူ၍ ပြောဆိုကြပေမည်။ ➤➤

တနည်း။

ၚင်းပြင် အကယ်၍ ငါ အရှင်မြတ်သည် အသင်၏အပေါ်သို့ စာရွက်တွင် ရေးသားထားသော ကျမ်းတစောင်စောင်ကို ထုတ်ပြန်တော်မူခဲ့လေသည် ရှိသော်၊ ထို့နောက် ထိုသူများသည် ထိုကျမ်းစာကို မိမိတို့၏လက်များဖြင့် စမ်းသပ်ကိုင်တွယ် ကြည့်ကြသည်ရှိသော်၊ ထိုအခါတွင်လည်း ကာဖိရ်များက 'ဤသည် ထင်ရှားသော စုန်းပယောဂမျှသာဖြစ်သည်' ဟူ၍ပင် ပြောဆိုကြပေမည်။

တနည်း။

စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည်အသင်၏အပေါ်ဝယ် စာရွက်တွင်ရေးသားထားသော ကျမ်းဂန်တစောင်ကို ထုတ်ပြန်ချမှတ်တော်မူအံ့။ ထို့နောက်ထိုသူသည် ယင်းကျမ်းဂန်ကို မိမိတို့၏လက်များဖြင့် စမ်းသပ် ထိတွေ့ခဲ့ကြငြားအံ့လည်း (ၚင်းတို့အနက်) ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့မူကား 'ဤသည် အလွန်ထင်ရှားသောစုန်းပယောဂမျှဖြစ်သည်' ဟူ၍ပင် ပြောဆိုကြပေမည်။

وَقَالُوا۟ لَوْلَآ أُنزِلَ عَلَيْهِ مَلَكٌ ۖ وَلَوْ أَنزَلْنَا مَلَكًا لَّقُضِىَ

၈။ ၚင်းပြင် ထိုသူတို့က "အဘယ်ကြောင့် ၚင်း(နဗီတမန်တော်)၏အထံသို့ ကောင်းကင်တမန်တပါး စေလွှတ်ထားခြင်း မရှိပါသနည်း" ဟု ပြောဆိုကြကုန်၏။ [၁]

➤➤ တရားမမှုကိုလုံးဝ လက်မခံလိုသော အကြင်သူမိုက်အား အဘယ်မျှ ကြီးမားထင်ရှားသော အထောက်အထား သက်သေသာဓကများကို ပြငြားသော်လည်း၊ အကျိုးရှိမည်မဟုတ်ပေ။ ဘယ်သောအခါ၌ ဒိဗ္ဗာသံသယကင်းမည်လည်း မဟုတ်ပေ။

① အရဗ်နိုင်ငံရှိ အချို့ကာဖိရ်များက 'အဘယ့်ကြောင့် ထို(နဗီတမန်တော်)ထံသို့ ကောင်းကင်တမန် မလာရောက်ပါသနည်း' ဟုပြောဆိုကြ၏။ ဆိုလိုသည်ကား ကောင်းကင်တမန်တပါးသည် လာရောက်၍ ➤➤

الْأَمْرُ ثُمَّ لَا يُنظَرُونَ ۝٨

စင်စစ်မှာမူ အကယ်၍သာ ငါအရှင်မြတ်သည် ကောင်းကင်တမန် တပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် အရေးကိစ္စမှာ မုချဧကန် ပြီးဆုံးသွားမည်သာဖြစ်၏။ ထို့နောက်ပိုင်းတွင် ၎င်းတို့သည် (အပြစ်ပေးခြင်းမှ အနည်းငယ်မျှ) ရွှေ့ဆိုင်းခွင့်ကို ရရှိကြလိမ့်မည် မဟုတ်ပေ။

وَلَوْ جَعَلْنَٰهُ مَلَكًا لَّجَعَلْنَٰهُ رَجُلًا وَلَلَبَسْنَا عَلَيْهِم مَّا

၉။ ထိုမှတပါး အကယ်၍သာ ငါအရှင်မြတ်သည် ၎င်း(ရာဇူလ်တမန်တော်)အား ကောင်းကင်တမန် တပါး ပြုလုပ်တော်မူခဲ့ပါလျှင် မုချဧကန် ငါအရှင်မြတ်သည် ထိုကောင်းကင်တမန်ကိုလည်း (ရုပ်ဆင်း

➤➤ ၎င်းတို့ရှေ့တွင် ထိုနဗီတမန်တော်သည် နဗီတမန်တော်အမှန် ဖြစ်ပါသည်ဟူ၍ ထောက်ခံပြောဆိုရမည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် ထိုနဗီတမန်တော်အား၊ ယုံကြည်မည်ဟု ပြောဆိုကြလေသည်။

ကာဖိရ်များသည် ဤကဲ့သို့ တောင်းဆိုခဲ့ကြသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၁၅း၇–၁၅ ၁၇း၉၀–၉၃။ ၂၅း၇–၈။ ၄၃း၅၃)တွင် တွေ့ရှိရပေသည်။

ဤမုဟမ္မဒ်တော်တွင် အဆိုပါ တောင်းဆိုချက်နှင့်စပ်လျဉ်း၍ ဖြေကြားထားတော်မူသည်။

အကယ်၍ ကောင်းကင်တမန်တပါးသည် ၎င်း၏မူရင်းရုပ်ဆင်းသဏ္ဌာန်နှင့် ရောက်လာခဲ့သည်ရှိသော် ကာဖိရ်များသည် တမိနစ်မျှပင် ခံနိုင်ကြမည်မဟုတ်ပေ။ ကောင်းကင်တမန်၏ အရှိန်အဝါကြောင့် အသက်ထွက်သွားကြပေမည်။

နဗီတမန်တော်များ၌သာလျှင် ကောင်းကင်တမန်များကို မြင်နိုင်သည့် အရည်အချင်းရှိပေသည်။ တမန်တော်မြတ်မိုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်ပင်လျှင် အပါးတော်စေတမန် ဂျစ်ဗရီလ်(အလိုင်ဟစ္စလာမ်)အား ၎င်း၏ မူရင်းရုပ်ဆင်းသဏ္ဌာန်နှင့် နှစ်ကြိမ်မျှသာ မြင်ဘူးတော်မူခဲ့သည်။ အခြားနဗီတမန်တော်များအနက် မည်သည့်နဗီတမန်တော်ကမျှ (ကောင်းကင်တမန်တပါးကို ၎င်း၏ မူလရုပ်ဆင်းသဏ္ဌာန်နှင့်) မြင်ဘူးသည်ဟူ၍ကား ကျမ်းလာအထောက်အထား မတွေ့ရှိရပေ။

၎င်းပြင် အကယ်၍ ထိုကာဖိရ်များက တောင်းဆိုကြသည့်အတိုင်း အလ္လာဟ် အရှင်မြတ် သည် ကောင်းကင်တမန်အား စေလွှတ်တော် မူခဲ့သည်ရှိသော် ယင်းသို့ စေလွှတ်တော် မူပြီးသည့် နောက်တွင် လည်း ကာဖိရ်များသည် မယုံကြည် ကြသည်ရှိသော် (၎င်းတို့၏ မနာလို မုန်းတီးမှုများကို ထောက်ရှုခြင်း အားဖြင့် ၎င်းတို့သည် ယုံကြည်ကြမည်လည်း မဟုတ်ပေ။) သို့ဖြစ်လျှင် အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား လုံးဝ ဖျက်ဆီးပစ်တော်မူမည်ပင် ဖြစ်သည်။ ၎င်းတို့သည် အပြစ်ဒဏ်ခံရခြင်းမှ အနည်းငယ်မျှပင် ဆိုင်းငံ့ခွင့် ရရှိကြမည် မဟုတ်ပေ။ ဤသည်ကိုထောက်သော် ၎င်းတို့၏တောင်းဆိုချက်အတိုင်း ကောင်းကင်တမန်ကို စေလွှတ်တော်မမူခြင်းသည်ပင်လျှင် ကရုဏာထားတော်မူခြင်း ဖြစ်သည်ဟူ၍ ယူဆရမည်။

يَلْبِسُونَ ﴿٩﴾

သဏ္ဌာန်အားဖြင့် လူ) ယောကျ်ားသာလျှင် ပြုလုပ်တော်မူမည်ဖြစ်သည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့အား (ယခု) ထိုသူများ ယုံမှားသံသယဖြစ်သကဲ့သို့ပင် (ထပ်မံ၍) မှုချ ယုံမှားသံသယဖြစ်စေတော်မူမည် ဖြစ်၏။ [၁]

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿١٠﴾

၁၀။ (အို–နဗီတမန်တော်) အသင်၏အထက် အဆက်ဆက်က ရာရူလ်တမန်တော်များသည်လည်း ပြက်ချော်ပြောင်လှောင်ခြင်းကို ထင်ရှားဧကန် အမှန် ခံ၍သွားခဲ့ကြရသည်။ ထို့နောက်ယင်းရာရူလ် တမန်တော်တို့အား ပြက်ချော်ပြောင်လှောင် ကြလေသောသူတို့ကို ၎င်းတို့ ပြက်ချော်ပြောင်လှောင်ခဲ့ကြသော အပြစ်ဒဏ်သည်ပင်လျှင်ဝန်းဝိုင်းခဲ့လေသည်။ [၂]

---

① ကာဖိရ်များသည် ၎င်းတို့တောင်းဆိုကြသည့်အတိုင်း၊ ကောင်းကင်တမန် ရောက်ရှိလာခဲ့သည်ရှိသော်၊ ကာဖိရ်များသည် ယုံကြည်ကောင်း ယုံကြည်ကြပေမည်ဟူ၍ ဒွိဟသံသယဖြစ်ရှိနိုင်ပေသည်။ သို့ရာတွင် ဤသို့သော ဒွိဟသံသယဖြစ်ခြင်းသည် အခြေအနေအဖြစ်မှန်နှင့်မူကား၊ လုံးဝမကိုက်ညီသော ဒွိဟဖြစ်ခြင်းမျိုး သာလျှင် ဖြစ်ပေမည်။ အဘယ့်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည် ကောင်းကင်တမန်တပါးကို ရာရူလ် တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်ရှိသော် လူသာမန်တို့သည် မိမိတို့၏စက္ခုအာရုံများဖြင့်၊ ထိုကောင်းကင် တမန်ကို ၎င်း၏ မူရင်းရုပ်ဆင်းသဏ္ဌာန်နှင့် လုံးဝမမြင်နိုင်ကြပေရာ ထိုအရှင်မြတ်သည် ထိုကောင်းကင် တမန်ကိုလည်း လူ၏ရုပ်ဆင်းသဏ္ဌာန်နှင့်ပင် စေလွှတ်တော် မူမည်ဖြစ်ပေသည်။ ထိုအခါ ကာဖိရ်များသည် လူ၏ရုပ်ဆင်းသဏ္ဌာန်ဖြစ်သော ထို ကောင်းကင်တမန်ကို လူဖြစ်သည်ဟူ၍ မှတ်ထင်ကာ ယခင်ကဲ့သို့ပင် ဒွိဟသံသယဖြစ်ရှိကြဦးမည်ပင် ဖြစ်သည်။ သို့ဖြစ်ရာ ကောင်းကင်တမန်ကို စေလွှတ်တော်မူခြင်း အားဖြင့် ကာဖိရ်များ၌ တစုံတရာ အကျိုးရှိမည် မဟုတ်ပေ။ ၎င်းတို့၏ ဒွိဟသံသယသည် ယခင်အတိုင်းပင် ဖြစ်ရှိနေမည်။ ထိုကာဖိရ်များ၌ အကျိုးတစုံတရာ မရှိသည့်အပြင် ဆုံးရှုံးရန်သာလျှင် ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ကောင်းကင်တမန် ရောက်ရှိလာပြီးသည့်နောက် ကာဖိရ်များသည် ယခင်ကဲ့သို့ပင် မယုံကြည်ဘဲ ဒွိဟသံသယ ရှိနေကြသော်။ (ဖြစ်ရှိနေကြမည်မှာလည်း အမှန်ပင်ဖြစ်၏) ၎င်းတို့သည် မုချပြစ်ဒဏ်ခတ်ခြင်းကို ခံကြရပေမည်။ ဆိုင်းငံ့ခွင့်ပင် ရရှိကြမည် မဟုတ်ပေ။ ထိုအတွက်ကြောင့်ပင် အလွှာဟ်အရှင်မြတ်သည် ကောင်းကင်တမန်ကို စေလွှတ်ပေးတော်မမူခဲ့ခြင်း ဖြစ်ပေသည်။

အမှန်မှာ ကာဖိရ်များသည် လက်ရှိ(မုအ်ဂျဇော်) တန်ခိုးပြာဋိဟာများနှင့် ဒေသနာတော်များကို မစဉ်းစား မဆင်ခြင်ကြဘဲ မနာလိုမုန်းထားကြသည့် အတွက်သာလျှင် ဤသို့သော စကားများကို ပြောဆိုနေကြခြင်းဖြစ်သည်။

قُلْ سِيرُوا۟ فِى ٱلْأَرْضِ ثُمَّ ٱنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلْمُكَذِّبِينَ ﴿١١﴾

၁၁။ (အို-နဗီတမန်တော် အကယ်၍ ၎င်းတို့သည် ရွေးဟောင်းလူများ အပြစ်ဒဏ်ခံစားခဲ့ကြရသည်ကို မယုံမကြည်ငြင်းပယ်ကြပါမူ) အသင်သည် (ယင်းသူတို့အား ဤသို့ ပြောကြားပါလေ၊) အသင်တို့သည် ပထဝီမြေပြင်ဝယ် သွားလာ လည်ပတ်ကြလေကုန်။ ၎င်းနောက် မဟုတ်မမှန်ဟူ၍ ငြင်းပယ်သော သူတို့၏အကျိုးသည် မည်သို့ရှိခဲ့သည်ကို အသင်တို့ ကြည့်ရှုကြလေကုန်။ [၁]

قُل لِّمَن مَّا فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ قُل لِّلَّهِ ۚ كَتَبَ

၁၂။ (အို-နဗီတမန်တော်)အသင်သည် (ထိုသွေဖည် ငြင်းပယ်သော သူတို့အား) "မိုးကောင်းကင်များနှင့် ပထဝီမြေကြီး၌ ရှိရှိသမျှသောအရာတို့သည် မည်သူပိုင်ဆိုင်သောအရာများဖြစ်သနည်း"ဟု မေးမြန်းပါလေ။

---

(၂) တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကာဖိရ်များသည် ပြက်ရောယှက်လှောင်ကြသည့်အတွက် တမန်တော်မြတ်သည် စိတ်ပျက်တော်မူ၏။ ယခု ကာဖိရ်များက တဖန် တမန်တော်မြတ်အား ပြောင်လှောင်ခြင်းသည် အထူးအဆန်းမဟုတ်၊ အတိတ်ခေတ်များတွင် ပွင့်ခဲ့ကြသော နဗီတမန်တော်များသည်လည်း၊ ကာဖိရ်များ၏ ပြောင်လှောင်ခြင်းများကို ခံခဲ့ကြရသည့်အကြောင်း၊ ထိုသို့ပြောင်လှောင်သော ကာဖိရ်များသည် ၎င်းတို့၏ ပြောင်လှောင်ခြင်းများ၏ အပြစ်ဒဏ်ကို ခံသွားခဲ့ကြရသည့်အကြောင်း တမန်တော်မြတ်အား ပြောင်လှောင်ကြသော ကာဖိရ်များသည်လည်း အမှန်မှာ နစ်ဘဝလုံးတွင် မိမိတို့ကိုယ်တိုင် မိမိတို့၏ ပျက်စီးခြင်းကို ဖန်တီးနေကြခြင်းပင် ဖြစ်ကြောင်းများကို ဤမုဟ္မဒ်ပါဌ်တော်တွင် မိန့်ဆိုထားတော်မူသည်။ (မာဂျိဒီ၊ အ-၂။ စ-၂၈၁။ အအ ၁၄)

(၁) ကမ္ဘာမြေပြင်ဝယ် လှည့်ပတ်သွားလာ၍ ပျက်စီးသွားခဲ့ကြသော လူမျိုးများ၏ ကြွင်းကျန်ခဲ့သော အဆောက်အဦများ၊ မြို့ရွာဒေသများ၊ နောက်ဆုံးဖြစ်အင်များကို ကြည့်ပြီးသည့်နောက် အတိတ်ခေတ်များတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို စဉ်းစားတွေးတောကြည့်သည်ရှိသော် နဗီတမန်တော်များအား ငြင်းပယ်ခဲ့ကြသော လူမျိုးများသည် လူ့လောကတွင်ပင် အပျက်စီးကြီး ပျက်စီးခဲ့ကြသည်များကို ကောင်းစွာတွေ့ရှိရပေမည်။ နဗီတမန်တော်များအား၊ ငြင်းပယ်ခဲ့ကြသောသူများသည်ပင် ထိုကဲ့သို့ ပျက်စီးခဲ့ကြသည်ဖြစ်ပေရာ နဗီတမန်တော်မြတ်အား ပြက်ရောပြောင်လှောင်သော သူများမှာမူကား အသို့ဖြစ်ကြမည်ကို ကောင်းစွာဆင်ခြင်နိုင်ပေသည်။ (အဘယ်မှာလျှင် ဆိုဘွယ်ရာရှိတော့အုံနည်း။)

အတိတ်ခေတ်များတွင် ပျက်စီးခဲ့ကြသောလူမျိုးများ၏ အဖြစ်အပျက်အကြောင်းအရာများ၊ အတိတ်ခေတ်များတွင် ယဉ်ကျေးသိမ်မွေ့သော တန်ခိုးအာဏာကြီးမားသော အစိုးရတို့ တည်ဆောက်ထားခဲ့သည့် ပျက်စီးလျက်ရှိသော အဆောက်အဦးများကို လူသားတို့သည် ကြည့်ရှုဆင်ခြင်၍ သတိသံဝေဂ နောင်တတရား ရယူကြရမည့် အကြောင်း၊ သင်ခန်းစာယူကြရမည့် အကြောင်းကို ဤမုဟ္မဒ်ပါဌ်တော်တွင် သတိပေး နှိုးဆော်ထားတော်မူသည်။

عَلَىٰ نَفْسِهِ الرَّحْمَةَ ۚ لَيَجْمَعَنَّكُمْ
إِلَىٰ يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ ۚ
الَّذِينَ خَسِرُوا أَنْفُسَهُمْ
فَهُمْ لَا يُؤْمِنُونَ ﴿١٢﴾

(ထိုသူတို့သည် ပဌမသော် အမှန်အတိုင်း ဖြေကြားကြမည်ဖြစ်သည်။ အကယ်၍ အကြောင်း တစုံတရာကြောင့် အမှန်အတိုင်း မဖြေကြားခဲ့သည် ရှိသော်) အလုံးစုံတို့သည် အလ္လာဟ် အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာဖြစ်ချေသည် ဟု အသင်ကပင် ဖြေကြားပါလေ။ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် (သတိတရား ရရှိ၍ "ရှရစ်ဂ်" မှ ဝန်ချ တောင်းပန်သူတို့အား) *ကရုဏာပြုတော်မူရန် မိမိအပေါ်၌ တာဝန်အဖြစ် သတ်မှတ်ထားတော်မူပြီး ဖြစ်သည်ဟုလည်း ပြောဆိုပါလေ။* [၂] ၎င်းပြင် ထို အရှင်မြတ်သည် အသင်တို့အား ကိယာမတ်နေ့တွင် မုချ စုရုံးတော်မူမည်။ ထိုနေ့၏ (ဆိုက်ရောက်ခြင်း) ၌ အလျင်းဒွိဟမရှိပေ။ အကြင် သူတို့သည် မိမိတို့ ကိုယ်ကို နစ်နာ ပျက်စီးစေခဲ့ကြ၏။ ထိုသူတို့ကား "အီမာန်" ယုံကြည်ကြမည် မဟုတ်ပေ။

① "တောင်ဟီဒ်" သည် မုချဧကန် အမှန်လည်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံရန် အကြောင်းတရားလည်း ဖြစ်၏။ သို့ဖြစ်ပေရာ လူသားတို့သည် "တောင်ဟီဒ်" ကို လက်ခံကြရမည်သာဖြစ်၏။ အကယ်၍ "တောင်ဟီဒ်" ကို လက်မခံခဲ့ကြသည်ရှိသော် အပြစ်ဒဏ်ကို မုချခံကြရမည်ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ်အရှင်မြတ်သည် မုချဆိုက်ရောက်မည်ဖြစ်သော ကိယာမတ်နေ့တွင် လူသားအားလုံးတို့အား သင်းချိုင်းများမှ ပြန်လည် ရှင်ပြန်ထစေတော်မူ၍ "မဟ်ရှရ်" မည်သော ကွင်းပြင်ကြီး၌ စုရုံးစေတော်မူပြီးလျှင် စောကြော စစ်ဆေးမေးမြန်း၍ ကျိုးပြစ် စီရင်တော်မူမည်ဖြစ်သည်။

တမန်တော်မြတ်သည် တောင်ဟီဒ်၊ ရဟ်မတ်၊ အဿာဗ်အကြောင်းများကို ဟောကြားတော်မူသော်လည်း၊ အသိဉာဏ် အမြင်မှန်ကို ဖျက်ဆီးထားသော အကြင်သူတို့သည်ကား "အီမာန်" ယုံကြည်ကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလိုရှိသော အရာတစ်ခုကို ရှာဖွေဆည်းပူးရာ၌ အသိဉာဏ် အမြော်အမြင်ကို မုချ အသုံးပြုရပေမည်။ ယခုမူ မုရှ်ရစ်က်တို့ကား ထိုအသိဉာဏ်ကို အသုံးမပြုလိုကြသောကြောင့်တည်း။

② ဤမုက္ခပါဠ်တော်တွင် "ထိုအရှင်မြတ်သည် မိမိအပေါ်၌ ကရုဏာတော်ပြုခြင်းကို တာဝန်အဖြစ် သတ်မှတ်ထားတော်မူသည်" ဟူ၍ ချွင်းချက်မပါဘဲ မိန့်ဆိုထားတော်မူခြင်းကို ထောက်ရှုသော် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သည် သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ရှိသည်မှာ ထင်ရှားလှပေသည်။ အနည်းငယ်မျှ တွေးဆဆင်ခြင်မြော်မြင်ကြည့်ပါက၊ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ဝိုင်းတွင် နည်းများမဆို ကရုဏာတော် ပါဝင်လျက်ရှိကြောင်း အလ္လာဟ်အရှင်မြတ်၏ မြှောက်မြားစွာသော ကရုဏာတော်များတွင် အနည်းငယ်မျှပင် အမျက်တော်မပါကြောင်းကို ကောင်းစွာသိနိုင်ပေသည်။ ထာနဝီ၊ (မစာအိလွတ်စ်စုံလွှက်) အ-၃၊ စ-၈၃

وَلَهُۥ مَا سَكَنَ فِى ٱلَّيْلِ وَٱلنَّهَارِ ۚ وَهُوَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿١٣﴾

၁၃။ ထိုမှတပါး ညဉ့်နှင့်နေ့တွင် နေထိုင်သောအရာများသည်လည်း ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများ ချည်းသာတည်း။ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူလေသတည်း။

قُلْ أَغَيْرَ ٱللَّهِ أَتَّخِذُ وَلِيًّا فَاطِرِ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَهُوَ يُطْعِمُ وَلَا يُطْعَمُ ۗ

၁၄။ (အို–နဗီတမန်တော်) အသင်သည် (ယင်းသူတို့အား) "အချင်းတို့ အကျွန်ုပ်သည် ('မှုရှုရစ်က' အခြားအရာများကိုပါ အလွှာဟ်အရှင်မြတ်နှင့် တွဲဘက်ယှဉ်ပြိုင် ကိုးကွယ်ကြကုန်သော သူများကဲ့သို့ပင်) *မိုးများနှင့် ပထဝီမြေကို တီထွင်ဖန်ဆင်းတော်မူသော* အရှင် [၂] နှင့် (မိမိသာလျှင် လူသတ္တဝါအပေါင်းတို့ကို) ကျွေးမွေးစောင့်ရှောက်တော်မူ၍ (သူတပါး၏) ကျွေးမွေး စောင့်ရှောက်ခြင်းကို ခံရတော်မူခြင်းမှ ကင်းရှင်းတော်မူသော အလွှာဟ်အရှင်မြတ်မှတပါး၊ အခြားတစ်စုံတစ်ဦးကို ကာကွယ်စောင့်ရှောက် ကြည့်ရှုစောင့်မထိန်းသိမ်းသော အဆွေခင်ပွန်းအဖြစ် ရွေးချယ်ပြုလုပ်ရပါမည်လော" ဟု မေးမြန်းပါလေ။

---

① ပဌမ "အာယသ်' မှကွပါဒ်တော်(၆း ၁၂)တွင် မိုးများနှင့် ပထဝီမြေကြီးအကြောင်း မိန့်ဆိုထားတော်မူ၏။ ထိုမိုးနှင့်မြေအပြင် ဌာနဟူ၍မရှိချေ။ ဤ"အာယသ်" မှကွပါဒ်တော်တွင် နေ့နှင့်ညဉ့်အကြောင်း မိန့်ဆိုထားတော်မူ၏။ ထိုနေ့နှင့်ညဉ့်အပြင် အချိန်ကာလ သမယဟူ၍လည်း မရှိချေ။ ထို့အတွက် အလွှာဟ်အရှင်မြတ်က မိမိသည် ဌာနနှင့် ဌာနများကို စိုးပိုင်တော်မူသောအရှင်မြတ် ဖြစ်တော်မူကြောင်း။ အချိန်ကာလ သမယနှင့် အချိန်ကာလ သမယအတွင်း ရှိသမျှသောအရာများကို စိုးပိုင်တော်မူသော အရှင်ဖြစ်တော်မူကြောင်း။ ဟောကြား ထားတော်မူသည်။ ဤကား အနုန္တတန်ခိုးတော်ကို ဖွင့်ဟမိန့်တော်မူခြင်းတည်း။

② ဤမုကွပါဒ်တော်တွင် အလွှာဟ်အရှင်မြတ်သည် မိမိဖန်ဆင်းတော်မူသော အရာများအနက် မိုးနှင့်မြေကို အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ယင်းသို့ အထူးတလည် ထုတ်ဖော်မိန့်တော်မူခြင်း အကြောင်းမှာ၊ (၁)အဖန်ဆင်းခံပစ္စည်းများတွင် အမြင်အားဖြင့် မိုးနှင့်မြေသည် အကြီးမားဆုံးဖြစ်ခြင်းကြောင့်ဖြစ်၏။ (၂)အခြားအကြောင်းတစ်ရပ်မှာ မုရှုရစ်က်တို့သည် မိုးနှင့်မြေကိုလည်း ကိုးကွယ်ရာ အရှင်သခင်များအဖြစ် မှတ်ယူထားကြရာ ယင်းသူတို့အား အသင်တို့ကိုးကွယ်ရာ အရှင်သခင်အဖြစ် မှတ်ယူထားကြသော ➤➤

قُلْ إِنِّيٓ أُمِرْتُ أَنْ أَكُونَ أَوَّلَ مَنْ أَسْلَمَ وَلَا تَكُونَنَّ مِنَ الْمُشْرِكِينَ ﴿١٤﴾

ၚင်းပြင် အသင်သည် ထိုသူတို့အား 'အချင်းတို့၊ အကျွန်ုပ်သည် ပထမဦးဆုံး အမိန့်ကိုလိုက်နာသူ မွတ်စ်လင်မ် ဖြစ်ရန်နှင့် အသင်သည် 'မုရှ်ရစ်က်' *ဘုရားအများကို ကိုးကွယ်သောသူတို့တွင် အပါအဝင် မဖြစ်လေနှင့် ဟူသော အမိန့်ကို ရရှိခဲ့သည်' ဟု* ပြောကြားပါလေ။ [၁]

တနည်း။

(အို-နဗီတမန်တော်) အသင်ပြောပါလေ၊ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်မှတပါး အခြားတစ်စုံတစ်ယောက်ကို ကိုးကွယ်ရာအရှင် ပြုလုပ်ရမည်လော၊ ထိုအရှင်မြတ်သည် မိုးများနှင့်ပထဝီမြေကို စတင်ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် (သူတပါးတို့ကို) ကျွေးမွေးတော်မူ၏။ ထို အရှင်မြတ်သည် (သူတပါး၏) ကျွေးမွေးခြင်းကိုမူကား ခံရတော်မူသည်မဟုတ်ချေ။

(ၚင်းပြင်) အသင်ပြောပါလေ၊ ကျွန်ုပ်သည် အစ္စလာမ်သာသနာကို ပဌမဦးဆုံး လက်ခံနာယူသူ ဖြစ်ရန် အမိန့်တော်ကို မုချ ရရှိ၏။ ထို့ပြင် အသင်သည် မုရှ်ရစ်က်များတွင် အပါအဝင် အလျင်း မဖြစ်လေနှင့်" (ဟုလည်း မြစ်တားတော်မူခြင်းကိုခံရ၏)။

➢➢ မိုးနှင့်မြေတို့သည်လည်း၊ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသော အရာများသာလျှင်ဖြစ်ကြောင်း သိစေရန် ဖြစ်၏။ (မာဂျိဒီ) အ-၂။ စ-၂၈၂။ အအ(၂၀)။

① အစ္စလာမ်သာသနာတော်နှင့်အညီ လိုက်နာကျင့်သုံးရန် တာဝန်မှာ သာမန်မွတ်စ်လင်မ်များ၌ ရှိသကဲ့သို့ နဗီတမန်တော်များ၌လည်း ရှိပေသည်။ နဗီတမန်တော်များသည် အစ္စလာမ်သာသနာတော်နှင့်အညီ လိုက်နာကျင့်သုံးရာတွင် ချွင်းချက်ထားခြင်း မခံကြရသည်သာမက၊ အမိန့်တော်နှင့်အညီ လိုက်နာကျင့်သုံးရန် အမိန့်တော်ထားခြင်းကို ဦးစွာပဌမ ခံကြရပေသည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များသည် မိမိတို့၏ 'အွန်မွက်' နောက်လိုက်တပည့်သားတို့၏ အကြီးအကဲဥက္ကဋ္ဌ စံပြရှေ့ဆောင်များဖြစ်ကြပေရာ အမိန့်တော်ကို လိုက်နာကျင့်သုံးရာတွင်လည်း ရှေ့ဆောင်ပီပီ ရှေ့ဆုံးမှပင် နေကြရပေမည်။

قُلْ إِنِّيٓ أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ ﴿١٥﴾

၁၅။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား) အချင်းတို့ အကျွန်ုပ်သည် မိမိအရှင်မြတ်၏ (မွတ်စ်လင်မ်ဖြစ်ရန်နှင့် ရှစ်ရိုက် တွဲဘက်ယှဉ်ပြိုင်ကိုးကွယ်ခြင်း မပြုရန်) ပညတ်တော်ကို အကယ်၍ သာ ဖီဆန်ခဲ့ပါမူ၊ အလွန်ကြီးကျယ်လှသော (ကိယာမတ် ရှင်ပြန်ထမည့်)နေ့၏ ပြစ်ဒဏ် (ခံစားရမည်) ကို ဧကန်စင်စစ် ကြောက်ရွံ့စိုးရိမ်ရပါသည် ဟု ပြောကြားပါလေ။

مَّن يُصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهُ ۚ وَذَٰلِكَ الْفَوْزُ الْمُبِينُ ﴿١٦﴾

၁၆။ မည်သူမဆို ၎င်း၏အပေါ်မှ ထို(ကိယာမတ် ရှင်ပြန်မည့်)နေ့တွင် ယင်းအပြစ်ဒဏ်သည် ဖယ်ရှားခြင်းခံရလျှင် မလွဲဧကန် ထိုအရှင်မြတ်သည် ၎င်း၏အပေါ်ဝယ် အလွန်တရာမျှပင် သနားကြင်နာညှာတာတော်မူပြီး ဖြစ်ချေသည်။ [၁] အမှန်စင်စစ်ဤ(ကဲ့သို့ အပြစ်ဒဏ်ဖယ်ရှားခြင်းနှင့် သနားကြင်နာမှုကို ခံစားရခြင်း)သည်ပင်လျှင် ထင်ရှားစွာသော အောင်မြင်မှုပင်တည်း။

وَإِن يَمْسَسْكَ اللَّهُ بِضُرٍّ فَلَا كَاشِفَ لَهُ إِلَّا هُوَ ۖ وَإِن يَمْسَسْكَ بِخَيْرٍ

၁၇။ ၎င်းပြင် (အို-လူသား) အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် အသင့်အား (ဤမျက်မှောက် လောကီဘဝ၌ဖြစ်စေ၊ နောင်တမလွန်ဘဝ၌ဖြစ်စေ) ဘေး အန္တရာယ် တစ်စုံတစ်ရာသင့်စေတော်မူပါလျှင် ထိုအရှင်မြတ်မှတပါး ယင်းဘေးအန္တရာယ်ကို ကင်းဝေး ပပျောက်စေနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိချေ။

---

① အလ္လာဟ်အရှင်မြတ်၏ "ရိသွာ" နှစ်မြို့တော်မူခြင်းနှင့် "ဂျန္နတ်" ကို ရရှိရန်ကား အလွန်မြင့်မားသော အဆင့်အတန်းဖြစ်၏။ လူသားတစ်ဦးသည် အကယ်၍ ကိယာမတ်နေ့၏ အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိခဲ့သည်ရှိသော်၊ ဤသည်ပင် အလွန်ကြီးမားလှသော အောင်မြင်မှုကြီးဖြစ်သည် ဟူ၍ မှတ်ယူရပေမည်။

فَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٧﴾

အကယ်၍ ထိုအရှင်မြတ်သည် အသင်၌ တစ်စုံတစ်ရာ အကျိုးကျေးဇူးကို ဖြစ်ထွန်းစေတော်မူပါလျှင်လည်း (မည်သူမျှ ထိုကျေးဇူးကို ပျက်ပြားစေနိုင်သူဟူ၍ မရှိချေ၊) ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်သောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِۦ ۚ وَهُوَ الْحَكِيمُ الْخَبِيرُ ﴿١٨﴾

၁၈။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိကျွန်များအပေါ်ဝယ် နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူပေသည်။ ထိုမှတပါး ထိုအရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ (သတင်းအလုံးစုံတို့ကို) အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူပေသတည်း။ [၁]

قُلْ أَىُّ شَيْءٍ أَكْبَرُ شَهَٰدَةً ۖ قُلِ اللَّهُ ۖ شَهِيدٌۢ بَيْنِى وَبَيْنَكُمْ ۚ وَأُوحِىَ إِلَىَّ هَٰذَا ٱلْقُرْءَانُ لِأُنذِرَكُم بِهِۦ وَمَنۢ بَلَغَ ۚ أَئِنَّكُمْ

၁၉။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား) အချင်းတို့၊ သက်သေခံရာ၌ မည်သည့်အရာသည် အကြီးဆုံးဖြစ်ပါသနည်း၊ (တနည်း) မည်သူ၏ သက်သေခံခြင်းသည် အကြီးကျယ်ဆုံး ဖြစ်ပါသနည်း ဟုမေးမြန်းပါလေ။ (တဖန်)အသင်ကပင် (ယင်းသူတို့အား ဤသို့) ပြောကြားပါလေ။ "အလ္လာဟ် အရှင်မြတ်သည်ပင် ကျွန်ုပ်နှင့် အသင်တို့၏ စပ်ကြားတွင် သက်သေ ဖြစ်တော်မူပါသည်။

---

① ဤ "အာယသ်" မုက္ခပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များအနက် ဂုဏ်တော်သုံးပါးကို မိန့်ဆိုထားတော်မူသည်။ (၁) အကြွင်းမဲ့ သိတော်မူသော အရှင်။ (၂) နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်။ (၃) အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ပဌမ ဂုဏ်တော်နှင့်အညီ၊ အားလုံးသော သတ္တဝါတို့၏ အကြောင်းကိုသိတော်မူ၏။ ဒုတိယဂုဏ်တော်နှင့်အညီ၊ အားလုံးသောသတ္တဝါတို့ကို စုရုံးစေတော်မူမည်ဖြစ်၏။ တတိယဂုဏ်တော်နှင့်အညီ၊ လျော်ကန်သင့်မြတ်စွာ အကျိုးအပြစ်များကို စီရင်တော်မူမည်ဖြစ်၏။ သို့အတွက်ကြောင့် "အစ္စလာမ်" သာသနာကို လက်ခံနာယူခြင်းသည် အဘယ်မျှ အရေးကြီးသည်ကို တွေးဆ ဆင်ခြင်သိမြင်နိုင်လေသည်။

لَتَشْهَدُونَ أَنَّ مَعَ اللَّهِ
آلِهَةً أُخْرَىٰ ۚ قُل لَّا أَشْهَدُ
قُلْ إِنَّمَا هُوَ إِلَٰهٌ وَاحِدٌ وَإِنَّنِي
بَرِيٓءٌ مِّمَّا تُشْرِكُونَ ﴿١٩﴾

စင်စစ် (ထိုအရှင်မြတ်၏ သက်သေခံခြင်းမှာ) ကျွန်ုပ်၏ထံဝယ် ဤ ကုရ်အာန်ကျမ်းတော်မြတ်သည် (အလ္လာဟ်အရှင်မြတ်ထံတော်မှ) 'ဝဟ်ယ်' အမိန့်တော်အဖြစ် ပို့သခဲ့ခြင်းပင် ဖြစ်ပေသည်။ (တနည်း) ထိုကုရ်အာန်ကျမ်းမြတ်ဖြင့် အသင်တို့အားလုံး၊ ထိုကုရ်အာန်ကျမ်းမြတ် ရောက်ရှိသော သူတို့အားလုံး၊ ကျွန်ုပ် သတိပေး နှိုးဆော်ရန်အတွက် ဖြစ်သည်။ သို့မှသာလျှင် ကျွန်ုပ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ဖြင့် အသင်တို့အားလုံး၊ ကုရ်အာန်ကျမ်းတော်မြတ် ရောက်ရှိသောသူတို့အားလုံး၊ သတိပေး နှိုးဆော်နိုင်မည် ဖြစ်ချေသည်။

(ထိုကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ သက်သေခံချက် ရောက်ရှိပြီးဖြစ်သော်လည်း) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများလည်း (တွဲဘက်လျက်) ရှိကြသေးသည် ဟု သက်သေခံကြမည်လော။

(အကယ်၍ ၎င်းတို့က ဤအတိုင်း သက်သေခံကြပါလျှင်) အသင်သည် (၎င်းတို့အား) ကျွန်ုပ်သည် (ယင်းကဲ့သို့) အလျင်း သက်သေခံမည်မဟုတ်ဟုပြောကြားပါလေ။ ထိုမှတပါး အသင်သည် (ယင်းသူတို့အား) အချင်းတို့ ထို(အလ္လာဟ်)အရှင်မြတ်သည် တဆူတည်းသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည် ဟူ၍ဆိုင်း၊ ကျွန်ုပ်သည် မုချဧကန် အသင်တို့ ပြုကြကုန်သော တွဲဘက်ကိုးကွယ်ခြင်းမှ ကင်းလွတ်သူ ဖြစ်ပေသည် ဟူ၍ဆိုင်း၊ ပြောကြားပါလေ။

ٱلَّذِينَ ءَاتَيْنَٰهُمُ ٱلْكِتَٰبَ يَعْرِفُونَهُۥ كَمَا يَعْرِفُونَ أَبْنَآءَهُمُ ۘ ٱلَّذِينَ خَسِرُوٓا۟ أَنفُسَهُمْ فَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾

၂၀။ အကြင်သူတို့သည် ငါအရှင်မြတ်က ၎င်းတို့အား ကျမ်းဂန်ဒေသနာတော်ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ထိုသူတို့သည် မိမိတို့၏ သားများကို မှတ်မိကြသကဲ့သို့ပင်၊ ထို(နဗီတမန်တော်မြတ်)အား လည်း မှတ်မိကြကုန်သည်။ (သို့ရာတွင်) မိမိတို့ကိုယ်ကို မိမိတို့ပင် ကျိုးယုတ်နစ်နာအောင် ပြုလုပ်သော သူတို့မူကား အလျင်း သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။

وَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوْ كَذَّبَ بِـَٔايَٰتِهِۦٓ ۚ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٢١﴾

၂၁။ အမှန်စင်စစ်မည်သူမဆို မဟုတ်မမှန် မုသားကို အလ္လာဟ်အရှင်မြတ်အပေါ်၌ ကြံစည်လိမ်ဆယ်၍ စွပ်စွဲအံ့။ သို့တည်းမဟုတ် ထိုအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်အံ့၊ ထိုသူထက်ပို၍ *မတရားသောသူကား* မည်သူရှိအံ့နည်း။ [၁] အမှန်စင်စစ်သော်ကား (ထိုကဲ့သို့သော) မတရားသော သူတို့သည် (မည်သည့်အခါမျှ) အောင်မြင်ကြမည် မဟုတ်ပေ။

وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُوٓا۟ أَيْنَ شُرَكَآؤُكُمُ ٱلَّذِينَ كُنتُمْ تَزْعُمُونَ ﴿٢٢﴾

၂၂။ ၎င်းပြင် အကြင်နေ့ကိုလည်း သတိရသင့်၏။ ထိုနေ့တွင် ငါအရှင်မြတ်သည် ယင်းသူတို့အားလုံးကို စုရုံးစေတော်မူပြီးနောက် (တစုံတရာကို ငါအရှင်မြတ်နှင့်) တွဲဘက်ကိုးကွယ်ခဲ့ကြသော သူတို့အား အသင်တို့သည် (ငါအရှင်မြတ်၏တွဲဘက်များ ဖြစ်ကြသည်ဟူ၍)ထင်မြင်ယူဆ(ကိုးကွယ်)ခဲ့ကြသော အသင်တို့၏ အပေါင်းအဖော် (တွဲဘက်ကိုးကွယ်ရာ)များသည် အဘယ်နည်းဟု မေးမြန်းတော်မူအံ့။

---

① အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မုသားစွပ်စွဲပြောဆိုခြင်းတွင် ဥပမာ-ထိုအရှင်မြတ်၌ သားသမီးရှိသည်ဟု ပြောဆိုခြင်း၊ သို့မဟုတ် ထိုအရှင်မြတ်၌ ဂုဏ်ရည်တူ ရှိသည်ဟု ပြောဆိုခြင်း၊ သို့မဟုတ် ထိုအရှင်မြတ်မှတပါး အခြားတဦးတယောက်ထံ၌ ဆုမွန်တောင်းခြင်း၊ သို့မဟုတ် ထိုအရှင်မြတ်နှင့်တွဲဘက်၍ အခြား ➤➤

ثُمَّ لَمْ تَكُنْ فِتْنَتُهُمْ إِلَّآ أَن قَالُوا۟ وَٱللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ ﴿٢٣﴾

၂၃။ ထို့နောက် ၎င်းတို့က "ကျွန်တော်မျိုးတို့(သည် မိမိတို့)၏အရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ကျိန်ဆို၍ ကျွန်တော်မျိုးသည် (တစုံတရာကို အလ္လာဟ် အရှင်မြတ်နှင့်)တွဲဘက်၍ ကိုးကွယ်သူများမဖြစ်ခဲ့ကြပါ" ဟု ပြောဆိုကြသည်မှအပ၊ ၎င်းတို့၌ မည်သည့်ဆင်ခြေလဲခြင်းမျှ ရှိနိုင်မည်မဟုတ်ပေ။

ٱنظُرْ كَيْفَ كَذَبُوا۟ عَلَىٰٓ أَنفُسِهِمْ وَضَلَّ عَنْهُم مَّا كَانُوا۟ يَفْتَرُونَ ﴿٢٤﴾

၂၄။ (အို–နဗီတမန်တော်) ထိုသူတို့သည် မိမိတို့နှင့် ဆန့်ကျင်၍ပင် မည်ကဲ့သို့ မုသားပြောဆိုကြသည်ကိုၾကည့်။ ယင်းသူတို့ထံမှ ယင်းသူတို့၏အကြံအစည်များသည်၊ မဟုတ်မလျား စွပ်စွဲပြစ်မှားလေ့ရှိခဲ့ကြသော အရာများသည် (မည်ကဲ့သို့) ပျက်ပြား ဆုံးပါး၍သွားသည်ကိုၾကည့်။ အသင်သည် (စဉ်းစားဆင်ခြင်၍) ကြည့်ပါလေ။

တနည်း။

(အို–နဗီ) အသင်ကြည့်ပါ။ ထိုသူများသည် မိမိတို့နှင့် ဆန့်ကျင်၍ မည်ကဲ့သို့ မုသား ပြောဆိုကြသနည်း၊ ၎င်းပြင် ထိုသူတို့ မဟုတ်မလျား စွပ်စွဲပြစ်မှားလေ့ရှိခဲ့ကြသောအရာများသည် ၎င်းတို့ထံမှ ပျောက်ကွယ်သွားကြချေပြီ။

➤➤ တဦးတယောက်ထံ၌ ဆုမွန်တောင်းခြင်း၊ မိမိအား "ရှဖာအတ်" ပြုပေမည်ဟူသောအထင်ဖြင့် "ဝလီ" တပါးထံ ချဉ်းကပ်ခြင်း၊ ကိုးကွယ်ခြင်း၊ ထိုအရှင်မြတ်၏ "ဒီန်" သာသနာတွင် မိမိသဘောဖြင့်ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်း၊ စသည်တို့သည် အားလုံး အကျူးဝင်ပေသည်။

ထိုအရှင်မြတ်၏ "အာယာတ်" ဟူသောပုဒ်တွင်၊ ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ ကောင်းကင်ကျ ကျမ်းဂန်၏ "အာယာတ်" မုကွပါဠ်တော်များကိုလည်းဆိုနိုင်သည်။ "တောင်ဟီဒ်" အလ္လာဟ်အရှင်မြတ် တပါးတည်း ရှိတော်မူကြောင်းနှင့် စပ်လျဉ်းသော သဘာဝသက်သေ လက္ခဏာတော်များကိုလည်း ဆိုနိုင်သည်။ နဗီတမန်တော်များ၏ "မုအ်ဂျိဇ်ဇာ" တန်ခိုးပြာဋိဟာများကိုလည်းဆိုနိုင်သည်။

အလ်မနာရ်၊ အ–၇၊ စ–(၁၄၃–၁၄၄)

وَمِنْهُمْ مَّنْ يَّسْتَمِعُ اِلَيْكَ ۚ وَجَعَلْنَا عَلٰى قُلُوْبِهِمْ اَكِنَّةً اَنْ يَّفْقَهُوْهُ وَفِيْٓ اٰذَانِهِمْ وَقْرًا ۭ وَاِنْ يَّرَوْا كُلَّ اٰيَةٍ لَّا يُؤْمِنُوْا بِهَا ۭ حَتّٰٓى اِذَا جَاۗءُوْكَ يُجَادِلُوْنَكَ يَقُوْلُ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ۝۲۵

၂၅။ ၎င်းပြင် ထိုသူတို့တွင် အသင့်ဘက်သို့ နားစွင့်၍ နေကြသူများလည်း ရှိကြ၏။ [၁] အမှန်သော်ကား ၎င်းတို့ ထိုကုရ်အာန်ကို နားမလည်နိုင်ကြရန်၊ ငါ အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများပေါ်၌ အကာအဆီးများ ချထားတော်မူခဲ့၏။ ယင်းသူတို့၏ နားများတွင် လေးလံခြင်းကိုလည်းပြုထားတော်မူခဲ့၏။

စင်စစ်တမူကား ယင်းသူတို့သည် သက်သေလက္ခဏာများအားလုံးကို တခုမကျန် တွေ့မြင်ကြရသော်လည်း ထိုသက်သေလက္ခဏာများကို ယုံကြည်ကြမည်မဟုတ်ပေ။

ဤမျှတိုင် ၎င်းတို့သည် အသင့်ထံသို့ပင် လာရောက်ကြသောအခါ အသင်နှင့် အငြင်းအခုံပြုကြ၏။ ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့က "ဤကား ရှေးသူဟောင်းတို့၏ဒဏ္ဍာရီပုံပြင်များသာ ဖြစ်ချေသည်"ဟု ပြောဆိုကြ၏။ [၂]

وَهُمْ يَنْهَوْنَ عَنْهُ وَيَنْــَٔوْنَ عَنْهُ ۚ وَاِنْ يُّهْلِكُوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ۝۲۶

၂၆။ ၎င်းပြင် ယင်းသူတို့သည် (သူတပါးတို့ကိုလည်း) ထိုကုရ်အာန်ကျမ်းတော်မြတ်(ကို နားဆင်ခြင်း)မှ တားမြစ်ကြကုန်၏။ မိမိတို့ကိုယ်တိုင်လည်း ယင်းကုရ်အာန်ကျမ်းမြတ်(ကိုနားဆင်ခြင်း)မှ (ဝေးစွာ) ကြဉ်ရှောင်ကြကုန်၏။ စင်စစ်သော်ကား ထိုသူတို့သည် မိမိတို့ကိုယ်သာ ပျက်စီးကုန်၏။ သို့ရာတွင် ၎င်းတို့သည် (ဤမျှပင်) မသိတတ်ကြချေ။ [၃]

---

① အချို့မုရ်ရစ်ကျများသည် အပြစ်ရှာလိုသော သဘောဖြင့် ကုရ်အာန်ကျမ်းမြတ်နှင့် တမန်တော်မြတ်၏ သြဝါဒများကို လာရောက်နားထောင်ကြ၏။ သို့ရာတွင် ၎င်းတို့သည် ယင်းသို့နားထောင်ခြင်းဖြင့် အမှန်တရားကို လက်ခံရန် ရည်စူးကြသည်မဟုတ်ပေ။

② ဤမုက္ခပါဠိတော်တွင် ကာဖိရ်များသည် "ကုဖ်ရ်" သွေဖည်ငြင်းဆိုမှုနှင့် မနာလိုမုန်းထားမှုတွင် အဘယ်မျှလွန်ကျွံလျက်ရှိကြသည်ကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ကာဖိရ်များသည် တမန်တော်မြတ် ➤➤

وَلَوْ تَرَىٰٓ إِذْ وُقِفُوا۟ عَلَى ٱلنَّارِ فَقَالُوا۟ يَٰلَيْتَنَا نُرَدُّ وَلَا نُكَذِّبَ بِـَٔايَٰتِ رَبِّنَا وَنَكُونَ مِنَ ٱلْمُؤْمِنِينَ ﴿٢٧﴾

၂၇။ ထို့ပြင်တဝ၊(အို–နဗီတမန်တော်) အကြင်အခါဝယ်၊ ၎င်းတို့သည် ငရဲဘုံ(အဝ)တွင် ရပ်စေခြင်းကို ခံရ၍ "သြော် ငါတို့သည် (လူ့ပြည်လောကသို့) ပြန်လွှတ်ခြင်းကိုခံရကြသော် ကောင်းလေစွတကား။ (အကယ်၍သာ ပြန်သွားရလျှင်) ငါတို့သည် မိမိတို့အရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ခြင်းမပြုကြဘဲ၊ ငါတို့သည် 'မုအ်မင်နိ်' သက်ဝင်ယုံကြည်သူတို့တွင် အပါအဝင်ဖြစ်ပေမည်"ဟုပြောဆိုကြလတ္တံ့။ အကယ်၍ အသင်သည် ထိုအဖြစ်ကိုကြည့်ရပါသော် (အလွန်ကြောက်မက်ဖွယ်ကောင်းသောမြင်ကွင်းကိုတွေ့မြင်ရပေအံ့)။ [၁]

➤➤ မုဟမ္မဒ်(ဆွလ္လလ္လာဟုိ အလိုင်ဟိဝစလ္လမ်)ထံသို့ပင်လျှင် အငြင်းအခုံပြုရန် လာရောက်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှန်တော်မူသော အမှန်ကန်ဆုံးဖြစ်သော ကုရ်အာန်ကျမ်းဂန်လာ တရားဒေသနာတော်များကိုပင်လျှင် "ဤသည် ရှေးလူဟောင်းတို့၏ ပုံပြင်ဒဏ္ဍာရီများသာဖြစ်သည်" ဟု ယုတ်မာမိုက်ကန်းစွာဆိုခဲ့ကြ၏။ ဤကား မဟုတ်မမှန်ပြောဆိုရာတွင် အဆုံးစွန်းပင်ဖြစ်၏။ (မာဂျိဒီ) အ–၂၊ စ–၂၈၃၊ အအ–၃၉၊

① မုရ်ရစ်က်တို့တွင် အသိဉာဏ်လည်းမရှိ၊ တရားမျှတမှုလည်းမရှိ၊ ၎င်းတို့သည် တရားဒေသနာတော်၏အကျိုးကို ခံစားလိုကြသည်လည်း မဟုတ်။ ၎င်းတို့သည် တမန်တော်မြတ်ထံသို့ လာရောက်ကြသည်မှာလည်း တရားနာယူရန်မဟုတ်၊ အကြောင်းမဲ့ အငြင်းအခုံပြုလုပ်ရန်အတွက် လာရောက်ခြင်းသာဖြစ်သည်။ ၎င်းတို့က ဤကုရ်အာန်သည် ရှေးလူဟောင်းတို့၏ ပုံပြင်ဒဏ္ဍာရီများသာ ဖြစ်သည်ဟူ၍ ဆိုကြသည်။ ဤမျှမကသေး ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်ကို ကြားနာခြင်းမှ သူတပါးတို့ကိုလည်း တားဆီးကြသည်။ မိမိတို့ကိုယ်တိုင်လည်း၊ ဝေးစွာကြဉ်ကြသည်။ မုရ်ရစ်က်တို့သည် ယင်းကဲ့သို့ ကြိုးပမ်းခဲ့ခြင်းအားဖြင့်၊ အစ္စလာမ်သာသနာကိုသော်၎င်း၊ တမန်တော်မြတ်ကိုသော်၎င်း၊ တစ်စုံတစ်ရာ နစ်နာဆုံးရှုံးအောင် ပြုနိုင်ခဲ့ကြသည်မဟုတ်ပေ။ အစ္စလာမ်သာသနာနှင့် တမန်တော်မြတ်၏ ဂုဏ်သတင်းကား ပျံ့နှံ့လျက်ရှိခဲ့၏။ ယခုလည်း ပျံ့နှံ့လျက်ပင်ရှိ၏။ ကိယာမတ်နေ့တိုင် ပျံ့နှံ့လျက်ပင် ရှိမည်ဖြစ်၏။ ၎င်း မုရ်ရစ်က်တို့သာလျှင် မိမိတို့၏ မိုက်မှားမှုကြောင့် မိမိတို့ကိုယ်တိုင် နှစ်ဘဝလုံးတွင် ဆုံးရှုံးနစ်နာအောင် ဖန်တီးနေကြခြင်းဖြစ်၏။ သို့ရာတွင် ၎င်းတို့သည် ဤသည်ကိုလည်း မသိကြချေ။

② မုရ်ရစ်က်တို့၏ မောက်မာပလွှား ဝါကြွားခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကြောက်မက်ဖွယ်ကောင်းလှသော အပြစ်ဒဏ်ကို မမြင်ရသေးသည့်အတွင်းသာလျှင် ဖြစ်သည်။ ထိုအရှင်မြတ်၏ အပြစ်ဒဏ်ကို အနည်းငယ်မျှပင် ခံစားလိုက်ရသည်ရှိသော်၊ ၎င်းတို့၏ မောက်မာပလွှား ဝါကြွားမှုအားလုံးတို့သည် ပျောက်ခြင်းကြီးမလှ ပျောက်ကွယ်သွားပေမည်။ ၎င်းပြင် ထိုမုရ်ရစ်က်တို့က "ကျွန်တော်မျိုးတို့သည် လူလောကကို ပြန်သွားကြရပါလျှင်၊ မိမိတို့အရှင်သခင်၏ အမိန့်တော်များကို မငြင်းပယ်ကြပါလျှင်၊ မုအ်မင်များ ဖြစ်ကြရပါလျှင်၊ ➤➤

တနည်း။

ဂင်းပြင် (အိုး-နဗီ) အကြင်အခါဝယ် (ထို မုရ်ရစ်ကတို့.ကို) အသင်ကြည့်သော်၊ (အလွန် ကြောက်မက်ဘွယ်ကောင်းသော အဖြစ်ကိုတွေ့.မြင်ရ မည်၊) ထိုမုရ်ရစ်ကတို့သည် ငရဲဘုံအနီးတွင်(စောကြော မေးမြန်းရန်အတွက်) ရပ်တန့်စေခြင်းကို ခံကြရသည် ရှိသော်၊ (ထိုသူတို့သည် ကြောက်မက်ဘွယ်ကောင်းလှ သောအဖြစ်ကို တွေ့.မြင်ကြသည်။ ထိုပြစ်ဒဏ်သည် အမှန်တရားကို သွေဖည်ခြင်း၊ ငြင်းပယ်ခြင်း၏အပြစ် ဖြစ်သည်ကိုငင်း၊ သိမြင်ကြမည်။ ထိုအခါ) ထိုသူများက "ကျွန်ုပ်တို့.သည် (လူ့လောကသို့.) ပြန်သွားရပါ လျှင် ကောင်းလေစွ၊ သို့.သွားရပါလျှင်၊ ကျွန်ုပ်တို့. သည် မိမိတို့.၏အရှင်သခင်၏ သက်သေလက္ခဏာ တော်များကို မုသားဟူ၍ ပြောဆိုကြမည် မဟုတ်ပါ။ ဂင်းပြင် ကျွန်ုပ်တို့.သည် "မုအ်မင်န်" သက်ဝင် ယုံကြည်သောသူများတွင် အပါအဝင် ဖြစ်ကြပါမည်" ဟု ပြောဆို (တမ်းတ)ကြမည်။

بَلْ بَدَا لَهُم مَّا كَانُوا يُخْفُونَ مِن قَبْلُ ۖ وَلَوْ رُدُّوا لَعَادُوا لِمَا نُهُوا

၂၈။ (သို့.ရာတွင် ဂင်းတို့.သည် အကယ်စင်စစ် မှန်ကန်သော ရည်ရွယ်ချက်နှင့် ဤသို့. ပြောဆိုကြ သည်) အလျင်းမဟုတ်ပေ။ စင်စစ်မှာကား ထိုသူ တို့.သည် ယခင်မူလက မိမိတို့.ထိမ်ချန် လျှို့.ဝှက်ထား ရှိသမျှတို့.(၏ အကျိုးအပြစ်များ)သည် ပေါ်လာ သည်(ဖြစ်၍ ထိုအပြစ်များမှ လွတ်မြောက်ရုံကာမျှ ပြောဆိုခြင်းသာ ဖြစ်ချေသည်။) [၁]

➤➤ ကောင်းလေစွ" ဟု အကြီးအကျယ် တမ်းတကြပေမည်။ သို့.ရာတွင် "လူမိုက်နောက်မှအကြဲရ" ဆိုတိ သကဲ့သို့. အချိန်လွန်ပြီးမှ နောင်တရခြင်းကား အကျိုးရှိမည်မဟုတ်ပေ။

① နောင်တမလွန်ဘဝတွင် အကုသိုလ်များ၏ အကျိုးများကို ခံစားကြရမည့်အကြောင်း သက်သေသာဓက အထင်အရှားဖြစ်ပါလျက် မုရ်ရစ်ကတို့.သည် ဖုံးကွယ်ငြင်းဆိုခဲ့ကြ၏။ ယခုမူ ၎င်းတို့.သည် အလွှာဟ် ➤➤

عَنْهُ وَإِنَّهُمْ لَكَٰذِبُونَ ﴿٢٨﴾

ငင်းတို့သည် အကယ်၍သာ (လူ့ပြည်လောက သို့) ပြန်လွှတ်ခြင်းခံကြရပါလျှင်၊ မချဧကန် ထိုသူတို့သည် မိမိတို့တားမြစ်ခြင်းခံကြရသော အမှုကိစ္စများကို ထပ်မံ၍ပင် ပြုကြလတ္တံ့။ ထိုသူတို့သည် ဧကန်စင်စစ် မုသားပြောဆိုသူများသာ ဖြစ်ကြကုန်သတည်း။

တနည်း။

(ထိုမုရှ်ရစ်က်တို့က ထိုကဲ့သို့ ပြောဆိုခြင်းမှာ စိတ်စေတနာဖြူစင်စွာဖြင့် ပြောဆိုခြင်း)မဟုတ်၊ သို့ရာတွင် အလျင်က (လူ့လောကတွင်) ငင်းတို့ထိမ်ချန် လျှို့ဝှက်ခဲ့ကြသော အရာသည် အထင်အရှားပေါ်လွင် လာချေပြီ(ဖြစ်၍ ယင်းကဲ့သို့ ပြောဆိုကြခြင်းသာဖြစ်သည်)။

အကယ်တန္ဆာ ငင်းတို့သည် (လူ့လောကသို့) ပြန်လွှတ်ခြင်းခံရပါလျှင် ငင်းတို့အား တားမြစ်ထားသော အရာများကို မုချပြန်လည် ကျူးလွန်ကြမည်ပင်ဖြစ်သည်။ အမှန်မှာ ထိုသူများသည် မုသားပြောဆိုသောသူများ ဖြစ်ကြပေသည်။

➢➢ အရှင်မြတ်၏အပြစ်ဒဏ်ကို မိမိတို့၏ မျက်စိများဖြင့် တပ်အပ်သေချာ တွေ့မြင်ကြရလေပြီ။ ငင်းတို့လျှို့ဝှက်စွာ ပြုကျင့်ခဲ့ကြသော ယုတ်မာမှု၊ ဆိုးသွမ်းမှု အားလုံးတို့သည်လည်း အထင်အရှား ဖြစ်လာချေပြီ။ မကြာသေးမီအတွင်းကပင် ငင်းတို့က "ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ကျွန်တော်မျိုးတို့သည် မုရှ်ရစ်က်များ မဟုတ်ခဲ့ကြပါ" ဟု လိမ်လည်၍ ပြောဆိုခဲ့ကြသေး၏။ ဤလိမ်လည်မှုသည်လည်း ဘွင်းဘွင်းပေါ်ချေပြီ။

ဆိုလိုရင်းသဘောကား၊ မုရှ်ရစ်က်တို့ ပြုကျင့်ခဲ့ကြသည့် မတွေ့မမြင်ရသော အကုသိုလ်များ၏ အကျိုးများသည် ယခုမူ ကြောက်မက်ဖွယ်ရာ ကောင်းလှသော အပြစ်ဒဏ်ကြီး၏ သဏ္ဌာန်ဖြင့် ပေါ်လာချေပြီ။ မုရှ်ရစ်က်တို့က၊ လူ့လောကသို့ ပြန်သွားလိုကြောင်း ပြောဆိုခြင်းမှာ ထိုအပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက်သာလျှင် ပြောဆိုခြင်းဖြစ်သည်။ စိတ်စေတနာဖြူစင်စွာဖြင့် ပြောဆိုကြခြင်း မဟုတ်ပေ။

وَقَالُوٓا۟ إِنْ هِىَ إِلَّا حَيَاتُنَا ٱلدُّنْيَا وَمَا نَحْنُ بِمَبْعُوثِينَ ﴿٢٩﴾

၂၉။ ၎င်းပြင် ထိုသူတို့က "အသက်ရှင်ခြင်းကား ပစ္စက္ခမျက်မှောက်လောကီဘဝ၌ ငါတို့၏ရှင်ခြင်းသာ ဖြစ်သည်။ အမှန်သော်ကား ငါတို့သည် ရှင်ပြန်ထစေခြင်း ခံကြရမည်မဟုတ်ချေ" ဟုပြောဆိုကြသည်။

တနည်း။

၎င်းပြင် ထိုသူတို့က အသက်ရှင်ခြင်းသည် ဤပစ္စက္ခမျက်မှောက်လောကီတွင် ကျွန်ုပ်တို့၏ ရှင်ခြင်းမှတပါး အခြား အဘယ်မျှမရှိ။ ၎င်းပြင် ကျွန်ုပ်တို့သည် (ဤရှင်ခြင်းကုန်ဆုံးပြီးသည့်နောက်) ပြန်လည်ရှင်ထစေခြင်းကို ခံကြရမည့်သူများလည်း မဟုတ်ပေဟု ဆိုကြသည်။

وَلَوْ تَرَىٰٓ إِذْ وُقِفُوا۟ عَلَىٰ رَبِّهِمْ ۚ قَالَ أَلَيْسَ هَٰذَا بِٱلْحَقِّ ۚ قَالُوا۟ بَلَىٰ وَرَبِّنَا ۚ قَالَ فَذُوقُوا۟ ٱلْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ ﴿٣٠﴾

၃၀။ (အို-နဗီတမန်တော်)အကယ်၍ အသင်ကြည့်သော် (ကြောက်မက်ဖွယ်အဖြစ်ကို တွေ့မြင်ရမည်) အကြင်အခါဝယ် ၎င်းတို့သည် မိမိတို့၏အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ရပ်တန့်စေခြင်းကို ခံကြရလတ္တံ့။ ယင်းအခါဝယ် ထိုအရှင်မြတ်သည် (၎င်းတို့အား) "ဤ (ကိယာမတ် ရှင်ပြန်ထမည့်နေ့)သည် အမှန်ပင် မဟုတ်ပါလော" ဟု မေးမြန်းတော်မူအံ့။

ထိုအခါ ၎င်းတို့က "ကျွန်တော်မျိုးတို့အား မွေးမြူတော် မူသော အရှင်မြတ်၏ "ကစမ်" အဟုတ်အမှန် ဖြစ်ပါသည်" ဟု ဖြေကြားလတ္တံ့။ ထိုအခါ အရှင်မြတ်က "သို့ဖြစ်လျှင် အသင်တို့သည် မယုံမကြည် ငြင်းပယ်လေ့ရှိခဲ့ကြသည့်အတွက် ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်ဟု မိန့်ကြားတော်မူမည်ဖြစ်သည်။

قَدْ خَسِرَ الَّذِينَ كَذَّبُوا بِلِقَاءِ
اللَّهِ ۖ حَتَّىٰ إِذَا جَاءَتْهُمُ
السَّاعَةُ بَغْتَةً قَالُوا يَا حَسْرَتَنَا
عَلَىٰ مَا فَرَّطْنَا فِيهَا ۙ
وَهُمْ يَحْمِلُونَ أَوْزَارَهُمْ
عَلَىٰ ظُهُورِهِمْ ۚ أَلَا سَاءَ
مَا يَزِرُونَ ﴿٣١﴾

၃၁။ အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံကြမည်ကို မဟုတ်မမှန်ဟု ပြောဆိုကြကုန်သော သူတို့သည် ဧကန်စင်စစ် ဆုံးရှုံးပျက်စီးကြလေပြီ။

(ဤသို့ မဟုတ်မမှန် ပြောဆိုခြင်းသည် ရက်အနည်းငယ်သာ ဖြစ်မည်) နောက်ဆုံးတွင် ၎င်းတို့ထံ ထိုကန့်သတ်ပြီးဖြစ်သော အချိန်ကာလ (ကိယာမတ် ခေါ် ရှင်ပြန်ထမည့်နေ့)သည် ရုတ်တရက် ရောင်တခင် ရောက်ရှိလာသောအခါ (ထိုသူတို့၏ မဟုတ်မမှန် ပြောဆိုခြင်းသည် ရပ်သွားပေမည်။ ၎င်းပြင်) ထိုသူတို့က "ဩော် ငါတို့သည် ဤအချိန်နှင့် စပ်လျဉ်း၍ ပေါ့လျော့ ပျက်ကွက်ခဲ့ကြသည်မှာ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရလေခြင်း" ဟု ညည်းငြူမြည်တမ်းကြမည်။ ထို့ပြင် ၎င်းတို့သည် (ထိုနေ့တွင်) မိမိတို့(၏ အပြစ်များ)၏ ဝန်ထုပ်များကို မိမိတို့၏ ကျောက်ကုန်းများထက်ဝယ် သည်ပိုးလျှက်ရှိကြမည်။ ၎င်းတို့ သည်ပိုးလျှက်ရှိကြသော အရာများမှာ ဆိုးရွားလှသည်ဟု မှတ်ယူကြလေကုန်။

وَمَا الْحَيَاةُ الدُّنْيَا إِلَّا لَعِبٌ
وَلَهْوٌ ۖ وَلَلدَّارُ الْآخِرَةُ خَيْرٌ
لِّلَّذِينَ يَتَّقُونَ ۗ
أَفَلَا تَعْقِلُونَ ﴿٣٢﴾

၃၂။ စင်စစ်သော်ကား မျက်မှောက်လောကီဘဝ၏ အသက်တာသည် (စိတ်ပြေလက်ပျောက်) ကစားခုန်စားမှုသာဖြစ်၏။ [၁] သို့ရာတွင် နောင်တမလွန်ဘဝ၏ ဘုံဗိမာန်သည်ကား (နောင်တမလွန်ဘဝ၌ ရှိသော ဘုံဗိမာန်သည်ကား) ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သော သူတို့အဘို့ အလွန်ကောင်းပေသည်။ အသင်တို့သည်(ဤမျှပင်) နားမလည်ကြလေသလော။

---

① ကုရ်အာန်(၆:၂၉)တွင် 'အခိရက်' နောင်တမလွန်ဘဝကို မယုံကြည်သူများ၏ ပြောဆိုချက်ပါရှိ၏။ ပြီးနောက် တဖန် ကုရ်အာန်(၆:၃၂)တွင် နောင်တမလွန်ဘဝကို မယုံမကြည်သူတို့အား ရည်ညွှန်း၍ ၎င်းတို့၏ ပြောဆိုချက်အရ ဤပစ္စက္ခဘဝသည်သာ အမိအဘ အဓိကဖြစ်သည်။ ဤပစ္စက္ခဘဝသည်သာလျှင် ➤➤

قَدْ نَعْلَمُ إِنَّهُ لَيَحْزُنُكَ الَّذِي يَقُولُونَ فَإِنَّهُمْ لَا يُكَذِّبُونَكَ وَلَٰكِنَّ الظَّالِمِينَ بِآيَاتِ اللَّهِ يَجْحَدُونَ ﴿٣٣﴾

၃၃။ (အို–နဗီတမန်တော်) ၎င်းတို့ပြောဆိုသော စကားသည် ဧကန်စင်စစ် အသင့်အား စိတ်ဒုက္ခ ရောက်စေသည်ကို ငါအရှင်မြတ်သည် (ကောင်းစွာ) သိတော်မူသည်။ ၁ အမှန်စင်စစ် ယင်းသူတို့သည် အသင့်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြသည် မဟုတ်ချေ။ သို့ရာတွင် မတော်မတရားပြုမူသော သူတို့သည် အလ္လာဟ်အရှင်မြတ်၏ သက်သေ လက္ခဏာတော်များကိုသာ ငြင်းပယ်နေကြသည်။ ၂

➤➤ တစ်ခုတည်းသောဘဝ ဖြစ်သည်။ အခြားဘဝမရှိ ဟူသောအချက်ကို မှန်ပါသည်ဟူ၍ကား အသိဉာဏ် အမြော်အမြင်ရှိသူများက ဘယ်သောအခါမျှ အဆုံးအဖြတ်ပေးကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤပစ္စက္ခဘဝတွင် အသက်ရှင်ရခြင်းသည် မျက်စိတမှိတ် လျှပ်တပြက်မျှဖြစ်၏။ သခ်ါရမျှဖြစ်၏။ လျှင်မြန်စွာ ပျက်စီးသွားမည်ဖြစ်၏။ ပွဲလမ်းသဘင်ကဲ့သို့ ပြီးပြီးပျောက်ပျောက်ဖြစ်၏။ သို့ဖြစ်ရာ ဤမျှ ကြီးကျယ် ခမ်းနားလှသောစကြာဝဠာကြီးသည် ရက်အနည်းငယ် ပျော်မြူးရန်အတွက်သာဖြစ်၍ ထို့နောက် လုံးဝ အပျောက်ကြီး ပျောက်ကွယ်သွားမည်လော။ ဤသို့ကား အလျင်းမဟုတ်။ ဤပစ္စက္ခဘဝကို ကစားစရာဟူ၍ မိန့်ဆိုထားတော် မူခြင်းမှာ ဤဘဝ၏သတ်တမ်းသည် မျက်စိတမှိတ် လျှပ်တပြက် ဆိုသကဲ့သို့ အလွန်တရာမျှ တိုတောင်း၍ တခဏအတွင်း ကုန်ဆုံးသွားမည် ဖြစ်သည့်အတွက် ဖြစ်သည်။ ပြီးနောက်တဖန် အကယ်၍ ဤပစ္စက္ခဘဝတွင် ပြုကျင့်သမျှသောကုသိုလ်၊ အကုသိုလ်များ၏ ကျိုးပြစ်များကို ခံစားနိုင်ရန်အတွက် အခြားသက်တမ်းမရှိသော် ဤဘဝတွင် ဖြစ်ပျက်သမျှတို့သည် ကစားစရာထက် ထူးကဲမည်မဟုတ်ပေ။ ကစားစရာ အချည်းနှီးသာဖြစ်ပေမည်။

ဤမှတပါဠိတော်တွင် ပစ္စက္ခဘဝကို ကစားစရာ၊ ပွဲလမ်းသဘင်မျှသာ ဖြစ်သည်ဟူ၍ ဆိုလိုသည် မဟုတ်။ ပစ္စက္ခဘဝ၏ အကြင်အပြုအမူ အလုပ်ကိုင်များကိုသာ ကစားစရာဟု ဆိုလိုရင်းဖြစ်သည်။ ထိုအပြုအမူ အလုပ်အကိုင်များသည် နောင်တမလွန်ဘဝအတွက်လည်း မဟုတ်ချေ။ နောင်တမလွန်ဘဝ၏ ကောင်းကျိုးချမ်းသာ အတွက် အကူအညီ အထောက်အမလည်း မဖြစ်ချေ။

ဤသို့အနက်အဓိပ္ပါယ် ဆောက်ယူခြင်းဖြင့် ပစ္စက္ခဘဝတွင် တရားတော်နှင့်အညီ လိုက်နာကျင့်သုံးသည့် ခဝပ်ကိုးကွယ်မှုအားလုံးနှင့် ခဝပ်ကိုးကွယ်မှုကို အထောက်အမဖြစ်စေမည့် "မဇာဟ်" အားလုံးတို့သည် ဤမှတပါဠိတော်တွင် အကျုံးမဝင်ကြောင်း၊ ဒုစရိုက်မှုများနှင့် ဒုစရိုက်မှုများကို အထောက်အမပြုသော အဓိပ္ပါယ်မရှိသော ကိစ္စများသာလျှင် အကျုံးဝင်ကြောင်း ထင်ရှားပေသည်။ (ထာနဝီ) အ–၃၊ စ–၉၁။

① တမန်တော်မြတ်အား၊ ကာဖိရ်များက မဟုတ်မမှန် ပြောဆိုကြသည့်အခါ တမန်တော်မြတ်သည် စိတ်ဒုက္ခ ဖြစ်တော်မူ၏။ ကာဖိရ်များ၏နောင်ရေးကို တွေးတွေးဆွေးတော်မူ၏။ ဝမ်းနည်းကြေကွဲတော်မူ၏။ ကြည့် ကုရ်အာန်ကျမ်းမြတ်(၁၈း ၆)(၂၆း ၃)(၃၅း ၈)။ ဤမှတပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား၊ ယင်းသို့ မကြေကွဲရန် နှစ်သိမ့်စေတော်မူထားခြင်းဖြစ်သည်။

② တမန်တော်မြတ်အား အဗူဂျဟ်လ်က ဤသို့ပြောခဲ့ဘူး၏။ ကျွန်ုပ်တို့သည် အသင့်အား မဟုတ်မမှန်ဟု မဆိုကြပါ။ သို့ရာတွင် အသင်ယူဆောင်လာသော တရားကိုသာလျှင် မှားသည်ဟု ဆိုကြပါသည်။(အစ်ဗ်နကဆီ၎)

وَلَقَدْ كُذِّبَتْ رُسُلٌ مِّن
قَبْلِكَ فَصَبَرُوا۟ عَلَىٰ
مَا كُذِّبُوا۟ وَأُوذُوا۟
حَتَّىٰٓ أَتَىٰهُمْ نَصْرُنَا ۚ
وَلَا مُبَدِّلَ لِكَلِمَٰتِ ٱللَّهِ ۚ
وَلَقَدْ جَآءَكَ مِن نَّبَإِى
ٱلْمُرْسَلِينَ ﴿٣٤﴾

၃၄။ ၎င်းပြင် မချွတ်ဧကန် အသင့်အလျောင်မြောက်မြားစွာသော ရဏ္ဍာလ် တမန်တော်များသည် မဟုတ်မမှန်ဟု ငြင်းပယ်ခြင်း ခံခဲ့ကြရလေပြီ။ သို့ရာတွင် ထိုရဏ္ဍာလ် တမန်တော်တို့သည် မိမိတို့အား မဟုတ်မမှန်ဟု ငြင်းပယ်ခြင်းကို ခံခဲ့ကြရခြင်း အပေါ်၌ငင်း၊ ဒုက္ခပေးခြင်းကို ခံခဲ့ကြရခြင်းအပေါ်၌ငင်း၊ သည်းခံခဲ့ကြလေသည်။ နောက်ဆုံးတွင် ငါအရှင်မြတ်၏အကူအညီသည် ထိုရဏ္ဍာလ်တမန်တော်များထံသို့ ရောက်ရှိလာခဲ့လေသည်။ အမှန်သော်ကား *အလ္လာဟ်အရှင်မြတ်၏မုကွပါဋိဟာ်တော်များကို မည်သူမျှ ပြောင်းလဲနိုင်သည်မဟုတ်ချေ။* [၁] စင်စစ်ဧကန် ရဏ္ဍာလ် တမန်တော်တို့၏ အချို့အကြောင်းသတင်းများသည် အသင့်ထံ ရောက်ရှိလာခဲ့ပြီးဖြစ်၏။

وَإِن كَانَ كَبُرَ عَلَيْكَ
إِعْرَاضُهُمْ فَإِنِ ٱسْتَطَعْتَ
أَن تَبْتَغِىَ نَفَقًا فِى ٱلْأَرْضِ
أَوْ سُلَّمًا فِى ٱلسَّمَآءِ فَتَأْتِيَهُم

၃၅။ သို့ရာတွင် (အို-နဗီတမန်တော်) အကယ်၍ ၎င်းတို့၏ လွဲဖယ်တိမ်းရှောင်သွားခြင်းသည် အသင့်အပေါ်ဝယ် ရင်လေးဖွယ်ဖြစ်နေပါလျှင်၊ အသင်သည် တတ်စွမ်းနိုင်ပါက မြေအောက်တွင် လိုဏ်ခေါင်းတခုခုကိုဖြစ်စေ၊ မိုးပေါ်သို့ (တက်နိုင်ရန်) လှေကားတခုခုကိုဖြစ်စေ၊ ရှာဖွေပြီးလျှင် ၎င်းတို့အဘို့ *တန်ခိုးဿဋ္ဌိဟာတရပ်ရပ်ကို* ယူဆောင်ခဲ့ပါလေ။ [၂]

---

① အလ္လာဟ်အရှင်မြတ်၏ မုကွပါဋိတော်များဟူသည် ထိုအရှင်မြတ်၏ ကတိတော်များကို ဆိုလိုသည်။
ကျောက်တောင်ကြီးသည် မိမိ၏နေရာမှ ရွေ့မည်ဆိုက ရွေ့သွားနိုင်သော်လည်း အလ္လာဟ်အရှင်မြတ်၏ကတိတော်ကား အလျင်ရွေ့ပြောင်းသွားမည်မဟုတ်ပေ။ ထိုအရှင်မြတ်သည် မိမိကတိတော်အတိုင်း အတိအကျ ပြုလုပ်တော် မူသည်သာတည်း။ အလ္လာဟ် အရှင်မြတ်သည် မိမိ၏ရဏ္ဍာလ် တမန်တော်များအား ကူညီရိုင်းပင်းတော် မူမည့်အကြောင်း၊ ကုရ်အာန်ကျမ်းမြတ် (၃၇ : ၁၇၁။ ၅၈ : ၂၁)တွင် အတည့်အလင်း မိန့်ဆိုထားတော်မူသည်။

② တမန်တော်မြတ်သည် "ရအ်မတွန်လစ်လ် အာလမီန်" စကြာဝဠာအဝှန်းအတွက် ကရုဏာရှင် ဖြစ်တော်မူ၏။ သို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် ကာဖိရ်တို့၏နောင်ရေးတွေးကာ ၎င်းတို့အတွက်ကြေကွဲတော်မူ၏။
အစ္စလာမ်သာသနာအတွင်းသို့ မည်သည့်နည်းနှင့်ဖြစ်စေ ကာဖိရ်များရောက်ရှိလာခြင်းကို အထူး ➤➤

يَٰٓأَيَّةٍ وَلَوْ شَآءَ ٱللَّهُ لَجَمَعَهُمْ عَلَى ٱلْهُدَىٰ فَلَا تَكُونَنَّ مِنَ ٱلْجَٰهِلِينَ ﴿٣٥﴾

စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် အလိုတော်ရှိပါမူ၊ ၎င်းတို့အားလုံးကို *တရားလမ်းမှန်ပေါ်၌ တစည်းတလုံးတည်း တည်ရှိစေတော်မူအံ့။* [၁] သို့ဖြစ်ပေရာအသင်သည် အသိဉာဏ်ကင်းမဲ့သောသူတို့တွင် အပါအဝင်မဖြစ်ပါလေနှင့်။

إِنَّمَا يَسْتَجِيبُ ٱلَّذِينَ يَسْمَعُونَ ۘ وَٱلْمَوْتَىٰ يَبْعَثُهُمُ ٱللَّهُ ثُمَّ إِلَيْهِ يُرْجَعُونَ ﴿٣٦﴾

၃၆။ (စိတ်စေတနာ ဖြူစင်စွာဖြင့် တရားကို) နားထောင်သောသူများသာလျှင် တရားကို လက်ခံနာယူကြပေသည်။ [၂] အမှန်စင်စစ် သူသေတို့မူကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ရှင်ပြန်ထစေတော်မူမည်။ ထို့နောက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့သာလျှင် ပြန်သွားကြရမည်။

وَقَالُوا۟ لَوْلَا نُزِّلَ عَلَيْهِ ءَايَةٌ مِّن رَّبِّهِۦ ۚ قُلْ إِنَّ ٱللَّهَ قَادِرٌ عَلَىٰٓ أَن يُنَزِّلَ ءَايَةً

၃၇။ ၎င်းပြင် ထိုသူတို့က "(အကယ်၍သာ မုဟမ္မဒ်သည် နဗီတမန်တော်ဖြစ်ခဲ့ပါလျှင်) ၎င်း၏အရှင်မြတ်ထံတော်မှ ၎င်းထံသို့ ပြာဋိဟာ တရုပ်ရပ်သည် မည်သည့်အတွက်ကြောင့် မကျရောက်ပါသနည်း" ဟု ပြောဆိုကြလေသည်။ [၃]

➤➤ လိုလားတော်မူ၏။ အဘယ်မျှလိုလားတော်မူသည်ဆိုသော် တမန်တော်မြတ်၌ တန်ခိုးပြာဋိဟာများကို ပြနိုင်သောစွမ်းရည် ရှိခဲ့ပါလျှင် တမန်တော်မြတ်သည် ယင်းသူတို့တောင်းဆိုသမျှသော တန်ခိုးပြာဋိဟာများကိုပင် ပြသတော်မူရန်အသင့်ပင် ရှိတော်မူလေသည်။

① အကယ်၍ (တာကွဝီနီ) ခေါ် ဖန်ဆင်းတော်မူခြင်း၏ အကျိုးတရားများအားဖြင့် အရှင်မြတ်သည် လူခပ်သိမ်းတို့အား တရားလမ်းမှန်ကို ပြတော်မူလိုပါလျှင် ထိုလူခပ်သိမ်းတို့သည် အားလုံးတို့ပင် တရားရကြမည်။ ဤသို့ဖြစ်စေတော်မူခြင်းကို မည်သူမျှ တားမြစ်နိုင်သည်လည်း မရှိချေ။ ပြီးနောက် လူလောကတွင် ဝါဒကွဲမှု၊ လမ်းစဉ်ကွဲမှု၊ ယုံကြည်ချက်ကွဲမှုများသည်လည်း ရှိတော့မည်မဟုတ်ချေ၊ တန်ခိုးပြာဋိဟာများကို တောင်းဆိုည့် အကြောင်းလည်း ပေါ်မည်မဟုတ်တော့ချေ။

② အမှန်တရားကို ဆည်းပူးလိုသည့် ဖြူစင်သောစိတ်စေတနာဖြင့် တရားနာသောသူများသာလျှင် နာခံကြပေသည်။ ကာဖိရ်တို့မူကား စိတ်သေနေသောသူသေများနှင့်တူကြပေသည်။ ၎င်းတို့၏စိတ်နှလုံးများသည် မှန်းတီးမှု၊ ဆန့်ကျင်မှု၊ မဖြူစင်မှုများကြောင့် တရားစကားများကို အဘယ်မျှပင် ကြားရလင့်ကစား မည်သို့မျှအရာမထင်ချေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကိယာမတ်နေ့တွင် ပြန်လည်ရှင်ထစေတော်မူ၍ စောကြောမေးမြန်းတော်မူမည်။ ၎င်းတို့သည် မိမိတို့၏သွေဖည်ငြင်းပယ်မှုများ၏ အပြစ်ဒဏ်များကို ခံကြရမည်။ ➤➤

وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿١٢﴾

(အို-နဗီတမန်တော် အသင်သည် ထိုသူတို့အား ဤသို့) ပြောကြားပါလေ။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် (ထိုသူတို့တောင်းဆိုသော)တန်ခိုးပြာဋိဟာကို ချပေးနိုင်စွမ်းရှိတော်မူသောအရှင်မြတ်ဖြစ်တော်မူ၏။ [၁] သို့ရာတွင်ထိုသူတို့အနက်မှ များစွာသောသူတို့သည် (ဤသည်ကိုပင်) မသိကြချေ။ [၂]

➤➤ ၎င်းတို့သည် ပစ္စက္ခဘဝ၌ မိမိတို့၏သွေဖည်ငြင်းပယ်မှုများ၏ အပြစ်ဒဏ်ကို အပြည်အစုံ မခံခဲ့ကြရသော်လည်း ကိယာမတ်နေ့တွင်ကား အပြည့်အစုံ အတိအကျ ခံကြရပေမည်သာတည်း။(မာဂျိဒီ)

(၁) တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်အဟုန်ဖြင့် အသိလိမ္မာဉာဏ်ပညာနှင့် သက်ဆိုင်သော၊ လက်တွေ့လုပ်ငန်းနှင့် သက်ဆိုင်သော များစွာသော "မုအ်ဂျိဇာ" တန်ခိုးပြာဋိဟာများကို ပြတော်မူခဲ့လေပြီ။ သို့တစေလည်း ကာဖိရ်များသည် မနာလိုမုန်းတီးကြသဖြင့် အကြောင်းမဲ့ တန်ခိုးပြာဋိဟာများကို တောင်းဆိုနေကြသည်။ ယင်းကာဖိရ်များ တန်ခိုးပြာဋိဟာ တောင်းဆိုခဲ့ကြသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၁၇း ၉၀-၉၃)တွင် ပါရှိလေသည်။

ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော် (၁၇း ၉၃) ၏ သဘောမှာ အောက်ပါအတိုင်းဖြစ်သည်။

ဆိုလိုသည်မှာ ထိုသူများက အသင်သည် ကျွန်ုပ်တို့အဖို့ မြေမှစမ်းရေချောင်းတခု ထွက်ပေါ်စီးတွေ့အောင် မပြုလုပ်သမျှကာလပတ်လုံး၊ သို့မဟုတ် အသင့်အဘို့ စွန်ပလွံသပြက် ဥယျာဉ်တခုခုရှိရမည်။ ၎င်းနောက် ထိုဥယျာဉ်၏ကြားတွင် အသင်သည် စမ်းရေချောင်းများကို စီးဆင်းအောင်ပြုရမည်။ သို့မဟုတ် အသင်ယုံကြည်သည့်အတိုင်း မိုးကောင်းကင်ကို အပိုင်းပိုင်းအစစပြု၍ ကျွန်ုပ်တို့အပေါ်၌ ဖြိုချရမည်။ သို့မဟုတ် အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်တကွ ကောင်းကင်တမန်များကို ရှေ့မှောက်သို့ ခေါ်ဆောင်လာရမည်။ သို့မဟုတ် အသင့်အဘို့ ရွှေအဆောက်ပြီးသော အိမ်တလုံးရှိရမည်။ သို့မဟုတ် အသင်သည် မိုးကောင်းကင်သို့ တက်ပြရမည်။ (ယင်းသို့ ပြုလုပ်၍မပြသမျှကာလပတ်လုံး) ကျွန်ုပ်တို့သည် အသင့်အား အလျင်း ယုံကြည်မည်မဟုတ်ပါ။ ၎င်းပြင် အသင်သည် (မိုးကောင်းကင်မှ) ကျွန်ုပ်တို့ရွတ်ဖတ်နိုင်ရန် ကျမ်းတစောင်ကို ယူဆောင်၍ မလာသမျှကာလပတ်လုံး အသင်၏တက်ပြခြင်းကိုလည်း (ကျွန်ုပ်တို့ အလျင်း ယုံကြည်ကြမည်မဟုတ်ပါ၊) ဟု ပြောဆိုခဲ့ကြလေသည်။ (အို-နဗီ) အသင် ပြောကြားပါ ကျွန်ုပ်၏အရှင်သခင်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်း စင်ကြယ်တော်မူပါ၏။ ကျွန်ုပ်သည် လူသားတမန်တော်တပါးမျှသာလျင် ဖြစ်ပါသည်။ ကုရ်အာန် (၁၇း၉၀-၉၃)

(၂) အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ၏။ များစွာသော တန်ခိုးပြာဋိဟာများကို ချပေးတော်မူခဲ့၏။ အထူးသဖြင့် ကျမ်းမြတ်ကုရ်အာန်ကို ချပေးတော်မူခဲ့၏။ အခြားသော တန်ခိုးပြာဋိဟာများကို ထားဘိဦး ကျမ်းမြတ်ကုရ်အာန်သည်ပင် ၎င်းတို့အဘို့ လုံလောက်ပေသည်။ ကြည့်-ကုရ်အာန်(၂၉း၅၀-၅၁)

ကာဖိရ်များ မုန်းထား၍ အကြောင်းမဲ့တောင်းဆိုနေကြသော တန်ခိုးပြာဋိဟာများကိုလည်း အလ္လာဟ်အရှင်မြတ်သည် ချပေးတော်မူနိုင်၏။ သို့ရာတွင် ယင်းကဲ့သို့ တန်ခိုးပြာဋိဟာများ ကျရောက်လာပြီးသည့်နောက်သော်မှပင်၊ အကယ်၍ မယုံကြည်ဘဲ ဆက်လက်၍ သွေဖည်နေခဲ့ကြသည်ရှိသော် ➤➤

وَمَا مِنْ دَآبَّةٍ فِى الْأَرْضِ وَلَا طَٰٓئِرٍ يَطِيرُ بِجَنَاحَيْهِ إِلَّآ أُمَمٌ أَمْثَالُكُم ۚ مَّا فَرَّطْنَا فِى الْكِتَٰبِ مِن شَىْءٍ ثُمَّ إِلَىٰ رَبِّهِمْ يُحْشَرُونَ ﴿٣٨﴾

၃၈။ ငင်းနောက် ပထဝီမြေဝယ် ရှိရှိသမျှသော သက်ရှိ အပေါင်းတို့သည်ငင်း၊ မိမိတို့ တောင်ပံ နှစ်ဘက်ဖြင့် ပျံသန်းလျက်ရှိသော ငှက်တိရိစ္ဆာန် အပေါင်းတို့သည်ငင်း၊ အသင်တို့ကဲ့သို့ အုပ်စုများပင် ဖြစ်ကြပေသည်။ [၁]

ငါအရှင်မြတ်သည် (မိမိမှတ်တမ်း) စာအုပ်တွင် [၂] တစုံတရာကိုမျှ ချန်လှပ်ထားတော်မူသည် မရှိချေ။ ထို့နောက် ငင်းတို့အားလုံးသည် မိမိ၏ အရှင်မြတ်အထံတော်၌ပင် စုရုံးစေခြင်းကို ခံကြရပေမည်။

➤➤ အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော ကာဖိရ်များအား ဆိုင်းငံ့ခွင့်ပေးတော်မမူဘဲ ကြီးလေးသော ပြစ်ဒဏ်ကို တပ်ရိုက် စီရင်တော်မူလေ့ရှိသည်။ ဤသည့်အချက်ကို များစွာသော ကာဖိရ်များသည် မသိကြချေ။ ကြည့်–ကုရ်အာန်(၆:၈)

ကာဖိရ်များက ငင်းတို့ တောင်းဆိုသည့်အတိုင်း တန်ခိုးပြာဋိဟာ ရောက်ရှိခဲ့ပါလျှင် ငင်းတို့သည် မုချ ယုံကြည်ကြပါမည်ဟု ကျမ်းသစ္စာကျိန်ဆို၍ပင် ပြောဆိုခဲ့ကြသည်။ ဤကား အပြောမျှသာ ဖြစ်ချေသည်။ အကယ်၍ ငင်းတို့ထံသို့ တန်ခိုးပြာဋိဟာ ရောက်ရှိလာခဲ့သော် ငင်းတို့သည် ယုံကြည်ကြမည် မဟုတ်ပေ။ ကြည့်–ကုရ်အာန် (၆:၁၁၀)၊ သို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့ တောင်းဆိုတိုင်း တန်ခိုးပြာဋိဟာများကို ချပေးတော်မမူခြင်းဖြစ်သည်။

① ထိုသူတို့အနက် များစွာသောသူတို့သည် မသိကြချေ။ (၀၁) ထိုကာဖိရ်များတွင် ယထာဘူတဉာဏ်၊ မဖောက်မပြန် ဟုတ်မှန်တိုင်းသိသော ဉာဏ်ပညာမရှိချေ။ တိကျမှန်ကန်စွာ စဉ်းစားဆင်ခြင် မြော်မြင်မှုလည်း မရှိချေ။ အမှန်မှာ နဗီတမန်တော်များ၏ ဖြောင့်မတ်မှန်ကန်သော တရားဒေသနာတော်များ၊ ဥပမာ "တောင်ဟီဒ်" တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်ခြင်း၊ ကုသိုလ် အကုသိုလ်တရားများ၏ ကျိုးပြစ်ခံစားရမည်ဖြစ်ခြင်း၊ အစရှိသည့် တရားများအတွက် ကိုယ်တွေ့မျက်မြင် တန်ခိုးပြာဋိဟာပြဘို့ပင် မလိုပေ။ ကာဖိရ်များသည် ဤသည့်အချက်ကိုပင် နားမလည်ကြချေ။ အကယ်တန္တ တန်ခိုးပြာဋိဟာ လိုသည်ဟူ၍ပင်ဆိုသော် ယခင်က များစွာသော တန်ခိုးပြာဋိဟာများကို တွေ့မြင်ပြီး ဖြစ်ခဲ့ကြပေသည်။ ထပ်မံ၍ တန်ခိုးပြာဋိဟာ တောင်းဆိုရန် မလိုပေ။

② "ကိယာမတ် နေ့တွင် ပြန်လည်ရှင်ထပြီး "မဟ်ရှရ်" ကွင်းပြင်၌ စုရုံးခြင်းခံကြရမည်ဟူသော ဗျာဒိတ်တော်တွင် သက်ရှိအားလုံးတို့သည် အကျုံးဝင်ပေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကိယာမတ်နေ့တွင် တိရစ္ဆာန်များသည်လည်း စုံရုံးခြင်း ခံကြရမည် ဖြစ်ကြောင်း သိရှိရပေသည်။ ဤသည် သာဝကကြီး အဗူဇရ်၊ သာဝကကြီး အဗူဟုရိုင်ရဟ်၊ ဟစန် အစရှိသည့် ပညာရှင် သုခမိန်တို့၏အဆိုတည်း။ (ကုရ်တုဗီ) ➤➤

وَالَّذِينَ كَذَّبُوا بِآيَاتِنَا صُمٌّ وَبُكْمٌ فِي الظُّلُمَاتِ ۗ مَنْ يَشَإِ اللَّهُ يُضْلِلْهُ ۖ وَمَنْ يَشَأْ يَجْعَلْهُ عَلَىٰ صِرَاطٍ مُسْتَقِيمٍ ﴿٣٩﴾

၃၉။ စင်စစ် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်သော သူတို့ကား နားပင်းသူများနှင့် ဆွံ့အသူများပင် ဖြစ်ကြကုန်၏။ *အမှောင်အမျိုးမျိုးတွင် (တဝဲလည်လည်) ရှိကြကုန်၏။* [၁] အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (အမှန်တရားကိုသွေဖည်မှုကြောင့်) လမ်းလွဲ၌ပင် ရှိစေတော်မူ၏။ [၂] ၎င်းပြင် ထိုအရှင်မြတ်သည် မိမိ အလိုတော်ရှိတော်မူသော သူအား (မိမိ၏ကျေးဇူးတော်ဖြင့်) ဖြောင့်မတ်မှန်ကန်သောတရားလမ်းပေါ်၌ တည်ရှိစေတော်မူ၏။

قُلْ أَرَأَيْتَكُمْ إِنْ أَتَاكُمْ عَذَابُ اللَّهِ أَوْ أَتَتْكُمُ السَّاعَةُ أَغَيْرَ اللَّهِ تَدْعُونَ ۖ إِنْ كُنْتُمْ صَادِقِينَ ﴿٤٠﴾

၄၀။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား ဤသို့) ပြောဆိုပါလေ။ အသင်တို့ ပြောပြကြကုန်၊ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သည် အသင်တို့၏အပေါ်၌ ကျရောက်လာခဲ့သည်ရှိသော်၊ သို့တည်းမဟုတ် "ကိယာမတ်" (ရှင်ပြန်ထမည့်နေ့)သည် အသင်တို့ထံ ဆိုက်ရောက်လာခဲ့သည်ရှိသော် (ထိုကဲ့သို့သော အချိန်ကာလမျိုး၌လည်း) အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတပါး၊ (မိမိတို့ကိုယ်တိုင် ဘုရားအဖြစ် ပြုလုပ် ကိုးကွယ်ကြကုန်သော) အခြားအရာများကိုပင် ဟစ်ခေါ်ကြမည်လော။

➤➤ မြေ၌ရှိသော သတ္တဝါများ၊ ဂျေ၌ရှိသော သတ္တဝါများ၊ ကောင်းကင်၌ ပျံသန်းလျက်ရှိသော သတ္တဝါများ အားလုံးတို့သည် လူသားများကဲ့သို့ပင် "အွမ္မတ်" အုပ်စုများပင် ဖြစ်ကြပေသည်။

① "အိလ်ကိတာဗ်" ဟူသည် အလ္လာဟ်အရှင်မြတ်၏ထံတော်၌ရှိသော "လောဟိမတ်ဖွဲ့" ခေါ် မှတ်တမ်းတော်ကို ဆိုလိုသည်။ ထိုမှတ်တမ်းတော်တွင် စောကြောမေးမြန်းရန်အတွက် ကုန်း၊ မြေ၊ ရေ တို့၌ ရှိရှိသမျှသော သက်ရှိအားလုံးတို့၏ အကြောင်းများသည် စ လယ် အဆုံး အတိအကျ ရေးမှတ်ပြီးရှိ၏။

② အလ္လာဟ်အရှင်မြတ်၏ နိမိတ်လက္ခဏာတော်များကို မဟုတ်မမှန်ဟု ပြောဆိုသောသူများသည် နားပင်းသူများ၊ ဆွံ့အသူများ၊ အမိုက်မှောင်တွင်းသို့ ရောက်ရှိနေသူများပင် ဖြစ်ကြပေသည်။ ၎င်းတို့သည် အမှန်တရားကို မကြားနိုင်ကြပေ။ သူတပါးကိုလည်း မမေးမြန်းနိုင်ကြပေ။ တစုံတရာကိုလည်း မမြင်နိုင်ကြပေ။ အမှန်မှာ ၎င်းတို့သည် မိမိတို့၏ကျူးလွန်မှုများကြောင့် မိမိတို့၏စွမ်းရည်သတ္တိများကို မိမိတို့ကိုယ်တိုင်ပင် ➤➤

အသင်တို့ မှန်ကန်သောသူများ ဖြစ်ကြပါလျှင် (ထိုသို့သော အချိန်မျိုးတွင်လည်း အလ္လာဟ်အရှင်မြတ်အား စွန့်လွှတ်၍ မိမိတို့၏ ကိုးကွယ်ရာများကိုသာ ဟစ်ခေါ်သင့်ပေသည်)။

بَلْ إِيَّاهُ تَدْعُونَ فَيَكْشِفُ مَا تَدْعُونَ إِلَيْهِ إِنْ شَاءَ وَتَنْسَوْنَ مَا تُشْرِكُونَ ﴿٤١﴾

၄၁။ (ဤသို့)အလျင်းမဟုတ်ပေ၊ အမှန်စင်စစ်သော်ကား (ယင်းကဲ့သို့သောအချိန်အခါမျိုးတွင်) အသင်တို့သည် အထူးသဖြင့်(တဆူတည်းသော) ထို အရှင်မြတ်ကိုသာလျှင် ဟစ်ခေါ်ကြပေမည်။ [၁] ၎င်းနောက် ထို အရှင်မြတ်သည် မိမိ အလိုတော် ရှိခဲ့ပါလျှင်၊ အကြင်(ဘေးအန္တရာယ်)ကိုလည်း ဖယ်ရှားတော်မူအံ့၊ ထိုအရာ (ဘေးအန္တရာယ်ကို ဖယ်ရှားရန်)အတွက် အသင်တို့သည် (ထိုအရှင်မြတ်ကို) ဟစ်ခေါ်ကြကုန်၏။ ၎င်းပြင် (ထိုအခါဝယ်) အသင်တို့သည်လည်း မိမိတို့ (ယခု)တွဲဘက် (ကိုးကွယ်နေ)ကြကုန်သော အရာများကို မေ့ပျောက်သွားကြလတ္တံ့။

➤➤ ဖျက်ဆီးထားသူများပင် ဖြစ်ကြ၏။ သို့ရှိရာ ၎င်းတို့အဘို့ အမှန်တရားကို လက်ခံနာယူနိုင်ရန် အခွင့်အလမ်းသည် အသို့လျှင် ရှိနိုင်အံ့နည်း။

① "အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမဆို အလိုတော်ရှိပါလျှင် လမ်းလွဲစေတော်မူ၏။" ဟု မိန့်ဆိုတော်မူရာ၌ ထိုအရှင်မြတ်သည် အကြင်သို့သော သူကိုသာလျှင် လမ်းလွဲစေတော် မူသည်။ ထိုသူသည် တရားရရာရကြောင်းများကို မိမိကိုယ်တိုင် ပိတ်ဆို့ထားလေသည်။ ဤသည့်သဘောကိုပင် ကုရ်အာန်ကျမ်းမြတ် (၇း၁၇၆) တွင် မိန့်ဆိုထားတော်မူသည်။

② မုရ်ရစ်ကျားသည် ပစ္စက္ခဘဝ၌ပင် သာမန်ဒုက္ခသည်များနှင့် တွေ့ကြုံသောအခါ (အလ္လာဟ်ရှင်မြတ်နှင့် တွဲဘက်၍) မိမိတို့ ကိုးကွယ်လျက်ရှိသော အရာများကို မေ့ပျောက်ပြီး တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ဟစ်ခေါ်ကြပေသည်။ ကြည့်–ကုရ်အာန်(၁၀း၂၂။ ၂၉း၆၅။ ၃၁း၃၂) ယင်းကဲ့သို့ ဒုက္ခနှင့်တွေ့ကြုံ၍ အလ္လာဟ်အရှင်မြတ်အား ဟစ်ခေါ်ကြသောအခါ ထိုအရှင်မြတ်သည် အလိုတော်ရှိပါလျှင် ၎င်းတို့၏ ဒုက္ခကိုလည်း ဖယ်ရှား၍ ပေးတော်မူ၏။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ပစ္စက္ခဘဝ၏ အပြစ်ဒဏ်ကိုငင်း၊ နောင်တမလွန်ဘဝ၏ အပြစ်ဒဏ်ကိုငင်း အလ္လာဟ်အရှင်မြတ်မှတပါး မည်သူတဦးတယောက်မျှ ဖယ်ရှား၍ မပေးနိုင်သည်မှာ ထင်ရှားလှပေသည်။ သို့ဖြစ်ပါလျက်နှင့် အလ္လာဟ်အရှင်မြတ်၏ ဘုန်းသမ္ဘာများကို မေ့ပျောက်၍ တန်ခိုးပြာဋိဟာများ တောင်းဆိုခြင်းမှာ အဆိုးရွားဆုံးသော မိုက်မှားမှုကြီးကို ကျူးလွန်ရာ ရောက်ပေသည်။

وَلَقَدْ أَرْسَلْنَآ إِلَىٰٓ أُمَمٍ مِّن قَبْلِكَ فَأَخَذْنَٰهُم بِٱلْبَأْسَآءِ وَٱلضَّرَّآءِ لَعَلَّهُمْ يَتَضَرَّعُونَ ﴿٤٢﴾

၄၂။ (အို–နဗီတမန်တော်) မချွတ်မလွဲ ငါအရှင်မြတ်သည် အသင့်အလျင် ရှိခဲ့ကြကုန်သောလူမျိုးများတို့ထံသို့လည်း (ရှုလ် တမန်တော်များကို) စေလွှတ်တော်မူခဲ့လေသည်။ ထို့နောက် (ယင်းလူမျိုးတို့သည် ထိုတမန်တော်များအား သွေဖည်ငြင်းပယ်ခဲ့ကြလေရာ) ငါအရှင်မြတ်သည် ယင်းသူတို့၌ဆင်းရဲဒုက္ခများနှင့် ရောဂါဝေဒနာများ ဆိုက်ရောက်စေတော်မူခဲ့လေသည်။ သို့မှသာလျှင် ထိုသူများသည် ကျိုးနွံကြပေမည်။ (နောင်တတရားရကြပေမည်။)

فَلَوْلَآ إِذْ جَآءَهُم بَأْسُنَا تَضَرَّعُوا۟ وَلَٰكِن قَسَتْ قُلُوبُهُمْ وَزَيَّنَ لَهُمُ ٱلشَّيْطَٰنُ مَا كَانُوا۟ يَعْمَلُونَ ﴿٤٣﴾

၄၃။ ထို့နောက် ၎င်းတို့သည် မိမိတို့ထံ ငါအရှင်မြတ်၏(အထံတော်မှ)ပြစ်ဒဏ် ဆိုက်ရောက်လာသောအခါ၌ အဘယ်ကြောင့် ကျိုးနွံနိမ့်ကျခြင်းမရှိခဲ့ကြပါသနည်း။ သို့ရာတွင် ၎င်းတို့၏စိတ်နှလုံးများသည်မာမြဲတိုင်းမာကျောလျက်ရှိခဲ့၏။ [၁] ထို့အပြင် "ရှိုင်တွာန်" မိစ္ဆာကောင်သည်လည်း ၎င်းတို့ပြုလုပ်လျက်ရှိခဲ့သမျှတို့ကို ၎င်းတို့၏အမြင်၌ လှပတင့်တယ်အောင် တန်ဆာဆင်၍ ပြထားခဲ့လေသတည်း။ [၂]

فَلَمَّا نَسُوا۟ مَا ذُكِّرُوا۟ بِهِۦ فَتَحْنَا عَلَيْهِمْ أَبْوَٰبَ كُلِّ شَىْءٍ حَتَّىٰٓ إِذَا فَرِحُوا۟ بِمَآ

၄၄။ ထို့နောက် ၎င်းတို့သည် မိမိတို့အား သတိပေးနှိုးဆော်ခြင်းခံကြရလေသော ကိစ္စများကို မေ့ပျောက်ထားခဲ့ကြ၏။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ခပ်သိမ်းကုန်သော စည်းစိမ်တို့၏ တံခါးများကို ဖွင့်လှစ်ပေးတော်မူလိုက်၏။

---

① စိတ်နှလုံး၊ ခက်ထန်မာကျောသော သူများသည် ပြစ်ဒဏ်ခံကြရသောအခါ ၎င်းတို့၏ စိတ်နှလုံးများသည် နူးညံ့ ပျော့ပျောင်းလာမည့်အစား ပိုမိုခိုင်မာ ခက်ထန်မာကျောလာခဲ့ပေသည်။

② ရှိုင်တွာန်၏အကြီးဆုံးလက်နက်မှာ မကောင်းမှုများကို ကောင်းသည်ဟု ထင်မြင်စေခြင်းပင်ဖြစ်သည်။ ရှိုင်တွာန်သည် အလွန့်အလွန် ဆိုးသွမ်းယုတ်ညံ့လှသော ဒုစရိုက်မှုများကိုပင် အမြင်အားဖြင့် ကောင်းသည်၊ လက်ငင်းအကျိုးရှိသည်၊ စသည်ဖြင့် တနည်းတဖုံထင်မြင်စေသည်။ သာမန်လူများသည် ရှိုင်တွာန်၏ ကျော့ကွင်းတွင်တိုးဝင်မိကြလေသည်။ သေရည်သေရက် သောက်စားမှု၊ ကာမေသုမိစ္ဆာစာရက် ➤➤

أُوْتُوٓاْ أَخَذْنَٰهُم بَغْتَةً فَإِذَا هُم مُّبْلِسُونَ ﴿٤٤﴾

နောက်ဆုံးတွင် ၎င်းတို့သည် မိမိတို့ ရရှိကြကုန်သော စည်းစိမ်တို့နှင့် စပ်လျဉ်း၍ မော်ကြွား၍ လာကြပြန်သောအခါ ငါအရှင်မြတ်သည် ၎င်းတို့အား ရုတ်တရက် ဖမ်းဆီး (ပြစ်ဒဏ်ပေး)တော်မူလိုက်၏။ ထိုအခါ ၎င်းတို့သည် မျှော်လင့်ချက်ကုန်ဆုံး၍ တွေဝေ မိန်းမောသွားကြလေသတည်း။

فَقُطِعَ دَابِرُ ٱلْقَوْمِ ٱلَّذِينَ ظَلَمُواْ ۚ وَٱلْحَمْدُ لِلَّهِ رَبِّ ٱلْعَٰلَمِينَ ﴿٤٥﴾

၄၅။ ထို့နောက် မတော်မတရား ပြုမူကြကုန်သော သူတို့၏ အခြေအမြစ်သည် ပြတ်သွားလေတော့၏။ ချီးမွမ်းထောပနာ အပေါင်းတို့သည် အမှန်စင်စစ်အား ဖြင့် စကြာဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ အပ်စပ်ပေသတည်း။ [၁]

قُلْ أَرَءَيْتُمْ إِنْ أَخَذَ ٱللَّهُ سَمْعَكُمْ وَأَبْصَٰرَكُمْ وَخَتَمَ عَلَىٰ قُلُوبِكُم مَّنْ إِلَٰهٌ غَيْرُ ٱللَّهِ يَأْتِيكُم بِهِ ۗ ٱنظُرْ كَيْفَ نُصَرِّفُ ٱلْءَايَٰتِ

၄၆။ (အို-နဗီတမန်တော်) အသင်ပြောပါလေ။ (အချင်းတို့) အသင်တို့ ပြောပြကြလေကုန်။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ကြားခြင်းသတ္တိနှင့် မြင်ခြင်းသတ္တိများကို ရုပ်သိမ်းတော်မူသော်၊ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏စိတ်နှလုံးများကို တံဆိပ်ခတ်နှိပ်တော်မူခဲ့သော်၊ အလ္လာဟ်အရှင်မြတ်မှတပါး ထိုသတ္တိ(များ)ကို အသင်တို့အား ပြန်လည်ပေးမည့်ကိုးကွယ်ရာအရှင် မည်သူရှိသနည်း။

➤➤ ကျူးလွန်မှု၊ အတိုးအညွှန့်စားမှုများကိုလည်း ရှိုင်တွာန်သည် ကောင်းသည်ဟူ၍ပင် ထင်မြင်စေလျက်ရှိပေသည်။ (မာဂျိဒီ) အအဓိ၈၊ စ-၂၈၉။

① ကာဖိရ်များ အမိန့်တော်မနာခံသော ယုတ်မာသူများ၊ ပျက်စီးပပျောက်သွားခြင်းဖြင့် ကမ္ဘာသူ ကမ္ဘာသားများသည် ၎င်းတို့၏ ညစ်ညမ်း ဆိုးသွမ်းလှစွာသော အယူအဆ အပြုအမူ အပြောအဆိုများမှ လွတ်ငြိမ်းချမ်းသာ ခွင့် ရရှိကြပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကြီးမားသော ကျေးဇူးတော်ကြီးတရပ်ပင် ဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင် ဤမုဏ္ဍပါဠိတော်၌ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုထားခြင်းပင်ဖြစ်သည်။

ثُمَّ هُمْ يَصْدِفُونَ ﴿٤٦﴾

(အို-နဗီတမန်တော်) ငါ အရှင်မြတ်သည် (တောင်ဟီဒ်နှင့် စပ်လျဉ်း၍) သက်သေသာဓကများကို မည်သို့မည်ပုံ (အမျိုးမျိုးအဖုံဖုံ) ပြသတော်မူလျက် ရှိသည်ကို အသင်ရှုပါလေ။ သို့ပါလျက် ထိုသူများသည် လွဲဖယ်လျက်ပင် ရှိကြပေသည်။

قُلْ أَرَءَيْتَكُمْ إِنْ أَتَىٰكُمْ عَذَابُ اللَّهِ بَغْتَةً أَوْ جَهْرَةً هَلْ يُهْلَكُ إِلَّا الْقَوْمُ الظَّٰلِمُونَ ﴿٤٧﴾

၄၇။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အသင်တို့ ပြောပြကြလေကုန်။ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့ထံရုတ်တရက်သော်၎င်း၊ အထင်အရှားသော်၎င်း၊ရောက်ရှိလာလတ်သော် မတော်မတရားပြုကျင့်ကြကုန်သော သူတို့မှအပ (အခြားမည်သူများ)*ပျက်စီးစေခြင်း ခံကြရဦးမည်နည်း။* [၁]

وَمَا نُرْسِلُ الْمُرْسَلِينَ إِلَّا مُبَشِّرِينَ وَمُنذِرِينَ ۖ فَمَنْ ءَامَنَ وَأَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٤٨﴾

၄၈။ ငင်းပြင် ငါအရှင်မြတ်သည် ရဏ္ဍလ်တမန်တော်အပေါင်းတို့ကို ဝမ်းမြောက်ဘွယ်သတင်းပေးသူများနှင့် *သတိပေးနှိုးဆော်သူများအဖြစ်သာလျှင် စေလွှတ်လေ့ရှိတော်မူ၏။* [၂] သို့ဖြစ်ပေရာ မည်သူမဆို "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကာ (မိမိအခြေအနေကို) ပြုပြင်ခဲ့ပါမူ ထိုကဲ့သို့သောသူတို့၌ မည်သည့်စိုးရိမ်မှုမျှမရှိချေ။ ငင်းတို့သည် ပူဆွေးကြရမည်လည်းမဟုတ်ပေ။

---

① အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို အမိန့်တော်များကို သွေဖည်သော၊ ကျူးလွန်သောသူများသာလျှင် ခံကြရပေသည်။ အမိန့်တော်ကို နာခံသောသူများ အပြစ်ဒဏ်မှ လွတ်ကင်းကြသည်သာ ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏တမန်တော်များနှင့် မိမိအား ယုံကြည်မြတ်နိုးသော မုအ်မင်န်တို့အား ကာကွယ်ထားတော်မူမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်(၁၀း၁၀၃)တွင် မိန့်ဆိုထားတော်မူသည်။

② နဗီတမန်တော်များအား စေလွှတ်တော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ တရားဓမ္မဟောကြားရန်နှင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံသောသူများအား ဝမ်းမြောက်ဖွယ် သတင်းပေး၍ ထိုအရှင်မြတ်၏ အမိန့်တော်များကို မနာခံသောသူများအား သတိပေးနှိုးဆော်ရန်ပင် ဖြစ်သည်။ ကာဖိရ်များက မလိုမုန်းတီး၍ တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြသခြင်းသည် နဗီတမန်တော်များ၏တာဝန်မဟုတ်ချေ။

وَالَّذِينَ كَذَّبُوا بِآيَاتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُوا يَفْسُقُونَ ﴿٤٩﴾

၄၉။ သို့ရာတွင် ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်သောသူတို့မူကား ထိုသူတို့သည် စည်းမျဉ်းကို ကျူးကျော် ဖောက်ဖျက်ကြသည့်အတွက် ၎င်းတို့အပေါ်၌ အပြစ်ဒဏ်သည် သက်ရောက်လိမ့်သတည်း။

တနည်း

၎င်းပြင် အကြင်သူများသည် ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြ၏။ ထိုသူများသည် (အီမာန်တည်းဟူသော စည်းဝိုင်းအတွင်းမှ) ထွက်ကြသည့်အတွက် ၎င်းတို့၌ ပြစ်ဒဏ်တော်သည် သက်ရောက်၏။

တနည်း

၎င်းပြင် အကြင်သူများသည် ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကို မဟုတ်မမှန် ငြင်းပယ်ကြ၏။ ထိုသူများသည် အမိန့်တော်ကို မနာခံခဲ့ကြသည့်အတွက်ကြောင့် ၎င်းတို့၌ အပြစ်ဒဏ်သည် သက်ရောက်မည်ဖြစ်၏။

قُلْ لَّآ أَقُولُ لَكُمْ عِندِي خَزَآئِنُ اللَّهِ وَلَآ أَعْلَمُ الْغَيْبَ وَلَآ أَقُولُ لَكُمْ

၅၀။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား ဤသို့)ပြောဆိုပါလေ။ (အို-အချင်းတို့) ကျွန်ုပ်ထံတွင် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များ ရှိသည်ဟူ၍လည်း ကျွန်ုပ်သည် အသင်တို့အား ပြောဆိုသည်မဟုတ်။ ကျွန်ုပ်သည် အကွယ်၌ရှိသည်တို့ကိုမြင်သည်(ဟူ၍လည်းပြောဆိုသည်)မဟုတ်။ ②

② ကာဖိရ်၊ မုရှ်ရစ်ကတို့က နဗီတမန်တော်သည် ဘဏ္ဍာတော်များကို ပိုင်ဆိုင်သူဖြစ်ရမည်။ အကွယ်၌ရှိသော အရာများကို သိသူဖြစ်ရမည်။ ကောင်းကင်တမန်ဖြစ်ရမည် စသည်ဖြင့် ပြောဆိုခဲ့ကြ၏။ ထို့အတွက်ကြောင့်လည်း ၎င်းတို့သည် တမန်တော်မြတ်အား အမျိုးမျိုးသောတန်ခိုးပြာဋိဟာများကို ပြသရန် တောင်းဆိုခဲ့ကြ၏။ ➤➤

إِنِّي مَلَكٌ ۖ إِنْ أَتَّبِعُ
إِلَّا مَا يُوحَىٰ إِلَيَّ ۚ قُلْ هَلْ
يَسْتَوِي الْأَعْمَىٰ وَالْبَصِيرُ ۚ
أَفَلَا تَتَفَكَّرُونَ ﴿٥٠﴾

ငင်းပြင် ကျွန်ုပ်သည် ကောင်းကင်တမန် ဖြစ်သည်ဟူ၍လည်း အသင်တို့အား ပြောဆိုသည် မဟုတ်။ စင်စစ်သော်ကား ကျွန်ုပ်သည် မိမိထံ ကျရောက်လာသော "ဝဟ်ယ်" အမိန့်တော်ကိုသာ လိုက်နာလျက်ရှိ၏။ [၁]

(အိုဗျာ–နဗီ) အသင်သည် ပြောကြားပါလေ။ (အိုဗျာ–အချင်းတို့) မျက်စိမမြင်သောသူနှင့် မျက်စိ မြင်သောသူသည် တူနိုင်ပါသလော။ [၂] သို့ပါလျက် အသင်တို့သည် မစဉ်းစား မဆင်ခြင်ကြလေသလော။

وَأَنذِرْ بِهِ الَّذِينَ يَخَافُونَ
أَن يُحْشَرُوا إِلَىٰ رَبِّهِمْ لَيْسَ
لَهُم مِّن دُونِهِ وَلِيٌّ
وَلَا شَفِيعٌ لَّعَلَّهُمْ
يَتَّقُونَ ﴿٥١﴾

၅၁။ ငင်းပြင် (အိုဗျာ–နဗီတမန်တော်) မိမိတို့၏ အရှင်မြတ်အထံတော်သို့ ထိုအရှင်မြတ်မှတပါး: ကိစ္စ အဝဝကို ဆောင်ရွက်ပေးမည့်သူဟူ၍၎င်း၊ (အပြစ်မှ ချမ်းသာခွင့်ရရှိစေခြင်းငှာ) ကြားဝင်အသနားခံပေးမည့် သူဟူ၍၎င်း၊ အခြားမည်သူတဦးတယောက်မျှမရှိသည့် အဖြစ်မျိုးနှင့် စုရုံးကြမည်ကို စိုးရိမ်ကြကုန်သော သူတို့အား အသင်သည် ယင်း(ကုရ်အာန်ကျမ်းမြတ်) ဖြင့် သတိပေးနှိုးဆော်ပါလေ။ သို့မှသာလျှင် ထိုသူတို့ သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်အံ့။ [၃]

➤➤ ငင်းတို့ တန်ခိုးပြာဋိဟာ တောင်းဆိုခဲ့သည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်(၁၇း၉၀–၉၄။ ၂၅း၇–၈။ ၃၃း၆၁။ ၇း၁၈၇။ ၇၉း၄၂)တွင် ပါရှိပေသည်။ ထို့အတွက်ကြောင့်ပင် ဤမုဟမ္မဒ်ပါဠိတော်တွင် နဗီတမန်တော်၏ အဖြစ်မှန်နှင့် တာဝန်ဝတ္တရားကို ထုတ်ဖော် မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ဤမုဟမ္မဒ်ပါဠိတော်ကို ထောက်ရှုခြင်း အားဖြင့် မုရ်ရစ်က်တို့၏ မှားယွင်းသော အယူအဆများကို သိရှိရပေသည်။

① "ကျွန်ုပ်သည် မိမိထံသို့ ကျရောက်လာသော "ဝဟီ" အမိန့်တော်ကိုသာ လိုက်နာ၏။" "နဗီတမန်တော်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ မိမိတို့ထံသို့ ကျရောက်လာသော ဝဟီအမိန့်တော်များကိုသာ လိုက်နာကြကုန်၏။" တမန်တော်များသည် ဝဟီအမိန့်တော်များနှင့် ပတ်သက်သည့် တာဝန်အရပ်ရပ်တွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော ဝဟီအမိန့်တော် များကိုသာ တသွေမတိမ်း လိုက်နာကျင့်သုံးကြပေရာ ယင်းတမန်တော်များ၌ အသို့လျှင် အမှေအမှား အပြစ်တစုံတရာ ရှိနိုင်အံ့နည်း။ ထို့အတွက်ကြောင့်လည်း ရှရီအတ် တရားဥပဒေ၌ နဗီတမန်တော်များအား "မအ်ဆူမ်" မကောင်းမှုအပေါင်းမှ ကာကွယ်ထိန်းသိမ်းခြင်းခံရသော (ပါ) လုံးဝ အပြစ်ကင်းသော ပုဂ္ဂိုလ်မြတ်များဟု ဆိုထားခြင်းဖြစ်သည်။ ➤➤

တနည်း

ငင်းပြင် အကြင်သူများသည် မိမိတို့၏ အရှင်သခင် ထံတော်၌ စုရုံးကြရမည့်အခါတွင်၊ အလ္လာဟ် အရှင်မြတ်မှတပါး မိမိတို့အား ကူညီ ယိုင်းပင်းပေးမည့်သူ ဟူ၍လည်းမရှိ၊ ငင်းပြင် လွတ်ငြိမ်းချမ်းသာခွင့်ရရန် အသနားခံပေးမည့်သူ လည်းမရှိမည်ကို လန့်တွေးကြောက်ထိတ် သံဝေဂစိတ် ရှိသူတို့အား (အို–နဗီ) အသင်သည် ဤကုရ်အာန် ကျမ်းမြတ်ဖြင့် သတိပေးပါလေ။ သို့မှသာလျှင် ထိုသူများသည် (မကောင်းမှု ဒုစရိုက်များကို) ရှောင်ကြဉ်ကြပေမည်။

وَلَا تَطْرُدِ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ

၅၂။ ထို့ပြင်တဝ မိမိတို့၏ အရှင်မြတ်အား မိုးသောက်ယံ၌၎င်း၊ ညနေချမ်း၌၎င်း၊ ထိုအရှင်မြတ်၏ နှစ်သက်မှုကိုသာရည်စူး၍ ဟစ်ခေါ်တသ(ဂုဏ်တော်

➤➤ ဤမုက္ခပါဠိတော်ကို ထောက်ရှု၍ နဗီတမန်တော်များ၌ 'ကျဂ်္ဂါတီဟာဒ်' ပြုလုပ်ပိုင်ခွင့်မရှိဟု မယူဆရာ။ အွမွတ်နောက်လိုက်များ၌ပင် ကျဂ်္ဂါတီဟာဒ် ပြုလုပ်ပိုင်ခွင့် ရှိနေပေရာ နဗီတမန်တော်များ၌မူ ဆပေါင်းများစွာ ပို၍ပင်ရှိသည်။ ဆိုလိုသည်ကား ကျဂ်္ဂါတီဟာဒ်နှင့် မပတ်သက်သောကိစ္စများတွင် ဝဟီသည် နဗီတမန်တော်များအား လမ်းညွှန်ပြလျက်ရှိပေသည်။ (ဝါ) နဗီတမန်တော်များသည် ကျဂ်္ဂါတီဟာဒ်နှင့် မပတ်သက်သောကိစ္စများတွင် ဝဟီ အတိုင်းသာလျှင် လိုက်နာကြကုန်သည်ဟူ၏။ (မာဂျိဒီ)

ⓙ မျက်စိမမြင်သူနှင့် မျက်စိမြင်သူဟူသည် ကာဖိရ်နှင့် မုအ်မင်န်ကို ဆိုလိုသည်။ ဤသည် မုဂျာဟိဒ်မှတဆင့် ရရှိသောအဆိုတည်း။

ⓚ နဗီတမန်တော်သည် အယုတ်အလတ် အမြတ်မရွေး လူအားလုံးတို့အား တရားဓမ္မ ဟောကြားတော်မူသည် သာဖြစ်၏။ သို့ရာတွင် ထိုတရားဓမ္မ၏ အမြိုက်အရသာကိုမူ နည်းများမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားသောစိတ်၊ ကိယာမတ်နေ့တွင် စုရုံးကြရမည့်အရေးကို ကြောက်ထိတ်သံဝေဂစိတ် ရှိသူများသာ ခံစားကြလေသည်။ သို့မဟုတ် နှလုံးရှင်သောသူများသာ ခံစားကြရပေမည်။ (မာဂျိဒီ)

ဤမုက္ခပါဠိတော်တွင် (ကိယာမတ်နေ့၌) ပြည်လည်စုရုံးခြင်းကို စိုးရိမ်သူများအား သီးသန့် (သတိပေးရမည်ဟူ၍) မိန့်ဆိုထားတော်မူ၏။ အကြောင်းကား ယင်းသို့သတိပေးခြင်းဖြင့် ၎င်းတို့၏ အကျိုးခံစားမှုသည် ပိုမိုပြည့်ဝ စုံလင်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏စိုးရိမ်မှုသည် ၎င်းတို့အား ကိယာမတ်နေ့အတွက် ရိကွာထုပ် အသင့်ပြင်ဆင်ထားနှင့်ရန် နှိုးဆော်ခြင်းကြောင့်ပင်ဖြစ်၏။

يُرِيدُونَ وَجْهَهُۥ ۖ مَا عَلَيْكَ مِنْ حِسَابِهِم مِّن شَىْءٍ وَمَا مِنْ حِسَابِكَ عَلَيْهِم مِّن شَىْءٍ فَتَطْرُدَهُمْ فَتَكُونَ مِنَ الظَّٰلِمِينَ ﴿٥٢﴾

စီးဖြန်း)လျက် ရှိကြကုန်သောသူတို့ကို အသင်သည် (မိမိအပါးမှ) နှင်ထုတ်ခြင်းကို မပြုပါလေနှင့်။ [၁]

၎င်းတို့အား အသင် နှင်ထုတ်ရန်အတွက် အသင်၏ အပေါ်၌လည်း၎င်းတို့နှင့်ပတ်သက်၍ အကြောင်းပြ ရှင်းလင်းရန်တာဝန် လုံးဝမရှိပေ။ ထိုနည်းတူစွာ ၎င်းတို့အပေါ်၌လည်း အသင်နှင့်ပတ်သက်၍ အကြောင်းပြရှင်းလင်းရန် တာဝန် တစုံတရာမရှိချေ၊အကယ်၍ဤသို့ပြုမိလျှင် မတော်မတရား ကျူးလွန်သူတို့အနက် အပါအဝင်ဖြစ်သွားပေမည်။

တနည်း

၎င်းပြင် အသင်သည် အကြင်သူများကို (မိမိထံမှ) မနှင်ပါနှင့်၊ ထိုသူများသည် မွေးမြူတော်မူသောအရှင်မြတ်အား နံနက်အချိန်တွင်၎င်း၊ ညနေအချိန်တွင်၎င်း၊ ခဝပ်ကိုးကွယ်ကြ၏။ ထိုအရှင်မြတ်နှစ်မြို့တော်မူခြင်းကိုသာလျှင် ရည်စူးကြ၏။

အသင်သည်ထိုသူတို့ကို နှင်ထုတ်ရလေအောင် ထိုသူတို့အား စူးစမ်းခြင်းနှင့်ပတ်သက်၍ ထိုသူတို့အပေါ်၌ တစုံတရာတာဝန်ရှိသည်မဟုတ်ချေ၊ ၎င်းပြင် အသင့်အား စူးစမ်းခြင်းနှင့်ပတ်သတ်၍ ထိုသူတို့အပေါ်၌ တစုံတရာ တာဝန်ရှိသည်မဟုတ်ချေ။ သို့ပါလျက် အကယ်၍ အသင် ဤသို့ပြုမိလျှင် အသင်သည် စည်းကမ်းကျူးလွန်သူများတွင် အပါအဝင်ဖြစ်သွားချေမည်။

---

① ဤမုကွပါဠိတော်တွင် အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းနှင့် ထိုအရှင်မြတ်၏ အမိန့်၊ ပညတ်အရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းအားလုံးတို့သည် အကျုံးဝင်လျက်ရှိပေသည်။

وَكَذَٰلِكَ فَتَنَّا بَعْضَهُم بِبَعْضٍ لِّيَقُولُوٓا۟ أَهَٰٓؤُلَآءِ مَنَّ ٱللَّهُ عَلَيْهِم مِّنۢ بَيْنِنَآ ۗ أَلَيْسَ ٱللَّهُ بِأَعْلَمَ بِٱلشَّٰكِرِينَ ﴿٥٣﴾

၅၃။ စင်စစ်သော်ကား ထိုသူတို့က "အလ္လာဟ်အရှင်မြတ်သည် ငါတို့အနက်မှ အထူးကျေးဇူးတော်များကို ခြီးမြှင့် ပေးသနားတော်မူသောသူတို့ကား ဤသူများလော" [၁] ဟု ပြောဆိုကြရန်အလို့ငှာ ဤနည်းဖြင့် ငါအရှင်မြတ်သည် ထိုသူတို့အနက် အချို့သောသူတို့ကို အချို့သောသူတို့အားဖြင့် စမ်းသပ်တော်မူ၏။ [၂] အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးတော်ကို သိတတ်သောသူတို့အား ကောင်းစွာ သိရှိတော်မူသောအရှင်မြတ်ပင် မဟုတ်ပါလော။

တနည်း

၎င်းနောက် ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ထိုသူတို့အနက် အချို့ကို(ကာဖိရ်များကို) အချို့ဖြင့်(မွတ်စ်လင်မ်များဖြင့်) စမ်းသပ်တော်မူ၏။ သို့မှသာလျှင် ထိုသူများက (ကာဖိရ်များက) "ငါတို့အနက်မှ အလ္လာဟ်အရှင်မြတ် ကျေးဇူးတော်ကို ပြုတော်မူသောသူများကား ဤသူများလော" ဟု ဆိုကြပေအံ့။ အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးတော်ကို သိတတ်သူများအား ကောင်းစွာ သိတော်မူသောအရှင် မဟုတ်ပါသလော။

---

① **ဖေါ်ပြချက်**

တမန်တော်မြတ်သည် ထိုဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်များကို မိမိထံတော်မှ နှင်ထုတ်တော်မူခဲ့သည်လည်းမဟုတ်၊ ထုတ်ရန်ရည်စူးတော်မူခဲ့သည်လည်းမဟုတ်၊ ဤအမိန့်တော်သည် မောက်မာပလွားသော ကာဖိရ်များ၏ စကားကို ပယ်ရှား၍ ဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်များ၏ဂုဏ်သိက္ခာကို ထင်ရှားစေရန်အလို့ငှာသာ ထုတ်ပြန်တော်မူခြင်းသာလျှင် ဖြစ်ပေသည်။ ဟက္ကာနီ၊ အ-၄။ စ-၇၇

② အစ္စလာမ်သာသနာကို စတင်၍ လက်ခံသူများတွင် များသောအားဖြင့် ဆင်းရဲနွမ်းပါးသော သူများပင်ဖြစ်ခဲ့ကြ၏။ ချမ်းသာကြွယ်ဝသော မောက်မာပလွား ယုတ်မာသော ကာဖိရ်များသည် ထိုဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်များကို တွေ့မြင်ကြရသောအခါ "ဤသူများသည် ကျွန်ုပ်တို့အနက်မှ အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူသောသူများ ဖြစ်ကြသလော" ဟု ပြက်ရယ်ပြောင်လှောင် ပြောဆို၏။ ➤➤

وَإِذَا جَآءَكَ ٱلَّذِينَ يُؤْمِنُونَ
بِـَٔايَٰتِنَا فَقُلْ سَلَٰمٌ عَلَيْكُمْ كَتَبَ
رَبُّكُمْ عَلَىٰ نَفْسِهِ ٱلرَّحْمَةَ ۖ
أَنَّهُۥ مَنْ عَمِلَ مِنكُمْ سُوٓءًۢا ١٢
بِجَهَٰلَةٍ ثُمَّ تَابَ مِنۢ بَعْدِهِۦ ٥

၅၄။ ထို့ပြင်တဝ (အို–နဗီတမန်တော်) အသင့်ထံသို့ ငါအရှင်မြတ်၏ သက်သေသာဓက လက္ခဏာတော်များကို ယုံကြည်သောသူတို့ လာရောက်ကြသောအခါ အသင်သည် (၎င်းတို့အား ဤသို့ ပြောဆိုပါလေ)၊ *"အသင်တို့အပေါ်ဝယ် ချမ်းမြေ့သာယာခြင်းသည် သက်ရောက်ပါစေသား၊"* [၁] အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိအပေါ်၌ ကရုဏာတရားကို သတ်မှတ်ပြဋ္ဌာန်း၍ ထားရှိတော်မူလေသည်။

➤➤ ကာဖိရ်များက ငါတို့သည် ချမ်းသာကြွယ်ဝသူများ ဖြစ်ကြသည်၊ သြဇာအာဏာရှိသူများလည်း ဖြစ်ကြ၏။ ဤသည် အလ္လာဟ်အရှင်မြတ်နှစ်မြို့တော်မူခြင်း၏ နိမိတ်လက္ခဏာတစ်ရပ်ဖြစ်၏။ ဤမွတ်စ်လင်မ်များသည် ဆင်းရဲနွမ်းပါးသော သူများဖြစ်ကြ၏။ အစွမ်းသာသနာသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြစ်လျှင် ဤမွတ်စ်လင်မ်များသည် ယခုကဲ့သို့ ဆင်းရဲနွမ်းပါး၍ နေကြရမည်မဟုတ်ဟု ထင်မှတ်နေခဲ့ကြ၏။ ဤမျှမကသေး ထိုကာဖိရ်များက "အကယ်၍ အစွမ်းသာသနာသည် အလွန်ကောင်းမြတ်ပါလျှင် ထိုသူများသည် အစွမ်းသာသနာကို လက်ခံရာတွင် ငါတို့ကို ကျော်လွန်နိုင်ကြမည်မဟုတ်" ဟူ၍ပင် ပြောဆိုကြသေး၏။ ဤသို့ပြောဆိုခဲ့ကြသည့်အကြောင်း ကုရ်အာန်(၄၆း၁၁)တွင် တွေ့ရှိရပေသည်။ သို့ရာတွင် ဥစ္စာရှိခြင်း၊ ဥစ္စာမဲ့ခြင်း၊ အာဏာရှိခြင်း၊ အာဏာမဲ့ခြင်း၊ စသည်များသည် အဓိကမဟုတ်ပေ။ အမှန်တရားကို သိခြင်း၊ လိုက်နာခြင်း၊ သည်သာလျှင် အဓိကဖြစ်ပေသည်။ ဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို ခံစားခဲ့ကြ၏။။လိုက်နာကျင့်သုံးခဲ့ကြ၏။ ထို့အတွက်ကြောင့် ထိုအရှင်မြတ်၏ ကျေးဇူးတော်ကို ခံစားခဲ့ကြရလေသည်။ ကာဖိရ်များမှာမူကား၊ အလ္လာဟ်အရှင်မြတ်၏ အမှန်တရားကို မသိမြင်ခဲ့ကြပေ။ သွေဖည်ငြင်းပယ်မှုများတွင်သာ နစ်မွန်းလျက်ရှိခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် ယင်းသူတို့သည် ထိုအရှင်မြတ်၏ ကျေးဇူးတော်နှင့် ကင်းကွာခဲ့ကြလေသည်။

① ဤမုက္ခပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား "ငါ၏အာယသ်တော်များကို ယုံကြည်သောသူများ အသင့်ထံသို့ လာကြသည့်အခါ အသင်သည် "စလာမွန် အလိုင်ကွန်မ်" ဟု ဆိုပါလေ" ဟု မိန့်ကြားထားတော်မူသည်။ ဤမုက္ခပါဠိတော်နှင့်စပ်လျဉ်း၍ ကာရ်ရှာဖ်ကျမ်းရှင်က အောက်ပါအတိုင်း အနက်ဖွင့်ဆိုထားသည်။

"စလာမ်" ဆိုရန် အမိန့်တော်သည် အလ္လာဟ်အရှင်မြတ်၏စလာမ်ကို တမန်တော်မြတ်က မုအ်မင်န်တို့အား ပို့ဆောင်ရန် အမိန့်တော်လည်းဖြစ်နိုင်၏။ သို့မဟုတ် ထိုမုအ်မင်န်တို့အား ရိုသေလေးစားရန်နှင့် ၎င်းတို့၏ စိတ်နှလုံးများကို နှစ်သိမ့်စေရန်အလို့ငှာ ၎င်းတို့အား တမန်တော်မြတ်ကပင် စတင်၍ စလာမ်ဆိုရန် အမိန့်တော်လည်း ဖြစ်နိုင်၏။

"စလာမွန် အလိုင်ကွန်မ်" (၀၊) မနှစ်မြို့ဘွယ်ရာအပေါင်းမှၔင်း၊ ဘေးဒုက္ခအပေါင်းမှၔင်း၊ ➤➤

وَأَصْلَحَ فَأَنَّهُۥ غَفُورٌ رَّحِيمٌ ﴿٥٤﴾

စင်စစ်ဧကန် အသင်တို့အနက် မည်သူမဆို နားမလည်၍ မကောင်းမှု ဒုစရိုက်ကို ပြုမိခဲ့၏။ ထို့နောက် ထိုသူသည် ဝန်ချတောင်းပန်၍ မိမိကိုယ်ကို မိမိပြုပြင်ခဲ့၏။ သို့ဖြစ်လျှင် မုချစင်စစ် ထိုအရှင်မြတ်သည်အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာသနားကြင်နာတော် မူထသော အရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။

➤➤ ငြိမ်းချမ်းမှုသည် အသင်တို့အပေါ်၌ ရောက်ပါစေ။ 'စလာမ်' သည် "တက်စ်လိမ်" ၏ အနက်၌ဖြစ်၏။ (ဝါ) ငြိမ်းချမ်းသာယာမှုရရှိရန် ဆုပန်ကြားခြင်းဖြစ်၏။ သို့ဖြစ်ပေရာ "စလာမွန် အလိုင်ကွန်မ်" ၏ အဓိပ္ပါယ်မှာ ကျွန်ုပ်သည် အသင်တို့ကို စလာမ်ဆိုပါ၏။ (ဝါ) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသင်တို့၏ သာသနာရေးနှင့်စပ်လျဉ်း၍ငင်း၊ အသင်တို့၏ အသက်စည်းစိမ်နှင့်စပ်လျဉ်း၍ငင်း၊ ဘေးဒုက္ခအပေါင်းမှ ငြိမ်းချမ်းသာယာအောင် ပြုလုပ်ပေးတော်မူပါရန်အလို့ငှာ ကျွန်ုပ် ဆုတောင်းပါသည်။ ရူဟူလ်ဗယာန်၊အ-၂၊စ-၁၅၆။

"စလာမွန် အလိုင်ကွန်မ်"၊ "အစ္စလာမု အလိုင်ကွန်မ်" ဟူသော မေတ္တာပို့စကားသည် မွတ်စ်လင်မ်တို့အချင်းချင်း မေတ္တာပို့ရာတွင် သုံးနှုန်းသည့် သီးသန့်စကားဖြစ်သည်၊ ဤမေတ္တာစကားသည် အနက်အဓိပ္ပါယ်အားဖြင့် အလွန်တရာမျှ ပြည့်ဝစုံလင်လှသော ဆုတောင်းပတ္ထနာလည်း ဖြစ်သည်။ ဤမေတ္တာပို့စကားတွင် ပစ္စက္ခဘဝ၊ နောင်တမလွန်ဘဝ နှစ်ဌာန၏ ငြိမ်းချမ်းသာယာမှု အစုစုတို့သည် အကျုံးဝင်လျက်ရှိပေသည်။

မွတ်စ်လင်မ်တို့သည် ဤမေတ္တာပို့စကားကို နေရာဌာနမရွေး၊ ကြီးငယ်မခြား လူတန်းစားမခွဲ အမြဲတစေ သုံးနှုန်းကြရသည်၊ ဤမေတ္တာပို့စကား၏ အဓိပ္ပါယ်မှာ "ငြိမ်းချမ်းသာယာမှု အလုံးစုံတို့သည် အသင်တို့အပေါ်၌ ရောက်ပါစေ" ဟူ၍ ဖြစ်သည်။

"စလာမ်" မေတ္တာပို့သခြင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဩဝါဒတော်များကို ဤတွင် အနည်းငယ်ရေးသားဖော်ပြပါအံ့။

> တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မိမိ၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အရှင်မြတ်အား တိုင်တည်၍ "အသင်တို့သည် အီမာန်မယုံကြည်ကြသမျှ ကာလပတ်လုံး ဂျန္နတ်သို့ ဝင်ကြရမည် မဟုတ်၊ ၎င်းပြင် အသင်တို့သည် အချင်းချင်း မချစ်ခင်ကြသမျှ ကာလပတ်လုံး မုအ်မင်န် ဖြစ်ကြမည်လည်း မဟုတ်။ ကျွန်ုပ်သည် အသင်တို့အား အလုပ်တစ်ခုကို ညွှန်ပြအံ့။ ထိုအလုပ်ကို အသင်တို့ ပြုလုပ်ကြလျှင် အသင်တို့သည် အချင်းချင်း ချစ်ခင်ကြအံ့၊ (ထိုအလုပ်ကား အခြားမဟုတ်) အသင်တို့သည် အချင်းချင်းတို့၌ စလာမ်မေတ္တာ ပို့သခြင်းကို ဖြန့်ဖြူးကြကုန်" ဟု မိန့်ကြားတော်မူခဲ့လေသည်။
>
> (အဗူဒါဝူဒ်၊ သစ်ရိမိဇီ၊ မုစ်လင်မ်) တာဂျ်အ-၅။ စ-၂၅၉။

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلِتَسْتَبِيْنَ سَبِيْلُ الْمُجْرِمِيْنَ ﴿٥٥﴾

၅၅။ ၎င်းပြင်၊ ဤနည်းအတိုင်းပင် အပြစ်ထိုက်သင့်သောသူတို့၏လမ်းစဉ်သည် ထင်ရှားသွားရန်အလို့ငှာ ငါအရှင်မြတ်သည် သက်သေ လက္ခဏာတော်များကို ထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူလေသတည်း၊ [၁]

တနည်း

၎င်းပြင် ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် "အာယသ်" သက်သေလက္ခဏာတော်များကို ထင်ရှားစွာ ဖော်ပြတော်မူသည်။ (သို့မှသာလျှင် မုအ်မင်နှ်တို့၏ လမ်းစဉ်သည်လည်း ထင်ရှားသွားပေမည်)။ ၎င်းပြင် အပြစ်ထိုက်သင့်သူတို့၏ လမ်းစဉ်လည်း ထင်ရှားသွားပေမည်။

قُلْ اِنِّيْ نُهِيْتُ اَنْ اَعْبُدَ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ ؕ قُلْ لَّاۤ اَتَّبِعُ اَهْوَآءَكُمْ ۙ قَدْ ضَلَلْتُ اِذًا وَّمَاۤ اَنَا مِنَ الْمُهْتَدِيْنَ ﴿٥٦﴾

၅၆။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ "အလ္လာဟ်အရှင်မြတ်ကို စွန့်ပယ်၍ *အသင်တို့ ဟစ်ခေါ်တသကြကုန်သော သူတို့အား ကိုးကွယ်ဆည်းကပ်ခြင်းမှ ငါသည် တားမြစ်ခြင်းကို ခံရပြီးဖြစ်သည်။*" [၂]

အသင်သည်(ဤသို့လည်း) ပြောကြားပါလေ။ "ငါသည် အသင်တို့၏ အချည်းနှီးသော အလိုဆန္ဒများကို အလျင်း လိုက်နာမည်မဟုတ်ပေ။ သို့လိုက်နာမိပါလျှင် ငါသည် လမ်းမှားသို့ ရောက်သွားပေမည်။ *ငင်းပြင် ငါသည် တရားလမ်းမှန်ကို ရရှိသောသူတို့တွင်လည်း အပါအဝင် ဖြစ်မည်မဟုတ်ပေ။* [၃]

---

① မုအ်မင်နှ်တို့၏ လမ်းစဉ်လည်း အထင်အရှားဖြစ်၏။ သူယုတ်မာတို့၏ လမ်းစဉ်လည်း အထင်အရှားဖြစ်၏။ ယင်းသို့ လမ်းစဉ်နှစ်ရပ်လုံးသည် အထင်အရှား ဖြစ်ပြီးနောက်တွင် မည်သူမဆို မည်သည့်လမ်းစဉ်ကိုပင် လိုက်နာစေကာမူ အတည့်အလင်း အထင်အရှား ပြတ်ပြတ်သားသား လိုက်နာရပေမည်။ ဤသို့သော သဘောကို ကုရ်အာန်ကျမ်းမြတ်(၈း၄၂)တွင် မိန့်ကြားထားတော်မူ၏။

② မုရ်ရစ်က်တို့သည် တမန်တော်မြတ်အား မိမိတို့၏သာသနာဘက်သို့ပါအောင် ဆွဲဆောင်ခဲ့ကြ၏။ ➤➤

قُلْ إِنِّي عَلَىٰ بَيِّنَةٍ مِّن رَّبِّي وَكَذَّبْتُم بِهِۦ ۚ مَا عِندِي مَا تَسْتَعْجِلُونَ بِهِۦٓ ۚ إِنِ الْحُكْمُ إِلَّا لِلَّهِ ۖ يَقُصُّ الْحَقَّ وَهُوَ خَيْرُ الْفَٰصِلِينَ ﴿٥٧﴾

၁၇။ (အို-နဗီတမန်တော်)အသင်သည် (ဤကဲ့သို့) ပြောကြားပါလေ၊ မုချဧကန် ငါသည် မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်ထံတော်မှဖြစ်သော(ကြီးမားထင်ရှားသော)သက်သေသာဓကအပေါ် ၌တည်ရှိပေသည်။ သို့ရာတွင် အသင်တို့သည် ထို(သက်သေသာဓက)ကိုပင် မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြလေသည်။ အသင်တို့ အလျင်စလို တောင်းဆိုကြသောအရာ (ပြစ်ဒဏ်)သည် ငါ့ထံ၌မရှိပေ။

အမိန့်အာဏာကိုကား အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်၏။ ထိုအရှင်မြတ်သည်သာလျှင် အမှန်ကို ထုတ်ဖော်မိန့်ကြားတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် *အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင် ဖြစ်တော်မူပေသည်။* [၁]

➤➤ ထို့အတွက်ကြောင့် ဤမုက္ခပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်သည် ထိုမုရ်ရစ်က်တို့ ဆွဲဆောင်ရာဘက်သို့ အလျင်းလိုက်ပါမည်မဟုတ်ကြောင်း အတည့်အလင်း ကျေညာတော်စေတော်မူခြင်းဖြစ်သည်၊ ② ဤမုက္ခပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ် သတ်မှတ် ပြဋ္ဌာန်းထားတော်မူသော ဥပဒေစည်းမျဉ်းများသည် အဘက်ဘက်တွင် လိုလေသေးမရှိ၊ ပြည့်ဝစုံလင်လှကြောင်းနှင့် လူသားတို့ မိမိတို့အသိဉာဏ်နှင့်ယှဉ်၍ တွေးဆ ဆင်ခြင်ပြုလုပ်ထားသည့် အယူအဆများသည် အလွန်နိမ့်ကျ ညံ့ဖျင်းကြောင်း ကောင်းစွာ သိရှိရပေသည်။

သူမွန်သူမြတ်တို့၏ အဓိပတိ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ်အားပင် "အသင်လူသားတို့ ပြုလုပ်ထားသည့် ဥပဒေစည်းမျဉ်းများ၊ ပူဇော် ပ,သနည်းများသည် အလွန်တရာမျှ နိမ့်ကျညံ့ဖျင်း၍ စက်ဆုပ်ဘွယ်ကောင်းလှပေသည်။ အကယ်တန္တူ ငါသည် အသင်တို့၏ စည်းမျဉ်းဥပဒေများနှင့် ပူဇော် ပ,သနည်းများကို လိုက်နာ ကျင့်သုံးမိခဲ့သည်ရှိသော်၊ ငါသည်လည်း မိမိ၏ဂုဏ်ထူးမှ ကျဆင်း၍ အသင်တို့ကဲ့သို့ပင် လမ်းမှားသူများတွင် အပါအဝင် ဖြစ်သွားပေမည်" အလ္လာဟ်အရှင်မြတ်က ပြောကြားစေတော်မူထားသည်။

"အဟ်ဝါ"သည် "ဟဝါ"၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ "ဟဝါ" ဟူသောပုဒ်သည် အနက်အဓိပ္ပါယ်အားဖြင့် အလွန်ကျယ်ဝန်း၏။ "ဝဟီ" မုက္ခပါဠိတော်များနှင့် ဆန့်ကျင်၍ လူသားတို့ မိမိတို့ဉာဏ်ဖြင့် ပြုလုပ်ထားသော အရာအားလုံးတို့သည် ဤ "ဟဝါ"ဟူသောပုဒ်တွင် အကျုံးဝင်ပေသည်။ မာဂျိဒီ၊ အ-၂၊ စ-၂၉၂၊ အအ-၈၅၊ ③ တမန်တော်မြတ်သည် မိမိ၏အမျိုးသားများရှေ့မှောက်တွင် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသောအရှင်မှာ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်သာဖြစ်ကြောင်း၊ မိမိသည်ထိုအရှင်မြတ်၏ "ရဿူလ်" တမန်တော်တစ်ပါးဖြစ်ကြောင်း၊ ဟောကြားတော်မူသည့်အခါ မုရ်ရစ်က်များက တမန်တော်မြတ်နှင့် ပတ်သက်၍ ➤➤

قُلْ لَّوْ اَنَّ عِنْدِیْ مَا
تَسْتَعْجِلُوْنَ بِهٖ لَقُضِیَ
الْاَمْرُ بَیْنِیْ وَ بَیْنَكُمْ ؕ وَ اللّٰهُ
اَعْلَمُ بِالظّٰلِمِیْنَ ۝۵۸

၅၈။ (အို–နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ "အကယ်၍ အသင်တို့ အလျင်စလို တောင်းဆိုနေကြသောအရာ (ပြစ်ဒဏ်)သည် ငါ့ထံ၌ရှိပါလျှင် ငါနှင့် အသင်တို့စပ်ကြားတွင် ဖြစ်ပေါ်နေသော ပြဿနာသည် ဖြေရှင်းပြီး ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မတရားသောသူတို့ကို ကောင်းစွာသိတော်မူသော အရှင် ဖြစ်တော်မူသည်။

وَ عِنْدَهٗ مَفَاتِحُ الْغَیْبِ
لَا یَعْلَمُهَاۤ اِلَّا هُوَ ؕ وَ یَعْلَمُ
مَا فِی الْبَرِّ وَ الْبَحْرِ ؕ وَ مَا تَسْقُطُ
مِنْ وَّرَقَةٍ اِلَّا یَعْلَمُهَا وَ لَا حَبَّةٍ

၅၉။ ၎င်းပြင် ထို အရှင်မြတ်အထံတော်တွင် အကွယ်၌ရှိသော အရာများ၏ (သော့များသည်ရှိ၏)။ (တနည်း) ဘဏ္ဍာတော်များသည်ရှိ၏။ ယင်း(သော့များ–ဘဏ္ဍာတော်များကို) ထိုအရှင်မြတ်မှတပါး မည်သူမျှ မသိချေ။ ၎င်းပြင် ထိုအရှင်မြတ်သည် သာလျှင် ပထဝီမြေ၌ ရှိရှိသမျှသော အရာတို့ကိုလည်း၊ သမုဒ္ဒရာ ပင်လယ်၌ ရှိရှိသမျှသော အရာတို့ကိုလည်း သိရှိတော်မူ၏။

➤➤ "ဤသူသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးမျှသာ ဖြစ်ပေသည်၊ အသင်တို့သည် သိမြင်ကြပါလျက် စုန်းပယောဂ (စကားကိုနားထောင်ရန်) သွားကြသလော" ဟု ပြောဆိုကြ၏။ ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ ထိုသူများက (ဤကုရ်အာန်သည်) သွေးလေချောက်ချား၍ မြင်မက်သော အိပ်မက်များသာဖြစ်သည်" ဟုလည်း ပြောဆိုကြ၏။ အချို့က "ဤကုရ်အာန်သည် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မိမိကိုယ်တိုင် လုပ်ကြံပြောဆိုသောအရာသာဖြစ်သည်ဟု ဆိုကြ၏။ အချို့က မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် လက်ံဆရာဖြစ်သည်။ သူသည် အကယ်၍ ရစူလ်တမန်တော်ဖြစ်လျှင် အတိတ်ခေတ်တွင် ပွင့်လေကုန်သော ရစူလ်တမန်တော်များကဲ့သို့ ကျွန်ုပ်တို့ထံ နိမိတ်လက္ခဏာတစ်ခု ယူလာသင့်သည်ဟု ပြောဆိုကြ၏။

ထိုအခါ အလ္လာဟ်အရှင်မြတ်က ထိုထိုသော ကာဖိရ်၊ မုရှ်ရစ်ကတို့အား ချေပပြောဆိုရန်အတွက် တမန်တော်မြတ်အား တန်ခိုးပြာဋိဟာများသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာရှိသည်။ ကျွန်ုပ်လက်တွင်း၌မရှိ။ ကျွန်ုပ်သည် ရစူလ်တမန်တော်တစ်ပါးမျှသာ ဖြစ်သည်။ ကျွန်ုပ်၏တာဝန်မှာ ဟောကြားရန်သာ ဖြစ်သည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်နှင့်အသင်တို့ စပ်ကြားတွင် အမှန်အတိုင်း စီရင်တော်မူလိမ့်မည်။ ကျွန်ုပ်တို့တွင် မည်သူကမှန်သည်၊ မည်သူကမှားသည်ကို အထင်အရှား ပြတော်မူလိမ့်မည်။ ထိုအရှင်မြတ်သည် အကောင်းဆုံးတရားအမျှတဆုံး စီရင်တော်မူသော အရှင်ဖြစ်သည်။ အဆုံးအဖြတ်ပေးရာ၌ ထိုအရှင်မြတ်တွင် ထောက်ထားငဲ့ညှာစရာအကြောင်း အလျင်း မရှိဟုချေပပြောဆိုပါလေ ဟု မိန့်ကြားတော်မူလေသည်။

فِى ظُلُمٰتِ الْاَرْضِ وَلَا رَطْبٍ
وَّلَا يَابِسٍ اِلَّا فِىْ كِتٰبٍ مُّبِيْنٍ ﴿٥٩﴾

ထိုပြင်တဝ သစ်ရွက်တစ်ရွက် ကြွေကျသည်ကိုပင် ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ ၎င်းပြင် ပထဝီမြေ၏ အမှောင်အထပ်ထပ်တွင် ကျနေသော (သစ်)စေ့ ဟူသရွေ့ တို့သည်လည်းကောင်း၊ စိမ်းစိုသော အရာဝတ္ထု ဟူသရွေ့တို့သည်လည်းကောင်း၊ သွေ့ခြောက်သော အရာဝတ္ထု ဟူသရွေ့တို့သည်လည်းကောင်း၊ ရှင်းလင်းထင်ရှားသော (မှတ်တမ်း) စာအုပ်တွင် ရှိကုန်၏။

وَهُوَ الَّذِىْ يَتَوَفّٰىكُمْ بِالَّيْلِ
وَ يَعْلَمُ مَا جَرَحْتُمْ بِالنَّهَارِ
ثُمَّ يَبْعَثُكُمْ فِيْهِ لِيُقْضٰٓى اَجَلٌ
مُّسَمًّى ۚ ثُمَّ اِلَيْهِ مَرْجِعُكُمْ
ثُمَّ يُنَبِّئُكُمْ بِمَا كُنْتُمْ
تَعْمَلُوْنَ ﴿٦٠﴾

၆၀။ ၎င်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်သည် အသင်တို့အား *ညဉ့်အချိန်၌ အိပ်စက်စေတော်မူ၏။* [၁] ၎င်းပြင် အသင်တို့ နေ့၌ပြုမူသမျှတို့ကိုလည်း ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ ထို့နောက်တဖန် ထိုအရှင်မြတ်သည် အသင်တို့အား ထိုနေ့၌ပြန်ထစေတော်မူ၏။ (တနည်း) ယင်းအိပ်စက်ခြင်းမှ ပြန်နိုးစေတော်မူ၏။

သို့မှသာလျှင် သတ်မှတ်ပြဋ္ဌာန်းထားသော အသက်တမ်းသည် စေ့သွားပေမည်။ တဖန် အသင်တို့သည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြကုန်အံ့။ ၎င်းနောက် ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ ပြုမူသမျှတို့ကို ထုတ်ဖော် မိန့်ကြားတော်မူအံ့။

---

① ညဉ့်အချိန် လူသားတို့ အိပ်စက်သည့်အခါ အလွှာဟ်အရှင်မြတ်သည် လူသားတို့၏ အာရုံ၊ သိမှတ်တတ်သော သတ္တိ၊ အသိ သတိ၊ ဉာဏ်များကို ရုပ်သိမ်းထားတော်မူ၏။ ယင်းသို့ ရုပ်သိမ်းထားတော်မူခြင်းကြောင့် အသက်ဇီဝိန်သည် ထွက်သွားသည်မဟုတ်ချေ။

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهٖ وَيُرْسِلُ عَلَيْكُمْ حَفَظَةً ۗ حَتّٰٓى اِذَا جَآءَ اَحَدَكُمُ الْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لَا يُفَرِّطُوْنَ ﴿٦١﴾

၆၁။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် မိမိကျွန်များအပေါ်ဝယ် လွှမ်းမိုးတော်မူသောအရှင်ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့ထံ ထိန်းသိမ်းစောင့်ရှောက်သော("မလာအိကဟ်" ကောင်းကင်တမန်)များကို စေလွှတ်တော်မူ၏။

နောက်ဆုံးတွင် အသင်တို့အနက် တစ်ဦးဦးထံ "မရဏ" သေခြင်းတရားသည် ဆိုက်ရောက်လာသောအခါ၊ ငါအရှင်မြတ်၏ ("မာလာအိကဟ်" ကောင်းကင်တမန်)များသည် ထိုသူ(၏)အသက်ဇီဝိန်)ကို ရုပ်သိမ်းကြ၏။ ၎င်းပြင် ထို(မလာအိကဟ် ကောင်းကင်တမန်)တို့သည် (ငါအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာ ဆောင်ရွက်ရာတွင် အနည်းငယ် စိုးစဉ်းမျှ) ပေါ့လျော့ကြသည်မရှိချေ။

ثُمَّ رُدُّوْٓا اِلَى اللّٰهِ مَوْلٰىهُمُ الْحَقِّ ۗ اَلَا لَهُ الْحُكْمُ ۖ وَهُوَ اَسْرَعُ الْحٰسِبِيْنَ ﴿٦٢﴾

၆၂။ ထို့နောက် တဖန် ယင်းသူတို့သည် မိမိတို့၏ အရှင်သခင် အစစ်အမှန် ဖြစ်တော်မူသော အလွန်ဟုတ်အရှင်မြတ်အထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရမည်။ နားထောင်ကြလေကုန်။ စီရင်ဆုံးဖြတ်ရန် တန်ခိုး အာဏာသည် ထိုအရှင်မြတ်၌သာရှိသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အမြန်ဆုံး စောကြောမေးမြန်းတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူသည်။

قُلْ مَنْ يُّنَجِّيْكُمْ مِّنْ ظُلُمٰتِ الْبَرِّ وَالْبَحْرِ تَدْعُوْنَهٗ تَضَرُّعًا وَّخُفْيَةً ۚ لَىِٕنْ اَنْجٰىنَا مِنْ

၆၃။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ "(အချင်းတို့) အသင်တို့အား ကုန်းမြေနှင့် သမုဒ္ဒရာပင်လယ်၏အမှောင်အထပ်ထပ်တို့မှ မည်သူသည် ကယ်တင်ပါသနည်း။" အကယ်၍ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤအန္တရာယ်များမှ လွတ်မြောက်စေတော်မူပါလျှင် ကျွန်တော်မျိုးတို့သည်

ကျေးဇူးတော်ကို သိတတ်သောသူတို့တွင် အပါအဝင် ဖြစ်ကြပါမည်" ဟူ၍ အသင်တို့သည် (အလ္လာဟ်) အရှင်မြတ်ကိုသာ ငိုကြွေးကာငင်း၊ တိတ်ဆိတ်စွာငင်း၊ ဟစ်ခေါ်တသ (ဆုတောင်းပတ္ထနာပြု)ကြကုန်သည် (မဟုတ်ပါလော)"။ [၁]

لَئِنْ أَنجَانَا مِنْ هَٰذِهِ لَنَكُونَنَّ مِنَ الشَّاكِرِينَ ﴿٦٣﴾

တနည်း။

(အို-နဗီ) အသင်သည် ပြောကြားပါလေ။ (အို-မုရှ်ရစ်က်အပေါင်းတို့) ကုန်းမြေနှင့်သမုဒ္ဒရာ၏ အမှောင်(ဘေးဒုက္ခ)များမှ အသင်တို့ကို မည်သူကယ်တင်သနည်း။ (ထိုအချိန်တွင်) အသင်တို့သည် (အလ္လာဟ်)အရှင်မြတ်ကိုသာလျှင် (တခါတရံ) ကျိုးနွံစွာဖြင့်ငင်း၊ (တခါတရံ) တိတ်ဆိတ်စွာငင်း၊ တသကြ၏။ (ငင်းပြင် အသင်တို့က) "အကယ်၍ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဘေးဒုက္ခမှ ကယ်တင်တော်မူပါလျှင် ကျွန်တော်မျိုးတို့သည် ကျေးဇူးတော်ကိုသိတတ်သောသူများတွင် မုချအပါအဝင် ဖြစ်ကြပါမည်" (ဟု ပြောဆိုကြသည်)။

قُلِ اللَّهُ يُنَجِّيكُم مِّنْهَا وَمِن كُلِّ كَرْبٍ ثُمَّ أَنتُمْ تُشْرِكُونَ ﴿٦٤﴾

၆၄။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ၊ "(အချင်းတို့) အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အား ထို(ဘေးအန္တရာယ်)တို့မှငင်း၊ (အခြားအခြားသော) ဘေးအန္တရာယ်တိုင်းမှငင်း၊ (စိတ်ဒုက္ခအပေါင်းမှငင်း၊) လွတ်မြောက်စေတော်မူ၏။

---

① ကုရ်အာန်ကျမ်းလာ မုက္ခပါဠိဆော်(၆း၆၃)၏ အလိုသဘောမှာ ဤသို့ဖြစ်သည်၊ အလွန်ကြီးမား ပြင်းထန်လှသော ဘေးဒုက္ခများကို မချိမဆန့် အလူးအလဲခံရပြီးလျှင် လောကီရေးရာ မှီခိုအားထားဘွယ်ရာ အပေါင်းတို့မှ မျှော်လင့်ချက်လုံးဝကုန်ဆုံးသည့်ဘဝသို့ ရောက်ရသည့်အခါတွင် လူသားတို့၏ မူလသဘာဝ စိတ်ဓာတ်သည် အလိုအလျောက် အလ္လာဟ်အရှင်မြတ်ဘက်သို့ ညွှတ်လာပြီး ထိုအရှင်မြတ်အား မှီခိုရာ အားထားရာ အရှင်ဟူ၍ အကယ်ဖြူစင်သော စိတ်ထားဖြင့် ကျိုးနွံစွာ ဆုပန်လေသည်။ ➤➤

ထို(သို့ လွတ်မြောက်စေတော်မူပြီး) နောက်၌လည်း အသင်တို့သည် (အခြားအရာများကို) ထိုအရှင်မြတ်နှင့် တွဲဘက်(ယှဉ်တွဲ၍) ကိုးကွယ်ကြကုန်သတည်း။ ၁

قُلْ هُوَ الْقَادِرُ عَلَىٰٓ أَن يَبْعَثَ عَلَيْكُمْ عَذَابًا مِّن فَوْقِكُمْ أَوْ مِن تَحْتِ أَرْجُلِكُمْ أَوْ يَلْبِسَكُمْ شِيَعًا وَيُذِيقَ بَعْضَكُم بَأْسَ بَعْضٍ ۗ انظُرْ كَيْفَ نُصَرِّفُ الْآيَاتِ لَعَلَّهُمْ يَفْقَهُونَ ﴿٦٥﴾

၆၅။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့လည်း) ပြောကြားပါလေ။ ထိုအရှင်မြတ်သည် အသင်တို့အပေါ်သို့ အသင်တို့၏ အထက်မှဖြစ်စေ၊ အသင်တို့၏ ခြေထောက်များ အောက်မှဖြစ်စေ၊ အပြစ်ဒဏ် (တစုံတရာ)တို့ သက်ရောက်စေခြင်းကိုသော်၎င်း၊ အသင်တို့အား အသင်းအဖွဲ့များကွဲပြားစေပြီး အချင်းချင်း တိုက်ခိုက်စေလျက် အသင်တို့အနက်အချို့၏ (တိုက်ခိုက်မှု) အရသာကို မြည်းစမ်းခြင်းကိုသော်၎င်း၊ ပြုစွမ်းနိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။

(အို-နဗီတမန်တော်) ငါ အရှင်မြတ်သည် (တောင်ဟီဒ်နှင့် စပ်လျဉ်း၍) သက်သေသာဓကများကို မည်သို့မည်ပုံ အမျိုးမျိုးအဖုံဖုံ ပြောင်းလွဲပြသတော်မူသည်ကို အသင်ရှုပါလေ၊ သို့မှသာလျှင် ထိုသူများသည် နားလည်ကြပေမည်။

➤➤ ဤမုက္ခပါဠိတော်တွင် လူသားတို့၏ အဆိုပါ မူလသဘာဝစိတ်ဓာတ်ကို နှိုးဆော်ထုတ်ဖော်ပြီးလျှင် အလွှာဟ်အရှင်မြတ်တပါးတည်း ရှိတော်မူသည့်အကြောင်းကို ထင်ရှားစေတော်မူထားသည်။

① စိတ်နလုံးသေးသိမ် ညံ့ဖျင်းသောသူများသည် ဘေးဒုက္ခနှင့်တွေ့ဆုံသည့်အခါ ရှိုက်ကြီးတငင် ငိုကြွေးကြ၏။ ထိုဒုက္ခမှ လွတ်မြောက်ကြသောအခါ ယခင်အတိုင်းပင် ဆိုးမြဲတိုင်း ဆိုးမိုက်ကြ၏။ မောက်မာ ပ,လွှား ဝါကြွားကြ၏။ "ခွေးမြီးကောက် ကျည်တောက်စွပ်" ဆိုသကဲ့သို့ ကောက်မြဲတိုင်း ကောက်ကြ၏။ (ထို့အတူပင် မုရှ်ရစ်ကသည် ဒုက္ခနှင့်တွေ့ဆုံ၍ ကယ်သူမမြင်သည့်အခါ အလွှာဟ်အရှင်မြတ်အား ငိုယိုတသ ဆုပန်ကြ၏။ သို့ရာတွင် ဒုက္ခကင်းဝေးသွားသောအခါ ယင်းမုရှ်ရစ်ကတို့သည် ထိုအရှင်မြတ်အား မေ့ပျောက်၍ မိမိတို့ပြုလုပ်ထားသောအရာများကို ကိုးကွယ်မြဲတိုင်း ကိုးကွယ်ကြပြန်၏။

وَكَذَّبَ بِهِۦ قَوْمُكَ وَهُوَ ٱلْحَقُّ ۚ قُل لَّسْتُ عَلَيْكُم بِوَكِيلٍ ﴿٦٦﴾

၆၆။ သို့ရာတွင် (အို-နဗီတမန်တော်) ထိုအရာကို အသင်၏အမျိုးသားများက မဟုတ်မမှန်ဟုငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ်သော်ကား ၎င်း (အပြစ်ဒဏ်) သည် အမှန်ပင်(သက်ရောက်မည်သာ)တည်း။ (အို-နဗီတမန်တော်) အသင်သည်(၎င်းတို့အား) "ငါသည် အသင်တို့အပေါ် ကြီးကြပ် အုပ်ထိန်းသူမဟုတ်ပါ" ဟု ပြောကြားပါလေ။

لِّكُلِّ نَبَإٍ مُّسْتَقَرٌّ وَسَوْفَ تَعْلَمُونَ ﴿٦٧﴾

၆၇။ အကြောင်းကြားချက်၊ မှာကြားချက်၊ သတင်းတိုင်း (ဖြစ်ပျက်ရန်)အတွက် ကန့်သတ်ထားသော အချိန်တချိန်ရှိ၏။ စင်စစ် အသင်တို့သည် မကြာမီအတွင်း သိရှိကြမည်။ [၁]

وَإِذَا رَأَيْتَ ٱلَّذِينَ يَخُوضُونَ فِىٓ ءَايَٰتِنَا فَأَعْرِضْ عَنْهُمْ حَتَّىٰ يَخُوضُوا۟ فِى

၆၈။ ၎င်းပြင် (အို-နဗီတမန်တော်) ငါအရှင်မြတ်၏ မုကွပါဠိတော်များကို ကဲ့ရဲ့ပြစ်တင်သော သူတို့ကို အသင်တွေ့မြင်သောအခါ ၎င်းတို့သည် အခြားအကြောင်းအရာများ၌ စိတ်ဝင်စားသွားကြသည်အထိ အသင်သည် ၎င်းတို့၏ထံ (ထိုင်ခြင်း)မှ လွှဲရှောင်နေပါလေ။

---

(၁) ကုရ်အာန်ကျမ်းမြတ် (၆:၆၆)တွင် ပါရှိသည့်အတိုင်း ကာဖိရ်များသည် ကုရ်အာန်ကျမ်းမြတ်ကိုသော်၎င်း၊ အပြစ်ဒဏ် သက်ရောက်မည်ကိုသော်၎င်း၊ ငြင်းဆိုကာ ကုရ်အာန်ကျမ်းမြတ်သည် မမှန်၊ အပြစ်ဒဏ် သက်ရောက်မည်ဆိုသည်မှာ ခြိမ်းခြောက်ခြင်းမျှသာ ဖြစ်သည်။ ဘယ်သောအခါမျှ သက်ရောက်မည်မဟုတ်ဟု ထင်မှတ်ပြောဆိုခဲ့ကြ၏။

ယင်းသို့ ထင်မြင်ယူဆ ပြောဆိုကြသော ကာဖိရ်တို့ကို ချေပပြောဆိုစေရန်အတွက် အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ် (၆:၆၇)၌ပင် တမန်တော်မြတ်အား မိန့်ကြားတော်မူခဲ့သည်မှာ အို-ကာဖိရ်အပေါင်းတို့၊ အသင်တို့ သွေဖည်ငြင်းဆိုကြသည့်အတွက် အပြစ်ဒဏ်သက်ရောက်စေခြင်း၊ ထိုအပြစ်ဒဏ်သည် မည်သို့မည်ပုံဖြစ်သည်၊ မည်သည့်အချိန် သက်ရောက်မည်၊ စသည်ဖြင့် အသေးစိတ် ရှင်းပြခြင်းများမှာ ကျွန်ုပ်၏တာဝန်မဟုတ်၊ ကျွန်ုပ်၏တာဝန်မှာ သတိပေးနှိုးဆော်ရန်သာ ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်(၆:၆၇)တွင် ပါရှိသည့်အတိုင်း အကြောင်းအရာ သတင်းအားလုံး ဖြစ်ပျက်မည့်အချိန်သည် အလ္လာဟ်အရှင်မြတ်၏ သဗ္ဗညုတဉာဏ်တော်တွင် သတ်မှတ်ပြီးဖြစ်၏။ အချိန်ကျရောက်လာသည့်အခါ ကျွန်ုပ်ပြောကြားခဲ့သည်များကို အဘယ်မျှမှန်ကန်သည်ကို အသင်တို့ကိုယ်တိုင် သိရှိကြမည်။

حَدِيثٍ غَيْرِهٖ ۚ وَاِمَّا يُنْسِيَنَّكَ
الشَّيْطٰنُ فَلَا تَقْعُدْ بَعْدَ
الذِّكْرٰى مَعَ الْقَوْمِ الظّٰلِمِيْنَ ﴿٦٨﴾

ဒင်းပြင် အကယ်၍ ရှိုင်တွာန်သည် အသင့်အား မေ့လျော့စေခဲ့သော် ပြန်လည် သတိရရှိပြီး နောက်တွင်မူ အသင်သည် *မတော်မတရားပြုမူသော* သူတို့နှင့်အတူ *မထိုင်ပါလေနှင့်*။ [၁]

وَمَا عَلَى الَّذِيْنَ يَتَّقُوْنَ
مِنْ حِسَابِهِمْ مِّنْ شَيْءٍ
وَّلٰكِنْ ذِكْرٰى لَعَلَّهُمْ
يَتَّقُوْنَ ﴿٦٩﴾

၆၉။ ဒင်းပြင် (ရှရီအတ်၏ တားမြစ်ချက်များမှ) ကြဉ်ရှောင်ကြကုန်သောသူတို့အပေါ်၌ "မှုရှုရစ်က်" တို့နှင့်ပတ်သက်၍ *စစ်ဆေးမေးမြန်းခြင်း*သည် လုံးဝ မရှိချေ။ [၂] သို့ရာတွင် ထိုသူတို့အပေါ်၌ ဆုံးမသြဝါဒ စကားပြောရန် တာဝန်ကားရှိပေသည်၊ သို့မှသာလျှင် ထိုသူများသည် ရှောင်ကြဉ်ကြပေမည်။

وَذَرِ الَّذِيْنَ اتَّخَذُوْا دِيْنَهُمْ
لَعِبًا وَّلَهْوًا وَّغَرَّتْهُمُ الْحَيٰوةُ
الدُّنْيَا ۚ وَذَكِّرْ بِهٖٓ اَنْ تُبْسَلَ

၇၀။ ဒင်းပြင် အသင်သည် အကြင်သူများကို စွန့်လွှတ်ထားပါလေ။ ထိုသူများသည် *မိမိတို့၏ 'ဒီန်' သာသနာကို ကစားခုန်စားစရာ၊ ပျော်ရွှင်မြူးထူးစရာ ပြုလုပ်ထားကြ၏*။ [၃] ဒင်းပြင် ထိုသူတို့ကို ဤပစ္စုပ္ပန် လောကီဘဝသည် လှည့်ဖြားထား၏။

---

① မုလ်ဟစ်ဒ်များနှင့် အခြားသော ကာဖိရ် အားလုံးတို့သည် ကုဖ်ရ်၊ ရှစ်ရ်က်တို့ကိုလည်း၊ အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍မပြောဆိုအပ်သောအရာကိုလည်း၊ ထုတ်ဖော်ပြောဆိုပြုလုပ်ကြသည့်အခါတွင် ၎င်းတို့နှင့်အတူ နေထိုင်ခြင်းကိုစွန့်လွှတ်ရမည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်ကို ဤမုဏ္ဍပါဠိတော်သည် ညွှန်ပြလျက်ရှိပေသည်။(ဂျဆွဲဆွာဆွဲ)

② မွတ်စ်လင်မ်တို့သည် အချို့သောနေရာများတွင် အခြေအနေအရ အကြောင်းကြောင်းတွေကြောင့် ကာဖိရ်များနှင့် လုံးဝအဆက်ဖြတ်ရန် မဖြစ်နိုင်သည်လည်းရှိ၏။ ဥပမာ–အစ္စလာမ်သာသနာ ထွန်းကားခါစ အချိန်တွင် မွတ်စ်လင်မ်တို့သည် ကအ်ဗဟ် ကျောင်းတော်တွင် သွားရောက်၍ ဆလာတ်ဝတ်ပြုကြ၏။ တွဝါဖ် လှည့်ပတ်ကြ၏။ ထိုအချိန်မှာပင် ကာဖိရ် မုရှရစ်က်တို့သည်လည်း ကအ်ဗဟ် ကျောင်းတော်တွင်းသို့ ဝင်ထွက် သွားလာလျက်ရှိကြ၏။ ဖရုဿဝါစာ ကြမ်းကြုတ်သောစကားများ ပြောဆိုကြ၏။ ကဲ့ရဲ့ပြစ်တင်ပြောဆိုကြ၏။ ယခုအခါတွင်လည်း များစွာသော နေရာဌာနများတွင် မွတ်စ်လင်မ်တို့သည် ကာဖိရ်များနှင့် အခြေအနေအရ မလွဲမရှောင်သာ တွေ့ဆုံသွားလာနေကြသည့်အတွက် မွတ်စ်လင်မ်တို့၌ တစုံတရာ အပြစ်မရှိချေ။ ယင်းကဲ့သို့ ဖရုဿဝါစာ ကြမ်းကြုတ်သော စကားပြောဆိုသော ကာဖိရ်များ၌သာလျှင် အပြစ်ရှိပေသည်။ သို့ရာတွင် မွတ်စ်လင်မ်တို့သည် မိမိတို့တတ်စွမ်းနိုင်သမျှ ကာဖိရ်တို့အား တရားဓမ္မ ဟောကြားကြရပေမည်။ ယင်းသို့ တရားဓမ္မဟောကြားခြင်းဖြင့် ကာဖိရ်တို့သည် တရားရရှိနိုင်ကြပေမည်။ ကာဖိရ်များ တရားမရရှိကြစေကာမူ မွတ်စ်လင်မ်တို့သည် မိမိတို့တရားဓမ္မ ဟောကြားခြင်း၏ ကုသိုလ်အကျိုးကိုမူကား မုချရရှိကြပေမည်။ မာဂျိဒီ၊ အ–၂၊ စ–၂၆၅၊ အအ–၁၀၃

نَفْسٌۢ بِمَا كَسَبَتْ ۖ لَيْسَ
لَهَا مِن دُونِ اللَّهِ وَلِيٌّ
وَلَا شَفِيعٌ ۖ وَإِن تَعْدِلْ
كُلَّ عَدْلٍ لَّا يُؤْخَذْ مِنْهَا ۗ
أُولَٰئِكَ الَّذِينَ أُبْسِلُوا بِمَا
كَسَبُوا ۖ لَهُمْ شَرَابٌ مِّنْ
حَمِيمٍ وَعَذَابٌ أَلِيمٌ
بِمَا كَانُوا يَكْفُرُونَ

သို့ရာတွင် တဦးတယောက်သော သူသည် မိမိ အပြုအမူတို့ကြောင့် ဖမ်းဆီးခြင်းကို မခံရလေအောင် အသင်သည် (ငင်းတို့အား) ဤ (ကုရ်အာန် ကျမ်းတော်မြတ်)ဖြင့် ဆုံးမလျက်လည်း ရှိပါလေ။ (ယင်းသို့ဖြစ်လျှင်) ထိုသူတို့၏အဘို့မှာ အလ္လာဟ်အရှင်မြတ်အပြင် ကိစ္စအဝဝကို ဆောင်ရွက်ပေးမည့် သူဟူ၍ငင်း၊ (အပြစ်မှချမ်းသာမှုရရှိစေရန်) ကြားဝင် အသနားခံပေးမည့်သူ ဟူ၍ငင်း၊ (မည်သူ တဦး တယောက်မျှ) ရှိလိမ့်မည် မဟုတ်ပေ။ ထိုမှတပါး အကယ်၍ ထိုသူသည် အားလုံးသောအစားထိုးခြင်းကို အစားထိုးငြားသော်လည်း ငင်း၏ထံမှ လက်ခံခြင်း ရှိလိမ့်မည် မဟုတ်ချေ။

(မိမိတို့၏ ဘာသာသာသနာကို ကစားစရာ ပျော်ရွှင်မြူးထူးစရာ ပြုလုပ်ထားသော) ဤသူများ ပင်လျှင် အကြင်သူများတည်း။ ထိုသူတို့သည် မိမိတို့၏အပြုအမူတို့ကြောင့် ဖမ်းဆီးခြင်းကို ခံကြရလေပြီ။ ငင်းတို့အဘို့ ငင်းတို့ သွေဖည်ငြင်းပယ်ခဲ့ကြသည့် အတွက်ကြောင့် သောက်ရန် အလွန်ပူလောင်သော ရေနှင့် အလွန် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် အဆင်သင့်ရှိပေသည်။

---

(၃) (၁) သာဝကကြီး အဗ်ဒုလ္လာဟ်အစ်ဗ်နအဗ္ဗာစ် သခင်က ဖွင့်ဆိုပြောကြားခဲ့သည်မှာ အလ္လာဟ် အရှင်မြတ်သည် အမျိုးသားတိုင်းအတွက် အီဒ်ပွဲတော်ကို ပြုလုပ်ထားတော်မူ၏။ ထိုအမျိုးသားများသည် ထိုပျော်ပွဲရွှင်ပွဲကို ရိုသေမြတ်နိုးကြ၏။ ထိုပျော်ပွဲရွှင်ပွဲနေ့တွင် ဝတ်ပြုကြ၏။ ငင်းပြင် ထိုပျော်ပွဲရွှင်ပွဲကို အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းဖြင့် စည်ကားသိုက်မြိုက်စေကြ၏။ ထို့နောက် လူများသည် (ထိုလူများအနက် များစွာသောသူများမှာ မုရ်ရစ်က်များ၊ ကိတာဗီများ၊ ဖြစ်ကြ၏) မိမိတို့၏ပျော်ပွဲရွှင်ပွဲကို ပျော်ရွှင်မြူးထူးရာ ကစားစရာ ပြုလုပ်ကြလေသည်။ ယင်းသို့ ပြုလုပ်ရာတွင် မွတ်စ်လင်မ်များမပါကြချေ။ အဘယ်ကြောင့်ဆိုသော် မွတ်စ်လင်မ်များသည် မိမိတို့၏ အီဒ်ပွဲတော်ကို အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည့်အတိုင်း ကျင်းပကြပေသည်။ ကဗီရ်။ အလ်မနာရ်။

(၂) ငင်းပြင် အသင်သည် ဤသို့သောသူများကို လုံးဝ လွှဲဖယ် ရှောင်ကြဉ်ပါလေ၊ ➤➤

قُلْ أَنَدْعُوا۟ مِن دُونِ ٱللَّهِ
مَا لَا يَنفَعُنَا وَلَا يَضُرُّنَا
وَنُرَدُّ عَلَىٰٓ أَعْقَٰبِنَا بَعْدَ
إِذْ هَدَىٰنَا ٱللَّهُ كَٱلَّذِى
ٱسْتَهْوَتْهُ ٱلشَّيَٰطِينُ
فِى ٱلْأَرْضِ حَيْرَانَ لَهُۥٓ أَصْحَٰبٌ
يَدْعُونَهُۥٓ إِلَى ٱلْهُدَى
ٱئْتِنَا ۗ قُلْ إِنَّ هُدَى ٱللَّهِ
هُوَ ٱلْهُدَىٰ ۖ وَأُمِرْنَا لِنُسْلِمَ
لِرَبِّ ٱلْعَٰلَمِينَ ﴿٧١﴾

၇၁။ (အို–နဗီတမန်တော်) အသင်သည် (ထိုမိစ္ဆာဒိဋ္ဌိတို့အား ဤသို့)ပြောကြားပါလေ။ "ငါတို့သည် အလ္လာဟ်အရှင်မြတ်အပြင် (အသင်တို့ အလိုရှိသကဲ့သို့) ငါတို့အား အကျိုး ဖြစ်ထွန်းစေခြင်းကိုလည်း၊ အကျိုးယုတ်စေခြင်းကိုလည်း၊ မပြုစွမ်းနိုင်သောအရာများကို ကိုးကွယ်ကြရမည်လော။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ငါတို့အား တရားလမ်းမှန်သို့ ပို့ဆောင်ပြီးနောက်တွင် ငါတို့သည် အကြင်သူ ကဲ့သို့ပင် မိမိတို့၏ခြေဖနောင့်ဖက်သို့ ပြန်လှည့်သွားကြရမည်လော။ ထိုသူအား ရှိုင်တွာန်သည် တောတွင်း၌ သွေးဆောင်ဖြားယောင်း၍ လမ်းမှားစေခဲ့ရာ ထိုသူသည် တွေဝေ အကြံအိုက်လျက် ရှိနေလေ၏။ ထိုသူ၌ မိတ်ဆွေ အပေါင်းအဖော်များလည်း ရှိ၏။ ထိုမိတ်ဆွေ အပေါင်းအဖော်များတို့သည် ထိုသူအား တရားလမ်းမှန်ရှိရာ "ငါတို့ထံလာပါလေ"ဟု ဖိတ်ခေါ်လျက် ရှိကြကုန်၏။

(အို–နဗီတမန်တော်) အသင်သည် (၎င်းတို့အား) "အလ္လာဟ်အရှင်မြတ် ညွှန်ကြား ပြသတော်မူသော တရားလမ်းသည်သာလျှင် ဧကန်စင်စစ် (ဖြောင့်မတ်မှန်ကန်သော) တရားလမ်း ဖြစ်သည်။

➤➤ ထိုသူများသည် မိမိတို့၏အကြင်သာသနာကို (ထိုသာသနာကိုနာယူခြင်းသည် ၎င်းတို့၏ ဖရဿွံတာဝန်ဖြစ်၏။(၀၊) အစ္စလာမ်သာသနာကို) ပျော်ရွှင်မြူးထူးစရာ ကစားစရာပြုလုပ်ထားကြ၏။

ထာနဝီ၊စ–၁၀၆၊ အ–၃၊

(၃) ထိုသူများသည် မိမိတို့၏သာသနာရေးကိစ္စကို ကာမဂုဏ်အာရုံပေါ်၌ အခြေပြုထားကြ၏။ ၎င်းပြင် ထိုသူများသည် လက်ငင်းအားဖြင့်၎င်း၊ နောင်အခါ၌၎င်း၊ မည်သို့မျှအကျိုးကျေးဇူး မဖြစ်ထွန်းစေသောကိစ္စများကို ဘာသာရေးကိစ္စများ ပြုလုပ်ထားကြ၏။ ဥပမာ–ရုပ်ပွားဆင်းတုကိုးကွယ်ခြင်း၊ ဗဟိရဟ်စာအိဗဟ်စသည့် တိရစ္ဆာန်များကို ဟရာမ်ဟူ၍ပညတ်ခြင်း။

ငင်းပြင် ငါတို့သည် စကြာဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်၏ အမိန့်တော်များကို (တသွေမတိမ်း) လိုက်နာရန် အမိန့်ပေးတော်မူခြင်းကိုလည်း ခံကြရလေပြီ ဟု ပြောကြားပါလေ။ ၁

وَأَنْ أَقِيمُوا الصَّلٰوةَ وَاتَّقُوهُ ۚ وَهُوَ الَّذِي إِلَيْهِ تُحْشَرُونَ ﴿٧٢﴾

၇၂။ ထိုမှတပါး: (ငါတို့သည် အမိန့်ပေးတော်မူခြင်းကို ခံကြရသည်မှာ) "အသင်တို့သည် စွဲမြဲစွာ "ဆွလာတ်" ဝတ်ပြုကြလေကုန်။ ငင်းပြင် အသင်တို့သည် ထိုအရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ စင်စစ်သော်ကား အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့ သာလျှင် စုရုံးကြရမည်။"

---

① မွတ်စ်လင်မ်တို့၏တာဝန်မှာ လမ်းမှားသူများကို သွန်သင်ဆုံးမ၍ လမ်းမှန်ဘက်သို့ ယူဆောင်လာခြင်း အလျှာဟ်အရှင်မြတ်အား ကျေနပ်ခိုင်း၍ အခြားဘုရားများရှေ့တွင် ဦးချနေသူများအား တစ်ဆူတည်းသော အလျှာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ဦးချစေရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ သို့နှောက် ထိုမွတ်စ်လင်မ်များနှင့် စပ်လျဉ်း၍ ယင်းသူတို့သည် အလျှာဟ်အရှင်မြတ်အားသွေဖည်၍ ကျိုးပြစ်နစ်ပါး: မဖြစ်ပွားစေနိုင်သော ဘုရားများရှေ့မှောက်တွင် ဦးချကြလိမ့်မည်ဟူ၍ငင်း၊ သို့တည်းမဟုတ် မိစ္ဆာဝါဒီများနှင့် အတူနေထိုင်၍ တောင်ဟီဒ်နှင့် အီမာန်တည်းဟူသော ဖြောင့်မတ်မှန်ကန်သော လမ်းကိုစွန့်ပြီး "ရှရစ်က်"၊ "ကုဖ်ရ်" ၏ အမှောင်တွင်းသို့ ပြန်လည်ဆင်းသက် သွားကြလိမ့်ဟူ၍သော်၎င်း၊ ထင်မြင်ခြင်းသည် အလျင်း အမိပ္ပါယ်မရှိချေ။

အကယ်၍ မပြောကောင်းမဆိုသာ ဤကဲ့သို့ ဖြစ်သွားခဲ့သည်ရှိသော် ထိုမွတ်စ်လင်မ်တို့၏ ဥပမာသည် အကြင်ခရီးသည်တစ်ဦးနှင့် တူပေမည်။ ထိုခရီးသည်သည် လမ်းစခန်းကို သိကျွမ်းသော မိမိ၏မိတ်ဆွေများနှင့် တောလည်တွင် ခရီးသွား၏။ ရုတ်တရက် "ဂျင်န်" နတ်ဆိုးများသည် ထိုသူအား မျက်စိလည် လမ်းမှားစေသဖြင့် ထိုသူသည် တောတွင်း၌ တဝဲလည်လည်ဖြစ်နေ၏။ ၎င်း၏မိတ်ဆွေများသည် သနားကြင်နာစွာဖြင့် ထိုသူအား "လမ်းသည် ဤမှာရှိသည်၊ ငါတို့ထံလာခဲ့ပါ" ဟု ဟစ်ခေါ်လျက်ရှိကြ၏။ သို့ရာတွင် ထိုသူသည် ဆင်ခြင်တုံတရား ကင်းမဲ့၍ တွေဝေမိန်းမောနေသဖြင့် မိမိမိတ်ဆွေများ၏ ခေါ်သံကို ကြားလည်းမကြားနိုင်၊ နားလည်းမလည်နိုင်ဘဲ ဖြစ်နေ၏။

ထိုနည်းတူစွာ ဥပမာအတိုင်းပင် နောင်တမလွန် ဘဝသို့ သွားလျက်ရှိသော ခရီးသည်အတွက် ဖြောင့်မတ် မှန်ကန်သော လမ်းသည် အစ္စလာမ်နှင့် တောင်ဟီဒ်လမ်း ဖြစ်၏။ ၎င်း၏ ခရီးသွားဖော် မိတ်ဆွေများမှာ တမန်တော်မြတ် နှင့် တမန်တော်မြတ်၏ နောက်လိုက် တပည့်သားများပင် ဖြစ်ကြသည်၏။ ကဲ့ဆိုးမိုးမှောင်ကျနေသော ထိုခရီးသည် ရှိုင်တွာန်များနှင့် လမ်းမှားသူများ၏ လက်တွင်းသို့ ကျရောက်၍ လမ်းမှားခြင်းတည်းဟူသော ကန္တာရ ခရီး၌ တဝေ့လည်လည ဖြစ်နေ၏။ ထိုအခါ ၎င်းတို့၏ ခရီးသွားဖော်များ (ဖြစ်ကြသော တမန်တော်မြတ်နှင့်တမန်တော်မြတ်၏ နောက်လိုက်တပည့်သားတို့သည်) ၎င်းအား လမ်းမှန်ဘက်သို့ ➤➤

وَهُوَ الَّذِي خَلَقَ السَّمٰوٰتِ وَالْأَرْضَ بِالْحَقِّ ۖ وَيَوْمَ يَقُولُ كُنْ فَيَكُونُ ۚ قَوْلُهُ الْحَقُّ ۚ وَلَهُ الْمُلْكُ يَوْمَ يُنْفَخُ فِي الصُّورِ ۚ عٰلِمُ الْغَيْبِ وَالشَّهَادَةِ ۚ وَهُوَ الْحَكِيمُ الْخَبِيرُ ﴿٧٣﴾

၇၃။ ၎င်းပြင် ထိုအရှင်မြတ်သည် အကြင် အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထို အရှင်မြတ်သည် မိုးများကိုလည်း၊ ပထဝီမြေကိုလည်း၊ မှန်ကန်တိကျစွာဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်က "ဖြစ်စေ" ဟူ၍ မိန့်ကြားတော်မူသောနေ့တွင် ဖြစ်သွားလတ္တံ့။

ထိုအရှင်မြတ်၏ စကားတော်သည် လေးနက်ထိရောက်သော စကားတော်ပင်ဖြစ်၏။ *၎င်းပြင် တံပိုးခရာ မူတ်မည့်နေ့တွင် စိုးမိုး အုပ်ချုပ်ခြင်း (အာဏာ)သည် ထိုအရှင်မြတ်၌သာ ရှိအံ့။* [၁]

(ထို အရှင်မြတ်သည်) အကွယ်၌ရှိသည်တို့ကိုလည်း၊ ရှေ့မှောက်တွင် ရှိသည်တို့ကိုလည်း၊ (အကြွင်းမဲ့) သိရှိတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် (ဟစ်က်မက်) အမြော်အမြင်နှင့် ပြည့်စုံတော် မူသော အရှင် (အကြောင်းစုံတို့ကို အကြွင်းမဲ့) ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ ဟစ်ခေါ်လျက် ရှိကြ၏။ သို့ရာတွင် ထိုသူသည် တစုံတရာကိုမျှ မကြားချေ၊ နားလည်းမလည်နိုင်ချေ။ အထက်ပါ ဥပမေယျအတိုင်း မွတ်စ်လင်မ်တို့သည် မျက်စိလယ်လမ်းမှားသော ထိုခရီးသည်ကဲ့သို့ ဖြစ်နိုင်ပါမည်လော၊ အလျင်း ဖြစ်နိုင်ကြမည် မဟုတ်ချေ။ (ဤသည့်အချက်ကိုပင် ဤမုက္ခပါဠိတော်၌ မိန့်ဆိုတော်မူထားခြင်း ဖြစ်ပေသည်)။

① အလ္လာဟ်အရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုသည် အမြဲတစေ ကမ္ဘာအဝှန်းပေါ်၌ တည်လျက်ရှိပေသည်။ ကိယာမတ်နေ့သည် အခြေအနေဖြစ်စဉ် ဖြစ်ရပ်အားလုံးတို့ကို အမှန်အကန်အတိုင်း ဖော်ထင်ရှားစေမည့်နေ့ ဖြစ်သည်။ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုသည် မျက်ဝါးထင် ထင်ထင်ရှားရှား ပေါ်လွင်လာပေမည်။ ထိုနေ့တွင် အရှင်မြတ်၏စိုးမိုးအုပ်ချုပ်မှုသာ တည်ရှိပေမည်။ ထိုအုပ်ချုပ်မှုတွင် မည်သူတဦးတယောက်မျှ တွဲဘက်ပါဝင်မည် အလျင်း မဟုတ်ပေ။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကိယာမတ်နေ့၌ အလ္လာဟ်အရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုတွင် အခြားသောသူများလည်း တွဲဘက်ပါဝင်သည်ဟု အချို့ မုရ္ဓရစ်ဂိုဏ်းများ၏ ယူဆချက်မှာ မှားယွင်းကြောင်း ကောင်းစွာသိရှိရပေသည်။

မာဂျီဒီ၊ အ-၂၊ စ-၂၉၇၊ အအ-၁၁၂၊

وَإِذْ قَالَ إِبْرٰهِيمُ لِأَبِيهِ آزَرَ
أَتَتَّخِذُ أَصْنَامًا آلِهَةً ۖ إِنِّي
أَرٰىكَ وَقَوْمَكَ فِي ضَلٰلٍ
مُّبِينٍ ﴿٧٤﴾

၇၄။ ထို့ပြင်တဝ (အို-နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ပြန်လည် ပြောကြားပါလေ) တရံရောအခါ (နဗီတမန်တော်)အီဗ်ရာဟီမ်သည် မိမိဘခင် "အာဇရ်" အား (ဤသို့) ပြောကြားခဲ့လေသည်။ "အသင်သည် ရုပ်ပွား ဆင်းတုများကို ကိုးကွယ်ရာဘုရားများပြုလုပ်ပါသလော။

ဇကန်စင်စစ် အကျွန်ုပ်သည် အသင်နှင့်တကွ အသင်၏အမျိုးသားတို့ကိုပါ အလွန်ထင်ရှားသော လမ်းမှားခြင်း၌ (ရောက်ရှိနေကြသည်ကို) တွေ့မြင်ရပါသည်"။

တနည်း။

၎င်းပြင် (အကြင်အချိန်အခါကို ပြန်လည် သတိရပါလေ၊) တရံရောအခါ တမန်တော်အီဗ်ရာဟီမ် (အလိုင်အစ္စလာမ်)က မိမိ၏ဘခင် "အာဇရ်" အား ပြောကြားခဲ့သည်မှာ (အို-ဘခင်) ဘခင်သည် ရုပ်ပွား ဆင်းတုများကို ကိုးကွယ်ရာဘုရားများ ပြုလုပ်ထားပါသလော။

မုချဇကန် အကျွန်ုပ်သည် ဘခင်အား၎င်း၊ ဘခင်၏ အမျိုးသားများအား၎င်း၊ ထင်ရှားသော လမ်းမှားခြင်း၌ (သက်ရောက်နေကြသည်ကို) တွေ့မြင်နေပါသည် ဟု ပြောကြားခဲ့၏။

وَكَذٰلِكَ نُرِي إِبْرٰهِيمَ مَلَكُوتَ
السَّمٰوٰتِ وَالْأَرْضِ وَلِيَكُونَ
مِنَ الْمُوقِنِينَ ﴿٧٥﴾

၇၅။ ထိုနည်းတူစွာငါအရှင်မြတ်သည် အီဗ်ရာဟီမ် အား လေးနက်စွာ သက်ဝင်ယုံကြည်သော သူတို့တွင် အပါအဝင် ဖြစ်စေခြင်းငှာ၊ ငါအရှင်မြတ်သည် မိုးများနှင့်ကမ္ဘာမြေကို စိုးပိုင်တော်မူကြောင်းကို ပြသတော်မူခဲ့လေသတည်း။

فَلَمَّا جَنَّ عَلَيْهِ الَّيْلُ رَاٰ كَوْكَبًا ۚ قَالَ هٰذَا رَبِّيْ ۚ فَلَمَّآ اَفَلَ قَالَ لَآ اُحِبُّ الْاٰفِلِيْنَ ﴿٧٦﴾

၇၆။ သို့ဖြစ်ပေရာ ညဉ့်(၏ အမိုက်မှောင်)သည် ထို(အီဗရာဟီမ်)အား ဖုံးလွှမ်းသောအခါ ထို (တမန်တော် အီဗရာဟီမ်)သည် ကြယ်တစ်လုံးကို တွေ့မြင်လေ၏။ ထိုအခါ တမန်တော်အီဗရာဟီမ်က "ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်တော်မူသည်" ဟု ဆိုခဲ့၏။

တဖန် ထိုကြယ်ပျောက်ကွယ်သွားသောအခါ (တမန်တော်အီဗရာဟီမ်)က ငါသည်ကွယ်ပျောက်သွား သောအရာများကို မနှစ်သက်ပေ" ဟုပြောကြားခဲ့၏။

فَلَمَّا رَاَ الْقَمَرَ بَازِغًا قَالَ هٰذَا رَبِّيْ ۚ فَلَمَّآ اَفَلَ قَالَ لَئِنْ لَّمْ يَهْدِنِيْ رَبِّيْ لَاَكُوْنَنَّ مِنَ الْقَوْمِ الضَّآلِّيْنَ ﴿٧٧﴾

၇၇။ တဖန် (တမန်တော် အီဗရာဟီမ်သည်) လ ကို လင်းဝင်းတောက်ပစွာ တွေ့မြင်သောအခါ "ဤသည် ငါ့အား ဖန်ဆင်းမွေးမြူသောအရှင် ဖြစ်သည်" ဟု ပြောဆိုပြန်၏။

သို့ရာတွင် ထိုလသည် ကွယ်ပျောက်သွားခဲ့ လေသောအခါ (တမန်တော် အီဗရာဟီမ်က) "အကယ်၍သာ ငါ့အားမွေးမြူတော်မူသောအရှင်မြတ် သည် ငါ့ကို တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခြင်း မရှိခဲ့ပါမူ၊ ကျွန်ုပ်သည် လမ်းမှားသောသူတို့တွင် မုချအပါအဝင်ဖြစ်သွားမည်" ဟုပြောကြားခဲ့လေသည်။

فَلَمَّا رَاَ الشَّمْسَ بَازِغَةً قَالَ هٰذَا رَبِّيْ هٰذَآ اَكْبَرُ ۚ فَلَمَّآ اَفَلَتْ قَالَ يٰقَوْمِ اِنِّيْ بَرِيْٓءٌ

၇၈။ တဖန် (တမန်တော်အီဗရာဟီမ်သည်) သူရိယ နေကို ထွန်းလင်း တောက်ပစွာ မြင်လေပြန်သော အခါ (အသင်တို့၏ ထင်မြင်ယူဆချက်အရ) "ဤသည်သာလျှင် ငါ့အား ဖန်ဆင်းတော်မူသော အရှင် ဤသည်သာလျှင် အကြီးဆုံးဖြစ်သည်" ဟု ပြောဆိုခဲ့ပြန်၏။

مِّمَّا تُشْرِكُونَ ﴿٧٨﴾

သို့ရာတွင် ထိုသူရိယနေသည်လည်း ကွယ်ပျောက်သွားသောအခါ (တမန်တော် အီဗ်ရာဟီမ်က) အို–ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် အသင်တို့တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်လျက်ရှိကြသောအရာများမှ လုံးဝလွတ်ကင်းသည်” ဟုပြောကြားခဲ့လေသည်။

إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمَاوَاتِ وَالْأَرْضَ حَنِيفًا وَمَا أَنَا مِنَ الْمُشْرِكِينَ ﴿٧٩﴾

၇၉။ ဧကန်စင်စစ်ငါသည် မိမိမျက်နှာကို [၁] မိုးများနှင့်ကမ္ဘာမြေကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဖက်သို့သာလျှင် အာရုံစူးစိုက်လျက် [၂] လှည့်ခဲ့လေပြီ၊ စင်စစ်သော်ကား ငါသည် (တစုံတရာကို အလျှာဟ် အရှင်မြတ်နှင့်) တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်သော သူတို့အနက်မှာ မဟုတ်ပြီ။

တနည်း။

မုချဧကန် ကျွန်ုပ်သည် (အခြားသောလမ်းစဉ်များကိုစွန့်လွှတ်၍) တစိတ်တလတ်တည်း ဖြောင့်မတ်တည်ကြည်သူအဖြစ်ဖြင့် မိမိမျက်နှာကို မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဘက်သို့ လှည့်ပါပြီ၊ ၎င်းပြင် ကျွန်ုပ်သည် မုရှ်ရစ်က်များတွင် အပါအဝင် မဟုတ်ပါ။

وَحَاجَّهُ قَوْمُهُ ۚ قَالَ أَتُحَاجُّونِّي فِي اللَّهِ

၈၀။ ၎င်းနောက် ထို(တမန်တော် အီဗ်ရာဟီမ်)၏ အမျိုးသားများသည် ထို(တမန်တော် အီဗ်ရာဟီမ်) နှင့် အငြင်းအခုံ ပြုကြလေသည်။

---

① အလျှာဟ်အရှင်မြတ်ဘက်သို့ မျက်နှာလှည့်ခြင်း ဟူသည် ထိုအရှင်မြတ်၏ အမိန့်တော်ကို နာခံခြင်းကို တင်စား၍ ဆိုထားခြင်းဖြစ်သည်။ (ကဗီရ်)

② “ဟနီဖ်” ဟူသည် လမ်းမှားခြင်းကိုပယ်၍ ဖြောင့်မတ်မှန်ကန်ခြင်းကို နှစ်ခြိုက်ခြင်းကိုဆို၏။ “ဟနဖ်” ဟူသည် ဖြောင့်မတ်မှန်ကန်ခြင်းကို နှစ်ခြိုက်ခြင်းကိုဆို၏။ “ဟနိဖ်” ဟူသည် လမ်းမှားခြင်းကိုပယ်၍ ဖြောင့်မတ်မှန်ကန်ခြင်းကို နှစ်ခြိုက်သောသူကိုဆို၏။ (ရာယိဗ်)

وَقَدْ هَدٰىنِ ۚ وَلَآ أَخَافُ
مَا تُشْرِكُونَ بِهِۦٓ إِلَّآ أَن يَشَآءَ
رَبِّى شَيْـًٔا ۗ وَسِعَ رَبِّى كُلَّ شَىْءٍ
عِلْمًا ۗ أَفَلَا تَتَذَكَّرُونَ ﴿٨٠﴾

ထိုအခါ (တမန်တော်အီဗ်ရာဟီမ်)က အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ပင် ငါနှင့် အငြင်းအခုံ ပြုလုပ်ကြသလော။ အမှန်မှာ ထိုအရှင်မြတ်သည် ငါ့အား တရားလမ်းမှန်ကို ပြတော်မူပြီး ဖြစ်သည်။

ဌင်းပြင် ငါသည် အသင်တို့ ယှဉ်တွဲကိုးကွယ်ကြသောအရာများကို မကြောက်ပေ။ [၁] သို့ရာတွင် ငါ၏အရှင်သည်ပင် တစုံတရာကို အလိုရှိတော်မူပါသော် [၂] (ဖြစ်နိုင်၏။) ငါ၏အရှင်သည် အရာခပ်သိမ်းတို့ကို အသိပညာအားဖြင့် ဝန်းခြုံလျက်ရှိတော်မူသည်။ သို့ပါလျက် အသင်တို့သည် သတိမမူကြပါလေ။

وَكَيْفَ أَخَافُ مَآ أَشْرَكْتُمْ
وَلَا تَخَافُونَ أَنَّكُمْ أَشْرَكْتُم
بِٱللَّهِ مَا لَمْ يُنَزِّلْ بِهِۦ عَلَيْكُمْ
سُلْطَٰنًا ۚ فَأَىُّ ٱلْفَرِيقَيْنِ أَحَقُّ
بِٱلْأَمْنِ ۖ إِن كُنتُمْ تَعْلَمُونَ ﴿٨١﴾

၈၁။ ကျွန်ုပ်သည် အသင်တို့ တွဲဖက် ကိုးကွယ်ကြသောအရာများကို အဘယ်ကြောင့် ကြောက်ရမည်နည်း။ အမှန်စင်စစ်အားဖြင့် အသင်တို့သည် အကြင်အရာများကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ ကိုးကွယ်ကြ၏။ ဌင်းအရာများနှင့်စပ်လျဉ်း၍ ထိုအရှင်မြတ်သည် အသင်တို့ထံ မည်သည့်သက်သေသာဓကကိုမျှ ချပေးသနားတော်မူခဲ့သည် မဟုတ်ပေ။ (ဤသို့ပြုလုပ်ကြသည်ကိုပင်) အသင်တို့ မကြောက်မရွံ့ကြပေ။

---

① တမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများက တမန်တော်အီဗ်ရာဟီမ်အား "အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မကောင်းပြောဆိုနေပေရာ ထိုကိုးကွယ်ရာများသည် အသင့်၌ ကဋ္ဌနုနာရောဂါ ဖြစ်ပွားစေကြမည်။ သို့မဟုတ် အသင့်အား ရူးသွပ်စေကြမည်ကို ကျွန်ုပ်တို့ စိုးရိမ်ကြပါသည်" ဟု ခြိမ်းခြောက်ပြောဆိုကြသည့်အခါ တမန်တော်အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)က "ကျွန်ုပ်သည် အသင်တို့ ယှဉ်တွဲကိုးကွယ်ကြသောအရာများကိုမကြောက်ပါ"ဟု ပြန်လည်ချေပပြောကြားတော်မူခဲ့လေသည်။ အီဗ်နူဂျရီရ်၊ အ-၇၊စ-၁၆၅၊

② "ကျွန်ုပ်သည် အသင်တို့ ယှဉ်တွဲကိုးကွယ်ကြသောအရာများကို မကြောက်ပါ၊ သို့ရာတွင် ကျွန်ုပ်၏အရှင်သည် တစုံတရာကို အလိုရှိတော်မူခဲ့ပါသော်" ဟူသော မူကွပါဠိတော်၏အလိုသဘောမှာ တမန်တော်အီဗ်ရာဟီမ်က ➤➤

သို့ဖြစ်ရာ(အုပ်စုနှစ်စု)အနက် မည်သည့်အုပ်စုသည် ဘေးရန်ကင်းငြိမ်းခြင်းကို ပိုမို၍ ထိုက်သနည်း၊ အကယ်၍အသင်တို့သိကြပါလျှင် (ပြောကြလေကုန်)။

တနည်း။

ငင်းပြင် ငါသည် အသင်တို့ တွဲဖက်ကိုးကွယ်ကြသည်များကို အသိုလျှင် ကြောက်ရွံ့ရပါမည်နည်း။ အမှန်စင်စစ်မူကား အသင်တို့သည် မိမိတို့အပေါ်၌ အလွှာဟ်အရှင်မြတ်က သက်သေသာဓက တစုံတရာမျှပင် အလျင်း ချပေးသနားတော်မူခြင်း မပြုခဲ့သော အရာများကို ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်နေကြသည် အမှန် ဖြစ်ပါလျက်နှင့်ပင် ကြောက်ရွံ့ စိုးရိမ်ကြသည် မရှိချေ။

သို့ဖြစ်ပေရာ အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုကား ဘေးရန်ကင်းငြိမ်းခြင်းနှင့် ပိုမို၍ ထိုက်သည်ကို အသင်တို့သည် အကယ်၍ သိရှိကြပါလျှင် (ပြော၍ပြကြလေကုန်)။

اَلَّذِيْنَ اٰمَنُوْا وَلَمْ يَلْبِسُوْٓا اِيْمَانَهُمْ بِظُلْمٍ اُولٰٓئِكَ لَهُمُ

၈၂။ အကြင်သူတို့သည် "အီမာန်" သက်ဝင်ယုံကြည်ကြ၏။ ၎င်းပြင် ထိုသူများသည် မိမိတို့ "အီမာန်" သက်ဝင်ယုံကြည်မှုကို (ရှုစရစ်က်)တွဲဖက်ကိုးကွယ်မှုနှင့် [၁] ရောနှောခြင်းကိုလည်းမပြုခဲ့ကြချေ။

➤➤ မိမိ၏အမျိုးသားများအား "ကျွန်ုပ်သည် အသင်တို့ ယှဉ်တွဲကိုးကွယ်ကြသော အရာများကို ဘယ်သောအခါမျှ မကြောက်ပါ၊ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် တစုံတရာ နစ်နာဆုံးရှုံးအောင် ပြုလုပ်နိုင်ကြသည်မဟုတ်၊ "သို့ရာတွင် ကျွန်ုပ်၏အရှင်က တစုံတရာ အလိုရှိတော်မူခဲ့ပါသော် ဥပမာ-ကျွန်ုပ်သည် အပြစ်တစုံတရာ ကျူးလွန်မိခဲ့သည်ရှိသော် ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား ပြစ်ဒဏ်ပေးနိုင်ပေသည်ဟူ၏။

① အဗ်ဒူလ္လာဟ်ထံမှတဆင့် ကြားသိရသည်မှာ (اَلَّذِيْنَ اٰمَنُوْا وَلَمْ يَلْبِسُوْٓا اِيْمَانَهُمْ بِظُلْمٍ) ဟူသောမက္ခပါဠိ၌ တော်ကျရောက်လာသည့်အခါ တမန်တော်မြတ်၏ဆွေဟာဗဟ် သာဝကကြီးများအတွက် ရင်လေးဘွယ်ရာ ဖြစ်လာလေရာ သာဝကကြီးများက တမန်တော်မြတ်အား ကျွန်တော်မျိုးတို့တွင် မိမိကိုယ်ကိုမိမိမကျူးလွန်ခဲ့သူ ➤➤

الْأَمْنُ وَهُمْ مُّهْتَدُونَ ﴿٨٢﴾

ဘေးရန် ကင်းငြိမ်းခြင်းသည် ထိုသူတို့အဘို့သာလျှင်ရှိ၏။ ၎င်းပြင် ထိုသူတို့သည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ရရှိသော သူများ ဖြစ်ကြကုန်သတည်း။

وَتِلْكَ حُجَّتُنَآ اٰتَيْنٰهَآ اِبْرٰهِيْمَ عَلٰى قَوْمِهٖ ۭ نَرْفَعُ دَرَجٰتٍ مَّنْ نَّشَاۗءُ ۭ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ ﴿٨٣﴾

၈၃။ ဤသည် ငါအရှင်မြတ်၏သက်သေ သာဓကဖြစ်သည်၊ ငါအရှင်မြတ်သည်ထိုသက်သေသာဓကကို (တမန်တော်)အိမ်ရာဟိမ်အား ၎င်း၏အမျိုးသားများနှင့်ပြိုင်ဆိုင်ရာတွင် (အနိုင်ရစေရန်အလို့ငှာ) ခြီးမြှင့်တော်မူခဲ့၏။ ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ဂုဏ်ဒြပ်များခြီးမြှင့်တော်မူလေသည်။

စင်စစ်ဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသည်။

وَوَهَبْنَا لَهٗٓ اِسْحٰقَ وَيَعْقُوْبَ ۭ كُلًّا هَدَيْنَا ۚ وَنُوْحًا هَدَيْنَا مِنْ قَبْلُ وَمِنْ ذُرِّيَّتِهٖ دَاوٗدَ وَسُلَيْمٰنَ وَاَيُّوْبَ وَيُوْسُفَ وَمُوْسٰى

၈၄။ ၎င်းပြင် ငါအရှင်သည် ထို(တမန်တော်)အိမ်ရာဟိမ်အား(သားတော် တမန်တော်)"အစ္စဟာက်"နှင့် (မြေးတော် တမန်တော်)"ယအ်ကူဗ်" တို့ကို ခြီးမြှင့်ပေးသနားတော်မူခဲ့၏။

ငါအရှင်မြတ်သည် (ထိုတမန်တော် "အစ္စဟာက်" တမန်တော် "ယအ်ကူဗ်") အသီးသီးတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့၏။

➤➤ မည်သူရှိပါအုံးနည်းဟု လျှောက်ထားကြလေသည်။ ထိုအခါ တမန်တော်မြတ်က "အသင်တို့ ထင်ကြသကဲ့သို့ မဟုတ် 'ဧလ်မ်' ဟူသောပုဒ်၏ အလိုသဘောမှာ လွတ်က်မာန်က မိမိ၏သားအား "အသင်သည် အလွှာဟ် အရှင်မြတ်နှင့် ယှဉ်တွဲ၍မကိုးကွယ်ပါလင့်၊ မုချဧကန် 'ရှစ်ရ်က်' ပြုလုပ်ခြင်းသည် အကြီးဆုံးသော 'ဧလ်မ်' ကျူးလွန်ခြင်းပင်ဖြစ်သည်' ဟူသော ဩဝါဒတွင် ပါသည့် အလိုသဘောပင်ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။ (အီဗ်နူဂျရီရ်) အ-၇၊ စ-၁၆၈၊

وَهٰرُوْنَ ؕ وَكَذٰلِكَ نَجْزِي الْمُحْسِنِيْنَ ۙ﴿۸۴﴾

ထိုနည်းတူ ငါအရှင်မြတ်သည် (တမန်တော် အီဗ်ရာဟီမ်)အလျင် ရှေးယခင်က တမန်တော် နူဟ် အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့ပြီးဖြစ်၏။ ထိုမှတပါး (ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်)၏ သား-မြေးတို့အနက်မှ (တမန်တော်)ဒါဝူဒ်၊ (တမန်တော်) စိုလိုင်မန်၊ (တမန်တော်) အိုင်ယူဗ်၊ (တမန်တော်) ယူစွတ်ဖ်၊ (တမန်တော်) မူစာနှင့် (တမန်တော်) ဟာရုန် တို့အား(လည်း တရားလမ်းမှန်သို့ ပို့ဆောင်တော် မူခဲ့လေသည်)။

စင်စစ်သော်ကား ငါ အရှင်မြတ်သည် သူတော်စင် သူတော်ကောင်းတို့အား ဤနည်းအတိုင်း ပင် အကျိုးပေးလေ့ ရှိတော်မူ၏။

وَزَكَرِيَّا وَيَحْيٰى وَعِيْسٰى وَاِلْيَاسَ ؕ كُلٌّ مِّنَ الصّٰلِحِيْنَ ۙ﴿۸۵﴾

၈၅။ ထို့ပြင်တဝ (ငါအရှင်မြတ်သည်)(တမန်တော်) ဇကရိယာ၊(တမန်တော်)ယဟ်ယာ၊ (တမန်တော်)အီစာ နှင့် (တမန်တော်)အစ်လ်ယာစ်၊ တို့အား(လည်း တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့၏။ ထိုနဗီတမန်တော်) အသီးသီးတို့သည် သူတော်စင်တို့ အနက်မှပင် ဖြစ်ကြကုန်သတည်း။

وَاِسْمٰعِيْلَ وَالْيَسَعَ وَيُوْنُسَ وَلُوْطًا ؕ وَكُلًّا فَضَّلْنَا عَلَى الْعٰلَمِيْنَ ۙ﴿۸۶﴾

၈၆။ (ငါအရှင်မြတ်သည်တမန်တော်) အစ္စမာအီလ်၊ (တမန်တော်)အလ်ယစအ်၊ (တမန်တော်)ယူနုတ်စ်နှင့် (တမန်တော်)လူတ်တို့ တို့အား(လည်း တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့၏။)

၎င်းပြင် ငါအရှင်မြတ်သည် (ထိုနဗီတမန်တော်) အသီးသီးတို့အား စကြာဝဠာ အပေါင်းတို့ အပေါ်ဝယ် ဂုဏ်ထူးဝိသေသ) ခြီးမြှင့်တော်မူခဲ့လေသတည်း။

وَمِنْ اٰبَآىِٕهِمْ وَذُرِّيّٰتِهِمْ وَاِخْوَانِهِمْ ۚ وَاجْتَبَيْنٰهُمْ وَهَدَيْنٰهُمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٨٧﴾

၈၇။ ထို့မျှမကသေးချေ၊ (ငါအရှင်မြတ်သည်) ထို(နဗီတမန်တော်)တို့၏ အဘ၊ ဘေးတို့အနက် အချို့ကိုလည်း၊ ယင်းတို့၏သား၊ မြေး၊ တို့အနက် အချို့ကိုလည်း၊ ယင်းတို့၏ ညီ၊ သား၊ အစ်ကိုတို့အနက် အချို့ကိုလည်း၊ (တရားလမ်းမှန်သို့ ပို့ဆောင်တော်မူခဲ့လေသည်၊)

စင်စစ်သော်ကား ငါအရှင်မြတ်သည် ယင်းသူတို့အားရွေးချယ်တော်မူ၍ ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြား ပြသတော်မူခဲ့လေသတည်း။

ذٰلِكَ هُدَى اللّٰهِ يَهْدِىْ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ؕ وَلَوْ اَشْرَكُوْا لَحَبِطَ عَنْهُمْ مَّا كَانُوْا يَعْمَلُوْنَ ﴿٨٨﴾

၈၈။ ဤကား အလ္လာဟ်အရှင်မြတ်၏ တရားဓမ္မတည်း။ ထိုအရှင်မြတ်သည် မိမိကျွန်တို့အနက်မှ အလိုရှိတော်မူသောသူအား ထိုတရားဓမ္မဖြင့် လမ်းမှန်သို့ ပို့ဆောင်တော်မူ၏။

သို့ရာတွင် အကယ်၍သာ ထိုတမန်တော်များသည် တစုံတရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်ခဲ့ကြပါမူ၊ ၎င်းတို့ ပြုမူခဲ့သမျှ သောကောင်းမှုများသည် ဧကန်မလွဲ အချည်းနှီး အလဟဿ ဖြစ်သွားခဲ့ပေမည်။

اُولٰٓئِكَ الَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ ۚ فَاِنْ يَّكْفُرْ بِهَا هٰٓؤُلَآءِ فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُوْا بِهَا بِكٰفِرِيْنَ ﴿٨٩﴾

၈၉။ (အထက်တွင်ဖော်ပြပါ) ဤ(တမန်တော်)များသည် အကြင်သူများပင်တည်း။ ငါအရှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်ဓမ္မကိုလည်း၊ ဉာဏ်ပညာရပ်တို့ကိုလည်း၊ နဗီတမန်တော်အဖြစ်ကိုလည်း၊ ခြီးမြှင့်ပေးသနားတော်မူခဲ့၏။

သို့ဖြစ်ပေရာအကယ်၍ဤသူများသည် ဤသည်တို့ကို ငြင်းပယ်ကြပါမူ မုချစင်စစ် ငါ

أُولَٰئِكَ الَّذِينَ هَدَى اللَّهُ فَبِهُدَاهُمُ اقْتَدِهْ ۗ قُل لَّا أَسْأَلُكُمْ عَلَيْهِ أَجْرًا ۖ إِنْ هُوَ إِلَّا ذِكْرَىٰ لِلْعَالَمِينَ ﴿٩٠﴾

အရှင်မြတ်သည် ဤသည်တို့ကို အကြင်သူတို့အား လွှဲအပ်တော်မူအံ့။ ထိုသူတို့သည် ဤသည်တို့ကို မည်သည့်အခါမျှငြင်းပယ်ကြမည့်သူများမဟုတ်ပေ။ ③

၉၀။ ဤသူများပင်အကြင်သူများတည်း။ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူပြီးဖြစ်၏။ သို့ဖြစ်ပေရာ အသင် သည်လည်း ၎င်းတို့၏ လမ်းစဉ်ကို လိုက်ပါလေ။

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ ငါသည် ဤသည့် (ကုရ်အာန်ကျမ်းလာဒေသနာတော်များကို ဟောကြားခြင်း)နှင့် စပ်လျဉ်း၍ အသင်တို့ထံ တစုံတရာအခကို တောင်းဆိုသည်မဟုတ်။ ယင်း(ကုရ်အာန်ကျမ်းမြတ်) သည် *စကြာဝဠာ ခပ်သိမ်း(ရှိ ဝေနေယျအပေါင်း)* တို့အဘို့ ဆုံးမသြဝါဒပင် ဖြစ်ချေသတည်း။ ④

---

③ ကုရ်အာန်ကျမ်းမြတ် (၆း၈၅-၈၇)တွင် ပါရှိသော တမန်တော်များအား အလ္လာဟ်အရှင်မြတ်သည် ကျမ်းဂန်၊ "ဟစ်က်မတ်" ဉာဏ်ပညာရပ်၊ "နဗူဝါတ်" နဗီတမန်တော်အဖြစ်များကို ခြီးမြှင့်ထားတော်မူခဲ့၏။ သို့ဖြစ်ပေရာ "နဗူဝါတ်" နဗီတမန်တော်အဖြစ်သည် အထူးအဆန်း မဟုတ်တော့ပေ။ ကာဖိရ်များသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ငြင်းပယ်ရုန်လည်း အကြောင်းမရှိပေ။ ယင်းကဲ့သို့ အလားတူ သက်သေသာဓက စံနမူနာများ ရှိနေပါလျက် ကာဖိရ်များသည် တမန်တော်မြတ်၏ "နဗူဝါတ်" နဗီတမန်တော်မြတ်အဖြစ်ကို ငြင်းပယ်ကြသည်ရှိသော် တမန်တော်မြတ်အဘို့ ဝမ်းနည်းဘွယ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၏ "နဗူဝါတ်" ကို နာခံရန်အတွက် အကြင်သို့သောသူများကို လွှဲအပ် ခန့်ထားတော်မူပြီးဖြစ်သည်။ ထိုသူများသည် တမန်တော်မြတ်၏ "နဗူဝါတ်" ကို ဘယ်သောအခါမျှ ငြင်းပယ်ကြမည်မဟုတ်ပေ။ ထိုသူများကား "အန်ဆွာရ်" နှင့် "မူဟာဂျိရိန်" များတည်း။

ထာနဝီ၊ အ-၃၊ စ-၁၂၂၊

④ "ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာအဝှန်းအတွက် အဆုံးအမ ညြဝါဒပင် ဖြစ်ပေသည်" ဤမှတ္ထုပါဠိတော်ကို ဆောက်ရွက်ခြင်းအားဖြင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် လူမျိုးတမျိုး ပြည်နယ်တခု၊ ခေတ်တခေတ်အတွက်သာ ပွင့်တော်မူခဲ့သည် မဟုတ်ကြောင်း၊ ကမ္ဘာတသက် ကမ္ဘာအဝှန်းအတွက် ပွင့်လာတော်မူကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِۦٓ إِذْ
قَالُوا مَآ أَنزَلَ اللَّهُ عَلَىٰ بَشَرٍ
مِّن شَىْءٍ ۗ قُلْ مَنْ أَنزَلَ ٱلْكِتَٰبَ
ٱلَّذِى جَآءَ بِهِۦ مُوسَىٰ نُورًا
وَهُدًى لِّلنَّاسِ تَجْعَلُونَهُۥ
قَرَاطِيسَ تُبْدُونَهَا وَتُخْفُونَ
كَثِيرًا ۚ وَعُلِّمْتُم مَّا لَمْ تَعْلَمُوٓا
أَنتُمْ وَلَآ ءَابَآؤُكُمْ ۖ قُلِ ٱللَّهُ ۙ ثُمَّ
ذَرْهُمْ فِى خَوْضِهِمْ يَلْعَبُونَ ﴿٩١﴾

၉၁။ စင်စစ်သော်ကား၎ ၎င်းတို့က 'အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူသားတဦးတယောက်၏အပေါ် ၌မျှ မည်သည့်တစုံတရာကိုမျှ ချပေးသနား၊တော်မူခဲ့သည်မဟုတ်' [၁] ဟုပြောဆိုကြသည့်အခါ၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား သိရန် တာဝန်ရှိသည်နှင့်အညီ နက်နဲစွာမသိခဲ့ကြချေ။

(အို–နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)မေးမြန်းပါလေ။ မူစာသည် လူတို့အတို့ရောင်ခြည်တော်အဖြစ်၎င်း၊ တရား၁မှအဖြစ်၎င်း၊ ယူဆောင်လာသော ကျမ်းဂန်ကို မည်သူသည် ချပေးခဲ့ပါသနည်း။ အသင်တို့သည် ထိုကျမ်းဂန်ကို (အဘိုးမတန်သော) စက္ကူများ(ပမာ) ပြုလုပ်ထားကြ၏။ အသင်တို့သည် ထိုစက္ကူများ(၏ အချို့အစိတ်အပိုင်း)ကိုထင်ရှားစေကြကုန်၏။ သို့ရာတွင် အသင်တို့သည် များစွာ(သော အစိတ်အပိုင်းတို့)ကိုမူ ထိန်ချန်လျှို့ဝှက်ထားကြလေသည်။ စင်စစ်သော်ကား၊ အသင်တို့သည် (ထိုကျမ်းဂန်အားဖြင့်) အကြင်အရာများကိုသင်ကြားပို့ချခြင်း ခံခဲ့ကြရလေသည်။ ထိုအရာများကို အသင်တို့ ကိုယ်တိုင်လည်း မသိရှိခဲ့ကြချေ။ အသင်တို့၏ အဘ ဘိုးဘေးတို့သည်လည်း မသိခဲ့ချေ။

---

① အချို့ယဟူဒီများသည် တမန်တော်မြတ်ထံသို့ လာခဲ့ကြ၏။ တမန်တော်မြတ်သည် ကိုယ်နှင့်ခြေသလုံးနှစ်ဘက်ကို အဝတ်တစ်ခုဖြင့်ရစ်ပတ်ကာ ထိုင်လျက်ရှိတော်မူ၏။ ထိုယဟူဒီများက တမန်တော်မြတ်အား "အို–အဗူလ်ကာစင်မ်၊ တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ သင်ပုံးများတွင် ရေးမှတ်ထားသောကျမ်းဂန်ကို ယူဆောင်လာဘိသကဲ့သို့ အသင်သည် မိုးကောင်းကင်မှကျမ်းဂန်တစ်စောင်ကို ကျွန်ုပ်တို့ထံသို့ အဘယ်ကြောင့် ယူဆောင်၍မလာပါသနည်း" ဟုပြောဆိုကြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ မုက္ခပါဠိတော်(၄၊၁၅၃)ကို ထုတ်ပြန်ပို့ချတော်မူခဲ့လေသည်။ ထိုအခါ ယဟူဒီများအနက်မှ လူတစ်ယောက်သည် ခြေဖျားထောက်ကာ "အလ္လာဟ်အရှင်မြတ်သည် အသင့်အပေါ်၌၎င်း၊ အီစာအပေါ်၌၎င်း၊ အခြားတစ်ဦးတစ်ယောက်အပေါ်၌၎င်း၊ မည်သည့်အရာကိုမျှ ချပေးတော်မူခဲ့သည်မဟုတ်ပါ" ဟုပြောဆိုလေ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ဤမုက္ခပါဠိတော်(၆း၉၂)ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ (အီဗ်နူကျရီရ်) အ–၇၊ စ–၁၇၇၊

(အို–နဗီတမန်တော်) အသင်သည် (ငင်းတို့အား) "အလ္လာဟ် အရှင်မြတ်သည် သာလျှင် (ထိုကျမ်းဂန်ကို ချပေးသနားတော်မူခဲ့သည်)" ဟူ၍ ပြောကြားပါလေ။ ထို့နောက် အသင်သည် ယင်းသို့သူတို့အား ငင်းတို့အကြောင်းမတန်သော ကိစ္စများတွင် ကစားခုန်စားလျက်သာ ပစ်ထားပါလေ။

وَهَٰذَا كِتَٰبٌ أَنزَلْنَٰهُ مُبَارَكٌ مُّصَدِّقُ ٱلَّذِى بَيْنَ يَدَيْهِ وَلِتُنذِرَ أُمَّ ٱلْقُرَىٰ وَمَنْ حَوْلَهَا ۗ وَٱلَّذِينَ يُؤْمِنُونَ بِٱلْءَاخِرَةِ يُؤْمِنُونَ بِهِۦ وَهُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٩٢﴾

၉၂။ ငင်းပြင်ဤ(ကုရ်အာန်ကျမ်းဂန်)သည် အကြင်သို့သော ကျမ်းဂန်ပင်ဖြစ်သည်။ *ထိုကျမ်းဂန်ကို ငါ အရှင်မြတ်သည် ချပေးတော်မူခဲ့သည်။* [၁] "ဗရကတ်" မင်္ဂလာ [၂] နှင့်ပြည့်စုံ(သော ကျမ်းဂန်ဖြစ်)သည်။ ငင်းထက်အလျင် ရှိခဲ့သော ကျမ်းဂန်များကိုလည်း အလ္လာဟ်အရှင်မြတ်အထံတော်မှ ထုတ်ပြန်တော်မူသောကျမ်းဂန်များဖြစ်ကြောင်း) အတည်ပြုသော ကျမ်းဂန်လည်းဖြစ်သည်။ ငင်းပြင်အသင်သည် (ထိုကျမ်းဂန်ဖြင့်) *မက္ကာမြို့တော်* [၃] (သားများ)ကိုငင်း၊ *ထိုမြို့တော်၏ ပတ်ဝန်းကျင်ခွံ* [၄] ရှိသောသူများကိုငင်း၊ သတိပေးရန်ဖြစ်သည်။

---

① တောင်ရာတ်ကျမ်းသည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်ဖြစ်သကဲ့သို့ ဤကုရ်အာန်ကျမ်းဂန်သည်လည်း ထိုအရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်ပင် ဖြစ်၏။ ကုရ်အာန်ကျမ်းဂန်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၏။ အတိတ်ခေတ်ကျမ်းဂန်များကိုလည်း ထောက်ခံအတည်ပြု၏။ မက္ကာမြို့တော်သားများအဘို့ငင်း၊ ထိုမြို့တော်၏ပတ်ဝန်းကျင်၌ ရှိသောသူများအဘို့ငင်း၊ ကမ္ဘာအဝှန်းအဘို့ငင်း၊ သတိပေးနှိုးဆော်သည့် တရားဓမ္မလည်းဖြစ်၏။ ကုရ်အာန်ကျမ်းဂန်ကဲ့သို့ ကျမ်းဂန်တစ်စောင်ကို ကမ္ဘာအဝှန်းရှိ လူသားအားလုံးနှင့် "ဂျင်န်" အားလုံးတို့သည် စုပေါင်း၍ပင် ရေးသားရန် မစွမ်းနိုင်ကြပေ။ ဤသို့သော ကျမ်းဂန်သည် အဘယ်မှ ရောက်ရှိလာခဲ့သနည်း။ တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ မည်သူပို့ချသနည်း။ အမှန်မှာ တောင်ရာတ်ကျမ်းကို အလ္လာဟ်အရှင်မြတ် ပို့ချတော်မူသကဲ့သို့ ကုရ်အာန်ကျမ်းမြတ်ကိုလည်း အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ထုတ်ပြန်ပို့ချတော်မူခဲ့လေသည်။ သို့ဖြစ်ရာ တမန်တော် မူစာ(အလိုင်ဟစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်၏ "ရစူလ်" တမန်တော်ဖြစ်သကဲ့သို့ တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း အလ္လာဟ်အရှင်မြတ်၏ "ရစူလ်" တမန်တော်ဖြစ်ပေသည်။ အချို့ ယဟူဒီများကဲ့သို့ မလိုမုန်းတီးသောစိတ်ဖြင့် ဒေါသအလျောက် အမှန်ကိုအမှားဟူ၍ မဆိုရာ။

စင်စစ်သော်ကား နောင်တမလွန် ဘဝကို ယုံကြည်သောသူများသည် ဤ(ကုရ်အာန်ကျမ်းဂန်) ကိုလည်း ယုံကြည်ကြသည်သာဖြစ်သည်။ ၎င်းပြင် ထိုသူများသည် မိမိတို့၏ ဆွေလာတ်ဝတ်ပြုမှုကိုလည်း စွဲမြဲစွာ စောင့်ထိန်းကြသည်သာ ဖြစ်သတည်း။ [၁]

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ قَالَ أُوحِيَ إِلَيَّ

၉၃။ အမှန်စင်စစ်သော်ကား အကြင်သူထက်ပိုမို၍ မတရားသောသူသည် မည်သူရှိအံ့နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်၌တစုံတရာ မဟုတ်မမှန်ကို ကြံဖန်လိမ်ဆယ်၍ ယိုးစွပ်လေသည်။ [၂]

---

(၁) "မုဗာရတ်က်" ဟူသောပုဒ်သည် "ဗရကတ်" ဟူသော မူရင်းပုဒ်မှ ဆင်းသက်လာ၏။ "ဗရကတ်" ဟူသည် တစုံတခု၌ အလ္လာဟ်အရှင်မြတ်၏ ကောင်းကျိုးချမ်းသာ မင်္ဂလာရှိခြင်းကို ဆိုသည်။ "မုဗာရတ်က်" ဟူသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းကျိုးချမ်းသာ မင်္ဂလာရှိသော အရာကိုဆိုသည်။ ကြည့်။ရာဃိဗ်

(၂) "အုမ္မုလ်ကုရာ" ဟူသည် မက္ကာမြို့တော်ကိုဆိုသည်။ မက္ကာမြို့တော်ကို အုမ္မုလ်ကုရာ ဟုခေါ်ဆိုခြင်းမှာ ထိုမြို့တော်သည် မြို့ရွာအပေါင်းရှိ လူခပင်းတို့အဘို့ "ကိဗ်လတ်" ဖြစ်ခြင်းကြောင့်ဖြစ်သည်။ ၎င်းပြင် ထိုလူခပင်းတို့သည် သားသမီးများ မိခင်တွင်စုရုံးကြသကဲ့သို့ ထိုမြို့တော်တွင် စုရုံးကြလေသည်။

ထာနဝီ၊ အ-၃၊ စ-၁၁၃၊

(၄) ထိုမြို့တော်၏ပတ်ဝန်းကျင် ဟူသောစကားတွင် ထိုမြို့တော်ကို ဝိုင်းခြုံရစ်ပတ်လျက်ရှိသော မြို့ရွာတိုင်းပြည်အားလုံး အကျုံးဝင်ပေရာ ထိုမြို့တော်၏ပတ်ဝန်းကျင် ဟူသောစကားတွင် ကမ္ဘာအဝှန်းရှိ တိုင်းပြည်အားလုံး အကျုံးဝင်ပေသည်။ (ကဗီရ်)။

(၁) အကြင်သူများသည် သေပြီးနောက် ပြန်လည်ရှင်ထရမည့်အရေးကို တွေးတောကြအံ့။ "အာခိရတ်" နောင်တမလွန်ဘဝ ရှိသည်ကို အမှန်ယုံကြည်ကြအံ့။ ထိုသူများသည် မှန်ကန်သောတရားမမှန်နှင့် ငရဲမီးဘေးမှ လွတ်မြောက်ရေးလမ်းစဉ်ကို ရှာဖွေစူးစမ်းကြအံ့၊ ထိုသို့သောသူများသာလျှင် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို လက်ခံနာယူကြအံ့၊ ၎င်းပြင် ဆွေလာတ်အစရှိသည့် ဝတ်ပြုမှုများကိုလည်း စွဲမြဲစွာ ဆောက်တည်ကြအံ့သတည်း။

ဤမုက္ခပါဠ်တော်တွင် ဆွေလာတ်ဝတ်ပြုမှုကို ကျန်ဝတ်ပြုမှုအားလုံးတို့အစား သုံးထားတော်မူခြင်းဖြစ်သည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ဆွေလာတ်ဝတ်ပြုမှုသည် အဘယ်မျှ အရေးကြီးသည်၊ အဘယ်မျှ မြင့်မြတ်သည်ကို စဉ်းစားဆင်ခြင်နိုင်ပေသည်။

(၂) အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ "ဝဟ်ယ်" (ဝဟီ) ကျရောက်ခဲ့သည့် အချိန်ကာလအတွင်း အချို့သူယုတ်မာများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မဟုတ်မမှန်သောစကားများကို လုပ်ကြံလိမ်ဆယ်၍ စွပ်စွဲပြောဆိုခဲ့ကြ၏။ ဥပမာ-အချို့သူယုတ်တို့က "အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူသား တဦးတယောက်အပေါ်၌ မည်သည့်အရာကိုမျှချပေးတော်မူခဲ့သည် မဟုတ်" ဟူ၍၎င်း၊ အချို့သူယုတ်တို့က ➤➤

وَلَمْ يُوحَ إِلَيَّ شَيْءٌ وَمَنْ
قَالَ سَأُنزِلُ مِثْلَ مَا أَنزَلَ
اللَّهُ وَلَوْ تَرَىٰ إِذِ الظَّالِمُونَ فِي
غَمَرَاتِ الْمَوْتِ وَالْمَلَائِكَةُ
بَاسِطُوا أَيْدِيهِمْ أَخْرِجُوا
أَنفُسَكُمُ الْيَوْمَ تُجْزَوْنَ عَذَابَ
الْهُونِ بِمَا كُنتُمْ تَقُولُونَ عَلَى
اللَّهِ غَيْرَ الْحَقِّ وَكُنتُمْ عَنْ آيَاتِهِ
تَسْتَكْبِرُونَ ﴿٩٣﴾

သို့မဟုတ် ထိုသူသည် မိမိအပေါ်၌ "ဝဟ်ယ်" အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကျရောက်သည်ဟု ပြောဆိုလေသည်။ [၁] အမှန်မှာကား၊ ၎င်း၏အပေါ် ဝယ် မည်သည့်အမိန့်တော် တစုံတရာမျှ ကျရောက်သည်မရှိချေ။ ထိုနည်းတူစွာ (အကြင်သူထက် ပိုမို၍ မတရားသော သူကား မည်သူရှိအုံးနည်း၊) ထိုသူက အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူဘိသကဲ့သို့ပင် ကျွန်ုပ်သည်လည်း မကြာမီ (ထိုကဲ့သို့သော မကွပါဒ်တော်များကို) ချပေးအုံ့" ဟု ပြောဆိုလေ၏။

အကယ်၍သာ အသင်သည် အကြင်အခါ၌ တွေ့မြင်ရပါမူ ကောင်းလေစွ၊ ထိုအခါဝယ် (ယင်း) မတရားပြုမူသော သူတို့သည် "မရဏ" သေခြင်း တရား၏ပြင်းထန်မှု၊ (ဒုက္ခများ)တို့၌ ကျရောက် လျက်ရှိကြကုန်အံ့၊ ၎င်းပြင် "မလာအိကဟ်" ကောင်းကင်တမန်များသည် မိမိတို့၏ လက်များကို (၎င်းတို့ဘက်သို့) ကမ်းလျက် "(အသင်တို့သည် *မိမိတို့၏ အသက်ဇီဝိန်များကို (အလျင်အမြန်)ထုတ် (၍ပေး) ကြလေကုန်။* [၂]

➤➤ "အလ္လာဟ် အရှင်မြတ်သည် လူသားတဦးအား ရာဇူလ်တမန်တော်အဖြစ်ဖြင့် စေလွှတ်တော်မူပါသလော" ဟူ၍ဆိုင်း၊ ပြောဆိုခဲ့ကြလေသည်။ ကြည့်–ထာနဝီ။

① "သို့တည်းမဟုတ် (အကြင်သူထက် ပိုမိုကျူးလွန်သူ အသူရိအုံးနည်း၊) ထိုသူက "ကျွန်ုပ်တို့ထံသို့ ဝဟီကျရောက်၏" ဟု ဆို၏။ အမှန်မှာ ထိုသူထံသို့ တစုံတရာ ဝဟီကျရောက်ခဲ့သည် မရှိချေ။

ဤမုကွပါဒ်တော်တွင် နဗီမဟုတ်ဘဲ မိမိတို့ကိုယ်ကိုမိမိတို့ နဗီများဖြစ်ကြပါသည်ဟု မုသားလိမ်ဆယ် ပြောဆိုသူ အားလုံး အကျုံးဝင်ကြပေသည်။

② အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မဟုတ်မှန် လုပ်ကြံ၍ပြောဆိုသော သူယုတ်မာများသည် ကြီးလေးသော အပြစ်ဒဏ်များကို အထူးသဖြင့် သေခါနီးအချိန်တွင်၎င်း၊ ကိယာမက်နေ့တွင်၎င်း ခံစားကြရမည်။ ဤမုကွပါဒ်တော်တွင် သေခါနီးအချိန်၌ ထိုသူယုတ်မာတို့ တွေ့ဆုံရင်ဆိုင်ရမည့်ဖြစ်ရပ်ကို မိန့်ဆိုထားတော်မူသည်။

လူသားတို့၏ အသက်ဇီဝိန်များကို ကောင်းကင်တမန်များသာ နှုတ်ကြပေသည်။ အသက်ဇီဝိန် နှုတ်ခြင်းသည် လူသားတို့၏ အလုပ်မဟုတ်ပေ။ အဆိုပါ သူယုတ်မာတို့အား သေခါနီး အချိန်တွင် ➤➤

ယနေ့မူကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မမှန်ကန်သောစကားကို ကြံဖန်လိမ်ဆယ်၍ ပြောဆိုကြသောကြောင့်၎င်း၊ ထိုအရှင်မြတ်၏သက်သေလက္ခဏာများကို မထီမဲ့မြင် ပြုပြင်ကြသောကြောင့်၎င်း၊ ယုတ်ညံ့ သိမ်ဖျင်းစေသော ပြစ်ဒဏ်ကို ခံစားကြရလတ္တံ့၊ (ဟု ပြောဆိုကြကုန်အံ့၊)

وَلَقَدْ جِئْتُمُونَا فُرَادَىٰ كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ وَتَرَكْتُم مَّا خَوَّلْنَاكُمْ وَرَاءَ ظُهُورِكُمْ ۖ وَمَا نَرَىٰ مَعَكُمْ شُفَعَاءَكُمُ الَّذِينَ زَعَمْتُمْ أَنَّهُمْ فِيكُمْ شُرَكَاءُ ۚ لَقَد تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنكُم مَّا كُنتُمْ تَزْعُمُونَ ﴿٩٤﴾

၉၄။ ၎င်းပြင် (အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ) (ယခုမူကား) အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ *ပထမမူလက ငါအရှင်မြတ် အသင်တို့အား ဖန်ဆင်းတော်မူသည့် အတိုင်းပင် တယောက်စီ၊ တယောက်စီ လာကြလေပြီ။* [၁] ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (ဥစ္စာပစ္စည်း)များကိုလည်း မိမိတို့ နောက်တွင် စွန့်ထားခဲ့ကြလေပြီ။

ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့နှင့် အတူတကွ အသင်တို့အား ကြားဝင်အသနားခံပေးမည့် အကြင်သူများကိုလည်း တွေ့မြင်တော်မမူ။ အသင်တို့သည် မိမိတို့၏အရေးကိစ္စများတွင် ထိုသူများသည် (ငါအရှင်မြတ်၏) အပေါင်းအဖက်များဖြစ်သည်ဟူ၍ ထင်မြင်ယူဆခဲ့ကြလေသည်။

➤➤ ကောင်းကင်တမန်များက "အသင်တို့သည် မိမိတို့၏ အသက်ဇီဝိန်များကို ထုတ်ကြ"ဟု ပြောဆိုခြင်းမှာ ထိုသူယုတ်တို့၏ ဆင်းရဲဒုက္ခများကို ပိုမိုများပြားစေရန်အတွက် ပြစ်တင်ပြောဆို ကြိမ်းမောင်းခြင်းပင်ဖြစ်သည်။

① အလိုသဘောကား အသင်တို့သည် ငါအရှင်မြတ်ထံသို့ (ပဌမမူလ ငါအရှင် အသင်တို့ကို ဖန်ဆင်းတော်မူသည့်အတိုင်း) တယောက်စီ၊ တယောက်စီ ရောက်ရှိလာကြပြီ။ အသင်တို့အနက် လူတိုင်းလူတိုင်းသည် လူ့လောကတွင် ၎င်းတို့နှင့်အတူတကွ ရှိခဲ့ကြသော အိမ်သူအိမ်သားများလည်းမပါ၊ ဥစ္စာပစ္စည်းလည်းမပါ၊ သားသမီးများလည်းမပါ၊ ကူညီ ယိုင်းပင်းသူများလည်းမပါ၊ တကိုယ်တည်းတည်း လူချည်း ပြန်လာကြပြီ။ အလ္လာဟ်အရှင်မြတ်အား စွန့်၍ အသင်တို့ ကိုးကွယ်ခဲ့ကြသော အရာများသည်လည်း အသင်တို့အား တစုံတရာ အကျိုးမပြုကြချေ။ (ကုရ်တုဗီ)။

(ယခုမူကား) အသင်တို့ (အချင်းချင်း)၏ စပ်ကြားဝယ် အဆက်ပြတ်သွားချေပြီ၊ ၎င်းပြင် အသင်တို့၏ ထင်မြင်ယူဆချက်သည်လည်း အသင်တို့ထံမှ ပျောက်ကွယ်သွားချေပြီ။ (သို့ဖြစ်ပေရာ ယခုမူကား အပြစ်ဒဏ်ကို အပြည့်ခံကြရတော့ပေမည်)။

إِنَّ اللَّهَ فَالِقُ الْحَبِّ وَالنَّوَىٰ ۖ يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ الْمَيِّتِ مِنَ الْحَيِّ ۚ ذَٰلِكُمُ اللَّهُ فَأَنَّىٰ تُؤْفَكُونَ ﴿٩٥﴾

၉၅။ ကောနစ်စစ်အလွှာဟ်အရှင်မြတ်သည် မျိုးစေ့များနှင့်သစ်စေ့များကို (အညှောက်အတက် ထွက်စေရန်) အက်ကွဲစေတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။ [၁] ထိုအရှင်မြတ်သည်သာလျှင် သက်မဲ့အရာများမှ သက်ရှိသတ္တဝါများကို ထုတ်တော်မူလေသည်။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် သက်ရှိသတ္တဝါများမှ သက်မဲ့အရာများကို ထုတ်တော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူ၏။

သို့ပြုစွမ်းနိုင်တော်မူသော အရှင်သည်ကား အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် (ထိုအရှင်မြတ်အားခဝပ်ကိုးကွယ်ခြင်းကိုစွန့်၍) အဘယ်သို့ပြန်လှည့်သွားကြလေသနည်း။

فَالِقُ الْإِصْبَاحِ ۚ وَجَعَلَ اللَّيْلَ سَكَنًا وَالشَّمْسَ وَالْقَمَرَ حُسْبَانًا ۚ ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ ﴿٩٦﴾

၉၆။ (ထိုအရှင်မြတ်သည် ညဉ့်၏ အမိုက်မှောင်အတွင်းမှ) နံနက်မိုးသောက်ချိန်ကိုခွဲ၍ ထုတ်တော်မူသောအရှင်ဖြစ်တော်မူ၏။ [၂] ၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် ညဉ့်အချိန်ကို (လူသတ္တဝါအပေါင်းတို့) အနားယူရန် ပြုလုပ်ထားတော်မူ၏။ [၃] နေနှင့်လတို့ကိုလည်း (နေ့ရက်လများ)တွက်ချက်ရန် အတိုင်းအတာနှင့် ပြုလုပ်ထားတော်မူသည်။ [၄]

---

① မြေမှပေါက်ရောက်သော ကောက်ပဲသီးနှံများ၊ သစ်ပင်ဝါးပင်များကို ပြုစုပျိုးထောင်ပေးသော အရှင်တပါး သီးခြားရှိသည်ဟူ၍ မုန်ရစ်ကိုးယူဆခဲ့ကြ၏။ ကောက်ပဲသီးနှံ၊ သစ်ပင်ဝါးပင်များ၌ မိမိကိုယ်တိုင် ပေါက်ပွားနိုင်သည့် သတ္တိရှိသည်ဟု အချို့ကယူဆကြ၏။ ထိုအယူအဆများသည် မှား၏။ အမှန်မှာ အလွှာဟ် ➤➤

ဤသည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ အလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်၏ စီမံ ခံ့ခန့်ခွဲမှုပင်တည်း။

وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُوا بِهَا فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ ۗ قَدْ

၉၇။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အကြင်အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဘို့ နက္ခတ်တာရာများကို ကုန်းမြေနှင့် သမုဒ္ဒရာပင်လယ်၏အမှောင်များတွင် လမ်းမှန်ရစေခြင်းငှာ ပြုလုပ်တော်မူခဲ့လေသည်။ [၁]

➤➤ အရှင်မြတ်သည်ပင် ထိုကောက်ပဲသီးနှံများ၊ သစ်ပင်ဝါးပင်များကို ပြုစုပျိုးထောင်တော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်ပင် ထိုအပင်များ၌ အချိန်အခါဥတုရာသီအလိုက်ပေါက်ရောက် ကြီးထွားသီးပွင့်နိုင်သည့်သတ္တိများကိုလည်း ထည့်သွင်းပေးထားတော်မူခြင်းဖြစ်သည်။ (မာဂျိဒီ)အ-၂၈-၃၀၃၊ အအ-၁၄၁။

① အလ္လာဟ်အရှင်မြတ်သည် အစေ့၊ ဥ၊ သုတ်ရည်စသည်တို့မှ အပင်များ၊ အကောင်များ၊ လူများစသည့် သက်ရှိများကို ဖြစ်စေတော်မူ၏။ ထို့အတူပင် ထိုအရှင်မြတ်သည် ညဉ့်၏အနက်မှောင်မှ နံနက်လင်းရောင်ခြည်ကို ဖြစ်စေတော်မူသည်။ ဤသို့အားဖြင့် ကမ္ဘာမြေလောကနှင့် ကောင်းကင်လောကသည် အချင်းချင်း တူညီ၍ သွားပေသည်။ မြေပြင်၌ သက်မဲ့မှသက်ရှိဖြစ်ပေါ်၏။ ကောင်းကင်၌ အမှောင်မှအလင်း ပေါ်လာ၏။ ကောင်းကင်၌ အလင်းရောင်ခြည်ရှိ၏။ မြေပြင်၌သက်ရှိသတ္တဝါများရှိ၏။ (ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်နှင့် မဟာကရုဏာတော်ပင်တည်း)။ ဂျဝါဟစ်ရ်၊ အ-၄၊ စ-၈၀၊

② လူတို့သည် နေ့အချိန်တွင် လောကီ လောကုတ္တရာကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ကြသဖြင့်မောပန်းကြ၏။ ညဉ့်အချိန်တွင် ဆိတ်ငြိမ်စွာနေကြ၏။ အိပ်စက်၍ အပန်းဖြေကြ၏။ ယင်းသို့ လူသားတို့ ပြုလုပ်နိုင်ရန်အတွက် ထိုနေ့နှင့်ညဉ့်ကိုလည်း အလ္လာဟ်အရှင်မြတ်သည်ပင် ဖန်ဆင်းထားတော်မူ၏။

အလ္လာဟ်အရှင်မြတ်သည် နေ့ကိုလည်း ဖန်ဆင်းထားတော်မူ၏။ ညဉ့်ကိုလည်း ဖန်ဆင်းထားတော်မူ၏။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် နေ့မပါညဉ့်ချည်းကိုသာ ဖန်ဆင်း၍ထားတော်မူပါသော် နေ့ကို မည်သူဖန်တီးနိုင်အုံးနည်း၊ အလ္လာဟ်အရှင်မြတ်မှတပါး မည်သူမျှမဖန်တီးနိုင်ပေ။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်နှင့် မဟာကရုဏာတော်ပင်တည်း။

③ နေနှင့်လတို့သည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အတိုင်းအတာနှင့် အပိုအလိုမရှိ တိကျမှန်ကန်စွာ သွားလာလည်ပတ်လျက် ကမ္ဘာအဝှန်းကို အကျိုးပြုနေကြ၏။ နေနှင့်လကို အကြောင်းပြု၍ လူသားများသည် နေ့၊ ရက်၊ ခုနှစ်သက္ကရာဇ်များကို သိနိုင်ကြ၏။

④ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အကျိုးအလို့ငှာ မြောက်မြားစွာသော နက္ခတ်တာရာများကို ဖန်ဆင်းထားတော်မူ၏။ လူသားတို့သည် ထိုနက္ခတ်တာရာများကိုကြည့်၍ ကုန်း၌၎င်း၊ ရေ၌၎င်း။ အမှောင်များတွင် အချိန်များကိုလည်း သိနိုင်ကြ၏။ လမ်းခရီးနှင့် အရပ်ဒေသများကိုလည်း သိနိုင်ကြ၏။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်နှင့် မဟာကရုဏာတော်ပင်တည်း။ ➤➤

فَصَّلْنَا الْآيٰتِ لِقَوْمٍ يَّعْلَمُوْنَ ﴿٩٨﴾

စင်စစ်ဧကန် ငါအရှင်မြတ်သည် (မိမိ) သက်သေသာဓကတို့ကို သိနားလည်သောသူတို့အတွက် အသေးစိတ် ရှင်းလင်း ဖော်ပြတော်မူခဲ့လေသတည်း။

တနည်း

ဌင်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ နက္ခတ်တာရာများကို ဖန်ဆင်းထားတော်မူ၏။ သို့မှသာလျှင် အသင်တို့သည် (ညဉ့်၏) အမှောင်များတွင် ကုန်းမြေ၌ဌင်း၊ သမုဒ္ဒရာပင်လယ်၌ဌင်း၊ (တနည်း-ကုန်း၌ဌင်း၊ ရေ၌ဌင်း) ထိုနက္ခတ်များကို အကြောင်းပြု၍ လမ်းသိနိုင်ကြပေမည်။

မုချဧကန် ငါအရှင်မြတ်သည် သက်သေလက္ခဏာတော်များကို အသိဉာဏ် ရှိသူတို့အတွက် ရှင်းလင်း ဖော်ပြထားတော်မူသည်။

وَهُوَ الَّذِيْٓ اَنْشَاَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ فَمُسْتَقَرٌّ وَّمُسْتَوْدَعٌ ؕ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ

၉၈။ ဌင်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အကြင်အရှင်မြတ်တည်း။ ထို အရှင်မြတ်သည် အသင် (လူသား)တို့အား *လူတဦးတယောက်တည်းမှ ဖြစ်ပွားစေတော်မူခဲ့လေသည်။* [၁] တဖန် (အသင်တို့အတွက်) ကြာရှည်နေကြရန် နေရာတစ်ခု (မိခင်တို့၏သားအိမ်) လည်းရှိ၏။ ဌင်းပြင် ခေတ္တနေကြရန် နေရာတစ်ခု (ဘခင်တို့၏ကျောက်ကုန်း)လည်း ရှိ၏။ [၂]

➤➤ "အစ်လ်မွန်နဂျမ်" နက္ခတ်တာရာ အတတ်ပညာကို လေ့လာဆည်းပူး၍ အချို့သူများသည် နောက်ဖြစ်မည့်ဘဝအရေးများကို ကြိုတင်၍ဟောပြောကြသည်။ ဤသို့သောဟောပြောခြင်းသည် အစွမ်လာမ်တရားတော်နှင့် လုံးဝဆန့်ကျင်၏။ သို့ရာတွင် နက္ခတ်တာရာအတတ်ပညာကို လေ့လာဆည်းပူး၍ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဉာဏ်တော် သက်သေလက္ခဏာတော်များကို တွေးဆဆင်ခြင် မြော်မြင်ခြင်းကိုမူကား အစွမ်လာမ်သည် မတားမြစ်ပေ။

① အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးတို့အား လူတစ်ဦးတည်းမှ(၀၊) ဘခင်ကြီးအာဒမ်(အလိုင် ➤➤

يَفْقَهُونَ ﴿٩٨﴾

အမှန်စင်စစ် ငါအရှင်မြတ်သည် အသိဉာဏ် ရှိသောသူတို့အဘို့ (မိမိ) သက်သေသာဓကများကို အသေးစိတ် ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်လေသည်။

وَهُوَ الَّذِي أَنزَلَ مِنَ السَّمَاءِ مَاءً فَأَخْرَجْنَا بِهِ نَبَاتَ كُلِّ شَيْءٍ فَأَخْرَجْنَا مِنْهُ خَضِرًا نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا وَمِنَ النَّخْلِ مِن طَلْعِهَا قِنْوَانٌ دَانِيَةٌ وَجَنَّاتٍ مِّنْ أَعْنَابٍ

၉၉။ ၎င်းပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ (မိုး)ရေကို ရွာသွန်းချတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုရေဖြင့် ကောက်ပဲသီးနှံ အညှောင့်အတက် မျိုးစုံတို့ကို ထွက်စေတော်မူခဲ့လေသည်။ ၎င်းနောက် ငါအရှင်မြတ်သည် ထို အညှောင့်အတက်မှ စိမ်းစိုသော အကိုင်းအလက်ကို ထွက်စေတော်မူ၏။ ငါအရှင်မြတ်သည် ထိုအကိုင်း အလက်မှ အထပ်ထပ်ပြွတ်လျက်ရှိသော အစေ့၊ အဆန်တို့ကို ထွက်စေတော်မူ၏။

➤➤ ဟစ္စလာမ်)မှပင် ဖြစ်ပွားစေတော်မူခဲ့သည်။ သို့ဖြစ်ပေရာ လူသားအားလုံးတို့၏ ဘခင်ကြီးမှာ တဦးတည်း ပင်ဖြစ်သည်ကို ကောင်းစွာ သိနိုင်ပေသည်။ ဤသည့်အချက်ကို စဉ်းစားဆင်ခြင်သိမြင်ကြပါလျှင် ယနေ့ လူလောကၦ် ဖြစ်ပွားလျက်ရှိသော လူယဉ်၊ လူရိုင်း၊ လူဖြူ၊ လူမည်း၊ ဇာတ်နိမ့်၊ ဇာတ်မြင့် စသည့်များစွာသော ပြဿနာများသည် ရှင်းလင်း၍ သွားနိုင်ပေသည်။ ဤသည်လည်း အလွှာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်နှင့် မဟာကရုဏာတော်ပင်တည်း။

(ကြည့်-မာကျီဒီ။ အ-၂၊ စ-၃၀၃၊ အအ-၁၄၄၊)

ⓙ "မုစ်တကရ်ရ" ဟူသည် တည်းခိုရာဌာန၊ ရပ်နားရာဌာနကို ဆိုသည်။ "မုစ်တောင်ဒအိ" ဟူသည် လွှဲအပ်ပေးရာဌာန၊ ထိန်းသိမ်းထားရန်အတွက် အပ်နှံထားရာ ဌာနကိုဆိုသည်။ ဤသည်အဘိဓာန် အနက်တည်း။ အဆိုပါပုဒ် ၂-ပုဒ်၏ အနက်သဘောကို ဖွင့်ဆိုရေးသားရာတွင် မုဖတ်စ်စ်ရ်များသည် အဆိုပြားလျက်ရှိကြသည်။ အဆိုပါပုဒ်များနှင့် စပ်လျဉ်း၍ တဖစ်ဇီရ် မူသွေဟုလ် ကုရ်အာန်ကျမ်းရှင် မောင်လာနာ ရှာဟ်အဗ်ဒုလ်ကာဒိရ် သခင်၏ ဖွင့်ဆိုရေးသားချက်ကို ကျွန်ုပ်ပိုမို နှစ်ခြိုက်သည်။ ရှာဟ်အဗ်ဒူလ်ကာဒိရ်သခင်၏ အဖွင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

"လူသည် ပဌမသော် လူ့လောက၏အပြုအပြင်၊ အရည်အချင်း၊ သတ္တိများကို တဖြည်းဖြည်း ခံယူနိုင်ရန်အတွက် အမိ၏ဝမ်းတွင်း၌ အပ်နှံခြင်းခံရသည်။ ပြီးနောက် လူ့လောကတွင် လာရောက်ရပ်နား၏။ ထို့နောက် တဖန်လူသည် "အာခိရတ်" နောင်တမလွန်ဘဝသို့ ပြောင်းရန်အတွက် သင်းချိုင်းတွင် အပ်နှံခြင်း ခံရပြန်၏။ ပြီးနောက် လူသည် ဂျန္နတ်တွင်သော်၎င်း၊ ဂျဟန္နမ်တွင်သော်၎င်း၊ သွားရောက်တည်းခိုး၏။

وَّالزَّيْتُوْنَ وَالرُّمَّانَ مُشْتَبِهًا وَّغَيْرَ مُتَشَابِهٍ ؕ اُنْظُرُوْۤا اِلٰى ثَمَرِهٖۤ اِذَاۤ اَثْمَرَ وَيَنْعِهٖ ؕ اِنَّ فِىْ ذٰلِكُمْ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ﴿۹۹﴾

ထိုပြင် စွန်ပလွံပင်များမှ (ဝါ) ၎င်း၏အဖူးဝတ်ဆံများမှ တွဲလဲကျနေသောအခိုင်များ (ထွက်လေ၏။) ထိုမှတပါး (ငါအရှင်မြတ်သည်) စပျစ်ခြံများကိုလည်း၊ သံလွင်သီး၊ သလဲသီးများကိုလည်း၊ (ဖန်ဆင်းတော်မူခဲ့လေသည်။) *အချို့မှာ အချင်းချင်းတူ၏။ အချို့မှာ မတူချေ။* [၁]

အသင်တို့သည် ထိုအသီးများသီးချိန်၌၎င်း၊ မှည့်ခြင်းများကို ကြည့်ရှုကြလေကုန်။ ဧကန်စင်စစ် ဤသည်တို့၌ သက်ဝင်ယုံကြည်(လို)သော သူတို့အတို့ သက်သေ သာဓကများ ရှိကြကုန်သတည်း။

وَجَعَلُوْا لِلّٰهِ شُرَكَآءَ الْجِنَّ وَخَلَقَهُمْ وَخَرَقُوْا لَهٗ بَنِيْنَ وَبَنٰتٍۢ بِغَيْرِ عِلْمٍ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يَصِفُوْنَ ﴿۱۰۰﴾

၁၀၀။ သို့ပါလျက် ထိုသူများသည် *ဂျင်နီ(နှ)သတ္တဝါများကို အလ္လာဟ်အရှင်မြတ်၏တွဲဖက်များ ပြုခဲ့ကြကုန်၏။* [၂] အမှန်စင်စစ်သော်ကား ထို(အလ္လာဟ်)အရှင်မြတ်သည်ပင်လျှင် ယင်း(မွတ်ရှိရစ်က်တို့ကို ဖန်ဆင်းတော်မူခဲ့လေသည်။ (“ဂျင်နီ” များကဖန်ဆင်းထားသည်မဟုတ်၊) ၎င်းပြင် ယင်းတို့သည် မသိနားမလည်ကြဘဲလျက် အလ္လာဟ်အရှင်မြတ်၌ သားသမီးများ ရှိသည်ဟူ၍ ကြံစည်စွပ်စွဲ ပြောဆိုကြလေ၏။ ထိုအရှင်မြတ်သည် ၎င်းတို့စွပ်စွဲပြောဆိုကြသည်တို့မှ သန့်ရှင်းစင်ကြယ် မြင့်မြတ်လှတော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ကောင်းကင်မှမိုးရေကို ရွာသွန်းချတော်မူ၍ ၎င်းပြင် ထူးထွေဆန်းပြားလှသည် အပင်ကြီးငယ်အမျိုးမျိုးတို့ကို ပေါက်ရောက်စေတော်မူသော အပင်ကြီးငယ်တို့၏ ပေါက်ပွားကြီးထွားသီးပွင့်မှည့်ရင့်ပုံတို့ကိုကား အံ့မဆုံးပင်၊ ၎င်းအပင်ကြီးငယ်များသည် အစေ့အညှောင့် အကိုင်းအလက်၊ ညွှန့်တက်၍ ကြီးထွားလာကြ၏။ ဥတုရာသီနှင့်အညီ လျောက်ပတ်တင့်တယ် ရွှေချင်ဘွယ် ငုံကင်းသီးပွင့်ကြ၏။ ပထဝီ၊ တောဇော၊ အာဘော၊ ဝါယော ဓါတ်များသည် တမျိုးတစားတည်းပင် ဖြစ်လင့်ကစား ထိုဓါတ်များကို အကြောင်းပြု၍ ပေါက်ပွားလျက်ရှိသော အပင်ကြီးငယ် တို့တွင်မူ ဝတ်ဆံ၊ ဝတ်မှုံ အမျိုးမျိုး၊ အထုံအခိုး အမျိုးမျိုး၊ အညွှန့်အတက် အမျိုးမျိုး၊ အဖူးအငုံ အမျိုးမျိုး၊ အပွင့် အမျိုးမျိုး၊ အသီး အမျိုးမျိုး၊ ရသာသြဇာ အမျိုးမျိုး၊ အဆင်းသဏ္ဌာန် အမျိုးမျိုး ရှိကြ၏။ ထိုထိုသော အပင်ကြီးငယ်တို့တွင် သီးပွင့်လျက်ရှိသော အသီးအပွင့် ➤➤

بَدِيعُ السَّمَٰوَٰتِ وَالْأَرْضِ ۖ أَنَّىٰ يَكُونُ لَهُ وَلَدٌ وَلَمْ تَكُن لَّهُ صَاحِبَةٌ ۖ وَخَلَقَ كُلَّ شَيْءٍ ۖ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٠١﴾

၁၀၁။ (ထိုအရှင်မြတ်သည်) မိုးများနှင့်ပထဝီမြေကို စတင်ဖန်ဆင်း တီထွင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထို အရှင်မြတ်၌ ကြင်ရာကြင်ဘက်မရှိဘဲလျက် *အဘယ်မှာလျှင်* ထိုအရှင်မြတ်၌ *သားသမီးရှိနိုင်ပါအံ့နည်း*။ [၁]

စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော် မူခဲ့လေသည်။ ၎င်းပြင် ထို အရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

➤➤ တို့မှာပွင့်စ၊ ဖူးစ၊ ကင်းစ၊ သီးစအခါ၌တမျိုး၊ ကြီးထွားမှည့်ရင့်သည့်အခါ၌တဖုံ တစ်မျိုးတစ်ဖုံစီ ဖြစ်သည်မှာလည်း အံ့မဆုံးပင်ဖြစ်သည်။ ရွက်နု၊ ရွက်ဟောင်း လဲပြောင်း၍ ညွှန့်တက် ခက်လက် ဝေဆာလျက် ရှိသည်မှာလည်း ရှုမည်းပင် ဖြစ်၏။ ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော် မဟာကရုဏာတော်ပင်တည်း။

ဤသည်များကို တွေးဆ ဆင်ခြင်ပါက အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၊ ဉာဏ်တော် ကရုဏာတော်များသည် အဘယ်မျှ ကြီးမားလှသည်ကို သိမြင်နိုင်ပေသည်။

ⓙ ကုရ်အာန်ကျမ်းမြတ်(၆း၉၆-၁၀၀)တွင် ပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကရုဏာတော်အနန္တနှင့် ပြည့်စုံတော်မူ၏။ သို့ပါလျက် မုရ်ရုရ်က်များသည် "ဂျင်နီ" ရှိုင်တွာန်များကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဘက် ယှဉ်ဘက်များ ပြုလုပ်ထားကြ၏။ အမှန်မှာ ထိုမုရ်ရစ်က်တို့ကို အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ဖန်ဆင်းထားတော်မူ၏။ "ဂျင်နီ" များက ဖန်ဆင်းထားသည် မဟုတ်ပေ။ ဤသည့်အချက်ကိုလည်း ယင်းမုရ်ရစ်က်တို့သည် ဝန်ခံကြပေသည်။ ထိုမုရ်ရစ်က်များအနက် အချို့က အလ္လာဟ်အရှင်မြတ်၌ သားသမီးများရှိသည်ဟု သက်သေသာဓက တစ်စုံတစ်ရာ မရှိဘဲလျက် ပြောဆိုကြ၏။ ဥပမာ-နဆ်ရာနီများက တမန်တော်အီစာသည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍၎င်း၊ ယဟူဒီများက အုဇိုင်ရ်သခင်သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍၎င်း၊ အရဗ် မုရ်ရစ်က်များက "မလာအိကဟ်" ကောင်းကင်တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏သမီးတော်များ ဖြစ်သည်ဟူ၍၎င်း၊ ပြောဆိုကြ၏။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် တပါးတည်း တည်ရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မုရ်ရစ်က်တို့ပြောဆိုသော စကားများမှ လုံးဝ သန့်ရှင်းစင်ကြယ်တော်မူပေသည်။

ⓚ မုရ်ရစ်က်များက အလ္လာဟ်အရှင်မြတ်၌ သားသမီးရှိသည်ဟုဆိုကြ၏။ သားသမီးများသည် မိဘနှစ်ပါးတို့မှ ဆင်းသက်ပေါက်ဖွားကြ၏။ သို့ဖြစ်ပေရာ "အလ္လာဟ်အရှင်မြတ်၌ သားသမီးရှိသည်" ဟု ဆိုသူများသည် ထိုအရှင်မြတ်၌ ဇနီးကြင်ဘက်ရှိသည်ဟု ဆိုရာရောက်ပေသည်။ သို့ရှိရာ ထိုသို့ဆိုသောသူများသည် ➤➤

ذَٰلِكُمُ اللَّهُ رَبُّكُمْ لَا إِلَٰهَ إِلَّا هُوَ خَالِقُ كُلِّ شَيْءٍ فَاعْبُدُوهُ ۚ وَهُوَ عَلَىٰ كُلِّ شَيْءٍ وَكِيلٌ ﴿١٠٢﴾

၁၀၂။ (ဤသည်) ထို အရှင်မြတ်သည်ပင်လျှင် အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ် အရှင်မြတ်ပင်တည်း။ ထိုအရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာအရှင် မရှိပြီ။ (ထိုအရှင်မြတ်သည်) အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြလေကုန်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို စီမံခန့်ခွဲ ပြီးပြိမ်းစေတော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။

لَّا تُدْرِكُهُ الْأَبْصَارُ وَهُوَ يُدْرِكُ الْأَبْصَارَ ۖ وَهُوَ اللَّطِيفُ الْخَبِيرُ ﴿١٠٣﴾

၁၀၃။ (မဲသ) စက္ခုများသည် ထို အရှင်မြတ်အား (စိတ်ငုံ) မိနိုင်သည် မဟုတ်ပေ။ [၁] သို့ရာတွင် ထိုအရှင်မြတ်မှာကား (မဲသ)စက္ခုများကို (စိတ်ငုံ) ငုံမိလျက် ရှိတော်မူချေသည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အလွန်နက်နဲ သိမ်မွေ့တော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ် ဖြစ်ပေသတည်း။

قَدْ جَاءَكُم بَصَائِرُ مِن رَّبِّكُمْ ۖ فَمَنْ أَبْصَرَ فَلِنَفْسِهِ ۖ

၁၀၄။ (အို- နဗီတမန်တော် အသင်သည် ဤသို့ပြောဆိုပါလေ)"ဧကန်စင်စစ် အသင်တို့ထံ၊ အသင်တို့၏အရှင်မြတ်အထံတော်မှ သက်သေခံများသည် ရောက်ရှိလာခဲ့ချေပြီ။

➤➤ အလ္လာလ်အရှင်မြတ်၌ ဇနီးကြင်ဘက်ရှိကြောင်း သက်သေသာဓက ပြုကြရပေမည်။ သက်သေသာဓကကား အလျင်း မရှိပေ။ အမှန်မှာ အလ္လာဟ်အရှင်မြတ်၌ ဇနီးကြင်ဘက်မရှိပေ။ ထိုအရှင်မြတ်၌ ဇနီး ကြင်ဘက်မရှိပေရာ အသို့လျှင် ထိုအရှင်မြတ်၌ သားသမီးရှိနိုင်အံ့နည်း။

① အလ္လာဟ်အရှင်မြတ်သည် အလွန်နက်နဲ သိမ်မွေ့နူးညံ့တော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိမိ၏ သဗ္ဗညုတဉာဏ်တော်ဖြင့် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူ၏။ မြင်တော်မူ၏။ လူသားတို့သည် မဲသစက္ခုများဖြင့် ဤပစ္စက္ခဘဝတွင် အလ္လာဟ်အရှင်မြတ်အား မဖူးမြင်နိုင်ကြပေ။ မငုံမိနိုင်ကြပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာ့အဝှန်းကိုမြင်တော်မူ၏။ ငုံမိတော်မူ၏။ သိတော်မူ၏။ ထိုအရှင်မြတ်၏ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ပိုက်ကွန်အတွင်းမှ တစ်စုံတစ်ရာမျှ မထွက်နိုင်ပေ။

وَمَنْ عَمِيَ فَعَلَيْهَا ۗ وَمَآ أَنَا عَلَيْكُم بِحَفِيظٍ ﴿١٠٤﴾

သို့ဖြစ်ပေရာ မည်သူမဆို (ထိုသက်သေခံများကို) မြင်ပါလျှင်၊ ထိုသူ၏အတို့သာ အကျိုးရှိအံ့။ ထိုနည်းတူစွာ မည်သူမဆို *မျက်စိကန်းလျက်နေပါလျှင်* ထိုသူ၏*အပေါ်၌သာ* နစ်နာမှုရှိအံ့။ [၁] အမှန်သော်ကား ကျွန်ုပ်သည် အသင်တို့အပေါ်၌ *ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပေ*။ [၂]

وَكَذَٰلِكَ نُصَرِّفُ الْآيَاتِ وَلِيَقُولُوا دَرَسْتَ وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ ﴿١٠٥﴾

၁၀၅။ ၎င်းပြင် ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် သက်သေ လက္ခဏာတော်များကို အမျိုးမျိုးအဖုံဖုံ ရှင်းလင်းပြတော်မူသည်။ (ယင်းသို့ရှင်းလင်းပြတော်မူသည့်အခါ) ထိုကာဖိရ်များက "အသင်သည် သင်ယူထားသည်" ဟု ပြောဆိုကြပေမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထို(ကုရ်အာန်)ကို အသိတရားရှိသူများအတို့ အထူးလင်းပြတော်မူရန်အလို့ငှာဖြစ်၏။

اتَّبِعْ مَا أُوحِيَ إِلَيْكَ مِن رَّبِّكَ ۖ لَا إِلَٰهَ إِلَّا هُوَ ۖ وَأَعْرِضْ

၁၀၆။ (အို-နဗီတမန်တော်)အသင်သည် အသင့်အားမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မိမိထံကျရောက်လာသော "ဝဟ်ယ်" အမိန့်တော်များကို လိုက်နာ၍ နေပါလေ။

---

① ဤပစ္စက္ခလူ့လောကတွင် လူသားတို့သည် မိမိတို့၏မံသစက္ခုများဖြင့် အလ္လာဟ်အရှင်မြတ်အား မဖူးမြင်နိုင်ကြပေ။ သို့တစေလည်း ထိုအရှင်မြတ်၏ တရားရယူဘွယ်ရာ သက်သေလက္ခဏာတော်များသည် လူသားတို့ထံ အထင်အရှား ရောက်ရှိလျက်ရှိချေပြီ။ အကြင်သူသည် ထိုထိုသော သက်သေလက္ခဏာတော်များကို စဉ်းစားဆင်ခြင်ရှုမြင်အံ့၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်အား သိအံ့၊ အကြင်သူသည် ထိုထိုသော သက်သေ လက္ခဏာတော်များကို မစူးစမ်းမဆင်ခြင်အံ့၊ မျက်စိကန်း၍နေအံ့။ ထိုသူသည် မိမိကိုယ်ကို မိမိပင် ပျက်ဆီးဆုံးရှုံးအောင် ပြုရာရောက်အံ့၊ အလ္လာဟ်အရှင်မြတ်သည် ထိုထိုသော သက်သေလက္ခဏာတော်များကို အထင်အရှား ပြထားတော်မူပြီးဖြစ်ပေရာ မည်သူတစ်ဦးတစ်ယောက်အားမျှ အတင်းအကျပ် ကြည့်စေတော်မူသည် မဟုတ်ချေ။

② ကျွန်ုပ်သည် သတိပေးနှိုးဆော်သောသူသာဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့ကိုထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့၏ အပြုအမူများကို ထိန်းသိမ်းမှတ်သားတော်မူ၏။ ထိုအပြုအမူများနှင့်အညီ အသင်တို့အား အကျိုးအပြစ်ပေးတော်မူမည်ဖြစ်၏။ ဤမုကွပါဠိတော်သည် တမန်တော်မြတ်၏နှုတ်လျှာမှ ပြောကြားတော်မူသောမုကွပါဠိတော်ဖြစ်သည်။

عَنِ الْمُشْرِكِينَ ﴿١٠٦﴾

ထိုအရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာဟူ၍ အလျင်း မရှိ။ ၎င်းပြင် အသင်သည် "မုရှိရစ်က်" များဘက်မှ မျက်နှာလွှဲထားပါလေ။

وَلَوْ شَاءَ اللَّهُ مَا أَشْرَكُوا ۗ وَمَا جَعَلْنَاكَ عَلَيْهِمْ حَفِيظًا ۖ وَمَا أَنْتَ عَلَيْهِمْ بِوَكِيلٍ ﴿١٠٧﴾

၁၀၇။ အမှန် စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ် အရှင်မြတ် *အလိုရှိတော်မူခဲ့ပါလျှင်* ထိုသူများသည် "ရှုရစ်က်" တွဲဘက်ကိုးကွယ်ခြင်းကို *ပြုလုပ်ကြမည် မဟုတ်ပေ။* [၁]

၎င်းပြင် ငါအရှင်မြတ်သည် အသင့်အား ထိုသူတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားတော်သည် မဟုတ်ပေ။ အသင်သည် ထိုသူတို့အဘို့ တာဝန်ခံ("မုခ်တာဂရ်" အလိုရှိရာပြုခွင့်ရှိသူလည်း) မဟုတ်ချေ။

وَلَا تَسُبُّوا الَّذِينَ يَدْعُونَ مِنْ دُونِ اللَّهِ فَيَسُبُّوا اللَّهَ عَدْوًا بِغَيْرِ عِلْمٍ ۗ كَذَٰلِكَ زَيَّنَّا لِكُلِّ أُمَّةٍ عَمَلَهُمْ ۖ ثُمَّ إِلَىٰ رَبِّهِمْ مَرْجِعُهُمْ فَيُنَبِّئُهُمْ بِمَا كَانُوا يَعْمَلُونَ ﴿١٠٨﴾

၁၀၈။ ၎င်းပြင် အသင်တို့သည် အကြင်(မှားယွင်းသော) ကိုးကွယ်ရာများကို ကဲ့ရဲ့ ရွဲတ်ချခြင်း မပြုကြလင့်။ ထို(မုရှိရစ်က်)များသည် ထိုအရာများကို အလ္လာဟ်အရှင်မြတ်အား စွန့်ပယ်၍ ကိုးကွယ်ကြ၏။ အဘယ်ကြောင့်ဆိုသော် (အသင်တို့ ဤသို့ ပြုလုပ်ကြလျှင်) ထိုသူများသည်လည်း အသိတရား မရှိသဖြင့် စည်းကမ်းကျူးလွန်ကာ *အလ္လာဟ်အရှင်မြတ်အား* ကဲ့ရဲ့ ရွဲတ်ချခြင်း *ပြုကြပေမည်။* [၂] ငါအရှင်သည် ဤနည်းအတိုင်းပင် အုပ်စုတိုင်း၏အမြင်တွင် ၎င်းတို့၏ပြုမူချက်တို့ကို *လှပတင့်တယ်အောင် ပြုလုပ်ထားတော်မူခဲ့လေသည်။* [၃]

---

① အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါလျှင် လူသား အားလုံးတို့အား အတင်းအကြပ် 'မုအ်မင်န်' ဖြစ်စေတော်မူ၏။ ကမ္ဘာမြေပြင်တွင် ကာဖိရ်-မုရှိရစ်က်ဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ "တာက္ကဝီနီ ဟစ်က္ကမတ်" ကမ္ဘာ့အဝှန်းကို ဖြစ်ပေါ်စေတော်မူခြင်း၏ ရည်ရွယ်ချက်မှာ ဤသို့မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ မူလသဘာဝ အစီအစဉ်ကို တမျိုးတစား ➤➤

➢➢ ပြုလုပ်ထားတော်မူ၏။ ထိုသဘာဝအရ လူသားတို့သည် ကြိုးပမ်းပါက တရားမမှုကို ရရှိမည်ဖြစ်၏။ သို့တစေလည်း ထိုအရှင်မြတ်သည် လူသားတို့အား တရားမမှုကို လက်ခံရာတွင် အတင်းအကျပ် ဖြစ်စေတော်မမူချေ။

③ ထုတ်ဖော်ပို့ချတော်မူသည့် အကြောင်း

"ရိဝါယတ်" ကျမ်းလာပြောကြားချက် ရှိသည်မှာ တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုက်ဟိ ဝစလ္လမ်)သည် ကာဖိရ်-မုရ်ရစ်က်တို့၏ ကိုးကွယ်ရာများကို ကဲ့ရဲ့ရွဟ်ချ ပြောဆိုတော်မူလေ့ရှိကြ၏။ ထိုအခါ ကာဖိရ်-မုရ်ရစ်က်တို့က တမန်တော်မြတ်အား "အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို ကဲ့ရဲ့ ရွဟ်ချခြင်းမှ ရပ်တန့်ပါလေ၊ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် အသင်၏ကိုးကွယ်ရာကို ကဲ့ရဲ့ရွဟ်ချကြမည်" ဟု ပြောဆိုကြလေသည်။ ထိုအခါ ဤမုကဒ္ဒပါဠိတော် ကျရောက်လာလေသည်။

အခြား အဆိုတစ်ရပ်ရှိသည်မှာ မွတ်စ်လင်မ်များသည် ကာဖိရ်မုရ်ရစ်တို့၏ ကိုးကွယ်ရာများကို ကဲ့ရဲ့ရွဟ်ချ ပြောဆိုခဲ့ကြသည့်အခါ ၎င်းတို့၏ကဲ့ရဲ့ရွဟ်ချခြင်းသည် (ကာဖိရ်-မုရ်ရစ်က်တို့က) အလ္လာဟ်အရှင်မြတ်အား ကဲ့ရဲ့ရွဟ်ချခြင်း၏ အကြောင်းမဖြစ်စေရန်အတွက် ၎င်းတို့သည် ယင်းသို့ ကဲ့ရဲ့ရွဟ်ချ ပြောဆိုခြင်းမှ မြစ်တားခြင်းခံခဲ့ကြရလေသည်။

မွတ်စ်လင်မ်တို့သည် မိမိတို့၌ တာဝန်ရှိသည့်အလျောက် "တဗ္ဗလီယ်" တရားမမှ ဟောကြားကြရပေမည်။ ယင်းသို့ တရားမမှ ဟောကြားပြီးနောက်တွင် အကယ်၍လူများသည် ကုဖ်ရ်၊ ရုရစ်က်တွင် ဆက်လက်၍ နစ်မွန်းနေကြပါလျှင် ၎င်းတို့၏တာဝန်သာလျှင် ဖြစ်ပေမည်။ မုစ်လင်မ်တို့၏ တာဝန်မဟုတ်ချေ။

ဤနေရာတွင် အထူးသတိပြုအပ်သည့် အချက်တစ်ရပ်မှာ မွတ်စ်လင်မ်တို့သည် ကုဖ်ရ်ရုစ်ရိုက်တွင် ကာဖိရ်၊ မုရ်ရစ်က်တို့၏ ပိုမိုနစ်မွန်းခြင်း၊ နှောက်ယှက်တားဆီးခြင်းများ၏ အကြောင်းများ မဖြစ်ကြရပေ။ ဥပမာ-မွတ်စ်လင်မ်တို့သည် ကာဖိရ်များနှင့် ပြိုင်ဆိုင်၍ အခြေအတင်ပြောဆိုရာ၌၎င်း၊ စိတ်လိုက်မာန်ပါ ဒေါသထွက်ကာ ကာဖိရ်များ ကိုးကွယ်ကြသည့်ရုပ်ထုများ၊ အကြီးအကဲများကို ကဲ့ရဲ့ရွဟ်ချ၍ မပြောဆိုကြရပေ။ ယင်းသို့ ကဲ့ရဲ့ရွဟ်ချ၍ ပြောဆိုမိကြလျှင် ထိုသို့အပြောခံရသော ကာဖိရ်၊ မုရ်ရစ်က်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်း၊ ကျွန်ုပ်တို့၏ ရိသေမြတ်နိုးအပ်သော နဗီတမန်တော်များအားလည်း၊ အကြီးအကဲများအားလည်း၊ မရိမသေ ပြုလုပ်ပြောဆိုကြပေမည်။ မသိမိုက်မဲကြသည့်အတွက် ဆဲဆိုရေရွတ်ခြင်းပင် ပြုကြပေမည်။ ဤသို့ဖြစ်ရပါလျှင် အလ္လာဟ်အရှင်မြတ်နှင့် ကျွန်ုပ်တို့၏နဗီများ၊ အကြီးအကဲများအား ကာဖိရ်များက ကဲ့ရဲ့ရွဟ်ချခြင်း၏ အကြောင်းမှာ မွတ်စ်လင်မ်များပင် ဖြစ်ရှိနေ၏။ ဤသည့်အချက်ကို မွတ်စ်လင်မ်တို့သည် အထူးရှောင်ကြဉ်ကြရပေမည်။

ဘာသာတရပ်၏ မူများနှင့်စပ်လျဉ်း၍ခြင်း၊ အသေးစိတ် ကိစ္စများနှင့်စပ်လျဉ်း၍ခြင်း၊ မှားယွင်းချက်များကို ယဉ်ကျေးသိမ်မွေ့စွာ ကျိုးကြောင်းပြု၍ ပြောဆိုခြင်း၊ သို့မဟုတ် ဘာသာတစ်ခု၏ ချို့တဲ့မှုများကိုလည်း၊ သေးသိမ်မှုများကိုလည်း၊ ကျိုးကြောင်းပြု၍ မှန်ကန်တိကျစွာ ပြောဆိုခြင်း၊ (ဖွတ်မြီးနှင့် ဖွတ်တုတ် ဆိုသကဲ့သို့) သူ့စကားနှင့်သူ့ကို တုပနှောင်ပြောဆိုခြင်းများသည် ပြေဆိုအပ်သောစကားပင်ဖြစ်သည်။ ဤသို့ပြောဆိုခြင်းကို ကုရ်အာန်သည်ခွင့်ပြု၏။ သို့ရာတွင် လူတစ်မျိုး၏ အကြီးအကဲများကိုလည်း၊ ကိုးကွယ်ရာများကိုလည်း၊ ကဲ့ရဲ့ရွဟ်ချလိုသော စိတ်ဖြင့် သူတစ်ပါး စိတ်နာကြည်းအောင် ပြောဆိုရေးသားခြင်း ကိုမူကား ကုရ်အာန်သည် မည်သည့်အခါမျှ ခွင့်မပြုချေ။

④ ဤ "ဒွန္နယာ" ပစ္စက္ခဘဝသည် စမ်းသပ်ရာဘဝဖြစ်၏။ "အာခိရတ်" နောင်တမလွန်ဘဝသည် အကျိုးအပြစ် ခံစားရမည့်ဘဝ ဖြစ်၏။ ပစ္စက္ခဘဝတွင် လူမျိုးတိုင်း၊ အုပ်စုတိုင်းသည် မိမိတို့၏ ဘာသာ ➢➢

ထို့နောက် ၎င်းတို့အား လုံးသည် မိမိတို့အား မွေးမြူတော်မူသောအရှင်မြတ်အထံတော်သို့ ပြန်ကြရမည်။ ထိုအခါ အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ပြုလုပ်ခဲ့ကြသည်များကို ထုတ်ဖော်မိန့်ကြားတော်မူသည်။

وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءَتْهُمْ آيَةٌ لَّيُؤْمِنُنَّ بِهَا ۚ قُلْ إِنَّمَا الْآيَاتُ عِندَ اللَّهِ وَمَا يُشْعِرُكُمْ أَنَّهَا إِذَا جَاءَتْ لَا يُؤْمِنُونَ ﴿١٠٩﴾

၁၀၉။ ထို့ပြင် ၎င်းတို့သည် အကယ်၍သာ ၎င်းတို့ထံ သက်သေလက္ခဏာ တစ်စုံတစ်ရာ ရောက်ရှိခဲ့ပါမူ၊ ၎င်းတို့သည် မုချ သက်ဝင်ယုံကြည်ကြမည်ဟု အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ အစွမ်းကုန် ကျိန်ဆိုကြလေ၏။

(အိုဗ်-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့ ပြောကြားပါလေ။ "သက်သေလက္ခဏာတို့သည် *အလွှာဟ်အရှင်မြတ် အထံတော်၌သာ ရှိကုန်၏။* [၃] ၎င်းပြင် အသင်တို့ သိကြပါသလော။ မုချဇကန် ထို သက်သေလက္ခဏာတော်များ ကျရောက်ရှိလာသည့် တိုင်အောင် ထိုသူတို့သည် *ယုံကြည်ကြမည် မဟုတ်ပေ။* [၂]

➤➤ အယူဝါဒ၊ အတွေးအခေါ်၊ အမြော်အမြင်၊ အပြုအမူများကို ကောင်းသည်၊ တင့်တယ်သည်။ နှစ်သက်ဘွယ်ဖြစ်သည်ဟူ၍ပင် မှတ်ယူလျက်ရှိကြ၏။ အလွှာဟ်အရှင်မြတ်ကလည်း ဤအတိုင်းပင် ဖန်တည်းထားတော်မူ၏။

ဤပစ္စက္ခဘဝသည် စမ်းသပ်ရာဘဝ ဖြစ်သည့်အားလျော်စွာ အလွှာဟ်အရှင်မြတ်သည် ကြီးမားသည့် ပြစ်မှုဒုစရိုက်များကို ကျူးလွန်သူတို့အား ချက်ချင်း ပြစ်ဒဏ်ပေးတော်မမူချေ။ နောင်တမလွန်ဘဝသည် ကျူးပြစ်ခံစားရာဘဝ ဖြစ်သည်။ လူသား အားလုံးတို့သည်လည်း၊ အလွှာဟ်အရှင်မြတ်ထံသို့ ရောက်ရှိကြရပေမည်။ နောင်တမလွန်ဘဝတွင် လူသားအားလုံးတို့၏ အပြုအမူအားလုံးတို့သည် အထင်အရှား ပေါ်လွင်လာပေမည်။ ထိုအခါ အလွှာဟ်အရှင်မြတ်သည် လူသားအားလုံးတို့အား ကုသိုလ်၊ အကုသိုလ်နှင့်လျော်ညီစွာ အကျိုးအပြစ်များကို ပေးတော်မူမည် ဖြစ်သည်။ မာဂျိဒီ။ အ-၂၊ စ-၃၀၆၊ အအ-၁၈၅၊

③ "မုအ်ဂျီဇဟ်" တန်ခိုးပြာဋိဟာများ၊ သက်သလေက္ခဏာတော်များကို ပြနိုင်ခြင်း အစွမ်းသတ္တိသည် အလွှာဟ်အရှင်မြတ်၏ အထံတော်၌သာလျှင် ရှိ၏။ ထိုအရှင်မြတ်မှတပါး မည်သူ့ထံ၌မျှ မရှိပေ။ ထိုအတွက် ကြောင့်ပင်လျှင် စံနစ်တကျ ဖြစ်ပွား လည်ပတ်သွားလျက်ရှိသော ကမ္ဘာစကြာဝဠာကြီးတွင် တစုံတရာ ➤➤

وَنُقَلِّبُ أَفْـِٔدَتَهُمْ وَأَبْصَـٰرَهُمْ كَمَا لَمْ يُؤْمِنُوا۟ بِهِۦٓ أَوَّلَ مَرَّةٍ وَنَذَرُهُمْ

၁၁၀။ ၎င်းပြင် ထိုသူတို့ ပဌမအကြိမ် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို သက်ဝင်ယုံကြည်ခြင်းမရှိကြသကဲ့သို့ပင်၊ ငါ အရှင်မြတ်သည်လည်း ထိုသူတို့၏ စိတ်နှလုံးများကိုလည်း၊ မျက်စိများကိုလည်း၊ လှည့်ပေးတော်မူအံ့။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ခေါင်းမာမှုဒဏ်ပင် တဝဲလည်လည် လွတ်ထားတော်မူအံ့။ [၁]

➤➤ ဖြည့်စွက်ခြင်း၊ ပြုပြင် ပြောင်းလွဲခြင်းများသည်လည်း ထိုအရှင်မြတ်၏ အာဏာစက်အတွင်း၌သာလျှင် ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။ တန်ခိုးပြာဋိဟာများကိုလည်း၊ သက်သေလက္ခဏာတော်များကိုလည်း၊ ထိုအရှင်မြတ်သည်သာလျှင် ပြနိုင်တော်မူသည်။ မည်သည့်တန်ခိုးပြာဋိဟာ သက်သေလက္ခဏာတော်ကို ပြသခြင်းသည် သင့်မသင့်ကိုလည်း၊ ထိုအရှင်မြတ်ပင် သိတော်မူ၏။

ထိုအတွက်ကြောင့် လူသားတို့သည် မိမိတို့၏ သေးသိမ် တိုတောင်းလှသော အသိဉာဏ်၊ အမြော်အမြင်ဖြင့် တန်ခိုးပြာဋိဟာ တစ်ပါးပါးကို သတ်မှတ်၍ တောင်းဆိုခြင်းသည်ပင် မပြုသင့်မပြုအပ်သော အမှုပင်ဖြစ်ပေသည်။

နဗီတမန်တော်ဖြစ်ကြောင်း၊ ထင်ရှားသိနိုင်ရန်အတွက် တစ်စုံတစ်ခုသော တန်ခိုးပြာဋိဟာ၊ သို့မဟုတ် ထင်ရှားသော သက်သေလက္ခဏာတော်ကား လိုအပ်ပေသည်။ ယင်းသို့ လိုအပ်သည့်အတိုင်း တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် တခုမဟုတ် မြောက်မြားစွာသော တန်ခိုးပြာဋိဟာများ သက်သေလက္ခဏာတော်များကို ပြတော်မူခဲ့ချေပြီ။ (ထိုထိုသော တန်ခိုးပြာဋိဟာများနှင့် သက်သေလက္ခဏာတော်များ သည်ပင်လျှင် "အီမာန်" ယုံကြည်လိုသောသူများအဘို့ လုံလောက်ပေသည်)။ မာဂျီဒီ။ အ-၂၊ စ-၃၀၆၊ အအ-၁၅၉။

ⓙ ကာဖိရ်၊ မုရ်ရစ်က်တို့က တမန်တော်မြတ်အား ဆွဖါတောင်ကို ရွှေတောင်ပြုလုပ်ပေးရန် တောင်းဆိုကြသည့် အခါ အချို့မုစလင်မ်များ၏ စိတ်တွင် ယင်းသူတို့တောင်းကြသည့်အတိုင်း တန်ခိုးပြဋိဟာ ပြတော်မူလိုက်ပါလျှင်ကောင်းစွ။ ဤသို့အားဖြင့် ထိုကာဖိရ်၊ မုရ်ရစ်က်တို့သည် မွတ်စ်လင်မ်ဖြစ်ကောင်း ဖြစ်လာကြပေမည်ဟု လူ့သဘာဝအလျောက် အတွေးအခေါ်များ ပေါ်ပေါက်၍ လာခဲ့လေသည်။

ဤမုက္ခပါဠိတော်တွင် ထိုမွတ်စ်လင်မ်များအား အလ္လာဟ်အရှင်မြတ်က "အသင်တို့ မသိကြ၊ (ငါသိတော်မူ၏) ထိုကာဖိရ်၊ မုရ်ရစ်က်တို့ တောင်းဆိုသော တန်ခိုးပြာဋိဟာသည် ၎င်းတို့ထံ ရောက်ရှိလာပါသော်လည်း ယင်းသူတို့သည် (မလိုမုန်းထားကြသည့်အတွက်) ယုံကြည်ကြမည်ကား မဟုတ်ပေ" ဟု မိန့်ကြားထားတော်မူသည်။ မာဂျီဒီ။ အ-၂၊ စ-၃၀၆၊ အအ-၁၅၉၊

ⓚ ဤမုက္ခပါဠိတော်ကို သာမန်အားဖြင့် ကြည့်၍ "အလ္လာဟ်အရှင်မြတ်သည် မုရ်ရစ်က်တို့၏ စိတ်နှလုံးများနှင့် မျက်စိများကို လှည့်ထားတော်မူသည်။ ထိုအရှင်မြတ်သည် မိမိကိုယ်တော်တိုင် ထိုမုရ်ရစ်က်တို့အား ဖျက်ဆီးတော်မူသည်။ ၎င်းနောက်တဖန်အပြစ်ဒဏ်ပေးတော်မူသည်" ဟူ၍ကား မေ့မှား၍ပင်မတွေးထင်အပ်ပေ။➤➤

فِي طُغْيَانِهِمْ يَعْمَهُونَ ﴿١١٠﴾

တနည်း။

ငင်းပြင် (ထိုသူများ မယုံကြည်ကြသည့် အတွက်) ငါအရှင်မြတ်သည်လည်း ထိုသူများ၏ စိတ်နလုံး များကို (အမှန် တရား ရှာဖွေရန် ဆန္ဒထားခြင်း မှ)ငင်း၊ ထိုသူများ၏မျက်စိများကို (အမှန်တရား မြင်ခြင်းမှ)ငင်း၊ လှည့်ထားတော်မူမည် ဖြစ်သည်။ ယခု ထိုသူများ၏ မယုံကြည်ခြင်းမှာ) ထိုသူများသည် ထို (ကုရ်အာန်ကျမ်းမြတ်)ကို ပဌမအကြိမ် မယုံကြည် ကြသကဲ့သို့ပင်ဖြစ်သည်။ (အထူးအဆန်းမဟုတ်ပေ၊)ငင်းပြင် ငါအရှင်မြတ်သည် ထိုသူများအား ငင်းတို့၏ မောက်မာပလွားမှုဌ်ပင် တဝဲလည်လည် လွှတ်ထား တော်မူမည်။

➤➤ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် မုရှ်ရစ်က်တို့၏ "မယုံကြည်သွေဖည်မှုကြောင့် ငင်းတို့၏ စိတ်နလုံးများနှင့် မျက်စိများလှည့်ထားတော်မူခြင်းဖြစ်သည်။မယုံကြည်သွေဖည်မှုသည် အကြောင်းဖြစ်၏။ စိတ်နလုံးနှင့် မျက်စိများကို လှည့်ထားတော်မူခြင်းသည် အကျိုးသာလျှင်ဖြစ်၏။

မုရှ်ရစ်က်တို့၏ စိတ်နလုံးများသည် မူလပဌမက အမှန်တရားဘက်သို့ ဦးတည်လျက်ရှိခဲ့ပြီး၊ ထို့နောက်မှ အလ္လာဟ်အရှင်မြတ်က ငင်းတို့၏ စိတ်နလုံးများကို လှည့်ထားတော်မူခြင်းကား အလျင်း မဟုတ်။ အမှန်တရားကို လိုလားဆည်းပူးသူတို့အား အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ်(၂၉း ၆၉)တွင် " အကြင်သူများသည် ငါအရှင်မြတ်၏ လမ်းတော်၌ ကြိုးပမ်းကြအံ့။ မုချဇကန် ငါအရှင်မြတ်သည် ထိုသူတို့အား အရှင်မြတ်၏ (ထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန်) လမ်းများကိုပြတော်မူမည် " ဟူ၍ပင် ကတိပြုထားတော်မူသည်။

ထာနဝီ။ အ-၃၊ စ-၁၂၃၊

ထိုကဲဖြင့်၊ မုရှ်ရစ်တို့တွင် အမှန်တရားကို ရှာဖွေဆည်းပူးလိုသောဆန္ဒ၊ အမှန်တရားကို မြင်လိုသော အာသီသသည် အလျင်း မရှိပေ။ ယင်းသူတို့သည် ထောင်ပေါင်းများစွာသော မုအ်ဂျိဇေဟ် တန်ခိုးကြီးဥာဏ်ဟာများကို တွေ့မြင်ကြရသော်လည်း ယုံကြည်ကြမည် မဟုတ်ပေ။ ယခင်ကဲ့သို့ပင် တဝဲလည်လည် ဖြစ်နေကြပေမည်။

အလ္လာဟ်အရှင်မြတ်က ယင်းသူတို့၏ စိတ်နလုံးများကို (အမှန်တရား ရှာဖွေဆည်းပူးရန် ဆန္ဒထားခြင်းမှ)ငင်း၊ ယင်းသူတို့၏မျက်စိများကို (အမှန်တရားသိမြင်ခြင်းမှ)ငင်း၊ လှည့်ထားတော်မူခြင်းမှာ ယင်းသူတို့၏ ဇွတ်တရွတ်ပြုမူမှု၊ မလိုမုန်းထားမှုတို့၏ အကျိုးပင်ဖြစ်သည်။

وَلَوْ أَنَّنَا نَزَّلْنَا إِلَيْهِمُ الْمَلَائِكَةَ وَكَلَّمَهُمُ الْمَوْتَىٰ وَحَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلًا مَّا كَانُوا لِيُؤْمِنُوا إِلَّا أَن يَشَاءَ اللَّهُ وَلَٰكِنَّ أَكْثَرَهُمْ يَجْهَلُونَ ﴿١١١﴾

၁၁၁။ အကယ်၍ ငါ အရှင်မြတ်သည်၊ ၎င်းတို့ထံ "မလာအိကဟ်" ကောင်းကင် တမန်များကို စေလွှတ်တော် မူခဲ့သည်ဖြစ်စေ၊ ထို့ပြင် သူသေများသည် ၎င်းတို့နှင့် စကားပြောဆိုခဲ့ကြသည်ဖြစ်စေ၊ ထိုမှတပါး ငါအရှင်မြတ်သည် ခပ်သိမ်းကုန်သော အရာများကို ၎င်းတို့၏ရှေ့မှောက်တွင် စုပေးတော်မူခဲ့သည်ဖြစ်စေ၊ ၎င်းတို့သည် အလွန်ဟန်အရှင်မြတ် အလိုရှိတော်မမူပဲ "အီမာန်" သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ။ [၁] သို့ရာတွင် ၎င်းတို့အနက် မြောက်များစွာသော သူတို့ကား အသိတရား ကင်းမဲ့ကြကုန်သတည်း။ [၂]

وَكَذَٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا شَيَاطِينَ الْإِنسِ وَالْجِنِّ يُوحِي بَعْضُهُمْ إِلَىٰ بَعْضٍ زُخْرُفَ الْقَوْلِ غُرُورًا ۚ

၁၁၂။ ၎င်းပြင် ထို့ကဲ့သို့ပင် ငါအရှင်မြတ်သည် နဗီတမန်တော်အသီးသီးတို့၌ လူရိုင်တွာန်များကို�ၤ၊ ဂျင်န်ရိုင်တွာန်များကိုၤ၊ ပြုလုပ်ထားတော်မူ၏။ ထိုရိုင်တွာန်များအနက် အချို့တို့သည် အချို့တို့(၏ စိတ်နှလုံးတွင်း)သို့ အပြင်ပန်းလှသော အရောင်တင်ထားသောစကားများကို ထည့်သွင်းလေ့ရှိကြ၏။

---

① ဤမှာပါဌ်ဆော်တွင် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ မလိုမုန်းတီးမှု၊ စိတ်ဓာတ်ခဲယဉ်းမှု၊ ခက်ထန်ကြမ်းကြုတ်မှုများကို မိန့်ဆိုထားတော်မူသည်။ ကာဖိရ်၊ မုရှ်ရစ်က်တို့သည် မလိုမုန်းတီးသောစိတ်ဖြင့် "ကျွန်ုပ်တို့ထံသို့ ကောင်းကင်တမန်များ အဘယ့်ကြောင့် မလာရောက်ကြသနည်း" ဟူ၍၎င်း၊ [ကြည့်ကုရ်အာန် (၆:၈။ ၂၅:၂၁)] "အသင်တို့သည် ကျွန်ုပ်တို့၏အဖေများကို ပြန်ခေါ်ပေးကြ" ဟူ၍၎င်း၊ [ကြည့်–ကုရ်အာန်(၄၄:၃၆)] အသင်သည် အလွန်ဟန်အရှင်မြတ်နှင့်တကွ ကောင်းကင်တမန်များကို ရှေ့မှောက်သို့ခေါ်ဆောင်လာပါ" ဟူ၍၎င်း၊ [ကြည့်–ကုရ်အာန်(၁၇:၉၂)] တန်ခိုးပြာဋိဟာအမျိုးမျိုး တောင်းဆိုခဲ့ကြ၏။

အကယ်တန္တ၊ ၎င်းတို့တောင်းဆိုသမျှသော တန်ခိုးပြာဋိဟာများကို ၎င်းတို့အား အထင်အရှားပြတော်မူအံ့၊ ထိုမျှမက ကမ္ဘာအဝှန်းရှိ ရှိရှိသမျှသော တန်ခိုးပြာဋိဟာများကိုလည်း ၎င်းတို့အား အထင်အရှားပြတော်မူအံ့။ သို့ငြားသော်လည်း ကာဖိရ်၊ မုရှ်ရစ်က်တို့သည် ၎င်းတို့တွင် အမှန်တရားကို ကြားလို၊ မြင်လို၊ သိလိုသောစိတ်ဆေတနာ အလျင်း မရှိသည့်အတွက်ကြောင့် ဉာဏ်နှိ၊ ဉာဏ်နက် ထုတ်၍ တမျိုးတဖုံ ဆွေဖည်ငြင်းဆန်ကြဦးမည်မှာအမှန်ပင်ဖြစ်၏။ မည်သည့်အခါမျှ ယုံကြည်ကြမည်မဟုတ်ပေ။

မာဂျီဒီ။ အ–၂။စ–၃၀၇။အအ–၁၆၀

وَلَوْ شَآءَ رَبُّكَ مَا فَعَلُوهُ
فَذَرْهُمْ وَمَا يَفْتَرُونَ ﴿١١٢﴾

ငင်းပြင် အကယ်၍သာ အသင့်အား မွေးမြူတော်မူသော အရှင်မြတ် အလိုတော်ရှိပါလျှင် ထိုရိုင်တွာန်များသည် ထိုသို့ပြုနိုင်ကြမည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ထိုသူများကိုငင်း၊ ထိုသူတို့လိမ်လည်ပြောဆိုကြသည့် အရာကိုငင်း၊ စွန့်ပယ်ထားပါလေ။ ၁

---

① အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါက ကမ္ဘာအဝှန်းကို ယုံကြည်လာအောင် အတင်းအကြပ်ပြုတော်မူနိုင်သည်။ သို့ရာတွင် ဤသို့ပြုတော်မူခြင်းသည် အလ္လာဟ်အရှင်မြတ်၏ "ဟစ်က်မတ်" "တာက္ကဝီနိနိဇ္ဇာမ်" ဖန်ဆင်းတော်မူခြင်း၏ အစီအစဉ်နှင့် ဆန့်ကျင်ပေသည်။

ဤသည့်အချက်ကို ထိုကာဖိရ်၊ မုရှ်ရစ်က်တို့အနက် များစွာသောသူများသည် မသိ မိုက်မဲကြသည့်အတွက် နားမလည်ကြချေ။

② အလ္လာဟ်အရှင်မြတ်၏ "ဟစ်က္ကမက် ဗာလိဃာဟ်" ထက်မြက်၊ ပေါက်ရောက်သော ဥာဏ်တော်၏ အလိုအရ၊ ကမ္ဘာစကြဝဠာကြီး တည်ရှိနေသမျှ ကာလပတ်လုံး အကောင်းနှင့်အဆိုးသည် ဒွန်တွဲ၍ မုချရှိရပေမည်။ မည်သည့်အင်အားစုမျှ လုံးဝပျောက်ကွယ်၍ သွားရမည်မဟုတ်ပေ။ "နိဇာမိတာက္ကဝီနိ" ကမ္ဘာစကြာဝဠာကြီးကို ဖန်ဆင်းထားတော်မူခြင်း၏ အစီအစဉ်မှာလည်း ဤအတိုင်းပင် ဖြစ်၏။ ထို့အတွက်ကြောင့်ပင် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်တို့သည် ကမ္ဘာတည်စမှပင် အချင်းချင်း အမြဲတစေ ယှဉ်ပြိုင်လျက် ရှိခဲ့ကြပေသည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကာဖိရ်၊ မုရှ်ရစ်များသည် အနှောင့်အယှက် အမျိုးမျိုးပေးကြ၏။ မတောင်းသင့် မတောင်းအပ်သော တန်ခိုးပြာဋိဟာများကို တောင်းဆို၍ တမန်တော်မြတ်အား စိတ်ဆင်းရဲအောင် ပြုလုပ်ကြ၏။ လူအများတို့အား နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် တရားလမ်းမှန်မှ ကင်းကွာစေရန် ကြိုးပမ်းကြ၏။

တို့အတူပင် ပွင့်လေသမျှသော နဗီတမန်တော်များသည်လည်း ရိုင်တွာန်များ၏ နှောင့်ယှက်မှုအမျိုးမျိုးကို ခံခဲ့ကြရပေသည်။ "လူသားတို့ တရားလမ်းမှန်ရရှိရေး" တည်းဟူသော တမန်တော်အပေါင်းတို့၏ မွန်မြတ်လှသော ရည်ရွယ်ချက်တွင် တမန်တော်မြတ်အား မအောင်မြင်ရန်အတွက် ရိုင်တွာန်အင်အားစုများသည် ကြိုးပမ်းကြ၏။ ငင်းတို့သည် မိမိတို့၏ ယုတ်မာလှသော အကြံအစည် ထမြောက် အောင်မြင်နိုင်ရန်အတွက် အချင်းချင်း ကူညီရိုင်းပင်းကြ၏။ သူတပါးကို ဖြားယောင်းနိုင်ရန်အတွက် (အပေါ်ရဲ့ ရွှေမုန့်ကြဲ၊ အထဲကနွားချေးခဲ)၊ ဆိုသကဲ့သို့ အပြင်ပန်းလှသော၊ မမှန်သော စကားများကိုလည်း သင်ပေးကြ၏။

ရိုင်တွာန်များ ရရှိထားသော ဤယာဃီလွတ်လပ်ခွင့်များသည်လည်း အလ္လာဟ်အရှင်မြတ်၏ ဟစ်က္ကမတ်တော်နှင့် 'နိဇာမိတက္ကဝီနိ' အရပင်ဖြစ်သည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ယင်းရိုင်တွာန်များ၏ နှောင့်ယှက်မှု၊ ဖြားယောင်းမှု များကြောင့် ပူပန်သောက မဖြစ်ရန် ယင်း ရိုင်တွာန်များနှင့် ယင်းတို့၏ လိမ်လည်မှု၊ ဖြားယောင်းမှုများကို လျစ်လျူပြုထားရန် ဤမုက္ခပါဠိတော်တွင် မိန့်ကြားထားတော်မူသည်။

وَلِتَصْغَىٰٓ إِلَيْهِ أَفْـِٔدَةُ ٱلَّذِينَ
لَا يُؤْمِنُونَ بِٱلْـَٔاخِرَةِ
وَلِيَرْضَوْهُ وَلِيَقْتَرِفُوا
مَا هُم مُّقْتَرِفُونَ ﴿١١٣﴾

၁၁၃။ ၎င်းပြင်(ယင်းသူတို့သည်အချင်းချင်း တဦးထံ တဦး အပြင်ပန်းလှသော စကားများကို ပို့လေ့ရှိကြသည်မှာ 'အာခိရတ်'နောင်တမလွန်ဘဝကို မယုံကြည်သောသူတို့၏ စိတ်နှလုံးများသည် ထို (အပြင်ပန်းလှသောစကားများ)ဘက်သို့ ယိမ်းယိုင် ကိုင်းညွှတ်ရန် အလို့ငှာငင်း၊ ထိုစကားများကိုနှစ်သက်ကြရန် အလို့ငှာငင်း၊ ထိုသူတို့သည်(ယခု)ပြုလုပ်လျက် ရှိသည်များကို *ပြုလုပ်မြဲ ပြုလုပ်ကြရန်ငင်း၊ ဖြစ်ချေသတည်း။* [၁]

أَفَغَيْرَ ٱللَّهِ أَبْتَغِى حَكَمًا
وَهُوَ ٱلَّذِىٓ أَنزَلَ إِلَيْكُمُ
ٱلْكِتَٰبَ مُفَصَّلًا ۚ وَٱلَّذِينَ
ءَاتَيْنَٰهُمُ ٱلْكِتَٰبَ يَعْلَمُونَ
أَنَّهُۥ مُنَزَّلٌ مِّن رَّبِّكَ
بِٱلْحَقِّ فَلَا تَكُونَنَّ مِنَ
ٱلْمُمْتَرِينَ ﴿١١٤﴾

၁၁၄။ (အို – နဗီတမန်တော် အသင်သည် ဤသို့ ပြောကြားပါလေ)။ 'ငါသည် အလ္လာဟ်အရှင်မြတ်မှ တပါးအခြားသူကို စီရင်ဆုံးဖြတ်သူ တရားသူကြီး အဖြစ်ရှာဖွေရပါမည်လော။ အမှန်စင်စစ်ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့ထံ၌ (အလုံးစုံတို့ကို)လင်းရှ ပြထားပြီးဖြစ်သော (ကုရ်အာန်)ကျမ်းဂန် ဒေသနာတော်မြတ်ကို ချပေးသနားတော်မူခဲ့လေသည်။'

အမှန်သော်ကား (ယခင်က) ငါအရှင်မြတ် ကျမ်းဂန်ဒေသနာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သောသူတို့သည်လည်း ယင်း(ကုရ်အာန်)ကျမ်းတော်မြတ်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်ထံတော်မှ မှန်ကန်သောအကြောင်းအရာနှင့် တကွကျရောက်လာသော ဒေသနာတော်ကျမ်းမြတ်ဖြစ်သည်ကို သိရှိကြကုန်သည်။ သို့ဖြစ်ပေရာ အသင်သည် ဒွိဟမကင်းသူတို့အနက် အပါအဝင် မဖြစ်ပါလေနှင့်။

---

① မြစ်တားထားသောအရာများကို ရှောင်ကြဉ်ရာတွင် 'အာခိရတ်' နောင်တမလွန်ဘဝ၌ ခံစားရမည့် အပြစ်ဒဏ်ကို ကြောက်ရွံ့ခြင်းသည် အရေးပါသောအကြောင်းပင်ဖြစ်၏။ ထို့အတွက်ကြောင့်လည်း ဤမုက္ခပါဠိတော်တွင် ဤအချက်ကို သီးသန့် မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ အကယ်၍ လူတယောက်သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်၍ နောင်တမလွန်ဘဝကို မယုံကြည်သော် ထိုသူအဖို့ အပြစ်ဒုစရိုက်များကို ရှောင်ကြဉ်ရန် မလွယ်ကူပေ။

وَتَمَّتْ كَلِمَتُ رَبِّكَ صِدْقًا وَّعَدْلًا ۚ لَا مُبَدِّلَ لِكَلِمٰتِهٖ ۚ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿١١٥﴾

၁၁၅။ ငင်းအပြင် အသင့်အား မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်၏ (ဤ)မုကွပါဠိတော်သည် မှန်ကန်ခြင်းအရာ၌၄င်း၊ တရားမျှတခြင်းအရာ၌၄င်း၊ စုံလင်ပြည့်စုံလှပေသည်။ ၁

ထိုအရှင်မြတ်၏ မုကွပါဠိတော်များကို ပြောင်းလွဲနိုင်သူဟူ၍ကားအလျင်းမရှိပြီ။ စင်စစ်မူကား ထိုအရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင်တည်း။

---

၁) ရှိုင်တွာန်များ၏ သွေးဆောင်ဖြားယောင်းမှုများကို ယုံကြည်မှု မကောင်းသော၊ မိုက်မဲသောသူများသာလျှင် နားထောင်ကြပေမည်။ ပြဿနာအရပ်ရပ် အရေးကိစ္စအဝဝတွင် အလွှာဟ်အရှင်မြတ်အားသာလျှင် ယုံကြည်အားထား၍ ထိုအရှင်မြတ်အားသာလျှင် အဆုံးအဖြတ်ပေးတော်မူသည့် အရှင်အဖြစ် ယုံကြည် ပိုင်းဖြတ်ထားသော နဗီတမန်တော်တပါးသည်၄င်း၊ ထိုတမန်တော်၏ နောက်လိုက်တပည့်သားများသည်၄င်း၊ အသို့လျှင် အလွှာဟ်အရှင်မြတ်အား စွန့်ပယ်၍ ရှိုင်တွာန်များ၏ သွေးဆောင်ဖြားယောင်းမှုများကို နားထောင်နိုင် ကြအုံ့နည်း။ အသို့လျှင် အလွှာဟ်အရှင်မြတ်မှတပါး၊ အခြားသူတဦးတယောက်၏ အဆုံးအဖြတ်ကို နာခံနိုင်ကြအုံ့နည်း။ အလျင်း နားထောင်ကြမည်လည်းမဟုတ်။ အလျင်း နာခံကြမည်လည်းမဟုတ်။

အထူးသဖြင့် (အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ထံသို့ မဟာတန်ခိုးပြာဋိဟာများဖြစ်သော ပြည့်ဝစုံလင်သော ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူပြီးဖြစ်၏။ ယင်းကျမ်းမြတ်တွင် မူအားဖြင့် အရေးကြီးသော ရှင်းလင်းချက်များလည်း အပြည့်အစုံပါရှိ၏။ ထိုကျမ်းမြတ်နှင့်စပ်လျဉ်း၍ ကိတာဗီများသည် ကောင်းကင်ကျ ကျမ်းဂန်များ၌ပါရှိသော ဗျာဒိတ်စကားများအရ ယင်းကျမ်းမြတ်သည် အလွှာဟ်အရှင်မြတ် ထံတော်မှ ထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်၊ အမှန်ဖြစ်သည်ကိုလည်း ယုံကြည်ကြ၏။

ယင်းကျမ်းမြတ်တွင်ပါရှိသော သတင်းများသည်လည်း စ၊ လယ်၊ ဆုံး၊ လုံးဝမှန်ကန်၏။ အမိန့်ပညတ်များသည်လည်း သမ္မာသမတ်ဖြစ်၏။ မျှတ၏။ ယင်းကျမ်းမြတ်လာ ဒေသနာတော်များကို မည်သူတဦးတယောက်မျှ နှုတ်ပယ်၊ ဖြည့်စွက်၊ မှောက်လှန်၊ ကပြောင်းကပြန် ပြုလုပ်နိုင်သည်လည်းမရှိ။ ဤသို့သော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသော ကောင်းကင်ကျမ်းဂန် ဓမ္မကွန် ရှိနေပါလျက် မွတ်စ်လင်မ်တဦးတယောက်သည် အသို့လျှင် ရှိုင်တွာန်များ၏ သွေးဆောင်ဖြားယောင်းမှုများကို နားထောင်နိုင်အုံ့နည်း။

ထို့ပြင်တဝ မွတ်စ်လင်မ်များသည် အလွှာဟ်အရှင်မြတ်အား အဆုံးအဖြတ်ပေးတော်မူသည့် အရှင်အဖြစ်၄င်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်ကို စည်းမျဉ်းဥပဒေအဖြစ်၄င်း၊ မှတ်ယူကြ၏။ ထိုအရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဖြစ်သည်ကိုလည်း မွတ်စ်လင်မ်တို့သည် ကောင်းစွာ ယုံကြည်ထားကြ၏။ သို့ဖြစ်ပေရာ ထိုသို့သော မွတ်စ်လင်မ်များသည် ရှိုင်တွာန်များ၏ သွေးဆောင်ဖြားယောင်းမှုများကို အသို့လျှင် နားထောင်ကြအုံ့နည်း။

وَإِنْ تُطِعْ أَكْثَرَ مَنْ فِي الْأَرْضِ يُضِلُّوكَ عَنْ سَبِيلِ اللَّهِ ۚ إِنْ يَتَّبِعُونَ إِلَّا الظَّنَّ وَإِنْ هُمْ إِلَّا يَخْرُصُونَ ﴿١١٦﴾

၁၁၆။ စင်စစ်သော်ကား အကယ်၍သာ အသင်သည် ကမ္ဘာမြေဝယ်ရှိ မြောက်မြားစွာသောသူတို့၏စကားကို လိုက်နာခဲ့မူ၊ ထိုသူတို့သည် အသင့်အား အလွှာဟ်အရှင်မြတ်၏လမ်းမှ လွဲချော်မှောက်မှားစေကြကုန်အံ့။

ၚင်းတို့သည် ထင်မြင်ချက်မှအပ အခြားမည်သည်ကိုမျှ လိုက်နာကြမည်မဟုတ်ပေ။ စင်စစ်သော်ကား ထိုသူတို့သည် ရမ်းဆပြောဆိုသူများသာဖြစ်ကြချေသတည်း။ [၁]

---

① လူ့လောကတွင် ဥာဏ်ပညာရှိသူ၊ ကျိုးကြောင်း ဆင်ခြင်သိမြင်သူ၊ သဘောတရား နားလည်သူ၊ အမြင်မှန်ရှိသူများသည် မမြဲတစေ အနည်းငယ်မျှပင် ဖြစ်ခဲ့ကြ၏။ လူနည်းစုပင်ဖြစ်ခဲ့ကြ၏။ လူ့လောကရှိ လူသားတို့အနက် လူများစုကြီးမှာကား အတွေးသမား၊ မူမရှိသူများ၊ ထင်မြင်ရာ၊ ရမ်းဆ၊ တွေးတောပြောဆိုသူများပင် ဖြစ်ကြ၏။ ဤကား မျက်မြင် အထင်အရှားပင်၊ ကမ္ဘာရာဇဝင်တွင်လည်း ဤအတိုင်းပင်။ သို့ဖြစ်ပေရာ ယင်းသို့ရမ်းဆ၊ တွေးတောပြောဆိုကြသော လူများစုကြီး၏စကားကို လိုက်နာခြင်းသည် မိမိကိုယ်ကို မိမိပင် လမ်းလွဲအောင် ပြုရာရောက်ပေသည်။

ထို့အတွက်ကြောင့် အလွှာဟ်အရှင်မြတ်က တမန်တော်မြတ်အား 'အသင်သည် ကမ္ဘာမြေ၌ရှိသော လူသားတို့အနက် လူများစုကြီး၏စကားကို နာခံပါလျှင် ထိုသူများသည် အသင့်အား အလွှာဟ်အရှင်မြတ်၏လမ်းတော်မှ လွဲချော်အောင် ပြုလုပ်ကြလိမ့်မည်' ဟု မိန့်ကြား မြစ်တားထားတော်မူသည်။ ဤအမိန့်တော်သည် တမန်တော်မြတ်အား ထိပ်ထား၍ သူတပါးတို့အား (နောက်လိုက် တပည့်သားတို့အား) မိန့်ကြားတော်မူသော အမိန့်တော်ဖြစ်သည်။

ယင်းသို့ရမ်းဆတွေးတော ပြောဆိုသော စကားရပ်များအနက် စကားတရပ်မှာ 'တိရစ္ဆာန်တကောင်သည် မိမိအလိုလျှောက် သေသွား၏။ အမှန်မှာ ထိုတိရစ္ဆာန်ကို အလွှာဟ်အရှင်မြတ်က သတ်တော်မူခြင်းဖြစ်၏။ မွတ်စ်လင်မ်များသည် ထိုသို့သောတိရစ္ဆာန်ကို ဟရာမ်မစားအပ်ဟူ၍ ဆိုကြ၏။ မွတ်စ်လင်မ်တို့သည် မိမိတို့ကိုယ်တိုင်သတ်ဖြတ်သော တိရစ္ဆာန်ကိုမူ ဟလာလ် စားပိုင်သည်ဟူ၍ဆိုကြ၏။ ဤကားအံ့ဘွယ်ရာပင်ဖြစ်သည်' ဟု ကဖိရ်များက ဝေဖန် ပြောဆိုခဲ့ကြလေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ရှေ့တွင်လာလတ္တံ့သော အာယတ် (၆း၁၁၉–၁၂၂)တွင် ဖြေကြားထားတော်မူသည်။

ကဖိရ်များက 'မွတ်စ်လင်မ်များသည် မိမိတို့ကိုယ်တိုင် သတ်ထားသော တိရစ္ဆာန်ကို စားကြသည်။ အလွှာဟ်အရှင်မြတ် သတ်ထားတော်မူသော တိရစ္ဆာန်ကိုမူ မစားကြချေ' ဟု ပြောဆိုခဲ့ကြ၏။ ဤကဲ့သို့ သွေးဆောင် လိမ်လည်လှည့်ဖြားသည့် စကားများကို ရွှင်တွာန်များသည် လူသားတို့ကို ဇဝေဇဝါဖြစ်စေရန် သင်ပေးကြသည်။ သိထားအပ်သည်မှာ ဟလာလ် ဟရာမ်၊ စားသုံးအပ်သောအရာ၊ မစားသုံးအပ်သောအရာများနှင့် အခြားကိစ္စ အရပ်ရပ်တွင် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်သာလျှင် အတည်ဖြစ်၏။ အတွေး၊ အထင်၊ အရမ်းအဆ၊ အတမ်းအမှန်း များသည် အတည်မဟုတ်ချေ။ ➤➤

إِنَّ رَبَّكَ هُوَ أَعْلَمُ مَن يَضِلُّ عَن سَبِيلِهِۦ ۖ وَهُوَ أَعْلَمُ بِٱلْمُهْتَدِينَ ﴿١١٧﴾

၁၁၇။ စင်စစ်ဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်၊ ထိုအရှင်မြတ်၏ လမ်းတော်မှ မည်သူသည် လွဲချော်မှောက်မှားနေသည်ကို ကောင်းစွာသိရှိတော် မူသောအရှင် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် လမ်းမှန်ကို ရရှိသူတို့အားလည်း ကောင်းစွာ သိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

فَكُلُوا۟ مِمَّا ذُكِرَ ٱسْمُ ٱللَّهِ عَلَيْهِ إِن كُنتُم بِـَٔايَٰتِهِۦ مُؤْمِنِينَ ﴿١١٨﴾

၁၁၈။ သို့ဖြစ်ပေရာ အသင်တို့သည် အကြင် (တိရစ္ဆာန်)ကို စားသုံးကြလေကုန်။ ထို(တိရစ္ဆာန်)၏အပေါ်၌ အလွှာဟ်အရှင်မြတ်၏ နာမံတော်သည်၊ တသ(၍ လိုးဖြတ်)ပြီးဖြစ်လေသည်။ အကယ်၍ အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်များကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင်။

وَمَا لَكُمْ أَلَّا تَأْكُلُوا۟ مِمَّا ذُكِرَ ٱسْمُ ٱللَّهِ عَلَيْهِ وَقَدْ فَصَّلَ لَكُم مَّا حَرَّمَ عَلَيْكُمْ إِلَّا مَا ٱضْطُرِرْتُمْ إِلَيْهِ ۗ وَإِنَّ كَثِيرًا لَّيُضِلُّونَ بِأَهْوَآئِهِم بِغَيْرِ عِلْمٍ ۗ إِنَّ

၁၁၉။ ၎င်းပြင်အသင်တို့သည် အကြင်(တိရစ္ဆာန်များ)အနက်မှ စားသုံးခြင်းမပြုကြရန် အသင်တို့၌ မည်သည့်အကြောင်း ရှိပါသနည်း။ ထို(တိရစ္ဆာန်များ)၏ အပေါ်၌ အလွှာဟ်အရှင်မြတ်၏ နာမံတော်သည် တသပြီး ဖြစ်ချေသည်။ စင်စစ်သော်ကား ထို အရှင်မြတ်သည် အသင်တို့အပေါ်၌၊ အသင်တို့ မလွဲမရှောင်သာ ဖြစ်ကြသည့်အခါမှအပ၊ (စားသုံးခြင်းမပြုကြရန်) မိမိတားမြစ်ထားတော်မူသည့်(တိရစ္ဆာန်များ)ကို အသေးစိတ်လင်းပြတော်မူပြီး ဖြစ်လေသည်။

>> အမှန်မှာ သတ္တဝါအပေါင်းကို အလွှာဟ်အရှင်မြတ်သည်ပင်လျှင် သေစေတော်မူ၏။ ထိုအရှင်မြတ်၏ နာမံတော်၌ မင်္ဂလာရှိ၏။ ထို့အတွက် ထိုအရှင်မြတ်၏ နာမံတော်ကို တသ၍ လိုးဖြတ်ထားသော တိရစ္ဆာန်သည် 'ဟလာလ်'စားပိုင်၏။ ထိုအရှင်မြတ်၏ နာမံတော်ကိုတသ၍ လိုးဖြတ်ခြင်းမရှိပဲ သေသွားသော တိရစ္ဆာန်သည် အသေကောင်မျှဖြစ်၏။ ဟရာမ်မစားသုံးအပ်ပေ။ ရှားဟ်အပ်ဒုလ်ကာဒိရ်၊ မူသွီဟုလ်ကုရ်အာန်၊စ–၁၃၁

رَبُّكَ هُوَ أَعْلَمُ بِالْمُعْتَدِينَ ﴿١١٩﴾

ဓကန်စင်စစ် များစွာသော သူတို့သည် မိမိတို့၏ အလိုဆန္ဒများ(ကို လိုက်စားခြင်း)ကြောင့် တစုံတရာ သိနားလည်သည်မရှိပဲ (သူတပါးတို့အား မှန်ကန်သော တရားလမ်းတော်မှ) ချွတ်ချော်တိမ်းပါး စေကြကုန်သည်။ (အို–နဗီတမန်တော်) အသင့်အား မွေးမြူတော်မူသော အရှင်မြတ်သည် တရားစည်းကမ်းတို့ကို ကျူးကျော်ကုန်သော သူတို့အား၊ ကောင်းစွာ သိရှိတော်မူပေသတည်း။

وَذَرُوا ظَاهِرَ الْإِثْمِ وَبَاطِنَهُ ۚ إِنَّ الَّذِينَ يَكْسِبُونَ الْإِثْمَ سَيُجْزَوْنَ بِمَا كَانُوا يَقْتَرِفُونَ ﴿١٢٠﴾

၁၂၀။ အသင်တို့သည် ထင်ရှားသော *ပြစ်မှုဒုစရိုက်ကိုငင်း၊ ဖုံးအုပ်လျက်ရှိသောပြစ်မှုဒုစရိုက်ကိုငင်း၊* ၁ (တနည်း) အသင်တို့သည် အပြင်၌ရှိသော ပြစ်မှုဒုစရိုက်ကိုငင်း၊ အတွင်း၌ရှိသောပြစ်မှုဒုစရိုက်ကိုငင်း၊ (တနည်း)ထင်ရှားစွာပြုသော အပြစ်ကိုငင်း၊ လျှို့ဝှက်စွာပြုသော အပြစ်ကိုငင်း၊ (တနည်း)အပြစ်ထင်ရှားသောဒုစရိုက်ကိုငင်း၊ အပြစ်မထင်ရှားသောဒုစရိုက်ကိုငင်း၊ (တနည်း) ကာယဝစီဒုစရိုက်ကိုငင်း၊ မနောဒုစရိုက်ကိုငင်း၊ စွန့်လွှတ်ကြလေကုန်။ ဓကန်စင်စစ် ပြစ်မှု ဒုစရိုက်တို့ကို ဆည်းပူးကြကုန်သော သူတို့သည် မကြာမြင့်မီ၊ မိမိတို့ပြုလုပ်(ဆည်းပူး)ခဲ့သည်တို့၏ အကျိုးကို ခံစားကြရလတ္တံ့။

---

① 'ဇာဟိရ်' ဃေါလွင်သောအပြစ်ဟူသည် အလွှာဟ်အရှင်မြတ် မြစ်တားထားတော်မူသော အရာကို ကာယကံမြောက်ကျူးလွန်သောအပြစ်ကို ဆိုသည်။ ဖုံးအုပ်လျက်ရှိသော အပြစ်ဟူသည် အလွှာဟ်အရှင်မြတ် မိန့်မြစ်တားထားတော်မူသော အရာကိုဆန့်ကျင်ရန် စိတ်တွင် ယုံကြည်ပိုင်းဖြတ်ထားသော မနောဒုစရိုက်ကိုဆိုသည်။
(ကုရ်တုဗီ)

ဃေါလွင်သောအပြစ်နှင့် ဖုံးအုပ်လျက်ရှိသောအပြစ်ဟူသည် နည်းသောအပြစ်၊ များသောအပြစ်၊ လျှို့ဝှက်စွာ ပြုကျင့်သောအပြစ်၊ အထင်အရှားပြုကျင့်သော အပြစ်ကိုဆိုသည်။ ဤသည်ကား ကာဒဟ်မှတဆင့် ကြားသိရသော အဆိုတည်း။
(အီဗ်နုကျရိရ်)

وَلَا تَأْكُلُوا مِمَّا لَمْ يُذْكَرِ اسْمُ
اللَّهِ عَلَيْهِ وَإِنَّهُ لَفِسْقٌ ۗ وَإِنَّ
الشَّيَاطِينَ لَيُوحُونَ إِلَىٰ
أَوْلِيَائِهِمْ لِيُجَادِلُوكُمْ ۖ وَإِنْ
أَطَعْتُمُوهُمْ إِنَّكُمْ
لَمُشْرِكُونَ ﴿١٢١﴾

၁၂၁။ ၎င်းပြင်အသင်တို့သည် အကြင်(တိရစ္ဆာန်များ) အနက်မှစားသုံးခြင်း မပြုကြကုန်လင့်။ ထို(တိရစ္ဆာန်များ)၏အပေါ်ဝယ် အလွှာဟ်အရှင်မြတ်၏ နာမ်တော်သည် တသခြင်းမရှိခဲ့ချေ၊ ဤသည်(ကိုစားသုံးခြင်း)ကား အမိန့်တော်ကို သွေဖည်ခြင်းပင်တည်း။

ထိုမှတပါး မလွဲဧကန် 'ရှိုင်တွာန်' တို့သည် အသင်တို့နှင့် အချေအတင် ပြောဆို ငြင်းခုံကြရန် အလို့ငှာ၊ မိမိတို့၏ အဆွေခင်ပွန်းများထံ ပြင်ပပယောဂ(ဒွိဟသံသယများ)ကို သွင်းပေးကြလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အကယ်၍ ၎င်းတို့၏ ပြောစကားကို လိုက်နာကြပါမူ၊ မုချစင်စစ် အသင်တို့သည်လည်း အခြားအရာများကို အလွှာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်သူတို့တွင် အပါအဝင်ဖြစ်ကြလတ္တံ့။

أَوَمَنْ كَانَ مَيْتًا فَأَحْيَيْنَاهُ
وَجَعَلْنَا لَهُ نُورًا يَمْشِي بِهِ
فِي النَّاسِ كَمَنْ مَثَلُهُ فِي
الظُّلُمَاتِ لَيْسَ بِخَارِجٍ
مِنْهَا ۚ كَذَٰلِكَ زُيِّنَ لِلْكَافِرِينَ
مَا كَانُوا يَعْمَلُونَ ﴿١٢٢﴾

၁၂၂။ အကြင်သူသည် သူသေဖြစ်ခဲ့၏။ [၁] ထို့နောက် ငါအရှင်မြတ်သည် ထိုသူအား ရှင်စေတော်မူခဲ့၏။ ငါအရှင်မြတ်သည် ထိုသူ၏အဖို့ 'အီမာန်' တည်းဟူသော လင်းရောင်ခြည်ကို ပြုပေးတော်မူခဲ့၏။ ထိုသူသည် ထိုလင်းရောင်ခြည်နှင့်တကွ လူတို့တွင် သွားလာလျက်ရှိ၏။ ထိုသူသည် အမှောင်ထုၭ နစ်မွန်း၍ ထိုအမှောင်ထုထဲမှမထွက်နိုင်ပဲလျက် ရှိနေသောသူနှင့်တူနိုင်ပါမည်လော။ ဤနည်းအတိုင်းပင် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့၏ အမြင်ၭ ၎င်းတို့၏ အပြုအမူတို့ကို လှပတင့်တယ်အောင် ပြုထားပြီးဖြစ်ချေသတည်း။

---

① ဤမှကွပါၭ်တော်တွင်ပါရှိသော သူသေဟူသည် လမ်းလွဲလျက်ရှိသော ကာဖိရ်ကို ဆိုလို၏။ ရှင်စေခြင်းဟူသည် တရားလမ်းမှန်ပြခြင်းကို ဆိုလို၏။ လင်းရောင်ခြည်ဟူသည် ကုရ်အာန်ကျမ်းမြတ်ကို ဆိုလို၏။ အမှောင်များဟူသည် 'ကုဖ်ရ်ငြင်းဆန်ခြင်း၊ လမ်းလွဲခြင်းကိုဆိုလို၏။ ဤကား သာဝကြီး အီဗ်နုအဗ္ဗာစ် သခင်၏အဆိုတည်း။

(ရွှေ့ဟုလ်မအာနီ) ➤➤

وَكَذَٰلِكَ جَعَلْنَا فِي كُلِّ قَرْيَةٍ أَكَٰبِرَ مُجْرِمِيهَا لِيَمْكُرُوا۟ فِيهَا ۚ وَمَا يَمْكُرُونَ إِلَّا بِأَنفُسِهِمْ وَمَا يَشْعُرُونَ ﴿١٢٣﴾

၁၂၃။ ၎င်းပြင် ထိုနည်းနှင်နှင် ငါအရှင်မြတ်သည် မြို့ရွာတိုင်းတွင် ထိုမြို့ရွာများ၏ အကြီးအကဲများကို မကောင်းကြံစည်ကြရန် *ပြစ်မှုကျူးလွန်သူများ ဖြစ်စေတော်မူခဲ့၏။* [၁]

အမှန်သော်ကား ယင်းသူတို့သည် မိမိတို့ကိုယ်နှင့်ဆန့်ကျင်၍သာ မကောင်းကြံစည်ကြသည်။ သို့ရာတွင် ယင်းသူတို့သည် (ဤသည်ကိုပင်) မသိနားမလည်ကြချေ။

➤➤ ရှိုင်တွာန်များသည် မွတ်စ်လင်မ်များကို တရားလမ်းမှန်မှ တိမ်းပါးသွားကြစေရန်အတွက် မိမိတို့၏ အဆွေခင်ပွန်းများကို သွေးဆောင်မှု၊ လှည့်ဖြားမှု၊ လိမ်လည်မှု နည်းပရိယာယ် အမျိုးမျိုးကို သင်ပေးကြ၏။ သို့ရာတွင် ၎င်းတို့၏အကြံအစည်သည် အောင်မြင်မည်မဟုတ်ပေ။ အတွေးခေါင်မှုသာ ဖြစ်ချေသည်။ အဘယ့်ကြောင့်ဆိုသော် အကြင်သူသည် ယခင်က အသိတရား မရှိသည့်အတွက် သေနေခဲ့၏။

အလ္လာဟ် အရှင်မြတ်သည် ထိုသူ့အား အီမာန်တည်းဟူသော အသက်ဇီဝိန်ဖြင့် ရှင်စေတော်မူခဲ့၏။ ကုရ်အာန်တည်း ဟူသော လင်းရောင်ခြည်ကို ပေးအပ်တော်မူခဲ့၏။ ထိုသူသည် ထိုလင်းရောင်ခြည်ဖြင့် လူတို့စပ်ကြားရှိ တရားလမ်းမှန်ပေါ်တွင် အလွယ်တကူ ငြိမ်းချမ်းစွာ သွားလာလျက်ရှိ၏။

ထိုသို့သောသူများသည် ရှိုင်တွာန်များ၏ သွေးဆောင်ဖြားယောင်းမှု များကို လိုက်နာလျက်ရှိသော ရှိုင်တွာန်များ၏ အဆွေခင်ပွန်းများနှင့် အတူတူဖြစ်နိုင်ကြပါမည်လော။ ရှိုင်တွာန်များ၏ အဆွေခင်ပွန်းများသည် မိုက်မဲမှု၊ လမ်းလွဲမှုတည်းဟူသော အမိုက်မှောင်များတွင် နစ်မွန်း၍ တဝဲလည်လည် ဖြစ်လျက်ရှိကြ၏။ ထိုအမိုက်မှောင်များထဲမှ လွတ်မြောက်ရန် လမ်းစကိုလည်း မတွေ့ကြပေ။

အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အလင်းကိုပင် အမှောင်ဟူ၍ ၎င်း။ အကောင်းကိုပင် အဆိုးဟူ၍ ၎င်း၊ ထင်မှတ်နေကြ၏။ သို့ဖြစ်ရာ (ကုရ်အာန်တည်းဟူသော လင်းရောင်ခြည် ရရှိထားသော မွတ်စ်လင်မ်များနှင့် အမိုက် မှောင်များတွင် နစ်မွန်းလျက် ရှိကြသော ရှိုင်တွာန်များ၏ အဆွေခင်ပွန်းများသည်) အသို့လျှင် တူနိုင်ကြအံ့နည်း။

① မက္ကာမြို့တော်ရှိ အကြီးအကဲများသည် တမန်တော်မြတ်၏ အဆုံးအမ ဩဝါဒများကို လူအများ မလိုက်နာကြရန်အတွက် မကောင်းကြံစည်ခဲ့၏။ အမျိုးမျိုး လှည့်ဖြားခဲ့ကြ၏။

ဤသည် အဆန်းမဟုတ်ပေ။ အတိတ်ခေတ်များတွင်လည်း နဗီတမန်တော်များ ပွင့်တိုင်းပွင့်တိုင်း ကာဖိရ်တို့၏ အကြီးအကဲများသည် တမန်တော်များ၏ အဆုံးအမ၊ ဩဝါဒများကို လူအများမလိုက်နာကြရန် မကောင်းကြံစည် အားထုတ်ခဲ့ကြ၏။ အမျိုးမျိုး လှည့်ဖြားခဲ့ကြ၏။

وَإِذَا جَآءَتْهُمْ ءَايَةٌ قَالُوا۟
لَن نُّؤْمِنَ حَتَّىٰ نُؤْتَىٰ مِثْلَ
مَآ أُوتِىَ رُسُلُ ٱللَّهِ ۘ ٱللَّهُ
أَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهُۥ ۗ
سَيُصِيبُ ٱلَّذِينَ أَجْرَمُوا۟
صَغَارٌ عِندَ ٱللَّهِ وَعَذَابٌ
شَدِيدٌۢ بِمَا كَانُوا۟
يَمْكُرُونَ ﴿١٢٤﴾

၁၂၄။ ထိုမှတပါး၊ ငင်းတို့ထံ သက်သေလက္ခဏာ တစုံတရာ ရောက်ရှိလာသောအခါ ငင်းတို့က ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်များ ချီးမြှင့်ခြင်း ခံကြရသကဲ့သို့ ချီးမြှင့်ပေးသနားတော်မူခြင်း မခံကြရသမျှ ကာလပတ်လုံး ငါတို့သည် *အလျင်း 'အီမာန်' သက်ဝင် ယုံကြည်ကြမည်မဟုတ်ပေဟု ပြောဆိုကြကုန်သည်။* [၁] (အမှန်စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိ၏ ရဿူလ်တမန်တော်ဂုဏ်ကို *မည်သူ့အား ချီးမြှင့်ရမည်ကို အသိဆုံးပင် ဖြစ်တော်မူပေသည်။* [၂]

(ထိုမှတပါး) ပြစ်မှုကျူးလွန်သော သူတို့သည် မကြာမြင်မီ အလ္လာဟ်အရှင်မြတ်အထံတော်၌ မိမိတို့ မကောင်းကြံစည်မှုများ၏အစား ဂုဏ်ရည်သေးသိမ်ခြင်းနှင့် ပြင်းထန်သော ပြစ်ဒဏ်တို့ကို ခံစားကြရလတ္တံ့။

---

① (မက္ကာမြို့သား ကာဖိရ်များထံသို့ တန်ခိုးပြာဋိဟာ ရောက်ရှိလာသောအခါ) ငင်းတို့က 'ကျွန်ုပ်တို့သည် တမန်တော်မူစာ၊ တမန်တော်အီစာ၊ ချီးမြှင့်ခြင်းခံခဲ့ရသော တန်ခိုးပြာဋိဟာများ ချီးမြှင့်ခြင်းခံရပြီး၊ ကျွန်ုပ်တို့ကိုယ်တိုင် နဗီတမန်တော်များ မဖြစ်ကြရသမျှ ကာလပတ်လုံး အလျင်း အီမာန်ယုံကြည်ကြမည်မဟုတ်' ဟု ပြောဆိုကြလေသည်။ (ကုရ်တုဗီ)

အဗူဂျဟ်လ်က 'အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍' 'ကျွန်ုပ်တို့သည် ထိုသူ (တမန်တော်မုဟမ္မဒ်)ထံ 'ဝဟ်ယ်'(ဝဟီ) အမိန့်တော်လာသကဲ့သို့ ကျွန်ုပ်တို့ထံ ဝဟီ မလာသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် ထိုသူ (တမန်တော် မုဟမ္မဒ်)အား ကျေနပ်နှစ်သက်ကြမည်မဟုတ်၊ ၎င်း၏အမိန့်ကိုလည်း မည်သည့်အခါမျှ လိုက်နာကြမည်မဟုတ်' ဟု ပြောဆို၏။ (ကုရ်တုဗီ)

② နဗီတမန်တော်ဂုဏ်ထူးဖြင့် မည်သူမည်ဝါအား ချီးမြှင့်ထိုက်တော်မူသည်။ မည်သူမည်ဝါသည် ထိုဂုဏ်ထူးကို ထမ်းဆောင်နိုင်သည်ကို အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိဆုံးဖြစ်တော်မူ၏။ နဗီတမန်တော်အဖြစ်သည် ဆုပန်ကြား၍သော်၎င်း၊ (ဒုက္ကရစရိယာ) ခဲယဉ်းပင်ပန်းစွာ ကျင့်ခြင်းဖြင့်သော်၎င်း၊ ပစ္စည်းဥစ္စာ ရာထူးဌာနန္တရ အစရှိသည့် လောကီစည်းစိမ် ချမ်းသာမှုများကို အကြောင်းပြု၍သော်၎င်း၊ ရရှိနိုင်သောအဖြစ် ဂုဏ်ထူးမဟုတ်ပေ။ ဤသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်းခဲ့သာလျှင် ရှိပေသည်။ ဤသည် 'ကတ်စီဗီ' လူသားတို့ရှာဖွေဆည်းပူး၍ရနိုင်သော ဂုဏ်ထူးမဟုတ်။ 'ဝဟ်ဗီ' အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော ဂုဏ်ထူးသာလျှင် ဖြစ်ချေသည်။

فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ ۚ وَمَنْ يُّرِدْ اَنْ يُّضِلَّهٗ يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا كَاَنَّمَا يَصَّعَّدُ فِي السَّمَآءِ ۭ كَذٰلِكَ يَجْعَلُ اللّٰهُ الرِّجْسَ عَلَى الَّذِيْنَ لَا يُؤْمِنُوْنَ ﴿١٢٥﴾

၁၂၅။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြင်သူအား လမ်းမှန်သို့ ပို့ဆောင်တော်မူရန် ရည်စူးတော်မူပါလျှင်၊ ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို (ဝါ) စိတ်နှလုံးကို အစွလာမ်သာသနာတော် (ကို ယုံကြည် လက်ခံလာနိုင်ရန်)အလို့ငှာ ပွင့်လင်းကျယ်ဝန်းစေတော်မူအံ့။

သို့ရာတွင် ထိုအရှင်မြတ်သည် အကြင်သူအား လမ်းမှားခြင်ထားရှိရန် ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏ရင်ကို (ဝါ) စိတ်နှလုံးကို ကျဉ်းကျပ်၊ အလွန်အလွန် ကျဉ်းကျပ်စေတော်မူအံ့။ ထိုသူသည် မိုးကောင်းကင်သို့ တက်ရာဘိသကဲ့သို့ ဖြစ်နေအံ့။

ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် အီမာန် သက်ဝင်ယုံကြည်ခြင်းကင်းမဲ့သောသူတို့အပေါ်၌ အညစ်အကြေးများကို ပြုလုပ်ထားတော်မူလေသတည်း။

وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيْمًا ۭ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ ﴿١٢٦﴾

၁၂၆။ အမှန် စင်စစ်သော်ကား ဤ (အစွလာမ်သာသနာတော်) သည်သာလျှင် အသင့်အား မွေးမြူတော်မူသော အရှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သောတရားလမ်းပင် ဖြစ်ချေသည်။

မုချဇကန် ငါ အရှင်မြတ်သည် (မိမိ) သက်သေ လက္ခဏာတော်များကို နာခံသောသူတို့အကျိုးငှာ အသေးစိတ် လင်းပြတော်မူပြီး ဖြစ်ချေသတည်း။

لَهُمْ دَارُ السَّلٰمِ عِنْدَ رَبِّهِمْ وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٢٧﴾

၁၂၇။ ထို(တရားရယူသော)သူတို့အဖို့၊ ၎င်းတို့၏ အရှင်မြတ်အထံတော်၌ ချမ်းမြေ့ သာယာသော (ဂျန္နတ်အမတသုခ)ဘုံသည် အဆင်သင့်ရှိချေသည်၊ ၎င်းပြင် ထိုသူတို့၏ (မွန်မြတ်သော) အပြုအမူတို့ကြောင့် ထိုအရှင်မြတ်သည်ပင်လျှင်၊ ၎င်းတို့၏ အဆွေခင်ပွန်း ဖြစ်တော်မူသတည်း။ [၁]

وَيَوْمَ يَحْشُرُهُمْ جَمِيْعًا ۚ يٰمَعْشَرَ الْجِنِّ قَدِ اسْتَكْثَرْتُمْ مِّنَ الْاِنْسِ ۚ وَقَالَ اَوْلِيٰٓـُٔهُمْ مِّنَ الْاِنْسِ رَبَّنَا اسْتَمْتَعَ بَعْضُنَا بِبَعْضٍ وَّبَلَغْنَآ اَجَلَنَا الَّذِيْٓ اَجَّلْتَ لَنَا ۭ قَالَ النَّارُ مَثْوٰىكُمْ خٰلِدِيْنَ فِيْهَآ اِلَّا مَا شَاۗءَ اللّٰهُ ۭ اِنَّ رَبَّكَ حَكِيْمٌ عَلِيْمٌ ﴿١٢٨﴾

၁၂၈။ ထိုမှတပါးအကြင်နေ့ကို (သတိရကြလေကုန်) ထိုနေ့တွင် (အလ္လာဟ်အရှင်မြတ်သည်) ထိုသူအားလုံးတို့ကို စုရုံးစေတော်မူအံ့။ (ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူအံ့)။ "အို–ဂျင်(နှ်)ပရိသတ်အပေါင်းတို့၊ အသင်တို့သည် လူသတ္တဝါအပေါင်းတို့အား (လမ်းမှားသို့ သွေးဆောင်ခြင်းကို) များစွာ ပြုလုပ်ခဲ့ကြကုန်၏။" ထို့နောက် လူသားတို့အနက်မှ ထိုဂျင်(နှ်)သတ္တဝါတို့၏ မိတ်ဆွေများက လျှောက်ထားကြမည်မှာ "အို–ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့အနက် အချို့သည်၊ အချို့ထံမှ အကျိုးခံစားခဲ့ကြပါသည်။ ၎င်းနောက် ကျွန်တော်မျိုးတို့သည် မိမိတို့အတွက် အရှင်မြတ်သတ်မှတ်ပိုင်ခြား ထားတော်မူသော အချိန်ကာလ(ဝါ)ကိုယာမတ်နေ့သို့ ဆိုက်ရောက်ခဲ့ကြပါပြီ" ဟု လျှောက်ထားကြလတ္တံ့။

---

① အကြင်သူသည် အစွလာမ်သာသနာ၏ ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်ကို လိုက်နာကျင့်သုံးအံ့။ ထိုသူသည် 'ဒါရုစ္စလာမ်' ချမ်းမြေ့သာယာသော ဂျန္နတ်သို့ ဝင်စံမြန်းရအံ့။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ထိုသူ၏ အဆွေခင်ပွန်း ဖြစ်တော်မူအံ့။ ဤသည် 'အောင်လေ့ယာအုရ်ရဟ်မာန်' အလ္လာဟ်အရှင်မြတ်၏ အဆွေခင်ပွန်းများ အဖြစ်တည်း။ ရှေ့လာလတ္တံ့သော မုကွပါဠ်တော်တွင် 'အောင်လေ့ယာအုရ်ရှ် မွိုင်တွာန်' မွိုင်တွာန်၏ အဆွေခင်ပွန်းများ၏အဖြစ်ကို မိန့်ဆိုထားတော်မူသည်။

(ထိုရောကာလ အလ္လာဟ်အရှင်မြတ်သည် ဤသို့) မိန့်ကြားတော်မူအံ့။ "အိုမယုံမကြည်သွေဖည်ငြင်းပယ် ကြကုန်သော ဂျင်(နှ) နှင့် လူအပေါင်းတို့) ဂျဟန္နမ်ငရဲဘုံသည်သာလျှင် အသင်တို့၏ နေရာဌာန ဖြစ်သည်။ (အသင်တို့သည်) ထို(ဂျဟန္နမ် ငရဲဘုံ)၌ပင် ထာဝစဉ် နေထိုင်ကြရလတ္တံ့။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်(ထုတ်ရန်) အလိုတော်ရှိတော်မူပါသော် (ပြဿနာတခြား ဖြစ်ပေမည်)။

(အိုနဗီတမန်တော်) အသင့်အား မွေးမြူတော်မူသော အရှင်မြတ်သည် မုချစင်စစ် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို၊ အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

وَكَذَٰلِكَ نُوَلِّي بَعْضَ الظَّٰلِمِينَ بَعْضًۢا بِمَا كَانُوا۟ يَكْسِبُونَ ﴿١٢٩﴾

၁၂၉။ *ငင်းအပြင် ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ကျူးကျော်စော်ကားသူများအနက် အချို့ကို အချို့အပေါ်၌ ၎င်းတို့၏အပြုအမူတို့ကြောင့် ကြီးစိုးစေတော်မူအံ့။* ①

တနည်း။

ဤနည်းအတိုင်းပင် ငါ အရှင်မြတ်သည် အချို့မတရားသောသူတို့အား အချို့မတရားသော သူတို့နှင့် နီးကပ်စေတော်မူအံ့။ (အချို့မတရားသော သူတို့၏အနီး၌ ထားရှိတော်မူအံ့၊)

---

① လူ့လောကတွင် လူကောင်းများသည် လူကောင်းများနှင့် ပူးပေါင်းကြ၏။ ကူညီယိုင်းပင်းကြ၏။ အတူနေထိုင်ကြ၏။ လူဆိုးများသည်လူဆိုးများနှင့် ပူးပေါင်းကြ၏။ ကူညီယိုင်းပင်းကြ၏။ အတူနေထိုင်ကြ၏။ နောင်တမလွန်ဘဝတွင်လည်း ဤနည်းအတိုင်းပင် နေထိုင်ကြရမည် ဖြစ်သည်။ ဤသည် အမျိုးအစားတူညီခြင်း၏ အကျိုးတရားပင် ဖြစ်ပေသည်။

يٰمَعۡشَرَ الۡجِنِّ وَالۡاِنۡسِ اَلَمۡ يَاۡتِكُمۡ رُسُلٌ مِّنۡكُمۡ يَقُصُّوۡنَ عَلَيۡكُمۡ اٰيٰتِىۡ وَيُنۡذِرُوۡنَكُمۡ لِقَآءَ يَوۡمِكُمۡ هٰذَا ؕ قَالُوۡا شَهِدۡنَا عَلٰٓى اَنۡفُسِنَا وَغَرَّتۡهُمُ الۡحَيٰوةُ الدُّنۡيَا وَشَهِدُوۡا عَلٰٓى اَنۡفُسِهِمۡ اَنَّهُمۡ كَانُوۡا كٰفِرِيۡنَ ﴿۱۳۰﴾

၁၃၀။ အို – ဂျင်(နှ်)နှင့်လူသတ္တဝါ အပေါင်းတို့၊ အသင်တို့ထံ အသင်တို့အနက်မှပင် ရုဿူလ်တမန်တော်များသည် ၃ ရောက်ရှိလာကြကာ အသင်တို့အား ငါ အရှင်မြတ်၏ အမိန့်တော်များကို ကြားနာစေခြင်းကိုငင်း၊ အသင်တို့အား ဤနေ့နှင့် ကြုံကြိုက်ကြရမည့်အကြောင်း သတိပေးနှိုးဆော်ခြင်းကိုငင်း၊ ပြုလုပ်လေ့ရှိခဲ့ကြသည် မဟုတ်ပါလော။

(ထိုအခါ) ယင်း ဂျင်(နှ်)နှင့်လူသားတို့က ကျွန်တော်မျိုးတို့သည် မိမိတို့နှင့် ဆန့်ကျင်၍ပင် သက်သေခံကြပါပြီ ဟု လျှောက်ထားကြလတ္တံ့။ ၎င်းတို့အား ပစ္စုပ္ပန် မျက်မှောက်ဘဝ၏ အသက်ရှင်ခြင်းသည် လှည့်ဖြားခြင်း ထားရှိခဲ့လေသည်။ (သို့ဖြစ်ပေရာ၊ ၎င်းတို့သည် လောကီစည်းစိမ်တို့၌ နစ်မွန်းလျက်ရှိနေခဲ့ကြလေပြီ။) ၎င်းပြင် ထိုသူများသည် (ထိုရှင်ပြန်ထမည့်နေ့တွင်) မိမိတို့ကိုယ်နှင့်ဆန့်ကျင်၍ မိမိတို့ ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သော သူများပင်ဖြစ်ခဲ့ကြပါသည်ဟု သက်သေခံကြကုန်အံ့။

ذٰلِكَ اَنۡ لَّمۡ يَكُنۡ رَّبُّكَ مُهۡلِكَ الۡقُرٰى بِظُلۡمٍ وَّاَهۡلُهَا غٰفِلُوۡنَ ﴿۱۳۱﴾

၁၃၁။ ယင်းကဲ့သို့ ရုဿူလ် တမန်တော်များကို စေလွှတ်ခြင်း၏အကြောင်းမှာ အသင့်အားမွေးမြူတော်မူသော အရှင်မြတ်သည် မြို့ရွာတို့ကို ၎င်းမြို့ရွာများ၌နေထိုင်သောသူများ သတိမမူ အမှတ်မဲ့ရှိနေခိုက် မတရားသဖြင့် (တနည်း) *မတရားမှုကြောင့် ဖျက်ဆီးလိုတော် မမူသောကြောင့်ပင် ဖြစ်ချေသတည်း။* ၂

---

① **ဂျင်နှ်များတွင် နဗီတမန်တော်ပွင့်မပွင့်**

လူသားတို့တွင် လူသားတို့အနက်မှ နဗီများပွင့်သကဲ့သို့ ဂျင်(နှ်)များတွင် ဂျင်(နှ်)များအနက်မှ နဗီများပွင့်ခဲ့သည်၊ မပွင့်ခဲ့သည်ဟူသော ပြဿနာ၌ အဆိုပြုးလျက်ရှိသည်။

တမန်တော်မြတ် (မုဟမ္မဒ်)ဆွလွလွှာဟု အလိုင်ဟိဝစလ္လမ် ပွင့်တော်မမူမီ အလျင် ➤➤

وَلِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ۭ وَمَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُوْنَ ﴿١٣٢﴾

၁၃၂။ စင်စစ်မူကား (ထိုဂျင်နီ နှင့် လူသတ္တဝါ) အသီးသီးတို့၌၊ ၎င်းတို့၏ အပြုအမူများနှင့် လျော်ညီစွာ အဆင့်အတန်းများသည် ရှိကြ၏။ [၁] အမှန်သော်ကား အသင့်အား မွေးမြူတော်မူသော အရှင်မြတ်သည် ၎င်းတို့၏ အပြုအမူတို့ကို သတိမမူ လျစ်လျူရှုတော်မူသောအရှင် မဟုတ်ချေ။

وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ ۭ اِنْ يَّشَاْ يُذْهِبْكُمْ

၁၃၃။ စင်စစ်သော်ကား၊ အသင့်အား မွေးမြူတော်မူသောအရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းမဲ့တော်မူသောအရှင်၊ မဟာကရုဏာတော်ရှင်ဖြစ်တော်မူပေသတည်း။ [၂]

➤➤ ဂျင်(နဲ်)များတွင်နဗီပွင့်ဘူးခဲ့ပါသလားဟူ၍ သွပ်ဟာက်အား မေးမြန်းကြသောအခါ သွပ်ဟာက်က အသင်တို့သည် ကုရ်အာန်ကျမ်းလာ မုကျွပါဠိတော်(ဖြး ၁၃၁)ကို မကြားမိကြဘူးလော၊ မဆင်ခြင်မိကြဘူးယေလောဟု မေးလေသည်။ ယင်းသို့ ပြန်လည်မေးခြင်းအားဖြင့် သွပ်ဟာက်သည် လူများတွင်၎င်း၊ ဂျင်(နဲ်)များတွင်၎င်း၊ နဗီများပွင့်သည်ဟု ယူဆသည်။ ထိုအခါ မေးမြန်းသူများက "ဟုတ်ကဲ့" ဟုဖြေဆိုကြလေသည်။

① ဤမုကျွပါဠိတော်၏ အနက်ကို အောက်ပါအတိုင်း နှစ်မျိုးနှစ်စားဖွင့်ဆိုနိုင်သည် –

(က) အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များကို စေလွှတ်တော်မူ၏။ အကြောင်းကား–

ဥပမာ – လူများသည် ကုဖ်ရ်၊ ရှရ်စ်က်မှုများတွင် နစ်မွန်း၍နေကြ၏။ အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များနှင့် ကင်းကွာနေကြ၏။ ထိုအချိန်မျိုးတွင် ထိုအရှင်မြတ်သည် ချက်ချင်း အပြစ်ဒဏ်ပေးဆော်မမူချေ။ ထိုအရှင်မြတ်သည် နဗီတမန်တော်များအား စေလွှတ်၍ တရားဓမ္မ ဟောကြားစေတော်မူ၏။ ယင်းသို့ တရားဓမ္မဟောကြားစေတော်မူ ပြီးသည့် နောက်ပိုင်းတွင် ဆက်လက်၍ ကုဖ်ရ်၊ ရှရ်စ်က်တွင် နစ်မွန်း၍ နေကြပြန်သည် ရှိသော်၊ ထိုအခါတွင် ထိုအရှင်မြတ်သည် ပြစ်ဒဏ်ပေးတော်မူသည်ဖြစ်၏။ ယင်းသို့ မဟုတ်ပါသော် လူများက ကျွန်တော်မျိုးတို့ထံသို့ တရားဓမ္မဟောကြားသူ တဦးတယောက်မျှ မလာခဲ့ပါဟူ၍ ဆင်ခြေပေးကြမည်ဖြစ်သည်။

(ခ) အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များကို စေလွှတ်တော်မူ၏။ အကြောင်းကား– တရားဓမ္မဟောကြားစေရန် နဗီတမန်တော်များအား စေလွှတ်တော်မူခြင်း၊ ကျမ်းဂန်ပို့ချတော်မူခြင်းမပြုပဲ ပြစ်ဒဏ်ပေးတော်မူခဲ့သည်ရှိသော် မတရားသဖြင့် ပြစ်ဒဏ်ပေးတော်မူရာရောက်ပေမည်။ အလ္လာဟ်အရှင်မြတ်သည် မတရားသဖြင့် မည်သူ့ကိုမျှ ပြစ်ဒဏ်ပေးတော်မူသော အရှင်မဟုတ်ပေ။ အီဗ်နုကျရီရ်၊ အ–၁၊ စ–၂၈။

② လူဖြစ်စေ၊ ဂျင်နဲ်ဖြစ်စေ အားလုံးတို့၌ ၎င်းတို့၏ အပြုအမူနှင့်အညီ အကျိုးအပြစ်၏ အဆင့်အတန်းများ အသီးသီးရှိပေသည်။

وَيَسْتَخْلِفْ مِنۢ بَعْدِكُمْ مَّا يَشَآءُ كَمَآ أَنشَأَكُم مِّن ذُرِّيَّةِ قَوْمٍ ءَاخَرِينَ ﴿١٣٣﴾

အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့(အားလုံး)ကို ရပ်သိမ်းတော်မူ၍ အသင်တို့မရှိသည့်နောက် အသင်တို့အား အခြားလူမျိုးတို့၏ သားသမီးများ (အဆက်အနွယ်)မှ ပေါက်ပွားစေတော်မူဘိသကဲ့သို့ မိမိအလိုရှိတော်မူသောသူတို့အား အသင်တို့နေရာ၌ ဆက်ခံစေတော်မူအံ့။

إِنَّ مَا تُوعَدُونَ لَءَاتٍ ۙ وَمَآ أَنتُم بِمُعْجِزِينَ ﴿١٣٤﴾

၁၃၄။ ဧကန်စင်စစ် အသင်တို့အား ကတိထားရှိပြီးဖြစ်သော (ကိယာမတ် ရှင်ပြန်ထရမည့်နေ့နှင့် ပြစ်ဒဏ်တို့သည်) မလွဲဧကန် ဆိုက်ရောက်မည်သာဖြစ်၏။ ၎င်းပြင် အသင်တို့သည်(မိမိတို့၏ပရိယာယ်ဖြင့် အလွှာဟ်အရှင်မြတ်အား တိုသို့)မစွမ်းဆောင်နိုင်ရန် တားဆီးနိုင်ကြသူများလည်း မဟုတ်ကြပေ။

---

(၂) လူသားတို့သည် အရေးကိစ္စတိုင်းတွင် တောင့်တမှုများနှင့် ကင်းကြသည်ဟူ၍ အလျင်းမရှိပေ။ ဥစ္စာဓန၊ ကုံလုံကြွယ်ဝသူတဦးပင်လျှင် သား၊ မယား၊ နောက်လိုက်ငယ်သား၊ ဆရာ၊ ဆရာဝန် စသည်များကို မှီခိုအားထား၍ နေရ၏၊ အလွှာဟ်အရှင်မြတ်မှာကား လိုလားတောင့်တမှု အပေါင်းမှ လုံးဝ ကင်းစင်တော်မူသည်။ ထိုအရှင်မြတ်သည် မည်သူ့ကိုမျှ မှီခိုအားထားတော်မူသည်မရှိ။ လူသားများသည်သာလျှင် ထိုအရှင်မြတ်အား မှီခိုအားထားကြရသည်။ ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ်(၃၅း၁၅)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ထိုအရှင်မြတ်သည် တပါးတည်းတည်ရှိတော်မူ၏။ ထိုအရှင်မြတ်နှင့်အတူတကွ အဘယ်တစုံတရာမျှ မရှိပေ။

သို့တစေလည်း ထိုအရှင်မြတ်သည် တောင့်တမှုအပေါင်းမှ ကင်းတော်မူ၏။ ယခုလည်း ထိုအရှင်မြတ်သည် တည်ရှိတော်မူခဲ့သည့် အတိုင်းပင် တည်ရှိတော်မူ၏။ နောင်ကိုလည်း ထာဝရ တည်ရှိတော်မူမည်သာ ဖြစ်၏။

ထိုအရှင်မြတ်သည် မိမိ၏အမိန့်တော်များကို နာခံသူများအား တောင့်တရတော်မူသည်မဟုတ်၊ အမိန့်တော်နာခံသူများသည် ထိုအရှင်မြတ်အား အကျိုးပြုကြသည်လည်းမဟုတ်။ ၎င်းတို့သည် ၎င်းတို့၏အကျိုးကိုသာပြုကြသည်။ ထို့အတူ ထိုအရှင်မြတ်သည် မိမိအားသွေဖည်သူများကို တွန်းလှန်ဖြိုဖျက်ရန် ကြောင့်ကြတော်မူသည် မဟုတ်။ သွေဖည်သူများသည် ထိုအရှင်မြတ်အား တစုံတရာ နစ်နာဆုံးရှုံးအောင် ပြုကြသည်မဟုတ်။ ၎င်းတို့သည် ၎င်းတို့၏ နစ်နာမှုကိုသာလျှင် ပြုကြသည်။ ကျိုးပြစ်ပေးတော်မူခြင်းသည် ထိုအရှင်မြတ်၏ကရုဏာတော်သာလျှင် ဖြစ်ချေသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့ ကျိုး၊ ပြစ်၊ ပေးတော်မူခြင်းအားဖြင့် အရည်အချင်း မပြည့်စုံသောသူများသည် ပြည့်စုံ၍သွားကြမည်ဖြစ်သည်။

ကြည့်–အလ်မနာရ်။ အ–၈၊ စ–၁၁၎၊

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى
مَكَانَتِكُمْ اِنِّيْ عَامِلٌ ۚ
فَسَوْفَ تَعْلَمُوْنَ ۙ مَنْ
تَكُوْنُ لَهٗ عَاقِبَةُ الدَّارِ ؕ
اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿۱۳۵﴾

၁၃၅။ (အို-နဗီတမန်တော်) အသင်တို့သည် (ထို မိစ္ဆာဒိဋ္ဌိတို့အား ဤသို့)ပြောကြားပါလေ "အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့နည်းအတိုင်းသာ ပြုလုပ်ကြလေကုန်။ ငါသည်လည်း (မိမိနည်းလမ်းအတိုင်းပင်) ပြုလုပ်လျက် ရှိချေပြီ။

နောက်ဆုံး စိတ်ချမ်းသာမှုသည် မည်သူတို့အဖို့ဖြစ်သည်ကို မကြာမြင့်မီ အသင်တို့သိရှိကြရလတ္တံ့။ ဧကန်မုချ မတရားပြုကျင့်သော သူတို့သည် အောင်မြင်ကြလိမ့်မည် မဟုတ်ချေ။"

وَجَعَلُوْا لِلّٰهِ مِمَّا ذَرَاَ مِنَ
الْحَرْثِ وَالْاَنْعَامِ
نَصِيْبًا فَقَالُوْا
هٰذَا لِلّٰهِ بِزَعْمِهِمْ وَ
هٰذَا لِشُرَكَآئِنَا ۚ فَمَا
كَانَ لِشُرَكَآئِهِمْ فَلَا
يَصِلُ اِلَى اللّٰهِ ۚ وَمَا كَانَ
لِلّٰهِ فَهُوَ يَصِلُ اِلٰى
شُرَكَآئِهِمْ ؕ سَآءَ
مَا يَحْكُمُوْنَ ﴿۱۳۶﴾

၁၃၆။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အဖို့ ထိုအရှင်မြတ် ဖန်ဆင်း ပေါက်ရောက်စေတော်မူသော လယ်ယာများအနက်မှ၎င်း၊ ခြေလေးချောင်း သတ္တဝါများအနက်မှ၎င်း၊ ဝေစုဝေပုံကို သတ်မှတ်၍ ထားရှိကြလေသည်။ တဖန် ထိုသူတို့က မိမိတို့၏ ထင်မြင်ယူဆချက်အရ ဤ(ဝေစုဝေပုံ)သည် အလ္လာဟ်အရှင်မြတ်အဖို့ ဖြစ်သည်ဟူ၍၎င်း၊ ဤ(ဝေစုဝေပုံ)သည် ငါတို့၏ ကိုးကွယ်ရာများအဖို့ ဖြစ်သည်ဟူ၍၎င်း၊ ပြောဆိုကြလေသည်။

တဖန် ၎င်းတို့၏ ကိုးကွယ်ရာများအဖို့ ဖြစ်သော (အစုအပုံ)သည် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သော အစုအပုံများသို့ ရောက်ရှိသည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အဖို့ ဖြစ်သော (အစုအပုံ)မူကား ၎င်းတို့၏ ကိုးကွယ်ရာများအဖို့ဖြစ်သော ဝေစုဝေပုံသို့ ရောက်လေ၏။ ထိုသူတို့၏ အဆုံးအဖြတ်သည် ဆိုးယုတ်လှပေတကား။

وَكَذَٰلِكَ زَيَّنَ لِكَثِيرٍ
مِّنَ الْمُشْرِكِينَ قَتْلَ
أَوْلَادِهِمْ شُرَكَآؤُهُمْ
لِيُرْدُوهُمْ وَلِيَلْبِسُوا
عَلَيْهِمْ دِينَهُمْ ۖ
وَلَوْ شَآءَ اللَّهُ مَا فَعَلُوهُ
فَذَرْهُمْ وَمَا يَفْتَرُونَ ﴿١٣٧﴾

၁၃၇။ ၎င်းပြင် ထိုနည်းအတိုင်းပင်၊ မုရ်ရစ်ကတို့ အနက် များစွာသောသူတို့၏ အမြင်၌ ၎င်းတို့၏ ကိုးကွယ်ရာ (ရှိုင်တွာန်)များက၊ ၎င်းတို့ကို ဖျက်ဆီး ကြရန်အတွက်၎င်း၊ ၎င်းတို့အပေါ်၌ ၎င်းတို့၏ ဘာသာကို ရှုပ်ထွေးစေကြရန်အတွက်၎င်း၊ ၎င်းတို့၏ သားသမီးများအား သတ်ဖြတ်ခြင်းကို တင့်တယ် အောင် ပြုလုပ်ထားခဲ့ကြသည်။

၎င်းပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိတော်မူခဲ့ပါလျှင် ထိုသူများသည် ယင်း ကဲ့သို့ ပြုလုပ်ကြမည် မဟုတ်ပေ။ သို့ရှိရာ အသင် သည် ထိုသူများကိုလည်း၊ ထိုသူတို့ လုပ်ကြံလိမ်ညာ ပြောဆိုသောစကားများကိုလည်း၊ စွန့်လွှတ်ထားပါလေ။

وَقَالُوا هَٰذِهِ أَنْعَامٌ
وَحَرْثٌ حِجْرٌ لَّا يَطْعَمُهَآ
إِلَّا مَن نَّشَآءُ بِزَعْمِهِمْ
وَأَنْعَامٌ حُرِّمَتْ ظُهُورُهَا
وَأَنْعَامٌ لَّا يَذْكُرُونَ
اسْمَ اللَّهِ عَلَيْهَا افْتِرَآءً
عَلَيْهِ ۚ سَيَجْزِيهِم
بِمَا كَانُوا يَفْتَرُونَ ﴿١٣٨﴾

၁၃၈။ ၎င်းပြင် ယင်းသူတို့က မိမိတို့၏ထင်မြင် ယူဆချက်အရပြောဆိုကြသည်မှာ ထိုထိုသောအခြေ လေးချောင်း တိရစ္ဆာန်များသည်၎င်း၊ ထိုထိုသော လယ်ယာများ(မှထွက်သောပစ္စည်းများ)သည်၎င်း၊ ငါတို့အလိုရှိသောသူတို့မှအပ၊အခြားမည်သူမျှ စားသုံး ခြင်းမပြုရန် တားမြစ်၍ထားပြီးဖြစ်သည်ဟူ၍၎င်း၊ (ထိုထိုသော) အခြေလေးချောင်း တိရစ္ဆာန်များ(၏) ကျောက်ကုန်းများ(ပေါ်၌တက်စီးခြင်း)သည် "ဟရာမ်" မြစ်တား၍ထားပြီးဖြစ်သည်ဟူ၍၎င်း၊ ပြောဆိုကြ၏။ ၎င်းပြင် (ထိုထိုသော) အခြေလေးချောင်းတိရစ္ဆာန်များ ကို (လိုးဖြတ်ရာ၌) ထိုသူများသည် အလ္လာဟ် အရှင်မြတ်၏ နာမံတော်ကို တသခြင်းမပြုကြပေ။ (ဤသည်တို့ကား) ထိုအရှင်မြတ်အပေါ်၌ လီဆယ် ပြောဆိုခြင်းမျှဖြစ်ရကား မကြာမြင့်မီ ထိုအရှင်မြတ် သည် ၎င်းတို့အား၊ ၎င်းတို့၏လီဆယ်ပြောဆိုမှုကြောင့် အပြစ်ပေးတော်မူအံ့။

وَقَالُوا مَا فِي بُطُونِ هَٰذِهِ الْأَنْعَامِ خَالِصَةٌ لِّذُكُورِنَا وَمُحَرَّمٌ عَلَىٰ أَزْوَاجِنَا وَإِن يَكُن مَّيْتَةً فَهُمْ فِيهِ شُرَكَاءُ سَيَجْزِيهِمْ وَصْفَهُمْ إِنَّهُ حَكِيمٌ عَلِيمٌ ﴿١٣٩﴾

၁၃၉။ ထိုမှတပါး၊ ၎င်းတို့က ပြောဆိုကြသည်မှာ "ဤတိရစ္ဆာန်များ၏ ဝမ်းတွင်း၌ ရှိသည့်အရာ (နို့ရည် သို့မဟုတ် ဇီး)သည် ငါတို့ယောကျ်ားများအဖို့ချည်းသာ ဖြစ်သည်။ ငါတို့၏ဇနီးများအပေါ်၌ "ဟရာမ်" တားမြစ်ထားပြီး ဖြစ်သည်။ သို့ရာတွင် (၎င်းတိရစ္ဆာန်များ၏ဝမ်းတွင်း၌ရှိသောဇီးသည်) အသေဖြစ်ခဲ့လျှင်၊ ၎င်းတို့(ယောကျ်ားနှင့်မိန်းမပါ) အတူတူ စားသုံးနိုင်ကြသည်။ (အားလုံး ဖက်စပ်ပါဝင်ကြသည်) ဟု ပြောဆိုကြ၏။

ထိုအရှင်မြတ်သည် မကြာမြင့်မီ (ယင်းကဲ့သို့ ၎င်းတို့၏ (မမှန်မကန်) ပြောဆိုမှုကြောင့်) ယင်းသူတို့အား အစားပေးတော်မူအံ့။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

قَدْ خَسِرَ الَّذِينَ قَتَلُوا أَوْلَادَهُمْ سَفَهًا بِغَيْرِ عِلْمٍ وَحَرَّمُوا مَا رَزَقَهُمُ اللَّهُ افْتِرَاءً عَلَى اللَّهِ ۚ قَدْ ضَلُّوا وَمَا كَانُوا مُهْتَدِينَ ﴿١٤٠﴾

၁၄၀။ အကြင်သူတို့သည် မချွတ်ဧကန် ဆုံးရှုံးခဲ့ကြချေပြီ။ ထိုသူတို့သည် မိမိတို့၏သားသမီးများကို အသိပညာမရှိပဲ မိုက်မဲစွာသတ်ဖြတ်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလွှာဟ်အရှင်မြတ်က မိမိတို့အား ချီးမြှင့် ပေးသနားတော်မူသော အရာများကို (ထို)အလွှာဟ်အရှင်မြတ်အပေါ်၌ လီဆယ် ပြောဆိုကာ 'ဟရာမ်' ခွင့်မပြုသောအရာများဟူ၍ သတ်မှတ်ကုန်ကြ၏။

မချွတ်ဧကန် ထိုသူတို့သည် လမ်းမှားခဲ့ကြလေပြီ။ စင်စစ်တမူကား၊ ၎င်းတို့သည် (ယခင်မူလကလည်း) လမ်းမှန်ကို လိုက်ဘူးသောသူများ မဖြစ်ခဲ့ကြချေ။

وَهُوَ الَّذِيٓ أَنشَأَ جَنَّٰتٍ مَّعۡرُوشَٰتٖ وَغَيۡرَ مَعۡرُوشَٰتٖ وَٱلنَّخۡلَ وَٱلزَّرۡعَ مُخۡتَلِفًا أُكُلُهُۥ وَٱلزَّيۡتُونَ وَٱلرُّمَّانَ مُتَشَٰبِهٗا وَغَيۡرَ مُتَشَٰبِهٖۚ كُلُواْ مِن ثَمَرِهِۦٓ إِذَآ أَثۡمَرَ وَءَاتُواْ حَقَّهُۥ يَوۡمَ حَصَادِهِۦۖ وَلَا تُسۡرِفُوٓاْۚ إِنَّهُۥ لَا يُحِبُّ ٱلۡمُسۡرِفِينَ ١٤١

၁၄၁။ ထို(အလ္လာဟ်)အရှင်မြတ်သည်ပင်လျှင် (စင်ပေါ်သို့) နွယ်တက်သောဥယျာဉ်များကိုလည်း၊ နွယ်မတက်သောဥယျာဉ်များကိုလည်း၊ နွယ်ပင်ဥယျာဉ်၊ ပင်ထောင်ဥယျာဉ်၊ အရသာ အမျိုးမျိုးနှင့် ပြည့်စုံသော စွန်ပလွံပင်များကိုလည်း၊ ကောက်ပဲ သီးနှံများကိုလည်း၊ ဆင်တူရိုးမှား ဖြစ်သော သံလွင်ပင်များကိုလည်း၊ သလဲသီးများကိုလည်း၊ ပေါက်ရောက် ဖြစ်ပွားစေတော်မူခဲ့လေသည်။

အသင်တို့သည် ယင်း အပင်များ၏ အသီးအနှံများကို သီးပွင့်သောအခါ စားသုံးကြလေကုန်။ ထို့ပြင်တဝ အသင်တို့သည် ၎င်းအသီးအနှံများ ဆွတ်ခူးရိတ်သိမ်းသောနေ့တွင်၊ ၎င်း(အသီးအနှံများနှင့်စပ်လျဉ်း၍ တရားတော်က ပြဋ္ဌာန်းထားသော) တာဝန်ကို ပေးဆပ်ကြလေကုန်။ သို့ရာတွင် အသင်တို့သည် မဖြုန်းတီးကြကုန်လင့်။ အမှန်စင်ကား ထိုအရှင်မြတ်သည် ဖြုန်းတီးသော သူတို့အား နှစ်သက်တော်မမူချေ။

وَمِنَ ٱلۡأَنۡعَٰمِ حَمُولَةٗ وَفَرۡشٗاۚ كُلُواْ مِمَّا رَزَقَكُمُ ٱللَّهُ وَلَا تَتَّبِعُواْ خُطُوَٰتِ ٱلشَّيۡطَٰنِۚ إِنَّهُۥ لَكُمۡ عَدُوّٞ مُّبِينٞ ١٤٢

၁၄၂။ ၎င်းအပြင် (ထိုအရှင်မြတ်သည်) အခြေလေးချောင်း တိရစ္ဆာန်တို့အနက် (အရပ်အမောင်းကြီးမား၍ ဝန်စည်စလယ်များတင်သော တိရစ္ဆာန်များကိုလည်း၊ အလုံးအရပ်နိမ့်၍ ဝန်စည်စလယ် မတင်နိုင်ပဲ နို့ရည်နှင့် အသားစားရန်ဖြစ်)သော တိရစ္ဆာန်များကိုလည်း၊ (ဖန်ဆင်းတော်မူခဲ့လေသည်)

အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော အရာများကို စားသုံးကြလေကုန်။ ထို့ပြင် အသင်တို့သည် ရှိုင်တွာန်၏ ခြေရာများကို မလိုက်ကြကုန်လင့်။

ثَمٰنِيَةَ أَزْوَاجٍ ۖ مِّنَ الضَّأْنِ
اثْنَيْنِ وَمِنَ الْمَعْزِ اثْنَيْنِ ۗ
قُلْ آٰلذَّكَرَيْنِ حَرَّمَ
أَمِ الْأُنثَيَيْنِ أَمَّا اشْتَمَلَتْ
عَلَيْهِ أَرْحَامُ الْأُنثَيَيْنِ ۖ
نَبِّئُونِي بِعِلْمٍ إِن كُنتُمْ
صٰدِقِينَ ﴿١٤٣﴾

အကြောင်းမူကား ယင်းရှိုင်တွာန်သည် အသင်တို့၏ ထင်ရှားသော ရန်သူပင် ဖြစ်ချေသတည်း။ ၁

၁၄၃။ (အသင်တို့သည် မိမိတို့၏ စိတ်ထင်ရာအတိုင်း "စားသုံးပိုင်ခွင့် ရှိသည်ဟူ၍ငင်း၊ စားသုံးပိုင်ခွင့်မရှိဟူ၍ငင်း၊ ထင်မြင်ယူဆပြောဆိုလျက် ရှိကြသော အခြေလေးချောင်း တိရစ္ဆာန်တို့အနက် ထို အရှင်မြတ်သည် အထီးအမ) ရှစ်ကောင်ကို (ဖန်ဆင်းတော် မူခဲ့လေသည်။) သိုးများအနက် အထီးအမ နှစ်ကောင်၊ ထိုနည်းတူ ဆိတ်များအနက် အထီးအမ နှစ်ကောင်၊ (ဖန်ဆင်းတော်မူလေ၏။

အို–နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောဆိုမေးမြန်းပါလေ။ (အချင်းတို့) ထိုအရှင်မြတ်သည် အထီးနှစ်ကောင်ကို "ဟရာမ်" ဟူ၍ တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ် "အမ" နှစ်ကောင်ကို တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ် အမနှစ်ကောင် သားအိမ်များတွင် လွယ်ထားသော ကလေးများကို တားမြစ်တော်မူပါသလော။ အကယ်၍အသင်တို့သည် မှန်ကန်စွာပြောဆိုသူများဖြစ်ကြပါလျှင်၊ ငါ့အား သက်သေသာဓက၊ အထောက်အထားနှင့်တကွ တင်ပြကြလေကုန်။

---

① အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော အရာများကိုစားသုံးကြရမည်။ ရှိုင်တွာန်၏ ခြေရာကို မလိုက်ကြရ။ ရှိုင်တွာန်၏ ခြေရာကိုလိုက်ခြင်းမှာ ထိုအရှင်မြတ် ချီးမြှင့်ထားတော်မူသော အရာများကို အကြောင်းမဲ့တရားဝင် သက်သေသာဓကမရှိပဲလျက် ဟရာမ်ပြုခြင်း၊ ကုဖ်ရ်၊ ရှရ်စ်က်၊ ရှပ်ထုကိုးကွယ်မှုများ အတွက် အကြောင်းတရား ပြုလုပ်ခြင်းများဖြစ်သည်။ ရှိုင်တွာန်သည် ထင်ရှားသော ရန်သူပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းရှိုင်တွာန်သည် မိမိ၏ တပည့်များကို အလ္လာဟ်အရှင်မြတ် ချီးမြှင့် ထားတော်မူသော အရာများနှင့် ကင်းကွာစေ၏။ ထို့ပြင်တဝ ငင်း၏ နောက်လိုက်တပည့်များသည် နောင်တမလွန်ဘဝတွင် ငရဲလားကြရဦးမည်လည်း ဖြစ်သည်။

وَمِنَ الْإِبِلِ اثْنَيْنِ وَمِنَ
الْبَقَرِ اثْنَيْنِ ۗ قُلْ ءَآلذَّكَرَيْنِ
حَرَّمَ أَمِ الْأُنثَيَيْنِ أَمَّا
اشْتَمَلَتْ عَلَيْهِ أَرْحَامُ
الْأُنثَيَيْنِ ۖ أَمْ كُنتُمْ شُهَدَآءَ
إِذْ وَصَّىٰكُمُ اللَّهُ بِهَٰذَا ۚ فَمَنْ
أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ
كَذِبًا لِّيُضِلَّ النَّاسَ بِغَيْرِ
عِلْمٍ ۗ إِنَّ اللَّهَ لَا يَهْدِي
الْقَوْمَ الظَّٰلِمِينَ ﴿١٤٤﴾

၁၄၄။ ထိုနည်း တူစွာ (ထို အရှင်မြတ်သည်) ကုလားအုတ်များအနက် အထီးနှင့်အမ နှစ်ကောင်၊ ထို့အတူ နွားများအနက် အထီးနှင့်အမ နှစ်ကောင်ကို (ဖန်ဆင်းတော်မူလေသည်။

အို–နဗီတမန်တော်)အသင်သည် (၎င်းတို့အား ဤသို့) ပြောဆိုမေးမြန်းပါလေ။ (အချင်းတို့) ထိုအရှင်မြတ်သည် "အထီးနှစ်ကောင်ကို" "ဟရာမ်" ဟူ၍ တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ် "အမ" နှစ်ကောင်ကို တားမြစ်တော်မူပါသလော။ သို့တည်းမဟုတ် "အမ" နှစ်ကောင် သားအိမ်များတွင် လွယ်ထားသော ကလေးများကို တားမြစ်တော်မူပါသလော။

သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ် အရှင်မြတ်က အသင်တို့အား ဤအမိန့်တော်ကို ချမှတ်ပေးတော်မူစဉ်အခါ၌ (သက်သေများအဖြစ်) ရှေ့တော်မှောက်တွင် ရှိနေကြပါသလော။ [၁] သို့ဖြစ်ပေရာ အသိပညာ (သက်သေသာဓက)မရှိပဲလျက် လူခပ်သိမ်းတို့အား လမ်းမှားစေခြင်းငှာ၊ အလ္လာဟ် အရှင်မြတ်အပေါ်၌မုသားကို လီဆယ်ပြောဆိုသူထက် မတရားသောသူသည် မည်သူ ဖြစ်နိုင်ပါသနည်း။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့)မတရားသောသူတို့အား လမ်းမှန်သို့ ပို့ဆောင်တော်မူသည် မဟုတ်ချေ။

---

① တစုံတရာကို ဟရာမ်ပြုခြင်း။ ဟလာလ်ပြုခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့်သာလျှင် ဖြစ်နိုင်၏။ ထိုအရှင်မြတ်၏အမိန့်တော်သည် (က)နဗီတမန်တော်များမှ တဆင့်သော်၎င်း၊ (ခ)ကြား အဆက်အသွယ်မပါရှိပဲ၊ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် တိုက်ရိုက် မိန့်ကြားတော်မူခြင်းဖြင့်သော်၎င်း၊ ရောက်ရှိလာနိုင်၏။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် မုရှ်ရစ်က်တို့ထံတွင် အဆိုပါ အကြောင်းနှစ်ရပ်လုံး မရှိကြောင်း အထင်အရှား သိရပေသည်။ ပထမအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၆း၁၄၄)တွင် ➤➤

قُلْ لَّآ اَجِدُ فِيْ مَآ اُوْحِيَ اِلَيَّ
مُحَرَّمًا عَلٰى طَاعِمٍ
يَّطْعَمُهٗٓ اِلَّآ اَنْ يَّكُوْنَ
مَيْتَةً اَوْ دَمًا مَّسْفُوْحًا
اَوْ لَحْمَ خِنْزِيْرٍ فَاِنَّهٗ
رِجْسٌ اَوْ فِسْقًا اُهِلَّ
لِغَيْرِ اللّٰهِ بِهٖ ۚ فَمَنِ اضْطُرَّ
غَيْرَ بَاغٍ وَّلَا عَادٍ فَاِنَّ

၁၄၅။ (အို–နဗီတမန်တော်) အသင်သည် (ယင်းသူတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါသည် မိမိထံသို့ (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ကျရောက်လာသော "ဝဟ်ယ်" အမိန့်တော်တွင် (ယခုအငြင်းပွားလျက်ရှိသော တိရစ္ဆာန်များအနက်) တစုံတခုကို မည်သည့် စားသုံးသူအပေါ်၌မျှ ၎င်းကို စားသုံးခြင်းသည် "ဟရာမ်" ဟူ၍ *တားမြစ်ထားသည်ကို* မတွေ့ရှိရချေ။ [၁] သို့ရာတွင် အသေသား၊ သို့မဟုတ် စီးထွက်သော သွေး၊ သို့မဟုတ် ဝက်တိရစ္ဆာန်၏ အသားဖြစ်ခဲ့လျှင် ထိုအရာများသည် *အလွန်ညစ်ထေး၍ မသန့်စင်သောကြောင့်*၊ [၂] သို့မဟုတ် ဥပဒေကို ကျူးလွန်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်မှတပါး အခြားကို ရည်စူး၍ သတ်မှတ်ခဲ့လျှင် ("ဟရာမ်" ဟူ၍ တားမြစ်ထားတော်မူလေသည်။)

➤➤ "အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများ ဖြစ်ကြပါလျှင် ငါ့အား သက်သေသာဓကနှင့် တကွတင်ပြကြဟူ၍ငင်း၊ ဒုတိယအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် (၆း၁၅၀) တွင် "အလ္လာဟ်အရှင်မြတ်က အသင်တို့ကို ဤအမိန့်ပေးတော်မူသည့် အခါ အသင်တို့သည် ရှေ့တော်မှောက်တွင် အသိသက်သေများရှိနေခဲ့ကြပါသလော" ဟူ၍ငင်း သတိပေးငြင်းပယ်ထားတော်မူသည်။

① မုရ်ရစ်က်တို့က၊ ၎င်းတို့၏ထင်မြင်ချက်အတိုင်း ဟလာဟ်၊ ဟရာမ်၊ ပြုလုပ်ပြောဆိုကြသော အကြောင်တိရစ္ဆာန်များနှင့်ပတ်သက်၍ တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့သော "ဝဟ်ယ်" အမိန့်တော်များတွင် "ဟရာမ်" ဟူ၍ မပါရှိပေ။ သို့ရာတွင် ဤမုက္ခပါဠိတော်တွင် ပါရှိသည့်အတိုင်း ၎–ခုသောအရာသည် ဟရာမ်ဖြစ်ချေသည်။

ဤမုက္ခပါဠိတော်၏ဘာသာပြန်တွင် "အငြင်းပွားလျက်ရှိသော တိရစ္ဆာန်များနှင့်ပတ်သက်၍" ဟူ၍ ထည့်သွင်း ဖော်ပြထားခြင်းမှာ ဟရာမ်ဟူ၍ မြစ်ထားထားတော်မူသောအရာမှာ အဆိုပါ (၄)ခုသာလျှင် မဟုတ်ကြောင်း၊ (ကုရ်အာန်ကျမ်းမြတ်တွင်၎င်း၊) ဟဒီဆ်တော်များတွင်၎င်း၊ အခြို့တိရစ္ဆာန်များကိုလည်း ဟရာမ်ဟူ၍ မြစ်တား ထားတော်မူသည့်အကြောင်း သိရှိစေရန်ပင်ဖြစ်သည်။

② အချို့ပညာရှင်များက "ရစ်ဂျ်စ်" (အလွန်ညစ်ထေးသော) ဟူသောဝုဒ်ကို ဝက်(တိရစ္ဆာန်)၏အသား၏ နာမဝိသေသန သက်သက်ဖြစ်သည်ဟု ဆိုကြသည်။ ၎င်းနောက် ဤသည့်အချက်ကို ဝက်(တိရစ္ဆာန်)တကောင်လုံး အညစ်အကြေးဖြစ်ကြောင်း အထောက်အထားပြုကြသည်။ အချို့ကမူ ထိုဝက်တိရစ္ဆာန်၏အမွေးသည်ပင်လျှင် အညစ်အကြေး ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ထို "ရစ်ဂျ်စ်" ဟူသောဝုဒ်သည် ဖော်ပြပါ (ဝက်တိရစ္ဆာန်၊ သွေး၊ အသေသား) သုံးမျိုးလုံး၏ နာမဝိသေသနဖြစ်သည်ဟူသော ကျွန်ုပ်တို့ နှစ်ခြိုက်သော အဆိုသည် အပေါ်လွင်ဆုံး၊ အထင်အရှားဆုံး၊ အနီးစပ်ဆုံးပင်ဖြစ်သည်။

رَبَّكَ غَفُورٌ رَّحِيمٌ ﴿١٤٧﴾

သို့ပါလျက်အကြင်သူသည် (ထိုထိုသောအရာများကိုပင်) အရသာခံစားလိုခြင်း၊ စည်းကမ်းကျူးလွန်ဖောက်ဖျက်ခြင်း မရှိပဲ မလွဲမရှောင်သာ ဖြစ်၍ (အသက်မသေရုံမျှသာ စားသုံး)ခဲ့ပါမူ၊ အသင့်အားဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် ဧကန်အမှန် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော် မူသောအရှင်၊ အလွန်တရာ သနားညှာတာတော် မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَعَلَى الَّذِينَ هَادُوا حَرَّمْنَا كُلَّ ذِي ظُفُرٍ ۖ وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ شُحُومَهُمَا إِلَّا مَا حَمَلَتْ ظُهُورُهُمَا أَوِ الْحَوَايَا أَوْ مَا اخْتَلَطَ بِعَظْمٍ ۚ ذَٰلِكَ جَزَيْنَاهُمْ بِبَغْيِهِمْ ۖ وَإِنَّا لَصَادِقُونَ ﴿١٤٦﴾

၁၄၆။ စင်စစ်တမူကား ငါအရှင်မြတ်သည် ယဟူဒီဖြစ်ကုန်သောသူတို့အပေါ်၌ ခြေသည်းလက်သည်းရှိသော တိရစ္ဆာန်အသီးသီးကိုငင်း၊ နွား၊ ဆိတ်တို့အထဲမှ ထိုနွားနှင့်ဆိတ်တို့၏ ကျောက်ကုန်းနှင့်ကပ်နေသောအဆီ၊ သို့မဟုတ် အူများနှင့်ကပ်နေသောအဆီ၊ သို့မဟုတ် အရိုးနှင့်ကပ်နေသောအဆီများမှတပါး ထိုနွားနှင့်ဆိတ်တို့၏အထဲမှ အခြားအဆီများကိုငင်း၊ *"ဟရာမ်" ဟူ၍ တားမြစ်တော်မူခဲ့လေသည်။* [၁]

ဤ(သို့ တားမြစ်ခြင်း)ကား၊ ငင်းတို့အားအရှင်မြတ်သည်၊ ငင်းတို့၏ ပုန်ကန်မှုကြောင့် ပြစ်ဒဏ် ပေးတော်မူခြင်းပင် ဖြစ်ချေသည်။ အမှန်စင်စစ်သော်ကား ငါ အရှင်မြတ်သည် မုချဧကန်မှန်ကန်စွာ မိန့်ကြားတော်မူသော အရှင်သာလျှင် ဖြစ်တော်မူသည်။

---

① ဤမုက္ခပါဠိတော်၏ အစတွင်ပါရှိသည့်အတိုင်း အလွှာဟ်အရှင်မြတ်သည် ယဟူဒီများအပေါ်၌ ခြေသည်း၊ လက်သည်း၊ ပါရှိသော တိရစ္ဆာန်များနှင့် နွား၊ဆိတ်တို့၏ အချို့အဆီများကို ဟရာမ်ပြုထားတော်မူခဲ့၏။ ယင်းသို့ ဟရာမ်ပြုတော်မူရာ၌ ထိုထိုသောအရာများကို ဟရာမ်ပြုခြင်းကား အဓိကမဟုတ်ပေ။ ➤➤

فَإِنْ كَذَّبُوكَ فَقُلْ رَّبُّكُمْ ذُو رَحْمَةٍ وَّاسِعَةٍ ۚ وَلَا يُرَدُّ بَأْسُهُ عَنِ الْقَوْمِ الْمُجْرِمِينَ ﴿١٤٧﴾

၁၄၇။ ထို့နောက်သော်မှပင် (အို–နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် အသင့်အား မုသားပြောဆိုသည်ဟူ၍ စွပ်စွဲကြပါလျှင်၊ အသင်သည်(၎င်းတို့ကို ဤသို့) ဖြေကြားပါလေ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်သည် အလွန်ကြီးကျယ်သော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ သို့ရာတွင် ထိုအရှင်မြတ်၏ပြစ်ဒဏ်သည် လည်း အပြစ်ရှိသောသူတို့ အပေါ်မှ ဆုတ်ခွာ၍ (ရွေ့လျော) သွားလိမ့်မည် မဟုတ်ပေ။

سَيَقُولُ الَّذِينَ أَشْرَكُوا لَوْ شَاءَ اللَّهُ مَا أَشْرَكْنَا وَلَا آبَاؤُنَا وَلَا حَرَّمْنَا مِن شَيْءٍ ۚ كَذَٰلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِمْ حَتَّىٰ

၁၄၈။ အခြားအရာများကို အလျှောက်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်သော သူတို့သည် မကြာမြင့်မီ ပြောဆိုကြမည်မှာ "အကယ်၍သာ အလျှောက် အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်ငင်း၊ ကျွန်ုပ်တို့၏ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည်ငင်း၊ တစုံတရာကို အလျှောက်အရှင်မြတ်နှင့်တွဲဖက်၍ ကိုးကွယ်နိုင်ကြမည်လည်း မဟုတ်ပါ။ တစုံတရာကို "ဟရာမ်" ဟူ၍ တားမြစ်နိုင်ကြမည်လည်း *မဟုတ်ပါဟု ပြောဆိုကြကုန်အံ့။* [၁]

➤➤ ယဟူဒီများအား ၎င်းတို့၏ပုန်ကန်မှုကြောင့် အပြစ်ဒဏ်ပေးခြင်းသည်သာ အဓိကဖြစ်ပေသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တခါတရံ အပြစ်များကြောင့် အချို့အရာများကို ဟရာမ်ပြုလုပ်ကြောင်း သိရှိရပေသည်။ ဤမုက္ခပါဠိတော်နှင့် ဆက်စပ်၍ ကုရ်အာန် (၎း၁၆၀–၁၆၁)ကို ရှုပါကုန်။

① အရပ်မှုရှုရစ်ကများက "အကယ်၍ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ဘိုးဘေးတို့၏ လမ်းစဉ်သည် မှားသောလမ်းစဉ် ဖြစ်ခဲ့ပါလျှင်၊ အလျှောက်အရှင်မြတ်သည် အဘယ့်ကြောင့် ကျွန်ုပ်တို့အား လမ်းမှားသူများအဖြစ်ဖြင့် နေစေတော်မူခဲ့ပါသနည်း။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား လမ်းမှန်သူများဖြစ်ရန် အဘယ့်ကြောင့် လိုလားတော်မမူပါသနည်း။ ဖြစ်ပျက်သမျှ အားလုံးသည် ထိုအရှင်မြတ်၏ အလိုတော်အတိုင်းသာ ဖြစ်သည်ဖြစ်ရကား၊ ကျွန်ုပ်တို့ပြုလုပ်ကြသော အရာသည်လည်း ထိုအရှင်မြတ်၏ အလိုတော်ကြောင့်သာလျှင် ဖြစ်သည်" ဟုဆိုကြ၏။

ကုရ်အာန် ကျမ်းမြတ်သည် မုရ်ရုရစ်ကတို့၏ အဆိုပါ ထင်မြင်ယူဆချက်နှင့် ပတ်သက်၍ မိုက်မဲသော အမြင်ကန်းသော၊ ရမ်းဆမူမျှသာ ဖြစ်သည်ဟု အဆုံးအဖြတ်ပေး၏။ ၎င်းပြင် ဤအကြောင်းနှင့် ပတ်သက်၍ မုရ်ရစ်ကတို့ထံတွင် အသိတရားလည်း မရှိပေဟုဆို၏။ ➤➤

ذَاقُوا۟ بَأْسَنَا ۗ قُلْ هَلْ
عِندَكُم مِّنْ عِلْمٍ فَتُخْرِجُوهُ
لَنَا ۖ إِن تَتَّبِعُونَ إِلَّا ٱلظَّنَّ
وَإِنْ أَنتُمْ إِلَّا تَخْرُصُونَ ﴿١٤٨﴾

(ယင်းကဲ့သို့ ငြင်းပယ်ခြင်းသည် အထူး အဆန်းမဟုတ်ပေ။ (အကြောင်းမူကား) ၎င်းတို့အလျင် ရှိခဲ့ဘူးကြသော သူတို့သည်လည်း (အလ္လာဟ် အရှင်မြတ်၏ နဗီတမန်တော်များအား ဤနည်း အတိုင်းပင်၊ "မဟုတ်မမှန်ပြောဆိုသူများ" ဟူ၍ စွပ်စွဲ ခဲ့ကြကုန်၏။ နောက်ဆုံးတွင် ယင်းသူတို့သည် ငါ အရှင်မြတ်၏ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရလေသည်။

(အို-နဗီတမန်တော်) အသင်သည် (ထိုသူ တို့အား အချင်းတို့) "အသင်တို့ထံ တစုံတရာ သက်သေသာဓက ရှိပါသလော။ ရှိခဲ့ပါလျှင် ငါတို့၏ ရှေ့၌ ထုတ်ဖော် တင်ပြကြလေကုန်။ အသင်တို့သည် (သက်သေသာဓက အလျင်းမရှိပဲ မိမိတို့၏) ထင်မြင်ယူဆချက်ကိုသာ လိုက်နာ ကျင့်သုံးကြ ပေသည်။ ထို့ပြင် အသင်တို့သည် ရမ်းဆပြောဆိုသူ များသာ ဖြစ်ကြပေသည်။

➢➢ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါလျှင် လူသားအားလုံးတို့အား တခုတည်းသော တရား လမ်းစဉ်အပေါ်၌ မုချရပ်တည်စေတော်မူနိုင်သည်။ ဤသည် ထိုအရှင်မြတ်၏ လက်တော်အတွင်း၌ ရှိသော ကိစ္စပင်ဖြစ်သည်။ ကြည့်-ကုရ်အာန် (၆:၃၅)။ ၁၀:၉၉။ ၁၁:၁၁၈-၁၁၉)

သို့ရာတွင် ထိုအရှင်မြတ်၏ အလိုတော်၏ အဆုံးအဖြတ်ကား ဤသို့ဖြစ်၏။ ထိုအရှင်မြတ်သည် လူသားတို့အား အသိဉာဏ်၊ ရည်စူးခွင့်၊ အစွမ်းသတ္တိများကို ပေးထားတော်မူ၏။ အဖြစ်အပျက် အားလုံးအတွက် အကြောင်းတရားကိုလည်း၊ အပြုအမူ အားလုံးအတွက် အကျိုးတရားကိုလည်း သတ်မှတ်ထားတော်မူ၏။

ယင်းသို့အားဖြင့် အလင်းရောင်နှင့်အတူ အမှိုက်မှောင် အမှန်နှင့်အတူအမှား၊ တရားနှင့်အတူ မတရား၊ လမ်းမှန်နှင့်အတူ လမ်းမှား၊ စသည်တို့ကို အသီးသီး ဖွင့်လာခဲ့၏။ သို့ရှိရာ ယခုမှမည်သူမဆို၊ မိမိ၏စိတ်ဆန္ဒအတိုင်း တရားလမ်းမှန်လိုက်လိုက လိုက်နိုင်၏။ လမ်းမှားကို လိုက်လိုကလည်း လိုက်နိုင်၏။ ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်၏။

ဤမုဏ္ဍပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် "အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါလျှင် ကျွန်ုပ်တို့သည် မကောင်းမှု ပြုကြမည်မဟုတ်" ဟု ဆိုခြင်းသည် မိုက်မဲသော စကား ကုဖ်ရ်၏ စကားသာ ဖြစ်ချေသည်။ (အဗုလ်ကလာမ်) အ-၁၊ စ-၄၇၁။

قُلْ فَلِلَّهِ الْحُجَّةُ الْبَالِغَةُ ۚ فَلَوْ شَاءَ لَهَدَاكُمْ أَجْمَعِينَ ﴿١٤٩﴾

၁၄၉။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အလ္လာဟ် အရှင်မြတ်၏ သက်သေ သာဓကသည် သာလျှင် (တိကျ)ပြည့်စုံလုံလောက်သော သာဓကပင်ဖြစ်၏။ သို့ဖြစ်ပေရာ အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အားလုံးကို လမ်းမှန်သို့ ဧကန်မုချ ပို့ဆောင်တော်မူခဲ့ပြီးဖြစ်အံ့။ [၁]

قُلْ هَلُمَّ شُهَدَاءَكُمُ الَّذِينَ يَشْهَدُونَ أَنَّ اللَّهَ حَرَّمَ هَٰذَا ۖ فَإِنْ شَهِدُوا فَلَا تَشْهَدْ مَعَهُمْ ۚ وَلَا تَتَّبِعْ أَهْوَاءَ الَّذِينَ كَذَّبُوا بِآيَاتِنَا وَالَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ وَهُمْ بِرَبِّهِمْ يَعْدِلُونَ ﴿١٥٠﴾

၁၅၀။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား) အသင်တို့သည် အလ္လာဟ် အရှင်မြတ်က "ဤအရာ(များ)ကို 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသည်ဟု သက်သေခံကြမည့် အသင်တို့၏ သက်သေများကို ခေါ်ယူခဲ့ကြလေကုန် ဟုပြောဆိုပါလေ။ အကယ်၍ ငင်း(သက်သေ)တို့သည် (မုသား) သက်သေခံကြသည့် တိုင်အောင် အသင်သည် *ငင်းတို့နှင့်အတူ သက်သေမခံပါလေနှင့်*။ [၂]

ငင်းပြင် အသင်သည် အကြင်သူများ၏ အလို ဆန္ဒများကို မလိုက်ပါလေနှင့်။ ထိုသူများသည် ငါအရှင်မြတ်၏ အမိန့်တော်များကို မဟုတ်မမှန် ဟုပြောဆိုကြသည်။ ငင်းပြင် နောင်တမလွန်ဘဝကို ပင် မယုံကြည်ကြသည့်ပြင် မိမိတို့အား မွေးမြူဖန်ဆင်းတော် မူသော အရှင်နှင့် တန်းတူထား၍ (အခြားအရာများကိုလည်း) ကိုးကွယ်ကြသူတို့၏ အလိုဆန္ဒများကိုလည်း မလိုက်ပါလေနှင့်။

---

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့ထံမှ အချုပ်အချယ်မရှိ၊ စေတနာအလျောက် လွတ်လပ်စွာ အိမာန်ယုံကြည်မှုကိုသာ အလိုရှိတော်မူသည်၊ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ထံမှ အတင်းအကြပ် အိမာန် ယုံကြည်မှုကို အလိုရှိတော်မူခဲ့ပါလျှင် ထိုအရှင်မြတ်သည် ယင်းသို့လည်း ပြုစွမ်းတော် ➤➤

قُلْ تَعَالَوْا۟ أَتْلُ مَا حَرَّمَ
رَبُّكُمْ عَلَيْكُمْ ۖ أَلَّا تُشْرِكُوا۟ بِهِۦ
شَيْـًٔا ۖ وَبِٱلْوَٰلِدَيْنِ
إِحْسَٰنًا ۖ وَلَا تَقْتُلُوٓا۟
أَوْلَٰدَكُم مِّنْ إِمْلَٰقٍ ۖ نَّحْنُ
نَرْزُقُكُمْ وَإِيَّاهُمْ ۖ وَلَا تَقْرَبُوا۟
ٱلْفَوَٰحِشَ مَا ظَهَرَ مِنْهَا وَمَا
بَطَنَ ۖ وَلَا تَقْتُلُوا۟ ٱلنَّفْسَ ٱلَّتِى
حَرَّمَ ٱللَّهُ إِلَّا بِٱلْحَقِّ ۚ ذَٰلِكُمْ
وَصَّىٰكُم بِهِۦ لَعَلَّكُمْ
تَعْقِلُونَ ﴿١٥١﴾

၁၅၁။ (အို–နဗီတမန်တော်) အသင်သည် (ထိုသူများအား ဤသို့) ပြောကြားကြပါလေ။ အသင်တို့လာကြကုန်၊ အသင်တို့၏အရှင်က အသင်တို့၏အပေါ်၌ ဟရာမ်ဟူ၍ တားမြစ်ထားတော်မူသော အရာများကို ကျွန်ုပ် ရွတ်ဖတ်ပြအံ့။ (ထိုအရာများအား) အသင်တို့သည် အလ္လာဟ် အရှင်မြတ်နှင့် ယှဉ်တွဲ၍ မည်သည့် အရာကိုမျှ မကိုးကွယ်ကြကုန်လင့်။ ၎င်းပြင် (အသင်တို့သည်) မိဘနှစ်ပါးနှင့် ကောင်းစွာ ဆက်ဆံခြင်း(ပြုကြကုန်)။ ၎င်းပြင် (အသင်တို့သည်) မိမိတို့၏ သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်။

၎င် အရှင်မြတ်သည် အသင်တို့ကို ၎င်း၊ ထိုသူများကိုလည်း၊ စားနပ်ရိက္ခာ ပေးတော်မူသည်။ ၎င်းပြင် အသင်တို့သည် ထင်ရှားသော သို့မဟုတ် လျှို့ဝှက်သော စက်ဆုပ်ရွံရှာရှက်ဖွယ်ရာ ယုတ်မာမှုများ၏အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က (သတ်ဖြတ်ခြင်းမပြုရန်) ဟရာမ်ဟူ၍တားမြစ်ထားတော်မူသော အသက်ဇီဝိန်ကို မသတ်ဖြတ်ကြကုန်လင့်။ သို့ရာတွင် (အစ္စလာမ်) တရားတော်နှင့်အညီ (သတ်ဖြတ်ပိုင်ခွင့် ချင်းချက်ရှိပေသည်)။ ထိုအရှင်မြတ်သည် အသင်တို့သိနားလည်ကြရန်အလို့ငှာ အသင်တို့အား ဤသည်တို့ကို လေးနက်စွာ အမိန့်ချမှတ်တော်မူသည်။

➤➤ မူနိုင်ပေသည်။ သို့ရာတွင် ထိုကဲ့သို့ အတင်းအကြပ် အီမာန်ယုံကြည်ရသည့် အတွက် လူသားတို့သည် ကုသိုလ်အကျိုးကိုလည်း၊ ချီးမွမ်းခြင်းကို လည်း၊ ခံထိုက်ကြမည်မဟုတ်ပေ။(ဂျဆ်ဆွာဆ်)

ⓙ "သို့ဖြစ်ရာ အသင်သည် ထိုသူများနှင့်အတူ သက်သေမခံပါလေနှင့်" ဟူသည် အသင်သည် (ထိုသူတို့၏) ထိုသက်သေခံချက်နှင့် စပ်လျဉ်း၍ ထိုသူတို့အား မထောက်ခံပါလေနှင့်၊ ဤမျှမက အသင်သည်ထိုသူတို့အား ထိုသက်သေခံချက် မှားယွင်းကြောင်းကို ထုတ်ဖော်ပြောပြပါလေဟူ၏။

وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ اِلَّا
بِالَّتِيْ هِيَ اَحْسَنُ حَتّٰى
يَبْلُغَ اَشُدَّهٗ ۚ وَاَوْفُوا الْكَيْلَ
وَالْمِيْزَانَ بِالْقِسْطِ ۚ لَا نُكَلِّفُ
نَفْسًا اِلَّا وُسْعَهَا ۚ وَاِذَا قُلْتُمْ
فَاعْدِلُوْا وَلَوْ كَانَ ذَا قُرْبٰى ۚ
وَبِعَهْدِ اللّٰهِ اَوْفُوْا ۭ ذٰلِكُمْ
وَصّٰىكُمْ بِهٖ لَعَلَّكُمْ
تَذَكَّرُوْنَ ۝۱۵۲

၁၅၂။ ထို့ပြင် အသင်တို့သည် ကောင်းမွန်သော နည်းလမ်းမှတပါး မိဘမဲ့ ကလေးသူငယ်တို့၏ ဥစ္စာပစ္စည်း၏အပါးသို့ပင်၊ [၁] ၎င်းတို့ လူလားမြောက်၊ အရွယ်ရောက်သည်အထိ မချဉ်းကပ်ရ၊ ထို့မှတပါး အသင်တို့သည် တောင်း၊ တင်းနှင့် အလေးများကို တရားမျှတစွာဖြင့် အပြည့်ချိန်တွယ်၍ ပေးကြရမည်။ ငါ အရှင်မြတ်သည် မည်သူတဦးတယောက်ကိုမျှ ထိုသူတတ်စွမ်းနိုင်သည်ထက် ပို၍ ဝန်တင်တော်မူသည်မဟုတ်။

ထိုနည်းတူ အသင်တို့သည် (တစုံတရာကို သက်သေခံရာ၌ဖြစ်စေ၊ စီရင်ဆုံးဖြတ်ရာ၌ဖြစ်စေ) စကားပြောဆိုသောအခါ(အပြောခံရသောသူသည် မိမိ) ဆွေရင်းသားရင်း ဖြစ်သည့်တိုင်အောင် တရားမျှတစွာ ပြောဆိုကြရမည်။ ထို့အတူ အသင်တို့သည် အလ္လာဟ် အရှင်မြတ်နှင့် ထားရှိသော ကတိသစ္စာကိုလည်း တည်ကြရမည် (ဖြစ်ပေသည်။) ထိုအရှင်မြတ်သည် အသင်တို့ မှတ်သားနိုင်ခြင်းငှာ ဤသည့် (အချက်)တို့နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်တော်မူလေသတည်း။

---

① မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်း၏ အနီးသို့ပင် ထိုကလေးများ အရွယ်ရောက် လူလားမြောက်ကြသည်အထိ မကပ်ကြရ။ သို့ရာတွင် ရှရီအတ်တရားဥပဒေနှင့်အညီ ကောင်းမွန်သောနည်းဖြင့် စွက်ဖက်နိုင်ခွင့်ရှိသည်။ ဥပမာ- မိဘမဲ့တို့၏ဥစ္စာပစ္စည်းများကို ၎င်းတို့၏အလုပ်တွင် အသုံးချခြင်း။ ၎င်းတို့၏ဥစ္စာပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ထားခြင်း။ အချို့(ဝလီ)အုပ်ထိန်းသူ၊ (ဝဆ်ဝီ) "ဝဆ်ဝီယတ်" မှာကြားခြင်းခံရသူများ အဖို့မှာကား မိဘမဲ့တို့၏ဥစ္စာပစ္စည်းကို ထိုမိဘမဲ့အကျိုးငှာ ကူးသန်းရောင်းဝယ်ပိုင်ခွင့်ပင်ရှိပေသည်။ အချို့ဝလီများ၊ ဝဆ်ဝီများဟူသည် (၁)ကာသွီ။ (၂)ဘမဲ့ကလေး၏အဘိုး။ (၃)ဘမဲ့ကလေး၏အဘာ၏ မှာကြားခြင်းခံရသော ဝဆ်ဝီ။ (၄)ဘမဲ့ကလေး၏အဘိုး၏ မှာကြားခြင်းခံရသော ဝဆ်ဝီ။ ထိုပုဂ္ဂိုလ်များအပြင် မည်သူတဦးတယောက်အဖို့မျှ ဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းဖြင့် ကူးသန်းရောင်းဝယ်ပိုင်ခွင့်မရှိပေ။ ကြည့်-ထာနဝီ။ အ-၃၊ စ-၁၃၉။

ဤအခွင့်အလမ်းများသည် မိဘမဲ့ကလေးများ အရွယ်မရောက် လူလားမမြောက်မီအတွင်းသာ ဖြစ်ပေသည်။ အရွယ်ရောက် လူလားမြောက်၍ အသိအလိမ္မာနှင့် ပြည့်စုံကြသည့်အခါ ၎င်းတို့၏ ပစ္စည်းများကို ၎င်းတို့အား ပြန်လည်ပေးအပ်ကြရမည်။ ➤➤

وَأَنَّ هَٰذَا صِرَاطِي مُسْتَقِيمًا فَاتَّبِعُوهُ ۖ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَن سَبِيلِهِ ۚ ذَٰلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَتَّقُونَ ﴿١٥٣﴾

၁၅၃။ ထိုမှတပါး (အသင် ပြောကြားပါလေ။) ဤသည် ငါ၏ ဖြောင့်မတ်မှန်ကန်သော တရား လမ်းစဉ်ပေတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုလမ်းစဉ်ကိုသာ လိုက်ကြလေကုန်။ ထို့ပြင် အခြား အခြားသော လမ်းစဉ်များကို မလိုက်ကြကုန်လင့်။ အဘယ့်ကြောင့် ဆိုသော် ယင်းလမ်းစဉ်များသည် အသင်တို့အား ထိုအရှင်မြတ်၏ လမ်းတော်မှ ကွဲကွာစေမည် ဖြစ်သောကြောင့်ပင်။

ထိုအရှင်မြတ်သည် အသင်တို့ (ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်နိုင်ကြရန်အလို့ငှာ ဤသည့် (အချက်)တို့နှင့် စပ်လျဉ်း၍ *အသင့်တို့အား အမိန့် ချမှတ်တော်မူခဲ့လေသည်။* [၁]

ثُمَّ آتَيْنَا مُوسَى الْكِتَابَ تَمَامًا عَلَى الَّذِي أَحْسَنَ وَتَفْصِيلًا لِّكُلِّ شَيْءٍ وَهُدًى وَرَحْمَةً لَّعَلَّهُم بِلِقَاءِ رَبِّهِمْ يُؤْمِنُونَ ﴿١٥٤﴾

၁၅၄။ တဖန် ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအား ယင်း(မူစာ၏အမျိုးသား)တို့သည် မိမိတို့အား မွေးမြူတော်မူသောအရှင်နှင့် တွေ့ဆုံကြရမည်ကို ယုံကြည်နိုင်ကြရန် ကောင်းစွာကျင့်မူသော သူတို့အဖို့ (တောင်ရာတ်)*ကျမ်းမြတ်ကို* [၂] ပြည့်စုံသော ကျေးဇူးတော်အဖြစ်၎င်း၊ အလုံးစုံသော အရာများကို လင်းပြသော*(ကျမ်းဂန်)အဖြစ်၎င်း*၊ [၃] တရားဓမ္မ ညွှန်ပြသော(ဒေသနာတော်) အဖြစ်၎င်း၊ ကရုဏာတော် အဖြစ်၎င်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့လေသတည်း။

➤➤ အကယ်၍ ထိုမိဘမဲ့ကလေးများသည် အရွယ်ရောက်ပြီးသော်လည်း အသိအလိမ္မာကင်းမဲ့သူများဖြစ်ကြပါသော် ၎င်းတို့၏ပစ္စည်းများကို သက်ဆိုင်ရာ အုပ်ထိန်းသူများသည် ဆက်လက်၍ပင် ထိန်းသိမ်းထားကြရပေမည်။ သို့ဖြစ်ရာ မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို ရှရိအတ်တရား ဥပဒေနှင့်အညီ ဆန့်ကျင်၍ အသုံးပြုခြင်းသည်၊ ဟရာမ်ဖြစ်ပေသည်။

ကြည့်–(ထာနဝီ၊ အ – ၃၊ စ – ၁၃၉။ ဤအကြောင်းနှင့်ဆက်စပ်၍ ကုရ်အာန်(၄း၆)ကို ရှုပါကုန်။)

① သာဝကကြီး အဗ်ဒုလ္လာဟ်(ရသွီယလ္လာဟုအန်ဟု)သည် သာဝကကြီး အီဗ်နုမတ်စ်အူဒ်ပင် ဖြစ်သည်။ ထိုသာဝကကြီးထံမှ ကြားသိရသည်မှာ– သာဝကကြီးက ဤသို့ပြောကြားခဲ့၏။ တမန်တော်မြတ်သည် ➤➤

وَهَٰذَا كِتَٰبٌ أَنزَلْنَٰهُ مُبَارَكٌ فَٱتَّبِعُوهُ وَٱتَّقُوا۟ لَعَلَّكُمْ تُرْحَمُونَ ﴿١٥٥﴾

၁၅၅။ စင်စစ်တမူကား ဤသည် ငါအရှင်မြတ်ထုတ်ပြန်တော်မူသော (ကုရ်အာန်) ကျမ်းတော်မြတ်ပင်တည်း။ (ထိုကျမ်းတော်မြတ်သည်) ကောင်းချီးမင်္ဂလာ *(အဖြာဖြာ)* [၁] နှင့် ပြည့်စုံသော ကျမ်းမြတ်ပင်ဖြစ်ပေရာ၊ အသင်တို့သည် ထိုကျမ်းမြတ်(၏ ညွှန်ကြားချက်တို့) ကို လိုက်နာကြလေကုန်။ [၂] ထိုနည်းတူစွာ အသင်တို့သည် (ထိုကျမ်းတော်မြတ် ကမြစ်တားသော အမှုကိစ္စတို့မှလည်း) ကြဉ်ရှောင်ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကရုဏာတော်ကို ခံစားနိုင်ကြမည်။

➤➤ မိမိ၏ လက်ဖြင့် မျဉ်းတကြောင်းသားတော်မူ၏။ ထို့နောက် တမန်တော်မြတ်က ဤသည် အလ္လာဟ်အရှင်မြတ်၏ ဖြောင့်မတ်သော တရားလမ်းတော်ဖြစ်သည်ဟု မိန့်ဆို၏။ ၎င်းနောက် တမန်တော်မြတ်သည် အဆိုပါမျဉ်း၏ ညာဘက်တွင်၎င်း၊ ဘယ်ဘက်တွင်၎င်း၊ (တိမ်းစောင်းသော မျဉ်းကြောင်းများသားတော်မူ၏။ ထို့နောက် တမန်တော်မြတ်က ဤလမ်းများအနက် လမ်းတိုင်းလမ်းတိုင်း အပေါ်တွင် ရှိုင်တွာန်များတယောက်စီ ရှိသည်။ ထိုရှိုင်တွာန်သည် မိမိဘက်သို့ ဖိတ်ခေါ်လျက် ရှိသည်။

ထိုနောက်တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ် (၆း၁၅၃)တွင် ပါရှိသော မုက္ခပါဠိတော်ကို ရွတ်ဖတ်တော်မူ၏။ အီဗ်နုကဆီရ်၊ အ–၂၊ စ–၁၉၀။

① ဤမုက္ခပါဠိတော်တွင် တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)နှင့် ထိုတမန်တော်၏ ကျမ်းဂန်ကို အထူးတလည် ထုတ်ဖော် မိန့်ဆိုထားတော်မူခြင်းမှာ အရပ်မှ၍ရစ်ကိုသည် ယဟူဒီများနှင့် ရောနှောနေထိုင်ကြသည့်အတွက် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား ကောင်းစွာ သိရှိကြခြင်းကြောင့် ဖြစ်ရာသည်။ ၎င်းပြင် အစ္စမာအီလီမျိုးနွယ်များသည် အစ္စရာအီလီမျိုးနွယ်များ၏ ဘကြီး၏သားမြေးများ ညီအစ်ကို တဝမ်းကွဲများလည်း ဖြစ်ကြသည်။

② (ဆောင်ရွက်ကျမ်းဂန်သည်) ၎င်းတို့၏သာသနာရေးတွင် ၎င်းတို့လိုအပ်သော အရာအားလုံးကို ရှင်းလင်းပြသော ကျမ်းဂန်ဖြစ်ပေသည် ဟူ၏။ (မဒါရစ်ခ်)

③ "မုဗာရတ်ခ်" ဟူသည် လောကီရေး၊ လောကုတ္တရာရေးအားဖြင့် ကောင်းချီးအဖြာဖြာနှင့်ပြည့်စုံသော အရာကို ဆိုသည်။

④ "အသင်တို့သည် ထိုကျမ်းကို လိုက်နာကြကုန်" ဟူသည် ထိုကျမ်းဂန်လာ ဖရဿ်၊ နဖ်လ်၊ မူဗာဟ်နှင့် "အကီဒတ်" ယုံကြည်ချက် အားလုံးတို့ကို ထိုကျမ်း၏အလိုသဘောအရ လိုက်နာရန် (အာဏတ္တိနယ) မလွဲမရှောင်သာနိုင်သော အမိန့်တော်ဖြစ်သည်။

တနည်း။

ငင်းပြင် ဤ(ကုရ်အာန်)သည် ကျမ်းဂန်တစောင်ဖြစ်သည်၊ ထိုကျမ်းဂန်ကို ငါအရှင်မြတ်ပင် (အသင်မုဟမ္မဒ်)ထံ ထုတ်ပြန်ချမှတ်တော်မူသည်။ ကောင်းချီးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသည်။ သို့ဖြစ်ပေရာ(ယခု) အသင်တို့သည် ထို(ကျမ်းဂန်လာ ဒေသနာတော်များ)ကို လိုက်နာကြကုန်။ ငင်းပြင် အသင်တို့သည် ထို(ကျမ်းဂန်လာ ဒေသနာတော်များကို ဆန့်ကျင်ရာတွင် အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ကြကုန်၊ သို့ဖြစ်လျှင် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကရုဏာတော်ကို ခံစားနိုင်ကြပေမည်။

أَن تَقُولُوٓا۟ إِنَّمَآ أُنزِلَ ٱلْكِتَٰبُ عَلَىٰ طَآئِفَتَيْنِ مِن قَبْلِنَا ۖ وَإِن كُنَّا عَن دِرَاسَتِهِمْ لَغَٰفِلِينَ ﴿١٥٦﴾

၁၅၆။ အသင်တို့က (ကိယာမတ်၊ ရှင်ပြန်ထမည့်နေ့တွင်) "ကျွန်တော်မျိုးတို့အလျင်ရှိခဲ့သော(ယဟူဒီနှင့် ခရစ်ယာန်) *အုပ်စုနှစ်ခုအပေါ်၌သာလျှင် ကျမ်းဂန်များ* [၁] ကျရောက်လာလေသည်။ ကျွန်တော်မျိုးတို့မူကား ငင်းတို့ ဖတ်ကြားလေ့လာသည် (များ)ကို (လည်း)မသိနားမလည်ခဲ့ကြချေ"ဟု မပြောနိုင်ကြရန် (ငါအရှင်မြတ်သည် ဤ ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့လေသတည်း။)

أَوْ تَقُولُوا۟ لَوْ أَنَّآ أُنزِلَ عَلَيْنَا ٱلْكِتَٰبُ لَكُنَّآ أَهْدَىٰ مِنْهُمْ ۚ

၁၅၇။ သို့တည်းမဟုတ် (ဤလောကတွင်လည်း) အသင်တို့က "အကယ်၍သာကျမ်းဂန်သည် ကျွန်တော်မျိုးတို့ထံ ကျရောက်ခဲ့ပါမူ မုချဧကန် ကျွန်တော်မျိုး

---

① ဤမုက္ခပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် "အဟ်လုလ်ကိတာဗ်" ကျမ်းရသူများဟူသည် ယဟူဒီနှင့် နဆ္စရာနီများကိုသာ ဆိုကြောင်း ကောင်းစွာ သိရှိရပေသည်၊ "မဂျူစီ"များသည် အဟ်လုလ်ကိတာဗ် ကျမ်းရသူများ မဟုတ်ကြပေ။ အဘယ့်ကြောင့်ဆိုသော ယင်း"မဂျူစီ"များသည် ကျမ်းရသူများ ဖြစ်ကြပါသော်၊ ကျမ်းရသူများမှာ အုပ်စု(၃)ခု၊ ဖြစ်ရှိသွားကြပေမည်။ ဂျဆ်ဆွာဆ်။

فَقَدْ جَآءَكُم بَيِّنَةٌ مِّن رَّبِّكُمْ وَهُدًى وَرَحْمَةٌ ۚ فَمَنْ أَظْلَمُ مِمَّن كَذَّبَ بِـَٔايَٰتِ ٱللَّهِ وَصَدَفَ عَنْهَا ۗ سَنَجْزِى ٱلَّذِينَ يَصْدِفُونَ عَنْ ءَايَٰتِنَا سُوٓءَ ٱلْعَذَابِ بِمَا كَانُوا۟ يَصْدِفُونَ ﴿١٥٧﴾

တို့သည် ၎င်း(မုအ်မင်န်)တို့ထက် ပိုမို၍ လမ်းမှန်ကို ရရှိသူများပင် ဖြစ်ကြပါမည်ဟု မပြောနိုင်ကြရန် (ဤကျမ်းတော်မြတ်ကိုငါအရှင်မြတ်သည် ချပေးတော်မူခဲ့၏။) သို့ဖြစ်ပေရာ၊ ယခုမူကား အသင်တို့ထံ အသင်တို့၏ အရှင်မြတ် အထံတော်မှ ထင်ရှားစွာသော သက်သေလက္ခဏာသည်၎င်း၊ တရားမမှုဩန်ကြားချက်သည်၎င်း၊ ကရုဏာတော်သည်၎င်း၊ ရောက်ရှိလာခဲ့လေပြီ။

သို့ပါ၍ အကြင်သူထက်ပိုမို၍ မတရားသောသူသည် မည်သူရှိပါသနည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများကို (မိမိကိုယ်တိုင်) မဟုတ်မမှန်ဟု ငြင်းပယ်ရုံသာမက အခြားသူတို့အားလည်း) ထိုသက်သေလက္ခဏာများ (ကို ယုံကြည်ခြင်းမှ) တားမြစ်လေသည်။

မကြာမြင့်မီ ငါအရှင်မြတ်သည် မိမိ သက်သေလက္ခဏာများ(ကို ယုံကြည်ခြင်း)မှ တားမြစ်သောသူတို့အား၊ ၎င်းတို့၏တားမြစ်မှုကြောင့် အလွန်ဆိုးဝါးသော ပြစ်ဒဏ်ကို အစားပေးတော်မူမည်။

هَلْ يَنظُرُونَ إِلَّآ أَن تَأْتِيَهُمُ ٱلْمَلَٰٓئِكَةُ أَوْ يَأْتِىَ رَبُّكَ أَوْ يَأْتِىَ بَعْضُ ءَايَٰتِ رَبِّكَ ۗ يَوْمَ يَأْتِى بَعْضُ ءَايَٰتِ رَبِّكَ لَا يَنفَعُ نَفْسًا إِيمَٰنُهَا لَمْ تَكُنْ ءَامَنَتْ مِن قَبْلُ

၁၅၈။ ယင်းသူတို့သည် မိမိတို့ထံ "မလာအိကဟ်" ကောင်းကင်စေတမန်များ ရောက်ရှိလာသည်ကိုသော်၎င်း၊ အသင့်အား မွေးမြူတော်မူသော(အလ္လာဟ်) အရှင်မြတ် ကိုယ်တိုင် ကြွရောက်လာတော် မူသည်ကိုသော်၎င်း၊ အသင့်အား မွေးမြူတော်မူသော (အလ္လာဟ်) အရှင်မြတ်၏ အကြီးအကျယ် လက္ခဏာတစုံတရာ ရောက်ရှိလာသည်ကိုသော်၎င်း၊ စောင့်ဆိုင်း၍ နေကြသလော။

أَوْ كَسَبَتْ فِىٓ إِيمَٰنِهَا خَيْرًا ۗ قُلِ ٱنتَظِرُوٓا۟ إِنَّا مُنتَظِرُونَ ﴿١٥٨﴾

(အမှန်စင်စစ်သော်ကား) အသင့်အား မွေးမြူတော်မူသော အရှင်မြတ်၏ (ကြီးကျယ်သော) အချို့လက္ခဏာတော် ရောက်ရှိလာသောနေ့တွင်၊ ရှေးဦးမဆွက "အီမာန်" ယုံကြည်မှု မရှိခဲ့သောသူကိုသော်၎င်း၊ မိမိယုံကြည်မှုနှင့် စပ်လျဉ်း၍ တစုံတရာ ကောင်းမှုပြုခဲ့ခြင်း မရှိသောသူကိုသော်၎င်း၊ ထိုသူ၏ ယုံကြည်မှုသည် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည် မဟုတ်ပေ။ [၁]

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) "အသင်တို့သည် စောင့်ဆိုင်း၍ နေကြလေကုန်။ ငါတို့သည်(လည်း အသင်တို့နှင့်အတူ) စောင့်ဆိုင်းလျက်ပင် ရှိပါသည်" ဟု ပြောကြားပါလေ။

---

(၁) အလ္လာဟ်အရှင်မြတ်၏ဘက်တော်မှ တရားဓမ္မဟောကြားတော်မူခြင်းနှင့် စပ်လျဉ်းသည့် တာဝန်အရပ်ရပ်သည် ပြည့်ဝစုံလင်ချေပြီ။ နဗီတမန်တော်များလည်း ကြွရောက်လာခဲ့ကြချေပြီ။ ရှရီအတ်တရားဥပဒေများ၊ ကျမ်းဂန်များလည်း ကျရောက်ခဲ့ချေပြီ။ အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးကျမ်းဂန်ဖြစ်သော ကုရ်အာန်ကျမ်းမြတ်သည်လည်း ရောက်ရှိ၍လာခဲ့ချေပြီ။ နဗီတမန်တော် အပေါင်းတို့၏ အချုပ်ဖြစ်သော တမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝဓလ္လမ်)သည်လည်း ပွင့်တော်မူချေပြီ။ ယင်းသို့ဖြစ်ပါလျက် အရဗ် ကာဖိရ် မုရှ်ရစ်ကျများသည် မနာခံကြပါလျှင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ကြွရောက်လာတော် မူသည်ကိုသော်၎င်း၊ ကောင်းကင်တမန်တော်များ ဆင်းသက်လာကြသည်ကိုသော်၎င်း၊ သို့တည်းမဟုတ် အလ္လာဟ် အရှင်မြတ်၏ ကြီးကျယ်လှသော သက်သေလက္ခဏာတော် (ဥပမာ-ကိယာမတ်နှင့် စပ်လျဉ်းသည့် ကြီးကျယ် သော သက်သေလက္ခဏာ) တစုံတရာ ရောက်ရှိလာသည်ကိုသော်၎င်း၊ စောင့်မျှော်နေကြဟန် တူပေသည်။ သို့ဖြစ်လျှင် သိထားအပ်သည်မှာ ကိယာမတ်၏ သက်သေလက္ခဏာများအနက် အနောက်မှ နေထွက်ခြင်းသည် လည်း သက်သေလက္ခဏာတရပ် ဖြစ်သည်။ ဤသက်သေလက္ခဏာများ ပေါ်ပေါက်လာပြီးသည့် နောက်ပိုင်းတွင်မူ ကာဖိရ်တဦးတယောက်၏ အီမာန်ကို ယုံကြည်ခြင်းသည် တရားဝင်မဟုတ်တော့ပေ။ အပြစ်ရှိသူတဦး၏ ဝန်ချတောင်းပန်ခြင်းသည်လည်း လက်ခံစဉ်းစားဖွယ်ရာ ဖြစ်တော့်မည် မဟုတ်ပေ။ ကြည့်-ကုရ်အာန် (၄:၄၈-၄၅။ ၄:၁၈) ဤအကြောင်း ဗုခါရီနှင့် မွတ်စ်လင်မ် ကျမ်းကြီးများတွင် အတည့်အလင်းပါရှိပေသည်။

ယင်းကဲ့သို့ အနောက်မှ နေ ပြောင်းပြန်ထွက်ခြင်း၊ နောက်ဆုတ်ခြင်းမှာ စကြာဝဠာကမ္ဘာကြီးတွင် ပေါ်ပေါက်သွားလာ ဖြစ်ပျက်လျက်ရှိသော အစီအစဉ်များ၊ သဘာဝဓမ္မ သဘောတရားများ၏ အချိန်ကာလသည် ကုန်ဆုံးတော့မည် ဖြစ်ကြောင်း၊ နေ၏ထွက်ဝင်သွား၊ လာလျက်ရှိသော အစီအစဉ်သည်လည်း ကပြောင်းကပြန် ဖြစ်ရန် အချိန်ကျရောက်ပြီ ဖြစ်ကြောင်းကို ညွှန်ပြခြင်းပင်ဖြစ်သည်။ ➤➤

إِنَّ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا لَّسْتَ مِنْهُمْ فِي شَيْءٍ ۚ إِنَّمَا أَمْرُهُمْ إِلَى اللَّهِ ثُمَّ يُنَبِّئُهُم بِمَا كَانُوا يَفْعَلُونَ ﴿١٥٩﴾

၁၅၉။ စင်စစ်ဧကန် အကြင်သူတို့သည် မိမိတို့၏ သာသနာကို အစိတ်စိတ်ခွဲပစ်ခဲ့ကြ၏။ [၁] ၎င်းနောက် ထိုသူများသည် ဂိုဏ်းဂဏ အသီးသီးကွဲခဲ့ကြ၏။ အသင်သည် ထိုသူတို့နှင့် မည်သို့မျှ မပတ်သက်ပါ။

မုချဧကန် ၎င်းတို့၏ကိစ္စသည် အလွန်ဟ အရှင်မြတ်အထံတော်သို့ လွှဲအပ်ပြီးဖြစ်ချေသည်။ ထိုနောက် ထိုအရှင်မြတ်သည်ပင်လျှင်၊ ၎င်းတို့အား၊ ၎င်းတို့ ပြုမူခဲ့သည်တို့ကို သိစေတော်မူမည်။

مَن جَاءَ بِالْحَسَنَةِ فَلَهُ عَشْرُ أَمْثَالِهَا ۖ وَمَن جَاءَ بِالسَّيِّئَةِ فَلَا يُجْزَىٰ إِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُونَ ﴿١٦٠﴾

၁၆၀။ မည်သူမဆို ကောင်းမှုကို ယူဆောင်ခဲ့အံ့။ ထိုသူသည် (အနည်းဆုံး) ယင်းကောင်းမှု၏ ဆယ်ဆကို ရရှိပေအံ့။ ၎င်းပြင် မည်သူမဆို မကောင်းမှုဒုစရိုက်ကို ယူဆောင်ခဲ့အံ့။ ထိုသူသည် ယင်းမကောင်းမှုနှင့် ထပ်တူထပ်မျှသာ အစားပေးခြင်းခံရလတ္တံ့။ [၂] (အပြစ်ရှိသည်ထက် ပို၍ ခံရမည်မဟုတ်)။ ၎င်းပြင်ထိုသူတို့သည် မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။

➤➤ တနည်းအားဖြင့်ဆိုသော် ထိုအချိန်မှစ၍ စကြာဝဠာကမ္ဘာကြီး၏ ပျက်ပြုန်းဆိတ်သုဉ်းရန် အချိန်သည် စတင်ချေပြီ။ ကမ္ဘာငယ်ဖြစ်သော လူသားသည် သေခါနီးဆဲဆဲ အချိန်တွင် အီမာန်ယုံကြည်ခဲ့သော် ဝန်ချတောင်းပန်ခဲ့သည်ရှိသော် ၎င်း၏ အီမာန်နှင့် ဝန်ချတောင်းပန်မှုများသည် လက်ခံဘွယ်ရာ မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သေခါနီးဆဲဆဲတွင် အီမာန်ယုံကြည်ခြင်း ဝန်ချတောင်းပန်ခြင်းများသည် မိမိ အလိုဆန္ဒအလျောက် လွတ်လပ်စွာပြုခြင်း၊ မဟုတ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။ ထို့အတူပင် အနောက်မှ နေထွက်ပြီးသည့် နောက်တွင်လည်း ကမ္ဘာ့အဝှန်းတွင် အီမာန်ယုံကြည်ခြင်း၊ ဝန်ချ တောင်းပန်ခြင်းများသည် မည်သူတဦးတယောက်အဖို့မှ လက်ခံဖွယ်ရာ ဖြစ်မည်မဟုတ်ပေ။

ယခုခေတ်တွင်အချို့ "မွလ်ဟစ်ဒ်" များသည် သာမန်မဟုတ်သော ကိစ္စများကို ပုံဆောင်ချက်ဟု ဆိုလေ့ရှိကြသကဲ့သို့ အနောက်မှ နေထွက်မည့် ကိစ္စကိုလည်း ပုံဆောင်ချက်ဟုပင်ဆိုရန် တွေးဆလျက်ပင် ရှိကြပေသည်။ ယင်းသူတို့သည် ကိယာမတ်ကိုလည်းပုံဆောင်ချက်ဟုပင် ဆိုကြပေလိမ့်မည်။ ဤကား – "ဣလ်ဟာဒ်" မိန္ဓာအယူတည်း)။

① မုချဧကန် အကြင်သူများသည် ၎င်းတို့၏သာသနာကို (၎င်းတို့၌ ထိုသာသနာကိုလိုက်နာ ကျင့်သုံးရန် တာဝန်ရှိ၏) အစိတ်စိတ် ခွဲပစ်ခဲ့ကြ၏။ (ဆိုလိုသည်ကား – ထိုသူများသည် ၎င်းတို့၏သာသနာ၏ ➤➤

قُلْ إِنَّنِي هَدَىٰنِي رَبِّي إِلَىٰ صِرَاطٍ مُّسْتَقِيمٍ دِينًا قِيَمًا مِّلَّةَ إِبْرَٰهِيمَ حَنِيفًا ۚ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٦١﴾

၁၆၁။ (အို-နဗီတမန်တော်) အသင်သည် (ငှင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ငါ၏အရှင်မြတ်သည် ငါ့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့ ပို့ဆောင်တော်မူခဲ့လေပြီ။

(ထိုတရားလမ်းမှာ)အလွန် တည်တံ့၊ ခိုင်ခံ့သောသာသနာပင် ဖြစ်ပေသည်။ တည်ကြည်ဖြောင့်မတ်သော နဗီတမန်တော် အီဗ်ရာဟီမ်၏ လမ်းစဉ်ပင်ဖြစ်ပေသည်။ ငှင်းပြင် *ထို(နဗီတမန်တော်) အီဗ်ရာဟီမ်သည် တစုံတရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်သောသူများတွင် ပါဝင်ခဲ့သည် မဟုတ်။* [၁]

➤➤ အမိန့်ပညတ် အားလုံးကိုသော်ငှင်း အချို့ကိုသော်ငှင်း စွန့်ပစ်ခဲ့ကြ၏။ ငှင်းနောက် ရှရစ်ဂ်၊ ဗစ်ဒ်အတ်၏ လမ်းစဉ်များကို လိုက်နာ ကျင့်သုံးခဲ့ကြ၏)။ ငှင်းနောက် ထိုသူများသည် (အမျိုးမျိုး) ဂိုဏ်းဂဏများ ကွဲသွားခဲ့ကြ၏။ (အို-နဗီ) အသင်သည် ထိုသို့သော သူများနှင့် မည်သို့မျှ မပတ်သက်ပါ။ (ဝါ) အသင်သည် ထိုသူများနှင့် လုံးဝ ကင်းရှင်းသူ ဖြစ်ပါသည်။

"ဖရ်ရက္ခ" ဟူသောပုဒ်တွင် အားလုံးလမ်းမှားသော ဂိုဏ်းဂဏများ အကျုံးဝင်လျက်ရှိပေရာ ဓမ္မဓိဌာန်ယူခြင်းသည် ပို၍သင့်မြတ်ပေသည်။ သို့ရာတွင် အပြစ်ဒဏ်၏ အဆင့်အတန်းများသည် အမျိုးမျိုး အစားစား ရှိပေမည်။ (ဝါ) ကာဖိရ်များသည် အမြဲတစေ အပြစ်ဒဏ်ခံကြရမည်။ ဗစ်ဒ်အတီများမှာမူကား အီမာန် ယုံကြည်မှုရှိသည့်အတွက် မှားယွင်းသော အယူအဆများ၏ ပြစ်ဒဏ်ကိုခံကြရပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြရပေမည်။ ထာနဝီ။

ⓙ ကောင်းမှုတခုတိုင်းအတွက် ကုသိုလ်အကျိုးကို အနည်းဆုံး ဆယ်ဆ ရရှိမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အချို့ကောင်းမှုများ၏ အကျိုးမှာ ဆယ်ဆမက ဆပေါင်းများစွာ ကုသိုလ်အကျိုးရရှိမည့်အကြောင်း "ရိဝါယတ်" ကျမ်းချက်များတွင် အတည့်အလင်းလာရှိပေသည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်း။

မကောင်းမှုတခုအတွက် ထိုမကောင်းမှုနှင့် ထိုက်တန်လျော်ညီသော အပြစ်ကိုသာလျှင် ခံရမည်ဖြစ်သည်။ အပြစ်ရှိသည်ထက် စိုးစဉ်းမျှ ပိုမို၍ခံရမည်မဟုတ်ပေ။ ဤကား အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှုတည်း။ မာဂျီဒီ။

ⓘ အလ္လာဟ်အရှင်မြတ်က ဤမုဟမ္မဒ်တော်တွင် တမန်တော်မြတ်အား ကမ္ဘာအဝှန်းသို့ ဤသို့ ကြေငြာစေတော်မူသည်။ ယင်းကြေငြာချက်၏ အလိုသဘောမှာ အသင်တို့သည် သာသနာရေးတွင် မိမိတို့၏ စိတ်ဆန္ဒအလျောက် လမ်းစဉ်အမျိုးမျိုး ဂိုဏ်းဂဏအဖုံဖုံ တည်ထွင်ပြုလုပ်နိုင်ကြသည်။ အလိုရှိသမျှ ကိုးကွယ်ရာအရှင်များကိုလည်း သတ်မှတ် ကိုးကွယ်နိုင်ကြသည်။ အသင်တို့သည် စိတ်၏အလိုလိုက်၍ လုပ်လိုကလုပ်ကြကုန်။ ➤➤

قُلْ إِنَّ صَلَاتِي وَنُسُكِي وَمَحْيَايَ وَمَمَاتِي لِلَّهِ رَبِّ الْعَالَمِينَ ﴿١٦٢﴾

၁၆၂။ (အို–နဗီတမန်တော်) အသင်သည် (ငင်းတို့အား တဖန် ဤသို့)ပြောကြားပါဦးလေ။ (အချင်းတို့) ငါ၏ "ဆွလာတ်" ဝတ်ပြုမှုသည်ငင်း၊ ငါ၏ (အခြားအခြားသော) ခဝပ်ကိုးကွယ်မှု (အပေါင်း)တို့သည်ငင်း၊ ငါ၏ အသက်ရှင်ခြင်းသည်ငင်း၊ ငါ၏ အသက်သေခြင်းသည်ငင်း၊ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် နှစ်သက်တော်မူရန် သာလျှင် ဖြစ်သည်။ ၁

لَا شَرِيكَ لَهُ ۖ وَبِذَٰلِكَ أُمِرْتُ وَأَنَا أَوَّلُ الْمُسْلِمِينَ ﴿١٦٣﴾

၁၆၃။ ထိုအရှင်မြတ်၌ တွဲဖက်ဟူ၍ အလျင်းမရှိချေ။ ငါသည် ဤသည်နှင့်စပ်လျဉ်း၍ပင် အမိန့်တော်ကို ရရှိခဲ့၏။ ငင်းပြင် ငါသည် *အမိန့်တော်ကိုလိုက်နာသူတို့တွင် ပထမဦးဆုံးပင် ဖြစ်ချေသတည်း။* ၂

---

၁ သို့ရာတွင် ကျွန်ုပ်အား ကျွန်ုပ်၏ အရှင်သခင်ကမူ ဖြောင့်မတ်မှန်ကန်၍ တည်တံ့ခိုင်မြဲသော လမ်းစဉ်ကို ပြထားတော်မူပြီး ဖြစ်သည်။ ထိုလမ်းစဉ်ကား တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား စိတ်ဓေတနာဖြူစင်စွာဖြင့် ယုံကြည်ကိုးကွယ်ခြင်း၏ လမ်းစဉ်၊ ထိုအရှင်မြတ်အား လုံးဝ ဥဿုံအပ်နှင်းခြင်း၏ လမ်းစဉ်၊ ထိုအရှင်မြတ်အား မှီခိုအားထားခြင်း၏လမ်းစဉ်ပင် ဖြစ်သည်။ ထို လမ်းစဉ်ကိုပင်လျှင် နဗီ တမန်တော်များ၏ ဖခင်၊ အလ္လာဟ် အရှင်မြတ်၏ အချစ်တော်၊ တမန်တော်အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)သည် ခွဲသတ္တိရှိရှိ၊ ဦးလည်မသုန်၊ စွမ်းစွမ်းတမံ လိုက်နာကျင့်သုံးတော် မူခဲ့လေသည်။ ထို တမန်တော်မြတ်ကြီးအား အရဗ်လူမျိုးများနှင့်တကွ ကောင်းကင်ကျ သာသနာများ၏ သာသနာဝင်အပေါင်းတို့သည် အထူးတလည် ကြည်ညိုလေးစားလျက် ရှိကြပေသည်။

၂ မုရ်ရစ်ကျမ်းများသည် အလ္လာဟ်အရှင်မြတ်အပြင် အခြားအရာများကိုလည်း ကိုးကွယ်လျက်ရှိခဲ့ကြ၏။ တိရစ္ဆာန်များကို လိုးဖြတ်ရာတွင်လည်း အခြားသော ကိုးကွယ်ရာများ၏ အမည်များကို တသလေ့ရှိခဲ့ကြ၏။ ဤမုက္ခပါဠ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား မိမိသည် ထိုထိုသော မုရ်ရစ်ကျမ်းများနှင့် လုံးဝ ဆန့်ကျင်သူဖြစ်ကြောင်း။ မိမိ၏ဆွလာတ် ခဝပ်မှုအားလုံးနှင့် သေရေး၊ ရှင်ရေးအားလုံးတို့သည် အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူရန်အတွက်သာလျှင် ဖြစ်ကြောင်း ကြေငြာစေတော်မူသည်။

အီဗ်နုကဆီရ်။ အ–၂၊ စ–၁၉၈။

၃ အစ္စလာမ်သာသနာတွင် နဗီတမန်တော်သည် ဗျာဒိတ်ဟောသူ သတင်းပေးသူ သို့မဟုတ် ဖိတ်ကြားသူ၊ ဆော်သြသူသာလျှင် မဟုတ်ပေ။ နဗီတမန်တော်သည် မိမိဟောကြားသော သာသနာ၊ ချမှတ်သောလမ်းစဉ်ကို မိမိကိုယ်တိုင် ဦးစွာပထမ စံပြအဖြစ်၊ ကာယကံရွှေက် လိုက်နာကျင့်သုံး၍ ပြသရပေသည်။

قُلْ أَغَيْرَ اللَّهِ أَبْغِي رَبًّا وَهُوَ رَبُّ
كُلِّ شَيْءٍ ۚ وَلَا تَكْسِبُ كُلُّ نَفْسٍ
إِلَّا عَلَيْهَا ۚ وَلَا تَزِرُ وَازِرَةٌ وِزْرَ
أُخْرَىٰ ۚ ثُمَّ إِلَىٰ رَبِّكُم مَّرْجِعُكُمْ
فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ
تَخْتَلِفُونَ ﴿١٦٤﴾

၁၆၄။ (အို–နဗီတမန်တော်) အသင်သည် (ငင်းတို့အား တဖန် ထပ်မံ၍ ဤသို့) ပြောကြားပါဦးလေ။ (အချင်းတို့) ငါသည် အလ္လာဟ်အရှင်မြတ်အပြင် အခြားကို ဖန်ဆင်းမွေးမြူသော အရှင်အဖြစ် ရှာဖွေရပါမည်လော။ အမှန်စင်စစ်သော်ကား ထို(အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင် ဖြစ်တော်မူသည်။

ငင်းပြင် မည်သူမဆို (တစုံတရာကို) ရှာဖွေဆည်းပူး ပြုလုပ်ခဲ့သော် ထိုသူ၏အပေါ်၌သာလျှင် ရှိပေအံ့။ ထို့ပြင် သယ်ပိုးသူတဦးမျှပင် *သူတပါး၏* ဝန်ကို သယ်ပိုးလိမ့်မည်မဟုတ်ပေ။ ၁

ထို့နောက် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်သို့သာလျှင် ပြန်ကြရမည်။ ထိုအခါ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား၊ အသင်တို့ကွဲပြားလျက် ရှိခဲ့ကြသော ကိစ္စများကို သိစေတော်မူမည်။

---

၁ "ကဖ္ဖာရဟ်" တမန်တော်အိစာ (အလိုင်ဟစ္စလာမ်) သည် မိမိ၏ နောက်လိုက် တပည့်သား တို့၏ အပြစ်အားလုံးကို မိမိကိုယ်တိုင် ခံယူသွားတော် မူသည် ဟူသော မစီဟီများ၏ အယူဝါဒသည် လုံးဝမှားသည်။ ဖခင်ကြီး အာဒမ်သခင်၏ မေ့မှားမှု၏ အပြစ်ဒဏ်ကို ဖခင်ကြီး အာဒမ်သခင်၏ သားသမီး အားလုံးတို့သည် ဆွေစဉ်မျိုးဆက်၊ အဆက်ဆက် ခံကြရမည် ဟူသော အဆိုပါ မစီဟီများ၏ အယူဝါဒ သည်လည်း လုံးဝမှားသည်။ ထို့အတူ အလ္လာဟ် အရှင်မြတ်သည် အပြစ်ရှိသူ တဦး၏အစား အလိုတော်ရှိရာ အခြားသူ တဦးတယောက်အား အပြစ်ဒဏ် ပေးတော်မူသည် ဟူသော မုရ်ရစ်က်တို့၏ အယူဝါဒ သည်လည်း လုံးဝမှားသည်။

မိမိ၏အပြစ်ကို မိမိသာလျှင် ခံရမည်အကြောင်း ကုရ်အာန်(၁၇း၁၅။ ၂၀း၁၁၂။ ၃၄း၂၅–၂၆။ ၃၅း၁၈။ ၃၉း၇။ ၅၃း၃၈)တွင်လည်း မိန့်ဆို ထားတော်မူသည်။ သို့ရာတွင် မိဘများကလည်း မုအ်မင်န်ဖြစ်ကြမည်။ သားသမီးများကလည်း မုအ်မင်န် ဖြစ်ကြမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် သားသမီးများအား မိဘတို့၏ အဆင့်အတန်းသို့ ပို့ပေးတော်မူမည့်ကြောင်း ကုရ်အာန် (၅၂း၂၁)တွင် မိန့်ဆိုထားတော်မူသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကို သိလိုပါက အီဗ်နုကဆီရ် – အ– ၂။ ၈ – ၁၉၉ တွင် ရှုပါကုန်။

وَهُوَ الَّذِي جَعَلَكُمْ خَلَٰٓئِفَ
الْأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ
دَرَجَٰتٍ لِّيَبْلُوَكُمْ فِي مَآ ءَاتَىٰكُمْ ۗ إِنَّ
رَبَّكَ سَرِيعُ الْعِقَابِ ۖ وَإِنَّهُۥ
لَغَفُورٌ رَّحِيمٌ ﴿١٦٥﴾

၁၆၅။ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ပထဝီမြေပြင်၌ *ကိုယ်စားလှယ်များအဖြစ် ချီးမြှင့်* တော်မူခဲ့လေသည်။ [၁] ၎င်းအပြင် ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား မိမိချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူခြင်းငှာ အသင်တို့အနက် *အချို့ကို* အဆင့်အတန်းအားဖြင့် *အချို့ထက်မြင့်စေတော်မူခဲ့၏*။ [၂]

၎င်းနောက်စင်စစ် အသင့်အား မွေးမြူတော်မူသော အရှင်မြတ်သည် လျှင်မြန်စွာ ပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အလွန် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူပေသတည်း။

---

① (က) အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ကမ္ဘာမြေပြင်တွင် မိမိတို့၏ ကိုယ်စားလှယ်တော်များအဖြစ် ခန့်အပ်ထားထားတော်မူသည်။ ယင်းသို့ ခန့်အပ်ထားတော်မူသည့်အတွက် လူသားများသည် မိမိတို့အား ထိုအရှင်မြတ်က ချီးမြှင့်ထားတော်မူသော အခွင့်အလမ်းများကို အသုံးပြုကာ စီမံအုပ်ချုပ်သူများ အနေဖြင့် ကမ္ဘာမြေပြင်တွင် ခြယ်လှယ်လျက် ရှိကြပေသည်။

(ခ) သို့တည်းမဟုတ် ထိုအရှင်မြတ်သည် လူသားတို့အား အချင်းချင်း တဦးကိုတဦး၏ အရိုက်အရာဆက်ခံသူ၊ လူတမျိုးကို လူတမျိုး၏ အရိုက်အရာဆက်ခံသူများအဖြစ် ခန့်အပ်ထားတော်မူသည်။ ဥပမာ – လူတမျိုး ကွယ်ပျောက်သွားသည့်အခါ နောက်လူမျိုးတမျိုးအား ပထမ၊ ကွယ်ပျောက်သွားသော လူမျိုး၏ အရိုက်အရာကို ဆက်ခံစေတော်မူသည်။

② အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အဆင့်အတန်းများ၊ အခြေအနေများ၊ ခွဲခြား၍ပေးထားတော်မူသည်။ ဥပမာ – လူသားများသည် အဆင်းသဏ္ဌာန်၊ အသွေးအရောင်၊ ကိုယ့်ကျင့်တရား၊ အရည်အချင်း၊ အကောင်းအဆိုး၊ ဥစ္စာပစ္စည်း၊ ဂုဏ်အင်ဒြပ်များတွင် တဦးနှင့်တဦး မတူကြချေ။ အမျိုးမျိုး အစားစား ကွဲပြားခြားနားလျက် ရှိကြပေသည်။ ယင်းသို့ အမျိုးမျိုး အစားစား ခွဲခြားထားတော်မူခြင်းမှာ ထိုထိုသော အဆင့်အတန်း၊ ထိုထိုသော အရည်အချင်းများတွင် မည်သူသည် မည်မျှ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံကြောင်းထင်ရှားစေရန်ပင် ဖြစ်သည်။ အွတ်ဆ်မာနီ။

ကြင့်နန်းများကဏ္ဍ

سُوْرَةُ الْاَعْرَافِ

"စူရဟ်အအ်ရာဖ်" သည် မက္ကာမြို့တော်၌ ကျရောက်သော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍတွင် အာယတ်ပေါင်း (၂၀၆) ရကူအ် အပိုဒ်ပေါင်း (၂၄) ပါရှိသည်။

အစဉ် သနားကြင်နာ ညှာတာတော်မူသော
အနန္တကရုဏာရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့်
အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ "အလစ်ဖ်၊ လာမ်၊ မီမ်၊ ဆွာဒ်"။ [၁]

الٓمّٓصٓ ①

J။ (ဤသည်) အသင့်ထံ ထုတ်ပြန်ခဲ့သော ကျမ်းဂန်တစောင်ဖြစ်၏။ (ဤကျန်းဂန်သည်) အသင်သည် ထိုကျမ်းဂန်ဖြင့် သတိပေးနှိုးဆော်ရန် အလို့ငှာဖြစ်သည်။ သို့ဖြစ်ပေရာ အသင်၏စိတ်တွင် ဝယ် မည်သို့မျှ ကျဉ်းကျပ်မှုမဖြစ်ရာချေ။ [J] ၎င်းပြင် (ဤကျမ်းဂန်သည်) "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူတို့အဖို့ ဆုံးမသြဝါဒလည်း ဖြစ်ချေသတည်း။

كِتٰبٌ اُنْزِلَ اِلَيْكَ فَلَا يَكُنْ فِيْ صَدْرِكَ حَرَجٌ مِّنْهُ لِتُنْذِرَ بِهٖ وَذِكْرٰى لِلْمُؤْمِنِيْنَ ②

---

① အနက်အဓိပ္ပါယ် လျှို့ဝှက်ထားသော သန်ခေါ်ပအက္ခရာစုကို "ဟုရူဖ် မုကတ်တူအဟ်"ဟု ခေါ်သည်။ ထိုအက္ခရာစု၏ အနက်အဓိပ္ပါယ်ကို အလ္လာဟ်အရှင်မြတ်မှတပါး မည်သူမျှ တပ်အပ်သေချာမသိချေ။

J 'ဆွဟာဒီ' သာဝကကြီးအိဗ်နုအစ္ဓာစ်သခင်သည် 'ဟရဂ်'ဟူသောပုဒ်၏အနက်ကို ဒွိဟသံသယဟူ၍ဖွင့်ဆိုသည်။ သို့ရှိရာ(فَلَا يَكُنْ فِيْ صَدْرِكَ حَرَجٌ مِّنْهُ)ဟူသော မူကွပါဠိတော်သည် (فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ) ဟူသော မူကွပါဠိတော်နှင့် အဓိပ္ပါယ်တူ ဖြစ်သွားပေမည်။ ဤဖွင့်ဆိုချက်အရ ဤမူကွပါဠိတော်၏ အလိုသဘောမှာ၊ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ထုတ်ပြန်ချီးမြှင့်တော်မူခြင်း ခံရသော တမန်တော်တပါးသည် ၎င်းထံသို့ ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်၏အဓိန့် ပညတ်တော်များနှင့် စပ်လျဉ်း၍ အနည်းငယ် စိုးစဉ်းမျှပင် ဒွိဟ၊ သံသယမရှိရာချေ။

အခြားမုဖတ်စ်စစ်ရဲများက၊ "ဟရဂ်" ဟူသောပုဒ်၏အနက်အဓိပ္ပာယ်ကို ယင်းပုဒ်၏မူလ ပေါ်လွင်ထင်ရှားသော အဓိပ္ပာယ် (၀ါ) ကျဉ်းကျပ်မှုဟူ၍ပင် ဖွင့်ဆိုကြသည်။ ရှိုင်ခုလ်ဟင်နဒ် မောင်လာနာ မဟ်မူဒ် ဟစန်သခင်၊ (ထာနဝီသခင်တို့) သည်လည်း ဤအတိုင်းပင် ဖွင့်ဆိုရေးသားကြသည်၊ ဤအဆိုအရ၊ ဤမူကွပါဠိတော်၏အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အနက် ရွေးချယ်ထားတော်မူ၍ ➤➤

اِتَّبِعُوْا مَآ اُنْزِلَ اِلَيْكُمْ مِّنْ رَّبِّكُمْ وَلَا تَتَّبِعُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ ۭ قَلِيْلًا مَّا تَذَكَّرُوْنَ ۝

၃။ အသင်တို့သည် မိမိတို့၏ အရှင်မြတ် အထံတော်မှ မိမိတို့ထံ ကျရောက်လာသော ဒေသနာတော်ကိုသာ [၁] လိုက်နာကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်မှတပါး *အခြားမိတ်ဆွေများ(၏ ပြောစကားများ)ကို* မလိုက်နာကြကုန်လင့်။ [၂] အမှန်စင်စစ်သော်ကား အသင်တို့သည် ဆုံးမဩဝါဒများကို အနည်းငယ်မျှသာလျှင် နာယူကြကုန်သတည်း။

➤➤ မိမိ၏ကျမ်းဂန်ကို ချီးမြှင့်တော်မူ၏။ ယင်းသို့ ရွေးချယ်ချီးမြှင့်တော်မူခြင်းခံရသော တမန်တော်တပါးသည် သူယုတ်မာများ၊ သူမိုက်များ၏ ကဲ့ရဲ့၊ ပြစ်တင်၊ ရွဟိုက်မှုများကြောင့် ထိုကျမ်းဂန်လာ ဒေသနာတော်များကို ဟောကြားရာတွင် အလျင်း ရင်မလေးရာ၊ စိတ်မပျက်ရာ၊ မိမိ၏ရင်တွင် ခက်ခဲမှု၊ ကျဉ်းကျပ်မှုတစုံတရာ အလျင်းမတွေ့ရှိရာ။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ်(၁၁း၁၂)တွင်လည်း မိန့်ဆိုထားတော်မူသည်။

မပြောကောင်း၊ မဆိုအပ်၊ အကယ်တန္တ တမန်တော်တပါး၏စိတ်တွင် မိမိထံ ထုတ်ပြန်ပို့ချထားတော်မူသော ကျမ်းဂန်နှင့်စပ်လျဉ်း၍သော်၎င်း၊ ထိုကျမ်းဂန်၏ အနာဂတ်နှင့်စပ်လျဉ်း၍သော်၎င်း၊ ပြည့်ဝစုံလင်တိကျပြတ်သားသော ယုံကြည်မှုမရှိခဲ့ပါသော် ထိုတမန်တော်သည် မိမိ၏ တာဝန်ဖြစ်သော တရားဓမ္မဟောကြားမှု၊ သတိပေးမှု၊ နှိုးဆော်မှုများကို ရဲ့ဝံ့စွာ အသို့လျှင် ပြုနိုင်တော်မူပါအံ့နည်း။ (အမှန်မှာ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည် မိမိတို့ထံထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်များကို အတိအကျ လေးနက်စွာ ယုံကြည်၍ ကျမ်းဂန်လာ ဒေသနာတော်များကိုလည်း တသဝေမသိမ်း စံပြအဖြစ် လိုက်နာကျင့်သုံးတော်မူနိုင်ခဲ့ကြပေသည်၊ သူတပါးတို့အားလည်း ရဲဝံ့စွာ ဟောကြားတော်မူနိုင်ခဲ့ကြပေသည်။

① "အသင်တို့ထံ အသင်တို့၏ အရှင်မြတ်ထံတော်မှ ကျရောက်လာသောအရာ" ဟူသော မူကွပါဠိတော်တွင် ကုရ်အာန်ကျမ်းမြတ်သည်၎င်း၊ တမန်တော်မြတ်၏ စွန့်တော်သည်၎င်း အကျုံးဝင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ် (၅၃း၂၃)တွင် "တမန်တော်မြတ်သည် (မိမိ)အလိုဆန္ဒဖြင့် ပြောကြားသည် အလျင်းမရှိ။ တမန်တော်မြတ် ပြောကြားသမျှသည် ထုတ်ပြန်ပို့ချတော်မူသော ဝဟီသာလျှင် ဖြစ်ချေသည်" ဟု အလ္လာဟ်အရှင်မြတ်က မိန့်ဆိုထားတော်မူခြင်းကြောင့် ဖြစ်သည်။

② ဤမူကွပါဠိတော်တွင် ပါရှိသော "အောင်လိယာ" မိတ်ဆွေများဟူသည် ကုရ်အာန်ကျမ်းမြတ် (၆း၁၁၂)တွင် ပါရှိသည့် ဂျင်နီရှိင်တွာန်၊ လူရှိင်တွာန်များကို ဆိုလိုသည်။

အကယ်၍ လူသားများသည် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်လှစွာသော မွေးမြူဖန်ဆင်းမှု မိမိတို့၏ ဖြစ်စဉ်အစ၊ ဖြစ်စဉ်အဆုံး။ အမိန့်တော်နာခံမှု၏ အကျိုး၊ မနာခံမှု၏အပြစ်များကို အတိအကျတွေးဆ၊ ဆင်ခြင်ကြပါလျှင်၊ မိမိတို့၏ အရှင်သခင် ချမှတ်ပေးတော်မူသော ဒေသနာတော်များကို စွန့်လွှတ်၍ လူရှိင်တွာန်၊ ဂျင်နီရှိင်တွာန်များ၏ စကားများကို နာခံဝံ့ကြမည် မဟုတ်ပေ။

အတိတ်ခေတ်များတွင် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်များနှင့် နဗီတမန်တော်များအား ➤➤

وَكَمْ مِّن قَرْيَةٍ أَهْلَكْنَاهَا فَجَاءَهَا بَأْسُنَا بَيَاتًا أَوْهُمْ قَائِلُونَ ﴿٤﴾

၄။ ငါအရှင်မြတ်သည် များစွာသော မြို့ရွာများကို ဖျက်ဆီးတော်မူခဲ့လေသည်။ [၃] သို့ ဖျက်ဆီးရာတွင် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် ထိုမြို့သူမြို့သား ရွာသူရွာသားတို့အပေါ်ဝယ် ညဉ့်အချိန်၌သော်၎င်း၊ ထိုသူတို့သည် နေ့လည်အချိန်တွင် အပန်းဖြေနေကြသောအခါ၌သော်၎င်း၊ ဆိုက်ရောက်ခဲ့လေသည်။ [၂]

فَمَا كَانَ دَعْوَاهُمْ إِذْ جَاءَهُم بَأْسُنَا إِلَّا أَن قَالُوا إِنَّا كُنَّا ظَالِمِينَ ﴿٥﴾

၅။ သို့ဖြစ်ပေရာ ထိုသူတို့ထံ ငါအရှင်မြတ်၏ပြစ်ဒဏ်ဆိုက်ရောက်လာသောအခါ ထိုသူတို့က "ကျွန်ုပ်တို့သည်သာလျှင်မတရား ကျူးလွန်သူများဖြစ်ကြပါသည်" ဟု ပြောဆိုခြင်းမှတပါး အခြားတစုံတရာမျှ ဆင်ခြေပေးနိုင်ခြင်း မရှိခဲ့ကြချေ။

➤➤ သွေဖည်ကျောခိုင်းခဲ့သော အုပ်စုများသည် ဤပစ္စက္ခဘဝ၌ အပြစ်ဒဏ် တပ်ရိုက်တော်မူခြင်းကို ခံခဲ့ကြရသည့်အကြောင်း ရှေ့တွင် မိန့်ဆိုထားတော်မူသည်။

③ အကြင်သူများ၏ ကျူးလွန်မှု၊ စော်ကားမှု၊ သွေဖည်ငြင်းဆန်မှု၊ မောက်မာမှုများသည် လမ်းဆုံးသောအခါ၎င်းတို့သည် လောကီစည်းစိမ်များတွင် အလွန်အလွန် နစ်မွန်း၍ သွားကြ၏။ အလွှာဟ်အရှင်မြတ်၏ပြစ်ဒဏ်တော်ကို လုံးဝ အမှေကြီးမှေကာ စိတ်ချလက်ချ အအိပ်ကြီး အိပ်စက်ကြ၏။ ထိုအချိန်မျိုးတွင် အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်သည် ရုတ်တရက် ၎င်းတို့ထံ ရောက်ရှိလာလေသည်။

ကြာက်မက်ဖွယ် ကောင်းလှသောအပြစ်ဒဏ်ကို တွေ့မြင်ကြရသောအခါ၊ ထိုသူများသည် ယခင်က မိုက်မှားခဲ့ကြသော ကျူးလွန်မှု၊ စော်ကားမှု၊ သွေဖည်မှု၊ မောက်မာမှုများကို မေ့ပျောက်ခါ၊ မိမိတို့၏အမှားကို ကွင်းကွင်းကွက်ကွက် တွေ့မြင် လာကြပြီး "ကျွန်တော်မျိုးတို့သာလျှင် ကျူးလွန်သောသူများ ဖြစ်ကြပါသည်" ဟု ကြွေးကြော် မြည်တမ်းကြ၏။ တနည်းအားဖြင့် ယင်းကဲ့သို့ ကြွေးကြော်မြည်တမ်းခြင်းမှာ အလွှာဟ်အရှင်မြတ်သည် မည်သူတဦးတယောက်ကိုမျှ မတရားပြုတော်မူသည် မဟုတ်။ မိမိတို့သာလျှင် မိမိတို့ကိုယ်ကို မိမိတို့ ကျူးလွန်စော်ကား ညှင်းပန်းနှိပ်စက်လျက် ရှိကြသည်ကို ထုတ်ဖော်ဝန်ခံခြင်းပင် ဖြစ်သည်။ (သို့ရာတွင် ထိုအချိန်ကား ဝန်ခံ၍အကျိုးမရှိသော အချိန်ဖြစ်ချေပြီ။ ကြည့်-ထာနဝီ။

④ အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်သည် ညဉ့်အချိန်၌သော်၎င်း၊ နေ့လည် အပန်းဖြေ အိပ်စက်နေချိန်၌သော်၎င်း၊ ရောက်ရှိလာခဲ့၏။ ယင်းကဲ့သို့ အပြစ်ဒဏ်ရောက်လာခဲ့သည့် အချိန် ၂-ချိန်ကို အထူးတလည် သီးသန့်ထုတ်ဖော် မိန့်ဆိုထားတော်မူခြင်းမှာ ထိုအချိန် ၂-ချိန်သည် များသောအားဖြင့် အမှုမဲ့၊ အမှတ်မဲ့ စိတ်ချလက်ချနေသော အချိန်များဖြစ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

فَلَنَسْـَٔلَنَّ الَّذِيْنَ اُرْسِلَ اِلَيْهِمْ وَلَنَسْـَٔلَنَّ الْمُرْسَلِيْنَ ۙ﴿۶﴾

၆။ ပြီးနောက် တဖန် ငါ အရှင်မြတ်သည် တမန်တော်များ စေလွှတ်ခြင်းခံခဲ့ကြရသူတို့အား မုချ စစ်ဆေး မေးမြန်းတော်မူအံ့။ ထိုနည်းတူစွာ ငါ အရှင်မြတ်သည် "ရစူလ်" တမန်တော်တို့အားလည်း ဧကန်မလွဲ စစ်ဆေးမေးမြန်းတော်မူအံ့။ [၁]

فَلَنَقُصَّنَّ عَلَيْهِمْ بِعِلْمٍ وَّمَا كُنَّا غَآئِبِيْنَ ﴿۷﴾

၇။ ထို့နောက် ငါအရှင်သည် ၎င်းတို့ရှေ့ဝယ် (အလုံးစုံတို့ကို) *အကြွင်းမဲ့ သိရှိတော်မူသည့်အတိုင်း (ပြန်လည်) မိန့်ကြားတော်မူအံ့။* [၂] အမှန်စင်စစ် သော်ကား ငါအရှင်မြတ်သည် မည်သည့်အခြေအနေ မည်သည့်အချိန်၌မျှ ပျောက်ကွယ်နေတော်မူသည် မဟုတ်ချေ။

وَالْوَزْنُ يَوْمَئِذِ ِۨالْحَقُّ ۚ فَمَنْ ثَقُلَتْ مَوَازِيْنُهٗ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ﴿۸﴾

၈။ ၎င်းပြင် ထိုနေ့တွင် (ကုသိုလ်အကုသိုလ်များကို) ချိန်စက်မည်မှာ(လည်း) လုံးဝ မှန်ကန်၏။ သို့ဖြစ်ပေရာ အကြင်သူ၏ အလေးချိန်သည် အချိန်စီးအံ့။ ထို(ကဲ့သို့သော) သူတို့သည်ပင်လျှင် အောင်မြင်သောသူများ ဖြစ်လတ္တံ့။

---

① အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် နဗီတမန်တော်များ စေလွှတ်ခြင်းခံခဲ့ကြရသည့် အုပ်စုများအား အသင်တို့သည် ရစူလ်တမန်တော်များအား အသို့အဖြေပေးခဲ့ကြသနည်း" ဟူ၍၎င်း၊ (ကြည့်-ကုရ်အာန် ၂၈:၆၅) ရစူလ်တမန်တော်များအား "အသင်တို့သည် အသို့အဖြေရခဲ့ကြသနည်း" ဟူ၍၎င်း၊ (ကြည့်-ကုရ်အာန် ၅၃:၁၀၉) စစ်ဆေးမေးမြန်းတော်မူမည်ဖြစ်သည်။

② အလ္လာဟ်အရှင်မြတ်သည် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသည်။ လူသားတို့ ပြုလုပ်သမျှသော အရာများ၊ စကြာဝဠာအဝှန်းတွင် ဖြစ်ပျက်သမျှသော အဖြစ်အပျက်များ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ၊ အရာခပ်သိမ်းကုန်တို့ကို အရှင်မြတ်သည် လုံးဝဥဿုံ အလုံးစုံ အကြွင်းမဲ့ သိရှိတော်မူသည်။ ယင်းသို့ သိရှိတော်မူရာတွင် အရှင်မြတ်သည် တစုံတရာကိုမျှ မှိုခိုအားထားတော်မူရသည်ဟူ၍ အလျင်းမရှိပေ။ ထိုသို့သိတော်မူသည့် အလျောက် ထိုအရှင်မြတ်သည် ကိယာမတ်နေ့တွင် လူသားတို့အား ၎င်း၏ရှေးဖြစ်၊ နောင်းဖြစ်၊ အားလုံးတို့ကို ပြောပြတော်မူမည် ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များအား လူသားတို့၏ အပြုအမူများကို ရေးမှတ်စေတော်မူ၏။ ယင်းသို့ရေးမှတ်စေတော်မူခြင်းမှာ စည်းစနစ်ရှိစေတော်မူရန်နှင့် စီမံအုပ်ချုပ်ပုံကို ထင်ရှားပြတော်မူရန် သာလျှင် ဖြစ်ချေသည်။ အမှန်မှာ ထိုအရှင်မြတ်သည် လူသားတို့၏ အကြောင်းများကို ➤➤

وَمَنْ خَفَّتْ مَوَازِينُهُۥ فَأُو۟لَٰٓئِكَ ٱلَّذِينَ خَسِرُوٓا۟ أَنفُسَهُم بِمَا كَانُوا۟ بِـَٔايَٰتِنَا يَظْلِمُونَ ﴿٩﴾

၉။ သို့ရာတွင်မူကား၊ အကြင်သူ၏ အလေးချိန်သည် *အချိန်ပေါ်ပါးအံ့။* [၁] ထို(ကဲ့သို့သော)သူတို့သည်သာလျှင် မိမိတို့ကိုယ်ကို (မိမိတို့ပင်) နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့သောသူများ ဖြစ်ကြ၏။ အကြောင်းမူကား၊ ၎င်းတို့သည် ငါအရှင်မြတ်၏ သက်သေ လက္ခဏာများနှင့် စပ်လျဉ်း၍ မတရားပြုလုပ်ခဲ့သောကြောင့် ပင်တည်း။

وَلَقَدْ مَكَّنَّٰكُمْ فِى ٱلْأَرْضِ وَجَعَلْنَا لَكُمْ فِيهَا مَعَٰيِشَ ۗ قَلِيلًا مَّا تَشْكُرُونَ ﴿١٠﴾

၁၀။ မုချစင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ပထဝီမြေပြင်၌ တန်ခိုးအာဏာ ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ (တနည်း) မုချစင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ပထဝီမြေပြင်ဝယ် (အသင်တို့)နေထိုင်ရန် နေရာထိုင်ခင်း ချီးမြှင့်တော်မူခဲ့လေသည်။ ၎င်းပြင် ငါ အရှင်မြတ်သည် အသင်တို့အဖို့ ထိုပထဝီမြေ၌ ပရိယေသနအသက်မွေးဝမ်းကျောင်း ပြုနိုင်ရန် *အကြောင်း ကိစ္စများကို* လည်း *ပြုလုပ်၍ ပေးသနားတော်မူခဲ့လေသည်။* [၂] (သို့ရာတွင်) အသင်တို့မူကား *အနည်းငယ်မျှသာ ကျေးဇူး သိတတ်ကြကုန်သတည်း။* [၃]

➤➤ သိရှိတော်မူနိုင်ရန်အတွက် ကောင်းကင်တမန်များ၏ မှတ်တမ်းများကို မှီခိုအားထားတော်မူသည် အလျင်းမဟုတ်ပေ။ မိမိကိုယ်တော်တိုင်ပင် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိရှိတော်မူပေသည်။ (ဤသို့ရေးမှတ်စေတော်မူခြင်းအားဖြင့် သက်သေ အထောက်အထား တရပ်လည်း ဖြစ်သွားပေသည်။)

① စကားနှင့်စပ်လျဉ်း၍ငင်း၊ အကြံဉာဏ်နှင့်စပ်လျဉ်း၍ငင်း၊ အနက်အဓိပ္ပာယ်နှင့်စပ်လျဉ်း၍ငင်း၊ ဥပမာ-ဤစကား အလေးချိန်ရှိသည်။ လေးနက်သည်။ ပေါ့သည် စသည်ဖြင့် အလေးချိန်ဟူသောစကားကို ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ တင်စား၍ သုံးနှုန်းသည်လျက်ရှိကြသည်။ ဤသို့ သုံးနှုန်းသည်ကိုလည်း အားလုံးပင် လက်ခံကြပေသည်။ (ယခု ဤပစ္စက္ခဘဝတွင် ဤအသုံးအနှုန်းသည်သည် "ဥပစာ" ဖြစ်သော်လည်း နောင်ကိယာမတ်နေ့တွင်မူကား "မုချ" ဖြစ်၍လာပေမည်။ (အဘယ့်ကြောင့်ဟူမူ) ကိယာမတ်နေ့သည် ဖြစ်စဉ်ဖြစ်ရပ် အမှန်များကွင်းကွင်းကြီး ပေါ်လွင်ထင်ရှား၍လာမည့်နေ့ဖြစ်သည်။ 'ဥပမာ' မှန်သမျှ 'မုချ' ဖြစ်၍လာမည့်နေ့ပင် ဖြစ်သည်။

ချိန်တွယ်နိုင်ရန်အတွက် အကောင်အထည် ကိုယ်ခန္ဓာရှိခြင်းတည်းဟူသော စည်းကမ်းချက်သည် ဤပစ္စက္ခဘဝ၌သာလျှင် ရှိပေသည်။ နောင်တမလွန်ဘဝ၌မူကား ဤစည်းကမ်းချက်မရှိပေ။ ➤➤

وَلَقَدْ خَلَقْنَٰكُمْ ثُمَّ صَوَّرْنَٰكُمْ ثُمَّ قُلْنَا لِلْمَلَٰٓئِكَةِ ٱسْجُدُوا۟ لِـَٔادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ لَمْ يَكُن مِّنَ ٱلسَّٰجِدِينَ ﴿١١﴾

၁၁။ မုချစင်စစ် ငါ အရှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့၏ ရုပ်သဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား "အာဒမ်ကို ပျပ်ဝပ်ဦးချကြလေကုန်" ဟု မိန့်ကြားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အီဗ်လီးစ်မှတပါး "မလာအိကဟ်" ကောင်းကင်တမန်အပေါင်းတို့သည် ပျပ်ဝပ်ဦးချခဲ့ကြလေသည်။ ယင်း အီဗ်လီးစ်မှာမူကား ပျပ်ဝပ်ဦးချသူတို့အနက် အပါအဝင် မဖြစ်ခဲ့ချေ။

➤➤ ဤဘဝတွင် မမြင်မတွေ့ရသော အရာများသည်ပင်လျှင် ထိုဘဝတွင် မြင်ရတွေ့ရပေမည်။ ဤမုက္ခပါဠ်တော်တွင် ပါရှိသည့် "ချိန်တွယ်ခြင်း" ၏ ဥပစာအနက်ကိုလည်း ဤအတိုင်းပင် ဖွင့်ဆိုကြပေသည်။ သို့ရာတွင် "အလ်လိစ္စန္နတ်ဝလ်ဂျမာအတ်" ၏ "အဓိပတိ ပညာရှိ သုခမိန်ကြီးများကမူ အကြောင်းထူးမရှိဘဲလျက် "မုချ" ကိုစွန့်၍ "ဥပစာ" အနက်ကောက်ယူခြင်းကို မပြုသင့် မပြုအပ်ဟုဆို ကြလေသည်။

(၂) ကမ္ဘာမြေပြင်တွင် အေးချမ်းသာယာစွာနေထိုင်ရန်အတွက် နေရာထိုင်ခင်းရရှိခြင်းနှင့် ပရိယေသနအသက်မွေးဝမ်းကျောင်းအတွက် လိုအပ်သမျှသော ပစ္စည်းများကို ပေါများစွာ ရရှိခြင်းများသည် ကျေးဇူးတင်စေရန်အတွက် ထူးခြားသောအကြောင်းအရာများပင် ဖြစ်ပေသည်။

ထာနဝီသခင်က "ဤမုက္ခပါဠ်တော်တွင်ပါရှိသော ကျေးဇူးတော် ၂ ပါးအနက် ပထမကျေးဇူးတော်၏ အချုပ်မှာ ဂုဏ်အင်ဒြပ်ဖြစ်၍ ဒုတိယကျေးဇူးတော်၏ အချုပ်မှာ ဥစ္စာပစ္စည်းများပင်ဖြစ်သည်။ ထိုကျေးဇူးတော် ၂-ပါးကို ကျေးဇူးတင်ရှိစေရန် အကြောင်းများတွင် ထည့်သွင်းမိန့်ဆိုထားတော်မူခြင်းကို ထောက်ရှုခြင်းအားဖြင့် ယင်းဂုဏ်အင်ဒြပ်နှင့် ဥစ္စာပစ္စည်းများမှာ စက်ဆုပ်ရွံရှာဖွယ်ရာမဟုတ်။ နှစ်လိုဖွယ်ရာများ၊ ကျေးဇူးအထူးတင်ဖွယ်ရာများသော ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ သို့ရာတွင် ထိုဂုဏ်အင်ဒြပ်နှင့် ဥစ္စာပစ္စည်းရေးများတွင်သာ နစ်မွန်း၍ကား မနေသင့်ပေ။ မာဂျီဒီ။ အ-၂၊ စ-၃၂၅၊ အအ-၁၁။

(၃) ပြစ်ဒဏ်တပ်ရိုက်ရန်အတွက် အဓိကအပြစ်မှာ ကျေးဇူးကန်းခြင်းပင်ဖြစ်သည်။ ကျေးဇူးသိခြင်း၊ ကျေးဇူးတင်ခြင်း၊ ကျေးဇူးတုံ့ပြန်ခြင်းကား သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်များကျေပြန်ခြင်းပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ခြင်းကား ထိုအရှင်မြတ် သတ်မှတ် ပြဋ္ဌာန်းထားတော်မူသော တာဝန်များကို ကျေပြန်ခြင်းပင်တည်း။

(လူသားတို့တွင် ကျေးဇူးသိတတ်သူကား နည်းပါးလှ၏။ ဤကား မျက်မြင်ပင်။ ဤသည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၂:၂၄၃။ ၁၀:၆၀။ ၁၂:၃၈။ ၂၇:၇၃။ ၄၀:၆၁။ ၃၄:၁၃) တွင်လည်း မိန့်ဆိုထားတော်မူသည်)။ မာဂျီဒီ

قَالَ مَا مَنَعَكَ أَلَّا تَسْجُدَ إِذْ أَمَرْتُكَ ۖ قَالَ أَنَا خَيْرٌ مِّنْهُ ۖ خَلَقْتَنِي مِن نَّارٍ وَخَلَقْتَهُ مِن طِينٍ ﴿١٢﴾

၁၂။ (ထိုအခါ) အရှင်မြတ်က "(ဟယ်-အီဗ်လီးစ်) ငါအရှင်မြတ်သည် အသင့်အား အမိန့်ပေးတော်မူခဲ့သည့်အခါ မည်သည့်အရာက အသင့်ကို ဦးမချရန် တားမြစ်ခဲ့သနည်း" ဟု မေးမြန်းတော်မူခဲ့၏။ (ထိုအခါ) ယင်း အီဗ်လီးစ်က "(အို-အရှင်) ကျွန်တော်မျိုးသည် ထို(အာဒမ်)ထက် မြင့်မြတ်ပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား၊ မီးဖြင့် ဖန်ဆင်းတော်မူ၍၊ ၎င်းကိုမူကား ရွံ့မြေဖြင့် ဖန်ဆင်းတော်မူပါသည်" ဟု လျှောက်ထားခဲ့လေသည်။

قَالَ فَاهْبِطْ مِنْهَا فَمَا يَكُونُ لَكَ أَن تَتَكَبَّرَ فِيهَا فَاخْرُجْ إِنَّكَ مِنَ الصَّاغِرِينَ ﴿١٣﴾

၁၃။ (ထိုရောကာလ) ထိုအရှင်မြတ်သည် (ယင်း အီဗ်လီးစ်အား ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (ဟယ်-အီဗ်လီးစ်) သို့ဖြစ်လျှင် အသင်သည် ဤ (ဂျန္နတ် အမတသုခဘုံ)မှ ဆင်းလော့။ အသင်သည် ဤ (ဂျန္နတ် အမတသုခဘုံ)၌ မောက်မာပလွှား (တနည်း)ဂုဏ်ဟိတ်ထုတ်ရန် မထိုက်ပေ။ သို့ဖြစ်ပေရာ အသင်သည် (ဤမှ)ထွက်လော့။ မုချဧကန် အသင်သည် ဂုဏ်သိရှိ သိမ်ဖျင်းသူတို့တွင် အပါအဝင် ဖြစ်ချေသည်။ ၁

قَالَ أَنظِرْنِي إِلَىٰ يَوْمِ يُبْعَثُونَ ﴿١٤﴾

၁၄။ (ထိုအခါ) ယင်းအီဗ်လီးစ်က "အို-အရှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား ပြစ်ဒဏ်ပေးတော်မူခြင်းမှငင်း၊ အသက်သေခြင်းမှငင်း၊ သတ္တဝါအပေါင်းတို့ ရှင်ပြန်ထကြရမည့်နေ့အထိ ရွှေ့ဆိုင်းပေးတော်မူပါ" ဟု လျှောက်ထားခဲ့လေ၏။ ၂

---

① ဤ "ဂျန္နတ်"သည် အမိန့်တော်နာခံသူများအဖို့ ဖြစ်ချေသည်။ အမိန့်တော်ကို သွေဖည်ငြင်းဆန်သူများအဖို့ မဟုတ်ချေ။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် အီဗ်လီးစ်ကို ဂျန္နတ်မှ နှင်ထုတ်တော်မူခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ နှင်ထုတ်တော်မူလိုက်သည့်အတွက် အီဗ်လီးစ်သည် ဂုဏ်သိရှိ သေးသိမ်စွာဖြင့် ဂျန္နတ်မှ ထွက်ခဲ့ရလေသည်။ ဤဖြစ်စဉ်ဖြစ်ရပ်ကို ဆောက်ရွက်၍ မုဖတ်စ်စစ်ရိမ်များနှင့် ဖကီးဟ်ဓမ္မသတ်ရှင်များက အလ္လာဟ် အရှင်မြတ်၏အမိန့်တော်ကို သွေဖည်ငြင်းဆန်လျှင် ဂုဏ်သိရှိသေးသိမ်ရမည်ဟု ထုတ်ဖော်ဆိုကြလေသည်။

قَالَ إِنَّكَ مِنَ الْمُنظَرِينَ ﴿١٥﴾

၁၅။ (သို့ဖြစ်ပေရာ) ထိုအရှင်မြတ်က "(ဟယ်-အိမ်လီးစ်) မုချဧကန် အသင်သည် ရွှေ့ဆိုင်းခွင့် ရရှိပြီးဖြစ်သည်ဟု မိန့်ကြားတော်မူ၏။

قَالَ فَبِمَا أَغْوَيْتَنِي لَأَقْعُدَنَّ لَهُمْ صِرَاطَكَ الْمُسْتَقِيمَ ﴿١٦﴾

၁၆။ (ထိုအခါ) ၎င်းအိမ်လီးစ်က (ဤသို့)လျှောက်ထားခဲ့လေ၏။ (အို - အရှင်) *အရှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းမှားစေတော်မူသောကြောင့်* [၁] *ကျွန်တော်မျိုးသည်လည်း ၎င်းတို့(အား လမ်းမှားစေရန်) အလို့ငှာ အရှင်မြတ်၏ တရားလမ်းမှန်၌ မုချ(ပုန်းလျှိုးချောင်းမြောင်း၍) ထိုင်နေပါမည်။* [၂]

---

[၁] အိမ်လီးစ်က အလ္လာဟ်အရှင်မြတ် အထံတော်၌ ကျွန်တော်မျိုးအား ရှင်ပြန်ထကြရမည့်နေ့အထိ ခွင့်လွှတ်ထားတော်မူပါဟု လျှောက်ထားသည့်အခါ အလ္လာဟ်အရှင်မြတ်က မိမိ၏ သမ္မာညာတဉာဏ်တော်တွင် ယင်းသို့ ခွင့်လွှတ်ထားရန် ယခင်မဆွကပင် ဆုံးဖြတ်ထားတော်မူသည့်အလျောက် သတ်မှတ်ထားတော်မူသည့် အချိန်အထိ ခွင့်ပြုတော်မူလိုက်လေသည်။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏ "ဟစ်ကမတ်" ရွှေဉာဏ်တော်အရ မိမိ၏ တန်ခိုးအာနုဘော်များကို ထင်ရှားပြတော်မူရန် ရည်ရွယ်တော်မူသည့်အခါ ဤစကြာဝဠာကြီးကို ဖန်ဆင်းတော်မူသည်။

[၂] "အရှင်မြတ်သည် ကျွန်တော်မျိုးအား လမ်းမှားစေတော်မူခဲ့သည့် အတွက်ကြောင့်" ဟု အိမ်လီးစ်က လျှောက်ထားခဲ့သည်။ အိမ်လီးစ်၏ အခြားမှားယွင်းသော လိမ်လည်လှည့်ဖြားမှုများကဲ့သို့ ဤသည်လည်း လိမ်လည် လှည့်ဖြားမှုတရပ်သာ ဖြစ်ချေသည်။ "တက္ကဝိနိ" ဖန်ဆင်းတော်မူခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့၏ နောက်ဆုံးအကြောင်း တရားလမ်းလည်း ဖြစ်တော်မူ၏။ ဖျားနာမှု၊ မကောင်းပြုမှု၊ အဆိပ် ... စသည့် အရာအားလုံးကို ဖန်ဆင်းတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ ထို့အတူ အိမ်လီးစ်၏ လမ်းမှားခြင်း၏ နောက်ဆုံးအကြောင်းတရားလည်း ဖြစ်တော်မူ၏။ သို့ရာတွင် အိမ်လီးစ်သည် ဤသည့်အချက်ကို ဤနေရာတွင် အလွဲလွဲအမှားမှား အဓိပ္ပာယ်ကောက်ယူသုံးထားသည်။ (ဝါ) အိမ်လီးစ်က အလ္လာဟ်အရှင်မြတ် သည် အိမ်လီးစ်ကို လမ်းမှားစေရန် လှုံ့ဆော်တော်မူသည်ဟုၵဲ့ခြင်း၊ သို့တည်းမဟုတ် ယင်းသို့ အိမ်လီးစ် လမ်းမှားစေရန် အလ္လာဟ်အရှင်မြတ်ကပင် အိမ်လီးစ်အား အတင်းအဓမ္မ ပြုလုပ်စေတော်မူသည်ဟူ၍ၵဲ့ခြင်း၊ ဆိုလိုသည်။ ဤသို့ အဓိပ္ပာယ်ကောက်ယူသုံးနှုံးခြင်းမှာ လုံးဝမှားသည်။ (မာဂျိဒီ)

[၂] အလ္လာဟ်အရှင်မြတ်၏ တမန်တော်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံမှ (ဤသို့) တဆင့်ကြားသိရသည်မှာ ဧကန်မုချ ရှိုင်တွာန်သည် အာဒမ်၏သားအား (ဖျက်ဆီးရန်) များစွာသော လမ်းများပေါ်တွင် ပုန်းလျှိုးချောင်းမြောင်း၍ ထိုင်သည်။ ရှိုင်တွာန်သည် အာဒမ်၏သားအား ဖျက်ဆီးရန် အစွမ်းလမ်း၏လမ်းပေါ်တွင် ထိုင်၍ (အာဒမ်၏သားအား) အသင်သည် မိမိဘိုး၊ ဘွား၊ ဘော၊ ဘီများ၏ သာသနာကို စွန့်လွှတ်နေသည်ဟု ပြော၏။ ထိုအခါ အာဒမ်၏သားသည် ထိုရှိုင်တွာန်အား သွေဖည်၍ အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို နာခံလေသည်။ ထို့နောက် ရှိုင်တွာန်သည် အာဒမ်၏သားအား ဖျက်ဆီးရန် "ဟစ်ဂျ်ရတ်" ၏လမ်း ➤➤

ثُمَّ لَآتِيَنَّهُم مِّنۢ بَيۡنِ أَيۡدِيهِمۡ وَمِنۡ خَلۡفِهِمۡ وَعَنۡ أَيۡمَٰنِهِمۡ وَعَن شَمَآئِلِهِمۡۖ وَلَا تَجِدُ أَكۡثَرَهُمۡ شَٰكِرِينَ ١٧

၁၇။ ထို့နောက် ကျွန်တော်မျိုးသည် ထိုသူတို့ထံ၊ ထိုသူတို့၏ ရှေ့မှၿငင်း၊ ထိုသူတို့၏ နောက်မှၿငင်း၊ ထိုသူတို့၏ လက်ယာဘက်မှၿငင်း၊ ထိုသူတို့၏ လက်ဝဲဘက်မှၿငင်း၊ *(လေးဘက်လေးတန် အဘက်ဘက်မှ)* ဝင်ရောက်*ပါ*မည်။ [၁] ၎င်းပြင် အရှင်မြတ်သည် ထိုသူတို့အနက် အများစုကို ကျေးဇူးသိတတ်သော သူများအဖြစ် တွေ့ရှိတော်မူမည် မဟုတ်ပါ။

قَالَ ٱخۡرُجۡ مِنۡهَا مَذۡءُومٗا مَّدۡحُورٗاۖ لَّمَن تَبِعَكَ مِنۡهُمۡ لَأَمۡلَأَنَّ جَهَنَّمَ مِنكُمۡ أَجۡمَعِينَ ١٨

၁၈။ (ထိုအခါ) ထိုအရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ (ဟယ်-အိမ်လီးစ်) အသင်သည် ထို(ဂျန္နတ်အမတသုခဘုံ)မှ ဂုဏ်သရေသိမ်ဖျင်းစွာ နှင်ထုတ်ခြင်းခံရသူအဖြစ် ထွက်သွားလော့။ [၂] အမှန်စင်စစ်၊ ၎င်းတို့အနက် မည်သူမဆို အသင်၏နောက်ကိုလိုက်ခဲ့ပါမူ ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို မလွဲဧကန် အသင်တို့အားလုံးဖြင့် ဖြည့်တော်မူအံ့။

➤➤ ပေါ်တွင်ထိုင်၍ အာဒမ်၏သားအား အသင်သည် မိမိ၏တိုင်းပြည်ကို စွန့်လွတ်နေသည်။ အသင်သည် ခရီးသည် အာဂန္တုဖြစ်လိမ့်မည်ဟု ပြော၏။ ထိုအခါ အာဒမ်၏သားသည် ရှိုင်တွာန်အား သွေဖည်၍ "ဟဂ်ရတ်" ပြုလုပ်လေသည်။ ထို့နောက် ရှိုင်တွာန်သည် အာဒမ်၏သားအား ဖျက်ဆီးရန် "ဂျီဟာဒ်" ၏ လမ်းပေါ်တွင် ထိုင်၍ အာဒမ်၏သားအား အသင်သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်နေရာ အသင် အသတ်ခံရလိမ့်မည်။ အသင်၏ ဥစ္စာပစ္စည်းများသည် ခွဲဝေယူခြင်းခံရမည်။ အသင်၏ဇနီးသည်လည်း နောက်အိမ်ထောင် ပြုလိမ့်မည်ဟု ပြော၏။ ထိုအခါ အာဒမ်၏သားသည် ထိုရှိုင်တွာန်အား သွေဖည်၍ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်လေသည်။

① ဤမုဏ္ဍပါဠိတော်တွင်ပါရှိသည့် အရပ်လေးမျက်နှာ၏ အဖွင့်နှင့်စပ်လျဉ်း၍ သာဝကကြီး အီဗ်နုအစ္စာစ်သခင်က ဤသို့ဖွင့်ဆိုထားသည် "ကျွန်ုပ်သည် ထိုသူတို့ထံသို့ ထိုသူတို့၏ ရှေ့မှလာမည်" ဟူသည် ကျွန်ုပ်သည် ထိုသူများအား ထိုသူများ၏ နောင်တမလွန်ဘဝ အရေးတွင် ဒိဗာဒါသယဖြစ်စေမည်ဟူ၏။ "ထိုသူတို့၏နောက်မှ" ဟူသည် ကျွန်ုပ်သည် ထိုသူတို့အား ထိုသူတို့၏ ပစ္စက္ခလောကီရေးတွင် နှစ်သိမ့်စေ့ထားမည်ဟူ၏။ "ထိုသူတို့၏ လက်ယာဘက်မှ" ဟူသည် ကျွန်ုပ်သည် ထိုသူတို့အပေါ်၌ ထိုသူတို့၏ သာသနာရေးကို ရှုပ်ထွေးစေမည်ဟူ၏။ " ထိုသူတို့၏ လက်ဝဲဘက်မှ" ဟူသည် ကျွန်ုပ်သည် ထိုသူတို့အား မကောင်းမှုဒုစရိုက်များကို ပြုကျင့်ရန် တိုက်တွန်း နှိုးဆော်မည်ဟူ၏။ (အလ်မနာရ်)။

② "အသင်ထိုမှထွက်လေ" ဆိုလိုသည်ကား အသင်သည် ဂျန္နတ်မှ ထွက်လေ။ သို့မဟုတ် အသင်သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ကောင်းကင်တမန်များ၏ ကဲ့ရဲ့ပြစ်တင်၊ ရွှတ်ချခြင်းခံရသူအဖြစ်၊ ဂျန္နတ်မှ အနှင်ခံရသူအဖြစ်နှင့် ထွက်လေ။ ဆိုလိုသည်ကား-အခြားမုဏ္ဍပါဠိတော်များတွင် ပါရှိသည့် ➤➤

وَيَٰٓـَٔادَمُ ٱسْكُنْ أَنتَ وَزَوْجُكَ ٱلْجَنَّةَ فَكُلَا مِنْ حَيْثُ شِئْتُمَا وَلَا تَقْرَبَا هَٰذِهِ ٱلشَّجَرَةَ فَتَكُونَا مِنَ ٱلظَّٰلِمِينَ ﴿١٩﴾

၁၉။ ၎င်းပြင် အို-အာဒမ်၊အသင်သည် မိမိကြင်ရာ နှင့်တကွ ဣန္ဒာတ် အမတသုခဘုံ၌ နေထိုင်ပါလေ။ ထို့နောက် အသင်တို့နှစ်ဦးသည် မိမိတို့အလိုရှိရာ နေရာမှ စားသုံးကြလေကုန်။ သို့ရာတွင် ဤသစ်ပင် အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်။ သို့မဟုတ်လျှင် အသင်တို့နှစ်ဦးသည်(လည်း) နှစ်နာဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်သွားကြလတ္တံ့။ [၁]

فَوَسْوَسَ لَهُمَا ٱلشَّيْطَٰنُ لِيُبْدِيَ لَهُمَا مَا وُۥرِيَ عَنْهُمَا مِن سَوْءَٰتِهِمَا وَقَالَ مَا نَهَىٰكُمَا رَبُّكُمَا عَنْ هَٰذِهِ ٱلشَّجَرَةِ إِلَّآ أَن تَكُونَا مَلَكَيْنِ أَوْ تَكُونَا مِنَ ٱلْخَٰلِدِينَ ﴿٢٠﴾

၂၀။ ထို့နောက် ရှိုင်တွာန်မိစ္ဆာကောင်သည် ၎င်းတို့ (ဇနီးမောင်နှံ)နှစ်ဦး၏စိတ်တွင်း၌ [၂] ၎င်းတို့မှ ဖုံးကွယ် လျက်ရှိသော ၎င်းတို့၏အရှက်ကို ၎င်းတို့၏ရှေ့ဝယ် ပေါ်လွင်စေရန် [၃] အကြံပေးလေ၏။ ထို့ပြင် (ဤသို့) ပြောဆိုခဲ့၏။ (အမှန်စင်စစ်) အသင်တို့၏အရှင်သည် အသင်တို့အား အသင်တို့နှစ်ဦး ကောင်းကင်တမန်များ သော်၎င်း၊ ထာဝစဉ် အသက်ရှင်နေသူများသော်၎င်း၊ မဖြစ်နိုင်ကြရန်သာလျှင် ဤသစ်ပင်မှ တားမြစ်တော် မူခဲ့လေသည်။

➤➤ အတိုင်း အိမ်လီစ်သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးခဲ့ရသည်။ အပါးတော်မှ အနှင်ခံခဲ့ရသည်ဟူ၏။

① ဣန္ဒာန်ပ်ထံတွင် (ဤမုကွပါဠိတော်၌ ပါရှိသော) (فَتَكُونَا مِنَ ٱلظَّٰلِمِينَ)၏ အဓိပ္ပာယ်ကို "ပြီးနောက် အသင်တို့ (၂-ဦး)သည် ဆုံးရှုံးနစ်နာသူများတွင် အပါအဝင် ဖြစ်သွားကြလိမ့်မည်" ဟူ၍ ပြန်ဆိုပါက ပို၍ သင့်တော်ပေမည်။ အဘယ့်ကြောင့်ဆိုသော် "ဇုလ်မ်" ဟူသောပုဒ်သည် ဆုံးရှုံးခြင်း၊ လျော့နည်းခြင်း၊ ပေါ့လျော့ခြင်း၏အနက်၌လာရှိသည်။ ဥပမာ-ကုရ်အာန်ကျမ်းမြတ် (၁၈း၃၅)တွင်ပါရှိသော (وَلَمْ تَظْلِم مِّنْهُ شَيْـًٔا) ဟူသော မုကွပါဠိတော်၌ ယင်းပုဒ်ကို ဤအနက်၌ပင် သုံးထားတော်မူသည်။

② "ရှိုင်တွာန်သည် ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့၏ စိတ်နလုံးတွင် မကောင်းသော အကြံအစည်၊ အတွေးအခေါ်ကို ဖြစ်ပေါ်စေခဲ့၏။" ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် အမိန့်တော်ကိုသွေဖည်ရန် အကြံအစည်ကို ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့၏ စိတ်တွင်းမှ ဖြစ်ပေါ်လာခြင်းမဟုတ်ကြောင်း၊ အပြင်မှ ထည့်သွင်းပေးခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ထည့်သွင်းပေးသူမှာ ရှိုင်တွာန်ပင်ဖြစ်ကြောင်း၊ ကောင်းစွာ သိနိုင်ပေသည်။

"ဝါစ်ဝစဟ်" မကောင်းသောအကြံအစည် ဖြစ်ပေါ်စေခြင်းသည် စိတ်နှင့်သက်ဆိုင်သောကိစ္စ ➤➤

(တနည်း)

ထို့နောက် ရှိုင်တွာန်သည် ထိုနှစ်ဦးတို့ထံမှ ဖုံးကွယ်လျက်ရှိသော ထိုနှစ်ဦးတို့၏အရှက်ကို ပေါ်လွင်သွားစေရန် မကောင်းသောအကြံအစည်ကို ထိုနှစ်ဦးတို့၏စိတ်တွင် ဖြစ်ပေါ်စေ၏။ ၎င်းနောက် ထို ရှိုင်တွာန်က အသင်တို့နှစ်ဦးအား အသင်တို့နှစ်ဦး၏အရှင်က ဤသစ်ပင်မှ တားမြစ်တော်မူခြင်းမှာ အသင်တို့နှစ်ဦး ကောင်းကင်တမန်များမဖြစ်ကြရန် သို့မဟုတ် အသင်တို့နှစ်ဦး ထာဝစဉ် အသက်ရှင်နေသူများတွင်အပါအဝင် မဖြစ်ကြရန်အတွက်သာလျှင် ဖြစ်ချေသည်ဟု ပြောဆိုလေ၏။

وَقَاسَمَهُمَآ إِنِّى لَكُمَا لَمِنَ ٱلنَّٰصِحِينَ ﴿٢١﴾

၂၁။ ၎င်းပြင် ယင်း(ရှိုင်တွာန် မိစ္ဆာကောင်သည်) ၎င်းတို့(ဧနီးမောင်နှံ) နှစ်ဦး၏ရှေ့ဝယ် "ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့နှစ်ဦး၏ ကောင်းရာကောင်းကြောင်းကို လိုလားသူသာလျှင် ဖြစ်ပါသည်" ဟု ကျိန်ဆိုလေ၏။ [၁]

➤➤ ဖြစ်ရကား ယင်းသို့ မကောင်းသောအကြံအစည် ဖြစ်ပေါ်စေရန်အတွက် ဝတ္ထုပစ္စည်းချင်း၊ နေရာဌာနချင်း၊ နီးကပ်ရန်မလိုပေ။ ရှိုင်တွာန်သည် ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့၏စိတ်တွင် မကောင်းသောအကြံအစည် ထည့်သွင်းရန်အတွက် ဖခင်ကြီးအာဒမ်နှင့်မိခင်ကြီးဟောင်ဝါ ၂-ပါးတို့နှင့် တိုက်ရိုက်တွေ့ရန်ပင်မလိုပေ။ ရှိုင်တွာန်သည် ကမ္ဘာမြေပြင်မှနေ၍လည်း မိုးကောင်းကင်ရှိ ထိုမိဘကြီး ၂-ပါးတို့၏စိတ်တွင် မကောင်းသောအကြံအစည်ကို အလွယ်တကူ ထည့်သွင်းပေးနိုင်သည်။ (အမှန်သော် ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့သည် မိမိတို့၏စိတ်နလုံးတွင်ဖြစ်ပေါ်လာသည့် ထိုမကောင်းသောအကြံအစည်ကို မိမိတို့ကိုယ်တိုင်ပင် သိကောင်းမှသိကြပေမည်။)

(၃) ရှိုင်တွာန်သည် ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့၏စိတ်တွင် မကောင်းသောအကြံအစည် ဖြစ်ပေါ်စေခဲ့ခြင်းမှာ ထိုမိခင်ကြီးနှင့်ဖခင်ကြီးတို့ (ရှုမြင်ခြင်း)မှ ဖုံးကွယ်လျက်ရှိသော ၎င်းတို့၏အရှက်ကို ၎င်းတို့ရှေ့မှောက်တွင် ပေါ်လွင်ထင်ရှားစေရန်ပင် ဖြစ်ပေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ဖခင်ကြီးအာဒမ်နှင့်မိခင်ကြီးဟောင်ဝါတို့၏ကိုယ်ခန္ဓာသည် ထိုအချိန်အထိ လင်းရောင်ခြည်တည်းဟူသော အဝတ်တန်ဆာများဖြင့် ဖုံးအုပ်လျက်ရှိခဲ့ကြောင်း၊ ၎င်းတို့၏ ကိုယ်ခန္ဓာအဆစ်အပိုင်းများအနက် ဖုံးအုပ်ထားအပ်သောအဆစ်အပိုင်းများသည် ၎င်းတို့၏ရှုမြင်ခြင်းမှ ဖုံးကွယ်လျက်ရှိကြောင်း သိရှိနိုင်ပေသည်။ မာဂျီဒီ။ အ-၂၊ စ-၃၂၇၊ အအ-၂၃။

(၁) ရှိုင်တွာန်က ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့အား "မုချဧကန် ကျွန်ုပ်သည် အသင်တို့ ➤➤

فَدَلّٰىهُمَا بِغُرُوْرٍ ۚ فَلَمَّا ذَاقَا الشَّجَرَةَ
بَدَتْ لَهُمَا سَوْاٰتُهُمَا وَطَفِقَا
يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ ۭ
وَنَادٰىهُمَا رَبُّهُمَآ اَلَمْ اَنْهَكُمَا عَنْ تِلْكُمَا
الشَّجَرَةِ وَاَقُلْ لَّكُمَآ اِنَّ الشَّيْطٰنَ
لَكُمَا عَدُوٌّ مُّبِيْنٌ ۝۲۲

၂၂။ အဆုံးတွင် ထိုရှိုင်တွာန်မိစ္ဆာကောင်သည် ၎င်းတို့နှစ်ဦးအား ပရိယာယ်မာယာဖြင့် (တဖြည်းဖြည်း) ဆွဲဆောင်လေသည်။ ထို့နောက် ထို(ဇနီးမောင်နှံ) နှစ်ဦးတို့သည် ထိုသစ်ပင်(၏အသီးအနှံ)ကို မြည်းစမ်းကြလေသောအခါ ၎င်းတို့၏ဖုံးကွယ်လျက်ရှိသော အရှက်သည် ၎င်းတို့၏ရှေ့ဝယ် ပေါ်၍သွားလေတော့၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မိမိတို့ကိုယ်ကို ဂျန္နတ်အမတသုခဘုံမှ သစ်ရွက်(များ)ဖြင့် စတင် *(တွယ်စပ်)* *ဖုံးအုပ်ခဲ့ကြလေသည်။* [၁]

ထိုအခါ ထိုသူတို့၏အရှင်မြတ်သည် ထိုသူတို့အား (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ "ငါ အရှင်မြတ်သည် အသင်တို့အား ထိုသစ်ပင်မှတားမြစ်တော်မူခဲ့သည် မဟုတ်လော။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးစလုံးကို "ဓကန်စင်စစ် ရှိုင်တွာန် မိစ္ဆာကောင်သည် အသင်တို့နှစ်ဦး၏ ထင်ရှားသော ရန်သူပင်ဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့သည် မဟုတ်လော။

---

[၁] နှစ်ဦး၏ ကောင်းကျိုးချမ်းသာကို လိုလားသူဖြစ်ပါသည်"ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကာ ကောင်းစွာ အယုံသွင်းခဲ့၏။ ဤသည် ရှိုင်တွာန်၏ "ဝါစ်ဝစဟ်" ၏ အစိတ်အပိုင်းတခုပင် ဖြစ်ချေသည်။

ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့သည် ရိုးသားကြ၏။ စိတ်စေတနာ ဖြူစင်၏။ သူတပါးကိုလည်း မိမိကဲ့သို့ပင် ရိုးသားသည်ဟူ၍ ယူဆကြ၏။ တဦးတယောက်သောသူသည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြီး မုသားပြောဆိုလိမ့်မည် ဟူ၍ပင် မတွေးထင်ခဲ့ကြပေ။ မာဂျိဒီ။

② ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့သည် ရှိုင်တွာန်၏ ဖြားယောင်းမှုကို ယုံစားခြင်း၌ တားမြစ်ထားသော အပင်၏အသီးကို စားမိကြသောအခါ ၎င်းတို့၏ဖုံးကွယ်လျက်ရှိသော အရှက်များသည် ပေါ်သွား၏။ ထိုအခါ ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့သည် အဝတ်အချည်းစည်းဖြစ်ရသည့်အတွက် မိမိတို့၏ကိုယ်ကို ဂျန္နတ်မှ သစ်ရွက်များဖြင့် တွယ်စပ် ဖုံးအုပ်ကြလေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ဝတ်လစ်စားလစ်မနေခြင်း၊ ဖုံးအုပ်ထားအပ်သော အဆစ်အပိုင်းများကို ဖုံးအုပ်ထားခြင်း၊ ရှက်ကြောက်ခြင်း၊ ဟိရိသြတ္တပ္ပတရားထားရှိခြင်းများသည် လူသဘာဝဓမ္မပင် ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

قَالَا رَبَّنَا ظَلَمْنَآ أَنفُسَنَا وَإِن لَّمْ تَغْفِرْ لَنَا وَتَرْحَمْنَا لَنَكُونَنَّ مِنَ الْخَٰسِرِينَ ﴿٢٣﴾

၂၃။ ထို(ဇနီးမောင်နှံ)နှစ်ဦးတို့က "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် (ဧကန်စင်စစ်) ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက် ညှင်းပန်းမိခဲ့ကြပါပြီ။ နစ်နာဆုံးရှုံးအောင် ပြုလုပ်မိကြပါပြီ။ ထို့ပြင် အကယ်၍သာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူခြင်းမပြုပါလျှင်၊ ၎င်းပြင် ကျွန်တော်မျိုးတို့အပေါ်ဝယ် သနားညှာတာတော်မူခြင်းမပြုပါလျှင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် နစ်နာဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်ကြရပါတော့အံ့" ဟု လျှောက်ထား အသနားခံကြလေသည်။ [၁]

قَالَ اهْبِطُوا بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۖ وَلَكُمْ فِي الْأَرْضِ مُسْتَقَرٌّ وَمَتَاعٌ إِلَىٰ حِينٍ ﴿٢٤﴾

၂၄။ (ထိုအခါ အလ္လာဟ်)အရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူလေ၏။ အသင်တို့သည် (ဤဂျန္နတ်အမတသုခဘုံမှ) ဆင်းကြလေကုန်။ အသင်တို့အနက် အချို့သည် အချို့၏ရန်သူပင် ဖြစ်ကြပေလိမ့်မည်။ ၎င်းပြင် အသင်တို့အဖို့ ပထဝီမြေ၌ (ငါအရှင်မြတ်) သတ်မှတ်တော်မူအပ်သော သက်တမ်းတိုင်အောင် နေရာထိုင်ခင်းနှင့် အကျိုးခံစားခွင့်တို့သည် ရှိပေသတည်း။

قَالَ فِيهَا تَحْيَوْنَ وَفِيهَا تَمُوتُونَ وَمِنْهَا تُخْرَجُونَ ﴿٢٥﴾

၂၅။ ထိုအရှင်မြတ်က "အသင်တို့သည် ထိုပထဝီမြေ၌ အသက်ထင်ရှား နေထိုင်ကြရမည်။ ၎င်းပြင် ပထဝီမြေ၌ပင် သေကြရမည်။ ၎င်းပြင် (ရှင်ပြန်ထမြောက်မည့်နေ့တွင်လည်း) ထိုပထဝီမြေမှပင် ထွက်ကြရမည်ဟု မိန့်ကြားတော်မူခဲ့လေသတည်း။

---

① လူသားတို့၏အဖ အာဒမ်နှင့် လူသားတို့၏အမိ ဟောင်ဝါတို့၏ ဤဆုမွန်၌ ဆုမွန်တောင်းဆိုရာတွင် ထားရှိအပ်သော ရှိသေကိုင်းရှိုင်းမှု၊ ဆုပန်ကြားပုံ၊ ပန်ကြားနည်းနိသျည်းများ၊ လူသားအားလုံးအတွက် ကိယာမတ် အထိ လိုက်နာအပ်သော နည်းနိဿယပင်ဖြစ်ချေသည်။ ကြည့်-မာဂျိဒီ။ အ-၂၊ စ-၃၂၇၊ အအ-၂၉။

يَٰبَنِيٓ ءَادَمَ قَدۡ أَنزَلۡنَا عَلَيۡكُمۡ لِبَاسٗا يُوَٰرِي سَوۡءَٰتِكُمۡ وَرِيشٗاۖ وَلِبَاسُ ٱلتَّقۡوَىٰ ذَٰلِكَ خَيۡرٞۚ ذَٰلِكَ مِنۡ ءَايَٰتِ ٱللَّهِ لَعَلَّهُمۡ يَذَّكَّرُونَ ٢٦

၂၆။ အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ ငါ အရှင်မြတ်သည် အသင်တို့၏အရှက်ကို ဖုံးအုပ်သည့် အဝတ်အစားကိုငင်း (အသင်တို့ လှပအောင်ဆင်ယင်ရန်) ဝတ်စားတန်ဆာကိုငင်း၊ ဖန်ဆင်းတော်မူခဲ့လေသည်။ [၁] သို့ရာတွင် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်း၊ ဟီရိသြတ္တပ္ပတရားတည်းဟူသော ဝတ်စားတန်ဆာသည်ကား *အမြင့်မြတ်ဆုံးပင် ဖြစ်ပေသည်*။ [၂] ဤကား ငင်းတို့လေ့လာမှတ်သား စဉ်းစားဆင်ခြင်နိုင်ကြရန် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာ တရပ်ပင်တည်း။

---

(၁) "အင်နိဇာလ်" ဟူသောပုဒ်၏လုံးကောက်အဓိပ္ပာယ်မှာ "ချပေးခြင်း" ဟူ၍ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ ဖန်ဆင်းခြင်းအနက်၌ ဖြစ်ချေသည်။ ဤနေရာတွင် ဤပုဒ်ကို သုံးနှုန်းထားတော်မူခြင်းမှာ ကောင်းချီးမင်္ဂလာများသည် ကောင်းကင်မှပင် ကျရောက်သည်ကို တနည်းအားဖြင့် ညွှန်ပြခြင်းလည်း ဖြစ်ပေသည်။

"အင်နိဇာလ်" "ချပေးခြင်း" ဟူသည် မူလဓာတ်ပစ္စည်း၊ အကြောင်းတရားများ ဖန်တီးခြင်း၊ ထို ဓာတ်ပစ္စည်းများကို အဆင့်သင့် ပြုလုပ်နိုင်ခြင်း စီမံခန့်ခွဲပေးခြင်း ကို ဆိုသည်။ "အင်နိဇာလ်" (ချပေးခြင်း) ဟူသော ပုဒ်သည် ယေဘုယျအားဖြင့် တစုံတရာကို အထက်မှ အောက်သို့ ချပေးရာတွင် အသုံးဖြစ်ချေသည်။ သို့ရာတွင် ယင်းပုဒ်ကိုပင် များစွာသော အခါ၌ နေရာဌာနအားဖြင့် အထက်အောက် ဟူသော သဘောကို မယူဆပဲ ရာထူးဂုဏ်အင်ဒြပ်အားဖြင့် မြင့်သူက နိမ့်သူများအား တစုံတရာ ပေးရာတွင်လည်း အသုံးဖြစ်ချေသည်။ ဤသည့် သဘောအတိုင်း ကုရ်အာန်ကျမ်းမြတ် (၃၉း၆။ ၅၇း၂၅)တွင် သုံးနှုန်းထားတော်မူသည်ကို တွေ့ရှိရပေသည်။

အလ္လာဟ်အရှင်မြတ်သည် အဝတ်အစားများကို ဖန်ဆင်းပေးတော်မူခြင်းမှာ အရှက်ဖုံးအုပ်ရန်နှင့် လှပအောင် ပြုပြင်၊ ဆင်ယင်၊ ဝတ်စားရန်အတွက်ပင် ဖြစ်ပေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် "ဟိဂျာဗ်" အရှက်ဖုံးအုပ်ခြင်း၊ အဝတ်အစားဝတ်ဆင်ခြင်းများသည် "ရှရီအတ်"၏ အဓိကလိုလားချက်များတွင် အပါအဝင်ဖြစ်ကြောင်း ကောင်းစွာ သိနိုင်ပေသည်။ ဝတ်လစ်စားလစ်နေခြင်း၊ တဝက်တပျက်ကို ဖုံးအုပ်ခြင်း၊ (ဖုံးအုပ်ရမည့်အဆစ်အပိုင်းများကို ဖော်ထားခြင်း၊ အချို့တဝက်ကိုဖုံးအုပ်၍ အချို့တဝက်ကိုဖော်ထားခြင်း) များသည် မည်သည့်နိုင်ငံတွင် ထွန်းကားသည်ဖြစ်စေ၊ မည်သည့်လူမျိုးမည်သည့်အုပ်စုက လက်ခံသည်ဖြစ်စေ (အစွဲလာမ်နှင့် ဆန့်ကျင်သည်) ရှိုင်တွာန်၏လမ်းစဉ်သာ ဖြစ်ချေသည်။

(၂) "တက္ကဝါ"တည်းဟူသော အဝတ်၊ ဝါ-အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းတည်း ဟူသောအဝတ်၊ ဝါ-သာသနာတော်ကို ရိုသေကိုင်းရှိုင်းခြင်းတည်းဟူသော အဝတ်သည် အရှက်ဖုံးအုပ်ရန်၊ လှပရန်အတွက် ဝတ်ဆင်သော၊ တွေ့မြင်နေရသော အဝတ်ထက်ပို၍ ကောင်း၏။ ပိုမိုအရေးကြီး၏။ မာဂျိဒီ။ ➤➤

يَٰبَنِيٓ ءَادَمَ لَا يَفۡتِنَنَّكُمُ ٱلشَّيۡطَٰنُ كَمَآ أَخۡرَجَ أَبَوَيۡكُم مِّنَ ٱلۡجَنَّةِ يَنزِعُ عَنۡهُمَا لِبَاسَهُمَا لِيُرِيَهُمَا سَوۡءَٰتِهِمَآۚ إِنَّهُۥ يَرَىٰكُمۡ هُوَ وَقَبِيلُهُۥ مِنۡ حَيۡثُ لَا تَرَوۡنَهُمۡۗ إِنَّا جَعَلۡنَا ٱلشَّيَٰطِينَ أَوۡلِيَآءَ لِلَّذِينَ لَا يُؤۡمِنُونَ ٢٧

၂၇။ အို-အာဒမ်၏သားသမီးအပေါင်းတို့၊ ရှိုင်တွာန်မိစ္ဆာကောင်သည် အသင်တို့၏မိဘနှစ်ပါး (အာဒမ်နှင့်ဟောင်ဝါတို့)အား ၎င်းတို့ နှစ်ဦးသည် ၎င်းတို့အရှက်ကို မြင်နိုင်စေရန် ၎င်းတို့(၏ ခန္ဓာကိုယ်)မှ ၎င်းတို့၏ အဝတ်အစားများကို ကျွတ်စေလျက် ကျန္နတ်အမတသုခဘုံမှထွက်စေဘိသကဲ့သို့ [၁] (ယင်း ရှိုင်တွာန်မိစ္ဆာကောင်သည်) အသင်တို့အားလည်း အလွဲ သွေးဆောင်ဖြားယောင်းနိုင်ခွင့် မရှိစေရ။

စင်စစ်သော်ကား ယင်းရှိုင်တွာန်မိစ္ဆာကောင်ကိုယ်တိုင်သည်၎င်း၊ ယင်း၏မျိုးနွယ်တို့သည်၎င်း၊ အသင်တို့အား၊ အသင်တို့ ၎င်းတို့ကို မမြင်နိုင်သောနည်းဖြင့် မြင်ကြကုန်၏။ [၂] ဧကန်မလွဲ ငါအရှင်မြတ်သည် ရှိုင်တွာန်မိစ္ဆာကောင်တို့ကို အီမာန် သက်ဝင်ယုံကြည်မှု မရှိကြသောသူတို့၏ အဆွေခင်ပွန်းများ ပြုလုပ်တော်မူခဲ့လေသတည်း။ [၃]

➤➤ လူသားတို့၏ကိုယ်ခန္ဓာတွင် ဖုံးအုပ်ထားအပ်သော အဆစ်အပိုင်းများရှိ၏။ ထိုအဆစ်အပိုင်းများကို ကိုယ်အထည်ထင်ရှားရှိသော အဝတ်အစားများက ဖုံးအုပ်၍ထား၏။ လှပစေ၏။ ၎င်းပြင် လူသားတို့၏ ကိုယ်ခန္ဓာတွင် ဖုံးအုပ်ထားအပ်သော အဆစ်အပိုင်းများရှိသကဲ့သို့ လူသားတို့၏ အတွင်းစိတ်ဓာတ်တွင် ဖုံးအုပ်ထားအပ်သောချို့တဲ့မှုများ၊ အားနည်းမှုများ၊ နုံနဲ့မှုများလည်းရှိ၏။ လူသားတို့တွင် ချို့တဲ့မှုများ၊ နုံနဲ့မှုများကို ထုတ်ဖော်နိုင်သည့် စွမ်းရည်သတ္တိလည်းရှိ၏။ သို့ရာတွင် ထိုချို့တဲ့မှုများကို ဖုံးအုပ်ရန်အတွက် အလွှာဟ်အရှင်မြတ်သည် စိတ်ဝိညာဉ်နှင့်ဆိုင်သော ကိုယ်အထည်ထင်ရှားမရှိသော၊ နာမ်ဝိညာဉ်နှင့်ဆိုင်သော အဝတ်ကို ဖန်ဆင်း၍ ပေးထားတော်မူသည်။ နာမ်ဝိညာဉ်နှင့်ဆိုင်သော ထိုအဝတ်ကိုပင် ကုရ်အာန်ကျမ်းမြတ်တွင် 'တက္ကဝါ' ၏အဝတ်ဟူ၍ မိန့်ဆိုထားတော်မူသည်။ တက္ကဝါ၏အဝတ်သည် အတွင်းချို့တဲ့မှုများ၊ နုံနဲ့မှုများ၊ အားနည်းမှုများကို ဖုံးဖိထား၏။ အတွင်းသဘောကိုလှပစေ၏။ စဉ်းစားဆင်ခြင်လျှင် အပြင်အဝတ်သည် ဖော်ပြပါအတွင်းအဝတ်ဝတ်ဆင်ရန်အတွက် တရားတော်အရ အထူးလိုလားအပ်ကြောင်း ကောင်းစွာသိရှိနိုင်သည်။

① ရှိုင်တွာန်သည် ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့အား ကျန္နတ်မှ ထုတ်ခဲ့သည်ဟူ၍ငင်း၊ ၎င်းတို့၏ အဝတ်အစားများကို ချွတ်ခဲ့သည်ဟူ၍ငင်း၊ မိန့်ဆိုထားတော်မူခြင်းမှာ ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့တွင် ယင်းသို့ဖြစ်ရခြင်းမှာ ရှိုင်တွာန်သည် အကြောင်းတရား ဖြစ်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါတို့၏ သားသမီးများသည် ရှိုင်တွာန်၏ သွေးဆောင်ဖြားယောင်းမှုများမှ လွတ်ကင်းနိုင်ကြရန် သတိဝိရိယကြီးစွာဖြင့် နေထိုင်ကြရပေမည်။

(၂) ရန်သူတဦးသည် ကျွန်ုပ်တို့ကို မြင်၏။ ကျွန်ုပ်တို့သည် ထိုရန်သူကို မမြင်ကြချေ။ သို့ဖြစ်လျှင် ထိုသို့သော ရန်သူ၏ တိုက်ခိုက်ဖျက်ဆီးမှုသည် ပိုမို၍ ပြင်းထန်မေမည်၊ စိုးရိမ်ဖွယ်ရာလည်း ဖြစ်မေမည်။ ခုခံကာကွယ်ရန်လည်း ခဲယဉ်းမေမည်။ ထို့အတွက်ကြောင့်ပင် လူသားတို့သည် ထိုသို့သော ရန်သူ၏ဘေးရန်မှ လွတ်ကင်းနိုင်ရန်အတွက် သတိဝိရိယကြီးစွာဖြင့် နေထိုင်ကြရမေမည်။ကျွန်ုပ်တို့သည် ထိုသို့သောရန်သူကို ကာကွယ်နိုင်ရန်အတွက် အကြင်အရှင်အား မှီခိုအားထားကြရမေမည်။ ထိုအရှင်သည် ထိုရန်သူ(နှင့် အရာခပ်သိမ်းကုန်)ကို မြင်တော်မူ၏။ ထိုရန်သူ(နှင့် အရာခပ်သိမ်းကုန်တို့)သည်ကား ထိုအရှင်မြတ်အား မမြင်နိုင်ကြပေ။ ထိုအရှင်ကား- တဆူတည်းဖြစ်တော်မူသော တန်ခိုးအနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ် အရှင်မြတ်ပင် ဖြစ်တော်မူသည်။ အဆိုပါ ဂုဏ်တော်၏အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၆း၁၀၄)တွင် မိန့်ဆိုထားတော်မူသည်။

ရှိုင်တွာန်သည် လူသားတို့ကိုမြင်၏။ လူသားတို့သည် ရှိုင်တွာန်ကို မမြင်ကြချေ။ ဤသည် ယေဘုယျအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသည်ကို ရည်ညွှန်းမိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ထာဝရ အမြဲတစေ ဖြစ်သည် မဟုတ်ချေ။ ဆိုလိုသည်ကား အများအားဖြင့် ဤသို့ဖြစ်သည်ဟူ၏။ လူသားတို့အနက် မည်သူတဦးတယောက်မျှ မည်သည့်အချိန်တွင်မျှ ရှိုင်တွာန်ကို အလျင်းမမြင်နိုင်ဟူ၍ကား မဆိုလိုပေ။ ဤမုကွပါဠ်တော်ကို အကြောင်းပြု၍ လူသားတို့သည် ဂျင်နီများကို အလျင်း မမြင်နိုင်ဟူ၍ အချို့ကဆိုခြင်းမှာ အတွေးခေါ်ခြင်းသာလျှင် ဖြစ်ပေသည်။

"လူသားတို့က ဂျင်နီများကို မြင်ခြင်းသည် ယေဘုယျ အားဖြင့် ဖြစ်လေ့ဖြစ်ထ ရှိသော အလေ့အထ နှင့်ကား ဆန့်ကျင်၏။ သို့ရာတွင် အလျင်း မမြင်နိုင်ဟူ၍ လုံးဝ ငြင်းဆန် ထားသည်လည်း မဟုတ်" ဟု ထာနဝီသခင်က ဖွင့်ဆို ရေးသားထားသည်။ အဘယ့်ကြောင့်ဆိုသော် အချို့ အချိန်အခါများတွင် နဗီတမန်တော်များ၊ နဗီတမန်တော် မဟုတ်သူများနှင့် သာမန်ပုဂ္ဂိုလ်များသည်ပင် ဂျင်နီများကို မြင်ဘူးခဲ့ကြသည့် အကြောင်း ကျမ်းစာကြီးငယ် များတွင် တွေ့ရှိရပေသည်။ ထိုသို့မြင်ခြင်းမှာလည်း ဤ မုကွပါဠ်တော်နှင့် မည်သို့မျှ မဆန့်ကျင်ပေ။

(၃) အီမာန် ယုံကြည်မှု မရှိသော ကာဖိရ် မိစ္ဆာဒိဋ္ဌိတို့သည် အီမာန် မရှိသည့် အတွက်ကြောင့် ၎င်းတို့ ကိုယ်တိုင်ပင် ရှိုင်တွာန်များနှင့် အဆွေခင်ပွန်း ဖြစ်မှုကို ရွေးချယ်ကြ၏။ နှစ်သက် လိုလားကြ၏။ ကြည့်- ကုရ်အာန် (၇း၃၀)။ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့ ရွေးချယ်မှု၊ နှစ်သက်မှုတွင် အနောင့်အယှက် ပြုတော် မမူ၊ ၎င်းတို့ အဆွေခင်ပွန်း ဖွဲ့လိုသူကိုပင် ၎င်းတို့၏ အဆွေခင်ပွန်း အဖြစ် ပြုလုပ်၍ ပေးထားတော် မူခြင်း ဖြစ်ပေသည်။

"အလ္လာဟ်အရှင်မြတ်သည် ရှိုင်တွာန်များကို "အီမာန်" မရှိသူတို့၏ အဆွေခင်ပွန်းအဖြစ်ဖြင့် ခွင့်ပြုထားတော်မူသည်။ အကယ်၍ "အီမာန်" ယုံကြည်မှု အလျင်းမရှိလျှင် ရှိုင်တွာန်များနှင့် အဆွေခင်ပွန်းဖြစ်မှု သည် အပြည့်အစုံ ဖြစ်ရှိပေမည်။ ရှိုင်တွာန်များသည် အီမာန်အလျင်းမရှိသောသူများအား သွေးဆောင်ဖြားယောင်း ရာတွင်လည်း စွမ်းလွန်းတမံ ပြုလုပ်နိုင်ကြပေသည်။ အကယ်၍ အီမန်တွင် လျော့နည်းမှု၊ ချို့တဲ့မှုရှိလျှင် ရှိုင်တွာန်နှင့် အဆွေခင်ပွန်းဖြစ်မှုတွင်လည်း လျော့နည်းမှု၊ ချို့တဲ့မှုရှိပေမည်။ ရှိုင်တွာန်သည်လည်း ထိုသို့ အီမာန်လျော့နည်းပါးသော သူများအား သွေးဆောင်ဖျားယောင်းရာတွင် စွမ်းအားနည်းပါး ချို့တဲ့၍ သွားပေမည်။ အီမာန်ပြည့်စုံသော မုအ်မင်န်များကိုမူကား ရှိုင်တွာန်သည်အနည်းငယ်စိုးစဉ်းမျှပင် သွေးဆောင်ဖြားယောင်းနိုင်သည် မရှိချေ။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်(၁၅း၄၀။ ၁၆း၉၉)တွင် မိန့်ဆိုထားတော်မူသည်။"

ကြည့် - တာနဝီ။ အ-၄။ စ-၁၀။

(တနည်း)

အို-အာဒမ်၏သားသမီးအပေါင်းတို့၊ ရှိုင်တွာန်သည် အသင်တို့၏မိဘနှစ်ပါးတို့အား ၎င်းတို့၏အရှက်ကို ၎င်းတို့အားပြသရန်အတွက် ၎င်းတို့ထံမှ ၎င်းတို့၏ဝတ်စားတန်ဆာကိုချွတ်ကာ ဂျန္နတ်မှထုတ်ခဲ့သကဲ့သို့ အသင်တို့အား သွေးဆောင်ဖြားယောင်းခွင့်မရရှိစေနှင့်။

၈ကန်မုချ ရှိုင်တွာန်နှင့် ၎င်း၏အုပ်စုသည် အသင်တို့အား ၎င်းတို့ကို အသင်တို့မမြင်နိုင်ကြသောနည်းဖြင့်မြင်ကြ၏။ ၈ကန်မုချ ငါအရှင်မြတ်သည်ရှိုင်တွာန်များကို အီမာန်ယုံကြည်မရှိသော သူများ၏ အဆွေခင်ပွန်းအဖြစ် ပြုလုပ်ထားတော်မူသည်။

وَإِذَا فَعَلُوا۟ فَٰحِشَةً قَالُوا۟ وَجَدْنَا عَلَيْهَآ ءَابَآءَنَا وَٱللَّهُ أَمَرَنَا بِهَا ۗ قُلْ إِنَّ ٱللَّهَ لَا يَأْمُرُ بِٱلْفَحْشَآءِ ۖ أَتَقُولُونَ عَلَى ٱللَّهِ مَا لَا تَعْلَمُونَ ﴿٢٨﴾

၂၈။ ၎င်းပြင် (မယုံမကြည် သွေဖည် ငြင်းပယ်သော)သူတို့သည် စက်ဆုပ်ရွံရှာဖွယ်ရာ ကိစ္စတစုံတရာကို ပြုလုပ်ကြသည့်အခါ "ကျွန်ုပ်တို့သည် မိမိတို့ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား ဤနည်းအတိုင်း (ပြုလုပ်ကြသည်ကို) တွေ့ရှိခဲ့ကြပါသည် ဟူ၍၎င်း၊ အလ္လာဟ်အရှင်မြတ်သည်လည်း ကျွန်ုပ်တို့အား ဤအတိုင်းအမိန့်ပေးတော်မူခဲ့သည်ဟူ၍၎င်း၊" ပြောဆိုကြကုန်၏။ [၁]

---

① ယခုခေတ်တွင်လည်း မိစ္ဆာဒိဋ္ဌိများ၊ လမ်းမှားသူများ၊ ပြစ်မှုဒုစရိုက်ကျူးလွန်သူများသည် ၎င်းတို့ကျူးလွန်လျက်ရှိသော ဒုစရိုက်မှုများ စက်ဆုပ်ရွံရှာဖွယ်ရာများကိုပင် ယဉ်ကျေးမှုဖြစ်သည်ဟူ၍ ကာကွယ်ထောက်ခံရာတွင် "ဤသည်တို့သည် မျိုးနွယ်၏ဓလေ့ထုံးစံများ၊ တိုင်းပြည်၏အလေ့အထများဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်လည်း ကျွန်ုပ်တို့အား ဤအခြေအနေတွင် ဤလမ်းစဉ်ပေါ်၌ပင် ရပ်တည်စေတော်မူထားသည်။ ကျွန်ုပ်တို့ ဤသို့ပြုလုပ်ခြင်းကို အလ္လာဟ်အရှင်မြတ် သဘောတူတော်မမူပါလျှင် ကျွန်ုပ်တို့သည် အသို့လျှင် ပြုနိုင်ကြအံ့နည်း" ဟု ပြောဆိုလေ့ရှိကြသည်။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား လွတ်လပ်မှုကို ပေးထားတော်မူသည်ကား မှန်၏။ သို့ရာတွင် ထိုလွတ်လပ်မှုကို အကြောင်းပြု၍ အလွဲလွဲ အမှားမှား ပြုလုပ်ခြင်းကို ထိုအရှင်မြတ် ➤➤

(အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောဆိုပါလေ။ (အချင်းတို့) အလ္လာဟ်အရှင်မြတ်သည် စက်ဆုပ်ဖွယ်ရာကိစ္စများကို (ပြုလုပ်ရန်) အလျင်းအမိန့်ပေးတော်မမူချေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မသိနားမလည်သော ကိစ္စများကို လီဆယ်ပြောဆိုကြသလော။

قُلْ أَمَرَ رَبِّي بِالْقِسْطِ ۖ وَأَقِيمُوا وُجُوهَكُمْ عِندَ كُلِّ مَسْجِدٍ وَادْعُوهُ مُخْلِصِينَ

၂၉။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ ကျွန်ုပ်၏အရှင်မြတ်သည် တရားမျှတရန် [၁] အမိန့်ပေးတော်မူခဲ့လေသည်။ ငင်းပြင် အသင်တို့သည် မိမိတို့မျက်နှာကို "စဂျဒ်" ပျပ်ဝပ်ဦးချတိုင်း တည့်မတ်စွာ ထားရှိကြလေကုန်။

➤➤ နှစ်သက်တော်မူသည်ဟူ၍ငင်း၊ အလ္လာဟ်အရှင်မြတ် သတ်မှတ် ပြဋ္ဌာန်းထားတော်မူသော တရားဥပဒေနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သောအရာကို ထိုအရှင်မြတ်၏အလိုတော်အတိုင်း ဖြစ်သည်ဟူ၍ငင်း၊ ပြောဆိုခြင်းမှာ မိုက်မဲခြင်းကြီးမက မိုက်မဲခြင်းပင် ဖြစ်ပေသည်။ ဤသည် ရှိုင်တွာန်၏ကျော့ကွင်း နင်းမိခြင်း၏ အကျိုးတည်း။

စက်ဆုပ်ရွံရှာဖွယ်ရာများ၊ မကောင်းမှုများ၊ မုန်းတီးဖွယ်ရာများ၊ ဥပမာ-အမိုက်ခေတ်၌ "ကအ်ဗဟ်" ကျောင်းတော်ကို အမျိုးသမီး၊ အမျိုးသားများ ဝတ်လစ်စားလစ် (တွဝါဖ်)လှည့်ပတ်ဖူးမျှော်ခြင်း။ ထိုသို့ ဝတ်လစ်စားလစ် လှည့်ပတ်ဖူးမျှော်ခြင်းကို ဖြူစင်သောအသိဉာဏ်၊ မှန်ကန်သောလူ့သဘာဝသည် မုချ စက်ဆုပ်ရွံရှာသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ စက်ဆုပ်ရွံရှာဖွယ်အမှုကိုပြုရန် အသို့လျှင် အမိန့်ပေးတော်မူနိုင်အုံးနည်း။ ထိုအရှင်မြတ်သည် သန့်ရှင်းမှု၊ ရှက်ကြောက်မှု၊ ယဉ်ကျေးသိမ်မွေ့မှုစသည့် ကောင်းမှုအပေါင်းတို့ကိုသာလျှင် ဖြစ်ထွန်းစေတော်မူသော အရှင်ဖြစ်တော်မူပေရာ၊ ထိုသို့စက်ဆုပ်ရွံရှာများကို ပြုလုပ်ရန် အသို့လျှင် သင်ကြားပေတော်မူနိုင်အုံးနည်း။ အမှန်မှာ ထိုသို့သော စက်ဆုပ်ရွံရှာဖွယ်ရာများကို ပြုလုပ်ရန် သင်ကြားပေးသော သူများကား ထိုမိစ္ဆာဒိဋ္ဌိတို့၏ အဆွေခင်ပွန်းများဖြစ်သော ရှိုင်တွာန်များသာလျှင် ဖြစ်ပေသည်။

ဦးစွာပထမ ရှိုင်တွာန်သည်ပင် လူသားတို့၏ဖခင်ကြီးနှင့် မိခင်ကြီးတို့အား သွေးဆောင်ဖြားယောင်း၍ ဝတ်လစ်စားလစ် ဖြစ်ကြရသည်အထိ ဖန်တီးခဲ့၏။ ထိုအချိန်တွင် ဖခင်ကြီးနှင့်မိခင်ကြီးတို့သည် ရှက်ကြောက်လှသဖြင့် ၎င်းတို့၏ခန္ဓာကိုယ်ကို သစ်ရွက်များ ဖုံးအုပ်ခဲ့ကြ၏။ သို့ဖြစ်ပေရာ ဝတ်လစ်စားလစ် ဖြစ်အောင် ပြုလုပ်ခြင်းသည် ရှိုင်တွာန်၏အလုပ်ဖြစ်၍ အရှက်ဖုံးအုပ်ခြင်းသည် ဖခင်ကြီးနှင့်မိခင်ကြီးတို့၏ အလုပ်ဖြစ်ပေသည်။ သို့ပါလျှက် ကျောင်းတော်ကို ဝတ်လစ်စားလစ် လှည့်ပတ်ဖူးမျှော်ခြင်းနှင့် ပတ်သက်၍ ဘိုးဘေး၊ ဘီဘင်တို့အား သာဓကအဖြစ် တင်ပြခြင်းသည် အသို့လျှင် မှန်ကန်နိုင်အုံးနည်း။ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် ရှိ၏။ လုံးဝမှား၏။ (ရှားအဗ်ဒုလ်ကာဒစ်ရ်)

① "ကစ်တ်"ဟူသည် "အဒ်လ်" ကိုဆိုသည်။ "အဒ်လ်"ဟူသည် အရာရာတွင် ယုတ်လျော့ခြင်း၊ လွန်ကဲခြင်း၊ အပိုအလိုတည်းဟူသော အစွန်း ၂-ဖက်နှင့် ကင်းသည့် အလယ်အလတ်ကို ဆိုသည်။

لَهُ الدِّيْنَ ۚ كَمَا بَدَاَكُمْ
تَعُوْدُوْنَ ﴿٢٩﴾

ထို့ပြင် အသင်တို့သည် ထို အရှင်အား ထိုအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသူများ ပီသစွာ ဟစ်ခေါ်ကြလေကုန်။ အသင်တို့သည် ထိုအရှင်မြတ် အသင်တို့အား အစအဦး၊ ကနဦးက ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် (ထိုအရှင်မြတ် အထံတော်သို့ တဖန်ရှင်၍) ပြန်ကြရပေလတ္တံ့။

တနည်း။

(အို-နဗီ) အသင်သည် (ထိုမိစ္ဆာဒိဋ္ဌိတို့အား) ဤသို့ပြောကြားပါလေ။ (အလ္လာဟ်အရှင်မြတ်သည် စက်ဆုပ်ရွံ့ရှာဖွယ်ရာများကို ပြုလုပ်ရန် အလျင်းအမိန့်ပေးတော်မူသည်မဟုတ်။) ကျွန်ုပ်၏အရှင်က အမိန့်ပေးတော်မူသည်မှာ (ဥပမာ) တရားမျှတစွာ ပြုလုပ်ရန်၊ ၎င်းပြင် အသင်တို့သည် "စဂ်ဒဟ်" ဗျပ်ဝပ်ဦးချတိုင်း၊ မိမိတို့၏မျက်နှာ (ဝါ စိတ်)ကို အလ္လာဟ်အရှင်မြတ်၏ ဘက်တော်သို့) တည့်မတ်စွာ ထားကြကုန်။

၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်အား ဝတ်ပြုမှုကို ထိုအရှင်မြတ်အဖို့သာလျှင် စိတ်စေတနာ ဖြူစင်စွာဖြင့် ပြုလုပ်သူများအဖြစ်ဖြင့် ထိုအရှင်မြတ်အား (ဟစ်ခေါ်) ပန်ကြားကြကုန်။ ထိုအရှင်မြတ်က အသင်တို့အား စတင်ဖန်ဆင်းတော်မူသကဲ့သို့ပင် သင်တို့သည် (ထိုအရှင်မြတ်ထံတော်သို့) ပြန်လှည့် ကြရလိမ့်မည်။

فَرِيْقًا هَدٰى وَفَرِيْقًا حَقَّ
عَلَيْهِمُ الضَّلٰلَةُ ۗ اِنَّهُمُ

၃၀။ ထိုအရှင်မြတ်သည် လူတစ်စုကို တရား လမ်းမှန်သို့ ရောက်စေတော်မူခဲ့လေသည်။ သို့ရာတွင် လူတစ်စုမှာမူကား လမ်းလွဲခြင်းသည် ၎င်းတို့အပေါ်၌

اتَّخَذُوا الشَّيٰطِيْنَ اَوْلِيَآءَ مِنْ دُوْنِ اللّٰهِ وَيَحْسَبُوْنَ اَنَّهُمْ مُّهْتَدُوْنَ ﴿٣٠﴾

အတည် ဖြစ်ခဲ့ချေပြီ။ [၁] အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်အား၊ စွန့်၍ ရှိုင်တွာန် မိစ္ဆာကောင်တို့ကို မိတ်ဖွဲ့ခဲ့ကြလေသည်။ သို့ရာတွင် ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ တရားလမ်းမှန်ရရှိသူများဟု ထင်မှတ်ကြကုန်သည်။

يٰبَنِيْٓ اٰدَمَ خُذُوْا زِيْنَتَكُمْ عِنْدَ كُلِّ مَسْجِدٍ وَّكُلُوْا وَاشْرَبُوْا وَلَا تُسْرِفُوْا ۚ اِنَّهٗ لَا يُحِبُّ الْمُسْرِفِيْنَ ﴿٣١﴾

၃၁။ အို-အာဒမ်၏ သားသမီးအပေါင်းတို့၊ အသင်တို့သည် ဆွလာတ်ဝတ်ပြုကြသည့် အခါတိုင်းတွင် မိမိတို့၏ဝတ်စားတန်ဆာကို ဝတ်ဆင်ကြကုန်။ ထို့ပြင် အသင်တို့သည်(စားဖွယ်သောက်ဖွယ်ရာများကို) စားသောက်ကြလေကုန်။သို့ရာတွင်အသင်တို့သည် (ယင်း စားဖွယ်သောက်ဖွယ်များကို) မဖြုန်းတီးကြကုန်လင့်။ အကြောင်းသော်ကား ထိုအရှင်မြတ်သည် ဖြုန်းတီးသူ တို့အားနှစ်သက်တော်မူသည် မဟုတ်ပေ။ [၂]

---

① 'အကြင်လူတစ်စုမှာ ၎င်းတို့အပေါ်တွင် လမ်းလွဲခြင်းသည် အတည်ဖြစ်ခဲ့ချေပြီ။ ထိုသူများကား အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်အား စွန့်လွှတ်၍ ရှိုင်တွာန်များအား အဆွေခင်ပွန်းပြုလုပ်သောသူများပင် ဖြစ်ကြပေသည်။ အံ့ဖွယ်ရာကား ထိုသို့ လမ်းလွဲလျက်ရှိသောသူများသည် ယင်းကဲ့သို့ အထင်အရှား လမ်းလွဲနေကြပါလျက် ငါတို့သည် လမ်းမှန်ပေါ်တွင် သွားနေကြသည်။ ငါတို့၏ဘာသာရေး လမ်းစဉ်သည်သာလျှင် မှန်ကန်သည်ဟူ၍ပင် ထင်မှတ်နေကြပေသည်။ ဤသို့ အမြင်မှား၊ အထင်မှားလျှက်ရှိသော ကာဖိရ်များ၏အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၁၈း၁၀၄)တွင်လည်း မိန့်ဆိုထားတော်မူသည်။

② အမိုက်ခေတ်တွင် ကာဖိရ်များသည် အိမ်တော်ကို ဝတ်လစ်စားလစ် လှည့်ပတ်ဖူးမျှော်လေ့ရှိကြ၏။ ဤသို့ ဝတ်လစ်စားလစ်အဖြစ်နှင့် လှည့်ပတ်ဖူးမျှော်ခြင်းကိုပင် အလွန်မွန်မြတ်သော ကုသိုလ်ကောင်းမှုကြီးတစ်ရပ်ဟု မှတ်ယူခဲ့ကြ၏။ အချို့တို့သည် ဟဂ်အချိန်တွင် အသက်မသေရုံတမျှ စားသောက်ခဲ့ကြ၏။ ထောပတ်၊ ဆီ၊ အစရှိသည်တို့ကို ရှောင်ကြဉ်ခဲ့ကြ၏။ အချို့တို့သည် ဆိတ်နို့၊ အသားစသည်များကို ရှောင်ကြဉ်ခဲ့ကြ၏။ ဤသို့ ပြုလုပ်ခြင်းများကို ကုသိုလ်ကောင်းမှုများဟူ၍ မှတ်ယူခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် (အမိုက်ခေတ်၏) ထိုအပြုအမူများသည် ကောင်းမှုကုသိုလ်ရေးရာများ မဟုတ်ကြောင်း၊ ဤမုကွပါဠ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ကိုယ်ခန္ဓာဖုံးအုပ်ရန်နှင့် လှပစေရန်အတွက် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူထားသော အဝတ်အစားများကို လူသားတို့သည် (ဝမ်းသာအားရ) ဝတ်ဆင်ကြရမည်။ အထူးသဖြင့် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သည့် အချိန်များတွင် အခြားသော အချိန်အခါများထက်ပင် ပိုမိုရှိအထူးတလည် ဝတ်ဆင်ကြရပေမည်။ ထိုအရှင်မြတ် ပေးသနားတော်မူသော စားဖွယ်၊ သောက်ဖွယ် များကိုလည်း ဝမ်းသာ အားရ စားသောက်ကြရပေမည်။ (သို့မှသာလျှင် ထိုအရှင်မြတ်အား ကြည်ညိုမြတ်နိုးရာ ရောက်ပေမည်။) သို့ရာတွင် ယင်းသို့ ဝတ်ဆင်၊ ➤➤

قُلْ مَنْ حَرَّمَ زِينَةَ اللَّهِ الَّتِي
أَخْرَجَ لِعِبَادِهِ وَالطَّيِّبَاتِ مِنَ
الرِّزْقِ ۚ قُلْ هِيَ لِلَّذِينَ آمَنُوا
فِي الْحَيَاةِ الدُّنْيَا خَالِصَةً
يَوْمَ الْقِيَامَةِ ۗ كَذَٰلِكَ نُفَصِّلُ
الْآيَاتِ لِقَوْمٍ يَعْلَمُونَ ﴿٣٢﴾

၃၂။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)မေးမြန်းပါလေ။ (အချင်းတို့) အလွှာဟ် အရှင်မြတ်သည် မိမိ၏ကျွန်များအဖို့ ဖန်ဆင်းထားတော်မူသောတန်ဆာများကိုငင်း၊ သန့်စင်၍ (ရသာအမြိုက်နှင့်ပြည့်စုံ)သောစားသောက်ဖွယ်ရာများကိုငင်း၊ မည်သူက "ဟရာမ်"ဟူ၍တားမြစ်ခဲ့ပါသနည်း။ [၁]

(ငင်းပြင် အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ဤသည်တို့သည် "အီမာန်" သက်ဝင်ယုံကြည်သူတို့အဖို့ ဤပစ္စုပ္ပန်လောကီဘဝ၌ရှိ၏။ ရှင်ပြန်ထမည့်နေ့တွင်မူကား (ငင်းတို့အဖို့သာ)သီးသန့်ဖြစ်၏။ [၂] ငါ အရှင်မြတ်သည် ဤနည်း အတိုင်းပင် (မိမိ) ဒေသနာတော်များကို သိနားလည် သူများအဖို့ အသေးစိတ်၍ ဖော်ပြတော်မူလေသတည်း။

➤➤ စားသောက်ရာတွင် စည်းကမ်းချက်တစ်ရပ်မှာ ဖြုန်းတီးခြင်းမပြုရ ဟူသော ပညတ်တော်ပင်ဖြစ်သည်။ "အစ္စရာဖ်" ဟူသည် စည်းကမ်းကျူးလွန်ခြင်း အနက်ပေး၏။ စည်းကမ်းကျူးလွန်ခြင်းသည် အမျိုးမျိုးရှိ၏။ ဥပမာ ဟလာလ်ကို ဟရာမ်လုပ်ခြင်း၊ ဟလာလ်၏ အကျိုးကို ခံစားသည်သာမက ဟရာမ်ဖြင့်လည်း အကျိုးခံစားခြင်း၊ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ လောဘရမ္မက်ကြီးစွာဖြင့် စားသုံးခြင်း၊ စားလိုသောဆန္ဒ မရှိပဲလျက် စားသုံးခြင်း၊ အချိန်မဟုတ်ဘဲ စားသုံးခြင်း။ ကျန်းမာရေးနှင့် အင်အားချို့တဲ့သွားစေသည်အထိ အစာအဟာရကို လျော့ခြင်း၊ ကျန်းမာရေးကို ပျက်ပြားစေသည့်အရာများကို စားသောက်ခြင်း၊ စသည်များသည် "အစ္စရာဖ်" တွင် အကျုံးဝင်၏။ ထို့အတူ အကြောင်းမဲ့ အကျိုးမဲ့ သုံးဖြန်းခြင်းသည်လည်း "အစ္စရာဖ်" ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။

① အလွှာဟ်အရှင်မြတ်က မိမိ၏ကျွန်များအဖို့ သုံးပိုင်ခွင့်ပြုထားတော်မူသော ကျေးဇူးတော်များကို "ဟရာမ်" ဟူ၍ ပိတ်ပင်တားမြစ်ပိုင်ခွင့်သည် ထိုအရှင်မြတ်မှတပါး၊ မည်သူတစ်ဦးတစ်ယောက်၌မျှ မရှိချေ။ ဟလာလ်ကို ဟရာမ်၊ ဟရာမ်ကို ဟလာလ်၊ ပြုလုပ်သောသူများသည် အလွဲသုံးစားပြုသူများ၊ ကြီးမားသော အပြစ်ကို ကျူးလွန်သူများသာ ဖြစ်ကြပေသည်။

② အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များဖြစ်သည့် ဝတ်စားတန်ဆာများနှင့် စားဖွယ်သောက်ဖွယ်များသည် ဤပစ္စက္ခဘဝတွင်လည်း မုအ်မင်များအဖို့ ဖြစ်သည်။ နောင်တမလွန်ဘဝတွင်မူကား ထိုကျေးဇူးတော်များကို မုအ်မင်နှ်များသာလျှင် ဆိုင်ကြပေမည်။ မုအ်မင်နှ်မဟုတ်သူ တဦးတယောက်မျှ ဖက်စပ်၊ ပိုင်ဆိုင်မည်မဟုတ်ပေ။

قُلْ إِنَّمَا حَرَّمَ رَبِّيَ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَالْإِثْمَ وَالْبَغْيَ بِغَيْرِ الْحَقِّ وَأَنْ تُشْرِكُوا بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَأَنْ تَقُولُوا عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٣٣﴾

၃၃။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူတို့အား ဤသို့)ပြောကြားပါဦး။ (ဟယ်-အချင်းတို့) ငါ့အားမွေးမြူတော်မူသော အရှင်မြတ်သည် စက်ဆုပ်ဖွယ်ရာများအနက်မှ ထင်ရှားသော အရာများကိုလည်း၊ ဖုံးအုပ်၍နေသော အရာများကိုလည်း၊ ပြစ်မှုဒုစရိုက်များကိုလည်း၊ မတရားသဖြင့် ညှဉ်းဆဲခြင်းကိုလည်း၊ အသင်တို့သည် အလွှာဟ်အရှင်မြတ်က မည်သည့်သက်သေသာဓက တစ်စုံတစ်ရာမျှ ချပေးတော်မူခြင်း မရှိခဲ့သောအရာကို ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်(ကိုးကွယ်)ခြင်းကိုလည်း၊ အသင်တို့သည် မိမိတို့မသိနားမလည်သောအကြောင်းအရာများကို ထိုအရှင်မြတ်အပေါ်၌ လိဆယ်ပြောဆိုခြင်းကိုလည်း၊ "ဟရာမ်" ဟူ၍ တားမြစ်တော်မူခဲ့သည်သာတည်း။

وَلِكُلِّ أُمَّةٍ أَجَلٌ فَإِذَا جَاءَ أَجَلُهُمْ لَا يَسْتَأْخِرُونَ سَاعَةً وَلَا يَسْتَقْدِمُونَ ﴿٣٤﴾

၃၄။ လူမျိုးအသီးသီးတို့အဖို့ (အသက်ထင်ရှားနေထိုင်ရန်) သတ်မှတ်ပိုင်းခြားထားသော အချိန်ကာလသည်ရှိ၏။ သို့ဖြစ်ပေရာ ၎င်းတို့၏ အချိန်ကာလသည် ဆိုက်ရောက်ခဲ့သည်ရှိသော် ၎င်းတို့သည် အချိန်အနည်းငယ်မျှပင် နောက်ဆုတ်နိုင်ကြမည်လည်းမဟုတ်ပေ။ ရှေ့တိုးနိုင်ကြမည်လည်းမဟုတ်ချေ။

يَا بَنِي آدَمَ إِمَّا يَأْتِيَنَّكُمْ رُسُلٌ مِنْكُمْ يَقُصُّونَ عَلَيْكُمْ آيَاتِي فَمَنِ اتَّقَىٰ وَأَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٣٥﴾

၃၅။ အို-အာဒမ်၏သားသမီးအပေါင်းတို့၊ အကယ်၍ အသင်တို့ထဲ အသင်တို့အနက်မှပင် ငါအရှင်မြတ်၏ အမိန့်တော်များကို အသင်တို့ရှေ့ဝယ် ရှင်းလင်းပြောပြကြကုန်သော ရစူလ်တမန်တော်များ ရောက်လာခဲ့ကြသောအခါ အကြင်သူသည် ဒုစရိုက်တို့မှ ကြဉ်ရှောင်အံ့။

---

① အထက်ဖော်ပြပါ ပညတ်တော်များကို ကျူးလွန်သောသူများသည် ယင်းသို့ ကျူးလွန်ကြသည့်အတွက် ရုတ်တရက်ချက်ချင်း အပြစ်ဒဏ်မခံကြရသည်ကို အကြောင်းပြု၍ ထိုအရာများ၏ ဟရာမ်ပြစ်မှုတွင် ဒွိဟ ➤➤

ငင်းပြင် (အပြုအမူများကို) ပြုပြင်အံ့။ ထို (ကဲ့သို့သော) သူတို့အပေါ်၌ စိုးရိမ် ကြောင့်ကြမှု လည်း ရှိလိမ့်မည် မဟုတ်ပေ။ ငင်းပြင်ထိုသူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ချေ။

وَالَّذِينَ كَذَّبُوا بِآيَاتِنَا وَاسْتَكْبَرُوا عَنْهَا أُولَٰئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ ﴿٣٦﴾

၃၆။ သို့ရာတွင်မူကား အကြင်သူတို့သည် ငါ အရှင်မြတ်၏ အမိန့်တော်များကို ငြင်းပယ်ကြကုန်အံ့။ ငင်းပြင် ထိုသူတို့သည် အမိန့်တော်များကို မထီ လေးစားပြုလုပ်ကြကုန်အံ့။ ထို(ကဲ့သို့သော) သူတို့ သာလျှင် ငရဲသားများ ဖြစ်ကြကုန်၏။ ငင်းတို့သည် ငရဲ၌ပင် ထာဝစဉ် နေထိုင်ကြမည့်သူများ ဖြစ်ကြ ပေသည်။

فَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ ۚ أُولَٰئِكَ يَنَالُهُمْ نَصِيبُهُم مِّنَ الْكِتَابِ ۖ حَتَّىٰ إِذَا جَاءَتْهُمْ رُسُلُنَا

၃၇။ အကြင်သူထက် ပိုမို မတရားကျူးလွန် သောသူသည်မည်သူရှိအံ့နည်း။ ထိုသူသည် အလ္လာဟ် အရှင်မြတ်အပေါ်၌ မုသားကို ကြံဖန်လိမ်ဆယ်၍ စွပ်စွဲခဲ့လေသည်။ [၁] သို့တည်းမဟုတ် ထိုသူသည် ထိုအရှင်မြတ်၏ ဒေသနာတော်များကို အမှားဟု ဆိုခဲ့လေသည်။ ထိုသူတို့ထံ ထိုသူတို့အဖို့ သတ်မှတ် ထားသော ဝေစုဝေပုံသည် (ထိုပစ္စက္ခကာလ၌ပင်) ရောက်ရှိအံ့။

➤➤သံသယမရှိရာ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အုပ်စုတိုင်းကို ပြစ်ဒဏ်ပေးရန်အတွက် အချိန်ကာလကို သတ်မှတ်ထားတော်မူပြီး ဖြစ်သည်။ ထိုအချိန်ကျရောက်သည့်အခါ တစ်နာရီမျှပင် နောက်ဆုတ် နိုင်ကြမည်လည်း မဟုတ်။ ရှေ့တိုးနိုင်ကြမည်လည်း မဟုတ်။ သတ်မှတ်ထားတော်မူသော အချိန်ကာလကုန်လျှင် ကုန်ခြင်းပင် အပြစ်ဒဏ်ကို စတင်ခံကြရမည်ဖြစ်သည်။ ကြည့်-ထာနဝီ။ အ-၄၊ စ-၁၂။

① အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားစွပ်စွဲပြောဆိုခြင်းဟူသည်၊ ဥပမာ အလ္လာဟ်အရှင်မြတ် ပြောကြားတော်မမူသော စကားများကို အလ္လာဟ်အရှင်မြတ် ပြောကြားတော်မူသော စကားဟူ၍ ပြောဆိုခြင်း၊ အလ္လာဟ် အရှင်မြတ်၏ ဒေသနာတော်များကို မုသား ဟုဆိုခြင်းဟူသည်၊ ဥပမာ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော် မူသော စကားများကို အလ္လာဟ်အရှင်မြတ် ပြောကြားတော်မူသော စကားများမဟုတ် ဟူ၍ ပြောဆိုခြင်း။ ကြည့်-ထာနဝီ။ အ-၄၊ စ-၁၄။ ➤➤

يَتَوَفَّوْنَهُمْ قَالُوْٓا اَيْنَ مَا
كُنْتُمْ تَدْعُوْنَ مِنْ دُوْنِ
اللّٰهِ ۭ قَالُوْا ضَلُّوْا عَنَّا
وَشَهِدُوْا عَلٰٓى اَنْفُسِهِمْ اَنَّهُمْ
كَانُوْا كٰفِرِيْنَ ﴿٣٧﴾

နောက်ဆုံးတွင်မူ ထိုသူတို့ထံ ငါအရှင်မြတ်၏စေတမန်တို့သည် ထိုသူတို့၏ ဇီဝိန်ကို နှုတ်သိမ်းရန် ရောက်ရှိလာကြသောအခါ ထိုစေတမန်တို့က (ထိုသူတို့အား ဤသို့) မေးမြန်းကြလတ္တံ့။ "အသင်တို့အလျှာဟ် အရှင်မြတ်ကိုစွန့်၍ ဟစ်ခေါ်ခဲ့ကြသော အရာများသည် အဘယ်မှာနည်း"။ ထိုအခါ ၎င်းတို့က "ထိုအရာများသည် ကျွန်ုပ်တို့ထံမှ ပျောက်ကွယ်သွားကြလေပြီဟု ဖြေကြားကြမည်။ ၎င်းပြင် ထိုသူများသည် မိမိတို့နှင့်ဆန့်ကျင်၍ ကျွန်ုပ်တို့သည် ဓကာ် စင်စစ် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သူများ ဖြစ်ကြပါသည်" ဟူ၍လည်း သက်သေခံကြလိမ့်မည်။

قَالَ ادْخُلُوْا فِيْٓ اُمَمٍ قَدْ خَلَتْ
مِنْ قَبْلِكُمْ مِّنَ الْجِنِّ وَالْاِنْسِ
فِي النَّارِ ۭ كُلَّمَا دَخَلَتْ اُمَّةٌ
لَّعَنَتْ اُخْتَهَا ۭ حَتّٰٓى اِذَا ادَّارَكُوْا
فِيْهَا جَمِيْعًا ۙ قَالَتْ اُخْرٰىهُمْ

၃၈။ (အလ္လာဟ်)အရှင်မြတ်သည် (ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့အား) အသင်တို့ မိမိတို့အလျင်လွန်လေပြီးသော (ကာဖိရ်)ဂျင်(နှ်)နှင့် လူအုပ်စုများနှင့်အတူ "ဂျဟန္နမ်" ငရဲဘုံသို့ လားကြလေကုန်ဟု မိန့်ကြားတော်မူအံ့။ မည်သည့်အခါမဆို အုပ်စုတစုသည် (ဂျဟန္နမ်ငရဲဘုံသို့) ဝင်ရောက်လျှင် မိမိတို့နှင့် ဘာသာဝါဒတူ (အသွင်တူ) *အုပ်စုအချင်းချင်းအား* ကျိန်ဆဲကြလတ္တံ့။ [၁]

➤➤ ဆိုလိုသည်ကား အမှန်တကယ် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ဟောကြားကြကုန်သော နဗီတမန်တော် အစစ်အမှန်တို့ စကားများကို လူသားတို့သည် မုချနာခံကြရပေမည်။ သို့ရာတွင် အကြင်သူတစ်ယောက်သည် မိမိကိုယ်ကိုမိမိ နဗီတမန်တော်ဖြစ်သည်ဟု လိမ်လည်ပြောဆိုအံ့။ ၎င်းပြင် မိမိကိုယ်တိုင် မဟုတ်မမှန်သော စကားရပ်များကို ဒေသနာတော်များဟုဆိုကာ အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားစွပ်စွဲပြောဆိုအံ့။ သို့မဟုတ် မှန်သောနဗီတမန်တော်တပါးပါး ယူဆောင်လာသော ဒေသနာတော်တို့ကို မုသားစကားများဖြစ်သည်ဟု ပြောဆိုအံ့။ ထိုသို့သော သူ ၂-ဦးထက် မတရားသူကား အသူရိအံ့နည်း။ တစ်ဦးတစ်ယောက်မျှ မရှိပေ။

① ကိယာမတ်နေ့တွင် ကာဖိရ်များသည် ငရဲတွင်းသို့ ရောက်ကြသည့်အခါ ဝါဒတူ၊ အသွင်တူ အချင်းချင်း သနားကြင်နာရန်ဝေးစွ၊ တဦးကိုတဦး ကဲ့ရဲ့ပြစ်တင် ရွတ်ချကြမည်၊ ကျိန်ဆဲကြမည်။ ➤➤

لِأُولَىٰهُمْ رَبَّنَا هَٰؤُلَاءِ أَضَلُّونَا فَآتِهِمْ عَذَابًا ضِعْفًا مِّنَ النَّارِ ۖ قَالَ لِكُلٍّ ضِعْفٌ وَلَٰكِن لَّا تَعْلَمُونَ ﴿٣٨﴾

နောက်ဆုံးတွင် ထို ဂျဟန္နမ် ငရဲဘုံ၌ (အုပ်စု) အားလုံး စုမိကြသောအခါ ၎င်းတို့အနက်မှ နောင်လာနောင်သားများက မိမိတို့အနက်မှ ရှေးလူတို့နှင့် ပတ်သက်၍ [၁] "အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ ဤသူတို့သည်ပင်လျှင် ကျွန်တော်မျိုးတို့အား လမ်းလွဲစေခဲ့ကြပါသဖြင့် အရှင်မြတ်သည် ၎င်းတို့အား ဂျဟန္နမ်ငရဲဘုံ၏ ပြစ်ဒဏ်ကို ဆထက်ထမ်းပိုးတိုး၍ ပေးတော်မူပါ" ဟု လျှောက်ထားကြလတ္တံ့။ ထိုအခါ အရှင်မြတ်ကဆထက်ထမ်းပိုး ပြစ်ဒဏ်သည် (အသင်တို့) အသီးသီးတို့၌ရှိ၏။ သို့ရာတွင် အသင်တို့သည် မသိကြချေဟု မိန့်ကြားတော်မူအံ့။

وَقَالَتْ أُولَىٰهُمْ لِأُخْرَىٰهُمْ فَمَا كَانَ لَكُمْ عَلَيْنَا مِن فَضْلٍ فَذُوقُوا الْعَذَابَ بِمَا كُنتُمْ تَكْسِبُونَ ﴿٣٩﴾

၃၉။ ထို့ပြင် ၎င်းတို့၏ ရှေးလူများက မိမိတို့၏ နောင်လာနောင်သားများအား (ဤသို့) ပြောဆိုကြလတ္တံ့။ သို့ဖြစ်လျှင် အသင်တို့၌ (အပြစ်ဒဏ် လျှော့ခြင်းနှင့်စပ်လျဉ်း၍) ငါတို့ထက်မည်သို့မျှ သာပိုခြင်းမရှိပြီ၊ သို့ဖြစ်လေရာ အသင်တို့သည် မိမိတို့ဆည်းပူးခဲ့ကြသည့် (မကောင်းမှုဒုစရိုက်) များကြောင့် ပြစ်ဒဏ်(၏ရသာ)ကို မြည်းစမ်းကြလေကုန်။

إِنَّ الَّذِينَ كَذَّبُوا بِآيَاتِنَا وَاسْتَكْبَرُوا عَنْهَا لَا تُفَتَّحُ لَهُمْ

၄၀။ ကောန်စင်စစ်အကြင်သူတို့သည် ငါအရှင်မြတ်၏ ဒေသနာတော်များကို မဟုတ်မမှန်ဟု ငြင်းဆိုကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ယင်းဒေသနာတော်များကို နာယူခြင်းမှ မထီလေးစား ပြုလုပ်ကြကုန်၏။

➤➤ ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၂၉:၂၅။ ၃၈:၅၅-၆၄။ ၃၃:၆၆-၆၈) တွင်လည်း မိန့်ဆိုထားတော်မူသည်။ ဤသည်လည်း အပြစ်ဒဏ်တရပ်ပင်။ ကြည့်၊မောဂျီဒီ၊ အ-၂။ စ-၃၃။ အအ-၅၃။

① ထိုသူများအနက် နောက်လူများဟူသည် အဆင့်အတန်းအားဖြင့် နိမ့်ကျသူများကို ဆိုသည်။ ထိုသူများသည် နောက်လိုက်များနှင့် အဆင့်အတန်း နိမ့်ကျသူများ ဖြစ်ကြသည်။ ထိုသူများ အနက် ရှေ့လူများဟူသည် အဆင့်အတန်းအားဖြင့် ရှေ့ကျသူများကို ဆိုသည်။ ထိုသူများသည် ရှေ့ဆောင်ရှေ့ရပ်များ၊ အကြီးအကဲများ ဖြစ်ကြသည်။

أَبْوَٰبُ ٱلسَّمَآءِ وَلَا يَدْخُلُونَ
ٱلْجَنَّةَ حَتَّىٰ يَلِجَ ٱلْجَمَلُ فِى
سَمِّ ٱلْخِيَاطِ ۚ وَكَذَٰلِكَ نَجْزِى
ٱلْمُجْرِمِينَ ﴿٤٠﴾

ထိသူတို့အဖို့ ကောင်းကင်၏တံခါးများသည် ဖွင့်ထားခြင်း ခံရလိမ့်မည်မဟုတ်ပေ။ [၁] ထိုနည်းတူစွာ ကုလားအုတ်သည် အပေါက်တွင်းသို့ မဝင်နိုင်သမျှ ကာလပတ်လုံး [၂] ၎င်းတို့သည် ဂျန္နတ် အမတသုခဘုံသို့လည်း ဝင်ရောက်နိုင်ကြမည် မဟုတ်ချေ။ အမှန်သော်ကား ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် အပြစ်ရှိသူတို့အား ပြစ်ဒဏ်ပေးတော်မူသတည်း။

لَهُم مِّن جَهَنَّمَ مِهَادٌ وَمِن
فَوْقِهِمْ غَوَاشٍ ۚ وَكَذَٰلِكَ نَجْزِى
ٱلظَّٰلِمِينَ ﴿٤١﴾

၄၁။ ၎င်းတို့၌ ငရဲမီး၏ အိပ်ရာပင်ရှိအံ့၊ ထိုနည်းတူစွာ ၎င်းတို့အပေါ်၌လည်း (ငရဲမီး၏) အဖုံးအအုပ်များရှိအံ့။ [၃] စင်စစ်မူကား ငါအရှင်မြတ်သည် မတရား ကျူးလွန်သူတို့အား ဤနည်းအတိုင်းပင် ပြစ်ဒဏ်ပေးတော်မူသတည်း။

---

① "ထို(ကာဖိရ်)များအတွက် မိုးကောင်းကင်၏ တံခါးများကို ဖွင့်ပေးလိမ့်မည်မဟုတ်" ဆိုလိုသည်ကား-

(က) ထိသူတို့၏ ကောင်းမှုများသည် မိုးကောင်းကင်သို့ တက်ရမည်မဟုတ်။ သာဓကအဖြစ် ကုရ်အာန်ကျမ်းမြတ် (၃၅း၁၀။ ၈၃း၁၈)ကို ရှုပါကုန်။

(ခ) အဆိုတရပ်မှာ- "ဂျန္နတ်" သည် မိုးကောင်းကင်၌ ရှိ၏။ ဆိုလိုသည်ကား- ထိကာဖိရ်များအား မိုးကောင်းကင်သို့ တက်ခွင့်ပေးတော်မူမည်မဟုတ်။ ဂျန္နတ်တွင်းသို့ ဝင်နိုင်ရန်အတွက် ၎င်းတို့အား လမ်းပေးတော်မူမည်လည်း မဟုတ်။

(ဂ) အခြားအဆိုတရပ်မှာ မုအ်မင်နိမ်များ၏ ဝိညာဉ်များသည် မိုးကောင်းကင်သို့ တက်သကဲ့သို့ ကာဖိရ်များသေကြသည့်အခါ ၎င်းတို့၏ဝိညာဉ်များသည် တက်နိုင်မည်မဟုတ်။

(ဃ) အခြားအဆိုတရပ်မှာကား- ထိကာဖိရ်များအပေါ်သို့ ကောင်းချီးမင်္ဂလာ သက်ရောက်မည်မဟုတ်။ ထိကာဖိရ်များသည် အကူအညီလည်း ရရှိကြမည် မဟုတ်ပေ။

② ကုလားအုတ် နဖားပေါက်တွင်းသို့ မဝင်နိုင်သမျှ ကာလပတ်လုံး ကာဖိရ်များသည်လည်း ဂျန္နတ်တွင်းသို့ ဝင်နိုင်မည် မဟုတ်ပေ။ ဤသည် မဖြစ်နိုင်သောအရာနှင့် မှီတွယ်၍ မဖြစ်နိုင်ကြောင်းကို မိန့်ဆိုထားတော်မူခြင်းပင် ဖြစ်သည်။ ဘာသာစာပေတိုင်း လိုလိုမှာပင် ဤသို့သော စကားပုံများ အသုံးအနှုန်းများကို တွေ့ရှိရပေသည်။ အရာတစ်ခု၏ မဖြစ်နိုင်ကြောင်းကို ထင်ရှားပြဆိုသောအခါ ထိုအရာကို အလျင်းမဖြစ်နိုင်သော အရာတစ်ခု၏ ဖြစ်ရှိမှုနှင့် ဆက်စပ်မှီတွယ်၍ ပြောဆိုသုံးနှုန်းလေ့ ရှိကြပေသည်။

ကုလားအုပ်သည် ကြီးမားလှသည့် ကိုယ်ခန္ဓာရှိသော တိရစ္ဆာန်ဖြစ်၏။ အပ်နဖားပေါက်သည် အလွန်တရာမှ သေးငယ်ကျဉ်းမြောင်းလှ၏။ ထိုသို့ကြီးမားလှသော ကုလားအုတ်သည် ဤမျှသေးငယ် ကျဉ်းမြောင်းလှသော အပ်နဖားပေါက်တွင်းသို့ အသို့လျှင် သက်ဆင်းဝင်ရောက် တုံ့ခေါက်သွားလာနိုင်အံ့နည်း။ ➤➤

وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا أُولَٰئِكَ أَصْحَابُ الْجَنَّةِ ۖ هُمْ فِيهَا خَالِدُونَ ﴿٤٢﴾

၄၂။ သို့ရာတွင် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြ၏။ ၎င်းပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ဆောက်တည်ကြကုန်၏။ (အမှန်သော်ကား) ငါအရှင်မြတ်သည် မည်သူ့ကိုမဆို ၎င်း၏ အင်အားနှင့်အမျှသာလျှင် တာဝန်ပေးတော်မူ၏။ [၁] ထိုသူတို့သည်ပင်လျှင် ဣန္ဒြေတ်အမတ သုခဘုံသားများဖြစ်ကြကုန်၏။ ထိုသူတို့သည် ယင်းဣန္ဒြေတ်အမတ သုခဘုံ၌ပင် ထာဝစဉ် နေထိုင်စံမြန်းကြလတ္တံ့။

وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ تَجْرِي مِن تَحْتِهِمُ الْأَنْهَارُ ۖ وَقَالُوا الْحَمْدُ لِلَّهِ الَّذِي

၄၃။ ထိုမှတပါး: ငါအရှင်မြတ်သည် ၎င်းတို့၏ စိတ်တွင်းဝယ် (ဣန်)ရှိနေသေးသော ရန်ငြိုးရန်စ အာဃာတကိုလည်း ထုတ်ပစ်တော်မူအံ့။ [၂] ၎င်းတို့၏ အောက်တွင် စမ်းရေချောင်းများ စီးတွေလျက်ရှိအံ့။

➤➤ ဤကား အလျင်း မဖြစ်နိုင်ပေ။ ထို့အတူပင် ကာဖိရ်များ သည်လည်း ဣန္ဒြေတ် အတွင်းသို့ အလျင်းဝင်ကြရမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များသည် ဣဟန္နမ်ငရဲတွင် အမြဲထာဝစဉ် လားကြရမည့်အကြောင်း အလ္လာဟ် အရှင်မြတ်က အတည့်အလင်း မိန့်ကြားတော် မူထားပြီး ဖြစ်သည်။

(၃) ဣဟန္နမ်တွင် ကာဖိရ်တို့ကို အထက်၊ အောက်၊ ရှေ့၊ နောက်၊ အဘက်ဘက်မှ ငရဲမီးသည် ဝိုင်းခြုံလျက်ရှိမည်။ မည်သည့်ဘက်မျှ သက်သာကွက်ဟူ၍ အလျင်းမရှိချေ။

(ကြည့်-ထာနဝီ။ အ-၄။ စ-၁၄။)

(၁) "ငါအရှင်မြတ်သည် မည်သူ့ကိုမျှ ၎င်း၏အင်အားထက်ပို၍ ဝန်ထမ်းစေတော်မူသည်" မဟုတ်၊ အင်အားနှင့် အမျှသာ ဝန်ထမ်းစေတော်မူသည်။ ဤသည် စကားညွှန့် ဖြစ်သည်။ ဆိုလိုသည်ကား အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလ ဆောက်တည်မှုသည် ခဲယဉ်းသည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ စွမ်းအား ရှိသည်ထက် ပို၍ ဝန်ထမ်းစေတော် မူသည် မဟုတ်ပေ။

(ကြည့်-ထာနဝီ။အ-၄။ စ-၁၅။)

ဣန္ဒြေတ်တွင်းသို့ဝင်ရန် ကိစ္စသည် ခဲယဉ်းသည်မဟုတ်ပေ။ ဣန္ဒြေတ်တွင်းသို့ဝင်ရန် အကြောင်းတရားမှာ ကောင်းမြတ်သော အကျင့်သီလပင် ဖြစ်သည်။ ကောင်းမြတ်သော အကျင့်သီလ ဟူသည်ကား လူသားတို့အား ၎င်းတို့၏စွမ်းအားနှင့်အမျှ ပေးထားတော်မူသော အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာ ကျင့်သုံးခြင်းပင်ဖြစ်သည်။ ယင်းသို့ လိုက်နာကျင့်သုံးခြင်းသည်ပင် ကောင်းမြတ်သော အကျင့်သီလဖြစ်သည်။ ထိုကောင်းမြတ်သော အကျင့်သီလသည်ပင်လျှင် ဣန္ဒြေတ်တွင်းသို့ ဝင်ရောက်ရန်အတွက် သော့ချက်ဖြစ်ချေသည်။

(ကြည့်-မာဂျီဒီ၊ အ-၂။ စ-၃၃၃။ အအ-၅၆။)

(၂) အထက် ကုရ်အာရ်ကျမ်းမြတ် (၇:၃၈-၃၉)တွင် ဣဟန္နမ်ငရဲ၌ ခံစားကြရမည့် ကာဖိရ်များသည် ➤➤

هَٰذَا لِهَٰذَا وَمَا كُنَّا لِنَهْتَدِيَ لَوْلَا أَنْ هَدَانَا اللَّهُ ۚ لَقَدْ جَاءَتْ رُسُلُ رَبِّنَا بِالْحَقِّ ۖ وَنُودُوا أَنْ تِلْكُمُ الْجَنَّةُ أُورِثْتُمُوهَا بِمَا كُنْتُمْ تَعْمَلُونَ ﴿٤٣﴾

ငင်းပြင် ထိုသူတို့သည် (ဤသို့)ပြောဆို (ချီးကျူး)ကြလတ္တံ့။ ချီးမွမ်း ထောမနာအပေါင်းတို့ကို ကျွန်ုပ်တို့အား ဤသည့်(နေရာ)သို့ ပို့တော်မူသော အလ္လာဟ် အရှင်မြတ်သည်သာလျှင် ဆိုင်တော်မူ၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သာလျှင် ကျွန်ုပ်တို့အား ပို့တော်မမူပါလျှင် ကျွန်ုပ်တို့သည် (ဤနေရာသို့ အလျင်း) ရောက်ရှိကြမည် မဟုတ်ပေ။

ဧကန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရဿူလ်တမန်တော်များသည် အမှန်တရားကိုပင် ယူဆောင်ခဲ့ကြကုန်သည်။ ငင်းပြင် ထိုသူတို့သည် (ဤသို့)အသံပေးခြင်းကို ကြားကြရလတ္တံ့၊ "ဤသည် အကြင်ဂျန္နတ် အမတသုခဘုံတည်း"။

➤➤ အချင်းချင်း ကဲ့ရဲ့ပြစ်တင် ငြူစူရွှတ်ချ ကျိန်ဆဲကြမည့် အကြောင်းပါရှိခဲ့၏။ ဂျန္နတ်တွင် ခံစားကြရမည့် မှအိမင်နံတို့ကား ထိုကာဖိရ်များကဲ့သို့ မဟုတ်။ အချင်းချင်း ရင်းနှီးကြမည်။ တဦးပေါ်တဦး မေတ္တာထားကြမည်။ ဂျန္နတ်သားတို့တွင် ရန်ငြိုးထားမှု၊ ငြူစူမှု၊ မုန်းထားမှု၊ မစ္ဆေရ၊ အာဃာတ အစရှိသည် ပါပါညစ်ကျူအစုစုတို့သည် အလျင်းရှိမည်မဟုတ်ပေ။ စိတ်စေတနာ ဖြူစင်ချစ်ခင်ရင်းနှီးသော မိတ်ဆွေသင်္ဂဟအပေါင်းအဖော်များနှင့် အတူတကွ နေထိုင်ရခြင်းသည်ပင်လျှင် ကြီးမားလှသော ကောင်းချီးမင်္ဂလာတပါး ဖြစ်ပေသည်။

ကြည့်-မာဂျိဒီ။ အ-၂၊ စ-၃၃၃၊ အအ-၅၇။

အခြား အဖွင့်တစ်ရပ်မှာ သူတော်စင်များတွင် ဤပစ္စက္ခဘဝ၌ အချင်းချင်း လူသဘာဝအလျောက် ငြူစူမှု၊ စိတ်ငြိုငြင်မှုများ ဖြစ်ပေါ်တတ်ပေသည်။ ထိုသို့သော သူတော်စင်များ ဂျန္နတ်တွင်းသို့ မဝင်ရောက်မီ အလျင်ပင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးများအတွင်းမှ ထိုငြိုငြင်မှု၊ ငြူစူမှု၊မစ္ဆေရ၊ အာဃာတ စသည်များကို ထုတ်ပစ်တော်မူမည် ဖြစ်သည်ဟူ၏။

သာဝကကြီး အလီသခင်ကလည်း "ကျွန်ုပ်နှင့် အွတ်ဆ်မာန်၊ တွာလ်ဟတ်၊ ဇုဗိုင်ရ်တို့သည်လည်း အကြင်ပုဂ္ဂိုလ်မြတ်တို့တွင် အပါအဝင်ဖြစ်ကြလိမ့်မည်" ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ထိုပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က "၎င်းအရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးများမှ အာဃာတကို ထုတ်ပစ်တော်မူမည်" ဟု မိန့်ဆိုထားတော်မူသည်"ဟု ပြောဆိုခဲ့လေသည်။

အီဗ်နုကဆီရ်။ အ-၂။ စ-၂၁၅။

ထိုဂျန္နတ်အမတ သုခဘုံကို အသင်တို့သည် မိမိတို့ ပြုခဲ့ကြသည့် (ကောင်းမှု)များကြောင့် အမွေ ရရှိခဲ့ကြချေပြီ။ ③

وَنَادَىٰٓ أَصْحَٰبُ ٱلْجَنَّةِ أَصْحَٰبَ ٱلنَّارِ أَن قَدْ وَجَدْنَا مَا وَعَدَنَا رَبُّنَا حَقًّا فَهَلْ وَجَدتُّم مَّا وَعَدَ رَبُّكُمْ حَقًّا ۖ قَالُوا۟ نَعَمْ ۚ فَأَذَّنَ مُؤَذِّنٌۢ بَيْنَهُمْ أَن لَّعْنَةُ ٱللَّهِ عَلَى ٱلظَّٰلِمِينَ ﴿٤٤﴾

၄၄။ ထိုပြင်တဝ ဂျန္နတ်အမတ သုခဘုံသားတို့သည် ဂျဟန္နမ်ငရဲသားတို့အား (ဤသို့)ဟစ်ခေါ်(ပြောဆို)ကြကုန်အံ့။ "ငါတို့သည် ငါတို့၏အရှင်မြတ်က ငါတို့နှင့်ထားရှိတော်မူခဲ့သော ကတိတော်အတိုင်း မှန်ကန်စွာရရှိကြပြီ။ အသင်တို့သည်လည်း အသင်တို့၏အရှင်မြတ်က အသင်တို့နှင့် ထားရှိတော်မူသော ကတိတော်အတိုင်း မှန်ကန်စွာရရှိကြပြီလော၊" ထိုအခါ ငင်း(ဂျဟန္နမ် ငရဲသား)တို့က "ဟုတ်ကဲ့" (ရရှိကြပါပြီ) ဟု ဖြေကြားကြလတ္တံ့။ ④

ထိုနောက် *ဟစ်အော်သူတဦး*က ② ငင်းတို့၏ စပ်ကြားတွင် (ဤသို့)ဟစ်အော် ပြောဆိုအံ့၊ မတရား ကျူးလွန်သောသူတို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးကြစေသား"။

---

③ "အသင်တို့သည် ဤဂျန္နတ်ကို အမွေရရှိကြပြီ" ဟူသော စကားတော်တွင် အမွေဟူ၍ သုံးနှုန်းထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ဂျန္နတ်သည် လူသားတို့၏ဖခင်ကြီး အာဒမ်(အလိုင်ဟိစ္စလာမ်)၏ နေရင်းဌာနဖြစ်ရာ ထိုဂျန္နတ်ကိုလူသားတို့ ရရှိခြင်းမှာ အမွေရရှိခြင်းပင်ဖြစ်သည်။ ကြည့်-မာဂျီဒီ။ အ-၂၊ စ-၃၃၃၊ အအ-၅၉။

ဤမူကျပါဠ်တော်တွင် "အသင်တို့ ပြုကျင့်ခဲ့ကြသော ကောင်းမှုများကြောင့်" ဟူသော စကားတော်ကို ထောက်ရှုခြင်းအားဖြင့် ဂျန္နတ်တွင်းသို့ဝင်ရန် အကြောင်းတရားမှာ ကောင်းမြတ်သော အကျင့်သီလများ ဖြစ်သည်ဟူ၍ သိရှိရပေသည်။ တမန်တော်မြတ်၏ "ဟဒီဆ်" ဩဝါဒတော်များတွင်မူကား မည်သူ တဦးတယောက်မျှပင် မိမိ၏ အကျင့်သီလများကြောင့် ဂျန္နတ်တွင်းသို့ ဝင်ရမည် မဟုတ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော် အဟုန်ဖြင့်သာလျှင် ဝင်ရမည်ဖြစ်ကြောင်း လာရှိပေသည်။ ဤတွင် ကုရ်အာန်နှင့် ဟဒီဆ် ဆန့်ကျင်လျက်ရှိသည်ဟု သာမာန်အားဖြင့် ထင်မှတ် ဖွယ်ရာရှိသည်။ အမှန်မှာ မဆန့်ကျင်ပေ။ လင်းပြဦးအံ့။

ကုရ်အာန်ကျမ်းမြတ်တွင် ဂျန္နတ်တွင်းသို့ဝင်ရန် အကြောင်းတရား (၀၊) လူသားတို့၏ အကျင့်သီလကို ထုတ်ဖော် မိန့်ဆိုထားတော်မူသည်။ တမန်တော်မြတ်၏ "ဟဒီဆ်" ဩဝါဒတော် တွင်ကား၊ ဂျန္နတ်တွင်းသို့ဝင်ရန် မူလဘူတ အရင်းခံအစစ်အမှန် အကြောင်းတရားဖြစ်သော အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်ကို ဖွင့်ဟ မိန့်ဆိုထားတော်မူသည်။ ကြည့်-ထာနဝီ။ အ-၄။ စ-၁၅။

الَّذِينَ يَصُدُّونَ عَن سَبِيلِ
اللَّهِ وَيَبْغُونَهَا عِوَجًا وَهُم
بِالْآخِرَةِ كَافِرُونَ ﴿٤٥﴾

၄၅။ အကြင် (မတရား ကျူးလွန်သော) သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တိမ်းရှောင်ခဲ့ကြသည့်ပြင် ထိုလမ်းတော်၌ အကွေ့အကောက်ကို ရှာဖွေ စူးစမ်းခဲ့ကြကုန်၏။ [၃] ၎င်းပြင် ထိုသူတို့သည် နောင်တမလွန် ဘဝကိုလည်း ငြင်းပယ်သူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

وَبَيْنَهُمَا حِجَابٌ وَعَلَى
الْأَعْرَافِ رِجَالٌ يَعْرِفُونَ كُلًّا
بِسِيمَاهُمْ وَنَادَوْا أَصْحَابَ الْجَنَّةِ
أَن سَلَامٌ عَلَيْكُمْ لَمْ يَدْخُلُوهَا
وَهُمْ يَطْمَعُونَ ﴿٤٦﴾

၄၆။ ၎င်းပြင် ယင်း(ဂျန္နတ် အမတသုခဘုံနှင့် ဂျဟန္နမ်ငရဲဘုံ)၂ခုတို့၏ စပ်ကြားတွင် အကွယ်အကာတခုသည် တည်ရှိအံ့။ [၂] ထိုမှတပါး: (အဆိုရာဖ်) အမြင့်၌လည်း လူများစွာရှိကြမည်။ ထိုသူများသည် (ဂျန္နတ်အမတ သုခဘုံသား‌တို့နှင့် ဂျဟန္နမ်ဘုံသား) အားလုံးတို့ကို ၎င်းတို့၏အမှတ်အသားဖြင့် မှတ်မိကြလိမ့်မည်။ ၎င်းပြင် ထိုလူများသည် ဂျန္နတ်အမတသုခဘုံသား‌တို့အား (စလာမွန်အလိုင်ကွန်မ်) ချမ်းမြေ့သာယာခြင်းသည် သင်တို့အပေါ်၌ ရှိပါစေသားဟု ဟစ်အော် (ပြောဆို)ကြလိမ့်မည်။ ၎င်းတို့သည် ဂျန္နတ်အမတသုခဘုံသို့ မဝင်ရောက်ကြရသေးသော်ငြားလည်း(ဝင်ရောက်ကြရလိမ့်မည်ဟု) မျှော်လင့်တောင့်တလျက် ရှိကြလိမ့်မည်။

---

(၂) မုအ်မင်နဲတို့အား အလ္လာဟ်အရှင်မြတ် ထားရှိတော်မူသော ကတိကား အီမာန်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်သူများအား ဂျန္နတ်ပေးတော်မူသော ကတိပင်ဖြစ်သည်။ ကာဖိရ်တို့အား အလ္လာဟ်အရှင်မြတ် ထားရှိတော်မူသော ကတိကား "ကာဖိရ်" သွေဖည်ငြင်းဆန် မနာခံသောသူများအား ဂျဟန္နမ်သို့ လားစေမည်ဟူသော ကတိပင်ဖြစ်သည်။ ကြည့်–ထာနဝီ၊ အ–၄။ ၈–၁၆။

(၃) ဤမုကဒ္ဒပါဒ်တော်တွင် "ဟစ်အော်သူ" ဟူသည်ကား မည်သူနည်း။

"ဟစ်အော်သူ" ကား: ကောင်းကင်တမန်များအနက် ကောင်းကင်တမန်တပါး: ဖြစ်သည်ဟူ၏။ ။ကုရ်တုဗီ။

(၄) အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ အကွေ့အကောက်ကို ရှာဖွေခြင်းဟူသည် မှန်ကန်သော သာသနာနှင့် စပ်လျဉ်း၍ တင်ပြသောသက်သေသာဓကများတွင် ဒွိဟသံသယများ ထည့်သွင်းပေးခြင်းကိုဆိုလိုသည်။ ကဗီရ်။

(၂) ထိုအုပ်စု ၂ ခု(၀ါ)ဂျန္နတ်သားများနှင့် ငရဲသားများ၏ စပ်ကြားတွင် အကာအကွယ်တခု (၀ါ) နံရံတခုရှိသည်။ ထိုနံရံ၏အကြောင်း: ကုရ်အာန်ကျမ်းမြတ် (၅၇း၁၃)တွင်ပါရှိ၏။ ထိုနံရံရှိနေခြင်းအားဖြင့် ➤➤

وَإِذَا صُرِفَتْ أَبْصَارُهُمْ تِلْقَآءَ أَصْحَٰبِ ٱلنَّارِ قَالُوا۟ رَبَّنَا لَا تَجْعَلْنَا مَعَ ٱلْقَوْمِ ٱلظَّٰلِمِينَ ﴿٤٧﴾

၄၇။ တဖန် ၎င်းတို့၏ မျက်စိများကို ဂျဟန္နမ်ငရဲသားတို့ဘက်သို့ လှည့်လိုက်သောအခါ ထိုသူများက "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤမတရားကျူးလွန်သော သူတို့နှင့်အတူ ထားတော်မမူပါနှင့်" ဟု လျှောက်ထား ပန်ကြားကြလိမ့်မည်။ [၁]

وَنَادَىٰٓ أَصْحَٰبُ ٱلْأَعْرَافِ رِجَالًا يَعْرِفُونَهُم بِسِيمَٰهُمْ قَالُوا۟ مَآ أَغْنَىٰ عَنكُمْ جَمْعُكُمْ وَمَا كُنتُمْ تَسْتَكْبِرُونَ ﴿٤٨﴾

၄၈။ ၎င်းပြင် "အအ်ရာဖ်" ၌ ရှိသူတို့က အကြင် (များပြားစွာသော) သူတို့ကို ဟစ်ခေါ်ကြကုန်အံ့။ ၎င်းတို့သည် ထိုသူတို့အား ထိုသူတို့၏အမှတ်အသားဖြင့် မှတ်မိကြကုန်အံ့။ (ထို့နောက်) ၎င်း(အမြင့်၌ရှိသူ)တို့က (ဤသို့)ပြောဆိုကြလတ္တံ့။ "အသင်တို့၏ အသင်းအဖွဲ့. လူစုများပြားခြင်းသည်လည်းကောင်း၊ အသင်တို့ မာန်မာနထောင်လွှားခြင်းသည်လည်းကောင်း အသင်တို့အဖို့ အသုံးမဝင်ခဲ့ချေပြီတကား။ [၂]

➤➤ ဂျန္နတ်၏သုခချမ်းသာမှုများသည် ငရဲသို့ မရောက်နိုင်ပေ။ ငရဲ၏ဒုက္ခဆင်းရဲမှုများသည်လည်း ဂျန္နတ်သို့ မရောက်နိုင်ပေ။

ဂျန္နတ်နှင့် ဂျဟန္နမ်ငရဲ၏စပ်ကြားတွင် ယင်းကဲ့သို့ နံရံရှိနေပါလျက် ဂျန္နတ်သားများနှင့် ဂျဟန္နမ်ငရဲသားများသည် အချင်းချင်း အသို့လျှင် စကားပြောနိုင်ကြအံ့နည်းဟု စဉ်းစားဖွယ်ရာရှိသည်။ လင်းဦးအံ၊ အမှန်မှာ ကုရ်အာန်ကျမ်းမြတ် (၅၇း၁၃)တွင် ပါရှိသည့်အတိုင်း ထိုနံရံတွင် တံခါးပေါက်တခုရှိသည်။ ထိုတံခါးပေါက်မှ စကားပြောဆိုခြင်း ဖြစ်ပေမည်။ သို့တည်းမဟုတ် (နံရံရှိနေပါလျက်)အသံသည် တဘက်မှ တဘက်သို့ ရောက်ရှိသွားသည်လည်း ဖြစ်ပေမည်။ ကြည့်-ထာနဝီ။ အ-၄၊ စ-၁၆-၁၇။

① (က) "အအ်ရာဖ်" တွင်ရှိသော ပုဂ္ဂိုလ်များသည် မိမိတို့အား အလွှာဟ်အရှင်မြတ်သည် ငရဲသားများနှင့် အတူတကွ ထားတော်မူမည် မဟုတ်ကြောင်းကို သိကြပေသည်။ သို့ပါလျက် ဤသို့ လျှောက်ထား ပန်ကြားခြင်းမှာ နှိမ့်ချကြို့ငဲ့ခြင်းသာ ဖြစ်သည်။

(ခ) အအ်ရာဖ်ရှိ ပုဂ္ဂိုလ်များသည် ဂျန္နတ်နှင့် ဂျဟန္နမ်၏စပ်ကြားတွင် ရှိနေကြသည့်အတွက်ကြောင့် ၎င်းတို့၏အခြေအနေသည်လည်း မျှော်လင့်ခြင်းနှင့် ကြောက်ရွံ့ခြင်း၏ စပ်ကြားတွင်ပင် ဖြစ်ရှိနေပေမည်။ ၎င်းတို့သည် ဂျန္နတ်သားများအား တွေ့မြင်ကြသောအခါ (ဂျန္နတ်တွင်းသို့ဝင်ရန်) မျှော်လင့်ကြပေမည်၊ ဂျဟန္နမ်သားများအား တွေ့မြင်ကြသောအခါ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ပြီး ကျွန်တော်မျိုးတို့အား ငရဲသားများနှင့်အတူ ထားတော်မမူပါရန် ပန်ကြားလျှောက်ထားကြပေမည်။

أَهَٰٓؤُلَآءِ ٱلَّذِينَ أَقۡسَمۡتُمۡ لَا يَنَالُهُمُ ٱللَّهُ بِرَحۡمَةٍۖ ٱدۡخُلُواْ ٱلۡجَنَّةَ لَا خَوۡفٌ عَلَيۡكُمۡ وَلَآ أَنتُمۡ تَحۡزَنُونَ ٤٩

၄၉။ (ၿငိုးပြင် အအိရာဖ်၌ရှိသူများက ဆက်လက်၍ပြောကြားကြဦးအံ့) ဤသူများကား အကြင်သူများပင်လော။ အသင်တို့သည် (ထိုသူတို့နှင့် ပတ်သက်၍) "အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အပေါ် ကရုဏာပြုတော်မူလိမ့်မည်မဟုတ်ဟု ကျိန်တွယ်၍ ပြောဆိုခဲ့ကြလေသည်။ [၁] (သို့ရာတွင်မူကား၊ ၎င်းတို့နှင့် စပ်လျဉ်း၍) အသင်တို့သည် ဂျန္နတ် အမတသုခဘုံသို့ ဝင်ရောက်ကြလေကုန်။ (ထိုဂျန္နတ် အမတသုခဘုံတွင်) အသင်တို့အပေါ်၌ မည်သည့်စိုးရိမ်မှုမျှလည်း ရှိလိမ့်မည်မဟုတ်ပေ၊ ၎င်းပြင် အသင်တို့သည် ပူဆွေးကြရမည်လည်း မဟုတ်ချေ။ (ဟူသော အမိန့်တော်သည် ကျရောက်ခဲ့ချေပြီတကား။)

---

(၂) ကုရ်အာန်ကျမ်းမြတ် (၇း၄၆)တွင် ဖော်ပြပါရှိသည့်အတိုင်း အအိရာဖ်ရှိ ပုဂ္ဂိုလ်များသည် ဂျန္နတ်၌ခံစားနေကြရသော ပုဂ္ဂိုလ်များအား မေတ္တာပို့စကား ပြောကြားကြသကဲ့သို့ ဂျဟန္နမ်၌ ခံစားနေကြရသော ပုဂ္ဂိုလ်များနှင့်လည်း စကားပြောဆိုကြ ဖြစ်သည်။

ကာဖိရ်များသည် ပစ္စုပ္ပန်ဘဝတွင် မိမိတို့၏ အင်အားများပြားမှု၊ အသင်းအဖွဲ့ ကြီးမားမှုကို အကြောင်းပြု၍ နဗီတမန်တော်များ၏ အမိန့်ဩဝါဒများကို နာခံခြင်းမပြင် မောက်မာပလွား ဝါကြွားခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့အသင်းအဖွဲ့ ကြီးမားမှုနှင့် ၎င်း၏မောက်မာပလွား ဝါကြွားမှုတို့သည် ကိယာမက်နေ့တွင်ကား ၎င်းတို့အဖို့ စိုးစဉ်မျှ အသုံးဝင်မည် မဟုတ်ပေ။ ထိုထိုသော ကာဖိရ်များသည် ဂျဟန္နမ်ငရဲသို့ လားကြပေမည်။ ငရဲတွင်းသို့ လားကြသည့်အခါ ၎င်းတို့အား၊ အအိရာဖ်ရှိ ပုဂ္ဂိုလ်များက ဤမှကွပါဋ်တော်တွင် ပါရှိသည့်အတိုင်း ပြောဆိုကြမည်ဖြစ်သည်။ ကြည့်-ထာနဝီ။ အ-၄၊ စ-၁၇။

(၁) အထက်တွင် ရေးသားခဲ့သည့်အတိုင်း ကာဖိရ်များသည် မိမိတို့၏ အင်အားကြီးမားမှု၊ အသင်းအဖွဲ့ များပြားမှုများကို အကြောင်းပြု၍ မောက်မာ ပလွား ဝါကြွားခဲ့ကြ၏။ ယင်းသို့ မောက်မာပလွား ဝါကြွားခဲ့ကြသည့် အတွက်ကြောင့်ပင် ထိုကာဖိရ်များသည် အချို့ ဥစ္စာဓနမရှိ၊ ဆင်းရဲနွမ်းပါးခဲ့ကြသော မုအ်မင်န်တို့အား အထင်အမြင် သေးခဲ့ကြ၏။ ထိုကာဖိရ်များက "အလ္လာဟ် အရှင်မြတ်သည် ထို မုအ်မင်န်များအား ကရုဏာပြုတော်မူလိမ့်မည် မဟုတ်ဟု ကျိန်ဆို၍ပင် ပြောဆိုခဲ့ကြသေး၏။ ကြည့်-ကုရ်အာန်(၆း၅၃) ကာဖိရ်များက ငါတို့သည် ဥစ္စာဓန ပေါကြွယ်ဝ၏။ သားသမီး များလည်း ပေါများ၏၊ ငါတို့သည် အပြစ်ဒဏ် ခံကြ ရမည် မဟုတ်ဟုလည်း ပြောဆိုခဲ့ကြ၏။ ကုရ်အာန် (၃၄ : ၃၅)။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော် အဟုန်ဖြင့် လူလောကတွင် ကာဖိရ်တို့၏ အထင်သေး အမြင်သေး ခံခဲ့ကြရသော မုအ်မင်န် သူဆင်းရဲတို့သည် ဂျန္နတ်တွင် ကြောက်ရွံ့မှု၊ ပူဆွေးမှုကင်းစွာဖြင့် ခံစားလျက် ရှိကြပေသည်။ မောက်မာပလွား ဝါကြွားခဲ့ကြသော ကာဖိရ်တို့ကား ဂျဟန္နမ်တွင်ခံစားလျက်ရှိကြပေမည်။ ထိုအခြင်းအရာကို အအိရာဖ်ရှိပုဂ္ဂိုလ်များ ဒီဠမမှ ➤➤

وَنَادَىٰٓ أَصْحَٰبُ ٱلنَّارِ أَصْحَٰبَ ٱلْجَنَّةِ أَنْ أَفِيضُوا۟ عَلَيْنَا مِنَ ٱلْمَآءِ أَوْ مِمَّا رَزَقَكُمُ ٱللَّهُ ۖ قَالُوٓا۟ إِنَّ ٱللَّهَ حَرَّمَهُمَا عَلَى ٱلْكَٰفِرِينَ ﴿٥٠﴾

၅၀။ ငင်းပြင် ငရဲသားတို့သည် ဂျန္နတ် အမတသုခဘုံသားတို့အား "အသင်တို့သည် ကျွန်ုပ်တို့အပေါ် ရေအနည်းငယ်မျှကိုသော်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်က အသင်တို့အား ချီးမြှင့် ပေးသနား တော်မူသောစားသောက်ဖွယ် အချို့ကိုသော်လည်း ကောင်း၊ ပေးသနားကြပါ" ဟု ဟစ်အော်တောင်းခံကြ လတ္တံ့။ ထိုအခါ ယင်း(ဂျန္နတ် အမတသုခဘုံသား) တို့က "ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ထို (ရေနှင့်စားသောက်ဖွယ်) နှစ်ခုလုံးကိုပင် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သူတို့အပေါ် "ဟရာမ်" ဟူ၍တားမြစ်ထားတော်မူသည်ဟု ဖြေကြားကြကုန်အံ့။

ٱلَّذِينَ ٱتَّخَذُوا۟ دِينَهُمْ لَهْوًا وَلَعِبًا وَغَرَّتْهُمُ ٱلْحَيَوٰةُ ٱلدُّنْيَا ۚ فَٱلْيَوْمَ نَنسَىٰهُمْ كَمَا نَسُوا۟ لِقَآءَ يَوْمِهِمْ هَٰذَا وَمَا كَانُوا۟ بِـَٔايَٰتِنَا يَجْحَدُونَ ﴿٥١﴾

၅၁။ အကြင် (ကာဖိရ် မယုံမကြည် သွေဖည်ငြင်း ပယ်)သူတို့သည် မိမိတို့ ယုံကြည်လိုက်နာကြရမည် ဖြစ်သော) "ဒီန်" သာသနာတော်ကို ပျော်ရွှင်ဘွယ်ရာ နှင့် ကစားစရာများ ပြုလုပ်ခဲ့ကြကုန်၏။ ငင်းပြင် ပစ္စုပ္ပန် လောကီဘဝ၌ အသက်ရှင်ခြင်းသည် ထို သူအား ဖြားယောင်းခဲ့လေသည်။

သို့ဖြစ်ပေရာယနေ့မူကား ထိုသူတို့သည် ဤ (ကိယာမတ် ခေါ် ရှင်ပြန်ထရမည့်)နေ့နှင့် ကြုံကြိုက် သည်ကို မေ့ပျောက်ခဲ့ကြဘိသကဲ့သို့လည်းကောင်း၊ ငါအရှင်မြတ်၏ ဒေသနာတော်များကို ငြင်းပယ်ခဲ့ ကြဘိသကဲ့သို့ ③ လည်းကောင်း၊ ငါအရှင်မြတ်သည် လည်း ထိုသူတို့အား မေ့ပစ်ထားတော်မူအံ့။ ﴾

➤➤ တွေ့မြင်ကြသောအခါ ဤပုက္ခပါဠိတော်တွင် ပါရှိသည့်အတိုင်း ကာဖိရ်တို့အား ပြောဆို မေးမြန်းကြမည်ဖြစ်သည်။ ကြည့်-ထာနဝီ၊ အ-၄။ စ-၁၇။

③ "ဂျဟူဒ်" ဟူသည် ရိုးရိုး ငြင်းပယ်ခြင်း၊ အထင်မှား၊ အမြင်မှား၊ အတွေးမှား၍ ငြင်းပယ်ခြင်းမဟုတ် စိတ်တွင်းမှ အမှန်တရားကို သိပြီး ဖြစ်ပါလျက် ဇွတ်တရွတ် ငြင်းပယ်ခြင်းကိုသာ ဆိုသည်။

وَلَقَدْ جِئْنٰهُمْ بِكِتٰبٍ فَصَّلْنٰهُ عَلٰى عِلْمٍ هُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ﴿٥٢﴾

၅၂။ ဧကန်အမှန် ငါအရှင်မြတ်သည် ထိုသူတို့ထံ (အကြင်ကုရ်အာန်)ကျမ်းဂန် ဓမ္မကွန်ကို [၁] ပို့တော်မူခဲ့လေသည်။ ငါအရှင်မြတ်သည် ထိုကျမ်းဂန်ကို (မိမိ) သဗ္ဗညုတဉာဏ်တော်ဖြင့် ရှင်းလင်း ဖော်ပြတော်မူခဲ့သည်။ (ထိုကျမ်းဂန်သည်) အီမာန်သက်ဝင်ယုံကြည်သော မုအ်မင်န်များအဖို့ တရားလမ်းညွှန်လည်းဖြစ်သည်။ ကရုဏာတော်လည်း ဖြစ်သည်။

هَلْ يَنْظُرُوْنَ اِلَّا تَاْوِيْلَهٗ ؕ يَوْمَ يَاْتِيْ تَاْوِيْلُهٗ يَقُوْلُ الَّذِيْنَ نَسُوْهُ مِنْ قَبْلُ قَدْ جَآءَتْ رُسُلُ رَبِّنَا بِالْحَقِّ ۚ فَهَلْ لَّنَا مِنْ شُفَعَآءَ فَيَشْفَعُوْا

၅၃။ ၎င်းတို့သည် ထို(ကုရ်အာန်)ကျမ်း(လာ အမိန့်တော်)၏ နောက်ဆုံးအကျိုးကိုသာလျှင် စောင့်မျှော်လျက်ရှိကြကုန်သည်။ [၂] ထို(ကုရ်အာန်)ကျမ်း (လာ အမိန့်တော်)၏နောက်ဆုံးအကျိုး ရောက်ရှိလာသော နေ့တွင် ထိုနေ့ကို ယခင်ကမေ့လျော့၍နေသောသူတို့က "ဧကန်စင်စစ် ကျွန်ုပ်တို့အရှင်မြတ်၏ရဿူလ်တမန်တော်တို့သည် အမှန်ကိုသာ ယူဆောင်ခဲ့ကြလေသည်။

---

[၁] ထိုကာဖိရ်များကား အခြားမဟုတ် ၎င်းတို့သည် လိုက်နာကျင့်သုံးရမည်ဖြစ်သော "ဒီန်" သာသနာကိုပင် ပျော်ရွှင်စရာ ကစားစရာ ပြုလုပ်ထားခဲ့ကြ၏။ လောကီစည်းစိမ်များတွင် နစ်မွန်းပြီး နောင်တမလွန်ဘဝကို မေ့ထားခဲ့ကြ၏။ ငါ၏ ဒေသနာတော်များကို ငြင်းပယ်ခဲ့ကြ၏။ ထိုကာဖိရ်များသည် လောကီစည်းစိမ်များတွင် နစ်မွန်းပြီး နောင်တမလွန်ဘဝကို မေ့နေခဲ့ကြသကဲ့သို့ ယနေ့ ငါအရှင်မြတ်သည်လည်း ထိုကာဖိရ်များကို မေ့ပစ်ထားတော်မူမည်ဖြစ်သည်။ ထိုကာဖိရ်များသည် ငါ၏ ဒေသနာတော်များကို ငြင်းပယ်ခဲ့ကြကဲ့သို့ ယနေ့ ငါအရှင်မြတ်သည်လည်း ထိုကာဖိရ်များ၏ အသနားခံချက်များကို ငြင်းပယ်တော်မူမည်ဖြစ်သည်။

[၂] ဤမုကွေပါဠိတော်တွင် ပါရှိသော ကျမ်းဂန်ဟူသည် ကုရ်အာန်ကျမ်းကို ဆိုလိုသည်။ ယင်းကျမ်းမြတ်သည် သဗ္ဗညုတဉာဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်သည် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်ဖြစ်သည်။ ယင်းကျမ်းမြတ်သည် ကမ္ဘာအဝှန်းအဖို့ဖြစ်သည်။ ယင်းကျမ်းမြတ်တွင် လိုအပ်သမျှသော အချက်အလက်များ အသိပညာများ လိုလေသေးမရှိ အတိအကျ အပြည့်အဝပါရှိ၏။ သို့ပါလျက် သွေဖည်ငြင်းဆန် မနာခံကြသော ကာဖိရ်များသည် ထိုကျမ်းမြတ်ဖြင့်အကျိုးမခံစားကြပေ။ မိမိတို့၏နောင်ရေးကိုလည်း မတွေးကြပေ။ အီမာန်သက်ဝင်ယုံကြည်သော မုအ်မင်န်များသာလျှင် ထိုကျမ်းမြတ်လာ ဒေသနာတော်များကို ဦးထိပ်ရွက် ပန်ဆင်ကြ၏။ "ထိုကျမ်းမြတ်ဖြင့် အကျိုးအမျိုးမျိုးကိုလည်း ခံစားကြ၏။ ထို့အတွက်ကြောင့်ပင် ဤမုကွေပါဠိတော်တွင် ထိုကျမ်းမြတ်သည် မုအ်မင်န်များအဖို့ တရားလမ်းညွှန်လည်း ဖြစ်သည်။ ကရုဏာတော်လည်း မည်သည်" ဟူ၍ မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

لَنَآ أَوۡ نُرَدُّ فَنَعۡمَلَ غَيۡرَ ٱلَّذِي كُنَّا نَعۡمَلُۚ قَدۡ خَسِرُوٓاْ أَنفُسَهُمۡ وَضَلَّ عَنۡهُم مَّا كَانُواْ يَفۡتَرُونَ ٥٣

သို့ဖြစ်ပေရာ (ယခုသော်)ကျွန်ုပ်တို့အဖို့ ကြားဝင်တောင်းပန်မည့်သူ ရှိပါဦးမည်လော။ သို့ရှိပါလျှင် ထိုသူတို့သည် ကျွန်ုပ်တို့အဖို့ ကြားဝင်တောင်းပန်၍ ပေးကြအံ့။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် (ကမ္ဘာလောကသို့) ပြန်လွှတ်ခြင်းကို ခံကြရပါဦးမည်လော။ သို့ပြန်လွှတ်ခြင်းကို ခံကြရပါလျှင် ကျွန်ုပ်တို့သည် မိမိတို့ပြုလုပ်ခဲ့ကြသည့်အရာ (မကောင်းမှု)တို့နှင့် ဆန့်ကျင်၍ (ကောင်းမှုများကိုသာ)ပြုလုပ်ကြကုန်အံ့" ဟု (ညည်းညူ) ပြောဆိုကြလတ္တံ့။ [၁]

ထိုသူတို့သည် ဧကန်မလွဲ မိမိတို့ကိုယ်ကို နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့ချေပြီ။ ၎င်းပြင် ထိုသူတို့ကြံဖန်လိမ်ဆယ်၍ ပြောဆိုခဲ့ကြသည်များလည်း ထိုသူတို့ထံမှ ပျောက်ကွယ်သွားကြချေပြီတကား။

إِنَّ رَبَّكُمُ ٱللَّهُ ٱلَّذِي خَلَقَ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَ فِي سِتَّةِ أَيَّامٖ ثُمَّ ٱسۡتَوَىٰ عَلَى ٱلۡعَرۡشِۖ يُغۡشِي ٱلَّيۡلَ ٱلنَّهَارَ

၅၄။ ဧကန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ကား ထိုအလွန်ဘဟ် အရှင်မြတ်ပင်တည်း။ [၂] ထိုအလွန်ဘဟ်အရှင်မြတ် သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ခြောက်ရက်တွင် [၃] (ပြီးစီးအောင်) ဖန်ဆင်းတော်မူခဲ့၏။

---

(၂) သဗ္ဗညုတဉာဏ်တော်ရှင် အလ္လာဟ်အရှင်မြတ်သခင်ထံတော်မှ ကုရ်အာန်ကျမ်းမြတ်ကဲ့သို့သော ပြည့်ဝစုံလင်ထင်ရှားပေါ်လွင်သော ကျမ်းမြတ်လည်း အသင့်ရှိချေပြီ။ အမှန်တရားလည်း ထင်ရှားပြီးဖြစ်၏။ သက်သေသာဓက အထောက်အထား အကိုးအကားများလည်း အပြည့်အစုံ ရှိပြီးဖြစ်၏။ သို့ပါလျက် ကာဖိရ်များသည် ဇွတ်မှိတ်၍ပင် ငြင်းဆန်လျက်ရှိသည်မှာ ၎င်းတို့သည် အခြားတစုံတရာကို စောင့်မျှော်နေကြသည် မဟုတ်။ ကုရ်အာန်ကျမ်းမြတ်တွင် ကာဖိရ်များနှင့်ထားရှိသော ကတိ၏နောက်ဆုံး အကျိုးတရားတည်းဟူသော အပြစ်ဒဏ်ကိုသာ စောင့်မျှော်နေကြခြင်း ဖြစ်သည်။

(၃) ကုရ်အာန်ကျမ်းမြတ်တွင် ဖော်ပြပါရှိသည့်အတိုင်း နောက်ဆုံးအကျိုးတရား ထွက်ပေါ်လာမည့်နေ့ (၀၊) ကိယာမတ်နေ့တွင် ကာဖိရ်များသည် မိမိတို့၏ မှားယွင်းမှုများကို မျက်၀ါးထင်ထင် တွေ့မြင်ကြရသောအခါ ဤမုက္ခပါဠိတော်တွင် ပါရှိသည့်အတိုင်း ဝန်ခံကြမည်။ ကယ်တင်မည့်သူကို ရှာကြမည်။ မကောင်းမှုများ ➤➤

➢➢ အစား ကောင်းမှုများကို ပြုလုပ်နိုင်ရန်အတွက် လူ့လောကသို့ တဖန်ပြန်လိုကြမည်။ သို့ရာတွင် ၎င်းတို့၏ ဝန်ခံမှုသည် အကျိုးဖြစ်ထွန်းစေမည် မဟုတ်။ ၎င်းတို့အား ကယ်တင်မည့်သူဟူ၍လည်း တဦးတယောက်မျှ ရှိမည်မဟုတ်။ လူ့လောကသို့ ပြန်လာခွင့်လည်း ရရှိကြမည်မဟုတ်ပေ။ အမှန်မှာ ထိုကာဖိရ်များသည် မိမိတို့ကိုယ်ကို မိမိတို့ပင် နစ်နာဆုံးရှုံးအောင် ပြုလုပ်ကြသူများ ဖြစ်ကြပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၆း၂၇-၃၀)တွင်၎င်း၊ (၂၆း၁၀၂)တွင်၎င်း မိန့်ဆိုထားတော်မူသည်။

ⓙ ထုထည်ကြီးမားလှသော မိုးများနှင့်မြေများသည် ကိုးကွယ်ရာများ မဟုတ်ပေ။ ထိုမိုးမြေများနှင့် ကမ္ဘာအဝှန်းကို ဖန်ဆင်းမွေးမြူသော အလွှာဟ်အရှင်မြတ်သည်သာလျှင် တပါးတည်းသော ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အရှင်မြတ် ဖြစ်တော်မူသည်။ ထိုမိုးများနှင့် မြေများသည် ကိုးကွယ်ရာဖြစ်ရန်ဝေးစွ၊ ၎င်းတို့တွင် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် ဖြစ်ပေါ်စေနိုင်သည့် အစွမ်းသတ္တိပင် မရှိပေ။အမှန်မှာ ထိုမိုးများနှင့် မြေများသည် အလွှာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော အခြားအခြားသော အဖန်ဆင်းခံ အရာများကဲ့သို့ အဖန်ဆင်းခံ အရာများသာလျှင် ဖြစ်ပေသည်။ ကြည့်-မာဂျိဒီ၊ အ-၂။ စ-၃၃၆။ အအ-၇၅။

ⓚ အလွှာဟ်အရှင်မြတ်သည် မိုးများနှင့်မြေကို ခြောက်ရက်တွင် ဖန်ဆင်းတော်မူသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် ခုနစ်နေရာ၌ တွေ့ရှိရပေသည်။ ကြည့်-ကုရ်အာရ် (၇း၅၄၊ ၁၀း၃၊ ၁၁း၇၊ ၂၅း၅၉၊ ၃၂း၄၊ ၅၀း၃၈၊ ၅၇း၄)

> "ခြောက်ရက်" ဟူသည် ခြောက်ရက်မျှ အချိန်ပိုင်းကို ဆိုလိုသည်။ ဤအသုံးအနှုန်းသည် ကုရ်အာရ် (၁၉း၆၂) တွင် "ထိုဂျန္နတ်၌ ဂျန္နတ်သားများအဖို့ နံနက်ချိန်နှင့် ညနေချမ်းအချိန်များတွင် စားဖွယ်သောက်ဖွယ်များ ရှိသည်။" ဟူသော မုက္ခပါဠိတော်တွင် "နံနက်" "ညနေချမ်း" ဟူသောအသုံးအနှုံးကဲ့သို့ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "ယောင်မ်" (နေ့)ဟူသည် နေထွက်ချိန်မှ နေဝင်ချိန်ထိ အချိန်ပိုင်းကို ခေါ်ဆိုသည်။ ဤသည်ကျော်ကြားသော အဓိပ္ပါယ်ပင်ဖြစ်သည်။ သို့ရာတွင် ဤမုက္ခပါဠိတော်ရည်ညွှန်းသော ခေတ်တွင်ကား နေ၊လများပင် မရှိသေးချေ။ဤသည်"ရုဟ်" ကျမ်းလာစကားတည်း။
>
> (ထာနဝီ) အ-၄၊ စ-၁၉။

"ယောင်မ်" ဟူသည် ၂၄ နာရီ= ၁ ရက်ကို ဆိုလိုသည်မဟုတ်။ ယင်းသို့ဆိုရန်လည်း မဖြစ်နိုင်၊ အဘယ်ကြောင့်ဆိုသော် ၂၄ နာရီ= ၁ ရက် ဟူသည် ကမ္ဘာမြေကြီး၏ သွားလာလှုပ်ရှားမှု သို့မဟုတ် နေ၏ သွားလာလှုပ်ရှားမှု အကျိုး၊ ထိုသွားလာလှုပ်ရှားမှုကို အကြောင်းပြု၍ သတ်မှတ် ပိုင်ခြားထားသော အချိန်ပိုင်းသာ ဖြစ်သည်။ ယခု ဤမုက္ခပါဠိတော်တွင် မိန့်ဆိုထားတော်မူသော အကြောင်းအရာကား အကြင်ခေတ်၏ အကြောင်းအရာ ဖြစ်သည်။ ထိုခေတ်တွင် မိုး၊ မြေ၊ နေ၊ လများပင် မရှိသေးချေ။ သို့ဖြစ်ပေရာ မိုး၊ မြေ၊ နေ၊ လများ မရှိမီခေတ်နှင့် ပတ်သက်၍ သုံးနှုန်းထားသော "ယောင်မ်" ဟူသော အချိန်ပိုင်းကို ယခုခေတ် ၂၄ နာရီ တရက်ဟူ၍ ယူဆခြင်းသည် အသိုလျှင် ဖြစ်နိုင်အုံးနည်း။ အလျင်းမဖြစ်နိုင်ပေ။

ထို့ပြင်တဝ အရဗီဘာသာစာပေတွင် "ယောင်မ်" ဟူသည် (နေထွက်သည့်အချိန်မှ နေဝင်သည့် အချိန်အထိ) ၁ ရက်ဟူသော အချိန်ပိုင်းကိုလည်း ဆို၏။ အချိန်ပိုင်းတိုင်းကိုလည်း ဆို၏။

ဤမုက္ခပါဠိတော်တွင် "ယောင်မ်" ဟူသည် အချိန်ပိုင်းတိုင်းကို ဆိုလိုသည်။ "ခြောက်ရက်တွင်" ဟူသည်ကား ခေတ်ခြောက်ခေတ် အသီးသီးတွင်ဟူ၍သော် လည်းကောင်း ဖြစ်ပေါ်လာခြင်း၏ အဆင့် ခြောက်ဆင့်ဖြင့် ဟူ၍သော်လည်းကောင်း ဖြစ်၏။ မာဂျိဒီ။

يَطْلُبُهُۥ حَثِيثًا وَالشَّمْسَ وَالْقَمَرَ وَالنُّجُومَ مُسَخَّرَٰتٍۭ بِأَمْرِهِۦٓ ۗ أَلَا لَهُ الْخَلْقُ وَالْأَمْرُ ۗ تَبَارَكَ اللَّهُ رَبُّ الْعَٰلَمِينَ ﴿٥٤﴾

ထိုနောက် ထိုအရှင်မြတ်သည် အရှိရှိပလ္လင်တော်ထက်၌စံမြန်းတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် နေ့ကို ညဉ့်ဖြင့် ဖုံးအုပ်တော်မူလေသည်။ ① ထိုညဉ့်သည် ၎င်းနေ့၏နောက်မှ လျင်မြန်စွာရောက်ရှိလာလေသည်။ ၎င်းပြင် (ထိုအရှင်မြတ်သည်ပင်လျှင်) နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ ကြယ်နက္ခတ်တို့ကိုလည်းကောင်း၊ မိမိ ဩဇာခံများအဖြစ် (ဖန်ဆင်းတော်မူခဲ့လေသည်။)

ဖန်ဆင်းမှုသည်လည်းကောင်း အမိန့်အာဏာတော်သည်လည်းကောင်း၊ ထိုအရှင်မြတ်၌သာလျှင်ရှိသည်ကို ကောင်းစွာမှတ်ယူကြလေကုန်။ စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလွန်ဟန်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူချေသတည်း။ ②

---

① ဆိုလိုသည်ကား အလွန်ဟန်အရှင်မြတ်သည် ညဉ့်၏အမှောင်ကို နေ့၏ အလင်းရောင်ဖြင့်သော်၎င်း၊ နေ့၏အလင်းရောင်ကို ညဉ့်၏အမှောင်ဖြင့်သော်၎င်း ဖုံးအုပ်တော်မူသည်ဟူ၏။ ဤသို့အားဖြင့် နေ့နှင့်ညဉ့်သည် တနေ့ကိုတခု အစဉ်မပြတ် မှီတွယ်လိုက်ကပ်လျက် ဆောလျင်စွာ သွားလာလျက်ရှိပေသည်။ နေ့ကုန်လျှင် ညဉ့်ဆိုက်ရောက်လာ၏။ ညဉ့်ကုန်လျှင် နေ့ဆိုက်ရောက်လာ၏။ စပ်ကြားတွင် တမိနစ်ခန့် မျှပင် ရပ်နားခွင့်မရှိပေ။

နေ့နှင့်ညဉ့်၏ သွားလာမှုကို အကြောင်းပြု၍ လူသားတို့အား သတိပေးထားတော်မူဟန် တူသည်မှာ သွေဖည် ငြင်းဆန်မနာခံမှု၊ လမ်းမှားမှု၊ ညှဉ်းပန်းနှိပ်စက်မှု ၊မတရား ကျူးကျော်စော်ကားမှု တည်းဟူသော ညဉ့်မှောင်ကြီးသည် ကမ္ဘာအဝှမ်းကို ဖုံးလွှမ်းလာသည့်အခါ အလွန်ဟန်အရှင်မြတ်သည် "အီမာန်" တည်းဟူသောနေဖြင့် ကမ္ဘာအဝှမ်းတွင် လင်းဝင်းစေတော်မူသည်။ နေ၏လင်းရောင်သည် ကမ္ဘာအဝှမ်းသို့ မပြန့်နှံ့ သေးမီ အဟောအတွင်း "နဗူဝယ်" တည်းဟူသော လစန္ဒာ၊ ကြယ်တာရာတို့ဖြင့် ညဉ့်၏ အမှောင်တွင် လင်းရောင်ပေး၍ လမ်းညွှန်ပြတော်မူသည်ဟူလို။

"ဟဆ္ဆ" ဟူသော ပုဒ်သည် လျင်မြန်စွာ ပြုလုပ်ခြင်း အနက်ပေးသည်။(မာဂျိဒီ)

ထိုညဉ့်သည် ထိုနေ့ကို ပျက်ကွက်မှုမရှိဘဲ အမြဲတစေ မှီတွယ်လိုက်ကပ်လျက်ရှိသည်ဟူ၏။ (ကုရ်တုဗီ)

ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်။ (၃၆း ၃၇-၄၀)ကို ဆက်လက်၍ ရှုပါကုန်။

အလွန်ဟ် အရှင်မြတ်၏ အမိန့်တော် မပါဘဲလျက် မည်သည့် ကြိုလ်မျှ လှုပ်ရှား သွားလာနိုင်သည် မဟုတ်ချေ။ ကြိုလ်အားလုံးတို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့်သာ သွားလာ လှုပ်ရှားလျက်ရှိပေသည်။

ٱدْعُوا۟ رَبَّكُمْ تَضَرُّعًا وَخُفْيَةً ۚ إِنَّهُۥ لَا يُحِبُّ ٱلْمُعْتَدِينَ ﴿٥٥﴾

၅၅။ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ နိဝါတတရားထားရှိ၍ တိုးတိုးစွာ ဆုတောင်းပတ္ထနာပြုကြလေကုန်၊[၁] ဧကန်စင်စစ် ထိုအရှင်မြတ်သည် စည်းကမ်းကျူးလွန်ဖောက်ဖျက်သူတို့အား နှစ်မြို့တော်မူသည် မဟုတ်ချေ။

وَلَا تُفْسِدُوا۟ فِى ٱلْأَرْضِ بَعْدَ إِصْلَٰحِهَا وَٱدْعُوهُ خَوْفًا وَطَمَعًا ۚ إِنَّ رَحْمَتَ ٱللَّهِ قَرِيبٌ مِّنَ ٱلْمُحْسِنِينَ ﴿٥٦﴾

၅၆။ ၎င်းပြင် အသင်တို့သည် ကမ္ဘာမြေပြင်ကို တင့်တယ်ကောင်းမွန်အောင် ပြုလုပ်ပြီးသည့်နောက် ထိုကမ္ဘာမြေပြင်၌ *ပျက်စီးရာ ပျက်စီးကြောင်းကို မပြုလုပ်ကြကုန်လင့်။*[၂] ထို့ပြင်အသင်တို့သည် ထိုအရှင်မြတ်ကို *ကြောက်ရွံ့စွာဖြင့်ငင်း၊ မျှော်လင့်ချက်ထားကာဟစ်ခေါ်ကြလေကုန်။*[၃] စင်စစ်ဧကန်အလျောက် အရှင်မြတ်၏ ကရုဏာတော်သည်ကား ကောင်းမှုပြုသူတို့နှင့် အလွန်နီးကပ်လျက်ရှိပေသတည်း။

---

(၂) ကမ္ဘာအဝှမ်းကို ဖန်ဆင်းတော်မူခြင်းသည် "ခလိက်" မည်၏။ ထို့နောက် "တက္ကဝီနီ" သဘောအားဖြင့်သော်၎င်း၊ "တရ်ရီအိ" သဘောအားဖြင့်သော်၎င်း၊ အမိန့်ပေးတော်မူခြင်းသည် "အမ်ရ်" မည်၏။ ထိုသို့ဖန်ဆင်းမှုနှင့် အမိန့်ပေးမှု ဂုဏ်တော် ၂-ပါးလုံးသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာလျှင် တည်ရှိပေသည်။ ဤသို့အားဖြင့် ကမ္ဘာအဝှမ်း၏အရှင်၊ အလ္လာဟ်အရှင်မြတ်သခင်သည် ကောင်းချီးမင်္ဂလာ အဖြာဖြာ တန်ခိုးအာဏာအဖုံဖုံတို့ဖြင့် ပြည့်စုံတော်မူပေသတည်း။

(၃) ဤမုက္ခပါဠိတော်တွင် အချိန်မရွေး၊ အခါမရွေး၊ ကြီးငယ်မရွေး၊ အလိုရှိသမျှသော အရာများကို မိမိတို့အားမွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်၏ အထံတော်တွင် ဆုပန်ကြားနိုင်ခွင့် ပြုထားတော်မူသည်။ သို့ရာတွင် ဆုပန်ကြားရာ၌ "ရှရီအတ်" တရားဥပဒေနှင့် မဆန့်ကျင်ရပေ။ မဖြစ်နိုင်သော အရာများ၊ ဒုစရိုက်မှုများ မဖွယ်ရာသော ကိစ္စများ၊ အချည်းနှီးသော အရာများကိုကား ပန်ကြားခြင်း မပြုရ။

ဆုပန်ကြားရာတွင်လည်း ရှိသေလေးမြတ်၊ ကျိုးနွံတိုးတိုးစွာ ပန်ကြားရမည်။ ဆုပန်ကြားရာတွင် အော်ဟစ်ခြင်းအလျင်းမပြုရ။ အော်ဟစ်ခြင်းသည် ရိုင်းစိုင်းသော အမူအရာလည်းဖြစ်၏။ ပြစားမှု၏ လက္ခဏာတရပ်လည်း ဖြစ်၏။ တိုးတိုးစွာပြုလုပ်ခြင်းသည် ယဉ်ကျေးသိမ်မွေ့သော အမူအရာလည်း ဖြစ်၏။ စိတ်စေတနာဖြူစင်ခြင်း၏ နိမိတ်လက္ခဏာတစ်ရပ်လည်း ဖြစ်၏။ ဆုပန်ကြားရာတွင် တိုးတိုးစွာဆုပန်ကြားရမည့် အကြောင်း၊ အော်ဟစ်ခြင်း မပြုရမည့်အကြောင်း တမန်တော်မြတ်၏ဩဝါဒများတွင် အများအပြား တွေ့ရှိရပေသည်။

<u>တမန်တော်မြတ်၏ဆုမွန်တေား</u>

တမန်တော်မြတ်သည် အောက်ပါအတိုင်း ဆုမွန်တောင်းလေ့ ရှိသည်။ ➤➤

وَهُوَ الَّذِي يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ ۖ حَتَّىٰ إِذَا أَقَلَّتْ سَحَابًا ثِقَالًا سُقْنَاهُ لِبَلَدٍ مَّيِّتٍ فَأَنزَلْنَا بِهِ الْمَاءَ فَأَخْرَجْنَا

၅၇။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် မိမိကရုဏာတော် (ဝါ) မိုးမရွာမီ လေများကို ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူသောအရှင်ဖြစ်တော်မူ၏။ နောက်ဆုံးတွင် ထိုလေများသည် လေးလံသော မိုးတိမ်များ သယ်ပိုးယူဆောင်လာသောအခါ ငါအရှင်မြတ်သည် ထိုမိုးတိမ်များကို ခြောက်သွေ့လျက်ရှိသော မြို့ရွာဒေသသို့ မောင်းနှင် (ပို့ဆောင်) တော်မူ၏။

➤➤ အို- အလ္လာဟ်အရှင်မြတ်၊ စိုးမိုးခြင်းအပေါင်းသည် အရှင်မြတ်အဖို့သာ ဖြစ်ပါသည်။ ချီးမွမ်းခြင်းအပေါင်းသည်လည်း အရှင်မြတ်အဖို့သာ ဖြစ်ပါသည်။ အမိန့်အာဏာ အပေါင်းသည်လည်း အရှင်မြတ်အထံတော်၌သာလျှင် တည်ရှိပါသည်။ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်တွင် ကောင်းခြင်းအဖြာဖြာကို ခံစားရပါရန် ပန်ကြားပါ၏။ ၎င်းပြင် ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်တွင် မကောင်းညစ်ကျူ အစုစုမှ ကင်းလွတ်ရပါရန် ခိုလုံပါ၏။

ဤသည် သာဝကကြီး အဗူဒရ်ဒါထံမှတဆင့် ကြားသိရသည်။ ဤ "ရိ ဝါယတ်" သည် "မရ်ဖူအ်" လည်း ဖြစ်သည်။ အီဗ်နုကဆီရ်။

④ အဗူရ်ရှိုက်ခ်သည် အဗူဗတ်ဂ်ရ် အီဗ်နုအိုင်ယာရ်ထံမှ တဆင့်ပြောကြားသည်မှာ အဗူဗဟ်ဂ်ရ် အီဗ်နုအိုင်ယာရ်သည် (وَلَا تُفْسِدُوا فِي الْأَرْضِ بَعْدَ إِصْلَاحِهَا) ဟူသော မှတ်ပါဌ်တော်၏ အနက်သဘောနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းခြင်း ခံရသည့်အခါ ဤသို့ဖြေကြားလေသည်။

"အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လမ်)အား ကမ္ဘာသူ ကမ္ဘာသားများထံသို့ စေလွှတ်တော်မူခဲ့၏။ ထိုအချိန်တွင် ထိုကမ္ဘာသူ ကမ္ဘာသားများသည် ပျက်စီးလျက်ရှိကြ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ကို တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)အား စေလွှတ်တော်မူ၍ ပြုပြင်ကောင်းမွန်စေတော်မူခဲ့၏။ သို့ဖြစ်ရာ အကြင်သူသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်) ယူဆောင်လာတော်မူသော တရားဒေသနာတော်ကို ဆန့်ကျင်အံ့။ ထိုသို့သောသူသည် ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူများတွင် အပါအဝင်ဖြစ်အံ့။

(အလ်မနာရ်)

⑤ အသင်တို့သည် ထို(အလ္လာဟ်)အရှင်မြတ်အား ကြောက်ရွံ့စွာဖြင့်လည်းကောင်း၊ မျှော်လင့်ချက် ထားရှိကာဖြင့်လည်းကောင်း၊ ဆုပန်ကြားကြလေကုန်" (ဝါ) အသင်တို့သည် အသင်တို့၏ အပြုအမူများ၏ ချို့တဲ့မှုကြောင့်လည်းကောင်း၊ မထိုက်တန်ကြသည့်အတွက်ကြောင့်လည်းကောင်း၊ အသင်တို့၏ ပန်ကြားချက်ကို ငြင်းပယ်တော်မူမည်ကို ကြောက်ရွံ့သူများအဖြစ်ဖြင့် (ဆုပန်ကြားကြကုန်။) ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ ကရုဏာတော် များပြားလှသည့်အတွက် ကျေးဇူးပြုတော်မူသောအားဖြင့် ပန်ကြားချက်ကို လက်ခံသဘောတူတော်မူမည်ကို မျှော်လင့်သူများ အဖြစ်ဖြင့် ဆုပန်ကြားကြကုန်ဟူ၏။

بِهٖ مِنْ كُلِّ الثَّمَرٰتِ ؕ كَذٰلِكَ نُخْرِجُ الْمَوْتٰى لَعَلَّكُمْ تَذَكَّرُوْنَ ﴿٥٧﴾

ထို့နောက် ငါအရှင်မြတ်သည် ယင်းမိုးတိမ်ဖြင့် ရေကို ချပေးတော်မူ၏။ ထို့နောက် တဖန် ငါအရှင်မြတ်သည် ထိုရေဖြင့် သစ်သီးဝလံမျိုးစုံတို့ကို ပေါက်ရောက်စေတော်မူ၏။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် သူသေတို့အား (သင်းချိုင်းတွင်းမှ) ထွက်စေတော်မူအံ့။ သို့မှသာလျှင် အသင်တို့သည် တရားရကြကုန်အံ့။ ၅

وَالْبَلَدُ الطَّيِّبُ يَخْرُجُ نَبَاتُهٗ بِاِذْنِ رَبِّهٖ ۚ وَالَّذِيْ خَبُثَ لَا يَخْرُجُ اِلَّا نَكِدًا ؕ كَذٰلِكَ نُصَرِّفُ الْاٰيٰتِ لِقَوْمٍ يَّشْكُرُوْنَ ﴿٥٨﴾

၅၈။ အမှန်သော်ကား (မြေသြဇာ) ကောင်းမွန်သန့်စင်သောမြေ၌၊ ထိုမြေမှ ၎င်းကိုဖန်ဆင်းတော်မူသောအရှင်မြတ်၏ အမိန့်တော်ဖြင့် ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံများသည် (ကောင်းမွန်များပြားစွာ) ပေါက်ရောက်လေ၏။ သို့ရာတွင် (မြေသြဇာ) မကောင်းသောမြေမှာမူကား၊ အလွန်ခဲယဉ်းစွာ ပေါက်ရောက်လေ၏။ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် သက်သေသာဓကများကို ကျေးဇူးသိတတ်သူတို့အဖို့ နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူလေသတည်း။ ၆

---

(၁) ဤမုကွပါဠိတော်ကို တွေးဆ၊ ဆင်ခြင် မျှော်မြင်ပါသော် အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူကြောင်း၊ စံမတူ၊ တဆူတည်း တည်ရှိတော်မူကြောင်း၊ မြေသေကို ရှင်စေ၍ သစ်သီးဝလံ အမျိုးမျိုး ပေါက်ပွားစေနိုင်တော်မူသောအရှင်သည် သူသေများကိုလည်း ကိယာမတ်နေ့တွင် ပြန်လည်ရှင်ထစေတော်မူနိုင်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ ကြည့်-ထာနဒီ။ အ-၄၊ စ-၂၀။

(၂) အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များသည် လူသားတို့ အားလုံးအဖို့၊ တရားရယူရန် လုံလောက်ပေသည်။ ထိုတရားဒေသနာတော်များကို လူသားတဦးသည် ကြားနာ၍ အလ္လာဟ်အရှင်မြတ် တဆူတည်း ရှိတော်မူကြောင်း၊ နဗီတမန်တော်များသည် လူသားတို့အား တရားဓမ္မ ဟောကြားရန်အတွက် အလ္လာဟ်အရှင်မြတ် စေလွှတ်ထားတော်မူသော ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြောင်း၊ ကိယာမတ်နေ့တွင် ပြန်လည်ရှင်ထကြရမည့်အကြောင်းနှင့် အခြားမှန်ကန်သော အချက်အလက်များကို ယုံကြည်လက်ခံ နာယူနိုင်ပေသည်။ သို့ရာတွင် လူသားတို့သည် အရည်အချင်းအားဖြင့် တဦးနှင့်တဦးမတူကြပေ။ အချို့တွင်အရည်အချင်းများ၏၊ အချို့တွင် အရည်အချင်းနည်း၏။ အချို့တွင် ညံ့ဖျင်း၏။ အချို့တွင် မရှိဖြစ်၏။ တရားဒေသနာတော်ကို လက်ခံနာယူရန် အရည်အချင်းရှိသော သူများသည် မိမိတို့၏အရည်အချင်းနှင့်အမျှ လက်ခံနာယူကြ၏။ အရည်အချင်းမရှိသော သူများကား ➤➤

لَقَدْ أَرْسَلْنَا نُوحًا إِلَىٰ قَوْمِهِ فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ إِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ ﴿٥٩﴾

၅၉။ စင်စစ်ဧကန် ငါ အရှင်မြတ်သည် (နဗီတမန်တော်)နူဟ်ကို၊ ၎င်း၏အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့လေသည်။ ထိုအခါ ယင်း(နဗီတမန်တော်)နူဟ်က (မိမိအမျိုးသားတို့အား) အို-ငါ၏ အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို သာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့၌ အလ္လာဟ်အရှင်မြတ်မှတပါး အခြားခဝပ်ကိုးကွယ်ရာ အလျဉ်းမရှိပြီ။ ငါသည် အသင်တို့အပေါ်၌ အလွန်ကြီးကျယ်သောနေ့၏ ပြစ်ဒဏ် (သက်ရောက်မည်)ကို မလွဲဧကန် စိုးရိမ်မိသည်ဟု ပြောကြားခဲ့လေသည်။

قَالَ الْمَلَأُ مِن قَوْمِهِ إِنَّا لَنَرَاكَ فِي ضَلَالٍ مُّبِينٍ ﴿٦٠﴾

၆၀။ ထို(နဗီတမန်တော်နူဟ်)၏ အမျိုးသားတို့ အနက်မှအကြီးအကဲတို့က "ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်(နူဟ်)အား၊ ထင်ရှားလှစွာသော မှောက်မှားမှုတွင် (ကျရောက်နေသည်ကို) တွေ့မြင်နေရပါသည်ဟု ပြောဆိုကြကုန်၏။

قَالَ يَا قَوْمِ لَيْسَ بِي ضَلَالَةٌ وَلَٰكِنِّي رَسُولٌ مِّن رَّبِّ الْعَالَمِينَ ﴿٦١﴾

၆၁။ ထိုအခါ ၎င်း(နဗီတမန်တော်နူဟ်)က "အို-ငါ၏အမျိုးသားအပေါင်းတို့ ငါ၌မှောက်မှားမှုသည် အလျဉ်းမရှိပါ။ အမှန်စင်စစ်သော်ကား ငါသည် စကြာဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှစေလွှတ်တော်မူသောရာဇဝတ်တမန်တော်တပါးသာဖြစ်ပေသည်ဟု ဖြေကြားခဲ့လေသတည်း။

>> တရားဒေသနာတော်ကို မနာခံ၊ သွေဖည်ငြင်းဆန်ကြ၏။ ဤသည့်သဘောကို ဤမုဏ္ဍပါဠိတော်(၇း၅၈)ကို စဉ်းစားဆင်ခြင်ပါ သိနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတည်းဟူသော မိုးသည် နေရာအနှံ့အပြားတွင် ရွာသွန်း၏။ မြေဩကောင်းသော နေရာတွင်လည်း ရွာ၏။ မြေဩ ညံ့ဖျင်းသော နေရာတွင်လည်း ရွာ၏။ သို့ရာတွင် မြေဩကောင်းသောမြေတွင် ထိုမိုးရေဖြင့် အသီးအနှံများသည် ကောင်းမွန်များပြားစွာ ဖြစ်မြောက်၏။ မြေဩညံ့ဖျင်းသော မြေတွင်ကား မိုးရည်ရရှိငြားသော်လည်း အသီးအနှံ မဖြစ်ထွန်းပေ။ ဖြစ်ထွန်းပါကလည်း အနည်းငယ်သာ ဖြစ်ထွန်း၏။ တရားဒေသနာတော်သည် မိုးရည်နှင့်အလား သဏ္ဌာန်တူ၏။ လူသားတို့သည် မြေနှင့်အလားသဏ္ဌာန်တူ၏။ ကြည့်-ထာနဝီ၊ အ-၄။ စ-၂၀။

أُبَلِّغُكُمْ رِسٰلٰتِ رَبِّيْ وَأَنْصَحُ لَكُمْ وَأَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ﴿٦٢﴾

၆၂။ ငါသည် မိမိအရှင်မြတ် မှာကြားလိုက်သော အမိန့်တော်များကို အသင်တို့ထံ ပို့ဆောင်ပါသည်။ ၎င်းပြင် ငါသည် အသင်တို့၏အကျိုးကိုလည်း လိုလားပါသည်။ ထို့ပြင်တဝ ငါသည် အလ္လာဟ် အရှင်မြတ်အထံတော်မှ အသင်တို့ မသိနားမလည်သော အရာများကိုလည်း သိရှိပါသည်။

أَوَعَجِبْتُمْ أَنْ جَآءَكُمْ ذِكْرٌ مِّنْ رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِرَكُمْ وَلِتَتَّقُوْا وَلَعَلَّكُمْ تُرْحَمُوْنَ ﴿٦٣﴾

၆၃။ အသင်တို့သည် မိမိတို့ အရှင်မြတ်အထံတော်မှ မိမိတို့အနက်မှ လူတဦးမှတဆင့် အသင်တို့ထံ ဆုံးမညွှန်ကြားတော် ရောက်ရှိလာသည်ကိုပင် အံ့သြကြပါသလော။ [၁] (အမှန်စင်စစ်သော်ကား ထိုပုဂ္ဂိုလ်သည်) အသင်တို့အား သတိပေးနှိုးဆော်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြရန်လည်းကောင်း၊ (ဖြစ်ပေသည်။) သို့မှသာလျှင် အသင်တို့သည် (ထိုအရှင်မြတ်၏) ကရုဏာတော်ကို ခံစားနိုင်ကြအုံးသတည်း။

فَكَذَّبُوْهُ فَأَنْجَيْنٰهُ وَالَّذِيْنَ مَعَهٗ فِي الْفُلْكِ وَأَغْرَقْنَا الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۭ إِنَّهُمْ كَانُوْا قَوْمًا عَمِيْنَ ﴿٦٤﴾

၆၄။ သို့ပါလျက် ၎င်း(နဗီတမန်တော်နူဟ်၏ အမျိုးသား)တို့သည် ၎င်း(နဗီတမန်တော်နူဟ်)အား မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် (နဗီတမန်တော်နူဟ်)အား လည်းကောင်း။ ယင်း(နဗီတမန်တော်နူဟ်)နှင့်အတူတကွ သင်္ဘောပေါ်ပါရှိသူတို့အားလည်းကောင်း၊ ကယ်ဆယ်တော်မူခဲ့လေသည်။

---

① အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးသော မုရ္ဒရစ်များသည် "အောင်တာရ်" ခေါ်ဘုရားများကို လက်ခံခိုင်ခဲ့ကြ၏။ ဘုရားသခင်သည် သတ္တဝါ တစုံတခု၏ ကိုယ်ခန္ဓာတွင် သက်ဝင်သည်ဟူ၍ လည်း လက်ခံခိုင်ခဲ့ကြ၏။ သို့ရာတွင် ယင်းမုရ္ဒရစ်တို့သည် လူသားတို့အနက် စိတ်စေတနာ မြင့်မြတ်ထူးကဲသည့် အရည်အချင်း ရှိသော ပုဂ္ဂိုလ်တဦးတယောက်မှတဆင့်၊ အလ္လာဟ်အရှင်မြတ်က မိမိ၏ ဒေသနာတော်များကို ဟောကြားတော်မူသည်ကိုကား နားမလည်နိုင်ခဲ့ကြပေ။

သို့ရာတွင် အရှင်မြတ်၏ဒေသနာတော်များကို ငြင်းပယ်သောသူတို့အားမူကား နစ်မြုပ်စေတော်မူခဲ့၏။ အမှန်စင်စစ်သော်ကား၊ ၎င်းတို့သည် စက္ခုအလင်း (၀ါ) အသိအမြင် ကင်းမဲ့သော သူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

وَإِلَىٰ عَادٍ أَخَاهُمْ هُودًا ۚ قَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُمْ مِنْ إِلَٰهٍ غَيْرُهُ ۖ أَفَلَا تَتَّقُونَ ﴿٦٥﴾

၆၅။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) အာဒ်အမျိုးသားတို့ထံ ၎င်းတို့၏ညီအစ်ကို သားချင်းဖြစ်သော (နဗီတမန်တော်) "ဟူဒ်" ကို (စေလွှတ်တော်မူခဲ့လေသည်။) ထိုအခါ ယင်း(နဗီတမန်တော် "ဟူဒ်" က "အို-ငါ၏အမျိုးသားအပေါင်းတို့၊ သင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့၌ ထိုအလ္လာဟ်အရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာဟူ၍ အလျင်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် မကြောက်ရွံ့ကြပါသလော" ဟု ဟောကြားခဲ့လေသတည်း။

قَالَ الْمَلَأُ الَّذِينَ كَفَرُوا مِنْ قَوْمِهِ إِنَّا لَنَرَاكَ فِي سَفَاهَةٍ وَإِنَّا لَنَظُنُّكَ مِنَ الْكَاذِبِينَ ﴿٦٦﴾

၆၆။ (ထိုအခါ) ယင်း(နဗီတမန်တော် ဟူဒ်)၏အမျိုးသားတို့အနက် သွေဖည်ငြင်းပယ်ကြသော အကြီးအကဲတို့က "ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား အသိဉာဏ်နည်းပါးမှုတွင် (ကျရောက်နေသည်ကို)တွေ့မြင်နေကြပါသည်။ ၎င်းပြင်မုချဧကန် ကျွန်ုပ်တို့သည်အသင့်အား ပြောဆိုသူတို့တွင် ပါဝင်သည်ဟူ၍လည်း ထင်မြင်ယူဆကြသည်" ဟု ပြောဆိုကြကုန်သတည်း။

قَالَ يَا قَوْمِ لَيْسَ بِي سَفَاهَةٌ وَلَٰكِنِّي رَسُولٌ

၆၇။ (ထိုအခါ) ယင်း(နဗီတမန်တော်ဟူဒ်)က 'အို-ငါ၏အမျိုးသားတို့၊ ငါ၏အသိဉာဏ်နည်းပါးမှုသည် လုံးဝမရှိ။ အမှန်စင်စစ်သော်ကားငါသည် စကြာဝဠာခပ်သိမ်းတို့ကို ပြုစုပျိုးထောင်တော်မူသော အရှင်မြတ်

مِّن رَّبِّ الْعٰلَمِيْنَ ﴿٦٢﴾

အထံတော်မှစေလွှတ်တော်မူခြင်းခံရသော ရဿုလ်တမန်တော်ပင်ဖြစ်ချေသည်” ဟု ဖြေကြားခဲ့လေသည်။

أُبَلِّغُكُمْ رِسٰلٰتِ رَبِّيْ وَأَنَا لَكُمْ نَاصِحٌ أَمِيْنٌ ﴿٦٨﴾

၆၈။ ငါသည် မိမိအရှင်မြတ်က မှာကြားတော်မူလိုက်သောအမိန့်တော်များကို အသင်တို့ထံ ပို့ဆောင်လေသည်။ ၎င်းပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကိုလိုလားသူ ယုံကြည်စိတ်ချရသူ အစစ်အမှန်လည်း ဖြစ်ချေသတည်း။

أَوَعَجِبْتُمْ أَنْ جَآءَكُمْ ذِكْرٌ مِّن رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِرَكُمْ ۚ وَاذْكُرُوْٓا إِذْ جَعَلَكُمْ خُلَفَآءَ مِنْۢ بَعْدِ قَوْمِ نُوْحٍ وَّزَادَكُمْ فِي الْخَلْقِ بَصْۜطَةً ۚ فَاذْكُرُوْٓا اٰلَآءَ اللّٰهِ لَعَلَّكُمْ تُفْلِحُوْنَ ﴿٦٩﴾

၆၉။ အသင်တို့သည် မိမိတို့အရှင်မြတ် အထံတော်မှ မိမိတို့အားသတိပေးနှိုးဆော်ရန် ဩဝါဒမူသည် မိမိတို့အနက်မှ လူတဦးမှတဆင့် မိမိတို့ထံ ရောက်ရှိလာသည်ကိုပင် အံ့ဩကြပါသလော။

အသင်တို့သည် မိမိတို့အား ထိုအရှင်မြတ်က (နဗီတမန်တော်)နူဟ်၏ အမျိုးသားများ မရှိသည့် နောက်တွင် နေရာချပေးတော်မူခဲ့သည်ကိုလည်း ကောင်း၊ အသင်တို့အားအရပ်အမောင်းအားဖြင့် ပိုမိုထွားကြိုင်း ကြီးမားစေတော်မူခဲ့သည်ကိုလည်းကောင်း၊ ပြန်လည်သတိရကြလေကုန်။ [၁] တဖန်အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို ပြန်လည်သတိရကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြလတ္တံ့။

قَالُوْٓا أَجِئْتَنَا لِنَعْبُدَ اللّٰهَ وَحْدَهٗ وَنَذَرَ مَا كَانَ

၇၀။ ထိုအခါ၊ ၎င်း(နဗီတမန်တော်ဟူဒ်၏အမျိုးသား)တို့က (အိုဟူဒ်) ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်တဆူတည်းကိုသာ ကိုးကွယ်၍ မိမိတို့၏

① အလ္လာဟ်အရှင်မြတ်သည် အာဒ်အမျိုးသားများအား တမန်တော်နူဟ် (အလိုင်ဟစ္စလာမ်)၏ အမျိုးသားများမရှိသည့်နောက်တွင် တမန်တော်နူဟ် (အလိုင်ဟိစ္စလာမ်)၏အမျိုးသားများ နေထိုင်ရာတိုင်းပြည်၌သာ မဟုတ်။ ကမ္ဘာမြေပြင်၌ အလွန်အားအင်ကြီးမားသော လူမျိုးတမျိုး အဖြစ်ဖြင့် နေရာချပေးထားတော်မူခဲ့လေသည်။

يَعْبُدُ اٰبَآؤُنَا ۚ فَاْتِنَا بِمَا تَعِدُنَآ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ۝٧٠

အဖ၊ ဘိုးဘေး၊ ဘီဘင်တို့ ကိုးကွယ်ခဲ့ကြသည့် (ဘုရား)များကိုစွန့်လွှတ်ရန် အသင်သည် ကျွန်ုပ်တို့ထံ ရောက်ရှိလာခဲ့ပါသလော။ သို့ဖြစ်လျှင် အကယ်၍သာ အသင်သည် မှန်ကန်စွာ ပြောဆိုသူတဦးဖြစ်ပါမူ အသင်ခြိမ်းခြောက်လေ့ရှိသော (ပြစ်ဒဏ်)ကို ယူခဲ့ပါလေ" ဟု ပြောဆိုကြကုန်၏။

قَالَ قَدْ وَقَعَ عَلَيْكُمْ مِّنْ رَّبِّكُمْ رِجْسٌ وَّغَضَبٌ ۭ اَتُجَادِلُوْنَنِيْ فِيْٓ اَسْمَاۗءٍ سَمَّيْتُمُوْهَآ اَنْتُمْ وَاٰبَاۗؤُكُمْ مَّا نَزَّلَ اللّٰهُ بِهَا مِنْ سُلْطٰنٍ ۭ فَانْتَظِرُوْٓا اِنِّىْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ۝٧١

၇၁။ ထိုအခါ (နဗီတမန်တော်ဟူဒ်)က (အို-ငါ၏ အမျိုးသားတို့) အသင်တို့၏ အရှင်မြတ်အထံတော်မှ ပြစ်ဒဏ်သည်လည်းကောင်း၊ အမျက်တော်သည်လည်းကောင်း၊ အသင်တို့အပေါ်၌ ဧကန်စင်စစ် ကျရောက်အံ့ဆဲဆဲပင် ဖြစ်ချေပြီ။

အသင်တို့သည် အကြင် အမည်နာမများနှင့် စပ်လျဉ်း၍ ငါနှင့်အငြင်းအခုံ ပြုကြလေသလော။ ထိုအမည်နာမများကို အသင်တို့နှင့် အသင်တို့၏ ဘိုးဘေး ဘီဘင်တို့သည် မှည့်ခေါ်ထားခဲ့ကြသည်။ (အမှန်စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည် ထိုအမည်နာမများနှင့်စပ်လျဉ်း၍ မည်သည့်သက်သေသာဓကကိုမျှ ချပေးတော်မူခဲ့သည် မရှိချေ။ သို့ဖြစ်ပေ ရာ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို) စောင့်ဆိုင်း၍ နေကြကုန်လော့။ ဧကန်စင်စစ် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူတို့တွင် တဦး အပါအဝင် ဖြစ်ချေသည်" ဟု ဖြေကြားခဲ့လေသတည်း။

فَاَنْجَيْنٰهُ وَالَّذِيْنَ مَعَهٗ بِرَحْمَةٍ مِّنَّا وَقَطَعْنَا

၇၂။ ထို့နောက် ငါအရှင်မြတ်သည် ယင်း(နဗီတမန်တော်ဟူဒ်)ကိုလည်းကောင်း၊ ယင်း(နဗီတမန်တော်ဟူဒ်)၏ အပေါင်းပါတို့ကိုလည်းကောင်း၊ မိမိကရုဏာတော်ဖြင့် ကယ်ဆယ်တော်မူခဲ့လေသည်။

دَابِرَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا
وَمَا كَانُوْا مُؤْمِنِيْنَ ﴿٧٢﴾

وَاِلٰى ثَمُوْدَ اَخَاهُمْ صٰلِحًا ۘ
قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا
لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ قَدْ
جَآءَتْكُمْ بَيِّنَةٌ مِّنْ
رَّبِّكُمْ ؕ هٰذِهٖ نَاقَةُ
اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا
تَاْكُلْ فِيْٓ اَرْضِ اللّٰهِ وَلَا
تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ
عَذَابٌ اَلِيْمٌ ﴿٧٣﴾

ဒင်းပြင် ငါအရှင်မြတ်၏ ဒေသနာတော်များကို ငြင်းပယ်သောသူတို့၏ အမြစ်ကို ဖြတ်တောက်တော်မူခဲ့လေသည်။ [၁] အမှန်စင်စစ်မူကား ဒင်းတို့သည် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူများပင်မဖြစ်ခဲ့ကြချေ။

၇၃။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) "ဆမူဒ်" အမျိုးသားတို့ထံ ဒင်းတို့၏ညီအစ်ကို သားချင်းဖြစ်သော (နဗီတမန်တော်) "ဆွာလိဟ်" အား (စေလွှတ်တော်မူခဲ့လေသည်)။ ထိုအခါ ယင်း(နဗီတမန်တော် ဆွာလိဟ်က (မိမိ၏အမျိုးသားတို့အား) အိုး-ငါ၏အမျိုးသားတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ် (တဆူတည်းကိုသာလျှင်) ခဝပ်ကိုးကွယ်ကြလေကုန်။ (စင်စစ်တမူကား) အသင်တို့၌ ထိုအရှင်မြတ်မှတပါး အခြား ခဝပ်ကိုးကွယ်ရာဟူ၍ အလျင်း မရှိပြီ။ ဧကန်စင်စစ် အသင်တို့ထံ အသင်တို့၏အရှင်မြတ် အထံတော်မှ ထင်ရှားလှစွာသော သက်သေသာဓက သည် ရောက်ရှိခဲ့ချေပြီ။

ဤသည် အလ္လာဟ်အရှင်မြတ်၏ကုလားအုတ် မပင်ဖြစ်သည်။ အသင်တို့အဖို့ လက္ခဏာတရပ်အဖြစ် (စေလွှတ်တော်မူ၏။) သို့ဖြစ်ရာ အသင်တို့သည် ထိုကုလားအုတ်မကို အလ္လာဟ်အရှင်မြတ်၏ ပထဝီမြေပြင်ဝယ် စားသောက်(သွားလာ)ရန် လွှတ်ထားကြလေကုန်။

---

[၁] အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို သွေဖည်ငြင်းဆန် မနာခံသော အားအင်ကြီးမား မောက်မာဝါကြွားအလွန်ဆိုးရွားလှသော အာဒ်အမျိုးသားများသည် နောက်ဆုံးတွင် ကြောက်ဖွယ်လိလိ ပြစ်ဒဏ်တော်ကို ခံစားခဲ့ကြရလေသည်။ ဒင်းတို့အား အလ္လာဟ်အရှင်မြတ် ပြစ်ဒဏ်ခတ်တော်မူသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂၃:၄၁။ ၄၁:၁၆။ ၄၆:၂၄-၂၆။ ၅၁:၄၁-၄၂။ ၆၉:၄-၇) တွင် မိန့်ဆိုထားတော်မူသည်။

ဌင်းပြင် အသင်တို့သည် ထိုကုလားအုတ်မကို မကောင်းသောစေတနာနှင့် မထိကြုန်လင့်။ သို့မဟုတ်လျှင် ပြင်းပြနာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီး ကွပ်မျက်လိမ့်မည် ဟု ပြောကြား တော်မူခဲ့လေသတည်း။

وَاذْكُرُوٓا۟ إِذْ جَعَلَكُمْ خُلَفَآءَ مِنۢ بَعْدِ عَادٍ وَبَوَّأَكُمْ فِى الْأَرْضِ تَتَّخِذُونَ مِن سُهُولِهَا قُصُورًا وَتَنْحِتُونَ الْجِبَالَ بُيُوتًا ۖ فَاذْكُرُوٓا۟ ءَالَآءَ اللَّهِ وَلَا تَعْثَوْا۟ فِى الْأَرْضِ مُفْسِدِينَ ﴿٧٤﴾

၇၄။ ဌင်းပြင် (အို-ဆမူဒ် အမျိုးသားအပေါင်းတို့) အသင်တို့သည် မိမိတို့အား အရှင်မြတ်က "အာဒ်" အမျိုးသားများ မရှိသည့်နောက်တွင် ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူခဲ့သည်ကို လည်းကောင်း၊ ပထဝီမြေ၌ မိမိတို့အား နေရာချပေးတော်မူခဲ့သည်ကို လည်းကောင်း၊ ပြန်လည်သတိရကြလေကုန်။ အသင်တို့သည် ပထဝီမြေပြင်၏ နူးညံ့သောနေရာများတွင် အခမ်းအနားသိုက်မြိုက်သည့် အဆောက်အဦးများ တည်ဆောက်ကြကုန်ကြ၏။ ဌင်းပြင် အသင်တို့သည် တောင်များကိုဖောက်ထွင်း၍ နေအိမ်များ ပြုလုပ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ် အရှင်မြတ်၏ကျေးဇူးတော်များကို ပြန်လည်သတိရကြလေကုန်။ ဌင်းပြင် အသင်တို့သည် ပထဝီမြေပြင်ဝယ် ဖျက်ဆီးသောင်းကျန်းသူများအဖြစ် မဆိုးသွမ်းကြကုန်လင့်။

قَالَ الْمَلَأُ الَّذِينَ اسْتَكْبَرُوا۟ مِن قَوْمِهِۦ لِلَّذِينَ اسْتُضْعِفُوا۟ لِمَنْ ءَامَنَ مِنْهُمْ أَتَعْلَمُونَ أَنَّ

၇၅။ ထိုအခါ (နဗီတမန်တော် ဆွာလိဟ်)၏ အမျိုးသားတို့အနက် မောက်မာပလွှားသော အကြီးအကဲများက အားနည်းသူများဟု အထင်ခံကြရသူတို့အနက်မှ သက်ဝင်ယုံကြည်သူတို့အား "ဆွာလိဟ်" သည် ဌင်း၏ အရှင်မြတ်အထံတော်မှ စေလွှတ်တော်မူသော ရဿူလ်တမန်တော်ဖြစ်ကြောင်း အသင်တို့ယုံကြည်ကြပါသလော" ဟု မေးမြန်းကြကုန်၏။

صٰلِحًا مُّرْسَلٌ مِّنْ رَّبِّهٖ ؕ قَالُوْۤا اِنَّا بِمَاۤ اُرْسِلَ بِهٖ مُؤْمِنُوْنَ ﴿۷۵﴾

ထိုအခါ ၎င်း(သက်ဝင်ယုံကြည်သူ)တို့က "ကျွန်ုပ်တို့သည် ထို (ရဿလ် တမန်တော်)ဆွာလိဟ်ယူဆောင်လာသော အမိန့်တော်များကို သက်ဝင်ယုံကြည်သူများပင် ဖြစ်ကြပါသည်" ဟု ဖြေကြားကြလေသတည်း။

قَالَ الَّذِيْنَ اسْتَكْبَرُوْۤا اِنَّا بِالَّذِيْۤ اٰمَنْتُمْ بِهٖ كٰفِرُوْنَ ﴿۷۶﴾

၇၆။ (ထိုအခါ) မောက်မာပလွှားသော သူတို့က "မုချဇကန် ငါတို့သည် အသင်တို့ယုံကြည်ကြသည့် အရာကို ငြင်းပယ်သူများပင် စင်စစ်ဖြစ်ကြသည်" ဟု ပြောဆိုကြကုန်၏။

فَعَقَرُوا النَّاقَةَ وَ عَتَوْا عَنْ اَمْرِ رَبِّهِمْ وَ قَالُوْا يٰصٰلِحُ ائْتِنَا بِمَا تَعِدُنَاۤ اِنْ كُنْتَ مِنَ الْمُرْسَلِيْنَ ﴿۷۷﴾

၇၇။ နောက်ဆုံးတွင်၎င်းတို့သည် ကုလားအုတ်မကို (လည်း) သတ်ဖြတ်ခဲ့ကြ၏။ မိမိတို့ အရှင်မြတ်၏ အမိန့်တော်ကိုလည်း မထီမဲ့မြင်ပြုလုပ်ခဲ့ကြ၏။ ထို့ပြင် ၎င်းတို့က 'အို-"ဆွာလိဟ်" အသင်သည် အကယ်၍ ရဿလ်တမန်တော်တို့တွင် တပါး အပါအဝင်ဖြစ်ခဲ့လျှင် အသင် ကျွန်ုပ်တို့အား ခြိမ်းခြောက်လေ့ရှိသော (ပြစ်ဒဏ်)ကို ကျွန်ုပ်တို့ထံယူခဲ့ပါလေ' ဟူ၍လည်း ပြောဆိုခဲ့ကြ၏။

فَاَخَذَتْهُمُ الرَّجْفَةُ فَاَصْبَحُوْا فِيْ دَارِهِمْ جٰثِمِيْنَ ﴿۷۸﴾

၇၈။ သို့ဖြစ်ပေရာင်လျှင်သည် ၎င်းတို့အား ဖမ်းဆီးသိမ်းယူခဲ့လေသည်။ [၁] ထို့ကြောင့်၎င်းတို့သည် မိမိတို့နေအိမ်(ဝါ)မြို့ရွာ၌ မှောက်လျက်သား(မြေနှင့်တသားတည်းဖြစ်ကာ သေကြေပျက်စီး)သွားခဲ့ကြကုန်၏။

---

① ဆမူဒ် အမျိုးသားများအား ပြစ်ဒဏ်တော် တပ်ရိုက်စီရင်တော်မူရာတွင် အချို့သောနေရာ၌ ပြစ်ဒဏ်ဟူ၍ သုံးထားတော်မူသည်။ ကြည့်-ကုရ်အာန် (၂၆:၁၅၈) အချို့နေရာတွင် မိုးကြိုးလောင်မီး ဟူ၍ သုံးထားတော်မူ၏။ ကြည့်-ကုရ်အာန် (၅၁:၄၄) အချို့နေရာတွင်ကား ကျယ်လောင်သော အသံဟူ၍ သုံးထားတော်မူ၏။ ကြည့်-ကုရ်အာန် (၅၄:၃၁) အချို့နေရာတွင် မြေငလျင်ဟူ၍ သုံးထားတော်မူ၏။ ကြည့်-ကုရ်အာန် (၇:၇၈)။

فَتَوَلّٰى عَنْهُمْ وَقَالَ يٰقَوْمِ لَقَدْ اَبْلَغْتُكُمْ رِسَالَةَ رَبِّيْ وَنَصَحْتُ لَكُمْ وَلٰكِنْ لَّا تُحِبُّوْنَ النّٰصِحِيْنَ ﴿٧٩﴾

၇၉။ ထိုအခါ ယင်း(နဗီတမန်တော်) "ဆွာလိဟ်" သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲ၍ ထွက်ခဲ့လေသည်။ ထို့ပြင် "အို-ငါ၏အမျိုးသားတို့ ငါသည် မိမိအရှင်မြတ်က မှာကြားတော်မူလိုက်သော အမိန့်တော်ကို လည်း အသင်တို့ထံ ၈ကန့်စင်စစ် ပို့ဆောင်ခဲ့ပြီးဖြစ်၏။ ၎င်းပြင် ငါသည် အသင်တို့၏ကောင်းကျိုးကို လည်းသယ်ပိုးရွက်ဆောင်ခဲ့သည်။ "သို့ရာတွင် အသင်တို့သည်ကား ကောင်းကျိုး သယ်ပိုးရွက်ဆောင်သူတို့ကိုပင်မနှစ်သက်ကြပါ"ဟု ပြောကြားခဲ့လေသည်။

وَلُوْطًا اِذْ قَالَ لِقَوْمِهٖٓ اَتَاْتُوْنَ الْفَاحِشَةَ مَا سَبَقَكُمْ بِهَا مِنْ اَحَدٍ مِّنَ الْعٰلَمِيْنَ ﴿٨٠﴾

၈၀။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည် နဗီတမန်တော်)လူတ်ကို(လည်း စေလွှတ်တော်မူခဲ့လေသည်။) တရံရောအခါ ထို(နဗီတမန်တော်လူတ်)က မိမိအမျိုးသားတို့အား (ဤသို့)ပြောကြားခဲ့လေ၏။ (ဟယ်-အချင်းတို့) အသင်တို့သည် အကြင် စက်ဆုပ်ရွံရှာဖွယ်ကိစ္စကို ကျူးလွန်ကြလေသလော။ ယင်း စက်ဆုပ်ရွံရှာဖွယ်ကိစ္စကို အသင်တို့၏အလျင် စကြာဝဠာ ခပ်သိမ်းတို့အနက် မည်သူတဦးတယောက်မျှ ကျူးလွန်ခဲ့သည် မရှိခဲ့ပေ။

اِنَّكُمْ لَتَاْتُوْنَ الرِّجَالَ شَهْوَةً مِّنْ دُوْنِ النِّسَآءِ ۭ بَلْ اَنْتُمْ قَوْمٌ مُّسْرِفُوْنَ ﴿٨١﴾

၈၁။ မုချဧကန် အသင်တို့သည် မိန်းမတို့ကိုစွန့်၍ (ယောကျ်ားများထံ ကာမဂုဏ်ခံစားရန်သွားကြကုန်သည်)။ (တနည်း-ယောကျ်ားများထံ ကာမဂုဏ်ခံစားရန် သွားကြကုန်၏။) ထို့မျှမက အသင်တို့သည် (အရာရာတွင်လည်း အလွန်အမင်း) စည်းကမ်းကျူးလွန်သူများပင် ဖြစ်ကြကုန်သတည်း။

ⓒ တမန်တော်လူတ်(အလိုင်ဟစ္စလမ်၏)၏ "အွန်မွတ်"သည် မမွတာမဟုတ်သော သဘာဝမမွှန့်ခ် ဆန့်ကျင်သော ယောကျ်ားအချင်းချင်း ကာမဂုဏ် အာရုံခံစားရာတွင်သာလျှင် စည်းကမ်း ကျူးလွန်ခဲ့ကြသည်မဟုတ်။ ၎င်းတို့သည် ကိစ္စအဝဝတွင် စည်းကမ်းကျူးလွန်လျက် ရှိခဲ့ကြပေသည်။

وَمَا كَانَ جَوَابَ قَوْمِهِۦٓ
إِلَّآ أَن قَالُوٓا۟ أَخْرِجُوهُم
مِّن قَرْيَتِكُمْ ۖ إِنَّهُمْ
أُنَاسٌ يَتَطَهَّرُونَ ﴿٨٢﴾

၈၂။ ထို(နဗီတမန်တော်လူတ်) ၏အမျိုးသားတို့က (မိမိတို့ အချင်းချင်း) အသင်တို့သည် ထို(လူတ်နှင့်တကွ "မုအ်မင်န်" သက်ဝင်ယုံကြည်သူ)တို့ကို မိမိတို့မြို့ရွာမှ နှင်ထုတ်ကြလေကုန်။ အဘယ့်ကြောင့်ဆိုသော်ငင်းတို့သည်သန့်ရှင်းစင်ကြယ်ဟန် ဆောင်သူများသာဖြစ်ကြကုန်သည်ဟု ပြောဆိုခြင်းမှတပါး: မည်သို့မျှ ဖြေကြားနိုင်ခြင်း မရှိခဲ့ကြပေ။

فَأَنجَيْنَٰهُ وَأَهْلَهُۥٓ إِلَّا
ٱمْرَأَتَهُۥ ۖ كَانَتْ مِنَ
ٱلْغَٰبِرِينَ ﴿٨٣﴾

၈၃။ ထို့နောက် ငါ အရှင်မြတ်သည် (နဗီတမန်တော်)လူတ်၏ကြင်ရာမှတပါး: ထိုလူတ်နှင့်တကွ အိမ်သူအိမ်သားတို့ကိုပါ ကယ်ဆယ်တော်မူခဲ့လေသည်။ *ထိုကြင်ရာသည် နောက်ကျန်ရစ်သူတို့တွင် အပါအဝင် ဖြစ်ခဲ့ချေသည်။* [၁]

وَأَمْطَرْنَا عَلَيْهِم مَّطَرًا ۖ
فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ
ٱلْمُجْرِمِينَ ﴿٨٤﴾

၈၄။ ထို့ပြင်ငါအရှင်မြတ်သည် ငင်းတို့အပေါ်၌ မိုး*တမျိုး(ဝါ)ခဲမိုးကို ရွာသွန်းစေတော်မူခဲ့လေသည်။* [၂] သို့ဖြစ်ပေရာ ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့၏အကျိုးသည် မည်သို့ဖြစ်ခဲ့သည်ကို အသင်ရှုပါလေ။

وَإِلَىٰ مَدْيَنَ أَخَاهُمْ
شُعَيْبًا ۗ قَالَ يَٰقَوْمِ

၈၅။ ထို့နည်းတူစွာ (ငါအရှင်မြတ်သည်) မဒ်ယန်(မြို့သားများထံ)သို့ ငင်းတို့၏ညီအစ်ကို သားချင်းဖြစ်သော (နဗီတမန်တော်)ရှူအိုက်ဗ်ကို (စေလွှတ်တော်မူခဲ့လေသည်။)

---

① အလ္လာဟ်အရှင်မြတ်သည် (Sodom) မြို့သားများကို ကွက်မျက်တော်မူရာတွင် တမန်တော်လူတ်(အလိုင်ဟစ္စလာမ်)နှင့်တကွ ထိုတမန်တော်၏ အိမ်သူအိမ်သားများကိုသာ ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် အိမ်သူအိမ်သားများအနက် တမန်တော်လူတ်(အလိုင်ဟစ္စလမ်)၏ ဇနီးမိန်းမသည် အပြစ်ဒဏ် သင့်သူများတွင် အပါအဝင် ဖြစ်ခဲ့လေသည်။

တမန်တော်လူတ်၏ ကြင်ရာသည် တမန်တော်လူတ်အပေါ်၌ သစ္စာမဲ့ခဲ့၏။

အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းဆန်ခဲ့၏။ အီဗ်နဂျရီရ်

တမန်တော်လူတ်၏ကြင်ရာနှင့် တမန်တော်နူဟ်၏ ကြင်ရာများသည် သစ္စာမဲ့ခဲ့ကြသည့်အကြောင်း: ကုရ်အာန်ကျမ်းမြတ် (၆၆း၁၀)တွင် မိန့်ဆိုထား တော်မူသည်။

اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ
اِلٰهٍ غَيْرُهٗ ؕ قَدْ جَآءَتْكُمْ
بَيِّنَةٌ مِّنْ رَّبِّكُمْ فَاَوْفُوا
الْكَيْلَ وَالْمِيْزَانَ وَلَا
تَبْخَسُوا النَّاسَ اَشْيَآءَهُمْ
وَلَا تُفْسِدُوْا فِى الْاَرْضِ
بَعْدَ اِصْلَاحِهَا ؕ ذٰلِكُمْ
خَيْرٌ لَّكُمْ اِنْ كُنْتُمْ
مُّؤْمِنِيْنَ ﴿۸۵﴾

ထို(နဗီတမန်တော်) ရှုအိုက်ဗ်သည် (မိမိတို့အမျိုးသားတို့အား ဤသို့)ပြောကြားခဲ့လေ၏။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့၌ အလ္လာဟ်အရှင်မြတ်အပြင် အခြားခဝပ်ကိုးကွယ်ရာဟူ၍ အလျင်းမရှိပြီ။

အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ထင်ရှားလှစွာသောသက်သေသာဓကသည် အသင်တို့ထံ ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် (ခွက်၊ စလယ်၊ တောင်းစသော)ပမာဏ အခြင်အတွယ်(များ)ကိုလည်းကောင်း၊ အလေးချိန်(များ)ကိုလည်းကောင်း၊ ချိန်တွယ်ရာတွင် တရားမျှတစွာဖြင့် အပြည့်(ချိန်တွယ်၍) ပေးကြလေကုန်။ ၎င်းပြင် အသင်တို့သည် လူတို့အား ၎င်းတို့၏ဥစ္စာပစ္စည်းများကို မတရားသဖြင့် လျှော့၍ပေးခြင်းကိုလည်း မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့သည် ကမ္ဘာမြေပြင် တင့်တယ်ကောင်းမွန်လာပြီးနောက် ထိုကမ္ဘာမြေပြင်ဝယ် ပျက်စီးရာပျက်စီးကြောင်းများကို မပြုလုပ်ကြကုန်လင့်။ ဤသည်ကား အကယ်၍သာ အသင်တို့သည် မုအ်မင်န် သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ချေသတည်း။

وَلَا تَقْعُدُوْا بِكُلِّ صِرَاطٍ
تُوْعِدُوْنَ وَتَصُدُّوْنَ

၈၆။ ထို့ပြင် အသင်တို့သည် (သက်ဝင်ယုံကြည်သူတို့အား) ခြိမ်းခြောက်ရန်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ထိုအရှင်မြတ်အားယုံကြည်

---

(၂) အမိန့်တော်များကို သွေဖည်ငြင်းဆန် မနာခံပဲ အလွန်တရာမျှ ညစ်ညမ်းဆိုးသွမ်းလျက်ရှိသော Sodom မြို့သားများကို နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်သို့ ခဲမိုး၊ မီးမိုးရွာသွန်းချစေတော်မူပြီး ကွပ်မျက်တော်မူလိုက်လေသည်။

عَنْ سَبِيْلِ اللّٰهِ مَنْ اٰمَنَ
بِهٖ وَتَبْغُوْنَهَا عِوَجًا ۚ
وَاذْكُرُوْٓا اِذْ كُنْتُمْ قَلِيْلًا
فَكَثَّرَكُمْ ۗ وَانْظُرُوْا
كَيْفَ كَانَ عَاقِبَةُ
الْمُفْسِدِيْنَ ﴿٨٦﴾
وَاِنْ كَانَ طَاۤىِٕفَةٌ
مِّنْكُمْ اٰمَنُوْا بِالَّذِيْٓ
اُرْسِلْتُ بِهٖ وَطَاۤىِٕفَةٌ لَّمْ
يُؤْمِنُوْا فَاصْبِرُوْا حَتّٰى
يَحْكُمَ اللّٰهُ بَيْنَنَا ۚ وَهُوَ
خَيْرُ الْحٰكِمِيْنَ ﴿٨٧﴾

သူတို့ကို ပိတ်ပင်တားဆီးရန်လည်းကောင်း၊ ထို(အရှင်မြတ်၏)လမ်းတော်၌ ကွေ့ကောက်မှုကို ရှာဖွေရန်လည်းကောင်း၊ မည်သည့်လမ်းပေါ်၌မျှ မထိုင်ကြကုန်လင့်။ ထိုမှတပါး အသင်တို့သည် အနည်းငယ်မျှသာရှိခဲ့ကြရာ ထိုအရှင်မြတ်သည် အသင်တို့အား တိုးပွားများပြားစေတော်မူခဲ့သည်ကိုလည်း ပြန်လည်သတိရရှိကြလေကုန်။ ထို့ပြင် အသင်တို့သည် ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့ဖြစ်ခဲ့သည်ကိုလည်းရှုကြလေကုန်။ ၁

၈၇။ ၎င်းပြင် အကယ်၍ အသင်တို့အနက်မှ အုပ်စုတစုသည် ငါ မှာကြားစေလွှတ်ခြင်းခံရသော အမိန့်ပညတ်တော်များကို သက်ဝင်ယုံကြည်၍ အုပ်စုတစုကမူ မယုံကြည်ပဲ နေခဲ့ကြပါလျှင် ငါတို့၏စပ်ကြားတွင် အလွှာဟ်အရှင်မြတ်က စီရင်ဆုံးဖြတ်၍ ပေးတော်မူသည်အထိ အသင်တို့သည် သည်းခံစောင့်ဆိုင်း၍နေကြလေကုန်။ အမှန်သော်ကား ထိုအရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်ပေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① မဒ်ယန်မျိုးနွယ်များသည် လူဦးရေအားဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းအားဖြင့်လည်းကောင်း၊ နည်းခဲ့ကြ၏။ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား ဥစ္စာပစ္စည်းတွင်လည်းကောင်း၊ လူဦးရေတွင်လည်းကောင်း၊ တိုးပွားများပြားစေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ မဒ်ယန်မျိုးနွယ်များသည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သတိရကြပေမည် သိကြရပေမည်။ ထိုအရှင်မြတ်အား ကျေးဇူး အထူးတင်ကြရပေမည်။ ထိုအရှင်မြတ်နှင့် ထိုအရှင်မြတ်၏ကျွန်များ၏ အခွင့်အရေးများနှင့်တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရပေမည်။ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကို ထိုအရှင်မြတ်၏ အမိန့်တော်များနှင့်အညီ သုံးစွဲကြရပေမည်။ ထိုကျေးဇူးတော်များကို အကြောင်းပြု၍ မောက်မာပလွား ဝါကြွားခြင်းကား အလျင်းမပြုကြရပေ။ မောက်မာပလွားဝါကြွား၍ ကမ္ဘာမြေပြင်တွင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူများသည် နောက်ဆုံးတွင် မည်သို့မည်ပုံ ပျက်စီးသွားခဲ့ကြသည်ကို စဉ်းစားဆင်ခြင်တရားမြင်၍ သတိသံဝေဂ ရယူကြရပေမည်။ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်ကို အထူးစိုးရိမ် ကြောက်ရွံ့ကြပေမည်။

قَالَ الْمَلَأُ الَّذِينَ اسْتَكْبَرُوا مِن قَوْمِهِ لَنُخْرِجَنَّكَ يَا شُعَيْبُ وَالَّذِينَ آمَنُوا مَعَكَ مِن قَرْيَتِنَا أَوْ لَتَعُودُنَّ فِي مِلَّتِنَا ۚ قَالَ أَوَلَوْ كُنَّا كَارِهِينَ ﴿٨٨﴾

၈၈။ ထိုအခါ ယင်း နဗီတမန်တော်(ရှူအိုက်ဗ်)၏ အမျိုးသားတို့အနက်မှ မောက်မာပလွှားကြသော အကြီး အကဲတို့က "အို-ရှူအိုက်ဗ်" ကျွန်ုပ်တို့သည် အသင်နှင့်တကွအသင်နှင့်အတူ သက်ဝင်ယုံကြည်သော သူတို့ကိုပါမိမိတို့မြို့ရွာမှ [၁] မုချ နှင်ထုတ်ပစ်ကြမည်။ သို့မဟုတ်လျှင် အသင်တို့သည် ကျွန်ုပ်တို့၏ဘာသာသာသနာတွင်းသို့ *ပြန်လည်(ဝင်)ခဲ့ကြလေကုန်* [၂] ဟု ပြောဆိုခဲ့ကြလေသည်။ ထိုအခါ ထိုနဗီတမန်တော်(ရှူအိုက်ဗ်)က ငါတို့သည် (အသင်တို့၏ဘာသာကို) စက်ဆုပ်ပါလျက်နှင့်ပင် (ပြန်ဝင်ကြရပါမည်)လောဟု ဖြေကြားခဲ့လေသတည်း။

---

① "ကရ်ယဟ်" ဟူသောပုဒ်သည် တခါတရံ မြို့ရွာအနက်၌ အသုံးဖြစ်သည်။ တခါတရံတိုင်းပြည် အနက်၌ အသုံးဖြစ်ချေသည်။ (ကြည့်-အလ်မနာရ်)

② တမန်တော် ရှူအိုက်ဗ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများအနက် မောက်မာပလွှားသော အကြီးအကဲများက "အသင်တို့သည် ကျွန်ုပ်တို့၏ဘာသာအတွင်းသို့ ပြန်လည်လာကြ" ဟု ပြောဆိုခြင်းမှာ တမန်တော်ရှူအိုက်ဗ်၏ မုအ်မင်န် နောက်လိုက်တပည့်သားများနှင့် ပတ်သက်သော် ၎င်းနောက်လိုက်များသည် အီမာန် မယုံကြည်ကြမီ အလျင် ကုဖ်ရ်၌ပင် ရှိခဲ့ကြသည့်အတွက် ယင်းသို့ပြောဆိုခြင်းဖြစ်ပေမည်။ သို့ရာတွင်မူ တမန်တော်ရှူအိုက်ဗ်နှင့် ပတ်သက်၍ ယင်းသို့ပြောဆိုရန်ကား အသို့လျှင်အကြောင်းရှိနိုင်အံ့နည်း၊ အဘယ်ကြောင့်ဆိုသော် တမန်တော်ရှူအိုက်ဗ်သည် နဗီတမန်တော် ဖြစ်တော်မူခြင်းအားဖြင့် အမြဲတစေ "မုအ်မင်န်" ဖြစ်တော်မူသည်၊ သို့ဖြစ်ပေရာ တမန်တော်ရှူအိုက်ဗ်နှင့် ပတ်သက်၍ ကုဖ်ရ်အတွင်းသို့ ပြန်လည်ဝင်ရန် ပြောဆိုခြင်းမှာ အသို့လျှင် ဖြစ်အံ့နည်း။

လင်းပြဦးအံ့။ ဤပြဿနာကား သာမန်ပင်ဖြစ်၏။ (နဗီတမန်တော်များတွင် "ကုဖ်ရ်" သွေဖည်မှုသည် မည်သည့်အခါ၌မျှ ဖြစ်ပေါ်သည်မရှိချေ။ ကြည့်-ထာနဝီ) တမန်တော်များသည် နဗီအဖြစ် မြှောက်စားခြင်း မခံကြရသေးမီအတွင်း သက်ဆိုင်ရာအမျိုးသားတို့၏ အယူဝါဒကို ဆန့်ကျင်လေ့၊ တိုက်ဖျက်လေ့ မရှိခဲ့ကြပေ။ ထို့အတွက်ကြောင့် အမှားဝါဒီများသည် ထိုအချိန်တွင် ထိုတမန်တော်များအားလည်း၎င်းတို့နှင့်ဘာသာတူများပင် ဖြစ်ကြသည်ဟူ၍ မှတ်ထင်ကြသည်။ နဗီတမန်တော်များသည် နဗီအဖြစ် မြှောက်စားခြင်းမခံကြရသေးသည့် အတောအတွင်း ၎င်းတို့တွင် အသိတရား တိုးပွားလာသည်နှင့်အမျှ ပတ်ဝန်းကျင်၌ရှိသော အမှားဝါဒများ၏ အမောင်ထုကို ဂရုမူလာကြ၏။ နဗီအဖြစ် မြှောက်စားခြင်းခံကြရသည့်အခါတွင်မူ ထိုအမှားဝါဒ အမောင်ထုကို အတည့်အလင်း ဆန့်ကျင်တိုက်ဖျက်ကြ၏၊ ဖြိုခွင်းကြ၏၊ တမန်တော်ရှူအိုက်ဗ်၏ အမျိုးသားများအနက် မောက်မာပလွှားသော အကြီးအကဲများက တမန်တော် ရှူအိုက်ဗ်အား ၎င်းတို့၏ ဘာသာအတွင်းသို့ပြန်လည်ဝင်ရန် ပြောဆိုခြင်းမှာ တမန်တော်ရှူအိုက်ဗ်၏ နဗီမဖြစ်မီအခြေအနေကိုထောက်၍ တမန်တော်ရှူအိုက်ဗ်သည်လည်း ၎င်းတို့နှင့် ဘာသာတူ အယူဝါဒတူ ဖြစ်ခဲ့သည်ဟု ထင်မှတ်ပြောဆိုခြင်းသာ ဖြစ်ပေမည်။

قَدِ افْتَرَيْنَا عَلَى اللَّهِ كَذِبًا إِنْ
عُدْنَا فِي مِلَّتِكُمْ بَعْدَ إِذْ نَجَّانَا
اللَّهُ مِنْهَا ۚ وَمَا يَكُونُ لَنَا أَنْ
نَعُودَ فِيهَا إِلَّا أَنْ يَشَاءَ
اللَّهُ رَبُّنَا ۚ وَسِعَ رَبُّنَا كُلَّ
شَيْءٍ عِلْمًا ۚ عَلَى اللَّهِ
تَوَكَّلْنَا ۚ رَبَّنَا افْتَحْ بَيْنَنَا
وَبَيْنَ قَوْمِنَا بِالْحَقِّ
وَأَنْتَ خَيْرُ الْفَاتِحِينَ ﴿٨٩﴾

၈၉။ အကယ်၍သာ ငါတို့သည် အသင်တို့၏ ဘာသာသာသနာအတွင်းသို့ အလ္လာဟ်အရှင်မြတ်က ငါတို့အား ထိုဘာသာမှ ကယ်ဆယ်တော်မူပြီးနောက် ပြန်လည်ဝင်ရောက်ခဲ့ကြပါလျှင် အမှန်စင်စစ် ငါတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ကြဲဖန်လီဆယ်၍ မုသားစွပ်စွဲသူများသာ ဖြစ်ကြပေအံ့။ စင်စစ်သော်ကား ငါတို့သည် ငါတို့၏အရှင်ဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်က အလိုရှိတော်မူသည်မှအပ ငါတို့အဖို့ ထိုဘာသာတွင်းသို့ ပြန်ဝင်ကြရန်မဖြစ်နိုင်ပေ။ ၁

ငါတို့၏အရှင်မြတ်သည် အသိပညာအားဖြင့် အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက် ရှိတော်မူ၏။ ငါတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ခဲ့ကြချေပြီ။ အို-ကျွန်တော်မျိုးတို့၏အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့နှင့် ကျွန်တော်မျိုးတို့၏အမျိုးသားတို့ စပ်ကြားဝယ် မှန်ကန်စွာစီရင်ဆုံးဖြတ်၍ ပေးသနားတော်မူပါ။ အမှန်သော်ကား အရှင်မြတ်သည်ပင်လျှင် အကောင်းဆုံး စီရင်ဆုံးဖြတ်၍ ပေးတော်မူသောအရှင်ဖြစ်တော်မူပါသတည်း။

---

① "အာရစ်ဖ်" အလ္လာဟ်အရှင်မြတ်အား နက်နက်နဲနဲ သိမြင်ယုံကြည်သော သူတော်စင်များသည် ထိုအရှင်မြတ်၏ "တက္ကဒီရ်" စီမံဖန်တီးမှုရှေ့တွင် အမြဲတစေ တုန်လှုပ်ကြောက်လန့်လျက် ရှိကြ၏။ အာရစ်ဖ်များသည် ပထမသော် "ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ ကုဖ်ရ်ကို လက်ခံကြမည်မဟုတ်" ဟု မိမိတို့၏ စိတ်စေတနာကို ခိုင်မာစွာ ထုတ်ဖော်ပြောဆိုကြသည်။ သို့ရာတွင် ယင်းသို့ ခိုင်မာစွာထုတ်ဖော်ပြောဆိုခြင်းသည် တနည်းအားဖြင့် ဟိတ်ထုတ်ရာလည်းရောက်သည်၊ မိမိကိုယ်ကိုမိမိ သိဒ္ဓိတင်ရာလည်းရောက်သည်။ ထို့အတွက်ကြောင့် အာရစ်ဖ်များသည် ယင်းသို့ ထုတ်ဖော်ပြောဆိုမိသည့်အခါ "သို့ရာတွင် ကျွန်ုပ်တို့၏အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် အလိုတော်ရှိတော်မူပါသော်" ဟူ၍ ချွင်းချက်ကို ဖြည့်စွက်ပြောဆိုကြသည်။

"အီမာန်" ယုံကြည်ပြီးသည့်နောက် "ကုဖ်ရ်" ဘက်သို့ ပြန်လည်ရောက်ရှိသွားနိုင်ခြင်းတည်းဟူသော စိုးရိမ်မှုသည် သာမန် မုအ်မင်္ဂန်တို့အဖို့ အမြဲပင်ရှိနေပေသည်။ နဗီတမန်တော်များအဖို့မှာကား ထိုသို့သော စိုးရိမ်မှုသည် အလျင်းမရှိပေ၊ သို့ပါလျက် "သို့ရာတွင် ကျွန်ုပ်တို့၏အရှင် ဖြစ်တော်မူသော ➤➤

وَقَالَ الْمَلَأُ الَّذِينَ كَفَرُوا مِن قَوْمِهِ لَئِنِ اتَّبَعْتُمْ شُعَيْبًا إِنَّكُمْ إِذًا لَّخَاسِرُونَ ﴿٩٠﴾

၉၀။ ၎င်းပြင် ထို (နဗီတမန်တော်)ရှုအိုက်ဗ်၏ အမျိုးသားတို့အနက်မှ သွေဖည်ငြင်းပယ်ကြသော အကြီးအကဲတို့က (မိမိတို့ အမျိုးသားချင်းတို့အား အို-အချင်းတို့) အကယ်၍ အသင်တို့သည် ရှုအိုက်ဗ်၏အမိန့်ကို လိုက်နာကြပါလျှင် မုချစင်စစ် အသင်တို့သည် ဆုံးရှုံးနစ်နာသူများ ဖြစ်ကြကုန်အံ့ ဟု ပြောဆိုခဲ့ကြကုန်၏။

فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ ﴿٩١﴾

၉၁။ ထို့နောက် ၎င်းတို့အား မြေငလျင်သည် ဖမ်းဆီးကွပ်မျက်လိုက်၏။ သို့ဖြစ်ရာတွင် ၎င်းတို့သည် မိမိတို့နေအိမ်(ဝါ)မြို့ရွာတွင် မှောက်လျက် သေကြေပျက်စီးသွားကြချေသတည်း။

الَّذِينَ كَذَّبُوا شُعَيْبًا كَأَن لَّمْ يَغْنَوْا فِيهَا ۚ الَّذِينَ كَذَّبُوا شُعَيْبًا كَانُوا هُمُ الْخَاسِرِينَ ﴿٩٢﴾

၉၂။ နဗီတမန်တော်(ရှုအိုက်ဗ်)အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသော သူတို့သည် ထိုအိမ်(ဝါ)မြို့ရွာတွင် အလျင်း နေထိုင်ခဲ့ကြဖူးသည် မရှိသကဲ့သို့ပင် ပျက်စီးခဲ့ကြကုန်၏။ နဗီတမန်တော်(ရှုအိုက်ဗ်)ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြသော သူတို့သည်ပင်လျှင် ဆုံးရှုံးနစ်နာသူများ ဖြစ်ခဲ့ကြသည်တကား။

➤➤ အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါသော်" ဟူ၍ ချွင်းချက်ထား၍ ပြောဆိုခြင်းမှာ နဗီတမန်တော်များသည် မိမိတို့ကိုယ်ကို အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်ကြောင်းကို အထင်အရှား ပြသခြင်းပင်ဖြစ်သည်။ ဤသည် နဗီများတွင် မရှိမဖြစ်သော ဂုဏ်အင်လက္ခဏာတရပ်ပင် ဖြစ်သည်။ ဤသို့သော အသုံးအနှုန်းများကို တမန်တော်ကြီးများသည်ပင် သုံးနှုန်းခဲ့ကြပေသည်။

③ တမန်တော်ရှုအိုက်ဗ်၏ အမျိုးသားများအနက် သွေဖည်ငြင်းဆန် မနာခံသော အမှားဝါဒီများက တမန်တော်ရှုအိုက်ဗ်နှင့် နောက်လိုက်တပည့်များအား မိမိတို့၏မြို့ရွာမှ နှင်ထုတ်ကြမည်ဟု ခြိမ်းခြောက်ခဲ့ကြ၏။ ယခုမူ ထိုခြိမ်းခြောက်သူများလည်း မရှိတော့ပေ ၊ ယင်းသူတို့၏ ရွာများလည်းမရှိတော့ပေ။ ယင်းအမှားဝါဒီများက တမန်တော်(ရှုအိုက်ဗ်)၏စကားကို နားတောင်သောသူများသည် ဆုံးရှုံးကြလိမ့်မည်ဟု ပြောဆိုခဲ့ကြ၏။ ယခုမူ ယင်းသို့ပြောဆိုသူများ ကိုယ်တိုင်ပင်လျှင် ဆုံးရှုံးကြလေပြီ။ ဤကား တရားယူရန်သခိုန်းစာ တရပ်ပင်။

فَتَوَلّٰى عَنْهُمْ وَقَالَ يٰقَوْمِ لَقَدْ اَبْلَغْتُكُمْ رِسٰلٰتِ رَبِّيْ وَنَصَحْتُ لَكُمْ ۚ فَكَيْفَ اٰسٰى عَلٰى قَوْمٍ كٰفِرِيْنَ ﴿٩٣﴾

၉၃။ ထိုအခါ ယင်းနဗိတမန်တော်(ရှုအိုက်ဗ်)သည် ၎င်းတို့.ထံမှ မျက်နှာလွှဲ၍ ထွက်ခဲ့လေသည်၊ ၎င်းပြင် "အို-ငါ၏အမျိုးသားတို့. ငါသည် ဧကန်စင်စစ် မိမိအရှင်မြတ်က မှာကြားတော်မူလိုက်သော အမိန့်.ပညတ်တော်များကို အသင်တို့.ထံအရောက် ပို့ဆောင်ခဲ့ချေပြီ။ ၎င်းပြင် ငါသည် အသင်တို့.၏ကောင်းကျိုးကိုလည်း (မုချ) သယ်ပိုး ဆောင်ရွက်ခဲ့ပေပြီ။ သို့.ဖြစ်ပေရာ ငါသည် သွေဖည် ငြင်းပယ်ကြကုန်သော အမျိုးသားတို့.နှင့်ပက်သက်၍ အသို့.လျှင် ဝမ်းနည်းပူဆွေးရပါမည်နည်း" [၁] ဟုပြောကြားခဲ့လေသတည်း။

وَمَآ اَرْسَلْنَا فِيْ قَرْيَةٍ مِّنْ نَّبِيٍّ اِلَّآ اَخَذْنَآ اَهْلَهَا بِالْبَاْسَآءِ وَالضَّرَّآءِ لَعَلَّهُمْ يَضَّرَّعُوْنَ ﴿٩٤﴾

၉၄။ အမှန်သော်ကား၊ ငါအရှင်မြတ်သည် မည်သည့် မြို့.ရွာသို့.မဆို နဗိတမန်တော် တပါးပါးကို စေလွှတ်တော်မူခဲ့ပါလျှင် ထိုမြို့.သူရွာသားတို့.အား မာန်မာနကျိုး၍ အောက်ကျို့.လာကြရန် ဆင်းရဲဒုက္ခဖြင့်လည်းကောင်း၊ ရောဂါဝေဒနာဖြင့်လည်းကောင်း၊ နှိပ်ကွပ်တော်မူလေသည်။ [၂]

---

① တမန်တော်ရှုအိုက်ဗ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအား ဒေသနာတော်များကို ဟောကြားတော်မူ၏။ သွန်သင်ဆုံးမ ဩဝါဒပေးတော်မူ၏။ တန်းခိုးပြာဋိဟာလည်း ပြတော်မူ၏။ သွေဖည်ငြင်းဆန်မနာခံပါက ဖြစ်ပေါ်လာမည့် နောင်ရေးများကိုလည်း ကြိုတင်သတိပေးတော်မူ၏။ အမျိုးမျိုး ဖျောင်းဖျတော်မူ၏။ အမျိုးမျိုး ခြိမ်းခြောက်တော်မူ၏။ သို့.ရာတွင် ထိုသူများသည် သွေဖည်ငြင်းဆန်ခဲ့ကြ၏။ တဖွန်းတပါဒကိုမျှ မနာခံခဲ့ကြပေ။ ယင်းသို့. သွေဖည်ငြင်းဆန် မနာခံခဲ့ကြသည်သာမက မိမိတို့.၏ ကောင်းကျိုးလိုလားသော မိမိတို့.၏အပေါ်၌ မေတ္တာကရုဏာထားသော တမန်တော်ကိုပင်လျှင် ရန်မူလာကြ၏။ နောက်ဆုံးတွင် ထိုအမျိုးသားများသည် အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်ပြီး မရှုမလှ ပျက်စီး၍သွားခဲ့ကြလေသည်။ ထိုသို့.သော အမျိုးသားများ ပျက်စီးသွားသည်မှာ ဝမ်းနည်းဖွယ်ရာမဟုတ်ပေ။ ထို့.အတွက်ကြောင့်ပင် တမန်တော်ရှုအိုက်ဗ်က "သို့.ဖြစ်ရာ ကျွန်ုပ်သည် သွေဖည်ငြင်းဆန် မနာခံသော အမျိုးသားများနှင့်ပတ်သက်၍ အသို့.လျှင် ဝမ်းနည်းပူဆွေး ရပါမည်နည်း" ဟု ပြောကြားတော်မူခြင်းဖြစ်လေသည်။

② အလွှာဟ်အရှင်မြတ်သည် လူမျိုးအသီးသီးထံသို့. နဗိတမန်တော်များအား စေလွှတ်တော်မူခဲ့၏။ ယင်းသို့. စေလွှတ်တော်မူသည့်အခါ များသောအားဖြင့် လူများသည် တမန်တော်များ၏အဆုံး အမြဩဝါဒများကို လက်မခံကြပေ၊ သွေဖည်ငြင်းဆန် မနာခံပဲနေကြ၏။ ပြိုင်ဆိုင်လာကြ၏။ ရန်မူလာကြ၏။ ထိုအခါ အလွှာဟ် ➤➤

ثُمَّ بَدَّلْنَا مَكَانَ السَّيِّئَةِ الْحَسَنَةَ حَتَّىٰ عَفَوا وَّقَالُوا قَدْ مَسَّ آبَاءَنَا الضَّرَّاءُ وَالسَّرَّاءُ فَأَخَذْنَاهُم بَغْتَةً

၉၅။ ထိုနောက် ငါအရှင်မြတ်သည် မကောင်းသော အခြေအနေ၏အစား ကောင်းသော အခြေအနေကို ပြောင်းလဲ၍ ပေးတော်မူခဲ့လေသည်။ နောက်ဆုံးတွင်မူ ထိုသူတို့သည် တိုးတက်ကြီးပွားလာ၍ ဆင်းရဲဒုက္ခသည်လည်းကောင်း၊ သက်သာချောင်ချိမ့်သည်လည်းကောင်း၊ ငါတို့၏ဘိုးဘေးဘီဘင်တို့၌လည်း သက်ရောက်မြဲပင် ဖြစ်ခဲ့သည်ဟူ၍ ပြောဆိုလာကြကုန်၏။

➤➤ အရှင်မြတ်သည် အစပထမတွင် သတိပေးတော်မူခြင်း သဘောမျိုးဖြင့် ၎င်းတို့တွင် ဆင်းရဲကျပ်တည်းမှု၊ ရောဂါဝေဒနာ၊ မိုးခေါင်ရေရှားပါးမှု စသည်ဖြင့် ဒုက္ခအမျိုးမျိုးဖြစ်ပွားစေတော်မူ၏။ ယင်းသို့ ဒုက္ခအမျိုးမျိုးဖြစ်ပွားစေတော်မူခြင်း၏အကြောင်းမှာ အမိန့်တော်များကို သွေဖည်ငြင်းဆန် မနာခံသောသူများသည် ဒုက္ခအမျိုးမျိုးခံစားကြပြီး ဆက်လက်၍ မဆိုးသွမ်းကြရန်နှင့် အလွှာဟ်အရှင်မြတ်၏ဘက်တော်သို့ ယိမ်းညွှတ် လာကြရန်ပင် ဖြစ်သည်။ ဤသို့ ဒုက္ခအမျိုးမျိုးပေး၍ သတိပေးတော်မူပါလျှက် လူများသည် သတိမရကြပဲ ဆိုးသွမ်းမြဲအတိုင်း ဆိုးသွမ်းနေကြပါလျှင် အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ဘဝအခြေအနေများကို ပြောင်းလဲတော်မူပြန်၏။ ထိုအရှင်မြတ်သည် ၎င်းတို့၏ဒုက္ခကို သုခနှင့် ပြောင်းပေးတော်မူ၏။ ၎င်းတို့၏ဆင်းရဲမှုကို ချမ်းသာကြွယ်ဝမှုနှင့် လဲပေးတော်မူ၏။ ဤသို့ ဘဝအခြေအနေများကို ပြောင်းလဲပေးတော်မူခြင်းမှာ ထိုဆိုးသွမ်းလျက်ရှိသော လူများသည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ခံစားကြရပြီး ထိုကျေးဇူးတော်များ၏ရှေ့တွင် မိမိတို့၏ ကျေးဇူးကန်းမှုများကို ရှက်ကြောက်ကြရန်နှင့် ထိုအရှင်မြတ်သည် ငါတို့အား မွေးမြူဖန်ဆင်းတော် မူသောအရှင်၊ မဟာကရုဏာတော်ရှင်၊ ဖြစ်တော်မူကြောင်း သိရှိကာ ထိုအရှင်မြတ်၏ ဒေသနာတော်များကို လိုက်နာကျင့်သုံးကြရန်ပင် ဖြစ်သည်။ ယင်းသို့မဟုတ်ပါမူ လူများသည် လောကီစည်းစိမ်များတွင် နစ်မွန်းပြီး အမြူးကြီးမြူး၍ အမှေကြီးမှေကာ အမှားကြီးမှားကြရန်ပင် ဖြစ်သည်။ တနည်းအားဖြင့် ချမ်းသာကြွယ်ဝမှု၊ ကျန်းမာမှု၊ သားသမီးအခြွေအရံပေါများမှု . . . . စသည့် လောကီစည်းစိမ်များ တိုးတက်လာသည်နှင့်အမျှ သွေဖည်ငြင်းဆန် မနာခံမှု၊ မောက်မာမှု၊ ပလွှားမှုများသည်လည်း တိုးတက်၍လာကြ၏။ ထိုအခြေသို့ ရောက်လာကြသည့်အခါ ထိုသို့ ဆိုးသွမ်းလျက်ရှိသောသူများက "ဒုက္ခနှင့်သုခ၏ အစဉ်အလာသည် ရှေးယခင်ကပင် ရှိခဲ့သည်။ တရားဒေသနာတော်များကို ငါတို့၏သွေဖည်ငြင်းဆန်မှုများနှင့် မည်သို့မျှ မသက်ဆိုင်ချေ။ သက်ဆိုင်သည်ရှိသော် ငါတို့သည် အသို့လျှင် ဤသို့သောသုခချမ်းသာများကို ခံစားနိုင်ကြအံ့နည်း။ ဒုက္ခသုခများသည် အကြောင်းအားလျော်စွာ ဖြစ်ပျက်သော အမှုကိစ္စများသာ ဖြစ်သည်။ ဤအမှုကိစ္စသည် အထူအဆန်းမဟုတ်ပေ၊ ငါတို့၏ဘိုးဘေးဘီဘင်တို့တွင်လည်း ဖြစ်ပေါ်ခဲ့သည်" ဟုဆိုကြကာ ယခင်က တွေ့ကြုံခံစားခဲ့ကြရသော ဒုက္ခကြီးငယ်များကိုပင် မေ့ပျောက်ထားကြလေသည်။ ဤမျှ ဆိုးသွမ်းလာကြသည့်အခါ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား လောကီစည်းစိမ်များတွင် နစ်မွန်းပြီး အပျော်ကြီးပျော်နေကြသည့်အခိုက် ရုတ်တရက် ကွပ်မျက်တော်မူလေ့ရှိသည်။

ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၆: ၄၂-၄၅) တွင်လည်း မိန့်ဆိုထားတော်မူသည်။

وَّهُمْ لَا يَشْعُرُوْنَ ﴿٩٥﴾

ထိုအခါ ငါ အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့သတိမမူ အမှတ်မဲ့ဖြစ်နေခိုက် ရုတ်တရက် *ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသတည်း။* [၁]

وَلَوْ اَنَّ اَهْلَ الْقُرٰٓى اٰمَنُوْا وَاتَّقَوْا لَفَتَحْنَا عَلَيْهِمْ بَرَكٰتٍ مِّنَ السَّمَآءِ وَالْاَرْضِ وَلٰكِنْ كَذَّبُوْا فَاَخَذْنٰهُمْ بِمَا كَانُوْا يَكْسِبُوْنَ ﴿٩٦﴾

၉၆။ အကယ်၍သာ (နဗီတမန်တော်များ ပွင့်ခဲ့ကြလေသော) မြို့ရွာဒေသများ၌ မိုတင်းနေထိုင်ကြကုန်သောသူတို့သည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြ၍ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ခဲ့ကြပါမူ ငါ အရှင်မြတ်သည် ထိုသူတို့အဖို့ မိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ *မင်္ဂလာအဖြာဖြာတို့ကို မုချ ဖွင့်ပေးတော်မူခဲ့အံ့။* [၂] သို့ရာတွင်မူကား၊ ၎င်းတို့သည်(နဗီတမန်တော် အသီးသီးတို့အား) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြသည့် (ပြစ်မှုဒုစရိုက်များ)ကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသတည်း။

---

① ဤမုဏ္ဍပါဠိတော်၏ အဖွင့်တွင် "မိုဟက်ကေ့ကီန်" သုတေသီ ကဝိအမော် ပညာကျော်တို့က ဖွင့်ဆိုရေးသားခဲ့ကြသည်မှာ အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များအား သွေဖည်ငြင်းဆန် မနာခံသော သူယုတ်တို့ကို နောက်ဆုံးတွင် ပြစ်ဒဏ်ပေးတော်မူသည်သာ ဖြစ်သည်။ ယင်းသို့ ပြစ်ဒဏ်ပေးတော်မူခြင်းမှာ ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော် ထင်ရှားစေရန်နှင့် နဗီပြဿနာ ရှင်းလင်းသွားစေရန်ပင် ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် 'ဝလီ' သူတော်စင်များအားလည်း ဤသို့သောအကူအညီများကို အထင်အရှား ပေးတော်မူတတ်၏။ သို့ရာတွင် ဝလီများအားကူညီတော်မူခြင်းမှာ နဗီတမန်တော်များအား ကူညီတော်မူခြင်းကဲ့သို့ မုချ ကူညီတော်မူရကောင်းစေဟူ၍ကား မဟုတ်ပေ။ မာဂျိဒီ၊ အ-၂၊ စ-၃၄၆၊ အအ-၁၂၉။

② အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို သွေဖည်ငြင်းဆန် မနာခံလိုသောသူများသည် နောက်ဆုံးတွင် ထိုအရှင်မြတ်၏ ကွပ်မျက်တော်မူခြင်းကို ခံကြရသည်သာ ဖြစ်၏။ ဤသည် "မည်သူမပြု မိမိမူ" ဆိုသကဲ့သို့ မိမိကျူးလွန်ထားသော အပြစ်၏ဒဏ်ကို မိမိကိုယ်တိုင်ခံရခြင်းသာ ဖြစ်ပေသည်။ အကယ်၍သာ ထိုသူများသည် အီမန်ယုံကြည်ကြလျှင်၊ တရားဒေသနာတော်များကို နာခံကြလျှင် တမန်တော်များ၏ အဆုံးအမ ဩဝါဒများကို နာခံကြလျှင် အမှန်တရားကို လိုက်နာကျင့်သုံးကြလျှင် "ကုဖ်" ကို ရှောင်ကြဉ်၍ "တက္ကဝါ" ကို လက်ဆုပ်လက်ကိုင်ပြုထားကြလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေပြင်မှ လည်းကောင်း၊ "ဗရကတ်" မင်္ဂလာ အဖြာဖြာ ကောင်းကျိုးအမျိုးမျိုးတို့ကို ရက်ရောစွာ ဖွင့်ထုတ်ချီးမြှင့်တော်မူမည်မှာ မုချဧကန် အမှန်ပင်တည်း။

أَفَأَمِنَ أَهْلُ الْقُرَىٰٓ أَن يَأْتِيَهُم بَأْسُنَا بَيَٰتًا وَهُمْ نَآئِمُونَ ﴿٩٧﴾

၉၇။ သို့ပါလျက် (မက္ကာဟ်မြို့နှင့်တကွ ပတ်ဝန်းကျင်)မြို့ရွာဒေသများ၌ [၁] မိုတင်း နေထိုင်ကြကုန်သောသူတို့သည် ညဉ့်အခါ၌ ၎င်းတို့အိပ်ပျော်နေကြစဉ် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် (ရုတ်တရက်) ၎င်းတို့ထံ ရောက်ရှိလာမည်ကို စိုးရိမ်ခြင်းကင်းမဲ့၍ စိတ်ချ၍နေကြပါသလော။

أَوَأَمِنَ أَهْلُ الْقُرَىٰٓ أَن يَأْتِيَهُم بَأْسُنَا ضُحًى وَهُمْ يَلْعَبُونَ ﴿٩٨﴾

၉၈။ သို့တည်းမဟုတ် (ထိုမက္ကာဟ်မြို့နှင့် ပတ်ဝန်းကျင်)မြို့ရွာဒေသများ၌ မိုတင်းနေထိုင်ကြသူတို့သည် နံနက်နေတက်ချိန်တွင် ၎င်းတို့ ကစားခုန်စားလျက်ရှိနေကြစဉ် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် (ရုတ်တရက်) ၎င်းတို့ထံသို့ရောက်ရှိလာမည်ကို ကြောင့်ကြခြင်းကင်းမဲ့၍ စိတ်ချပြီးနေကြပါသလော။

أَفَأَمِنُوا۟ مَكْرَ ٱللَّهِ ۚ فَلَا يَأْمَنُ مَكْرَ ٱللَّهِ إِلَّا ٱلْقَوْمُ ٱلْخَٰسِرُونَ ﴿٩٩﴾

၉၉။ ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်၏ လျှို့ဝှက်စွာ ကြံစည်မှုကို စိုးရိမ်ခြင်း ကင်းမဲ့ကာ စိတ်ချ၍နေကြပါသလော။ သို့ဖြစ်လျှင် *နစ်နာဆုံးရှုံး*သူတို့မှအပ [၂] အလ္လာဟ်အရှင်မြတ်၏အကြံအစည်ကို စိုးရိမ်ကင်းမဲ့သူဟူ၍တဦးတယောက်မျှမရှိပြီ။

---

① ဤမုက္ခပါဠိတော်တွင်ပါရှိသော မြို့ရွာသားများဟူသည် မက္ကာဟ်မြို့တော်နှင့် ထိုမြို့တော်၏ပတ်ဝန်းကျင်တွင် နေထိုင်ကြသောသူများကို ဆိုလိုသည်။ ဤအဆိုသည် ကျွန်ုပ်ထံတွင် အသင့်မြတ်ဆုံးသော အဆိုဖြစ်သည်။ "မုဟ်ယစ်စွန်နဟ်" ကလည်း ဤအတိုင်းပင်ဆိုသည်။ (ရှုဟ်)

② ကုရ်အာန်ကျမ်းမြတ်၏ အသုံးအနှုန်းတွင် "ခါစိရူန်" နစ်နာဆုံးရှုံးသောသူများဟူသည် များသောအားဖြင့် ကာဖိရ်များကို ဆိုလိုသည်။ ဤသည့်သဘောကို ထောက်ထား၍ အလ္လာဟ်အရှင်မြတ်၏ လျှို့ဝှက်စွာကြံစည်မှုမှ စိတ်ချနေခြင်းသည် ကုဖ်ရ် ဖြစ်သည်ဟု မုဖတ်စ်စစ်ရ်ပညာရှင် သုခမိန်တို့သည် ဤမုက္ခပါဠိတော်ကို ကိုးကားဖွင့်ဆိုရေးသားကြသည်။

ဆုံးရှုံးနစ်နာကြရမည့် ကာဖိရ်များသာလျှင် အလ္လာဟ်အရှင်မြတ်၏ ကြံစည်မှု၊ ဖမ်းဆီးမှုမှ စိတ်ချ၍နေကြပေသည်။ မုအ်မင်နိတို့ကား မည်သည့်အချိန်အခါ၊ မည်သို့သောအခြေအနေမျိုး၌မျှ အလ္လာဟ်အရှင်မြတ်အား မေ့ကြသည် မဟုတ်ပေ။

أَوَلَمْ يَهْدِ لِلَّذِينَ يَرِثُونَ
الْأَرْضَ مِنۢ بَعْدِ أَهْلِهَآ
أَن لَّوْ نَشَآءُ أَصَبْنَٰهُم
بِذُنُوبِهِمْ ۚ وَنَطْبَعُ عَلَىٰ
قُلُوبِهِمْ فَهُمْ لَا يَسْمَعُونَ ﴿١٠٠﴾

၁၀၀။ (ဤ)ပထဝီမြေ၌ နေထိုင်ခဲ့ကြသူများမရှိသည့် နောက် ယခု ဤပထဝီမြေကို အမွေဆက်ခံလျက် ရှိသူတို့အဖို့ အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့အားလည်း ၎င်းတို့၏ ပြစ်မှုများကြောင့် ဒုက္ခရောက်စေတော်မူမည် ဖြစ်ကြောင်း မထင်ရှားသေးပါသလော။ အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူသဖြင့် ၎င်းတို့သည် (မှန်ကန်သောတရားဒေသနာတော်များကို) နားဆင်နိုင်ကြမည် မဟုတ်ချေ။

تِلْكَ ٱلْقُرَىٰ نَقُصُّ عَلَيْكَ
مِنْ أَنۢبَآئِهَا ۚ وَلَقَدْ جَآءَتْهُمْ
رُسُلُهُم بِٱلْبَيِّنَٰتِ ۖ فَمَا كَانُوا۟
لِيُؤْمِنُوا۟ بِمَا كَذَّبُوا۟ مِن قَبْلُ ۚ
كَذَٰلِكَ يَطْبَعُ ٱللَّهُ عَلَىٰ
قُلُوبِ ٱلْكَٰفِرِينَ ﴿١٠١﴾

၁၀၁။ ဤသည်တို့ကား(ရှေးဟောင်းခေတ်၏) အကြင် မြို့ရွာ ဒေသများပင်တည်း။ ငါ အရှင်မြတ်သည် ထိုမြို့ရွာဒေသများ၏ အချို့အထွာပွတ္တိများကို အသင့်ရှေ့ဝယ် ပြန်၍ ပြောကြားတော်မူလေသည်။ ဧကန်စင်စစ် ထိုမြို့ရွာဒေသတို့၌ မှီတင်းနေထိုင်သော သူတို့ထံ ၎င်းတို့၏ရဏ္ဍာလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြလေသည်။ ၁

သို့ရာတွင် ၎င်းတို့သည် ယခင်က(တကြိမ်) မိမိတို့ မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောအရာများကို ယုံကြည်မည့်သူများ မဟုတ်ခဲ့ကြချေ။ ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏စိတ်နှလုံးများပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူလေသတည်း။ ၂

---

① "ဂ၎င်းတို့ထံသို့ ၎င်းတို့၏တမန်တော်များသည် ထင်ရှားလှသော သက်သေလက္ခဏာတော်များနှင့်တကွ ရောက်ရှိလာခဲ့ကြချေပြီ" ဟူသော မက္ခပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် အာဒံအမျိုးသား၊ ဆမူဒ်အမျိုးသား တမန်တော်နူဟ်၏အမျိုးသား၊ တမန်တော်လူတ်၏အမျိုးသား၊ မဒ်ယန်အမျိုးသားများထံသို့ စေလွှတ်ခြင်း ➤➤

وَمَا وَجَدْنَا لِأَكْثَرِهِم مِّنْ عَهْدٍ ۖ وَإِن وَجَدْنَا أَكْثَرَهُمْ لَفَاسِقِينَ ﴿١٠٢﴾

၁၀၂။ အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အနက် မြောက်မြားစွာသောသူတို့၌ ကတိသစ္စာတည်ကြည်မှုကို [၁] တွေ့ရှိတော်မမူခဲ့ချေ၊ စင်စစ်တမူကား ငါ အရှင်မြတ်သည် ၎င်းတို့အနက် မြောက်မြားစွာသောသူတို့အား တရားလမ်းမှန်ကို ဖယ်ရှားသူများသာ တွေ့ရှိတော်မူခဲ့လေသတည်း။

ثُمَّ بَعَثْنَا مِن بَعْدِهِم مُّوسَىٰ بِآيَاتِنَا إِلَىٰ فِرْعَوْنَ وَمَلَئِهِۦ فَظَلَمُوا۟ بِهَا ۚ فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلْمُفْسِدِينَ ﴿١٠٣﴾

၁၀၃။ တဖန် ငါ အရှင်မြတ်သည် ထိုရပ္ရွာလတမန်တော်များ၏နောက်တွင် (နဗီတမန်တော်) မူစာအား မိမိသက်သေလက္ခဏာတော်များနှင့်တကွ [၂] ဖစ်ရှ်အောင်နန့်နှင့် ၎င်း၏အကြီးအမှူးတို့ထံ စေလွှတ်တော်မူခဲ့ရာ ၎င်းတို့သည် ထိုသက်သေလက္ခဏာတော်များကို မထီမဲ့မြင် ပြုခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်ကြသူတို့၏ နောက်ဆုံးအဖြစ်သည် မည်သို့ဖြစ်ခဲ့သည်ကို အသင်ရှုပါလေ။

➤➤ ခံခဲ့ကြရသော တမန်တော်များသည်လည်း ထင်ရှားလှစွာသော တန်ခိုး ပြာဋိဟာများကို ယူဆောင်လာခဲ့ကြသည့်အကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ တမန်တော်ဟူဒ်(အလိုင်ဟစ္စလာမ်)အား ၎င်း၏အမျိုးသားများက "အိုး-ဟူဒ်၊ အသင်သည် ကျွန်ုပ်တို့ထံသို့ ထင်ရှားသော လက္ခဏာတခုခုကို ယူ၍မလာခဲ့ပါ" ဟုပြောဆိုခြင်းမှာ မနာလိုမုန်းထား၍ ပြောဆိုခဲ့ခြင်းသာဖြစ်သည်။

[၁] အတိတ်ခေတ်ရှိ ကာဖိရ်များသည် အကြင်အရာကို တကြိမ်တခါ ငြင်းပယ်ခဲ့ကြဖူးလျှင် ထိုအရာနှင့်စပ်လျဉ်း၍ အဘယ်မျှ ကြီးမားထင်ရှားလှသော သက်သေလက္ခဏာ တန်ခိုးပြာဋိဟာများကို တွေ့မြင်ကြရလင့်ကစား "ဗူးဆို-ဖရဲမသီး" "ကျားကျားမီးယပ်" ဆိုသကဲ့သို့ အဘယ်နည်းနှင့်မျှ ထပ်မံလက်ခံကြသည်မရှိပေ။ လူမျိုးတမျိုးသည် အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များနှင့်ပတ်သက်၍ ဤရွေ့ဤမျှ မနာလိုမုန်းထားမှု၊ ဇွတ်တရွတ်ပြုမှု၊ အရွဲ့တိုက်မှု၊ သွေဖည်ငြင်းဆန်မှုများ၊ ပြင်းထန်လာခဲ့လျှင် ယင်းသို့သောလူမျိုးများသည် မိမိတို့၏အမှားကို အဘယ်နည်းနှင့်မျှ ပြုပြင်နိုင်ကြတော့မည် မဟုတ်ပေ။ ဤမျှဆိုးသွမ်းသည့် အခြေအနေသို့ ရောက်ရှိသွားသည့်အခါ အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများအပေါ်တွင် တံဆိပ်ခတ်နိပ်တော် မူလိုက်လေသတည်း။

[၂] ဤမုက္ခပါဠိတော်တွင်ပါရှိသော ကတိတည်ရန် ဟူသည် လူသားတို့သည် ဖခင်ကြီးအာဒမ်၏ ကျောက်ကုန်း၌ ရှိစဉ်မှာပင် လူသားတို့ထံမှ အလ္လာဟ်အရှင်မြတ် ယူထားတော်မူခဲ့သည့် ကတိကိုဆိုသည်။ ဤသည် သာဝကကြီး အီဗ်နုအဗ္ဗာစ်သခင်၏ အဆိုတည်း။ (ကဗီရ်) ➤➤

وَقَالَ مُوسَىٰ يَٰفِرْعَوْنُ إِنِّى
رَسُولٌ مِّن رَّبِّ ٱلْعَٰلَمِينَ ﴿١٠٤﴾

၁၀၄။ ၎င်းပြင် (နဗီတမန်တော်) မူစာက "အို-ဖစ်ရ်အောင်န်" ငါသည် ဧကန်စင်စစ် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ စေလွှတ်ခြင်းခံရသော ရာဇဝင်လတမန်တော်တပါးပင်ဖြစ်ချေသည် ဟု ပြောကြားခဲ့လေ၏။

حَقِيقٌ عَلَىٰٓ أَن لَّآ أَقُولَ عَلَى
ٱللَّهِ إِلَّا ٱلْحَقَّ قَدْ جِئْتُكُم بِبَيِّنَةٍ
مِّن رَّبِّكُمْ فَأَرْسِلْ مَعِىَ
بَنِىٓ إِسْرَٰٓءِيلَ ﴿١٠٥﴾

၁၀၅။ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ (တစုံတရာကို ကြံဖန်လီဆယ် ပြောဆိုခြင်းမပြုပဲ)အမှန်ကိုသာပြောဆိုရန် ငါ၏အပေါ်၌ တာဝန်ရှိပေသည်။ ငါသည် ဧကန်စင်စစ် အသင်တို့ထံ အသင်တို့၏အရှင်မြတ် အထံတော်မှ ထင်ရှားစွာသောသက်သေလက္ခဏာကို ယူဆောင်ခဲ့လေပြီ။ သို့ဖြစ်ပေရာ (အို-ဖစ်ရ်အောင်န်) အသင်သည် အစ္စရာအီလီအမျိုးသားတို့အား ငါနှင့်အတူ ထည့်လိုက်ပါ။

قَالَ إِن كُنتَ جِئْتَ بِـَٔايَةٍ
فَأْتِ بِهَآ إِن كُنتَ
مِنَ ٱلصَّٰدِقِينَ ﴿١٠٦﴾

၁၀၆။ ထိုအခါ ယင်း(ဖစ်ရ်အောင်န်)ကပြန်ပြောသည်မှာ (အို-မူစာ)အသင်သည် သက်သေလက္ခဏာတစုံတရာကို ယူဆောင်ခဲ့၍ မှန်ကန်စွာ ပြောဆိုသူတဦးဖြစ်ခဲ့ပါလျှင် ထိုသက်သေလက္ခဏာကို (ငါ၏ရှေ့ဝယ်)တင်ပြလော့ ဟု ပြန်ပြောလေ၏။

➤➤ ဤမှာပါဠိတော်တွင်ပါရှိသော ကတိဟူသည် ထိုသူများ (ကာဖိရ်များ) ဒုက္ခဆင်းရဲခြင်းနှင့် စိုးရိမ်မှုတွင် ကျရောက်ကြသည့်အခါ ထိုအရှင်မြတ်ထံတော်၌ (အီမာန်ယုံကြည်ကြပါတော့မည်)ဟု ပြုထားကြသော ကတိကိုဆိုသည်။

အလိုသဘောကား ထိုကာဖိရ်များအနက် အများစုသည် "အီမာန်"နှင့် စပ်လျဉ်း၍လည်းကောင်း၊ "တက္ကဝါ"နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်နှင့် ထားရှိကြသော ကတိကို ဖောက်ဖျက်ခဲ့သည် ဟူ၏။

ⓘ မှတ်ချက်။

ဤမှာပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် နဗီတမန်တော်တိုင်းတွင်သက်သေလက္ခဏာ တန်ခိုးပြဋိဟာတရပ်ရပ် မုချရှိရမည်မှာ အထင်အရှားသိနိုင်ပေသည်။

فَأَلْقَىٰ عَصَاهُ فَإِذَا هِيَ ثُعْبَانٌ مُّبِينٌ ﴿١٠٧﴾

၁၀၇။ ထိုအခါ ထိုနဗီတမန်တော်(မူစာ)သည် မိမိတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချလေရာ ရုတ်တရက် ထိုတောင်ဝှေးသည် ထင်ရှားသောမြွေ(နဂါး)တကောင် ဖြစ်နေလေ၏။

وَنَزَعَ يَدَهُ فَإِذَا هِيَ بَيْضَاءُ لِلنَّاظِرِينَ ﴿١٠٨﴾

၁၀၈။ ၎င်းပြင် ထိုနဗီတမန်တော်(မူစာ)သည် မိမိလက်ကို (မိမိရင်တွင်း/ချိုင်းကြားမှ) အပြင်သို့ဆွဲ၍ ထုတ်ခဲ့ရာ ရုတ်တရက် ထိုလက်မှာ ကြည့်ရှုသူတို့ရှေ့တွင် ထွန်းတောက်လျက် ရှိနေလေသည်။ ①

قَالَ الْمَلَأُ مِن قَوْمِ فِرْعَوْنَ إِنَّ هَٰذَا لَسَاحِرٌ عَلِيمٌ ﴿١٠٩﴾

၁၀၉။ ဖစ်ရ်အောင်န်၏ အမျိုးသားများအနက်မှ အကြီးအမှူးတို့သည် (ဤသည့် တန်ခိုးပြာဋိဟာများကိုတွေ့မြင်ကြသောအခါ) မုချဧကန် ဤသူသည် တဘက်ကမ်းခတ် တတ်မြောက်သော ပဉ္စလက်ဆရာတဦးပင်ဖြစ်သည်ဟု ပြောဆိုကြကုန်သည်။

يُرِيدُ أَن يُخْرِجَكُم مِّنْ أَرْضِكُمْ فَمَاذَا تَأْمُرُونَ ﴿١١٠﴾

၁၁၀။ ၎င်းသည် (မိမိ ပဉ္စလက်ပညာ၏အစွမ်းဖြင့်) အသင်တို့အား အသင်တို့၏နယ်မြေ(ဝါ)တိုင်းပြည်မှ ထုတ်ပစ်ရန် ကြံရွယ်လျက်ရှိနေလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (ဤကိစ္စနှင့်စပ်လျဉ်း၍) မည်သို့အကြံပေးလိုကြသနည်း။

قَالُوا أَرْجِهْ وَأَخَاهُ وَأَرْسِلْ فِي الْمَدَائِنِ حَاشِرِينَ ﴿١١١﴾

၁၁၁။ ထိုအခါ ယင်း(ဖစ်ရ်အောင်န်၏မှူးမတ်)တို့က (ဖစ်ရ်အောင်န်အား ဤသို့)လျှောက်ထားအကြံဉာဏ်ပေးကြလေသည်။ ၎င်းနဗီတမန်တော်(မူစာ)နှင့်၎င်း၏နောင်တော် နဗီတမန်တော်ဟာရွန်)အား ဆိုင်းခွင့်ပေးပါ။ ဆိုင်းငံ့၍ထားပါ။ ထို့ပြင် အမြို့မြို့အရွာရွာသို့မင်းစေများကို စေလွှတ်ပါ။

---

① တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)သည် အသားညိုဖြစ်တော်မူ၏။ တမန်တော်မူစာသည် မိမိ၏လက်ကို ရင်တွင်သော်လည်းကောင်း၊ ချိုင်းအောက်တွင်သော်လည်းကောင်း၊ ထည့်သွင်း၍ ပြန်လည်ထုတ်လိုက် ➤➤

يَأْتُوكَ بِكُلِّ سَحِرٍ عَلِيمٍ ﴿١١٢﴾

၁၁၂။ ထိုမင်းစေများသည် ဘုရင်မင်းမြတ်၏ထံသို့ (တဘက်ကမ်းခတ်) ကျွမ်းကျင် တတ်မြောက်သော ပဉ္စလက်ဆရာအပေါင်းတို့ကို (ရှာဖွေ) ခေါ်ဆောင် လာကြပေမည်။

وَجَآءَ ٱلسَّحَرَةُ فِرْعَوْنَ قَالُوٓا۟ إِنَّ لَنَا لَأَجْرًا إِن كُنَّا نَحْنُ ٱلْغَٰلِبِينَ ﴿١١٣﴾

၁၁၃။ ထိုနောက်ပဉ္စလက်ဆရာတို့သည် ဖင်ရိအောင်နန်းထံသို့ ရောက်ရှိလာခဲ့ကြလေသည်။ ထိုပဉ္စလက်ဆရာတို့က အကယ်၍ ကျွန်တော်မျိုးတို့သည် အောင်နိုင်ခဲ့ကြပါလျှင် (ကြီးကျယ်သော) ဆုလာဘ် တခုခုကို မုချ ရရှိကြပါလိမ့်မည်(လော) [၁] ဟုပြောဆို ကြလေသည်။

قَالَ نَعَمْ وَإِنَّكُمْ لَمِنَ ٱلْمُقَرَّبِينَ ﴿١١٤﴾

၁၁၄။ ထိုအခါ ယင်း(ဖစ်ရိအောင်နန်)က (ပြန်၍) ပြောဆိုသည်မှာ "ဟုတ်ပေသည်၊ (အသင်တို့သည် ဆုလာဘ်များကို မုချ ရရှိမည်)။ ၎င်းပြင် ထိုသို့ ဖြစ်ခဲ့လျှင် အသင်တို့သည် (ငါနှင့်အတူ) လက်ပွန်း တတီးနေထိုင် (ချစ်ကျွမ်း)သူတို့တွင်လည်း မုချ အပါအဝင် ဖြစ်ကြလတ္တံ့" ဟု ပြောဆိုလေ၏။

(တနည်း)

(ထိုအခါ) ယင်း (ဖစ်ရိအောင်နန်)က "ကောင်း၏" (အသင်တို့ တောင်းဆိုကြသည့်အတိုင်း ဆုလာဘ်တော် ကိုလည်း ငါပေးမည်။) ထို့ပြင်တဝ အသင်တို့သည် အပါးတော်၌ ရာထူးဌာနန္တရဖြင့် မြှောက်စားခြင်း ခံရသူများ၊ လူယုံတော်များလည်း မုချဖြစ်ကြပေမည်ဟု ပြောဆိုလေ၏။

➤➤ သည့်အခါ ထိုလက်သည် လင်းဝင်းတောက်ပလျက်ရှိ၏။ လက်၏ရောင်ခြည်သည် နေ၏ရောင်ခြည်ကို ဖုံးအုပ်လွှမ်းမိုးလျက်ရှိ၏။

① ဖစ်ရိအောင်နန်၏မှော်ဆရာများက ပွဲဦးစ၌ပင် "အကယ်၍ ကျွန်တော်မျိုးတို့ အောင်နိုင်ကြလျှင် ကြီးကျယ်သော ဆုလာဘ်တစ်ခုခုကို မုချ ရရှိကြမည်လော"ဟု ပြောဆိုပြီး မိမိတို့သည် ငွေကြေးကို အဓိကထားသော ➤➤

قَالُوا يٰمُوسٰٓى اِمَّآ اَنْ تُلْقِيَ وَاِمَّآ اَنْ نَّكُوْنَ نَحْنُ الْمُلْقِيْنَ ﴿١١٥﴾

၁၁၅။ ထိုပဉ္စလက်ဆရာများက အို-မူစာ အသင်သည် (မိမိ၏တောင်ဝှေးကို ဦးစွာပထမ) ချပြပါ။ သို့မဟုတ် ကျွန်ုပ်တို့သည် (မိမိ၏ ဒုတ်များနှင့် ကြိုးများကို ဦးစွာပထမ) ချပြကြရပါမည်လော ဟု ပြောဆိုကြ၏။

قَالَ اَلْقُوْا ۚ فَلَمَّآ اَلْقَوْا سَحَرُوْٓا اَعْيُنَ النَّاسِ وَاسْتَرْهَبُوْهُمْ وَجَآءُوْ بِسِحْرٍ عَظِيْمٍ ﴿١١٦﴾

၁၁၆။ ထိုတမန်တော်(မူစာ)က၊ အသင်တို့သည် ပင်လျှင် ပစ်ချလေကုန်ဟု ပြောကြား၏။ ထို့နောက် ၎င်း(ပဉ္စလက်ဆရာ)တို့သည် (မိမိတို့လှုင်ကန်များနှင့် ကြိုးများကို) ပစ်ချကြ၍ လူတို့၏ မျက်စိများကို လှည့်စားကြလေသည်။ ၎င်းပြင် ထိုသူတို့အား ကြောက်လန့်စေ ခဲ့ကြလေသည်။ စင်စစ်သော်ကား၊ ၎င်းတို့သည် ကြီးကျယ်သော စုန်းပယောဂကို [၁] ဆောင်ယူခဲ့ကြလေသတည်း။

➤➤ ကြေးစားများဖြစ်ကြောင်း ထုတ်ဖော်လိုက်ကြ၏။ နဗီတမန်တော်များမှာမူကား ယင်းသို့မဟုတ်ကြပေ။ တရားဓမ္မဟောကြားရာတွင် စကားဦးအစ ပဏာမ၌ပင် "ကျွန်ုပ်သည် ထိုတရားဓမ္မနှင့်ပတ်သက်၍ အသင်တို့ထံမှ အနည်းငယ် စိုးစဉ်းမျှ အခမတောင်းပါ။ ကျွန်ုပ်၏အခသည် အလွှာဟ်အရှင်မြတ်အထံတော်၌ရှိပါသည်" ဟု တမန်တော်များက ထုတ်ဖော်ပြောဆို ကြေညာလေ့ရှိခဲ့ကြသည့်အလျောက် နဗီ တမန်တော် မူစာကလည်း ယင်းသို့ပင် ပြောကြားခဲ့လေသည်။ နဗီ တမန်တော်များကား သာသနာရေးတွင် စေတနာဝန်ထမ်း သက်သက်ဖြစ်ကြပေသည်။

① ဖစ်ရိအောင်န် ဆင့်ခေါ်ထားသော မှော်ဆရာ မျက်လှည့်ဆရာများသည် တတ်ကျွမ်းသူများဖြစ်ကြ၏။ ၎င်းတို့သည် မိမိတို့၏ တောင်ဝှေးများနှင့်ကြိုးများကို မြေပေါ်သို့ပစ်ချကာ မြွေများကဲ့သို့ လှုပ်ရှားသွားလာနေသည်ဟု ထင်မြင်လာအောင် ပြုစွမ်းနိုင်ကြ၏။ လှည့်စားနိုင်ကြ၏။ ဤကား မျက်လှည့်သာဖြစ်ချေသည်။ ဖြစ်ရပ်အမှန် မဟုတ်ပေ။

တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)၏ တောင်ဝှေးသည် အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် တောင်ဝှေးစင်စစ်မှ မြွေစင်စစ်ဖြစ်လာခဲ့၏။ ဤကား မျက်လှည့်မဟုတ် "မုအ်ဂျိဇာ" တန်ခိုးပြာဋိဟာတည်း။

ကုရ်အာန်ကျမ်းမြတ်၏အဆိုအရ ယင်းမှော်ဆရာများ၏ တောင်ဝှေးများသည် တကယ်စင်စစ် မြွေမဖြစ်။ မြွေများကဲ့သို့ လှုပ်ရှားသွားလာသည်ဟု ထင်မြင်အောင် မျက်စိလှည့်စားထားခြင်းသာ ဖြစ်သည်။ မုဖတ်စ်စစ်ရ် ပညာရှင်သုခမိန်တို့သည်လည်း ဤအတိုင်းပင် တညီတညွတ်တည်း ဆိုကြသည်။

(ကြည့် - အီဗ်နုကဆီရ်၊ မဒါရစ်ဂ်၊ ကုရ်တုဗီ)

وَأَوْحَيْنَآ إِلَىٰ مُوسَىٰٓ أَنْ أَلْقِ عَصَاكَ ۖ فَإِذَا هِىَ تَلْقَفُ مَا يَأْفِكُونَ ﴿١١٧﴾

၁၁၇။ ထိုအခါ ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာထံ အသင်သည် မိမိလှင်ကန်တောင်ဝှေးကို ပစ်ချလော့ ဟူ၍ အမိန့်တော် ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ဖြစ်ရာ နဗီတမန်တော်(မူစာ)သည် မိမိလှင်ကန်တောင်ဝှေးကို ပစ်ချလေရာ) ထိုလှင်ကန်တောင်ဝှေးသည် ရုတ်တရက် (မြွေနဂါးကြီးဖြစ်လာပြီး) ထိုမျက်လှည့်ဆရာများ လှည့်စားကြသည့် အရာများကို မျိုလေတော့သည်။

فَوَقَعَ ٱلْحَقُّ وَبَطَلَ مَا كَانُوا۟ يَعْمَلُونَ ﴿١١٨﴾

၁၁၈။ သို့ဖြစ်ပေရာ အမှန်သည်ထင်ရှားခဲ့ပြီ၊ ၎င်းပြင်ထို(ပဋ္ဌလက်ဆရာ)တို့ ပြုလုပ်ထားသော အမှုကိစ္စတို့သည် အချည်းနှီး ပျက်စီးသွားချေပြီ။

فَغُلِبُوا۟ هُنَالِكَ وَٱنقَلَبُوا۟ صَٰغِرِينَ ﴿١١٩﴾

၁၁၉။ သို့ဖြစ်၍ ၎င်း(ဖစ်ရ်အောင်နှိမ်နှင့် ယင်း၏မှူးမတ်)တို့သည် ထိုနေရာ၌ပင် အရေးရှုံးနိမ့်ခဲ့သည့်ပြင် ကျိုးယုတ်ရှက်ရလည်း ဖြစ်ခဲ့ကြရလေသည်။

وَأُلْقِىَ ٱلسَّحَرَةُ سَٰجِدِينَ ﴿١٢٠﴾

၁၂၀။ ထို့ပြင် ပဋ္ဌလက်ဆရာတို့သည် မှောက်လဲဦးချသွားခဲ့ကြလေသည်။ ၁

---

① ဖစ်ရ်အောင်နှိမ်၏ ပဋ္ဌလက်ဆရာများသည် တမန်တော်မူစာပြသသောအရာသည် မျက်လှည့်၊ လက်လှည့်၊ ပဋ္ဌလက်မဟုတ်၊ အလွှာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော် တန်ခိုးပြာဋိဟာဖြစ်သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြ၏။ ယင်းပဋ္ဌလက်ဆရာများ၏ အကြီးအကဲက "ငါတို့သည် မိမိတို့၏ ပဋ္ဌလက်အတတ်ဖြင့် လူများအား လှည့်စားနိုင်ခဲ့ကြသည်။ အောင်နိုင်ခဲ့ကြသည်။ သို့အောင်နိုင်ရာတွင် ငါတို့၏ပဋ္ဌလက်ဆိုင်ရာ ကိရိယာတန်ဆာပလာများသည် ပျက်စီးပျောက်ပျက်သွားသည်မရှိ ကျန်ရှိနေခဲ့သည်သာဖြစ်သည်။ ယခုမူ ငါတို့၏ ကိရိယာတန်ဆာပလာ အားလုံးသည် ပျောက်ခြင်းကြီးမလှ ပျောက်ပျက်သွားချေပြီ၊ အကယ်၍ (တမန်တော်) မူစာပြသောအရာသည် ပဋ္ဌလက်သာဖြစ်လျှင် ငါတို့၏ကိရိယာတန်ဆာပလာများ အဘယ်မှာနည်း။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အရာခပ်သိမ်းတို့ကို ပြောင်းလဲနိုင်တော်မူသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်တပါးရှိကြောင်း၊ ထိုအရှင်သည် မိမိ၏တန်ခိုးတော်ကို တမန်တော်မူစာမှ တဆင့် ပြသတော်မူကြောင်း၊ (တမန်တော်)မူစာသည် ထိုအရှင်မြတ်၏တမန်တော် အစစ်အမှန်ဖြစ်ကြောင်း သိရှိရပေသည်"ဟု ဝေဖန်ပိုင်းခြား ပြောကြားခဲ့၏။ ထိုအခါ ယင်း ပဋ္ဌလက်ဆရာ အားလုံးတို့သည် အမြင်မှန်ရလာပြီး မိမိတို့၏ အမှားများကို ဝန်ချတောင်းပန် အသနားခံကာ အလွှာဟ် အရှင်မြတ်အား သဒ္ဓါကြည်ဖြူစွာဖြင့် အီမာန်ယုံကြည်လာခဲ့ကြပေသည်။

قَالُوٓا۟ ءَامَنَّا بِرَبِّ ٱلْعَٰلَمِينَ ﴿١٢١﴾

رَبِّ مُوسَىٰ وَهَٰرُونَ ﴿١٢٢﴾

قَالَ فِرْعَوْنُ ءَامَنتُم بِهِۦ قَبْلَ
أَنْ ءَاذَنَ لَكُمْ ۖ إِنَّ هَٰذَا لَمَكْرٌ
مَّكَرْتُمُوهُ فِى ٱلْمَدِينَةِ لِتُخْرِجُوا۟
مِنْهَآ أَهْلَهَا ۖ فَسَوْفَ
تَعْلَمُونَ ﴿١٢٣﴾

၁၂၁။ ၎င်းတို့က "ကျွန်ုပ်တို့သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ယုံကြည်ကြပါပြီ" ဟု ပြောဆိုကြလေသည်။

၁၂၂။ နဗီတမန်တော်(မူစာ)နှင့် နဗီတမန်တော်(ဟာရွန်)တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်(အား ယုံကြည်ကြလေပြီ)။ [၁]

တနည်း။

(ထိုအရှင်မြတ်သည်) တမန်တော်(မူစာ)နှင့် တမန်တော်(ဟာရွန်)တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်လည်း (ဖြစ်တော်မူသည်)။

၁၂၃။ ထိုအခါ ဖစ်ရ်အောင်နိုက ငါသည် အသင်တို့အားခွင့်မပြုမီပင် အသင်တို့သည် ထို(မူစာနှင့်ဟာရွန်တို့၏)အရှင်အား (တနည်း)(မူစာ)အား သက်ဝင်ယုံကြည်ခဲ့ကြချေပြီလော။ ဤသည်ကား ဧကန်စင်စစ် *ပရိယာယ်မာယာကာရတစ်ရပ်ပင် ဖြစ်ချေသည်။* [၂] အသင်တို့သည် ယင်းပရိယာယ်မာယာကာရကို မြို့ထဲ၌ ထိုမြို့တွင် နေထိုင်ကြသောသူတို့အား မြို့တွင်းမှ ထုတ်ပစ်ကြရန် (မူစာနှင့် လျှို့ဝှက်စွာ ပူးပေါင်း၍) ကြံစည်ခဲ့ကြကုန်သည်။ သို့ဖြစ်ပေရာ မကြာမြင့်မီပင် အသင်တို့သည် (အကြောင်း) သိရှိကြ(ရပေလိမ့်)မည်ဟု ပြောဆို ကြိမ်းဝါးခဲ့လေသတည်း။

---

① ဖစ်ရ်အောင်နိ၏မှော်ဆရာများက အလွှာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်ကြသည့်အကြောင်း ထုတ်ဖော်ပြောဆိုရာတွင် "ကျွန်ုပ်တို့သည် စကြာဝဠာအဝှန်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်အား အီမာန် ယုံကြည်ကြပါပြီ။ (ထိုအရှင်မြတ်သည်) တမန်တော်မူစာနှင့် တမန်တော်ဟာရွန်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်(လည်း)ဖြစ်တော်မူသည်" ဟုဆိုကြ၏။ ဤမုက္ခပါဠ်တော်တွင် "စကြာဝဠာအဝှန်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်" ဟူသောဂုဏ်ပုဒ်ကို "တမန်တော်မူစာနှင့် တမန်တော်ဟာရွန်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်" ဟူသောဂုဏ်ပုဒ်ဖြင့် ဝိသေသပြုထားခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ။ ➤➤

لَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ ثُمَّ لَأُصَلِّبَنَّكُمْ أَجْمَعِينَ ﴿١٢٤﴾

၁၂၄။ ငါသည် မုချမလွဲ အသင်တို့၏လက်များကို လည်းကောင်း၊ အသင်တို့၏ခြေများကိုလည်းကောင်း၊ (ဝဲယာ)လွှဲ၍ ဖြတ်တောက်မည်။ ထို့နောက် ငါသည် မုချဧကန် အသင်တို့ အားလုံးကို လက်ဝါးကပ်တိုင် တင်မည်။ [၁]

---

[၁] ဖစ်ရအောင်နသည် မိမိကိုယ်ကို "ငါသည် အသင်တို့၏ အကြီးကျယ်ဆုံးသော အရှင်သခင်ဖြစ်သည်" ဟု လိမ်လည်၍ ဝါကြွားခဲ့၏။ ဤအကြောင်း ကုရ်အာန်(၇၉း၂၄)တွင် ပါရှိ၏။ ထိုသို့သောအခြေအနေတွင် အကယ်၍သာ (رَبِّ مُوسَىٰ وَهَٰرُونَ)ဟူသောဂုဏ်ပုဒ်ကို (رَبِّ الْعَٰلَمِينَ)ဟူသောဂုဏ်ပုဒ်နှင့် ဝိသေသ ပြုမထားပါလျှင် မသိနားမလည်သောသူများက (رَبِّ الْعَٰلَمِينَ)ဟူသော ဂုဏ်ပုဒ်သည် ဖစ်ရအောင်နအား ရည်ညွှန်းသည်ဟူ၍ ထင်မှားသွားနိုင်ကြသည်။ ထို့အတွက်ကြောင့်ပင် ဤမုကွပါဠိတော်၌ (رَبِّ الْعَٰلَمِينَ) ဟူသော ဂုဏ်ပုဒ်ကို (رَبِّ مُوسَىٰ وَهَٰرُونَ)ဟူသောဂုဏ်ပုဒ်နှင့် တွဲဖက်မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

(ကြည့်-ထာနဝီ)

Ⓙ ဖစ်ရအောင်နသည် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)နှင့် ပြိုင်ဆိုင်ရာတွင် မရွှမလှ ရှုံးနိမ့်ချေပြီ၊ အရှက်တကွဲ အကျိုးနည်းလည်းဖြစ်ရချေပြီ၊ ထိုအချိန်တွင် ဖစ်ရအောင်နသည် မိမိ၏အရှက်ကို ဖုံးအုပ်ရန်၊ ရှုံးနိမ့်မှုကို ကာကွယ်ရန်နှင့် နောက်လိုက်ငယ်သားတို့အား ဖြားယောင်းရန်အတွက် ဤသို့လျှင် အကွက်ဆင်လေသည်။

"မူစာသည် မော်ဆရာများ၏အကြီးအကဲဖြစ်သည်။ မူစာသည် ပရိယာယ်အားဖြင့် မိမိတပည့်များကို ပထမငါတို့ထံ လွှတ်လိုက်သည်။ ပြိုင်ဆိုင်သည့်အချိန် ကျရောက်သောအခါ ထိုတပည့်များသည် မူစာအား အတည့်အလင်း အရှုံးပေးလိုက်ကြသည်။

ဤသို့ပရိယာယ်ဆင်ခြင်းမှာ တိုင်းသူပြည်သားတို့သည် ငင်းတို့အား အထင်ကြီးကြစေရန်ပင်ဖြစ်သည်။ ပြီးနောက် ဤတိုင်းပြည်မှ တိုင်းရင်းသားများကို နှင်ထုတ်၍ ငင်းတို့ကိုယ်တိုင် ဤတိုင်းပြည်ကို မင်းလုပ် အုပ်ချုပ်ရန်ဖြစ်သည်" ဟု၏။

ဖစ်ရအောင်နသည် အထက်တွင်မော်ပြပါအတိုင်း၊ အဘယ်သို့လျှင် အကွက်ဆင်၍ မိမိ၏နောက်လိုက် ငယ်သားတို့အား လှည့်ဖြားသော်လည်း အကြောင်းကား မထူးပေ။ နောက်ဆုံးတွင် ဖစ်ရအောင်နနှင့် ငင်း၏ ဘက်တော်သားများသည် ငင်းတို့စိုးရိမ်ခဲ့ကြသည့်အရာများကိုပင် ကိုယ်တိုင်တွေ့ကြုံ ခံစားခဲ့ကြရလေသည်။ ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၂၈း၅-၆) တွင် မိန့်ဆိုထားတော်မူသည်။

Ⓐ ဤကား ဖစ်ရအောင်နု၏ ခြိမ်းခြောက် ကြိမ်းဝါးချက်ပင်ဖြစ်သည်။ သို့ရာတွင် အလွန်ဟ်အရှင်မြတ်အား အီမာန် ယုံကြည်ထားကြသော ထိုမော်ဆရာများအဖို့မှာကား ဖစ်ရအောင်နု၏ ကြိမ်းဝါးချက်သည် အဆံမရှိ၊ အသံအတိသာ ဖြစ်လေပြီ။

ဤမုကွပါဠိတော်တွင် ပါရှိသည့်အတိုင်း ဖစ်ရအောင်နက ကြိမ်းဝါးသောအခါ မော်ဆရာများက ရှေ့တွင်လာရှိသော မုကွပါဠိတော် ၂-ပါး၌ ပါရှိသည့်အတိုင်း တည်ကြည်ရဲရင့်စွာ ဖြေကြားကြလေသည်။

قَالُوٓا۟ إِنَّآ إِلَىٰ رَبِّنَا مُنقَلِبُونَ ﴿١٢٥﴾

၁၂၅။ ထိုအခါယင်း(ပဉ္စလက်ဆရာ)တို့က "ကျွန်ုပ်တို့သည် ဧကန်မလွဲ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်သို့ပင် ပြန်သွားကြရမည့် သူများသာဖြစ်ကြသည်ဟု ပြောဆိုကြကုန်သည်။ ၁

وَمَا تَنقِمُ مِنَّآ إِلَّآ أَنْ ءَامَنَّا بِـَٔايَٰتِ رَبِّنَا لَمَّا جَآءَتْنَا ۖ رَبَّنَآ أَفْرِغْ عَلَيْنَا صَبْرًا وَتَوَفَّنَا مُسْلِمِينَ ﴿١٢٦﴾

၁၂၆။ စင်စစ်သော်ကား အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့ထံ ကျွန်ုပ်တို့အရှင်မြတ်၏ သက်သေလက္ခဏာများ ရောက်ရှိလာသောအခါ ကျွန်ုပ်တို့ယုံကြည်လက်ခံကြသည်ကိုသာလျှင် တုံ့ပြန်လက်စားချေသည်သာဖြစ်ပေသည်။

(ထို့နောက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့ ဆုမွန်ပတ္ထနာ ပြုကြကုန်၏။)
"အိုအရှင်၊ ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌ ကြံ့ခိုင်မှုကိုသွန်းလောင်း၍ ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (မွတ်စ်လင်မ်) အမိန့်တော်ကို လိုက်နာသူများအဖြစ် သေဆုံးစေတော်မူပါ"။

---

① ထိုအချိန်တွင် မှော်ဆရာများသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးပြီး ဖြစ်ကြ၏။ ထိုအရှင်မြတ်အား ဖူးမြော်ရန်ဆန္ဒလည်း ရှိကြ၏။ "ဂျန္နတ်"နှင့် "ဂျဟန္နမ်"သည် ၎င်းတို့၏ မျက်မှောက်တွင် တွေ့မြင်နေရဘိအလား ဖြစ်ရှိ၏။ သို့ဖြစ်ပေရာ ထိုမှော်ဆရာများသည် ဖစ်ရ်အောင်နှ၏ ခြိမ်းခြောက်မှုများကို အသို့လျှင် စိုးရိမ်ကြောက်ရွံ့ကြမည်နည်း။ အလျင်း စိုးရိမ်ကြမည်မဟုတ်ပေ။ ထို့အတွက်ကြောင့်ပင် ထိုမှော်ဆရာ များက ဖစ်ရ်အောင်နှအား 'ကိစ္စမရှိပါ၊ အသင်လုပ်စရာရှိသည်ကိုလုပ်ပါ၊ သတ်ပါ၊ ကားစင်တင်ပါ၊ ကျွန်ုပ်တို့ မကြောက်ပါ၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ် အထံတော်သို့ ပြန်လည်ရောက်ကြရမည့်သူများ ဖြစ်ပါသည်။ အသင့်ပယောဂကြောင့်ပင် ဖြစ်ပါစေ၊ အသင်သည် ကျွန်ုပ်တို့အား ယခုကဲ့သို့ လက်စားချေခြင်းမှာ အခြားအကြောင်းကြောင့်မဟုတ်၊ ကျွန်ုပ်တို့ထံ ကျွန်ုပ်တို့၏အရှင်မြတ်၏ သက်သေလက္ခဏာတော်များ ရောက်ရှိလာသောအခါ ထိုသက်သေလက္ခဏာတော်များကို ကျွန်ုပ်တို့ ယုံကြည်လက်ခံကြသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ယုံကြည်ကြသည့်အတွက် အသင့်ထံတွင် ပြစ်မှုကျူးလွန်သော တရားခံများဖြစ်ကြရပြီ။ သို့အတွက် ကျွန်ုပ်တို့သည် အသင်၏ နှိပ်စက်ညှဉ်းပန်းမှုများကို ခံနိုင်ရန်နှင့် အသက်ထက်ဆုံး မွတ်စ်လင်မ်အဖြစ်နှင့်နေ၍ မွတ်စ်လင်မ်အဖြစ်နှင့်ပင် သေဆုံးရန်အတွက်လည်း ထိုအရှင်မြတ်အထံတော်၌မှာပင် ဆုတောင်းပတ္ထနာပြုကြပါသည်' ဟု တည်ကြည်ရဲဝံ့စွာ ပြောဆိုကြလေသည်။ ➤➤

وَقَالَ الْمَلَأُ مِنْ قَوْمِ فِرْعَوْنَ أَتَذَرُ مُوسَىٰ وَقَوْمَهُ لِيُفْسِدُوا فِي الْأَرْضِ وَيَذَرَكَ وَآلِهَتَكَ ۚ قَالَ سَنُقَتِّلُ أَبْنَاءَهُمْ وَنَسْتَحْيِي نِسَاءَهُمْ ۚ وَإِنَّا فَوْقَهُمْ قَاهِرُونَ ﴿١٢٧﴾

၁၂၇။ ထို့နောက် ဖစ်ရအောင်န်၏ အမျိုးသားတို့ အနက်မှ မျူးမတ်တို့က (ဤသို့)ပြောဆိုကြလေသည်။ အသင်သည် မူစာနှင့် ယင်း၏အမျိုးသားတို့ကို တိုင်းပြည်တွင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နိုင်ကြရန်လည်းကောင်း၊ ထို တမန်တော်(မူစာ)သည် အသင်နှင့်တကွ အသင်၏ကိုးကွယ်ရာများကိုပါ [၁] စွန့်ပစ်ထားရန်လည်းကောင်း၊ (ဤအတိုင်းပင်)လွှတ်၍ ထားပါမည်လော။ [၂]

ထိုအခါ ယင်း(ဖစ်ရအောင်န်)က (ဤသို့ ပြန်လည်)ပြောကြားလေသည်။ ငါတို့သည် မကြာမီ ငင်းတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ကြမည်။ သို့ရာတွင် ငင်းတို့၏ အမျိုးသမီးများကို မူကား (ခိုင်းစေနိုင်ရန်အတွက် သတ်ဖြတ်ခြင်းမပြုပဲ) အသက်ချမ်းသာခွင့်ပေးထားကြမည်။ အမှန်သော်ကား ငါတို့သည် ငင်းတို့အား နိုင်နင်း လွှမ်းမိုးသူများပင် ဖြစ်ကြသည်။

➤➤ နောင်တမလွန်ဘဝ၌ရှိသော အပြစ်ဒဏ်သည် အတိုင်းမသိ ပြင်းထန်၏။ ဤပစ္စုပ္ပန်ဘဝ၌ရှိသော အပြစ်ဒဏ်သည် သာမန်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များအဖို့ ထိုအရှင်မြတ်၏လမ်းတော်၌ တွေ့ကြုံခံစားကြရမည့် ဘေးဒုက္ခများသည် အဘယ်မျှပင် ကြီးမားများပြားစေကာမူ ထိုဘေးဒုက္ခများကို ရင်ဆိုင်ရန်ကား မခဲယဉ်းပေ။

① ဖစ်ရအောင်န်သည် မိမိကိုယ်ကိုမိမိ "ငါသည် အသင်တို့၏ အကြီးဆုံးသောအရှင်သခင်ဖြစ်သည်ဟု" ဝါကြွားပြောဆိုခဲ့၏။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၇၉း၂၄)တွင်ပါရှိ၏။ ယင်းသို့ ဝါကြွားခဲ့သည့် အတွက်ကြောင့် ဖစ်ရအောင်န်သည် မိမိ၏ဝါကြွားမှုနှင့်အညီ မိမိသည် အကြီးဆုံးသော အရှင်သခင် ဖြစ်ရှိနိုင်ရန် အတွက် မိမိထက်ငယ်သော ကိုးကွယ်ရာများကိုလည်း သတ်မှတ်ပြုလုပ်ထားခဲ့ပေသည်။ ထိုကဲ့သို့ ဖစ်ရအောင်န် သတ်မှတ်ပြုလုပ်ထားသော ကိုးကွယ်ရာအငယ်စားများကိုပင် ဤမုက္ခပါဠိတော်တွင် "အသင်၏ကိုးကွယ်ရာများ" (ဝါ) အသင်သတ်မှတ် ပြုလုပ်ထားသော ကိုးကွယ်ရာများဟု မိန့်ဆိုထားတော်မူသည်။

အချို့ပညာရှင်များက ဖစ်ရအောင်န်သည် နွားအစရှိသည့် တိရစ္ဆာန်များ၏ ရုပ်လုံးများကို ကိုးကွယ်ရာ အငယ်စားများအဖြစ် သတ်မှတ်ပြုလုပ်ထားခဲ့သည်ဟု ဆိုကြသည်။ အချို့ပညာရှင်များက ဤမုက္ခပါဠိတော်တွင် ပါရှိသော ကိုးကွယ်ရာများဟူသည် နေနှင့် နက္ခတ်တာရာများကို ဆိုလိုသည်ဟု ဆိုကြသည်။ ➤➤

قَالَ مُوسَىٰ لِقَوْمِهِ اسْتَعِينُوا بِاللَّهِ وَاصْبِرُوا ۖ إِنَّ الْأَرْضَ لِلَّهِ يُورِثُهَا مَن يَشَاءُ مِنْ عِبَادِهِ ۖ وَالْعَاقِبَةُ لِلْمُتَّقِينَ ﴿١٢٨﴾

၁၂၈။ ထိုနဗိတမန်တော် (မူစာ)က မိမိအမျိုးသားတို့အား (အချင်းတို့)အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီကို အသနားခံကြလေကုန်။ ၎င်းပြင် အသင်တို့သည် (ထိုအရှင်မြတ်၏ တရားလမ်းစဉ်၌) တည်ကြည်ကြံ့ခိုင်စွာ ရှိကြလေကုန်။ ဧကန်စင်စစ် (ဤ)ကမ္ဘာမြေသည် အလ္လာဟ်အရှင်မြတ်စိုးပိုင်တော်မူသော ကမ္ဘာမြေပြင်သာ ဖြစ်ချေသည်။ ထိုအရှင်မြတ်သည် ယင်းကမ္ဘာမြေကို မိမိ၏ ကျွန်တို့အနက် အလိုရှိတော်မူသောသူအား စိုးပိုင်စေတော်မူလေသည်။ [၁]

➤➤ အချို့ပညာရှင်များကမူ ဖစ်ရ်အောင်နှ်သည် လူအများကိုးကွယ်ရန်အတွက် မိမိ၏ ပုံတူရုပ်လုံးများကို ပြုလုပ်၍ တိုင်းပြည်တွင် ဖြန့်ချီဝေငှထားသည်ဟု ဆိုကြသည်။

အသို့ပင်ဖြစ်စေကာမူ အချုပ်သဘောမှာ ဖစ်ရ်အောင်နှ်သည် မိမိကိုယ်ကိုမိမိ အကြီးဆုံးသော အရှင်သခင်ဟူ၍ကား ဝါကြွားပြောဆိုခဲ့၏။ ထို့ပြင်တဝ ကုရ်အာန်ကျမ်းမြတ် (၂၈:၃၈)တွင်ပါရှိသည့်အတိုင်း ဖစ်ရ်အောင်နှ်က "အသင်တို့အဖို့ ငါမှတပါး အခြားကိုးကွယ်ရာရှိသည်ကို ငါမသိ" ဟုဆိုကာ အလ္လာဟ်အရှင်မြတ် တည်ရှိတော်မူခြင်းကိုပင် ငြင်းဆိုခဲ့လေသည်။ မိုက်လေစွတကား။

(၂) တမန်တော်မူစာ အလိုင်ဟစ္စလာမ်၏ တန်ခိုးပြာဋိဟာကို လူအများ အထင်အရှား တွေ့မြင်ကြသောအခါ မှော်ဆရာများသည် ဦးချကြလေသည်။ အစ္စရာအီလီမျိုးနွယ်ဝင်များသည်လည်း တမန်တော်မူစာအား ထောက်ခံလာကြလေသည်။ ထိုမျှမက ဖစ်ရ်အောင်နှ်၏အမျိုးသားများဖြစ်သော "ကစ်ဗ်တို့" အီဂျစ်တိုင်းရင်းသားများအနက် အချို့တို့သည်လည်း တမန်တော်မူစာဘက်သို့ ယိမ်းယိုင်၍ လာခဲ့ကြပေသည်။ ဤသည့်အခြင်းအရာများကို ဖစ်ရ်အောင်နှ်၏ မှူးမတ်များသိမြင်ကြသောအခါ စိုးရိမ်မကင်းဖြစ်ပြီး ဖစ်ရ်အောင်နှ်အား ဤသို့ လျှောက်ထားကြလေသည်။ "အသင်သည် မူစာနှင့် ၎င်း၏အမျိုး သားများကို တိုင်းပြည်တွင် ဆူပူသောင်းကျန်းနိုင်ကြရန်အတွက် လျစ်လျူရှုထားမည်လော။ ယင်းသို့ လျစ်လျူရှုထားလျှင် ၎င်းတို့သည် တိုင်းသူပြည်သား လူအများတို့ကို မိမိဘက်သို့ ဆွဲဆောင် ကြလိမ့်မည်။ ပြီးနောက် အသင့်အား ပုန်ကန် တော်လှန်ပြီး၊ တိုင်းပြည်ကို သိမ်းပိုက်ကြလိမ့်မည်။ ဘုရင်မင်းမြတ်အား ကိုးကွယ်ခြင်းကိုလည်းကောင်း၊ ဘုရင်မင်းမြတ်၏ ရုပ်တုများအား ကိုးကွယ်ခြင်းကိုလည်းကောင်း၊ ပိတ်ပင် တားမြစ်ကြလိမ့်မည်" ဟု လျှောက်ထားပြီး၊ အကြမ်းဘက် နှိပ်ကွပ်ရန် လှုံ့ဆော်ပေးကြလေသည်။

ဤမုဏ္ဍပါဠိတော်နှင့်ဆက်စပ်၍ ကုရ်အာန် (၁၀:၇၅-၈၂) ကိုလည်း ရှုပါကုန်။)

(၃) အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဖစ်ရ်အောင်နှ်သည် အစ္စရာအီလီမျိုးနွယ်ဝင်တို့အနက် သားယောကျ်ားများကို သတ်ဖြတ်ရန် တဖန် ဆုံးဖြတ်လိုက်ပြန်၏။ ဤသည့်အကြောင်းကို ကြားသိကြသော အစ္စရာအီလီ မျိုးနွယ်ဝင်များသည် ကြောက်ရွံ့စိုးရိမ်လျက်ရှိကြ၏။ ထိုအခါ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)➤➤

သို့ရာတွင် နောက်ဆုံးအကျိုးသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေ ခန့်ညားသော သူတော်စင်များ အဖို့သာ ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။

قَالُوٓا۟ أُوذِينَا مِن قَبْلِ أَن تَأْتِيَنَا وَمِنۢ بَعْدِ مَا جِئْتَنَا ۖ قَالَ عَسَىٰ رَبُّكُمْ أَن يُهْلِكَ عَدُوَّكُمْ وَيَسْتَخْلِفَكُمْ فِى

၁၂၉။ ထိုအခါ ၎င်းနဗီတမန်တော်(မူစာ)၏ အမျိုးသားတို့က အို-နဗီတမန်တော်(မူစာ) ကျွန်ုပ်တို့သည် အသင်ကျွန်ုပ်တို့ထံ မရောက်မီကလည်း ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ကြရသည်။ အသင်ကျွန်ုပ်တို့ထံ ရောက်လာပြီးနောက်တွင်လည်း *ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံနေကြရပါသည်ဟု ပြောဆိုကြလေသည်။* [၁]

➤➤ က ယင်းသို့ စိုးရိမ်ကြောက်ရွံ့လျက်ရှိသော မိမိ၏အမျိုးသားများအား အချင်းတို့၊ မစိုးရိမ်ကြကုန်လင့်၊ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မော်နိုင်မောက်နိုင်သည်မရှိ။ ကမ္ဘာမြေကို အလ္လာဟ်အရှင်မြတ်သာလျှင် စိုးပိုင်တော်မူသည်။ ဖစ်ရ်အောင်နိကား စိုးပိုင်သည်မဟုတ်ချေ။ ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိသူအား ထိုကမ္ဘာမြေကို ချီးမြှင့်တော်မူသည်။ ယခု ဤတိုင်းပြည်တွင် ဖစ်ရ်အောင်နိအား အုပ်ချုပ်မှုပေးအပ်ထားတော်မူခြင်းမှာ ခေတ္တခဏ၊ ယာယီမျှသာဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျူးကျော်စော်ကားလျက်ရှိသော ဖစ်ရ်အောင်နိအား ပြိုင်ဆိုင်ရာတွင် အလ္လာဟ်အရှင်မြတ်အထံတော်၌ အကူအညီ ရရှိပါရန် အသနားခံကြကုန်။ ထိုအရှင်မြတ်၏လမ်းတော်တွင် တွေ့ကြုံရသော ဒုက္ခကြီးငယ် အားလုံးတို့ကို ကျော်လွန်၊ အောင်နိုင်ရန်အတွက် တည်ကြည်ကြံ့ခိုင်စွာ ရှိကြကုန်။ နောက်ဆုံး၌ အောင်မြင်မှုသည် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသော သူတော်စင်များအဖို့သာဖြစ်သည်ကို ယုံကြည်ထားကြကုန်ဟု သွန်သင်ဆုံးမသြဝါဒပေးလေသည်။

① တဖန် အစ္စရာအီလီမျိုးနွယ်ဝင်များက လွန်စွာပူပန်သောကဖြစ်၍ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား ကျွန်ုပ်တို့သည် အမြဲတစေပင် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေကြရပြီ၊ အသင်ကျွန်ုပ်တို့ထံ မရောက်မီကလည်း ကျွန်ုပ်တို့သည် နှိပ်စက်ခြင်းကို ခံခဲ့ကြရသည်။ သားယောကျ်ားကလေးများလည်း သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။ အသင်ရောက်လာပြီးသည့်နောက်ပိုင်းတွင်လည်း နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေကြရပါသည်။ ယခုတဖန် ဖစ်ရ်အောင်နိသည် သားယောကျ်ားကလေးများကို သတ်ဖြတ်ရန် ဆွေးနွေးနေပြန်ပြီ။ ကျွန်ုပ်တို့၏ ဒုက္ခသည် ဘယ်အခါကျမှ ကုန်ဆုံးပါမည်နည်းဟု ညည်းညူပြောဆိုကြလေသည်။ ထိုအခါ တမန်တော်မူစာက စိတ်မပျက်ကြနှင့်၊ အလ္လာဟ်အရှင်မြတ်၏ ဆောင်မတော်မူခြင်းသည် မကြာမီအတွင်း ရောက်ရှိလာတော့မည်။ ထိုအရှင်မြတ်သည် မကြာမီအတွင်း အသင်တို့၏ရန်သူကို သေကြေ(ပျက်စီးစေပြီး ၎င်းတို့နေထိုင်သောနယ်မြေနှင့်) ၎င်းတို့၏ ဥစ္စာပစ္စည်းများကို အသင်တို့အား ပေးအပ်တော်မူမည်ဖြစ်သည်။ ပြီးနောက် ယနေ့ ညှဉ်းပန်းခြင်းခံစားရမှု၊ ကျွန်ဖြစ်မှုများဖြင့် အသင်တို့အစစ်းအသပ်ခံနေကြရသကဲ့သို့ လွတ်လပ်မှု၊ ချမ်းသာမှု၊ အဖြာဖြာတို့နှင့် ➤➤

الْأَرْضِ فَيَنظُرَ كَيْفَ تَعْمَلُونَ ﴿١٢٩﴾

(ထိုအခါ) နဗီတမန်တော်(မူစာ)က (အချင်းတို့) အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် မကြာမီ အသင်တို့၏ရန်သူကို သေကျေပျက်စီးစေတော်မူ၍ အသင်တို့အား တိုင်းပြည်တွင် အုပ်စိုးစေတော်မူမည်ဖြစ်သည်။ ထို့နောက် အသင်တို့သည် မည်သို့ကျင့်မူကြသည်ကို ရှုစားတော်မူလိမ့်မည်ဟု ပြောကြားလေသည်။

وَلَقَدْ أَخَذْنَا آلَ فِرْعَوْنَ بِالسِّنِينَ وَنَقْصٍ مِّنَ الثَّمَرَاتِ لَعَلَّهُمْ يَذَّكَّرُونَ ﴿١٣٠﴾

၁၃၀။ ၎င်းပြင် ငါအရှင်မြတ်သည် ဧကန်စင်စစ် ဖစ်ရိအောင်နန်၏ အမျိုးသားတို့အား နောင်တတရား ရစိမ့်သောငှာ မိုးခေါင်ရေရှားစေခြင်းဖြင့်လည်းကောင်း၊ သစ်သီးဝလံ ရှားပါးစေခြင်းဖြင့် လည်းကောင်း၊ ဖမ်းဆီး ကွပ်နှိပ် အပြစ်ပေးတော်မူခဲ့လေသည်။ [၁]

➤➤ အသင်တို့ ပြည့်စုံကြသည့် အခါ အသင်တို့သည် ထို အရှင်မြတ်၏ ကျေးဇူးတော် များကို အဘယ်မျှ သိကြသည်ကို ထို အရှင်မြတ်သည် ကြည့်ရှုတော်မူမည် ဖြစ်သည်ဟု ပြန်လည် ဖြေကြားလေသည်။

ဤ မုဆွပါဠိတော်တွင် ပါရှိသော တိုင်းပြည်ဟူသည် အီဂျစ်ပြည်ကိုသာ ဆိုလိုသည်မဟုတ်။ ဆီရိယပြည်၊ ပါလစ်တိုင်းပြည် အစရှိသဖြင့် အဘယ် ပြည်မှာပင်ဖြစ်စေ၊ အစ္စရာအီလီ အမျိုးသားများ လွတ်လပ်စွာဖြင့် အချုပ်အချာ အာဏာပိုင်ဖြစ်ခြင်းသည် ဤ မုဆွပါဠိတော်ပါ ကတိတော် အတည်ဖြစ်ရန် အတွက် လုံလောက်ပေသည်။

① ကုရ်အာန်ကျမ်းမြတ် (၇း၁၂၇) တွင် "အသင်တို့၏အရှင်သည် မကြာမီအတွင်း အသင်တို့၏ ရန်သူများကို သေကြေပျက်စီးစေတော်မူလိမ့်မည်" ဟု မိန့်ဆိုထားတော်မူ၏။ ယခု ဤမုဆွပါဠိတော်တွင် ထိုသို့ သေကျေပျက်စီးစေတော်မမူမီအလျင် ပဏာမ သတိပေးတော်မူသည့်အနေဖြင့် အချို့ကပ်များ သက်ရောက်စေတော်မူခဲ့သည့် အကြောင်းကို မိန့်ဆိုထားတော်မူသည်။

ကုရ်အာန်ကျမ်းမြတ် (၇း၉၄)တွင် ပါရှိသည့်အတိုင်း လူသားများ ကြိုးငဲ့နိုမ့်ချ ကျိုးနွံလာကြရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ဘေးဒုက္ခများနှင့် ရောဂါဝေဒနာများကို သက်ရောက်စေတော်မူလေ့ရှိသည်။ ဤသည် "စွန့်တုလ္လာဟ်" အလ္လာဟ်အရှင်မြတ်၏ အလေ့တော်တည်း။ ထိုအလေ့တော်အတိုင်း ဖစ်ရိအောင်နန်၏ အမျိုးသားများ နောင်တတရားရရှိကာ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)၏ အဆုံးအမသြဝါဒများကို လက်ခံနာယူကြရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ထံသို့ ပဏာမအဖြစ် မိုးခေါင်ရေရှားစေခြင်းကပ်၊ စပါးသီးနှံရှားပါးခြင်းကပ်၊ စသည့် သာမန်ဘေးဒုက္ခများကို သက်ရောက်စေတော်မူခဲ့လေသည်။ သို့ရာတွင် ဖစ်ရိအောင်နန်၏ အမျိုးသားများသည် ယင်းသို့ သတိပေးတော်မူခြင်းများကိုပင် အမှုမထားပဲ ပိုမိုး၍ပင် ဆိုးမိုက်လာခဲ့ကြ၏။ မိုက်တွင်းသည် နက်သည်ထက် နက်လာခဲ့၏။ ➤➤

فَإِذَا جَآءَتْهُمُ الْحَسَنَةُ قَالُوا لَنَا هَٰذِهِ ۖ وَإِن تُصِبْهُمْ سَيِّئَةٌ يَطَّيَّرُوا بِمُوسَىٰ وَمَن مَّعَهُ ۗ أَلَآ إِنَّمَا طَٰٓئِرُهُمْ عِندَ اللَّهِ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿١٣١﴾

၁၃၁။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၌ ကောင်းမွန်သောအခြေအနေ ဆိုက်ရောက်ခဲ့သောအခါ ဤသည်ငါတို့အဖို့ (ဝါ) ငါတို့၏ ကံ, ဥာဏ်, ဝီရိယတို့ကြောင့်ဖြစ်သည်ဟု ပြောဆိုကြလေသည်။ တဖန် အကယ်၍ ၎င်းတို့၌ ဘေးဥပဒ်တစုံတရာ သက်ရောက်ခဲ့ပါမူ ၎င်းတို့က နဗီတမန်တော်(မူစာ)ကြောင့်လည်းကောင်း၊ ထိုတမန်တော်မူစာနှင့်အတူ ရှိကုန်သော သူတို့ကြောင့်လည်းကောင်း၊ (လာဘ်ပိတ်သည်)ဟု မကောင်းသော အတိတ်နမိတ် ကောက်ယူကြသည်။ (အို–ကြားနာသူအပေါင်းတို့၊ အသင်တို့သည် ကောင်းမွန်စွာ)မှတ်ယူကြလေကုန်၊ ၎င်း(ဖစ်ရ်အောင်နှစ်၏ အမျိုးသား)တို့၏ လာဘ်ပိတ်မှု(အကြောင်း)သည် အလ္လာဟ်အရှင်မြတ်၏ထံတော်၌ရှိသည်။ သို့ရာတွင် ၎င်းတို့အနက်များစွာသောသူတို့သည် (ဤမျှလောက်ထင်ရှားလှစွာသောအကြောင်းကိုပင်) မသိနားမလည်ကြပေ။

➤➤ ကုရ်အာန်ကျမ်းမြတ် (၇:၉၅)တွင် လာရှိသည့်အတိုင်း ၎င်းတို့၏ဒုက္ခကို သုခနှင့် ပြောင်းလွဲပေးတော်မူလိုက်သောအခါတွင် ၎င်းတို့သည် (ကျေးဇူးတင်ရှိကြမည့်အစား) ဤသည် ကျွန်ုပ်တို့ခံစားသင့် ခံစားအပ်သော အကျိုး၊ ကျွန်ုပ်တို့၏ကံ၊ ဥာဏ်၊ ဝီရိယ၏အကျိုး၊ ကျွန်ုပ်တို့နှင့်ထိုက်တန်သော လာဘ်ဖြစ်သည်ဟု ပြောဆိုကြသည်။ တဖန် ဒုက္ခနှင့်ရင်ဆိုင်ကြရသောအခါ ဤသည် မူစာနှင့်မူစာ၏ နောက်လိုက်တပည့်သားတို့၏ အမင်္ဂလာ၊ မကောင်းသော နိမိတ်လက္ခဏာ၊ မကောင်းသော အတိတ်နိမိတ်တို့ကြောင့်ဖြစ်သည်ဟု စွပ်စွဲပြောဆိုကြသည်။ အမှန်မှာ ၎င်းတို့စွပ်စွဲပြောဆိုကြသည့် မကောင်းသောအတိတ်နိမိတ်သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကိုခံကြရသော တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)နှင့်သော်လည်းကောင်း၊ ထိုတမန်တော်၏ နောက်လိုက်တပည့်သားများနှင့်သော်လည်းကောင်း၊ မည်သို့မျှမပတ်သက်ချေ။ ၎င်းတို့၏မကောင်းသော အတိတ်နိမိတ်၏အကြောင်းရင်းကို အလ္လာဟ်အရှင်မြတ် သိတော်မူသည်။ ထိုအကြောင်းရင်းကား အခြားမဟုတ်၊ ၎င်းတို့၏ သွေဖည်ငြင်းဆန် မနာခံခြင်း၊ ကျူးလွန်ခြင်း၊ ဆိုးသွမ်းခြင်းများပင်ဖြစ်သည်။ ထိုသို့ ဆိုးသွမ်းခြင်းကြောင့်ပင် ထိုအရှင်မြတ်သည် လောလောဆယ်အားဖြင့် ၎င်းတို့ထံသို့ အချို့သောဒုက္ခများကို ပဏာမအဖြစ် သက်ရောက်စေတော်မူခဲ့လေသည်။ အတိအကျ အပြစ်ဒဏ်များကား ထိုအရှင်မြတ်၏အထံတော်၌ အသင့်ရှိသည်။ အချိန်ကျရောက်လာသည့်အခါ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်စေ၊ နောင်တမလွန်ဘဝ၌ဖြစ်စေ၊ ၎င်းတို့သည် ထိုအပြစ်ဒဏ်များကို အပြည့်အဝ ခံစားကြရမည်မှာ မုချမလွဲပင်။ ဤသည့် အကြောင်းကို ၎င်းတို့အနက် မြော်ကြားစွာသောသူများသည် မသိကြသေးပေ။

وَقَالُوا مَهْمَا تَأْتِنَا بِهِۦ
مِنْ ءَايَةٍ لِّتَسْحَرَنَا بِهَا فَمَا
نَحْنُ لَكَ بِمُؤْمِنِينَ ﴿١٣٢﴾

၁၃၂။ ၎င်းပြင် ထို(ဖစ်ရိအောင်နန်၏ အမျိုးသား)တို့က (ဤသို့) ပြောဆိုကြကုန်၏။ (အို-မူစာ) အသင်သည် ကျွန်ုပ်တို့အား ပြုစားရန် မည်သို့ပင် သက်သေ လက္ခဏာများကို ကျွန်ုပ်တို့ ရှေ့ဝယ် ယူဆောင်၍ လာသော်ငြားလည်း ကျွန်ုပ်တို့မူကား အသင့်အား ယုံကြည်ကြမည် မဟုတ်ပေ။ [၁]

فَأَرْسَلْنَا عَلَيْهِمُ الطُّوفَانَ
وَالْجَرَادَ وَالْقُمَّلَ وَالضَّفَادِعَ
وَالدَّمَ ءَايَٰتٍ مُّفَصَّلَٰتٍ قف
فَاسْتَكْبَرُوا۟ وَكَانُوا۟ قَوْمًا
مُّجْرِمِينَ ﴿١٣٣﴾

၁၃၃။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ လေပြင်းမုန်တိုင်း [၂] ကိုလည်းကောင်း၊ ကျိုင်းကောင်များကိုလည်းကောင်း၊ ပိုးမွှားများ၊ သန်းကောင်များကိုလည်းကောင်း၊ ဖားများ(ဖားပြုတ်များ)ကိုလည်းကောင်း၊ သွေးများကိုလည်းကောင်း၊ အသီးသီးအသက ထင်ရှားသောသက်သေလက္ခဏာများအဖြစ်ပို့တော်မူခဲ့လေသည်။ သို့ပါလျက် မထီမဲ့မြင် (ပြုမြဲ)ပြုလျက်ပင် ရှိခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် *ပြစ်မှုကျူးလွန်(လေ့ရှိ)သူများပင် ဖြစ်ကြကုန်သတည်း။* [၃]

---

① အမှန်တရားကို သွေဖည်ဆန့်ကျင်ရာတွင် မနာလိုမုန်းတီးမှု၊ ဇွတ်တရွတ်ပြုမှုများသည် စည်းမဲ့ကမ်းမဲ့ထိန်းမနိုင် သိမ်းမရဖြစ်ပြီး မည်သည့်နည်းနှင့်မဆို ဆန့်ကျင်ရန်ပင် စိတ်ပိုင်းဖြတ်ထားလိုက်သောအခါ လူ၏ အတွေးအခေါ် အမြော်အမြင်သည် ရုပ်ပျက်ဆင်းပျက် အပျက်ကြီးပျက်ပြီး အလွန်မှန်ကန်သောတရား၊ အလွန်ထင်ရှားသောစကားကိုပင် ဇွတ်မှိတ်၍ငြင်းပယ်လေ့ရှိသည်။ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)၏ လက်ထက်ရှိကာဖိရ်များသည်လည်း တမန်တော်မူစာ (အလိုင်အစ္စလာမ်)၏ အဆုံးအမ ဩဝါဒများကို လက်ခံနာယူရေးကိစ္စတွင် မနာလိုမုန်းတီးမှု၊ ဇွတ်တရွတ်ပြုမှုများကြောင့်ပင်လျှင် အမှန်ကိုအမှန်ဟူ၍ သိပါလျက်နှင့် သွေဖည်ငြင်းပယ်ခဲ့ကြလေသည်။

ဖစ်ရိအောင်နန်၏ နောက်လိုက်တပည့်သားတို့သည် "အတီတာ မိုက်စ မိုက်ပင်ပျိုးလို့ မိုက်ဆိုးခဲ့တာ ယခုလည်း မိုက်ဆဲမှန်စွာ၊ ရှေ့ကိုတိုးလို့ ထမ်းပိုးမိုက်ဦးမှာ" ဆိုသကဲ့သို့ မိုက်ဆိုးခဲ့ကြသည်။

② "တွူဖာန်" ဟူသည် လူသားအားလုံးကို ဝန်းခြုံသက်ရောက်သော ဘေးဒုက္ခတိုင်းကို ဆိုလိုသည်။ ကုရ်အာန် (၇း၁၃၃)တွင်ပါရှိသည့် "တွူဖာန်" သည်လည်း ဤအနက်ပင်ဖြစ်သည်။ ၎င်းနောက် "တွူဖာန်"ဟူသော ပုဒ်သည် ရေအလွန်များပြားသည့် ရေဘေးကြီးအနက်၌ အသုံးအနှုန်း များပြားကျော်ကြားလာခဲ့၏။ အကြောင်းကား တမန်တော်နူဟ်၏ အမျိုးသားများကြုံခဲ့ရသော ဘေးဒုက္ခသည် ရေဘေးဖြစ်ခြင်းကြောင့် ဖြစ်သည်။ (ရာဃိဗ်)

⑨ **ဖော်ပြချက်။**

စအီဒ် အီဗ်နုဗျုဗိုင်ရ်သခင်ထံမှတဆင့် ဤသို့ကြားသိရ၏။ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)သည် အစ္စရာအီလီ မျိုးနွယ်ဝင်များအတွက် လွတ်လပ်စွာ နေထိုင်သွားလာခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရရှိရန် ဖစ်ရ်အောင်နဲထံ တောင်းဆိုခဲ့၏။ ဖစ်ရ်အောင်နသည် ထိုတောင်းဆိုချက်ကို ငြင်းပယ်ခဲ့၏။ ထိုအခါ အရှင်မြတ်သည် အလွန်ပြင်းထန်သော မိုးသက်မုန်တိုင်းကို ရွာသွန်းချစေတော်မူ၏။ ဖစ်ရ်အောင်နသည် ထိုမိုးသက်မုန်တိုင်းကြောင့် လယ်ယာ၊ ခြံ၊ ဥယျာဉ်များ ပျက်စီးသွားမည်ကို စိုးရိမ်ကာ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား "အသင်သည် မိမိ၏အရှင်မြတ်၌ ဆုပန်ကြား၍ ဤဘေးဒုက္ခကို ကင်းဝေးစေပါလျှင် ကျွန်ုပ်တို့သည် အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား လွတ်လပ်ခွင့်ပေး၍ အသင်နှင့်အတူတကွ ထည့်လိုက်ကြပါမည်" ဟု ပြောဆို မေတ္တာရပ်ခံလေ၏။ တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌ ဆုပန်ကြားရာ မိုးသည် ရပ်စဲသွား၏။ အသီးအနှံများသည်လည်း မပျက်စီးသည့်အပြင် များပြားစွာ ပိထွက်၏။ ဖစ်ရ်အောင်နသည် ရေဘေးမှ စိတ်အေးသွားသောအခါ မိမိ၏ကတိကို ဖျက်လိုက်၏။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင့်ဖြစ်နေသော လယ်ယာ၊ ခြံ၊ ဥယျာဉ်များတွင် ကျိုင်းကောင်များကို စေလွှတ်တော်မူလိုက်၏။ ဖစ်ရ်အောင်နသည် အဲ့ဖွယ်သရဲ ကျိုင်းကောင်များကို တွေ့မြင်သောအခါ စိုးရိမ်ပူပန်ကာ တမန်တော်မူစာအား "အသင်သည် အကယ်၍ ဤကျိုင်းကောင်များ၏ ဘေးဒုက္ခကို ကင်းဝေးအောင်ပြုလုပ်ပေးပါလျှင် ကျွန်ုပ်သည် အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား လွတ်လပ်ခွင့်ပေး၍ အသင်နှင့်အတူ မုချထည့်လိုက်ကြပါမည်" ဟု လေးနက်စွာ ကတိပြု မေတ္တာရပ်ခံပြန်၏။ တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)၏ ဆုပန်ကြားချက်ဖြင့် ကျိုင်းကောင်များ၏ဘေးရန်သည် ကင်းရှင်းသွားပြန်သောအခါ ဖစ်ရ်အောင်နသည် ယခင်နည်းတူပင် ကတိဖျက်ပြန်၏။ ထို့နောက်တဖန် လယ်ယာ၊ ဥယျာဉ်များမှရရှိသော အသီးအနှံများကို အိုးအိမ် တိုက်တာများတွင် သိလှောင်ကြပြီးသောအခါ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ သိလှောင်ထားသော အသီးအနှံများတွင် ပိုးကျစေတော်မူ၏။ ဖစ်ရ်အောင်နသည် ဤအခြင်းအရာကို တွေ့မြင်သောအခါ တဖန် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)ထံတွင် ယခင်အကြိမ်များထက် ပိုမိုလေးနက်စွာ ကတိပြု၍ မေတ္တာရပ်ခံပြန်၏။ တမန်တော်မူစာ၏ဆုပန်ကြားချက်ဖြင့် အခြေအနေ ကောင်းလာပြန်သောအခါ ဖစ်ရ်အောင်နသည် ယခင်နည်းတူပင် ကတိဖောက်ဖျက်ပြန်လေသည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ဖစ်ရ်အောင်နဲ၏အမျိုးသားများ၏ စားဖွယ်သောက်ဖွယ်များကို အမြိန်အရသာ ပျက်စီးစေရန်အတွက် မြောက်မြားစွာသောဖားများကို စေလွှတ်တော်မူလိုက်၏။ ဖားများသည် စားဖွယ်သောက်ဖွယ် အိုးခွက်ပန်းကန်များတွင်လည်းကောင်း၊ နေရာအနှံ့အပြားတွင်လည်းကောင်း၊ ခုန်ပေါက်သွားလာလျက်ရှိ၏။ နေရာတိုင်းတွင် ဖားများကိုသာ တွေ့ရှိနေရ၏။ စကားပြောရန် သို့မဟုတ် တစ်စုံတစ်ရာစားရန် ပါးစပ်ဟလျှင် ဖားများသည် ပါးစပ်တွင်းသို့ ခုန်ဆင်းဝင်ရောက်၏။ ဖားများ၏ဘေးရန်ကြောင့် ဖစ်ရ်အောင်နဲ၏ အမျိုးသားများသည် စားရေးသောက်ရေးတွင် အကြီးအကျယ် စိတ်ဆင်းရဲလျက်ရှိကြ၏။ ပြီးနောက်တဖန် ရေသောက်သုံးရန် ရေယူပြန်လျှင် ရေသည် သွေးအတိ ဖြစ်လျက်ရှိပြန်၏။

အချုပ်အားဖြင့် ဖစ်ရ်အောင်နဲ၏ အမျိုးသားများသည် နေထိုင်စားသောက်ရေးများတွင် အကြီးအကျယ် ဒုက္ခဖြစ်လျက်ရှိကြ၏။ ကဲ့ဆိုးမိုးမှောင်ဖြစ်လျက်ရှိကြ၏။ သို့တစေလည်း (ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသကဲ့သို့) ဖစ်ရ်အောင်နဲ၏ အမျိုးသားများသည် မာန်မာနမလျှော့ပဲ မောက်မာမြဲတိုင်း မောက်မာ၍ မိုက်မြဲတိုင်း မိုက်လျက်ပင်ရှိနေခဲ့ကြလေသတည်း။ စိတ်နှလုံးများကား ခဲယဉ်းလှပေတကား။

وَلَمَّا وَقَعَ عَلَيْهِمُ الرِّجْزُ قَالُوا يٰمُوسَى ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِنْدَكَ ۖ لَئِنْ كَشَفْتَ عَنَّا الرِّجْزَ لَنُؤْمِنَنَّ لَكَ وَلَنُرْسِلَنَّ مَعَكَ بَنِيٓ إِسْرَآءِيلَ ﴿١٣٤﴾

၁၃၄။ ၎င်းပြင် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်များ ကျရောက် လာသောအခါ ထိုသူတို့က "အို-မူစာ၊ အသင်၏ အရှင်မြတ်သည် အသင်နှင့် ပဋိညာဉ် ပြုထားတော်မူသည်နှင့် စပ်လျဉ်း၍ အသင်သည် ကျွန်ုပ်တို့အဖို့ *မိမိအရှင်မြတ်အထံတော်၌* ဆုမွန် *ပတ္ထနာ ပြု၍ပေးပါလေ။* [၁]

အကယ်၍သာအသင်သည် ကျွန်ုပ်တို့အပေါ်မှ (ဤ)ပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးခဲ့ပါလျှင်၊ ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်(ကိုးစား)၍ အစ္စရာအီလီ အမျိုးသားတို့ကိုလည်း အသင်နှင့်အတူ ထည့်လိုက် ကြပါမည်ဟု ပြောဆို(လေ့ရှိ)ကြကုန်၏။

فَلَمَّا كَشَفْنَا عَنْهُمُ الرِّجْزَ إِلَىٰٓ أَجَلٍ هُم بَٰلِغُوهُ إِذَا هُمْ يَنكُثُونَ ﴿١٣٥﴾

၁၃၅။ တဖန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်မှ အပြစ်ဒဏ်ကို *သတ်မှတ်ထားသည့်အချိန်* [၂] ထိုအချိန် အထိ ၎င်းတို့သည်ရောက်ကြရမည်ဖြစ်၏။ ဖယ်ရှား၍ ပေးတော်မူလိုက်သောအခါ ၎င်းတို့သည် ရုတ်တရက် (ချက်ချင်း) *ကတိဖျက်ကြပြန်လေသည်။* [၃]

---

① "အသင်သည် ကျွန်ုပ်တို့အဖို့ အသင်၏အရှင့်ထံ ထိုအရှင်က အသင်နှင့် ကတိပြုထားတော်မူသည့်အတိုင်း ဆုပန်ကြားပါ" ဟူသော မူကွဲပါဠိတော်၏ အလိုကား အသို့ပါနည်း။ ဤတွင် အနက်အမျိုးမျိုး ဖွင့်ထားသည်ကို တွေ့ရှိရပေသည်။

(က) ဆုတောင်းပြည့်ရန်အတွက် ထိုအရှင်မြတ်က အသင့်အား ပြသထားတော်မူသည့်အတိုင်း အသင်ဆုပန်ကြားပါဟူ၏။

(ခ) အသင်သည် "အလ္လာဟ်အရှင်မြတ်၏ နဗီတမာန်တော်" အဖြစ်နှင့် ဆုပန်ကြားပါဟူ၏။ ဤအဖွင့်အရ ကတိတော်ဟူသည် "နဗုဝါတ်" ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်နှင့်နဗီတမန်တော်များ စပ်ကြားတွင် ကတိတစ်ခုရှိသည်။ ထိုကတိကား အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များအား "နဗုဝါတ်"ကို ချီးမြှင့်တော်မူ၏။ နဗီတမန် တော်များသည် ထိုအရှင်မြတ်၏ တရားဒေသနာတော်များကို ပို့ချရာတွင် သက်ဆိုင်ရာ အမျိုးသားများထံသို့ ချို့တဲ့မှုတစ်စုံတစ်ရာမရှိပဲ အပြည့်အဝ အတိအကျ ပို့ချကြရမည်ဟူ၍ဖြစ်သည်။ ➤➤

فَٱنتَقَمۡنَا مِنۡهُمۡ فَأَغۡرَقۡنَٰهُمۡ فِي ٱلۡيَمِّ بِأَنَّهُمۡ كَذَّبُواْ بِـَٔايَٰتِنَا وَكَانُواْ عَنۡهَا غَٰفِلِينَ ١٣٦

၁၃၆။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား (အပြည့်အဝ) တုံ့ပြန်တော်မူခဲ့လေသည်။ [၁] သို့ပါ၍ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ်၏ မုက္ခပါဠိတော်များကို ငြင်းပယ်ခဲ့ကြသည့်အတွက်လည်းကောင်း၊ ထိုသက်သေလက္ခဏာတော်များကို (လုံးဝ) သတိမမူ လျစ်လျူရှု၍ နေခဲ့ကြသည့်အတွက်လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌ နှစ်မြှုပ်တော်မူခဲ့လေသတည်း။

➤➤ (ဂ) ကတိတော်ဟူသည် နဗီတမန်တော်များမှတဆင့် သက်ဆိုင်ရာ အမျိုးသားများနှင့် ပြုလုပ်ထားတော်မူသော ကတိတော်ကို ဆိုလိုသည်။ ထိုကတိတော်ကား အသင်တို့သည် "ကုဖ်ရ်" သွေဖည်ခြင်း၊ "တက္ကဒ်ဗ်" မုသားဟု ပြောဆိုခြင်းများကို စွန့်လွှတ်ကြလျှင် ငါအရှင်မြတ်သည် မိမိ၏အပြစ်ဒဏ်တော်များကို ပြန်လည်ရုပ်သိမ်းတော်မူမည်ဟူသော ကတိတော်ပင်ဖြစ်သည်။

(၂) "သတ်မှတ်ထားသည့် အချိန်အထိ" ဟူသည် သေရမည့် အချိန်၊ ရေနစ်ရမည့် အချိန်ကို ဆိုလိုသည်။ ဘေးဒဏ်တစ်ခု သက်ရောက်ပြီးနောက် ဒုတိယ ဘေးဒဏ် မသက်ရောက်သေးမီ အချိန်ပိုင်း ကိုလည်း ဆိုနိုင်သည်။

(၃) ဖစ်ရ်အောင်နှ၏ အမျိုးသားများသည် ပြစ်ဒဏ်တော်မှ ယာယီအားဖြင့် ချမ်းသာခွင့်ရရှိသည်နှင့် တပြိုင်တည်း ကတိဖျက်ကာ သွေဖည်ငြင်းဆန်၍ နေကြပြန်၏။

(၄) "အင်နှတိကာမ်" ဟူသည် အဘိဓာန်အရ ပြစ်ဒဏ်ဖြင့် ကျေးဇူးတော်ကို ပြန်လည်ရုပ်သိမ်းခြင်းကိုဆိုသည်။ (ကဗီရ်)

အလ္လာဟ် အရှင်မြတ်သည် ဖစ်ရ်အောင်နှနှင့် တကွ ဖစ်ရ်အောင်နှ၏ အမျိုးသား တို့အား တရားဓမ္မ ဒေသနာတော်များ ဟောကြားတော် မူခဲ့၏။ တန်ခိုး ပြာဋိဟာ အဖြာဖြာကိုလည်း ပြတော်မူခဲ့၏။ ဘေးဒဏ် အတန်တန်လည်း သင့်စေတော်မူခဲ့၏။ သတိအဖန်ဖန်လည်း ပေးတော်မူခဲ့၏။ အကြိမ်ကြိမ်လည်း လျစ်လျူပြုတော် မူခဲ့၏။ ချော့၍တမုံ၊ ခြောက်၍တသွယ် နည်းပရိယာယ် အသွယ်သွယ်တို့ဖြင့်လည်း တရားချတော်မူ၏။

သို့ရာတွင် ၎င်းတို့သည် ဗူးနားပင်း ရေသွင်းဘီအလား တရားမရကြသည့်အပြင် ဆိုးမြဲတိုင်းဆိုး၊ မိုက်မြဲတိုင်း မိုက်လျက်ပင်ရှိခဲ့ကြ၏။ မနာလိုမုန်းထားသောစိတ်ဖြင့် ဇွတ်မိုတ်၍ တရားဒေသနာတော်များကို ငြင်းဆိုခဲ့ကြ၏။ လျစ်လျူပြုထားခဲ့ကြ၏။ တရားဒေသနာတော်များကို နာခံပါမည်ဟု ဝန်ခံပြောဆိုပြီးမှပင်လျှင် အကြိမ်ကြိမ် ကတိဖျက်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အဘယ်နည်းနှင့်မျှ ပြုပြင်၍ မရသည့်အဆုံးတွင် ပင်လယ်တွင်နှစ်မြှုပ်၍ အဆုံးစီရင်တော်မူလိုက်လေသည်။ ဤကား သူမိုက်တို့၏ ဘဝလမ်း အချုပ်နိဂုံးတည်း။

وَأَوْرَثْنَا الْقَوْمَ الَّذِينَ كَانُوا يُسْتَضْعَفُونَ مَشَارِقَ الْأَرْضِ وَمَغَارِبَهَا الَّتِي بَارَكْنَا فِيهَا ۖ وَتَمَّتْ كَلِمَتُ رَبِّكَ الْحُسْنَىٰ عَلَىٰ بَنِي إِسْرَائِيلَ بِمَا صَبَرُوا ۖ وَدَمَّرْنَا مَا كَانَ يَصْنَعُ فِرْعَوْنُ وَقَوْمُهُ وَمَا كَانُوا يَعْرِشُونَ ﴿١٣٧﴾

၁၃၇။ ၎င်းနောက် ငါအရှင်မြတ်သည် အားအင် ချည့်နဲ့သည်ဟု ထင်မြင်ယူဆခြင်း ခံခဲ့ကြရသော (အစ္စရာအီလီ) အမျိုးသားတို့အား အကြင်နယ်မြေ ဒေသ၏ အရှေ့ပိုင်းဒေသများကို လည်းကောင်း၊ အနောက်ပိုင်း ဒေသများကိုလည်းကောင်း၊ စိုးပိုင် စေတော်မူခဲ့လေသည်။ ထိုနယ်မြေဒေသများတွင် ငါအရှင်မြတ်သည် မင်္ဂလာနှင့် ပြည့်စုံစေတော်မူခဲ့ ၏။ ၎င်းပြင် အစ္စရာအီလီအမျိုးသားတို့နှင့်ပတ်သက်၍ အသင့်အား မွေးမြူတော်မူသောအရှင်၏ အလွန် မွန်မြတ်လှသောကတိတော်သည်လည်း ၎င်းတို့သည်းခံ ခဲ့ကြသည့်အတွက်ကြောင့် ပြီးမြောက် အတည် ဖြစ်သွားချေပြီ။

၎င်းပြင် ငါအရှင်မြတ်သည် ဖစ်ရိအောင်နန့် ၎င်း၏ အမျိုးသားများ ပြုလုပ်ထားခဲ့ကြသော အရာများကိုလည်းကောင်း၊ မြင့်မားစွာ တည်ဆောက် ထားခဲ့ကြသော အဆောက်အအုံများကိုလည်းကောင်း၊ လုံးဝ ဖျက်ဆီးတော်မူခဲ့လေသည်။

وَجَاوَزْنَا بِبَنِي إِسْرَائِيلَ الْبَحْرَ فَأَتَوْا عَلَىٰ قَوْمٍ يَعْكُفُونَ عَلَىٰ أَصْنَامٍ لَهُمْ ۚ قَالُوا يَا مُوسَى اجْعَل لَّنَا إِلَٰهًا كَمَا

၁၃၈။ ထိုမှတပါး ငါအရှင်မြတ်သည် အစ္စရာအီလီ အမျိုးသားတို့အား သမုဒ္ဒရာပင်လယ်ကို ကူးကျော် ဖြတ်သန်း၍ တဘက်ကမ်းသို့ ရောက်စေတော်မူခဲ့ လေသည်။ ထို့နောက် ၎င်းတို့သည် အကြင်လူမျိုးတို့ ထံ ရောက်ရှိလာကြကုန်သည်။ ထိုလူမျိုးတို့သည် မိမိတို့၏ရုပ်ပွားဆင်းတုများကို စွဲလမ်းလျက် ရှိကြ လေသည်။ မိမိတို့၏ရုပ်ပွားဆင်းတုများထံ ချဉ်းကပ် *(ကိုးကွယ်)*လျက် ရှိကြလေသည်။ [၁]

---

① အရာတစ်ခုအပေါ်တွင် "အကူဖ်" ပြုခြင်းဟူသည် ထိုအရာကို ရိုသေမြတ်နိုးသောအားဖြင့် စွဲမြဲ ချဉ်းကပ် ခြင်းကို ဆိုသည်။ ယင်းပုဒ်မှပင် မတ်စ်ဂျစ်ဒ် ဗလီကျောင်းများတွင် အကူဖ် "ဣအ်တိကာဖ်" ထိုင်ခြင်း ➤➤

لَهُمْ اٰلِهَةٌ ؕ قَالَ اِنَّكُمْ قَوْمٌ تَجْهَلُوْنَ ﴿۱۳۸﴾

(ထိုအခါ) ၎င်း (အစ္စရာအီလီ အမျိုးသား) တို့က အို-(နဗီတမန်တော်)မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ၎င်းတို့၌ရှိကုန်သော ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာ တဆူကို ပြုလုပ်၍ ပေးပါလော့ဟု ပြောဆိုကြလေသည်။

(ထိုအခါ နဗီတမန်တော်)မူစာက (၎င်းတို့အား) "အချင်းတို့"၊ အသင်တို့သည် ဧကန်စင်စစ် (အလွန်တရာမျှ) အသိတရား ကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြကုန်သည်ဟု ပြောဆိုခဲ့လေ၏။

اِنَّ هٰٓؤُلَآءِ مُتَبَّرٌ مَّا هُمْ فِيْهِ وَبٰطِلٌ مَّا كَانُوْا يَعْمَلُوْنَ ﴿۱۳۹﴾

၁၃၉။ ဧကန်မလွဲ ၎င်းတို့ လုံးပန်းလျက်ရှိကြသော အမှုကိစ္စများသည် ဖျက်ဆီးခြင်းခံရပေမည်။ ထို့ပြင် ၎င်းတို့ပြုလျက်ရှိကြသော အမှုကိစ္စများသည်(လုံး၀) အချည်းနှီး (အခြေအမြစ် မရှိသော) ကိစ္စများသာ ဖြစ်ကုန်၏။

قَالَ اَغَيْرَ اللّٰهِ اَبْغِيْكُمْ اِلٰهًا وَّهُوَ فَضَّلَكُمْ عَلَى الْعٰلَمِيْنَ ﴿۱۴۰﴾

၁၄၀။ (နဗီတမန်တော်)မူစာက(ဆက်လက်၍) ပြောကြားခဲ့သည်မှာ "အချင်းတို့ ငါသည် အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်မှတပါး အခြားကိုးကွယ်ရာတပါးကို ရှာဖွေ၍ ပေးရပါမည်လော၊ အမှန်စင်စစ်သော်ကား ထို(အလ္လာဟ်)အရှင်မြတ်သည် (အချို့သောကျေးဇူးတော်များတွင်) အသင်တို့အား စကြဝဠာခပ်သိမ်းတို့ထက် ထွတ်မြတ်စေတော်မူခဲ့ပြီး ဖြစ်ချေသည် ဟု ပြောကြားခဲ့လေသည်။ ၁

➤➤ ဟူသော အသုံးအနှုန်း ဖြစ်ပေါ်လာခဲ့သည်။ "ဣအ်တိကာဖ်" ဟူသည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အတွက် ဗလီဝတ်ကျောင်းများတွင် စွဲမြဲစွာနေထိုင်ခြင်းကိုဆိုသည်။ (အလ်မနာ)

၁ အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလီ လူမျိုးတို့အား "တောင်ဟိဒ်" နှင့်ပတ်သက်၍ သက်သေလက္ခဏာတော်များကိုလည်း ပြသတော်မူပြီးဖြစ်၏။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် ၎င်းတို့အား အချို့ကျေးဇူးတော်များတွင် စကြာဝဠာအဝှန်းထက်ပင် ဂုဏ်ထူးဝိသေသများကို ထူးကဲစွာ ချီးမြှင့်တော်မူခဲ့သော ➤➤

وَإِذْ أَنجَيْنَٰكُم مِّنْ ءَالِ فِرْعَوْنَ يَسُومُونَكُمْ سُوٓءَ الْعَذَابِ يُقَتِّلُونَ أَبْنَآءَكُمْ وَيَسْتَحْيُونَ نِسَآءَكُمْ ۚ وَفِى ذَٰلِكُم بَلَآءٌ مِّن رَّبِّكُمْ عَظِيمٌ ﴿١٤١﴾

၁၄၁။ ထိုမှတပါး (အသင်တို့သည် ပြန်လည်၍ သတိရကြလေကုန်)၊ အကြင်အခါဝယ် ငါအရှင်မြတ်သည် အသင်တို့အား ဖစ်ရိုအောင်နှိပ်စက်၍အမျိုးသားတို့ (၏ ဘေးအန္တရာယ်များ)မှ လွတ်မြောက်စေတော်မူခဲ့လေသည်။ ၎င်းတို့သည် အသင်တို့အပေါ်၌ အလွန်ဆိုးရွားလှသော ဘေးဒုက္ခများကို သက်ရောက်စေကြလေသည်။ ၎င်းတို့သည် အသင်တို့၏ သားယောကျ်ားကလေးများကို (ရက်စက်ကြမ်းကြုတ်စွာ) သတ်ဖြတ်ကြလေသည်။

သို့ရာတွင် အသင်တို့၏ အမျိုးသမီးများကို မူကား (၎င်းတို့၏ကျွန်မများအဖြစ် ခိုင်းစေနိုင်ရန် သတ်ဖြတ်ခြင်းမပြုပဲ) အသက်ချမ်းသာ ပေးကြလေသည်။ စင်စစ်သော်ကား ဤသည် အသင်တို့အဖို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်မှ ကြီးကျယ်လှစွာသော စမ်းသပ်မှုတစ်ရပ်ပင် ရှိချေသတည်း။

➤➤ မဟာကျေးဇူးတော်ရှင်လည်း ဖြစ်တော်မူ၏။ (ဤကဲ့သို့ တောင်ဟီဒ်နှင့်ပတ်သက်၍ သက်သေလက္ခဏာတော်များ အထင်အရှား ပြသတော်မူသောအရှင် မိမိတို့အား ကမ္ဘာအဝှန်းထက် ထူးကဲစွာ ဂုဏ်ထူးဝိသေသ ချီးမြှင့်တော်မူသော မဟာကျေးဇူးတော်ရှင် အလွှာဟ်အရှင်မြတ်သခင်အား ဖဲကြဉ်၍ အခြားကိုးကွယ်ရာကို ဆည်းကပ်ကိုးကွယ်ခြင်းသည် အသို့လျှင် ပြုထိုက်အံ့နည်း။)

ဤသို့ပြုမူခြင်းသည် မိမိတို့၏ ကျေးဇူးတော်ရှင်အား ကျေးဇူးမဆပ်သည့်အပြင် ကျေးဇူးကန်းရာ၊ ပုန်ကန်ရာရောက်ပေသည်။ ထို့ပြင်တဝ ကမ္ဘာအဝှန်းထက်ပင် ဂုဏ်ထူးဝိသေသထူးကဲစွာ ချီးမြှင့်ခြင်းခံရသော သူများအဖို့ မိမိတို့ကိုယ်တိုင် မိမိတို့လက်များဖြင့် ပြုလုပ်သော အရာဝတ္ထု၏ ရှေ့မှောက်တွင် ဦးချခြင်းကား ရှက်ဖွယ်ပင် ကောင်းလှတော့သည်။ ကြည့်-ထာနဝီ၊

"ရှစ်ရှက်" သည် မည်သည့်လူမျိုးအတွက် မည်သည့်အခါ၌မျှ မပြုပိုင်ချေ။ အထူးသဖြင့် တောင်ဟီဒ်တရားတော်၏ အလံကိုင်များအဖြစ် အစကနဦးကပင် ချီးမြှင့်ခြင်းခံခဲ့ရသော အစ္စရာအီလီ လူမျိုးများအဖို့မှာကား အသို့လျှင်ပြုအပ်ပေမည်နည်း။ ကြည့်-မာဂျီဒီ။

وَوٰعَدْنَا مُوسٰى ثَلٰثِيْنَ
لَيْلَةً وَّاَتْمَمْنٰهَا بِعَشْرٍ
فَتَمَّ مِيْقَاتُ رَبِّهٖٓ
اَرْبَعِيْنَ لَيْلَةً ۚ وَقَالَ
مُوْسٰى لِاَخِيْهِ
هٰرُوْنَ اخْلُفْنِيْ
فِيْ قَوْمِيْ وَاَصْلِحْ
وَلَا تَتَّبِعْ سَبِيْلَ
الْمُفْسِدِيْنَ ﴿١٤٢﴾

၁၄၂။ ထို့မှတပါး၊ ငါ အရှင်မြတ်သည် (နဗီတမန်တော်)မူစာအား ညဉ့်ပေါင်းသုံးဆယ် ချိန်းချက်တော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းညဉ့်ပေါင်းသုံးဆယ်ကို ဆယ်ညဉ့်ဖြင့် (ထပ်လောင်း၍) ဖြည့်စွက်တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ထို(နဗီတမန်တော်)မူစာ၏ အရှင် သတ်မှတ်တော်မူသောအချိန်သည် ညဉ့်ပေါင်းလေးဆယ် ပြည့်သွားခဲ့လေ၏။

ဎင်းပြင် (နဗီတမန်တော်)မူစာသည် မိမိနောင်တော် (နဗီတမန်တော်)*ဟာရွန်အား (ဤသို့) ပြောဆို မှာကြားခဲ့လေသည်။* [၁] (အို-နောင်တော်) အသင်သည် ကျွန်ုပ်၏အမျိုးသားတို့တွင် ကျွန်ုပ်အား ကိုယ်စားပြု၍ နေရစ်ခဲ့ပါ။ ထို့ပြင် အသင်သည် (ဎင်းတို့အား) ပြုပြင်၍ပေးပါ။ သို့ရာတွင် အသင်သည် အကျိုးပျက်စီးအောင် ပြုလုပ်သူတို့၏ လမ်းစဉ်ကို မလိုက်ပါလေနှင့်။

وَلَمَّا جَآءَ مُوْسٰى لِمِيْقَاتِنَا
وَكَلَّمَهٗ رَبُّهٗ ۙ قَالَ رَبِّ
اَرِنِيْٓ اَنْظُرْ اِلَيْكَ ؕ
قَالَ لَنْ تَرٰىنِيْ وَلٰكِنِ
انْظُرْ اِلَى الْجَبَلِ فَاِنِ

၁၄၃။ ဎင်းပြင် (နဗီတမန်တော်)မူစာသည် ငါအရှင်မြတ် သတ်မှတ်တော်မူသောအချိန်၌ ရောက်ရှိလာခဲ့၍ ထို(နဗီတမန်တော်)မူစာ၏အရှင်မြတ်သည် ထို(နဗီတမန်တော်)မူစာနှင့် စကားပြောဆိုတော်မူသောအခါထို(နဗီတမန်တော်)မူစာက "အို ကျွန်တော်မျိုး၏ အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မိမိကို) ပြသတော်မူပါ။ ကျွန်တော်မျိုးသည် *အရှင်မြတ်အား ဖူးမျှော်ပါရစေ*" [၂] ဟုလျှောက်ထားပန်ကြားလေသည်။

---

① အလ္လာဟ်အရှင်မြတ် ချိန်းချက်ထားတော်မူသော အချိန်ပိုင်းပြည့်စုံ၍ တူရ်တောင်ထိပ်သို့ (အလ္လာဟ်အရှင်မြတ်ထံ)သွားရန် စိတ်ပိုင်းဖြတ်လိုက်သောအခါ တမန်တော်မူစာသည် မိမိ၏နောင်တော် တမန်တော်ဟာရွန် (အလိုင်ဟစ္စလာမ်)အား မိမိ၏ကိုယ်စားလှယ်အဖြစ် မိမိ၏အမျိုးသားများအပေါ်တွင် ခန့်အပ်ထားခဲ့၏။ ➤➤

فَسَوْفَ تَرَىٰنِي ۚ فَلَمَّا تَجَلَّىٰ رَبُّهُ لِلْجَبَلِ جَعَلَهُ دَكًّا وَخَرَّ مُوسَىٰ صَعِقًا ۚ فَلَمَّا

ထိုအခါ အရှင်မြတ်က "(အို-မူစာ) အသင်သည် (ဤလောကတွင်) ငါအရှင်မြတ်အား အလျင်းဖူးမြင်နိုင်မည် မဟုတ်ပေ။ ၁ သို့ရာတွင် အသင်သည် (ဤ)တောင်ကို ကြည့်နေပါလေ။ အကယ်၍ ထိုတောင်သည် မိမိနေရာတွင် တည်ငြိမ်စွာရှိနေခဲ့ပါမူ အသင်သည်လည်း ငါအရှင်မြတ်အား အမှန်ပင် မူးမျော်နိုင်ပေမည်"ဟု မိန့်ကြားတော်မူလေသည်။ ၂

➤➤ မိမိ၏အမျိုးသားများအား ပြုပြင်ပေးရန်နှင့် ဖျက်ဆီးသူတို့၏လမ်းစဉ်ကို မလိုက်နာမိရန်လည်း မှာကြားထားခဲ့၏။ တမန်တော်ဟာရွန်(အလိုင်ဟစ္စလာမ်)သည်လည်း တာဝန်ရှိသော တမန်တော်ကြီးတပါးပင် ဖြစ်၏။ ယင်းကဲ့သို့ မှာကြားနေရန်ပင် မလိုပေ။ သို့ပါလျက် ယင်းကဲ့သို့ တမန်တော်မူစာက အမှတ်တရ မှာကြားခဲ့ခြင်းမှာ အမိန့်ပေးခြင်းမဟုတ်။ သတိပေးခြင်းမျိုးသာ ဖြစ်ပေသည်။ အီဗ်နုကဆီရ်၊အ-၂။စ-၂၄၃။

၁ ချိန်းချက် ထားတော်မူသော ရက်ပေါင်း (၄၀)စေ့သွားသောအခါ အလွှာဟ်အရှင်မြတ်သည် တမန်တော်မူစာနှင့် အလွန်တရာမျှ နက်နဲထူးခြားသော နည်းမျိုးဖြင့် စကားပြောကြားတော်မူ၏။ ယင်းကဲ့သို့ တမန်တော်မူစာသည် အလွှာဟ်အရှင်မြတ်နှင့် မိမိစပ်ကြားတွင် အဆက်အသွယ် တစ်စုံတစ်ရာမရှိပဲ တိုက်ရိုက် ထိုအရှင်မြတ်၏ စကားတော်များကို နားသောတဆင့်ရသဖြင့် အတိုင်းမသိ ပီတိသောမနဿဖြစ်၏။ အလွန် ပြင်းပြသော ဆန္ဒဖြင့် ထို အရှင်မြတ်အား ဖူးမြင်လို၏။ သို့ ဖူးမြင်လိုသည့် အလျောက် တမန်တော် မူစာသည် နောက်ဆုံးတွင် မိမိ၏စိတ်ကို မချုပ်တည်းနိုင်တော့ပဲ "အို-ကျွန်တော်မျိုး၏အရှင်၊ အရှင်သည် ကျွန်တော်မျိုးအား ထင်ရှားပြတော်မူပါ။ ကျွန်တော်မျိုးသည် အရှင်မြတ်အား ဖူးမြင်ပါရစေ" ဟု လျှောက်ထား ပန်ကြားလေတော့သတည်း။

၂ ဤပစ္စက္ခ မျက်မှောက်ဘဝတွင် "ဖာနီ" မမြဲသော သခါရဖြစ်သောသတ္တဝါများနှင့် ၎င်းတို့၏စွမ်းအား သတ္တိများသည် အစအဆုံးမရှိသော အမြဲထာဝရ တည်ရှိတော်မူသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အလွှာဟ်အရှင်မြတ်အား ဖူးမြင်နိုင်စွမ်း မရှိကြပေ၊ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဤပစ္စက္ခ မျက်မှောက်ဘဝတွင် မည်သူတစ်ဦးတစ်ယောက်မျှ မသေမီအလျင် အလွှာဟ်အရှင်မြတ်အား မဖူးမြင်နိုင်ကြောင်း သိရှိရပေသည်။

၃ အလွှာဟ်အရှင်မြတ်က တမန်တော်မူစာအား "အသင်သည် (ဤပစ္စက္ခဘဝတွင်) ငါအရှင်မြတ်အား အလျင်း ဖူးမြင်နိုင်မည်မဟုတ်"ဟု မိန့်ကြားတော်မူပြီးသည့်နောက် ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ အသင်သည် ဤတောင်ကို ကြည့်နေပါလေ။ ငါအရှင်မြတ်သည် ဤတောင်ပေါ်သို့ မိမိ၏ရောင်ခြည်တော်များ အနက် အနည်းငယ်မျှကိုပင် လွှတ်တော်မူမည်။ အကယ်၍ တောင်ကြီးကဲ့သို့ မာကျော၊ ခိုင်ခံ့သောအရာသည် ငါ၏ရောင်ခြည်တော်၏ဒဏ်ကို ခံနိုင်ခဲ့ပါလျှင် အသင့်အားလည်း ခံနိုင်အောင် ဖန်တီးပေးတော်မူမည်။ သို့မဟုတ်ပါမူ တောင်ကြီးကဲ့သို့ ကိုယ်ခန္ဓာအစိုင်အခဲ ကြီးမားခိုင်ခံ့သော အရာသည်ပင်လျှင် ငါ၏ဘုန်းရောင်ခြည်တော်ဒဏ် မခံနိုင်ပါလျှင် သေးငယ်လှသော ကိုယ်ခန္ဓာရှိသည့် လူသားတစ်ဦးနှင့်၎င်း၏ မံသစက္ခုများသည် အသို့လျှင် ခံနိုင်အံ့နည်း။ ➤➤

اَفَاقَ قَالَ سُبْحٰنَكَ
تُبْتُ اِلَيْكَ وَ اَنَا

ထို့နောက် ထို(နဗီတမန်တော်) မူစာ၏ အရှင်သည် တောင်ပေါ်သို့ *(မိမိ)* ဘုန်းတော်ကို ထင်ရှားစေတော်မူလိုက်သည့်အခါ [၁] ထိုဘုန်းတော်သည် ယင်းတောင်ကို အစိတ်စိတ် ဖြစ်ခဲ့လေသည်။ ၎င်းပြင် (နဗီတမန်တော်) မူစာသည်လည်း သတိလစ်၍ လဲကျသွားလေသည်။

တဖန် ထို(နဗီတမန်တော်) မူစာသည် သတိပြန်လည်၍ ရရှိလာသောအခါ (ဤသို့) လျှောက်ထားလေသည်။ (အို-အရှင်မြတ်) အရှင်မြတ်သည် (ဤလူ့လောကတွင် မံသစက္ခုဖြင့် ဖူးမြင်ရတော်မူခြင်းမှ)

➤➤ လူသည် နာမ်၊ စိတ်ဓာတ်၊ ဝိဉာဉ်အားဖြင့် မိုး၊ မြေ၊ နေ၊ လနှင့် တောင်ကြီးများထက်ပင်သာ၏။ ထို့အတွက်ကြောင့်လည်း တမန်တော်မူစာနှင့် (အခြားတမန်တော်များ) ထမ်းဆောင်နိုင်ကြသည့် "ဝဟီ" မကွပါဠိတော်များ၊ ထိုမျှမက လူသားတို့ ထမ်းဆောင်နိုင်သည့် အပ်နှံထားသော တာဝန်ကြီးကို ထိုထိုသော တောင်ကြီးများနှင့် အခြားခြားသော ကြီးမားလှသောအရာများသည် ထမ်းဆောင်ရန် မစွမ်းနိုင်ခဲ့ကြပေ။ ယင်းကဲ့သို့ မထမ်းဆောင်နိုင်ခဲ့ကြသည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၃၃း၇၂။ ၅၉း၂၁) တွင် မိန့်ဆိုထားတော်မူသည်။ သို့တစေလည်း လူသည် ကိုယ်ခန္ဓာနှင့် ပတ်သက်သောအရာ၊ မံသစက္ခုနှင့်ပတ်သက်သော အရာများတွင် အခြားကြီးမားလှသော အရာများနှင့်စာလျှင် အလွန်တရာမျှပင် သေးငယ်လှပေသည်။ ဤအကြောင်းကိုလည်း ကုရ်အာန်ကျမ်းမြတ် (၄၀း၅၇၊ ၄၃း၂၈)တွင် မိန့်ဆိုထားတော်မူသည်။ ဤမကွပါဠိတော်တွင်လည်း တမန်တော်မူစာအား ကိုယ်ခန္ဓာအားဖြင့် လူသားတို့၏ အားအင် သေးငယ်မှုကိုပင် ရည်ညွှန်း မိန့်ဆိုထားတော် မူခြင်းဖြစ်သည်။

① အလ္လာဟ်အရှင်မြတ်၏ "တဂျလ္လိယာတ်" ဘုန်းတော်ထင်ရှားပြမှုများ၊ (ရောင်ခြည်တော်လွှတ်မှုများ) သည် အမျိုးမျိုးရှိသည်။ ဤသည် အလ္လာဟ်အရှင်မြတ် စေတနာဖြင့် ပြုလုပ်တော်မူသောအမှု ဖြစ်သည်။ ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိသလို မည်သည့်အရာအပေါ်၌မဆို ဘုန်းတော်ထင်ရှားပြတော်မူသည်။

အလ္လာဟ် အရှင်မြတ်သည် တောင်ပေါ်တွင် မိမိ၏ "တဂျလ္လိ" ဘုန်းတော် အထင်အရှားပြတော် မူလိုက်သည့်အခါ ထိုတောင်သည် တမဟုတ်ခြင်း အပိုင်းပိုင်းအစစ ကြေမွ၍သွားသည်။ ထိုတောင်၏ အနီးတွင်ရှိနေသော တမန်တော်မူစာသည်လည်း အလ္လာဟ် အရှင်မြတ်၏ဘုန်းတော် ထင်ရှား ပြတော် မူလိုက်သည့် အတွက် ထိုတောင်၏ ကြောက်မက်ဖွယ် ကောင်းလှသောအဖြစ်ကို ရှုမြင်၍ သတိလစ်ကာ လဲကျသွားခဲ့၏။ တနည်း။ ။ ဤသို့ နားလည်ကြပါကုန်။ မိုးကြိုး ပစ်သည့်အခါ မိုးကြိုး စက်ကွင်းမိသော အရာများသည် တမဟုတ်ချင်း မည်းနက်၍သွား၏။ ထို ပတ်ဝန်းကျင်၌ရှိသော သူများသည်လည်း များသောအားဖြင့် နည်းများမဆို ဒုက္ခ ဖြစ်ကြရသည်။ ဤကား နှိုင်းယှဉ်ခြင်း မဟုတ်။ နားလည် လွယ်အောင် ရေးသား ဖော်ပြခြင်းသာ ဖြစ်သည်။

أَوَّلُ الْمُؤْمِنِينَ ﴿١٤٣﴾

သန့်ရှင်း စင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ် အထံတော်၌ (ယခုကဲ့သို့ လျှောက်ထား မိသောကြောင့်) ဝန်ချ တောင်းပန်ပါ၏။ ၎င်းပြင် ကျွန်တော်မျိုးသည် (အရှင်မြတ်အား ဤလောကတွင် မည်သူမျှ မမြင်နိုင်ကြောင်း) ပထမဦးဆုံး ယုံကြည်သူဖြစ်ပါသည်။ (တနည်း) ၎င်းပြင် ကျွန်တော်မျိုးသည် "အသင်သည် ငါ အရှင်မြတ်အား (ဤပစ္စုပ္ပန်ဘဝတွင်) အလျင်း ဖူးမျှော်နိုင်မည် မဟုတ်" ဟူသော မုဆိုးဖို၌တော်ကို ပထမဦးဆုံး ယုံကြည်သူ ဖြစ်ပါသည်။ ၁

---

① ဤမုဆိုးဖို၌တော်၏ အလိုသဘောမှာ ဤသို့တည်း။ ကိုယ်တော်အရှင်မြတ်သည် အဖန်ဆင်းခံ တစုံတရာနှင့် ဆင်တူရိုးမှားဖြစ်ခြင်းမှ လုံးဝ သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ဤအနိစ္စ၊ သခါရ မမြဲသောမျက်လုံးများတွင် ကိုယ်တော်အရှင်မြတ်၏ ဘုန်းတော်ထင်ရှားပြမှုများ၊ ရောင်ခြည်တော်များကို ဖူးမြင်နိုင်စွမ်း အလျဉ်းမရှိပါ။ ကိုယ်တော်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်မှု၊ ကြီးကဲမြင့်မြတ်မှုတို့ကို ထောက်ရှုဆင်ခြင်ပါက ကိုယ်တော်အရှင်မြတ်၏ ခွင့်ပြုချက်မရှိပဲလျက် တစုံတရာ လျှောက်ထားပန်ကြားခြင်း အလျဉ်းမပြုအပ်ပါ။ ကျွန်တော်မျိုးသည် စိတ်စေတနာ သဒ္ဓါတရား လွန်စွာထက်သန်ကာ ကိုယ်တော်အရှင်မြတ်၏ အခွင့်မရှိပဲလျက် မလျှောက်ထားအပ်သည်ကို လျှောက်ထားမိသည့်အတွက် ဝန်ချတောင်းပန် အသနားခံပါသည်။ ကျွန်တော်မျိုးသည် အားလုံးသူတို့ထက် အရှင်မြတ်၏ဘုန်းသမ္ဘာကို ဦးစွာပထမ ယုံကြည်သူဖြစ်ပါသည်။ ထို့ပြင်တဝ ဤပစ္စက္ခ မျက်မှောက်ဘဝတွင် ဤမံသစက္ခုများဖြင့် ကိုယ်တော်အရှင်မြတ်အား အလျင်း မဖူးမြင်နိုင်ကြောင်းကို ဦးစွာပထမ ကိုယ်တွေ့မျက်မြင် သိရှိသူ တဦးလည်းဖြစ်ပါသည် ဟူလို။

မှတ်ချက်

"တောင်ဗဟ်" ဝန်ချတောင်းပန်မှုသည် အမြဲတစေ အပြစ်ရှိမှပင် ပြုရသည်မဟုတ်။ မလျော်ကန်မသင့်မြတ်သော ပန်ကြားချက်ပြုမိလျှင်လည်း ဝန်ချတောင်းပန်ရသည်။ ဤမုဆိုးဖို၌တော်တွင် ဤသဘောပင် ဖြစ်သည်။

ဤမုဆိုးဖို၌တော်တွင်ပါရှိသော ဝန်ချတောင်းပန်မှုသည် အပြစ်ကြောင့်မဟုတ်ပေ။ဤတွင် မွတ်စ်လင်မ်အားလုံး အဆိုညီပေသည်။ (ကုရ်တုဗီ)

"ကျွန်တော်မျိုးသည် ဦးစွာပထမ အီမာန်ယုံကြည်သူဖြစ်ပါသည်" ၏ အလိုသဘောမှာ ကိုယ်တော်အရှင်မြတ်အား ကိုယ်တော်အရှင်မြတ်၏ အဖန်ဆင်းခံများအနက် မည်သူတဦးတယောက်မျှ ကိယာမတ်နေ့တိုင် မဖူးမြင်နိုင်သည်ကို ကျွန်တော်မျိုးသည် ဦးစွာပထမ ယုံကြည်သူဖြစ်ပါသည် ဟူ၏။

(အီဗ်နုကျရီရ်) အ ၉။စ-၃၈

قَالَ يٰمُوْسٰٓى اِنِّى اصْطَفَيْتُكَ عَلَى النَّاسِ بِرِسٰلٰتِىْ وَبِكَلَامِىْ ۖ فَخُذْ مَآ اٰتَيْتُكَ وَكُنْ مِّنَ الشّٰكِرِيْنَ ﴿١٤٤﴾

၁၄၄။ (ထိုအခါ အလ္လာဟ်)အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ အို-(နဗီတမန်တော်) မူစာ၊ ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား လူအများပေါ်၌ မိမိရဿူလ်တမန်တော်အဖြစ်ကို ချီးမြှင့်တော်မူခြင်းအားဖြင့်လည်းကောင်း၊ ငါအရှင်မြတ် သည် အသင်နှင့် စကားပြောဆိုတော်မူခြင်းအားဖြင့်လည်းကောင်း၊ ရွေးချယ်မြှောက်စားတော်မူလိုက်ပြီ။ သို့ဖြစ်ပေရာ အသင်သည် အသင့်အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသည်(များ)ကို ယူပါလေ။ ၎င်းပြင် အသင်သည် ကျေးဇူးတော်ကိုသိတတ်သူတို့တွင် အပါအဝင်ဖြစ်ပါလေ။ [၁]

وَكَتَبْنَا لَهٗ فِى الْاَلْوَاحِ مِنْ كُلِّ شَىْءٍ مَّوْعِظَةً وَّتَفْصِيْلًا لِّكُلِّ شَىْءٍ ۚ فَخُذْهَا بِقُوَّةٍ وَّاْمُرْ

၁၄၅။ ထိုမှတပါး ငါအရှင်မြတ်သည် ထို(တမန်တော် မူစာ)အား (သာသနာရေးတွင် မုချ လိုအပ်သည့်) အလုံးစုံသော အဆုံးအမ ဩဝါဒများကို လည်းကောင်း၊ (အမိန့်ပညတ်များနှင့် ပတ်သက်၍) အရာခပ်သိမ်းတို့၏ [၂] ရှင်းလင်းချက်ကိုလည်းကောင်း၊ *၎င်းကျောက်သင်ပုန်းများတွင် ရေးမှတ်၍ ပေးသနားတော်မူခဲ့လေသည်။* [၃]

---

① ဆိုလိုသည်ကား အို-မူစာ၊ ယခုအသင်သည် ငါ့အား မဖူးမြင်နိုင်ပေရှိစေ၊ သို့ရာတွင် အသင့်အား ယခု ငါချီးမြှင့်တော်မူသော ကျေးဇူးတော်များကား နည်းသလော။ ငါသည် အသင့်အား ရဿူလ်တမန်တော်အဖြစ်လည်း မြှောက်စားတော်မူပြီ။ တောင်ရာတ်ကျမ်းမြတ်ကိုလည်း ချီးမြှင့်တော်မူပြီ၊ ငါသည်အသင်နှင့်လည်း တိုက်ရိုက်စကား ပြောကြားတော် မူပြီ။ သို့ဖြစ်ရာ အသင်သည် ငါ အရှင်မြတ် ချီးမြှင့်တော် မူသည်များကို လက်ခံယူပါလေ။ ပြီးနောက် ငါ အရှင်မြတ်၏ ကျေးဇူးတော်ကို သိတတ်သော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့တွင် ပါဝင်ပါလေဟူလို။

② ဤမုဟ္မဒ်ပဋိတော်တွင် ပါရှိသည့် "အရာအားလုံး" ဟူသည် ကမ္ဘာ့အဝှန်းရှိ အရာအားလုံးကို ဆိုလိုသည်မဟုတ်။ သာသနာရေးနှင့်ပတ်သတ်၍ လိုအပ်သမျှသော အမိန့်ပညတ်များနှင့် ပြဿနာများကိုသာ ဆိုလိုသည်။

③ အချို့ပညာရှင်များ၏ ယူဆချက်အရ ထိုကျောက်ပြားများအပေါ်တွင် ရေးတင်ထားတော်မူသော တရားဒေသနာတော်များသည်ပင်လျှင် တောင်ရာတ်ကျမ်းမည်၏။ အချို့ပညာရှင်များ၏ ယူဆချက်မှာကား ထိုကျောက်ပြားများကား တောင်ရာတ်ကျမ်း မကျရောက်မီအလျင် ချီးမြှင့်တော်မူသော ကျောက်ပြားများဖြစ်သည်။ ➤➤

قَوْمَكَ يَأْخُذُوا بِأَحْسَنِهَا ۚ سَأُورِيكُمْ دَارَ الْفَاسِقِينَ ﴿١٤٥﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော် မူစာ) အသင်သည် ၎င်းကို မြဲမြံစွာစွဲကိုင်၍ ထားပါလေ။ ၎င်းပြင် အသင်သည် မိမိအမျိုးသားတို့အား ယင်း ဩဝါဒတော်များအနက်မှ အကောင်းဆုံးများကို (စွဲမြဲစွာ)လိုက်နာကြရန် ဆင့်ဆိုပါလေ၊ မကြာမြင့်မီ ငါ အရှင်မြတ်သည် အသင်တို့အား အမိန့်တော် မနာခံသောသူတို့၏ နေရာဌာနကို ပြသတော်မူအံ့။

سَأَصْرِفُ عَنْ آيَاتِيَ الَّذِينَ يَتَكَبَّرُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ ۖ وَإِنْ يَرَوْا كُلَّ آيَةٍ لَا يُؤْمِنُوا بِهَا ۖ وَإِنْ يَرَوْا

၁၄၆။ ငါအရှင်မြတ်သည် ကမ္ဘာမြေ၌ မတရားသဖြင့် မာန်မာနထောင်လွှားနေသူတို့အား *မိမိမှုပါဒ်တော်များ(ကို နားလည်ခြင်း)မှ* လှည့်၍ ထားတော်မူအံ့။ [၁] စင်စစ်သော်ကား၊ ၎င်းတို့သည် သက်သေလက္ခဏာအလုံးစုံကို တွေ့မြင်ကြသည့်တိုင်အောင် ထိုသက်သေလက္ခဏာတို့ကို ယုံကြည်ကြမည် မဟုတ်ပေ။

➤➤ တောင်ရာတ်ကျမ်းကား ထိုကျောက်ပြားများအပြင် သီးသန့်တခြားဖြစ်သည်။

တမန်တော်မူစာအား အလွှာဟ်အရှင်မြတ် ရေးမှတ်ပေးတော်မူလိုက်သော ကျောက်ပြားများသည်ပင် "တောင်ရာတ်" ကျမ်း ဖြစ်သည်။

① အကြင်သူများသည် အလွှာဟ်အရှင်မြတ်နှင့် တမန်တော်များရှေ့တွင် မတရားမောက်မာကြ၏။ မိမိတို့ကိုယ်ကို မိမိတို့ အထင်ကြီးကြ၏။ ၎င်းတို့အား ၎င်းတို့၏မာန်မာနသည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံခြင်းမှ တားဆီးလျက်ရှိ၏။ သို့ဖြစ်လျှင် အလွှာဟ်အရှင်မြတ်သည်လည်း ထိုသို့သောသူများ၏ စိတ်နှလုံးများကို မိမိ၏ဒေသနာတော်များဘက်မှ လှည့်ဖယ်၍ ထားတော်မူသည်။ သို့လှည့်ဖယ်ထားတော်မူလိုက်သည့်အခါ ၎င်းတို့သည် ထိုအရှင်မြတ်၏ဒေသနာတော်များဖြင့် အကျိုးခံစားခွင့် ရရှိနိုင်ကြတော့မည် မဟုတ်ပေ။ ထိုသို့သောသူများ၏အဖြစ်မှာ ၎င်းတို့သည် အဘယ်မျှပင် သက်သေလက္ခဏာတော်များကို မြင်ကြရသည်ဖြစ်စေ၊ အဘယ်မျှပင် မှုပါဒ်တော်များကို ကြားနာရသည်ဖြစ်စေ၊ ၎င်းတို့သည် အနည်းငယ်စိုးစဉ်းမျှပင် လှုပ်ကြသည် မဟုတ်။ ၎င်းတို့တွင် အနည်းငယ်စိုးစဉ်းမျှပင် အရာမထင်။ တရားဒေသနာတော်၏လမ်းတော်သည် အဘယ်မျှပင် ဖြူးဖြောင့် ကျယ်ဝန်းသည်ဖြစ်စေ ၎င်းတို့သည် ထို တရားလမ်းတော်အပေါ်တွင် လျှောက်ကြမည်မဟုတ်။ သို့ရာတွင် မှားယွင်းသောလမ်းပေါ်တွင်မူ ၎င်းတို့သည် မိမိတို့၏ မသမာသော စိတ်အလိုလိုက်ပြီး အလျင်တစောအပြေးအလွှား လျှောက်ကြသည်ဖြစ်၏။ ဤကဲ့သို့ တရားဒေသနာတော်များကို မဟုတ်မမှန်ဟု ပြောဆိုခြင်း အလေ့ဆိုးနှင့် တရား ဒေသနာတော် များကို အလေးမမူ၊ ဂရုမစိုက်မှုများတွင် နစ်မွန်း၍ အချိန်ကြာရှည် ➤➤

سَبِيْلَ الرُّشْدِ لَا يَتَّخِذُوْهُ سَبِيْلًا ۚ وَاِنْ يَّرَوْا سَبِيْلَ الْغَيِّ يَتَّخِذُوْهُ سَبِيْلًا ؕ ذٰلِكَ بِاَنَّهُمْ كَذَّبُوْا بِاٰيٰتِنَا وَكَانُوْا عَنْهَا غٰفِلِيْنَ ﴿۱۴۶﴾

ငင်းပြင် ယင်းသူတို့သည် ဖြောင့်မတ်မှန်ကန်သောတရားလမ်းကို တွေ့မြင်ကြသော်လည်း ထိုလမ်းကို (မိမိတို့သွားရာ)လမ်းအဖြစ် ပြုလုပ်ကြမည်မဟုတ်ပေ။ သို့ရာတွင်ငင်းတို့သည် အကယ်၍ မဖြောင့်မှန်ကွေကောက်သောလမ်းကို တွေ့မြင်ကြပါမူ ထိုလမ်းကို (မိမိတို့သွားရာ)လမ်းအဖြစ်ပြုလုပ်ကြပေမည်။ ဤ(သို့လမ်းလွဲခြင်း)မှာကား ၊ယင်းသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟုစွပ်စွဲ ငြင်းပယ်ခဲ့ကြသောကြောင့်ငင်း၊ သက်သေလက္ခဏာတော်များကို အလေးမမူ ဂရုမစိုက်လျစ်လျူရှုခဲ့သောကြောင့်ငင်း၊ ဖြစ်ချေသတည်း။

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَلِقَآءِ الْاٰخِرَةِ حَبِطَتْ اَعْمَالُهُمْ ؕ هَلْ يُجْزَوْنَ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿۱۴۷﴾

၁၄၇။ အမှန်သော်ကား အကြင်သူတို့သည် ငါအရှင်မြတ်၏မုဆိုပါဌ်တော်များကိုလည်းကောင်း၊ နောင်တမလွန်ဘဝနှင့် တွေ့ကြုံကြရမည်ကိုလည်းကောင်း၊ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့ ပြုမူသမျှတို့သည် အချည်းနှီးပင် ဖြစ်သွားချေပြီ။ ငင်းတို့သည် မိမိတို့ ပြုကျင့်ကြသည်များကိုသာ အစားပေးခြင်း ခံကြရမည်။

➤➤ လာသောအခါ လူများသည် အထက်ဖော်ပြပါအတိုင်း ဖြစ်သွားကြလေသည်။

အမှန်တရားကို မလိုမုန်းတီး၍ သွေဖည်ဆန့်ကျင်သော သူမိုက်များအဖို့ အဘယ်မျှပင် ကောင်းမွန်သော စံနမူနာများပင် ဖြစ်လင့်ကစား အကျိုးမရှိခဲ့ပေ။ မကောင်းသော စံနမူနာများသည် ငင်းတို့အဖို့ အမြဲတစေ အထောက်အထား ဖြစ်ပေသည်။ ဤသည် ကမ္ဘာဦးအစမှ ယနေ့တိုင် ယင်းသူမိုက်တို့၏ အစဉ်အလာတရပ်ပင် ဖြစ်သည်။ ဤ မုဆိပါဌ်တော်တွင် ယင်းသို့သော သူမိုက်တို့၏ စိတ်ဓာတ် ခဲယဉ်းမှုကိုပင် မိန့်ဆိုထားတော်မူသည်။

မလိုမုန်းတီး၍ အမှန်တရားကို ဆန့်ကျင်သော သူမိုက်များ၌ ယခုကဲ့သို့ အမင်္ဂလာဖြစ်ရခြင်းမှာ အလိုအလျောက် ဖြစ်ပေါ်ခြင်းမဟုတ်။ အမှန်မှာ ဤသို့ဖြစ်ရခြင်းသည် အမိန့်မနာခံမှု၊ အတွေးမှားမှု၊ မောက်မာမှုများကြောင့်ပင်ဖြစ်သည်။ ဆိုလိုသည်ကား ငင်းတို့သည် သဘာဝသက်သေ လက္ခဏာများနှင့်တရားကျမ်းဂန်လာ အမိန့်ပညတ်များကို မိမိတို့ကိုယ်တိုင် တမင်သက်သက် မလိုမုန်းတီးသည့်အတွက် ငြင်းဆိုခဲ့ကြသည့်အတွက်ကြောင့်သာ ဖြစ်ပေသတည်း။ မာဂျီဒီ။အ-၂။စ-၃၅၇။အအ-၁၉၇

وَاتَّخَذَ قَوْمُ مُوسَىٰ مِنۢ بَعْدِهِۦ مِنْ حُلِيِّهِمْ عِجْلًا جَسَدًا لَّهُۥ خُوَارٌ ۚ أَلَمْ يَرَوْا۟ أَنَّهُۥ لَا يُكَلِّمُهُمْ وَلَا يَهْدِيهِمْ سَبِيلًا ۘ ٱتَّخَذُوهُ وَكَانُوا۟ ظَٰلِمِينَ ﴿١٤٨﴾

၁၄၈။ ၎င်းပြင် (နဗီတမန်တော်)မူစာ၏ *အမျိုးသား*များသည် [၁] ထို(နဗီတမန်တော်)မူစာ (သည် အလွှာဟ်အရှင်မြတ် ချိန်းချက်တော်မူသည့်အတိုင်း တောင်ရာတ်ကျမ်းကိုယူရန် ၎င်းတို့အား ထား၍ ထွက်ခွာသွားပြီး)နောက်တွင် မိမိတို့၏ လက်ဝတ် လက်စားများဖြင့် နွားငယ်ကလေး ခန္ဓာကိုယ်သဏ္ဌာန် ကိုပြုလုပ်ကြလေသည်။ ထိုနွားငယ်၏ ခန္ဓာကိုယ် အတွင်း၌ အသံတမျိုးရှိခဲ့၏။

ထိုနွားငယ်သည် ၎င်းတို့နှင့် စကားလည်း မပြော၊ ၎င်းတို့အား မည်သည့် လမ်းကိုမျှလည်း မညွှန်နိုင်သည်ကို ၎င်းတို့ မသိကြလေသလော။ ၎င်းတို့သည် ယင်းနွားငယ်ကိုပင် (ကိုးကွယ်ရာ) ပြုလုပ်ခဲ့ကြလေသည်။ ၎င်းပြင် ယင်းသူတို့သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) မတရားနှိပ်စက် ညှဉ်းပန်းသူများဖြစ်သွားခဲ့ကြကုန်သတည်း။

وَلَمَّا سُقِطَ فِىٓ أَيْدِيهِمْ وَرَأَوْا۟ أَنَّهُمْ قَدْ ضَلُّوا۟ ۙ قَالُوا۟ لَئِن لَّمْ يَرْحَمْنَا رَبُّنَا وَيَغْفِرْ لَنَا لَنَكُونَنَّ مِنَ ٱلْخَٰسِرِينَ ﴿١٤٩﴾

၁၄၉။ ထို့ပြင် ၎င်းတို့သည် *ဝမ်းနည်းပက်လက်ဖြစ်* ၍ [၂] မိမိတို့သည် လမ်းမှားနေကြပြီဖြစ်ကြောင်း သိမြင်ကြသောအခါ (ဤသို့ ညည်းညူမြီတမ်း ပြောဆိုကြကုန်၏။)အကယ်၍ ငါတို့၏အရှင်မြတ် သည် ငါတို့အား သနားကြင်နာတော်မမူခဲ့ပါလျှင် (အပြစ်)မှလွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မမူခဲ့ပါလျှင် ဧကန်မလွဲ ငါတို့သည် ဆုံးရှုံး နစ်နာသူတို့တွင် အပါအဝင် ဖြစ်ကြရတော့မည်။

---

① တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)၏ အမျိုးသားများသည် တမန်တော်မူစာ တူရိတောင်သို့ တောင်ရာတ်ကျမ်း သွားယူနေခိုက် ရွှေထည်ငွေထည်များဖြင့် နွားရုပ်လုပ်၍ ကိုးကွယ်ခဲ့ကြ၏။ ဤကားဖြစ်ကြောင်းအမှန်ပင်။ ဤမှာပါဌ်တော်တွင်လည်း နွားရုပ်ပြုလုပ်၍ ကိုးကွယ်ခဲ့သူများမှာ "တမန်တော်မူစာ၏ အမျိုးသားများ"ဟူ၍ အတည့်အလင်း ဖွင့်ဟမိန့်ဆိုထားတော်မူသည်။

وَلَمَّا رَجَعَ مُوسَىٰٓ إِلَىٰ قَوْمِهِۦ
غَضْبَٰنَ أَسِفًا ۖ قَالَ بِئْسَمَا
خَلَفْتُمُونِى مِنۢ بَعْدِىٓ ۖ أَعَجِلْتُمْ
أَمْرَ رَبِّكُمْ ۖ وَأَلْقَى ٱلْأَلْوَاحَ
وَأَخَذَ بِرَأْسِ أَخِيهِ يَجُرُّهُۥٓ
إِلَيْهِ ۚ قَالَ ٱبْنَ أُمَّ إِنَّ
ٱلْقَوْمَ ٱسْتَضْعَفُونِى
وَكَادُوا۟ يَقْتُلُونَنِى ۖ فَلَا
تُشْمِتْ بِىَ ٱلْأَعْدَآءَ وَلَا
تَجْعَلْنِى مَعَ ٱلْقَوْمِ
ٱلظَّٰلِمِينَ ﴿١٥٠﴾

၁၅၀။ ထို့နောက် (နဗီတမန်တော်) မူစာသည် မိမိအမျိုးသားတို့ထံသို့ အမျက်ထွက်လျက် (ဝမ်းနည်းပူဆွေးစွာ)ပြန်လာခဲ့သောအခါ "အသင်တို့သည် ငါမရှိသည့်နောက် *ငါ၏ကွယ်ရာ၌ ပြုမူခဲ့ကြသည်မှာ* အလွန်ဆိုးယုတ်လှပေတကား။ [၁] အသင်တို့သည် မိမိတို့အား မွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော် (မရောက်မီ) *အလျင်တဆောပြုခဲ့ကြလေသလော* [၂] ဟု ပြောကြားလေသည်။ ၎င်းပြင် ထို(နဗီတမန်တော်) မူစာသည် သင်ပုန်းများကို (တဖက်တွင်)ချထားခဲ့လေသည်။ ထို့နောက် မိမိနောင်တော် (နဗီတမန်တော်ဟာရွန်၏) ဦးခေါင်းကိုဆွဲကိုင်၍ ယင်းနောင်တော်ကို မိမိဘက်သို့ ဆွဲယူလေသည်။

(ထိုအခါ) ထိုနောင်တော် (နဗီတမန်တော်ဟာရွန်)က အို-ငါ၏မိခင်၏သား၊ (ညီတော်မောင်) ဧကန်စင်စစ် အမျိုးသားတို့သည် ငါ့အား အားနည်းသောသူဟူ၍ ယူဆခဲ့ကြလေသည်။ ထို့ပြင် ၎င်းတို့သည် ငါ့အား သတ်အံ့ဆဲဆဲပင်ဖြစ်ခဲ့ကြသည်။ သို့ဖြစ်ပေရာ အသင်သည် ငါ့အပေါ်၌ ရန်သူများ ဝမ်းသာအားရဖြစ်အောင်မပြုပါလေနှင့်။ ၎င်းပြင် အသင်သည် ငါ့အား မတရားကျူးလွန်သောသူတို့၏ ဘောင်အတွင်းသို့ မသွင်းပါလေနှင့်ဟု ပြောကြားလေသတည်း။

---

[၁] အစ္စရာအီလီမျိုးနွယ်ဝင်တို့သည် မိမိတို့ချွတ်ချော်တိမ်းပါး အမှားကြီးမှားခဲ့ကြသည်ကို စဉ်းစားဆင်ခြင်သိမြင်ကြသောအခါ ဝမ်းနည်းပက်လက်ဖြစ်ကြ၏။ ယူကြုံးမရ အပူလုံးခကြ၏။ အရှက်တကွဲ အကျိုးနည်းဖြစ်ကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ် (၂:၅၄)တွင် ပါရှိသည့်အတိုင်း ၎င်းတို့အား သီးသန့်နည်းဖြင့်ဝန်ချတောင်းပန်ရန် မိန့်ကြားတော်မူလေသည်။ကြည့်-ထာနဝီ။ အ-၄၊ စ-၄၄။

[၂] တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)သည် တောင်ရာတ်ကျမ်းမြတ်ကို ယူဆောင်ရန် "တူရ်" တောင်ပေါ်သို့ သွားရောက်ခဲ့၏။ တမန်တော်သည် တောင်ပေါ်၌ပင်ရှိသေး၏။ ထိုအချိန်မှာပင် မိမိ၏အမျိုးသားများသည် အယူမှောက်မှား၍ "ရှရ်စ်က်"တွင် နစ်မွန်းနေကြပြီဖြစ်ကြောင်း "ဝဟီ" ဖြင့် သိခဲ့ရ၏။ ➤➤

قَالَ رَبِّ اغْفِرْ لِي وَلِأَخِي وَأَدْخِلْنَا فِي رَحْمَتِكَ ۖ وَأَنْتَ أَرْحَمُ الرَّاحِمِينَ ﴿١٥١﴾

၁၅၁။ (ထိုအခါ) ထို(နဗီတမန်တော်) မူစာသည် (အလ္လာဟ် အရှင်မြတ် အထံတော်၌ ဤသို့) လျှောက်ထား ပန်ကြားလေသည်။ အို-ကျွန်တော်မျိုး၏ အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား လည်းကောင်း၊ ကျွန်တော်မျိုး၏ နောင်တော် (နဗီတမန်တော် ဟာရွန်)အား လည်းကောင်း၊ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိကရုဏာတော်အတွင်း သွင်းတော်မူပါ။ အမှန်စင်စစ် သော်ကား အရှင်မြတ်သည် သနားကြင်နာသူ အပေါင်းတို့တွင် အကြင်နာဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။

➤➤ ထို့အတွက်ကြောင့် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)သည် ဒေါသအမျက်ထွက်ကာ ဝမ်းနည်းပူဆွေးစွာဖြင့် မိမိ၏အမျိုးသားများထံသို့ ပြန်လာခဲ့ပြီး "အသင်တို့သည် ကျွန်ုပ်မရှိခိုက် အလွန်ဆိုးယုတ်သောအပြစ်ကို ကျူးလွန်ကြပြီ။ အသင်တို့သည် မိမိတို့အား မွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်(မရောက်မီပင်) အလျင်တဆော ပြုကြသလော" ဟုဆို၏။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၂၀း၈၃-၈၉)တွင် အကျယ်တဝင့် ပါရှိသည်။

ⓙ ဆိုလိုသည်ကား တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)က မိမိ၏အမျိုးသားများအား ပြောဆိုခဲ့သည်မှာ "ကျွန်ုပ်သည် အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်အထံတော်မှ အမိန့်ပညတ်တော်များ ယူဆောင်ရန် "တူရ်" တောင်သို့ သွားရောက်ခဲ့ခြင်းသာဖြစ်သည်။ ရက်ပေါင်း ၄၀-မှာလည်း အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော် မူသော အချိန်ပိုင်းသာဖြစ်သည်။ ယခုမူ အသင်တို့သည် ထိုအရှင်မြတ် သတ်မှတ်ထားတော်မူသော အချိန်ပိုင်း ပြည့်အောင် ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များ ရောက်ရှိလာအောင်ကိုပင် မစောင့်ဆိုင်းနိုင်ခဲ့ကြပေ။ အချိန်သည် အလွန်တရာမျှ ရှည်လျားသွား လေသည် မဟုတ်။ ကာလသည် အလွန် ကြာညောင်းလေသည် မဟုတ်။ သို့ပါလျက် အသင်တို့သည် ဤမျှ အလျင်စလိုဖြစ်ပြီး အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကို မိမိတို့ထံ ဖိတ်ခေါ်ကြသလော။ ဤသည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၂၀း၈၆)တွင် မိန့်ဆို ထားတော်မူသည်။

တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)သည် ကျောက်ပြားများကို ချထားလိုက်ပြီး မိမိ၏နောင်တော်ကြီး၏ ဦးခေါင်းကို ဆွဲကိုင်၍ မိမိဘက်သို့ ဆွဲလေ၏။ ယင်းသို့ပြုမူခြင်းမှာ တမန်တော်မူစာသည် "တောင်ဟီဒ်"တွင် နစ်မွန်းနေခဲ့ခြင်း။ "တောင်ဟီဒ်" ဆန့်ကျင်မှုကို အလွန်တရာမျှပင် မခံလိုခဲ့ခြင်း၊ မိမိ၏စိတ်ကိုပင် မချုပ်တည်းနိုင်ခဲ့ခြင်းများကြောင့်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း ထိုသို့သော အပြုအမူများပေါ်တွင် အပြစ်ဆိုဖွယ်ရာမရှိချေ။ ထိုအပြုအမူများသည် သူတစ်ပါးအဖို့လည်း စံနမူနာ မဖြစ်နိုင်ပေ။

إِنَّ الَّذِينَ اتَّخَذُوا الْعِجْلَ سَيَنَالُهُمْ غَضَبٌ مِّن رَّبِّهِمْ وَذِلَّةٌ فِي الْحَيَاةِ الدُّنْيَا ۚ وَكَذَٰلِكَ نَجْزِي الْمُفْتَرِينَ ﴿١٥٢﴾

၁၅၂။ ဧကန်စင်စစ် နွားငယ်(ဆင်းတု)ကို (မိမိတို့၏ကိုးကွယ်ရာ) ပြုလုပ်ကြသော သူတို့အပေါ်၌ ငင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ မကြာမြင့်မီ ဤလောကဌာန အများက ဒေါသသည်လည်းကောင်း၊ ဂုဏ်သရေနိမ့်ကျခြင်းသည်လည်းကောင်း၊ သက်ရောက်မည်။ [၁] စင်စစ်သော်ကား ငါအရှင်မြတ်သည် ကြဲဖန်စွပ်စွဲသူတို့အား ဤနည်းအတိုင်းပင် အပြစ်ပေးတော်မူသည်။

وَالَّذِينَ عَمِلُوا السَّيِّئَاتِ ثُمَّ تَابُوا مِن بَعْدِهَا وَآمَنُوا إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيمٌ ﴿١٥٣﴾

၁၅၃။ သို့ရာတွင် အကြင်သူတို့သည် မကောင်းမှုဒုစရိုက်များကို ပြုလုပ်မိခဲ့ကြကုန်၏။ ငင်းနောက် ထိုသူတို့သည် ထိုသို့မကောင်းမှုများ (ပြုလုပ်ပြီး) နောက် ဝန်ချတောင်းပန်ကြကုန်၏။ ငင်းပြင် ထိုသူတို့သည် အီမာန်ယုံကြည်ခြင်း သဒ္ဓါတရားလည်း ထားရှိကြကုန်၏။ (သို့ဖြစ်လျှင်) ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထို(သို့ဝန်ချတောင်းပန်၍ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြပြီး)နောက် (ငင်းတို့အား) မုချ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူမည့်အရှင်၊ သနားကြင်နာ ညှာတာတော်မူသည့်အရှင် ဖြစ်တော်မူပေသတည်း။ [၂]

---

① နွားငယ်ကို ကိုးကွယ်သောသူများထံ ဤပစ္စက္ခဘဝ၌ သက်ရောက်ခဲ့သော အပြစ်ဒဏ်ကား ကုရ်အာန်ကျမ်းမြတ် (၂:၅၄)တွင်ပါရှိသော အပြစ်ဒဏ်(၀ါ)နွားငယ်ကို ကိုးကွယ်ခဲ့သောသူများအား နွားငယ်ကို မကိုးကွယ်ခဲ့သော သူများက သတ်ဖြတ်ခြင်းပင်ဖြစ်သည်။ "မုရ်တဒ္ဒ" ခေါ် အစ္စလာမ်သာသနာမှ ဖောက်ပြန်သွားသူ၏ အပြစ်ဒဏ်မှာ ဤပစ္စက္ခဘဝ၌ သတ်ပစ်ခြင်းပင်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။

② ဤမူကျပါဠ်တော်၏ အလိုသဘောကား အကြင်သူများသည် မကောင်းမှုများကို ပြုမိကြ၏။ ဥပမာ နွားငယ်ကို ကိုးကွယ်မိကြ၏။ သို့ရာတွင် ၎င်းတို့သည် ထိုသို့ မကောင်းမှုများကို ပြုလုပ်မိကြပြီးနောက် သတိသံဝေဂ နောင်တရကာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဝန်ချတောင်းပန်ကြ၏။ ပြီးနောက် "ကုဖရ်" သွေဖည်ငြင်းဆန် မနာခံမှုကို စွန့်လွှတ်၍ "အီမာန်" ယုံကြည်လာခဲ့ကြ၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အပြစ်များကို ထိုသို့ ဝန်ချတောင်းပန်ပြီးသည့်နောက်တွင် ချမ်းသာခွင့်ပေးတော်မူမည်။ ၎င်းတို့အပေါ်တွင်လည်း ကရုဏာထားတော်မူမည်ဖြစ်သည်။ ကြည့်-ထာနဝီ။

وَلَمَّا سَكَتَ عَنْ مُّوْسَى
الْغَضَبُ اَخَذَ الْاَلْوَاحَ ۖ وَفِيْ
نُسْخَتِهَا هُدًى وَّرَحْمَةٌ لِّلَّذِيْنَ
هُمْ لِرَبِّهِمْ يَرْهَبُوْنَ ﴿١٥٤﴾

၁၅၄။ ထို့နောက် (နဗီတမန်တော်)မူစာ၏ ဒေါသ ပြေငြိမ်းသွားသောအခါ (ထိုတမန်တော်မူစာသည်) သင်ပုန်းများကို ကောက်ယူလေသည်။ အမှန်သော် ကား (ထိုရေးသား၍ထားသော သင်ပုန်းများတွင်) မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ကြကုန်သောသူတို့အဖို့ တရားဓမ္မညွှန်ကြား ချက်သည်လည်းကောင်း၊ ကရုဏာတရားသည်လည်း ကောင်း၊ ပါရှိခဲ့လေသတည်း။

وَاخْتَارَ مُوْسٰى قَوْمَهٗ سَبْعِيْنَ
رَجُلًا لِّمِيْقَاتِنَا ۚ فَلَمَّاۤ اَخَذَتْهُمُ
الرَّجْفَةُ قَالَ رَبِّ لَوْ شِئْتَ
اَهْلَكْتَهُمْ مِّنْ قَبْلُ وَاِيَّايَ ۖ
اَتُهْلِكُنَا بِمَا فَعَلَ السُّفَهَآءُ
مِنَّا ۚ اِنْ هِيَ اِلَّا فِتْنَتُكَ ۖ
تُضِلُّ بِهَا مَنْ تَشَآءُ

၁၅၅။ ထို့နောက် (နဗီတမန်တော်) မူစာသည် မိမိ အမျိုးသားတို့အနက်မှ ယောကျ်ားခုနစ်ဆယ်ကို ငါ အရှင်မြတ် ချိန်းချက်သတ်မှတ်တော်မူသောအချိန် ၁ (တွင် မိမိနှင့်အတူခေါ်ဆောင်ခဲ့ရန်) အလို့ငှာ ရွေး ချယ်ခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် မြေငလျင် ဘေးသင့်၍ပျက်စီးသွားသောအခါ (ထိုနဗီတမန်တော်) မူစာက (ဤသို့) လျှောက်ထားခဲ့လေသည်။ "အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် (ဤအတိုင်းသာ) အလိုရှိ တော်မူခဲ့ပါမူ ထိုသူတို့အားလည်းကောင်း၊ ကျွန်တော် မျိုးအားလည်းကောင်း၊ ယခင်မူလကပင် ပျက်စီးစေ တော်မူပြီးဖြစ်အံ့။

---

① ဤမုဏ္ဍပါဠိတော်တွင် ပါရှိသော "မိကာတ်" သတ်မှတ်ထားသော အချိန်ပိုင်းသည် တမန်တော်မူစာအား တောင်ရာတ်ကျမ်းမြတ် ချီးမြှင့်တော်မူရန် သတ်မှတ်ထားတော်မူခဲ့သော အချိန်ပိုင်းမှအပ ဖြစ်သည်။ ဤသို့ ယူဆခြင်းသည် ပိုမိုခိုင်လုံသည်ဟု ယူဆရပေသည်။ ၎င်းပြင် ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းလာ မုဏ္ဍပါဠိတော်များ၏ အစီအစဉ်ကို ထောက်ရှုခြင်းအားဖြင့်လည်း ဤအဖြစ်အပျက်သည် နွားကိုးကွယ်မှုနှင့် ယင်းကိုးကွယ်မှုအတွက် ပြစ်ဒဏ်ရရှိပြီးနောက်မှ ဖြစ်ပေါ်လာခဲ့သော အဖြစ်အပျက်ဖြစ်သည်ဟု သိရှိ နားလည်ရပေသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းမြတ် (၄:၁၅၃)တွင်လာရှိသော

(فَقَالُوْۤا اَرِنَا اللّٰهَ جَهْرَةً فَاَخَذَتْهُمُ الصّٰعِقَةُ بِظُلْمِهِمْ ۚ ثُمَّ اتَّخَذُوا الْعِجْلَ مِنْۢ بَعْدِ مَا جَآءَتْهُمُ الْبَيِّنٰتُ)

ဟူသော မုဏ္ဍပါဠိတော်ကို ထောက်ရှုခြင်းဖြင့် နွားကိုးကွယ်မှုသည် ဤအဖြစ်အပျက်၏ နောက်တွင်မှ ဖြစ်ပေါ်လာခဲ့သော အဖြစ်အပျက်ဖြစ်သည်မှာ အထင်အရှားပင် ဖြစ်ပေသည်။ ➤➤

وَتَهْدِي مَن تَشَاءُ ۖ أَنتَ
وَلِيُّنَا فَاغْفِرْ لَنَا وَارْحَمْنَا
وَأَنتَ خَيْرُ الْغَافِرِينَ ﴿١٥٥﴾

အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့အနက်မှ အသိတရားကင်းမဲ့သော အချို့လူ့ဗာလတို့၏ ပြုမူချက်ကြောင့် သေကြေပျက်စီးစေတော်မူပါမည်လော။ ဤသည်ကား အရှင်မြတ်၏စမ်းသပ်မှုတရပ်သာလျှင် ဖြစ်ပါသည်။ ထိုစမ်းသပ်မှုဖြင့် အရှင်မြတ်သည် မိမိအလိုရှိသူအား လမ်းမှားစေတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည် (ထိုစမ်းသပ်မှုဖြင့်) မိမိအလိုရှိသူအား လမ်းမှန်သို့ ရောက်စေတော်မူ၏။ အရှင်မြတ်သည်ပင်လျှင် ကျွန်တော်မျိုးတို့၏ကိစ္စ(အဝဝတို့)ကို (ပြီးစီးအောင်) ဆောင်ရွက်ပေးတော်မူသောအရှင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။

➤➤ (ဖြစ်ရပ်မှန်ကိုကား အလ္လာဟ်အရှင်မြတ်သည်ပင် ပိုမို၍ သိတော်မူပေသတည်း။)

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၂:၅၁-၅၆) တွင် အကျဉ်းအားဖြင့် ပါရှိခဲ့လေပြီ။ အစ္စရာအီလီ အမျိုးသားတို့က တမန်တော်မူစာအား "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠ်တော်များကို မိမိတို့ကိုယ်တိုင် မကြားရသမျှ ကာလပတ်လုံး အသင်၏စကားများကို လက်ခံကြမည်မဟုတ်" ဟု ပြောဆိုခဲ့ကြ၏။ ယင်းသို့ ပြောဆိုကြသည့်အခါ တမန်တော်မူစာသည် ၎င်းတို့အနက် အကြီးအကဲ (၇၀)တို့အား ရွေးချယ်၍ မိမိနှင့်အတူ "တူရ်" တောင်ပေါ်သို့ ခေါ်ဆောင်သွားခဲ့လေသည်။ ထိုအကြီးအကဲ (၇၀)တို့သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠ်တော်များကို ၎င်းတို့ကိုယ်တိုင် ကြားနာခဲ့ကြရသောအခါ "ကျွန်ုပ်တို့သည် အရှင်မြတ်အား မိမိတို့၏မျက်စိများဖြင့် မျက်ဝါးထင်ထင် မမျှးမြင်ကြရသမျှ ကာလပတ်လုံး မယုံကြည်နိုင်ကြပါ" ဟု ပြောဆိုကြပြန်လေသည်။ ယင်းကဲ့သို့ မရိုမသေ၊ မလေးမစားမခန့်မညား ပြောဆိုခဲ့ကြသည့်အတွက် ၎င်းတို့၏အောက်မှ ပြင်းထန်သော မြေငလျင်တုန်လှုပ်၍ အထက်မှ ပြင်းထန်လှသော မိုးကြိုးလောင်မီးကျခဲ့လေသည်။ ၎င်းတို့သည် ကြောက်လန့်တုန်လှုပ်၍ သေသွားခဲ့ကြလေသည်။ သို့မဟုတ် သေသူများ၏အဖြစ်သို့ ရောက်ရှိသွားခဲ့ကြလေသည်။ ထိုအခါ တမန်တော်မူစာသည် မိမိကိုယ်ကို ၎င်းတို့တွင်အပါအဝင်ဟု ယူဆကာဤမုက္ခပါဠ်တော်တွင် ပါရှိသည့်အတိုင်း လေးနက်စွာ ဆုပန်ကြွေးခဲ့လေသည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ၏ ပန်ကြားချက်ကို လက်ခံ သဘောတူတော်မူ၍ ၎င်းတို့အား ခွင့်လွှတ်တော်မူပြီး ပြန်လည် ရှင်ထစေတော်မူခဲ့လေသည်။ ဤသို့ ပြန်လည် ရှင်ထစေတော် မူခဲ့သည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂:၅၆)တွင် မိန့်ဆိုထားတော်မူသည်။

ငင်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သနားညှာတာတော်မူပါ။ အမှန်စင်စစ်သော်ကား အရှင်မြတ်သည် အကောင်းဆုံး လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်မြတ်ပင်တည်း။

وَاكْتُبْ لَنَا فِي هَٰذِهِ الدُّنْيَا حَسَنَةً وَفِي الْآخِرَةِ إِنَّا هُدْنَا إِلَيْكَ ۖ قَالَ عَذَابِي أُصِيبُ بِهِ مَنْ أَشَاءُ ۖ وَرَحْمَتِي وَسِعَتْ كُلَّ شَيْءٍ ۚ فَسَأَكْتُبُهَا لِلَّذِينَ يَتَّقُونَ وَيُؤْتُونَ الزَّكَاةَ وَالَّذِينَ هُمْ بِآيَاتِنَا يُؤْمِنُونَ ﴿١٥٦﴾

၁၅၆။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ဤလောကဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ ကောင်းကျိုးချမ်းသာကို သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူပါ။ ကျွန်တော်မျိုးသည် ဧကန်စင်စစ် အရှင်မြတ်ဘက်တော်သို့သာလျှင် ပြန်၍လှည့်ခဲ့ကြလေပြီ။ (ထိုအခါ) အရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ ငါအရှင်မြတ်သည် မိမိအပြစ်ဒဏ်ကို မိမိအလိုရှိတော်မူသောသူ၏အပေါ်၌သာလျှင် သက်ရောက်စေတော်မူ၏။ သို့ရာတွင် ငါအရှင်မြတ်၏ ကရုဏာတော်သည်ကား အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ရှိချေပြီ။

သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုကရုဏာတော်ကို ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြသည့်ပြင် ဧကာတ်ခေါ် တရားဝင်ဒါနကြေးကို ပေးဆောင်သောသူတို့အဖို့လည်းကောင်း၊ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်တို့ကို ယုံကြည်သော သူတို့အဖို့လည်းကောင်း၊ မုချ သတ်မှတ်ပြဋ္ဌာန်းတော်မူပေအံ့။ ၁

---

① ဤမုက္ခပါဠိတော်၌ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ 'ရဟ်မတ်' ကရုဏာတော်ကို 'တာက္ကဝါ' တရားထားရှိသူများ၊ "ဧကာတ်" ပေးသူများနှင့် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို "အီမာန်" ယုံကြည်သူများအဖို့ ရေးမှတ်တော်မူမည်ဟူ၍ မိန့်ဆိုထားတော်မူသည်။ "တာက္ကဝါ"သည် စိတ်နလုံးနှင့်သက်ဆိုင်၏။ "ဧကာတ်" သည် (ဥစ္စာပစ္စည်းနှင့် သက်ဆိုင်၏။) သက်သေလက္ခဏာတော်များကို "အီမာန်" ယုံကြည်ခြင်းသည် "အကာအစ်ဒ်" ယုံကြည်ချက်များနှင့် သက်ဆိုင်၏။ တာက္ကဝါ၊ ဧကာတ်နှင့်အီမာန်တို့သည် အသီးသီးသော ကျင့်စဉ် အမျိုးအစားများ ဖြစ်ပေသည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်သည် ဤမုက္ခပါဠိတော်တွင် ကျင့်စဉ်အသီးသီးမှ နမူနာအဖြစ် တမျိုးစီ ထုတ်ဖော် မိန့်ဆိုထားတော်မူခြင်းဖြစ်ပေသည်။ ➤➤

اَلَّذِيْنَ يَتَّبِعُوْنَ
الرَّسُوْلَ النَّبِيَّ الْاُمِّيَّ الَّذِيْ
يَجِدُوْنَهٗ مَكْتُوْبًا عِنْدَهُمْ
فِي التَّوْرٰىةِ وَالْاِنْجِيْلِ ۡ
يَاْمُرُهُمْ بِالْمَعْرُوْفِ
وَيَنْهٰىهُمْ عَنِ الْمُنْكَرِ وَيُحِلُّ
لَهُمُ الطَّيِّبٰتِ وَيُحَرِّمُ عَلَيْهِمُ
الْخَبٰٓئِثَ وَيَضَعُ عَنْهُمْ
اِصْرَهُمْ وَالْاَغْلٰلَ الَّتِيْ
كَانَتْ عَلَيْهِمْ ؕ فَالَّذِيْنَ
اٰمَنُوْا بِهٖ وَعَزَّرُوْهُ

၁၅၇။ အကြင်သူတို့သည် *အကြင်စာပေမတတ်သော* [၁] ရဏ္ဍလ်၊ နဗီတမန်တော်မြတ်၏(အမိန့်တော်များ)ကို လိုက်နာကြကုန်၏။ ထိုသူတို့သည် ထိုရဏ္ဍလ်၊ နဗီတမန်တော်မြတ်(၏ ဝိသေသဂုဏ်ထူးများ)ကို မိမိတို့ထံရှိ တောင်ရာတ်ကျမ်းတော်တွင်လည်းကောင်း၊ အင်နဂျီလ်ကျမ်းတော်တွင်လည်းကောင်း၊ ရေးသားပြီးဖြစ်သည်ကို တွေ့ရှိကြလေသည်။ ယင်းရဏ္ဍလ်၊ နဗီတမန်တော်မြတ်သည် ထိုသူတို့အား ကောင်းမှုသုစရိုက်များကို(ပြုလုပ်ကြရန်) ညွှန်ကြားသည့်အပြင် မကောင်းမှု ဒုစရိုက်များမှ ကြဉ်ရှောင်ကြရန် မြစ်တားလေသည်။

ထင်းပြင်ထိုသူတို့အဖို့ စင်ကြယ်သောအရာများကို (စားသုံး)ခွင့်ပြုကာ မသန့်စင်သောအရာများကို ထင်းတို့အပေါ်၌ (စားသုံးခြင်းမပြုကြရန်) တားမြစ်လေသည်။ ထိုမှတပါး ထိုသူတို့အပေါ်၌(ယခုတိုင်အောင်) တည်ရှိနေသော ဝန်နှင့်လည်ကွင်းများ(အတုပ်အနှောင်များ)ကိုလည်း ထင်းတို့အပေါ်မှ ချ၍ပေးလေသည်။

➤➤ ထိုအရှင်မြတ်၏ ကရဏာတော်သည် ဖော်ပြပါ ဂုဏ်အင်္ဂါသုံးရပ်၌သာလျှင် တည်ရှိနေသည်ဟူ၍ မယူဆအပ်ပေ။ ကြည့်-ထာနဝီ။အ-၄၈စ-၄၇။

① "အွန်မ်မီ" ဟူသောပုဒ်ကို အနက်ဖွင့်ရာတွင် အဆိုပြားလျက်ရှိပေသည်။

"အွန်မ်မီ" ဟူသော ဂုဏ်ပုဒ်သည် "မိခင်" ၏အနက်ပေးသော "အွန်မ်မ" ဟူသော ပုဒ်နှင့်ဆက်စပ်၍ သုံးနှုန်းထားတော်မူခြင်းဖြစ်သည်။ အမိဝမ်းတွင်းမှ မွေးဖွားလာသော ကလေးသူငယ်တဦးသည် မည်သူတဦးတယောက်၏ တပည့်မျှ မဟုတ်သကဲ့သို့ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း မိမိ၏တသက်တာပတ်လုံး သတ္တဝါများအနက်၊ မည်သူတဦးတယောက်၏ ရှေ့မှောက်၌မျှ တပည့်ခံတော်မမူခဲ့ပေ။ ယင်းသို့ဖြစ်ငြားသော်လည်း တမန်တော်မြတ် ထုတ်ဖော်ဖွင့်ဟ ဟောကြားတော်မူခဲ့သော အသိပညာ၊ ခက်ခဲနက်နဲသော အမြော်အမြင်အားလုံးကို ထားဘိဦး၊ အချို့အဝက်ကိုပင်လျှင် သတ္တဝါတို့အနက် မည်သူတဦးတယောက်မျှ မတင်ပြနိုင်ပေ။ သို့ဖြစ်ပေရာ "အွန်မ်မီ" ဂုဏ်ပုဒ်သည် တမန်တော်မြတ်အဖို့ အထူး ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပေသည်။

وَنَصَرُوهُ وَاتَّبَعُوا النُّورَ الَّذِيٓ أُنزِلَ مَعَهُۥٓ ۙ أُو۟لَٰٓئِكَ هُمُ ٱلْمُفْلِحُونَ ﴿١٥٧﴾

သို့ဖြစ်ပေရာ အကြင်သူတို့သည် ထိုရဿုလ် နဗီတမန်တော်မြတ်အား ယုံကြည်ခဲ့ကြလေသည်။ ၎င်းပြင် ထိုရဿုလ်နဗီတမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်ခဲ့ကြလေသည်။ ထိုမှတပါး ထိုရဿုလ် နဗီတမန်တော်မြတ်အား ကူညီရိုင်းပင်းခဲ့ကြလေသည်။ ထို့ပြင် ထိုရဿုလ် နဗီတမန်တော်မြတ်နှင့်အတူ ကျရောက်လာသော (ကုရ်အာန်ကျမ်းတော်မြတ်တည်း ဟူသော) လင်းရောင်ခြည်ကိုလည်း [၁] လိုက်နာခဲ့ကြလေသည်။ ထိုသူတို့သည်သာလျှင် အောင်မြင်သော သူများ ဖြစ်ကြကုန်သတည်း။

قُلْ يَٰٓأَيُّهَا ٱلنَّاسُ إِنِّى رَسُولُ ٱللَّهِ إِلَيْكُمْ جَمِيعًا ۟ ٱلَّذِى لَهُۥ مُلْكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ لَآ إِلَٰهَ إِلَّا هُوَ يُحْىِۦ وَيُمِيتُ ۖ

၁၅၈။ (အို-နဗီတမန်တော်)အသင်သည် (လူခပ်သိမ်းတို့အား ဤသို့)ပြောကြားပါလေ။ အို-လူသားအပေါင်းတို့၊ ငါသည် ဧကန်စင်စစ် အသင်တို့အားလုံးထံ အကြင် အလ္လာဟ်အရှင်မြတ် အထံတော်မှ စေလွှတ်ခြင်းခံရသော ရဿုလ် တမန်တော်ပင် ဖြစ်ပေသည်။ [၂] မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်ခြင်းသည် လည်းကောင်း၊ ပထဝီမြေကို စိုးမိုးအုပ်ချုပ်ခြင်းသည် လည်းကောင်း၊ ထိုအရှင်မြတ်၌သာလျှင် ရှိချေသည်။

---

① ဤမုကဒ္ဒပါဋ်တော်တွင်ပါရှိသော နူရ်အလင်းရောင်ဟူသည် ကုရ်အာန်ကျမ်းမြတ်ကိုဆိုလိုသည် ။
ဤမုကဒ္ဒပါဋ်တော်တွင်ပါရှိသော နူရ် ဟူသည် ကုရ်အာန်ကျမ်းမြတ်ကို ဆိုသည်။ အချို့အဆိုအရ ထို နူရ် ဟူသည် တရားဓမ္မဟောကြားချက်နှင့် "ရိစာလတ်" တမန်တော်ဖြစ်မှုကို ဆိုလိုသည်။
(ကဗီရ်)

② တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အရပ်အမျိုးသားများအတွက်သာ ပွင့်တော်မူခဲ့သည် မဟုတ်။ ယဟူဒီနှင့်နဆ္ဆရာနီများအတွက်သာ ပွင့်တော်မူခဲ့သည်မဟုတ်။ တမန်တော်မြတ်သည် (လူမျိုးမရွေး၊ လူတန်းစားမခွဲ၊ အုပ်စုမခြာ) ကမ္ဘာအဝှန်းရှိ သတ္တဝါအားလုံးတို့ အကျိုးငှာ ပွင့်လာတော်မူခဲ့ခြင်းဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအဝှန်းကို ချွင်းချက်မရှိ စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။ တမန်တော်မြတ်သည်လည်း ကမ္ဘာအဝှန်း၏အကျိုးငှာ ထိုအရှင်မြတ် စေလွှတ်တော်မူသော တမန်တော်ပင် ဖြစ်သည်။ တမန်တော်မြတ် ယူဆောင်လာသည့် တရားဒေသနာတော်များသည်လည်း ကမ္ဘာအဝှန်း ➤➤

فَـَٔامِنُوا۟ بِاللَّهِ وَرَسُولِهِ ٱلنَّبِىِّ ٱلْأُمِّىِّ ٱلَّذِى يُؤْمِنُ بِاللَّهِ وَكَلِمَٰتِهِۦ وَٱتَّبِعُوهُ لَعَلَّكُمْ تَهْتَدُونَ ﴿١٥٨﴾

ထို အရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိပြီ။ ထို အရှင်မြတ်သည် ပင်လျှင် အသက်ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ထို အရှင်မြတ်သည်သာလျှင် အသက်သေစေတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ် အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ အကြင်စာပေမသင်ကြားဖူးသော ရစူလ်နဗီတမန်တော် အားလည်းကောင်း၊ ယုံကြည်ကြလေကုန်။

➤➤ အတွက်ပင်ဖြစ်သည်။ အပြည့်အစုံပင်ဖြစ်ပေသည်။ အမှန်ကန်ဆုံးပင် ဖြစ်ပေသည်။ ထိုတရား ဒေသနာတော်များကို လိုက်နာခြင်းအားဖြင့်သာလျှင် မှန်ကန်သော တရားဓမ္မနှင့် နှစ်ဘဝ၏အောင်မြင်မှုကို ရရှိနိုင်ပေသည်။ ထိုတမန်တော်မြတ်နှင့် ကုရ်အာန်ကျမ်းမြတ်အား ယုံကြည်မြတ်နိုးခြင်းသည်ပင်လျှင် ပွင့်လေသမျှသော နဗီရစူလ် တမန်တော် အပေါင်းနှင့် ကောင်းကင်ကျ ကျမ်းဂန်အသီးသီးတို့ကို ယုံကြည်မြတ်နိုးရာရောက်ပေသည်။

မှတ်ချက်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကမ္ဘာအဝှန်းအတွက် ပွင့်တော်မူခဲ့သည့် အကြောင်း ကုရ်အာန်ကျမ်းမြတ် (၆း၁၉။ ၂၁း၀၇။ ၂၅း၁။ ၃၄း၁။ ၃၄း၂၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကမ္ဘာအဝှန်းအတွက် စေလွှတ်တော်မူခြင်းခံရသော တမန်တော်ဖြစ်ကြောင်း "ဟဒီဆ်"တော်များတွင်လည်း အများအပြား တွေ့ရှိရပေသည်။ ဤတွင် ဟဒီဆ်တော်တစ်ပုဒ်ကို ရေးသားဖော်ပြလိုပေသည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ ကျွန်ုပ်သည် ငါးခုသောအရာကို ပေးသနားတော်မူခြင်းခံရသည်။ ကျွန်ုပ်အလျင် တမန်တော်များအနက် မည်သည့်တမန်တော်တပါးမျှ ထိုငါးခုသောအရာကို ပေးသနားတော်မူခြင်း မခံခဲ့ရပေ။

(၁)အလွှာဟ်အရှင်မြတ်၏ စောင်မတော် မူခြင်းဖြင့် ကျွန်ုပ်၏ဘုန်းရှိန်သည် တလခရီးမှပင် ပျံ့နှံ့သက်ရောက်သည်။

(၂) ကမ္ဘာမြေတခွင်လုံးသည် ကျွန်ုပ်အဖို့ "မတ်စ်ဂျစ်ဒ်" ဗလီအဖြစ်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်စေသောအရာ အဖြစ်လည်းကောင်း၊ ပြုလုပ်ထားတော်မူသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တပည့် နောက်လိုက်များအနက် မည်သူမဆို ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်လျှင် ဆွလာတ်ပြုရမည်။

(၃) သဲပန်းပစ္စည်းများသည် ကျွန်ုပ်တို့အဖို့ ဟလာလ်ပြုထားတော်မူသည်။ ကျွန်ုပ်အလျင် မည်သည့် တမန်တော်အဖို့မျှ ဟလာလ်ပြုတော်မမူခဲ့ပေ။

(၄) ကျွန်ုပ်သည် "ရှဖာအာတ်" ပြုခွင့် ပေးသနားတော်မူခြင်းခံရသည်။

(၅) နဗီတမန်တော်များသည် ၎င်းတို့၏အမျိုးသားများထံသို့သာလျှင် စေလွှတ်ခြင်းခံခဲ့ကြရသည်။ ကျွန်ုပ်မူကား လူသားအားလုံးတို့ထံသို့ စေလွှတ်တော်မူခြင်းခံရသည်။ (ဗုခါရီ ၊မွတ်စ်လင်မ်)

ထိုရဏ္ဍာလ် နဗီတမန်တော်မြတ်သည် (မိမိကိုယ်တိုင်လည်း) အလ္လာဟ် အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ မုက္ခပါဠ်တော်များကိုလည်းကောင်း၊ ယုံကြည်လေသည်။ ၎င်းပြင် အသင်တို့သည် ထိုရဏ္ဍာလ်၊ နဗီတမန်တော်မြတ်(၏အမိန့်တော်များ)ကို လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည်တရားလမ်းမှန်ကို ရရှိတန်ကြရာသည်။

وَمِنْ قَوْمِ مُوْسٰٓى اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَبِهٖ يَعْدِلُوْنَ ﴿١٥٩﴾

၁၅၉။ ၎င်းပြင် (နဗီတမန်တော်)မူစာ၏ အမျိုးသားတို့တွင် လူတစုရှိသည်။ [၃] ၎င်းတို့သည် (သူတပါးတို့အားလည်း) မှန်ကန်သော တရားဓမ္မနှင့် အညီလမ်းညွှန်ကြလေသည်။ ထို့ပြင် မိမိတို့ကိုယ်တိုင်လည်း ထိုမှန်ကန်သော တရားဓမ္မနှင့်အညီ စီရင်ဆုံးဖြတ်ကြကုန်သတည်း။

وَقَطَّعْنٰهُمُ اثْنَتَيْ عَشْرَةَ اَسْبَاطًا اُمَمًا ۭ وَاَوْحَيْنَآ اِلٰى مُوْسٰٓى اِذِ اسْتَسْقٰىهُ قَوْمُهٗٓ اَنِ اضْرِبْ بِّعَصَاكَ الْحَجَرَ ۚ فَانْۢبَجَسَتْ مِنْهُ اثْنَتَا عَشْرَةَ عَيْنًا ۭ قَدْ عَلِمَ كُلُّ اُنَاسٍ مَّشْرَبَهُمْ ۭ

၁၆၀။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အားမျိုးနွယ်ဆယ့်နှစ်သွယ်ခွဲ၍ *အုပ်စုအသီးသီးသီးပြုလုပ်ပေးတော်မူခဲ့လေသည်။* [၂] ၎င်းပြင် (နဗီတမန်တော်)မူစာ၏ထံသို့ ထို(နဗီတမန်တော်)မူစာ၏အမျိုးသားတို့က (သောက်သုံးရန်)ရေကို တောင်းကြသောအခါ၊ ငါအရှင်မြတ်သည် မူစာထံသို့ (အို-မူစာ) အသင်သည် မိမိလှံတံကန်ဖြင့် ကျောက်တုံးကို ရိုက်ခတ်လော့" ဟူ၍ အမိန့်တော် ထုတ်ပြန်တော်မူခဲ့လေသည်။ သို့(အမိန့်တော်နှင့်အညီ နဗီတမန်တော်မူစာသည် ကျောက်တုံးကို) ရိုက်ခတ်လေသည်။ ထိုကျောက်တုံးမှ စမ်းရေချောင်းဆယ့်နှစ်သွယ်တို့သည် ပန်း၍ ထွက်လာလေသည်။

---

③ ယဟူဒီများသည် အများအားဖြင့် မောက်မာပလွားသူများ၊ သွေဖည်သူများ၊ မတရားသောသူများသာဖြစ်ကြပေသည်။ သို့တစေလည်း ၎င်းတို့တွင် သူတော်စင်များလည်းရှိကြသေးသည်။ ၎င်းတို့သည် ➤➤

وَظَلَّلْنَا عَلَيْهِمُ الْغَمَامَ وَأَنْزَلْنَا عَلَيْهِمُ الْمَنَّ وَالسَّلْوَىٰ ۖ كُلُوا مِنْ طَيِّبَاتِ مَا رَزَقْنَاكُمْ ۚ وَمَا ظَلَمُونَا وَلَٰكِنْ كَانُوا أَنْفُسَهُمْ يَظْلِمُونَ ﴿١٦٠﴾

(ထိုအခါ ယင်းမျိုးနွယ်တို့သည် မိမိတို့သောက်သုံးရာဌာနကို အသီးသီး (ကောင်းမွန်စွာ) မှတ်သားရှုထားခဲ့ကြလေသည်။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ယင်းအမျိုးသားတို့အပေါ်၌ မိုးတိမ်များကို အရိပ်အာဝါသပြုရှု ပေးတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် (မွတ်သိပ် ဆာလောင်ခြင်းမှကင်းစိမ့်သောငှာ) "မန္နာ" (ဟူသော စားဖွယ်)ကိုလည်းကောင်း၊ "စလ်ဝါ" (ခေါ် ငုံးသတ္တဝါ)ကိုလည်းကောင်း၊ ထိုသူတို့အပေါ်၌ ချပေးသနားတော်မူခဲ့၏။

အသင်တို့သည် ငါအရှင်မြတ် ပေးသနားတော်မူသည့် ကောင်းမြတ်သန့်စင်သော စားသုံးဖွယ်များကိုစားသုံးကြလေကုန်။ အမှန်သော်ကား၎င်းတို့သည် ငါအရှင်မြတ်အား ညှဉ်းပန်း နှိပ်စက်ခဲ့ကြသည် မဟုတ်ပေ။ စင်စစ်သော်ကား၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိတို့သာလျှင် နှိပ်စက်ညှဉ်းပန်းခဲ့ကြလေသတည်း။

وَإِذْ قِيلَ لَهُمُ اسْكُنُوا هَٰذِهِ الْقَرْيَةَ وَكُلُوا مِنْهَا حَيْثُ شِئْتُمْ

၁၆၁။ ၎င်းပြင် (ပြန်လည်အောက်မေ့ သတိရကြလေကုန်) တရံရောအခါ ထို(နဗီတမန်တော် မူစာ၏) အမျိုးသားတို့ထံ (ဤသို့) အမိန့်တော်ကျရောက်ခဲ့လေသည်။ အသင်တို့သည် ဤမြို့၌နေထိုင်ကြကာ ထိုမြို့တွင်မိမိတို့နှစ်သက်ရာနေရာများမှစားသုံးကြလေကုန်။

➤➤ သူတပါးတို့အား တရားဓမ္မနှင့်အညီ ညွှန်ကြားပြသကြသည်။ ၎င်းတို့ကိုယ်တိုင်လည်း တရားဓမ္မနှင့်အညီ စီရင်ဆုံးဖြတ်ကြလေသည်။ ဥပမာ-သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုစလာမ်နှင့် ထိုသာဝကကြီးကဲ့သို့သော အခြားသာဝကကြီးများ၊

Ⓙ အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလီ အမျိုးသားတို့အား လွယ်ကူစွာ စီမံခန့်ခွဲ သွန်သင်ဆုံးမနိုင်ရန်အတွက် ဘိုး ၁၂-ဦးတို့၏ သားသမီးများကို မျိုးနွယ် ၁၂-သွယ်အသီးသီး ပြုပေးတော်မူ၍ မျိုးနွယ်အသီးသီးတွင် စီမံအုပ်ချုပ် သွန်သင်ဆုံးမရန်အတွက် အကြီးအကဲတစ်ဦးစီကို ခန့်ထားတော်မူခဲ့လေသည်။ ထိုသို့ အကြီးအကဲ ၁၂-ဦး ခန့်တော်မူသည့်အကြောင်း ကုရ်အာန် (၅း၁၂)တွင် မိန့်ဆိုထားတော်မူသည်။

وَقُولُوا حِطَّةٌ وَادْخُلُوا الْبَابَ سُجَّدًا نَغْفِرْ لَكُمْ خَطِيئَاتِكُمْ سَنَزِيدُ الْمُحْسِنِينَ ﴿١٦١﴾

ၾင်းပြင် အသင်တို့သည် "ဟစ်တ်တွတွန်" (ကျွန်တော်မျိုးတို့အား အပြစ်မှချမ်းသာခွင့် ပေးသနား တော်မူပါ)ဟု ရွတ်ဆိုကာ (ငါအရှင်မြတ်အား ခယ ရိကျိုးသောအားဖြင့်) မြို့၏တံခါးပေါက်သို့ ဝပ်တွားး၍ ဝင်ကြလေကုန်။

(အသင်တို့သည် ဤ အမိန့်တော်အတိုင်း လိုက်နာကြပါမူ ဧကန်စင်စစ်) ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ မှားယွင်းမှုများကို ခွင့်လွှတ်တော် မူသည်ဖြင့် (အသင်တို့အနက်) ကောင်းမှု ပြုသူတို့ကိုမူကား ဆထက်တိုး၍ပင် ချီးမြှင့်တော်မူအံ့။

فَبَدَّلَ الَّذِينَ ظَلَمُوا مِنْهُمْ قَوْلًا غَيْرَ الَّذِي قِيلَ لَهُمْ فَأَرْسَلْنَا عَلَيْهِمْ رِجْزًا مِنَ السَّمَاءِ بِمَا كَانُوا يَظْلِمُونَ ﴿١٦٢﴾

၁၆၂။ သို့ရာတွင် ထို(အမျိုးသား)တို့အနက် (မတရား)ကျူးလွန်(လေ့ရှိ)သူတို့သည် မိမိတို့အား မိန့်ကြားတော်မူသောစကားရပ်ကို အခြား(မလျော်ကန်သော) စကားဖြင့် ပြောင်းလဲ(၍ ပြောဆို)ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို(အမျိုးသား)တို့အပေါ်၌ (ၾင်းတို့သည်မိမိတို့ကိုယ်ကို) နှိပ်စက်ညှဉ်းပန်းလေ့ရှိခဲ့ကြသည့်အတွက် ရောဂါဇရာကပ်ကို မိုးကောင်းကင်မှသက်ရောက်စေတော်မူခဲ့လေသတည်း။

وَسْئَلْهُمْ عَنِ الْقَرْيَةِ الَّتِي كَانَتْ حَاضِرَةَ الْبَحْرِ إِذْ يَعْدُونَ فِي

၁၆၃။ ထိုမှတပါး(အို-နဗီတမန်တော်) အသင်သည် ၾင်းတို့အား သမုဒ္ဒရာပင်လယ်ဆိပ်ကမ်းရှိ မြို့ရွာ(နေလူတို့)နှင့် ပတ်သက်၍ မေးမြန်းပါလေ။ [၁] အကြောင်း အခါဝယ် ထိုသူတို့သည် "စဗ်တ်" နေ့နှင့်စပ်လျဉ်း၍ စည်းကမ်းကို ကျူးလွန်ကြလေသည်။

---

① ဤမှတ်ပါဒ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မိမိလက်ထက်ရှိ ယဟူဒီများအား သတိသံဝေဂရစေရန်အတွက် တမန်တော် ဒါဝူဒ်(အလိုင်ဟစ္စလာမ်)၏ လက်ထက်၌ဖြစ်ပေါ်ခဲ့သော ယဟူဒီများ၏ အကြောင်းကို မေးမြန်းစေတော်မူ၏။

السَّبْتِ إِذْ تَأْتِيهِمْ حِيتَانُهُمْ يَوْمَ سَبْتِهِمْ شُرَّعًا وَيَوْمَ لَا يَسْبِتُونَ ۙ لَا تَأْتِيهِمْ ۚ كَذَٰلِكَ نَبْلُوهُم بِمَا كَانُوا يَفْسُقُونَ ﴿١٦٣﴾

وَإِذْ قَالَتْ أُمَّةٌ مِّنْهُمْ لِمَ تَعِظُونَ قَوْمًا ۙ اللَّهُ مُهْلِكُهُمْ أَوْ مُعَذِّبُهُمْ عَذَابًا شَدِيدًا ۖ قَالُوا مَعْذِرَةً إِلَىٰ رَبِّكُمْ وَلَعَلَّهُمْ يَتَّقُونَ ﴿١٦٤﴾

အကြင်အခါဝယ် ၎င်းတို့၏ (သမုဒ္ဒရာမှ) ငါးများသည် ၎င်းတို့ထံသို့ ၎င်းတို့၏ "စဗ်တ်"နေ့တွင် (ရေပေါ်သို့) ထွက်ပြူ၍ လာကြလေသည်။ သို့ရာတွင် "စဗ်တ်"မဟုတ်သောနေ့တွင်မူ ထိုငါးများသည် ၎င်းတို့ထံသို့လာကြသည်မရှိချေ။ ထိုကဲ့သို့ပင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ဖီဆန်လေ့ရှိခဲ့ကြသည့် အတွက် စမ်းသပ်တော်မူခဲ့လေသတည်း။

၁၆၄။ တဖန် အကြင်အခါဝယ် ၎င်းတို့အနက်မှ လူတစုသည် (၎င်းတို့အား ဆုံးမသြဝါဒပေးသူတို့ကို) "အသင်တို့သည် အကြင်အမျိုးသားတို့အား အဘယ်ကြောင့် ဆုံးမသြဝါဒပေးလျက် ရှိကြပါသနည်း။ အလ္လာဟ်အရှင်မြတ်သည် ထိုအမျိုးသားတို့အား ပျက်စီးစေတော်မူမည်ဖြစ်သည်။ သို့မဟုတ် (ထို အရှင်မြတ်သည်) ၎င်းတို့အား (အခြားတစ်စုံတစ်ရာ) ပြင်းထန်သောပြစ်ဒဏ်ကို ပေးတော်မူမည်ဖြစ်ချေသည်"ဟု ပြောကြားခဲ့လေသည်။ ၁

---

① အလီယမြို့တွင် အထက်၌ ဖော်ပြပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို ပရိယာယ်ဖြင့် ဆန့်ကျင်မှုများ ဖြစ်ပေါ်လာသည့်အခါ မြို့သူမြို့သားများသည် အုပ်စုအသီးသီး ကွဲသွားခဲ့ကြဟန်တူသည်။ (များသောအားဖြင့် ထိုအခြေအနေမျိုးတွင် လူများသည်လည်း ကွဲသွားကြတတ်ပေသည်)။ အလီယမြို့သားများအနက် အုပ်စုတစ်ခုမှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ပရိယာယ်ဖြင့် အတည့်အလင်း ဆန့်ကျင်ခဲ့၏။ ဒုတိယအုပ်စုမှာ ထိုသို့အမိန့်တော်ကိုဆန့်ကျင်သူတို့အား နောက်ဆုံးတိုင် သွန်သင်ဆုံးမလျက်ရှိနေခဲ့၏။ တတိယအုပ်စုမှာ အမိန့်တော်ကိုဆန့်ကျင်သူတို့အား တစ်ကြိမ်နှစ်ကြိမ်သွန်သင်ဆုံးမ၍ ဆန့်ကျင်သူများဘက်မှ မျှော်လင့်ချက်မရှိသဖြင့် လက်လျှော့နေခဲ့၏။ စတုတ္ထအုပ်စုမှာ အမိန့်တော်ကို ဆန့်ကျင်ရာတွင်လည်း မပါဝင်ခဲ့ချေ။ ၎င်းတို့နှင့်လည်း ကင်းကွာနေခဲ့၏။ အမိန့်တော်ကို ဆန့်ကျင်သူတို့အားလည်း မတားဆီးခဲ့ပေ။ ဆိတ်ဆိတ်ပင်နေခဲ့၏။

အထက်ဖော်ပြပါ အုပ်စုလေးခုအနက် တတိယနှင့်စတုတ္ထအုပ်စုတို့က ပထမအုပ်စုနှင့်ပတ်သက်၍ စိတ်ဓာတ်မလျှော့ပဲ သွန်သင်ဆုံးမလျက်ရှိသော တတိယအုပ်စုအား "အသင်တို့သည် ဤသို့သော သူယုတ်တို့ကို ဦးနှောက်အခြောက်ခံ၍ အဘယ်ကြောင့် သွန်သင်ဆုံးမ ဟောပြောနေကြသနည်း။ ထိုသူယုတ်တို့သည် အသင်တို့၏ သွန်သင်ဆုံးမချက်များကို လက်ခံနာယူကြလိမ့်မည်ဟု ကျွန်ုပ်တို့ မမျှော်လင့်ပါ။ ထိုသူယုတ်တို့နှင့် ပတ်သက်၍ သိရှိရသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား လုံးဝ ဖျက်ဆီးပစ်တော်မူလိမ့်မည်။ ➤➤

(ထိုအခါ) ထို (ဆုံးမသြဝါဒစကား ပြောကြား နေသူတို့က(ကျွန်ုပ်တို့သည်) အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် အပြစ် လွတ်ရာလွတ်ကြောင်း ဖြစ်စေခြင်းငှာလည်းကောင်း၊ ထို(ဆုံးမသြဝါဒစကား ပြောခြင်းခံကြရသော)သူတို့ သည် အပြစ်မှ ကြဉ်ရှောင်ကြမည်ကို မျှော်လင့်၍ လည်းကောင်း၊ (ဆုံးမသြဝါဒ ပေးခြင်းပင်ဖြစ်သည်) ဟူ၍ ဖြေကြားကြလေသတည်း။

فَلَمَّا نَسُوْا مَا ذُكِّرُوْا بِهٖٓ اَنْجَيْنَا الَّذِيْنَ يَنْهَوْنَ عَنِ السُّوْۤءِ وَ اَخَذْنَا الَّذِيْنَ ظَلَمُوْا بِعَذَابٍۭ بَـِٔيْسٍۢ بِمَا كَانُوْا يَفْسُقُوْنَ ﴿١٦٥﴾

၁၆၅။ တဖန် ထိုသူတို့သည် မိမိတို့သတိပေးခြင်း ခံကြရသော အမှုကိစ္စကို မေ့လျော့ပင်ရှိကြလေသော အခါ ငါအရှင်မြတ်သည် မကောင်းမှုတို့မှ မြစ်တား လျက်ရှိကြသူတို့အား ကယ်ဆယ်တော်မူ၍ မတရား ကျူးလွန်သောသူတို့ကိုမူ ၎င်းတို့သည် သွေဖည်လျက် ရှိခဲ့ကြသောကြောင့် ပြင်းထန်သော ပြစ်ဒဏ်ဖြင့် ဖမ်းဆီးတော်မူခဲ့လေသတည်း။ ၁

➤➤ သို့တည်းမဟုတ် ကြိုးလေးသော ပြစ်ဒဏ်ကို ခတ်တော်မူလိမ့်မည်ဟု ပြောကြလေသည်။ ထိုအခါ ဒုတိယအုပ်စုက ကျွန်ုပ်တို့ ဤသို့ဟောပြောနေခြင်းဖြင့် ထိုသူယုတ်တို့သည် နောင်တရကာ ပြစ်မှုများကို ရှောင်ကြဉ်ကောင်း ရှောင်ကြဉ် သွားကြလိမ့်မည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်၏ အထံတော်တွင် ကျွန်တော်မျိုးတို့သည် ထို သူယုတ်မာတို့အား နောက်ဆုံး အချိန်အထိ စိတ်ဓာတ် မလျှော့ပဲ သွန်သင် ဆုံးမ ခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့ သွန်သင် ဆုံးမရာတွင် တာဝန်မဲ့ကျက်ကွက်ခဲ့ကြပါ။ နားမထောင်ခြင်းမှာ ထိုသူယုတ်တို့၏ တာဝန်သာဖြစ်ပါသည်ဟု လျှောက်ထားနိုင်ကြမည် ဖြစ်ကြောင်း ဖြေကြား ကြလေသည်။

① သူယုတ်မာများသည် တရားဒေသနာတော်များကို လုံးဝ မကြားဘိအလား မေ့ပျောက်ပစ်လိုက်ကြသောအခါ အလ္လာဟ်အရှင်မြတ်သည် တရားဓမ္မသွန်သင် ဆုံးမသြဝါဒပေးသော သူတော်စင်တို့အား ကယ်ဆယ်တော်မူ၍ စည်းကမ်းကျူးလွန်သော သူယုတ်မာတို့အား ပြင်းထန်သောပြစ်ဒဏ်ကို ခတ်တော်မူလိုက်လေသည်။

မကောင်းမှုမြစ်တားသော သူတော်စင်များတွင် အထက်ပါအောက်ခြေအမှတ်၌ ဖော်ပြပါရှိသည့် ဒုတိယအုပ်စုနှင့်တတိယအုပ်စုများ အပါအဝင် ဖြစ်ကြပေသည်။ အပြစ်မှလွတ်မြောက်ကြသည်။ စည်းကမ်းကျူးလွန် သော ပထမအုပ်စုသည်သာလျှင် အပြစ်ဒဏ်တပ်ရိုက်ခြင်း ခံကြရပေသည်။ ဤအတိုင်းပင် အစ်ကိုရိမတ်ထံမှတဆင့် ကြားသိရသည်။ အစမှအဆုံးတိုင် တိတ်ဆိတ်နေခဲ့ကြသော စတုတ္ထအုပ်စုအကြောင်းနှင့်ပတ်သက်၍ အလ္လာဟ် အရှင်မြတ်သည်လည်း မည်သို့မျှ မိန့်ဆိုထားတော်မူသည်မရှိပေ။

فَلَمَّا عَتَوْا عَن مَّا نُهُوا عَنْهُ قُلْنَا لَهُمْ كُونُوا قِرَدَةً خَٰسِـِٔينَ ﴿١٦٦﴾

၁၆၆။ သို့ဖြစ်ပေရာ ထိုသူတို့သည် မိမိတို့ မြစ်တားခြင်းခံခဲ့ကြရသော အမှုကိစ္စနှင့်စပ်လျဉ်း၍ စည်းကမ်းကို ကျူးလွန်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် ၎င်းတို့အား "အသင်တို့သည် ယုတ်ညံ့သိမ်ဖျင်းသော မျောက်တိရစ္ဆာန်များ ဖြစ်ကြလော့"ဟူ၍ မိန့်ကြားတော်မူခဲ့လေသတည်း။

وَإِذْ تَأَذَّنَ رَبُّكَ لَيَبْعَثَنَّ عَلَيْهِمْ إِلَىٰ يَوْمِ الْقِيَٰمَةِ مَن يَسُومُهُمْ سُوٓءَ الْعَذَابِ ۗ إِنَّ رَبَّكَ لَسَرِيعُ الْعِقَابِ ۖ وَإِنَّهُۥ لَغَفُورٌ رَّحِيمٌ ﴿١٦٧﴾

၁၆၇။ ၎င်းပြင် (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်သတိရပါလေ)။ အခါတပါး၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)ကြေငြာတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌အကြင်ကဲ့သို့သောသူများကို ကိယာမတ် နေ့တိုင်အောင် မလွဲဧကန် လွှမ်းမိုးစေတော်မူအံ့။ ထိုသူများသည် ပြင်းထန်လှသောပြစ်ဒဏ်ကို ၎င်းတို့၌ သက်ရောက်ကြစေအံ့။ ဧကန်မလွဲ အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် အလွန်လျင်မြန်စွာ အပြစ်ပေးတော်မူသောအရှင်ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မုချစင်စစ် အလွန်ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာညှာတာတော်မူသောအရှင်မြတ် ဖြစ်တော်မူသတည်း။

وَقَطَّعْنَٰهُمْ فِى الْأَرْضِ أُمَمًا ۖ مِّنْهُمُ الصَّٰلِحُونَ وَمِنْهُمْ

၁၆၈။ ထိုမှတပါး ငါအရှင်မြတ်သည် ၎င်းတို့အား ကမ္ဘာမြေဝယ် *အုပ်စု (အမျိုးမျိုး)* ကွဲပြားစေတော်မူခဲ့လေသည်။ [၁] ၎င်းတို့အနက်အချို့သည် သူတော်ကောင်းများ ဖြစ်ကြသည်။

---

① အလ္လာဟ်အရှင်မြတ်သည် ယင်းယဟူဒီများအား ကမ္ဘာမြေပြင်တွင် အုပ်စုအမျိုးမျိုး ကွဲပြားစေတော် မူခဲ့လေသည်။ ယနေ့လည်း ယဟူဒီများသည် တစုတရုံးတည်း မနေနိုင်ကြပဲ ကမ္ဘာ အရပ်ရပ်တွင် အနှံ့အပြား ကစဉ့်ကလျား ဖြစ်နေကြသည်မှာ အထင်အရှားပင် ဖြစ်ပေသည်။

دُوْنَ ذٰلِكَ ۚ وَبَلَوْنٰهُمْ
بِالْحَسَنٰتِ وَالسَّيِّاٰتِ لَعَلَّهُمْ
يَرْجِعُوْنَ ﴿١٦٨﴾

ထို့ပြင်၎င်းတို့တွင် ထို(သူတော်စင်များ)မှတပါး သောသူများလည်းရှိခဲ့ကြ၏။ ၎င်းပြင် ငါအရှင်မြတ်သည် သုခချမ်းသာများ(ကို ချီးမြှင့် ပေးသနားတော်မူခြင်း အား)ဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခများ (သက်ရောက်စေခြင်းအား)ဖြင့်လည်းကောင်း၊ စမ်းသပ်တော်မူခဲ့လေသည်။ သို့မှသာလျှင် ၎င်းတို့သည် (မိမိတို့၏သွေဖည်မှုများမှ) ပြန်လှည့်လာကြတန်ရာသည်။

فَخَلَفَ مِنْۢ بَعْدِهِمْ خَلْفٌ وَّرِثُوا
الْكِتٰبَ يَاْخُذُوْنَ عَرَضَ
هٰذَا الْاَدْنٰى وَيَقُوْلُوْنَ سَيُغْفَرُ
لَنَا ۚ وَاِنْ يَّاْتِهِمْ عَرَضٌ مِّثْلُهٗ
يَاْخُذُوْهُ ۭ اَلَمْ يُؤْخَذْ عَلَيْهِمْ
مِّيْثَاقُ الْكِتٰبِ اَنْ لَّا يَقُوْلُوْا
عَلَى اللّٰهِ اِلَّا الْحَقَّ وَدَرَسُوْا
مَا فِيْهِ ۭ وَالدَّارُ الْاٰخِرَةُ خَيْرٌ
لِّلَّذِيْنَ يَتَّقُوْنَ ۭ اَفَلَا تَعْقِلُوْنَ ﴿١٦٩﴾

၁၆၉။ တဖန် ၎င်းတို့မရှိသည့်နောက်တွင် အကြင်ယုတ်မာသော သားမြေးတို့က (၎င်းတို့၏)ရိုက်ရာဆက်ခံခဲ့ကြကုန်၏။ ထိုသူတို့သည် ကျမ်းဂန်ကို အမွေရယူခဲ့ကြကုန်၏။ (သို့ရာတွင်) ၎င်းတို့သည် (ထိုကျမ်းဂန်လာ ဒေသနာတော်များ၏အစား) ဤလောကီပစ္စည်းများကို ယူကြလေသည်။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် (ဤ ကျမ်းဂန်လာ ဒေသနာတော်များကို ရောင်းစားခဲ့ကြသည့်အပြစ်မှ) မုချချမ်းသာခွင့် ပေးသနားတော်မူခြင်းခံကြရပေမည်ဟူ၍လည်း ပြောဆိုကြသေး၏။ စင်စစ်သော်ကား ၎င်းတို့သည် အကယ်၍ (ယခုတဖန်) ထိုကဲ့သို့သော ဥစ္စာပစ္စည်းများသည် ၎င်းတို့ထံရောက်လာပါလျှင် ထိုပစ္စည်းများကို ယူကြဦးမည်သာတည်း။

(တောင်ရာတ်)ကျမ်းတော်တွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မှန်ရာကိုသာပြောဆိုကြရန် ၎င်းတို့ထံမှ ပဋိညာဉ်ယူထားပြီးဖြစ်သည်သာမက ၎င်းတို့သည် ယင်းကျမ်းဂန်လာ အမိန့်တော်များကို ဖတ်ခဲ့ပြီးလည်းဖြစ်ကြသည်။ စင်စစ်သော်ကား နောင်တမလွန်ဘဝ၏ သုခချမ်းသာသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေသော(အားဖြင့်

ပြစ်မှုဒုစရိုက်များမှကြဉ်ရှောင်ကြကုန်သော)သူတို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိနားမလည်ကြလေသလော။

وَالَّذِينَ يُمَسِّكُونَ بِالْكِتَٰبِ وَأَقَامُوا الصَّلَوٰةَ ۖ إِنَّا لَا نُضِيعُ أَجْرَ الْمُصْلِحِينَ ﴿١٧٠﴾

၁၇၀။ အကြင်သူတို့သည် ကျမ်းဂန် ဒေသနာတော်ကို ③ တည်ကြည်စွဲမြဲစွာ စောင့်ထိန်းကြ၏။ ၎င်းပြင် "ဆွလာတ်" ဝတ်ပြုခြင်းကိုလည်း အမြဲမပြတ် ဆောက်တည်ကြ၏။ ဧကန်စင်စစ် ငါအရှင်မြတ်သည် (မိမိတို့ကိုယ်ကို) ပြုပြင်ကြကုန်သော သူတို့၏ အကျိုးကျေးဇူးကို ပျက်စီးစေတော်မူမည် မဟုတ်ပေ။

وَإِذْ نَتَقْنَا الْجَبَلَ فَوْقَهُمْ كَأَنَّهُ ظُلَّةٌ وَظَنُّوا أَنَّهُ وَاقِعٌۢ بِهِمْ ۖ خُذُوا مَآ ءَاتَيْنَٰكُم بِقُوَّةٍ وَاذْكُرُوا مَا فِيهِ لَعَلَّكُمْ تَتَّقُونَ ﴿١٧١﴾

၁၇၁။ ၎င်းပြင် (အို-နဗီတမန်တော်၊ အသင်သည် ပြန်လည်၍ သတိရပါလေ) တရံသောအခါ ငါအရှင်မြတ်သည် (တူရ်မည်သော)တောင်ကို ၎င်းတို့ထက်ဝယ် ပင့်မြှောက်တော်မူခဲ့ရာ ထိုတောင်သည် အမိုးကဲ့သို့ဖြစ်လျက် ရှိခဲ့ချေသည်။ ထို့ပြင် ယင်းသူတို့မှာ ထိုတောင်သည် ၎င်းတို့အပေါ်ဝယ် မုချကျတော့မည်ဟူ၍ ယုံကြည်ခဲ့ကြလေသည်။ (ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အား ဤသို့ မိန့်တော်မူခဲ့လေသည်။) အသင်တို့သည် မိမိတို့အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော ကျမ်းမြတ်ကို စွဲမြဲစွာ လက်ကိုင်ထားကြလေကုန်။ ၎င်းနောက် အသင်တို့သည် (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်နိုင်ခြင်းငှာ ယင်းကျမ်းတော်လာ ဒေသနာတော်များကိုလည်း လေ့ကျင့်မှတ်သား (ကျင့်မှု)ကြလေကုန်။

---

③ ဤမုက္ခပါဠိတော်တွင် ပါရှိသော "အလ်ကိတာဗ်"ဟူသည် တောင်ရာတ်ကျမ်းမြတ်ကိုသာ ဆိုလိုသည်။ ကြည့်-ကုရ်တုဗီ၊ မာဂျီဒီ၊ ထာနဝီ။

ယဟူဒီများအနက် အချို့ပုဂ္ဂိုလ်များသည် တောင်ရာတ်ကျမ်းမြတ်လာ အမိန့်ပညတ်တော်များကို စွဲမြဲစွာ လိုက်နာကျင့်သုံးကြသည်။ ထိုကျမ်းမြတ်တွင် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ယုံကြည်ရန် အမိန့်တော်လည်းပါရှိပေရာ ၎င်းတို့သည် တမန်တော်မြတ်အားလည်း ယုံကြည်ကြသည်။ ➤➤

وَإِذْ أَخَذَ رَبُّكَ مِنۢ بَنِىٓ ءَادَمَ مِن ظُهُورِهِمْ ذُرِّيَّتَهُمْ وَأَشْهَدَهُمْ عَلَىٰٓ أَنفُسِهِمْ أَلَسْتُ بِرَبِّكُمْ ۖ قَالُوا۟ بَلَىٰ شَهِدْنَآ ۛ أَن تَقُولُوا۟ يَوْمَ ٱلْقِيَٰمَةِ إِنَّا كُنَّا عَنْ هَٰذَا غَٰفِلِينَ ﴿١٧٢﴾

၁၇၂။ ထိုမှတပါး (အိုး-နဗီတမန်တော် အသင်သည် ပြန်လည်အောက်မေ့သတိရပါလေ။) အခါတပါးတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အာဒမ်၏သားမြေးတို့၏ ကျောက်ကုန်းမှ ၎င်းတို့၏ သားမြေးတို့ကို ထုတ်ဆောင်တော်မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းတို့ကိုပင် ၎င်းတို့အပေါ်၌သက်သေထားတော်မူ၍ "ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူသောအရှင်မြတ်ပင် မဟုတ်ပါလော" ဟုမိန့်ကြားတော်မူခဲ့လေသည်။ [၁]

ထိုအခါ ၎င်းတို့က "အမှန်ပင်ဟုတ်ပါသည်၊ *ကျွန်တော်မျိုးတို့ကိုယ်တိုင်သက်သေခံကြပါသည်*" [၂] ဟု လျှောက်ထား (ဝန်ခံ)ခဲ့ကြကုန်၏။ (ယင်းသို့သက်သေထားတော်မူခဲ့ခြင်းမှာ) အသင်တို့သည် ကိယာမတ်ခေါ် ရှင်ပြန်ထမည့်နေ့တွင် "ကျွန်တော်မျိုးတို့သည် ဤသည်ကို မသိခဲ့ကြပါ" ဟု မပြောကြရန်ပင် ဖြစ်သည်။

➤➤ ၎င်းတို့သည် ကာယကံအားဖြင့်လည်း ဆွလာတ်ဝတ်ပြုကြ၏။ ထိုသို့သော သူတော်စင်များသည် မိမိတို့၏ ကုသိုလ်အကျိုးများကို မုချရရှိကြပေမည်။ ကြည့်-ထာနဝီ။

ကျမ်းဂန်လာ အဓိန့်ပညတ်တော်များကို လိုက်နာကျင့်သုံးခြင်းတွင် ဆွလာတ်သည် အကျုံးဝင်ပြီး ဖြစ်ပါလျက် သီးခြားထုတ်ဖော် မိန့်ဆိုထားတော်မူခြင်းမှာ ဆွလာတ်၏အရေးကြီးမှုကို ထင်ရှားစေရန်ဖြစ်သည်။ ② ဤမှတ္ထပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်သည် နာမ်လောကဓာတ်၏ အဖြစ်အပျက်တစ်ရပ်ကို မိန့်ဆိုထားတော်မူသည်။ အထက်တွင် အစ္စရာအီလီအမျိုးသားတို့ထံမှ တောင်ဟီဒ်နှင့်ပတ်သက်၍ ပဋိညာဉ်ယူထားတော်မူသည့် အကြောင်းပါရှိသည်။ အလျင်ကလည်း ၎င်းတို့အား တောင်ဟီဒ်နှင့်ပတ်သက်သည့် ပဋိညာဉ်တော်ကို အကြိမ်ကြိမ် သတိပေးပြီးဖြစ်သည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် တောင်ဟီဒ်နှင့်ပတ်သက်သည့် ပဋိညာဉ်တော်ကို အစ္စရာအီလီမျိုးနွယ်ထံမှသာ ယူထားတော်မူသည်မဟုတ်။ လူသားအားလုံးတို့ထံမှ ယူထားတော်မူပြီးဖြစ်သည်။

တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်မှုသည် လူ့သဘာဝနှင့် လူ့ဗီဇ၌ စွဲမြဲလျက်ရှိသည်။ အကယ်၍ လူ့သဘာဝသည် ပုံပန်းသဏ္ဌာန်မပျက်စီးပဲ နဂိုမူလအတိုင်း တည်ရှိနေပါသော် ယင်းသဘာဝသည် မိမိအားဖန်ဆင်းတော်မူသော အာဟာရပေးတော်မူသော မွေးမြူတော်မူသော အရှင်တပါး ရှိကြောင်း ဝန်ခံမည်သာဖြစ်သည်။

أَوْ تَقُولُوٓا۟ إِنَّمَآ أَشْرَكَ ءَابَآؤُنَا مِن قَبْلُ وَكُنَّا ذُرِّيَّةً مِّنۢ بَعْدِهِمْ ۖ أَفَتُهْلِكُنَا بِمَا فَعَلَ ٱلْمُبْطِلُونَ ﴿١٧٣﴾

၁၇၃။ သို့တည်းမဟုတ် အသင်တို့သည် "ကျွန်တော်မျိုးတို့၏ဘ၊ ဘိုးဘေးဘီဘင်တို့မှာ ရှေးဦးမဆွကပင် အခြားအရာများကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ခဲ့ကြပါသည်သာတည်း။ ကျွန်တော်မျိုးတို့မှာမူကား ၎င်းတို့၏နောက်တွင် *(၎င်းတို့၏)သားမြေးများသာ* ဖြစ်ကြပါသည်။ [၁] သို့ဖြစ်ရာ အရှင်မြတ်သည် (ရှေးဦးမဆွက) မဟုတ်မမှန် ပြုလုပ်ခဲ့ကြသောသူတို့ကြောင့် ကျွန်တော်မျိုးတို့အား ပျက်စီးစေတော်မူပါမည်လော" ဟု ပြောဆိုကြလတ္တံ့။ [၂]

---

① ဤမုက္ခပါဠိတော်တွင် ပါရှိသော "ရှဟစ်ဒ်နာ" ဟူသော စကားသည် မည်သူ၏စကားနည်း။ ဤတွင် အဆိုပြားလျက်ရှိသည်။ အချို့က ယင်းစကားသည် လူသားတို့ ဝန်ခံပြောဆိုသော စကားဖြစ်သည်ဟု ဆိုကြသည်။ အချို့ကမူ ယင်းစကားသည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်ဖြစ်သည်ဟု ဆိုကြသည်

"ရှဟစ်ဒ်နာ"သည် လူသားတို့က ဆိုသောစကားဖြစ်သည်။ (ကဗီရ်)

"ရှဟစ်ဒ်နာ" သည် လူသားတို့က ဆိုသောစကားဖြစ်သည်။ ဤသည် သာဝကကြီး အီဗ်နုအဗ္ဗာစ်နှင့် အုဗိုင်ယ်အီဗ်နုကအ်ဗ်တို့၏ အဆိုတည်း။ (ကုရ်တုဗီ)

အခြားအဆိုတစ်ရပ်အရ ယင်း "ရှဟစ်ဒ်နာ"သည် အလ္လာဟ်အရှင်မြတ်နှင့် ကောင်းကင်တမန်များ၏ စကားဖြစ်သည်။ အလိုသဘောမှာ (အိုး-လူသားအပေါင်းတို့) ငါတို့သည် အသင်တို့၏ ဝန်ခံချက်အပေါ်၌ သက်သေများ ဖြစ်ကြသည်ဟူ၏။ ဤသည် အဗူမာလစ်က်၏အဆိုဖြစ်သည်။ ဤသို့သော အလားတူ အဆိုကို စုဒီထ်မှလည်း ကြားသိရသည်။ (ကုရ်တုဗီ)

② ဤမုက္ခပါဠိတော်၏ အလိုသဘောမှာ လူသားတို့က "မူလအစ၊ ရှရ်စ်က်ပြုလုပ်သူများမှာ ကျွန်တော်မျိုးတို့၏ အကြီးအကဲ ဘိုးဘေးတို့သာ ဖြစ်ခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့သည် ၎င်းတို့၏နောက် ၎င်းတို့၏ အဆက်အနွယ်မှ ပေါက်ဖွားလာကြသော သားမြေးမြစ်တို့သာ ဖြစ်ကြပါသည်။ သားမြေးမြစ်တို့သည် များသောအားဖြင့် အတွေးအခေါ် အမြော်အမြင် အယူအဆများတွင် မိမိတို့ဘိုးဘေးဘီဘင်တို့၏ နောက်လိုက်များသာဖြစ်ကြပါသည်။ ထို့အတွက် ကျွန်တော်မျိုးတို့၌ အပြစ်တစ်စုံတစ်ရာမရှိပါ။ ကျွန်တော်မျိုးတို့၏ အပြုအမူများနှင့်ပတ်သက်၍ အပြစ်ဒဏ်လည်း မသင့်နိုင်ပါ။ အကယ်၍ ကျွန်တော်မျိုးတို့သည် မိမိတို့၏အပြုအမူများနှင့် ပတ်သက်၍ အပြစ်ဒဏ်ပေးခြင်း ခံခဲ့ကြရသည်ရှိသော် ထိုဘိုးဘေးတို့၏အပြစ်ကြောင့် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးရာ ရောက်ပါသည်"ဟု စောဒနာဝင်ကြမည်။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် အထက်တွင် ပါရှိခဲ့သည့်အတိုင်း လူသားထုကြီး တရပ်လုံးထဲမှ ပဋိညာဉ်တော်ယူပြီးလည်းဖြစ်သည်။ လူသားထုကြီးတစ်ရပ်လုံးကလည်း ထိုပဋိညာဉ် တော်ကို ဝန်ခံပြီးလည်းဖြစ်သည်။ ထို့ပြင်တဝ ပွင့်လေသမျှသော နဗီတမန်တော်များကလည်း ထိုပဋိညာဉ်တော်ကို အသီးသီး သတိပေးသွားပြီးလည်းဖြစ်၏။ သို့ဖြစ်ပေရာ ထိုပဋိညာဉ်တော်နှင့်ပတ်သက်၍ စောဒနာဝင်ရန်အကြောင်း အလျင်းမရှိတော့ပေ။ (ထာနဝီ)

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلَعَلَّهُمْ يَرْجِعُوْنَ ﴿١٧٤﴾

၁၇၄။ အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့(မှန်ကန်သော "ဒီန်"သာသနာဘက်သို့)ပြန်လှည့်ကြရန် အလို့ငှာသက်သေလက္ခဏာများကိုဤနည်းအတိုင်းပင် ရှင်းလင်းစွာထုတ်ဖော်မိန့်ကြားတော်မူလေသတည်း။

وَاتْلُ عَلَيْهِمْ نَبَاَ الَّذِيْٓ اٰتَيْنٰهُ اٰيٰتِنَا فَانْسَلَخَ مِنْهَا فَاَتْبَعَهُ الشَّيْطٰنُ فَكَانَ مِنَ الْغٰوِيْنَ ﴿١٧٥﴾

၁၇၅။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့ရှေ့၀ယ် အကြင်သူ၏အကြောင်းကို ဖတ်ကြားပါလေ။ ငါအရှင်မြတ်သည် ထိုသူအား မိမိသက်သေလက္ခဏာများ (၀ါ) အမိန့်ပညတ်တော်များ၏ အသိပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ တဖန် ထိုသူသည် ယင်းသက်သေလက္ခဏာများကိုစွန့်၍ ထွက်သွားခဲ့လေသည်။ သို့ဖြစ်ရာ "ရှိုင်တွာန်" မိစ္ဆာကောင်သည် ၎င်း၏နောက်သို့ လိုက်ပါခဲ့လေသည်။ ထို့နောက် ၎င်းသည် လမ်းမှားသူတို့တွင် အပါအ၀င်ဖြစ်ခဲ့လေသတည်း။

وَلَوْ شِئْنَا لَرَفَعْنٰهُ بِهَا وَلٰكِنَّهٗٓ اَخْلَدَ اِلَى الْاَرْضِ وَاتَّبَعَ هَوٰىهُ ۚ فَمَثَلُهٗ كَمَثَلِ الْكَلْبِ ۚ اِنْ تَحْمِلْ عَلَيْهِ

၁၇၆။ စင်စစ်တမူကား ငါအရှင်မြတ်သည် အကယ်၍သာ အလိုရှိတော်မူခဲ့ပါလျှင် ထိုသူအား ယင်းသက်သေလက္ခဏာများ(နှင့်အညီ လိုက်နာကျင့်သုံးခြင်းအား)ဖြင့် ဂုဏ်အင် ချီးမြှင့်တော်မူပြီးဖြစ်အံ့။ သို့ရာတွင် ထိုသူအား ကမ္ဘာမြေ(၀ါ)လောကီစည်းစိမ်ဘက်သို့ ယိမ်းညွှတ်၍ပါသွားကာ မိမိစိတ်အလိုဆန္ဒကို လိုက်စားခဲ့လေသည်။

---

(၂) လူသားတို့၏မူလအစ ဘာသာသာသနာသည် "တောင်ဟီဒ်" ပင်ဖြစ်ကြောင်း "ရှစ်ရှစ်က်" သည် ခေတ်အတန်ကြာသောအခါမှ လူသားတို့ အမှားမှားအယွင်းယွင်း ပြုလုပ်ဖန်တီးထားသော အမှား၀ါဒမျှသာဖြစ်ကြောင်း၊ ဤမုဟာပါဠိတော်တွင် အတည့်အလင်း မိန့်ဆိုထားတော်မူသည်။ ယခင်နှစ်အတော်ကြာက အနောက်နိုင်ငံသားပညာရှင်များက "လူသားတို့၏မူလအစ ဘာသာသာသနာသည် ရှရ်စ်က်ဖြစ်ခဲ့သည်။ ထို့နောက် အတန်ကြာသော အခါကျမှ လူသားတို့သည် တဖြည်းဖြည်း "တောင်ဟီဒ်ကို သိရှိလာခဲ့ကြသည်" ဟု ဆိုကြသည်။ သို့ရာတွင် ယခုမူ ထိုအနောက်နိုင်ငံသား ပညာရှင်များအနက် Eths Logists တို့သည် အမြင်မှန်ရကာ လူသားတို့၏မူလအစဘာသာသာသနာသည် တောင်ဟီဒ်ပင်ဖြစ်သည်ဟု အတည့်အလင်း၀န်ခံရေးသားလာကြလေပြီ။ (မာဂျိဒီ)

يَلْهَثْ أَوْ تَتْرُكْهُ يَلْهَثْ ۚ ذَٰلِكَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا ۚ فَاقْصُصِ الْقَصَصَ لَعَلَّهُمْ يَتَفَكَّرُونَ ﴿١٧٦﴾

သို့ဖြစ်ပေရာ ၎င်း၏ ဥပမာကား ခွေး၏ ဥပမာကဲ့သို့ ဖြစ်ခဲ့လေသည်။ အသင်သည် ထိုခွေးအား အကယ်၍ တိုက်ခိုက်လျှင်လည်း ထိုခွေးသည် မောဟိုက်၍ လျှာထုတ်နေမည်။

သို့မဟုတ်အသင်သည်ထိုခွေးအား အကယ်၍ လွှတ်ထားလျှင်လည်း မောဟိုက်၍လျှာထုတ်နေမည် သာဖြစ်ချေသည်။ ဤသည်ကား ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်သောသူတို့၏ဥပမာပင်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ ဆင်ခြင်သုံးသပ်၊ ချင့်ချိန်စဉ်းစားနိုင်ခြင်းငှာ (ဤ)အကြောင်းအတ္ထုပတ္တိများကို (ရေလည်အောင်) ပြောချပြပါလေ။

سَاءَ مَثَلًا الْقَوْمُ الَّذِينَ كَذَّبُوا بِآيَاتِنَا وَأَنْفُسَهُمْ كَانُوا يَظْلِمُونَ ﴿١٧٧﴾

၁၇၇။ အကြင်သူတို့၏ ဥပမာကား ဆိုးယုတ်လှပေ၏။ [၁] ထိုသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် မိမိတို့ကိုယ်ကို သာလျှင် မိမိတို့နှိပ်စက်ညှဉ်းပန်းလျက် ရှိခဲ့ကြကုန်၏။

مَنْ يَهْدِ اللَّهُ فَهُوَ الْمُهْتَدِي ۖ وَمَنْ يُضْلِلْ فَأُولَٰئِكَ هُمُ الْخَاسِرُونَ ﴿١٧٨﴾

၁၇၈။ အကြင်သူအား အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ကို ညွှန်ပြတော်မူအံ့။ ထိုသူသာလျှင် တရားလမ်းမှန်ကို ရရှိသူဖြစ်အံ့။ သို့ရာတွင် အကြင်သူအား ထိုအရှင်မြတ်သည် လမ်းမှားသို့ရောက်စေတော်မူအံ့။ ထို(ကဲ့သို့) သူတို့သည်သာလျှင် နစ်နာဆုံးရှုံးမည့်သူများ ဖြစ်ကြလတ္တံ့။ [၂]

---

① မှုရှစ်ကံ၊ ကာဖိရ်စသော လမ်းမှားသူတို့၏ အယူဝါဒများကို ကုရ်အာန်ကျမ်းမြတ်တွင် နေရာအမြောက်အမြားဌ ပင့်ကူအိမ်၊ ယင်ကောင်စသည့် သေးနုပ်လှသော အကောင်များနှင့် ပုံနှိုင်း၍ မိန့်ဆိုထားတော်မူသည်။ သို့ရာတွင် အထက်တွင်လာရှိသည့်အတိုင်း အလ္လာဟ် အရှင်မြတ်၏ ဒေသနာတော် များကို မှသားဟု ပြောဆိုသော သူယုတ်တို့၏ ဥပမာပုံဆောင်ချက်ကားပို၍ပင်ဆိုးရွားလှပေသည်။ အရှက်အကြောက်ရှိသောသူများမှာကား ➤➤

وَلَقَدْ ذَرَأْنَا لِجَهَنَّمَ كَثِيرًا مِّنَ الْجِنِّ وَالْإِنسِ ۖ لَهُمْ قُلُوبٌ لَّا يَفْقَهُونَ بِهَا وَلَهُمْ أَعْيُنٌ لَّا يُبْصِرُونَ بِهَا وَلَهُمْ آذَانٌ لَّا يَسْمَعُونَ بِهَا ۚ أُولَٰئِكَ كَالْأَنْعَامِ بَلْ هُمْ أَضَلُّ ۚ أُولَٰئِكَ هُمُ الْغَافِلُونَ ﴿١٧٩﴾

၁၇၉။ ၎င်းပြင် ငါအရှင်မြတ်သည် ငရဲဘုံအတွက် လူနှင့်ဂျင်နီများအနက် မြောက်မြားစွာသောသူများကို ဖန်ဆင်းပေးထားတော်မူ၏။ [၁] ထိုသူတို့၌ စိတ်နှလုံးများကား ရှိ၏။ သို့သော် ယင်းစိတ်နှလုံးများဖြင့် ထိုသူတို့သည် (စဉ်စားဆင်ခြင် နားလည်ခြင်း မရှိကြချေ။) ထိုသူတို့၌ စက္ခုအာရုံများကား ရှိ၏။ သို့သော် ထိုသူတို့သည် ယင်းစက္ခုအာရုံများဖြင့် မမြင်ကြချေ။ ထိုသူတို့၌ သောတာရုံများ ရှိ၏။ သို့သော် ထိုသူတို့သည် ယင်းသောတာရုံများဖြင့် မကြားကြချေ။ [၂]

ထိုသူများသည် တိရိစ္ဆာန်များနှင့် တူကြသည် သာမက တိရစ္ဆာန်များထက်ပင် လွန်စွာ မိုက်မဲလမ်းလွဲသူများဖြစ်ကြ၏။ စင်စစ်ထိုသူများသည် (မိမိတို့၏ တာဝန်ဝတ္တရားများကို) မေ့လျော့သူများသာ ဖြစ်ကြကုန်သတည်း။

➤➤ ထိုပုံဆောင်ချက်များသည် မိမိတို့နှင့်သက်ဆိုင်သည်ဟူ၍ အလျင်း လက်ခံကြမည်မဟုတ်ပေ။ အရှက်အကြောက်ကင်းမဲ့သော သူများသာလျှင် ယင်းသို့သော ပုံဆောင်ချက်များကို မိမိတို့နှင့်သက်ဆိုင်သည်ဟူ၍ လက်ခံကြပေမည်။ အမှန်မှာ ထိုသို့သော သူယုတ်မာများသည် မိမိတို့ကိုယ်ကို မိမိတို့ပင်လျှင် နှိပ်စက်လျက် ရှိခဲ့ကြပေသည်။

[၁] ပညာသည် အလ္လာဟ်အရှင်မြတ်၏ တရားဓမ္မနှင့်ကူညီမှုဖြင့် မှန်ကန်သောအသိတရားနှင့်အညီ ကျင့်သုံးနိုင်ခွင့် ရရှိမှသာလျှင် အသုံးကျပေမသည်။ အကယ်၍ ယင်းပညာဖြင့် မှန်ကန်သော တရားဓမ္မကို လိုက်နာကျင့်သုံးခွင့် မရရှိပါက အဘယ်မျှပင် ကြီးမားသောပညာရှင်ကြီး ဖြစ်စေကာမူ နစ်နာဆုံးရှုံးမည်သာဖြစ်သည်။ ထို့အတွက်ကြောင့် လူသားတို့သည် မိမိတို့၏ ပညာနှင့်ပတ်သက်၍ မာနမထားရပေ။ အမြဲတစေ အလ္လာဟ်အရှင်မြတ်ထံတော်မှ တရားဓမ္မနှင့်အညီ လိုက်နာကျင့်သုံးနိုင်စွမ်းကို ပန်ကြားရပေမည်။

[၂] ကုရ်အာန်ကျမ်းမြတ် (၅း၅၆)တွင် "ငါအရှင်မြတ်သည် ဂျင်နီနှင့်လူသားတို့ကို ငါ့အား ခဝပ်ကိုးကွယ်ကြရန် အလို့ငှာသာလျှင် ဖန်ဆင်းတော်မူသည်" ဟု မိန့်ဆိုထားတော်မူသည်။ ဤမုဟမ္မဒပါဠိတော်ကို ထောက်ရှုခြင်းအားဖြင့် ဂျင်နီနှင့်လူသားအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်အတွက်သာ ဖန်ဆင်းထားတော်မူကြောင်း သိရှိရသည်။ ကုရ်အာန်ကျမ်းလာ ဤမုဟမ္မဒပါဠိတော် (၇း၁၇၉)ကို ထောက်ရှုခြင်းအားဖြင့် အချို့ဂျင်နီနှင့် လူသားတို့ကို ငရဲဘုံအတွက် ဖန်ဆင်းထားတော်မူကြောင်း ၎င်းတို့ ငရဲလားကြရမည့်အကြောင်းမှာ ခဝပ်ကိုးကွယ်မှုကို စွန့်လွှတ်ထားခြင်းကြောင့်သာဖြစ်ကြောင်း သိရှိရပေသည်။ သာမာန်အားဖြင့်ကြည့်လျှင် ယင်းမုဟမ္မဒပါဠိတော် ၂-ပါးသည် အချင်းချင်း ဆန့်ကျင်လျက်ရှိဟန်တူပေသည်။ အမှန်မှာ အချင်းချင်း မဆန့်ကျင်ပေ။ ➤➤

وَلِلَّهِ الْأَسْمَاءُ الْحُسْنَىٰ فَادْعُوهُ بِهَا ۖ وَذَرُوا الَّذِينَ يُلْحِدُونَ فِي أَسْمَائِهِ ۚ سَيُجْزَوْنَ مَا كَانُوا يَعْمَلُونَ ﴿١٨٠﴾

၁၈၀။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်၌ ကောင်းမြတ်သော နာမ်တော် (ဂုဏ်တော်)များ ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထို အရှင်မြတ်အား *ယင်းနာမ်တော်များဖြင့်သာ* တသကြလေကုန်။ [၁] (တနည်း) ဆုတောင်းပတ္ထနာ ပြုကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ နာမ်တော်များနှင့်စပ်လျဉ်း၍ ချွတ်ချော်တိမ်းပါးပြစ်မှားသူတို့ကို ပစ်ပယ်စွန့်ပစ်၍ထားကြလေကုန်။ ၎င်းတို့သည် မကြာမြင့်မီကာလတွင် မိမိတို့၏ အပြုအမူများနှင့်စပ်လျဉ်း၍ အစားပေးခြင်းကိုခံကြရလတ္တံ့။

➤➤ အဘယ်ကြောင့်ဆိုသော် (၅း၅၆)တွင် ပါရှိသော (لام) "လာမ်" သည် (غاية تشريعي) အတွက်ဖြစ်သည်။ မူကွပါဠိတော် (၇း၁၇၉)တွင် ပါရှိသော "လာမ်" သည် (غاية تكويني) အတွက်ဖြစ်သည်။

Ⓙ အချို့ဂျင်နနှင့် လူသားတို့တွင် အမည်အားဖြင့်သာလျှင် စိတ်၊ နား၊ မျက်စိရှိသည်။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏စိတ်ဖြင့်လည်း အလ္လာဟ်အရှင်မြတ်၏ မူကွပါဠိတော်များကို မစဉ်းစားကြပေ။ မျက်စိဖြင့်လည်း ထိုအရှင်မြတ်၏ လက္ခဏာတော်များကို နက်နက်နဲနဲ သဘောပေါက်အောင် မကြည့်ကြပေ။ နားဖြင့်လည်း ထိုအရှင်မြတ်၏ ဒေသနာတော်များကိုလိုက်နာရန် နားမထောင်ကြပေ။ တိရစ္ဆာန်များသည် မိမိတို့၏အာရုံများကို စားရန်သောက်ရန်၊ မေထုန်မှီဝဲရန်အတွက်သာ အသုံးပြုကြသကဲ့သို့ ၎င်းတို့သည်လည်း မိမိတို့ စိတ်၊ ဦးနှောက်၊ ခြေ၊ လက်၊ နား၊ မျက်စိစသည့် အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူသော စွမ်းရည်သတ္တိအားလုံးတို့ကို လောကီစည်းစိမ်များ ဆည်းပူးရန်အတွက်သာလျှင် အသုံးပြုကြသည်။ ၎င်းတို့သည် လူသဘာဝ၏ အထွတ်အထိပ်ဖြစ်သော ဂုဏ်ရည်သတ္တိများ၊ ထူးကဲမြင့်မြတ်မှုများနှင့် သူမွန်သူမြတ်တို့၏ အကျင့်စာရိတ္တများကို ရှာဖွေဆည်းပူးရန်ကား အမှတ်ပင်မရကြပေ။ စဉ်းစားဆင်ခြင်လျှင် ၎င်းတို့၏အဖြစ်သည် တိရစ္ဆာန်များထက် ပိုမိုဆိုးရွားလှပေသည်။ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်များသည် သခင်ကခေါ်လျှင် လာသေးသည်။ ငေါက်လျှင် ရပ်တန့်သွားသေးသည်။ ၎င်းတို့သည်ကား မိမိတို့၏အရှင် သခင်၏စကားကို လိုက်နာရန်ဝေးစွ၊ နားပင်မစွင့်ကြပေ။ ထို့ပြင်တဝ တိရစ္ဆာန်များသည် မိမိတို့၏သဘာဝစွမ်းရည်သတ္တိများကို အလ္လာဟ်အရှင်မြတ်က အသုံးပြုရန် သတ်မှတ်ထားတော်မူသော နေရာများ၌သာလျှင် အသုံးပြုကြပေသည်။ ထိုထက်ပို၍လည်း ယင်းတိရစ္ဆာန်များတွင် စွမ်းရည်အလျင်းမရှိပေ။ သို့ရာတွင် အထက်ဖော်ပြပါ လူများနှင့်ဂျင်နများထဲတွင်မူ နာမ်တရားများကို ပိုမိုတိုးတက်ရင့်ကျက်နိုင်စေရန် အစွမ်းသတ္တိများသည် အပ်နှင်းပြီးဖြစ်၏။ သို့တစေလည်း ၎င်းတို့သည် ယင်းစွမ်းရည်သတ္တိများကို အလွဲသုံးစားပြုကာ မိမိတို့ကိုယ်ကို မိမိတို့ပင် ဖျက်ဆီးလိုက်ကြလေသည်။ ဤကား မည်သူမပြုမိမိမှုပင်။

Ⓚ အထက်တွင် အလ္လာဟ်အရှင်မြတ်၏တရားဒေသနာတော်များကို မေ့ပျောက်ထားသူများအကြောင်း မိန့်ဆိုထားတော်မူ၍ ဤမူကွပါဠိတော်တွင် မွတ်စ်လင်မ်တို့အား ယင်းသို့ မေ့ပျောက်မထားကြရမည့်အကြောင်း ➤➤

တနည်း။

ငင်းပြင် ကောင်းမွန်မြင့်မြတ်သော(သီးသန့်) နာမ်တော်များသည် အလ္လာဟ်အရှင်မြတ်၌ (သီးခြား) ရှိသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုနာမ်တော်များနှင့် ထိုအရှင်မြတ်ကိုသာလျှင် တသကြကုန်။ (ထိုနာမ်တော်များဖြင့် သူတစ်ပါးတို့ကို မခေါ်ဝေါ်ကြကုန်လင့်။) ငင်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ နာမ်တော်များနှင့်ပတ်သက်၍ တိမ်းစောင်း ရွေ့ပါးပြစ်မှားသူတို့ကို စွန့်ပယ်ထားကြကုန်။ ငင်းတို့သည် မကြာမီအတွင်း မိမိတို့၏ အပြုအမူများနှင့်စပ်လျဉ်း၍ အပြစ်ဒဏ်ပေးခြင်း ခံကြရလိမ့်မည်။

➤➤ မေ့ပျောက်မှုကို ကင်းဝေးစေသောအရာမှာ ထိုအရှင်မြတ်အား အောက်မေ့တသ သတိရခြင်းပင်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်အား ကောင်းမွန်သောနာမ်တော်များ၊ မြင့်မြတ်သောဂုဏ်တော်များနှင့်သာ အောက်မေ့တသ ရမည့်အကြောင်း၊ ထို့ပြင်တဝ ထိုအရှင်မြတ်၏ နာမ်တော်၊ ဂုဏ်တော်များနှင့်ပတ်သက်၍ တိမ်းပါးပြစ်မှားသူတို့အား ပစ်ပယ်ထားရမည့်အကြောင်း၊ ယင်းသို့ တိမ်းပါးပြစ်မှားသူတို့သည် မိမိတို့၏ ပြစ်မှားမှု၏ပြစ်ဒဏ်ကို မကြာမီအတွင်း ခံစားကြရမည့်အကြောင်းများကို မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဂုဏ်တော်များနှင့်ပတ်သက်၍ တိမ်းယိမ်းပြစ်မှားခြင်းတွင် ရှရီအတ် တရားဥပဒေကခွင့်မပြုသော၊ ထိုအရှင်မြတ်နှင့် မသင့်မတော်၊ မလျော်ကန်သောအမည်၊ ဂုဏ်ပုဒ်ဖြင့် ထိုအရှင်မြတ်အား ခေါ်ဝေါ်ခြင်း၊ ထိုအရှင်မြတ်၏ သီးသန့်နာမ်တော်၊ ဂုဏ်တော်များကို ထိုအရှင်မြတ်မှတပါး အခြားသူတို့အတွက် အသုံးပြုခြင်း၊ ထိုအရှင်မြတ်၏နာမ်တော်၊ ဂုဏ်တော်များ၏ အနက်အဓိပ္ပာယ်များကို အလွဲလွဲအမှားမှား ကောက်ယူဖွင့်ဆိုခြင်း၊ ထိုအရှင်မြတ်၏နာမ်တော်ဂုဏ်တော်များကို စုန်း၊ မှော်၊ ဓော်ဂန်အစရှိသည့် မြစ်တားထားတော်မူသော အပြစ်ရှိသည့် ကိစ္စများတွင် အသုံးပြုခြင်းများသည် အကျူးဝင်ပေသည်။

ထိုအရှင်မြတ်၏ နာမ်တော်များနှင့်ပတ်သက်၍ "အစ်လ်ဟာဒ်" တိမ်းယိမ်းခြင်းဟူသည် ၂-မျိုး ၂-စားရှိသည်။ ပထမအမျိုးအစားမှာ ထိုအရှင်မြတ်အား ထိုအရှင်မြတ်နှင့် မလျော်ကန်သောအရာဖြင့် ခေါ်ဝေါ်ခြင်း၊ ဒုတိယအမျိုးအစားမှာ ထိုအရှင်မြတ်၏ ဂုဏ်တော်များကို မလျော်ကန်သော အနက်အဓိပ္ပာယ် ကောက်ယူခြင်းဖြစ်သည်။ (ရာယိဗ်)

အလ္လာဟ်အရှင်မြတ်၏ နာမ်တော်များနှင့်ပတ်သက်၍ အကျယ်ကိုသိလိုပါက အလ်မနာရ်ကျမ်း အ-၉။ စ-၄၃၁-၄၄၈ တွင် ရှုပါကုန်။

တမန်တော်မြတ်၏ "ဟဒီဆ်" ဩဝါဒကျမ်းကြီးများတွင် အလ္လာဟ်အရှင်မြတ်၌ နာမ်တော် (၉၉)ပါး ရှိကြောင်း၊ နာမ်တော်များကို ရေတွက်ကျက်မှတ်သောသူသည် ဂျန္နတ်သို့ ဝင်ရမည်ဖြစ်ကြောင်း အမြောက်အမြား တွေ့ရှိရပေသည်။ ➤➤

وَمِمَّنْ خَلَقْنَآ أُمَّةٌ يَهْدُونَ بِالْحَقِّ وَبِهِۦ يَعْدِلُونَ ﴿١٨١﴾

၁၈၁။ ငင်းပြင် ငါ အရှင်မြတ် ဖန်ဆင်းတော်မူသောသူတို့တွင် မှန်ကန်သော တရားဓမ္မနှင့် အညီ လမ်းညွှန်ကြသည့်ပြင် မိမိတို့ကိုယ်တိုင်လည်း ထို တရားဓမ္မနှင့်အညီ (လိုက်နာ)စီရင် ဆုံးဖြတ်သော လူတစ်စုသည် ရှိကြကုန်၏။ [၁]

وَٱلَّذِينَ كَذَّبُوا۟ بِـَٔايَٰتِنَا سَنَسْتَدْرِجُهُم مِّنْ حَيْثُ لَا يَعْلَمُونَ ﴿١٨٢﴾

၁၈၂။ ငင်းပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေ လက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြကုန်၏။ ငါအရှင်မြတ်သည် ထိုသူတို့အား (ဣဟန္ဒမ်ဘက်သို့) ထိုသူတို့ မသိသောနည်းဖြင့် တဖြည်းဖြည်း ဆွဲယူတော်မူအံ့။ [၂]

➤➤ "အလ္လာဟ်အရှင်မြတ်၌ နာမ်တော် (၉၉)ပါးရှိသည်။ ထိုနာမ်တော်များကို ရေတွက်ကျက်မှတ်သော သူသည် ဣန္ဒတ်သို့ဝင်ရမည်။" ဟု တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မိန့်ကြား တော်မူခဲ့ကြောင်း သာဝကကြီး အဗူဟုရိုင်ရဟ်သခင်မှတဆင့်လာရှိသော ဟဒီဆ်ဩဝါဒတွင်ပါရှိသည်။ ဤဩဝါဒသည် ဗုခါရီ၊ မွတ်စ်လင်မ်ကျမ်းကြီးများနှင့် အခြားကျမ်းကြီးများတွင်လည်း လာရှိသည်။

(အလ်မနာရ်) အ-၉။ စ-၄၃၃။

① (က) ဤမုက္ခပါဠိတော်တွင် ပါရှိသော "အမွတ်"အုပ်စု၊ လူတစ်စုဟူသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ နောက်လိုက်တပည့်သားများကို ဆိုလိုသည်။ ၎င်းတို့သည် အစစအရာရာတွင် လွန်ကျွံမှု၊ ယုတ်လျော့မှု၊ တိမ်းပါးမှုတို့နှင့် ကင်းကွာပြီး၊ မှန်ကန်မှု၊ မျှတမှုလမ်းစဉ်၊ မချိမဆံ့ပဒါ အလယ်အလတ် လမ်းစဉ်ကိုသာ လိုက်နာကျင့်သုံးကြသည်။ သူတစ်ပါးတို့ကိုလည်း ထိုလမ်းစဉ်ဘက်သို့ပင် ဘိတ်မန္တကပြုကြသည်။

(ခ) အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော ဣင်္ဂန်နှင့်လူသားများသည် အားလုံး လမ်းလွဲနေကြသည်မဟုတ်။ ၎င်းတို့တွင် အုပ်စုတစ်ခုရှိသည်။ ထိုအုပ်စုသည် မှန်ကန်သောသာသနာ (၀ါ) အစ္စလာမ်နှင့်အညီ သူတစ်ပါးတို့ကိုလည်း သွန်သင်ဆုံးမ ညွှန်ပြကြသည်။ ထိုတရားတော်နှင့်အညီပင် မိမိတို့၏ အရေးကိစ္စတွင်လည်းကောင်း၊ သူတစ်ပါးတို့၏အရေးကိစ္စတွင် လည်းကောင်း၊ တရားသဖြင့် စီရင်ဆုံးဖြတ်ကြသည်။

② အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မုသားဟု ပြောဆိုသူများသည် များသောအားဖြင့် ဤပစ္စက္ခဘဝတွင် ချက်ခြင်းအပြစ်ဒဏ် မခံတတ်ကြရပေ။ ထို့ပြင်တဝ ၎င်းတို့သည် လောကီစည်းစိမ် ချမ်းသာသုခများကိုပင် ပိုမိုရရှိလာတတ်ကြပေသည်။ နောက်ဆုံး၌ ယင်းသို့သော သူယုတ်တို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ စိတ်အေးကာ ပြစ်မှုများကို ကျူးလွန်ရာတွင် ပိုမိုရဲတင်း၍ လာတတ်ကြပေသည်။ ဤသို့အားဖြင့် ၎င်းတို့သည် ကြီးလေးသောပြစ်ဒဏ် တပ်ရိုက်မှုကို ခံထိုက်သူများဖြစ်လာသည်အထိ မိမိတို့ကိုယ်တိုင် တဖြည်းဖြည်း အတည့်အလင်း အထင်အရှား ပြုလုပ်လာကြပေသည်။ ဤသည်ပင် အလ္လာဟ်အရှင်မြတ်၏ လျှော့ပေးမှု၊ လှုန်စားထားမှု၊ ဣဟန္ဒမ်ငရဲဘက်သို့ တဖြည်းဖြည်းဆွဲဆောင်မှုဖြစ်သည်။ ထိုသူယုတ်တို့သည် ယင်းသို့ ➤➤

وَأُمْلِي لَهُمْ ۚ إِنَّ كَيْدِي مَتِينٌ ﴿١٨٣﴾

၁၈၃။ အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား (ကာလကြာမြင့်စွာ) ရွှေ့ဆိုင်းခွင့်ပေးတော်မူ၏။ ဧကန်စင်စစ် ငါအရှင်မြတ်၏ လျှို့ဝှက်စွာကြံစည်မှုသည် အလွန်ခိုင်ခံ့လေသတည်း။

أَوَلَمْ يَتَفَكَّرُوا ۗ مَا بِصَاحِبِهِم مِّن جِنَّةٍ ۚ إِنْ هُوَ إِلَّا نَذِيرٌ مُّبِينٌ ﴿١٨٤﴾

၁၈၄။ ၎င်းတို့သည် မိမိတို့၏အဖော် (နဗီတမန်တော်မုဟမ္မဒ်သခင်)၌ ရူးသွပ်ခြင်းသည် လုံးဝမရှိကြောင်း၊ ၎င်းသည် ထင်ရှားစွာသော အသိပေး နှိုးဆော်သူတဦးသာလျှင်ဖြစ်ကြောင်း ကောင်းမွန်စွာ ဆင်ခြင်သုံးသပ်ခဲ့ကြသည် မရှိလေသလော။

➤➤ လျှောပေးမှု၊ လှန်စားထားချက်ကိုပင် ငါတို့အပေါ်တွင် ကျေးဇူးတော်များ သက်ရောက်လျက်ရှိသည်ဟူ၍ပင် မိုက်မဲစွာ ထင်မှတ်နေကြသည်။ အမှန်မှာ ယင်းသို့ လျှောပေးထားတော်မူခြင်းမှာ ၎င်းတို့အား အကြီးဆုံးသော ပြစ်ဒဏ်ကို တပ်ရိုက်ရန် စီစဉ်တော်မူခြင်းပင်ဖြစ်သည်။ အခြင်အားဖြင့် ကျေးဇူးတော်ဟု ထင်မှတ်ရသော်လည်း အမှန်မှာ အမျက်တော်ပင်ဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ပရိယာယ် ဝေဝုစ်ပင်တည်း။ ထိုအရှင်မြတ်၏ ပရိယာယ်ကား ကြီးမားလှပေတကား။

③ <u>ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။</u>

တစ်နေ့သောအခါ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် "ဆွဖာ" တောင်ပေါ်သို့တက်၍ ကုရိုက်ရှ်မျိုးနွယ်စု အသီးသီးတို့အား ဖိတ်ခေါ်ပြီး၊ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်များကို ကြောက်ရွံ့ရန် ပြောကြားတော်မူလေသည်။ ထိုအခါ ယင်းမျိုးနွယ်စုများအနက် တဦးက "အသင်တို့၏ ဤအဖော်သည် မုချ ရူးသွပ်နေသူဖြစ်သည်" ဟု ဆိုလေသည်။ ၎င်းသူသည် မိုးလင်းသည်အထိ ယင်းသို့ကြွေးကြော်၍နေလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ မုကျွပါဠ်တော် (၇း၁၈၄) ကို ထုတ်ပြန်ပို့ချတော်မူလေသည်။ (အီဗ်နုကျရီရ်)

ဤမုကျွပါဠ်တော်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)လက်ထက်ရှိသွေဖည်ငြင်းဆန် မနာခံသောသူများကို ရည်ညွှန်းသည်။ တမန်တော်မြတ်သည် ၎င်းတို့နှင့်အတူ နေထိုင်သွားလာစားသောက်သော အဖော်ပင်ဖြစ်သည်။ ၎င်းတို့သည် တမန်တော်မြတ်၏ သစ္စာ၊ သမာဓိ၊ ဂုဏ်သိက္ခာ၊ စိတ်နေသဘောထား၊ အကျင့်စာရိတ္တ၊ အပြုအမူ အမြော်အဆို၊ အနေအထိုင်၊ အသွားအလာ အစစအရာရာကို ကောင်းစွာ သိရှိကြပေသည်။ စဉ်းစားဆင်ခြင်နိုင်ကြပေသည်။ တီးခေါက်ကြည့်နိုင်ကြပေသည်။

တမန်တော်မြတ်၌ ရူးသွပ်မှု အနံ့အသက်ရှိရန် ဝေးစွ၊ တမန်တော်မြတ်၏ ဆောင်ရွက်ချက်များ၊ ထူးခြားချက်များနှင့် အောင်မြင်မှုများကိုကြည့်၍ ကမ္ဘာကြီးသည် အံ့သြလျက်ရှိပေသည်။ သို့ပါလျက် ယင်းသူယုတ်မာများသည် တမန်တော်မြတ်အား ရူးသွပ်သူဟူ၍ မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုဝံ့ခဲကြပေသည်။ ယင်းသူယုတ်တို့ကား မိုက်တွင်းနက်လှပေတကား။

ကြည့်-မာဂျိဒီ။ ➤➤

أَوَلَمْ يَنظُرُوا۟ فِى مَلَكُوتِ
ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَمَا خَلَقَ
ٱللَّهُ مِن شَىْءٍ وَأَنْ عَسَىٰٓ أَن
يَكُونَ قَدِ ٱقْتَرَبَ أَجَلُهُمْ ۖ
فَبِأَىِّ حَدِيثٍۭ بَعْدَهُۥ
يُؤْمِنُونَ ﴿١٨٥﴾

၁၈၅။ ထိုသူတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေဝယ် (အလ္လာဟ် အရှင်မြတ်၏) အာဏာစက်တော်ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသော(သက်ရှိသက်မဲ့) အရာဝတ္ထု အလုံးစုံတို့ကိုလည်းကောင်း၊ မိမိတို့(သေဆုံးရန်) သတ်မှတ်ထားပြီးဖြစ်သောကာလ အပိုင်းအခြားသည် နီးကပ်လာပြီဖြစ်သည်ကိုလည်းကောင်း၊ မတွေးမမြင် မဆင်ခြင်မသုံးသပ်ကြလေသလော။ ၎င်းတို့သည် ဤ(ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ပြီး)နောက် မည်သည့် စကားကို ယုံကြည်ကြပါဦးမည်နည်း။

➤➤ တမန်တော်မြတ်၏ အဖြစ်အပျက်အားလုံးကို စဉ်းစားဆင်ခြင် ကြည့်ရှုလျှင် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း ကောင်းမွန်စွာသိရှိနိုင်ပေသည်။ တမန်တော်မြတ် ပြသခဲ့သော တန်ခိုးပြာဋိဟာများသည် (Supernatural preternatural) ဓမ္မတာတရားနှင့် ဆန့်ကျင်သောထူးခြား၊ ဆန်းပြား၊ အံ့ဖွယ်ရာများပင်ဖြစ်သည်။ ယင်းတန်ခိုးပြာဋိဟာများအနက် ကုရ်အာန်ကျမ်းမြတ်သည် အကြီးဆုံးနှင့် အထင်ရှားဆုံးသော အံ့မဆုံး တန်ခိုးပြာဋိဟာပင်ဖြစ်သည်။ တမန်တော်မြတ်၏ အကျင့်စာရိတ္တများသည်လည်း အံ့ဖွယ်မဆုံးပင် ဖြစ်သည်။ တနည်းအားဖြင့် ယင်းစာရိတ္တများသည်လည်း တန်ခိုးပြာဋိဟာပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းစာရိတ္တများတွင် မည်သူမျှ တမန်တော်မြတ်နှင့် ယှဉ်ပြိုင်နိုင်သူမရှိပေ။ ဤသည့် အချက်ကို လက်တွေ့ကျင့်သုံးကြည့်ရှုပါက သိရှိနိုင်ပေသည်။ ကြည့်-ထာနဝီ။

⑤ မိုးမြေများတွင် အလ္လာဟ်အရှင်မြတ်၏ အာဏာစက် တည်ရှိနေပုံနှင့် ထိုအရှင်မြတ် ဖန်ဆင်းထားတော်မူသော သက်ရှိသက်မဲ့များကို ဉာဏ်မျက်စိဖြင့် စဉ်းစားဆင်ခြင်ပါက ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ် ထင်ထင်တပါး ရှိတော်မူသည်ကို သိရှိနိုင်ပေသည်။

သေခြင်းတရားကို အမြဲတစေ နှလုံးသွင်းထားပါက နောင်တမလွန်ဘဝတွင်ခံစားရမည့် အပြစ်ဒဏ်များကို စိုးရိမ်ပေမည်။ သို့စိုးရိမ်မှ ပေါ်ပေါက်လာလျှင် ယင်းပြစ်ဒဏ်များမှ လွတ်မြောက်ရန် ကြံစည်အားထုတ်ပေမည်။ သို့ကြံစည်အားထုတ်လျှင် မှန်ကန်သော သာသနာကို ရရှိပေမည်။

သေခြင်းတရားသည် နီးသည်၊ ဝေးသည်မရှိ၊ အချိန်မရွေး ဆိုက်ရောက်နိုင်၏။ စိတ်နှလုံးသားသို့ ထိရောက်စူးရှစေသည့် ကုရ်အာန်ကျမ်းလာဒေသနာတော်များကို ကြားနာပြီးနောက်သော်မှပင် တစ်စုံတစ်ရာ ပြောင်းလဲမှုမရှိပါက ယင်းသို့သော ကာဖိရ်များသည် ကုရ်အာန်ကျမ်းမြတ်၏နောက် မည်သည့်စကားကို ယုံကြည်ကြဦးမည်နည်း။ (မာဂျိဒီ၊ ထာနဝီ)

ဆိုလိုသည်ကား (အို-ကာဖိရ်အပေါင်းတို့) အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို ငြင်းပယ်ခြင်းအကြောင်းကား အဘယ်နည်း။ ယင်းသို့ငြင်းပယ်ခြင်းကြောင့် ခံစားရမည့်အပြစ်ဒဏ်ကို မေ့လျော့နေခြင်းအကြောင်းကား အဘယ်နည်း။ ဤဒေသနာတော်များကို ယူဆောင်လာသောပုဂ္ဂိုလ်သည် အသိဉာဏ် ➤➤

مَنْ يُّضْلِلِ اللّٰهُ فَلَا هَادِيَ لَهٗ ؕ وَ يَذَرُهُمْ فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿۱۸۶﴾

၁၈၆။ အကြင်သူအား အလ္လာဟ် အရှင်မြတ်သည် လမ်းမှားစေတော်မူအံ့။ ထိုသူ၌ တရားလမ်းမှန်ကို ညွှန်ကြားပြသမည့်သူ ဟူ၍ အလျင်း ရှိတော့မည် မဟုတ်ပေ။ ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ခေါင်းမာမှု၌ပင် တဝေ့လည်လည် ဖြစ်စေလျက် စွန့်ပစ်၍ ထားတော်မူအံ့သတည်း။ ၁

يَسْـَٔلُوْنَكَ عَنِ السَّاعَةِ اَيَّانَ مُرْسٰىهَا ؕ قُلْ اِنَّمَا عِلْمُهَا عِنْدَ رَبِّيْ ۚ لَا يُجَلِّيْهَا لِوَقْتِهَاۤ اِلَّا هُوَ ؕ ثَقُلَتْ

၁၈၇။ ၎င်းတို့သည် (ပြက်ရယ်ပြောင်လှောင်သော သဘောနှင့်)အသင့်အား ကိယာမတ် ရှင်ပြန်ထမည့်နေ့ နှင့်စပ်လျဉ်း၍ "ထိုကိယာမတ် ရှင်ပြန်ထမည့်နေ့သည် မည်သည့် အချိန်အခါ၌ ဆိုက်ရောက်မည်နည်း" ဟု မေးမြန်းကြကုန်၏။ ၂

➤➤ မဲ့သူလည်း မဟုတ်။ ရူးသွပ်နေသူလည်းမဟုတ်။ ထိုပုဂ္ဂိုလ်သည် မိမိ၏အသက်ထက်ဆုံး အသင်တို့နှင့်အတူ သွားလာနေထိုင်ခဲ့၏။ ထိုပုဂ္ဂိုလ်၏အပြုအမူ အပြောအဆို အကျင့်အကြံ ကြီးငယ်ဟူဟူသမျှကို အသင်တို့အသိပင် ဖြစ်၏။ ထိုပုဂ္ဂိုလ်၏ အသိဉာဏ်၊ အတွေးအခေါ် အမြော်အမြင်၊ သစ္စာသမာဓိ ဂုဏ်သိက္ခာများသည် အလွန်ကျော်ကြား၏။ အသင်တို့လည်း လက်ခံထားပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်ထံသို့ တရားဒေသနာ တော်များကို ထုတ်ပြန်ပို့ချတော်မူသော အရှင်မှာ သက်ရှိသက်မဲ့အားလုံးတို့ကို ဖန်ဆင်းတော်မူသောအရှင်၊ ကမ္ဘာအဝှန်းကို စိုးပိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ စီမံအုပ်ချုပ်မှုသည် အလွန်တရာမျှ ပိရိတောင့်တင်း ခိုင်မြဲလှသည်။ စဉ်းစားဆင်ခြင်လျှင် ထိုအရှင်မြတ် ဖန်ဆင်းထားတော်မူသော သဘာဝသက်သေ လက္ခဏာတော်များသည် ထုတ်ပြန်ပို့ချတော်မူသော ကျမ်းဂန်လာ သက်သေလက္ခဏာတော်များ၏ မှန်ကန်ကြောင်းကို ထောက်ခံလျက်ရှိပေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို လက်မခံနိုင်ရန် အကြောင်းကား အလျင်းမရှိပေ။ ကာဖိရ်များ နားလည်ထားအပ်သည်မှာ ၎င်းတို့၏ သေကြေပျက်စီးရန်အချိန်သည် နီးကပ်လာဟန် ရှိချေပြီ၊ သို့ဖြစ်ပေရာ ၎င်းတို့သည် နောင်တမလွန် ကောင်းစားရေးအတွက် လုပ်အပ်သော အစီအစဉ်များကို အလျင်အမြန် လုပ်သင့်ကြပေပြီ။

① ဤမူကျမ်းငါ့တော်နှင့်ဆက်စပ်၍ ကုရ်အာန်ကျမ်းလာ မူကျမ်းငါ့တော် (၅း၄၁။ ၁၀း၉၉–၁၀၂) ကို ဆင်ခြင်ပါကုန်။

② "ကိယာမတ်" နေ့သည် တစ်နေ့သော် မုချဆိုက်ရောက်မည်။ ကိယာမတ်နေ့ ဆိုက်ရောက်မည်ကို ယုံကြည်ခြင်းသည် "အီမာန်" တွင် အပါအဝင်ဖြစ်သည်။ "ကိယာမတ်" ကို ကုရ်အာန်ကျမ်းမြတ်တွင် "ကိယာမတ်" "စာအဟ်" "ဝါကိအဟ်" "ဆွာခ်ခ်ဟ်" "ယောင်မွန်အဒ်ဒြမ်နဲ" "ကာရိအဟ်" "ယောင်မုလ်ဖတ်ဆ်လ်" "ယောင်မုတ္တာယာဗွန်" စသည်ဖြင့် အမျိုးမျိုးသုံးနှုန်းထားတော်မူသည်။ "ကိယာမတ်" ဟူသောပုဒ်ကို ကုရ်အာန် ကျမ်းမြတ်တွင် နေရာပေါင်း (၇၀)၌ တွေ့ရှိရသည်။ ကုရ်အာန်ကျမ်းမြတ်ကဏ္ဍစဉ် (၇၅)သည်လည်း ကိယာမတ်နှင့် ပတ်သက်သောကဏ္ဍပင် ဖြစ်သည်။ ကိယာမတ်နေ့တွင် ဖြစ်ပျက်မည့်အဖြစ်အပျက်များကို ကဏ္ဍ (၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၆၊ ၈၈၊ ၈၉)တွင် အထူးတလည် မိန့်ဆိုထားတော်မူသည်။ ➤➤

فِي السَّمٰوٰتِ وَالْاَرْضِ ؕ
لَا تَاْتِيْكُمْ اِلَّا بَغْتَةً ؕ يَسْـَٔلُوْنَكَ
كَاَنَّكَ حَفِيٌّ عَنْهَا ؕ قُلْ اِنَّمَا
عِلْمُهَا عِنْدَ اللّٰهِ وَلٰكِنَّ اَكْثَرَ
النَّاسِ لَا يَعْلَمُوْنَ ﴿۱۸۷﴾

အသင်သည် ၎င်းတို့အား (ဤသို့)ဖြေကြား ပါလေ၊ (အို-အချင်းတို့) ထိုကိယာမတ် ရှင်ပြန်ထ မည့်နေ့နှင့်စပ်လျဉ်းသော အသိကား ငါ၏အရှင်မြတ် ထံတော်၌သာလျှင် ရှိ၏။ ထိုအရှင်မြတ်သည်သာ လျှင် ယင်းကိယာမတ်နေ့ကို ထိုကိယာမတ် (ဆိုက် ရောက်မည့်) အချိန်ကာလတွင် ပေါ်လွင်ထင်ရှားစေ တော်မူအံ့။ ထိုကိယာမတ် (ဆိုက်ရောက်ခြင်းသည်) မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌ လည်းကောင်း၊ အလွန်လေးလံ (ကြီးကျယ်လှသော ကိစ္စတရပ်ဖြစ်)၏။ ယင်းကိယာမတ်သည် အသင်တို့ ထံ ရုတ်တရက် ရောင်တခင်အားဖြင့်သာ ဆိုက်ရောက် လာပေမည်။

၎င်းတို့သည် အသင့်အား ထိုကိယာမတ်နှင့် စပ်လျဉ်း၍ အသင်သည် ကောင်းမွန်စွာ လေ့လာ စူးစမ်းပြီးဖြစ်ဘိသကဲ့သို့ပင် မေးမြန်းကြလေသည်။ အသင်သည် (၎င်းတို့အား ဤသို့)ဖြေကြားပါလေ။ (အို-အချင်းတို့) ထိုကိယာမတ်နှင့် စပ်လျဉ်းသော အသိကား။ အလ္လာဟ်အရှင်မြတ်ထံတော်၌သာလျှင် ရှိ၏။ သို့ရာတွင် အများဆုံးသောသူတို့မူကား (ဤမျှ လောက်ပင်) မသိ နားမလည်ကြပြီတကား။

➤➤ ကိယာမတ်ဖြစ်ပေါ်မည့်နေ့နှင့် ပတ်သက်၍ အတိအကျ အသေးစိတ်အသိသည် အလ္လာဟ်အရှင်မြတ်မှ တပါး မည်သူတစ်ဦးတစ်ယောက်၌မျှ မရှိချေ။ မည်သည့်သတ္တဝါ၊ မည်သည့်ကောင်းကင်တမန်၊ မည်သည့် နဗီတမန်တော်မျှလည်း မသိချေ။

ကုရ်အာန်ကျမ်းမြတ် (၇း၁၈၅)တွင် ကာဖိရ်တို့၏ သေခြင်းနိုးကပ်လာပြီဖြစ်ကြောင်း မိန့်ဆိုထား တော်မူ၏။ ၎င်းတို့သည် မည်သည့်နေ့ရက်တွင် သေကြေရမည်ကို မိမိတို့ကိုယ်တိုင် မသိကြပေ။ ဤမုက္ခပါဠိတော် တွင် ကမ္ဘာတဝန်းလုံး သေကြေပျက်စီးရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ လူတစ်ဦးတစ်ယောက်သည် မိမိသေရမည့် နေ့ရက်နာရီ အချိန်ပိုင်းကိုမျှ မသိရှိနိုင်လျှင် မည်သည့်ခုနှစ်၊ သက္ကရာဇ်၊ မည်သည့်နေ့ရက်၊ နာရီပိုင်းတွင် ကမ္ဘာကြီး တဝှန်းလုံး သေကြေပျက်စီးမည်ကို အသိုလျှင် သိရှိနိုင်အံ့နည်း။ ထိုနေ့ရက် နာရီပိုင်းကို သမ္မဉ္ဇာတ ဉာဏ်တော်ရှင် ဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ် မှတပါး မည်သူမျှမသိရှိပေ။ ➤➤

قُلْ لَّآ اَمْلِكُ لِنَفْسِيْ نَفْعًا وَّلَا ضَرًّا اِلَّا مَا شَآءَ اللّٰهُ ۭ وَلَوْ كُنْتُ اَعْلَمُ الْغَيْبَ لَاسْتَكْثَرْتُ مِنَ الْخَيْرِ ۚ وَمَا مَسَّنِيَ السُّوْۗءُ ۭ اِنْ اَنَا اِلَّا نَذِيْرٌ وَّبَشِيْرٌ لِّقَوْمٍ يُّؤْمِنُوْنَ ﴿۱۸۸﴾

၁၈၈။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့ထပ်မံ၍) ပြောကြားပါဦးလေ။ ငါသည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသည့်အရာမှအပ၊ ငါ့အတွက်ပင် မည်သည့်အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းကိုမျှလည်းကောင်း၊ မည်သည့် အကျိုးကျေးဇူးယုတ်စေခြင်းကိုမျှ လည်းကောင်း၊ ပိုင်ဆိုင်သည် မဟုတ်ချေ။ အကယ်၍သာ ငါသည် မျက်ကွယ်၌ရှိသည်တို့ကိုသိရှိပါမူ အကျိုးကျေးဇူးများစွာကို အမှန်ပင်ရယူခဲ့ပြီး ဖြစ်အံ့။ ၎င်းပြင် ငါ၌ (မိမိအသက်တမ်းတလျှောက်လုံးတွင်) မည်သည့် ဆင်းရဲဒုက္ခမျှ သက်ရောက်မည်လည်းမဟုတ်ပေ။ ငါသည် သက်ဝင် ယုံကြည်သောသူတို့အဖို့ သတိပေးနှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာ သတင်းပြောကြားသူမျှသာ ဖြစ်ချေသတည်း။ [၁]

➤➤ ကိယာမတ်မဖြစ်မီဖြစ်ပေါ်မည့် အတိတ်နိမိတ်များကို နဗီတမန်တော်များ၊ အထူးသဖြင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် မိန့်ကြားတော်မူခဲ့သည်။ ထိုသို့သော အတိတ်နိမိတ်များ ဖြစ်ပေါ်ပြီးသည့်နောက်တွင်လည်း ကိယာမတ်ဖြစ်သည့်အခါ အမှုမဲ့အမှတ်မဲ့ ရုတ်တရက်ပင်ဖြစ်ပေမည်။ ဤအတိုင်း ဗုခါရီအစရှိသည့် ဟဒီဆ်ကျမ်းကြီးများတွင် လာရှိပေသည်။

① ဤမုက္ခပါဠ်တော်ကို ထောက်ရှုခြင်းအားဖြင့် လူသားတစ်ဦးသည် အဘယ်မျှပင် ကြီးမားသော ပုဂ္ဂိုလ်ကြီးဖြစ်စေကာမူ လုံးဝ အချုပ်အခြာ အာဏာလွတ်လပ်စွာ ရွေးချယ်ပြုလုပ်ပိုင်ခွင့်နှင့် အရာခပ်သိမ်းတို့ကို ဝန်းခြုံသိစွမ်းနိုင်သည့် အလုံးစုံကိုသိတော်မူသော ဉာဏ်တော်ကို မရရှိနိုင်ကြောင်း ကောင်းစွာသိရှိရပေသည်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် နဗီတမန်တော်အပေါင်းတို့၏ အကြီးအကဲ ဖြစ်တော်မူ၏။ အတိတ်နှင့်အနာဂတ် အသိပညာများ ရရှိတော်မူခဲ့၏။ ပထဝီမြေကြီးရှိ ဘဏ္ဍာတော်များ၏ သော့များကိုလည်း ရရှိတော်မူခဲ့၏။ ဤကဲ့သို့ ဂုဏ်အင်ဒြပ်များနှင့် ပြည့်စုံတော်မူသော တမန်တော်ကြီးအား "ကျွန်ုပ်သည် သူများအဖို့ မဆိုထားဘိ၊ မိမိအဖို့ပင်လျှင် မည်သည့်ကောင်းကျိုးချမ်းသာကိုမျှ မဖြစ်ထွန်းစေနိုင်ပါ။ မည်သည့် ဆိုးကျိုးမှလည်း မိမိကိုယ်ကို မကာကွယ်နိုင်ပါ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် အလိုတော်ရှိသမျှကိုသာ ကျွန်ုပ်စွမ်းဆောင်နိုင်ပါသည်။ အကယ်၍သာ ကျွန်ုပ်သည် မျက်ကွယ်၌ရှိသော အရာအားလုံးကိုသိပါလျှင် မြောက်မြားစွာသော ကောင်းကျိုးချမ်းသာများကို ရရှိမည်ဖြစ်သည်။ ထို့ပြင်တဝ မည်သည့်ဆိုးကျိုးကိုမျှလည်း ခံစားရမည်မဟုတ်ပေ။ ယခုမူ ယင်းသို့မျက်ကွယ်၌ရှိသောအရာများကို မသိသည့်အတွက် တချိန်တခါ ကောင်းကျိုးချမ်းသာများကို လက်လွတ်ဖြစ်ရသည်။ ဆိုးကျိုးများနှင့် ရင်ဆိုင်ရပေသည်။ ဤတွင် အဖြစ်အပျက်များကို သာဓကအဖြစ် ဖော်ပြပါအံ့။ ➤➤

➤➤ ဥပမာ-ကြင်ရာတော် အာအိရှာသခင်မအား အချို့သူယုတ်တို့က မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုခဲ့ကြသည့်အခါ တမန်တော်မြတ်သည် ရက်အတန်ကြာသည်အထိ အလွှာဟ်အရှင်မြတ်ထံတော်မှ "ဝဟီ" ရောက်ရှိမလာသည့်အတွက် ပူပန်သောက စိတ်ဒုက္ခဖြစ်၍ နေတော်မူခဲ့၏။

"ဟိဂျ်ဂျတုလ်ဝဒါအိ" ၌ တမန်တော်မြတ်က "အကယ်၍ ကျွန်ုပ်သည် နောက်တွင် ဖြစ်ပေါ်လာမည့် အရာကို ယခင်က ကြိုတင်၍သိခဲ့ပါမူ "ဟဒီ" (ကုရ်ဗာနီ) တိရစ္ဆာန်များကို မည်သည့်နည်းနှင့်မျှ ယူဆောင်လာခဲ့မည် မဟုတ်" ဟု အတည့်အလင်း မိန့်ကြားတော်မူခဲ့၏။ တမန်တော်မြတ်၌ ဤကဲ့သို့သော အဖြစ်အပျက် အမြောက်အမြား ဖြစ်ပေါ်ခဲ့သည်။ အကယ်၍ တမန်တော်မြတ်၌ အရာခပ်သိမ်းတို့ကို ဝန်းခြုံသိမြင်နိုင်သော အသိရှိခဲ့ပါမူ ထိုထိုသောပြဿနာများကို လွယ်ကူစွာဖြင့် ကျော်လွှန်တော်မူခဲ့နိုင်ပေသည်။

အထက်ဖော်ပြပါ အဖြစ်အပျက်များထက် ပိုမိုထူးကဲသော အဖြစ်အပျက်မှာ ကောင်းကင်တမန် ဂျိဗ်ရီလ်နှင့် တွေ့ဆုံသည့်အဖြစ်အပျက်၌ အချို့ကျမ်းချက်များတွင် တမန်တော်မြတ်က "ကျွန်ုပ်သည် ကောင်းကင်တမန် ဂျိဗ်ရီလ်ကို ပြန်သွားသည့်အချိန်အထိ မမှတ်မိလိုက်ပါ။ ထပြန်သွားသည့်အခါကျမှ ကောင်းကင်တမန် ဂျိဗ်ရီလ်ဖြစ်ကြောင်း သိလိုက်ပါသည်။ ဤသည် ပထမအကြိမ်ပင် ဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့၏။

ဤအဖြစ်အပျက်သည် တမန်တော်မြတ်၏ သက်တော် နောက်ဆုံးပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်ပင် ဖြစ်သည်ဟု မုဟဒ်ဒစ်ဆ်ပညာရှင်တို့က ထုတ်ဖော်ရေးသားကြသည်။ ထိုအဖြစ်အပျက်၌ပင် ကောင်းကင်တမန်က ကိယာမတ်နှင့်ပတ်သက်၍ တမန်တော်မြတ်အား မေးမြန်းသည့်အခါ တမန်တော်မြတ်က "ယင်း (ကိယာမတ်)နှင့် ပတ်သက်၍ အမေးခံရသောပုဂ္ဂိုလ်သည် မေးမြန်းသောပုဂ္ဂိုလ်ထက် ပိုမို၍မသိပါ" ဟု ဖြေကြားတော်မူခဲ့လေသည်။ ဤသည် တနည်းဆိုသော် အရာခပ်သိမ်းတို့ကို ဝန်းခြုံသိမြင်နိုင်သော အလုံးစုံကို သိတော်မူသော ဉာဏ်တော်သည် အလွှာဟ်အရှင်မြတ်မှတပါး မည်သူ၌မျှမရှိကြောင်း ပွင့်လင်းစွာ ထုတ်ဖော်မိန့်ကြားတော်မူလိုက်ခြင်းပင်ဖြစ်သည်။

မျက်ကွယ်၌ရှိသောအရာများကို သိစွမ်းနိုင်သော အသိဉာဏ်ကိုထားဘိဦး၊ မျက်မြင် တွေ့ထိနိုင်သော အရာများ၏ အသိဉာဏ်သည်ပင်လျှင် အလွှာဟ်အရှင်မြတ် ပေးသနားတော်မူမှသာလျှင် ရရှိသည်ဖြစ်သည်။ ထိုအရှင်မြတ် အလိုတော်မရှိပါလျှင် ကျွန်ုပ်တို့သည် မျက်မြင်တွေ့ထိကိုင်တွယ်ရသော အရာများကိုပင်လျှင် သိရှိနိုင်ကြမည် မဟုတ်ပေ။

အချုပ်ဆိုသော် လုံးဝ အချုပ်အခြာအာဏာနှင့် အရာခပ်သိမ်းတို့ကို ဝန်းခြုံသိမြင်နိုင်သော ဉာဏ်တော်သည် အလွှာဟ်အရှင်မြတ်မှတပါး မည်သူ၌မျှမရှိကြောင်း၊ ထိုအာဏာနှင့် အသိဉာဏ်သည် အချို့ဉာဏ်ပညာကင်းမဲ့သူများ ထင်မှတ်နေကြသကဲ့သို့ နဗီတမန်တော်များ၌ မုချရှိအပ်သော မရှိမဖြစ်သော အရာမဟုတ်ကြောင်း ဤမုဟူပါဒ်တော်တွင် အတိအလင်း မိန့်ဆိုထားတော်မူခြင်းပင်ဖြစ်သည်။

နဗီတမန်တော်များသည် မိမိတို့နှင့်ပတ်သက်သည့် "တရ်ရီအိ" တရားဥပဒေဆိုင်ရာများတွင် အားလုံးပြည့်စုံကြပေသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်သည် "တက္ကဝီနိ" ဖန်ဆင်းတော်မူခြင်းဆိုင်ရာများတွင် ထိုက်တန်သူအား ထိုက်တ်သမျှကိုသာ ချီးမြှင့်တော်မူသည်။ ဤအသိဉာဏ် အမျိုးအစားတွင် တမန်တော်မြတ်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အတိတ်အနာဂတ်ရှိ သတ္တဝါအားလုံးတို့ထက် ပိုမိုချီးမြှင့်တော်မူခြင်းခံခဲ့ရပေသည်။ တမန်တော်မြတ်အား အလွှာဟ်အရှင်မြတ်သည် မြောက်မြားစွာသော အသိဉာဏ်များကို ချီးမြှင့်တော်မူခဲ့၏။ ထိုထိုသော အသိဉာဏ်များကို မည်သူတစ်ဦးတစ်ယောက်မျှ ရေတွက်နိုင်သည်ပင်မရှိချေ။

هُوَ الَّذِي خَلَقَكُم مِّن نَّفْسٍ
وَاحِدَةٍ وَجَعَلَ مِنْهَا زَوْجَهَا
لِيَسْكُنَ إِلَيْهَا ۖ فَلَمَّا تَغَشَّاهَا
حَمَلَتْ حَمْلًا خَفِيفًا فَمَرَّتْ
بِهِ ۖ فَلَمَّا أَثْقَلَت دَّعَوَا اللَّهَ
رَبَّهُمَا لَئِنْ آتَيْتَنَا صَالِحًا
لَّنَكُونَنَّ مِنَ الشَّاكِرِينَ ﴿١٨٩﴾

၁၈၉။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တချောင်းတည်းမှ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုအသက်တချောင်းမှပင်လျှင် ၎င်း၏ (ကြင်ရာကြင်ဖက်)ကို ၎င်း၏ထံ၌ တည်ငြိမ်မွေ့လျော်စွာနေနိုင်ရန် ပြုလုပ် (ဖန်ဆင်း)တော်မူခဲ့လေသည်။ ထို့နောက် ၎င်း(ယောကျ်ား)သည် ယင်းကြင်ရာအား ဖုံးလွှမ်းသည့်အခါ ယင်းသည် ပေါ့ပါးသောကိုယ်ဝန်ကို ထမ်း၍ ထို ကိုယ်ဝန်နှင့်တကွ (လွယ်ကူစွာ) သွားလာခြင်းကိုပြုလေသည်။ တဖန် ထိုကိုယ်ဝန်သည် ရင့်လေး၍လာသောအခါ ၎င်းတို့(ဇနီးမောင်နှံ)နှစ်ဦးသည် မိမိတို့အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် အထံတော်တွင် "အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းမွန်သော(သားသမီးကို) ချီးမြှင့်ပေးသနားတော်မူပါလျှင် ကျွန်တော်မျိုးတို့သည် (အရှင်မြတ်၏) ကျေးဇူးတော်ကို မုချ သိတတ်ကြပါမည်"ဟု ပတ္ထနာပြုကြကုန်၏။

فَلَمَّا آتَاهُمَا صَالِحًا جَعَلَا لَهُ
شُرَكَاءَ فِيمَا آتَاهُمَا ۚ فَتَعَالَى
اللَّهُ عَمَّا يُشْرِكُونَ ﴿١٩٠﴾

၁၉၀။ သို့ရာတွင် ထို အရှင်မြတ်သည် ၎င်းတို့နှစ်ဦးအား (သားသမီးကို) ကောင်းမွန် ပြည့်စုံစွာ ချီးမြှင့်ပေးသနားတော်မူသောအခါ ၎င်းတို့နှစ်ဦးလုံးသည် ထိုအရှင်မြတ်က ၎င်းတို့အား ချီးမြှင့်တော်မူသောအရာနှင့် စပ်လျဉ်း၍ (အခြားအရာများ)ကို ထိုအရှင်မြတ်နှင့် တွဲဖက် ကိုးကွယ်ကြကုန်၏။ [၁] စင်စစ်တမူကား အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသည်တို့ထက် အလွန်မြင့်မြတ်လှတော်မူပေသတည်း။

---

① အလ္လာဟ် အရှင်မြတ်သည် တန်ခိုးတော် အနန္တ ကျေးဇူးတော် အနန္တနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသည်။ ထို အရှင်မြတ်သည် လူသားတို့အား အသက်တချောင်းမှ (၀၊) ဖခင်ကြီး အာဒမ် ➤➤

أَيُشْرِكُونَ مَا لَا يَخْلُقُ شَيْـًٔا وَّهُمْ يُخْلَقُوْنَ ﴿١٩١﴾

၁၉၁။ ငင်းတို့သည် အကြင်သို့သောအရာများကို (အလ္လာဟ်အရှင်မြတ်နှင့်)ယှဉ်တွဲကိုးကွယ်ကြသလော။ ထိုအရာများသည် တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းနိုင်ကြသည်မရှိသည့်ပြင် မိမိတို့ကိုယ်တိုင်ပင် ဖန်ဆင်းခြင်းခံကြရပေသည်။

وَلَا يَسْتَطِيْعُوْنَ لَهُمْ نَصْرًا وَّلَآ اَنْفُسَهُمْ يَنْصُرُوْنَ ﴿١٩٢﴾

၁၉၂။ ထိုမှတပါး ယင်းတို့သည် ထိုသူတို့အား မည်သည့် အကူအညီမျှ မပေးနိုင်ကြသည်သာမက မိမိတို့ ကိုယ်တိုင်လည်း (လုံး၀) ကူညီရိုင်းပင်းနိုင်ကြသည် မဟုတ်ပေ။

➤➤ (အလိုင်ဟစ္စလာမ်)မှ စတင် ဖန်ဆင်းတော်မူခဲ့သည်။ ပြီးနောက် ထိုဖခင်ကြီးအာဒမ်မှ ၎င်း၏ ကြင်ရာကြင်ဖက်တဦးကို (၀ါ) မိခင်ကြီးဟောင်ဝါသင်္ဂမကို ဖန်ဆင်းတော်မူခဲ့သည်။ ဤအကြောင်း ကုရ်အာန် ကျမ်းမြတ် (၄း၁)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ထို့နောက် ထိုဖခင်ကြီးနှင့် မိခင်ကြီးနှစ်ပါးတို့မှ သားသမီးမြောက်မြားစွာ ဆင်းသက် ပေါက်ဖွားလာခဲ့ကြပေသည်။

၎င်းတို့တွင်လည်း ဇနီးမောင်နှံများ ဖြစ်လာခဲ့ကြပေသည်။ သို့ရာတွင် ယင်းဇနီးမောင်နှံများအနက် အချို့၏အဖြစ်ကား ဤသို့ရှိသည်။ ဇနီးမောင်နှံတို့ဘ၀ ပေါင်းသင်းကြသည့်အခါ ကိုယ်၀န်ရှိလာခဲ့သည်။ ကိုယ်၀န်ဆောင်သူသည် ပထမသော် ပေါ့ပါးစွာ သွားလာနေထိုင်ခဲ့သည်။ ကိုယ်၀န်ရင့်မာလာသည့်အခါ လေးလံ၍လာခဲ့လေသည်။ ထိုအခါ ဇနီးမောင်နှံတို့သည် ကိုယ်၀န်ရှိကြောင်း၊ အတိအကျ သိရှိလာကြသည့်အခါ ၎င်းတို့တွင် အမျိုးမျိုးသော အတွေးအထင်များ စိုးရိမ်မှုများ ဖြစ်ပေါ်လာခဲ့လေ သည်။ ထိုအခါ ဇနီးမောင်နှံတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်တွင် အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းမွန်သော သားသမီးရတနာတပါး ပေးသနားတော်မူပါလျှင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ကျေးဇူးတော်ကို သိရှိကြပါမည်ဟု ဝန်ခံကတိပြု လျှောက်ထားပန်ကြားကြလေသည်။

(လူသားတို့သည် ဒုက္ခကြီးငယ်နှင့် တွေ့ကြသောအခါ အလ္လာဟ်အရှင်မြတ် အထံတော်တွင် ပဋိညာဉ်ကြီးငယ် ပြုလုပ်လေ့ရှိကြသည်မှာ မျက်မြင်ပင်ဖြစ်သည်။) အလ္လာဟ်အရှင်မြတ်သည် ထိုဇနီးမောင်နှံနှစ်ဦးတို့အား ကောင်းမွန်သော သားသမီးရတနာ ပေးသနားတော်မူသည့်အခါ ယင်းဇနီးမောင်နှံတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်မှုကို ကာယကံအားဖြင့်သော်လည်းကောင်း၊ ဝစီကံအားဖြင့်သော်လည်းကောင်း၊ မနောကံအားဖြင့်သော်လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ပြုလေကြတော့သတည်း။

ယင်းသို့ "ရှရ်ရစ်က်" ယှဉ်တွဲကိုးကွယ်မှု ပြုကြလင့်ကစား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ယှဉ်တွဲ ကိုးကွယ်ကြသည်များထက် အလွန်ကြီးကဲ မြင့်မြတ်တော်မူလှပေသတည်း။ (ထာနဝီ)

وَإِنْ تَدْعُوهُمْ إِلَى الْهُدَىٰ لَا يَتَّبِعُوكُمْ ۖ سَوَاءٌ عَلَيْكُمْ أَدَعَوْتُمُوهُمْ أَمْ أَنْتُمْ صَامِتُونَ ﴿١٩٣﴾

၁၉၃။ ထို့ပြင်အကယ်၍ အသင်တို့သည် ၎င်းတို့အား မှန်ကန်သောတရားလမ်းသို့ ဖိတ်ခေါ်ကြလျှင်လည်း ၎င်းတို့သည် အသင်တို့နောက်သို့ လိုက်နိုင်ကြမည် မဟုတ်ပေ။ [၁] (သို့ဖြစ်ပေရာ) အသင်တို့သည် ၎င်းတို့အား ဟစ်ခေါ်ကြသည်ဖြစ်စေ၊ ဆိတ်ဆိတ်နေကြသည်ဖြစ်စေ၊ (မည်သို့မျှ) အကြောင်းမထူးပေ။

إِنَّ الَّذِينَ تَدْعُونَ مِنْ دُونِ اللَّهِ عِبَادٌ أَمْثَالُكُمْ ۖ فَادْعُوهُمْ فَلْيَسْتَجِيبُوا لَكُمْ إِنْ كُنْتُمْ صَادِقِينَ ﴿١٩٤﴾

၁၉၄။ ဧကန် စင်စစ် အသင်တို့သည် အလွှာဟ် အရှင်မြတ်မှအပ ဟစ်ခေါ် (ကိုးကွယ်ဆည်းကပ်) ကြကုန်သောအရာတို့မှာလည်း အသင်တို့ကဲ့သို့ပင် ကျွန်များ(အဖန်ဆင်းခံများ)သာလျှင် ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အကယ်၍သာ ဟုတ်တိုင်းမှန်ရာ ပြောဆိုသူများဖြစ်ကြပါလျှင် အသင်တို့သည် ၎င်းတို့အားဟစ်ခေါ်ကြလေကုန်။ တဖန် ၎င်းတို့သည်(လည်း) အသင်တို့အား ပြန်၍ထူးကြပါစေ။

أَلَهُمْ أَرْجُلٌ يَمْشُونَ بِهَا أَمْ لَهُمْ أَيْدٍ يَبْطِشُونَ بِهَا أَمْ لَهُمْ أَعْيُنٌ يُبْصِرُونَ بِهَا أَمْ لَهُمْ

၁၉၅။ ၎င်းတို့၌ လမ်းလျှောက်နိုင်ကြရန် ခြေများရှိကြလေသလော။ သို့မဟုတ် ၎င်းတို့တွင်(တစုံတရာ)ကို ကိုင်တွယ်နိုင်ကြရန် လက်များရှိကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၌ ကြည့်မြင်နိုင်ကြရန် မျက်စိများရှိကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၌ ကြားနိုင်ရန် နားများရှိကြလေသလော။

---

① (وَإِنْ تَدْعُوهُمْ إِلَى الْهُدَىٰ لَا يَتَّبِعُوكُمْ)ဟူသော မူကွပါဒ်တော်၏အဓိပ္ပာယ်ကို နှစ်မျိုးနှစ်စား ပြန်ဆိုနိုင်သည်။ (က)အကယ်၍ အသင်တို့သည် ၎င်းတို့ကို အသင်တို့အား တစုံတရာလမ်းညွှန်ပြရန်အတွက် ဟစ်ခေါ်ကြလျှင် ၎င်းတို့သည် အသင်တို့၏စကားကို နာခံနိုင်ကြသည်မဟုတ်ပေ။ (ဝါ) တစုံတရာ လမ်းညွှန်နိုင်ကြသည်မဟုတ်ပေ။ (ခ)အကယ်၍ အသင်တို့သည် ၎င်းတို့ကို တစ်စုံတစ်ရာ လမ်းညွှန်ပြရန်အတွက် ၎င်းတို့အား ဟစ်ခေါ်ကြလျှင် ၎င်းတို့သည် အသင်တို့၏စကားကို လိုက်နာနိုင်ကြသည်မဟုတ်။ (ဝါ) အသင်တို့ ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံး နိုင်ကြသည်မဟုတ်ပေ။ ကြည့်-မာဂျိဒီ။ ထာနဝီ။

ဤ မူကွပါဒ်တော်သည် မုရှ်ရစ်က်များကို ရည်ညွှန်း မိန့်ဆိုထားတော် မူသော မူကွပါဒ်တော်ဖြစ်သည်။ "ဟွန်မ်" ဟူသော နာမ်စားသည် (ကာဖိရ် မုရှ်ရစ်က်တို့ ကိုးကွယ်ရာ ပြုလုပ်ထားကြသည့်) ရုပ်ထု၊ ရုပ်လုံးများကို ရည်ညွှန်းသည်။

اَذَانٌ يَّسْمَعُوْنَ بِهَا ۭ قُلِ
ادْعُوْا شُرَكَاۗءَكُمْ ثُمَّ
كِيْدُوْنِ فَلَا تُنْظِرُوْنِ ﴿١٩٥﴾

(အို- နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့)အသင်တို့သည် (အလွှာဟ်အရှင်မြတ်နှင့် နှိုင်းယှဉ်တွဲဖက် ကိုးကွယ်လျက် ရှိကြကုန်သော) မိမိတို့၏တွဲဖက်ကိုးကွယ်ရာတို့ကို ခေါ်ယူကြလေကုန်။ ထို့နောက် အသင်တို့သည် ငါ့အား *ဆိုင်းငံ့ခွင့်မပေးပဲ (ငင်းတို့နှင့် ပူးပေါင်းကာ ငါနှင့်ဆန့်ကျင်၍ ကြံစည်ကြလေကုန်။)* [၁]

اِنَّ وَلِيِّۦَ اللّٰهُ الَّذِيْ نَزَّلَ
الْكِتٰبَ ۚ وَهُوَ يَتَوَلَّى
الصّٰلِحِيْنَ ﴿١٩٦﴾

၁၉၆။ ဧကန်စင်စစ် (ငါ့ထံသို့)ကျမ်းဂန်ဒေသနာတော်ကို ချပေးသနားတော်မူသော အလွှာဟ်အရှင်မြတ်သည်ပင် ငါ့အား ကာကွယ်စောင့်ရှောက်တော်မူသော အဆွေခင်ပွန်း ဖြစ်တော်မူပေသည်။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် သူတော်ကောင်းအပေါင်းတို့အားလည်း ကာကွယ်စောင့်ရှောက်တော်မူပေသတည်း။

وَالَّذِيْنَ تَدْعُوْنَ مِنْ
دُوْنِهٖ لَا يَسْتَطِيْعُوْنَ نَصْرَكُمْ
وَلَآ اَنْفُسَهُمْ يَنْصُرُوْنَ ﴿١٩٧﴾

၁၉၇။ သို့ရာတွင် ထိုအရှင်မြတ်မှတပါး အသင်တို့ဟစ်ခေါ် (ကိုးကွယ်ဆည်းကပ်တမ်းတ)ကြကုန်သော သူတို့မှာမူကား အသင်တို့အားလည်းကူညီနိုင်ကြသည် မဟုတ်ပေ။ မိမိတို့ ကိုယ်များကိုလည်း (မိမိတို့) ကူညီနိုင်ကြသည် မဟုတ်ချေ။

وَاِنْ تَدْعُوْهُمْ اِلَى الْهُدٰى
لَا يَسْمَعُوْا ۭ وَتَرٰىهُمْ يَنْظُرُوْنَ

၁၉၈။ ထိုမှတပါးအသင်တို့သည် အကယ်၍ ငင်းတို့အား တရားလမ်းမှန်သို့ ဖိတ်ခေါ်ကြလျှင်လည်း ငင်းတို့သည် (အသင်တို့ ဖိတ်ခေါ်သည်ကိုပင်) ကြားနိုင်ကြမည် မဟုတ်ချေ။

---

① "မက္ကာမြို့တော်ရှိ မုရှ်ရစ်ကများက တမန်တော်မြတ်အား "အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မလေးမစား မခန့်မညား မထီမဲ့မြင် မပြုလုပ်နှင့်။ သို့မဟုတ်လျှင် ထို ကိုးကွယ်ရာများသည် အသင့်အပေါ်သို့ ဘေးဒုက္ခများ သက်ရောက်စေကြလိမ့်မည်" ဟု ပြောဆိုလေ့ရှိကြသည်။ ဤအကြောင်းကုရ်အာန် (၃၉း၃၆) တွင်လည်း ပါရှိသည်။ ယင်းသို့ ခြိမ်းခြောက်သော မုရှ်ရစ်တို့အား ဤ မက္ခပါဠိတော်တွင် ပြန်လည်ဖြေကြားထားတော်မူသည်။

إِلَيْكَ وَهُمْ لَا يُبْصِرُونَ ﴿١٩٨﴾

ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ယင်းမမှန်သော(ကိုးကွယ်ရာ)များအား မိမိဘက်သို့ ကြည့်နေဘိသကဲ့သို့ တွေ့မြင်နေရသော်လည်း စင်စစ် မူကား ၎င်းတို့သည် (အလျင်း) ကြည့်မြင်နိုင်ကြသည် မဟုတ်ပေ။

خُذِ الْعَفْوَ وَأْمُرْ بِالْعُرْفِ وَأَعْرِضْ عَنِ الْجَاهِلِينَ ﴿١٩٩﴾

၁၉၉။ (အို-နဗီတမန်တော်) အသင်သည် ခွင့်လွှတ်ခြင်းတရားကို အမြဲလက်ကိုင်ထားကာ (၎င်းတို့အား) ကောင်းမြတ်သောအမှုတို့ကိုပြုလုပ်ကြရန် အမိန့်ပေးလျက်ရှိပါလေ။ ၎င်းပြင် အသင်သည် *အသိပညာကင်းမဲ့သောသူတို့ကို လျစ်လျူရှု၍နေပါလေ။* [၁]

وَإِمَّا يَنزَغَنَّكَ مِنَ الشَّيْطَانِ نَزْغٌ فَاسْتَعِذْ بِاللَّهِ ۚ إِنَّهُ سَمِيعٌ عَلِيمٌ ﴿٢٠٠﴾

၂၀၀။ ထို့ပြင် အကယ်၍ရှိုင်တွာန်၏ထံမှ တစုံတရာ အကြံပေးချက်သည် အသင်(၏စိတ်နှလုံး)၌ သက်ရောက်ခဲ့ပါမူ အသင်သည် (ချက်ချင်းပင်) *အလ္လာဟ်အရှင်မြတ်၏ကာကွယ်စောင့်ရှောက်မှုကို ဆည်းပူးရှာဖွေ (ရယူ)ပါလေ။* [၂] စင်စစ်ဇကန် ထိုအရှင်မြတ်သည် (အလုံးစုံကို) အကြွင်းမဲ့ ကြားတော်မူသော အရှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင်တည်း။

---

① ဆိုလိုသည်ကား အသင်သည် မှုပြစ်ကျူးလွန်သူတို့ကို ခွင့်လွှတ်ပါလေ။ (ရှုဟ်)

ဤမှာပါဌ်တော်ကို ဆင်ခြင်ပါက ပညာနှင့်အညီ ကျင့်သုံးရမည့်အကြောင်း၊ ကျူးကျော်စော်ကားသူများအား လျစ်လျူပြုထားရမည့်အကြောင်း၊ အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့ သူများနှင့် ငြင်းခုံပြောဆိုခြင်း မပြုရမည့်အကြောင်းများကို ကောင်းစွာသိရှိနိုင်ပေသည်။

သာဓက-

အလ္လာဟ်အရှင်မြတ်က မိမိ၏နဗီတမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ကုရ်အာန် ကျမ်းလာ မုကျွပါဌ်တော်(၇:၁၉၉)ကို ထုတ်ပြန်ပို့ချတော်မူလိုက်သည့်အခါ တမန်တော်မြတ်က "အို - ဂျိဗ်ရီလ်၊ ဤကား အသို့ပါနည်း" ဟုမေးတော်မူရာ ကောင်းကင်တမန် ဂျိဗ်ရီလ်က အသင်သည် မိမိအား ကျူးကျော်စော်ကားသူကို ခွင့်လွှတ်ရမည်။ မိမိအား မပေးသူကို ပေးရမည်။ မိမိအား အဆက်ဖြတ်သူကို ဆက်ရမည်ဟု အလ္လာဟ်အရှင်မြတ်က အသင့်အား အမိန့်ပေးတော်မူသည်ဟု ဖြေကြားလေသည်။ ဤသည် အုဗိုင်ယ်သခင်ထံမှတဆင့် ကြားသိရသည်။ (အီဗ်နုကဆီရ်)

إِنَّ الَّذِينَ اتَّقَوْا إِذَا مَسَّهُمْ طَٰٓئِفٌ مِّنَ الشَّيْطَٰنِ تَذَكَّرُوا۟ فَإِذَا هُم مُّبْصِرُونَ ﴿٢٠١﴾

၂၀၁။ မလွဲမကန် (အလ္လာဟ်အရှင်မြတ်အား)ကြောက်ရွံ့ရိုသေ ခန့်ညားသော သူတို့မူကား "ရှိုင်တွာန်" မိစ္ဆာကောင်၏ထဲမှ တစုံတရာ စိုးရိမ်ဖွယ်ရာသည် ထိုသူတို့၌ သက်ရောက်ခဲ့သောအခါ (အလ္လာဟ် အရှင်မြတ်အား ချက်ချင်း) အောက်မေ့တသကြကုန်၏။ သို့ဖြစ်လျှင် ၎င်းတို့သည် ရုတ်တရက်ပင် (အမှန်ကို) မြင်လာကြကုန်သတည်း။ [၁]

---

(၂) တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကြောင့် "မအ်ဆူမ်" အပြစ်ကင်းသော သူတော်စင်များသာ ဖြစ်ကြကုန်သည်။ ရှိုင်တွာန်၏နှောင့်ယှက်မှုသည် တမန်တော်များ၏ အဆိုပါဂုဏ်ပုဒ်နှင့် မည်သို့မျှမဆန့်ကျင်ပေ။

တမန်တော်များ၏ "အစ်မတ်" အပြစ်ကင်းမှု၏သဘောမှာ ရှိုင်တွာန်သည် ပြစ်မှုတစုံတရာကို ကျူးလွန်စေနိုင်သည်မဟုတ်။ ပြစ်မှုကျူးလွန်ရန် အကြံသာပေးနိုင်သည်။ ဥပမာ-ကာဖိရ်တစ်ယောက်သည် တမန်တော်တပါးရှေ့တွင် လာရောက်၍ ကုဖ်ရ်၏စကားကို ပြောဆိုနိုင်သော်လည်း ထိုတမန်တော်၌ကား မည်သို့မျှမထိခိုက်ချေ။ ယင်းသို့ ပြောဆိုခြင်းမှာ တမန်တော်၏ ဂုဏ်ကိုလည်း မည်သို့မျှ မထိခိုက်ချေ။ ထို့အတူ ဂျင်န်ကာဖိရ်လည်း တမန်တော်တပါးပါးရှေ့တွင် လာရောက်၍ မကောင်းသော အကြံကိုပေးနိုင်သော်လည်း တမန်တော်များ၌ကား မည်သို့မျှမထိခိုက်ပေ။

လူတိုင်း၌ ကောင်းကင်တမန်များအနက်မှ အဖော်တစ်ဦးနှင့် ဂျင်န်များအနက်မှ အဖော်တစ်ဦးရှိကြောင်း တမန်တော်မြတ်၌လည်း ယင်းသို့သော အဖော်များရှိကြောင်း သို့ရာတွင် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် မိမိ၏ ဂျင်န်အဖော်အား နိုင်နင်းတော်မူကြောင်း၊ ထိုဂျင်န်အဖော်သည် တမန်တော်မြတ်အား ကောင်းရာကိုသာ အကြံပေးကြောင်း "ဆဟီဟ်မွတ်စ်လင်မ်" ကျမ်းကြီးတွင် လာရှိပေသည်။

ကြည့်-ထာနဝီ။ အစောင် - ၄။ စ-၆၄။

① **ဖော်ပြချက်။**

ရှိုင်တွာန်၏ နှောင့်ယှက်မှုကြောင့် "တာက္ကဝါ" တရားတွင် မည်သို့မျှ နစ်နာဆုံးရှုံးပျက်စီးမှု ဖြစ်ပေါ်သည် မဟုတ်ချေ။ ယင်းနှောင့်ယှက်မှုမှ လုံခြုံမှုသည် သုံးမျိုးသုံးစားရှိသည်။

(က) အမြင့်မား‌ဆုံးသောအဆင့်မှာ ရှိုင်တွာန်၏ နှောင့်ယှက်မှုသည် စိတ်တွင် အလျင်းအမှတ်မထင်ပေ။ ဤသည့် ဥပမာကို တမန်တော် အီဗ်ရာဟီမ်နှင့်သားတော် အစ္စမာအီလ်၏ကုရ်ဗာနီပြုခန်းတွင် တွေ့ရှိနိုင်ပေသည်။

(ခ) အလယ်အဆင့်မှာ ရှိုင်တွာန်၏ နှောင့်ယှက်မှုသည် အမှတ်ထင်စေနိုင်သည်။ သို့ရာတွင် ချက်ချင်းပင် သတိတရားရကာ ယင်းနှောင့်ယှက်မှုမှ လွတ်မြောက်သွားသည်။ ဤသည် "ဆွစ်ဒ်ဒီကိန်" ခေါ် သစ္စာဝါဒီများ၏ အဆင့်အတန်းဖြစ်သည်။ ဤသည့် ဥပမာကို တမန်တော် ယူစုဖ်နှင့်ဇူလိုင်ခါတို့၏ အတ္ထုပ္ပတ္တိတွင် တွေ့ရှိနိုင်ပေသည်။ ➤➤

وَإِخْوَانُهُمْ يَمُدُّونَهُمْ فِي الْغَيِّ ثُمَّ لَا يُقْصِرُونَ ﴿٢٠٢﴾

၂၀၂။ သို့ရာတွင် ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်တို့၏ ညီသားအစ်ကိုတို့မူကား ၎င်းတို့အား ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်တို့သည် လမ်းမှားသို့ဆွဲငင် (ခေါ်ယူ)လျက်ပင် ရှိကြကုန်၏။ ထို့နောက် ၎င်းတို့သည် (ထိုကဲ့သို့ ဆွဲငင်ခေါ်ယူခြင်းကို) ရပ်စဲကြသည်မဟုတ်ပေ။ (မိုက်မြဲတိုင်း ဆက်လက်မိုက်လျက်ရှိကြကုန်သတည်း။)

وَإِذَا لَمْ تَأْتِهِم بِآيَةٍ قَالُوا لَوْلَا اجْتَبَيْتَهَا ۚ قُلْ إِنَّمَا أَتَّبِعُ مَا يُوحَىٰ إِلَيَّ مِن رَّبِّي ۚ هَٰذَا بَصَائِرُ مِن رَّبِّكُمْ وَهُدًى وَرَحْمَةٌ لِّقَوْمٍ يُؤْمِنُونَ ﴿٢٠٣﴾

၂၀၃။ ထို့ပြင် အသင်သည် ထိုသူတို့ထံ (၎င်းတို့တောင်းဆိုကုန်သော) တန်ခိုးပြာဋိဟာ သက်သေလက္ခဏာ တစုံတရာကို ယူဆောင်လာခြင်းကို မပြုသောအခါ ၎င်းတို့က "အသင်သည် (မိမိကိုယ်တိုင်) ထိုတန်ခိုးပြာဋိဟာ သက်သေလက္ခဏာကို အဘယ်ကြောင့် ရွေးချယ်၍မယူခဲ့ဘိသနည်း" ဟုပြောဆိုကြကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့) ဖြေကြားပါလေ။ (အချင်းတို့) ငါသည် မိမိအရှင်ထံတော်မှ မိမိထံ ပေးပို့တော်မူသော "ဝဟ်ယ်" အမိန့်တော်ကို လိုက်နာသူသာလျှင် ဖြစ်ပေသည်။ ဤ(ကုရ်အာန်ကျမ်းတော်မြတ်) သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ (ထုတ်ပြန်ချမှတ် ပေးသနားတော်မူအပ်သော) အထင်အရှား သိမြင်နိုင်သော (တန်ခိုးပြာဋိဟာ) သက်သေသာဓကများလည်းဖြစ်သည်။

➤➤ (၇) အနိမ့်အဆင့်မှာ ရှိုင်တွာန် နှောင့်ယှက်မှုသည် မှားယွင်းချွတ်ချော် တိမ်းပါးစေနိုင်၏။ သို့ရာတွင် ချက်ချင်းပင် သတိတရားရကာ မိမိကိုယ်ကိုမိမိ ပြန်လည်ထိန်းသိမ်း လိုက်နိုင်သည်။ ဤသည် ဝန်ချတောင်းပန်ကြသော သူတော်စင်များ၏ အဆင့်ဖြစ်သည်။

အထက်ဖော်ပြပါအဆင့်များတွင် ရှိနေသော ပုဂ္ဂိုလ်များမှာ "အာရစ်ဖ်" "မွတ္တကီ" "ဝလီ"စသည့် သူတော်စင်များပင် ဖြစ်ကြပေသည်။ (မာဂျိဒီ)

ထိုမှတပါး သက်ဝင် ယုံကြည်သော သူတို့အဖို့ မှန်ကန်သော တရားလမ်းညွှန် ဖြစ်သည့်ပြင် ကရုဏာတရားလည်း ဖြစ်ချေသတည်း။ ၁

---

① အတိတ်ခေတ်ရှိ မုဒ္ဓရစ်က်တို့သည် "နဗုဝါတ်" နဗီတမန်တော်ဖြစ်ခြင်းကို "အုလူဟိယတ်" ကိုးကွယ်ရာ အရှင်သခင်ဖြစ်ခြင်း၏ တစိပ်တဒေသဖြစ်သည်ဟူ၍ ဇွတ်မိုက်ကာ ဆိုခဲ့ကြသည်။ ဤသို့မဟုတ်ကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် နေရာအမြောက်အများ၌ မိန့်ဆိုထားတော်မူသည်။ "အာရစ်ဖ်" ပညာရှင်သူတော်စင်များက ဤမုဏ္ဍပါဒ်တော်ကို ထောက်ထား၍ "နဗုဝါတ်" သည် မှန်ကန်ပြည့်စုံစွာ ကျွန်ဖြစ်ခြင်း၏ အမည်ပင်ဖြစ်သည်ဟု ဆိုကြသည်။ မောင်လာနာ ထာနဝီသင်ဂင်က အကွယ်၌ရှိသောအရာများကို သိရှိခြင်းသည် လူသားတို့လွတ်လပ်စွာ ပြုလုပ်ဆည်းပူးနိုင်သော အရာမဟုတ်ကြောင်း ထိုသို့သိရှိခြင်းသည်လည်း ကျွန်ဖြစ်ခြင်း၏ ပြည့်စုံမှု၏ လက္ခဏာ မဟုတ်ကြောင်း၊ ကျွန်ဖြစ်ခြင်း ပြည့်စုံမှု၏ ကြီးမားသောလက္ခဏာမှာ "ဝဟီ" အမိန့်တော်များအတိုင်း လိုက်နာကျင့်သုံးခြင်းပင်ဖြစ်ကြောင်း ဤမုဏ္ဍပါဒ်တော်တွင် အတည့်အလင်းပါရှိသည်ဟု ဖွင့်ဆိုရေးသားထားသည်။

ကြည့်-မာဂျိဒီ။

မုဒ္ဓရစ်က်တို့သည် မလိုမုန်းထားသောစိတ်ဖြင့် တမန်တော်မြတ်ထံ တန်ခိုးပြာဋိဟာများကို သတ်မှတ်၍ တောင်းဆိုကြသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြသနိုင်တော်မူသော်လည်း မိမိ၏ "ဟစ်က်မတ်" ဉာဏ်တော်အရ ပြသရန်မလို၍ တမန်တော်မြတ်အား ယင်းတန်ခိုးပြာဋိဟာများကို ပြသစေတော်မမူသည့်အခါ ယင်းမုဒ္ဓရစ်က်တို့က တမန်တော်မြတ်အား တမန်တော်မဟုတ်ဟု ဆိုလိုသော သဘောဖြင့် အကယ်၍ အသင်သည် တမန်တော်ဖြစ်ပါလျှင် ထိုတန်ခိုးပြာဋိဟာများကို အဘယ်ကြောင့် မပြသ သနည်းဟု ပြောဆိုကြသည်။ တမန်တော်မြတ်က တန်ခိုးပြာဋိဟာပြခြင်းသည် မိမိ၏လက်တွင်း၌ရှိသော ကိစ္စမဟုတ်ကြောင်း၊ ကျွန်ုပ်၏အဓိကအလုပ်မှာ ကျွန်ုပ်၏အရှင်ထံမှ ကျွန်ုပ်ထံသို့ ပို့ချတော်မူသော အမိန့်တော်များကို လိုက်နာကျင့်သုံးရန်သာလျှင် ဖြစ်ကြောင်း၊ ထို့ပြင်တဝ ဤကုရ်အာန်ကျမ်းမြတ်တွင်လာရှိသော "စူရဟ်" ကဏ္ဍများသည်ပင်လျှင် တန်ခိုးပြာဋိဟာများဖြစ်ပေရာ ဤကျမ်းမြတ်တစောင်လုံးသည်ပင် တန်ခိုးပြာဋိဟာ အမြောက်အမြား ဖြစ်လျက်ရှိကြောင်း၊ ပြီးနောက် ဤကျမ်းမြတ်သည် အီမာန်ယုံကြည်သူများအဖို့ တရားခမ္မလည်း ဖြစ်ကြောင်း၊ ကရုဏာတော်လည်းဖြစ်ကြောင်း၊ ပြန်လည်ဖြေကြားတော်မူလေသည်။

အချုပ်မှာ နဗုဝါတ် အဓိက သွန်သင်ဆုံးမ ပဲ့ပြင်မှုပင်ဖြစ်သည်။ တန်ခိုးပြာဋိဟာသည် နဗုဝါတ်မှန်ကန်ကြောင်း အထောက်အထားပင်ဖြစ်သည်။ အထောက်အထားသည် အမျိုးမျိုးရှိသည်။ တခုနှင့်တခု မတူချေ။ နဗီသည် မိမိနဗီဖြစ်ကြောင်းနှင့်ပတ်သက်၍ မည်သည့်အထောက်အထားမဆို ကြိုက်နှစ်သက်ရာ ပြသပိုင်ခွင့်ရှိသည်။ ဥပဒေလောကတွင် တရားလိုတစ်ဦးသည် မိမိ၏အမှုနှင့်ပတ်သက်၍ မည်သည့် အထောက်အထားကိုမဆို ပြသနိုင်သည်မှာ အထင်အရှားပင်ဖြစ်သည်။ သို့ပါလျက် ဤအထောက်အထား ပြသရမည်။ ထိုအထောက်အထားမပြရဟုဆိုခြင်းမှာ အဓိပ္ပာယ်မရှိသောစကား ပြောဆိုခြင်းသာဖြစ်ပေသည်။ (ထာနဝီ)

တမန်တော်မြတ်ထံသို့ တစ်ခါတစ်ရံ "ဝဟီ" ကြန့်ကြာသွားသည့်အခါ ကာဖိရ်များက တမန်တော်မြတ်အား ပြောင်လောင်သည့်သဘောဖြင့် "အသင် ယခု မုဏ္ဍပါဒ်တော်တပါးပါးကို အဘယ်ကြောင့် ဖန်တီးပြုလုပ်၍ မယူလာခဲ့သနည်း။ ကုရ်အာန်တစ်စောင်လုံးကို အသင်ပင် ပြုလုပ်ဖန်တီးထားသည်မဟုတ်သလောဟု (မပြောကောင်း မဆိုကောင်း) ပြောဆိုကြသည်။ ➤➤

وَإِذَا قُرِئَ الْقُرْآنُ فَاسْتَمِعُوا لَهُ وَأَنْصِتُوا لَعَلَّكُمْ تُرْحَمُونَ ﴿٢٠٤﴾

၂၀၄။ ၎င်းပြင် အသင်တို့သည် (မိမိတို့ရှေ့ဝယ်) ကုရ်အာန် ကျမ်းတော်မြတ်ကို ဖတ်ရွတ် သရဇ္ဈာယ်သောအခါ ထိုကုရ်အာန်ကျမ်းတော်မြတ်ကို ဂရုပြု၍ ဆိတ်ငြိမ်စွာ နားစိုက်ကြလေကုန်။ [၁] သို့မှသာလျှင် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏) ကရုဏာတော်ကို ခံစားကြရလတ္တံ့။

➤➤ ထို့အတူ ကာဖိရ်များသည် တမန်တော်မြတ်ထံ အကြင်သို့သော တန်ခိုးပြာဋိဟာများကို တောင်းဆိုကြသည်။ ထိုထိုသော တန်ခိုးပြာဋိဟာများကို အလ္လာဟ်အရှင်မြတ်၏ "ဟစ်က်မတ်" ဉာဏ်တော်အရ ပြသရန်မလိုပေ။ ထိုထိုသော တန်ခိုးပြာဋိဟာများကိုပြသရန် တမန်တော်မြတ်က ငြင်းဆိုသောအခါ ယင်းကာဖိရ်များက အသင်သည် မိမိ၏အရှင်သခင်အား ပြောဆိုပြီး ကျွန်ုပ်တို့တောင်းဆိုသော တန်ခိုးပြာဋိဟာကို ရွေးချယ်၍ အဘယ်ကြောင့် မယူလာခဲ့သနည်းဟု ဆိုကြလေသည်။ ဤမုကျွပါဠိတော်တွင် ကာဖိရ်တို့၏ အထက်ပါ စကားနှစ်ရပ်လုံးနှင့် ပတ်သက်၍ တမန်တော်မြတ်အား ဖြေကြားစေတော်မူထားသည်။ အဖြေ၏အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်အား မုသားစွပ်စွဲပြောဆိုခြင်းမှာ ကျွန်ုပ်၏အလုပ်မဟုတ်။ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မတ်တော်နှင့် ဆန့်ကျင်သောအရာ သို့မဟုတ် ပန်ကြားခွင့်မရှိသောအရာတစ်ခုကို လူများတောင်းဆိုသည့်အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်ထံ ပန်ကြားရန်မှာလည်း ကျွန်ုပ်၏အလုပ်မဟုတ်။ ကျွန်ုပ်၏တာဝန်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ ရောက်ရှိလာသော "ဝဟီ" အမိန့်တော်များကို မိမိကိုယ်တိုင် လိုက်နာကျင့်သုံးပြီး သူတစ်ပါးတို့အား လိုက်နာကျင့်သုံးရန် ပြောကြားရန်ပင်ဖြစ်သည်။ ထို့ပြင်တဝ ဖန်ဆင်းတော်မူခြင်း၊ ထုတ်ပြန်ပို့ချတော်မူခြင်းနှင့် ဆိုင်သော တန်ခိုးပြာဋိဟာများကို အသင်တို့ ကျွန်ုပ်တို့ထံ တောင်းဆိုကြသည်။ ယင်းတန်ခိုးပြာဋိဟာများအတွက် ကုရ်အာန်ကျမ်းမြတ်ထက် ကြီးမားသောတန်ခိုးပြာဋိဟာ အဘယ်မှာရှိနိုင်အံ့နည်း။ ဤကျမ်းမြတ်တွင် ကမ္ဘာတဝန်းလုံးအတွက် တရားရရှိစေနိုင်သည့် ဖြစ်ရပ်မှန်များလည်း ပါရှိသည်။ ဤကုရ်အာန်ကျမ်းမြတ်သည် တရားဓမ္မ၏ ဘဏ္ဍာတော် တိုက်ကြီးလည်းဖြစ်သည်။ အထူးသဖြင့် အီမာန်ယုံကြည်သူများအဖို့ ထူးခြားသည့် တရားဓမ္မနှင့် ကရုဏာလည်းမည်သည်။ ဤသို့သော ကုရ်အာန်ကျမ်းမြတ်ကိုပင်လျှင် အသင်တို့နာခံရန် အသင့်မရှိကြပါဝဲလျက် မိမိတို့ တောင်းဆိုသော တန်ခိုး ပြာဋိဟာများကို တွေ့မြင်ကြသည့်အခါ နာခံကြပါမည် ဟုဆိုခြင်းမှာ အသို့လျှင် ဖြစ်နိုင်အံ့နည်း။

① (وَإِذَا قُرِئَ الْقُرْآنُ فَاسْتَمِعُوا لَهُ وَأَنْصِتُوا)ဟူသော မုကျွပါဠိတော်၏ ထင်ရှားသည့်အလိုသဘောမှာ ဆွေလာတ်အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ၊ ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်သည့်အချိန်တွင် ဆိတ်ဆိတ်နေခြင်းနှင့် နားထောင်ခြင်းသည် "ဝါဂျစ်ဗ်" တာဝန်ဖြစ်သည်။ အခြားအဆိုတစ်ရပ်အရ (အစ္စလာမ် ထွန်းကားစအချိန်တွင်) လူများသည် ဆွေလာတ်ဝတ်ပြုရာ၌ စကားပြောလေ့ရှိခဲ့ကြ၏။ ထိုအခါ ဤမုကျွပါဠိတော် ကျရောက်လာခဲ့လေသည်။ ထို့နောက် ဆွေလာတ်အပြင်၌လည်း ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်သည့် အခမ်းအနားများတွင် ဆိတ်ဆိတ်နေခြင်းသည် "စွန္နတ်" ဖြစ်လာလေသည်။ အခြားအဆိုတစ်ရပ်အရ ဤမုကျွပါဠိတော်၏ အလိုသဘောမှာ "အကယ်၍ တမန်တော်မြတ်သည် ကုရ်အာန်ကျရောက်သည့်အချိန်တွင် အသင်တို့ရှေ့မှောက်၌ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်တော်မူသော် အသင်တို့သည် ထိုကျမ်းမြတ်ကို နားထောင်ကြ" ဟူ၏။ ➤➤

وَاذْكُرْ رَّبَّكَ فِىْ نَفْسِكَ تَضَرُّعًا وَّخِيْفَةً وَّدُوْنَ الْجَهْرِ مِنَ الْقَوْلِ بِالْغُدُوِّ وَالْاٰصَالِ وَلَا تَكُنْ مِّنَ الْغٰفِلِيْنَ ﴿٢٥﴾

၂၀၅။ ထိုမှတပါး (အို-နဗီတမန်တော်)အသင်သည် *နံနက်မိုးသောက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊* [၃] မိမိကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အား မိမိစိတ်နှလုံးတွင်းဝယ် နိဝါတတရားထား၍၌ ကြောက်ရွံ့ရိုသေလျက် ကျယ်လောင်စွာမဟုတ်သည့်အသံဖြင့် အောက်မေ့တသ သတိရပါလေ။ ထို့ပြင် အသင်သည် *အလေးမမူဂရုမပြု ပမာမထားသောသူတို့တွင် အပါအဝင်မဖြစ်ပါလင့်။* [၂]

➤➤ အခြားအဆိုတရပ်အရ "အသင်တို့သည် ထိုကျမ်းမြတ်ကို နားထောင်ကြ" ဟူသည် ထိုကျမ်းမြတ်လာအမိန့်ပညတ်တော်များနှင့်အညီ လိုက်နာကျင့်သုံးကြ။ ထိုကျမ်းမြတ်ကို မကျူးလွန်ကျကုန်လင့်"ဟူ၏။

တရားဓမ္မတို့၏ ဘဏ္ဍာတိုက်ဖြစ်သော အဖိုးမဖြတ်နိုင်သော ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သည့်အခါ ကြားသူအပေါင်းတို့သည် အထူးအလေးဂရုပြု၍ နားသောတဆင်ကြရမည်။ ကုရ်အာန်ကျမ်းလာတရားဒေသနာတော်များကို လက်ခံနာယူလိုသည့်သဘောဖြင့် နားထောင်ကြရမည်။ ကုရ်အာန်ကျမ်းမြတ်ရွတ်ဖတ်သရဇ္ဈာယ်သည့်အချိန်တွင် မည်သည့်စကားကိုမျှ မပြောမဆိုကြရ။ အခြားတစ်စုံတစ်ရာ တွေးတောခြင်းအလျင်းမပြုကြရ။ ဆူညံမှုလည်း အလျင်းမပြုကြရ။ ဆိတ်ငြိမ်စွာဖြင့် နားထောင်ကြရမည်။ သို့မှသာလျှင် အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခံစားကြရမည်ဖြစ်သည်။ အကယ်၍ ဖော်ပြပါစည်းကမ်းချက်နှင့်အညီ ကုရ်အာန်ကျမ်းမြတ်ကို ကာဖိရ်များပင် နားထောင်ကြလျှင် အလွှာဟ်အရှင်မြတ်၏ ကရုဏာတော် အဟုန်ဖြင့် မုအ်မင်နှ်များ ဖြစ်လာနိုင်ကြပေသည်။ အကယ်၍ အစကနဦးကပင် မုအ်မင်နှ်ဖြစ်နေကြပါလျှင် "ဝလီ" သူတော်စင်များပင် ဖြစ်လာနိုင်ကြလေသည်။ အနည်းဆုံးထိုသို့ နားထောင်ခြင်း၏ ကုသိုလ်အကျိုးကိုကား ရရှိကြမည်ဖြစ်သည်။

ဤသည့် မုကျွပါဠိတော်ကို အထောက်အထားပြုပြီးလျှင် များစွာသော "အာလင်မ်" ပညာရှင်များက ဆွေးနွေးတင်ပြ "အေ့မာမ်" က ကုရ်အာန်ရွတ်ဖတ်သည့်အခါ "မုက်တဒီ" နောက်လိုက်များသည် လုံးဝဆိတ်ငြိမ်စွာနေကြရမည်ဟု ဓမ္မသတ်အဆုံးအဖြတ် ပေးကြသည်။

① "ကုရ်အာန်ကျမ်းမြတ် (၃း၄၀)တွင်လည်းကောင်း၊ (၇း၂၀၅)တွင်လည်းကောင်း၊ (၁၉း၁၁)တွင်လည်းကောင်း၊ (၃၃း၄၂)တွင်လည်းကောင်း၊ (၄၀း၅၅)တွင်လည်းကောင်း၊ (၄၈း၉)တွင်လည်းကောင်း၊ (၇၆း၂၅)တွင်လည်းကောင်း၊ နံနက်မိုးသောက်ယံနှင့် ညနေချမ်းအချိန်များ၌ အလွှာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရရန် မိန့်ဆိုထားတော်မူသည်ကို တွေ့ရှိရပေသည်။ ဤအချိန် ၂-ချိန်ကို အလွှာဟ်အရှင်မြတ်အား အောက်မေ့တသရန်အတွက် သတ်မှတ်ထားတော်မူခြင်းမှာ ထိုအချိန် ၂-ချိန်သည် နေ့၏အစွန်း ၂-ဖက်၌ရှိသော အချိန်များ ဖြစ်ခြင်းကြောင့်ဖြစ်သည်။ အကြင်သူတဦးသည် နေ့၏အစပိုင်းတွင်လည်းကောင်း၊ အဆုံးပိုင်းတွင်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခဲ့သည်ရှိသော် ထိုသူသည် ကျန်အချိန်ပိုင်းများတွင် ထိုအရှင်မြတ်အား ပိုမိုရှိပင် အောက်မေ့တသသတိရရန် သင့်ပေသည်။ ➤➤

إِنَّ الَّذِينَ عِندَ رَبِّكَ لَا يَسْتَكْبِرُونَ عَنْ عِبَادَتِهِ وَيُسَبِّحُونَهُ وَلَهُ يَسْجُدُونَ ﴿٢٠٦﴾

၂၀၆။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အပါးတော်၌ရှိသူ (မလာအိကဟ်) အပါးတော်စေတမန်တို့သည် ထိုအရှင်မြတ်အား ခဝပ်ခြင်းကို မပြုဘဲ မာန်မာန ထောင်လွှားကြသည်မဟုတ်ချေ။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြသည့်ပြင်၊ ၎င်းတို့သည် *ထိုအရှင်မြတ်အားသာလျှင် ပျပ်ဝပ်ဦးချ၍ နေကြကုန်သတည်း။* [၁]

➤➤ ထို့ပြင်တဝ နေ့၏အစပိုင်းတွင် "ဆွလာတုလ်ဖဂျ်ရ်" ရှိသည်။ အဆုံးပိုင်းတွင် "ဆွလာတုလ်အဆ်ရ်" ရှိသည်။ ထိုဆွလာတ် ၂-ချိန်တွင် ညဥ့်၏ ကောင်းကင်တမန်များနှင့် နေ့၏ ကောင်းကင်တမန်များသည် ရောက်ရှိဆုံမိကြသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်၏ ထံတော်တွင် မိမိတို့တွေ့ရှိခဲ့ကြသော ကျွန်များ၏ အဖြစ်အပျက်များကို အသီးသီးအစီရင်ခံကြသည်။ (ဗုခါရီ ကျမ်းတွင် ဤအတိုင်းလာ ရှိသည်)။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့်လည်း နံနက်မိုးသောက်ယံနှင့် ညနေချမ်းအချိန်များသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တာသ သတိရရန် ပိုမိုသင့်မြတ်ကြောင်း သိရှိနိုင်ပေသည်။ (အလ်မနာရ်ကို မှီးသည်)

ⓙ အထက်တွင် ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်သရဇ္ဈယ်၍ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းအကြောင်းနှင့် သက်ဆိုင်ရာ စည်းကမ်းချက်များကို မိန့်ဆိုထားတော်မူသည်။ ဤမုက္ခပါဠ်တော်တွင် ယေဘုယျအားဖြင့် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းနှင့် သက်ဆိုင်ရာ စည်းကမ်းချက်များကို မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ, သတိရခြင်း၏ အဓိကအချက်မှာ နှုတ်လျှာမှရွတ်ဆိုသည်များကို စိတ်တွင်းမှလည်းအာရုံစူးစိုက်ရမည်။ သို့မှသာလျှင် အောက်မေ့တသ သတိရခြင်း၏အကျိုးကို အပြည့်အစုံရရှိပေမည်။ ကိုယ်စိတ်နှလုံး သုံးပါးလုံးတို့သည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ, သတိရရာတွင် အတူတကွ ပါဝင်ကြရမည်။ အောက်မေ့တသသည့်အချိန်တွင် စိတ်တွင် နူးညံ့သိမ်မွေ့မှုရှိစေရမည်။ မှန်ကန်သော ဆန္ဒ၊ မှန်ကန်သောကြောက်ရွံ့မှုဖြင့် အလ္လာဟ်အရှင်မြတ်အား ပန်ကြားရမည်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ,သူ၏အသံတွင်လည်းကောင်း၊ ပုံပန်းသဏ္ဌာန်တွင်လည်းကောင်း၊ ကျိုးနွံခြင်း၊ ရိုသေခန့်ညားခြင်း၊ ကြောက်ရွံ့ခြင်းများ၏ အမူအရာများဖြစ်ပေါ်၍ နေစေရမည်။ အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်၊ ဂုဏ်တော်များ၏ အရိုန်အဝါဖြင့် အောက်မေ့တသ,သူ၏အသံသည် သဘာဝအလျောက် နိမ့်ကျ၍သွားပေမည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၂၀း၁၀၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။ အသံကျယ်လောင်စွာဖြင့် ဟစ်အော်တသခြင်းကို မြစ်တားထားတော်မူသည်။ တီးတိုးစွာဖြစ်စေ၊ အသံထုတ်၍ဖြစ်စေ၊ ဖြည်းညှဉ်းသာယာစွာဖြင့် သာလျှင် အလ္လာဟ်အရှင်မြတ်အား တသ,ရမည်။ ယင်းသို့တသလျှင် အလ္လာဟ်အရှင်မြတ်လည်း သတိရတော်မူမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသသူများအဖို့ ဤသည့် ကျေးဇူးတော်ထက် ကောင်းမွန်မြင့်မြတ်သောအရာ အဘယ်မှာရှိနိုင်အုံနည်း။

ⓐ အလ္လာဟ် အရှင်မြတ်၏ထံတော်ပါး၌ ရှိကြကုန်သော ကောင်းကင်တမန်များသည် ပင်လျှင် ထို ➤➤

➤➤ အရှင်မြတ်အား ခယရိကျိုး ရှိခိုးလျက် ရှိကြကုန်၏။ ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းကိုမပြုပဲ စောင်းမာန်တက်ကြွ မာန်မာရှေ့ထားပလွှားလျှ နေကြသည်မရှိချေ။ ထိုအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုကြကုန်၏။ ထိုအရှင်မြတ်အား ဦးချလျက်ရှိကြကုန်၏။ သို့ဖြစ်ပေရာ လူသားတို့သည် ထိုအရှင်မြတ်အား ပိုမို၍ပင် ခယရိကျိုး ရှိခိုးကြရမည်။ ထိုအရှင်မြတ်အား ပိုမို၍ အောက်မေ့တာသ သတိရကြရမည်။ ထိုအရှင်မြတ်အား ပိုမို၍ ဦးချကြရမည်။

ဤမုဏ္ဍပါဠိတော်သည် ကုရ်အာန်ကျမ်းမြတ်တွင် ပထမ အာယတ်စဂျိဒဟ် ဖြစ်သည်။

ဤမုဏ္ဍပါဠိတော်ကို ရွတ်ဖတ်သရဇ္ဈာယ်သည့် အခါတွင်လည်းကောင်း၊ ကြားနာသည့်အခါတွင်လည်းကောင်း၊ "စဂျိဒဟ်တိလာဝါဟ်" ပြုလုပ်ကြရမည်။ စဂျိဒဟ်တိလာဝါတ်သည် "ဝါဂျစ်ဗ်" ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်တွင် "စဂျိဒဟ် တိလာဝါတ်" ပြုလုပ်ရန် မုဏ္ဍပါဠိတော်(၁၄)ပါးရှိသည်။ အဆိုတရပ်အရ မုဏ္ဍပါဠိတော်(၁၅)ပါးရှိသည်။ အဆိုပြားသော မုဏ္ဍပါဠိတော်မှာ "ဟဂျီ" ကဏ္ဍတွင် ပါရှိသည့် စဂျိဒဟ်အာယတ်ဖြစ်သော မုဏ္ဍပါဠိတော် ၂-ပါးအနက် ဒုတိယ မုဏ္ဍပါဠိတော် (၂၃း၇၇)ဖြစ်သည်။

"စဂျိဒဟ် တိလာဝါတ်" ပြုရမည့် မုဏ္ဍပါဠိတော်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ၇း၂၀၆။ (၂) ၁၃း၁၅။
(၃) ၁၆း၅၀။ (၄) ၁၇း၁၀၉။
(၅) ၁၉း၅၈။ (၆) ၂၂း၁၈။
(၇) ၂၅း၆၀။ (၈) ၂၇း၂၆။
(၉) ၃၂း၁၅။ (၁၀) ၃၈း၂၄။
(၁၁) ၄၁း၃၈။ (၁၂) ၅၃း၂၁။
(၁၃) ၈၄း၂၁။ (၁၄) ၉၆း၁၉။

"စဂျိဒဟ်တိလာဝါတ်" နှင့် ပတ်သက်၍ အကျယ်ကို "ဟိဒါယတ်" ကျမ်းစဂျိဒဟ် တိလာဝါတ် အခန်း၊ ပထမတွဲ စာမျက်နှာ (၁၄၃)တွင် ရှုပါကုန်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံမှ တဆင့် ကြားသိရသည်မှာ - အကြင်သူသည် အအ်ရာဖ်ကဏ္ဍာကို ရွတ်ဖတ်အံ့။ အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် ထိုသူနှင့် အီဗ်လီစ်၏စပ်ကြား၌ အကာအကွယ်တခု ပြုပေးတော်မူအံ့။ ထို့ပြင်တဝ ကိယာမတ်နေ့တွင် ဖခင်ကြီး အာဒမ်(အလိုင်ဟစ္စလာမ်)သည် ထိုသူ့အတွက် အသနားခံပေးအံ့။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံမှ တဆင့် ကြားသိရသည်မှာ မည်သည့်အခါ အာဒမ်၏သားသမီးသည် "စဂျိဒဟ်" ဦးချခြင်းနှင့် ပတ်သက်သည့် မုဏ္ဍပါဠိတော်ကို ရွတ်ဖတ်၍ စဂျိဒဟ်ဦးချလျှင် ရိုင်တွာန်သည် ဘေးသို့ ထွက်ခွာသွားပြီးလျှင် ငိုကြွေး၍ ဤသို့ပြောဆိုလေသည်။ "ဩော် . . . ပျက်စီးရလေခြင်း၊ ဤသူသည် ဦးချရန်အမိန့်တော်ရသည့်အခါ ဦးချခဲ့လေသည်။ သို့ဖြစ်ရာ ငင်းအဖို့ ဂျန္နတ်ဖြစ်လေပြီ။ ငါကား ဦးချရန်အမိန့်တော်ရရှိပြီးသောအခါ အမိန့်တော်ကို သွေဖည်ခဲ့လေသည်။ သို့ဖြစ်ရာ ငါ့အဖို့ငရဲမီး ဖြစ်လေပြီတကား။ (ဒုရ်ရိမန်ဆူရ်)။

سُوْرَةُ الْاَنْفَالِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

يَسْـَٔلُوْنَكَ عَنِ الْاَنْفَالِ ۭ قُلِ
الْاَنْفَالُ لِلّٰهِ وَالرَّسُوْلِ ۚ فَاتَّقُوا
اللّٰهَ وَاَصْلِحُوْا ذَاتَ بَيْنِكُمْ ۠
وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗٓ اِنْ
كُنْتُمْ مُّؤْمِنِيْنَ ①

လက်ရပစ္စည်းများကဏ္ဍ

အစဉ်မပြတ် သနားကြင်နာတော်မူသောထာသော အနန္တကရုဏာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

၁။ (အို-နဗီတမန်တော်)ငင်းတို့သည် အသင့်အား (စစ်မက် တိုက်ခိုက်ရာ၌ ရရှိသော) လက်ရပစ္စည်းတို့နှင့် *စပ်လျဉ်း၍ မေးမြန်းကြကုန်သည်။* [၁] အသင်သည် (ငင်းတို့အား ဤသို့)ဖြေကြားပါလေ။ ("အို-ငါ၏တပည့်သာဝကအပေါင်းတို့) လက်ရပစ္စည်းတို့သည်(စင်စစ်အားဖြင့်) *အလ္လာဟ်အရှင်မြတ်နှင့် ရာ*ရူလ်တမန်တော်ပိုင်ဆိုင်တော်မူသော *ပစ္စည်းများပင်တည်း၊* [၂] သို့ဖြစ်ပေရာ အသင်သည် *အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။* [၃] ငင်းပြင်အသင်သည် မိမိတို့အချင်းချင်း၏ အခြေအနေကို ပြုပြင်ကြလေကုန်။ ထိုမှတပါး အသင်သည် အကယ်၍ "မုအ်မင်န်" သက်ဝင် ယုံကြည်သူများ ဖြစ်ကြပါလျှင်၊ *အလ္လာဟ်* အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာရူလ်တမန်တော်၏ အမိန့်တော်များကို လည်းကောင်း၊ လိုက်နာကြလေကုန်။

① "ဗဒ်ရ်" စစ်ပွဲ၏ လက်ရပစ္စည်းများနှင့် ပတ်သက်၍ မွတ်စ်လင်မ်များတွင် သဘောကွဲပြားမှုဖြစ်ပေါ်ခဲ့သည်။ ထိုအခါ မွတ်စ်လင်မ်များက တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား "ကျွန်ုပ်တို့သည် မည်သို့မည်ပုံ ခွဲဝေကြရမည်နည်း ထိုလက်ရပစ္စည်းများကို ခွဲဝေရေးတွင် မည်သူ၌ အာဏာရှိပါသနည်း" ဟု မေးမြန်းကြလေသည်။

"နဖလ်"ဟူသည် ရန်သူထံမှရရှိသော မခွဲဝေရသေးသော လက်ရပစ္စည်းကိုဆိုလိုသည်။(ရာဃိဗ်)
သို့ရာတွင် ဃင်းပုဒ်သည် "ဃနီမတ်" လက်ရပစ္စည်းအနက်၌ ချွင်းချက်မရှိ အသုံးဖြစ်လာခဲ့ချေသည်။
"အန်ဖာလ်" ဟူသည် "ဃနာအင်မ်" လက်ရပစ္စည်းများကို ဆိုလိုသည်။ ဤသည် အီဗ်နုအဗ္ဗာစ်၊ မုဂျာဟစ်ဒ်၊ သွဟ်ဟာက်၊ ကတာဒဟ်၊ ဣက်ရမဟ်နှင့် အတွာတို့၏အဆိုတည်း။

(၂) လက်ရပစ္စည်းများကို အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်သာလျှင် ပိုင်ဆိုင်တော်မူကြသည်"။ ဤသည့် ဒေသနာတော်ကို ထောက်ရှုခြင်းအားဖြင့် လက်ရပစ္စည်းများကို အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်သာလျှင် ပိုင်ဆိုင်ကြောင်း၊ နှစ်ခြိုက်သည့်အတိုင်း ခွဲဝေသုံးစွဲပိုင်ကြောင်း ကောင်းစွာသိရှိရပေသည်။ ထို့ပြင်တဝ ဤသည့်ဒေသနာတော်ကို ထောက်ရှုခြင်းအားဖြင့် လက်ရပစ္စည်းများကို ဃာဇီများ၊ မုဂျာဟစ်ဒ်များ၊ မပိုင်ဆိုင်ကြောင်း ၎င်းတို့၏ကုသိုလ်အကျိုးများမှာ ဂျန္နတ်နှင့် ဂျန္နတ်၏ အမတသုခများသာ ဖြစ်ကြောင်း၊ ၎င်းတို့သည် လက်ရပစ္စည်းများကို မျှော်မှန်း၍ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြသည် အလျင်း မဟုတ်ကြောင်းကိုလည်း ကောင်းစွာသိရှိရပေသည်။

အစ္စလာမ်သာသနာ မထွန်းကားမီအလျင် ကမ္ဘာတွင် တန်ခိုးအာဏာကြီးမားသော အစိုးရများ ဖြစ်ပေါ်ခဲ့ဖူး၏။ အလွန်ကြီးကျယ်သော စစ်ပွဲကြီးများလည်း ဖြစ်ပွားခဲ့ဖူး၏။ အီဂျစ်၊ အိန္ဒိယ၊ အီရာန်၊ ယူနာန်(ခေါမ) ရောမ အစရှိသည့် နိုင်ငံကြီးများတွင် နိုင်ငံရေး ခေါင်းဆောင်ကြီးများ၊ စီးပွားရေးပါရဂူများ၊ ထွန်းကားခဲ့ဖူး၏။ ထိုထိုသော ခေါင်းဆောင်များနှင့် ပါရဂူများသည်လည်း လက်ရပစ္စည်းများနှင့် ပတ်သက်၍ အမျိုးမျိုးသော ထုံးတမ်းစဉ်လာများကို ချမှတ်ခဲ့ကြဖူး၏။ သို့ရာတွင် ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာပေါ်တွင် ဦးစွာပထမ လက်ရပစ္စည်းများနှင့် ပတ်သက်၍ ယင်းပစ္စည်းများကို ဘုရင်လည်းမပိုင်ဆိုင်ကြောင်း၊ စစ်ဗိုလ်များနှင့် စစ်သားများလည်း မပိုင်ဆိုင်ကြောင်း၊ တိုင်းပြည်နှင့်လူမျိုးလည်း မပိုင်ဆိုင်ကြောင်း၊ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူကြောင်း၊ အတည့်အလင်း ကျေညာခဲ့လေသည်။ ဃာဇီများ၊ မုဂျာဟစ်ဒ်များ၊ စစ်သည်များ၊ စစ်ဗိုလ်များ၏စိတ်စေတနာ သဒ္ဓါတရားကို ဖြူစင်သန့်ရှင်းစေရန်အတွက် ဤသည်ထက်ကောင်းသော အချက်သည် အဘယ်မှာရှိနိုင်အံ့နည်း။

အလ္လာဟ်အရှင်မြတ်သည် သက်ရှိသက်မဲ့ ကမ္ဘာအဝှန်းကို ဖန်ဆင်းတော်မူသောအရှင်၊ ပြုစုပျိုးထောင်တော်မူသောအရှင်၊ အရာရာကို ပိုင်ဆိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။ အစ္စလာမ်သာသနာတော်အရ ဥပဒေစည်းမျဉ်းဟူသည် ထိုအရှင်မြတ်၏ ဥပဒေစည်းမျဉ်းပင်ဖြစ်၏။ အကြီးဆုံးသော အာဏာသည်လည်း ထိုအရှင်မြတ်၌ပင် တည်ရှိသည်။ ထိုအရှင်မြတ်သည် အရာရာကို ပိုင်ဆိုင်တော်မူသကဲ့သို့ ရန်သူများထံမှ ရရှိသော လက်ရပစ္စည်းများကိုလည်း ထိုအရှင်မြတ်သည်ပင် ပိုင်ဆိုင်တော်မူသည်။

ဖော်ပြချက်

ဤမုကဒ္ဒိမ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ နာမ်တော်နှင့်ပူးတွဲ၍ တမန်တော်မြတ်၏ အမည်ကိုလည်း ဒွန်တွဲ သုံးနှုန်းထားတော်မူသည်။ ယင်းသို့ ဒွန်တွဲ သုံးနှုန်းထားတော်မူခြင်းအကြောင်းမှာ ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များကို ထိုတမန်တော်မြတ်မှတဆင့် ကမ္ဘာသူကမ္ဘာသားတို့အား ဟောကြားတော်မူသည်ဖြစ်ရာ ထိုတမန်တော်မြတ်သည် ထိုအရှင်မြတ်၏ ကိုယ်စားလှယ်တော်ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

(၃) အရေးကိစ္စအဝဝတွင် အလ္လာအရှင်မြတ်အား အမြဲတစေ ကြောက်ရွံ့ရိုသေ ခန့်ညားရမည်။ လောကီစည်းစိမ်များကို မမက်မောကြရ။ နောင်တမလွန် အရေးကိုသာ ရှေ့ရှုရမည်။ အချင်းချင်း တဦးထက်တဦး သာလိုမှု၊ ကြီးကဲလိုမှု၊ ပိုမိုရလိုမှုများ ပပျောက်သွားသည့်တိုင်အောင် အချင်းချင်း ဖြစ်ပွားသော ကိစ္စများကို ထိန်းသိမ်းရမည်။ မွမ်းမံရမည်၊ ပြုပြင်ရမည်၊ လူသားတို့၏ အခွင့်အရေးများကို အတည်အကျ အပြည့်အဝ ထမ်းဆောင်ရမည်။ တနည်းအားဖြင့် ဤမုကဒ္ဒိမ်တော်တွင် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်များနှင့် လူသားတို့နှင့် ပတ်သက်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည့်အကြောင်း မိန့်ဆိုထားတော်မူခြင်းပင်ဖြစ်သည်။

ကြည့်-မာဂျိဒီ။

إِنَّمَا الْمُؤْمِنُونَ الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ وَإِذَا تُلِيَتْ عَلَيْهِمْ آيَاتُهُ زَادَتْهُمْ إِيمَانًا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٢﴾

၂။ အကြင်သူတို့ သည်သာလျှင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ (အစစ်အမှန်များ) ဖြစ်ကြကုန်၏။ (၎င်းတို့ရှေ့ဝယ်) အလွှာဟ် အရှင်မြတ်အား သတိရခဲ့လျှင်၊ ၎င်းတို့၏စိတ်နှလုံးများသည် ထိတ်လန့်သွားကြကုန်၏။ ထို့ပြင် အကယ်၍ ၎င်းတို့ရှေ့၌ ထိုအရှင်မြတ်၏အာယတ်တော်များကို ဖတ်ကြားခဲ့ပါမူ၊ ထိုအာယတ်တော်များသည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို တိုးပွားခိုင်မြဲစေကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည်(မိမိတို့၏ကိစ္စအဝဝ၌) မိမိတို့အား *ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်၌ပင် ယုံကြည်စိတ်ချလွှဲအပ်ကြကုန်သတည်း။* [၁]

الَّذِينَ يُقِيمُونَ الصَّلَاةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿٣﴾

၃။ အကြင်သူတို့သည် "ဆွလာတ်" ဝတ်ပြုမှုကို အမြဲမပြတ် ဆောက်တည်ကြကုန်၏။ ထို့ပြင် ၎င်းတို့အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသည်များအနက်မှ (လှူဒါန်း)သုံးစွဲကြကုန်သတည်း။

---

① ပြည့်ဝစုံလင်သော မွတ်စ်လင်မ်များသည် အရေးကိစ္စအဝဝတွင် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြသည်။ အချင်းချင်းပြေပြစ်စွာ ပေါင်းသင်းဆက်ဆံကြသည်။ သာမန်ကိစ္စလေးများနှင့်ပတ်သက်၍ ရန်ခိုက်ဒေါသမဖြစ်ကြ။ အငြင်းမပွားကြ။ မိမိတို့၏ စိတ်အလိုဆန္ဒများကို ပစ်ပယ်၍ အလွှာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်မြတ် အဖိန့်ဩဝါဒများကို နာခံကြသည်။ အလွှာဟ်အရှင်မြတ်၏ နာမံတော်ကို ကြားကြလျှင် ၎င်းတို့သည်တုန်လှုပ်သွားကြသည်။ အလွှာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ကြားနာကြသည့်အခါ ၎င်းတို့၏ "အီမာန်" ယုံကြည်မှုသည် ပိုမို၍ပင် ရင့်ကျက် ခိုင်မြဲ၍သွားပေသည်။ ယင်းသို့ ခိုင်မြဲမှုကြောင့်ပင် အရေးကိစ္စအဝဝတွင် အလွှာဟ်အရှင်မြတ်မှတပါး၊ မည်သည့်အရာကိုမျှ အားကိုးအားထားမပြုကြပေ။ ထိုအရှင်မြတ်အားသာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ထားကြသည်။ ထိုအရှင်မြတ်အားသာလျှင် ဓယရိုကျိုးရှိစိုးကြသည်။ ထိုအရှင်မြတ်၏လမ်းတော်၌သာ မိမိတို့၏ဥစ္စာပစ္စည်းများကို ပေးကမ်းလှူဒါန်းကြသည်။ အချုပ်မှာ ပြည့်ဝစုံလင်သော မွတ်စ်လင်မ်တို့သည် မိမိတို့၏ယုံကြည်မှုဖြင့်လည်းကောင်း၊ အကျင့်စာရိတ္တဖြင့်လည်းကောင်း၊ အပြုအမူဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းဖြင့်လည်းကောင်း၊ အားလုံးတို့ဖြင့် အလွှာဟ်အရှင်မြတ်၏ နှစ်သက်တော် မူခြင်းကိုရရှိရန် ကြိုးစားလျက်ရှိကြကုန်သည်။ ဤသို့သော မွတ်စ်လင်မ်များသည်သာလျှင် မှန်ကန်သော ပြည့်ဝစုံလင်သော မွတ်စ်လင်မ် များဖြစ်ကြပေသည်။ ဤသို့သောမွတ်စ်လင်မ်များသည်သာ အလွှာဟ်အရှင်မြတ်၏ အထံတော်၌ ကြီးကဲမြင့်မြတ်သော အဆင့်အတန်းများကိုရရှိကြမည်။ သာမန်ရိုးတဲ့မှုများမှလည်း လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြမည်ဖြစ်သည်။ ကောင်းမွန်မြင့်မြတ်သောရိကွာတော်များကိုလည်း ပေးသနားတော်မူခြင်းခံကြရမည်ဖြစ်သည်။

أُولَٰئِكَ هُمُ الْمُؤْمِنُونَ حَقًّا ۚ لَّهُمْ دَرَجَاتٌ عِندَ رَبِّهِمْ وَمَغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٤﴾

၄။ ဤသူများပင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အစစ်အမှန်များ ဖြစ်ကြကုန်၏။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ (မြင့်မြတ်လှသော) အဆင့်အတန်းများသည် လည်းကောင်း၊ (အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် သည်လည်းကောင်း၊ မင်္ဂလာနှင့်ပြည့်စုံသော (ဂုဏ်ရှိသော) ရိက္ခာသည်လည်းကောင်း၊ ရှိချေသတည်း။

كَمَا أَخْرَجَكَ رَبُّكَ مِن بَيْتِكَ بِالْحَقِّ وَإِنَّ فَرِيقًا مِّنَ الْمُؤْمِنِينَ لَكَارِهُونَ ﴿٥﴾

၅။ အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် မှန်ကန်စွာဆုံးဖြတ်၍ အသင့်ကို အသင်၏အိမ်မှထွက်စေတော်မူသကဲ့သို့ပင်။ [၁] စင်စစ်သော်ကား (ထိုအချိန်ကလည်း) "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အနက်မှ လူတစ်စုသည် (ယင်းသို့ထွက်ကြ ရသည်ကို) မနှစ်သက်မလိုလားခဲ့ကြချေ။

---

(၁) တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ မိမိ၏ နေရင်းဌာနဖြစ်သော မက္ကာမြို့တော်ကို စွန့်လွှတ်၍ မဒီနာမြို့တော်သို့ ရွှေ့ပြောင်း နေထိုင်တော်မူခဲ့သည်မှာ နှစ်နှစ်တိုင်းသို့ ရောက်ရှိချေပြီ။ သို့တစေလည်း မက္ကာမြို့သားမှရှိရှစ်က်များ၏ နှိပ်စက်ညှဉ်းပန်းမှုသည် ယခုထက်တိုင်ပင် တည်ရှိနေပေသေးသည်။ ထိုအချိန်တွင် ယင်းသို့ အဆက်မပြတ် ဒုက္ခပေးနေသောရန်သူ မုရှိရစ်က်တို့၏ ကုန်သည်တစ်စုသည် "အရှ်ရဖ်" ရွှေဒင်္ဂါး ငါးသောင်းတန် ကုန်ပစ္စည်းများကိုယူဆောင်၍ ဆီရိယနိုင်ငံမှ မက္ကာမြို့သို့ ပြန်လာနေကြောင်း၊ ထိုကုန်သည်တစ်စုကို မက္ကာမြို့သားကျော်ကြားသည့် ခေါင်းဆောင်တဦးဖြစ်သူ အဗူစုဖ်ယာန်က စီမံအုပ်ချုပ်ကြောင်း၊ ထိုကုန်သည်များသည် မဒီနာမြို့အနီးမှ ဖြတ်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိလေသည်။

တမန်တော်မြတ်၏ တပည့်သာဝကများသည် နှစ်ပေါင်းများစွာကပင် ယင်းမုရှိရစ်က်တို့၏ နှိပ်စက်ညှဉ်းပန်းမှုများကို အလူးအလိမ့်ခံ၍ နေခဲ့ကြရပေသည်။ သို့ရှိရာ ယခုကဲ့သို့ အခါအခွင့်သင့်ခိုက် မုရှိရစ်က်တို့၏ ရေသောက်မြစ် ဖြတ်တောက်ရန် အချက်ကောင်းပင်ဖြစ်သည်ဟု အခြေအနေအရ မွတ်စ်လင်မ်တို့၏စိတ်တွင် အတွေးပေါ်၍ လာလေသည်။ (မက္ကာမြို့သည် ကောက်ပဲသီးနှံထွက်သော မြို့မဟုတ်ပေ။ မက္ကာမြို့သူမြို့သားများ၏ အသက်မွေးဝမ်းကျောင်းသည် တိုင်းတပါးနှင့် ကူးသန်းရောင်းဝယ် ဖောက်ကားမှုအပေါ်၌ပင် တည်ရှိနေပေသည်၊) ထိုအချိန်တွင် တမန်တော်မြတ်သည် တပည့်သာဝက(၃၁၃)ပါးတို့နှင့်အတူ မဒီနာမြို့မှထွက်တော်မူ၏။ ထို(၃၁၃)ပါးသော တပည့်သာဝကများသည် စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားသော စစ်တပ်လည်း မဟုတ်ပေ။ စစ်လက်နက်များ အပြည့်အစုံ တပ်ဆင်ထားသည်လည်းမရှိပေ။ သို့တစေလည်း တမန်တော်မြတ်သည် မိမိ၏ အံ့မဆုံးသော အရည်အချင်းဖြင့် ထို (၃၁၃)ပါးသော သာဝကတို့အား စံနစ်တကျ စစ်တပ်ဖြစ်အောင် ➤➤

يُجَٰدِلُونَكَ فِي ٱلْحَقِّ بَعْدَمَا تَبَيَّنَ كَأَنَّمَا يُسَاقُونَ إِلَى ٱلْمَوْتِ وَهُمْ يَنظُرُونَ ۝٦

၆။ ၎င်းတို့သည် မှန်ကန်သော အကြောင်းတရားနှင့်စပ်လျဉ်း၍ ထိုမှန်ကန်သောအကြောင်းတရားသည် ထင်ရှားခဲ့ပြီးနောက် မိမိတို့သည် သေရာသို့မောင်းနှင်ခြင်းခံရ၍ (မရဏာသေခြင်းတရားကို မျက်ဝါးထင်ထင်) မြင်နေကြရဘိ သကဲ့သို့ပင် အသင်နှင့် စကားငြင်းခုံ ပြောဆိုခဲ့ကြကုန်သတည်း။ [၁]

➤➤ စီစဉ်တော်မူနိုင်ခဲ့လေသည်။ မွတ်စ်လင်မ်များထံတွင် အားလုံးပေါင်းမှ ကုလားအုတ်(၇၀)နှင့် မြင်း(၂)ကောင်သာ ပါရှိလေသည်။

ထိုသို့စီစဉ်နေသည့် အချိန်မှာပင် ဆီရိယနိုင်ငံမှပြန်လာသော မုဂ္ဂရစ်ကုန်သည်များသည် ဤသတင်းကို ရရှိသွားသည်ဖြစ်ရာ ယင်းကုန်သည်များသည် မိမိတို့အားကာကွယ်ရန်အတွက် မက္ကာမြို့သို့ လူလွှတ်၍ စစ်တပ်ကို ခေါ်စေသည်။ ထို့ပြင်တဝ ယင်းကုန်သည်များသည် သွားလာနေကျ ခရီးလမ်းကိုလွှတ်ပြီး၊ ပင်လယ်ကမ်းခြေမှ မက္ကာမြို့သို့ ပြန်ကြလေသည်။

မက္ကာမြို့အစိုးရ၏ ခေါင်းဆောင်ကြီးဖြစ်သော အဗူဂျဟလ်သည် ခေါင်းဆောင်ကြီးငယ်များနှင့်အတူ စစ်သည်(၉၅၀)ပါသော စစ်တပ်ကိုခေါ်၍ စိတ်အားတက်ကြွစွာဖြင့် မဒီနာမြို့သို့ ဦးတည်ကာ စစ်ချီတက်လာလေသည်။ "ဗဒ်ရ်" အမည်ရှိသောနေရာတွင် စစ်စခန်းချကြသည်။ "ဗဒ်ရ်"သည် မဒီနာမြို့၏ အနောက်တောင်ဘက် မိုင် (၂၀)တွင် တည်ရှိသည်။ ဤအဖြစ်အပျက်သည် ဟစ်ဂျရီသက္ကရာဇ် ၂-ခုနှစ်၊ ရမ်ဇွာန်လ၊ ၂၇-ရက်၊ သောကြာနေ့၊ ခရစ်သက္ကရာဇ် ၆၂၄-ခု၊ မတ်လ (၁၁)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့လေသည်။

ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ ရန်သူမုရှ်ရစ်က်တို့၏ ကုန်သည်အုပ်စုနှင့် စစ်တပ်၊ ၎င်း ၂-ခုအနက် တခုကို မုချအောင်နိုင်မည်ဖြစ်ကြောင်း "ဝဟီ"ရောက်လာလေသည်။ "ဆွဟာဗတ်" သာဝကကြီးများကား ဝဟီရရှိသောပုဂ္ဂိုလ်များ မဟုတ်ကြပေရာ ဤသို့တွေးတောကြ၏။ ယခုငါတို့ရင်ဆိုင်ရမည်မှာ ကုန်သည်အုပ်စု သို့မဟုတ် ငါတို့ထက် လက်နက်အင်အား စစ်သည်အင်ထားထက် နှစ်ဆများပြားသော ရန်သူစစ်တပ်ဖြစ်သည်။ ထိုအခြေအနေတွင် မွတ်စ်လင်မ်တစ်စုသည် ရန်သူများနှင့် ရင်ဆိုင်ရမည့်အရေးတွင် သို့လော သို့လောဖြစ်ကာ စနောင့်စနင်း ဖြစ်လာခဲ့ကြလေသည်။ စိတ်ဓာတ်မတည်၊ ချောက်ချား၍ လာခဲ့ကြလေသည်။ ယင်းသို့ အချို့မွတ်စ်လင်မ်များ စနောင့်စနင်းဖြစ်သည့်အတွက် တမန်တော်မြတ်သည် စိတ်မကောင်းဖြစ်မိတော်မူလေသည်။ သို့ရာတွင် ထိုအချိန်မှာပင် "မုဟာဂျစ်ရ်" သာဝကကြီးများအနက် အဗူဗတ်က်ရ်၊ အုမ်ရ်တို့ကလည်းကောင်း၊ "အန်ဆွာရ်" သာဝကကြီးများအနက်မှ "အောက်စ်"မျိုးနွယ်စု၏ခေါင်းဆောင်ကြီး စအိဒ်ကလည်းကောင်း၊ အမိန့်တော်နာခံပါမည့်အကြောင်း စိတ်အားထက်သန်စွာဖြင့် အသီးသီးထ၍ လျှောက်ထားပြောဆို အစီရင်ခံကြလေသည်။ ထိုအခါ တမန်တော်မြတ်သည် "ဗဒ်ရ်" သို့ ချီတက်သွားတော်မူလေသည်။ ကုရ်အာန်ကျမ်းမြတ် (၈:၅-၈)တွင် ဤသည့်ဖြစ်ရပ်များကို ရည်ညွှန်း၍ မိန့်ဆိုထားတော်မူသည်။

① "ဗဒ်ရ်" စစ်ပွဲတွင် မွတ်စ်လင်မ်စစ်သည်ဦးရေမှာ (၃၁၃)ဦးမျှဖြစ်သည်။ ၎င်းတို့၌လည်း စစ်လက်နက်၊ စားနပ်ရိက္ခာမပြည့်စုံ၊ ရန်သူစစ်သည်ဦးရေမှာ (၉၅၀)ဖြစ်သည်။ လက်နက်၊ စားနပ်ရိက္ခာလည်း အပြည့်အစုံပါသည်။ ယင်းသို့ စစ်သည်ဦးရေ၊ လက်နက်၊ စားနပ်ရိက္ခာ အလွန်တရာမျှ ကွာခြားနေသည့်အချိန်မျိုးတွင် ➤➤

وَإِذْ يَعِدُكُمُ اللَّهُ إِحْدَى الطَّائِفَتَيْنِ أَنَّهَا لَكُمْ وَتَوَدُّونَ أَنَّ غَيْرَ ذَاتِ الشَّوْكَةِ تَكُونُ لَكُمْ وَيُرِيدُ اللَّهُ أَنْ يُحِقَّ الْحَقَّ بِكَلِمَاتِهِ وَيَقْطَعَ دَابِرَ الْكَافِرِينَ ﴿٧﴾

၇။ ၎င်းပြင် (ပြန်လည်၍ သတိရကြလေကုန်) အကြင်အခါဝယ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အုပ်စု နှစ်စုအနက် တစုနှင့်ပတ်သက်၍ ထိုတစုသည် အသင်တို့၏လက်တွင်းသို့ အမှန်ပင် ကျရောက်လိမ့်မည်ဟု ကတိပြုလျက် ရှိတော်မူခဲ့လေသည်။ သို့ရာတွင် အသင်တို့မူကား ဆူးငြောင့် (ဝါ) လက်နက်မပါသော အုပ်စုသည်သာလျှင် မိမိတို့လက်တွင်းသို့ ကျရောက်ရန် မျှော်ခေါ်တောင့်တလျက်ရှိကြကုန်၏။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အမှန်ကို မိမိအမိန့်တော်များဖြင့် ထင်ရှားတော်မူရန်လည်းကောင်း၊ *ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏အခြေအမြစ်ကို (လုံးဝ) ဖြတ်တောက်ပစ်တော်မူရန်* [၁] လည်းကောင်း၊ ရည်စူးတော်မူချေသတည်း။

لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ وَلَوْ كَرِهَ الْمُجْرِمُونَ ﴿٨﴾

၈။ (သို့ ရည်စူးတော်မူခြင်းကား) အပြစ်ရှိသူတို့သည် နှစ်သက်ကြမည် မဟုတ်သော်လည်း အမှန်သည် အမှန်ပင်ဖြစ်ကြောင်း ထင်ရှားစေရန်လည်းကောင်း၊ အမှားသည် အမှားပင်ဖြစ်ကြောင်း ထင်ရှားစေရန်လည်းကောင်း၊ ဖြစ်ပေသတည်း။

➤➤ အချို့မွတ်စ်လင်မ်စစ်သည်များ၏ စိုးရိမ်မှု၊ စနောင့် စနင်းဖြစ်မှုမှာ လူသဘာဝအတိုင်းပင် ဖြစ်လေသည်။ ယင်းသို့သော အခြေအနေမျိုးတွင် စိုးရိမ်ကြောင့်ကြသည့်အတွက် အပြစ်ဒဏ်တစုံတရာလည်း မသင့်ပေ။ "မွတ္တလီ" သူတော်စင်တဦးပင် မြွေကိုသော်လည်းကောင်း၊ ကျားကိုသော်လည်းကောင်း၊ ရုတ်တရက် တွေ့မြင်လိုက်ရသည်ရှိသော် စိုးရိမ် ကြောက်ရွံ့သွားမည်သာ ဖြစ်သည်။ ဤကား လူသဘာဝပင်ဖြစ်သည်။ ထို့ပြင်တဝ ဗဒ်ရ်စစ်ပွဲတွင် ယင်းကဲ့သို့ စိုးရိမ်ကြောင့်ကြခဲ့ကြသော ပုဂ္ဂိုလ်များမှာ အားလုံးမဟုတ်ပေ။ အချို့သာ ဖြစ်ခဲ့ကြပေသည်။ ယင်းသို့ စိုးရိမ်ခဲ့ကြသည့်အတွက် ဆွဟာဗဟ် သာဝကကြီးများ၏ ဂုဏ်ရည်ကိုလည်း မည်သို့မျှ မထိခိုက်။ မငြိစွန်းပေ။

① "ဗဒ်ရ်" စစ်ပွဲတွင် မက္ကာမြို့သား မုရှ်ရစ်ကများသည် မွတ်စ်လင်မ်တို့ထက် စစ်လက်နက်၊ စားနပ်ရိက္ခာ စစ်သည်အင်အား များပြားပါလျက် မရှုမလှ စစ်ရေးနိမ့်၍ သွားခဲ့ကြရပေသည်။ ၎င်းတို့အနက် နာမည်ကြီး စစ်ဗိုလ်ကြီး (၇၀) တိတိ ကျဆုံး၍ (၇၀) တိတိပင် သုံပန်းအဖြစ် ဖမ်းဆီးခြင်း ခံခဲ့ကြရပေသည်။ ဤသို့ အား ဖြင့် "ဗဒ်ရ်" စစ်ပွဲတွင် မုရှ်ရစ်ကများသည် စစ်ရေးရှုံးနိမ့်ပြီး ကမ္ဘာတသက် ဦးခေါင်း မထောင်နိုင်အောင် ➤➤

إِذْ تَسْتَغِيثُونَ رَبَّكُمْ فَاسْتَجَابَ لَكُمْ أَنِّي مُمِدُّكُمْ بِأَلْفٍ مِّنَ الْمَلَائِكَةِ مُرْدِفِينَ ۝٩

၉။ (ပြန်လည်သတိရကြလေကုန်) အကြင်အခါဝယ်၊ အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ကူညီစောင်မတော်မူရန် လျှောက်ထား ပန်ကြားလျက်ရှိကြလေသည်။ ၎င်းနောက် ထိုအရှင်မြတ်သည် အသင်တို့၏ ပန်ကြားချက်ကို(လက်ခံတော်မူ၍) ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား *တပါး:ပြီး:တပါး: (ဆက်တိုက်)* လာကြမည်ဖြစ်သော [၁] "မလာအိကဟ်ကောင်းကင်တမန် တထောင်ဖြင့် ကူညီစောင်မတော်မူမည်"ဟု ပြန်ကြားတော်မူခဲ့လေသတည်း။

وَمَا جَعَلَهُ اللَّهُ إِلَّا بُشْرَىٰ وَلِتَطْمَئِنَّ بِهِ قُلُوبُكُمْ ۚ وَمَا النَّصْرُ إِلَّا مِنْ عِنْدِ اللَّهِ ۚ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ ۝١٠

၁၀။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ထို(ကဲ့သို့ "မလာအိကဟ်" များကို စေလွှတ်တော်မူ၍ ကူညီတော်မူမည်ဟု)ကတိပေးတော်မူခြင်းမှာ အသင်တို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်းအဖြစ်သာ လည်းကောင်း၊ အသင်တို့၏ စိတ်နှလုံးများသည် ထိုသတင်း(ကို ကြားသိရခြင်းအား)ဖြင့် နှစ်သိမ့်ခြင်းငှာလည်းကောင်း၊ ပြုတော်မူခဲ့လေသည်။ အမှန်သော်ကား အောင်မြင်မှုသည် အလ္လာဟ်အရှင်မြတ် အထံတော်မှသာလျှင်ဖြစ်၏။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ ဖြစ်သွားခဲ့ကြရလေသည်။ ထို့အတွက်ကြောင့်ပင် ရာဇဝင်ပါရဂူတို့က ဤစစ်ပွဲသည် အစ္စလာမ်နှင့် ကုဖ်ရ်အတွက် အပြီးအပြတ် အဆုံးအဖြတ်ပေးသည့် စစ်ပွဲပင်ဖြစ်သည်ဟု တညီတညွတ်တည်း ရေးသားကြခြင်းဖြစ်သည်။

① "ဗဒ်ရ်စစ်ပွဲတွင် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်တော်များကို စေလွှတ်၍ မွတ်စ်လင်မ်တို့အား ကူညီတော်မူခဲ့လေသည်။ ဤအကြောင်း ကုရ်အာန် (၃း၁၂၀-၁၂၈)တွင်လည်း ပါရှိခဲ့လေပြီ၊ ထူခြားချက်တစ်ရပ်မှာ ကုရ်အာန် (၃း၁၂၃-၁၂၄)တွင် ကောင်းကင်တမန်များ၏ အရေအတွက်မှာ ၃၀၀၀ မှ ၅၀၀၀ အထိ ➤➤

إِذْ يُغَشِّيكُمُ النُّعَاسَ أَمَنَةً مِّنْهُ وَيُنَزِّلُ عَلَيْكُم مِّنَ السَّمَاءِ مَاءً لِّيُطَهِّرَكُم بِهِ وَيُذْهِبَ عَنكُمْ رِجْزَ الشَّيْطَانِ وَلِيَرْبِطَ عَلَىٰ قُلُوبِكُمْ وَيُثَبِّتَ بِهِ الْأَقْدَامَ ﴿١١﴾

၁၁။ (ပြန်လည်၍ သတိရရှိကြလေကုန်)။ အခါတပါး၌ ထို အရှင်မြတ်သည် မိမိအထံတော်မှ အသင်တို့အပေါ်၌ အမောအပန်းပြေစေခြင်းငှာ ငိုက်မျည်းခြင်းကို ဖုံးလွှမ်းစေတော်မူခဲ့လေသည်။ ၎င်းပြင် အသင်တို့အပေါ်ဝယ် မိုးကောင်းကင်မှ(မိုး)ရေကို ထို(မိုး)ရေဖြင့် အသင်တို့အား သန့်ရှင်းစင်ကြယ်စိမ့်သောငှာလည်းကောင်း၊ အသင်တို့(၏) စိတ်နှလုံးတွင်း)မှ ရှိုင်တွာန်မိစ္ဆာကောင်၏ အကြံပေးချက်ကို ပယောက်စိမ့်သောငှာလည်းကောင်း၊ အသင်တို့၏ စိတ်နှလုံးများ ကြံ့ခိုင်စိမ့်သောငှာလည်းကောင်း၊ (အသင်တို့၏)ခြေများကို ထို(မိုး)ရေဖြင့် မြဲမြံခိုင်မြဲစိမ့်သောငှာလည်းကောင်း၊ ရွှာသွန်းစေလျက် ရှိတော်မူခဲ့ချေသတည်း။ [၁]

➤➤ ဖြစ်သည်ဟူ၍ ပါရှိသည်။ ဤမုက္ခပါဠိတော်တွင် ကောင်းကင်တမန်များ၏ အရေအတွက်မှာ ၁၀၀၀ ဟူ၍ပါရှိသည်။ အကယ်၍ အဖြစ်အပျက်သည် တခုတည်းဖြစ်ပါသော် ပထမတွင် ကောင်းကင်တမန်များ ၁၀၀၀ လာရှိ၍ ထို့နောက် အဆက်မပြတ် ကောင်းကင်တမန်များ ၃၀၀၀ မှ ၅၀၀၀ အထိ ဆင်းသက်လာခဲ့ကြသည်ဟု ဆိုရပေမည်။ ဤသည့်အချက်ကိုပင် "တပါးပြီးတပါး အဆက်မပြတ် လာကြသော" ဟူသောပုဒ်သည် ညွှန်ပြလျက်ရှိပေသည်။

① "ဗဒ်ရ်" စစ်ပွဲသည် အမှန်စင်စစ် မွတ်စ်လင်မ်တို့အဖို့ ပြင်းထန်ကြီးကျယ်သော စမ်းသပ်မှုကြီးတစ်ရပ်ဖြစ်ခဲ့ပေသည်။ မွတ်စ်လင်မ်တို့၌ စစ်သည်ဦးရေလည်းနည်း၏။ စစ်လက်နက်လည်း မပါခဲ့ချေ။ ၎င်းတို့သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်လည်း ထွက်လာခဲ့ကြသည်မဟုတ်ပေ။ ဤယူဆချက်သည် ထာနဝီသခင်၏ ယူဆချက်နှင့် ထပ်တူထပ်မျှဖြစ်သည်။ ထို့ပြင်တဝ ရန်သူများနှင့် ရင်ဆိုင်ရပြန်သောအခါ ရန်သူများသည် မိမိတို့ထက် နှစ်ဆပိုမို များပြားကြီးမားလျက်ရှိ၏။ ရန်သူများတွင် စစ်လက်နက် အပြည့်အစုံပါရှိ၏။ မွတ်စ်လင်မ်တို့အား ချေမှုန်းတိုက်ခိုက်ရန် စိတ်ဓာတ်လည်း အလွန်ပြင်းပြလျက်ရှိ၏။ မွတ်စ်လင်မ်နှင့် ကာဖိရ်တို့စပ်ကြားတွင် ဤစစ်ပွဲသည် ပထမဆုံးစစ်ပွဲပင်ဖြစ်သည်။

ပြိုင်ဆိုင်တိုက်ခိုက်ရာ၌ ကာဖိရ်များသည် စစ်မြေပြင်သို့ ပထမဦးစွာ ရောက်ရှိလာခဲ့ကြသဖြင့် ကောင်းသောနေရာကို ပထမရယူထားကြ၏။ ရေရှိရာနေရာကိုလည်း သိမ်းပိုက်ထားကြ၏။ မွတ်စ်လင်မ်များမှာ မြေနိမ့်ဘက်တွင် နေရာရရှိကြ၏။ မွတ်စ်လင်မ်တို့ဘက်တွင် သဲထူ၏။ သဲတွင်ခြေကျွံ၏။ မြူဖုံများသည်လည်း ဒုက္ခပေးလျက်ရှိ၏။ ရေမရှိသည့်အတွက် ရေမချိုးနိုင်ကြပေ။ "ဝုဇူ" လည်း မပြုနိုင်ကြပေ။ ထိုအချိန်အထိ "တယမ်မွန်မ်" ပြုရန် အမိန့်တော်လည်း မကျရောက်ခဲ့သေးပေ။ ဆာလောင် မွတ်သိပ်မှု သည်လည်း ➤➤

➤➤ မွတ်စ်လင်မ်တို့အား ဒုက္ခပေးလျက်ရှိသည်။

ဤသည့်အချင်းအရာ အဖြစ်အပျက်များကို ကြည့်၍ စစ်ရေးရှုံးနိမ့်မည်ဟု မွတ်စ်လင်မ်တို့သည် တွေးဆစိုးရိမ်မိကြ၏။ ထို့ပြင်တဝ ရှိုင်တွာန်က မွတ်စလင်တို့၏စိတ်တွင် "အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ချစ်ကြည်မြတ်နိုးခြင်းကို ခံကြရသောသူများ ဖြစ်ကြပါမူ၊ ထိုအရှင်မြတ်၏ ကူညီစောင်မမူသည် အသင်တို့ဘက်၌သာ ရှိရပေမည်။ ယခုကဲ့သို့ မနှစ်မြို့ဖွယ်ရာ ဖြစ်ရပ် များနှင့် တွေ့ကြုံရမည်မဟုတ်" ဟု အနှောင့်အယှက်ဖြစ်စေသော အတွေးအခေါ် ဖြစ်ပေါ်စေ၏။

ထိုအခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ကောင်းကင်မှ မိုးရွာသွန်းချစေတော်မူလေသည်။ ယင်းသို့ မိုးရွာသွန်းချတော် မူလိုက်သည့်အတွက် သဲများသည် မာသွားလေ၏။ ရေချိုးရန် ဝုသူပြုလုပ်ရန်နှင့် သောက်သုံးရန် ရေပြဿနာလည်း ရှင်းသွားလေ၏။ မြုဖုံများ၏ဒုက္ခလည်း ကင်းစင်သွားလေ၏။ ယင်းသို့ မိုးရွာသွန်းချလိုက်တော် မူသည်အတွက် မွတ်စ်လင်မ်တို့အတွက် ကောင်းသည်နှင့်အမျှ ကာဖိရ်တို့အတွက် အဆိုးဖြစ်သွားလေသည်။ ကာဖိရ်စစ်သည်များရှိရာဘက်တွင် ရွံ့ပုတ်ထူလာ၏။ သွားလာရာတွင် ခြေချော်၏။

ဤသို့အားဖြင့် မွတ်စ်လင်မ်တို့ တွေ့ကြုံနေကြရသော အခက်အခဲများ ဖြေရှင်းသွားသည့်အခါ အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့၏အပေါ်၌ အမောအပန်း ပြေစေတော်မူရန်အလို့ငှာ တစ်မျိုးတစ်ဖုံ ထူးခြားသည့် ငိုက်မြည်းမှုကို ဖုံးလွှမ်းစေတော်မူလေသည်။ ယင်းသို့ ငိုက်မြည်းမှုကို ဖုံးလွှမ်းစေတော်မူသည့်အခါ မွတ်စ်လင်မ်တို့၏ စိတ်တွင်းမှ စိုးရိမ်မှုများ လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

အချို့ "ရိဝါယတ်" ကျမ်းချက်များတွင် တမန်တော်မြတ်နှင့် သာဝကကြီး အမူဗတ်ကရ် သခင်တို့သည် တမန်တော်မြတ်အဖို့ သီးသန့်ပြုလုပ်ထားသည့် "အရီးရှ်" Canoby အမိုးအောက်တွင် တညဉ့်လုံး ဆုတောင်းပတ္ထနာပြု၍ နေကြလေသည်။ နောက်ဆုံးတွင် တမန်တော်မြတ်သည် အနည်းငယ်ငိုက်မြည်း၍ တဖန် ပြန်လည်သတိရလာသောအခါ မွတ်စ်လင်မ်တို့အား "ဝမ်းသာရွှင်လန်းကြကုန်၊ ကောင်းကင်တမန် ဂျစ်ဗရအိလ်သည် အသင်တို့အား ကူညီရန်ကြွလာပြီ" ဟု ပြောဆိုကာ အမိုးအောက်မှ အပြင်သို့ ထွက်လာတော်မူလေသည်။

ထို့နောက် တမန်တော်မြတ်သည် ကုရ်အာန် (၅၄-၄၅)တွင် ပါရှိသည့် မုက္ခပါဌ်တော်

سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ

"မကြာမီအတွင်း ရန်သူများသည် ရှုံးနိမ့်ပြီး ကျောခိုင်း၍ ထွက်ပြေးသွားကြလိမ့်မည်" ဟု မြွက်ဆိုလျက် နေတော်မူလေသည်။

အချုပ်အားဖြင့် ထိုနေ့ ထိုရက် ထိုအချိန်တွင် ယင်းကဲ့သို့ အလ္လာဟ်အရှင်မြတ်က မိုးရွာသွန်းချတော် မူလိုက်သဖြင့် မွတ်စ်လင်မ်တို့၏ ကိုယ်ခန္ဓာများသည် အညစ်အကြေးများမှ သန့်ရှင်း၍သွားလေသည်။ စိတ်နလုံးများသည်လည်း ရှိုင်တွာန်၏ အနှောင့်အယှက်မှ ကင်းစင်သွားလေသည်။ သဲများသည်လည်း မာသွားသဖြင့် ခြေကုပ် ရလာလေသည်။ ကြောက်လန့် စိုးရိမ်မှုများ ကင်းစင်၍ စိတ်ဓာတ်များသည်လည်း ကြံ့ခိုင်ရဲရင့်၍ လာလေသည်။

မှတ်ချက်။

အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အပေါ်၌ ငိုက်မြည်းမှုကို ၂-ကြိမ် လွှမ်းမိုးစေတော်မူခဲ့လေသည်။ "ဗဒ်ရ်" စစ်ပွဲတွင် တကြိမ်၊ "အုဟုဒ်" စစ်ပွဲတွင် တကြိမ်။

ကြည့်-ကုရ်အာန်(စး ၁၁။ ၃း ၁၅၃)။

إِذْ يُوحِي رَبُّكَ إِلَى الْمَلَٰئِكَةِ
أَنِّي مَعَكُمْ فَثَبِّتُوا الَّذِينَ
آمَنُوا ۚ سَأُلْقِي فِي قُلُوبِ
الَّذِينَ كَفَرُوا الرُّعْبَ
فَاضْرِبُوا فَوْقَ الْأَعْنَاقِ
وَاضْرِبُوا مِنْهُمْ كُلَّ بَنَانٍ ﴿١٢﴾

၁၂။ (ပြန်လည်၍ သတိရရှိပါလေ) တရံရောအခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်စေတမန်များထံ (ဤသို့) "ဝဟ်ယ်" အမိန့်တော် ချမှတ်တော်မူခဲ့လေသည်။ "ငါအရှင်မြတ်သည် ဧကန်စင်စစ် အသင်တို့နှင့်အတူရှိတော်မူ၏။ *သို့ဖြစ်ပေရာ အသင်တို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အား (ကြံ့ခိုင်စွာ) တည်မြဲစေကြလေကုန်။* [၁]

မကြာမီပင် ငါအရှင်မြတ်သည် "ကာဖိရ်" မယုံမကြည် သွေဖည ငြင်းပယ်သောသူတို့၏ စိတ်နှလုံးများ၌ ကြောက်ရွံ့ထိတ်လန့်ခြင်းကိုထည့်သွင်းပေးတော်မူအံ့။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့၏ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏ လက်ချောင်းများ၏ အဆစ်များကို တခုစီ ဖြတ်တောက်ကြလေကုန်"။

---

① ဗဒ်ရ်စစ်ပွဲတွင် "အီဗ်လီစ်" သည် "ကိနာနဟ်" မျိုးနွယ်၏ခေါင်းဆောင်ကြီး စုရာကတ်အီဗ်နု မာလစ်က် မုဒ်လဂျီ၏ ရုပ်ဆင်းသဏ္ဌာန်ဆောင်၍ "အဗုဂျဟ်လ်ထံသို့ ရောက်ရှိလာပြီး "ယနေ့အသင်တို့အား မည်သူမျှ အောင်နိုင်မည်မဟုတ်။ ကျွန်ုပ်၏တပ်မတော်ကြီး တစ်ခုလုံးသည် အသင်တို့နှင့်အတူတကွ ရှိသည်" ဟု ပြောဆိုကာ မုဒ်ရစ်က်တို့အား အားပေးစကားပြောခဲ့၏။ အီဗ်လ်စ်၏ အလံအောက်တွင် ရှိုင်တွာန်များ၏ အလွန်ကြီးမားသော တပ်ကြီးတစ်တပ်လည်း ပါရှိ၏။ (ဤအကြောင်းရှေ့တွင်လာမည်။) ထိုအခါ အလ္လာဟ် အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား ကူညီစောင့်ရှောက်ရန်အတွက် ကောင်းကင်တမန်များ၏ တပ်တစ်တပ်ကို စေလွှတ်တော်မူ၏။ ထိုကောင်းကင်တမန်တပ်ကို ကောင်းကင်တမန် ဂျစ်ဗ်ရာအီလ်နှင့် မိကာအီလ်တို့အား စီမံအုပ်ချုပ်စေတော်မူ၏။ ၎င်းနောက် ထိုအရှင်မြတ်က ကောင်းကင်တမန် တပ်မတော်အား ငါအရှင်မြတ်သည် အသင်တို့နှင့်အတူတကွ ရှိတော်မူသည်။ (ရှိုင်တွာန်များသည် လူသားတို့ အသွင်ဆောင်၍ ကာဖိရ်များအား အားပေးလျက်ရှိကြသည်။ ကာဖိရ်များဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်လျက်ရှိကြသည်။ မွတ်စ်လင်မ် စစ်သည်တော်များ၏စိတ်တွင် အနှောင့်အယှက်အမျိုးမျိုး ပေးလျက်ရှိကြသည်။ သို့ရှိရာ) အသင်တို့သည် အနိုပ်စက်ခံနေကြရသော အားနည်းသော မွတ်စ်လင်မ်စစ်သည်တော်များ၏ စိတ်ဓာတ်ကို ကြံ့ခိုင်အောင် ပြုလုပ်ပေး ကြကုန်။ ငါအရှင်မြတ်သည် ကာဖိရ်တို့၏စိတ်တွင် ကြောက်ရွံ့မှုကို ထည့်သွင်း ပေးတော်မူမည်။ အသင်တို့သည် မွတ်စ်လင်မ်များနှင့် ပူးပေါင်း၍ နိပ်စက်ညှင်းပန်းနေကြသော ကာဖိရ်တို့၏ လည်ကုပ်များကို ပိုင်းကြကုန်။ ➤➤

ذَٰلِكَ بِأَنَّهُمْ شَآقُّوا۟ ٱللَّهَ وَرَسُولَهُۥ ۚ وَمَن يُشَآقِقِ ٱللَّهَ وَرَسُولَهُۥ فَإِنَّ ٱللَّهَ شَدِيدُ ٱلْعِقَابِ ﴿١٣﴾

၁၃။ ဤ(အမိန့်တော်)သည်ကား ယင်း(မုရှ်ရစ်ကံ)တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ အရှင်မြတ်၏ ရာဇူလ်တမန်တော်အား လည်းကောင်း ဆန့်ကျင်ခဲ့ကြသောကြောင့် (ချမှတ်တော်မူသော အမိန့်တော်)ပင်တည်း။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ် တမန်တော်အား လည်းကောင်း၊ ဆန့်ကျင်ပါမူ အလ္လာဟ်အရှင်မြတ်သည် အမှန်စင်စစ် ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ လက်ချောင်းများကို ဖြတ်တောက်ကြကုန်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်ဖြစ်သော ဂျင်နီများနှင့် လူသားတို့သည် ပူးပေါင်း၍ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား ပြိုင်ဆိုင်လျက်ရှိသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်သွေဖည်သောသူများသည် မည်သို့မည်ပုံ အပြစ်ဒဏ်ခံကြရသည်ကို သိရှိသွားကြပေမည်။

ၚင်းတို့၏ ပြစ်ဒဏ်အစစ်အမှန်သည် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ဖြစ်သည်။ သို့ရာတွင် ဤပစ္စက္ခဘဝ၌လည်း ထိုပြစ်ဒဏ်များ၏ အနည်းငယ်စံနမူနာကို မြည်းစမ်းသွားကြရပေမည်။

အချို့ “ရိဝါယတ်” ကျမ်းချက်များတွင် လာရှိသည်မှာ “ဗဒ်ရ်” စစ်မြေပြင်တွင် လူများသည် ကောင်းကင်တမန်များကို မိမိတို့၏ မျက်စိများဖြင့် မြင်ခဲ့ကြသည်။ ကောင်းကင်တမန်များ သတ်ဖြတ်ထားသော သူသေများကို လူသားများသတ်ဖြတ်သော သူသေများနှင့် ခွဲခြား၍ သိရှိနိုင်ခဲ့ကြသည်။

အကယ်၍ ဂျင်နီရွှင်တွာန်များနှင့် လူရွှင်တွာန်များသည် အမှန်တရားကို ဖျက်ဆီးရန် အထူးတလည် စုရုံးကြလျှင် အလ္လာဟ်အရှင်မြတ်သည် မုန်ကန်သော မွတ်စ်လင်မ် သူတော်စင်တို့အား ကူညီစောင့်ရှောက်တော်မူရန် အတွက် ကောင်းကင်တမန် စေလွှတ်တော်မူနိုင်ကြောင်း သာဓကပြတော်မူခြင်း ဖြစ်ပေသည်။ အမှန်မှာ အောင်နိုင်မှု၊ ရှုံးနိမ့်မှု မဆိုထားဘိ ကိစ္စကြီးငယ် အသွယ်သွယ်တို့သည် ထိုအရှင်မြတ်၏ အလိုတော်အတိုင်းသာ ဖြစ်ပျက်လျက်ရှိပေသည်။ ထိုအရှင်မြတ်သည် ကောင်းကင်တမန်များကိုလည်း မှီခိုအားထားတော်မူသည်မဟုတ်။ လူသားတို့ကိုလည်း မှီခိုအားထားတော်မူသည်မဟုတ်။ မည်သည့်အရာကိုမှ မှီခိုအားထားတော်မူသည်မဟုတ်။ ထိုအရှင်မြတ်သည် ကိစ္စအရပ်ရပ်ကို ကောင်းကင်တမန်များအား လုပ်ခိုင်းစေတော်မူလိုလျှင် ကောင်းကင်တမန်တပါးတည်းအားပင် မြောက်များစွာသော မြို့ရွာများကို မှောက်လှန်ဖြိုဖျက်နိုင်သည့် စွမ်းအားပေးတော်မူခဲ့လေသည်။ ဗဒ်ရ် စစ်မြေပြင်တွင် ကောင်းကင်တမန်များအား စေလွှတ်၍ မွတ်စ်လင်မ်တို့အား ကူညီတော်မူခဲ့ခြင်းမှာ ကျိုးကြောင်းတရား ဆက်စပ်လျက်ရှိသော ဤပစ္စက္ခဘဝတွင် ပြေးလွှားနေကြသော ရွှိုင်တွာန်များအား အနည်းငယ် သတိပေးတော်မူခြင်းသာ ဖြစ်ပေသည်။

ذَٰلِكُمْ فَذُوقُوهُ وَأَنَّ لِلْكَافِرِينَ عَذَابَ النَّارِ ﴿١٤﴾

၁၄။ သို့ဖြစ်ပေရာ အသင်တို့သည် ဤသည့် (ပြစ်ဒဏ်)ကို မြည်းစမ်းကြလေကုန်။ ၎င်းပြင် ဧကန်မလွဲ "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်ကုန်သောသူတို့ခံစားအံ့သောငှာ "ဂျဟန္နမ်" ငရဲဘုံ၏ ပြစ်ဒဏ်သည် အဆင်သင့် ရှိသည် (ကိုလည်း ကောင်းစွာ မှတ်ယူကြလေကုန်။)

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا لَقِيتُمُ الَّذِينَ كَفَرُوا زَحْفًا فَلَا تُوَلُّوهُمُ الْأَدْبَارَ ﴿١٥﴾

၁၅။ အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့အား (စစ်တပ်ကြီးဖွဲ့လျက်)(တနည်း)စစ်ပွဲ၌၊ စစ်မြေပြင်၌တွေ့ဆုံကြသောအခါ ၎င်းတို့အား ကျောခိုင်းရှဲမသွားကြကုန်လင့်။ (၀၀) ထွက်မပြေးကြကုန်လင့်။ ၁

---

① စစ်သည်တော်များအား စစ်မြေပြင်မှ ဆုတ်ခွာထွက်ပြေးခွင့် အနည်းငယ်ပင် ပြုထားပါလျှင် စစ်တပ်၏ စီမံကွပ်ကဲအုပ်ချုပ်မှုသည် ချက်ချင်းပျက်ပြားသွားမည် ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် မည်သည့် စစ်ဥပဒေ၌မျှ စစ်မြေပြင်မှ ဆုတ်ခွာထွက်ပြေးခွင့် အလျင်းပြုမထားချေ။ စစ်မြေပြင်မှ ထွက်ပြေးခြင်းသည် ကြောက်ရွံ့မှုကြောင့်ပင် ဖြစ်သည်။ ဤသည် ချမ်းသာခွင့်မရရှိနိုင်သော အပြစ်ပင်ဖြစ်သည်။

အထူးသဖြင့် အစ္စလာမ်တပ်မတော်၏ စစ်သည်တော်များသည် ကြေးစားတပ်သားများ မဟုတ်။ အလ္လာဟ်အရှင်မြတ်၏စစ်သည်တော်များပင် ဖြစ်သည်။ မွတ်စ်လင်မ်စစ်သည်တော်များသည် မိမိတို့၏အသက်ပေးကာ ဂျန္နတ်ကို ရယူကြရန်အတွက် စစ်မြေပြင်၌ ခြေချကြသည်။ သို့ဖြစ်ပေရာ မွတ်စ်လင်မ်စစ်သည်တော်များတွင် ကြောက်စိတ်သည် အလျင်း မရှိနိုင်ပေ။

> စစ်မြေပြင်မှ ထွက်ပြေးခြင်းသည် ကုရ်အာန်ကျမ်းမြတ်အရ လည်းကောင်း၊ မြောက်မြားစွာ ပညာရှင်တို့၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပျက်စီးစေတတ်သော ကြီးမားသော အပြစ်ကြီးပင် ဖြစ်သည်။ (ကုရ်တုဗီ)
>
> များပြားသော ရန်သူစစ်တပ်နှင့် ရင်ဆိုင်ရာမှ ထွက်ပြေးသူ၏သက်သေထွက်ချက်ကို လက်မခံထိုက်။ မွတ်စ်လင်မ်စစ်သည်များသည် ၎င်းတို့၏ ရှေ့ဆောင် အကြီးအကဲ ထွက်ပြေးငြားလည်း ၎င်းတို့အတွက် ထွက်ပြေးပိုင်ခွင့်မရှိ။ ဤသည် "အီဗ်နုလ်ကာစင်မ်" ၏ အဆိုတည်း။ (ကုရ်တုဗီ)
>
> များပြားသော ရန်သူစစ်တပ်နှင့် ရင်ဆိုင်ရာမှ ထွက်ပြေးခြင်းသည် အကြီးဆုံးသော အပြစ်များတွင် အပါအဝင်ဖြစ်သည်။

မွတ်စ်လင်မ်စစ်သည်တဦးသည် စစ်မြေပြင်မှ အကြောင်းမဲ့ထွက်မပြေးရ။ ယင်းသို့ ထွက်ပြေး ➤➤

وَمَنْ يُّوَلِّهِمْ يَوْمَئِذٍ
دُبُرَهٗٓ اِلَّا مُتَحَرِّفًا لِّقِتَالٍ
اَوْ مُتَحَيِّزًا اِلٰى فِئَةٍ فَقَدْ
بَآءَ بِغَضَبٍ مِّنَ اللّٰهِ
وَمَاْوٰىهُ جَهَنَّمُ ؕ وَبِئْسَ
الْمَصِيْرُ ⑯

၁၆။ အမှန်သော်ကားမည်သူမဆို ထိုနေ့တွင် အချီအတက် လွှဲပြောင်းစစ်ဆင်ခြင်း၊ သို့တည်းမဟုတ် (မိမိတို့၏)တပ်ဖွဲ့တခုခုထံ (သွားရောက်)ပူးပေါင်းနေရာယူခြင်းမှတပါး၊ ၎င်းတို့အား ကျောခိုင်း၍သွားခဲ့မူ၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်နှင့်တကွ ပြန်ခဲ့သည်။ ထိုသူသည် အမျက်တော်သင့်လေပြီ။ ထို့ပြင် ဂျဟန္နမ် ငရဲဘုံသည်ပင်လျှင် ၎င်း၏နေရာထိုင်ခင်း ဖြစ်ချေသည်။ စင်စစ်တမူကား ဂျဟန္နမ်ငရဲဘုံသည် အလွန်ယုတ်ညံ့သိမ်ဖျင်းလှသော ပြန်လည်ရာစခန်းပင် ဖြစ်ချေသတည်း။

فَلَمْ تَقْتُلُوْهُمْ وَلٰكِنَّ اللّٰهَ
قَتَلَهُمْ ۪ وَمَا رَمَيْتَ اِذْ رَمَيْتَ
وَلٰكِنَّ اللّٰهَ رَمٰى ۚ وَلِيُبْلِيَ
الْمُؤْمِنِيْنَ مِنْهُ بَلَآءً حَسَنًا ؕ
اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ⑰

၁၇။ အသင်တို့သည် ထို(ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သော) သူတို့အား သတ်ဖြတ်ခဲ့ကြသည်မဟုတ်ပေ။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည်ပင် ထိုသူတို့အား သတ်ဖြတ်တော်မူခဲ့လေသည်။ ထိုနည်းတူစွာ (အို - နဗီတမန်တော်) အသင်သည် (၎င်းတို့အား) (သဲများဖြင့်)ပက်ခဲ့စဉ်ကလည်း အသင်ပက်ခဲ့သည်မဟုတ်ပြီ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်ပင် ပက်တော်မူခဲ့လေသည်။ [၁]

➤➤ ခြင်းသည် "ဟရာမ်" ဖြစ်သည်။ သို့ရာတွင် စစ်အင်အားခြင်း မမျှလျှင်၊ ဥပမာ- ရန်သူစစ်သည်များသည် မိမိတို့ထက် နှစ်ဆထက် ပိုမိုများပြားနေလျှင် စစ်မြေပြင်မှ ဆုတ်ခွာလာနိုင်သည်။ ကြည့်-ကုရ်အာန် (၈:၆၆)။

ထို့ပြင်တဝ စစ်မြေပြင်တွင် စစ်ပရိယာယ်ဖြင့် ရန်သူအားလှည့်စားပြီး ထိရောက်စွာ ပြန်လည်တိုက်ခိုက်ရန်အတွက် ခေတ္တ စစ်မျက်နှာမှဆုတ်ခွာခြင်း၊ အခြေအနေအရ မိမိတို့၏ ဗဟိုရှစ်တပ်နှင့် သွားရောက်ပူးပေါင်းရန်အတွက် စစ်မျက်နှာမှ ခေတ္တ ဆုတ်ခွာလာခြင်းများသည် ပြုနိုင်သည်။ (ထာနဝီ)

① တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်)သည် ဗဒ်ရ် စစ်မြေပြင်တွင် စစ်ပြိုင်တိုက်ခိုက်နေသည့် အချိန်၌ သဲ သို့မဟုတ် ကျောက်စရစ် လက်တဆုပ်ယူ၍ မုရှ်ရစ်က် စစ်သည်တော်များဘက်သို့ ပက်တော်မူလိုက်ရာ (အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့်) ထိုသဲပွင့်များ သို့မဟုတ် ကျောက်စရစ်ခဲကလေးများသည် ရန်သူတို့၏မျက်လုံးများတွင် ဝင်သွားသဖြင့် ရန်သူများသည် စစ်ရေးရှုံးနိမ့်၍ သွားခဲ့ကြရလေသည်။

အလ္လာဟ်အရှင်မြတ်သည် ဗဒ်ရ်စစ်ပွဲတွင် မွတ်စ်လင်မ်တို့အား အံ့မဆုံးသော ဖြစ်ရပ်များ၊ တန်ခိုးပြာဋိဟာများကို ပြသတော်မူခဲ့လေသည်။ ဤသည့်အချက်များကို ထောက်ရှုခြင်းအားဖြင့် အရေးကိစ္စအဝဝတွင် ➤➤

(ယင်းသို့ပြုတော်မူခြင်းကား၊ ထိုအရှင်မြတ်၏ သက်သေလက္ခဏာ ထင်ရှားစေအံ့သောငှာ လည်းကောင်း၊) ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အား ဆက်လက်၍ တည်မြဲစေအံ့သောငှာ လည်းကောင်း၊ "မုအ်မင်နဲ်" သက်ဝင် ယုံကြည်သူတို့အား မိမိအထံတော်မှ မွန်မြတ်သောစမ်းသပ်ခြင်းကို စမ်းသပ်တော်မူအံ့သောငှာလည်းကောင်း ဖြစ်ချေသည်။ အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။

ذَٰلِكُمْ وَأَنَّ اللَّهَ مُوهِنُ كَيْدِ الْكَافِرِينَ ﴿١٨﴾

၁၈။ ဤသည်ကား (ပြီးခဲ့သောကိစ္စပင်တည်း။) ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့၏ *ကြံစည်မှုကို* လည်း *ဧကန်မလွဲ နုံနဲ့(ပျက်စီး)စေတော်မူလတ္တံ့၊* [၁]

إِن تَسْتَفْتِحُوا فَقَدْ جَاءَكُمُ الْفَتْحُ ۖ وَإِن تَنتَهُوا فَهُوَ خَيْرٌ لَّكُمْ ۖ وَإِن تَعُودُوا نَعُدْ ۚ وَلَن تُغْنِيَ عَنكُمْ فِئَتُكُمْ شَيْئًا

၁၉။ (အို-မက္ကာမြို့သား ကာဖိရ် အပေါင်းတို့) အသင်တို့သည် အကယ်၍ စီရင်ဆုံးဖြတ်ချက်ကို ရလိုပါမူ စီရင်ဆုံးဖြတ်ချက်သည် *အသင်တို့ရှေ့ဝယ် အမှန်ပင် အသင့်ရောက်ရှိနေချေပြီ။* [၂] သို့ရာတွင် အသင်တို့သည်အကယ်၍ (ယခုကပင်)ရပ်စဲကြပါလျှင် ထိုရပ်စဲခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်သည်။

➤➤ တကယ်အရာထင်အောင်၊ ထိရောက်အောင်၊ ပြုတော်မူသော အရှင်မှာ အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။ သို့ရာတွင် ထိုအရှင်မြတ်သည် ကျိုးကြောင်း ဆက်စပ်လျက်ရှိသော ဤပစ္စက္ခဘဝတွင် မိမိပြုတော်မူသော အရေးကိစ္စ အဝဝတို့ကိုမူကား အဆက်အသွယ်များ၊ ကရိယာတန်ဆာများ အားဖြင့်သာ ပြီးစီးစေတော်မူလေသည်။

① ယခုလည်းအလ္လာဟ်အရှင်မြတ်သည် ဗဒ်စစ်ပွဲတွင် မက္ကာမြို့သားကာဖိရ်များ၏ အကြံအစည်ကို အချည်းနှီးဖြစ်စေတော်မူလိုက်လေပြီ။ နောက်နောင်တွင်လည်း ထိုအရှင်မြတ်သည် ယင်း ကာဖိရ်များ၏ အကြံအစည်များကို အချည်းနှီးပင် ဖြစ်စေတော်မူမည်သာ ဖြစ်သတည်း။

وَّلَوْ كَثُرَتْ وَاَنَّ اللّٰهَ مَعَ الْمُؤْمِنِيْنَ ﴿١٩﴾

သို့ရာတွင်အကယ်၍ အသင်တို့သည်ထပ်မံ၍ ပြုလုပ်ကြပါမူ ငါ အရှင်မြတ်သည်လည်း ထပ်မံ၍ ပြုလုပ်တော်မူအံ့။ ထိုအခါ အသင်တို့၏အုပ်စုသည် မည်မျှပင်များပြားသော်လည်း အသင်တို့အဖို့ အနည်းငယ်မျှပင် အသုံးဝင်လိမ့်မည်မဟုတ်ပေ။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့နှင့်အတူ ရှိတော်မူသည် (ကိုလည်း ကောင်းစွာ သတိပြုကြလေကုန်)။

---

① ဤမုကျပါဠိတော်သည် မက္ကာမြို့သားကာဖိရ်များကို ရည်ညွှန်း မိန့်ဆိုထားတော်မူသော မုကျပါဠိတော်ဖြစ်သည်။ မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ တမန်တော်မြတ် "ဟစ်ဂျရတ်" မပြုလုပ်မီအလျင် မက္ကာမြို့သား ကာဖိရ်များသည် တမန်တော်မြတ်အား "အကယ်၍ အသင်တို့သည် မှန်ကန်စွာပြောဆိုသူများဖြစ်ကြလျှင် ကျွန်ုပ်တို့နှင့် အသင်တို့ စပ်ကြားတွင် အရှုံးအနိုင် အဆုံးအဖြတ်သည် မည်သည့်အခါတွင် ဖြစ်မည်နည်း" ဟု ပြောဆိုလေ့ရှိကြသည်။ အမှန်မှာ မွတ်စ်လင်မ်တို့နှင့် ကာဖိရ်တို့၏စပ်ကြားတွင် ပြည့်စုံသော နောက်ဆုံးဖြစ်သော အဆုံးအဖြတ်သည် ကိယာမတ်နေ့၌ ရှိပေမည်။ သို့ရာတွင် ကာဖိရ်များသည် ဤသည့်အဆုံးအဖြတ်ကို တနည်းတဖုံ "ဗဒ်ရ်" စစ်မြေပြင်မှာပင် မြင်လိုက်ကြရပေပြီ။ ကာဖိရ်တို့သည် အဖက်ဖက်တွင် စစ်အင်အား များပြားကြီးမားလျက် နှင့်ပင် လက်တဆုပ်မျှသော မွတ်စ်လင်မ်တို့၏ရှေ့မှောက်တွင် အံ့ဖွယ်သရဲ မရွှမလှ အရှုံးကြီးရှုံးခဲ့ကြရလေပြီ။ အကယ်၍ ယင်းကာဖိရ်တို့သည် တမန်တော်မြတ်အား သွေဖည်ဆန့်ကျင်မှု ပြုခြင်းမှလည်းကောင်း၊ "ကုဖ်ရ်" "ရှရ်စ်က်" ပြုခြင်းမှလည်းကောင်း၊ ရပ်ခဲ့ကြလျှင် ၎င်းတို့အဖို့ နှစ်ဘဝလုံးတွင် ကောင်းပေသည်။ ယင်းသို့မဟုတ်ပဲ အကယ်၍ ၎င်းတို့သည် ဤကဲ့သို့ပင် မိုက်မဲ၍ တဖန် မွတ်စ်လင်မ်တို့အား တိုက်ခိုက်ကြလျှင် အလ္လာဟ်အရှင်မြတ်သည်လည်း မွတ်စ်လင်မ်တို့အား ယခင်ကဲ့သို့ပင် စောင့်ရှောက်ကူညီတော်မူမည်ဖြစ်သဖြင့် နောက်ဆုံးတွင် ယင်း ကာဖရ်များသည် ရှုံးနိမ့်ကြရမည် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား ကူညီစောင့်ရှောက်လျက် ရှိတော်မူပေရာ ကာဖိရ်များအဖို့ ၎င်းတို့၏ စစ်သည်အင်အားများသည် အဘယ်မျှပင် များပြားလင့်ကစား အကျိုးသက်ရောက်စေမည် မဟုတ်ပေ။

အချို့ "ရိဝါယတ်" ကျမ်းချက်များတွင် ဤသို့လာရှိသည်။ အဗူဇဟ်လင်နှင့် အပေါင်းပါများသည် မွတ်စ်လင်မ်တို့အား ချေမှုန်းရန်အတွက် မက္ကာမြို့မှ ဗဒ်ရ်သို့ ထွက်ခွာလာကြသည့်အခါ "ကအ်ဗဟ်" ကျောင်းတော်၏ "ယိလာဗ်" အဖုံးတော်ကိုကိုင်၍ "အိုအလ္လာဟ်အရှင်မြတ်၊ အုပ်စု ၂ ခုအနက် အမြင့်မြတ်ဆုံး၊ အကောင်းမွန်ဆုံး အုပ်စုကို အနိုင်ပေးတော်မူပါ။ ဆူပူနှောင့်ယှက်သူများကို အရှုံးပေးတော်မူပါ" ဟု ဆုမွန်တောင်းခဲ့ကြလေသည်။ သို့ ဆုမွန်တောင်းဆိုခဲ့ကြသည့်အတိုင်းပင် အဟုတ်တကယ် အမှန်မြင့်မြတ်ကောင်းမွန်သော အုပ်စုသည် အနိုင်ရရှိ၍ ဆူပူနှောင့်ယှက် ဖျက်ဆီးသောအုပ်စုသည် ဆုံးရှုံးပျက်စီးခဲ့ရလေပြီ။ (ဝါ)မွတ်စ်လင်မ်တို့သည် အမြင့်မြတ်ဆုံးသော အုပ်စုဖြစ်သည့်အလျောက် အနိုင်ကြီးနိုင်ခဲ့ရ၍ ကာဖိရ်များသည် ဆူပူနှောင့်ယှက်သူများ ဖြစ်သည့်အလျောက် အရှုံးကြီး ရှုံးခဲ့ကြရလေပြီ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ أَطِيعُوا۟ ٱللَّهَ وَرَسُولَهُۥ وَلَا تَوَلَّوْا۟ عَنْهُ وَأَنتُمْ تَسْمَعُونَ ﴿٢٠﴾

၂၀။ အို-"မုအ်မင်နဲ်"သက်ဝင်ယုံကြည်သူ အပေါင်းတို့၊အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ရာဇလ်တမန်တော်၏အမိန့်တော်များကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ ၎င်းပြင်အသင်တို့သည် ကြားသိလျက်နှင့် ထိုအမိန့်တော်(များ)မှလွဲဖယ်မသွားကြကုန်လင့်။ [၁]

وَلَا تَكُونُوا۟ كَٱلَّذِينَ قَالُوا۟ سَمِعْنَا وَهُمْ لَا يَسْمَعُونَ ﴿٢١﴾

၂၁။ ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူများသည် ကျွန်တော်မျိုးတို့ ကြားကြပါပြီ [၂] ဟု ပြောဆိုခဲ့ကြလေသည်။ စင်စစ်မူကား၊ ၎င်းတို့သည် (တစုံတရာကိုမျှ) ကြားကြသည်မဟုတ်ပေ။

---

① "ကျွန်ုပ်သည် အမိန့်တော်ကို ကြားပါသည်၊ နာခံပါသည်၊" ဟု မုအ်မင်နဲ်တဦး၏ ပြောဆိုခြင်းမှာ ထိုအမိန့်တော်ကို မိမိကိုယ်တိုင် လိုက်နာကျင့်သုံးခြင်းအားဖြင့် ယင်းသို့ လိုက်နာကျင့်သုံးခြင်း၏ (အကျိုးဖြစ်သည့်) အမှတ်အသား အရိပ်အရောင်သည် ထိုမုအ်မင်နဲ်၌ မပေါ်ထင်သမျှ ကာလပတ်လုံး ယင်းသို့ပြောခြင်းမှာ အကျိုးမရှိပေ။ ဤသည့်သဘောကို ဤမုကွပါဠိတော်တွင် ရည်ညွှန်းထားတော်မူသည်။ (ကုရ်တုဗီ)

ကုရ်အာန်ကျမ်းမြတ် (၈း၁၉)တွင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နဲ်များနှင့် အတူတကွ ရှိတော်မူကြောင်းပါရှိ၏။ ယခု ဤမုကွပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မတော်မူခြင်းကို ရရှိနိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်နှင့်လည်းကောင်း၊ တမန်တော်မြတ်နှင့်လည်းကောင်း၊ မည်သို့မည်ပုံ ဆက်သွယ်နေထိုင်ကြရမည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။ မှန်ကန်သော မုအ်မင်နဲ်တဦးသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုကြား၏၊နားလည်၏၊ လက်ခံ၏၊ သို့ကြားပြီးနားလည်ပြီး၊ လက်ခံပြီးနောက်တွင်မူ ထိုအမိန့်တော်ကို ကိုယ်၊ နှုတ်၊ နှလုံး၊ သုံးပါး လုံးဖြင့် လိုက်နာကျင့်သုံးရမည်သာ ဖြစ်သည်။ အခြေအနေများက အဘယ်မျှပင်ဟန့်တားနေလင့်ကစား မည်သည့်အချိန်တွင်မျှ ထိုအမိန့်တော်များကို အလျင်း ကျောမခိုင်းရပေ။

② ယဟူဒီများက တမန်တော်မူစာအား "ကျွန်ုပ်တို့ ကြားကြပါသည်။ သို့ရာတွင် မနာခံကြပါ" ဟု ဆိုခဲ့ကြ၏။ ကြည့်- ကုရ်အာန်(၂း၉၃)။ မက္ကာဖြို့သားမုရှ်ရစ်ကျမ်းများက "ကျွန်ုပ်တို့ ကြားလိုက်ကြပါသည်။ အကယ်၍ ကျွန်ုပ်တို့အလိုရှိလျှင် ဤ(ကုရ်အာန်)ကဲ့သို့ လုပ်နိုင်ကြပါသည်" ဟု ဆိုခဲ့ကြ၏။ ကြည့်- ကုရ်အာန် (၉း၃၁)။ မဒီနာမြို့ရှိမုနာဖစ်ဂ်များမှာကား တမန်တော်မြတ်နှင့် မွတ်စ်လင်မ်တို့ရှေ့မှောက်တွင် အမိန့်တော်နာခံပါမည့်အကြောင်း နှုတ်အားဖြင့်ဝန်ခံကြလေသည်။ သို့ရာတွင် စိတ်တွင်းမှငြင်းပယ်ကြလေသည်။ မုအ်မင်နဲ်များသည် အထက်တွင်ဖော်ပြပါ ယဟူဒီများ၊ မုရှ်ရစ်ဂ်များနှင့် မုနာဖစ်ဂ်များကဲ့သို့ မဖြစ်ကြရ။ မုအ်မင်နဲ်တို့မူကား ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ မျက်မှောက်တွင်လည်းကောင်း၊ မျက်ကွယ်တွင်လည်းကောင်း၊ အချိန်အခါမရွေး အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များနှင့် တမန်တော်မြတ်၏ ဩဝါဒတော်များကို ကြည်ဖြူစွာ သက်စွန့်ကြိုးပမ်း လိုက်နာ ကျင့်သုံးကြရမည်ဖြစ်သည်။

إِنَّ شَرَّ الدَّوَآبِّ عِندَ اللَّهِ الصُّمُّ الْبُكْمُ الَّذِينَ لَا يَعْقِلُونَ ﴿٢٢﴾

JJ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အထံတော်တွင် အဆိုးဆုံးသတ္တဝါသည် အကြင် ဆွံ့အ၊ နားပင်းသောသတ္တဝါများပင် ဖြစ်ကြကုန်၏။ ထိုသတ္တဝါတို့သည်ကား (မည်သည့်တစုံတရာကိုမျှ) မသိနားမလည်ကြချေ။ ၁

وَلَوْ عَلِمَ اللَّهُ فِيهِمْ خَيْرًا لَّأَسْمَعَهُمْ ۖ وَلَوْ أَسْمَعَهُمْ لَتَوَلَّوا وَّهُم مُّعْرِضُونَ ﴿٢٣﴾

JJ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင်တစုံတရာကောင်းမွန်သော အချက်ကို အကယ်၍သာ သိမြင်တော်မူခဲ့ပါမူ ၎င်းတို့အား မုချ ကြားနာစေတော်မူခဲ့အံ့။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့အား အကယ်၍ ကြားနာစေတော်မူသည့်တိုင်အောင် မလွဲဧကန် ၎င်းတို့သည် ဂရုမစိုက်ပဲ လွှဲဖယ်တိမ်းရှောင်သွားကြမည်သာတည်း။ ၂

---

① အလ္လာဟ်အရှင်မြတ်သည် မြေဩဆိုရန် နှုတ်လျှာပေးတော်မူ၏။ ကြားရန် နားပေးထားတော်မူ၏။ နားလည်နိုင်ရန် စိတ်နှလုံး၊ ဦးနှောက်ပေးထားတော်မူ၏။ သို့ပါလျက် အကြင်သူများသည် ဤသည့်စွမ်းအားများကို အသုံးမပြုပဲ အချည်းနှီး ပြုလုပ်ထားကြ၏။ (၀၂) နှုတ်ဖြင့် အမှန်စကားကို မပြောကြ။ မမေးကြ။ နားဖြင့် အမှန်စကားကို နားမထောင်ကြ။ စိတ်၊ ဦးနှောက်ဖြင့်လည်း အမှန်စကားကို နားလည်ရန် မကြိုးစားကြ။ (၀၂)၎င်းတို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော အစွမ်းသတ္တိများကို ချီးမြှင့် ထားတော်မူခြင်း၏ အဓိကအလုပ်များတွင် အသုံးမပြုကြ။ သို့ဖြစ်ပေရာ ထိုသို့သောသူများသည် တိရစ္ဆာန်များ ထက်ပင် ပိုမိုဆိုးရွားကြသည်မှာ ထင်ရှားလှပေသည်။

ဤမုဒ္ဒါပါဌ်တော်၏ အနက်သဘောကို ပိုမိုသိရှိ နားလည်နိုင်ရန်အတွက် ကုရ်အာန် (၇:၁၇၉)ကို ရှုပါကုန်။

② ဤကာဖိရ်များတွင် ကောင်းကျိုးချမ်းသာ ရရှိမှု၏ မူလအခြေခံပင် မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ စိတ်နှလုံးများတွင် အမှန်တရားကိုလိုလားသည့် မှန်ကန်သော အာသာဆန္ဒလည်း မရှိပေ။ အမှန်တရားကို လက်ခံနာယူနိုင်သည့် အရည်အချင်းလည်းမရှိပေ။ ထိုသို့သောအရည်အချင်း ရှိသည့်အခါမျိုးဌ်သာလျှင် လူသားတို့သည် မှန်ကန်သော ကောင်းကျိုးချမ်းသာမှုကို ရရှိနိုင်ကြပေသည်။ ဤကာဖိရ်များတွင် အမှန်တရားကို လိုလားသည့် အာသာဆန္ဒလည်းမရှိ။ အမှန်တရားကို လက်ခံနာယူနိုင်သည့် အရည်အချင်းလည်းမရှိ။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်က မိမိတို့အား ချီးမြှင့်ထားတော်မူသော အစွမ်းသတ္တိများကိုပင်လျှင် အချည်းနှီးဖြစ်အောင် ဖျက်ဆီးထားကြ၏။ ယင်းသို့ အစွမ်းသတ္တိများကို အသုံးမပြုကြသည့်အခါ အမှန်တရားကို လက်ခံနာယူလိုသည့် အရည်အချင်းများသည် တဖြည်းဖြည်း ယျောက်ကျယ်သွားလေတော့သည်။ ဤသည့်အချက်ကိုပင် ဤမုဒ္ဒါပါဌ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱسْتَجِيبُواْ لِلَّهِ وَلِلرَّسُولِ إِذَا دَعَاكُمْ لِمَا يُحْيِيكُمْ ۖ وَٱعْلَمُوٓاْ أَنَّ ٱللَّهَ يَحُولُ بَيْنَ ٱلْمَرْءِ وَقَلْبِهِۦ وَأَنَّهُۥٓ إِلَيْهِ تُحْشَرُونَ ﴿٢٤﴾

၂၄။ အို- "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်နှင့် ရာ့ရူလ်တမန်တော်၏ အမိန့်တော်များကို ထို ရာ့ရူလ် တမန်တော်သည် အသင်တို့ကို အသင်တို့ အသက် ရှင်စေနိုင်သော အကြောင်းများသို့ ဖိတ်ခေါ်သော အခါ လိုက်နာကြလေကုန်။ [၁] ထိုမှတပါး ဧကန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူနှင့် လူ၏စိတ် နှလုံးအကြားတွင် အကာအဆီး ဖြစ်တော်မူသည် ကို လည်းကောင်း၊ ထို့ပြင် အသင်တို့သည် ဧကန် မလွဲ ထိုအရှင်မြတ်၏ အထံတော်၌ပင် စုရုံးကြရ မည်ကို လည်းကောင်း၊ အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။

➤➤ အလ္လာဟ် အရှင်မြတ်သည် ဤ ကာဖိရ်များ၏ စိတ်နှလုံး များတွင် အမှန်တရားကို လက်ခံနာယူ လိုသည့် စွမ်းရည်ကို မြင်တော်မမူပေ။ အကယ်၍ ၎င်းတို့တွင် ယင်းစွမ်းရည်သည် အနည်းငယ်မျှပင် ရှိသော်ထို အရှင်မြတ်သည် ၎င်းတို့အား မိမိ၏ စွန့်တော် အတိုင်း ဒေသနာတော်များကို မုချ ကြားနာစေတော် မူမည်သာ ဖြစ်သည်။ သို့ရာတွင် ယခုလက်ရှိ အခြေအနေတွင် ထို ကာဖိရ်များအား တရား ဒေသနာတော် များကို ကြားနာစေတော် မူခဲ့သည့်တိုင်အောင် ၎င်းတို့သည် သွေဖည် ကျောခိုင်း သွားကြမည်သာ ဖြစ်သည်။

① (က) မွတ်စ်လင်မ်တို့အား လိုက်နာဆောင်ရွက်ရန် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် ဖိတ်ကြားတော် မူသည့် ဂျီဟာဒ် အစရှိသည့် လုပ်ငန်းများသည် မွတ်စလင်မိတို့အဖို့ စ၊ လယ်၊ ဆုံး အကောင်းချည်းသာဖြစ်၏။ ထိုဖိတ်ကြားချက်များသည် မွတ်စ်လင်မ်တို့အဖို့ ဤပစ္စက္ခဘဝ၌ ဂုဏ်သိက္ခာရှိရှိ အေးချမ်းသာယာစွာ အသက်ရှင် နေနိုင်ရန်နှင့် နောင်တမလွန်ဘဝ၌ အမတ ဇီဝ၊ ထာဝရရှင်နေရန် အကြောင်း တရားများပင် ဖြစ်သည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် ဖိတ်ခေါ်တော်မူသည့်အခါ မွတ်စ်လင်မ်တို့သည် မိမိတို့၏ အလုပ်အကိုင်များကိုပင် စွန့်လွှတ်၍ မဆိုင်းမတွပဲ ဆောလျင်စွာ လိုက်နာကြရမည် ဖြစ်သည်။

(ခ) အမိန့်တော်များကို နာခံရာတွင် ဖင့်နှဲမှု အလျင်းမရှိစေရ။ အဘယ်ကြောင့်ဆိုသော် စိတ်သည် ပြောင်းလဲတတ်သည်။ စိတ်သည် သူ၏လက်တွင် မရှိပေ။ အမှန်မှာ အလ္လာဟ်အရှင်မြတ်၏ လက်တွင်း၌သာ ရှိသည်။ ထိုအရှင်မြတ်သည် စိတ်ကို အလိုရှိရာသို့ လှည့်တော်မူနိုင်သည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် မည်သူတဦးတယောက်၏ စိတ်ကိုမျှ အစပထမတွင် တားဆီးတော်မူသည်မရှိချေ။ ထိုစိတ်ပေါ်တွင် တံဆိပ်ခပ်နှိပ်တော်မူသည်မရှိ။ သို့ရာတွင် လူသားတဦးသည် အမိန့်တော်များကို လိုက်နာ ကျင့်သုံးရာတွင် ပျင်းရိဖင့်နွဲလာသည့်အခါ ထိုအရှင်မြတ်သည် ယင်းသို့ ပျင်းရိဖင့်နွဲခြင်း၏ ပြစ်ဒဏ်အနေဖြင့် စိတ်နှလုံးကို တားဆီးထားတော်မူသည်။ ထို့ပြင်တဝ လူသားသည် အမှန်တရားကို အလိုမုန်းတည်း ➤➤

وَاتَّقُوا۟ فِتْنَةً لَّا تُصِيبَنَّ
ٱلَّذِينَ ظَلَمُوا۟ مِنكُمْ
خَآصَّةً ۖ وَٱعْلَمُوٓا۟ أَنَّ ٱللَّهَ
شَدِيدُ ٱلْعِقَابِ ﴿٢٥﴾

၂၅။ ၎င်းပြင် အသင်တို့သည် အကြင် ပြစ်ဒဏ်မှ ကြဉ်ရှောင်ကြလေကုန်။ ထိုပြစ်ဒဏ်သည် အသင်တို့ အနက်မှ *မတရားကျူးလွန်သူတို့ အပေါ်၌သာလျှင် သီးသန့်၍ အလျင်း သက်ရောက်လိမ့်မည် မဟုတ်* ပေ။ [၁] ထိုမှတပါး ဧကန်စင်စစ် အလွန်ဟ်အရှင်မြတ်သည့် (ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့အား) ပြင်းထန်စွာ ပြစ်ဒဏ် စီရင်တော်မူသောအရှင် ဖြစ်တော်မူသည်ကိုလည်း (ကောင်းစွာ) သိထားကြလေကုန်။

➤➤ ခြင်းကြောင့် အမှန်တရားကို ပစ်ပယ်လာသည့်အခါ ထိုအရှင်မြတ်သည် ထိုသို့သောသူ၏ စိတ်နလုံးပေါ်တွင်မူ တံဆိပ်ခပ်နှိပ်တော်မူလေသည်။ "မုသွီဟုလ်ကုရ်အာန်" ကျမ်းတွင် ဤသို့ပင် ဖွင့်ဆိုရေးသားထားသည်ကို တွေ့ရှိရသည်။

လူသားသည် မိမိ၏စိတ်နလုံးနှင့် နီးကပ်သည်ထက် အလွန်ဟ်အရှင်မြတ်သည် ပို၍ နီးကပ်တော်မူသည်။ ကြည့်- ကုရ်အာန် (၅၀း၁၆)။ အလွန်ဟ်အရှင်မြတ်သည် လူသားတို့ စိတ်တွင်းရှိ အဖြစ်အပျက်များကို လူသားတို့ထက် ပို၍သိတော်မူသည်။ ထိုအရှင်မြတ်၏ရှေ့တော်တွင် ထိန်ချန်ထားခြင်းလည်း အလျင်းမဖြစ်နိုင်ပေ။ လူသားအားလုံးတို့သည်လည်း တနေ့သော် ထိုအရှင်မြတ်၏ထံတော်သို့ ရောက်ရှိကြရမည် ဖြစ်သည်။ လူသားတို့ ဖုံးဖိ လျှို့ဝှက်ထားသော အရာများသည်လည်း ထိုအရှင်မြတ်၏ ရှေ့တော်မှောက်တွင် ထင်ရှားပေါ်လွင်သွားမည် ဖြစ်သည်။ သို့ဖြစ်ပေရာ လူသားတို့သည် ထိုအရှင်မြတ်၏ အမိန့်တော်များကို ကြည်ဖြူဆောလျင်စွာ လိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။

① အုပ်စုတစုတွင် ဥပမာ-အချို့သည် အပြစ်ကျူးလွန်ကြ၏။ အချို့သည် အပြစ်ကိုကြဉ်ရှောင်ကြ၏။ သို့ရာတွင် အပြစ်ကြဉ်ရှောင်သောသူများသည် အပြစ်ကျူးလွန်နေသူများအား ရှိသမျှသော စွမ်းအားဖြင့်ပင် ပိတ်ပင်တားဆီးရန် မကြိုးစားခဲ့ကြပေ။ ဤသို့အားဖြင့် အပြစ်ကြဉ်ရှောင်သူများသည်လည်း ပြစ်မှုကျူးလွန်နေသူ များအား စွမ်းအားရှိသမျှ တားဆီးခြင်းမပြုပဲ နေခဲ့ကြသည့်အတွက် တာဝန်ပေါ်လျော့ရာ ရောက်ကြပေသည်။ တနည်း- မှုပြစ်တွင် ပါဝင်ရာ ရောက်ကြပေသည်။

အစ္စလာမ် သာသနာသည် မွတ်စ်လင်မ်တို့အား အလွန် မြင့်မားသော အဆင့်အတန်းသို့ ပို့ဆောင်လိုသည်။ အစ္စလာမ် တရားသဘောအရ မွတ်စ်လင်မ်တဦးသည် သူတော်စင်များဘောင်တွင် ရောက်ရုံမျှဖြင့် မလုံလောက်သေးပေ။ မွတ်စ်လင်မ်တိုင်းသည် မိမိကိုယ်တိုင် သူတော်စင်ဖြစ်၍ တတ်စွမ်းနိုင်သမျှ သူတပါးတို့အား သွန်သင်ဆုံးမရမည်။ ပြုပြင်ပေးရမည်။ ကောင်းရာကိုညွှန်ရမည်။ မကောင်းရာမှ မြစ်တားရမည်။ အဘယ်ကြောင့် ဆိုသော် အစ္စလာမ် တရားတော်တွင် အပြစ်ကိုသော် လည်းကောင်း၊ ပြစ်မှု ကျူးလွန်သူကိုသော် လည်းကောင်း၊ လျစ်လျူရှု ထားခြင်းသည်လည်း အပြစ်တရပ်ပင် ဖြစ်ပေသည်။

ဤအကြောင်းနှင့် ပတ်သက်၍ ထာနဝီသခင်က အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

မိမိကိုယ်ကို ပြုပြင်ရန်နှင့် ပတ်သက်၍ အမိန့်တော် နာခံခြင်းသည် "ဝါဂျစ်ဗ်" တာဝန် ဖြစ်သကဲ့သို့ မိမိတတ်စွမ်းနိုင်သမျှ သူတပါးတို့အား ကာယကံအားဖြင့်ဖြစ်စေ၊ ဝစီကံအားဖြင့်ဖြစ်စေ၊ ကောင်းရာကို ➤➤

➤➤ ညွှန်ခြင်း၊ သို့တည်းမဟုတ် နောက်ဆုံးအဆင့်အတန်း ဖြစ်သည့် စိတ်တွင် စက်ဆုပ်ရွံရှာခြင်းသည်လည်း "ဝါဂျစ်ဗ်" တာဝန်ပင်ဖြစ်သည်။ သို့မဟုတ်ပါမူ တာဝန်ပေါ့လျော့သည့် အပြစ်တွင် ပြစ်မှုကျူးလွန်သော သူများအပေါ်၌ ပြစ်ဒဏ်သက်ရောက်သကဲ့သို့ တာဝန်ပေါ့လျော့သူများ အပေါ်တွင်လည်း နည်းများဆို မုချသက်ရောက်မည်ဖြစ်သည်။

ဤမုဇ္ဈပါဠိတော်နှင့် ပတ်သက်၍ သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုအမ္မာစ်သခင်ထံမှ ဤသို့ တဆင့်ကြားသိရ၏။ အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နှ်တို့အား ယင်းတို့တွင် ပြစ်မှုများကို မတည်ရှိ နေစေရန်အတွက် အလ္လာဟ်အရှင်မြတ်က အမိန့်ပေးထားတော်မူသည်။ သို့မဟုတ်ပါမူ ၎င်းတို့အားလုံး အပြစ်ဒဏ်ကို ပေးတော်မူမည် ဖြစ်သည်။ ဤအဖွင့်သည် အကောင်းဆုံးပင် ဖြစ်သည်။ (အီဗ်နုကဆီရ်)

တမန်တော်မြတ်က မိန့်ကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် လူတစုစု၏ အပြစ်ကြောင့် အားလုံးတို့အား ပြစ်ဒဏ်ပေးတော်မူသည် မဟုတ်။ သို့ရာတွင် လူများသည် မိမိတို့၏စပ်ကြားတွင် ဖြစ်ပေါ်နေသော မကောင်းမှုများကို ပိတ်ပင် တားဆီးနိုင်ပါလျက် ပိတ်ပင် တားဆီးခြင်းမပြုပဲ လက်ပိုက်ကြည့်နေကြသော် ထိုအချိန်တွင်မူ အလ္လာဟ် အရှင်မြတ်သည် (ပြစ်မှုကျူးလွန်သော) လူတစုကိုလည်းကောင်း၊ (လက်ပိုက်ကြည့်နေသော) လူများစုကိုလည်းကောင်း၊ ပြစ်ဒဏ်ပေးတော်မူလေသည်။

ဤသည် အဒီအီဗ်နုအုမိုင်ရဟ် သခင်ထံမှ တဆင့်ကြားသိရသော ကျမ်းချက်တည်း။ (အီဗ်နုကဆီရ်)

သာဝကကြီး နုအ်မာန်အီဗ်နု ဗရှီရ်သခင်သည် မိမိ၏လက်ညှိုးနှစ်ချောင်းဖြင့် မိမိ၏ နားနှစ်ဖက်သို့ညွှန်လျက် တရားဓမ္မဩဝါဒ ပေးခဲ့သည်မှာ- အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသူ၊ သွေဖည်သူနှင့် ပေါ့လျော့သူများ၏ ဥပမာသည် သင်္ဘော စီးကြသော ခရီးသည် လူတစုနှင့်တူသည်။

ထိုလူတစုအနက် အချို့သည် သင်္ဘော အထက်ထပ်တွင် စီးကြ၏။ အချို့တို့သည် သင်္ဘောအောက်ထပ်တွင်စီးကြ၏။ အောက်ထပ်တွင်စီးသောသူများသည် ရေသောက်သုံး လိုကြသည့်အခါ အထက်ထပ်တွင် ရှိသောသူများထံသို့ သွားကြသည်။ အထက်ထပ်တွင် ရှိသောသူများသည် အောက်ထပ်မှ ရေတောင်းသူများအား ဒုက္ခပေးကြ၏။

ထိုအခါ အောက်ထပ်တွင် ရှိသူများက ကျွန်ုပ်တို့သည် မိမိတို့၏ ရေရရေးအတွက် (သင်္ဘောအောက်)ကို ဖောက်ကြမည်။ ထိုအပေါက်မှ ရေသောက်သုံးကြမည်။ အထက်ထပ်တွင်ရှိ လူများ၏ ဒုက္ခပေးမှုကိုလည်း ခံကြရမည် မဟုတ်ဟု ပြောဆိုကြလေသည်။

ထိုအချိန်တွင် အထက်ထပ်ရှိ လူများသည် အောက်ထပ်ရှိလူများအား လျစ်လျူပြု၍ သင်္ဘောဖောက်ခွင့် ပြုထားပါလျှင် အားလုံးသေကြမည် ဖြစ်သည်။ အကယ်၍ အထက်ထပ်ရှိ လူများသည် အောက်ထပ်ရှိ လူများအား (ရေပေး၍) သင်္ဘောဖောက်ခြင်းမှ လာရောက် တားဆီးကြပါလျှင် အားလုံး ချမ်းသာကြမည် ဖြစ်သည်။

(အီဗ်နုကဆီရ်) အ-၂။ စ-၂၉၉။

وَاذْكُرُوٓا۟ إِذْ أَنتُمْ قَلِيلٌ مُّسْتَضْعَفُونَ فِى الْأَرْضِ تَخَافُونَ أَن يَتَخَطَّفَكُمُ النَّاسُ فَـَٔاوَىٰكُمْ وَأَيَّدَكُم بِنَصْرِهِۦ وَرَزَقَكُم مِّنَ الطَّيِّبَٰتِ لَعَلَّكُمْ تَشْكُرُونَ ﴿٢٦﴾

၂၆။ တဖန် အသင်တို့သည် ပြန်လည်၍ သတိရကြလေကုန်။ တရံရောအခါဝယ် အသင်တို့သည် (အရေအတွက်အားဖြင့်) အနည်းငယ်မျှသာ ရှိကြကုန်၏။ တိုင်းပြည်တွင် အင်အားနည်းပါးသူများ(လည်း) ဖြစ်ခဲ့ကြကုန်၏။ (သို့ဖြစ်ပေရာ) အသင်တို့သည် မိမိတို့အား သူတပါးတို့က ရုတ်တရက်အားဖြင့် (ပြုတ်ပြုန်းအောင်) လုယက်တိုက်ခိုက် သတ်ဖြတ်ကြမည်ကို စိုးရိမ်လျက်ရှိကြကုန်၏။ ထို့နောက် ထို (အလ္လာဟ်)အရှင်မြတ်သည် အသင်တို့ ကျေးဇူးတော်ကို သိတတ်ကြအံ့သောငှာ အသင်တို့အား ခိုကိုးရန် နေရာချပေးတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏အကူအညီဖြင့် အင်အား(လည်း)ဖြည့်၍ ပေးတော်မူခဲ့လေသည်။ ထိုမှတပါး အသင်တို့အား သန့်ရှင်းစင်ကြယ်သော ရိက္ခာများကို (လည်း) ချီးမြှင့်ပေးသနားတော်မူခဲ့လေသတည်း။ [၁]

---

① ဤမုက္ခပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အပေါ်၌ ပြုတော်မူခဲ့သော မိမိ၏ ကျေးဇူးတော်များကို ဖွင့်ဟ မိန့်ဆိုထားတော်မူသည်။ မွတ်စ်လင်မ်တို့သည် "ဟစ်ဂျရတ်" မပြုလုပ်မီ အချိန်တွင်လည်းကောင်း၊ ဟစ်ဂျရတ်လုပ်ပြီးသည့်နောက် အတန်ကြာသည်အထိလည်းကောင်း၊ လူဦးရေသည် အနည်းငယ်မျှသာ ဖြစ်ခဲ့ကြသည်။ ဥစ္စာပစ္စည်းလည်း မရှိခဲ့ကြပေ။ အဖက်ဖက်တွင် မွတ်စ်လင်မ်တို့၏ အင်အားချည့်နဲ့မှုကိုကြည့်ပြီး ကာဖိရ်များသည် မွတ်စ်လင်မ်တို့အား ဝါးမျိုလိုကြသည်။ မွတ်စ်လင်မ်တို့သည်လည်း မိမိတို့အား ရန်သူများက ရုတ်တရက် လုယက်တိုက်ခိုက် သတ်ဖြတ်ကြမည်ကို အချိန်မရွေး စိုးရိမ်ကြောင့်ကြလျက် ရှိခဲ့ကြပေသည်။ ယင်းသို့ အဖက်ဖက်တွင် နိမ့်ကျပြီး အချိန်မရွေး ပျပန်သောက စိုးရိမ်ကြောင့်ကြလျက် ရှိကြသည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား မဒီနာမြို့တွင် နေရာချထားပေးတော်မူလေသည်။ "အန်ဆာရ်" နှင့် "မုဟာဂျစ်ရ်" တို့စပ်ကြားတွင် အဲ့ဘွယ်သရဲညီနောင် ဖွဲ့ပေးတော်မူလေသည်။ "ဗဒ်ရ်" စစ်မြေပြင်တွင် မွတ်စလင်တို့အား အကွယ်မှအကူအညီ ပေးတော်မူခဲ့သဖြင့် မွတ်စ်လင်မ်တို့သည် ရန်သူများအား ချေမှုန်းနိုင်ခဲ့ကြလေသည်။ သုံ့ပန်းနှင့် လက်ရုပ်စွဲညီး အမြောက်အများကို သိမ်းပိုက်ရရှိခဲ့ကြလေသည်။ အချုပ်အားဖြင့် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား အလွန်နိမ့်ကျနေသည့် အခြေအနေမှ အလွန်ကောင်းမွန် မြင့်မြတ်သော အခြေသို့ ပို့ဆောင်တော်မူခဲ့လေသည်။ စားနပ်ရိက္ခာ အဖြာဖြာတို့ကိုလည်း ပေးသနားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သိကြရမည်။ အမိန့်တော်များကို နာခံရာတွင် မဖင့်နွဲကြရ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَخُونُوا۟ ٱللَّهَ وَٱلرَّسُولَ وَتَخُونُوٓا۟ أَمَٰنَٰتِكُمْ وَأَنتُمْ تَعْلَمُونَ ﴿٢٧﴾

၂၇။ "အို – မုအ်မင်္ဂန်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ စောင့်ထိန်းအပ်သော တာဝန်ဝတ္တရား များကိုလည်းကောင်း၊ ရစူလ်တမန်တော်နှင့်ပတ်သက် ၍ စောင့်ထိမ်းအပ်သော တာဝန်ဝတ္တရားများကိုလည်း ကောင်း၊ *အလွဲသုံးစားမပြုကြကုန်လင့်*။ [၁] ထိုနည်းတူ စွာ အသင်တို့သည် မိမိတို့ယုံကြည်အပ်နှံခြင်း ခံကြ ရသောကိစ္စများကိုလည်း သစ္စာအလွဲသုံးစား မပြုကြ ကုန်လင့်။ အမှန်မှာ အသင်တို့သည် (အလွဲသုံးစား ပြုခြင်းဖြင့် ဖြစ်ပေါ်လာမည့်ဆုံးရှုံးမှုများနှင့် အလွဲ သုံးစားပြုခြင်းသည် ဟရာမ်ဖြစ်သည်ကို) အသိပင် ဖြစ်ကြပေသည်။

---

① အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍လည်းကောင်း၊ တမန်တော်မြတ်နှင့် ပတ်သက်၍လည်းကောင်း၊ "ခယာနတ်" အလွဲသုံးစား ပြုခြင်းဟူသည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်ဩဝါဒများကို သွေဖည် ဆန့်ကျင်ခြင်းကိုပင် ဆိုလိုသည်။ မွတ်စ်လင်မ်ဖြစ်ပါသည်ဟု နှုတ်ဖြင့်ဆို၍ ကာဖိရ်တို့ကဲ့သို့ပြုမူခြင်း၊ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် လွဲအပ်ထားတော်မူသော တာဝန်များတွင် ဖောက်လွဲဖောက်ပြန် ပြုလုပ်ခြင်း၊ လက်ရုပ်စွဲညီးများကို ခိုးဝှက်ခြင်း၊ စသည်တို့သည်လည်း ဤမုကျွပါဠိတော်လာ အလွဲသုံးစား မပြုကြရဟူသော ပညတ်တော်တွင် အကျုံးဝင်ပေသည်။ တနည်းဆိုသော် ဤမုကျွပါဠိတော်တွင် အလ္လာဟ် အရှင်မြတ်နှင့် ပတ်သက်၍ ထိန်းသိမ်း စောင့်ရှောက်ရမည့် တာဝန်များ၊ လူသားတို့ အချင်းချင်း ထိန်းသိမ်း စောင့်ရှောက် ရမည့် တာဝန်များအနက် မည်သည့်တာဝန်ကိုမျှ ဖောက်လွဲဖောက်ပြန် မပြုလုပ်ရမည့်အကြောင်း မိန့်ဆို ထားတော်မူပေသည်။

ဤမုကျွပါဠိတော်ကို ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်းနှင့် စပ်လျဉ်း၍ "တဖ်စီရ်" ကျမ်းကြီးများတွင် အဆိုအမျိုးမျိုး လာရှိပေသည်။

(က) တမန်တော်မြတ်သည် "ဗနီကုရိဇ်ဓဟ်" မျိုးနွယ်ဝင် ယဟူဒီများကို (၂၁)ည၌တိုင် စစ်တပ်ဖြင့် ဝိုင်းထားတော်မူသည့်အခါ ယဟူဒီများက တမန်တော်မြတ်အား ၎င်းတို့၏နောင်တော်များဖြစ်သော "ဗနီနဿိရ်" မျိုးနွယ်နှင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုတော်မူသကဲ့သို့ ၎င်းတို့နှင့်လည်း စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆို၍ ၎င်းတို့အား ဆီရိယနိုင်ငံ စိမ်းစိုကျယ်ဝန်းသောဒေသကို ရွှေ့ပြောင်းသွားခွင့် ပြုတော်မူရန် မေတ္တာရပ်ခံကြရာ တမန်တော်မြတ်က "ဤသို့မဖြစ်နိုင်" သို့ရာတွင် အသင်တို့သည် စအိဒ်အိဗ်နုမုအာဇ်အား ခုံသမာဓိ တင်မြှောက်၍ သူ၏အဆုံးအဖြတ်ကို နာခံကြကုန်ဟု မိန့်ဆိုတော်မူလေသည်။ ထိုအခါ ယဟူဒီများက ငြင်းပယ်၍ အဗူလုဗာဗဟ်အား ၎င်းတို့ထံ စေလွှတ်ပေးတော်မူရန် မေတ္တာရပ်ခံကြရာ တမန်တော်မြတ်သည် အဗူလုဗာဗဟ်အား ၎င်းတို့ထံ စေလွှတ်ပေးတော်မူခဲ့လေသည်။ အဗူလုဗာဗဟ်သည် ယဟူဒီများအား ထောက်ထားညှာတာ၏။ ➤➤

وَاعْلَمُوٓا أَنَّمَآ أَمْوَٰلُكُمْ وَأَوْلَٰدُكُمْ فِتْنَةٌ ۙ وَأَنَّ اللَّهَ عِندَهُۥٓ أَجْرٌ عَظِيمٌ ﴿٢٨﴾

၂၈။ ထို့ပြင် အသင်တို့၏ဥစ္စာပစ္စည်းများနှင့် သားသမီးများသည်စမ်းသပ်မှုတရပ်သာလျှင် [၁] ဖြစ်သည်ကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အထံတော်တွင် အလွန်ကြီးကျယ်သော အကျိုးဆုလာဘ်သည် ဧကန်စင်စစ် ရှိသည်ကိုလည်းကောင်း၊ အသင်တို့ (ကောင်းစွာ) သိထားကြလေကုန်။

---

[၁] အဘယ်ကြောင့်ဆိုသော် အဗူလုဗာဗဟ်၏ ဥစ္စာပစ္စည်း၊ သားသမီးများသည် ၎င်းတို့ထံတွင် ရှိနေခြင်းကြောင့် ဖြစ်သည်။ ယဟူဒီများက အဗူလုဗာဗဟ်အား ကျွန်ုပ်တို့သည် စအဒ်ဒ်အီဗ်နုမုအာဇ်၏အဆုံးအဖြတ်ကို လက်ခံသင့်မခံသင့် မေးမြန်းကြရာ အဗူလုဗာဗဟ်က မိမိ၏လည်ပင်းသို့ လက်ညှိုးထိုး၍ ပြလေသည်။ (ဆိုလိုသည်ကား အသင်တို့သည် စအိဒ်အီဗ်နုမုအာဇ်အား ခံတင်၍ အဆုံးအဖြတ် ခံယူကြလျှင် အားလုံး လည်ပင်းပြတ်လိမ့်မည်ဟူ၏။ အဗူလုဗာဗဟ်သည် ယင်းကဲ့သို့ ညွှန်ပြပြီးနောက် ချက်ချင်းပင် သတိရသည်မှာ ငါဤသို့ ညွှန်ပြခြင်းမှာ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား သစ္စာဖောက်ရာကျလေပြီဟု သိရှိလာလေသည်။ ထို့နောက် ပြန်လာပြီးလျှင် မိမိကိုယ်ကို မတ်စ်ဂျစ်ဒ်ပလီ၏ တိုင်တတိုင်တွင် ကြိုးဖြင့်ခြည်နှောင်ပြီး အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ သစ္စာအဓိဋ္ဌာန်ပြုသည်မှာ ကျွန်ုပ်သည် အကြင်အချိန်တိုင်း တစုံတရာ စားသောက်မည်မဟုတ်။ ထိုအချိန်တိုင် ကျွန်ုပ်သည် သေသွားမည်လည်းဖြစ်သည်။ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား ချမ်းသာခွင့် ပေးတော်မူမည်လည်း ဖြစ်သည်။ အဗူလုဗာဗဟ်သည် ၇-ရက်တိုင်တိုင် ယင်းကဲ့သို့ပင် ခြည်နှောင်လျက် နေခဲ့၏။ ဆာလောင်မွတ်သိပ်သည့်အတွက် မူးလဲ၍သွားခဲ့၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အဗူလုဗာဗဟ်အား ချမ်းသာခွင့်ပေးတော်မူလိုက်လေသည်။ ယင်းသို့ ခွင့်လွှတ်တော်မူလိုက်သည့် ကောင်းချီးသတင်းကို အဗူလုဗာဗဟ်အား ပြောကြားသောအခါ အဗူလုဗာဗဟ်က ကျွန်ုပ်၏ကြိုးကို တမန်တော်မြတ်ကြွရောက်၍ ကိုယ်တိုင် မဖြေသမျှကာလပတ်လုံး ကျွန်ုပ်သည် မိမိကိုယ်တိုင်ဖြေမည်မဟုတ်ဟု ပြောဆိုလေသည်။ နောက်ဆုံးတွင် မိမိကိုယ်ကိုမိမိလက်ဖြင့် မိမိကိုယ်တိုင် ခြည်နှောင်ထားသောတရားခံကို တမန်တော်မြတ်ကိုယ်တော်တိုင် ကြွရောက်လာပြီး ဖြေပေးတော်မူလိုက်လေသည်။ ထိုအခါအဗူလုဗာဗဟ်က ကျွန်ုပ်၏ ပြည့်ဝစုံလင်သောဝန်ချတောင်းပန်မှုသည် ကျွန်ုပ် ပြစ်မှုကျူးလွန်မိခဲ့သောဌာနကို စွန့်ခွာခြင်းဖြင့်သော်လည်းကောင်း၊ မိမိ၏ဥစ္စာပစ္စည်းများကို စွန့်လွှတ်လှူဒါန်းခြင်းဖြင့်သော်လည်းကောင်း၊ ဖြစ်နိုင်ပေမည်ဟု လျှောက်ထားရာ တမန်တော်မြတ်က အသင့်အဖို့ ပစ္စည်းသုံးပုံတပုံ လှူဒါန်းခြင်းသည် လုံလောက်ပေသည်ဟု မိန့်ကြားတော်မူလေသည်။ "အီဗ်နုအဗ်ဒုလ်ဗရ်" ၏ ယူဆချက်အရ သာဝကကြီး အဗူလုဗာဗဟ်က ယင်းသို့ မိမိကိုယ်ကို ခြည်နှောင်ခြင်းမှာ တဗူက်စစ်ပွဲသို့ မပါဝင်နိုင်ခဲ့သည့်အတွက်ဖြစ်သည်။

(ခ) ဤမုက္ခပါဠိတော်သည် မက္ကာမြို့တော်ကို ပြန်လည်သိမ်းပိုက်ရန် တမန်တော်မြတ်စစ်ချီစဉ် ကုရိုက်ရှ်မျိုးနွယ်ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ခဲ့သော သာဝကကြီး ဟာတစ်ဗီအီဗ်နုအဗီဗလ် တအဟ်နှင့် ပတ်သက်၍ ကျရောက်ခဲ့သည်ဟု အချို့ကအဆိုရှိကြသည်။ (အီဗ်နုကဆီရ်) အ- ၂။ စ- ၃၀၁။

(၁) များသော အားဖြင့် ဥစ္စာပစ္စည်း သားသမီးတို့၏ နှစ်သက် ချစ်ခင်မှုသည် အမိန့်တော်များကို နာခံရာတွင် အနှောင့်အယှက် ဖြစ်စေတတ်သည်။ ထို့အတွက်ကြောင့် ဤ မုက္ခပါဠိတော်တွင် ဥစ္စာပစ္စည်း၊ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِن تَتَّقُوا۟ ٱللَّهَ يَجْعَل لَّكُمْ فُرْقَانًا وَيُكَفِّرْ عَنكُمْ سَيِّـَٔاتِكُمْ وَيَغْفِرْ لَكُمْ ۗ وَٱللَّهُ ذُو ٱلْفَضْلِ ٱلْعَظِيمِ ﴿٢٩﴾

၂၉။ အို-"မုအ်မင်ိန်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြပါမူ၊ ထိုအရှင်မြတ်သည် အသင်တို့အား (အမှားနှင့်အမှန်ကို) ခွဲခြားစိတ်ဖြာသိမြင်နိုင်စေသော [၁] အရာကို ချီးမြှင့် ပေးသနားတော်မူအံ့။ ထို့ပြင် အသင်တို့၏ မကောင်းမှုဒုစရိုက်များကိုလည်း မပျောက်စေတော်မူသည့်ပြင် အသင်တို့အား အပြစ်မှလည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူအံ့။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အနန္တကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။

وَإِذْ يَمْكُرُ بِكَ ٱلَّذِينَ كَفَرُوا۟ لِيُثْبِتُوكَ أَوْ يَقْتُلُوكَ أَوْ يُخْرِجُوكَ ۚ وَيَمْكُرُونَ وَيَمْكُرُ ٱللَّهُ ۖ وَٱللَّهُ خَيْرُ ٱلْمَٰكِرِينَ ﴿٣٠﴾

၃၀။ ၎င်းပြင် (အို-နဗီတမန်တော် အသင်သည် ပြန်လည်၍ သတိရပါလေ။) အကြင်အခါ၌ "ကာဖိရ်" မယုံမကြည် သွေဖည် ငြင်းပယ်သော သူတို့သည် အသင်နှင့်ပတ်သက်၍ အသင့်အား ဖမ်းဆီးချုပ်နှောင်ကြရန်သော်လည်းကောင်း၊ အသင့်အား သတ်ဖြတ်ကြရန်သော်လည်းကောင်း၊ အသင့်အား (မက္ကာမြို့မှ) နှင်ထုတ်ကြရန်သော်လည်းကောင်း၊ လျို့ဝှက်စွာ ကြံစည်လျက် ရှိကြကုန်၏။

➤➤ သားသမီးတို့သည် စမ်းသပ်ဖွယ်ရာများဖြစ်သည်ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်ပေသည်။ ဥစ္စာပစ္စည်း သားသမီးတို့သည် ယင်းသို့ စမ်းသပ်ဖွယ်ရာဖြစ်ပေရာ မည်သူမည်ဝါသည် ဥစ္စာပစ္စည်း သားသမီး၏အချစ်ကို အသာပေးသည်။ မည်သူမည်ဝါသည် အလ္လာဟ်အရှင်မြတ်၏အချစ်ကို အသားပေးသည်ကို သိရှိရပေမည်။ မွတ်စ်လင်မ်တို့သည် ဥစ္စာပစ္စည်း သားသမီးတို့၏ အချစ်ကို အလ္လာဟ်အရှင်မြတ်၏အချစ်ထက် အသာမပေးကြရ။ ဥစ္စာပစ္စည်း သားသမီးများ၏အကျိုးကို ကြည့်ပြန်သော် ဥစ္စာပစ္စည်း သားသမီးတို့၏အကျိုးသည် သခ်ၤာရဖြစ်သည်။ အနည်းငယ်မျှသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အထံတော်၌ရှိသော အကျိုးဆုလာဘ်ကား ကြီးမား များပြားလှ၏။ သခ်ၤာရလည်း မဟုတ်ပေ။ (ထာနဝီ) အ-၄။ စစ-၇၆။

ဤမုက္ခပါဠိတော်၏ သဘောကို ကုရ်အာန်ကျမ်းမြတ် (၂း၃၅၊ ၆၃း၉။ ၆၄း၁၄-၁၅)တွင်လည်း မိန့်ဆိုထားတော်မူသည်။

① "ဖုရ်ကာန်" ဟူသောပုဒ်၏ အနက်ကို "မုဖတ်စ်စစ်ရ်" များသည် အမျိုးမျိုး ဖွင့်ဆို ရေးသားကြသည်။ အမှန်နှင့် အမှားကို ခွဲခြား သိစေသည့် တရားဓမ္မ၊ စိတ်ဓာတ်၏အလင်း၊ ရန်သူတို့အား အောင်နိုင်မှု၊ ➤➤

(ထိုစဉ်အခါဝယ်) ၎င်းတို့သည် (မိမိတို့၏ အကြံအစည်များကို) ကြံစည်လျက် ရှိကြလေသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း (မိမိ အကြံအစည်ကို) ကြံစည်လျက် ရှိတော်မူ၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးကြံစည်နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ [၁]

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا قَالُوا قَدْ سَمِعْنَا لَوْ نَشَاءُ لَقُلْنَا مِثْلَ هَٰذَا ۙ إِنْ هَٰذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ ﴿٣١﴾

၃၁။ စင်စစ်သော်ကား၊ ၎င်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ကျမ်းဂန်လာ ဒေသနာတော်များကို ရွတ်ဖတ်၍ ပြခဲ့ပါလျှင်၊ ၎င်းတို့က "ငါတို့သည် အမှန်ပင် (ဤသည်တို့ကို အဖန်တလဲလဲ) ကြားခဲ့ဖူးကြချေပြီ။ ငါတို့သည် အလိုရှိလျှင် ငါတို့သည်လည်း ဤအတိုင်းပင် ဇကန်မလွဲ (စီကုံး)ပြောဆိုနိုင်ကြပေသည်။ *ဤသည်ကား ရှေးသူတော်ကောင်းတို့၏ ဒဏ္ဍာရီပုံပြင်မျှသာဖြစ်သည်*" ဟု ပြောဆိုကြကုန်၏။ [၂]

➤➤ လွတ်မြောက်မှု၊ ကူညီမှု၊ နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်မှ ချမ်းသာခွင့်ရမှု၊ အမှန်နှင့်အမှား ဆုံးဖြတ်မှု အားလုံးတို့သည် ယင်း ပုဒ်တွင် အကျုံးဝင်လျက် ရှိပေသည်။

① မက္ကာမြို့ရှိ ကာဖိရ်အကြီးအကဲများသည် "ဒါရုန်နဒ်ဝပ်" ၌စည်းဝေး၍ တမန်တော်မြတ်အား ဖမ်းဆီး ချုပ်နှောင်ရန်၊ ပြည်နှင်ရန်၊ သတ်ဖြတ်ရန် ကြံစည်ခဲ့ကြ၏။ နောက်ဆုံးတွင် တမန်တော်မြတ်အား သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ တမန်တော်မြတ်သည် ၎င်းတို့၏အကြံအစည်ကို "ဝဟီ" ဖြင့် သိတော်မူသည့်အခါ တိတ်ဆိတ်စွာ နေရာရွှေ့ပြောင်း၍ "ဆောင်ရ်" မည်သောတောင်၏ လိုဏ်ခေါင်းတွင် ပုန်းအောင်းတော်မူခဲ့၏။ ထိုမှတဆင့် မဒီနာမြို့သို့ ကောင်းမွန်ချောမောစွာ ရောက်ရှိသွားတော်မူခဲ့လေသည်။ ဤသည့်အကြောင်းများကိုပင် ဤမုက္ခပါဠိတော်တွင် ရည်ညွှန်း မိန့်ဆိုထားတော်မူသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကို သိလိုပါက ဃာဇီရေး တမန်တော်မြတ် စာမျက်နှာ (၁၇၈-၁၈၅)ကို ရှုပါကုန်။

② "နသွရ် အီဗ်နအလ်ဟာရစ်ဆ်" ဆိုသူ ကာဖိရ်ခေါင်းဆောင်တဦးက "ငါတို့ အလိုရှိလျှင် ကုရ်အာန်ကျမ်းကဲ့သို့ ကျမ်းတစောင် ပြုစုရေးသားနိုင်သည်။ ကုရ်အာန်ကျမ်းတွင် ရှေးသူတော်ကောင်းတို့၏ စကားများမှအပ အခြားဘာမျှမပါရှိ" ဟု ဆိုလေ့ရှိခဲ့သည်။ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဠိတော်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ မည်သူတဦးတယောက်မျှ ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ တပုဒ်၊ တပါဒမျှ မပြုစုမရေးသား နိုင်သည့်အချက်ကိုပင် မှတ်ကျောက်အဖြစ် ကမ္ဘာအဝှမ်းသို့ ကြေငြာထားသည်။ ကြည့်- ကုရ်အာန် (၂:၂၃-၂၄) "ကျွန်ုပ် အလိုရှိလျှင် ကုရ်အာန်ကဲ့သို့ ပြုစုရေးသားနိုင်ပါသည်" ဟု ပြောဆိုသူတဦးသည် အဘယ့်ကြောင့် အလိုမရှိသနည်း။ ဤသည် အလုပ်မဖြစ်သော အပြောသာ ဖြစ်ချေသည်။ ➤➤

وَإِذْ قَالُوا اللَّهُمَّ إِنْ كَانَ هَٰذَا هُوَ الْحَقَّ مِنْ عِنْدِكَ فَأَمْطِرْ عَلَيْنَا حِجَارَةً مِنَ السَّمَاءِ أَوِ ائْتِنَا بِعَذَابٍ أَلِيمٍ ﴿٣٢﴾

၃၂။ တဖန် (အသင်သည် ၎င်းတို့အား သတိရစေပါလေ။) တရံရောအခါဝယ်၎င်းတို့က "အိုဘုရားသခင်- အလ္လာဟ် အရှင်မြတ်၊ အကယ်၍ ဤ (မုက္ခပါဠိတော်)သည် အလ္လာဟ် အရှင်မြတ် အထံတော်မှ အဟုတ်အမှန် ဖြစ်ခဲ့ပါလျှင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌ ကျောက်ခဲများကို မိုးကောင်းကင်မှရွာသွန်းစေတော်မူပါ။ သို့တည်းမဟုတ် အလွန် ပြင်းပြနာကျင်ဖွယ်သော အခြားပြစ်ဒဏ် တစုံတရာကို ကျွန်တော်မျိုး အပေါ်၌ ကျရောက်စေတော်မူပါ" ဟု *ပြောဆို လျှောက်ထားခဲ့ကြလေသည်။* [၁]

➤➤ အလုပ်မဖြစ်ဘဲ အပြောသာရှိသောစကားသည် မြင်းသမားတယောက်ပြောဆိုသော စကားနှင့်တူသည်။ ထိုမြင်းသမားက "ကျွန်ုပ်၏မြင်းသွားလျှင် တရက်နှင့် လန်ဒန်သို့ ရောက်နိုင်သည်" ဟုပြောဆို ဝါကြွား၏။ သို့ရာတွင် ၎င်း၏မြင်းကား မသွားပေ။

① ဤမုက္ခပါဠိတော်တွင် မက္ကာမြို့သားမုဒ္ဓရစ်က်များ၏ လွန်စွာမိုက်မဲမှု၊ စိတ်ဓာတ်ခဲယဉ်းမှု၊ မလိုမုန်းတီးမှုများကို ထုတ်ဖော် မိန့်ဆိုထားတော်မူသည်။ ၎င်းတို့က "အိုဘုရားသခင်- အလ္လာဟ်၊ ကျွန်တော်မျိုးတို့သည် ဤသာသနာကို ဤမျှအချိန်တိုင် ဤမျှ ပြင်းထန်စွာ သွေဖည်ငြင်းဆန်လျက်ရှိကြပါသည်။ အကယ်၍ ဤသာသနာသည် တကယ်မှန်ကန်ပါလျှင် အတိတ်ခေတ်ရှိ လူမျိုးများအပေါ်တွင် ခဲမိုး ရွာသွန်းချသကဲ့သို့ ကျွန်တော်မျိုးတို့အပေါ်တွင်လည်း ခဲမိုးရွာသွန်းချတော်မူပါ။ သို့တည်းမဟုတ် ကျွန်တော်မျိုးတို့အား အခြားပြင်းထန်သော ပြစ်ဒဏ်တရပ်ရပ် တပ်ရိုက်၍ လုံးဝချေမှုန်းတော်မူပါ" ဟုပင် လျှောက်ထား ပန်ကြားဝံ့ခဲ့ကြလေသည်။ ဤသို့ဆုပန်ကြားသူမှာ "အဗူဂျဟ်လ်" ဖြစ်သည်ဟု တဖွဲ့စီရ် ကျမ်းကြီးများတွင် လာရှိပေသည်။ အဗူဂျဟ်လ်သည် ဗဒ်ရ်စစ်ပွဲ ဆင်နွှဲရန် မက္ကာမြို့မှထွက်သည့်အချိန် "ကအ်ဗဟ်"ကျောင်းတော်ရှေ့တွင် ယင်းသို့ ဆုပန်ကြားခဲ့လေသည်။ နောက်ဆုံးတွင် ဗဒ်ရ်စစ်ပွဲ၌ အဗူဂျဟ်လ်၏ ဆုပန်ကြားချက်၏ နမူနာကို မြင်လိုက်ကြရလေပြီ။ အဗူဂျဟ်လ်နှင့်တကွ မုရ်ရစ်က် အကြီးအကဲ (၆၉)ဦးတို့သည် လက်တဆုပ်မျှသော မွတ်စ်လင်မ်စစ်သည်တော်များ၏ လက်ချက်ဖြင့် ဗဒ်ရ်စစ်ပွဲတွင် မရှုမလှ အသေဆိုးနှင့်သေခဲ့ကြပြီ။ ထို့ပြင် ကာဖိရ် (၇၀)တို့သည်လည်း သုံ့ပန်းအဖြစ် ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ကြရချေပြီ။ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် မက္ကာမြို့သားကာဖိရ်၊ မုရ်ရစ်က်များအား ချေမှုန်းတော်မူလိုက်လေပြီ။

အလ္လာဟ်အရှင်မြတ်သည် တမန်တော် လူတ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများ အပေါ်သို့ ခဲမိုးရွာသွန်းချတော်မူကဲ့သို့ ၎င်းတို့အပေါ်တွင် ခဲမိုး ရွာသွန်းချပေးတော်မမူခဲ့ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် တမန်တော်မြတ်၏လက်ဖြင့် ကျောက်စရစ်တဆုပ် ပက်တော်မူခဲ့လေသည်။ ဤသည် မိုးကောင်းကင်မှ ခဲမိုးရွာသွန်းချခြင်း၏ သာမန်နမူနာပင် ဖြစ်သည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၈း၁၇)တွင် မိန့်ဆိုထားတော်မူသည်။

وَمَا كَانَ اللَّهُ لِيُعَذِّبَهُمْ وَأَنْتَ فِيهِمْ ۚ وَمَا كَانَ اللَّهُ مُعَذِّبَهُمْ وَهُمْ يَسْتَغْفِرُونَ ﴿٣٣﴾

၃၃။ အမှန် စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့တွင် *အသင်(နဗီတမန်တော်)ရှိနေစဉ်* ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူမည် မဟုတ်ပေ။ [၁] ထိုနည်းတူစွာ ၎င်းတို့သည် ပြစ်မှု ဒုစရိုက်တို့မှ လွတ်ငြိမ်း ချမ်းသာခွင့်ရရန် ဆုပန်လျက် ရှိနေခိုက်လည်း အလ္လာဟ်အရှင်မြတ်သည်၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူမည် မဟုတ်ချေ။

---

① ကုရ်အာန်ကျမ်းမြတ် (၈:၃၂)တွင် ပါရှိသည့်အတိုင်း မက္ကာမြို့သား မုရ်ရစ်ဂ်များသည် အလ္လာဟ်အရှင်မြတ် အထံတော်၌ ထူးဆန်းအံ့ဖွယ်သော သဘာဝဓမ္မနှင့်ဆန့်ကျင်သော ပြစ်ဒဏ်များကို ၎င်းတို့အား တတ်ရိုက်တော်မူရန် မိုက်မဲစွာ တောင်းဆိုခဲ့ကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ယင်းမုရ်ရစ်ဂ်တို့အား ဆောလျင်စွာ ပြစ်ဒဏ် တတ်ရိုက်တော်မမူခဲ့ပေ။ ယင်းသို့ ဆောလျင်စွာ ပြစ်ဒဏ်တတ်ရိုက်တော် မမူခဲ့ခြင်းမှာ

(က) မက္ကာမြို့တော်တွင် သို့မဟုတ် ဤကမ္ဘာလောကတွင် တမန်တော်မြတ် ရှိနေတော်မူခြင်း။

(ခ) မက္ကာမြို့သား မုရ်ရစ်ဂ်များသည် "ကအ်ဗဟ်" ကျောင်းတော်ကို "သွဝါဖ်" လှည့်ပတ်ဖူးမြော်သည့်အခါ "ဃုဖ်ရာနက၊ ဃုဖ်ရာနက" ဟုဆိုကာ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းများကြောင့် ဖြစ်သည်။

(မက္ကာမြို့သားမုရ်ရစ်ဂ်များသည် တမန်တော်မြတ် မက္ကာမြို့တော်မှ စွန့်ခွာထွက်သွားပြီးသည့် နောက်ပိုင်းတွင်လည်းကောင်း၊ တမန်တော်မြတ် "ဝဖာတ်" ဖြစ်တော်မူပြီးသည့် နောက်ပိုင်းတွင်လည်းကောင်း၊ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားလျက် ရှိခဲ့ကြပေသည်။ ယင်းမုရ်ရစ်ဂ်တို့၏ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားမှုသည် ၎င်းတို့တွင် အီမာန်ယုံကြည်မှု မရှိသည့်အတွက် နောင်တမလွန်ဘဝတွင် ၎င်းတို့အား အကျိုးဖြစ်ထွန်းစေမည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းသည် ကောင်းသော အပြုအမူတရပ် ဖြစ်သည့်အတွက် ဤဘဝစွန့်ခွာဘဝတွင်ကား ၎င်းတို့အား အကျိုးပေးပေသည်။)

ထို့ပြင်တဝ မက္ကာမြို့သားမုရ်ရစ်ဂ်များအား အလ္လာဟ်အရှင်မြတ် ဆောလျင်စွာ ပြစ်ဒဏ်တတ်ရိုက်တော်မမူခဲ့ခြင်း အကြောင်းများတွင် အခြားအကြောင်းတရပ် ရှိသေးသည်။ ထိုအကြောင်းကား အခြားမဟုတ်။ "ဟဒီဆ်" တမန်တော်မြတ်၏ သြဝါဒတော်များတွင် လာရှိသည်မှာ တမန်တော်မြတ်၏ "အွန်မွတ်" တွင် အပါအဝင် ဖြစ်ခြင်းသည် "အွန်မွတိ ဒအ်ဝါတ်" ပင် ဖြစ်စေကာမူ လွတ်ငြိမ်းချမ်းသာခွင့် မပန်ကြားလင့်ကစား သဘာဝနှင့်ဆန့်ကျင်သော ပြစ်ဒဏ်တတ်ရိုက်တော်မမူခြင်း၏ အကြောင်းတရပ်ပင် ဖြစ်ပေသည်။

ဖော်ပြပါ အကြောင်းများသည် သဘာဝနှင့်ဆန့်ကျင်သော ပြစ်ဒဏ်တတ်ရိုက်တော်မမူခြင်း၏ အကြောင်းများပင်ဖြစ်သည်။ သို့ရာတွင် တခါတရံ အလ္လာဟ်အရှင်မြတ်သည် ထိုထိုသော အကြောင်းများ ရှိပါလျက်နှင့်ပင် အကြောင်းထူးရှိက သဘာဝအလျောက် ဖြစ်ခဲသော အပြစ်ဒဏ်များကို တတ်ရိုက်တော်မူမည် ဖြစ်သည်။ ဥပမာ-အလ္လာဟ်အရှင်မြတ်သည် ကိယာမတ် နီးလာသည့်အချိန်တွင် မြေမျိုစေတော်မူခြင်း၊ ရုပ်ဆင်းသဏ္ဌာန်ကို လုံးဝဖျက်ဆီးပစ်တော်မူခြင်း . . . စသည့် ပြစ်ဒဏ်များကို တတ်ရိုက်တော်မူမည့်အကြောင်း ဟဒီစ် သြဝါဒတော်များတွင် လာရှိပေသည်။ ထာနဝီ။

وَمَا لَهُمْ أَلَّا يُعَذِّبَهُمُ اللَّهُ وَهُمْ يَصُدُّونَ عَنِ الْمَسْجِدِ الْحَرَامِ وَمَا كَانُوا أَوْلِيَاءَهُ ۚ إِنْ أَوْلِيَاؤُهُ إِلَّا الْمُتَّقُونَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٤﴾

၃၄။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား(လုံး၀)အပြစ်မပေးတော်မူရန်မည်သည့်အကြောင်းရှိချေသနည်း။ အမှန်စင်စစ်သော်ကား ၎င်းတို့သည် မတ်စ်ဂျစ်ဒ်ဟရာမ် ဗလီ၀တ်ကျောင်းတော် (တွင် ၀တ်ပြုခြင်းတို့)မှ တားဆီးကြလေသည်။ စင်စစ်မူကား ၎င်းတို့သည် ထိုဗလီကျောင်းတော်ကိုစောင့်ရှောက်သောဂေါပကလူကြီးများလည်း မဟုတ်ကြချေ။

"မွတ္တကီ" သူတော်စင်များသည်သာလျှင် ထိုဗလီကျောင်းတော်ကို အုပ်ထိန်းသူများ ဖြစ်နိုင်ကြကုန်၏။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသောသူတို့ကား (ဤမျှပင်) မသိနားမလည်ကြချေ။ [၁]

---

① မက္ကာမြို့သားမုရိုရစ်ဂ်တို့အား ကြီးမားသော သဘာ၀နှင့်ဆန့်ကျင်သော ပြစ်ဒဏ်များကို ဆောလျင်စွာတတ်ရိုက်တော်မမူသေးသည့်အကြောင်း အထက်တွင် ရေးသားဖော်ပြခဲ့ပေပြီ။ အမှန်မှာ ၎င်းတို့၏ ဆိုးသွမ်းမှု၊ မိုက်မဲမှု၊ ကျူးလွန် စော်ကားမှုများသည် ကြီးမားသောပြစ်ဒဏ်တော်များကို လက်ယပ်ဖိတ်ခေါ်လျက် ရှိခဲ့ချေသည်။

မက္ကာမြို့သားမုရိုရစ်ဂ်များသည် မွတ်စ်လင်မ်တို့အား ဉာဏ်နှိဉာဏ်နက်များဖြင့် "မတ်စ်ဂျစ်ဒ်ဟရာမ်" ကျောင်းတော်သို့ လာရောက်၀တ်ပြုခြင်းမှ ပိတ်ပင် တားဆီးခဲ့ကြသည်။ ယင်းသို့ ပိတ်ပင်တားဆီးခဲ့ကြရုံမျှမက မွတ်စ်လင်မ်တို့အား မက္ကာမြို့တော်မှပင် လုံး၀နှင်ထုတ်ရန် ကြိုးစားခဲ့ကြလေသည်။ နှင်ထုတ်ခဲ့ကြသည်။ ပြီးနောက် မိမိတို့၏ ကျူးလွန်မှုများကို ဖုံးဖိကာကွယ်နိုင်ရန်အတွက် "ငါတို့သည် တမန်တော်အီဗရာဟီမ်၏ အဆက်အနွယ်များဖြစ်ကြသည်။ အဘယ်မျိုးနွယ်မှ ဖြစ်ကြသည်။ ကျောင်းတော်၏ ဂေါပကဖြစ်မှုသည် ငါတို့၏အမွေဖြစ်သည်။ ငါတို့သည် ကျောင်းတော်၏ဂေါပကများဖြစ်ကြရာ ငါတို့သည် မိမိတို့၏အလိုရှိသူအား ကျောင်းတော်သို့ လာခွင့်ပြုသည်။ အလိုမရှိသူအား လာခွင့်မပြု။ ဤသည် ငါတို့၏အခွင့်အာဏာပင် ဖြစ်သည်" ဟု မဟုတ်မမှန် လုပ်ကြံ၍ အကြောင်းပြကြပြန်သည်။

မက္ကာမြို့သား မုရှ်ရစ်ဂ်များသည် ကျောင်းတော်၏ဂေါပကများလည်း မဟုတ်ပေ။ အကယ်တန္တ ၎င်းတို့သည် ဂေါပကများ ဖြစ်သည့်တိုင်အောင် ၎င်းတို့၌လည်း ကျောင်းတော်သို့ လာရောက်၀တ်ပြုသူများအား ပိတ်ပင် တားဆီးပိုင်ခွင့်ကား မလျင်းမရှိပေ။

ဤမုက္ခပါဠ်တော်တွင် "မုတ၀လ္လီ" ဂေါပကများသည် တမန်တော်အစ္စဗရာဟီမ်(အလိုင်ဟစ္စလာမ်) အဆက်အနွယ်များအနက် ("တောင်ဟီဒ်" ကို လက်ခံနာယူကျင့်သုံးသော) မွတ္တကီ သူတော်စင်များသာလျှင် ဖြစ်နိုင်ကြောင်း၊ ("တောင်ဟီဒ်" ကို ဆန့်ကျင်နေသော) မုရှ်ရစ်ဂ်များ လူရွှပ်လူပွေများသည် ဂေါပကများ မဖြစ်နိုင်ကြောင်း၊ အတည့်အလင်း မိန့်ဆိုထားတော်မူသည်။

وَمَا كَانَ صَلَاتُهُمْ عِنْدَ الْبَيْتِ إِلَّا مُكَاءً وَتَصْدِيَةً ۚ فَذُوقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ ﴿٣٥﴾

၃၅။ စင်စစ်သော်ကား (သန့်စင်သော) အိမ်တော် (၀၊) ကအ်ဗဟ်ကျောင်းတော်၏အပါးတွင် ၎င်းတို့၏ "ဆွလာတ်" ဝတ်ပြုမှုသည် လေချွန်ခြင်းနှင့် လက်ခုပ်တီးခြင်းမျှသာ ဖြစ်ချေသည်။ [၁] သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ မယုံမကြည် သွေဖည်ငြင်းပယ်မှုကြောင့် ပြစ်ဒဏ်(၏ ရသာကို မြိန်ရှက်စွာ) မြည်းစမ်းကြလေကုန်။ [၂]

---

(၁) ကအ်ဗဟ်ကျောင်းတော်တွင် လာရောက်ပြီး အမှန်တကယ် ဆွလာတ်ဝတ်ပြုကြသော မွတ်စလင်မ်များအား မက္ကာမြို့သားမုရှ်ရစ်က်များသည် ကျောင်းတော်သို့ မလာရောက်ရန် ပိတ်ပင်တားဆီးခဲ့ကြလေသည်။

ယင်း မုရှ်ရစ်က်များ၏ ဝတ်ပြုခြင်းမှာကား- ကအ်ဗဟ် ကျောင်းတော်ကို ဝတ်လစ်စလစ် အချည်းနှည်း လှည့်ပတ် ဖူးမြော်ခြင်း၊ အလွှာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမည့်နေရာတွင် လေချွန်ခြင်း၊ လက်ခုပ်တီးခြင်း၊ ခေါင်းလောင်းတီးခြင်းများသာ ဖြစ်သည်။ ဆိုလိုသည်ကား- မုရှ်ရစ်က်များသည် မိမိတို့ကိုယ်တိုင်လည်း ဝတ်ပြုကြသည်မဟုတ်။ သူတပါးတို့အားလည်း ဝတ်ပြုခွင့်ပြုကြသည်မဟုတ်။ အထက်တွင် ရေးသားဖော်ပြပါအတိုင်း အဓိပ္ပာယ်မရှိသော၊ အရှက်အကြောက် မရှိအသေ ကင်းမဲ့သော၊ အပြုအမူများကိုပင် ဝတ်ပြုခြင်းဟူ၍ မှတ်ယူထားခဲ့ကြလေသည်။

အချို့ပညာရှင်များ၏ ယူဆချက်အရ ယင်းကဲ့သို့ မက္ကာမြို့သား မုရှ်ရစ်က်များ၏ လက်ခုပ်တီးခြင်း၊ လေချွန်ခြင်း၊ ခေါင်းလောင်းတီးခြင်းများသည် မွတ်စ်လင်မ်တို့အား အနှောင့်အယှက်ပြုရန် သဘောဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ပျက်ချော်ပြောင်လှောင်ရန် သဘောဖြင့်သော်လည်းကောင်း၊ ပြုလုပ်ခြင်းသာ ဖြစ်သည်ဟူ၏။

(၂) "အသင်တို့သည် မိမိတို့၏ သွေဖည်ငြင်းဆန်မှုများကြောင့် ပြစ်ဒဏ်ကို မြစမ်းကြကုန်" ဟု မိန့်ဆိုတော်မူသည့် အတိုင်း မက္ကာမြို့သားမုရှိရစ်က်များသည် သဘာဝနှင့်မဆန့်ကျင်သော ပြစ်ဒဏ်များကို မြောက်မြားစွာသော စစ်ပွဲများတွင် ခံခဲ့ကြရလေပြီ။

မက္ကာမြို့သားမုရှိရစ်က်တို့၏ သွေဖည်ငြင်းပယ်မှုများကား ကုရ်အာန်ကျမ်းမြတ် (စ၊၃၁)တွင် ပါရှိသည့်အတိုင်း "ကျနော်တို့လည်း အလိုရှိလျှင် ဤသို့သောကုရ်အာန်ကို ပြုစုရေးသားနိုင်သည်" ဟု ပြောဆိုခြင်း၊ ကုရ်အာန် (စ၊၃၂)တွင်ပါရှိသည့်အတိုင်း "ဤကုရ်အာန်သည် အရှင်မြတ်ထံတော်မှ မှန်ကန်ပါလျှင် ကျွန်တော်မျိုးတို့အပေါ်သို့ ခဲမိုး ရွာသွန်းချပါဟု ဆိုခြင်း။ ကုရ်အာန်ကျမ်းမြတ် (စ၊၃၄)တွင်ပါရှိသည့်အတိုင်း "မွတ်စ်လင်မ်တို့အား ကအ်ဗဟ်ကျောင်းတော်မှတားဆီးခြင်း၊ ကုရ်အာန်ကျမ်းမြတ် (စ၊၃၅)တွင်ပါရှိသည့်အတိုင်း ကအ်ဗဟ် ကျောင်းတော်တွင် လက်ခုပ်တီးခြင်း၊ လေချွန်ခြင်းများပင်ဖြစ်ချေသည်။ ကြည့်-ထာနဝီ။ အ-၄၊ စ-၇၈၊

إِنَّ الَّذِينَ كَفَرُوا يُنفِقُونَ أَمْوَالَهُمْ لِيَصُدُّوا عَن سَبِيلِ اللَّهِ ۖ فَسَيُنفِقُونَهَا ثُمَّ تَكُونُ عَلَيْهِمْ حَسْرَةً ثُمَّ يُغْلَبُونَ ۗ وَالَّذِينَ كَفَرُوا إِلَىٰ جَهَنَّمَ يُحْشَرُونَ ﴿٣٦﴾

၃၆။ ဧကန်စင်စစ် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့သည် (လူတို့အား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ တားဆီးရန် မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးစွဲကြလေသည်။

(ယခုသော်) ၎င်းတို့သည် ထိုဥစ္စာပစ္စည်းများကို သုံးစွဲလျက်ပင် ရှိနေကြလိမ့်မည်။ သို့ရာတွင် နောက်ဆုံးတွင် ထိုပစ္စည်းများပင် ၎င်းတို့၌ ဝမ်းနည်းဖွယ်ရာ ဖြစ်သွားချေမည်။ ထို့နောက် ၎င်းတို့သည် နှိမ်နင်းခြင်းကို (လည်း) ခံကြရပေ(ဦး)မည်။ ထိုမှတပါး မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့သည် *ဂျဟန္နမ်*ငရဲဘုံသို့ စုရုံးစေခြင်းကို ခံကြရမည် ဖြစ်သတည်း။ [၁]

لِيَمِيزَ اللَّهُ الْخَبِيثَ مِنَ الطَّيِّبِ وَيَجْعَلَ الْخَبِيثَ بَعْضَهُ عَلَىٰ بَعْضٍ فَيَرْكُمَهُ جَمِيعًا فَيَجْعَلَهُ فِي جَهَنَّمَ ۚ أُولَٰئِكَ هُمُ الْخَاسِرُونَ ﴿٣٧﴾

၃၇။ (ထိုသို့ ပြုတော်မူခြင်းကား) အလ္လာဟ်အရှင်မြတ်သည်သူယုတ်လူညစ်တို့အား သူတော်စင် သန့်စင်သောသူတို့နှင့် ခွဲခြားတော်မူအံ့သောငှာလည်းကောင်း၊ သူယုတ်လူညစ်တို့အားတဦးအပေါ်တဦးထပ်ဆင့်တော်မူပြီးနောက် အားလုံးကိုစုပုံပြီးလျှင် "ဂျဟန္နမ်" ငရဲဘုံတွင်းသို့ ပို့တော်မူအံ့သောငှာလည်းကောင်း၊ (ပြုတော်မူခြင်းပင်) ဖြစ်ချေသည်။ ဤသို့သော သူများသည်ပင် ဆုံးရှုံးနစ်နာသူများ ဖြစ်ကြကုန်သတည်း။

---

① ကာဖိရ်များသည် သူတပါးတို့အား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးရန်အတွက် မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးဖြုန်းကြသည်။ သို့ရာတွင် နောက်ဆုံး၌ ကာဖိရ်များသည် မိမိတို့၏ လိုလားချက်မပြည့်ဝသည့်အခါ ယင်းသို့ မိမိတို့၏ ဥစ္စာပစ္စည်းများကို သုံးဖြုန်းမိကြသည့်အတွက် ဝမ်းနည်းကြမည်။ ထို့ပြင်တဝ သူတပါးတို့၏ လွှမ်းမိုးခြင်းကိုလည်း ခံကြရမည်။ ဤကား ဤပစ္စက္ခဘဝတွင် ခံစားရမည့် ပြစ်ဒဏ်များသာ ဖြစ်သေးသည်။ ၎င်းတို့သည် နောင်တမလွန်ဘဝတွင် *ဂျဟန္နမ်*ငရဲဘုံသို့ လားကြရဦးမည်။ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် များကို သွေဖည်ငြင်းဆန် မနာခံသော ကာဖိရ်များသည် နှစ်ဘဝလုံးတွင် ဆုံးရှုံးကြရပေမည်။ ဤကား မည်သူမပြု မိမိမှုပင်တည်း။

قُل لِّلَّذِينَ كَفَرُوٓا۟ إِن يَنتَهُوا۟ يُغْفَرْ لَهُم مَّا قَدْ سَلَفَ ۚ وَإِن يَعُودُوا۟ فَقَدْ مَضَتْ سُنَّتُ ٱلْأَوَّلِينَ ﴿٣٨﴾

၃၈။ (အို–နဗီတမန်တော်)အသင်သည် မယုံမကြည်သွေဖည်ငြင်းပယ်သောလူတို့အား (ဤသို့)ပြောကြားပါလေ။ ၎င်းတို့သည် အကယ်၍သာ (မယုံမကြည်သွေဖည်ငြင်းပယ်ခြင်းမှ) ရပ်စဲကြပါမူ၊ လွန်လေပြီးသော ပြစ်မှုဒုစရိုက်တို့သည် ၎င်းတို့အဖို့ ခွင့်လွှတ်ပြီးဖြစ်ချေမည်။ [၁]

သို့ရာတွင် အကယ်၍သာ၎င်းတို့သည် ထပ်မံ၍ ပြုလုပ်ကြပါလျှင်၊ ဧကန်မလွဲ ရှေးသူဟောင်းတို့နှင့် ပတ်သက်သော (ငါအရှင်မြတ်၏) စည်းကမ်းဥပဒေသည်လည်း လွန်ခဲ့ပြီး ဖြစ်ချေသတည်း။ [၂]

وَقَٰتِلُوهُمْ حَتَّىٰ لَا تَكُونَ فِتْنَةٌ وَيَكُونَ ٱلدِّينُ كُلُّهُۥ لِلَّهِ ۚ فَإِنِ ٱنتَهَوْا۟

၃၉။ ၎င်းပြင် (အို–သက်ဝင်ယုံကြည်သူ အပေါင်းတို့) အသင်တို့သည် ယင်းသူတို့အား (သာသနာရေးနှင့်ပတ်သက်၍) နှိပ်စက် ညှဉ်းပန်းမှုသည် ပပျောက်ကာ အလ္လာဟ်အရှင်မြတ်၏ စီရင် ဆုံးဖြတ်ချက်သည် လုံးဝတည်တံ့၍ သွားသည်အထိ တိုက်ခိုက်ကြလေကုန်။

---

① အကယ်၍ ကာဖိရ်များသည် ကုဖ်ရ်သွေဖည်ငြင်းဆန် မနာခံမှု၊ တမန်တော်မြတ်အား ရန်ငြိုးထားမှုများကို ရပ်တန့်၍ အစွမ်းလမ်းသာသနာဘောင်အတွင်းသို့ သက်ဝင်လာခဲ့ကြပါလျှင် ၎င်းတို့သည် ယခင် မိုက်မှားခဲ့ကြသော အပြစ်အားလုံးကို ချမ်းသာခွင့်ရရှိကြမည်ဖြစ်သည်။

ဤမုဏ္ဍပါဠိတော်၏ အဖွင့်နှင့် စပ်လျဉ်း၍ တမန်တော်မြတ်၏ "ဟဒီဆ်" ဩဝါဒတော်များတွင် အောက်ပါအတိုင်း လာရှိပေသည်။

"အစွမ်းလမ်းသည် မိမိအလျင်ဖြစ်ခဲ့သော ပြစ်မှုများကို ပလပ်စေသည်။"

အီမာမ် "အဗူဟနီဖတ်" သခင်က ဖွင့်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်များသည် ပလပ်ခွင့်ရရှိမည်ဖြစ်သည်။ လူသားများနှင့် ပတ်သက်၍ ထိန်းသိမ်း စောင့်ရှောက်ရမည့် တာဝန်များမှာမူ ပလပ်ခွင့်ရရှိမည် မဟုတ်ပေ။

အထက်ပါအဆိုနှင့်စပ်လျဉ်း၍ အီဗ်နုရ် အရဗီသခင်က "ဤသည် ကျွန်ုပ်တို့၏ အာလင်မ်ပညာရှင်များ၏အဆိုပင် ဖြစ်သည်ဟု ဆိုခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် မိမိ၏အခွင့်အရေးများနှင့် စပ်လျဉ်း၍ ကြောင့်ကြရတော်မူသောအရှင် မဟုတ်ပေ။ လူသားတို့မူကား မိမိတို့၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ကြောင့်ကြရပေသည်။

فَإِنَّ اللَّهَ بِمَا يَعْمَلُونَ بَصِيرٌ ﴿٣٩﴾

သို့ရာတွင် အကယ်၍ ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှ) ရပ်စဲခဲ့ကြပါလျှင်၊ [၁] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှတို့ကို ခွဲခြား သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၂]

(တနည်း)

ထို့ပြင်တဝ အသင်တို့သည် သာသနာရေးညှဉ်းပန်းမှု လုံးဝပပျောက်၍ သာသနာတော်သည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်သွားသည့်တိုင်အောင် ((၀၊) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သာလျှင် လိုက်နာကြသည့်တိုင်အောင်) ထိုသူတို့နှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြကုန်လော့။

---

[၁] နဗီတမန်တော်များအား စုံရုံးတိုက်ခိုက်သူများ အပေါ်တွင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နဲ့တို့အား ကူညီယိုင်းပင်းတော်မူ၍ ယင်းသို့ တိုက်ခိုက်သူများအား သေးသိမ်စေတော်မူလေ့ရှိခဲ့သည်။ ဖျက်ဆီးတော်မူလေ့ရှိခဲ့သည်။ ဤသည်အလ္လာဟ်အရှင်မြတ် "စွန္နတ်" တော်ပင်တည်း။ (ရူဟုလ်မအာနီ)

[၂] အကယ်၍ ထိုသူများ ရပ်တန့်ကြလျှင်" (၀၊) အကယ်၍ ထိုသူများသည် "ကုဖ်ရ်" သွေဖည်ငြင်းဆန်မနာခံခြင်းမှ ရပ်တန့်ကြလျှင် ထို့ပြင် အစွန်လာမ် ဘောင်အတွင်းသို့ ဝင်လာကြလျှင်။ (မဒါရစ်ခ်၊

အကယ်၍ ထိုသူများသည် "ကုဖ်ရ်"၊ "ရှရစ်ခ်" မှ ရပ်တန့်ကြလျှင် ထို့ပြင် ဝန်ချတောင်းပန်ကြလျှင်။ (အီဗ်နုအဗါစ်)

အကယ်၍ထိုသူများသည် အသင်တို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းဆန် မနာခံခြင်းမှလည်းကောင်း ရပ်တန့်ကြလျှင်။ (အီဗ်နုကျရီရ်)

အကယ်၍ ထိုသူများသည် "ရှရ်စ်ခ်" ပြုခြင်းမှလည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမှ လည်းကောင်း၊ ရပ်တန့်ကြလျှင်။ (မဒါရစ်ခ်)

[၂] အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏ အပြုအမူများကို ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူ၏။ (၀၊) ထိုအရှင်မြတ်သည် ထိုသူများ၏ ဝန်ချတောင်းပန်ခြင်းနှင့် အစွန်လာမ်သာသနာကို သက်ဝင်ယုံကြည်ခြင်းများအတွက် ကုသိုလ် အကျိုးပေးတော်မူမည်ဖြစ်သည်။ အချို့ပညာရှင်များက ဤမုကွပါဠိတော်တွင်ပါရှိသော "ယအ်မလူန" ဟူသောပုဒ်ကို ဤမုကွပါဠိတော်၌ (تَعْمَلُونَ) ဟူ၍ ရွတ်ဖတ်ကြသည်။ ယင်းသို့ ရွတ်ဖတ်သည့်အခါ အနက်အဓိပ္ပါယ်မှာ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသင်(မွတ်စ်လင်မ်)တို့ "ဂျီဟာဒ်" ➤➤

وَإِنْ تَوَلَّوْا فَاعْلَمُوٓا۟ أَنَّ ٱللَّهَ مَوْلَىٰكُمْ ۚ نِعْمَ ٱلْمَوْلَىٰ وَنِعْمَ ٱلنَّصِيرُ ﴿٤٠﴾

၄၀။ တဖန် အကယ်၍ ၎င်းတို့သည် လွှဲဖယ်၍ သွားခဲ့ကြလျှင် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား (ယိုင်းပင်း ကူညီတော်မူမည့်) မိတ်သဟာယ၊ အကောင်းဆုံးသောကူညီတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း အသင်တို့သည် (ကောင်းစွာ) သတိထားနှင့်ကြကုန်။ [၁]

➤➤ ပြုကြသည်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ သာသနာတော်ဘက်သို့ ဖိတ်ခေါ်ကြသည်ကိုလည်းကောင်း၊ ကုဖ်ရ်၏အမှောင်မှ အစွန်လာမ်၏လင်းရောင်ခြည်ဘက်သို့ ထုတ်ဆောင်ကြသည်ကိုလည်းကောင်း၊ ထိုအရှင်မြတ်သည် ခွဲခြားသိမြင်တော်မူသည်။ (၀၊) ယင်းသို့ပြုမူကြသည့်အတွက် အကောင်းဆုံးသော ကုသိုလ်အကျိုးများကို ပေးသနားတော်မူမည် ဖြစ်သည်ဟူ၏။

① "အကယ်၍ထိုသူများ (ကာဖိရ်များ) လွှဲဖယ်သွားကြလျှင်" (၀၊) ထိုသူများသည် အသင်တို့၏ သွန်သင်ဆုံးမဩ၀ါဒကို သွေဖယ်ကြလျှင်၊ ၎င်းတို့သည်ကုဖ်ရ် သွေဖည်ငြင်းပယ်မှု ၊ နှိပ်စက်ညှင်းပန်မှု၊ အသင်တိုအား တိုက်ခိုက်မှုများမှ မရပ်တန့်ကြလျှင် သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ "မောင်လာဖြစ်တော်မူသည်ကို သိထားကြကုန်" (၀၊) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ကူညီတော်မူမည်၊ အသင်တို့၏ အရေးကိစ္စအ၀ဝကို ပြီးဆုံးအောင် ဆောင်ကြဉ်းပေးတော်မူမည်။ အသင်တို့သည် ထိုကာဖိရ်များကို မမှုကြကုန်လင့်။ မကြောက်ကြကုန်လင့် အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် အကောင်းဆုံးမိတ်သဟာယလည်း ဖြစ်တော်မူသည်။ အကောင်းဆုံး ကူညီတော်မူမည့် အရှင်လည်း ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ မိတ်သဟာယသည် မပျက်စီးပေ။ ထိုအရှင်မြတ်၏ ကူညီစောင့်ရှောက်တော်မူခြင်းကို ခံရသောသူသည် ရှုံးနိမ့်သည်လည်း မရှိပေ။ (အလ်မနာရ်)

وَاعْلَمُوٓا۟ أَنَّمَا غَنِمْتُم مِّن شَىْءٍ فَأَنَّ لِلَّهِ خُمُسَهُۥ وَلِلرَّسُولِ وَلِذِى ٱلْقُرْبَىٰ وَٱلْيَتَٰمَىٰ وَٱلْمَسَٰكِينِ وَٱبْنِ ٱلسَّبِيلِ إِن كُنتُمْ ءَامَنتُم بِٱللَّهِ وَمَآ أَنزَلْنَا عَلَىٰ عَبْدِنَا يَوْمَ ٱلْفُرْقَانِ يَوْمَ ٱلْتَقَى ٱلْجَمْعَانِ ۗ وَٱللَّهُ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿٤١﴾

၄၁။ ၎င်းပြင် (အို–သက်ဝင်ယုံကြည်သူအပေါင်းတို့) အကယ်၍ အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို လည်းကောင်း၊ ငါအရှင်မြတ်သည် မိမိ၏ကျွန်တော် (မုဟမ္မဒ်)၏အပေါ်သို့ (သက်ဝင်ယုံကြည်သူတို့နှင့် မယုံကြည် သွေဖည် ငြင်းပယ်သောသူတို့အား) ခွဲခြား သိသာစေသောနေ့တွင်(ဝါ)အုပ်စုတစုနှင့်တစု ရင်ဆိုင် တွေ့ကြုံခဲ့ကြသောနေ့တွင် *ချပေးသနားတော်မူခဲ့သည့် (သက်သေသာဓကများ)*ကိုလည်းကောင်း၊ [၁] ယုံကြည် ကြပါလျှင် အသင်တို့သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာတွင်) *တစုံတရာ လက်ရုပ်စွဲည်းများကို ရရှိခဲ့ကြပါမူ*၊ [၂] *ထိုပစ္စည်းများအနက် ငါးပုံတပုံကို* ၄ ကန့်စင်စစ် အလွှာဟ်အရှင်မြတ်သည်လည်းကောင်း၊ ရာဇလ်တမန်တော်မြတ်သည် လည်းကောင်း၊ (ရာဇလ် တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့သည်လည်း ကောင်း၊ ဘမဲ့ ကလေးသူငယ်တို့သည်လည်းကောင်း၊ သူဆင်းရဲတို့သည်လည်းကောင်း၊ ခရီးသည်တို့သည် လည်းကောင်း၊ ပိုင်ဆိုင်ကြသည်ကို (ကောင်းစွာ)သိရှိ ထားကြလေကုန်။ အမှန်စင်စစ် အလွှာဟ်အရှင်မြတ် သည် အလုံးစုံတို့ကို စွမ်းဆောင် နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① "ငါအရှင်မြတ်သည် ငါ၏အစေတော်အပေါ်သို့ ချပေးသနားတော်မူသောအရာ" ဟူသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အပေါ်သို့ ထိုနေ့ရက်တွင် (ဝါ) ဗဒရ်စစ်ပွဲနေ့တွင် ချပေးသနားတော် မူသော သက်သေလက္ခဏာများ၊ စေလွှတ်ပေးတော်မူသော ကောင်းကင်တမန်များနှင့် ခိုးမြှင့်တော်မူသော အောင်နိုင်မှုကို ဆိုလိုသည်။ ကဗီရ်။

② ဤကဏ္ဍ၏အစတွင် "ဃနီမတ်" လက်ရုပ်စွဲည်းများနှင့် ယင်းပစ္စည်းများကို ခွဲဝေခြင်းအကြောင်း အနည်းငယ်ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် မည်သူမည်ဝါတို့အား မည်သို့မည်ပုံ ခွဲဝေပေးရမည့်အကြောင်း အသေးစိတ် မိန့်ဆိုထားတော်မူသည်။

"ဃနီမတ်" ၏အဘိဓာန်အနက်မှာ – လူသားများ ကြိုးပမ်းအားထုတ်၍ ရှာဖွေဆည်းပူးရရှိသော အရာဟူ၍ဖြစ်သည်။ (ကုရ်တုဗီ) ➤➤

➤➤ သို့ရာတွင် 'ဖုကဟာ' ခမ္မသတ်ရှင်များ၏ အသုံးအနှုန်းတွင် 'ဃနီမတ်'ဟူသည် စစ်မြေပြင်တွင် ကာဖိရ်များလက်မှ လက်နက်ဖြင့် သိမ်းပိုက်ရရှိသော လက်ရပစ္စည်းကိုဆိုပေသည်။

(၃) လက်ရပစ္စည်းအားလုံးကို ၅ပုံ ပုံရမည်။ ထိုငါးပုံအနက် လေးပုံကို 'ဃာဇီ' ခေါ် မုစ်လင် စစ်သည်တော်များအား ခွဲဝေပေးရသည်။ ကျန် ၅-ပုံ ၁-ပုံသည် အလွှာဟ်အရှင်မြတ်အဖို့ဖြစ်သည်။ (၀၊) ယခုခေတ် အသုံးအနှုန်းအရ ဤ ၅-ပုံ ၁-ပုံသည် (Islamic State) အစ္စလာမ်အစိုးရကပိုင်ဆိုင်၍ အစ္စလာမ်အစိုးရ၏ ဘဏ္ဍာတော် တိုက်၌ပင် ထားရှိရသည်။

လက်ရပစ္စည်းများ ခွဲဝေရာဌာနများတွင် အလွှာဟ်အရှင်မြတ်၏နာမတော် ထည့်သွင်း ဖော်ပြထားတော်မူခြင်းမှာ "ဗရကတ်" မင်္ဂလာအလို့ငှါသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာအဝန်းရှိ အရာအားလုံးတို့သည် ထိုအရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာများသာ ဖြစ်ချေသည်။

အလွှာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ဝေစုများသည် အမှန်စင်စစ် အသီးသီး အခြားခြား ဖြစ်သော ဝေစုနှစ်ခုမဟုတ်၊ တစုဖြစ်သည်။ တမန်တော်မြတ်သည် ထိုဝေစုကို မိမိ သက်တော်ထင်ရှားရှိနေခဲ့စဉ် ရရှိတော်မူခဲ့လေသည်။ အလွှာဟ်အရှင်မြတ်၏ "နာအစ်ဗ်" "ခလီဖဟ်" ကိုယ်စားလှယ်တော်အား ဆက်သခြင်း သည် အလွှာဟ်အရှင်မြတ်အား ဆက်သရာပင် မည်သည်။

ငါးပုံတပုံကို ခွဲဝေပုံ

(က) တိုင်းပြည်ကို စီမံအုပ်ချုပ်လျက်ရှိသော စစ်သေနာပတိချုပ်လည်း ဖြစ်တော်မူသော "ရိစာလတ်" တမန်တော်၏တာဝန်ကိုလည်း ထမ်းဆောင်ရတော်မူသော တမန်တော်မြတ်သည်ပင် အစ္စလာမ်အစိုးရပိုင် လက်ရပစ္စည်းများအနက် ငါးပုံတပုံ၏ ငါးပုံတပုံ (၀၊) နှစ်ဆယ့်ငါးပုံတပုံကိုသာလျှင် ရရှိပိုင်သည်။ ဤသည် လက်ရပစ္စည်း ငါးပုံတပုံ၏ခွဲဝေပေးရာ ပထမ ဌာနပင်တည်း။ ဤဝေစုဝေပုံသည်လည်း တမန်တော်မြတ် "ဝဖာတ်" ဖြစ်တော်မူပြီးသည့် နောက်ပိုင်းတွင် ရပ်စဲသွားခဲ့လေသည်။

ပြဿနာ

"ရာဖိအီ" များ၏ယူဆချက်အရ တမန်တော်မြတ်၏ဝေစုဝေပုံကို တမန်တော်မြတ် ဝဖာတ် ဖြစ်ပြီးသည့် နောက် တမန်တော်မြတ်၏ "ခလီဖဟ်" ကိုယ်စားလှယ်တော်များသည် ရရှိကြမည်ဟု ဆိုကြသည်။ "ဟနဖီ" များ၏ယူဆချက်မှာကား ဤသို့မဟုတ်ပေ။ ဟနဖီများ၏အကြောင်းပြချက်ကား တမန်တော်မြတ်ရရှိခဲ့သော ဝေစုဝေပုံသည် တမန်တော်မြတ်၏ ရိစာလတ် 'တမန်တော်ဖြစ်မှုဂုဏ်' ကို အကြောင်းပြု၍ဖြစ်သည်။ တမန်တော်မြတ် 'ဝဖာတ်' ဖြစ်ပြီးသည့်နောက် 'ရိစာလတ်' သည် အလျင်းမရှိတော့ပေ။ တမန်တော်မြတ်သည် ရာထူးတမန်တော် အပေါင်းတို့တွင် နောက်ဆုံးပွင့်တော်မူသော "ခါတမွန်နဗီယိန်" ဖြစ်သည်။ တမန်တော်မြတ်၏ နောက်တွင် တမန်တော်တပါးမျှ ပွင့်ရန်မရှိပြီ။

'ခုလဖာအ့ေရာရှိဒိန်' ခေါ် ခလီဖဟ်ကြီးလေးပါးတို့၏ ကျင့်စဉ်များသည်လည်း ဟနဖီများ၏ ယူဆချက်အတိုင်းပင် ဖြစ်ပေသည်။ ထိုခလီဖဟ်ကြီးလေးပါးတို့သည် တမန်တော်မြတ်၏ ဝေစုဝေပုံကို မည်သည့်အခါမျှ မယူခဲ့ကြပေ။

(ခ) လက်ရပစ္စည်း နှစ်ဆယ့်ငါးပုံတပုံကို (ذوى القربى) ခေါ် တမန်တော်မြတ်၏ဆွေတော်မျိုးတော်များ ရရှိခဲ့ကြသည်၊ ၎င်းတို့သည် တမန်တော်မြတ်အား မက္ကာမြို့မှ မဒီနာအထိ အချိန်အခါမရွေး အသက်ပေး၍ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကူညီခဲ့ကြပေသည်။ ဆွေတော်မျိုးတော်များသည် ယင်းကဲ့သို့ ကူညီစောင့်ရှောက်မှု ကို အကြောင်းပြု၍ ဤဝေစုကို ရရှိခဲ့ခြင်းဖြစ်သည်။ ➤➤

إِذْ أَنتُم بِالْعُدْوَةِ الدُّنْيَا وَهُم بِالْعُدْوَةِ الْقُصْوَىٰ وَالرَّكْبُ أَسْفَلَ مِنكُمْ ۚ

၄၂။ ထို(အုပ်စုတစုနှင့်တစု ရင်ဆိုင်တွေ့ကြုံကြသော)အချိန်အခါတွင် အသင်တို့သည် (စစ်မြေပြင်၏) အနီး၌ ရှိခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့မှာ အဝေး၌ ရှိခဲ့ကြကုန်၏။ ထို့ပြင် ကုန်သည်စုမှာကား အသင်တို့၏ အောက်တွင် ရှိခဲ့ကြလေသည်။ [၁]

➤➤ **မှတ်ချက်**

"လိဇစ်လ်ကုရ်ဗါ" ၌ပါရှိသော 'လာမ်' သည် ပိုင်ဆိုင်ခြင်း၊ ရထိုက်ခြင်း၏အနက်ကို ဖော်ပြရန်မဟုတ်၊ ခွဲဝေသုံးစွဲရာဌာနကို၊ ညွှန်ပြရန်အတွက်သာဖြစ်သည်။

ဆွေတော်မျိုးတော်များ၏ ဤဝေစုဝေပုံသည်လည်း တမန်တော်မြတ် ဝဖာတ်ဖြစ်ပြီးသည့် နောက်ပိုင်းတွင် ရပ်စဲသွားခဲ့လေသည်။

ဤသည် လက်ရပစ္စည်း ငါးပုံတပုံ၏ ခွဲဝေရာ ဒုတိယဌာနဖြစ်သည်။

(ဂ) ဤသည့် လက်ရပစ္စည်းနှစ်ဆယ့်ငါးပုံတပုံသည် "ယတီမ်" ခေါ် ဖတဆိုး ကလေး သူငယ်များအဖို့ ဖြစ်သည်။ ဤကား ငါးပုံတပုံ၏ ခွဲဝေရာ တတိယဌာနဖြစ်သည်။

(ဃ) လက်ရပစ္စည်း နှစ်ဆယ့်ငါးပုံတပုံသည် "မစ္စကီန်" သူဆင်းရဲများအဖို့ ဖြစ်သည်။ ဤကား ငါးပုံတပုံ၏ ခွဲဝေရာ စတုတ္ထဌာနဖြစ်သည်။

(င) လက်ရပစ္စည်း နှစ်ဆယ့်ငါးပုံတပုံသည် ဒုက္ခသည် ခရီးသည်များအဖို့ဖြစ်သည်။ ဤကား ငါးပုံတပုံ၏ ခွဲဝေရာ ပဉ္စမဌာနပင်ဖြစ်သည်။

⑨ **'ဗဒ်ရ်' စစ်မြေပြင် အနေအထား။**

'ဗဒ်ရ်' စစ်ပွဲဖြစ်ပွားရာ ဌာနသည် ပင်လယ်နီမှ ကုလားအုတ်ခရီးဖြင့် 'မန်ဇစ်လ်' (၁)စခန်းအကွာ၊ မဒီနာမြို့မှ မာန်ဇစ်လ် (၄)စခန်းအကွာ၊ မက္ကာမြို့မှ (၈)စခန်းအကွာတွင် တည်ရှိသည်။ ထိုဌာနသို့ မွတ်စ်လင်မ် စစ်သည်တော်များသည် အရှေ့မြောက်ဘက်မှသော်လည်းကောင်း၊ ကာဖိရ်စစ်သည်များသည် အရှေ့တောင်ဘက်မှလည်းကောင်း၊ အသီးသီး ချီတက်လာခဲ့ကြလေသည်။

မက္ကာမြို့မှ ဆီရိယနိုင်ငံသို့ သွားလာရန် လမ်းမကြီးတခုရှိသည်။ ထိုလမ်းမကြီးသည် မဒီနာမြို့နှင့် အတော်ပင် နီးကပ်လျက်ရှိသည်။ မွတ်စ်လင်မ်စစ်သည်တော်များ စခန်းချထားသော တောင်ပူစာသည် ထိုလမ်းမကြီးနှင့် ကပ်လျက် 'ဗဒ်ရ်' နယ်နိမိတ်၏အနီး အနောက်မြောက်ဘက်၌ တည်ရှိပြီး၊ မဒီနာမြို့ဘက်သို့နီး၏။

ဤသည့် အနေအထားကို ဤအာယတ်တော်တွင် (بِالْعُدْوَةِ الدُّنْيَا) ဟူ၍ မိန့်ဆိုထားတော်မူသည်။ ကာဖိရ်စစ်သည်များ စခန်းချထားသော တောင်ပူစာသည် ဗဒ်ရ်၏ အရှေ့တောင်ဘက်၌ တည်ရှိသည်။မဒီနာမြို့နှင့် ဝေးသည်။ ဤသည့်အနေအထားကို ဤအာယတ်တော်တွင် (بِالْعُدْوَةِ الْقُصْوَىٰ) ဟူ၍ မိန့်ဆိုထားတော်မူသည်။ အဗူစုဖ်ယာန် အုပ်ချုပ်လိုက်လာပါခဲ့သော ခရီးသွားကုန်သည်များသည် မွတ်စ်လင်မ် စစ်သည်များ၏ အောက်ဘက်တွင် (၀၊) မက္ကာဆီရီယား သွားလမ်းမကြီးကို လွှတ်၍ ပင်လယ်နီ ကမ်းခြေကပ်ကာ သွားလျက်ရှိချေသည်။

ကြည့်- မာဂျိဒီ။

وَلَوْ تَوَاعَدْتُّمْ لَاخْتَلَفْتُمْ فِي الْمِيعٰدِ ۙ وَلٰكِنْ لِّيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ۙ لِّيَهْلِكَ مَنْ هَلَكَ عَنْۢ بَيِّنَةٍ وَّيَحْيٰى مَنْ حَيَّ عَنْۢ بَيِّنَةٍ ۭ وَاِنَّ اللّٰهَ لَسَمِيْعٌ عَلِيْمٌ ۝۴۲

အကယ်၍သာ အသင်တို့(နှင့် ထိုသူတို့)သည် အချင်းချင်း (တဘက်နှင့်တဘက်) ချိန်းချက်ခဲ့ကြပါလျှင်၊ မုချဧကန် အသင်တို့သည် ထိုချိန်းချက်မှုနှင့် စပ်လျဉ်း၍ ကွဲလွဲခဲ့ကြပေမည်။ သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ်သည် (မလွဲမရှောင်သာ) ဖြစ်ရမည့် ကိစ္စတရပ်ကို ပြီးမြောက်စေတော်မူအံ့သောငှာ (၀၊)သေကြေပျက်စီးမည့်သူသည် သက်သေလက္ခဏာ အထင်အရှား(တွေ့မြင်ပြီးနောက်) သေကြေပျက်စီးအံ့သောငှာလည်းကောင်း၊ အသက်ထင်ရှား ရှိနေမည့်သူသည်လည်း သက်သေ လက္ခဏာ အထင်အရှား (တွေ့မြင်ပြီးနောက်) အသက်ထင်ရှား ရှိအံ့သော်ငှာလည်းကောင်း၊ (ထိုအုပ်စုနှစ်စုကို ရင်ဆိုင်စေတော်မူခြင်းပင်) ဖြစ်ချေသည်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်၊ ဖြစ်တော်မူပေသတည်း။

اِذْ يُرِيْكَهُمُ اللّٰهُ فِيْ مَنَامِكَ قَلِيْلًا ۭ وَلَوْ اَرٰىكَهُمْ كَثِيْرًا لَّفَشِلْتُمْ وَلَتَنَازَعْتُمْ فِي الْاَمْرِ وَلٰكِنَّ اللّٰهَ سَلَّمَ ۭ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝۴۳

၄၃။ ၎င်းပြင် (အို-နဗီတမန်တော် ပြန်လည်၍ အောက်မေ့ပါလေ)၊ အကြင်အခါ၀ယ် အလ္လာဟ် အရှင်မြတ်သည် အသင့်အားအိပ်မက်တွင် ၎င်းတို့(၏ဦးရေ)ကို အနည်းငယ်မျှသာ ပြသတော်မူခဲ့လေသည်။ အကယ်၍သာ ထို အရှင်မြတ်သည် အသင့်အား ၎င်းတို့(၏ဦးရေ)ကို များပြားစွာ ပြသတော်မူခဲ့ပါလျှင် အသင်တို့သည် ဧကန်မုချ စိတ်ဓါတ်ကျဆုံးခဲ့ကြသည့်အပြင်၊ ထိုကိစ္စနှင့်စပ်လျဉ်း၍ အချင်းချင်း အငြင်းပွားကာ အချင်းများခဲ့ကြမည်မှာလည်း မလွဲဧကန်တည်း။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အား စိတ်ဓါတ်ကျဆုံးခြင်းနှင့် အချင်းချင်း အငြင်းပွားခြင်းမှ) ကယ်ဆယ်တော်မူခဲ့လေသည်။

ဧကန်စင်စစ် ထိုအရှင်မြတ်သည် စိတ်နှလုံးများတွင် ရှိသည်တို့ကို အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်ပေတည်း။

وَإِذْ يُرِيكُمُوهُمْ إِذِ الْتَقَيْتُمْ فِي أَعْيُنِكُمْ قَلِيلًا وَيُقَلِّلُكُمْ فِي أَعْيُنِهِمْ لِيَقْضِيَ اللَّهُ أَمْرًا كَانَ مَفْعُولًا ۗ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ ﴿٤٤﴾

၄၄။ ထိုမှတပါး (ပြန်လည်၍ သတိရရှိကြလေကုန်)။ အကြင်အခါ၌ ထိုအရှင်မြတ်သည် အသင်တို့(ထိုသူတို့နှင့် ရင်ဆိုင်)တွေ့ဆုံကြစဉ်၊ ၎င်းတို့(၏ဦးရေ)ကို အသင်တို့အမြင်တွင် လျှော့၍ ပြသတော်မူခဲ့၏။ ထိုနည်းတူစွာ အသင်တို့ကိုလည်း ၎င်းတို့၏ အမြင်၌ လျှော့၍ပင် ပြသတော်မူခဲ့လေ၏။ (သို့ပြုတော်မူခြင်းမှာ) *အလ္လာဟ်အရှင်မြတ်သည် ပြုလိုတော်မူသည့် ကိစ္စတရပ်ကို ပြီးမြောက်စေတော်မူအံ့သောငှာ ဖြစ်ချေသည်။* [၁] အမှန်စင်စစ်သော်ကား ကိစ္စအရပ်ရပ်တို့သည် အလ္လာဟ်အရှင်မြတ် အထံတော်သို့ပင် ပြန်လည်၍ ရောက်ရှိမည်သာ ဖြစ်ချေသတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا لَقِيتُمْ فِئَةً فَاثْبُتُوا وَاذْكُرُوا اللَّهَ كَثِيرًا لَعَلَّكُمْ تُفْلِحُونَ ﴿٤٥﴾

၄၅။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊အသင်တို့သည် အုပ်စုတစုစုနှင့် (ရင်ဆိုင်) တွေ့ဆုံကြရသောအခါ၊*မြဲမြံကြံ့ခိုင်စွာတည်ရှိကြလေကုန်*၊ [၂] ၎င်းပြင်အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား *များစွာ အောက်မေ့ တသကြလေကုန်*။ [၃] သို့မှသာလျှင် အသင်တို့သည်အောင်မြင်ကြမည် ဖြစ်လေသည်။

---

① (لِيَقْضِيَ اللَّهُ أَمْرًا كَانَ مَفْعُولًا) ဟူသောဝါကျတော်သည် ဤမုကဒ္ဒပါဠ်တော်တွင်လည်း ပါရှိ၏။ (၈း၄၂) တွင်လည်း ပါရှိခဲ့၏။ သို့ရာတွင် အဆိုပါ ဝါကျတော်နှစ်ခု၏ အနက်သဘောသည် အောက်ပါအတိုင်း ကွဲပြားခြားနားသည်။

ဤဝါကျတော်ကို နှစ်ကြိမ် သုံးထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ပဌမဝါကျတွင် မွတ်စ်လင်မ်စစ်သည်များနှင့် ကာဖိရ်စစ်သည်များအား တွေ့ဆုံစေတော်မူရန် ဖြစ်သည်။ ဒုတိယဝါကျတွင် မုရ်ရစ်က်များအား သေကြေပျက်စီးစေတော်မူရန်နှင့် အစွမ်းသတ္တိ သာသနာတော်ကို မြှင့်တင် ဂုဏ်မြောက်စေတော်မူစေရန် ဖြစ်သည်။ ဤသည် မွတ်စ်လင်မ်တို့အား ကျေးဇူးတော်ကို အပြည့်အဝ ချီးမြှင့်တော်မူခြင်းပင်ဖြစ်သည်။ (ကုရ်တုဗီ)

ဤအာယတ်တော်နှင့် ဆက်စပ်၍ ကုရ်အာန် (၃း၁၂၊ ၃း၁၂၂-၁၂၆) ကို ရှုပါကုန်။

وَأَطِيعُوا اللَّهَ وَرَسُولَهُ وَلَا تَنَازَعُوا فَتَفْشَلُوا وَتَذْهَبَ رِيحُكُمْ وَاصْبِرُوا ۚ إِنَّ اللَّهَ مَعَ الصَّابِرِينَ ﴿٤٦﴾

၄၆။ ထိုမှတပါး အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ [၃] ထို့ပြင်အသင်တို့သည်အချင်းချင်း အငြင်းမပွားကြကုန်လင့်။ [၂] သို့ အငြင်းပွားခဲ့ကြလျှင် အသင်တို့သည် စိတ်ဓါတ်ကျဆုံးကြပေမည်။ အသင်တို့၏ လေ(အား)အင်သည်လည်း ဆုတ်ယုတ်သွားချေမည်။ ၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်။ [၃] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သည်းခံသူတို့နှင့် အတူရှိတော်မူပေသတည်း။

---

(၂) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မြေပြင်တွင် ရန်သူများနှင့် ရင်ဆိုင်တွေ့ကြုံကြရသောအခါ မွတ်စ်လင်မ်များ လိုက်နာစောင့်စည်းကြရမည့် စည်းကမ်းချက်ခြောက်ချက်ကို ကုရ်အာန်(စ:၄၅–၄၇)တွင် မိန့်ဆိုထားတော်မူသည်။

၁။ ပထမစည်းကမ်းချက်။

မွတ်စ်လင်မ်များသည် စစ်မြေပြင်တွင်ရန်သူများနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ မကြောက်မရွံ့နောက်မတွန့်ပဲ မယိမ်းမယိုင် ကျောက်တိုင်ပမာ ကြံ့ခိုင်စွာ တည်ရှိနေကြရမည်၊ စိတ်ဓာတ်အလျင်း မကျဆင်းကြရ၊ သတ္တိအလျင်းမကြောင်ကြရ၊ ထွက်မပြေးကြရ။

(၃) ၂။ ဒုတိယစည်းကမ်းချက်။

"ဇစ်က်ရ်" ဟူသော ပုဒ်တွင် ဆွလာတ်ဝတ်ပြုခြင်း၊ 'ဒိအာ' ဆုတောင်းခြင်း၊ 'တက္ကဗီရ်' ဆိုခြင်းနှင့် အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ၊ သတိရမှု အစုစုတို့သည် အားလုံး အကျုံးဝင်လျက်ရှိပေသည်။

အလ္လာဟ်အရှင်မြတ်အား အမြဲတစေ အောက်မေ့တသသတိရကြရမည်၊ အထူးသဖြင့် စစ်မြေပြင်တွင် ထိုအရှင်မြတ်အား ပို၍ပင် အောက်မေ့တသသတိရကြရပေမည်၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းအားဖြင့် စိတ်ဓါတ်ကြံ့ခိုင်လာ၏။ ယုံကြည်စိတ်ချလာ၏။ စိုးရိမ်ကြောင့်ကြမှုများ ကင်းစင်လာ၏။ ဤသည် စစ်မြေပြင်တွင် အများဆုံးလိုအပ်သော အချက်ပင်ဖြစ်သည်။ 'ဆွဟာဗဟ်' သာဝကကြီးများ၏ အကြီးဆုံးသော လက်နက်သည် ဤသည့်အချက်ပင်ဖြစ်သည်။ ဤအကြောင်းကို ကုရ်အာန် (၁၃:၂၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။

(၁) ၃။ တတိယစည်းကမ်းချက်။

အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနှင့် တမန်တော်မြတ်၏ဩဝါဒတော်များကို အချိန်အခါ နေရာဌာနမရွေး အမြဲတစေ အစဉ်တစိုက် လိုက်နာရမည်သာဖြစ်သည်။ စစ်မြေပြင်တွင် စစ်တိုက်ခိုက်နေသည့် အချိန်မှာလည်း လိုက်နာရမည်သာဖြစ်သည်။ အမိန့်တော်များကိုနာခံရာတွင် မည်သည့်ဌာန၊ မည်သည့်အချိန်တွင်မျှ ပျက်ကွက်မှု၊ ပေါ့လျော့မှု အလျင်းမရှိစေရ။

وَلَا تَكُونُوا كَالَّذِينَ خَرَجُوا مِن دِيَارِهِم بَطَرًا وَرِئَاءَ النَّاسِ وَيَصُدُّونَ عَن سَبِيلِ اللَّهِ ۗ وَاللَّهُ بِمَا يَعْمَلُونَ مُحِيطٌ ﴿٤٧﴾

၄၇။ ၎င်းပြင် (အို–"မုအ်မင်န်"သက်ဝင်ယုံကြည်သူ အပေါင်းတို့) အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ [၃] ထိုသူတို့သည် မိမိတို့အိမ်များမှ ပလွှားဝါးကြွားလျက်လည်းကောင်း၊ လူတို့အား ပြစားလျက်လည်းကောင်း၊ ထွက်လာခဲ့ကြလေသည်။ ထို့ပြင် ၎င်းတို့သည် (သူတပါးတို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြလေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှတို့ကို ဝန်းဝိုင်းလျက်ရှိတော်မူသတည်း။

وَإِذْ زَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ وَقَالَ لَا غَالِبَ

၄၈။ ထို့ပြင် (ပြန်လည်အောက်မေ့ သတိရကြလေကုန်)။ အကြင်အခါဝယ် 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်းတို့၏အပြုအမူတို့ကို ၎င်းတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုခဲ့လေသည်။

(၂) ၄။ စတုတ္ထစည်းကမ်းချက်။

မွတ်စ်လင်မ်များသည် နောက်လိုက်များ အချင်းချင်းတွင်သော်လည်းကောင်း၊ နောက်လိုက်များနှင့် အကြီးအကဲ ရှေ့ဆောင်ရှေ့ရပ်များတွင်သော်လည်းကောင်း၊ အငြင်းမပွားကြရ။ စစ်မြေပြင်တွင် (Discipline) နည်းစနစ်ကျနစေရန် အလို့ငှာ၊ စည်းကမ်းသေဝပ်မှု၊ အာဏာပိုင်ခံယူမှုသည် အလွန်အရေးကြီးလိုအပ်ပေသည်။ အချင်းချင်း အငြင်းပွားမှု၊ မကျေလည်မှုများသည် (Discipline) အတွက် အကြီးဆုံးသော အဆိပ်အတောက်ပင်ဖြစ်ပေသည်။ အကယ်၍ စစ်မြေပြင်တွင် အချင်းချင်း အငြင်းပွားကြလျှင် မွတ်စ်လင်မ်များသည် အကွဲကွဲအပြားပြားဖြစ်ပြီး၊ စိတ်ဓါတ်ကျဆုံးသွားကာ၊ အားအင်လည်း ဆုတ်ယုတ်ပျက်ပြားသွားပေမည်။

(၃) ၅။ ပဉ္စမစည်းကမ်းချက်။

မွတ်စ်လင်မ်များသည် မိမိတို့မနှစ်မြို့သော ကိစ္စများနှင့်စပ်လျဉ်း၍ သည်းခံကြရမည်၊ မိမိတို့၏စိတ်ဓါတ်များကို ချုပ်တည်းထားကြရမည်။ ခံနိုင်ရည်ရှိကြရမည်။ ယခုခေတ်သုံးစကားအရ အရေထူကြရမည်။ အရေးကိစ္စများတွင် သည်းခံမှုသည်လည်း အောင်မြင်မှု၏ သော့ချက်တခုပင် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း သည်းခံသူများနှင့် အတူတကွရှိတော်မူပေသည်။

(၄) ၆။ ဆဋ္ဌမစည်းကမ်းချက်။

မွတ်စ်လင်မ်များသည် အရာရာတွင် စိတ်စေတနာ ဖြူစင်စွာထားရှိကြရမည်။ ကြွားဝါမှု၊ ပလွှားမှု၊ ပြစားမှု၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးမှုများသည် ကာဖိရ်၊ မုရ်ရစ်ဂ်တို့၏ အပြုအမူများသာ ဖြစ်ချေသည်။ ဗဒ်ရ်စစ်ပွဲ ဆင်နွှဲရန်အတွက် မိမိတို့၏အိမ်များမှ ထွက်လာခဲ့ကြသော ကာဖိရ်များသည်လည်း ပလွှားကြ၏၊ ပြစားကြ၏၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှသူတပါးတို့အား ပိတ်ပင်တားဆီးကြ၏ မွတ်စ်လင်မ်တို့သည် ထိုထိုသော ကာဖိရ်၊ မုရ်ရစ်ဂ်တို့ကဲ့သို့ အလျင်းမဖြစ်ကြရ။

لَكُمُ الْيَوْمَ مِنَ النَّاسِ وَإِنِّي جَارٌ لَّكُمْ ۖ فَلَمَّا تَرَاءَتِ الْفِئَتَانِ نَكَصَ عَلَىٰ عَقِبَيْهِ وَقَالَ إِنِّي بَرِيءٌ مِّنكُمْ إِنِّي أَرَىٰ مَا لَا تَرَوْنَ إِنِّي أَخَافُ اللَّهَ ۚ وَاللَّهُ شَدِيدُ الْعِقَابِ ﴿٤٨﴾

ဒင်းပြင် ထိုရှိုင်တွာန်မိစ္ဆာကောင်က "ယနေ့ လူတို့အနက်မှ အသင်တို့အား အောင်နိုင်မည့်သူဟူ၍ မည်သူတဦးတယောက်မျှ မရှိချေ။ ငါသည် အသင်တို့အား ကာကွယ်စောင့်ရှောက်မည့်သူ ဖြစ်သည်" ဟူ၍ လည်းပြောဆိုခဲ့လေသည်။ ထို့နောက် အုပ်စုနှစ်စုသည် ရင်ဆိုင်ကြလေသောအခါ ယင်း"ရှိုင်တွာန်"မိစ္ဆာကောင်သည် နောက်ဆုတ်၍ ထွက်ပြေးသွားခဲ့လေသည်။ ဒင်းပြင် ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်က "ဟယ်-အချင်းတို့၊ ငါသည် အသင်တို့နှင့်မပတ်သက်၊ တာဝန်ကင်းသည်။ ငါသည် အသင်တို့မမြင်ရသောအရာများကိုမြင်၏။ ငါသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာအပြစ်ပေးတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူသည်" ဆိုခဲ့လေသည်။ ၁

---

① သာဝကကြီး အစ်ဗ်နုအစ်ဗားစ်(ရသွေ့ယလ္လာဟု တအာလာအန်ဟု)သခင်ထဲမှ ဤသို့ကြားသိရ၏။ အစ်ဗ်လီစ်သည် ဗဒါရ်စစ်ပွဲနေ့တွင် စုရာကဟ် အစ်ဗ်နုမာလစ်က် အစ်ဗ်နုဂျာ်ရွန်မ်၏ ရုပ်ဆောင်၍ ရှိုင်တွာန်အုပ်စုနှင့် အတူတကွ အလံကိုင်ကာ ရောက်ရှိလာခဲ့၏။ ၎င်းနောက် ရှိုင်တွာန်က မုရှ်ရစ်က်တို့အား "ယနေ့ အသင်တို့ကို မည်သူမျှ အောင်နိုင်မည်မဟုတ်။ ကျွန်ုပ်တို့သည် အသင်တို့အား ကာကွယ်စောက်ရောက်ပါမည်" ဟု ပြောဆိုလေသည်။ နှစ်ဘက်သော စစ်သည်တော်များသည် စစ်ပွဲဆင်နွှဲရန် တန်းစီကြသောအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မြေတဆုပ်ယူ၍ မုရှ်ရစ်က်တို့၏မျက်နှာဘက်သို့ ပစ်ပက်တော်မူလိုက်ရာ မုရှ်ရစ်က်များသည် ကျောခိုင်း၍ သွားကြလေသည်။

ဒင်းနောက် ကောင်းကင်တမန်ဂျစ်ဗ်ရအီလ်သည် အစ်ဗ်လီစ်ထံသို့ ရောက်ရှိလာ၏။ ထိုအချိန်တွင် အစ်ဗ်လီစ်သည် မုရှ်ရစ်က်(အကြီးအကဲ) တယောက်၏ လက်ကိုဆွဲကိုင်လျက်ရှိသည်။ အစ်ဗ်လီစ်သည် ကောင်းကင်တမန် ဂျစ်ဗ်ရအီလ်အား တွေ့မြင်လိုက်သောအခါ မိမိ၏လက်ကို ဆွဲနှုတ်၍ မိမိအုပ်စုနှင့်အတူ ကျောခိုင်းထွက်ပြေးလေသည်။ ထိုအခါ အဆိုပါမုရှ်ရစ်က်က 'အို-စုရာကဟ်၊ အသင်သည် ကျွန်ုပ်တို့အား ကာကွယ်ထိန်းသိမ်းမည်ဟု ဆိုသည်၊ ယခု အဘယ့်ကြောင့် ပစ်ပယ်ဆုတ်ခွာသွားသနည်း" ဟုမေးရာ၊ အစ်ဗ်လီစ်က ကျွန်ုပ်သည် အသင်တို့မမြင်သောအရာကို မြင်သည်၊ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါသည်၊ အလ္လာဟ် အရှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ်ဖြစ်တော်မူသည်" ဟု ဖြေကြားလေသည်။

ထိုအချိန်တွင် ရှိုင်တွာန်သည် ကောင်းကင်တမန်များကို တွေ့မြင်ရသော အချိန်ပင်ဖြစ်သည်။

(အစ်ဗ်ရနုဂျရီရ်၊ အ-၁၀။ စ-၁၄) (အစ်ဗ်နုကဆီရ်၊ အ-၂။ စ-၃၁၇)

إِذْ يَقُولُ الْمُنٰفِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ غَرَّ هٰؤُلَاءِ دِينُهُمْ ۗ وَمَن يَتَوَكَّلْ عَلَى اللَّهِ فَإِنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٤٩﴾

၄၉။ (ပြန်လည်၍ သတိရရှိကြလေကုန်)။ အကြင် အခါ၌ "မုနာဖစ်က်" မွတ်စ်လင်မ်အယောင်ဆောင်တို့က လည်းကောင်း၊ စိတ်နလုံးတွင်း၌ ရောဂါစွဲကပ်လျက် ရှိသူတို့ကလည်းကောင်း၊ [၁] (မွတ်စ်လင်မ်များနှင့် ပတ်သက်၍) "ဤသူတို့အား ၎င်တို့၏ဒီန်သာသနာက လှည့်စား၍ထားလေသည်" ဟုပြောဆိုကြကုန်၏။

အမှန်စင်စစ်သော်ကား မည်သူမဆို အလ္လာဟ် အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချ လွဲအပ်သည် ရှိသော် (ထိုသူသည် အောင်မြင်မည်သာ ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အရှင် မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူ သောအရှင်၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရား နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသော ကြောင့်ပင် ဖြစ်ပေသတည်း။

وَلَوْ تَرَىٰ إِذْ يَتَوَفَّى الَّذِينَ كَفَرُوا الْمَلَائِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ ۚ وَذُوقُوا عَذَابَ الْحَرِيقِ ﴿٥٠﴾

၅၀။ ထို့ပြင် (အို-နဗီတမန်တော်) အကယ်၍သာ 'မလာအိကဟ်' ကောင်းကင်တမန်များသည် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့၏ အသက် ဇီဝိန်ကိုနှုတ်ယူသောအချိန်တွင် ယင်းတို့၏မျက်နှာများ ကိုလည်းကောင်း၊ ယင်းတို့၏ ကျောက်ကုန်းများကို လည်းကောင်း၊ ရိုက်နှက်ကြ၍ "အသင်တို့သည် (ငရဲ)မီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်" ဟု ပြောဆိုကြသည့် စက်ဆုပ်ရွံ.ရှာဖွယ်ရာ အဖြစ်ကို (အသင်) မုချ တွေ့မြင်ခဲ့ရပေမည်။ [၂]

---

① "ဗဒ်ရ်" စစ်ပွဲတွင် မွတ်စ်လင်မ်တို့သည် စစ်သည်အင်အား၊ စစ်လက်နက်အင်အား အလွန်ကြီးမားများပြားလှသော ကာဖိရ်များနှင့် ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ရခြင်းဖြစ်သည်။ မွတ်စ်လင်မ်များသည် ထိုစစ်ပွဲတွင် စစ်သည်အင်အားလည်း နည်းခဲ့၏။ စစ်လက်နက်လည်းနည်းခဲ့၏။ မျက်မြင်အားဖြင့် မွတ်စ်လင်မ်တို့၏ ဤအင်အားနည်းပါးမှုကို ကြည့်၍ မုနာဖစ်က်များနှင့် စိတ်နလုံးတွင်ရောဂါရှိသော (၀၊) စိတ်ဓာတ်နုနယ်သေးသော အချို့မုအ်မင်န်များက "ဤသူများ အား ၎င်းတို့၏သာသနာက လှည့်စားထားပေပြီ" ဟု ပြောဆိုခြင်းမှာ အထူးအဆန်းမဟုတ်ပေ။ ➤➤

ذَٰلِكَ بِمَا قَدَّمَتْ أَيْدِيكُمْ وَأَنَّ اللَّهَ لَيْسَ بِظَلَّامٍ لِّلْعَبِيدِ ﴿٥١﴾

၅၁။ ဤ(ပြစ်ဒဏ်)သည် အသင်တို့၏လက်များက တင်ကြို၍ ပို့ထားနှင့်ပြီးဖြစ်သော (အကုသိုလ်ဒုစရိုက်များ)ကြောင့်ပင် ဖြစ်ချေသည်။ အမှန်စင်စစ်မူကား အလ္လာဟ် အရှင်မြတ်သည် (မိမိ)၏ ကျွန်များအား နှိပ်စက် *ညှဉ်းပန်းတော် မူသောအရှင် အလျင်း မဟုတ်ပေ၊*[၁]

➤➤ ဤအာယတ်တော်တွင်ပါရှိသော " မုနာဖစ်က်" များဟူသည် မဒီနာမြို့ရှိ မုနာဖစ်က်များကို ဆိုလိုသည်။ "စိတ်နှလုံးတွင် ရောဂါရှိသူများ" ဟူသည် "မက္ကာမြို့ရှိ စိတ်ဓါတ်နှနယ်သေးသော၊ မရင့်ကျက်သေး သော မွတ်စ်လင်မ်များ" ကို ဆိုလိုသည်။

"စိတ်နှလုံးတွင်ရောဂါရှိသူများ" ဟူသည် ကုရိုက်ရှ်မျိုးနွယ်မှ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ခဲ့သော လူတစုကို ဆိုလိုသည်။ ၎င်းတို့၏အစ္စလာမ်သည် ၎င်းတို့၏ စိတ်နှလုံးတွင် မရင့်ကျက်သေးပေ၊ ၎င်းတို့သည် 'ဟစ်ဂျ်ရတ်'လည်း မပြုကြသေးပေ။ (ကဗီရ်)။

(၂) များစွာသော 'မုဖတ်စ်စစ်ရ် အဋ္ဌကထာရှင်များက' ဤအာယတ်တော်သည် 'ဗဒ်ရ်' စစ်ပွဲနှင့် စပ်လျဉ်းသည်ဟု ဆိုကြသည်။ သို့ရာတွင် ဤအာယတ်တော်လာပုဒ်များသည် ကာဖိရ်အားလုံးတို့နှင့် ပတ်သက်နေပေသည်။ ထို့အတွက် ဤအာယတ်တော်သည် 'အာလမေဗရ်ဇခ်'နှင့် စပ်လျဉ်းသည်ဟုဆိုအပ်ပေသည်။

အလို သဘောကား ကာဖိရ်များသည် ပစ္စက္ခ လောကဌ် ဗဒ်ရ်စစ်ပွဲတွင် အကြီးအကျယ် ဆုံးရှုံးခဲ့ကြရ လေပြီ၊ တဖန် အာလမေဗရ်ဇခ်၌ (ဤ အာယတ်တော်တွင် လာရှိသည့်အတိုင်း) ရိုက်နှက်ခြင်း ခံကြရဦးမည် ဖြစ်သည်။ ထို့ပြင် တဝ နောက်တမလွန်ဘဝ၌ ငရဲမီး၏ပြစ်ဒဏ်ကိုလည်း ခံစားကြရဦးမည်တည်း။

မှတ်သားဖွယ်။

ဤအာယတ်တော်နှင့် စပ်လျဉ်း၍ အေ့မာမ်ရာဇီသခင်က နက်နဲ သိမ်မွေ့သော အနက်အဓိပ္ပါယ်တရပ်ကို ထုတ်ဖော်ဖွင့်ဆိုထားသည်မှာ ကာဖိရ်များ၏ အသက်ဝိညာဉ်သည် ဤပစ္စုပ္ပန် ဘဝမှထွက်ခွာသွားသည့်အခါ ဤပစ္စုန်ပွန်ဘဝကို စွန့်လွှတ်ရသည့်အတွက် ဝမ်းနည်းကြ၏။ ထို့နောက် တဖန် ကာဖိရ်များ၏ အသက်ဝိညာဉ်များသည် နောင်တမလွန်ဘဝကို တွေ့မြင်ရပြန်သောအခါ ထိုဘဝတွင်လည်း မိမိတို့အဖို့ မှောင်အတိဖြစ်နေသည်ကိုသာ တွေ့မြင်ရပြန်လေသည်။ ဤသို့အားဖြင့် ကာဖိရ်များအဖို့ ရှေ့သည်လည်းမကောင်း၊ နောက်သည်လည်းမကောင်း၊ ရှေ့နောက်နှစ်ဘက်စလုံးမှပင် အရိုက်အနှက် ခံကြရပေသည်။

(၃) ဤသို့ ပြစ်ဒဏ်ပေးတော်မူခြင်းမှာ လူသားတို့ ကြိုတင်ပို့ဆောင်ထားသော ပြစ်မှုဒုစရိုက်တို့၏ အကျိုးသာလျှင် ဖြစ်ချေသည်။ အလ္လာဟ်အရှင်မြတ်မှာကား အနည်းငယ် စိုးစဉ်းမျှပင် ညှဉ်းပန်းတော်မူသည်ဟူ၍ အလျင်းမရှိချေ။ (မပြောကောင်းမဆိုအပ်)။ အကယ်တန္ခူ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ အနည်းငယ် စိုးစဉ်းမျှပင် ညှဉ်းပန်းမှု ဖြစ်နိုင်ပါမူ ထိုအနည်းငယ်စိုးစဉ်းမျှသော ညှဉ်းပန်းမှုသည်ပင်လျှင် အနန္တဂုဏ်တော်ရှင် ဖြစ်တော်မူသော အလွန်အလွန် ကြီးကဲထွဋ်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်အဘို့မှာမူ အလွန်လွန်ကြီးမားသော ညှဉ်းပန်းမှု ဖြစ်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် ပြည့်ဝစုံလင်တော်မူသော အရှင်၏ဂုဏ်တော်တိုင်းသည် ပြည့်ဝစုံလင် သည်သာ ဖြစ်ချေသည်။

كَدَأْبِ اٰلِ فِرْعَوْنَ ۙ وَالَّذِيْنَ مِنْ قَبْلِهِمْ ؕ كَفَرُوْا بِاٰيٰتِ اللّٰهِ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ ؕ اِنَّ اللّٰهَ قَوِيٌّ شَدِيْدُ الْعِقَابِ ﴿٥٢﴾

၅၂။ ("ကုဖ်ရ်" သွေဖည်မှုကြောင့် ပြစ်ဒဏ်ခံစား ရရာ၌ အဆိုပါ ကာဖိရ်များ၏ အခြေအနေကား) ဖစ်ရ်အောင်နှိ၏ အခြွေအရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း(ဖစ်ရ်အောင်နှိ၏ အခြွေအရံများ)၏ အလျင် ရှေးအထက်ကျော်ကာရိက ရှိခဲ့ကြသော သူတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ ဖြစ်ချေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို မယုံကြည်ငြင်းပယ်ခဲ့ကြလေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အင်အားနှင့် အလွန် ပြည့်စုံတော်မူသော အရှင်၊ ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသော အရှင်မြတ် ဖြစ်တော်မူပေသည်။

ذٰلِكَ بِاَنَّ اللّٰهَ لَمْ يَكُ مُغَيِّرًا نِّعْمَةً اَنْعَمَهَا عَلٰى قَوْمٍ حَتّٰى يُغَيِّرُوْا مَا بِاَنْفُسِهِمْ ۙ وَاَنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ﴿٥٣﴾

၅၃။ ဤသည်ကား အဘယ်ကြောင့် ဆိုသော် အလ္လာဟ် အရှင်မြတ်သည် အကြင် လူမျိုးတမျိုး၏ အပေါ်၌ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့၏ အခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး *ပြောင်းလဲပေးတော်မူသည်ဟူ၍ မရှိချေ။* [၁] ၎င်းပြင် ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသတည်း။

---

① အကြင်အခါ လူသားတို့သည် ကောင်းမှုကုသိုလ်ပွားများနိုင်ရန်အတွက် လူသဘာဝအလျောက် ရရှိထားသော စွမ်းရည်သတ္တိများကို စနစ်တကျ အသုံးမပြုပဲ အလွဲလွဲ အမှားမှား ပြုလုပ်ပြောင်းလဲပစ်ကြ၏။ အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူထားသော ကျေးဇူးတော်များကို ထိုအရှင်မြတ် ပြဿသတ်မှတ်ထားတော်မူသည့် လမ်းစဉ်များတွင် စနစ်တကျအသုံးမပြုကြရုံမက ထိုလမ်းစဉ်များကို ဆန့်ကျင်ရန်အတွက်ပင် အသုံးပြုကြ၏။ ထိုအခါ အလ္လာဟ် အရှင်မြတ်သည် ထိုသို့သောသူများထံမှ မိမိချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များကို ပြန်လည် ➤➤

كَدَأْبِ اٰلِ فِرْعَوْنَ ۙ وَالَّذِيْنَ مِنْ قَبْلِهِمْ ؕ كَذَّبُوْا بِاٰيٰتِ رَبِّهِمْ فَاَهْلَكْنٰهُمْ بِذُنُوْبِهِمْ وَاَغْرَقْنَاۤ اٰلَ فِرْعَوْنَ ۚ وَكُلٌّ كَانُوْا ظٰلِمِيْنَ ﴿۵۴﴾

၅၄။ (မိမိတို့၏ အခြေအနေကို ပြောင်းလဲရာတွင် ထိုကာဖိရ်များ၏ အခြေအနေကား) ဖစ်ရိအောင်နှ်၏ အခွေအရံများ၏ အခြေအနေကဲ့သို့လည်းကောင်း၊ ယင်း(ဖစ်ရိအောင်နှ်၏ အခွေအရံများ)၏အလျင် ရှေးအထက်ကျော်ကာရီက ရှိခဲ့ကြကုန်သောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ ဖြစ်ပေသည်။ ထိုသူတို့သည် မိမိတို့အား မွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ပြစ်မှုဒုစရိုက်များကြောင့် ဖျက်ဆီးတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ဖစ်ရိအောင်နှ်၏ အခွေအရံတို့ကို နစ်မြုပ်စေတော်မူခဲ့လေသည်။ အမှန်စင်စစ်သော်ကား ၎င်းတို့အားလုံးသည်ပင် မတရားကျူးလွန်သူများ ဖြစ်ခဲ့ကြကုန်သတည်း။

اِنَّ شَرَّ الدَّوَآبِّ عِنْدَ اللّٰهِ الَّذِيْنَ كَفَرُوْا فَهُمْ لَا يُؤْمِنُوْنَ ﴿۵۵﴾

၅၅။ မလွဲမကန် အလ္လာဟ်အရှင်မြတ် အထံတော်တွင် *အဆိုးဆုံးသော သတ္တဝါတို့ကား* [၁] (ဤ)အကြင် မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့ပင်တည်း။ သို့ဖြစ်ပေရာ ၎င်းတို့သည် သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ချေ။

➤➤ ရုပ်သိမ်းတော်မူ၏။ မိမိ၏ ကျေးဇူးတော် များကိုလည်း ပြစ်ဒဏ်တော် များဖြင့် ပြောင်းလဲတော်မူလိုက်လေသည်။

အလ္လာဟ်အရှင်မြတ်သည် အကြင်းမဲ့သိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူ၏။ လူသားတို့ပြောဆိုသမျှကို အကြင်းမဲ့ကြားသိတော်မူ၏။ ပြုလုပ်သမျှကို အကြင်းမဲ့သိမြင်တော်မူ၏။ ထိုအရှင်မြတ် မသိမမြင်တော်မူသောအရာဟူ၍ အလျှင်းမရှိ၊ ထို့အတွက်ကြောင့် ထိုအရှင်မြတ် ပြုစုစီရင်တော်မူသမျှသည် အခြေအနေနှင့် လုံးဝကိုက်ညီသင့်မြတ် မှန်ကန်သည်ချည်းသာလျှင် ဖြစ်ချေသတည်း။

① အကြင်သူများသည် အမြဲတစေ သွေဖည်ငြင်းဆန် မနာခံပဲနေကြ၏။ အီမာန် ယုံကြည်ခြင်း သဒ္ဓါတရား အလျှင်းမထားကြပေ။ နောင်ခံစားရမည့်ဘေးကို အလျှင်းမတွေးပဲ အမြဲတစေ ကတိဖောက်ဖျက်ကြ၏။ ထိုသို့သော သူများသည် အလ္လာဟ်အရှင်မြတ်အထံတော်တွင် အဆိုးရွားဆုံးသောသတ္တဝါများပင် ဖြစ်ကြပေသည်။ ➤➤

ٱلَّذِينَ عَٰهَدتَّ مِنْهُمْ ثُمَّ يَنقُضُونَ عَهْدَهُمْ فِى كُلِّ مَرَّةٍ وَهُمْ لَا يَتَّقُونَ ﴿٥٦﴾

၅၆။ ဤကာဖိရ်များကား အသင်သည် ထိုသူတို့ထံမှ (အကြိမ်ကြိမ်) ပဋိညာဉ်ယူခဲ့ပြီး ဖြစ်လေသည်။ ထို့နောက်သော်မှပင် ထိုသူတို့သည် မိမိတို့၏ပဋိညာဉ်ကို အကြိမ်တိုင်း အကြိမ်တိုင်း ဖောက်ဖျက်ကြလေသည်။ အမှန်သော်ကား ထိုသူတို့သည် (ပဋိညာဉ်ဖောက်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ကြသည် မဟုတ်ပေ။

فَإِمَّا تَثْقَفَنَّهُمْ فِى ٱلْحَرْبِ فَشَرِّدْ بِهِم مَّنْ خَلْفَهُمْ لَعَلَّهُمْ يَذَّكَّرُونَ ﴿٥٧﴾

၅၇။ သို့ဖြစ်ပေရာ အသင်သည် အကယ်၍ ၎င်းတို့အား စစ်ပွဲတွင် (လက်ရ)ဖမ်းမိသည်ရှိသော်၊ အသင်သည် ၎င်းတို့အားဖြင့် ၎င်းတို့အပြင်၌ ရှိကြကုန်သော(ရန်)သူတို့အား ဖရိဖရဲကစဉ့်ကလျား ဖြစ်အောင် ပြုလေလော့၊ သို့မှသာလျှင် ၎င်းသူတို့သည် သတိရကြလတ္တံ့။ [၃] (တနည်း- နောင်ကြဉ်ကြလတ္တံ့)

➤➤ အတိတ်ခေတ်တွင် ဖစ်ရ်အောင်နှစ်၏ အဆွေအရံများသည်လည်း သွေဖည်ငြင်းဆန် အမိန့်မနာခံပဲ အကြိမ်ကြိမ် ကတိဖောက်ဖျက်ခဲ့ကြပေသည်။ ကြည့် ကုရ်အာန် (၇:၁၃၀-၁၃၇)။ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) လက်ထက်တော်တွင်လည်း ယဟူဒီဘာသာဝင် ဗနူကရိုင်ဇွာဟ်မျိုးနွယ်စုနှင့် အခြားယဟူဒီဘာသာဝင် မျိုးနွယ်စုတို့သည်လည်း "ကျွန်ုပ်တို့သည် မက္ကာမြို့သား မုဂ္ဂရ်က်များအား ကူညီကြမည် မဟုတ်ပါ" ဟု တမန်တော်မြတ်နှင့် အကြိမ်ကြိမ် ပဋိညာဉ်စာချုပ်ချုပ်ဆိုကြပြီး အကြိမ်တိုင်းကိုပင် ကတိဖောက်ဖျက်ခဲ့ကြလေသည်။ ဤသို့ ကတိဖောက်ဖျက်သူများနှင့် မည်သို့မည်ပုံ ဆက်ဆံရမည်အကြောင်း ရှေ့လာလတ္တံ့သော အာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

③ အကယ်၍ ဤကာဖိရ်သစ္စာဖောက်များသည် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်များကို အတည့်အလင်း ပစ်ပယ်ပြီး တမန်တော်မြတ်အား ပြိုင်ဆိုင်တိုက်ခိုက်ရန်အတွက် စစ်မြေပြင်သို့ ထွက်လာကြလျှင် ၎င်းတို့အား ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် ပြစ်ဒဏ်ပေးရမည်။ ထိုသို့ ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးခြင်းကို တွေ့မြင်၍ ၎င်းတို့နောက်တွင်ရှိနေသူများ၊ သို့မဟုတ် ၎င်းတို့နောက်မှ ပေါပေါက်လာမည့် သားစဉ်မြေးဆက်တို့သည် လည်း သတိသံဝေဂ ရရှိသွားကြမည်။ ထို့ပြင်တဝ မည်သည့်အခါမျှ ကတိ ဖောက်ဖျက်ဝံ့ကြမည် မဟုတ်ပေ။

အီမာမ်ဗုခါရီနှင့် အီမာမ်မွတ်စ်လင်မ်နှစ်ပါးလုံးက မိမိတို့၏ကျမ်းများတွင် ထည့်သွင်းဖော်ပြထားကြသည်မှာ တမန်တော်မြတ်သည် ရန်သူများနှင့် ရင်ဆိုင်နေခဲ့ရသည့်အချိန် တနေ့တွင် "အို-လူအပေါင်းတို့ အသင်တို့သည် ရန်သူနှင့်တွေ့ဆုံရန် မတောင့်တကြကုန်လင့်၊ အလ္လာဟ်အရှင်မြတ်အထံတော်တွင် ငြိမ်းချမ်းသာယာမှုကိုသာ ပန်ကြားကြလေကုန်။ အသင်တို့သည် (မလွဲမရှောင်သာ၍) ရန်သူများနှင့် တွေ့ဆုံ ➤➤

وَإِمَّا تَخَافَنَّ مِن قَوْمٍ خِيَانَةً فَانۢبِذْ إِلَيْهِمْ عَلَىٰ سَوَآءٍ ۚ إِنَّ ٱللَّهَ لَا يُحِبُّ ٱلْخَآئِنِينَ ﴿٥٨﴾

၅၈။ ၎င်းပြင် အကယ်၍ အသင်သည် လူမျိုးတမျိုးထံမှ ကတိသစ္စာဖောက်ဖျက်မည်ကို စိုးရိမ်မကင်းဖြစ်ပါမူ၊ အသင်သည် (၎င်းတို့နှင့်ဖွဲ့ဆိုထားသည့် ပဋိညာဉ်စာချုပ်ကို ၎င်းတို့ထံပြန်လည်၍အပ်ပါလေ။ (ပဋိညာဉ်စာချုပ် ရုပ်သိမ်းပြီးဖြစ်ကြောင်းကို သိရှိရာတွင် အသင်နှင့် ၎င်းတို့သည်) တန်းတူဖြစ်ရှိသွားမည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သစ္စာဖောက်ဖျက်သူတို့အား (လုံး၀) နှစ်သက်တော်မူသည် မဟုတ်ချေ။ [၁]

➤➤ ကြရသောအခါ ကြွခိုင်စွာရပ်တည်ကြလေကုန်။ ဂျန္နတ်သည် ဓားလွယ်များ၏ အရိပ်အောက်တွင် ရှိနေသည်ကိုလည်း သိထားကြလေကုန်" ဟုမိန့်ကြားတော်မူခဲ့၏။ ထို့နောက် တမန်တော်မြတ်သည် "အိုကျမ်းဂန်များကို ချပေးသနားတော်မူသော၊ တိမ်သလွှာများကို ရွေ့လျားစေတော်မူသော၊ ရန်သူများကို ရှုံးနိမ့်စေတော်မူသော အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ထိုရန်သူများကို ရှုံးနိမ့်စေတော်မူပါ ကျွန်တော်မျိုးတို့အား ၎င်းတို့အပေါ်၌ အောင်မြင်မှုကိုပေးသနားတော်မူပါ" ဟုဆုပန်ကြားတော်မူခဲ့လေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းသည် အလ္လာဟ်အရှင်မြတ် အထံတော်၌လည်း နှစ်မြို့ဖွယ်ရာမဟုတ်ကြောင်း၊ ထိုအရှင်မြတ်၏ တမန်တော်မြတ်ထံတော်၌လည်း နှစ်မြို့ဖွယ်ရာမဟုတ်ကြောင်း၊ လောကီဆိုင်ရာ ဂုဏ်ပကာသနအတွက်လည်း နှစ်မြို့ဖွယ်ရာမဟုတ်ကြောင်း၊ အမှန်မှာ လူအဖွဲ့အစည်းတွင် ဆူပူသောင်းကျန်းမှုများ၊ ကျူးကျော်စော်ကားမှုများကို ပိတ်ပင်တားဆီးရန်လည်းကောင်း၊ လွတ်လပ်စွာယုံကြည်မှုနှင့် အမှန်တရားကို ပေါ်လွင်ထင်ရှားစေရန်အတွက်လည်းကောင်း၊ လွဲမှားသောအယူဝါဒကို လွဲမှားသည့် အယူဝါဒဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန်အတွက်လည်းကောင်း၊ လွဲမှားနေသူများ၏ ဘေးအန္တရာယ်မှကင်းလွတ်ရန်အတွက်လည်းကောင်း၊ လူအဖွဲ့အစည်းတွင် မရှိမဖြစ်သော လူမှုရေးကိစ္စတရပ်ဖြစ်ကြောင်း သိရှိရပေသည်။ ဤသည့်သဘောကိုပင် ကုရ်အာန်ကျမ်းမြတ် (၁၃း၁၇)တွင်လည်း မိန့်ဆိုထားတော်မူသည်။

(အလ်မနာရ်။ အ-၁၀။ စ-၅၁)

① အကယ်၍ လူမျိုးတမျိုးသည် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်ကို အတည့်အလင်း မဖောက်ဖျက်သော်လည်း ၎င်းတို့ထံမှ စာချုပ်ဖောက်ဖျက်မည့် နိမိတ်လက္ခဏာများ ပေါ်ပေါက်၍ ကတိပျက်မည်ကို စိုးရိမ်ရလျှင် တမန်တော်မြတ်သည် အခြေအနေအရ လျော်ကန်သင့်မြတ်သည်ဟု ယူဆပါက ထိုသို့သောလူမျိုးထံသို့ အချင်းချင်းဖွဲ့ဆိုထားသော ပဋိညာဉ်စာချုပ်ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြိုတင်၍ အကြောင်းကြားတော်မူလိုက်ရမည်။ ဤသို့အားဖြင့် အုပ်စုနှစ်စုလုံးသည် ပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်း၍ သို့လော သို့လော ဖြစ်ရှိမနေကြပဲ မိမိတို့ကိုယ်ကိုမိမိတို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သာတူညီမျှ လွတ်လပ်စွာ ကြိုးပမ်းနိုင်ကြမည်။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် တမန်တော်မြတ်အားလည်း ပဋိညာဉ်စာချုပ်ကို စတင်ဖောက်ဖျက်သည်၊ သစ္စာမဲ့သည်ဟူ၍ မည်သူမျှစွပ်စွဲပြောဆိုနိုင်မည်မဟုတ်ပေ။ အရေးကိစ္စအဝဝသည် ရှင်းရှင်းလင်းလင်း၊ ➤➤

وَلَا يَحْسَبَنَّ الَّذِينَ كَفَرُوا سَبَقُوا ۚ إِنَّهُمْ لَا يُعْجِزُونَ ﴿٥٩﴾

၅၉။ ထို့ပြင် ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့က "မိမိတို့သည် လွတ်မြောက်ခဲ့ကြချေပြီ" ဟု အလျှင်း မထင်မှတ်မယူဆကြရာချေ။ [၁] ၎ကန် အမှန် ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသည် မဟုတ်ပေ။

وَأَعِدُّوا لَهُم مَّا اسْتَطَعْتُم مِّن قُوَّةٍ وَمِن رِّبَاطِ الْخَيْلِ تُرْهِبُونَ بِهِ عَدُوَّ اللَّهِ وَعَدُوَّكُمْ وَآخَرِينَ مِن دُونِهِمْ ۖ لَا تَعْلَمُونَهُمُ ۖ اللَّهُ يَعْلَمُهُمْ ۚ وَمَا تُنفِقُوا

၆၀။ ထို့ပြင် အသင်တို့သည် ထိုကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့နှင့် ပြိုင်ဆိုင် (တိုက်ခိုက်)ရန် အလို့ငှာ မိမိတို့တတ်စွမ်းသမျှ (လက်နက်အစရှိသော) အင်အားကိုလည်းကောင်း၊ မွေးမြူထားသောမြင်းများကိုလည်းကောင်း၊ အဆင်သင့်စုဆောင်း၍ ထားရှိကြလေကုန်။ (သို့မှသာလျှင်) အသင်တို့သည် ထိုလက်နက်အင်အားဖြင့် အလ္လာဟ်အရှင်မြတ်၏ ရန်သူများကိုလည်းကောင်း၊ မိမိတို့၏ ရန်သူများကိုလည်းကောင်း၊ ထိုသူတို့အပြင် အခြား အကြင်သူတို့ကိုလည်းကောင်း ခြောက်လှန့်၍ ထားနိုင်ကြပေမည်။

➤➤ ပြတ်ပြတ်သားသား ဖြစ်သွားပေမည်။ အလ္လာဟ်အရှင်မြတ်သည် မည်သည့်အခါ မည်သည့်နေရာ မည်သူနှင့် ပတ်သက်၍ဖြစ်စေ ယုတ်စွအဆုံး စစ်မြေပြင်တွင် ကာဖိရ်ရန်သူများနှင့် ပတ်သက်၍ပင်လျှင် သစ္စာမဲ့မှု၊ ကတိဖျက်မှုကို အလျှင်း နှစ်သက်တော်မူသည်မဟုတ်ပေ။

① ကုရ်အာန်ကျမ်းမြတ်(စ:၅၀)တွင် တဘက်အုပ်စုမှ ကတိသစ္စာ ဖောက်ဖျက်မည်ကို စိုးရိမ်ရလျှင် ပဋိညာဉ် စာချုပ်ရပ်သိမ်း၍ တဘက်အုပ်စုအား အကြောင်းကြားရမည့်အကြောင်း ပါရှိခဲ့လေသည်။ ကာဖိရ်များက ဤသည့်အချက်နှင့်စပ်လျဉ်း၍ မွတ်စ်လင်မ်များသည် အလွန်ဖြူစင်ရိုးသားကြသည်ဟု ယူဆကာ ဝမ်းမြောက်ကောင်း ဝမ်းမြောက်ကြပေမည်။ မွတ်စ်လင်မ်များထံတွင် သစ္စာဖောက်ပိုင်ခွင့်မရှိ။ ထို့ပြင်တဝ စာချုပ်ရပ်သိမ်းခြင်းကို ငါတို့အချိန်မီ သိရှိကြပေရာ ငါတို့သည် မိမိတို့ကိုယ်ကို ကာကွယ်ရန်နှင့် မွတ်စ်လင်မ်တို့အား ချေမှုန်းနိုင်ရန် အချိန်အခါနှင့် အခွင့်အလမ်းရရှိပြီဟု ထင်မှတ်ကောင်း ထင်မှတ်ကြပေလိမ့်မည်။

ဤအာယတ်တော်တွင် ယင်းသို့ ထင်မှတ်နေကြသော ကာဖိရ်တို့အား ရည်ညွှန်းမိန့်ကြားထားတော်မူသည်မှာ ကာဖိရ်များသည် အဘယ်မျှပင် ကြိုတင်ပြင်ဆင်မှုများ၊ စီစဉ်မှုများ၊ ပြုလုပ်ကြလင့်ကစား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မွတ်စ်လင်မ်တို့၏လက်ဖြင့် ဂုဏ်အင်သေးသိမ်စေရန်နှင့် ဤဘဝ သို့မဟုတ် နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်ပေးရန် အလိုတော်ရှိပါလျှင် ယင်းကာဖိရ်များသည် မည်သို့မည်ပုံ ကြံစည်အားထုတ်ကြစေကာမူ ထိုအရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် အလျှင်းပြုစွမ်းနိုင်ကြမည်မဟုတ်ပေ။ ➤➤

مِنْ شَيْءٍ فِي سَبِيلِ اللَّهِ يُوَفَّ إِلَيْكُمْ وَأَنْتُمْ لَا تُظْلَمُونَ ﴿٦٠﴾

ထိုသူတို့အား အသင်တို့သည် မသိကြချေ။ (သို့ရာတွင်) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား သိရှိတော်မူ၏။ ထို့ပြင်တဝ အသင်တို့ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲသမျှ တို့ကို (ထိုအရှင်မြတ်သည်) အသင်တို့အား ပြည့်စုံစွာ ချီးမြှင့်တော်မူအံ့။ စင်စစ်သော်ကား အသင်တို့သည် (အနည်းငယ်မျှ) ယုတ်လျော့၍ပေးခြင်းကို ခံကြရလိမ့်မည် မဟုတ်ပေ။

وَإِنْ جَنَحُوا لِلسَّلْمِ فَاجْنَحْ لَهَا وَتَوَكَّلْ عَلَى اللَّهِ ۚ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ ﴿٦١﴾

၆၁။ ၎င်းပြင် အကယ်၍ထိုသူတို့သည် စစ်ငြိမ်းရန် အလို့ငှာ ယိမ်းညွှတ်ကြပါမူ အသင်သည်လည်း ထို *စစ်ငြိမ်းရန်ယိမ်းညွှတ်ပါလေ*၊ [၁] သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချလွဲအပ်ပါလေ။ ဧကန်မလွဲ ထိုအရှင်မြတ်သည်ပင် လျှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ ကြားတော်မူသော အရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

➤➤ ထိုအရှင်မြတ်၏လက်တော်တွင်းမှလည်း အလျှင်း လွတ်မြောက်သွားနိုင်ကြမည်မဟုတ်ပေ။ တနည်းအားဖြင့် မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အား လွဲအပ်၍ အမိန့်တော်များကို ဦးလည်မသုန် လိုက်နာကျင့်သုံးကြပါလျှင် အားလုံးတို့ကို အောင်နိုင်မည် ဖြစ်ကြောင်း ဤ အာယတ်တော်တွင် မိန့်ဆို ထားတော်မူခြင်းပင် ဖြစ်သည်။

① မွတ်စ်လင်မ်တို့၏ လက်နက်အင်အား စုဆောင်းမှုနှင့် စစ်ရန်ပုံငွေ ထည့်ဝင်လှူဒါန်းမှုများကို ကာဖိရ်များတွေ့မြင်ကြသောအခါတွင် စိုးရိမ်ကြောက်ကြပြီး စစ်ပြေငြိမ်းရန် မေတ္တာရပ်ခံလာကြပေမည်။ ယင်းကဲ့သို့ စစ်ပြေငြိမ်းရန် မေတ္တာရပ်ခံသည့်အခါ တမန်တော်မြတ်အား စစ်ပြေငြိမ်းပိုင်ခွင့်ရှိသည့်အကြောင်း ဤအာယတ်တော် တွင် မိန့်ဆိုခွင့်ပြုထားတော်မူသည်။ အဘယ့်ကြောင့်ဆိုသော် "ဂျိဟာဒ်"၏ အဓိကရည်ရွယ်ချက်သည် သတ်ဖြတ်မှုမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်ကို မြှင့်တင်ရန်နှင့် နိပ်စက်ညှဉ်းပန်းမှုများကို ပယ်ဖျောက်စေရန်သာ ဖြစ်သည်။ အကယ်၍ ထိုရည်ရွယ်ချက်ကို သတ်ဖြတ်မှုမရှိပဲ ရရှိပါက အကြောင်းမဲ့ တိုက်ခိုက်သတ်ဖြတ်ရန် အကြောင်းပင် အလျှင်းမရှိပေ။

وَإِن يُرِيدُوٓا۟ أَن يَخْدَعُوكَ فَإِنَّ حَسْبَكَ ٱللَّهُ ۚ هُوَ ٱلَّذِىٓ أَيَّدَكَ بِنَصْرِهِۦ وَبِٱلْمُؤْمِنِينَ ﴿٦٢﴾

၆၂။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင့်အား လိမ်လည်လှည့်ဖြားရန် ရည်စူးကြပါမူ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အသင့်အဖို့ လုံလောက်တော်မူပေသည်။ [၁] ထိုအရှင်မြတ်သည် ပင်လျှင် အသင့်အား မိမိအကူအညီဖြင့်လည်းကောင်း၊ "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့ဖြင့်လည်းကောင်း၊ အားပေးတော်မူခဲ့လေသတည်း။

وَأَلَّفَ بَيْنَ قُلُوبِهِمْ ۚ لَوْ أَنفَقْتَ مَا فِى ٱلْأَرْضِ جَمِيعًا مَّآ أَلَّفْتَ بَيْنَ قُلُوبِهِمْ وَلَٰكِنَّ ٱللَّهَ أَلَّفَ بَيْنَهُمْ ۚ إِنَّهُۥ عَزِيزٌ حَكِيمٌ ﴿٦٣﴾

၆၃။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုမုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ စိတ်နလုံးများစပ်ကြားတွင် (သမစိတ္တဖြစ်စေခြင်းငှာ) ညီညွတ်စေတော်မူခဲ့လေသည်။ အကယ်၍ အသင်သည် ကမ္ဘာမြေ၌ ရှိသမျှ (ပစ္စည်း)အားလုံးကို သုံးစွဲသည့်တိုင်အောင်၊ ထိုသူတို့၏ စိတ်နလုံးများစပ်ကြားဝယ် ညီညွတ်စေနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် (မိမိတန်ခိုးတော်ဖြင့်) ၎င်းတို့၏စပ်ကြားတွင်(သမစိတ္တဖြစ်စေ၍) ညီညွတ်စေတော်မူခဲ့လေသည်။ [၂] မုချဧကန် ထိုအရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အကယ်၍ ကာဖိရ်များသည် စစ်ပြေငြိမ်းရန် စာချုပ်ချုပ်ဆိုပြီးနောက်မှ ကတိဖျက်လျှင်၊ လိမ်လည်လှည့်ဖြားလျှင် အသင်(နဗီ) မစိုးရိမ် မကြောင့်ကြလင့်။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကူညီရန်အတွက် လုံလောက်တော်မူသည်။ ထိုအရှင်မြတ်သည် ထိုကာဖိရ်များ၏ လိမ်လည်လှည့်ဖြားမှုများကို အချည်းနှီးသာဖြစ်စေတော် မူမည်ဖြစ်သည်။ ထို အရှင်မြတ်သည် "ဗဒ်ရ်" စစ်ပွဲတွင် အကွယ်မှလည်း အကူအညီပေးတော်မူခဲ့သည်။ မျက်မြင် အားဖြင့်လည်း သက်စွန့် ကြိုးပမ်းခဲ့ကြသော မုအ်မင်န် အာဇာနည်များဖြင့် ကူညီတော်မူခဲ့လေသည်။

ဤအာယတ်တော် ကျရောက်လာပြီးသည့်နောက်ပိုင်းတွင် ကာဖိရ်များသည် တမန်တော်မြတ်အား လိမ်လည်လှည့်ဖြားနိုင်ခဲ့ကြသည် မရှိပေ။

ကြည့်-(မာဂျိဒီ)။ အ-၂၊ စ-၃၈၊ အအ-၉၃။ (ထာနဝီ)၊ အ-၄။ စ-၈၇။

(၂) အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့၏ စိတ်နှလုံးများအတွင်းမှ မျိုးနွယ်စိတ်၊ အုပ်စုစိတ်၊ ဘာသာစိတ် . . . စသည့် ခွဲခြားမှု ကွဲပြားမှုများကို နှုတ်ပယ်ဖျက်သိမ်းပြီး အစ္စလာမ်သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၎င်းတို့အား တညီတညွတ်တည်း၊ တလုံးတစည်းတည်း၊ ဖြစ်စေတော်မူခဲ့လေသည်။ ဤသို့ စည်းလုံးညီညွတ်မှုမရှိပါက သာသနာတော်ကို စံနစ်တကျ ထိန်းသိမ်းကာကွယ်ရန်ကား မဖြစ်နိုင်ပေ။ ဤကဲ့သို့ အရေးကြီးသော အခြေအနေတွင် စည်းလုံးညီညွတ်စေတော်မူခဲ့သည့် ကျေးဇူးတော်ကို အထူးတလည် ထုတ်ဖော် မြွက်ဟတော်မူခြင်းကို ထောက်ရှုခြင်းအားဖြင့် စည်းလုံးညီညွတ်မှုသည် အဘယ်မျှ အရေးကြီးသည်၊ ကြီးမားသည်ကို ကောင်းစွာသိရှိနိုင်ပေသည်။ မာဂျိဒီ။ အ-၂၊ စ-၃၈၉၊ အအ-၉၄၇။

ဤအာယတ်တော်၏ အလိုသဘောကို ပိုမိုနားလည် သဘောပေါက်နိုင်ရန်အတွက် ကုရ်အာန် (၃း၁၀၂)ကိုပါ ပူးတွဲလေ့လာ ဆင်ခြင်ကြပါကုန်။

လူ့လောကတွင် အကွဲကွဲ အပြားပြား ဖြစ်နေသော လူသားတို့၏ စိတ်နှလုံးသား များကို စုစည်း၍ အချင်းချင်း သင့်မြတ်ချစ်ကြည် မြတ်နိုးအောင် ပြုလုပ်ခြင်းမှာ ခက်ခဲလှသော ကိစ္စတရပ်ပင်ဖြစ်ပေသည်။ အထူးသဖြင့် အချင်းချင်း နှစ်ပရိဿေဒ မြောက်မြားစွာက တိုက်ခိုက်လာခဲ့ကြသော စိတ်နှလုံးများတွင် ပြန်လည် သင့်မြတ်ချစ်ကြည်ရန် အကြောင်းပင် မရှိတော့သော သူများအား ပြန်လည် စုစည်းရန်မှာကား အခက်အခဲဆုံးပင် ဖြစ်ပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ယင်းသို့သောသူတို့၏စပ်ကြား၌ပင် ပွင့်တော်မူခဲ့စေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ၎င်းတို့အား သွန်သင်ဆုံးမတော်မူ၍ ၁၀/၁၂၊ နှစ်ခန့်ရှိသောအခါ မဒီနာမြို့တော်တွင် အုပ်စုတစု ပေါ်ထွက်လာခဲ့၏။ ထိုအုပ်စုသည် ထူးဆန်းလှဘိ၏။ ၎င်းတို့သည် အစ္စလာမ်အတွင်းသို့ ရောက်ရှိမလာမီအထိ အချင်းချင်း မလိုမုန်းတီးကာ ရန်ပွားနေခဲ့ကြ၏။ အစ္စလာမ်ဘာသာအတွင်းသို့ ကူးပြောင်းလာခဲ့ကြသည့်အခါ ၎င်းတို့၏အခြေအနေမှာ အံ့ဖွယ်သရဲ ပြောင်းလဲလာခဲ့၏။ တချိန်က အချင်းချင်း သတ်ဖြတ်နေခဲ့ကြသောသူတို့သည် ယခုမူ တဦးကိုတဦး အသက်ပေး၍ပင် ချစ်ကြည်မြတ်နိုးလာခဲ့ကြ၏။ ဤသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ စာရိတ္တပြုပြင်ပေးမှု၏ အကျိုးပင်။ ဤသည့်အကြောင်းကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်း မိန့်ဆိုထားတော်မူ၏။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မွတ်စ်လင်မ်တို့၏ အချင်းချင်း ချစ်ကြည်မှုသည် အလ္လာဟ်အရှင်မြတ်၏ ထူးကဲမြင့်မြတ်လှသော ကျေးဇူးတော်တပါးဖြစ်ကြောင်း ကောင်းစွာသိရှိရပေသည်။ ယနေ့ မွတ်စ်လင်မ်များသည် အချင်းချင်း ချစ်ကြည်ရမည့်အစား ခိုက်ရန်ဖြစ်ပွားလျက်ရှိကြ၏။ ခိုက်ရန်ဖြစ်ပွားမှုသည် မွတ်စ်လင်မ်တို့၏ အကြီးဆုံးသောလက္ခဏာတရပ်ပင် ဖြစ်ရှိနေသည်။ မွတ်စ်လင်မ်များသည်လည်း ဤသည့် အချင်းချင်း ချစ်ကြည်မှုတည်းဟူသော ကျေးဇူးတော်နှင့်ကင်းဝေးခြင်းကြီးမက ကင်းဝေးနေကြရသည်ကိုပင် ရောင့်ရဲတင်းတိမ်လျက် ရှိနေကြကုန်၏။ မွတ်စ်လင်မ်တို့၏ အခြေအနေကား ပြောင်းပြန်ဖြစ်နေဘိတကား။ ဤကား ဝမ်းနည်းဖွယ်ရာပင်။ အဗုလ်ကလာမ်အာဇာဒ်။ အ-၂။ စ-၆၉-၇၀။

"စလ်မာန်ဖာရစီ" (ရသွေ့.ယလ္လာဟုတအာလာအန်ဟု)သခင်ထံမှ ကြားသိရ၏။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်မှာ "မွတ်စ်လင်မ် တဦးသည် မိမိ၏ညီနောင်တဦးနှင့်တွေ့ဆုံ၍ လက်ဆွဲနှုတ်ဆက်သည့်အခါ ၎င်းတို့နှစ်ဦး၏ အပြစ်များသည် သမုဒ္ဒရာပင်လယ်၏ ရေမြုပ်တမျှ များပြားလင့်ကစား လေပူလေကြမ်း တိုက်ခိုက်သောနေ့တွင် ခြောက်သွေ့နေသောသစ်ပင်မှ သစ်ရွက်များ ကြွေကျသွားဘိသည့် အလား၊ ကြွေကျသွားလေသည်။" အီဗ်နုကဆီရ်။ အ-၂။ စ-၃၂၃/၃၂၄။

يَٰٓأَيُّهَا ٱلنَّبِيُّ حَسۡبُكَ ٱللَّهُ وَمَنِ ٱتَّبَعَكَ مِنَ ٱلۡمُؤۡمِنِينَ ٦٤

၆၄။ အို-နဗီတမန်တော် အသင်၏အဖို့ အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ အသင်၏နောက်သို့လိုက်ကြကုန်သော "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း၊ လုံလောက်ကြပေသတည်း။ [၁]

يَٰٓأَيُّهَا ٱلنَّبِيُّ حَرِّضِ ٱلۡمُؤۡمِنِينَ عَلَى ٱلۡقِتَالِۚ إِن يَكُن مِّنكُمۡ عِشۡرُونَ صَٰبِرُونَ يَغۡلِبُواْ مِاْئَتَيۡنِۚ وَإِن يَكُن مِّنكُم مِّاْئَةٞ يَغۡلِبُوٓاْ أَلۡفٗا مِّنَ ٱلَّذِينَ كَفَرُواْ بِأَنَّهُمۡ قَوۡمٞ لَّا يَفۡقَهُونَ ٦٥

၆၅။ အို-နဗီတမန်တော်၊ အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား *စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းငှာ တိုက်တွန်းနှိုးဆော်ပါလေ။* [၂] အကယ်၍ အသင်တို့အနက် စွဲမြဲကြံ့ခိုင်(စွာတိုက်ခိုက်မည့်)သူ နှစ်ဆယ်ရှိကြပါမူ၊ ၎င်းတို့သည် (ကာဖိရ်တို့ဘက်မှ လူ)နှစ်ရာကို နိမ့်နင်းနိုင်ကြကုန်အံ့၊ ထို့နည်းတူစွာ အကယ်၍ အသင်တို့အနက် (ကြံ့ခိုင်စွာတိုက်ခိုက်မည့်သူ)တရာရှိကြလျှင် ၎င်းတို့သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့အနက်မှ (လူ)တထောင်ကိုနှိမ်နင်းနိုင်ကြပေအံ့။ အကြောင်းမူကား၊ ၎င်းတို့သည် (လုံးဝ)နားမလည်သောသူများ ဖြစ်ကြသောကြောင့်ပင်။

---

① ဤအာယတ်တော်၏ အဓိပ္ပာယ်ကို မုဖတ်စ်စစ်ရ် ပညာရှင်သုခမိန်များသည် နှစ်မျိုးနှစ်စားပြန်ဆိုကြသည်။ တမျိုးမှာ အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်းပင် ဖြစ်သည်။ ဤသို့ ဘာသာပြန်ဆိုခြင်းမှာ ကုရ်အာန်(စ:၆၂)၏ အဆုံးတွင်ပါရှိသည့် (هُوَ ٱلَّذِيٓ أَيَّدَكَ بِنَصۡرِهِۦ وَبِٱلۡمُؤۡمِنِينَ) ဟူသော အာယတ်တော်ကို ထောက်ထား၍ ပြန်ဆိုခြင်းပင်ဖြစ်သည်။ အချို့ပညာရှင်များက "အို-နဗီတမန်တော်၊ အလ္လာဟ်အရှင်မြတ်သည် အသင့်အဖို့လည်းကောင်း၊ အသင်၏ နောက်လိုက်ဖြစ်ကြကုန်သော မုအ်မင်န်များအဖို့လည်းကောင်း၊ လုံလောက်တော်မူသည်" ဟူ၍ ဘာသာပြန်ဆိုကြသည်။ ဤသည်အတိတ်ခေတ်ရှိ ပညာရှင် သုခမိန်အများစု၏ ပြန်ဆိုချက်ပင်ဖြစ်သည်။

② ဤအာယတ်တော်တွင် မွတ်စလင်မ်တို့အား 'ဂျိဟဒ်' စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် တိုက်တွန်းနှိုးဆော်ထားတော်မူသည်။ မွတ်စ်လင်မ်သည်များသည် ဦးရေအားဖြင့် နည်းနေသော်လည်း စိတ်အားမလျော့ကြရာ။ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်အဟုန်ဖြင့် မွတ်စ်လင်မ်စစ်သည်များသည် မိမိထက်ဆယ်ဆ ပိုမိုများသောရန်သူများကိုပင် အောင်နိုင်ကြမည်ဖြစ်သည်။ အကြောင်းကား မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်နှင့်ထိုအရှင်မြတ်၏ နှစ်သက်လိုလားတော်မူခြင်းကို နားလည်ပြီး တိုက်ခိုက်ကြသည်။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သေဆုံးရခြင်းသည် အသက်ရှင်ခြင်း၏အဓိကပင် ဖြစ်သည်ဟု ယုံကြည်ကာ စစ်မြေပြင်တွင် ခြေချကြသည်။ မွတ်စ်လင်မ်များသည် မိမိတို့၏ သက်စွန့်ကြိုးပမ်းစွန့်စားမှုများ၏ ကုသိုလ်အကျိုးကို စစ်မြေပြင်တွင်နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ နောင်တမလွန်ဘဝ၌ မုချရရှိကြမည်ဟု ယုံကြည်ကြသည်။ ➤➤

GG။ ယခုသော်ကား အလ္လာဟ်အရှင်မြတ်သည် (အသင်တို့၏ဝန်ထုပ်ကို) အသင်တို့မှ ပေါ့ပါးစေတော်မူခဲ့ပေပြီ။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၌ အားအင်သတ္တိ နည်းပါးသည်ကိုလည်း သိရှိတော်မူလေပြီ။ [၁] သို့ဖြစ်ပေရာ အကယ်၍ အသင်တို့အနက် စွဲမြဲ(စွာတိုက်ခိုက်မည့်)သူ (၁၀၀) တရာရှိကြပါလျှင် ၎င်းတို့သည် (ရန်သူတို့ဘက်မှလူ) နှစ်ရာကို နိမ့်နင်းနိုင်ကြပေမည်။ ထိုနည်းတူစွာ အကယ်၍ အသင်တို့အနက် (စွဲမြဲစွာတိုက်ခိုက်မည့်သူ) (၁၀၀၀)တထောင် ရှိခဲ့မူ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် (ရန်သူတို့ဘက်မှလူ) (၂၀၀၀) နှစ်ထောင်ကို နိမ့်နင်း နိုင်ကြပေမည်။ အမှန် စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် စွဲမြဲကြံ့ခိုင်သူတို့နှင့် အတူရှိတော် မူချေသတည်း။

اَلْـٰٔنَ خَفَّفَ اللّٰهُ عَنْكُمْ وَعَلِمَ اَنَّ فِيْكُمْ ضَعْفًا ؕ فَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا مِائَتَيْنِ ۚ وَاِنْ يَّكُنْ مِّنْكُمْ اَلْفٌ يَّغْلِبُوْٓا اَلْفَيْنِ بِاِذْنِ اللّٰهِ ؕ وَاللّٰهُ مَعَ الصّٰبِرِيْنَ ۝٦٦

➤➤ အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များ ထွန်းကားစေရန်အတွက် ဆင်းရဲဒုက္ခခံခြင်းသည် အမှန်စင်စစ် ထာဝရသုခရရှိရန် အကြောင်းပင်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဤသို့သော ယုံကြည်ချက်များဖြင့် မွတ်စ်လင်မ်များသည် ရန်သူများနှင့် စစ်တိုက်ကြသောအခါ အလ္လာဟ်အရှင်မြတ်၏ ကူညီစောင့်ရှောက်တော်မူခြင်းကို ရရှိကြပေသည်။ သေရမည့်ဘေးကိုလည်း အနည်းငယ်စိုးစဉ်းမျှ မစိုးရိမ်ကြပေ။ ထို့အတွက်ကြောင့်ပင် မွတ်စ်လင်မ်စစ်သည်တော်များသည် တုန်လှုပ်ချောက်ခြားခြင်း အလျင်းမရှိပဲ ရဲရင့်စွာ တိုက်ခိုက်ကြပေသည်။ ကာဖိရ်များမှာမူ ဤသို့မဟုတ်ကြပေ။ ၎င်းတို့သည် ဤသည့်သဘောတရားများကို သိနားလည်ကြသည်မဟုတ်ပေ။ ထို့အတွက်ကြောင့် ၎င်းတို့သည် သေးသိမ်သော မမြဲသော လောကီအကျိုးများအတွက်သာ တိရစ္ဆာန်များပမာ တိုက်ခိုက်ကြပေသည်။ စိတ်ဓာတ်ကြံ့ခိုင်မှုလည်း မရှိကြပေ။ ၎င်းတို့သည် ကာဖိရ်များဖြစ်ကြသည့်အတွက် အကွယ်မှ အလ္လာဟ်အရှင်မြတ်၏ အကူအညီ အထောက်အမများကိုလည်း မရရှိကြပေ။

ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် သတင်းစကားအနေဖြင့်လည်းကောင်း၊ ကောင်းချီးဩဘာ စကားအနေဖြင့်လည်းကောင်း၊ "မွတ်စ်လင်မ်စစ်သည်များသည် မိမိတို့ထက် ဆယ်ဆများသော ကာဖိရ်ရန်သူများနှင့်ပင် ကြံ့ခိုင်တည်ကြည်စွာ တိုက်ခိုက်ကြရမည်။ အကယ်၍ မွတ်စ်လင်မ်စစ်သည် (၂၀)ရှိလျှင် ရန်သူစစ်သည် (၂၀၀)ကိုပင် ကျော်မပေးကြရ။ မွတ်စ်လင်မ်စစ်သည် (၁၀၀)ဖြစ်လျှင် ရန်သူစစ်သည် (၁၀၀၀)ကိုပင် ကျော်မပေးကြရ" ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

① ဗုခါရီကျမ်းတွင် အစ်နအဗ်ဗာစ်(ရဿွေ.ယလ္လာဟုတအာလာအန်ဟု)ထံမှ တဆင့်ကြားသိရသည်မှာ ကုရ်အာန်(၈း၆၅)တွင် မွတ်စ်လင်မ်စစ်သည်များသည် မိမိတို့ထက်ဆယ်ဆရှိသောရန်သူများနှင့် ပြိုင်ဆိုင်တိုက်ခိုက် ➤➤

➢➢ ရမည့်အကြောင်း အမိန့်တော်လာရှိ၏။ ထိုအမိန့်တော်နှင့်စပ်လျဉ်း၍ မွတ်စ်လင်မ်များသည် တာဝန်ကြီးလေးလှသည်ဟု ယူဆကြသည့်အခါ အလွှာဟ်အရှင်မြတ်သည် ကုရ်အာန်(စ:၆၆)ကို ထုတ်ပြန်ချမှတ်ပေးတော်မူလေသည်။ ဆိုလိုသည်ကား အလွှာဟ်အရှင်မြတ်သည် အသင် (မွတ်စ်လင်မ်)တို့၏ အားနည်းမှု၊ လေးလံမှု၊ ဖင့်နွဲ့မှု၊ စိတ်ဓာတ်ကျဆင်းမှုများကိုသိတော်မူသဖြင့် ပထမအမိန့်တော်ကို ရုပ်သိမ်းတော်မူလိုက်လေသည်။ ယခုမူအသင်တို့သည် မိမိတို့ထက် နှစ်ဆရှိသောရန်သူများနှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြရမည် ဖြစ်သည်။ မိမိတို့ထက် နှစ်ဆရှိသော ရန်သူများကို ကျောပေးထွက်ပြေး အရှုံးမပေးကြရာ၊ ဤသည်ဟုရာမ်ဖြစ်သည်။

ဤကဲ့သို့ တာဝန်ကို လျော့ပေးတော်မူခြင်း၏ အကြောင်းကား၊ 'ဟစ်ဂျရတ်' စတင်ပြုလုပ်ကြသည့် အချိန်တွင် မွတ်စ်လင်မ်များမှာ အနည်းငယ်မျှသာ ရှိခဲ့ကြသေး၏ ၎င်းတို့၏ အင်အားမှာလည်း မမြဲပလောက်သေးပေ။ ထို့နောက် အတန်ကြာသောအခါ ၎င်းတို့အနက် များစွာသောသူများသည် သက်ရွယ်ကြီးရင့် အိုမင်းမစွမ်းဖြစ်လာခဲ့ကြ၏။ အားအင်ဆုတ်ယုတ်ခဲ့ကြကုန်၏။

ထို့နောက် ၎င်းတို့မှ ပေါက်ပွားလာခဲ့ကြသော သားသမီးများတွင် ယခင် 'အန်ဆွာရ်' နှင့် "မူဟာဂျိရိန်" များ၌ ရှိခဲ့သော အမြော်အမြင်၊ ကြံ့ခိုင်မှု၊ စွန့်စားမှု၊ အရည်အချင်း၊ ယုံပုံလွဲအပ်မှုများသည် မရှိပေ။ ထိုပြင်တဝှမ်းလူဦးရေ များပြားလာခဲ့ကြသည့်အတွက် ၎င်းတို့တွင် တနည်းအားဖြင့် မိမိတို့၏ များပြားမှုကို အားထားမှုဖြစ်ပေါ်လာခဲ့၏။ အလွှာဟ်အရှင်မြတ်အား ယုံပုံလွဲအပ်မှုသည် လျော့ပါးလာခဲ့၏။ လူသဘာဝအလျောက် ကြီးလေးသည့် တာဝန်တရပ်ရပ်ကို ထမ်းဆောင်ရန် လူတစုအပေါ်၌ တာဝန်ကျရောက် လာသည့်အခါ ထိုလူတစုသည် စိတ်အားထက်သန်စွာဖြင့် ထမ်းဆောင်လေ့ရှိကြသည်။ လူတိုင်းလူတိုင်းသည် မိမိတက်စွမ်းနိုင်သည်ထက် ပိုမိုကြိုးပမ်းအားထုတ်လေ့ရှိသည်။ သို့ရာတွင် ထိုကြီးလေးသော တာဝန်တရပ်သည်ပင် များစွာသောသူများအပေါ်၌ ကျရောက်လာသောအခါ လူများသည် သူလုပ်နိုးနိုး၊ ကိုယ်လုပ်နိုးနိုးနှင့် တယောက်ကို တယောက် စောင့်စားနေလေ့ရှိကြသည်။ "ဤသည် ငါတယောက်တည်း၏ တာဝန်မဟုတ်" ဟု ယူဆကာ အမှုမဲ့အမှတ်မဲ့ လျစ်လျူရှုလေ့ရှိကြသည်။ ဤကဲ့သို့ အသီးသီး ထင်မြင်ယူဆကာ တဦးကိုတဦး လွှဲပုံချလာသည်နှင့် အမျှ စိတ်ဓာတ်၊ လုပ်အား၊ ဇွဲသတ္တိများသည်လည်း အလိုအလျောက် ကျဆင်းလျော့နည်းလာလေသည်။ ဤသည့်သဘောကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်နှင့်စပ်လျဉ်း၍ ရာဟ်အဗ်ဒုလ်ကာဒစ်ရ်သခင်ကြီးက ရှင်းလင်းပြခဲ့သည်မှာ ပထမမွတ်စ်လင်မ်များသည် 'အီမာန်' ယုံကြည်ခြင်း သဒ္ဓါတရား၌ ပြည့်စုံရင့်ကျက်ခဲ့ကြပေရာ ၎င်းတို့အား မိမိတို့၏ ဆယ်ဆရှိသော ရန်သူများနှင့်ပင် တိုက်ခိုက်ရန် အမိန့်တော်ထားရှိတော်မူခြင်း ဖြစ်သည်။ နောက်မွတ်စ်လင်မ်များသည် ပထမမွတ်စ်လင်မ်များထက် ခြေတလှမ်း နောက်ကျနေကြသည့်အတွက် ၎င်းတို့အား မိမိတို့၏ နှစ်ဆရှိသော ရန်သူများနှင့်သာ ပြိုင်ဆိုင်တိုက်ခိုက်ရန် အမိန့်တော်ထားရှိတော်မူခြင်းဖြစ်သည်"။

ဤအမိန့်တော်သည် ယခုထက်တိုင် အတည်ဖြစ်နေတော်မူ၏။ သို့ရာတွင် နှစ်ဆထက် ပိုမိုများပြားသောရန်သူများကို တိုက်ခိုက်နိုင်ကြမှသာ ကြီးမားသော ကုသိုလ်အကျိုးကို ရရှိကြမည်ဖြစ်သည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ လက်ထက်တော်တွင် မွတ်စ်လင်မ်စစ်သည် (၁၀၀၀)တထောင်သည် ရန်သူစစ်သည် (၈၀၀၀၀)ရှစ်သောင်းနှင့် ပြိုင်ဆိုင်တိုက်ခိုက်နိုင်ခဲ့ကြပေသည်။

"မောင်ဝ်တာ" စစ်ပွဲတွင် မွတ်စ်လင်မ်စစ်သည် (၃၀၀၀)သုံးထောင်သည် ရန်သူစစ်သည် (၂၀၀၀၀၀) နှစ်သိန်းနှင့် ရင်ဆိုင်နိုင်ခဲ့ကြပေသည်။ အစ္စလာမ်သမိုင်းတွင် ဤကဲ့သို့သော စွန့်စားတိုက်ခိုက်မှုများကို အများအပြားတွေ့ရှိရပေသည်။

مَا كَانَ لِنَبِيٍّ أَنْ يَكُونَ لَهُ أَسْرَىٰ حَتَّىٰ يُثْخِنَ فِي الْأَرْضِ ۚ تُرِيدُونَ عَرَضَ الدُّنْيَا وَاللَّهُ يُرِيدُ الْآخِرَةَ ۗ وَاللَّهُ عَزِيزٌ حَكِيمٌ ﴿٦٧﴾

၆၇။ မည်သည့်နဗီတမန်တော်မဆို ကမ္ဘာမြေပြင်ဝယ် (ကောင်းစွာ) တိုက်ခိုက်သတ်ဖြတ်အောင်မြင်မှုကို မပြုသေးသမျှ ကာလပတ်လုံး ထိုနဗီတမန်တော်၌ (စစ်မြေအရပ်မှ) လက်ရဖမ်းဆီး၍ မိခဲ့သောသုံ့ပန်းများသည်မရှိသင့်ပေ။ အသင်တို့သည် ပစ္စုပ္ပန်လောကီပစ္စည်းကိုအလိုရှိကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အဖို့) နောင်တမလွန်ဘဝ(၏) စည်းစိမ်ရိပ်ငြိမ်)ကို လိုလားတော်မူ၏။ [၁] စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ နက်နဲသိမ်မွေ့ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① 'ဗဒ်ရ်' စစ်မြေပြင်တွင် မွတ်စ်လင်မ် စစ်သည်တော်များသည် ကာဖိရ်စစ်သည် (၇၀)ကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသုံ့ပန်းများနှင့်ပတ်သက်၍ မွတ်စ်လင်မ်တို့အား ရွေးချယ်ကျင့်သုံးနိုင်ကြရန်အတွက် လမ်းစဉ်နှစ်ရပ်ကို ချပေးတော်မူခဲ့၏။ (၁)သတ်ဖြတ်ကွပ်မျက်ခြင်း၊ သို့မဟုတ် (၂)လျော်ကြေးယူ၍လွှတ်ခြင်း၊ လျော်ကြေးယူ၍ လွှတ်ကြလျှင် လာမည့်နှစ်၌ အလွတ်ခံရသော ရန်သူသုံ့ပန်းဦးရေနှင့် အမျှ မွတ်စ်လင်မ်များ အသတ်ခံကြရမည်ဖြစ်သည်ဟူသော စည်းကမ်းချက်ကို သတ်မှတ်ထားတော်မူသည်။

အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ မွတ်စ်လင်မ်တို့အား အထက်ဖော်ပြပါ လမ်းစဉ်နှစ်ရပ်ကို ရွေးချယ်စေတော်မူခြင်းမှာ မွတ်စ်လင်မ်တို့သည် မိမိတို့ စိတ်အာသာဆန္ဒအလျောက် လမ်းစဉ်နှစ်ရပ်အနက် မည်သည့်လမ်းစဉ်ဘက်သို့ ယိမ်းကြသည်ကို သိရှိတော်မူရန်အတွက် စမ်းသပ်တော်မူခြင်းသာဖြစ်သည်။ (ဥပမာ-တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ကြင်ရာတော်များကိုလည်း လမ်းစဉ်နှစ်ရပ်အနက် မိမိတို့ကြိုက်နှစ်သက်ရာ လမ်းစဉ်တရပ်ကို ရွေးချယ်ကြရန် ခွင့်ပြုတော်မူခဲ့၏။ ဤအကြောင်း ကုရ်အာန်(၃၃း၂၈-၂၉)တွင် လာရှိသည်။ ထို့အတူ "မိအ်ရာဂျ်" ညတွင်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား နို့ရည်တခွက်နှင့် သေရည်တခွက်ဆက်သရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် နို့ရည်ကို ရွေးချယ်တော်မူခဲ့၏။ ထိုအခါ ကောင်းကင်တမန် 'ဂျိဗရီလ်' က တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား "အကယ်၍သာ (မပြောကောင်းမဆိုအပ်) တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သေရည်တခွက်ကို ရွေးချယ်တော်မူခဲ့သည်ရှိသော် တမန်တော်မြတ်၏ နောက်လိုက်တပည့်သားတို့သည် လမ်းမှားသွားကြမည်" ဟု လျှောက်ထားခဲ့၏။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဗဒ်ရ်စစ်မြေပြင်မှ ဖမ်းဆီးရမိခဲ့သော သုံ့ပန်းများနှင့်ပတ်သက်၍ မိမိ၏ 'ဆွဟာဗဟ်' တပည့်သာဝကကြီးများထံမှ အကြံဉာဏ် တောင်းတော်မူခဲ့လေသည်။ ထိုအခါ သာဝကကြီး အဗူဗက်ရ် ဆွစ်ဒ်ဒီက်(ရဿွေ.ယလ္လာဟို့ တအာလာအန်ဟု)က "အို-အလ္လာဟ် ➤➤

➤➤ အရှင်မြတ်၏ ရစ္ရူလ်၊ ဤသုံ့ပန်းအားလုံးတို့သည် ကျွန်ုပ်တို့၏ သားချင်းများ၊ ညီနောင်များဖြစ်ကြပါသည်။ ၎င်းတို့အား ဂလျာကြေးယူ၍လွှတ်ရန် သင့်ပါသည်။" ဤသို့သိမ်မွေ့စွာဆက်ဆံ၍ ကျေးဇူးပြုလိုက်လျှင် နောင်တချိန် ၎င်းတို့အနက် အချို့သည် မွတ်စ်လင်မ်ဖြစ်လာကြပြီး ၎င်းတို့နှင့်တကွ ၎င်းတို့၏သားသမီးများ၊ နောက်လိုက်တပည့်များသည် ကျွန်ုပ်တို့၏လက်ရုံးများဖြစ်လာနိုင်ကြပါသည်။ ထို့ပြင်တဝ ၎င်းတို့ထံမှ ရရှိမည်ဖြစ်သော လျော်ကြေးများသည်လည်း ဂျိဟာဒ်နှင့်အခြား သာသနာရေးကိစ္စများတွင် အသုံးဝင်နိုင်ပါသည်။

နောက်နှစ် ကျွန်တော်များအနက် မွတ်စ်လင်မ် (၇၀)သည် သာသနာ့အရေးဦ ရှဟီဒ်အဖြစ် ကျဆုံးသွားခဲ့ကြသည်ရှိသော အထူးနစ်နာစရာမရှိပါ။ ၎င်းတို့သည် "ရှဟီဒ်-သာသနာ့ အာဇာနည်" ဟူသောဂုဏ်ကို မုချရရှိကြမည်ဖြစ်ပါသည်" ဟု ဖြေကြားလျှောက်ထားလေသည်။ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည်လည်း မူလဗီဇအားဖြင့် သနားကြင်နာလေ့၊ သားချင်းတို့အား ထောက်ထားညှာတာလေ့ရှိတော်မူသည့်အတွက် သာဝကကြီးအဗူဗက်ရ်၏ အကြံဉာဏ်ကိုပင် နှစ်သက်တော်မူခဲ့လေသည်။ ထို့ပြင်တဝ သာဝကကြီးများ၏ အကြံဉာဏ်များမှာလည်း အများအားဖြင့် ဤသို့ပင်ဖြစ်ခဲ့လေသည်။

များစွာသော သာဝကကြီးများသည် သာဝကကြီးအဗူဗက်ရ် တင်ပြခဲ့သည့် အထက်ပါ အကြောင်းပြချက်များ (၀၁) သားချင်းဖြစ်မှု၊ နောင်တချိန် ဖြစ်ထွန်းလာမည့်အကျိုးနှင့် ဥစ္စာပစ္စည်းကြောင့် လက်ရှိသုံ့ပန်းများအား လျော်ကြေးယူ၍ လွှတ်ရန်ပင် အကြံပေးခဲ့ကြလေသည်။ အချို့ သာဝကများသည် ဥစ္စာပစ္စည်းကို ရှေ့ရှု၍ ဤသည့်အကြံဉာဏ်ကို နှစ်သက်ကြခြင်းဖြစ်သည်။ (ကုရ်အာန်ကျမ်းလာ "အသင်တို့သည် ဤပစ္စက္ခ လောကီပစ္စည်းကို အလိုရှိကြသည်" ဟူသော အာယတ်တော်သည်လည်း သာဝကကြီးများအနက် ဤကဲ့သို့ လောကီစည်းစိမ်ကို နှစ်သက်လိုလားခဲ့ကြသော သာဝကကြီးများအား ရည်ညွှန်းထားတော်မူသည်။ ဟာဖိဇ် အစ်ဗ်နအလ်ဟဂျ်ရ်နှင့် အစ်ဗ်နအလ်ကိုင်ယင်မ် တို့ကလည်း ဤအတိုင်းပင် ဖွင့်ဆိုရေးသားထားခဲ့ကြသည်။ သို့ရာတွင် သာဝကကြီးအုမ်ရ်(ရသွေ့.ယလ္လာဟိုတအာလာအန်ဟု)နှင့် သာဝကကြီးစအိဒ်အစ်ဗ်နမုအာဇ် (ရသွေ့.ယလ္လာဟိုတအာလာအန်ဟု)တို့သည် အထက်ဖော်ပြပါအကြံကို ဆန့်ကျင်ခဲ့ကြလေသည်။

သာဝကကြီး အုမရ် (ရသွေ့.ယလ္လာဟိုတအလာအန်ဟု)က တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား "အို-အလ္လာဟ်အရှင်မြတ်၏ ရစ္ရူလ်၊ ဤသုံ့ပန်းများသည် ကာဖိရ်များ၏ ရှေ့ဆောင်များ၊ မုရ်ရစ်ဂ်များတို့၏ အကြီးအကဲများဖြစ်ကြပါသည်။ ဤသူများကို သတ်ဖြတ်ကွပ်မျက်လိုက်ပါလျှင် ကာဖိရ်မုရ်ရစ်ဂ်တို့၏ ဇာတ်သည်ကျိုးသွားပါလိမ့်မည်။ ကာဖိရ်၊ မုရ်ရစ်ဂ်အားလုံးတို့အပေါ်၌ ကျွန်ုပ်တို့၏ အရှိန်အဝါသည်လည်း လွှမ်းမိုး၍ သွားပါလိမ့်မည်။ နောက်နောင် ကာဖိရ်၊ မုရ်ရစ်ဂ်တို့သည် မွတ်စ်လင်မ်တို့အား ညှဉ်းပန်းခြင်း၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခြင်းများကို ပြုဝံ့ကြမည် မဟုတ်ပါ။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျွန်တော်များသည် ကာဖိရ်၊ မုရ်ရစ်ဂ်တို့အား လွန်စွာစက်ဆုပ်ရွံရှာခဲ့ကြောင်း၊ ၎င်းတို့နှင့်မည်သို့မျှ မပတ်သက်ခဲ့ကြောင်း၊ ကျွန်တော်များသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မိမိတို့၏ သားချင်းများနှင့် ဥစ္စာပစ္စည်းများကို အလျင်းဂရုမပြုခဲ့ကြောင်း ထင်ရှားပေါ်လွင် သွားပါလိမ့်မည်။ ထို့အတွက်ကြောင့် ဤသုံ့ပန်းများတွင် ကျွန်တော်များအနက် သားချင်းတော်စပ်သူများအား ကျွန်တော်များအနက် ၎င်းတို့၏ သားချင်းများကပင် မိမိတို့ကိုယ်တိုင် သတ်ဖြတ်ကွပ်မျက်ကြရန် သင့်ပါသည်" ဟု လျှောက်ထားခဲ့လေသည်။

ဤ သုံ့ပန်းများနှင့် ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ဝေဖန်စဉ်းစားကြပြီးနောက် နောက်ဆုံးတွင် အများဆန္ဒအရ သာဝကကြီး အဗူဗက်ရ် (ရသွေ့.ယလ္လာဟုတအာလာအန်ဟု)၏ အကြံပေးချက်အတိုင်း လိုက်နာကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြလေသည်။ အဘယ်ကြောင့်ဆိုသော် သာဝကကြီးများအနက် အများစုကြီး၏ ➤➤

➤➤ အကြေပေးချက်မှာလည်း ဤအတိုင်းပင်ဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင်သည်လည်း မိမိ၏မူလဗီဇအလျောက် သနားကြင်နာ ကရုဏာပွားများလေ့ရှိသည့်အတွက် ဤသည့်အကြေပေးချက်ကိုပင် နှစ်သက်တော်မူခဲ့လေသည်။ ၎င်းပြင် ယဉ်ကျေးသိမ်မွေ့မှုကို ထောက်ထားခြင်းအားဖြင့်လည်းကောင်း၊ ကိစ္စအရပ်ရပ်ကို ထောက်ထားခြင်းအားဖြင့်လည်းကောင်း၊ ဤသည့်အကြေပေးချက်သည် လျော်ကန်သင့်မြတ်သည်ဟူ၍ပင် ယူဆဖွယ်ရာဖြစ်သည်။

သို့ရာတွင် ထိုဓေတ်ထိုအခါ ထိုပတ်ဝန်းကျင်၌ မွတ်စ်လင်မ်များ ရင်ဆိုင်နေကြရသော အခြေအနေများကို စေ့စေ့ငုငု ထောက်ရှုဆင်ခြင်သည်ရှိသော် ထိုပတ်ဝန်းကျင် တွင် ကာဖိရ်များကို တိုက်ခိုက်ရာ၌ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခါ ဦးခေါင်းမမော်နိုင်အောင် ပြုလုပ်ရပေမည်။ မွတ်စ်လင်မ်တို့အား (၁၃)နှစ်တိုင်တိုင် နှိပ်စက်ညှဉ်းပန်းခဲ့ကြသော ကာဖိရ်တို့အား ၎င်းတို့၏ ဆွေမျိုးတော်စပ်မှု၊ ဥစ္စာပစ္စည်း၊ စစ်သည်အင်အား စသည်များသည် ၎င်းတို့အား အလွှာဟ်အရှင်မြတ်၏ တုံ့ပြန်လက်စားချေမှုမှ စိုးစဉ်းမျှ မကာကွယ်နိုင်သည်ကို ထုတ်ဖော်ပြသရန်အတွက် ဤအခွင့်အလမ်းသည် ပထမဆုံးသော အခွင့်အလမ်းပင် ဖြစ်ပေသည်။ ထိုသို့သော ကာဖိရ်၊ မုရှ်ရစ်များအပေါ်တွင် ဦးစွာပထမ မိမိတို့၏ အရှိန်အဝါကို တကြိမ် လွှမ်းမိုးစေသင့်ပေသည်။ ယင်းသို့ တကြိမ် အရှိန်အဝါ လွှမ်းမိုးစေပြီးသည့်နောက်ပိုင်းတွင် နူးညံ့သိမ်မွေ့စွာဆက်ဆံရန်၊ သားချင်းတို့အား ထောက်ထားညှာတာရန်အတွက် အခွင့်အလမ်းများ၊ အချိန်များ အမြောက်အမြား ကျန်ရှိနေပေသေးသည်။ လာမည့်နှစ်တွင် မွတ်စ်လင်မ် (၇၀)သွေးမြေကျရမည့်အရေးကို သဘောတူလိုက်ခြင်းသည် သာမန်ကိစ္စတရပ် မဟုတ်ပေ။

ထို့အတွက်ကြောင့် သုံ့ပန်းများအား လျော်ကြေးယူ၍လွှတ်ရန် အကြေပေးချက်ကို အလွှာဟ်အရှင်မြတ်သည် ထိုဓေတ်ထိုအခါ ထိုပတ်ဝန်းကျင်အရ မနှစ်သက် မလိုလားတော်မူခြင်း ဖြစ်ပေသည်။

ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ်သည် ဤမနှစ်သက် မလိုလားတော်မူခြင်းကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ 'လက်ရသုံ့ပန်းများနှင့်ပတ်သက်၍ သာဝကကြီးများ၏ ထင်မြင်ယူဆချက်သည် အလွန်စိုးရိမ်ဖွယ်ကောင်းသည့် မှားယွင်းချက်တရပ်ဖြစ်သည်' ဟူ၍ မိန့်ဆိုထားတော်မူသည်။ သာဝကကြီးများအနက် ဥစ္စာပစ္စည်းကို နှစ်သက်၍ အထက်ဖော်ပြပါ အကြေပေးချက်ကို ထောက်ခံခဲ့ကြသော အချို့သာဝကကြီးများအား "အသင်တို့သည် ဤပစ္စက္ခဘဝ၏ ဥစ္စာပစ္စည်းကို နှစ်သက်လိုလားကြသည်" ဟူ၍ အတည့်အလင်း ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

ဆိုလိုသည်ကား အသင်တို့သည် ဤပစ္စက္ခဘဝ၏ သခါရပစ္စည်းများကို ရှေးရှုကြသည်။ အမှန်မှာ မုအ်မင်နမ်များသည် နောင်တမလွန်ကိုသာ ရှေးရှုသင့်ပေသည်။ အလွှာဟ်အရှင်မြတ် အလိုတော်ရှိတော် မူပါလျှင် အသင်တို့၏အလုပ်ကို မိမိ၏ အနန္တတန်ခိုးတော်ဖြင့် မျက်မြင်အကြောင်းတရားများ မပါပဲလျက်လည်း ပြုစွမ်းပေးတော်မူနိုင်သည်။ အသို့ပင်ဖြစ်စေကာမူ လျော်ကြေးယူ၍ သုံ့ပန်းများကို လွှတ်ခြင်းသည် ထိုဓေတ်ထိုအခါ ထိုပတ်ဝန်းကျင်၌ ကြီးလေးလှသော မှားယွင်းချက်တရပ် ဖြစ်ပေသည်။

ဤနေရာတွင် သိရှိနားလည်ထားအပ်သည်မှာ "ရိဝါယာတ်" ခေါ် ကျမ်းချက်များအရ အဆိုပါ အကြေပေးချက်ကို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) နှစ်သက်တော်မူခဲ့ခြင်းမှာ သားချင်းများအား ထောက်ထားလေးစားမှု၊ သနားကြင်နာမှုများကြောင့် သာလျှင် ဖြစ်ခဲ့ပေသည်။ သာဝကကြီးများအနက် အချို့မှာမူ ဥစ္စာပစ္စည်းများကိုသာ ရှေ့ရှု၍ အဆိုပါ အကြေပေးချက်ကို နှစ်သက်ခဲ့ကြပေသည်။ သာဝကကြီးများအနက် အများစုကြီးမှာမူကား သာသနာရေးဆိုင်ရာ အကျိုးတရား၊ ယဉ်ကျေးသိမ်မွေ့မှု၊ ထောက်ထားအပ်သော အကြောင်းတရားနှင့် ဥစ္စာပစ္စည်းကိုပါ ရှေးရှုကာ အဆိုပါအကြေပေးချက်ကို နှစ်သက်ခဲ့ကြပေသည်။ ➤➤

لَوْلَا كِتَٰبٌ مِّنَ ٱللَّهِ سَبَقَ لَمَسَّكُمْ فِيمَآ أَخَذْتُمْ عَذَابٌ عَظِيمٌ ﴿٦٨﴾

၆၈။ အကယ်၍သာ အလ္လာဟ်အရှင်မြတ် အထံတော်မှ ဥပဒေတရပ်သည်မူလကပင်မရှိခဲ့ပါမူ အသင်တို့ ယူငင်ခဲ့ကြသည်နှင့် စပ်လျဉ်း၍ ကြီးကျယ် (ပြင်းထန်)သောပြစ်ဒဏ်သည် အသင်တို့၌ ဧကန်မလွဲ ထိရောက်ခဲ့ပြီး ဖြစ်ချေသတည်း။ [၁]

➤➤ အချုပ်အားဖြင့် သာဝကကြီးများ၏ အကြံပေးချက်တွင် အားလုံးကို ခြုံ၍ဖြစ်စေ၊ သို့တည်းမဟုတ် တစိတ်တဒေသအားဖြင့်ဖြစ်စေ၊ တနည်းတဖုံ ဥစ္စာပစ္စည်းကို ရှေးရှုခဲ့ကြသည်မှာ အမှန်ပင်ဖြစ်နေပေသည်။ ဥစ္စာပစ္စည်းကို ရှေးရှုခြင်းမှာ မည်သည့်အဆင့်အတန်း၌ပင် ဖြစ်စေကာမူ "အလ္လာဟ်အရှင်မြတ်အတွက်သာ ချစ်ခြင်း၊ အလ္လာဟ်အရှင်မြတ်အတွက်သာ မုန်းခြင်း" ဟူသော ဩဝါဒတော်တွင် ပေါ့လျော့ခြင်း၊ ဂျိဟာဒ်၏ ရည်ရွယ်ချက်ကို မေ့လျော့ခြင်း၊ မွတ်စ်လင်မ်စစ်သည် (၇၀)သွေးမြေကျမည့်အရေးကို သဘောတူခြင်းများသည် သာဝကကြီးများကဲ့သို့သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်လျက်ရှိပေသည်။ ထို့အတွက်ကြောင့်ပင် ဤအာယတ်တော်များတွင် အလ္လာဟ်အရှင်မြတ်သည် ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်ထားတော်မူခြင်းဖြစ်သည်။

ဟဒီစ်တော်များတွင် ဤသို့လာရှိ၏။ စစ်ပွဲတပွဲတွင် ပုဂ္ဂိုလ်တဦး၏ ဦးခေါင်း၌ ဒဏ်ရာရရှိသွား၏။ ထိုသူ၌ ရေချိုးရန်အကြောင်းသည်လည်း ကြုံကြိုက်လာ၏။ ဦးခေါင်းပေါ်တွင် ရေအသုံးပြုခြင်းသည်လည်း အန္တရာယ်ကြီးမားလှ၏။ ထိုအခါ ထိုပုဂ္ဂိုလ်သည် မိမိ၏မိတ်ဆွေများအား ရေသုံးသင့် မသုံးသင့် မေးမြန်းရာ မိတ်ဆွေများက "ရေရှိနေပါလျက် အသင့်အဖို့ အခြားအခွင့်အလမ်းကို ကျွန်ုပ်တို့မမြင်ကြပါ" ဟု ပြောဆိုကြလေသည်။ ထိုအခါ ထိုသူသည် ရေချိုးလိုက်၏။ ထို့နောက် ထိုသူ သေဆုံးသွားလေသည်။ ဤသည့်အကြောင်းကို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်) သိရှိတော်မူသည့်အခါ တမန်တော်မြတ်က "ထိုသူများသည် ထိုသူ့ကို သတ်ခဲ့ကြသည်။ ထိုသူများကို အလ္လာဟ်အရှင်မြတ် သတ်တော်မူပါစေ" ဟု မိန့်တော်မူလေသည်။ ဤသည့် အချက်အလက်ကို ထောက်ရှုခြင်းအားဖြင့် 'အစ်ဂျ်တိဟာဒ်' ပြုလုပ်ရာတွင် မှားယွင်းမှုသည် ထင်ရှား၍ စိုးရိမ်ဖွယ်ရာဖြစ်လျှင် ယင်းသို့မှားယွင်းသော အစ်ဂျ်တိဟာဒ် ပြုလုပ်ခြင်းအပေါ်တွင် အပြစ်ဒဏ် သက်ရောက်နိုင်ပေသည်။ တနည်းအားဖြင့်ဆိုသော် ယင်းသို့ အစ်ဂျ်တိဟာဒ်ပြုလုပ်ရာတွင် "မုဂျ်တဟိဒ်" သည် အစ်ဂျ်တိဟာဒ် ပြုလုပ်ရာ၌ မိမိ၏အင်အားများကို အသုံးပြုရာတွင် ပေါ့လျော့ခဲ့ခြင်းကြောင့်သာ ဤသို့ စိုးရိမ်ဖွယ်ရာ အထင်အရှားမှားယွင်းခြင်း ဖြစ်သည်ဟူ၏။

ⓐ ဗဒ်ရ်စစ်ပွဲတွင် ဖမ်းဆီးရမိခဲ့သော စစ်သုံ့ပန်းများနှင့်ပတ်သက်၍ လောကီဥစ္စာပစ္စည်းကို ရှေးရှုပြီး လျော်ကြေးယူ၍ ထိုစစ်သုံ့ပန်းများကို လွှတ်ရန်အကြံပေးခဲ့ကြသော ပုဂ္ဂိုလ်များ၏ အပြစ်ကားကြီးမားလှသဖြင့် ၎င်းတို့သည် ကြီးလေးသော အပြစ်ဒဏ်ခတ်တော်မူခြင်းကို ခံသင့်ခဲ့ကြပေသည်။ သို့ရာတွင် ၎င်းတို့ထံ ပြစ်ဒဏ်သက်ရောက်ခြင်းမှ တားဆီးလျက်ရှိသောအရာမှာ ရှေးမဆွက အလ္လာဟ်အရှင်မြတ် ရေးမှတ် ပြဋ္ဌာန်းထားတော်မူပြီးဖြစ်သောအရာပင် ဖြစ်သည်။ ထိုအရာသည် အမျိုးမျိုး ဖြစ်နိုင်ပေသည်။

က။ 'မုဂျ်တဟိဒ်' အား ဤကဲ့သို့ 'အစ်ဂျ်ဟိဟာဒ်' ပြုလုပ်ရာတွင် မှားယွင်းသည့်အပေါ်၌ ပြစ်ဒဏ် သက်ရောက်မည် မဟုတ်။ ➤➤

➢➢ခ။ အလ္လာဟ်အရှင်မြတ်မှ အရာတခုနှင့် စပ်လျဉ်း၍ အမိန့်ပေးခြင်း၊ တားမြစ်ခြင်းအားဖြင့် အတိအလင်း အမိန့်တော်မထုတ်ပြန်သမျှ ကာလပတ်လုံး ထိုအရာကို ပြုလုပ်သူအား ပြစ်ဒဏ်ပေးတော်မမူ။

ဂ။ အလ္လာဟ်အရှင်မြတ်သည် ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော မွတ်စ်လင်မ်စစ်သည်တော်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပြီးဖြစ်သည်။

ဃ။ အချိန်မကျရောက်မီ မှားယွင်း၍ လမ်းစဉ်တရပ်ကို ကွေးချယ်လိုက်ခြင်း။ (ဝါ) လျော်ကြေးယူ၍ စစ်သုံ့ပန်းများကို လွှတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အကြွင်းမဲ့သိတော်မူသော ဉာဏ်တော်၌ ပြဋ္ဌာန်းပြီးရှိတော်မူခဲ့သည်မှာ နောင်တချိန်တွင်ယင်းကဲ့သို့ လျော်ကြေးယူ၍ လွှတ်ရန်အခွင့်သည် ရရှိသွားမည်ဖြစ်သည်။ ကုရ်အာန်(၄၇:၄)တွင် (فَإِمَّا مَنًّا بَعْدُ وَإِمَّا فِدَاءً) ဟူ၍ အခွင့်ပြုထားတော်မူသည့် အကြောင်းလာရှိသည်။

င။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် ၎င်းတို့အတွင်း ရှိနေသမျှ ကာလပတ်လုံး သို့တည်းမဟုတ် လူများသည် မှန်ကန်သော စိတ်စေတနာဖြင့် အပြစ်မှ ချမ်းသာရရန် လျှောက်ထား ပန်ကြားနေသမျှကာလပတ်လုံး ပြစ်ဒဏ်သက်ရောက်မည်မဟုတ်။ ဤသည်လည်း ပြဋ္ဌာန်းပြီးပင် ဖြစ်သည်။

စ။ ဤသုံ့ပန်းများအနက် မြောက်မြားစွာတို့သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ကြမည်ဖြစ်ကြောင်း ၎င်းတို့၏ 'ကစ္စမတ်' ဝေစုခွဲ ရေးမှတ်တော်မူပြီးဖြစ်သည်။

အချုပ်အားဖြင့် ပြစ်ဒဏ်သက်ရောက်ခြင်းကို တားဆီးသည့် အထက်ဖော်ပြပါ အကြောင်းများသာ မရှိခဲ့ပါမူ လျော်ကြေးယူ၍ လွှတ်ခဲ့ခြင်း၏ အပြစ်မှာ အလွန်ကြီးမားလှသဖြင့် ယင်းသို့လျော်ကြေးယူ၍ လွှတ်ခဲ့ကြသော ပုဂ္ဂိုလ်များအပေါ်တွင် ကြီးလေးသောပြစ်ဒဏ် သက်ရောက်ပေမည်။

အဆိုပါ မှားယွင်းမှုနှင့်စပ်လျဉ်း၍ သတိပေးထားတော်မူသည်ကို လေးနက်သည်ထက် လေးနက်စေရန် အတွက် ထိုသို့သောမှားယွင်းမှုအပေါ်၌ သက်ရောက်နိုင်သည့် ပြစ်ဒဏ်ကို ဖန်ဆင်းတော်မူ၍ တမန်တော်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)အား အလွန်နီးကပ်စွာ ပြသတော်မူခဲ့လေရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် ထိုပြစ်ဒဏ်ကို ရှုမြင်၍ ငိုကြွေးတော်မူခဲ့လေသည်။

သာဝကြီးအုမရ်က ငိုကြွေးတော်မူသည့် အကြောင်းကို လျှောက်ထားမေးမြန်းရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)က "လျော်ကြေးယူ၍ လွှတ်သည့် အပြစ်အတွက် ၎င်းတို့ထံ အထက်ဖော်ပြပါ အကြောင်းများမရှိခဲ့ပါမူ သက်ရောက်နိုင်သည့်ပြစ်ဒဏ်ကို ကျွန်ုပ်အားပြသတော်မူသည်" ဟူ၍ ဖြေကြားတော်မူလေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)အား ဤကဲ့သို့ ပြစ်ဒဏ်ကို ဖန်ဆင်းပြသတော်မူခြင်းမှာ 'ဆွလာတုလ်ကုရှဖ်' ဝတ်ပြုနေတော်မူစဉ် 'ဂျန္နတ်နှင့် 'ဂျဟန္နမ်' ကို ကစ်ဗ်လဟ်ဘက်၌ ဖန်ဆင်းပြသတော်မူခြင်းမျိုးပင်ဖြစ်သည်။ (ဝါ)သက်ရောက်နိုင်သည့် ပြစ်ဒဏ်ကို ဖန်ဆင်းပြသတော်မူခြင်းသာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ ဥပဒေတရပ်မှာ "အစ်ဂျ်တိဟာဒ်" ပြုလုပ်ရာတွင် မှားယွင်းမှုအပေါ်၌ ပြစ်ဒဏ် မထားတော် မူခြင်းပင် ဖြစ်သည်။ အကယ်၍သာ ဤဥပဒေမှာ ယခင်က မရှိခဲ့ပါမူ "ဗဒ်ရ်" စစ်ပွဲမှ ဖမ်းဆီး ရမိခဲ့ကြသော စစ်သုံ့ပန်း များနှင့် ပတ်သက်၍ မွတ်စ်လင်မ်တို့၏ မှားယွင်းမှုကား မသေးငယ်လှပေ။

فَكُلُوا مِمَّا غَنِمْتُمْ حَلٰلًا طَيِّبًا ۖ وَّاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝۶۹

၆၉။ ယခုမူ အသင်တို့သည် (ၔင်းတို့ထံမှ လက်ရပစ္စည်းအဖြစ်) မိမိတို့ရယူခဲ့ကြသည်များကို တရားဝင်သော သန့်စင်သော ပစ္စည်းများအဖြစ် စားသုံးကြလေကုန်။ [၁] ၔင်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သာ ကြောက်ရွံ့ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော် မူသောအရှင် ဖြစ်တော်မူပေသတည်း။

يٰٓاَيُّهَا النَّبِيُّ قُلْ لِّمَنْ فِيْٓ اَيْدِيْكُمْ مِّنَ الْاَسْرٰٓى ۙ اِنْ يَّعْلَمِ اللّٰهُ فِيْ قُلُوْبِكُمْ خَيْرًا يُّؤْتِكُمْ خَيْرًا مِّمَّآ اُخِذَ مِنْكُمْ وَيَغْفِرْ لَكُمْ ۭ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝۷۰

၇၀။ အို–နဗီတမန်တော်၊ အသင်သည် မိမိတို့၏ လက်တွင်း၌ရှိကုန်သော လက်ရဖမ်းဆီးမိသည့် သုံ့ပန်းများကို (ဤသို့)ပြောကြားပါလေ။ "အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများတွင် တစုံတရာကောင်းခြင်းကို အကယ်၍ သိရှိတော်မူပါလျှင်၊ ထိုအရှင်မြတ်သည် (ယခု)အသင်တို့ထံမှယူခဲ့ပြီးဖြစ်သော (လျော်ကြေး) ပစ္စည်းထက် သာလွန်မြင့်မြတ်သောအရာကို အသင်တို့အား ချီးမြှင့်ပေးသနားတော်မူအံ့။ ထိုအရှင်မြတ်သည် အသင်တို့အား (အပြစ်များမှ) ချမ်းသာခွင့်လည်းပေးသနားတော်မူအံ့။ [၂] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူသည်။

---

① ကုရ်အာန်ကျမ်းမြတ်(စ၊၆၈)တွင် လျော်ကြေးယူပြီး သုံ့ပန်းများ လွတ်ခဲ့ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်၏ ကဲ့ရဲ့ပြစ်တင် ကြိမ်းမောင်းထောက်မခြင်းကို ခံခဲ့ကြရသဖြင့် မွတ်စ်လင်မ်များသည် လက်ရပစ္စည်း သုံ့ပန်းစသည်များကို လက်ခံယူရန် အကြောက်ကြီး ကြောက်သွားခဲ့ကြပေသည်။ ယခု ဤအာယတ်တော်တွင် ယင်းလက်ရပစ္စည်း၊ သုံ့ပန်းစသည်များသည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော ဆုလာဘ်များဖြစ်သဖြင့် ကြည်ဖြူစွာစားသုံးနိုင်ကြောင်း၊ သို့ရာတွင် 'ဂျိဟာဒ်' ၏ မြင့်မြတ်သော ရည်ရွယ်ချက်များမှ တိမ်းစောင်းကာ ➤➤

وَإِن يُرِيدُوا خِيَانَتَكَ فَقَدْ خَانُوا اللَّهَ مِن قَبْلُ فَأَمْكَنَ مِنْهُمْ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٧١﴾

၇၁။ သို့ရာတွင် ၎င်းတို့သည် အကယ်၍ အသင့်အား သစ္စာဖောက်ရန် ရည်စူးကြပါလျှင် ဧကန်စင်စစ် ၎င်းတို့သည် ယခင်က အလ္လာဟ်အရှင်မြတ်ကိုပင် သစ္စာဖောက်ခဲ့ကြချေပြီ။

➤➤ လောကီဥစ္စာပစ္စည်းများကိုမူ အဓိက မထားသင့်ကြောင်း၊ ချိန်ခါမရွေး အလ္လာဟ်အရှင်မြတ်ကိုသာ ကြောက်ရွံ့ရိုသေ ခန့်ညားကြရမည့် အကြောင်းမိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် အလွန်တရာမျှ ခွင့်လွှတ်တော်မူသော အရှင်ဖြစ်တော်မူသည့်အတွက်၊ အသင်တို့၏ မှားယွင်းချက်ကို ခွင့်လွှတ်တော်မူလိုက်သည်။ ထိုအရှင်မြတ်သည် အလွန်တရာမျှ သနားကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူသည့်အလျောက် သုံ့ပန်းများထဲမှရရှိသော လျော်ကြေးများကို 'ဟလာလ်' တရားဝင်သော၊ 'တို့ငြ်ယစ်ဗ်' သန့်စင်သောပစ္စည်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးတော်မူလိုက်လေသည်။

"အသင်တို့ သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကြကုန်လော့" ဟူသော အာယတ်တော်နှင့်အညီ အသင်တို့သည်လည်း နောက်နောင် အရေးကိစ္စအဝဝတွင် အထူးတလည် စဉ်းစားဆင်ခြင်ကြရပေမည်။ မာဂျိဒီ။ အ-၂၊ စ-၃၉၀၊ အအ-၁၀၂၊

Ⓙ ဤအာယတ်တော်တွင် "ခိုင်ရ" ကောင်းခြင်းဟူသည် အီမာန်ယုံကြည်ခြင်း၏ ဖြူစင်မှု၊ စေတနာ၏မှန်ကန်မှုကို ဆိုလိုသည်။ မဒါရစ်က်။

ဤ အာယတ်တော်တွင် "ခိုင်ရ" ဟူသည် အီမာန် ယုံကြည်မှုနှင့် စိတ်စေတနာ ဖြူစင်မှုကို ဆိုလိုသည်။

ဗဒ်ရ်စစ်ပွဲမှ မွတ်စ်လင်မ်တို့၏ လက်တွင်းသို့ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသော သုံ့ပန်းများအနက် အချို့တို့သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်လာခဲ့ပေသည်။ ဥပမာ အဗ်ဗာစ်(ရသွေ့.ယလ္လာဟုတာအာလာအန်ဟု)သခင်နှင့် အခြားပုဂ္ဂိုလ်များ။

ဤအာယတ်တော်နှင့်စပ်လျဉ်း၍ သာဝကကြီးအလီ(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သခင်က သာဝကကြီး အစ်ဗ်နုအဗ်ဗာစ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု) သခင်မှတဆင့် ပြောပြသည်- အဗ်ဗာစ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သည် ဗဒ်ရ်စစ်ပွဲတွင်သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရပေရာ မိမိကိုယ်ကို လျော်ကြေး ရွှေအောင်စ(၄၀)ပေး၍ လွတ်မြောက်ခဲ့လေသည်။ ထို့နောက် ဤအာယတ်တော်ကို ရွတ်ဖတ်၍ ကြားနာရသည့်အခါ အဗ်ဗာစ်(ရသွေ့. ယလ္လာဟု တအာလာအန်ဟု)က "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်နှစ်ရပ်ကို ချီးမြှင့်တော်မူသည်။ ထိုဂုဏ်နှစ်ရပ်၏အစား ကမ္ဘာအဝှန်းကို ကျွန်ုပ်ရရှိသော်လည်း ကျွန်ုပ်မနှစ်သက်ပါ။ ကျွန်ုပ်သည် ဗဒ်ရ်စစ်ပွဲတွင် သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသဖြင့် ကျွန်ုပ်သည် မိမိကိုယ်ကို ရွှေအောင်စ(၄၀) လျော်ကြေးပေး၍ လွတ်မြောက်ခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား ကျေးကျွန်(၄၀)ကို ပေးသနားတော်မူလေသည်။ ၎င်းပြင် ယခုကျွန်ုပ်သည် ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်က ကတိပြုထားတော်မူသော လွတ်ငြိမ်းချမ်းသာခွင့်ကိုသာ မျှော်မှန်းတောင့်တလျက် ရှိပါသည်။"ဟု ပြောကြားခဲ့လေသည်။ အီဗ်နုကဆီရ်။ အ -၂။ စ -၃၂၇/ ၃၂၈။

သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် (အသင့်အား) ၎င်းတို့ကိုဖမ်းဆီးနိုင်စေတော်မူခဲ့လေသည်။ [၁] စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ဥာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

إِنَّ الَّذِينَ آمَنُوا وَهَاجَرُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللَّهِ وَالَّذِينَ آوَوا وَّنَصَرُوا أُولَٰئِكَ بَعْضُهُمْ أَوْلِيَاءُ بَعْضٍ ۚ وَالَّذِينَ آمَنُوا وَلَمْ يُهَاجِرُوا مَا لَكُم مِّن وَلَايَتِهِم مِّن شَيْءٍ حَتَّىٰ يُهَاجِرُوا ۚ

၇၂။ ဧကန်စင်စစ် အကြင်သူတို့သည် 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြကုန်၏၊ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ကာ) 'ဟစ်ဂျ်ရတ်' ရွှေ့ပြောင်းနေထိုင်ခဲ့ကြကုန်၏။ ထိုမှတပါး ယင်းတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြကုန်၏။ (ထိုသူတို့သည် 'မုဟာဂျိရိန်' မည်၏)။ ၎င်းပြင် အကြင်သူတို့သည် ခိုကိုးရန်နေရာများ ပေးခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ယိုင်းပင်းကူညီခဲ့ကြကုန်၏။ (ထိုသူတို့သည် 'အန်ဆွာရ်' မည်၏)။ ထိုသူတို့ကား အချင်းချင်း တဦးသည်တဦး၏အမွေစားအမွေခံများပင် ဖြစ်ကြကုန်သည်။

---

① အကယ်၍ ထိုသုံ့ပန်းများ၏ စိတ်ဓေတနာမဖြူစင်လျှင် (၀၊) အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခြင်းမှာ တမန်တော်မြတ်အား သစ္စာဖောက်ရန်၊ လိမ်လည်လည်ပြုံးဖြားရန် ကြံရွယ်လျှင်လည်း စိုးရိမ်ဖွယ်ရာ မဟုတ်ပေ။ ၎င်းတို့သည် ယခင်ကလည်း သစ္စာဖောက်ခဲ့ဘူးကြသည်။ လိမ်လည် လှည့်ဖြားခဲ့ဘူးကြသည့်အတွက် ၎င်းတို့သည် ယခင်ကလည်း တမန်တော်မြတ် လက်တွင်းသို့ သုံ့ပန်းအဖြစ် ရောက်ရှိခဲ့ကြပေပြီ။ ယခုတဖန် သစ္စာဖောက်ပြန်လျှင်လည်း ယခင်အတိုင်းပင် ဖြစ်ကြရပေမည်။ ကြည့် –ဂျလာလိုင်န် စ၊၁၅၂။

ဆိုလိုသည်ကား ဗဒ်ရ်စစ်ပွဲတွင် အသင်(နဗီ) တွေ့မြင်ခဲ့သည့်အတိုင်း၎င်းတို့အပေါ်တွင် အသင့်အား ထိုအရှင်မြတ်သည် အနိုင်ပေးတော်မူခဲ့လေသည်။ (ရှဟ်)။

وَإِنِ اسْتَنصَرُوكُمْ فِي الدِّينِ فَعَلَيْكُمُ النَّصْرُ إِلَّا عَلَىٰ قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ ۗ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٧٢﴾

သို့ရာတွင် အကြင်သူတို့မူကား သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ သို့တစေလည်း ၎င်းတို့သည် 'ဟစ်ဂျရတ်' (မိမိတို့၏အိုးအိမ်စည်းစိမ်တို့ကိုစွန့်၍) ရွှေ့ပြောင်းနေထိုင်ခြင်း မပြုခဲ့ကြချေ။ ထိုသူတို့သည် ရွှေ့ပြောင်းနေထိုင်ခြင်းမပြုသမျှကာလပတ်လုံး အသင်တို့၌ ၎င်းတို့၏အမွေဆက်ခံခြင်းသည် လုံးဝမရှိချေ။[၁] သို့သော်ငြားလည်း အကယ်၍ ထိုသူတို့သည် 'ဒီန်' သာသနာရေးနှင့်စပ်လျဉ်း၍ အသင်တို့ထံမှ အကူအညီရလိုကြပါလျှင် အသင်တို့နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးဖြစ်သော လူမျိုးမှတပါး အခြားလူမျိုးနှင့် ဆန့်ကျင်၍ (၎င်းတို့အား) ကူညီ ယိုင်းပင်းရန် အသင်တို့၌ တာဝန်ရှိပေသည်။ [၂] စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို အကြွင်းမဲ့ မြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

(၁) အစ္စလာမ်သာသနာ ထွန်းကားခါစ အချိန်တွင် 'ဟစ်ဂျရတ်' သည် 'အီမာန်' ယုံကြည်မှုအတွက် မုချရှိအပ်သော အင်္ဂါတရပ်ဖြစ်ခဲ့ပေသည်။ ဒါရုလ်ဟရ်ဗ်၌ နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များသည် ဟစ်ဂျရတ် မပြုလုပ်ကြသမျှ ကာလပတ်လုံး မုဟာဂျိရီန်များတွင် အပါအဝင် မဖြစ်နိုင်ကြပါပေ။ ဟစ်ဂျရတ် ပြုလုပ်လိုက်ကြသည့် အခါတွင်မှ မုဟာဂျိရီန်များတွင် အပါအဝင် ဖြစ်သွားကြပေမည်။

မက္ကာမြို့တော်ကို အောင်နိုင်ပြီးသည့် နောက်ပိုင်းတွင် ဟစ်ဂျရတ်ပြုခြင်းသည် ဝါဂျိဗ်ဖရသွဲ့ မဟုတ်တော့ပေ။ သို့တစေလည်း ဒါရုလ်ကုဖ်ရ်မှ ဟစ်ဂျရတ်ပြုလုပ်ခြင်းသည် အမြဲတစေ ကောင်းမြတ်သည်။ ကြီးမားသော ကုသိုလ်အကျိုးကို ဖြစ်ထွန်းစေသည်။ ကြည့်မာဂျိဒီ။ အ-၂၊ စ-၃၉၁၊ အအ-၁၀၈၊

(၂) "ဗဒ်ရ်" စစ်ပွဲမှ ဖမ်းဆီးရမိသော သုံ့ပန်းများတွင် အချို့သုံ့ပန်းများသည် အတွင်းစိတ်ဓာတ်အားဖြင့် မွတ်စ်လင်မ်များ ဖြစ်နေခဲ့ကြသော်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် အတူတကွ မက္ကာမြို့မှ ဟစ်ဂျရတ် မပြုလုပ်နိုင်ခဲ့ကြပေ။ ထိုပြင်တဝ ၎င်းတို့သည် စိတ်မပါဝံ့လျက် မလွှဲမရှောင်သာ၍ ကာဖိရ်များနှင့်အတူ ဗဒ်ရ်စစ်ပွဲသို့ လိုက်ပါလာခဲ့ကြရလေသည်။ ဤအာယတ်တော်တွင် ဤသို့သော မွတ်စ်လင်မ်များနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဆက်ဆံရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ရှာဟ်အဗ်ဒုလ်ကာဒိရ်သခင်က ဖွင့်ဆိုရေးသားထားသည်မှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ 'ဆွဟာဗဟ်' တပည့်သာဝကကြီးများသည် နှစ်မျိုးနှစ်စား ရှိခဲ့ကြသည်။ (၁) မုဟာဂျိရီန်။ (၂) အန်ဆွာရ်။ ➤➤

وَالَّذِينَ كَفَرُوا بَعْضُهُمْ أَوْلِيَاءُ بَعْضٍ ۚ إِلَّا تَفْعَلُوهُ تَكُنْ فِتْنَةٌ

၇၃။ ၎င်းပြင် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့သည် အချင်းချင်း တဦးသည် တဦး၏ အမွေစားအမွေခံများပင် ဖြစ်ကြကုန်၏။

➤➤ 'မုဟာဂိရီန်' ဟူသည် ဆွေမျိုးသားချင်းနှင့် အိုးအိမ်ကို စွန့်လွှတ်ခဲ့ကြသော သာဝကကြီးများကိုဆိုသည်။ 'အန်ဆာရ်' ဟူသည် နေရာထိုင်ခင်းပေးခဲ့ကြသော ကူညီယိုင်းပင်ခဲ့ကြသော သာဝကကြီးများကို ဆိုသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် ထိုမုဟာဂိရီန်နှင့် အန်ဆာရ်များ စပ်ကြားတွင် 'မုဝါခါး:တ်' ညီနောင်ဖွဲ့ပေးတော်မူခဲ့လေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)နှင့် အတူတကွနေထိုင်ကြသော (မုဟာဂိရီန်။ အန်ဆာရ်) မွတ်စ်လင်မ်များ၏ စစ်တိုက်ခြင်း၊ စစ်ပြေငြိမ်းခြင်းသည် တခုတည်း၊ တသံတည်း၊ တညီတညွတ်တည်း ဖြစ်သည်။ တဦး၏မိတ်ဆွေသည် အားလုံး၏မိတ်ဆွေဖြစ်သည်။ တဦး၏ရန်သူသည် အားလုံး၏ရန်သူဖြစ်သည်။ ဤမျှမက ဟစ်ဂျိရတ်၏ ပထမအချိန်ပိုင်းတွင် အထက်ဖော်ပြပါ 'မုဝါခါး:တ်' ညီနောင်ဖွဲ့ဆိုမှုကို အကြောင်းပြု၍ မုဟာဂိရီန်နှင့် အန်ဆာရ်များသည် အချင်းချင်း အမွေစားအမွေခံများပင် ဖြစ်ခဲ့ကြလေသည်။

သို့ရာတွင် အကြင်မွတ်စ်လင်မ်များသည် မိမိတို့တိုင်းပြည်၌ နေထိုင်လျက်ရှိကြ၏။ ထိုတိုင်းပြည်တွင် ကာဖိရ်များ ကြီးစိုးလျက်ရှိကြ၏။ (တနည်း) အဆိုပါမွတ်စ်လင်မ်များသည် 'ဒါရုလ်ဟရ်ဗ်' မှ ဟစ်ဂျိရတ် မပြုလုပ်ကြချေ။ သို့ဖြစ်ပေရာ ဒါရုလ်အစ္စလာမ်၌ နေထိုင်ကြသော မွတ်စ်လင်မ်များသည် ဒါရုလ်ဟရ်ဗ်၌ နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များတွင် စစ်တိုက်ခိုက်ရာ၌လည်းကောင်း၊ စစ်ပြေငြိမ်းရာ၌လည်းကောင်း၊ အပါအဝင် မဟုတ်ကြပေ။

ဥပမာ ဒါရုလ်ဟရ်ဗ်၌ နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များသည် ကာဖိရ်အုပ်စုတခုခုနှင့် တစုံတရာ ပဋိညာဉ်စာချုပ် ချုပ်ဆိုထားလျှင် အဆိုပါစာချုပ်ကို ဒါရုလ်အစ္စလာမ်တွင် နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များပေါ်၌ လိုက်နာရန် တာဝန်မရှိပေ။ အကြောင်းရှိက ယင်းသို့ ဒါရုလ်ဟရ်ဗ်၌ နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များသည် ပဋိညာဉ်စာချုပ် ချုပ်ဆိုထားသည့် ကာဖိရ်အုပ်စုနှင့်ပင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်နိုင်ကြပေသည်။

သို့ရာတွင် ဒါရုလ်ဟရ်ဗ်၌ နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များသည် "ဒီန်" သာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော (ဝါ) ဒါရုလ်အစ္စလာမ်၌ နေထိုင်လျက်ရှိသည့် မွတ်စ်လင်မ်များထံမှ အကူအညီ တောင်းခံလာကြလျှင် မိမိတို့တတ်စွမ်းနိုင်သမျှ ကူညီရန် တာဝန်ရှိပေသည်။

ယင်းသို့ကူညီရန် တာဝန်ရှိသည်ဟု ဆိုထားရာ၌လည်း လွတ်လပ်သောမွတ်စ်လင်မ်များသည် မိမိတို့ကိုယ်တိုင် ပဋိညာဉ်စာချုပ် ချုပ်ဆိုထားသော ကာဖိရ်အုပ်စုတခုခုကို ဆန့်ကျင်၍ကား ပဋိညာဉ်အတည်ဖြစ်နေသမျှ ကာလပတ်လုံး ဒါရုလ်ဟရ်ဗ်တွင် နေထိုင်လျက်ရှိသော မွတ်စ်လင်မ်တို့အား အကူအညီ မပေးနိုင်ကြပေ။

ထို့ပြင်တဝ မုဟာဂိရီန်နှင့် အာဆွာရ်တို့၏ အချင်းချင်း အမွေ ဆက်ခံမှုတွင်လည်း ဒါရုလ်ဟရ်ဗ်၌ နေထိုင်လျက်ရှိသော မွတ်စ်လင်မ်များသည် (ဟစ်ဂျိရတ် မပြုလုပ်သမျှ ကာလပတ်လုံး) အပါအဝင် မဟုတ်ကြပေ။

فِي الْأَرْضِ وَفَسَادٌ كَبِيرٌ ﴿٧٣﴾

အကယ်၍သာ (အို-မွတ်စ်လင်မ်တို့) အသင်တို့သည် ဤ(ပညတ်တော်)အတိုင်း မပြုကြပါလျှင်၊ ကမ္ဘာမြေဝယ် (အကြီးအကျယ်)ရှုပ်ထွေးမှု၊ ညှဉ်းပန်းနှိပ်စက်မှုသည်လည်းကောင်း၊ အကြီးအကျယ် ဖျက်ဆီးမှုသည်လည်းကောင်း၊ ဖြစ်ပေါ်၍လာလတ္တံ့။ ①

وَالَّذِينَ آمَنُوا وَهَاجَرُوا وَجَاهَدُوا فِي سَبِيلِ اللَّهِ وَالَّذِينَ آوَوا وَّنَصَرُوا أُولَٰئِكَ هُمُ الْمُؤْمِنُونَ حَقًّا ۖ لَّهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٧٤﴾

၇၄။ ထို့ပြင်တဝ အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏၊ ၎င်းပြင်ထိုသူတို့သည် (မိမိတို့၏) အိုးအိမ် စည်းစိမ်(တို့ကိုစွန့်ကာ အရပ်တပါး:သို့) ရွှေ့ပြောင်းနေထိုင်ခဲ့ကြကုန်၏၊ ထိုမှတပါး: ယင်းတို့သည် အလွှာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြကုန်၏၊ ထိုအတူ အကြင်သူတို့သည် ခိုကိုးရန်နေရာများ ပေးခဲ့ကြကုန်၏၊ ၎င်းပြင်ထိုသူတို့သည် ယိုင်းပင်းကူညီခဲ့ကြကုန်၏၊ ထိုသူတို့သည်ပင်လျှင် ပြည့်စုံသော 'မုအ်မင်န်' ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူများ ဖြစ်ကြကုန်သတည်း။

ထိုသူတို့အဖို့မှာကား လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မြင့်မြတ်လှစွာသော စားနပ်ရိက္ခာသည်လည်းကောင်း၊ ရှိချေသတည်း။

---

① အမှန်စင်စစ် ကာဖိရ်နှင့်မွတ်စ်လင်မ်များသည် အချင်းချင်း မိတ်ဆွေလည်းမဟုတ်၊ အချင်းချင်း အမွေဆက်ခံနိုင်သည်လည်းမရှိ။ ကာဖိရ်သည် ကာဖိရ်၏မိတ်ဆွေဖြစ်၏။ အချင်းချင်း အမွေစား အမွေခံလည်းဖြစ်၏။ ဤမျှမက ကာဖိရ်အားလုံးတို့သည် မွတ်စ်လင်မ်တို့အား ရန်ငြိုးထားရတွင် တညီတညွတ်တည်းပင်ဖြစ်ကြ၏။ ယင်းကာဖိရ်များသည် အင်းအားချည့်နဲ့သော မွတ်စ်လင်မ်များအား တွေ့ရာနေရာတိုင်းတွင် နှိပ်စက်ညှဉ်းပန်းကြမည်သာ ဖြစ်၏။

သို့ဖြစ်ပေရာ မွတ်စ်လင်မ်များသည် ယင်းသို့သော ကာဖိရ်များအား ခုခံကာကွယ်နိုင်ရန် အတွက် အချင်းချင်း မိတ်ဆွေရင်းချာ မဖြစ်ကြလျှင်၊ အချင်းချင်း မကူညီမယိုင်းပင်းကြလျှင်၊ သို့တည်းမဟုတ် အားအင်ချည့်နဲ့သော မွတ်စ်လင်မ်များသည် လွတ်လပ်သော မွတ်စ်လင်မ်များနှင့် ဆက်သွယ်ပူးပေါင်း၍ အကူအညီအထောက်အပံ့ရယူရန် မကြိုးပမ်းကြလျှင် အလွန်ကြီးမားသော နိပ်စက်ညှဉ်ပန်းမှု၊ ဖျက်ဆီးမှုများ ဖြစ်ပေါ်လာပေမည်။ အားအင်ချည့်နဲ့သော မွတ်စ်လင်မ်များသည် ငြိမ်းချမ်းသာယာစွာ နေနိုင်ကြမည်မဟုတ်၊ ➤➤

وَالَّذِينَ آمَنُوا مِن بَعْدُ وَهَاجَرُوا وَجَاهَدُوا مَعَكُمْ فَأُولَٰئِكَ مِنكُمْ ۚ وَأُولُو الْأَرْحَامِ بَعْضُهُمْ أَوْلَىٰ بِبَعْضٍ فِي كِتَابِ اللَّهِ ۗ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٧٥﴾

၇၅။ ၎င်းပြင် အကြင်သူတို့သည် နောက်သော်မှ 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် (အရပ်တပါး:သို့) ရွှေ့ပြောင်းနေထိုင်ခြင်းကိုလည်း ပြုခဲ့ကြကုန်၏။ ထိုမှတပါး: ယင်းတို့သည် အသင်တို့နှင့်အတူ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကိုလည်း ပြုခဲ့ကြကုန်၏။ သို့ဖြစ်လျှင် ၎င်း:တို့သည်လည်း: အသင် (မုဟာဂျိရိန်နှင့် အန်ဆွာရ်) တို့တွင် အပါအဝင် ဖြစ်ကြကုန်သည်။

သို့ရာတွင် (၎င်း:တို့အနက်မှ) ဆွေမျိုးရင်းချာတို့သည် အလ္လာဟ် အရှင်မြတ်၏ ကျမ်းတော်အရ အချင်းချင်း: *တဦး:၏အမွေကို တဦး:က ပိုမို၍ပင်* ဆက်ခံထိုက်၏။ [၁] မလွဲမကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်း:တို့ကို အကြွင်း:မဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသတည်း။

➤➤ ၎င်း:တို့၏ 'အီမာန်' ယုံကြည်မှုသည်ပင်လျှင် စိုး:ရိမ်ဖွယ်ရာ ဖြစ်ပေမည်။

မွတ်စ်လင်မ်များသည် အချင်းချင်: အမွေစား:အမွေခံများ: ဖြစ်ကြသကဲ့သို့ ကာဖိရ်များသည်လည်း: အချင်းချင်: အမွေစား:အမွေခံများ: ဖြစ်ကြပေသည်။ မွတ်စ်လင်မ်များသည် ကာဖိရ်များ၏ အမွေစား:အမွေခံမဟုတ်၊ ကာဖိရ်များသည်လည်း: မွတ်စ်လင်မ်များ၏ အမွေစား:အမွေခံ မဟုတ်။ အကယ်၍ မွတ်စ်လင်မ်များသည် ဤအမိန့်တော်ကို မလိုက်နာ မကျင့်သုံးကြလျှင်(၀ါ)ဘာသာအချင်းချင်: ဆန့်ကျင်နေပါလျက် သား:ချင်:တော်စပ်မှုကို အကြောင်း:ပြု၍ ကာဖိရ်နှင့်မွတ်စ်လင်မ်တို့ စပ်ကြား:၌ အမွေဆက်ခံမှုကို ထား:ရှိကြလျှင်၊ ကမ္ဘာမြေပြင်တွင် ကြီး:မား:သော ညှဉ်း:ပန်း:မှု၊ ကြီးကျယ်သော ဖျက်ဆီး:မှုများ: ဖြစ်ပေါ်လာပေမည်။

အဘယ်ကြောင့် ဆိုသော် (ကာဖိရ်နှင့် မွတ်စ်လင်မ်တို့ စပ်ကြား:၌) အချင်းချင်: အမွေဆက်ခံမှု ရှိနေခြင်: အား:ဖြင့် အား:လုံး:တို့သည် တသင်:တဖွဲ့တည်း:ပင် ဖြစ်သည်ဟု ယူဆရပေမည်။ အမှန်စင်စစ် မွတ်စ်လင်မ်များသည် သီး:သန့် အဖွဲ့အစည်: သီး:သန့်အုပ်စုကြီး: မဖြစ်သမျှ ကာလပတ်လုံး: အစွန်လာမ်သာသနာတော်တွင် အား:အင် အရှိန်အဝါ ရှိနိုင်မည်မဟုတ်ပေ။ အစွန်လာမ် သာသနာတော်၏ အား:အင် ချည့်နဲ့နေခြင်း:သည်ပင် ကမ္ဘာ၌ နှိပ်စက်ညှင်း:ပန်း:မှု ဖျက်ဆီး:မှုများ: ဖြစ်ပေါ်ခြင်း:၏ အကြောင်း:တရား:ပင် ဖြစ်ပေသည်။ ဤသည် အထင်အရှား:ပင်။

ထာနဝီ၊ အ-၄၊ စ-၉၃။

① အကြင် မွတ်စ်လင်မ်များသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ၀စလ္လမ်) ဟစ်ဂျ်ရတ် ➤➤

➤➤ ပြုလုပ်ပြီးသည့် နောက်တွင်မှ အီမာန်ယူလာခဲ့ကြ၏၊ ဟစ်ဂျ်ရတ်ပြုလုပ်ကြ၏။ ယခင်မွတ်စလင်မ်များနှင့် အတူအကွ ဂျီဟာဒ်လည်း ပြုလုပ်ကြ၏။ ဆိုလိုသည်ကား ဤမွတ်စ်လင်မ်များသည် အလုပ်အားလုံး လုပ်ကြ၏။ သို့ရာတွင် အချိန်နောက်ကျမှ ပြုလုပ်ခဲ့ကြ၏။ ဤသို့ အီမာန်ယုံကြည်ရာတွင်လည်းကောင်း၊ ဟစ်ဂျ်ရတ် ပြုလုပ်ရာတွင်လည်းကောင်း၊ ဂျီဟာဒ်ပြုလုပ်ရာတွင်လည်းကောင်း၊ အချိန်အားဖြင့် နောက်ကျသော မွတ်စ်လင်မ်များသည် 'ဖဿီလတ်' ဂုဏ်အင်ဒြပ်အားဖြင့် ပထမအချိန်တွင် အီမာန်ယူခဲ့ကြသော၊ ဟစ်ဂျ်ရတ် ပြုလုပ်ခဲ့ကြသော၊ ဂျီဟာဒ်ပြုလုပ်ခဲ့ကြသော ပထမမွတ်စ်လင်မ်များနှင့် တန်းတူ မဖြစ်နိုင်ကြသော်လည်း ၎င်းတို့တွင် အပါအဝင်ကား ဖြစ်ကြပေသည်။ အကျင့်၊ သီလ၊ အပြုအမူများကို အကြောင်းပြု၍ 'ဖဿီလတ်' မြင့်မြတ်မှု၊ သာပိုမှု၊ ထူးကဲမှုတွင် အနိမ့်အမြင့်ကား ရှိ၏။ သို့သော် ရှရီအတ် တရားဥပဒေတွင်မူ အပြုအမူ အကျင့်သီလကို အကြောင်းပြု၍ ခြားနားချက်မရှိပေ။ ထို့အတွက်ကြောင့် နောက်ကျမှ ဟစ်ဂျ်ရတ်ပြုလုပ်သော မုဟာဂျီရိန်များသည် ၎င်းတို့ အချင်းချင်းသော်လည်းကောင်း၊ ယခင်ပထမ မုဟာဂျီရိန်များနှင့်သော်လည်းကောင်း ဆွေမျိုးသားချင်း တော်စပ်နေကြပါသော် ဂုဏ်အင်ဒြပ်အားဖြင့် နိမ့်ကျနေကြသည်ပင် ဖြစ်စေကာမူ အမွေဆက်ခံရာ၌ ဆွေမျိုးသားချင်း မတော်စပ်သော ပုဂ္ဂိုလ်များထက် (၎င်းတို့သည် ဂုဏ်အင်ဒြပ်အားဖြင့် သာပိုကြသည်ပင် ဖြစ်စေကာမူ အမွေဆက်ခံရာတွင် အချင်းချင်း ပိုမိုခံစားခွင့် ရှိကြပေသည်။ ကြည့်-ထာနဝီ။

နောင်တရခြင်းကဏ္ဍ



بَرَآءَةٌ مِّنَ اللّٰهِ وَرَسُوْلِهٖٓ اِلَى الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ①

၁။ ဤသည် အလ္လာဟ်အရှင်မြတ် အထံတော်မှလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစုလ်တမန်တော်မြတ်အထံတော်မှလည်းကောင်း၊ အသင်တို့ (ကာလအပိုင်းအခြားမရှိ) ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြသော 'မုရှ်ရစ်က်' တို့အား (၎င်းတို့၏ ပဋိညာဉ်စာချုပ် နှင့်စပ်လျဉ်း၍) လုံးဝတာဝန်ကင်းကြောင်း [၁] (ကြေငြာခြင်းပင်) ဖြစ်ပေသတည်း။

فَسِيْحُوْا فِى الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّاعْلَمُوْٓا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ۙ وَاَنَّ اللّٰهَ مُخْزِى الْكٰفِرِيْنَ ②

၂။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊ အသင်သည် မုရှ်ရစ်က်တို့အား ဤသို့ ပြောကြားပါလေ)။ အချင်းတို့ အသင်တို့သည် (ဤ)တိုင်းပြည်ဝယ် လေးလတိုင်အောင် [၂] (လွတ်လပ်စွာ)လှည့်လည်(သွားလာ)ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်နှင့်လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြသူများ မဟုတ်ကြောင်းကို လည်းကောင်း၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် "ကာဖိရ်" မယုံမကြည် သွေဖည ငြင်းပယ်သော သူတို့အား၊ အရှက်တကွဲ ဖြစ်စေတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူကြောင်းကို လည်းကောင်း၊ (ကောင်းစွာ) မှတ်ယူကြလေကုန်။ [၃]

---

① "ဗရာအတ်" ဟူသည်ကြည့်ရှုထောက်မမှုဖြတ်ခြင်း၊ ကာကွယ်ထိန်းသိမ်းမှု ရပ်စဲခြင်း၊ ငြိမ်းချမ်းမှုပယ်ဖျောက်ခြင်းကို ဆိုလိုသည်။ ဂျဆွဲဆွာဆွဲ။

"ဗရာအတ်" ၏ အနက်အဓိပ္ပာယ်မှာ ကာကွယ်ထိန်းသိမ်းမှု ပြတ်စဲခြင်းဟူ၍ဖြစ်သည်။ ကဗီရ်။

② မုရှ်ရစ်က်တို့အား ဤသို့ ၄-လ ခွင့်ပြုထားတော်မူခြင်းမှာ မုရှ်ရစ်က်တို့၏ အကျိုးကို ရှေးရှုတော်မူခြင်း၊ မုရှ်ရိစ်က်တို့အား ထောက်ထားညှာတာတော်မူခြင်းကြောင့်သာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၌ အားအင်ချို့တဲ့၍ကား အလျှင်း မဟုတ်ပေ။

မုရှ်ရစ်က်တို့သည် ဤ ၄-လအတွင်း အစွမ်းလမ်းဘောင်အတွင်းသို့ ဝင်လိုက ဝင်လာနိုင်ကြပေသည်။ သို့မဟုတ်ပါက သတ်မှတ်ထားတော်မူသော အစွမ်းလမ်း၏ဗဟိုဌာနမှ ထွက်ခွာသွားကြရမည်ဖြစ်သည်။ ➤➤

(တနည်း)

ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်သူများ မဟုတ်ကြောင်းကိုလည်းကောင်း၊ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့အား အရှက်တကွဲ ဖြစ်စေတော်မူမည့်အရှင် ဖြစ်တော်မူသည်ကိုလည်းကောင်း၊ သိထားကြလေကုန်။

وَأَذَانٌ مِّنَ اللَّهِ وَرَسُولِهِ إِلَى النَّاسِ يَوْمَ الْحَجِّ الْأَكْبَرِ أَنَّ اللَّهَ بَرِيءٌ مِّنَ الْمُشْرِكِينَ ۙ وَرَسُولُهُ ۚ فَإِن تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ ۖ وَإِن تَوَلَّيْتُمْ فَاعْلَمُوا أَنَّكُمْ غَيْرُ مُعْجِزِي اللَّهِ ۗ وَبَشِّرِ الَّذِينَ

၃။ ထို့ပြင် အလ္လာဟ် အရှင်မြတ်နှင့် ထို အရှင်မြတ်၏ ရာသုလ်တမန်တော်၏ အထံတော်မှ *"ဟဂ်ျ်ကျေအတ်က်ဗရ်"* [၁] နေ့တွင် လူခပ်သိမ်းတို့ရှေ့ ဝယ်၊ ဧကန်စင်စစ်၊ အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာသုလ်တမန်တော်မြတ်သည်လည်းကောင်း၊ (ပဋိညာဉ်ကို မိမိတို့ကိုယ်တိုင် ချိုးဖောက်ခဲ့ကြသော) *"မုရှ်ရစ်က်"* တို့နှင့် ပတ်သက်၍ [၂] (အချိန်ကာလတစုံတရာ သတ်မှတ်ခြင်းပြုတော်မမူပဲ ယခုပင်)တာဝန်ကင်းတော်မူကြောင်း ကြေငြာခြင်းပင် ဖြစ်ချေသတည်း။

➤➤ အစ္စလာမ်သာသနာသည် မိမိ၏ ရန်သူများအား အရေးယူနေသည့် အချိန်မှာပင် ၄ လ တိုင်တိုင် ခွင့်ပြုထားပြီး လွယ်ကူမှုများကို ဖန်တီးပေးခဲ့ပေသည်။

(၃) ကုရ်အာန်ကျမ်းလာ အာယတ်တော် (၉း၁-၂)သည် တတိယအုပ်စုနှင့် သက်ဆိုင်ပေသည်။ ထို့အတူ ဤအာယတ်တော်များသည် စတုတ္ထအုပ်စုနှင့်လည်း သက်ဆိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ပဋိညာဉ်စာချုပ်ချုပ်ဆိုထားသည့် တတိယအုပ်စုအပေါ်မှပင် ငြိမ်းချမ်းမှုကို ရုပ်သိမ်းတော်မူလိုက်သည်ဖြစ်ရာ တစုံတရာ စာချုပ်ချုပ်ဆိုထားခြင်းမရှိသော စတုတ္ထအုပ်စုအဖို့မှာကား ယခင်မူလအစကပင် ငြိမ်းချမ်းမှုမရှိသောကြောင့် ငြိမ်းချမ်းမှုကို ရုပ်သိမ်းရန် ပြဿနာပင် မပေါ်ခဲ့ချေ။ ထို့အတွက် စတုတ္ထအုပ်စုသည်လည်း ဤအာယတ်တော် များတွင် အကျုံးဝင်လျက်ရှိပေသည်။ ကြည့်-ထာနဝီ။

(၁) "ဟဂ်ျ်ကျေအတ်က်ဗရ်" ဟူသည် 'ဟဂ်ျ်' ကိုပင်ဆိုလိုသည်၊ "အတ်က်ဗရ်" ဟူ၍ ဝိသေသပြုထားခြင်းမှာ "ဟဂ်ျ်ကျေအ်ဆွတ်ဃရ်" (၀၊) "အွန်မ်ရဟ်" နှင့် ခြားနားရန်အတွက်သာ ဖြစ်သည်။ အေ့မာမ် အဗူဟနီဖာဟ်သခင်နှင့် အေ့မာမ်ရာဇီအီသခင်တို့လည်း ဤအတိုင်းပင်ယူဆကြသည်။

(၂) ကုရ်အာန်ကျမ်းလာ အာယတ်တော် (၉း၃-၄)သည်၊ ပထမ၊ ဒုတိယအုပ်စုများနှင့် သက်ဆိုင်ပေသည်။ ပဋိညာဉ်ကို ချိုးဖောက်သော မုရှ်ရစ်က်များဟူသည် ပထမအုပ်စုကိုဆိုလိုသည်။ ထာနဝီ။

كَفَرُوا بِعَذَابٍ أَلِيمٍ ﴿٣﴾

သို့ ဖြစ်သော်ငြားလည်း (အို - မုရှ်ရစ်က် အပေါင်းတို့) အကယ်၍ အသင်တို့သည် (မိမိတို့၏ အယူဝါဒများကို စွန့်လွှတ်၍) ဝန်ချတောင်းပန်ကြပါမူ ထိုဝန်ချတောင်းပန်ခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ချေသည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ဝန်ချ) တောင်းပန်ခြင်း မပြုပဲ မျက်နှာလွှဲခဲ့ကြပါလျှင် ဧကန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်လွတ်ကင်းအောင် ထွက်ပြေးနိုင်ကြမည်မဟုတ်ကြောင်း ကောင်းစွာ မှတ်ယူကြလေကုန်။ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သောသူတို့အား (ငင်းတို့ခံစားခြင်းငှာ) ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သည် (အဆင်သင့်)ရှိကြောင်း သတင်းကောင်းပြောကြားပါလေ။

إِلَّا الَّذِينَ عَٰهَدتُّم مِّنَ الْمُشْرِكِينَ ثُمَّ لَمْ يَنقُصُوكُمْ شَيْـًٔا وَلَمْ يُظَٰهِرُوا عَلَيْكُمْ أَحَدًا فَأَتِمُّوٓا إِلَيْهِمْ عَهْدَهُمْ إِلَىٰ مُدَّتِهِمْ ۚ إِنَّ اللَّهَ يُحِبُّ الْمُتَّقِينَ ﴿٤﴾

၄။ အကြင် 'မုရှ်ရစ်က်' တို့မှတပါး အသင်တို့သည် ထိုသူတို့နှင့် ပဋိညာဉ် ဖွဲ့ခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် အသင်တို့နှင့်ပတ်သက်၍ တစုံတရာကိုမျှ ဝတ္တရားပျက်ကွက်ခဲ့ကြသည်လည်း မရှိပေ။ယုတ်လျော့စေခဲ့ကြသည်လည်းမရှိပေ။ ၎င်းပြင် ထိုသူတို့သည် အသင်တို့နှင့် ဆန့်ကျင်၍ မည်သူတဦးတယောက်ကိုမျှ ကူညီခဲ့ကြသည်လည်းမရှိချေ။ သို့ဖြစ်လျှင် အသင်တို့သည် ထိုသူတို့နှင့်ထားရှိသောကတိကို ထိုသူတို့ (သတ်မှတ်ခဲ့သော) အချိန်ကာလအပိုင်းအခြားအထိ ပြီးမြောက်အောင်ဆောင်ရွက်ကြလေကုန်။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှကြည့်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်ကြည် မြတ်နိုးတော်မူချေသတည်း။

فَإِذَا انسَلَخَ الْأَشْهُرُ الْحُرُمُ
فَاقْتُلُوا الْمُشْرِكِينَ حَيْثُ
وَجَدْتُمُوهُمْ وَخُذُوهُمْ
وَاحْصُرُوهُمْ وَاقْعُدُوا لَهُمْ
كُلَّ مَرْصَدٍ ۚ فَإِن تَابُوا
وَأَقَامُوا الصَّلَاةَ وَآتَوُا
الزَّكَاةَ فَخَلُّوا سَبِيلَهُمْ ۚ
إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٥﴾

၅။ သို့ဖြစ်ပေရာ ထူးမြတ်သောလများ ကုန်လွန်သွားသောအခါ အသင်တို့သည် (ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြသော) 'မုရိုရစ်က်' တို့အား အသင်တို့တွေ့လေရာနေရာများတွင် (သတ်ဖြတ်ကြလေကုန်၊ ထို့ပြင် အသင်တို့သည် ၎င်းတို့အား ဖမ်းဆီးကြလေကုန်။ ထိုမှတပါး အသင်တို့သည် ၎င်းတို့အား ချုပ်နှောင် (အကျဉ်းချထား)ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အား (ဖမ်းဆီးရန်) ပုန်းအောင်းရာနေရာတိုင်းတွင် (ပုန်းအောင်း၍) ချောင်းမြောင်းကြလေကုန်။) တဖန် အကယ်၍ ထိုသူတို့သည် (မိမိတို့၏အယူဝါဒများကို စွန့်လွှတ်၍) ဝန်ချတောင်းပန်ခြင်းကိုလည်းကောင်း၊ တည်မြဲစွာ 'ဆွလာတ်' ဝတ်ပြုခြင်းကိုလည်းကောင်း၊ ဇကာတ် တရားဝင်ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်း၊ ပြုကြပါလျှင် အသင်တို့သည် ၎င်းတို့၏လမ်းကို ဖွင့်လှစ်ပေးကြလေကုန်။ [၁] ဇကာတ်အမှန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① ဤအာယတ်တော်သည် ပဋိညာဉ်ချိုးဖောက်ခဲ့ကြသော မုရိုရစ်က်များ (၀၊) ပထမအုပ်စုနှင့် သက်ဆိုင်ပေသည်။ (ကြည့်-အစ်ဗ်နလ်အရဗီ၊ဗိုင်ဿွာဝီ၊မဒါရစ်က်၊မာဂျီဒီ) ၎င်းတို့အား အချိန်ပို အခွင့်ပေးရန်အကြောင်း အလျှင်းမရှိတော့ပေရာ ၎င်းတို့အား စစ်တိုက်ခိုက်ရန်သာ ရှိတော့သည်။ သို့ရာတွင် ဖော်ပြချက်၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း မုဟာရိရမ်လ ကုန်ဆုံးသည်အထိ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရေးအတွက် 'အရှရ်ဟုရ်ဟုရ်မ်' ခေါ် ထူးမြတ်သောလများသည် တားဆီးလျက် ရှိပေသည်။ အဆိုပါ ထူးမြတ်သောလများ ကုန်ဆုံးသွားသည့်အခါ ဤပထမအုပ်စုဝင် မုရိုရစ်က်တို့အား အပြတ်အသတ် တိုက်ခိုက်ကွပ်မျက်ကြရမည်သာ ဖြစ်သည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှုကို စွန့်လွှတ်၍ အစွမ်းလမ်း သာသနာတော်အတွင်းသို့ ဝင်ရောက်လာကြလျှင် (ဥပမာ-၎င်းတို့သည် ဆွလာတ်ဝတ်ပြုကြလျှင်၊ ဇကာတ်ပေးလူကြလျှင်) ၎င်းတို့အား သတ်ဖြတ်ဖမ်းဆီးခြင်း မပြုကြရပေ။

وَإِنْ أَحَدٌ مِّنَ الْمُشْرِكِينَ اسْتَجَارَكَ فَأَجِرْهُ حَتَّىٰ يَسْمَعَ كَلَامَ اللَّهِ ثُمَّ أَبْلِغْهُ مَأْمَنَهُ ۚ ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَّا يَعْلَمُونَ ﴿٦﴾

၆။ တဖန် အကယ်၍ (ပဋိညာဉ်ကိုချိုးဖောက်သော) မွတ်ရှ်ရစ်က်တို့အနက်မှ တဦးတယောက်သောသူသည် အသင့်ထံတွင် အကာအကွယ် ရလိုခဲ့ပါလျှင် အသင်သည် ထိုသူအား ၎င်းသည် အလွှာဟ် အရှင်မြတ်၏အာယတ်တော်ကို ကြားနာနိုင်အံ့သောငှာ ကာကွယ်ပါလေ၊) ထို့နောက်အသင်သည် ထိုသူအား ၎င်း၏ဘေးရန်ကင်းဝေးရာဌာနသို့ ပို့ဆောင်၍ပေးပါလေ။ [၃] ဤ(အမိန့်တော်ကို ထုတ်ပြန်တော်မူခြင်း)ကား ၎င်းတို့သည် မသိနားမလည်သောသူများဖြစ်ကြသောကြောင့်ပင်။ [၂]

---

(၁) "ထို့နောက် အသင်သည် ထိုသူတို့အား ထိုသူ၏ ဘေးရန်ကင်းဝေးရာဌာနသို့ ပို့ဆောင်၍ ပေးပါလေ" ဟူသော အာယတ်တော်ကို ကိုးကား၍ မုဖတ်စ်စစ်ရ်များနှင့် ဖုကဟာဓမ္မသတ်ရှင်များသည် အောက်ပါ ဓမ္မသတ်များကိုရေးမှတ်ကြသည်။

(က) 'မွတ်စ်တအ်မင်နိ် – ခိုလှုံခွင့်တောင်းသူအား ဒုက္ခမပေးရမည့် အကြောင်း ဤအာယတ်တော်တွင် သာဓကတရပ်ပါရှိသည်။ (မဒါရ်စ်က်။) ခိုလှုံခွင့်တောင်းဆိုသော ဤ 'ဟရ်ဗီ' ကို ကာကွယ်ထိန်းသိမ်းခြင်း၊ ၎င်းအား တစုံတရာ ဒုက္ခမပေးရန် လူများကိုပိတ်ပင်ခြင်းများသည် အေ့မာမ်ခေါင်းဆောင်အပေါ်၌ တာဝန်ရှိကြောင်း ဤအာယတ်တော်သည် သာဓကဖြစ်သည်။ဂျဆ်ဆွာဆ်။

(ခ) 'ဇင်မ်မီ'များကို ကာကွယ်ထိန်းသိမ်းခြင်း၊ ၎င်းတို့အား ဒုက္ခမပေးရန်၊ စော်ကားခြင်းမပြုရန် တားမြစ်ခြင်းများသည် အေ့မာမ်ခေါင်းဆောင်အပေါ်၌ တာဝန်ရှိကြောင်း ဤအာယတ်တော်တွင် သာဓကတရပ်ပါရှိလေသည်။ ဂျဆ်ဆွာဆ်။

(ဂ) "ဟရ်ဗီ" တဦးအား ဒါရုလ်အစ္စလာမ်၌ အချိန်ကြာရှည်စွာ နေထိုင်ခွင့်မပြုအပ်ကြောင်း၊ ၎င်းအား ဒါရုလ်အစ္စလာမ်၌ ၎င်း၏လိုအင်ဆန္ဒ ပြည့်ဝစေရန်အတွက် လိုအပ်သမျှသော အချိန်မျှသာ နေခွင့်ပြုရမည့်အကြောင်း ဤအာယတ်တော်တွင် သာဓကတရပ်ပါရှိလေသည်။ ဂျဆ်ဆွာဆ်။

(ဃ) ဒီန်သာသနာရေးနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ထံမှ စုံစမ်းမေးမြန်းသူတိုင်းအား ၎င်းတို့သိလိုသော အရာကို သင်ကြား ပြသပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ကြောင်း ဤအာယတ်တော်တွင် သာဓကတရပ်လည်း ပါရှိပေသည်။ ဂျဆ်ဆွာဆ်။

(၂) မုရှ်ရစ်က်တို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးထားသည့် အချိန်ကာလ ကုန်ဆုံးသွားပြီးသည့်နောက် သတ်ဖြတ်ကွပ်မျက်ပိုင်ခွင့်ပြုထားသည့်အချိန်တွင် မုရှ်ရစ်က်များအနက် တဦးတယောက်သည် ဝန်ချ တောင်းပန်ခြင်းနှင့် အစ္စလာမ်သာသနာ၏ အကျိုးကျေးဇူများကိုကြားပြီး အစ္စလာမ်သာသနာတော်ကို စိတ်ဝင်စားကာ အစ္စလာမ်သာသနာ၏ အခြေအမြစ်နှင့် မှန်ကန်မှုများကို ရှာဖွေဆည်းပူးလိုသည့်အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)ထံ ခိုလှုံခွင့်ပန်ကြားလာလျှင် တမန်တော်မြတ်သည် ဤသို့သော ➤➤

كَيْفَ يَكُونُ لِلْمُشْرِكِينَ عَهْدٌ عِندَ اللَّهِ وَعِندَ رَسُولِهِ إِلَّا الَّذِينَ عَاهَدتُّمْ عِندَ الْمَسْجِدِ الْحَرَامِ ۖ فَمَا اسْتَقَامُوا لَكُمْ فَاسْتَقِيمُوا لَهُمْ ۚ إِنَّ اللَّهَ يُحِبُّ الْمُتَّقِينَ ۝٧

၇။ "မုရ်ရစ်က်" တို့၏ပဋိညာဉ်ကို ထောက်ထားလိုက်နာရန် တာဝန်သည် အလ္လာဟ်အရှင်မြတ်အပေါ် ၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာ့ဆူလ်တမန်တော်အပေါ်၌လည်းကောင်း၊ အသို့လျှင်ရှိနိုင်ပါအံ့နည်း။ "မတ်စ်ဂျိဒေဟရာမ်" ထူးမြတ်သောဗလီဝတ်ကျောင်းတော်၏အပါးတွင် အသင်တို့ ပဋိညာဉ်ဖွဲ့ခဲ့ကြသော သူတို့မှတပါး၊ ၎င်းတို့သည် အသင်တို့နှင့်ပတ်သက်၍ ဖြောင့်မတ်စွာ တည်ရှိနေသမျှကာလပတ်လုံး အသင်တို့သည်လည်း ၎င်းတို့နှင့်ပတ်သက်၍ ဖြောင့်မတ်စွာ တည်ရှိကြလေကုန်။ [၁] ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ချစ်မြတ်နိုးတော်မူပေသတည်း။

➤➤ မုရ်ရစ်က်အား ခိုလှုံခွင့်ပေးရမည် ဖြစ်သည်၊ သို့မှသာလျှင် ထိုမုရ်ရစ်က်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော် (၀၊) ဒေသနာတော်များကို ကြားနာနိုင်မည်ဖြစ်သည်။ ထို့နောက် ၎င်းအား ၎င်း၏ဘေးကင်းရာ ဌာနသို့ ရောက်ရှိသွားစေရမည်ဖြစ်သည်။ သို့မှသာလျှင် ထိုမုရ်ရစ်က်သည် အေးဆေးစွာ အချိန်ယူ စဉ်းစားဆင်ခြင်ကာ အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်။ ဤသို့ ခိုလှုံခွင့်ပေးစေတော်မူခြင်း၏ အကြောင်းရင်းမှာ ၎င်းတို့သည် အစ္စလာမ်သာသနာ၏အကြောင်းကို ကောင်းစွာ မသိနားမလည်သူများ ဖြစ်ကြခြင်းကြောင့်ပင် ဖြစ်သည်။

ထာနဝီ (အ-၄။ စ-၉၉)

① လွန်ခဲ့ပြီးဖြစ်သော အာယတ်တော်များတွင် အရဗ်မုရ်ရစ်က်တို့၏ ပဋိညာဉ်များနှင့် စပ်လျဉ်း၍ တာဝန်ကင်းကြောင်း ကြေငြာချက်ပါရှိခဲ့သည်။ ဤအာယတ်တော်များတွင် အဆိုပါကြေငြာချက်၏ အကြောင်းအကျိုးများကိုပင် မိန့်ဆိုထားတော်မူသည်။ အရဗ်မုရ်ရစ်က်များနှင့် ဖွဲ့ဆိုထားသည် ပဋိညာဉ်များသည် အသို့လျှင်တည်ရှိနိုင်အံ့နည်း။ နောင်ကိုလည်း ငြိမ်းချမ်းမှုသည် အသို့လျှင် ဖြစ်ရှိနိုင်အံ့နည်း။ အာဘယ်ကြောင့်ဆိုသော် ယင်း မုရ်ရစ်က်များသည် မွတ်စ်လင်မ်များနှင့် ဆက်ဆံရာတွင် အဘယ်အခါမဆို အနည်းငယ်မျှပင် အခွင့်အရေးရရှိက မွတ်စ်လင်မ်တို့အား အနှောင့်အယှက်ပေးရာ၌ သားချင်းတော်စပ်မှုနှင့် မိမိတို့ကိုယ်တိုင် ဖွဲ့ဆိုထားသည့် ပဋိညာဉ်ကိုပင် ထောက်ထားကြသည်မရှိပေ။ ၎င်းတို့သည် ချိန်ခါမရွေး မိမိတို့၏ ကတိသစ္စာကို ချိုးဖောက်ရန်ပင် စိုင်းပြင်းလျက် ရှိကြသည်။ ၎င်းတို့သည် အများအားဖြင့် ကတိဖျက်သူများ။ သစ္စာဖောက်သူများသာ ဖြစ်ကြပေသည်။ ကတိသစ္စာကို စောင့်သိရှိသေသောသူ တဦးစနှစ်ဦးစ ရှိပြန်သော်လည်း ထိုတဦးစနှစ်ဦးစ၏အသံမှာ သစ္စာဖောက် လူများစုကြီး၏ရှေ့တွင် တိမ်မြုပ်လျက်သာ ရှိချေသည်။ အချုပ်အားဖြင့် ဤသို့ ကတိမတည်သော အမြဲတစေ သစ္စာဖောက်လျက် ရှိသော အချိန်မရွေး အနှောင့်အယှက် ပေးလျက်ရှိသောသူများနှင့် ပဋိညာဉ်ဖွဲ့ဆိုရန်မှာ အသို့လျှင် ဖြစ်နိုင်အံ့နည်း။

➤➤

كَيْفَ وَإِن يَظْهَرُوا عَلَيْكُمْ لَا يَرْقُبُوا فِيكُمْ إِلًّا وَلَا ذِمَّةً ۚ يُرْضُونَكُم بِأَفْوَاهِهِمْ وَتَأْبَىٰ قُلُوبُهُمْ وَأَكْثَرُهُمْ فَاسِقُونَ ﴿٨﴾

၈။ (ယင်းကဲ့သို့ ကတိဖောက်ဖျက်သူတို့၏ ကတိခံဝန်ချက်ကို) အသို့လျှင် ထောက်ထားနိုင်ပါအံ့နည်း။ အမှန်စင်စစ်သော်ကား အကယ်၍သာ ထိုသူတို့သည် အသင်တို့အပေါ်၌ ကြီးစိုးကြပါလျှင် ထိုသူတို့သည် အသင်တို့နှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်သည်ကိုလည်းကောင်း၊ ပဋိညာဉ်ဖွဲ့ထားသည်ကိုလည်းကောင်း ထောက်ထားကြမည် မဟုတ်ပေ။ [၁]

➤➤ သို့ရာတွင် 'မတ်စ်ဂျဒေဟရာမ်' ကျောင်းတော်အပါးတွင် မွတ်စ်လင်မ်တို့နှင့် ပဋိညာဉ်ဖွဲ့ဆိုခဲ့ကြသော 'ကိနာနဟ်' မျိုးနွယ်စသည့် အချို့အရဗ်မျိုးနွယ်များသည် ပဋိညာဉ်ပါ စည်းကမ်းချက်များကို မဖောက်မဖျက် စောင့်သိရှိသေလျက် ရှိကြပေရာ မွတ်စ်လင်မ်များသည်လည်း၊ ၎င်းတို့နှင့် ဖွဲ့ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို စတင် မဖောက်ဖျက်ကြရာ၊ ၎င်းတို့သည် တည့်မတ်စွာ ရှိကြသမျှကာလပတ်လုံး မွတ်စ်လင်မ်တို့သည်လည်း၊ ၎င်းတို့ထက်ပင် ပိုမို၍ တည့်မတ်စွာရှိကြရမည်ဖြစ်သည်။ မွတ်စ်လင်မ်တို့သည် မိမိတို့၌ စိုးစဉ်းမျှ အမည်းစက် မစွန်းငြိရလေအောင် သာမန်အသေးအဖွဲ ကိစ္စကလေးများ၌ပင်လျှင် သတိကြီးစွာ ထားရှိကြရမည်။ အလွန်အကျွံဟူ၍ အလျင်းမဖြစ်စေကြရ။ အလ္လာဟ်အရှင်မြတ်သည် အရာရာတွင် သတိကြီးစွာဖြင့် စဉ်းစားဆင်ခြင် ရှောင်ကြဉ်ကြကုန်သော သူတော်စင်များအား အထူးနှစ်သက်တော်မူသည်။

'ကိနာနဟ်' မျိုးနွယ်သည် မွတ်စ်လင်မ်များနှင့် ပဋိညာဉ်ဖွဲ့ဆိုခဲ့ကြသည်။ ဖွဲ့ဆိုထားသည့် ပဋိညာဉ်ပါ စည်းကမ်းချက်များကိုလည်း အထူးတလည် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မည်သို့မျှ စည်းကမ်းဖောက်ဖျက်ကျူးလွန်ခဲ့ကြသည်မရှိပေ။ ထို့အတူ မွတ်စ်လင်မ်များသည်လည်း၊ ၎င်းတို့အပေါ်တွင် သစ္စာထားရှိခဲ့ကြပေသည်။ ပဋိညာဉ်ပါ စည်းကမ်းချက်များကိုလည်း ပဋိညာဉ်သက်တမ်းကုန်ဆုံးသည့်တိုင်အောင် ကောင်းမွန်စွာ လိုက်နာခဲ့ကြပေသည်။ အရဗ်မှရှရစ်ဂ်တို့နှင့် တာဝန်ကင်းကြောင်း ကြေငြာချက်ထုတ်ပြန်သည့်အချိန်တွင် 'ကိနာနဟ်' မျိုးနွယ်တို့နှင့် ဖွဲ့ဆိုထားသည့် ပဋိညာဉ်သက်တမ်းမှာ ကုန်ဆုံးရန် ၉-လသာ ကျန်ရှိပေတော့သည်။ မွတ်စ်လင်မ်များ သည်ထို ၉-လကုန်ဆုံးသည့်တိုင်အောင် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို တသွေမတိမ်း လိုက်နာ ဆောင်ရွက်ခဲ့ကြပေသည်။

ပဋိညာဉ်ကို ချိုးဖောက်ခဲ့သော မုရှ်ရစ်က်များဟူသည် ပထမအုပ်စုကိုဆိုလိုသည်။ ပဋိညာဉ်ပါ စည်းကမ်းချက်များကို ချိုးဖောက်ခြင်းမပြုခဲ့သော မုရှ်ရစ်က်များဟူသည် ဒုတိယအုပ်စုကို ဆိုလိုသည်။

ကြည့် - ထာနဝီ။

① ဤအာယတ်တော်သည် အရဗ်မုရှ်ရစ်က်တို့အနက် ပထမအုပ်စုကို ရည်ညွှန်းမိန့်ဆိုထားတော်မူသော အာယတ်တော်ဖြစ်သည်။ (ကြည့် - ထာနဝီ)

'အစ်လ်လု' ဟူသည် သာဝကကြီး အစ်ဗ်နုအဗ္ဗားစ် (ရသွေ့ယလ္လာဟိ တအာလာအန်ဟု) သခင်ထံမှ တဆင့် ကြားသိရသော ကျမ်းချက်အရ ဆွေမျိုးတော်စပ်မှုကို ဆိုလိုသည်။ သွယ်ဟာက်ကလည်း ဤသည့်အဆိုကို နှစ်ခြိုက်လေသည်။ (ရှုဟ်)

ငင်းတို့သည်အသင်တို့အား မိမိတို့၏နှုတ်များဖြင့်သာလျှင် နှစ်သိမ့်စေကြကုန်သည်။ သို့ရာတွင် ငင်းတို့၏စိတ်နလုံးများမှာမူကား (ငင်းတို့၏နှုတ်မှပြောဆိုချက်တို့ကို) ငြင်းပယ်လျက်ရှိကြကုန်သတည်း။ စင်စစ် ငင်းတို့အနက် အများစုတို့မှာကား စည်းကမ်းဖောက်ဖျက်သူများသာ [၁] ဖြစ်ကြကုန်သည်။

اِشْتَرَوْا بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيْلًا فَصَدُّوْا عَنْ سَبِيْلِهٖ ؕ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ۝٩

၉။ ငင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များဖြင့် အနည်းငယ်မျှသောအဖိုးငွေကို လဲလှယ်ဝယ်ယူခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငင်းတို့သည် ထိုအရှင်မြတ်၏လမ်းတော်မှ ဖောက်ပြန်သွေချော် တိမ်းစောင်းလျက်ရှိခဲ့ကြကုန်၏။ ဧကန်စင်စစ် ငင်းတို့ပြုမူသမျှတို့ကား အလွန်ဆိုးရွားလှပေသတည်း။

لَا يَرْقُبُوْنَ فِيْ مُؤْمِنٍ اِلًّا وَّلَا ذِمَّةً ؕ وَاُولٰٓئِكَ هُمُ الْمُعْتَدُوْنَ ۝١٠

၁၀။ ငင်းတို့သည် မည်သည့် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ တဦးတယောက်နှင့်မျှ ပတ်သက်၍ ဆွေမျိုးတော်စပ်မှုကိုလည်းကောင်း၊ ပဋိညာဉ်ထားရှိမှုကိုလည်းကောင်း၊ ထောက်ထားကြသည်မဟုတ်ပေ။ အမှန်သော်ကား ငင်းတို့သည်ပင်လျှင် လွန်ကျူးသူများဖြစ်ကြကုန်သတည်း။

فَاِنْ تَابُوْا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَاِخْوَانُكُمْ فِي الدِّيْنِ ؕ وَنُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ ۝١١

၁၁။ သို့ရာတွင် အကယ်၍ ထိုသူတို့သည် (မိမိတို့၏အယူဝါဒများကိုစွန့်လွှတ်ကာ "အီမာန်" ယုံကြည်ခြင်းသဒ္ဓါတရားထားရှိခြင်းအားဖြင့်) ဝန်ချတောင်းပန်၍ ဆွလာတ် ဆောက်တည်ခြင်းကိုလည်းကောင်း၊ ဇကာတ် တရားဝင်ဒါနကြေးပေးဆောင်ခြင်းကိုလည်း

---

① ဤအာယတ်တော်တွင် ပါရှိသော 'ဖာစိကူးန်' ဟူသည် ကတိသစ္စာကို ဖောက်ဖျက်သူများကိုဆိုလိုသည်။ ကာဖိရ်တိုင်းသည် ဖာစစ်က်ဖြစ်သည်။ သို့ရာတွင် ဤအာယတ်တော်တွင် စက်ဆုပ်ဖွယ်ရာ မကောင်းမှုများ၊ အထူးသဖြင့် ကတိသစ္စာဖောက်ဖျက်မှုကို အတည့်အလင်း ကျူးလွန်သူများကို ဆိုလိုသည်။ ကုရ်တုဗီ။

ကောင်း ပြုခဲ့ကြပါလျှင်၊ ထိုသူတို့သည် ဒီန်သာသနာရေးတွင် အသင်တို့၏ညီသားအစ်ကိုများပင် ဖြစ်ကြကုန်သည်။ [၁] အမှန်သော်ကား ငါအရှင်မြတ်သည် (မိမိ) အာယတ်တော်များကို သိနားလည်သူတို့အဖို့ အသေးစိတ်ထုတ်ဖော် မိန့်ကြားတော်မူလေသတည်း။

وَإِنْ نَّكَثُوٓا۟ أَيْمَٰنَهُم مِّنۢ بَعْدِ عَهْدِهِمْ وَطَعَنُوا۟ فِى دِينِكُمْ فَقَٰتِلُوٓا۟ أَئِمَّةَ ٱلْكُفْرِ ۙ إِنَّهُمْ لَآ أَيْمَٰنَ لَهُمْ لَعَلَّهُمْ يَنتَهُونَ ﴿١٢﴾

၁၂။ တဖန် အကယ်၍ ထိုသူတို့သည် ကတိသစ္စာထားရှိပြီးနောက်သော်မှပင် မိမိတို့ ထားရှိကြကုန်သောကတိသစ္စာများကို ဖောက်ဖျက်ခြင်းကိုလည်းကောင်း၊ အသင်တို့၏ဒီန်သာသနာနှင့် စပ်လျဉ်း၍ ကဲ့ရဲ့ရွှတ်ချ (အမနာပ)ပြောဆိုခြင်းကိုလည်းကောင်း၊ ပြုခဲ့ကြပါလျှင် အသင်တို့သည် ကုဖ်ရ်မယုံမကြည်သွေဖည် ငြင်းပယ်မှုကို ခေါင်းဆောင်သော ရှေ့ဆောင်တို့အားငင်းတို့သည် (မိမိတို့၏အယူဝါဒများမှ) ရပ်စဲသွားကြအံ့သောငှာ တိုက်ခိုက်ကြလေကုန်။ အကြောင်းသော်ကား ငင်းတို့၌ ကတိသစ္စာများမရှိသောကြောင့်ပင်။ [၂]

---

① အကယ်၍ မုရှ်ရစ်ကများသည် ကုဖ်ရ်၊ ရှစ်ရစ်က်၏ အယူဝါဒများကို စွန့်လွှတ်၍ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ကာ အခြားမွတ်စ်လင်မ်များကဲ့သို့ အစ္စလာမ်သာသနာ၏ အဆုံးအမများကို လက်တွေ့လိုက်နာကျင့်သုံးကြလျှင်၊ ၎င်းတို့၏ အပြုအမူများကို ထောက်ထားပြီး ၎င်းတို့အား သာသနာရေးတွင် ညီနောင်များဟူ၍ပင် ယူဆရပေမည်။ အခြားမွတ်စ်လင်မ်များနှင့် ဆက်ဆံသကဲ့သို့ပင် ၎င်းတို့နှင့်လည်း ဆက်ဆံရပေမည်။ ယခင်က ၎င်းတို့ ကျူးလွန်ခဲ့ကြသော ကတိသစ္စာချိုးဖောက်မှုစသည့် ပြစ်မှုတို့ကို ကြည့်ရှုရန် မလိုပေ။ ၎င်းတို့၏ စိတ်အတွင်းတွင် မည်သို့ရှိသည်ကို လူသားများမသိနိုင်ပေ။ အလ္လာဟ်အရှင်မြတ်အား လွဲပုံရမည်သာ ဖြစ်ပေသည်။

② ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မိမိတို့ ချုပ်ဆိုထားခဲ့ကြသည့် ပဋိညာဉ်ကိုချိုးဖောက်၍ "ဗနူခုဇာအဟ်" ကို တိုက်ခိုက်ရာတွင် "ဗနူဗက်ရ်" အား အားပေးကူညီ ပြုလုပ်ခဲ့ကြပေသည်။ ဤအာယတ်တော်တွင် ဤသည့်အချက်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

မိမိတို့ ထားရှိသော ကတိသစ္စာကို ချိုးဖောက်ကြရုံမျှမက အစ္စလာမ် သာသနာတော်နှင့် စပ်လျဉ်း၍ ဆဲရေးတိုင်းထွာပြောဆိုသော ကုဖ်ရ်၏ ရှေ့ဆောင်ရှေ့ရပ်တို့အား တိုက်ခိုက်သတ်ဖြတ်ပစ်ကြရမည်သာ ဖြစ်သည်။

ဤအာယတ်တော်တွင် "ကုဖ်ရ်၏ ရှေ့ဆောင်ရှေ့ရပ်များ" ဟု သီးသန့် ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်း၏အကြောင်းရင်းမှာ ထိုရှေ့ဆောင်ရှေ့ရပ်များသည်ပင်လျှင် တပည့်နောက်လိုက်တို့အား ကုဖ်ရ်သွေဖည်ငြင်းပယ်မှုပေါ်တွင် တည်ရှိနေကြရန် လှုံ့ဆော်သမှု ပြုကြခြင်းကြောင့်ဖြစ်သည်။ ဗဟ်ရ်။

أَلَا تُقَاتِلُونَ قَوْمًا نَّكَثُوٓا۟ أَيْمَٰنَهُمْ وَهَمُّوا۟ بِإِخْرَاجِ ٱلرَّسُولِ وَهُم بَدَءُوكُمْ أَوَّلَ مَرَّةٍ ۚ أَتَخْشَوْنَهُمْ ۚ فَٱللَّهُ أَحَقُّ أَن تَخْشَوْهُ إِن كُنتُم مُّؤْمِنِينَ ﴿١٣﴾

၁၃။ အသင်တို့သည် အကြင်အမျိုးသားတို့အား အဘယ်ကြောင့် မတိုက်ခိုက်ကြသနည်း။ ထိုအမျိုးသားတို့သည် မိမိတို့၏ကတိသစ္စာကိုလည်း ဖောက်ဖျက်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် တမန်တော်မြတ်(မုဟမ္မဒ်)အား (မက္ကာမြို့မှ) နှင်ထုတ်ရန်လည်း သန္နိဋ္ဌာန်ချခဲ့ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည် ပင်လျှင် အသင်တို့အား ဦးစွာပထမ စတင်တိုက်ခိုက်ခဲ့ကြကုန်၏။ [၁] အသင်တို့သည် ၎င်းတို့အား ကြောက်ရွံ့ကြလေသလော၊ စင်စစ်တမူကား အကယ်၍အသင်တို့သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများဖြစ်ကြလျှင် အလွှာဟ်အရှင်မြတ်အား ပိုမို၍ပင် ကြောက်ရွံ့ထိုက်ပေသတည်း။

---

① ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မိမိတို့ ကျိန်ဆိုထားသည့် ကျိန်ဆိုချက်များကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင် သဘောတူချုပ်ဆိုထားသည့် ပဋိညာဉ်ပါစာချုပ်များကိုလည်းကောင်း၊ ချိုးဖောက်ခဲ့ကြလေသည်။ ဥပမာ- ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မိမိတို့ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ကို ချိုးဖောက်ကာ ခုဇာအဟ်မျိုးနွယ်အား ဆန့်ကျင်၍ ဗနူဗတ်က်ရ်မျိုးနွယ်ကို ကူညီရိုင်းပင်းခဲ့ကြသည်။ ဟစ်ဂျရတ်အလျင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မက္ကာမြို့တော်မှနှင်ထုတ်ရန် အမျိုးမျိုး ကြံစည်အားထုတ်ခဲ့ကြလေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မက္ကာမြို့တော်မှ ထွက်ခွာသွားတော်မူခဲ့ရသည့် အကြောင်းမှာလည်း ယင်းကုရိုက်ရှ်မျိုးနွယ်ကြောင့်ပင်ဖြစ်သည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၈:၃၀။ ၉:၄၀။ ၁၇:၇၆။ ၆၀:၁)တို့တွင် မိန့်ဆိုထားတော်မူသည်။

ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် မက္ကာမြို့တော်တွင် အပြစ်မဲ့သော မွတ်စ်လင်မ်တို့အား အကြောင်းမဲ့ စတင်ကျူးကျော် စော်ကားခဲ့ကြလေသည်။ အဗူစုဖ်ယာန် ခေါင်းဆောင်ခဲ့သော ကုန်သည်များ လွတ်မြောက်သွားသည့်အချိန်တွင် ယင်းကုရိုက်ရှ်မျိုးနွယ်ဝင်များသည်ပင်လျှင် မာန်မာနမောက်မာ ထောင်လွှားကာ မွတ်စ်လင်မ်တို့အား စတင်တိုက်ခိုက်ရန် ဗဒ်ရ်စစ်မြေပြင်သို့ သွားရောက်ခဲ့ကြလေသည်။ ထို့ပြင်တဝ ယင်းကုရိုက်ရှ်မျိုးနွယ်ဝင်များသည် 'ဟုဒိုင်ဗိယဟ်' တွင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက် မိမိတို့ကိုယ်တိုင် အဆိုပါ ပဋိညာဉ်စာချုပ်ကို စတင် ချိုးဖောက်ကာ မွတ်စ်လင်မ်တို့၏ မဟာမိတ်ဖြစ်သော 'ခုဇာအဟ်' ကို ဆန့်ကျင်၍ 'ဗနူဗတ်က်ရ်' အား အကူအညီပေးခဲ့ကြလေသည်။ လက်နက်များ ထုတ်ပေးခဲ့ကြလေသည်။ နောက်ဆုံးတွင် မွတ်စ်လင်မ်များသည် ယင်းသို့သော ကုရိုက်ရှ်မျိုးနွယ်ဝင်တို့အား တိုက်ခိုက်၍ မက္ကာမြို့တော်ကို ပြန်လည်သိမ်းပိုက်ခဲ့ကြလေသည်။ ဤအာယတ်တော်တွင် ယင်းကုရိုက်ရှ်မျိုးနွယ်ဝင်များကဲ့သို့သော ဆိုးမိုက်လျက်ရှိသော မျိုးနွယ်ဝင်များကို တိုက်ခိုက်ရာ၌ အနည်းငယ် စိုးစဉ်းမျှ စနောင့်စနင်း ဖြစ်စရာမလိုပေ။ အကယ်၍ ၎င်းတို့၏ အင်အားများပြားသည်ကို စိုးရိမ်လျှင် မွတ်စ်လင်မ်များသည် အရာခပ်သိမ်းတို့ထက် အလွှာဟ်အရှင်မြတ် ➤➤

قَٰتِلُوهُمْ يُعَذِّبْهُمُ ٱللَّهُ بِأَيْدِيكُمْ وَيُخْزِهِمْ وَيَنصُرْكُمْ عَلَيْهِمْ وَيَشْفِ صُدُورَ قَوْمٍ مُّؤْمِنِينَ ﴿١٤﴾

၁၄။ အသင်တို့သည် ၎င်းတို့အား တိုက်ခိုက်ကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အသင်တို့၏လက်များဖြင့် ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းတို့အား အရှက်ရစေတော်မူမည်လည်းဖြစ်၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အား ၎င်းတို့အပေါ်၌ အောင်မြင်စေတော်မူမည်လည်း ဖြစ်၏။ ထို့ပြင် ထိုအရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့၏ စိတ်နှလုံးများကို အေးချမ်းစေတော်မူမည်လည်း ဖြစ်ချေသတည်း။

وَيُذْهِبْ غَيْظَ قُلُوبِهِمْ ۗ وَيَتُوبُ ٱللَّهُ عَلَىٰ مَن يَشَآءُ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿١٥﴾

၁၅။ ၎င်းပြင် ထိုအရှင်မြတ်သည် ထို(သက်ဝင်ယုံကြည်)သူတို့၏ စိတ်နှလုံးများမှ ဒေါသအမျက်ကိုလည်း ပပျောက်စေတော်မူမည်ဖြစ်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူ၏ဘက်သို့လည်း ကရုဏာတော်နှင့် ပြန်လှည့်တော်မူမည်ဖြစ်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်၊ နက်နဲသိမ်မွေ့သောဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၁]

➤➤ ကိုသာ ကြောက်ရွံ့သင့်ပေသည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့မှုသည် စိတ်တွင်း၌ သက်ရောက်လျှင် အခြားအကြောက်သည် အလိုအလျောက် ပပျောက်သွားပေသည်။ မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အား သွေဖည်မှုမှ ရှောင်ကြဉ်ကြရပေမည်။ ထိုအရှင်မြတ်၏ အမျက်တော်စူးရှခြင်းကို အမြဲတစေ ကြောက်ကြရပေမည်။ အဘယ်ကြောင့်ဆိုသော် အကျိုးပြုခြင်း၊ အကျိုးယုတ်စေခြင်းသည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်၏ အလိုတော်မပါပဲလျက် မည်သူတဦးတယောက်မျှ စိုးစဉ်းမျှ အကျိုးပြုနိုင်သည်လည်းမဟုတ်၊ အကျိုးယုတ်စေနိုင်သည်လည်း မဟုတ်ပေ။

① ဤအာယတ်တော်တွင် 'ဂျိဟာဒ်' ကို တရားတော်ဝင် အမိန့်တော်တရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းတော်မူခြင်း၏ ကျိုးကြောင်းကို ဖွင့်ဟမိန့်ဆိုထားတော်မူသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် လာရှိသော အတိတ်ခေတ်အမျိုးသားတို့၏ အတ္ထုပ္ပတ္တိများကို ထောက်ရှုခြင်းအားဖြင့် လူမျိုးတမျိုးသည် သွေဖည်ငြင်းပယ်မှုတွင်လည်းကောင်း၊ ဆိုးသွမ်းမှုတွင်လည်းကောင်း၊ တမန်တော်မြတ်များအား မုသာဝါဒီများဟု ပြောဆိုရာတွင်လည်းကောင်း၊ ➤➤

➤➤ မနာလိုမုန်းတီးရာတွင်လည်းကောင်း၊ စည်းမဲ့ကမ်းမဲ့ အလွန်အကျွံ ဖြစ်လာသည့်အခါ အလွှာဟ်အရှင်မြတ်၏ထံတော်မှ ဆုံးရှုံးပျက်စီးစေသည့် ပြစ်ဒဏ်တော်တရပ်ရပ်သည် ထိုအမျိုးသားများအပေါ်သို့ ကျရောက်လာလေ့ရှိသည်။ ယင်းသို့ ကျရောက်လာသည့်အခါ ထိုအမျိုးသားများ၏ သွေဖည်မှုများနှင့် ကျူးကျော် စော်ကားမှုအားလုံးတို့သည် ရုတ်တရက် ပျောက်ပျက်၍ သွားလေသည်။ ဤသည့်အကြောင်းကို ကုရ်အာန်ကျမ်း (၂၉း ၄၀)တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

"ဤသို့သော ပြစ်ဒဏ်များသည် အလွန်တရာမျှပြင်းထန်သော ပျက်စီးဆုံးရှုံးစေတတ်သော ပြစ်ဒဏ်များဖြစ်သည့်အပြင် နောင်လာနောင်သားတို့အဖို့ နောင်တတရားရဖွယ်ရာလည်း ဖြစ်ပေသည်။ သို့ရာတွင် ဤသို့သော ပြစ်ဒဏ်များကျရောက်ရာ၌ ပြစ်ဒဏ်တော်တပ်ရိုက်ခြင်းခံရသော အမျိုးသားများသည် ဤဘဝ၌ အသက်ထင်ရှားရှိပြီး မိမိတို့၏ ဂုဏ်အင်သေးသိမ်မှု၊ အရှက်တကွဲ အကျိုးနည်းဖြစ်မှုများကို မိမိတို့ကိုယ်တိုင် တွေ့မြင်ခွင့်မရရှိကြပေ။ နောက်နောင် အခါများတွင်လည်း ဝန်ချတောင်းပန်ရန် အခွင့်အလမ်းများ မကျန်ရှိပေ။"

'ဂျိဟာဒ်' ကို တရားတော်ဝင် အမိန့်တော်တရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းတော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ သွေဖည်ငြင်းပယ်သော၊ မောက်မာပလွားသော၊ နိပ်စက်ညှဉ်းပန်းသော၊ ဆိုးသွမ်းမိုက်မဲသောကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သူတို့အား အလွှာဟ်အရှင်မြတ်သည် တိုက်ရိုက် ပြစ်ဒဏ်ပေးတော်မူခြင်းအစား မိမိ၏သစ္စာတော်ခံ၊ အမိန့်တော်နာခံသော သူတော်စင်တို့၏လက်ဖြင့် အပြစ်ဒဏ်ပေးတော်မူရန်ပင်ဖြစ်သည်။ ဤသို့ ပြစ်ဒဏ်ပေးတော်မူခြင်းအားဖြင့် ပြစ်မှုကျူးလွန်သော သူယုတ်မာတို့သည် အရှက်တကွဲ အကျိုးနည်းဖြစ်ကြရသည်။ အမိန့်တော်နာခံသော သူတော်စင်များအား အားပေးချီးမြှင့်ရာလည်း ရောက်သည်။ အမိန့်တော်နာခံသော သူတော်စင်များ၏ အောင်နိုင်မှုမှာလည်း အထင်အရှားပေါ်လွင်လာသည်။ ထို့ပြင်တဝ သူတော်စင်များသည် ယမန်နေ့ကအထိ မိမိတို့အား အထင်အမြင်သေးခဲ့ကြသော နိပ်စက်ညှဉ်းပန်းခဲ့ကြသော သူယုတ်မာများမှာယနေ့ အလွှာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် မိမိတို့၏ သနားမှု၊ ကြင်နာမှု၊ မျှတမှုများအပေါ်၌ အသက်ရှင်နေကြရသူများအဖြစ် တွေ့မြင်ကြရသောအခါ အဆိုပါသူတော်စင်များ၏ စိတ်နှလုံးများသည် ကြည်လင်လာပေသည်။ ကာဖိရ်တို့၏ အရှိန်အဝါကိုကြည့်ပြီး အချို့သူတော်စင်များသည် စိတ်နှလုံး မသာမယာဖြစ်ခဲ့ကြရသည်။ အချို့အားအင်ချဲနဲ့သော နိပ်စက်ညှဉ်းပန်းခြင်းခံရသော မွတ်စ်လင်မ်များသည် ကာဖိရ်များ၏ညှဉ်းပန်းမှုများကို တုံ့ပြန်လက်စား မချေနိုင်ခဲ့ကြသည့်အတွက် စိတ်တွင် အမျက်ဒေါသကို ချုပ်တည်းမျိုသိပ်ကာ နေခဲ့ကြရသည်။ ယခုအလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ "ဂျိဟာဒ်" ပြုရန် အခွင့်ရရှိသဖြင့် ထိုထိုသော မွတ်စ်လင်မ်များ၏ စိတ်နှလုံးများသည် အေးချမ်းသာယာ ရွှင်လန်းချမ်းမြေ့လာခဲ့ပေသည်။

ဤသို့ပြစ်ဒဏ်ပေးတော်မူခြင်းဖြင့် ပြစ်ဒဏ်တပ်ရိုက်ခြင်းခံရသော သူများအဖို့လည်း တနည်းအားဖြင့် အကျိုးရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်ဒဏ်တပ်ရိုက်ခြင်းခံရပြီးသည့် နောက်ပိုင်းတွင်လည်း ၎င်းတို့သည် ဝန်ချတောင်းပန်နိုင်ကြပေသည်။ တရားလမ်းမှန်ဘက်သို့ ပြန်လည်ရောက်ရှိလာနိုင်ကြပေသည်။ ဤသည့် အခွင့်အလမ်းများသည် ၎င်းတို့အတွက် ပွင့်လျက်ပင် ရှိပေသည်။ ထိုသို့ ပြစ်ဒဏ်တပ်ရိုက်ခြင်းခံရသော သူများသည် ပတ်ဝန်းကျင်အခြေအနေ အဖြစ်အပျက်များကို စဉ်းစားဆင်ခြင်၍ သတိသံဝေဂရကာ တရားလမ်းမှန် ဘက်သို့ ရောက်ရှိလာနိုင်ကြပေသည်။ တမန်တော်မြတ်(ဆွတ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) လက်ထက်တော် တွင်လည်း ဤအတိုင်းပင် ဖြစ်ခဲ့ပေသည်။ ရက် အနည်းငယ် အတွင်းမှာပင် အာရေဗျ တနိုင်ငံလုံးသည် စိတ်စေတနာဖြူစင်စွာဖြင့် အလွှာဟ်အရှင်မြတ်၏ သာသနာတော် ဘောင်အတွင်းသို့ ရောက်ရှိလာခဲ့ ကြသည်မှာ အထင်အရှားပင် ဖြစ်ပေသည်။

أَمْ حَسِبْتُمْ أَن تُتْرَكُوا۟ وَلَمَّا يَعْلَمِ ٱللَّهُ ٱلَّذِينَ جَٰهَدُوا۟ مِنكُمْ وَلَمْ يَتَّخِذُوا۟ مِن دُونِ ٱللَّهِ وَلَا رَسُولِهِۦ وَلَا ٱلْمُؤْمِنِينَ وَلِيجَةً ۚ وَٱللَّهُ خَبِيرٌۢ بِمَا تَعْمَلُونَ ﴿١٦﴾

၁၆။ အသင်တို့သည် မိမိတို့မှာ(စမ်းသပ်ခြင်းမခံရပဲ အေးချမ်းစွာ) စွန့်လွှတ်ထားခြင်းကို ခံကြရလိမ့်မည်ဟု ထင်မြင်ယူဆကြပါသလော။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် (ယခုထက်တိုင်) အသင်တို့အနက်မှ (ထိုအရှင်မြတ်၏ လမ်းတော်၌) စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သူတို့အား လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မြတ်၏ ရာဇလ် တမန်တော်နှင့် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အပြင် အခြားသူတို့ကို ချစ်ကျွမ်းတဝင် မပြုကြသောသူတို့အားလည်းကောင်း၊ သိ (မြင်)တော်မမူသေးချေ။ [၁] စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① ဤအာယတ်တော်တွင်လည်း 'ဂျိဟာဒ်' ကို တရားတော်ဝင် အမိန့်တော်တရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းတော်မူထားသည့် ကျိုးကြောင်းကိုပင် မိန့်ဆိုထားတော်မူသည်။ "အီမာန် ယုံကြည်ပါသည်" "အမိန့်တော် နာခံပါသည်" "ခဝပ်ကိုးကွယ်ပါသည်" ဟု နှုတ်ဖြင့် ပြောဆိုသူများ အမြောက်အမြား ရှိကြပေသည်။ သို့ရာတွင် စမ်းသပ်တော်မူခြင်းတည်းဟူသော မှတ်ကျောက်ပေါ်တွင်တင်၍ မကြည့်သမျှကာလပတ်လုံး အမှားနှင့်အမှန်၊ အကောင်းနှင့်အညံ့ ခွဲခြားစွာ မသိနိုင်ပေ။

ထို့အတွက်ကြောင့်ပင် မှတ်ကျောက်တင်ကြည့်နိုင်ရန်အတွက် ဂျိဟာဒ် ကို သတ်မှတ်ပြဋ္ဌာန်းတော်မူ၍ မွတ်စ်လင်မ်တို့အနက် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ အသက်နှင့် ဥစ္စာပစ္စည်းကို စွန့်လှူသောသူများ အဘယ်မျှရှိကြသည်။ အလ္လာဟ်အရှင်မြတ်၊ တမန်တော်မြတ်နှင့် မွတ်စ်လင်မ်တို့မှတပါး အခြား မည်သူတဦး တယောက်ကိုမျှ အဘယ်မျှပင် နီးစပ်ရင်းချာသော ဆွေမျိုးသားချင်း ဖြစ်နေသော်လည်း Intimate အတွင်းအကျဆုံးသော မိတ်ဆွေရင်းချာ မပြုလုပ်သောသူများ အဘယ်မျှ ရှိကြသည်ကို အလ္လာဟ်အရှင်မြတ်သည် လက်တွေ့သိမြင်တော်မူရန် လိုပေသည်။ ဤသည် မှတ်ကျောက်ပင် ဖြစ်သည်။ ဤမှတ်ကျောက်ပေါ်တွင် မုအ်မင်န်တို့၏ အီမာန်ကို တင်၍ ကြည့်ရှုစမ်းသပ်ရသည်။

ကာယကံမြောက် ဂျိဟာဒ် မပြုလုပ်ကြသမျှ ကာလပတ်လုံး နှုတ်ဖြင့်သာပြောဆိုနေရုံမျှဖြင့် အောင်မြင်မှုသည် မရရှိနိုင်ပေ။ ထို့ပြင်တဝ ကာယကံမြောက်ပြုလုပ်သော အပြုအမူများအနက် စိတ်စေတနာ ဖြူစင်စွာဖြင့် ပြုလုပ်သော အပြုအမူနှင့် ပြစားရန်အတွက်ပြုလုပ်သော အပြုအမူများကို အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ခွဲခြားသိတော်မူပြန်ရာ အပြုအမူများ၏ အကျိုးကိုလည်း စိတ်စေတနာ ဖြူစင်ပါက ဖြူစင်သည့်အလျောက်၊ မဖြူစင်ပါက မဖြူစင်သည့်အလျောက်၊ ပေးတော်မူမည်သာဖြစ်ပေသည်။

مَا كَانَ لِلْمُشْرِكِيْنَ اَنْ
يَّعْمُرُوْا مَسٰجِدَ اللّٰهِ شٰهِدِيْنَ
عَلٰٓى اَنْفُسِهِمْ بِالْكُفْرِ ؕ اُولٰٓئِكَ
حَبِطَتْ اَعْمَالُهُمْ ۚۖ وَ فِى النَّارِ
هُمْ خٰلِدُوْنَ ﴿١٧﴾

اِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ
بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَاَقَامَ
الصَّلٰوةَ وَاٰتَى الزَّكٰوةَ وَلَمْ
يَخْشَ اِلَّا اللّٰهَ فَعَسٰٓى اُولٰٓئِكَ
اَنْ يَّكُوْنُوْا مِنَ الْمُهْتَدِيْنَ ﴿١٨﴾

၁၇။ "မုရ်ရစ်က်" တို့၌ ၎င်းတို့သည် မိမိတို့ "ကာဖိရ်" ဖြစ်ကြောင်း ဝန်ခံလျက် ရှိနေကြစဉ် အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များကို သာယာစည်ကားအောင် ပြုလုပ်ရန် အရည်အချင်း မရှိချေ။ [၃] ၎င်းတို့သည် အကြင်သူများပင်တည်း။ ထိုသူတို့၏ အပြုအမူများသည် အချည်းနှီး ဖြစ်ခဲ့ကြသည့်ပြင် ထိုသူတို့သည် ငရဲမီး၌ ထာဝစဉ် နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်သတည်း။ [၂]

၁၈။ အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များကို အကြင်သူတို့သည်သာလျှင် စည်ကားသာယာအောင် ပြုနိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်ကြသည့်ပြင် ထိုသူတို့သည် စွဲမြဲစွာ 'ဆွလာတ်' ဝတ်ပြုမှုကိုလည်းကောင်း၊ 'ဇကာတ်' တရားဝင်ဒါနကြေး ပေးဆောင်ခြင်းကိုလည်းကောင်း၊ ပြုကြကုန်သည်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်အပြင် မည်သူတဦးတယောက်ကိုမျှ ကြောက်ရွံ့ကြသည်လည်း မရှိချေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် တရားလမ်းမှန် ရရှိကြမည်ဖြစ်သည်။

---

③ ကုရ်အာန်ကျမ်းမြတ် (၉း၁၆)တွင် မွတ်စ်လင်မ်များသည် စမ်းသပ်တော်မူခြင်းမခံရပဲ အေးချမ်းစွာ လွတ်ထားခြင်း ခံရမည်မဟုတ်ကြောင်း၊ မွတ်စ်လင်မ်များသည် အလွန်ကြီးလေးသော တာဝန်များ၊ ဥပမာ ဂျိဟာဒ် အစရှိသည့် တာဝန်များတွင် တည်ကြည်မှု ရှိမရှိ၊ ထို့ပြင်တဝ လောကီသံယောဇဉ်များကို အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်သြဝါဒတော်များရှေ့တွင် ဖြတ်တောက်နိုင်မှု ရှိမရှိ ကြည့်ရှုစမ်းသပ်တော်မူမည့်အကြောင်း ပါရှိခဲ့လေသည်။ ယခု ဤအပိုဒ်တွင် အလ္လာဟ်အရှင်မြတ်၏ 'မတ်စ်ဂျစ်ဒ်' ဗလီကျောင်းတော်များကို ဤကဲ့သို့သော သာသနာ့အာဇာနည်များ အဓိဋ္ဌာန်ပါရမီရှင်များသည်သာလျှင် စည်ကားသာယာအောင် ပြုလုပ်နိုင်ကြသည့် အကြောင်း မိန့်ဆိုထားတော်မူသည်။

'မတ်စ်ဂျစ်ဒ်' ဗလီကျောင်းများ၏ စည်ကားသာယာမှုမှာ အမှန်အားဖြင့် ထိုဗလီကျောင်းများတွင် တရားတည်းသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းသည် ရှိသင့်ရှိအပ်ရှိထိုက်သည့် အတိုင်းရှိစေရမည်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရသောသူများ များပြားစွာ ရှိစေရမည်။ ➤➤

➢➢ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ အနောင့်အရှက် အဟန့်အတား အလျှင်းမရှိစေရ။ ဗလီကျောင်းတော်များတွင် မဖွယ်ရာသော ကိစ္စများ သေးနုပ်သိမ်ဖျင်းသော ကိစ္စများမလျော်ကန်သော ကိစ္စများ အလျှင်းမရှိစေရ။ ဤသည်ကိစ္စများကို ကာဖိရ်၊ မုရ်ရစ်က်တို့သည် အသို့လျှင် ဆောင်ရွက်နိုင်ကြအံ့နည်း။

ကာဖိရ်၊ မုရ်ရစ်က်များက "ငင်းတို့သည် 'မတ်စ်ဂျစ်ဒ်ဒိဟရာမ်' ကျောင်းတော်၏ 'မုတဝလ်လီ' ဂေါပကများ ဝေယျာဝစ္စပြုလုပ်သူများ ဖြစ်ကြသည်" ဟု ကြွားဝါဖြောဆိုခဲ့ကြသည်။ သို့ရာတွင် ငင်းတို့၏ အကြီးဆုံးသော ဆောင်ရွက်ချက်မှာ ငင်းတို့သည် 'ကအ်ဗဟ်' ကျောင်းတော်တွင် များစွာသော ကျောက်လုံးများကို ထားရှိ ပူဇော်ပသခဲ့ကြခြင်းဖြစ်၏။ အိမ်တော်ကို ဝတ်လစ်စားလစ်လှည့်ပတ် ဖူးမျှော်ခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ ရာတွင် လေချွန်ခဲ့ကြ၏။ လက်ခုပ်တီးခဲ့ကြ၏။ တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား စိတ်စေတနာဖြူစင်စွာနှင့် ခဝပ်ကိုးကွယ်ကြသော မွတ်စ်လင်မ်တို့ကိုမူကား ကအ်ဗဟ်ကျောင်းတော်သို့ ဝင်ရောက်သွားလာခွင့် မပြုခဲ့ကြပေ။ ကာဖိရ် မုရ်ရစ်က်တို့၏ အကြီးဆုံးဝတ်ပြုခြင်းမှာ ငင်းတို့သည် ဟာဂျီများအား ရေတိုက်ကျွေးလေ့ရှိခဲ့ကြ၏။ ကျောင်းတော်၏ပရဝုဏ်တွင် ဆီမီးထွန်းလေ့ရှိခဲ့ကြ၏။ ကအ်ဗဟ်ကျောင်းတော်ပေါ်တွင် အဖုံးတော်ကို ဖုံးလွှမ်းလေ့ရှိခဲ့ကြ၏။ ကျောင်းတော်ကို ပျက်စီးယိုယွင်းလျှင် ပြုပြင်မွမ်းမံလေ့ရှိခဲ့ကြ၏။

သို့ရာတွင် ဤသည့်အပြုအမူများသည် အသက်ဝိညာဉ်မပါသော အပြုအမူများသာ ဖြစ်ချေသည်၊ အဘယ်ကြောင့် ဆိုသော် မုရ်ရစ်က်များသည် အလ္လာဟ်အရှင်မြတ်အား အမှန်တကယ် မသိကြသည်ဖြစ်ရကား ငင်းတို့၏ မည်သည့်အပြုအမူများ၌မျှ ငင်းတို့၏အာရုံ ငင်းတို့၏စိတ်စေတနာ သဒ္ဓါတရားသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပေါက်ရောက်နိုင်သည် မဟုတ်ပေ။ ထိုအတွက်ကြောင့်ပင် ကာဖိရ်တဦးတယောက်၏ အပြုအမူသည် အလ္လာဟ်အရှင်မြတ်၏ထံတော်တွင် အသက်မပါ အချည်းနှီးသာဖြစ်ချေသည်။ ဤသည်ကိုပင် ဤအာယတ်တော်တွင် (ဟဒီတွာတ် အအ်မာလဟွန်မ်) "ငင်းတို့၏ အပြုအမူများသည် အချည်းနှီးပင်ဖြစ်ချေပြီ" ဟူ၍ မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

အချုပ်အားဖြင့် ကာဖိရ်၊ မုရ်ရစ်က်များသည် မိမိတို့၏ အပြောအဆို အပြုအမူအားဖြင့် မိမိတို့ကိုယ်တိုင် အချိန်မရွေး 'ကုဖ်ရ်' 'ရှရ်စ်က်' မိစ္ဆာမှုများကို ကျူးလွန်လျက်ရှိကြောင်း သက်သေခံလျက်ရှိကြပေရာ အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များ အထူးသဖြင့် 'မတ်စ်ဂျိဒေဟရာမ်' ကျောင်းတော်ကို စည်ကားသာယာအောင် ပြုလုပ်ခြင်းနှင့် အလျင်း မထိုက်တန်ကြပေ။

ဗလီဝတ်ကျောင်းများကို စည်ကားသာယာအောင် ပြုလုပ်ခြင်းမှာ စိတ်စေတနာဖြူစင်စွာဖြင့် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးသော၊ နောက်ဆုံးနေ့ကို ယုံကြည်သော၊ ကာယက်မြောက် အမြတ်စေ ဆွာလာတ်ဝတ်ပြုကြသော၊ မိမိတို့၏ဥစ္စာပစ္စည်းများအနက်မှ စံနစ်တကျ ဇကာတ်ပေးဆောင်ကြသော၊ အလ္လာဟ်အရှင်မြတ်မှတပါး မည်သူတဦးတယောက်ကိုမျှ မကြောက်ရွံ့သော၊ သာသနာတော်နှင့်တကွ သာသနာ့အဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းရန်နှင့် သန့်ရှင်းစင်ကြယ်စွာ ထားရှိရန်အတွက် ဂျိဟာဒ်ပြုရန် အသင့်ရှိသော၊ တနည်းအားဖြင့်ဆိုသော် စိတ်အားဖြင့်လည်းကောင်း၊ ကိုယ်ကာယအားဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းအားဖြင့်လည်းကောင်း၊ အဘက်ဘက်၌ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံကျင့်သုံးလျက်ရှိကြသော မုအ်မင်နဲ်များ၏တာဝန်သာ ဖြစ်သည်။ ဤသို့သော မုအ်မင်နဲ်များသည်သာလျှင် ကျောင်းတော်များကို စည်ကားသာယာအောင် ပြုလုပ်ကြပေမည်။

ထို့ပြင်တဝ "ကျောင်းတော်များကို စည်ကားသာယာအောင် ပြုလုပ်ကြသူများ ဖြစ်ကြပါသည်" ဟု မဟုတ်မမှန် ကြွေးကြော် နေကြသော ကာဖိရ်၊ မုရ်ရစ်က်များအား မိမိတို့နှင့် ဆွေမျိုးသားချင်း ➢➢

أَجَعَلْتُمْ سِقَايَةَ الْحَاجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَجَاهَدَ فِي سَبِيلِ اللَّهِ ۚ لَا يَسْتَوُونَ عِندَ اللَّهِ ۗ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿١٩﴾

၁၉။ အသင်တို့သည် ဟာဂျီများအား ရေတိုက်ခြင်းကိုလည်းကောင်း၊ 'မတ်စ်ဂျိဒေဟရာမ်' ထူးမြတ်သော ဗလီကျောင်းတော်ကို စည်ကားသာယာအောင် ပြုလုပ်ခြင်းကို လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သည့်ပြင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သောသူ(၏)ကောင်းမှုကုသိုလ်)နှင့် တူမျှသည်ဟု ထင်မြင်ယူဆထားကြလေသလော။ ထိုသူများသည် အလ္လာဟ်အရှင်မြတ် အထံတော်၌ *(အဆင့်အတန်းချင်း)မတူကြချေ။* [၁] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည်မဟုတ်ပေ။

➤➤ တော်စပ်နေကြစေကာမူ ကျောင်းတော် မှ နှင်ထုတ်ကြရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော ကာဖိရ်၊ မုန်ရစ်ဂ်များရှိနေခြင်းအားဖြင့် ကျောင်းတော်များသည် စည်ကားသာယာခြင်း မဖြစ်သည့်အပြင် ပျက်စီးရာပျက်စီးခြင်းသာလျှင် ဖြစ်ရှိပေမည်။

(၂) "အီမာန်" ယုံကြည်မှုသဒ္ဒါတရားသည် ကုသိုလ်ကောင်းမှုများကို အလ္လာဟ်အရှင်မြတ် လက်ခံသဘောတူတော်မူရန်အတွက် အဓိကအခြေခံပင် ဖြစ်သည်။ ကာဖိရ်များ၌ အီမာန်တည်းဟူသော အခြေခံပင် မရှိသောကြောင့် ၎င်းတို့၏ကုသိုလ်ကောင်းမှုများသည် အချည်းနှီးပင် ဖြစ်ပေသည်။

"ထိုကာဖိရ်များသာလျှင် ငရဲမီး၌ အမြဲထာဝစဉ် လားကြရမည့်သူများဖြစ်သည်" ဟူသော အာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် ငရဲမီး၌ အမြဲထာဝစဉ် လားကြရမည့်သူများမှာ ကာဖိရ်များသာလျှင် ဖြစ်ကြောင်း၊ အပြစ်ရှိသော မွတ်စ်လင်မ်များသည် ငရဲမီး၌ အမြဲထာဝစဉ် လားကြရမည်မဟုတ်ကြောင်း၊ 'မုတကလ်လိမိန်' ပညာရှိကဝိတို့က ဖွင့်ဆိုရေးထားကြသည်။

အလ္လာဟ်အရှင်မြတ် သုံးနှုန်းတော်မူသော 'အစာ' ဟူသော ပုဒ်သည် "ဝါဂျစ်ဗ်" မုချဖြစ်ရမည်ဟူသော အနက်ပေးသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်အား နာခံလျက်ရှိသော ဤသူများသည် မုချတရားလမ်းမှန် ရရှိသောသူများပင် ဖြစ်ကြပေသည်။ ထိုအမိန့်တော်နာခံခြင်းသည် ၎င်းတို့အား ဂျန္နတ်သို့ ပို့ဆောင်မည်ဖြစ်သည်။ ခါဇင်နဲ့ အ-၃။ စ-၅၆။

(၁) မက္ကာမြို့ရှိ မုရ်ရစ်ဂ်များသည် ဟာဂျီများအား ပြုစုခဲ့ကြသည်၊ရေတိုက်ခဲ့ကြသည်။ ထမင်းကျွေးခဲ့ကြသည်။ "မတ်စ်ဂျိဒေဟရာမ်" ဗလီကျောင်းတော်ကို ပြုပြင်မွမ်းမံခဲ့ကြသည်။ အိမ်တော်အပေါ်၌ ဝတ်ရုံတော်ကို ဖုံးလွှမ်းခဲ့ကြသည်။ ကျောင်းတော်တွင် ဆီမီးထွန်းညှိခဲ့ကြသည်။ ဤသည့်ဆောင်ရွက်ချက်များကို အကြောင်းပြု၍ ၎င်းတို့သည် ကြွားဝါခဲ့ကြသည်။ ယင်းမုရ်ရစ်ဂ်များကမူတစ်လင်မ်များသည် ဂျိဟာဒ်ပြုခြင်း၊ ဟစ်ဂျ်ရတ်ပြုခြင်းများကို ဂုဏ်ယူနေကြလျှင် ကျွန်ုပ်တို့၌လည်း သာသနာရေးဆိုင်ရာ ထို (အထက်ဖော်ပြပါ) ဆောင်ရွက်ချက် ➤➤

اَلَّذِيْنَ اٰمَنُوْا وَ هَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۙ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ ؕ

၂၀။ အကြင်သူတို့သည် 'အီမာန်'သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ ဥစ္စာပစ္စည်း အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ကာ တရပ်တကျေးသို့) ရွှေ့ပြောင်းသွားရောက် နေထိုင်ခဲ့ကြကုန်၏။ ထိုမှတပါး ယင်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများ

➤➤ များသည် ဂုဏ်ယူဖွယ်ရာများဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။

တချိန်သော် သာဝကကြီးအဗ်ဗာစ်(ရ)သွေ့ယလ္လာဟုတအာလာအန်ဟု)သခင်သည် ဤကဲ့သို့သော ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သာဝကကြီးအလီ(ရ)သွေ့ယလ္လာဟုတအာလာအန်ဟု)သခင်နှင့် အချေအတင် ပြောဆိုခဲ့သည်။ 'ဆွဟီဟ်မွတ်စ်လင်' ကျမ်းဌာနရှိသည်မှာ တချိန်သော် အချို့မွတ်စ်လင်မ်များသည် အချင်းချင်း ငြင်းခုံပြောဆိုနေကြသည်။ အချို့က 'ကျွန်ုပ်ထံတွင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ကြပြီးနောက် ဟာဂျီများအား ရေတိုက်ကျွေးခြင်းထက် မြင့်မြတ်သော ကောင်းမှုမရှိ' ဟု ဆိုသည်။ အချို့က 'ကျွန်ုပ်၏ သဘောတွင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ပြီးနောက် အကောင်းဆုံးအလုပ်မှာ မတ်စ်ဂျိဒေဟရာမ် ကျောင်းတော်၏ ဝေယျာဝစ္စ-ဥပမာ တံမြက်လှည်းခြင်း၊ ဆီမီးထွန်းညှိခြင်း စသည်တို့ဖြစ်သည်' ဟုဆိုသည်။ အချို့က 'အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ခြင်းသည် ကျန်အားလုံးသော ကောင်းမှုများထက် အကောင်းမွန်ဆုံးဖြစ်သည်' ဟုဆိုသည်။ ထိုအခါ သာဝကကြီးအုမရ်(ရ)သွေ့ယလ္လာဟုတအာလာအန်ဟု)သခင်က ၎င်းတို့အား 'အသင်တို့သည် ဣမုအဟ်ခန့်တွင် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ 'မင်ဗရ်' ခမ္မပလ္လင်အနီး၌ ဤသို့ အချေအတင် ပြောဆိုကြသည်။ အနည်းငယ် သည်းခံကြကုန်လော့။ ဣမုအဟ်ဝတ်ပြုမှုမှ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ပြီးစီးတော်မူသည့်အခါ ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်ထံ မေးမြန်းမည်' ဟု ငေါက်ငမ်းပြောဆိုလေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဣမုအဟ်ဝတ်ပြုမှု ပြီးစီးတော်မူသည့်အခါ သာဝကကြီးအုမရ်သခင်သည် အဆိုပါငြင်းခုံမှုနှင့်စပ်လျဉ်း၍ မေးမြန်းရာ ကုရ်အာန်ကျမ်းလာ အာယတ်တော်(၉း ၁၉)သည် ကျရောက်လာခဲ့လေသည်။ ယင်းအာယတ်တော်၏ အလိုသဘောအရ ဟာဂျီများအား ရေတိုက်ကျွေးခြင်း၊ မတ်စ်ဂျိဒေဟရာမ်ကို အမြင်အားဖြင့် သာယာအောင် ပြုပြင် မွမ်းမံခြင်းသည် အလ္လာဟ် အရှင်မြတ်အား အီမာန် ယုံကြည်ခြင်းထက်သော် လည်းကောင်း၊ ထို အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ခြင်းထက်သော်လည်းကောင်း၊ ပိုမိုထူးကဲမြင့်မြတ်ရန် ဝေးစွ၊ တန်းတူပင် မဖြစ်နိုင်ပေ။

ဤအာယတ်တော်တွင် 'ဂျိဟာဒ်' အကြောင်းနှင့်ပူးတွဲ၍ 'အီမာန်' ၏အကြောင်း မိန့်ဆိုထားတော်မူခြင်းမှာ တနည်းအားဖြင့် မုရ်ရစ်က်များ၏ကြွားဝါမှုကို ချေပဖြေကြားထားတော်မူခြင်းပင် ဖြစ်သည်။ ခဝ်ကိုးကွယ်မှုအားလုံးတို့၏အသက်သည် 'အီမာန်' ပင်ဖြစ်သည်။ ဤသည့်အသက်မပါပဲလျက် ရေတိုက် ကျွေးခြင်း၊ ကျောင်းတော်ကို ပြုပြင်မွမ်းမံခြင်းသည် အသက်မပါသော အလုပ်မျှသာ ဖြစ်ချေသည်။ သို့ဖြစ်ရာ အသက်မပါသောအလုပ်သည် ရာသက်ပန် အသက်ရှင်နေသည့်အလုပ်နှင့် အသို့လျှင်တူနိုင်ပါအံ့နည်း။ ကုရ်အာန်ကျမ်းမြတ် (၃၅း၂၂)တွင် 'အရှင်များနှင့် အသေများသည် တန်းတူမဖြစ်နိုင်ချေ' ဟု မိန့်ဆိုထားတော်မူသည်။

وَأُولَٰئِكَ هُمُ الْفَائِزُونَ ﴿٢٠﴾

ဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဒီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ အဆင့်အတန်းအားဖြင့် အလွန်မြင့်မြတ်လှသည့်ပြင် ထိုသူတို့သည်သာလျှင် 'အောင်မြင်မှု' ကို ရရှိသူများဖြစ်ကြကုန်သတည်း။

يُبَشِّرُهُمْ رَبُّهُم بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ وَجَنَّاتٍ لَّهُمْ فِيهَا نَعِيمٌ مُّقِيمٌ ﴿٢١﴾

၂၁။ ထိုသူတို့ကား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုသူတို့ကို မိမိ အထံတော်မှ ကရုဏာတော်ကို ခံစားကြရမည်ကိုလည်းကောင်း၊ (ထို အရှင်မြတ်၏)နှစ်သက်မှုကို ရရှိကြမည်ကိုလည်းကောင်း၊ ထိုသူတို့အဖို့ ထာဝရစည်းစိမ်နှင့် ပြည့်စုံသော ဥယျာဉ်များ ရရှိကြမည်ကိုလည်းကောင်း၊ သတင်းကောင်း မိန့်ကြားတော်မူလေသတည်း။

خَالِدِينَ فِيهَا أَبَدًا ۚ إِنَّ اللَّهَ عِندَهُ أَجْرٌ عَظِيمٌ ﴿٢٢﴾

၂၂။ ၎င်းတို့သည်ထိုဥယျာဉ်များ၌ ထာဝရ နေထိုင်စံမြန်းကြပေမည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်၏ အထံတော်၌သာ ကြီးကျယ်မြင့်မြတ်လှစွာသော အကျိုးဆုလာဘ်သည် ရှိချေသတည်း။ [၁]

---

① ကုရ်အာန်ကျမ်းမြတ် (၉:၂၀) တွင် အကြောင်း (၃) ခု ပါရှိသည်။

(၁) အီမာန်။

(၂) ဂျိဟာဒ်။

(၃) ဟစ်ဂျ်ရတ်။

ကုရ်အာန်ကျမ်းမြတ် (၉:၂၁-၂၂) တွင် အထက်ပါအကြောင်းသုံးရပ်၏ အကျိုးသုံးရပ်ရှိသည်။

(၁) ရဟ်မတ်။

(၂) ရစ်ဿွဝါန်၊ (အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှု)

(၃) ဂျန္နတ်။

ဖော်ပြပါအကြောင်းသုံးရပ်၊ အကျိုးသုံးရပ်နှင့် စပ်လျဉ်း၍ သုခမိန်ကြီး အဗူဟိုင်ယ်ယာန် သခင်က အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

"ရဟ်မတ်" ကရုဏာတော်သည် "အီမာန်" ၏ အကျိုးဖြစ်သည်။

"ရစ်ဿွဝါန်" အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုသည် "ဂျိဟာဒ်" ၏ အကျိုးဖြစ်သည်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّخِذُوٓا۟ ءَابَآءَكُمْ وَإِخْوَٰنَكُمْ أَوْلِيَآءَ إِنِ ٱسْتَحَبُّوا۟ ٱلْكُفْرَ عَلَى ٱلْإِيمَٰنِ ۚ وَمَن يَتَوَلَّهُم مِّنكُمْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿٢٣﴾

၂၃။ အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဘ၊ ဘိုး၊ ဘေးတို့သည် လည်းကောင်း၊ အသင်တို့၏ညီသားအစ်ကိုတို့သည် လည်းကောင်း၊ အကယ်၍'ကုဖ်ရ် သွေဖည်ငြင်းပယ်မှု'ကို 'အီမာန်ယုံကြည်မှု' ထက် နှစ်သက်မြတ်နိုးကြပါလျှင် အသင်တို့သည် ၎င်းတို့အား *အဆွေခင်ပွန်းများမပြုလုပ်ကြကုန်လင့်။* [၁] စင်စစ်မူကား၊ မည်သူမဆို အသင်တို့အနက်မှ ၎င်းတို့အား အဆွေခင်ပွန်း ပြုလုပ်ပါလျှင် ထိုကဲ့သို့သောသူများသည်သာ မတရားမှု ကျူးလွန်သူများ ဖြစ်ကြအံ့သတည်း။

➤➤ "ဂျန္နတ်" သည် "ဟစ်ဂျရတ်" ၏ အကျိုးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အီမာန်မရှိပါက နောင်တမလွန်ဘဝတွင် အလ္လာဟ်အရှင်မြတ်၏ "ရဟ်မတ်" ကရုဏာတော်ကို ရရှိနိုင်မည် မဟုတ်ပေ။

အလ္လာဟ်အရှင်မြတ်၏ "ရစ်ဿွဝါန်" နှစ်သက်မြတ်နိုးတော်မူခြင်းသည် အမြင့်မြတ်ဆုံးသော အဆင့်အတန်းပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်သောသူတဦးသည် မိမိ၏ အသက်၊ စည်းစိမ်ဥစ္စာ အကျိုးခံစားမှု အဆက်အသွယ် အရပ်ရပ်တို့ကို စွန့်လွှတ်၍ ထိုအရှင်မြတ်၏ နှစ်သက်မြတ်နိုးတော်မူခြင်းကို ခံစားနိုင်ရန်အတွက် စွန့်ခြင်းကြီး စွန့်ခြင်းပင်ဖြစ်သည်။ ထို့အတွက် ထိုသို့သော စွန့်ခြင်းကြီး၏အကျိုးမှာလည်း အမြင့်မြတ်ဆုံးပင် ဖြစ်ရပေမည်။ အမြင့်မြတ်ဆုံးသော အကျိုးကား အလ္လာဟ်အရှင်မြတ်၏ "ရစ်ဿွဝါန်" နှစ်သက် မြတ်နိုးတော်မူခြင်းပင်ဖြစ်သည်။

အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ မိမိ၏ တိုင်းပြည်နှင့် တိုက်တာဂေဟာများ စွန့်လွှတ်ခြင်းသည် ဟစ်ဂျရတ် မည်သည်။ ထို့အတွက် ယင်းသို့ ဟစ်ဂျရတ် ပြုသောသူအား ထိုသူ၏ တိုင်းပြည်၊ ထိုသူ၏ တိုက်တာ ဂေဟာများထက် အတိုင်းအတာမရှိ၊ ပိုမိုထူးကဲ ကောင်းမွန် မြင့်မြတ်လှသော အမြဲထာဝရ အမတသုခနှင့် ပြည်စုံသော၊ အမြဲထာဝစဉ် စံစားရမည် ဖြစ်သော ဂျန္နတ် ဥယျာဉ်တော်ကို ချီးမြှင့်တော် မူခြင်းပင်ဖြစ်သည်။

① ဂျိဟာဒ်နှင့် ဟစ်ဂျရတ်သည် အမြင့်မြတ်ဆုံးသော အလုပ်များဖြစ်ကြောင်း အထက်တွင် ပါရှိခဲ့သည်။ ဤအလုပ်များကို လက်တွေ့လိုက်နာ ကျင့်သုံးရာတွင် ဆွေမျိုးသားချင်းတို့၏ သံယောဇဉ်သည်များသောအားဖြင့် အဟန့်အတား ဖြစ်တတ်ပေသည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် အကယ်၍ အကြင်သားချင်းများသည် အီမာန်ထက် ကုဖ်ရ်ကို နှစ်သက်မြတ်နိုးကြလျှင် ထိုသို့သော သားချင်းများအား မုအ်မင်န်များသည် အကျွမ်းတဝင် အဆွေခင်ပွန်းအဖြစ် အသို့လျှင် ပြုလုပ်ပေါင်းသင်းဆက်ဆံကြအံ့နည်း။ မုအ်မင်န်တဦးသည် မိမိအား ဂျိဟာဒ်ပြုလုပ်ခြင်းမှလည်းကောင်း ဟစ်ဂျရတ်ပြုလုပ်ခြင်းမှလည်းကောင်း၊ အဟန့်အတား အနှောင့်အယှက် ဖြစ်စေသည့် သားချင်းတို့၏သံယောဇဉ်ကို အသို့လျှင် မဖြတ်တောက်ပဲ နေနိုင်အံ့နည်း။ ➤➤

قُلْ إِنْ كَانَ آبَآؤُكُمْ
وَأَبْنَآؤُكُمْ وَإِخْوَانُكُمْ
وَأَزْوَاجُكُمْ وَعَشِيرَتُكُمْ
وَأَمْوَالٌ ۟ اقْتَرَفْتُمُوهَا
وَتِجَارَةٌ تَخْشَوْنَ
كَسَادَهَا وَمَسَٰكِنُ
تَرْضَوْنَهَآ أَحَبَّ إِلَيْكُم مِّنَ
اللَّهِ وَرَسُولِهِۦ وَجِهَادٍ فِى
سَبِيلِهِۦ فَتَرَبَّصُوا۟ حَتَّىٰ
يَأْتِىَ اللَّهُ بِأَمْرِهِۦ ۗ وَاللَّهُ
لَا يَهْدِى الْقَوْمَ
الْفَٰسِقِينَ ﴿٢٤﴾

၂၄။ (အို-နဗီတမန်တော်) အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား ဤသို့ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့၏အဘများသည်လည်းကောင်း၊ အသင်တို့၏သားများသည်လည်းကောင်း၊ အသင်တို့၏ညီသားအစ်ကိုများသည်လည်းကောင်း၊ အသင်တို့၏ ဇနီးကြင်ရာများသည်လည်းကောင်း၊ အသင်တို့၏ဆွေမျိုးသားချင်းများသည်လည်းကောင်း၊ အသင်တို့ ရှာဖွေဆည်းပူးထားကြသောပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အသင်တို့သည် ထိုင်းမှိုင်းသွားမည်ကိုစိုးရိမ်လျက်ရှိကုန်သော ရောင်းဝယ်ဖောက်ကားမှုသည်လည်းကောင်း၊ အသင်တို့ နှစ်သက်ကုန်သော အိမ်ယာတိုက်တာ ဂေဟာများသည်လည်းကောင်း၊ အသင်တို့ထံတွင် အလ္လာဟ်အရှင်မြတ်ထက်လည်းကောင်း၊ ထိုအရှင်မြတ်၏ရာဇူလ်တမန်တော်မြတ်ထက်လည်းကောင်း၊ ထိုအရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းထက်လည်းကောင်း၊ ပိုမို၍ပင် ချစ်ခင်စုံမက် မြတ်နိုးဖွယ်ရာများ ဖြစ်ခဲ့ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် ('ဟစ်ဂျ်ရတ်' မပြုလုပ်ခြင်း၏အပြစ်ဒဏ်များနှင့် စပ်လျဉ်း၍) မိမိအမိန့်တော်ကို ထုတ်ပြန်တော်မူသည့်တိုင်အောင်အသင်တို့သည် စောင့်ဆိုင်း၍သာနေကြကုန်လော့၊ [၁] အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား တရားလမ်းမှန်ကို ပြသတော်မူသည်မဟုတ်ပေ။

➤➤ အကယ်၍ မုအ်မင်န် တဦးတယောက်သည် ယင်းသို့သော သားချင်းတို့၏ သံယောဇဉ်ကို ထောက်ထား၍ ထိုသို့သော သားချင်းတို့အား အကျွမ်းတဝင် ဆက်လက်ပေါင်းသင်း နေထိုင်ပါလျှင် ပြစ်မှုကို ကျူးလွန်ကာ မိမိကိုယ်ကို မိမိပင် ကျူးကျော် စော်ကားရာ ရောက်ပေမည်။ ဤသို့ ပြုမူခြင်းကား မုအ်မင်န်၏ အလုပ်မဟုတ်ပေ။

ဤအာယတ်တော်နှင့် ဆက်စပ်၍ ကုရ်အာန်ကျမ်းမြတ် (၅၈း ၂၂) ကိုလည်း ရှုပါကုန်။

① အကယ်၍ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမိန့် ➤➤

لَقَدْ نَصَرَكُمُ اللَّهُ فِي مَوَاطِنَ كَثِيرَةٍ ۙ وَيَوْمَ حُنَيْنٍ ۙ إِذْ أَعْجَبَتْكُمْ كَثْرَتُكُمْ فَلَمْ تُغْنِ عَنكُمْ

၂၅။ ဧကန်မလွဲ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အား *များစွာသော စစ်မြေပြင်များ၌လည်း* ကောင်း၊ [၃] *'ဟိုနိုင်န်'(တောင်ကြားတွင် စစ်ဖြစ်ခဲ့သော)* နေ့၌လည်းကောင်း၊ [၄] ကူညီဆောင်မတော်မူခဲ့လေသည်။

➤➤ ဩဝါဒများကို လိုက်နာကျင့်သုံးခြင်းအားဖြင့်လည်းကောင်း၊ ထိုအရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်၊ ဟစ်ဂျ်ရတ် ပြုလုပ်ခြင်းအားဖြင့်လည်းကောင်း၊ သားချင်းများနှင့် အဆက်ပြတ်လိမ့်မည်၊ ဥစ္စာပစ္စည်းများ ဆုံးရှုံးလိမ့်မည်၊ အရောင်းအဝယ်ပျက်စီးလိမ့်မည်၊ သုခချမ်းသာရှိသော တိုက်တာဂေဟာများမှထွက်၍ အိမ်မဲ့အိုးမဲ့ဖြစ်ရလိမ့်မည်၊ စသည့် အတွေးအတော အယူအဆများသည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်ဩဝါဒများကို လိုက်နာကျင့်သုံးရာတွင်လည်းကောင်း၊ ဂျိဟာဒ်၊ ဟစ်ဂျ်ရတ် ပြုလုပ်ရာတွင်လည်းကောင်း၊ အဟန့်အတား အနှောင့်အယှက် ဖြစ်နေပါလျှင် ထိုသို့တွေးထင် ယူဆသောသူများသည် မိမိတို့၏ လောကီစည်းစိမ်ယစ်မှုအတွက် သင်္ကောက်မည့် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ကို စောင့်မျှော်၍သာ နေကြရတော့မည်ဖြစ်သည်။

ကာဖိရ် မုရှ်ရစ်ကိုနှင့် အကျွမ်းတဝင် ဆက်ဆံပေါင်းသင်းမှု၊ သို့မဟုတ် လောကီစည်းစိမ်များတွင် နစ်မွန်း၍ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို မလိုက်နာ မကျင့်သုံးသောသူများသည် အဘယ်သော အခါတွင်မျှ မှန်ကန်သော အောင်မြင်မှု၏လမ်းစဉ်ကို ရရှိနိုင်ကြမည် မဟုတ်ပေ။

လောကီစည်းစိမ်များတွင် နစ်မွန်းနေကြသောသူများနှင့် ပတ်သက်၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

အကြင်အခါ၌ အသင်တို့သည် နွားအမြီးကိုဆွဲကိုင်ကာ လယ်ယာလုပ်ကိုင်ခြင်းကိုသာ နှစ်သက်တွယ်တာနေကြကုန်အံ့။ ဂျိဟာဒ်ကို စွန့်လွှတ်ထားကြကုန်အံ့။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်၌ ဂုဏ်ရည်သေးသိမ်မှုပြစ်ဒဏ်ကို သင်္ကောက်စေတော်မူမည်ဖြစ်အံ့။ ထိုပြစ်ဒဏ်မှ အသင်တို့သည် မိမိတို့၏ "ဒီန်" သာသနာဘက်သို့ (ဝါ) အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ခြင်းဘက်သို့ ပြန်လည်မလှည့်ကြသမျှ ကာလပတ်လုံး လွတ်မြောက်နိုင်ကြမည်မဟုတ်ပေ။

၃ 'များစွာသော နေရာများ၌' ဟူသောစကားနှင့် စပ်လျဉ်း၍ ရာဇဝင်ပါရဂူများနှင့် မဃာဇီ စစ်ရာဇဝင်သမိုင်းပါရဂူများ၊ ပညာရှိသုခမိန်များက 'ယင်းနေရာများမှာ ရှစ်ဆယ်တိတိ' ရှိခဲ့ကြောင်း ရေတွက်ပြခဲ့ကြပေသည်။ ဗဟ်ရ်။

၄ 'ဟိုနိုင်န်' သည် မက္ကာမြို့တော်မှ 'တွာအစ်ဖ်' သို့ သွားလာသည့်လမ်းတွင် တည်ရှိသော တောင်ကြားဒေသတခု၏အမည်ဖြစ်သည်။ မက္ကာမြို့မှ သုံးမိုင်ခန့်အကွာ၌ တည်ရှိသည်။

မက္ကာမြို့တော်ကို အောင်နိုင်ပြီး ရက်သတ္တနှစ်ပတ်နောက် ထိုတောင်ကြားဒေသ၌ မွတ်စ်လင်မ်များနှင့် လေးအတတ်ပညာတွင် ကျွမ်းကျင်သော ဟဝါဇင်န်၊ ဆကီဖ်မျိုးနွယ်တို့ စပ်ကြားတွင် စစ်ဖြစ်ပွားခဲ့လေသည်။

စစ်ဖြစ်ပွားခဲ့သည့်နေ့ရက်မှာ ဟစ်ဂျ်ရီသက္ကရာဇ် (၈)ခုနှစ်၊ ရှောဝါလ်လ (၆)ရက်၊ ခရစ်သက္ကရာဇ် ၆၃၀-ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ဖြစ်သည်။ မာဂျီဒီ။ အ-၂။ စ-၃၉၉။ အအ-၃၈။ ➤➤

➤➤ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ရာတွင် မွတ်စ်လင်မ်တို့သည် သားချင်း၊ ဥစ္စာပစ္စည်း၊ တိုက်တာဂေဟာ အစရှိသည့် လောကီသံယောဇဉ်များကို မငဲ့ကွက်ရမည့်အကြောင်း အထက်၌ မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် 'မုဂျာဟစ်ဒ်' အစ္စလာမ်သာသနာ့ စစ်သည်တော်များသည် မိမိတို့၏ စစ်သည်အင်အား များပြားမှုအပေါ်တွင် ပလွားဝါကြွားခြင်း မပြုကြရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ အမှန်စင်စစ် ကူညီမှုသည် အလ္လာဟ်အရှင်မြတ်အထံတော်မှပင် ဖြစ်သည်။ အောင်နိုင်မှုသည်လည်း ထိုအရှင်မြတ်၏ ကူညီတော်မူခြင်းကြောင့်သာလျှင် ဖြစ်သည်။ ဤသည့်အချက်ကို မွတ်စ်လင်မ်တို့သည် ယခင်ကလည်း မြောက်မြားစွာသော စစ်မြေပြင်များတွင် ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့ကြပေသည်။ ဥပမာ-ဗဒ်ရ်၊ ကုရိုင်ဇွာ်၊ နသ္ဍီရ်၊ ဟုဒိုင်ဗိယတ် စသည့်စစ်ပွဲများတွင် ဖြစ်ပေါ်ခဲ့သော အကျိုးတရားများသည် မျက်ကွယ်မှ အလ္လာဟ်အရှင်မြတ် ကူညီတော်မူခြင်း၏ အကျိုးသာလျှင် ဖြစ်ပေသည်။ ယခုနောက်ဆုံးတွင် 'ဟိုနိုင်န်' စစ်ပွဲ၌ မွတ်စ်လင်မ်တို့အား ကောင်းကင်မှ အံ့မဆုံးနိုင်လောက်အောင် အလ္လာဟ်အရှင်မြတ် ကူညီတော်မူခဲ့သည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ယင်းသို့ အံ့ဖွယ်မဆုံး အလ္လာဟ်အရှင်မြတ် ကူညီတော်မူခဲ့သည်ကို မွတ်စ်လင်မ်များသာ မဆိုထားဘိ၊ အစ္စလာမ်၏ ရန်သူကြီးများကပင်လျှင် ဝန်ခံခဲ့ကြပေသည်။

'ဟိုနိုင်န်' စစ်ပွဲ

မက္ကာမြို့တော်ကို အောင်နိုင်ပြီးသည့်နောက် ရက်အနည်းငယ် အတွင်းမှာပင် 'ဟဝါဇင်န်' 'ဆကီဖ်' အစရှိသည့် များစွာသော အရပ်မျိုးနွယ်စုများသည် စုပေါင်း၍ ကြီးမားသောစစ်တပ်ကြီးတစ်ပ် ဖွဲ့စည်းကာ စစ်လက်နက်အပြည့်အစုံနှင့် မွတ်စ်လင်မ်တို့အား တိုက်ခိုက် ချေမှုန်းရန် ကြွရွယ်နေသည့်အကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)ထံတော်သို့ သတင်းရောက်ရှိလာခဲ့လေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် ထိုသတင်းကို ရလျှင်ရခြင်း မက္ကာမြို့တော်ကို သိမ်းပိုက်ရန် မဒီနာမြို့မှ လိုက်ပါလာခဲ့ကြသော 'မုဟာဂျရ်'၊ 'အန်ဆာရ်' စစ်သည်တပ်သောင်း (၁၀၀၀)နှင့်အတူ 'တွာအစ်ဖ်' မြို့ဘက်သို့ ဦးတည်ကာ ချီတက်တော်မူလေသည်။ ထိုပြင်တဝ မက္ကာမြို့တော်ကို အောင်နိုင်သည့်အချိန်တွင် အစ္စလာမ်ကို သက်ဝင်ယုံကြည်လာခဲ့ကြသော တုလကာ ခေါ် ကျွန်အဖြစ်မှ လွတ်မြောက်ခဲ့ကြသော မွတ်စ်လင်မ်များအနက်မှ မွတ်စ်လင်မ်နှစ်ထောင် (၂၀၀၀)တို့သည်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)နှင့် အတူတကွ လိုက်ပါလာခဲ့ကြလေသည်။ ဤသို့ စစ်လက်နက် အပြည့်အစုံနှင့် စစ်သည်တသောင်းနှစ်ထောင် (၁၂၀၀၀)ပါဝင်သော စစ်တပ်ကြီးဖြင့် ဂျိဟာဒ် ပြုလုပ်ရန် စစ်မြေပြင်သို့ စစ်ချီတက်ခြင်းမှာ အစ္စလာမ့်သမိုင်းတွင် ဤသည် ပထမဆုံး အကြိမ်ပင် ဖြစ်ပေသည်။

စစ်သည်အင်အား ဤမျှ များပြားကြီးမားသော စစ်တပ်ကြီးကို တွေ့မြင်ကြသောအခါ အချို့ မွတ်စစ်လင်မ်များက "ငါတို့သည် စစ်သည်အင်အားနည်းပါး၊ ချို့တဲ့ခဲ့သည် အချိန်များကပင် အောင်နိုင်ခဲ့ကြသေးသည်ဖြစ်ရာ ယခု ဤရွေ့ဤမျှ စစ်သည်အင်အား များပြားကြီးမားလျက်ရှိရာ ငါတို့သည် မည်သူ့ကိုမျှ ရုံးနိမ့်ကြမည်မဟုတ်" ဟု စိတ်လိုက်မာန်ပါ အားတက်စွာ ကြွားဝါပြောဆိုမိခဲ့ကြလေသည်။ တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ကြကုန်သော မွတ်စ်လင်မ်တို့က မိမိတို့၏စစ်သည်အင်အားကို အားကိုးကာ ဤသို့ပြောဆိုခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးတွင် နှစ်မြို့တော်မူဖွယ်ရာ မဟုတ်သောကြောင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)နှင့် စစ်သည်ဗိုလ်ပါ တသောင်းနှစ်ထောင်တို့သည် မက္ကာမြို့မှ ချီတက်၍ ခရီးအနည်းငယ်သာ ရောက်ရှိခဲ့ကြသေးသည့်အချိန်မှာပင် ရန်သူစစ်သည်များနှင့် ရင်ဆိုင်တွေ့ကြုံကြရလေတော့သည်။ ➤➤

➤➤ ရန်သူများ၏ စစ်တပ်တွင် စစ်သည်လေးထောင် (၄၀၀၀)သာပါရှိသည်။ ရန်သူစစ်သည်များသည် ဦးခေါင်းတွင် 'ကဖန်' ပိတ်စည်းကာ ဇနီးမိန်းမများနှင့်တကွ ကလေးသူငယ်များကိုပါ ခေါ်ဆောင်၍ လာခဲ့ကြသည်။ ထို့ပြင်တဝ ရန်သူစစ်သည်တော်များသည် အပြတ်အသတ် ပြိုင်ဆိုင်တိုက်ခိုက်နိုင်ရန် အတါက် ကုလားအုတ်၊ မြင်း၊ နွားစသည့်တိရစ္ဆာန်များနှင့် အိမ်တွင်းရှိ ပစ္စည်းများအားလုံးကိုပါ တခုမကျန် ယူဆောင်လာခဲ့ကြလေသည်။ ဤကဲ့သို့ သားသမီး ဇနီးမိန်းမများနှင့် ဥစ္စာပစ္စည်းအားလုံးကို ခေါ်ဆောင်ယူငင်လာခြင်းမှာ သူသေငါသေ အပြတ်အသတ် အပြီးအပြတ် တိုက်ခိုက်ရန်အတွက်ပင် ဖြစ်သည်။

'ဟဝါဇင်န်' မျိုးနွယ်သည် ဒူးလေးပစ်ခတ်ရာတွင် အရေဖျတနိုင်ငံလုံး၌ အထူးကျော်ကြားခဲ့သည်။ ထိုမျိုးနွယ်၏ဒူးလေးပါရဂူများ၏ တပ်စုတစုသည် ဟိုနိုင်န်၏ တောတောင်များတွင် အသင့်စောင့်ဆိုင်းနေခဲ့ကြ၏။ ဤသည့်စစ်ပွဲအကြောင်းနှင့် စပ်လျဉ်း၍ ဗုခါရီ၊ မွတ်စလင်မ်ကျမ်းကြီးများတွင် ဗရာအစ်ဗ်နအာဇစ်ဗ်၏ ရိဝါယတ် တဆင့် ပြောကြားချက်အရ ဤသို့လာရှိသည်... ဤစစ်ပွဲတွင် ပထမသော် ရန်သူကာဖိရ်များ စစ်ရေးရှုံးနိမ့်သွားခဲ့ကြပေသည်။ ရန်သူများသည် မြောက်မြားစွာသောပစ္စည်းများကို စွန့်ပစ်ကာ ကစဉ့်ကလျား ဖြစ်သွားခဲ့ကြပေသည်။ ရန်သူများ ဤသို့ကစဉ့်ကလျား ဖြစ်သွားကြသည်ကို တွေ့မြင်ကြရသည့်အခါ မွတ်စ်လင်မ် စစ်သည်တော်များ လက်ရပစ္စည်းများကို ယူငင် သိမ်းပိုက်ကြလေတော့သည်။ ယင်းသို့ မွတ်စ်လင်မ်စစ်သည်တော်များသည် လက်ရပစ္စည်းများကို ယူငင်သိမ်းပိုက်နေချိန်၌ တောတောင်များတွင် အသင့်စောင့်ဆိုင်းနေကြသော ဟဝါဇင်န် မျိုးနွယ်၏ ဒူးလေးသမားများသည် တောင်များမှထွက်ကာ မွတ်စ်လင်မ်စစ်သည်တော်များအား လေးဘက်လေးတန် ဝိုင်းဝန်း ပစ်ခတ်ကြတော့သည်။ ယင်းသို့ ပစ်ခတ်ကြသောအခါ တခဏချင်းအတွင်းမှာပင် လေးဘက်လေးတန်မှ ယင်းသို့ မြားမိုးရွာသွန်းချခြင်းကို ခံကြရရာ မွတ်စ်လင်မ်များအဖို့ စစ်မြေပြင်တွင် တည်ကြည်စွာ ရပ်တည်၍ ခုခံရန်ပင် ခဲယဉ်းသွားပေတော့သည်။ ဦးစွာ ပထမ 'တုလကာ' ခေါ် မက္ကာမြို့မှ လိုက်ပါလာခဲ့ကြသော မွတ်စ်လင်မ်များသည် ကစဉ့်ကလျား ဖြစ်သွားခဲ့ကြပေသည်။ နောက်ဆုံးတွင် မွတ်စ်လင်မ်စစ်သည်တော်များအားလုံး လိုလိုပင် စစ်မြေပြင်တွင် မရပ်တည်နိုင်တော့ပဲ ဖရိုဖရဲ ဖြစ်သွားခဲ့ကြလေသည်။ မြေကြီးသည် ကျယ်ပြန့်ပါလျက် နှင့်ပင် မွတ်စ်လင်မ်စစ်သည်တော်များ အဖို့မှာကား ကျဉ်းမြောင်းသွားလေတော့သည်။

မွတ်စ်လင်မ်စစ်သည်တော်များသည် ခိုအောင်းနိုင်ရန်ပင် နေရာမရ ဖြစ်သွားခဲ့ကြလေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်တကွ အချို့သာဝကကြီးများသည်ပင် ရန်သူများ၏ ဝိုင်းဝန်းခြင်းကို ခံနေခဲ့ကြရပေသည်။ သာဝကကြီးအဗူဗတ်ဂ်ရ်၊ အုမရ်၊ အဗ္ဗာစ်၊ အလီ၊ အဗ်ဒုလ္လာဟ် အစ်ဗ်နုမတ်စ်အူးဒ်စသည့် သာဝကကြီးတရာ(၁၀၀)သို့မဟုတ် (၈၀)ရှစ်ဆယ်ခန့်သာလျှင် တမန်တော်မြတ်နှင့်အတူ စစ်မြေပြင်၌ ကျန်ရှိခဲ့ကြပေသည်။ 'အဟ်လေ့စီယရ် တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိရေးသားသော အချို့ စာရေးဆရာကြီးများ၏ ယူဆချက်အရ သာဝကကြီးဆယ်ပါးသာလျှင် တမန်တော်မြတ်နှင့်အတူ စစ်မြေပြင်တွင် ကျန်ရှိခဲ့ကြပေသည်။ ထိုသာဝကကြီးများသည် စစ်မြေပြင်တွင် တောင်ကြီးများထက်ပင် ကြံ့ခိုင်စွာ ရပ်တည် နေခဲ့ကြပေသည်။ ဤသည် အံ့မဆုံးပင် ဖြစ်သည်။ တမန်တော်မြတ်၏ စံမတူသော၊ အံ့မဆုံးသော မှန်ကန်မှု။ အလ္လာဟ်အရှင်မြတ်အား ယုံပုံအားထားမှုနှင့် တမန်တော်မြတ်၏ဖွဲ့သတ္တိများကို ဤမံသစက္ခုဖြင့် ကွင်းကွင်း ကွက်ကွက် တွေ့မြင်ခဲ့ကြရပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဖြူဖွေးသော မြင်းတကောင်ကို စီးနင်းလျက်ရှိတော်မူခဲ့သည်။ သာဝကကြီး အဗ္ဗားစ်သခင်နှင့် သာဝကကြီး အဗူစွဖယာန် အစ်ဗ်နု အလ်ဟာရစ်ဆ်တို့နှစ်ပါးသည် တမန်တော်မြတ် စီးနင်းတော်မူလျက်ရှိသော မြင်း၏ ဇက်ကြိုးကို တဘက်စီ အသီးသီး ဆွဲကိုင်လျက် ➤➤

➤➤ ရှိခဲ့ကြပေသည်။ လက်နက် အပြည့်အစုံပါရှိသော ရန်သူစစ်သည်လေးထောင် (၄၀၀၀)တို့သည် လက်စားချေလိုသည့် ပြင်းပြသောစိတ်ဓာတ်ဖြင့် တိုက်ခိုက်လျက် ရှိခဲ့ကြသည်။ ရန်သူများသည် လေးဘက်လေးတန်မှ မြားမိုး ရွာသွန်းချလျက် ရှိခဲ့ကြပေသည်။

ထိုအချိန်တွင် တမန်တော်မြတ်၏ မိတ်ဆွေများသည် ကစဉ့်ကလျား ဖြစ်နေခဲ့ကြပေသည်။ သို့ရာတွင် အမြင့်မြတ်ဆုံးသော မိတ်ဆွေတော် (ပါ) အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်နှင့်အတူ ရှိတော်မူသည်။ တမန်တော်မြတ်နှင့်တကွ တမန်တော်မြတ်၏ လက်တဆုပ်မျှသော သာဝကကြီးများအပေါ်တွင် ကောင်းကင်မှ အလ္လာဟ်အရှင်မြတ်၏ ကူညီမှုဖြင့် တည်ငြိမ်မှုသည် သက်ရောက်လာခဲ့ပေသည်။ ထိုကူညီမှုနှင့် တည်ငြိမ်မှုများသည် နောက်ဆုံးတွင် ကစဉ့်ကလျား ထွက်ပြေးနေကြသော မွတ်စ်လင်မ်စစ်သည်တော်များထံသို့ပင် ကူးစက်ရောက်ရှိလာခဲ့ပေသည်။

ဒီရေပမာ ချီတက်လာခဲ့သည့် ဟဝါဇင်နှင့် စကီးဖ်မျိုးနွယ်ဝင် စစ်သည်များဘက်သို့ပင် တမန်တော်မြတ်သည် မိမိ၏မြင်းကို တည်ကြည်ရဲဝံ့စွာ မောင်းနှင်လျက် ရှိတော်မူခဲ့လေသည်။ တမန်တော်မြတ်သည် စိတ်ဖြင့် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသလျက် ရှိတော်မူခဲ့သည်။ နှုတ်ဖြင့် "ကျွန်ုပ်သည် မုနကန်သော တမန်တော်ဖြစ်သည်။ ကျွန်ုပ်သည် အဗ်ဒုလ်မွတ်တွလစ်ဗ်၏ သားဖြစ်သည်" ဟု အလွန် တည်ကြည်ရဲဝံ့စွာ မြွက်ဆိုလျက် ရှိတော်မူခဲ့လေသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် မိမိ၏နောက်လိုက် တပည့်သားတို့အား "အို-အလ္လာဟ်အရှင်မြတ်၏ ကျွန်အပေါင်းတို့ ကျွန်ုပ်ထံလာကြကုန်၊ ဤသို့လာကြကုန်၊ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်သည်" ဟု ဟစ်ခေါ်တော်မူခဲ့လေသည်။ ထို့နောက် တမန်တော်မြတ်၏ ညွှန်ကြားချက်အရ အသံအောင်သော သာဝကကြီးအဗ္ဗားစ်သခင်က သစ်ပင်အောက်တွင် တမန်တော်မြတ်၏ လက်ပေါ်၌ 'ဗိုင်အတ်' သစ္စာဆိုခဲ့ကြသော သာဝကကြီးများအား ဟစ်ခေါ်ခဲ့လေသည်။ ထိုသို့ ဟစ်ခေါ်သံကို ကြားကြသောအခါ ကြားလျှင်ကြားခြင်းပင် ကစဉ့်ကလျား ထွက်ပြေးနေသော စစ်သည်များအနက် အစီးအနင်းပါသည့် စစ်သည်တော်များသည် စစ်မြေပြင်သို့ ပြန်လှည့်လာခဲ့ကြလေသည်။ အချို့စစ်သည်များ သည် စစ်မြေပြင်ဘက်သို့ မိမိတို့၏အစီးအနင်းများကို ပြန်လှည့်ရာတွင် ကြံ့ကြာနှောင့်နေးမှု ရှိနေပါက မိမိတို့၏လည်ပင်းတွင် သံချပ်စွပ်ပြီး အစီးအနင်းမှ ဆင်းကာ အစီးအနင်းကိုစွန့်၍ တမန်တော်မြတ်ရှိရာသို့ အဆောတလျင် ရောက်ရှိလာခဲ့ကြလေသည်။

ထိုအချိန်တွင်ပင် တမန်တော်မြတ်သည် မြေမှုန့် ကျောက်စရစ် အနည်းငယ်ကောက်ယူပြီး ရန်သူစစ်သည်များဘက်သို့ ပစ်ပေါက်လိုက်ရာ ထိုမြေမှုန့်နှင့် ကျောက်စရစ်များသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် ရန်သူအားလုံးတို့၏ မျက်နှာများနှင့် မျက်စိများတွင် ထိမှန်သွားခဲ့လေသည်။ ထိုအချိန်မှာပင် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်မှ ကောင်းကင်တမန်များအား စေလွှတ်တော်မူလိုက်လေသည်။ ထိုကောင်းကင်တမန်တော်များသက်ရောက်လာခြင်းသည် မွတ်စ်လင်မ်စစ်သည်များအဖို့ မထွေ့မမြင်ရသော်လည်း စိတ်ဓာတ်ရဲရင့်ရန် အကြောင်းဖြစ်၍ ကာဖိရ်စစ်သည်များအဖို့မှာကား ကြောက်လန့်ရန်အကြောင်း ဖြစ်ခဲ့လေသည်။ ကာဖိရ်စစ်သည်များသည် တမန်တော်မြတ်ပစ်ပေါက်တော်မူလိုက်သော မြေမှုန့်များကြောင့် မိမိတို့၏မျက်စိများကို ပွတ်သပ်လျက်ရှိနေစဉ် အနီး၌ရှိနေကြသော မွတ်စ်လင်မ် စစ်သည်တော်များသည် ရန်သူ စစ်သည်များအား တိုက်ခိုက် သုတ်သင်ကြလေတော့သည်။

ဤသို့အားဖြင့် ရန်သူစစ်သည်များသည် တခဏချင်း တွင်ပင် စစ်ရေးရှုံးနိမ့်၍ မွတ်စ်လင်မ်များသည် စစ်ရေးသာခဲ့ကြလေသည်။ ခရီးအတော် ကွာလှမ်းသည့်နေရာအထိ ထွက်ပြေးနေကြသော များစွာသော ➤➤

شَيْـًٔا وَّضَاقَتْ عَلَيْكُمُ
الْاَرْضُ بِمَا رَحُبَتْ ثُمَّ
وَلَّيْتُمْ مُّدْبِرِيْنَ ﴿٢٥﴾

ထို(ဟိုနိုင်န် တောင်ကြားတွင် စစ်ဖြစ်သော) အခါ အသင်တို့၏(စစ်သည် အရေအတွက်)များပြား မှုသည် အသင်တို့အား စိတ်ကြီးဝင် ဘဝင်မြင့် (မော်ကြွား ထောင်လွှား)စေခဲ့လေသည်။ သို့ရာတွင် ထို(အရေအတွက်) များပြားမှုသည် အသင်တို့အဖို့ လုံးဝ အသုံးမဝင်ခဲ့သည်သာမက ပထဝီမြေပြင် သည်လည်း (ဤမျှ) ကျယ်ဝန်းပါလျက်နှင့်ပင် အသင်တို့အပေါ်၌ ကျဉ်းမြောင်း၍ သွားခဲ့လေတော့ သည်။ ထို့နောက် အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ့ကြလေသတည်း။

ثُمَّ اَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى
رَسُوْلِهٖ وَعَلَى الْمُؤْمِنِيْنَ
وَاَنْزَلَ جُنُوْدًا لَّمْ تَرَوْهَا ۚ
وَعَذَّبَ الَّذِيْنَ كَفَرُوْا ۗ
وَذٰلِكَ جَزَآءُ الْكٰفِرِيْنَ ﴿٢٦﴾

၂၆။ ထို့နောက် တဖန် အလ္လာဟ်အရှင်မြတ်သည် မိမိအထံတော်မှ မိမိရဿူလ်တမန်တော်၏ အပေါ်၌ လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့ အပေါ်၌လည်းကောင်း၊ စိတ်တည်ငြိမ်မှုကို ချပေး သနားတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ် သည် အသင်တို့ မမြင်နိုင်သော စစ်သည်ရဲမက် တို့ကိုလည်း စေလွှတ်ပေးတော်မူခဲ့လေသည်။ ထို့ပြင် ထိုအရှင်မြတ်သည် 'ကာဖိရ်' မယုံမကြည် သွေဖည် ငြင်းပယ်သောသူတို့အား ပြစ်ဒဏ်ပေးတော်မူခဲ့လေ သည်။ အမှန်သော်ကား ဤသည်သာလျှင် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့၏ အကျိုး ပင်တည်း။

➤➤ မွတ်စ်လင်မ် စစ်သည်များသည် တမန်တော်မြတ် ထံသို့ ပြန်လည် ရောက်ရှိ လာကြသောအခါ စစ်ပွဲမှာ ပြီးဆုံးသွားပြီး များစွာသော ရန်သူ စစ်သည်များသည် တမန်တော်မြတ်၏ ရှေ့မှောက်တွင် စစ်သုံ့ပန်းများ အဖြစ် တန်းစီ မတ်တတ်ရပ်လျက် ရှိနေကြသည်ကို လည်းကောင်း၊ များစွာသော လက်ရုပ်စွဲသည်း များ စုပုံနေသည်ကို လည်းကောင်း တွေ့ရှိကြ ရပေသည်။ ဤသို့အားဖြင့် အလ္လာဟ် အရှင်မြတ်သည် မွတ်စ်လင်မ် တို့အား အံ့မဆုံးဖွယ် ကူညီတော်မူ၍ ကာဖိရ်များ ကိုမူကား ဤ ဘဝ၌ပင် ပြစ်ဒဏ်ခတ်တော် မူခဲ့ လေသည်။

ثُمَّ يَتُوبُ اللَّهُ مِنْ بَعْدِ ذَٰلِكَ عَلَىٰ مَن يَشَاءُ ۗ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٢٧﴾

၂၇။ ထို့နောက်တဖန် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၏ဘက်သို့ ကရုဏာတော်နှင့်လှည့်တော်မူအံ့။ [၁] စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا إِنَّمَا الْمُشْرِكُونَ نَجَسٌ فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هَٰذَا ۚ وَإِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيكُمُ اللَّهُ مِن فَضْلِهِ إِن شَاءَ ۚ إِنَّ اللَّهَ عَلِيمٌ حَكِيمٌ ﴿٢٨﴾

၂၈။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့။ မွန်ရစ်က်တို့ကား ညစ်ညမ်းသောသူများသာဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် 'မတ်စ်ဂျိဒေဟရာမ်' ထူးမြတ်သော *ဗလီကျောင်းတော်၏အပါးသို့ပင် ချဉ်းကပ်ခြင်း မပြုကြရချေ။* [၂] ၎င်းပြင် အကယ်၍ အသင်တို့သည် ဆင်းရဲနွမ်းပါးမှုကို စိုးရိမ်ကြပါလျှင်၊ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါက မကြာမြင့်မီအတွင်း အသင်တို့အား မိမိကျေးဇူးတော်ဖြင့် *ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝ ပြည့်စုံစေတော်မူအံ့။* [၃] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူများဘက်သို့ ကရုဏာတော်ဖြင့် ပြန်လှည့်တော်မူသည်။ ယင်းသို့ ကရုဏာတော်ဖြင့် ပြန်လှည့်တော်မူသည့် ကျေးဇူးတော်အဟုန်ကြောင့်ပင် ဟိုနိုင်ခ်စစ်ပွဲ ပြီးဆုံးသွားသည့် နောက်ပိုင်းတွင် ဟဝါဇင်ခ် မျိုးနွယ်မှ များစွာသောသူများသည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြပေသည်။

② အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ အင်အားစုများကို ချိုးဖျက်၍ အရေဗျနိုင်ငံ၏မြို့တော်ဖြစ်သော မက္ကာမြို့တော်ကို မွတ်စ်လင်မ်တို့အား အောင်နိုင်စေတော်မူသည့်အခါ အရဗ်မျိုးနွယ်စုများသည် အုပ်စုလိုက် အုပ်စုလိုက် အသီးသီး အစ္စလာမ်သာသနာအတွင်းသို့ ဝင်လာခဲ့ကြလေသည်။ ထိုဟစ်ဂျ်ရီသက္ကရာဇ်(၉)ခုနှစ်နောက်ပိုင်းမှစ၍ ကာဖိရ်မုရှ်ရစ်က် တဦးတယောက်မျှ မတ်စ်ဂျိဒေဟရာမ် အတွင်းသို့ ဝင်ရန် ➤➤

➤➤ ဝေးစွ၊ "ထိုကျောင်းတော်အနီး (၀၊) ဟရမ်ဟူ၍ သတ်မှတ်ထားတော်မူသော နယ်နမိတ်အတွင်းသို့ အလျှင်းမဝင်ရ" ဟူ၍ အတည့်အလင်း ကြေငြာတော်မူလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကာဖိရ်၊ မုရ်ရစ်က်တို့၏ စိတ်နလုံးများသည် အလွန်တရာမျှပင် ညစ်ညမ်းညစ်ထေး မစင်ကြယ်၊ မသန့်ရှင်းပေရာ ယင်းသို့သော ကာဖိရ်၊ မုရ်ရစ်က်တို့သည် အလွန်တရာမျှ သန့်ပြန့်စင်ကြယ်သော မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော 'တောင်ဟီးဒ်' ၏ ဗဟိုဌာနတွင် ဝင်ထွက်သွားလာရန် အလျှင်း မထိုက်တန်ကြပေ။ ထို့ပြင်တဝ တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကလည်း ကာဖိရ်၊ မုရ်ရစ်က်၊ ယဟူဒီ၊ နဆ္ဆရာနီ အားလုံးတို့အား အရေဗျက္ကန်းဆွယ်မှ နှင်ထုတ်ရန် အမိန့်ပေးတော်မူခဲ့လေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ နောက်ဆုံးမှာကြားချက်အရ သာဝကကြီးအုမရ်(ရသွေ့.ယလ္လာကို တအာလာအန်ဟု) သခင်၏လက်ထက်တွင် အရေဗျက္ကန်းဆွယ်မှ ကာဖိရ်၊ မုရ်ရစ်က်၊ ယဟူဒီ၊ နတ်ဆွရာနီ အားလုံးတို့အား တယောက်မကျန် နှင်ထုတ်နိုင်ခဲ့လေသည်။

ယခုမူ အရေဗျက္ကန်းဆွယ်မှ ကာဖိရ်၊ မုရ်ရစ်က်တို့၏ ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်ဌာနီအဖြစ်သော် လည်းကောင်း၊ အာဏာဖြင့် လွှမ်းမိုးခြယ်လှယ်လည်းကောင်း၊ နေထိုင်ခြင်းကို မွတ်စ်လင်မ်တို့အဖို့ လက်ခံနှစ်သက်နိုင်ရန် အကြောင်း အလျှင်းမရှိတော့ပေ။ တတ်စွမ်းနိုင်သမျှ ယင်းကာဖိရ် မုရ်ရစ်က်၊ ယဟူဒီ၊ နတ်ဆွရာနီ အားလုံးတို့အား အရေဗျက္ကန်းဆွယ်မှ သုတ်သင်ရှင်းလင်း လုံးဝနှင်ထုတ်ခြင်းသည် မွတ်စ်လင်မ်တို့၏ 'ဖွရသွဲ' မလုပ်မနေရ တာဝန်ကြီးပင် ဖြစ်ပေတော့သည်။

ဓမ္မသတ်။

ဟနဖီဂိဏ်း၏ ယူဆချက်အရ အကယ်၍ ကာဖိရ် တဦးတယောက်သည် ခရီးသည် အာဂန္တုအဖြစ် ခေတ္တခဏ ဝင်ထွက် သွားလာလိုပါသော် အေ့မာမ်က ယင်းသို့ ဝင်ထွက်သွားလာမှုသည် အန္တရာယ်တစုံတရာမရှိဟု ယူဆ၍ခွင့်ပြုပါက ဝင်ထွက်သွားလာခွင့် ပြုနိုင်ပေသည်။ ယင်းသို့ အေ့မာမ်၏ ခွင့်ပြုချက်ဖြင့် ခရီးသည် အာဂန္တုအဖြစ် ခေတ္တခဏ ဝင်ထွက်သွားလာခွင့်ရှိသော်လည်း ဟဂျ်၊ အွန်မရ်ာဟ်ပြုလုပ်ရန်ရည်စူး၍ ဝင်ထွက် သွားလာလိုသည့် မည်သည့်ကာဖိရ်ကိုမျှ ခွင့်ပြုရမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "သတိ၊ ယခုနှစ်ကုန်ဆုံးပြီးနောက်တွင် မုရ်ရစ်က် တဦးတယောက်မျှ ဟဂျ်မပြုရ" ဟု အတည့်အလင်း မိန့်ဆိုပညတ်တော်မူခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဖော်ပြချက်။

ဤအာယတ်တော်တွင် ပါရှိသည့် 'ဤနှစ်' ဟူသည် ဟစ်ဂျ်ရီသက္ကရာဇ် (၉)ခုနှစ်ကို ဆိုလိုသည်။ ထိုနှစ်တွင် သာဝကကြီးအဗူဗတ်က်ရ် (ရသွေ့.ယလ္လာဟို တအာလာအန်ဟု) ခေါင်းဆောင်၍ ဟဂျ်ပြုခဲ့လေသည်။ 'ဤနှစ်နောက်' ဟူသည် ဟစ်ဂျ်ရီသက္ကရာဇ် (၁၀)ခုနှစ်ကို ဆိုလိုသည်။ ထိုနှစ်မှစ၍ "မုရ်ရစ်က်များ ဟရမ်အတွင်းသို့ မဝင်ရ" ဟူသော အမိန့်တော်သည် အတည်ဖြစ်ခဲ့လေသည်။ ကြည့်-မာဂျီဒီ။

(၃) "ဟရမ်" အတွင်းသို့ မုရ်ရစ်က်များအား ဝင်ထွက်သွားလာခြင်းကို ပိတ်ပင်မြစ်တားတော်မူလိုက်သည့်အခါ၊ ယင်းသို့ ပိတ်ပင်မြစ်တားတော်မူလိုက်ခြင်းအားဖြင့် 'အရောင်းအဝယ် ပျက်ပြားသွားလိမ့်မည်၊ မုရ်ရစ်က်တို့ ယူဆောင်လာလေ့ရှိသော ကုန်ပစ္စည်းများသည်လည်း ရပ်ဆိုင်းသွားလိမ့်မည်' ဟု မွတ်စ်လင်မ်တို့က တွေးထင်ပူပင် မိခဲ့ကြလေသည်။ ယင်းသို့ မတွေးမထင် မပူမပင်ကြရန်အတွက် ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ချမ်းသာကြွယ်ဝမှုသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်အတိုင်းသာဖြစ်သည်။ ထိုအရှင်မြတ် အလိုရှိတော်မူပါလျှင် မွတ်စ်လင်မ်တို့အား တခဏချင်းအတွင်း ကုလုံကြွယ်ဝအောင် ➤➤

قَاتِلُوا الَّذِينَ لَا يُؤْمِنُونَ بِاللَّهِ وَلَا بِالْيَوْمِ الْآخِرِ وَلَا يُحَرِّمُونَ مَا حَرَّمَ اللَّهُ وَرَسُولُهُ وَلَا يَدِينُونَ دِينَ الْحَقِّ مِنَ الَّذِينَ أُوتُوا الْكِتَابَ حَتَّىٰ يُعْطُوا الْجِزْيَةَ عَن يَدٍ وَهُمْ صَاغِرُونَ ﴿٢٩﴾

၂၉။ (အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အတိတ်ခေတ် ကျမ်းဂန်ရရှိသော သူတို့ကို (မိမိတို့၏)လက်ဖြင့် အောက်ကြို့၍ လူခွန်တော်ကိုကြည်ဖြူစွာ ဆက်သခြင်း မပြုသမျှ ကာလပတ်လုံး တိုက်ခိုက်ကြလေကုန်။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်း ယုံကြည်ကြသည် မဟုတ်ပေ။ နောက်ဆုံးနေ့ကိုလည်း ယုံကြည်ကြသည် မဟုတ်ချေ။ ထို့ပြင် ယင်းသူတို့သည် အလ္လာဟ် အရှင်မြတ် ကလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်ကလည်းကောင်း၊ 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသောအရာများကို 'ဟရာမ်' တားမြစ်ထားသောအရာဟူ၍ မယူဆကြချေ။ ထိုနည်း တူစွာဂင်းတို့သည် မှန်ကန်သော(အစ္စလာမ်)သာသနာတော်ကိုလည်း ယုံကြည်လက်ခံခြင်းမပြုကြချေ။

وَقَالَتِ الْيَهُودُ عُزَيْرٌ ابْنُ اللَّهِ وَقَالَتِ النَّصَارَى الْمَسِيحُ ابْنُ اللَّهِ ۖ ذَٰلِكَ قَوْلُهُم بِأَفْوَاهِهِمْ ۖ

၃၀။ စင်စစ်သော်ကား ယဟူဒီတို့က "အုဇိုင်ရ်" သည်အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။ နဆ္ဆရာနီတို့ကလည်း "မစီဟ်" သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။

➤➤ ပြုလုပ်ပေးနိုင်ပေသည်။ သို့ပြုလုပ်ပေးနိုင်သည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် မိမိ၏အလိုတော်ဖြင့် အာရေဗျတနိုင်ငံလုံးကို မွတ်စ်လင်မ်ဖြစ်လာစေတော်မူခဲ့လေသည်။ အတိုင်းတိုင်း၊ အပြည်ပြည်မှ ကုန်ပစ္စည်းများသည်လည်း အများအပြား ဝင်ရောက်လာခဲ့ပေသည်။ ကောင်းကင်မှမိုးလည်း များပြားစွာ ရွာသွန်းချသဖြင့် ကောက်ပဲသီးနှံများလည်း အများအပြား ထွက်ပေါ်လာခဲ့လေသည်။ ထို့ပြင်တဝ မွတ်စ်လင်မ်များသည် စစ်ပွဲများအမြောက်အမြားကို အောင်နိုင်ခဲ့ကြ၏။ လက်ရပစ္စည်းလည်း အမြောက်အမြား ရရှိခဲ့ကြလေသည်။ ကိတာဗီများထဲမှ အခွန်တော်လည်း အများအပြားပင် ရရှိခဲ့ကြလေသည်။ ဤသို့အားဖြင့် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား အဘက်ဘက်မှ ကုလုံကြွယ်ဝအောင် ပြုလုပ်ပေးတော်မူခဲ့လေသည်။

يُضَاهِـُٔونَ قَوْلَ الَّذِينَ كَفَرُوا۟ مِن قَبْلُ ۚ قَـٰتَلَهُمُ ٱللَّهُ ۖ أَنَّىٰ يُؤْفَكُونَ ﴿٣٠﴾

ဤသည်ကား ၎င်းတို့ မိမိတို့နှုတ်ဖြင့် ပြောဆိုကြသော (အခြေအနေ ကင်းမဲ့သည့်) စကားမျှသာ ဖြစ်ချေသတည်း။ ၎င်းတို့သည် (မိမိတို့) အလျင် ရှေးအထက်ကျော်ကာလ၌ ရှိခဲ့ကြသော ကာဖိရ် ယုံကြည်မှုကင်းမဲ့သောသူတို့၏ ပြောဆိုမှုကိုလိုက်၍ တုခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေသတည်း။ ၎င်းတို့သည် (အမှန်ကိုပယ်၍ အမှားဘက်သို့) အသို့လျှင်ပြန်လှည့်သွားကြသနည်း။

ٱتَّخَذُوٓا۟ أَحْبَارَهُمْ وَرُهْبَـٰنَهُمْ أَرْبَابًا مِّن دُونِ ٱللَّهِ وَٱلْمَسِيحَ ٱبْنَ مَرْيَمَ ۚ وَمَآ أُمِرُوٓا۟ إِلَّا لِيَعْبُدُوٓا۟ إِلَـٰهًا وَٰحِدًا ۖ لَّآ إِلَـٰهَ إِلَّا هُوَ ۚ سُبْحَـٰنَهُۥ عَمَّا يُشْرِكُونَ ﴿٣١﴾

၃၁။ ထိုသူတို့သည် မိမိတို့၏ ဓမ္မဆရာတို့ကိုလည်းကောင်း၊ ဘုန်းကြီး ရဟန်းတို့ကိုလည်းကောင်း၊ 'မရ်ယမ်' ၏သားတော် 'မစီဟ်' ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား စွန့်၍ (မိမိတို့၏)အရှင်သခင်များ *ပြုလုပ်ထားခဲ့ကြလေသည်။* [၃] အမှန်စင်စစ်သော်ကား ထိုသူတို့သည် တဆူတည်းသော ကိုးကွယ်ရာ အရှင်မြတ်အားသာလျှင် *ခဝပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရလေသည်။* [၄] ထို(တဆူတည်းသော)အရှင်မြတ်မှတပါး အခြားခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ ထိုအရှင်မြတ်သည် ၎င်းတို့တွဲဘက် နှိုင်းယှဉ်(ကိုးကွယ်) ကြသည်တို့မှ (လုံးဝ) သန့်ရှင်းစင်ကြယ်တော်မူချေသတည်း။

---

③ ဤအာယတ်တော်သည် မွတ်စ်လင်မ်များအဖို့လည်း အလွန်တရာ တရားရဖွယ်ရာ ဖြစ်သည်။ အချို့မွတ်စ်လင်မ်တို့သည် များစွာသော ရှေ့ဆောင်ကြီးများနှင့် ဆရာဆရာကြီးများ၏ အမိန့်ဩဝါဒများကို မလွဲမသွေ နာယူရကောင်းစေဟူ၍ယူဆကာ လက်တွေ့အားဖြင့် ၎င်းဆရာဆရာကြီးများအား လုံးဝ အပြစ်ကင်းစင်သူများ ဖြစ်ကြသည်ဟု ယူဆထားကြရုံသာမက အလ္လာဟ်အရှင်မြတ်၏ အဆင့်အတန်းသို့ပင် ပို့ထားကြပေသည်။ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်တွင်လာရှိသည့် ရှင်းလင်းပြတ်သားသောအာယတ်တော်များ၊ မိမိစိတ်တွင်းမှလေးနက်စွာ ယုံကြည်ထားသည့် ယုံကြည်ချက်များနှင့် မျက်ဝါးထင်ထင် တွေ့မြင်နေရသော အထောက်အထားများကို စွန့်လွှတ်ကောင်း စွန့်လွှတ်ကြမည်ဖြစ်သော်လည်း မိမိတို့၏ဆရာ့ဆရာကြီးများ၏ အမိန့်များကိုမူ ➤➤

يُرِيْدُوْنَ اَنْ يُّطْفِـُٔوْا نُوْرَ اللّٰهِ بِاَفْوَاهِهِمْ وَيَاْبَى اللّٰهُ اِلَّآ اَنْ يُّتِمَّ نُوْرَهٗ وَلَوْ كَرِهَ الْكٰفِرُوْنَ ﴿٣٢﴾

၃၂။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ကို [၁] မိမိတို့၏ပါးစပ်များဖြင့် ငြိမ်းစေလိုကြကုန်၏။ သို့ရာတွင်မူကား အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့က မနှစ်မြို့ကြသော်လည်း မိမိ၏ရောင်ခြည်တော်ကို ပြည့်ဝစုံလင်စေတော်မူခြင်းမှတပါး (အခြား) မည်သည့်တစုံတရာကိုမျှ သဘောတူတော်မူသည် မဟုတ်ပေ။

➤➤ စွန့်လွှတ်ကြမည် မဟုတ်ပေ။ အိမာမ်ရာဇီသခင်က ဤနေရာတွင် မိမိဆရာ၏ပြောပြချက်ကို ဖော်ပြထား၏။ ထိုဆရာကြီးက ပြောပြခဲ့သည်မှာ "ကျွန်ုပ်သည် မိမိတို့၏ ဆရာ့ဆရာများ၏စကားများကို မစူးစမ်း မဆင်ခြင်မသုံးသပ်ပဲ (ရေးနံ့ဓားထစ်)လိုက်နာကြသော နောက်လိုက်တပည့်အချို့ကို ထွေ့ခဲ့ဖူး၏။ ကျွန်ုပ်သည် ၎င်းတို့၏ရှေ့တွင် ၎င်းတို့၏လမ်းစဉ် မှားယွင်းနေကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယတ်တော်များကို ဖတ်ပြခဲ့၏။ သို့ရာတွင် ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်လာ ဒေသနာတော်များကိုပင် မနာခံခဲ့ကြ။ ဂရုမမူခဲ့ကြပေ။ ထိုမျှမက ၎င်းတို့က မိမိတို့၏ "ဆရာ့ဆရာကြီးများ၏လမ်းစဉ်သည် ကုရ်အာန် ကျမ်းလာ အာယတ်တော်များနှင့် အသို့လျှင် ဆန့်ကျင်နိုင်အံ့နည်း" ဟူ၍ပင် အံ့သြနေကြ၏။ ၎င်းတို့သည် မိမိတို့၏ဆရာ့ဆရာများ၏ အမိန့်ဩဝါဒ၏သဘောကို ပြုပြင်ပြောင်းလဲ ယူဆကြရမည့်အစား ကုရ်အာန်ကျမ်းလာ အာယတ်တော်များ၏ အနက်သဘောကိုသာ ပြောင်းလဲလိုက်ကြပေသည်။

အီမာမ်ရာဇီသခင်သည် မိမိဆရာ၏ အထက်ဖော်ပြပါ ပြောပြချက်ကို ရေးသားပြီးနောက် "အကယ်၍ အသင်သည် ကောင်းစွာ စူစမ်းဆင်ခြင်ပါက လူလောကရှိ မြောက်မြားစွာသော သူတို့၏ သွေးကြောများတွင် ထိုရောဂါဆိုး ပျံ့နှံ့လျက်ရှိသည်ကို အသင် တွေ့ရှိရပေမည်" ဟု ဆက်လက်ရေးသား ဖော်ပြထား၏။

မာဂျိဒီ။အ-၂။ စ-၄၀၂။ အအ-၅၆။

(၂) ပွင့်တော်မူခဲ့သမျှသော နဗီ၊ ရစူလ်တမန်တော်(အလိုင်ဟိမွတ်စ္စလာမ်)အပေါင်းတို့သည် "တဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရမည့်" အကြောင်း အသီးသီး ဟောကြားတော်မူခဲ့ကြကုန်၏။ ယဟူဒီ နဆွရာနီများသည်လည်း ၎င်းတို့၏ နဗီတမန်တော်များမှ တဆင့် "အလ္လာဟ်အရှင်မြတ် တပါးတည်းကိုသာလျှင် ခဝပ်ကိုးကွယ်ကြရန်" အမိန့်ပေးခြင်း ခံခဲ့ကြရပေသည်။

(၃) ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ "နူရ်" ရောင်ခြည်တော်ဟူသည် အစ္စလာမ်သာသနာကို ဆိုလိုသည်။

အစ္စလာမ်သာသနာတော် ထွန်းကားလာခဲ့သည်မှာ နှစ်ပေါင်း ၁၄၀၀-ကျော်ခဲ့ပေပြီ။ အစ္စလာမ်သက်တမ်းတလျှောက်လုံးတွင် ယဟူဒီ၊ နဆွရာနီ၊ ကာဖိရ်၊ မုရှ်ရစ်ဂ် စသည့် အစ္စလာမ်သာသနာ့ ရန်သူကြီးငယ်အားလုံးတို့သည် နည်းပရိယာယ်အမျိုးမျိုးတို့ဖြင့် အစ္စလာမ်သာသနာကို ချေမှုန်းတိုက်ဖျက်ရန် အစွမ်းကုန်ကြိုးစားခဲ့ကြပေသည်။ ယခုလည်းကြိုးစားလျက်ပင်။ နောင်ကိုလည်း ကြိုးစားကြဦးမည်ပင်။ ➤➤

هُوَ الَّذِيٓ أَرۡسَلَ رَسُولَهُۥ بِٱلۡهُدَىٰ وَدِينِ ٱلۡحَقِّ لِيُظۡهِرَهُۥ عَلَى ٱلدِّينِ كُلِّهِۦ وَلَوۡ كَرِهَ ٱلۡمُشۡرِكُونَ ٣٣

၃၃။ ထို(အလ္လာဟ်) အရှင်မြတ်သည် အကြင် အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထို အရှင်မြတ်သည် 'မှန်ရစ်က်' များက မနှစ်သက်ကြသော်လည်း မိမိ ရဿူလ်တမန်တော်အား *ဘာသာသာသနာ အားလုံးတို့ အပေါ်ဝယ်* လွှမ်းမိုးစေခြင်းငှာ [၃] တရားမမှန်အတူ လည်းကောင်း၊ မှန်ကန်သော 'ဒီန်' သာသနာနှင့်အတူ လည်းကောင်း၊ စေလွှတ်တော်မူခဲ့လေသတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِنَّ كَثِيرٗا مِّنَ ٱلۡأَحۡبَارِ وَٱلرُّهۡبَانِ لَيَأۡكُلُونَ أَمۡوَٰلَ ٱلنَّاسِ بِٱلۡبَٰطِلِ

၃၄။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်း တို့၊ ဓနဥစ္စာ များစွာသော (ယဟူဒီ၊ နဆ္ဆရာနီ) ဓမ္မဆရာများသည်လည်းကောင်း၊ ဘုန်းကြီးရဟန်း များသည်လည်းကောင်း၊ လူတို့၏ဥစ္စာပစ္စည်းများကို *မတရားသောနည်းဖြင့် စားသုံးကြကုန်၏။* [၂] ၎င်းပြင် ထိုသူတို့သည် (လူတို့အား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးကြကုန်၏။

➤➤ သို့တစေလည်း အစ္စလာမ်သာသနာသည် မှေးမှိန်ဆုတ်ယုတ်ခြင်း မရှိသည့်အပြင် တနေ့တခြား ထွန်းကားလျက်ရှိပေသည်။ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်သည့် လူဦးရေမှာလည်း တနေ့တခြား တိုးပွားများပြားလျက်ပင် ရှိပေသည်။

ဤကို ရေကဲ့သို့သုံးကာ စနစ်တကျ စီမံကိန်းများချပြီး နဆ္ဆရာနီ သာသနာပြုနေကြသော နဆ္ဆရာနီ မစ်ရှင်ဝင်များသည်ပင် Africa စသည့်နိုင်ငံများတွင် အစ္စလာမ်သာသနာကို မယှဉ်ပြိုင်နိုင်ခဲ့ကြောင်း ဝန်ခံထားကြရသည်ကို တွေ့ရှိရပေသည်။ ကြည့်-မာဂျီဒီ။ အ-၂။ စ - ၄၀၂။ အအ-၆၀။

③ အစ္စလာမ်က ကျန်ဘာသာအားလုံးတို့ကို လွှမ်းမိုးခြင်းသည် နှစ်မျိုးနှစ်စားရှိသည်။

(၁) သက်သေသာဓက အထောက်အထား အကိုးအကားအားဖြင့် လွှမ်းမိုးခြင်း၊ ဤသည့် လွှမ်းမိုးခြင်းမျိုး ကား ခေတ်တိုင်းအချိန်တိုင်းအတွက် ဖြစ်ပေသည်။

(၂) အာဏာစက်ဖြင့် လွှမ်းမိုးခြင်း၊ စိုးမိုးအုပ်ချုပ်ခြင်း။

ဤသည် မွတ်စ်လင်မ်များ အစ္စလာမ်၏မဏ္ဍိုင်များကို မှန်ကန်စွာ လိုက်နာကျင့်သုံး၍ အထူးသဖြင့် အီမာန်နှင့် တာက္ကဝါခိုင်မြဲကာ ဂျီဟာဒ်ကို စွမ်းစွမ်းတမန် ပြုလုပ်ကြသည့်အပေါ်တွင် မူတည်ပေသည်။ (တနည်းအားဖြင့် 'မွတ်စ်လင်မ်များသည် မွတ်စ်လင်မ်ပီသကြလျှင် အင်ဂျာအလ္လာဟ် အချိန်မရွေး အာဏာစက်ကိုလည်း ရရှိနိုင်ကြသည်' ဟူ၏)။ ကိယာမတ်ဆိုက်ရောက်ခါနီး တမန်တော် အီစာ(အလိုင်ဟစ္စလာမ်) ဆင်းသက်လာတော် မူသည့်အခါ ကမ္ဘာတွင် အစ္စလာမ်သာသနာ တခုတည်းသာလျှင် ထွန်းကားလျက် ရှိပေမည်။ ကျန်ဘာသာ သာသနာ အားလုံးတို့သည် ပျောက်ပျက်၍သွားပေမည်။

وَيَصُدُّونَ عَنْ سَبِيلِ اللَّهِ ۗ وَالَّذِينَ يَكْنِزُونَ الذَّهَبَ وَالْفِضَّةَ وَلَا يُنفِقُونَهَا فِي سَبِيلِ اللَّهِ فَبَشِّرْهُم بِعَذَابٍ أَلِيمٍ ﴿٣٤﴾

ထို့အပြင် အကြင်သူတို့သည် ရွှေ၊ ငွေ(ရတနာပစ္စည်း)များကို စုဆောင်းသိုမှီး၍ [၃] ထားရှိကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် ၎င်း(ရွှေ၊ ငွေ၊ ရတနာများ)ကို အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲကြသည်မဟုတ်ပေ။ (အို - နဗီတမန်တော်) အသင်သည် ထိုသူတို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို ခံကြရမည့်အကြောင်း သတင်းကောင်းပြောကြားပါလေ။

---

(၂) ယဟူဒီ၊ နဆ္ဆရာနီများ၏ များစွာသော ဓမ္မဆရာများနှင့် ဘုန်းကြီးများသည် မိမိတို့၏ တပည့်နောက်လိုက်များထံမှ ငွေကြေးများကိုယူ၍ ကျမ်းဂန်လာဒေသနာတော်များ၊ ဗျာဒိတ်တော်များနှင့် ဓမ္မသတ်များကို ကပြောင်းကပြန် ပြုလုပ်လေ့ရှိခဲ့ကြသည်။ တပည့်နောက်လိုက်များကလည်း မိမိတို့၏ ဓမ္မဆရာများနှင့် ဘုန်းကြီးရဟန်းများကို ကိုးကွယ်ရာ အရှင်သခင်၏ အဆင့်အတန်း၌ ထားရှိကာ ၎င်းတို့ အမှားမှား အယွင်းယွင်း ပြောဆိုကြသော စကားများကိုပင် ကျမ်းဂန်လာဒေသနာတော်များ ဖြစ်သည်ဟူ၍ မှတ်ယူခဲ့ကြပေသည်။ ဤသို့အားဖြင့် ယင်းဓမ္မဆရာများနှင့် ဘုန်းကြီးရဟန်းများသည် မိမိတို့၏ခေါင်းဆောင်မှု တည်တံ့စေရန်နှင့် ငွေကြေးရယူနိုင်ရန်အတွက် တပည့်နောက်လိုက်တို့အား လိမ်လည်လှည့်ဖြားကာ မှန်ကန်သော တရားဒေသနာစကားများမှ ပိတ်ပင်တားဆီးခဲ့ကြလေသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ အကယ်၍ တပည့်နောက်လိုက်များသည် မှန်ကန်သော တရားဒေသနာတော်များကို ရရှိ၍ ၎င်းတို့၏ညွှတ်ကွင်းမှ ထွက်သွားကြသော် ၎င်းတို့၏ဝင်ငွေများသည် ပိတ်ဆို့သွားမည့်အတွက်ကြောင့် ၎င်းတို့သည် မိမိတို့၏နောက်လိုက်များအား မှန်ကန်သော တရားများကို မပြခဲ့ကြခြင်းဖြစ်သည်။

ဤသည့်ဖြစ်ရပ်များကို မွတ်စ်လင်မ်တို့အား ဟောကြားတော်မူခြင်းမှာ မွတ်စ်လင်မ်များသည် အတိတ်ခေတ်ရှိ လူမျိုးများ ပျက်စီးသွားခဲ့ကြရသည့် အကြောင်းများမှာ တရားယူ၍ မိမိတို့ကိုယ်တိုင် ဆင်ခြင်နိုင်ကြရန်ပင်ဖြစ်သည်။

လူမျိုးတမျိုးပျက်စီးရသည့် အကြောင်းကြီးများတွင် အောက်ဖော်ပြပါ အုပ်စုသုံးစု၏ လမ်းလွဲမှု။ တာဝန်ပျက်မှုများသည် အဓိကအကြောင်းများပင်ဖြစ်သည်။

(၁) ဓမ္မဆရာများ၊ ဘုန်းကြီးရဟန်းများ၊

(၂) ချမ်းသာကြွယ်ဝသူများ၊

(၃) တိုင်းပြည်ခေါင်းဆောင်များ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အဗ်ဒုလ္လာဟ် အစ်ဗ်နု မုဗာရတ်က်က အောက်ပါအတိုင်း လင်္ကာတပုဒ်စီကုံးရေးဆိုခဲ့သည်။

သာသနာကို ဖျက်ဆီး သူများမှာ ဘုရင်များ၊ ပညာရှင်ဆိုးများ နှင့် ရဟန်းဆိုးများသာ ဖြစ်ခဲ့ကြပေသည်။

(၃) အဘိဓာန်အရ 'ကန့်ဇ်' ဟူသည် အိုးခွက်တခုခုတွင် သိမ်းဆည်းထားရှိသော ပစ္စည်း သို့မဟုတ် မြေ၌မြုပ်နှံထားသော ပစ္စည်းကို ဆိုလိုသည်။ ➤➤

يَوْمَ يُحْمَىٰ عَلَيْهَا فِي نَارِ جَهَنَّمَ فَتُكْوَىٰ بِهَا جِبَاهُهُمْ وَجُنُوبُهُمْ وَظُهُورُهُمْ ۖ هَٰذَا مَا كَنَزْتُمْ لِأَنفُسِكُمْ فَذُوقُوا مَا كُنتُمْ تَكْنِزُونَ ﴿٣٥﴾

၃၅။ (ယင်းပြစ်ဒဏ်သည် ၎င်းတို့၌ အကြင်နေ့တွင် ကျရောက်အံ့)။ထိုနေ့တွင် ယင်း ရွှေ၊ ငွေ(ရတနာများ) သည် 'ဂျဟန္နမ်' ငရဲမီးတွင် ဖုတ်မြှိုက်ခြင်းခံရအံ့။ ထို့နောက် ထိုသူတို့၏ နဖူးများ(သည်လည်းကောင်း၊) ထိုသူတို့၏ နံဘေးများ(သည်လည်းကောင်း၊) ထိုသူတို့၏ ကျောက်ကုန်းများ(သည်လည်းကောင်း၊) ယင်း (မီးဖုတ်ထားပြီးဖြစ်သော) ရွှေငွေဖြင့် တံဆိပ်ခတ်နှိပ်ခြင်းကို ခံကြရလတ္တံ့။ [၁] **(တနည်း)** ထို့နောက် ထိုသူတို့၏ နဖူး၊ နံဘေးနှင့် ထိုသူတို့၏ကျောက်ကုန်းတို့သည် ယင်း(မီးဖုတ်ပြီးဖြစ်သော)ရွှေ၊ ငွေဖြင့် တံဆိပ်ခတ်နှိပ်ခြင်းကို ခံကြရလတ္တံ့။

➤➤ သို့ရာတွင် "ရှရီအတ်" အစ္စလာမ် တရားဥပဒေတွင်မူ "ကန့်၆" ဟူသည် ဇကာတ်မပေးသော ပစ္စည်းကို ဆိုလိုသည်။

အထက်ဖော်ပြပါ ဖွင့်ဆိုချက်များကို ထောက်ရှုခြင်း အားဖြင့် ဇကာတ်မပေးပဲ မုချသုံးစွဲရမည့် နေရာများတွင် မသုံးပဲ ဥစ္စာပစ္စည်း စုဆောင်းခြင်းမျိုး ကိုသာလျှင် ကုရ်အာန်ကျမ်းမြတ်၌ အပြစ်ဆိုထားတော်မူကြောင်း သိရှိနိုင်ပေသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ တပည့်သာဝကကြီးများတွင် ဆင်းရဲနွမ်းပါးသူ အမြောက်အများရှိသကဲ့သို့ ဥစ္စာပစ္စည်း ကုံလုံချမ်းသာကြွယ်ဝသူ အမြောက်အများ ရှိခဲ့ကြသည်မှာလည်း အထင်အရှားပင် ဖြစ်သည်။ ဥပမာ-သာဝကကြီး အွတ်ဆ်မာန်ဃနီ။ သာဝကကြီး တွာလ်ဟာ်၊ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နအောက်ဖ် . . . စသည့် သာဝကကြီးများသည် ဥစ္စာဓန ကုံလုံကြွယ်ဝသော သာဝကကြီးများ ဖြစ်ခဲ့ကြပေသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ တပည့်သာဝကကြီးများအနက် များစွာသော သာဝကကြီးများသည် ဥစ္စာပစ္စည်းများကို ရှာဖွေဆည်းပူးခဲ့ကြသည်။ ရှာဖွေဆည်းပူးရရှိသော ဥစ္စာပစ္စည်း များကိုလည်း သုံးစွဲလှူဒါန်းခဲ့ကြသည်။ ဥပမာ-သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နအောက်ဖ်၊ သာဝကကြီး တွာလ်ဟာ်။ ထိုသို့သော သာဝကကြီးများအား မည်သူတဦးတယောက်ကမျှလည်း အပြစ်မဆိုခဲ့ပေ။

မဒါရစ်ဂ်၊ ကြည့်-မာဂျီဒီ။ အ-၂။ စ-၄၀၃။ အအ-၆၃။

① ဥစ္စာပစ္စည်းကို ရှာဖွေစုဆောင်း၍ အလွှာဟ်အရှင်မြတ်၏လမ်းတော်၌ မလှူဒါန်းမသုံးစွဲသောသူများ (ဥပမာ-ဇကာတ်မပေးသောသူများ၊ သုံးစွဲရန် မုချတာဝန်ရှိသော ကိစ္စများတွင် မသုံးစွဲသောသူများ)သည် နောင်ကိယာမတ်နေ့တွင် ၎င်းတို့စုဆောင်းထားခဲ့ကြသည့် ရွှေ၊ ငွေများကို မီးမြှိုက်၍ ၎င်းတို့၏နဖူး၊ နံဘေး၊ ကျောက်ကုန်းများတွင် တံဆိပ်ခတ်နှိပ်တော်မူမည်ဖြစ်သည်။ ➤➤

(ထို့ပြင် ၎င်းတို့အား ပြစ်ဒဏ်ပေးသော 'မလာအီကဟ်' ကောင်းကင်တမန်တို့က) " ဤကား အသင်တို့သည် မိမိတို့အဖို့ သိုမှီးသိမ်းဆည်း၍ ထားရှိခဲ့ကြသည့်ရတနာ)များပင်တည်း။ သို့ဖြစ်ပေရာ (ယခု သော်ကား) အသင်တို့သည် မိမိတို့ သိုမှီးသိမ်းဆည်းခြင်း(၏ပြစ်ဒဏ်)ကို မြည်းစမ်းကြလေကုန်" (ဟု ပြောဆိုကြကုန်အံ့သတည်း)။

إِنَّ عِدَّةَ الشُّهُورِ عِندَ اللَّهِ اثْنَا عَشَرَ شَهْرًا فِي كِتَابِ اللَّهِ يَوْمَ خَلَقَ السَّمَاوَاتِ وَالْأَرْضَ

၃၆။ ကောန်စင်စစ် လများ၏အရေအတွက်သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်တွင်အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်၌ လာရှိသည့်အတိုင်း မိုးကောင်းကင်များနှင့်ပထဝီမြေကို ထိုအရှင်မြတ် ဖန်ဆင်းတော်မူသည့်နေ့မှစ၍ ဆယ့်နှစ်လမျှသာ ဖြစ်ချေသည်။ ၎င်း(ဆယ့်နှစ်လ)အနက်မှ လေးလသည် ထူးမြတ်သော လများပင် [၁] ဖြစ်ကြပေသည်။

➤➤ မလွှဲရက် မပေးရက်သော၊ စေးနဲသော သူတယောက်ထံတွင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အလှူဒါနပြုရန် မေတ္တာရပ်ခံလျှင် ထိုသူ၏နဖူးသည် ရှုံ့၍သွားလေသည်။ ဆက်လက်မေတ္တာရပ်ခံလျှင် ဘေးစောင်းသွားလေသည်။ ထို့နောက်တဖန် ထပ်မံ၍ မေတ္တာရပ်ခံလျှင် ကျောခိုင်းသွားလေသည်။ ထို့အတွက်ကြောင့်ပင် ထိုနေရာများကို အထူးသဖြင့် တံဆိပ်ခတ်နှိပ်တော်မူခြင်းဖြစ်သည်။

① ဤ ကဏ္ဍ၏ အပိုဒ် (၁ - ၂) တွင် မုရ်ရစ်ကျမ်းများနှင့် စကမက ပြိုင်ဆိုင် တိုက်ခိုက်ရမည့် အကြောင်းပါရှိ၏။

အပိုဒ် (၃) တွင် မွတ်စ်လင်မ်တို့သည် ဃောကီသံယောဇဉ်များထက် သာသနာရေးကို အလေးထားရမည့် အကြောင်းပါရှိ၏။

အပိုဒ် (၄) တွင် ကိတာဗီများနှင့် စစ်မက ပြိုင်ဆိုင်တိုက်ခိုက်ရမည့်အကြောင်း ပါရှိ၏။

အပိုဒ် (၅) တွင် ကိတာဗီများ၏ အယူအဆ အပြုအမူများသည်၊ မုရ်ရစ်ကျမ်းများနှင့် တူသည့်အကြောင်း ပါရှိ၏။ ဥပမာ-မုရ်ရစ်ကျမ်းများသည် ကောင်းကင်တမန်များကို အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဖြစ်သည်ဟု ဆိုကြသကဲ့သို့ နဆွဲရာနီများက မစီဟ်သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍လည်းကောင်း၊ ယဟူဒီများကအုဇိုင်ရ်သည် အလ္လာဟ်အရှင်မြတ်၏သားတော်ဖြစ်သည် ဟူ၍လည်းကောင်းဆိုခဲ့ကြသည်။ 'တမန်တော်မစီဟ်သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်'ဟူသော အယူဝါဒသည် မုရ်ရစ်ကိုတို့၏ အယူအဆအပြုအမူကို သဲ့ယောင်လိုက်ခြင်း၊ အတုခိုးခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ➤➤

مِنْهَآ أَرْبَعَةٌ حُرُمٌ ۚ ذَٰلِكَ الدِّينُ الْقَيِّمُ ۙ فَلَا تَظْلِمُوا فِيهِنَّ أَنفُسَكُمْ ۚ وَقَاتِلُوا الْمُشْرِكِينَ كَآفَّةً كَمَا يُقَاتِلُونَكُمْ كَآفَّةً ۚ وَاعْلَمُوا أَنَّ اللَّهَ مَعَ الْمُتَّقِينَ ﴿٣٦﴾

ဤသည် ဖြောင့်မတ် မှန်ကန်သော 'ဒီန်' သာသနာတော်က (ညွှန်ကြားပြသသောလမ်းစဉ်)ပင် ဖြစ်လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်း (လများ)နှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်ကို နှိပ်စက်ကလူ မပြုကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် 'မုရိဂ်က်' အားလုံးတို့ကို ၎င်းတို့သည် အသင်တို့ အားလုံးတို့အား တိုက်ခိုက်ကြသကဲ့သို့ပင် တိုက်ခိုက်ကြလေကုန်။ [၁] ထို့ပြင် ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် သူတော်စင်အပေါင်းတို့နှင့်အတူ ရှိတော်မူကြောင်း အသင်တို့သည် ကောင်းစွာ မှတ်ယူကြလေကုန်။

➤➤ မုရိဂ်က်များသည် ရုပ်လုံးများကို ကိုးကွယ်ရာအရှင်သခင်၏ အဆင့်အတန်း၌ ထားရှိခဲ့ကြသည်။ နဆွဲရာနီများသည် တမန်တော် မစီဟ်နှင့် ရူဟုလ်ကုဒ္ဒုတ်စ်ကို အလ္လာဟ်အရှင်မြတ်ဟူ၍ မှတ်ယူခဲ့ကြသည်။

ယဟူဒီနှင့် နဆွဲရာနီများသည် မိမိတို့ထံ၌ ကောင်းကင်ကျကျမ်းဂန်များရှိသည်ဟု ပြောဆိုကြပါလျက် ထိုကျမ်းဂန်လာတရားဥပဒေများကို လိုက်နာကျင့်သုံးကြရမည့်အစား မိမိတို့၏ ဓမ္မဆရာများနှင့် ဘုန်းကြီးရဟန်းများ၏ စကားများကိုပင် ကျမ်းဂန်လာတရားဒေသနာတော်များဟူ၍ မှတ်ယူလိုက်နာ ကျင့်သုံးခဲ့ကြလေသည်။ (၀၎) ဓမ္မဆရာများနှင့် ဘုန်းကြီးရဟန်းများက တံစိုးလက်ဆောင်များယူ၍ မိမိတို့စိတ်လိုရာအတိုင်း ဟလာဟ်၊ ဟရာမ်ဟူ၍ အမှားမှား အယွင်းယွင်း သတ်မှတ်ပြဋ္ဌာန်းကြသည်များကိုပင် ကောင်းကင်ကျကျမ်းဂန်လာဒေသနာတော်များဖြစ်သည်ဟူ၍ ယင်းယဟူဒီ၊ နဆွဲရာနီများသည် လက်ခံနာယူခဲ့ကြသည်။ ယဟူဒီ၊ နဆွဲရာနီများ၏အပြုအမူသည် မုရိဂ်က်တို့၏ အပြုအမူနှင့် ထပ်တူထပ်မျှပင် ဖြစ်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် မုရိဂ်က်တို့၏ အကြီးအကဲများသည်လည်း မိမိတို့၏ စိတ်လိုရာအတိုင်း ဟလာလ်၊ ဟရာမ်ဟူ၍ဆိုကာ ဤသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြစ်သည်ဟု မဟုတ်မမှန် ပြောဆိုလေ့ရှိခဲ့ကြပေသည်။ ဤသည့် အကြောင်းကို ဤကဏ္ဍ အပိုဒ်(၆)တွင် အကျယ်အဝင့် မိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်တွင်လည်း တူညီချက်တရပ်ကို မိန့်ဆိုထားတော်မူသည်။ အရပ်လူမျိုးတို့၌ ရှေ့အတိတ်ခေတ်မှပင် လုပ်ရိုးလုပ်စဉ်တရပ် ရှိခဲ့ပေသည်။ ၎င်းတို့သည် (၁၂)လအနက် (၄)လကို 'အရှ်ဟ့ရ်ဟုရွန်မ်' ထွက်မြတ်သော လများဟူ၍ မှတ်ယူခဲ့ကြပေသည်။ ထိုလများမှာ ဇွလ်ကအ်ဒဟ်၊ ဇစ်လ်ဟစ်ဂ်ျ၊ မုဟ်ရ်ရမ်နှင့် ရဂျဗ်လများဖြစ်သည်။ ၎င်းတို့သည် ထိုလများတွင် သတ်ဖြတ်ခြင်း၊ သွေးထွက်သံယိုမှုပြုခြင်းများကို အထူးရှောင်ကြဉ်ခဲ့ကြပေသည်။ ဤလများတွင် ၎င်းတို့သည်ဟဂျ်၊ အွန်မ်ရဟ်နှင့် အရောင်းအဝယ် ကိစ္စများအတွက် အေးချမ်းစွာ ခရီးသွားလာလေ့ရှိခဲ့ကြပေသည်။ ဤလများတွင် မိမိတို့၏ဖခင်အား သတ်ဖြတ်သူကိုပင် လက်စားချေလေ့မရှိခဲ့ကြပေ။

ⓐ ဤအာယတ်တော်ကိုထောက်ရှုခြင်းအားဖြင့် အချိန်အခါမရွေး ရန်သူကာဖိရ်များနှင့်စစ်မက်ပြိုင်ဆိုင် ➤➤

إِنَّمَا النَّسِيٓءُ زِيَادَةٌ فِى
الْكُفْرِ يُضَلُّ بِهِ الَّذِينَ
كَفَرُوا يُحِلُّونَهُۥ عَامًا
وَيُحَرِّمُونَهُۥ عَامًا لِّيُوَاطِـُٔوا
عِدَّةَ مَا حَرَّمَ اللَّهُ فَيُحِلُّوا
مَا حَرَّمَ اللَّهُ ۚ زُيِّنَ لَهُمْ سُوٓءُ
أَعْمَـٰلِهِمْ ۗ وَاللَّهُ لَا يَهْدِى
الْقَوْمَ الْكَـٰفِرِينَ ﴿٣٧﴾

၃၇။ လများကိုရွှေ့ဆိုင်းခြင်းသည် 'ကုဖ်ရ်' သွေဖည်ခြင်းပယ်မှု၌ တိုးတက်ခြင်းသာဖြစ်၏။ ယင်း(ကဲ့သို့) ရွှေ့ဆိုင်းထားခြင်းအားဖြင့် 'ကာဖိရ်' မယုံကြည် သွေဖည်ခြင်းပယ်သောသူတို့သည် လမ်းမှားသို့ ရောက်စေခြင်းကို ခံကြရလေသည်။ ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်က 'ဟရာမ်' ဟူ၍ တားမြစ်တော်မူခဲ့သော (လများ၏)အရေအတွက်နှင့် ကိုက်ညီစေခြင်းငှာ ယင်း ရွှေ့ဆိုင်းထားသောလကို တနှစ် 'ဟလာလ်' ပြုလုပ်၍ နောက်တနှစ်တွင်မူ 'ဟရာမ်' ဟူ၍ ပြုလုပ်ကြလေသည်။ သို့အားဖြင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က 'ဟရာမ်' ဟူ၍ တားမြစ်တော်မူခဲ့သည့်(လ)ကို 'ဟလာလ်' ပြုကြကုန်သည်။ ၎င်းတို့၏မကောင်းမှုများသည် ၎င်းတို့(၏အမြင်)၌လှပတင့်တယ်စွာ ရှိနေကြချေပြီ၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် 'ကာဖိရ်' မယုံကြည် သွေဖည် ငြင်းပယ်သောသူတို့အား တရားလမ်းမှန်ကိုပြတော်မူသည်မဟုတ်ပေ။

يَـٰٓأَيُّهَا الَّذِينَ ءَامَنُوا مَا لَكُمْ
إِذَا قِيلَ لَكُمُ انفِرُوا فِى
سَبِيلِ اللَّهِ اثَّاقَلْتُمْ إِلَى
الْأَرْضِ ۚ أَرَضِيتُم بِالْحَيَوٰةِ

၃၈။ အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား 'အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ကြလေကုန်'ဟုပြောဆိုသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မြေကြီးဘက်သို့လေးလံစွာ ထိုင်နေကြကုန်သတည်း(၀၀) (လေးလံသွားကြသနည်း)။

➤➤ တိုက်ခိုက်ပိုင်ခွင့် ရှိကြောင်း သိရပေသည်။ (ရှေ့တွင် "တဗူးက်" စစ်ပွဲအကြောင်း ပါရှိသည်။ ထိုစစ်ပွဲသည် "ရဗျဲ" လတွင်ပင် ဖြစ်ပွားခဲ့သည်)။ အချင်းချင်း နှိပ်စက်ကလူပြုမှုခြင်းသည် အမြဲပင် အပြစ်ဖြစ်သည်။ ဤမြတ်နိုးအပ်သော လထူးများတွင်မူကား သာ၍ပင် အပြစ်ကြီးမားပေသည်။ ဤသည် အများ ပညာရှင်တို့၏ ယူဆချက်ပင် ဖြစ်သည်။ သို့ရာတွင် အကယ်၍ ကာဖိရ်များသည် ဤလများကို မြတ်နိုးကြလျှင် မွတ်စ်လင်မ်တို့အဖို့ ဤလများတွင် စတင်၍ စစ်မတိုက်ခြင်းသည် ပိုမိုသင့်မြတ်ပေသည်။

(ရှားဟ်အဗ်ဒုလ္လလ်ကာဒရ်။)

الدُّنْيَا مِنَ الْآخِرَةِ فَمَا مَتَاعُ الْحَيَوٰةِ الدُّنْيَا فِي الْآخِرَةِ إِلَّا قَلِيلٌ ﴿٣٨﴾

အသင်တို့သည် (ဤ)မျက်မှောက် လောကီဘဝ၏ (စည်းစိမ်ချမ်းသာများ)ကို နောင်တမလွန်ဘဝ၏ (စည်းစိမ်ချမ်းသာများ)ထက် နှစ်သက်ကြလေပြီလော။ သို့ဖြစ်ပါမူ (ဤ)ပစ္စက္ခမျက်မှောက်ဘဝ၏စည်းစိမ်ချမ်းသာသည် နောင်တမလွန်ဘဝ၏ (စည်းစိမ်ချမ်းသာ)နှင့် နှိုင်းလျှင် အနည်းငယ်မျှသာ ဖြစ်ကြောင်း၊ (အသင်တို့သည် ကောင်းစွာမှတ်ယူကြလေကုန်)။ [၁]

---

① **က။ 'တဗူးက်စစ်ပွဲ'**

ဤအာယတ်တော်များတွင် 'တဗူးက်' စစ်ပွဲကို ရည်ညွှန်းထားတော်မူသည်။ ဟစ်ဂျ်ရီသက္ကရာဇ်(၉)ခုနှစ်၊ ရဂျဗလ၊ ခရစ်သက္ကရာဇ် (၆၂၀)ခုနှစ်တွင် 'တဗူးက်' စစ်ပွဲဖြစ်ပွားခဲ့၏။ 'တဗူးက်' သည် မဒီနာမြို့၏မြောက်ဘက် 'ရှမ်' ခေါ် ဆီရိယပြည်၏ နယ်စပ်ဒေသတွင် မဒီနာမြို့မှ (Kilometre) ကီလိုမီတာ (၆၁၀)အကွာ၌ တည်ရှိသည်။ ထိုအချိန်တွင် ဆီရိယပြည်သည် ရိုမင်အင်ပါယာ၏ လက်အောက်တွင် ပြည်နယ်တခုဖြစ်ရှိနေခဲ့၏။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် 'ဟိုနိုင်န်' စစ်ပွဲအောင်နိုင်ပြီး မဒီနာမြို့သို့ပြန်လည်ရောက်ရှိလာတော်မူသည့်အခါ 'မစ်ဟီ' စစ်တပ်များသည် 'တဗူးက်' တွင် စုရုံးနေကြကြောင်း၊ မကြာမီအတွင်း မဒီနာမြို့ကို တိုက်ခိုက်ကြမည်ဖြစ်ကြောင်း သတင်းရရှိတော်မူလေသည်။ ထိုအခါ တမန်တော်မြတ် သည် မိမိကိုယ်တိုင် ထိုးစစ်ဆင်နွှဲလိုတော်မူသည့်အတွက် မွတ်စ်လင်မ်စစ်သည် (၃၀၀၀၀)သုံးသောင်းကို ခေါ်ဆောင်၍ ချီတက်သွားတော်မူခဲ့လေသည်။

ယခုတကြိမ် စစ်ပွဲသည် ယခင်စစ်ပွဲများနှင့် မတူချေ။ အဘယ်ကြောင့်ဆိုသော် ပြိုင်ဆိုင်တိုက်ခိုက်ရမည့် ရန်သူစစ်သားများသည် ရိုးရိုးသာမန် အရပ်သားအုပ်စုများမဟုတ်၊ စနစ်တကျ ဖွဲ့စည်းထားသည့် စစ်မှုရေးရာကျွမ်းကျင်သည့် ဘုရင့်စစ်သည်တော်များ ဖြစ်ကြသည်။ ရာသီဥတုမှာလည်း အလွန်တရာ ပူပြင်းလှသည်။ အသီးအနှံများ ရင့်မှည့်မည့်ဆဲဆဲအချိန်၊ ကောက်ပဲသီးနှံများ ရိတ်သိမ်းအံ့ဆဲဆဲ အချိန်လည်းဖြစ်နေသည်။ ချီတက်သွားရမည့် ခရီးမှာလည်း အလွန်တရာမျှ ကမ်းလှမ်းဝေးကွာလေသည်။ ထို့အတွက်ကြောင့် အချို့မွတ်စ်လင်မ်များသည် လူသဘာဝအလျောက် ယင်းစစ်ပွဲကို ချီတက်ဆင်နွှဲရန် လေးဖင့်ခဲ့ကြသည်။ ယင်းသို့သော အချိန်တွင် မုနာဖစ်ဂ်များသည် မွတ်စ်လင်မ်များအား အဘက်ဘက်မှ စိတ်ဓာတ်ပျက်ပြားစေခဲ့ကြလေသည်။ နည်းပရိယာယ် အမျိုးမျိုးသုံးခဲ့ကြလေသည်။

မွတ်စ်လင်မ် စစ်သည်တော်များ အင်အားကြီးမားစွာဖြင့် ယင်းကဲ့သို့ ချီတက်လာနေကြသည့် သတင်းကို မစီဟီစစ်သည်များ သိရှိသောအခါ စိတ်ဓာတ်ကျဆင်းကာ ရင်မဆိုင်ဝံ့ခဲ့ကြပေ။ မွတ်စ်လင်မ်စစ်သည်များသည် စစ်မြေပြင်တွင် အချိန်အတန်ကြာသည်အထိ စောင့်ဆိုင်းနေခဲ့ကြလေသည်။ သို့ရာတွင် နောက်ဆုံး၌ ရန်သူတဦးတယောက်မျှ မထွက်ပေါ်လာခဲ့သည့်အတွက် စစ်ပွဲမဖြစ်ပွားပဲ အေးချမ်းစွာ မဒီနာမြို့သို့ ပြန်လာခဲ့ကြပေသည်။

မာဂျိဒီ။ အ-၂။ စ-၄၀၄။ အအ-၇၂။

إِلَّا تَنفِرُوا يُعَذِّبْكُمْ عَذَابًا أَلِيمًا وَيَسْتَبْدِلْ قَوْمًا غَيْرَكُمْ وَلَا تَضُرُّوهُ شَيْئًا ۗ وَاللَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٣٩﴾

၃၉။ အကယ်၍ အသင်တို့သည် (အလွှာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန်) မထွက်ကြပါလျှင်၊ ထိုအရှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို ပေးတော်မူအံ့။ ထိုမှတပါးလည်း ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုးတမျိုးကို လဲလှယ်(ဖန်ဆင်း)တော်မူအံ့၊[၁] ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်အား အနည်းငယ် စိုးစဉ်းမျှလည်း အကျိုးယုတ် စေနိုင်ကြမည် မဟုတ်ပေ။ စင်စစ်သော်ကား အလွှာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း။

إِلَّا تَنصُرُوهُ فَقَدْ نَصَرَهُ اللَّهُ إِذْ أَخْرَجَهُ الَّذِينَ كَفَرُوا ثَانِيَ اثْنَيْنِ إِذْ هُمَا فِي الْغَارِ إِذْ يَقُولُ لِصَاحِبِهِ لَا تَحْزَنْ إِنَّ اللَّهَ مَعَنَا ۖ فَأَنزَلَ اللَّهُ سَكِينَتَهُ عَلَيْهِ

၄၀။ အကယ်၍အသင်တို့သည် ထို(နဗီတမန်တော်) အားမကူညီမယိုင်းပင်းကြပါလျှင် မုချဧကန်အလွှာဟ် အရှင်မြတ်သည် ထို(နဗီတမန်တော်)ကို "ကာဖိရ်" မယုံမကြည်သွေဖည်ငြင်းပယ်သောသူများကငင်းအား (မက္ကာမြို့မှ) နှင်ထုတ်ကြစဉ်ငင်း(နဗီတမန်တော်) သည် နှစ်ယောက်အနက် ဒုတိယဖြစ်ခဲ့စဉ် ငင်းတို့နှစ်ဦးဂူထဲ၌ရှိနေကြစဉ် ထိုတမန်တော်က မိမိအဖော်အား "အသင်မပူပါလေနှင့်၊ မုချဧကန် အလွှာဟ် အရှင်မြတ်သည်ငါတို့နှင့်အတူရှိတော်မူသည်" [၂] ဟု ပြောဆို၍ရှိနေစဉ် ကူညီမိုင်းမတော်မူခဲ့လေသည်။

---

① (၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုးတမျိုးကို လဲလှယ်ဖန်ဆင်းတော်မူအံ့) (ဝါ) ထိုအရှင်မြတ်သည် မိမိ၏သာသနာတော်ကို တည်ထောင်တော်မူရန်နှင့် မိမိ၏တမန်တော်အား ကူညီထောက်ပံ့တော်မူရန်အတွက် (အသင်တို့အစား) အခြားလူမျိုးတမျိုးကို လဲလှယ်ဖန်ဆင်းတော်မူမည်။ ဤအာယတ်တော်နှင့် အလားတူပင် ကုရ်အာန်ကျမ်းမြတ်(၄၇း၃၈)တွင် "အကယ်၍ အသင်တို့သည် ကျောခိုင်းကြလျှင် ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုးတမျိုးကို လဲလှယ်ဖန်ဆင်းတော်မူမည်ဖြစ်သည်။ ထိုလူမျိုးတို့သည် အသင်တို့ကဲ့သို့ ဖြစ်ကြလိမ့်မည် မဟုတ်ပေ။" ဟု မိန့်ဆိုထားတော်မူသည်။

အစ်ဗ်နုကဆီရ်။ အ-၂။ စ-၃၅၈။ ➤➤

➤➤ ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် တိုင်းပြည်အဝှန်း စစ်ချီတက်ရန် တပ်လှန့်ကြော်ငြာလိုက်သည့်အခါ၊ တိုင်းသူပြည်သား အားလုံးတို့အပေါ် စစ်ချီထွက်ရန်မှာ မုချတာဝန်ဖြစ်ကြောင်း သိရှိရပေမည်။ ဂျဆွ်ဆွာဆွ်။

Ⓙ အကယ်၍သာ မွတ်စ်လင်မ်များသည် တမန်တော်မြတ်အား မကူညီခဲ့ကြလျှင်လည်း အရေးမကြီးပေ။ တမန်တော်မြတ်၏ အောင်မြင်မှုသည် မွတ်စ်လင်မ်များ၏ အားပေးကူညီမှုအပေါ်၌လည်း မတည်ရှိပေ။ အလ္လာဟ်အရှင်မြတ်၏ အားပေးကူညီမှုသည်သာလျှင် အဓိကဖြစ်ချေသည်။

<u>တမန်တော်မြတ် ဟစ်ဂျ်ရတ် ပြုရာတွင် အလ္လာဟ်အရှင်မြတ် ကူညီတော်မူခဲ့ပုံ</u>

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အပေါ်သို့ ဘေးအန္တရာယ်ကြီးများလှသည့် အချိန်တချိန် ဆိုက်ရောက်ခဲ့ဖူး၏။ တမန်တော်မြတ်သည် လိုဏ်ဂူတခုတွင် ပုန်းအောင်း၍ နေခဲ့ရ၏။ ထိုအချိန်တွင် တမန်တော်မြတ်နှင့်အတူ မိတ်ဆွေတဦးမှအပ အခြား အခွေအရံတဦးတယောက်မျှ မရှိခဲ့ပေ။ အချို့မွတ်စ်လင်မ်များသည်လည်း မက္ကာမြို့သား ကာဖိရ်များ၏ ညှဉ်းပန်းမှုများကြောင့် "ဟစ်ဂျ်ရတ်" အရပ်တပါးသို့ ရွှေ့ပြောင်းခဲ့ကြပြီးဖြစ်၏။ နောက်ဆုံးတွင် တမန်တော်မြတ်ကိုယ်တော်တိုင်အား ဟစ်ဂျ်ရတ်ပြုလုပ်ရန် အမိန့်တော် ကျရောက်လာခဲ့လေသည်။

မက္ကာမြို့သား ကာဖိရ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား လုပ်ကြံသတ်ဖြတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြ၏။ လုပ်ကြံနိုင်ရန်အတွက် အကြံဉာဏ်အမျိုးမျိုးထုတ်ခဲ့ကြ၏။ နောက်ဆုံးအများသဘောတူ အတည်ပြုခဲ့ကြသည့် အကြံဉာဏ်နှင့် အဆုံးအဖြတ်မှာ ...

ကာဖိရ်၊ မုရ်ရစ်က် အုပ်စု အသီးသီးမှ လူရွယ်တဦးစီ ရွေးချယ်ရန်၊

ထိုလူရွယ်အားလုံးတို့သည် စုရုံးကာ တချိန်တည်း တမန်တော်မြတ်အား လုပ်ကြံရန်။

ယင်းသို့ အုပ်စုအသီးသီးမှ လူရွယ်များပါဝင်ပြီး တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်လိုက်ခြင်းအားဖြင့်၊ အသက်ဖိုးလျော်ကြေးပေးရသော် လျော်ကြေးသည် အုပ်စုအသီးသီးအပေါ်သို့ အချိုးကျ သက်ရောက်သွားပေမည်။

ဤသို့ပြုလုပ်ခြင်းအားဖြင့် တမန်တော်မြတ်၏ မျိုးနွယ်အုပ်စုဖြစ်သည့် ဟာရှင်မ်မျိုးနွယ်ဝင်များသည် အရှင်တမျိုးသားလုံးနှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်မည်လည်း မဟုတ်ပေ။

ယင်းသို့ ဆွေးနွေးဆုံးဖြတ်ကြပြီးနောက် တမန်တော်မြတ်အား ကာယကံမြောက် လုပ်ကြံရန် ကြံရွယ်ထားသော ညဉ့်တွင် တမန်တော်မြတ်သည် သာဝကကြီးအလီ(ရသွေ့ယလ္လာဟု တအာလာအန်ဟု)သခင်အား မိမိ၏အိပ်ရာတွင် အိပ်ရန် ပြောကြားတော်မူ၏။ မိမိထံ လူအများယုံကြည်ကာ အပ်ထားကြသော ပစ္စည်းများကို သက်ဆိုင်ရာပစ္စည်းရှင်တို့အား သွားရောက်အပ်နှင်းရန် မှာကြားတော်မူ၏။ တမန်တော်မြတ်က သာဝကကြီး အလီသခင်အား "ရန်သူများသည် အသင့်အား အနည်းငယ် စိုးစဉ်းမျှပင် ဒုက္ခပေးနိုင်ကြမည်မဟုတ်" ကြောင်း နှစ်သိမ့်စကား ပြောကြားတော်မူ၏။ ထို့နောက် တမန်တော်မြတ်သည် ရန်သူများအကြားမှပင် "ရှာဟတိလ် ဝုဂျူဟ်" "မျက်နှာများ မကောင်းဖြစ်ပါစေ" ဟု ဆိုကာ ထွက်လာတော်မူခဲ့၏။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ယင်းသို့ ရန်သူများစပ်ကြားမှ လွတ်မြောက်လာပြီး သာဝကကြီး အဗူဗတ်က်ရ်(ရသွေ့ယလ္လာဟို တအာလာအန်ဟု)သခင်အား မိမိနှင့်အတူ ခေါ်ဆောင်၍ မက္ကာမြို့နှင့် မိုင်အနည်းငယ်အကွာတွင် တည်ရှိသော "ဆောင်ရ်" အမည်ရှိသော လိုဏ်ဂူသို့ ပုံးအောင်းရန် ကြွတော်မူ၏။ ဤလိုဏ်ဂူသည် တောင်ပေါ်တွင် အခေါင်းပါသော ကျောက်ဆောင်တခုပင်ဖြစ်၏။ ➤➤

➤➤ ထိုလိုဏ်ဂူတွင် ဝင်ရန်အပေါက်မှာလည်း တပေါက်သာရှိသည်။ ထိုဝင်ပေါက်မှာလည်း အလွန်မျှပင် ကျဉ်းမြောင်း၏။ ထိုအပေါက်မှ လူတယောက်သည် မတ်တတ်ရပ်၍သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း၊ မဝင်နိုင်ပေ။ လဲလျောင်း၍သာ ဝင်နိုင်ပေသည်။

သာဝကကြီး အဗူဇတ်က်ရ်သခင်သည် ထိုလိုဏ်ဂူအတွင်းသို့ ပထမဝင်၍ သန့်ရှင်း၏။ လိုဏ်ဂူတွင် ရှိသောတွင်းများမှ ပိုးမွှားတိရစ္ဆာန်များက ဒုက္ခမပေးနိုင်ရန်အတွက် အဝတ်များဖြင့် ပိတ်ဆို့၏။ နောက်ဆုံးတွင် တွင်းတခုပိတ်ရန် ကျန်ရှိနေရာ ထိုတွင်းကို မိမိခြေထောက်ဖြင့် ပိတ်ထားလိုက်၏။ လိုဏ်ဂူအတွင်း သန့်ရှင်း၍ စနစ်တကျ ပြုလုပ်ပြီးသောအခါ၊ သာဝကကြီး အဗူဇတ်က်ရ်သည် တမန်တော်မြတ်အား အတွင်းသို့ကြွတော်မူရန် မေတ္တာရပ်ခံလေသည်။ တမန်တော်မြတ်သည် သာဝကကြီး အဗူဇတ်က်ရ်သခင်၏ပေါင်ပေါ်တွင် ဦးခေါင်းချကာ အိပ်စက်လျက် ရှိတော်မူစဉ် မြွေတကောင်သည် သာဝကကြီး အဗူဇတ်က်ရ်၏ ခြေထောက်ကို ကိုက်ခဲလိုက်လေသည်။ ယင်းသို့ မြွေအကိုက်ခံလိုက်ရသော်လည်း သာဝကကြီး အဗူဇတ်က်ရ်သခင်သည် တမန်တော်မြတ် အိပ်စက်နေတော်မူရာမှ နိုးသွားတော်မူမည် စိုးရိမ်သဖြင့်၊ မိမိ၏ ခြေထောက်ကို မလှုပ်ရှားခဲ့ပေ။ အတန်ကြာသော် တမန်တော်မြတ်သည် အိပ်စက်ရာမှနိုးလာ၍ အကျိုးအကြောင်းသိတော်မူသောအခါ၊ မိမိတံတွေးဖြင့် မြွေကိုက်ခဲရာ နေရာကို၊ သုတ်လိမ်းပေးတော်မူလိုက်ရာ တခဏချင်းအတွင်းမှာပင် သက်သာခွင့်ရရှိသွားလေသည်။

ယင်းသို့ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မက္ကာမြို့မှ ထွက်သွားတော်မူသည့်အခါ၊ မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်က်များသည် "ကာအစ်ဗ်" Tracker ခြေရာခံ၍လိုက်လံသူ တဦးကိုခေါ်ဆောင်၍ ခြေရာခံကာ တမန်တော်မြတ်အား လိုက်လံရှာဖွေရန် ထွက်လာခဲ့ကြ၏။ "ကာအစ်ဗ်" သည် ခြေရာကြည့်ပြီး လိုက်လာခဲ့ရာ "ဆောင်ရ်" လိုဏ်ဂူအထိ ခြေရာရှိနေသည်ကို ပြသခဲ့၏။ သို့သော် အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးတော်ဖြင့် ထိုခဏမှာပင် ပင့်ကူကောင်တကောင်ကို လိုဏ်ဂူအပေါက်ဝ၌ အိမ်လုပ်စေတော်မူလိုက်၏။ တောခိုတကောင်ကိုလည်း လိုဏ်ဂူအပေါက်ဝမှာပင် ဥထားစေတော်မူလိုက်၏။ တမန်တော်မြတ်အား လိုက်လံရှာဖွေနေကြသော ကာဖိရ်ရန်သူများသည် လိုဏ်ဂူအပေါက်ဝတွင် ပင့်ကူအိမ်နှင့် ခိုဥကို တွေ့မြင်ကြသောအခါ၊ မိမိတို့ ခြေရာပြသည့် ကာအစ်ဗ်အား မုသားလိမ်လည်ပြသည်ဟူ၍လည်းကောင်း၊ "ဤပင့်ကူအိမ်သည် (တမန်တော်မြတ်) မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မဖွားမြင်မီ အလျင်ကပင် ရှိသည်ဟု ထင်မြင်ရသည်ဟူ၍ လည်းကောင်း၊ "အကယ်၍ ဤလိုဏ်ဂူအတွင်းသို့ တဦးတယောက်ဝင်သည်ရှိသော်၊ ဤပင့်ကူအိမ်နှင့် ဤဥများသည် အသို့လျှင် အခြေမပျက် ဤသို့ရှိနိုင်မည်နည်းဟူ၍လည်းကောင်း၊ ပြောဆိုကြလေသည်။

ထိုအချိန်တွင် သာဝကကြီး အဗူဇတ်က်ရ်သည် လိုဏ်ဂူအတွင်းမှ ရန်သူများ၏ ခြေထောက်များကို တွေ့မြင်နေရ၏။ သာဝကကြီးသည် တမန်တော်မြတ်အား မိမိ၏အသက်ထက် ချစ်မြတ်နိုး၏။ တမန်တော်မြတ် အတွက် မိမိ၏ဥစ္စာပစ္စည်းအားလုံးကိုလည်း စွန့်လွှတ်ပြီးဖြစ်၏။ ထို့အတွက်ကြောင့် တမန်တော်မြတ်အား ရန်သူများ တွေ့မြင်သွားကြမည်ကို အလွန်စိုးရိမ်ပူပန်ကာ တမန်တော်မြတ်အား "အို–အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊ အကယ်၍များ ရန်သူများသည် အနည်းငယ် ငုံ့လျှိုး၍ ကြည့်လိုက်လျှင် ကျွန်တော်များကို တွေ့မြင်သွားကြပါလိမ့်မည်" ဟု ပြောကြားလေသည်။

ထိုအခါ တမန်တော်မြတ်က "အို–အဗူဇတ်က်ရ်၊ အကြင်သူနှစ်ဦးနှင့် ပတ်သက်၍ အသင်၏ ထင်မြင်ချက်ကား အသို့ပါနည်း။ ထိုသူနှစ်ဦးနှင့်အတူ တတိယမှာ အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်" ဟု ပြန်လည်ဖြေကြားတော်မူ၏။ ဆိုလိုသည်ကား "အလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့် အတူတကွ ရှိတော်မူပေရာ အဘယ်တစုံတရာကိုမျှ စိုးရိမ်ကြောက်ရွံ့ရန်မလို" ဟူ၍ ဆိုလိုခြင်းပင်။ ➤➤

وَأَيَّدَهُۥ بِجُنُودٍ لَّمْ تَرَوْهَا وَجَعَلَ كَلِمَةَ ٱلَّذِينَ كَفَرُوا۟ ٱلسُّفْلَىٰ ۗ وَكَلِمَةُ ٱللَّهِ هِىَ ٱلْعُلْيَا ۗ وَٱللَّهُ عَزِيزٌ حَكِيمٌ ﴿٤٠﴾

ထိုအချိန်အခါဝယ် အလ္လာဟ်အရှင်မြတ်သည် မိမိထံတော်မှ(စိတ်)တည်ငြိမ်မှုကို ၎င်း(နဗီတမန်တော်)၏အပေါ်၌ချပေးသနားတော်မူခဲ့၏။ ထိုမှတပါး လည်း ၎င်း(နဗီတမန်တော်)အား အသင်တို့မမြင်ခဲ့ကြရသော စစ်သည်ဗိုလ်ခြေများဖြင့် ကူညီအားပေးထောက်မတော်မူခဲ့လေ၏။ ထို့ပြင် ထိုအရှင်မြတ်သည် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့၏စကား ကို နိမ့်ကျစေတော်မူခဲ့လေ၏။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်၏ စကားတော်မှာမူကား အမြင့်ဆုံး အထက်ဆုံးဖြစ်ခဲ့ချေသည်။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် အလွန်တန်ခိုးကြီးမားတော်မူသော အရှင်၊ နက်နဲသိမ်မွေ့သော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်။

➤➤ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၏ စိတ်နှလုံးသားအပေါ်သို့ မိမိ၏ထံတော်မှ စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူလိုက်လေသည်။ တမန်တော်မြတ်အား အကြောင်းပြု၍ သာဝကကြီး အဗူဗတ်က်ရ်သခင်၏ စိတ်နှလုံးသားအပေါ်သို့လည်း စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူလိုက်လေသည်။ ထို့ပြင်တဝ လူသားတို့မမြင်နိုင်သော ကောင်းကင်တမန်စစ်သည်တော်များဖြင့်လည်း တမန်တော်မြတ်အား ကူညီထောက်မတော်မူလိုက်လေသည်။ ဤဖြစ်ရပ်များတွင် ပင့်ကူအိမ်၊ ခိုဥစသည်များသည် မျက်ကွယ်မှ အလ္လာဟ်အရှင်မြတ်၏ အကူအညီ အထောက်အမ၏ အကျိုးတရပ်ပင်ဖြစ်သည်။ ပင့်ကူအိမ်သည် အိုးအိမ်များတွင် မခိုင်လုံဆုံးသော အချိန်နဲ့ နံချာဆုံးသောအိမ်ပင် ဖြစ်ပေသည်။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် ထိုမခိုင်လုံဆုံးသော ချည်နဲ့ နံချာဆုံးသော ပင့်ကူအိမ်သည်ပင်လျှင် ကြီးကျယ် ခန့်ညားသော ရဲတိုက်ကြီးများထက် သာလွန်သော ရဲတိုက်ကြီး ဖြစ်သွားခဲ့လေသည်။ ဤသို့နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်၊ မုရ်ရစ်က်တို့၏ စကားများကို နိမ့်ကျစေတော်မူခဲ့၏။ ၎င်းတို့၏ အကြံအစည်များကိုလည်း အချည်းနှီး ဖြစ်စေတော်မူခဲ့၏။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဆိုပါလိုဏ်ဂူတွင် သုံးရက်တိုင်တိုင် ရပ်နားတော်မူပြီးနောက် မဒီနာမြို့သို့ ကောင်းမွန်စွာ ရောက်ရှိသွားတော်မူခဲ့လေသည်။ နောက်ဆုံးတွင် အလ္လာဟ် အရှင်မြတ်၏အလိုတော်သည်သာလျှင် အမြဲတစေ အောင်မြင်သည်သာ ဖြစ်ပေသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို လွှမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်သည် "ဟစ်ကမတ်" တည်းဟူသော ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသောအရှင်လည်း ဖြစ်တော်မူ၏။ ထိုအရှင်မြတ် ပြုတော်မူသမျှသော အမှုကိစ္စဟူဟူသမျှတို့သည် "ဟစ်ကမတ်" နှင့် ကင်းမဲ့သည်ဟူ၍ အလျှင်းမရှိပြီ။

ဟစ်ဂျ်ရတ် ➤➤

➤➤ **(ဟစ်ဂျ်ရီသက္ကရာဇ် ၁-ခုနှစ်)**

ထိုခေတ် ထိုအခါတွင် တရားမှန်ကို ဟောပြောခြင်း၏အကျိုးမှာ ဓားပင်ဖြစ်ခဲ့၏။ (ရန်သူတို့၏ ဓားသံများသည် တည်ညံ ဖြစ်လျက်ရှိခဲ့၏) ထိုအချိန်တွင် ကမ္ဘာအဝန်းကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ဒါရုလ်အမာန် (The House of Safety) ဟေးကင်းရာဌာနဖြစ်သည့် မဒီနာမြို့သို့ မွတ်စ်လင်မ်တို့အား ရွှေ့ပြောင်းနေထိုင်ရန် အမိန့်ပေးတော်မူလေသည်။ (ထိုအမိန့်တော်အရ မြောက်မြားစွာသော မွတ်စ်လင်မ်များသည် မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်း၍သွားခဲ့ကြလေပြီ)။ သို့ရာတွင် တမန်တော်မြတ်မိုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ရန်သူများ၏ အဓိကရန်ငြိုးထားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်တော်မူသော်လည်း ထိုအချိန်အထိ အလ္လာဟ်အရှင်မြတ်အထံတော်မှ ရွှေ့ပြောင်းထွက်ခွာသွားခွင့် မရသေးသဖြင့် အမိန့်တော်ကိုသာ စောင့်မျှော်လျက်ပင် ရှိတော်မူခဲ့ရ၏။

မက္ကာမြို့တော်အပြင်၌ ရှိကြသော အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ပြီးဖြစ်သော တန်ခိုးအာဏာရှိသောမွတ်စ်လင်မ်များက တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အသက်သေခံ၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြပါမည့်အကြောင်း မေတ္တာရပ်ခံခဲ့ကြလေသည်။ ဒေါက်စ် မျိုးနွယ်ဝင်များထံတွင် ခိုင်ခန့်သော ခံတပ်တခုရှိ၏။ ထိုမျိုးနွယ်၏ခေါင်းဆောင်ဖြစ်သူ တုဖိုင်လ်အစ်ဗ်နှိ့အမရ်သည် တမန်တော်မြတ်အား ရွှေ့ပြောင်းနေထိုင်တော်မူရန် အဆိုပါခံတပ်ကို ပေးအပ်ခဲ့၏။ တမန်တော်မြတ်ကမူ လက်ခံတော်မမူခဲ့။ ထို့အတူ ဟမ်ဒါန် မျိုးနွယ်ဝင်များအနက် ပုဂ္ဂိုလ်တဦးကလည်း တမန်တော်မြတ်အား မေတ္တာရပ်ခံခဲ့၏။ သို့ရာတွင် ယင်းကိစ္စအဝဝကို စီမံဖန်တီးတော်မူသော အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ထိန်းသိမ်း စောင့်ရှောက်ရန် အခွင့်အရေးကို အန်ဆွာရ်များအား ချီးမြှင့်တော်မူလိုက်လေသည်။

တမန်တော်မြတ်သည် ဟစ်ဂျ်ရတ်မပြုလုပ်မီအလျင် အိပ်မက်မြင်မက်တော်မူသည်မှာ ဒါရုလ်ဟစ်ဂျ်ရတ် ရွှေ့ပြောင်းနေထိုင်ရာဌာနသည် ဥယျာဉ်ပန်းမာလာ စိုပြည်သောဌာနဖြစ်သည်။

ထိုဌာနသည် ယမာမဟ်မြို့ သို့မဟုတ် ဟစ်ဂျ်ရ်မြို့ ဖြစ်မည်ဟူ၍ ထင်မှတ်တော်မူခဲ့၏။ သို့ရာတွင် ရွှေ့ပြောင်းရာဌာနမှာ မဒီနာမြို့ပင် ဖြစ်နေပေသည်။

နဗဝီသက္ကရာဇ် (၁၃)နှစ်စေ့ပြီ၊ များစွာသော ဆွဟာဗဟ် သာဝကကြီးများသည်လည်း မဒီနာမြို့ကို ရွှေ့ပြောင်းသွားကြပေပြီ။ ထိုအခါတွင်မှ အလ္လာဟ်အရှင်မြတ်အထံတော်မှ တမန်တော်မြတ်ထံ မဒီနာမြို့သို့ ပြောင်းနေထိုင်ရန် အမိန့်တော်ကျရောက်လာခဲ့ပေသည်။

ထိုအမိန့်တော်အရ တမန်တော်မြတ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ရန် စိတ်ပိုင်းဖြတ်တော်မူလိုက်လေသည်။ ဤအကြောင်းသည် စိတ်နှလုံးကို အထူးထိခိုက်စေ၏။ ထို့အတွက်ကြောင့် အကျဉ်းသနေ့ပကို အထူးနှစ်ခြိုက်သော အေ့မာမ်ဗုခါရီ သခင်ကပင် ဤအကြောင်းကို အကျယ်ချဲ့၍ ရေးသားဖော်ပြထားသည်။ အထူးသဖြင့် ဤအကြောင်းကို အာအေရှဟ် (ရသွေ့.ယလ္လာဟု တအာလာအန်ဟာ)သခင်မ၏ ကိုယ်တိုင် ပြောဆိုချက်မှ ရေးသားဖော်ပြထားသည်။ တမန်တော်မြတ် ဟစ်ဂျ်ရတ်ပြုလုပ်တော်မူသည့်အချိန်တွင် အာအေရှဟ် သခင်မ၏အသက်မှာ အတော်ပင်ငယ်သေး၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အာအေရှဟ်သခင်မ၏ ပြောပြချက်သည် အမှန်အားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင်၏ ပြောပြချက်၊ အဗူဗတ်ဂ်ရ် (ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သခင်၏ ပြောပြချက်ပင်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အာအေရှဟ်သခင်မသည် ဤအကြောင်းကို ထိုပုဂ္ဂိုလ်မွန်တို့ထံမှ ကြားသိရ၍သာ ပြောပြနိုင်ခြင်းဖြစ်ပေမည်။ ၎င်းပြင် ဤအကြောင်း၏ အစပိုင်းတွင် အာအေရှဟ်သခင်မသည် မိမိကိုယ်တိုင်လည်း ရှိခဲ့ပေသည်။ ➤➤

➤➤ မွတ်စ်လင်မ်များသည် မဒီနာမြို့သို့ သွားရောက်၍ အခြေစိုက်လျက်ရှိကြ၏။ အစ္စလာမ် သာသနာသည်လည်း ပျံ့နှံ့တိုးပွားလျက်ရှိ၏။ ဤသည့်အချက်ကို ကိုရိုက်ရှမျိုးနွယ်ဝင်များ သိကြသောအခါ "ဒါရွန်နဒ်ဝဟ်" (The Hall of Convocation) အစည်းအဝေး ပြုလုပ်ရာဌာနတွင် လူထု အစည်းအဝေးကြီးတရပ် ကျင်းပ၏။ ထိုအစည်းအဝေးသို့ မျိုးနွယ်အုပ်စုတိုင်းမှ ခေါင်းဆောင်များဖြစ်သော အွတ္တဗတ်၊ အဗူစုဖ်ယာန်၊ ဂျို့ဗိုင်ရ်အစ်ဗ်နို့ မွတ်အင်မ်၊ နဿရ်အစ်ဗ်နို့ ဟာရစ်ဆ် အစ်ဗ်နေ့ကလဒဟ်၊ အဗုလ်ဗခ်တရီ၊ အစ်ဗ်နို့ဟေ့ရှာမ်၊ ဇမ်အဟ် အစ်ဗ်နို့အတ်စ်ဝါဒ်၊ အစ်ဗ်နေ့မွတ္တလစ်ဗ်၊ ဟာကီမ်အစ်ဗ်ကီနို့ဟေ့ဇာမ်၊ အဗူဂျဟ်လ၊ နို့ဗိုင်ဟ်၊ မို့နဗ်ဗစ်ဟ်၊ အို့မိုင်ယဟ်အစ်ဗ် နို့ခလ်ဖ် . . . အစရှိသည့် ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ကြ၏။ ထိုအစည်းအဝေးတွင် မွတ်စ်လင်မ်တို့၏အရေး၊ အထူးသဖြင့် တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏အရေးကို အဓိကထား၍ စဉ်းစားဆွေးနွေး တိုင်ပင်ကြ၏။

အချို့က '(တမန်တော်မြတ်) မုဟမ္မဒ်၏ ခြေထောက်တွင် သံခြေကျင်းခတ်၍ အိမ်တအိမ်တွင် ချုပ်နှောင်ထားရမည်' ဟူ၍အကြံပေး၏။ အချို့က '(တမန်တော်မြတ်)မုဟမ္မဒ်အား ပြည်နှင်ဒဏ်ပေးခြင်းသည် လုံလောက်သည်' ဟူ၍ အကြံပေး၏။ အဗူဂျဟ်လ်က "မျိုးနွယ်အုပ်စုတိုင်းမှ လူတယောက်စီ ရွေးချယ်ရမည်။ ၎င်းနောက် ထိုအရွေးချယ်ခံရသော လူအားလုံးတို့သည် စုပေါင်း၍ (တမန်တော်မြတ် မုဟမ္မဒ်ကို ဓားများဖြင့် တကြိမ်တည်း သုတ်သင်ကြရမည်၊ ဤသို့ပြုလုပ်ခြင်းအားဖြင့် (တမန်တော်မြတ် မုဟမ္မဒ်၏အသက်ဖိုးကို မျိုးနွယ်အုပ်စု အားလုံးက ဝေပုံကျခံရမေမည်။ ထိုအခါ ဟာရှင်မ်၏မျိုးနွယ်အုပ်စု တခုတည်းသည် ဤကျန်မျိုးနွယ် အားလုံးနှင့် ပြိုင်ဆိုင်နိုင်မည်မဟုတ်" ဟုအကြံပေးလေသည်။ အစည်းအဝေးသို့ တက်ရောက်ကြသောသူ အားလုံးတို့သည် အဗူဂျဟ်လ်၏ အကြံပေးချက်ကို တညီတညွတ်တည်း လက်ခံသဘောတူလိုက်ကြသည်။

ယင်းသို့ လက်ခံ သဘောတူလိုက်ကြသည်နှင့်တပြိုင်နက် တာဝန်ပေးခြင်းခံရသူများသည် လျင်မြန်စွာ တမန်တော်မြတ်၏နေအိမ်ကို ဝိုင်းထားလိုက်ကြလေသည်။ အရဗ်လူမျိုးတို့သည် အမျိုးသမီးရှိသော အိမ်များအတွင်းသို့ ဝင်ခြင်းကို မကောင်းဟု ထင်မှတ်ကြသည်။ မနှစ်ခြိုက်ကြပေ။ ထို့အတွက်ကြောင့်ပင် ထိုသူများသည် တမန်တော်မြတ်၏နေအိမ်၏ အပြင်ဘက်၌ပင် စောင့်ဆိုင်းကာ တမန်တော်မြတ် အိမ်ပြင်သို့ ထွက်တော်မူလာလျှင် မိမိတို့၏တာဝန်အရ တမန်တော်မြတ်အား အပြီး သုတ်သင်ကြရန် အသင့်ရှိနေကြသည်။

ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား အလွန်တရာမှ မုန်းတီးနေကြသော်လည်း တမန်တော်မြတ်၏ အမာနတ် သစ္စာသမာဓိကိုမူ အထူး ယုံကြည်ကိုးစားကြလေသည်။ သို့အတွက်ကြောင့်ပင် မည်သူမဆို မိမိ၏ ပစ္စည်းတစုံတခုကို အပ်နှံထားလိုက တမန်တော်မြတ်ထံ၌ပင် အပ်နှံထားလေ့ရှိကြလေသည်။ ယင်းကဲ့သို့ တမန်တော်မြတ်အား လုပ်ကြံရန် စိုင်းပြင်းလျက် ရှိကြသည့် အချိန်အခါမျိုးမှာပင် တမန်တော်မြတ်ထံတွင် အပ်နှံ၍ထားသောပစ္စည်းသည် အမြောက်အမြား ရှိနေပေသည်။

တမန်တော်မြတ်သည် ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ အကြံအစည်ကို ကြိုတင်၍ သိရှိပြီး ဖြစ်တော်မူ၏။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်က သာဝကကြီးအလီသခင်အား ခေါ်၍ "ကျွန်ုပ်သည် 'ဟစ်ဂျရတ်' ပြုရန် အမိန့်တော်ရရှိပြီ။ ယနေ့ပင် ကျွန်ုပ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်း၍ သွားရတော့မည်။ အသင်သည် ကျွန်ုပ်၏အိပ်ယာတွင် ကျွန်ုပ်၏စောင်ကို ခြုံပြီးအိပ်၍နေပါ။ နံနက်မိုးသောက်သောအခါ အပ်နှံထားသော ပစ္စည်းများကို တခုမကျန် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ သွားရောက်၍ ပေးအပ်ပါ" ဟု အမှတ်တရ မှာကြားတော်မူလေသည်။

ထိုအချိန်သည် အလွန်တရာပင် စိုးရိမ်ကြောင့်ကြရသော အချိန်ဖြစ်၏။ ကိုရိုက်ရှ်မျိုးနွယ် ➤➤

➤➤ ဝင်များသည် တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် အသင့်ရှိနေကြောင်းနှင့် ယနေ့အဖို့ တမန်တော်မြတ်၏ အိပ်ရာသည် (The Place of Execution) လူသတ်ရုံ ဖြစ်နေကြောင်းကိုလည်း သာဝကကြီး အလီသခင်သည် ကောင်းစွာသိရှိပေသည်။ သို့တစေလည်း တမန်တော်မြတ်၏အိပ်ရာသည် "ခိုင်ဗရ်" စစ်ပွဲတွင် အောင်နိုင်မည်ဖြစ်သော စစ်ဗိုလ်ကြီး သာဝကကြီးအလီသခင် အဖို့မှာကား ပန်းဖြင့်ပြီးသော ကော်ဇောအခင်း ကမ္ဘလာဖုံးမွေ့ရာ အမှန်ဖြစ်လျက်ရှိပေသည်။

တမန်တော်မြတ်သည် ဟစ်ဂျရတ်မပြုမီ ၂-ရက်၊ ၃-ရက် အလျင် နေ့လည်အချိန်တွင် သာဝကကြီး အဗူဗတ်က်ရ်၏အိမ်သို့ ကြွရောက်တော်မူ၏။ အလေ့အထအတိုင်း တံခါးကို ခေါက်တော်မူ၏။ အခွင့်ရရှိသည့်အခါ အိမ်တွင်းသို့ ဝင်သွားတော်မူ၏။ ထို့နောက် တမန်တော်မြတ်က သာဝကကြီးအဗူဗတ်က်ရ်အား "အနည်းငယ် တိုင်ပင်ရန်ရှိသည်၊ လူအားလုံးကို ခေတ္တဖယ်လိုက်ပါ" ဟု ပြောကြားတော်မူရာ သာဝကကြီး အဗူဗတ်က်ရ်က "အိမ်တွင် တမန်တော်မြတ်၏ ကြင်လျာတော်အပြင် မည်သူမျှမရှိပါ" ဟု ဖြေကြားလေသည်။ (ထိုအချိန်တွင် တမန်တော်မြတ်သည် အာအ့ေရှဟ်သခင်မနှင့် ထိမ်းမြားပြီးဖြစ်တော်မူသည်)။

ထိုအခါ တမန်တော်မြတ်က "ကျွန်ုပ်သည် ဟစ်ဂျရတ်ပြုရန် အဓိန့်တော်ရရှိပြီ" ဟု ပြောကြားတော်မူရာ သာဝကကြီး အဗူဗတ်က်ရ်က စိတ်မချျပ်တည်းနိုင်တော့ပဲ "ကျွန်တော်၏မိဘနှစ်ပါးသည် ကိုယ်တော့်ဖို့ လုံးလုံးဖြစ်ပါစေ၊ ကျွန်တော်လည်း အတူလိုက်ပါရစေ" ဟု မေတ္တာရပ်ခံလေရာ တမန်တော်မြတ်က လက်ခံ သဘောတူတော်မူလိုက်လေသည်။ သာဝကကြီး အဗူဗတ်က်ရ်သည် ဟစ်ဂျရတ်ပြုလုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် ယခင် ၄-လကပင် ကုလားအုပ်မ ၂-ကောင်ကို 'ဗဗူလ်' Acacia tree ၏အရွက်များကို ကျွေးမွေးမွေး၍ အသင့်ပြုလုပ်ထားခဲ့၏။ သာဝကကြီး အဗူဗတ်က်ရ်က တမန်တော်မြတ်အား "တမန်တော်မြတ် ဤကုလားအုပ်မ ၂-ကောင် အနက် ကြိုက်နှစ်သက်ရာကို ရွေးချယ်ယူတော်မူပါ" ဟု ပန်ကြား၏။ တမန်တော်မြတ်သည် သူတပါး၏ ကျေးဇူးခံ ဖြစ်လိုတော်မမူသဖြင့် "သို့ရာတွင် အဖိုးအခဖြင့်သာ ယူမည်" ဟု ပြောကြားတော်မူ၏။ သာဝကကြီး အဗူဗတ်က်ရ်သည်လည်း မတတ်သာ၍ လက်ခံလိုက်ရလေသည်။

ထိုအချိန်တွင် အာအ့ေရှဟ်သခင်မသည် အသက်အရွယ်ငယ်သေး၏။ အာအ့ေရှဟ်သခင်မ၏ အစ်မ၊ အဗ်ဒွလ္လာဟ်အစ်ဗ်နဗ်ို့ဗိုင်ရ်၏ အမိဖြစ်သူ အတ်စ်မာ သခင်မက ခရီးဆောင်ပစ္စည်းများကို ပြင်ဆင်၏။ ၂-ရက်၊ ၃-ရက်အတွက် စားဖွယ်သောက်ဖွယ်ရာများကို အသင့်ပြင်ဆင်၏။ သို့စားဖွယ်သောက်ဖွယ်ရာများကို ပြင်ဆင်၍ စနစ်တကျထုပ်သည့်အခါ ထုပ်ရန်ကြိုးမရှိသဖြင့် "နေ့တွက်' ခေါ် အမျိုးသမီးများခါးတွင် ရစ်ပတ်လေ့ရှိသော ခါးကြိုးကိုဖဲ့၍ စားဖွယ်သောက်ဖွယ်ရာများ၏ အထုပ်ကိုထုပ်လေသည်။ ထိုသို့ စားဖွယ် သောက်ဖွယ်ရာများကို အထုပ်ထုပ်ရာတွင် ခါးစည်းကြိုးဖြင့် ထုတ်ခဲ့သည်ကို အကြောင်းပြု၍ ယနေ့ထက်တိုင် အတ်စ်မာသခင်မသည် ဇါတွန် နေ့တွကိုင်းနှ် ဟူသော ဘွဲ့နာမဖြင့် ကျော်ကြားလာခဲ့လေသည်။

ကာဖိရ်များသည် တမန်တော်မြတ်၏ အိမ်ကို ဝိုင်းထားကြ၏။ ညလည်း အတော်နက်သွားပြီဖြစ်၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား အိပ်ပျော်သွားစေတော်မူ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် ထိုသူတို့အား အိပ်ပျော်လျက် ရှိကြသည့်အတိုင်း ထားရှိတော်မူပြီး အိမ်ပြင်သို့ ထွက်လာတော်မူခဲ့၏။ တမန်တော်မြတ်သည် 'ကအ်ဗဟ်' ကျောင်းတော်ကို ဖူးမြင်တော်မူလိုက်သောအခါ "အို ... မက္ကာ၊ အကျွန်ုပ်သည် အသင့်ကို ကမ္ဘာအဝန်းထက် ပို၍ မြတ်နိုးပါသည်။ သို့ရာတွင် အသင်၏သားသမီးများသည် ကျွန်ုပ်အား နေခွင့်မပေးကြပါ" ဟု တိုင်တည် ပြောကြားတော်မူလေသည်။

တမန်တော်မြတ်သည် ဟစ်ဂျရတ်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ အဗူဗတ်က်ရ်အား ပြောကြားပြီး ➤➤

➤➤ ဖြစ်၏။ တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်က်ရ်တို့သည် ဦးစွာပထမ ဂျဗာ်ဆောင်ရ် ခေါ်ဆောင်ရ် အမည်ရှိသော တောင်၏ ဥမင်လိုဏ်ဂူတွင် သွားရောက်ပြီး ပုန်းအောင်း၍ နေကြ၏။ ယနေ့ထက်တိုင် အဆိုပါ ဥမင်လိုဏ်ဂူသည် တည်ရှိ၏။ မွတ်စလင်မ်တို့သည် ထိုဥမင်လိုဏ်ဂူကို အမြတ်တနိုး နမ်းရှုပ်ကြ၏။ သာဝကကြီး အဗူဗတ်က်ရ်၏သား အဗ်ဒွလ္လာဟ်သည် ညအချိန်တွင် အဆိုပါ ဥမင်လိုဏ်ဂူ၌ အိပ်၏။ နံနက်မိုးမလင်းမီ မြို့တွင်းသို့ပြန်၍ သွားပြီး ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ ဆွေးနွေးတိုင်ပင်ချက်များကို လေ့လာ၏။ ရရှိသမျှသော သတင်းများကို ညနေအချိန်တွင် တမန်တော်မြတ်ထံ လာရောက်အစီရင်ခံ၏။ သာဝကကြီး အဗူဗတ်က်ရ်၏ကျွန်ဖြစ်သူ အာမိရ်အစ်ဗ်နုဖုဟိုင်ရဟ်သည်၊ ညအတော်မှောင်သည့် အချိန်တွင် ထိုဥမင်လိုဏ်ဂူရှိရာ ဘက်သို့ ဆိတ်များကို မောင်း၍လာ၏။ တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်က်ရ်တို့သည် ဆိတ်နို့များကို သောက်သုံးကြ၏။ သုံးရက်တိုင်တိုင် ဤသည်ကိုပင် အာဟာရပြုလုပ်၍ နေခဲ့ကြရ၏။ သို့ရာတွင် အစ်ဗ်နို့ဟော့ရှာမ်က 'အတ်စ်မာသခင်မသည် နေ့တိုင်း ညနေအချိန်တွင် အိမ်မှထမင်းဟင်းများ ချက်ပြုတ်ပြီး အဆိုပါ ဥမင်လိုဏ်ဂူသို့ လာ၍ပို့လေ့ရှိ၏။ ဤသို့အားဖြင့် လိုဏ်ဂူတွင် သုံးရက်ကုန်ဆုံးခဲ့၏' ဟူ၍ ရေးသားဖော်ပြထား၏။

တမန်တော်မြတ်အား လုပ်ကြံရန်အတွက် တမန်တော်မြတ်၏အိမ်ကို ဝိုင်းထားကြသော ကာဖိရ်များသည် နံနက်မိုးသောက်၍ မျက်စိပွင့်သောအခါ တမန်တော်မြတ်၏အိပ်ရာအပေါ်တွင် တမန်တော်မြတ်ကို မတွေ့ကြရပဲ သာဝကကြီး အလီသခင်ကိုသာ တွေ့ကြရသည်။ ကာဖိရ်များသည် သာဝကကြီး အလီသခင်အား ဖမ်းဆီးပြီး ကာအ်ဗဟ်ကျောင်းတော်သို့ ခေါ်ဆောင်သွား၍ ခေတ္တချုပ်နှောင်ထားကြ၏။ ထို့နောက် လွတ်လိုက်ကြ၏။ ပြီးနောက် ထိုသူများသည် တမန်တော်မြတ်အား လိုက်လံရှာဖွေကြလေသည်။ ယင်းသို့ လိုက်လံရှာဖွေယင်း ထိုသူများသည် အဆိုပါ ဥမင်လိုဏ်ဂူဝသို့ပင် ရောက်ရှိလာခဲ့ကြ၏။ ရန်သူများ၏ခြေသံကို ကြားသောအခါ သာဝကကြီး အဗူဗတ်က်ရ်သည် ပူပင်သောကဖြစ်ရှာ၏။ တမန်တော်မြတ်အား "ရန်သူများသည် အလွန် နီးကပ်လာကြပြီ။ အကယ်၍ ရန်သူများသည် ကျွန်တော်တို့၏ ခြေထောက်များကို မြင်သွားကြလျှင် ကျွန်တော်တို့ကို တွေ့သွားကြလိမ့်မည်" ဟု ပြောကြားလေရာ တမန်တော်မြတ်က ကုရ်အာန်ကျမ်းလာ အောက်ပါအာယတ်တော်ကို ရွတ်ဖတ်၍ ပြတော်မူလေသည်။

لَا تَحْزَنْ إِنَّ اللَّهَ مَعَنَا

အသင် ပူပင်သောက မဖြစ်ပါလင့်၊ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့နှင့် အတူတကွ ရှိတော်မူပေသည်။ (၉း၄၀)

မမှန်ကန်သော အကြောင်းတရပ်။

ကျော်ကြားနေသည့် မမှန်ကန်သော အကြောင်းတရပ်မှာ ရန်သူများသည် အဆိုပါ ဥမင်လိုဏ်ဂူ၏ အနီးသို့ ရောက်ရှိလာသောအခါ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ရုတ်တရက် ချက်ချင်း "ဗဗူလ်" အပင်သည် ပေါက်လာပြီး အကိုင်းအလက်များပြန့်၍ တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်က်ရ်တို့အား ဖုံးအုပ်ထားလိုက်လေသည်။ ထိုအချိန်မှာပင် ခိုနှစ်ကောင် ရောက်ရှိလာပြီး အသိုက်လုပ်၍ ဥ၏။ ကာအ်ဗဟ်ကျောင်းတော်တွင်းရှိ ခိုများသည် အဆိုပါ ခိုနှစ်ကောင်၏ အမျိုးအနွယ်များ ဖြစ်နေသည်" ဟူ၍ ဖြစ်သည်။

ထို "ရေဝါယတ်' ကို မဝါဟစ်ဗ်လဒွန်နိယဟ်" ကျမ်းတွင် အကျယ်တဝင့် ရေးသားဖော်ပြထား၏။ ဇုရ်ကာနီက ဗတ်ဇ်ဇာဇ်နှင့် အခြားပညာရှင်များမှတင့် ထိုရေဝါယတ်လာ မာ့ခါဇ် မူလကျမ်းများကို ဖော်ပြထား၏။ သို့ရာတွင် ထိုရေဝါယတ်များသည် အမှားစင်စစ်သာ ဖြစ်ချေ၏။ ထို "ရေဝါယတ်" ၏မူလပထမ "ရာဝီ" မှာ အောင်၌ အစ်ဗ်နို့ အမိရ်ဖြစ်သည်။ ဤပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ဖန်နေ့ရှေ့ကျာလ်မည်သော ပညာ၏ ➤➤

➤➤ ပါရဂူကြီးဖြစ်သော ယဟ်ယာအစ်ဗ်နို့မို့အီန်က "ဤသူသည် ဘာမျှမဟုတ်" ဟူ၍ ဝေဖန်ရေးသားထား၏။ အေမာမ်ဗိုခါရီသခင်ကလည်း ယင်းပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ "ဤသူသည် မွန်ကရုလ်ဟဒီဆ် ဖြစ်၏။ မဂ္ဂါဟူလ် မကျော်ကြားသူလည်းဖြစ်၏" ဟူ၍ ဝေဖန်ရေးသားထား၏။ ထို "ရေဝါယတ်" ၏ အခြား "ရာဝီ" တဦးမှာ အဗူမွတ်ဆွိအစ်မကို ဖြစ်၏။ ဤပုဂ္ဂိုလ်သည်လည်း "မဂ္ဂါဟူလုလ်ဟာလ်" မကျော်ကြားသူပင် ဖြစ်၏။ ထို့အတွက်ကြောင့်ပင် အလ္လာမဟ်ဇဟဗီက မိဇာနုလ်အစ်အ်တေ့ဒါလ် ကျမ်းတွင် အောင်နှာစ်ဗ်နို့ အမ်ရ်၏ အကြောင်းကို ရေးသားရာ၌ ယင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ အထက်တွင် ဖော်ပြပါရှိသော ဝေဖန်ချက်များကိုလည်း ထည့်သွင်းရေးသားဖော်ပြထား၏။ ၎င်းပြင် ထို "ရေဝါယတ်" ကိုလည်း ရေးသား ဖော်ပြထားလေသည်။

တမန်တော်မြတ်သည် အဆိုပါလိဏ်ဂူမှ စတုတ္ထနေ့တွင် ထွက်တော်မူ၏။ အဗ်ဒွလ္လာဟ် အစ်ဗ်နို့အို့ ရိုင်ကစ်တ်သည် ကာဖိရ်တယောက်ဖြစ်၏။ ယုံကြည်စိတ်ချရ၏။ တမန်တော်မြတ်သည် ထိုသူအား ခရီးလမ်းပြရန် အတွက် အခကြေးငွေပေး၍ ငှားတော်မူ၏။ ထိုကာဖိရ်သည် တမန်တော်မြတ်နှင့်သာဝကကြီး အဗူဗတ်က်ရ်တို့အား ရှေ့မှနေ၍ လမ်းပြခဲ့၏။ တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်က်ရ်တို့သည် တနေ့နှင့် တည ခရီးထွက်ခွာလာနိုင်ခဲ့ကြ၏။ ဒုတိယနေ့ နေ့လည်အချိန်တွင် နေပူရှိန်သည် အလွန်ပြင်းထန်၏။ ထိုအခါ သာဝကကြီး အဗူဗတ်က်ရ်သည် တမန်တော်မြတ်အား အရိပ်အာဝါသအောက်တွင် အပန်းဖြေစေလိုသဖြင့် အရပ်လေးမျက်နှာသို့ကြည့်ရှုရာ ကျောက်ဆောင်တခုအောက်တွင် အရိပ်ကိုမြင်၏။ အစီးအနင်းမှဆင်း၍ ထိုအရိပ်ရှိရာနေရာကို သန့်ရှင်းအောင်ပြု၏။ ၎င်းနောက် မိမိ၏စောင်ပိုင်းကိုခင်း၏။ တမန်တော်မြတ်သည် ထိုအရိပ်အာဝါသအောက်တွင် အပန်းဖြေတော်မူ၏။

ယင်းသို့ တမန်တော်မြတ် အပန်းဖြေနေတော်မူစဉ် သာဝကကြီးအဗူဗတ်က်ရ်သည် တစုံတရာ စားဖွယ်သောက်ဖွယ် ရရှိနိုင်ရန် လိုက်လံရှာဖွေပြန်၏။ အနီးဦးပင် ဆိတ်များထိန်းကျောင်းနေသော ဆိတ်ကျောင်းသမားတယောက်ကို မြင်၏။ ထိုအခါ သာဝကကြီးအဗူဗတ်က်ရ်သခင်က ထိုဆိတ်ကျောင်းသမားအား ဆိတ်မတကောင်၏ နို့အုံကို သန့်ရှင်းစေရန် ပြော၏။ ဆိတ်ကျောင်းသမား၏ လက်ကိုလည်း ဆေးစေ၏။ နို့ညှစ်မည့် ခွက်ကိုလည်း ဖုန်၊ မြူမှုန့်၊ အမှိုက်သရိုက်များ မဝင်နိုင်ရန် အဝတ်ဖြင့် ရစ်ပတ်စေ၏။ ပြီးနောက်မှ နို့ကို ညှစ်စေ၏။ ယင်းသို့ နို့ညှစ်ပြီးသောအခါ သာဝကကြီးအဗူဗတ်က်ရ်သည် ထိုနို့တွင် အနည်းငယ်ရေရောရွှေ တမန်တော်မြတ်အား ပေးလေသည်။ တမန်တော်မြတ်သည် နို့ကို သောက်သုံးတော်မူပြီးလျှင် "ခရီးဆက်လက်၍ သွားရန် အချိန်မရောက်သေးဘူးလား" ဟု မေးမြန်းတော်မူ၏။ အချိန်ကား မွန်းတိမ်းချေပြီ။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ထိုနေရာမှ ခရီးဆက်လက်၍ ထွက်တော်မူခဲ့၏။

ထိုအချိန်တွင် ကိုရိုက်ရှ်မျိုးနွယ်များက '(တမန်တော်မြတ်) မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိစလ္လမ်) ကိုသော်လည်းကောင်း၊ (သာဝကကြီး) အဗူဗတ်က်ရ်ကိုသော်လည်းကောင်း ဖမ်းဆီးပေးသောသူအား လူတယောက်၏ အသက်ဖိုးလျော်ကြေးငွေနှင့် ညီမျှသော(ဝါ)ကုလားအုတ် ၁၀၀-ကို ဆုအဖြစ်ပေးမည်' ဟူ၍ ကြေငြာလေသည်။ စိုရာကဟ်အစ်ဗ်နို့ ဂျူအ်ရှ်နမ် အမည်ရှိသော ကာဖိရ်တယောက်သည် ထိုကြေငြာချက်ကို ကြားသိရသောအခါ အဆိုပါဆုလာဘ်ကို လိုချင်စောဖြင့် ဖမ်းဆီးရန်ထွက်လေ၏။ ထိုသူသည် တမန်တော်မြတ်အား ခရီးထွက်နေတော်မူသည့် အချိန်မှာပင် မြင်မိလိုက်၏။ ထိုအခါသူသည် မိမိစီးနင်းလာသောမြင်းကို အမြန်စိုင်း၏။

တမန်တော်မြတ်၏အနီးသို့ ရောက်ရှိလာသောအခါ မြင်းသည် ခလုတ်တိုက်မိသဖြင့် ထိုသူ လိမ့်ကျလေ၏။ ထိုအချိန်တွင် ထိုသူသည် အတိတ်နိမိတ်ကောက်ရန် မြှားကျည်တောက်ထဲမှ မြှားများကိုထုတ်၍ တိုက်ခိုက်သင့်သည်၊ မတိုက်ခိုက်သင့်သည်ကိုကြည့်၏။ မတိုက်ခိုက်သင့်ဟူ၍ အတိတ်ပေးသောမြှား ➤➤

➤➤ ထွက်လာခဲ့၏။ သို့ရာတွင် များပြားလှသော ဆုလာဘ်၏လောဘရမ္မက်ကြောင့် ထိုသူသည် အတိတ်မြွားဏ၏ စကားကို လက်မခံနိုင်ပဲ တဖန်မြင်းကို စီနင်း၍ ရှေ့သို့တိုးပြန်သည်။ ဤအချိန်တွင် မြင်း၏ခြေထောက်များသည် ဒူးဆစ်အထိ မြေထဲနစ်မြုပ်သွားလေ၏။ ထိုအချိန်တွင် ထိုသူသည် မြင်းပေါ်မှဆင်း၍ အတိတ်မြွားကို ထုတ်ပြီးကြည့်ပြန်၏။ ထိုအချိန်တွင်လည်း မတိုက်ခိုက်သင့်ဟူ၍ အတိတ်ပေးသော မြွားပင် ထွက်လာပြန်၏။ ယင်းသို့ အကြိမ်ကြိမ် စမ်းသပ်ကြည့်ရှုသည့် အဆုံးတွင် ထိုသူ၏ စိတ်ဓာတ်ထက်မြက်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့သည် လျော့နည်းသွားလေ၏။ ထိုသူသည် မိမိ၏စိတ်တွင် "ဤသည့်အဖြစ်အပျက်၊ အတိတ်နမိတ်များအား ရိုးရိုးမဟုတ်၊ တမျိုးတဖုံပင် ဖြစ်သည်" ဟူ၍ ယုံကြည်လာလေ၏။ ထိုအခါ ထိုသူသည် တမန်တော်မြတ်ထံသို့ ဝင်ရောက်၍ ကိုရိုက်ရှိုးနွယ်၏ ကြေငြာချက်ကို ပြောပြပြီးလျှင် မိမိအား အသက် ချမ်းသာခွင့်ပေးပါရန် မေတ္တာရပ်ခံလေသည်။ ထိုအခါ တမန်တော်မြတ်၏အမိန့်အရ သာဝကကြီးအဗူဗတ်ဂ်ရ်၏ ကျွန်ဖြစ်သူ အစ်ဗ်နို့ဖဟ်ဂိုင်ရဟ်က သားရေပေါ်တွင် အသက်ချမ်းသာခွင့်ကို ရေးရ၍ ပေးလိုက်လေသည်။

အကြောင်းအားလျော်စွာ ထိုအချိန်မှာပင် သာဝကကြီး ဖို့ဗိုင်ရ်သခင်သည် ဆီရိယနိုင်ငံမှ ကုန်ပစ္စည်းများ ယူဆောင်၍ပြန်လာ၏။ သာဝကကြီး ဇို့ဗိုင်ရ်သခင်သည် တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်ဂ်ရ်တို့အား အဖိုးထိုက်တန်လှသည့် အဝတ်အထည်များကို မေတ္တာလက်ဆောင်အဖြစ်ပေးလေသည်။ ယင်းကဲ့သို့ဒုက္ခများနှင့် ရင်ဆိုင်နေရသည့် အချိန်အခါမျိုးတွင် ထိုအဝတ်အထည်များသည် အဘယ်မျှ အဖိုးထိုက်တန်သည်ကို ထုတ်ဖော်ရေးသားနေရန်ပင် မလိုပေ။

အစ်ဗ်နို့စအဒ်သည် တွဗကာတ်တွင် ဤမွန်မြတ်လှသောခရီး၌ တမန်တော်မြတ် စခန်းချတော်မူရာ ဌာနအသီးသီးကို အသေးစိတ် ရေးသားဖော်ပြထား၏။ ထိုသို့ စခန်းချတော်မူရာ ဌာနများကို ယခုအချိန်တွင် အရပ်မြေပုံများတွင် မတွေ့ရှိရတော့ပေ။ သို့တစေလည် တမန်တော်မြတ်အား ယုံကြည်မြတ်နိုးသော ပုဂ္ဂိုလ်များသည် စခန်းချတော်မူရာဌာနကို ကြားသိရုံမျှဖြင့် ပီတိဖြစ်လျက် ရှိကြပေသည်။ စခန်းချတော်မူခဲ့သော ဌာနများမှာ ခရ်ရာရ်၊ ဆနီယတုလ်မရ်ရဟ်၊ လက်ဖ်၊ မဒ်လိဂျဟ်၊ မရဂျိဟ်၊ ဂျဒါဂျစ်ဒ်၊ အဂ်ရဒ်၊ ရာဗစ်ယ် (ဤဌာနသည် ယနေ့ထက်တိုင် ဟာဂျီများ၏ခရီးလမ်းတွင် တွေ့ရှိရပေသေးသည်။) တမန်တော်မြတ်သည် ဤဌာနတွင် မယ်ရစ်ဗ် ဆွလာတ်ဝတ်ပြုတော်မူခဲ့လေသည်။ ဇာစလင်မ်၊ အစ်ဆ်ယာနဟ် (အဇာဗီဗ်) ဖာဂျ်ဂျဟ် (ကာဟဟ်) အရ်ဂျ်၊ ဂျဒ်ဝါတ်၊ ရကူဗဟ်၊ အကီက်၊ ဂျဆ်ဂျာဆဟ်တို့ဖြစ်သည်။

မဒီနာမြို့သို့ တမန်တော်မြတ် ကြွရောက်လာတော်မူမည့် သတင်းသည် မဒီနာမြို့သို့ရောက်နှင့်ပြီးဖြစ်၏။ ထို့အတွက်ကြောင့် မဒီနာမြို့ တမြို့လုံးသည် တမန်တော်မြတ်အား အထူးတလည် ဧောင့်မျှော်လျက်ရှိ၏။ လူကြီးများသာမဆိုထားဘိ၊ ကလေးသူငယ် လူမမယ်ကလေးများသည်ပင် ဝမ်းသာအားရ ပျော်မြူးကာ "တမန်တော်မြတ် ကြွရောက်လာနေပြီ" ဟူ၍ ပြောဆိုလျက်ရှိကြ၏။ လူများသည် တမန်တော်မြတ်အား ခရီးဦးကြိုပြုရန်အတွက် နံနက် အာရဏ်တက်ချိန်မှပင် မြို့ပြင်သို့ထွက်၍စုကြ၏။ မွန်းတိမ်းသည့်အချိန်အထိ ဧောင့်မျှော်၍ ကြွရောက်မလာတော်မူသည့်အခါ ဝမ်းနည်းစွာဖြင့် ပြန်သွားကြရ၏။ တနေ့သော်လူများသည့် ယမန်နေ့များကကဲ့သို့ပင် ဧောင့်မျှော်၍ ပြန်လည်သွားကြ၏။ ယဟူဒီတယောက်က ခံတပ်မှကြည့်၍ တမန်တော်မြတ် ကြွရောက်လာတော် မူလာသည့် အတိတ်နမိတ်များကို ရိပ်စားမိကာ "အို-အရဗ်အမျိုးသားတို့၊ အသင်တို့ ဧောင့်မျှော်လျက်ရှိသော ပုဂ္ဂိုလ်မြတ်သည်ကား ကြွလာနေပြီ' ဟု အော်ဟစ်ပြောဆိုလိုက်ရာ၊ မဒီနာမြို့တမြို့လုံးသည် "အလ္လာဟ်ဟို့ အတ်က်ဗရ်" ဟူသောဟစ်ကြွေးသံသည် ပဲ့တင်ထပ်မျှ ဆူညံ၍သွားလေတော့သည်။ အန်ဆွာရ်မျိုးနွယ်ဝင်များသည်လည်း လက်နက်များကိုဆွဲကိုင်ကာ ဝမ်းပန်းတသာ အိမ်ရာများမှထွက်၍ ခရီးဦးကြိုပြုကြလေသည်၊➤➤

➤➤ မဒီနာမြို့နှင့် သုံးမိုင်အကွာ မြို့မျက်နှာစာ၌ လူနေရပ်ကွက်တခုရှိသည်။ ထိုအရပ်ကို "အာလိယဟ်" ဟူ၍လည်းကောင်း၊ "ကိုဗာ" ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်သမုတ်ကြ၏။ ထိုအရပ်တွင် အန်ဆွာရ်မျိုးနွယ်စုများ အမြောက်အမြား နေထိုင်လျက်ရှိကြ၏။ ထိုမျိုးနွယ်စုများတွင် အထူးတလည် ကျော်ကြားသော မျိုးနွယ်စုမှာ အမ်ရ်အစ်ဗ်နီ့အောက်ဖ်၏ မျိုးနွယ်စုပင်ဖြစ်၏။ ကုလ်ဆွမ်အစ်ဗ်နီ့အလ်ဟစ်ဒ်မ်သည် အဆိုပါ မျိုးနွယ်စု၏ အကြီးအကဲပင် ဖြစ်၏။ တမန်တော်မြတ်သည် ထိုအရပ်သို့ ရောက်တော်မူသည့်အခါ ထိုမျိုးနွယ်ဝင်အားလုံးတို့သည် ဝမ်းပန်းတသာ လွန်စွာစိတ်က နှစ်သက်လှ၍ "အလ္လာဟ်ဟို့ အတ်က်ဗရ်" ဟူ၍ ဥက္ကောဇွေယျ ကြွေးကြော်ကြ၏။ ထိုမျိုးနွယ်စုသည် တမန်တော်မြတ်အား ဧည့်ခံပြုစုရန် မေတ္တာရပ်ခံလေရာ တမန်တော်မြတ်သည် ကုလ်ဆွမ် အစ်ဗ်နီ့အလ်ဟစ်ဒ်မ်၏ ဧည့်ခံမှုကို လက်ခံတော်မူလိုက်လေသည်။ ဤသည် ထိုပုဂ္ဂိုလ်ကြီးအဖို့ ကြီးမားလှသော ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။ အန်ဆွာရ်မျိုးနွယ်ဝင်များသည် အဘက်ဘက်မှ အုပ်စုလိုက် အုပ်စုလိုက် ရောက်ရှိလာကြပြီး တမန်တော်မြတ်အား စလာမ်ဆက်သကြလေသည်။ မြောက်မြားစွာသော "ဆွာဟာဗဟ်" သာဝကကြီးများသည် တမန်တော်မြတ်အလျင် မဒီနာမြို့သို့ ရောက်ရှိနေခဲ့ကြ၏။ ထိုသို့သော သာဝကကြီးများသည် အဆိုပါပုဂ္ဂိုလ်ကြီး၏အိမ်၌ပင် ဧည့်သည်အဖြစ် တည်းခိုနေခဲ့ကြ၏။ သာဝကကြီး အမူအို့ဗိုင်ဒဟ်၊ မစ်က်ဒါဒ်၊ ခဗ္ဗားဗ်၊ စို့ဟိုင်လ်၊ ဆွာဖ်ဝါန်၊ အေ့ယာသ်၊ အစ်ဗ်နီ့မခ်ရမဟ်၊ ဝဟ်ဗ်အစ်ဗ်နီ့စအ်ဒ်၊ အမ်ရ အစ်ဗ်နီ့အဗီစရ်ဟ်၊ အို့မိုင်ရ်အစ်ဗ်နီ့ အောက်ဖ် ... စသည့် သာဝကကြီးများသည် တမန်တော်မြတ် မဒီနာမြို့သို့ ကြွရောက်လာသည့်အချိန်အထိ အဆိုပါပုဂ္ဂိုလ်ကြီး၏အိမ်၌ပင် ဧည့်သည်အဖြစ် တည်းခိုလျက်ပင် ရှိခဲ့ကြသေး၏။

သာဝကကြီးအလီသခင်သည် မက္ကာမြို့မှ တမန်တော်မြတ် ထွက်တော်မူသွားပြီးသည့်နောက် သုံးရက်ရှိသောအခါ ထွက်ခွာလာခဲ့၏။ ထိုသာဝကကြီးသည်လည်း ရောက်ရှိလာပြီး ထိုပုဂ္ဂိုလ်ကြီး၏အိမ်၌ပင် တည်းခို၏။ တမန်တော်မြတ်သည် ထိုအရပ်၌ လေးရက်မျှသာ တည်းခိုတော်မူခဲ့သည်ဟူ၍ ရာဇဝင် သမိုင်း ဆရာများနှင့် တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိရေးသော ပုဂ္ဂိုလ်အားလုံးတို့က ရေးသားကြ၏။ သို့ရာတွင် ဗိုခါရီကျမ်း၌ "တမန်တော်မြတ်သည် ထိုအရပ်၌ ၁၄-ရက်တိုင်တိုင် တည်းခိုတော်မူခဲ့သည်" ဟူ၍ ရေးသား ဖော်ပြထားသည်။ ဤသည် ယုတ္တိယုတ္တာလည်းရှိ၏။

ထိုအရပ်၌ တမန်တော်မြတ်၏ ပထမလုပ်ငန်းမှာ မတ်စ်ဂျစ်ဒ် ဗလီတည်ဆောက်တော်မူခြင်းပင် ဖြစ်သည်။ သာဝကကြီး ကုလ်ဆွမ်၏ မြေကွက်တခုရှိ၏။ ထိုမြေကွက်၌ စွန်ပလွဲသီးအခြောက်လှန်းလေ့ရှိ၏။ တမန်တော်မြတ်သည် ထိုမြေကွက်၌ပင် မိမိ၏လက်တော်ဖြင့် ဗလီအုတ်မြစ်ကို ချတော်မူခဲ့လေသည်။ ထိုဗလီတော်၏အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း လာရှိ၏။

لَمَسْجِدٌ أُسِّسَ عَلَى التَّقْوَىٰ مِنْ أَوَّلِ يَوْمٍ أَحَقُّ أَنْ تَقُومَ فِيهِ ۚ
فِيهِ رِجَالٌ يُحِبُّونَ أَنْ يَتَطَهَّرُوا ۚ وَاللَّهُ يُحِبُّ الْمُطَّهِّرِينَ

မုချဇကန် အကြင် "မတ်စ်ဂျစ်ဒ်" ဗလီသည် ပထမနေ့မှစ၍ "တဂ်ဝါ" (အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားခြင်း)အပေါ်၌ (စိတ်စေတနာ ဖြူစင်စွာ ဖြင့် တည်ဆောက်ခဲ့၏။ ထိုသို့သော ဗလီ၌ အသင် (ဝတ်ပြုရန်အတွက်) မတ်တတ်ရပ်ခြင်း သည် ပို၍သင့်မြတ်၏။ ထိုဗလီ၌ရှိကြသော ပုဂ္ဂိုလ်များသည် သန့်ပြန့်ခြင်းကို အထူးတလည် နှစ်သက်ကြ၏။ အလ္လာဟ်အရှင်မြတ်သည်လည်း အထူးတလည် သန့်ပြန့်သောသူများအား နှစ်သက်တော်မူ၏။

ကုရ်အာန် (၉း ၁၀၈) ➤➤

➤➤ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဆိုပါဗလီကို တည်ဆောက်ရာတွင် အခြားတပည့်သားများနှင့်အတူ မိမိကိုယ်တိုင်လည်း ဝင်ရောက်၍ အလုပ်လုပ်တော်မူ၏။ လေးလံသော ကျောက်တုံးများကို သယ်ပိုး ယူဆောင်တော်မူသည့်အခါ ခန္ဓာကိုယ်သည် ညွတ်ကိုင်း၍ပင် သွားရှာတော်မူ၏။ တပည့်သာဝကများက "ကျွန်တော်များ၏ မိဘများသည် မိမိတို့၏ အသက်များကို တမန်တော်မြတ်အား စွန့်လွှတ်ကြသည် ဖြစ်ပါစေ။ တမန်တော်မြတ်သည် ကျောက်တုံးများကို သယ်ပိုးခြင်း ပြုတော်မမူပါလင့်၊ ကျွန်တော်များသာ သယ်ပိုးကြပါမည်" ဟု မေတ္တာရပ်ခံကြလေသည်။ တမန်တော်မြတ်က တပည့်သာဝကကြီးများ၏ မေတ္တာရပ်ခံချက်ကို လက်ခံတော်မူ၏။ သို့လက်ခံတော်မူပြီးသည့် နောက်တွင်လည်း တမန်တော်မြတ်သည် ယခင် သယ်ပိုးတော်မူသော ကျောက်တုံးများနှင့်ညီမျှသော အခြားကျောက်တုံးကို သယ်ပိုးတော်မူပြန်လေသည်။

ဆွဟာဗီသာဝကကြီး အဗ်ဒွလ္လာဟ် အစ်ဗ်နိ့ ရဝါဟဟ်သည် ကဗျာ လက်ာ ဆရာကြီးတပါးဖြစ်၏။ ထိုသာဝကကြီးသည်လည်း အဆိုပါ ဗလီတည်ဆောက်ရာတွင် အခြားလုပ်သားများနှင့်အတူပင် ဝင်ရောက်လုပ်ကိုင်၏။ လုပ်သားများသည် အလုပ်လုပ်ရာတွင် အမောအပန်းဖြေရန်အတွက် လက်ာများကို ဆိုကြသကဲ့သို့ အဆိုပါ သာဝကကြီးသည်လည်း အောက်ပါလက်ာကို ရွတ်ဆိုလေသည်။

အကြင်သူသည် ဗလီတည်ဆောက်၏။ ၎င်းပြင် ထိုသူသည် ကုရ်အာန်ကို ထိုင်လျက် မတ်တက်ရပ်လျက်ဖတ်၏။ ၎င်းပြင် ထိုသူသည် ညအခါတွင် နိုးကြားလျက်နေ၏။ ထိုသူသည်ပင် အောင်မြင်၏။

"ကိုဗာ" သို့ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကြွရောက်လာတော်မူခဲ့ခြင်းသည် အစ္စလာမ်၏ ထူးခြားသောခေတ်၏ အစပင်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ရာဇဝင်ဆရာများသည် ထိုနေ့ရက်များကို အထူးတလည်မှတ်သား၍ ထားခဲ့ကြ၏။ ကိုဗာသို့ တမန်တော်မြတ် ကြွရောက်တော်မူခဲ့သည့် နေ့ရက်မှာ၊ နဗဝီသက္ကရာဇ် (၁၃)ခုနှစ် ရဗီအုလ်အောင်ဝလ်လ (၈)ရက်နေ့၊ ခရစ်သက္ကရာဇ် (၆၂၂)ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့ဖြစ်သည်ဟူ၍ ရာဇဝင်ဆရာအများစုက တညီတညွတ်တည်းဆိုကြ၏။ ရာဇဝင်ဆရာကြီး (မုဟမ္မဒ် အစ်ဗ်နိ့ မူစာခဝါရဇ်)က အဆိုပါနေ့ရက်မှာ ကြာသပတေးနေ့၊ ဖာရေဇီတီရ်လ (၄)ရက်။ (၉၂၃)ခု၊ ရောမလအီလူလ် (၁၀)ရက်နေ့ဖြစ်သည်ဟူ၍ ရေးသားဖော်ပြထားလေသည်။ ရာဇဝင်ဆရာကြီး ယအ်ကူဗ်သည် **(Astronomer)** နက္ခတ်တာရာအတတ်ပညာ ကျွမ်းကျင်သော ပုဂ္ဂိုလ်များအား မေးမြန်း၍ ဇယားကွက်ပြုလုပ်ထားသည်။

တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် "ကိုဗာ" တွင် (၁၄) ရက်ကြာရှိသောအခါ၊ သောကြာနေ့တွင် မဒီနာသို့ ကြွသွားတော်မူ၏။ လမ်းခရီးရှိ ဗနီစာလင်မ်မျိုးနွယ်စု၏ အရပ်၌ ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်လာသဖြင့်၊ တမန်တော်မြတ်သည် ထိုအရပ်မှာပင် ဆွလာတုလ်ဂျိုမို့အဟ် သောကြာနေ့ ဆွလာတ်ဝတ်ပြုတော်မူလေသည်။

တမန်တော်မြတ်သည် ဆွလာတ် ဝတ်မပြုမီ အလျင် 'ခွတ္တဗဟ်' တရား ဒေသနာတော်ကို ဟောကြားတော်မူ၏။

တမန်တော်မြတ်အဖို့ ထို "ဆွလာတုလ်ဂျိုမို့အဟ်" သည် ပထမဦးဆုံးသော ဆွလာတ်တုလ်ဂျိုမို့အဟ်ဖြစ်၍ "ခွတ္တဗဟ်" သည်လည်း တမန်တော်မြတ်၏ ပထမဆုံးသော "ခွတ္တဗဟ်" ပင်ဖြစ်၏။

တမန်တော်မြတ် ကြွရောက်လာတော်မူသည့်အကြောင်းကို လူအများ ကြားသိကြသည့်အခါ လူများသည် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ခရီးဦးကြိုပြုရန်အတွက် အဘက်ဘက်မှ ပြေး၍ ➤➤

➤➤ လာကြ၏။ တမန်တော်မြတ်၏ မိခင်၏အဘ ဘက်မှတော်စပ်သော ဆွေမျိုးများ ဖြစ်ကြသည့် ဗနူနဂျ်ဂျာရ် မျိုးနွယ်ဝင်များသည် လက်နက်များ ဆွဲကိုင်လျက် ထွက်လာကြ၏။

ကို့ဗာမှ မဒီနာမြို့အထိ အသက်ကိုစွန့်လှုရန် အသင့်ရှိသော တပည့်သားတို့သည် တမန်တော်မြတ်ကြွလာတော်မူရာ လမ်းနှစ်ဘက်တွင် တန်းစီ၍ ခရီးဦးကြိုပြုလျက်ရှိကြ၏။ လမ်းခရီးတွင် အန်ဆွာရ် မျိုးနွယ်ဝင်များ၏ ရပ်ကွက်များရှိ မျိုးနွယ်စုအသီးသီးတို့သည် တမန်တော်မြတ်အတွက် ဥစ္စာပစ္စည်းပေးလှူရန် အသင့်ရှိကြောင်း၊ အသက်စွန့်လွှတ်ရန် အသင့်ရှိကြောင်း လာရောက်လျှောက်ထားကြ၏။

တမန်တော်မြတ်က ကျေးဇူးတင်ကြောင်း ပြန်လည်မိန့်ကြားတော်မူ၏။ ဆုမွန်ကောင်းတောင်း၍ ပေးတော်မူ၏။ မဒီနာမြို့သည် တဖြည်းဖြည်း နီးကပ်၍ လာလေ၏။ ထိုအခါ မြို့သူ မြို့သားများသည် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ အမျိုးသမီးများသည်ပင် အိမ်ခေါင်မိုးများပေါ်သို့ တက်၍ တမန်တော်မြတ်အား ဖူးမျှော်ကြ၏။

ဆွဟာဗီသာဝကကြီး အဗူအိုင်ယူဗ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သခင်၏ အိမ်သည် (တမန်တော်မြတ် တည်ဆောက်တော်မူခဲ့သော) မတ်စ်ဂျစ်ဒ် နဗဝီ (ယခု)တည်ရှိနေရာအနီး၌ပင် ရှိခဲ့၏။ တမန်တော်မြတ်၏ အစီးအနင်းသည် ထိုနေရာသို့ ရောက်ရှိလာသောအခါ လူတိုင်းလူတိုင်းသည် တမန်တော်မြတ်အား မိမိ၏အိမ်၌ပင် တည်းခိုစေလိုကြ၏။ တမန်တော်မြတ်အား ဧည့်ခံခွင့်တည်းဟူသော ဂုဏ်ထူးကို သူသူငါငါ လိုလားကြ၏။ နောက်ဆုံးတွင် ဤပြဿနာကို မဲဖြင့်ဖြေရှင်းကြ၏။ ယင်းသို့ မဲနှိုက်ကြသည့်အခါ အဆိုပါ ဂုဏ်ထူးကို သာဝကကြီး အဗူအိုင်ယူဗ်သခင် ရရှိသွားခဲ့လေသည်။

သာဝကကြီး အဗူအိုင်ယူဗ်၏ နေအိမ်မှာ နှစ်ထပ်အိမ်ဖြစ်၏။ သာဝကကြီး အဗူအိုင်ယူဗ်က တမန်တော်မြတ်အား အပေါ်ထပ်တွင် နေထိုင်တော်မူရန် မေတ္တာရပ်၏။

သို့ရာတွင် တမန်တော်မြတ်သည် မိမိအား လာရောက်တွေ့ဆုံလိုသော သူများအဖို့ လွယ်ကူမှုရှိစေရန်အတွက် အောက်ထပ်မှာပင် နေထိုင်တော်မူရန် သဘောတူတော်မူလေသည်။ သာဝကကြီး အဗူအိုင်ယူဗ်သည် တမန်တော်မြတ်အတွက် နံနက်စာ၊ ညစာ ထမင်းဟင်းများကို နှစ်ကြိမ်ပို့ပေးလေ၏။ တမန်တော်မြတ် စားသုံးတော်မူပြီး ကြွင်းကျန်သော ထမင်းဟင်းများကို သာဝကကြီး အဗူအိုင်ယူဗ်နှင့် ၎င်း၏ဇနီးသည်တို့ စားသုံးကြ၏။ သာဝကကြီးအဗူအိုင်ယူဗ်သည် တမန်တော်မြတ် စားသုံးသည့်နေရာမှပင် 'ဗရကတ်" မင်္ဂလာရှိစေရန်အတွက် စားသုံးလေ့ရှိသည်။ ➤➤

اِنْفِرُوْا خِفَافًا وَّثِقَالًا وَّجَاهِدُوْا بِاَمْوَالِكُمْ وَاَنْفُسِكُمْ فِيْ سَبِيْلِ اللّٰهِ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿٤١﴾

၄၁။ အသင်တို့သည် *ပေါ့ပါး*စွာ လည်းကောင်း၊ လေးလံစွာ လည်းကောင်း၊ [၁] (သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ၊ ဝဖြိုးသည်ဖြစ်စေ၊ ပိန်ချုံးသည်ဖြစ်စေ၊ နုပျိုသည်ဖြစ်စေ၊ အိုမင်းသည်ဖြစ်စေ၊ ရွှင်လန်းသည်ဖြစ်စေ၊ ပျင်းရိသည်ဖြစ်စေ၊ ဥစ္စာပစ္စည်းကြွယ်ဝ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည်ဖြစ်စေ၊ ခရီးသွားရန် အဆီးအနှောင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အားလပ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) မိမိတို့အိမ်များမှ (စစ်ချီ) ထွက်ကြ၍

➤➤ တနေ့သော် အပေါ်ထပ်တွင် ရေအိုးကွဲသွား၏။ ရေများအောက်ထပ်သို့ ယိုဖိတ်၍ တမန်တော်မြတ်အား အနှောင့်အယှက်ဖြစ်မည်ကို သာဝကကြီးအဗူအိုင်ယူဗ်သည် စိုးရိမ်မိ၏။ အိမ်တွင်လည်း ကတ္တီပါစောင်တထည်သာလျှင်ရှိ၏။ သာဝကကြီးအဗူအိုင်ယူဗ်သည် ထိုစောင်ဖြင့်ပင် ရေများကိုသုတ်၍ ထားလိုက်လေသည်။

တမန်တော်မြတ်သည် သာဝကကြီး အဗူအိုင်ယူဗ်၏နေအိမ်၌ ခုနစ်လတိတိ နေထိုင်တော်မူခဲ့လေသည်။ ထိုအတောအတွင်းမှာပင် "မတ်စ်ဂျစ်ဒ်နဗဝီ တည်ဆောက်၍ ပြီးစီးခဲ့၏။ မတ်စ်ဂျစ်ဒ်နဗဝီ" ၏ အနီးတဝိုက်တွင် အခန်းများလည်း ပြုလုပ်ပြီးစီးခဲ့၏။ ထိုအခါ တမန်တော်မြတ်သည် ရွှေ့ပြောင်း နေထိုင်တော်မူခဲ့လေသည်။

တမန်တော်မြတ်သည် မဒီနာမြို့သို့ ရောက်ရှိလာတော်မူပြီးသည့်နောက် သာဝကကြီး ဇိုက်ဒ်နှင့် မိမိ၏ကျွန်ဖြစ်သူ အဗူရာဖစ်အ် ကို ကုလားအုတ်နှစ်ကောင်နှင့် '၁စ်ရ်ဟမ် ၎၅၀-ပေးပြီး၊ မက္ကာမြို့တော်သို့ လွှတ်၍ သမီးတော်များနှင့် ကြင်ရာတော်အား ခေါ်ယူစေတော်မူ၏။ သာဝကကြီးအဗူဗတ်ဂ်ရ်ကလည်း မိမိ၏သား အဗ်ဒွလ္လာဟ်ထံသို့ ၎င်းသည် မိမိ၏ မိခင်၊ အစ်မနှင့် နှမများကို ခေါ်ဆောင်လာရန် စာရေးလိုက်လေသည်။ တမန်တော်မြတ်သည် (ဆွလ္လလ္လာဟုအလိုက်ဟိ၀စလ္လမ်)၏ သမီးတော်များအနက် ရှိ.ကိုင်ယဟ်သခင်မသည် ၎င်း၏ခင်ပွန်းဖြစ်သူ သာဝကကြီးအွတ်ဆ်မာန်နှင့်အတူ တကွ (Ethiopia) နိုင်ငံသို့ ရောက်ရှိနေခဲ့၏။ ဇိုင်နဗ်သခင်မအား ၎င်း၏ခင်ပွန်းဖြစ်သူက သွားခွင့်မပြုခဲ့ချေ။ ထို့အတွက်ကြောင့် သာဝကကြီးဇိုက်ဒ်သည် သမီးတော် ဖွာတွေ့မတ်သခင်မ၊ သမီးတော် အွန်မ်မေကုလ်ဆူမ်နှင့် ကြင်ရာတော် ဆောဒဟ်သခင်မတို့ကိုသာလျှင် ခေါ်ဆောင်၍ လာခဲ့လေသည်။ အာအ့ေရှဟ်သခင်မသည် မိမိ၏အစ်ကိုနှင့်အတူ ရောက်ရှိလာခဲ့၏။

တမန်တော်မြတ်။ စာမျက်နှာ - ၁၇၈၊ ၁၉၁။

① ခိဖာဖန်နှင့် ဆိကာလန် ဟူသောပုဒ်များ၏အနက်ကို မုဖတ်စ်စစ်ရ်များသည် အမျိုးမျိုး ဖွင့်ဆိုကြသည်။ အစွလာမ်၏ရန်သူများကို ခုခံကာကွယ် တိုက်ခိုက်ရန်အတွက် သက်ဆိုင်ရာ အစွလာမ်အစိုးရက တိုင်းသူပြည်သားအားလုံးတို့အား ဆင့်ဆို ကြေငြာလိုက်သည့်အခါ မွတ်စ်လင်မ်တမျိုးသားလုံးတို့သည် ပေါ့ပါးသည်ဖြစ်စေ၊ လေးလံသည်ဖြစ်စေ၊ သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ၊ ဝဖြိုးသည်ဖြစ်စေ၊ ပိန်ချုံးသည်ဖြစ်စေ၊ နုပျိုသည်ဖြစ်စေ၊ အိုမင်းသည်ဖြစ်စေ၊ ရွှင်လန်းသည်ဖြစ်စေ၊ ပျင်းရိသည်ဖြစ်စေ၊ ဥစ္စာပစ္စည်းကြွယ်ဝသည်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည်ဖြစ်စေ၊ ခရီးသွားလာရန်အဆီးအနှောင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အားလပ်ခွင့်ရှိသည် ➤➤

لَوْ كَانَ عَرَضًا قَرِيبًا وَّسَفَرًا قَاصِدًا لَّاتَّبَعُوكَ وَلَٰكِنْ بَعُدَتْ عَلَيْهِمُ الشُّقَّةُ ۚ وَسَيَحْلِفُونَ بِاللَّهِ لَوِ اسْتَطَعْنَا لَخَرَجْنَا مَعَكُمْ ۚ يُهْلِكُونَ أَنْفُسَهُمْ ۚ وَاللَّهُ يَعْلَمُ

အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြလေကုန်။ ဤသည် အကယ်၍ အသင်တို့သိတတ် ကြပါလျှင် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေ သတည်း။

၄၂။ အကယ်၍သာ ပစ္စည်းဥစ္စာ တစုံတရာကို ရုတ်တရက် လွယ်ကူစွာ ရရှိမည်ဖြစ်သည့်ပြင် (ခရီးသည်လည်း) မနီးမဝေး အလယ်အလတ် ခရီးပင်ဖြစ်ခဲ့မူ၊ ၎င်းတို့သည် အသင်၏နောက်သို့ အမှန်ပင် လိုက်ခဲ့ ကြမည်သာတည်း။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့(အမြင်)၌ ခရီးသည် ကမ်းလှမ်းဝေးကွာ၍ ရှိနေခဲ့ပေရာ ၎င်းတို့သည် အသင်၏ နောက်သို့ မလိုက်ပဲ နေရစ်ခဲ့ကြလေသည်။

ထိုမှတပါး မကြာမြင့်မီ ၎င်းတို့သည် (အသင်တို့ရှေ့ဝယ်) "အကယ်၍သာကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ခဲ့ကြလျှင်အသင်တို့နှင့်အတူ ထွက်ခဲ့ကြမည် အမှန်ပင်"ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ပြောဆိုကြဦးမည်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုသာ ဖျက်ဆီးလျက် ရှိကြပေသည်။ အမှန်စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့မုသာဝါဒီများ ဖြစ်ကြောင်းကို ကောင်းစွာသိရှိတော်မူပေသတည်း။ ၁

➤➤ ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အလုပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အိမ်သူအိမ်သားများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မည်သည့် အခြေအနေ၌ပင် ရှိစေကာမူ အကြောင်းတစုံတရာ ပြသမနေပဲ စစ်ချီတက်ကြရမည်သာဖြစ်သည်။ ကြည်-အစ်ဗ်နဂျရီရ်၊ အစ်ဗ်နကဆီရ်၊

① **မှတ်သားဖွယ်။**

ဤအာယတ်တော်တွင် စာလစ်က်ခေါ် သူတော်စင်များအဖို့ မိမိ၏ စိတ်စေတနာကို စမ်းသပ်ရန် နည်းလမ်းပါရှိသည်။ အကြင်ကိစ္စတရပ်တွင် လောကီအကျိုးကား အလျှင်းမရှိ၊ ဒုက္ခချည်းသာဖြစ်၏။ ➤➤

(တနည်း)

إِنَّهُمْ لَكَٰذِبُونَ ﴿٤٣﴾

အကယ်၍သာ အလွယ်တကူ ဥစ္စာပစ္စည်း တစုံတရာ ရရှိမည်ဖြစ်သော် သွားလာရမည့် ခရီးသည်လည်း သာမန်သာဖြစ်သော် ယင်း(မုနာဖစ်က်)တို့သည် ဧကန်မုချ အသင်နှင့်အတူတကွ လိုက်ခဲ့ကြမည်ဖြစ်သည်။ သို့ရာတွင် (ယခုမူ) ခရီးသည်ဝင်းတို့(အမြင်)၌ ဝေးကွာကမ်းလှမ်း၍ နေချေ၏။ (ထို့အတွက်ကြောင့်ပင် ဝင်းတို့သည် စစ်ပွဲသို့ မလိုက်ပါပဲ နောက်တွင် ထိုင်နေခဲ့ကြ၏။)

မကြာမြင့်မီ (အသင် မွတ်စ်လင်မ်တို့ စစ်ပွဲမှ ပြန်လာကြသောအခါ) ယင်း(မုနာဖစ်က်)တို့သည် (အသင်တို့ရှေ့ဝယ် အလွှာဟ်အရှင်မြတ်အား တိုင်တည်၍) "အကယ်၍ ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ခဲ့ကြပါလျှင် အသင်တို့နှင့်အတူ မုချ ထွက်ခဲ့ကြမည် သာဖြစ်ပါသည်" ဟု ပြောဆိုကြဦးမည် ဖြစ်သည်။ ယင်း(မုနာဖစ်က်)များသည် မိမိတို့ကိုယ်ကိုသာ ဖျက်ဆီးလျက် ရှိကြကုန်၏။ ဂျင်းပြင် အလွှာဟ်အရှင်မြတ်သည် ယင်း(မုနာဖစ်က်)များမုချဧကန် မုသားပြောဆိုသူများဖြစ်ကြသည်ကို ကောင်းစွာ သိရှိတော်မူသည်။

➤➤ ထိုသို့သောကိစ္စကို ဆောင်ရွက်ရာတွင် မိမိ၏ စိတ်သည် မည်သို့မည်ပုံရှိသည်ကို စဉ်းစားဆင်ခြင်ခြင်းပင် ဖြစ်သည်။ လောကီအကျိုးရှိသော ကိစ္စများကိုသာ ဆောင်ရွက်နေခြင်းသည် "အစ်ခ်လာဆွ်" စိတ်စေတနာ ဖြူစင်ခြင်း၏ သက်သေလက္ခဏာမဟုတ်ပေ။ ဤကားထာနဝီသခင်၏ ဖွင့်ဆိုချက်တည်း။

မာဂျိဒီ။ အ-၂။ စ-၄၀၅။ အအ-၈၁။

عَفَا اللّٰهُ عَنْكَ ۚ لِمَ
اَذِنْتَ لَهُمْ حَتّٰى يَتَبَيَّنَ
لَكَ الَّذِيْنَ صَدَقُوْا وَتَعْلَمَ
الْكٰذِبِيْنَ ﴿٤٣﴾

၄၃။ (အို - နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ချေပြီ။ (သို့ရာတွင်) အသင့်အဖို့ (ထိုသူတို့အနက်) မှန်ကန်စွာ ပြောဆိုသောသူတို့သည် ထင်ရှားခြင်း မရှိသေးမီ လည်းကောင်း၊ (ထိုသူတို့အနက်မှ) မုသာဝါဒီများကို အသင် မသိသေးမီလည်းကောင်း၊ အသင်သည် မည်သည့်အတွက် ထိုသူတို့အား (စစ်ချီတက်ရာသို့ မလိုက်ပဲ နေရစ်ခဲ့ကြရန်) ခွင့်ပြုခဲ့ပါသနည်း။ [၁]

---

① မုနာဖစ်ဂ်များသည် လိမ်လည်၍ မမှန်ကန်သော အကြောင်းပြကာ ၎င်းတို့အား မဒီနာမြို့၌ပင် နေရစ်ခဲ့ခွင့်ပြုရန် တမန်တော်မြတ်ထံ ပန်ကြားကြ၏။ တမန်တော်မြတ်သည်လည်း ၎င်းတို့၏ ပရိယာယ်နှင့် အယောင်ဆောင်မှုကို လျစ်လျူပြု၍လည်းကောင်း၊ ၎င်းတို့နှင့်အတူလိုက်ပါက အနှောင့်အယှက်မှအပ အခြားအကျိုး တစုံတရာမရှိမည်ကို မြော်မြင်၍လည်းကောင်း ခွင့်ပြုတော်မူလေ့ရှိသည်။

ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ ဤအာယတ်တော်တွင် "အကယ်၍ တမန်တော်မြတ် ခွင့်ပြုတော် မမူခဲ့လျှင် သာ၍ကောင်းသည်" ဟူ၍ မိန့်ဆိုထား တော်မူခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ခွင့်ပြုတော်မမူခဲ့လျှင် ယင်းမုနာဖစ်ဂ်များသည် စစ်ပွဲသို့ ၎င်းတို့ မလိုက်ပါ မဆင်နွှဲခြင်းအတွက် တစုံတရာ အကြောင်းမပြနိုင်ပဲ ၎င်းတို့၏ "နိဖာဂ်" သည် ထင်ရှားပေါ်လွင်၍ သွားပေမည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းမုနာဖစ်ဂ်များအား မည်သည့်နည်းနှင့်မျှ စစ်မြေပြင်သို့ သွားရောက်ဆင်နွှဲနိုင်စွမ်းကိုလည်း ပေးသနားတော်မူမည်မဟုတ်ပေ။ သို့ရာတွင် တမန်တော်မြတ်ကသာ ခွင့်ပြုတော်မမူခဲ့ပါက ၎င်းတို့၏ သရုပ်ဖြစ်ရပ်မှန်သည် ပေါ်လွင်ထင်ရှား၍ သွားပေမည်။

အမှန်စင်စစ် တမန်တော်မြတ်က ယင်းသို့ခွင့်ပြုတော်မူခဲ့ခြင်းမှာ အပြစ်တစုံတရာ မဟုတ်ပေ။ သို့ရာတွင် ခွင့်မပြုခြင်းသည် ဖြစ်ပေါ်နေသော အခြေအနေများအရ ပို၍ သင့်မြတ်သည်။ ယင်းသို့ ပို၍ သင့်မြတ်သော အချက်ကို တမန်တော်မြတ် မပြုလုပ်မိသည့်အတွက် ဤအာယတ်တော်တွင် တမန်တော်မြတ်အား (عَفَا اللّٰهُ عَنْكَ) ဟူ၍ စကားပလ္လင်ခံပြီး မိန့်ဆိုထားတော်မူခြင်းပင် ဖြစ်သည်။ အဖ်ဝ် ဟူသောပုဒ်သည် အပြစ်ရှိ၍ ခွင့်လွှတ်ရာ၌သာလျှင် သုံးနှုန်းသောစကားဖြစ်သည်ဟူ၍ မယူဆရာ။

အချို့သုတေသီ ပညာရှင်များက "ဤအာယတ်တော်၏အစ၌ (عَفَا اللّٰهُ عَنْكَ) ဟူသော ဝါကျကို ထည့်သွင်းသုံးနှုန်းထားတော်မူခြင်းမှာ ဆုပန်ခြင်း၊ လေးစားခြင်းသဘောဖြင့် သုံးနှုန်းထားတော်မူခြင်း ဖြစ်သည်။ အရဗီစာပေဝေါဟာရတွင် ဤသို့သော အသုံးအနှုန်း အများအပြားရှိသည်" ဟုဆိုကြသည်။ သို့ရာတွင် အတိတ်ဓေတ် ပညာရှင်များ၏ယူဆချက်မှာ အထက်တွင် ကျွန်ုပ်ရေးသားဖော်ပြထားသည့် အတိုင်းပင် ဖြစ်သည်။ ဤသည့်အချက်ကို "အသင်သည် ၎င်းတို့အား အဘယ်ကြောင့် ခွင့်ပြုခဲ့သနည်း" ဟူသော ဝါကျကလည်း ထောက်ခံလျက်ရှိသည်။

لَا يَسْتَأْذِنُكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ أَنْ يُجَاهِدُوا بِأَمْوَالِهِمْ وَأَنْفُسِهِمْ ۗ وَاللَّهُ عَلِيمٌ بِالْمُتَّقِينَ ﴿٤٤﴾

၄၄။ အလ္လာဟ် အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်သောသူတို့ကား၊ မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှ ထိုင်နေကြရန် (မည်သည့်အခါ၌မျှ) အသင့်ထံ ခွင့်ပန်ကြမည် မဟုတ်ပေ။ [၁] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အား ကောင်းစွာ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

إِنَّمَا يَسْتَأْذِنُكَ الَّذِينَ لَا يُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَارْتَابَتْ قُلُوبُهُمْ فَهُمْ فِي رَيْبِهِمْ يَتَرَدَّدُونَ ﴿٤٥﴾

၄၅။ အကြင်သူတို့သည်သာလျှင် အသင့်ထံ ခွင့်ပန်ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ မယုံကြည်ကြသည့်ပြင် ၎င်းတို့၏စိတ်နလုံးများသည်လည်း (အစွန်လာမ်နှင့်စပ်လျဉ်း၍) ဒွိဟသံသယဖြစ်လျက် ရှိကြကုန်သည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ ဒွိဟသံသယ၌ပင် တဝဲလည်လည်ဖြစ်လျက် ရှိကြကုန်သတည်း။

---

① အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ "ဂျိဟာဒ်" ပြုလုပ်ခြင်းမှ မိမိတို့ကို ချန်လှပ်ထားရှိရန် သူထက်ငါ တိုးဝှေ့၍ ခွင့်ပန်ခြင်းမှာ 'အီမာန်' နှင့် 'တက္ကဝါ' ရှိသော မုအ်မင်နိတို့၏ အလုပ်မဟုတ်ပေ။ မုအ်မင်နိတို့မူကား အကယ်တန္တ ဂျိဟာဒ်ပြုလုပ်ရန် စစ်ပွဲသို့ လိုက်ပါဆင်နွှဲရန်အတွက် စစ်စားရိတ်၊ အစီးအနင်း စသည့် အသုံးအဆောင်များ မရရှိသည့်အတွက် စစ်ပွဲသို့မလိုက်ပါ မဆင်နွှဲနိုင်ပဲ ကျန်ရစ်နေခဲ့ကြရသော် ယင်းမုအ်မင်နိများသည် ဝမ်းနည်းကြေကွဲ၍ မျက်ရည်များပင် ကျကြပေသည်။ ကြည့်-ကုရ်အာန်(၉း၉၂) ဂျိဟာဒ်ပြုလုပ်ခြင်းမှ ခွင့်လွှတ်ရန် အရှက်ကင်းမဲစွာ ပန်ကြားကြသူများမှာကား အလ္လာဟ်အရှင်မြတ်၏ ကတိတော်များကို မယုံကြည်သောသူများ၊ နောင်တမလွန်ဘဝကို မယုံကြည်သူများနှင့် အလ္လာဟ်အရှင်မြတ်က အစွန်လာမ်နှင့် မွတ်စ်လင်မ်တို့အား အောင်နိုင်မှု ပေးတော်မူမည်ဟူ၍ ဟောကြားတော်မူသည့် ဗာဒီတ်တော်များနှင့်စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်နေသူများသာ ဖြစ်ကြချေသည်။

وَلَوْ أَرَادُوا الْخُرُوجَ لَأَعَدُّوا لَهُ عُدَّةً وَلَٰكِن كَرِهَ اللَّهُ انبِعَاثَهُمْ فَثَبَّطَهُمْ وَقِيلَ اقْعُدُوا مَعَ الْقَاعِدِينَ ﴿٤٦﴾

၄၆။ စင်စစ်တမူကား အကယ်၍သာ ၎င်းတို့သည် (အသင်တို့နှင့်အတူ စစ်တလင်းသို့) ထွက်ကြရန် ရည်စူးခဲ့ကြပါလျင်၊ မျချေကန် ၎င်းတို့သည် ထွက်ရန် အလို့ငှာ တစုံတရာပြင်ဆင်မှု အသင့်ပြုလုပ် ထားရှိကြပေမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ (စစ်တလင်းသို့ လိုက်ပါ)သွားခြင်းကို မနှစ်မြို့တော်မူခဲ့ချေ။ သို့ဖြစ်ပေရာထို အရှင်မြတ်သည် ၎င်းတို့အား နေမြဲနေစေတော်မူခဲ့လေသည်။ ၎င်းပြင် (အလ္လာဟ် အရှင်မြတ်အထံတော်မှ ထိုသူတို့အား) "အသင်တို့သည် ကျန်ရစ်ခဲ့သောသူတို့နှင့်အတူ၊ ထိုင်၍ပင် ကျန်ရစ်ခဲ့ကြလေကုန်"ဟုအမိန့်ရှိခဲ့လေသတည်း။

لَوْ خَرَجُوا فِيكُم مَّا زَادُوكُمْ إِلَّا خَبَالًا وَلَأَوْضَعُوا خِلَالَكُمْ يَبْغُونَكُمُ الْفِتْنَةَ وَفِيكُمْ سَمَّاعُونَ لَهُمْ ۗ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ ﴿٤٧﴾

၄၇။ အကယ်၍ ထိုသူတို့သည် အသင်တို့တွင် ပါဝင်၍ ထွက်ခဲ့ကြသည်ရှိသော် ၎င်းတို့သည် ပျက်စီးရာပျက်စီးကြောင်းမှ အပအသင်တို့၌ မည်သည့်တစုံတရာကိုမျှ *တိုးပွားစေခဲ့ကြမည် မဟုတ်ပေ*။ [၁] ၎င်းပြင်ဧကန်မုချ ထိုသူတို့သည်အသင်တို့ အကြားတွင် အနှောင့်အယှက် ဖြစ်စေရန် လူးလာပြန်ခတ် သွားချေလာချေ ပြုလုပ်ကြမည်သာတည်း။ ထို့ပြင် (ယခုလည်း)အသင်တို့တွင် ၎င်းတို့၏သတင်းထောက်လှမ်းသူများ(သူလျှိုများ) ရှိကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မတရားမှုပြုသောသူတို့အား ကောင်းစွာ သိရှိတော်မူပေသတည်း။

---

① အကယ်၍ မုနာဖစ်ဂ်များသည် မွတ်စ်လင်မ်များနှင့်အတူ စစ်ပွဲသို့ လိုက်ပါလာခဲ့ကြသည်ရှိသော် ၎င်းတို့သည် မိမိတို့၏ ရဲစွမ်းသတ္တိ မရှိမှု၊ သတ္တိကြောင်မှု၊ သူရဲဘောနည်းမှု (ဟန်ဆောင်မှု၊ စိတ်မပါမှု)များကြောင့် အခြားစစ်သည်များ၏ စိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိကိုပင် ပျက်ပြားစေကြမည်။ အချင်းချင်း တို့မီးရှို့မီးလုပ်၍ သွေးဝမ်းခွဲကြမည်၊ မမှန်သတင်းလွှင့်ပြီး မွတ်စ်လင်မ်များတွင် ရန်သူများဘက်မှ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှုများ ဖြစ်ပွားစေကြမည်။ ယင်းမုနာဖစ်ဂ်များ စစ်ပွဲတွင်လိုက်ပါလာခြင်းဖြင့် မွတ်စ်လင်မ်များအဖို့ အမြတ်ကား အလျင်းမရှိ၊ အရှုံးသာရှိမည်။ အနှောင့်အယှက်သာပိုမိုများပြားလာပေမည်။ အကျိုးကားအလျင်းရှိမည်မဟုတ်ပေ။ ➤➤

لَقَدِ ابْتَغَوُا الْفِتْنَةَ مِنْ قَبْلُ وَقَلَّبُوا لَكَ الْأُمُورَ حَتَّىٰ جَاءَ الْحَقُّ وَظَهَرَ أَمْرُ اللَّهِ وَهُمْ كَارِهُونَ ﴿٤٨﴾

၄၈။ ဧကန်စင်စစ် ၎င်းတို့သည် ယခင်ကလည်း (အသင်တို့အား အုပ္ပဒ် အစရှိသော စစ်ပွဲများတွင်) *အနှောင့်အယှက် ဖြစ်စေခဲ့ကြလေသည်။* [၁] ထို့ပြင် ၎င်းတို့သည် (အသင်၏အရေးကိစ္စများကို ကပြောင်းကပြန် ပြုလုပ်ခဲ့ကြလေသည်။) နောက်ဆုံးတွင်မူ ၎င်းတို့မနှစ်မြို့ကြသော်လည်း အမှန်တရားသည် ရောက်လာခဲ့လေသည်။ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်သည်လည်း ထင်ရှားလာခဲ့လေသတည်း။

وَمِنْهُم مَّن يَقُولُ ائْذَن لِّي وَلَا تَفْتِنِّي ۖ أَلَا فِي الْفِتْنَةِ سَقَطُوا ۗ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ ﴿٤٩﴾

၄၉။ ၎င်းပြင် ထို(ကျန်ရစ်ခဲ့)သူ (မုနာဖစ်က်)တို့တွင် "ကျွန်ုပ်အား(စစ်တလင်းသို့ မလိုက်ပါပဲ အိမ်တွင် နေရစ်ခဲ့ရန်) ခွင့်ပေးပါ၊ ထို့ပြင် အသင်သည် ကျွန်ုပ်အား မဖျက်ဆီးပါနှင့်" ဟူ၍ *ပြောဆိုသူလည်း ရှိပေသေး၏။* [၂] ၎င်းတို့သည်ပျက်စီးမှု၌ ကျဆင်းခဲ့ပြီးဖြစ်ကြသည်ကို (အသင်တို့သည်) ကောင်းစွာ မှတ်ယူကြလေကုန်။ ထိုမှတပါး (နောင်တမလွန်ဘဝတွင်လည်း) ဂျဟန္နမ်ငရဲဘုံသည် ၎င်းတို့အား ဝန်းရံလျက်ရှိချေအံ့သတည်း။

➤➤ ထို့အတွက်ကြောင့်လည်း အလ္လာဟ်အရှင်မြတ်သည် ယင်းမုနာဖစ်က်တို့အား စစ်ပွဲသို့ လိုက်ပါဆင်နွှဲနိုင်စွမ်းပေးတော်မမူခြင်းဖြစ်သည်။

① တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မဒီနာမြို့သို့ ကြွရောက်လာတော်မူခဲ့သည့်အခါ ယဟူဒီများနှင့် မဒီနာမြို့ရှိ မုနာဖစ်က်များသည် တမန်တော်မြတ်အား အမျိုးမျိုး အနှောင့်အယှက် ပေးခဲ့ကြလေသည်။ နေ့စဉ်နှင့်အမျှ တိုးတက်နေသော အစ္စလာမ်၏ ကြီးပွားထွန်းကားမှုများကို ဟန့်တားရန်လည်း အမျိုးမျိုးအဖုံဖုံ ကပြောင်းကပြန် ပြုလုပ်ခဲ့ကြလေသည်။ သို့ရာတွင် ဗဒ်ရ်စစ်ပွဲ၌ ကာဖိရ်၊ မုရှ်ရစ်က်တို့၏ ထိပ်သီးခေါင်းဆောင်ကြီးများ သေကြေပျက်စီး၍ မွတ်စ်လင်မ်များ အံ့ဖွယ်သူရဲ အောင်နိုင်လိုက်ကြသည့်အခါ အဗ်ဒွလ္လာဟ် အစ်ဗ်နုအုဗိုင်ယ်နှင့် ၎င်း၏ အပေါင်းပါများက အစ္စလာမ်နှင့်စပ်လျဉ်း၍ "ဤသည် တိုးပွားလျက်သာ ရှိသည်၊ ရွေ့သို့သာ ချီတက်လျက်ရှိသည်၊ ရပ်တန့်တော့မည် မဟုတ်" ဟူ၍ပင် ဆိုကြလေသည်။ ထိုအခါ အချို့သူများသည် စိုးရိမ်ကြောင့်ကျကာ (စိတ်တွင်းမှမပါ) နူတ်ဖြင့်သာ အစ္စလာမ်သာသနာကို လက်ခံထားကြပြီး စိတ်တွင်းဝယ် "ကုဖ်ရ်"၊ "ရှစ်ရ်က်"ကို ဖုံးကွယ် ထားခဲ့ကြလေသည်။ ထို့အတွက်ကြောင့်ပင် ၎င်းတို့သည် အစ္စလာမ် သာသနာတိုးတက် ကြီးပွားလာသည်နှင့် အမျှ မကျေမချမ်း ဖြစ်ကာ အံကြိတ်၍ စိတ်တွင်း၌သာ ➤➤

إِنْ تُصِبْكَ حَسَنَةٌ تَسُؤْهُمْ وَإِنْ تُصِبْكَ مُصِيبَةٌ يَقُولُوا قَدْ أَخَذْنَا أَمْرَنَا مِنْ قَبْلُ وَيَتَوَلَّوا وَهُمْ فَرِحُونَ ﴿٥٠﴾

၅၀။ အကယ်၍ အသင့်၌ ကောင်းမွန်သောအခြေအနေ တစုံတရာ ဆိုက်ရောက်သည်ရှိသော် ထိုကောင်းမွန်သော အခြေအနေသည် ၎င်းတို့အား ပူပင်သောက ဖြစ်စေ၏။ သို့ရာတွင် အကယ်၍ အသင့်၌ ဘေးအန္တရာယ် တစုံတရာ ဆိုက်ရောက်သည်ရှိမူ၊ ၎င်းတို့က "ဓကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အရေးကိစ္စကိုယခင်ကပင်တင်ကူး၍ စီမံခဲ့ပြီးဖြစ်သည်" ဟု ပြောဆိုကာ ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လှည့်သွားလေ့ ရှိကြကုန်သတည်း။ [၁]

➤➤ ဒေါသဖြစ်လျက် ရှိခဲ့ကြလေသည်။ ဆိုလိုသည်ကား၊ ၎င်းတို့၏ အနှောင့်အယှက်သည် အသစ်အဆန်းမဟုတ်ပေ။ လုပ်ရိုးလုပ်စဉ် လုပ်ငန်းပင် ဖြစ်ချေသည်။ 'အုဟုဒ်' စစ်ပွဲဖြစ်စဉ်ကလည်း ယင်းမုနာဖစ်ဂ်များသည် ပထမသော် စစ်ပွဲသို့ လိုက်ပါလာပြီး လမ်းခုလပ်သို့ရောက်လတ်သော် သစ္စာဖောက်ကာ ပြန်လှည့်သွားခဲ့ကြလေသည်။ မုနာဖစ်ဂ်များသည် အသို့ပင် အနှောင့်အယှက်ပေးခဲ့ကြသော်လည်း အမှန်တရားသည် မည်သို့အောင်မြင်၍ အမှားသည် ရှုံးနိမ့်ပျက်ပြားသွားခဲ့သည်မှာ အထင်အရှားပင် ဖြစ်ချေသည်။

① ဂျုဒ္ဒအစ်ဗ်နကိုက်စ် အမည်ရှိသော မုနာဖစ်ဂ်ကြီးတဦးက တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား "ကျွန်ုပ်ကို ဤတွင်ပင် နေရစ်ခွင့်ပြုပါ၊ အဘယ့်ကြောင့်ဆိုသော် ရောမတိုင်းပြည်ရှိ အမျိုးသမီးများသည် ရုပ်ရည်အလွန်ချောမောကြသည်၊ ထိုသို့သော အမျိုးသမီးများကို မြင်တွေ့ရလျှင် ကျွန်ုပ်သည် မိမိ၏စိတ်ကို ချုပ်တည်းထားနိုင်မည် မဟုတ်ပါ၊ ထို့အတွက် ကျွန်ုပ်အား ရောမပြည်သို့ ခေါ်ဆောင်သွားပြီး မဖျက်ဆီးပါနှင့်" ဟူ၍ ပြောဆိုခွင့်ပန်ခဲ့လေသည်။

အမှန်စင်စစ် ယင်းမုနာဖစ်ဂ်သည် သူတော်ကောင်းယောင်ဆောင်ကာ မိမိ၏ သတ္တိကြောင့်မှန့် ကုဖ်ရ်၊ နိဖာက်ကို ဖုံးကွယ်၍ မိမိကိုယ်ကို မိမိပင် ဖျက်ဆီးခဲ့လေပြီ၊ နောင်တမလွန်ဘဝတွင် လည်း မိမိ၏ကုဖ်ရ်နှင့် နိဖာက်အတွက်ကြောင့်ပင် မုချမလွဲ ဂျဟန္နမ်ငရဲသို့ လားရဦးမည်ဖြစ်သည်။

အချို့ပညာရှင်များက ဤအာယတ်တော်သည် မုနာဖစ်ဂ်အားလုံးတို့နှင့် သက်ဆိုင်သည်၊ "ကျွန်ုပ်အား မဖျက်ဆီးပါနှင့်" ဟူသော ဝါကျ၏အလိုသဘောမှာ "ကျွန်ုပ်တို့အား ခေါ်ဆောင်သွားပြီးလျှင် ဥစ္စာပစ္စည်းစသည်များတွင် ဆုံးရှုံးနစ်နာအောင် မပြုပါနှင့်" ဟူ၍ဖြစ်သည်။ ဤသည့် ယူဆချက်ကို ("သတိပြုကြကုန်၊ ထိုသူများသည် ပျက်စီးခြင်း၌ ကျဆင်းခဲ့ပြီး ဖြစ်ကြကုန်၏")ဟူသော ဝါကျက ထောက်ခံလျက်ရှိသည်" ဟု ဆိုကြသည်။

② မွတ်စ်လင်မ်များတွင် ကောင်းမွန်သော အခြေအနေတခု၊ ဥပမာ . . . အောင်နိုင်မှု တခုခု ဖြစ်ပေါ်လာလျှင် မုနာဖစ်ဂ်များသည် ပူပန်ကြ၏။ မကျေမချမ်း ဖြစ်ကြ၏။ အကယ်၍ မွတ်စ်လင်မ်များတွင် ဘေးအန္တရာယ် တစုံတရာ၊ ဥပမာ . . . ရှုံးနိမ့်မှု၊ ကျဆုံးမှု၊ အနာတရဖြစ်မှုများရှိလျှင် မုနာဖစ်ဂ်များသည် ဝမ်းသာကြကာ "ကျွန်ုပ်တို့သည် အမြော်အမြင်ရှိသည့်အတွက် ယခင်ကပင် ကြိုတင်၍ မိမိတို့ကိုယ်ကို ကာကွယ်ရန် ➤➤

قُلْ لَّنْ يُّصِيْبَنَآ اِلَّا مَا كَتَبَ اللّٰهُ لَنَا ۚ هُوَ مَوْلٰىنَا ۚ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿٥١﴾

၅၁။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်က အကျွန်ုပ်တို့နှင့် ပတ်သက်၍ စီရင် ရေးသား တော်မူခဲ့သည့်မှအပ အခြားမည်သည့် တစုံတရာမျှ အကျွန်ုပ်တို့၌ အလျင်း ဆိုက်ရောက်နိုင်မည် မဟုတ်ပေ။ ထိုအရှင်မြတ်သည် အကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူတို့သည် ထိုအရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ကြရာကုန်သတည်း။ [၁]

➤➤ စီမံခဲ့ကြသည်။ ဤသို့ ဘေးတွေ့မည်ကို ကျွန်ုပ်တို့မြော်မြင်ခဲ့ကြသည်။ ထို့အတွက်ကြောင့်လည်း ထိုမွတ်စ်လင်မ်များနှင့်အတူ စစ်ပွဲသို့ မသွားခဲ့ခြင်းဖြစ်သည်" ဟုဆိုကာ မိမိတို့၏ ဆွေးနွေးပွဲများမှ မိမိတို့အိမ်များသို့ ပြန်သွားလေ့ရှိခဲ့ကြသည်။ ဤသည် မုနာဖစ်က်များ၏ အကျင့်ဆိုးတရပ်ပင်ဖြစ်သည်။

၁) ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား ဖြေကြားစေတော်မူသည်မှာ . . .

အလ္လာဟ်အရှင်မြတ် စီရင်သတ်မှတ်ပြဋ္ဌာန်းတော်မူသော အရာဟူသမျှတို့သည် ဒုက္ခပင်ဖြစ်စေ၊ သုခပင်ဖြစ်စေ၊ သတ်မှတ်ထားတော်မူသည့်အချိန်တွင် ဧကန်မုချ သက်ရောက်မည်သာ ဖြစ်သည်။ မည်သူမျှ ရှောင်ကွင်းနိုင်သည် မရှိပေ။

မွတ်စ်လင်မ်များသည် အတွင်းအပြင် အဘက်ဘက်မှ "အလ္လာဟ်အရှင်မြတ်အား မိမိတို့၏အရှင်သခင်၊ မိမိတို့အား မွေးမြူဖန်ဆင်း ပြုစု ပျိုးထောင်ပေးတော်မူသောအရှင် အစစ်အမှန် ဖြစ်တော်မူသည်" ဟူ၍ လုံးဝယုံကြည်ထားကြပေရာ ထိုအရှင်မြတ် စီရင်တော်မူသည့် အမိန့်တော် အဆုံးအဖြတ်တော်များကို ခြွင်းချက်မရှိ ဦးထိပ်ထားကြလေသည်၊ နာခံကြလေသည်။ မည်သည့်ဒုက္ခ၊ မည်သည့်ခဲယဉ်မှု၊ မည်သည့်ကျပ်တည်းမှုမျှ အမိန့်တော်နာခံခြင်းမှ မွတ်စ်လင်မ်တို့အား မတားဆီးနိုင်ပေ။

ထိုအရှင်မြတ်သည် ယာယီဖြစ်သော ဒုက္ခများကို နောင်တမလွန်ဘဝတွင် အမတသုခ ချမ်းသာမှုများဖြင့် မုချ ပြောင်းလဲပေးတော်မူမည် ဖြစ်သည်။ ဤပစ္စက္ခဘဝတွင်လည်း များသောအားဖြင့် သုခချမ်းသာမှုများဖြင့် ပြောင်းလဲပေးတော်မူမည်။ ဤသည်ကို မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်လွှဲအပ်ထားကြလေသည်။

(ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ် စီရင်တော်မူသည့်အတိုင်းသာ ဖြစ်မည်။ မုနာဖစ်က်တို့ မျှော်လင့်တောင့်တသည့်အတိုင်း ဖြစ်မည်မဟုတ်ပေ။ မွတ်စ်လင်မ်တို့သည် အလ္လာဟ် အရှင်မြတ် စီရင်တော်မူသမျှကို မိမိတို့အဘို့ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ဦးထိပ်ထားကြသည်သာ ဖြစ်ပေသည်)။

قُلْ هَلْ تَرَبَّصُوْنَ بِنَآ
اِلَّآ اِحْدَى الْحُسْنَيَيْنِ ؕ
وَنَحْنُ نَتَرَبَّصُ بِكُمْ اَنْ
يُّصِيْبَكُمُ اللّٰهُ بِعَذَابٍ
مِّنْ عِنْدِهٖٓ اَوْ بِاَيْدِيْنَا ۚ
فَتَرَبَّصُوْٓا اِنَّا مَعَكُمْ
مُّتَرَبِّصُوْنَ ﴿٥٢﴾

၅၂။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ ဟယ်-(အချင်းတို့) အသင်တို့သည် အကျွန်ုပ်တို့နှင့်ပတ်သက်၍ ကောင်းမြတ်သော အကြောင်းအရာနှစ်ခုအနက် တခုမှတပါး အခြားတစုံတရာကို *စောင့်မျှော်၍နေကြသလော*။ [၁] စင်စစ်သော်ကား အကျွန်ုပ်တို့သည် အသင်တို့နှင့်ပတ်သက်၍ အလွန်ဟ်အရှင်မြတ်သည် မိမိအထံတော်မှဖြစ်စေ၊ အကျွန်ုပ်တို့၏လက်များဖြင့်ဖြစ်စေ၊ အသင်တို့၌ ပြစ်ဒဏ်တစုံတရာကို သက်ရောက်စေတော်မူရန် စောင့်မျှော်လျက် ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် စောင့်မျှော်၍ နေကြလေကုန်။ အကျွန်ုပ်တို့သည်လည်း(မိမိတို့အနေနှင့်) အသင်တို့နှင့်အတူ စောင့်မျှော်လျက်ပင် ရှိကြပေသည်။

قُلْ اَنْفِقُوْا طَوْعًا اَوْ كَرْهًا
لَّنْ يُّتَقَبَّلَ مِنْكُمْ ؕ اِنَّكُمْ كُنْتُمْ
قَوْمًا فٰسِقِيْنَ ﴿٥٣﴾

၅၃။ (အို-နဗီတမန်တော်) အသင်သည် (ငင်းမုနာဖစ်ကတို့အား ဤသို့)ပြောကြားပါဦးလေ။ အသင်တို့သည် သဒ္ဓါကြည်ဖြူစွာဖြစ်စေ၊ သို့တည်းမဟုတ် သဒ္ဓါကြည်ဖြူခြင်း မရှိပဲလျက်ဖြစ်စေ၊ ပေးကမ်းသုံးစွဲကြလေကုန်။ (သို့ရာတွင်) ထိုသုံးစွဲမှုသည် (အလွှာဟ်အရှင်မြတ်ထံတော်၌) အသင်တို့ထံမှ သဘောတူတော်မူခြင်းကိုအလျင်းခံရလိမ့်မည်မဟုတ်ပေ။ [၂] အကြောင်းသော်ကား အသင်တို့သည် (အမိန့်တော်ကို)သွေဖည်ငြင်းပယ်သောသူများ ဖြစ်ကြသောကြောင့်ပင်တည်း။

---

① ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ်က တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား ဖြေကြားစေတော်မူသည်မှာ . . . မုနာဖစ်ကမ်များသည် မွတ်စ်လင်မ်များနှင့်ပတ်သက်၍ အကောင်းနှစ်ခုအနက် တခုခုဖြစ်မည်ကို မုချမျှော်လင့်နိုင်ကြပေသည်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ မွတ်စ်လင်မ်တဦးသည် အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မြေပြင်တွင် ကျဆုံးသွားသည်ရှိသော် "ရှဟီးဒ်" ဖြစ်သည်၊ ဂျန္နတ်သို့ လားရမည်၊ ဤသည်လည်း အကောင်းပင်။ အကယ်၍ မွတ်စလင်မ်တဦးသည် အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် စစ်အောင်နိုင်၍ ပြန်လာခဲ့သည်ရှိသော် ဂျိဟာဒ်၏ ကုသိုလ်အကျိုးကိုရမည်၊ လက်ရ ➤➤

وَمَا مَنَعَهُمْ أَنْ تُقْبَلَ مِنْهُمْ نَفَقَاتُهُمْ إِلَّا أَنَّهُمْ كَفَرُوا بِاللَّهِ وَبِرَسُولِهِ وَلَا يَأْتُونَ الصَّلَاةَ إِلَّا وَهُمْ كُسَالَىٰ وَلَا يُنْفِقُونَ إِلَّا وَهُمْ كَارِهُونَ ﴿٥٤﴾

၅၄။ စင်စစ်သော်ကား ယင်း(မုနာဖစ်က်)တို့ထံမှ ၎င်းတို့၏ အလှူပစ္စည်းများကို သဘောတူလက်ခံတော်မူခြင်းမှ အလွန်ဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာ့ရူလ်တမန်တော်အား ၎င်းတို့၏သွေဖည်ခြင်းမှအပါး အခြားမည်သည့်အရာကမျှ မြစ်တားခဲ့သည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ပျင်းရိစွာမှအပ ဆွေလာတ်ဝတ်ပြုကြသည်လည်း မရှိချေ။ ထိုနည်းတူစွာ ၎င်းတို့သည် မနှစ်မြို့သော သူများအဖြစ်မှတပါး လူဒါန်းသုံးစွဲကြသည်လည်း မရှိပေ။ [၁]

➤➤ ပစ္စည်းလည်း ရဦးမည်။ ဤသည်လည်း အကောင်းပင်။ (တနည်းအားဖြင့် မွတ်စ်လင်မ်များအဖို့ သုခလည်း အကောင်းပင်ဖြစ်သည်၊ ဒုက္ခလည်း အကောင်းပင်ဖြစ်သည်)။

တမန်တော်မြတ် (ဆွေလွေလွှာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဩဝါဒတော်များတွင် အလွှာဟ်အရှင်မြတ်သည် မုဂျာဟစ်ဒ်များနှင့် ပတ်သက်၍ တာဝန်အရပ်ရပ် ယူထားတော် မူသည့်အကြောင်း အမြောက်အမြား လာရှိပေသည်။

(၂) ဤဒုအစ်ဗ်နိုကိုက်စ်က တမန်တော်မြတ် မုဟမ္မဒ်(ဆွေလွေလွှာဟု အလိုင်ဟိဝစလ္လမ်)ထံတော်တွင် ရောမပြည်၏ အမျိုးသမီးများကို အကြောင်းပြ၍ စစ်ပွဲသို့လိုက်ပါခြင်းမှ နေရစ်ခဲ့ရန် ခွင့်ပန်စဉ်က "ကျနော်သည် စစ်ပွဲသို့ မိမိကိုယ်တိုင် မလိုက်ပါနိုင်ပါ၊ သို့ရာတွင် ဥစ္စာပစ္စည်းဖြင့် အကူအညီပေးနိုင်ပါသည်"ဟု လည်း ပြောဆိုခဲ့လေသည်။

ဤအာယတ်တော်တွင် ယင်းသို့ "အီမာန်" ယုံကြည်မှု မရှိပဲလျက် ထည့်ဝင်သောအလှူကို ကြည်ဖြူစွာ ထည့်ဝင်သည်ဖြစ်စေ၊ သဒ္ဓါကြည်ဖြူခြင်းမရှိပဲလျက် ထည့်ဝင်သည်ဖြစ်စေ၊ (မုနာဖစ်က်များသည် အသို့လျှင် သဒ္ဓါကြည်ဖြူစွာ အလှူထည့်ဝင်နိုင်ကြအုံနည်း)၊ ၎င်းတို့သည် ကြည်ဖြူခြင်း မရှိပဲလျက် အလှူထည့်ဝင်ကြပေသည်။ ကြည့်-ကုရ်အာန်(၉း၅၄)။

အကယ်တန္တ့ယင်းမုနာဖစ်က်များသည် ကြည်ဖြူစွာဖြင့်ပင် အလှူထည့်ဝင်ကြသည်ပင် ဖြစ်စေကာမူ) ၎င်းတို့တွင် "အီမာန်" ယုံကြည်မှု အလျင်းမရှိပေရာ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ အလှူကို အလျှင်းလက်ခံသဘောတူတော်မူမည်မဟုတ်ပေ။

(၁) မုနာဖစ်က်များ၏ အလှူပစ္စည်းများကို အလွှာဟ်အရှင်မြတ် လက်ခံသဘောတူတော်မမူခြင်း၏ အဓိက အကြောင်းမှာ ၎င်းတို့၏ "ကုဖ်ရ်" သွေဖည်ငြင်းပယ်မှုသာလျှင် ဖြစ်သည်။ ကာဖိရ်များ၏ အပြုအမူဟူသမျှသည် "အီမာန်" ယုံကြည်မှု မပါရှိသည့်အတွက် အသက်မပါ အသေမျှသာဖြစ်ကြောင်း အထက်တွင် အကြိမ်ကြိမ် ရေးသားခဲ့ပေပြီ။ မုနာဖစ်က်များ၏ ပျင်းရိစွာဖြင့် ဆွေလာတ်ဝတ်ပြုခြင်း၊ မနှစ်မြို့ပဲလျက် လူဒါန်းခြင်းများသည် ၎င်းတို့၏အတွင်း၌ ဖုံးကွယ်ထားသည့် ကုဖ်ရ်၏ ပေါ်လွင်နေသော လက္ခဏာများပင် ဖြစ်ချေသည်။

فَلَا تُعْجِبْكَ أَمْوَالُهُمْ وَلَا أَوْلَادُهُمْ ۚ إِنَّمَا يُرِيدُ اللَّهُ لِيُعَذِّبَهُم بِهَا فِي الْحَيَاةِ الدُّنْيَا وَتَزْهَقَ أَنفُسُهُمْ وَهُمْ كَافِرُونَ ﴿٥٥﴾

၅၅။ သို့ဖြစ်ပေရာ ထို(မုနာဖစ်က်)တို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ ထိုသူတို့၏သားသမီးများသည်လည်းကောင်း၊ အသင့်အား [၁] အံ့အားမသင့်စေရ။ [၂] အလ္လာဟ်အရှင်မြတ်သည် ထိုဥစ္စာပစ္စည်းနှင့် သားသမီးတို့အားဖြင့် ထိုသူတို့အား ပစ္စုပ္ပန် လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်နှင့် ၎င်းတို့သည် ကာဖိရ် သွေဖည်ငြင်းပယ်သူများအဖြစ်နှင့် ၎င်းတို့၏ အသက်ဇီဝိန်များ ထွက်သွားရန်သာလျှင် ရည်စူးတော်မူလေသတည်း။

---

① ဤအာယတ်တော်တွင် "အသင်" ဟူသည် အမြင်အားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္စလ္လမ်)အားသာ ရည်ညွှန်း မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်ဟု ထင်မြင်ရသော်လည်း အလိုသဘောအားဖြင့်မူ မုအ်မင်နဲ့အားလုံးတို့အား ရည်ညွှန်း မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ကဗီရ်။

② အထက်တွင် မုနာဖစ်က်များ၏ ဆိုးသွမ်းမှုများနှင့် ၎င်းတို့၏ အလှူဒါနများကို အလ္လာဟ်အရှင်မြတ် အလျင်း လက်ခံတော်မူမည် မဟုတ်ကြောင်းများ ပါရှိ၏။ မုနာဖစ်က်များသည် ယင်းသို့ ဖြစ်ကြပါလျက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဥစ္စာပစ္စည်းနှင့် သားသမီးများ အသို့လျှင် ချီးမြှင့်ထားတော်မူပါသနည်း၊ . . ဟု မေးဘွယ်ရာရှိသည်။ ဤအာယတ်တော်တွင် ဤသည့်အချက်ကိုပင် ဖြေကြားထားတော်မူသည်။

အမှန်မှာ ဤသည့်သားသမီးများနှင့် ဥစ္စာပစ္စည်းများသည်ပင်လျှင် ယင်းမုနာဖစ်က်များအတွက် ကြီးမားလှသော ပြစ်ဒဏ်တရပ် ဖြစ်နေပေသည်။ အမြိန့်အရသာနှင့် ပြည့်စုံသော အာဟာရသည် ကျန်းမာသူတဦးအား အင်အားတိုးပွားစေသော်လည်း မကျန်းမာသူတဦးအဖို့မှာ အဆိပ်အတောက်ဖြစ်လျက်ရှိ၏။ သေကြေပျက်စီး ဆုံးပါးစေနိုင်၏။ ဤနည်းအတိုင်းပင် ဤလောကီစည်းစိမ်များသည် ကာဖိရ်များအဖို့ ၎င်းတို့၏ အတွင်းစိတ်ဓာတ် ပျက်ပြားနေသည့်အလျောက် အဆိပ်အတောက် ဖြစ်လျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များသည် လောကီစည်းစိမ်များ၏ လောဘရမ္မက်တွင် နစ်မွန်းနေကြ၏။ ကာဖိရ်များသည် ဤလောကီစည်းစိမ်များကို ရှာဖွေဆည်းပူးရာတွင် ဦးစွာပထမ အကြီးအကျယ် ဒုက္ခဆင်းရဲ ခံခဲ့ကြရ၏။ ယင်းသို့ ဒုက္ခကြီးငယ်အမျိုးမျိုး ခံစားခဲ့ပြီး ရှာဖွေဆည်းပူးထားသော လောကီစည်းစိမ်များအနက် တစုံတရာ ပျက်စီးဆုံးပါးသွားလျှင် ထိုအရာပေါ်၌ လောဘရမ္မက် ထားခဲ့ကြသည်နှင့်အမျှ ကာဖိရ်များသည် ပူပင်ဒုက္ခ ဖြစ်ကြလေသည်။ ကာဖိရ်များသည် မိမိတို့၏ဥစ္စာပစ္စည်း၊ သားသမီးများနှင့်စပ်လျဉ်း၍ အချိန်မရွေး ပူပင်နေကြ၏။ ၎င်းတို့တွင် စိတ်ချမ်းသာမှုသည် အလျှင်းမရှိပေ။ ထို့ပြင်တဝ ယင်းကာဖိရ်များ မိမိတို့ချစ်မြတ်နိုးသော ဥစ္စာပစ္စည်း သားသမီးများကို ခွဲခွာ၍ သေကြေပျက်စီးကြသောအခါ ၎င်းတို့၏ ပူပင်သောကသည် အဘယ်မျှ ကြီးမားလာမည်ကို စဉ်းစား၍ပင် မရနိုင်ပေ။ အမှန်မှာ လောကီစည်းစိမ်တွင် နစ်မွန်းနေသူတဦးသည် မည်သည့်အခါ၌မျှ အစစ်အမှန်ဖြစ်သော စိတ်ချမ်းသာမှုကို အလျင်း မရရှိနိုင်ပေ။ ဤသည့်အချက်ကို ဥရောပ၊ အမေရိကတိုက်သား ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝသော သူဌေးကြီးများ၏ ဝန်ခံထုတ်ဖော်ပြောဆိုကြသော စကားများ ကလည်း ထောက်ခံလျက်ရှိပေသည်။

➤➤

وَيَحْلِفُونَ بِاللَّهِ إِنَّهُمْ لَمِنكُمْ وَمَا هُم مِّنكُمْ وَلَٰكِنَّهُمْ قَوْمٌ يَفْرَقُونَ ﴿٥٦﴾

၅၆။ ထိုမှတပါး ယင်း(မုနာဖစ်က်)တို့သည် ဧကန်စင်စစ် အသင်တို့အနက်မှဖြစ်ကြသည်ဟူ၍ အလွှာဟ် အရှင်မြတ်အား တိုင်တည်ကာ ကျိန်ဆိုကြလေသည်၊ အမှန်သော်ကား ၎င်းတို့သည် အသင်တို့အနက်မှ မဟုတ်ကြချေ။ သို့ရာတွင်၎င်းတို့သည် သူရဲဘောနည်း သတ္တိကြောင်သူများသာ ဖြစ်ကြကုန်သတည်း။

➤➤ မုအ်မင်နှ်များမှာကား ဤအရာတွင် ကာဖိရ်များကဲ့သို့မဟုတ်ပေ၊ မုအ်မင်နှ်များသည် ဥစ္စာပစ္စည်းသားသမီးများကို ကိုးကွယ်ရာလည်း မပြုလုပ်ကြပေ၊ မိမိတို့သက်တမ်း၏ အဓိကအချက်ဟူ၍လည်း မမှတ်ယူကြပေ။ မုအ်မင်နှ်များတွင် ကာဖိရ်များကဲ့သို့ လောကီစည်းစိမ်များ၏ လောဘရမ္မက်တည်းဟူသော ရောဂါလည်း မရှိပေ။ ထို့အတွက်ကြောင့်ပင် ဤသည့်လောကီစည်းစိမ်များသည် မုအ်မင်နှ်များအဖို့ သုခလည်းဖြစ်သည်၊ သာသနာရေးတွင် အကူအညီ အထောက်အမလည်းဖြစ်သည်။

ထို့ပြင်တဝ အချို့ကာဖိရ်များသည် မိမိတို့၌ ဥစ္စာပစ္စည်းနှင့် သားသမီး များပြားမှုကို အကြောင်းပြုပြီး မာန်မာနထောင်လွှားကာ သွေဖည်ငြင်းပယ်မှုတွင် သူတပါးတို့ထက်ပင် ပို၍ သောင်းကျန်းလာတတ်ကြသ်ည်။ ထိုသို့သော ကာဖိရ်များအဖို့မှာကား သွေဖည်ငြင်းပယ်မှုသည်ပင် ၎င်းတို့ကာဖိရ်အဖြစ်နှင့် သေကြေပျက်စီးရန် အကြောင်းဖြစ်၍လာပေသည်။

ဤအာယတ်တော်သည် မဒီနာမြို့ရှိ မုနာဖစ်က်များနှင့်ပတ်သက်သည်။ ယင်းမုနာဖစ်က်များသည် စိတ်မကြည်ဖြူပဲလျက် ဂျိဟာဒ်အစရှိသည့် အစွမ်းအရေးများတွင် ပြစားရန်အတွက် ဟန်ဆောင်ကာ အလူထည့်ဝင်ခဲ့ကြ၏။ ၎င်းတို့၏ သားသမီးများတွင် အချို့တို့သည် စိတ်စေတနာဖြူစင်စွာဖြင့် အစွမ်းသာသနာကို သက်ဝင်ယုံကြည်ပြီး တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်အတူ စစ်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြ၏။ ဤသည့်အချက်များသည် မုနာဖစ်က်တို့၏ မူရင်းစေတနာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြ၏။ ဤသို့အားဖြင့် ယင်းမုနာဖစ်က်များ၏ ဥစ္စာပစ္စည်းနှင့် သားသမီးများသည် ၎င်းတို့အဖို့ သုခမဟုတ်၊ ဒုက္ခပင်ဖြစ်လျက် ရှိချေသည်။

⓵ မုနာဖစ်က်များသည် အကယ်၍ မိမိတို့၏စိတ်တွင်း၌ ဖုံးကွယ်ထားသည့် "ကုဖ်ရ်" ကို ထုတ်ဖော်ပြောဆိုကြလျှင် ၎င်းတို့၏ ကာဖိရ်ဖြစ်မှုသည် ထင်ရှားသွားမည်။ ယင်းသို့ ထင်ရှားသွားလျှင် မွတ်စ်လင်မ်တို့သည် အခြားကာဖစ်များနှင့် ဆက်ဆံကြသကဲ့သို့ ၎င်းတို့နှင့်လည်း ဆက်ဆံကြမည်ကို စိုးရိမ်ကြသည်။ ယင်းသို့ စိုးရိမ်ကြသည့်အတွက် မွတ်စ်လင်မ်တို့အား 'ကျွန်ုပ်သည် အသင်တို့တွင် အပါအဝင်ဖြစ်ပါသည်' ဟု ကျိန်ဆို၍ ဟန်ဆောင်ပြောဆို၏။ အမှန်မှာ ဤသို့ ကျိန်ဆိုပြောဆိုခြင်းသည် လုံးဝ အမှားမျှသာဖြစ်သည်။ အကယ်၍ မုနာဖစ်က်တို့သည် တိမ်းရှောင်ရန်အတွက် ခိုကိုးရာဌာနတခု၊ သို့မဟုတ် ပုန်းအောင်းရန် လိုဏ်ဂူတခု၊ သို့မဟုတ် ယုတ်စွအဆုံး ဦးခေါင်းလျှိုရန် နေရာတခုရသော် အချုပ်အားဖြင့် အစွမ်းစိုးရာက်မှ စိုးရိမ် ကြောင့်ကြမှုမရှိသော် ၎င်းတို့သည် ယခုထုတ်ဖော်ပြောဆိုနေကြသော စကားရပ်များကို လုံးဝစွန့်ပယ်၍ ခိုကိုးရာ နေရာသို့ တိမ်းရှောင်ထွက်ပြေး သွားကြမည်သာဖြစ်သည်။ ယခုမူ ယင်း မုနာဖစ်က်တို့၌ အစွမ်းသာ အစိုးရနှင့် ယှဉ်ပြိုင်နိုင်ရန် စွမ်းအားလည်း မရှိ၊ ထွက်ပြေး တိမ်းရှောင် ခိုကိုးရာလည်း မရှိ။ ထို့ အတွက်ကြောင့်ပင် ➤➤

لَوْ يَجِدُونَ مَلْجَأً أَوْ مَغَٰرَٰتٍ أَوْ مُدَّخَلًا لَّوَلَّوْا إِلَيْهِ وَهُمْ يَجْمَحُونَ ﴿٥٧﴾

၅၇။ အကယ်၍သာ ထို(မုနာဖစ်က်)တို့သည် ခိုကိုးရာနေရာ တခုခုကိုသော် လည်းကောင်း၊ ဥမင်လိုဏ်ခေါင်းများကိုသော် လည်းကောင်း၊ ဝင်ရောက်(ပုန်းအောင်း)ရန် နေရာတခုခုကိုသော်လည်းကောင်း၊ တွေ့ရှိကြပါလျှင် ၎င်းတို့သည် ထိုနေရာသို့ ဦးခေါင်းမော့ကာ တဟုန်တည်း တွန်းထိုးကာ ထွက်ပြေး(ဝင်ရောက် ပုန်းအောင်း)ကြမည်သာတည်း။

وَمِنْهُم مَّن يَلْمِزُكَ فِي الصَّدَقَٰتِ ۖ فَإِنْ أُعْطُوا مِنْهَا رَضُوا وَإِن لَّمْ يُعْطَوْا مِنْهَآ إِذَا هُمْ يَسْخَطُونَ ﴿٥٨﴾

၅၈။ ထို့ပြင် ယင်း(မုနာဖစ်က်)တို့တွင် အသင့်အားအလှူပစ္စည်းများနှင့်စပ်လျဉ်း၍ ကဲ့ရဲ့ပြစ်တင် ရွတ်ချသူများလည်း ရှိကြသေး၏။ သို့ရာတွင် အကယ်၍ ထိုသူတို့သည် ယင်းအလှူပစ္စည်းများအနက်မှ (မိမိတို့စိတ်တိုင်းကျ) ရရှိခဲ့ကြလျှင် ထိုသူတို့သည် ကျေနပ်ကြလေသည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် ထိုအလှူပစ္စည်းများအနက်မှ (မိမိတို့ စိတ်တိုင်းကျ) မရရှိခဲ့ကြပါလျှင် ရုတ်တရက် အမျက်ထွက်ကြလေသတည်း။ [၁]

➤➤ အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း ကျိန်ဆိုပြီး မုသားစကားများကို လုပ်ကြံ ပြောဆို နေကြခြင်းသာဖြစ်သည်။ ဤကား သတ္တိကြောင်မှုပင်။

① အချို့မုနာဖစ်က်များနှင့် အချို့ "ဗဒူ" အရပ်ကျေးတောသားတို့သည် အလှူပစ္စည်းများ၊ လက်ရပစ္စည်းများခွဲဝေသည့်အချိန်တွင် လောဘရမ္မက်ကြီးမှု၊ ကိုယ်ကျိုးရှာမှုများကြောင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)နှင့်ပတ်သက်၍ တရားမျှတမှုကို စောင့်စည်းခြင်းမရှိဟု ကဲ့ရဲ့ပြစ်တင်ပြောဆိုခဲ့ကြ၏။ ၎င်းတို့ အလိုကျအတိုင်း မရရှိသည့်အချိန်အထိသာလျှင်ဖြစ်သည်။ အကယ်၍ ၎င်းတို့သည် မိမိတို့၏ အလိုကျရရှိကြလျှင် တမန်တော်မြတ်အား ကျေနပ်ကြသည်၊ အပြစ်မဆိုကြပေ။

တနည်းအားဖြင့် ၎င်းတို့သည် ဥစ္စာပစ္စည်းရရှိရေးကိုသာ အဓိက ပြုလုပ်ထားကြပေသည်။ ဤသည် 'ကျွန်ုပ်သည် မုအ်မင်နှ်တဦးဖြစ်ပါသည်' ဟု ပြောဆိုသူတဦး ထားရှိအပ်သော သဘောထား မျှော်မှန်းချက် လုပ်ငန်းစဉ် စေတနာ မဟုတ်ပေ။ မုအ်မင်နှ်တဦး ထားရှိအပ်သည့် သဘောထားကို ရှေ့လာလတ္တံ့သော အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

وَلَوْ أَنَّهُمْ رَضُوا مَا آتَاهُمُ اللَّهُ وَرَسُولُهُ وَقَالُوا حَسْبُنَا اللَّهُ سَيُؤْتِينَا اللَّهُ مِن فَضْلِهِ وَرَسُولُهُ إِنَّا إِلَى اللَّهِ رَاغِبُونَ ﴿٥٩﴾

၅၉။ အမှန်သော်ကား အကယ်၍သာ ထိုသူတို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာသုလ်တမန်တော်မြတ်သည်လည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူသည်များအပေါ်၌ကျေနပ်ခဲ့ကြပြီး "ကျွန်ုပ်တို့အဖို့ အလ္လာဟ်အရှင်မြတ်သည်ပင် လုံလောက်တော်မူပေသည်။ (၁) အလ္လာဟ်အရှင်မြတ်သည် မကြာမြင့်မီ ကျွန်ုပ်တို့အား မိမိကျေးဇူးတော်ဖြင့် ချီးမြှင့် ပေးသနားတော်မူအုံ့။ ၎င်းပြင် ထိုအရှင်မြတ်၏ ရာသုလ်တမန်တော်မြတ်သည်လည်း (ကျွန်ုပ်တို့အား ထပ်မံ၍ပေးတော်မူဦးအုံ့၊) "ဧကန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ဘက်သို့သာလျှင် တိမ်းယိမ်း ညွှတ်ပြောင်းသူများဖြစ်ကြပါသည်" ဟုပြောဆိုခဲ့ကြပါလျှင် ကောင်းလေစွတကား။

إِنَّمَا الصَّدَقَاتُ لِلْفُقَرَاءِ وَالْمَسَاكِينِ وَالْعَامِلِينَ عَلَيْهَا وَالْمُؤَلَّفَةِ قُلُوبُهُمْ وَفِي الرِّقَابِ

၆၀။ မုချဧကန် ဧကာတ်သည် ဆင်းရဲနွမ်းပါးသူတို့အဖို့လည်းကောင်း၊ ပစ္စည်းမဲ့များအဖို့လည်းကောင်း၊ ဧကာတ်နှင့်စပ်လျဉ်းသော ကိစ္စအဝဝကို ဆောင်ရွက်သည့် အမှုထမ်းများအဖို့လည်းကောင်း၊ အစ္စလာမ်သာသနာတော်၏တရားများကို နှစ်သက်၍ သာသနာဘောင်တွင် ဝင်လိုသူများ၏စိတ်ကို နှစ်သိမ့်စေရန်

---

(၁) အကောင်းဆုံးလမ်းစဉ်မှာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)မှတဆင့် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသမျှအပေါ်၌ ကျေနပ်ရမည်။ ရောင့်ရဲတင်းတိမ်ရမည်။ အလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်လွှဲအပ်ထားရမည်။ "အလ္လာဟ်အရှင်မြတ်သည် နောက်နောင်တွင်လည်း အလိုရှိပါက မိမိ၏ကျေးဇူးတော်ဖြင့် အမြောက်အမြား ပေးသနားတော်မူဦးမည်" ဟူ၍ မှတ်ယူထားရမည်။

အချုပ်မှာ ... သခ်ါရဖြစ်သော လောကီစည်းစိမ်များကို မိမိ၏ ရည်မှန်းချက်ပန်းတိုင်၊ အဓိကမပြုလုပ်ရ။ အလ္လာဟ် အရှင်မြတ်ထံသို့ ချဉ်းကပ်မှုနှင့် ထိုအရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကိုသာ လိုလားတောင့်တရမည်။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်ထံမှ ချီးမြှင့်ပေးသနားတော်မူခြင်း ခံရသမျှအပေါ်၌ ဝမ်းသာရမည်၊ ရောင့်ရဲတင်းတိမ်ရမည်သာဖြစ်သည်။

وَالْغَٰرِمِينَ وَفِى سَبِيلِ اللَّهِ وَابْنِ السَّبِيلِ ۖ فَرِيضَةً مِّنَ اللَّهِ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٦٠﴾

အလို့ငှာလည်းကောင်း၊ ကျေးကျွန်များကို ကျွန်ဘဝမှ လွတ်မြောက်စေရန်လည်းကောင်း၊ မြီစားများအဖို့လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌လည်းကောင်း၊ (ဒုက္ခရောက်နေသော) ခရီးသည်များအဖို့လည်းကောင်း၊ ဖြစ်သည်။ [၁]

-ဤသည်ကား အလ္လာဟ် အရှင်မြတ် အထံတော်မှ ပြဋ္ဌာန်းထားတော်မူသော ပညတ်တော် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။

---

① အလှူပစ္စည်းများနှင့်စပ်လျဉ်း၍ အချို့က တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကဲ့ရဲ့ပြစ်တင်ပြောဆိုခဲ့ကြသည့်အကြောင်း အထက်တွင် ပါရှိခဲ့၏။ ထို့အတွက် ဤအာယတ်တော်တွင် ယင်းအလှူပစ္စည်းများကို မည်သူမည်ဝါ မည်သည့်နေရာတွင် ခွဲဝေသုံးစွဲရမည့်အကြောင်း အတိအကျ ဖွင့်ဟမိန့်ဆိုထားတော်မူသည်။

'ဆွဒကာတ်' ဟူသောပုဒ်သည် 'ဆွဒကဟ်' ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ဤအာယတ်တော်တွင် 'ဆွဒကာတ်' ဟူသည် 'ဖရသွဲ' မလုပ်မနေရ တာဝန်တရပ်အဖြစ် သတ်မှတ် ပြဋ္ဌာန်းထားတော်မူသည့် 'ဇကာတ်' ကို ဆိုလိုသည်။

ဇကာတ်စားသုံးပိုင်ခွင့်ရှိသူများ။

ဤအာယတ်တော်တွင် ဇကာတ် စားသုံးပိုင်ခွင့်ရှိသူ (၈)ဦးတို့အား အတိအကျ ဖွင့်ဟ မိန့်ဆိုထားတော်မူသည်။ ယင်း(၈)ဦးတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဖုကရာ။
(၂) မစာကီန်။
(၃) အာမိလီန အလတ်ဆွီဆွဒကာတ်။
(၄) မုအလ္လဖတုလ်ကုလူဗ်။
(၅) ရိကာဗ်။
(၆) ဃာရိမီန်။
(၇) ဖီစဗီလစ်လ္လာဟ်။
(၈) အစ်နုစ္စဗီလ်။

(၁) ဖုကရာ။

(၂) မစာကီန်။

"ဖုကရာ" ဟူသောပုဒ်သည် "ဖကီရ်" ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ 'မစာကီန်' သည် 'မစ္စကီန်' ၏ဗဟုဝုစ်ကိန်း ဖြစ်သည်။ ဤပုဒ်နှစ်ပုဒ်ကို အနက်ဖွင့်ရာ၌ မုဖတ်စ်စစ်ရ်များသည် အဆိုများပြားလျက်ရှိကြသည်။ 'မုဟက္ကကီန်' သုတေသီများက 'ဖကီရ်' ဟူသည် တောင်းရမ်းမစားသော ပစ္စည်းမဲ့ သူဆင်းရဲကို ဆိုလိုသည်၊ 'မစ္စကီန်' ဟူသည် တောင်းရမ်းစားသော ပစ္စည်းမဲ့သူဆင်းရဲကို ဆိုလိုသည် . . .ဟု ဖွင့်ဆိုကြသည်။ ဤသည့်အနက်ဖွင့်ဆိုချက်ကို သာဝကကြီး အစ်ဗ်နုအဗ်ဗာစ်၊ ဟစန်ဗဆွဲရီ၊ ဂျာဗစ်ရ်၊ အစ်နုဗ်ဇိုက်ဒ်၊ မုဂျာဟစ်ဒ်၊ ဇိဟ်ရီတို့ထံမှ လည်းသိရ၏။ အီမာမ်အဗူ ဟနီဖဟ်သခင်၏ အဆိုမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။ ➤➤

➤➤ 'ဖကီရ်'၊ 'မစ္စကီန်' ဟူသောပုဒ်များနှင့် စပ်လျဉ်း၍ အနက်ဖွင့်ဆိုရာ၌ အဘယ်မျှပင် အဆိုများပြား သော်လည်း ယင်းအဆိုများပြားမှုသည် ဇကာတ်၏ အမိန့်ပညတ်တွင် အနှောင့်အယှက် မဖြစ်ချေ။ ဝဆွိယတ် သေတမ်းစာတွင်ကား ပြဿနာပေါ်သည်၊ ဥပမာ - ပုဂ္ဂိုလ်တဦးသည် ဖကီရ်များအတွက် ဝဆွိယတ် ပြုလုပ်ခဲ့သော် ယင်းဖကီရ်များတွင် မည်သူမည်ဝါတို့ အပါအဝင် ဖြစ်ကြသည်။ ထို့အတူ ပုဂ္ဂိုလ်တဦးသည် မစ္စကီန်များအတွက် ဝဆွိယတ်ပြုလုပ်ခဲ့သော် ယင်းမစ္စကိန်များတွင် မည်သူမည်ဝါတို့ အပါအဝင်ဖြစ်ကြသည်- ဟူရာ၌ ပြဿနာပေါ်ပေသည်။ ဇကာတ်တွင် ဤပြဿနာ မပေါ်ပေ။

(၃) အာမီလီန်အလတ်ဆွဲဆွဒကာတ်။

'အာမီလီန် အလတ်ဆွဲဆွဒကာတ်' ဟူသည် ဤသည့်ဆွဒကာတ် အလှူပစ္စည်းများ ကောက်ခံရန် အတွက် ခန့်အပ်ထားသော အမှုထမ်းများကို ဆိုလိုသည်။ ၎င်းတို့အား လစာပေးရာတွင် ဇကာတ်ကို အသုံးပြုနိုင်သည်။

(၄) မုအလ္လဖတုလ်ကုလူဗ်။

'မုအလ္လဖတုလ်ကုလူဗ်' ဟူသည် မွတ်စ်လင်မ်မဟုတ်သော အကြင်ဘာသာခြားများကို ဆိုလိုသည်။ ၎င်းတို့သည် အစ္စလာမ်သာသနာတော်ကို ယုံကြည်လက်ခံလာကြမည်ဟု မျှော်လင့်ရ၏။ သို့မဟုတ် ၎င်းတို့၏ အနောက်အယှက်မှ ကင်းဝေးရန် ရည်စူးခြင်းဖြစ်၏။ ထိုမှတပါး "မုအလ္လဖတုလ်ကုလူဗ်" ဟူသည် အကြင် မွတ်စ်လင်မ်များကိုလည်း ဆိုလိုသည်၊ ၎င်းတို့သည် အခြားအခြေအနေများအရ ဇကာတ် မစားသုံးပိုင်ကြသော်လည်း ၎င်းတို့အား ဥစ္စာပစ္စည်း အကူအညီပေးခြင်းအားဖြင့် ၎င်းတို့တွင် အစ္စလာမ်သာသနာကို ချစ်မြတ်နိုးမှု ပိုမို များပြားလာမည်ဟု မျှော်လင့်ရ၏။ အချုပ်အားဖြင့် 'မုအလ္လဖတုလ်ကုလူဗ်' ဟူသည် လူသားတို့အနက် အကြင်သို့သော အုပ်စုတိုင်းကို ဆိုလိုသည်။ ၎င်းတို့ဘက်မှ အစ္စလာမ်အစိုးရ၌ တစုံတခု စိုးရိမ်မှုသည် တနည်းနည်းဖြင့် ဖြစ်ပေါ်လျက်ရှိ၏။

"ဂျန်မ်ဟူရ်" ပညာရှင်သုခမိန်အများစုကြီး၏ အဆိုအရ ဤသည့် "မုအလ္လဖတုလ်ကုလူဗ်" တို့အား ဇကာတ်ခွဲဝေပေးရန် အမိန့်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ လက်ထက်တော်နှင့်သာ သီးသန့်ဖြစ်သည်၊ 'ဆွဟာဗဟ်သာဝကကြီးများ' ၏လက်ထက်တွင် ယင်းမုအလ္လဖတုလ်ကုလူဗ်တို့အား ဇကာတ်ပေးပိုင်ခွင့် မရှိတော့ကြောင်းနှင့်စပ်လျဉ်း၍ "အစ်ဂျမာအ်" တညီတညွတ်တည်း အဆုံးအဖြတ် ရှိခဲ့ချေပြီ။ ဤသည် ယခင်အမိန့်တော် ရပ်ဆိုင်းထားပြီးဖြစ်ခြင်း၏ နမိတ်လက္ခဏာပင်ဖြစ်သည်။"

(ကြည့်-ထာနဝီ)။

သို့ရာတွင် အချို့ အာလင်မ်ပညာရှင်များက ဆွဟာဗဟ်သာဝကကြီးများ၏ 'တအာမုလ်' အမြဲတစေ အပြုအမူဖြင့် ဤအမိန့်တော်သည် 'မန်စူခ်' လုံးဝ ရပ်ဆိုင်းသွားပြီ မဟုတ်ချေ။ သာဝကကြီးများ လက်ထက်တွင် အခြေအနေအရ မလိုအပ်သည့် အတွက်ကြောင့်သော်လည်းကောင်း၊ ရောင့်ရဲတင်းတိမ်မှု ရှိနေသည့်အတွက် ကြောင့်သော်လည်းကောင်း၊ ဤအမိန့်တော်ကို ခေတ္တယာယီ ရပ်ဆိုင်းထားခဲ့ခြင်းသာဖြစ်သည်ဟု ဆိုကြလေသည်။

ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ အာလင်မ် သုခမိန်ကြီး မောင်လာနာဂီလာနီသခင်၏ သုတေသန ပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဇကာတ်ခွဲဝေသုံးစွဲရမည့် ဌာနများတွင် အကြင်သူများအတွက်လည်း ဌာနတခု အပါအဝင်ဖြစ်သည်။ ၎င်းတို့သည် ဥစ္စာပစ္စည်း ချို့တဲ့မှုကြောင့် အစ္စလာမ် အစိုးရနှင့် အစ္စလာမ်သာသနာကို ဆန့်ကျင်နေကြသည်။

ယခုခေတ်တွင် အချို့လူရွှပ်လူပွေများ၏ အုပ်စုတခု၏ အဖြစ်မှာလည်း ဤ အတိုင်းပင် ဖြစ်သည်။ ၎င်းတို့အား နှုတ်ပိတ်ရန် အတွက်လည်း ဆွဒကာတ်ကို ခွဲဝေ သုံးစွဲရမည့် ဌာနများတွင် ➤➤

➤➤ 'မုအလ္လဖတုလ်ကုလူဗ်'၏ ဌာနတရပ်ကို ကုရ်အာန်ကျမ်းမြတ်တွင် သတ်မှတ်ထားတော်မူသည်။

များသောအားဖြင့် 'ဖုတဟာ' ဓမ္မသတ်ရှင်များက 'ဤဌာနသည် အစ္စလာမ်သာသနာ ထွန်းကားခါစ အချိန်ပိုင်းအတွက်သာ သီးသန့်ဖြစ်သည်၊ ယခု ဤဌာနသည် ပြုတ်သွားချေပြီ' ဟု ဆိုကြသည်။ သာဓကတွင် . . . သာဝကကြီး အုမရ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သခင်နှင့် ပတ်သက်သည့် ကျမ်းချက်ကို တင်ပြကြသည်။ ထိုကျမ်းချက်တွင် ပါရှိသည်မှာ သာဝကကြီး အုမရ်သခင်သည် 'မုအလ္လဖတုလ်ကုလူဗ်' တို့အနက် အချို့ကို (ဇကာတ်) ခွဲဝေပေးခြင်းမှ ငြင်းပယ်ခဲ့သည့်အကြောင်းမှာ ယခု အစ္စလာမ်သာသနာသည် အင်အားကြီးမားလာပြီဖြစ်၍ မုအလ္လဖတုလ်ကုလူဗ်တို့၏ စိတ်နှလုံးများကို နှစ်သိမ့်စေရန် မလိုတော့ခြင်းကြောင့်ပင် ဖြစ်သည်။ သာဝကကြီး အုမရ်သခင်သည် အချို့သူများကို 'အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာကို ဂုဏ်အင်ဒြပ် အရှိန်အဝါ ချီးမြှင့်တော်မူလိုက်ပြီ' သို့ဖြစ်ရာ အသင်တို့နှစ်ဦး ပြန်ကြ၊ (တစုံတရာရရှိမည် မဟုတ်)ဟု ပြောဆိုကာ ဇကာတ်ပေးခြင်းမှ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ အဖြစ်အပျက်ကျမ်းချက်မှာ ဤမျှသာ ဖြစ်သည်။ သို့ပါလျက် ဤသည့်ဖြစ်ရပ်ကို အကြောင်းပြု၍ သာဝကကြီး 'အုမရ်သည် လူတိုင်းအဖို့ ဤသည့်ဌာနကို ဖြုတ်ပစ်လိုက်ပြီ' ဟူ၍ ယူဆခြင်းကို ကျွန်ုပ်မည်သို့မျှ နားမလည်နိုင်ပါ၊ ကုရ်အာန်ကျမ်းမြတ်တွင် အတည့်အလင်း သတ်မှတ်ပြဌာန်းထားတော်မူသည့် ဌာနတခုကို ပထမသော် သာဝကကြီးအုမရ်သခင်သည် အသို့လျှင် 'မန်စူခ်' ပလပ်နိုင်သနည်း။ ထို့ပြင်တဝ ဤသို့သော 'ခဗရေ့ဝါဟစ်ဒ်' ဖြင့် ကုရ်အာန်ကျမ်းလာဥပဒေတရပ်ကို 'မန်စူခ်' ပလပ်ခြင်းလည်း မပြုနိုင်ပေ။ ထင်ရှားနေသည့် အမှန်သဘောမှာ ဤသည် အီမာမ် အစ္စလာမ်ခေါင်းဆောင်နှင့် အစ္စလာမ်အစိုးရ၏ မှန်ကန်သောအမြင်ပေါ်၌ တည်ရှိပေသည်။ အဘယ်အခါမဆို အကြင်သူများအား ပေးသင့် ပေးအပ် ပေးထိုက်သည်ဟု ထင်မြင်ယူဆပါက ၎င်းတို့အား ပေးနိုင်ပေသည်။ မပေးသင့် မပေးအပ်၊ မပေးထိုက်ဟု ယူဆပါက မပေးရန်ပင် ဖြစ်သည်။ မောင်လာနာ မနာဇွစ်ရ် အဟ်စန် ဂီလာနီ၏ အစ္စလာမီ မအာရိုယာဟ်။

(၅) ရိကာဗ်။

'ရိကာဗ်'သည် 'ရကဗဟ်'၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ အဘိဓာန်၏အဓိပ္ပါယ်မှာ 'လည်ကုပ်' ဟူ၍ ဖြစ်သည်။ စာပေဝေါဟာရတွင် လည်ကုပ်ခွစီးခြင်း ခံနေရသော၊ သူတပါး၏ လက်တွင်း၌ ကျွန်ဖြစ်နေရသော ကျေးကျွန်ကို ဆိုလိုသည်။

'ရိကာဗ်' ဟူသည် ကျေးကျွန်များအား ကျွန်အဖြစ်မှ လွတ်မြောက်စေခြင်းကို ဆိုလိုသည်။ ကျွန်အဖြစ်မှ လွတ်မြောက်စေခြင်း၏အလိုမှာ ကျွန်တယောက်ကို ၎င်း၏သခင်က "အသင် ကျွန်ုပ်အား ဤရွေ့ဤမျှ ငွေပေးလျှင် အသင်သည် ကျွန်အဖြစ်မှ လွတ်မြောက်ပြီ" ဟု ပြောဆိုခြင်း ခံရသော ကျွန်ကို ဆိုလို၏။ သို့ဖြစ်လျှင် ဤသို့သော ကျွန်ကို ၎င်းသည် မိမိသခင်အား ငွေပေးဆပ်၍ ကျွန်အဖြစ်မှ လွတ်မြောက် နိုင်ရန်အတွက် ဇကာတ်ပေးပိုင်သည်။

(၆) ဃာရိမိန်။

'ဃာရိမိန်' ဟူသည် ဒုက္ခကြီးငယ်ဖြစ်၍ ကြွေးမြီတင်ရှိနေသော မြီစားများကို ဆိုလိုသည်။ ၎င်းတို့အား လည်း ဇကာတ်ပေးနိုင်သည်။ ဥပမာ-အကြင်သူတဦး၌ ငွေတသောင်း ရှိအုံ၊ သို့ရာတွင် ထိုသူအပေါ် သူတပါးအား ပေးဆပ်ရန် ငွေတသောင်း ကြွေးတင်လျက်နေအုံ။ ဤသို့သောသူကိုလည်း ဇကာတ်ပေးပိုင်သည်။

ကြည့်-ထာနဝီ။

ကြွေးမြီတင်ရှိနေသောသူများအား အခြားပစ္စည်းမဲ့ ဆင်းရဲသားများကဲ့သို့ တောင့်တကြောင့်ကြ နေရသူများဖြစ်သည်ဟု ယူဆကာ ၎င်းတို့အား သနားကြင်နာ ကူညီထောက်ပံ့ရန် သင်ခန်းစာ ➤➤

➤➤ ပေးခြင်းသည် အစွလာမ်သာသနာ၏ ထူးခြားချက်တရပ်ပင်ဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မောင်လာနာ မူနာဇွစ်ရ်အဟ်စန်ဂီလာနီက အောက်ပါအတိုင်း ရေးသားထားသည်။

(၇) ဖီစဗီလစ်လ္လာဟ်။

'အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌' ဟူသည်ကို ထိုအရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ် ပြုလုပ်ကြကုန်သော မုဂျာဟစ်ဒ်များအား ကူညီထောက်ပံ့ခြင်းကို ဆိုလိုသည်။ မုဂျာဟစ်ဒ်တဦးသည် လမ်းခရီး၌ ဒုက္ခရောက်သော် ထိုသို့သော မုဂျာဟစ်ဒ်အား ဇကာတ်ပေးပိုင်သည်။

အချို့က လမ်းခရီးတွင် စရိတ်ပြတ်နေသော ဟာဂျီများသည်လည်း 'ဖီစဗီလစ်လ္လာဟ်' တွင် အကျုံးဝင်ကြသည်ဟု ဆိုကြသည်။ အချို့က အစွလာမ်သာသနာရေးဆိုင်ရာ ပညာရပ်များကို သင်ကြားဆည်းပူးနေကြကုန်သော ပညာတော်သင်များသည်လည်း 'ဖီစဗီလစ်လ္လာဟ်'တွင် အကျုံးဝင်ကြသည်ဟု ဆိုကြသည်။

အချို့ "ဖုကဟာ" ဓမ္မသတ်ပညာရှင်များက "ဖီစဗီလစ်လ္လာဟ်" တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို လိုက်နာကျင့်သုံးရာ၌ တနည်းနည်း တဖုံဖုံ ကြိုးပမ်းအားထုတ်ကြကုန်သော ပုဂ္ဂိုလ်အားလုံး အကျုံးဝင်သည်ဟု ဆို၍ 'ဖီစဗီလစ်လ္လာဟ်' ၏ အနက်သဘောကို အထူးကျယ်ပြန့်စေခဲ့ကြသည်။

(၈) အစ်ဗ်နွတ်စ္စဗီလ်။

"အစ်ဗ်နွတ်စ္စဗီလ်"၏ အဘိဓာန်အဓိပ္ပါယ်မှာ "လမ်း၏သား" ဟူ၍ဖြစ်သည်။ ဓေါဟာရတွင် ခရီးသည်ကို ဆိုလိုသည်။ အလိုသဘောမှာ အကြင်သူတဦးသည် မိမိ၏နေရင်းဌာနတွင် ဥစ္စာပစ္စည်း ရှိလင့်ကစား အရပ်တပါးသို့ ရောက်ရှိပြီး ခရီးစရိတ်ပြတ်နေသော ခရီးသည်ကိုလည်း ဇကာတ်ပေးနိုင်သည်' ဟူ၍ဖြစ်သည်။

ပြဿနာများ။

ဇကာတ်ခွဲဝေပေးခြင်းခံရသော ပုဂ္ဂိုလ်များသည် မွတ်စ်လင်မ်များဖြစ်ကြရမည်၊ မရှိမဖြစ်သော အသုံးအဆောင်များ ပြည့်စုံ၍ "နိဆွာဗ်" (ဇကာတ်ပေးရန် သတ်မှတ်ထားသည့်) ဥစ္စာပစ္စည်း အချို့အစားကို ပိုင်ဆိုင်သူများ မဖြစ်ကြရ။ ဤစည်းကမ်းချက်သည် ဇကာတ်ခွဲဝေပေးခြင်းခံရသူ အားလုံးနှင့် သက်ဆိုင်ပေသည်။ သို့ရာတွင် အစွလာမ်အစိုးရက ဇကာတ်အလှူပစ္စည်းများ ကောက်ခံရန်အတွက် ခန့်အပ်ထားသော အမှုထမ်းများအား ၎င်းတို့သည် ကုလုံကြွယ်ဝသောသူများ ဖြစ်နေကြလင့်ကစား အခကြေးငွေအဖြစ် ဇကာတ်ထဲမှ ပေးနိုင်သည်၊ ထို့ပြင်တဝ ဇကာတ်ခွဲဝေပေးခြင်းခံရသူ အားလုံးတို့သည် "ဗနီဟာရှင်မ်" ဟာရှင်မ်၏ အမျိုးအနွယ်ဝင်များ မဖြစ်ကြရ။ ဇကာတ်ပေးရာတွင် ပေးသောပစ္စည်းများကို အပေးခံရသူအား "တမ်လိက်" အပိုင်ပေးရမည်၊ အပိုင်မပေးပါက ဇကာတ်ပေးခြင်း အထမြောက်မည်မဟုတ်ပေ။ (ဇကာတ်ပစ္စည်းဖြင့် "မတ်စ်ဂျစ်ဒ်" ဗလီ မတည်ဆောက်ပိုင်။ သူသေအတွက် ကဖန်ပိတ်မဝယ်ပိုင်။ သူသေတဦး၏ ကြွေးမြီမဆပ်ပိုင်။ ကုလုံကြွယ်ဝသူ တဦးကို မပေးပိုင်၊ ဇကာတ်ပေးသူတဦးသည် မိမိ၏ဇကာတ်ကို မိမိ၏အဘ၊ အဘိုး . . . စသည်တို့အား မပေးပိုင်၊ မိမိ၏သားမြေး စသည်တို့အားလည်း မပေးပိုင်။ လင်ယောကျ်ားသည် မိမိ၏ဇနီးမိန်းမအား လည်းကောင်း၊ ဇနီးမိန်းမသည် မိမိ၏ လင်ယောကျ်ားအားလည်းကောင်း ဇကာတ်မပေးပိုင်)။

ကြည့်-ဟိဒါယတ်။ အ-၂။ စ(၁၈၄-၁၁၈)။

အထက်ဖော်ပြပါစည်းကမ်းချက်များသည် ဖရဿွိဖြစ်သော ဇကာတ်နှင့်သာလျှင် သက်ဆိုင်ပေသည်။ "နဖ်လ်" သာမန် ရိုးရိုးအလှူများနှင့်ကား မသက်ဆိုင်ပေ။ ထာနဒီ။ အ-၄။စ-၁၁၂။

မှတ်ချက်။

ဇကာတ်နှင့်စပ်လျဉ်း၍ အခြားအသေးစိတ်ပြဿနာများကို သိလိုပါက ဟိဒါယတ်ကျမ်းတွင် ရှုပါကုန်။

وَمِنْهُمُ الَّذِيْنَ يُؤْذُوْنَ النَّبِيَّ وَيَقُوْلُوْنَ هُوَ اُذُنٌ ۭ قُلْ اُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ بِاللّٰهِ وَيُؤْمِنُ لِلْمُؤْمِنِيْنَ وَرَحْمَةٌ لِّلَّذِيْنَ اٰمَنُوْا مِنْكُمْ ۭ وَالَّذِيْنَ يُؤْذُوْنَ رَسُوْلَ اللّٰهِ لَهُمْ عَذَابٌ اَلِيْمٌ ۝۶۱

၆၁။ ထိုမှတပါး၊ ၎င်းတို့တွင် အချို့သူများသည် နဗီတမန်တော်မြတ်အား စိတ်ဒုက္ခပေးကြ၏။ ၎င်းပြင် ထိုနဗီတမန်တော်မြတ်သည် (မည်သည့်စကားမျိုးမဆို) နားထောင်(၍ယုံစား)လေ့ရှိသည်ဟုပြောဆိုကြ၏။ [၁] (အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလော။ (ဟယ်-အချင်းတို့)ငါသည် အသင်တို့နှင့် ပတ်သက်၍ ကောင်းရာကောင်းကြောင်းများကိုသာ နားထောင်လေ့ရှိသည်။ အလ္လာဟ်အရှင်မြတ်အား ယုံကြည်သည်။ မုအ်မင်န် သက်ဝင်ယုံကြည်သူများကိုလည်း (၎င်းတို့ပြောကြားသောသတင်းစကားနှင့်စပ်လျဉ်း၍) ယုံကြည်ထောက်ခံလေသည်။ ၎င်းပြင် အသင်တို့အနက်မှ သက်ဝင်ယုံကြည် ကြကုန်သောသူတို့အဖို့ ကရုဏာတော်လည်း ဖြစ်ချေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ ရာဇူလ်တမန်တော်မြတ်အား စိတ်ဒုက္ခပေးကြသောသူတို့တွင် ပြင်းပြနာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်သည် ရှိချေအံ့သတည်း။

---

① မုနာဖစ်ဂ်များသည် အချင်းချင်း စုဝေးတိုင်ပင်ပြီး အစ္စလာမ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်ပတ်သက်၍လည်းကောင်း၊ သိမ်ဖျင်းသော စကားများ၊ မကောင်းသော စကားများ၊ အယုတ္တအနတ္တ ပြောဆိုကြသည်။ တဉီးတယောက်က "ဤစကားများသည် တမန်တော်မြတ်ထံသို့ ရောက်ရှိသွားလိမ့်မည်" ဟုပြောဆိုလျှင် ကျန်မုနာဖစ်ဂ်များက "စိုးရိမ်စရာမရှိပါ၊ ကျွန်ုပ်တို့သည် တမန်တော်မြတ်ရှေ့တွင် လိမ်လည် အဓိပ္ပါယ်ဖော်ပြပြီး မိမိတို့၌ အပြစ်မရှိကြောင်း၊ တမန်တော်မြတ်အား ယုံကြည်သွားစေကြမည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် နားချည်းသာဖြစ်သည်။ ကြားရှိသမျှ ယုံကြည်သည်သာဖြစ်သည်။ တမန်တော်မြတ်အား လှည့်စားရန် မခက်ပါ" ဟု ဖြေကြားကြ၏။

အမှန်မှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကြားရှိသမျှသောစကားကို ယုံစားတော်မူသည်မဟုတ်၊ အမှားအမှန်ကို ကောင်းစွာ ခွဲခြားသိတော်မူသည်။ သို့ရာတွင် တမန်တော်မြတ်သည် မိမိ၏ ဟီရိသြတ္တပ္ပ၊ အရှက်၊ အရိုအသေ၊ ဂုဏ်သိက္ခာ၊ စိတ်ဓေတနာ ကောင်းမွန်မြင့်မြတ်မှုကြောင့် မုသားစကားပြောဆိုသူများကိုပင် ချက်ချင်း အရေးယူတော်မမူခဲ့ပေ။ တမန်တော်မြတ်သည် ကောင်းမွန်မြင့်မြတ်လှသော စာရိတ္တရှင် ဖြစ်တော်မူသည့်အတွက် ဖြစ်ရပ်မှန်ကို သိတော်မူပါလျက် လျစ်လျူပြုတော်မူလေ့ရှိသည်။ ယင်းသို့ လျစ်လျူပြုတော်မူသည်ကိုပင် သူမိုက်တို့က တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ၎င်းတို့၏ စကားကို နားမလည်ဟု မှတ်ထင်နေကြလေသည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ➤➤

يَحْلِفُونَ بِاللَّهِ لَكُمْ لِيُرْضُوكُمْ ۚ وَاللَّهُ وَرَسُولُهُ أَحَقُّ أَنْ يُرْضُوهُ إِنْ كَانُوا مُؤْمِنِينَ ﴿٦٢﴾

၆၂။ ထိုသူတို့သည် အသင်တို့အား နှစ်သိမ့်ကျေနပ်စေအံ့သောငှာ အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြလေသည်။ ၁ စင်စစ်သော်ကား အကယ်၍သာ ထိုသူတို့သည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ် အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်မြတ်သည်လည်းကောင်း၊ ထိုသူတို့၏ ကျေနပ်စေခြင်းကို ပိုမိုချိပင် ခံထိုက်တော်မူ၏။

➤➤ ဤသည့် အချက်ကိုပင် ဖြေကြားထားတော်မူသည်။ တမန်တော်မြတ်သည် နားချည်းပင်ဖြစ်လင့်ကစား ယင်းမုနာဖစ်က်များ၏ ကောင်းကျိုးအဖို့သာ ဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ ဤအကျင့်စာရိတ္တသည် ၎င်းတို့အဖို့ အကောင်းသာဖြစ်သည်။ သို့မဟုတ်လျှင် ထိုမုနာဖစ်က်များသည် ဦးစွာပထမ အရေးယူခြင်း ခံကြရမည်သာဖြစ်သည်။ ထို့ပြင်တဝ တမန်တော်မြတ်၏ ကောင်းမွန်မြင့်မြတ်သည့် ကိုယ်ကျင့်တရား၊ တမန်တော်မြတ်၏ လျစ်လျူပြုမှုများကို ယင်းမုနာဖစ်က်များ တချိန် သိမြင်လာကြလျှင် ဤသည်လည်း ၎င်းတို့အဖို့ တရားရရန်အကြောင်း ဖြစ်နိုင်ပေသည်။ ၎င်းတို့၏ မုသားစကားများကို တမန်တော်မြတ် နားထောင်တော်မူပြီး ဆိတ်ဆိတ်နေတော်မူခြင်းမှာ တမန်တော်မြတ် ယုံကြည်၍မဟုတ်။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အားသာ ယုံကြည် မြတ်နိုးတော်မူသည်။ မုအ်မင်နဲ်တို့၏ စကားကိုသာ ယုံကြည်တော်မူသည်။ "အီမာန်" ယုံကြည်ကြပါသည်ဟု ထုတ်ဖော်ပြောဆိုနေသောသူများ၏ စကားများနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ဆိတ်ဆိတ်နေတော်မူခြင်းမှာလည်း တနည်းအားဖြင့် ၎င်းတို့အား သနားကြင်နာ တော်မူခြင်းပင်ဖြစ်သည်။ သို့ဆိတ်ဆိတ်နေတော်မမူပဲ ၎င်းတို့၏မုသားစကားများနှင့် ၎င်းတို့၏အတွင်းသဏ္ဌာန်ကို အမှန်အတိုင်း ထုတ်ဖော်မြွက်ဟတော်မူလိုက်ပါက ၎င်းတို့သည် မုချ အရှက်တကွဲ အကျိုးနည်းဖြစ်ကြရမည်။

သို့တစေလည်း မုနာဖစ်က်များ၏ ယုတ်မာဆိုးသွမ်းမှုများနှင့် တမန်တော်မြတ်၏နောက်ကွယ်တွင် အယုတ္တအနတ္တ ကဲ့ရဲ့ပြစ်တင် ပြောဆိုကြသည့်စကားများကို အလ္လာဟ်အရှင်မြတ် ကောင်းစွာ သိတော်မူရာ ၎င်းတို့သည် ပြင်းပြ နာကျင်စေမည့် ပြစ်ဒဏ်ကို ခံစားရန် အသင့် စောင့်မျှော် နေကြရန်သာ ရှိပေတော့သည်။

① တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် တခါတရံ မုနာဖစ်က်တို့၏ သစ္စာဖောက်မှု၊ လိမ်လည်လှည့်ဖြားမှုကို အရေးယူတော်မူသည့်အခါ မုနာဖစ်က်များသည် မွတ်စ်လင်မ်တို့အား ကျေနပ်နှစ်သိမ့်စေရန်အတွက် မွတ်စ်လင်မ်တို့၏ ရှေ့မှောက်တွင် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ "ကျွန်ုပ်တို့၏ စိတ်စေတနာမှာ အကောင်းပင်ဖြစ်ပါသည်"။ "ကျွန်ုပ်တို့သည် အဘယ်စကားကိုမျှ မပြောမဆိုမိပါ"၊ "အဘယ်စွပ်စွဲချက်တွင် အပြစ်မဲ့ဖြစ်ပါသည်"... စသည်ဖြင့် ကျိန်ဆိုပြောဆိုကြသည်။ ဤသို့ ကျိန်ဆိုပြောဆိုခြင်းမှာ မွတ်စ်လင်မ်တို့အား ကျေနပ်စေပြီး မိမိတို့ဘက်သို့ပါလာအောင် ပြုလုပ်ခြင်းသာဖြစ်သည်၊ အလ္လာဟ် အရှင်မြတ်နှင့် ပတ်သက်၍ လည်းကောင်း၊ တမန်တော်မြတ်နှင့် ပတ်သက်၍ လည်းကောင်း၊ ဤသို့ လိမ်လည် လှည့်ဖြားခြင်းသည် ၎င်းတို့အဖို့ မည်သို့မျှ အကျိုးရှိမည် မဟုတ်သည်ကို ယင်း မုနာဖစ်က်များ မသိကြပေ။ အကယ်၍ ➤➤

اَلَمْ يَعْلَمُوْٓا اَنَّهٗ مَنْ يُّحَادِدِ اللّٰهَ وَرَسُوْلَهٗ فَاَنَّ لَهٗ نَارَ جَهَنَّمَ خَالِدًا فِيْهَا ۭ ذٰلِكَ الْخِزْيُ الْعَظِيْمُ ۝

၆၃။ ဧကန်စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထို အရှင်မြတ်၏ ရာဇဝတ်တမန်တော်မြတ်အား လည်းကောင်း၊ ဆန့်ကျင်ဘက် ပြုပါလျှင် မလွဲဧကန် ထိုသူ၏အဖို့ ငရဲမီးသာလျှင် ရှိ၍ ထိုငရဲမီးတွင် ထာဝစဉ်နေထိုင်လျက် ရှိချေမည်။ ဤကား ကြီးကျယ်လှစွာသော ကျိုးယုတ်ရှက်ရစေခြင်း ပင် ဖြစ်သည်ကို ထိုမုနာဖစ်က်များသည် (ယခု ထက်တိုင်) မသိကြသေးသလော။

➤➤ မုနာဖစ်က်များသည် ၎င်းတို့ ထုတ်ဖော်ပြောဆိုနေကြသည့်အတိုင်း စိတ်စေတနာ ဖြူစင်စွာဖြင့် "အီမာန်" ယုံကြည်သော "မုအ်မင်န်" အစစ်အမှန်များ ဖြစ်ကြလျှင် အခြားသူများကိုစွန့်၍ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား ကျေနပ်နှစ်သိမ့်အောင် ပြုလုပ်ရန်အတွက် အထူးကြိုးပမ်းရန်သာရှိသည်။

ဤအာယတ်တော်၌ (ယုရ်သ္သူဟ့)တွင် ပါရှိသော (ဟု) ဟူသောနာမ်စားသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရည်ညွှန်းသည်ဟူ၍လည်း ဆိုနိုင်၏။ အလ္လာဟ်အရှင်မြတ်အား ရည်ညွှန်းသည်ဟူ၍လည်း ဆိုနိုင်၏။

ဤသို့ နာမ်စားတခုတည်းဖြင့် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ တမန်တော်မြတ်အား လည်းကောင်း၊ ရည်ညွှန်းနိုင်အောင် စီကုံးဖွဲ့နွဲ့ သုံးနှုန်းထားတော်မူခြင်းအားဖြင့် တမန်တော်မြတ်၏ကျေနပ်မှုသည် အလ္လာဟ်အရှင်မြတ်၏ကျေနပ်မှုနှင့် ဆက်စပ်ရောပြွမ်းလျက်ရှိကြောင်း သိရှိရပေသည်။ ဤသည့်အချက်ကို ထောက်ပြခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်ထံတော်တွင် တမန်တော်မြတ် သည် အဘယ်မျှ နီးစပ်တော်မူကြောင်း၊ အဘယ်မျှ နှစ်မြို့တော်မူခြင်း ခံရတော်မူကြောင်း ကောင်းစွာ သိနိုင်ပေသည်။

ဤအာယတ်တော်တွင် (ကွန်မ်) "အသင်တို့" ဟူသော နာမ်စားသည် မွတ်စ်လင်မ်တို့အား ရည်ညွှန်း မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ မုနာဖစ်က်များသည် ကဲ့ရဲ့ပြစ်တင် အယုတ္တအနတ္တ ပြောဆိုလေ့ရှိခဲ့ကြ၏။ ဂျိဟာဒ်သို့ မလိုက်ပါပဲ နောက်ချန်၍ ထိုင်နေလေ့ရှိကြ၏။ ထို့နောက် ယင်းမုနာဖစ်က်များသည် မွတ်စ်လင်မ်တို့ထံလာ၍ (ငင်းတို့သည် အပြစ်မဲ့သူများဖြစ်ကြောင်း) အကြောင်းပြကြ၏။ မိမိတို့ အကြောင်းပြချက်များကို လေးနက်စေရန် ကျိန်ဆိုကြ၏။

ဤသို့ပြုလုပ်ခြင်းမှာ မွတ်စ်လင်မ်များက ၎င်းတို့အား အပြစ်မဲ့သူများ အကြောင်းရှိနေသူများဟူ၍ ယူဆကြရန်နှင့် ၎င်းတို့အား ကျေနပ်ကြရန်ပင်ဖြစ်သည်၊ ထို့အတွက်ကြောင့် ၎င်းတို့အား

"အကယ်၍ အသင်တို့သည် အသင်တို့ ထင်မြင်ယူဆပြောဆိုကြသည့်အတိုင်း မုအ်မင်န်များ ဖြစ်ကြပါလျှင်၊ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်မြတ်အား အမိန့်နာခံ လိုက်နာခြင်းဖြင့် ကျေနပ်အောင် ပိုမို၍ လုပ်ထိုက်ကြပေသည်"

ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

① မုနာဖစ်က်များသည် အကြင်ကျိုးယုတ်ရှက်ရဖြစ်မှုမှ လွတ်ကင်းရန်အတွက် 'မုနာဖစ်က်' ဖြစ်ခဲ့ကြ၏။ 'နိဖာက်' အယောင်ဆောင်မှုကို လက်ခံကျင့်သုံးခဲ့ကြ၏။ မွတ်စ်လင်မ် အယောင်ဆောင်ခဲ့ကြ၏။ ယခုမူ ➤➤

يَحْذَرُ الْمُنٰفِقُوْنَ اَنْ تُنَزَّلَ عَلَيْهِمْ سُوْرَةٌ تُنَبِّئُهُمْ بِمَا فِيْ قُلُوْبِهِمْ ۭ قُلِ اسْتَهْزِءُوْا ۚ اِنَّ اللّٰهَ مُخْرِجٌ مَّا تَحْذَرُوْنَ ۝

၆၄။ "မုနာဖစ်က်" တို့သည် ထို 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အပေါ်၌ မိမိတို့၏ စိတ်နှလုံးတွင်းရှိသည်တို့ကို ထိုမုအ်မင်န်တို့အား သိကြားစေသောကဏ္ဍတခုခု ချပေးခြင်းခံရမည်ကို ကြောင့်ကြစိုးရိမ်လျက်ရှိကြလေသည်။ (အို-နဗီတမန်တော်) အသင်သည် (ထိုမုနာဖစ်က်တို့အား ဤသို့)ပြောကြားပါလေ။ "အသင်တို့သည် ပြက်ရယ်ပြောင်လှောင်နေကြကုန်၊ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ စိုးရိမ်လျက်ရှိကြသည်ကို ထုတ်ဖော်တော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။" [၁]

➤➤ ထိုအကျိုးယုတ် အရှက်ရ ဖြစ်မှုထက်ပင် ဆိုးရွားလှသော အကျိုးယုတ် အရှက်ရဖြစ်ကြရလေပြီ။ အမြဲထာဝစဉ် ငရဲလားကြရပေပြီ။

(၂) 'ထိုသူများသည် မသိကြသေးသလော' ဟူ၍ သုံးနှုန်းထားတော်မူခြင်း၏ သဘောမှ 'တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)သည် ၎င်းတို့အား အချိန်ကြာမြင့်စွာကပင် သွန်သင်ဆုံးမ ဩဝါဒပေးတော်မူခဲ့၏။ သင်ကြားပို့ချတော်မူခဲ့၏။ သို့တစေလည်း ထိုသူများသည် ယခုထက်တိုင် ဤစကားကိုပင် မသိနားမလည်ကြသေးသလော' ဟူ၍ ဖြစ်၏။

(၃) မုနာဖစ်က်များသည် မိမိတို့၏ ဆွေးနွေးပွဲများတွင် အစ္စလာမ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)နှင့် ပတ်သက်၍လည်းကောင်း၊ ကဲ့ရဲ့ပြစ်တင်ပြောဆိုလေ့ရှိကြ၏။ မုအ်မင်န်များနှင့် ပတ်သက်၍လည်း အယုတ္တအနတ္တ ပြောဆိုလေ့ရှိကြ၏။ အစ္စလာမ်သာသနာ့မဏ္ဍိုင်များကိုလည်း ပြောင်လှောင်လေ့ရှိကြ၏။ ထို့နောက် တဖန် ဤသည့်စကားရပ်များသည် တမန်တော်မြတ်ထံသို့ ရောက်ရှိသွားနိုင်ပေသည်ဟု တွေးထင်မိကြသောအခါ ၎င်းတို့က စိုးရိမ်စရာမရှိ၊ တမန်တော်မြတ်သည် နားချည်းသာဖြစ်၏။ ကြားရှိသမျှ ယုံစားတတ်၏၊ ငါတို့သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)ရှေ့မှောက်တွင် လိမ်လည်လှည့်ပတ်၍ ရှင်းပြ ပြောဆိုကြလျှင် တမန်တော်မြတ်သည် ငါတို့၏စကားများကို ယုံစားသွားပေမည်" ဟု ပြောဆိုကြ၏။ သို့ရာတွင် မကြာခဏ အလ္လာဟ်အရှင်မြတ်က "ဝဟီ"ဖြင့် သိကြားစေတော်မူခြင်းကြောင့် ၎င်းတို့၏ "နိဖာက်" အယောင်ဆောင်မှုနှင့် အတွင်းစိတ်ဓာတ် ယုတ်မာမှုများ ပေါ်လွင် ထင်ရှားသွားတတ်သည့်အတွက် မုနာဖစ်က်များသည် ၎င်းတို့၏စိတ်တွင်း ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်များကို မုအ်မင်န်တို့အား သိကြားစေမည့် ကဏ္ဍတခုခု၊ အာယတ်တော် တပါးပါး ကျရောက်လာမည်ကို အထူးစိုးရိမ်နေကြ၏။ အမှန်မှာ မုနာဖစ်က်များ၏ စိတ်နှလုံးများသည် သတ္တိကြောင်မှု၊ စိတ်အားငယ်မှု၊ အားနည်းမှုများကြောင့်၊ မပြတ်သားပေ၊ တသမတ်တည်း မရှိပေ၊ အမြဲတစေ မဝေခွဲတတ်ပဲ ဇဝေဇဝါဖြစ်လျက် ရှိပေသည်။ ယင်းမုနာဖစ်က်များသည် တခါတရံ တမန်တော်မြတ်၏ လျစ်လျူရှုမှုကို ကြည့်ပြီး အနည်းငယ်စိတ်အေးကြ၏။ "သို့ရာတွင် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြားနာရပြန်သော် တုန်လှုပ်ချောက်ချားကြပြန်၏။ ထို့အတွက်ကြောင့် အာယတ်တော်တွင် "အသင် ➤➤

وَلَئِن سَأَلْتَهُمْ لَيَقُولُنَّ إِنَّمَا كُنَّا نَخُوضُ وَنَلْعَبُ ۚ قُلْ أَبِاللَّهِ وَآيَاتِهِ وَرَسُولِهِ كُنتُمْ تَسْتَهْزِئُونَ ﴿٦٥﴾

၆၅။ စင်စစ်သော်ကား အကယ်၍ အသင်သည် ထိုသူတို့အား စစ်ဆေးမေးမြန်းခဲ့ပါလျှင် ဇကန်မလွဲ ၎င်းတို့က "ကျွန်ုပ်တို့သည် အပျော်အပျင်းပြေစကား ပြောဆိုလျက်သာရှိကြပါသည်၊ ၎င်းပြင် ကျွန်ုပ်တို့သည် *ရုယ်စရာပြောဆိုလျက်သာ ရှိကြပါသည်*" [၁] ဟု ဖြေကြားလတ္တံ့။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား၊ လည်းကောင်း၊ ထိုအရှင်မြတ်၏အာယတ်တော်များကို၊ လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာရွယ်တမန်တော်မြတ်အား၊ လည်းကောင်း၊ *ပြက်ရယ်ပြောင်လှောင်ကြလေသလော*။ [၂]

➤➤ တို့သည် ပြောင်လှောင်၍ နေကြကုန်၏။ တမန်တော်မြတ်အား၊ လည်း နားချည်း" ဟု ပြောဆို၍ စိတ်အေးနေကြကုန်၊ သို့ရာတွင် အသင်တို့ စိုးရိမ်ကြောင့်ကြနေကြသည့် အချက်များကို မကြာမီအတွင်း အလ္လာဟ်အရှင်မြတ်က ဖွင့်ဟထုတ်ဖော်၍ အသင်တို့၏ ဉာဏ်နီ ဉာဏ်နက်၊ ပရိယာယ်မာယာများကို လုံးဝဖျက်ဆီးတော်မူမည်ကိုလည်း သိထားကြကုန်" ဟု မိန့်ဆို ထားတော်မူခြင်းဖြစ်သည်။

ဤအာယတ်တော်နှင့် ဆက်စပ်၍ ကုရ်အာန်ကျမ်းမြတ်(၉:၅၈)ကိုလည်းကောင်း၊ (၄၇:၂၉-၃၀)ကိုလည်းကောင်း ရှုပါကုန်။

① တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်တကွ မွတ်စ်လင်မ်များ "တဗူးက်" စစ်ပွဲသို့ ချီတက်သွားနေခိုက် အချို့မုနာဖစ်ဂ်များက

"အသင်တို့သည် ဤသူ(တမန်တော်မြတ်)ကို ကြည့်ကြစမ်း၊ သူသည် ဆီရိယနိုင်ငံ၏နန်းတော်များနှင့် ရောမတိုင်းပြည်၏ မြို့များကို သိမ်းပိုက်အောင်နိုင်မည်ဟု အိပ်မက်မက်နေသည်။ သူသည် ရောမစစ်သည်များနှင့် ပြိုင်ဆိုင်တိုက်ခိုက်ရမည့် အရေးကို အရဗ်လူမျိုးအချင်းချင်း တိုက်ခိုက်သည့် စစ်ပွဲမျိုးဟု ထင်မှတ်နေသည်။ နက်ဖြန် ကျွန်ုပ်တို့သည် ရောမစစ်သည်တော်များ ရှေ့မှောက်တွင် ကြီးများနှင့် တုပ်နှောင်ခံရပြီး စစ်သုံ့ပန်းများအဖြစ် မတတတရပ်လျက် ရှိကြမည်မှာ ယုံးမှားဖွယ်ရာမရှိ။ ကျွန်ုပ်တို့၏ ဤအစား ပုတ်၊ လူလိမ်၊ သတ္တိကြောင် "ကာရီ" (သာဝကကြီး)များသည် စနစ်တကျ ဖွဲ့စည်းထား သော ရောမစစ်သည်များနှင့် ပြိုင်ဆိုင်တိုက်ခိုက်ကြမည်လော . . . စသည်ဖြင့် မွတ်စ်လင်မ်တို့အား ရောမ စစ်သည်များဘက်မှ ခြောက်လှန့်၍ စိတ်ဓာတ်ကျဆင်းစေရန် ပြောဆိုနေခဲ့ကြ၏။

ဤသည့် စကားရပ်များကို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကြားသိတော်မူသော အခါ၊ ယင်း မုနာဖစ်ဂ်များအား ခေါ်၍ မေးမြန်းတော်မူလေသည်။ ထိုအခါ မုနာဖစ်ဂ်များက "တမန်တော်မြတ်၊ ကျွန်ုပ်တို့သည် အမှန်စင်စစ် ဤသို့သောယုံကြည်ချက်များ အသို့လျှင် ထားရှိကြပါမည်နည်း။ ➤➤

لَا تَعْتَذِرُوا۟ قَدْ كَفَرْتُم بَعْدَ إِيمَٰنِكُمْ ۚ إِن نَّعْفُ عَن طَآئِفَةٍ مِّنكُمْ نُعَذِّبْ طَآئِفَةًۢ بِأَنَّهُمْ كَانُوا۟ مُجْرِمِينَ ﴿٦٦﴾

၆၆။ အသင်တို့သည် (အချည်းနှီး) အကြောင်းမပြကြကုန်လင့်။ စင်စစ်ဧကန် အသင်တို့သည် မိမိတို့အီမာန်သက်ဝင်ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုပြီး နောက် သွေဖည် ငြင်းပယ်ခဲ့ကြလေပြီ၊ အကယ်၍ ငါအရှင်မြတ်သည် အသင်တို့အနက် လူတစုကို ခွင့်လွှတ်တော်မူငြားအံ့လည်း အခြားလူတစုကိုမူကား *ပြစ်ဒဏ်ပေးတော်မူမည်သာဖြစ်သည်။* [၁] အကြောင်း သော်ကား ၎င်းတို့သည် ပြစ်မှု ထင်ရှားသောသူများဖြစ်ကြသောကြောင့် ပင်တည်း။

➤➤ ကျွန်ုပ်တို့သည် စကားပြောယင်းဆိုယင်း အလွယ်တကူ ခရီးရောက်နိုင်ရန်အတွက် အချိန်ကုန်စေခြင်း၊ အပျင်းပြေ အဖျင်းစကားပြောခြင်း၊ ပြောင်လှောင်ခြင်းအနေဖြင့် ပြောဆိုခဲ့ခြင်းသာဖြစ်ပါသည်" ဟု ဖြေဆိုခဲ့ကြလေသည်။

(၂) စကားလေ၊ စကားလွင့် ပြောဆိုခြင်း၊ ပြက်ချော်ပြောင်လှောင်ခြင်းများသည် ကောင်းသောအကျင့်မဟုတ်ပေ။ အထူးသဖြင့် အလွှာဟ်အရှင်မြတ်၊ ထိုအရှင်မြတ်၏တမန်တော်မြတ်၊ အစွယ်လာမ်သာသနာရေးဆိုင်ရာ အမိန့်ပညတ်တော်များသည် ပြောင်လှောင်ပြက်ချော်ဖွယ်ရာများ အလျင်းမဟုတ်ပေ။ အလွှာဟ်အရှင်မြတ်၊ တမန်တော်မြတ်နှင့် အစွယ်လာမ်သာသနာရေးဆိုင်ရာ အမိန့်ပညတ်တော်များကို စိတ်မပါဝဲ နှုတ်ဖြင့် ပြောင်လှောင်ပြက်ချော်ခြင်းသည်ပင် အလွန်ကြီးမားလှသော အပြစ်ဖြစ်သည်၊ ကုဖ်ရ်ဖြစ်သည် သို့ပါလျက် မုနာဖစ်ဂ်များသည် ယုတ်မာသောစိတ်ဖြင့် အနောင့်အယှက်ပေးရန် ရည်စူး၍ ပြောင်လှောင်ပြက်ချော်သမှု ပြုခဲ့ကြပေသည်။ ၎င်းတို့၏ အပြစ်ကား အဘယ်မျှ ကြီးမားမည်ကို စဉ်းစား၍ပင် မရနိုင်ပေ။

သာသနာတော်ကို တမင်သက်သက် ရည်ရွယ်၍ ပြက်ချော်ပြောင်လှောင်ခြင်းသည် ယုံကြည်၍ဖြစ်စေ၊ မယုံကြည်ပဲဖြစ်စေ 'ကုဖ်ရ်' ဖြစ်သည်။ အလွှာဟ်အရှင်မြတ်အားသော်လည်းကောင်း၊ ထိုအရှင်မြတ်၏ အာယတ်တော်များကိုသော်လည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်မြတ်အားသော်လည်းကောင်း၊ ပြောင်လှောင်ပြက်ချော်ခြင်းသည် အတူတူပင်ဖြစ်သည်။ ထာနဝီ။ အ-၄။ စ-၁၂၅။

အထူးသတိပြုဖွယ်။

ယခုအချိန် မွတ်စ်လင်မ်များသည် အချင်းချင်း ပြောင်လှောင်ပြောဆိုကြသည့်အခါမျိုးတွင် ကုရ်အာန်ကျမ်း၏ အချို့အာယတ်တော်များ၏ အဓိပ္ပါယ်တွင် ပြောဆိုသုံးစွဲလေ့ရှိကြ၏။ အချို့ကလည်း ကုရ်အာန်ကျမ်းလာ အာယတ်တော်၏ အဓိပ္ပါယ်ကို အနည်းငယ်ပြောင်း၍ မိမိဘာသာစကား အသုံးအနှုန်းအရ အဓိပ္ပါယ်ကောက်ယူ ပြောဆိုလေ့ရှိကြ၏။ ဤသို့ကား အလျင်း မပြောဆိုထိုက်၊ **"ကုဖ်ရ်"** ဖြစ်၏။ အပြစ်ကြီးမားလှ၏။ မေမှာ်း၍ ပြောဆိုမိကြသောသူများသည် အချိန်မီ ဝန်ချတောင်းပန်ရမည်ဖြစ်၏။

(၃) အချို့ မုနာဖစ်ဂ်များသည် မိမိတို့၏ အပြစ်များကို ဖုံးကွယ်ရန်အတွက် လိမ်လည်လှည့်ဖြား၍ အဓိပ္ပါယ်ကင်းမဲ့သော၊ မမှန်ကန်သောအကြောင်းများကိုတင်ပြကြသော်လည်း ၎င်းတို့၏အကြောင်းပြချက်များသည် ➤➤

اَلْمُنٰفِقُوْنَ وَالْمُنٰفِقٰتُ
بَعْضُهُمْ مِّنْۢ بَعْضٍ ۘ
يَاْمُرُوْنَ بِالْمُنْكَرِ
وَيَنْهَوْنَ عَنِ الْمَعْرُوْفِ

၆၇။ 'မုနာဖစ်က်'မွတ်စ်လင်မ် အယောင်ဆောင်သော ယောကျ်ား၊ မိန်းမတို့သည် တမျိုးတစားတည်းပင် ဖြစ်ကြကုန်၏။ ၎င်းတို့သည် စက်ဆုပ်ရွံရှာဖွယ်များကို အမိန့်ပေးကြလေသည်။ ထို့ပြင် ကောင်းမှုများမှ တားမြစ်ကြလေသည်။ ထိုမှတပါး၊ ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ သုံးစွဲခြင်းမပြုပဲ) မိမိတို့၏လက်များကို ဆုပ်ထားကြလေသည်။ [၁]

➤➤ ၎င်းတို့အဖို့ အနည်းငယ် စိုးစဉ်းမျှ အကျိုးဖြစ်ထွန်းစေမည် မဟုတ်ပေ။ ပြက်ချော်ပြောင်လျောင်သော မွတ်စ်လင်မ် အယောင်ဆောင်နေကြသော မုနာဖစ်က်များသည် မိမိတို့၏ ပြက်ချော်ပြောင်လျောင်မှုနှင့် အယောင်ဆောင်မှုများ၏ ပြစ်ဒဏ်ကို ခံကြရမည်သာဖြစ်သည်။ သို့ရာတွင် မုနာဖစ်က်တဦးတယောက်သည် စိတ်စေတနာ ဖြူစင်စွာဖြင့် ဝန်ချတောင်းပန်၍ မိမိ၏ပြစ်မှုများကို ကြဉ်ရှောင်ပါလျှင် ၎င်းအား အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်တော်မူမည်ဖြစ်သည်။ သို့တည်းမဟုတ် အကြင်မုနာဖစ်က်တဦးသည် မုနာဖစ်က်ဖြစ်ခဲ့ပါလျက် အနှောင့်အယှက်ပေးခြင်း၊ ပြက်ချော်ပြောင်လျောင်ခြင်းတို့မှ ကင်းဝေးစွာနေခဲ့လျှင် ၎င်းအား အလ္လာဟ် အရှင်မြတ်သည် အယောင်ဆောင်မှု၏ အပြစ်ဒဏ်ပေးတော်မူမည် ဖြစ်သော်လည်း ပြောင်လျောင်ခြင်း၊ နှောင့်ယှက်ခြင်း၏အပြစ်ကိုမူ ပေးတော်မူမည်မဟုတ်ပေ။

"အကယ်၍ ငါအရှင်မြတ်သည် အသင်တို့အနက် လူတစုကို ခွင့်လွှတ်တော်မူငြားအံ့လည်း အခြားလူတစုကိုမူကား အပြစ်ဒဏ်ပေးတော်မူမည်သာ ဖြစ်သည်။ အကြောင်းသော်ကား ၎င်းတို့သည် အပြစ်ထင်ရှားသောသူများ ဖြစ်ကြသောကြောင့်ပင်တည်း" ဟူ၍ အာယတ်တော်လာရှိ၏။ ဤအာယတ်တော်၏ အလိုသဘောမှာ မုနာဖစ်က်များအနက် အချို့တို့သည် စိတ်စေတနာဖြူစင်စွာဖြင့် အစွမ်းလာမ်သာသနာကို သက်ဝင်ယုံကြည် လာကြမည်သာဖြစ်သည်။ ထိုသို့သောသူများအား အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်တော်မူမည် ဖြစ်သည်။ သို့ရာတွင် အချို့မုနာဖစ်က်များသည် အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ ပြစ်မှုထင်ရှားသူများ ဖြစ်ခဲ့ကြ၏၊ (ဝါ) ၎င်းတို့သည် အဘယ်အခါမျှ အစွမ်းလာမ်သာသနာကို သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ။ ထိုသို့သောသူများကိုမူ အလ္လာဟ် အရှင်မြတ်သည် မုချပြစ်ဒဏ်ပေးတော်မူမည်သာ ဖြစ်သည်တည်း။

ထာနဝီ။ အ-၄။ စ-၁၂၅။

(၁) အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို အများဆုံး သွေဖည်ငြင်းပယ်သောသူများမှာ အတွင်းသဘော ယုတ်မာသော ဤမုနာဖစ်က်များပင် ဖြစ်ကြပေသည်။ ၎င်းတို့၏ မိန်းမ ယောကျ်ားအားလုံးတို့သည် နှုတ်ဖြင့် အစွမ်းလာမ်သာသနာကို သက်ဝင်ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုနေပါလျက် နေ့မအား ညမအား နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် သူတပါးတို့အား ကောင်းမှုများကို မြစ်တားရန် တိုက်တွန်းနှိုးဆော်လျက် ရှိနေခဲ့ကြသည်။ (အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌) သုံးသင့်သုံးအပ်သော အဓိကဌာနများတွင် မသုံးစွဲကြပေ။ အချုပ်အားဖြင့် မုနာဖစ်က်များသည် ပြစားရန်အတွက် နှုတ်ဖြင့် 'အီမာန်' ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုနေကြသော်လည်း ၎င်းတို့၏ကိုယ်ဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းဖြင့်လည်းကောင်း၊ မည်သူတဦးတယောက်အတွက်မျှ အကျိုးဖြစ်ထွန်းစေခြင်းမရှိခဲ့ပေ။ ယင်းမုနာဖစ်က်များသည် ဤကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ➤➤

وَيَقْبِضُونَ أَيْدِيَهُمْ ۚ نَسُوا
اللَّهَ فَنَسِيَهُمْ ۚ إِنَّ الْمُنَافِقِينَ
هُمُ الْفَاسِقُونَ ﴿٦٧﴾

ထိသူတို့သည် အလ္လာဟ် အရှင်မြတ်အား မေ့လျော့ခဲ့ကြပေရာ၊ ထို အရှင်မြတ်သည်လည်း၊ ၎င်းတို့အား မေ့လျော့(ထား)တော်မူခဲ့လေသည်။ ၁ အကယ်စင်စစ်၊ မုနာဖစ်က် မွတ်စ်လင်မ် အယောင်ဆောင်'တို့သည် အမှန်တကယ် အမိန့်ကိုသွေဖည်ငြင်းပယ်သော သူများပင် ဖြစ်ကြပေသတည်း။

وَعَدَ اللَّهُ الْمُنَافِقِينَ
وَالْمُنَافِقَاتِ وَالْكُفَّارَ
نَارَ جَهَنَّمَ خَالِدِينَ
فِيهَا ۖ هِيَ حَسْبُهُمْ ۚ
وَلَعَنَهُمُ اللَّهُ ۚ وَلَهُمْ
عَذَابٌ مُقِيمٌ ﴿٦٨﴾

၆၈။ အလ္လာဟ် အရှင်မြတ်သည် 'မုနာဖစ်က်' မွတ်စ်လင်မ် အယောင်ဆောင်သောယောကျ်ား၊ မိန်းမတို့အားလည်းကောင်း၊ ကာဖိရ်များအားလည်းကောင်း၊ ဂျဟန္နမ်ငရဲမီး(ထဲသို့ လားစေတော်မူမည့်အကြောင်း) ကတိပြုထားတော်မူခဲ့လေသည်။ ၎င်းတို့သည်ထိုငရဲမီး၌ ထာဝစဉ်နေထိုင်လျက် ရှိကြလတ္တံ့။ ထိုငရဲမီးသည် ၎င်းတို့အား(ပြစ်ဒဏ်)ပေးရန် လုံလောက်တော်မူအံ့။ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူအံ့။ ထိုမှတပါး၊ ၎င်းတို့တွင် (ထိုအရှင်မြတ်၏ ကတိတော်အတိုင်း) ထာဝစဉ်တည်သော ပြစ်ဒဏ်သည် ရှိချေအံ့သတည်း။

كَالَّذِينَ مِن قَبْلِكُمْ
كَانُوا أَشَدَّ مِنكُمْ قُوَّةً
وَأَكْثَرَ أَمْوَالًا وَأَوْلَادًا ۖ

၆၉။ (အသင်တို့၏ အခြေအနေကား) အသင်တို့အလျင် ရှေးအထက်ကျော်ကာလ၌ ရှိခဲ့ကြဖူးသော သူတို့(၏အခြေအနေ)ကဲ့သို့ပင်။ ၎င်းတို့သည်အသင်တို့ထက် ခွန်အားဗလအားဖြင့် ပိုမို ပြင်းထန်ကြသည့်အပြင် ဥစ္စာပစ္စည်းနှင့် သားသမီးအားဖြင့်လည်း (အသင်တို့ထက်) အလွန်များပြားခဲ့ကြလေသည်။

➤➤ မေ့နေခဲ့ကြပေရာ အလ္လာဟ်အရှင်မြတ်သည်လည်း ၎င်းတို့အား မေ့လျော့ပစ်ပယ်ထားတော် မူခဲ့လေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အဘယ်သို့ ပစ်ပယ်ထားတော်မူသည့်အကြောင်း ရှေ့လာလတ္တံ့သော အာယတ်တော်တွင် ပါရှိလေသည်။

① အလ္လာဟ်အရှင်မြတ်သည် မုနာဖစ်က်များအား မေ့တော်မူခြင်း၏ အလိုသဘောမှာ ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိ၏ထူးခြားသည့် ကရုဏာတော်မှ ဖယ်ရှားထားတော်မူလိုက်ခြင်းကိုဆိုလိုသည်။

فَاسْتَمْتَعُوا بِخَلَاقِهِمْ فَاسْتَمْتَعْتُمْ بِخَلَاقِكُمْ كَمَا اسْتَمْتَعَ الَّذِينَ مِنْ قَبْلِكُمْ بِخَلَاقِهِمْ وَخُضْتُمْ كَالَّذِي خَاضُوا ۚ أُولَٰئِكَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ ۖ وَأُولَٰئِكَ هُمُ الْخَاسِرُونَ ﴿٦٩﴾

သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ (လောကီ)ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားခဲ့ကြလေသည်။ အသင်တို့သည် အသင်တို့ အလျင် ရှိခဲ့ကြဖူးသောသူများက မိမိတို့၏ (လောကီ)ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားခဲ့ကြသည့်နည်းတူ အသင်တို့သည်လည်း မိမိတို့၏ (လောကီ)ဝေစုဝေပုံဖြင့်(အစွမ်းကုန်)အကျိုးခံစားခဲ့ကြချေပြီ။ ထို့ပြင် ၎င်းတို့သည် မကောင်းမှုတို့၌ ဝင်ရောက်ခဲ့ကြသည့်အလား အသင်တို့သည်လည်း မကောင်းမှုတို့၌ ဝင်ရောက်ခဲ့ကြလေသည်။

ဤသူများသည်ပင် အကြင် သူများတည်း။ ထိုသူတို့၏ အကျင့်အမူများသည် ပစ္စုပ္ပန် လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ အချည်းအနှီးပင် ဖြစ်ခဲ့ကြချေပြီ၊ ၎င်းပြင် ဤသူများသာလျှင် နစ်နာဆုံးရှုံးသောသူများ ဖြစ်ကြကုန်သတည်း။

أَلَمْ يَأْتِهِمْ نَبَأُ الَّذِينَ مِنْ قَبْلِهِمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ ۛ وَقَوْمِ إِبْرَاهِيمَ وَأَصْحَابِ مَدْيَنَ وَالْمُؤْتَفِكَاتِ ۚ أَتَتْهُمْ رُسُلُهُمْ

၇၀။ ထို(မုနာဖစ်က်)များထံသို့ ၎င်းတို့အလျင် ရှိခဲ့ကြသောသူတို့၏ (ပျက်စီးဆုံးရှုံးခြင်း၏)သတင်း၊ (ဥပမာ-နဗီတမန်တော်) 'နူဟ်'၏ အမျိုးသားများ၏ သတင်း၊ 'အာဒ်' အမျိုးသားများ၏သတင်း၊ 'ဆမူဒ်' အမျိုးသားများ၏သတင်း၊ (နဗီတမန်တော်) 'အစ်ဗ်ရာဟီမ်' ၏ အမျိုးသားများ၏သတင်း၊ 'မဒ်ယန်' မြို့သားများ၏သတင်း၊ ထက်အောက်ပြောင်းပြန်ဖြစ်၍ ပျက်စီးသွားခဲ့သောမြို့များ၊ ရွာများ၏သတင်းသည် မရောက်ရှိခဲ့လေသလော။

---

① အတိတ်ခေတ်တွင် အချို့အမျိုးသားများသည် ခွန်အားဗလ အလွန်ကြီးမားခဲ့ကြ၏။ ဥစ္စာပစ္စည်း အလွန်ချမ်းသာကြွယ်ဝခဲ့ကြ၏။ သားသမီး ပေါများခဲ့ကြ၏။ ၎င်းတို့သည် နောက်ဆုံး ဖြစ်ပေါ်လာမည့် ဘေး ➤➤

بِالْبَيِّنٰتِ ۚ فَمَا كَانَ اللّٰهُ
لِيَظْلِمَهُمْ وَلٰكِنْ كَانُوْٓا
اَنْفُسَهُمْ يَظْلِمُوْنَ ۝٧٠

ငင်းတို့ထံ ငင်းတို့၏ ရှုလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြလေသည်။ (သို့ရာတွင် ယင်းအမျိုးသားများသည် သွေဖည်ငြင်းဆန် မနာခံခဲ့ကြသည့်အတွက် ပျက်စီးဆုံးရှုံး၍သွားခဲ့ကြလေသည်၊) စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ဤပျက်စီးမှု)၌ ငင်းတို့အား မတရားသဖြင့် နှိပ်စက်တော်မူသည် မဟုတ်ပေ။ သို့ရာတွင် ငင်းတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ခဲ့ကြပေသတည်း။

وَالْمُؤْمِنُوْنَ وَالْمُؤْمِنٰتُ
بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ۘ
يَاْمُرُوْنَ بِالْمَعْرُوْفِ
وَيَنْهَوْنَ عَنِ الْمُنْكَرِ
وَيُقِيْمُوْنَ الصَّلٰوةَ
وَيُؤْتُوْنَ الزَّكٰوةَ
وَيُطِيْعُوْنَ اللّٰهَ
وَرَسُوْلَهٗ ۭ اُولٰۗىِٕكَ

၇၁။ ထိုနည်းတူစွာ "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူ ယောကျ်ား၊ မိန်းမတို့သည်လည်း (သာသနာရေးတွင်) အချင်းချင်းတဦးနှင့်တဦး အဆွေခင်ပွန်းများပင် ဖြစ်ကြကုန်၏။ ငင်းတို့သည် ကောင်းမြတ်သောကိစ္စများကိုအမိန့်ပေးကြလေသည်။ ငင်းပြင် စက်ဆုပ်ရွံရှာဖွယ်ရာများမှလည်း တားမြစ်ကြလေသည်။ ထိုမှတပါး ယင်းသူတို့သည် အမြဲတစေ "ဆွလာတ်" ဝတ်ပြုကြလေသည်။ ထို့ပြင်ငင်းတို့သည် "ဇကာတ်" တရားဝင်ဒါနကြေးကိုလည်း ပေးဆောင်ကြလေသည်။ ထိုနည်းတူစွာ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရှုလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေသည်။

➤➤ အန္တရာယ်များကို မစဉ်းစားမဆင်ခြင်ပဲ အမှုမဲ့အမှတ်မဲ့နေ၍ လောကီစည်းစိမ်များတွင် နစ်မွန်းနေခဲ့ကြ၏။ မိုက်ဆိုးခဲ့ကြ၏။ နောက်ဆုံးတွင် နှစ်ဘဝလုံး၌ ဆုံးရှုံးပျက်သုဉ်း၍ သွားခဲ့ကြလေသည်။ ဤမုနာဖစ်က်များသည်လည်း အတိတ်ခေတ် ပျက်သုန်းသွားခဲ့ကြသော ထိုအမျိုးသားများ၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးလျက်ရှိကြပေရာ ဤမုနာဖစ်က်များ သည်လည်း နောက်ဆုံးတွင် ပျက်သုဉ်းသွားကြမည်သာဖြစ်သည်။ အတိတ်ခေတ်ရှိ အမျိုးသားများသည် ခွန်အားဗလ၊ ဥစ္စာဓန၊ သားသမီးများဖြင့် ဤမုနာဖစ်က်များထက် ပိုမိုကြီးမား များပြားခဲ့ကြပါလျက် နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ မလွတ်မြောက်နိုင်ခဲ့ကြပေရာ ဤမုနာဖစ်က်များသည် အသို့လျှင် လွတ်မြောက်သွားနိုင်ကြအံ့နည်း။

سَيَرْحَمُهُمُ اللَّهُ ۗ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٧١﴾

ဤသူများသည် အကြင်သူများပင်၊ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား မုချ ကရုဏာပြုတော်မူပေမည်။ [၁] ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ဘုန်းတန်ခိုးနှင့်ပြည့်စုံတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။ [၂]

وَعَدَ اللَّهُ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَمَسَاكِنَ طَيِّبَةً فِي جَنَّاتِ عَدْنٍ ۚ وَرِضْوَانٌ مِّنَ اللَّهِ أَكْبَرُ ۚ ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿٧٢﴾

၇၂။ အလ္လာဟ် အရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ ယောကျ်ား၊မိန်းမတို့အား၊ အကြင်ဥယျာဉ်များကို (ချီးမြှင့်တော်မူရန်) ကတိပြုထားတော်မူခဲ့လေသည်။ ထိုဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများ စီးတွေလျက် ရှိကြပေမည်။ (ထိုသူတို့သည်) ၎င်းဥယျာဉ်များတွင် ထာဝစဉ် နေထိုင်လျက် ရှိကြပေမည်။ ထို့ပြင် (ထိုအရှင်မြတ်သည်) ထာဝစဉ်တည်သောဥယျာဉ်များ၌ ကောင်းမွန်စင်ကြယ်သော ဗိမာန်များကို (ချီးမြှင့်တော်မူရန်)လည်း (ကတိပြုထားတော်မူခဲ့လေသည်။) ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏ကျေနပ်မှုမှာကား အကြီးကျယ်ဆုံးပင် [၃] ဖြစ်ပေသည်။ ဤသည် ကြီးကျယ် မြင့်မြတ်လှစွာသော အောင်မြင်မှုပင်တည်း။

---

① အထက်တွင် မုနာဖစ်ကျ်များ၏ ယုတ်မာဆိုးသွမ်းမှုများအကြောင်း ပါရှိ၏။ ယခု ဤအာယတ်တော်တွင် ယင်းမုနာဖစ်ကျ်များနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော မုအ်မင်န်တို့၏ဂုဏ်ပုဒ်များကို ဖျာ်ပြု၍ မိန့်ဆို ထားတော်မူ၏။ မုနာဖစ်ကျ်များသည် ကောင်းရာကို မြစ်တား၍ မကောင်းရာကို အားပေးကြသည်။ မုအ်မင်န်တို့ ကား ကောင်းရာကိုညွှန်၍ မကောင်းရာကို တားမြစ်ကြသည်။ မုနာဖစ်ကျ်များသည် စေးနဲကြသည်၊ မုအ်မင်န်များကား ရက်ရောကြသည်၊ မုနာဖစ်ကျ်များသည် အလှူဒါန မပေးကမ်းကြပေ။ မုအ်မင်န်များသည် လှူဒါန်းကြသည်။ မိမိတို့၏ဥစ္စာပစ္စည်းများထဲမှ စနစ်တကျ ဇကာတ်စသည်များကို ပေးလှူကြသည်။ မုနာဖစ်ကျ်များသည် အလ္လာဟ်အရှင်မြတ်အား မေ့ပျောက်ထားကြသည်။မုအ်မင်န်တို့ကား နေ့စဉ်နှင့်အမျှ ဆွလာတ်ငါးကြိမ် ဝတ်ပြု၍ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရကြသည်။ မုနာဖစ်ကျ်များသည် အရေးကိစ္စ အဝဝတွင် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏အမိန့်ဩဝါဒများကို သွေဖည်ငြင်းဆန်ကြသည်။

မုအ်မင်န်တို့မူကား အရေးကိစ္စအဝဝတွင် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်. ➤➤

➤➤ ဩဝါဒများနှင့်အညီ လိုက်နာကျင့်သုံးကြသည်။ ထို့အတွက်ကြောင့် မုနာဖစ်ကျများသည် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ ကင်းဝေး၍ မုအ်မင်နိတို့မူကား ထိုအရှင်မြတ်၏ အထူးကရုဏာတော်ကို ခိုလှုံကြရပေသည်။

(၂) (အလ္လာဟ်အရှင်မြတ်သည်) "အဇီဇွန်" (ဝါ) အရာခပ်သိမ်းတို့ကို လွှမ်းမိုးတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် အကျိုးပေးခြင်း၊ အပြစ်ပေးခြင်းကိုလည်း ပြုစွမ်းနိုင်တော်မူသည်။ "ဟကီမွန်" (ဝါ)အရာခပ်သိမ်းတို့ကို ထိုက်သင့်အားလျော်စွာ ငင်းတို့၏နေရာဌာနၭ ထားရှိတော်မူသောအရှင် ဖြစ်တော်မူသည်။

(၃) လောကီ၊ လောကုတ္တရာဆိုင်ရာ ကျေးဇူးတော်များတွင် အကောင်းဆုံး၊ အကြီးဆုံးနှင့် အမြင့်မြတ်ဆုံးမှာ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်တော်မူခြင်းပင် ဖြစ်သည်။ ဂျန္နတ်အမတ သုခဘုံတွင် စံမြန်းလိုမှုသည်လည်း၊ ထိုဂျန္နတ်သည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်တော်မူခြင်း၏ ဌာနဖြစ်ခြင်းကြောင့်သာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ဂျန္နတ်တွင် မုအ်မင်နိတို့အား ကာယသုခ၊ စိတ္တသုခ အဝဝကို ချီးမြှင့်ပေးသနားတော်မူမည် ဖြစ်သည်။ ယင်းသုခချမ်းသာများတွင် အကြီးဆုံးနှင့် အမြင့်မြတ်ဆုံးမှာ အလ္လာဟ် အရှင်မြတ်၏ ထာဝစဉ် ကျေနပ်နှစ်သက်မှုပင်ဖြစ်သည်။

သာဝကကြီး အဗူစအီဒ်ခွဒ်ရီ (ရ)သွေ့ယလ္လာဟုတအာလာအန်ဟု)သခင်ထံမှ ဤသို့ကြားသိရသည်၊ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ပြောပြတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဂျန္နတ်သားတို့အား 'အို . . . ဂျန္နတ်သားအပေါင်းတို့' ဟု ခေါ်တော်မူအံ့၊ ထိုအခါ ဂျန္နတ်သားတို့က ရိုသေလေးစားစွာဖြင့် 'အို . . . ကျွန်တော်မျိုးတို့၏အရှင် ရှေ့တော်မှောက်တွင် ကျွန်တော်မျိုးတို့အသင့်ရောက်ရှိကြပါပြီ၊ ကောင်းကျိုးချမ်းသာ အဖြာဖြာသည် အရှင်မြတ်၏လက်တော်တွင်သာ ရှိပါသည်' ဟု လျှောက်ထားကြအံ့။ အလ္လာဟ်အရှင်မြတ်က 'အသင်တို့သည် ကျေနပ်ကြပြီလော' ဟု မေးမြန်းတော်မူအံ့၊ ထိုအခါ ဂျန္နတ်သားများက 'အို . . . အရှင် ကျွန်တော်မျိုးတို့၌ မကျေနပ်ရန် မည်သည့်အကြောင်းမျှ မရှိပါ၊ အရှင်မြတ်သည် မိမိဖန်ဆင်းထားတော်မူသော အရာများအနက် မည်သူတဦးတယောက်ကိုမျှ ချီးမြှင့်တော်မမူခဲ့သော ကျေးဇူးတော်ကို ကျွန်တော်မျိုးတို့အား ချီးမြှင့်ထားတော်မူပါသည်' ဟု လျှောက်ထားကြအံ့၊ ထို့နောက် အလ္လာဟ်အရှင်မြတ်က 'ငါအရှင်မြတ်သည် ထိုကျေးဇူးတော်ထက် ပိုမို ကောင်းမွန်မြင့်မြတ်သော ကျေးဇူးတော်ကို အသင်တို့အား ချီးမြှင့်တော်မမူရဘူးလော' ဟု မေးမြန်းတော်မူအံ့၊ ထိုအခါ ဂျန္နတ်သားများက ထိုကျေးဇူးတော်ထက် ကောင်းမွန်မြင့်မြတ်သော ကျေးဇူးတော်ကား အဘယ်ကျေးဇူးတော်ပါနည်း' ဟု လျှောက်ထားကြပြန်အံ့။ ထိုအခါ အလ္လာဟ်အရှင်မြတ်က 'ငါအရှင်မြတ်သည် အသင်တို့အပေါ်၌ ငါ၏ကျေနပ်မှုကို သက်ရောက်စေတော်မူမည်၊ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အား ဘယ်သောအခါ၌မျှ အမျက်တော်ထားတော်မူမည် မဟုတ်' ဟု မိန့်ကြားတော်မူအံ့။ အစ်ဗ်နုကဆီရ်။ အ-၂။ စ-၃၇၀။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ပြောကြားတော်မူခဲ့သည်မှာ ဂျန္နတ်သားများသည် ဂျန္နတ်အတွင်းသို့ ဝင်ကြသောအခါ အလ္လာဟ်အရှင်မြတ်က "အသင်တို့သည် အခြားတစုံတရာ အလိုရှိကြသေးသလော၊ ငါအရှင်မြတ် အသင်တို့အား ထပ်မံပိုမို ချီးမြှင့်တော်မူမည်' ဟု မေးမြန်းတော်မူအံ့။

ထိုအခါ ဂျန္နတ်သားများက "အို . . . ကျွန်တော်မျိုးတို့၏အရှင်၊ ကျွန်တော်မျိုးတို့အား အရှင်မြတ် ချီးမြှင့်ထားတော်မူသော အရာထက် ပိုမို ကောင်းမွန်မြင့်မြတ်သော အရာကား အဘယ်အရာပါနည်း" ဟု လျှောက်ထားကြအံ့။ ထိုအခါ အလ္လာဟ် အရှင်မြတ်က "ငါ၏ ကျေနပ်မှုသည် အကြီးဆုံး၊ ➤➤

يَٰٓأَيُّهَا ٱلنَّبِيُّ جَٰهِدِ ٱلْكُفَّارَ وَٱلْمُنَٰفِقِينَ وَٱغْلُظْ عَلَيْهِمْ ۚ وَمَأْوَىٰهُمْ جَهَنَّمُ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٧٣﴾

၇၃။ အို-နဗီတမန်တော်၊ အသင်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သူတို့.အား‌လည်း‌ကောင်း၊'မုနာဖစ်က်' မွတ်စ်လင်မ် အယောင်ဆောင်သူတို့.အား‌လည်း‌ကောင်း၊ *ဂျိဟာဒ်ပြုပါ*လေ။ [၁] ထို့.ပြင် ၎င်းတို့.အပေါ်၌ အသင်သည် ပြင်းထန်ကျပ်တည်း‌မှုကို ပြုပါလေ။ ထိုမှတပါး၊ ၎င်းတို့.၏ ခိုကိုးရာဌာနသည် 'ဂျဟန္နမ်' ငရဲဘုံသည်ပင်ဖြစ်သည်။ အမှန်သော်ကား၊ ထိုစခန်း‌သည် အလွန် ဆိုး‌ရွား‌လှပေသည်တကား။

➤➤ အကောင်း‌ဆုံး အမြင့်မြတ်ဆုံး‌ဖြစ်သည်" ဟု မိန့်.ကြား‌တော်မူအံ့။ အစ်ဗ်နူကဆီရ်။ အ-၂။ စ-၃၇၀။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုး‌တို့.နှင့်တကွ မုအ်မင်န် အား‌လုံး‌တို့.အား ဤသည့် ကြီး‌ကဲမြင့်မြတ် ထူး‌ကဲလှသည့် ကျေး‌ဇူး‌တော်ကို ချီး‌မြှင့်ပေး‌သနား‌တော်မူပါစေသတည်း။ (အာမီးန်)

① 'ဂျိဟာဒ်' ၏အဓိပ္ပာယ်မှာ 'မနှစ်မြို့.ဖွယ်ရာ ကိစ္စတရပ်ကို တွန်း‌လှန်ကာကွယ်ရန်အတွက် အစွမ်း‌ကုန် ကြိုး‌ပမ်း‌အား‌ထုတ်ခြင်း" ဟူ၍ဖြစ်သည်။ ဤသို့.ကြိုး‌ပမ်း‌အား‌ထုတ်ခြင်း‌သည် တခါတရံ လက်နက်ဖြင့် ဆောင်ရွက်ရ၏။ တခါတရံ နှုတ်ဖြင့် ဆောင်ရွက်ရ၏။ တခါတရံ ကလောင်ဖြင့် ဆောင်ရွက်ရ၏။ တခါတရံ အခြား တနည်း‌နည်း‌ဖြင့် ဆောင်ရွက်ရ၏။

စိတ်တွင်း‌မှမပါ နှုတ်ဖြင့်သာ အစွလာမ်သာသနာကို သက်ဝင်ယုံကြည်ကြောင်း ထုတ်ဖော်ပြော‌ဆို နေသော မွတ်စ်လင်မ်အယောင်ဆောင် မုနာဖစ်က်များ‌နှင့် လက်နက်ဖြင့် ဂျိဟာဒ်ပြုလုပ်ရန် မွတ်စ်လင်မ်တို့.အား ဣန်မ်ဟူရ် အွန်မွတ် ခေါ် အာလင်မ်ပညာရှင် သုခမိန် အကြီး‌အကဲအများ‌စုက ခွင့်မပြုခဲ့ကြပေ။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)လက်ထက်တော်တွင်လည်း မုနာဖစ်က်များ‌အား လက်နက်ဖြင့် ဂျိဟာဒ်ပြုလုပ်ခဲ့သည့် အဖြစ်အပျက်တစုံတရာ မပေါ်ပေါက်ခဲ့ပေ။ ထို့.အတွက်ကြောင့် ဤအာယတ်တော်တွင် ဂျိဟာဒ်၏ အနက်အဓိပ္ပာယ်ကို ကျယ်ပြန့်စွာ ဖွင့်ဆိုထား‌ရှိခြင်း‌ဖြစ်သည်။ သို့.မ‌သာလျှင် လက်နက်ဖြင့်သော်လည်း‌ကောင်း၊ နှုတ်ဖြင့်သော်လည်း‌ကောင်း၊ ကလောင်ဖြင့်သော်လည်း‌ကောင်း၊ အခြေအနေအရ သင့်တော်သလို ဂျိဟာဒ် ပြုလုပ်နိုင်ပေမည်။

အချို့.အာလင်မ်ပညာရှင်များက အကယ်၍ မုနာဖစ်က်များ၏ 'နိဖာက်' မွတ်စ်လင်မ် အယောင် ဆောင်မှုသည် လုံး‌ဝထင်ရှား‌လာလျှင် ထိုသို့.သော မုနာဖစ်က်များ‌အား လက်နက်ဖြင့် ဂျိဟာဒ် ပြုလုပ်နိုင်သည်ဟု ယူဆကြသည်။

တဗူး‌က် စစ်ပွဲတွင် မုနာဖစ်က်တို့.၏ 'နိဖာက်' သည် အတော်ပင် ပေါ်လွင်ထင်ရှား၍ လာခဲ့လေသည်။ ထို့.အတွက်ကြောင့်ပင် ဤအာယတ်တော်တွင် ၎င်းတို့.နှင့်ပတ်သက်၍ ယခင်ကထက် ပိုမိုကျပ်တည်း‌စွာ ဆက်ဆံရန် မိန့်.ဆို‌ထား‌တော်မူခြင်း ဖြစ်သည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)သည် သဘာဝအလျောက် အလွန်တရာမျှ စိတ်နေ သဘောထား ပျော့ပျောင်း နူး‌ညံ့.သိမ်မွေ့.တော်မူ၏။ ကြည့်.-ကုရ်အာန်(၃:၁၅၉)။ ထို့.ပြင်တဝ အလ္လာဟ် အရှင်မြတ်ကလည်း တမန်တော်မြတ်အား "အသင်သည် မိမိနှင့်အတူတကွရှိကြသော မုအ်မင်န်များ ➤➤

يَحْلِفُونَ بِاللَّهِ مَا قَالُوا۟ وَلَقَدْ قَالُوا۟ كَلِمَةَ ٱلْكُفْرِ وَكَفَرُوا۟ بَعْدَ إِسْلَٰمِهِمْ وَهَمُّوا۟ بِمَا لَمْ يَنَالُوا۟ ۚ وَمَا نَقَمُوٓا۟ إِلَّآ أَنْ أَغْنَىٰهُمُ ٱللَّهُ وَرَسُولُهُۥ

၇၄။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား၊ တိုင်တည်၍ မိမိတို့သည် (ထိုစကားကို) *မပြောဆိုခဲ့ကြပါဟု* [၁] ဆိုခဲ့ကြလေသည်၊ အမှန်စင်စစ်သော်ကား၊ ၎င်းတို့သည် "ကုဖ်ရ်" မိစ္ဆာဝါဒစကားကို မုချ ပြောဆိုခဲ့ကြလေသည်။ ထို့ပြင်၎င်းတို့သည် မိမိတို့ (အယောင်ဆောင်) မွတ်စ်လင်မ်ဖြစ်ခဲ့ကြပြီးနောက် (မျက်မြင်အားဖြင့်လည်း) သွေဖည်ငြင်းပယ်ခဲ့ကြလေသည်။ ထို့မျှမကသေး၊ ၎င်းတို့သည် *အကြင်ကိစ္စတရုပ်ကိုလည်း ပြုလုပ်ရန် ကြံရွယ်ခဲ့ကြလေသည်။* [၂] သို့ရာတွင် ၎င်းတို့သည် မအောင်မြင်ခဲ့ကြပေ။

➤➤ အဖို့ မိမိ၏အတောင်ကို နှိမ့်ချပါ" (၀၊) "၎င်းတို့အား သနားကြင်နာပါ" ဟူ၍ အမိန့်တော်ပေးထားတော်မူခဲ့လေသည်။ ကြည့်-ကုရ်အာန် (၂၆း၂၁၅)။

မုနာဖစ်ဂ်များသည် မျက်မြင်အားဖြင့် မုအ်မင်နဲများတွင် ပါဝင်နေထိုင်လေ့ရှိခဲ့ကြ၏။ ထို့အတွက်ကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ၎င်းတို့နှင့်ဆက်ဆံ ရာတွင် လျစ်လျူပြုတော်မူလေ့ရှိခဲ့သည်။ နူးညံ့ပျော့ပျောင်းစွာပင် ဆက်ဆံတော်မူလေ့ရှိခဲ့သည်။

သို့ရာတွင် တဖူးက်စစ်ပွဲ၌ မုနာဖစ်ဂ်များသည် အရှက် အကြောက်ကင်းမဲ့စွာဖြင့် မိမိတို့၏ မလိုမုန်းတီးမှု၊ ရန်ငြိုးထားမှုများကို အတည့်အလင်း ထုတ်ဖော်ပြသခဲ့ ကြလေသည်။ ယင်းမုနာဖစ်ဂ်များသည် ယဉ်ကျေးနူးညံ့သိမ်မွေ့စွာ ဆက်ဆံနေခြင်းဖြင့် နာခံကြမည်မဟုတ်ပေ။ ထို့အတွက်ကြောင့် ၎င်းတို့နှင့် ကျပ်တည်းစွာ ဆက်ဆံရန် အမိန့်တော်ချမှတ်တော်မူခြင်းဖြစ်သည်။

"ဂျိဟာဒ်" ဟူသော ပုဒ်သည် ဗြိုင်ဆိုင်တိုက်ခိုက်ခြင်းအနက်ပေးသော "ကိတာလ်" ဟူသောပုဒ်နှင့် အဓိပ္ပာယ်တူ မဟုတ်ပေ။ "ကိတာလ်" သည် "ဂျိဟာဒ်" ၏ တစိတ်တဒေသမျှသာဖြစ်သည်။

ကာဖိရ်များနှင့် ဂျိဟာဒ်ပြုလုပ်ခြင်းသည် တနည်းဖြစ်၏၊ မုနာဖစ်ဂ်များနှင့် ဂျိဟာဒ်ပြုလုပ်ခြင်းသည် တဖုံဖြစ်၏။ မတူချေ။ ကာဖိရ်များနှင့် ပြုလုပ်ရသော ဂျိဟာဒ်သည် လက်နက်အားဖြင့်ဖြစ်သည်။ မုနာဖစ်ဂ်များနှင့် ပြုလုပ်ရသော ဂျိဟာဒ်သည် နှုတ်အားဖြင့်လည်းကောင်း၊ လက်တွေ့ဆက်ဆံခြင်းအားဖြင့်လည်းကောင်း ဖြစ်သည်။ ဤသည် မဟက္ကီကိန် ပညာရှင် သုတေသီတို့၏ ယူဆချက်ဖြစ်သည်။

① မုနာဖစ်ဂ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အားလည်းကောင်း၊ အစ္စလာမ်သာသနာကိုလည်းကောင်း၊ နောက်ကွယ်ရာ၌ သွားပုပ်လေလွင့် အယုတ္တ အနတ္တမိစ္ဆာဝါစာစကားများ ပြောဆိုစော်ကားလေ့ရှိခဲ့ကြသည်။ ဤသည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ်၏ မုနာဖစ်ဂ်များအကြောင်း ပါရှိသည့်ကဏ္ဍ (၆၃း၁-၁၁)တွင်လည်း မိန့်ဆိုထားတော်မူသည်။ မွတ်စ်လင်မ်တဦးတယောက်က မုနာဖစ်ဂ်များ ပြောဆိုကြသည့် စကားများကို တမန်တော်မြတ်ထံ သွားရောက်ပြောကြားလျှင် ယင်းမုနာဖစ်ဂ်များက ကျိန်ဆို၍ "ကျွန်တော်များ ဤသို့၊ ထိုသို့မပြောဆိုမိကြပါ" ဟုငြင်းဆိုလေ့ရှိကြလေသည်။ မုနာဖစ်ဂ်များသည် ကုဖ်ရ်၏စကား၊ ➤➤

مِنْ فَضْلِهٖ ۚ فَاِنْ يَّتُوْبُوْا يَكُ
خَيْرًا لَّهُمْ ۚ وَاِنْ يَّتَوَلَّوْا
يُعَذِّبْهُمُ اللّٰهُ عَذَابًا اَلِيْمًا

စင်စစ်သော်ကား၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာသွေတမန်တော်က မိမိကျေးဇူးတော်နှင့် ၎င်းတို့အား ချမ်းသာကြွယ်ဝစေတော်မူခဲ့သည်မှအပ၊ အခြားတစုံတရာကိုမျှ တုံ့ပြန်လက်စားချေခဲ့ကြသည်မဟုတ်ပေ။ [၁]

➤➤ မိန္ဓာဝါစာစကားများကို ပြောဆိုခဲ့ကြသည့်အကြောင်း ကာဖိရ်မုရ်ရစ်က်တို့၏ နှုတ်မှသာထွက်ဆိုနိုင်သည့် မိန္ဓာဝါစာစကားများကို မုနာဖစ်က်များသည် တမန်တော်မြတ်နှင့် ပတ်သက်၍လည်းကောင်း၊ အစ္စလာမ်နှင့်စပ်လျဉ်း၍လည်းကောင်း ပြောဆိုခဲ့ကြသည့်အကြောင်းကို ဤအာယတ်တော်တွင် အတည့်အလင်း ဖွင့်ဟမိန့်ဆို ထားတော်မူသည်။

(၂) တမူးက်စစ်ပွဲမှ အပြန်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် စစ်သည်တော်များနှင့် ခွဲခွာ၍ တောင်ကြားလမ်းတခုတွင် ခရီးသွားနေတော်မူခိုက်၊ မုနာဖစ်က် (၁၂)ဦးခန့်တို့သည် မိမိတို့၏ မျက်နှာများကို ဖုံးကွယ်၍ ညဉ့်အချိန်တွင် တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ပြီး တောင်အောက်သို့ ပြစ်ချရန် ကြံစည်ခဲ့ကြလေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်အတူ သာဝကကြီး ဟုဇိုင်ဖဟ်နှင့် သာဝကကြီး အမ္မာရ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟူမာ)တို့ပါရှိခဲ့ကြ၏။ မုနာဖစ်က်များသည် သာဝကကြီး အမ္မာရ်အား ဝိုင်းဝန်းထားခဲ့ကြ၏။ သို့ရာတွင် သာဝကကြီး ဟုဇိုင်ဖဟ်သခင်သည် မုနာဖစ်က်များအား အပြင်းအထန် ရိုက်ပုတ်၍ ၎င်းတို့စီးနင်းလာခဲ့ကြသော ကုလားအုတ်များကို ကစဉ့်ကလျား ထွက်ပြေးစေခဲ့လေသည်။

မုနာဖစ်က်များသည် မိမိတို့၏မျက်နှာများကို ဖုံးကွယ်ထားကြသည့်အတွက် သာဝကကြီးဟုဇိုင်ဖဟ်နှင့် သာဝကကြီး အမ္မာရ်(ရသွေ့.ယလ္လာဟုတအာလာအန်ဟုမာ)တို့သည် မုနာဖစ်က်တို့အား မမှတ်မိနိုင်ခဲ့ကြပေ။ သို့ရာတွင် တမန်တော်မြတ်က သာဝကကြီးဟုဇိုင်ဖဟ်နှင့် သာဝကကြီးအမ္မာရ်တို့အား မုနာဖစ်က်များ၏ အမည်နာမများကို အသီးသီးပြောပြတော်မူပြီး၊ ဤသည့် အမည်နာမများကို မည်သူ တဦးတယောက်အားမျှ ထုတ်ဖော်မပြောရန် ပိတ်ပင်တားမြစ်တော်မူခဲ့လေသည်။ ဤအာယတ်တော်တွင်၊ "၎င်းပြင် ထိုသူများသည် အကြင်ကိစ္စတရပ်ကိုလည်း ပြုလုပ်ရန်ကြံစည်ခဲ့ကြသေးသည်။ သို့ရာတွင် ၎င်းတို့သည် မအောင်မြင်ခဲ့ကြပေ" ဟု ဤသည့်ဖြစ်ရပ်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

အချို့ အာလင်မ် ပညာရှင်များ၏ ယူဆချက်တရပ်မှာ တချိန်သော် မွတ်စ်လင်မ် စစ်သည်များတွင် အချင်းချင်း ရန်မီးပွားခဲ့၏။ ထိုအချိန်တွင် မုနာဖစ်က်များသည် နည်းပရိယာယ် အမျိုးမျိုး အသုံးပြု၍ အန်ဆွာရ် နှင့် မုဟာဂျိရီန် တို့၏စပ်ကြားတွင် သွေးခွဲရန် ကြံစည် ကြိုးပမ်းခဲ့ကြ၏။ သို့ရာတွင် တမန်တော်မြတ်က ကြားဝင်၍ ဖြန့်ဖြေ ပေးတော် မူလိုက်သဖြင့်၊ အဆိုပါရန်မီးမှာ ပြေငြိမ်းသွားခဲ့လေသည်။ မုနာဖစ်က်တို့၏ အကြံအစည်သည် အချည်းနှီးဖြစ်သွားခဲ့လေသည်။ ဤအာယတ်တော်တွင် ဤသည့်ဖြစ်ရပ်ကို ရည်ညွှန်းမိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

(၃) တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဆုပန်ကြားချက်အရ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် အချို့ မုနာဖစ်က်များအား ကုံလုံကြွယ်ဝစေတော်မူခဲ့လေသည်။ ယင်းမုနာဖစ်က်များသည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် မိမိတို့အပေါ်၌ တင်ရှိနေသောကြွေးမြီများကို ပေးဆပ်နိုင်ခဲ့ကြ ➤➤

فِى الدُّنْيَا وَالْاٰخِرَةِ ۚ وَمَا لَهُمْ فِى الْاَرْضِ مِنْ وَّلِىٍّ وَّلَا نَصِيْرٍ ۝

သို့ဖြစ်ပေရာ အကယ်၍ ၎င်းတို့သည် ဝန်ချတောင်းပန်ကြပါလျှင် ၎င်းတို့အဖို့သာလျှင် အကောင်းဖြစ်ပေမည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် မျက်နှာလွှဲဖယ်ကျောခိုင်း၍ သွားကြပါမူ၊ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား ဤပစ္စုပ္ပန်လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ ပြင်းပြနာကျင်စေသော ပြစ်ဒဏ်ကို ပေးတော်မူအံ့၊ ထိုမှတပါး၊ ၎င်းတို့အဖို့ ပထဝီမြေပြင်၌ အဆွေခင်ပွန်းဟူ၍လည်းကောင်း၊ ကူညီစောင်မမည့် သူဟူ၍လည်းကောင်း၊ မည်သူတဦးတယောက်မျှ ရှိချေမည် မဟုတ်ပေတကား။

وَمِنْهُمْ مَّنْ عٰهَدَ اللّٰهَ لَئِنْ اٰتٰنَا مِنْ فَضْلِهٖ لَنَصَّدَّقَنَّ

၇၅။ ၎င်းပြင်၊ ထိုသူတို့အနက် အကြင်သူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်အား (ဤသို့)ပဋိညာဉ် ပေးခဲ့ကြလေသည်။

➤➤ ဟေသည်။ မွတ်စ်လင်မ်များနှင့်အတူ ရောနှော၍ နေကြသည့်အတွက် "ဃနီမတ်" လက်ရုပ်စွဲဉီးများထဲမှလည်း ဝေစုဝေပုံများ ရရှိခဲ့ကြပေသည်။ တမန်တော်မြတ်၏ "ဗရကတ်" မင်္ဂလာကြောင့် ၎င်းတို့၏ လယ်ယာများတွင် အသီးအနှံများလည်း ကောင်းစွာ ထွက်ခဲ့လေသည်။ ဤသည့် ကျေးဇူးတော်များကို ကျေးဇူးတင်ကြရမည့်အစား၊ ယင်း မုနာဖစ်ဂ်များသည် ကျေးဇူးကန်းခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား သစ္စာဖောက်ခဲ့ကြလေသည်။ တမန်တော်မြတ်နှင်တကွ မွတ်စ်လင်မ်တို့အား အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခဲ့ကြလေသည်။ သို့တစေလည်း အကယ်၍ ယင်းမုနာဖစ်ဂ်များသည် ယခုလည်း ဝန်ချတောင်းပန်၍ မိမိတို့၏ ဆိုးသွမ်းမှုများနှင့် ကျေးဇူးကန်းမှုများကို ရှောင်ကြဉ်ကြလျှင် ၎င်းတို့အဖို့ အကောင်းပင်ဖြစ်သည်၊ သို့မဟုတ်ပါက အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား ဤပစ္စက္ခဘဝတွင် လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း အလွန် ပြင်းထန်သောပြစ်ဒဏ် ပေးတော်မူမည်ဖြစ်သည်။ ထိုအချိန်တွင် ၎င်းတို့အား၊ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်မှ ကာကွယ်ပေးမည့်သူဟူ၍ တဦးတယောက်မျှရှိမည်မဟုတ်ပေ။

အချို့ ကျမ်းချက်များတွင် လာရှိသည်မှာ "ဂျူလာစ်" အမည်ရှိသော ပုဂ္ဂိုလ်တဦးသည် ဤသည့် အာယတ်တော်ကို ကြားနာရသောအခါ စိတ်စေတနာ ဖြူစင်စွာဖြင့် ဝန်ချတောင်းပန်၍ အသက်ထက်ဆုံး မိမိ၏ အသက်ကိုပင် အစွမ်းလမ်း အရေးကိစ္စများနှင့် စပ်လျဉ်း၍ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရန် လူဒါန်းခဲ့လေသည်။

وَلَنَكُونَنَّ مِنَ الصَّٰلِحِينَ ﴿٧٥﴾

"အကယ်၍ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (မိမိ၏ကျေးဇူးတော်ဖြင့်)(ဥစ္စာပစ္စည်းကို) ချီးမြှင့်ပေးသနားတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် ကောင်းစွာ လှူဒါန်းကြပါမည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသော သူတော်စင် သူတော်ကောင်းတို့တွင် မုချ ပါဝင်ကြပါမည်။" [၁]

فَلَمَّآ ءَاتَىٰهُم مِّن فَضْلِهِۦ بَخِلُوا۟ بِهِۦ وَتَوَلَّوا۟ وَّهُم مُّعْرِضُونَ ﴿٧٦﴾

၇၆။ တဖန် ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိကျေးဇူးတော်ကို ချီးမြှင့် ပေးသနားတော်မူသောအခါ၊ ၎င်းတို့သည် ကျေးဇူးတော်ကို (ပေးကမ်းလှူဒါန်းခြင်းမပြုပဲ)စေးနဲကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မျက်နှာလွှဲဖယ် ကျောခိုင်းခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် တိမ်းရှောင်လေ့ရှိကြသူများပင် ဖြစ်ကြကုန်သတည်း။

---

① ဆအ်လဗဟ် အိဗ်နု ဟုတွစ်ဗ် အန်ဆွာရီက တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကျွန်တော်မျိုးအား ကုံလုံကြွယ်ဝသူတဦးဖြစ်လာအောင် ဆုပန်ကြားပေးတော်မူပါ' ဟု မေတ္တာရပ်ခံခဲ့၏။ တမန်တော်မြတ်က 'အို . . . ဆအ်လဗဟ်၊ အကြင်အနည်းငယ်မျှသောပစ္စည်းသည် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ အသင်သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတော်ဆပ်နိုင်၏။ ထိုအနည်းငယ်သော ပစ္စည်းများသည် အကြင်၏များစွာသော ပစ္စည်းထက်ကောင်း၏။ ထိုများစွာသောပစ္စည်းနှင့် စပ်လျဉ်း၍ အသင်သည် တာဝန်မကျေပွန်နိုင်ပေ' ဟု ဖြေကြားတော်မူခဲ့၏။ ထို့နောက် တဖန် ဆအ်လဗဟ်က တမန်တော်မြတ်အား ယခင်အတိုင်းပင် မေတ္တာရပ်ခံပြန်၏။ တမန်တော်မြတ်က 'အို-ဆအ်လဗဟ် အသင်သည်ကျွန်ုပ်၏ ဖဝါးခြေထပ်လိုက်နာကျင့်သုံးခြင်းကို မနှစ်သက်လေသလော' ဟု ဖြေကြားတော်မူပြန်၏။ တမန်တော်မြတ် ငြင်းပယ်တော်မူသည်နှင့်အမျှ ဆအ်လဗဟ်၏မေတ္တာရပ်ခံချက်သည် ပိုမိုများပြားလာခဲ့လေသည်။ ဆအ်လဗဟ်က 'အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးအား ဥစ္စာပစ္စည်းများ ချီးမြှင့်ပေးသနားတော်မူပါလျှင် ကျွန်တော်မျိုးသည် အတိအကျ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပါမည်' ဟု ကတိပြုလေသည်။

မည်သို့မျှ သွန်သင်ဆုံးမဩဝါဒပေး၍ မရသည့်အဆုံး၌ တမန်တော်မြတ်သည် ဆအ်လဗဟ်အတွက် ဆုပန်ကြား၍ ပေးတော်မူလေသည်။ တမန်တော်မြတ် ဆုပန်ကြားပေးတော်မူသဖြင့် ဆအ်လဗဟ်၏ဆိတ်များသည် အထူးတလည် တိုးပွားများပြားလာခဲ့သည့်အတွက် ဆအ်လဗဟ်သည် မဒီနာမြို့အတွင်း၌ မနေသာတော့ပဲ မြို့ပြင်ထွက်၍ ရွာတရွာတွင် နေရလေသည်။ ဆိတ်များအဆမတန် တိုးပွားများပြားလာသည့်အတွက် ဆအ်လဗဟ်သည် အလုပ်များပြားလာပြီးလျှင် 'ဂျမာအတ်' အစုအရုံးနှင့်ဆွေးနွေးတိုင်ပင်ပြုမူ။ ဂျူမုအဟ်(သောကြာ) ➤➤

فَأَعْقَبَهُمْ نِفَاقًا فِي قُلُوبِهِمْ إِلَىٰ يَوْمِ يَلْقَوْنَهُ بِمَا أَخْلَفُوا اللَّهَ مَا وَعَدُوهُ وَبِمَا

۷۷။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ထိုသူများ၏ စိတ်နှလုံးများတွင် ထိုအရှင်မြတ်နှင့် ထိုသူများတွေ့ဆုံကြမည့်နေ့တိုင်အောင် "နိဖာက်" (မွတ်စ်လင်မ် အရေခြုံမှု)ကို (ထည့်သွင်းတော်မူခြင်းအားဖြင့်) ၎င်းတို့အား ပြစ်ဒဏ်ခတ်တော်မူခဲ့လေသည်။

➤➤ ဆွေးနွေးတင်ပြမှုများကိုပင် တဖြည်းဖြည်း တစတစ လက်လွတ်လာခဲ့လေသည်။

ရက်အတန်ကြာသောအခါ တမန်တော်မြတ်ထံမှ ဇကာတ်ကောက်ခံရန် အမှုထမ်းများ ဆအ်လဗဟ်ထံသို့ ရောက်လာကြာသောအခါ ဆအ်လဗဟ်က "ဇကာတ်သည် ဂျဲဃဟ်လူခွန်တော်၏ ညီမဖြစ်သည်ဟု ထင်မြင်ရလေသည်" ဟု ဆိုခဲ့လေသည်။ ဆအ်လဗဟ်သည် ဇကာတ်မပေးရန် တကြိမ်နှစ်ကြိမ် အကြောင်းရမယ် ရှာကာ အချိန်ဆွဲပြီး နောက်ဆုံးတွင် ဇကာတ်ပေးခြင်းကို လုံးဝငြင်းပယ်ခဲ့လေသည်။ ယင်းသို့ ငြင်းပယ်လိုက်သည့်အခါ တမန်တော်မြတ်က(ဝိုင်ဟဆအ်လဗဟ်) "ညော့... ဆအ်လဗဟ်၊ ဆအ်လဗဟ်၊ ဆအ်လဗဟ်" ဟု သုံးကြိမ်တိုင်တိုင် ဝမ်းနည်းစွာဖြင့် ဆိုတော်မူလေသည်။ ထို့နောက် အထက်ပါ အာယတ်တော်များ ကျရောက်လာခဲ့လေသည်။

ဤကဲ့သို့ ဆအ်လဗဟ်နှင့် ပတ်သက်၍ တမန်တော်မြတ်၏ ဝမ်းနည်းစကားနှင့် အာယတ်တော်များ ကျရောက်လာခဲ့သည့်အကြောင်း ဆအ်လဗဟ်ထံ ၎င်း၏ဆွေမျိုးသားချင်းများက သွားရောက်ပြောကြားသည့်အခါ ဆအ်လဗဟ်သည် စိတ်ဓာတ်မကြည်သာပဲလျက် ဇကာတ်ယူဆောင်၍ တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့လေသည်။ တမန်တော်မြတ်က "အလ္လာဟ်အရှင်မြတ်သည် အသင်၏ဇကာတ်ကို လက်မခံရန် ကျွန်ုပ်အား တားမြစ်ထားတော်မူသည်" ဟု ပြောကြားတော်မူလိုက်လေသည်။ ထိုအခါ ဆအ်လဗဟ်သည် အထူးပင် ဝမ်းနည်းကြေကွဲလေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ၎င်း၏ဇကာတ်ကို လက်ခံတော်မမူခြင်းသည် ၎င်းအဖို့ အလွန်တရာမျှ ရုက်ဖွယ်ကောင်းလှပေသည်။ ဤသည်ကို တွေးကာတွေးကာ ဆွေး၍မိမိ၏ ဦးခေါင်းပေါ်သို့ မြေမှုန့်များပစ်တင်လေတော့သည်။

ဆအ်လဗဟ်သည် အသို့ပင် ကြေကွဲဝမ်းနည်းနေသော်လည်း ၎င်း၏စိတ်တွင်းတွင် "နိဖာက်" မွတ်စ်လင်မ်အရေခြုံမှုသည် ကိန်းအောင်လျက်ရှိနေသည်ကား အမှန်ပင်ဖြစ်ပေသည်။ တမန်တော်မြတ် ဝဖာတ်ဖြစ်တော်မူပြီးသည့်နောက် ဆအ်လဗဟ်သည် သာဝကကြီး အဗူဗဟ်က်ရ် (ရဃွေယလ္လာဟု တအာလာအန်ဟု)ထံသို့ ဇကာတ်ယူဆောင်၍ ရောက်ရှိလာခဲ့ပြန်သည်။ သာဝကကြီး အဗူဗဟ်က်ရ်သည်လည်း ဆအ်လဗဟ်၏ ဇကာတ်ကို လက်မခံခဲ့ပေ။ ထို့နောက် သာဝကကြီးအုမရ်(ရသွေ့ယလ္လာဟု တအာလာအန်ဟု)ထံသို့ ယူဆောင်လာခဲ့ပြန်၏။ သာဝကကြီးအုမရ်ကလည်း လက်မခံခဲ့ပေ။ ထို့နောက် တဖန် သာဝကကြီး အွတ်ဆ်မာန်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)ထံသို့ ယူဆောင်လာခဲ့ပြန်၏။ သာဝကကြီး အွတ်ဆ်မာန်ကလည်း လက်မခံခဲ့ပေ။ သာဝကကြီး အသီးသီးက "တမန်တော်မြတ် ကိုယ်တော်တိုင် လက်မခံသောပစ္စည်းတခုကို ကျွန်ုပ်တို့သည် မည်သို့မျှ လက်မခံနိုင်ကြပါ" ဟု ပြောဆိုခဲ့ကြပေသည်။ နောက်ဆုံးတွင် ဆအ်လဗဟ်သည် "မုနာဖစ်က်" "မွတ်စ်လင်မ် အရေခြုံ" အဖြစ်နှင့်ပင် သာဝကကြီး အွတ်ဆ်မာန် သခင်လက်ထက်တွင် အသေဆိုးနှင့် သေဆုံးသွားခဲ့ရလေသတည်း။

كَانُوا۟ يَكْذِبُونَ ﴿٧٧﴾

အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား မိမိတို့ ပေးခဲ့ကြသောကတိဝန်ခံချက်ကို ဖောက်ခဲ့ကြသည့်ပြင်၊ မုသားပြောဆိုလေ့ ရှိခဲ့ကြသောကြောင့်ပင်။ ၃

أَلَمْ يَعْلَمُوٓا۟ أَنَّ ٱللَّهَ يَعْلَمُ سِرَّهُمْ وَنَجْوَىٰهُمْ وَأَنَّ ٱللَّهَ عَلَّٰمُ ٱلْغُيُوبِ ﴿٧٨﴾

၇၈။ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့၏ လျှို့ဝှက်ချက်ကိုလည်းကောင်း၊ ထိုသူတို့၏ လျှို့ဝှက်နှီးနှောချက်ကိုလည်းကောင်း မလွဲဧကန် သိရှိတော်မူသည်ကို ယင်းသူတို့သည် မသိကြလေသလော။ ထို့ပြင် ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် ဖုံးကွယ်လျက်ရှိသည်တို့ကို ကောင်းစွာသိတော်မူသော အရှင်မြတ်ဖြစ်တော်မူသည် (ကိုလည်း ၎င်းတို့သည် မသိကြလေသလော)။ ၄

---

③ မုနာဖစ်ကျားသည် အလ္လာဟ်အရှင်မြတ်နှင့် ပြုထားကြသည့် ကတိများကိုပင် အတည့်အလင်း ချိုးဖျက်ခဲ့ကြသည်။ မဟုတ်မမှန် လုပ်ကြံ၍ မုသားပြောဆိုလေ့ရှိခဲ့ကြသည်။ စေးနဲခဲ့ကြသည်။ သွေဖည်ခဲ့ကြသည်။ ဤသည်တို့သည် "နိဖာက်" ၏ အကိုင်းအလက်များသာ ဖြစ်ချေသည်။ ထို့အတွက်ကြောင့် ထိုဆိုးသွမ်းမှု၊ ယုတ်မာမှုများ၏ပြစ်ဒဏ်ကို ပေးတော်မူရာတွင် မူလ "နိဖာက်" မွတ်စ်လင်မ် အရေခြုံမှုကို ၎င်းတို့၏ စိတ်နှလုံးတွင် အမြစ်တွယ်၍ သွားစေတော် မူခဲ့လေသည်။ ထို အမြစ်တွယ်မှုသည် ၎င်းတို့ သေဆုံးကြသည့်တိုင်အောင် တည်ရှိနေပေမည်။

အလ္လာဟ်အရှင်မြတ်၏ စွန့်တော်တရပ်မှာ အကြင်သူတဦးသည် သုစရိုက်မှုတခု၊ သို့မဟုတ် ဒုစရိုက်မှုတခုကို မိမိ၏စိတ်သဘောအတိုင်း နှစ်သက်ရွေးချယ်ပြီး အမြဲတစေ ကျင့်သုံးသွားလျှင် ထိုသုစရိုက်မှု သို့မဟုတ် ဒုစရိုက်မှုကို ယာယီ သို့မဟုတ် အမြဲတစေ ဖြစ်သွားစေလေသည်။ ထိုအကျင့်သည် ထိုသူ၏ မူလဗီဇမျိုးစေ့တွင် အပါအဝင် ဖြစ်သွားလေသည်။ ဒုစရိုက်မှုတခုခုကို ယင်းကဲ့သို့ ရွေးချယ်၍ အမြဲတစေ ကျင့်သုံးသွားခြင်းကိုပင် အကျိုးအားဖြင့် တင်စား၍ "ခတမ" "တွဗအ" ထိုအရှင်မြတ်သည် တံဆိပ်ခပ်နှိပ်တော်မူလိုက်လေပြီဟူ၍ တခါတရံ တင်စားသုံးနှုန်းထားတော်မူသည်။

④ မုနာဖစ်ကျားသည် စိတ်တွင်း၌ "ကုဖ်ရ်" ဖုံးအုပ်ထားပြီး အစွမ်းအရေကို ခြုံထားကြသည်။ အမိန့်တော်ကို နာခံဟန်ဆောင်နေကြသည်။ (ပြစားရန်အတွက် ကတိအမျိုးမျိုးပေးကြသည်။ စကားအမျိုးမျိုး ပြောကြသည်။ မဖြစ်သာသည့်အဆုံး၌ ဥစ္စာပစ္စည်း လူဒါန်းကြသည်။) ဤသို့ ပြစားမှု၊ ဟန်ဆောင်မှု၊ အရေခြုံမှုများသည် မုနာဖစ်ကျားအဖို့ မည်သို့မျှ အကျိုးဖြစ် ထွန်းစေမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်ချက်၊ ၎င်းတို့၏ နှစ်ကိုယ်ကြား ဆွေးနွေးတိုင်ပင် နှီးနှောချက်များကို သိတော်မူသည်။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်သည် ဖုံးကွယ်လျက်ရှိသော အရာခပ်သိမ်းကုန်တို့ကို အကြင်းမဲ့ ➤➤

اَلَّذِيْنَ يَلْمِزُوْنَ الْمُطَّوِّعِيْنَ
مِنَ الْمُؤْمِنِيْنَ فِي الصَّدَقٰتِ
وَالَّذِيْنَ لَا يَجِدُوْنَ
اِلَّا جُهْدَهُمْ
فَيَسْخَرُوْنَ مِنْهُمْ ۙ سَخِرَ اللّٰهُ
مِنْهُمْ ۖ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿٧٩﴾

၇၉။ (ထို'မုနာဖစ်က်' မွတ်စ်လင်မ် အယောင်ဆောင်များသည်)အကြင်သူများပင်၊ ယင်း(မုနာဖစ်က်)သူများသည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့အနက်မှ သဒ္ဓါကြည်ဖြူစွာ ပေးကမ်း လှူဒါန်းသူတို့.အား ပြစ်တင် ပြောဆိုကြလေသည်။ ၎င်းပြင် မိမိတို့အားသွန်ခွန်စိုက်ရာဖွေရရှိသော ချွေးနဲစာမှအပ၊ အခြားတစုံတရာကို မရရှိနိုင်ကြသော သူတို့အား လည်း ထို(မုနာဖစ်က် မွတ်စ်လင်မ်အယောင်ဆောင်)တို့သည် *ပြက်ချော်ပြောင်လှောင်ကြပေသည်။* [၁] အလ္လာဟ်အရှင်မြတ်သည် ယင်း(မုနာဖစ်က်)တို့အား ပြောင်လှောင်တော်မူခဲ့လေသည်။ ထို့ပြင်၎င်းတို့၌ ပြင်းပြနာကျင်စေသော ပြစ်ဒဏ်သည်လည်း ရှိပေအံ့သတည်း။

➤➤ သိတော်မူသော အရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ မုနာဖစ်က်များ၏ အရေခြုံမှု၊ ဟန်ဆောင်မှု၊ ပြစားမှုများသည် ၎င်းတို့အား အသို့လျှင်ကျေးဇူးပြုနိုင်အံ့နည်း။ မုနာဖစ်က်များသည် ဤသည်ကိုပင် မသိကြလေသလော။ ထာနဝီ။ အ - ၄။ စ - ၁၂၉။

(၁) တနေ့သောအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မွတ်စ်လင်မ်တို့အား အလှူဒါနပြုရန် တိုက်တွန်း နှိုးဆော်တော်မူလေသည်။ထိုအခါ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နူအောက်ဖ်(ရဒွေ.ယလ္လာဟု တအာလာအန်ဟု)သည် 'ဒီနာရ်' သို့မဟုတ် 'ဒစ်ရ်ဟမ်' လေးထောင် (၄၀၀၀)ပေးလှူလေသည်။ သာဝကကြီး အာဆင်မ်အစ်ဗ်နူအဒီ(ရဒွေ.ယလ္လာဟု တအာလာအန်ဟု)သည် ဒစ်ရ်ဟမ် လေးထောင် (၄၀၀၀)တန်သည့် စွန်ပလွံသီး အလေးချိန် '၀ါစ်က်' တရာ (၁၀၀)ပေးလှူလေသည်။ ထိုအခါ မုနာဖစ်က်များက "ဤပုဂ္ဂိုလ် နှစ်ဦးတို့သည် ပြစားရန်အတွက် လှူဒါန်းခြင်းသာ ဖြစ်သည်" ဟု ကဲ့ရဲ့ပြစ်တင်ပြောဆိုကြလေသည်။

ဆင်းရဲနွမ်းပါးသော သာဝကကြီး အဗူအကီးလ်(ရဒွေ.ယလ္လာဟု တအာလာအန်ဟု)သည် မိမိချွေးနှင့် ရင်းနှီး၍ ရှာဖွေရရှိသည့် အနည်းငယ်မျှသော ချွေးနဲစာထဲမှပင် အလေးချိန် တဆွာအ် (မြန်မာအလေးချိန် ၂ ပိသာခန့်) ပေးလှူလေသည်။ ထိုအခါတွင်လည်း မုနာဖစ်က်များက 'ဤသူသည် လည်ပင်းတွင် သွေးသုတ်ပြီး 'ရုဟီဒ်' များတွင် အချောင်ပါဝင်လိုသည်။ ဤမျှနည်းပါးသော စွန်ပလွံသီးသည် အဘယ်သို့သော အကျိုးဖြစ်ထွန်းစေနိုင်အံ့နည်း' ဟု ပြက်ချော် ပြောင်လှောင်ကြလေသည်။ အချုပ်အားဖြင့် မုနာဖစ်က်များသည် စေတနာအလျှောက် တက်နိုင်ကုန်၍ မြောက်မြားစွာ လှူဒါန်းသော ပုဂ္ဂိုလ်များကိုလည်းကောင်း၊ မရှိဆင်းရဲ၍ အနည်းအကျဉ်းမျှ လှူဒါန်းနိုင်သာ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ မည်သူ့ကိုမျှ ချမ်းသာပေးကြသည်မရှိပေ။ အားလုံးတို့အား ကဲ့ရဲ့ပြစ်တင် ပြောင်လှောင်ပြက်ချော်ကြလေသည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ယင်းသို့ ပြစ်တင်ပြောင်ချော်ကြသည့်အတွက် ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။ ➤➤

إِسْتَغْفِرْ لَهُمْ أَوْ لَا تَسْتَغْفِرْ لَهُمْ
إِن تَسْتَغْفِرْ لَهُمْ سَبْعِينَ مَرَّةً
فَلَن يَغْفِرَ اللَّهُ لَهُمْ ذَٰلِكَ
بِأَنَّهُمْ كَفَرُوا بِاللَّهِ
وَرَسُولِهِ ۗ وَاللَّهُ
لَا يَهْدِي الْقَوْمَ
الْفَاسِقِينَ ﴿٨٠﴾

၈၀။ (အို...နဗီတမန်တော်)အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသင်သည်၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို မပန်ကြားသည်ဖြစ်စေ၊ (*အကြောင်းမထူးပေ။* [၁] အသို့ဆိုသော်) အကယ်၍ အသင်သည် ၎င်းတို့အဖို့ *အကြိမ်ခုနှစ်ဆယ်တိုင်တိုင်* [၂] လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားသော်လည်း အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အလျှင်းလွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်မဟုတ်ပေ။ အကြောင်းသော်ကား၊ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်အားလည်းကောင်း၊ သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့်ပင်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော် ဖီဆန်သော သူတို့အား တရားလမ်းမှန်သို့ ပို့ဆောင် တော်မူသည် မဟုတ်ပေတကား။

➤➤ ယင်းမုနာဖစ်ဂ်များသည် ဤပစ္စက္ခဘဝတွင် ရက်အနည်းငယ်မျှ ပြောင်လောင်ခွင့် ရရှိနေကြသော်လည်း ၎င်းတို့အဖို့ ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သည် အသင့်ဖြစ်လျက်ရှိချေပြီ။

① တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မုနာဖစ်ဂ်များအဖို့ အဘယ်မျှပင် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားတော်မူငြားသော်လည်း ထိုမုနာဖစ်ဂ်များ၌ မည်သို့မျှ အကျိုးသက်ရောက်မည် မဟုတ်ပေ။ အလ္လာဟ် အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်ငြင်းဆန် မနာခံသော၊ ယုတ်မာဆိုးသွမ်းသော ဤကာဖိရ်၊ မုနာဖစ်ဂ်တို့အား ဘယ်သောအခါမျှ၌ လွတ်ငြိမ်းချမ်းသာခွင့် အလျှင်းပေးတော်မူမည် မဟုတ်ပေ။

အကြောင်းဆုံးလာသည်မှာ – တနေ့သ၌ မဒီနာမြို့တွင် မုနာဖစ်ဂ်တို့၏ခေါင်းဆောင် အဓိပတိဖြစ်သော အဗ်ဒွလ္လာဟ် အိဗ်နုအုဗိုင်ယ်သည် သေဆုံးသွားခဲ့လေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဗ်ဒွလ္လာဟ် အိဗ်နု အုဗိုင်ယ်၏ "ကဖန်" ပိတ်အတွက် မိမိ၏အင်္ကျီကို ပေးတော်မူခဲ့၏။ ဂျနာဇေဟ် ဆွလာတ်ဝတ်ပြုတော်မူခဲ့၏။ ပြီးနောက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဗ်ဒွလ္လာဟ် အိဗ်နု အုဗိုင်ယ်အဖို့ လွတ်ငြိမ်းခွင့်ပန်ကြားတော်မူခဲ့လေသည်။ သာဝကကြီးအုမရ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ယင်းသို့ ပြုလုပ်တော်မမူရန် အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့လေသည်။

သာဝကကြီး အုမရ် (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု)က "အို – အလ္လာဟ်၏ ရာစူလ်၊ ဤသူယုတ်မာသည် အဘယ် အချိန် အဘယ် ဌာနတွင် အဘယ်သို့ ယုတ်မာ ဆိုးသွမ်းခဲ့ပါသည်။ ➤➤

➤➤ ဤသူယုတ်မာသည် အမြဲတစေကုဖ်ရ် သွေဖည်ငြင်းဆန်မှု၊ နိဖာက် အရေခြုံမှုများတွင် ရှေ့ဆောင်အလံကိုင်ဖြစ်ခဲ့ပါသည်။ ဤသူယုတ်မာများနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က ... ...

"အသင်သည် ထိုသူများအဖို့ လွတ်ငြိမ်းခွင့် ပန်ကြားသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသင်သည် ထိုသူများအဖို့ လွတ်ငြိမ်းခွင့် မပန်ကြားသည်ဖြစ်စေ၊ အကယ်၍ အသင်သည် ထိုသူများအဖို့ အကြိမ်ပေါင်း (၇၀)တိုင်တိုင်ပင် လွတ်ငြိမ်းခွင့် ပန်ကြားသော်လည်း အလ္လာဟ်အရှင်မြတ်သည် ထိုသူများအား လွတ်ငြိမ်းချမ်းသာခွင့် အလျှင်းပေးတော်မူမည်မဟုတ်ဟု မိန့်ကြားတော်မူသည် မဟုတ်ပါလော" ဟု အကြောင်းပြမေတ္တာရပ်ခံခဲ့လေသည်။

ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ဖြေကြားတော်မူသည်မှာ 'အို-အုမရ်၊ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းမှ ကျွန်ုပ်အား ပိတ်ပင်ထားတော်မူသည်မဟုတ်၊ ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မမူခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အလုပ်သာဖြစ်သည်။ တနည်းအားဖြင့် ကျွန်ုပ်၏လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းသည် ယင်းမုနာဖစ်က်များအဖို့ အကျိုးမရှိကနေပါစေ၊ သို့ရာတွင် ကျွန်ုပ်၏ဤအပြုအမူသည် အခြားသူများအား အကျိုးဖြစ်ထွန်းစေနိုင်သည်။ အကြီးမားဆုံးသော ရန်သူတဦးအား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ဤကဲ့သို့ သဘောထားကြီးမားစွာဖြင့် အံ့ဖွယ်သရဲ သနား ကြင်နာယုယစွာ ပြုစုတော်မူသည်ကို သူတပါးတို့တွေ့မြင်က အစွဲလာမ်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အထူးကြည်ညိုလေးစားလာကြပေမည်။ ဤအတိုင်းလည်း ဖြစ်ရှိလာခဲ့ပေသည်။

ဗုခါရီကျမ်း၌ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က 'အကယ်၍ အကြိမ်ပေါင်း (၇၀)ထက်ပို၍ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းအားဖြင့် ဤသူလွတ်ငြိမ်းခွင့် ရရှိသွားမည်ကို ကျွန်ုပ်သိလျှင် ကျွန်ုပ်သည် အကြိမ်ပေါင်း (၇၀)ထက်ပို၍ပင် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားမည်ဖြစ်သည်' ဟု မိန့်ကြားတော်မူခဲ့လေသည်' ဟူ၍ လာရှိပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အထက်ပါ မိန့်ကြားချက်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း သာဝကကြီးအုမရ်(ရသွေ့.ယလ္လာဟု တအာလာအန်ဟု)ကဲ့သို့ပင် လွတ်ငြိမ်းခွင့် ပန်ကြားပေးခြင်းသည် အဗ်ဒုလ္လာဟ် အစ်ဗ်နု အုဗိုင်ယ် အဖို့ရာ အကျိုးမရှိမည်ကို ရှေးမဆွကပင် ကြိုတင်တွေးမြင်တော်မူခဲ့လေသည်။ သို့ရာတွင် ခြားနားချက်မှာ သာဝကကြီးအုမရ်(ရသွေ့.ယလ္လာဟို တအာလာအန်ဟု)သည် 'အလ္လာဟ်အရှင်မြတ်အဖို့ မုန်းတီးခြင်း' ဟူသော ဩဝါဒတော်ကို လိုက်နာကျင့်သုံးရန် စိတ်စောရ၍ ထိုသာဝကကြီး၏အမြင်သည် ထိုဩဝါဒအပေါ်၌သာ တည်နေပေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သေနေသူ အဗ်ဒုလ္လာဟ် အင်ဗ်နုအုဗိုင်ယ်၌ အကျိုးမရှိသည်ကို စဉ်းစားတော်မမူပဲ တမန်တော်တပါးအနေနှင့် သနားကြင်နာ ကရုဏာပွားများရန်ကိုသာ ရှေ့ရှုတော်မူခဲ့လေသည်။ သို့တစေလည်း နောက်ဆုံး၌ ကုရ်အာန်ကျမ်းမြတ် (၉:၈၄)တွင် လာရှိသည့်အတိုင်း ..

"အသင်သည် ထိုမုနာဖစ်က်များအနက် တဦးတယောက်သေဆုံးသော် ထိုသူအဖို့ မည်သည့်အခါမျှ ဆွလာတ်ဝတ်မပြုလေနှင့် ထိုပြင်တဝ အသင်သည် ထိုသူ၏သချိုင်းအပေါ်၌လည်း မတ်တတ်မရပ်လေနှင့်။" ဟူသော အာယတ်တော် ကျရောက်လာပြီး ထိုရက်ပိုင်းတွင်မူ မုနာဖစ်က်များအဖို့ ဂျနာဇဟ်ဆွလာတ်ဝတ်ပြုခြင်း၊ ၎င်းတို့၏ ဈာပန သင်္ဂြိဟ်မှုကိစ္စများတွင် ဝင်ရောက်ကူညီအားပေးခြင်းများကို လုံးဝ ပိတ်ပင် တားမြစ်တော်မူလိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ မုနာဖစ်က်များ၏ အသုဘကိစ္စများတွင် ဝင်ရောက်ကူညီခြင်းအားဖြင့် တဘက်တွင် မုနာဖစ်က်များအဖို့ စိတ်အားတက်ဖွယ်ရာအကြောင်း ဖြစ်သွားနိုင်ပေသည်။ ➤➤

فَرِحَ الْمُخَلَّفُونَ بِمَقْعَدِهِمْ خِلٰفَ رَسُولِ اللّٰهِ وَكَرِهُوٓا اَنْ يُّجَاهِدُوا بِاَمْوَالِهِمْ وَاَنْفُسِهِمْ فِي سَبِيلِ اللّٰهِ وَقَالُوا لَا تَنْفِرُوا فِي الْحَرِّ ۭ قُلْ نَارُ جَهَنَّمَ اَشَدُّ حَرًّا ۭ لَوْ كَانُوْا يَفْقَهُوْنَ ۝۸۱

၈၁။ (တဗူးက် စစ်မြေပြင်သို့ မလိုက်ပါဝဲ) နောက်ကျန်ရစ်ခဲ့ကြသောသူတို့သည် ၁ အလ္လာဟ်အရှင်မြတ်၏ရာ့ရူလ်တမန်တော်မြတ် (ကြွသွားတော်မူပြီး)နောက်တွင် မိမိတို့ ထိုင်နေရစ်ခဲ့ကြရသောကြောင့် ဝမ်းမြောက် ပျော်ရွှင်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကိုစက်ဆုပ်ခဲ့ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည် (မိမိတို့အချင်းချင်း တဦးကိုတဦး) "အသင်တို့သည် (ဤမျှပြင်းထန်လှသော) အပူရှိန်တွင် (နေအိမ်မှ) မထွက်ကြကုန်လင့်"ဟု ၂ ပြောဆိုခဲ့ကြ၏။(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) "ဂျဟန္နမ်ငရဲဘုံ၏မီးသည် အပူရှိန်အားဖြင့် ပိုမို၍ပင် ပြင်းထန်လှပေသည်" ဟု ပြောဆိုပါလေ။ အကယ်၍ ၎င်းတို့သည် သိမြင်နားလည်သည် ဖြစ်ကြပါလျှင်၊ ကောင်းလေစွ။

➤➤ အခြားတဘက်တွင် မုအ်မင်နဲ်များအဖို့ စိတ်ဓာတ် ကျဆုံးသွားရန်အကြောင်းလည်း ဖြစ်လာနိုင်ပေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း ထိုအမိန့်တော် ကျရောက်လာသည့်အချိန်မှစ၍ မည်သည့် မုနာဖစ်က်အဖို့မျှ ဂျနာဇဟ် ဆွလာတ်ဝတ်ပြုတော်မမူတော့ချေ။

၂ ဤအာယတ်တော်တွင် ပါရှိသည့် အကြိမ်ပေါင်း (၇၀)ဟူသည် အရေအတွက်အားဖြင့် (၆၉)နှင့် (၇၁) ကြားရှိ (၇၀)အတိအကျကိုသာ ဆိုလိုသည်မဟုတ်။ များစွာ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းကို တင်စား၍ မိန့်ဆိုထားတော်မူခြင်းဖြစ်သည်၊ အရဗီစာပေတွင် ဤသို့သော အသုံးအနှုန်း အများအပြားရှိသည်။

၁ ဤအာယတ်တော်တွင် တဗူးစစ်ပွဲသို့မလိုက်ပါဝဲ နောက်ထိုင် ကျန်ရစ်ခဲ့သော မုနာဖစ်က်များကို ရည်ညွှန်းထားတော်မူသည်။ မုနာဖစ်က်များသည် မကောင်းမှုကို ပြုလုပ်၍ ဝမ်းသာကြသည်။ ကောင်းမှုပြုလုပ်ရန်ကိုမူ စိုးရိမ်ကြသည်၊ စက်ဆုပ်ကြသည်။ အထက်တွင် ပါရှိခဲ့သည့်အတိုင်း မုနာဖစ်က်များသည် ကောင်းမှုပြုသော ပုဂ္ဂိုလ်များကို ကဲ့ရဲ့ပြစ်တင်ကြသည်၊ ပြက်ရောပြောင်လှောင်ကြသည်။ ဤသို့သော သူယုတ်မာများအဖို့ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားတော်မူခြင်းသည် အသို့လျှင် အကျိုးသက်ရောက်စေနိုင်အံ့နည်း။ အမှန်မှာ မည်သူ တဦးတယောက်အဖို့ မဆို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က လွတ်ငြိမ်းခွင့် ပန်ကြားပေးတော်မူလျှင် ထိုသူသည် လွတ်ငြိမ်းခွင့် ရရှိသည်သာ ➤➤

فَلْيَضْحَكُوا۟ قَلِيلًا وَلْيَبْكُوا۟ كَثِيرًا ۚ جَزَآءًۢ بِمَا كَانُوا۟ يَكْسِبُونَ ﴿٨٢﴾
فَإِن رَّجَعَكَ ٱللَّهُ إِلَىٰ طَآئِفَةٍ مِّنْهُمْ فَٱسْتَـْٔذَنُوكَ لِلْخُرُوجِ فَقُل لَّن تَخْرُجُوا۟ مَعِىَ أَبَدًا وَلَن تُقَـٰتِلُوا۟ مَعِىَ عَدُوًّا ۖ

၈၂။ သို့ဖြစ်ပေရာ၊ ၎င်းတို့သည် (ဤလောကတွင်) အနည်းငယ်မျှရယ်မောကြစေ။ တဖန် (နောင်တမလွန်ဘဝတွင်မူ) မိမိတို့ ရွာဖွေဆည်းပူးခဲ့ကြသည်များကြောင့် များစွာငိုကြွေးကြစေ။

၈၃။ သို့ဖြစ်ပေရာ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင့်အားငင်းတို့အနက်မှ လူတစုစု၏ထံသို့ ပြန်လည်၍ ရောက်ရှိစေခဲ့ပါလျှင်၊ တဖန် ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ရန်) ထွက်ခဲ့ကြပါရစေဟု အသင့်ထံ ခွင့်ပန်ကြပါလျှင်၊ အသင်သည် (ထိုသူတို့အား) "အချင်းတို့၊ အသင်တို့သည် ငါနှင့်အတူ မည်သည့်အခါ၌မျှ ထွက်ကြမည်လည်း မဟုတ်၊ ထိုနည်းတူစွာ အသင်တို့သည် ငါနှင့်အတူ မည်သည့်ရန်သူတဦးတယောက်ကိုမျှ တိုက်ခိုက်ကြမည်လည်း မဟုတ်။

➤➤ ဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြား၍ လွတ်ငြိမ်းခွင့်မရရှိနိုင်သော အပြစ်ဟူ၍ပင်မရှိချေ။ ကြည့်-ကုရ်အာန် (၄:၆၄)။ သို့တစေလည်း "အီမာန်" ယုံကြည်မှုမရှိသော၊ ယုံကြည်မှု မှားယွင်းပျက်စီးနေသော မုနာဖစ်က်များအဖို့မှာကား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်း၊ တကြိမ်မက အကြိမ်ပေါင်း ခုနှစ်ဆယ်သည်ပင်လျှင် အကျိုးသက်ရောက်စေသည် မဟုတ်ပေ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အဗ်ဒုလ္လာဟ် အိဗ်နုအုဗိုင်ယ်၏ဖြစ်စဉ်ကို ဆင်ခြင်ကြပါကုန်။

ⓙ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "တဗူးက်" စစ်မြေပြင်သို့ ချီတက်ရန်အတွက် မွတ်စ်လင်မ်တို့အား အမိန့်ထုတ်တော်မူခဲ့၏။ ထိုအချိန်သည် နွေဥတုရာသီဖြစ်၏။ မုနာဖစ်က်များက "အသင်တို့သည် အပူရှိန်တွင် မထွက်ကြနှင့်" ဟု အချင်းချင်း ပြောဆိုခဲ့ကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်က "ဂျဟန္နမ်၏မီးသည် ပိုမိုပြင်း ပူပြင်းသည်" ဟု တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အား ပြောကြားစေတော်မူခဲ့၏။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းဆန်၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမိန့်ဩဝါဒများကို မနာခံသူများအတွက် အလ္လာဟ်အရှင်မြတ်သည် ဂျဟန္နမ်ကို အသင့်ဖန်ဆင်းထားတော် မူသည်၊ ထို ဂျဟန္နမ်၏ မီးသည် ဤ အပူရှိန်ထက် အတိုင်းအဆ မရှိ ပို၍ ပူပြင်းလှသည်။

إِنَّكُمْ رَضِيتُم بِالْقُعُودِ أَوَّلَ مَرَّةٍ فَاقْعُدُوا مَعَ الْخَالِفِينَ ﴿٨٣﴾

အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ပထမအကြိမ်ကလည်း (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် မထွက်ခဲ့ကြပဲ) ထိုင်၍နေရစ်ခဲ့ခြင်းကိုသာ နှစ်မြို့ခဲ့ကြသောကြောင့်ပင်။ သို့ဖြစ်ပေရာ ယခုလည်း အသင်တို့သည် နောက်၌ကျန်ရစ်ခဲ့ကြသောသူတို့နှင့် အတူထိုင်၍ပင် နေရစ်ခဲ့ကြလေကုန်" ဟု ဖြေကြားပါလေ။ [၁]

وَلَا تُصَلِّ عَلَىٰٓ أَحَدٍ مِّنْهُم مَّاتَ أَبَدًا وَلَا تَقُمْ عَلَىٰ قَبْرِهِۦٓ ۖ إِنَّهُمْ كَفَرُوا بِاللَّهِ وَرَسُولِهِۦ وَمَاتُوا۟ وَهُمْ فَٰسِقُونَ ﴿٨٤﴾

၈၄။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အနက် မည်သူတဦးတယောက်မဆို သေဆုံးခဲ့ပါလျှင်၊ ထိုသူ၏ အပေါ်၌ 'ဆွလာတွလ်ဂျနာဇေဟ်' ဝတ်ပြုမှုကို မည်သည့်အခါ၌မျှမပြုပါလေနှင့်။ ၎င်းပြင် ထိုသူ၏သချိုင်းပေါ်၌လည်း *မည်သည့်အခါမျှ မရပ်ပါ* လေနှင့်။ [၂] အကြောင်းသော်ကား၊ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာသူလ်တမန်တော်မြတ်အားလည်းကောင်း၊ သွေဖည်ငြင်းပယ်ခဲ့ကြသည့်ပြင် ယင်းသူတို့သည် အမိန့်တော်ကို ဖီဆန်သူများအဖြစ်နှင့်ပင် သေဆုံးခဲ့ကြသောကြောင့်တည်း။

---

① အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တဗူးက်စစ်မြေပြင်တွင် အောင်ပွဲဆင်နွှဲ၍ မဒီနာမြို့သို့ ကောင်းမွန်စွာ ပြန်ကြွလာတော်မူသည့်အခါ မုနာဖစ်ဂ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် ၎င်းတို့ကိုယ်တိုင် အခြားစစ်ပွဲများသို့ ချီတက်လိုက်ပါရစေဟု မျက်နှာလိုအားရ မြွောက်ပင့်ခယ ပြောဆိုပန်ကြားကြမည်ဖြစ်သည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ၄င်းတို့၏ ပန်ကြားချက်နှင့်စပ်လျဉ်း၍ "ယခုမူ အသင်တို့၏ စွမ်းရည်သတ္တိ အဘယ်မျှရှိသည်မှာ ထင်ရှားသွားချေပြီ၊ အသင်တို့၏ စိတ်နေသဘောထားလည်း ပေါ်လွင်လျက်ရှိချေပြီ။ အသင်တို့သည် ငါနှင့်အတူတကွ ဘယ်သောအခါ၌မျှ စစ်ချီ ထွက်ကြမည်လည်း မဟုတ်၊ အစ္စလာမ်သာသနာ၏ မည်သည့်ရန်သူကိုမျှ အသင်တို့ တိုက်ခိုက်ကြမည်လည်းမဟုတ်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါနှင့်အတူတကွ စစ်ချီထွက်ရန်အတွက် ဒုက္ခခံကြရန်မလို။ အသင်တို့သည် အိမ်နေအမျိုးသမီးများ၊ ကလေးသူငယ်များ၊ ဒုက္ခိတများ၊ သက်ရွယ်ကြီးရင့်သော အဘိုးအို အမယ်အိုများနှင့်အတူ အိမ်များတွင်ပင် ဦးခေါင်းလျှိုး၍ ထိုင်နေကြကုန်။ ယခင်တကြိမ် အသင်တို့ နှစ်ခြိုက်ခဲ့ကြသည့် လမ်းစဉ်သည်ပင် ➤➤

وَلَا تُعْجِبْكَ أَمْوَالُهُمْ وَأَوْلَادُهُمْ ۚ إِنَّمَا يُرِيدُ اللَّهُ أَنْ يُعَذِّبَهُمْ بِهَا فِي الدُّنْيَا وَتَزْهَقَ أَنْفُسُهُمْ وَهُمْ كَافِرُونَ ﴿٨٥﴾

၈၅။ ထို့ပြင် ယင်းသူတို့၏ ဥစ္စာပစ္စည်းများသည် လည်းကောင်း၊ ယင်းသူတို့၏ သားသမီးများသည် လည်းကောင်း အသင့်အား အံ့သြခြင်းကိုမဖြစ်စေရ၊

အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ယင်းဥစ္စာပစ္စည်းများနှင့် သားသမီးများအားဖြင့် လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်နှင့် ထိုသူတို့သည် ကာဖိရ် သွေဖည်ငြင်းပယ်သူများအဖြစ်နှင့်၊ ထိုသူတို့၏ အသက်ဇီဝိန် ထွက်သွားရန်ကိုသာ ရည်စူး တော်မူလေသတည်း။ [၁]

➤➤ အသင်တို့.အဖို့.သင့်၏။ ထိုလမ်းစဉ်အပေါ်၌ပင် အသက်ထက်ဆုံး နေကြကုန်၊ သေကြကုန်၊ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ကို ကောင်းစွာခံစားကြကုန်" ဟု ဖြေကြားစေတော်မူခဲ့လေသည်။

(၂) ဤအာယတ်တော်သည် အဗ်ဒွလ္လာဟ် အစ်ဗ်နုအုဗိုင်ယ်၏ အသုဘကိစ္စပြီးစီးသည့်နောက်တွင်မှ ကျရောက်လာခဲ့သော အာယတ်တော်ဖြစ်သည်။ ဤအာယတ်တော် ကျရောက်လာပြီးသည့် နောက်ပိုင်းတွင် မုနာဖစ်က်များအတွက် ဆွေလာတွလ် ဂျနာဇော် ဝတ်ပြုခြင်းသည် လုံးဝ 'ဟရာမ်' ဖြစ်သွားခဲ့ပေသည်။

သာဝကကြီး အုမရ်(ရဿွေ.ယလ္လာဟု တအာလာအန်ဟု)သခင်သည် သူသေတဦး၏အကြောင်းကို မိမိကိုယ်တိုင်မသိလျှင် သာဝကကြီး ဟုဇိုင်ဖာ်(ရဿွေ.ယလ္လာဟု တအာလာအန်ဟု)သခင် မပါဝင်သမျှ ကာလပတ်လုံး ထိုသူ့အတွက် ဂျနာဇာ်ဆွေလာတ် ဝတ်ပြုလေ့မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သာဝကကြီး ဟုဇိုင်ဖာ်(ရဿွေ.ယလ္လာဟု တအာလာအန်ဟု)သခင်အား များစွာသော မုနာဖစ်က်များ၏ အမည်နာမများကို ပြောပြတော်မူခဲ့လေသည်။ ထို့အတွက်ကြောင့် သာဝကကြီး ဟုဇိုင်ဖာ် (ရဿွေ.ယလ္လာဟု တအာလာအန်ဟု)သခင်သည် 'တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က အချို့. လျို့.ဝှက်ချက်များကို အသိပေးတော်မူခဲ့သော သာဝကကြီး' ဖြစ်ခဲ့လေသည်။

ဓမ္မသတ်။

ကာဖိရ် သူသေတဦးအတွက် ဂျနာဇာ် ဆွေလာတ်ဝတ်ပြုခြင်း၊ ၎င်းအဖို့. လွတ်ငြိမ်းချမ်းသာခွင့် ပန်ခြင်းသည်မပြုပိုင်။

ထာနဒီ။ အ-၄။ စ-၁၃၃။

(၁) ဤအာယတ်တော်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော် (၉ : ၅၅) နှင့် အနက် သဘောချင်းတူပေသည်။ သို့ဖြစ်ရာ ဤအာယတ်တော်နှင့်စပ်လျဉ်း၍ ကုရ်အာန် (၉ : ၅၅) ၏ သက်ဆိုင်ရာအဖွင့်များကို ပြန်လည်ရှုပါကုန်။

وَإِذَآ أُنزِلَتْ سُورَةٌ أَنْ
ءَامِنُوا۟ بِٱللَّهِ وَجَٰهِدُوا۟
مَعَ رَسُولِهِ ٱسْتَـْٔذَنَكَ
أُو۟لُوا۟ ٱلطَّوْلِ مِنْهُمْ وَقَالُوا۟
ذَرْنَا نَكُن مَّعَ ٱلْقَٰعِدِينَ ﴿٨٦﴾

၈၆။ စင်စစ်သော်ကား- "အသင်တို့.သည် အလ္လာဟ်အရှင်မြတ်အား (စိတ်ရောကိုယ်ပါ) သက်ဝင်ယုံကြည်သည့်ပြင် ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်နှင့်အတူ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကိုလည်း ပြုကြလေကုန်" ဟူသောအမိန့်.တော်ပါရှိသည့် ကဏ္ဍာတခုခုသည် [၁] ကျရောက်လာသောအခါ၊ ၎င်းတို့.အနက်မှ ဥစ္စာဓန ကြွယ်ဝသောသူများကပင်လျှင် "ကျွန်တော်မျိုးတို့.အား ခွင့်လွှတ်ပါ၊ ကျွန်တော်မျိုးတို့.သည် ထိုင်၍နေရစ်ခဲ့သောသူတို့.နှင့်အတူ နေရစ်ခဲ့ကြပါရစေ" ဟူ၍ အသင့်ထံ ပြောဆို ခွင့်ပန်လာကြကုန်သတည်း။ [၂]

رَضُوا۟ بِأَن يَكُونُوا۟ مَعَ
ٱلْخَوَالِفِ وَطُبِعَ عَلَىٰ
قُلُوبِهِمْ فَهُمْ لَا يَفْقَهُونَ ﴿٨٧﴾

၈၇။ ထိုသူတို့.သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် မလိုက်ကြပဲ) နောက်၌ကျန်ရစ်ခဲ့သော အမျိုးသမီးတို့.နှင့်အတူ နေရစ်ခဲ့ခြင်းကိုပင်၊ နှစ်သက်ခဲ့ကြလေသည်။ [၃] ၎င်းပြင် ထိုသူတို့.၏စိတ်နှလုံးများအပေါ်၌လည်း တံဆိပ်ခတ်နှိပ်ပြီး ဖြစ်ခဲ့လေသည်။ သို့.ဖြစ်ပေရာ ၎င်းတို့.သည်(ဂျိဟာဒ် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း၏ သဘောတရား အစစ်အမှန်ကို အလျှင်း) သိမြင် နားလည်ကြသည် မဟုတ်ချေ။

---

① ဤအာယတ်တော်တွင် "စူရဟ်" ကဏ္ဍဟူသောပုဒ်သည် သီးခြားဝေါဟာရ အဓိပ္ပာယ်၌မဟုတ်၊ အဘိဓာန်လုံးကောက် အဓိပ္ပာယ်၌သာ ဖြစ်သည်။ (ဝါ) ကုရ်အာန်ကျမ်းလာ ကဏ္ဍအပြည့်.အစုံဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ ကြီးငယ်မဟူ အာယတ်တော်တပါးပါးကို ဆိုလိုသည်။ ဥပမာ- ကုရ်အာန်ကျမ်းမြတ်တစောင်လုံးကို ကုရ်အာန်ဟု ခေါ်ဆိုနိုင်သကဲ့.သို့. ကုရ်အာန်ကျမ်းလာ အာယတ်တော်အစိတ်အပိုင်းအသီးသီးကိုလည်း ကုရ်အာန်ဟု ခေါ်ဆိုနိုင်ပေသည်။ ထို့.အတူ ကျမ်းတစောင်လုံးကို "ကိတာဗ်" ဟု ခေါ်ဆိုနိုင်သကဲ့.သို့. ကျမ်းလာအစိတ်အပိုင်း အသီးသီးကိုလည်း ကိတာဗ် ဟု ခေါ်ဆိုနိုင်ပေသည်။

ကြည့်.-မဒါရိုက်၊ ဂျလာလိုင်န်။

② မုနာဖစ်ဂ်များအနက် ဥစ္စာဓန ကုံလုံကြွယ်ဝသူများသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် ထိုင်နေရစ်သူများနှင့်အတူ နောက်ထိုင်နေခဲ့ကြရန် ခွင့်ပန်ကြသည် ဟူသော အာယတ်တော်၏ အလိုသဘောမှာ မုနာဖစ်ဂ်များအနက် ကုံလုံကြွယ်ဝသောသူများသာ ခွင့်ပန်ကြသည်ဟူ၍မဟုတ်။ ➤➤

لَٰكِنِ الرَّسُولُ وَالَّذِينَ
آمَنُوا مَعَهُ جَاهَدُوا
بِأَمْوَالِهِمْ وَأَنفُسِهِمْ ۚ
وَأُولَٰئِكَ لَهُمُ الْخَيْرَاتُ ۖ
وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿٨٨﴾

၈၈။ သို့ရာတွင်မူကား ရာသူလ် တမန်တော်မြတ်နှင့် ထိုရာသူလ်တမန်တော်နှင့်အတူ အီမာန်သက်ဝင်ယုံကြည်ကြသောသူတို့မူကား၊ မိမိတို့၏ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ *စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြလေသည်။* [၁] စင်စစ်သော်ကား ထိုသူတို့အဖို့သာလျှင် ကောင်းခြင်းအဖြာဖြာတို့သည် ရှိကြပေသည်။ ထိုနည်းတူစွာ၊ ထိုသူတို့သည်သာလျှင် အောင်မြင်သောသူများ ဖြစ်ကြကုန်သတည်း။

➤➤ ဆိုလိုသည်ကား ဥစ္စာဓန ကုံလုံကြွယ်ဝသူများကပင်လျှင် ခွင့်ပန်ကြသည် ဖြစ်ရာ ဥစ္စာဓန မကုံလုံ မကြွယ်ဝသောသူများက ပို၍ခွင့်ပန်ကြပေမည်ဟူ၏။ မာဂျိဒီ။ အ-၂။ စ-၄၁၈။ အအ-၁၅၉။

(၉) *အလ္လာဟ်အရှင်မြတ်အား စိတ်စေတနာ ဖြူစင်စွာဖြင့် ယုံကြည်မြတ်နိုး၍ တမန်တော်မြတ် (ဆွလ္လလ္လာဟု* အလိုင်ဟိဝစလ္လမ်)နှင့် အတူတကွ ဂျိဟာဒ် ပြုလုပ်ရန် အာယတ်တော် တပါးပါး ကျရောက်လာသည့်အခါ မုအ်မင်န်များသည် စိတ်အားထက်သန်စွာဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် အတူတကွ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ကြရန် သာရှိသည်။ ဤအတိုင်းလည်း မုအ်မင်န်တို့သည် ပြုလုပ်ကြလေသည်။ သို့ရာတွင် မုနာဖစ်က် အရေခြံတို့ကား နောက်ထိုင်နေကြသည်။ မုနာဖစ်က်များအနက် ဆင်းရဲနွမ်းပါးသော သူများကို မဆိုထားဘိ၊ ဥစ္စာဓန ကုံလုံကြွယ်ဝသော သူများသည်ပင်လျှင် လိမ်လည်၍ အကြောင်းအမျိုးမျိုးပြကာ အိမ်များ၌ နေရစ်ခဲ့ကြရန် ခွင့်ပန်ကြလေသည်။ မုနာဖစ်က်များသည် စိုးရိမ်ဖွယ်တစုံတရာ သို့မဟုတ် စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ရမည့် အသံကြားလျှင် အိမ်နေ အမျိုးသမီးများနှင့်အတူ မီးဖိုချောင်တွင် ဦးခေါင်းလျှိုလိုကြသည်။ ယခုပင် သေရတော့မည်ကဲ့သို့ အကြောက်ကြီးကြောက်ကြသည်။ ဤသည် သတ္တိကြောင်မှု၊ ယောကျ်ားမပီသမှု၊ မိန်းမဆန်မှုမျှသာဖြစ်သည်။ ရှက်ဖွယ်ကောင်းလှသည်။ တဖန် အခြေအနေ အေးချမ်းသာယာလာလျှင် ယင်းမုနာဖစ်က်များသည်ပင် အရှက်ကင်းမဲ့စွာဖြင့် နူတ်သီးကောင်းလျှာပါးနှင့် လူစွမ်းကောင်းလုပ်၍ စကားပြောဆိုကြပြန်သည်။ ဤသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၃၃း၁၉)တွင်လည်း မိန့်ဆိုထားတော်မူသည်။

အမှန်မှာ မုနာဖစ်က်များသည် လိမ်လည်မှု၊ အရေခြံမှု၊ ဂျိဟာဒ်မှ နောက်ထိုင်နေခဲ့မှု၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမိန့်ဩဝါဒများကို မနာခံမှုများကြောင့် ၎င်းတို့၏ စိတ်နလုံးများအပေါ်တွင် တံဆိပ်ခတ်နှိပ်ပြီး ဖြစ်ချေပြီ။ ယခုမူ ၎င်းတို့သည် ကြီးမားသော မကောင်းမှုများကိုပင် မကောင်းမထင်ကြ။ ရှက်ဖွယ်ကောင်းလှသည့် သတ္တိကြောင်မှု၊ အရှက်ကင်းမဲ့မှုများကိုပင် ကြည့်၍ ရှက်ကြောက်ကြရမည့်အစား ဝမ်းသာပျော်ရွှင်နေကြသည်။ ဤကား အရေခြံတို့၏ လမ်းစဉ်တည်း။

(၁) အထက်တွင် ဂျိဟာဒ်နှင့်စပ်လျဉ်း၍ မုနာဖစ်က်အရေခြံတို့၏အကြောင်းပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် စိတ်စေတနာဖြူစင်သော မုအ်မင်န်တို့၏အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ➤➤

أَعَدَّ اللَّهُ لَهُمْ جَنَّٰتٍ تَجْرِي مِن تَحْتِهَا الْأَنْهَٰرُ خَٰلِدِينَ فِيهَا ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿٨٩﴾

၈၉။ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့. အဖို. အကြင်ဥယျာဉ်များကို အဆင်သင့်ပြုလုပ်ထားတော်မူလေသည်။ ထိုဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြချေသည်။ (၎င်းတို့.သည်) ထိုဥယျာဉ်များ၌ ထာဝစဉ်နေထိုင်စံမြန်းလျက် ရှိကြပေမည်။ ဤသည်ကား အလွန်ကြီးကျယ် မြင့်မြတ်လှစွာသော အောင်မြင်မှုပင်တည်း။

وَجَآءَ الْمُعَذِّرُونَ مِنَ الْأَعْرَابِ لِيُؤْذَنَ لَهُمْ وَقَعَدَ الَّذِينَ كَذَبُوا اللَّهَ وَرَسُولَهُۥ ۚ سَيُصِيبُ الَّذِينَ كَفَرُوا مِنْهُمْ عَذَابٌ أَلِيمٌ ﴿٩٠﴾

၉၀။ စင်စစ်သော်ကား၊ ကျေးရွာများ၌ နေထိုင်ကြကုန်သောသူတို့.အနက်မှ လိမ်လည်၍ အကြောင်းပြသောသူတို့.သည် မိမိတို့.ခွင့်ပြုခြင်းခံကြရန် (အသင့်ထံသို့.) လာခဲ့ကြကုန်၏။ သို့.ရာတွင် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာ့ရူလ်တမန်တော်မြတ်အား လည်းကောင်း၊ မုသားပြောဆိုခဲ့သောသူတို့.မူကား (လိမ်လည်၍ အကြောင်းပြရန်ပင်မလာကြပဲ) ထိုင်၍ပင် နေရစ်ခဲ့ကြကုန်၏။

ဂင်းတို့.အနက် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြသောသူတို့.၌နာကျင်စေသောပြစ်ဒဏ်သည် မကြာမြင့်မီပင်ဆိုက်ရောက်ပေလိမ့်မည် ဖြစ်သတည်း။ ၁

➤➤ အမှန်မှာ မုအ်မင်နဲ်များသည် ယောကျ်ားပီပီ အလ္လာဟ်အရှင်မြတ်နှင့် ဖွဲ့ဆိုထားသည့် ကတိကို အတည်ပြုကြသည်။ ထားရှိသော သစ္စာတော်ကို စောင့်သိရှိသေကြသည်။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဥစ္စာပစ္စည်းကိုလည်း လူဒါနဲ်းကြသည်။ အသက်များကိုလည်း စွန့်လွှဲကြသည်။

အဘယ်မျှကြီးမားသည့် ဘေးအန္တရာယ်နှင့်ပင် ရင်ဆိုင်ရသည်ဖြစ်စေ အစွမ်းသာသနာကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် စွန့်ခြင်းကြီးစွန့်ရန် အချိန်မရွေး အသင့်ရှိကြပေသည်။ ထို့အတွက်ကြောင့်လည်း ဤ သို့.သော မုအ်မင်နဲ်များသည် နှစ်ဘဝလုံးတွင် အောင်မြင်ခဲ့ကြသည်။

① မုနာဖစ်က်များသည် မဒီနာမြို့.အတွင်း၌သာ ရှိကြသည်မဟုတ်၊ မဒီနာမြို့.အပြင် အချို့.သောကျေးရွာများ၌လည်း ရှိကြသည်။

ဤအာယတ်တော်တွင် ထိုအရဗ်ကျေးတောသား မုနာဖစ်က်များ၏အကြောင်းကို မိန့်.ဆိုထားတော်မူသည်။ ➤➤

لَيْسَ عَلَى الضُّعَفَآءِ وَلَا عَلَى
الْمَرْضٰى وَلَا عَلَى الَّذِيْنَ
لَا يَجِدُوْنَ مَا يُنْفِقُوْنَ
حَرَجٌ اِذَا نَصَحُوْا لِلّٰهِ وَرَسُوْلِهٖ ؕ
مَا عَلَى الْمُحْسِنِيْنَ مِنْ سَبِيْلٍ ؕ
وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٩١﴾

၉၁။ အားအင်ချည့်.နဲ့.သူတို့.အပေါ်၌ (စစ်တလင်းသို့. မလိုက်ခဲ့ကြသောကြောင့်) အပြစ် တစုံတရာမျှ မရှိပြီ၊ ဒုတိယ ထို့.အတူ ဝေဒနာရှင်တို့.အပေါ်၌လည်း (အပြစ်)မရှိပြီ၊ ထိုနည်းတူစွာ (စစ်ရေးတွင်)သုံးစွဲရန် တစုံတရာမျှ မရရှိကြသော သူတို့.အပေါ်၌လည်း ထိုသူတို့.သည် အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍လည်းကောင်း၊ ထိုအရှင်မြတ်၏ရာဇလတမန်တော်နှင့် ပတ်သက်၍လည်းကောင်း၊ သဒ္ဓါကြည်ဖြူသော စိတ်စေတနာထားရှိကြပါလျှင် မည်သည့်အပြစ်မျှ မရှိချေ။

➤➤ **"အရဗ်" "အအ်ရာဗ်"**

"အရဗ်" ဟူသည် တမန်တော် အစ္စမာအီလ်(အလိုင်ဟစ္စလာမ်)၏ မျိုးနွယ်များကို ဆိုလိုသည်။ "အအ်ရာဗ်" ဟူသော ဝေါဟာရသည် ကျေးတောသားများအတွက်သာလျှင် အသုံးအနှုန်းဖြစ်ပေသည်။

"မုအ်တဇ်စ်ရ်" ဟူသည် အကြင်အကြောင်းပြသောသူကို ဆိုလိုသည်၊ ၎င်း၏အကြောင်းပြချက်သည် မှန်သည်လည်းဖြစ်နိုင်သည်၊ မှားသည်လည်းဖြစ်နိုင်သည်၊ "မုအ်တဇ်စ်ရ်" ဟူသည် အကြင်အကြောင်းပြသော သူကိုသာ ဆိုလိုသည်။ ၎င်း၏ အကြောင်းပြချက်သည် အမြဲတစေ မှားသည်သာ ဖြစ်သည်။

အားလုံးသော မုနာဖစ်က်များသည် ပြစားရန်အတွက် 'အီမာန်ယုံကြည်ပါသည်' ဟု ပြောဆိုကြရာတွင် လူလိမ်များသာလျှင် ဖြစ်ကြပေသည်။ သို့.ရာတွင် အချို့ မုနာဖစ်က်များသည် အပေါ်ယံအားဖြင့် မိမိတို့.ထုတ်ဖော် ပြောဆိုနေကြသည်များကို ထိန်းသိမ်းရန်အတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ လာရောက် ခွင့်ပန်ကြသေးသည်။ သို့.ရာတွင် အချို့.မုနာဖစ်က် များသည် မောက်မာ ပလွားကြသည့်အတွက် အရှက်အကြောက် အလျှင်းမထားပဲ ပြစားရန်အတွက်ပင် လာရောက်ခွင့်ပန်ကြားခြင်း မပြုကြပေ။ ၎င်းတို့.သည် စိတ်တွင်းသဘောအားဖြင့် လူလိမ်များဖြစ်ကြသည့်အတိုင်း မျက်မြင်အားဖြင့်လည်း ၎င်းတို့.၏ လိမ်လည်မှုသည် ပေါ်လွင်ထင်ရှားရှိသွားပေသည်။ ဤသို့.အားဖြင့် ကျေးတောသား မုနာဖစ်က်များသည် နှစ်မျိုးနှစ်စား ဖြစ်သွားခဲ့ကြပေသည်။ ထာနဝီ။ အ-၂။ စ-၁၃၅၅။

① အထက်တွင် စစ်မြေပြင်သို့ မလိုက်ပါရန်အတွက် လိမ်လည်အကြောင်းပြသော မုနာဖစ်က်များ၏အကြောင်း ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် မှန်ကန်ခိုင်လုံသော အကြောင်းများ ရှိနေသည့်အတွက် စစ်မြေပြင်သို့. မလိုက်ပါနိုင်ခဲ့သော မုအ်မင်န်များ၏ အကြောင်းကို မိန့်.ဆိုထားတော်မူသည်။

အချုပ်အားဖြင့် ကိစ္စတရပ်ကို မစွမ်းဆောင်နိုင်သည့်အကြောင်းမှာ တခါတရံ သက်ရွယ်ကြီးရင့်သည့် အတွက် မစွမ်းဆောင်နိုင်ခြင်း ဖြစ်တတ်သည်။ သက်ရွယ်အိုမင်း ကြီးရင့်မှုနှင့် မစွမ်းဆောင်နိုင်မှုသည် အမြဲတစေ ဒွန်တွဲလျက်ရှိပေသည်။ တခါတရံ မစွမ်းဆောင်နိုင်မှုသည် ယာယီအကြောင်းများ ဖြစ်တတ်သည်။ ထိုယာယီ အကြောင်းများသည် တခါတရံ ကိုယ်ခန္ဓာနှင့်သက်ဆိုင်တတ်သည်။ ဥပမာ-ဖျားနာခြင်း၊ ရောဂါဝေဒနာ➤➤

➤➤ စွဲကပ်ခြင်း၊ တခါတရံ ဥစ္စာပစ္စည်းနှင့် သက်ဆိုင်တတ်သည်။ ဥပမာ-ဆင်းရဲနွမ်းပါးခြင်း၊ ခရီးသွားရန် အတွက် လိုအပ်သည့် ပစ္စည်းအသုံးအဆောင်များ မရှိခြင်း၊ တဗူးက်စစ်ပွဲတွင် မွတ်စ်လင်မ် စစ်သည်တော်များသည် အလွန်တရာမျှ ဝေးကွာကမ်းလှမ်းသော နေရာသို့သွားရောက်၍ စစ်တိုက်ခိုက်ကြရမည်ဖြစ်ရာ အစီးအနင်း မရှိမူသည်လည်း စစ်ပွဲတွင် မလိုက်ပါနိုင်ရန် ခိုင်လုံသော အကြောင်းတရပ်ဖြစ်လျက် ရှိပေသည်။

ခိုင်လုံသောအကြောင်းများ ရှိနေသည့်အတွက် စစ်မြေပြင်သို့ မလိုက်ပါနိုင်ခဲ့သော ပုဂ္ဂိုလ်များသည် အကယ်၍ အလွှာဟ်အရှင်မြတ်အပေါ်၌လည်းကောင်း၊ တမန်တော်မြတ်အပေါ်၌လည်းကောင်း စိတ်စေတနာ သဒ္ဓါကြည်ဖြူစွာ ထားရှိကြလျှင် ဥပမာ - မိမိတို့.ကိုယ်တိုင် စစ်မြေပြင်သို့ မသွားရောက်နိုင်ကြသော်လည်း သွားရောက်နိုင်သော စစ်သည်တော်များ၏ စိတ်ဓာတ်ပျက်ပြားအောင် မပြုလုပ်ကြပေ။ ထို့မျှမက မိမိတို့.တတ်စွမ်းနိုင်သမျှ ကောင်းမှုကုသိုလ်လည်း ပြုလုပ်ကြသည်။ မိမိတို့.၏ စိတ်စေတနာ သဒ္ဓါတရားဖြူစင်ကြောင်းကို ထင်ရှားပြသရန်လည်း အမြဲတစေ အသင့်ရှိကြပေသည်။ သို့ဖြစ်လျှင် ယင်းသို့.သောပုဂ္ဂိုလ်များ၌ ဂျဟာဒ်တွင် မပါဝင် မဆင့်နွဲလိုက်ကြရသည့်အတွက် တစုံတရာ အပြစ်မရှိပေ။ ဤသို့.သော ပုဂ္ဂိုလ်များဘက်မှ လူ.သဘာဝ အလျောက် တစုံတခု ချို့တဲ့.မှု ဖြစ်ရှိသွားပါကလည်း အလွှာဟ်အရှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်ပင် ဖြစ်ပေသည်။

ဂုဏ်ယူဖွယ်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မိမိ၏ နောက်လိုက်တပည့်.သာဝကကြီးများ၏ စိတ်နှလုံးတွင် အလွှာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးသော စိတ်ဓာတ်များကို အံ့ဖွယ်သရဲ ထည့်သွင်းပေးတော်မူနိုင်ခဲ့လေသည်။ ဤသည့်စိတ်ဓါတ်မျိုးကိုကား၊ မည်သည့်လူမျိုး၊ မည်သည့်အုပ်စုဌာနမျှ မတွေ့ရှိရပေ။

မှန်ကန်သော ဟဒီဆ်ဩဝါဒတော်များတွင် လာရှိသည်မှာ -တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မုဂျာဟစ်ဒ်များအား ရည်ညွှန်း၍ မိန့်.ဆိုထားတော်မူသည်မှာ "အသင်တို့.သည် မဒီနာမြို့.တွင် အကြင်သို့.သော အုပ်စုတခုကို မိမိတို့.၏နောက်တွင် ထားရှိခဲ့ကြသည်။ ထိုအုပ်စုသည် အသင်တို့. ခြေလှမ်းကြသည်နှင့်အမျှ အသင်တို့.၏ ကုသိုလ်အကျိုးတွင် အပါအဝင်ဖြစ်ကြသည်။ အသင်တို့.သည် အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ ခြေတလှမ်းသွားကြလျှင်၊ သို့.မဟုတ် တောတောင်တခုကို ဖြတ်ကျော်ကြလျှင်၊ သို့.မဟုတ် လယ်ကန်သင်းတခုကို လျှောက်ကြလျှင် ထိုအုပ်စုသည် အသင်တို့.နှင့် နေရာတိုင်းတွင် အတူတူ အပါအဝင်ဖြစ်ကြပေသည်။ ထိုအုပ်စုကား အခြားမဟုတ်၊ ၎င်းတို့.၏မစွမ်းဆောင်နိုင်မှု၊ အားအင်ချည့်နဲ့.မှုများက ၎င်းတို့.အား အသင်တို့.နှင့်အတူ လိုက်ပါလာခြင်းမှ တားဆီးထားကြလေသည်"။

အစီးအနင်းမရရှိ၍ ငိုကြွေးကြသော မွတ်စ်လင်မ် စစ်သည်တော်များမှာ အန်ဆွာရ်မျိုးနွယ်များအနက် အောက်ပါ သာဝကကြီး ၇-ပါး ဖြစ်ကြသည်။

၁။ သာဝကကြီး မအ်ကိလ် အိဗ်နု ယစာရ်။ (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု)
၂။ သာဝကကြီး ဆွခ်ရ် အိဗ်နု ခန်စာအ်။ (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု)
၃။ သာဝကကြီး အဗ်ဒွလ္လာဟ် အိဗ်နု ကအ်ဗ်။ (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု)
၄။ သာဝကကြီး စာလင်မ် အိဗ်နု အုမိုင်ရ်။ (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု)
၅။ သာဝကကြီး ဆအ်လဗဟ် အိဗ်နု ဃနမဟ်။ (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု)
၆။ သာဝကကြီး အဗ်ဒွလ္လာဟ် အိဗ်နု မုဃဗ်ဖာလ်။ (ရသွေ့.ယလ္လာဟု တအာလာ အန်ဟု) ➤➤

ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ကြကုန်သော သူတော်ကောင်း သူတော်စင်တို့. အပေါ်ဝယ် အပြစ်တင်ရန် မည်သည့်နည်းလမ်းမျှ မရှိပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။

وَّلَا عَلَى الَّذِيْنَ اِذَا مَآ اَتَوْكَ لِتَحْمِلَهُمْ قُلْتَ لَآ اَجِدُ مَآ اَحْمِلُكُمْ عَلَيْهِ تَوَلَّوْا وَّاَعْيُنُهُمْ تَفِيْضُ مِنَ الدَّمْعِ حَزَنًا اَلَّا يَجِدُوْا مَا يُنْفِقُوْنَ ﴿٩٢﴾

၉၂။ ထိုမှတပါး အကြင်သူတို့. အပေါ်၌လည်း (အပြစ်တင်ရန် မည်သည့်နည်းလမ်းမျှ) မရှိချေ။ ထိုသူတို့.သည် အသင့်ထံသို့. ၎င်းတို့.အား အသင်သည် (တစုံတရာ) အစီးအနင်းပေါ်သို့. တင်ပေးရန် လာကြသောအခါ အသင်သည် ၎င်းတို့.အား "ငါ့ထံ၌ အသင်တို့.အား တင်ပေးရန် အစီးအနင်း တစုံတရာ မရှိပါ" ဟု ပြောခဲ့လေသည်။

(ထိုအခါ) ၎င်းတို့.သည် (စစ်ရေးတွင်)သုံးစွဲရန် တစုံတရာကိုမျှ မရရှိကြသောကြောင့် ဝမ်းနည်းပူဆွေး၍ မျက်စိများမှာ ၎င်းတို့. မျက်ရည်များဖြင့် ပြည့်လျှံလျက် ပြန်ခဲ့ကြလေသတည်း၊ ပြန်သွားခဲ့ကြရှာလေသတည်း။

➤➤ ၇။ သာဝကကြီး အုလိုင်ယဟ် အိဗ်နု ဇိုက်ဒ်။ (ရသွေ.ယလ္လာဟု တအာလာ အန်ဟု)

အချို့.အဆိုအရ ထိုသာဝကကြီးများမှာ ဗနူမွတ်ဂ်ရင်နှ် မျိုးနွယ်ဝင်များဖြစ်သော သာဝကကြီး မအ်ကိလ်၊ သာဝကကြီး စုဝိုက်ဒ်၊ သာဝကကြီး နုအ်မာန်တို့.ဖြစ်ကြသည်။ အချို့.အဆိုအရ ထိုသာဝကကြီးများမှာ သာဝကကြီး အဗူမူစာနှင့် ၎င်း၏မိတ်ဆွေများဖြစ်ကြသည်။

إِنَّمَا السَّبِيلُ عَلَى الَّذِينَ
يَسْتَأْذِنُونَكَ وَهُمْ
أَغْنِيَاءُ ۚ رَضُوا بِأَن
يَكُونُوا مَعَ الْخَوَالِفِ ۙ
وَطَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ
فَهُمْ لَا يَعْلَمُونَ ﴿٩٣﴾

၉၃။ ပြစ်တင်ရန် နည်းလမ်းမှာကား အကြင်သူတို့. အပေါ်၌သာ ရှိချေသည်။ ထိုသူတို့.သည် ချမ်းသာကြွယ်ဝသူများ ဖြစ်ကြပါလျက် (စစ်တလင်းသို့. မလိုက်ပဲ နေကြရန်) အသင့်ထံ ခွင့်ပန်ကြလေသည်။ ၎င်းတို့.သည် နောက်၌ကျန်ရစ်ခဲ့ကြသော အမျိုးသမီးတို့.နှင့်အတူ နေရစ်ခဲ့ကြရန် နှစ်မြို့.ခဲ့ကြလေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့.၏ စိတ်နှလုံးများ အပေါ်၌ တံဆိပ် ခတ်နှိပ်တော်မူခဲ့လေသည်။ သို့.ဖြစ်ပေရာ ၎င်းတို့.သည် (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း၏ သဘောတရားကိုပင်) မသိနားမလည်ကြပေ။ ③

---

③ အကြင်သူများသည် စစ်မြေပြင်သို့. လိုက်ပါချီတက်သွားနိုင်ရန် စွမ်းအားရှိပါလျက် နောက်ချန်နေခဲ့ကြ၏။ အရှက်အကြောက် ကင်းမဲ့သည့်အတွက် အိမ်တွင်းနေ အမျိုးသမီးများနှင့်အတူ အိမ်တွင်းပုန်းအဖြစ် ကျန်ရစ်နေခဲ့ကြရသည်ကိုပင် နှစ်သက်နေကြ၏။ ဤသို့.သော သတ္တိကြောင် မိန်းမလျာများအပေါ်၌ကား အပြစ်ရှိပေသည်။

အပြစ်ဒုစရိုက်မှုတခုကို အမြဲတစေ ပြုလုပ်လေ့ ကျူးလွန်လေ့ရှိက စိတ်ဓာတ်သည် ပျက်ပြားကာ မည်းနက်၍သွားပေသည်။ အဆိုး၊ အကောင်းကို ဝေဖန်ခွဲခြား သိနိုင်စွမ်းမရှိဖြစ်ကာ အရှက်အကြောက် လုံးဝကင်းမဲ့သွား၏။ ယင်းသို့. အရှက်အကြောက် လုံးဝ ကင်းမဲ့သွားသည့်အခါ လူသည် မိမိ၏ ယုတ်မာဆိုးသွမ်းလှသော ပြစ်မှုများအပေါ်၌ ရှက်ကြောက်ရမည့်.အစား ပြောင်းပြန်ဝမ်းသာ ပျော်ရွှင်၏။ ဤသည့်အဖြစ်ဆိုးသို့. ရောက်ရှိနေသူ သူတဦးအား မြင်တွေ့.ရလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်း၏ စိတ်နှလုံးအပေါ်၌ တံဆိပ်ခတ်နှိပ်တော် မူလိုက်ပြီဖြစ်သည်ကို မှတ်ယူ နားလည်ရန်သာ ရှိပေတော့်သတည်း။

يَعْتَذِرُونَ إِلَيْكُمْ إِذَا رَجَعْتُمْ إِلَيْهِمْ ۚ قُلْ لَّا تَعْتَذِرُوا لَن نُّؤْمِنَ لَكُمْ قَدْ نَبَّأَنَا اللَّهُ مِنْ أَخْبَارِكُمْ ۚ وَسَيَرَى اللَّهُ عَمَلَكُمْ وَرَسُولُهُ ثُمَّ تُرَدُّونَ إِلَىٰ عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿٩٤﴾

၉၄။ အသင်တို့သည် (စစ်တလင်းမှ) ၎င်းတို့ထံ ပြန်ခဲ့ကြသည့်အခါ ၎င်းတို့သည် အသင်တို့ရှေ့ဝယ် (စစ်တလင်းသို့ မလိုက်ပဲနေခဲ့ကြသည်နှင့်စပ်လျဉ်း၍) အကြောင်းပြကြလိမ့်မည်။ (ထိုအခါ) အသင် (၎င်းတို့အား)ပြောကြားပါလေ။ (အချင်းတို့) "အသင်တို့သည် အကြောင်းမပြကြလေနှင့်၊ ကျွန်ုပ်တို့သည် အသင်တို့၏စကား)ကို (မှန်သည်ဟု) အလျင်း ယုံကြည်ကြမည်မဟုတ်၊ (အကြောင်းသော်ကား) ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အသင်တို့၏ (လျှို့ဝှက်သော) သတင်းများကို (အလုံးစုံ) အကြောင်းကြားတော်မူပြီးဖြစ်သည်။

(နောက်နောင်တွင်လည်း) အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထို အရှင်မြတ်၏ရာစူလ်တမန်တော်မြတ်သည်လည်းကောင်း၊ အသင်တို့၏ အကျင့်အမူကို တွေ့မြင်တော်မူကြအံ့၊ ထို့နောက်တဖန် အသင်တို့သည် ဖုံးကွယ်လျက်ရှိသော အရာခပ်သိမ်းတို့ကိုလည်းကောင်း၊ ထင်ပေါ်လျက်ရှိသော အရာခပ်သိမ်းတို့ကိုလည်းကောင်း၊ (အကြွင်းမဲ့) သိရှိတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ထိုအခါ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်ခဲ့ကြသော အမှုကိစ္စတို့ကို ထုတ်ဖော်၍ မိန့်ကြားတော်မူပေအံ့။ [၁]

---

① ကုရ်အာန်ကျမ်းမြတ်၏ ဤကဏ္ဍ အပိုဒ်(၇-၁၃)တွင် များသောအားဖြင့် မုနာဖစ်ဂ်ိက်များ၏ အကြောင်းများကိုပင် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ဤအာယတ်တော်သည်လည်း ထိုမုနာဖစ်ဂ်ိက်များနှင့် သက်ဆိုင်ပေသည်။

ဤအာယတ်တော် ကျရောက်လာခဲ့သည့်အချိန်ကား တဗူးဂ်စစ်ပွဲသို့ မွတ်စ်လင်မ်စစ်သည်တော်များ ချီတက် ခရီးသွားနေခဲ့ကြသည့်အချိန်ပင် ဖြစ်သည်။ မွတ်စ်လင်မ်စစ်သည်များ စစ်ပွဲအောင်နိုင်ပြီး မဒီနာမြို့သို့ ပြန်ရောက်၍ မုနာဖစ်ဂ်ိက်များနှင့်တွေ့ဆုံသည့်အခါ၊ မုနာဖစ်ဂ်ိက်များက မွတ်စ်လင်မ်တို့အား စစ်ပွဲသို့ မိမိတို့ မလိုက်ပါနိုင်ခဲ့ကြသည်နှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုး ပြကြမည့်အကြောင်း ဤအာယတ်တော်တွင် ➤➤

سَيَحْلِفُونَ بِاللَّهِ لَكُمْ إِذَا انْقَلَبْتُمْ إِلَيْهِمْ لِتُعْرِضُوا عَنْهُمْ ۖ فَأَعْرِضُوا عَنْهُمْ ۖ إِنَّهُمْ رِجْسٌ وَمَأْوَاهُمْ جَهَنَّمُ ۖ جَزَاءً بِمَا كَانُوا يَكْسِبُونَ ﴿٩٥﴾

၉၅။ မကြာမြင့်မီ အသင်တို့(စစ်တလင်းမှ) ၎င်းတို့ထံ (မဒီနာမြို့သို့) ပြန်ခဲ့ကြသောအခါ၊ အသင်တို့သည် ၎င်းတို့အား (တစုံတရာ ပြစ်တင်အရေးယူခြင်း မပြုပဲ) ခွင့်လွှတ်ကြရန် ၎င်းတို့သည် အလျှာဟ် အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြပေလိမ့်မည်။

သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အား စွန့် ထားကြလေကုန်။ အမှန်သော်ကား ၎င်းတို့သည် ညစ်ညမ်းသူများပင် ဖြစ်ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ခိုလှုံရာစခန်းသည် "ဂျဟန္နမ်" ငရဲဘုံပင် ဖြစ်ချေသည်။ စင်စစ်သော်ကား ၎င်းတို့ ရှာဖွေဆည်းပူးလျက် ရှိခဲ့ကြသည်တို့၏ အကျိုးအားဖြင့် ၎င်းတို့၏ခိုလှုံရာစခန်းမှာ "ဂျဟန္နမ်" ငရဲဘုံပင် ဖြစ်ချေသတည်း။ [၁]

➤➤ ကြိုတင် ဗျာဒိတ်ပေးထားတော်မူခြင်းဖြစ်သည်။

ဗျာဒိတ်ပေးထားတော်မူသည့်အတိုင်း မုနာဖစ်ဂ်များသည် မွတ်စ်လင်မ်တို့အား အကြောင်းအမျိုးမျိုး တင်ပြခဲ့ကြ၏။ ယင်းသို့အကြောင်းအမျိုးမျိုး တင်ပြကြသည့်အခါ အလျှာဟ်အရှင်မြတ်က တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မွတ်စ်လင်မ်တို့ဘက်မှ "အသင်တို့ အကြောင်းထူးထွေ ပြမနေကြနှင့်၊ ငါတို့သည် အသင်တို့၏အကြောင်းပြချက်များကို မှန်သည်ဟူ၍ အလျင်းယုံကြည်ကြမည် မဟုတ်ပေ၊ အလျှာဟ် အရှင်မြတ်သည် အသင်တို့ ဖုံးကွယ်ထားကြသည့် အကြောင်းကို ငါတို့အား အသိပေးတော်မူပြီး ဖြစ်နေသည်" ဟု ဖြေကြားစေတော်ခဲ့မူလေသည်။ မာဂျီဒီ၊ အ–၂၊ စ–၄၂၁၊ အအ–၁၆၉။

"၎င်းပြင် (နောင်တွင်လည်း) အလျှာဟ် အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်မြတ်သည်လည်းကောင်း၊ အသင်တို့၏ အကျင့်အမူများကို (မကြာမီအတွင်း) တွေ့မြင်တော်မူကြမည်"။ (၀၊) အသင်တို့သည် 'ကုဖ်ရ်' မှ ဝန်ချတောင်းပန်ကြမည်၊ သို့တည်းမဟုတ် 'ကုဖ်ရ်' အပေါ်၌ပင် တည်ရှိနေကြမည်ကို အလျှာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏တမန်တော်သည် မြင်တော်မူကြမည်သာဖြစ်သည်။ တနည်းအားဖြင့် ဤသို့ ဗျာဒိတ်ပေးထားတော်မူခြင်းမှာ ဝန်ချတောင်းပန်စေရန်နှင့် ဝန်ချတောင်းပန်နိုင်ရန်အတွက် အချိန်ပေးထားတော်မူခြင်းပင် ဖြစ်သည်။

① တမူးက်စစ်ပွဲမှ မွတ်စ်လင်မ်များ ပြန်လာကြသည့်အခါ မုနာဖစ်ဂ်များသည် စစ်ပွဲသို့ မိမိတို့ မလိုက်ပါနိုင်ခဲ့ကြသည်နှင့်စပ်လျဉ်း၍ လိမ်လည်ကျိန်ဆိုကာ အကြောင်းအမျိုးမျိုး ပြကြလေသည်။ ယင်းသို့ ကျိန်ဆိုအကြောင်းပြကြခြင်းမှာမွတ်စ်လင်မ်တို့ကငင်းတို့အား ကဲ့ရဲ့ပြစ်တင်ခြင်းအရေးယူခြင်းများ မပြုလုပ်ကြရန်ပင်ဖြစ်သည်။ အလျှာဟ်အရှင်မြတ်ကမွတ်စ်လင်မ်တို့အား ယင်းမုနာဖစ်ဂ်များကိုလျစ်လျူပြုထားကြရန် အမိန့်ပေးတော်မူသည်။ ဤသို့ လျစ်လျူပြုထားခြင်းသည် ကျေနပ်နှစ်သက်၍ အလျင်းမဟုတ်၊ အမှန်စင်စစ် မုနာဖစ်ဂ်များသည် အလွန့်အလွန် ➤➤

يَحْلِفُونَ لَكُمْ لِتَرْضَوْا عَنْهُمْ ۖ فَإِنْ تَرْضَوْا عَنْهُمْ فَإِنَّ اللَّهَ لَا يَرْضَىٰ عَنِ الْقَوْمِ الْفَاسِقِينَ ﴿٩٦﴾

၉၆။ ထိုသူတို့သည် အသင်တို့ ထိုသူတို့အပေါ်၌ ကျေနပ်အံ့သောငှာ ကျိန်ဆိုကြပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ထိုသူတို့အပေါ်၌ ကျေနပ်ခဲ့အံ့ငြားလည်း အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ဖီဆန်သူတို့အပေါ်၌ ကျေနပ်တော်မူမည် မဟုတ်ပေတကား။

الْأَعْرَابُ أَشَدُّ كُفْرًا وَنِفَاقًا وَأَجْدَرُ أَلَّا يَعْلَمُوا حُدُودَ مَا أَنْزَلَ اللَّهُ عَلَىٰ رَسُولِهِ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٩٧﴾

၉၇။ ကျေးရွာများ၌ နေထိုင်ကြကုန်သော အရဗ် အမျိုးသား(မုနာဖစ်က်)များသည် "ကုဖ်ရ်" သွေဖည်ငြင်းပယ်မှုတွင်လည်းကောင်း၊ "နိဖာက်" အယောင်ဆောင်မှုတွင်လည်းကောင်း၊ *ပို၍ပင် ပြင်းထန်ကြကုန်၏။* ၂ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က မိမိ၏ ရာရူလ်တမန်တော်မြတ်အပေါ်၌ ချပေးသနားတော်မူသော အမိန့်ပညတ်တော်များကို ပို၍ပင် မသိထိုက်ကြသူများ ဖြစ်ကြ၏။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ ညစ်ညမ်းကြပေသည်၊ ၎င်းတို့သည် သုန်ရှုံ့းလာကြလိမ့်မည်ဟု မျှော်လင့်ရန် အကြောင်း အလျင်းမရှိ၊ သို့ဖြစ်ပေရာ ဤမျှညစ်ညမ်းနေကြသော မုနာဖစ်က်များကို လျစ်လျူပြုထားခြင်းသည်ပင် သင့်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ အကျင့်အကြံအတိုင်း ၎င်းတို့နှင့် ထိုက်တန်ရာ ဂျာန္နမ်သို့ လာစေတော်မူမည်သာဖြစ်သည်။

② မုနာဖစ်က်များသည် မွတ်စ်လင်မ်တို့အား ကျေနပ်စေရန်အတွက် မုသားကျိန်ဆိုကြသည်။ အကယ်တန့် တဦးတယောက်သည် မုနာဖစ်က်များအပေါ်၌ ကျေနပ်သည်ရှိသော် ယင်းကျေနပ်မှုကို အလ္လာဟ်အရှင်မြတ် ကျေနပ်တော်မမူပါက အသို့လျှင် အကျိုးရှိနိုင်အံ့နည်း။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် မည်သူတဦးတယောက်မျှ လိမ်လည်လှည့်ဖြားနိုင်သည်မရှိချေ။

ဆိုလိုသည်ကား အကြင်သူတစ်ဦးကို အလ္လာဟ်အရှင်မြတ် ကျေနပ်တော်မမူပါလျှင်၊ ထိုအရှင်မြတ်အား အလွန်တရာ ကြည်ညိုမြတ်နိုးသော မုအ်မင်န်တစ်ဦးသည် ထိုအရှင်မြတ် ကျေနပ်တော်မမူသောသူအား အသို့လျှင် ကျေနပ်မည်နည်း။ သို့ဖြစ်ပေရာ မုနာဖစ်က်များသည် "ငါတို့သည် တမန်တော်မြတ်နှင့် ➤➤

وَمِنَ الْأَعْرَابِ مَنْ يَتَّخِذُ مَا يُنفِقُ مَغْرَمًا وَيَتَرَبَّصُ بِكُمُ الدَّوَائِرَ ۚ عَلَيْهِمْ دَائِرَةُ السَّوْءِ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٩٨﴾

၉၈။ စင်စစ်သော်ကား၊ ကျေးရွာများ၌ နေထိုင်ကြကုန်သော အရဗ်အမျိုးသားတို့တွင် (ဇကာတ်၊ ဂျိဟာဒ် စသည့် မွန်မြတ်သောကိစ္စများတွင်) မိမိတို့ သုံးစွဲကြသည်တို့ကို "ဒဏ်ဆောင်ခြင်း ဖြစ်သည်" [၁] ဟု မှတ်ယူကြသူများလည်း ရှိကြကုန်၏၊ ၎င်းပြင် ထိုသူတို့သည် အသင်တို့နှင့်ပက်သက်၍ အလှည့်ကြုံခြင်းများကို စောင့်မျှော်နေကြကုန်၏။ (အမှန်အားဖြင့်) ထိုသူတို့အပေါ်၌ပင် မကောင်းသော အလှည့်ကြုံခြင်းသည်ရှိပေသည်။ အမှန်သော်ကားအလ္လာဟ်အရှင်မြတ်သည် အလုံးစုံတို့ကို ကြားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَمِنَ الْأَعْرَابِ مَنْ يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ

၉၉။ ထို့အပြင် ကျေးရွာများ၌ နေထိုင်ကြကုန်သောအရဗ်အမျိုးသားတို့တွင် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်သူများလည်း ရှိကြကုန်၏။

➤➤ မွတ်စ်လင်မ် တို့အား လိမ်လည် လှည့်ဖြားရန် ကျေနပ်အောင် ပြုလုပ်ကြမည်" ဟူသော အထင်ကို မိမိတို့၏ ဦးနှောက်တွင်းမှ ထုတ်ပစ်သင့်ပေသည်။ ထို့ပြင်တဝ မုနာဖစ်က်တို့အား မွတ်စ်လင်မ်တို့၏ လျစ်လျူပြုထားခြင်းကို ကြည့်၍ မွတ်စ်လင်မ်များသည် မုနာဖစ်က်တို့အား ကျေနပ်ကြသည်ဟူ၍လည်း မထင်မှားရာချေ။

① အထက်တွင် မဒီနာမြို့သား မုနာဖစ်က်များနှင့် စိတ်စေတနာဖြူစင်သော မုအ်မင်န်တို့၏ အကြောင်းပါရှိ၏။ ယခု ဤအာယတ်တော်တွင် အရဗ်ကျေးတောသားများ၏ အကြောင်း မိန့်ဆိုထားတော်မူသည်။ အရဗ်ကျေးတောသားများတွင်လည်း လူတန်းစား အမျိုးမျိုးရှိကြသည်။ ၎င်းတို့တွင် ကာဖိရ်များလည်း ရှိကြသည်၊ မုနာဖစ်က်များလည်း ရှိကြသည်။ စိတ်စေတနာဖြူစင်သော မုအ်မင်န်များလည်း ရှိကြသည်။

② အရဗ်ကျေးတောသား မုနာဖစ်က်များတွင် အချို့မုနာဖစ်က်များသည် အခါအခွင့်အကြောင်းသင့်၍ တကြိမ်တခါ အလ္လာအရှင်မြတ်၏ လမ်းတော်၌ လှူဒါန်းကြရသည်ကိုပင် ဒဏ်ဆောင်ရသည့်အလား စိတ်မပါ၊ လက်မပါ ငြိုငြင်စွာနှင့် ပေးကြလေသည်၊ ယင်းမုနာဖစ်က်တို့သည် မွတ်စ်လင်မ်တို့အပေါ်၌ ဘေးအန္တရာယ် တစုံတရာ ဆိုက်ရောက်လာခြင်းကိုပင် မျှော်လင့်တောင်တနေကြသည်။ အမှန်မှာ ဘေးအန္တရာယ်သည် ယင်းကာဖိရ် မုနာဖစ်က်တို့အပေါ်၌ ဆိုက်ရောက်မည်သာ ဖြစ်သည်။ မွတ်စ်လင်မ်တို့သည် အောင်နိုင်ကြမည်။ ➤➤

وَيَتَّخِذُ مَا يُنفِقُ قُرُبَٰتٍ عِندَ اللَّهِ وَصَلَوَٰتِ الرَّسُولِ ۚ أَلَآ إِنَّهَا قُرْبَةٌ لَّهُمْ ۚ سَيُدْخِلُهُمُ اللَّهُ فِى رَحْمَتِهِۦٓ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٩٩﴾

ထိုသူတို့သည် (မွန်မြတ်သော ကိစ္စများ)၌ မိမိတို့ သုံးစွဲကြသည်များကို "အလ္လာဟ်အရှင်မြတ် အထံတော်တွင် ချဉ်းကပ်ရန် အကြောင်းဖြစ်သည်" ဟူ၍လည်းကောင်း၊ "ရစူလ်တမန်တော်(မုဟမ္မဒ်)၏ ဆုမွန်များရယူရန် အကြောင်းဖြစ်သည်" ဟူ၍လည်းကောင်း မှတ်ယူကြကုန်၏။ သတိပြုကြလေကုန်၊ ဧကန်မလွဲ ထိုသုံးစွဲသူများသည် ၎င်းတို့အဖို့ ချဉ်းကပ်ရန်အကြောင်းပင်ဖြစ်ပေသည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား *မိမိကရုဏာတော်တွင် ပါဝင်စေတော်မူအံ့။* [၁] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာသနားကြင်နာ ညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

➤➤ လွမ်းမိုးကြမည်၊ အရေးသာကြမည်။ မုနာဖစ်က်တို့မှာမူကား၊ ရှက်ရ၊ ကြောက်ရ၊ အကျိုးနည်းကြရမည်။ ရှုံးနိမ့်ကြရမည်သာဖြစ်သည်။ ဤသည့်အချက်ကိုပင် ယင်းမုနာဖစ်က်တို့မှာ မသိကြချေတကား။

① အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အရဗ်ကျေးတောသားများသည် စိတ်ဓာတ်အလွန်တရာမျှ ခက်ထန်ကြ၏၊ နူးညံ့သိမ်မွေ့ခြင်း အလျင်းမရှိ၊ ကုဗ်ရ်သွေဖည်မှု၊ နိဖာက်အရေခြုံမှု၊ ဂျာဟ်လ် မိုက်မဲမှု၊ "တွယ်ယာန်" ကျူးလွန် ပုန်ကန်မှုများတွင် နစ်မွန်းနေကြ၏။ ယင်းဒုစရိုက်မှုများတွင် နစ်မွန်းနေကြသည့်အတွက် အလ္လာဟ်အရှင်မြတ် ဟောကြားထားတော်မူသည့် တရားဒေသနာတော်နှင့် နူးညံ့သိမ်မွေ့မှု၊ ယဉ်ကျေးမှု၊ ရိုသေကိုင်းရှိုင်းမှုများကိုပင် နားမလည်နိုင်ခဲ့ကြပေ။

သို့သော် အရဗ် ကျေးတောသားများ တွင်ပင်လျှင် ကုရ်အာန် ကျမ်းမြတ်၏ ဓမ္မဒေသနာတော်များနှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အဆုံးအမ ဩဝါဒတော်များ၏ အဟုန်ဖြင့် စိတ်စေတနာ ဖြူစင်သော သူတော်စင် ပုဂ္ဂိုလ်များလည်း ထွက်ပေါ်လာခဲ့သည်။ ထိုပုဂ္ဂိုလ်များသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးကြသည်၊ နောက်ဆုံးနေ့ကိုလည်း ယုံကြည်ကြသည်၊ အခြားယုံကြည်ရမည့် အရာအားလုံးတို့ကိုလည်း ယုံကြည်ကြသည်။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးသို့ ချဉ်းကပ်ရန်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဆုမွန်များကို ခံယူရန်အတွက် ထိုအရှင်မြတ်၏လမ်းတော်၌ သုံးစွဲလှူဒါန်းကြသည်။ အရဗ် ကျေးတောသားတို့တွင် ဤသို့သော စိတ်စေတနာ ဖြူစင်သော မုအ်မင်န် သူတော်စင်များလည်း ရှိကြပေသေးသည်၊ ၎င်းတို့၏ ယုံကြည်ချက်သည်မှန်၏၊ ၎င်းတို့၏ အပြုအမူသည်မှန်၏၊ ၎င်းတို့၏ လိုလားချက်သည် မှန်၏။ ၎င်းတို့၏ လိုအင်ဆန္ဒသည် ပြည့်ဝမည် ဖြစ်၏။ ➤➤

وَالسّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ وَالْاَنْصَارِ وَالَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ رَّضِيَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ وَاَعَدَّ لَهُمْ جَنّٰتٍ تَجْرِيْ تَحْتَهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿١٠٠﴾

၁၀၀။ (အိမာန်သက်ဝင်ယုံကြည်ရာတွင် အမှုတ်သား အားလုံးတို့ထက်) ရှေးဦးပထမ ဖြစ်ကြကုန်သော မုဟာဂျိရိန် သာဝကကြီးများသည် လည်းကောင်း၊ အန်ဆာရ် (သာဝကကြီး)များသည် လည်းကောင်း၊ ထို(မုဟာဂျိရိန်နှင့် အန်ဆာရ်)တို့၏နောက်သို့ ကောင်းမွန်စွာ လိုက်ရဲကြသူတို့သည်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အပေါ်၌ ကျေနပ်တော်မူခဲ့လေပြီ၊ ထိုသူတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ခဲ့ကြလေပြီ၊ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ အကြင်ဥယျာဉ်များကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူခဲ့လေသည်။ ထိုဥယျာဉ်များ၏ အောက်၌ စမ်းချောင်းများ စီးထွေလျက် ရှိကြပေသည်။ (၎င်းတို့သည်) ထိုဥယျာဉ်များတွင် ထာဝစဉ် နေထိုင်စံမြန်းလျက် ရှိကြပေမည်။ ဤကား ကြီးကျယ်မြင့်မြတ်လှသော အောင်မြင်မှုပင်တည်း။

➤➤ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မိမိ၏ကရုဏာတော်တွင် ခိုလှုံစေတော်မူမည်ဖြစ်၏။ ၎င်းတို့သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဆုမွန်ကိုလည်း ခံယူကြရမည်ဖြစ်သည်။ ဤသည်၎င်းတို့အဖို့ မျက်မြင် ကိုယ်တွေ့ကိစ္စပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ထံသို့ တဦးတယောက်သောသူသည် လူဖွယ်ပစ္စည်း တစုံတရာ လာရောက်လှူဒါန်းလျှင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ထိုသူ့အဖို့ ဆုမွန်ကောင်း တောင်းပေးတော်မူလေ့ရှိသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဆုမွန်၏ အကျိုးမှာလည်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံရန်နှင့် ထိုအရှင်၏ထံတော်ပါးသို့ ချဉ်းကပ်ရန်ပင်ဖြစ်ပေသည်။

① အထက်တွင် ကျေးတောသား မုအ်မင်န်တို့အကြောင်းပါရှိ၏၊ ယခုဤအာယတ်တော်တွင် ဦးစွာပထမ ဟစ်ဂျိရတ်ပြုလုပ်ခဲ့ကြသော မုဟာဂျိရိန်များနှင့် ဦးစွာပထမ ကူညီယိုင်းပင်းခဲ့ကြသော အန်ဆာရ်များ၏အကြောင်းကို မိန့်ဆိုထားတော်မူသည်။ တနည်းအားဖြင့် အမှန်တရားကိုလက်ခံမှုနှင့် အစွမ်းသတ္တိသာသနာရေးကိစ္စ ဆောင်ရွက်မှုတွင် သူတပါးတို့ထက် ရှေးဦးကျကြသော ပုဂ္ဂိုလ်များနှင့် ထိုပုဂ္ဂိုလ်များ၏လမ်းစဉ်ကို နှစ်နှစ်ကာကာ စိတ်စေတနာဖြူစင်စွာဖြင့် လိုက်နာကျင့်သုံးရဲခဲ့ကြသော ပုဂ္ဂိုလ်များသည် အဆင့်ဆင့် အချိုးကျ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့် မှန်ကန်သောအောင်မြင်မှုကို ရရှိခဲ့ကြလေပြီ။ ထိုထိုသော ပုဂ္ဂိုလ်များသည် တကယ် နှစ်နှစ်ကာကာ စိတ်စေတနာဖြူစင်စွာဖြင့် အလ္လာဟ်အရှင်မြတ်၏ တရားဥပဒေဆိုင်ရာ အဓိန့်ပညတ်တော်များနှင့် စတင်ဖန်ဆင်းခြင်းဆိုင်ရာ အဆုံးအဖြတ်တော်ကို ဦးလည်မသုန် လိုက်နာခဲ့ကြသည့်အတိုင်း အလ္လာဟ် ➤➤

➤➤ အရှင်မြတ်သည်လည်း ၎င်းတို့အား ကျေနပ်နှစ်သက်တော်မူကာ အတိုင်းအဆမရှိသော ကျေးဇူးတော်များကို ချီးမြှင့်တော်မူခဲ့လေသည်။

"ရှေးကျသော၊ ဦးစွာပထမဖြစ်သော ပုဂ္ဂိုလ်များ" ဟူသည်ကား မည်သူမည်ဝါတို့နည်း၊ ဤတွင် အဆိုအမျိုးမျိုးရှိကြောင်း တွေ့ရပေသည်။

"ရှေးကျသော ဦးစွာပထမဖြစ်သော ပုဂ္ဂိုလ်များ" ဟူသည် . . .

၁။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဟစ်ဂျရတ် မပြုမီအလျင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသော မုဟာဂျိရိန်နှင့် အန်ဆာရ်များ ဖြစ်ကြသည်ဟု အချို့ကဆိုသည်။

၂။ 'ကအ်ဗဟ်' နှင့် 'ဗိုင်တုလ်မုကဒ်ဒတ်စ်' "ကစ်ဗလဟ်" နှစ်ခုလုံးဘက်သို့ မျက်နှာမူ၍ ဆွလာတ်ဝတ်ပြုခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်ဟု အချို့ကဆိုသည်။

၃။ 'ဗဒ်ရ်' စစ်ပွဲဖြစ်ပွားသည့် အချိန်ကာလမတိုင်မီ အတောအတွင်း အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်ဟု အချို့ကဆိုကြသည်။

၄။ "ဟုဒိုင်ဗိယက်" စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုသည့် အချိန်ကာလမတိုင်မီ အတောအတွင်း အီမာန်သက်ဝင်ယုံကြည်ခဲ့သော ပုဂ္ဂိုလ်များဖြစ်ကြသည်ဟု အချို့ကဆိုသည်။

၅။ အချို့ပညာရှင်များက အားလုံးသော မုဟာဂျိရိန်နှင့် အန်ဆာရ်များသည် အခြားနယ်ပယ်ရှိ မွတ်စ်လင်မ်များ၊ နောက်နောင် ပေါက်ဖွားထွန်းကားလာကြမည့် လူသားတို့နှင့်စာလျှင် "ရှေးကျသော ဦးစွာပထမ ဖြစ်ကြသော" ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ဆိုကြသည်။

အထက်ဖော်ပြပါ အဆိုများသည် အဆိုတရပ်နှင့်တရပ် ပြောပလောက်အောင် ကွဲပြားသည် မရှိချေ။ အဘယ်ကြောင့်ဆိုသော် "ရှေးကျခြင်း" "ဦးစွာပထမဖြစ်ခြင်း" ဟူသည် အခြားအကြောင်းအရာများနှင့် ဆက်စပ်နှိုင်းယှဉ် ထောက်ရှုခြင်းအားဖြင့် သိရှိရသောစကားများဖြစ်သည်။ လူတဦးတယောက်သည်ပင် အခြားပုဂ္ဂိုလ်နှင့် နှိုင်းစာလျှင် ရှေးကျ၍ အခြားနောက်တဦးနှင့် နှိုင်းစာလျှင် နောက်ကျနိုင်ပေသည်။ အချုပ်အားဖြင့် အကြင်ပုဂ္ဂိုလ်သို့မဟုတ် အကြင်အုပ်စုတစုသည် အကြင်အဆင့်အတန်း၌ ရှေးကျအံ့၊ ဦးစွာပထမဖြစ်အံ့၊ တိုအဆင့်အတန်းနှင့်အမျှ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုနှင့် မှန်ကန်သော အောင်မြင်မှုကို ချီးမြှင့်ခြင်းခံကြရပေမည်။ အဘယ်ကြောင့်ဆိုသော် ရှေးကျခြင်း၊ ပထမဖြစ်ခြင်း၌ အဆင့်အတန်း အမျိုးမျိုးရှိသကဲ့သို့ နှစ်သက်ကျေနပ်မှု အောင်မြင်မှု၌လည်း အဆင့်အတန်းအမျိုးမျိုး အစားစား ရှိနိုင်ပေသည်။

မှတ်သားဖွယ်

"ဝလ်ဇီး ဏာတ္ထဗအူဟွန်မ် အိဟ်စာန်" ဟူသော ဝါကျတွင် ကိယာမတ်နေ့တိုင် ပေါက်ဖွားထွန်းကားမည့် "အွမွတ်" အစ္စလာမ်သာသနာဝင်အားလုံးတို့သည် အကျုံးဝင်ပေသည်။ ဤဝါကျတွင် ဗိအိဟ်စာန် "ကောင်းမှုပြုရာ၌" ဟူသော စည်းကမ်းချက်ကို အထူးသတိပြုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မုဟာဂျိရိန်များဖြစ်စေ၊ အန်ဆာရ်များဖြစ်စေ၊ ဆွဟာဗဟ်သာဝကကြီးများအနက် မည်သည့်အမျိုးအစားပင်ဖြစ်စေ၊ ၎င်းတို့အားလုံးသည် "မအ်ဆွူမ်" အပြစ်မဲ့ပုဂ္ဂိုလ်များ မဟုတ်ကြပေ။

"အိဆွဲမတ်" အပြစ်မဲ့ခြင်းသည် နဗီတမန်တော်များ၏ ထူးခြားလှသည့် ဂုဏ်အင်ဒြပ်တရပ်ဖြစ်သည်။ ထို့အတွက်ကြောင့် ထိုဆွဟာဗဟ်သာဝကကြီးများ၏လမ်းစဉ်ကို လိုက်နာရာတွင် ချွင်းချက်မဲ့မဟုတ်ပဲ **ဗိအိဟ်စာန်** "ကောင်းမှုပြုရာ၌" ဟူသော စည်းကမ်းချက်ဖြင့် အမိန့်ပေးထားတော်မူခြင်းဖြစ်သည်။

(ကြည့်-မာဂျိဒီ၊ အစောင် ၂၊ စ- ၄၂၂၊ အအ- ၁၀၃။)

وَمِمَّنْ حَوْلَكُمْ مِّنَ الْاَعْرَابِ مُنٰفِقُوْنَ ۛ وَمِنْ اَهْلِ الْمَدِيْنَةِ ۛ مَرَدُوْا عَلَى النِّفَاقِ ۖ لَا تَعْلَمُهُمْ ۭ نَحْنُ نَعْلَمُهُمْ ۭ سَنُعَذِّبُهُمْ مَّرَّتَيْنِ ثُمَّ يُرَدُّوْنَ اِلٰى عَذَابٍ عَظِيْمٍ ۝۱۰۱

၁၀၁။ ထို့ပြင် အသင်တို့၏ *ပတ်ဝန်းကျင်၌* ရှိကြကုန်သော [၁] အရပ်ကျေးတောသားတို့တွင်လည်းကောင်း၊ မဒီနာမြို့သားတို့တွင်လည်းကောင်း၊ အကြင်ကဲ့သို့သော "မုနာဖစ်ဂ်" မွတ်စ်လင်မ်အယောင်ဆောင်သောသူများ ရှိကြကုန်၏။ ထိုသူတို့သည် "နိဖာဂ်" အယောင်ဆောင်မှု၌ပင် ဇွတ်မိုက်၍ စွဲမြဲစွာနေခဲ့ကြလေသည်။ အသင်တို့သည် ထိုသူတို့အားမသိချေ။ [၂]

ငါအရှင်မြတ်သည် ထိုသူတို့အား သိတော်မူ၏။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် ၎င်းတို့အား နှစ်ကြိမ်တိုင်တိုင် ပြစ်ဒဏ်ပေးတော်မူမည်၊ တဖန် ၎င်းတို့သည် ကြီးလေးလှသော ပြစ်ဒဏ်ကို ရောက်စေခြင်းကို ခံကြရပေမည်။ [၃]

---

① "အသင်တို့၏ပတ်ဝန်းကျင်" ဟူသည် "အသင်တို့၏ (မဒီနာ)မြို့တော်၏ ပတ်ဝန်းကျင်" ကို ဆိုလိုသည်။ (မဒါရစ်ဂ်။)

(မရဒူ အလန်းနိဖာဂ်)၏ အနက်အဓိပ္ပါယ်ကို အောက်ပါအတိုင်း အမျိုးမျိုးဖွင့်ဆိုကြသည်။

၁။ ထိုသူများသည် နိဖာဂ်အပေါ်၌ တည်နေခဲ့ကြ၏၊ အခြားသူများ ဝန်ချတောင်းပန်သကဲ့သို့ ဝန်ချတောင်းပန်ခြင်း မပြုခဲ့ကြပေ။ (အစ်ဗ်နုဂျရိရ်)

၂။ ထိုသူများသည် နိဖာဂ်အပေါ်၌ တည်နေခဲ့ကြ၏၊ အမြဲတစေ စွဲလန်းနေခဲ့ကြ၏၊ ထိုနိဖာဂ်မှ ဝန်ချ တောင်းပန်ခြင်း မပြုခဲ့ကြပေ။ (ကဗီရ်)

၃။ ထိုသူများသည် နိဖာဂ်တွင် ကျွမ်းကျင်လိမ္မာ ပါးနပ်ခဲ့ကြ၏။

② မဒီနာမြို့၏ပတ်ဝန်းကျင်ရှိ အရပ်ကျေးတောသားများတွင်လည်းကောင်း၊ မဒီနာမြို့သားများတွင်လည်းကောင်း၊ အချို့ဤသို့သော မုနာဖစ်ဂ်များ ရှိကြပေသည်။ အလွန်ထူးကဲတော်မူသော ဉာဏ်ပညာ အမြော်အမြင်ကြီးမား ထက်မြက်တော်မူသော သတိ၊ ဝိရိယ၊ အလွန်ကြီးမားတော်မူသော တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်ပင် ထိုမုနာဖစ်ဂ်များအား မုနာဖစ်ဂ်များ ဖြစ်ကြသည်ဟူ၍ သိတော်မမူခဲ့ပေ။ အလ္လာဟ်အရှင်မြတ်သာလျှင် ယင်းမုနာဖစ်ဂ်များအား သိတော်မူပေသည်။

ဤအာယတ်တော်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်ပင် 'ဂိုက်ဗ်' အကွယ်၌ ရှိသောအရာများကို သိတော်မမူကြောင်း အတည့်အလင်း မိန့်ဆိုထားတော်မူသဖြင့် "တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အကွယ်၌ရှိသောအရာများကို သိတော်မူသည်" ဟု အချို့အယောင်ဆောင် အာလင်မ်၊ ဂျာဟိလ်များက ပြောဆိုနေကြခြင်းသည် အသို့လျှင် မှန်ကန်နိုင်အံ့နည်း၊ လုံးဝမှားယွင်းပေသည်။

③ မုနာဖစ်ဂ်များသည် နောင်တမလွန်ဘဝ၌ အလွန်ကြီးလေးလှသော ပြစ်ဒဏ်ကိုခံကြရမည်ဖြစ်ကြောင်း ➤➤

وَآخَرُونَ اعْتَرَفُوا بِذُنُوبِهِمْ خَلَطُوا عَمَلًا صَالِحًا وَآخَرَ سَيِّئًا عَسَى اللَّهُ أَنْ يَتُوبَ عَلَيْهِمْ إِنَّ اللَّهَ

၁၀၂။ ထို့ပြင် အခြားသူတို့လည်း ရှိကြကုန်၏။ ထိုသူတို့သည် မိမိတို့၏ ပြစ်မှု ဒုစရိုက်များကို ဝန်ခံခဲ့ကြလေသည်။ ထိုသူတို့သည် ကောင်းမြတ်သောအကျင့်အမူနှင့် မကောင်းသောအကျင့်အမူကို ရောနှောပြုလုပ်ခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ဘက်သို့ ကရုဏာတော်နှင့်လှည့်တော်မူရန် မျှော်ကိုးရာ၏။ [၁]

➤➤ ကုရ်အာန်ကျမ်းမြတ် (၄၁၄၅)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ယင်းမုနာဖစ်ဂ်များသည် နောင်တမလွန်ဘဝတွင် ငရဲမလားရသေးမီ အလျင် ဤလောကီဘဝတွင်တကြိမ်၊ သချိုင်းတွင်၌တကြိမ် အနည်းဆုံး အပြစ်ဒဏ် နှစ်ကြိမ်တိုင်တိုင် ခံကြရမည်ဖြစ်သည်။

မသေဆုံးမီ လောကီဘဝ၌ပင် ခံစားရမည့်အပြစ်ဒဏ်သည် အမျိုးမျိုးဖြစ်နိုင်ပေသည်။ ဥပမာ သာဝကကြီး အစ်ဗ်နုအဗ္ဒာစ်၏ ကျမ်းချက်အရ ... တခါသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် "မင်္ဂန်ဗရ်" (ဓမ္မပလ္လင်)တော်ပေါ်၌ မတ်တတ်ရပ်တော်မူပြီး၊ လူ (၂၆)ဦးခန့်တို့၏ အမည်နာမအသီးသီးကို ထုတ်ဖော်ခေါ်တော်မူ၍ "အသင် (ဗလီမှ)ထွက်သွားလော့၊ အသင်သည် မုနာဖစ်ဂ်ဖြစ်သည်" ဟု မိန့်ဆို နှင်ထုတ်တော်မူခဲ့လေသည်။ ဤသို့ အရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်းသည်လည်း အပြစ်ဒဏ်တမျိုးပင်။ သို့မဟုတ် ကုရ်အာန်ကျမ်းမြတ် (၉၊၈၅)တွင် လာရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် ယင်းမုနာဖစ်ဂ်တို့၏ ဥစ္စာပစ္စည်း သားသမီးများကိုပင် ၎င်းတို့အဖို့ ပြစ်ဒဏ်ပြုလုပ်ထားတော်မူသည်၊ ဤသို့ဖြင့် မိမိတို့၏သားသမီးများသည်ပင် မိမိတို့အဖို့ အပြစ်ဒဏ်ဖြစ်လျက်ရှိခဲ့လေသည်။ သို့မဟုတ် ယင်းမုနာဖစ်ဂ်များသည် ပထဝီမြေမှသော်လည်းကောင်း၊ မိုးကောင်းကင်မှသော်လည်းကောင်း၊ ကပ်ဆိုက်၍ အသေဆိုးနှင့်သေခဲ့ကြရလေသည်၊ ဤသည်လည်း ပြစ်ဒဏ်တမျိုးပင်။ သို့မဟုတ် ယင်းမုနာဖစ်ဂ်များသည် အစ္စလာမ်သာသနာ၏ တိုးတက်ထွန်းကားမှုကို တွေ့မြင်ပြီး၊ ဒေါသအမျက်ထွက်ကာ အံတခဲခဲ သွားတကြိတ်ကြိတ်ဖြစ်ခဲ့ကြသည်၊ ဤသည်လည်း ၎င်းတို့အဖို့ ပြစ်ဒဏ်တစ်မျိုးပင်။ ဤသည့် ပြစ်ဒဏ်အားလုံးတို့သည်၊ ဤအာယတ်တော်တွင် လာရှိသည့် (မရ်ရတိုင်းန်) "နှစ်ကြိမ်" ဟူသောစကားတွင် အကျုံးဝင်သည်ဟု ကျွန်ုပ်ယူဆသည်။

"နှစ်" ဟူသော ဂဏန်းသည် သာမန်အားဖြင့် အရေအတွက်အားဖြင့်၊ (ဗဟုဝုစ်ကိန်း) အကြိမ်ကြိမ်ဖြစ်ခြင်းအတွက်လည်း ဖြစ်နိုင်သည်။ ကြည့်-ကုရ်အာန်(၆၇း၄)။ သို့မဟုတ် "နှစ်" ဟူသည် နှစ်ကြိမ်ဖြစ်ခြင်းအတွက်လည်း ဖြစ်နိုင်၏။ (၀၊) မုနာဖစ်ဂ်များသည် (၁) မသေမီအလျင်လည်း အပြစ်ဒဏ်ခံကြရမည်၊ (၂) သချိုင်းတွင်လည်း အပြစ်ဒဏ်ခံကြရမည်ဟူ၍ ဆိုနိုင်၏။

③ မဒီနာမြို့တွင် မောက်မာပလွားသော မုနာဖစ်ဂ်များ ရှိကြကုန်၏၊ ၎င်းတို့သည် မိမိတို့၏ဆိုးသွမ်းမှုများနှင့် အပြစ်များကို "နိဖာဂ်" အရေခြုံမှုဖြင့် ဖုံးကွယ်ထားကြသည်။ ယင်းဆိုးသွမ်းမှုများနှင့် အပြစ်များကိုလည်း စွဲမြဲစွာ ကျူးလွန်နေကြ၏။ မဒီနာမြို့တွင် အချို့ဤသို့သော မုအ်မင်နဲများလည်း ရှိကြ၏။ ၎င်းတို့သည် လူ့သဘာဝအလျောက် တစုံတရာပြစ်မှုကျူးလွန်မိခဲ့ကြပါလျှင် နောင်တရကာ မဆိုင်းမတွဘဲ မိမိတို့၏ ➤➤

غَفُورٌ رَّحِيمٌ ﴿١٠٣﴾

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (ပြစ်မှုများကို) အလွန်တရာ လွတ်ငြိမ်း ချမ်းသာခွင့် ပေးသနားတော် မူသောအရှင်၊ (မိမိကျွန်များအပေါ်၌) အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

➤➤ အပြစ်များကို ဝန်ခံကြ၏။ ၎င်းတို့သည် ကောင်းမှုများကိုလည်း ပြုလုပ်ကြ၏၊ မကောင်းမှုများကိုလည်း ပြုလုပ်ကြ၏၊ ဥပမာ-တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "တဗူးက်" သို့ စစ်ချီတက်ရန် အားလုံးတို့အား ဆင့်ဆိုထားတော်မူပါလျက် ၎င်းတို့သည် စစ်မဲြပြင်သို့မလိုက်ပါခဲ့ကြပေ။ ထို့နောက် ၎င်းတို့သည် ယင်းသို့စစ်မဲြပြင်သို့ မလိုက်ပါဘဲ နေခဲ့ကြသည့်အတွက် တကယ်စိတ်တွင်းမှ ဝမ်းနည်းကြေကွဲခဲ့ကြ၏၊ စိတ်စေတနာ ဖြူစင်စွာဖြင့် ဝန်ချတောင်းပန်ခဲ့ကြ၏။ ထို့ပြင်တဝ ၎င်းတို့သည် ဆွလာတ်ဝတ်ပြုကြ၏၊ ဆွီယာမ်ဥပုသ် ဆောက်တည်ကြ၏၊ ဇကာတ်ပေးကြ၏၊ ဟဂ်ျပြုကြ၏၊ တိုက်ပွဲ စစ်ပွဲများတွင် အစဉ်ပါဝင်ခဲ့ကြ၏။ ဤသို့အားဖြင့် အဆိုပါ မွတ်စ်လင်မ်များသည် ကောင်းမှုများကိုလည်း ဆည်းပူးရယူခဲ့ကြ၏၊ ပြစ်မှုကိုလည်း ကျူးလွန်မိခဲ့ကြ၏၊ ဤသို့သော မွတ်စ်လင်မ်တို့အား အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်ဖြစ်ကြောင်း မျှော်လင့်ချက်ပေးထားတော်မူသည်။

"မုဖတ်စ်စစ်ရ်" များက ဖွင့်ဆိုရေးသားကြသည်မှာ-ဤအာယတ်တော်သည် သာဝကကြီး အဗူလုဗာဗဟ် နှင့် ၎င်း၏အချို့သော အပေါင်းအဖော်တို့ကြောင့် ကျရောက်လာခဲ့လေသည်။ ၎င်းတို့သည် ပျင်းရိမှု၊ ရေသာခိုမှုများကြောင့်သာလျှင် တဗူးက်စစ်မဲြပြင်သို့ မလိုက်ဘဲနေခဲ့ကြသည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တဗူးက်စစ်ပွဲမှ ပြန်ကြွလာတော်မူကြောင်း ကြားသိသောအခါ အလွန်တရာ ရှက်ကြောက်၊ ယူကြုံးမရဖြစ်ကြကာ ၎င်းတို့သည်၊ မိမိတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို ဗလီ၏တိုင်များတွင် တုပ်နှောင်ပြီး "တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကိုယ်တော်တိုင် ပြစ်မှုကျူးလွန်သော ကျွန်ုပ်တို့အား မိမိ၏ လက်တော်ဖြင့် ဖြေပေးတော်မမူသမျှကာလပတ်လုံး ကျွန်ုပ်တို့သည် ဤအတိုင်းပင် ဒုက္ခခံနေကြမည်" ဟု ကျိန်တွယ်ပြောဆိုကြ၏။ ဤသည့်အခြင်းအရာကို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) တွေ့မြင်တော်မူသောအခါ၊ "အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားဖြေပေးရန် အမိန့်ပေးတော်မမူသမျှ ကာလပတ်လုံး ကျွန်ုပ်သည် ၎င်းတို့အား ဖြေမပေးနိုင်" ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ပြောဆိုတော်မူ၏။ နောက်ဆုံးတွင် ဤအာယတ်တော်များ ကျရောက်လာခဲ့လေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ၎င်းတို့အား ဖြေပေးတော်မူ၍ ၎င်းတို့၏ ဝန်ချတောင်းပန်ချက်ကို အလ္လာဟ်အရှင်မြတ်က လက်ခံသဘောတူတော်မူလိုက်ပြီဖြစ်ကြောင်း ကောင်းချီးသတင်း ပေးတော်မူလိုက်လေသည်။ ယင်းကဲ့သို့ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ကြိုးများကို ဖြေပေးတော်မူလိုက်သည့်အခါ ၎င်းတို့သည် မိမိတို့၏ ဝန်ချတောင်းပန်မှုကို ပြည့်စုံစေရန်အတွက် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းရန်အလို့ငှာ လူဖွယ်ပစ္စည်းများကို ယူဆောင်၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ရောက်ရှိလာခဲ့ကြလေသည်။ ဤသည့် အကြောင်းနှင့် စပ်လျဉ်း၍ ရှေ့ လာလတ္တံ့သော အာယတ်တော် ကျရောက်လာခဲ့လေသည်။

خُذْ مِنْ أَمْوَٰلِهِمْ صَدَقَةً تُطَهِّرُهُمْ وَتُزَكِّيهِم بِهَا وَصَلِّ عَلَيْهِمْ ۖ إِنَّ صَلَوٰتَكَ سَكَنٌ لَّهُمْ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿١٠٣﴾

၁၀၃။ (အို-နဗီတမန်တော်)အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံယူလိုက်ပါ၊ ယင်းသို့ (အလှူလက်ခံယူလိုက်ခြင်း)အားဖြင့် အသင်သည် ထိုသူများအား စင်ကြယ်သန့်ရှင်း အပြစ်ကင်းစေနိုင်မည်။ [၁] ထို့ပြင် အသင်သည် ၎င်းတို့အဖို့ ဆုမွန်တောင်းပါလေ။ [၂] အကြောင်းသော်ကား အသင်၏ ဆုမွန်တောင်းခြင်းသည် ၎င်းတို့အဖို့ ငြိမ်းအေးသက်သာ (နှစ်သိမ့် ကျေနပ်)မှုပင် ဖြစ်ချေသည်။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အလုံးစုံတို့ကို ကြားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို သိရှိတော်မူသောအရှင် ဖြစ်တော်မူချေသည်။

---

① ပြစ်မှုကျူးလွန်ခဲ့ကြသော မွတ်စ်လင်မ်များသည် တုပ်နောင်ခြင်းမှ လွတ်လာကြသောအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား "အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်၊ ဤပစ္စည်းများသည် ကျွန်တော်မျိုးတို့ကို နောက်၌ချန်ရစ်စေခဲ့သော ကျွန်တော်မျိုးတို့၏ ဥစ္စာပစ္စည်းများ ဖြစ်ပါသည်၊ သို့ဖြစ်၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဤပစ္စည်းများကို လူဒါန်းပေးကမ်းတော်မူကာဖြင့် ကျွန်တော်မျိုးတို့အား သန့်ရှင်းအောင် ပြုလုပ်ပေးတော်မူပါ" ဟု လျှောက်ထားကြရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "အသင်တို့၏ ဥစ္စာပစ္စည်းများထဲမှ တစုံတရာယူရန် ကျွန်ုပ်၌ အခွင့်အာဏာမရှိပါ" ဟု ပြန်လည်ဖြေကြားတော်မူခဲ့စဉ် ထိုအာယတ်တော် ကျရောက်လာခဲ့လေသည်။

"တောင်ဝဗဟ်" ဝန်ချတောင်းပန်ခြင်းဖြင့် အပြစ်များမှ ချမ်းသာခွင့်ရရှိနိုင်ပေသည်။ သို့ရာတွင် တခါတရံ ယင်းသို့ ဝန်ချတောင်းပန်ပြီးသည့်နောက်ပိုင်းတွင်လည်း ချမ်းသာခွင့်ရရှိခဲ့ပြီးသော အပြစ်၏ အညစ်အကြေး အစအန အနံ့အသက် အနည်းငယ် ကျန်နေတတ်သည်။ ယင်းသို့ အညစ်အကြေး အစအန အနံ့အသက် ကျန်ရှိနေသည့်အတွက် ပြစ်ဒဏ်တစ်စုံတစ်ရာ ပေးခြင်းမခံရသော်လည်း ကျန်ရှိနေသေးသော ယင်းအညစ်အကြေး အစအနမှ နောက်နောင်တွင် အခြားအပြစ်များ ပေါက်ပွားလာမည်ကို စိုးရိမ်ရပေသည်။ ဝန်ချတောင်းပန်ပြီးသည့်နောက် ကျန်ရှိခဲ့တတ်သော အညစ်အကြေးသည် အထူးသဖြင့် 'ဆွဒကဟ်' အလှူဒါန ပြုခြင်းအားဖြင့်လည်းကောင်း၊ အခြားကုသိုလ် ကောင်းမှုများ ပြုလုပ်ခြင်းအားဖြင့်လည်းကောင်း၊ စင်ကြယ် သွားနိုင်ပေသည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ပြစ်မှုကျူးလွန်မိသော မွတ်စ်လင်မ်တို့၏ အလှူပစ္စည်းများကို လက်ခံယူရန် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အမိန့်ပေးထားတော်မူခြင်း ဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကလည်း ... အလှူဒါနသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကို ငြိမ်းအေးစေသည်" ဟုမိန့်ကြားတော်မူခဲ့လေသည်။ ကြည့်-ထာနဝီ၊ အစောင်-၄၊ စ-၁၄၂။

အမှန်အားဖြင့် ဂျီဟာဒ်သည် "ဖရ်ဿေကိဖာယဟ်" ဖြစ်သည်၊ သို့ရာတွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မွတ်စ်လင်မ်အားလုံးတို့အား စစ်ချီထွက်ရန် အမိန့်ထုတ်ပြန်တော်မူ ➤➤

أَلَمْ يَعْلَمُوٓا۟ أَنَّ ٱللَّهَ هُوَ يَقْبَلُ ٱلتَّوْبَةَ عَنْ عِبَادِهِۦ وَيَأْخُذُ ٱلصَّدَقَٰتِ وَأَنَّ ٱللَّهَ هُوَ ٱلتَّوَّابُ ٱلرَّحِيمُ ﴿١٠٤﴾

၁၀၄။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည်ပင် မိမိကျွန်များ၏ ဝန်ချ တောင်းပန်ချက်ကို သဘောတူလက်ခံတော်မူသည်ကိုလည်းကောင်း၊ ထိုအရှင်မြတ်သည်ပင် အလှူဒါနဝတ္ထုပစ္စည်းများကို လက်ခံတော်မူသည်ကိုလည်းကောင်း၊ ထိုသူများ မသိကြလေသလော၊ ဧကန်အမှန် ထိုအရှင်မြတ်သည်ပင် (မိမိကျွန်များ၏) ဝန်ချတောင်းပန်ချက်ကို အလွန်တရာသဘောတူ လက်ခံတော်မူသောအရှင်၊ (၎င်းတို့အပေါ်၌) အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသည်။ [၁]

➤➤ လိုက်သည့်အခါ ဂျိဟာဒ်သည် "ဖရ်ဿေအိုင်န်" ဖြစ်သွားပေသည်။ ထို့မျှမက အစွန်လာမ်အစိုးရရှေ့ဆောင်အကြီးအကဲတဦးဦးက စစ်ချီထွက်ရန် မွတ်စ်လင်မ် အားလုံးတို့အား အမိန့်ထုတ်ပြန်လိုက်လျှင်လည်း ဂျိဟာဒ်သည် "ဖရ်ဿေအိုင်န်" ဖြစ်သွားပေသည်။ (ကြည့်-ထာနဝီ၊ အစောင် ၄၊ စ- ၁၄၂။)

(၂) ဤအာယတ်တော်တွင် လှူဒါန်းသူတို့အဖို့ ဆုမွန်ဒိုအာတောင်းပေးရန် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အမိန့်ပေးထားတော်မူသည့်အလျောက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သည် အလှူဒါနပြုသူတို့အဖို့ ဆုမွန်တောင်းပေးတော်မူလေ့ရှိခဲ့ပေသည်။ ယင်းသို့ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ဆုမွန်တောင်းပေးတော်မူခြင်းဖြင့် လှူဒါန်းသူတို့၏ စိတ်ဓာတ်သည် တက်ကြွလာပေသည်။ စိတ်၏ငြိမ်းအေးမှုကိုလည်း ရရှိပေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဆုမွန်အကျိုးသည် အလှူဒါနပြုသူ၌သာမက ၎င်း၏ သား၊ မြေး၊ မြစ်တို့တိုင် သက်ရောက်လေ့ရှိပေသည်။ ယခုလည်း မွတ်စ်လင်မ်တို့၏ "အော့မာမ်" အကြီးအကဲ ဦးစီးနာယက ဥက္ကဋ္ဌတို့သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမွေစားအဖြစ်ဖြင့် လှူဒါန်းသူတို့အဖို့ ဆုတောင်းပေးခြင်းသည် တရားဝင် ကိစ္စတစ်ရပ်ပင်ဖြစ်သည်၊ သို့ရာတွင် ယင်းသို့ဆုတောင်းကြရာ၌ "ဆွလာတ်" ဟူသောပုဒ်ကို မသုံးကြရပေ။ အဘယ်ကြောင့်ဆိုသော် "ဆွလာတ်" ဟူသောပုဒ်ကို သုံးပိုင်ခွင့်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ သီးသန့်အခွင့်အရေး တစ်ရပ်ဖြစ်သည်။

(၃) 'တောင်ဗဟ်' ဝန်ချတောင်းပန်ခြင်းကို လက်ခံသဘောတူတော်မူခြင်း၊ အလှူဒါနများကို လက်ခံသဘောတူတော်မူခြင်းများသည် အလ္လာဟ်အရှင်မြတ်နှင့်သာလျှင် သက်ဆိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဝန်ချတောင်းပန်သူများနှင့် အလှူအတန်းပြုသူများအနက် မည်သူမည်ဝါတို့သည် စေတနာဖြူစင်စွာဖြင့် ဝန်ချတောင်းပန်ကြသည်၊ လှူဒါန်းကြသည်၊ လက်ခံသဘောတူတော်မူရန်အတွက် သတ်မှတ်ထားတော်မူသော စည်းကမ်းချက်များကို မည်သူမည်ဝါတို့က လိုက်နာကျင့်သုံးကြသည်များကို ထိုအရှင်မြတ်သာလျှင် အကြွင်းမဲ့ သိတော်မူသည်။ ထို့အတွက်ကြောင့်လည်း အလ္လာဟ်အရှင် မြတ်သည် ယခင်က အချို့သူများအား ပြစ်ဒဏ်ပေးတော်မူခဲ့၏။ ၎င်းတို့၏ ဧကာတ်ကို လက်ခံတော်မမူဘဲ ပိတ်ပင်တားမြစ်တော်မူခဲ့၏။ ထို့အတူ မုနာဖစ်ဂ်များ၏ ➤➤

وَقُلِ اعْمَلُوْا فَسَيَرَى اللّٰهُ عَمَلَكُمْ وَرَسُوْلُهٗ وَالْمُؤْمِنُوْنَ ۗ وَسَتُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿١٠٥﴾

၁၀၅။ ထိုမှတပါး အသင်သည် (ဤသို့) ပြောကြားပါလော၊ "အသင်တို့သည် (အသင်တို့နှစ်သက်ရာများကို) ပြုလုပ်ကြလေကုန်၊ မကြာမြင့်မီ အသင်တို့၏ အပြုအမူကို အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်သည်လည်းကောင်း၊ "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း၊တွေ့မြင်ကြပေမည်။ [၁] ထိုမှတပါး အသင်တို့သည် ဖုံးအုပ်လျက်ရှိသောအရာတို့ကိုလည်းကောင်း၊ ပေါ်လွင်ထင်ရှားစွာ သိမြင်နိုင်သောအရာတို့ကိုလည်းကောင်း၊ သိတော်မူသောအရှင်မြတ်ထံတော်သို့ မုချ ပြန်ရောက်စေခြင်းကို ခံကြရပေမည်။ တဖန် ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုမူလျက်ရှိကြသည်တို့ကို ထုတ်ဖော် မိန့်ကြားတော်မူပေမည်။

➤➤ အလ္လာပစ္စည်းများကိုလည်း ငြင်းပယ်တော်မူခဲ့၏။ ယင်းမုနာဖစ်က်များအတွက် ဆုမွန်တောင်းခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားပေးခြင်းများသည် အကျိုးမရှိ၊ အချည်းနှီးသာဖြစ်ကြောင်း မိန့်ဆိုထားတော်မူရုံသာမက ငင်းတို့၏ သူသေများအတွက် ဂျနာဇဟ်ဆွဲလာတ်ဝတ်ပြုပေးခြင်းကိုပင် တားမြစ်တော်မူခဲ့၏။

ဤအာယတ်တော်တွင်ပါရှိသော ပုဂ္ဂိုလ်များကား အထက်ဖော်ပြပါ သူယုတ်မာများကဲ့သို့မဟုတ်၊ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏ ဝန်ချတောင်းပန်ချက်ကို လက်ခံတော်မူခဲ့၏၊ ငင်းတို့၏အလှူပစ္စည်းများကို လက်ခံရန်လည်း အမိန့်ပေးတော်မူခဲ့၏၊ ငင်းတို့အတွက် အခါမရွေး ဆုတောင်းပေးရန် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အားလည်း အမိန့်ပေးတော်မူခဲ့၏။

① ဝန်ချတောင်းပန်ခြင်းဖြင့် ယခင်ကပျက်ကွက်ခဲ့သော ကျူးလွန်မိခဲ့သော အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိနိုင်၏။ သို့ရာတွင် ယင်းသို့လွတ်ငြိမ်းချမ်းသာခွင့်ရရှိသော ပုဂ္ဂိုလ်များသည် နောက်နောင် မည်သို့မည်ပုံလုပ်ကြမည်၊ အဘယ်မျှမှန်ကန်ကြမည်၊ အဘယ်မျှတည်ကြည်ကြမည်ကို စောင့်ကြည့်ကြရပေမည်။

ဤစစ်ပွဲတွင်ပျက်ကွက်မိက နောင်ဖြစ်ပွားမည့်စစ်ပွဲများတွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ခေတ်၌သော်လည်းကောင်း၊ "ခလီဖဟ်" သမ္မတကြီးများ၏ ခေတ်များ၌သော်လည်းကောင်း၊ ထိုပုဂ္ဂိုလ်များသည် မည်သို့ပြုလုပ်ကြမည်ကို တွေ့မြင်ကြရပေမည်။ ထို့နောက်တဖန် အတွင်းအပြင်၊ မျက်မှောက်၊ မျက်ကွယ်အားလုံးတို့ကို အကြွင်းမဲ့သိတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်သို့ ရောက်ကြရမည်၊ မိမိတို့၏ပြုကျင့်ခဲ့ကြသည့် အကုသိုလ်၊ ကုသိုလ်များနှင့်စပ်လျဉ်း၍ ကျိုးပြစ်ခံ၊ စံကြရမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသော အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူပေရာ လူသားအားလုံးတို့အား ငင်းတို့၏အခြေအနေအမှန်နှင့်အညီ ကျိုးပြစ်စီရင်တော်မူမည်သာဖြစ်သည်။

وَءَاخَرُونَ مُرْجَوْنَ لِأَمْرِ ٱللَّهِ إِمَّا يُعَذِّبُهُمْ وَإِمَّا يَتُوبُ عَلَيْهِمْ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿١٠٦﴾

၁၀၆။ ၎င်းပြင် အခြား သူတို့သည်လည်း ရှိကြကုန်၏၊ [၁] ထိုသူတို့၏အရေးကိစ္စမှာ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်(ကျရောက်သည်)အထိ ရွှေ့ဆိုင်းထားပြီး ဖြစ်ချေသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူသည်ဖြစ်စေ၊ ၎င်းတို့၏ဝန်ချတောင်းပန်ချက်ကို သဘောတူ လက်ခံတော်မူသည်ဖြစ်စေ၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်း တို့ကို သိတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① မဒီနာမြို့သားများအတွက် အုပ်စုလေးတခုအကြောင်းကို ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ အဖြစ်ကား တဗူးက်စစ်မြေပြင်သို့ လိုက်ပါမသွားဘဲ နောက်ပိုင်းတွင် ချန်ရစ်နေခဲ့ကြသောသူများမှာ သုံးမျိုးသုံးစားရှိသည်။

၁။ မုနာဖစ်က်များ၊ ၎င်းတို့သည် သဲသယဖြစ်မှု၊ အရေခြုံမှုများကြောင့် သီးသန့်နေခဲ့ကြ၏။

၂။ အချို့မုအ်မင်န်များ၊ ၎င်းတို့သည် သက်သက်ပျင်းရိမှု၊ ရေသာခိုမှု၊ အလွယ်ကြိုက်မှုများကြောင့် ဂျိဟာဒ်စစ်ပွဲသို့ မလိုက်ပါဘဲ ချန်နေခဲ့ကြ၏။

၃။ အထက်ပါ နံပါတ်(၂)အမျိုးအစားတွင်ပါရှိသော မုအ်မင်န်များသည် နှစ်မျိုးနှစ်စားရှိပြန်၏။

(က) ၎င်းတို့အနက် အများစုမှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္ဆလ်မ်) စစ်ပွဲမှ ပြန်လည်ကြွရောက်လာတော်မူသည့် အကြောင်းကို ကြားလျှင်ကြားခြင်း ၎င်းတို့သည် မိမိတို့ကိုယ်ကို ဗလီတိုင်များ၌ တုပ်နှောင်ထားလိုက်ကြလေသည်။ ၎င်းတို့၏အကြောင်း ကုရ်အာန်ကျမ်းမြတ် (၉း၁၀၂)တွင်လည်း ပါရှိခဲ့လေပြီ။
(ခ) ပုဂ္ဂိုလ်သုံးဦးပါဝင်သော အုပ်စုလေးတခု ရှိသေးသည်၊ ၎င်းတို့သည် မိမိတို့ကိုယ်ကို ဗလီတိုင်များ၌ တုပ်နှောင်ထားခဲ့ကြသည်လည်းမရှိ၊ တစုံတရာ အကြောင်းပြခဲ့သည်လည်းမရှိ၊ အဖြစ်အပျက်အမှန်နှင့် မိမိတို့၏ ချွတ်ယွင်းချက်များကိုသာ အမှန်အတိုင်း ခရေစေ့တွင်းကျ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္ဆလ်မ်)ထံ အစီရင်ခံခဲ့ကြလေသည်။ ဤအာယတ်တော်သည် ယင်းပုဂ္ဂိုလ်သုံးဦးတို့နှင့် ပတ်သက်၍ ကျရောက်လာခြင်းဖြစ်ပေသည်။

ဤအာယတ်တော်၏ အလိုသဘောကား ယင်းသုံးဦးတို့၏ ပြဿနာကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကျရောက်လာသည်အထိ ရက်အနည်းငယ် ရွှေ့ဆိုင်းထားမည်ဖြစ်သည်၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ "ဟစ်က္မတ်" ဩဇာဏ်တော်နှင့်အညီ ၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူလိုက ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်၊ ချမ်းသာခွင့်ပေးတော်မူလိုက ချမ်းသာခွင့်ပေးတော်မူမည် ဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္ဆလ်မ်)သည် ၎င်းတို့နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်တော်ကျရောက်လာသည့် တိုင်အောင် ၎င်းတို့သုံးဦးအား သွန်သင်ပဲ့ပြင်ဆုံးမရန်အလို့ငှာ ၎င်းတို့သုံးဦးနှင့် အဆက်ဖြတ်ထားရန် ➤➤

وَالَّذِينَ اتَّخَذُوا مَسْجِدًا ضِرَارًا وَكُفْرًا وَتَفْرِيقًا بَيْنَ الْمُؤْمِنِينَ وَإِرْصَادًا لِّمَنْ حَارَبَ اللَّهَ وَرَسُولَهُ مِن قَبْلُ ۚ وَلَيَحْلِفُنَّ إِنْ أَرَدْنَا إِلَّا الْحُسْنَىٰ ۖ وَاللَّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ ﴿١٠٧﴾

၁၀၇။ ထိုမှတစ်ပါး(၎င်းတို့တွင်) အကြင်သူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည် "မတ်စ်ဂျစ်ဒ်" ဗလီဝတ်ကျောင်းတဆောင်ကို (အစ္စလာမ်သာသနာတော်နှင့်မွတ်စ်လင်မ်တို့အား) အကျိုးယုတ်စေခြင်းငှာလည်းကောင်း၊ (နဗီတမန်တော်မြတ်အား ကဲ့ရဲ့ခြင်းအားဖြင့်) သွေဖည်ငြင်းပယ်ခြင်းငှာလည်းကောင်း၊ မွတ်စ်လင်မ်တို့ အချင်းချင်းတွင် သွေးခွဲခြင်းငှာလည်းကောင်း၊ ယခင်က အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာဇူလ်တမန်တော်မြတ်အား တိုက်ခိုက်ခဲ့ကြသောသူများ ကင်းထောက်ရာဌာနတခု ရရှိစေခြင်းငှာလည်းကောင်းတည်ဆောက်ခဲ့ကြကုန်၏။ [၁]

တစ်ဖန် ထိုသူတို့က "ကျွန်တော်မျိုးတို့သည် အကောင်းကိုသာ ရည်စူးခဲ့ကြပါသည်" ဟု ကျိန်ဆိုကြပေလိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့. ၏ကန်မလွဲ မုသာဝါဒီများ ဖြစ်ကြသည်ကို သက်သေခံတော်မူ၏။

➤➤ မွတ်စ်လင်မ်တို့အား အမိန့်ပေးတော်မူခဲ့လေသည်။ ရက်ပေါင်း (၅၀)တိုင်တိုင် ဤအတိုင်းပင် မပြီးမပြတ်ဘဲ ရှိနေခဲ့၏။ ထို့နောက်သော် ၎င်းတို့သုံးဦးသည် လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားခဲ့ကြလေသည်။ ဤပုဂ္ဂိုလ်သုံးဦးတို့၏ အကြောင်းကို ကုရ်အာန်ကျမ်းမြတ်(၉း၁၁၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။

ထိုပုဂ္ဂိုလ်သုံးဦးတို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကအ်ဗ် အစ်ဗ်န မာလစ်က်။

၂။ ဟိလာလ် အစ်ဗ်န အုမိုင်ယဟ်။

၃။ မုရာရဟ် အစ်ဗ်န အလ်ရဗီအ်။

① အထက်တွင် အကြင်မွတ်စ်လင်မ်တို့၏အကြောင်းပါရှိ၏၊ ၎င်းတို့သည် 'ဂျီဟာဒ်' ပြုလုပ်ခြင်းမှ ချန်ရစ်ခဲ့ကြသည့် အတွက် အမြင်၌ ကောင်းမှုတရပ်ကို စွန့်လွှတ်ခဲ့ကြပေသည်။ သို့ရာတွင် ၎င်းတို့၏ ယုံကြည်ချက်မှန်ကန်မှုနှင့် အမှားဝန်ခံမှုများကြောင့် ၎င်းတို့သည် လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားခဲ့ကြပေသည်။ ယခု ဤအာယတ်တော်များတွင် အကြင်အုပ်စုတခု၏အကြောင်း မိန့်ဆို ထားတော်မူ၏၊ ၎င်းတို့သည် မျက်မြင်အားဖြင့် ကောင်းသောအရာကို ပြုလုပ်ကြ၏၊(၀၊)ဗလီတည်ဆောက်ကြ၏။ သို့ရာတွင် စိတ်စေတနာမဖြူစင်မှု၊ ယုံကြည်ချက်မှားယွင်းမှု ➤➤

(တစ်နည်း)

ဂင်းပြင် (ထိုသူများတွင်) အကြင်သို့သော သူများလည်းရှိကြ၏၊ ဂင်းတို့သည် (အစ္စလာမ်ကို) ကျိုးယုတ်နစ်နာစေရန်လည်းကောင်း၊ ကုဖ်ရ်၏စကား ပြောဆိုရန်လည်းကောင်း၊ မုအ်မင်န်တို့စပ်ကြားတွင် သွေးခွဲရန်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏တမန်တော်မြတ်အား ယခင်ကပင် ဆန့်ကျင် တိုက်ခိုက်ခဲ့သောသူတို့ တည်းခိုစေရန် အတွက်လည်းကောင်း၊ ဗလီတလုံး တည်ဆောက်ခဲ့ကြသည်။

ဂင်းပြင် ထိုသူများက "ကျွန်ုပ်တို့သည် အကောင်းမှတပါး အခြား မည်သည့်အရာကိုမျှ ရည်စူးခဲ့ကြသည် မဟုတ်ပါ" ဟု မုချကျိန်ဆိုကြလိမ့်မည်။ သို့ရာတွင် မုချဇကန် ဂင်းတို့သည် မုသာဝါဒီများဖြစ်ကြသည်ကို အလ္လာဟ်အရှင်မြတ် အသိသက်သေဖြစ်တော်မူသည်။

➤➤ များကြောင့် ဂင်းတို့၏ ဗလီတည်ဆောက်ခြင်းသည်ပင် ဂင်းတို့အဖို့ အကောင်းမဖြစ်၊ အဆိုးသာ ဖြစ်သွားရလေသည်။

"မတ်စ်ဂျစ်ဒ်သွားရာရှ် 'နှင့်' မတ်စ်ဂျစ်ဒ်ကုဗာ"

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မက္ကာမြို့တော်မှ "ဟစ်ဂျ်ရတ်" ပြုလုပ်၍ မဒီနာမြို့တော်သို့ ရွှေ့ပြောင်းသွားတော်မူခဲ့သည့်အခါ မဒီနာမြို့၏အပြင်ဘက် ဆင်ခြေဖုံးတွင် နေထိုင်လျက်ရှိသော "အမ်ရ်အစ်ဗ်နအောက်ဖ်" မျိုးနွယ်၏ ရပ်ရွာတွင် ဦးစွာပထမ စခန်းချနေတော်မူခဲ့၏။ ထို့နောက် ရက်အနည်းငယ်ကြာသောအခါ မဒီနာမြို့တွင်းသို့ ကြွသွားတော်မူခဲ့လေသည်။ ပြီးနောက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မဒီနာမြို့တွင် 'မတ်စ်ဂျစ်ဒ်နဗဝီ' ဗလီကျောင်းတော်ကို တည်ဆောက်တော်မူလေသည်။ အမ်ရ် အစ်ဗ်နအောက်ဖ်၏ ရပ်ရွာ၌ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ယခင် တည်းခိုနေတော်မူခဲ့စဉ်က အမြဲတစေ ဆွလာတ်ဝတ်ပြုတော်မူလေ့ရှိသော နေရာတွင် ထိုရပ်ရွာရှိ မွတ်စ်လင်မ်များသည် ဗလီတစ်လုံး တည်ဆောက်ခဲ့ကြလေသည်၊ ထိုဗလီသည် "မတ်စ်ဂျစ်ဒ်ကုဗာ" ဟူ၍ ကျော်ကြားခဲ့သည်။ (ယနေ့ထက်တိုင်လည်း တည်ရှိနေသည်။) တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အများအားဖြင့် စနေနေ့များတွင် မတ်စ်ဂျစ်ဒ်ကုဗာသို့ သွားရောက်၍ ဆွလာတ်နှစ်ရကအတ် ဝတ်ပြုတော်မူလေ့ရှိသည်။ ➤➤

➤➤ မတ်စ်ဂျစ်ဒ်ကုဗာ၌ ဆွေးနွေးတိုင်ပင်ပြုခြင်း၏ အကျိုးများပြားလှကြောင်းကိုလည်း မိန့်ကြားတော်မူလေ့ရှိသည်။

အချို့မုနာဖစ်က်များသည် 'မတ်စ်ဂျစ်ဒ်ကုဗာ' ၏ အနီးဘို့ပင် ယှဉ်ပြိုင်ဗလီတလုံး တည်ဆောက်ကြလေသည်။ ထိုယှဉ်ပြိုင်ဗလီတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်မှာ မိမိတို့အုပ်စုကို သီးသန့်ပြုလုပ်ရန်နှင့် အချို့ရိုးသားသော မွတ်စ်လင်မ်တို့အား မတ်စ်ဂျစ်ဒ်ကုဗာမှ မိမိတို့ဘက်သို့ ဖဲ့ထုတ်ဆွဲယူရန်ပင်ဖြစ်သည်။

အမှန်စင်စစ် ဤသည့် မကောင်းသောအကြံအစည်ကို စတင်ဖြစ်ပေါ်စေခဲ့သူမှာ 'အဗူအာမစ်ရ် ရာဟစ်ဗ် ခတ်ဧရဂျီ' အမည်ရှိ သူယုတ်မာတစ်ယောက်ဖြစ်သည်။ ထိုသူသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဟစ်ဂျရတ် မပြုလုပ်တော်မူမီအလျင်က နဆွရာနီဖြစ်၍ ရသေ့ဝတ်နှင့်နေခဲ့လေသည်။ မဒီနာမြို့နှင့်ပတ်ဝန်းကျင်မှ လူအများသည် အထူးသဖြင့် ခတ်ဧရဂျ်မျိုးနွယ်ဝင်များသည် ထိုသူ့အား အထူးတလည်ရိုသေမြတ်နိုးခဲ့ကြလေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မဒီနာမြို့သို့ ရောက်ရှိလာတော်မူပြီး အစွလာမ့်ရောင်ခြည်ထွန်းလင်း တောက်ပလာသည့်အခါ အဗူအာမစ်ရ်ရာဟ်စ်ဗ် ခတ်ဧရဂျီနှင့် ၎င်းကဲ့သို့သော ရသေ့များ၏ အယောင်ဆောင်မှု၊ လှည့်စားမှု၊ ဖြားယောင်းမှုများသည် ပေါ်လွင်ထင်ရှားသွားလေတော့သည်။ သူရိယနေမင်း၏ ရှေ့မှောက်တွင် ဆီမီးခွက်ကို မည်သူအလိုရှိအံ့နည်း၊ အဗူအာမစ်ရ်သည် ဤသည့်အခြင်းအရာကို တွေ့မြင်ရသောအခါ အထူးပင် မကျေမနပ် ဖြစ်သွားလေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဗူအာမစ်ရ်အား အစွလာမ်သာသနာကို သက်ဝင်ယုံကြည်ရန် ဖိတ်ခေါ်၍ "ကျွန်ုပ်သည် တမန်တော် အစ်ဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)၏ မူရင်းသာသနာကို ယူဆောင်လာခဲ့ပါသည်" ဟု မိန့်ကြားတော်မူလေသည်။ အဗူအာမစ်ရ်က 'ကျွန်ုပ်သည် တမန်တော် အစ်ဗ်ရာဟီမ်၏ သာသနာ့အပေါ်၌ ယခင်ကပင် ရပ်တည်လျက်ရှိပါသည်၊ သို့ရာတွင် အသင်တို့သည် တမန်တော်အစ်ဗ်ရာဟီမ်၏ သာသနာတွင် ထိုသာသနာနှင့် ဆန့်ကျင်သည့်အရာများကို မိမိတို့ဘက်မှ ထည့်သွင်းထားကြသည်' ဟု ပြန်လည်ပြောဆိုလေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဗူအာမစ်ရ်၏ စကားကို လေးနက်ပြင်းထန်စွာ ကန့်ကွက်ချေပတော်မူလေသည်။ နောက်ဆုံးတွင် အဗူအာမစ်ရ်က 'ကျွန်ုပ်တို့အနက် အကြင်သူသည် မုသားပြောဆိုသူဖြစ်အံ့၊ ထိုသူ့အား အလ္လာဟ်အရှင်မြတ်သည် တိုင်းပြည်မှ နှင်ထုတ်တော်မူ၍ အလွန်ဝေးလံသော နေရာ၌ တစ်ကိုယ်တည်း ဆင်းဆင်းရဲရဲ အသေဆိုးနှင့် သေစေတော်မူပါစေသတည်း" ဟု ထုတ်ဖော်တိုင်တည်ရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "အာမီးန်" (အလ္လာဟ်အရှင်မြတ်သည် ဤအတိုင်းပင် ပြုလုပ်တော်မူပါစေသား) ဟု မိန့်ဆိုတော်မူလိုက်လေသည်။

'ဗဒ်ရ်' စစ်ပွဲပြီးဆုံးသည့်နောက်ပိုင်းတွင် အစွလာမ်သာသနာ၏ အခြေအနေများသည် တောင့်တင်းခိုင်မြဲလာခဲ့၏။ မွတ်စ်လင်မ်တို့သည်လည်း အထူးပင် တိုးတက်ကြီးပွားလာခဲ့ကြ၏။ အစွလာမ်ရန်သူများသည် အထူးပင် စိုးရိမ်ကြောင့်ကြလာခဲ့ကြ၏၊ ထိုအခါ အဗူအာမစ်ရ်သည် မဒီနာမြို့မှ မက္ကာမြို့တော်သို့ ရောက်ရှိလာခဲ့ပြီး နောက်၊ မက္ကာမြို့သား ကာဖိရ်များအား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် လှုံ့ဆော်ကာ မွတ်စ်လင်မ်တို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် သွေးဆောင် စည်းရုံးခဲ့လေသည်။ 'အုဟွဒ်'စစ်ပွဲတွင် ကုရိုက်ရှ်စစ်သည်များနှင့်အတူ မိမိကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့လေသည်။ စစ်ပွဲစတင်မဖြစ်ပွားမီအလျင် အဗူအာမစ်ရ်သည် ရှေ့သို့ထွက်၍ အမိုက်ခေတ်တွင် မိမိအား ရဟန်းတဆူဟု ယုံကြည်မြတ်နိုးခဲ့ကြသော အန်ဆွာရ်တို့အား မိမိဘက်သို့ ယိမ်းယိုင်လိုက်ပါလာကြရန် ဖိတ်ကြားပြောဆိုလေရာ အန်ဆွာရ်များက 'အိုး-သူယုတ်၊ အိုး-အလ္လာဟ်အရှင်မြတ်၏ ရန်သူ၊ အသင်၏ မျက်စိများသည် အဘယ်သော အခါမျှ ကြည်အေးခြင်း ➤➤

➤➤ မဖြစ်ပါစေနှင့်၊ ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်၏ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အား ဖဲကြဉ်၍ အသင့်အား အသို့လျင် ကူညီထောက်ပံ့နိုင်ကြအံ့နည်း" ဟု ဖြေကြားလေသည်။ ယင်းသို့ အန်ဆွာရ်များ၏ အဖြေကိုကြားလိုက်ရသောအခါ အဗူအာမစ်ရ်သည် မျှော်လင့်ချက်ကုန်၍ ဒေါသထွက်လာကာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား 'အို-မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) နောက်နောင် မည်သည့်လူမျိုးမဆို အသင်နှင့် ပြိုင်ဆိုင်တိုက်ခိုက်လျှင် ကျွန်ုပ်သည် ထိုလူမျိုးအား အထူးတလည် ကူညီအားပေးမည်" ဟု ပြောဆိုလေသည်။ ယင်းသို့ပြောဆိုခဲ့သည့်အတိုင်းလည်း အဗူအာမစ်ရ်သည် 'ဟုနိုင်န်' စစ်ပွဲဖြစ်ပွားသည့်အထိ ကာဖိရ်စစ်သည်များနှင့် ပူးပေါင်း၍ စစ်ပွဲတိုင်းတွင် မွတ်စ်လင်မ်တို့အား တိုက်ခိုက်ခဲ့လေသည်။ 'အုဟွဒ်စစ်ပွဲတွင် အဗူအာမစ်ရ်၏ ယုတ်မာမှုကြောင့်ပင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၌ ဒဏ်ရာဖြစ်ခဲ့ရ၏။ အဗူအာမစ်ရ်သည် မွတ်စ်လင်မ်စစ်သည်များနှင့် ကာဖိရ် စစ်သည်များ၏အကြားတွင် လျှို့ဝှက်စွာ တွင်းများတူးထားစေခဲ့၏။ ထိုတွင်းများရှိရာဒေသ၌ပင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မျက်နှာတော်၌ ဒဏ်ရာရရှိခဲ့၏၊ သွားတော်လည်း ရှဟီးဒ်ဖြစ်ခဲ့ရ၏။

'ဟုနိုင်န်' စစ်ပွဲပြီးဆုံးသည့်နောက်ပိုင်းတွင် အစ္စလာမ်သာသနာကို အရင်း၏ မည်သည့်အင်အားစုကမျှ မဖြိုဖျက်နိုင်တော့သည်ကို အဗူအာမစ်ရ်သိရှိသွားသောအခါ ၎င်းသည် ဆီရိယားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့လေသည်။ ထို့နောက် အဗူအာမစ်ရ်သည် ဆီရိယားနိုင်ငံမှ မဒီနာမြို့ရှိ မုနာဖစ်ဂ်များထံသို့ စာရေးညွှန်ကြားပြန်သည်မှာ . . .

> ကျွန်ုပ်သည် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန်အတွက် ရောမဘုရင်နှင့် တွေ့ဆုံ၍ အလွန်ကြီးမားသော စစ်တပ်ကြီးတစ်ခုကို ခေါ်ဆောင် လာခဲ့မည်၊ ထိုစစ်တပ်သည် တမုဟုတ်ချင်းအတွင်း၌ မွတ်စ်လင်မ်တို့အား လုံးဝချေမှုန်းပစ်လိမ့်မည်။
>
> အသင်တို့သည် ယခုလောလောဆယ် မတ်စ်ဂျစ်ဒ် ဗလီအမည်ဖြင့် အဆောက်အအုံတခုကို တည်ဆောက်ထားကြကုန်။ ထိုဗလီ၌ ဆွလာတ်ဝတ်ပြုမှုကို အကြောင်းပြု၍ စုရုံးကြပြီး အစ္စလာမ်နှင့် ဆန့်ကျင်၍ အမျိုးမျိုး ဆွေးနွေးတိုင်ပင် နှီးနှောကြမည်။ ကျွန်ုပ်၏ စာကိုလည်း စာပို့လုလင်သည် ထိုအမည်ခံဗလီ၌ပင် အသင်တို့ထံ လာရောက်ပေးပို့လိမ့်မည်။ ကျွန်ုပ်ကိုယ်တိုင်လည်း မဒီနာမြို့သို့ ရောက်သည့်အခါ ထိုဗလီ၌ပင် တည်းခိုမည်။

ဤသည်တို့ကား အဗူအာမစ်ရ်၏ ယုတ်မာလှသော အကြံအစည်များပင်ဖြစ်သည်၊ ဤသည့် ယုတ်မာလှသော အကြံအစည်များကို အကောင်အထည်ဖော်နိုင်ရန် အတွက်ကြောင့်သာ အဆိုပါ အမည်ခံဗလီကို တည်ဆောက်ခြင်းပင်ဖြစ်သည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ရှေ့မှောက်တွင် ထိုမုနာဖစ်ဂ်များက မိမိတို့ ဗလီတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ "အို-အလ္လာဟ်အရှင်မြတ်၏နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ပြောကြားပါမည်။ ကျွန်တော်တို့၏စိတ်စေတနာသည် မကောင်းမဟုတ်ပါ၊ မိုးရာသီ၊ ဆောင်းရာသီများတွင် အထူးသဖြင့် ရောဂါသည်များ၊ မသန်မစွမ်းသူများနှင့် အခြား အရေးကြီး ခွင့်ငယ်ရှိသူများသည် "မတ်စ်ဂျစ်ဒ်ကုဗာ" အထိ သွားရန်မလွယ်ကူပါ၊ ထို့အတွက်ကြောင့် ဤဗလီကို တည်ဆောက်ရခြင်းဖြစ်ပါသည်၊ ဤသို့တည်ဆောက်ခြင်းဖြင့် ဆွလာတ်ဝတ်ပြုသူများအဖို့ လွယ်ကူမှုရရှိမည်ဖြစ်ပါသည်၊ 'မတ်စ်ဂျစ်ဒ်ကုဗာ' တွင်လည်း နေရာကျပ်တည်းမှုပြဿနာလည်း ပြေလည်သွားမည်ဖြစ်ပါသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင် တကြိမ်တခါ ထိုဗလီသို့ ကြွရောက်၍ ဆွလာတ်ဝတ်ပြုပါလျှင် ➤➤

لَا تَقُمْ فِيهِ أَبَدًا ۚ لَمَسْجِدٌ أُسِّسَ عَلَى التَّقْوَىٰ مِنْ أَوَّلِ يَوْمٍ أَحَقُّ أَنْ تَقُومَ فِيهِ ۚ فِيهِ رِجَالٌ يُحِبُّونَ أَنْ يَتَطَهَّرُوا ۚ وَاللَّهُ يُحِبُّ الْمُطَّهِّرِينَ ﴿١٠٨﴾

၁၀၈။ (အို–နဗီတမန်တော်) အသင်သည် ထိုဗလီဝတ်ကျောင်းတွင် မည်သည့်အခါ၌မျှ ('ဆွလာတ်' ဝတ်ပြုရန်) မတ်တတ်မရပ်ပါလေနှင့်။ မုချဇကန်အကြင် "မတ်စ်ဂျစ်ဒ်" ဗလီဝတ်ကျောင်းတော်သည် ပထမနေ့မှစ၍ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန့်ညားခြင်းအပေါ်၌(မူတည်၍) အုတ်မြစ်ချခဲ့ပြီးဖြစ်၏။ အသင်သည် ထိုဗလီဝတ်ကျောင်းတော်၌ သာလျှင် ပိုမို၍ ရပ်ထိုက်၏။ ထိုဗလီဝတ်ကျောင်းတော်တွင် အလွန်သန့်ရှင်းစင်ကြယ်ကြရန် နှစ်သက်သောသူတို့သည် ရှိကြကုန်၏။ [၁]

➤➤ ကျွန်တော်များအဖို့. မုချမင်္ဂလာရှိပါမည်၊ ကောင်းခြင်း နိမိတ်လက္ခဏာလည်း ဖြစ်ပါမည်" ဟု မေတ္တာရပ်ခံကြလေသည်။ ဤသို့.မေတ္တာရပ်ခံခြင်းမှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အပြုအမူကို တွေ့မြင်၍ အချို့.ရိုးသားသော မွတ်စ်လင်မ်များသည် ရိုးသားစွာ တွေးခေါ်မြော်မြင်လေ့ရှိကြသည့်အလျောက် ၎င်းတို့.၏ညွှတ်ကွင်းတွင် ကျဆင်းစေရန်ပင်ဖြစ်သည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ထိုအချိန်တွင် 'တဗူးက်' စစ်ပွဲသို့ ကြွသွားရန် အသင့်ရှိနေတော်မူ၏။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "အလ္လာဟ်အရှင်မြတ် အလိုတော်ရှိလျှင် အပြန်တွင် ဤသို့.ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပေမည်" ဟု ဖြေကြားတော်မူလေသည်။ 'တဗူးက်' စစ်ပွဲမှ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ပြန်လည်၍ မဒီနာမြို့.အနီးသို့. ရောက်ရှိလာတော်မူသည့်အခါ ကောင်းကင်တမန် ဂျစ်ဗရာအီလ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်(၉း၁၀၇–၁၁၀)ကို ယူဆောင်၍ လာခဲ့လေသည်။ ဤ အာယတ်တော်များတွင် မုနာဖစ်က်တို့.၏ ယုတ်မာသော အကြံအစည်များကို ထုတ်ဖော်မိန့်ဆိုထားတော်မူသဖြင့် မုနာဖစ်က်တို့. ပရိယာယ်ဖြင့် တည်ဆောက်လိုက်သော ဗလီ၏ဖြစ်ရပ်မှန်သည် ပေါ်လွင်ထင်ရှားသွားပေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သာဝကကြီး မာလစ်က် အစ်ဗ်န ဒွတ်ခ်ရွန်မ်' နှင့် မအ်န်အစ်ဗ်နအဒီ' တို့.အား မုနာဖစ်က်တို့. တည်ဆောက်ထားသော အမည်ခံဗလီကိုဖြိုဖျက်ပစ်ရန် အမိန့်.ပေးတော်မူလေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမိန့်.တော်အရ အဆိုပါသာဝကကြီးနှစ်ပါးသည် ထိုအမည်ခံဗလီကို ချက်ချင်းပင် မီးတင်ရှို့.လိုက်ကြလေသည်။ ဤသို့.အားဖြင့် မုနာဖစ်က်များနှင့် 'အဗူအာမစ်ရ်'၏ မျှော်မှန်းချက်များသည် 'ခဲလေသမျှ သဲရေကျ' ဖြစ်သွားလေတော့သည်။ 'အဗူအာမစ်ရ်' သည်လည်း မိမိ၏ ဆုပန်ကြားချက်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ထိုဆုအပေါ် 'အာမီးန်' ဟု မြွက်ဆိုတော်မူခဲ့သည်နှင့်အညီ ဆီရိယားနိုင်ငံ 'ကင်စရိန်' ၌ တဦးတည်းဖြစ်ကာ အသေဆိုးဖြင့် သေသွားခဲ့လေသည်။

① အကြင်မတ်စ်ဂျစ်ဒ် ဗလီဝတ်ကျောင်းကို မလိုမုန်းတီးမှု၊ ကုဖ်ရ်၊ နိဖာက်၊ အစွလာမ်ကို ရန်ငြိုးထားမှု၊ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား သွေဖည်ဆန့်ကျင်မှုများဖြင့် ➤➤

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်သန့်ရှင်း စင်ကြယ်ကြကုန်သော သူတို့အား နှစ်မြို့တော်မူချေသတည်း။

أَفَمَنْ أَسَّسَ بُنْيَانَهُ عَلَىٰ تَقْوَىٰ مِنَ اللَّهِ وَرِضْوَانٍ

၁၀၉။ သို့ဖြစ်ပေရာ အကြင်သူသည် မိမိအဆောက်အအုံကို (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ခန့်ညားခြင်းအပေါ်၌လည်းကောင်း၊ (ထိုအရှင်မြတ်၏) ကျေနပ်မှုအပေါ်၌လည်းကောင်း အုတ်မြစ်ချခဲ့၏၊

➤➤ အကြောင်းပြု၍ တည်ဆောက်ထားအုံ၊ ထိုသို့သော မတ်စ်ဂျစ်ဒ်၌ (အိုး-နဗီ) အသင်သည် ဘယ်သောအခါ၌မျှ မတ်တတ်မရပ်ပါလေနှင့်၊ အမှန်မှာ ဆွလာတ်ဝတ်ပြုရန် လျော်ကန်သင့်မြတ်သည်မှာ အကြင် မတ်စ်ဂျစ်ဒ်ဗလီ၌ သာလျှင်ဖြစ်၏။ ထိုမတ်စ်ဂျစ်ဒ်ဗလီသည် ပထမနေ့မှစ၍ပင် 'တာက္ကဝါ' အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှု၊ သူတော်စင်တရားပွားများမှုအပေါ်တွင် အုတ်မြစ်ချခဲ့၏။ (ယင်းမတ်စ်ဂျစ်ဒ်သည် 'မတ်စဂျစ်ဒ်နဗဝီ' ဖြစ်စေ၊ မတ်စ်ဂျစ်ဒ်ကုဗာ' ဖြစ်စေ) ထိုမတ်စ်ဂျစ်ဒ်တွင် ဆွလာတ်ဝတ်ပြုကြသော မွတ်စ်လင်မ်များသည်လည်း ဒုစရိုက်မှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများနှင့် အညစ်အကြေးအားလုံးတို့မှ ရုပ်အားဖြင့်လည်းကောင်း၊ နာမ်အားဖြင့်လည်းကောင်း မိမိတို့ကိုယ်ကို သန့်ရှင်းအောင် အထူးကြိုးပမ်းကြ၏၊ ထို့အတွက်ကြောင့်လည်း အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား နှစ်သက်တော်မူပေသည်။

ဟဒီးဆ်ကျမ်းကြီးများတွင် လာရှိသည်မှာ ကုဗာရှိ မွတ်စ်လင်မ်တို့အား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "အလ္လာဟ်အရှင်မြတ်သည် သင်တို့၏သန့်ရှင်းမှုကို အထူးတလည် ချီးမွမ်းထားတော်မူသည်၊ အသင်တို့သည် အဘယ်သို့သော သန့်ရှင်းမှုကို ပြုလုပ်ကြသနည်း" ဟု မေးမြန်းတော်မူရာ ကုဗာရှိ မွတ်စ်လင်မ်များက 'ကျွန်တော်မျိုးတို့သည် ကျင်ကြီးကျင်ငယ် စွန့်ပြီးကြသောအခါ ပထမမြေခဲများဖြင့် သန့်ရှင်းအောင် ပြုလုပ် ကြပါသည်၊ ထို့နောက်တစ်ဖန် ရေဖြင့် ဆေးကြောသုတ်သင်ကြပါသည်" ဟု လျှောက်ထားကြလေသည်။ ဆိုလိုသည်ကား ကုဗာရှိမွတ်စ်လင်မ်များသည် သူငါအများ ပြုလုပ်လေ့ရှိကြသော သန့်ရှင်းမှုများထက်ပင် ပို၍ အထက်တွင် ဖော်ပြထားသည့်အတိုင်း သန့်ရှင်းမှုများကို အထူးတလည် ပြုလုပ်လေ့ရှိခဲ့ကြပေသည်။ ဤသည့် အချက်ကို ထောက်ရှုခြင်းအားဖြင့် ဤအာယတ်တော်တွင် ပါရှိသော (လမတ်စ်ဂျိဒ္ဒန် အွတ်စ်စိစ အလတ်တာက္ကဝါ) "တာက္ကဝါအပေါ်၌ အုတ်မြစ်ချထားခဲ့သော မတ်စ်ဂျစ်ဒ်" ဟူသည် 'မတ်စ်ဂျစ်ဒ်ကုဗာကို' ရည်ညွှန်းထားတော် မူကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

သို့ရာတွင် အချို့အာလင်မ် ပညာရှင်များက "ဤအာယတ်တော်တွင်လာရှိသည့် တာက္ကဝါပေါ်၌ အုတ်မြစ်ချထားခဲ့သော မတ်စ်ဂျစ်ဒ်သည် 'မတ်စ်ဂျစ်ဒ်နဗဝီ' တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မတ်စ်ဂျစ်ဒ်ကို ရည်ညွှန်းသည်" ဟု ဆိုလိုခဲ့ကြလေသည်။ ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ ပညာရှင်များသည် အထောက်ပင် အခြေအတင်စကား ပြောဆိုခဲ့ကြသည်။ ဤသည့် အကြောင်းနှင့်စပ်လျဉ်း၍ လာရှိသော 'ရိဝါယတ်' ကျမ်းချက်များကို ကျွန်ုပ်သည် ဆွဟီးဟ်မွတ်စ်လင်မ်ကျမ်း၏အဖွင့် 'ဖတဟွလ်မွတ်စ်လင်မ်' တွင် ညှိ၍ ရေးသားဖော်ပြထားပါသည်။

خَيْرٌ أَمْ مَّنْ أَسَّسَ بُنْيَانَهُ عَلَىٰ شَفَا جُرُفٍ هَارٍ فَانْهَارَ بِهِ فِي نَارِ جَهَنَّمَ ۗ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿١٠٩﴾

ထိုသူသည် ပို၍ကောင်းလေသလော။ သို့တည်းမဟုတ် အကြင်သူသည် ပို၍ကောင်းလေသလော။ ထိုသူသည် မိမိအဆောက်အအုံကို ပြိုကျအံ့ဆဲဆဲဖြစ်သော ချောက်ကမ်းပါးပေါ်၌ အုတ်မြစ်ချခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုအဆောက်အအုံသည် ထိုသူနှင့်တကွ 'ဂျဟန္နမ်' ငရဲဘုံ၏ မီးထဲသို့ ပြိုကျသွားခဲ့လေသည်။ [၁] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မတရားကျင့်မှု ပြုလုပ်သောသူတို့အား တရားလမ်းမှန်သို့ ပို့တော်မူသည်မဟုတ်ပေ။

لَا يَزَالُ بُنْيَانُهُمُ الَّذِي بَنَوْا رِيبَةً فِي قُلُوبِهِمْ إِلَّا أَنْ تَقَطَّعَ قُلُوبُهُمْ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿١١٠﴾

၁၁၀။ ၎င်းတို့တည်ဆောက်ခဲ့ကြသော အဆောက်အအုံများသည် *ဤသူတို့၏စိတ်နှလုံးများ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်မသွားသမျှကာလပတ်လုံး* [၂] ၎င်းတို့၏ စိတ်နှလုံးများတွင် အမြဲတစေ ထင်လျက်ပင် [၃] ရှိချေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကိုသိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

---

① အကြင်သူတစ်ဦးသည် မိမိ၏အဆောက်အအုံကို အလ္လာဟ်အရှင်မြတ်အား ရိုသေခန့်ညားမှု၊ ယုံကြည်မြတ်နိုးမှု၊ စိတ်စေတနာဖြူစင်မှု၊ ထိုအရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို လိုလားမှုများအပေါ်၌ တည်ဆောက်ထား၏၊ ထိုသူ၏ အဆောက်အအုံသည် အလွန်တရာမှ ခိုင်မြဲပေမည်၊ အမြဲတစေတည်ရှိပေမည်။ သို့ရာတွင် အကြင်သူတဦးသည် မိမိ၏အဆောက်အအုံကို ဒွိဟသံသယ မကင်းမှု၊ အယောင်ဆောင်မှု၊ ဖျားယောင်းမှုများအပေါ်၌ တည်ဆောက်ထား၏၊ ထိုသူ၏ အဆောက်အအုံသည် နုံနဲ့ပေမည်၊ ချူချာပေမည်၊ မကြာမီအတွင်း ပျက်စီးသွားပေမည်။ ဤသို့သော အဆောက်အအုံသည် ရေစား၍ ပြိုအံ့ဆဲဆဲဖြစ်နေသော ချောက်ကမ်းပါးပေါ်၌ တည်ဆောက်ထားသော အဆောက်အအုံနှင့်တူပေသည်။ ထိုအဆောက်အအုံသည် အနည်းငယ်မျှသော ကမ်းပြို သို့မဟုတ် ရေလှိုင်းရိုက်ပုတ်ရုံဖြင့် ပြိုလဲပျက်စီးသွားပေမည်၊ ထိုအဆောက်အအုံသာလျှင် ပြိုလဲပျက်စီးသွားမည်မဟုတ်၊ ထိုအဆောက်အအုံ၌ရှိသော ပစ္စည်းများနှင့် ထိုအဆောက်အအုံ၌ နေထိုင်သူအားလုံးပါ တပါတည်း ပျက်စီးသွားကြပေမည်။ ထို့အတူ မုနာဖစ်က်တို့၏ အယောင်ဆောင်မှု၊ ဖြားယောင်းမှု၊ ဒွိဟသံသယမကင်းမှုများနှင့်ပြီးသော၊ ချူချာနုံ့နဲ့လှသော အဆောက်အအုံသည်လည်း နောက်ဆုံးတွင် မုနာဖစ်က်များ နှင့်တကွ ဂျဟန္နမ် ငရဲမီးထဲသို့ ပြိုကျသွားမည်သာဖြစ်သည်။ ➤➤

إِنَّ اللَّهَ اشْتَرَىٰ مِنَ الْمُؤْمِنِينَ أَنفُسَهُمْ وَأَمْوَالَهُم بِأَنَّ لَهُمُ

၁၁၁။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့ထံမှ ထိုသူတို့၏ အသက်ဇီဝိန်များကိုလည်းကောင်း၊ ထိုသူတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း ထိုသူတို့အဖို့ ဂျန္နတ် အမတသုခဘုံ(သည် အစားပေးရန်) ရှိသည်ဟူ၍ ဝယ်ယူတော်မူခဲ့လေသည်။ [၁]

➤➤ အကျဉ်းအားဖြင့်ဖွင့်ဆိုရသော် ဤအာယတ်တော်တွင် အဆောက်အအုံနှစ်ခုကို ပုံပြမိန့်ဆိုထားတော်မူသည်။ အဆောက်အအုံတစ်ခုသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှုနှင့် ထိုအရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို လိုလားမှုအပေါ်၌ တည်ဆောက်ထား၏၊ အခြားအဆောက်အအုံတခုသည် သွေဖည်မှု၊ ငြင်းဆန်မှုများအပေါ်၌ တည်ဆောက်ထား၏။ ဖော်ပြပါ အဆောက်အအုံနှစ်ခုအနက် ပထမအဆောက်အအုံသည် ကောင်းမွန်လှ၏၊ အမြဲတစေထားရှိအပ်၏၊ ဒုတိယအဆောက်အအုံသည် ယုတ်ညံ့လှ၏၊ ဖြိုလဲပစ်ရန် သင့်၏။

③ **(အစ်လ္လာ အန်တကတ်တွအ ကုလူဗုဟွန်မ်)** "သို့ရာတွင် ၎င်းတို့၏ စိတ်နလုံးများ အပိုင်းပိုင်း ဖြစ်သွားခဲ့သည်ရှိသော်" ဟူသော ဝါကျ၏အနက်သဘောမှာ ၎င်းတို့ သေကျေပျက်စီး သွားကြပြီးနောက်ပိုင်းတွင် ၎င်းတို့၌ပူဆွေးမှုမရှိ၊ ချမ်းသာမှုရရှိမည်" ဟူ၍ မဟုတ်၊ ၎င်းတို့သည် အမြဲတစေ ဝမ်းနည်းကြေကွဲလျက်ရှိကြမည်ကို တင်စား မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

④ 'ရီဗဟ်' ဟူသောပုဒ်၏အဓိပ္ပာယ်မှာ ဒွိဟသံသယဟူ၍ဖြစ်သည်။ အလိုသဘောမှာ 'နိဖာက်' အယောင်ဆောင်မှုဖြစ်သည်။ ဆိုလိုသည်ကား ဤယုတ်မာဆိုးသွမ်းသော အပြုအမူ၏အကျိုးမှာ ယင်းမုနာဖစ်က်များအပေါ် သေခြင်းတရား မဆိုက်ရောက်သမျှ ကာလပတ်လုံး ၎င်းတို့၏ စိတ်နလုံးများတွင် 'နိဖာက်' အယောင်ဆောင်မှုသည် အမြဲတစေ စွဲကပ်လျက်ပင်ရှိချေမည်။ ဤသည့်သဘောကိုပင် ကုရ်အာန်ကျမ်းမြတ် (၉း၇၇) တွင်လည်း (فَأَعْقَبَهُمْ نِفَاقًا فِي قُلُوبِهِمْ إِلَىٰ يَوْمِ يَلْقَوْنَهُ بِمَا أَخْلَفُوا اللَّهَ) ဟူ၍ ဖွင့်ဟ မိန့်ဆိုထားတော်မူသည်။

အချို့ အာလင်မ်ပညာရှင်များက "ရီဗဟ်" ဟူသောပုဒ်၏ အဓိပ္ပာယ်ကို စိတ်ခုခြင်း၊ စိန်နာခြင်း၊ မကျေမနပ် ဖြစ်ခြင်းဟူ၍ ဘာသာပြန်ဆိုကြသည်။ ဆိုလိုသည်ကား ယုတ်မာသော ရည်ရွယ်ချက်များဖြင့် မုနာဖစ်က်များ တည်ဆောက်ခဲ့ကြသော အဆောက်အအုံနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကြိုတင် အသိပေးတော်မူလိုက်သည့်အတွက် ယင်းမုနာဖစ်က်တို့၏ ယုတ်မာသော အကြံအစည် အားလုံးတို့သည် ပျက်စီးသွားခဲ့လေသည်။ ဤသို့အကြံအစည် မအောင်မြင်ဘဲ ခဲလေသမျှ သဲရေကျ ဖြစ်ကြရသည့်အတွက် မုနာဖစ်က်များသည် အမြဲတစေစိတ်ခုလျက်၊ စိတ်နာလျက်၊ ဆွေးလျက်၊ မကျေမနပ်ဖြစ်လျက်၊ ကျိတ်မနိုင် ခံမရဖြစ်လျက်ပင် ရှိနေကြပေမည်" ဟူ၏။

ဖော်ပြပါအယူအဆ နှစ်ရပ်အနက် ပထမအယူအဆသည် ပိုမိုသင့်မြတ်သည်။ အစ်ဗ်နကဆီရ်ကျမ်းတွင်လည်း ဤအတိုင်းဖွင့်ဆိုရေးသားထားပေသည်။

⑤ **<u>ထုတ်ပြန်ပို့ချတော်မူသည့်အကြောင်း။</u>**

မုဟမ္မဒ် အစ်ဗ်နကအ်ဗ် အလ်ကုရ်တွည်နှင့် အခြားပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်မှာ သာဝကကြီး အဗ်ဒွလ္လာဟ်အစ်ဗ်နရဝါဟဟ်သခင်က 'အကဗဟ်'ညဉ့်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု ➤➤

الْجَنَّةَ يُقَاتِلُوْنَ فِيْ
سَبِيْلِ اللّٰهِ فَيَقْتُلُوْنَ
وَ يُقْتَلُوْنَ ۣ وَعْدًا عَلَيْهِ
حَقًّا فِي التَّوْرٰىةِ
وَالْاِنْجِيْلِ وَالْقُرْاٰنِ ؕ
وَمَنْ اَوْفٰى بِعَهْدِهٖ مِنَ
اللّٰهِ فَاسْتَبْشِرُوْا بِبَيْعِكُمُ
الَّذِيْ بَايَعْتُمْ بِهٖ ؕ وَذٰلِكَ
هُوَالْفَوْزُ الْعَظِيْمُ ﴿۱۱۱﴾

ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ စက်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်၏။ သို့ဖြစ်ပေရာ (ရဲဖန်ရဲခါ) ထိုသူတို့သည် (ရန်သူတို့အား) သတ်ဖြတ်ကြ၍ (ရဲဖန်ရဲခါ) ထိုသူတို့သည် (ရန်သူတို့၏) သတ်ဖြတ်မှုကို ခံကြရကုန်၏။ ထို အရှင်မြတ်သည် မိမိ၏အပေါ်၌ တာဝန်ရှိကြောင်း၊ 'တောင်ဝ်ရာတ်' ကျမ်းမြတ်တွင်လည်းကောင်း၊ 'အင်ဂ်ဂျီလ်' ကျမ်းမြတ်တွင်လည်းကောင်း၊ ကုရ်အာန်ကျမ်း တော်မြတ်တွင်လည်းကောင်း၊ မှန်ကန်စွာ ကတိပြု ထားတော်မူခဲ့လေသည်။

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်ထက် ပို၍ မိမိ၏ကတိကို ပြည့်စုံပြီးစီးအောင် ဆောင်ရွက်သူ မည်သူရှိသနည်း။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ ဝမ်းမြောက် ပျော်ရွှင် ကြလေကုန်။ အမှန်သော်ကား ဤသည် သာလျှင် အလွန် ကြီးကျယ် မြင့်မြတ်လှစွာသော အောင်မြင်မှုပင်တည်း။

➤➤ အလိုင်ဟိဝစလ္လမ်) အား "အသင်သည် မိမိ၏ အရှင်မြတ်အတွက် လည်းကောင်း၊ မိမိအတွက် လည်းကောင်း၊ အလိုရှိသည့်အတိုင်း စည်းကမ်းသတ်မှတ်တော်မူပါ" ဟုလျှောက်ထားရာ၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) က "အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြရမည်၊ ထိုအရှင်မြတ်နှင့်တွဲဖက်၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြနှင့်၊ ဤသည် ကျွန်ုပ်၏ အရှင်နှင့်ပတ်သက်သည့် စည်းကမ်းချက်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် မိမိတို့၏ အသက်စည်းစိမ်များကို ကာကွယ်ထိန်းသိမ်းကြသကဲ့သို့ ကျွန်ုပ်အားလည်း ကာကွယ်ထိန်းသိမ်းကြရမည်၊ ဤသည် ကျွန်ုပ်နှင့်ပတ်သက်သော စည်းကမ်းချက်ပင်ဖြစ်သည်" ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ သာဝကကြီးများက "ယင်းသို့ ကျွန်ုပ်တို့ လိုက်နာဆောင်ရွက်ကြသည်ရှိသော် ကျွန်ုပ်တို့အဖို့ မည်သို့သောအကျိုးရှိအုံ့နည်း" ဟု လျှောက်ထားကြပြန်ရာ၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က "ဂျန္နတ်ရရှိကြမည်" ဟု မိန့်မှတ်တော်မူလေသည်။ ထိုသာဝကကြီးများက 'ဤအရောင်းအဝယ်ကား မြတ်လှဘိသည်၊ ကျွန်ုပ်တို့သည် ဤအရောင်းအဝယ်ကို ရပ်သိမ်းကြမည်မဟုတ်၊ ရပ်သိမ်းရန် ပြောဆိုကြမည်လည်း မဟုတ်' ဟု လျှောက်ထားကြလေသည်။ ထိုအချိန်တွင်ပင် ဤအာယတ်တော် ကျရောက်လာခဲ့လေသည်။ (အစ်ဗ်နကဆီရ်၊ အစောင်-၂၊ စ-၃၉၁။ အစ်ဗ်နဂျရီရ်၊ အစောင်-၁၁၊ စ-၂၇။)

اَلتَّآئِبُوْنَ الْعٰبِدُوْنَ
الْحٰمِدُوْنَ السَّآئِحُوْنَ
الرّٰكِعُوْنَ السّٰجِدُوْنَ
الْاٰمِرُوْنَ بِالْمَعْرُوْفِ
وَالنَّاهُوْنَ عَنِ الْمُنْكَرِ
وَالْحٰفِظُوْنَ لِحُدُوْدِ اللّٰهِ ؕ
وَبَشِّرِ الْمُؤْمِنِيْنَ ﴿١١٢﴾

၁၁၂။ ထို စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြသော (မုဂ္ဂဟစ်ဒ်များသည်) ဝန်ချ တောင်းပန်လျက် ရှိကြသူများ၊ ဝတ်ပြုလျက် ရှိကြသူများ၊ ချီးမွမ်း ထောမနာပြုလျက်ရှိကြသူများ၊ ဥပုသ်သီလ ဆောက် တည်လျက် [၁] ရှိကြသူများ၊ 'ရုကူအ်' ဦးညွှတ်လျက် ရှိကြသူများ၊ 'စဂျဒဟ်' ပျပ်ဝပ်ဦးချလျက်ရှိကြသူများ၊ ထို့ပြင် ကောင်းမှုများကို အမိန့်ပေးညွှန်ကြားလျက် ရှိကြသူများ၊ မကောင်းမှုများမှ တားမြစ်လျက်ရှိကြ သူများ ဖြစ်ကြကုန်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ် ၏ စည်းကမ်းများကို စောင့်စည်းထိန်းသိမ်းသူများ ဖြစ်ကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား သတင်း ကောင်း ပြောကြားပါလေ။

---

① (စာအေ့ဟူန) ဟူသောပုဒ်သည် (စိယာဟဟ်) ဟူသော မူရင်းပုဒ်မှ ဆင်းသက်လာသည်။ ယင်းပုဒ်၏မူရင်း အနက်မှာ ခရီးသွားလာခြင်းဖြစ်သည်။ မုဖတ်စ်စစ်ရ်ခေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ အဖွင့်စီရင်ရေးသားကြသော ဆရာတော်များသည် 'စာအေ့ဟူန'-ဟူသော ပုဒ်၏အနက်ကို အောက်ပါအတိုင်း အမျိုးမျိုးဖွင့်ဆိုရေးသားကြသည်။

(၁) အချို့က 'စာအေ့ဟူန' ၏ အနက်သဘောမှာ 'ဆွီယာမ် ဥပုဒ်သီလ ဆောက်တည်ကြသောသူများ ဖြစ်သည်' ဟူ၍ ဆိုကြသည်၊ အဘယ့်ကြောင့်ဆိုသော် ဆွီယာမ်ဥပုဒ်သည်များသည် စားဖွယ် သောက်ဖွယ်နှင့် အခြားနှစ်လိုဖွယ်ရာ အားလုံးကိုသံယောဇဉ်ဖြတ်၍ ဝိညာဉ်လောက၊ ကောင်းကင်တမန် များလောကတွင် ခရီးသွားလာလျက်ရှိသော ခရီးသည်များ ဖြစ်ကြပေသည်။

(၂) အချို့က 'စာအေ့ဟူန' ၏ အနက်သဘောမှ 'ဟစ်ဂျရတ်' ပြုလုပ်ကြသော 'မုဟာဂျိရိန်' များဖြစ်သည်ဟု ဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် 'မုဟာဂျိရိန်' များသည် မိမိတို့၏ အိုးအိမ်များနှင့် သံယောဇဉ်ဖြတ်၍ 'ဒရုလ်အစ္စလာမ်' 'အစ္စလာမ့်တိုင်းပြည်'တွင် သွားရောက်နေထိုင်ကြသည်။

(၃) အချို့က 'စာအေ့ဟူန' ၏ အနက်သဘောမှာ "အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ ဂျီဟာဒ်ပြုလုပ်ကြသော 'မုဂ္ဂဟစ်ဒ်' များဖြစ်သည်" ဟုဆိုကြသည်။ ထိုသူတို့သည် မိမိတို့၏ အသက်ဇီဝိန်များနှင့်ပင် သံယောဇဉ်ဖြတ်၍ အစွန့်ကြီးစွန့်ရန်အတွက် ထိုအရှင်မြတ်၏ လမ်းတော်၌ ထွက်လာကြလေသည်။

(၄) အချို့က 'စာအေ့ဟူန'၏ အနက်သဘောမှာ "အိုးအိမ်၊ သားချင်းနှင့် အေးချမ်းသာယာစွာ နေထိုင်ရှုမျှော်ကို သံယောဇဉ်ဖြတ်ပြီး အစွန့်လာမ်ရေးရာ ပညာရပ်များကို လေ့လာ ဆည်းပူးရန်အတွက် တိုင်းတပါးသို့ သွားရောက်ကြသော ပညာတော်သင်များ ဖြစ်သည်" ဟု ဆိုကြသည်။

مَا كَانَ لِلنَّبِيِّ وَالَّذِينَ
اٰمَنُوٓا اَنْ يَّسْتَغْفِرُوا
لِلْمُشْرِكِيْنَ وَلَوْ كَانُوٓا
اُولِيْ قُرْبٰى مِنْۢ بَعْدِ مَا
تَبَيَّنَ لَهُمْ اَنَّهُمْ
اَصْحٰبُ الْجَحِيْمِ ﴿١١٣﴾

၁၁၃။ နဗီတမန်တော်မြတ်၌၊ ထို့အတူ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၌၊ မှုရ့ရစ်က် တို့အဖို့ ၎င်းတို့သည် ၎င်းတို့၏ ဆွေမျိုးနီးစပ်သူများ ဖြစ်ကြသော်လည်း၊ ၎င်းတို့သည် ငရဲသားများဖြစ်ကြောင်း မိမိတို့၌ ထင်ရှားခဲ့ပြီးနောက် (အလ္လာဟ်အရှ၎င်မြတ်အထံတော်၌) *လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပေးပိုင်ခွင့်မရှိချေ။* [1]

---

① မုအ်မင်န်များသည် မိမိတို့၏ အသက်များနှင့် ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှ၎င်မြတ်၏ အထံတော်၌ စွန့်လွှတ်ကြပြီးဖြစ်ရာ ၎င်းတို့သည် အရာရာတွင် ထိုအရှ၎င်မြတ် အဖို့သာလျှင် ဖြစ်ရှိနေကြရမည်ဖြစ်သည်။ အရာရာသည် အလ္လာဟ်အရှ၎င်မြတ်အဖို့ ဖြစ်ရှိနေကြသဖြင့်၊ အလ္လာဟ်အရှ၎င်မြတ်၏ ရန်သူများကို (ထိုရန်သူများသည် မိမိတို့၏အဖ၊ အမိ၊ ဘကြီး၊ ဦးရီး . . စသည့် ရင်းချာသော သားချင်းများပင် ဖြစ်နေကြလင့်ကစား) သနားကြင်နာ ရန်မလိုပေ။

အလ္လာဟ်အရှ၎င်မြတ်၏ ရန်သူများသည် ထိုအရှ၎င်မြတ်အား ယုံကြည်မြတ်နိုးလျက်၊ ထိုအရှ၎င်မြတ်၏ လမ်းတော်၌ အသက်နှင့် ဥစ္စာပစ္စည်းများကို စွန့်လွှဲလျက်ရှိကြသော မုအ်မင်န်တို့၏ မိတ်ဆွေများ မည်သို့ဖြစ်နိုင်အုံနည်း။ အကြင်သူများနှင့် ပတ်သက်၍ ထိုသူများသည် ငရဲသားများဖြစ်ကြောင်းကို ဝဟီဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ကာဖိရ်၊ မွတ်ရှ့ရစ်က်အဖြစ်နှင့် သေဆုံးသွားသည်ဖြစ်စေ၊ အတိအကျ သိရှိရသောအခါ ထိုသို့သော ကာဖိရ်၊ မုရ့ရစ်က်များအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားမပေးရန် တားမြစ်ထားတော်မူသည်။

အချို့ 'ရိဝါယားတ်' ကျမ်းချက်များတွင် "ဤအာယတ်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မယ်တော်နှင့် ပတ်သက်၍ ကျရောက်လာခဲ့ခြင်းဖြစ်သည်"ဟု လာရှိသည်။

အချို့ 'ဟဒီဆ်' ဩဝါဒတော်များတွင် "ဤအာယတ်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဘကြီးတော် အဗူတွာလစ်ဗ်နှင့် ပတ်သက်၍ ကျရောက်လာခဲ့ခြင်းဖြစ်သည်" ဟု လာရှိ၏။

အချို့ကျမ်းချက်များတွင် "မွတ်စ်လင်မ်များသည် ကာဖိရ်၊ မုရ့ရစ်က်များအဖြစ်နှင့် သေဆုံးသွားခဲ့ကြသော မိမိတို့၏ အဘ၊ အဘိုး၊ အဘေးများအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားပေးလိုကြသောအခါ ဤအာယတ်တော် ကျရောက်ခဲ့သည်" ဟု ဆိုထားပေသည်။

ဤသည့်အဆိုများနှင့် အခြားအဆိုများကို အစ်ဗ်နုကဆီရ်၊ အစောင်-၂၊ စ-၃၉၃-၃၉၅ တွင်လည်းကောင်း၊ အစ်ဗ်နုဂျရီရ်၊ အစောင် ၁၁၊ စ- ၃၀-၃၄တွင်လည်းကောင်း၊ ဒွရ်ရိမန်ဆူရ်၊ အစောင် ၃၊ စ- ၂၈၂-၂၈၄တွင်လည်းကောင်း တွေ့ရှိရပေသည်။

ဤအာယတ်တော် ကျရောက်လာခဲ့ရသည့် အထွေထွေတို့မှာ မည်သို့ပင်ဖြစ်စေကာမူ အမိန့်တော်မှာကား "ကာဖိရ်၊ မုရ့ရစ်က်အဖြစ်နှင့် သေဆုံးသွားကြသော ကာဖိရ်မုရ့ရစ်က်များအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေရန် ပန်ကြားပေးပိုင်ခွင့် အလျင်းမရှိ" ဟူ၍ပင် ဖြစ်သည်။

وَمَا كَانَ اسْتِغْفَارُ إِبْرٰهِيمَ لِأَبِيهِ إِلَّا عَن مَّوْعِدَةٍ وَعَدَهَآ إِيَّاهُ ۚ فَلَمَّا تَبَيَّنَ لَهُۥٓ أَنَّهُۥ عَدُوٌّ لِّلَّهِ تَبَرَّأَ مِنْهُ ۚ إِنَّ إِبْرٰهِيمَ لَأَوَّٰهٌ حَلِيمٌ ﴿١١٤﴾

၁၁၄။ စင်စစ်သော်ကား (နဗီတမန်တော်) အစ်ဗ်ရာဟီမ်သည် မိမိဖခင်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားခဲ့သည်မှာ ထို(နဗီတမန်တော်) အစ်ဗ်ရာဟီမ်သည် ဖခင်အား‌ပေးခဲ့သော *ကတိဝန်ခံချက်ကြောင့်* သာဖြစ်ပေ၏။ [၁] တစ်ဖန်ထို(နဗီတမန်တော်) အစ်ဗ်ရာဟီမ်၌ (ဖခင်)သည် အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ထို(နဗီတမန်တော်) အစ်ဗ်ရာဟီမ်သည် ဖခင်နှင့် (မည်သို့မျှ) မသက်ဆိုင်၊ မပတ်သက်ဟူ၍ ငြင်းဆိုခဲ့လေ၏။ ဧကန်စင်စစ် (နဗီတမန်တော်)အစ်ဗ်ရာဟီမ်သည် *စိတ်နှလုံး* အလွန်နူးညံ့သူ၊ [၂] သည်းခံခြင်းတရား အလွန်ထားရှိသူဖြစ်ခဲ့ပေသတည်း။

---

① စူရတ်မရ်ယမ် (၁၉း၄၁ မှ ၅၀)တွင် လာရှိသည်မှာ တမန်တော် အစ်ဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)၏ ဖခင်သည် အမှန်တရားကို သွေဖည်၍ မနာလို မုန်းတီးမှုကြောင့် တမန်တော် အစ်ဗ်ရာဟီမ်အား သတ်ဖြတ်ပစ်ရန်ပင် ကြိမ်းမောင်းခဲ့လေသည်။ သို့တစေလည်း တမန်တော် အစ်ဗ်ရာဟီမ်သည် မိဘတို့အား ရိုသေမြတ်နိုးအပ်သော ဂါရဝတရားရှေ့ထား၍ ....

"အသင်အပေါ်၌ ချမ်းမြေ့သာယာခြင်း အပေါင်းသက်ရောက်ပါစေ၊ ကျွန်တော်သည် မိမိအရှင့်ထံ၌ အသင့်အဖို့ ချမ်းသာခွင့် ပန်ကြားပါမည်၊ မုချ ထိုအရှင်မြတ်သည် ကျွန်တော့်အပေါ်၌ အထူးကရုဏာထားတော်မူသော အရှင်ဖြစ်တော်မူပါသည်" ဟု ပြောဆိုကတိပေးလေသည်။ ယင်းသို့ ကတိပေးခဲ့သည့်အတိုင်း တမန်တော်အစ်ဗ်ရာဟီမ်သည် မိမိဖခင်အဖို့ အမြဲတစေ လွတ်ငြိမ်းခွင့်ပန်ကြားလျက် ရှိခဲ့ကြောင်း ကုရ်အာန်ကျမ်းမြတ် (၂၆း၈၆)တွင် "အို-အရှင်မြတ်၊ ကျွန်တော်မျိုး၏ဖခင်အား ချမ်းသာခွင့်ပေးသနားတော်မူပါ" ဟူ၍ အတည့်အလင်း ပါရှိလေသည်။ ယင်းသို့ ဆုပန်ခြင်းမှာ တမန်တော်အစ်ဗ်ရာဟီမ်သည် ကုဖ်ရ်၊ ရှရ်စ်က်မှုအပေါ်၌ ရပ်တည်လျက်ရှိသော မုရ်ရစ်က်တဦးအဖို့ လွတ်ငြိမ်းခွင့် ပန်ကြားခဲ့သည်မဟုတ်။ ယင်းသို့ ဆုပန်ခြင်း၏ အလိုသဘောမှာ ကုဖ်ရ်၊ ရှရ်စ်က်မှုတို့မှ လွတ်မြောက်၍ အစွမ်းလာမ့်ဘောင်အတွင်းသို့ ရောက်ရှိလာရန်နှင့် အစွမ်းလာမ့်သာသာနာကို လက်ခံမှုဖြင့် ယခင်က ကျူးလွန်မိခဲ့သော ပြစ်မှုများမှ ချမ်းသာခွင့်ရရန်အကြောင်း ဖြစ်စေရန် အလို့ငှာသာ ဖြစ်ချေသည်။ အစွမ်းလာမ်သည် မိမိကို လက်မခံမီအလျင် ဖြစ်ခဲ့သော ပြစ်မှုများကို ပလပ်စေသည်သာဖြစ်သည်။ ဆွေဟာဗဟ်သာဝကကြီးများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် တမန်တော် အစ်ဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)က မိမိ၏ဖခင်ကြီးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခဲ့သည့် အကြောင်းကို ရွတ်ဖတ်မိကြသောအခါ အချို့သာဝကများ၏စိတ်တွင် "ငါတို့သည်လည်း မိမိတို့၏ ဖခင်များအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားကြမည်" ဟူသောအတွေးအခေါ် ဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့သော အတွေးအခေါ်နှင့်စပ်လျဉ်း၍ "တမန်တော် ➤➤

وَمَا كَانَ اللَّهُ لِيُضِلَّ قَوْمًا بَعْدَ إِذْ هَدَاهُمْ حَتَّىٰ يُبَيِّنَ لَهُم مَّا يَتَّقُونَ

၁၁၅။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူမျိုးကိုမဆို ထိုလူမျိုးတို့အား တရားလမ်းမှန်သို့ ပို့တော်မူပြီးနောက်၊ ၎င်းတို့ ရှောင်ကြဉ်ကြရမည့်အရာများကို ထင်ရှားစွာ မိန့်ကြားတော်မူခြင်း ပြုတော်မမူသမျှ ကာလပတ်လုံး လမ်းလွဲစေတော်မူသည် မဟုတ်ချေ။ [၁]

➤➤ အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)က မိမိဖခင်အတွက် ချမ်းသာခွင့် ပန်ကြားခဲ့ခြင်းမှာ မိမိပြုထားခဲ့သော ကတိအရ မိမိ၏ဖခင်သည် ကာဖိရ်၊ မုရ်ရစ်က်၊ အလ္လာဟ်ရန်သူအဖြစ်နှင့် သေဆုံးမည်ကို အတိအကျ မသိရှိရသည့်အချိန်အထိသာ ဖြစ်ခဲ့ကြောင်း ထိုတမန်တော်၏ ဖခင်အဖို့ မသေမီအလျင် ဝန်ချတောင်းပန်၍ အစွလာမ့်ဘောင်အတွင်းသို့ ရောက်ရှိကာ ချမ်းသာခွင့် ရနိုင်ဖွယ်ရာ အကြောင်းရှိမည်ဟု မျှော်ကိုးမိခဲ့ကြောင်း၊ သို့သော် ထိုတမန်တော်၏ ဖခင်သည် ကာဖိရ်၊ မုရ်ရစ်က်အဖြစ်နှင့် သေဆုံးသွားခဲ့ပြီး၊ အလ္လာဟ်အရှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားလာသည့်အခါ တမန်တော် အစ်ဗ်ရာဟီမ်သည် မိမိဖခင် အဖို့ချမ်းသာခွင့်ပန်ကြားခြင်း အလျင်းမပြုတော့ကြောင်း၊ တမန်တော်အဗ်ရာဟီမ်သည် စိတ်နလုံးနှုးညံ့၍ အလွန်ခံနိုင်ရည်ရှိခဲ့သည့်အတွက် ယခင်က လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုမူ မိမိ၏ဖခင်အဖို့ ဝန်ချတောင်းပန်ရန် မျှော်လင့်ချက်များ လုံးဝမရှိတော့သည်ဖြစ်၍ တမန်တော်သည် မိမိဖခင်အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခြင်းကို တမန်တော်တစ်ပါး၌ ရှိအပ်သည့် ဂုဏ်ရည်နှင့်အညီ သည်းခံကာ လက်လျှော့လိုက်ကြောင်း တို့ကို ဤအာယတ်တော်တွင် ဖြေကြားထားတော်မူပေသည်။

① (အောင်ဝါဟွန်) ဟူသောပုဒ်၏ အနက်ကို အောက်ပါအတိုင်း အမျိုးမျိုး ဖွင့်ဆိုရေးသားကြသည်ကို တွေ့ရှိရသည်။

၁။ ကြောက်ရွံ့ရိုသေသူ၊ နိဝါတ တရားထားရှိသူ။
၂။ များစွာဆုပန်ကြားသူ။
၃။ များစွာဝန်ချတောင်းပန်သော မုအ်မင်န်။
၄။ အလ္လာဟ်အရှင်မြတ်၏ ကျွန်များကို သနားကြင်နာသူ။
၅။ ယုံကြည်သူ။
၆။ များစွာညည်းညူသူ။
၇။ အလ္လာဟ်အရှင်မြတ်အား များစွာအောက်မေ့တသ သတိရသူ။
၈။ 'တဟ်စ်ဗီးဟ်' စီးဖြန်းသူ။
၉။ ကောင်းရာကိုသင်ကြားပြသသူ။
၁၀။ အလ္လာဟ်အရှင်မြတ် မနှစ်သက်တော်မူသော အရာကို ရှောင်ကြဉ်ကာ ငရဲမီးကို ကြောက်ရွံ့သူ။
၁၁။ သနားကြင်နာမှု ကြောက်ရွံ့မှုဖြင့် ညည်းတွားသူ၊ ယုံကြည်ခြင်း၊ စွဲစွဲမြဲမြဲလိုက်နာခြင်းဖြင့် ကြိုင့်သူ။ (ကြည့်-ခါဇင်န်၊ အစောင်-၃၊ စ-၁၂၈။)

② အလ္လာဟ်အရှင်မြတ်သည် ကျင့်ရန်ကြဉ်ရန်တရားဒေသနာတော်များကို အပြည့်အစုံ၊ အတိအကျ ➤➤

إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿١١٥﴾

ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

إِنَّ اللَّهَ لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۖ يُحْيِي وَيُمِيتُ ۗ وَمَا لَكُمْ مِنْ دُونِ اللَّهِ مِنْ وَلِيٍّ وَلَا نَصِيرٍ ﴿١١٦﴾

၁၁၆။ ဧကန်စင်စစ် မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်ခြင်းသည်လည်းကောင်း၊ ပထဝီမြေကို စိုးမိုးအုပ်ချုပ်ခြင်းသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌သာရှိချေသည်။ ထိုအရှင်မြတ်သည်သာလျှင် ရှင်စေတော်မူသည်၊ ထိုအရှင်မြတ်သည်သာလျှင် သေစေတော်မူသည်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့အဖို့ အဆွေခင်ပွန်းဟူ၍လည်းကောင်း၊ ကူညီမှိုင်းမမည့်သူဟူ၍လည်းကောင်း တဦးတယောက်မျှ မရှိချေ။

لَقَدْ تَابَ اللَّهُ عَلَى النَّبِيِّ وَالْمُهَاجِرِينَ وَالْأَنْصَارِ

၁၁၇။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်မြတ် အပေါ်သို့လည်းကောင်း၊ အကြင် 'မုဟာဂျိရိန်'နှင့် 'အန်ဆွာရ်' သာဝကများအပေါ်သို့လည်းကောင်း၊ ကရုဏာတော်နှင့်လှည့်တော်မူခဲ့လေပြီ။

➤➤ ထင်လင်းစွာ သင်ကြားပို့ချခြင်းပြုတော်မမူမီ မည်သူ့ကိုမျှ လမ်းလွဲ လမ်းမှားစေတော်မူသည်မဟုတ်။ ကျင့်ရန်ကြဉ်ရန် တရားဒေသနာတော်များကို ထင်လင်းစွာ ဟောကြားပို့ချစေတော်မူပြီးသည့် နောက်ပိုင်းတွင် ထိုတရားဒေသနာတော်များကို မလိုက်နာမကျင့်သုံးမှသာ လမ်းလွဲမှားခြင်း ဖြစ်ရသည်။ တစ်နည်းအားဖြင့် တားမြစ်ထားတော်မူသော အမိန့်တော်မကျ၊ မရောက်မီအလျင် မုရ်ရစ်ဂ်များအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခဲ့သူများအပေါ်၌ ယင်းသို့ ဆုပန်ကြားခဲ့ကြသည့်အတွက် တစုံတရာ အပြစ်မရှိကြောင်းကို ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ သို့ရာတွင် ယင်းသို့တားမြစ်တော်မူသော အမိန့်တော် ရောက်ရှိလာပြီးသည့် နောက်ပိုင်းတွင် မုရ်ရစ်ဂ်များအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားပါမူ အပြစ်ရှိမည်သာ ဖြစ်သည်။ လမ်းလွဲမှားမည်သာ ဖြစ်သည်။

① ကမ္ဘာအဝန်းတွင် အလ္လာဟ်အရှင်မြတ်၏ အာဏာတော်သည်သာ တည်ရှိသည်ဖြစ်ရာ ထိုအရှင်မြတ်၏ အမိန့်တော်များသာလျှင် အတည်ဖြစ်ရပေမည်။ ထိုအရှင်မြတ်သည် သိမြင်နှံ့စပ်သော ဉာဏ်တော်ရှင်လည်း ဖြစ်တော်မူ၏။ အပိုင်းအခြားမရှိ၊ အဆုံးမရှိသော တန်ခိုးတော်ရှင်လည်း ဖြစ်တော်မူ၏။ ထိုသို့သော အရှင်မြတ်က ထုတ်ပြန်၊ ချမှတ်တော်မူသော အမိန့်ပညတ်တော်များကို လိုက်နာကျင့်သုံးရာတွင် မည်သူ့ကိုမျှ ကြောက်ရွံ့ရန်မရှိ၊ ထောက်ထားရန်မလိုပေ။ ထိုအရှင်မြတ်မှတစ်ပါး၊ ကူညီယိုင်းပင်းနိုင်သူဟူ၍ မည်သူမျှမရှိသောကြောင့် ကြောက်ရန်၊ ထောက်ထားရန် မလိုခြင်းပင်ဖြစ်သည်။

الَّذِينَ اتَّبَعُوهُ فِي
سَاعَةِ الْعُسْرَةِ مِن بَعْدِ
مَا كَادَ يَزِيغُ قُلُوبُ فَرِيقٍ
مِّنْهُمْ ثُمَّ تَابَ عَلَيْهِمْ ۖ
إِنَّهُ بِهِمْ رَءُوفٌ
رَّحِيمٌ ﴿١١٧﴾

ယင်း 'မုဟာဂျိရိန်' နှင့် 'အန်ဆာရ်' သာဝက တို့သည် မိမိတို့အနက် လူတစုဏ၏ စိတ်နလုံးများ တိမ်းစောင်းလုဆဲဆဲ ဖြစ်ပြီးနောက် *ကျပ်တည်းသော အချိန်ကာလ၌* [၁] နဗီတမန်တော်မြတ်၏နောက်သို့ လိုက်ခဲ့ကြကုန်၏။ ထို့နောက် အရှင်မြတ်သည် ၎င်းတို့အပေါ်၌ ကရဏာတော်နှင့် လှည့်တော်မူခဲ့လေသည်။ မုချဇကန် ထိုအရှင်မြတ်သည် ၎င်းတို့နှင့်ပတ်သက်၍ အလွန်တရာ သနားကြင်နာတော်မူသောအရှင်၊ အလွန်တရာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။ [၂]

---

① ကျပ်တည်းသော အချိန်ဟူသည် 'တဗူးက်' စစ်ပွဲ ဖြစ်ပွားသော အချိန်ကို ဆိုလိုသည်။ ထိုအချိန်တွင် မွတ်စ်လင်မ်များသည် ကျပ်တည်းမှု၊ ခဲယဉ်းမှု အမျိုးမျိုးတို့နှင့် ရင်ဆိုင်နေခဲ့ကြရသည်။ ဥပမာဆိုရလျှင် ထိုအချိန်တွင် နေပူရှိန်သည် အလွန်တရာမျှ ပြင်းထန်လျက်ရှိခဲ့၏။ သွားရောက်ရမည့်ခရီးမှာလည်း အလွန်တရာမျှ ဝေးလံလှ၏။ စွန့်ပလွဲသီးများ သီးမှည့်မည့် အချိန်လည်းဖြစ်နေ၏။ ပြိုင်ဆိုင်တိုက်ခိုက်ရမည့် ရန်သူမှာလည်း ထိုခေတ်ထိုအခါတွင် အင်အားအကြီးမားဆုံးသော တိုင်းပြည်မှဖြစ်နေ၏။ ထို့ပြင် မွတ်စ်လင်မ်တို့၌ စစ်လက်နက်စားနပ်ရိက္ခာသည်လည်း အလွန်တရာမျှ ချို့တဲ့လျက်ရှိခဲ့၏။ စွန့်ပလွဲသီး တလုံးကိုပင် စစ်သည်နှစ်ဦးအား ခွဲဝေပေးခဲ့ရ၏ နောက်ဆုံးတွင် များစွာသောစစ်သည်များသည် စွန့်ပလွဲသီးတလုံးတည်းကိုပင် အလှည့်ကျစုတ်၍ ရေသောက်နေခဲ့ကြရသည့် အခြေအနေသို့ပင် ရောက်ခဲ့ရ၏။ ထို့နောက်တစ်ဖန် ရေမရှိသည့်အတွက် ကုလားအုတ်များ၏ အညစ်အကြေးများကို ညှစ်၍ သောက်ခဲ့ကြရလေသည်။ ထိုစစ်ပွဲတွင် မွတ်စ်လင်မ်တို့အဖို့ အစီးအနင်းမှာလည်း အလွန်တရာမျှ နည်းပါးလှ၏။ စစ်သည်ဆယ်ဦးလျှင် ကုလားအုပ်တကောင်ကျ အလှည့်ကျ စီးနင်းခဲ့ကြရ၏။ ဤကဲ့သို့ ပင်ပန်းကြီးစွာဖြင့် ဒုက္ခကြီးငယ်တို့ကို ရင်ဆိုင်ကာ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုတို့ကြောင့် လက်တဆုပ်စာမျှသော မွတ်စ်လင်မ်တို့သည် ကမ္ဘာ့ရှေ့မှောက်၌ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

② အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အပေါ်၌ များပြားလှပေသည်။ ထိုမှတစ်ဖန် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ကျေးဇူးတော်ဖြင့် အလ္လာဟ်အရှင်မြတ်သည် မုဟာဂျိရိန်၊ အန်ဆာရ် သာဝကကြီးများကိုလည်း အထူးတလည် သနားကြင်နာကြည့်ရှု ထောက်မတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အား "အီမာန်" ယုံကြည်မှုနှင့် 'အစ်ရ်ဖာန်' အသိတရားကို ချီးမြှင့်တော်မူခဲ့လေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမိန့်နာခံရန်၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျီဟာဒ်ပြုရန်နှင့် ကြီးမားခက်ခဲလှသည့် ကိစ္စများကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် စွမ်းအားသတ္တိများကိုလည်း ပေးသနားတော်မူခဲ့လေသည်။ ထို့ပြင်တဝကြီးမားများပြားလှသည့် အခက်အခဲ၊ အကျပ်အတည်းများကို တွေ့မြင်ပြီး အချို့မုအ်မင်န်များ၏ ➤➤

وَّعَلَى الثَّلٰثَةِ الَّذِيْنَ خُلِّفُوْا ؕ حَتّٰۤى اِذَا ضَاقَتْ عَلَيْهِمُ الْاَرْضُ بِمَا رَحُبَتْ وَضَاقَتْ عَلَيْهِمْ اَنْفُسُهُمْ وَظَنُّوْۤا اَنْ لَّا مَلْجَاَ مِنَ اللّٰهِ اِلَّاۤ اِلَيْهِ ؕ ثُمَّ تَابَ عَلَيْهِمْ لِيَتُوْبُوْا ؕ اِنَّ اللّٰهَ هُوَ التَّوَّابُ الرَّحِيْمُ ﴿۱۱۸﴾

၁၁၈။ ထို့အတူ (ထို အရှင်မြတ်သည်) အကြင် (သာဝက)သုံးဦးတို့ ၁ အပေါ်၌လည်း (ကရဏာတော်နှင့်လှည့်တော်မူခဲ့၏။) ထိုသုံးဦးတို့သည် (မည်သို့မျှ အဆုံးအဖြတ်ကို မရရှိကြသေးဘဲ) ရွှေ့ဆိုင်းခြင်းခံခဲ့ကြရလေရာ၊ နောက်ဆုံးတွင် ပထဝီမြေသည် ဤမျှကျယ်ဝန်းပါလျက်နှင့်ပင် ၎င်းတို့အပေါ်၌ ကျဉ်းကျပ်လာလေတော့၏။ ထို့ပြင် ၎င်းတို့ အသက်ထင်ရှားရှိနေခြင်းသည်ပင် ၎င်းတို့အပေါ်၌ ကျပ်တည်းခဲယဉ်းလာခဲ့လေသည်။ ထိုမှတစ်ပါး၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်(၏)အမျက်တော်)မှ လွတ်ကင်းရန် ထိုအရှင်မြတ်အထံတော်မှတပါး၊ အခြား မည်သည့်ခိုကိုးရာဌာနမျှမရှိသည်ကို ယုံကြည်လာခဲ့ကြလေသည်။

ထို့နောက် ထိုအရှင်မြတ်သည် ၎င်းတို့(အနာဂတ်ကာလများတွင်လည်း ပြစ်မှု ကျူးလွန်မိတိုင်း အရှင်မြတ်အထံတော်သို့) ပြန်လှည့်နိုင်ကြခြင်းငှာ ၎င်းတို့ပေါ်၌ ကရဏာတော်နှင့် လှည့်တော်မူခဲ့လေသည်။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကရဏာတော်နှင့် လှည့်တော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

➤➤ စိတ်နှလုံးများ တုန်လှုပ် ချောက်ချား၍ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) အား စွန့်ခွာသွားလုဆဲဆဲ ဖြစ်နေသည့် အချိန် အခါတွင်လည်း၊ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား မိမိ၏ ကျေးဇူးတော်ဖြင့် အမှားမှား အယွင်းယွင်း တွေးထင်၊ အမှားမှား အယွင်းယွင်း ပြုလုပ်ခြင်းများမှ ထိန်းသိမ်းကာကွယ် စောင့်ရှောက်တော် မူခဲ့လေသည်။ မုအ်မင်န်တို့၏ စိတ်ဓာတ်နှင့် စွမ်းရည်သတ္တိများကိုလည်း မြှင့်တင်ပေးတော်မူခဲ့လေသည်။

③ မိမိတို့၏အမှားကို ဝန်ခံခဲ့ကြသည့် သာဝကကြီးသုံးပါး၊

ဤအာယတ်တော်တွင် ပါရှိသော ပုဂ္ဂိုလ်သုံးဦးတို့ကား (၁) သာဝကကြီးကအ်ဗ် အစ်ဗ်နုမာလစ်ဂ်၊ (၂) သာဝကကြီး ဟိလာလ် အစ်ဗ်နုအူမိုင်ယဟ်၊ (၃) သာဝကြီး မုရာရဟ် အစ်ဗ်နုအလ်ရဗီအ်တို့ ဖြစ်ကြသည်။ ထိုသာဝကကြီး သုံးပါးသည် စိတ်စေတနာ ဖြူစင်စွာဖြင့် အီမာန်ယုံကြည်ကြကုန်သော မုအ်မင်န်များ ➤➤

➤➤ ဖြစ်ကြပေသည်။ သို့ပါလျက် တရားဝင်အကြောင်းမရှိဘဲ အပင်ပန်းမခံလိုမှု၊ ရေသာခိုလိုမှု၊ အလွယ်ကြိုက်လိုမှုများအတွက်ကြောင့်သာ တဗူးက်စစ်ပွဲသို့ လိုက်ပါဆင်နွှဲခြင်းမပြုဘဲ ချန်ရစ်ခဲ့ကြလေသည်။

တဗူးက်စစ်ပွဲမှ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ပြန်ကြွလာတော်မူသည့်အခါ ယင်းသာဝကကြီးသုံးပါးတို့သည် မုနာဖစ်ကျားကဲ့သို့ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်တွင် လိမ်လည်လှည့်ဖြားရှာ မဟုတ်မမှန်သော အကြောင်းပြချက်များကို တင်ပြခြင်းလည်းမပြု၊ အခြားသာဝကကြီးများကဲ့သို့ မိမိတို့ကိုယ်ကို ကျောင်းတော်၏တိုင်များတွင် ခြည်နှောင် တုပ်နှောင်ထားခြင်းလည်းမပြုခဲ့ကြပေ။ မိမိတို့၏ ဖြစ်ရပ်မှန်များကို အမှန်အတိုင်းသာ တင်ပြ၍ မိမိတို့၏အမှားကို အတည့်အလင်း ဝန်ခံခဲ့ကြလေသည်။

ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မုနာဖစ်က်တို့အား မျက်မြင်၌ လျစ်လျူူပြုထားတော်မူ၍ ယင်းမုနာဖစ်က်တို့၏ အတွင်းရေးများကို အလ္လာဟ်အရှင်မြတ်ထံတော်တွင် လွှဲအပ်တော်မူလေသည်။ မိမိတို့ကိုယ်ကို ကျောင်းတော်၏တိုင်များတွင် ချည်နှောင်တုပ်နှောင်ထားကြသော သာဝကကြီးများ၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူလိုက်လေသည်။ သို့သော် ထိုသာဝကကြီးသုံးပါးနှင့် ပတ်သက်၍မူ တစုံတရာ အဆုံးအဖြတ်ပေးတော်မမူသေးဘဲ ဆုံးမပဲ့ပြင်သည့်သဘောဖြင့် အချိန်အတော်ကြာထိ ရွှေ့ဆိုင်း ထားတော်မူလိုက်လေသည်။ (ဤသို့ ရွှေ့ဆိုင်းထားတော်မူသည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ် (၉း၁၀၆)တွင်လည်း မိန့်ဆိုထားတော်မူသည်)။ ရက်ပေါင်း (၅၀)ကျော်လွန်သည့် အခါတွင်မှ ထိုသာဝကကြီးသုံးပါးတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံ သဘောတူတော်မူလိုက်လေသည်။

သာဝကကြီး ကအိဗ်အစ်ဗ်နမာလစ်က်၏ တရားရဖွယ်ဖြစ်ထွေ

ကုရ်အာန်ကျမ်းတော်မြတ် (၉း၁၁၈)တွင် ပါရှိသည့် သာဝကကြီးသုံးပါးတို့အနက် သာဝကကြီး ကအိဗ် အစ်ဗ်နမာလစ်က်သည် မိမိ၏ဖြစ်ထွေကို အကျယ်တဝင့် ထုတ်ဖော်ပြောဆိုခဲ့ပေသည်။ ဤသည့်အကြောင်းကို ဗုခါရီ၊ အစ်ဗ်နဇျရီရ်၊ အစ်ဗ်နကဆီရ်၊ ဒုရ်ရိမန်ဆူရ်၊ ခါဇင်န်၊ အလ်မနာရ်၊ စီရတ်အစ်ဗ်နိဟိရှာမ် .... စသည့် ကျမ်းကြီးများတွင်လည်း အကျယ်တဝင့် ထုတ်ဖော်ရေးသားထားကြသည်။ ဤနေရာတွင် သာဝကကြီး ကအ်ဗ် အစ်ဗ်နမာလစ်က်ထုတ်ဖော် ပြောဆိုခဲ့သည့်အကြောင်းကို အကျဉ်းအားဖြင့် ဖော်ပြလိုက်ပေသည်။

သာဝကကြီး ကအိဗ်အစ်ဗ်နမာလစ်က်က ထုတ်ဖော်ပြောဆိုခဲ့သည်မှာ . . . တဗူးက်စစ်ပွဲအရေးတော်ကား ကြီးမားလှ၏။ ထိုအတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မွတ်စ်လင်မ်အားလုံးလှည်းနေ၊ လေအောင်း၊ မြင်းစောင်းတွင် ရှိနေကြသူတို့ကိုပင် စစ်ချီရေးအတွက် အသင့်ရှိနေကြရန် အမိန့်ထုတ်ပြန်တော်မူခဲ့၏။ မွတ်စ်လင်မ် အားလုံးတို့သည်လည်း တတ်စွမ်းနိုင်သမျှနှင့် စစ်ချီထွက်ရန် အသီးသီး အသင့်ပြင်ဆင်လျက်ရှိကြ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် မိမိစိတ်တွင် "ငါတွင်အလိုရှိသည့်အခါ ချက်ချင်းစစ်ချီထွက်နိုင်သည်" ဟုတွေးဆကာ အမှုမဲ့အမှတ်မဲ့ နေခဲ့၏။ ကျွန်ုပ်ထံတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ပစ္စည်းအဓုံအလင်ရှိ၏။ စီးနင်းရန်အတွက် အစီးအနင်းတခုမဟုတ်၊ နှစ်ခုရှိ၏။ လိုလေးသည်ဟူ၍ မရှိခဲ့သောကြောင့် ထိုသို့တွေးဆမိကာ အမှုမဲ့အမှတ်မဲ့ နေမိခဲ့ခြင်းဖြစ်၏။ ထိုကဲ့သို့ အမှုမဲ့အမှတ်မဲ့ ရှိနေခိုက်မှာပင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မုဂျာဟစ်ဒ်သုံးသောင်းတို့အား စစ်ချီထွက်ရန် အမိန့်ထုတ်ပြန်တော်မူလိုက်လေသည်။ ယင်းသို့ အမိန့်ထုတ်ပြန်တော်မူလိုက်သည့် အချိန်တွင်လည်း "တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) စစ်ချီထွက် သွားတော်မူစေကာမူ စိုးရိမ်ဖွယ်မရှိ။ ရှေ့ခရီးစခန်းတွင် ငါအမီလိုက်ပါသွားနိုင်သည်" ဟူ၍ တွေးဆကာပင် နေခဲ့၏။ ထို့နောက် "ငါယနေ့ပင်ထွက်မည်၊ နက်ဖြန်မှထွက်မည်" ဟူ၍ ➤➤

➤➤ ယနေ့နက်ဖြန်တွေးတောကာ အချိန်ရွေးနေယင်းနှင့်ပင် အချိန်သည် ကုန်ဆုံးသွားလေတော့သည်။

တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တဗူးက်စစ်မြေပြင်သို့ ရောက်ရှိ၍ ကျွန်ုပ်အား မမြင်တော်မူ၍ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က 'အဘ်ဗ်အစ်ဗ်နုမာလစ်က် ဘာဖြစ်သလဲ' ဟုမေးမြန်းတော်မူရာ 'ဗနီစလ်မဟ်' မျိုးနွယ်ဝင်တစ်ဦးက "အို-အလ္လာဟ်၏ရစူလ်၊ သူ့အား သူ၏စည်းစိမ်ခံစားလို့မှ နှင့် ဂုဏ်မာနသည် စစ်ချီထွက်ခွင့်မပြုပါ" ဟု ကြားဖြတ်ဖြေကြားလေသည်။ ထိုအခါ သာဝကကြီးမုဆာဇ် အစ်ဗ်နဂျဇလ်က (ဗနီစလ်မဟ်မျိုးနွယ်ဝင်အား) "အသင်သည် မကောင်းသောစကားကိုဆိုနေသည်၊ အလ္လာဟ် အရှင်မြတ်အားတိုင်တည်၍ ပြောအံ့၊ ကျွန်ုပ်တို့သည် ကအိဗ်အစ်ဗ်နုမာလစ်က်၌ အကောင်းမှတပါး အခြားတစုံတရာမျှ မတွေ့မြင်ရပါ" ဟု ပြောဆိုလေသည်။ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သာဝကအချင်းချင်း ဤသို့ အချေအတင်ပြောဆိုနေကြသည်ကို နားထောင်၍ ဆိတ်ဆိတ်နေတော်မူ၏။

သာဝကကြီး ကအ်ဗ် အစ်ဗ်နုမာလစ်က်က ဆက်လက်၍ ပြောကြားသည်မှာ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) စစ်ချီသွားတော်မူပြီးနောက်ပိုင်းတွင် မဒီနာမြို့တမြို့လုံး၌ မုနာဖစ်က်များနှင့် ဒုက္ခသည် မွတ်စ်လင်မ်တစုမှအပ အမျိုးသားတဦးတယောက်ကိုမျှ မတွေ့မမြင်ရသည့်အခါ ကျွန်ုပ်သည် အထူးပင် တုန်လှုပ်ချောက်ချားရကာ သောကများရပါသည်။ ထိုအချိန်၌ ကျွန်ုပ်သည် မိမိ၏စိတ်တွင် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)စစ်ပွဲမှ ပြန်ကြွလာသည့်အခါ ထိုထိုဤဤ အကြောင်းပြ၍ မိမိကိုယ်မိမိ ကာကွယ်နိုင်မည့် လိမ်လည်ဖြားယောင်းမှုအမျိုးမျိုး၊ အဖုံဖုံသော အကြံအစည်များ ထုတ်ရလေသည်။ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)စစ်ပွဲမှ ကောင်းမွန်ချမ်းမြေစွာ ပြန်လည်ရောက်ရှိလာတော်မူသည့် အကြောင်းကြားသိရသောအခါတွင် လိမ်လည်လှည့်ဖြားရန် ကြံစည်ထားသည့် အကြံအစည်အားလုံးတို့သည် ကျွန်ုပ်၏စိတ်နှလုံးတွင်းမှ လုံးဝပျောက်ကွယ်သွားလေသည်။ ထို့နောက် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် အမှန်အကန်ပြောဆိုခြင်းမှတပါး အခြားတစုံတရာသည် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူစေမည်မဟုတ်" ဟူ၍ ကျွန်ုပ်စိတ်တွင် ပိုင်းဖြတ်လိုက်လေသည်။

တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဗလီကျောင်းတော်သို့ ကြွမြန်းရောက်ရှိလာတော်မူ၏။ သာဝကကြီးများသည်လည်း နဗီတမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏အပါးတော်တွင် အသင့်ထိုင်လျက်ရှိကြ၏။ မုနာဖစ်က်များသည် မဟုတ်မမှန်ကန်သော အကြောင်းများတင်ပြကြကာ တစုံတရာ အရေးယူခြင်း မခံကြရဘဲ၊ မျက်မြင်အားဖြင့် လွတ်မြောက်သွားကြ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ရှေ့မှောက်သို့ရောက်၍ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ 'စလာမ်' ဆက်သရာ၊ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဒေါသအပြုံးဖြင့် စစ်ပွဲသို့ မလိုက်ပါသည့်အကြောင်း မေးမြန်းတော်မူ၏။ ကျွန်ုပ် 'အို-အလ္လာဟ်အရှင်မြတ်၏ရစူလ်၊ လောကသားတဦးဦး၏ ရှေ့မှောက်တွင် ကျွန်တော် ယခုကဲ့သို့ ရောက်ရှိနေသော် ကျွန်တော်သည် ဥဏ်နီဥဏ်နက်ထုတ်၍ လိမ်လည်လှည့်ဖြားကာဖြင့် မိမိကိုယ်မိမိ လွတ်မြောက်အောင်ကြံဆောင်မည်ကို တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) တွေ့မြင်တော်မူပါမည်၊ သို့သော် ယခုဤနေရာတွင် ကျွန်တော်၏ပြဿနာသည် အကြင်ကဲ့သို့သော ပုဂ္ဂိုလ်မြတ်တဦး၏ရှေ့မှောက်တွင် ရောက်ရှိနေပါသည်။ အကယ်၍ ကျွန်တော်သည် ထိုပုဂ္ဂိုလ်မြတ်အား လိမ်လည်ကာ ကျေနပ်အောင်ပြုလုပ်နိုင်သည်ပင် ရှိစေကာမူ တခဏအတွင်း၌ အလ္လာဟ်အရှင်မြတ်သည် ထိုပုဂ္ဂိုလ်မြတ်အား အမှန်စကားကို ဝဟီဖြင့် ကြားသိစေတော်မူပြီး ကျွန်ုပ်အပေါ်၌ အမျက်ထွက်အောင် ပြုလုပ်တော်မူမည်သာဖြစ်ပါသည်။ ဖြစ်ရပ်မှန်ကို အမှန်အတိုင်း အစီရင်ခံပါလျှင် ➤➤

➤➤ တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ အမျက်တော်ရှခြင်းကို ခေတ္တခဏခံစားရမည် ဖြစ်သော်လည်း ယင်းသို့ အမှန်အကန် အစီရင်ခံသည့်အတွက် ကျွန်တော်၏နောင်ရေး ကောင်းမြတ်မည်ကို အလွှာဟ်အရှင်မြတ် အထံတော်မှ မျှော်လင့်ပါသည်။ အမှန်အကန် အစီရင်ခံခြင်းသည်သာလျှင် ကျွန်တော့်အား တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ အမျက်တော်မှလည်းကောင်း၊ အလွှာဟ်အရှင်မြတ်၏ အမျက်တော်မှလည်းကောင်း၊ လွတ်မြောက်စေမည်သာဖြစ်ပါသည်။ 'အိုး-အလွှာဟ်၏တမန်တော် ဖြစ်ရပ်မှန်မှာ ဤသို့ဖြစ်ပါသည်။ တစ္ဆေးက်စစ်ပွဲသို့ မလိုက်ပါနိုင်သည့်အကြောင်း တစုံတရာ ကျွန်တော့်တွင်မရှိပါ၊ တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)နှင့်အတူ ထိုစစ်ပွဲသို့မလိုက်ပါခဲ့သော အချိန်များတွင် ကျွန်တော့်၌ ချောင်လည်မှု၊ စွမ်းဆောင်နိုင်မှု အများဆုံးရှိခဲ့ပါသည်။ ထိုအချိန်ကထက် ပိုမို၍ ချောင်လည်မှု၊ စွမ်းဆောင်နိုင်မှုများကို မည်သည့်အချိန်အခါကမျှ မရရှိခဲ့ပါ၊ ကျွန်တော်သည် အပြစ်ရှိသူ တဦးဖြစ်ကြောင်း ဝန်ခံပါသည်၊ တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်) အလိုတော်ရှိတော်မူသည့်အတိုင်း ကျွန်တော်နှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်တော်မူပါ' ဟု ဖြေကြား လျှောက်ထားလိုက်ပါသည်။

ထိုအခါ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)က "အသင်သည် မှန်ကန်သော စကားကို ပြောဆို၏။ အသင်သွားလေ့၊ အလွှာဟ်အရှင်မြတ်၏ အဆုံးအဖြတ်ကိုသာ အသင်စောင့်မျှော်နေလော့" ဟု ပြန်ကြားတော်မူသဖြင့် ကျွန်ုပ်သည် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)ထံတော်ပါးမှ ပြန်လာခဲ့၏။ ထို့နောက် သာဝကကြီး ဟီလာလ် အစ်ဗ်နအုမိုင်ယဟ်နှင့် သာဝကကြီး မုရာရဟ် အစ်ဗ်နအလ်ရဗီအ် နှစ်ဦးတို့သည်လည်း ကျွန်ုပ်ကဲ့သို့ပင် ဖြစ်ကြကြောင်း စုံစမ်းသိရှိရလေသည်။ ကျွန်ုပ်တို့သုံးဦးနှင့် ပတ်သက်၍ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)က မည်သူတဦးတယောက်ကမျှ ကျွန်ုပ်တို့သုံးဦးနှင့် စကားမပြောရ၊ အားလုံးကအဆက်ဖြတ်ထားရမည်' ဟု အမိန့်တော် ထုတ်ပြန်ထားတော်မူလိုက်၏။ ယင်းသို့ အမိန့်ထုတ်ပြန်ထားတော်မူလိုက်သည့် အတွက်ကြောင့် မည်သည့်မွတ်စ်လင်မ် တဦးတယောက်မျှ ကျွန်ုပ်တို့နှင့် စကားမပြောဆိုကြ၊ စလာမ်ပေးလျှင်လည်း စလာမ်မပြန်ကြချေ။ ထိုသို့အားလုံးက ကျွန်ုပ်တို့အား အဆက်ဖြတ်ထားလိုက်ကြသောအခါ ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးတို့သည် အပြင်အပသို့ မထွက်တော့ပဲ မိမိတို့၏ အိမ်များမှာပင် နေထိုင်ကြ၊ နေ့ည၌မပြတ် ငိုကြွေးနေကြလေသည်။ ကျွန်ုပ်သည် ငယ်ရွယ်သူတဦးလည်းဖြစ်၊ စိတ်ဓါတ်လည်းခိုင်မာသည့်အတွက် အပြင်သို့ ထွက်သည်။ ဆွလာတ်ဝတ်ပြုရန်အတွက် ဗလီကျောင်းတော်သို့လည်း သွားသည်၊ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)ကို 'စလာမ်' ဆက်သသည်။ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်) စလာမ်ပြန်သည်၊ မပြန်သည်ကို သိရှိရန်အတွက် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ နှုတ်ခမ်းတော်လှုပ်သည် မလှုပ်သည်ကို ကျွန်ုပ်ကြည့်သည်၊ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)အား ကျွန်ုပ်ကြည့်လျှင် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် ကျွန်ုပ်ဘက်မှ မျက်နှာလွဲတော်မူလိုက်သည်။ ကျွန်ုပ်နှင့် အလွန်တရာမျှ ခင်မင်ရင်းနှီးသော မိတ်ဆွေရင်းချာများသည်ပင်လျှင် ကျွန်ုပ်အား သူစိမ်းပမာ ခွဲခွာရှောင်ကြဉ် သွားကြကာ အဆက်ဖြတ်ထားကြတော့သည်။

ဤသို့ ကျွန်ုပ်တို့ကို အားလုံးက အဆက်ဖြတ်ထားကြသည့်အချိန်တွင် ဆီရိယနိုင်ငံမှ 'နဗဟ်' အမျိုးသားတဦးသည် 'ဃတ်စ်စာန်' ဘုရင်၏စာတစ်စောင်ကို ကျွန်ုပ်အား လာရောက်ပေးလေသည်။ ထိုစာထဲတွင် 'အသင့်အား အသင်၏မိတ်ဆွေက နှိပ်စက်ညှဉ်းပမ်းနေကြောင်း ကျွန်ုပ်တို့ကြားသိနေရပေသည်။ အလွှာဟ် အရှင်မြတ်သည် အသင့်အား ဒုက္ခဖြစ်ရာဌာနတွင် ထားတော်မူသည်မဟုတ်၊ အသင်သည် ကျွန်ုပ်တို့ထံသို့လာခဲ့ပါ၊ ကျွန်ုပ်တို့သည် အသင့်အား ကောင်းစွာပြုစုကြပါမည်' ဟု ရေးသားထားလေသည်။ ကျွန်ုပ်သည် ➤➤

➤➤ ထိုစာကိုဖတ်၍ 'ဤသည်လည်း စမ်းသပ်မှုတစ်ရပ်ဖြစ်သည်' ဟုခံယူမိလိုက်ပါသည်။ ထို့နောက် ကျွန်ုပ်သည် ထိုစာကို မီးရို့ပစ်လိုက်လေသည်။

ရက်ပေါင်း (၄၀)ပြည့်မြောက်သောနေ့တွင် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်မှ ကျွန်ုပ်အား မိမိ၏ဇနီးနှင့် လွတ်ကင်းစွာနေရန် အမိန့်တော်တရပ် ရောက်ရှိလာပြန်သည်။ ထိုအမိန့်တော်အရ ကျွန်ုပ်သည် မိမိဇနီးအား "မိမိနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ အဆုံးအဖြတ် တစုံတရာ မရောက်ရှိလာသမျှ ကာလပတ်လုံး အသင်မသည် မိမိ၏ သားချင်းများထံသို့ သွားရောက်နေထိုင်ပါ" ဟု ပြောကြားလိုက်လေသည်။

ဤသည့်အဖြစ်ဆိုးနှင့်ပင် ရက်ပေါင်း(၆၀) ကုန်လွန်ခဲ့ရချေပြီ၊ အလ္လာဟ်အရှင်မြတ်၏ ပထဝီ မြေကြီးသည် ကျယ်ဝန်းပါလျက် ကျွန်ုပ်အဖို့ ကျဉ်း၍နေရချေပြီ၊ အသက်ရှူကျပ်ရချေပြီ။ အသက်ရှင်နေရခြင်းသည် သေဆုံးရခြင်းထက်ပင် ဆိုးရွားလျက်ရှိနေချိန်တွင် 'စလ်အ်' တောင်ထိပ်မှ 'အိုး–ကအ်ဗ် အစ်ဗ်နမာလစ်ဂ်၊ အသင်ဝမ်းသာလေလော့' ဟူသော ကြွေးကြော်သံကို ကြားလိုက်ရပါသည်။ ယင်းသို့ မင်္ဂလာစကားကို ကြားကြားချင်းပင် ကျွန်ုပ်သည် စဂျဒဟ် ဦးချလိုက်ပါသည်။ ထို့နောက် "လွန်ခဲ့သည့် ညဉ့်၏နောက်ဆုံးယံတွင် ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူလိုက်ပြီး ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်သို့ ဝဟီကျရောက်သည်" ဟု သိရှိရလေသည်။

တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဖဂျ်ရ်ဆွလာတ် ဝတ်ပြုပြီးနောက် ဤသည့်အကြောင်းကို သာဝကကြီးများအား ပြောကြားတော်မူလိုက်လေရာ၊ မွတ်စ်လင်မ်များသည် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေနှစ်ဦးထံသို့လည်းကောင်း ရောက်လာကြလေတော့သည်။ ကျွန်ုပ်ထံသို့ လာရောက်ကြသော ပုဂ္ဂိုလ်များအနက် တဦးသည် အစီးအနင်းဖြင့်လာနေ၏။ အခြားတဦးသည် 'စလ်အ်' တောင်ထိပ်သို့ပြေးတက်ပြီး တောင်ထိပ်မှ ကြွေးကြော်၍ ကောင်းချီးသတင်း ပြောကြားလေသည်။ သို့ကြွေးကြော် ပြောဆိုသော ပုဂ္ဂိုလ်၏ အသံသည် အစီးအနင်းဖြင့်လာနေသူ မရောက်မီအလျင်ပင် ရောက်ရှိလာလေတော့သည်။ ကျွန်ုပ်သည် ဟစ်အော်ကောင်းချီးသတင်းပေးသူအား ကျေးဇူးတင်လှသည့်အတွက် မိမိ၏အဝတ်များကို ချွတ်၍ပေးလိုက်လေသည်။

ထို့နောက် ကျွန်ုပ်သည် တမန်တော်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ သွားရောက်လေသည်။ မွတ်စ်လင်မ်များသည် လမ်းတွင် အစုလိုက်အစုလိုက် လာရောက်၍ ကျွန်ုပ်အား ကောင်းချီးဩဘာပေးကြလေသည်။ နောက်ဆုံးတွင် ကျွန်ုပ်ဗလီကျောင်းတော်သို့ ရောက်ရှိသွားလေသည်။ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဗလီကျောင်းတော်တွင် ထိုင်လျက်ရှိတော်မူ၏။ သာဝကကြီးများသည်လည်း တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အပါးတော်တွင် ဝန်းရံထိုင်လျက်ရှိကြ၏။ ထိုအချိန်တွင် မုဟာဂျိရိန် သာဝကကြီးများအနက် သာဝကကြီး တွာလ်ဟာဟ်သည် မတ်တတ်ရပ်၍ ကျွန်ုပ်အား နှုတ်ဆက်လေသည်။

တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မျက်နှာတော်သည် ဝမ်းသာတော်မူလှသည့်အတွက် လပြည့်ဝန်းပမာ ကြည်လင်တောက်ပလျက်ရှိချေသည်။ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က 'အသင်ဝမ်းသာလေလော့၊ အသင့်အား အသင့်မိခင်မွေးဖွားသောနေ့မှစ၍ အသင့်သက်တမ်းတွင် ဤနေ့သည် အကောင်းဆုံးနေ့ပင်ဖြစ်သည်' ဟု မိန့်ကြားတော်မူ၏။ ကျွန်ုပ်က 'အိုး–အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဤသည်ကိုယ်တော့်ထံမှလော၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ် ထံတော်မှလော' ဟု မေးမြန်းရာ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က 'ဤသည် အလ္လာဟ်အရှင်မြတ်၏ထံတော်မှ ဖြစ်သည်' ဟု ဖြေကြားတော်မူလေသည်။ ➤➤

➢➢ ထို့နောက် ကျွန်ုပ်သည် နဗီတမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား 'ကျွန်တော်၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူသည့်အတွက် ကျေးဇူးဆပ်သည့်အနေဖြင့် ကျွန်တော်၏ ဥစ္စာပစ္စည်းအားလုံးကို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လှူဒါန်းလိုပါသည်' ဟု လျှောက်ထားရာ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က 'အသင်သည် မိမိပစ္စည်းများအနက် မိမိအဖို့ အချို့အဝက်ကို ချန်ထားလော့၊ ဤသည် အသင့်အဖို့ကောင်းသည်' ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ ကျွန်ုပ်သည် ခိုင်ဗရ်တွင်ရှိနေသော မိမိ၏ပစ္စည်းကို ချန်လှပ်၍ ကျန်ပစ္စည်းအားလုံးကို လှူဒါန်းလိုက်လေသည်။ ထို့နောက် ကျွန်ုပ်က 'အို-အလ္လာဟ်အရှင်မြတ်၏ ရာစူလ်တမန်တော်၊ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော့်အား အမှန်ပြောဆိုခြင်းကြောင့်သာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူခြင်းဖြစ်ရာ ကျွန်တော်သည် နောက်နောင် မိမိအသက်ထက်ဆုံး အဘယ်သို့ပင် ဖြစ်ရလင့်ကစား အမှန်ကိုသာလျှင် ပြောဆိုပါမည်ဟု ဝန်ခံကတိပြု လျှောက်ထားလေသည်။ ဤသို့ ကတိပြုပြီးသည့်နောက်ပိုင်းတွင် ကျွန်ုပ်သည် အလွန်ကြီးလေးလှသော စမ်းသပ်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသော်လည်း၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အမှန်ကိုသာလျှင် ပြောဆိုခဲ့လေသည်။ အမှန်ကိုသာ ပြောဆိုမည့်အကြောင်း တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ထံတွင် ဝန်ခံကတိပြုပြီးသည့်နေ့မှစ၍ ယနေ့တိုင်အမှန်ကိုသာ ပြောဆိုခဲ့ပါသည်။ သေဆုံးသည့်တိုင်အောင် အမှန်ကိုသာ ပြောဆိုပါမည်။

ဤသည် သာဝကကြီး ကအ်ဗ် အစ်ဗ်နမာလစ်က်၏ အမှန်အတိုင်း ဝန်ခံပြောဆို ဝန်ချတောင်းပန်ခြင်း အကြောင်းနှင့်စပ်လျဉ်း၍ ထိုသာဝကကြီး ကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့သည့် အကြောင်း အကျဉ်းတည်း။ ကုရ်အာန်ကျမ်းမြတ်(၉း၁၁၈)တွင် ဤသာဝကကြီး သုံးပါးတို့၏ ဖြစ်ထွေများကို ရည်ညွှန်းမိန့်ဆိုထားတော်မူခြင်းပင်ဖြစ်သည်။

မှတ်သားဖွယ်။

အထက်ဖော်ပြပါ သာဝကကြီးသုံးပါးအနက် သာဝကကြီး မုရာရဟ် အစ်ဗ်နအည်ရဗီအ်နှင့် သာဝကကြီး ဟိလာလ် အစ်ဗ်နအုမိုင်ယတ် နှစ်ပါးတို့သည် "ဗဒ်ရ်" စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော သာဝကကြီးများဖြစ်သည်။ 'ဗဒ်ရ်' စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော 'ဗဒ်ရီ' သာဝကကြီးများ၏ ဂုဏ်အင်ဒြပ်ကား ကြီးမားမြင့်မြတ်လှ၏။ အထူးထုတ်ဖော်ရေးသားရန်ပင် မလိုပေ။ ထိုသာဝကကြီးသုံးပါးအနက် တတိယသာဝကကြီး ကအ်ဗ် အစ်ဗ်နမာလစ်က်မှာလည်း 'ဗဒ်ရ်' စစ်ပွဲမှအပ ကျန်စစ်ပွဲအားလုံး၌ပင် ပါဝင်ဆင်နွှဲခဲ့သော သာဝကကြီး ဖြစ်ပေသည်။ ဤကဲ့သို့ ထူးကဲမြင့်မြတ်လှသည့် သာဝကကြီးများကိုပင်လျှင် အစ္စလာမ်သာသနာသည် အပြစ်ရှိက အပြစ်ရှိသကဲ့သို့ အရေးယူခဲ့ပေသည်။ ဤကား အစ္စလာမ်၏ သွန်သင်ဆုံးမ ပဲ့ပြင်မှုပင်တည်း။ ဤအချက်ကို ထောက်ရှု၍ 'ဖကဟာ' ဓမ္မသတ်သျှင်များက 'သာသနာရေး၌ အပြစ်ရှိသူတဦးအား စလာမ်မပေးဘဲနေခြင်း၊ စလာမ်မယူခြင်း၊ စကားမပြောခြင်း၊ ပြုပိုင်သည်။ (၀၊) အဆက်ဖြတ်ပိုင်သည်' ဟု အဆုံးအဖြတ်ပေးကြလေသည်။

(ကြည့်-မာဂျီဒီ၊ အစောင်-၂၊ စာမျက်နှာ-၄၂၈၊ အောက်ခြေအမှတ်-၂၂၁။)

ဓမ္မသတ်။

အကြင်သူတဦးသည် ရှရီအတ်နှင့်ဆန့်ကျင်သော အမှု တစုံတရာပြုအံ့၊ ထိုသို့သောသူအား အပြစ်ပေးသည့်အနေဖြင့် ထိုသူနှင့်စကားမပြောဘဲနေခြင်း၊ ထိုသူအား စလာမ်မပေးခြင်းသည် ပြုပိုင်၏။ ဟဒီးဆ်တော်များ၌ 'သုံးရက်ထက်ပို၍ အချင်းချင်း စကားမပြောဘဲ မနေရ' ဟူသော ပညတ်တော်လာရှိ၏။ ထိုပညတ်တော်၏အလိုသဘောမှာ 'လောကီရေး ကိစ္စတခုခုကြောင့် စိတ်ပြိုင်ရလျှင်လည်း အချင်းချင်း သုံးရက်ထက်ပို၍ စကားမပြောဘဲမနေရ' ဟူ၏။ (ထာနဝီ၊ အစောင်-၄၊ စာမျက်နှာ-၁၄၉။)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱتَّقُواْ ٱللَّهَ وَكُونُواْ مَعَ ٱلصَّٰدِقِينَ ﴿١١٩﴾

၁၁၉။ အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ထို့ပြင် အသင်တို့သည် သစ္စာဝါဒီတို့နှင့်အတူ ရှိကြလေကုန်။ (သစ္စာဝါဒီနှင့် အတူ နေထိုင်ကြလေကုန်။) [၁]

---

① "ဆွာဒီကီးန" ဟူသည် သာသနာ့အရေးများတွင် ကာယကံအားဖြင့် လည်းကောင်း၊ ဝစီကံအားဖြင့် လည်းကောင်း၊ မနောကံအားဖြင့် လည်းကောင်း၊ မှန်ကန်သော သစ္စာဝါဒီများတည်း။ (မဒါရစ်က်။)

ဤအာယတ်တော်တွင် "တာက္ကဝါ" တရားထားရှိ၍ သစ္စာဝါဒီများ၏ လမ်းစဉ်ကို လိုက်ကြရမည့် အကြောင်း၊ သစ္စာဝါဒီများကဲ့သို့ အမြဲတစေ အမှန်ကိုသာ တွေးတောပြောဆို ပြုလုပ်ရကြမည့်အကြောင်း မိန့်တော်မူထားပေသည်။

'ဖုကဟာ' ဓမ္မသတ်ရှင်များက "အစ်ဂျ်မာအ်အွန်မွတ်" မွတ်စ်လင်မ်များ၏ တညီတညွတ်တည်းသော အဆုံးအဖြတ်သည် "ရှရီအတ်" တရားဥပဒေဝင် သာဓကတရပ်ဖြစ်ရာ၌ ဤသည့် အာယတ်တော်သည်လည်း သာဓကတရပ်ဖြစ်သည်" ဟု ဆိုကြလေသည်။

သစ္စာ၏အကျိုး၊ မုသား၏အပြစ်။

"အသင်တို့သည် အမှန်ပြောဆိုခြင်းကိုသာ လက်ဆုပ်လက်ကိုင် ပြုထားကြကုန်၊ အမှန်ပြောဆိုခြင်းသည် ကောင်းမွန်မြင့်မြတ်ရာသို့ ပို့ဆောင်၏။ ကောင်းမွန်မြင့်မြတ်သော အရာသည် 'ဂျန္နတ်' သို့ပို့ဆောင်၏။ လူတဦးသည် အမြဲတစေ အမှန်ကိုသာ ပြောဆို၍ အမှန်အတိုင်းသာ ပြုလုပ်ရန်ရှာဖွေဆည်းပူးသော်၊ ထိုသို့သော သူသည် နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ 'ဆွစ်ဒ်ဒီးက်' သစ္စာဝါဒီဟု ရေးမှတ်တော်မူခြင်း ခံရ၏။

ထိုမှတပါး အသင်တို့သည် မုသားပြောဆိုခြင်းကို ရှောင်ကြဉ်ကြကုန်၊ မုသားပြောဆိုခြင်းသည် ယုတ်မာဆိုးသွမ်းသော အရာသို့ပို့ဆောင်၏။ ယုတ်မာဆိုးသွမ်း သော အရာသည် 'ဂျဟန္နမ်' ငရဲသို့ ပို့ဆောင်၏။ လူတဦးတယောက်သည် အမြဲတစေ မုသား ပြောဆိုပြုလုပ်ရန် ရှာဖွေဆည်းပူးနေသော် ထိုသူသည် နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်အထံတော်၌ 'ကဇ္ဇာဗ်' 'မုသာဝါဒီ' ဟုရေးမှတ်တော်မူခြင်းခံရမည်" ဟု တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ ဤသည့် ဟဒီးဆ်တော်သည် ဗုခါရီ၊ မွတ်စ်လင်မ်ကျမ်းများတွင်လည်း ပါရှိသည်။ (အစ်ဗ်နုကဆီရ်၊ အစောင်-၂၊ စ-၃၉၉။)

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒတော်ကား မှန်ကန်လှ၏။ ကုရ်အာန်ကျမ်းမြတ် (၉း၁၁၈)တွင် ပါရှိသော သာဝကကြီးသုံးပါးတို့သည် "တာက္ကဝါ" တရားရှေ့ထား၍ အမှန်အကန် အစီရင်ခံခဲ့ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကို ခံခဲ့ကြရ၏။ "ဂျန္နတ်" တွင် စံမြန်းကြရမည်ဖြစ်၏။ မုနာဖစ်က်များကား အလ္လာဟ်အရှင်မြတ်အား မကြောက်ရွံ့ခဲ့ကြ၊ မုသားလိမ်လည်ပြောဆိုခဲ့ကြ၏။ ထို့အတွက် "ဂျဟန္နမ်" ငရဲသို့ လားကြရမည်ဖြစ်၏။ ဤကား အမှန်ပြောဆိုခြင်း၏ အကျိုးနှင့် လိမ်လည်ပြောဆိုခြင်း၏ အပြစ်ပင်တည်း။

مَا كَانَ لِأَهْلِ الْمَدِينَةِ وَمَنْ حَوْلَهُمْ مِنَ الْأَعْرَابِ أَنْ يَتَخَلَّفُوا عَنْ رَسُولِ اللَّهِ وَلَا يَرْغَبُوا بِأَنْفُسِهِمْ

၁၂၀။ 'မဒီနာ' မြို့သားတို့အဖို့လည်းကောင်း၊ ထို သူတို့၏ ပတ်ဝန်းကျင်၌ရှိကြသော အရပ်ကျေးတော သားတို့အဖို့လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်အား စွန့်၍ နောက်ကျန်ရစ်ခဲ့ကြ ရန် မသင့်လျော်ခဲ့ချေ။ ထို့ပြင် ၎င်းတို့သည် မိမိတို့ ၏ အသက်ဇီဝိန်များကို ထိုရာဇလ်တမန်တော်မြတ်၏ အသက်ဇီဝိန်ထက် ပိုမို၍ နှစ်သက်ကြရန်လည်း မထိုက်ပေ။ [၁]

---

① မဒီနာမြို့သားများနှင့် ပတ်ဝန်းကျင်ရှိ အရပ်ကျေးတောသားများသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား စွန့်၍ နောက်ချန်မနေသင့်ကြပေ။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အသက်ထက် မိမိတို့၏ အသက်များကိုလည်း ပို၍ မနှစ်သက်သင့်ကြပေ။

ဆိုလိုသည်ကား တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင်သည်ပင်လျှင် ပင်ပန်းကြီးစွာဖြင့် စစ်မြေပြင်သို့ ချီတက် ကြွသွားနေတော်မူပေရာ ကျွန်ုပ်တို့အဖို့ စည်းစိမ်များနှင့် အေးဆေးစွာ နေထိုင်ကြရန် အလျင်းမပြုသင့်ပေ။

သာဝကကြီး အဗူခိုင်ဆမဟ်သည် "တဗူးက်" စစ်ပွဲသို့ ချီတက်လိုက်ပါရာတွင် နောက်ကျနေခဲ့၏။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) စစ်ပွဲသို့ ချီတက်ကြွတော်မူပြီးနောက် သာဝကကြီး အဗူခိုင်ဆမဟ် သည် မိမိ၏ဥယျာဉ်သို့ ရောက်သွား၏။ အဆိုပါသာဝကကြီး၌ ရုပ်ရည်ချောမောလှပသော ဇနီးလည်းရှိ၏။ ထိုဇနီးသည် သာဝကကြီးအတွက် အရိပ်အာဝါသအောက်တွင် နေရာပြင်ဆင်ကာ ဖျာခင်းထား၏။ မှည့်နေသော စွန်ပလွဲသီးနှင့် အေးမြသောရေများကို တိုက်ကျွေးရန်တည်ခင်းထား၏။

သာဝကကြီးသည် ဤသည့်စည်းစိမ်များကို ကြည့်ပြီး 'ဩဇာ်-အရိပ်အာဝါသကား ကောင်းလှ၏။ စွန်ပလွဲသီးက မှည့်လှ၏၊ ရေကားအေးမြလှ၏၊ ဇနီးမိန်းမကား ချောလှ၏၊ သို့ရာတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်ကား နေပူရှိန်နှင့် လေပူများတွင် ပင်ပန်းကြီးစွာဖြင့် ခရီးသွားလျက် ရှိနေတော်မူ၏။ ဤကား အလျင်းမသင့်' ဟုဆိုပြီးနောက် ရုတ်တရက် ချက်ချင်းပင်ထ၍ အစီးအနင်းကို အသင့်ပြင်၏။ ဓားနှင့်မြားကိုလွယ်၏၊ ထို့နောက် လေအလျင်ပမာ စိုင်း၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ရှိရာသို့ မောင်းနှင်လိုက်ပါလာခဲ့၏။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် တံလျှပ်ကြားမှ အစီးအနင်းဖြင့် ထွက်ပေါ်လာသူ တဦးအား အဝေးမှ မြင်တော်မူသည့်အခါ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က "ဤသူကား အဗူခိုင်ဆမဟ် ဖြစ်ပါစ"ဟု မိန့်တော် မူလိုက်လေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) တွေးထင်တော် မူသည့်အတိုင်း ထိုပုဂ္ဂိုလ်ကား သာဝကကြီး အဗူခိုင်ဆမဟ်ပင် ဖြစ်နေ ပေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် ယင်းကဲ့သို့ သာဝကကြီး အဗူခိုင်ဆမဟ် လိုက်ပါလာခဲ့သည့်အတွက် အထူးဝမ်းသာတော်မူ၏။ သာဝကကြီး အဗူခိုင်ဆမဟ် အဖို့လည်း ဆုပန်ကြား ပေးတော်မူ၏။

عَن نَّفْسِهِۚ ذَٰلِكَ بِأَنَّهُمْ
لَا يُصِيبُهُمْ ظَمَأٌ وَلَا نَصَبٌ
وَلَا مَخْمَصَةٌ فِي سَبِيلِ اللَّهِ
وَلَا يَطَئُونَ مَوْطِئًا يَغِيظُ
الْكُفَّارَ وَلَا يَنَالُونَ مِنْ
عَدُوٍّ نَّيْلًا إِلَّا كُتِبَ لَهُم بِهِۦ
عَمَلٌ صَالِحٌۚ إِنَّ اللَّهَ
لَا يُضِيعُ أَجْرَ الْمُحْسِنِينَ ﴿١٢٠﴾

ဤ(ကဲ့သို့ နောက်ချန်ရစ်ခဲ့ခြင်း မပြုဘဲ ရဋ္ဌလ်တမန်တော်မြတ်နှင့် အတူလိုက်ကြရန် အမိန့်ပြဋ္ဌာန်းတော်မူခြင်း၏) အကြောင်းကား ထိုသူတို့၌ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် မည်သည့် ရေမွတ်သိပ်ခြင်းမဆို ဆိုက်ရောက်ခဲ့သည်ရှိသော်၊ ထိုမှတပါး မည်သည့်ပင်ပန်းခြင်းမဆို ဆိုက်ရောက်ခဲ့သည်ရှိသော်၊ ထိုမှတပါး မည်သည့်ဆာလောင်ခြင်းမဆို ဆိုက်ရောက်ခဲ့သည်ရှိသော်၊ ထိုမှတပါး ၎င်းတို့သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့အား အမျက်ဒေါသ ထွက်စေသည့် မည်သည့် သွားလာမှုကိုမဆို သွားလာကြသည်ရှိသော်၊ ထို့ပြင် ၎င်းတို့သည် ရန်သူတဦးဦးထံမှ (ရန်သူ၏ တပ်လန့်ခြင်းကိုသော်လည်းကောင်း၊ ထိုသူတို့ထံမှ လက်ရပစ္စည်းကိုသော်လည်းကောင်း၊ *ဒဏ်ရာဒဏ်ချက်ကိုသော်လည်းကောင်း၊ ဖမ်းဆီးခြင်းခံရခြင်းကိုသော်လည်းကောင်း*၊ [၁] ရရှိ(ခံစား) ခဲ့ကြရသည်ရှိသော် ၎င်းတို့အဖို့ခံစားကြရသော ထိုအချက်အသီးသီးနှင့်စပ်လျဉ်း၍ ကောင်းမြတ်သောအပြုအမူတရပ်သည် ရေးသားခြင်း ခံခဲ့ကြရသည်ချည်းသာတည်း။ ဧကန်စင်စစ် အလွှာဟ်အရှင်မြတ်သည် အကျင့်သီလကောင်းမြတ်သောသူတို့၏ အကျိုးကို အချည်းနှီးဖြစ်စေတော်မူသည် မဟုတ်ချေ။

---

① ရန်သူများထံမှရရှိသော အရာသည် နှစ်မျိုးနှစ်စားဖြစ်နိုင်သည်။
(၁) သံ့ပန်းနှင့်ရန်သူ၏ စစ်ရေးရှုံးနိမ့်ခြင်း။
(၂) ဒဏ်ရာဒဏ်ချက်ရခြင်း၊ အသတ်ခံရခြင်း၊ အဖမ်းခံရခြင်း။
မုဖတ်စ်စစ်ရိပညာရှင် သုခမိန်များသည် အထက်ဖော်ပြပါအဆို နှစ်ရပ်လုံးကို ဖွင့်ဆိုရေးသားခဲ့ကြပေသည်။

وَلَا يُنفِقُونَ نَفَقَةً صَغِيرَةً
وَّلَا كَبِيرَةً وَّلَا يَقْطَعُونَ
وَادِيًا إِلَّا كُتِبَ لَهُمْ
لِيَجْزِيَهُمُ اللَّهُ أَحْسَنَ
مَا كَانُوا يَعْمَلُونَ ﴿١٢١﴾

၁၂၁။ ၎င်းအပြင် ထိုသူတို့သည် အသေးအဖွဲ သုံးစွဲခြင်းကိုလည်းကောင်း၊ အကြီးအကျယ် သုံးစွဲခြင်း ကိုလည်းကောင်း၊ သုံးစွဲကြသည်ရှိသော်၊ ထို့အတူ ထိုသူတို့သည် မည်သည့်တောင်ကြားအရပ် တရပ် ရပ်ကိုမဆို ဖြတ်ကျော်ကြသည်ရှိသော်၊ ထိုသူတို့အဖို့ ရေးသားထားရှိပြီး ဖြစ်ခဲ့သည်သာတည်း။ (ယင်းကဲ့ သို့ ရေးသား၍ထားရှိခြင်းမှာ) အလ္လာဟ်အရှင်မြတ် သည် ထိုသူတို့အား ထိုသူတို့၏ အပြုအမူများနှင့် စပ်လျဉ်း၍ အကောင်းဆုံးသော အကျိုးကျေးဇူးတော် ကို ချီးမြှင့်ပေးသနားတော်မူခြင်းငှာ ဖြစ်ချေသည်။

وَمَا كَانَ الْمُؤْمِنُونَ لِيَنفِرُوا
كَافَّةً ۚ فَلَوْلَا نَفَرَ مِن كُلِّ
فِرْقَةٍ مِّنْهُمْ طَائِفَةٌ
لِّيَتَفَقَّهُوا فِي الدِّينِ
وَلِيُنذِرُوا قَوْمَهُمْ إِذَا
رَجَعُوا إِلَيْهِمْ لَعَلَّهُمْ
يَحْذَرُونَ ﴿١٢٢﴾

၁၂၂။ စင်စစ်သော်ကား 'မုအ်မင်န်' သက်ဝင်ယုံကြည် သူတို့သည် တယောက်မကျန် (စစ်တလင်းသို့) ထွက် ကြရန်(လည်း) မထိုက်ချေ။ သို့ဖြစ်ပေရာ ၎င်းတို့ အနက်အုပ်စုတိုင်းမှလူတစုသည်သာလျှင် (စစ်တလင်း သို့ အဘယ့်ကြောင့် မထွက်သနည်း) ထွက်ကြရပေ မည်။ သို့မှသာလျှင် (ကျန်လူတို့မှာ) 'ဒီန်' သာသနာ နှင့်စပ်လျဉ်း၍ (အသိပညာများကို) သင်ယူဆည်းပူး နိုင်ကြပေမည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အမျိုးသားတို့အား(စစ်တလင်းမှ) မိမိတို့ထံ ပြန်လည် ရောက်ရှိလာခဲ့ကြသောအခါ (အလ္လာဟ်အရှင်မြတ် ၏အမိန့်ပညတ်တော်များကို ဟောကြားခြင်းအားဖြင့်) သတိပေး နှိုးဆော်နိုင် ကြပေမည်။ သို့မှသာလျှင် ထိုအမျိုးသားတို့သည် (ပြစ်မှုဒုစရိုက်တို့မှ) ရှောင် ရှား တန်ကြရာကုန်သတည်း။ ၁

---

① (က) ဤအာယတ်တော်နှင့်စပ်လျဉ်း၍ မောင်လာနာထာနဝီသခင်၏ဘာသာပြန်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဘာသာပြန်

၎င်းပြင် မုအ်မင်န်များသည် (ဂျိဟာဒ်ပြုလုပ်ရန်အတွက် စစ်မြေပြင်သို့) အားလုံး တယောက်မကျန်) ထွက်ကြရန်(လည်းအမြဲတစေ)မသင့်ပေ။ (ဤသို့ပြုလုပ်ပါက တစ်ခါတစ်ရံ မွတ်စ်လင်မ်များအတွက် ➤➤

➤➤ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည်။) သို့ဖြစ်ပေရာ ထိုမုအ်မင်နှ်တို့၏ အုပ်စုကြီးတိုင်းမှ အုပ်စုငယ်တခုစီ အဘယ်ကြောင့် (ဂျိဟာဒ်ပြုလုပ်ရန်) မထွက်ဘဲနေသနည်း။ ထွက်သင့်ပေသည်။ (အချို့မွတ်စ်လင်မ်များမှာမူ မြို့ရွာ၌ နေရစ်ခဲ့ကြရမည်။)

သို့မှသာလျှင် ကျန်ရစ်ခဲ့သော မွတ်စ်လင်မ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) လက်ထက်တော်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံမှလည်းကောင်း၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နောက် မြို့ရွာရှိ အာလင်မ်များထံမှလည်းကောင်း၊ သာသနာရေးဆိုင်ရာ အသိပညာများကို ဆည်းပူးနိုင်ကြပေမည်။ ၎င်းနောက် ဤသူများသည် (စစ်မြေပြင်သို့ ဂျိဟာဒ်ပြုရန်သွားကြသော) မိမိတို့၏အမျိုးသားများအား ထိုအမျိုးသားများ ၎င်းတို့ထံသို့ ပြန်လည်ရောက်ရှိလာကြသောအခါ (သာသနာရေးဆိုင်ရာ အသိပညာများပေး၍ အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို မနာခံခြင်းမှ) သတိပေး နှိုးဆော်ကြပေမည်။ သို့မှသာလျှင် ထိုအမျိုးသားများသည် (၎င်းတို့ထံမှ သာသနာရေးဆိုင်ရာ အမိန့်ပညတ်တော် များကို ကြားနာရကာ မကောင်းမှုများမှ) ရှောင်ကြဉ်ကြပေမည်။

အဖွင့်။

မြို့ရွာတွင် မွတ်စ်လင်မ်များ ကျန်ရှိနေခြင်းဖြင့် အကျိုးကျေးဇူး အများအပြား ရှိပေသည်။ ယင်း အကျိုးများအနက် ဤအာယတ်တော်တွင် သာသနာရေးနှင့်သက်ဆိုင်သော ကြီးမားသော အကျိုးတရပ်ကို ထုတ်ဖော် မိန့်ဆိုထားတော်မူသည်။ ထိုပြင်တဝ ယင်းသို့ မြို့ရွာများတွင် အချို့မွတ်စ်လင်မ်များ ကျန်ရှိနေခြင်းအားဖြင့် လောကီရေးဆိုင်ရာ အကျိုးအများအပြားပင် ရှိတတ်ကြောင်း အထင်အရှားဖြစ်၍ ထုတ်ဖော်ရေးသားရန်ပင်မလိုပေ။ ဥပမာ-ဂျိဟာဒ်အတွက် မွတ်စ်လင်မ်အားလုံး တယောက်မကျန် စစ်မြေပြင်သို့ ချီတက်သွားကြလျှင် 'ဒါရုလ် အစ္စလာမ်' အစ္စလာမ်နိုင်ငံတော်သည်ပင်လျှင် မွတ်စ်လင်မ်တို့၏ လက်တွင်းမှ ထွက်သွားနိုင်ပေသည်။

ထို့ပြင်တဝ သာသနာရေးပညာ ဆည်းပူးမှုကို မြို့ရွာများတွင် ကျန်ရှိနေသော မွတ်စ်လင်မ်များအတွက် သီသန့် ပြုလုပ်ထားတော်မူခြင်းမှာ များသောအားဖြင့် ပညာဆည်းပူးမှုသည် မြို့ရွာများတွင် နေထိုင်သည့်အခါ၌သာ ဖြစ်နိုင်လေ့ရှိခြင်းကြောင့်ပင်ဖြစ်သည်။ (ထာနဝီ အစောင်-၄၊ စာမျက်နှာ-၁၅၁။)

(ခ) ဤအာထတ်တော်နှင့်စပ်လျဉ်း၍ 'တဖ်စီရ်မာဂျီဒီ'တွင် အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

"တဗူးက်" စစ်ပွဲသည် အခြားစစ်ပွဲများနှင့်မတူ တမူထူးခြားဏ်။ (ထို့အတွက်ကြောင့်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မွတ်စ်လင်မ်အားလုံးတို့အား စစ်ချီထွက်ရန် အမိန့်ထုတ်ပြန်တော်မူခဲ့သည်။) ထိုစစ်ပွဲပြီးဆုံးသွားပြီးနောက် နောက်နောင်အတွက် အမြဲတစေ လိုက်နာကျင့်သုံးရန် သီးသန့်အမိန့်ထုတ်ပြန်တော်မူလိုက်လေသည်။ ထိုအမိန့်အရ မွတ်စ်လင်မ်အားလုံးတို့သည် မိမိတို့၏မြို့ရွာများကို လုံးဝစွန့်ခွာ၍ စစ်မြေပြင်သို့ ထွက်ကြရန် မလိုသော်လည်း အေ့မာမ်ရှေ့ဆောင် အကြီးအကဲက မွတ်စ်လင်မ်အားလုံးတို့အား တယောက်မကျန် စစ်ချီထွက်ရန် အမိန့်ထုတ်ပြန်ခဲ့သည်ရှိသော် ဂျိဟာဒ်ပြုလုပ်ခြင်းသည် မွတ်စ်လင်မ်တိုင်းအပေါ်၌ 'ဖရ်ဿ်အိုင်န်' ဖြစ်သွားပေသည်။

မောင်လာနာထာနဝီသခင်က "သာသနာ့အရေးတော်များကို စီမံခန့်ခွဲ ဖြေရှင်းရာ၌ နေထိုင်စားသောက်မှု စသည့် အခြားအရေးကြီးသော ကိစ္စများ မပျက်ပြားစေဘဲ စီမံခန့်ခွဲသင့်သည်" ဟု ဖွင့်ဆိုရေးသားထားသည်။

ဤအာယတ်တော်တွင်ပါရှိသော 'ဖစ်ရ်ကတွန်' ဟူသောပုဒ်သည် လူအများအပြား ပါဝင်သော အုပ်စုကြီးများကို ဆိုလိုသည်။ 'တွာအေ့ဖတွန်' ဟူသောပုဒ်သည် လူအနည်းငယ်ပါဝင်သော အုပ်စုလေးကိုဆိုသည်။

ဤ အာယတ်တော်၏ အလိုသဘောမှာ - ဂျိဟာဒ် ပြုလုပ်ရာ၌ မြို့ရွာရှိ လူများအနက် ➤➤

➤➤ အုပ်စုတစုသည် စစ်မှုရေးရာကိစ္စများ ဆောင်ရွက်ရန်အတွက် အသင့်ရှိနေရမည်။ အခြားအုပ်စုတစုသည် မြို့ပြရေးရာကိစ္စများ ဆောင်ရွက်ရန်အတွက် တိုင်းပြည်နှင့်မြို့ရွာများတွင်သာ ရှိနေကြရမည်ဟူ၍ ဖြစ်သည်။

ဖုကဟာ ဓမ္မသတ်ရှင်များက ရေးသားထားသည်မှာ "အစ္စလာမ်နိုင်ငံတော်တွင် အမျိုးမျိုးသော ပစ္စည်းများ အသင့်ရှိရမည်။ အရေးကြီးသောကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန်အတွက် လူအမျိုးမျိုးလည်း အသင့်ရှိရမည်၊ သို့ကမှသာ တိုင်းပြည် စည်ပင်သာယာဝပြောရေး၊ လူထုကျန်းမာရေး၊ တိုင်းပြည် စီမံခန့်ခွဲအုပ်ချုပ်ရေးတို့တွင် ပီပြင်ပေမည်။ သို့မှသာ အစ္စလာမ့်ဂုဏ်သိန်တွင် တစွန်းတစမျှပင် ချို့တည့်မှုရှိမည် မဟုတ်ပေ။ စစ်သည်များ၊ စာရေးဆရာများ၊ စက်မှုလက်မှုဆိုင်ရာပညာရှင်များ၊ ကုန်သည်များ၊ တောင်သူလယ်သမားများ၊ . . . စသည့်လူတန်းစား အသီးသီးတို့သည် အစ္စလာမ်နိုင်ငံတော်တွင် မရှိလျှင်မဖြစ်သော လူတန်းစားများပင်။

မုဖတ်စ်စစ်ရ် ဓမ္မသတ်ရှင်များက ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် "သာသနာရေးပညာဆည်းပူးသင်ကြား လေ့လာခြင်းသည် "ဝါဂျိစ်ဗ်" တာဝန်ဖြစ်သည်" ဟု ရေးသားကြသည်။

"အစ္စလာမ် သာသနာရေးပညာ ဆည်းပူးခြင်းသည် "ဖရ်ဿ်ကိဖါယဟ်" ဖြစ်သည်။ ထို့အတွက် မြို့တိုင်း၊ ရွာတိုင်းတွင် လူအချို့သည် အစ္စလာမ်သာသနာရေးပညာ ရှာဖွေဆည်းပူးမှုတွင် လုံးပမ်းနေရန်မှာ ဝါဂျိစ်ဗ်" ဖြစ်သည်။ သို့မဟုတ်ပါက အားလုံး၌ အပြစ်ရှိမည်ဖြစ်သည်" ဟု ဓမ္မသတ်ပညာရှင်များက ဆုံးဖြတ်ထားကြပေသည်။

"သာသနာရေးပညာ ဆည်းပူးသူများ၏ အဓိကရည်ရွယ်ချက်သည် သာသနာရေးပညာများ၌ ကျွမ်းကျင်ခြင်းနှင့် ကောင်းရာများကို ညွှန်ကြားပြသခြင်းသာလျှင် ဖြစ်သင့်သည်။ ဂုဏ်ထူး၊ ရာထူး၊ ရယူလိုခြင်း၊ ဥစ္စာပစ္စည်း စုဆောင်းလိုခြင်းနှင့် အငြင်းအခုန် ပြောဆိုလိုခြင်း အလျှင်းမဖြစ်သင့်" ဟု "ဆူဖီ" ဓမ္မသတ်ပညာရှင်များက ရေးသားကြပေသည်။

မုဖတ်စ်စစ်ရ် ဓမ္မသတ်ရှင်များက "တဗူးက်စစ်ပွဲတွင် ဂျိဟာဒ် ပြုလုပ်ခြင်းမှ နောက်ကျန်နေရစ်ခဲ့သော မွတ်စလင်မ်များအပေါ်၌ ပြစ်ဒဏ်များကျရောက်လာခဲ့သည့်အခါ စိုးရိမ်ကြောက်ရွံ့ကာ မွတ်စ်လမ်တို့သည် နောင်အချိန်များတွင် တယောက်မကျန် စစ်ပွဲသို့ ချီတက်လိုက်ပါကြတော့သည်။ ထိုအခါ" သာသနာရေးပညာရပ်များကို လေ့လာသင်ကြားဆည်းပူးရန် အချို့ပုဂ္ဂိုလ်များ မြို့ရွာများ၌ပင် ကျန်ရှိနေကြရန်အတွက် ဤအာယတ်တော် ကျရောက်လာခြင်းဖြစ်ကြောင်း။

'ဂျိဟာဒ် ဗစ်ဒ်ဒလာအစ်လ်' သက်သေသာဓက ကျိုးကြောင်းများတင်ပြကာ ဂျိဟာဒ်ပြုလုပ်ခြင်းသည် 'ဂျိဟာဒ် ဗစ်လ်အလ်စ်လိဟဟ်' လက်နက်များစွဲကိုင်ကာ ဂျိဟာဒ်ပြုလုပ်ခြင်းထက် ပိုမိုအရေးကြီးလှကြောင်း ရေးသားကြပေသည်။ (မာဂျိဒီ အစောင်-၂၊ စာမျက်နှာ-၄၂၉၊ အောက်ခြေအမှတ်-၂၂၉-၂၃၀)

(၇) ဤအာယတ်တော်နှင့် စပ်လျဉ်း၍ မောင်လာနာ ရှစ်ဗ်ဗီရ်အဟ်မဒ် အွတ်ဆ်မာနီ သခင်က အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

အထက်က လွန်ခဲ့ပြီးသော အပိုဒ်များတွင် ဂျိဟာဒ်ပြုလုပ်ရန်အတွက် စစ်ချီထွက်ခြင်း၏ မြင့်မြတ်သည့်အကြောင်းနှင့် စစ်ချီမထွက်လျှင် အပြစ်ရှိသည့်အကြောင်းများ ပါရှိပေးသည်။ ဤသည့်အကြောင်းအချက်ကို ထောက်ရှု၍ ဂျိဟာဒ် ပြုလုပ်ရန်အတွက် စစ်ချီထွက်ခြင်းသည် မွတ်စ်လင်မ်အားလုံးတို့ အပေါ်၌ 'ဖရ်ဿ်အိုင်န် ဖြစ်သည်' ဟု အချို့မွတ်စ်လင်မ်များ မှတ်ယူကောင်း မှတ်ယူပေမည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ဂျိဟာဒ် ပြုလုပ်ရန်အတွက် မွတ်စ်လင်မ်အားလုံး စစ်ချီရန် အမြဲတစေမလိုကြောင်း၊ ယင်းသို့ ➤➤

➤➤ စစ်ချီထွက်သင့်ကြောင်း၊ ကျန်လူများသည် အခြားအရေးကြီးသော ကိစ္စများကို ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း မိန့်ဆိုထားတော်မူသည်။

(၁) အကယ်၍ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မိမိကိုယ်တိုင် စစ်ပွဲသို့ ချီတက်ကြွမြန်းသွားတော်မူသည်ရှိသော် မွတ်စ်လင်မ်တို့၏ အုပ်စုကြီးတိုင်းမှ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်အတူတကွ စစ်ပွဲသို့ ချီတက်လိုက်ပါသွားသော မွတ်စ်လင်မ်များသည် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အပါးတော်တွင်ပင် နေထိုင်၍ မြောက်မြားစွာသော အဖြစ်အပျက်များ၊ အတွေ့အကြုံများနှင့် ပြဿနာများကိုပါ တွေ့ကြုံကြရပေမည်။ သာသနာရေးဆိုင်ရာ အသိပညာများကိုလည်း လေ့လာဆည်းပူးနိုင်ကြပေမည်။ ဤသို့ဖြင့် စစ်ပွဲမှ ပြန်လာကြသည့်အခါ စစ်ပွဲသို့မလိုက်ပါဘဲ နောက်ပိုင်းတွင် နေရစ်ခဲ့ကြသော မိမိတို့၏ အမျိုးသားများအား မိမိတို့၏ အတွေ့အကြုံများနှင့် မိမိတို့လေ့လာဆည်းပူးရရှိခဲ့သော သာသနာရေးဆိုင်ရာအသိပညာများကို ပြောကြားကြပေမည်။ အကောင်းအဆိုးခွဲခြား၍ သတိပေးနှိုးဆော်ကြပေမည်။

(၂) အကယ်၍ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မိမိကိုယ်တော်တိုင် စစ်ပွဲသို့ ချီတက်ကြွမြန်းသွားတော်မမူဘဲ၊ မဒီနာမြို့၌ပင် ရှိနေတော်မူသော်၊ စစ်ပွဲသို့ လိုက်ပါမသွားကြဘဲ မြို့၌ ကျန်ရှိနေခဲ့ကြသော မွတ်စ်လင်မ်များသည် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်တွင် ချဉ်းကပ်၍ သာသနာရေးဆိုင်ရာ အသိပညာများကို ဆည်းပူးနိုင်ကြပေမည်။ စစ်ပွဲသို့ လိုက်ပါချီတက် သွားနေကြသော မုဂျာဟစ်ဒ်များ မရှိခိုက် အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ထံသို့ ကျရောက်လာခဲ့သော တရားဒေသနာတော်များကိုလည်း ကြားနာခွင့် ရရှိကြပေမည်။ ဤသို့ တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်အတူ နေထိုင်၍ သာသနာရေးဆိုင်ရာ အသိပညာများ ဆည်းပူးခွင့်ရရှိသော မွတ်စ်လင်မ်များသည် မိမိတို့ ဆည်းပူးရရှိထားသော သာသနာရေးဆိုင်ရာ အသိပညာများကို စစ်ပွဲမှ မိမိတို့ထံပြန်လာကြသော မုဂျာဟစ်ဒ်များအား ပြောကြားကြပေမည်။

ဤအာယတ်တော်ပါ အရဗီစာသွားစာလာကို စဉ်းစားဆင်ခြင်ပါက အထက်ဖော်ပြပါ အဓိပ္ပါယ် နှစ်မျိုးနှစ်စားလုံးကို ကောက်ယူနိုင်ပေသည်။ ရူဟူလ်မအာနီနှင့် အချို့ကျမ်းကြီးများတွင်လည်း ဤအတိုင်းပင် ဖွင့်ဆိုရေးသားထားကြသည်။

ရှားဟ်ဆွာဟစ်ဗ်က ဖွင့်ဆိုရေးသားသည်မှာ – အုပ်စုတိုင်းမှ အချို့သူများသည် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်ပါးတွင် နေထိုင်ပြီး သာသနာရေးပညာရပ်များကို မိမိတို့ ကိုယ်တိုင် သင်ယူ၍ သူတပါးတို့အားလည်း သင်ကြားပေးခဲ့ပေသည်။ ယခု တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဤမျက်မှောက်ဘဝ၌ မရှိတော့၊ သို့သော သာသနာရေးဆိုင်ရာ ပညာရပ်များနှင့် အာလင်မ် ပညာရှင်များကား အသင့်ရှိနေကြပေသည်။ သာသနာရေးပညာ ဆည်းပူးခြင်းသည် 'ဖရ်ဿ်ကိဖာယဟ်' ဖြစ်သည်။ ဂျိဟာဒ် ပြုလုပ်ခြင်းသည်လည်း 'ဖရ်ဿ်ကိဖာယဟ်' ဖြစ်သည်။ သို့ရာတွင် အကယ်၍ အေ့မာမ် ရှေ့ဆောင် အကြီးအကဲက ပြည်သူအဝန်းအား စစ်ချီရန်အမိန့်ပေးသော် အားလုံးတို့အပေါ်၌ ဂျိဟာဒ်ပြုလုပ်ခြင်း သည် 'ဖရ်ဿ်အိုင်န်' ဖြစ်သွားပေသည်။ တဗူးက်စစ်ပွဲတွင်လည်း ဤအတိုင်းပင်ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့်လည်း တဗူးက်စစ်ပွဲသို့ မလိုပါဘဲ နောက်ချန်ခဲ့သော မွတ်စ်လင်မ်များသည် အရေးယူတော်မူခြင်း ခံခဲ့ကြရပေသည်။

အဗူဟိုင်ယာန်၏ ယူဆချက်အရ ဤအာယတ်တော်သည် ဂျိဟာဒ်နှင့် မပတ်သက်၊ သာသနာရေးပညာဆည်းပူးခြင်းသာ ပတ်သက်သည်။ ဂျိဟာဒ်နှင့်စပ်လျဉ်းသည့် အာယတ်တော်များကား သာသနာရေးရာပညာဆည်းပူးခြင်းနှင့် စပ်လျဉ်းသည့် အာယတ်တော်များနှင့် ဆက်စပ်လျက်ရှိပေသည်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ قَٰتِلُواْ ٱلَّذِينَ يَلُونَكُم مِّنَ ٱلۡكُفَّارِ وَلۡيَجِدُواْ فِيكُمۡ غِلۡظَةٗۚ وَٱعۡلَمُوٓاْ أَنَّ ٱللَّهَ مَعَ ٱلۡمُتَّقِينَ ١٢٣

၁၂၃။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အနီးပတ်ဝန်းကျင်ရှိ 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သူတို့အား တိုက်ခိုက်ကြလေကုန်၊ [၁] ထို့ပြင် ၎င်း 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သူတို့သည် အသင်တို့၌ ပြင်းထန်မှုကို တွေ့ရှိကြစေရာ၏။ [၂] ၎င်းပြင် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သူတော်စင်တို့နှင့် အတူရှိတော်မူကြောင်း အသင်တို့သည် (ကောင်းစွာ) သိထားကြလေကုန်။ [၃]

➤➤ ဆက်စပ်မှု ဂျိဟာဒ် ပြုလုပ်ရန်နှင့် သာသနာရေးပညာ ဆည်းပူးခြင်းအတွက် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်သို့ ထွက်ကြရသည်။ ထိုလမ်းနှစ်ခုလုံး၏ အဓိကရည်ရွယ်ချက်မှာ သာသနာတော်ကို တည်တံ့စေရန်နှင့် မြင့်တင်စေရန်ပင် ဖြစ်သည်။ ဂျိဟာဒ်၌လည်း လက်နက်ကို အသုံးပြုရသည်။ သာသနာရေးပညာ ဆည်းပူးရာ၌ နူတ်လျှာကို အသုံးပြုရသည်။

ဤအာယတ်တော်နှင့် စပ်လျဉ်း၍ အကျယ်ကိုသိလိုပါက အစ်ဗ်နဂျရီး၌၊ အစောင်-၁၁၊ စာမျက်နှာ (၄၈-၅၂)တွင်လည်းကောင်း၊ ခါဇင်နိကျမ်း၊ အစောင်-၃၊ စာမျက်နှာ(၁၃၆-၁၃၈)တွင်လည်းကောင်း၊ အလ်မနာကျမ်း၊ အစောင်-၁၁၊ စာမျက်နှာ (၇၇-၈၀)တွင်လည်းကောင်း ရှုပါကုန်။

① ဤအာယတ်တော်၏ သဘောကား 'မွတ်စ်လင်မ်များသည် ရန်သူကာဖိရ်တို့အား တိုက်ခိုက်ရန်အတွက် အမြဲတစေ အင်အားအပြည့်အစုံနှင့် တောင့်တင်းစွာ အသင့်ရှိနေကြရမည် ဟူ၍ ဖြစ်သည်။ သို့မှသာလျှင် ရန်သူများသည် မွတ်စ်လင်မ်တို့အား ကျူးကျော်စော်ကားဝံ့ကြမည် မဟုတ်ပေ။

ဤအာယတ်တော်တွင် ရန်သူများနှင့် ပြိုင်ဆိုင်တိုက်ခိုက်ရာတွင် မည်သို့သော ရန်သူများအား စတင် ရင်ဆိုင် တိုက်ခိုက်ရမည့် အစီအစဉ်ကိုလည်း ပြဆိုထားတော်မူသည်။ ယင်းအစီအစဉ်အရ မွတ်စ်လင်မ်တို့သည် ရန်သူများအနက် မိမိတို့နှင့် နီးစပ်လျက်ရှိသော ရန်သူများအား ဦးစွာပထမ စတင်တိုက်ခိုက်ကြရမည် ဖြစ်သည်။ မိမိတို့နှင့် နီးစပ်လျက်ရှိသော ရန်သူများအား စတင်တိုက်ခိုက်ခြင်း၏ အကျိုးအာနိသင်ကား ထင်ရှားလှပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်တကွ "ခုလဖာအိရာရှိဒီးန်" ခေါ် ဖြောင့်မတ်မှန်ကန်တိကျသော မွတ်စ်လင်မ် သမ္မတကြီးများသည်လည်း ဤသည့်အစီအစဉ်အတိုင်း ရန်သူများအနက် မိမိတို့နှင့် နီးစပ်လျက်ရှိသော ရန်သူများကိုသာ စတင် တိုက်ခိုက်တော်မူခဲ့ကြပေသည်။

ဤသည့်အတွက်ကြောင့်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အရဗ်တို့နှင့် စတင်တိုက်ခိုက်တော်မူခဲ့ပေသည်။ အရဗ်တို့နှင့် တိုက်ခိုက်၍ ပြီးစီးတော်မူသည့်အခါတွင်မှ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဆီရိယားနိုင်ငံရှိ ရောမအမျိုးသားများနှင့် တိုက်ခိုက်တော်မူခဲ့လေသည်။ (ကုရ်တုဗီ)။

وَإِذَا مَآ أُنزِلَتْ سُورَةٌ فَمِنْهُم مَّن يَقُولُ أَيُّكُمْ زَادَتْهُ هَٰذِهِۦٓ إِيمَٰنًا ۚ فَأَمَّا ٱلَّذِينَ ءَامَنُوا۟ فَزَادَتْهُمْ إِيمَٰنًا وَهُمْ

၁၂၄။ စင်စစ်သော်ကား မည်သည့် အခါမျိုး၌မဆို (ကုရ်အာန်ကျမ်းတော်မြတ်၏) 'စူရဟ်' ကဏ္ဍ တခုခု သည် (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ချပေး သနားတော်မူခြင်း ခံခဲ့ရပါလျှင်၊ ထို ('မုနာဖစ်က်' မွတ်စ်လင်မ် အယောင်ဆောင်သော) သူတို့အနက်မှ အချို့က "ဤ 'စူရဟ်' ကဏ္ဍသည် အသင်တို့အနက် မည်သူ၏ အီမာန်သက်ဝင်ယုံကြည်မှုကို တိုးတက် စေပါသနည်း" ဟု ပြောဆိုကြလေ၏။

---

(၂) မွတ်စ်လင်မ်များနှင့် ကာဖိရ်များ ပြိုင်ဆိုင်တိုက်ခိုက်ကြရာ၌ မွတ်စ်လင်မ်တို့တွင် ပြင်းထန်မှု၊ တောင့်တင်းမှု၊ အင်အားကြီးမှု၊ ရင့်ကျက်မှုများ ရှိနေကြရပေမည်။

မွတ်စ်လင်မ်တို့သည် ရင်ဆိုင်တိုက်ခိုက်ရာတွင် လျော့ရိလျော့ရဲ မလုပ်ကြရ၊ သို့မှသာ ကာဖိရ်တို့၏ အရှိန်အဝါသည် မွတ်စ်လင်မ်တို့အပေါ်၌ မလွှမ်းမိုးဘဲ၊ မွတ်စ်လင်မ်တို့၏ အရှိန်အဝါသာလျှင် ကာဖိရ်တို့အပေါ်၌ လွှမ်းမိုးသွားပေသည်။

မုအ်မင်နဲ်တဦး၏ ဂုဏ်ရည်မှာ မိမိ၏ ညီနောင်အဖို့ ပျော့ပျောင်း၍ အလ္လာဟ့်ရန်သူများနှင့် ရစူလ်၏ရန်သူများအဖို့မှာကား ခက်ထန်ရမည်ဖြစ်သည်။ မုအ်မင်နဲ်များသည် ရန်သူများနှင့် ဆက်ဆံရာတွင် လျော့ရိလျော့ရဲ ပြုလုပ်ပါက ရန်သူများသည် ရောင့်တက်လာကြပေမည်၊ ထို့အတွက်ကြောင့် ရန်သူကာဖိရ်များအပေါ်၌ ပြင်းထန်ရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၅:၅၄။ ၉:၇၃။ ၄၈:၂၉)တို့တွင် အတည့်အလင်း မိန့်ဆိုထားတော်မူသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင်ကပင် "ကျွန်ုပ်သည် အလွန်ချိုသာ ပြုံးရွှင်သူ၊ အလွန်ပြိုင်ဆိုင် သတ်ဖြတ်သူဖြစ်သည်" ဟု မိန့်ဆိုထားတော်မူခဲ့လေသည်။

(၃) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ခြင်းနှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း၏ အခြေခံ သဘောတရားသည်လည်း "တာက္ကဝါ" တရားပင် ဖြစ်ရမည်။ ဤအာယတ်တော်တွင် "မွတ္တကီးန" ဟူသောပုဒ်ကို သုံးနှုန်းတော်မူ၍ တဖက်တွင် ဂျိဟာဒ်ပြုရာ၌ စိတ်စေတနာ ဖြူစင်စွာထားရှိရန် ညွှန်ကြားထားတော်မူသည်။ ထို့ပြင်တဝ ဥစ္စာပစ္စည်းကို လိုချင်တပ်မက်မောမှု၊ နာမည်ကြီးလိုမှု စသည့် လောကီရမ္မက်များ မထားမရှိစေရန် ပိတ်ပင်ထားတော်မူသည်။ အခြားတဖက်တွင် အလ္လာဟ်အရှင်မြတ်သည် မွတ္တကီများနှင့် အတူတကွ ရှိတော်မူသည်' ဟု မိန့်ဆိုတော်မူကာ "တာက္ကဝါ" တရား လက်ကိုင်ထားသော မွတ္တကီများသည် အလ္လာဟ်အရှင်မြတ်မှတပါး မည်သူ့ကိုမျှ စိုးရိမ်ကြောက်ရွံ့ရန် မလိုကြောင်း၊ မွတ္တကီများအား ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရန်အတွက် ကြီးကျယ်မြင့်မြတ်လှသော အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်ပင် အသင့်ရှိနေတော်မူကြောင်း ညွှန်ပြ ထားတော်မူသည်။

(၄) ကုရ်အာန်ကျမ်းတော်မြတ်လာ ကဏ္ဍတခုခုကျရောက်လာသည့်အခါ မုနာဖစ်က်များသည် ၎င်းတို့ အချင်းချင်းသော်လည်းကောင်း၊ သို့မဟုတ် အချို့ရိုးသားသော မွတ်စ်လင်မ်များကိုသော်လည်းကောင်း၊ ➤➤

يَسْتَبْشِرُونَ ﴿٢٤﴾

စင်စစ်သော်ကား မည်သို့ပင်ဖြစ်စေ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ ထို 'စူရဟ်' ကဏ္ဍသည် ၎င်းတို့၏ 'အီမာန်' သက်ဝင်ယုံကြည်မှုကို တိုးတက်စေခဲ့၏။ ထို့ပြင် ၎င်းတို့သည် ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြကုန်သတည်း။

وَأَمَّا الَّذِينَ فِي قُلُوبِهِم مَّرَضٌ فَزَادَتْهُمْ رِجْسًا إِلَىٰ رِجْسِهِمْ وَمَاتُوا وَهُمْ كَافِرُونَ ﴿١٢٥﴾

၁၂၅။ သို့ရာတွင် စိတ်နှလုံးများတွင် ရောဂါရှိသော သူတို့အဖို့ ထို'စူရဟ်'ကဏ္ဍသည် ၎င်းတို့၏ အညစ်အကြေးတွင်အညစ်အကြေးတခုခုကို (ထပ်လောင်း၍) တိုးစေခဲ့သည်။ ထို့ပြင်၎င်းတို့သည် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သူများ အဖြစ်နှင့်ပင် သေဆုံးခဲ့ကြရလေသည်။

أَوَلَا يَرَوْنَ أَنَّهُمْ يُفْتَنُونَ فِي كُلِّ عَامٍ مَّرَّةً أَوْ مَرَّتَيْنِ ثُمَّ لَا يَتُوبُونَ وَلَا هُمْ يَذَّكَّرُونَ ﴿١٢٦﴾

၁၂၆။ ၎င်းတို့သည် မိမိတို့မှာ တနှစ်လျှင် တကြိမ် သို့မဟုတ် နှစ်ကြိမ် စမ်းသပ်ခြင်း ခံကြရသည်ကို မမြင်ကြလေသလော၊ သို့ပါလျက် ၎င်းတို့သည် ဝန်ချတောင်းပန်ကြသည်လည်းမဟုတ်ပေ၊ သတိတရား ရရှိကြသည်လည်း မဟုတ်ချေတကား။ ၁

➤➤ 'ဤကဏ္ဍသည် အသင်တို့အနက် မည်သူမည်ဝါ၏ အီမာန် ယုံကြည်မှုကို တိုးတက်စေသနည်း' ဟု ပြက်ရယ်ပြောင်လှောင်သည့် သဘောဖြင့် မေးကြလေသည်။ ယင်းသို့ မုနာဖစ်က်များ မေးကြခြင်းမှာ "ဤကဏ္ဍတွင် အနက်အဓိပ္ပါယ် အနှစ်သာရပြည့်ဝသည့် တရားများ မပါရှိ"ဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းမုနာဖစ်က်များ၏ ထိုသို့ ပြောဆိုခြင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က ဖြေကြားတော်မူသည်မှာ "မုအ်မင်န်များသည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို ကြားနာကြရသည့်အခါ ၎င်းတို့၏ အီမာန်ယုံကြည်မှုသည် အမှန်တကယ်ပင် တိုးပွားလာသည်။ လန်းဆန်းလာသည်၊ ရင့်ကျက်လာသည်၊ ၎င်းတို့၏ စိတ်နှလုံးများလည်း ပျော်ရွှင်ကြည်နူးလာသည်။ အကြင်သူများ၏ စိတ်နှလုံးများတွင် ကုဖ်ရ်၊ နိဖာက်၏ ရောဂါစွဲကပ်လျက်ရှိ၏။ အညစ်အကြေးရှိ၏၊ ယင်းသို့သော သူများအဖို့မှာကား ၎င်းတို့၏ရောဂါနှင့် အညစ်အကြေးများသည် ('နူရာဝဲစွဲ' ဆိုသကဲ့သို့) ထူပြောလျှ လာပေသည်။ နောက်ဆုံးတွင် ထိုရောဂါနှင့် အညစ်အကြေးများကြောင့် ကာဖိရ်အဖြစ်နှင့်ပင် သေကြရလေသည်။

၁ မုနာဖစ်က်များသည် နှစ်စဉ်နှင့်အမျှ အနည်းဆုံး တကြိမ်နှစ်ကြိမ် စမ်းသပ်ခြင်း ခံနေကြရသည်။ ဒုက္ခကြီးငယ်များနှင့် ရင်ဆိုင်နေကြရသည်။ ဥပမာအားဖြင့် တခါတရံ မုနာဖစ်က်များထံသို့ မိုးခေါင်ရေရှားသည့်ကပ်၊ ရောဂါကပ် စသည်များ ဆိုက်ရောက်တတ်သည်၊ တခါတရံ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ➤➤

وَإِذَا مَآ أُنزِلَتْ سُورَةٌ نَّظَرَ
بَعْضُهُمْ إِلَىٰ بَعْضٍ هَلْ
يَرَىٰكُم مِّنْ أَحَدٍ ثُمَّ
انصَرَفُوا صَرَفَ اللَّهُ
قُلُوبَهُم بِأَنَّهُمْ
قَوْمٌ لَّا يَفْقَهُونَ ﴿١٢٧﴾

၁၂၇။ ထိုမှတစ်ပါး မည်သည့်အခါမျိုးမဆို 'စူရဟ်' ကဏ္ဍတခုခုကို ချပေးသနားတော်မူခြင်းကို ခံခဲ့ရပါလျှင်၊ ၎င်းတို့အနက် တဦးကတဦးကို ကြည့်(၍) "အသင်တို့အား (နဗီတမန်တော်နှင့် မွတ်စ်လင်မ်တို့အနက်မှ) တဦးဦးသည် ကြည့်နေသလော" [၁] ဟု (အရိပ်အယောင်ဖြင့် ပြောဆို)မေးမြန်းပြီးနောက် ပြန်လှည့်(၍) ထွက်သွား)ခဲ့ကြလေသည်။

(စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများကို လှည့်၍ ထားတော်မူခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အသိဉာဏ်ကို အသုံးမပြုသောသူများသာ ဖြစ်ကြသောကြောင့်ပင်။

➤➤ ဝစလ္လမ်)၏ ဖွင့်ဟပြန်ကြားတော်မူခြင်းကြောင့် မုနာဖစ်ဂ်များသည် ၎င်းတို့တွင် ကိန်းဝပ်နေသည့် နိဖာက်ပေါ်လွင်ထင်ရှားကာ အရှက်တကွဲ အကျိုးနည်းဖြစ်ကြရသည်။ တခါတရံ ဂျိဟာဒ်စစ်ပွဲများတွင် ၎င်းတို့၏ သတ္တိကြောင်မှု၊ အတွင်းစိတ်ဓာတ် ယုတ်မာမှုများ ပေါ်လွင်ထင်ရှားတတ်ပေသည်။ သို့သော်ငြားလည်း မုနာဖစ်ဂ်များသည် အရှက်အကြောက် ကင်းမဲ့ကာ အတွင်းစိတ်ဓာတ် လွန်စွာညံ့ဖျင်း၊ ဆိုးရွားလှသည့်အတွက် ၎င်းတို့သည် အနည်းငယ် စိုးစဉ်းမျှပင် မတုန်လှုပ်ကြ၊ အမှားကိုလည်း ဝန်မခံကြပေ။ သတိတရားလည်း မရကြချေ။

① တခါတရံ မုနာဖစ်ဂ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ထံတော်ပါးသို့ ရောက်ရှိနေကြချိန်တွင်၊ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ 'စူရဟ်' ကဏ္ဍတခုခု ကျရောက်လာတတ်၏။ ထိုအခါ မုနာဖစ်ဂ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ထံတော်ပါးမှ ထ၍ပြန်ကြ၏။ ယင်းသို့ထပြန်ကြသည့်အခါတွင် အချင်းချင်း လက်ရိပ်ခြေရိပ် မျက်ရိပ်ပြကာ 'မုအ်မင်န် တဦးတယောက်သည် ငါတို့ထပြန်ကြသည်ကို မြင်နေသလော' ဟု မေးမြန်းကြ၏။ ယင်းသို့မေးမြန်းခြင်းမှာ ၎င်းတို့ ထိုသို့ထပြန်ကြသည်ကို မုအ်မင်န် တဦးတယောက် တွေ့မြင်သွားလျှင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ သွားရောက်တိုင်ကြားမည်ကို စိုးရိမ်ကြခြင်းကြောင့် ဖြစ်သည်။

မုနာဖစ်ဂ်များသည် မိမိတို့ရရှိထားသော အသိဉာဏ်ကို အသုံးမပြုကြပေ။ (မိမိတို့၏ အသိဉာဏ်များကို အသုံးပြု၍ အစွမ်းလာမ်သာသနာတော်၏ အဆုံးအမ ဩဝါဒများကိုလည်း နားမလည်လိုကြ၊ မနာခံလိုကြပေ။) မိမိတို့၏အကျိုးကိုလည်း မမြင်ကြပေ၊ မိမိတို့၏ အကျိုးကိုပစ်၍ ပြေးကြသည်။ ထို့အတွက်ကြောင့်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်ပါးမှ ထပြန်ကြခြင်းဖြစ်သည်။

အမှန်မှာ မုနာဖစ်ဂ်များ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်ပါးမှ ➤➤

لَقَدْ جَآءَكُمْ رَسُولٌ مِّنْ أَنفُسِكُمْ عَزِيزٌ عَلَيْهِ مَا عَنِتُّمْ حَرِيصٌ عَلَيْكُم بِالْمُؤْمِنِينَ رَءُوفٌ رَّحِيمٌ ﴿١٢٨﴾

၁၂၈။ ဧကန်မလွဲ အသင်တို့အနက်မှပင် ရာဇာလ် တမန်တော်တပါးသည် အသင်တို့ထံ ရောက်ရှိလာခဲ့ ချေပြီ။ [၁] အသင်တို့ တွေ့ကြုံရသော ဒုက္ခသည် ထိုရာဇာလ်တမန်တော်၏အပေါ်၌ အလွန် ဝန်လေးလှ သည်။ [၂] (၎င်းပြင် ထိုရာဇာလ်တမန်တော်သည်) အသင်တို့နှင့်ပတ်သက်၍ ကောင်းရာကောင်းကြောင်း များကိုသာ အာသာဆန္ဒ ပြင်းပြစွာ တပ်မက်သူဖြစ် ၏။ (ထိုမှတစ်ပါး) 'မုအ်မင်နဲ' သက်ဝင်ယုံကြည်သူ တို့နှင့် ပတ်သက်၍ အလွန်တရာ နူးညံ့သိမ်မွေ့သူ၊ အလွန်တရာ သနားကြင်နာသူတဦး(လည်း) ဖြစ်ချေ သတည်း။ [၃]

➤➤ ထပြန်ကြခြင်းမှာ ၎င်းတို့သည် မိမိတို့ရရှိသော အသိဉာဏ်များကို အသုံးမပြုကြသည့်အတွက် အလွှာဟ်အရှင်မြတ်က ၎င်းတို့၏ စိတ်နှလုံးများကို အီမာန်ယုံကြည်ခြင်းမှသာမက ကောင်းကျိုးချမ်းသာ အားလုံးတို့မှပင် လှည့်ဖယ်ထားတော်မူလိုက်ခြင်းဖြစ်သည်။

① ဤအာယတ်တော်တွင် (لَقَدْ جَآءَكُمْ رَسُولٌ مِّنْ أَنفُسِكُمْ) ဟူ၍ (كُمْ) ဟူသော နာမ်စား နှစ်နေရာ၌ ပါရှိသည်။ ယင်းနာမ်စားသည် မည်သူမည်ဝါအား ရည်ညွှန်းသနည်း၊ အချို့ပညာရှင်များက 'တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အရဗ်လူမျိုးတို့ထံသို့ စေလွှတ်တော်မူခြင်း ခံရသည်ဖြစ်ရာ ဤနာမ်စား သည် အရဗ်လူမျိုးတို့အား ရည်ညွှန်းသည်' ဟု ဆိုကြသည်။ သို့ရာတွင် "ဤနာမ်စားသည် လူသားထုကြီး တရပ်လုံးအား ရည်ညွှန်းခြင်းဖြစ်သည်" ဟူသောအဆိုမှာ ပို၍မှန်ကန်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အရဗ်လူမျိုးတို့ထံသို့သာလျှင် စေလွှတ်တော်မူခြင်း ခံရသည်မဟုတ်၊ ကမ္ဘာ့အဝန်းသို့ စေလွှတ်တော်မူခြင်း ခံရတော်မူသောကြောင့် ဖြစ်သည်။

(မာဂျိဒီ၊ အစောင် ၂၊ စ- ၄၃၀၊အအ-၂၄၀။)

ဆိုလိုသည်ကား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် လူသားတဦးဖြစ်သည်၊ လူသားထုကြီးအနက်မှပင် ဖြစ်သည်၊ သူစိမ်းမဟုတ်၊ တရဲဆဲမဟုတ်၊ သားချင်းဖြစ်၏၊ ယင်းသို့ လူသားထုကြီး တရပ်လုံးအား တရားမမှ ဟောညွှန်ပြရန်အလို့ငှာ ယင်းလူသားထုကြီးထံသို့ ယင်းလူသားထုကြီးအနက်မှ သားချင်းတဦးအား တမန်တော်အဖြစ် စေလွှတ်တော်မူခြင်းမှာ လူသားတို့အဖို့ ပိုမို အကျိုးဖြစ်ထွန်းစေရန်ပင် ဖြစ်သည်။ ဤသည် အလွှာဟ်အရှင်မြတ်၏ မဟာကျေးဇူးတော်ပင်။

② တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကမ္ဘာ့အဝန်းအား ကရုဏာပွားများရန်အတွက်သာ ပွင့်လာတော်မူခဲ့ခြင်းဖြစ်သည်။ (ကြည့်-ကုရ်အာန်-၂၁:၁၀၇)။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သည် ကမ္ဘာ့အဝန်းအား ကရုဏာပွားများရန်အတွက် ပွင့်လာတော်မူလာခဲ့သည့်အလျောက် လူသားတို့ တွေ့ကြုံ ခံစားကြရသည့် ဒုက္ခကြီးငယ် များသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အဖို့ ➤➤

➤➤ လေးလံလှပေသည်။ တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် ကမ္ဘာသူ၊ ကမ္ဘာသားတို့အား သနားတော်မူ၏။ ကြင်နာတော်မူ၏၊ မေတ္တာထားတော်မူ၏၊ ကရုဏာပွားတော်မူ၏၊ ကမ္ဘာ့ဒုက္ခကို မိမိ၏ဒုက္ခ၊ ကမ္ဘာ့သုခကို မိမိ၏သုခဟု ခံယူတော်မူ၏၊ ကမ္ဘာ့ကောင်းကျိုးချမ်းသာကို စိတ်စေတနာ ထက်သန်စွာဖြင့် လိုလားတော်မူ၏။ ကမ္ဘာ့အေးချမ်းသာယာမှုကိုသာ တွေ့လိုတော်၊ မြင်လိုတော်မူ၏။ ကမ္ဘာ့ဆိုးကျိုးကို လုံးဝအလျင်းတွေ့မြင်လိုတော်မူခြင်း မရှိပေ။

တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် (ကရုဏာတော်ရှင်ပီပီ) မိမိ၏ နောက်လိုက်တပည့်သားတို့အဖို့ အဘက်ဘက်မှ လွယ်ကူမှုကိုသာ လိုလားတော်မူ၏။ နစ်ဘဝ၏ ဘေးဒုက္ခအပေါင်းမှ ကင်းဝေးမှုကိုသာ အမြဲတစေ တောင့်တတော်မူ၏။ ထို့အတွက်ကြောင့်လည်း တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် လွယ်ကူသော၊ ပျော့ပျောင်းသော၊ နူးညံ့သိမ်မွေ့သော သာသနာတော်ကို ယူဆောင်လာတော်မူခဲ့လေသည်။

တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် အရာရှိကြီးငယ်တို့အား . . .

"အသင်တို့သည် လွယ်ကူအောင် ပြုလုပ်ကြ၊ ကျပ်တည်းအောင် မပြုလုပ်ကြနှင့်" ဟု အမြဲတစေ သတိပေး မှာကြားတော်မူလေ့ရှိသည်။

တမန်တော်မြတ် (ဆွလွလွာဟု အလိုင်ဟိ ဝစလွမ်)သည် လူသားတို့၏ ကောင်းကျိုးကို အထူး လိုလားတော်မူသည်။ တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)၌ လူသားတို့အား အကျိုးဖြစ်ထွန်းစေလိုသည့် ထက်သန်လှသော စိတ်စေတနာရှိသည်။ လူသားတို့သည် ငရဲဘုံထဲသို့ ပြေးဆင်းလျက်ရှိကြသည်၊ တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် ၎င်းတို့၏ ခါးများကိုဆွဲကိုင်ကာ ငရဲမလားရန် ဖယ်ရှားကယ်တင်တော်မူနေသည်။ တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)၏ ထူးကဲလှသည့် ကြိုးပမ်းမှု၏ လိုလားချက်ကား၊ ကမ္ဘာသူ ကမ္ဘာသားတို့သည် မှန်ကန်သော၊ အစစ်အမှန်ဖြစ်သော ကောင်းကျိုးချမ်းသာနှင့် အောင်မြင်မှုကို ရရှိကြစေရန်ပင်ဖြစ်သည်။

<u>တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)၏ မေတ္တာနှင့် ဂျိဟာဒ်။</u>

တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် 'ဂျိဟာဒ်' ပြုတော်မူခဲ့၏၊ စစ်ပွဲများ ဆင်နွှဲတော်မူခဲ့၏။ သို့ရာတွင် ဤ 'ဂျိဟာဒ်' နှင့် စစ်ပွဲများသည် တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)၏ ကရုဏာ၊ မေတ္တာနှင့် မည်သို့မျှ မဆန့်ကျင်ပေ။ တမန်တော်မြတ်(ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် မလွဲသာသည့် အဆုံးတွင်မှ သာသနာ့ရန်သူ၊ လူသားတို့၏ ရန်သူများနှင့် စစ်ပွဲဆင်နွှဲတော်မူခဲ့သည်။ ယင်းစစ်ပွဲဆင်နွှဲတော်မူခြင်း၏ ရည်ရွယ်ချက်မှာ သွေးသွန်းရန်မဟုတ်၊ ဆရာဝန်များသည် အချို့ရောဂါသည်တို့ကို (Operation) ခွဲစိတ်ဖြတ်တောက် ကုသပေးဘိသကဲ့သို့ သာသနာ့ရန်သူ၊ လူသားတို့၏ ရန်သူများနှင့် စစ်ပွဲ ဆင်နွှဲတော်မူခြင်းမှာလည်း တနည်းအားဖြင့် (Operation) ပြုလုပ်ခြင်းပင်ဖြစ်သည်။ လင်းပြဦးအံ့၊ အချို့လူများ၏ အင်္ဂါအစိတ်အပိုင်းများသည် ကုသ၍ပင် မရနိုင်ဖြစ်နေ၏။ အချို့အစိတ်အပိုင်းများတွင် အန္တရာယ်ဖြစ်စေမည့် ပိုးများ ကျနေ၏။ ထိုသို့သော အခြေအနေတွင် ဆရာဝန်များသည် ခွဲစိတ်ဖြတ်တောက်၍ ကုသကြသည်။ ထိုသို့ ခွဲစိတ်ဖြတ်တောက်ကုသခြင်းသည် ရောဂါသည်အား ဒုက္ခပေးသည်မဟုတ်၊ ညှဉ်းပန်းသည်မမည်။ ရောဂါသည်၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန် ပြုလုပ်ပေးခြင်းနှင့် ရောဂါသည်အား သနားကြင်နာခြင်း သာမည်၏၊ တမန်တော်မြတ် (ဆွလွလွာဟု အလိုင်ဟိ ဝစလွမ်)၏ ဂျိဟာဒ်နှင့် စစ်ပွဲများမှာလည်း တနည်းအားဖြင့် သာသနာ့ (Operation) ပင် ဖြစ်ပေသည်။ ဤ ဂျိဟာဒ် နှင့် စစ်ပွဲများသည် ➤➤

فَإِنْ تَوَلَّوْا فَقُلْ حَسْبِيَ اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۖ عَلَيْهِ تَوَكَّلْتُ وَهُوَ رَبُّ الْعَرْشِ الْعَظِيمِ ﴿١٢٩﴾

၁၂၉။ တဖန် အကယ်၍ ၎င်းတို့သည် (သိနားလည်ပါလျက်နှင့် ယုံကြည်လိုက်နာခြင်းမရှိပဲ) ပြန်လှည့်၍ သွားခဲ့ကြပါလျှင် အသင်သည် (၎င်းတို့အား ဤသို့ ပြောကြားပါလေ) "ငါတို့အဖို့ အလ္လာဟ်အရှင်မြတ်သည် (အဖက်ဖက်မှ) လုံလောက်တော်မူပေသည်၊ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိ။

ထိုအရှင်မြတ်အပေါ်၌သာလျှင် ငါသည် (အစစအရာရာတွင် လုံးဝ) ယုံကြည် လွှဲအပ်ခဲ့လေပြီ၊ ထိုမှတပါး ထိုအရှင်မြတ်သည် ကြီးကျယ်မြင့်မြတ်လှစွာသော 'အရ်ရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်လည်း ဖြစ်တော်မူပေသတည်း။ [၁]

➤➤ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မေတ္တာ၊ကရုဏာကို ဆန့်ကျင်ရာမကျ၊ ထောက်ခံရာသာလျှင် ကျပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် လူသားတို့အဖို့ နှစ်ဘဝ၏ သုခချမ်းသာဖြစ်ထွန်းစေမည့် စည်းမျဉ်းစည်းကမ်းနှင့် လမ်းစဉ်ကို ယူဆောင်လာတော်မူခဲ့၏။ ထိုစည်းမျဉ်းစည်းကမ်းနှင့် လမ်းစဉ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းတော်မူ၏၊ အချို့သူများသည် ထိုသို့သော စည်းမျဉ်းစည်းကမ်းနှင့် လမ်းစဉ်ကို အကောင်အထည် ဖော်ရာတွင် ကူညီ အားပေးရမည့်အစား ဆန့်ကျင်လာကြ၏။

အမှန်အားဖြင့် ထိုသူများသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လူထုကြီးအဖို့ ဆူးငြောင့်ခလုတ်များဖြစ်နေသည်။ ဤသည့် ဆူးငြောင့်ခလုတ်များအား သုတ်သင်ရှင်းလင်းခြင်းကို အသိဉာဏ် အမြော်အမြင်ရှိသူမှန်သမျှတို့သည် ကန့်ကွက်ကြမည်မဟုတ်၊ ထောက်ခံမည်သာဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဂျိဟာဒ်သည် တနည်းအားဖြင့် ဤသည့် ဆူးငြောင့်ခလုတ်များအား သုတ်သင်ရှင်းလင်းပစ်ခြင်းပင်ဖြစ်ပေသည်။

① တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကမ္ဘာ့အဝှန်းအား ဤရွေ့ဤမျှ သနားကြင်နာ၊ မေတ္တာထားတော်မူလျှင် မုအ်မင်နိတို့အား အတိုင်းအဆမရှိ သနားကြင်နာ မေတ္တာထားတော်မူမည်မှာ ထင်ရှားလှ၏။ ထုတ်ဖော်၍ ရေးသားရန်ပင် မလိုပေ။

② တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကမ္ဘာ့အဝန်းအား ဤရွေ့ဤမျှ သနားကြင်နာ မေတ္တာထားတော်မူပါလျက် အကယ်၍ အချို့သူများသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ သနားကြင်နာမှုနှင့် မေတ္တာများကို တန်ဖိုးမထားကြလျှင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ➤➤

➤➤ ဝစလ္လမ်) အဖို့မှာကား တစုံတရာ နစ်နာဆုံးရှုံးဖွယ်ရာ အလျင်းမရှိပေ။ အကယ်တန္တု ကမ္ဘာအဝန်းရှိ လူသားအားလုံးတို့သည်ပင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကျောခိုင်းသွားကြသည်ရှိသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အဖို့ တဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည်ပင် လုံလောက်တော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်မှတပါး မည်သူတဦးတယောက်မျှ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သည်ဟူ၍ အလျင်းမရှိ။ ထိုအရှင်မြတ်မှတပါး မည်သူ့အပေါ်၌မျှ ယုံကြည်လွဲအပ်ရန် အကြောင်း အလျင်းမရှိ။ ထိုအရှင်မြတ်သည် မိုးမြေများကို မဆိုထားဘိ၊ အတိုင်းအဆ မရှိ အလွန် ကြီးကျယ်မြင့်မြတ်လှသည့် 'အရ်ရှ်' ပလ္လင်တော်ကိုပင် စိုးပိုင်တော်မူသည်။ ထို့ပြင်တဝ ကမ္ဘာအဝန်း၌ တရားလမ်းမှန်သို့ ပို့ဆောင်ခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်း၊ အကျိုးယုတ်စေခြင်းများသည်လည်း ထိုအရှင်မြတ်၏ လက်တော်၌သာ ရှိပေသည်။ (သို့ဖြစ်ပေရာ ထိုသို့သော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်၏ အကာအကွယ်ကို ရယူထားတော်မူသော တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား နစ်နာဆုံးရှုံးစေရန် မည်သူပြုနိုင်တော့အံ့နည်း။)

تمن تەوە يونس

တမန်တော်ယူနုတ်စ်ကဏ္ဍ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊
အစဉ်မပြတ် သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့်
အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

١။ အလာစ်ဖ်၊ လမ်၊ ရာ၊ [1]

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ الْحَكِيْمِ ۝١

ဤသည် ဉာဏ်ပညာနှင့်ပြည့်စုံသော (ခိုင်မာသော) ကျမ်းတော်မြတ်၏ အာယတ်တော်များပင်တည်း။

أَكَانَ لِلنَّاسِ عَجَبًا أَنْ أَوْحَيْنَآ إِلٰى رَجُلٍ مِّنْهُمْ أَنْ أَنْذِرِ النَّاسَ وَبَشِّرِ الَّذِيْنَ اٰمَنُوْٓا أَنَّ لَهُمْ قَدَمَ صِدْقٍ عِنْدَ رَبِّهِمْ ۗ قَالَ الْكٰفِرُوْنَ إِنَّ هٰذَا لَسٰحِرٌ مُّبِيْنٌ ۝٢

၂။ ငါအရှင်မြတ်သည် ၎င်းတို့အနက်မှပင် လူတဦး၏ထံသို့ "အသင်သည်လူခပ်သိမ်းတို့အား သတိပေးနှိုးဆော်ပါလော" ဟူ၍လည်းကောင်း၊ "မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ထိုသူတို့၏အရှင်မြတ်အထံတော်၌ ထိုသူတို့အဖို့ *မြင့်မြတ်သော အဆင့်အတန်း*[2] ရှိသည်ဟု သတင်းကောင်းပြောကြားပါလော" ဟူ၍လည်းကောင်း၊ "ဝဟီ" အမိန့်ဗျာဒိတ်တော် ချပေးတော်မူခြင်းသည် လူတို့၌အံ့သြဖွယ်ဖြစ်နေပါသလော၊[3] ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့ကမူ (ထိုသူနှင့်ပတ်သက်၍) 'ဤသူကား ထင်ရှားသော စုန်းကဝေအမှန်ပင်ဖြစ်သည်'ဟု ပြောဆိုကြကုန်သတည်း။ [4]

---

① "အလစ်ဖ်၊လာမ်၊ရာ" ဤကဲ့သို့ အနက်အဓိပ္ပါယ် လျှို့ဝှက်ထားသည့် သဓေါပအက္ခရာစုကို "ဟုရူဖ် မုကတ်တူအဟ်" ဟုခေါ်သည်။ "အလစ်ဖ်၊လာမ်၊ရာ" ဟူသော အက္ခရာသည် ကုရ်အာန်ကျမ်းမြတ်တွင် (၅) နေရာ၌ လာရှိသည်။ (ကြည့်-ကုရ်အာန်၊ ၁၀း၁။ ၁၁း၁။ ၁၂း၁။ ၁၄း၁။ ၁၅း၁။)

② "ကဒမဆွစ်ဒ်ကင်နဲ"၏ အဘိဓာန်အဓိပ္ပါယ်မှာ "မှန်ကန်ခြင်း၏ ခြေ" ဟု ရသည်။ အလိုသဘောမှာ မြင့်မြတ်သော အဆင့်အတန်းဟူ၍ဖြစ်သည်။ ဤသည် တင်စား၍သုံးနှုန်းထားတော် မူခြင်းဖြစ်သည်။

③ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)အား တမန်တော်မြတ်အဖြစ် စေလွှတ်တော်မူလိုက်သည့်အခါ အရစ်တို့က ငြင်းဆိုခဲ့ကြ၏။ ယင်းသို့ ငြင်းဆိုသူများအနက် ➤➤

➤➤ အချို့က 'အလ္လာဟ်အရှင်မြတ်သည် မုဟမ္မဒ်ကဲ့သို့သော လူတဦးအား ထိုအရှင်မြတ်၏ တမန်တော်ဖြစ်စေခြင်းထက် အလွန်ကြီးကဲ မြင့်မြတ်တော်မူပေသည်' ဟု ဆိုခဲ့ကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော် (၁၀း၂)ကို လည်းကောင်း၊ အာယတ်(၂၁း၇)ကို လည်းကောင်း၊ ထုတ်ပြန်ချမှတ်တော်မူခဲ့၏။

ယင်းကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် ထိုအရဗ်တို့အား (တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) တမန်တော်မြတ်ဖြစ်ကြောင်းနှင့် ပတ်သက်၍) အထောက်အထားများကို အကြိမ်ကြိမ် ထုတ်ပြန်တော်မူသည့်အခါ ထိုငြင်းဆိုသော အရဗ်တို့က "အကယ်၍ လူသားတဦးသည် တမန်တော် ဖြစ်ရှိနိုင်ပါသော် (မုဟမ္မဒ်သည် တမန်တော်မြတ် မဖြစ်ထိုက်) မုဟမ္မဒ်မှတပါး အခြားပုဂ္ဂိုလ်များသာ တမန်တော်ပိမိ၍ ဖြစ်ထိုက်ကြသည်။ မြို့ကြီးနှစ်မြို့ရှိ ပုဂ္ဂိုလ်တဦးဦးအပေါ်သို့ ဤကုရ်အာန်သည် အဘယ်ကြောင့် မကျရောက်ခဲ့သနည်း" ဟု ပြောဆိုခဲ့ကြ၏။

ယင်းအရဗ်တို့က "မက္ကာမြို့မှ ဝလီဒ် အစ်ဗ်နုမုဃီရဟ်နှင့် တွာအစ်ဖ်မှ မတ်စ်အူဒ် အစ်ဗ်နု အမ်ရ်ဆကဖီတို့သည် မုဟမ္မဒ်ထက် ပိမိုမြင့်မြတ်ကြသည်" ဟု ဆိုကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ချေပတော်မူရန်အတွက် "အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကရုဏာတော်(တည်းဟူသော နဗီတမန်တော်အဖြစ် ချီးမြှောက်ခြင်း)ကို ၎င်းတို့သည်ပင် ခွဲဝေပေးကြသလော" ဟူသော အာယတ်တော် (၄၃း၃၂)ကို ထုတ်ပြန်ချမှတ်တော်မူလိုက်သည်။

ဤသည့်ကျမ်းချက်ကို သာဝကကြီး အစ်ဗ်နုအဗ္ဗာစ် သခင်ထံမှ တဆင့် ကြားသိရသည်။ ဤသည့် ကျမ်းချက်ကို အစ်ဗ်နုဂျရီရ်၊ အစ်ဗ်နုအဗီဟာတင်မ်၊ အဗူရိုက်ခ်နှင့် အစ်ဗ်နုမရ်ဒူယဟ် တို့ကလည်း အသီးသီး ထုတ်ဖော်ရေးသားထားကြသည်။ (ဒုရ်ရိမန်ဆူရ်၊ စ-၂၉၉-၃၀၀၊ အအ-၃။)

⑨ အမှန်တရားကို ငြင်းပယ်ကြသော အရဗ်မုရှ်ရစ်ကများသည် တဘက်တွင် "ဝဟီ" နှင့် "နဗုဝါတ်" ကို ငြင်းပယ်ကြ၏။ အခြားတဘက်တွင် ဤပုဂ္ဂိုလ်မွန်၌ ထူးခြားချက်အဖြာဖြာ အမှန်ရှိနေသည်ကိုလည်း တွေ့မြင်ကြ၏။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ယူဆောင်တော်မူလာသည့် ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ တမျိုးတဖုံ စကားလုသည့်၍ မရသည့် အဆုံး၌ ယင်းအရဗ်မုရှ်ရစ်ကတို့က "ဤပုဂ္ဂိုလ်ကား မှော်ဆရာ၊ ဤကုရ်အာန်ကား မှော်အတတ်ပင်ဖြစ်သည်"ဟု စွပ်စွဲပြောဆိုကြလေတော့သည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် ပတ်သက်၍လည်းကောင်း၊ ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အရဗ်မုရှ်ရစ်ကတို့က ဤသို့ စွပ်စွဲပြောဆိုခြင်းသည် ကုရ်အာန်ကျမ်းမြတ်၏ အံ့ဖွယ်သရဲ၊ အနက်၊ အဓိပ္ပါယ်ထက် မျက်စူးရှမှုအတွက် အကြီးဆုံးသော သက်သေတရပ်ပင် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းမြတ်၏ နက်နဲမှု၊ ထက်မြက်မှု၊ စူးရှမှုသည်။ အလွန်ထင်ရှား၏၊ ပေါ်လွင်၏။ ယင်းကျမ်းမြတ်ကို ငြင်းဆန် နေခဲ့ကြသော အရဗ် မုရှ်ရစ်ကများသည် ပင်လျှင် ဤသည့် အချက်ကို မငြင်းဆို နိုင်ကြ၊ မဖုံးကွယ်နိုင်ကြပေ။

သို့မငြင်းနိုင် မဖုံးကွယ်နိုင်သည့်အဆုံး၌ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မှော်ဆရာဟူ၍လည်းကောင်း၊ ကုရ်အာန်ကျမ်းမြတ်ကို မှော်အတတ်ပညာ ဟူ၍လည်းကောင်း၊ စွပ်စွဲ ပြောဆိုကြပြန်ခြင်း ဖြစ်သည်။

ယင်းသို့ အရဗ်မုရှ်ရစ်ကတို့က စွပ်စွဲပြောဆိုခြင်းမှာ ကုရ်အာန်ကျမ်းမြတ်ကို ၎င်းတို့၏နောက်လိုက်တို့က ယုံကြည်မြတ်နိုးသွားကြမည်ကို စိုးရိမ်မိကြသည့်အတွက် နောက်လိုက်တို့အား လှည့်စားခြင်းဖြစ်သည်။

(အဗူလ်ကလာမ်၊ စ- ၁၄၇၊ အအ- ၂။)

إِنَّ رَبَّكُمُ اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَىٰ عَلَى الْعَرْشِ يُدَبِّرُ الْأَمْرَ ۖ مَا مِن شَفِيعٍ إِلَّا مِن بَعْدِ إِذْنِهِ ۚ ذَٰلِكُمُ اللَّهُ رَبُّكُمْ فَاعْبُدُوهُ ۚ أَفَلَا تَذَكَّرُونَ ﴿٣﴾

၃။ ဧကန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ခြောက်ရက်တွင်ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်သည် "အရ်ရှ်" ပလ္လင်တော် ထက်၌ တည်နေတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည်ပင် အမှုကိစ္စ အရပ်ရပ်တို့ကို စီမံခန့်ခွဲတော်မူ၏။ [၃]

မည်သူမဆို ထိုအရှင်မြတ် ခွင့်ပြုတော်မူပြီးမှသာလျှင်ကြား၀င်အသနားခံပေးနိုင်မည်ဖြစ်၏။ [၄] ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အား သာလျှင် ခ၀ပ်ကိုးကွယ်ကြလေကုန်။ သို့ပါလျက် အသင်တို့သည် သတိတရား မရရှိကြသေးသလော။

---

(၃) ဤအာယတ်တော်နှင့် အလားတူ အာယတ်တော်တပါးသည် ကုရ်အာန်(၇:၅၄)တွင် ပါရှိခဲ့ပြီးဖြစ်၏။ ကုရ်အာန်ကျမ်းလာ အာယတ်တော်(၇:၅၄)၏အဖွင့်တွင် (က) မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်း၏ သဘော။ (ခ) မိုးကောင်းကင်များနှင့် ပထဝီမြေကို ၆-ရက်၌ ဖန်ဆင်းတော်မူခြင်း၏ သဘော။ (ဂ) "အရ်ရှ်" ပလ္လင်တော်ထက်၌ စံမြန်းတော်မူခြင်း၏ သဘော။ (ဃ) "အရ်ရှ်" ၏ သဘောများကို အကျယ်ရေးသားခဲ့ပြီးဖြစ်သည်။

(၄) ရှာဖာအတ်အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်(၂:၄၈)၏ အဖွင့်တွင်လည်းကောင်း၊ ကုရ်အာန်(၆:၅၁)၏ အဖွင့်တွင်လည်းကောင်း၊ အကျယ်ရေးသားခဲ့ပေပြီ။

အလ္လာဟ်အရှင်မြတ်အထံတော်၌ အပြစ်မှချမ်းသာခွင့်ရရှိရန်အတွက် လျှောက်ထားပန်ကြားပေးမည့် ပုဂ္ဂိုလ်ဟူ၍ကား သီးသန့်တဦးတယောက်မျှ မရှိပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်ကပင် မိမိနှစ်သက်သော ကျွန်တဦးတယောက်အား မိမိအလိုတော်ရှိတော်မူသော အခြေအနေများတွင် မိမိအလိုတော်ရှိသမျှ မိမိသတ်မှတ်ထားတော်မူသော နယ်နိမိတ်အတွင်း သူတပါးအား အပြစ်မှချမ်းသာစေရန် လျှောက်ထားပေးခွင့် ပြုတော်မူလိုက ပြုတော်မူနိုင်ပေသည်။ အမှန်စင်စစ် အဓိကပထမ အရေးကြီးသောအချက်မှာ "ရှာအတ်" မဟုတ်၊ ရှာဟ်ပြုပေးနိုင်ရန်အတွက် "အခွင့်ရရှိခြင်း"သည်သာ အဓိကဖြစ်ချေသည်။

မင်းနှ်ဘအ်ဒိ အစ်ဓနိဟိ "ထိုအရှင်မြတ် ခွင့်ပြုတော်မူပြီးနောက်သော်" ဟူသော စကားကို ထောက်ရှုခြင်းအားဖြင့် အမိန့်အာဏာကို စိုးပိုင်တော်မူသောအရှင်၊ အလိုရှိရာကို လွတ်လပ်စွာ ➤➤

إِلَيْهِ مَرْجِعُكُمْ جَمِيعًا ۖ وَعْدَ
اللَّهِ حَقًّا ۚ إِنَّهُ يَبْدَؤُا الْخَلْقَ
ثُمَّ يُعِيدُهُ لِيَجْزِيَ الَّذِينَ
آمَنُوا وَعَمِلُوا الصَّالِحَاتِ
بِالْقِسْطِ ۚ وَالَّذِينَ كَفَرُوا
لَهُمْ شَرَابٌ مِّنْ حَمِيمٍ
وَعَذَابٌ أَلِيمٌ بِمَا كَانُوا
يَكْفُرُونَ ﴿٤﴾

၄။ ထို အရှင်မြတ် အထံတော်သို့သာလျှင် အသင်တို့အားလုံး (စုရုံးလျက်) ပြန်လည်ရောက်ရှိကြမည်ဖြစ်၏။ (ဤသည်) အလ္လာဟ် အရှင်မြတ် အထံတော်မှ မှန်ကန်စွာကတိပြုတော်မူခြင်းပင် ဖြစ်ပေ၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းခြင်းခံရသည်များကို ပထမအကြိမ်လည်း စတင်ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင်လျှင် ယင်းဖန်ဆင်းခြင်း ခံရသည်များကို တဖန် ပြန်၍ ဖန်ဆင်းတော်မူမည်ဖြစ်သည်။ (ဤသို့ တဖန် ပြန်၍ ဖန်ဆင်းတော်မူခြင်းကား) ထို အရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်မှု ထားရှိကြသော ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသောသူတို့အား တရားမျှတစွာဖြင့် အကျိုးပေးတော်မူခြင်းငှာ ဖြစ်ချေသည်။ [၁]

သို့ရာတွင် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သူတို့၌မူကား ၎င်းတို့သည် သွေဖည်ငြင်းပယ်လျက် ရှိခဲ့ကြသောကြောင့် လွန်စွာ ဆူပွက်ပူလောင်သော ရေနွေးကို သောက်သုံးခြင်းသည်လည်းကောင်း၊ နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်သည်လည်းကောင်း၊ ရှိချေအုံ့သတည်း။

➤➤ ချယ်လှယ်နိုင်တော်မူသောအရှင်မှာ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း ထင်ရှားသိနိုင်ပေသည်။ "ရှဖာဟ်' ပြုခွင့်ပေးခြင်း၊ မပေးခြင်းသည် ထိုအရှင်မြတ်၏လက်တော်၌သာ ရှိပေသည်။

အမိုက်ခေတ် အရဗ်မှုရှင်ရဖ်က်တို့အတွက်လည်း ၎င်းတို့၏ ကိုးကွယ်ရာဒေဝများသည် ၎င်းတို့အား ကယ်တင်ပေးကြလိမ့်မည်၊ ဟူသော ယုံကြည်ချက်သည် အလွန်စွဲမြဲလျက်ရှိပေသည်။

(မာဂျိဒီ၊ အစောင် ၃၊ စ- ၄၃၁၊ အအ- ၅။)

① အလ္လာဟ်အရှင်မြတ်သည် မိုး၊ မြေနှင့်တကွ ကမ္ဘာ့အဝှန်းကို ပထမဦးဆုံး စတင်ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည်ပင် ထိုအရာအားလုံးတို့ကို တဖန် ပြန်လည်ဖန်ဆင်းတော်မူမည်ဖြစ်၏။ ကမ္ဘာတဝန်းလုံးကို ပထမဦးစွာ စတင်ဖန်ဆင်းတော်မူခဲ့သော အရှင်မြတ်သည် ထိုအရာအားလုံးတို့ကို တဖန် ပြန်လည်ဖန်ဆင်းတော်မူမည်ဆိုရာ၌ ဒွိဟသံသယ ဖြစ်ဖွယ်ရာအကြောင်း အလျင်းမရှိပေ။ ကြည့်-ကုရ်အာန် (၄၆း၃၃။ ➤➤

هُوَ الَّذِي جَعَلَ الشَّمْسَ ضِيَاءً وَالْقَمَرَ نُورًا وَقَدَّرَهُ مَنَازِلَ لِتَعْلَمُوا عَدَدَ السِّنِينَ وَالْحِسَابَ ۚ مَا خَلَقَ اللَّهُ ذَٰلِكَ إِلَّا بِالْحَقِّ ۚ يُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْلَمُونَ ۝٥

၅။ ထို(အလ္လာဟ်)အရှင်မြတ်သည်ပင်လျှင် နေကို ထွန်းတောက်စွာလည်းကောင်း၊ လကို လင်းဝင်းစွာလည်းကောင်း၊ [၁] ပြုလုပ်တော်မူခဲ့သောအရှင် ဖြစ်တော်မူပေသည်။ ထို့ပြင် ထိုအရှင်မြတ်သည် နှစ်များ၏ အရေအတွက်ကိုလည်းကောင်း၊ စာရင်းကိုလည်းကောင်း၊ အသင်တို့ သိနားလည်ကြအံ့သောငှာ၊ ယင်းလစဉ်မှာ (သွားလာရန်)စခန်းများကို သတ်မှတ်၍ ပေးတော်မူခဲ့လေသည်။ [၂] အလ္လာဟ်အရှင်မြတ်သည် ဤသည်(တို့)ကို မှန်ကန်သော ရည်ရွယ်ချက်နှင့်သာလျှင် ဖန်ဆင်းတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် သိနားလည်သူတို့အကျိုးငှာ သက်သေလက္ခဏာရပ်တို့ကို အသေးစိတ် ရှင်းလင်းဖော်ပြတော်မူလေသည်။

➤➤ ၅၀း၁၅။ ၇၅း၁-၁၅။) အမှန်စင်စစ် အရာဝတ္ထုတခုကို ပထမအကြိမ် စတင်ဖန်ဆင်းခြင်းထက် ဒုတိယအကြိမ် ပြန်လည် ဖြစ်ပေါ်စေခြင်းကား ပို၍ပင်လွယ်ကူပေသည်။ (ကြည့်-ကုရ်အာန်-၃၀း၂၇။)

ယင်းသို့ ပြန်လည်ဖန်ဆင်းတော်မူခြင်းမှာ မုအ်မင်န် သူတော်စင်တို့အား တရားသဖြင့် ကောင်းကျိုးပေး၍ ကာဖိရ်သူယုတ်တို့အား ဆိုးကျိုးပေးတော်မူရန်အတွက် ဖြစ်သည်။ ထိုအရှင်မြတ်သည် လူသားတို့အား အကြောင်းမဲ့၊ အကျိုးမဲ့ ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။(ကြည့်-ကုရ်အာန်၊ ၂၃း၁၁၅။ ၃၈း၂၇။)

① ဤအာယတ်တော်တွင် နေ၏ဝိသေသကို 'သွိယာ'ဟူ၍ လည်းကောင်း၊ လ၏ ဝိသေသကို 'နူရ်' ဟူ၍ လည်းကောင်း၊ မိန့်ဆိုသုံးနှုန်းတော်မူထားသည်။ 'သွိယာ' နှင့် 'နူရ်' သည် မည်သို့ခြားနားသနည်း။ ဤတွင် ပညာရှင်များ၏ ယူဆချက်များကို ထုတ်ဖော်ရေးသားလိုပေသည်။

အချို့ပညာရှင်များ၏ ယူဆချက်အရ 'နူရ်' သည် 'သွိယာ' နှင့် နှိုင်းစာလျှင် တသီးတခြားစီဖြစ်ရှိသည်။ 'နူရ်' ဟူသည် အလင်းရောင်တိုင်းကို ဆိုနိုင်သည်။ 'သွိယာ' ဟူသည် ပိုမိုလင်းဝင်းသော တောက်ပစူးရှသော အလင်းရောင်ကိုသာ ဆိုနိုင်သည်။

အချို့ပညာရှင်များ၏ ယူဆချက်အရ 'သွိယာ' သည် ကိုယ်ပိုင်ဖြစ်သော၊ မိမိကိုယ်တိုင် ပိုင်ဆိုင်သော အလင်းရောင်ကို ဆိုလိုသည်။ 'နူရ်' သည် အခြားအရာမှတဆင့် ရရှိသော အလင်းရောင်မျိုးကို ဆိုလိုသည်။ နေ၏ အလင်းရောင်သည် အခြားဂြိုဟ်တခုခုမှ ရရှိသော အလင်းရောင်မဟုတ်၊ ကိုယ်ပိုင်ဖြစ်သည်။ လ၏ အလင်းရောင်မှာမူကား နေမှတဆင့် ရရှိသော အလင်းရောင်သာဖြစ်သည်၊ ကိုယ်ပိုင်မဟုတ်။

အချို့သုတေသီများက 'သွိယာ' နှင့် 'နူရ်' ၏ ခြားနားချက်ကို ဖော်ပြရာ၌ မည်သည့် အလင်းရောင်ကိုမဆို 'နူရ်' ဟူ၍ ခေါ်ဆိုနိုင်သည်။ 'သွိယာ' 'ဿောင်အ်' ဟူသည်ကား ပိုမို ပျံ့နှံ့စူးရှသော အလင်းရောင်ကို ဆိုလိုသည်။ နေ၏ အလင်းရောင်သည် ပိုမိုပျံ့နှံ့စူးရှသည့်အတွက် နေ၏အလင်းရောင်ကို 'သွိယာ' ဟူ၍ သုံးနှုန်းထားတော်မူခြင်းဖြစ်သည်။

إِنَّ فِي اخْتِلَافِ الَّيْلِ وَالنَّهَارِ وَمَا خَلَقَ اللَّهُ فِي السَّمَاوَاتِ وَالْأَرْضِ لَآيَاتٍ لِّقَوْمٍ يَتَّقُونَ ۝٦

၆။ ဧကန်မလွဲ ည၌နှင့် နေ့တို့၏ ပြောင်းလွဲမှု၌ လည်းကောင်း၊ မိုးကောင်းကင်များနှင့် ပထဝီမြေတွင် အလွှာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော အရာများ၌ လည်းကောင်း၊ (အလွှာဟ် အရှင်မြတ်အား) ကြောက်ရွံ့ရိုသေ ခန့်ညားသူတို့ အဖို့ သက်သေ လက္ခဏာများသည် ဧကန်မုချ ရှိချေသည်။ [၁]

---

(၂) အလွှာဟ်အရှင်မြတ်သည် လ,အတွက် သွားလာရာစခန်းများကို သတ်မှတ်ထားတော်မူသည်။ လ,သည် နေ့စဉ်နှင့်အမျှ သေးငယ်သွား၏။ တဖန်ပြည့်လာ၏။ ကြည့်-ကုရ်အာန်-၃၆း၃၈-၄၀။

(Astronomy) နက္ခတ်တာရာ အတတ်ပညာကို ကျွမ်းကျင်သော ပညာရှင်တို့က လ,သွားလာရန် အတွက် စခန်းပေါင်း (၂၀)သတ်မှတ်ထားကြ၏။ ထိုစခန်းများသည် ဂြိုဟ်(၁၂)ခုတွင် တည်ရှိ၏၊ ကုရ်အာန် ကျမ်းမြတ်တွင်ပါရှိသည့် 'နေ၊ လ ဆိုင်ရာ စခန်းများ' ဟူသည် နက္ခတ်တာရာ အတတ်ပညာ၌ ခေါ်ဝေါ်သုံးစွဲနေသည့် စခန်းများကို ဆိုလိုခြင်းမဟုတ်။ သွားလာလှုပ်ရှားရာ ရိုးရိုးစခန်းများကိုသာ ဆိုလိုသည်။

နှစ်ပရိဿေဒ၊ လများ၏ အရေအတွက်နှင့် နေ့စဉ်နေ့တိုင်း ပြုလုပ်တွက်ချက်ရသည့် စာရင်းကြီးငယ် အားလုံးတို့သည် နေ၊ လတို့၏ သွားလာမှုနှင့် ဆက်စပ်လျက် ရှိပေသည်။ အကယ်၍ နေနှင့်လ၊ သာမရိုက နေ့၊ ညဉ့်၊ ကမရီလ၊ (Lunar) ရှမ်စီလ၊ (Solar) နှစ်ပရိဿေဒ စသည်တို့ကို သတ်မှတ်ရန် မည်သို့ ဖြစ်နိုင်တော့အုံးနည်း။ အမှန်မှာ လောကီအသက်ရှင်မှု၊ စားသောက်နေထိုင်မှုဆိုင်ရာ လုပ်ငန်းများအပြင် အစွမ်းလာမ်တရားတော်လာ မြောက်မြားစွာသော အမိန့်ပညတ်များအတွက်လည်း အချိန်သတ်မှတ်ပိုင်းခြားမှုသည် အရေးကြီးလှပေသည်။ ဂြိုဟ်၊ နက္ခတ်တို့၏ သွားလာလှုပ်ရှားမှုသည် အလိုအလျောက် ဖြစ်ပေါ်နေသည်မဟုတ်၊ အလွှာဟ်အရှင်မြတ်၏ အံ့မဆုံးသော စီမံခန့်ခွဲမှုအတိုင်း သွားလာလှုပ်ရှားနေခြင်းသာ ဖြစ်ပေသည်။ ယင်းသို့ ဂြိုဟ်၊ နက္ခတ်များ သွားလာလှုပ်ရှားနေခြင်းအားဖြင့် အသန်း၊ အသန်းသော အကျိုးကျေးဇူးများ ဖြစ်ပေါ်လျက် ရှိပေသည်။

တွေးဆ၊ ဆင်ခြင်၊ မြော်မြင်နိုင်စွမ်းရှိသော သူများသည် ဤကမ္ဘာစကြာဝဠာကြီး၏ အခြေအနေ၊ အထားအသို၊ အစီအစဉ်နှင့် အရာရာတွင် စနစ်ကျနပုံများကို တွေးဆ ဆင်ခြင်မြော်မြင်ပါက အတိုင်းအဆမရှိသော မဟာအနန္တ တန်ခိုးတော်ရှင် ဖြစ်တော်မူသော အလွှာဟ် အရှင်မြတ် တည်ရှိတော် မူကြောင်းကို ဆင်ခြင်သိရှိနိုင်ကြပေမည်။ ရှပ်လောက၏ အံ့ဖွယ်သရဲ အစီအစဉ်များကို ထောက်ရှု၍ နာမ်လောက၏ အစီအစဉ်များကို တွေးဆ ဆင်ခြင်နိုင်ကြပေသည်။

အလွှာဟ်အရှင်မြတ်သည် ရှပ်လောကအတွက် နေ၊ လ စသည်တို့ကို လိုလေသေးမရှိ၊ အပြည့်အစုံ ဖန်ဆင်းထားတော်မူပေရာ နာမ်လောကတွင်လည်း အလားတူ နေ၊ လ စသည်များကို ဖန်ဆင်းထားတော်မူမည်ပင်ဖြစ်သည်။ နာမ်လောက၏ နေ၊ လ များကို ကျွန်ုပ်တို့သည် တနည်းအားဖြင့် နဗီ၊ ရစူလ်၊ တမန်တော်များဟု ခေါ်ဆိုနိုင်ကြပေသည်။

(၁) ဤအာယတ်တော်နှင့် အနက်သဘောတူ အာယတ်တော်များကို ကုရ်အာန်ကျမ်းတော်မြတ်၌ အများအပြားတွေ့ရှိရသည်။ (ကြည့်-ကုရ်အာန်၊ ၂း၁၆၄။ ၃း၁၈၉-၁၉၀။၁၀း၆။၃၀း၂၂-၂၇။ ၄၅း၃-၆)။

إِنَّ الَّذِينَ لَا يَرْجُونَ لِقَاءَنَا وَرَضُوا بِالْحَيَاةِ الدُّنْيَا وَاطْمَأَنُّوا بِهَا وَالَّذِينَ هُمْ عَنْ آيَاتِنَا غَافِلُونَ ۝٧

၇။ ဧကန်အမှန် အကြင်သူတို့သည် ငါအရှင်မြတ်နှင့် တွေ့ဆုံခြင်းကို မမျှော်လင့်ကြချေ။ [၁] ထို့ပြင် ၎င်းတို့သည် လောကီဘဝကိုပင်ကျေနပ်၍ ထိုလောကီဘဝနှင့်ပင် နှစ်သိမ့် စိတ်ဝင်စားကာ အာရုံစိုက်၍ နေခဲ့ကြလေသည်။ ၎င်းပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မေ့လျော့၊ လျစ်လျူရှုသူများ ဖြစ်ကြကုန်၏။

أُولَٰئِكَ مَأْوَاهُمُ النَّارُ بِمَا كَانُوا يَكْسِبُونَ ۝٨

၈။ ထိုသူများပင် ၎င်းတို့သည် (ပြစ်မှုဒုစရိုက်များကို) ရှာဖွေ ဆည်းပူးလျက် ရှိခဲ့ကြသောကြောင့် ၎င်းတို့၏ ခိုကိုးရာဌာနသည် "ဂျဟန္နမ်" ငရဲဘုံပင် ဖြစ်လတ္တံ့။

---

① ရဂျာ ဟူသောပုဒ်သည် ဆန့်ကျင်ဘက် အဓိပ္ပါယ်ပေးသော ပုဒ်များတွင် အပါအဝင်ဖြစ်သည်။ ဤပုဒ်သည် စိုးရိမ်ခြင်းအနက်လည်းပေး၏။ မျှော်လင့်ခြင်းအနက်လည်းပေး၏။ ရိုးရိုး မျှော်လင့်ခြင်းအနက် သက်သက်လည်းပေး၏။

ကာဖိရ်များသည် နောင်တမလွန်ဘဝ၏အရေးကို မေ့ပျောက်ထားကြသည်၊ နောင်တမလွန်ဘဝ၏ အရေးကို မေ့ပျောက်ထားမှုသည် များသောအားဖြင့် လူသားတို့၏ လမ်းမှားခြင်း၏ ပထမအဆင့်ဖြစ်သည်။ ကာဖိရ်များသည် နောင်တမလွန်ဘဝကို အလျင်းမလိုလားကြပေ၊ မက်လည်းမထားကြပေ၊ ဤပစ္စက္ခဘဝကိုသာ နှစ်သက်စုံမက်နေကြ၏၊ ဤသည် လမ်းမှားခြင်း၏ ဒုတိယအဆင့် ဖြစ်သည်။

ကာဖိရ်များသည် ဤပစ္စက္ခဘဝနှင့် ဤဘဝ၏ စည်းစိမ်များကိုသာ နှစ်သက်ကြရုံမက ဤမျက်မှောက်ဘဝကိုပင် ကျေနပ်နှစ်သိမ့်နေကြ၏၊ စွဲလမ်းတပ်မက်နေကြ၏၊ ဤလောကီ စည်းစိမ်များ၌သာ နစ်မွန်းနေကြ၏၊ နောင်တမလွန်ဘဝကိုမူ လုံးဝမေ့လျော့နေကြ၏၊ ဤသည် လမ်းမှားခြင်း၏ တတိယအဆင့် ဖြစ်သည်။

ပထမတွင် နောင်တမလွန်ဘဝ၏ စည်းစိမ်ချမ်းသာမှုများကို လိုလားတပ်မက်မှုသည် စိတ်တွင်းမှ ပျောက်ကွယ်သွား၏၊ မိမိတို့၏ နောင်တမလွန်အရေးနှင့် သေရမည့်အရေးကိုလည်း မစဉ်းစားကြတော့ဘဲ လောကီစည်းစိမ်များတွင်သာ နစ်မွန်းကာ ထက်အာကာကောင်းကင်မှ သက်ရောက်မည့်ဘေးအန္တရာယ်များကိုပင် မမြင်နိုင်ကြတော့ပေ။ နေ့စဉ်နှင့်အမျှ အမှုမဲ့ အမှတ်မဲ့၊ ပေါ့ပေါ့ဆဆ နေလာကြ၏။ [ပြန်လည် ရှင်ထရမည်ကို ညွှန်ပြလျက်ရှိသော သက်သေလက္ခဏာတော်များကို လျစ်လျူပြုထားကြ၏။ (ကြည့်-ထာနဝီ)] စိတ်ဓာတ်ကို တုန်လှုပ်ချောက်ချားစေသည့် မြေငလျင်၊ ရောဂါ၊ စစ်ဘေးစစ်ဒဏ်စသော ကပ်နှင့်ဆိုင်ရာ သက်သေလက္ခဏာများကို ရင်ဆိုင်တွေ့မြင်ကြငြားသော်လည်း သတိသံဝေဂမရကြ၊ ဆိုးမြဲတိုင်းဆိုး၊ မိုက်မြဲတိုင်းမိုက်၍ပင်နေကြ၏။ နောင်တမလွန်အရေးကို စိုးစဉ်းမျှ မတွေးကြတော့ပေ။ ဤသည် လမ်းမှားခြင်း၏ စတုတ္ထအဆင့်ဖြစ်၏။ တနည်းအားဖြင့်ဆိုရလျှင် ဤအဆင့်သည် လမ်းမှားခြင်း၏ နောက်ဆုံးအဆင့်ပင် ဖြစ်သည်။ ➤➤

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ يَهْدِيهِمْ رَبُّهُم بِإِيمَانِهِمْ ۖ تَجْرِي مِن تَحْتِهِمُ الْأَنْهَارُ فِي جَنَّاتِ النَّعِيمِ ﴿٩﴾

၉။ ဇကနဲစင်စစ် အကြင်သူများသည် သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၎င်းပြင် ထိုသူများသည် ကောင်းမြတ်သောအကျင့်သီလများကို ပြုလုပ်ဆောက်တည်ကြ၏၊ ၎င်းတို့အား ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကြောင့် ချမ်းသာသုခနှင့် ပြည့်စုံသော ဥယျာဉ်များသို့ ပို့ဆောင်တော်မူမည် ဖြစ်သည်၊ ၎င်းတို့(နေထိုင်ရာ)အောက်၌ စမ်းရေချောင်းများစီးတွေလျက် ရှိပေမည်။

دَعْوَاهُمْ فِيهَا سُبْحَانَكَ اللَّهُمَّ وَتَحِيَّتُهُمْ فِيهَا سَلَامٌ ۚ وَآخِرُ دَعْوَاهُمْ أَنِ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ ﴿١٠﴾

၁၀။ ယင်းသုခဘုံနန်းဥယျာဉ်များတွင် ထိုသူတို့၏ စကားသည် 'အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏' ဟူ၍လည်းကောင်း၊ ထိုသူတို့၏နှုတ်ခွန်းဆက်ခြင်းသည် 'စလာမ်' ဟူ၍လည်းကောင်း၊ ထိုသူတို့၏နောက်ဆုံး (နိဂုံးချုပ်) စကားသည် "ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့အား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ အပ်စပ်သည်" ဟူ၍ လည်းကောင်း ဖြစ်အံ့သတည်း။ [၁]

➤➤ ယခုအခါ အထူးတလည် တိုးတက်လျက်ရှိသော တိုင်းကြီးပြည်ကြီးများတွင် လူများသည် များသောအားဖြင့် နောင်တမလွန်အရေးကို လုံးဝမေ့ပျောက်ကာ ဤပစ္စက္ခမျက်မှောက်ဘဝ၏ လောကီစည်းစိမ်များတွင် လုံးဝနစ်မွန်း၍ နေကြ၏။ ၎င်းတို့၏ အစုအဝေးများတွင် **ဂျန္နတ် ဂျာဟန္နမ်၊ ဇဂ်ဓခ်** ဟူသော စကားများကိုပင် အလျင်း မကြားလိုကြပေ၊ ဤသို့သောသူများ၏ လားရာဘုံကား **ဂျာဟန္နမ်**ပင် ဖြစ်ပေသည်။ ဤအာယတ်တော်တွင် ဤသည့်သဘောကို မိန့်ဆိုထားတော်မူ၏။

(မာဂျီဒီ၊ အစောင်-၃၊ စ-၄၃၃၊ အအ-၁၃-၁၆။)

① ဂျန္နတ် အမတသုခဘုံသို့ ဝင်ရောက်ကြရမည့် ဂျန္နတ်ဘုံသားများသည် ဂျန္နတ်အတွင်းသို့ ရောက်ရှိ၍ အလ္လာဟ်အရှင်မြတ်၏ အံ့မဆုံးနိုင်သည့် ကျေးဇူးတော်များနှင့် ဂျန္နတ်၏ အမတသုခအဝဝကို တွေ့မြင်ကြရသောအခါ 'စွဗ်ဟာနလ္လာဟ်' ဟူ၍ ဝမ်းပမ်းတသာ ဖွင့်ဆို ကျူးရင့်ကြလိမ့်မည်။

ဂျန္နတ်ဘုံသားများသည် စားဖွယ်သောက်ဖွယ် အသီးအနှံ တစုံတရာကို အာသာဆန္ဒရှိလာကြသည့်အခါ 'စွဗ်ဟာနကလ္လာဟ်ဟွန်းမွ' ဟူ၍ ဖြွက်ဆိုကြပေမည်၊ ယင်းသို့ ဖြွက်ဆိုလျှင် ဖြွက်ဆိုခြင်းပင် ➤➤

وَلَوْ يُعَجِّلُ اللَّهُ لِلنَّاسِ
الشَّرَّ اسْتِعْجَالَهُمْ بِالْخَيْرِ لَقُضِيَ
إِلَيْهِمْ أَجَلُهُمْ ۚ فَنَذَرُ الَّذِينَ
لَا يَرْجُونَ لِقَاءَنَا فِي
طُغْيَانِهِمْ يَعْمَهُونَ ﴿١١﴾

၁၁။ စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် လူများထံသို့ ၎င်းတို့အကောင်းကို အလျင်စလို ပြုလုပ်ကြဘိသကဲ့သို့ အဆိုးကို ဖြစ်စေတော်မူပါလျှင် (၎င်းတို့အား ပြစ်ဒဏ် ပေးတော်မူရန် ကတိသည် ပြီးဆုံးခန်းသို့ ရောက်ပြီး ဖြစ်ချေအံ့)။ **(တနည်း)** (၎င်းတို့အဖို့ ပိုင်းခြားအပ်သော ကာလအပိုင်းအခြားသည်ကား ဧကန်မလွဲ ပြီးဆုံးခဲ့ပြီး ဖြစ်ချေအံ့။)

သို့ရာတွင် ငါအရှင်မြတ်သည် ငါအရှင်မြတ်နှင့် တွေ့ဆုံခြင်းကို မမျှော်လင့်သူတို့အား ၎င်းတို့၏ ခေါင်းမာမှု၌ပင် တဝေ့လည်လည် ဖြစ်ရှိနေကြရန် စွန့်ပစ်၍ ထားရှိတော်မူပေသတည်း။

➤➤ ကောင်းကင်တမန်များသည် တမ်းတ,ရာ ပစ္စည်းများကို အသင့်လာရောက်ပေးကြမည်ဖြစ်သည်။

တနည်းဆိုသော် 'စွဗ်ဟာနကလ္လာဟ်ဟွန်းမွ' သည် လျှောက်ထားပန်ကြားသည့် ဆုမွန်များအစား အသုံးပြုနိုင်သည့် 'လို တ ရ' 'ကျူးရင့်သံသာ' ပင်ဖြစ်ပေသည်။ (လူ့လောကတွင်လည်း လူကြီးလူကောင်းတို့၏ အိမ်များတွင် ဧည့်သည် တဦးတယောက်က တစုံတရာကို ချီးမွမ်းပြောဆိုလိုက်လျှင် အိမ်ရှင်ဖြစ်သူသည် ထိုပစ္စည်းကို ကြိုးစားရှာဖွေကာ ပေးလေ့ရှိကြသည့် ထုံးတမ်းစဉ်လာ ရှိပေသည်။)

ဤပစ္စက္ခဘဝ၌မူတစ်လင်မ်များသည် အချင်းချင်းတွေ့ဆုံကြသောအခါ 'စလာမ်' မေတ္တာပို့သကြသကဲ့သို့ ဂျန္နတ်ဘုံသားများသည် ဂျန္နတ်တွင် အချင်းချင်း တွေ့ဆုံကြသောအခါ 'စလာမ်' မေတ္တာပို့သကြမည်ဖြစ်သည်။ ဂျန္နတ်ဘုံသားတို့အား ကောင်းကင်တမန်များက စလာမ်မေတ္တာ ပို့သကြမည့်အကြောင်းနှင့် ဂျန္နတ်ဘုံသားများထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ စလာမ် မေတ္တာလက်ဆောင်တော် ရောက်ရှိမည့်အကြောင်း၊ ကုရ်အာန်ကျမ်းမြတ်တွင် အတည့်အလင်း ပါရှိပေသည်။ (ကြည့်-ကုရ်အာန် ၁၃း၂၃-၂၄။ ၃၆း၅၈)။

ဂျန္နတ်ဘုံသားများ လူ့လောကတွင် တွေ့ကြုံခံစားခဲ့ရသည့် စိုးရိမ်မှု၊ ပူပန်မှုများ ဂျန္နတ်၌ လုံးဝ ပျောက်ကွယ်သွားပြီး 'စွဗ်ဟာနလ္လာဟ်' ဟူ၍ မြွက်ဆိုရုံမျှဖြင့် အစဉ်ထာဝရ (လို တ ရ) ဖြစ်နေကြပေရာ ၎င်းတို့၏ နှောက်ဆုံးကျူးရင့်သံသာမှာ... 'အလ်ဟမ်ဒု လစ်လ္လာဟိ ရဗ်ဗစ်လ်အာလမီးန်' ပင်ဖြစ်ပေမည်။ သဘာဝအရလည်း ဤသို့ပင် ဖြစ်သင့်ပေသည်။

① ကုရ်အာန်ကျမ်းတော်မြတ် (၁၀း၇-၈)တွင် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံရမည်ကို မမျှော်လင့်သော၊ လောကီစည်းစိမ်များတွင် နစ်မွန်းနေသော ထိုအရှင်မြတ်၏ နိမိတ်လက္ခဏာတော်များကို လျစ်လျူပြုနေသော သူများ၏ လားရာဘုံသည် ငရဲဘုံပင်ဖြစ်ကြောင်း ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော ပြစ်မှုကျူးလွန်သူများအား ဤပစ္စက္ခမျက်မှောက်ဘဝ၌ ရုတ်တရက်ချက်ချင်း ➤➤

(တနည်း)

ငင်းပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည်လူများထံသို့ ငင်းတို့အကောင်းကို အလျင်အမြန်တောင်းဆိုသကဲ့သို့ အဆိုးကို ပို့ဆောင်(သက်ရောက်)စေတော်မူပါလျှင် ငင်းတို့၏ သက်တမ်းသည် မုချအဆုံးသတ်ပြီး ဖြစ်ချေမည်။

သို့ရာတွင် ငါအရှင်မြတ်သည် ငါအရှင်မြတ်နှင့်တွေ့ရမည်ကို မမျှော်လင့်သောသူများအား ငင်းတို့၏ မောက်မာဆိုးသွမ်းမှုဌ် တဝေ့လည်လည် ဖြစ်ရှိနေကြရန် စွန့်ပစ်၍ ထားတော်မူသည်။

وَإِذَا مَسَّ الْإِنسَانَ الضُّرُّ دَعَانَا لِجَنبِهِ أَوْ قَاعِدًا

၁၂။ သို့ရာတွင် လူသားဌ် ဘေးဒုက္ခ (အချို့) ဆိုက်ရောက်လာသောအခါ ငင်းသည် ငါအရှင်မြတ်အား လဲလျောင်းလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ မတ်တတ်ရပ်လျက်ဖြစ်စေ ဟစ်ခေါ်လေတော့၏။

➤➤ ပြစ်ဒဏ်ပေးတော်မမူသေးဘဲ ခေတ္တဆိုင်းငံ့ထားတော်မူကြောင်း မိန့်ဆိုထားတော်မူသည်။ အမှန်မှာ လူများသည် တစ်ခါတစ်ရံ အရှက်အကြောက်ကင်းမဲ့ပြီး မိမိတို့အပေါ်သို့ပင် ပြစ်ဒဏ်အမြန် သက်ရောက်ရန် တောင်းဆိုကြသည်။ (ကြည့်-ကုရ်အာန် စ:၃၁) တစ်ခါတစ်ရံ အချို့လူများသည် လောကီ ဒုက္ခများ ခံစားရ၍ မချိမဆန့် ဖြစ်ကြသောအခါ မိမိတို့နှင့် ပတ်သက်၍သော် လည်းကောင်း၊ မိမိတို့၏ သားသမီးများနှင့် ပတ်သက်၍သော် လည်းကောင်း၊ အ,မင်္ဂလာ မကောင်းသော ဆုတောင်းပတ္ထနာများကိုပင် ပန်ကြားကြလေသည်။ ဤသည် မျက်မြင်ကိစ္စပင် ဖြစ်ပေသည်။

အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့ တောင်းဆို ပန်ကြားကြသည့်အတိုင်း မကောင်းသက်ရောက်မှုကို ငင်းတို့ အမြန်လိုလားကြသကဲ့သို့ ပြစ်ဒဏ် တစုံတရာကိုသော်လည်းကောင်း၊ အဆိုးတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ မဆိုင်းမတွဘဲ ရုတ်တရက် ချက်ချင်း သက်ရောက်စေတော်မူပါလျှင် ငင်းတို့သည် မိမိတို့၏ ဆိုးသွမ်းမှုများအတွက် ပြစ်ဒဏ်များကို ခံစားခြင်းမှ တစ်မိနစ်မျှပင် လွတ်လပ်ခွင့်ရရှိမည်မဟုတ်ပေ။ ထိုအချိန်မှာပင် ငင်းတို့၏ အသက်ရှင်နေမှုသည် ရပ်စဲသွားပေမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အကောင်းအဆိုးနှင့် စပ်လျဉ်း၍ အကြောင်းအားလျော်စွာ အချိန်ဆွဲထားတော်မူလေ့ရှိသည်၊ ယင်းသို့ အချိန်ဆွဲထားတော်မူခြင်းအားဖြင့် သူတော်စင်များသည် ကောင်းမှုများကို ပိုမိုပွားများနိုင်ကြပေသည်၊ သူယုတ်တို့မူကား (သတိ၊ သံဝေဂ၊ နောင်တ ရရှိနိုင်ကြပေသည်၊ သို့မဟုတ်မူ) မောက်မာ၊ ဆိုးသွမ်းမှုများတွင် နစ်မွန်းကာ လမ်းဆုံးအထိ ဆိုးမိုက်ကြမည်သာတည်း။

أَوْ قَآئِمًا فَلَمَّا كَشَفْنَا عَنْهُ ضُرَّهُۥ مَرَّ كَأَن لَّمْ يَدْعُنَآ إِلَىٰ ضُرٍّ مَّسَّهُۥ ۚ كَذَٰلِكَ زُيِّنَ لِلْمُسْرِفِينَ مَا كَانُوا۟ يَعْمَلُونَ ﴿١٢﴾

တဖန် ငါအရှင်မြတ်သည် ၎င်း၏ဘေးဒုက္ခကို ကင်းဝေးပပျောက်စေတော်မူခဲ့သည်ရှိသော် ၎င်းသည် ငါအရှင်မြတ်အား မိမိ၌ ဆိုက်ရောက်ခဲ့သော ဘေးဒုက္ခအတွက် (တစ်ကြိမ်တစ်ခါမျှ) ဟစ်ခေါ်ခြင်း မပြုခဲ့ဘိသကဲ့သို့ပင် ဖြစ်သွားပြန်၏။ [၁] ဤကဲ့သို့ပင် စည်းမဲ့ကမ်းမဲ့ ပြုလုပ်သော သူတို့အမြင်၌ ၎င်းတို့ ပြုလုပ်လျက် ရှိခဲ့သည်များသည် လှပတင့်တယ်စွာ တွေ့မြင်ရလေသတည်း။

وَلَقَدْ أَهْلَكْنَا ٱلْقُرُونَ مِن قَبْلِكُمْ لَمَّا ظَلَمُوا۟ وَجَآءَتْهُمْ رُسُلُهُم بِٱلْبَيِّنَٰتِ وَمَا كَانُوا۟ لِيُؤْمِنُوا۟ ۚ كَذَٰلِكَ نَجْزِى ٱلْقَوْمَ ٱلْمُجْرِمِينَ ﴿١٣﴾

၁၃။ ထို့ပြင် ဧကန်မလွဲ ငါ အရှင်မြတ်သည် အသင်တို့အလျင် (များစွာသော) အမျိုးနွယ်များကို ၎င်းတို့ မတော်မတရား ကျူးလွန်ခဲ့ကြသောအခါ ဖျက်ဆီးတော်မူခဲ့လေသည်၊ အမှန်စင်စစ်သော်ကား ၎င်းတို့ထံ ၎င်းတို့၏ ရဋ္ဌလ်တမန်တော်များသည် ထင်ရှားလှစွာသောသက်သေ၊ လက္ခဏာတော်များကို ယူဆောင်လာခဲ့ကြကုန်၏။ စင်စစ်သော်ကား ၎င်းတို့သည် သက်ဝင်ယုံကြည်ကြမည့်သူများမဟုတ်ကြချေ။ ငါ အရှင်မြတ်သည် ပြစ်မှု ကျူးလွန်သူတို့အား ဤကဲ့သို့ပင် အစားပေးတော်မူလေသည်။

---

① အချို့လူများသည် ပထမသော် အရှက်အကြောက် ကင်းမဲ့စွာဖြင့် မိမိကိုယ်တိုင်ပင် မိမိအပေါ်သို့ ပြစ်ဒဏ်သက်ရောက်စေရန် တောင်းဆို၏။ ဒုက္ခတရပ်ရပ်ကို မိမိကိုယ်တိုင် မိမိ၏နှုတ်လျှာဖြင့် ပန်ကြား၏။ သို့ရာတွင် ထိုသူများသည် သတ္တိလည်း အလွန်ကြောင်၏၊ သူရဲဘောလည်း အလွန်မျှနည်း၏။ အဘယ်ကြောင့် ဆိုသော် အနည်းငယ် ဒုက္ခရောက်လျှင် တုန်လှုပ်ချောက်ချားပြီး အလွှာဟ်အရှင်မြတ်အား ဟစ်ခေါ်တမ်းတ၏၊ မိမိကိုယ်တိုင် ဆည်းကပ်ကိုးကွယ်ရာ အဖြစ် ပြုလုပ်ထားသည့် ကိုးကွယ်ရာများကိုမူကား မေ့ပျောက်သွား၏။ (ကြည့်-ကုရ်အာန် ၁၇:၆၇) ဒုက္ခတွေ့နေသည်နှင့်အမျှ အလွှာဟ်အရှင်မြတ်အား လဲလျောင်းလျက်၊ ထိုင်လျက်၊ မတ်တတ်ရပ်လျက် အချိန်အခါမရွေး ဟစ်ခေါ်တ,သလျက်နေ၏။ ထို့နောက် အလွှာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ထိုသူများ၏ ဒုက္ခကို ကင်းဝေး ပပျောက်စေတော်မူလိုက်သည့်အခါ ထိုသူများသည် မိမိတို့၏ဒုက္ခများနှင့်စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်အား တကြိမ်တခါမျှ မတမ်းတ, မဟစ်ခေါ်ခဲ့ကြဘူးသည့် အလား အမေ့ကြီး မေ့သွားကြပြီး ယခင်မူလပထမအတိုင်းပင် မောက်မာဆိုးသွမ်းသွားကြပြန်သည်။ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်အား အမေ့ကြီး မေ့သွားကြပြန်သည်။ ➤➤

ثُمَّ جَعَلْنَٰكُمْ خَلَٰٓئِفَ فِى ٱلْأَرْضِ مِنۢ بَعْدِهِمْ لِنَنظُرَ كَيْفَ تَعْمَلُونَ ﴿١٤﴾

၁၄။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏ နောက်တွင် အသင်တို့ မည်သို့ပြုလုပ်ကြသည်ကို ကြည့်ရှုတော်မူရန် အသင်တို့အား ကမ္ဘာမြေပြင်ဝယ် ကိုယ်စားလှယ်များ ပြုလုပ်တော်မူသည်။

➤➤ လူ၏ ဤသည့်သဘောကို ထောက်ရှုကာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)က "အသင်သည် အေးချမ်းသာယာသောအခါ၌ အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တ,သ သတိရလျှင် ထိုအရှင်မြတ်သည် အသင်ဒုက္ခရောက်သည့်အခါ အသင့်အား အမှတ်ရတော်မူမည်ဖြစ်သည်" ဟူ၍ ဩဝါဒပေးတော်မူခဲ့လေသည်။ မုအ်မင်န်များသည် မည်သည့်အခါ၌မျှ အလ္လာဟ်အရှင်မြတ်အား မမေ့အပ်ပေ၊ ဒုက္ခရောက်လျှင် မိမိစိတ်ကို ချုပ်တီးခြင်း၊ သုခရောက်လျှင် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ခြင်းသည်ကား မုအ်မင်န်များ၏ ထူးခြားသည့် ဂုဏ်ရည်တရပ်ပင်တည်း။

⑵ အထက်ပါအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် အတိတ်ခေတ်၌ လူမျိုးအသီးသီးထံသို့ နဗီတမန်တော်များကို သက်သေ လက္ခဏာတော်အပြည့်အစုံနှင့် စေလွှတ်တော်မူခဲ့ပါလျက်၊ ယင်းလူမျိုးတို့အနက် နဗီတမန်တော်များအား မရိုမသေ၊ မလေးမစား၊ မခန့်မညား ပြုလုပ်၍ ကုဖ်ရ်၊ ရှရစ်ကအမှုများတွင် နစ်မွန်းနေခဲ့သူတို့အား ဖျက်ဆီးတော်မူခဲ့သည့်အကြောင်း ပါရှိ၏။ ယခု ဤအာယတ်တော်တွင် ထိုသို့ဖျက်ဆီးခြင်း ခံရသူများ မရှိတော့သည့်နောက် ကမ္ဘာမြေပြင်၌ အသင်တို့အား ကိုယ်စားလှယ်တော်များအဖြစ် နေရာချပေးထားတော်မူသည့်အကြောင်း၊ ယင်းသို့ နေရာချပေးထားတော်မူခြင်းမှာ အသင်တို့သည် အတိတ်ခေတ်တွင် ဖျက်ဆီးခြင်းခံကြရသည့် သူယုတ်မာများကဲ့သို့ပင် ကုဖ်ရ်၊ ရှစ်ရက် အမှုများတွင် နစ်မွန်း၍နေကြမည်၊ သို့တည်းမဟုတ် တဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား'အီမာန်' ယုံကြည်၍ ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များနှင့်အညီ လိုက်နာကျင့်သုံးကြမည်ကို မျက်ဝါးထင်ထင် ရှုမြင်တော်မူရန်အလို့ငှာ ဖြစ်ကြောင်း မိန့်ဆိုထားတော် မူသည်။

ဆိုလိုသည်ကား အသင်တို့သည် အတိတ်ခေတ်ရှိ သူယုတ်တို့၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးပါက ၎င်းတို့ကဲ့သို့ပင် နှစ်ဘဝလုံး၌ ဖျက်စီးဆုံးရှုံးကြရမေ့မည်။ ယင်းသို့မဟုတ်ဘဲ ၎င်းတို့၏ အပြစ်များမှ သင်ခန်းစာယူ၍ ၎င်းတို့၏လမ်းစဉ်ကို မလိုက်နာ မကျင့်သုံးဘဲ အလ္လာဟ် အရှင်မြတ်အား ယုံကြည်၍ ထိုအရှင်မြတ်၏ တရားဒေသနာတော်များကို လိုက်နာကျင့်သုံးကြပါလျှင် မုအ်မင်န် သူတော်စင်ကဲ့သို့ နှစ်ဘဝလုံးတွင် အောင်မြင်ကြပေမည် ဟူ၏။

(ဤအာယတ်တော်နှင့်စပ်လျဉ်း၍) သာဝကကြီး ဟဇရတ်အုမရ် (ရဇွေယလ္လာဟုဝ် တအလာအန်ဟု) က ထုတ်ဖော်မြွက်ကြားခဲ့သည်မှာ "ကျွန်ုပ်တို့၏ အရှင်သခင်သည် အမှန်ကို မိန့်ကြားတော်မူသည်၊ ကျွန်ုပ်တို့အား ကိုယ်စားလှယ်တော်များအဖြစ် နေရာချပေးတော်မူခြင်းမှာ ကျွန်ုပ်တို့ မည်သို့မည်ပုံပြုလုပ်ကြသည် များကို ရှုမြင်တော်မူရန်အတွက်သာလျှင် ဖြစ်သည်၊ သို့ဖြစ်ပေရာ အသင်တို့သည် နေ့တွင်လည်းကောင်း၊ ည၌်တွင်လည်းကောင်း၊ မျက်ကွယ်ရာတွင်လည်းကောင်း၊ မျက်မှောက်တွင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား မိမိတို့၏ ကောင်းမွန်သော အပြုအမူများကို ထုတ်ဖော်ပြသကြ ကုန်လော့၊"

အစ်ဗ်နုဂျရီရ်၊ အစောင် ၁၁၊ စ- ၆၇။

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ لَا يَرْجُونَ لِقَاءَنَا ائْتِ بِقُرْآنٍ غَيْرِ هَٰذَا أَوْ بَدِّلْهُ ۚ قُلْ مَا يَكُونُ لِي أَنْ أُبَدِّلَهُ مِنْ تِلْقَاءِ نَفْسِي ۖ إِنْ أَتَّبِعُ إِلَّا مَا يُوحَىٰ إِلَيَّ ۖ إِنِّي أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ ﴿١٥﴾

၁၅။ ၎င်းပြင် ထိုသူတို့ရှေ့ဝယ် ငါ အရှင်မြတ်၏ ထင်ရှားလှစွာသော အာယတ်တော်များကို ဖတ်ကြား ခဲ့သောအခါ၊ ငါအရှင်မြတ်နှင့်တွေ့ဆုံရန် မမျှော်လင့် သောသူတို့က "အသင်သည် ဤမှတပါး အခြား ကုရ်အာန်ကိုယူခဲ့ပါလော၊ သို့တည်းမဟုတ် ဤသည် ကိုပင် ပြောင်းလဲ၍ပေးပါလော" ဟုပြောဆိုကြကုန်၏။

အသင်သည်(၎င်းတို့အား ဤသို့) ပြောကြား ပါလော၊ (အချင်းတို့)ငါ၏အဖို့ ဤကုရ်အာန်၌ မိမိ၏စိတ်အလိုအလျောက် ပြောင်းလဲခွင့်မရှိချေ၊ ငါ သည် မိမိထံ ညွှန်ကြားခြင်းခံရသော အမိန့်ကိုသာ လိုက်နာ၏။ အကယ်၍ ငါသည် မိမိအရှင်မြတ်၏ အမိန့်တော်ကိုဖီဆန်မိပါလျှင် ကြီးကျယ်သော (ကိယာ မတ်)နေ့၏အပြစ်ဒဏ်ကို ငါစိုးရိမ်မိသည်။ ①

---

① ကာဖိရ်များသည် ယေဘုယျအားဖြင့် ကုရ်အာန်ကျမ်းလာ အဆုံးအမညွှန်ကြားချက်များကိုကား ကြိုက်နှစ်သက်ကြ၏။ သို့ရာတွင် ရပ်တုကိုးကွယ်မှု၊ သီးသန့်ယုံကြည်မှု၊ သီးသန့် ထုံးတမ်းစဉ်လာများကို ပယ်ဖျက်သော ကုရ်အာန် ကျမ်းလာ အာယတ်တော်များကိုမူ မနှစ်သက်ကြပေ။ ထိုသို့သော အာယတ်တော်များကို ကြားကြရသောအခါ စိုးရိမ်ကြသည်၊ နာခေါင်းရှုံ့ကြသည်၊ မျက်စိမျက်နှာ ပျက်ကြသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား အသင်သည် မိမိအရှင်သခင်ထံ တင်ပြကာ ဤကုရ်အာန်အပြင် ကျန်ပ်တို့နှင့် ဆန့်ကျင်သည့် အကြောင်းများ မပါရှိသော အခြားကုရ်အာန်ကို ယူခဲ့ပါ၊ သို့မဟုတ် ဤကုရ်အာန်ကျမ်းသာ တည်ရှိနေရမည် ဆိုပါက ဤကုရ်အာန်ကျမ်း၌ ကျွန်ုပ်တို့၏ ယုံကြည်ကိုးကွယ်မှု၊ ထုံးတမ်းစဉ်လာများနှင့် ဆန့်ကျင်သည့် အစိတ်အပိုင်းများကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလွဲပေးပါ' ဟု တောင်းဆိုကြလေသည်။

တမန်တော်မြတ်(ဆွာလ္လာလ္လဟု အလိုင်ဟိဝစလ္လမ်)အား ကာဖိရ်များက ယင်းသို့ပြောဆိုခြင်းမှာ ၎င်းတို့အဖို့ မထူးဆန်းပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကိုယ်တိုင်ကပင် ၎င်းတို့၏ ရုပ်လုံးရုပ်တုများအား အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်များကို ခွဲဝေပေးထားကြရုံမက၊ "နဗီတမန်တော် တစ်ပါး၌ ကျမ်းဂန်လာ တရားဒေသနာတော်များကို မိမိစိတ်သဘောအတိုင်း စီရင်ပိုင်ခွင့်၊ ပြုပြင်ပြောင်းလွဲပိုင်ခွင့်၊ နှုတ်ပယ်ပိုင်ခွင့်၊ ဖြည့်စွက်ပိုင်ခွင့် ရှိသည်" ဟူ၍လည်း မှတ်ထင်ယူဆထားကြသည်။ သို့တည်းမဟုတ် ကာဖိရ်များက တမန်တော်မြတ်(ဆွာလ္လာလ္လဟု အလိုင်ဟိဝစလ္လမ်)အား သက်သက် ပြက်ရောလှောင်ပြောင်သည့် သဘောမျိုးဖြင့် ယင်းသို့ ပြောဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ယင်းကာဖိရ်များ၏ ပြောဆိုခြင်းနှင့် စပ်လျဉ်း၍ ရှေ့အာယတ်တော်တွင် အတိအကျ ဖြေကြားထားတော်မူသည်။ ➤➤

قُلْ لَّوْ شَآءَ اللّٰهُ مَا تَلَوْتُهٗ عَلَيْكُمْ وَلَاۤ اَدْرٰىكُمْ بِهٖ ۖ فَقَدْ لَبِثْتُ فِيْكُمْ عُمُرًا مِّنْ قَبْلِهٖ ؕ اَفَلَا تَعْقِلُوْنَ ﴿۱۶﴾

၁၆။ (အို-နဗီတမန်တော်)အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (ဟယ်-အချင်းတို့) "အကယ်၍ အလ္လာဟ်အရှင်မြတ်သည် (ဤအတိုင်း) အလိုရှိတော် မူခဲ့ပါလျှင် ငါသည်လည်း ထို(ကုရ်အာန်)ကို အသင်တို့ရှေ့ဝယ် ဖတ်ကြားနိုင်မည်မဟုတ်။ ထိုအရှင်မြတ်သည်လည်း အသင်တို့အား ယင်း(ကုရ်အာန်)နှင့် စပ်လျဉ်း၍ အသိပေးတော်မူမည်မဟုတ်။ တဖန်ဧကန်စင်စစ် ငါသည် ထို(ကုရ်အာန်မကျရောက်မီ)အလျင်ကလည်း အသင်တို့အထဲတွင် တစ်သက်တာမျှ နေခဲ့ပြီးဖြစ်ပေသည်။ ၁ သို့ပါလျက် အသင်တို့သည် နားမလည်ကြလေသလော"

➤➤ အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်ထားတော်မူသည့် ကျမ်းဂန်များတွင် အနည်းငယ် စိုးစဉ်မျှပင် တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလွဲခြင်း၊ နှုတ်ပယ်၊ ဖြည့်စွက်ခြင်းသည် မည်သည့် ကောင်းကင်တမန်နှင့် မည်သည့် နဗီတမန်တော်၏အလုပ်မျှ မဟုတ်ချေ။ ယင်းသို့လုပ်ခဲ့ကြသည်လည်း အလျင်းမရှိ၊ လုပ်ပိုင်ခွင့်လည်း အလျင်းမရှိ၊ လုပ်နိုင်သည်လည်း အလျင်းမရှိ။ နဗီတမန်တော်များ၏ အဓိကတာဝန်မှာ မိမိတို့ထံသို့ အလ္လာဟ်အရှင်မြတ်ထံမှ ထုတ်ပြန် ချမှတ်တော်မူသည့် အမိန့်တော်များကို အပိုအလို မရှိ၊ စ၊ လယ်၊ ဆုံး၊ သုံပါးလုံးကို အတိအကျ၊ အပြည့်အစုံ လိုက်နာရခြင်းပင် ဖြစ်သည်။ နဗီတမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံကြရသည်။ အလ္လာဟ်အရှင်မြတ်မှာမူ နဗီတမန်တော်များ၏အမိန့်ကို နာခံတော်မူရသည် မဟုတ်။ သို့ဖြစ်ပေရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကာဖိရ်များ တောင်းဆိုကြသကဲ့သို့ ၎င်းတို့၏အလိုကျ ကျမ်းဂန်သစ်များ မည်သို့ ယူဆောင်နိုင်ပါမည်နည်း။ ကျမ်းဂန်များတွင် မိမိသဘောအတိုင်း အသို့လျှင် ပြုပြင်ပြောင်းလွဲနိုင်ပါအံ့နည်း။ ကျမ်းဂန်များတွင် အနည်းငယ်၊ စိုးစဉ်မျှပင် နုတ်ပယ်၊ ဖြည့်စွက်ပြောင်းလွဲခြင်းသည် အလွန်ကြီးမားသော အပြစ်ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်အား အထူးတလည် ကြောက်ရွံ့ရိုသေ ခန့်ညားကြသော တမန်တော်များသည် ထိုကြီးမားသော အပြစ်ကို ကျူးလွန်ရန် ဝေးစွ၊ ထိုအပြစ်၏အနီးသို့ပင် ချဉ်းကပ်ကြမည် မဟုတ်ပေ။

"ကျွန်ုပ်သည် မိမိအရှင်သခင်အား သွေဖည်ငြင်းဆန်မိခဲ့ပါလျှင် အလွန်ကြီးကျယ်သော ကိယာမတ်နေ့၏အပြစ်ဒဏ်ကို ကြောက်ပါသည်" ဟု ဝန်ခံ မိန့်ကြားထားတော်မူခြင်းကား တစ်နည်းအားဖြင့် မပြောသင့်၊ မပြောအပ်၊ မတောင်းသင့်၊ မတောင်းအပ်သောအရာကို ပြောဆိုတောင်းခံနေကြသော ကာဖိရ်များအား သွယ်ဝိုက်၍ ဆုံးမထားတော်မူခြင်းပင် ဖြစ်ပေသည်။ ဆိုလိုသည်ကား-ဤသို့သွေဖည်ငြင်းဆန် မနာခံကြသည့်အတွက် 'အို-ကာဖိရ်အပေါင်းတို့ အသင်တို့သည်သာလျှင် အလွန်ကြီးကျယ်သော ကိယာမတ်နေ့၏ပြစ်ဒဏ်ကို အထူးပင် ကြောက်ရွံ့သင့်ပေသည်' ဟူ၏။

① အရဗ်ကာဖိရ်များက တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား လက်ရှိကုရ်အာန်အစား ➤➤

➤➤ အခြား ကုရ်အာန်တစောင် ယူခဲ့ရန် သို့မဟုတ် ဤကုရ်အာန်၌ပင် တမျိုးတဖုံ နှုတ်ပယ် ဖြည့်စွက်ပြုပြင်ပြောင်းလွဲပေးပါရန် ပြောဆိုခဲ့ကြ၏။ ယင်းသို့ ပြောဆိုခဲ့ကြခြင်းမှာ ကုရ်အာန်သည် အခြားမဟုတ်၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင် စီစဉ်ဖန်ဆင်းထားတော်မူသော ကျမ်းစာ ဖြစ်သည်ဟူ၍ ယူဆခဲ့ကြခြင်းကြောင့်ပင် ဖြစ်သည်။ ဤသို့ ယူဆခြင်းသည် အလျင်း မဟုတ်မမှန်ကြောင်း၊ ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များသာလျှင် ဖြစ်ကြောင်းကို ဤအာယတ်တော်တွင် ဖေကြွာထားတော်မူသည်။ ဖေကြွားထားတော်မူချက်၏ အကျဉ်းသဘောမှာ ...

(၁) (အိုး-ကာဖိရ်အပေါင်းတို့) ကျွန်ုပ်(မုဟမ္မဒ်)သည် အသက် ၄၀၊ ၄၅-နှစ်တိုင်တိုင် အသင်တို့၏ မျက်စိအောက်တွင် နေထိုင်လာခဲ့သည်။ ကျွန်ုပ်၏ သစ္စာရှိမှု၊ သမာဓိရှိမှု၊ မှန်ကန်မှု၊ ရိုးသားဖြောင့်မတ်မှုများကို အသင်တို့ကိုယ်တိုင် သိကြသည်။ ဤသက်တမ်း တလျှောက်လုံးတွင် တကြိမ်တခါမျှ တစုံတရာ တခုခုသော သာမန်အသေးအဖွဲ ကိစ္စနှင့်စပ်လျဉ်း၍ပင် ကျွန်ုပ်သည် မဟုတ်မမှန် လိမ်လည်ပြုလုပ် ပြောဆိုခဲ့ဖူးသည်ဟူ၍ အသင်တို့ ကြားဖူး တွေ့ဖူးကြသလော၊ အမှန်စင်စစ် အသင်တို့ ဤသို့ အလျင်းမကြားဘူး မတွေ့ဘူးကြပေ။ သို့ဖြစ်လျှင် ကျွန်ုပ်သည် မိမိ၏စကားများကို အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များ ဖြစ်သည်ဟူ၍ အလွန်ကြီးမားလှသော လိမ်လည်မှုကြီးကို အသို့လျှင် ကျူးလွန်ပုံအံ့နည်း၊ အသင်တို့သည် ဤသည့် မဖြစ်နိုင်သော အချက်ကို ဖြစ်ကောင်းဖြစ်ပေမည်ဟူ၍ အသို့လျှင် လက်ခံနေကြသနည်း။

(၂) ကျွန်ုပ်သည် မိမိ၏သက်တမ်းအနက် နှစ်ပရိစ္ဆေဒ အမြောက်အမြားမှာ အသင်တို့နှင့်အတူပင် နေထိုင်ကြီးပြင်းလာခဲ့သည်။ အသင်တို့သည် ကျွန်ုပ်၏ စိတ်နေသဘောထား၊ ကျွန်ုပ်၏ အကျင့်စာရိတ္တ၊ အတွင်းအပြင် အားလုံးသိရှိကြသည်။ အသင်တို့သည် ကျွန်ုပ်၏စကား၊ ကျွန်ုပ်၏အာဘော်၊ ကျွန်ုပ်၏ အပြောအဆို၊ ကျွန်ုပ်၏အသုံးအနှုန်း အားလုံးကို ကောင်းစွာ သိကြသည်ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်ပြောဆို သုံးနှုန်းလေ့ရှိသော စကားများနှင့် ကုရ်အာန်ကျမ်းလာ အာယတ်တော်များတွင် ခြားနားချက် တစုံတရာ မတွေ့မြင်ကြလေသလော။ ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့် တူသော စကားဟူ၍ အလျင်းမရှိသဖြင့် အကယ်တန္တ ကျွန်ုပ်သည် ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ ပြုလုပ်ပြောဆိုရန် ဆန္ဒရှိသည့်တိုင်အောင်လည်း ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ အသို့လျှင် ပြုစွမ်းနိုင်အံ့နည်း။ ကျွန်ုပ်သည် မိမိသက်တမ်း တလျှောက်လုံးတွင် အသင်တို့ရှေ့မှောက်၌ စကားအမြောက်အမြား ပြောကြားခဲ့ဖူးပြီ။ အသင်တို့သည်လည်း ကျွန်ုပ်၏စကားများကို အကြိမ်ကြိမ် အခါခါ ကြားဖူးကြပြီ။ ယင်းသည့် စကားများအနက် မည်သည့် စကားတခွန်းတပါဒမျှပင် ကုရ်အာန်ကျမ်းလာ အာယတ်တော်များ၏ အဆင့်အတန်းသို့ ရောက်သည်မရှိ။ ဤသည် အသင်တို့ ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပေသည်။ သို့ပါလျက် ယနေ့ကျမှ ကုရ်အာန်သည် ကျွန်ုပ်ဖန်တီးထားသော စကားများဖြစ်သည်ဟု ဆိုခြင်းမှာ အသို့လျှင် မှန်ကန်နိုင်အံ့နည်း။ ဤသည်တို့ကား ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များသာလျှင် ဖြစ်နိုင်ကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် အထောက်အထားတရပ် ဖြစ်ချေသည်။

ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်၏ ဤအထောက်အထားသည် ကုရ်အာန်ကျမ်းမြတ် ကျရောက်စဉ် အချိန်၌လည်း လေးနက်လှပေသည်။ ထို့နောက် တဖန် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ 'ဟဒီးဆ်' ခေါ် 'ဩဝါဒ' များကို စနစ်တကျ စုပေါင်း၍ ကျမ်းအစောင်စောင် ပြုလုပ်လိုက်သည့် အချိန်မှစ၍ အထက်ပါ ကုရ်အာန်ကျမ်းမြတ်လာ အထောက်အထားသည် ပို၍ပင် ခိုင်မာလာပေသည်။ ပို၍ပင် လေးနက်လာပေသည်။ ပို၍ပင် အသက်ဝင်လာသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒများကို စုပေါင်းထားသော ➤➤

فَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ ۚ إِنَّهُ لَا يُفْلِحُ الْمُجْرِمُونَ ﴿١٧﴾

၁၇။ သို့ဖြစ်ပေရာ အကြင်သူထက် ပိုမို၍ မတရား သောသူသည် မည်သူရှိဦးမည်နည်း။ ထိုသူသည် အလ္လာဟ် အရှင်မြတ်အပေါ်၌ မုသားကို ကြံဖန်လိဆယ်၍ စွပ်စွဲခဲ့လေသည်။ သို့တည်းမဟုတ် ထိုသူသည် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့လေသည်။ ဧကန်စင်စစ် ပြစ်မှုကျူးလွန်သူတို့သည် အောင်မြင်မှုအလျင်းရရှိကြမည် မဟုတ်ပေတကား။ [၁]

➤➤ ကျမ်းစာများကား တစောင်နှစ်စောင်မျှမဟုတ် အမြောက်အများ ရှိပေသည်။ ထိုကျမ်းစာများမှာလည်း နှစ်ပရိဏာမ ဖြောက်ဖြားစွာကပင် ထွက်ပေါ်လာခဲ့ကာ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့လျက်ရှိခဲ့ပေသည်။ ယင်းကျမ်းများတွင် (၁) ဗုခါရီ၊ (၂) မွတ်စ်လင်မ်၊ (၃) အဗူဒါဝူဒ်၊ (၄) တိရ်မိဓီ၊ (၅) နစာအီ၊ (၆) မုအတ်တွာ အော့မာမ်မာလစ်က်၊ (၇) အစ်ဗ်နမာဂျာ်၊ စသည့်ကျမ်းကြီးများသည် အထူးကျော်ကြားပေသည်။ ထိုထိုသော ကျမ်းကြီးများတွင် ပါရှိသည့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမိန့်တော် သြဝါဒတော်များ၏ အသုံးအနှုန်းများသည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့် တစိုးတစိမျှ မတူချေ။

ဤမျှ ထင်ရှားနေသည့် ခြားနားချက်ကို ဤကာဖိရ်များ မမြင်ကြလေသလော၊ မစဉ်းစားမဆင်ခြင်မိကြလေသလော။

(မာဂျီဒီ၊ အစောင် ၃၊ စ- ၄၃၅၊ အဆ- ၃၀။)

① "ပြစ်မှုကျူးလွန်သူများသည် အောင်မြင်မှု အစစ်အမှန်ကို အလျင်းရကြမည် မဟုတ်" ဟုဆိုလိုခြင်းဖြစ်သည်။ ယခု စဉ်းစားဆုံးဖြတ်ရန်မှာ ပြစ်မှုကျူးလွန်သူကား မည်သူနည်း။ (မဆိုစကောင်း) တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ပင်လော။ သို့မဟုတ် ကာဖိရ်များပင်လော။

အကယ်တန့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မိမိ၏စကားများကို အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များ ဖြစ်သည်ဟု မဟုတ်မမှန် လုပ်ကြံပြီး ပြောဆိုခဲ့သည်ရှိသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထက် ပြစ်မှုကျူးလွန်သူ မရှိနိုင်ပေ။ သို့ရာတွင် အထက်ပါ အာယတ်တော်များ၏ အထောက်အထားများကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မည်သည့်အခါကမျှ မိမိ၏စကားကို အလ္လာဟ်အရှင်မြတ် အာယတ်တော်ဖြစ်သည်ဟု အလျင်းပြောကြားခြင်း မရှိခဲ့သည်မှာ ထင်ရှားနေပေသည်။ သို့ဖြစ်ပေရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မည်သို့မျှ ပြစ်မှုကို မကျူးလွန်တော်မူခဲ့ပေ။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မှန်ကန်မှုသည် ထင်ရှားနေပေသည်။ ကာဖိရ်များသာလျှင် မိမိတို့၏ မလိုမုန်းတီးမှုကြောင့် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မုသားဟူ၍ ငြင်းဆိုကာ ပြစ်မှုကျူးလွန်ခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ဤမိုးအောက်မြေပြင် ကမ္ဘာဇာတ်ခုံပေါ်တွင် သင်တို့ထက် ပြစ်မှုကျူးလွန်သူကား အသူရှိနိုင်အံ့နည်း။

وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَضُرُّهُمْ وَلَا يَنفَعُهُمْ وَيَقُولُونَ هَٰؤُلَاءِ شُفَعَاؤُنَا عِندَ اللَّهِ ۚ قُلْ أَتُنَبِّئُونَ اللَّهَ بِمَا لَا يَعْلَمُ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ ۚ سُبْحَانَهُ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿١٨﴾

၁၈။ စင်စစ်သော်ကား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်ပယ်၍ အကြင်အရာများကို ကိုးကွယ်ဆည်းကပ်ကြလေသည်။ ထိုအရာများသည် ၎င်းတို့အား အကျိုးယုတ်စေနိုင်ကြသည်လည်း မဟုတ်ပေ။ ထို့ပြင် ထိုအရာများသည် ၎င်းတို့အား အကျိုးဖြစ်ထွန်းစေနိုင်ကြသည်လည်း မဟုတ်ပေ။ ထိုမှတပါး၊ ၎င်းတို့က 'ဤသည်တို့ကား ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်အထံတော်၌ ကြားဝင်အသနားခံပေးမည့် အရာများပင်ဖြစ်ကြသည်'ဟုပြောဆိုကြကုန်၏။ ၁

(အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့)"အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ထိုအရှင်မြတ်သိတော်မမူသောအရာနှင့်စပ်လျဉ်း၍ သတင်းပေးကြသလော။ ထိုအရှင်မြတ်သည် သန့်ရှင်း စင်ကြယ်တော်မူသည့်အပြင် ထိုအရှင်မြတ်သည် ၎င်းတို့တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြကုန်သောအရာများထက် မြင့်မြတ်တော်မူပေသတည်း။

---

① မုရှ်ရစ်က်များသည် အလ္လာဟ်အရှင်မြတ်အား စွန့်ပယ်၍ ကောင်းကျိုး၊ ဆိုးကျိုးမပေးနိုင်သော အရာများကို ဆည်းကပ် ကိုးကွယ်ကြသည်။ "ထိုသို့သော အရာများကို အသင်တို့ အဘယ်ကြောင့် ဆည်းကပ် ကိုးကွယ်နေကြသနည်း" ဟုမေးလျှင် ၎င်းတို့က "အမှန်စင်စစ် အကြီးဆုံးသော ကိုးကွယ်ရာအရှင်မှာ မြေနှင့်မိုးများကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ပင်ဖြစ်သည်။ သို့ရာတွင် ဤရုပ်တုများသည် အလ္လာဟ်အရှင်မြတ်အား အသနားခံပေး၍ ဤမျက်မှောက်ဘဝ၌ ကျွန်ုပ်တို့၏ အရေးကြီးသောကိစ္စများကို ပြီးမြောက်စေရန် ဆောင်ရွက်ပေးကြလိမ့်မည်။ အကယ်၍ သေပြီးနောက် ပြန်လည် ရှင်ပြန်ထရပြန်လျှင် ထိုတမလွန်ဘဝ၌လည်း ဤရုပ်တုများသည် အလ္လာဟ်အရှင်မြတ် ထံတော်တွင် ကျွန်ုပ်တို့အဖို့ ကြားဝင် အသနားခံပေးကြလိမ့်မည်။ ထို့ပြင်တဝ သာမန်ကိစ္စများသည် ဤရုပ်တုများ၏ အာဏာအတွင်း၌ပင်ရှိနေပေရာ ၎င်းတို့နှင့် ပြီးစီးနိုင်ပေသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် ဤရုပ်တုများကို ဆည်းကပ်ကိုးကွယ်ကြပါသည်" ဟု ဖြေဆိုကြလေသည်။

"ရုပ်တုများသည် ကြားဝင် အသနားခံပေးကြလိမ့်မည်။ ကြားဝင် အသနားခံပေးသော အရာများသည် ဆည်းကပ်ကိုးကွယ်ခြင်း ခံထိုက်သည်" ဟူ၍ မုရှ်ရစ်က်တို့ပြောဆိုသော စကားနှစ်ရပ်လုံးသည် ယုတ္တိမရှိ၊ ➤➤

وَمَا كَانَ النَّاسُ إِلَّا أُمَّةً وَاحِدَةً فَاخْتَلَفُوا ۚ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ فِيمَا فِيهِ يَخْتَلِفُونَ ﴿١٩﴾

၁၉။ စင်စစ်သော်ကား လူသားတို့သည် (ယခင်မူလက) ဘာသာဝါဒ တူညီသော လူတစုတည်းသာ လျှင် ဖြစ်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် (ဘာသာဝါဒ၌) သဘောကွဲလွဲခဲ့ကြကုန်၏။ [၁] စင်စစ်သော်ကား အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ စကားတရပ်သည် ရှေးဦးပထမကပင် ရှိနှင့်ခဲ့ပြီး မဖြစ်ပါလျှင် မုချဧကန် ၎င်းတို့အချင်းချင်း သဘောကွဲလွဲနေသော အရာနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ပြီး ဖြစ်ချိမ့်မည်။

➤➤ လုံးဝမှားသည်၊ မရှိသောအရာကို လုပ်ကြံပြောဆိုခြင်းသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံတို့ကို နှံ့စပ်စွာသိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူ၍ ဖြစ်ပျက်သမျှသော ရှိရှိသမျှသော အရာခပ်သိမ်းကုန်တို့ကို ထိုအရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသည်။ မှုရှုရစ်ကိုရ် ပြောဆိုကြသော စကားများသည် မရှိသောအရာကို အရှိလုပ်၍ အမှန်ဟု ယူဆနေခြင်းသာဖြစ်သည်။

ထို့အတွက်ကြောင့် ယင်းသို့ပြောဆိုမှုကို တနည်းအားဖြင့် "အလ္လာဟ်အရှင်မြတ်အား မိုးကောင်းကင်အထပ်ထပ်နှင့် ပထဝီအဖြာဖြာရှိ ထိုအရှင်မြတ် သိတော်မမူသောအရာကိုပင် အသိပေးနေကြသလော" ဟု မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

① မှုရှုရစ်ကိုရ်များက "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ဘာသာတွင် 'ရှုရစ်ကိ်' ပြုလုပ်ခြင်းကို တားမြစ်ထားတော်မူသည်မဟုတ်။ အသင်တို့၏ ဘာသာတွင်မူ တားမြစ်ကောင်း တားမြစ်ထားတော်မူပေမည်" ဟု ပြောကောင်း ပြောဆိုကြပေမည်။ ယင်းသို့ပြောဆိုခြင်းနှင့် စပ်လျဉ်း၍ ဤအာယတ်တော်တွင် ဖြေကြားထားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ သာသနာတော်သည် မူလအစမှပင် တစ်မျိုးတစ်စားတည်း ဖြစ်တော်မူခဲ့သည်။ ယုံကြည်ချက်များတွင်ပင် ကွဲပြားမှု အလျင်းမရှိ။ အချို့လူသားတို့သည် နောက်ပိုင်းတွင် လမ်းလွဲ၍ ကွဲပြားလာခဲ့ကြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မှန်ကန်သော သာသနာတော်ဘက်သို့ ဖိတ်ခေါ်ရန်နှင့် သွန်သင်၊ ဆုံးမ၊ ဩဝါဒပေးရန်အလို့ငှာ နဗီတမန်တော်များအား စေလွှတ်ပေးတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် မည်သည့်ခေတ်၊ မည်သည့်လူမျိုးစုဌာနမျှ 'ရှုရစ်ကိ်' ပြုမှုကို ခွင့်ပြုတော်မူခဲ့သည် မဟုတ်ပေ။ လူသားတို့၏ ကွဲပြားမှု၊ လွဲမှားမှုများကို မိမိ၏ အာဏာတော်ဖြင့် ရုတ်တရက်၊ ချက်ချင်း ပပျောက်စေတော်မမူခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်တွင် မူလအစ ပထမကပင် ဤမျက်မှောက်ဘဝသည် ကောင်းမှုဆည်းပူးရာ ဌာနသာဖြစ်၍ နောက်ဆုံး စီရင်ဆုံးဖြတ်ရာ ဌာနမဟုတ်သေးသောကြောင့်ပင်။

ဤမျက်မှောက်ဘဝတွင် လူသားတို့ အား မိမိတို့ အလိုရှိသည့်အတိုင်း လွတ်လပ်စွာ ကျင့်သုံးနိုင်ခွင့်ပေးကာ အနည်းငယ် လွတ်ထားတော်မူသည်။ အကယ်၍ ဤသတ်မှတ်ချက်သာ မရှိပါက ဖြစ်ပေါ်သမျှသော ကွဲပြားမှု၊ လွဲမှားမှု အားလုံးနှင့် စပ်လျဉ်း၍ ဤမျက်မှောက်ဘဝ၌ပင် ရုတ်တရက်၊ ချက်ချင်း အဆုံးအဖြတ်ပေးတော်မူပြီး ဖြစ်ချိမ့်မည်။ ➤➤

وَيَقُولُونَ لَوْلَآ أُنزِلَ عَلَيْهِ ءَايَةٌ مِّن رَّبِّهِۦ ۖ فَقُلْ إِنَّمَا ٱلْغَيْبُ لِلَّهِ فَٱنتَظِرُوٓا۟ ۖ إِنِّى مَعَكُم مِّنَ ٱلْمُنتَظِرِينَ ﴿٢٠﴾

၂၀။ ထိုမှတပါး၊ ၎င်းတို့သည် (ဤသို့) ပြောဆိုကြကုန်၏။ အဘယ်ကြောင့် ထို(ရာရွှေလ်တမန်တော်မြတ်)၏အပေါ်၌ ၎င်း၏ အရှင်မြတ်အထံတော်မှ သက်သေလက္ခဏာတစုံတရာ မကျရောက်ခဲ့ပါသနည်း။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား ဤသို့)ဖြေကြားပါလေ။ (အချင်းတို့) 'အကယ်စင်စစ် အကွယ်၌ရှိသမျှတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် စောင့်မျှော်၍နေကြလေကုန်။ ငါသည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်သူတို့တွင် တဦးအပါအဝင် ဖြစ်ချေသတည်း'။ [၁]

➤➤ "လူသားများ အားလုံးတို့သည် ယခင်မူလပထမက တသင်းတဖွဲ့တည်း ဖြစ်ခဲ့ကြ၏။ လမ်းစဉ်တခုတည်းအပေါ်၌ တည်ရှိ၏။ 'တောင်ဟီးဒ်' တရားကိုပင် ယုံကြည်ခဲ့ကြ၏" ဟူသော ဤသည့် အာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် "သာသနာသည် တဖြည်းဖြည်း တိုးတက်လာခဲ့သည်" ဟူသော အယူအဆမှာ လုံးဝမှားယွင်းကြောင်း ထင်ရှားနေပေသည်။ အမှန်မှာ လူသားတို့သည် ယခင်မူလပထမက တောင်ဟီးဒ်တရားပေါ်၌သာ တည်ရှိခဲ့ကြသည်။ ထိုနောက်သော်မှ တဖြည်းဖြည်း တိုးတက်ခြင်း မဟုတ်ဘဲ၊ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ခြင်းကြောင့် ကုဖ်ရ်၊ ရှရစ်က်စသည့် မိစ္ဆာဝါဒများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

(Monotheism) "တဆူတည်းသောဘုရား ကိုးကွယ်မှုဝါဒ" သည် မူလအစပထမ ဖြစ်သည်။ (Polytheism) 'ဘုရားအများ ကိုးကွယ်မှုဝါဒ' သည် နောက်မှပေါ်ပေါက်လာသော ဝါဒဖြစ်သည်ဟူ၍ ဆိုလိုခြင်းပင်။ ဤသည့်အချက်ကို ကမ္ဘည်းကျောက်စာ ပါရုဂုများဖြစ်ကြသော (Archaeologist, Professor Schmidt, Professor Langoen, Sir Charles Morriston)ပါမောက္ခ ရှမစ်ဒ်၊ ပါမောက္ခ လဏ်ဂိုအင်၊ ဆာချားလစ် မော်ရစ္စတာန် စသည့် ကဝိသုခမိန်များသည် လက်ခံထားကြပေပြီ။

(မာဂျီဒီ၊ အစောင် ၃၊ စ ၄၃၆၊ အောက်ခြေ အမှတ် ၃၂။)

① မှန်ရှစ်က်များသည် မလိုမုန်းတီးမှုကြောင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် ကြဲကြဲဖန်ဖန် တန်ခိုးပြာဋိဟာများကို တောင်းဆိုလေ့ရှိခဲ့ကြသည်။ ယင်းသို့ တောင်းဆိုကြပြီးနောက် ၎င်းတို့ တောင်းဆိုသော တန်ခိုးပြာဋိဟာ တပါးပါးသည် အဘယ်ကြောင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ကျရောက်မလာခဲ့သနည်းဟု ပြောဆိုလေ့ရှိခဲ့ကြသည်။ ဤအာယတ်တော်တွင် ယင်းသို့ ပြောဆိုခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားထားတော်မူသည်။ အဖြေ၏အကျဉ်းသဘောမှာ ယင်းကာဖိရ် မှရှရစ်က်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မှန်ကန်ခြင်းနှင့် စပ်လျဉ်း၍ ယခင်က သက်သေလက္ခဏာတော်အမြောက်အမြားကို တွေ့မြင်ကြပြီးဖြစ်သည်။ ယခုထပ်မံ၍ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြရန်ပင် မလိုပေ။ ယင်းသို့ ပြခြင်းအားဖြင့် အကျိုးလည်း အထူးရှိမည်မဟုတ်ပေ။ ➤➤

وَإِذَآ أَذَقْنَا ٱلنَّاسَ رَحْمَةً مِّنۢ بَعْدِ ضَرَّآءَ مَسَّتْهُمْ إِذَا لَهُم مَّكْرٌ فِىٓ ءَايَاتِنَا ۚ قُلِ ٱللَّهُ أَسْرَعُ مَكْرًا ۗ إِنَّ رُسُلَنَا يَكْتُبُونَ مَا تَمْكُرُونَ ﴿٢١﴾

၂၁။ အမှန်သော်ကား ငါအရှင်မြတ်သည် လူတို့အား ၎င်းတို့၌ ဘေးဒုက္ခ ဆိုက်ရောက်ခဲ့ပြီးနောက် (မိမိ၏) ကရုဏာတော်(၏ အရသာ)ကို မြည်းစမ်းစေတော်မူသော် ရုတ်တရက် ၎င်းတို့၌ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် စပ်လျဉ်း၍ အကြံအစည်များပေါ်လာလေ့ရှိပေသည်။(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'အလ္လာဟ်အရှင်မြတ်သည် အကြံအစည်ပြုရာ၌ (၎င်းတို့ထက်) ပိုမိုရှုပ်လျင်မြန်တော်မူသောအရှင် ဖြစ်တော်မူသည်' ဟု ပြောကြားပါလေ။ ဧကန်အမှန် ငါအရှင်မြတ်၏ (ကောင်းကင်)စေတမန်များသည် အသင်တို့ ကြံစည်လျက်ရှိသည်တို့ကို ရေးမှတ်လျက်ရှိကြပေသတည်း၊

➤➤ နောက်နောင်တွင် အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါက လျော်ကန်သင့်မြတ်သော သက်သေကလက္ခဏာတော်တစ်ပါးပါးကို ပြသတော်မူလိုက ပြသတော်မူမည်ဖြစ်သည်။ နောက်နောင် မည်သို့သော သက်သေလက္ခဏာတော်များ ပြသမည်မှာ 'ဃိုက်ဗ်' အကွယ်၌ရှိသော အရာသာဖြစ်သည်။ အကွယ်၌ရှိသော အရာခပ်သိမ်းကုန်တို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်၊ ကျွန်ုပ်မသိ။ သို့ဖြစ်ပေရာ အသင်တို့လည်း စောင့်မျှော်ကြကုန်လော့၊ ကျွန်ုပ်လည်း အသင်တို့နှင့်အတူ စောင့်မျှော်ပါမည်ဟူ၏။

① အလ္လာဟ်အရှင်မြတ်သည် မက္ကာမြို့သားများအပေါ်၌ ခုနစ်နှစ်တိုင် မိုးလေဝသ ခေါင်းပါးစေတော်မူခဲ့၏။ (ဒုဗ္ဘိက္ခန္တရ) အစာငတ်မွတ်၍ ပျက်စီးသောကပ် ဆိုက်ရောက်စေတော်မူခဲ့၏။ ယင်းသို့ မိုးခေါင်ရေရှားကာ ပျက်စီးကြရတော့မည့်ဆဲဆဲ ဖြစ်ကြသောအခါတွင်မှ မက္ကာမြို့သား မုရ်ရစ်များသည် 'ခလုတ်ထိမှ အမိတ၊ အလုပ်ရှိမှ သတိရ' ဆိုသော စကားကဲ့သို့ ကြောက်လန့်စိုးရိမ်ပြီး တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ မိုးဆုပန်ရန် မေတ္တာရပ်ခံ၍ "ဤဘေးဒုက္ခ ပပျောက်သွားပါက အကျွန်ုပ်တို့သည် အီမာန်ယုံကြည်ကြပါမည်" ဟု ကတိပြုကြလေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လမ်ဟု အလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ မိုးဆုပန်ကြားတော်မူလေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ထိုပန်ကြားချက်ကြောင့် ဒုဗ္ဘိက္ခန္တရကပ် ပပျောက်သွားလေသည်။ ယင်းသို့ ဘေးအန္တရာယ် ပပျောက်သွားသည့်အခါ မက္ကာမြို့သား မုရ်ရစ်များသည် မိမိတို့ကတိအတိုင်း 'အီမာန်' ယုံကြည်ရမည့်အစား သွေဖည်မြဲ သွေဖည်နေကြ၏။ သောင်းကျန်းမြဲ သောင်းကျန်းနေကြ၏။

အလ္လာဟ် အရှင်မြတ်၏ ကရုဏာတော်များကိုပင် မထောက်ထားဘဲ ထို အရှင်မြတ်၏ ဒေသနာတော်များကို မုသားဟုပြောဆို ပြင်းပယ်ကြ၏။ ထိုမျှမက "ဤသည့်သုခ ချမ်းသာများ သည် အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်များ မဟုတ်" ဟူ၍လည်းကောင်း၊ အဓိပ္ပာယ်မရှိ၊ အခြေအမြစ်မရှိဟု ၎င်းတို့ ထင်မှတ် ယူဆထားကြသည့် "ဂြိဟ်၊ တာရာများ၏ ဝင်ထွက်၊ ကွယ်ပျောက်မှုများနှင့် ➤➤

هُوَ الَّذِي يُسَيِّرُكُمْ فِي الْبَرِّ وَالْبَحْرِ ۖ حَتَّىٰ إِذَا كُنتُمْ فِي الْفُلْكِ ۖ وَجَرَيْنَ بِهِم بِرِيحٍ طَيِّبَةٍ وَفَرِحُوا بِهَا جَاءَتْهَا رِيحٌ عَاصِفٌ وَجَاءَهُمُ الْمَوْجُ مِن كُلِّ

၂၂။ ထိုအရှင်မြတ်သည် အကြင် အရှင်မြတ်ပင်၊ ထိုအရှင်မြတ်သည် အသင်တို့အား ကုန်းကြောင်း၌လည်းကောင်း၊ သမုဒ္ဒရာ ပင်လယ်ရေကြောင်း၌လည်းကောင်း၊ ခရီးသွားလာစေတော်မူ၏။ သို့ဖြစ်သောကြောင့် အသင်တို့သည် သင်္ဘောများတွင် ရှိနေကြသောအခါ သင်္ဘောများသည် လေညင်းလေပြည်ဖြင့် ၎င်းတို့အား သယ်ဆောင်သွားလေ၏။ ၎င်းတို့သည် လည်း ထိုလေပြည်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြ၏။

➤➤ အခြား မျက်မြင်အကြောင်းတရားများ၏ အကျိုးဆက်များသာလျှင် ဖြစ်သည်” ဟူ၍လည်းကောင်း ဆိုကြသေးသည်။ ဤအာယတ်တော်တွင် ယင်းမုန့်ရစ်က်တို့၏ ထိုပြောဆိုချက်များ ကို ဖြေကြားထားတော်မူသည်။

‘အသင်တို့သည် ခေတ္တခဏမျှ၊ ကောင်းစွာ လိမ်လည်၊ လှည့်ဖြားနေကြလော့၊ မကောင်းသောအကြံအစည်များ ကြံစည် ထုတ်နှုတ်ကြကုန်၊ သို့ရာတွင် အသင်တို့ သိထားအပ်သည်မှာ အသင်တို့၏ အကြံအစည် အားလုံးတို့ကို ငါ၏ကောင်းကင်တမန်များသည် တစ်ခုမကျန် ရေးမှတ်ထားကြသည်။

ယင်းသည့်မှတ်တမ်းများကို အသင်တို့သည် ကိယာမတ်နေ့တွင် ကိုယ်တိုင် တွေ့မြင်ကြရပေမည်။ အသင်တို့သည် မိမိတို့၏ အကြံအစည်များကို ကောင်းကင်တမန်များ ဘက်မှပင် ကွယ်ဝှက် မထားနိုင်ကြပေရာ ငါ့ဘက်မှ အသို့လျှင် ကွယ်ဝှက်ထားနိုင်ကြအုံးနည်း။ အသင်တို့သည် မိမိတို့၏ အကြံအစည်များနှင့် စပ်လျဉ်း၍ အထင်ကြီးနေကြသည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်၏ တုံ့ပြန် လက်စားချေမည့် အကြံအစည်သည်ကား အသင်တို့၏ အကြံအစည်များထက် အတိုင်းအဆမရှိ ပိုမိုလျင်မြန်သည်။ ပိုမိုထိရောက်သည်။ ပိုမိုကြီးကျယ်သည်” ဟူ၍ ဆိုလိုခြင်းပင်။

အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား လှန်ထားတော်မူလေ့ရှိသည်။ ယင်းသို့ လှန်ထားတော်မူသည့်အခါ ပြစ်မှုကျူးလွန်သူများ ပြစ်မှုများ ပိုမိုကျူးလွန်လာပြီး မိမိတို့၌ တစ်စုံတစ်ရာ အပြစ်မရှိဟူ၍ပင် ထင်မြင်လာတတ်ကြပေသည်။

ဤသို့အားဖြင့် ပြစ်မှုကျူးလွန်ရာ၌ လမ်းဆုံးတိုင် ရောက်သည့်အခါ အလ္လာဟ်အရှင်မြတ်သည် ရုတ်တရက် ပြင်းထန်သော ပြစ်ဒဏ်ပေးတော်မူလေ့ရှိသည်။ ထို့အတွက်ကြောင့် အသိဉာဏ် အမြော်အမြင် ရှိသူတို့သည် ယင်းသို့ အလ္လာဟ်အရှင်မြတ်၏ လှန်ထားမှုကို လျစ်လျူပြု၍ ခေတ္တရရှိသည့် သာယာမှုကို အကြောင်းပြု အထင်ကြီးကာ မနေသင့်ကြပေ။ ဤသာယာမှု နောက်ပိုင်းတွင် ကြီးမားသော ဒုက္ခများ ဆိုက်ရောက်လာနိုင်ပေသည်။ ဤသည့်သဘောကိုပင် ရှေ့လာလတ္တံ့သော အာယတ်တော်တွင် မိန့်ဆိုထားတော် မူသည်။

مَكَانٍ وَّظَنُّوْٓا اَنَّهُمْ اُحِيْطَ بِهِمْ ۙ دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ لَىِٕنْ اَنْجَيْتَنَا مِنْ هٰذِهٖ لَنَكُوْنَنَّ مِنَ الشّٰكِرِيْنَ ﴿٢٢﴾

ထိုအခါ (ရုတ်တရက်) ထိုသင်္ဘောများကို လေပြင်းမုန်တိုင်းသည် ရိုက်ခတ်လာ၍ လှိုင်းတံပိုးများသည်ငင်းတို့အပေါ်၌ အဖက်ဖက်မှ လွှမ်းမိုးလာသဖြင့် ငင်းတို့သည် ဧကန်မလွဲ မိမိတို့မှာ ဝိုင်းဝန်းခြင်းကို ခံကြရလေပြီဟု ထင်မှတ်ခဲ့ကြလေသည်။ (ထိုအခါ) ငင်းတို့သည် အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်၌သာလျှင် (အာရုံစူးစိုက်) သဒ္ဓါကြည်ဖြူလျက် (အို-အရှင်) "အကယ်၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤ(ဘေးအန္တရာယ်)မှ လွတ်မြောက်စေတော်မူပါလျှင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် ကျေးဇူးတော်ကို သိတတ်ကြသောသူတို့တွင် အပါအဝင်ဖြစ်ကြပါမည်"ဟု ဟစ်ခေါ်ဆုတောင်းကြ၏။ ၁

---

① သမုဒ္ဒရာပင်လယ်၌ လှေသင်္ဘောတို့ဖြင့် ရေကြောင်းခရီး သွားနေကြသောခရီးသည်များသည် လေညင်းလေပြည်တိုက်ခတ်နေ၍ ရေယာဉ်ကြော၌ သာယာစွာ စီးနင်းလိုက်ပါ သွားနေကြရသည့်အခါ ဝမ်းမြောက်ဝမ်းသာရှိလှကြကုန်၏။ သို့ ဝမ်းမြောက်ဝမ်းသာရှိနေကြစဉ် ရုတ်တရက်၊ ချက်ချင်း လေပြင်းမုန်တိုင်းကျပြီး အဖက်ဖက်မှ လှိုင်းတံပိုးများ ရိုက်ခတ်ကာ မရပ်တည်နိုင်တော့ဘဲ ယခုပင် သေကြေပျက်စီးကြရတော့မည်ဟု ထင်မြင်ကာ လွန်စွာထိတ်လန့်ကြောက်ရွံ့ကြကုန်၏။ ခရီးသည်များသည် 'ခလုတ်ထိမှအဓိတ၊ အလုပ်ရှိမှ သတိရ' ဟူသော ဆိုရိုးစကားကဲ့သို့ "ငါတို့၌ အလွန်ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်ဆိုး ကြီးဆိုက်ရောက်ချေပြီ။ သေဘေးမှလွတ်မြောက်ရန် လမ်းလည်းမရှိပြီ"ဟု သိမြင်ကာ ငင်းတို့သည် မိမိတို့ကိုယ်တိုင် ပြုလုပ်ကိုးကွယ်ထားကြသော ဘုရားကြီးငယ် အားလုံးတို့ကို မေ့ပျောက်လျှက် အလ္လာဟ်အရှင်မြတ်အားသာလျှင် သဒ္ဓါကြည်ဖြူစွာဖြင့် တစ်စိတ်တစ်လက်တည်း လျှောက်ထားပန်ကြားကြလေသည်။ ကတိအမျိုးမျိုးလည်း ပေးကြလေသည်။ (ဤကား လူ့သဘာဝပင်)။ "အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဘေးမှ ကယ်တင် လွတ်မြောက်စေတော်မူပါလျှင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ကျေးဇူးတော်ကို ဘယ်သောအခါ၌မျှ မေ့ကြမည်မဟုတ်ပါ။ အမြဲထာဝစဉ် ကျေးဇူးတော်ကို သိတတ်ကြပါမည်။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြပါမည်။ မည်သည့်အရာကိုမျှ အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ကြမည်မဟုတ်ပါ"ဟု ကတိပြုကြလေသည်။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ထိုသေဘေးမှ လွတ်မြောက်၍ ကမ်းခြေပေါ်တွင် ခြေချကြသည်နှင့်တစ်ပြိုင်နက် 'ခွေးမြီးကောက် ကျည်တောက်စွပ်' ဟူသော ဆိုရိုးစကားကဲ့သို့ ကတိမတည်တော့ဘဲ ကျေးဇူးကန်းမြဲ ကန်းကြလေတော့သည်။ ဆိုးမြဲတိုင်းဆိုး၊ မိုက်မြဲတိုင်း မိုက်နေကြပြန်တော့သည်။ တိုင်းပြည်တွင်း၌ ဆူပူမှုများကို ပြုလုပ်ကြတော့သည်။ အနည်းငယ်မျှပင် မိမိတို့၏ ကတိအတိုင်း မနေကြတော့ပေ။

فَلَمَّآ أَنجَىٰهُمۡ إِذَا هُمۡ يَبۡغُونَ فِي ٱلۡأَرۡضِ بِغَيۡرِ ٱلۡحَقِّۗ يَٰٓأَيُّهَا ٱلنَّاسُ إِنَّمَا بَغۡيُكُمۡ عَلَىٰٓ أَنفُسِكُمۡ مَّتَٰعَ ٱلۡحَيَوٰةِ ٱلدُّنۡيَا ثُمَّ إِلَيۡنَا مَرۡجِعُكُمۡ فَنُنَبِّئُكُم بِمَا كُنتُمۡ تَعۡمَلُونَ ٢٣

၂၃။ တစ်ဖန် အကြင်အခါဝယ် ထိုအရှင်မြတ်သည် ၎င်းတို့အား လွတ်မြောက်စေတော် မူသောအခါ ရုတ်တရက် ချက်ချင်းပင် ၎င်းတို့သည် ကမ္ဘာမြေပြင်ဝယ် မတရားသဖြင့် စည်းကမ်းကျူးလွန်ကြကုန်၏။

"အို-လူအပေါင်းတို့ အသင်တို့၏ စည်းကမ်းကျူးလွန်မှုသည် အသင်တို့အပေါ်၌သာ (ပြန်လည်ကျရောက်မည်)ဖြစ်သည်။ (အသင်တို့သည်) လောကီဘဝ၏ (အနည်းငယ်မျှသော) အကျိုးကျေးဇူးကို (ခံစားလျက် ရှိကြကုန်လော့)။ ထို့နောက် အသင်တို့သည် ငါအရှင်မြတ်၏အထံတော်သို့သာလျှင် ပြန်ကြရပေမည်။ ထိုအခါ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့ ပြုလုပ်လျက်ရှိခဲ့ကြသည်များကို ပြသတော်မူမည် ဖြစ်သတည်း။

إِنَّمَا مَثَلُ ٱلۡحَيَوٰةِ ٱلدُّنۡيَا كَمَآءٍ أَنزَلۡنَٰهُ مِنَ ٱلسَّمَآءِ فَٱخۡتَلَطَ بِهِۦ نَبَاتُ ٱلۡأَرۡضِ مِمَّا يَأۡكُلُ ٱلنَّاسُ وَٱلۡأَنۡعَٰمُ حَتَّىٰٓ إِذَآ أَخَذَتِ ٱلۡأَرۡضُ زُخۡرُفَهَا وَٱزَّيَّنَتۡ وَظَنَّ أَهۡلُهَآ أَنَّهُمۡ قَٰدِرُونَ عَلَيۡهَآ أَتَىٰهَآ أَمۡرُنَا لَيۡلًا أَوۡ نَهَارٗا

၂၄။ (ဤမျက်မှောက်) လောကီဘဝ၏ ဥပမာသည်ကား အကြင်ရေ၏ဥပမာကဲ့သို့ ဖြစ်ချေသည်။ ငါအရှင်မြတ်သည် ထိုရေကို မိုးကောင်းကင်မှ ချပေး(ရွာသွန်း)စေတော်မူခဲ့လေသည်။ တစ်ဖန်ထိုရေကြောင့် ပထဝီမြေမှ လူတို့သည်လည်းကောင်း၊ ခြေလေးချောင်းသတ္တဝါတို့သည် လည်းကောင်း စားသုံးကြကုန်သော အပင်ငယ်များသည်ရောယှက်၍ ထွက်လာလေသည်။

နောက်ဆုံးတွင် ပထဝီမြေသည် မိမိ ဝတ်စားတန်ဆာကို ယူ၍ (လှပတင့်တယ်စွာ) တန်ဆာဆင်ယင်ပြီး၊ ထိုမြေကိုပိုင်ဆိုင်သူတို့က ၎င်းတို့သည် ထို(ပေါက်ရောက်သမျှတို့)ကို (မိမိတို့ စိတ်ထင်တိုင်း) သုံးစွဲနိုင်ကြပြီဟု ထင်မြင်ယူဆလာကြသည်။

فَجَعَلْنٰهَا حَصِيْدًا كَاَنْ لَّمْ تَغْنَ بِالْاَمْسِ ؕ كَذٰلِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّتَفَكَّرُوْنَ ﴿٢٤﴾

ထိုအခါ (ရုတ်တရက်) ငါအရှင်မြတ်၏ အမိန့်တော်သည် ထိုလယ်ယာဥယျာဉ်များသို့ ညဉ့်၌ဖြစ်စေ၊ နေ့၌ဖြစ်စေ၊ ရောက်ရှိလာလေတော့၏၊ ပြီးနောက် ငါအရှင်မြတ်သည် ယင်းလယ်ယာဥယျာဉ်များကို ရိပ်သိမ်းပြီးပမာ ဖြစ်စေတော်မူလေသော် ထိုလယ်ယာဥယျာဉ်များသည် ယမန်နေ့က လုံးဝ မရှိသကဲ့သို့ပင် ဖြစ်သွားချေသည်။ ငါအရှင်မြတ်သည် ထိုကဲ့သို့ပင် သက်သေလက္ခဏာတော်များကို စဉ်းစားဆင်ခြင် ချင့်ချိန်သူတို့ အကျိုးငှာ အသေးစိတ်ရှင်းလင်း ဖော်ပြတော်မူလေသတည်း။ [၁]

وَاللّٰهُ يَدْعُوْٓا اِلٰى دَارِ السَّلٰمِ ؕ وَيَهْدِيْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٢٥﴾

၂၅။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (လူခပ်သိမ်းတို့အား) ငြိမ်းချမ်းရေးဘုံဗိမာန်သို့ ဖိတ်ခေါ်တော်မူလေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား *ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်သို့ပို့ဆောင်တော်မူ၏*။ [၂]

---

① ဤပစ္စက္ခ မျက်မှောက်ဘဝသည် သခ်ါရ၊ ခေတ္တခဏ၊ ယာယီမျှသာဖြစ်ပြီး နောင်တမလွန်ဘဝသည်သာလျှင် ထာဝရ၊ အဓိကဖြစ်ချေသည်။ လူသားတို့သည် သခ်ါရကို သခ်ါရဟူ၍ပင် သိအပ်၏။ ကျင့်အပ်၏။ သခ်ါရကို ထာဝရဟူ၍ ထင်မှတ်က မှားမည်၊ အရှုံးကြီး ရှုံးရပေမည်။

ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၁၈း၄၅။ ၃၉း၂၁။ ၅၇း၂၀) တွင်လည်း မိန့်ဆိုထားတော်မူသည်။

② အထက်ပါအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည့်အတိုင်း ဤပစ္စက္ခ မျက်မှောက်ဘဝသည် "ဒါရုဇ်ဇေါလ်" ပျက်စီးယိုယွင်းသွားမည့် ဌာနဖြစ်သည်။ အရိပ်ပမာ သခ်ါရမျှသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ထာဝရ တည်ရှိမည့်ဌာန (ဝါ) ထာဝရ ငြိမ်းချမ်းသာယာမည့် ဌာနသို့ ဖိတ်ခေါ်တော်မူသည်။ ထို့ပြင်တဝမိမိအလိုတော်ရှိသောသူတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကို လည်းညွှန်ပြတော်မူသည်။ ထိုတရားလမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ထာဝရ တည်ရှိ၊ ငြိမ်းချမ်းသာယာမည့် ဘုံဗိမာန်သို့ ဆိုက်ရောက်နိုင်ပေသည်။ (ကြည့်-ထာနဝီ။)

အလ္လာဟ်အရှင်မြတ် ဖိတ်ခေါ်သည့် ထာဝရတည်ရှိ၊ ငြိမ်းချမ်းသာယာမည့် ဘုံဗိမာန်တွင် ဒုက္ခမရှိ၊ ပူပန်သောကမရှိ၊ ကြောင့်ကြစိုးရိမ်ရမှု မရှိ၊ နစ်နာဆုံးရှုံးမှုမရှိ၊ ပျက်စီးယိုယွင်းမှုမရှိ၊ ဘေးအန္တရာယ်ဟူ၍ တစ်စုံတစ်ရာမျှမရှိ။ ထိုဘုံဗိမာန်တွင် နေထိုင် စံမြန်းကြမည့် ပုဂ္ဂိုလ်များသည် ခပ်သိမ်းကုန်သော ဘေးဒုက္ခအပေါင်းတို့မှ ကင်းဝေး၍ ငြိမ်းချမ်းသာယာစွာ ရှိကြမည်။ ယင်းသို့ နေထိုင်ကြရခြင်းမှာလည်း ခေတ္တယာယီမဟုတ်၊ တဒင်္ဂတခဏမဟုတ်၊ အစဉ်ထာဝရ အမြဲတနေထိုင်ရခြင်းဖြစ်မည်။ ကောင်းကင်တမန်များက ၎င်းတို့အား ➤➤

لِلَّذِينَ أَحْسَنُوا الْحُسْنَىٰ وَزِيَادَةٌ ۖ وَلَا يَرْهَقُ وُجُوهَهُمْ قَتَرٌ وَلَا ذِلَّةٌ ۚ أُولَٰئِكَ أَصْحَابُ الْجَنَّةِ ۖ هُمْ فِيهَا خَالِدُونَ ﴿٢٦﴾

၂၆။ ကောင်းမှုကို ပြုခဲ့ကြသောသူတို့အဖို့ ကောင်းမြတ်သောအကျိုး (၀၀) 'ဂျန္နတ်' သုခဘုံ ရှိသည့်ပြင် *အပို(ဆုလာဘ်များ)*လည်း ရှိချေသည်။ [၁] ထိုမှတပါး ၎င်းတို့၏မျက်နှာများကို မြူ၊ ဖုန်များ ဖုံးလွှမ်းမည်မဟုတ်။ ကျိုးယုတ်ရှက်ရ ဂုဏ်သိက္ခာကျခြင်းသည်လည်း ဖုံးလွှမ်းမည်မဟုတ်ပေ။ ထိုသူတို့သည်ပင် 'ဂျန္နတ်' သုခဘုံသားများ ဖြစ်ကြကုန်၏။ ၎င်းတို့သည်ယင်း 'ဂျန္နတ်' သုခဘုံတွင် ထာဝစဉ် နေထိုင်စံမြန်းကြမည့်သူများ ဖြစ်ကြကုန်သတည်း။

➤➤ "စလာမ်" မေတ္တာပို့သကြမည်။ ဤမျှမက အလ္လာဟ်အရှင်မြတ်၏ မေတ္တာ "စလာမ်" တည်းဟူသော လက်ဆောင်တော်ကိုပင် ချီးမြှင့်တော်မူခြင်း ခံကြရပေဦးမည်။

① ဤဘဝ၌ ကောင်းမြတ်သောအလုပ်များကို ပြုလုပ် ဆောင်ရွက်ကြသောသူများအဖို့ နောင်ဘဝတွင် အလွန်ကောင်းမွန်၊ မြင့်မြတ်သောနေရာ (၀၀) 'ဂျန္နတ်' ဗိမာန်မြတ် ရှိပေမည်။ ထို့မျှမက အပိုလည်း ရရှိကြဦးမည်။ (၀၀) အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းနှင့် ထိုအရှင်မြတ်အား ဖူးမျှော်ခွင့်ကိုလည်း ရရှိကြပေဦးမည်။

'ဇီယာဒဟ်' ဟူသောပုဒ်၏ အလိုသဘောမှာ 'အလ္လာဟ်အရှင်မြတ်အား ဖူးမျှော်ခြင်း' ဟူ၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မြွက်မြားစွာသော 'ဟဒီးဆ်' ဩဝါဒတော်များတွင် လာရှိပေသည်။ မြွက်မြားစွာသော 'ဆွဟာဗဟ်' သာဝကကြီးများနှင့် 'တာဗိအီန်' ခေါ် သုခမိန်များကလည်း 'ဇီယာဒဟ်' ဟူသောပုဒ်ကို ထိုအတိုင်းပင် အနက်ဖွင့်ခဲ့ကြပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဤအာယတ်တော်ကို ရွတ်ဖတ်ကာ မိန့်ကြားတော်မူကြောင်း သာဝကကြီး ဆွဟိုက်ဖ်သခင်က ပြောပြခဲ့တော်မူသည်။ 'ဂျန္နတ်' သားများသည် 'ဂျန္နတ်'အတွင်းသို့လည်းကောင်း၊ 'ဂျဟန္နမ်' သားများသည် "ဂျဟန္နမ်" အတွင်းသို့လည်းကောင်း အသီးသီး ဝင်သွားပြီးကြသောအခါ ကြွေးကြော်သူတစ်ဦးက 'အို-ဂျန္နတ်' သား အပေါင်းတို့၊ အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်၏ ကတိတော်တပါး ကျန်ရှိနေပေသေးသည်။

ယခု ထိုအရှင်မြတ်သည် မိမိ၏ထိုကတိတော်ကို အတည်ပြုတော်မူလိုသည်' ဟု ကြွေးကြော်ရာ 'ဂျန္နတ်' သားများက "ထိုကတိတော်ကား အဘယ်နည်း၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ကျွန်ုပ်တို့၏ ကောင်းမှုများ၏ အလေးချိန်များကို ပိုမိုလေးစေတော်မူသည် မဟုတ်ပါလော၊ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏ မျက်နှာများကို ဖြူစင်၊ ကြည်လင်၊ လှပ၊ တင့်တယ်စေတော်မူသည် မဟုတ်ပါလော၊ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား 'ဂျဟန္နမ်' မှ ဖယ်ရှား၍ 'ဂျန္နတ်' သို့ ပို့ဆောင်တော်မူသည် မဟုတ်ပါလော၊ ဤ ကျေးဇူးတော်များကား ကြီးမား များပြားလှချေပြီ၊ ထိုပြင်တဝ မည်သို့သော ကျေးဇူးတော်များ ရှိပါသေးသနည်း" ဟု မေးမြန်းကြပေမည်။ထိုအခါ အလ္လာဟ်အရှင်မြတ် ဘက်တော်မှ 'ဟိဂျာဗ်' အကာအကွယ်ကို ဖွင့်လှစ်တော် မူလိုက်ပေမည်။ ထိုအချိန်တွင် 'ဂျန္နတ်' သားများသည် အလ္လာဟ် အရှင်မြတ်အား ➤➤

وَالَّذِينَ كَسَبُوا السَّيِّئَاتِ جَزَاءُ
سَيِّئَةٍ بِمِثْلِهَا وَتَرْهَقُهُمْ
ذِلَّةٌ مَّا لَهُم مِّنَ اللَّهِ
مِنْ عَاصِمٍ كَأَنَّمَا أُغْشِيَتْ
وُجُوهُهُمْ قِطَعًا مِّنَ اللَّيْلِ
مُظْلِمًا أُولَٰئِكَ أَصْحَابُ النَّارِ
هُمْ فِيهَا خَالِدُونَ ﴿٢٧﴾

၂၇။ သို့ရာတွင် မကောင်းမှု ဒုစရိုက်များကို ရှာဖွေဆည်းပူးကြကုန်သောသူတို့မူကား (၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြကုန်သော) မကောင်းမှုများ၏ အကျိုးသည်ထိုမကောင်းမှုနှင့်ထပ်တူထပ်မျှပင် ဖြစ်ချေသည်၊[၁] ထို့ပြင် ကျိုးယုတ်ရွက်ရ၊ ဂုဏ်သိက္ခာကျခြင်းသည်လည်း ၎င်းတို့အား ဖုံးလွှမ်းမည်ဖြစ်သည်။

၎င်းတို့အား အလ္လာဟ်အရှင်မြတ်၏ (ပြစ်ဒဏ်)မှ ကယ်တင်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းတို့၏မျက်နှာများမှာကား မည်းမှောင်နေသော ညဉ့်၏အပိုင်းအစများဖြင့် ဖုံးအုပ်ခြင်း ခံရတိသကဲ့သို့ ရှိကြပေမည်။ ထိုသူတို့သည် ငရဲသားများ ဖြစ်ကြပေသည်။ ၎င်းတို့သည် ငရဲဘုံ၌ အမြဲ ထာဝစဉ် နေထိုင် ခံစားကြရမည့်သူများပင် ဖြစ်ကြကုန်သတည်း။

وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ
نَقُولُ لِلَّذِينَ أَشْرَكُوا
مَكَانَكُمْ أَنتُمْ وَشُرَكَاؤُكُمْ ۚ
فَزَيَّلْنَا بَيْنَهُمْ وَقَالَ

၂၈။ ၎င်းပြင် အကြင်နေ့ကို (သတိရပါလေ) ငါအရှင်မြတ်သည် (ထိုနေ့တွင်) ၎င်းတို့အားလုံးကို စုရုံးစေတော်မူမည်။ ထိုနောက် ငါအရှင်မြတ်သည် (အခြားအရာများကို ငါအရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသူတို့အား "အသင်တို့နှင့် အသင်တို့ယှဉ်တွဲကိုးကွယ်ခဲ့ကြသော ပေါင်းဖော်ပေါင်းဖက်တို့

➤➤ ဖူးမျှော်ကြရမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ပြောကြားပါအုံ၊ အလ္လာဟ်အရှင်မြတ်သည် ထို 'ဂျန္နတ်' သားတို့ကို မိမိအား ဖူးမြော်စေတော်မူခြင်းထက် ၎င်းတို့အဖို့ ပိုမိုနှစ်သက် မြတ်နိုးဖွယ်ရာ၊ ၎င်းတို့၏ မျက်စိများကို ပိုမိုအေးမြစေသောအရာဟူ၍ တစုံတရာကိုမျှ ချီးမြှင့်တော်မူခဲ့သည် မဟုတ်ပေ။
အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်များကိုလည်း မိမိအား ဖူးမျှော်ခွင့် ပေးတော်မူပါစေသတည်း။
အာမီးန်။

① ကောင်းမှု၏ အကျိုးသည် ရသင့်ရထိုက်သည်ထက်ပင် ပိုမို၍ များပြားမည်။ ထိုမျှမကအပိုလည်း ရရှိဦးမည်ဖြစ်သည်။ မကောင်းမှု၏ ပြစ်ဒဏ်မှာကား ထိုမကောင်းမှုနှင့် အညီအမျှသာ ဖြစ်ပေသည်။ ထို့ထက်ပိုမည်မဟုတ်ပေ။ ဤသို့အားဖြင့် ကောင်းမှုနှင့် မကောင်းမှုသည် အကျိုးဆက်အားဖြင့် ခြားနားလျက် ရှိပေသည်။

شُرَكَآؤُهُمْ مَّا كُنتُمْ إِيَّانَا تَعْبُدُونَ ﴿٢٨﴾

သည် မိမိတို့၏နေရာတွင်ပင် ရပ်တည်၍ နေကြလေကုန်" ဟုမိန့်ကြားတော်မူမည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့အား အချင်းချင်းကွဲစေတော်မူမည်။ (ထိုအခါ) ၎င်းတို့ တွဖက်နှိုင်းယှဉ်၍ ကိုးကွယ်ခဲ့ကြကုန်သော ပေါင်းဖော်ပေါင်းဖက်တို့က (၎င်းတို့အား) "အသင်တို့သည်ငါတို့အား ကိုးကွယ်ခဲ့ကြသည်မဟုတ်" ဟု ပြောဆိုကြလတ္တံ့။ [၁]

فَكَفَىٰ بِاللَّهِ شَهِيدًا بَيْنَنَا وَبَيْنَكُمْ إِن كُنَّا عَنْ عِبَادَتِكُمْ لَغَافِلِينَ ﴿٢٩﴾

၂၉။ သို့ဖြစ်ပေရာ အသင်တို့၏ကိုးကွယ်မှုကို ငါတို့(အလျင်း) မသိခဲ့ကြောင်း အလ္လာဟ်အရှင်မြတ်သည်ပင် ငါတို့နှင့် အသင်တို့၏စပ်ကြားဝယ် သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။

هُنَالِكَ تَبْلُوا كُلُّ نَفْسٍ مَّآ أَسْلَفَتْ وَرُدُّوٓا إِلَى اللَّهِ مَوْلَاهُمُ الْحَقِّ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ ﴿٣٠﴾

၃၀။ ထိုနေရာတွင် လူတိုင်းလူတိုင်းသည် မိမိတို့တင်ကြိုပို့နှင့်ခဲ့ပြီးဖြစ်သော အပြုအမူများကို စမ်းသပ်(မျက်ဝါးထင်ထင် သိရှိတွေ့မြင်)ကြမည်ဖြစ်ပေသည်။ ထို့ပြင်၎င်းတို့သည် *မိမိတို့၏အရှင်သခင် အစစ်အမှန်ဖြစ်တော်မူသော* [၂] အလ္လာဟ်အရှင်မြတ် အထံတော်သို့ *ပြန်ပို့ခြင်းကိုခံကြရပေမည်*။ [၃] ထိုမှတစ်ပါး၎င်းတို့ကြံဖန်လီဆယ်ခဲ့ သမျှတို့သည် ၎င်းတို့ထံမှ ကွယ်ပျောက်သွားကြမည်သာ ဖြစ်သတည်း။

---

① အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ မှုရှုရစ်က်တို့ ကိုးကွယ်ကြသော အရာများတွင် သက်ရှိများလည်း ပါရှိကြ၏။ သက်မဲ့များလည်းပါရှိကြ၏။ ကိယာမတ်နေ့တွင် မှုရှုရစ်က်တို့ ကိုးကွယ်ကြသည့် ယင်း သက်ရှိသက်မဲ့များသည် ၎င်းတို့နှင့် ဆန့်ကျင်၍ သက်သေထွက်ဆိုကြမည် ဖြစ်သည်။

သက်ရှိများ၏ စကားပြောဆိုခြင်းမှာ မထူးဆန်းသော်လည်း သက်မဲ့များ၏ စကားပြောဆိုခြင်းမှာမူထူးဆန်းသည်ဟု အချို့က ယူဆကောင်းယူဆကြပေမည်။ သက်မဲ့၏ စကားပြောဆိုခြင်းသည် လူသားတို့အဖို့ထူးဆန်းသော်လည်း အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် အဖို့မှာကား မထူးဆန်းပေ။ ထိုအရှင်မြတ်သည် သက်မဲ့ကိုသက်ရှိ၊ မရှိကိုအရှိ ပြုစွမ်းနိုင်တော်မူပေရာ သက်မဲ့များကိုလည်း စကားပြောဆိုနိုင်စွမ်းပေးတော်မူနိုင်ပေသည်။ ကိယာမတ်နေ့တွင် လူသားတို့၏ ကိုယ်အင်္ဂါအဆစ်အပိုင်းများသည်ပင် စကားပြောဆိုကြမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်(၃၆း၆၅။ ၄၁း၂၁)တွင် အတည့်အလင်း မိန့်ဆိုထား တော်မူသည်။

قُلْ مَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ اَمَّنْ يَّمْلِكُ السَّمْعَ وَالْاَبْصَارَ وَمَنْ يُّخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيِّتَ

၃၁။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ဤသို့ ပြောဆိုမေးမြန်းကြပါလော၊ "အချင်းတို့အသင်တို့အား အာကာသမိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေကြီးမှ လည်းကောင်း၊ မည်သူမည်ဝါ စားနပ်ရိက္ခာ ထောက်ပံ့လေသနည်း။ သို့တည်းမဟုတ် မည်သူသည် နားများနှင့် မျက်စိများကို စိုးပိုင်ပါသနည်း။

---

(၂) ကိယာမတ်နေ့တွင် လူတိုင်းလူတိုင်းသည် မိမိတို့ ပြုကျင့်ခဲ့သမျှသော ကောင်းမှု၊ မကောင်းမှု အစုစုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်။ မုန်ကရ်တ်များသည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲဖက်စပ်ရန်၊ ရုပ်တုများ၊ ကားချပ်များကို ပြုလုပ်ရေးဆွဲ ပုံနှိပ်ထားရှိ ဆည်းကပ်ကိုးကွယ်ခဲ့ကြသည်။ ယင်းသည့် ကိုးကွယ်ရာများသည် ၎င်းတို့အား ကယ်ဆယ်ကြလိမ့်မည် ဟူ၍လည်း မှတ်ယူခဲ့ကြသည်။ ယခု (ကိယာမတ်နေ့)တွင် ယင်းသည့် ကိုးကွယ်ရာများသည် ၎င်းတို့အား ကယ်ဆယ်ရန်ဝေးစွ။ ၎င်းတို့နှင့် ဆန့်ကျင်၍ပင် "ငါတို့သည် အသင်တို့နှင့် မည်သို့မျှ မပတ်သက်၊ အသင်တို့သည် ငါတို့အား ကိုးကွယ်ခဲ့ကြသည်လည်း မဟုတ်၊ အသင်တို့ ငါတို့အား ကိုးကွယ်ခဲ့ကြသည်ကိုပင် ငါတို့ မသိ" ဟု သက်သေပြပြောဆိုကြပေမည်။

အမှန်တကယ် အကူအညီလိုသည့်အချိန်တွင် မုန်ကရ်တ်များနှင့် ၎င်းတို့၏ ကိုးကွယ်ရာများက ဤကဲ့သို့ အချင်းချင်း အဆက်ဖြတ်ကာ "သူ ငါမကယ်နိုင်၊ ငါ သူမကယ်နိုင် ဖြစ်ကြမည်။ ၎င်းတို့၏ ကိုးကွယ်ရာများသည် အမှန်စင်စစ် ကိုးကွယ်ရာ မဟုတ်ကြောင်း ကောင်းစွာ သိရှိသွားကြသကဲ့သို့ မုန်ကရ်တ်တို့သည်လည်း "ဆည်းကပ်ကိုးကွယ်ရာအရှင်မှာ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်း" မျက်ဝါးထင်ထင် တွေ့မြင်သိရှိသွားကြပေမည်။ မုန်ကရ်တ်တို့အဖို့ ယခုကဲ့သို့ အရှက်တကွဲအကျိုးနည်းဖြစ်ရကာ အရှုံးကြီးရှုံးကြရခြင်းမှာ "ဘယ်သူမပြု မိမိမှု" ဟူသော သဘောတရားအရသာ ဖြစ်ချေသည်။

(၁) ကိယာမတ်နေ့တွင် ကာဖိရ်၊ မုန်ကရ်တ်အားလုံးတို့သည် ၎င်းတို့၏ အစစ်အမှန်ဖြစ်တော်မူသော အရှင်မြတ်ထံတော်သို့သာ ပို့ဆောင်ခြင်းခံကြရမည်၊ ထိုအရှင်မြတ်သာလျှင် အစစ်အမှန်ဖြစ်တော်မူ၏။ ၎င်းတို့ ပြုလုပ်ဖန်တီးထားကြသော လက်ဖြစ်၊ အမည်ခံတို့သည် အရှင်သခင် မဟုတ်ပေ။

ဤအာယတ်တော်တွင် "အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်၊ မုန်ကရ်တ်တို့၏ မောင်ဝံလာ" ဟု မိန့်ဆိုထားတော်မူသည်။ ယင်းသို့ မိန့်ဆိုထားတော်မူခြင်းမှာ ဖြစ်ရပ်မှန်နှင့် ကြောင်းရင်းသဘောအရ မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ် (၄၇း၁၁)တွင် "ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့၌ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော 'မောင်ဝံလာ' မရှိ" ဟု မိန့်ဆိုထားတော်မူခြင်းမှာ ထိုအာယတ်တော်ပါ 'မောင်ဝံလာ' ၏အနက်သဘောမှာ "ကာကွယ်တော်မူသူ" "ကူညီယိုင်းပင်းတော်မူသူ" ဟူ၍ဖြစ်သည်။ အာယတ်တော်အချင်းချင်း ဆန့်ကျင်ခြင်းမဟုတ်။

အချို့ပညာရှင်များက (مَوْلٰهُمُ الْحَقِّ)၏အနက်ကို "အမှန်အကန်အတိုင်း တရားသဖြင့် စီရင်ဆုံးဖြတ်ပေးတော်မူမည့် အရှင်" ဟူ၍ တနည်း ဖွင့်ဆိုကြသည်။

مِنَ الْحَيِّ وَمَنْ يُّدَبِّرُ الْاَمْرَ ؕ فَسَيَقُوْلُوْنَ اللّٰهُ ۚ فَقُلْ اَفَلَا تَتَّقُوْنَ ﴿۳۱﴾

ထိုနည်းတူစွာ မည်သူသည် သက်ရှိကိုသက်မဲ့မှ ထွက်စေ၍ သက်မဲ့ကို သက်ရှိမှ ထွက်စေသနည်း။ ထိုမှတစ်ပါး မည်သူသည် အမှုကိစ္စအဝဝကို စီမံခန့်ခွဲလေသနည်း" ဟု မေးမြန်းပါလေ။ ထိုအခါ ၎င်းတို့က "အလ္လာဟ်အရှင်မြတ်" ဟူ၍ပင် မုချ ပြောဆိုဖြေကြားကြပေမည်။ သို့ဖြစ်ပေရာ အသင်သည် (၎င်းတို့အား) "အချင်းတို့ သို့ပါလျက်အသင်တို့သည် (တစုံတရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ခြင်းမှ) မရှောင်ကြဉ်ကြလေသလော" ဟု မေးမြန်းပါလေ။ ၁

---

① ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မုရှ်ရစ်ကျမ်းများကို မေးခွန်းများ မေးစေတော်မူထားသည်။

က။ လေများကို မည်သူ တိုက်ခတ်စေသနည်း။ မိုးကို မည်သူ ရွာသွန်းစေသနည်း၊ နေ လ စသည်တို့ကို မည်သူ ဖန်ဆင်းသနည်း။ အပူဓာတ်၊ အအေးဓာတ်ကို မည်သူပေးသနည်း။ ဥတုရာသီ အပြောင်းအလဲများကို မည်သူစီစဉ်သနည်း၊ မြေမှ ကောက်ပဲသီးနှံများကို မည်သူပေါက်ပွား၊ ရှင်သန်၊ ကြီးထွား၊ ပွင့်သီး၊ ရင့်မှည့်စေသနည်း၊ မြေထွက်ပစ္စည်းများကို မည်သူ ဖန်ဆင်းထားသနည်း။

ခ။ အံ့ဖွယ်ကောင်းလှသည့်နား၊ မျက်စိစသည့်အာရုံများကို မည်သူဖန်ဆင်းထားသနည်း၊ မည်သူ ပိုင်သနည်း၊ မည်သူ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ထားသနည်း။

ဂ။ သက်မဲ့မှ သက်ရှိ၊ သက်ရှိမှ သက်မဲ့ဖြစ်စေရန် မည်သူပြုလုပ်သနည်း။ အသက်ဝိညာဉ်ကို မည်သူ စိုးပိုင်သနည်း။ သေနေသော လူမျိုးကို မည်သူ ရှင်စေသနည်း။ ရှင်နေသော လူမျိုးကို မည်သူ သေစေသနည်း။ ရုပ်နှင့်နာမ်ကို မည်သူ ပိုင်သနည်း။

ဃ။ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ကိစ္စအဝဝကို မည်သူ စီစဉ်ဖန်တီးသနည်း။

အဖြေကား ရှင်း၏၊ အလ္လာဟ်အရှင်မြတ်ပင်။

မုရှ်ရစ်ကျမ်းသည်လည်း အထက်ဖော်ပြပါ "အနန္တော အနန္တ တန်ခိုးတော်ရှင်ကား အခြားမဟုတ် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်" ဟု ဝန်ခံကြလေသည်။ သို့ဝန်ခံကြပါလျက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာများကိုလည်း ဆည်းကပ်ကိုးကွယ်လျက် ရှိကြသည်။ ဤသည် မဟာအမှားတော်ပင်။ မုရှ်ရစ်ကျမ်းသည် ယင်းသို့ ရှရစ်ကျ ပြုလုပ်ခြင်းအတွက် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်ကို မကြောက်ကြလေသလော။ "အမှန်ကို သိပါလျက် အမှားနောက်သို့ လိုက်ခြင်းသည် အသီဉာဏ်၊ အမြော်အမြင် ရှိသူတို့၏ အလုပ်မဟုတ်ပေ။ အမှန်တရား၏ ဆန့်ကျင်ဘက်သည် အမှားသာလျှင်ဖြစ်သည်။ တောင်ဟီးဒ်တရားသည်သာလျှင် မှန်ကန်ကြောင်း ထင်ရှားပြီးဖြစ်ရာ 'ရှရစ်က်' သည် လုံးဝဥဿုံ မှားယွင်းကြောင်း သိသာပေသည်"။

فَذَٰلِكُمُ اللَّهُ رَبُّكُمُ الْحَقُّ ۖ فَمَاذَا بَعْدَ الْحَقِّ إِلَّا الضَّلَالُ ۖ فَأَنَّىٰ تُصْرَفُونَ ﴿٣٢﴾

၃၂။ သို့ဖြစ်လေရာ အသင်တို့၏ အရှင် အစစ်အမှန်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် အစစ်အမှန်ပင်။ သို့ဖြစ်သောကြောင့် အမှန်တရား (ထင်ရှားပြီးသည်)၏နောက် အမှားမှအပ အခြား မည်သည့်အရာ ရှိလေတော့သနည်း။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်၍ သွားကြပါသနည်း။ ၃

كَذَٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِينَ فَسَقُوا أَنَّهُمْ لَا يُؤْمِنُونَ ﴿٣٣﴾

၃၃။ ဤအတိုင်းပင် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏စကားတော်သည် အမိန့်တော်ကို ဖီဆန်ခဲ့သူနှင့်ပတ်သက်၍ အတည်ဖြစ်သွားခဲ့ချေပြီ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် 'အီမာန်' သက်ဝင်ယုံကြည်ကြမည် မဟုတ်သောကြောင့်ပင်တည်း။ ၄

---

③ ဤသည်တို့ကို ပြုစွမ်းနိုင်တော်မူသော၊ ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အသင်တို့၏ အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည်ပင် ခဝပ် ကိုးကွယ်ခြင်းကို ခံထိုက်တော်မူပေသည်။ ဤသည့် ရုပ်တု၊ ရုပ်ပုံများကား (ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်ကြသည်) မဟုတ်။ ဤသည့်ထင်ရှားသော၊ ခိုင်လုံသောသက်သေ၊ သာဓက အထောက်အထားများကို ထောက်ရှုရခြင်းအားဖြင့် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ခဝတ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အရှင်မြတ် ဖြစ်တော်မူကြောင်း အခိုင်အမာ အတည်ဖြစ်သွားပေရာ ဤသည့် မှန်ကန်ခြင်းမှအပ အခြား ဆန့်ကျင်ဘက်အရာသည် အမှားသက်သက်သာ မုချဖြစ်ရချေမည်။ သို့ဖြစ်ပေရာ အသင်တို့သည် ဤထင်ရှားလှသည့် အမှန်တရားကို မိမိတို့ကိုယ်တိုင် သိရှိဝန်ခံကြပြီး နောက်သော်မှ အဘယ့်ကြောင့် အမှန်တရားကို သွေဖည်၍ အမှား တရားဘက်သို့ သွားလိုကြသနည်း။

(ခါဇင်န်၊ အစောင် ၃၊ စ- ၁၅၄။)

④ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်း၊ တစ်ပါးတည်း ဖြစ်တော်မူကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းမွေးမြူထားတော်မူသော အရှင် ဖြစ်တော်မူကြောင်း ထင်ရှားသကဲ့သို့ အမှန်တရား ထင်ရှားပြီးနောက် လမ်းမှားသို့လိုက်ခြင်း၊ သက်သေသာဓကများ ခိုင်လုံပြီးနောက် သွေဖည်ငြင်းဆန် မနာခံခြင်းသည် မိုက်မဲရာကျသကဲ့သို့ အမိန့်တော်ကို မနာခံသောသူများအဖို့ ပြစ်ဒဏ် စီရင်ထားခြင်းမှာ လည်း အမှန်ပင် ဖြစ်ချေသည်။

(မာဂျိဒီ၊ အစောင် ၃၊ စ- ၄၄၀၊ အအ- ၅၆။)

قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ؕ قُلِ اللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ فَاَنّٰى تُؤْفَكُوْنَ ﴿٣٤﴾

၃၄။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား) "အချင်းတို့၊ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၊ နှိုင်းယှဉ် ကိုးကွယ်ကြသူ အသင်တို့အနက် (သက်ရှိသက်မဲ့အပေါင်းတို့အား) ပထမအကြိမ်စတင်ဖန်ဆင်း၍ ထို(သက်ရှိသက်မဲ့အပေါင်းတို့ သေကြေပျက်စီးကြပြီး)နောက် ယင်းဖန်ဆင်းခြင်းကို တဖန် ဒုတိယအကြိမ်လည်း ပြန်၍ ပြုလုပ်မည့်သူဟူ၍ ရှိလေသလော" ဟု မေးမြန်းပါလေ။

(ထို့နောက်) အသင်ကပင် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည် သာလျှင် (သက်ရှိသက်မဲ့ အပေါင်းတို့ကို) ပထမအကြိမ်လည်း စတင် ဖန်ဆင်းတော်မူ၏။ တဖန် ထို (သက်ရှိသက်မဲ့အပေါင်းတို့ သေကြေပျက်စီးကြပြီး) နောက်လည်း ထိုအရှင်မြတ်သည်ပင် ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းတော်မူမည်ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်(၍ ထွက်သွား)ကြရသနည်း။ ၁

---

① ကုရ်အာန်ကျမ်းတော်မြတ် (၁၀:၃၁)တွင် မုရှ်ရစ်က်တို့အား မေးမြန်းကြရာ မုရှ်ရစ်က်များကိုယ်တိုင် ဖြေဆိုဝန်ခံထားသည့်အကြောင်း ပါရှိ၏။ ဤအာယတ်တော် (၁၀:၃၄)နှင့် (၁၀:၃၅)တွင်မူ မုရှ်ရစ်က်များက မဖြေကြားဘဲ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) က ဖြေကြားတော်မူသည့်အကြောင်း ပါရှိပေသည်။ ခြားနားချက်ကား အသို့နည်း။ လင်းပြဦးအုံ့။

(က) အကယ်၍ မုရှ်ရစ်များသည် (၁၀:၃၁)တွင် ဖြေကြားထားသည့်အတိုင်း ဖြေဆိုကြပါက ၎င်းတို့၏ ကိုးကွယ်ရာဘုရားများ၏ ဂုဏ်သိက္ခာကို ထိခိုက်မည်ဖြစ်၍ အဖြေပေးကြရာတွင် စဉ်းစားကာ ဆိုင်းငံ့နေကြမည်ဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ဖြေကြားစေတော်မူခြင်း ဖြစ်သည်။ (ကြည့်- ထာနဝီ။)

(ခ) အရဗ်မုရှ်ရစ်များသည် မူလအစ၊ ပထမမှပင် နောင်တမလွန်ဘဝတွင် ပြန်လည် ရှင်ပြန်ထကြရမည်ကို မယုံကြည်ကြသည့်အတွက် အဖြေမှန် ဖြေဆိုကြမည်မဟုတ်၊ ထို့အတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ဖြေကြားစေတော်မူခြင်း ဖြစ်သည်။ (ကြည့်-မာဂျိဒီ။)

قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّهْدِيْٓ اِلَى الْحَقِّ ۭ قُلِ اللّٰهُ يَهْدِيْ لِلْحَقِّ ۭ اَفَمَنْ يَّهْدِيْٓ اِلَى الْحَقِّ اَحَقُّ اَنْ يُّتَّبَعَ اَمَّنْ لَّا يَهِدِّيْٓ اِلَّآ اَنْ يُّهْدٰى ۚ فَمَا لَكُمْ ۡ كَيْفَ تَحْكُمُوْنَ ۝۳۵

၃၅။ (အိုး-နဗီတမန်တော်) အသင်သည် (ငင်းတို့အား) "အချင်းတို့၊ (အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသူ အသင်တို့တွင် မှန်ကန်ရာသို့ လမ်းညွှန်မည့်သူ တဦးတယောက်မျှ ရှိလေသလော" ဟု မေးမြန်းပါလေ။ (တဖန်) အသင်ကပင် (ငင်းတို့အား ဤသို့)ပြန်၍ ပြောကြားပါလေ။ (အချင်းတို့) "အလ္လာဟ်အရှင်မြတ်ပင် မှန်ကန်ရာသို့ လမ်းညွှန်တော်မူ၏။ သို့ဖြစ်ပေရာ မှန်ကန်ရာသို့ လမ်းညွှန်တော်မူသောအရှင်မြတ်သည် လိုက်နာခြင်းကို ပို၍ ခံထိုက်တော်မူပါသလော၊ သို့တည်းမဟုတ် မိမိကိုယ်တိုင် လမ်းညွှန်ခြင်းကို မခံရက မှန်ကန်သောတရားလမ်းကို မရရှိသောသူသည် လိုက်နာခြင်းကို ပို၍ ခံထိုက်လေသလော။ သို့ဖြစ်ပေရာ (ဤသည်တို့ကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် ကိုးကွယ်ကြရန်) အသင်တို့တွင် မည်သည့်အကြောင်း ရှိသနည်း။ အသင်တို့သည် မည်ကဲ့သို့ ဆုံးဖြတ်ကြပါသနည်း။"

وَمَا يَتَّبِعُ اَكْثَرُهُمْ اِلَّا ظَنًّا ۭ اِنَّ الظَّنَّ لَا يُغْنِيْ مِنَ الْحَقِّ شَيْـــًٔا ۭ اِنَّ اللّٰهَ عَلِيْمٌۢ بِمَا يَفْعَلُوْنَ ۝۳۶

၃၆။ စင်စစ် ငင်းတို့အနက် အများဆုံးသော သူတို့သည် (မိမိတို့၏) ထင်မြင်ယူဆချက်ကိုသာ လိုက်နာကြကုန်၏။ အမှန်စင်စစ်သော်ကား ထင်မြင်ချက်သည် အမှန်နှင့်ဆန့်ကျင်၍ အနည်းငယ်စိုးစဉ်းမျှပင် အကျိုးပေးသည်မဟုတ်ပေ။ ② ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့ပြုမူလျက်ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

② အလ္လာဟ်အရှင်မြတ်သည် သက်ရှိသက်မဲ့ အပေါင်းတို့ကို စတင်ဖန်ဆင်းတော်မူသောအရှင်၊ ထိုသက်ရှိသက်မဲ့အပေါင်းတို့ သေကြေပျက်စီးသည့်အခါ တစ်ဖန် ပြန်လည်ဖန်ဆင်းတော်မူမည့်အရှင်၊ သတ္တဝါအပေါင်းတို့အား တရားမမှု ညွှန်ပြတော်မူသောအရှင်မှာ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း ထင်ရှားပါလျက် ထိုအရှင်အား ဆန့်ကျင်၍ "ရှရစ်က်" ၏ လမ်းစဉ်ကို လိုက်နာနေကြသော မုရှ်ရစ်က်များသည် ➤➤

وَمَا كَانَ هٰذَا الْقُرْاٰنُ اَنْ
يُّفْتَرٰى مِنْ دُوْنِ اللّٰهِ
وَلٰكِنْ تَصْدِيْقَ الَّذِيْ بَيْنَ
يَدَيْهِ وَتَفْصِيْلَ الْكِتٰبِ
لَا رَيْبَ فِيْهِ مِنْ رَّبِّ
الْعٰلَمِيْنَ ﴿٣٧﴾

၃၇။ စင်စစ်သော်ကား ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်အပြင် (အခြားသူတဦးဦးက) လီဆယ်ဖန်တီးထားသော ကျမ်းမြတ်မဟုတ်ပေ၊ စင်စစ်မှာမူကား (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) မိမိအလျင်(ရှိခဲ့ဖူးသော ကျမ်းများကို) ခိုင်ခံ့စေသော ကျမ်းဖြစ်၏။ အတည်ပြု သတ်မှတ်ရေးသားထားပြီးဖြစ်သော *အမိန့်ပညတ်တော်များကို* အသေးစိတ် ရှင်းလင်းဖော်ပြထားသော ကျမ်းလည်းဖြစ်၏။ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ဒိုဟသံသယလည်း လုံးဝမရှိချေ။ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ (ကျရောက်လာသော ကျမ်းတော်မြတ်အမှန်ပင်)ဖြစ်ပေသတည်း။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ۭ قُلْ
فَاْتُوْا بِسُوْرَةٍ مِّثْلِهٖ وَادْعُوْا
مَنِ اسْتَطَعْتُمْ مِّنْ دُوْنِ
اللّٰهِ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٣٨﴾

၃၈။ ၎င်းတို့က "ထို(နဗီတမန်တော် မုဟမ္မဒ်)သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို လီဆယ် ဖန်တီးခဲ့သည်" ဟုပြောဆိုကြလေသလော။ (အို-နဗီတမန်တော်)အသင်သည် (၎င်းတို့အား ဤသို့ ပြောကြားပါလေ။ (အချင်းတို့) "သို့ဖြစ်လျှင် အသင်တို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်ကဏ္ဍ)နှင့်တူသော ကဏ္ဍတစ်ခုကိုပင် (စီကုံးရေးသား၍) ယူဆောင်လာခဲ့ကြလေကုန်၊

➤➤ "တောင်ဟီးဒ်၏ လမ်းစဉ်ကိုစွန့်၍ ရှုရစ်က်၏ လမ်းစဉ်ကိုလိုက်ရင်း၊ လမ်းမှားခြင်း၏ ချောက်ကမ်းပါးထဲသို့ ကျဆင်းနေကြခြင်းပင် ဖြစ်ကြောင်း" အထူးပင် စဉ်းစား ဆင်ခြင်အပ်ပေသည်။ ယင်းသို့ ပြုလုပ်နေကြခြင်းမှာ ၎င်းတို့၌ မည်သို့သော သက်သေသာဓက ယုတ္တိ၊ ယုတ္တာများ ရှိသနည်း။ အမှန်မှာ ၎င်းတို့တွင် သက်သေ၊ သာဓက၊ အထောက်အထားဟူ၍ အလျင်းမရှိ၊ ထင်မြင်ချက်သာရှိသည်။ ထင်မြင် မှန်းဆချက်သည် အမှန်တရားကို ဆန့်ကျင်မြဲပင်။ မည်သို့မျှ အကျိုးမဖြစ်ထွန်းစေနိုင်ပေ။ မည်သို့မျှလည်း အသုံးမဝင်ပေ။

"အကီဒဟ်" ၊ "အကာအစ်ဒ်" 'ယုံကြည်ချက်များတွင် ထင်မြင်ချက်သည် မလုံလောက်ကြောင်း ဤအာယတ်တော်၌ သာဓကပါရှိသည်။ (ကုရ်တုဗီ။)

□① ဤအာယတ်တော်တွင် ပါရှိသော 'အလ်ကိတားဗ်' ၏အလိုမှာ အတည်ပြု၊ သတ်မှတ်၊ ပြဋ္ဌာန်းထားတော်မူသော အမိန့်ပညတ်တော်များကို ဆိုလိုသည်။

ဂင်းပြင် အကယ်၍ အသင်တို့သည် "သစ္စာဝါဒီ-မှန်ကန်စွာ ပြောဆိုကြသူများ ဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် မိမိတို့ခေါ်ယူနိုင်ကြကုန်သော (ကူညီဆောင်မမည့်)သူတို့အားလည်း ခေါ်ယူခဲ့ကြလေကုန်"။ [၁]

بَلْ كَذَّبُوا۟ بِمَا لَمْ يُحِيطُوا۟ بِعِلْمِهِۦ وَلَمَّا يَأْتِهِمْ تَأْوِيلُهُۥ ۚ كَذَٰلِكَ كَذَّبَ ٱلَّذِينَ مِن قَبْلِهِمْ فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلظَّٰلِمِينَ ﴿٣٩﴾

၃၉။ ထိုသို့အလျင်းမဟုတ်၊ စင်စစ်မူကား၊ ဂင်းတို့သည် မိမိတို့ကိုယ်တိုင် မသိနားမလည်သောအရာကို (စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ) *မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။* [၂] ထို့ပြင် ဂင်းတို့ထံ ယင်း၏အကျိုးသည်လည်း [၃] ရောက်ခဲ့သည်မရှိချေ။ ဤနည်းနှင်နှင့် ဂင်းတို့အလျင် ရှေးအထက်ကျော်ကာရီ၌ရှိခဲ့ကြသောသူတို့ကလည်း မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ဖူးကြလေသည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) မတရားသောသူတို့သည် မည်သို့မည်ပုံ အကျိုးခံစားခဲ့ကြရသည်ကို အသင်သည် ကြည့်ရှုဆင်ခြင်ပါလေ။

---

① အချို့ စိတ်ကူးယဉ်သောသူများက စုဒ်စောဒနာဝင်ကြသည်မှာ "အချို့ပြောဆိုရေးသားသူများ၌ ပြောဆိုရေးသားရာတွင် ထူးခြားချက်များ ရှိသည်။ ထိုထူးခြားချက်များသည် အခြား ပုဂ္ဂိုလ်များ၌ မရှိပေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့်အလားတူ ကဏ္ဍတစ်ခုခု ရေးသားတင်ပြရန် ကြွေးကြော်ထားခြင်းသည် တန်ခိုးပြာဋိဟာတစ်ရပ် မဖြစ်နိုင်ဟု ဆိုကြသည်။ ဤစုဒ်စောဒနာကို ချေပဖြေဆိုအံ့။

(က) တမန်တော်မြတ်(ဆွာလ္လာဟု အလိုင်ဟိဝစလ္လမ်) ပြောကြားတော်မူခဲ့သမျှသော စကားတိုင်းတွင် ထိုသည့် ထူးခြားချက် မရှိပေ။ ထိုသည့်ထူးခြားချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၌သာ ရှိပေသည်။

(ခ) ထိုသည့် ထူးခြားချက်သည် နှစ်ပေါင်း (၄၀)ကျော်မှပင် ရုတ်တရက် အသို့လျှင် ဖြစ်ပေါ်လာခဲ့သနည်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၌ အဘယ်သို့ပင် ထူးခြားချက် ရှိနေစေကာမူ စကားအရာ၌ လိမ္မာကျွမ်းကျင်ကြသော အခြားပညာရှင်များသည် ကြိုးစားက နည်းများမဆို တူအောင်၊ ဆင်အောင် ပြောဆို ရေးသားနိုင်ကြပေမည်။ ယခုမူကား ဤသို့မဟုတ်။

(ဃ) အဘယ်မျှ ထူးခြားချက်ရှိသော ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ မိမိကဲ့သို့ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်မျှ ကိယာမတ်နေ့တိုင် ပေါ်ပေါက်မည် မဟုတ်ဟူ၍ကား မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းကြောင်းတို့ကြောင့်လည်း အရဗ်ကာဖိရ်တို့သည် ဤသည့် စုဒ်စောဒနာကို တင်မပြဝံ့ခဲ့ကြပေ။ ➤➤

وَمِنْهُمْ مَّنْ يُّؤْمِنُ بِهٖ وَمِنْهُمْ مَّنْ لَّا يُؤْمِنُ بِهٖ ؕ وَرَبُّكَ اَعْلَمُ بِالْمُفْسِدِيْنَ ﴿۴۰﴾

၄၀။ ထို့ပြင် ၎င်းတို့တွင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်မည့်သူများလည်း ရှိကြမည်။ ထိုနည်းအတူ ၎င်းတို့တွင် ထို (ကုရ်အာန်ကျမ်းတော်မြတ်)ကို မယုံကြည်မည့်သူများလည်း ရှိကြမည်။ စင်စစ်တမူကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့အား အသိဆုံးသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَاِنْ كَذَّبُوْكَ فَقُلْ لِّيْ عَمَلِيْ وَلَكُمْ عَمَلُكُمْ ۚ اَنْتُمْ بَرِيْٓـُٔوْنَ مِمَّآ اَعْمَلُ وَاَنَا بَرِيْٓءٌ مِّمَّا تَعْمَلُوْنَ ﴿۴۱﴾

၄၁။ ၎င်းပြင်(အိုး-နဗီတမန်တော်) အကယ်၍ထိုသူတို့သည် အသင့်အားမဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လျက်ရှိကြပါလျှင် အသင်သည် (၎င်းတို့အား ဤသို့) ဖြေကြားပါလေ။ (အချင်းတို့) "ငါ၏အပြုအမူသည် ငါ၏အဖို့သာဖြစ်၍ အသင်တို့၏ အပြုအမူသည် အသင်တို့အဖို့သာ ဖြစ်ချေသည်။ အသင်တို့သည် ငါပြုသမျှနှင့် (မည်သို့မျှမဆိုင်၊ လုံး၀)လွတ်ကင်းသူများ ဖြစ်ကြကုန်၏။ ငါသည်လည်း အသင်တို့ပြုသမျှတို့နှင့်(မည်သို့မျှမဆိုင်၊ လုံး၀)လွတ်ကင်းသူဖြစ်သည်၊[၁]

➤➤ 'ဟဒီးဆ်' ခေါ် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ၀စလ္လမ်)၏ ဩ၀ါဒတော်များသည် အခြားစကားများနှင့်စာလျှင် အလွန်တရာမျှပင် စာပေမြောက်လှ၏။ သို့တစေလည်း ယင်းသည့် ဩ၀ါဒတော်များသည် ကုရ်အာန်ကျမ်းတော်မြတ်လာ အာယတ်တော်များနှင့် မည်သို့မျှမတူချေ။ ယင်းသည့် ဩ၀ါဒတော်များနှင့် စပ်လျဉ်း၍လည်း ထိုဩ၀ါဒတော်များကဲ့သို့ စာပေအရာ၌ မည်သူမျှမရေးနိုင်၊ မပြုစုနိုင်ဟူ၍ကား ကြွေးကြော်ထားသည်မရှိပေ။ (ထာနဝီ၊ အစောင် ၅။ စ- ၁၆)

(၂) လူတစ်ယောက်သည် အကြောင်းတစ်ခုနှင့်စပ်လျဉ်း၍ စကားပြောလျှင် ဦးစွာပထမ မိမိပြောဆိုလိုသည့် အကြောင်းကို စေ့စပ်သေချာစွာ လေ့လာဆည်းပူးရပေမည်။ အဖက်ဖက်မှ ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်ထားပြီးဖြစ်ရမည်။ သို့သိရှိနားလည်ပြီးနောက်မှ စကားပြောဆိုသင့်ပေသည်။ မိမိကိုယ်တိုင် မသိနားမလည်သော အကြောင်းတစ်ခုတွင် ဝင်ရောက်စကားပြောဆိုခြင်းသည် အမိပွါယ်လုံး၀မရှိချေ။ (ထာနဝီ)

(၃) ဤအာယတ်တော်တွင် လာရှိသည့် "တ္ဝဝီလ်" ဟူသောပုဒ်၏ အလိုသဘောမှာ "နောက်ဆုံးတွင် သက်ရောက်မည့်အရေး" ဟူ၍ ဖြစ်သည်။

(၁) ဆိုလိုသည်ကား- အကယ်၍ ဤရွေ့ဤမျှ ထင်ရှားလှသည့်သက်သေ၊ သာဓကများကို တွေ့မြင် ➤➤

وَمِنْهُمْ مَّنْ يَّسْتَمِعُوْنَ اِلَيْكَ ؕ اَفَاَنْتَ تُسْمِعُ الصُّمَّ وَلَوْ كَانُوْا لَا يَعْقِلُوْنَ ﴿٤٢﴾

၄၂။ ထိုမှတစ်ပါး၊ ၎င်းတို့တွင် (အမြင်အားဖြင့်) အသင့်ဘက်သို့ နားစွင့်နေကြသူများလည်း ရှိကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် နားပင်းနေသော သူတို့အား (၎င်းတို့သည် အသိဉာဏ်ကိုအသုံးမပြုဘဲ ရှိနေကြပါလျက်) ကြားအောင်ပြုနိုင်ပါသလော။ [၁]

وَمِنْهُمْ مَّنْ يَّنْظُرُ اِلَيْكَ ؕ اَفَاَنْتَ تَهْدِى الْعُمْىَ وَلَوْ كَانُوْا لَا يُبْصِرُوْنَ ﴿٤٣﴾

၄၃။ ထိုနည်းတူစွာ ၎င်းတို့တွင် (အမြင်အားဖြင့်) အသင့်အား ကြည့်နေသူများလည်း ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်သည် မျက်စိကန်းနေသောသူတို့အား (၎င်းတို့သည် ဉာဏ်မျက်စိဖြင့် မမြင်ကြပါလျက်) တရားလမ်းမှန်ကို ညွှန်ပြနိုင်ပါသလော။

اِنَّ اللّٰهَ لَا يَظْلِمُ النَّاسَ شَيْـًٔا وَّلٰكِنَّ النَّاسَ اَنْفُسَهُمْ يَظْلِمُوْنَ ﴿٤٤﴾

၄၄။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် လူသားတို့အားအနည်းငယ်စိုးစဉ်းမျှပင် နှိပ်စက်ကလူပြုတော်မူသည် မဟုတ်ပေ။ စင်စစ်မှာမူကား လူတို့သည် မိမိကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ကလူပြုကြကုန်သတည်း။

➤➤ ကြရပါလျက် ကာဖိရ်များသည် အသင့်အား သွေဖည်ငြင်းဆန်နေကြပါလျှင် "အို-နဗီ၊ အသင်သည် ၎င်းတို့အား 'ငါသည် မိမိ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပြီးဖြစ်သည်။ အသင်တို့အား အတိအကျ သွန်သင်ဆုံးမ သြဝါဒပေးပါလျက် အသင်တို့သည် နားမလည်နိုင်ကြပေရာ (အသင်တို့ သဘောကျနေကြပေတော့၊ မကြာမြင့်မီ ကောင်းစွာအကြောင်းသိကြပေမည်။) အသင်တို့၏လမ်းစဉ်နှင့် ငါ၏လမ်းစဉ်သည် တခြားစီဖြစ်နေချေပြီ။ ဤတွင် လမ်းခွဲရန်သာရှိတော့သည်။ အသင်တို့သည် အသင်တို့၏ အပြုအမူများနှင့် စပ်လျဉ်း၍သာ မေးမြန်းခြင်းခံရမည်။ အသင်တို့သည် ငါ၏အပြုအမူနှင့် မည်သို့မျှမဆိုင်။ ငါသည်လည်း အသင်တို့၏ အပြုအမူနှင့် မည်သို့မျှမဆိုင်။ လူတိုင်းလူတိုင်းသည် မိမိ၏ အပြုအမူ၏ အကျိုးကိုသာ ခံစံရမည်ဖြစ်သည်" ဟူ၍ ဖြေကြားစေတော်မူလေသည်။

① အချို့ ကာဖိရ်များသည် အမြင်အားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အဆုံးအမ၊ သြဝါဒတော်များကို နားထောင်ကြသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ တန်ခိုးဩဇာမျက်ကြည့်ရှုကြသည်။ သို့ရာတွင် ၎င်းတို့၏ နားထောင်ခြင်း၊ ကြည့်ရှုခြင်းများသည် စိတ်၏နားဖြင့် နားထောင်ခြင်း၊ စိတ်၏မျက်စိဖြင့် ကြည့်ရှုခြင်း မဟုတ်ပေ။ စိတ်၏နား၊ မျက်စိတို့ဖြင့် နားထောင်ခြင်း၊ ကြည့်ရှုခြင်းမျိုးသည် သာလျှင် အကျိုးရှိနိုင်ပေသည်။ ယင်းသို့ စိတ်၏နားပင်းနေသော၊ စိတ်၏မျက်စိကန်းနေသော သူများကို ကြားအောင်၊ မြင်အောင် မပြုနိုင်ပေ။ ဤသို့ စိတ်၏နား၊ စိတ်၏မျက်စိ၊ ပင်း၊ ကန်းနေကြသည့် ➤➤

وَيَوْمَ يَحْشُرُهُمْ كَأَن لَّمْ يَلْبَثُوٓا۟ إِلَّا سَاعَةً مِّنَ ٱلنَّهَارِ يَتَعَارَفُونَ بَيْنَهُمْ ۚ قَدْ خَسِرَ ٱلَّذِينَ كَذَّبُوا۟ بِلِقَآءِ ٱللَّهِ وَمَا كَانُوا۟ مُهْتَدِينَ ﴿٤٥﴾

၄၅။ ထို့ပြင် (အသင်သည် ၎င်းတို့အား) အကြင်နေ့ကို သတိပေးပါလေ။ ထိုနေ့တွင် ထိုအရှင်မြတ်သည် ၎င်းတို့အား စုရုံးတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် (မိမိတို့မှာ လောကတွင်) နေ့၏တစ်နာရီခန့်မျှသာ [၁] နေခဲ့ကြရသည်(ဟု ထင်မှတ်ကြပေမည်)။ ၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦးလည်း မှတ်မိကြပေမည်။ [၂] (သို့သော်ငြားလည်း တစ်ဦးသည် တစ်ဦးအဖို့ အသုံးကျမည် မဟုတ်ချေ)။

အလ္လာဟ် အရှင်မြတ်နှင့် တွေ့ဆုံခြင်းကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူတို့သည် ဧကန်မလွဲ ကျိုးယုတ် ဆုံးရှုံးကြခဲ့လေပြီတကား။ စင်စစ်သော်ကား ၎င်းတို့သည် တရားလမ်းမှန်ကို ရရှိအံ့သောသူများ မဟုတ်ခဲ့ကြပေ။

➤➤ အတွက်လည်း- ၎င်းတို့အား နားပင်းများ၊ မျက်စိကန်းများဟု မိန့်ဆို ထားတော်မူခြင်း ဖြစ်သည်။

① ကိယာမတ်နေ့၏ ကြောက်မက်ဖွယ် ကောင်းလှသည့် အဖြစ်အပျက်များကို တွေ့မြင်ကြရသည့်အခါ လူ့လောကတွင် တစ်သက်တာလုံး စည်းစိမ်နှင့် နေထိုင်ခဲ့ကြရသည်များကိုပင် တစ်နာရီခန့်မျှသာ ဖြစ်သည်ဟု ထင်မှတ်ကြပေမည်။

ထိုမှတစ်ပါး လူ့လောကတွင် လက်ဖက်ရည်ဝိုင်း၌ အပျင်းပေြ တစ်နာရီ၊ နှစ်နာရီ စကားပြောပြီး အချိန်ဖြုန်းတီးကြသကဲ့သို့ မိမိတို့၏ သက်တမ်းတစ်ခုလုံးကိုလည်း အချည်းနှီး၊ အလဟဿ ကိစ္စများတွင် ဖြုန်းတီးပစ်ကြသည်ကို ယှဉ်ကျုံးမရ ဖြစ်ကြပေမည်။

အချို့ မုဒတ်စ်စစ်ရ် ပညာရှင်များက "လူသားများသည် 'ဗရ်ဇခ်' ၌ သန်းပေါင်းတွင် နေခဲ့ကြရသည့် အချိန်ပိုင်းကို တစ်နာရီခန့်မျှပင် ဖြစ်သည်ဟု ထင်မှတ်ကြပေမည်" ဟူ၍ ဖွင့်ဆိုထားကြပေသည်။

② ကိယာမတ်နေ့တွင် ကာဖိရ်များသည် အချင်းချင်း မှတ်မိကြမည်။ သို့တစေလည်း တစ်ဦးကိုတစ်ဦး ကူညီနိုင်ကြမည် မဟုတ်ပေ။ ယင်းသို့ ကာဖိရ်များသည် အချင်းချင်း တွေ့ဆုံကြရသော်လည်း အသိမိတ်ဆွေချင်း တစ်ဦးကိုတစ်ဦး မကူညီ၊ မကာကွယ်၊ မစောင့်ရှောက်နိုင်ကြသည့်အတွက် ပို၍ပင် ကြေကွဲကြပေမည်။

ကိယာမတ်နေ့တွင် လူသားအားလုံးတို့သည် ကိုယ့်အရေးနှင့်ကိုယ် ပူဆွေးဖျာပါများနေမည်ဖြစ်သည်။ သူစိမ်းများကို မဆိုထားဘိ သားနှင့်အဘ၊ ညီနှင့်အစ်ကို၊ လင်နှင့်မယား စသည့် အရင်းအချာများသည်ပင်လျှင် အချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်ရှု ကူညီနိုင်ကြမည်မဟုတ်ပေ။

ကြည့်-ကုရ်အာန် ၂၃:၁၀၁။၈၀:၃၄-၃၇။

وَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا مَرْجِعُهُمْ ثُمَّ اللَّهُ شَهِيدٌ عَلَىٰ مَا يَفْعَلُونَ ﴿٤٦﴾

၄၆။ စင်စစ်သော်ကား အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ် ကတိထားတော်မူခဲ့သော ပြစ်ဒဏ်အချို့ကို အသင့်အား ပြတော်မူသည်ဖြစ်စေ၊ သို့တည်းမဟုတ် ငါအရှင်မြတ်သည် အသင့်အား(ထိုပြစ်ဒဏ်မကျရောက်မီ) သေဆုံးတော်မူသည်ဖြစ်စေ၊ နောက်ဆုံးတွင် ၎င်းတို့၏ ပြန်လည်ရာဌာနသည် ငါအရှင်မြတ်ထံတော်၌ပင် ရှိပေသည်။ [၁] ပြီးနောက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ ပြုလုပ်ကြသည်တို့ကိုလည်း သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား ပြစ်ဒဏ်ပေးတော်မူရန်နှင့် အစွယ်လာမ်သာသနာ ရှင်သန်စေတော်မူရန် ကတိများ ပြုထားတော်မူ၏။ ယင်းသည့် ကတိတော်များအနက် အချို့ကို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သက်တော်ထင်ရှားရှိစဉ်မှာပင် ပြီးမြောက်စေတော်မူမည်ဖြစ်သည်။ (ဥပမာ-ဗဒ်ရ် ... စသည့် စစ်ပွဲများတွင် ကာဖိများအား အကြီးအကျယ် အရေးရှုံးနိမ့်စေ၍ မွတ်စလင်မ်များအား အကြီးအကျယ် အရေးသာစေတော်မူခဲ့သည်။)

အချို့ကတိများကိုမူ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ကွယ်လွန်သေဆုံးတော်မူပြီးနောက်တွင်မှ ပြီးမြောက်စေတော်မူမည် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ထိုအရှင်မြတ်၏ ကတိတော် များသည် မုချ ပြီးမြောက်၍ နေမည်သာတည်း။

အကယ်တန္တ အကြောင်းတစ်ခုခုကြောင့် ကာဖိရ်များအား ဤပစ္စက္ခဘဝ၌ ပြစ်ဒဏ် ပေးတော်မမူသေးလျှင်လည်း နောင်တမလွန်လဝတွင်မူကား မုချ ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။ ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏လက်တွင်းမှ မည်သည့်နည်းနှင့်မျှ လွတ်မြောက်သွားနိုင်ကြမည်မဟုတ်။ လူသားအားလုံးတို့သည် နောက်ဆုံးတွင် ထိုအရှင်မြတ်ထံတော်သို့ ရောက်ကြရမည်သာဖြစ်သည်။ ထိုအရှင်မြတ်သည် လူသားတို့ပြုမူကျင့်ကြံသမျှကို အကြွင်းမဲ့သိတော်မူပေရာ အပြစ်ရှိသူတို့အား အပြစ်ရှိသည့် အလျောက် ပြစ်ဒဏ်ပေးတော်မူမည်ပင် ဖြစ်သည်။

ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်(၁၃း၄၀။ ၄၀း၇၇။ ၄၃း၄၁-၄၂)တွင်လည်း ပါရှိပေသည်။

ပြစ်ဒဏ်ပေးတော်မူရန် ပြုထားတော်မူသော ကတိတော်အားလုံးသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သက်တော်ထင်ရှား ရှိစဉ်၌ပင် ပြီးမြောက်ရန်မလို။ အမှန်မှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ 'နုဗုဝါတ်-တမန်တော်ဖြစ်မှု' သက်တမ်းသည် ကိယာမတ်တိုင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အစွယ်လာမ်ရန်သူ အားလုံးတို့၏အကြောင်း ပါရှိ၏။ သို့ဖြစ်ရာ ယင်းရန်သူ အားလုံးတို့၏ ပြစ်ဒဏ်အားလုံးတို့သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သက်တော်ထင်ရှားရှိစဉ် အတွင်း၌ မည်သို့ပြီး မြောက်နိုင်ပါမည်နည်း။ အချို့ ကတိတော်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု ➤➤

وَلِكُلِّ أُمَّةٍ رَّسُولٌ ۚ فَإِذَا جَاءَ رَسُولُهُمْ قُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لَا يُظْلَمُونَ ﴿٤٧﴾

၄၇။ စင်စစ်သော်ကား လူမျိုးတိုင်းအဖို့ တမန်တော်တစ်ပါးသည် ရှိခဲ့လေသည်။ [၁] တစ်ဖန် ၎င်းတို့အား အကြောင်းကြားမည့် တမန်တော် [၂] ရောက်ရှိခဲ့သော အခါ ၎င်းတို့၏ အကြားတွင် တရားမျှတစွာပင် စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့သည်သာတည်း။ ထို့ပြင် ၎င်းတို့သည် မတရားပြုလုပ်ခြင်းကို လုံးဝ ခံကြရသည် မဟုတ်ပေ။

➤➤ အလိုင်ဟိဝစလ္လမ်) သက်တော်ထင်ရှား ရှိနေတော်မူစဉ်တွင်ပင် ပြီးမြောက်ခဲ့၏။ အချို့ ကတိတော်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကွယ်လွန်အနိစ္စ ရောက်တော်မူပြီးနောက်တွင် ပြီးမြောက်ခဲ့၏။ အချို့ကတိတော်များသည် ကိယာမတ်မဖြစ်မီမှာပင် ပြီးမြောက်မည်ဖြစ်သည်။ အချို့ကတိတော်များမှာမူ ကိယာမတ်နေ့တွင်သာ ပြီးမြောက်မည်ဖြစ်၏။

① အထက်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အမျိုးသားများအကြောင်း ပါရှိ၏။ ယခု ဤအာယတ်တော်တွင် အမျိုးသား အားလုံးတို့နှင့် ပတ်သက်သည့် စည်းကမ်း၊ နည်းလမ်းများကို မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် သက်သေ၊ သာဓက၊ အထောက်အထား ခိုင်လုံစေရန်အတွက် လူမျိုတိုင်းထံသို့ တမန်တော်များကို စေလွှတ်တော်မူသည်။ သက်သေ၊ သာဓက၊ အထောက်အထား မခိုင်လုံသမျှ ကာလပတ်လုံး ထိုအရှင်မြတ်သည် မည်သူ့ကိုမျှ ပြစ်ဒဏ်ပေးတော်မမူချေ။

လူသားတို့သည် ၎င်းတို့တွင် တမန်တော်များ မပွင့်မိအလျင်ကပင် မိမိတို့ ထင်မြင်ရာအတိုင်း ပြောဆိုပြုလုပ်နေကြ၏။ သို့ရာတွင် ၎င်းတို့အား ဤလောကီမျက်မှောက်၌ ၎င်းတို့ထံတွင် တမန်တော် မပွင့်သမျှ ကာလပတ်လုံး ၎င်းတို့နှင့်ပတ်သက်၍ အထောက်အထား မခိုင်လုံသမျှ ကာလပတ်လုံး၊ အပြစ်ဒဏ် ပေးတော်မမူချေ။ သက်သေ၊ သာဓက၊ အထောက်အထား ခိုင်လုံမှသာလျှင် ပြစ်ဒဏ် ပေးတော်မူလေသည်။ အလ္လာဟ်အရှင်မြတ်အထံတော်၌ မည်သည့်ကိစ္စနှင့်စပ်လျဉ်း၍မှ စည်းမဲ့၊ ကမ်းမဲ့၊ ဗရမ်းပတာ အဆုံးအဖြတ် ပေးတော်မူသည်မရှိ။ သက်ဆိုင်ရာ အမျိုးသားတို့ထံသို့ တမန်တော်များ စေလွှတ်တော်မူ၍ တရားဒေသနာတော်များ ဟောကြားစေတော်မူပြီးနောက် အပြစ်ဒဏ်ထင်ရှားသည့်အခါကျမှသာလျှင် ပြစ်ဒဏ်ပေးတော်မူလေသည်။

ကိယာမတ်နေ့တွင်လည်း အဆုံးအဖြတ်ပေးတော်မူရန်အတွက် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ စနစ်တကျ အားလုံးရောက်ရှိကြရမည်။ စွဲချက်များတင်ရမည်၊ သက်သေများက အသီးသီး သက်သေခံကြမည်။

လူမျိုးတိုင်းနှင့်အတူ ၎င်းတို့၏တမန်တော်များလည်း ရှိနေကြမည်။ ထိုတမန်တော်များကလည်း မိမိတို့၏ အမျိုးသားများနှင့်ပတ်သက်၍ အစီရင်ခံကြမည်။ ယင်းသို့ အထောက်အထား အသီးသီးနှင့် သက်သေ၊ သာဓကများ ပြည့်စုံသည့်အခါကျမှသာ တရားသဖြင့် အဆုံးအဖြတ် ပေးတော်မူမည်ဖြစ်သည်။ ဤသို့သာ စီရင်ဆုံးဖြတ်တော်မူမည့်အကြောင်း ကုရ်အာန် (၃၉း၆၉-၇၀) တွင်လည်း မိန့်ဆိုထားတော်မူသည်။ ➤➤

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٤٨﴾

၄၈။ ထိုမှတစ်ပါး: ၎င်းတို့က "အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများဖြစ်ကြပါလျှင် ဤ (ပြစ်ဒဏ် ကျရောက်ခြင်းနှင့် စပ်လျဉ်းသည့်) ကတိသည် မည်သည့်အခါ၌ အတည်ဖြစ်အုံနည်း" ဟု ပြောဆိုကြကုန်သတည်း။

قُل لَّا أَمْلِكُ لِنَفْسِي ضَرًّا وَلَا نَفْعًا إِلَّا مَا شَاءَ اللَّهُ ۗ لِكُلِّ أُمَّةٍ أَجَلٌ ۚ إِذَا جَاءَ أَجَلُهُمْ فَلَا يَسْتَأْخِرُونَ سَاعَةً ۖ

၄၉။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ၊ (အချင်းတို့) "ငါသည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသော အရေးကိစ္စမှတစ်ပါး: မိမိကိုယ်နှင့်ပတ်သက်၍ မည်သည့်ကျိုးယုတ်၊ ဆုံးရှုံးစေခြင်းကိုမျှလည်းကောင်း၊ မည်သည့် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းကိုမျှလည်းကောင်း၊ ပိုင်ဆိုင်သည် မဟုတ်ပေ။

➤➤ **"အွန်မွတ်"**

ဤအာယတ်တော်တွင် လာရှိသည့် "အွန်မွတ်" အုပ်စုဟူသည် အလ္လာဟ်အရှင်မြတ်က တာဝန်ထမ်းစေတော်မူလိုသော အုပ်စုကိုသာ ဆိုလိုသည်။ တမန်တော်တစ်ပါး: ကွယ်လွန်သေဆုံးတော်မူပြီးနောက် အခြားတမန်တော်တစ်ပါး: မပွင့်မီ-ကြားကာလ တွင် တရားဓမ္မနှင့် လုံးဝအဆက်ပြတ်နေသော သူများ၏ပြဿနာသည် အလိုလို ရှင်းနေပေသည်။ ၎င်းတို့အား တရားဓမ္မ တစ်စုံတစ်ရာ ဟောကြားသွန်သင် ဆုံးမခြင်းမရှိခြင်းကြောင့် ၎င်းတို့၌ တာဝန်တစ်စုံတစ်ရာမရှိ။ ၎င်းတို့နှင့်ပတ်သက်၍ ၎င်းတို့၏အရည်အချင်း၊ အသိတရား၊ ဉာဏ်အမြော်အမြင်နှင့် အမျှသာ စစ်ဆေးမေးမြန်းခြင်း ရှိပေမည်။ (မာဂျိဒီ)

③ **"ရစူလ်"**

ဤအာယတ်တော်တွင်လာရှိသော ရစူလ်ဟူသောပုဒ်သည် သုံးစွဲလေ့ရှိသော ဝေါဟာရ၌မဟုတ်၊ အဘိဓာန်အဓိပ္ပာယ်၌သာဖြစ်သည်။ (၀၊) အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို ပို့ဆောင်သူဟူသော အဓိပ္ပာယ်၌ ဖြစ်၏။ ဤသည့်အဓိပ္ပာယ်တွင် ဝေါဟာရ၌သုံးစွဲသော နဗီ၊ ရစူလ်၊ တမန်တော်များနှင့် ထိုတမန်တော်များကတစ်ဆင့် စေလွှတ်သောကိုယ်စားလှယ်၊ တပည့်အားလုံးတို့သည် အကျုံးဝင်ပေသည်။ ဤသည့်အချက်ကို လေ့လာဆင်ခြင် မြော်မြင်၍ ပညာရှင်တို့က ဖွင့်ဆိုရေးသားကြသည်မှာ "အချို့ တိုင်းပြည်များနှင့် အချို့လူမျိုးများ၌ ဝေါဟာရအရ သုံးစွဲခေါ်ဝေါ်လေ့ရှိသော နဗီတမန်တော် တစ်ပါး:ပါး: ပွင့်သည်၊ မပွင့်သည်ကို အတိအကျ မသိရှိရပေ။ ယင်းသို့ အတိအကျ မသိရှိရလျှင် ထိုတိုင်းပြည်၊ ထိုလူမျိုးများ၏ ကျော်ကြားသော တရားဓမ္မဟောကြားသည့် ရှေ့ဆောင်၊ လမ်းပြပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဆိတ်ဆိတ်နေခြင်းသည် ပို၍သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုရှေ့ဆောင်၊ လမ်းပြများသည် နဗီတမန်တော်များလည်း ဖြစ်ကောင်းဖြစ်ကြပေမည်။ သို့မဟုတ် နဗီတမန်တော်များ၏ ကိုယ်စားလှယ်များလည်း ဖြစ်ကောင်းဖြစ်ကြပေမည်။

(မာဂျိဒီ။ အစောင် ၃။ စ- ၄၄၃။ အအ- ၇၄။)

وَّلَا يَسْتَقْدِمُوْنَ ﴿٤٩﴾

လူမျိုးတိုင်းတွင် သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလသည်ရှိ၏။ ၎င်းတို့၏ သတ်မှတ်ပိုင်းခြားအပ်သောအချိန်ကာလ ရောက်ရှိလာသောအခါ ၎င်းတို့သည် တစ်နာရီခန့်မျှပင် ရွှေ့ဆိုင်းနိုင်ကြသည်လည်းမဟုတ်၊ စောနိုင်ကြသည်လည်း မဟုတ်ပေ။"

قُلْ اَرَءَيْتُمْ اِنْ اَتٰىكُمْ عَذَابُهٗ بَيَاتًا اَوْ نَهَارًا مَّاذَا يَسْتَعْجِلُ مِنْهُ الْمُجْرِمُوْنَ ﴿٥٠﴾

၅၀။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) "အကယ်၍ အသင်တို့၌ ထိုအရှင်မြတ်၏ ပြစ်ဒဏ်သည် ညဉ့်အချိန်၌ဖြစ်စေ၊ နေ့အချိန်၌ဖြစ်စေ၊ (ရုတ်တရက်) ဆိုက်ရောက်လာခဲ့ပါလျှင် အသင်တို့သည် မည်သို့ယူဆကြမည်ကို ငါ့အားပြောပြကြလေကုန်။ (သို့ပါလျက်) ပြစ်မှု ကျူးလွန်သူတို့သည် မည်သည့်အတွက်ကြောင့် ထိုပြစ်ဒဏ်ကျရောက်ရန် အလျင်လိုကြသနည်း။

اَثُمَّ اِذَا مَا وَقَعَ اٰمَنْتُمْ بِهٖ ؕ آٰلْـٰٔنَ وَقَدْ كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ﴿٥١﴾

၅၁။ အဘယ်သို့ပါနည်း၊ ထိုပြစ်ဒဏ် ကျရောက်လာသည့်နောက်မှသာ အသင်တို့သည်ယင်းပြစ်ဒဏ်ကို ယုံကြည်ကြမည်လော၊ ယခုပင်(ယုံကြည်ကြလေ)လော့၊ အမှန်စင်စစ်သော်ကား အသင်တို့သည် ထိုပြစ်ဒဏ်နှင့် စပ်လျဉ်း၍ ဧကန်မလွဲ အလျင်လိုခဲ့လျက် ရှိနေကြကုန်သတည်း။

ثُمَّ قِيْلَ لِلَّذِيْنَ ظَلَمُوْا ذُوْقُوْا عَذَابَ الْخُلْدِ ۚ هَلْ تُجْزَوْنَ اِلَّا بِمَا كُنْتُمْ تَكْسِبُوْنَ ﴿٥٢﴾

၅၂။ ထိုနောက်(မိမိကိုယ်ကို) နှိပ်စက်ကလူ ပြုခဲ့ကြသောသူတို့သည် (ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) "အသင်တို့သည် အစဉ်ထာဝရတည်အံ့သော အပြစ်ဒဏ်၏ (အရသာ)ကို မြည်းစမ်းကြလေကုန်။ အသင်တို့သည် မိမိတို့ ရှာဖွေ ဆည်းပူးခဲ့ကြသည်တို့မှတစ်ပါး မည်သည်ကိုမျှ အစားပေးခြင်းကို ခံကြရသည် မဟုတ်ပေတကား။"

وَيَسْتَنۢبِـُٔونَكَ أَحَقٌّ هُوَ ۖ قُلْ إِى وَرَبِّىٓ إِنَّهُۥ لَحَقٌّ ۖ وَمَآ أَنتُم بِمُعْجِزِينَ ﴿٥٣﴾

၅၃။ ၎င်းပြင်ထိုသူတို့သည် အသင့်အား "ဤ(ပြစ်ဒဏ်ကျရောက်မည့်) ကိစ္စသည် မှန်ကန်ပါသလော" ဟုသတင်းမေးမြန်း စုံစမ်းကြကုန်သည်။ အသင်သည် (၎င်းတို့အား ဤသို့)ဖြေကြားပါလေ။ "ဟုတ်ပေသည် (ငါသည်) မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အားတိုင်တည်၍ပြောကြားအံ့၊ ဧကန်မလွဲ ဤကိစ္စသည် အမှန်သာလျှင်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် (မိမိတို့၌ ထိုပြစ်ဒဏ် မကျရောက်စေရန်) တားဆီးထားနိုင်ကြမည့်သူများလည်း မဟုတ်ကြပေ။

وَلَوْ أَنَّ لِكُلِّ نَفْسٍ ظَلَمَتْ مَا فِى ٱلْأَرْضِ لَٱفْتَدَتْ بِهِۦ ۗ وَأَسَرُّوا۟ ٱلنَّدَامَةَ لَمَّا رَأَوُا۟ ٱلْعَذَابَ ۚ وَقُضِىَ بَيْنَهُم بِٱلْقِسْطِ وَهُمْ لَا يُظْلَمُونَ ﴿٥٤﴾

၅၄။ ထို့ပြင် အကယ်၍ (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ကလူ ပြုကြကုန်သော 'မှုရှုရစ်က်' (ဘုရားအများ ကိုးကွယ်)သူအသီးသီးတို့တွင် ကမ္ဘာအဝန်းနှင့်အမျှ အရာအားလုံးပိုင်ခဲ့လျှင် ထိုအရာအားလုံးတို့ကို *လျော်ကြေးအဖြစ်ပေး(၍ ပြစ်ဒဏ်မှ လွတ်မြောက်)* လိုကြပေအံ့။ [၃] ၎င်းပြင် ထိုသူတို့သည် ပြစ်ဒဏ်ကို (ဦးစွာပထမ)မြင်ကြရသောအခါတွင် (မိမိတို့စိတ်ထဲမှ *လျှို့ဝှက်စွာ) နောင်တရ (ဝမ်းနည်း)*ကြကုန်အံ့။ [၂] ထို့ပြင် (ထိုနေ့တွင်)၎င်းတို့၏အကြားဝယ် တရားမျှတစွာ စီရင်ဆုံးဖြတ်ပြီး ဖြစ်အံ့။ စင်စစ်သော်ကား၎င်းတို့သည် မတရားပြုလုပ်ခြင်းကို (အနည်းငယ်စိုးစဉ်းမျှပင်) ခံကြရမည်မဟုတ်ပေ။

---

③ ကာဖိရ်များသည် နောင်တမလွန်ဘဝကို ယုံကြည်ကြသည်မဟုတ်၊ ဤမျက်မှောက်ဘဝ၌ပင် နစ်မွန်း၍နေကြ၏။ ဥစ္စာပစ္စည်းများကို အထူးခုံမင်ကြ၏။ ယင်းသို့သော ကာဖိရ်များသည် ကိယာမတ်နေ့တွင် မိမိတို့ခံစားကြရမည့် ပြစ်ဒဏ်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ ယင်းပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် အကယ်တန္တ ၎င်းတို့၌ ကမ္ဘာအဝှန်းနှင့်အမျှ ပစ္စည်းဥစ္စာ ဘဏ္ဍာတော်များ ရှိနေပါက ယင်းသည့် ဘဏ္ဍာတော်အားလုံးကိုပင် လျော်ကြေးအဖြစ် ပေးသွင်းရန် အသင့်ရှိကြပေမည်။ ကမ္ဘာ့ဘဏ္ဍာတော်တိုက် အားလုံးကို မဆိုထားဘိ ပြစ်ဒဏ်တော်မှ လွတ်မြောက်မည်ဆိုပါက မိမိ၏သားသမီး၊ ဇနီး၊ ညီရင်းအစ်ကို မောင်ရင်းနှမများကိုပင် လျော်ကြေးအဖြစ် ပေးသွင်းကောင်းပေးသွင်းကြမည် ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ကမ္ဘာ့ဘဏ္ဍာတော် ➤➤

أَلَآ إِنَّ لِلَّهِ مَا فِي ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۗ أَلَآ إِنَّ وَعْدَ ٱللَّهِ حَقٌّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٥٥﴾

၅၅။ သတိပြုကြလေကုန်၊ ဧကန်စင်စစ် မိုးကောင်းကင်များ၌ရှိကုန်သော အရာဝတ္ထု အလုံးစုံတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော အရာဝတ္ထု အလုံးစုံတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာ ဖြစ်ကြပေသည်။ သတိပြုကြလေကုန်၊ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ် ထားရှိတော်မူသော ကတိတော်သည် မှန်ကန်သောကတိတော်ပင်ဖြစ်၏။ သို့ရာတွင် ၎င်းတို့အနက် အများစုသည် မသိနားမလည်ကြချေ။

هُوَ يُحْيِۦ وَيُمِيتُ وَإِلَيْهِ تُرْجَعُونَ ﴿٥٦﴾

၅၆။ ထိုအရှင်မြတ်သည်သာလျှင် အသက်ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် အသက်သေစေတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်ထံတော်သို့ပင် အသင်တို့သည် ပြန်လည်၍ ရောက်ရှိကြရပေမည်။

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَتْكُم مَّوْعِظَةٌ مِّن رَّبِّكُمْ وَشِفَآءٌ لِّمَا فِي ٱلصُّدُورِ ۙ وَهُدًى وَرَحْمَةٌ

၅၇။ အို-လူအပေါင်းတို့ မုချဧကန် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်မှ ဆုံးမသြဝါဒတော်သည်လည်းကောင်း၊ ရင်များတွင်ရှိသော (ဝေဒနာများ)ကို ပျောက်ကင်းစေသော ဆေးသည်လည်းကောင်း၊ "မုအ်မင်နဲ်" သက်ဝင်

➤➤ အားလုံးကို ပိုင်ဆိုင်ကြမည်လည်း မဟုတ်၊ ၎င်းတို့၏ မည်သည့် လျော်ကြေးကိုမှလည်း လက်ခံတော်မူမည် မဟုတ်၊ အပြစ်ရှိသည့် အားလျော်စွာ ပြစ်ဒဏ်ခံကြရမည်သာဖြစ်သည်။တရားသဖြင့် အဆုံးအဖြတ်ခံကြရမည်သာဖြစ်ကြမည်။ အနည်းငယ်၊ စိုးစဉ်းမျှ မတရား ပြုခြင်းကို ခံကြရမည်ကား မဟုတ်။ ကြည့်- ကုရ်အာန် (၂:၄၈ နှင့် ၁၂၃။ ၃:၂၅။ ၅:၁၆။ ၁၃:၁၈။ ၃၉:၄၇။ ၅၇:၁၅။ ၇၀:၁၁-၁၅)

Ⓙ ကာဖိရ်များသည် ကိယာမတ်နေ့တွင် မိမိတို့ ခံစားရမည့် ပြစ်ဒဏ်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ မိမိတို့ မိုက်မှားခဲ့ကြသည်များအတွက် ကြေကွဲဝမ်းနည်းကြမည်။ ပထမသော် မိမိတို့၏ ကြေကွဲမှုကို သူတစ်ပါးတို့ မသိရှိစေရန် စိတ်တွင်း၌သာ မျိုသိပ်ထားကြမည်။ လျို့ဝှက်ထားကြမည်။ သို့သော် ၎င်းတို့သည် အဘယ်အချိန်အထိ မျိုသိပ်ထားနိုင်ကြမည်နည်း။ နောက်ဆုံးတွင် ၎င်းတို့၏ ကြေကွဲမှု သည် ထင်ရှားသွားပေမည်။ ထင်ရှားသွားရုံမျှမက ၎င်းတို့ကိုယ်တိုင်ပင် ထုတ်ဖော် ပြောဆိုကြပေမည်။ (ကြည့်- ကုရ်အာန် (၂၁:၉၇။ ၃၉:၅၆-၆၀။)

لِّلْمُؤْمِنِينَ ﴿٨٣﴾

ယုံကြည်သူတို့အဖို့ တရားပြလမ်းညွှန်ခြင်းသည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ရောက်ရှိလာခဲ့လေပြီ။ [၁]

---

(၁) ဤအာယတ်တော်တွင် ကုရ်အာန်ကျမ်းမြတ်၏ ဂုဏ်ပုဒ်လေးရပ်ကို မိန့်ဆိုထားတော်မူ၏။

(၁) အဆုံးအမ ---- 'မော်အိဇဟ်'

(၂) ပျောက်ကင်းစေသောဆေး ----- 'ရှိဖာ'

(၃) တရားမမှု --- 'ဟုဒါ'

(၄) ကရုဏာ ---- 'ရဟ်မတ်'

ဤသည့်ဂုဏ်ပုဒ်လေးရပ်နှင့် စပ်လျဉ်း၍ 'ရဟ်မတ်' ရှင်က အခြားသုခမိန်များအား ကိုးကား၍ ဖွင့်ဆိုရေးသားသည်မှာ "လူသားတစ်ဦးသည် အထွတ်အထိပ်သို့ ရောက်ရှိရန် အဆင့်လေးဆင့် ရှိသည်။ ဤဂုဏ်ပုဒ်လေးရပ်သည် အဆိုပါ အဆင့်အတန်း လေးရပ်ကို အသီးသီး ညွှန်ကျက်ရှိသည်။"

(၁) ပထမအဆင့်။ အပြင်အပကို သန့်ရှင်းစင်ကြယ်ခြင်း၊ (ဝါ) အပြစ်ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်း 'မော်အိဇဟ်' အဆုံးအမဟူသောပုဒ်သည် ဤသည့် ရည်ရွယ်ချက်အတွက် ဖြစ်သည်။

(၂) ဒုတိယအဆင့်။ အတွင်းကို သန့်ရှင်း စင်ကြယ်ခြင်း (ဝါ) ယုတ်ညံ့သိမ်ဖျင်းသော အကျင့်များ၊ မှားယွင်းသော ယုံကြည်ချက်များမှ ရှောင်ကြဉ်ခြင်း၊ 'ရှိဖာ' ဟူသောပုဒ်သည် ဤသည့် ရည်ရွယ်ချက်အတွက်ပင် ဖြစ်သည်။

(၃) တတိယအဆင့်။ မှန်ကန်သော ယုံကြည်ချက်များ၊ ကောင်းမွန်မြင့်မြတ်သော အကျင့်စာရိတ္တများနှင့် ပြည့်စုံခြင်း၊ 'ဟုဒါ' ဟူသောပုဒ်သည် ဤသည့် ရည်ရွယ်ချက်အတွက်ပင် ဖြစ်သည်။

(၄) စတုတ္ထအဆင့်။ အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်များဖြင့် လင်းဝင်းတောက်ပရခြင်း၊ (ဝါ) ထိုအရှင်မြတ်၏ ကရုဏာတော်များကို ခံလုံရခြင်း၊ 'ရဟ်မတ်' ဟူသောပုဒ်သည် ဤသည့် ရည်ရွယ်ချက်အတွက်ပင် ဖြစ်သည်။ (မာဂျီဒီ)

ဤဂုဏ်ပုဒ်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဂုဏ်ပုဒ်လေးရပ်ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် အစမှအဆုံးအထိ ဆုံးမသြဝါဒများ ဖြစ်သည်။ လူသားတို့အား ပျက်စီး၊ ဆုံးရှုံး၊ နစ်နာစေသည့် ဒုစရိုက်အပေါင်းတို့မှ တားမြစ်၏။ ဤကုရ်အာန်ကျမ်းတော်မြတ်သည် အတွင်းရောဂါ အားလုံးအဖို့ ပျောက်ကင်းစေသည့် ဆေးတော်တစ်ပါးလည်းဖြစ်၏။ ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ ရောက်ရှိရန်နှင့် ထိုအရှင်မြတ်၏။ ကျေနပ်မှုကိုရရှိစေရန်အတွက် တရားမမှုလည်းမည်၏၊ ဤကုရ်အာန်ကျမ်းတော်မြတ်သည် မိမိကို ယုံကြည်သော သူများအား ဤမျက်မှောက်ဘဝ၌ လည်းကောင်း၊ နောင်တမလွန်ဘဝ၌ လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်များတွင် ခိုလှုံခွင့်ရှိစေရန် ဖန်တီးပေးသည့် ကရုဏာတရားလည်း မည်၏။

ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၌ ဤသည့်ဂုဏ်ပုဒ်များ ရှိသည်ကို အကြောင်းမဲ့ကြွေးကြော်ထားသည်မဟုတ်၊ ဤသည့်စွမ်းရည်သတ္တိများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် အမှန်ပင်ရှိသည်။

အကယ်၍ ပုဂ္ဂိုလ်တစ်ဦးက ၎င်းသည် ဆရာဝန်ဖြစ်သည်ဟု ပြောဆိုပါလျှင် ၎င်းအား စမ်းသပ်ရန်အတွက် အလွယ်ဆုံးနှင့် အမှန်ဆုံးနည်းမှာ ထိုဆရာဝန်၏ဆေးဖြင့် ရောဂါသည်များ ရောဂါ ➤➤

قُلْ بِفَضْلِ اللَّهِ وَبِرَحْمَتِهِۦ فَبِذَٰلِكَ فَلْيَفْرَحُوا۟ هُوَ خَيْرٌ مِّمَّا يَجْمَعُونَ ﴿٥٨﴾

၅၈။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား)ဤသို့)ပြောကြားပါလေ။ (အချင်းတို့) "အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကရုဏာတော်ကြောင့်လည်းကောင်း၊ ဤသည်တို့ကိုအကြောင်းပြု၍ လူသားတို့သည် ဝမ်းမြောက်သင့်ကြပေသည်။ ထို(ကျေးဇူးတော်ကရုဏာတော်)သည်ကား၊ ၎င်းတို့ စုဆောင်းလျက်ရှိကုန်သော (လောကီ)ဥစ္စာပစ္စည်းများထက် လွန်စွာပိုမို၍ ကောင်းမြတ်ပေသတည်း။

➤➤ ပျောက်ကင်း၍ကျန်းမာလာသည်၊ မလာသည်ကို ကြည့်ရှုခြင်းပင် ဖြစ်သည်။ အကယ်၍ သေအံ့ဆဲဆဲ ရောဂါသည်တစ်ဦးသည် ၎င်း၏ဆေးကိုစားသုံး၍ ကျန်းမာသန်စွမ်းလာသည်ရှိသော် ထိုပုဂ္ဂိုလ်သည် ဆရာဝန်ဖြစ်သည်ဟု လက်ခံရမည်ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ကလည်း နေရာအမြောက်အမြားတွင် ဆေးတစ်ပါးဖြစ်သည်ဟု ကြွေးကြော်ထား၏။ ယင်းသို့ ကြွေးကြော်ထားသည်ကို စမ်းသပ်ရန် အလွယ်ဆုံးနည်းမှာ အထက်ဖော်ပြပါ စမ်းသပ်နည်းအရ ကုရ်အာန်၏ ဆေးကိုစားသုံး၍ ရောဂါသည်များသက်သာ ကျန်းမာလာခဲ့ကြခြင်း ရှိ၊ မရှိ ကြည့်ရှုရန်ပင်ဖြစ်သည်။ ဤသည့်အချက်နှင့်စပ်လျဉ်း၍ လေ့လာကြည့်ရှုသောအခါ ကုရ်အာန်၏ ဆေးကို စားသုံး၍ ရောဂါသည်အမြောက်အများတို့သည် ကျန်းမာသန်စွမ်းသော သူတော်စင် အုပ်စုကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ကြသည်မှာ ရာဇဝင်အထင်အရှားပင်။

ကုရ်အာန်သည် ကိယာမတ်တိုင်တည်ရှိမည့် ကျမ်းတစ်ဆူဖြစ်သည်။ ကုရ်အာန်သည် အတိတ်ကာလက ရောဂါသည်တို့အား ကျန်းမာသန်စွမ်းစေရန် ပြုဆောင်နိုင်ခဲ့သည့်အလား ယခုလည်း ကျန်းမာသန်စွမ်းစေရန် ပြုဆောင်နိုင်ပေသည်။ အမိုက်ခေတ်၏ ရောဂါသည်များအနက် ဟဇရတ် အဗူဗတ်ဂ်ရ်၊ ဟဇရတ်အုမရ်၊ ဟဇရတ်အလီ၊ ဟဇရတ်ခါလစ်ဒ်၊ ဟဇရတ်စလ်မာန်၊ ဟဇရတ်အဗုဇရ် စသည့် ပုဂ္ဂိုလ်တို့အား ကျန်းမာသန်စွမ်းကြစေရန် ဖန်တီး စွမ်းဆောင်နိုင်ခဲ့လျှင် ယခုလည်း ဖန်တီးစွမ်းဆောင်နိုင်မည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။ ဤတွင် သိုဟ၊ သံသယဖြစ်ရန် အကြောင်း အလျင်းမရှိပေ။

(အဗူလ်ကလာမ်အာဇာဒ်၊ အစောင် ၂၊ စ- ၁၅။)

ဖော်ပြချက်။

ဤအာယတ်တော် အဆုံး၌ (للمؤمنين) 'မုအ်မင်န်များအဖို့' ဟူ၍ ပါရှိ၏။ ကျွန်ုပ်၏ ယူဆချက်အရ ဤသည် အထက်ဖော်ပြပါ ဂုဏ်ပုဒ်များ၏ အကျိုးကျေးဇူးများ စံစားနိုင်ရန်အတွက် စည်းကမ်းချက် တစ်ရပ်ပင် ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်များသာလျှင် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို လိုက်နာကျင့်သုံး၍ အဆိုပါ ဂုဏ်ပုဒ်များ၏ အကျိုးကျေးဇူးများကို ခံစားနိုင်ကြပေသည်။ ဤသည့်သဘောကိုပင်ကုရ်အာန်ကျမ်းတော်မြတ်၏ (၂း၂၉၇။ ၃း၁၃၇။ ၅း၄၆။ ၇း၅၂၊၂၀၃။ ၁၀း၅၇။ ၁၂း၁၁၁။ ၁၆း၆၄၊၈၉၊၁၀၂။ ၁၇း၈၂။ ၂၇း၂၊၇၇။ ၄၀း၄၄။ ၄၅း၂၀) တို့တွင် မိန့်ဆိုထားတော်မူသည်။ (ထာနဝီ)

③ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဟဒီးဆ် ဩဝါဒတော်၌ လာရှိသည်မှာ ➤➤

قُلْ أَرَءَيْتُم مَّآ أَنزَلَ ٱللَّهُ لَكُم مِّن رِّزْقٍ فَجَعَلْتُم مِّنْهُ حَرَامًا وَحَلَٰلًا قُلْ ءَآللَّهُ أَذِنَ لَكُمْ أَمْ عَلَى ٱللَّهِ تَفْتَرُونَ ﴿٥٩﴾

၅၉။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့အသို့နည်း) "အသင်တို့သည် (ငါ့အား ပြောကြားလေကုန်၊) အလ္လာဟ် အရှင်မြတ်က ပေးသနားတော်မူခဲ့သော စားနပ်ရိက္ခာတို့ကို၊ ထို(သို့ ချပေးသနားတော်မူပြီး) နောက်တွင် အသင်တို့သည် ယင်းစားနပ်ရိက္ခာများအနက်မှ *အချို့ကို "ဟရာမ်" (စားပိုင်ခွင့်မရှိ)ဟူ၍လည်းကောင်း၊ (အချို့ကို) "ဟလာလ်" (စားပိုင်ခွင့်ရှိသည်)ဟူ၍လည်းကောင်း၊* [၁] သတ်မှတ်ခဲ့ကြသည်ကို စေ့စေ့စဉ်းစား ဆင်ခြင်ပြီး ဖြစ်ကြလေသလော။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောဆိုမေးမြန်းပါလေ။ (အချင်းတို့) အသို့ပါနည်း၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ခွင့်ပြုတော်မူခဲ့ပါသလော၊ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ လိမ်ဆယ် စွပ်စွဲကြလေသလော။

➤➤ "အကြင်သူအား အလ္လာအရှင်မြတ်သည် အစွမ်းလာမ်ကို ညွှန်ပြတော်မူအံ့။ ငင်းအား ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း တတ်မြောက်သိနားလည်စေတော်မူအံ့။ ထိုနောက် ထိုသူသည် ဆင်းရဲနွမ်းပါးမှုအတွက် ညည်းညူတိုင်တမ်းပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ကိယာမတ်တိုင် ဆင်းရဲမှုကို ရေးမှတ်တော်မူအံ့။" ထို့နောက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)သည် ဤအာယတ်တော်(၁၀း၅၈)ကို (သာဓကအဖြစ်) ရွတ်ဖတ်တော်မူလေသည်။ (နဖစီ။ အစောင်-၂၊ စာမျက်နှာ-၁၂၈)

① ကုရ်အာန်ကျမ်းတော်မြတ်သည် နက်နဲ၊ သိမ်မွေ့၊ ပြည့်ဝစုံလင်လှသည့် အဆုံးအမလည်း ဖြစ်၏။ ရောဂါများအတွက် ဆေးဝါးလည်းဖြစ်၏၊ တရားဓမ္မလည်း ဖြစ်၏၊ ကရုဏာတော်လည်း မည်၏။ ဤသို့သော ကျမ်းတော်မြတ်ကိုသာလျှင် အထောက်အထား၊ အကိုးအကားပြုအပ်၏။ ဤသို့သော ကျမ်းတော်မြတ်ဖြင့်သာလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သိရှိနိုင်၏။ ပြုအပ်၊ မပြုအပ်၊ ပြုပိုင်၊ မပြုပိုင် စသည့် အမိန့်ပညတ်တော်များကိုလည်း ဤသို့သောကျမ်းတော်မြတ်ဖြင့်သာလျှင် ခွဲခြားသိမြင်နိုင်၏။ ယခုမူ မုရ်ရစ်က်တို့သည် မိမိတို့ ထင်မြင်ယူဆ၊ အာသာဆန္ဒရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနား တော်မူသော စားနပ်ရိက္ခာတော်များအနက် အချို့ကို 'ဟလာလ်' စားသုံးပိုင်သည်။ အချို့ကို 'ဟရာမ်' မစားသုံးပိုင်ဟု သတ်မှတ်လျက် ရှိကြပေသည်။ ဤသည် မုရ်ရစ်က်တို့၏ မိုက်မဲမှုပင် ဖြစ်သည်။ ယင်းမုရ်ရစ်က်တို့၌ 'ဟလာဟ်။ ဟရာမ်' ပြုပိုင်ခွင့် အာဏာသည် အသို့လျှင် ရှိနိုင်ပါအံ့နည်း။ ➤➤

وَمَا ظَنُّ الَّذِينَ يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ يَوْمَ الْقِيَامَةِ ۗ إِنَّ اللَّهَ لَذُو فَضْلٍ عَلَى النَّاسِ وَلَٰكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ ﴿٦٠﴾

၆၀။ ထို့ပြင် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲကြကုန်သောသူတို့၏ ထင်မြင်ယူဆချက်သည် မည်သို့ရှိသနည်း။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူတို့အပေါ်၌ အမှန်ပင် ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။ [၁] သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့မူကား ကျေးဇူးတော်ကို မသိတတ်ကြချေ။

وَمَا تَكُونُ فِي شَأْنٍ وَمَا تَتْلُوا مِنْهُ مِنْ قُرْآنٍ وَلَا تَعْمَلُونَ مِنْ عَمَلٍ إِلَّا كُنَّا عَلَيْكُمْ شُهُودًا إِذْ تُفِيضُونَ فِيهِ ۚ وَمَا يَعْزُبُ عَنْ رَبِّكَ مِنْ مِثْقَالِ ذَرَّةٍ فِي الْأَرْضِ وَلَا فِي السَّمَاءِ وَلَا

၆၁။ (အို-နဗီတမန်တော်) အသင်သည် မည်သည့်အခြေအနေ၌မဆို ရှိနေသည်ကိုလည်းကောင်း၊ ထို အခြေအနေတွင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိနေသည်ကိုလည်းကောင်း၊ အသင်တို့သည် မည်သည့် အလုပ်မျိုးကိုမဆို ပြုလုပ်လျက်ရှိနေကြသည်ကိုလည်းကောင်း၊ အသင်တို့ထိုကိစ္စကို အာရုံစိုက်၍ စတင်ဆောင်ရွက်ကြသော အချိန်အခါတွင် ငါအရှင်မြတ်သည် အသင်တို့အပေါ် ဝယ် အသိသက်သေဖြစ်တော်မူသည်သာတည်း။

➤➤ ကုရ်အာန်ကျမ်းတော်မြတ်၏ ကဏ္ဍ (၅)နှင့် (၆) တွင် ဤသည့်အကြောင်း အကျယ်တဝင့်ပါရှိခဲ့လေပြီ။

① "ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အပေါ်တွင် အမှန်ပင်ကျေးဇူးတော်ရှင် ဖြစ်တော်မူသည်"။ လူသားတို့သည် အပြစ်ကျူးလွန်ကြ၏၊ အလ္လာဟ်အရှင်မြတ် အပေါ်၌ပင် မုသား စွပ်စွဲပြောဆိုကြ၏။ သို့တစေလည်း ထိုအရှင်မြတ်သည် ကျေးဇူးတော်ရှင် ဖြစ်တော်မူသည့်အတွက် ချက်ချင်း ပြစ်ဒဏ်ပေးတော် မမူချေ။ ဝန်ချတောင်းပန်နိုင်ကြရန်အတွက် လျစ်လျူပြုထားတော်မူ၏။ ယင်းသို့ လျစ်လျူပြု ထားတော်မူခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင် ဖြစ်သည်။

ထိုအချိန်မျိုးတွင် ဝန်ချတောင်းပန်သင့်ကြပေသည်။ ယခုသော် ဝန်ချတောင်းပန်ခြင်း မပြုကြသည့်အပြင် ပို၍ပင် အတင့်ရဲလာကြပေသည်။ ဤအချက်ကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၌ "သို့သော် လူသားတို့အနက် များပြားစွာသော သူများသည် ကျေးဇူးမသိတတ်ကြပေ" ဟု မိန့်ထားတော်မူခြင်း ဖြစ်သည်။

أَصْغَرَ مِن ذَٰلِكَ وَلَآ أَكْبَرَ إِلَّا فِى كِتَٰبٍ مُّبِينٍ ﴿٦١﴾

စင်စစ်သော်ကား ပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်း၊ ရှိသည့်အနည်းငယ်စိုးစဉ်းမျှ(သောအရာဝတ္ထု)သည်ပင်လျှင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(၏ အသိ)မှ ပျောက်ကွယ်နေသည်မဟုတ်ပေ။ ထိုမှတစ်ပါး ယင်းထက်သေးငယ်သော(အရာဝတ္ထုသည်)လည်းကောင်း၊ (ယင်းထက်)ကြီးသော(အရာဝတ္ထုသည်)လည်းကောင်း၊ ထင်ရှားစွာသော (မှတ်တမ်းတော်)စာအုပ်တွင် (ရေးသားပြီး) ရှိနေသည်သာတည်း။

أَلَآ إِنَّ أَوْلِيَآءَ ٱللَّهِ لَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٦٢﴾

၆၂။ (အို-ကြားနာသူ အပေါင်းတို့ အသင်တို့သည်) သတိပြုကြလေကုန်၊ အလ္လာဟ်အရှင်မြတ်၏ အဆွေတော်တို့ အပေါ်၌မူကား တစ်စုံတစ်ရာ ကြောက်ရွံ့စိုးရိမ်ဖွယ်ရာလည်း ဘုရှိလိမ့်မည် မဟုတ်ပေ၊ ထို့ပြင် ၎င်းတို့သည် ဝမ်းနည်းပူဆွေးကြမည်လည်းမဟုတ်ချေ။

ٱلَّذِينَ ءَامَنُوا۟ وَكَانُوا۟ يَتَّقُونَ ﴿٦٣﴾

၆၃။ ၎င်း(အဆွေတော်)တို့သည် အကြင်သူတို့ပင် ထိုသူတို့သည် 'အီမာန်' ယုံကြည်မှုထားရှိကြသည့်ပြင် (ပြစ်မှုဒုစရိုက်များမှလည်း) ရှောင်ကြဉ်လျက် ရှိခဲ့ကြကုန်သတည်း။ ၂

---

① ကြောက်ရွံ့မှုဟူသည် အလ္လာအရှင်မြတ်အား ကြောက်ရွံ့မှုကို ဆိုလိုသည်မဟုတ်၊ ပူဆွေးမှုဟူသည် နောင်တမလွန်ဘဝ၏ ပူဆွေးမှုကို ဆိုလိုသည်မဟုတ်၊ ရန်သူများ၏ ဆန့်ကျင်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လောကီဆိုင်ရာ ကြောက်ရွံ့မှုနှင့် ပူဆွေးမှုကို ဆိုလိုသည်။ ဤသည့်ကြောက်ရွံ့မှုနှင့် ပူဆွေးမှုများသည် ပြည့်ဝ၊ စုံလင်၊ ပီပြင်ကြသော မုအ်မင်နိမ်များ၌ မရှိပေ။ အဘယ်ကြောင့်ဟူမူ ၎င်းတို့သည် အမြဲတစေ အလ္လာဟ်အရှင်မြတ်အား ယုံပုံလွဲအပ်ထားကြသည်၊ ဖြစ်ပျက်သမျှသော ကိစ္စအဝဝတွင်လည်း အကျိုးထူး ရှိသည်ဟု ယုံကြည်ကြသည်။ (ထာနဝီ၊ အစောင်၅၊ စ- ၂၃။)

② ကုရ်အာန်ကျမ်းတော်မြတ် (၁၀း၆၂)တွင် အလ္လာဟ်အရှင်မြတ်၏ 'ဝလီ၊ အောင်လိယာ' များအကြောင်း ပါရှိ၏။ ဤအာယတ်တော်(၁၀း၆၃)တွင် ယင်း'ဝလီ၊ အောင်လိယာ' များ၏ ဂုဏ်ထူးဝိသေသများကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ 'ဝလီ' 'အောင်လိယာ' များသည် အီမာန်ယုံကြည်ကြသည်။ ဒုစရိုက်မှု အပေါင်းတို့မှ ရှောင်ကြဉ်ကြသည်။ 'အီမာန်' နှင့် 'တက္ကဝါ' သည် 'ဝလီ' 'အောင်လိယာ' တို့၏ အဓိကအင်္ဂါရုပ်များပင် ဖြစ်သည်။

➤➤

لَهُمُ الْبُشْرٰى فِي الْحَيٰوةِ
الدُّنْيَا وَفِي الْاٰخِرَةِ ۭ لَا
تَبْدِيْلَ لِكَلِمٰتِ اللّٰهِ ۭ ذٰلِكَ
هُوَ الْفَوْزُ الْعَظِيْمُ ۝٦٤
وَلَا يَحْزُنْكَ قَوْلُهُمْ ۘ اِنَّ
الْعِزَّةَ لِلّٰهِ جَمِيْعًا ۭ
هُوَ السَّمِيْعُ الْعَلِيْمُ ۝٦٥

၆၄။ ယင်း(အဆွေတော်)တို့အဖို့ လောကီဘဝတွင် လည်းကောင်း၊ တမလွန်ဘဝတွင် လည်းကောင်း၊ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းသည် ရှိပေသည်။ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များ၌ ပြောင်းလဲခြင်း အလျင်းမရှိချေ။ ဤသည်သာလျှင် ကြီးကျယ်မြင့်မြတ်လှစွာသော အောင်မြင်မှုပေတည်း။

၆၅။ (အို-နဗီတမန်တော်) အသင့်အား ၎င်းတို့၏ ပြောဆိုမှုသည် ဝမ်းနည်းပူဆွေးခြင်းမဖြစ်စေရ၊ ဧကန်စင်စစ် တန်ခိုးသတ္တိ (ဩဇာအာဏာ)အလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ်၌သာရှိကုန်၏။ [၁] ထိုအရှင်မြတ်သည် (ပြောဆိုမှုအလုံးစုံတို့ကို) အကြွင်းမဲ့ ကြားတော်မူသောအရှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိမြင်တော် မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

➤➤ ၎င်တဆယ်၊ တဆယ့်ငါးကျပ်သည်လည်း ပိုက်ဆံပင်ဖြစ်၏။ ၎င်ငါးဆယ်၊ တရာသည်လည်း ပိုက်ဆံပင်ဖြစ်၏။ ၎င်နှစ်ထောင်၊ သုံးထောင်သည်လည်း ပိုက်ဆံပင်ဖြစ်၏။ ၎င်လေးငါးဆယ်သိန်းသည်လည်း ပိုက်ဆံပင်ဖြစ်၏။ သို့ရာတွင် လူ့လောကရှိ လူသားတို့၏ဝေါဟာရအသုံးအနှုန်းတွင် ၎င်နှစ်ဆယ်၊ နှစ်ဆယ့်ငါးကျပ်ရှိသူကို သူဌေးဟူ၍မခေါ်ဆိုကြ၊ ပိုက်ဆံရွှေငွေ အမြောက်အမြားရှိသူကိုသာ သူဌေးဟုခေါ်ဆိုကြသည်။ ထိုနည်း တူစွာပင် အီမာန်နှင့်တက္ကဝါသည် နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ အီမာန်နှင့် တက္ကဝါပင်ဖြစ်၏။ ဤသို့အားဖြင့် အီမာန်နှင့်တက္ကဝါ နည်းများမဆိုရှိသောမုအ်မင်နှ်တိုင်းကို 'ဝလီ' 'အောင်လိယာ' ဟုခေါ်ဆိုနိုင်သော်လည်း ဝေါဟာရတွင်မူ အီမာန်နှင့်တက္ကဝါ မြင့်မားများပြားစွာရှိသော ပုဂ္ဂိုလ်များကိုသာလျှင် 'ဝလီ'၊ 'အောင်လိယာ' ဟု ခေါ်ဆိုကြပေသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒတော်များတွင် 'ဝလီ' 'အောင်လိယာ' များ၏ နိမိတ်လက္ခဏာအချို့တို့ကို ဖော်ပြထားတော်မူသည်။ (၁) ၎င်းတို့အား တွေ့မြင်ရလျှင် အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တာသ သတိရလာခြင်း၊ (၂) ၎င်းတို့သည် သတ္တဝါအပေါင်းတို့အား တစ်စုံတစ်ရာပရိယာယ်မပါဘဲ စိတ်ရင်းစေတနာဖြူစင်စွာဖြင့် ချစ်ခင်ခြင်း စသည်တို့ ဖြစ်ပေသည်။ ③ ကာဖိရ်၊ မုရှ်ရုစ်ကဲတို့၏ မဟုတ်မမှန် ပြောဆိုမှုများကြောင့် လူ့သဘာဝအလျောက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် စိတ်ဆင်းရဲ ငြိုငြင်တော်မူမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့အတွက် ဤအာယတ်တော်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ထိုသို့ စိတ်မဆင်းရဲ၊ မငြိုငြင်တော်မူရန် နှစ်သိမ့်တော်မူခြင်းဖြစ်သည်။ ဩဇာအာဏာ တန်ခိုးအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၌သာ ရှိသည်။ ထိုအရှင်မြတ်သည် မိမိဩဇာအာဏာများဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် အစ္စလာမ်ကို ထိန်းသိမ်းကာကွယ်တော်မူထားခြင်းသာ ဖြစ်တော်မူသည်။ ဤကား ရာဇဝင်အထင်အရှားပင်။ (မာဂျိဒီ)

أَلَآ إِنَّ لِلَّهِ مَن فِي ٱلسَّمَٰوَٰتِ
وَمَن فِي ٱلْأَرْضِ ۗ وَمَا يَتَّبِعُ
ٱلَّذِينَ يَدْعُونَ مِن
دُونِ ٱللَّهِ شُرَكَآءَ ۚ إِن
يَتَّبِعُونَ إِلَّا ٱلظَّنَّ وَإِنْ
هُمْ إِلَّا يَخْرُصُونَ ﴿٦٦﴾

GG။ (အို-ကြားနာရသူ အပေါင်းတို့) အသင်တို့သည် (ကောင်းစွာ) သတိမူကြလေကုန်၊ ဧကန်အမှန် မိုးကောင်းကင်၌ရှိသူတို့ကိုလည်းကောင်း၊ ကမ္ဘာမြေပြင်ဝယ် ရှိသူတို့ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်အပြင် အခြားကို နှိုင်းယှဉ်ဘက်များအဖြစ် ဟစ်ခေါ်ကိုးကွယ်ကြကုန်သော သူတို့သည် (မိမိတို့၏)ထင်မြင်ယူဆချက်မှအပ အခြားတစုံတရာကို လိုက်နာကြသည်မဟုတ်ပေ။ စင်စစ်မူကား၎င်းတို့သည်ရမ်းဆ(ကျင့်ကြံ)နေကြသည်သာတည်း။

هُوَ ٱلَّذِي جَعَلَ لَكُمُ
ٱلَّيْلَ لِتَسْكُنُوا۟ فِيهِ
وَٱلنَّهَارَ مُبْصِرًا ۚ إِنَّ فِي
ذَٰلِكَ لَءَايَٰتٍ لِّقَوْمٍ
يَسْمَعُونَ ﴿٦٧﴾

G၇။ ထိုအရှင်မြတ်သည် အကြင် အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ ညဉ့်ကို အသင်တို့ အိပ်စက်နားနေကြရန်လည်းကောင်း၊ နေ့ကို မြင်နိုင်စွမ်းရှိစေသောအရာအဖြစ်လည်းကောင်း၊ ပြုလုပ် ဖန်ဆင်းတော်မူခဲ့ပေသည်။ ဤ(မည်သော)အချက်တို့တွင် (အာရုံစိုက်လျှင်) ကြားနာသူတို့အဖို့ သက်သေသာဓကများသည် ရှိချေသတည်း။

قَالُوا۟ ٱتَّخَذَ ٱللَّهُ وَلَدًا
سُبْحَٰنَهُۥ ۖ هُوَ ٱلْغَنِيُّ ۖ لَهُۥ مَا فِي
ٱلسَّمَٰوَٰتِ وَمَا فِي ٱلْأَرْضِ ۚ
إِنْ عِندَكُم مِّن سُلْطَٰنٍۭ
بِهَٰذَآ ۖ أَتَقُولُونَ عَلَى ٱللَّهِ
مَا لَا تَعْلَمُونَ ﴿٦٨﴾

G၈။ ထိုသူတို့က 'အလ္လာဟ်အရှင်မြတ်၌' သား ရှိသည်ဟု ပြောဆိုကြကုန်၏။ ထိုအရှင်မြတ်သည် (ဖန်ဆင်းထားခြင်း ခံရသူတို့နှင့် အကြောင်းစပ်ဆိုင်ခြင်း၊ အမျိုးတော်စပ်ခြင်းတို့မှ လုံးဝ) ကင်းရှင်းစင်ကြယ်တော်မူ၏။ ထိုအရှင်မြတ်သည် လိုလား၊ တောင့်တခြင်း ကင်းမဲ့တော်မူသော အရှင်မြတ် ဖြစ်တော် မူ၏။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း၊ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာတည်း။

အသင်တို့၌ ဤ(မဟုတ်မမှန်သော ပြောဆို
စွပ်စွဲမှု)နှင့်စပ်လျဉ်း၍ မည်သည့်သက်သေသာဓကမျှ
ပင် မရှိချေ။ အသင်တို့သည် မိမိတို့ မသိနားမလည်
သောစကားကို အလ္လာဟ်အရှင်မြတ်အပေါ်၌ လီဆယ်
၍ ပြောဆိုကြလေသလော။

قُلْ إِنَّ الَّذِينَ يَفْتَرُونَ عَلَى اللَّهِ الْكَذِبَ لَا يُفْلِحُونَ ﴿٦٩﴾

၆၉။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့
အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) စင်စစ်
ဧကန် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို
လီဆယ်စွပ်စွဲကြကုန်သော သူတို့သည် အလျင်း
အောင်မြင်ကြမည် မဟုတ်ပေတကား။

مَتَاعٌ فِي الدُّنْيَا ثُمَّ إِلَيْنَا مَرْجِعُهُمْ ثُمَّ نُذِيقُهُمُ الْعَذَابَ الشَّدِيدَ بِمَا كَانُوا يَكْفُرُونَ ﴿٧٠﴾

၇၀။ (ငင်းတို့အဖို့) လောကီဘဝတွင် အကျိုးခံစား
ခြင်း အနည်းငယ်မျှသာ ရှိပေသည်။ ထို့နောက်
ငင်းတို့သည် ငါအရှင်မြတ် အထံတော်တို့သာလျှင်
ပြန်လည်ရောက်ရှိရပေမည်။ ထို့နောက် ငါအရှင်မြတ်
သည် ငင်းတို့အား ငင်းတို့ သွေဖည်ငြင်းပယ်လျက်
ရှိခဲ့ကြသောကြောင့် ပြင်းထန်စွာသော ပြစ်ဒဏ်(၏
ရသာ)ကို မြည်းစမ်းစေတော်မူမည် ဖြစ်ပေသတည်း။

وَاتْلُ عَلَيْهِمْ نَبَأَ نُوحٍ إِذْ قَالَ لِقَوْمِهِ يَا قَوْمِ إِنْ كَانَ كَبُرَ عَلَيْكُمْ مَقَامِي وَتَذْكِيرِي بِآيَاتِ اللَّهِ

၇၁။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည်
ငင်းတို့၏ရှေ့ဝယ် (နဗီတမန်တော်) 'နူးဟ်' ၏
အတ္ထုပ္ပတ္တိ [၁] အကြောင်းကိုဖတ်ကြားပါလေ။ တရံရော
အခါဝယ် (နဗီတမန်တော်)'နူးဟ်'သည် မိမိအမျိုးသား
တို့အား (ဤသို့)ပြောကြားခဲ့လေသည်။

---

① ဤအာယတ်တော်တွင် မကွာမြို့သားများအား တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများ၏
အတ္ထုပ္ပတ္တိကို ပြောပြတော်မူရန် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မိန့်ဆိုထားတော်မူသည်။
တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများ၏အကြောင်းကို လေ့လာကြည့်လျှင် တမန်တော်မြတ်
(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား သွေဖည်ငြင်းဆန် မနာခံသူများ၊ မုသားစွပ်စွဲပြောဆိုသူများသည် အောင်မြင်မှု
အစစ်အမှန်ကို မည်သည့်အခါကမျှ မရရှိခဲ့ကြောင်း၊ ငင်းတို့၏ မောက်မာပလွားဝါကြွားမှု၊ ထကြွမှုနှင့် ➤➤

فَعَلَى اللَّهِ تَوَكَّلْتُ فَأَجْمِعُوا أَمْرَكُمْ وَشُرَكَاءَكُمْ ثُمَّ لَا يَكُنْ أَمْرُكُمْ عَلَيْكُمْ غُمَّةً ثُمَّ اقْضُوا إِلَيَّ وَلَا تُنْظِرُونِ ﴿٧١﴾

"အို-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါ၏ရပ်တည်ခြင်းသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များဖြင့် ငါ၏ဆုံးမသြဝါဒပေးခြင်းသည်လည်းကောင်း၊ အသင်တို့အပေါ်၌ ဝန်လေးနေပါလျှင် ငါသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွဲအပ်ပြီးဖြစ်ပေရာ အသင်တို့သည် (ငါ့အား ချေမှုန်းရန်) မိမိတို့၏ အကြံအစည်များကို မိမိတို့၏ တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ရာများနှင့် ပူးပေါင်း၍ ပြဋ္ဌာန်းကြလေကုန်။ ထို့နောက် အသင်တို့၏ (ယင်း) အကြံအစည်များသည်လည်း အသင်တို့အပေါ်ဝယ် ဖုံးအုပ်လျက် မရှိပါစေနှင့်၊ ထို့နောက် အသင်တို့သည် ငါနှင့် ပတ်သက်၍ စီမံဆောင်ရွက် ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ့အား ရွှေ့ဆိုင်းခွင့်ပင် မပေးကြကုန်လင့်။"

➤➤ တောက်ပြောင်မှုများသည် ခေတ္တခဏ ယာယီမျှသာဖြစ်၍ နောက်ဆုံးတွင် ပျက်စီးခြင်းဖြင့် အဆုံးသတ်သွားလေ့ရှိကြောင်း ကောင်းစွာ သိနိုင်ပေသည်။

မက္ကာမြို့သားများသည် တမန်တော်နူးဟ်(အလိုင်ဟ်စ္စလာမ်)၏ အမျိုးသားများ၏ အထူးပွတ္တိမှ သင်ခန်းစာယူသင့်ပေသည်။ အကယ်၍ မက္ကာမြို့သားများသည်လည်း တမန်တော် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား သွေဖည်ဆန့်ကျင်လျှင်၊ မနာခံဘဲ နေကြလျှင် မိမိတို့ ကျူးလွန်လျက်ရှိသော 'ရှရစ်က်' ယှဉ်တွဲကိုးကွယ်မှုများကို မရပ်စဲကြလျှင် ၎င်းတို့၏ နောက်ဆုံးအဖြစ်သည်လည်း တမန်တော် နူးဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများ၏ နောက်ဆုံးအဖြစ်ကဲ့သို့ပင် ဖြစ်သွားပေမည်။

တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများအကြောင်း ပြောပြစေတော်မူခြင်းသည် တစ်နည်းအားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား စိတ်မငြိုငြင်စေလိုတော်မူသည့် သဘောလည်း ပါဝင်ပေသည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မက္ကာမြို့သား များ၏ သွေဖည်ဆန့်ကျင်မှု၊ မနာလိုမုန်းတီးမှု၊ နှောင့်ယှက်မှုများကြောင့် စိတ်ဆင်းရဲတော်မူရန် မလို၊ အဘယ်ကြောင့်ဆိုသော် ပွင့်လင်းသမျှသော နဗီတမန်တော်အပေါင်းတို့သည် ဤသို့သော အနှောင့်အယှက်များနှင့် နည်းများမဆို ရင်ဆိုင် တွေ့ကြုံခဲ့ကြရသည်သာ ဖြစ်ပေသည်။

သို့ရာတွင် နောက်ဆုံး၌ အမှန်တရားသည်သာလျှင် လွှမ်းမိုး၍ အမှန်တရားကို ဆန့်ကျင်သော ရန်သူများသည် ပျက်စီးခြင်းမက ပျက်စီးသွားခဲ့ရကြသည်သာ ဖြစ်ပေသည်။

فَإِنْ تَوَلَّيْتُمْ فَمَا سَأَلْتُكُمْ مِّنْ
أَجْرٍ ۖ إِنْ أَجْرِيَ إِلَّا عَلَى اللَّهِ ۖ
وَأُمِرْتُ أَنْ أَكُونَ مِنَ
الْمُسْلِمِينَ ﴿٧٢﴾

၇၂။ သို့ရာတွင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲ၍သွားခဲ့ပါမူ ငါသည်အသင်တို့ထံ (မိမိ၏ ဆုံးမညြဝါဒပေးခြင်းနှင့် စပ်လျဉ်း၍) တစ်စုံတစ်ရာ အခပေးရန် တောင်းဆိုခဲ့ဖူးသည်မဟုတ်ပေ။ ငါ့အား အစားပေးရန်တာဝန်ကား အလ္လာဟ်အရှင်မြတ်အပေါ် ၌သာ ရှိပေသည်။ ၎င်းပြင် ငါသည် 'မွတ်စ်လင်မ်' (အမိန့်တော်ကို လိုက်နာသူ)တို့တွင် တဦးအပါအဝင် ဖြစ်ရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ရလေသတည်း၊[၁]

فَكَذَّبُوهُ فَنَجَّيْنَاهُ وَمَن مَّعَهُ
فِي الْفُلْكِ وَجَعَلْنَاهُمْ خَلَائِفَ
وَأَغْرَقْنَا الَّذِينَ كَذَّبُوا
بِآيَاتِنَا ۖ فَانظُرْ كَيْفَ كَانَ

၇၃။ သို့ပါလျက် ယင်း(နဗီတမန်တော်နူးဟ်၏) အမျိုးတို့သည် ထို(နဗီတမန်တော်)နူးဟ်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။ ထို့နောက် ငါ အရှင်မြတ်သည် ထို(နဗီတမန်တော်)နူးဟ်အားလည်းကောင်း၊ ထို(နဗီတမန်တော်)နူးဟ်နှင့်အတူ သင်္ဘော ပေါ်တွင် (စီးနင်း)လိုက်ပါခဲ့ကြကုန်သောသူတို့အားလည်းကောင်း၊ (ရေဘေးမှ)ကယ်တော်မူခဲ့လေသည်။

① ဤအာယတ်တော်၏ အလိုသဘောကား "အကယ်၍ အသင်တို့ သွေဖည်ကျောခိုင်းသွားလျှင်လည်း ကိစ္စမရှိပါ၊ အဘယ်ကြောင့်ဆိုသော် ငါသည် အသင်တို့၏ အန္တရာယ်ကိုလည်း မကြောက်၊ အသင်တို့ထံမှ မျှော်လင့်ချက်လည်းမထား၊ ငါသည် မိမိအသက်နှင့် မိမိခန္ဓာကိုယ်၌ သက်ရောက်မည့် မည်သည့်အန္တရာယ်ကိုမျှလည်း မစိုးရိမ်ပါ။ ဥစ္စာပစ္စည်း ဆုံးရှုံးမည်ကိုလည်း မကြောက်ပါ။ ငါသည် ယခုကဲ့သို့ တရားဓမ္မ ဟောကြားရသည့်အတွက် အသင်တို့ထံမှ အခကြေးငွေ တပြားတကျပ်မျှလည်း တောင်းခံသည်မရှိ၊ အကယ်၍သာ ငါသည် အသင်တို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာ တောင်းခံသည်ရှိသော် အသင်တို့ မကြိုက်နှစ်သက်ကြသည့် အခါ ငါ၏လစာ၊ အခကြေးငွေ ရပ်ဆိုင်းသွားမည်ကို စိုးရိမ်ရမည်။ သို့မဟုတ် ယုတ်စွအဆုံး အသင်တို့က 'ဤသို့ ငါတို့အား တရားဓမ္မ ဟောကြားနေခြင်းမှာ ငါတို့ထံမှ အခကြေးငွေ လိုလားသည့်အတွက် ဖြစ်သည်' ဟု စွပ်စွဲပြောဆိုကြပေမည်။ ယခုမူ ငါ၌ စိုးရိမ်ရန်အကြောင်းလည်းမရှိ၊ အသင်တို့သည် ငါ့အား မည်သို့မျှ စွပ်စွဲပြောဆိုနိုင်ကြသည် မရှိ၊ အမှန်စင်စစ် ငါသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံသော မွတ်စ်လင်မ်တစ်ဦးသာ ဖြစ်သည်။ ထိုအရှင်မြတ်၏ အမိန့်တော်အရ ယခုကဲ့သို့ တရားဓမ္မ ဟောကြားနေရခြင်း ဖြစ်သည်။ ထိုအရှင်မြတ်၏အမိန့်တော်ကို နာခံရန်မှာ ငါ၏အဓိကတာဝန်ဖြစ်သည်၊ ငါသည် တာဝန်သိသိ၊ သစ္စာရှိရှိနှင့် ထိုအရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုန် လိုက်နာလျက်ရှိပေရာ ထိုအရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ငါ့အား ကုသိုလ်အကျိုးပေးတော်မူမည်သာ ဖြစ်သည်။ ငါရရှိအပ်သော ကုသိုလ်အကျိုးသည် အသင်တို့နှင့် မပတ်သက်ချေ။ အလ္လာဟ်အရှင်မြတ်နှင့်သာလျှင် ပတ်သက်ပေသည်" ဟူ၏။

عَاقِبَةُ الْمُنْذَرِينَ ﴿٧٣﴾

ငင်းပြင် ငါအရှင်မြတ်သည် ထို(နဗီ တမန်တော်နူးဟ်နှင့်အတူ လိုက်ပါခဲ့သော)သူတို့အား (ကမ္ဘာမြေပြင်ဝယ် ရေဘေးသင့်၍ သေကြေပျက်စီးသွားခဲ့ကြသောသူတို့၏) အရိုက်အရာ ဆက်ခံသူများ ဖြုလုပ်တော်မူခဲ့လေသည်။ [၃] ထို့ပြင် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသော သူတို့အား ငါအရှင်မြတ်သည် နစ်မြုပ်စေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ သတိပေးနှိုးဆော်ခြင်းခံကြရသောသူတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့မည်ပုံရှိခဲ့သည်ကို အသင်သည် ဆင်ခြင် သုံးသပ်ပါလေ။

ثُمَّ بَعَثْنَا مِنۢ بَعْدِهِۦ رُسُلًا إِلَىٰ قَوْمِهِمْ فَجَآءُوهُم بِٱلْبَيِّنَٰتِ فَمَا كَانُوا۟ لِيُؤْمِنُوا۟ بِمَا كَذَّبُوا۟ بِهِۦ مِن قَبْلُ ۚ كَذَٰلِكَ نَطْبَعُ عَلَىٰ قُلُوبِ ٱلْمُعْتَدِينَ ﴿٧٤﴾

၇၄။ ထို့နောက် ငါအရှင်မြတ်သည် ထို(နဗီတမန်တော်)နူးဟ် မရှိသည့်နောက်တွင် (အခြားသော) ရစူလ် တမန်တော်များကို ထိုရစူလ်တမန်တော်များ၏ အမျိုးသားများထံ စေလွှတ်တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုရစူလ်တမန်တော်များသည် ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓကများကို ယူဆောင်လာခဲ့ကြလေသည်။ သို့ရာတွင် (ယခုသော်) ထို အမျိုးသားများသည် မိမိတို့ရှေးဦးမဆွက မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောကြောင့် ယုံကြည်ကြရန် မဖြစ်တော့ပေ။ ငါအရှင်မြတ်သည် စည်းကမ်းကျူးလွန်သောသူတို့၏ စိတ်နှလုံးပေါ်တွင် ဤအတိုင်းပင် တံဆိပ်ခတ်နှိပ်တော်မူလေ့ရှိပေသတည်း။ [၂]

---

③ တမန်တော် နူးဟ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအား နှစ်ပရိဿေဒ အမြောက်အများ တရားဓမ္မဟောကြားတော်မူခဲ့၏။ ကျိုးပြစ်နှစ်ရပ်လုံးကို ရှင်းပြတော်မူခဲ့၏။ သို့ရာတွင် (လူတစ်စုမှအပ) မည်သူ၌မျှ အရာမထင်ခဲ့ပေ။ ထိုမျှမက တမန်တော်နူးဟ် (အလိုင်ဟစ္စလာမ်)၏ အမျိုးသားများသည် တမန်တော် နူးဟ် (အလိုင်ဟစ္စလာမ်)ကိုပင် ရန်ငြိုးဖွဲ့လာခဲ့ကြ၏။ စည်းကမ်းလွန်လာခဲ့ကြ၏။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်ငြင်းဆန် မနာခံသူတို့အား ရေဘေးသင့်စေပြီး ➤➤

ثُمَّ بَعَثْنَا مِنۢ بَعْدِهِم مُّوسَىٰ وَهَٰرُونَ إِلَىٰ فِرْعَوْنَ وَمَلَإِيْهِ بِـَٔايَٰتِنَا فَٱسْتَكْبَرُوا۟ وَكَانُوا۟ قَوْمًا مُّجْرِمِينَ ﴿٧٥﴾

၇၅။ ထို့နောက် ငါအရှင်မြတ်သည် ထိုရာဇဝင်တမန်တော်များ မရှိသည့်နောက်တွင် (နဗီတမန်တော်) မူစာ [၁] အားလည်းကောင်း၊ (နဗီတမန်တော်) ဟာရွန်အားလည်းကောင်း၊ ငါ အရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့်တကွ ဖစ်ရိုအောင်နှင့် ၎င်း၏အကြီးအကဲများထံသို့ စေလွှတ်တော်မူခဲ့လေသည်။ သို့သော် ၎င်းတို့သည် မောက်မာပလွားခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် ပြစ်မှုကျူးလွန်လေ့ရှိသော အမျိုးသားများ ဖြစ်ခဲ့ကြကုန်သတည်း။

➤➤ ကွပ်မျက်ဖျက်ဆီးတော်မူ၍ တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)နှင့်အတူ သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါခဲ့ကြသော လူတစ်စုကိုမူ ကယ်တင်ခဲ့လေသည်။၎င်းနောက် အလ္လာဟ်အရှင်မြတ်သည် ရေဘေးသင့်၍ သေကြေပျက်စီးသွားသောသူတို့၏ နေရာများတွင် တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)နှင့် သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါခဲ့ကြသော လူတစ်စုတို့အား နေရာချထားပေးတော်မူခဲ့လေသည်။

① တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်) မရှိသည့်နောက်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်ဟူဒ်(အလိုင်ဟစ္စလာမ်)၊ တမန်တော်ဆွာလေ့ဟ်(အလိုင်ဟစ္စလာမ်)၊ တမန်တော်လူးတ်(အလိုင်ဟစ္စလာမ်)၊ တမန်တော်အစ်ဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)၊ တမန်တော်ရှုအိုက်ဗ်(အလိုင်ဟစ္စလာမ်) စသည့် တမန်တော်များအား ၎င်းတို့၏အမျိုးသားများထံသို့ ထင်ရှားသောသက်သေ၊ သာဓက၊ အထောက်အထားများနှင့်တကွ စေလွှတ်တော်မူခဲ့လေသည်။ ထိုထိုသော အမျိုးသားများသည် မိမိတို့ထံသို့ တမန်တော်များမပွင့်လာမီအလျင် ကုဖ်ရ်၊ ရှရစ်စသော အမိုက်မှောင်များတွင် နစ်မွန်း၍ နေခဲ့ကြ၏။ တမန်တော်များပွင့်လာပြီး အမှန်တရားများကို ရှင်းလင်းဟောကြားကြသည့်အခါတွင် အမှားကိုစွန့်၍ အမှန်ကိုလက်ခံကြရန်သာရှိပေသည်။ သို့ရာတွင် ယင်းအမျိုးသားများသည် ယခင်က သွေဖည်ငြင်းဆန် လက်မခံခဲ့ကြသောအရာကို တမန်တော်များ ပွင့်လာ၍ အမှန်တရားများကို ရှင်းလင်းဟောပြောပြီးသည့် နောက်တွင်လည်း သွေဖည်မြဲ သွေဖည်၊ ငြင်းဆန်မြဲ ငြင်းဆန်နေကြပေသည်။

တမန်တော်နူးဟ် (အလိုင်ဟစ္စလာမ်)၏ အမျိုးသားများက တမန်တော်နူးဟ်(အလိုင်ဟစ္စလာမ်)၏ မှန်ကန်သော တရားဒေသနာတော်များကို ငြင်းဆန်လက်မခံခဲ့ကြသကဲ့သို့ ယင်းအမျိုးသားများကလည်း ငြင်းဆန်ကြခြင်းပင်။ ပထမအကြိမ် နူတ်မှ "မဟုတ်" ဟု ထွက်ဆိုမိသွားလျှင် နောက်နောင် ဘယ်သောအခါ၌မျှ "ဟုတ်သည်" ဟူ၍ ပြောဆိုတော့မည်မဟုတ်ပေ။ "ကျားကျားမီးယပ်" ဟူသော စကားပုံမှာ ဤသို့သော သူများအတွက် သုံးနှုန်း ထားသော စကားပုံပင် ဖြစ်ချေသည်။

မှတ်ချက်။ တမန်တော်ဟူဒ်၊ တမန်တော် ဆွာလေ့ဟ်၊ တမန်တော် လူးတ်၊ တမန်တော် ရှုအိုက်ဗ် (အလိုင်ဟိမွတ်စ္စလာမ်)တို့၏ အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ် (၇:၆၅-၉၃) တွင် တွေ့ရှိရပေသည်။

② တမန်တော်မူစာ (အလိုင်ဟစ္စလာမ်) ၏အကြောင်း ကုရ်အာန်ကျမ်းတော်မြတ် (၂:၄၇-၉၆) တွင်လည်းကောင်း၊ (၇:၁၀၀-၁၅၇)တွင် လည်းကောင်း၊ (၂၀:၉-၈၉)တွင် လည်းကောင်း ပါရှိသည်။

فَلَمَّا جَآءَهُمُ الْحَقُّ مِنْ عِنْدِنَا قَالُوٓا إِنَّ هٰذَا لَسِحْرٌ مُّبِينٌ ﴿٧٦﴾

၇၆။ သို့ဖြစ်ပေရာ ၎င်းတို့ထံ ငါအရှင်မြတ်အထံတော်မှ အမှန်တရား (တန်ခိုးပြာဋိဟာ)သည် ရောက်လာသောအခါ ၎င်းတို့က "ဤသည် ဧကန်မလွဲစုန်းပယောဂ အတတ်ပင်ဖြစ်သည်" ဟူ၍ ပြောဆိုခဲ့ကြလေသတည်း။

قَالَ مُوسَىٰٓ أَتَقُولُونَ لِلْحَقِّ لَمَّا جَآءَكُمْ أَسِحْرٌ هٰذَا وَلَا يُفْلِحُ السَّٰحِرُونَ ﴿٧٧﴾

၇၇။ (ထိုအခါ နဗီတမန်တော်)မူစာက (ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။ (အချင်းတို့) "အသင်တို့သည်အမှန်တရားနှင့်စပ်လျဉ်း၍ ထိုအမှန်တရားသည် အသင်တို့ထံရောက်လာခဲ့ပြီးမှ ('ဤသည် စုန်းပယောဂ ဖြစ်သည်' ဟု) ပြောဆိုကြလေသလော၊ ဤသည် စုန်း ပယောဂအတတ် ဖြစ်ပါသလော၊ အမှန်စင်စစ် သော်ကား စုန်း ကဝေ တို့သည် (မည်သည့်အခါမျှ) အောင်မြင်ကြသည် မရှိချေတကား။"

قَالُوٓا أَجِئْتَنَا لِتَلْفِتَنَا عَمَّا وَجَدْنَا عَلَيْهِ ءَابَآءَنَا وَتَكُونَ لَكُمَا الْكِبْرِيَآءُ فِى الْأَرْضِ ۖ وَمَا نَحْنُ لَكُمَا بِمُؤْمِنِينَ ﴿٧٨﴾

၇၈။ ၎င်းတို့က (နဗီတမန်တော်မူစာအား ဤသို့) ပြောဆိုကြပြန်လေသည်။ (အို-မူစာ) "အသင်သည် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးများ၏ လမ်းစဉ်မှ ကျွန်ုပ်တို့အားလွှဲဖယ်ရန်လည်းကောင်း၊ တိုင်းပြည်တွင် ခေါင်းဆောင်မှုသည် အသင်တို့နှစ်ဦးခံသာ ရှိအံ့သောငှာလည်းကောင်း၊ အသင် ကျွန်ုပ်တို့ထံ ရောက်ရှိခဲ့လေသလော။ စင်စစ်သော်ကား ကျွန်ုပ်တို့သည် အသင်တို့နှစ်ဦးအား (မည်သည့်အခါဌမျှ) ယုံစားကြမည့်သူများ မဟုတ်ချေ"

وَقَالَ فِرْعَوْنُ ائْتُونِى بِكُلِّ سَٰحِرٍ عَلِيمٍ ﴿٧٩﴾

၇၉။ ထို့နောက် ဖစ်ရိအောင်နက (မိမိမှူးကြီးမတ်ရာတို့အား) "အသင်တို့သည် တတ်မြောက်ကျွမ်းကျင်သောစုန်းကဝေခပ်သိမ်းတို့ကို ငါတို့ထံ ခေါ်သွင်းခဲ့ကြလေကုန်"ဟုအမိန့်ထုတ်ပြန်ခဲ့လေသတည်း။

فَلَمَّا جَآءَ ٱلسَّحَرَةُ قَالَ لَهُم مُّوسَىٰٓ أَلْقُوا۟ مَآ أَنتُم مُّلْقُونَ ﴿٨٠﴾

၈၀။ တစ်ဖန် စုန်းကဝေတို့လာရောက်ကြသောအခါ (နဗီတမန်တော်)မူစာက ၎င်းတို့အား "အသင်တို့သည် မိမိတို့ ပစ်ချကြမည့်အရာများကို ပစ်ချကြလေကုန်" ဟု ပြောဆိုခဲ့လေသည်။

فَلَمَّآ أَلْقَوْا۟ قَالَ مُوسَىٰ مَا جِئْتُم بِهِ ٱلسِّحْرُ ۖ إِنَّ ٱللَّهَ سَيُبْطِلُهُۥٓ ۖ إِنَّ ٱللَّهَ لَا يُصْلِحُ عَمَلَ ٱلْمُفْسِدِينَ ﴿٨١﴾

၈၁။ ထို့နောက် ၎င်းတို့သည် (မိမိတို့ ပစ်ချလိုသောကြိုးများကို မြေဝယ်)ပစ်ချခဲ့ကြသောအခါ (နဗီတမန်တော်)မူစာက (၎င်းတို့အား ဤသို့)ပြောဆိုခဲ့ကြလေသည်။ "အသင်တို့ ယူဆောင်ခဲ့ကြသောအရာများကား စုန်းပယောဂအတတ်ပင် ဖြစ်ပေသည်။

၈ကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ယခုကြာမီပင် *ဤ စုန်း ပယောဂများကို အချည်းနှီး ဖြစ်စေတော်မူမည်။* [၁] စင်စစ်၈ကန် အလ္လာဟ်အရှင်မြတ်သည် (တန်ခိုး ပြာဋိဟာနှင့် ပြိုင်ဆိုင်၍) ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့၏ လုပ်ငန်းကို အဆင်ပြေအောင် ပြုလုပ်ပေးသနားတော်မူသည် မဟုတ်ပေ။"

---

① ကုရ်အာန်ကျမ်းတော်မြတ်၏ (၁၀:၇၇)တွင် "စုန်းကဝေများသည် အောင်မြင်ကြသည် မရှိချေ" ဟူ၍ လာရှိ၏။ ကုရ်အာန်ကျမ်းမြတ် (၁၀:၈၁)တွင် "၈ကန်မူ၍ အလ္လာဟ်အရှင်မြတ်သည် ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်သူတို့၏ အပြုအမူကို အဆင်ပြေအောင် ပြုလုပ်ပေးတော်မူသည် မရှိချေ" ဟူ၍ လာရှိ၏။

ဤအာယတ်တော်နှစ်ပါးကို သာမန် အပေါ်ယံကြည့်ကာ 'တစ်ခါတစ်ရံ စုန်းကဝေများနှင့် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူများသည် အောင်မြင်ကြသည်ကို တွေ့မြင်ရသည်' ဟူ၍ သို့လောသို့လော တွေးတောရန် ဖြစ်လာနိုင်သည်၊ လင်းပြဦးအံ့။

ဤအာယတ်တော်များတွင် လာရှိသော 'စုန်းကဝေ' ဟူသည် "နဗီဖြစ်ပါသည်" ဟု လိမ်ပြောသော စုန်းကဝေကို ဆိုလိုသည်။ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူ' ဟူသည် တန်ခိုးပြာဋိဟာနှင့် ပြိုင်ဆိုင်သူကို ဆိုလိုသည်။ နဗီဟူ၍ လိမ်လည်ပြောဆိုသော စုန်းကဝေများနှင့် တန်ခိုးပြာဋိဟာကို ပြိုင်ဆိုင်သူများသည် ဘယ်သောအခါ၌မျှ အောင်မြင်ကြသည် မရှိချေ၊ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် လူလိမ်၏လက်ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မမူချေ၊ ထို့အတူ နဗီတမန်တော်မြတ်၏ လက်တော်တွင် တန်ခိုးပြာဋိဟာ ပြတော်မမူဘဲလည်း နေတော်မမူချေ။ (ကြည့်-ကုရ်အာန် ၂၀:၆၉)

وَيُحِقُّ اللَّهُ الْحَقَّ بِكَلِمَٰتِهِۦ وَلَوْ كَرِهَ الْمُجْرِمُونَ ﴿٨٢﴾

၈၂။ စင်စစ်သော်ကား ပြစ်မှုကျူးလွန်သူများသည် (မည်မျှပင်)မကျေနပ်မနှစ်သက်ကြလင့်ကစား၊အလျှာဟ် အရှင်မြတ်သည် အမှန်ကို မိမိပြဋ္ဌာန်းချက်များနှင့် အညီ အမှန်ပင်ဖြစ်စေတော် မူပေသည်တကား။[၁]

فَمَآ ءَامَنَ لِمُوسَىٰٓ إِلَّا ذُرِّيَّةٌ مِّن قَوْمِهِۦ عَلَىٰ خَوْفٍ مِّن فِرْعَوْنَ وَمَلَإِيْهِمْ أَن يَفْتِنَهُمْ ۚ وَإِنَّ فِرْعَوْنَ لَعَالٍ فِى الْأَرْضِ ۖ وَإِنَّهُۥ لَمِنَ الْمُسْرِفِينَ ﴿٨٣﴾

၈၃။ ထို့နောက် နဗီတမန်တော်မူစာအား ထို (နဗီတမန်တော်မူစာ)၏ အမျိုးသားတို့ အနက်မှ ဖစ်ရ်အောင်နှင့် မိမိတို့၏အနက်မှ အကြီးအကဲတို့ သည် မိမိတို့အား အန္တရာယ်ပြုကြမည်ဟု စိုးရိမ်ကြီးစွာ ရှိနေကြသဖြင့် လူတစ်စုသာလျှင် ယုံစား (ယုံကြည် ထောက်ခံ) ခဲ့ကြလေသည်။ [၂] စင်စစ်မှာမူကား ဖစ်ရ်အောင်သည် (ထိုစဉ်အခါက) တိုင်းပြည်တွင် လွှမ်းမိုးကြီးစိုးနေသူ ဖြစ်ခဲ့သည့်ပြင်၊ ဇကန်စင်စစ် ၎င်းသည် ကျူးကျော်လွန်ကဲသူတစ်ဦးလည်း ဖြစ်ခဲ့ပေသတည်း။

---

① ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ် (၇:၁၀၃-၁၂၆)တွင် အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။ ပြန်လည်ရှုပါကုန်။

② အစ္စရာအီလီ မျိုးနွယ်ဝင်များသည် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)နှင့် အတူတကွ ဖစ်ရ်အောင်၏ အမျိုးသားများဖြစ်သော (Kipty) ကစ်ပ်တီတို့လက်တွင် နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးကို အကြီးအကျယ် ခံစားနေခဲ့ကြရ၏။ အစ္စရာအီလီ မျိုးနွယ်ဝင်များသည် အတိတ်ခေတ်၏ အနာဂတ်ဟောကြားချက်အရ ဖစ်ရ်အောင်၏ နှိပ်စက်ညှဉ်းပန်းမှုများကို တွန်းလှန်၍ ဖစ်ရ်အောင်၏ တန်ခိုးအာဏာကို ပျက်ပြားစေမည့် အစ္စရာအီလီမျိုးနွယ်ဝင် နဗီတမန်တော်တစ်ပါးပွင့်မည်ကို စောင့်မျှော်နေခဲ့ကြ၏။ တမန်တော်မူစာ (အလိုင်ဟစ္စလာမ်) သည်လည်း ၎င်းတို့ စောင့်မျှော်နေခဲ့ကြသည့် အတိုင်းပင် ပွင့်လာတော်မူခဲ့လေသည်။ ထို့အတွက်ကြောင့် အစ္စရာအီလီ မျိုးနွယ်ဝင်အားလုံးတို့သည် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်) ပွင့်လာတော်မူခြင်းကို သဘာဝ အလျောက် ကြီးမားလှသောကျေးဇူးတော်ဟု ယူဆနေခဲ့ကြ၏။ အစ္စရာအီလီ မျိုးနွယ်ဝင် အားလုံးတို့သည် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား မှန်ကန်သည်ဟု စိတ်တွင်းမှ ယုံကြည်ခဲ့၏။ ကြည်ညိုလေးစားခဲ့ကြ၏။ သို့ရာတွင် များစွာသောသူများသည် ဖစ်ရ်အောင်နှင့်တကွ သူ၏အကြီးအကဲများက မိမိတို့အား အန္တရာယ်ပြုမည်ကို စိုးရိမ်နေကြရသည့်အတွက် အစပထမတွင် အတည့်အလင်း တရားဝင် 'အီမာန်' မယုံကြည်ခဲ့ကြပေ။ "တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)၏ အမှန်တရား လွှမ်းမိုးလာသည့်အခါ အီမာန်ယုံကြည်ကြမည်" ဟူ၍ စောင့်ဆိုင်းနေခဲ့ကြ၏။ သို့ရာတွင် အစ္စရာအီလီမျိုးနွယ်ဝင်များအနက် လူငယ်တစ်စုသည် ဖစ်ရ်အောင်၏ ဘေးရန်များကို စိုးရိမ်ကြရပါလျက် အားခဲကာ အတည့်အလင်း 'အီမာန်' ယုံကြည်လာခဲ့ကြပေသည်။ ➤➤

وَقَالَ مُوسَىٰ يَٰقَوْمِ إِن كُنتُمْ ءَامَنتُم بِٱللَّهِ فَعَلَيْهِ تَوَكَّلُوٓا۟ إِن كُنتُم مُّسْلِمِينَ ﴿٨٤﴾

၈၄။ ထို့ပြင် (နဗီတမန်တော်)မူစာသည် (မိမိအမျိုးသားတို့အား ဤသို့)ပြောကြားခဲ့လေသည်။ "အို-ငါ၏အမျိုးသားတို့ အကယ်၍ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား သက်ဝင်ယုံကြည်ကြပြီး အမှန်ပင် "မွတ်စ်လင်မ်" အမိန့်တော်ကို နာခံသူများဖြစ်ကြပါလျှင် အသင်တို့သည် (မိမိတို့၏အရေးကိစ္စအဝဝတွင်) ထိုအရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်အားထားကြလေကုန်"။

فَقَالُوا۟ عَلَى ٱللَّهِ تَوَكَّلْنَا رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلْقَوْمِ ٱلظَّٰلِمِينَ ﴿٨٥﴾

၈၅။ ထိုအခါ နဗီတမန်တော်မူစာ၏ အမျိုးသားတို့က "အို-နဗီတမန်တော်(မူစာ၊) ကျွန်တော်မျိုးတို့သည် အလ္လာဟ် အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်အားထားကြပါပြီ" ဟုပြောဆိုပြန်ကြားခဲ့ပြီး (အလ္လာဟ် အရှင်မြတ်အထံတော်၌) "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူးတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား နှိပ်စက်ကလူ ပြုမူကြကုန်သောသူတို့၏ အနှိပ်စက် ခံကြရသူများအဖြစ် ပြုတော်မမူပါနှင့်"။ (ဟူ၍လည်းကောင်း၊)

وَنَجِّنَا بِرَحْمَتِكَ مِنَ ٱلْقَوْمِ ٱلْكَٰفِرِينَ ﴿٨٦﴾

၈၆။ ထိုမှတစ်ပါး အရှင်မြတ်သည် မိမိ၏ကရုဏာတော်နှင့် ကျွန်တော်မျိုးတို့အား ကာဖိရ်မယုံမကြည် သွေဖည် ငြင်းပယ်သော သူတို့(၏အန္တရာယ်များ)မှ ကယ်တင်တော်မူပါ" (ဟူ၍လည်းကောင်း၊) ပန်ကြားခဲ့ကြလေသတည်း။

➤➤ ဖစ်ရ်အောင်နှ်၏ အမျိုးသားများအနက် လူတစ်စုသည်လည်း တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)အား ယုံကြည်လာခဲ့ကြပေသည်။ နောက်ဆုံးတွင် တမန်တော် မူစာ (အလိုင်ဟစ္စလာမ်)၏ အရှိန်အဝါ ကြီးထွားလာ၍ အမှန်တရား ကျော်ကြားလာသောအခါ ယောကျ်ား ခြောက်သိန်းခန့် ပါဝင်သည့် အစ္စရာအီလီ မျိုးနွယ်ဝင်အားလုံးတို့သည် တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)အား ယုံကြည်လာခဲ့ကြပေသည်။

ဤအာယတ်တော်တွင် အစ္စရာအီလီမျိုးနွယ်ဝင်များ၏ အစပထမ အခြေအနေကို ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

وَأَوْحَيْنَآ إِلَىٰ مُوسَىٰ وَأَخِيهِ أَن تَبَوَّآ لِقَوْمِكُمَا بِمِصْرَ بُيُوتًا وَٱجْعَلُوا۟ بُيُوتَكُمْ قِبْلَةً وَأَقِيمُوا۟ ٱلصَّلَوٰةَ ۗ وَبَشِّرِ ٱلْمُؤْمِنِينَ ﴿٨٧﴾

၈၇။ ၎င်းပြင် ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာ၏ထံသို့လည်းကောင်း၊ ထို(နဗီတမန်တော်) မူစာ၏နောင်တော် (နဗီတမန်တော်) ဟာရွန်ထံသို့လည်းကောင်း၊ (ဤကဲ့သို့) အမိန့်တော်ချမှတ်တော်မူခဲ့လေသည်။ "အသင်တို့နှစ်ဦးသည် မိမိတို့၏အမျိုးသားများ(ဖြစ်ကုန်သော အစ္စရာအီလီမျိုးနွယ်တို့)အဖို့ အီဂျစ်ပြည်တွင်ပင် နေအိမ်များကို သတ်မှတ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့၏နေအိမ်များကို *'ဆွလာတ်' ဝတ်ပြုရာဌာနများ (မတ်စ်ဂျစ်ဒ် ဗလီဝတ်ကျောင်းတော်များ) ပြုလုပ်ကြလေကုန်။* [၁] ထို့ပြင်အသင်တို့သည် *'ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။* [၂] ထိုမှတစ်ပါး: (အို-နဗီတမန်တော်)မူစာအသင်သည် မုအ်မင်န် သက်ဝင်ယုံကြည်သော သူတို့အား (၎င်းတို့ ခံစားရလျက်ရှိနေသော ဘေးအန္တရာယ်များမှ မကြာမီအတွင်း လွတ်မြောက်ကြတော့မည် ဖြစ်ကြောင်း) ဝမ်းမြောက်ဖွယ် သတင်းကောင်း ပြောကြားပါလေ။

---

① (ဝဂျ်အလူ ဗုယူတကွန်မ်)ဟူသော အာယတ်တော်ကို မုဖတ်စ်စစ်ရ်များက အနက်အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုကြသည်။ 'အသင်တို့သည် မိမိတို့၏အိမ်များကို "ကစ်ဗလဟ်" ပြုလုပ်ကြကုန်' ဟူသည် အစ္စရာအီလီမျိုးနွယ်ဝင်တို့ စိုးရိမ်ကြောင့်ကြနေခဲ့ကြရစဉ်က ၎င်းတို့သည် မိမိတို့၏အိမ်များတွင်ပင် ဆွလာတ်ဝတ်ပြုရန် အမိန့်ပေးတော်မူခြင်းကို ဆိုလိုသည်။ ဤသည် သာဝကကြီး အစ်ဗ်နူအဗ္ဗာစ်(ရဇွေယလ္လာဟုအန္နှာ)၏အဖွင့်တည်း။ (အစ်ဗ်နူဂျရီး၏။ အစောင်-၁၁၊ စာမျက်နှာ-၁၀၆)

② အစ္စရာအီလီ မျိုးနွယ်ဝင်များသည် ဝတ်တက်ရန်အလို့ငှာ ကျေးရွာများတွင်လည်းကောင်း၊ လမ်းများပေါ်တွင်လည်းကောင်း၊ 'မတ်စ်ဂျဒ်' ဝတ်ပြုရာကျောင်းများကို တည်ဆောက်ထားခဲ့ကြ၏။ ဖစ်ရ်အောင်နှ်သည် ယင်းသည့်ကျောင်းများကို ဖြိုဖျက်ပစ်ရန် အမိန့်ပေး၍ အစ္စရာအီလီ မျိုးနွယ်ဝင်များကိုလည်း ဝတ်တက်ခြင်းမှ ပိတ်ပင် တားမြစ်လိုက်လေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်) နှင့် တမန်တော်ဟာရွန်(အလိုင်ဟစ္စလာမ်)တို့ထံသို့ 'ဝဟီ' ပို့တော်မူ၍ အစ္စရာအီလီ မျိုးနွယ်ဝင်များအား ၎င်းတို့ဝတ်ပြုသည်ကို ကာဖိရ်တို့ မသိရှိစေရန်အတွက် မိမိတို့ အိမ်များတွင် သီးသန့်နေရာများ သတ်မှတ်၍ လျို့ဝှက်စွာ ဝတ်ပြုရန် အမိန့်ပေးတော်မူလေသည်။ ဤအာယတ်တော်တွင် ဤသည့်အကြောင်းကိုပင် မိန့်ဆိုထားတော်မူသည်။ (မူသွိပ်ဟုလ်ကုရ်အာန်၊ စ- ၂၀၇။)

وَقَالَ مُوسَىٰ رَبَّنَآ إِنَّكَ
ءَاتَيْتَ فِرْعَوْنَ وَمَلَأَهُۥ زِينَةً
وَأَمْوَٰلًا فِى ٱلْحَيَوٰةِ ٱلدُّنْيَا ۙ
رَبَّنَا لِيُضِلُّوا۟ عَن سَبِيلِكَ ۖ
رَبَّنَا ٱطْمِسْ عَلَىٰٓ أَمْوَٰلِهِمْ
وَٱشْدُدْ عَلَىٰ قُلُوبِهِمْ فَلَا
يُؤْمِنُوا۟ حَتَّىٰ يَرَوُا۟ ٱلْعَذَابَ
ٱلْأَلِيمَ ﴿٨٨﴾

၈၈။ ထို့ပြင် (နဗီတမန်တော်)မူစာသည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုးတို့၏အရှင် ဧကန်စင်စစ် အရှင်မြတ်သည် ဖစ်ရိအောင်နှင့်ဂင်း၏မှူးမတ်တို့ကို ဤပစ္စက္ခ လောကီဘဝတွင် (တစ်ခဏမျှခံစားအပ်သော) *ခမ်းနားသိုက်မြိုက်မှုကိုလည်းကောင်း၊* [၃] ပစ္စည်းဥစ္စာများကိုလည်းကောင်း၊ ပေးသနားတော်မူခဲ့ပါသည်။ အို-ကျွန်တော်မျိုးတို့၏အရှင်၊ ထို(ကဲ့သို့ ပေးသနားတော်မူခြင်း)ကြောင့် ဂင်းတို့သည် (သူတစ်ပါးအား) *အရှင်မြတ်၏လမ်းတော်မှ လွှဲချော်တိမ်းပါးစေကြကုန်၏။* [၂]

အို-ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ဂင်းတို့၏ပစ္စည်းဥစ္စာများကို ဖျက်ဆီးတော်မူပါ၊ ထို့ပြင် အရှင်မြတ်သည် ဂင်းတို့၏စိတ်နှလုံးများကိုလည်း မာကျောစေတော်မူပါ၊ သို့ဖြစ်လျှင် ဂင်းတို့သည် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မမြင်သမျှ ကာလပတ်လုံး သက်ဝင်ယုံကြည်ကြမည် မဟုတ်ပါ။ **(တနည်း)** သို့ဖြစ်ပေရာ ဂင်းတို့သည် နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို မမြင်ကြသမျှ ကာလပတ်လုံး သက်ဝင်ယုံကြည်ကြခြင်း မရှိနိုင်ကြရန် အရှင်မြတ်သည် ဂင်းတို့၏စိတ်နှလုံးများကို ခက်ထန်မာကျောစေတော်မူပါ။

---

③ အလ္လာဟ် အရှင်မြတ်သည် ဖစ်ရိအောင်နှင့် ဂင်း၏ အဲကြီးအကဲများအား လှပမှု၊ ကျက်သရေရှိမှု၊ တင့်တည်မှု၊ ခံ့ညားထယ်ဝါမှု၊ ရှုစဖွယ် အသုံးအဆောင်များ ဥပမာ- ရုပ်ဆင်းသဏ္ဌာန် လှပခြင်း၊ ကောင်းမွန်လှပသော အစီးအနင်း၊ လှပသော ဝတ်စားတန်ဆာများ၊ ကျက်သရေဆောင် အိမ်ထောင် ပရိဘောဂများ သာမက ရွှေငွေဥစ္စာ ဘဏ္ဍာ အမြောက်အများနှင့် ရွှေတွင်း ငွေတွင်း များကိုပါ ချီးမြှင့် ပေးသနားတော်မူထားပေသည်။

قَالَ قَدْ أُجِيبَت دَّعْوَتُكُمَا فَاسْتَقِيمَا وَلَا تَتَّبِعَانِّ سَبِيلَ الَّذِينَ لَا يَعْلَمُونَ ﴿٨٩﴾

၈၉။ (ထိုအခါ) ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို-နဗီတမန်တော်မူစာနှင့် နဗီတမန်တော်ဟာရွန်) "အသင်တို့နှစ်ဦး၏ ဆုတောင်းပန်ကြားချက်သည် သဘောတူခြင်းကို ခံခဲ့ရလေပြီ၊ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် တည်ကြည်ကြံ့ခိုင်စွာရှိကြလေကုန်၊ ထို့ပြင် အသင်တို့နှစ်ဦးသည် မသိနားမလည်သော သူတို့၏လမ်းကို မလိုက်ကြကုန်လင့်။ [၁]

---

(၂) "လိယုသ္ဆွစ်လ္ဂျ" ၌ပါရှိသော (لا) လာမ်သည် အကြောင်းပြလည်း ဖြစ်နိုင်သည်။ အကျိုးပြလည်း ဖြစ်နိုင်သည်။

(က) အကြောင်းပြဟုယူဆက ဤအာယတ်တော်၏ အလိုသဘောအရ 'အလ္လာဟ်အရှင်မြတ်သည် ဤသူမိုက်တို့အား အဆိုပါကျက်သရေဆောင် ပစ္စည်းများနှင့် ဥစ္စာများကို ပေးထားတော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ ယင်းသူမိုက်တို့သည် ဤသည့်ပစ္စည်းများဖြင့် မောက်မာ၊ ပလွား၊ ဝါကြွားကာ မိမိတို့ ကိုယ်တိုင်လည်း လမ်းမှား၍ သူတစ်ပါးတို့အားလည်း လမ်းမှားစေကြရန်' ဖြစ်မည်။

အလ္လာဟ်အရှင်မြတ်သည် အကောင်းနှင့်အဆိုး နှစ်ရပ်စလုံးကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူပေရာ ထိုအရှင်မြတ် ပြုလုပ်ဖန်ဆင်းတော်မူသမျှသည် အကျိုးမဲ့ အကြောင်းမဲ့ အလျင်းမဖြစ်နိုင်ပေ။ အဆိုးကို ဖန်ဆင်းတော်မူရာ၌ပင် အကျိုး မုချရှိရပေမည်။ ထိုသို့သော အကျိုးအတွက်ပင်လျှင် ဤသို့သော သူမိုက်တို့အား ထိုထိုသောပစ္စည်းများကို ပေးသနားထားတော်မူခြင်းဖြစ်သည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၃း၁၇၇၊ ၁၇း၂၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။

(ခ) အကျိုးပြဟု ယူဆက ဤအာယတ်တော်၏ အလိုသဘောအရ 'အလ္လာဟ်အရှင်မြတ်သည် ယင်းသည့် ပစ္စည်းများကို ထိုသူမိုက်တို့အား ပေးသနားတော်မူခြင်းမှာ ကောင်းမှုကောင်းရာများတွင် သုံးစွဲရန်အတွက်သာ ဖြစ်သည်။ ယင်းသို့ ပေးသနားတော်မူခြင်းကို အကြောင်းပြု၍ ကျေးဇူးတော်ရှင် အလ္လာဟ်အရှင်မြတ်အား သိရှိ၍ ကျေးဇူးတော်ကို သိတတ်သောကျွန်များ ဖြစ်ရှိလာကြရန် ဖြစ်သည်။ သို့ရာတွင် ယင်း သူမိုက်တို့သည် မိမိတို့၏ မိုက်မဲမှုကြောင့် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော ဥစ္စာပစ္စည်းများကို ကောင်းသည့်နေရာများတွင် အသုံးမပြုကြဘဲ မိမိတို့ကိုယ်တိုင် လမ်းမှား၍ သူတစ်ပါးတို့အား လမ်းမှားစေရေးတွင် အသုံးပြုကြလေသည်' ဟူ၍ဖြစ်မည်။

③ 'အသင်တို့နှစ်ဦးသည် မသိနားမလည်သောသူတို့၏ လမ်းစဉ်ကို မလိုက်နာကြကုန်လင့်' (၁၀) အသင်တို့သည် မိမိတို့တာဝန်များကို တည်ကြည်ကြံ့ခိုင်စွာ ဆောင်ရွက်နေကြဟူသည်။ 'အကယ်၍ ဆုတောင်းပြည့်ခြင်း၏ နိမိတ်လက္ခဏာများသည် အနည်းငယ် ကြန့်ကြာနေလျှင် (၎င်း၏လမ်းစဉ်ကို) မသိနားမလည်သော သူများကဲ့သို့ အလျင်စလို မပြုလုပ်ကြကုန်လင့်၊ သတ်မှတ်ထားသော အချိန်တွင် ၎င်းအရှင်မြတ် ကတိပြုထားတော်မူသည့် အတိုင်းပင် မုချဖြစ်မည်။ (ကြန့်ကြာလျှင် အကြောင်းရှိ၍ ဖြစ်သည်) မစိုးရိမ်ကြကုန်လင့်' ဟု ဆိုလိုခြင်း ဖြစ်သည်။

وَجٰوَزْنَا بِبَنِيْٓ اِسْرَآءِيْلَ الْبَحْرَ فَاَتْبَعَهُمْ فِرْعَوْنُ وَجُنُوْدُهٗ بَغْيًا وَّعَدْوًا ۭ حَتّٰٓى اِذَآ اَدْرَكَهُ الْغَرَقُ ۙ قَالَ اٰمَنْتُ اَنَّهٗ لَآ اِلٰهَ اِلَّا الَّذِيْٓ اٰمَنَتْ بِهٖ بَنُوْٓا اِسْرَآءِيْلَ وَاَنَا مِنَ الْمُسْلِمِيْنَ ۝۹۰

၉၀။ ထို့ပြင် ငါအရှင်မြတ်သည် အစ္စရာအီလီမျိုးနွယ်ဝင်တို့အား (ပင်လယ်နီ) တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ရောက်စေတော်မူခဲ့လေသည်။ ထို့နောက် ယင်အစ္စရာအီလီ မျိုးနွယ်ဝင်တို့၏နောက်သို့ 'ဖစ်ရ်အောင်န်' နှင့် ထိုဖစ်ရ်အောင်န် ဗိုလ်ခြေဗိုလ်ပါတို့သည် မတရားပြုမူရန်လည်းကောင်း၊ နှိပ်ထက်စီးနင်းပြုလုပ်ရန်လည်းကောင်း၊ လိုက်ခဲ့ကြကုန်၏။

နောက်ဆုံးတွင် ထိုဖစ်ရ်အောင်သည် နစ်မြုပ်အံ့ဆဲဆဲ ဖြစ်ခဲ့သောအခါတွင် "ကျွန်တော်မျိုးသည်လည်း အစ္စရာအီလီမျိုးနွယ်ဝင်တို့ သက်ဝင် ယုံကြည်ကြကုန်သော အရှင်မြတ်မှတစ်ပါး: ခဝပ်ကိုးကွယ်ရာ အရှင်မြတ်ဟူ၍ အလျင်းမရှိကြောင်း သက်ဝင်ယုံကြည်ပါပြီ။ ထို့ပြင် ကျွန်တော်မျိုးသည် 'မွတ်စ်လင်မ်' အမိန့်တော်ကို လိုက်နာသောသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါပြီ"ဟု ပြောဆိုခဲ့လေသတည်း။

آٰلْـٰٔنَ وَقَدْ عَصَيْتَ قَبْلُ وَكُنْتَ مِنَ الْمُفْسِدِيْنَ ۝۹۱

၉၁။ (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူခဲ့၏။) ယခုမှပင် (အီမာန်သက်ဝင်) ယုံကြည်လေသလော၊ အမှန်စင်စစ်သော်ကား အသင်သည် ယခု (မနစ်မြုပ်မီ)အလျင်အထိ မထီမဲ့မြင်ပြုခဲ့ ရုံမျှမက အသင်သည် ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သူတို့တွင်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့ချေသတည်း။

---

① ဖစ်ရ်အောင်နသည် မိမိ၏တစ်သက်တာလုံး အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ခဲ့၏။ ဆိုးချင်တိုင်း ဆိုးခဲ့၏။ အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား နှိပ်စက်ချင်တိုင်း နှိပ်စက်ခဲ့၏။ တိုင်းတစ်ပါးသို့ ထွက်ခွာသွားကြရရှာသော အစ္စရာအီလီမျိုးနွယ်ဝင်တို့ကို ကျူးကျော်စော်ကားရန်နှင့် နှိပ်ထက်စီးနင်းလုပ်ရန် တပ်ချီ၍ပင် နောက်မှ လိုက်ခဲ့သေး၏။ နောက်ဆုံး ဖစ်ရ်အောင်နသည် ရေနစ်၍ သေခါနီးဆဲဆဲ အချိန်တွင်၊ 'အာလမ်မေဗရ်ဇခ်'၏ အဖြစ်အပျက်များနှင့် ပြဒဏ်ခတ်သည့် ကောင်းကင်တမန်များကို မျက်ဝါးထင်ထင်တွေ့မြင်သောအခါတွင် 'ကျွန်ုပ်ယုံကြည်ပါပြီ' ဟုဆိုလေသည်။ 'အလာကောင်းသော်လည်း အခါကား ➤➤

فَٱلْيَوْمَ نُنَجِّيكَ بِبَدَنِكَ لِتَكُونَ لِمَنْ خَلْفَكَ ءَايَةً ۚ وَإِنَّ كَثِيرًا مِّنَ ٱلنَّاسِ عَنْ ءَايَٰتِنَا لَغَٰفِلُونَ ﴿٩٢﴾

၉၂။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် အသင့်အား အသင်၏ခန္ဓာကိုယ်ရုပ်ကလာပ်နှင့်တကွ အသင်သည် မိမိနောင်လာနောက်သားတို့အဖို့ အထိမ်းအမှတ်၊ လက္ခဏာ၊ သံဝေဂရဖွယ်တစ်ရုပ် *ဖြစ်အံ့သောငှာ* ဆယ်တင်ထားတော်မူမည်။ [၁] သို့ရာတွင် များစွာသော သူတို့သည် ငါအရှင်မြတ်၏ သက်သေ၊ လက္ခဏာတော်များကို လျစ်လျူရှု မေ့ပျောက်၍သွားသော သူများသာ ဖြစ်ကြပေသတည်း။

➤➤ နောင်းချေပြီ' ဟူသော ဆိုရိုးစကားကဲ့သို့ ထိုအချိန် ထိုအခါ၏ အီမာန်ယုံကြည်ခြင်းကား အကျိုးမပေးတော့ပေ။ (ကြည့်-ကုရ်အာန် ၄၀း၈၄။)

① အလ္လာဟ်အရှင်မြတ်သည် ဖစ်ရ်အောင်နှ်၏ ရုပ်ကလာပ်ကို ဆယ်တင်ထားတော်မူခြင်းမှာ ထိုအရှင်မြတ်၏ အမိန့်တော်များကို သွေဖည်၊ ငြင်းဆန်၊ ပုန်ကန်၊ သောင်းကျန်းခဲ့သော သူပုန်ဖစ်ရ်အောင်နှ်သည်လည်း သူပုန်တို့၏ သွားရာလမ်းသို့ပင်လိုက်၍ မရှုမလှ သေကြေပျက်စီးသွားရပြီ ဖြစ်ကြောင်းကို လူအများ အထင်အရှား သိရှိစေရန်နှင့် ဖစ်ရ်အောင်နှ်၏ အသေဆိုးနှင့် သေခြင်းကို ကြည့်ရှုရ၍ လူအများ သတိသံဝေဂ ရရှိစေရန်ပင် ဖြစ်သည်။

ဖစ်ရ်အောင်နှ်၏ကြီးကျယ်မှုနှင့် တန်ခိုးအာဏာများကို အထင်ကြီးခဲ့သော အချို့အစ္စရာအီလီမျိုးနွယ်ဝင်များသည် ဖစ်ရ်အောင်နှ် ရေနစ်သေသည်ကိုပင် ဒွိဟ၊သံသယဖြစ်ခဲ့ကြသေးသည်။ သို့အတွက်ကြောင့်လည်း အလ္လာဟ်အရှင်မြတ်သည် ဖစ်ရ်အောင်နှ်၏ ရုပ်ကလာပ်ကို လူအများ တွေ့မြင်နိုင်ရန်အတွက် အနည်းငယ်၊ စိုးစဉ်းမျှ မပျက်စီးစေဘဲ မူရင်းရုပ်ဆင်းသဏ္ဌာန်အတိုင်း ထိန်းသိမ်းထားတော်မူခြင်း ဖြစ်သည်။

အသက်ရှူတ်သည့်အချိန်ပြစ်ဒဏ်ကိုမြင်တွေ့ရသည့်အချိန်ကျကာမှ အီမာန်ယုံကြည်ခြင်းကို

'အီမာန် ဃရ်ဃရဟ်' (သေအံ့ဆဲဆဲယုံကြည်ခြင်း)

'အီမာန် ဗအ်စ်' (ပြစ်ဒဏ်မြင်၍ ယုံကြည်ခြင်း)

'အီမာန် ထဲအ်စ်'(မျှော်လင့်ချက်ကင်း၍ ယုံကြည်ခြင်း)ဟု ခေါ်သည်။

ဤသို့သော ယုံကြည်ခြင်းမျိုးသည် 'အဟ်လေ့စွန္နတ်ဂျမာအတ် အသင်းဝင်များ၏ ယူဆချက်အရ အကျိုးမရှိပေ။ ရှီက်ခ် အဗ်ဒွလ်ဟာဗ် ရှအ်ရာနီသခင်က "အလ်ယဝါကီတ်ဝါလ်ဂျဝါဟစ်ရ်" ကျမ်းတွင် 'ဖုတူဟာတ်ကျမ်း' မှ ကောက်နုတ်ချက်ကို ထုတ်ဖော်ရေသားဖော်ပြထားရာ ယင်းကောက်နုတ်ချက်တွင်၊ ဖစ်ရ်အောင်နှ်၏ အီမာန်ယုံကြည်ခြင်းသည် အကျိုးမရှိကြောင်း အတည့်အလင်း ပါရှိပေသည်။

ရှအ်ရာနီသခင်က မိမိကျမ်း၏နိဒါန်းတွင် အမှတ်တရထုတ်ဖော်၊ ရေးသားထားသည်မှာ 'ဖုတူဟာတ်ကျမ်း' ၏အချို့စာမူများတွင် အချို့'မွလ်ဟစ်ဒ်' အယူဖောက်ပြန်သော၊ အယူတိမ်းသော၊ လမ်းမှားသောသူများ၊ ဧင်ဒီက်နှင့် '(Atheist)' ဘုရားတရားကင်းမဲ့သော သူများက မဟုတ်မမှန်သည့်များစွာသော စာပိုဒ်များကို ဖြည့်စွက်ထည့်သွင်း ရေးထားကြသည်။ ကျွန်ုပ်တို့ထံတွင် ရှိသော 'ဖုတူဟာတ်ကျမ်း' စာမူသည် ➤➤

وَلَقَدْ بَوَّأْنَا بَنِيٓ إِسْرَٰٓءِيلَ مُبَوَّأَ صِدْقٍ وَرَزَقْنَٰهُم مِّنَ الطَّيِّبَٰتِ ۚ فَمَا ٱخْتَلَفُوا۟ حَتَّىٰ جَآءَهُمُ ٱلْعِلْمُ ۚ إِنَّ رَبَّكَ يَقْضِى بَيْنَهُمْ يَوْمَ ٱلْقِيَٰمَةِ

၉၃။ ထိုမှတစ်ပါး မုချဧကန် ငါအရှင်မြတ်သည်ပင် အစ္စရာအီလီမျိုးနွယ်ဝင်တို့အား အလွန်ကောင်းမွန်သင့်မြတ်သောနေရာတွင် နေရာချထားပေးတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည်ပင် ၎င်းတို့အား ကောင်းမွန်သန့်စင်သော စားနပ်ရိက္ခာများကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။ တစ်ဖန် ၎င်းတို့သည် မိမိတို့ထံ အသိပညာရောက်ရှိလာပြီးမှသာလျှင် ကွဲလွဲခဲ့ကြပေသည်။

➤➤ အခိုင်မာဆုံးနှင့် စိတ်အချရဆုံး စာမူဖြစ်သည်။ ဤစာမူတွင် ယင်းအယူဖောက်ပြန်သော၊ ဘုရားတရားမရှိသော သူယုတ်တို့ ဖြည့်စွက်ရေးသားထားကြသည့် စာပိုဒ်များအလျင်းမရှိပေ။ (၎င်းတို့ဖြည့်စွက်၊ ရေးသားထည့်သွင်းထားသော စာပိုဒ်များတွင် ဖစ်ရ်အောင်နှစ်၏ အီမာန်ယုံကြည်ခြင်းသည် မှန်ကန်သည်ဟူ၍လည်း ပါရှိ၏) ဤကား အမှားတည်း။

ဤသို့ပင် ထာနဝီသခင်ကလည်း မိမိကျမ်းတွင်ဖွင့်ဆိုရေးသားထားသည်။

(ကြည့်-ထာနဝီ၊အစောင် ၅၊ စ- ၃၀။)

ဖစ်ရ်အောင်နှစ်၏အလောင်း။

ရှေးဟောင်းပစ္စည်း သုတေသီများနှင့် ကမ္ဘည်းကျောက်စာပါရဂူများသည် အီဂျစ်ပြည်၏ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သော (Thebes) 'သဲဘဲစ်' တွင် ရေနစ်သေဆုံးခဲ့သော ဖစ်ရ်အောင်နှစ်ဘုရင်တစ်ပါး၏ (Mummy) အလောင်းတစ်ခုကို တွေ့ရှိထားကြသည်။ ယခုအခါ ယင်းအလောင်းကို (Cairo) ကိုင်ရိုမြို့ရှိ (Museum) ပြတိုက်တွင် သိမ်းဆည်းထားသည်။ ရာဇဝင်ပါရဂူများနှင့် ကမ္ဘည်းကျောက်စာပါရဂူများက အဆိုပါအလောင်းသည် (Ramess II) ၏ အလောင်းပင်ဖြစ်သည်ဟု ယူဆကြသည်။ (Ramesas II) သည် ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါရှိသည့် ရေနစ်သေဆုံးသော ဖစ်ရ်အောင်နှစ်လော၊ သို့တည်းမဟုတ် အခြားဖစ်ရ်အောင်နှစ်လော-ကျွန်ုပ်တို့ အတိအကျ မဆိုနိုင်ပေ။ မာဂျဒီ၊ အစောင်-၃၊ စ-၄၅၃၊ အအ-၁၃၅။

ဗုခါရီကျမ်းတွင် လာရှိသည့်အတိုင်း ဖစ်ရ်အောင်နှစ်နှင့် ၎င်း၏နောက်လိုက်များ သေကြေပျက်စီးသွားခဲ့ကြသောနေ့ရက်မှာ မုဟရ်ရမ်လ (၁၀)ရက်နေ့ပင် ဖြစ်သည်။ နဗီ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မဒီနာမြို့သို့ ရောက်ရှိလာတော်မူသည့်အခါ ယဟူဒီများ ဥပုသ်စောင့်နေကြသည်ကို တွေ့မြင်တော်မူရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ယင်းယဟူဒီများအား- "အသင်တို့ ဥပုသ်စောင့်နေကြသော ဤနေ့ကား အဘယ်သို့နည်း" ဟု မေးမြန်းတော်မူရာ ယဟူဒီများက "ဖစ်ရ်အောင်နှစ်အား တမန်တော်မူစာ(အလိုင်ဟစ္စလာမ်) အောင်နိုင်ခဲ့သောနေ့မှာ ဤနေ့ပင်ဖြစ်ပါသည်" ဟုလျှောက်ထားကြလေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က မိမိ၏ သာဝကကြီးများအား- "အသင်တို့သည် ထိုယဟူဒီများထက် ပိုမို၍ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား လေးစားအပ်သည်ဖြစ်ရာ အသင်တို့သည် ထိုနေ့တွင် ဥပုသ်စောင့်ကြကုန်" ဟု အမိန့်ပေးတော်မူခဲ့လေသည်။

(အစ်ဗ်နုကဆီရ်၊ အစောင် ၂၊ စ- ၄၃၁။)

فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿٩٣﴾

ဧကန်မလွဲ အသင်၏ အရှင်မြတ်သည် ၎င်းတို့၏စပ်ကြားတွင် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့ကွဲလွဲလျက် ရှိကြကုန်သောအရေးကိစ္စများနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူပေမည်။

فَإِن كُنتَ فِي شَكٍّ مِّمَّا أَنزَلْنَا إِلَيْكَ فَاسْأَلِ الَّذِينَ يَقْرَءُونَ الْكِتَابَ مِن قَبْلِكَ ۚ لَقَدْ جَاءَكَ الْحَقُّ مِن رَّبِّكَ فَلَا تَكُونَنَّ مِنَ الْمُمْتَرِينَ ﴿٩٤﴾

၉၄။ တဖန် အကယ်၍ အသင်တို့သည် မိမိထံ *ငါအရှင်မြတ် ချပေးသနားတော်မူသော အကြောင်းအချက်များ* [၁] နှင့် စပ်လျဉ်း၍ *ဒွိဟသံသယ* ဖြစ်ခဲ့ပါမူ [၂] အသင်သည် မိမိအလျင် ကျမ်းဂန်များကို ဖတ်လျက်ရှိသောသူတို့အား စုံစမ်းမေးမြန်းပါလေ။ စင်စစ်ဧကန် အသင့်ထံ အသင်၏အရှင်မြတ်အထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့လေပြီ။ သို့ဖြစ်ပေရာ အသင်သည် ဒွိဟ သံသယ ရှိသူတို့အနက်မှ အလျင်းမဖြစ်ပါလေနှင့်။

---

① "အသင့်ထံ ငါအရှင်မြတ် ချပေးတော်မူသောအရာ" ဟူသည် အဘယ်နည်း၊ အထက်တွင် အစ္စရာအီလီမျိုးနွယ်ဝင်များ၊ ဖစ်ရ်အောင်နှိနှင့်ငင်း၏ နောက်လိုက်များ အတ္ထုပ္ပတ္တိပါရှိခဲ့၏။ ထိုအတွက်ကြောင့် "အသင့်ထံ ငါအရှင်မြတ် ချပေးတော်မူသောအရာ" သည် "ထိုအတ္ထုပ္ပတ္တိများ၊ ထိုအကြောင်းအရာများကိုပင် ရည်ညွှန်းသည်" ဟု ဆိုနိုင်ပေသည်။ မုဖတ်စ်စစ်ရ်များကလည်း ဤအတိုင်းပင် ဖွင့်ဆိုရေးသားခဲ့ကြပေသည်။

သို့တည်းမဟုတ် "အသင့်ထံ ငါအရှင်မြတ် ချပေးတော်မူခဲ့သောအရာ" ၏အနက်ကို ဤထက်တိုးချဲ့၍ "ကုရ်အာန်ကျမ်းလာ အကြောင်းအရာ အားလုံးကို ဆိုလိုသည်" ဟူ၍ ယူဆကလည်း ယူဆနိုင်ပေသည်။

(ကြည့်-မာဂျိဒီ၊ အစောင် ၃၊ စ- ၄၅၄၊ အအ- ၁၄၀။)

ဤအာယတ်တော်သည် အပေါ်ယံအားဖြင့်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရည်ညွှန်းမိန့်ဆိုထားသည်ဟု ထင်ရသော်လည်း အမှန်မှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မိန့်ကြား၍ သူတစ်ပါးတို့အား ကြားသိစေရန်အတွက်ပင်ဖြစ်သည်။

ကာဖိရ်၊ မုရှ်ရစ်က်တို့သည် "အွန်မိမီ" ဖြစ်တော်မူသော တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏နှုတ်တော်မှ အံ့မဆုံးသော အာယတ်တော်များ၊ တရားဒေသနာတော်များကို ကြားသိကြရသောအခါ ရင်သပ်ရှုမော အံ့သြကြသော်လည်း မလိုမုန်းတီးမှု၊ ဇွတ်တရွတ်နိုင်မှု၊ ဘက်လိုက်မှုများကြောင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ချီးမြှင့်ခြင်းခံရတော်မူသည့် ကုရ်အာန်ကျမ်းတော်မြတ်လာ အာယတ်တော်များနှင့် စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်ကြ၏။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မိမိချီးမြှင့်ခြင်းခံရသော အာယတ်တော်များဘက်သို့ မိမိကိုယ်တော်တိုင် ဖိတ်မန္တ္တက ပြုတော်မူသဖြင့် ယင်းအာယတ်တော်များကို ကြားနာရသောသူများ၏ စိတ်နလုံးများတွင် မယိမ်းမယိုင်သော ကျောက်တိုင်ပမာ ➤➤

➤➤ တည်ကြည်သည့် ယုံကြည်မှုကို ဖြစ်ပွားစေလျှင်၊ ဤသို့သော အာယတ်တော်များနှင့် စပ်လျဉ်း၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အသို့လျှင် ဒွိဟသံသယ ဖြစ်တော်မူနိုင်အံ့နည်း။ အမှန်စင်စစ် ယင်းအာယတ်တော်များနှင့်စပ်လျဉ်း၍ နှလုံးသား မဖြူစင်၊ မကြည်လင်သော ကာဖိရ်၊ မုရှ်ရစ်က် တို့သာ ဒွိဟသံသယ ဖြစ်ကြပေသည်။ ယင်းသို့ ဒွိဟသံသယဖြစ်သော ကာဖိရ်၊ မုရှ်ရစ်က်တို့ကိုလည်း ထုတ်ဖော်ကြေငြာတော်မူခဲ့လေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းတော်မြတ် (၁၀း၁၀၄)တွင် အတည့် အလင်း မိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)မှတစ်ဆင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အဆုံးအမခံဖြစ်သူတိုင်းအား သတိပေး နှိုးဆော်ထားတော်မူသည်မှာ 'ကုဖ်ရ်' သွေဖည်မှုနှင့် 'တာက်ဒီဗ်' မဟုတ်မမှန်ဟူသော ငြင်းပယ်မှု၏ရောဂါသည် ဒွိဟသံသယမှပင် စတင်ဖြစ်ပေါ်၏။ အကယ်၍ အသင်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်တွင်လာရှိသော အတ္ထုပ္ပတ္တိများနှင့် စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်ရှိလျှင် အဆောတလျင် ကုစားကြရမည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် အချို့ မှန်ကန်သူများ၊ မျှတသူများ၊ သမာသမတ်ရှိသူများလည်း ပါဝင်နေကြပေသည်။ ထိုပုဂ္ဂိုလ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဟောကြားတော်မူသည့် တရားဒေသနာတော်များနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်း ဝန်ခံ ပြောဆိုကြပေသည်။ အမှန်စင်စစ် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဟောကြားတော်မူသည့် တရားဒေသနာတော်များသည် အမှန်ချည်းသာ ဖြစ်ပေသည်။ ထိုတရား ဒေသနာတော်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်တော်မူသော တရားတော်ဒေသနာတော်များသာဖြစ်ပေရာ ယင်းတရားဒေသနာတော်များနှင့် အတ္ထုပ္ပတ္တိများတွင် အသို့လျှင် ဒွိဟသံသယဖြစ်ရန် အကြောင်းရှိနိုင်အံ့နည်း။ အကယ်၍ ယုတ္တိကင်းမဲ့သော၊ အချည်းနှီးဖြစ်သော ဒွိဟသံသယများကို အချိန်မီ မကုစားပါက ထိုဒွိဟသံသယများသည် ရက်အနည်းငယ်အတွင်း တိုးပွားလာကာ ငြင်းခုံမှု၊ ခိုက်ရန်ဖြစ်ပွားမှု အဆင့်သို့ ရောက်ရှိသွားပေမည်။ ထိုမှတစ်ဆင့်တိုး၍ 'မဟုတ်မမှန်' ဟု လုံးဝ ငြင်းပယ်သည့် အဖြစ်သို့ ရောက်ရှိသွားပေမည်။ ထို့နောက်တွင်ရှိသော အဆင့်အတန်း တစ်ခုသို့ ရောက်သွားသည့်အခါ စိတ်နှလုံးသားပေါ်တွင် တံဆိပ်ခတ်နှိပ်ခြင်း ခံရပေတော့သည်။ အဘယ်ကြောင့်ဆိုသော် 'မဟုတ်မမှန်' ဟု ဇွတ်မိုက် ပြောဆိုလေ့ရှိသူများတွင် အမှန်တရားကို လက်ခံ၊ နာယူနိုင်သည့် အရည်အချင်းသည် ပျောက်ကွယ်သွားပေသည်။ ဤသည့်အဆင့်သို့ ရောက်ရှိနေသူတစ်ဦးသည် တန်ခိုးပြာဋိဟာ၊ သက်သေလက္ခဏာ အလုံးစုံတို့ကို တွေ့မြင်ရသော်ငြားလည်း အီမာန်ယူ ယုံကြည်မည်မဟုတ်ပေ။ ထိုသို့သောသူများသည် ငရဲမီးဘေးကို မျက်ဝါးထင်ထင် တွေ့ရသည့်အခါမှပင် ယုံကြည်တော့ပေမည်။ သို့ရာတွင် ထိုအချိန်ကျမှ ယုံကြည်ခြင်းကား အကျိုးပေးမည် မဟုတ်တော့ပေ။

Ⓙ ဤအာယတ်တော်တွင် ဖအင်နဲ့ကွန်း တဖီးရှတ်ကွင်မ် "အကယ်၍ အသင်သည် ဒွိဟသံသယ ဖြစ်ခဲ့လျှင်" ဟူ၍လာရှိ၏။ ဤဝါကျတွင်ပါရှိသော ဇကဝုစ်ကိန်း "အသင်" ဟူသောနာမ်စားသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရည်ညွှန်းသည်မဟုတ်၊ လူသားကာဖိရ်အား ရည်ညွှန်းခြင်းဖြစ်သည်။

(ကြည့်-မအာလင်မ်၊ ကုရ်တုဗီ။)

အပေါ်ယံအားဖြင့် ဤအာယတ်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရည်ညွှန်းသည်ဟု ထင်ရ၏။ သို့ရာတွင် အမှန်၌ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မိန့်ကြား၍ သူတစ်ပါးတို့အား ကြားသိစေတော်မူရန် အဓိကဖြစ်သည်။

အထက်ပါ အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်လာ အသုံးအနှုန်းကို ကြိုတင် ➤➤

وَلَا تَكُونَنَّ مِنَ الَّذِينَ كَذَّبُوا بِآيَاتِ اللَّهِ فَتَكُونَ مِنَ الْخَاسِرِينَ ﴿٩٥﴾

၉၅။ ထိုမှတစ်ပါး အသင်သည် အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူတို့၏အနက်မှလည်း အလျင်းမဖြစ်ပါ လေနှင့်၊ သို့ဖြစ်ခဲ့ပါလျှင် အသင်သည်လည်း ဆုံးရှုံး သူတို့တွင် အပါအဝင် ဖြစ်သွားပေမည်။

إِنَّ الَّذِينَ حَقَّتْ عَلَيْهِمْ كَلِمَتُ رَبِّكَ لَا يُؤْمِنُونَ ﴿٩٦﴾

၉၆။ အမှန်စင်စစ်အကြင်သူတို့ကား ၎င်းတို့အပေါ်၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်သည် အတည်ဖြစ်ခဲ့လေပြီ၊ ထိုသူတို့သည်ကား သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ။

وَلَوْ جَاءَتْهُمْ كُلُّ آيَةٍ حَتَّىٰ يَرَوُا الْعَذَابَ الْأَلِيمَ ﴿٩٧﴾

၉၇။ အကယ်၍ ၎င်းတို့ထံ သက်သေလက္ခဏာအလုံးစုံ ရောက်လာခဲ့ငြားသော်လည်း ၎င်းတို့သည် ပြင်းပြနာကျယ်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို (မျက်ဝါးထင်ထင်) မတွေ့မမြင်ကြရသည့် ကာလပတ်လုံး (သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေတကား။)

فَلَوْلَا كَانَتْ قَرْيَةٌ آمَنَتْ فَنَفَعَهَا إِيمَانُهَا إِلَّا قَوْمَ يُونُسَ ۖ لَمَّا آمَنُوا كَشَفْنَا عَنْهُمْ

၉၈။ တဖန် အကြင်ကဲ့သို့သော ရွာတစ်ရွာမျှပင် အဘယ့်ကြောင့် မရှိခဲ့ပါသနည်း။ ထိုရွာ(သူ ရွာသားတို့)သည် အချိန်မီ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသဖြင့် ၎င်းတို့၏ အီမာန် သက်ဝင်ယုံကြည်မှုသည် ၎င်းတို့အား အကျိုးကျေးဇူးဖြစ်ထွန်းစေခဲ့လေသည်။

➤➤ သိထားအပ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ယေဘုယျအားဖြင့် ဓမ္မဓိဋ္ဌာန် သုံးနှုန်းထားတော်မူသည်။ တစ်ခါ တစ်ရံတွင် ရည်ညွှန်းခံ ပုဂ္ဂိုလ်သည် တစ်ဦးတည်းပင် ဖြစ်လင့်ကစား ဓမ္မဓိဋ္ဌာန်ကိုပင် သုံးနှုန်းထားတော်မူသည်။ ထို့ပြင်တဝ ကုရ်အာန်ကျမ်းတော်မြတ်တွင် လာရှိသော ဧကဝုစ်ကိန်းတိုင်းသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား ရည်ညွှန်းသည်ဟူ၍ တစ်ထစ်ချမယူအပ်ပေ။ အချို့အာယတ်တော်များတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏အမည်နာမဖြင့်ဖော်မိန့်ကြားထားတော်မူသော် လည်းအလိုသဘောမှာ သူတပါးတို့အား ရည်ညွှန်းမိန့်ကြားတော်မူခြင်း ဖြစ်သည်။ ဥပမာ- ကုရ်အာန်ကျမ်းမြတ် (၆၅း၁) တွင် ဤသည့်အသုံးအနှုန်းကို တွေ့ရှိရပေသည်။

عَذَابَ الْخِزْيِ فِي الْحَيَوٰةِ الدُّنْيَا وَمَتَّعْنٰهُمْ إِلٰى حِيْنٍ ﴿٩٨﴾

သို့ဖြင့် (နဗီတမန်တော်ယူနုတ်စ်၏) အမျိုးသားတို့ကား (အချိန်မီ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည့်အတွက်) အီမာန်အကျိုးခံစားခဲ့ကြရလေသည်။ ထို(နဗီတမန်တော် ယူနုတ်စ်၏) အမျိုးသားတို့သည် အီမာန် သက်ဝင်ယုံကြည်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် ကျိုးယုတ်ရှက်ရဖြစ်စေမည့် ပြစ်ဒဏ်ကို ပစ္စက္ခ လောကီဘဝတွင် ၎င်းတို့မှ ကင်းဝေးစေတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါ အရှင်မြတ်သည် ၎င်းတို့အား (သတ်မှတ်ပြဋ္ဌာန်းအပ်သော) အချိန်ကာလတိုင်အောင် ကောင်းစားတော်မူခဲ့လေသတည်း။

وَلَوْ شَآءَ رَبُّكَ لَاٰمَنَ مَنْ فِي الْأَرْضِ كُلُّهُمْ جَمِيْعًا ۭ أَفَأَنْتَ تُكْرِهُ النَّاسَ حَتّٰى يَكُوْنُوْا مُؤْمِنِيْنَ ﴿٩٩﴾

၉၉။ စင်စစ်သော်ကား အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကမ္ဘာမြေဝယ် ရှိရှိသမျှသော သူခပ်သိမ်းတို့သည် တစ်ပြိုင်နက် 'အီမာန်' သက်ဝင်ယုံကြမည်သာ ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် လူတို့အား မုအ်မင်န်သက်ဝင်ယုံကြည်သူများ ဖြစ်လာကြရန် အတင်းအကျပ် ပြုလုပ်နိုင်ပါသလော။

وَمَا كَانَ لِنَفْسٍ أَنْ تُؤْمِنَ إِلَّا بِإِذْنِ اللّٰهِ ۭ وَيَجْعَلُ الرِّجْسَ عَلَى الَّذِيْنَ لَا يَعْقِلُوْنَ ﴿١٠٠﴾

၁၀၀။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိလျှင် မည်သူတစ်ဦးတစ်ယောက်မျှပင် အီမာန်သက်ဝင်ယုံကြည်နိုင်သည်မရှိချေ။ စင်စစ်မှာမူကား ထိုအရှင်မြတ်သည် အသိဉာဏ်ကို အသုံးမပြုသော သူတို့အပေါ်၌သာလျှင် မစင်ကြယ်မှုကို သက်ရောက်စေတော်မူချေသတည်း။ ၁

---

① အချို့သူများသည် မိမိတို့အား အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော အသိဉာဏ် အမြော်အမြင်ကို အလျင်းအသုံးမပြုကြ။ အမှန်တရားကို လက်ခံနာယူရန် စိတ်ကူးတွင်မျှပင် မထည့်ကြပေ။ အလ္လာဟ်အရှင်မြတ်၏ အလိုတော်သည် ထိုသို့သောသူများနှင့်ကား မပတ်သက်ပေ။ ထိုသို့သော သူများကိုသာလျှင် အလ္လာဟ်အရှင်မြတ်သည် "ကုဖ်ရ်" တည်းဟူသော အညစ်အကြေးတွင် နစ်မွန်းစွဲနေစေ တော်မူလေသည်။ ➤➤

قُلِ انْظُرُوا مَاذَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ وَمَا تُغْنِي الْاٰيٰتُ وَالنُّذُرُ عَنْ قَوْمٍ لَّا يُؤْمِنُوْنَ ﴿١٠١﴾

၁၀၁။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့)အသင်တို့သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ အဘယ်ကဲ့သို့သောအရာများရှိကြသည်ကို ကြည့်ရှု (ဆင်ခြင်)ကြလေကုန်။ စင်စစ်မူကား မယုံကြည်(လို)သောသူတို့အား သက်သေ လက္ခဏာများသည်လည်းကောင်း၊ သတိပေး နှိုးဆော်ချက်များသည်လည်းကောင်း၊ အကျိုးပေးသည်မဟုတ်ချေ။ [၁]

فَهَلْ يَنْتَظِرُوْنَ اِلَّا مِثْلَ اَيَّامِ الَّذِيْنَ خَلَوْا مِنْ قَبْلِهِمْ ؕ قُلْ فَانْتَظِرُوْا اِنِّيْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ﴿١٠٢﴾

၁၀၂။ သို့ပါလျက် ၎င်းတို့သည် မိမိတို့အလျင်လွန်လေပြီးခဲ့ကြသောသူတို့၏ ဘေးအန္တရာယ်များကဲ့သို့သော ဘေးအန္တရာယ်ကိုသာ မျှော်လင့်လျက်ရှိကြလေသလော။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား အချင်းတို့) "ဤသို့ဖြစ်လျှင် အသင်တို့သည်မျှော်လင့်ကြလေကုန်၊ ငါသည်လည်း အသင်တို့နှင့်အတူ မျှော်လင့်သူတို့အနက် တစ်ဦးအပါအဝင်ဖြစ်သည်" ဟု ပြောကြားပါလေ။

➤➤ ဤသို့သော အာယတ်တော်များကို ထောက်ရှုခြင်းအားဖြင့် အီမာန် ယုံကြည်မှုနှင့် တရားရရှိမှုတွင် အလွှာဟ်အရှင်မြတ်၏ ဘက်တော်မှ အတားအဆီး တစ်စုံတစ်ရာမျှ မရှိကြောင်း၊ လူသားတို့၏ အမြင်မှားမှုနှင့်၊ မကောင်းသော စေတနာသည်သာလျှင် ၎င်းတို့၏ ယုံကြည်မှုနှင့် တရားရရှိမှုများတွင် အတားအဆီးဖြစ်လျက်ရှိကြောင်း ကောင်းစွာ သိရှိရပေသည်။ ဤအာယတ်တော်တွင် "ရစ်ဂျ်စ်" ဟူသောပုဒ်ကို "အီမာန်" ဟူသောပုဒ်နှင့်ယှဉ်၍ သုံးနှုန်းထားတော်မူ၏။ "ရစ်ဂျ်စ်" ဟူသောပုဒ်၏ အနက်သဘောမှာ "ကုဖ်ရ်" သွေဖည်ငြင်းဆန်မှု ဟူ၍သာ ဖြစ်ပေသည်။

(မာဂျိဒီ၊ အစောင် ၃၊ စ-၄၅၅၊ အအ-၁၅၀။)

① အသိဉာဏ်ကို အသုံးပြု၍ စဉ်းစား၊ ဆင်ခြင်၊ မြော်မြင်ကြသူများအဖို့ မိုးကောင်းကင်များနှင့် ပထဝီမြေတွင် အလွှာဟ်အရှင်မြတ်၌ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တ ရှိနေတော်မူကြောင်းညွှန်ပြလျက်ရှိသော နိမိတ်လက္ခဏာများ မရေတွက်နိုင်အောင်ရှိနေပေသည်။ ကမ္ဘာအဝှန်းတွင် ရှိရှိသမျှသောသက်ရှိ၊ သက်မဲ့ပုဂ္ဂိုလ်သမျှတို့သည် ထိုအရှင်မြတ် တစ်ဆူတည်းဖြစ်တော်မူကြောင်းကို သက်သေခံလျက်ရှိပေသည်။ သို့တစေလည်း မယုံကြည်လိုသူများ အဖို့မှာကား ထိုထိုသော နိမိတ်လက္ခဏာများသည်ပင် အသုံးမဝင်ပေ။ နဗီတမန်တော်များ၏ သတိပေး နှိုးဆော်ချက်များသည်လည်း အကျိုးမဖြစ်ထွန်းနိုင်ပေ။

ثُمَّ نُنَجِّي رُسُلَنَا وَالَّذِينَ آمَنُوا كَذَٰلِكَ ۚ حَقًّا عَلَيْنَا نُنجِ الْمُؤْمِنِينَ ﴿١٠٣﴾

၁၀၃။ ထို့နောက် ငါအရှင်မြတ်သည် မိမိရာဇဝတ်မှုတမန်တော်များအားလည်းကောင်း၊ 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြကုန်သောသူတို့အား လည်းကောင်း၊ ကယ်ဆယ်တော်မူလေ့ရှိခဲ့သည်။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်အပေါ်၌ (ကယ်ဆယ်ရန်) တာဝန်တော်ရှိ၏။ ငါအရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား ကယ်ဆယ်တော်မူပေမည်။

قُلْ يَا أَيُّهَا النَّاسُ إِن كُنتُمْ فِي شَكٍّ مِّن دِينِي فَلَا أَعْبُدُ الَّذِينَ تَعْبُدُونَ مِن دُونِ اللَّهِ وَلَٰكِنْ أَعْبُدُ اللَّهَ الَّذِي يَتَوَفَّاكُمْ ۖ وَأُمِرْتُ أَنْ أَكُونَ مِنَ الْمُؤْمِنِينَ ﴿١٠٤﴾

၁၀၄။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ "အို-လူအပေါင်းတို့ အကယ်၍ အသင်တို့သည် ငါ၏ 'ဒီန်' သာသနာတော်နှင့် စပ်လျဉ်း၍ ဒွိဟသံသယ၌ (နစ်မွန်းလျက်) ရှိကြပါမူ ငါသည် အသင်တို့ အလ္လာဟ် အရှင်မြတ်အား စွန့်လွှတ်၍ ကိုးကွယ်ဆည်းကပ်လျက် ရှိကြသည်တို့ကို ကိုးကွယ်ဆည်းကပ်သည် မဟုတ်ပေ။

စင်စစ်မှာမူကား ငါသည် အသင်တို့၏ အသက်ဇီဝိန်ကို နှုတ်သိမ်းတော်မူသော အလ္လာဟ် အရှင်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်ပေသည်။ ထိုမှတစ်ပါး ငါသည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ရန် (အလ္လာဟ် အရှင်မြတ်အထံတော်မှ) အမိန့်ပေးခြင်းခံခဲ့ရလေသတည်း။

وَأَنْ أَقِمْ وَجْهَكَ لِلدِّينِ حَنِيفًا ۖ وَلَا تَكُونَنَّ مِنَ الْمُشْرِكِينَ ﴿١٠٥﴾

၁၀၅။ ထို့ပြင် အသင်သည် မိမိမျက်နှာကို 'ဒီန်' သာသနာတော်ဘက်သို့ သဒ္ဒါကြည်ဖြူစွာ လှည့်ထားပါလေ။ ထိုမှတစ်ပါး အသင်သည် 'မုရှ်ရစ်က်' တို့တွင် အပါအဝင် မဖြစ်ပါလေနှင့် (ဟူ၍လည်း အမိန့်တော်ရရှိ၏။)

وَلَا تَدْعُ مِن دُونِ اللَّهِ مَا لَا يَنفَعُكَ وَلَا يَضُرُّكَ ۖ فَإِن فَعَلْتَ فَإِنَّكَ إِذًا مِّنَ الظَّالِمِينَ ﴿١٠٦﴾

၁၀၆။ ၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အပြင် မိမိအား အကျိုးလည်း မဖြစ်ထွန်းစေနိုင်သော အကျိုးယုတ်စေခြင်းကိုလည်း မပြုနိုင်စွမ်းနိုင်သော အရာများကို ဟစ်ခေါ်ခြင်း မပြုပါလေနှင့်၊ တစ်ဖန် အကယ်၍ အသင်သည် ပြုမိခဲ့ပါသော် ဧကန်စင်စစ် အသင်သည် ထိုသို့ပြုမိသောကြောင့် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက် ညှဉ်းပန်းသူတို့တွင် အပါအဝင် ဖြစ်သွားပေမည်(ဟူ၍လည်း အမိန့်တော်ရရှိ၏။)

وَإِن يَمْسَسْكَ اللَّهُ بِضُرٍّ فَلَا كَاشِفَ لَهُ إِلَّا هُوَ ۖ وَإِن يُرِدْكَ بِخَيْرٍ فَلَا رَادَّ لِفَضْلِهِ ۚ يُصِيبُ بِهِ مَن يَشَاءُ مِنْ عِبَادِهِ ۚ وَهُوَ الْغَفُورُ الرَّحِيمُ ﴿١٠٧﴾

၁၀၇။ စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အသင့်၌ အန္တရာယ် တစ်စုံတစ်ရာကို သက်ရောက်စေတော်မူပါလျှင်၊ ထိုအရှင်မြတ်မှတစ်ပါး ထိုအန္တရာယ်ကို ကင်းဝေးစေအံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ အကယ်၍ ထိုအရှင်မြတ်သည် အသင့်၌ တစ်စုံတစ်ရာသော အကျိုးကျေးဇူးတော်ကို (ဖြစ်ထွန်းစေရန်) ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်၏ ကျေးဇူးတော်ကို တွန်းလှန်ပယ်ရှားနိုင်သူလည်း တစ်ဦးတစ်ယောက်မျှပင်မရှိချေ။

ထို အရှင်မြတ်သည် မိမိကျွန်များအနက်မှ မိမိ အလိုရှိတော်မူသော သူ၌ ထိုကျေးဇူးတော်ကို သက်ရောက်စေတော်မူသည်။ စင်စစ်တစ်မူကား ထို အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူသော အရှင်၊ အလွန်တရာ သနားကြင်နာတော် မူသော အရှင် ဖြစ်တော်မူပေသတည်း။

قُلْ يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُمُ ٱلْحَقُّ مِن رَّبِّكُمْ ۖ فَمَنِ ٱهْتَدَىٰ فَإِنَّمَا يَهْتَدِى لِنَفْسِهِۦ ۖ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا ۖ وَمَآ أَنَا۠ عَلَيْكُم بِوَكِيلٍ ﴿١٠٨﴾

၁၀၈။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့ တစ်ဖန်) ပြောကြားပါလေ။ အို-လူအပေါင်းတို့၊ အမှန်စင်စစ် အသင်တို့ထံ အသင်တို့၏ အရှင်မြတ် အထံတော်မှ အမှန်တရား[၁]သည် ရောက်ရှိ၍ လာခဲ့လေပြီ။ သို့ဖြစ်ပေရာ မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့ပါလျှင် ထိုသူသည် မိမိအကျိုးငှာ တရားလမ်းမှန်ကိုရရှိခဲ့သည်ပင်။ ထိုနည်းတူစွာ မည်သူမဆို လမ်းမှားခဲ့ပါမူ ထိုသူသည် မိမိကိုယ်နှင့် ဆန့်ကျင်၍ သာ လမ်းမှားခဲ့သည်ပင်။ စင်စစ် ငါသည် အသင်တို့ အပေါ်၌ တာဝန်ခံ မဟုတ်ချေတကား။

وَٱتَّبِعْ مَا يُوحَىٰٓ إِلَيْكَ وَٱصْبِرْ حَتَّىٰ يَحْكُمَ ٱللَّهُ ۚ وَهُوَ خَيْرُ ٱلْحَٰكِمِينَ ﴿١٠٩﴾

၁၀၉။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် မိမိထံ ထုတ်ပြန်တော်မူခြင်းခံရသော 'ဝဟီ' အမိန့်တော်ကိုသာ လိုက်နာပါလေ၊ ၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ် စီရင်ဆုံးဖြတ်တော်မူသည်အထိ သည်းခံ၍နေပါလေ။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① "အမှန်တရား"သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် 'အစ္စလာမ်' ကို ဆိုလိုသည်။ အချို့က "အမှန်တရား" ဟူသည် "အလ္လာဟ်အရှင်မြတ်ထံတော်မှ အမှန်တရားကို ယူဆောင်လာသော တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရည်ညွှန်းတော်မူသည်" ဟု ဆိုကြသည်။

တမန်တော်ဟူဒ်ကဏ္ဍ

سُورَةُ هُودٍ

ဤကဏ္ဍသည် တမန်တော်ဟူဒ်(အလိုင်ဟစ္စလာမ်)၏အကြောင်း ပါရှိသော ကဏ္ဍဖြစ်သည်၊ ဤကဏ္ဍသည် မက္ကာမြို့တော်၌ ထုတ်ပြန်ချမှတ်တော်မူသော ကဏ္ဍဖြစ်သည်၊ ဤကဏ္ဍတွင် အာယတ်တော် (၁၂၃)၊ ရူကူအ်အပိုဒ် (၁၀)ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

الٓرٰ

၁။ 'အလစ်ဖ်၊ လာမ်၊ ရာ'။

كِتَٰبٌ أُحْكِمَتْ آيَاتُهُۥ ثُمَّ فُصِّلَتْ مِن لَّدُنْ حَكِيمٍ خَبِيرٍ ﴿١﴾

ဤသည် အကြင်ကျမ်းဂန်တော်တစ်ဆူတည်း၊ ထိုကျမ်းဂန်၏ 'အာယတ်'တော်များသည် မြဲမြံခိုင်ခံ့အောင်ပြုလုပ်ပြီး ဖြစ်ချေသည်။ [၁] ထို့ပြင်တဝ [၂] ထိုအာယတ်တော်များသည် ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသော အကြွင်းမဲ့သိ(မြင်)တော်မူသောအရှင်မြတ်အထံတော်မှ အသေးစိတ် ရှင်းလင်းဖော်ပြပြီး ဖြစ်ပေသည်။

---

① ကုရ်အာန်ကျမ်းတော်မြတ်သည် အထူးထူးသော ဝိသေသဂုဏ်နှင့် ပြည့်စုံသည့် ကျမ်းတော်မြတ်တစ်ဆူ ဖြစ်ချေသည်။ ဤကျမ်းတော်ကြီးတွင် သုံးနှုန်းထားတော်မူသည့် အသုံးအနှုန်းများသည် စာပေမြောက်လှ၏။ ကျန်စာပေများနှင့်မတူ တစ်မူထူးခြားလှ၏။ အနက်အဓိပ္ပာယ်များကား တိကျမှန်ကန်လှ၏။ ပြည့်ဝစုံလင်လှ၏။ ရှေ့နောက် အဆင်မပြေမှု အနက်သဘောချင်း ဆန့်ကျင်မှု အလျင်းမရှိ၊ ဖောက်ပြန်ချွတ်ယွင်း ယုတ္တိကင်းမှု တစ်စုံတစ်ရာ အလျင်းမရှိ၊ ဤကျမ်းတော်မြတ်တွင် နှုတ်ပယ်ရန်လည်းမရှိ၊ ဖြည့်စွက်ရန်လည်းမရှိ၊ ချိန်ခွင်လျှာပမာတည့်မတ်လှ၏။ ဤကျမ်းတော်မြတ်ကို အတိတ်ခေတ်တွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဝေဖန်နိုင်ခဲ့သည်မရှိ၊ ယခုခေတ်တွင်လည်း မရှိ၊ နောင်အနာဂတ်တွင်လည်း ပေါ်ပေါက်ရန်အကြောင်း အလျင်းမရှိပေ။

ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင်လုံးကို မဆိုထားဘိ။ အာယတ်တော် တစ်ပါးမျှကိုပင် တစ်နည်းတစ်ဖုံ ပြောင်းလဲကာ မူရင်းထက် ပိုမိုကောင်းမွန်စေရန် စီရင်ရေးသားရန် အလျင်းမဖြစ်နိုင်သောကိစ္စပင်။ မူရင်းကုရ်အာန်ထက် ပိုမိုကောင်းမွန်စေရန် စီရင်ရေးသားခြင်းကိုထားဘိ၊ အလားတူစွာ စီရင်ရေးသားရန်ပင် အလျင်းမဖြစ်နိုင်ပေ။

➤➤

أَلَّا تَعْبُدُوٓا۟ إِلَّا ٱللَّهَ ۚ إِنَّنِى لَكُم مِّنْهُ نَذِيرٌ وَبَشِيرٌ ﴿٢﴾

J။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှ တစ်ပါး တစ်စုံတစ်ရာကိုမျှ မကိုးကွယ်၊ မဆည်းကပ်ကြကုန်လင့်၊ [၁]

➤➤ ကုရ်အာန်ကျမ်းတော်မြတ်တွင် ပါရှိသော အခြေခံသဘောတရားများ၊ အခြေခံစည်းမျဉ်းများ၊ နည်းဥပဒေများ၊ အကျင့်စာရိတ္တများ၊ ကျင့်ရန် ကြဉ်ရန်တရားများ၊ လိုက်နာကျင့်သုံးရန် အဆုံးအမ ဩဝါဒတော်များ၊ အထောက်အထားများ၊ သက်သေ၊ သာဓကများကား ပညာရေးလောကအတွက် တိကျမှန်ကန်လှ၏။ အံဝင်ခွင်ကျ ရှိလှ၏။ ခေတ်အဆက်ဆက်ပင် ပြောင်းခဲ့ပြီဖြစ်သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်လာ အာယတ်တော်များတွင်မူ စိုးစဉ်မျှ အပြောင်းအလဲမရှိ။ ကမ္ဘာအဝှန်းကို စတင်ဖန်ဆင်းတော်မူသော၊ ကမ္ဘာအကြောင်းကို စ၊ လယ်၊ ဆုံး အကြွင်းမဲ့ သိတော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ဓမ္မခန် ဖြစ်သည့်အလျောက် ယင်းကျမ်းတော်မြတ်သည် ခေတ်တိုင်း၊ လူမျိုးတိုင်း၊ အခြေအနေတိုင်းနှင့် အမြဲတမ်းပင် အဆင်ပြေနေမည်မှာ မုချဧကန်ဖြစ်သည်။ ယုံမှားဖွယ်ရာဟူ၍ကား အလျင်းမရှိ။

ယင်းသို့ အထူးထူးသော ဝိသေသဂုဏ်များနှင့် ပြည့်စုံသည့် ကျမ်းတော်မြတ် ကုရ်အာန်ဓမ္မခန်သည် အနက်အဓိပ္ပာယ် မရှင်းမလင်းဖြစ်၍ကားမနေ၊ အထူးပင် ရှင်းလင်းပေါ်လွင်လှပေသည်။ လောကီ၊ လောကုတ္တရာရေး ဟူသမျှတို့ကို လိုလေသေးသည်မရှိ၊ ပြည့်စုံ ကဲ့လုံစွာပင် ဖွင့်ဆိုမိန့်ကြားထားတော်မူသဖြင့် ထပ်ဆင့်ရှင်းလင်းရန် မလိုသော ကျမ်းတော်မြတ်တစ်ဆူလည်း ဖြစ်ချေသည်။ ထို့ပြင်တစ်ဝ ဝိသေသထူးများနှင့် ပြည့်စုံလှသည့် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်ချမှတ်ရာ တွင်လည်း စ၊လယ်၊ ဆုံး တကြိမ်တည်းထုတ်ပြန် ချမှတ်တော်မူလိုက်သည်မဟုတ်၊ အခြေအနေအလိုက် လိုအပ်သည်နှင့်အမျှ တဖြည်းဖြည်း ထုတ်ပြန်ချမှတ်တော်မူခဲ့ခြင်းပင် ဖြစ်ပေသည်။

အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း အထူးထူးသော ဝိသေသဂုဏ်များနှင့်ပြည့်စုံသည့် ဤကုရ်အာန်ကျမ်းတော်မြတ်အတွက် လူသားတို့သည် အံ့မဆုံးဖြစ်ကြရလေသည်။ အမှန်စင်စစ် အံ့မဆုံးဖြစ်ရန် အကြောင်းမရှိ၊ အဘယ်ကြောင့်ဆိုသော် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ် အရှင်မြတ်၏ ရွေးနှုတ်တော်ထွက် ဓမ္မစကတွင် ဤသို့သော ဝိသေသထူးများ မရှိလျှင် အသူ၏ကျမ်းတွင် ရှိနိုင်အံ့နည်း။

(J) 'ဆွန်းမ်'၊ ဟူသောပုဒ်၏အဓိပ္ပာယ်မှာ များသောအားဖြင့် 'ထို့နောက်' 'ၿပီးနောက်'၊ 'ပြီးနောက်'၊ 'ထို့နောက်တစ်ဖန်' ဟူ၍ဖြစ်သည်။ သို့ရာတွင် ဤအာယတ်တော်၌ လာရှိသော 'ဆွန်းမ်'ဟူသော ပုဒ်၏အဓိပ္ပါယ်ကား 'ထို့နောက်' ဟူ၍မဟုတ် 'ထို့ပြင်တစ်ဝ'ဟူ၍ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ဤအာယတ်တော်တွင် 'ဆွန်းမ်'ဟူသောပုဒ်ကို 'ထို့နောက်' ဟူ၍ ဘာသာပြန်ဆိုပါက 'ကုရ်အာန်ကျမ်းတော်မြတ်လာ အာယတ်တော်များကို အလျင်၊ ဦးစွာပထမ ခိုင်မာအောင်ပြုလုပ်တော်မူ၏၊ ထို့နောက်မှ ထိုအာယတ်တော်များကို ရှင်းလင်းစွာ ထုတ်ပြန်မိန့်ကြားတော်မူသည်' ဟူသော အဓိပ္ပါယ်ဖြစ်သွားပေသည်။ ဤသို့ကားမဟုတ်၊ ဆိုလိုသည်ကား 'ကုရ်အာန်ကျမ်းတော် မြတ်လာ အာယတ်တော်များကို ခိုင်မာစွာပြုလုပ်ထားတော်မူသည်သာမက ရှင်းလင်းစွာလည်း ပြလုပ်ထားတော်မူသည်။ ' ဟူ၍ဖြစ်ပေသည်။

(၁) အထူးထူးသော ဝိသေသနဂုဏ်နှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်၏အဓိကရည်ရွယ်ချက်မှာ "လူသားတို့သည် တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကိုသာ ➤➤

ကောင်းကင်ဘုံနှင့် ငါသည် အသင်တို့အဖို့ ထို အရှင်မြတ် အထံတော်မှ သတိပေး နှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ယူလာသူ ဖြစ်ပေသတည်း။

وَّاَنِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْٓا اِلَيْهِ يُمَتِّعْكُمْ مَّتَاعًا حَسَنًا اِلٰٓى اَجَلٍ مُّسَمًّى وَّ يُؤْتِ كُلَّ ذِيْ فَضْلٍ فَضْلَهٗ ؕ وَاِنْ تَوَلَّوْا فَاِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيْرٍ ۝٣

၃။ ထို့ပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော် မူသော အရှင်မြတ် အထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားကြလေကုန်၊ ထို့နောက် အသင်တို့သည် ထိုအရှင်မြတ်အထံတော်၌ ဝန်ချ တောင်းပန်လျက်ရှိကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား သတ်မှတ်ပြီးဖြစ်သော အချိန်ကာလ တိုင်အောင် ကောင်းမွန်လှစွာသော စည်းစိမ်များကို ခံစားစေတော်မူမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ် သည် အကျင့်အမူအားဖြင့် ပိုမိုသောသူတိုင်းကို ၎င်း၏ပိုမို(၍ရထိုက်)သော အကျိုးကို ချီးမြှင့် ပေးသနားတော်မူပေမည်။

➤➤ လိုက်နာကျင့်သုံးကြရန်ဖြစ်ချေသည်။ ဤသည့် ရည်ရွယ်ချက်အတွက်ပင် တမန်တော်များ ပွင့်လာခဲ့ကြရ ပေသည်။ (ကြည့်-ကုရ်အာန်-၁၆း၃၆။ ၂၁း၂၅။)

တမန်တော်များသည် ထိုဒေသနာတော်များကို လိုက်နာကျင့်သုံးကြသူတို့အား နှစ်ဘဝလုံး၌ အောင်မြင်ကြမည့်အကြောင်း၊ ဝမ်းမြောက်ဖွယ် သတင်းပေး၍ ထိုဒေသနာတော်များကို သွေဖည်၊ ငြင်းဆန်၊ မနာခံသူတို့အား ပြစ်ဒဏ်တော်ခံကြရမည့်အကြောင်း သတိပေးနှိုးဆော်ကြပေသည်။

လူသားတို့သည် မိမိတို့၏အရှင်မြတ်ထံတော်၌သာ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားကြရမည်။ ကောင်းမွန်၊ မြင့်မြတ်သော အကျင့်သီလများကို ဆောက်တည်၍ ထိုအရှင်မြတ်ထံတော်သို့သာ လှည့်ကြရမည်။ သို့ဖြစ်လျှင် ထိုအရှင်မြတ်သည် လူသားတို့အား ဤပစ္စက္ခဘဝတွင် သတ်မှတ်ထားသည့် အချိန်အထိ (၀၀) သေဆုံးသည်အထိ လောကီစည်းစိမ်နှင့် ချမ်းသာမှုများကို ချီးမြှင့်တော်မူပေမည်။

ထို့ပြင်တစ်ဝ အကျင့်သီလတွင် ပိုမိုထူးကဲသူတို့အား နောင်တမလွန်ဘဝတွင် ကုသိုလ်အကျိုးပိုမိုထူးကဲစွာ ချီးမြှင့်တော်မူပေမည်။

အထက်ပါ အာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် "ဤပစ္စက္ခဘဝတွင် သူတော်စင်အဖြစ်နှင့် နေထိုင် အသက်မွေးမြူခြင်းသည် လောကီစည်းစိမ်ခံစားရန် အကြောင်းတစ်ရပ် ဖြစ်ကြောင်း" ကောင်းစွာ သိရှိနိုင်ပေသည်။ (မာဂျိဒီ။)

သို့ရာတွင် အကယ်၍၊ အသင်တို့သည် မျက်နှာ လွှဲဖယ်လျက်ပင် ရှိကြပါလျှင် ငါသည် အသင်တို့နှင့် ပတ်သက်၍ ကြီးကျယ်သော နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်လေသည်။

إِلَى اللَّهِ مَرْجِعُكُمْ ۖ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٤﴾

၄။ အသင်တို့၏ ပြန်လည်ခြင်းသည် အလ္လာဟ်အရှင်မြတ် အထံတော်သို့ပင် ဖြစ်၏။ ၎င်းပြင် ထို အရှင်မြတ်သည် အရာ ခပ်သိမ်းတို့ကို ပြုနိုင် စွမ်းနိုင်တော် မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

أَلَا إِنَّهُمْ يَثْنُونَ صُدُورَهُمْ لِيَسْتَخْفُوا مِنْهُ ۚ أَلَا حِينَ يَسْتَغْشُونَ ثِيَابَهُمْ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ۚ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٥﴾

၅။ သတိပြုကြလေကုန်၊ ဧကန်မလွဲ ၎င်းတို့သည် (မိမိတို့၏ စကားများကို) အလ္လာဟ်အရှင်မြတ်အပေါ် ၌ လျှို့ဝှက်ဖုံးအုပ်နိုင်ကြရန် မိမိတို့၏ ရင်ဘတ်(စိတ်)ကို ခေါက်ကြလေသည်။ သတိပြုကြလေကုန်၊ ထိုသူတို့သည် မိမိတို့၏ အဝတ်အထည်များကို လွှမ်းခြုံကြသောအခါ(၌လည်း) ထိုအရှင်မြတ်သည် ထိုသူတို့ ဖုံးကွယ်ထားကြသည်များကိုလည်းကောင်း၊ ယင်းသူတို့ ထင်ရှားစေကြသည်များကိုလည်းကောင်း၊ သိရှိတော်မူ၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် ရင်ဘတ်(စိတ်)များဝယ် ကိန်းအောင်းလျက်ရှိသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၁]

---

① ဤအာယတ်တော်၏ အဖွင့်နှင့်စပ်လျဉ်း၍ အဆိုအမျိုးမျိုးရှိသည်။

(က) အလ္လာဟ်အရှင်မြတ်သည် နံ့စပ်စွာ သိမြင်တော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူ၏၊ အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူ၏။ ကာဖိရ်နှင့် မုနာဖစ်က်တို့သည် အလ္လာဟ်အရှင်မြတ်၏ ဤသည့်ဂုဏ်တော်ကို မေ့နေကြ၏။ သို့မဟုတ်ပါမူ ၎င်းတို့သည် အစ္စလာမ်သာသနာတော်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တပန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ၀စလ္လမ်)နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မကောင်းသော အကြံအစည်များကို စိတ်ကူးဆဲ၌ပင် ထည့်ကြမည်မဟုတ်ပေ။ ထို့အတွက်ကြောင့်လည်း ဤသည့်ဂုဏ်တော်ကိုပင် ကုရ်အာန် ကျမ်းတော်မြတ်တွင် မကြာခဏထုတ်ဖော် မိန့်ကြားထားတော်မူ ခြင်းဖြစ်သည်။ ➤➤

➤➤ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အမျိုးမျိုးသော ဆန့်ကျင်ရေးတို့နှင့် ရင်ဆိုင်တော်မူခဲ့ရ၏။ ထိုဆန့်ကျင်၊ သွေဖည်ရေးသမားတို့တွင် အုပ်စုတစ်ခုသည် အထူးလျှို့ဝှက်စွာဖြင့် အစ္စလာမ်သာသနာတော်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ဖျက်ဆီးရန် အကြံအစည်များ ပြုလုပ်ကြ၏။ ၎င်းတို့သည် ယင်းသို့ လျှို့ဝှက်စွာ ကြံစည်သည့်အခါတွင် ၎င်းတို့၏ အလွန်အတွင်းကျသည့် အထူးလျှို့ဝှက်ချက်များကို အထူးလုံခြုံစေရန်အတွက် အလွန့်အလွန်လုံခြုံသည့်နေရာများတွင် တံခါးပိတ် အစည်းအဝေးများ ပြုလုပ်ကြ၏။ အလွန့်အလွန် ကျုံ့၍ကျုံ့၍ ထိုင်ကြ၏၊ ရင်ဘတ်များကို နှစ်ထပ်ပြုလုပ်ထားကြ၏၊ ထို့ပြင်တစ်ဝ အပေါ်မှ စောင်များကိုပင် ရုံထားလိုက်ကြသေး၏။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ဤသည့်လျှို့ဝှက်ကြံစည်မှုကို ဖွင့်ဟမိန့်ဆိုထားတော်မူသည်။

(ခ) ဗုခါရီကျမ်းတွင် လာရှိသည်မှာ "တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ လက်ထက်တော်တွင် အချို့မုတ်စ်လင်မ်များသည် ဟီရီဩတပွ-အရှက်အကြောက်အရာ၌ အလွန်ကျွံနေခဲ့ကြ၏။ ကျင်ကြီးကျင်ငယ် စွန့်ရာ၌၊ ကာယသံသဂ္ဂ အမှုပြုရာ၌ လူသဘာဝအလျောက် မလွဲမရှောင်သည့် အချိန်များအတွက် ခေတ္တခဏ အနည်းငယ် ဝတ်လစ်စားလစ်ဖြစ်ရသည်ကိုပင် 'အလ္လာဟ်အရှင်မြတ်သည် ငါတို့အား မြင်နေတော်မူသည်' ဟုမှတ်ယူကာ အလွန်ရှက်တတ်ကြ၏။ ဝတ်လစ်စားလစ် ဖြစ်ရသည့်အချိန်တွင် အလွန်အရှက်ကြီးကြသည့်အတွက် ဦးခေါင်းငုံ့၍ နေကြ၏။ အရှက်မပေါ်လာစေရန်အတွက် ရင်ဘတ်ကို နှစ်ထပ်ပြုလုပ်ထားကြ၏။

အလ္လာဟ်အရှင်မြတ်အား အလွန့်အလွန် ရိုသေခန့်ညားမှုနှင့် အလွန့်အလွန် အရှက်ကြီးမှုများကြောင့် ဤကဲ့သို့သောအဖြစ်များ တစ်ခါတစ်ရံ ဖြစ်ပေါ်နိုင်ပေသည်။ ဤကဲ့သို့ဖြစ်တတ်သော ပုဂ္ဂိုလ်များကို 'ဆူဖီ' များ၏အသုံးအနှုန်းအရ "မယ်လူဗုလ်ဟာလ်" ဟုခေါ်ဆိုသည်။

'ဆွဟာဗဟ်' သာဝကကြီးများ(ရဿွ.ယလ္လာဟုအန်ဟွန်မ်)သည် ပြဿနာတစ်ခုခုတွင် ယခုကဲ့သို့လိုအပ်သည်ထက် ပိုနေပါက ယင်းပိုနေမှုသည် နောင်တစ်ချိန်တွင် မွတ်စ်လင်မ်တို့အဖို့ ခဲယဉ်းကျပ်တည်းမှုဖြစ်စေနိုင်သည့်အတွက်ကြောင့် ဤအာယတ်တော်တွင် ဤသည့် ပိုနေသောအချက်ကို ပြင်ဆင်ရန် မိန့်ထားတော်မူခြင်း ဖြစ်သည်။ ဆိုလိုသည်ကား မလွဲမရှောင်သာ၍ ခေတ္တခဏ အနည်းငယ် ဝတ်လစ်စားလစ် ဖြစ်ရသည့်အတွက် အလ္လာဟ်အရှင်မြတ်အား အလွန်ရှက်ကြောက်ပြီး ဦးခေါင်းများကို ငုံ့ထားကြသည်ဆိုလျှင် စဉ်းစားရမည့် အချက်တစ်ရပ်ကား လူသားတို့သည် အဝတ်အထည် အပြည့်အစုံ လုံလုံခြုံခြုံ ဝတ်ဆင်ထားကြသည့် အချိန်တွင် ထိုအရှင်မြတ်သည် လူသားတို့၏အတွင်းအပြင်ကို မသိတော်၊ မမြင်တော်မူလေသလော၊ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်၊ မြင်တော်မူသည်၊ မည်သည့်အချိန်၌မျှ ထိုအရှင်မြတ်ထံမှ လူသားတို့သည် မည်သို့မျှပုန်းကွယ်နိုင်ကြသည်ဟူ၍ မရှိမေရာ လူသဘာဝအလျောက် မလွဲမရှောင်သာသည့် ထိုအချိန်အခါမျိုးတွင်ပင် ယင်းသို့သော လွန်ကျွံမှုသည် မဖြစ်သင့်ပေ။

وَمَا مِنْ دَآبَّةٍ فِي الْأَرْضِ إِلَّا عَلَى اللَّهِ رِزْقُهَا وَيَعْلَمُ مُسْتَقَرَّهَا وَمُسْتَوْدَعَهَا ۚ كُلٌّ فِي كِتَابٍ مُّبِينٍ ﴿٦﴾

၆။ အမှန်သော်ကား ကမ္ဘာမြေဝယ် ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့ကို စားနပ်ရိက္ခာ ပေးသနားတော်မူရန် အလ္လာဟ် အရှင်မြတ်အပေါ်၌ တာဝန်ဖြစ်ပေသည်။ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းသတ္တဝါများ၏ တာရှည်နေထိုင်ရာ ဌာနများကိုလည်းကောင်း၊ ခေတ္တနေထိုင်ရာဌာနများကိုလည်းကောင်း၊ သိရှိတော်မူပေသည်။ [၂] အလုံးစုံတို့ကား ထင်ရှားလှစွာသော(မှတ်တမ်း)တွင်(လည်း ရေးသားပြီး) ရှိနေပေသတည်း။

---

① အထက်တွင် အလ္လာဟ်အရှင်မြတ်သည် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသည့်အကြောင်း ပါရှိ၏။ ဤမုက္ခပါဠိတော်တွင် ထိုသည့်အကြောင်း၏ သာဓကတရပ်ကို မိန့်ဆိုထားတော်မူသည်။

ဤကမ္ဘာအတွင်း၌ စားသောက်သွားလာ လှုပ်ရှားနေသောသတ္တဝါများသည် အသေးဆုံး အသဲခုံးရှိကုန်၏။ ထိုထိုသော သတ္တဝါအပေါင်းတို့အား လိုအပ်သည်နှင့်အမျှ လိုလေသေးမရှိ စားနပ်ရိက္ခာ ပေးတော်မူရန် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် တာဝန်ယူထားတော်မူသည်။

သက်ရှိသတ္တဝါအပေါင်းတို့အား လိုလေသေးမရှိ စားနပ်ရိက္ခာပေးတော်မူခြင်းကို ထောက်ရှုခြင်းအားဖြင့် ထိုအရှင်မြတ်၏ဉာဏ်တော်သည် အရာခပ်သိမ်းကုန်တို့ကို လွှမ်းခြုံတော်မူလျက်ရှိကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ သို့မဟုတ်ပါမူ သတ္တဝါအပေါင်းတို့အား အသို့လျှင် ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်နိုင်အံ့နည်း။

ဤအကြောင်းနှင့် ဆက်စပ်၍ ကုရ်အာန် ကျမ်းမြတ် (၆ : ၃၈။ ၆ : ၅၉။ ၂၁ : ၄၇။ ၃၁ : ၁၆) ကို ဆင်ခြင်ပါကုန်။

ဤမုက္ခပါဠိဆော်တွင် လူသားတို့အား စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အား "တဝါက္ကုလ်" မှီခိုအားထား ယုံပုံလွဲအပ်ရန် လေးနက်စွာ တိုက်တွန်းထားတော်မူသည်။ စားနပ်ရိက္ခာရရှိရန်အတွက် လူသားတို့ ပြုလုပ်ရာဖွေ ဆည်းပူးနေကြသော အကြောင်းတရားများသည် အမှန်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ စားနပ်ရိက္ခာ ရောက်သည့်အခါနှိပ်တွင် "မုစ်ဗိဗုလ်အတ်စ်ဗာမ်" ခပ်သိမ်းကုန်သော အကြောင်းတရားများကို ပြုစုစီရင်တော်မူသော အရှင်မြတ်အား မှီခိုအားထားနေပါလျှင် ဤသို့သော ရိက္ခာရှာဖွေခြင်းသည် "တဝါက္ကုလ်" နှင့် မဆန့်ကျင်ပေ။

ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်သည် သတ္တဝါအပေါင်းတို့အား ဤသည့် အကြောင်းတရား ဖြင့်သာ ရိက္ခာပေးတော်မူသည် ဟူ၍ မူသေပုံသေ မထင်မှတ်ရာ။ ထိုအရှင်မြတ်သည် တခါတရံ ဤသည့် အကြောင်းတရားများမှတပါး အခြားနည်းလမ်းများဖြင့်လည်း ရိက္ခာပေးတော်မူလေသည်။

② "မုစ်တကရ်ရ်" "မုစ်တောင်ဒအ်" ဟူသော ပုဒ်များ၏အဖွင့်တွင် မုဖတ်စစ်ရ် အဋ္ဌကထာရှင်ကြီးများသည် အဆိုအမျိုးမျိုးပြားလျက်ရှိကြပေသည်။ အီဗ်နုကဆီရ်ကျမ်းတွင် ရေးသားဖော်ပြထားသည်မှာ-

(က) ပထဝီမြေ၌ သတ္တဝါများ လှုပ်ရှားသွားလာလျက် ရှိကြကုန်၏။ ထိုလှုပ်ရှားသွားလာမှု၏ နောက်ဆုံး ဌာနသည် "မုစ်တကရ်ရ်" မည်၏။ ထိုမှပြန်လည်ရပ်တည်ရာဌာနသည် "မုစ်တောင်ဒအ်"မည်၏။ ➤➤

وَهُوَ الَّذِي خَلَقَ السَّمٰوٰتِ
وَالْأَرْضَ فِي سِتَّةِ أَيَّامٍ
وَّكَانَ عَرْشُهُ عَلَى الْمَآءِ
لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلًا
وَلَئِنْ قُلْتَ إِنَّكُمْ مَّبْعُوثُونَ
مِنْ بَعْدِ الْمَوْتِ لَيَقُولَنَّ
الَّذِينَ كَفَرُوٓا إِنْ هٰذَآ إِلَّا
سِحْرٌ مُّبِينٌ ⑦

၇။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် [၁] မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့လေသည်။ စင်စစ်သော်ကား (ထိုမိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မမူမီက)ထိုအရှင်မြတ်၏ 'အရိ်ရှ်' ပလ္လင်တော်သည် ရေပေါ်၌ [၂] ရှိခဲ့လေသည်။ (ယင်းကဲ့သို့ မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ မိုးနှင့်မြေစပ်ကြားဝယ် ရှိရှိသမျှသော သက်ရှိ သက်မဲ့တို့ကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခြင်းကား) ထိုအရှင်မြတ်သည် အသင်တို့အနက် မည်သူသည် အကျင့်အမူအား ဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှာဖြစ်ပေသည်။ [၃]

➤➤ (ခ) ဤပစ္စက္ခဘဝတွင် သတ္တဝါများ မှီခိုရာဌာနသည် "မုစ်တကရ်ရ်" မည်၏။ သေပြီးနောက် မြုပ်နှံရာဌာနသည် "မုစ်တောင်ဒအ်"မည်၏။ ဤသည် သာဝကကြီး အီဗ်နအဗ္ဗာစ်၏အဆိုတည်း။

(ဂ) "မုစ်တကရ်ရ်" ဟူသည် အမိ၏သားအိမ်တည်း။ "မုစ်တောင်ဒအ်"ဟူသည် အဘ၏ ကျောက်ကုန်းတည်း။ ဤသည် မုဂျာဟစ်ဒ်၏အဆိုတည်း။ (အထွာ) က ဤအဆို၏ ဆန့်ကျင်ဘက်ပြော၏။

အချို့ Philosophist များ၏ယူဆချက်အရ ဤပထဝီမြေကြီး၌ သတ္တဝါများ၏ လက်တွေ့နေထိုင်ရာဌာနသည် "မုစ်တကရ်ရ်" မည်၏။ သတ္တဝါများသည် ကာယက်မြောက် အကောင်အထည် ဖြစ်ပေါ်မလာမီ အလျှင်တည်ရှိခဲ့ရာဌာနသည် "မုစ်တောင်ဒအ်' မည်၏။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် သတ္တဝါအပေါင်းတို့၏ ရုပ်တည်ရာဌာနများသည် ဖြစ်ရပ်များအားလုံးတို့သည် အကြွင်းမဲ့ သိတော်မူ၏။ ရုပ်တည်ရာဌာန ဘဝတိုင်းတွင် လိုအပ်သည်နှင့်အမျှ ကျေးဇူးပြုတော်မူ၏။

(ဃ) အထက်တွင် အလ္လာဟ်အရှင်မြတ်သည် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသည့် အကြောင်းပါရှိ၏။ ယခု ဤမုက္ခပါဠိတော်တွင် အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

ဤမုက္ခပါဠိတော်နှင့်အလားတူ မုက္ခပါဠိတော်တပါးသည် ကုရ်အာန်ကျမ်းမြတ်(၇း၅၄)တွင် လာရှိခဲ့ပေပြီ။ ယင်းမုက္ခပါဠိတော်အဖွင့်တွင် (က) မိုးများနှင့်မြေကို ဖန်ဆင်းတော်မူခြင်း၏သဘော။ (ခ) မိုးနှင့်မြေကို ခြောက်ရက်တွင် ဖန်ဆင်းတော်မူခြင်း၏သဘော။ (ဂ) 'အရိ်ရှ်' ပလ္လင်တော်ထက်တွင် စံမြန်းတော်မူခြင်း၏ သဘောထားကို အကျယ်ရေးသားခဲ့ပြီးဖြစ်သည်။

(င) အလ္လာဟ်အရှင်မြတ်သည် မိုးများနှင့်မြေကို ဖန်ဆင်းတော်မမူမီအလျင် ရေကိုဖန်ဆင်းတော်မူ၏။ ➤➤

အမှန်သော်ကား အကယ်၍ အသင်သည် (လူများအား) ဧကန်စင်စစ် အသင်တို့သည်သေပြီး နောက် ရှင်ပြန်ထကြရမည့်သူများပင် ဖြစ်ကြသည်ဟု ပြောဆိုခဲ့ပါလျှင်(ငင်းတို့အနက်) 'ကာဖိရ်' မယုံမကြည်သွေဖည်ငြင်းပယ်သောသူတို့က ထင်ရှားလွန်စွာသော စုန်းပယောဂ အတတ်မျှပင် ဖြစ်သည်ဟူ၍ ပြောဆိုကြမည်မှာ ဧကန်မလွဲတည်း။

➢➢ ရေးသည် နောက်နောင် ဖန်ဆင်းတော်မူအံ့သောငှာ အရာများအတွက် အသက်ရှင်ခြင်း၏ မူလဗီဇဖြစ်၏။ သက်ရှိအရာအားလုံးကို ရေဖြင့် ဖန်ဆင်းတော်မူသည့်အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်(၂၁:၃၀) တွင် 'ငါအရှင်မြတ်သည် သက်ရှိအရာအားလုံးတို့ကို ရေဖြင့် ပြုလုပ်ဖန်ဆင်းတော်မူသည်' ဟု မိန့်ဆိုထားတော်မူသည်။ မိုးများနှင့်မြေ မရှိသေးသည့်အချိန်တွင် ထိုအရှင်မြတ်၏ ပလ္လင်တော်သည် ယခု မိုးများ ကောင်းကင်၌ တည်ရှိနေဘိသကဲ့သို့ ရေပေါ်၌တည်ရှိနေပေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် သက်ရှိသက်မဲ့အားလုံးတို့ကို မူလဗီဇ အသက်ရှင်စေမူသည် ပလ္လင်တော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ တန်ခိုးအာဏာ စိုးမိုးအုပ်ချုပ်မှုအောက်တွင် လုံးဝရှိနေသည်မှာ ထင်ရှားပေသည်။

(၃) ဤကမ္ဘာကြီးကို ဖန်ဆင်းထားတော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူသားတို့အား နေရာချထားပေး၍ ၎င်းတို့အား စမ်းသပ်တော်မူရန်ပင် ဖြစ်သည်။ ဤအံ့ဖွယ် ထူးထွေဆန်းပြားလှသည့် ကမ္ဘာတန်ဆာပလာများကို ကြည့်ရှုဆင်ခြင်၍ မည်သူမည်ဝါတို့သည် မိမိတို့၏အရှင်သခင်အား သိကြသည်။ မသိကြသည်၊ ကမ္ဘာကြီး၏ အမျိုးမျိုးသော ကျေးဇူးများကိုခံစား၍ မည်သူမည်ဝါတို့သည် ကျေးဇူးသိကြသည်၊ မသိကြသည်၊ ကျေးဇူးဆပ်ကြသည်၊ မဆပ်ကြသည်၊ သဘာဝအလျောက် ကျရောက်လာသည့် တာဝန်များကို မည်သူမည်ဝါတို့သည် ကျေပွန်ကြသည်၊ မကျေပွန်ကြသည် ကျွန်ပီပီ တာဝန်သိသိ သစ္စာရှိရှိ စိတ်ထားဖြူဖြူနှင့် မည်သူမည်ဝါတို့သည် ကောင်းမွန်မြင့်မြတ်သော အပြုအမူများကို ကျင့်သုံး၍ မိမိတို့၏အရှင်သခင်အား ကိုးကွယ်ကြသည်ကို စမ်းသပ်တော်မူရန်ပင်ဖြစ်သည်။

မှတ်ချက်။ ဤသည့်သဘောကို ကုရ်အာန် (၆:၁၆၆)တွင်လည်း မိန့်ဆိုထားတော်မူသည်။ သက်ဆိုင်ရာ အဖွင့်ကို ပြန်လည်ရှုပါကုန်။

အထက်တွင် ပါရှိခဲ့သည့်အတိုင်း ဤကမ္ဘာသည် စမ်းသပ်ရာဌာနဖြစ်ပေရာ၊ ယင်းသည့်နောက်ဝိုင်းတွင် စမ်းသပ်ရာ၌ အောင်မြင်သူတို့အား ဆုလဒ်ချီးမြှင့်ခြင်းနှင့် မအောင်မြင်သူတို့အား ပြစ်ဒဏ်ပေးခြင်းသည် မုချရှိရမေမည်။ ထို့အတွက်ကြောင့် ဤတွင်သေပြီး နောက်ပြန်လည်ရှင်ထရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

မက္ကာမြို့သား ကာဖိရ်များသည် သေပြီးနောက် ရှင်ပြန်ထ၍ မိမိတို့ ကောင်းကျိုး ဆိုးကျိုးများကို ခံစံကြရမည်ဟူသောအချက်ကို မယုံကြည်ကြပေ။ ထို့အတွက် ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်တွင်သော်လည်းကောင်း၊ တမန်တော်မြတ်၏နှုတ်မှသော်လည်းကောင်း၊ ဤသည့်အကြောင်းကို ကြားရသောအခါ ဤသည် စုန်းပယောဂမျှသာ ဖြစ်သည်ဟုပြောဆိုကြလေသည်။ ယင်းသို့ ပြောဆိုသော ကာဖိရ်များနှင့် ပတ်သက်၍ ရှေ့လာလတ္တံ့သော မုက္ခပါဌ်တော်တွင် မိန့်ဆိုထားတော်မူသည်။ (ဆက်ရှုကြည့်ပါ)။

وَلَئِنْ أَخَّرْنَا عَنْهُمُ الْعَذَابَ إِلَىٰ أُمَّةٍ مَّعْدُودَةٍ لَّيَقُولُنَّ مَا يَحْبِسُهُ ۗ أَلَا يَوْمَ يَأْتِيهِمْ لَيْسَ مَصْرُوفًا عَنْهُمْ وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٨﴾

၈။ ၎င်းပြင် အကယ်၍ ငါ အရှင်မြတ်သည် ပြစ်ဒဏ်ကို ၎င်းတို့အပေါ်မှ ရေတွက်(သတ်မှတ်) ထားပြီးဖြစ်သော အချိန်ကာလတိုင်အောင် [၁] ရွှေ့ဆိုင်း၍ထားတော်မူခဲ့ပါလျှင် ၎င်းတို့သည် ထိုပြစ်ဒဏ်ကို မည်သည့်အရာက ချုပ်၍ထားဘိသနည်းဟူ၍ မုချ ပြောဆိုကြလေသည်။ သတိပြုကြလေကုန်၊ ထိုပြစ်ဒဏ် သည် ၎င်းတို့ထံ ရောက်ရှိလာမည့်နေ့တွင် ၎င်းတို့ အပေါ်မှ လွဲဖယ်သွားမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့ ပြက်ချော်ပြောင်လှောင်လျှက် ရှိကြကုန်သော ပြစ်ဒဏ် သည် ၎င်းတို့အား ဝိုင်းဝန်း၍ ထားရှိပေမည်။

وَلَئِنْ أَذَقْنَا الْإِنسَانَ مِنَّا رَحْمَةً ثُمَّ نَزَعْنَاهَا مِنْهُ إِنَّهُ لَيَئُوسٌ كَفُورٌ ﴿٩﴾

၉။ စင်စစ်သော်ကား အကယ်၍ ငါအရှင်မြတ် သည်မနုဿလူသားများကို မိမိအထံတော်မှ ကရုဏာ တော်၏ရသကို မြည်းစမ်းစေတော်မူပြီးနောက် ငါ အရှင်မြတ်သည် ယင်းမနုဿလူသားထံမှ ထိုကရုဏာ တော်ကို ရုပ်သိမ်းတော်မူခဲ့ပါလျှင်၊ ဧကန်မလွဲ ထို မနုဿလူသားသည် မျှော်လင့်ချက်ကင်းမဲ့သူများ၊ လွန်စွာ ကျေးဇူးတော်ကိုမသိတတ်သူများ ဖြစ်သွား တတ်ကြပေသတည်း။ [၂]

---

① ကုရ်အာန်ကျမ်းမြတ်တွင် 'အွန်မွတ်' ဟူသောပုဒ်ကို အနက်အဓိပ္ပာယ်အမျိုးမျိုး၌ သုံးနှုန်းထားတော်မူသည်။ (၁) အချိန်ပိုင်း။ ကြည့်-ကုရ်အာန် (၁၁း၁၈)။ (၂) ရှေ့ဆောင်ရှေ့ရပ်၊ ကြည့်-ကုရ်အာန် (၁၆း ၁၂၀)။ (၃) ဘာသာသာသနာ၊ ကြည့်-ကုရ်အာန် (၄၃း၂၂)။ (၄) အသင်းအဖွဲ့၊ အစုအရုံး၊ ကြည့်-ကုရ်အာန်(၂၈း၂၃။ ၁၆း၃၆) (၅) ကာဖိရ်၊ မွတ်စ်လင်မ်မရွေး တမန်တော်များ ပွင့်ခဲ့သည့်လူမျိုး၊ ကြည့်-ကုရ်အာန် (၁၀း၄၇)။ (၆) တမန်တော်များ၏ အမိန့်ဩဝါဒများကို လိုက်နာသည့် တပည့်နောက်လိုက်များ၊ ကြည့်-ကုရ်အာန် (၃း၁၀၉)။ (၇) လူတစ်စု၊ ကြည့်-ကုရ်အာန် (၇း၁၅၉။ ၃း၁၁၂)။ အီဗ်နကဆီရ်၊

② လူသည် သဘောထားကြောင်း၏။ အမြင်ကျဉ်း၏။ အလွှာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် လူအား ကောင်းမွန်အေးချမ်းသာယာစွာ ထားရှိတော်မူပြီးနောက် ဒုက္ခသက်ရောက်စေတော်မူလျှင် လူသည် ယခင် ကျေးဇူးတော်များကို မေ့သွားတတ်၏။ နောင်အဖို့လည်း မျှော်လင့်ချက်မထားရှိတော့ပေ။ ယခင်ခံစားခဲ့ရသော ကျေးဇူးတော်များကို မေ့တတ်ခြင်းနှင့် နောင်အဖို့ မျှော်လင့်ချက် ကင်းမဲ့တတ်ခြင်းသည် လူ၏ မူလသဘောထားပင်။ တဖန် ဒုက္ခခံစားရပြီးနောက်တွင် အကယ်၍အလွှာဟ်အရှင်မြတ်သည် ကောင်းမွန်အေးချမ်းသာယာစွာ ➤➤

وَلَئِنْ أَذَقْنَٰهُ نَعْمَآءَ بَعْدَ ضَرَّآءَ مَسَّتْهُ لَيَقُولَنَّ ذَهَبَ ٱلسَّيِّـَٔاتُ عَنِّىٓ ۚ إِنَّهُۥ لَفَرِحٌ فَخُورٌ ﴿١٠﴾

၁၀။ ထိုနည်းတူစွာ အကယ်၍ ငါအရှင်မြတ်သည် ထိုမနုဿလူသားများအား ၎င်းတို့၌ ဆိုက်ရောက်ခဲ့သော ဘေးဒုက္ခ၏နောက်တွင် ကျေးဇူးတော်၏ အရသာကို မြည်းစမ်းစေတော်မူခဲ့ပါလျှင်၊ ဧကန်မလွဲ ၎င်းတို့သည် 'ကျွန်ုပ်တို့ ဘေးဒုက္ခများ ပပျောက်၍ သွားလေပြီ' ဟု ပြောဆိုလေ့ရှိကြကုန်၏။ ဧကန်စင်စစ် ယင်းမနုဿလူသားတို့သည် ဘဝင်ကြွသူများ ဝါကြွား ပလွားသူများပင် ဖြစ်ကြကုန်သတည်း။

إِلَّا ٱلَّذِينَ صَبَرُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ ۚ أُو۟لَٰٓئِكَ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ ﴿١١﴾

၁၁။ သို့ရာတွင် အကြင်သူများသည် သည်းခံခဲ့ကြလေသည်။ ထို့ပြင် ၎င်းတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်တည်ခဲ့ကြလေသည်။ ဤသူများပင် ၎င်းတို့အဖို့ (ပြစ်မှုများမှ) လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသော အကျိုးဆုလဒ်သည် ရှိချေမည်။

فَلَعَلَّكَ تَارِكٌۢ بَعْضَ مَا يُوحَىٰٓ إِلَيْكَ وَضَآئِقٌۢ بِهِۦ

၁၂။ သို့ဖြစ်ပေရာ အသင်သည် မိမိထံတော်သို့ ပို့တော်မူခြင်းခံရသော အမိန့်တော်များအနက် အချို့ အမိန့်တော်များကို စွန့်လွှတ်ပါမည်လော။

➤➤ ထားရှိတော်မူလျှင် လူသည် စည်းစိမ်ယစ်မူး၍ ယခုငါ၏ဒုက္ခများသည် ကင်းဝေးသွားချေပြီ၊ ဤသည့် ဒုက္ခများသည် ငါတစ်သက်တာ ပြန်လည်သက်ရောက်တော့မည် မဟုတ်ဟူ၍ ထင်မှတ်ကာ ဘဝင်မြင့်တတ်၏။ မောက်မာတတ်၏၊ ပလွားဝါကြွားတတ်၏။ အမှန်မှာ ယင်းသို့ဖြစ်လျှင် လူသည်မိမိ ယခင်ခံစားခဲ့ရသော ဒုက္ခများကို သတိရကာ အလ္လာဟ်အရှင်မြတ်အားသာ ကျေးဇူးတင်အပ်ပေသည်။ ဤသည် ယေဘုယျအားဖြင့် လူသားတို့၏ စိတ်နေသဘောထားပင် ဖြစ်သည်။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးသော မုအ်မင်နဲ်တို့မူကား ယင်းသို့မဟုတ်ကြပေ။ ၎င်းတို့သည် ဒုက္ခနှင့်တွေ့ကြုံကြရလျှင် သည်းခံကြ၏၊ ကြံ့ခိုင်ကြ၏။။ သုခချမ်းသာနှင့် တွေ့ကြုံကြလျှင် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ကြ၏။ ကျေးဇူးတင်သည့်အနေဖြင့် ကောင်းမှုကုသိုလ်ရေးများကို လုံ့လဝီရိယကြီးစွာဖြင့် ပိုမို ဆောက်တည်ကြ၏။ ဤသို့ သစ္စာတော်ကို စောင့်သိ ရှိသေကြသော၊ ပါရမီရှင် မုအ်မင်နဲ် များသာလျှင် အလ္လာဟ် အရှင်မြတ်၏ ကြီးမားစွာသော ဆုလဒ်တော်များကို ခံစံထိုက်ကြပေသတည်း။

صَدْرُكَ أَن يَقُولُوا لَوْلَا
أُنزِلَ عَلَيْهِ كَنزٌ أَوْ جَاءَ
مَعَهُ مَلَكٌ ۚ إِنَّمَا أَنتَ
نَذِيرٌ ۚ وَاللَّهُ عَلَىٰ كُلِّ
شَيْءٍ وَكِيلٌ ﴿١٢﴾

ငင်းပြင် ထိုသူများက 'ယင်း(တမန်တော်)၏ အပေါ်၌ ရွှေငွေဘဏ္ဍာသည် အဘယ်ကြောင့် ချပေးခြင်း မခံရလေသနည်း။ သို့တည်းမဟုတ် ယင်း(တမန်တော်)နှင့်အတူ ကောင်းကင်တမန် တစ်ပါးပါးသည် အဘယ်ကြောင့်မလာပါသနည်း၊' ဟုပြောဆိုကြသောကြောင့် အသင်၏စိတ်သည် ကျဉ်းကြပ်လျက်ရှိနေပါသလော။ အသင်ကား သတိပေးသူမျှသာဖြစ်ချေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သာလျှင်အရာခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ တာဝန်ယူ ထိန်းသိမ်းတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ ၁

---

① မက္ကာမြို့ရှိ မုရှ်ရစ်ကများသည် မိမိတို့၏ 'ရှရစ်က' ယုဉ်တွဲကိုးကွယ်မှု၊ ရုပ်တုကိုးကွယ်မှုတို့၏ မှားယွင်းကြောင်းကို တမန်တော်မြတ်ထံမှ ကြားရသည့်အခါ ဒေါသဖြစ်ကြ၏။ ၎င်းတို့၏ ရယ်ဖွယ်ဖြစ်သော ထုံးတမ်းစဉ်လာများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မိုက်မဲမှုများကို ဟုတ်တိုင်းမှန်ရာ ကြားသိကြရသောအခါ ပို၍ပင် အမျက်ထွက်ကြ၏။ ထိုအခါ မုရှ်ရစ်များသည် တမန်တော်မြတ်အား ၎င်းတို့၏ ကိုးကွယ်ရာများနှင့် စပ်လျဉ်း၍ ဟောကြားရာတွင် အနည်းငယ်လျှော့စေရန်နှင့် လျစ်လျူပြုရန် ကြိုးစားကြ၏။ ယင်းသို့ ကြိုးစား၍ မအောင်မြင်ကြသောအခါ၌ ယင်းမုရှ်ရစ်တို့သည် တမန်တော်မြတ်အား စိတ်ဆင်းရဲစေရန်အတွက် တမင် သက်သက် အမိပ္ပာယ်မရှိသော တောင်းဆိုချက်များကို တောင်းဆိုကြ၏။ ဥပမာ-၎င်းတို့က တမန်တော်မြတ်အား 'အကယ်၍ အသင်သည် တမန်တော်မှန်ကန်ပါလျှင် အသင့်၌ အလ္လာဟ်အရှင်မြတ်ထံတော်မှ အလွန်ကြီးကျယ် သော ဘဏ္ဍာတော်တိုက်တစ်ခု ရှိသင့်ပေသည်။ သို့တည်းမဟုတ် အသင့်အား ထောက်ခံပြောဆိုရန် အသင်နှင့် အတူ ကောင်းကင်တမန်တစ်ပါး ရှိသင့်ပေသည်။ အသင့်၌ မိမိ၏ တရားများကို ယုံကြည် စေရန်အတွက် ရုပ်၊ နာမ်ဆိုင်ရာ တစ်စုံတစ်ရာ အစွမ်းသတ္တိ မရှိပေရာ အကျွန်ုပ်တို့သည် အသင့်အား အသို့ ယုံကြည်နိုင်ကြ အံ့နည်း' ဟုပြောဆိုကြ၏။

တမန်တော်မြတ်သည် ယင်းသို့သော အမိပ္ပာယ်မဲ့သည့် ဒွိဟသံသယများနှင့် တောင်းဆိုချက်များကို ကြားသိရသောအခါ အလွန်တရာမျှ စိတ်ဆင်းရဲတော်မူလေသည်။ တမန်တော်မြတ်သည် အလွန်တရာမျှ သနားကြင်နာတော်မူ၍ မိမိ၏အမျိုးသားများ၏ တရားရရှိရေးကို အတိုင်းမသိ လိုလားတော်မူပေရာ တစ်ခါတစ်ရံ တမန်တော်မြတ်၏ စိတ်နလုံးတွင် 'မုရှ်ရစ်တို့၏ ကိုးကွယ်ရာများနှင့် စပ်လျဉ်း၍ အမိန့်တော်များတွင် အနည်းငယ် နူးညံ့သင့်ပေသည်။ သို့ဖြစ်လျှင် တရားသည် ပိုမို၍ထိရောက်ပေမည်။ အကျိုးလည်း သက်ရောက်ပေမည်။ မုရှ်ရစ်တို့၏ကိုးကွယ်ရာများကို တိုက်ဖျက်ပစ်ရမည်မှာ အမှန်မုချဖြစ်သော်လည်း ယခုလောလောဆယ် အချိန်တွင် အခြေအနေအရ ထောက်ထားညှာတာသောအားဖြင့် အနည်းငယ် လျှော့သင့်ပေသည်။ သို့တည်းမဟုတ် မုရှ်ရစ်တို့၏ တောင်းဆိုချက်များအနက် အချို့တဝက်ကို ဖြည့်စွမ်းပေးသင့်ပေသည်။ ယင်းသို့ ပြုလုပ်ပေးလျှင် မုရှ်ရစ်များသည်လည်း မွတ်စ်လင်မ်များ ဖြစ်လာနိုင်ကြပေသည်။ စသည်ဖြင့် အတွေးအခေါ်များသည် ➤➤

أَمْ يَقُولُونَ افْتَرَاهُ ۖ قُلْ فَأْتُوا بِعَشْرِ سُوَرٍ مِّثْلِهِ مُفْتَرَيَاتٍ وَادْعُوا مَنِ اسْتَطَعْتُم مِّن دُونِ اللَّهِ إِن كُنتُمْ صَادِقِينَ ﴿١٣﴾

၁၃။ ၎င်းတို့က ယင်း(နဗီတမန်တော်)သည် ထို(ကုရ်အာန်)ကို လီဆယ်ဖန်တီးခဲ့သည်ဟု ပြောဆိုကြလေသလော။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'သို့ဖြစ်လျှင်အသင်တို့သည်ထိုကုရ်အာန်ကျမ်းလာ' 'စူရဟ်' ကဏ္ဍကဲ့သို့ လီဆယ်ဖန်တီးထားသော စူရဟ်ကဏ္ဍဆယ်ခုကိုပင် ယူဆောင်ခဲ့ကြလေကုန်။

➤➤ ဖြစ်ပေါ်လာနိုင်ဖွယ်အတွေးအခေါ်တည်း။

အသို့ပင်ဖြစ်စေကာမူ တမန်တော်မြတ် ရင်ဆိုင်တွေ့ကြုံနေတော်မူရသော အချိန်ကား အန္တရာယ်များပြားလှ၏၊ အဘယ်ကြောင့်ဆိုသော် ထိုခေတ်ထိုအခါတွင် ကမ္ဘာ့အဝန်း၌ မိစ္ဆာဝါဒသည် လွှမ်းမိုးလျက်ရှိခဲ့၏၊ တမန်တော်မြတ်တပါးတည်းသာလျှင် ကမ္ဘာ့ မိစ္ဆာ အမှောင်ထုကို ဖြိုခွင်းနေတော်မူခဲ့၏၊ တမန်တော်မြတ်၏ နှုတ်တော်မှထွက်သော တရားသံများသည် မိစ္ဆာဒိဋ္ဌိတို့၏ ခံတပ်များတွင် တုန်လှုပ်ချောက်ချားစေခဲ့၏၊

တမန်တော်မြတ်သည် ရန်သူတို့၏အတွင်းတွင် ရောက်ရှိနေတော်မူခဲ့၏၊ အချို့က တမန်တော်မြတ်အား မုသာဝါဒီဟု စွပ်စွဲ၏။ တချို့က ကဗျာရေးဆရာတော်၏၊ တချို့က ပြောင်လောင်ပြက်ချော်၏။ ထိုသို့သော ပတ်ဝန်းကျင်၌ပင် တမန်တော်မြတ်သည် အလွှာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာ မှီခိုအားထား၍ မတုန်မလှုပ် တည့်မတ်စွာ ရပ်တည်ကာ ရန်သူအားလုံးတို့အား တစ်ပါးတည်း ရင်ဆိုင်တော်မူခဲ့၏။ ဤသည့်အချက်ကို ထောက်ရှုဆင်ခြင်ပါက တမန်တော်မြတ်၏ ရဲစွမ်းသတ္တိရှိမှု၊ စိတ်ဓါတ်ခိုင်မြဲမှုကို မချီးကျူးဘဲမနေနိုင်ပေ။

တမန်တော်မြတ်သည် မူရင်းစေတနာအလျောက် ဆင်းရဲတော်မူသော်လည်း အလွှာဟ်အရှင်မြတ်၏ အာယတ်တော်များကို ကြားနာရသည့်အခါ စိတ်အားထက်သန်၍ မိစ္ဆာဝါဒီတို့အား တွန်းလှန် ဖြိုခွင်းရန် အသင့် ဖြစ်ရှိသွားတော်မူ၏။ ဤသည်အကြောင်းနှင့်စပ်လျဉ်း၍ ဤအာယတ်တော်များ ကျရောက်လာခဲ့ပေသည်။

ယင်းအာယာက်တော်များ၏အချုပ်သဘောမှာ တမန်တော်မြတ်သည် အဆိုပါမုရ်ရစ်က်တို့၏ အဓိပ္ပါယ်ကင်းမဲ့သည့် တောင်းဆိုချက်များအတွက် စိတ်ဆင်းရဲရန်လည်းမလို၊ ၎င်းတို့အား ထောက်ထားညှာတာရန်လည်းမလို၊ တမန်တော်မြတ်သည် စိုးရိမ်ကြောင့်ကြမှု ကင်းမဲ့စွာဖြင့် ဟောကြားရန်အတွက် မိမိထံသို့ ရောက်ရှိလာသော တရားဒေသနာတော်များအနက် အချို့ကို မုရ်ရစ်က်တို့အား ထောက်ထားသောအားဖြင့် စွန့်လွှတ်ချန်ထားရန် အလျှင်းမဖြစ်နိုင်ပေ။ သို့မဖြစ်နိုင်လျှင် တမန်တော်မြတ်အဖို့ စိတ်ဆင်းရဲရန် အကြောင်းလည်းမရှိ၊ တမန်တော်မြတ်၏တာဝန်မှာ အကျိုး၊ အကြောင်း၊ အဆိုး၊ အကောင်း၊ အသိပေးရန်သာဖြစ်သည်။

မုရ်ရစ်က်တို့၏ တရားရှုရှိရေးသည် တမန်တော်မြတ်၏တာဝန်မဟုတ်၊ အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ တာဝန်ယူတော်မူသော အရှင်ဖြစ်တော်မူပေရာ ယင်းမုရ်ရစ်က်တို့၏ ကိစ္စကိုလည်း ထိုအရှင်မြတ်အားသာလျှင် လွှဲအပ်ပြီး လုံလဝီရိယကြီးစွာဖြင့် ဟောကြားရန်ရှိသည့် တရားဒေသနာတော်များကို တာဝန်သိသိသစ္စာရှိရှိ၊ စ၊ လယ်၊ ဆုံး၊ သုံးပါးလုံးကို ဟောကြားရန်သာ ဖြစ်သတည်း။

ငင်းပြင် အကယ်၍အသင်တို့သည် သစ္စာဝါဒီမှန်ကန်စွာပြောဆိုသူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်မှတစ်ပါး: မိမိတို့ တတ်စွမ်းနိုင်သောသူများကိုလည်း အသင်တို့ ခေါ်ခဲ့ကြလေကုန်' ဟု ပြောကြားပါလေ။ [၁]

فَإِلَّمْ يَسْتَجِيبُوا لَكُمْ فَاعْلَمُوا أَنَّمَا أُنزِلَ بِعِلْمِ اللَّهِ وَأَن لَّا إِلَٰهَ إِلَّا هُوَ ۖ فَهَلْ أَنتُم مُّسْلِمُونَ ﴿١٤﴾

၁၄။ တဖန် အကယ်၍ ငင်းတို့သည် အသင်တို့(ပြောဆိုကြသည်)ကို ဖြေဆိုခြင်း မပြုခဲ့ကြပါလျှင် (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) အလ္လာဟ်အရှင်မြတ်၏ အသိပညာဖြင့် ချပေးသနားတော် မူခြင်း ခံခဲ့ရသည်သာလျှင် ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုအရှင်မြတ်မှတစ်ပါး: ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်း မရှိကြောင်းကိုလည်းကောင်း၊ အသင်တို့ကောင်းစွာ ယုံကြည်ကြလေကုန်။ သို့ဖြစ်ပေရာ ယခုသော်လည်းအသင်တို့သည် 'မွတ်စ်လင်မ်' အမိန့်တော်ကို လိုက်နာသောသူများ ဖြစ်ကြပြီလော။

---

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား အကြီးဆုံးတန်ခိုးပြာဋိဟာအဖြစ် ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်ထားတော်မူ၏၊ ယင်းသည့် ကုရ်အာန်ကျမ်းမြတ်သည် ထိုအရပ်မှ၌ရစ်က်တို့၏ ရှေ့မောက်တွင် အထင်အရှားရှိနေချေပြီ။ ငင်းတို့သည် ကုရ်အာန်ကျမ်းမြတ်ကို နာခံကြရန်သာရှိပေသည်။ သို့ရာတွင် မနာခံကြပေ၊ မနာခံကြသည်သာမက ကုရ်အာန်ကျမ်းမြတ်သည် တမန်တော်မြတ် (မပြောကောင်းမဆိုကောင်း) လိမ်လည်ဖန်တီးထားသော ကျမ်းဖြစ်သည်ဟူ၍ပင် ဆိုကြ၏။ ယင်းသို့ပြောဆိုခြင်းနှင့်စပ်လျဉ်း၍ ဤအာယတ်တော်များတွင် ဖြေကြားထားတော်မူသည်။

အလိုသဘောမှာ အို-အရပ်မှ၌ရစ်က်အပေါင်းတို့ အသင်တို့သည်လည်း အရပ်အမျိုးသားများဖြစ်ကြပေသည်။ အသင်တို့လည်း မိမိတို့ကိုယ်ကို စာပေအရာတွင် ပါရဂူများဟု ဆိုကြပေသည်။ သို့ဖြစ်လျှင် အသင်တို့အား လုံး စုပေါင်း၍ ကုရ်အာန်ကဲ့သို့ ကဏ္ဍ(၁၀)ခုမျှပင် ပြုလုပ်ကြကုန်၊ သို့ပြုလုပ်ရာတွင်လည်း အကူအညီ အထောက်အပံ့ ရရှိနိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်မှ တစ်ပါး: မိမိတို့၏ကိုးကွယ်ရာများနှင့် ကမ္ဘာ့အဝန်းကိုခေါ်ယူကြကုန်။

ယင်းသို့ကမ္ဘာ့အဝှန်း၏ အကူအညီယူပြီးနောက်သော်မှလည်း မပြုလုပ်နိုင်ကြသော် (ဘယ်သောအခါ၌မျှလည်း အလျင်း ပြုလုပ်နိုင်ကြမည် မဟုတ်ပေ။) သို့ဖြစ်လျှင် ဤကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်သည်ဟူ၍ မှတ်ယူရန်သာ ရှိပေသည်။ ထိုအရှင်မြတ်သည် ➤➤

مَنْ كَانَ يُرِيدُ الْحَيٰوةَ الدُّنْيَا وَزِينَتَهَا نُوَفِّ إِلَيْهِمْ أَعْمَالَهُمْ فِيهَا وَهُمْ فِيهَا لَا يُبْخَسُونَ ﴿١٥﴾

၁၅။ မည်သူမဆို လောကီဘဝကိုလည်းကောင်း၊ ယင်းလောကီဘဝ၏ (ပကာသနဖြစ်သော) လှပတင့်တယ်မှုကိုလည်းကောင်း၊ ရည်စူးပါလျှင် ငါအရှင်မြတ်သည် ထိုကဲ့သို့သောသူတို့အား ၎င်းတို့၏ကျင့်မူဆောင်ရွက်ချက်များ၏(အကျိုး)ကို ဤလောကီဘဝ၌ပင် *အပြည့်ပေးတော်မူလေသည်။* [၃] ထို့ပြင် ၎င်းတို့သည် ဤလောကီဘဝတွင် (အနည်းငယ်မျှပင်) ယုတ်လျော့စေခြင်းကို ခံကြရသည်မရှိချေ။

➤➤ ကုရ်အာန်ကျမ်းမြတ်ကို မိမိ၏ဉာဏ်တော်အနန္တဖြင့် တမန်တော်မြတ်ထံသို့ ထုတ်ပြန်ချမှတ်တော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များ၌ အလားတူမရှိနိုင်လျှင် ထိုအရှင်မြတ်၏ အခြားသော ဂုဏ်တော်များ၌လည်း ဂုဏ်ရည်တူ၊ အလားတူ အသို့လျှင်ရှိနိုင်အံ့နည်း၊ ဤသို့ ထင်ရှားလှသော သက်သေသာဓကများကို အထင်အရှား တွေ့မြင်နေကြရပြီးနောက်တွင် မှတ်စဉ်လင်မဲဖြစ်ကြရန်သာ ရှိတော့ပေသည်၊ စောင့်ဆိုင်းရန်အကြောင်းအလျင်း မရှိတောပေ။

မှတ်ချက်။

ဤသည့်အကြောင်းကုရ်အာန် (၁၀း၃၇-၃၈)တွင်လည်း ရေးသားခဲ့ပေပြီ။ အစပထမတွင် အရစ်မှုရှစ်က်တို့အား ကုရ်အာန် တစ်စောင်လုံးနှင့်ယှဉ်ပြိုင်ရန် ကြေညာထားတော်မူ၏။ ကြည့်-ကုရ်အာန် (၁၇း၈၈)။ ထိုနောက်တွင် ဤကဏ္ဍတွင် လာရှိသည့်အတိုင်း ကုရ်အာန်ကဲ့သို့ ကဏ္ဍ(၁၀)ခု ပြုလုပ်ရန် ကြေညာတော်မူခဲ့၏။ ထို့နောက်တစ်ဖန် ကုရ်အာန်ကဲ့သို့ ကဏ္ဍတစ်ခုပင်ပြုလုပ်ရန် ကြေညာတော်မူခဲ့၏။ ကြည့်-ကုရ်အာန် (၂း၂၃။ ၁၀း၃၈)။ ယင်းသို့ အဆင့်ဆင့် ကြေညာတော် မူထားသော်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ ကဏ္ဍ တစ်ခုမျှပင် မပြုလုပ် နိုင်ခဲ့ကြပေ။ ဘယ်သော အခါမျှလည်း ပြုလုပ်နိုင်မည်မဟုတ်ပေ။

③ ဤမျှထင်ရှားသော သက်သေသာဓကရှိပါလျက် အကြင်သူတစ်ဦးသည် ကုရ်အာန်ကို မယုံကြည်ဘဲ ကုရ်အာန်၏ အဆုံးအမများကို မလိုက်နာမကျင့်သုံးဘဲ ဤလောကီဘဝ၏ ခေတ္တခဏ ယာယီမျှဖြစ်သည့် စည်းစိမ်နှင့် သခ်ါရဖြစ်သည့် ဂုဏ်ပကာသနများကိုသာ အဓိကပန်းတိုင်ဟုယူဆကာ လောကီရေးတွင် နစ်မွန်းနေအံ့၊ အကယ်တန္တ အမြင်အားဖြင့် ကောင်းမှုတစ်ခုပြုအံ့၊ ဥပမာ-အလှူဒါနပြုအံ့၊ ထိုအလှူဒါနပြုခြင်းအားဖြင့် နောင်တမလွန်ဘဝ၏ ကုသိုလ်အကျိုးနှင့် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရည်စူးသည်မဟုတ်၊ လောကီအကျိုးကိုသာ ရည်စူးအံ့၊ ထိုသို့သော သူများသည် ယဟူဒီဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ၊ မုရ်ရစ်က်ဖြစ်စေ၊ မုနာဖစ်က်ပင် ဖြစ်စေ၊ သို့တည်းမဟုတ် လောကီရေးကိုသာ တပ်မက်မောသော ပြစားသော မွတ်စ်လင်မ်ပင်ဖြစ်စေ၊ ၎င်းတို့နှင့်ပက်သက်၍ ဤအာယတ်တော်တွင် မိန့်ကြားထားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါက ၎င်းတို့၏အပြုအမူများ၏ အကျိုးကို ဤပစ္စက္ခဘဝ၌ပင် အပြည့်အစုံ ပေးပစ်တော်မူမည်ဖြစ်သည်။ ➤➤

أُولَٰئِكَ الَّذِينَ لَيْسَ لَهُمْ فِي الْآخِرَةِ إِلَّا النَّارُ ۖ وَحَبِطَ مَا صَنَعُوا فِيهَا وَبَاطِلٌ مَّا كَانُوا يَعْمَلُونَ ﴿١٦﴾

၁၆။ ဤသူများသည် အကြင် သူများပင်တည်း။ ထိုသူတို့အဖို့ နောင်တမလွန်ဘဝတွင် ငရဲမီးမှအပ အခြား တစ်စုံတစ်ရာမျှပင် (အကျိုးခံစားခွင့်) ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် (ငင်းတို့ပြုလုပ်သမျှတို့သည် အချည်းနီးပင်ဖြစ်သည့်ပြင် ငင်းတို့ကျင့်မူဆောင်ရွက်ခဲ့သမျှ တို့သည်လည်း နောင် တမလွန်ဘဝတွင် အကျိုးမဲ့ ဖြစ်လိမ့်မည်သာတည်း။)

أَفَمَن كَانَ عَلَىٰ بَيِّنَةٍ مِّن رَّبِّهِ وَيَتْلُوهُ شَاهِدٌ مِّنْهُ وَمِن قَبْلِهِ كِتَابُ مُوسَىٰ إِمَامًا

၁၇။ သို့ဖြစ်ပေရာ အကြင်သူတို့သည် မိမိတို့၏ အရှင်မြတ်ထံတော်မှ (ရောက်ရှိလာသော) ထင်ရှားစွာသော သက်သေခံအပေါ်၌ တည်ရှိကြကုန်၏။ [၁] ထို့ပြင် ထိုသူ၏နောက်မှ သက်သေတစ်ခုသည် ထို အရှင်မြတ်အထံတော်မှပါရှိခဲ့၏။

➤➤ တမန်တော်မြတ်၏ ဩဝါဒတော်များတွင်လာရှိသည်မှာ အချို့ကာဖိရ်များသည်လည်း ကောင်းမှုများပြုလုပ်ကြ၏၊ သို့ရာတွင် ငင်းတို့၏ကောင်းမှုများသည် အမြင်အားဖြင့်သာလျှင်ဖြစ်၏၊ ထိုကောင်းမှုများတွင် အီမာန်တည်းဟူသော အသက်မပါ။ ထိုကာဖိရ်များ၏ ကောင်းမှုများသည်လည်း ဤပစ္စက္ခဘဝ၌ အချည်းနီးမဖြစ်ပေ။ အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုများ၏အစားကို ဤပစ္စက္ခဘဝတွင်ပင် ငင်းတို့အားကျန်းမာမှု၊ သားသမီး၊ ဥစ္စာပစ္စည်း၊ ဂုဏ်အင်ဒြပ်၊ ဩဇာအာဏာစသည့် လောကီဂုဏ်ပကာသနများကိုပေးတော်မူ၍ ငင်းတို့၏စာရင်းကို ရှင်းပစ်တော်မူသည်။ ထိုကာဖိရ်များ သေကြေပြီးနောက် ငင်းတို့အဖို့ အကျိုးဖြစ်ထွန်းစေမည့်အရာဟူ၍ အလျင်းရှိမည် မဟုတ်ပေ။ ကာဖိရ်များအတွက် သတ်မှတ်ထားတော်မူသော ပြစဒဏ်အသီးသီးတို့သည် မုချသက်ရောက်မည်သာဖြစ်သည်။ ဤသည့်သဘောကို ကုရ်အာန်(၁၇:၁၈-၂၁။ ၄၂:၂၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။

လောကီအကျိုးကို လိုလားတပ်မက်မောသော 'အာလင်မ်' ပညာရှင်များ၊ 'မုဂျာဟစ်ဒ်' များ၊ ဥစ္စာဓနကဲ့လုံကြွယ်ဝ၍ အလှူဒါနပြုသူများနှင့် ပတ်သက်၍လာရှိသော ခြိမ်းခြောက်မှုများ၏ သဘောမှာလည်း ကိယာမက်နေ့တွင် ငင်းတို့အား 'အသင်တို့သည် လောကီဂုဏ်ပကာသနကျော်ကြားမှု၊ နာမည်ကြီးမှုများအတွက် ပညာသင်ကြားခဲ့ကြ၏။ ဂျိဟာဒ် ပြုခဲ့ကြ၏၊ အလှူဒါန ပြုခဲ့ကြ၏၊ ထိုသည့် ရည်ရွယ်ချက်များသည် ပစ္စက္ခဘဝ၌ပင် အသီးသီး ရရှိခဲ့ကြပြီးဖြစ်သည်။ ယခု ငါအရှင်မြတ်ထံတော်၌ အသင်တို့အဖို့ တစ်စုံတစ်ရာမရှိချေ' ဟု ဖြေကြားတော်မူမည်ဖြစ်သည်။ ထိုသို့ဖြေကြားတော်မူပြီးနောက် ကောင်းကင်တမန်များအား ငင်းတို့ကို ဂျဟန္နမ်ငရဲသို့ ဆောင်ယူသွတ်သွင်းရန် အမိန့်ပေးတော်မူမည်ဖြစ်သည်။ (အလ္လာဟ်အရှင်မြတ်သည် အကျွန်ုပ်တို့အား ဤသည့်အဖြစ်ဆိုးမှ ဖယ်ရှားပေးတော်မူသည်ဖြစ်ပါစေ) (အာမီန်။)

① အကြင်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော ကုရ်အာန်ကျမ်းတော်မြတ် ➤➤

➤➤ အပေါ်၌ တည်ရှိ၏။ ထိုကျမ်းမြတ်သည် တန်ခိုးပြာဋိဟာဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သက်သေသာဓက သည် ထိုကျမ်းမြတ်အထဲ၌ပင်ရှိသည်။ ဤသည် ယုတ္တိဒဋ္ဌိဖြစ်၏။ ထို့ပြင်တဝ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်) ချီးမြှင့်ခြင်းခံရသော 'တောင်ရာတ်' ကျမ်းမြတ်တွင်လည်း သက်သေသာဓကပါရှိခဲ့၏။ ဤသည် အာဂမဒဋ္ဌိဖြစ်၏။ ဤသို့အားဖြင့် ကုရ်အာန်ကျမ်းမြတ်၏ မှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍ ယုတ္တိဒဋ္ဌိ၊ အာဂမဒဋ္ဌိ နှစ်လီသော သာဓကများရှိနေပေ၏။

ဤသို့သော ကုရ်အာန်ကျမ်းမြတ်ပေါ်၌ တည်ရှိနေသောသူများနှင့် ထိုကုရ်အာန်ကို သွေဖည်ငြင်းဆန် မနာခံသောသူများသည် အသို့လျှင် အတူ ဖြစ်နိုင်ကြအုံးနည်း။ အလျင်းမဖြစ်နိုင်ကြပေ။

(ထာနဝီ)

"ဗိုင်ယိနဟ်" ထင်ရှားသော လမ်းစဉ်ဟူသည် အကြင်လမ်းစဉ်ကို ဆိုလိုသည်။ ထိုလမ်းစဉ်အပေါ်၌ လူသားသည် အကယ်၍ မိမိပတ်ဝန်းကျင်၏ အခြေအနေအတွေးအခေါ်များ၏ လွှမ်းမိုးမှုနှင့် ကင်းသော် မိမိ၏မူလဘူတ သဘာဝအလျောက် သွားလာလိုမူ၏။ ထိုလမ်းစဉ်ကား အခြားမဟုတ်၊ တောင်ဟိဒ်၊ အစ္စလာမ်နှင့် ကုရ်အာန်၏ လမ်းစဉ်ပင်ဖြစ်သည်။ (ကြည့်-ကဗီရ်၊ ရူဟ်။) ဤသည့်သဘောနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၃၀း ၃၀) တွင်လည်း မိန့်ဆိုထားတော်မူသည်။ တမန်တော်မြတ်၏ ဩဝါဒတွင်လည်း အောက်ပါအတိုင်း တွေ့ရှိရပေသည်။

"ကလေးတိုင်းသည် သဘာဝတရားအတိုင်း မွေးဖွားလာခဲ့၏။ ထို့နောက် ထိုကလေး၏ မိဘနှစ်ပါး တို့သည် ထိုကလေးကို ယဟူဒီ၊ သို့မဟုတ် နဆ္ဆရာနီ၊ သို့မဟုတ် မဂျူစီ ဖြစ်စေကြသည်။" အီဗ်နုကဆီရ်၊ 'ထိုအရှင်မြတ်၏ဘက်တော်မှ သက်သေ' ဟူသည် ကုရ်အာန်ကျမ်းမြတ်ကို ဆိုလိုသည်။ ယင်းကုရ်အာန်သည် 'ဒီနီဖစ်တ်ဂရတ်' (၀၁) သဘာဝသာသနာ (၀၁) တောင်ဟိဒ်နှင့် အစ္စလာမ်၏ လမ်းစဉ်အပေါ်၌ သွားလာသူမှာ အမှန်မုချမှန်ကန်သော လမ်းစဉ်အပေါ်၌ သွားလာသူ ဖြစ်ကြောင်းကို သက်သေခံသည်။

ထို့ပြင်တဝ ကုရ်အာန်ကျမ်းမြတ်သည် မိမိ၏ မှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍ 'နေထွက်ခြင်းသည် နေရှိနေခြင်း၏ သက်သေဖြစ်သည်' ဆိုသကဲ့သို့ မိမိကိုယ်တိုင်ပင် သက်သေဖြစ်ပေသည်။

ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကုရ်အာန်ကျမ်းမြတ်ကို ယူဆောင်လာသော ကောင်းကင်တမန် ဂျစ်ဗရာအီလ်နှင့် ထိုကျမ်းမြတ်ကို လက်ခံယူတော်မူသော တမန်တော်မြတ်တို့သည်လည်း သက်သေများ ဖြစ်ကြသည်ဟူ၍လည်း ယူဆနိုင်ပေသည်။

အထူးသဖြင့် တမန်တော်မြတ်၏ အကျင့်စာရိတ္တ၊ အလေ့အထများ၊ တန်ခိုးပြာဋိဟာများ၊ တမန်တော်မြတ် ပြောဆိုမိန့်ကြားတော်မူသည့် ဩဝါဒတော်များ၊ တမန်တော်မြတ် ရုပ်ဆင်းသဏ္ဌာန်များကို ထောက်ရှုဆင်ခြင်ပါက တမန်တော်မြတ်ယူဆောင်လာသော သာသနာသည် မှန်ကန်သော သာသနာသာ ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

ထို့ပြင်တဝ ကုရ်အာန်ကျမ်းမြတ်အလျင် သက်ဆိုင်ရာ နဗီတမန်တော်များထံသို့ အသီးသီး ထုတ်ပြန် ချမှတ်တော်မူခဲ့သော ကျမ်းဂန်များ၊ အထူးသဖြင့် တမန်တော်မူစာ (အလိုင်ဟစ္စလာမ်) ချီးမြှင့်တော်မူခြင်း ခံခဲ့ရသော 'တောင်ရာတ်' ကျမ်းမြတ်တွင်လည်း ဤသည့်သဘောကို မိန့်ဆိုထားတော်မူသည်။

သို့ဖြစ်ရာ ကုရ်အာန်ကျမ်းမြတ်၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးသောသူများနှင့် လောကီရေးတွင် လုံးဝနှစ်မွန်း၍ လောကီအကျိုး သက်သက်ကို တပ်မက်မောသူများသည် အသို့လျှင် အတူတူ ဖြစ်နိုင်ကြအုံးနည်း။ အလျင်း မဖြစ်နိုင်ချေ။

وَّرَحْمَةً ۚ أُولَٰئِكَ يُؤْمِنُونَ بِهِ ۖ
وَمَن يَكْفُرْ بِهِ مِنَ
الْأَحْزَابِ فَالنَّارُ مَوْعِدُهُ ۚ
فَلَا تَكُ فِي مِرْيَةٍ مِّنْهُ ۖ
إِنَّهُ الْحَقُّ مِن رَّبِّكَ وَلَٰكِنَّ
أَكْثَرَ النَّاسِ لَا يُؤْمِنُونَ ﴿١٧﴾

(တနည်း) သို့ဖြစ်ပေရာ အကြင်သူတို့သည် မိမိတို့၏အရှင်မြတ်ထံတော်မှ (ရောက်ရှိလာခဲ့သော) ကုရ်အာန်ကျမ်းမြတ်အပေါ်၌တည်ရှိကြကုန်၏။ ထို့ပြင် ထိုကျမ်းမြတ်နှင့်အတူ ထိုကျမ်းမြတ်ထဲ၌ပင် သက်သေခံတစ်ခုပါရှိ၏။) ထိုမှတစ်ပါး၎င်း၏အလျောင် (နဗီတမန်တော်)မူစာ၏ ကျမ်းဂန်သည် ရှေ့ဆောင်ရှေ့ရပ်အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း (ထောက်ခံလျက်) ရှိခဲ့၏။ (လောကီဘဝကို ရည်စူးသောသူတို့သည် ထိုကဲ့သို့သောသူတို့နှင့် တူနိုင်ကြပါမည်လော။) ထိုကဲ့သို့သော သူတို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်ကြလေသည်၊

ထို့ပြင် *အုပ်စုများအနက်မှ* [၁] မည်သူမဆို ယင်း (ကုရ်အာန်ကျမ်းတော်မြတ်)ကို ငြင်းပယ်ခဲ့ပါလျှင် ငရဲဘုံသည် ထိုသူ၏ ချိန်းချက်ထားသောနေရာပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်နှင့်စပ်လျဉ်း၍ဒိဗ္ဗိဟသံသယမဖြစ်ပါလေနှင့်၊ ဧကန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ(ကျရောက်လာသည့်) မှန်ကန်သော ကျမ်းတော်မြတ်ပင် ဖြစ်ချေသည်။ သို့ရာတွင် မြောက်မြားစွာသော သူတို့မူကား သက်ဝင်ယုံကြည်သည် မဟုတ်ချေ။

---

① ဤအာယတ်တော်တွင် လာရှိသော 'အဟ်ဇာဗ်' ဟူသည် ကမ္ဘာ့အဝှန်းရှိ လူသားတို့အနက် အသွေးအရောင်မခြား ရုပ်ဆင်းသဏ္ဌာန်မရွေး အမျိုးအစားမရွေး ကုရ်အာန်ကျမ်းမြတ်ကို လက်မခံငြင်းဆန်သော ကာဖိရ်အားလုံးတို့ကို ဆိုလိုသည်။

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا ۚ أُولَٰئِكَ يُعْرَضُونَ عَلَىٰ رَبِّهِمْ وَيَقُولُ الْأَشْهَادُ هَٰؤُلَاءِ الَّذِينَ كَذَبُوا عَلَىٰ رَبِّهِمْ ۚ أَلَا لَعْنَةُ اللَّهِ عَلَى الظَّالِمِينَ ﴿١٨﴾

၁၈။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်၍ စွပ်စွဲသောသူထက်ပို၍ မတရားစော်ကားသောသူသည် မည်သူ ရှိပါဦးမည်နည်း။ ဤကဲ့သို့သောသူများသည် ၎င်းတို့၏ အရှင်မြတ်ရှေ့တော်မှောက်ဝယ် ဝင်ရောက်စေခြင်းကို ခံကြရပေမည်။ ထိုအခါသက်သေများက ဤသူများပင် မိမိတို့၏အရှင်မြတ်အပေါ်၌ မုသားပြောဆိုစွပ်စွဲခဲ့သောသူများဖြစ်ကြသည်' ဟု ပြောဆိုကြပေမည်။ [၁] အလ္လာဟ် အရှင်မြတ်၏စက်ဆုပ်တော်မူခြင်းသည် မတရားသောသူတို့၏အပေါ်၌ ရှိချိမ့်မည်ဖြစ်ကြောင်း (ကောင်းစွာ) သတိပြုကြလေကုန်။

الَّذِينَ يَصُدُّونَ عَنْ سَبِيلِ اللَّهِ وَيَبْغُونَهَا عِوَجًا ۚ

၁၉။ (ထိုကျူးကျော်စော်ကားသောသူများကား) အကြင်သူတို့ပင်၊ ထိုသူတို့သည် (သူတစ်ပါးတို့အား လည်း) အလ္လာဟ်အရှင်မြတ်လမ်းတော်မှ ပိတ်ပင်တားဆီးကြလေသည်။ ၎င်းပြင်ထိုသူတို့သည် ထိုလမ်းတွင် ကွေ့ကောက်မှုကို ရှာကြံကြလေသည်။

---

① အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မုသားစွပ်စွဲပြောဆိုခြင်းမှာ ထိုအရှင်မြတ် တစ်ပါးတည်းရှိတော်မူခြင်းကို ငြင်းပယ်ခြင်း၊သို့မဟုတ် တမန်တော်မြတ်၏ တမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ခြင်း၊ သို့မဟုတ် ကုရ်အာန်ကျမ်းမြတ်သည် ထိုအရှင်မြတ်၏ ကျမ်းဂန်မဟုတ်ဟု ငြင်းပယ်ခြင်း၊ သို့မဟုတ် ထိုအရှင်မြတ်၌ တွဲဘက်ယှဉ်ဘက် ရှိသည်ဟု ဆိုခြင်းစသည်များပင်ဖြစ်သည်။ သက်သေသာဓက အထောက်အထား အထင်အရှား ရှိပါလျက် ယင်းကဲ့သို့ မုသားစွပ်စွဲ ပြောဆိုသူများထက်ပိုမိုး၍ ကျူးလွန်စော်ကားသူ အသူရိုနိုင်အံ့နည်း။

ထိုသို့ စွပ်စွဲပြောဆိုသူများသည် နောင်တမလွန်ဘဝတွင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ သွတ်သွင်းခြင်းခံရမည်။ ထိုအခါ သက်သေများက 'ဤသူများသည်ပင် မိမိတို့၏ အရှင်သခင်နှင့် ပတ်သက်၍ မုသားစွပ်စွဲ ပြောဆိုသူများဖြစ်ကြပါသည်' ဟု ကမ္ဘာ့ရှေ့မှောက်တွင် သက်သေခံကြမည်ဖြစ်သည်။

ထိုသက်သေများကား မည်သူများနည်း။ ဤတွင် အဆိုပြားလျက်ရှိပေသည်။

(က) အချို့က ထိုသက်သေများသည် ဤပစ္စက္ခဘဝ၌ လူသားတို့၏ အပြုအမူများကို ရေးမှတ်ကြသော ကောင်းကင်တမန်များ ဖြစ်ကြသည်ဟု ဆိုကြ၏။

(ခ) အချို့က ထိုသက်သေများသည် ကောင်းကင်တမန်များ၊ နဗီများ၊ မွတ်စ်လင်မ်များ၊လူသားတို့၏ ကိုယ်အင်္ဂါအဆစ်အပိုင်းများ ဖြစ်ကြသည်ဟု ဆိုကြ၏။

وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ﴿١٩﴾

ထိုမှတစ်ပါး: ၎င်းတို့ကိုယ်တိုင်ပင် 'အာခိရတ်' နောင်တမလွန်ဘဝကို ငြင်းပယ်သူများ ဖြစ်ကြကုန်သတည်း။ (တစ်နည်း:) ၎င်းတို့သည်ကား: 'အာခိရတ်' နောင်တမလွန်ဘဝကိုပင် ငြင်းပယ်သူများ ဖြစ်ကြပေသတည်း။

اُولٰٓئِكَ لَمْ يَكُوْنُوْا مُعْجِزِيْنَ فِي الْاَرْضِ وَمَا كَانَ لَهُمْ مِّنْ دُوْنِ اللّٰهِ مِنْ اَوْلِيَآءَ ۘ يُضٰعَفُ لَهُمُ الْعَذَابُ ۭ مَا كَانُوْا يَسْتَطِيْعُوْنَ السَّمْعَ وَمَا كَانُوْا يُبْصِرُوْنَ ﴿٢٠﴾

၂၀။ ဤသူများသည် ကမ္ဘာမြေ၌လည်း (အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ပေးတော်မူခြင်းမှ) လွတ်မြောက်နိုင်သူများ မဟုတ်ခဲ့ကြချေ။ ထိုမှတစ်ပါး: ၎င်းတို့၌ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကူညီစောင်မမည့်သူဟူ၍လည်း: တစ်ဦးတစ်ယောက်မျှ မရှိခဲ့ချေ။ (ယနေ့မူကား:) ၎င်းတို့၌ပြစ်ဒဏ်သည် နှစ်ဆပြုလုပ်ခြင်းကို ခံရပေမည်။ ၎င်းတို့သည် (မလိုမုန်းတီးမှုကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း) ကြားနာ နိုင်စွမ်းမရှိခဲ့ကြပေ။ (အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာသာဓကများကိုလည်း) မြင်နိုင်ကြသည် မရှိခဲ့ချေ။ [၁]

اُولٰٓئِكَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٢١﴾

၂၁။ ဤသူများပင် မိမိတို့ကိုယ်ကို မိမိတို့ ဆုံးရှုံးနစ်နာစေခဲ့ကြသော သူများတည်း။ ထို့ပြင် ၎င်းတို့ထံမှ ၎င်းတို့ လိဆယ်ဖန်တီးခဲ့ကြသော (ကိုးကွယ်ရာများသည်) ပျောက်ကွယ်၍ သွားကြလေပြီ။

---

① ထိုကျူးကျော်စော်ကားသူများသည် အလွန်အလွန်မုန်းတီးမှုကြောင့် အမှန်တရားကိုလည်း: မကြားနာနိုင်ကြတော့ပေ၊ အလွန်အလွန်ဆန့် ကျင်ဖီလာပြုလိုမှုကြောင့် သက်သေလက္ခဏာတော်များကိုလည်း: မမြင်နိုင်ကြတော့ပေ။ ဤကား: မျက်မြင်ကိုယ်တွေ့ကိစ္စပင်။ အကြင်သူတစ်ဦးသည် အရာတစ်ခုကို အလွန်အလွန်မုန်းတီး၏။ ဆန့်ကျင်၏။ စက်ဆုပ်ရွံရှာ၏။ သို့ဖြစ်လျှင် ထိုသူသည် ထိုအရာကို မကြည့်နိုင်တော့ပေ၊ မကြားနိုင်တော့ပေ။ ယနေ့ကျွန်ုပ်တို့တွင် 'သူဖြူလျှင် ငါမည်းမည်၊ သူလုပ်သမျှ ငါဆန့်ကျင်မည်၊ သူ့မျက်နှာ ငါမကြည့်ချင်၊ သူ့အသံ ငါမကြားလို၊ သူနှင့်ငါ ကြိမ်: တစ်ပြေးတည်းမထိုင်၊ ဆိုသကဲ့သို့ အချင်းအချင်း အလွန်အကျွံမုန်းတီးနေကြသည်။ ရွံရှာစက်ဆုပ်နေကြသည်။ ဤကားမွတ်စ်လင်မ်တို့၏ အလုပ်မဟုတ်ပေ၊ ကာဖိရ် သူယုတ်တို့၏ အလုပ်သာတည်း။ (အလ္လာဟ်အရှင်မြတ်သည် ဤသည့်အဖြစ်ဆိုးမှ ကျွန်ုပ်တို့အား ဖယ်ရှားတော်မူပါစေသတည်း၊)

لَا جَرَمَ أَنَّهُمْ فِي الْآخِرَةِ هُمُ الْأَخْسَرُونَ ﴿٢٢﴾

၂၂။ ဧကန်မလွဲ ၎င်းတို့သည်ပင် နောင်တမလွန်ဘဝတွင် အနစ်နာဆုံးသော သူများဖြစ်ကြပေမည်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَأَخْبَتُوا إِلَىٰ رَبِّهِمْ أُولَٰئِكَ أَصْحَابُ الْجَنَّةِ هُمْ فِيهَا خَالِدُونَ ﴿٢٣﴾

၂၃။ ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့သည် မိမိတို့၏ အရှင်မြတ်ရှေ့တော်ဝယ် ကျိုးနွံခဲ့ကြကုန်၏။ ထိုသူများကား 'ဂျန္နတ်' အမတသုခဘုံသားများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် ယင်း 'ဂျန္နတ်' အမတသုခဘုံ၌ ထာဝစဉ် နေထိုင်စံမြန်းကြရမည့်သူများပင်တည်း။

مَثَلُ الْفَرِيقَيْنِ كَالْأَعْمَىٰ وَالْأَصَمِّ وَالْبَصِيرِ وَالسَّمِيعِ ۚ هَلْ يَسْتَوِيَانِ مَثَلًا ۚ أَفَلَا تَذَكَّرُونَ ﴿٢٤﴾

၂၄။ (သက်ဝင်ယုံကြည်သူနှင့်သွေဖည်ငြင်းပယ် သူ) အုပ်စုနှစ်စု၏ဥပမာကား *မျက်စိကန်းသူနှင့်နားပင်းသူ၊ မျက်စိမြင်သူနှင့် နားကြားသူကဲ့သို့ပင်။* [၁] ထိုသူတို့နှစ်ဦးသည် အခြေအနေအားဖြင့် တူကြလေသလော။ သို့ဖြစ်ပါလျက် အသင်တို့သည် သတိတရား မရရှိကြပါသလော။

وَلَقَدْ أَرْسَلْنَا نُوحًا إِلَىٰ قَوْمِهِ إِنِّي لَكُمْ نَذِيرٌ مُبِينٌ ﴿٢٥﴾

၂၅။ ထို့ပြင်ဧကန်စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်အား ၎င်း၏အမျိုးသားတို့ထံစေလွှတ်တော်မူခဲ့လေသည်။ (သို့ဖြစ်ပေရာ ထိုနဗီတမန်တော် နူဟ်က) ဧကန်အမှန် ငါသည် အသင်တို့အဖို့ ပွင့်ပွင့်လင်းလင်း ထင်ရှားစွာသော သတိပေးသူဖြစ်သည် (ဟု ပြောဆိုခဲ့လေသည်)။

---

① ကာဖိရ်နှင့် မွတ်စ်လင်မ်သည်မတူချေ။ ကာဖိရ်သည် မျက်စိလည်းကန်း၏။ နားလည်း ပင်း၏။ ထို့အတွက် အမှန်နှင့် အမှားကို မခေွခဲ့နိုင်၊ တရားစကားများကိုလည်း မကြားနိုင်၊ မွတ်စ်လင်မ်သည် မျက်စိလည်းမြင်၏။ နားလည်းကြား၏။ ထို့အတွက် အမှန်နှင့် အမှားကို ခေွခဲ့နိုင်၏။ တရားစကားများကိုကြားနာနိုင်၏။ သို့ဖြစ်ပေရာ ကာဖိရ်နှင့် မွတ်စ်လင်မ်သည် အသို့လျှင် တူနိုင်ကြအံ့နည်း။ မျက်စိကန်းသူနှင့် မျက်စိမြင်သူ၊ အမှောင်နှင့်အလင်း၊ အရိပ်နှင့်နေပူ၊ အရှင်နှင့်အသေ အသို့လျှင်တူနိုင်ကြအံ့နည်း။ အကြောင်းမတူက အကျိုးလည်းမတူနိုင်ပေ၊ ➤➤

أَنْ لَّا تَعْبُدُوْٓا إِلَّا اللّٰهَ ۖ إِنِّيْٓ
أَخَافُ عَلَيْكُمْ عَذَابَ
يَوْمٍ أَلِيْمٍ ﴿٢٦﴾

فَقَالَ الْمَلَأُ الَّذِيْنَ كَفَرُوْا
مِنْ قَوْمِهٖ مَا نَرٰىكَ إِلَّا بَشَرًا
مِّثْلَنَا وَمَا نَرٰىكَ اتَّبَعَكَ
إِلَّا الَّذِيْنَ هُمْ أَرَاذِلُنَا
بَادِيَ الرَّأْيِ ۚ وَمَا نَرٰى لَكُمْ
عَلَيْنَا مِنْ فَضْلٍ بَلْ نَظُنُّكُمْ
كٰذِبِيْنَ ﴿٢٧﴾

၂၆။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတပါး အခြားတစ်စုံတစ်ရာကိုမျှ ကိုးကွယ်ဆည်းကပ်ခြင်း မပြုကြကုန်လင့်၊ [၁] အကြောင်းသော်ကား ငါသည် အသင်တို့နှင့် ပတ်သက်၍ နာကျင်ဖွယ်ဖြစ်သောနေ့၏ ပြစ်ဒဏ်ကို [၂] စိုးရိမ်သောကြောင့်ပင်။

၂၇။ ထိုအခါ ယင်း(နဗီတမန်တော်) နူဟ်၏ အမျိုးသားတို့အနက်မှ သွေဖည်ငြင်းပယ်ခဲ့ကြသော အကြီးအကဲတို့က (ဤသို့) ပြောဆိုခဲ့ကြလေသည်။ "ကျွန်ုပ်တို့သည် အသင့်အား မိမိတို့ကဲ့သို့ပင် လူသားတဦးအဖြစ်နှင့်သာလျှင် မြင်ကြပေသည်။ ထိုမှတပါး ကျွန်ုပ်တို့သည် မိမိတို့အနက်မှ အပေါ်ယံ ကြည့်ရှုလေ့လာခြင်းအားဖြင့် ဂုဏ်အသရေ အယုတ်ညံ့ဆုံးဖြစ်သောသူတို့မှတပါး အခြားသူတို့သည် အသင်၏နောက်သို့ လိုက်ကြသည်ကို မမြင်ကြချေ။

ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့၌ မိမိတို့ထက် တစ်စုံတစ်ရာ ထူးကဲသာလွန်မြင့်မြတ်ခြင်းကိုလည်း မတွေ့မြင်ကြပေ။ အမှန်စင်စစ်သော်ကား ကျွန်ုပ်တို့သည် အသင်တို့အား မုသားပြောဆိုသူများဟူ၍သာ ထင်မြင်ယူဆကြပေသတည်း။ [၃]

➤➤ ကာဖိရ်၏ လားရာဌာနသည် 'ဂျဟန္နမ်' ငရဲဖြစ်သည်။ မုအ်မင်နိန်၏ လားရာဌာနကား ဇွန္နတ် ဖြစ်သည်။ ဤသည့်သဘောကို ကုရ်အာန် (၃၅း ၁၉-၂၄) တွင်လည်း ဥပမာပုံခိုင်း၍ မိန့်ဆိုထားတော်မူသည်။

① ပွင့်လေသမျှသော တမန်တော်အားလုံးတို့သည် "တောင်ဟီဒ်" ခေါ် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ရန် အဓိကထား၍ ဟောကြားခဲ့ကြကုန်၏။ တမန်တော် နူဟ်(အလိုင်ဟစ္စလာမ်) သည်လည်း ဤသည့်တရားကိုပင် စတင်ဟောကြားတော်မူခဲ့၏။

တမန်တော်နူဟ်၏ အမျိုးသားများသည် ဝါဒ္ဒ၊ စုဝါအ၊ ယဃူဆ၊ ယအူက၊ နတ်စ်ရ အမည်ရှိသော ရုပ်ထုများကို ကိုးကွယ်နေခဲ့ကြသည်။ ကြည့်-ကုရ်အာန် (၇း၂၃)။ ထို့အတွက် တမန်တော်နူဟ်က "အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သည့်အရာကိုမျှ ကိုးကွယ်ခြင်း အလျင်းမပြုကြကုန်လင့်" ဟု စတင်ဟောကြားတော်မူခဲ့ ခြင်းဖြစ်သည်။

(၂) ပြင်းပျနာကျင်ဖွယ်ဖြစ်သောနေ့၏ ပြစ်ဒဏ်ဟူသည် ကိယာမတ်နေ့၏ ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ ရေဘေးသင့်သည့်နေ့၏ ပြစ်ဒဏ်ကိုသော်လည်းကောင်း ဆိုလိုသည်။ ဤတွင် ဒွိဟမရှိပြီ။ (ကဗီရ်)

(၃) တမန်တော် နူဟ်(အလိုင်ဟစ္စလာမ်)က မိမိ၏ အမျိုးသားများအား 'တောင်ဟိဒ်' တရားဟောကြားတော်မူသည့်အခါ ထိုအမျိုးသားများအနက် ကာဖိရ်အကြီးအကဲများက တမန်တော်မြတ်အား ဆန့်ကျင်၍ ပြောဆိုကြလေသည်။ ၎င်းတို့၏ ပြောဆိုချက်၏ သဘောမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ 'တမန်တော်ဟူသော ပုဂ္ဂိုလ်၌ တမျိုးသားလုံးနှင့် မတူ၊ ထူးခြားသည့် အချက်ရှိရမည်။ ယခု ကျွန်ုပ်တို့တွေ့မြင်နေကြရသည်မှာ အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးမျှဖြစ်သည်။ ကောင်းကင်တမန်မဟုတ်၊ အကြောင်းမဲ့ ကျွန်ုပ်တို့သည် အသင့်ရှေ့မောက်၌ ဦးမညွတ်နိုင်ကြပေ။

၂။ 'ထို့ပြင်တဝ လူသားတစ်ဦးသည် တမန်တော်ဖြစ်နိုင်သည်ပင် ထားဦး၊ အသင်၌ ကျွန်ုပ်တို့ထက် ထူးကဲမြင့်မြတ်မှု၊ သာပိုမှု။ တစ်စုံတစ်ခုကိုမျှ မတွေ့ရှိရ။ အသင့်၌ ဥစ္စာဓနလည်း မရှိ၊ ရာထူးဌာနန္တရလည်းမရှိ၊ သြဇာတိက္ကမလည်းမရှိ။

၃။ ထို့ပြင်တဝ အသင့်အား ယုံကြည်ထောက်ခံပါသည်ဟု ပြောဆိုနေကြသော အသင်၏ လက်ရှိနောက်လိုက်တပည့်များမှာလည်း ဆင်းရဲသားကျောမွဲများ၊ သေးနုပ်သိမ်ဖျင်းသောသူများ၊ သြဇာတိက္ကမရှိသောသူများ၊ အောက်တန်းစား လူတန်းစားများသာလျှင် ဖြစ်ကြပေသည်။ ဤသို့သော သူများနှင့်အတူ ကျွန်ုပ်တို့သည် ကြမ်းတမြေးတည်း မထိုင်နိုင်၊ သူတို့နှင့် အတူ ပူးတွဲထိုင်ခြင်းသည်ပင် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကို ထိုခိုက်စေသည်၊ ညှိုးနွမ်းစေသည်၊ ရှက်ဖွယ်ဖြစ်သည်။

အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်အဖြစ် ရွေးချယ်မြှောက်စားတော်မူရန်အတွက် ကမ္ဘာအဝန်းမှ အသင့်ကိုပင် တွေ့မြင်တော်မူလေသလော။ ကျွန်ုပ်တို့သည် အသင့်ထက် အမျိုးအနွယ်အားဖြင့် လည်းကောင်း၊ ဥစ္စာဓနအားဖြင့်လည်းကောင်း၊ အဆင်းအားဖြင့်လည်းကောင်း၊ အချင်းအားဖြင့်လည်းကောင်း၊ မည်သည့်အရာ၌မျှ နိမ့်ကျကြသည်မရှိ၊ တမန်တော်အဖြစ် ရွေးခြင်းရွေးလျှင် ကျွန်ုပ်တို့အားသာလျှင် ရွေးရန်ရှိသည်။

၄။ ယုတ်စွအဆုံး အသင်၏ နောက်လိုက်များသည် သြဇာတိက္ကမရှိသူများ၊ ဂုဏ်အသရေရှိသူများ ဖြစ်သင့်ကြပေသည်။ ယခုမူ အသင်၏ နောက်လိုက်များမှာ သေးနုပ်သိမ်ဖျင်းသော လူတန်းစားများသာ ဖြစ်ကြပေသည်။ ဤကဲ့သို့ သေးနုပ်သိမ်ဖျင်းသော လူတန်းစားများက အသင့်အား ယုံကြည် ထောက်ခံကြသည့်အတွက် အသင့်၌ မည်သို့မျှ ဂုဏ်အင်ဒြပ်ကြီးမားသွားသည်လည်းမရှိပေ။ အသင်၏ မှန်ကန်မှုအတွက် အထောက်အထားလည်း မဖြစ်နိုင်ပေ။ ဤကဲ့သို့ သေးနုပ်သိမ်ဖျင်းသော အတွေးအခေါ် အမြော်အမြင် မရှိသော လူတစ်စုက မစဉ်းမစား မဆင်ခြင်ဘဲ အသင့်အား ယုံကြည် ထောက်ခံကြသည့်အတွက် အသင့်အဖို့ မည်သို့မျှ အကျိုးလည်း မရှိပေ။

၅။ ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်မှာ အသင်နှင့်တကွ အသင်၏ နောက်လိုက်များသည် အားလုံး လူလိမ်များသာ ဖြစ်ကြလေသည်။

အသင်သည် အကြံသစ်တစ်ခု ထုတ်လိုက်သည်၊ လူပြိန်းတစ်စုက ဝိုင်းထောက်ခံလိုက်ကြသည်။ ဤသို့ လမ်းစဉ်တစ်ခု သတ်မှတ်၍ လူပေါလူဇော်လုပ်လိုခြင်း၊ အကြီးအကဲဥက္ကဋ္ဌ လုပ်လိုခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့ လက်မခံ။

ဤကား တမန်တော် နူဟ်၏ အမျိုးသားများအနက် ကာဖိရ် အကြီးအကဲများက တမန်တော်နူဟ်အား ဆန့်ကျင်ပြောဆိုခဲ့ကြသည့် ပြောဆိုချက်၏ သဘောအကျဉ်းပင် ဖြစ်သည်။

قَالَ يَٰقَوْمِ أَرَءَيْتُمْ إِن كُنتُ عَلَىٰ بَيِّنَةٍ مِّن رَّبِّي وَءَاتَىٰنِي رَحْمَةً مِّنْ عِندِهِۦ فَعُمِّيَتْ عَلَيْكُمْ أَنُلْزِمُكُمُوهَا وَأَنتُمْ لَهَا كَٰرِهُونَ ﴿٢٨﴾

၂၈။ (ထိုအခါ နဗီတမန်တော်နူဟ်သည် ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ အကယ်၍ငါသည် မိမိအရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေခံအပေါ်၌တည်ရှိနေသော်၊ ၎င်းပြင် ထိုအရှင်မြတ်သည် ငါ့အားမိမိအထံတော်မှ တမန်တော်အဖြစ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သော်၊ ပြီးနောက် ထိုတမန်တော်အဖြစ်သည် အသင်တို့အပေါ်၌ ဖုံးအုပ်လျက်ရှိနေသော် အသင်တို့သည် မည်သို့ ယူဆကြမည်ကို ငါ့အား ပြောပြကြလေကုန်။ အမှန်စင်စစ် အသင်တို့သည်လည်း ယင်းနဗီတမန်တော်ဖြစ်ခြင်းကိုပင် ရွံရှာစက်ဆုပ်နေကြပါလျက် ငါသည် အသင်တို့အား ယင်းနဗီဖြစ်ခြင်းကို (ယုံကြည်လက်ခံကြရန်) အကျပ်ကိုင်ရပါမည်လော။ ၁

---

① တမန်တော်နူဟ်က မိမိ၏ အမျိုးသားများအနက် ကာဖိရ်တို့အား ဖြေကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်သည် အခြားသူများနှင့် လုံးဝ ခြားနားရမည်ဟူသော အချက်သည်မှန်ကန်သည်။

သို့ရာတွင် ထိုခြားနားချက်သည် ဥစ္စာပစ္စည်း၊ ရာထူးဌာနန္တရ၊ လောကီအရှိန်အဝါအားဖြင့် မဟုတ်ပေ။ အလွန်အလွန် ကောင်းမွန်မြင့်မြတ်လှသည့် အကျင့်စာရိတ္တ၊ စွမ်းရည်သတ္တိ၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှု၊ အမှန်တရားကိုလိုက်နာကျင့်သုံးမှု၊ သတ္တဝါအပေါင်းတို့အား သနားကြင်နာမှု၊ အလ္လာဟ်အရှင်မြတ်၏ သက်သေသာဓက အထောက်အထားများကို ထင်ရှားပြသမှုအားဖြင့် သာလျှင် ခြားနားပေသည်။ တမန်တော်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များနှင့်အညီ မှန်ကန်သော လမ်းစဉ်အပေါ်၌ တည့်မတ်စွာ နေထိုင်သွားလာကျင့်သုံး၍ သူတစ်ပါးအား သွန်သင်ဆုံးမပြဲဝါဒပေးသည်။ အလ္လာဟ်အရှင်မြတ်၏ ထူးခြားသော ကရုဏာတော်များသည် ထိုတမန်တော်အပေါ်သို့ မိုးရွာသွန်းသည့်အလား သက်ရောက်လျက်ရှိပေသည်။

တမန်တော်နူဟ်က မိမိ၏အမျိုးသားများအား တမန်တော်တစ်ပါး၌ ရှိအပ်သည့် အရည်အချင်းအားလုံးတို့သည် မိမိ၌အပြည့်အစုံရှိသည်၊ သို့ရာတွင် မျက်စိကန်းနေသူသည် နေ၏အလင်းရောင်ကို မမြင်သည့်အလား အသင်တို့၏ မျက်စိများသည်လည်း အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်တည်းဟူသော ရောင်ခြည်တော်ကို မမြင်ပေ။ အသင်တို့သည် မြင်လည်းမမြင်လိုကြပေ။ အမှန်မှာ အသင်တို့၏ အတွင်းစက္ခုများသည် ကန်းလျက်ရှိချေပြီ။ အသင်တို့ မမြင်လို၊ မကြားလို၊ မနာလိုသောအရာကို အသင်တို့ စက်ဆုပ်ရွံရှာမုန်းတီးနေကြသောအရာကို အသင်တို့ လက်ခံကြရန် ကျွန်ုပ်က အကျပ်ကိုင်ရမည်လောဟု ဖြေကြားတော်မူလေသည်။

وَيٰقَوْمِ لَآ أَسْـَٔلُكُمْ عَلَيْهِ مَالًا ۖ إِنْ أَجْرِيَ إِلَّا عَلَى اللَّهِ وَمَآ أَنَا بِطَارِدِ الَّذِينَ ءَامَنُوٓا۟ ۚ إِنَّهُم مُّلَٰقُوا۟ رَبِّهِمْ وَلَٰكِنِّىٓ أَرَىٰكُمْ قَوْمًا تَجْهَلُونَ ﴿٢٩﴾

၂၉။ စင်စစ်သော်ကား အိုး-ငါ၏အမျိုးသားတို့၊ ငါသည်အသင်တို့ထံ ယင်း(တရားဓမ္မဟောကြားခြင်း)နှင့် စပ်လျဉ်း၍ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာကိုမျှ တောင်းသည်မဟုတ်ပေ၊ ငါ၏အကျိုးဆုလာဘ်သည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ရှိချေသည်။ ထို့ပြင် ငါသည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့အား မောင်းထုတ်မည့်သူလည်းမဟုတ်ချေ။ [၁] ဇကန်မလွဲ ယင်းသက်ဝင်ယုံကြည်သူတို့ကား မိမိတို့၏အရှင်မြတ်နှင့် တွေ့ဆုံမည့်သူများတည်း။ [၂] သို့ရာတွင် ငါသည် အသင်တို့အား မိုက်မဲနေကြသောသူများဖြစ်ကြသည်ဟူ၍သာ တွေ့မြင်လေသည်။

وَيٰقَوْمِ مَن يَنصُرُنِى مِنَ اللَّهِ إِن طَرَدتُّهُمْ ۚ أَفَلَا تَذَكَّرُونَ ﴿٣٠﴾

၃၀။ ထိုမှတစ်ပါး အိုး-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည် ၎င်းတို့အား နှင်ထုတ်ခဲ့ပါမူ ငါ့အား အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ မည်သူ ကာကွယ်ပါမည်နည်း။ အသင်တို့သည် (ဤမျှပင်) မစဉ်းစားမိကြလေသလော။

---

① တမန်တော် နူဟ်က မိမိ၏အမျိုးသားများအားဖြေကြားသည်မှာ ကျွန်ုပ် ဤသို့တရားဓမ္မဟောကြားခြင်းမှာ လောကီစီးပွားရေး အတွက်မဟုတ်၊ ဝမ်းရေးအတွက်မဟုတ် ဤသို့တရားဓမ္မ ဟောကြားသည့်အတွက် အသင်တို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာ တောင်းသည်မရှိ။ တောင်းရန်လည်းမလို၊ တောင်းလည်းမတောင်းအပ်၊ ကျွန်ုပ်သည် မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်၏ ကျွန် အစေခံ မျှဖြစ်သည်။ ကျွန်ုပ်၏ အခသည် ထိုအရှင်မြတ်ထံတော်မှပင် ရရှိမည်ဖြစ်သည်။ ကျွန်ုပ်သည် အသင်တို့၏ ဥစ္စာပစ္စည်းများကို မလိုလားပါ။ မမက်မောပါ။ သို့ဖြစ်ပေရာ ဆင်းရဲသားများကို စွန့်လွှတ်၍ ဥစ္စာဓနကဲ့လုံကြွယ်ဝသူများဘက်သို့ ယိမ်းယိုင်ရန် အကြောင်းမရှိပါ။

ကျွန်ုပ်၏ နောက်လိုက်တပည့်သားများသည် ဆင်းရဲနွမ်းပါးကြသည်မှန်၏။ ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှုကို အကြောင်းပြု၍ အသင်တို့သည် ၎င်းတို့အား သေးနုပ်သိမ်ဖျင်းသူများဖြစ်သည်ဟု ထင်မှတ်ကြလိုက ထင်မှတ်ကြကုန်၊ သို့ရာတွင် အသင်တို့ ယုံကြည်ထားအပ်သည်မှာ ကျွန်ုပ်သည် 'အီမာန်' တည်းဟူသော ရတနာကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြကုန်သော ဤဆင်းရဲသားမုအ်မင်နဲ်တို့အား ၎င်းတို့၏ အပေါ်ယံ ဆင်းရဲနွမ်းပါးမှုကို ကြည့်ပြီး တိရစ္ဆာန်များပမာ ဘယ်သောအခါမျှ မိမိထံမှ နှင်ထုတ်မည်မဟုတ်။ ထိုမုအ်မင်နဲ် ဆင်းရဲသားများသည် တနေ့သော် အလ္လာဟ် အရှင်မြတ်နှင့် တွေ့ကြမည်ဖြစ်သည်။ အကယ်တန္တ ကျွန်ုပ်သည် အသင်တို့ကို ထောက်ထားပြီး ၎င်းတို့အား နှင်ထုတ်မိခဲ့သော် ၎င်းတို့သည် အလ္လာဟ် အရှင်မြတ် အထံတော်၌ ➤➤

وَلَآ أَقُولُ لَكُمْ عِندِى خَزَآئِنُ
ٱللَّهِ وَلَآ أَعْلَمُ ٱلْغَيْبَ
وَلَآ أَقُولُ إِنِّى مَلَكٌ وَلَآ أَقُولُ
لِلَّذِينَ تَزْدَرِىٓ أَعْيُنُكُمْ لَن
يُؤْتِيَهُمُ ٱللَّهُ خَيْرًا ۖ ٱللَّهُ أَعْلَمُ
بِمَا فِىٓ أَنفُسِهِمْ ۖ إِنِّىٓ إِذًا
لَّمِنَ ٱلظَّٰلِمِينَ ﴿٣١﴾

၃၁။ ၎င်းပြင် ငါသည် မိမိထံတွင် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များရှိသည်ဟူ၍လည်းကောင်း၊ ငါသည် အကွယ်၌ရှိသောအရာအားလုံးကို သိသည်ဟူ၍လည်းကောင်း၊ အသင်တို့အား ပြောဆိုသည်မဟုတ်ပေ။ ထိုမှတစ်ပါး ဧကန်စင်စစ် ငါသည်ကောင်းကင်တမန်ဖြစ်သည်ဟူ၍လည်း ပြောဆိုသည်မဟုတ်ပေ။ ထို့ပြင် ငါသည် အသင်တို့၏အမြင်တွင် သေးသိမ်လျက်ရှိကြကုန်သောသူတို့နှင့် ပတ်သက်၍ ၎င်းတို့အား အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်ခြင်းကို အလျင်း ချီးမြှင့်ပေးသနားတော်မူလိမ့်မည်မဟုတ် ဟူ၍လည်း ပြောဆိုသည်မဟုတ်ချေ။ ၎င်းတို့၏စိတ်နှလုံးတွင် ရှိသည်တို့ကို အလ္လာဟ်အရှင်မြတ်ပင် အသိဆုံးသောအရှင်မြတ်ဖြစ်တော်မူပေသည်။ ဧကန်မလွဲ ငါသည်ထိုကဲ့သို့(ပြောမိခဲ့ပါ)လျှင် မတရားသောသူတို့တွင် အမှန်ပင်အပါအဝင်ဖြစ်ပေမည်။ [၁]

➤➤ ကျွန်ုပ်နှင့်ပတ်သက်၍ 'အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏တမန်တော်သည် မောက်မာသော ဓနရှင်များကို ထောက်ထားပြီး သစ္စာရှိ ဆင်းရဲသား ကျွန်တော်မျိုးများအား နှင်ထုတ်ခဲ့ပါသည်' ဟု လျှောက်ထားတိုင်တန်းကြပေမည်။ ထိုသို့ တိုင်တန်းကြလျှင် ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ မည်သူမျှ ကာကွယ်ပေးနိုင်မည်မဟုတ်ပေ။

(၂) ဤဝါကျကို အောက်ပါအတိုင်း နှစ်မျိုးနှစ်စားဖွင့်ဆိုကြသည်ကို တွေ့ရှိရသည်။

အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အပါးတော်၌ ချဉ်းကပ်ကြမည့်သူများ၊ အောင်မြင်သူများ ဖြစ်ကြပေသည်။ (ရှုဟ်)။

ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံကြမည်ကို ယုံကြည်ကြပေသည်။

(၁) တမန်တော်နူဟ်၏ အမျိုးသားများအနက် ကာဖိရ်များက တမန်တော်နူဟ်အား "အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးမျှဖြစ်သည်၊ ဥစ္စာမရှိ ကဲ့လုံကြွယ်ဝသည်လည်းမရှိ၊ ကျွန်ုပ်တို့ထက် တစ်စုံတစ်ရာ ပိုမိုထူးကဲသည်လည်း မရှိ" ဟု ပြောဆိုကြရာ တမန်တော်နူဟ်က ကာယိန္ဒြေရှိရှိဖြင့် အောက်ပါအတိုင်း မှန်ကန်တိကျစွာ ဖြေကြားတော်မူခဲ့လေသည်။

သဘောမှာ – အသင်တို့ လိုလားသည့် ထူးခြားချက်များ ကျွန်ုပ်၌ရှိသည်ဟု ကျွန်ုပ်မဆို၊ ကျွန်ုပ်သည် လူသားတစ်ဦးမျှ ဖြစ်သည်။ ကောင်းကင်တမန် မဟုတ်၊ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား မိမိ၏ ဘဏ္ဍာတော်တိုက်အားလုံးကို ချယ်လှယ်သုံးစွဲရန် ပေးအပ်ထားတော်မူသည်လည်းမဟုတ်၊ အကွယ်၌ရှိသော ➤➤

قَالُوا۟ يَٰنُوحُ قَدْ جَٰدَلْتَنَا فَأَكْثَرْتَ جِدَالَنَا فَأْتِنَا بِمَا تَعِدُنَآ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿٣٢﴾

၃၂။ (ထိုအခါ အမျိုးသားများက ဤသို့) ပြောဆိုခဲ့ကြလေသည်။ အို-နူဟ်၊ ဇကန်မလွဲ အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံ ပြုခဲ့လေသည်။ တဖန် အသင်သည် (ယင်းကဲ့သို့) ကျွန်ုပ်တို့နှင့် အငြင်းအခုံ ပြုခြင်းကို အလွန်များများမြောင် (ကျယ်ပြန့်)စေခဲ့ပြန်၏။ သို့ဖြစ်ပေရာ အကယ်၍ အသင်သည် 'သစ္စာဝါဒီ မှန်ကန်စွာ ပြောဆိုသူဖြစ်ပါလျှင် ကျွန်ုပ်တို့အား ခြိမ်းခြောက်လျက်ရှိသော ပြစ်ဒဏ်ကို အသင်သည် ကျွန်ုပ်တို့ထံ ယူဆောင်ခဲ့လော့။ [၁]

➤➤ အရာအားလုံးတို့ကို ကျွန်ုပ်အား အသိပေးထားတော်မူသည်လည်း မဟုတ်။ ဤသည်တို့သည် အမှန်ပင်ဖြစ်သည်။ ကျွန်ုပ်အတိအလင်းပြောသည်။ သို့သော် အသင်တို့အထင်အမြင်သေးနေကြသော၊ သေးနုပ်သိမ်ဖျင်း သူများဟု အသင်တို့ထင်မှတ်နေကြသော မုအ်မင်နှ်ဆင်းရဲသားများနှင့် ပတ်သက်၍ ၎င်းတို့အား အလွှာဟ်အရှင်မြတ်သည် ဘယ်သောအခါ၌မျှ မည်သည့်ကောင်းကျိုးချမ်းသာမှုကိုမျှ ပေးတော်မူမည်မဟုတ်ဟူ၍ကား ကျွန်ုပ်အလှုံးမဆို။ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကို နဗီတမန်တော်အဖြစ် ချီးမြှင့်တော်မူ၍ ကျန်ပုဂ္ဂိုလ်တို့အား အီမာန်ကိုချီးမြှင့်တော်မူနိုင်သည်။ ချီးမြှင့်၍ ထားတော်မူပြီးလည်း ဖြစ်သည်။

အသင်တို့ အထူးသတိထားအပ်သည်မှာ - အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ အတွင်းစိတ်ဓာတ်၊ အခြေအနေ၊ အရည်အချင်းတို့ကို ကောင်းစွာသိတော်မူသည်။ အရည်အချင်း ရှိသည်နှင့်အမျှ လျှော်ကန်သင့်မြတ်သည့် အကျိုးများကိုလည်း ပေးသနားတော်မူသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်ကိုလည်းကောင်း၊ ကျွန်ုပ်၏ နောက်လိုက်တပည့်များကိုလည်းကောင်း၊ ထူးခြားသော ကျေးဇူးတော်ကို ချီးမြှင့်၍ထားတော်မူသည်။ သို့ရာတွင် အသင်တို့သည် ထိုကျေးဇူးတော်ကို မသိမြင်ကြချေ။ အသင်တို့ အပေါ်ယံကြည့်၍ အထင်အမြင်သေးနေကြသော သူများအား အတွင်းအပြင် အကြွင်းမဲ့သိတော်မူသော အလွှာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာ ဂုဏ်အင်ဒြပ် ချီးမြှင့်တော်မူမည်မဟုတ်ဟု ကျွန်ုပ် အကယ်တန္တ ပြောဆိုမိလျှင် ကျွန်ုပ်သည် မတရားသူဖြစ်သွားပေမည်။ ကျွန်ုပ်ကား ဤသို့အလျင်းမပြော။

① တမန်တော် နူဟ်(အလိုင်ဟစ္စလာမ်)သည် ရေဘေးမသက်ရောက်မီ နှစ်ပေါင်း (၉၅၀)တိုင်တိုင် မိမိ၏ အမျိုးသားများနှင့် အတူတကွ နေထိုင်၍ ၎င်းတို့အား လျှို့ဝှက်စွာတစ်မျိုး အတည့်အလင်းတစ်ဖုံ နည်းမျိုးစုံဖြင့် နှေ့ည၌်မပြတ် သွန်သင်ဆုံးမ ဩဝါဒပေးတော်မူခဲ့၏။ အမျိုးသားများ၏ ဒွိဟသံသယများကိုလည်း ပြေလည်အောင် ဖြေရှင်းပေးတော်မူခဲ့၏။ ယင်းသို့ သွန်သင်ဆုံးမ ဩဝါဒပေးတော်မူရာတွင် နှစ်ပရိစ္ဆေဒ အတော်ကြာညောင်းခဲ့၏။ နောက်ဆုံးတွင် ထိုအမျိုးသားများအနက် ကာဖိရ်များက 'အို-နူဟ်၊ အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံ ပြုခဲ့ချေပြီ၊ အငြင်းအခုံလည်း အမြောက်အမြား ပြုခဲ့ချေပြီ၊ သို့ဖြစ်ရာ အသင်မှန်ကန်သူဖြစ်လျှင် အသင် ကျွန်ုပ်တို့အား ခြိမ်းခြောက်သည့်ပြစ်ဒဏ်ကို ကျွန်ုပ်တို့ထံယူဆောင်လာပါလေ'ဟု ပြောဆိုကြလေသည်။ တမန်တော်၏အဖြေကို ရှေ့လာလတ္တံ့သော အာယတ်တော်တွင် မိန့်ကြားမိန့်ဆိုထားတော်မူသည်။

قَالَ إِنَّمَا يَأْتِيكُم بِهِ اللَّهُ إِن شَاءَ وَمَا أَنتُم بِمُعْجِزِينَ ﴿٣٣﴾

၃၃။ (နဗီတမန်တော် နူဟ်သည် ဤသို့)ပြောဆို ပြန်ကြားခဲ့လေသည်။ (အချင်းတို့) အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ထိုပြစ်ဒဏ်ကို အသင်တို့ထံ အလျှော်အရှင်မြတ်သည်သာလျှင် ယူလာတော်မူပေမည်။စင်စစ်သော်ကား၊အသင်တို့သည် (ထိုအရှင်မြတ်အား ပြစ်ဒဏ်ယူလာတော်မူခြင်းကို) မစွမ်းဆောင်နိုင်အောင်ပြုနိုင်သူများမဟုတ်ကြချေ။ ၁

وَلَا يَنفَعُكُمْ نُصْحِي إِنْ أَرَدتُّ أَنْ أَنصَحَ لَكُمْ إِن كَانَ اللَّهُ يُرِيدُ أَن يُغْوِيَكُمْ هُوَ رَبُّكُمْ وَإِلَيْهِ تُرْجَعُونَ ﴿٣٤﴾

၃၄။ စင်စစ်မှာမူကား၊ အကယ်၍ အလျှော်အရှင်မြတ်သည် အသင်တို့အား လမ်းမှားစေတော်မူရန် ရည်စူးတော်မူခဲ့ပါလျှင် ငါသည် အသင်တို့အဖို့ (မည်မျှပင်) ကောင်းကျိုးဆောင်ရန် ရည်စူးသော်ငြားလည်း၊ ငါ၏ ကောင်းကျိုးဆောင်မှုသည် အသင်တို့အား အကျိုးဖြစ်စေနိုင်လိမ့်မည်မဟုတ်ပေ။ ၂ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်တော်မူ၏။ တဖန် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်ကြရကုန်အံ့။

---

① ထိုအခါ တမန်တော်နူဟ်က ပြစ်ဒဏ်ပေးခြင်းသည် ကျွန်ုပ်၏ လက်တွင်း၌မရှိ ပြစ်ဒဏ်သက်ရောက်စေခြင်း၊ သက်ရောက်အံ့သောပြစ်ဒဏ်ကို ဖယ်ရှားခြင်းများသည် လူသားတို့၏လက်တွင်း၌ အလျင်းမရှိ၊ အလျှော်အရှင်မြတ်၏လက်တွင်း၌သာ ရှိပေသည်။ ကျွန်ုပ်၏တာဝန်မှာ သတိပေးနှိုးဆော်ရန်ပင် ဖြစ်သည်။ ထိုအရှင်မြတ်သည် အလိုတော်ရှိပါလျှင် ထိုပြစ်ဒဏ်ကို အသင့်တို့ထံ မုချသက်ရောက်စေတော်မူမည်ဖြစ်သည်။ ထိုအခါ အသင်တို့သည် အလျှော်အရှင်မြတ်အား ထိုပြစ်ဒဏ်ကိုသက်ရောက်စေတော်မူခြင်း မပြုနိုင်ရန် မည်သို့မျှ ပြုစွမ်းနိုင်ကြမည် အလျင်းမဟုတ်ကြပေဟု ဖြေကြားတော်မူလေသည်။ (ဝါ) အသင်တို့အနက် ထိုပြစ်ဒဏ်တော်မှ မည်သူမျှ လွတ်မြောက် နိုင်ကြမည်လည်း မဟုတ်ပေ။ ထို ပြစ်ဒဏ်တော်ကို ကာကွယ်နိုင်ကြ မည်လည်း မဟုတ်ပေ။

② တမန်တော်နူဟ်၏ အမျိုးသားများအနက် ကာဖိရ်များသည် မောက်မာပလွားခဲ့ကြ၏။ ကုဖ်ရ်ကိုပင် လက်မလွှတ်တမ်း ဆုပ်ကိုင်ထားခဲ့ကြ၏။ ကုဖ်ရ်တွင်နစ်မွန်း၍ နေခဲ့ကြ၏။ ဤသည့်အချက်များကို ထောက်ရှုခြင်းအားဖြင့် အလျှော်အရှင်မြတ်သည် ၎င်းတို့အား လမ်းမှားမှုတွင်ပင် နေစေတော်မူပြီး၊ နောက်ဆုံးတွင် လုံးဝဖျက်ဆီးပစ်တော်မူရန် ရည်ရွယ်တော်မူကြောင်း သိရှိရပေသည်။ ထို့အတွက် တမန်တော်နူဟ်က မိမိ၏အမျိုးသားများအား "အသင်တို့၏ ဆိုးသွမ်းမှု၊ မိုက်မဲမှုများကြောင့် အလျှော်အရှင်မြတ်သည် ➤➤

أَمْ يَقُولُونَ افْتَرَاهُ ۖ قُلْ إِنِ افْتَرَيْتُهُ فَعَلَيَّ إِجْرَامِي وَأَنَا بَرِيءٌ مِّمَّا تُجْرِمُونَ ﴿٣٥﴾

၃၅။ ၎င်းတို့က ထို(နဗီတမန်တော် မုဟမ္မဒ်)သည် ယင်း(ကုရ်အာန်)ကို လီဆယ်ဖန်တီးခဲ့သည်ဟု ပြော ဆိုကြလေသလော။ [၁] (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောဆိုဖြေကြားပါလေ။ (အချင်းတို့) ထိုသို့ဖြစ်ခဲ့ပါမူ ငါ၏အပြစ်သည် ငါ၏ အပေါ်၌သာလျှင် ရှိပေမည်။ သို့ရာတွင် ငါသည် အသင်တို့ ကျူးလွန်လျက်ရှိကုန်သော ပြစ်မှုများမှ လွတ်ကင်းသူဖြစ်သည်။

وَأُوحِيَ إِلَىٰ نُوحٍ أَنَّهُ لَن يُؤْمِنَ مِن قَوْمِكَ إِلَّا مَن قَدْ آمَنَ فَلَا تَبْتَئِسْ بِمَا كَانُوا يَفْعَلُونَ ﴿٣٦﴾

၃၆။ ထို့ပြင် (နဗီတမန်တော်)နူဟ်ထံ (ဤသို့) အမိန့်တော်ထုတ်ပြန်ခြင်းခံခဲ့ရလေသည်။ (အို-နူဟ်) ဧကန်စင်စစ် အသင်၏အမျိုးသားတို့သည် (၎င်းတို့အနက်) အီမာန်သက်ဝင်ယုံကြည်ပြီးဖြစ်သောသူတို့မှ တစ်ပါး အီမာန်သက်ဝင်ယုံကြည်ကြတော့မည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ပြုလုပ်လျက်ရှိကုန်သော ပြစ်မှုများနှင့်စပ်လျဉ်း၍ ပူပင်သောက မဖြစ်ပါလေနှင့်။ [၂]

➤➤ အသင်တို့အား လမ်းမှားမှုတွင်ပင် နေစေတော်မူပြီး နောက်ဆုံးတွင် လုံးဝဖျက်ဆီးပစ်တော်မူရန် ရည်စူးတော်မူထားပါလျှင် ကျွန်ုပ်သည် အသင်တို့အား အဘယ်မျှပင် သွန်သင်ဆုံးမသြဝါဒပေး၍ အသင်တို့၏ ကောင်းကျိုးချမ်းသာကို လိုလားပါသော်လည်း ကျွန်ုပ်၏ သွန်သင်ဆုံးမပဲ့ပြင်ခြင်းသည် အသင်တို့အား မည်သို့မျှ အကျိုးဖြစ်ထွန်းစေမည် မဟုတ်' ဟု ပြောကြားတော်မူလိုက်လေသည်။

① ဤအာယတ်တော် (၁၁:၃၅)တွင် မက္ကာမြို့သား ကာဖိရ်များက တမန်တော်မြတ်အား ဤကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်မဟုတ်၊ အသင်လီဆယ်ဖန်တီးထားသော အရာသာဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့ကြသည်။

တမန်တော် နူဟ်သည် ကျမ်းဂန် ယူလာတော် မူခဲ့သည်မရှိ၊ ထို့အတွက် တမန်တော်နူဟ်၏ အမျိုးသားများအဖို့ ယင်းသို့ စွပ်စွဲပြောဆိုရန် အကြောင်းမပေါ်ပေါက်ခဲ့ပေ။ ကြည့်-မူဇိဟုလ်ကုရ်အာန်။

② သို့ရာတွင် အချို့ မုဖက်စ်စီရိန်က ဤအာယတ်တော် (၁၁:၃၅)သည်လည်း တမန်တော်နူဟ်၏ အကြောင်း၏ အစိတ်အပိုင်းဖြစ်သည်ဟု ယူဆကြသည်။ ဆိုလိုသည်ကား တမန်တော်နူဟ်၏ အမျိုးသားများက တမန်တော်နူဟ်အား အလ္လာဟ်အရှင်မြတ်၏ဒေသနာတော်များ အာယတ်တော်များ ဖြစ်သည်ဟူ၍ အသင် ဟောကြားနေသော စကားများသည် အသင်၏စကားများသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များမဟုတ်ဟု စွပ်စွဲပြောဆိုခဲ့ကြသည်။ ➤➤

وَاصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا وَلَا تُخَاطِبْنِي فِي الَّذِينَ ظَلَمُوا ۚ إِنَّهُم مُّغْرَقُونَ ﴿٣٧﴾

၃၇။ ၎င်းပြင်အသင်သည် ငါအရှင်မြတ်၏ မျက်စိအောက်တွင် ငါအရှင်မြတ်၏အမိန့်တော်အရ သင်္ဘော်ကို ပြုလုပ်တည်ဆောက်ပါလေ။ ၎င်းပြင် အသင်သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ကလူပြုကုန်သော သူတို့နှင့်ပတ်သက်၍ ငါအရှင်မြတ်အထံတော်တွင် လျှောက်ထားပန်ကြားခြင်း မပြုပါလေနှင့်။ ဧကန်အမှန် ၎င်းတို့သည် နစ်မြုပ်ကြရမည့် သူများပင် ဖြစ်ကြကုန်သတည်း။

➤➤ အချို့မုဖတ်စိစီရိန်က-ဤအာယတ်တော် (၁၁: ၃၇)သည် မက္ကာမြို့သား ကာဖိရ်များကို ရည်ညွှန်းမိန့်ဆိုထားတော်မူသော အာယတ်တော်ဖြစ်သည်။ သို့ရာတွင် တမန်တော်နူဟ်၏ အမျိုးသားများ၏ အကြောင်းနှင့်ကား ဆက်စပ်လျက်ရှိသည်ဟု ဆိုကြသည်။ ဆိုလိုသည်ကား- မက္ကာမြို့သား ကာဖိရ်များက တမန်တော်မြတ်အား 'တမန်တော်နူဟ်၏ အမျိုးသားများ၏ အကြောင်းဟူ၍ အသင် ထုတ်ဖော်ပြောဆိုသော စကားများသည် အသင်၏စကားများသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်မဟုတ် အခြေအမြစ်မရှိဟု စွပ်စွဲပြောဆိုကြသည်ဟူ၏။

① တမန်တော်နူဟ်သည် မိမိ၏အမျိုးသားများအား နှစ်ပရိဏ္ဍေဒ မြောက်မြားစွာ သွန်သင်ဆုံးမ ဩဝါဒ ပေးတော်မူခဲ့၏။ မိမိ၏ အမျိုးသားများ၏ ကျူးကျော်စော်ကားမှု ဒဏ်ကိုလည်း အကြီးအကျယ် ခံစားတော်မူခဲ့၏။ သို့ရာတွင် နောက်ဆုံး၌ ယင်းအမျိုးသားများ၏ စော်ကားမှုများသည် မခံမရပ်နိုင်သည်အထိ ဖြစ်လာသောအခါ တမန်တော်နူဟ်သည် ကုရ်အာန်ကျမ်းမြတ် (၅၄:၁၀)တွင် လာရှိသည့်အတိုင်း 'ကျွန်တော်မျိုးသည် လွှမ်းမိုးခြင်းခံနေရပါပြီ၊ လက်စားချေတော်မူပါ' ဟု အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ကြားလေတော့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က တမန်တော်နူဟ်အား အသင်၏ အမျိုးသားများအနက် အီမာန် ယုံကြည်မည့်သူများသည် ယုံကြည်ပြီးကြပြီ၊ ယခုအချိန်အထိ အီမာန်ယုံကြည်ပြီးသော သူများမှတစ်ပါး အခြားအီမာန် ယုံကြည်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။

ထို့အတွက် အသင်သည် ထိုအမျိုးသားများ၏ ရန်ငြိုးဖွဲ့မှု၊ ရန်မူမှု၊ မုန်းတီးမှု၊ စော်ကားမှုအတွက်ကြောင့် ပူပန်သောက ဖြစ်ရန်မလို၊ ငါအရှင်မြတ်သည် မကြာမီအတွင်း ၎င်းတို့အား လက်စားချေတော်မူအံ့။ သုတ်သင်ရှင်းလင်းတော်မူအံ့ဟု ဖြေကြားတော်မူလေသည်။

② အလ္လာဟ်အရှင်မြတ်က တမန်တော်နူဟ်အား ငါအရှင်မြတ်၏ ရေ့တော်မှောက်တွင် (၀၊) ငါအရှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက် ကြည့်ကြပ်မှုဖြင့် ငါအရှင်မြတ်၏ အမိန့်တော်နှင့်အညီ သင်္ဘော်တည်ဆောက်ရန်ဟူ၍ အမိန့်ပေးတော်မူလေသည်။ အဘယ်ကြောင့်ဆိုသော် မကြာမီအတွင်း ရေဘေးကြီး ဆိုက်ရောက်တော့မည်ဖြစ်သည်။ ထိုရေဘေးကြီးတွင် တမန်တော်နူဟ်အား သွေဖည်ငြင်းဆန်၍ ဒေသနာတော်ကို မနာခံသော သူယုတ်မာအားလုံးတို့သည် သေကြေပျက်စီးကြရတော့မည်ဖြစ်သည်။ ဤသည် ပြဋ္ဌာန်းပြီးဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က တမန်တော် နူဟ်အား ကျူးကျော်စော်ကားသူများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မပန်ကြားရန် ကြိုတင်မြစ်တားထားတော်မူခဲ့လေသည်။ ➤➤

وَيَصْنَعُ الْفُلْكَ وَكُلَّمَا مَرَّ عَلَيْهِ مَلَأٌ مِّن قَوْمِهِ سَخِرُوا مِنْهُ ۚ قَالَ إِن تَسْخَرُوا مِنَّا فَإِنَّا نَسْخَرُ مِنكُمْ كَمَا تَسْخَرُونَ ﴿٣٨﴾

၃၈။ ထို့နောက် ထို (နဗီတမန်တော် နူဟ်)သည် သင်္ဘောကို ပြုလုပ်တည်ဆောက်လေ၏။ ၎င်းပြင်၊ ထို(နဗီတမန်တော်နူဟ်)၏ အမျိုးသားတို့အနက်မှ လူတစ်စုသည် ထို(နဗီတမန်တော်နူဟ်)ထံ ဖြတ်သန်းသွားလာကြတိုင်း ထို(နဗီတမန်တော်နူဟ်)အား ပြက်ရယ်ပြုလေ့ရှိကြကုန်၏။ ထိုအခါ (နဗီတမန်တော်နူဟ်)က အကယ်၍သင်တို့သည် ငါတို့အား ပြက်ရယ်ပြုကြပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်တို့အား အသင်တို့ ပြက်ရယ်ပြုကြသကဲ့သို့ပင် ပြက်ရယ်ပြုကြပေမည် ဖြစ်သတည်း။ [၁]

➤➤ တမန်တော် အီဗရာဟီမ်သည်လည်း တမန်တော်လူတို့၏ အမျိုးသားတို့အပေါ်သို့ ပြစ်ဒဏ်တော်သက်ရောက်အံ့ဆဲဆဲ အချိန်တွင် ဝင်ရောက်လျှောက်ထား ပန်ကြားခဲ့ရာ တမန်တော်အီဗရာဟီမ်အားလည်း ဤသို့ပင် မပန်ကြားရန် မြစ်တားတော်မူခဲ့လေသည်။ ကြည့်-ကုရ်အာန် (၁၁:၆၉-၇၆)။

နဆွဲရာနီ သုတေသီများ၏ လေ့လာဆည်းပူးချက်အရ ဤသင်္ဘော၏အလျားမှာ (၅၅၅)ပေ၊ အနံ ၈၇-နှစ်ပိုင်း တစ်ပိုင်းပေ၊ အမြင့် ၅၂-နှစ်ပိုင်းတစ်ပိုင်းပေဖြစ်သည်။

အေမာမ်ရာဇီသခင်က ထုတ်ဖော်ရေးသားထားသည်မှာ ဤသင်္ဘော၏ အလျားအနံ၊ အနိမ့်၊ အမြင့်၊ ပုံပန်းသဏ္ဌာန်နှင့် စပ်လျဉ်း၍ အသေးစိတ် လေ့လာဆည်ပူးခြင်းသည် အချည်းအနှီးမျှ ဖြစ်ပေသည်။ ထိုသင်္ဘောတွင် ထိုခေတ်ထိုအခါရှိ မုအ်မင်နှ်များနှင့် တင်ဆောင်ရမည့်တိရစ္ဆာန် တစ်စုံစီအတွက် နေရာရှိသည်။ ကုရ်အာန်ကျမ်းမြတ်တွင်လည်း ဤမျှပင်ပါရှိပေသည်။ မုအ်မင်နှ်တစ်ဦး သိရှိရန်အတွက် ဤမျှပင် လုံလောက်ပေသည်။

ကြည့်-ကဗီရ်

ရူဟုလ်မအာနီ ကျမ်းရှင်ကလည်း ဤအတိုင်းပင် ထုတ်ဖော်ရေးသားထားသည်။

မာဂျီဒီ။အ-၃။ စ-၄၆၆။ အအ-၅၂။

① တမန်တော်နူဟ်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ သင်္ဘောစတင်ဆောက်လုပ်တော်မူသည်ကို တမန်တော်နူဟ်၏ အမျိုးသားများအနက် ကာဖိရ်အကြီးအကဲများက တွေ့မြင်ကြသောအခါ ပြက်ရယ်သည့် သဘောဖြင့် 'သြော်၊ နူဟ်သည် တမန်တော်အဖြစ်မှ ဗီသုကာဖြစ်ချေပြီဟု ဆိုကြ၏။ တစ်ခါတစ်ရံ အံ့ဖွယ်ရာတစ်ခု ဆောက်လုပ်နေသည်ကို တွေ့မြင်ကြသောအခါ တမန်တော်နူဟ်အား 'အသင်ဘာဆောက်လုပ်နေသလဲ' ဟု မေးကြ၏။ တမန်တော်နူဟ်က ကျွန်ုပ်အိမ်ဆောက်လုပ်နေသည်၊ ဤအိမ်သည်ရေပေါ်၌ သွားမည်၊ ရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးမည်' ဟု ဖြေကြားတော်မူ၏။ ဤသည့်အဖြေကို ကြားကြသောအခါ ယင်းကာဖိရ် အကြီးအကဲများသည် သြော်-ကုန်းမြေပြင်ပေါ်၌ ရေနစ်မည်စိုးသဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေသည်ဟု ပြောဆိုကာ ပြက်ရယ်ကြလေ၏။ တမန်တော် နူဟ်က 'အသင်တို့သည် ငါတို့အား ပြက်ရယ်ကြလျှင် ငါတို့လည်း အသင်တို့အား အသင်တို့ ပြက်ရယ်ကြသကဲ့သို့ ပြက်ရယ်ကြမည်' ဟု ဖြေကြားတော်မူခဲ့လေသည်။

فَسَوْفَ تَعْلَمُونَ مَنْ يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُقِيمٌ ﴿٣٩﴾

၃၉။ သို့ဖြစ်ပေရာ မည်သူ့ထံထိုသူအား (ဤပစ္စက္ခ ဘဝ၌) အရှက်တကွဲ အကျိုးနည်းဖြစ်စေသောပြစ်ဒဏ် သည် [၁] ရောက်လာမည်ကို လည်းကောင်း၊ ထိုသူ အပေါ် (နောင်တမလွန်ဘဝ၌ ထာဝစဉ်တည်မြဲသော ပြစ်ဒဏ်သက်ရောက်မည်ကိုလည်းကောင်း၊ အသင်တို့ သည် မကြာမြင့်မီပင် သိရှိကြပေမည်။

حَتَّىٰ إِذَا جَاءَ أَمْرُنَا وَفَارَ التَّنُّورُ قُلْنَا احْمِلْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلَّا مَن سَبَقَ عَلَيْهِ الْقَوْلُ وَمَنْ آمَنَ ۚ وَمَا آمَنَ مَعَهُ إِلَّا قَلِيلٌ ﴿٤٠﴾

၄၀။ အဆုံးတွင် ငါအရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိလာခဲ့ရာ မုန့်ဖိုသည် ဆူပွက်လာသည်။ [၂] (ထိုအခါ) ငါအရှင်မြတ်သည် (နဗီတမန်တော်နူဟ် အား ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ (အို-နဗီ တမန်တော်နူဟ်) အသင်သည် *အမျိုးအစား အသီးသီး* တို့မှ [၃] တစ်စုံစီကိုလည်းကောင်း၊ မိမိအိမ်သူအိမ်သား တို့အနက် အကြင်သူမှတစ်ပါး ထိုသူနှင့်ပတ်သက်၍ အမိန့်တော်ထုတ်ပြန်ခဲ့ပြီးဖြစ်၏။ [၄] ကျန်အိမ်သူအိမ် သားတို့ကိုလည်းကောင်း၊ အခြားသူ သက်ဝင်ယုံကြည် ခဲ့သောသူတို့အားလည်းကောင်း၊ ထိုသင်္ဘောပေါ်သို့ တင်ဆောင်ပါလေ။ စင်စစ်သော်ကား ထို(နဗီတမန် တော်နူဟ်)နှင့်အတူ အနည်းငယ်မျှသော သူတို့သာ လျှင် သက်ဝင်ယုံကြည်ခဲ့ကြကုန်သတည်း။

---

① အရှက်တကွဲ အကျိုးနည်း ဖြစ်စေမည့် ပြစ်ဒဏ်ဟူသည် ဤပစ္စက္ခဘဝ၌ တွေ့ကြုံခံစားရမည့် ရေဘေးကြီးကို ဆိုလိုသည်။ အမြဲထာဝစဉ် ခံစားရမည့် ပြစ်ဒဏ်ဟူသည် နောင်တမလွန်ဘဝတွင် ခံစားရမည့် ဂျဟန္နမ် ငရဲ၏ ပြစ်ဒဏ်ကို ဆိုလိုသည်။

② 'တန်နူရ်' ဟူသော ပုဒ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အဆိုအမျိုးမျိုး တွေ့ရှိရပေသည်။

၁။ မြေ၏မျက်နှာ၊ မြေမျက်နှာပြင်။

၂။ နံနက်မိုးလင်းခြင်း။

၃။ မြေ၏အကောင်းဆုံး၊ အမြင့်ဆုံးနေရာ။

၄။ မုန့်ဖုတ်သည့်မုန့်ဖို။

အီဗ်နူဂျရီရ် ကျမ်းရှင်သည် မုန့်ဖိုဟူသောအနက်ကို ပို၍ နှစ်ခြိုက်ပေသည်။ ➤➤

وَقَالَ ارْكَبُوا فِيهَا بِسْمِ اللَّهِ مَجْرٖىهَا وَمُرْسٰىهَا ۚ إِنَّ رَبِّي لَغَفُورٌ رَّحِيمٌ ﴿٤١﴾

၄၁။ ထို့နောက် ထို(နဗီတမန်တော်နူဟ်)က (မိမိအိမ်သူအိမ်သားများနှင့် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား အချင်းတို့) အသင်တို့သည် ထိုသင်္ဘောပေါ်သို့ စီးနင်းကြလေကုန်။ ထိုသင်္ဘော၏ သွားလာလှုပ်ရှားမှုသည်လည်းကောင်း၊ ထိုသင်္ဘောဆိုက်ကပ်(ရပ်ဆိုင်း)၍ နေခြင်းသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့်သာ ဖြစ်ပေသည်။ [၁]

➤➤ (وَفَارَ التَّنُّورُ) ဟူသော ဝါကျနှင့် စပ်လျဉ်း၍ သာဝကကြီး အီဗ်နုအဗ္ဗာစ်ထံမှတဆင့် ကြားသိရသည်မှာ "တန်နူရ်" ဟူသည် မြေမျက်နှာပြင်ကို ဆိုလိုသည်။ ဆိုလိုသည်ကား မြေမျက်နှာပြင်သည် အင်းအိုင် ရေကန်များဖြစ်၍ ရေများပန်းထွက်လာ၏။ မီး၏နေရာဖြစ်သော မုန့်ဖိုများမှပင် ရေများ ပန်းထွက် လာလေတော့သည်။ ဤသည် အတိတ်ခေတ်အာလင်မ်ပညာရှင်များ နောက်ခေတ်ရှိ အာလင်မ်ပညာရှင်များ၏ အဆိုပင်ဖြစ်သည်။ သာဝကကြီး အလီသခင်ထံမှ ကြားသိရသော အဆိုတစ်ရပ်မှာကား-'တန်နူရ်' ဟူသည် နံနက် မိုးသောက်ခြင်းကိုဆိုသည်။ သို့ရာတွင် ပဌမအဆိုသည် ပိုမိုထင်ရှားပေသည်။

အီဗ်နုကဆီရ်။ အ-၂။ စ-၄၄၅။

(၃) ရေဘေးကြီး ဆိုက်ရောက်ရန် နိမိတ်လက္ခဏာများ ထင်ရှားပေါ်ပေါက်လာသည့်အခါ အလ္လာဟ်အရှင်မြတ်က တမန်တော်နူဟ်အား သင်္ဘောပေါ်တွင် တိရစ္ဆာန်အားလုံးတို့အထဲမှ ဖိုမတစ်စုံစီတင်ဆောင်ရန် အမိန့်ပေးတော်မူလေသည်။ ဤအမိန့်တော်တွင် ပါရှိသော တိရစ္ဆာန်အားလုံးတို့အထဲမှ ဟူသည် ကုန်းနေ၊ ရေနေ၊ လေနေသတ္တဝါ အမျိုးအစားအားလုံးကို ဆိုလိုသည်မဟုတ်၊ ကုန်းနေသတ္တဝါများကိုသာ ဆိုလိုသည်။ ကုန်းနေသတ္တဝါများမှလည်း လူသဘာဝအလျောက် လူသားတို့အဖို့ အသုံးဝင်သော အကျိုးရှိသော တိရစ္ဆာန်များကိုသာ ဆိုလိုသည်။

(၄) အလ္လာဟ်အရှင်မြတ်က တမန်တော်နူဟ်အား သင်္ဘောပေါ်တွင် လိုအပ်သော တိရစ္ဆာန်တစ်စုံစီကို လည်းကောင်း၊ မိမိ၏ အိမ်သူအိမ်သားများကိုလည်းကောင်း၊ အီမာန်ယုံကြည်သော သူများကိုလည်းကောင်း၊ တင်ဆောင်ရန် အမိန့်ပေးတော်မူခဲ့၏။ သို့ရာတွင် အိမ်သူအိမ်သားများကို တင်ဆောင်ရန် အမိန့်ပေးတော်မူရာ၌ 'သို့ရာတွင် အကြင်သူများကိုမူ (မတင်ဆောင်ရ) ၎င်းနှင့်ပတ်သက်၍ အမိန့်တော် အတည်ဖြစ်ပြီး ဖြစ်သည်' ဟူ၍ ချွင်းချက်ကား ရှိလေသည်။ ထိုသူများကား အခြားမဟုတ်၊ တမန်တော်နူဟ်၏သား ယာမ်နှင့် တမန်တော်နူဟ်၏ ကြင်ရာဝါအိလဟ်တို့ဖြစ်သည်။ ယာမ်၏ ဘွဲ့နာမည်မှာ 'ကင်နာန်' ဟူ၍ ဖြစ်သည်။ ဤသူ ၂-ဦးသည် အိမ်သူအိမ်သားများတွင် အပါအဝင် ဖြစ်ခဲ့ကြသော်လည်း အီမာန်မယူခဲ့ကြသည့်အတွက် ရေနစ်သေကြေပျက်စီးသွားခဲ့ကြလေသည်။

(၅) တမန်တော်နူဟ်သည် သင်္ဘောတည်ဆောက်၍ တင်ဆောင်ရန်ရှိသော တိရစ္ဆာန်အသီးသီးတို့ကို တင်ဆောင်ပြီးသည့်အခါ မိမိ၏နောက်လိုက်တပည့်သားတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် သင်္ဘောပေါ်၌ စီးနင်းလိုက်ပါကြကုန်။ စိုးရိမ်ဖွယ်မရှိ။ အဘယ်ကြောင့်ဆိုသော် ဤသင်္ဘောသွားလာလှုပ်ရှားမှု၊ ဆိုက်ကပ်မှုတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်၊ ထိုအရှင်မြတ်၏ နာမံတော်၏ တန်ခိုးတော်ဖြင့်သာ ဖြစ်သည်။ ရေနစ်မည်ကို စိုးရိမ်ရန်မလိုပေ၊ ကျွန်ုပ်၏အရှင်သခင်သည် မုအ်မင်န်တို့၏ချို့တဲ့မှုများကို ➤➤

ဧကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမှန်ပင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင်။

وَهِيَ تَجْرِي بِهِمْ فِي مَوْجٍ كَالْجِبَالِ ۖ وَنَادَىٰ نُوحٌ ابْنَهُ وَكَانَ فِي مَعْزِلٍ يَا بُنَيَّ ارْكَب مَّعَنَا وَلَا تَكُن مَّعَ الْكَافِرِينَ ﴿٤٢﴾

၄၂။ ၎င်းနောက် ထိုသင်္ဘောသည် ၎င်းတို့အား တင်ဆောင်၍ တောင်ကြီးများပမာ ကြီးမားလှသော လှိုင်းတံပိုးတို့၏ကြားဝယ်တွားလျက်ရှိပေသည်။ ထို့ပြင် (နဗီတမန်တော်)နူဟ်သည် မိမိ၏သား (ကင်နန်အာန်)အား ဟစ်ခေါ်ခဲ့လေသည်။ စင်စစ် ထိုသားသည် အဝေး၌ပင်ရှိနေခဲ့လေသည်။ (သို့ဖြစ်ပေရာ နဗီတမန်တော်နူဟ်သည် ၎င်းအား) အို–ချစ်သား အသင်သည်ငါတို့နှင့်အတူ (သင်္ဘောပေါ်သို့) စီနင်းခဲ့ပါလေ။ ၎င်းပြင် အသင်သည် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်ကုန်သော သူတို့နှင့် အတူမနေရစ်လေနှင့် (ဟု ဟစ်အော်ပြောဆိုခဲ့လေသတည်း။) [၁]

➤➤ အလွန်တရာမျှ ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာမျှ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူသည်။

ထိုအရှင်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ကျွန်ုပ်တို့အား အေးချမ်းသာယာစွာ ဆိုက်ကပ်ပေးတော်မူမည်ဖြစ်သည် ဟူ၍ ပြောကြားတော်မူခဲ့လေသည်။

သင်္ဘောစသည်တို့အပေါ်သို့ စီးနင်းလိုက်ပါသည့်အချိန်တွင် 'ဗစ်မိလ္လာဟ်'ရွတ်ဆိုအပ်သည်ဟူသော သာသနာ့အဆုံးအမသည် ဤအာယတ်တော်မှပင် ထွက်ပေါ်လာခဲ့ပေသည်။

① တမန်တော်နူဟ်၏ သားတစ်ဦးဖြစ်သော ယာမ် (ကင်နန်အာန်)သည် မိမိ၏ဖခင်၊ ညီနောင်များ၊ အိမ်သူအိမ်သားများနှင့် ကင်းကွာပြီး ကာဖိရ်များနှင့် ပေါင်းသင်းဆက်ခဲ့၍ နေထိုင်ခဲ့၏။ တမန်တော်နူဟ်သည် သင်္ဘောပေါ်သို့ တက်သည့်အချိန်တွင် ထိုသားကို 'အို–ငါ၏ချစ်သား၊ ကာဖိရ်သူယုတ်တို့နှင့်အတူ အသင် မနေရစ်ခဲ့ပါနှင့် ငါတို့နှင့်အတူ သင်္ဘောပေါ်သို့ စီးနင်းလိုက်ပါခဲ့ပါ' ဟု အသံပြုရှာခဲ့လေသည်။

မှတ်ချက်။

တမန်တော်နူဟ်သည် မိမိ၏သား ကင်နန်အာန်အား ယင်းကဲ့သို့အသံပြုခြင်းမှာ (က) ထိုသားကို မုအ်မင်နိ်ဟူ၍ပင် ထင်မှတ်ပြီး အသံပြုခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့မဟုတ် (ခ) ထိုသား ကာဖိရ်ဖြစ်သည်ကို သိငြားသော်လည်း ဤမျှကြောက်မက်ဖွယ်ကောင်းလှသည့် ရေဘေးကြီးကို တွေ့မြင်၍ မုအ်မင်နိ် ➤➤

قَالَ سَاٰوِيْٓ اِلٰى جَبَلٍ يَّعْصِمُنِيْ مِنَ الْمَآءِ ۭ قَالَ لَا عَاصِمَ الْيَوْمَ مِنْ اَمْرِ اللّٰهِ اِلَّا مَنْ رَّحِمَ ۚ وَحَالَ بَيْنَهُمَا الْمَوْجُ فَكَانَ مِنَ الْمُغْرَقِيْنَ ۝

၄၃။ ထို(နဗီတမန်တော်၏)သားက ကျွန်ုပ်သည် ယခုပင် တောင်တစ်ခုခုသို့(တက်၍) အကာအကွယ် ယူမည်။ ထိုတောင်သည် ကျွန်ုပ်အား ရေဘေးမှ ထိန်းသိမ်းကာကွယ်ပေလိမ့်မည်ဟု ပြောဆိုခဲ့လေ၏။ (ထိုအခါ) ယင်း(နဗီတမန်တော်နူဟ်)က ယနေ့မူကား အလ္လာဟ်အရှင်မြတ်အမိန့်တော်မှ (ပြစ်ဒဏ်တော်မှ) ထိန်းသိမ်းကာကွယ်မည့်သူ အလျှင်း မရှိချေ။ ထို အရှင်မြတ်က သနားညှာတာတော်မူသောသူမှတပါး (မည်သူတစ်ဦးတစ်ယောက်မျှ ဤပြစ်ဒဏ်မှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ပေတကား၊) ထို့နောက် လှိုင်းတံပိုး(များ)သည် ၎င်းတို့(သားအဖ)နှစ်ဦး၏ စပ်ကြားဝယ် ကြားဝင်(ဆီးကာ)ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းသည် နှစ်မြုပ်ခြင်း ခံရသူတို့တွင် အပါအဝင် ဖြစ်ခဲ့လေသတည်း။ ၁

➤➤ ဖြစ်လာကောင်း ဖြစ်လာပေမည်ဟု မျှော်လင့်ကာ အသံပြုခြင်းလည်းဖြစ်နိုင်ပေသည်။ သို့မဟုတ် (ဂ) ယခင်က တမန်တော်နူဟ်၏ အိမ်သူအိမ်သားများအား ကယ်တင်တော်မူရန် အလ္လာဟ်အရှင်မြတ်က ကတိပြုထားတော်မူခဲ့သည်။ ထိုကတိတော်အရ တမန်တော်နူဟ်သည် ထိုသားကို အိမ်သူအိမ်သားများတွင် အပါအဝင် ဖြစ်သည်ဟု ယူဆထားဟန်တူ၏။

ပြီးနောက် အိမ်သူအိမ်သားများကို ကယ်တင်တော်မူရန် ပြုထားတော်မူသော ကတိတော်တွင် 'သို့ရာတွင် ပြစ်ဒဏ်ကျရောက်ရန် အမိန့်တော် အတည်ဖြစ်သောသူများမှတစ်ပါး' ဟု ချွင်းချက်ပါရှိခဲ့၏။ သို့ရာတွင် ချွင်းချက်မှာ အတိအကျမဟုတ် အကျဉ်းသခ်ေပ ဖြစ်နေသည့်အတွက် ဤသည့်ချွင်းချက်သည် ကင်နအာန်နှင့် မပတ်သက်ဟု ယူဆဟန်တူ၏။ ယင်းတို့ယူဆကာ သား သဲယောဇဉ်ကြီးစွာဖြင့် ကင်နအာန်အား ဤသို့ အသံပြုခြင်းလည်း ဖြစ်နိုင်၏။

② ကင်နအာန်သည် မိုက်မဲမှုကြောင့် ဤသည့် ရေဘေးကြီးကို အခြားသာမန် ရေဘေးများကဲ့သို့ သာမန်ဟူ၍ပင် ထင်မှတ်နေခဲ့၏။ သာမန်ရေဘေးများပင် တစ်ခါတစ်ရံ လူများသည် မြင့်သောနေရာများသို့တက်၍ မိမိတို့၏ အသက်စည်းစိမ်များကို ထိန်းသိမ်းကာကွယ်နိုင်ကြ၏။ ကင်နအာန်သည်လည်း ဤသည့်ရေဘေးကို သာမန် ရေဘေးဟူ၍ပင် မှတ်ထင်ကာမိမိအား မိမိဖခင်က သဲယောဇဉ်ကြီးစွာဖြင့်ရေဘေးမှ လွတ်မြောက်ရန်အတွက် သင်္ဘောပေါ်သို့တက်ရန် အသံပြုသည်ကိုပင် ဂရုမပြုဘဲ 'ကျွန်တော်သည် တောင်ထိပ်တစ်ခုခုသို့ တက်၍ မိမိ၏အသက်ကို ကာကွယ်ပါမည်' ဟူ၍ အဖြေပေးခဲ့လေသည်။ ထိုအခါ တမန်တော်နူဟ်က ပြန်လည်ပြောကြားခဲ့သည်မှာ အသင် အသို့သောအတွေးအခေါ်၌ ရောက်ရှိနေသနည်း။ ဤရေဘေးသည် သာမန် ➤➤

وَقِيلَ يَٰٓأَرۡضُ ٱبۡلَعِي مَآءَكِ وَيَٰسَمَآءُ أَقۡلِعِي وَغِيضَ ٱلۡمَآءُ وَقُضِيَ ٱلۡأَمۡرُ وَٱسۡتَوَتۡ عَلَى ٱلۡجُودِيِّۖ وَقِيلَ بُعۡدٗا لِّلۡقَوۡمِ ٱلظَّٰلِمِينَ ٤٤

၄၄။ ထို့နောက် (အလ္လာဟ်အရှင်မြတ်အထံတော်မှ ဤသို့)အမိန့်တော် ထုတ်ပြန်တော်မူလိုက်လေသည်။ အို-ပထဝီမြေ၊ အသင်သည် မိမိရေများကို စုပ်ယူမျိုချလေလော့။ ၎င်းပြင် အို-မိုးကောင်းကင် အသင်သည် (မိုးရွာသွန်းခြင်းကို) ရပ်ဆိုင်းလေလော့။ ထိုရောအခါဝယ် ရေသည် လျော့ပါး၍သွားခဲ့လေသည်။ ထို့ပြင် အရေးကိစ္စသည်လည်း ပြီးမြောက်သွားခဲ့ရလေသည်။ ၎င်းပြင် ထိုသင်္ဘောသည်လည်း ဂျူဒီတောင်ပေါ်၌ ရပ်နား၍ သွားခဲ့လေသည်။ ထိုမှတစ်ပါး (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ကလူ ပြုမူကုန်သောသူတို့သည် (ကရုဏာတော်မှ)ကင်းဝေခဲ့ကြချေပြီး တကားဟုမိန့်ကြားတော်မူခြင်းခံခဲ့ရလေသတည်း။ ၁

➤➤ ရေဘေးမျိုးမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်ဖြစ်သည်။ ယနေ့အဖို့ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ တောင်ထိပ်မဆိုထားဘိ၊ မည်သည့်အရာမျှ မကာကွယ်နိုင်။ မည်သူမျှ မလွတ်မြောက်နိုင်။ ထိုအရှင်မြတ်၏ကရုဏာတော်ကို ခိုလှုံရသော သူသာလျှင် လွတ်မြောက်နိုင်မည်။ သို့ရာတွင် သတိမူအပ်သည်မှာ ဤအချိန်သည် ပြစ်ဒဏ်ခတ်နေတော်မူသော အချိန်ဖြစ်သည်။ ဤသို့သော အချိန်အခါမျိုး၌ ပြစ်မှုကြီးငယ်တို့ကို ကျူးလွန်၍ အလွန်အကျွံ ဆိုးမိုက်ခဲ့သော တရားခံများသည် ထိုအရှင်မြတ်၏ ကရုဏာတော်ကို အသို့လျှင် ခိုလှုံနိုင်အံ့နည်း။

သားအဖ ၂-ဦးတို့၏ စကားမပြီးဆုံးသေးမီပင် လှိုင်းတံပိုးကြီးတစ်ခုသည် ထိုသားအဖ ၂-ဦးတို့၏စပ်ကြားတွင် ဝင်လာပြီးလျှင် ထိုသားအဖ ၂-ဦးတို့အား အမြဲတစေ ခွဲပစ်လိုက်လေတော့သည်။ကင်နာန်သည် တမန်တော်ကြီးတစ်ပါး၏ ရင်နှစ်သည်းချာပင် ဖြစ်လင့်ကစား ကာဖိရ်သူမိုက်တို့နှင့် ပေါင်းသင်း ဆက်ဆံနေထိုင်ရာမှအစ အိမာန်မယုံကြည်သည့်အဆုံး၌ အခြားသော ကာဖိရ်များကဲ့သို့ပင် ရေဘေးသင့်၍ အသေဆိုးနှင့် သေခဲ့ရလေသတည်း။

③ ကုရ်အာန်ကျမ်းမြတ် (၇း၂၆)တွင် လာရှိသည့်အတိုင်း တမန်တော်နူဟ်က 'အို-အရှင်မြတ် ကမ္ဘာမြေပြင်ပေါ်၌ ကာဖိရ်တို့အနက် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ချန်ထားတော်မမူပါနှင့်' ဟု ဆုပန်ကြားခဲ့သည့်အတိုင်း နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ရေလွှမ်းမိုးသည့်ဘေးကြီး ဆိုက်ရောက်စေပြီး ကာဖိရ်အားလုံးတို့ကို သေကြေပျက်စီးစေတော်မူခဲ့လေသည်။ တမန်တော်နူဟ်နှင့်တကွ သင်္ဘောပေါ်တွင်ပါရှိသော သူများသာလျှင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့်ရေဘေးမှ လွတ်မြောက်ခဲ့ကြပေသည်။ ယင်းသို့ ကာဖိရ်များ ရေဘေးသင့်၍ သေကြေပျက်စီးသွားကြသောအခါ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်ကို မိုးရွာသွန်းချခြင်းမရပ်တန့်ရန်လည်းကောင်း၊ ပထဝီမြေကြီးကို ရေများကို စုပ်ယူရန် လည်းကောင်း၊ အမိန့်ပေးတော်မူရာ ရေများသည် မြေမျက်နှာပြင်မှ လျော့ပါးသွားလေသည်။ ကာဖိရ်တို့ကို ပြစ်ဒဏ်တော်ခတ်ရန်နှင့် မုအ်မင်နဲတို့အား ➤➤

وَنَادٰى نُوْحٌ رَّبَّهٗ فَقَالَ رَبِّ اِنَّ ابْنِيْ مِنْ اَهْلِيْ وَاِنَّ وَعْدَكَ الْحَقُّ وَاَنْتَ اَحْكَمُ الْحٰكِمِيْنَ ﴿٤٥﴾

၄၅။ ထို.ပြင် (နဗီတမန်တော်) နူဟ်သည် မိမိအရှင်မြတ်အား ဟစ်ခေါ်၍ (ဤသို.)လျှောက်ထားပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုး၏အရှင်မြတ် ဧကန်အမှန် ကျွန်တော်မျိုး၏သားသည် ကျွန်တော်မျိုး၏ အိမ်သားတို.အနက်မှ ဖြစ်ပါသည်။ ၎င်းပြင် အရှင်မြတ်၏ ပဋိညာဉ်တော်သည်လည်း လုံးဝမှန်ကန်ပါ၏။ စင်စစ်သော်ကား အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူတို.တွင် သမာသမတ်အဖြစ်ဆုံးသောအရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။

قَالَ يٰنُوْحُ اِنَّهٗ لَيْسَ مِنْ اَهْلِكَ ۚ اِنَّهٗ عَمَلٌ غَيْرُ صَالِحٍ ۖ فَلَا تَسْـَٔلْنِ مَا لَيْسَ لَكَ بِهٖ عِلْمٌ ۭ اِنِّىْٓ اَعِظُكَ اَنْ تَكُوْنَ مِنَ الْجٰهِلِيْنَ ﴿٤٦﴾

၄၆။ ထိုအရှင်မြတ်သည် (ဤသို.) ပြန်ကြားတော်မူခဲ့လေသည်။ အို-နူဟ်၊ဧကန်စင်စစ် ယင်းသားသည် အသင်၏အိမ်သားတို.အနက်မှ မဟုတ်ပေ၊ ဧကန်မလွဲ ၎င်းသည် မကောင်းမှုကို ပြုမူကျင့်ဆောင်သောသူပင် ဖြစ်ပေသည်။ သို.ဖြစ်ပေရာ အသင်သည် မိမိမသိသောအရာကို ငါအရှင်မြတ်အထံတော်တွင် လျှောက်ထားခြင်းမပြုပါလေနှင့်။ မုချစင်စစ်ငါအရှင်မြတ်သည် အသင့်အား (အနာဂတ်တွင်) အသင်သည် မသိသူတို.နှင့် အပါအဝင်မဖြစ်ရန် ဆုံးမတော်မူသည်။

قَالَ رَبِّ اِنِّىْٓ اَعُوْذُ بِكَ اَنْ اَسْـَٔلَكَ مَا لَيْسَ لِيْ

၄၇။ ထို (နဗီတမန်တော် နူဟ်)သည် (ဤသို.) လျှောက်ထားပန်ကြားလေတော့၏။ အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် မိမိမသိသောအရာကိုအရှင်မြတ်အထံတော်၌ နောက်နောင်

➤➤ ကယ်တင်ရန် အရေးတော်သည်လည်း ပြီးဆုံးသွားလေတော့သည်။ သင်္ဘောသည် 'ဂျူဒီ' တောင်ထိပ်တွင် တည်ရှိနေခဲ့လေသည်။

ထို့နောက် 'မိမိတို့ကိုယ်ကို မိမိတို့ နှိပ်စက်ကလူ ပြုခဲ့ကြသော ကာဖိရ်များသည် ကရုဏာတော်မှ ကင်းဝေးကြသည် ဖြစ်စေသတည်း' ဟူ၍ အမိန့်တော် မှတ်တော်မူလိုက်လေသတည်း။

بِهِۦ عِلْمٌ ۖ وَإِلَّا تَغْفِرْ لِى
وَتَرْحَمْنِىٓ أَكُن مِّنَ
ٱلْخَٰسِرِينَ ﴿٤٧﴾

မလျှောက်ထားမိရန် *အရှင်မြတ်အားဖြင့်အကာအကွယ်ယူပါ၏။* [၁] [(တစ်နည်း) အရှင်မြတ်အထံတော်၌ ခိုလှုံပါ၏။] စင်စစ်မူကား အကယ်၍သာ အရှင်မြတ်သည် (ကျွန်တော်မျိုး လွဲချော်၍ ပြုမိခဲ့သောအပြစ်မှ) ကျွန်တော်မျိုးအား ချမ်းသာပေးတော်မမူခဲ့ပါလျှင် ၎င်းပြင် အရှင်မြတ်သည် (ကျွန်တော်မျိုး၏ ဝန်ချတောင်းပန်ချက်ကို လက်ခံတော်မူခြင်းအားဖြင့်) ကျွန်တော်မျိုးအား သနားကရုဏာ ပြုတော်မမူခဲ့ပါလျှင် ကျွန်တော်မျိုးသည် ဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်သွားရပါတော့မည်။

قِيلَ يَٰنُوحُ ٱهْبِطْ بِسَلَٰمٍ مِّنَّا
وَبَرَكَٰتٍ عَلَيْكَ وَعَلَىٰٓ أُمَمٍ
مِّمَّن مَّعَكَ ۚ وَأُمَمٌ سَنُمَتِّعُهُمْ
ثُمَّ يَمَسُّهُم مِّنَّا عَذَابٌ أَلِيمٌ ﴿٤٨﴾

၄၈။ (ထို့နောက်နဗိတမန်တော်နူဟ်သည် အလ္လာဟ်အရှင်မြတ် အထံတော်မှ ဤသို့) မိန့်ကြားတော်မူခြင်း ခံခဲ့ရလေသည်မှာ 'အို-နူဟ်အသင်သည် မိမိအပေါ်၌လည်းကောင်း၊ အသင်နှင့်အတူရှိသော လူများအပေါ်၌လည်းကောင်း၊ ငါအရှင်မြတ်အထံတော်မှ ငြိမ်းချမ်းမှုနှင့် ကျက်သရေမင်္ဂလာများကို ယူဆောင်၍ (ဂျူဒီတောင်ပေါ်မှ) ဆင်းသက်ပါလေ။ ထိုမှတပါး အကြင်လူများလည်း ရှိကြပေဦးမည်။ ငါအရှင်မြတ်သည်၎င်းတို့အား (ကာလအနည်းငယ်မျှအထိ) ပျော်မွေ့စေတော်မူပေမည်။ ထို့နောက် ၎င်းတို့၌ ငါအရှင်မြတ်အထံတော်မှ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဆိုက်ရောက်မည် ဖြစ်ပေသတည်း။ [၂]

---

① တမန်တော်နူဟ်သည် မိမိလျှောက်ထားချက်နှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အထံတော်မှ အဖြေကို ကြားသိရသောအခါ တုန်လှုပ်ချောက်ချား၍ ဝန်ချတောင်းပန်ရလေတော့သည်။

ဝန်ချတောင်းပန်ရာတွင် သတိမူအပ်သည့်အချက်တစ်ရပ်မှာ တမန်တော်နူဟ်က ကျွန်တော်မျိုးသည်နောက်နောင် ဤသို့ပြုလုပ်မည် မဟုတ်ပါဟု မဆိုခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြောဆိုခြင်း၌ မိမိပြစ်မှားနိုင်သည်ကို တစ်နည်းအားဖြင့် ထုတ်ဖော်ပြောဆိုရာ ရောက်ပေသည်။ လူသားတစ်ဦး၌ နောက်တဖန် မမှားပါဟု အတိအကျ အဘယ်မှာ ပြောဆိုနိုင်အံ့နည်း။ လူသားတစ်ဦးသည် ဤသို့သော ➤➤

تِلْكَ مِنْ أَنبَاءِ الْغَيْبِ نُوحِيهَا إِلَيْكَ ۖ مَا كُنتَ تَعْلَمُهَا أَنتَ وَلَا قَوْمُكَ مِن قَبْلِ هَٰذَا ۖ فَاصْبِرْ ۖ إِنَّ الْعَاقِبَةَ لِلْمُتَّقِينَ ﴿٤٩﴾

၄၉။ ဤ(အဖြစ်အပျက် အကြောင်း)တို့ကား အကွယ်၌ရှိသော သတင်းများအနက်မှပင်ဖြစ်၏။ ငါ အရှင်မြတ်သည် ထိုသတင်းများကို အသင့်ထံသို့ ထုတ်ပြန်တော်မူ၏။ ဤသို့ မထုတ်ပြန်မီ ထိုသတင်းများကို အသင်လည်းမသိခဲ့ချေ။ အသင်၏အမျိုးသားများလည်း သိခဲ့ကြသည်မဟုတ်ပေ။ ³ သို့ဖြစ်ပေရာ အသင်သည် (သာသနာပြုရာ၌လည်းကောင်း၊ မိမိအမျိုးသားများ၏ဒုက္ခပေးမှုများအပေါ်၌လည်းကောင်း) သည်းခံပါလေ။

➤➤ မှားယွင်းမှုကို နောက်ထပ်တဖန် မကျူးလွန်မိရန် စိတ်ပြဋ္ဌာန်း၍ မိမိမှ ဤသို့သော ပြစ်မှု နောက်ထပ်တဖန် မဖြစ်ပေါ်စေရန် အလွှာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံရမည်သာဖြစ်သည်။

ဤသည့်သဘောကို ဖခင်ကြီး အာဒမ်နှင့် တမန်တော် ယူနုစ်တို့၏ ဝန်ချတောင်းပန်ချက်များတွင်လည်း တွေ့ရှိရပေသည်။

(၂) တမန်တော်နူဟ်၏သင်္ဘောသည် ဂျူဒီတောင်ထိပ်၌ ရပ်တည်ပြီးနောက် ရက်အနည်းငယ် အတွင်းမှာပင် ရေများကျဆင်းသွားသည့်အခါ အလွှာဟ်အရှင်မြတ်က တမန်တော်နူဟ်အား အသင်သည် ငါရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှု၊ ကျက်သရေမင်္ဂလာအပေါင်းနှင့်တကွ ဂျူဒီတောင်ထိပ်မှ မြေမျက်နှာပြင်သို့ ဆင်းသက်လေ၊ ငါအရှင်မြတ်၏ ငြိမ်းချမ်းသာယာမှုနှင့် ကျက်သရေမင်္ဂလာအပေါင်းတို့သည် အသင်အပေါ်သို့လည်းကောင်း၊ အသင်နှင့်အတူတကွ လိုက်ပါလာရှိကြကုန်သော ပုဂ္ဂိုလ်များအပေါ်၌လည်းကောင်း၊ သက်ရောက်မည်ဖြစ်သည်ဟု မိန့်ကြားတော်မူလေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းပုဂ္ဂိုလ်တို့သည် မွတ်စ်လင်မ်များပင် ဖြစ်ကြလေသည်။ ဤသည့်အကြောင်းပြချက်တွင် ကိယာမတ်နေ့တိုင် ပေါ်ပေါက်ထွန်းကားကြမည့် မွတ်စ်လင်မ်တို့သည်လည်း အကျုံးဝင်လျက် ရှိကြပေရာ ၎င်းတို့အပေါ်၌လည်း အလွှာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကျက်သရေမင်္ဂလာအဖြာဖြာတို့ သက်ရောက်မည့် အကြောင်း သိရှိရပေသည်။

အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း ဤအာယတ်တော်သည် နောက်နောင် ထွန်းကားပေါ်ပေါက်ကြသည့် မွတ်စ်လင်မ်တို့အပေါ်၌ အလွှာဟ်အရှင်မြတ်အထံတော်မှ ငြိမ်းချမ်းသာယာမှုနှင့် ကျက်သရေမင်္ဂလာအဖြာဖြာ သက်ရောက်မည့်အကြောင်းကို ညွှန်ပြထားတော်မူသည်။ နောက်နောင် ထွန်းကားကြမည့် ပုဂ္ဂိုလ်များတွင် ကာဖိရ်များလည်း ရှိကြဦးမည်ဖြစ်ရာ ယင်းကာဖိရ်နှင့် ပတ်သက်၍လည်း အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား ရက်အနည်းငယ် ပျော်မွေ့စွာ ထားတော်မူ၍ နောက်ဆုံးတွင် ၎င်းတို့ထံသို့ ပြင်းပြ နာကျင်ဖွယ် ပြစ်ဒဏ်တော် သက်ရောက်မည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ထာနဝီ။ အ-၅။ စ-၅၁။

(၃) တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် 'အွမ္မီ' ဖြစ်တော်မူပါလျက် အလွှာဟ်အရှင်မြတ်၏ ဝဟီဖြင့် တမန်တော်နူဟ်၏ အမျိုးသားများနှင့် အတိတ်ခေတ်အမျိုးသားတို့၏ အတ္ထုပ္ပတ္တိများကို အမှန်အကန် အတိအကျ ထုတ်ဖော်ပြောဆိုနိုင်တော်မူခဲ့၏။ ဤသည်လည်း တမန်တော်မြတ် နဗီဖြစ်တော်မူခြင်း၏ သက်သေလက္ခဏာတော် တစ်ပါးပင် ဖြစ်ပေသည်။

ဧကန်မလွဲ နောက်ဆုံးတွင် အကျိုးခံစားမှု သည်ကား (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်ကြကုန် သောသူတော်စင်တို့အဖို့သာလျှင်ဖြစ်ချေသတည်း။ [၁]

وَإِلَىٰ عَادٍ أَخَاهُمْ هُودًا ۚ قَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ إِنْ أَنتُمْ إِلَّا مُفْتَرُونَ ﴿٥٠﴾

၅၀။ ထို့ပြင် (ငါအရှင်မြတ်သည်) အာဒ်အမျိုးသား တို့ထံ ၎င်းတို့၏အစ်ကို (နဗီတမန်တော်)'ဟူဒ်'အား (စေလွှတ်တော်မူခဲ့လေသည်။) ထို(နဗီတမန်တော်) ဟူဒ်သည် (မိမိအမျိုးသားတို့အား ဤသို့)ပြောဆိုဆုံးမ ခဲ့လေသည်။ အို–ငါ၏အမျိုးသားတို့ အသင်တို့သည် အလွှာဟ် အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ အသင်တို့အဖို့ ထိုအရှင်မြတ်မှ တစ်ပါး ဆည်းကပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်း မရှိချေ။ (စင်စစ်သော်ကား) အသင်တို့သည် လီဆယ် ဖန်တီးသူများသာလျှင် ဖြစ်ကြကုန်သတည်း။

يَا قَوْمِ لَا أَسْأَلُكُمْ عَلَيْهِ أَجْرًا ۖ إِنْ أَجْرِيَ إِلَّا عَلَى الَّذِي فَطَرَنِي ۖ أَفَلَا تَعْقِلُونَ ﴿٥١﴾

၅၁။ အို–ငါ၏အမျိုးသားတို့ ငါသည် အသင်တို့ထံ ဤ(တရားဓမ္မ ဟောကြားခြင်း)နှင့်စပ်လျဉ်း၍ မည်သည့် အကျိုးဆုလဒ်ကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ၏အကျိုးဆုလဒ်မှာမူကား ငါ့အားဖန်ဆင်းတော် မူသော *အရှင်မြတ်ပေါ်၌သာ တာဝန်ရှိပေသည်။* [၂] သို့ပါလျက် အသင်တို့သည် (ဤမျှထင်ရှားလှသော အကြောင်းကိုပင်) နားမလည်ကြပါသလော။

---

① အောင်မြင်မှု၊ အကျိုးခံစားမှုသည် နောက်ဆုံးတွင် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညား၍ ပြစ်ဒုစရိုက်အပေါင်းတို့မှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်အပေါင်းတို့အဖို့သာ ဖြစ်ပေသည်။ ဥပမာ– တမန်တော်နူဟ်နှင့်တကွ တမန်တော်နူဟ်အား ယုံကြည်မြတ်နိုးခဲ့ကြသော မွတ်စ်လင်မ်သူတော်စင်တို့သည် နောက်ဆုံးတွင် အောင်မြင်ခဲ့ကြသကဲ့သို့ တမန်တော်မြတ်နှင့်တကွ တမန်တော်မြတ်၏ နောက်လိုက်တပည့်သား မွတ်စ်လင်မ်များသည်လည်း နောက်ဆုံးတွင် မုချအောင်မြင်ကြမည်သာတည်း။

တမန်တော်မြတ်သည် ကာဖိရ်တို့၏ နှိပ်စက် ညှဉ်းပမ်းမှုများကြောင့် စိတ်ပျက်ရန်မလိုပေ။ တမန်တော်နူဟ်သည် နှစ်ပေါင်း (၉၅၀)တိုင်တိုင် သည်းခံခဲ့ပေသည်။ တမန်တော်မြတ်သည် တမန်တော်နူဟ်၏ အတ္ထုပ္ပတ္တိမှ သင်ခန်းစာယူရပေမည်။ အထူးတလည် သည်းခံရပေမည်။ အောင်မြင်မှုကား သည်းခံခြင်း၏ အကျိုးပင်တည်း။

وَيٰقَوْمِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْٓا اِلَيْهِ يُرْسِلِ السَّمَآءَ عَلَيْكُمْ مِّدْرَارًا وَّيَزِدْكُمْ قُوَّةً اِلٰى قُوَّتِكُمْ وَلَا تَتَوَلَّوْا مُجْرِمِيْنَ ﴿٥٢﴾

၅၂။ ၎င်းပြင် အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ လွတ်ငြိမ်း ချမ်းသာခွင့်ကို ပန်ကြားကြလေကုန်။ [၁] ထို့နောက် အသင်တို့သည် (ထိုအရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ကြလေကုန်။) (တစ်နည်း) ထိုအရှင်မြတ်ဖက်သို့ အာရုံပြုနေကြလေကုန်။ (ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ မိုးကို ဖြိုင်ဖြိုင် ရွာသွန်းစေတော်မူအံ့။ အသင်တို့၏ အားအင်၌ အသစ်ထပ်ဖြည့်တော်မူ၍) အသင်တို့ကို အားအင်တိုးတက်စေတော်မူအံ့။ ၎င်းပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများအဖြစ် မျက်နှာလွှဲ၍ မသွားကြကုန်လင့်။

---

(၂) တမန်တော်ဟူဒ်က မိမိ၏အမျိုးသားများအား 'ကျွန်ုပ်သည် ဤသို့ တရားဓမ္မဟောကြားသည့်အတွက် အသင်တို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာ တောင်းဆိုသည်မရှိ။ ကျွန်ုပ်အား မွေးမြူတော်မူသော အရှင်သည် ကျွန်ုပ်အား လောကီဆိုင်ရာလိုအပ်သည်များနှင့် နောင်တမလွန်ဘဝဆိုင်ရာ ကုသိုလ်အကျိုးများကို ချီးမြှင့်တော်မူမည်သာဖြစ်သည်။ ဤသည့်ဩဝါဒကို ပွင့်လေသမျှသော နဗီ၊ ရစူလ်၊ တမန်တော်အပေါင်းတို့သည် မိမိတို့၏ အမျိုးသားများအား အသီးသီး ပြောကြားတော်မူခဲ့ကြကုန်သည်။ ကြည့်-ကုရ်အာန်(၆:၉၁။ ၁၁:၂၉။ ၁၁:၅၁။ ၂၅:၅၇။ ၂၆:၁၀၉။ ၂၆:၁၂၇။ ၂၆:၁၄၅။ ၂၆:၁၆၄။ ၂၆:၁၈၀။ ၃၈:၈၆။ ၄၂:၂၃)။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် နဗီတမန်တော်အပေါင်းတို့သည် ကိုယ်ကျိုးအလျှဉ်းမဖက်၊ စေတနာသက်သက်ဖြင့်သာ တရားဓမ္မ ဟောကြားခဲ့ကြကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ ယင်းသို့ စေတနာသက်သက်ဖြင့် ဟောကြားသည့် တရားဓမ္မသည်သာလျှင် ထိရောက်ပေသည်။ စူးရှပေသည်။ ယင်းသို့ ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် ဟောကြားခဲ့သည့်အတွက်ကြောင့်လည်း လောကီသားတို့သည် မည်သည့်တမန်တော်တစ်ပါးကိုမျှ လောကီရေးနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ စွပ်စွဲနိုင်ခဲ့ကြသည် မရှိပေ။

(၁) တမန်တော်ဟူဒ်က အမျိုးသားများသည် ဥယျာဉ်ပန်းမာလ် လယ်ယာကိုင်းကျွန်း စိုက်ပျိုးရေးကို အထူးစိတ်ဝင်စားခဲ့ကြ၏။ မိုးခေါင်ရေရှားသောဘေးနှင့် ရင်ဆိုင်နေကြရသည်မှာလည်း သုံးနှစ်တိုင်တိုင် ရှိချေပြီ။ ထိုအချိန်တွင် တမန်တော်ဟူဒ်က မိမိ၏အမျိုးသားများအား အကယ်၍ အီမာန်ယူလာကြလျှင် အီမာန်၏ အကျိုးသည် နောင်တမလွန်ဘဝတွင်သာမက ဤပစ္စက္ခမျက်မှောက်ဘဝတွင်လည်း ဖြစ်ထွန်းမည့်အကြောင်း ရင်ဆိုင်တွေ့ကြုံခဲ့စားနေကြရသော မိုးခေါင်ရေရှားမှုသည်လည်း ကင်းဝေးသွားမည်ဖြစ်ကြောင်း ကတိစကား ပြောကြားတော်မူလေသည်။ (ဝါ) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို မသွေဖည်ဘဲ ထိုအရှင်မြတ် အထံတော်၌ ဝန်ချတောင်းပန် အသနားခံ၍ ထိုအရှင်မြတ်ဘက်တော်သို့သာ လှည့်၍ နေကြလျှင် ထိုအရှင်မြတ်သည် ရုပ်၊ နာမ်၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးများကို ချီးမြှင့်တော်မူမည်ဖြစ်သည်။ ➤➤

قَالُوْا يٰهُوْدُ مَا جِئْتَنَا
بِبَيِّنَةٍ وَّمَا نَحْنُ
بِتَارِكِيْٓ اٰلِهَتِنَا عَنْ قَوْلِكَ
وَمَا نَحْنُ لَكَ بِمُؤْمِنِيْنَ ﴿٥٣﴾

၅၃။ ၎င်း(အမျိုးသား)တို့က (နဗီတမန်တော်ဟူဒ် အား ဤသို့) ပြောဆိုခဲ့ကြလေသည်။ အို-ဟူဒ်၊ အသင်သည် (မိမိပြောဆိုချက်နှင့်စပ်လျဉ်း၍) ကျွန်ုပ်တို့ထံ ထင်ရှားသောသက်သေသာဓက တစ်စုံတစ်ရာ ကိုမျှ ယူဆောင်ခဲ့သည် မရှိချေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်ပြောဆိုချက်ကြောင့် မိမိတို့၏ကိုးကွယ်ရာများကို စွန့်လွှတ်ကြမည့်သူများလည်း မဟုတ်ကြချေ။ ထို့မှတစ်ပါး ကျွန်ုပ်တို့သည် အသင့်၏အပေါ်၌ ယုံကြည်ကြမည့်သူများလည်း မဟုတ်ကြပေ။ [၁]

اِنْ نَّقُوْلُ اِلَّا اعْتَرٰىكَ بَعْضُ
اٰلِهَتِنَا بِسُوْٓءٍ ۗ قَالَ اِنِّيْٓ اُشْهِدُ

၅၄။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဘုရားများအနက် ဘုရားတစ်ဆူဆူက အသင်အား အမှောင့်ပယောဂဖြင့် ဖမ်းစားခဲ့သည် ဟူ၍သာ ပြောဆိုလိုကြပေသည်။ [၂]

➤➤ လက်ရှိအင်အားကို မလျော့စေသည့်အပြင် အားအင်များကို ဖြည့်တင်းပေးတော်မူမည် ဖြစ်သည်ဟု ဟောကြားတော်မူခဲ့လေသည်။

'ဟဒီဆ်'တော်၌လာရှိသည်မှာ အကြင်သူသည် လွတ်ငြိမ်းချမ်းသာခွင့်ကို အမြဲတစေ ပန်ကြားသော် အလျှာ်အရှင်မြတ်သည် ထိုသူအား ပူပန်ကြောင့်ကြမှု အာလုံးတို့မှ သက်သာမှုကိုလည်းကောင်း၊ ကျပ်တည်းမှုအပေါင်းတို့မှ လွတ်မြောက်မှုကိုလည်းကောင်း၊ ဖန်တီးပေးတော်မူအံ့၊ ထို့ပြင် ထိုသူအား ထိုသူမတွေးထင်မိသော နေရာမှ စားနပ်ရိက္ခာကို ပေးသနားတော်မူအံ့'။ အီဗ်နူကဆီရ်။အ-၂။ စ-၄၄၉။

① အာဒ်အမျိုးသားများက တမန်တော်ဟူဒ်အား 'အသင်သည် ကျွန်ုပ်တို့ထံသို့ ထင်ရှားသော သက်သေသာဓက တစ်စုံတစ်ခုကိုမျှ ယူဆောင်လာခဲ့သည့်မရှိပါ' ဟု ပြောဆိုခြင်းမှာ တမင်ဇွတ်မိုက်၍ ငြင်းဆိုပြောဆိုခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလျှာ်အရှင်မြတ်သည် တမန်တော်အဖြစ် ချီးမြှင့်ခန့်အပ်တော်မူသော ပုဂ္ဂိုလ်မြတ်တိုင်းအား တမန်တော်ဖြစ်ကြောင်း သက်သေသာဓက ချီးမြှင့်တော်မူခဲ့သည်သာဖြစ်သည်။ တမန်တော်မြတ်၏ 'ဟဒီဆ်' ဩဝါဒတော်များတွင်လည်း 'တမန်တော်အဖြစ် ပွင့်လာခဲ့ကြသော ပုဂ္ဂိုလ်မြတ်တိုင်း၌ ထင်ရှားသော သက်သေသာဓကများသည် ပါရှိသည်သာဖြစ်သည်။ ထိုသက်သေသာဓကများကို ကြည့်၍ အီမာန်ယူလိုသူများသည် အီမာန်ယူလာနိုင်ကြပေသည်' ဟု လာရှိပေသည်။

ထို့အတွက်ကြောင့် တမန်တော်ဟူဒ်သည်လည်း အခြားတမန်တော်များကဲ့သို့ပင် မိမိ၏ အမျိုးသားများအား ပတ်ဝန်းကျင်အခြေအနေရ နည်းများမဆို သက်သေသာဓက ပြသတော်မူခဲ့သည်ဟူ၍ အခိုင်အမာ ပြောဆိုနိုင်ပေသည်။ သို့တစေတည်း အာဒ်အမျိုးသားများသည် မိုက်မဲလွန်းကြသည့်အတွက် တမန်တော်ဟူဒ်အား 'ကျွန်ုပ်တို့သည် အသင်ပြောရုံမျှဖြင့် မိမိတို့၏ ကိုးကွယ်ရာများကို စွန့်လွှတ်ကြမည်မဟုတ်၊ ➤➤

➤➤ အသင့်အားလည်း ယုံကြည်ကြမည် မဟုတ်' ဟု ဇွတ်မိုတ်၍ ငြင်းဆိုခဲ့ကြလေသည်။

(J) အာဒ်အမျိုးသားများက တမန်တော်ဟူဒ်အား 'အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မကောင်းပြောသည်။ ထိုကိုးကွယ်ရာများကို ကိုးကွယ်ခြင်းမှ တားဆီးသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများအနက် အချို့က အသင့်အား ဖမ်းစား၍ ရူးသွပ်အောင်ပြုလုပ်ထားလေပြီ။ ထို့အတွက်ကြောင့်လည်း အသင်သည် ယခု သူရူးများပမာ ပြောဆိုနေခြင်းသာ ဖြစ်သည်' ဟု (မပြောစကောင်း မဆိုစကောင်း) ပြောဆိုခဲ့ကြလေသည်။

အာဒ်အမျိုးသားများက ယင်းသို့ မိုက်မဲစွာ ပြောဆိုလာကြသည့်အခါ တမန်တော်ဟူဒ်က 'ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ အတိအလင်း ကြေညာအံ့၊ အသင်တို့လည်း နားထောင်ထားကြ၊ အသင်တို့ ယခု ကိုးကွယ်နေကြသော အချည်းအနှီးသော ကိုးကွယ်ရာများနှင့် ကျွန်ုပ်သည် လုံးဝလွတ်ကင်းသည်။ အသင်တို့သည် ကာယဗလကြီးမားလှသည်၊ အားအင်လည်း များပြားလှသည်။

ကြည့်-ကုရ်အာန် (၄၁:၁၅)၊

သို့ဖြစ်ရာ အသင်တို့သည် မိမိတို့ ကိုးကွယ်ရာများနှင့် စုပေါင်းပြီး ရှိရှိသမျှသော အင်အားစုအားလုံးတို့ကို အသုံးပြုကာ အစွမ်းကုန် ကျွန်ုပ်အား ကြံစည်ကြကုန်။ ယင်းသို့ ကြံစည်ရာတွင်လည်း ကျွန်ုပ်အား တစ်မိနစ်မျှ အခွင့်မပေးကြကုန်လင့်၊ သို့သော်လည်း အသင်တို့ သိထားအပ်သည်မှာ အသင်တို့သည် ကျွန်ုပ်အား အနည်းငယ် စိုးစဉ်းမျှ နစ်နာဆုံးရှုံးအောင်ကား အလျဉ်းပြုလုပ်နိုင်မည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် အားယုံပုံစိတ်ချလွဲအပ်ထားသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏အရှင်လည်း ဖြစ်တော်မူပေသည်။ အသင်တို့၏ အရှင်သခင်လည်း ဖြစ်တော်မူသည်။ သို့ရာတွင် အသင်တို့သည် မိုက်မဲမှုကြောင့် မိမိတို့၏အရှင်ကိုပင် မသိကြပေ။ ကျွန်ုပ်နှင့် အသင်တို့ မဆိုထားဘိ၊ သက်ရှိသတ္တဝါ ဟူသမျှတို့သည် ထိုအရှင်မြတ်တို့၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ မိမိအလိုတော်အတိုင်း ချယ်လှယ်တော်မူသည်။ ထိုအရှင်မြတ်၏ လက်တော်တွင်းမှ မည်သူမျှ လွတ်မြောက် ထွက်ပြေးနိုင်သည်မရှိ၊ သူယုတ်မာတို့သည် ထိုအရှင်မြတ်၏ အရေးယူတော်မူခြင်းမှ လွတ်မြောက်နိုင်ကြသည်လည်း မရှိ၊ သူတော်စင်များသည် ထိုအရှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုအတွင်း၌ ဂုဏ်ရည်သေးသိမ်ကြမည်လည်း မဟုတ်၊ အမှန်စင်စစ် ကျွန်ုပ်၏ အရှင်သခင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် တရားမျှတခြင်းတည်းဟူသော ဖြောင့်မတ်မှန်ကန်သော တရားလမ်းပေါ်၌ တည်ရှိတော်မူသည်။ ထိုအရှင်မြတ်၏ အထံတော်တွင် မတရားမှုဟူ၍ အလျဉ်းမရှိ။ အကြောင်းမဲ့ ချီးမြှင့်တော်မူသည်ဟူ၍လည်း အလျဉ်းမရှိ၊ ထိုအရှင်မြတ်သည် မိမိ၏ကျွန်များအား ဖြောင့်မတ် မှန်ကန်သော တရားလမ်းကို ပြသထားတော်မူသည်။ ထိုတရားလမ်းပေါ်၌ သွားလာပါက ကောင်းကျိုးချမ်းသာ အဖြာဖြာကို ခံစားရမည်ဖြစ်သည်။

ထိုတရားလမ်းပေါ်၌ သွားလာသူတို့အား ထိုအရှင်မြတ်သည် အခါမရွေး ထိန်းသိမ်းစောင့်ရှောက်တော်မူမည်သာဖြစ်သည်' ဟု ပြန်လည် ဟောကြားတော်မူခဲ့လေသည်။

တမန်တော်ဟူဒ်က မိမိ၏အမျိုးသားများအား အတည့်အလင်း ကျေညာသကဲ့သို့ တမန်တော်နူဟ်ကလည်း ကြေညာခဲ့သည်။ ကြည့်-ကုရ်အာန်(၁၀:၇၁)။ တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လဟု အလိုင်ဟိဝစလ္လမ်)ကလည်း ကျေညာတော်မူခဲ့လေသည်။ ကြည့်-ကုရ်အာန် (၇:၁၉၅)။

တမန်တော်ဟူဒ်သည် တစ်ကိုယ်တည်းဖြစ်လျက် အားအင်ကြီးမား များပြားလှသော မိမိ၏ ➤➤

اللَّهَ وَاشْهَدُوٓا۟ أَنِّى بَرِىٓءٌ مِّمَّا تُشْرِكُونَ ﴿٥٤﴾

(ထိုအခါ) ထို(နဗီတမန်တော်ဟူဒ်)က (ဤသို့) ပြန်ကြားခဲ့သည်မှာ ဟယ်-အချင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် တွဲဖက်ကိုးကွယ်လျက်ရှိကြသော အရာများနှင့် ငါသည် လုံးဝလွတ်ကင်းသူတစ်ဦးဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်အား သက်သေထား(၍ အတည့်အလင်း ကြေညာ)သည်။ အသင်တို့သည်လည်း သက်သေခံကြကုန်လော့။

مِن دُونِهِۦ فَكِيدُونِى جَمِيعًا ثُمَّ لَا تُنظِرُونِ ﴿٥٥﴾

၅၅။ သို့ဖြစ်ပေရာ အသင်တို့အားလုံးသည် ငါနှင့်ဆန့်ကျင်၍ လျှို့ဝှက်ကြံစည်ကြလေကုန်။ ထို့နောက် အသင်တို့သည် ငါအား (အနည်းငယ်မျှပင်) ရွှေ့ဆိုင်းခွင့်မပေးကြကုန်လင့်။

إِنِّى تَوَكَّلْتُ عَلَى ٱللَّهِ رَبِّى وَرَبِّكُمْ ۚ مَا مِن دَآبَّةٍ إِلَّا هُوَ ءَاخِذٌۢ بِنَاصِيَتِهَآ ۚ إِنَّ رَبِّى عَلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿٥٦﴾

၅၆။ အကယ်စင်စစ် ငါသည် ငါ၏အရှင်မြတ်လည်းဖြစ်တော်မူသော အသင်တို့၏အရှင်မြတ်လည်းဖြစ်တော်မူသော အလ္လာဟ် အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချလွှဲအပ်ခဲ့လေပြီ။ ထိုအရှင်မြတ်သည် ရှိရှိသမျှသော တိရစ္ဆာန်တို့၏ နဖူး(ဆံစ)ကို ဆုပ်ကိုင်ထားတော်မူပေသည်။ [၁] ဧကန်မလွဲ ငါ၏အရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်၌ ပင် ရှိနေတော်မူပေသတည်း။

➤➤ အတိုက်အခံ အင်အားစုကြီးအား ဤကဲ့သို့ ရဲရဲတောက် ကြေညာခဲ့ခြင်း၊ ယင်းသို့ ကြေညာခဲ့ပါလျက် အတိုက်အခံ အင်အားစုကြီးသည် တမန်တော်ဟူဒ်အား ဆဲခြည်မျှင် တစ်ပင်မျှ နစ်နာဆုံးရှုံးအောင် မပြုလုပ်နိုင်ခဲ့ခြင်းသည်ပင်လျှင် တမန်တော်ဟူဒ်အဖို့ တန်ခိုးဣဒ္ဓိဟာ တစ်ပါးပင် ဖြစ်လျက်ရှိချေပြီ။

ကြည့်-ထာနဝီ။ အ-၅၅။ စ-၁၃။

(၁) နဖူး (ဆံစ) ကို ဆုပ်ကိုင်ထားခြင်းဟူသည် တန်ခိုးအာဏာ ကြီးကြောင်း၊ တည်ကြောင်း၊ နိုင်နင်းကြောင်းကို တင်စား၍ မိန့်ဆိုထားခြင်းဖြစ်သည်။

فَإِن تَوَلَّوْا۟ فَقَدْ أَبْلَغْتُكُم مَّآ أُرْسِلْتُ بِهِۦٓ إِلَيْكُمْ ۚ وَيَسْتَخْلِفُ رَبِّى قَوْمًا غَيْرَكُمْ ۖ وَلَا تَضُرُّونَهُۥ شَيْـًٔا ۚ إِنَّ رَبِّى عَلَىٰ كُلِّ شَىْءٍ حَفِيظٌ ﴿٥٧﴾

၅၇။ သို့ရာတွင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲဖယ်လျက်ပင် ရှိနေကြလျှင် မုချဧကန် ငါသည် အကြင်အမိန့်တော်များကို အသင်တို့ထံ ပို့ခဲ့ပြီးဖြစ်ပေသည်။ ငါသည်ထိုအမိန့်တော်များနှင့်တကွ အသင်တို့ထံသို့ စေလွှတ်တော်မူခြင်းကို ခံခဲ့ရလေသည်။ ထို့ပြင် ငါ၏အရှင်မြတ်သည် (အသင်တို့နေရာတွင်) အသင်တို့၏ကိုယ်စား အခြား လူမျိုးတစ်မျိုးကို ခန့်အပ်တော်မူမည်။ ၎င်းပြင် အသင်တို့သည် ထို အရှင်မြတ်အား တစ်စုံတစ်ရာမျှပင် ကျိုးယုတ်ဆုံးရှုံး စေနိုင်ကြမည် မဟုတ်ပေ။ ဧကန်စင်စစ် ငါ၏ အရှင်မြတ်သည် အရာခပ်သိမ်းတို့ အပေါ်ဝယ် ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။ ②

---

② ဤအာယတ်တော်၏ အလိုသဘောကား တမန်တော်ဟူဒ်က မိမိအမျိုးသားများအား အသင်တို့သည် ယခုကဲ့သို့ တိကျပြတ်သားသော တရားစကားများကို ကြားနာကြပြီးနောက်သော်မှပင် အကယ်၍ သွေဖည်ကျောခိုင်းလျက် နေကြပါမူ ကျွန်ုပ်၌ တစ်စုံတစ်ရာ နစ်နာစရာမရှိ၊ ကျွန်ုပ်သည် မိမိ၌တာဝန်ရှိသည့် အလျောက် အသင်တို့အား ဟောပြောရန် တရားဒေသနာတော်များကို တစ်လုံးတစ်ပါဒမျှ မချန် စာလယ်ဆုံး ဟောပြောပြီးဖြစ်သည်။ ကျွန်ုပ်၏ တာဝန်ကားကျေပြီ။ အသင်တို့သာလျှင် မိမိတို့၏အရေးကို စဉ်းစားကြရမည်ဖြစ်သည်။

အသင်တို့သည် ယခုကဲ့သို့ ဇွတ်တရွတ်ပြုကာ တရား ဒေသနာတော်များကို သွေဖည် ငြင်းဆန်နေကြ ပါလျှင် အလွှာဟ် အရှင်မြတ် အထံတော်မှ အသင်တို့ထံသို့ ပြစ်ဒဏ်တော်သည် မုချသက်ရောက်လာမည် ဖြစ်သည်။ ထိုအချိန်တွင် အသင်တို့အားလုံး ပျက်စီးသွားကြမည်။ သို့ရာတွင် အသင်တို့ သိထားအပ်သည်မှာ အသင်တို့ ပျက်စီး သွားသည့်အတွက် အလွှာဟ် အရှင်မြတ်၏ ကမ္ဘာမြေကြီးသည် တိမ်ကောသွားမည် မဟုတ်။ ထိုအရှင်မြတ်သည် အသင်တို့နေရာတွင် အသင်တို့၏အစား အခြားသူများကို ခန့်အပ်တော်မူမည်ဖြစ်သည်။ အသင်တို့သည် ထိုအရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်များအားလည်းကောင်း၊ အနည်းငယ် စိုးစဉ်းမျှ နစ်နာအောင် ပြုလုပ်နိုင်ကြမည်လည်းမဟုတ်။ ထိုအရှင်မြတ်၏ နိုင်ငံတော်သည် ပျက်စီးသွားမည်လည်းမဟုတ်။

အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူရာ ထိုအရှင်မြတ်သည် မိမိ၏အနန္တတန်ခိုးတော်ဖြင့် ထိန်းသိမ်းကာကွယ်ထားသည့် အရာများကို ထိန်းသိမ်းကာကွယ် ထားတော်မူမည်ပင် ဖြစ်သည်။

وَلَمَّا جَآءَ أَمْرُنَا نَجَّيْنَا هُودًا وَالَّذِينَ آمَنُوا مَعَهُ بِرَحْمَةٍ مِّنَّا وَنَجَّيْنَاهُم مِّنْ عَذَابٍ غَلِيظٍ ﴿٥٨﴾

၅၈။ တဖန် ငါအရှင်မြတ်၏အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် (နဗီတမန်တော်) 'ဟူဒ်' အားလည်းကောင်း၊ ထို(နဗီတမန်တော်)ဟူဒ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အားလည်းကောင်း၊ မိမိကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်တစ်ရပ်မှလည်း ကယ်တင်တော်မူခဲ့လေသတည်း။ [၁]

وَتِلْكَ عَادٌ جَحَدُوا بِآيَاتِ رَبِّهِمْ وَعَصَوْا رُسُلَهُ وَاتَّبَعُوا أَمْرَ كُلِّ جَبَّارٍ عَنِيدٍ ﴿٥٩﴾

၅၉။ စင်စစ်သော်ကား ဤသည် အာဒ်အမျိုးသားများပင်။ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာများကို ငြင်းပယ်ခဲ့ကြလေသည်။ ၎င်းတို့သည် ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်များကို ဖီဆန်ခဲ့ကြလေသည်။ [၂] ထိုမှတစ်ပါး၊ ၎င်းတို့သည် ခေါင်းမာသော၊ နှိုင်ထက်ကလူပြုမူသောလူတိုင်း၏ အမိန့်ကို လိုက်နာခဲ့ကြကုန်သတည်း။ [၃]

---

① နောက်ဆုံးတွင် မောက်မာဆိုးသွမ်းလှသော အာဒ်အမျိုးသားများထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်တော် ဆိုက်ရောက်လာခဲ့လေသည်။ ပြင်းထန်လှသော လေမုန်တိုင်းသည် ၎င်းတို့အပေါ်၌ ခုနှစ်ညဉ့်နှင့် ရှစ်ရက်တိုင်တိုင် တိုက်ခတ်လေရာ အိမ်အိုးတိုက်တာ ဂေဟာများနှင့်တကွ အမိန့်တော်ကို သွေဖည်ငြင်းဆန်မနာခံခဲ့ကြသော အာဒ်အမျိုးသားများသည် သေကြေပျက်စီးသွားခဲ့ကြလေသည်။ ကြည့်-ကုရ်အာန် (၆၉း၆-၈)။ ယင်းသို့ အာဒ်အမျိုးသားများထံသို့ ပြစ်ဒဏ်တော်ကျရောက်လာသည့်အခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် တမန်တော်ဟူဒ်နှင့်တကွ (၄၀၀၀)ခန့်ရှိသော မုအ်မင်န်တို့အား ကယ်တင်ထားတော်မူခဲ့လေသည်။ အလ္လာဟ်အရှင်မြတ်သည် မောက်မာဆိုးသွမ်းလှသော အာဒ်အမျိုးသားတို့အား ပြစ်ဒဏ်တော်တင်ရိုက်စီရင်တော်မူခဲ့သည့်အကြောင်း ကုရ်အာန်(၂၃း၄၁။ ၄၁း၁၆။ ၄၆း၂၄-၂၆။ ၅၁း၄၁-၄၂။ ၅၄း၁၇-၂၀။ ၆၉း၆-၈) တွင် အတိအလင်း ပါရှိလေသည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်ဟူဒ်နှင့်တကွ မုအ်မင်န်တို့အား အာဒ်အမျိုးသားတို့ထံသို့ ဆိုက်ရောက်ခဲ့သော လောကီပြစ်ဒဏ်တော်မှသာ ကယ်တင်တော်မူခဲ့သည်မဟုတ်။ နောင်ကိယာမတ်နေ့တွင် ကာဖိရ်တို့ခံစားကြရမည့် ပြင်းထန်လှသော ငရဲမီးဘေးကြီးမှလည်း ၎င်းတို့၏ အီမာန်ယုံကြည်မှုနှင့် ကောင်းမွန်သော အကျင့်အမူများကြောင့် ကယ်တင်တော်မူမည်ဖြစ်သည်။

وَأُتْبِعُوا۟ فِى هَٰذِهِ ٱلدُّنْيَا لَعْنَةً وَيَوْمَ ٱلْقِيَٰمَةِ ۗ أَلَآ إِنَّ عَادًا كَفَرُوا۟ رَبَّهُمْ ۗ

၆၀။ ထို့ပြင် ၎င်းတို့သည် ဤပစ္စုပ္ပန် မျက်မှောက်လောကီဘဝ၌လည်းကောင်း၊ ကိယာမတ်ရှင်ပြန်ထရမည့်နေ့တွင်လည်းကောင်း၊ ကရုဏာတော်မှကင်းဝေးစေခြင်းကို (မိမိတို့)နောက်မှ ထက်ကြပ်မကွာလိုက်စေခြင်းကို ခံခဲ့ကြရလေသည်။

---

(၂) အာဒ်အမျိုးသားများသည် မောက်မာပလွားဝါကြွား၍ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ဆွေဖည်ခဲ့ကြ၏။ ထိုအရှင်မြတ်၏ တမန်တော်များအား ဆန့်ကျင်ခဲ့ကြ၏။ အနှံတုခဲ့ကြ၏။ ၎င်းတို့အနက် ငယ်သားများသည် မိမိတို့အား နှိပ်ထက်စီးနင်း ပြုလုပ်သော မောက်မာသော ဆိုးမိုက်သော အကြီးအကဲများ၏ စကားများကို နာခံခဲ့ကြ၏။ နောက်ဆုံးတွင် အားလုံးပင် ပျက်စီးသွားခဲ့ကြလေသည်။

အာဒ်အမျိုးသားများသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်သင့်ပြီး အပျက်ကြီး ပျက်စီးသွားခဲ့ကြချေပြီ။ ယခုမူ ၎င်းတို့၏ ပျက်စီးယိုယွင်းနေသည့် အိုးအိမ်တိုက်တာ ဂေဟာ၏ အကြွင်းအကျန်များကိုသာ တွေ့ရှိရပေသည်။ ဤသည်တို့ကို နောင်လာနောက်သားလူများတို့သည် တရားမျက်စိဖြင့် ကြည့်ရှုဆင်ခြင်၍ သတိသံဝေဂ နောင်တတရားရယူကြရပေမည်။

ဤအာယတ်တော်တွင် 'ရုစုလဟူ' ထိုအရှင်မြတ်၏တမန်များ ဟူ၍ ဗဟုဝုစ်ကိန်း သုံးထားတော်မူသည်။ ယင်းသို့ ဗဟုဝုစ်ကိန်း သုံးထားတော်မူခြင်းမှာ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့၏ သာသနာသည် တစ်ခုတည်းဖြစ်၏။ အခြေခံသဘောတရားများသည်လည်း တစ်မျိုးတစ်စားတည်းပင် ဖြစ်သည်။ တမန်တော်များသည် အချင်းချင်း ထောက်ခံကြသည်သာ ဖြစ်ကြ၏။ ထို့အတွက်ကြောင့် တမန်တော်တစ်ပါးအား ဆန့်ကျင်ခြင်းသည် တမန်တော်အပေါင်းတို့အား ဆန့်ကျင်ခြင်းမည်၏။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် တမန်တော်ဟူဒ်အား ဆန့်ကျင်ခြင်းကို တမန်တော်အပေါင်းတို့အား ဆန့်ကျင်ခြင်းဟူ၍ ဗဟုဝုစ်ကိန်းများနှင့် သုံးထားတော်မူခြင်းဖြစ်သည်။

'ဂျူဟူဒ်' သည် စိတ်၌ရှိသောအရာကို မရှိဟူ၍လည်းကောင်း၊ စိတ်၌မရှိသောအရာကို ရှိသည်ဟူ၍လည်းကောင်း ဆိုခြင်းကိုဆိုလိုသည်။ ရာယိဗ်။

ဤသည့်သဘောအတိုင်း ကုရ်အာန် (၂၇း၁၄)တွင် သုံးနှုန်းထားတော်မူသည်။

ဤအာယတ်တော်တွင် အာဒ်အမျိုးသား များ၏ ဆွေဖည်ငြင်းဆန်မနာခံမှုနှင့် စပ်လျဉ်း၍ ဤ'ဂျူဟူဒ်'ဟူသော ပုဒ်ကိုပင် သုံးနှုန်းထားတော်မူရာ အာဒ်အမျိုးသားများသည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကိုငြင်းပယ်ခဲ့ကြသည်မှာ ယင်းဒေသနာတော်များကို အလ္လာဟ်အရှင်မြတ်၏ ဒေသနာများဟူ၍ စိတ်တွင်းမှ သိပါလျက်နှင့် ဆွေဖည်ငြင်းဆန်မနာခံခဲ့ကြခြင်းသာဖြစ်ပေသည်။

(၃) အာဒ်အမျိုးသားများသည် မိမိတို့အား အီမာန်ဘက်သို့လည်းကောင်း၊ မိမိတို့အား ကယ်တင်မည့် ဒေသနာတော်များဘက်သို့လည်းကောင်း၊ ဖိတ်ခေါ်ကြကုန်သော တမန်တော်များအား ဆွေဖည်ခဲ့ကြ၏။ ၎င်းတို့သည် မိမိတို့အား ကုဖ်ရ်ဘက်သို့လည်းကောင်း၊ မိမိတို့အား ဆုံးရှုံးနစ်နာပျက်စီးစေမည့် အရာဘက်သို့ လည်းကောင်း၊ ဖိတ်ခေါ်ကြသော နှိပ်စက်ကလူပြုကြသော၊ မောက်မာပလွားကြသော မိမိတို့၏ ခေါင်းဆောင်များ၏ စကားကိုသာ နာခံခဲ့ကြပေသည်။

أَلَا بُعْدًا لِّعَادٍ قَوْمِ هُودٍ ﴿٦٠﴾

သတိပြုကြလေကုန်။ ဧကန်မလွဲ အာဒ်အမျိုးသားတို့သည် မိမိတို့အရှင်မြတ်အား ငြင်းပယ်ခဲ့ကြလေသည်။ [၁] သတိပြုကြလေကုန်။ (နဗီတမန်တော်)ဟူဒ်၏ အမျိုးသားများ ဖြစ်ကုန်သော 'အာဒ်' အမျိုးသားတို့၌ (ကရဏာတော်မှ) ကင်းဝေးခြင်းသည် ရှိစေသတည်း။

وَإِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا ۚ قَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ هُوَ أَنشَأَكُم مِّنَ الْأَرْضِ وَاسْتَعْمَرَكُمْ فِيهَا فَاسْتَغْفِرُوهُ

၆၁။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) *'ဆမူဒ်' အမျိုးသားတို့ထံ ၎င်းတို့၏အစ်ကို (နဗီတမန်တော်) 'ဆွာလိဟ်' အား* [၂] (စေလွှတ်တော်မူလေသည်။) ထို(နဗီတမန်တော်) 'ဆွာလိဟ်'သည် (မိမိအမျိုးသားတို့အား ဤသို့)ပြောဆိုဟောကြားခဲ့လေသည်။ အိုငါ၏အမျိုးသားတို့ အသင်တို့သည် အလွှာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ ထိုအရှင်မြတ်မှတစ်ပါး အသင်တို့အဖို့ ကိုးကွယ်ဆည်းကပ်ရာအရှင်ဟူ၍ အလျှင်းမရှိချေ။

---

① 'လအ်နတ်' ကရဏာတော်နှင့် ကင်းဝေးမှုသည် အာဒ်အမျိုးသားများ၏ နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါခဲ့ချေပြီ။ (ဝါ) 'ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ' ဆိုသကဲ့သို့ ဤပစ္စက္ခဘဝတွင်လည်း အာဒ်အမျိုးသားများသွားလေရာကို 'လအ်နတ်' သည် ၎င်းတို့၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါချေပြီ။ ကိယာမတ်နေ့တွင်လည်း 'လအ်နတ်သည်' ၎င်းတို့နှင့် ထက်ကြပ်မကွာလိုက်ပါလျက် ရှိချိမ့်မည်။ ကိယာမတ် ပြီးသည့်နောက်တွင်လည်း လအ်နတ်သည် ၎င်းတို့၏ နောက်မှ ထက်ကြပ်မကွာ အမြဲတစေ လိုက်ပါလျက်ပင် ရှိချိမ့်မည်။ ဤကား မည်သူမပြု မိမိမှုပင်တည်း။

'သတိပြုကြကုန်၊ ဧကန်မုချ အာဒ်အမျိုးသားများသည် မိမိတို့၏အရှင်သခင်အား သွေဖည်ငြင်းပယ်ခဲ့ကြလေသည်။' ဤသည် ကုရ်အာန်ကျမ်းလာ ကြွေးကြော်သံကို ကိယာမတ်နေ့တွင်လည်း ကြွေးကြော်မည် ဖြစ်သည်ဟူ၍ အချို့ မုဖတ်စ်စစ်ရှ်များက ဖွင့်ဆိုကြသည်။

② **မှတ်ချက်။** Thamud ဆမူဒ်အမျိုးသားမျိုး မျိုးနွယ်ဆက်၊ ၎င်းတို့ နေထိုင်ရာဒေသ၊ ၎င်းတို့၏ခေတ်၊ ၎င်းတို့၏ အယူဝါဒ၊ ၎င်းတို့၏ လူဦးရေ စသည်တို့ကို ကုရ်အာန် (၇:၇၃) ၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

မှတ်ချက်။ တမန်တော် ဆွာလိဟ်(အလိုင်ဟစ္စလာမ်)၏ အထွှယ်ပွတ်နှင့် စပ်လျဉ်း၍ ကုရ်အာန်(၇:၇၃)၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

ثُمَّ تُوبُوٓا۟ إِلَيْهِ ۚ إِنَّ رَبِّى قَرِيبٌ مُّجِيبٌ ﴿٦١﴾

ထို အရှင်မြတ်သည်ပင် အသင်တို့အား မြေမှဖြစ်ထွန်းစေတော်မူခဲ့လေသည်။ (စတင်ဖန်ဆင်းတော်မူခဲ့လေသည်)။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် အသင်တို့အား *ထိုမြေဝယ်* နေထိုင်စေတော်မူခဲ့လေသည်။ [၁] သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အထံတော်၌ ချမ်းသာခွင့်ကို ပန်ကြားကြလေကုန်။ ထို့နောက် အသင်တို့သည် ထိုအရှင်မြတ်ဘက်သို့သာလှည့်ကြလေကုန်။ စင်စစ် ငါ၏အရှင်မြတ်သည် နီးကပ်တော်မူသောအရှင်၊ အကျိုး ပြန်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသည်။

---

① 'ထိုအရှင်မြတ်သည် အသင်တို့အား မြေဖြင့် ဖန်ဆင်းတော်မူခဲ့၏' ယင်းသို့ မိန့်ဆိုထားတော်မူခြင်းမှာ အလွှာဟ်အရှင် မြတ်သည် လူသားတို့၏ ဖခင်ကြီး အာဒမ်အား မြေဖြင့် ဖန်ဆင်းတော်မူခဲခြင်းကို အကြောင်းပြု၍ မိန့်ဆိုထားတော်မူခြင်း ပင်ဖြစ်သည်။

'ထိုအရှင်မြတ်သည် အသင်တို့အား ကမ္ဘာမြေပြင်၌ နေထိုင်စေတော်မူခဲ့၏။ (သာယာစိုပြည်စေတော်မူခဲ့၏။)' ဤသည့်အာယတ်တော်ကို ထောက်ရှု၍ အချို့ မုဖတ်စ်စစ်ရပညာရှင် သုခမိန်များက လယ်ယာပြုလုပ်ခြင်းအားဖြင့် ဖြစ်စေ၊ ဥယျဉ်ပန်းမာလ် စိုက်ပျိုးခြင်းအားဖြင့် ဖြစ်စေ၊ ကမ္ဘာမြေပြင်ကို သာယာစိုပြည်အောင် ပြုလုပ်ခြင်းသည် 'ဝါဂျစ်ဗ်' မုချတာဝန်တစ်ရပ်ပင် ဖြစ်သည်ဟု ဖွင့်ဆိုကြသည်။

ဆိုလိုသည်ကား အလွှာဟ်အရှင်မြတ်သည် ဦးစွာပထမ ဘခင်ကြီးအာဒံမ်အား မြေဖြင့် ဖန်ဆင်းတော်မူ၏။ ထို့နောက် မြေမှ စားဖွယ်သောက်ဖွယ် အာဟာရပစ္စည်းများကို ပေါက်ပွားစေတော်မူ၏။ ထိုအာဟာရများမှ လူသားတို့၏ မွေးဖွားရာဖြစ်သော သုက်ရည်စသည့် ပစ္စည်းများဖြစ်ပေါ်လာ၏။ ထို့အတွက်ကြောင့်ပင် 'ထိုအရှင်မြတ်သည် အသင်တို့အား မြေဖြင့် ဖန်ဆင်းထားတော်မူသည်' ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

အလွှာဟ်အရှင်မြတ်သည် လူသားတို့အား ဖန်ဆင်းတော်မူပြီး ဘေးမဲ့လွတ်ထားတော်မူသည်မဟုတ်၊ လူသားတို့သက်တမ်းတလျှောက်လုံးတွင် ကောင်းစွာအသက်ရှင်နေနိုင်ရန်အတွက် ကမ္ဘာမြေ တွင် လိုရာပစ္စည်းများကို လိုလေသေးမရှိ အသင့်ဖန်ဆင်းထားတော်မူသည်။ ကမ္ဘာမြေကို စည်ပင်သာယာအောင် ပြုလုပ်ရန် နည်းနာများကိုလည်း ပြသထားတော်မူသည်။ သို့ဖြစ်ပေရာ အလွှာဟ်အရှင်မြတ်သည် လူသားတို့၏ အကြီးဆုံးသော ကျေးဇူးတော်ရှင်ပင် ဖြစ်တော်မူသည်။ ထို့အတွက်ကြောင့် လူသားတို့သည် ထိုအရှင်မြတ်အားသာလျှင် ဆည်းကပ်ခဝပ်ကိုးကွယ်ကြရပေမည်။ ယခင်က မှားယွင်းမှုများရှိခဲ့ပါက ထိုအရှင်မြတ်ထံတော်၌သာ ဝန်ချ တောင်းပန်အသနားခံကြရပေမည်။ နောက်နောင်အစဉ်တစိုက် မိမိကိုယ်ကို ပြုပြင်၍ သူတော်စင်အဖြစ် နေထိုင်သွားနိုင်ရန်အတွက် ထိုအရှင်မြတ်ဘက်တော်သို့သာ ဦးလှည့်ကြရပေမည်။ ထိုအရှင်မြတ်သည် လူသားတို့နှင့် ဝေးတော်မူသည်မဟုတ်၊ အလွန်တရာမျှပင် နီးတော်မူသည်။ စိတ်စေတနာ ဖြူစင်စွာဖြင့် ပန်ကြားသော ဆုမွန်များကိုလည်း ကြားတော်မူသည်။ လက်ခံတော်မူသည်။

قَالُوا يٰصٰلِحُ قَدْ كُنْتَ فِيْنَا
مَرْجُوًّا قَبْلَ هٰذَآ اَتَنْهٰىنَآ
اَنْ نَّعْبُدَ مَا يَعْبُدُ اٰبَآؤُنَا
وَاِنَّنَا لَفِيْ شَكٍّ مِّمَّا تَدْعُوْنَآ
اِلَيْهِ مُرِيْبٍ ﴿٦٢﴾

၆၂။ ၎င်း('ဆမူဒ်' အမျိုးသား)တို့က (ဤသို့) ပြောဆိုခဲ့ကြလေသည်။ အို- 'ဆွာလိဟ်' ယခင်ကမူ ဧကန်အမှန်အသင်သည် ကျွန်ုပ်တို့တွင် မျှော်လင့်ချက် ထားရှိခြင်းခံရသူ(တစ်ဦး)· ဖြစ်ခဲ့လေသည်။ (ယခု သော်ကား) အသင်သည် ကျွန်ုပ်တို့၏အဖ၊ ဘိုး၊ ဘေးများ၊ ကိုးကွယ်ဆည်းကပ်ကြကုန်သောဘုရားများ ကို ဆည်းကပ်ကိုးကွယ် ခဝပ်ခြင်းမပြုကြရန် ကျွန်ုပ် တို့အား တားမြစ်လေသလော။ စင်စစ်သော်ကား ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့အား (ယုံကြည်လိုက်နာရန် ဖိတ်ခေါ်လျက်ရှိသော တရား ဓမ္မနှင့် စပ်လျဉ်း၍ ယုံမှားသံသယ ဖြစ်စေသော ဒွိဟသံသယ၌ ရှိနေကြပေသတည်း။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ
عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَاٰتٰىنِيْ
مِنْهُ رَحْمَةً فَمَنْ يَّنْصُرُنِيْ
مِنَ اللّٰهِ اِنْ عَصَيْتُهٗ ۖ فَمَا
تَزِيْدُوْنَنِيْ غَيْرَ تَخْسِيْرٍ ﴿٦٣﴾

၆၃။ ထို(နဗီတမန်တော် ဆွာလိဟ်)သည် (၎င်းတို့ အား ဤသို့) ပြန်ကြားခဲ့လေသည်။ အို-ငါ၏ အမျိုးသားတို့၊ အကယ်၍ ငါသည် မိမိအရှင်မြတ် အထံတော်မှ ထင်ရှားစွာသော သက်သေခံအပေါ်၌ တည်ရှိနေသည့်ပြင် ထိုအရှင်မြတ်သည် ငါ့အား မိမိအထံတော်မှ *တမန်တော်၏အဖြစ်ကို* [၁] ချီးမြှင့် ပေးသနားတော်မူခဲ့ပါလျှင် အသင်တို့သည် မည်သို့ ယူဆကြမည်ကို ငါ့အား ပြောပြကြလေကုန်။ တစ်ဖန် အကယ်၍ ငါသည် အလွှာဟ်အရှင်မြတ်၏(အမိန့် တော်)ကို ဖီဆန်ခဲ့ပါမူ မည်သူသည် ငါ့အားထိုအရှင် မြတ်၏ပြစ်ဒဏ်မှ ကာကွယ်နိုင်မည်နည်း။ ထိုသို့ ဖြစ်ခဲ့လျှင် အသင်တို့သည် ငါ့အား ကျိုးယုတ်နစ်နာ ဆုံးရှုံးစေခြင်းမှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ တိုးပွားစေနိုင်ကြမည် မဟုတ်ပေတကား။

① ဤအာယတ်တော်တွင် 'ရဟ်မတ်' ဟူသည် နူဗုဝါတ် တမန်တော်အဖြစ်ကို ဆိုလိုသည်။
ကြည့် - မအာလင်မ်။

وَيٰقَوْمِ هٰذِهٖ نَاقَةُ اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا تَاْكُلْ فِيْٓ اَرْضِ اللّٰهِ وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابٌ قَرِيْبٌ ﴿٦٤﴾

၆၄။ ၎င်းပြင် အို-ငါ၏အမျိုးသားတို့၊ အလ္လာဟ်အရှင်မြတ်၏ ကုလားအုပ်မသည် အသင်တို့အဖို့ သက်သေလက္ခဏာတရပ်ပင်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုကုလားအုပ်မကို အလ္လာဟ်အရှင်မြတ်၏ ပထဝီမြေ၌ စားသောက်နေထိုင်ရန် လွှတ်ထားကြလေကုန်။ ၎င်းပြင်အသင်တို့သည် ယင်းကုလားအုပ်မအား အကျိုး ယုတ်စေသော ရည်ရွယ်ချက်ဖြင့် မထိကြကုန်လင့်။ ထိုသို့ပြုခဲ့ကြလျှင် ချက်ချင်း ဆိုက်ရောက်လာမည်ဖြစ်သော ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီး(ကွပ်မျက်)အံ့သတည်း။

فَعَقَرُوْهَا فَقَالَ تَمَتَّعُوْا فِيْ دَارِكُمْ ثَلٰثَةَ اَيَّامٍ ۭ ذٰلِكَ وَعْدٌ غَيْرُ مَكْذُوْبٍ ﴿٦٥﴾

၆၅။ သို့ (သတိ ပေးခဲ့)ပါလျက် ၎င်းတို့သည် ယင်းကုလားအုပ်မ၏ခြေများကို ဖြတ်တောက်ခဲ့ကြလေသည်။ ထိုအခါ ထို(နဗီတမန်တော်)ဆွာလိဟ်သည် (၎င်းတို့အား ဤသို့)ပြောကြားခဲ့လေသည်။ (အချင်းတို့) အသင်တို့သည် သုံးရက်မျှတိုင်အောင် မိမိတို့၏နေအိမ်များတွင် စည်းစိမ်ခံ၍နေထိုင်ကြဦးလော့၊ (ထို့နောက်တွင် ပြစ်ဒဏ်သက်ရောက်တော်မူမည်) ဤသည် မုသားမဟုတ်၊ (ပကတိ မှန်ကန်)သော ချိန်းချက်ပင်တည်း။

فَلَمَّا جَاۗءَ اَمْرُنَا نَجَّيْنَا صٰلِحًا وَّالَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا وَمِنْ خِزْيِ يَوْمِىِٕذٍ ۭ اِنَّ رَبَّكَ هُوَ الْقَوِيُّ الْعَزِيْزُ ﴿٦٦﴾

၆၆။ တစ်ဖန် (သုံးရက်ကုန်၍) ငါအရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် (နဗီတမန်တော်)ဆွာလိဟ်နှင့်တကွထို(နဗီတမန်တော်)ဆွာလိဟ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့ကိုပါ မိမိကရုဏာတော်ဖြင့် ပျက်စီးခြင်း၏ ပြစ်ဒဏ်မှလည်းကောင်း၊ထိုနေ့တွင် [၁] အရှက်တကွဲ အကျိုးနည်းဖြစ်ခြင်းမှလည်းကောင်း ကယ်တင်တော်မူခဲ့လေသည်။

① 'ထိုနေ့၏ အရှက်တကွဲ အကျိုးနည်းဖြစ်ခြင်းမှ' ဟူသော ဝါကျတွင် ပါရှိသော 'ထိုနေ့' သည် ➤➤

ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ခွန်အားကြီးမားတော်မူသောအရှင်၊ လွှမ်းမိုးတော်မူသောအရှင်၊ ဖြစ်တော်မူပေတည်း။

وَأَخَذَ الَّذِينَ ظَلَمُوا الصَّيْحَةُ فَأَصْبَحُوا فِي دِيَارِهِمْ جَاثِمِينَ ﴿٦٧﴾

၆၇။ သို့ရာတွင် မတရားပြုမူသော သူတို့အား ကျယ်လောင်သောအသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့ နေအိမ်များတွင် နံနက်အချိန်၌ မှောက်လျက် (သေကြေပျက်စီးသွားခဲ့ကြလေသည်။)

كَأَن لَّمْ يَغْنَوْا فِيهَا ۗ أَلَا إِنَّ ثَمُودَ كَفَرُوا رَبَّهُمْ ۗ أَلَا بُعْدًا لِّثَمُودَ ﴿٦٨﴾

၆၈။ ၎င်းတို့သည် ထိုအိမ်များတွင် မနေခဲ့ဘူးကြသကဲ့သို့ပင် ဖြစ်သွားခဲ့ကြလေသည်။ သတိပြုကြလေကုန်။ ဧကန်အမှန် 'ဆမူဒ်' အမျိုးသားတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(၏)အမိန့်တော်)ကို သွေဖည်ငြင်းဆန်ခဲ့ကြကုန်သည်။ သတိပြုကြလေကုန်။ 'ဆမူဒ်' အမျိုးသားတို့၌ (ကရုဏာတော်မှ)ကင်းဝေးခြင်းသည် ရှိစေသတည်း၊[၁]

➤➤ ဤလောကတွင် ဆမူဒ်အမျိုးသားများ ပြစ်ဒဏ်တော် သင့်သောနေ့ကိုလည်း ဆိုနိုင်သည်။ ကိယာမတ်နေ့ဟူ၍လည်း ယူဆနိုင်သည်။ အဆို -၂ မျိုးလုံးရှိသည်။

① **ဆက်စပ်မှု။**

အထက်တွင် ဆမူဒ်အမျိုးသားများ၏ အကြောင်းပါရှိ၏။ ကုန်အာန်ကျမ်းမြတ်တွင် များစွာသောနေရာများ၌ ဆမူဒ်အမျိုးသားများ၏အကြောင်း နောက်တွင် တမန်တော်လူတို့၏ အမျိုးသားများ၏အကြောင်းကို တွေ့ရှိရပေမည်။ ဤနေရာတွင် ဆမူဒ်အမျိုးသားများ၏အကြောင်းနှင့် တမန်တော်လူတို့၏ အမျိုးသားများ၏ အကြောင်းများစပ်ကြားတွင် တမန်တော် အီဗ်ရာဟီမ်၏အကြောင်းကို ကြားညှပ် မိန့်ဆိုထားတော်မူသည်။ သို့ရာတွင် တမန်တော်အီဗ်ရာဟီမ်က ကုရ်အာန်(၁၅:၅၇။ ၅၁:၃၁)တွင် လာရှိသည့်အတိုင်း ကောင်းကင်တမန်များအား 'အသင်တို့၏ကိစ္စကား အသို့ပါနည်း' ဟူ၍ မေးမြန်းခြင်းကို ထောက်ရှုခြင်းအားဖြင့် ကောင်းကင်တမန်တော်များ ရောက်ရှိလာခြင်း၏ အဓိကရည်ရွယ်ချက်မှာ တမန်တော်လူတို့၏ အမျိုးသားများကို ပြစ်ဒဏ်ခတ်ရန်ပင်ဖြစ်ကြောင်း သိရှိရပေသည်။ ဆမူဒ်အမျိုးသားများနှင့် တမန်တော်လူတို့၏ အမျိုးသားများ၏အကြောင်းများစပ်ကြားတွင် တမန်တော်အီဗ်ရာဟီမ်၏အကြောင်း မိန့်ဆိုထားတော်မူခြင်းမှာ ထူးခြားသည့်အချက်များရှိနေသည့်အတွက်ပင် ဖြစ်သည်။ ➤➤

وَلَقَدْ جَآءَتْ رُسُلُنَآ إِبْرٰهِيمَ بِٱلْبُشْرٰى قَالُوا۟ سَلٰمًا ۖ قَالَ سَلٰمٌ فَمَا لَبِثَ أَن جَآءَ بِعِجْلٍ حَنِيذٍ ﴿٦٩﴾

၆၉။ ၎င်းပြင် မချွတ်မလွဲ ငါအရှင်မြတ်၏ (ကောင်းကင်) တမန်များသည် (နဗီတမန်တော် အီဗ်ရာဟီမ်၏ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ဆောင်ယူခဲ့ကြလေသည်။ (ထို့နောက်) ၎င်းတို့က (နဗီတမန်တော်အီဗ်ရာဟီမ်အား) 'စလာမ်' (အသင်သည်) ငြိမ်းချမ်းစွာရှိပါစေသား ဟုပြောဆို (နှုတ်ခွန်းဆက်)ခဲ့ကြပေရာ၊

➤➤ (က) တမန်တော်အီဗ်ရာဟီမ်နှင့် တမန်တော်လူတို့ ၂-ပါးတွင် အထူးဆက်စပ်လျက်ရှိသော အချက်များ ရှိပေသည်။ ဥပမာ-တမန်တော်လူတို့၏ အမျိုးသားများကို ပြစ်ဒဏ်ခတ်ရန် အတွက် တမန်တော်လူတို့ထံသို့ ရောက်ရှိလာသော ကောင်းကင်တမန်များသည် တမန်တော်အီဗ်ရာဟီမ်ထံသို့ ရောက်ရှိလာခဲ့ကြသော ကောင်းကင်တမန်များပင် ဖြစ်ကြပေသည်။

တမန်တော်အီဗ်ရာဟီမ်နှင့် တမန်တော်လူတို့ ၂-ပါးတို့မှာ အချင်းချင်း အလွန်နီးစပ်သော သားချင်းအရင်းအချာများလည်း ဖြစ်ကြပေသည်။ (တမန်တော်လူတို့သည် တမန်တော် အီဗ်ရာဟီမ်၏ အဒေါ်၏သား ဖြစ်သည်။ တမန်တော်အီဗ်ရာဟီမ်နှင့်အတူ အီရတ်မှ 'ဟစ်ဂျရတ်' စွန့်ခွာထွက်ခဲ့ပေသည်။) တမန်တော် အီဗ်ရာဟီမ်နှင့် တမန်တော်လူတို့ ၂-ပါးတို့၏ နေထိုင်ရာဒေသများမှာလည်း အချင်းချင်းနီးကပ်လျက် ရှိပေသည်။

တမန်တော်အီဗ်ရာဟီမ်သည် တမန်တော်လူတို့၏အမျိုးသားများ ချမ်းသာခွင့် ရရှိရန်နှင့် စပ်လျဉ်း၍လည်း အလွန်ဟ်အရှင်မြတ်အထံတော်တွင် အထူးတလည် လျှောက်ထားပန်ကြားခဲ့သည်။ ထို့ပြင်တဝ တမန်တော်အီဗ်ရာဟီမ်သည် သီးသန့် ရှရီအတ်ရှင်ဖြစ်၍ တမန်တော်လူတို့မှာ တမန်တော်အီဗ်ရာဟီမ်၏ လက်ထောက်တမန်တော်ဖြစ်ချေသည်။

(ခ) ထို့ပြင်တဝ အဆိုပါ အထ္ထာပ္ပတ္တိ ၂-ရပ်ကို ဒွန်တွဲမိန့်ဆိုထားတော်မူခြင်းကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် အမျက်တော်သည် အရှင်မြတ်၏ ဒေသနာတော်များကို နာခံခြင်းနှင့် မနာခံခြင်းအပေါ်၌ တည်ရှိနေသည်မှာလည်း ထင်ရှားသွားပေသည်။ အဆိုပါ အထ္ထာပ္ပတ္တိ ၂-ရပ်တွင် ကောင်းကင်တမန်များသည် အမိန့်တော် နာခံသူများအားကောင်းချီးသတင်း ပေးခဲ့ကြသည်။ ယင်းကောင်းကင်တမန်များသည်ပင် အမိန့်တော်ကို သွေဖည်ငြင်းဆန် မနာခံသူတို့အား ပြစ်ဒဏ်ခတ်ခဲ့ကြပေသည်။

(ဂ) ထို့ပြင်တဝ အဆိုပါအထ္ထာပ္ပတ္တိ ၂-ရပ်သည် အချင်းချင်းအထောက်အမပြုလျက်ရှိပေသည်။ အထ္ထာပ္ပတ္တိတစ်ရပ်သည် အခြားအထ္ထာပ္ပတ္တိတစ်ရပ်ကို ပြည့်စုံစေလျက်ရှိပေသည်။

အထက်ပါအကြောင်းကြောင်းများကို ထောက်ရှုခြင်းအားဖြင့် ဤနေရာတွင်လည်း အခြားနေရာများကဲ့သို့ပင် တမန်တော်လူတို့၏ အမျိုးသားများ၏ အထ္ထာပ္ပတ္တိကို ထုတ်ဖော်မိန့်ဆိုတော်မူရန်မှာ အဓိကဖြစ်ကြောင်း၊ အထ္ထာပ္ပတ္တိများသည် အချင်းချင်း ဆက်စပ်လျက်ရှိကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

(ထာနဝီ)၊ အ-၅။ စ-၅၆။

ထို(နဗီတမန်တော်) အိမ်ရာဟီမ်က (အသင်တို့သည်လည်း) ငြိမ်းချမ်းစွာ ရှိကြပါစေသားဟု (တုန့်ပြန်)ပြောဆို (နှုတ်ခွန်းဆက်)ခဲ့လေ၏။ [၁] ထို့နောက် ထို(နဗီတမန်တော်) အိမ်ရာဟီမ်သည် ကင်ထားသော နွားကလေးကို မဆိုင်းမတွ ယူဆောင်(၍ စည်း့ခံ)ခဲ့လေသည်။

---

① (အထက်တွင် ဆက်စပ်မှု၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း) တမန်တော် အိမ်ရာဟီမ်နှင့် တမန်တော်လူတို့တွင် ဆက်စပ်လျက်ရှိသော အချက်အလက်များ အများအပြားရှိသည့်အတွက် ဤနေရာတွင် တမန်တော်လူတို့၏ အမျိုးသားများ၏အကြောင်းကို မိန့်ဆိုတော်မမူမီ တမန်တော်အိမ်ရာဟီမ်၏အကြောင်းကို စကားပလ္လင်အနေဖြင့် မိန့်ဆိုထားတော်မူသည်။

တမန်တော်လူတို့၏အမျိုးသားများ ပြစ်ဒဏ်ခတ်ရန်အတွက် ဆင်းသက်လာခဲ့ကြသော ကောင်းကင်တမန်များသည် အလွန်လှပသော လူငယ်များ၏ ရုပ်ဆင်းသဏ္ဌာန်ဖြင့် တမန်တော်လူတို့ထံသို့ အသွားတွင် တမန်တော်အိမ်ရာဟီမ်ထံသို့ ဦးစွာပထမဝင်ခဲ့ကြ၏။ စလာမ်ပေးခဲ့ကြ၏။ တမန်တော်အိမ်ရာဟီမ်ကလည်း စလာမ်ပြန်ခဲ့၏။

ကောင်းကင်တမန်များသည် ကြင်ရာတော်စာရဟ်သခင်မ၌ သားရတနာထွန်းကားမည့်အကြောင်း ကောင်းချီးသတင်းပေးခဲ့ကြ၏။

တမန်တော်အိမ်ရာဟီမ်သည် ပထမသော် ကောင်းကင်တမန်များအား ကောင်းကင်တမန်များ ဖြစ်ကြောင်း မသိခဲ့ပေ။ လူသားစည်းသည်များ ဖြစ်ကြသည်ဟူ၍ပင် ထင်ခဲ့၏။ ထို့အတွက်ကြောင့်လည်း စည်းဝတ် အထူးကျေပြွန်တော်မူလေ့ရှိသော တမန်တော်အိမ်ရာဟီမ်သည် ကောင်းကင်တမန်များအား နွားကင်ဖြင့် တည်ခင်းစည်းခံတော်မူခဲ့လေသည်။

ဤအာယတ်တော်တွင် ပါရှိသော 'ရုစုလ်' ဟူသည် ကောင်းကင်တမန်များကို ဆိုလိုသည်။ ယင်းကောင်းကင်တမန်များသည် ၉-ပါးဖြစ်သည်ဟူ၍လည်း အဆိုရှိသည်။ သုံးပါးဖြစ်သည်ဟူ၍လည်း အဆိုရှိသည်။ ထိုသုံးပါးကား ကောင်းကင်တမန် ဂျစ်ဗရိလ်၊ မိကာအီလ်နှင့် အစ္စရာဖီလ်တို့ဖြစ်ကြသည်။ ဗိုင်ဿွာဝီ။

ဤအာယတ်တော်တွင် ကောင်းချီးသတင်းဟူသည် သားရတနာ ထွန်းကားမည့်အကြောင်းကို ဆိုလိုသည်။ အချို့အဆိုအရ တမန်တော်လူတို့၏ အမျိုးသားများကို ပျက်စီးမည့်အကြောင်းကိုဆိုလိုသည်။

ဖော်ပြချက်။

ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ကောင်းကင်တမန်များက တမန်တော်အိမ်ရာဟီမ်အား 'စလာမ်'ပေးခဲ့ကြ၏။ တမန်တော် အိမ်ရာဟီမ်ကလည်း စလာမ်ပြန်တော်မူခဲ့လေ၏။

ဤသည့်အချက်ကို ဆင်ခြင်၍ မုဖတ်စ်စီရိန်ပညာရှင် သုခမိန်များက စလာမ်သည် ကောင်းကင်တမန်တို့၏ လမ်းစဉ်ဖြစ်သည်။ မွတ်စ်လင်မ်တို့၏ ခေတ်တိုင်းတွင်လည်း စလာမ်သည် ပြန့်နှံ့ခဲ့သည်ဟု ဆိုကြလေသည်။

فَلَمَّا رَأَىٰٓ أَيۡدِيَهُمۡ لَا تَصِلُ إِلَيۡهِ نَكِرَهُمۡ وَأَوۡجَسَ مِنۡهُمۡ خِيفَةٗۖ قَالُواْ لَا تَخَفۡ إِنَّآ أُرۡسِلۡنَآ إِلَىٰ قَوۡمِ لُوطٖ ٧٠

၇၀။ တစ်ဖန် ထိုစေတမန်များ၏ လက်များသည် ထိုကင်ထားသော နွားကလေးသို့ ကမ်းလှမ်းခြင်းမရှိသည်ကို ယင်း(နဗီတမန်တော်) အီဗ်ရာဟီမ်တွေ့မြင်ခဲ့လေရာ ထို(နဗီတမန်တော်)အီဗ်ရာဟီမ်သည် ၎င်းတို့အား မယုံသင်္ကာဖြစ်ခဲ့လေ၏။ ထို့ပြင် ယင်း(နဗီတမန်တော်)အီဗ်ရာဟီမ်သည် (မိမိ)စိတ်ထဲတွင် ၎င်းတို့ဖက်မှ စိုးရိမ်ခဲ့လေ၏။

(ထိုအခါ) ၎င်းစေတမန်တို့က (အို-နဗီတမန်တော်အီဗ်ရာဟီမ်) အသင်သည် မစိုးရိမ်ပါလေနှင့်၊ ဧကန်စင်စစ် ကျွန်ုပ်တို့သည် (နဗီတမန်တော်လူတို့၏အမျိုးသားတို့ထံ စေလွှတ်ခြင်းခံခဲ့ကြရ(ကုန်သော ကောင်းကင်စေတမန်များပင် ဖြစ်ကြ)သည်ဟု ပြောဆိုခဲ့ကြလေသတည်း။ [၁]

---

① တမန်တော်အီဗ်ရာဟီမ်သည် မိမိတည်ခင်း ဧည့်ခံကျွေးမွေးသော စားဖွယ်သောက်ဖွယ်များကို ဧည့်သည်များသည် လက်ဖျားဖြင့်ပင် မတို့ကြသည်ကို တွေ့မြင်သောအခါ ယင်းဧည့်သည်များနှင့် ပတ်သက်၍ ဤဧည့်သည်များသည် တည်ခင်းကျွေးမွေးထားသော အစားအသောက်များကိုလည်း မစားသုံးကြ၊ ဤသူများကား မည်သူမည်ဝါများပါလိမ့်၊ အဘယ်အရေးကိစ္စကြောင့် လာခဲ့ကြသနည်း၊ ဟု တွေးတောကာ စိုးရိမ်မကင်းဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်ထိုအခါတွင် ဧည့်ခံကျွေးမွေးသောအရာကို ငြင်းပယ်သော ဧည့်သည်အား ကောင်းသောစေတနာဖြင့် လာသည်ဟု ယူဆလေ့မရှိခဲ့ကြပေ။ ထို့အတွက် တမန်တော်အီဗ်ရာဟီမ်သည်လည်း တွေးတောစိုးရိမ်သည်မှာ အကယ်၍ ဤပုဂ္ဂိုလ်များသည် လူသားစင်စစ် ဖြစ်ကြပါလျှင် မိမိဧည့်ခံကျွေးမွေးသော စားဖွယ်သောက်ဖွယ်ရာများကို မစားသုံးခြင်း၏ အဓိပ္ပာယ်ကားမကောင်းပေ။ အကယ်၍ ဤပုဂ္ဂိုလ်များသည် ကောင်းကင်တမန်များ ဖြစ်နေကြလျှင် ၎င်းတို့သည် အဘယ်အရေးကိစ္စကြောင့် လာခဲ့ကြသည်။ မိမိ၌ အပြည့်အစုံ ရှိနေလေသလော၊ . . . သို့တည်းမဟုတ် မိမိ၏ အမျိုးသားများနှင့် ပတ်သက်၍ စိတ်မနှစ်မြို့ဖွယ်ရာ တစ်စုံတစ်ရာကိုယူ၍ လာခဲ့ကြသလော စသည်ဖြင့် အမျိုးမျိုးတွေးတောကာ စိုးရိမ်မိလေသည်။ ယင်းသို့ စိုးရိမ်နေသည့်အတောအတွင်းမှာပင် ကုရ်အာန်ကျမ်းမြတ်(၁၅:၅၂)တွင်လာရှိသည့် အတိုင်း 'ကျွန်ုပ်သည် အသင်တို့ဘက်မှ စိုးရိမ်ပါသည်' ဟူ၍ ထုတ်ဖော်ပြောဆို လိုက်လေတော့သည်။ ထိုအခါ ကောင်းကင်တမန်များက တမန်တော်အီဗ်ရာဟီမ်အား 'အသင် မစိုးရိမ်ပါနှင့်၊ ကျွန်ုပ်တို့သည် တမန်တော်လူတို့၏ အမျိုးသားများကို ပြစ်ဒဏ်ခတ်ရန် စေလွှတ်တော်မူခြင်းခံရသော ကောင်းကင်တမန်များဖြစ်ကြပါသည်' ဟု ဖွင့်ဟပြောဆိုကြလေသည်။

وَامْرَاَتُهٗ قَآئِمَةٌ فَضَحِكَتْ فَبَشَّرْنٰهَا بِاِسْحٰقَ ۙ وَمِنْ وَّرَآءِ اِسْحٰقَ يَعْقُوْبَ ﴿٧١﴾

၇၁။ ထိုအခါ ယင်း(နဗီတမန်တော်) အီဗ်ရာဟီမ်၏ ကြင်ရာတော်(စာရာ)သည် မတ်တပ်ရပ်လျက် [၁] ရှိခဲ့ပေရာ (ဤကောင်းချီးသတင်းကိုသိ၍) ရယ်မောခဲ့လေ၏။ တစ်ဖန် ငါအရှင်မြတ်သည် ထို(နဗီတမန်တော် အီဗ်ရာဟီမ်၏) ကြင်ရာတော်အား (ယင်း စေတမန်တို့မှတဆင့် နဗီတမန်တော်) အစ္စဟာက်(ကို ဖွားမြင်မည့်အကြောင်း)နှင့် ထို(နဗီတမန်တော်) အစ္စဟာက်၏နောက်တွင် (မြေးတော် နဗီတမန်တော်) ယအ်ကူဗ် (သည်လည်း ဖွားမြင်မည့် အကြောင်း) သတင်းကောင်းကို ပြောကြားတော်မူခဲ့လေ၏။ [၂]

قَالَتْ يٰوَيْلَتٰٓى ءَاَلِدُ وَاَنَا عَجُوْزٌ وَّهٰذَا بَعْلِىْ شَيْخًا ۭ اِنَّ هٰذَا لَشَيْءٌ عَجِيْبٌ ﴿٧٢﴾

၇၂။ (ထိုအခါ) ထိုကြင်ရာတော်(စာရာ)က သြော်-အကျိုးနည်းရလေခြင်း။ ကျွန်ုပ်သည် သားဖွားဦးမည်လော။ စင်စစ်သော်ကား ကျွန်ုပ်သည် အသက်အရွယ်ကြီးရင့်သော အမယ်အိုတစ်ဦး ဖြစ်ရုံမျှမက ဤကျွန်ုပ်၏ခင်ပွန်း (နဗီတမန်တော် အီဗ်ရာဟီမ်) သည်လည်း အသက်အရွယ် ကြီးရင့်သော အဘိုးအိုတစ်ဦးပင် ဖြစ်ချေသည်။ ဧကန်စင်စစ် ဤသည် အလွန်အံ့ဖွယ်ရာ စကားတစ်ရပ်ပင် ဖြစ်ပေသည် တကားဟု ပြောဆိုခဲ့ပေသတည်း။ [၃]

---

① ဤအာယတ်တော်တွင် တမန်တော်အီဗ်ရာဟီမ်၏ ကြင်ရာတော်ဟူသည် တမန်တော်အီဗ်ရာဟီမ်၏ ပထမကြင်ရာတော် စာရာသခင်မကို ဆိုလိုသည်။ တမန်တော်အီဗ်ရာဟီမ်နှင့် ကောင်းကင်တမန်များ ထိုသို့ စကားပြောနေကြသည့်နေရာတွင် ကြင်ရာတော် စာရာသခင်မသည် မရှိခဲ့ပေ။ ကောင်းကင်တမန်များအား သူစိမ်းတရံဆံများဟု ထင်မှတ်ကာ'ဟိဂျာဗ်' 'ပရ်ဒဟ်' ၌ ခပ်လှမ်းလှမ်းတွင် မတ်တပ်ရပ်နေခဲ့ဟန်တူသည်။ ထို့နောက်ရောက်ရှိလာသော ဧည့်သည်များမှာ လူသားများမဟုတ်၊ ကောင်းကင်တမန်များ ဖြစ်နေကြောင်းကို သိရသောအခါ ပရ်ဒဟ်ထားရန်မလိုဖြစ်၍ ရှေ့သို့ ထွက်လာခဲ့ဟန်တူသည်။ ဤသည့်သဘောကို ကုရ်အာန်(၅၁း၁၉) တွင် လာရှိသည့် (فَاَقْبَلَتْ) ဟူသောပုဒ်ကလည်း ထောက်ခံလျက်ရှိပေသည်။ ကြည့်-ထာနဝီ။

② 'စာရဟ် သခင်မသည် ဧည့်သည်များအား ဧည့်ခံရန်အတွက်၊ သို့မဟုတ် အခြားကိစ္စတစ်ခုခုအတွက် ထိုနေရာတွင် မတ်တပ်ရပ်လျက် ရှိနေခဲ့၏။ စိုးရိမ်မှု ကင်းသွားသည့်အခါ ဝမ်းသာ၍ ရယ်မောမိလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က စာရဟ်သခင်မအား ထိုသို့ ဝမ်းသာနေစဉ် ထပ်မံ၍ ဝမ်းသာစေရန် ➤➤

قَالُوٓا۟ أَتَعْجَبِينَ مِنْ أَمْرِ ٱللَّهِ رَحْمَتُ ٱللَّهِ وَبَرَكَٰتُهُۥ عَلَيْكُمْ أَهْلَ ٱلْبَيْتِ ۚ إِنَّهُۥ حَمِيدٌ مَّجِيدٌ ﴿٧٣﴾

၇၃။ ထိုစေတမန်တို့က (နဗီတမန်တော်အီဗ်ရာဟိမ်၏ကြင်ရာတော် စာရဟ်သခင်မအား ဤသို့) ပြောဆိုဖြေကြားခဲ့ကြလေသည်။ အသင်သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို အံ့ဩ၍နေပါသလော။ [၃] အိုအဟ်လုလ်ဗိုက် (နဗီတမန်တော်အီဗ်ရာဟိမ်၏) အိမ်သူအိမ်သားတို့၊ [၄] အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကောင်းချီးမင်္ဂလာအဖြာဖြာတို့သည်လည်းကောင်း၊ အသင်တို့အပေါ်၌ ကျရောက်မြဲပင် ဖြစ်ချေသည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် ချီးမွမ်း ထောပနာပြုခြင်းကို ခံထိုက်တော်မူသောအရှင်၊ အထူး ဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ အလို.ဌာ ကောင်းချီး သတင်းပေးတော်မူသည်မှာငါအရှင်မြတ်သည် အသင့်၌ ဤသည့်အသက်အရွယ်၌ပင် သားတော် အစ္စဟာက်ကို ထွန်းကားစေတော်မူမည်။ ထိုနောက်သားတော် အစ္စဟာက်မှ မြေးတော် ယအ်ကူဗ် (အစ္စရာအီလ်)ကို ထွန်းကားစေတော်မူဦးမည်။ ထိုမြေးတော် ယအ်ကူဗ်မှ အလွန်ကြီးကျယ်သော အစ္စရာအီလ်မျိုးနွယ် ထွန်ကားမည် ဖြစ်သည်ဟူ၏။

ယခုကဲ့သို့ စာရဟ်သခင်မအား ကောင်းချီးသတင်းပေးတော်မူခြင်းမှာ တမန်တော်အီဗ်ရာဟိမ်၏ ဒုတိယကြင်ရာတော် ဟာဂိရဟ်သခင်မ၌ သားတော် အစ္စမာအီလ်သည် ယခင်ကပင် ထွန်းကားပြီး ဖြစ်နှင့်ခဲ့၏။ ထို့အတွက် စာရဟ်သခင်မသည်လည်း သားရတနာရရှိရန် တောင်းတခဲ့၏။ သို့ရာတွင် စာရဟ်သခင်မသည် အသက်အရွယ် အလွန်ကြီးရင့်သွားပြီ ဖြစ်သည့်အတွက် သားရတနာရရှိရန် မျှော်လင့်ချက် မထားရှိခဲ့တော့ပေ။ ဤသို့ မျှော်လင့်ချက် မရှိတော့သည့်အချိန်ကျမှ သားရတနာရရှိမည့်အကြောင်း ကောင်းချီးသတင်း ကြားသိရသောအခါ အံ့သြခြင်းကြီးမက အံ့သြမိခြင်း ဖြစ်ပေသည်။

(၃) စာရဟ်သခင်မသည် အသက်အရွယ်အားဖြင့် ကြီးရင့်လှပေပြီ၊ ခင်ပွန်းသည်ဖြစ်သော တမန်တော်အီဗ်ရာဟိမ်မှာလည်း အသက်အရွယ်အားဖြင့် ကြီးရင့်လှပေပြီ။ ထိုအချိန်တွင် စာရဟ်သခင်မ၏အသက်မှာ (၉၉)ရှိ၍ တမန်တော်အီဗ်ရာဟိမ်၏ အသက်မှာ (၁၀၀)သို့မဟုတ် (၁၀၁)အထက်ပင် ကျော်လွန်ရှိချေပြီဟု အဆိုရှိပေသည်။ ကြည့်-အွတ်ဆ်မာနီ၊ စ-၂၉၇။ အအ-၉။ ထိုသို့ ဇနီးမောင်နှံ ၂-ဦးလုံး အသက်အရွယ်ကြီးရင့်၍ လူသဘာဝအလျောက် သားသမီးထွန်ကားရန် မျှော်လင့်ချက် လုံးဝကုန်ဆုံးနေသည့်အချိန်တွင် ယခုကဲ့သို့ သားရတနာ ထွန်းကားမည့်အကြောင်း ကြားသိရသောအခါ စာရဟ်သခင်မသည် အံ့သြမိခဲ့လေသည်။ ဤသို့အံ့သြမိခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို မယုံကြည်၍မဟုတ်၊ လူသဘာဝအလျောက် အံ့သြမိခြင်းသာ ဖြစ်ပေသည်။

(၄) စာရဟ်သခင်မ၏ အံ့သြခြင်းနှင့်စပ်လျဉ်း၍ ကောင်းကင်တမန်များက ချေပပြောဆိုကြသည်မှာ -➤➤

فَلَمَّا ذَهَبَ عَنْ إِبْرٰهِيمَ
الرَّوْعُ وَجَآءَتْهُ الْبُشْرٰى
يُجَٰدِلُنَا فِى قَوْمِ لُوطٍ ﴿٧٤﴾

၇၄။ တစ်ဖန် (နဗီတမန်တော်) အီဗ်ရာဟီမ်(၏ စိတ်ထဲ)မှ စိုးရိမ်မှုသည် ကင်းရှင်း၍သွားပြီးနောက် ယင်း၏ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ရောက်ရှိလာသောအခါထို(နဗီတမန်တော်)အီဗ်ရာဟီမ် သည် (နဗီတမန်တော်)လူတို့၏ အမျိုးသားတို့နှင့် ပတ်သက်၍ငါအရှင်မြတ်(၏ ကောင်းကင်တမန်များ) နှင့် *အငြင်းအခုံ ပြုလုပ်လေတော့သည်။* [၁]

➤➤ ဤသည် အံ့သြဘွယ်ရာမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြစ်သည်။ အထူးသဖြင့် တမန်တော် အီဗ်ရာဟီမ်၏ အိမ်သူအိမ်သားများအဖို့ကား သာ၍ပင် အံ့သြဘွယ်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်အီဗ်ရာဟီမ်၏ အိမ်သူအိမ်သားများအပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်များနှင့် ကျက်သရေမင်္ဂလာ အဖြာဖြာတို့သည် အမြဲတစေ သက်ရောက်လျက်ရှိပေသည်။ ထိုအိမ်သူအိမ်သားများသည် တန်ခိုးဗျာဒိဟာများ ဖြစ်လေ့ဖြစ်ထရှိသော အရာများနှင့် ဆန့်ကျင်သည့် ထူးထွေဆန်းပြားလှသော အံ့သြဘွယ်ရာများကိုလည်း မကြာခဏ တွေ့မြင်လျက် ရှိကြပေသည်။ သို့ဖြစ်ပေရာ ထို့သို့သော အိမ်သူအိမ်သားများအတွက် ဤသည့်အကြောင်းသည် အံ့ဘွယ်မဟုတ်ပေ။ ၎င်းတို့၏ အံ့သြခြင်းသည်ပင် အံ့သြဘွယ်ရာဖြစ်နေပေသည်။ အမှန်မှာ ထိုသို့သော အိမ်သူအိမ်သားများသည် ဤသို့သော ကောင်းချီးသတင်းကို ကြားသိရသောအခါ အံ့သြကြမည့်အစား အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုကြရန်သာ ထိုက်လှပေသည်။

① ဤအာယတ်တော်တွင် တမန်တော် အီဗ်ရာဟီမ်၏ ကြင်ရာတော်အပါအဝင် အိမ်သူအိမ်သားများကို 'အဟ်လုလ်ဗိုက်တ်' ဟူ၍ သုံးနှုန်းထားတော်မူသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ကြင်ရာတော်များသည်လည်း 'အဟ်လုလ်ဗိုက်တ်' တွင် အပါအဝင် ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။ ကြည့်-မာဂျိဒီ။

② တမန်တော်အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)သည် ကောင်းကင်တမန်များနှင့် ပတ်သက်၍ စိုးရိမ်မှု ကင်းရှဲသာမက သားရတနာထွန်းကားမည့်အကြောင်း ကောင်းချီးသတင်းကြားသိရသောအခါ တမန်တော်လူတို့၏ အမျိုးသားများနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ထံတော်၌ အချေအတင် အငြင်းအခုံ ပြုလုပ်ဘိသကဲ့သို့ လျှောက်ထား ပန်ကြားခဲ့လေသည်။

တမန်တော်အီဗ်ရာဟီမ်၏ လျှောက်ထားချက်ကို ကုရ်အာန်ကျမ်းမြတ် (၂၉း၁၁-၃၂)တွင် တွေ့ရှိရပေသည်။ ထိုလျှောက်ထားချက်၏ အလိုသဘောမှာ ကောင်းကင်တမန်များသည် တမန်တော်အီဗ်ရာဟီမ်ထံသို့ ရောက်ရှိလာကြပြီး ပထမသော် သားရတနာထွန်းကားမည့်အကြောင်း ကောင်းချီးသတင်းပေးခဲ့ကြ၏။ ထို့နောက် မိမိတို့သည် တမန်တော်လူတို့၏ ယုတ်မာလှသောအမျိုးသားများအား ပြစ်ဒဏ်ခတ်ကြမည့်အကြောင်း ပြောပြခဲ့ကြ၏။ ထိုအခါတမန်တော် အီဗ်ရာဟီမ်က 'ထိုအရပ်ဒေသတွင် တမန်တော်လူတို့ ရှိနေပေသည်။ တမန်တော်လူတို့ ရှိနေပါလျက် ထိုအရပ်ဒေသကို အသို့လျှင် ဖျက်ဆီးနိုင်ကြအုံနည်းဟု ပြောဆိုရာ ကောင်းကင်တမန်များက ကျွန်ုပ်တို့သည် ထိုအရပ်ဒေသတွင် မည်သူမည်ဝါတို့ ရှိနေကြသည်ကိုသိသည်။ ကျွန်ုပ်တို့သည် တမန်တော်လူတို့နှင့် ၎င်း၏ အိမ်သူအိမ်သားများကို ကာကွယ်ထားကြမည်။ သို့ရာတွင် တမန်တော်လူတို့၏ဇနီးသည်ကိုမူ ➤➤

إِنَّ إِبْرَٰهِيمَ لَحَلِيمٌ أَوَّٰهٌ مُّنِيبٌ ﴿٧٥﴾

၇၅။ ဧကန်စင်စစ် (နဗီတမန်တော်) အိဗ်ရာဟိမ်သည် အလွန်တရာ ထောက်ထား စာနာတတ်သူ၊ အလွန်တရာ တိုးလျှိုးတောင်းပန်သူ၊ အလွန်တရာ နောင်တရတတ်သူပင် ဖြစ်ပေသတည်း။ [၁]

يَٰٓإِبْرَٰهِيمُ أَعْرِضْ عَنْ هَٰذَآ ۖ إِنَّهُۥ قَدْ جَآءَ أَمْرُ رَبِّكَ ۖ وَإِنَّهُمْ ءَاتِيهِمْ عَذَابٌ غَيْرُ مَرْدُودٍ ﴿٧٦﴾

၇၆။ အို-အိဗ်ရာဟိမ်၊ အသင်သည် ဤသည်မှ ရှောင်ဖယ်၍နေပါလော၊ ဧကန်မလွဲအသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိခဲ့လေပြီ။ ထိုမှတစ်ပါး ၎င်းတို့ထံ ပြန်လည် ရုပ်သိမ်းခြင်းမရှိသော ပြစ်ဒဏ်ကျရောက်တော့မည်မှာ ဧကန်မလွဲတည်း။ [၂]

➤➤ ကာကွယ်ကြမည်မဟုတ်ပါ။ ယင်းဇနီးသည်သည် ပြစ်ဒဏ်ခတ်ခြင်း ခံကြရမည့်သူများတွင် အပါအဝင် ဖြစ်နေသည်' ဟု ဖြေကြားကြလေသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ တဖစီရိကျမ်းများတွင် အသေးစိပ်ဖွင့်ဆိုချက်များကို တွေ့ရှိရပေသည်။ ထိုသည့်အဖွင့်များသည် အဘယ်ရွေ့အဘယ်မျှ မှန်ကန်သည်ကိုမူ အလ္လာဟ်အရှင်မြတ်ပင် သိတော်မူလေသည်။ ဤအာယတ်တော်တွင် တမန်တော်အိဗ်ရာဟိမ်၏ လျှောက်ထားခြင်းကို ပိုမိုလေးနက်စေသည့်သဘောဖြင့် 'ထိုတမန်တော်အိဗ်ရာဟိမ်သည် ငါအရှင်မြတ်နှင့် အငြင်းအခုံပြုလုပ်သည်' ဟူ၍ သုံးနှုန်းထားတော်မူသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်အိဗ်ရာဟိမ်သည် မိမိ၏မူလသဘာဝအလျှောက် သူတစ်ပါး တို့အား သနားကြင်နာခြင်း၊ ထောက်ထားညှာတာခြင်း၊ စိတ်နေသဘောထား နူးညံ့သိမ်မွေ့ခြင်းများကြောင့် တမန်တော်လူတို့၏ အမျိုးသားတို့အား သနားကြင်နာ၍ အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ ၎င်းတို့နှင့် ပတ်သက်၍ လေးနက်စွာ လျှောက်ထားအသနားခံလိုခဲ့ကြောင်း ကောင်းစွာသိရှိရပေသည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်က တမန်တော်အိဗ်ရာဟိမ်အား ရှေ့လာလတ္တံ့သော အာယတ်တော်(၁၁း၇၆)တွင် လာရှိသည့်အတိုင်း ဖြေကြားတော်မူခဲ့လေသည်။

① တမန်တော်အိဗ်ရာဟိမ် (အလိုင်ဟစ္စလာမ်)သည် သူတပါး၏အား အလွန်တရာမျှ ထောက်ထားတတ်၏။ စိတ်နလုံး အလွန်တရာမျှ နူးညံ့သိမ်မွေ့၏။ အရေးကိစ္စကြုံတိုင်း အလ္လာဟ်အရှင်မြတ်ဘက်သို့ လှည့်တတ်၏။ နောင်တရတတ်၏။

② တမန်တော်အိဗ်ရာဟိမ်(အလိုင်ဟစ္စလာမ်)သည် တမန်တော်လူတို့၏ အမျိုးသားများနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ထံတော်၌ လျှောက်ထားပန်ကြားသည့်အခါ ထိုအရှင်မြတ်က 'အို-အိဗ်ရာဟိမ်၊ အသင်သည် ဤသည့်ငြင်းခုံ လျှောက်ထားခြင်းမှ ရှောင်ကြည်၍နေလေ၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ အမိန့်တော်သည် ရောက်ရှိလာခဲ့လေပြီ။ ၎င်းပြင် ၎င်းတို့ထံ (တစ်စုံတစ်ယောက်သောသူ၏ လျှောက်ထား ပန်ကြားမှုကြောင့်) ရုပ်သိမ်းခြင်းခံရမည်မဟုတ်သော ပြစ်ဒဏ်တော်သည် မုချဆိုက်ရောက်တော့မည်' ဟု ဖြေကြားတော်မူလိုက်လေသည်။ ➤➤

وَلَمَّا جَآءَتْ رُسُلُنَا لُوطًا سِيٓءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَقَالَ هَٰذَا يَوْمٌ عَصِيبٌ ﴿٧٧﴾

၇၇။ ထို့နောက်ငါအရှင်မြတ်၏ စေတမန်တော်များသည် (နဗီတမန်တော်)လူတွင်၏ထံသို့ ရောက်ရှိလာခဲ့ကြသောအခါ ထို(နဗီတမန်တော်)လူတွင်သည် ၎င်းတို့အတွက် ရတက်မအေး ·ဖြစ်ခဲ့ရသည့်ပြင် ၎င်းတို့အတွက် အလွန် စိတ်ကျဉ်းကျပ်ခြင်းလည်း ဖြစ်ခဲ့လေသည်။ ထိုမှတစ်ပါး 'ဤနေ့သည် အလွန်ခက်ခဲသောနေ့ပင် ဖြစ်ပေသည်တကား၊'ဟု ထို(နဗီတမန်တော်)လူတွင်သည် ပြောဆို မြည်တမ်းခဲ့လေသတည်း။ [၁]

➤➤ ဤသည့်အာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ချစ်ကြည်မြတ်နိုးမှုကို အဘယ်မျှပင်ခံရသော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်လင့်ကစား ၎င်း၏လျှောက်ထားပန်ကြားချက်သည် ထိုအရှင်မြတ်၏ ထံတော်၌ မုချလက်ခံရကောင်းစေဟူ၍ကား မရှိကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ လူသားတို့၏ အသိကား တိတောင်းလှ၏။ ထိုအရှင်မြတ်၏ အသိတော်ကား အစအဆုံးပင်မရှိပေ။ သို့ဖြစ်ပေရာ လူသားတို့သည် ထိုအရှင်မြတ်၏ အသိတော်ကို အသို့လျှင် ခြုံငုံမိနိုင်အံ့နည်း။ မာဂျိဒီ

① တမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)ထံသို့ ဝင်ရောက်ခဲ့သော အဆိုပါ ကောင်းကင်တမန်များသည် တမန်တော် လူတွင်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများကို ကွပ်မျက်ဖျက်ဆီးရန်အတွက် အလွန်လှပသော လူငယ်များ၏ ရုပ်ဆင်းသဏ္ဌာန်ဖြင့် တမန်တော်လူတွင်ထံသို့ ရောက်ရှိလာခဲ့ကြလေသည်။ ပထမသော် တမန်တော် လူတွင်သည်လည်း အဆိုပါ ကောင်းကင်တမန်များအား ကောင်းကင်တမန်များဟူ၍ မသိခဲ့ချေ။ သာမန်လူသားဧည့်သည်များဟူ၍ပင် ထင်မှတ်ခဲ့ပေသည်။

ယင်းသို့ ဧည့်သည်များ ရောက်ရှိလာသည့်အခါ တမန်တော်လူတွင်သည် ၎င်းတို့နှင့် ပတ်သက်၍ အကြီးအကျယ် စိတ်ဒုက္ခရောက်မိ၏။ ပူဆွေးမိ၏။ အဘယ်ကြောင့်ဆိုသော် ရောက်ရှိလာသော ဧည့်သည်များမှာ အလွန်လှပသောလူငယ်များ ဖြစ်နေကြ၏။ Sodom နယ်သားများမှာလည်း အလွန်ညစ်ညမ်း စက်ဆုပ်ရွံရှာဖွယ်ကောင်းလှသည့် အကျင့်ဆိုး၊ အကျင့်ယုတ်တွင် နစ်မွန်းလျက်ရှိနေကြ၏။ Sodom နယ်သားများသည် ဤသို့ လှပတင့်တယ်သည့် လူငယ်များကို တွေ့မြင်သွားကြပါက မိမိတို့၏ ယုတ်မာညစ်ညမ်းလှသည့် အကျင့်ဆိုးအတိုင်း ပြုမူကျင့်ကြံကြရန် ကြိုးစားကြမည်ပင်ဖြစ်၏။

ထိုအချိန်တွင် တမန်တော်လူတွင်အဖို့ ရောက်ရှိလာသော ဧည့်သည်များကို လက်လွှတ်ရန်မှာလည်း မလွယ်လှပေ။ Sodom နယ်သားများ၏ ဘေးမှလွတ်မြောက်ရန် အရေးမှာလည်း မလွယ်လှပေ။ တမန်တော်လူတွင်သည် Sodom အမျိုးသားများကြောင့် မိမိ၏ဧည့်သည်တော်များ အရှက်တကွဲ အကျိုးနည်းဖြစ်ကြရတော့မည်အရေးကို တွေး၍ အကြီးအကျယ် ရင်လေးမိ၏။ စိတ်ဒုက္ခဖြစ်မိ၏။ ဤနေ့ကား အလွန်ခက်ခဲသောနေ့ဖြစ်သည်ဟူ၍လည်း ညည်းညူမြည်တမ်းမိ၏။

وَجَآءَهٗ قَوْمُهٗ يُهْرَعُوْنَ اِلَيْهِ ؕ وَمِنْ قَبْلُ كَانُوْا يَعْمَلُوْنَ السَّيِّاٰتِ ؕ قَالَ يٰقَوْمِ هٰٓؤُلَآءِ بَنَاتِيْ هُنَّ اَطْهَرُ لَكُمْ فَاتَّقُوا اللّٰهَ وَلَا تُخْزُوْنِ فِيْ ضَيْفِيْ ؕ اَلَيْسَ مِنْكُمْ رَجُلٌ رَّشِيْدٌ ﴿٧٨﴾

၇၈။ ထို့နောက် ယင်း(နဗီတမန်တော်) 'လူတို့'၏ အမျိုးသားများသည် ယင်း၏ထံသို့ *အပြေးအလွှား* လာခဲ့ကြလေသည်။ [၁] စင်စစ်သော်ကား၊ ၎င်းတို့သည် *ယခင်မူလကပင် မကောင်းမှု ဒုစရိုက်များကို ကျင့်မူပွားများလျက်ရှိခဲ့ကြကုန်၏*။ [၂] (ထိုအခါ) ယင်း(နဗီတမန်တော်) 'လူတို့' က 'အို-ငါ၏အမျိုးသားတို့၊ ဤသည် ငါ၏သမီးများပင်၊ (အသင်တို့သည် ၎င်းတို့နှင့် ထိမ်းမြားကြလေကုန်) ၎င်းတို့သည် အသင်တို့အဖို့ *ပို၍ပင် သန့်စင်ကြပေသည်*။ [၃] သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ၎င်းပြင် အသင်တို့သည် ငါ့အား ငါ၏ဧည့်သည်တော်များ(ရှေ့)တွင် အရှက်တကွဲ အကျိုးနည်း မပြုကြကုန်လင့်၊ အသင်တို့တွင် ရိုးသားဖြောင့်မတ်သောသူ တစ်ယောက်တလေမျှပင် မရှိလေသလောဟု ပြောဆိုခဲ့လေသတည်း။ [၄]

---

① တမန်တော်လူတို့ထံသို့ ရုပ်ရည်အလွန်လှပသော လူငယ်ဧည့်သည်များ ရောက်ရှိနေသည့် အကြောင်းကို သိသာ နယ်သားများ ကြားသိကြသောအခါ ၎င်းတို့၏ ယုတ်မာသော အကျင့်ဆိုးအတိုင်း တမန်တော်လူတို့ထံသို့ ပြေးလွှားရောက်ရှိလာကြပြီး တမန်တော်လူတို့ထံ မိမိ၏ဧည့်သည်များကို ၎င်းတို့အား အပ်နှံရန် ယုတ်မာစွာ တောင်းဆိုကြလေတော့သည်။ ၎င်းတို့က တမန်တော်လူတို့အား 'ကျွန်ုပ်တို့သည် အသင့်အား မိမိထံတွင် သူစိမ်းတရံဆံ ဧည့်သည်များကို မတည်းခိုစေရန် တားမြစ်ခဲ့ကြသည် မဟုတ်ပါသလော' ဟူ၍ပင် အကြောင်းပြခဲ့ကြသေး၏။ ဤသို့ ပြောဆိုခဲ့ကြသည့်အကြောင်း ကုရ်အာန် (၁၅:၇၀)တွင်လည်း ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

မှတ်ချက်။

ဤအာယတ်တော်တွင်ပါရှိသော 'ကောင်မ်' ဟူသောပုဒ်၏အနက်မှာ အွန်မွတ်-အုပ်စု၏ အနက်၌သာဖြစ်သည်။ ကြည့်-မာဂျီဒီ၊ အ-၂။ စ-၃၄၂။ အအ-၁၀၆။ ထာနဝီ အ-၄။ စ-၂၅။

အလွှာဟ်အရှင်မြတ်သည် များသောအားဖြင့် တရားမမှောဟ္မည်ပြစေတော်မူရန် အလို့ငှာ သက်ဆိုင်ရာ အမျိုးသားများထံသို့ ၎င်းတို့အနက်မှပင် ၎င်းတို့နှင့် သားချင်းတော်စပ်သော ပုဂ္ဂိုလ်မြတ်တို့အား တမန်တော်အဖြစ် စေလွှတ်တော်မူလေ့ရှိခဲ့၏။ သို့ရာတွင် Sodom နယ်သားများထံသို့ စေလွှတ်တော်မူခြင်း ခံခဲ့ရသော တမန်တော်လူတို့ (အလိုင်ဟိဟစ္စလာမ်)မှာကား၊ ယင်းသို့မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်လူတို့ (အလိုင်ဟစ္စလာမ်)သည် Sodom နယ်သားလည်း မဟုတ်ခဲ့ပေ။ ➤➤

➢➢ Sodom နယ်သားများနှင့် သားချင်းလည်း မတော်စပ်ခဲ့ပေ။ အလွှာဟ်အရှင်မြတ်သည် တမန်တော် ဟူဒ်(အလိုင်ဟစ္စလာမ်)အား စေလွှတ်တော်မူခဲ့သည့်အကြောင်းတွင် (وَإِلَىٰ عَادٍ أَخَاهُمْ هُودًا) ဟူ၍ လည်းကောင်း၊ တမန်တော်ဆွာလစ်ဟ် (အလိုင်ဟစ္စလာမ်)အား ဆမူဒ်အမျိုးသားများထံသို့ စေလွှတ်တော်မူခဲ့သည့် အကြောင်းတွင် (وَإِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا) ဟူ၍လည်းကောင်း၊ မိန့်ဆိုတော်မူ၍ သက်ဆိုင်ရာ တမန်တော်နှင့် သက်ဆိုင်ရာ အမျိုးသားတို့သည် အချင်းချင်းသားချင်း တော်စပ်ကြောင်းကို ထင်ရှားပေါ်လွင်စေသော အသုံးအနှုန်းကို သုံးထားတော်မူသည်။ တမန်တော်လူတ်(အလိုင်ဟစ္စလာမ်)အား သားချင်းမတော်စပ်သော အမျိုးသားတို့ထံသို့ စေလွှတ်တော် မူသည့် အတွက်ကြောင့် တမန်တော်ဟူဒ် (အလိုင်ဟစ္စလာမ်) နှင့် တမန်တော် ဆွာလစ်ဟ် (အလိုင်ဟစ္စလာမ်)တို့အား စေလွှတ်တော်မူရာတွင် သုံးနှုန်းထားတော်မူသော အသုံးအနှုန်းမျိုးကို သုံးတော်မမူဘဲ (وَلُوطًا إِذْ قَالَ لِقَوْمِهِ) ဟူ၍ အသုံးအနှုန်းကို ပြောင်းလဲသုံးနှုန်းထားတော်မူပေသည်။ အရဗီစာပေ တတ်ကျွမ်းသော ပုဂ္ဂိုလ်များသည် ဤသည့်အချက်ကို ကောင်းစွာ ရိပ်စားမိနိုင်ကြပေသည်။

(၂) Sodom နယ်သားများထံသို့ တမန်တော် လူတ်တရားဓမ္မ ဟောကြားရန် ကြွရောက်လာခဲ့သည့်အချိန်တွင် သိသာ နယ်သားများသည် ကမ္ဘာတွင် ရှိရှိသမျှသော မကောင်းမှု၊ ဆိုးသွမ်းမှု၊ ယုတ်မာမှု၊ မကောင်းညစ်ကျူ အစုစုတွင် နစ်မွန်းလျက် ရှိနေခဲ့ကြပေသည်။ ကမ္ဘာရှိ မောက်မာဆိုးသွမ်းမိုက်မဲယုတ်မာသော လူမျိုးများတွင် ရှိလေ့ရှိထသော အကျင့်ဆိုးများအပြင် Sodom နယ်သားများတွင် အလွန်စက်ဆုတ်ရွံရှာဖွယ် ကောင်းလှသည့် အကျင့်ယုတ်တစ်ခုလည်းရှိသေး၏။ ထိုအကျင့်ယုတ်ကား အခြားမဟုတ်၊ သဘာဝကို ဆန့်ကျင်၍ ယောကျ်ား အချင်းချင်း သဲဝါသ စပ်ရှက်ခြင်းပင် ဖြစ်သည်။ ထိုခေတ် ထိုအခါအထိ ထို အကျင့်ယုတ်သည် Sodom နယ်သားများမှ တစ်ပါး၊ ကမ္ဘာရှိ အခြားမည်သည့် လူမျိုးတွင်မျှ မရှိခဲ့သေးပေ။ ထို့ပြင်တဝ Sodom နယ်သားများသည် ယင်းသည် ယုတ်မာမှုကို လျှို့ဝှက်စွာ ကျူးလွန်နေကြသည်မဟုတ်၊ ရှက်ဖွယ်ကိစ္စဟူ၍လည်း မထင်ခဲ့ကြသည်သာမက ဂုဏ်ယူ၍ အထင်အရှား ကျူးလွန်၍ နေခဲ့ကြပေသည်။

ကြည့်-ကုရ်အာန် (၇:၈၀-၈၄)။

(၃) တမန်တော်လူတ်ကို မိမိ၏ဇနည့်သည်များကို တောင်းဆိုကြသော Sodom နယ်သားများအား အမျိုးမျိုး မေတ္တာရပ်ခံ၍၊ မရသည့်အဆုံး၌ အသင်တို့သည် ဤဇနည့်သည်များကို ဒုက္ခမပေး ကြကုန်လင့်၊ အကယ်၍ အသင်တို့အလိုရှိကြလျှင် 'ကျွန်ုပ်၏သမီးများသည် အသင့်ရှိကြသည်။ ၎င်းတို့သည် အသင်တို့အဖို့ ပို၍ပင် သန့်စင်ကြပေသည်' ဟူ၍ပင် ပြောဆိုခဲ့လေတော့သည်။

(၄) တမန်တော်လူတ်(အလိုင်ဟစ္စလာမ်)သည် မိမိထံတွင် ရောက်ရှိနေကြသော ဇည့်သည်တော်များနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် တတ်စွမ်းနိုင်သမျှ အမျိုးမျိုးကြိုးစားခဲ့၏။ Sodom နယ်သားတို့အား မည်သို့မျှ ပြောဆို၍ မရသည့်အဆုံး၌ 'အို-ငါ၏အမျိုးသားများ၊ ဤကျွန်ုပ်၏ သမီးများသည် အသင့်ရှိကြ ပေသည်။ (အသင်တို့ ထိမ်းမြားနိုင်ကြပေသည်။) ၎င်းတို့သည် အသင်တို့အဖို့ ပိုမို၍ပင် သန့်စင်ကြပေသည်။ သို့ဖြစ်ရာ အသင်တို့သည် (သန့်စင်သော တရားတော်နှင့်ညီသော အစဉ်အလာကို စွန့်၍ အလွန်ညစ်ညမ်းသော လမ်းစဉ်ကို တီထွင်ရာ၌ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြကုန်၊ အသင်တို့သည် ကျွန်ုပ်အား ကျွန်ုပ်၏ ဇည့်သည်တော်များ ရှေ့မှောက်တွင် အရှက်တကွဲ အကျိုးနည်း မပြုကြပါနှင့်၊ (ယုတ်စွအဆုံး ကျွန်ုပ်ကိုတော့ ထောက်ထားကြပါကုန်၊ ဤဂုဏ်သရေရှိ ဇည့်သည်တော်ရှေ့မှောက်တွင် ကျွန်ုပ် အရှက်တကွဲ အကျိုးနည်း မဖြစ်ပါရစေနှင့် ဇည့်သည်၏ အရှက်သည် အိမ်ရှင်၏ အရှက်ပင်ဖြစ်ပါသည်)။ အသင်တို့တွင် ရိုးသားဖြောင့်မတ်သူ တစ်ဦး တစ်ယောက်မျှပင် မရှိလေသလော' ဟု ဆုံးမပြောဆိုခဲ့လေသည်။

قَالُوْا لَقَدْ عَلِمْتَ مَا لَنَا
فِيْ بَنٰتِكَ مِنْ حَقٍّ ۚ
وَاِنَّكَ لَتَعْلَمُ مَا نُرِيْدُ ﴿٧٩﴾

၇၉။ ထိုအခါ ယင်းအမျိုးသားတို့က (အိုး-လူတွံ) ကျွန်ုပ်တို့၌ အသင်၏သမီးများနှင့်ပတ်သက်၍ အလိုတစ်စုံတစ်ရာမျှ မရှိကြောင်း အသင်သည် ဧကန်အမှန် သိရှိပြီး ဖြစ်ပေသည်။ ထို့ပြင် ဧကန်စင်စစ် အသင်သည် ကျွန်ုပ်တို့၏ရည်စူးချက်ကိုလည်း (ကောင်းစွာ) သိရှိပြီးဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။

قَالَ لَوْ اَنَّ لِيْ بِكُمْ قُوَّةً
اَوْ اٰوِيْۤ اِلٰى رُكْنٍ شَدِيْدٍ ﴿٨٠﴾

၈၀။ ထို(နဗီတမန်တော်)လူတွံက (ဤသို့)ပြောဆိုညည်းညူခဲ့လေသည်။ သြော်-အကယ်၍ ငါ့မှာ အသင်တို့အား ခုခံနိုင်ရန် စွမ်းအားရှိခဲ့မူ၊ သို့တည်း မဟုတ် ငါသည် ခိုင်ခံ့သော အမှီသဟဲ တစ်ခုကို အမှီသဟဲ ပြုနိုင်ပါမူ ကောင်းလေစွတကား။ [၁]

قَالُوْا يٰلُوْطُ اِنَّا رُسُلُ رَبِّكَ
لَنْ يَّصِلُوْۤا اِلَيْكَ فَاَسْرِ
بِاَهْلِكَ بِقِطْعٍ مِّنَ الَّيْلِ
وَلَا يَلْتَفِتْ مِنْكُمْ اَحَدٌ اِلَّا
امْرَاَتَكَ ؕ اِنَّهٗ مُصِيْبُهَا مَاۤ
اَصَابَهُمْ ؕ اِنَّ مَوْعِدَهُمُ
الصُّبْحُ ؕ اَلَيْسَ الصُّبْحُ

၈၁။ ထိုရောအခါ ယင်း(စေတမန်)တို့က ဤသို့ပြောဆိုခဲ့ကြကုန်၏။ အို - (နဗီတမန်တော်)လူတွံ (အသင်သည် မည်သို့မျှမစိုးရိမ်ပါလေနှင့်) ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်၏အရှင်မြတ်က စေလွှတ်တော်မူသောစေတမန်များပင် ဖြစ်ကြပေရာ ၎င်းတို့သည် *အသင်၏အပါးသို့ အလျှင်း ချဉ်းကပ်နိုင်ကြမည် မဟုတ်ပေ။* [၂] သို့ဖြစ်ပေရာ အသင်သည် မိမိအိမ်သူအိမ်သားတို့နှင့်တကွ ညဉ့်၏အစိတ်အပိုင်းတစ်ခုခုတွင် ထွက်ခွာသွားပါလေ။ သို့ရာတွင် အသင်တို့အနက် မည်သူ တစ်ဦးတစ်ယောက်မျှ နောက်သို့လှည့်၍ မကြည့်ရပေ။

---

① တမန်တော်လူတွံ (အလိုင်ဟစ္စလာမ်)သည် တရားဓမ္မဟောကြားရန်အတွက် ဆွေရပ်မျိုးရပ်မဟုတ် အရပ်တစ်ပါးသို့ ရည်သည်အဖြစ် ရောက်ရှိနေခဲ့၏။ ထိုအရပ်တွင် တမန်တော်လူတွံ၏ ဆွေမျိုးသားချင်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ၊ မှီခို အားထားရာမရှိ၊ အားငယ်ခဲ့၏။ မျက်နှာငယ်ခဲ့၏။ အရပ်တစ်ပါးတွင် အကြီးအကျယ် အကျဉ်းအကျပ်နှင့်တွေ့၍ စိတ်ဒုက္ခရောက်သောအခါ၌ လူသားများသည် မျက်မြင်အားထားရာ အကြောင်းတရားများကို အားထားကြ၏။ တမ်းတကြ၏။ ဤသည် လူ့သဘာဝပင်ဖြစ်၏။ တရားတော်နှင့် မဆန့်ကျင်ပေ။ ထို့အတွက် တမန်တော်လူတွံသည်လည်း ဤကဲ့သို့ အကျဉ်းအကျပ်နှင့်ကြုံ၍ ➤➤

بِقَرِيبٍ ﴿٨١﴾

သို့ရာတွင် အသင်၏ဇနီးမူကား ဧကန်မုချ ၎င်းတို့၌ ဆိုက်ရောက်မည့်ပြစ်ဒဏ်သည် ယင်းဇနီး၌ လည်း ဆိုက်ရောက်မည်ဖြစ်ချေသည်။ ဧကန်စင်စစ် ၎င်းတို့အား ချိန်းချက်ထားသော အချိန်သည် နံနက်မိုးသောက်ချိန်ပင် ဖြစ်ပေသည်။ နံနက်မိုးသောက်ချိန်ကား နီးကပ်လျက်ပင်ရှိသည် မဟုတ်ပါလော။ [2]

➤➤ စိတ်ဒုက္ခအကြီးအကျယ် ဖြစ်သည့်အခါ 'ညော်-အကယ်၍သာ ကျွန်ုပ်၌ အသင်တို့အား ခုခံကာကွယ်တိုက်ဖျက်ရန် အားရှိလျှင် ကောင်းစွ၊ သို့မဟုတ် ကြီးမားတောင့်တင်းသော သားချင်းအုပ်စုများရှိလျှင် ကောင်းစွ' ဟု ညည်းညူတမ်းတမိခဲ့ခြင်း ဖြစ်လေသည်။

(၂) (Sodom) နယ်သား သူယုတ်တို့အား မည်သို့မျှ တောင်းပန်၍ မရသည့်အဆုံးတွင် တမန်တော်လူတို့သည် အရှက်တကွဲ အကျိုးနည်း ဖြစ်ရတော့မည့်အရေးကို တွေးမြင်ပြီး အကြီးအကျယ် စိတ်ဒုက္ခဖြစ်ရှာလေသည်။ ထိုအချိန်တွင် ကောင်းကင်တမန်များက အိုး-လူတို့၊ အသင်စိတ်မပျက်လေနှင့်၊ ကျွန်ုပ်တို့သည် လူသားဧည့်သည်များမဟုတ်၊ ဤသူယုတ်တို့အား ကွပ်မျက်ဖျက်ဆီးရန်အတွက် အသင့်အရှင်သခင်က စေလွှတ်တော်မူလိုက်သော ကောင်းကင်တမန်များ ဖြစ်ကြပါသည်။ ဤသူယုတ်တို့သည် ကျွန်ုပ်တို့အား စော်ကားရန်ဝေးစွ အသင့်အားလည်း မည်သို့မျှ အန္တရာယ်ပြုနိုင်မည် မဟုတ်ပါဟု ဖွင့်ဟထုတ်ဖော်ပြောဆိုကြလေသည်။

(၁) ကောင်းကင်တမန်များက တမန်တော်လူတို့အား Sodom နယ်သား ဤသူယုတ်မာများထံသို့ နံနက်မိုးသောက်ချိန်တွင် ပြစ်ဒဏ်တော် ဆိုက်ရောက်တော့မည်။ နံနက်မိုးသောက်ချိန်မှာလည်း ကပ်နေချေပြီ။ ထို့အတွက် အသင်သည် ညဉ့်တချိန်ချိန်တွင် မိမိ၏ အိမ်သူအိမ်သားများကို ခေါ်ဆောင်၍ အလျင်အမြန် မြို့ပြင်သို့ ထွက်သွားပါ။

သို့ထွက်သွားရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ နောက်သို့ ပြန်လှည့်၍ မကြည့်ရ။ သို့ရာတွင် အသင်၏ဇနီးသည် အသင်တို့နှင့်အတူ လိုက်ပါမည်မဟုတ်၊ သို့မဟုတ်၊ လိုက်ပါခဲ့စဉ် နောက်သို့ လှည့်ကြည့်မေမည် ဖြစ်ရာ Sodom နယ်သားများထံသို့ ဆိုက်ရောက်သောပြစ်ဒဏ်သည် အသင်၏ ဇနီးထံသို့လည်း ဆိုက်ရောက်မည်ဖြစ်သည်' ဟုသတိပေးစကား ပြောကြားကြလေသည်။

ထိုကောင်းကင်တမန်များ သတိပေးသည့်အတိုင်း တမန်တော်လူတို့သည် မိမိ၏ အိမ်သူအိမ်သားများကို ခေါ်ဆောင်၍ မြို့ပြင်သို့ ထွက်ခွာသွားခဲ့လေသည်။ သို့ရာတွင် တမန်တော်လူတို့၏ ဇနီးသည် ကောင်းကင်တမန်များ ပြောကြားသည့်အတိုင်းပင် တမန်တော်လူတို့နှင့်အတူ မြို့ပြင်သို့ မလိုက်ပါခဲ့ချေ။ ပြစ်ဒဏ်တော်ခတ်၍ ပယ်ရှင်းခြင်းခံရသူများတွင် အပါအဝင်ဖြစ်ခဲ့လေသည်။

အချို့ကျမ်းများတွင် လာရှိသည်မှာ တမန်တော်လူတို့အိမ်၌ ဧည့်သည်များ ရောက်ရှိနေကြောင်းကို Sodom နယ်သားများအား သွားရောက် သတင်းပေးသူမှာ အခြားမဟုတ်၊ တမန်တော်လူတို့၏ ဇနီးပင်ဖြစ်သည်။ (Sodom) နယ်သားများကို ပြစ်ဒဏ်ခတ်တော်မူမှု အလွှာဟ်အရှင်မြတ်သည် ထိုနယ်ရှိ မွတ်စ်လင်မ်တို့အား ပြင်ပသို့ ထုတ်ထားတော် မူခဲ့လေသည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် (၅၁း၃၅-၃၇) တွင် ပါရှိလေသည်။

فَلَمَّا جَآءَ أَمْرُنَا جَعَلْنَا عَٰلِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهَا حِجَارَةً مِّن سِجِّيلٍ ۙ مَّنضُودٍ ﴿٨٢﴾ مُّسَوَّمَةً عِندَ رَبِّكَ ۖ وَمَا هِيَ مِنَ الظَّٰلِمِينَ بِبَعِيدٍ ﴿٨٣﴾

၈၂။ ထို့နောက်ငါအရှင်မြတ်၏အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ထိုမြို့ရွာကို အထက်အောက်(ပြောင်းပြန်) လှန်ပစ်တော်မူခဲ့လေသည်။ ထို့ပြင်ငါအရှင်မြတ်သည် မြို့ရွာပေါ်သို့ ခွဲ့၊ ကျောက်ခဲမိုးကို ရွာသွန်းချစေတော်မူခဲ့လေသည်။ ၁

၈၃။ (ထိုကျောက်ခဲများသည်) အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အထူးအမှတ်တံဆိပ် ခတ်နှိပ်ပြီးဖြစ်သော (ကျောက်ခဲများဖြစ်သည်)။ စင်စစ် ထိုမြို့ရွာသည် မတရားပြုမူကြကုန်သော (မက္ကာဟ်မြို့သား)တို့နှင့်ကား ဝေးကွာသည်မဟုတ်ပေ။ ၂

---

① (Sodom) နယ်သားများကို ကွပ်မျက်ဖယ်ရှင်းရန်အချိန် ကျရောက်လာသည့်အခါ အလွှာဟ်အရှင်မြတ်၏ အမိန့်တော်အရ ကောင်းကင်တမန် ဂျစ်ဗရအီလ်သည် ထိုမြို့ရွာများကို ထက်အောက် ပြောင်းပြန်လှန်၍ အထက်ကောင်းကင်မှ ၎င်းတို့အပေါ်သို့ အမှတ်အသား တံဆိပ်ခတ်နှိပ်ထားသည့် ခွဲ့ကျောက်ခဲများကို အဆက်မပြတ် ရွာသွန်းချပြီး လုံးဝချေမှုန်း ဖျက်ဆီးပစ်လိုက်လေသည်။

② 'ထိုအရာသည် ကျူးကျော်စော်ကားသူများနှင့် ဝေးကွာသည်မဟုတ်ပေ' ဤအာယတ်တော်တွင် 'ထိုအရာ' ဟူသော နာမ်စားသည် Sodom နယ်သားများထံသို့ သက်ရောက်ခဲ့သော ကျောက်ခဲ၊ တနည်း ပြစ်ဒဏ်တော်ကို ရည်ညွှန်းသည်ဟူ၍လည်း ဆိုနိုင်၏။ ပြစ်ဒဏ်တော် ခတ်ခြင်းခံရသည့် Sodom နယ်သားများ နေထိုင်ရာ နယ်မြေ မြို့ရွာအရပ်ဒေသကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်၏။

ထို့အတူ ဤအာယတ်တော်တွင်ပါရှိသည့် 'ကျူးကျော်သူများ' ဟူသည် မက္ကာမြို့သား မုရှ်ရစ်ကိုးကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်၏။ ခေတ်တိုင်း နယ်တိုင်းရှိ ကျူးကျော်သူအားလုံးကို ရည်ညွှန်းသည်ဟူ၍လည်း ဆိုနိုင်၏။ ပြစ်ဒဏ်တော် ဆိုက်ရောက်ခဲ့သော ထိုအရပ်ဒေသသည် မက္ကာမြို့သား မုရှ်ရစ်ကိုးများနှင့် ဝေးသည်မဟုတ်ပေ။ အလွန် နီးကပ်လျက်ရှိပေသည်။ ထိုပြင့်တဝ မက္ကာမြို့သားများသည် ဆီးရီးယားနိုင်ငံသို့ ကူးသန်းရောင်းဝယ်ရန်အတွက် ခရီးသွားလာလေ့ ရှိခဲ့ကြသည်။

Sodom နယ်မြေများသည် ထိုခရီးလမ်းကြောင်းပေါ်၌ပင် တည်ရှိသည်။ ဤအကြောင်းကုရ်အာန် (၁၅:၇၅-၇၇၊ ၃၇:၁၃၇-၁၃၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ကြည့်-အယ်မနာရ်၊ အ-၁၂၊ စ-၁၃၈၊ သို့ဖြစ်ပေရာ မက္ကာမြို့သားများသည် မိမိတို့ခရီးသွားလာတိုင်း ဖြတ်သန်းသွားလာတွေ့ကြုံနေကြသည့် Sodom နယ်မြေရှိ အမျိုးသားများ ပျက်စီးသွားကြရသည့်အဖြစ်ကို ကြည့်ရှုဆင်ခြင်၍ သတိသံဝေဂ ရယူသင့်ကြပေသည်။

ထို့အတူ ခေတ်တိုင်းနယ်တိုင်းရှိ ကျူးကျော်စော်ကားသူများသည်လည်း Sodom နယ်သားတို့၏ ဖြစ်ရပ်ကို စဉ်စားဆင်ခြင်၍ သတိဝံဝေဂရယူသင့်ကြပေသည်။

وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا ۚ قَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُمْ مِنْ إِلَٰهٍ غَيْرُهُ ۖ وَلَا تَنْقُصُوا الْمِكْيَالَ وَالْمِيزَانَ إِنِّي أَرَاكُمْ بِخَيْرٍ وَإِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ مُحِيطٍ ﴿٨٤﴾

၈၄။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) *မဒ်ယန်မြို့သားတို့ထံ* ၎င်းတို့၏ ညီအစ်ကိုသားချင်းဖြစ်သော *(နဗီတမန်တော်)* 'ရှုအိုက်ဗ်အား' [၁] (စေလွှတ်တော်မူခဲ့လေသည်။) (ထိုအခါ) ယင်း(နဗီတမန်တော်) ရှုအိုက်ဗ်သည် (၎င်းတို့အား ဤသို့)ပြောဆိုဟောကြားခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် *အလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ဆည်းကပ်ကြလေကုန်။* [၂] အသင်တို့၌ ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိချေ။ ထို့ပြင် အသင်တို့သည် (တောင်းတင်းအစ ရှိသော) ပမာဏ အချင်အတွယ်ကိုလည်းကောင်း၊ အလေးချိန်ကိုလည်းကောင်း၊*မလျှော့ကြကုန်လင့်။* [၃] ဧကန်စင်စစ် ငါသည် အသင်တို့ ကောင်းစားလျက်ရှိနေကြသည်ကို မြင်နေပေသည်။ သို့ရာတွင် ဧကန်မလွဲ ငါသည်အသင်တို့အပေါ်ဝယ် ဝန်းခြုံမည့်နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်မိပေသတည်း။

---

① **မှတ်ချက်။** (Midian) မဒ်ယန်မျိုးနွယ်ဝင်များနှင့် တမန်တော်ရှုအိုက်ဗ် (အလိုင်ဟစ္စလာမ်)၏ အကြောင်းကုရ်အာန် (၇:၈၅-၉၃)တွင် ပါရှိခဲ့လေပြီ။ မဒ်ယန်မျိုးနွယ်ဝင်များ၏ အကြောင်းနှင့် တမန်တော်ရှုအိုက်ဗ်၏ အတ္ထုပ္ပတ္တိကိုလည်း ကုရ်အာန် (၇:၈၅)၏ အဖွင့်တွင် အကျယ်တဝှန်းရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

② ပွင့်လေသမျှသော တမန်တော်တိုင်း၏ အဓိကတရားဓမ္မမှာ 'တောင်ဟီဒ်' ပင် ဖြစ်သည်။ တမန်တော်ရှုအိုက်ဗ် (အလိုင်ဟစ္စလာမ်)သည်လည်း မိမိ၏အမျိုးသားများအား ဤသည့်'တောင်ဟီဒ်' တရားကိုပင် အဓိကထား၍ စတင်ဟောကြားတော်မူခဲ့လေသည်။

③ မဒ်ယန်မျိုးနွယ်ဝင်များသည် ကူးသန်းရောင်းဝယ်မှုတွင် ကျော်ကြားခဲ့ကြပေသည်။ သို့ရာတွင် ၎င်းတို့သည် ရောင်းဝယ်မှုတွင် သစ္စာမရှိခဲ့ကြပေ။ ချင့်ရာတွင်လည်းကောင်း၊ ချိန်ရာတွင်လည်းကောင်း၊ တိုင်းထွာရာတွင်လည်းကောင်း၊ အပေးအယူတွင်လည်းကောင်း၊ မရိုးမသားခဲ့ကြပေ။ ပေးရာတွင်လျှော့၍ ပေးလေ့ရှိခဲ့ကြ၏။ ယူရာ၌ ပို၍ယူလေ့ရှိခဲ့ကြ၏။ အမြတ်ကြိုးစားခဲ့ကြ၏။ နည်းပရိယာယ်အမျိုးမျိုးဖြင့် စီးပွားရေးတွင် သောင်းကျန်းလေ့ရှိခဲ့ကြသည်။ အစ္စလာမ်သည် ယုံကြည်မှုဆိုင်ရာ မှားယွင်းမှုများကို ပြင်ဆင်ပေးသကဲ့သို့ ရောင်းဝယ်ဖောက်ကားမှု၊ ပေါင်းသင်းဆက်ဆံမှုများတွင် ပျက်စီးမှားယွင်းနေသည့် အကျင့်ဆိုးအကျင့်ယုတ်များကိုလည်း ပြုပြင်ပေးသည်။ အဘယ်ကြောင့်ဆိုသော် ရောင်းဝယ်ဖောက်ကားမှုတွင် သစ္စာမဲ့မှု၊ (၀၊) စီးပွားရေးသောင်းကျန်းမှုသည် တိုင်းပြည်နှင့်တကွ လူမျိုးကိုပင်ပျက်စီးသွားစေနိုင်သည်။ ➤➤

وَيٰقَوْمِ اَوْفُوا الْمِكْيَالَ وَالْمِيْزَانَ بِالْقِسْطِ وَلَا تَبْخَسُوا النَّاسَ اَشْيَآءَهُمْ وَلَا تَعْثَوْا فِى الْاَرْضِ مُفْسِدِيْنَ ﴿٨٥﴾

၈၅။ ထိုမှတစ်ပါး အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည်(တောင်း၊တင်းစသော) ပမာဏအချင်အတွယ်များကိုလည်းကောင်း၊ အလေးချိန်ကိုလည်းကောင်း၊ အပြည့်ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် လူတို့အား (အရောင်းအဝယ်ပြုကြသောအခါဝယ်) ၎င်းတို့ပစ္စည်းများကို လျော့၍ မပေးကြကုန်လင့်။ ၎င်းပြင်အသင်တို့သည် ကမ္ဘာမြေဝယ် ဖျက်ဆီးသူများအဖြစ်ဖြင့် သောင်းကျန်းမှုကို မပြုကြကုန်လင့်။

بَقِيَّتُ اللّٰهِ خَيْرٌ لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۚ وَمَآ اَنَا عَلَيْكُمْ بِحَفِيْظٍ ﴿٨٦﴾

၈၆။ အကယ်၍အသင်တို့သည် မုအ်မင်န် သက်ဝင်ယုံကြည်သူများဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ် (ချီးမြှင့်တော်မူသော အရာများအနက်မှ) ကြွင်းကျန်သော *ဟလာလ် (ပစ္စည်း)*ကား အသင်တို့ အဖို့ အကောင်းဆုံးပင်။ [၁] စင်စစ်သော်ကား ငါသည် အသင်တို့အား (အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ) ထိန်းသိမ်း စောင့်ရှောက်သူမဟုတ်ချေ။ (တာဝန်ခံမဟုတ်ချေ။)

➤➤ ထို့အတွက်ကြောင့်လည်း စီးပွားရေးတွင် သောင်းကျန်းနေခဲ့ကြသော မဒ်ယန်မျိုးနွယ်ဝင်တို့အား 'အသင်တို့သည် တိုင်းပြည်တွင် မသောင်းကျန်းကြနှင့် ဟူ၍ သုံးနှန်းမိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

ကြည့်-မာဂျိဒီ။

ကုရ်အာန်ကျမ်းမြတ် (၈၃း၁-၃) တွင် အလေးတင်းတောင်းခိုးသူများအား ကြီးလေးသော ပြစ်ဒဏ်ခတ်တော်မူမည့် အကြောင်း မိန့်ဆိုထားတော်မူသည်။

① ရှရီအတ်နှင့်အညီ သမ္မာအာဇီဝနည်းဖြင့် ရှာဖွေဆည်းပူးရရှိသော ဟလာလ်ပစ္စည်းသည် အဘယ်မျှပင်နည်းပါးလင့်ကစား မတရားသောနည်းဖြင့် ရှာဖွေဆည်းပူး၍ ရရှိထားသော ပစ္စည်း အမြောက်အမြားထက်ပို၍ပင်ကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် ဟလာလ်ပစ္စည်း၌ 'ဗရကတ်' မင်္ဂလာရှိသည်။ ဟရာမ်ပစ္စည်း၌မူ အမင်္ဂလာရှိသည်။ ဟလာလ်ပစ္စည်းသည် တိုးပွားသည်။ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူရန် အကြောင်းလည်းဖြစ်ပေသည်။ ဟရာမ်ပစ္စည်းသည် မတိုးပွားချေ။ ဆုတ်ယုတ်သည်။ အလ္လာဟ်အရှင်မြတ် အမျက်တော်ထားရန်အကြောင်းလည်းဖြစ်သည်။

قَالُوْا يٰشُعَيْبُ اَصَلٰوتُكَ تَاْمُرُكَ اَنْ نَّتْرُكَ مَا يَعْبُدُ اٰبَآؤُنَآ اَوْ اَنْ نَّفْعَلَ فِيْٓ اَمْوَالِنَا مَا نَشٰٓؤُا ؕ اِنَّكَ لَاَنْتَ الْحَلِيْمُ الرَّشِيْدُ ﴿٨٧﴾

၈၇။ ၎င်း (အမျိုးသား)တို့က (နဗီတမန်တော်ရှူအိုက်ဗ်အား ဤသို့)ပြောဆိုခဲ့ကြ၏။ အို-ရှူအိုက်ဗ်၊ အသင်၏ ဆွလာတ်ဝတ်ပြုမှုသည် (သာသနာသည်) အသင့်အား ကျွန်ုပ်တို့(၏အကြီးအကဲများ ဖြစ်ကုန်သော) အဘ၊ ဘိုး၊ ဘေးတို့ ကိုးကွယ်ဆည်းကပ်ကြလေသောဘုရားများကို ကျွန်ုပ်တို့ စွန့်လွှတ်ရန်လည်းကောင်း၊ ကျွန်ုပ်တို့သည် မိမိတို့ဥစ္စာပစ္စည်းများတွင် မိမိတို့အလိုကျ ပြုလုပ်ကြသည်ကို ကျွန်ုပ်တို့ စွန့်လွှတ်ရန်လည်းကောင်း၊ စေခိုင်းပါသလော။ ဧကန်အမှန် အသင်တစ်ဦးသည်သာလျှင် ကျွန်ုပ်တို့နှင့်ပြည့်စုံသောသူ၊ ရိုးသားဖြောင့်မတ်သောသူ ဖြစ်သည်လော။ [1]

---

① ဤအာယတ်တော်၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ 'တမန်တော် ရှူအိုက်ဗ်၏ အမျိုးသားများက တမန်တော်ရှူအိုက်ဗ်အား ပြက်ချော် ပြောင်လှောင်သည့်သဘောဖြင့် အို-ရှူအိုက်ဗ်၊ တော်ပါ၊ သူတော်စင်ကြီး လုပ်မနေပါနှင့်၊ ကျွန်ုပ်တို့ တမျိုးသားလုံးတွင် ကျွန်ေသိက္ခာရှိသူ၊ ရိုးသားဖြောင့်မတ်မှန်ကန်သူ၊ ကိုယ်ကျင့်တရားကောင်းသူ အသင်တစ်ဦးပင် ရှိလေသလော၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အကြီးအကဲများဖြစ်ကြသော ဘိုးဘေးအားလုံးတို့သည် သူမိုက်များ လူဗာလများချည်းဘဲ ဖြစ်ကြသည်ဟု အသင်ဆိုလိုသလောဟူ၏။

တမန်တော်ရှူအိုက်ဗ်သည် အမြော်အမြင်း ဆွလာတ် ဝတ်ပြုတော်မူလေ့ရှိခဲ့သည်။ ထို့အတွက် တမန်တော်ရှူအိုက်ဗ်၏ အမျိုးသားများက တမန်တော်ရှူအိုက်ဗ်အား ကျွန်ုပ်တို့သည် မိမိတို့၏ဘိုးဘေးတို့၏ ဘာသာကို စွန့်ပစ်ကြရန်နှင့် မိမိတို့၏ ဥစ္စာပစ္စည်းများကို ဥစ္စာရှင်ပီပီ လွတ်လပ်စွာ မသုံးစွဲကြရန် အသင့်အား အသင်၏ဆွလာတ်ဝတ်ပြုမှုက အမိန့်ပေးသလော၊ အသင်သည် မိမိသဘောအတိုင်း ဆွလာတ်ဝတ်ပြုပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ ဘာသာရေးနှင့် လောကီရေးရာများတွင်မူ ဝင်ရောက်မစွက်ဖက်ပါနှင့်' ဟု ဆိုကြလေသည်။

အချို့မုဖတ်စ်စစ်ရိမ်များက ဤအာယတ်တော်တွင် လာရှိသည့် 'ဧကန်စင်စစ် အသင်သည် ကျွန်ေသိက္ခာနှင့် ပြည့်စုံသော၊ ရိုးသားဖြောင့်မတ်သောသူ အမှန်ပင်ဖြစ်ပါသည်' ဟူ၍ တမန်တော် ရှူအိုက်ဗ်၏ အမျိုးသားများက တမန်တော်ရှူအိုက်ဗ်နှင့်ပတ်သက်၍ သုံးနှုန်းခဲ့ခြင်းမှာ ပြက်ချော်ပြောင်လှောင်သည့် သဘောမျိုးဖြင့် မဟုတ်၊ အခြေအနေအရ အမှန်အတိုင်း သုံးနှုန်းခဲ့ကြခြင်းသာ ဖြစ်သည်ဟု ဆိုကြသည်။ ဆိုလိုသည်ကား အသင်သည် အမြော်အမြင်ရှိသူ၊ ကျွန်ေသိက္ခာနှင့်ပြည့်စုံသူ ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်သည်။ သို့ပါလျက် ယခုကဲ့သို့ မဆီမဆိုင် မလျော်ကန်သော စကားများကို အဘယ်အတွက် ပြောဟောနေသနည်းဟူ၏။

ဤသည့်သဘောအတိုင်းပင် တမန်တော် ဆွလစ်ဟ်၏ အမျိုးသားများက တမန်တော် ဆွာလစ်ဟ်နှင့် ပတ်သက်၍ အသင်သည် ဤအလျှင် ကျွန်ုပ်တို့တွင် မျှော်လင့်အားထားဖွယ် ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ဘိုးဘေးများ ကိုးကွယ်ခဲ့ကြသောအရာကို မကိုးကွယ်ရန် ပိတ်ပင်တားမြစ် လေသလောဟု ဆိုခဲ့ဘူးကြလေသည်။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ
عَلٰى بَيِّنَةٍ مِّنْ رَّبِّىْ وَرَزَقَنِىْ
مِنْهُ رِزْقًا حَسَنًا ؕ وَمَآ اُرِيْدُ
اَنْ اُخَالِفَكُمْ اِلٰى مَآ
اَنْهٰىكُمْ عَنْهُ ؕ اِنْ اُرِيْدُ اِلَّا
الْاِصْلَاحَ مَا اسْتَطَعْتُ ؕ
وَمَا تَوْفِيْقِىْٓ اِلَّا بِاللّٰهِ ؕ
عَلَيْهِ تَوَكَّلْتُ وَاِلَيْهِ
اُنِيْبُ ﴿٨٨﴾

၈၈။ (ထိုအခါ) ယင်း(နဗီတမန်တော်)ရှုအိုက်ဗ်က (မိမိအမျိုးသားတို့အား ဤသို့)ပြောဆို ဖြေကြားခဲ့လေ၏။ အို-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည် မိမိအရှင်မြတ်ထံတော်မှ သက်သေခံအပေါ်၌ တည်ရှိခဲ့ပါလျှင်လည်းကောင်း၊ ထိုအရှင်မြတ်သည် ငါ့အား မိမိအထံတော်မှ ကောင်းမွန်မြင့်မြတ်သော စားနပ်ရိက္ခာကို [၁] ချီးမြှင့် ပေးသနားတော် မူခဲ့ပါလျှင် အသင်တို့သည် မည်သို့ယူဆကြပါသနည်း။ ၎င်းပြင် ငါသည် မိမိကိုယ်တိုင် အသင်တို့အား တားမြစ်သော ကိစ္စကို အသင်တို့နှင့်ဆန့်ကျင်၍ ကိုယ်တိုင်ပြုလုပ်ရန် ရည်စူးသည်မဟုတ်ပေ။ [၂] အမှန်စင်စစ် ငါသည် မိမိတတ်စွမ်းနိုင်သမျှ ကာလပတ်လုံး (အသင်တို့၏ ဆိုးရွားနေသော အခြေအနေကို) ပြုပြင်ရန်သာလျှင် ရည်စူးလေသည်။ [၃] သို့ရာတွင် ငါ၏အောင်မြင်မှုကား အလ္လာဟ်အရှင်မြတ်၏ ကူညီမှု အပေါ်၌သာလျှင် ရှိနေပေရာ ငါသည် ထိုအရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်အားထား၏။ ထိုမှတပါး၊ ငါသည် ထို အရှင်မြတ်ဖက်သို့သာလျှင် ပြန်လှည့်မည်ဖြစ်၏။

---

① ဤအာယတ်တော်တွင် လာရှိသည့် 'ရဇ်က်' 'ရိက္ခာ'ဟူသည် အပြင်ရိက္ခာ (၀၀) လူသားတို့ စားသုံးသော စားနပ်ရိက္ခာကိုလည်း ဆိုနိုင်သည်။ ဤသို့ယူဆလျှင် အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား ကောင်းမြတ်သော ရိက္ခာ သမ္မာအာဇီဝ တရားသဖြင့် ရှာဖွေဆည်းကပ် ရရှိသော 'ဟလာလ်' ပစ္စည်းကို ချီးမြှင့်ထားတော်မူ၏။

သို့မဟုတ် ရိက္ခာဟူသည် အတွင်းရိက္ခာ (၀၀) အသိဉာဏ် အမြော်အမြင်နှင့် 'နဗုဝါတ်' နဗီအဖြစ်ကို ချီးမြှင့်ထားတော်မူသည်ဟူ၏။

အချုပ်ဆိုလိုရင်းမှာ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား အသိဉာဏ် အမြော်အမြင်နှင့် နဗုဝါတ်ကို ချီးမြှင့်၍ အသင်တို့မသိမမြင်သော တရားဒေသနာတော်ကို ပြတော်မူသော် အသင်တို့ မရရှိကြသည့် ကောင်းမြတ်သော ဥစ္စာပစ္စည်းကို ပေးတော်မူသော ကျွန်ုပ်သည် အသင်တို့ကဲ့သို့ပင် မျက်ကန်းဖြစ်စေပြီး ထိုအရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆန်ရမည်လော၊ သို့မဟုတ် အသင်တို့၏ ပြောင်လှောင်ပြက်ချော်မှုကို ကြောက်ရွံ့ပြီး တရားဓမ္မမဟောဘဲ နေရမည်လော၊ ဤသို့ကား အလျင်းမဖြစ်နိုင်ဟူ၏။

② ဤအာယတ်တော်တွင် 'ငါသည် မိမိကိုယ်တိုင် အသင်တို့အား တားမြစ်သော ကိစ္စကို အသင်တို့နှင့်ဆန့်ကျင်၍ ကိုယ်တိုင်ပြုလုပ်ရန် ရည်စူးသည်မဟုတ်ပေ' ဟူသော စကားရပ်ကို ဤသို့ယူဆလျှင် အလိုသဘောမှာ ငါသည် အသင်တို့ကို တားမြစ်သော ကိစ္စများကို ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့် အသင်တို့အား ဥပမာပြသ ဆုံးမသွန်သင်ခြင်းမျိုး မပြုလိုပေ။ ငါသည် အသင်တို့ကို တားမြစ်သော ကိစ္စများကို ငါကိုယ်တိုင် ရှောင်ကြဉ်ခြင်းဖြင့်သာလျှင် အသင်တို့အား ဥပမာပြသ ဆုံးမသွန်သင်ခြင်းမျိုး ပြုလိုပေသည်ဟူ၏။

③ ဤအာယတ်တော်တွင် 'ငါသည် မိမိတတ်စွမ်းနိုင်သမျှ ကာလပတ်လုံး (အသင်တို့၏ ဆိုးရွားနေသော အခြေအနေကို) ပြုပြင်ရန်သာလျှင် ရည်စူးလေသည်' ဟူသော စကားရပ်ကို ဤသို့ယူဆလျှင် အလိုသဘောမှာ ငါသည် အသင်တို့အား ဥပမာပြသ ဆုံးမသွန်သင်ခြင်းမျိုး ပြုလိုပေသည်ဟူ၏။

وَيٰقَوْمِ لَا يَجْرِمَنَّكُمْ شِقَاقِيٓ
أَن يُصِيبَكُم مِّثْلُ مَآ أَصَابَ
قَوْمَ نُوحٍ أَوْ قَوْمَ هُودٍ أَوْ
قَوْمَ صَٰلِحٍ ۚ وَمَا قَوْمُ لُوطٍ
مِّنكُم بِبَعِيدٍ ﴿٨٩﴾

၈၉။ အမှန်သော်ကား-ငါ၏အမျိုးသားတို့၊ ငါနှင့် စိတ်ဝမ်းကွဲပြားမှုသည် အသင်တို့၌(နဗီတမန်တော်) 'နူဟ်' ၏အမျိုးသားတို့၌ သက်ရောက်ခဲ့ဘိသကဲ့သို့သော ဘေးဒုက္ခမျိုးသော်လည်းကောင်း၊ (နဗီတမန်တော်) 'ဟူဒ်' ၏အမျိုးသားတို့၌ သက်ရောက်ခဲ့ဘိသကဲ့သို့သော ဘေးဒုက္ခမျိုးသော်လည်းကောင်း၊ (နဗီတမန်တော်) 'ဆွာလိဟ်'၏ အမျိုးသားတို့၌ သက်ရောက်ခဲ့ဘိသကဲ့သို့သော ဘေးဒုက္ခမျိုးသော်လည်းကောင်း၊ သက်ရောက်စေရန် အသင်တို့အား အလျင်း လှုံ့ဆော်ဖန်တီးသည် မရှိစေရ။ [၁] ၎င်းပြင် (နဗီ တမန်တော်) 'လူတ်'၏ အမျိုးသား တို့(၌ သက်ရောက်ခဲ့သော ပြစ်ဒဏ်)မှာလည်း သင်တို့နှင့် မဝေးလှပေ။ [၂]

---

(၂) ဆိုလိုသည်ကား ကျွန်ုပ်အသင်တို့အား မကျူးလွန်ရန် တားမြစ်ထားသော မှုပြစ်များကို ကျွန်ုပ်တို့သည် အသင်တို့ကို ဖက်ကြဉ်ပြီး မိမိကိုယ်တိုင်ပြုလုပ်ရန် မိမိ၌ဆန္ဒ အလျင်းမရှိပေ။ ဥပမာ-ကျွန်ုပ်သည် အသင်တို့အား လောကီရေးရာများကိုစွန့်၍ တောထွက်ကြရန် ပြောဟောပြီး မိမိကိုယ်တိုင် လောကီစည်းစိမ်များကို စုဆောင်းခံစားရန် ဆန္ဒအလျင်းမရှိပါ။ ကျွန်ုပ်သည် အသင်တို့အား ဆိုဆုံးမသောအရာများကို အသင်တို့ အလျင်ဦးစွာ ပထမလိုက်နာကျင့်သုံးခဲ့သည်။ ထို့အတွက်ကြောင့်လည်း အသင်တို့သည် ကျွန်ုပ်အား တစ်စုံတစ်ရာ လာဘ်လာဘ အာသာဆန္ဒ အတွက် ယခုကဲ့သို့ ဟောပြောသည်ဟူ၍ကား အလျင်းစွပ်စွဲ မပြောဆိုနိုင်ကြပေ။

(၃) ဆိုလိုသည်ကား ကျွန်ုပ်သည် အသင်တို့၏ လောကီရေး၊ လောကုတ္တရာရေးများကို မှန်ကန်အောင် ပြုပြင်ပေးရန်သာ ရည်စူးသည်။ ကျွန်ုပ်၏ ကြိုးပမ်းမှုအစုစုတို့၏ အဓိကရည်ရွယ်ချက်မှာလည်း ဤသည့်အချက်ပင် ဖြစ်သည်။ ကျွန်ုပ်၌ ဤရည်ရွယ်ချက်မှတပါး အခြားရည်ရွယ်ချက်မရှိ၊ ဤရည်ရွယ်ချက် ထမြောက်အောင်မြင်ရန် အလို့ငှာ ကျွန်ုပ်သည် တတ်စွမ်းနိုင်သမျှ ကြိုးပမ်းမည်ပင်ဖြစ်သည်။ သို့တစေလည်း ကျွန်ုပ်၏ရည်ရွယ်ချက် ထမြောက်အောင်မြင်ဖို့ အရေးမှာ အလွှာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာရှိသည်။ ကိစ္စအဝဝတို့သည် ထိုအရှင်မြတ်၏ ကူညီစောင်မမှု၊ အကြောင်းဖန်တီးပေးမှု အပေါ်၌သာ တည်ရှိပေသည်။ ကျွန်ုပ်သည် ထိုအရှင်မြတ်အား သာလျှင် ယုံပုံလွဲအပ်ထားသည်။ ကိစ္စအဝဝတွင်လည်း ထိုအရှင်မြတ်ဘက်သို့သာ ပြန်လှည့်ပါသည်။ သို့ဖြစ်ပေရာ အသင်တို့သည် လက်ရှိ အခြေအနေ အခြေဆိုး အနေဆိုးမှ ထွက်၍ တစ်ဆူတည်းသော ထိုအရှင်မြတ် အား အီမာန်ယုံကြည်ကာ လောကီ လောကုတ္တရာရေးများတွင် အထွတ်အထိပ်သို့ ရောက်ရှိရန် ကြိုးပမ်းကြကုန်ဟူ၏။

(၁) အလိုသဘောကား စိတ်ဝမ်းကွဲပြားမှု မလိုမုန်းတီးမှုများသည် မှုပြစ်များကို ကျူးလွန်ရန် အကြောင်းတရား မဖြစ်သင့်။ လူတစ်ဖက်သားအား မလိုမုန်းတီးသည့်အတွက် လူတစ်ဖက်သားနှင့် စိတ်ဝမ်းကွဲပြားသည့် ➤➤

وَاسْتَغْفِرُوا رَبَّكُمْ ثُمَّ تُوبُوا إِلَيْهِ ۚ إِنَّ رَبِّي رَحِيمٌ وَدُودٌ ﴿٩٠﴾

၉၀။ ထိုမှတပါး အသင်တို့သည် မိမိတို့၏အရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားကြလေကုန်။ ထို့နောက် အသင်တို့သည် (မိမိတို့၏အာရုံကို) ထိုအရှင်မြတ်ဖက်သို့သာလျှင် လှည့်ကြလေကုန်။ ဧကန်မလွဲ ငါ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်တရာ ချစ်ကြင်တော်မူသော အရှင်မြတ်ပင်တည်း။ [၁]

قَالُوا يَا شُعَيْبُ مَا نَفْقَهُ كَثِيرًا مِمَّا تَقُولُ وَإِنَّا لَنَرَاكَ فِينَا ضَعِيفًا ۖ وَلَوْلَا رَهْطُكَ لَرَجَمْنَاكَ ۖ وَمَا أَنْتَ عَلَيْنَا

၉၁။ ယင်း(အမျိုးသား)တို့က (ဤသို့)ပြောဆို(ကြိမ်းမောင်း)ခဲ့ကြလေသည်။ အို-ရှုအိုက်ဗ်၊ ကျွန်ုပ်တို့သည် အသင်ပြောဆိုသောစကားများအနက် *များစွာသောစကားများကိုလည်း နားမလည်နိုင်ကြပေ။* [၂] ထို့ပြင်ဧကန်အမှန် ကျွန်ုပ်တို့သည် အသင့်အား မိမိတို့အထဲတွင် *အင်အားချိနဲ့သူတစ်ယောက် ဟူ၍သာ* မြင်နေကြပေသည်။ [၃]

➤➤ အတွက် မှုပြစ်များကို မကျူးလွန်သင့်။ ကျူးလွန်လျှင် ပြစ်ဒဏ်တော်သင့်မည်။ အတိတ်ခေတ်များတွင် ဤသို့မှုပြစ်များကို ကျူးလွန်ခဲ့ကြသော အမျိုးသားများသည် ပြစ်ဒဏ် တော်အမျိုးမျိုးသင့်ပြီး အသီးသီးမရှုမလှ အပျက်ကြီး ပျက်စီးသွားခဲ့ကြပေပြီ။ ဥပမာ တမန်တော် နူဟ်၏အမျိုးသားများ၊ တမန်တော်ဟူဒ်၏ အမျိုးသားများ၊ တမန်တော်ဆွာလစ်ဟ်၏ အမျိုးသားများသည် ဒေသနာတော်များကို သွေဖည်ငြင်းဆန်မနာခံဘဲ တမန်တော်များအား ရန်မူပြီး မှုပြစ်အမျိုးမျိုးကို ကျူးလွန်ခဲ့ကြသည့်အတွက် အသီးသီး ပြစ်ဒဏ်တော်သင့်၍ ပျက်စီးသွားခဲ့ကြချေပြီ၊ ထိုအမျိုးသားများကား ခေတ်အားဖြင့်ဝေးကွာလှသေး၏။ သို့ရာတွင် တမန်တော်လူတို့၏အမျိုးသားများ ပျက်ဆီးသွားခဲ့သည့် ခေတ်မှာကား မကြာသေးချေ။ မဝေးကွာသေးချေ။ မမေ့အပ်သေးပေ။

(၂) 'တမန်တော်လူတို့၏ အမျိုးသားများသည် အသင်တို့နှင့် မဝေးကွာလှပေ'။ ဟူသော အာယတ်တော်တွင် မဝေးကွာခြင်းဟူသည် နေရာဌာနအားဖြင့် မဝေးကွာဟုလည်း ယူဆနိုင်သည်။ ခေတ်အခါအားဖြင့်လည်း ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်လူတို့၏ အမျိုးသားများ၏ နေထိုင်ရာဒေသသည် တမန်တော် ရှုအိုက်ဗ်၏ အမျိုးသားများ နေထိုင်ရာဒေသ မဒ်ယန်နှင့်လည်း မဝေးကွာပေ။ ထို့အတူ တမန်တော်လူတို့၏ အမျိုးသားများ ပျက်စီးသွားခဲ့သည့် ခေတ်သည်လည်း တမန်တော်ရှုအိုက်ဗ်၏ အမျိုးသားများ၏ ခေတ်နှင့် မဝေးကွာလှပေ။

(၃) အဘယ်မျှပင်ကြီးမားသည့် မှုပြစ်ကို ကျူးလွန်မိသူတစ်ဦးဖြစ်စေကာမူ အကယ်၍ စိတ်စေတနာဖြူစင်စွာဖြင့် အလွှာဟ်အရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန် အသနားခံ၍ ထိုအရှင်မြတ်ဘက်တော်သို့ အသက်ထက်ဆုံး အာရုံပြုနေပါလျှင် ထိုအရှင်မြတ်သည် မိမိ၏အနန္တကရုဏာတော်ဖြင့် ထိုသို့သောသူအား လွတ်ငြိမ်းချမ်းသာ ➤➤

➢➢ ပေးတော်မူမည်ဖြစ်သည်။ လွတ်ငြိမ်းချမ်းသာ ပေးတော်မူမည်သာမက ထိုအရှင်မြတ်သည် ထိုသူ့အား ချစ်ကြင်သနားတော်မူဦးမည်လည်းဖြစ်သည်။

(၂) မဒ်ယန်မြို့သားများက တမန်တော်ရှူအိုက်ဗ်အား 'ကျွန်ုပ်တို့သည် အသင်ပြောဆိုသော စကားများအနက် များစွာသော စကားများကို နားမလည်ကြပါ'ဟု ပြောဆိုခြင်းမှာ (က) အာရဗီစုံစိုက်၍ ကောင်းစွာ နားမထောင်မိခဲ့ကြသည့်အတွက် ပြောဆိုခြင်းလည်းဖြစ်နိုင်ပေသည်။ (ခ) သို့တည်းမဟုတ် တမန်တော်ရှူအိုက်ဗ်အား မလိုမုန်းတီး၍ သေးသိမ်ရွဲတ်ချသည့်အနေဖြင့် ပြောဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာမဲ့လူတန်းစား သူမိုက်များသည် ပြန်လည် မချေပနိုင်ကြသည့် အဆုံးတွင် ဤကဲ့သို့ ရွဲတ်ချကဲ့ရဲ့ ပြစ်တင်ပြောဆိုလေ့ရှိကြပေသည်။ ကြည့်-ထာနဝီ။

အဆိုပါ အဆို ၂-ရပ်အနက် ဒုတိယအဆိုသည် ပိုမိုသင့်မြတ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်ရှူအိုက်ဗ်သည် မဒ်ယန်မျိုးနွယ်ဝင်တစ်ဦးဖြစ်သည်။ ဘာသာစကားတူလည်း ဖြစ်သည်။ ထို့ပြင်တဝ တမန်တော်ရှူအိုက်ဗ်သည် စကားပြောဆိုသုံးနှုန်းရာတွင် အလွန်ကျွမ်းကျင်တော်မူခဲ့သည့်အတွက် လိမ္မာရေးခြားရှိတော်မူခဲ့သည့်အတွက် 'ခတ္တီဗုလ်အန်ဗီယာ' ဘွဲ့ကို ခံယူတော်မူခဲ့ပေသည်။ သို့ဖြစ်ပေရာ တမန်တော်ရှူအိုက်ဗ် အဆုံးအမ ဩဝါဒတရားဓမ္မများကို နားမလည်ပါဟု မဒ်ယန်မျိုးနွယ်ဝင်များက ဆိုခြင်းမှာ ရိုးရိုးသားသားဆိုခြင်းမဟုတ်၊ မလိုမုန်းတီး၍ ဆိုခြင်းသာ ဖြစ်ပေမည်။

(၃) 'ကျွန်ုပ်တို့သည် အသင့်အား မိမိတို့တွင် အားနည်းသူတစ်ဦးအဖြစ်သာ တွေ့မြင်ကြသည်'။ ဆိုလိုသည်ကား အသင်၌ အစွမ်းသတ္တိ တစ်စုံတစ်ရာမရှိ၊ အသင်သည် တစ်စုံတစ်ရာ အကျိုးကို သက်ရောက်စေနိုင်သည်လည်းမရှိ။ အကျိုးဆုတ်ယုတ်စေနိုင်သည်လည်းမဟုတ်။ တစ်စုံတစ်ရာဘေးဒုက္ခကို ကာကွယ်ပေးနိုင်သည်လည်း မရှိဟူ၏။

အချို့ပညာရှင်များက ဤအာယတ်တော်တွင်ပါရှိသည့် 'သွအိဖ်' ဟူသော ပုဒ်ကို 'မျက်စိကွယ်သူ' ဟူ၍ အနက်ဖွင့်ဆိုကြသည်။ တမန်တော်ယအ်ကူဗ်သည် သားတော် တမန်တော်ယူစုဖ်နှင့် ကွဲကွာနေခဲ့ရသည့်အတွက် မျက်စိကွယ်သွားဘိသကဲ့သို့ တမန်တော်ရှူအိုက်ဗ်သည်လည်း တချိန်တွင် ယာယီအားဖြင့် မျက်စိကွယ်သွားခဲ့ဘူးဟန်ရှိသည်။

အချို့ 'ရိဝါယတ်'တဆင့် ဟောကြားချက်များတွင် လာရှိသည်မှာ တမန်တော်ရှူအိုက်ဗ်သည် အလွန်တရာမျှ ငိုကြွေးလေ့ရှိသည့်အတွက် နောက်ဆုံးတွင် မျက်စိပင်ကွယ်သွားခဲ့လေသည်။ ယင်းသို့ မျက်စိကွယ်သွားသည့်အခါ အလ္လာဟ်အရှင်မြတ်က 'အိုရှူအိုက်ဗ်၊ အသင် ဤရွေ့ဤမျှ အဘယ်အတွက်ကြောင့် ငိုကြွေးရသနည်း။ ဂျန္နတ်ကို ဆန္ဒပြင်းပြ၍လော၊ ဂျဟန္နမ်ကို ကြောက်ရွံ့၍လောဟု မေးမြန်းတော်မူရာ တမန်တော်ရှူအိုက်ဗ်က 'အို-အရှင်မြတ်၊ အရှင်မြတ်အား ဖူးမျှော်ရမည်ကို တွေးတောရ၍ ငိုကြွေးခြင်းဖြစ်ပါသည်။

ယင်းသို့ အရှင်မြတ်အား ဖူးတွေ့ရသည့်အခါ အရှင်မြတ်သည် မည်သို့ပြုတော်မူမည်ကို မသိပါဟု လျှောက်ထား လေသည်။ ထိုအခါ အရှင်မြတ်က--

'အို-ရှူအိုက်ဗ်၊အသင်သည်ငါ့အား ဖူးမျှော်ခွင့်မင်္ဂလာခံယူရသည် ဖြစ်စေသတည်း။ ထို့အတွက်လည်း ငါအရှင်မြတ်သည်အိမ်ရာန်၏သား တမန်တော်မူစကိုအသင့်အားပြုစုရန်အတွက် စေလွှတ်တော်မူလိုက်ခြင်းဖြစ်သည်'

ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် အလ္လာဟ် အရှင်မြတ်သည် တမန်တော် ရှူအိုက်ဗ်အား မျက်စိအလင်းကို ပြန်လည် ချီးမြှင့်တော်မူလေသည်။ (ဖြစ်ရပ်မှန်ကို အလ္လာဟ်အရှင်မြတ်သည်ပင် အသိဆုံးပင်ဖြစ်တော်မူသည်။)

بِعَزِيزٍ ﴿٩١﴾

စင်စစ်မူကား အသင်၏သားချင်းတို့သာ မရှိခဲ့ကြပါလျှင် ကျွန်ုပ်တို့သည်အသင့်အား ကျောက်ခဲများဖြင့် ပစ်သတ်ကြမည်မှာ ဧကန်မလွဲပင်။ စင်စစ်သော်ကား အသင်သည် ကျွန်ုပ်တို့အပေါ်ဝယ် လွှမ်းမိုးကြီးစိုးနေသူလည်း မဟုတ်ချေ။ [၁]

قَالَ يٰقَوْمِ اَرَهْطِيْٓ اَعَزُّ عَلَيْكُمْ مِّنَ اللّٰهِ ۭ وَاتَّخَذْتُمُوْهُ وَرَاۗءَكُمْ ظِهْرِيًّا ۭ اِنَّ رَبِّيْ بِمَا تَعْمَلُوْنَ مُحِيْطٌ ﴿٩٢﴾

၉၂။ (ထိုအခါ) ယင်း(နဗီတမန်တော်) ရှုအိုက်ဗ်က (ဤသို့)ပြောဆိုဖြေကြားခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ ငါ၏သားချင်းတို့သည် အသင်တို့ရှေ့၌ အလွန်ဟအရှင်မြတ်ထက်ပင် ပို၍ မြင့်မြတ်ကြပါသလော၊ စင်စစ်မှာမူကားအသင်တို့သည် ထိုအရှင်မြတ်ကိုပင် မိမိတို့၏ကျောနောက်တွင် အမှုမဲ့အမှတ်မဲ့ပစ်ပယ်ထားခဲ့ကြကုန်၏။ ဧကန်မလွဲ ငါ၏အရှင်မြတ်သည် အသင်တို့ ပြုလုပ်လျက်ရှိကြသည်ကို ဝန်းခြုံထားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၂]

---

① ဆိုးမိုက်သောလူမျိုးများသည် အာဏာတန်ခိုးကိုသာ အင်အားဟူ၍ မှတ်ယူလေ့ရှိခဲ့ကြသည်။ မဒ်ယန်မျိုးနွယ်ဝင်များကလည်း ဆိုးမိုက်ခဲ့ကြသည့်အလျောက် တမန်တော်ရှုအိုက်ဗ်၏ တရားဓမ္မ အဆုံးအမများနှင့် စပ်လျဉ်း၍ သက်သေသာဓက ကျိုးကြောင်းပြ၍ ပြန်လည်ချေပ ပြောဆိုရမည့်အစား 'အသင်သည် ကျွန်ုပ်တို့အပေါ်၌ လွှမ်းမိုးကြီးစိုးသူမဟုတ်၊ အာဏာသည် ကျွန်ုပ်တို့၏လက်တွင်း၌သာ ရှိသည်။ ကျွန်ုပ်တို့သည် မိမိတို့နှင့် ဝါဒတူ၊ ဘာသာတူ ဖြစ်နေကြသော အသင်၏သားချင်းများကို ထောက်ထားနေကြသည်။ အသင်၌ ထိုသားချင်းများသာ မရှိပါက ကျွန်ုပ်တို့သည် အသင့်အား ကျောက်ခဲဖြင့် ပစ်သတ်ပြီး ဖြစ်ကြသည်'ဟု ကြိမ်းမောင်း ပြောဆိုကြလေသည်။

အတိတ်ခေတ်သူမိုက်များသည် သားချင်းတို့အား အထူးတလည် ထောက်ထားလေးစားလေ့ရှိခဲ့ကြ၏။ ၎င်းတို့ထံ အကြီးဆုံးသော ပြစ်ဒဏ်မှာ ခဲဖြင့်ပေါက်သတ်စေခြင်းပင် ဖြစ်သည်။ ဤသည်ရာဇဝင်အထင်အရှားပင်။ မာဂျိဒီ။ အ-၃။ စ-၄၇၅။ အအ-၁၃၅။

② ဆိုလိုသည်ကား တမန်တော် ရှုအိုက်ဗ်က မိမိ၏အမျိုးသားများအား အံ့သြကြီးစွာဖြင့် ပြန်လည်ဖြေကြားတော်မူသည်မှာ 'အို-ငါ၏အမျိုးသားများ၊ အသင်တို့ ပြောဆိုကြသည့်အတိုင်း ဆိုလျှင် အသင်တို့သည် ကျွန်ုပ်အား ထောက်ထားနေကြသည်။ သို့ထောက်ထားခြင်းမှာ ကျွန်ုပ်သည် အလွှာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်သည့်အတွက် ထောက်ထားခြင်းမဟုတ်၊ ကျွန်ုပ်သည် မိမိမှန်ကန်ကြောင်းနှင့်စပ်လျဉ်း၍ ထင်ရှားသော ➤➤

وَيَٰقَوْمِ ٱعْمَلُوا۟ عَلَىٰ مَكَانَتِكُمْ إِنِّى عَٰمِلٌ ۖ سَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَمَنْ هُوَ كَٰذِبٌ ۖ وَٱرْتَقِبُوٓا۟ إِنِّى مَعَكُمْ رَقِيبٌ ﴿٩٣﴾

၉၃။ ၎င်းပြင် (ဤသို့ ပြောကြားခဲ့၏။) အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် မိမိတို့(နေရာတွင် မိမိတို့) တတ်စွမ်းနိုင်သမျှ ကျင့်မူကြလေကုန်။ ၎ကန့်စင်စစ်ငါသည်(လည်း မိမိအနေနှင့်)ကျင့်မူလျက်ပင်။ အသင်တို့သည် မည်သူ့ထံ ထိုသူအား အရှက်တကွဲ အကျိုးနည်းဖြစ်စေသော ပြစ်ဒဏ် ရောက်ရှိလာသည်ကို လည်းကောင်း၊ မည်သူမုသာဝါဒီဖြစ်သည်ကို လည်းကောင်း၊ မကြာမြင့်မီပင် သိရှိကြပေမည်။ ၁ ထိုမှတပါး အသင်တို့သည် စောင့်မျှော်ကြလေကုန်။ ၎ကန့်အမှန် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်မည့်သူပင်။

➤➤ သက်သေလက္ခဏာများ ပြသသည့်အတွက် ထောက်ထားခြင်းလည်းမဟုတ်၊ ကျွန်ုပ်၏သားချင်းများ ရှိနေသည့်အတွက်ကြောင့်သာ အသင်တို့သည် ကျွန်ုပ်အား ငဲ့ညှာထောက်ထားနေကြသည်။

သို့ဖြစ်ပေရာ တနည်းအားဖြင့် အသင်တို့ထံ၌ ကျွန်ုပ်၏သားချင်းများသည် (မပြောစကောင်း မဆိုစကောင်း) အလွှာဟ်အရှင်မြတ်ထက်ပင် ပိုမိုလေးစား ထောက်ထားအပ်လေသလော။ ဤကား အံ့သြဖွယ်ကောင်းလှပေသည်။

အသင်တို့ကား မိုက်မဲလှကြပါဘိ၊ အသင်တို့သည် အလွှာဟ်အရှင်မြတ်၏ အနန္တော အနန္တ တန်ခိုးတေဇော် အာနုဘော်များကို လုံးဝမေ့မျောက်ကာ ထိုအရှင်မြတ်အား (မပြောစကောင်း မဆိုစကောင်း) လုံးဝ လျစ်လျူပြုထားကြလေပြီ။ မေ့မျောက်ထားကြလေပြီ။ သို့ရာတွင် အသင်တို့ ပြုလုပ် ကျင့်ကြံသမျှတို့ကို ထိုအရှင်မြတ် အကြွင်းမဲ့သိတော်မူသည်။ ထိုအရှင်မြတ်၏ အာဏာတော်အတွင်းမှ မည်သူတစ်ဦးမျှ လွတ်မြောက်သွားနိုင်သည်မရှိသည်ကိုမူ အသင်တို့ ကောင်းစွာသိထားအပ်သည်ဟူ၏။

① တမန်တော် ရှူအိုက်ဗ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအား အမျိုးမျိုး ကျိုးကြောင်းပြ၍ တရားဓမ္မ သွန်သင်ဆုံးမတော်မူခဲ့သော်လည်း ယင်းအမျိုးသားများ၌ အနည်းငယ် စိုးစဉ်းမျှပင် အရာမထင်ခဲ့ပေ။ ထိုအခါ တမန်တော်ရှူအိုက်ဗ်သည် မိမိ၏အမျိုးသားများအား နောက်ဆုံးစကားအနေဖြင့် ကောင်းပြီ၊ အသင်တို့သည် ယခုထက်တိုင်ကျွန်ုပ်အား မုသာဝါဒီဟူ၍ ထင်မှတ်လာခဲ့ကြသည်။ သေးသိမ်၊ သေးနုတ်သည်ဟူ၍ ထင်မြင်ခဲ့ကြသည်။ သို့ဖြစ်ရာ အသင်တို့သည်လည်း မိမိတို့ နေရာတွင် လုပ်မြဲအတိုင်း လုပ်ကြ။ ကျွန်ုပ်လည်း ကျွန်ုပ်၏နေရာတွင် မိမိလမ်းစဉ်အတိုင်း လုပ်မည်။ မည်သူ မုသာဝါဒီဖြစ်သည်။ မည်သူအရှက်တကွဲ အကျိုးနည်းဖြစ်ရမည်ကို အသင်တို့ မကြာမီအတွင်း သိကြရတော့မည်ဟု သတိပေးစကား ပြောကြားတော် မူလိုက်လေသတည်း။

မာဂျိဒီ။ အ-၃။ စ-၄၇၉ ။ အအ- ၁၃၇။

وَلَمَّا جَآءَ أَمْرُنَا نَجَّيْنَا شُعَيْبًا وَّالَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا وَاَخَذَتِ الَّذِيْنَ ظَلَمُوا الصَّيْحَةُ فَاَصْبَحُوْا فِيْ دِيَارِهِمْ جٰثِمِيْنَ ﴿٩٤﴾

၉၄။ ၎င်းနောက် ငါအရှင်မြတ်၏အမိန့်တော်သည် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် (နဗီတမန်တော်)ရှုအိုက်ဗ်နှင့်တကွ ယင်း (နဗီတမန်တော်)ရှုအိုက်ဗ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့ကိုပါ ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် မတရား ပြုကျင့်ခဲ့ကြကုန်သောသူတို့ကိုကား ကျယ်လောင်သော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေရာ ၎င်းတို့သည် နံနက်အချိန်တွင် မိမိတို့နေအိမ်များ၌ မှောက်လျက်သား ဖြစ်နေခဲ့ကြကုန်သတည်း။ (သေကြေပျက်စီး သွားခဲ့ကြလေသတည်း။) [၁]

كَاَنْ لَّمْ يَغْنَوْا فِيْهَا ؕ اَلَا بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُوْدُ ﴿٩٥﴾

၉၅။ ၎င်းတို့သည် ထိုအိမ်များတွင် မနေခဲ့ဘူးကြသကဲ့သို့ပင်။ သတိပြုကြလေကုန်၊ 'စမူဒ်' အမျိုးသားတို့သည် (အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ) ကင်းဝေးခဲ့ကြဘိသကဲ့သို့ပင် မဒ်ယန်(မြို့သူမြို့သား)တို့၌လည်း (ထိုအရှင်မြတ်၏ကရုဏာတော်မှ) ကင်းဝေးခြင်းသည် ရှိစေသတည်း။

---

① တမန်တော်ရှုအိုက်ဗ်က မိမိ၏အမျိုးသားများအား နောက်ဆုံးသတိပေးစကား ပြောကြားခဲ့သည့်အတိုင်း များမကြာမီအတွင်းမှာပင် မဒ်ယန်မြို့သားများထဲသို့ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော် ဆိုက်ရောက်လာခဲ့လေသည်။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် တမန်တော်ရှုအိုက်ဗ်နှင့်တကွ မုအ်မင်နှ်တို့အား ကယ်တင်တော်မူလိုက်လေသည်။ မဒ်ယန်မျိုးနွယ်ဝင်များအနက် တရားဒေသနာတော်ကို သွေဖည်ငြင်းဆန် မနာခံသောကျူးကျော် စော်ကားသောသူများကိုမူ ကျယ်လောင်သောအသံသည် ဖမ်းဆီးကွပ်မျက်လိုက်ပေရာ ၎င်းတို့သည် မိမိတို့နေအိမ်များတွင် မှောက်လျက်သား မရှုမလှ သေကြေပျက်စီးသွားခဲ့ကြလေသည်။

မှတ်ချက်။

ကုရ်အာန်ကျမ်းမြတ် (၇:၉၁)တွင် မဒ်ယန်မြို့သားများကို 'ရဂ်ဖဟ်' မြေငလျင်က ဖမ်းဆီးကွပ်မျက်သည့်အကြောင်းပါရှိ၏။ ဤအာယတ်တော်တွင် 'ဆွိုင်ဟဟ်' ကျယ်လောင်သောအသံက ဖမ်းဆီးကွပ်မျက်သည့်အကြောင်းပါရှိ၏။ ပြစ်ဒဏ်တော် ၂-ရပ်လုံးသည် တချိန်တည်းဆိုက်ရောက်နိုင်၏။ ဆမူဒ် အမျိုးသားများထဲသို့လည်း အဆိုပါ ပြစ်ဒဏ်တော် ၂-ရပ်လုံး ဆိုက်ရောက်ခဲ့၏။ ကုရ်အာန်ကျမ်းမြတ် (၇:၇၈)တွင် 'ရဂ်ဖဟ်' ဆိုက်ရောက်ခဲ့ကြောင်း ပါရှိ၏။ ကုရ်အာန် (၁၁:၆၇)တွင် ဆွိုင်ဟဟ် ဆိုက်ရောက်ခဲ့ကြောင်း ပါရှိ၏။ ➤➤

وَلَقَدْ أَرْسَلْنَا مُوسَىٰ بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ ﴿٩٦﴾

၉၆။ ထို့ပြင် မလွဲဧကန် ငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာအား မိမိသက်သေလက္ခဏာများနှင့်လည်းကောင်း၊ ထင်ရှားစွာသောသက်သေခံတစ်ရပ်နှင့်လည်းကောင်း၊ [၃] စေလွှတ်တော်မူခဲ့လေသတည်း။

إِلَىٰ فِرْعَوْنَ وَمَلَئِهِ فَاتَّبَعُوا أَمْرَ فِرْعَوْنَ ۖ وَمَا أَمْرُ فِرْعَوْنَ بِرَشِيدٍ ﴿٩٧﴾

၉၇။ ဖစ်ရိအောင်နှစ်၏ထံသို့လည်းကောင်း၊ ယင်းဖစ်ရိအောင်နှစ်၏အကြီးအကဲ (မျူးကြီးမတ်ရာ)များထံသို့လည်းကောင်း၊ သို့ရာတွင် ၎င်းမူကား ဖစ်ရိအောင်နှစ်တို့၏အမိန့်ကိုပင် လိုက်နာနေခဲ့ကြကုန်၏။ [၄] စင်စစ်ဆိုသော် ဖစ်ရိအောင်နှစ်၏အမိန့်သည် လုံးဝသင့်တော်မှန်ကန်သော လမ်းမှန်သောအမိန့်မဟုတ်ခဲ့ပေ။

➤➤ ထို့အတွက်ကြောင့်လည်း ဤအာယတ်တော်တွင် 'သတိပြုကြကုန်၊ ဆမူဒ် အမျိုးသားများသည် ကရဏာတော်နှင့် ကင်းဝေးခဲ့ကြသကဲ့သို့ မဒ်ယန်မြို့သားများသည်လည်း ကရဏာတော်နှင့်ကင်းဝေးကြသည်ဖြစ်စေသတည်း'ဟု နှိုင်းယှဉ် မိန့်ဆိုထားတော်မူခြင်းဖြစ်ပေသည်။ ထာနဝီ၊ အ–၅။ စ–၆၄။

③ ဤအာယတ်တော်တွင်လာရှိသည့် ငါ၏သက်သေလက္ခဏာများဟူသည် ကုရ်အာန်ကျမ်းမြတ် (၁၇:၁၀၁။ ၂၇:၁၂)တွင်ပါရှိသည့် တန်ခိုးဗျာဒိဟာကိုးပါးကို ရည်ညွှန်းတော်မူဟန်တူသည်။

ထင်ရှားသော သက်သေသာဓကဟူသည် အဆိုပါ တန်ခိုးဗျာဒိဟာကိုးပါးတွင် အထင်ရှားဆုံးဖြစ်သော 'အဆွာ' တောင်ဝှေးကို ရည်ညွှန်းတော်မူဟန်တူသည်။ သို့မဟုတ် ဖစ်ရိအောင်နှစ်၏ ရှေ့မှောက်တွင် အလွှာဟ်အရှင်မြတ် တပါးတည်းရှိတော်မူသည့်အကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်မူစာ တင်ပြခဲ့သည့် ထင်ရှားလှသည့်အကြောင်းပြချက်ကို ရည်ညွှန်းတော်မူဟန်တူသည်။ သို့တည်းမဟုတ် (سُلْطَانٍ مُّبِينٍ) ဟူသောပုဒ်သည် မူလအဘိဓာန် အနက်ဖြစ်သည်။ 'ထင်ရှားသော လွှမ်းမိုးမှု' ဟူသော အနက်၌ပင် ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော် မူစာသည် ဖစ်ရိအောင်နှစ်နှင့် ပြိုင်ဆိုင်ရာတွင် အကြိမ်ကြိမ် အောင်မြင်တော်မူခဲ့ပေသည်။

④ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)သည် ဖစ်ရိအောင်နှစ်နှင့်တကွ ဖစ်ရိအောင်နှစ်၏ အကြီးအကဲတို့အား သဘာဝကျသော ယုတ္တိဒဋ္ဌိ၊ အာဂမဒဋ္ဌိ နှစ်လိသော အထောက်အထားများနှင့်ပြည့်စုံသော၊ နှစ်ဘဝလုံး၏အကျိုးဖြစ်ထွန်းစေနိုင်သော၊ လူသားတိုင်း လက်ခံနာယူနိုင်သော၊ မှန်ကန်သော၊ တရားသော၊ လက်တွေ့အကျိုးရှိသော၊ တရားဒေသနာတော်များကို ဟောကြားခဲ့၏။ မိမိမှန်ကန်ကြောင်း အလွှာဟ်အရှင်မြတ်၏ တမန်တော်အစစ်အမှန်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ ထင်ရှားသော တန်ခိုးဗျာဒိဟာများကိုလည်း ပြသခဲ့၏။ မိမိဟောကြားသော တရားဒေသနာများကိုလည်း မိမိကိုယ်တိုင် လက်တွေ့ကျင့်သုံးပြသခဲ့၏။ လူသားတို့၏ နှစ်ဘဝအကျိုးကို အမှန်တကယ်သည်ပိုးသည့် တမန်တော်တစ်ပါးဖြစ်ခဲ့၏။ သူတော်စင် ပီသဘိ၏။

يَقْدُمُ قَوْمَهُۥ يَوْمَ ٱلْقِيَٰمَةِ فَأَوْرَدَهُمُ ٱلنَّارَ ۖ وَبِئْسَ ٱلْوِرْدُ ٱلْمَوْرُودُ ﴿٩٨﴾

၉၈။ ယင်းဖစ်ရ်အောင်နသည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် မိမိအမျိုးသားတို့အား ရှေ့ဆောင်ပေမည်။ [၃] ထို့နောက် ၎င်းသည် ယင်းအမျိုးသားတို့အား ငရဲဘုံ၌ စခန်းချစေမည်ဖြစ်၏။ အမှန်သော်ကား (၎င်းတို့) စခန်းချစေခြင်း ခံကြရမည့်နေရာသည် အလွန် ဆိုးရွားလှပေသည်တကား။

وَأُتْبِعُوا۟ فِى هَٰذِهِۦ لَعْنَةً وَيَوْمَ ٱلْقِيَٰمَةِ ۖ بِئْسَ ٱلرِّفْدُ ٱلْمَرْفُودُ ﴿٩٩﴾

၉၉။ ထို့ပြင် ယင်းသူတို့သည် ဤပစ္စက္ခဘဝ၌လည်းကောင်း၊ 'ကိယာမတ်'ရှင်ပြန်ထမည့် နေ့တွင်လည်းကောင်း၊ ကရုဏာတော်မှကင်းဝေးစေခြင်းကို (မိမိတို့)နောက်မှ ထပ်ကြပ်မကွာလိုက်စေခြင်းကို ခံခဲ့ကြရလေသည်။ (၎င်းတို့) ချီးမြှင့်ခြင်းခံကြရမည့် မေတ္တာလက်ဆောင်သည် အလွန် ဆိုးရွားလှသော မေတ္တာလက်ဆောင်ပင် ဖြစ်ပေသည်တကား။ [၂]

---

③ ဖစ်ရ်အောင်နသည် ဤပစ္စက္ခဘဝ၌ မိမိ၏နောက်လိုက်ငယ်သားများအား တရားဒေသနာတော်များကို သွေဖည်ငြင်းဆန်ရာတွင် ရှေ့ဆောင်သကဲ့သို့ နောင်တမလွန်ဘဝ ကိယာမတ်နေ့တွင် မိမိ၏နောက်လိုက်ငယ်သားတို့အား ဂျဟန္နမ်ငရဲသို့ လားရာ၌လည်း ရှေ့ဆောင်ပေမည်။ ဤပစ္စက္ခဘဝတွင် ဖစ်ရ်အောင်နှ၏ တပည့်နောက်လိုက်များသည် ဖစ်ရ်အောင်နှ၏ နောက်လိုက်များ ဖြစ်သကဲ့သို့ ကိယာမတ်နေ့တွင် ဂျဟန္နမ်လားရာ၌လည်း ဖစ်ရ်အောင်နှ၏ နောက်လိုက်များပင်ဖြစ်ကြပေမည်။

'ဝစ်ရ်ဒ်'ဟူသော ပုဒ်၏မူရင်းအနက်မှာ ရေဆိပ်ဟူ၍ဖြစ်သည်။ ဤအာယတ်တော်တွင် ရေကြည်၊ ရေအေးမရှိ မီးအတိရှိမည့် မီးဘုံငရဲဘုံကို ရေဆိပ်ဟု သုံးနှုန်းထားတော်မူခြင်းမှာ စက်ဆုပ်ရွံရှာသည့်သဘောဖြင့် သုံးနှုန်းထားတော်မူခြင်းပင်ဖြစ်သည်။ ယခုခေတ် လူဆိုးလူပေများ ချုပ်နှောင်ထားရာ အကျဉ်းထောင်ကို 'ထောင်နန်း' ဟူ၍ လည်းကောင်း၊ ထောင်ကျသည်ကို 'ထောင်နန်းစံသည်' ဟူ၍လည်းကောင်း သုံးနှုန်းထားသည့် သဘောမျိုးပင်ဖြစ်ပေသည်။

④ ကမ္ဘာသူကမ္ဘာသားတို့သည် ဤကမ္ဘာကြီး တည်ရှိသမျှကာလပတ်လုံး ဖစ်ရ်အောင်နှင့်တကွ ၎င်း၏နောက်လိုက်များကို ကျိန်ဆဲကြမည်ဖြစ်သည်။ ထိုနောက်တဖန် နောင်တမလွန်ဘဝတွင် ကောင်းကင်တမန်များနှင့် မဟ်ရှရ်ကွင်းပြင်၌ စုရုံးခြင်းခံကြရမည့် သတ္တဝါအပေါင်းတို့ကလည်း ၎င်းတို့အား ကျိန်ဆဲကြဦးမည်ဖြစ်သည်။ ဤသို့အားဖြင့် ဖစ်ရ်အောင်နှနှင့် ၎င်း၏ နောက်လိုက်များသည် နှစ်ဘဝလုံး၌ပင် ကျိန်ဆဲခြင်း ခံကြရမည်ဖြစ်သည်။ ဤသည် တနည်းအားဖြင့် ၎င်းတို့၏သွေဖည်ငြင်းဆန်မှု၊ ဆိုးသွမ်းမိုက်မဲမှုများ၏အစား ၎င်းတို့ချီးမြှင့်ခြင်း ခံကြရသည့် ဆိုးရွားလှသော လက်ဆောင်ပဏ္ဏာပင်ဖြစ်ချေသည်။

ذٰلِكَ مِنْ اَنْۢبَآءِ الْقُرٰى نَقُصُّهٗ عَلَيْكَ مِنْهَا قَآئِمٌ وَّحَصِيْدٌ ﴿١٠٠﴾

၁၀၀။ ဤကား အကြင်မြို့ရွာများ၏ အချို့သတင်းစကားပင်။ ငါအရှင်မြတ်သည် ထိုသတင်းစကားကို အသင်၏ရှေ့ဝယ်ပြန်၍ ပြောကြားတော်မူ၏။ ထိုမြို့ရွာများအနက် အချို့မှာ (ယနေ့တိုင်အောင်) တည်ရှိနေ၍ (အချို့မြို့ရွာများမှာမူကား) ပျက်ပြုန်းခဲ့လေသတည်း။ [၁]

وَمَا ظَلَمْنٰهُمْ وَلٰكِنْ ظَلَمُوْٓا اَنْفُسَهُمْ فَمَآ اَغْنَتْ عَنْهُمْ اٰلِهَتُهُمُ الَّتِيْ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ مِنْ شَيْءٍ لَّمَّا جَآءَ اَمْرُ رَبِّكَ ۭ وَمَا زَادُوْهُمْ غَيْرَ تَتْبِيْبٍ ﴿١٠١﴾

၁၀၁။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား *နှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။* [၂] သို့ရာတွင် ၎င်းတို့ကိုယ်တိုင်ပင် (အလ္လာဟ်အရှင်မြတ်အားစွန့်၍ အခြားအရာများကို ဟစ်ခေါ်ခြင်းအားဖြင့်) မိမိတို့ကိုယ်ကို နှိပ်စက်ကလူ ပြုခဲ့ကြလေသည်။ သို့တစေလည်း အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော် ရောက်ရှိလာသောအခါ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အားစွန့်၍ ဟစ်ခေါ်လေ့ရှိကြကုန်သော *၎င်းတို့၏ ကိုးကွယ်ရာများသည် ၎င်းတို့အဖို့ အနည်းငယ် တစ်စုံတစ်ရာမျှပင် အသုံးမဝင် အကျိုးမပေးနိုင်ခဲ့ကြချေ။* [၃] ထိုမှတပါး၊ ယင်းကိုးကွယ်ရာများသည် ၎င်းတို့၌ ပျက်စီးစေခြင်းမှတပါး အခြားတစ်စုံတစ်ရာမျှ တိုးပွားစေခဲ့ကြသည်လည်း မဟုတ်ပေတကား။

---

① ဤအာယတ်တော်တွင် အတိတ်ခေတ်၌ အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်အား သွေဖည်ငြင်းဆန်ရိုင်းပြစွာ ဆက်ဆံခဲ့ကြသည့်အတွက် တမန်တော်နှဟ်၏ အမျိုးသားများမှအစ၊ တမန်တော်မူစာ၏ အမျိုးသားများအဆုံး ပြစ်ဒဏ်တော် တပ်ရိုက်စီရင်ခြင်းခံခဲ့ရသော မြို့ရွာများအနက် မြို့ရွာနှစ်မျိုးနှစ်စားကို မိန့်ဆိုထားတော်မူသည်။ (က) အချို့မြို့ရွာများသည် ပြစ်ဒဏ်တော်သင့်၍ လုံးဝမြို့ရွာဒေသနှင့် ထိုမြို့ရွာဒေသရှိ သတ္တဝါအားလုံး ပျက်စီးယိုယွင်းသွားခဲ့လေသည်။ ဥပမာ-တမန်တော်လူတို့၏အမျိုးသားများ နေထိုင်ရာ မြို့ရွာများ၊ (ခ) အချို့မြို့ရွာမှာ ပြစ်ဒဏ်တော် တပ်ရိုက်စီရင်ခြင်း ခံခဲ့ရသည့်အတွက် ထိုမြို့ရွာဒေသတွင် နေထိုင်သူများသေကြေ ပျက်စီးသွားခဲ့ကြသော်လည်း ထိုမြို့ရွာဒေသများသည် ပျက်စီး၍ မသွားခဲ့ချေ။ တည်လျက်ပင်ရှိနေ၏။ ဥပမာ-အီဂျစ်ပြည်၊ အီဂျစ်ပြည်တွင် နေထိုင်ကြီးစိုးခဲ့သော ဖစ်ရိအောင်နှင့် ၎င်း၏နောက်လိုက်များသည် ပြစ်ဒဏ်တော်သင့်၍ သေကြေပျက်စီးသွားခဲ့သော်လည်း အီဂျစ်ပြည်သည် တည်လျက်ပင် ရှိနေ၏။ မာဂျိဒီ။

وَكَذَٰلِكَ أَخْذُ رَبِّكَ إِذَآ أَخَذَ ٱلْقُرَىٰ وَهِىَ ظَٰلِمَةٌ ۚ إِنَّ أَخْذَهُۥٓ أَلِيمٌ شَدِيدٌ ﴿١٠٢﴾

၁၀၂။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မြို့(သူ)(ရွာ)သားတို့အား ၎င်းတို့သည် နှိပ်စက်ကလူပြုလျက်ရှိနေကြစဉ် ဖမ်းဆီးအရေးယူတော်မူသောအခါ ဤနည်းအတိုင်းပင် ဖမ်းဆီး အရေးယူတော်မူလေ့ရှိ၏။ ဧကန်အမှန် ထိုအရှင်မြတ်၏ ဖမ်းဆီးအပြစ်ပေးမှုကား အလွန်ပြင်းပြနာကျင်ဖွယ် ဖြစ်လှပေသည်။ အလွန်ပြင်းထန်လှပေသတည်း။

---

(၂) အတိတ်ခေတ်တွင် အချို့အမျိုးသားများသည် ပြစ်ဒဏ်တော် တပ်ရိုက်စီရင်ခြင်း ခံခဲ့ရပြီး ပျက်စီးသွားခဲ့ကြလေသည်။ ယင်းသို့ ပျက်စီးသွားခဲ့ခြင်းမှာ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ မတရားနှိပ်စက်ကလူပြုတော်မူခြင်း အလျင်းမဟုတ်၊ ထိုအရှင်မြတ်သည် ကရုဏာတော်ရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ စီရင်တော်မူခြင်းမှာ အလွန်တရာမျှ တရားမျှတသည်။ စီရင်တော်မူရာတွင်လည်း ကရုဏာတော်ကို အမြဲတစေရှေ့ရှုတော်မူသည်။ ထိုအရှင်မြတ်သည် လူမျိုးအသီးသီးတို့ထံသို့ နဗီတမန်တော်များကို စေလွှတ်တော်မူ၍ တရားမမှ ဟောကြားစေတော်မူခဲ့၏။ တရားမှန့် မတရားမှု၊ အမှန်နှင့်အမှား၊ အလင်းနှင့်အမှောင်၊ အကောင်းနှင့်အဆိုး၊ သုခ၏ လမ်းစဉ်နှင့် ဒုက္ခ၏လမ်းစဉ်၊ ဂျန္နတ်၏ လမ်းစဉ်နှင့် ဂျဟန္နမ်၏ လမ်းစဉ်များကို အတိအကျ ကျိုးကြောင်းပြ၍ ဟောပြွန်စေတော်မူခဲ့၏။ ယင်းသို့ ဟောကြားစေတော်မူပြီးနောက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်သူတို့အား ရုတ်တရက် ချက်ချင်းအရေးယူတော် မမူသေးပေ။ ကရုဏာတော် အဟုန်ဖြင့် အကြိမ်ကြိမ် ခွင့်လွှတ်တော်မူသေးသည်။ ယင်းအကြိမ်ကြိမ် ခွင့်လွှတ်တော်မူပါလျက် အကယ်၍ လူမျိုးတစ်မျိုးသည် အမှန်တရားများကို လုံးဝသွေဖည်ကျောခိုင်းကာ အမှားကိုပင် ဇွတ်မှိတ်၍ ပြုကျင့်နေသည်ရှိသော် စည်းကမ်းလွန်လာသော် ယင်းသို့သော် လူမျိုးများကိုမူကား ထိုအရှင်မြတ်သည် အပြစ်ရှိသည့်အားလျော်စွာ တိကျပြတ်သားစွာ ပြစ်ဒဏ်တော် တပ်ရိုက်စီရင်တော်မူလေသည်။ အပြစ်ရှိသူအား အပြစ်ရှိသည့်အားလျော်စွာ ပြစ်ဒဏ်ပေးခြင်းသည် နှိပ်စက်ခြင်းမဟုတ် တရားမျှတစွာဆောင်ရွက်ခြင်းသာဖြစ်သည်။ ပြစ်မှုထင်ရှားသည့်အတွက် ကြိုးမိန့်ပေးသော တရားသူကြီးအား နှိပ်စက်သူဟူ၍အသူ ဆိုနိုင်အံ့နည်း။ တရားမျှတစွာ စီရင်သည့်အတွက် ချီးမွမ်းရမည်သာဖြစ်သည် မဟုတ်ပါလော။

(၃) အတိတ်ခေတ် ပြစ်ဒဏ်တော်သင့်၍ ပျက်စီးယိုယွင်းသွားခဲ့ကြသော ကာဖိရ်များသည် အလွှာဟ်အရှင်မြတ်အား စွန့်ပယ်၍ အဓိပ္ပာယ်မရှိသော အချည်းနှီးသောအရာများကို ဘုရားအမှတ် ဆည်းကပ် ကိုးကွယ်ခဲ့ကြ၏။ ထိုကိုးကွယ်ရာများသည် ၎င်းတို့အား အကျိုးပြုနိုင်သည်။ ဒုက္ခဖြစ်စေနိုင်သည်ဟု မှတ်ယူခဲ့ကြ၏။ သို့ရာတွင် ယင်းကာဖိရ်များ ဘေးအန္တရာယ်များနှင့် တွေ့ကြုံကြသောအခါ ယင်းကိုးကွယ်ရာများသည် ၎င်းတို့အား အနည်းငယ်စိုးစဉ်းမျှပင် အကျိုးမပြုနိုင်ခဲ့ပေ။ 'ထောင်မူး မ လို့ ထောင်ကျ' ဆိုသကဲ့သို့ ယင်းကိုးကွယ်ရာများသည် အကျိုးပြုနိုင်ရန် ဝေးစွ၊ ဒုက္ခဖြစ်ရန် အကြောင်းပင်ဖြစ်လာခဲ့ပေသည်။

إِنَّ فِي ذَٰلِكَ لَآيَةً لِّمَنْ خَافَ
عَذَابَ الْآخِرَةِ ۚ ذَٰلِكَ
يَوْمٌ مَّجْمُوعٌ لَّهُ النَّاسُ
وَذَٰلِكَ يَوْمٌ مَّشْهُودٌ ﴿١٠٣﴾

وَمَا نُؤَخِّرُهُ إِلَّا لِأَجَلٍ
مَّعْدُودٍ ﴿١٠٤﴾

၁၀၃။ ဧကန်မလွဲ ဤသည့်(အဖြစ်အပျက်)တို့တွင် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်သောသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာရှိပေသည်။ ထိုနေ့သည်ကား လူခပ်သိမ်းတို့ စုရုံးခြင်းခံကြရပေမည်။ ထိုနေ့သည်ကား (လူခပ်သိမ်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင်) အသင့်ရောက်ရှိစေခြင်းခံကြရမည့်နေ့ပင်ဖြစ်ချေသတည်း။ [၁]

၁၀၄။ စင်စစ်မူကား ငါအရှင်မြတ်သည် ထိုနေ့ရက်ကို ရေတွက်ပြီးဖြစ်သောအချိန်ကာလတိုင်မျှသာလျှင် ရွေ့ဆိုင်းထားတော်မူလေသည်။ [၂]

---

① ဆိုလိုကား ဤပစ္စက္ခဘဝသည် အကျင့်သီလဆောက်တည်ရာ ဌာနသည်သာဖြစ်သည်။ ကျိုးပြစ်စီရင်ရာ ဌာနမဟုတ်သေးပေ။ ဤအကျင့်သီလ ဆောက်တည်ရာဌာနၦပင် ကုဖ်ရ်၊ ရှရစ်နှင့် တမန်တော်များအား သွေဖည်ငြင်းဆန် မနာခံကြသည့်အတွက် ဤမျှပြင်းထန်သော ပြစ်ဒဏ်ကို ခံစားနေကြရသည်ဖြစ်ရာ ကျိုးပြစ်စီရင်ရာဌာန သက်သက်မျှဖြစ်သော နောင်တမလွန်တွင်ကား အတိုင်းမသိ ပြစ်ဒဏ်များကို မုချခံစားကြရမည်မဟုတ်ပါလော။ ဤပစ္စက္ခဘဝၦပင် ပြစ်ဒဏ်မှ မလွတ်ကင်းနိုင်လျှင် နောင်တမလွန်ဘဝတွင်ကား အသို့လျှင် လွတ်ကင်းနိုင်ကြအံ့နည်း။

ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအဝန်း၏အဆုံးအဖြတ်ကို တချိန်တွင် တရက်တည်းတွင် ပေးတော်မူမည်ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာသူကမ္ဘာသား အားလုံးတို့သည် တစ်ယောက်မကျန် (စုရုံးခြင်း မခံရဘဲ) လွတ်မြောက်နေမည်မဟုတ်၊ ထိုနေ့သည် ကမ္ဘာအဝန်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ် စီရင်ဆုံးဖြတ်တော်မူ၍ ကျိုးပြစ်ပေးတော်မူမည့် အကြီးဆုံးနေ့ပင်ဖြစ်သည်။ ထို့အတွက် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ကို ကြိုတင်မြော်မြင်၍ စိုးရိမ်ကြောက်ရွံ့သော ပုဂ္ဂိုလ်များအဖို့ ဤသည့်အချက်တွင် အကြီးအကျယ် နောင်တရဖွယ်ရှိပေသည်ဟု မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

② စင်စစ်မှာမူကား ငါအရှင်မြတ်သည် ထိုနေ့ရက်ကို သတ်မှတ်ထားပြီးဖြစ်သော ကတိတစ်ခုအတွက်ကြောင့်သာလျှင် ရွေ့ဆိုင်းထားတော်မူသည်။ (ရှိုင်ခုလ်ဟင်နဒ်)

အမှန်မှာ ငါအရှင်မြတ်သည် ထိုနေ့ရက်ကို ရေတွက်ထားသော အချိန်တစ်ခုတည်းအတွက်ကြောင့်သာလျှင် ရွေ့ဆိုင်းထားတော်မူသည်။ (မာဂျိဒီ)

အမှန်မှာ ငါအရှင်မြတ်သည် ထိုနေ့ရက်ကို အချိန်အနည်းငယ်အတွက်သာ ရွေ့ဆိုင်းထားတော်မူသည်။ (ထာနဝီ)

အလ္လာဟ်အရှင်မြတ်၏ သဗ္ဗညုတဉာဏ်တော်၌ အစစအရာရာအတွက် အချိန်သည် သတ်မှတ်ပြီးဖြစ်သည်။ ကိယာမတ်အတွက် အချိန်လည်းသတ်မှတ်ပြီး ဖြစ်သည်။ အချိန်ကျရောက်လာသည့်အခါ ➤➤

يَوْمَ يَأْتِ لَا تَكَلَّمُ نَفْسٌ إِلَّا بِإِذْنِهِۦ ۚ فَمِنْهُمْ شَقِيٌّ وَسَعِيدٌ ﴿١٠٥﴾

၁၀၅။ ထိုနေ့သည် ဆိုက်ရောက် လာသောအခါ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦး တစ်ယောက်မျှပင်စကားပြောဆိုနိုင်မည်မဟုတ်ပေ။ [၁] တဖန် ထိုသူတို့အနက်အချို့မှာ အကြောင်းမလှသူများ ဖြစ်ကြပေအံ့၊ အချို့မှာမူကား အကြောင်းလှသူများပင် ဖြစ်ကြလတ္တံ့။ [၂]

فَأَمَّا الَّذِينَ شَقُوا۟ فَفِى ٱلنَّارِ لَهُمْ فِيهَا زَفِيرٌ وَشَهِيقٌ ﴿١٠٦﴾

၁၀၆။ သို့ဖြစ်ပေရာ အကြောင်းမရှိလှသော သူတို့သည် ဂျဟန္နမ်ငရဲဘုံ၌ ရှိကြပေမည်။ ငင်းတို့၌ ထိုဂျဟန္နမ်ဘုံတွင် ဟစ်အော်ခြင်းနှင့် ညည်းတွားခြင်းများပင် ရှိကြပေမည်။ [၃]

➤➤ မုချကိယာမတ်ဖြစ်သည်။ ကြဲ့ကြာမှုကို အကြောင်းပြုပြီး ဤသည် အတွေးအထင်မျှသာဖြစ်သည်'ဟူ၍ အလျင်းမထင်မှတ်ရာ။ အချိန်ကျလျှင် ဆိုက်ရောက်မည်ကား မလွဲဧကန်တည်း။

① ကိယာမတ်နေ့ ဆိုက်ရောက်လာသည့်အခါ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ စကားပြောဆိုနိုင်မည် မဟုတ်ပေ။ ဤသည့်သဘောကို ကုရ်အာန် (၇၈:၃၈) တွင်လည်း (لَّا يَتَكَلَّمُونَ إِلَّا مَنْ أَذِنَ لَهُ ٱلرَّحْمَٰنُ) ဟူ၍ မိန့်ဆိုထားတော်မူသည်။

ကုရ်အာန် (၁၆:၁၁၁)တွင် "ကိယာမတ်နေ့တွင် လူတိုင်း လူတိုင်းသည် မိမိကိုယ်၌ ပတ်သက်၍ ငြင်းခုံပြောဆိုမည်" ဟူ၍ လာရှိ၏။ ကုရ်အာန် (၇၇:၃၅-၃၆)တွင်မူ "ဤနေ့တွင် လူသားတို့သည် စကားပြောဆိုနိုင်ကြမည်မဟုတ်။ ၎င်းပြင် ၎င်းတို့ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ထားနိုင်ကြရန်အတွက် ၎င်းတို့အား ခွင့်ပြုတော်မူမည်လည်း မဟုတ်" ဟူ၍လာရှိ၏။ ဤအာယတ်တော် ၂-ပါးသည် အမြင်အားဖြင့် အချင်းချင်း ဆန့်ကျင်နေသည်ဟု ထင်မှတ်ဖွယ်ရာ ဖြစ်သည်။

လင်းပြဦးအံ့။ ဤအာယတ်တော် ၂-ပါးသည် အချင်းချင်း ဆန့်ကျင်သည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် ကိယာမတ်နေ့သည် အလွန်တရာမျှ ရှည်လျားမည့်နေ့ဖြစ်သည်။ ထိုနေ့တွင် နေရာဌာန အမြောက်အမြားရှိပေမည်။ အချို့နေရာများတွင် လူသားတို့သည် မိမိကိုယ်များနှင့်ပတ်သက်၍ ငြင်းခုံပြောဆိုကြပေမည်။ အချို့နေရာများတွင် စကား ပြောဆိုခွင့်ပင် ရရှိကြမည်မဟုတ်ပေ။ အချို့နေရာများတွင် စကားပြောဆိုခွင့် ရရှိကြပေမည်။

အချို့နေရာများတွင် နှုတ်လျှာများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူမည်ဖြစ်သည်။ ၎င်းတို့၏ ခြေလက်များက သက်သေခံကြမည်ဖြစ်သည် ဟူ၏။

② ဤအာယတ်တော်တွင်ပါရှိသည့် 'မင်နိမ်ဟွမ်' ဟူသောပုဒ်၌ ပါရှိသော 'ဟွန်မ်' ထိုသူများ 'ဟူသောနာမ်စားသည်' 'မဟ်ရှ်ရ်' ကွင်းပြင်ရှိ ကမ္ဘာသူ ကမ္ဘာသားတို့အား ရည်ညွှန်းသည်။

'ရှကီ' ဟူသည် အကြင်သူတည်း၊ ၎င်းတို့အဖို့ ၎င်း၏မကောင်းမှုကြောင့် ငရဲသည် အတည်ဖြစ်၏။ 'စအီဒ်' ဟူသည် အကြင်သူတည်း၊ ၎င်းတို့အဖို့ ၎င်း၏ကောင်းမှုကြောင့် ဂျန္နတ်သည် အတည်ဖြစ်၏။ ➤➤

خَٰلِدِينَ فِيهَا مَا دَامَتِ
ٱلسَّمَٰوَٰتُ وَٱلْأَرْضُ إِلَّا مَا شَآءَ
رَبُّكَ ۖ إِنَّ رَبَّكَ فَعَّالٌ لِّمَا
يُرِيدُ ﴿١٠٧﴾

၁၀၇။ (ၔင်းတို့သည်) မိုးကောင်းကင်များနှင့် ပထဝီမြေတည်နေသမျှကာလပတ်လုံး ထိုငရဲဘုံတွင် အသင်၏အရှင်မြတ် အလိုရှိတော်မူသည်မှတပါး ထာဝစဉ်နေထိုင်သူများအဖြစ် ရှိကြပေမည်။ [၁] ဧကန်စင်စစ် အသင်၏အရှင်မြတ်သည် မိမိကြံရွယ်တော်မူသော ကိစ္စကို အပြီးအစီး ပြုလုပ်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَأَمَّا ٱلَّذِينَ سُعِدُوا۟ فَفِى ٱلْجَنَّةِ
خَٰلِدِينَ فِيهَا مَا دَامَتِ ٱلسَّمَٰوَٰتُ
وَٱلْأَرْضُ إِلَّا مَا شَآءَ رَبُّكَ ۖ
عَطَآءً غَيْرَ مَجْذُوذٍ ﴿١٠٨﴾

၁၀၈။ သို့ရာတွင် အကြောင်းလှသောသူတို့မှာမူကား ဂျန္နတ် အမတသုခဘုံ၌ ရှိကြပေမည်။ (ၔင်းတို့သည်) မိုးကောင်းကင်များနှင့်ပထဝီမြေသည် တည်ရှိနေသမျှကာလပတ်လုံး ထိုဂျန္နတ်အမတသုခဘုံတွင် အသင်၏အရှင်မြတ် အလိုတော်ရှိတော်မူခဲ့သည်မှတပါး ထာဝစဉ် နေထိုင်သူများအဖြစ် စံမြန်းကြပေမည်။ (ဤဆုကျေးဇူး) ချီးမြှင့်တော်မူခြင်းကား အဆက်မပြတ် ချီးမြှင့်တော်မူခြင်းပင်တည်း။

---

[၂] 'ဇဖိရ်' နှင့် 'ရှဟီက်' ဟူသော ပုဒ်များသည် မြည်း မြည်သံများကိုဆိုသည်။ မြည်း မြည်ရာတွင် ပထမအစတွင် ထွက်ပေါ်လာသည့်အသံကို 'ဇဖိရ်' ဟူ၍ခေါ်သည်။ နောက်ဆုံးထွက်ပေါ်လာသည့် အသံကိုမူ 'ရှဟီက်' ဟူ၍ခေါ်သည်။

မြည်း၏အသံသည် အသံများတွင် စက်ဆုပ်ရွံ့ရှာဖွယ် အကောင်းဆုံးသော အဆိုးရွားဆုံးသော အသံပင် ဖြစ်သည်။ ကုရ်အာန် (၃၁:၁၉)တွင် 'မုချဇကန် အသံများအနက် အဆိုးရွားဆုံးသော အသံသည် မုချ မြည်းများ၏ မြည်သံပင်ဖြစ်သည်'ဟု မိန့်ဆိုထားတော်မူသည်။

ဆိုလိုသည်ကား ငရဲတွင် ငရဲသားများသည် အလွန်ဆိုးရွားသော အသံဆိုးများဖြင့် အမြဲတစေ အော်ဟစ်ငိုကြွေး မြည်တမ်း၍ နေကြမည်။ ညည်းတွားကြမည်။ သက်မ ချကြမည်ဟူ၏။

[၃] ဤအာယတ်တော်၏ အလိုသဘောမှာ နှစ်မျိုးနှစ်စားဖြစ်နိုင်သည်။

(၁) ဤပစ္စက္ခဘဝ၏ မိုးများနှင့် မြေတည်ရှိနေသမျှသော အချိန်ကာလနှင့်အမျှ အကြောင်းမလှသော 'ရှကီ' သူယုတ်မာများသည် ဤငရဲတွင်လည်းကောင်း၊ ကံကောင်းအကြောင်းလှသော 'စအီဒ်' သူတော်စင်များသည် ဂျန္နတ်တွင်လည်းကောင်း၊ နေထိုင်ကြရမည်ဖြစ်သည်။ သို့ရာတွင် ထိုအချိန်ကာလထက်ပင် ပိုမို၍ အသင်၏အရှင် အလိုတော်ရှိတော်မူသော ထိုပိုမိုသောအချိန်ကိုမူ ထိုအရှင်မြတ်သာလျှင် သိတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် အရှည်လျားဆုံးသော အချိန်ကာလကို တွေးတောကြသည့်အခါ မိမိတို့၏ ပတ်ဝန်းကျင်အခြေအနေအရ အရှည်လျားဆုံးသောအချိန်မှာ မိုးမြေတည်ရှိနေသမျှသော အချိန်ကာလ ➤➤

➤➤ ဖြစ်သည်ကိုသာ တွေးတော၍ ရရှိပေသည်။ ထို့အတွက်ကြောင့်လည်း 'မိုးများနှင့်မြေ တည်ရှိနေသမျှ ကာလပတ်လုံး' စသည့် အသုံးအနှုန်းများသည် အရဗီစာပေတွင် အမြဲထာဝရဟူသော အနက်များ၌ သုံးလေ့သုံးထ ရှိကြပေသည်။ အမြဲထာဝရဟူသော စကား၏ ရည်ညွှန်းရာ ပမာဏအချိန်ကာလ အပိုင်းအခြားကို အစအဆုံးမရှိသော အသရေ်ု အသန်ုဲကြဖစ်သော အချိန်ကာလဟူ၍ပင် ခေါ်ဆိုသင့်ပေသည်။ ထိုသည့် အစအဆုံး မရှိသော အသရေ်ု အသန်ုဲကြဖစ်သော အချိန်ကာလကိုမူ သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သာ သိတော်မူနိုင်ပေသည်။ ထိုသည့် အစအဆုံးမရှိသော အသရေ်ု အသန်ုဲကြဖစ်သော အချိန်ကာလ ခေတ်အခါသမယကို 'အသင်၏အရှင် အလိုတော်ရှိတော်မူသောအရာ' ဟူ၍ သုံးနှုန်းထား တော်မူသည်။

(၂) ဤအာယတ်တော်၏ ဒုတိယအလိုသဘောမှာ 'မိုးများနှင့်မြေ တည်ရှိနေသမျှ ကာလပတ်လုံး' ဟူသော အသုံးအနှုန်းသည် အမြဲထာဝရ အချိန်ကာလအတွက် တင်စား၍ သုံးနှုန်းထားတော်မူသည်ဟူ၍လည်း ယူဆနိုင်သည်။ သို့တည်းမဟုတ် ဤအာယတ်တော်တွင်ပါရှိသည့် မိုးများနှင့်မြေဟူသည် ဤပစ္စက္ခဘဝရှိ မိုးများနှင့်မြေကိုဆိုလိုသည် မဟုတ်၊ နောင်တမလွန်ဘဝ၏ မိုးများနှင့်မြေကိုသာဆိုလိုသည်ဟူ၍လည်း ယူဆနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကိယာမတ်နေ့တွင် ဤပစ္စက္ခဘဝရှိမိုးမြေများကို အခြားမိုးမြေများနှင့်ပြောင်းလဲတော်မူမည့်အကြောင်း၊ ကုရ်အာန်ကျမ်းမြတ်(၁၄:၄၈)တွင် (يَوْمَ تُبَدَّلُ الْأَرْضُ غَيْرَ الْأَرْضِ وَالسَّمٰوٰتُ) ဟူ၍ပါရှိလေသည်။ ဆိုလိုသည်ကား၊ ကံမကောင်း အကြောင်းမလှသော 'ရကီ' သူယုတ်တို့သည် ငရဲတွင်လည်း ကောင်း၊ ကံကောင်းအကြောင်းလှသော 'စအီဒ်' သူတော်စင်များသည် ဂျန္နတ်တွင်လည်းကောင်း၊ နောင်တမလွန်ဘဝ၏ မိုးမြေတည်ရှိနေသမျှ ကာလပတ်လုံး (ဝါ) အမြဲထာဝရ နေထိုင်ကြရမည်ဖြစ်သည်။ သို့ရာတွင် အသင်၏အရှင် အလိုတော်ရှိက အမြဲထာဝရ နေထိုင်ခွင့်ပြုတော်မူမည် မဟုတ်ဘဲ ရပ်စဲပစ်တော်မူမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂျန္နတ်သားများနှင့် ငရဲသားများ၏ အမြဲထာဝရနေထိုင်မှုသည်လည်း ထိုအရှင်မြတ်၏ အလိုတော်အတိုင်းသာလျှင် ဖြစ်ပေသည်။ သို့ရာတွင် ထိုအရှင်မြတ်သည် ကာဖိရ်မုရှ်ရစ်က်တို့၏ ပြစ်ဒဏ်နှင့် ဂျန္နတ်သားများ၏ ကုသိုလ်အကျိုးများကို အဘယ်သောအခါ၌မျှ ရပ်ဆိုင်းတော်မူမည် မဟုတ်သည်ကိုကား လိုလားတော်မူပြီး ဖြစ်ပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၂:၁၆၇)တွင် 'ထိုကာဖိရ်များသည် ငရဲမီးဘေးမှ ထွက်လိုကြသည်။ သို့ရာတွင် ၎င်းတို့သည် ထိုငရဲမီးဘေးမှ မည်သည့်အခါ၌မျှ ထွက်နိုင်ကြမည် မဟုတ်၊ ထို့ပြင် အသို့တည်ရှိနေမည်ဖြစ်သော ပြစ်ဒဏ်သည် အမြဲရှိပေမည်' ဟူ၍လည်းကောင်း၊ ကုရ်အာန် (၂:၁၆၂)တွင် 'ထိုကာဖိရ်များသည် ငရဲမီးဘေးမှ မည်သည့်အခါ၌မျှ ထွက်ကြရမည်မဟုတ်' ဟူ၍လည်းကောင်း ကုရ်အာန်(၅:၇၃)တွင် 'ထိုကာဖိရ်များထဲမှ အပြစ်ဒဏ်သည် ပေါ့ပါးသွားမည်လည်းမဟုတ်၊ ၎င်းပြင် ယင်းသူတို့သည် ဆိုင်းငံ့ခွင့်လည်း ရရှိကြမည်မဟုတ်' ဟူ၍လည်းကောင်း၊ ကုရ်အာန်(၄:၁၁၆)တွင် မုချ အလ္လာဟ်အရှင်မြတ်သည် မိမိနှင့်တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်ခြင်းကို အလျင်းချမ်းသာခွင့် ပေးတော်မူမည်မဟုတ်၊ သို့ရာတွင် ထိုအပြစ်မှတပါး အခြားအပြစ်များကိုမူ မိမိအလိုတော်ရှိတော်မူသော သူများအား ချမ်းသာခွင့်ပေးတော်မူမည်' ဟူ၍လည်းကောင်း အတိအလင်း မိန့်ဆိုထားတော်မူသည်။ ဤသည် အစွယ်လာမ်သာသနာဝင်အပေါင်းတို့၏ 'ဣဂျ်မာအ်'ခေါ် တညီတညွတ်တည်းသော အဆုံးအဖြတ်ပင် ဖြစ်ပေသည်။

ဤသည့်အဆုံးအဖြတ်နှင့်ဆန့်ကျင်၍ ယခုခေတ် အချို့အမည်ခံ မုဖတ်စ်စစ်ရှိများ၏ ရေးသားချက်များသည် မခိုင်မာသော လုပ်ကြံဖန်တည်းထားသော 'ရိဝါယတ်' ကျမ်းချက်များ၊ သို့မဟုတ် အနက်အဓိပ္ပာယ်ကို တစ်မျိုးတစ်ဖုံ လှည့်ထားသည့် ထူးထွေဆန်းပြားသော အဆိုများသာဖြစ်ပေသည်။ သို့တည်းမဟုတ် ➤➤

فَلَا تَكُ فِي مِرْيَةٍ مِّمَّا يَعْبُدُ هَٰؤُلَاءِ ۚ مَا يَعْبُدُونَ إِلَّا كَمَا يَعْبُدُ آبَاؤُهُم مِّن قَبْلُ ۚ وَإِنَّا لَمُوَفُّوهُمْ نَصِيبَهُمْ غَيْرَ مَنقُوصٍ ﴿١٠٩﴾

၁၀၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ဤသူများ ဆည်းကပ်ကိုးကွယ်သော အရာများနှင့်စပ်လျဉ်း၍ ဒွိဟသံသယ မဖြစ်ပါလေနှင့်၊ (စင်စစ်သော်ကား) ၎င်းတို့သည် မိမိတို့အဖ ဘိုးဘေးများအလျင်က ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသည့်နည်းတူ ကိုးကွယ်ဆည်းကပ်နေကြသည်ပင်။ ထို့ပြင် ဇကန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ဝေစုဝေပုံကို ယုတ်လျော့စေခြင်းမရှိစေဘဲ အပြည့်ပေးတော်မူမည် ဖြစ်ပေသတည်း။

➢➢ ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်၏ အချို့ အာယတ်တော်များနှင့် တမန်တော်မြတ်၏ မှန်ကန်သော ဩဝါဒတော်များကို မိမိတို့၏ အတွေးအခေါ် အမြော်အမြင် နည်းပါးမှုတို့ကြောင့် အမှန်အတိုင်း နားမလည်ကြဘဲ အမှားမှား အယွင်းယွင်း အနက်အဓိပ္ပာယ် ကောက်ယူထားသော မမှန်ကန်သော စကားများသာ ဖြစ်ချေသည်။

① ဤကာဖိရ်၊ မုရှ်ရစ်ကျမ်းများသည် ကုဖ်ရ်၊ ရှရစ်ကတွင် နစ်မွန်းနေကြ၏။ ယင်းသို့ ကုဖ်ရ်၊ ရှရစ်ကတွင် နစ်မွန်းနေကြပါလျက် ယခုထက်တိုင် ပြစ်ဒဏ်တပ်ရိုက်ခြင်းကို မခံကြရသေးပေ။ ဤသည် ဒွိဟသံသယ ဖြစ်ဖွယ် မဟုတ်ပေ။ ဤကာဖိရ်၊ မုရှ်ရစ်ကျမ်းများသည် မိမိတို့၏ အဖ၊ ဘိုးဘေးတို့၏ ထုံးတမ်းစဉ်လာကို မျက်စိမှိတ်၍ လိုက်နာနေကြသူများသာ ဖြစ်ကြပေသည်။ ထိုအဖ၊ ဘိုးဘေးတို့အဖို့ ၎င်းတို့၏ ကိုးကွယ်ရာများသည် အသို့မျှ အသုံးမဝင်ခဲ့ပေရာ ဤကာဖိရ်၊ မုရှ်ရစ်ကျမ်းများအဖို့ မည်သို့လျှင် အသုံးဝင်အံ့နည်း။ ဤကာဖိရ်၊ မုရှ်ရစ်ကျမ်း အားလုံး တို့သည် နောင်တမလွန်ဘဝတွင် မိမိတို့၏ကုဖ်ရ်၊ ရှရစ်က အပြစ်ဒဏ်များကို အပြည့်အဝ ခံကြရပေမည်။ အနည်းငယ်စိုးစဉ်းမျှ လျော့ပေါ့ခြင်း အလျင်းခံကြရမည်မဟုတ်ပေ။

(ဤကာဖိရ်၊ မုရှ်ရစ်ကျမ်းများသည်လည်း အတိတ်ခေတ် ကာဖိရ်၊ မုရှ်ရစ်ကတို့၏ လမ်းစဉ်အတိုင်း ဖြစ်ကြရမည်မှာ အမှန်မုချပင်။ ဤသည် အလွှာဟ်အရှင်မြတ်၏ ပြောင်းလဲခြင်း အလျင်းမရှိသော စွန့်တော်တည်း။)

အချို့မုဖတ်စ်စစ်ရ်များက တစ်နည်း ဖွင့်ဆိုကြသည်မှာ ဤကာဖိရ်၊ မုရှ်ရစ်ကတို့သည် ဤပစ္စက္ခဘဝတွင် ၎င်းတို့အဖို့ သတ်မှတ် လျာထားတော်မူပြီးဖြစ်သည့် စားနပ်ရိက္ခာစသည်များကို အပြည့်အဝ ရရှိကြပြီးနောက် ၎င်းတို့၏ ကုဖ်ရ်၊ ရှရစ်က၏ ပြစ်ဒဏ်များကိုလည်း အပြည့်အဝ ခံစားကြရမည်ဟူ၏။

လွန်ခဲ့သည့် အာယတ်တော် (၁၁:၁၀၈)တွင် မွတ်စ်လင်မ် သူတော်စင်တို့၏ ကုသိုလ်အကျိုးနှင့် စပ်လျဉ်း၍ (عَطَاءً غَيْرَ مَجْذُوذٍ) ဟူ၍ သုံးနှုန်းထားတော်မူသည်။ ယခု ဤအာယတ်တော် (၁၁:၁၀၉)တွင် 'ကာဖိရ်၊ မုရှ်ရစ်ကတို့၏ ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ (غَيْرَ مَنقُوصٍ) ဟူ၍ သုံးနှုန်းထားတော်မူသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မွတ်စ်လင်မ်တို့ ခံစားကြရမည့် ကုသိုလ်အကျိုးနှင့် ကာဖိရ်၊ မုရှ်ရစ်ကတို့ ခံစားကြရမည့် ပြစ်ဒဏ်မှာ အဘယ်မျှ ကွာခြားလျက်ရှိသည်ကို ဆင်ခြင်အပ်ပေသည်။

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَاخْتُلِفَ فِيْهِ ۭ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ ۭ وَاِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ۝۱۱۰

၁၁၀။ ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာအား ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ရာတွင် ထိုကျမ်းဂန်နှင့်စပ်လျဉ်း၍(လည်း) အကွဲအလွဲ ဖြစ်ခဲ့ရလေသည်။ စင်စစ်သော်ကား၊အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ အမိန့်တော်တစ်ရပ်သည် မူလကပင် မရှိခဲ့ပါလျှင် ၎င်းတို့၏ စပ်ကြားတွင် စီရင် ဆုံးဖြတ်ခဲ့မည်မှာ ဧကန်မလွဲ အမှန်သော်ကား၊ ၎င်းတို့သည် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမြဲတစေ ယုံမှားသံသယဖြစ်စေသော ဒွိဟ၌ အမှန်ပင် ရှိနေကြကုန်၏။ ①

---

① ဤသည့် အာယတ်တော် (၁၁း၁၁၀)နှင့် စပ်လျဉ်း၍ မောင်လာနာရှစ်ဗီဇီရ်အဟ်မဒ်အွတ်ဆ်မာနီက အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

'အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား တောင်ရာတ်ကျမ်းမြတ်ကို ချီးမြှင့်၍ စေလွှတ်တော်မူခဲ့၏။ ထိုစဉ်ကလည်း တောင်ရာတ်ကျမ်းနှင့်စပ်လျဉ်း၍ အမျိုးမျိုးဒွိဟသံသယ ဖြစ်ခဲ့ကြ၏။ သဘောကွဲလွဲခဲ့ကြ၏။ ငြင်းခုံခဲ့ကြ၏။ အချို့က လက်ခံခဲ့ကြ၏။ အချို့က လက်မခံခဲ့ကြပေ။ အလ္လာဟ်အရှင်မြတ်သည် ဤသည့် ကွဲလွဲမှုများ မဖြစ်ပေါ်စေရန်လည်း တတ်စွမ်းနိုင်တော်မူ၏။ သို့မဟုတ်သည့် ကွဲလွဲမှုများ ဖြစ်ပေါ်ပြီးနောက်တွင် မုဟာဝါဒီ မိဿာဒိဋ္ဌိအားလုံးတို့အား ဖျက်ဆီးတော်မူ၍ အကွဲအလွဲ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပစ်ရန်လည်း တတ်စွမ်းနိုင်တော်မူ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် 'ဟစ်မတ် တက္ကဝီနိ'ခေါ် ကမ္ဘာအဌန်းကို ဖန်ဆင်းတော်မူခြင်း၏ မူလထားရှိတော်မူသည့် ရည်ရွယ်ချက်သဘောအရ ဤသို့ပြဿနာအရပ်ရပ်ကို တမဟုတ်ခြင်း ဖြေရှင်းတော်မူရန် လိုလားတော်မမူပေ။

အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုံးဖြတ်ချက်တစ်ရပ် ယခင်မူလကပင် အတည်ဖြစ်ပြီးရှိ၏။ ထိုဆုံးဖြတ်ချက်အရ လူသားတစ်ဦးသည် သတ်မှတ်ထားသည့်အချိန်အထိ လွတ်လပ်စွာ မိမိအလို ရှိရာ ပြုနိုင်ခွင့်ပေးထားတော်မူသည်။ ယင်းသို့ မိမိအလိုရှိရာ ပြုနိုင်ခွင့်ပေးထားတော်မူခြင်းမှာ ထိုသူ မည်သည့်လမ်းစဉ်ကိုလိုက်သည်။ (၀၊) ဖန်ဆင်းတော်မူသော အရှင်နှင့် ဖန်ဆင်းခြင်းခံရသူ၏ တာဝန်များကို တိကျမှန်ကန်စွာ သိနားလည်၍ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံသည်။ သို့မဟုတ် မှန်ကန်သောသဘာဝ၏ အဆုံးအမကိုစွန့်လွှတ်၍ မှားယွင်းသော အပြုအမူများကို ကျင့်မူပြီး ထိုအရှင်မြတ်၏ အမျက်တော်ကို ခံစားသည်ကို စမ်းသပ်တော်မူရန်အတွက်ပင်ဖြစ်သည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၁၁း၇။ ၆၇း၂)တွင် မိန့်ဆိုထားတော်မူသည်။ ဤသည့် ရည်ရွယ်ချက်ကို ရှေ့ရှုတော်မူ၍ လူသား၏ မူလဇီဝ၊ အနေအထား၊ သဘောထားကို အကောင်းအဆိုး ရွေးချယ်ရာ၌ အတင်းအဓမ္မ အကျဉ်းအကျပ်မရှိစေဘဲ လွန်စွာ မိမိအလိုရှိရာ ပြုနိုင်ရန်အတွက် ဖန်ဆင်းထားတော်မူသည်။ ➤➤

وَإِنَّ كُلًّا لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ أَعْمَالَهُمْ ۚ إِنَّهُ بِمَا يَعْمَلُونَ خَبِيرٌ ﴿١١١﴾

၁၁၁။ ၎င်းပြင် (ထိုသူတို့အနက်) အသီးသီးတို့သည် အကြင်သူများပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အချိန်ကျရောက်သောအခါ ထိုသူတို့၏ အပြုအမူများ(၏အစား)ကို *အပြည့်ပေးတော်မူမည်။* [၁] ဧကန်အမှန် ထိုအရှင်မြတ်သည် ၎င်းတို့ ပြုမူကြသည်တို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

فَاسْتَقِمْ كَمَا أُمِرْتَ وَمَن تَابَ مَعَكَ وَلَا تَطْغَوْا ۚ إِنَّهُ

၁၁၂။ သို့ဖြစ်ပေရာ အသင်သည်လည်းကောင်း၊ ဝန်ချတောင်းပန်ပြီး အသင်နှင့်အတူရှိနေသူများသည်လည်းကောင်း၊ အသင့်အမိန့်တော် ကျရောက်သည့်အတိုင်း *ဖြောင့်မတ်တည်ကြည်စွာရှိကြလေကုန်။* [၂]

➤➤ လူသားများသည် အကောင်းနှင့်အဆိုးကို မိမိအလိုရှိရာတွင် လွတ်လပ်စွာ ပြုနိုင်ရန်အတွက် လူ့လောကၦ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ အလင်းနှင့်အမှောင်စသည်တို့သည် အမြဲတစေ ဒွန်တွဲလျက် ရှိနေရပေမည်။ ရှိလည်း ရှိနေပေသည်။ သို့ရှိနေသည့်အတွက်ကြောင့် လူသားတို့အနက် အချို့တို့သည် အကောင်းကို ပြုကျင့်၍ အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခံစားကြပေမည်။အချို့မှာမူမကောင်းမှုကို ပြုကျင့်၍ ထိုအရှင်မြတ်၏ အမျက်တော်ကို ခံစားကြရပေသည်။ ဤသို့အားဖြင့် ကုရ်အာန်ကျမ်းမြတ် (၁၁း၁၁၀) ၌ပါရှိသော 'သို့ရာတွင် အသင်၏အရှင် ကရုဏာပြုတော်မူသောသူများ' ဟူသော အာယတ်တော်နှင့် 'ငါအရှင်မြတ် သည် ဂျင်နီများဖြင့်လည်းကောင်း၊ လူသားတို့ဖြင့်လည်းကောင်း ဂျဟန္နမ်ကို မုချဖြည့်တော်မူမည်' ဟူသော အာယတ်တော်များသည် အတည်ဖြစ်ပေမည်။ ဤသည့်အာယတ်တော် (၀၊) အဆုံးအဖြတ်တော်သည် အလျင်က မရှိခဲ့ပါက ကွဲပြားလျက်ရှိသော ပြဿနာအရပ်ရပ်တို့သည် တမုဟုတ်ခြင်း ဖြေရှင်းပြီး ဖြစ်သွားပေမည်။ များသောအားဖြင့် လူသာမန်တို့သည် ဤသည့် 'ဟစ်က်မတ်' နက်နဲလှသည့် သဘောတရားကို နားမလည်နိုင်ကြသည့်အတွက် မိမိတို့ ကွဲပြားလျက်ရှိသော ပြဿနာများနှင့် စပ်လျဉ်း၍ပင် အဆုံးအဖြတ် ရှိမည် မရှိမည် ဟူသော အရေးတွင် ဒွိဟသံသယဖြစ်လျက် ရှိကြပေသည်။

① ဆိုလိုသည်ကား ပြစ်ဒဏ်တော် အပြည့်အစုံခတ်ရန် ယခုအချိန်မကျသေး။ အချိန်ကျရောက်သည့်အခါတွင် အလွှာဟ်အရှင်မြတ်သည် လူအသီးသီးတို့အား ခရေစေ့တွင်းကျ စောကြောင်၍ ကျိုးပြစ်များကို အတိအကျ အပြည့်အစုံ ပေးတော်မူမည်မှာ မုချအမှန်ပင်ဖြစ်သည်။ ပြစ်ဒဏ်ခတ်တော်မူရာ၌ အနည်းငယ် ဆိုင်းငံ့ထားတော်မူသည်ကို အကြောင်းပြု၍ ထိုအရှင်မြတ်သည် လူသားတို့၏ အပြုအမူများကို မသိရှိဟူ၍ကား အလျင်းမထင်မှတ်အပ်ပေ။

② တမန်တော်မြတ်အားလည်းကောင်း၊ ကုဖ်ရ်၊ ရှရစ်က်မှ ဝန်ချတောင်းပန်၍ တမန်တော်မြတ်နှင့်အတူ နေထိုင်ကြသော မွတ်စ်လင်မ်များအားလည်းကောင်း၊ ဤအာယတ်တော်များ(၁၁း၁၁၂-၁၂၀)တွင် လာရှိသည့် ➤➤

ထို့ပြင် အသင်တို့သည် *ကျူးလွန်ခြင်း မပြုကြကုန်လင့်။* [၁] ဧကန်မလွဲ ထိုအရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို ကောင်းစွာ မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

بِمَا تَعْمَلُونَ بَصِيرٌ ﴿١١٢﴾

၁၁၃။ ထို့မှတပါး အသင်တို့သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) ညှဉ်းပန်းနှိပ်စက်ကြကုန်သော သူတို့အပေါ် *ဝယ် ယုံကြည်စိတ်ချ အားထားခြင်း မပြုကြကုန်လင့်။* [၂] သို့(ယုံကြည်စိတ်ချ အားထားကြ)ပါလျှင် အသင်တို့၌ ငရဲမီး(ဘေး)သည် ထိရောက်ပေမည်။ ထို့ပြင် အလျှာဟ်အရှင်မြတ်မှတပါး အသင်တို့အဖို့ အဆွေခင်ပွန်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေ။ ထို့နောက်အသင်တို့သည် ကူညီမှီငြင်းမခြင်း ကိုလည်း ခံကြရမည်မဟုတ်ပေတကား။

وَلَا تَرْكَنُوٓا۟ إِلَى ٱلَّذِينَ ظَلَمُوا۟ فَتَمَسَّكُمُ ٱلنَّارُ ۖ وَمَا لَكُم مِّن دُونِ ٱللَّهِ مِنْ أَوْلِيَآءَ ثُمَّ لَا تُنصَرُونَ ﴿١١٣﴾

➤➤ အတိုင်း အောက်ပါအချက်များကို အထူးတလည် လိုက်နာကျင့်သုံးရန် ညွှန်ပြမိန့်ဆိုထားတော်မူသည်။ ဤသည်တို့သည် ဤကဏ္ဍ၏ အချုပ်သဘောများလည်း ဖြစ်သည်။

(က) ဖြောင့်မတ်တည်ကြည်စွာရှိကြရမည်။

တမန်တော်မြတ်နှင့်တကွ တမန်တော်မြတ်နှင့်အတူ ရှိနေကြသော မွတ်စ်လင်မ်များသည် ကာဖိရ်၊ မုရှ်ရစ်ကတို့၏ အနှောင့်အယှက်များကို ဂရုပြုနေရန်မလိုပေ။ တမန်တော်မြတ်ထံသို့ ကျရောက်လာခဲ့သော အမိန့်, ပညတ်တော်များကို အမြဲတစေ ဖြောင့်မတ်တည်ကြည်စွာ လိုက်နာကျင့်သုံးကြရန်သာ လိုပေသည်။

① (ခ) စည်းကမ်းမကျူးလွန်ကြရ။

ဖြောင့်မတ် တည်ကြည်စွာနေရာ၌ မိမိတို့နှင့်ဆန့်ကျင်နေသူများကို အလျင်းမကျူးလွန်ကြရပေ။ မိမိတို့၏ စည်းဝိုင်းအတွင်း၌ ရှိနေကြရမည်။ မိမိတို့၏ လမ်းစဉ်အပေါ်၌သာ တည်ရှိနေကြရမည်။

ဆိုလိုသည်ကား 'အကာအစ်ဒ်' ယုံကြည်မှုများတွင်လည်းကောင်း၊ အကျင့်စာရိတ္တများတွင် လည်းကောင်း၊ ဝတ်ပြုမှုများတွင်လည်းကောင်း၊ အရောင်းအဝယ် အပေးအယူများတွင်လည်းကောင်း၊ တရားခံမှုဟောကြားရာတွင်လည်းကောင်း၊ အရေးကိစ္စအဝဝတွင် အလွန်အကျွံ မဖြစ်ကြရ၊ အလယ်အလတ် လမ်းစဉ်ကိုသာ လိုက်နာကျင့်သုံးကြရမည် ဟူ၏။

ကျန်အချက်များကို လာမည့် အာယတ်တော်များ၏ ရှင်းချက်အသီးသီးတွင် ကြည့်ပါ။

② (ဂ) ကျူးကျော်စော်ကားသူတို့အား မှီခိုအားထားခြင်းမပြုကြရ

အထက်၌ စည်းကမ်းမကျူးလွန်ရန် တားမြစ်ထားတော်မူ၏။ ယခု ဤအာယတ်တော်တွင် စည်းကမ်းကျူးလွန်လျက်ရှိသူများဘက်သို့ အနည်းငယ်စိုးစဉ်းမျှ မယိမ်းယိုင်မိကြရန် မြစ်တားထားတော်မူသည်။ ➤➤

وَأَقِمِ الصَّلٰوةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ الَّيْلِ ۚ إِنَّ الْحَسَنٰتِ يُذْهِبْنَ السَّيِّاٰتِ ۚ ذٰلِكَ ذِكْرٰى لِلذّٰكِرِيْنَ ﴿١١٤﴾

၁၁၄။ ၎င်းပြင် အသင်သည် ဆွလာတ်ဝတ်ပြုမှုကို နေ့၏နှစ်ဘက်အစွန်း၌လည်းကောင်း၊ ညဉ့်၏ အစိတ်အပိုင်းများ၌လည်းကောင်း၊ ဆောက်တည်ပါလေ။ [၁] (မလွဲမကန် ကောင်းမှုသုစရိုက်များသည် မကောင်းမှုဒုစရိုက်များကို ပယောက်စေကုန်၏။) ဤကား ဆုံးမသြဝါဒကို နာခံသူများအဖို့ ဆုံးမသြဝါဒပင် ဖြစ်ချေသတည်း။ [၂]

➤➤ ယင်းစည်းကမ်း ကျူးလွန်လျက်ရှိသောသူများနှင့် ချစ်ခင်ရင်းနှီးမှု၊ ပေါင်းဖက် ဆက်ဆံမှု၊ ၎င်းတို့အား အရိုအသေပေးမှု၊ ချီးမွမ်းမှု၊ ၎င်းတို့နှင့် နေထိုင်ဝတ်စားရာတွင် အဆင်တူမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် ကိစ္စအားလုံးတို့တွင် တတ်စွမ်းနိုင်သမျှ ရှောင်ကြဉ်ကြရမည်။ သို့မဟုတ်ပါလျှင် ငရဲမီးသည် အသင်တို့ထံသို့လည်း ကူးစက်လာပေမည်။ ထိုအချိန်၌ အသင်တို့အဖို့ အလွှာဟ်အရှင်မြတ်မှတပါး ကူညီရိုင်းပင်းမည့် အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ တစ်စုံတစ်ရာ အကူအညီလည်း အလျင်းရရှိကြမည် မဟုတ်ပေ။ ထို့အတွက်ကြောင့် ယင်းကျူးကျော်လျက်ရှိသူများဘက်သို့ အလျင်း မယိမ်းယိုင်ကြရ။ ၎င်းတို့အား မှိုခိုအားထားခြင်း အလျင်းမပြုကြရ။

① (ဃ) ဆွလာတ်ဝတ်ပြုကြရမည်

အထက်တွင် ကျူးကျော်သူများဘက်သို့ မယိမ်းယိုင်ကြရန် မြစ်တားထားတော်မူသည်။ ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ်ဘက်တော်သို့သာလျှင် နံနက်၊ ညနေနှင့် ညဉ့်ပိုင်းများတွင် စိတ်စေတနာဖြူစင်စွာဖြင့် နိဝါတတရား ရှေ့ဝယ်ထား၍ အချိန်မှန်မှန် စည်းကမ်းကျကျ ဆွလာတ်ဝတ်ပြုခြင်း အားဖြင့် ယိမ်းယိုင်ကြရန် မိန့်ဆိုထားတော်မူသည်။ ဤသည့် ဆွလာတ်ဝတ်ပြုမှုသည် အလွှာဟ်အရှင်မြတ် အထံတော်မှ အကူအညီရရှိရန်အတွက် အကောင်းဆုံးသော အကြောင်းတရားပင် ဖြစ်ပေသည်။ ဆွလာတ်သည် ကောင်းမှုအပေါင်းတို့၏ အချုပ်ဖြစ်သည်။ ကောင်းမှုများသည် မကောင်းမှုများကို ပယောက်စေသည်။ ထို့အတွက် ဆွလာတ်ဝတ်ပြုကြရပေမည်။

ဆွလာတ်ဝတ်ပြုရန်အချိန်များ

ဤအာယတ်တော်တွင် ပါရှိသည့် 'နေ့၏နှစ်ဘက်စွန်း' ဟူသည် နေမထွက်မီ ဆောက်တည်ရသော 'ဖဂျ်ရ်' နှင့် နေမဝင်မီ ဆောက်တည်ရသော 'အက်ဆွ်ရ်' ဆွလာတ်များကို ဆိုလိုသည်။ သို့မဟုတ် နေ့၏နှစ်ဘက်စွန်းအနက် ပထမအစွန်းဟူသည် 'ဖဂျ်ရ်' ကိုလည်းကောင်း၊ အခြားတဘက်စွန်းဟူသည် 'မဃ်ရစ်ဗ်'ကို လည်းကောင်း ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မဃ်ရစ်ဗ် သည် နေဝင်ချိန်နှင့် လုံးဝကပ်လျက် ဝတ်ပြုကြရပေသည်။

အတိတ်ခေတ် အချို့ပညာရှင်များက 'နေ့၏နှစ်ဘက်စွန်း'တွင် 'ဖဂျ်ရ်' 'ဇုဟ်ရ်' နှင့် 'အတ်ဆွ်ရ်' ဆွလာတ်သုံးကြိမ်လုံး အကျုံးဝင်သည်ဟု ဆိုကြသည်။ ဆိုလိုသည်ကား နေ့ကို နှစ်ပိုင်းပိုင်းပြီး ပဌမပိုင်းတွင် 'ဖဂျ်ရ်' ကို ထည့်သွင်းရေတွက်၍ (မွန်းတည့်သည့်အချိန်မှ နေဝင်သည့်အချိန်အထိဖြစ်သော ဒုတိယပိုင်းတွင် 'ဇုဟ်ရ်' နှင့် 'အတ်ဆွ်ရ်' ဆွလာတ် ၂-ကြိမ်လုံးကို ထည့်သွင်း ရေတွက်ထားကြသည်။ ၎င်းနောက် ➤➤

➤➤ 'ညဉ့်၏ အပိုင်းများတွင် 'အိရှာ' သို့မဟုတ် 'မဃ်ရစ်ဗ်' နှင့် 'အိရှာ' သို့မဟုတ် 'မဃ်ရစ်ဗ်' နှင့် 'အိရှာ' ၂-ကြိမ်လုံးကို ထည့်သွင်းထားကြသည်။ (ဤသို့အားဖြင့် ဤအာယတ်တော်တွင် ဆွလာတ်ငါးကြိမ်လုံး၏ အချိန်များ ပါရှိနေပေသည်။

အီဗ်နှကဆီရ် ကျမ်းရှင်က ဖွင့်ဆိုရေးသားထားသည်မှာ 'နေ့၏နှစ်ဘက်စွန်းဟူသည် 'ဖဂျ်ရ်' နှင့် အတ်ဆွရ်' ကို ဆိုလိုသည်။ 'ညဉ့်၏အပိုင်းများ' ဟူသည် 'တဟ်ဂျ်ဂျုဒ်' ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်သာသနာတော် ထွန်းကားကာစအချိန်တွင် ဤသည့် ဆွလာတ် သုံးကြိမ်သာလျှင် 'ဖရာသွ်' ဖြစ်ခဲ့ပေ သည်။ ထို့နောက်တွင် တဟဂျ်ဂျုဒ်၏ ဖရာသွ်တာဝန်သည် 'မန်စူခ်' ဖြစ်သွားခဲ့ပေသည်။ ထို့နောက်တဖန် ကျန်သော ဆွလာတ် ၂-ကြိမ်နှင့်တကွ အခြားဆွလာတ် သုံးကြိမ်၊ ဖရာသွ်ဖြစ်လာခဲ့ပေရာ ဆွလာတ်ငါးကြိမ် ဖရာသွ် ဖြစ်လာခဲ့ပေသည်။

မှတ်ချက်။

ကုရ်အာန်ကျမ်းမြတ်တွင် ဆွလာတ်ဝတ်ပြုချိန်နှင့်စပ်လျဉ်းသည့် အာယတ်တော်များ လာရှိ၏။ ကြည့်-ကုရ်အာန် (၃၀:၁၇-၁၈။ ၁၇:၇၈။ ၁၁:၁၁၄) ဤသည့် အာယတ်တော်များတွင် ဆွလာတ်အချိန်များကို အကျဉ်းသခ်ေပအားဖြင့်သာ မိန့်ဆိုထားတော်မူသည်။ ဆွလာတ်အချိန်များ အတိအကျကိုမူ တမန်တော်မြတ်၏ ဩဝါဒတော်၌ သာလျှင် တွေ့ရှိရပေသည်။ ယခုခေတ် အချို့ခေတ်သစ်ပညာရှင်များက အစစအရာရာနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်မှပင် အသေးစိပ် အကျယ်ကိုထုတ်ပြရန် ကြိုးစားကြ၏။ ဤသည်ငင်းတို့၏ မှားယွင်းချက်ပင်။ မာဂျီဒီ၊ အ-၃။ စ-၄၂၈။ အအ-၁၆၀။

Ⓙ ကောင်းမှုသည် မိမိ၏ သဘာဝအလျောက်လည်း ကောင်းမှုပင်ဖြစ်၏။ ထို့ပြင်တဝ အခြားမကောင်းမှုများကိုလည်း ပယျောက်စေ၏။ ကောင်းမှုများ ပွားစေရန်အတွက် ဤသည်ထက် ကောင်းမွန်မြင့်မြတ်သော နည်းကောင်းသည် အဘယ်မှာ ရှိနိုင်အုံးနည်း။

လူများသည် အကယ်၍ မိမိတို့အချင်းချင်း ပေါင်းသင်းဆက်ဆံ ပေးယူမှုများတွင် ဤသည့် နည်းကောင်းကို ကျင့်သုံးနိုင်ကြပါက မြောက်မြားစွာသော မကျေနပ်မှု၊ အာဃာတထားမှု၊ တင်းမာမှု၊ ငြိုငြင်မှုများသည် အလွန်နည်းသွားပေမည်။

အလ္လာဟ် အရှင်မြတ်သည် ဤသည့် နည်းကောင်းကို ကျင့်သုံးတော်မူ၏။ ကောင်းမှုများရှိက မကောင်းမှုများကို လျစ်လျူပြုတော်မူ၏။ သို့ရာတွင် ကျွန်ုပ်တို့လူသားများမူကား ဤသည့် နည်းကောင်းကို ကျင့်သုံးရန်ဝေးစွ၊ ဆန့်ကျင်၍ပင် နေကြ၏။ မိမိတို့ညီနောင်များ၏ ချို့တဲ့မှု၊ ချွတ်ယွင်းမှုများကိုသာ ထုတ်ဖော်ပြောဆိုနေကြ၏။ ထိုညီနောင်များ၏ကောင်းမှုများ ကောင်းမွန်သော အရည်အချင်းများကိုမူ ဖုံးအုပ်၍ ထားကြ၏။ ဤကားဝမ်းနည်းဖွယ်ပင်။

ကောင်းမှုများကြောင့် မကောင်းမှုများ ပယျောက်သွားသည်ဟူသော ဤသည့်နည်းလမ်းသည် အဆုံးအမသြဝါဒကို နာခံလိုသော သူများအဖို့ အလွန် ပြည့်ဝစုံလင်လှသည့် အဆုံးအမ သြဝါဒတစ်ပါးပင် ဖြစ်ပေသည်။

وَاصْبِرْ فَإِنَّ اللَّهَ لَا يُضِيعُ
أَجْرَ الْمُحْسِنِينَ ﴿١١٥﴾

၁၁၅။ ထို့ပြင် အသင်သည် သည်းခံပါလေ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုပြုကုန်သော သူတော်စင်တို့၏အကျိုးကို အချည်းနှီး ဆုံးရှုံးစေတော်မူသည် မဟုတ်ပေ။ ၁

فَلَوْلَا كَانَ مِنَ الْقُرُونِ
مِن قَبْلِكُمْ أُولُو بَقِيَّةٍ
يَنْهَوْنَ عَنِ الْفَسَادِ
فِي الْأَرْضِ إِلَّا قَلِيلًا مِّمَّنْ
أَنجَيْنَا مِنْهُمْ ۚ وَاتَّبَعَ
الَّذِينَ ظَلَمُوا مَا أُتْرِفُوا
فِيهِ وَكَانُوا مُجْرِمِينَ ﴿١١٦﴾

၁၁၆။ သို့ပါ၍ အသင်တို့ အလျင်ရှိခဲ့ဘူးကြသော သာသနာဝင် လူစုတို့တွင် ငါအရှင်မြတ်သည် ထိုသာသနာဝင်လူစုအနက်မှ ကယ်ဆယ်တော်မူခဲ့သော အနည်းငယ်မျှသော သူတို့မှတပါး၊ ကမ္ဘာမြေပေါ်၌ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ခြင်းမှ တားမြစ်ကြမည့် ဉာဏ်အမြော်အမြင်ရှိသူများ အဘယ်ကြောင့် မရှိခဲ့ကြဘိသနည်း။

ထို့ပြင် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ညှဉ်းပန်းကြကုန်သော သူတို့မူကား၊ ၎င်းတို့ ပျော်ပိုက်စေခြင်းခံကြရသောစည်းစိမ်များ၌ ပျော်မွေ့လျက်ရှိ ထိုစည်းစိမ်များ၏နောက်သို့ပင် လိုက်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ပြစ်မှု ကျူးလွန်လေ့ရှိသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။ ၂

---

① **(c) သည်းခံကြရမည်**

ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို လေ့လာဆင်ခြင်လျှင်၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီကို ရယူရာတွင် (၁)ဆွေးလာတ်ဝတ်ပြုခြင်းနှင့် (၂) သည်းခံခြင်းသည် အထူးအကျိုးသက်ရောက်ကြောင်း တွေ့ရှိရပေသည်။ ဤသည့်သဘောကို ကုရ်အာန် (၂:၄၅)၊ ၂:၁၅၃)တွင်လည်း မိန့်ဆိုထားတော်မူပေသည်။ ဤတွင်လည်း ဆွေးလာဝတ်ပြုရမည့်အကြောင်း၏ အနောက်တွင် 'ဆွာဗ်ရ်' သည်းခံရမည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။

ဆိုလိုသည်ကား မုအ်မင်နဲများသည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးရာတွင် တည်ကြည် ကြံ့ခိုင်ကြရပေမည်။ ယင်းသို့ လိုက်နာကျင့်သုံးရာတွင် တွေ့ဆုံရင်ဆိုင်ရမည့် ဘေးအန္တရာယ်အပေါင်းကိုလည်း သည်းခံကြရပေမည်။ ဤသည့် အရည်အချင်း ၂-ရပ်နှင့် ပြည့်စုံလျှင် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီ ရရှိမည်မှာ အမှန်ပင် ဖြစ်ပေသည်။ အောင်မြင်မှုသည် ဤသို့သော ပုဂ္ဂိုလ်များ အဖို့သာ ဖြစ်ချေသည်။

➤➤

وَمَا كَانَ رَبُّكَ لِيُهْلِكَ الْقُرٰى بِظُلْمٍ وَّاَهْلُهَا مُصْلِحُوْنَ ﴿١١٧﴾

၁၁၇။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် မြို့ရွာများကို ထိုမြို့ရွာသူမြို့ရွာသားများသည် လူကောင်းများ ဖြစ်နေကြပါလျက် အဓမ္မ အလျင်း ဖျက်ဆီးတော်မူသည် မဟုတ်ပေ။ [၁]

➤➤ ဆွေလာတ်နှင့်ဆွာဗ်ရ်သည် ကောင်းမှုများတွင် အထွတ်အထိပ်များပင် ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်အထံတော်၌ ကောင်းမှုပြုသူများ၏ ကုသိုလ်အကျိုးများသည် ဘယ်သောအခါမျှ အချည်းအနှီး ဖြစ်သည် မဟုတ်ပေ။ ရသင့်ရထိုက်သည်ထက်ပင် ပို၍ချီးမြှင့်တော်မူပေသည်။

(၂) (စ) ကမ္ဘာမြေပြင်တွင် ဖျက်ဆီးမှုကို အချိန်မီ တားဆီးကြရမည်။

ဤအာယတ်တော်တွင် အတိတ်ခေတ်လူမျိုးများအကြောင်း မိန့်ဆိုပြီး တမန်တော်မြတ်၏ နောက်လိုက်များအား ၎င်းတို့တွင် ကောင်းရာညွှန်၍ မကောင်းရာကို မြစ်တားသူများ အများအပြားရှိရန် တိုက်တွန်းမိန့်ဆိုထားတော်မူသည်။ အတိတ်ခေတ်တွင် များသောအားဖြင့် လူမျိုးများ ပျက်စီးခဲ့ကြရသည့် အကြောင်းမှာ ၎င်းတို့သည် လောကီစည်းစိမ်များတွင် နစ်မွန်းပြီး ပြစ်မှုဒုစရိုက်ကို ကျူးလွန်နေခဲ့ကြ၏။ အနည်းအကျဉ်း ကောင်းမှု အရိပ်အယောင်ရှိ၍ အရေးပါအရာရောက်သော အချို့အကြီးအကဲများသည်လည်း မိမိတို့ရှေ့မှောက်တွင် ဆိုးမိုက်နေကြသောသူများအား တစ်စုံတစ်ရာ သွန်သင် ဆုံးမပဲ့ပြင်ခြင်း မရှိဘဲပစ်၍ ထားခဲ့ကြ၏။ ဤသို့အားဖြင့် အတိတ်ခေတ်များတွင် လူများသည် ကုဖ်ရ်၊ ရှရစ်က်၊ သွေဖည်မှု၊ ငြင်းပယ်မှု၊ ကျူးကျော်စော်ကားမှု၊ ဆိုးသွမ်းမှု စသည့် မိုက်မဲမှုများတွင် နစ်မွန်း၍ ပျက်စီး၍ နေခဲ့၏။

အချို့လက်တစ်ဆုပ်မျှသော ပုဂ္ဂိုလ်များက ကောင်းရာကိုညွှန်၍ မကောင်းရာမှ မြစ်တားခဲ့ကြသည်မှာ မှန်၏။ သို့ရာတွင် ယင်းသို့ တိုင်းပြည်နှင့်အဝန်း ဆိုးမိုက်နေကြသည့် အချိန်မျိုးတွင် ၎င်းတို့၏စကားကို အသူနာခံအံ့နည်း။ ၎င်းတို့၏အသံသည် လေထဲ၌ပင် ပျောက်ကွယ်သွားခဲ့ရ၏။ နောက်ဆုံးတွင် ထိုလက်တစ်ဆုပ်စာမျှသော ပုဂ္ဂိုလ်တစ်စုမှအပ ကျန်တစ်မျိုးသားလုံးသည် ပြစ်ဒဏ်တော်သင့်၍ မရှုမလှ ပျက်စီးသွားခဲ့ကြရလေသည်။

(၁) (က) မြို့ရွာတစ်ခုရှိ လူများသည် မိမိတို့၏အခြေအနေများကို ကောင်းမွန်အောင် ပြုပြင်လျက်ရှိကြလျှင် ကောင်းမှုများကို ပွားများစေလျက်ရှိကြလျှင် ကျူးကျော်မှု၊ ဖျက်ဆီးမှုများကို တားဆီးလျက်ရှိကြလျှင် အလ္လာဟ်အရှင်မြတ်သည် ဤသို့သော မြို့ရွာများကို အကြောင်းမဲ့ အတင်းအဓမ္မ ဖျက်ဆီးတော်မူသည် အလျင်းမဟုတ်ပေ။ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်သည် လူအများ ကုဖ်ရ်၊ ရှရစ်က်၊ သွေဖည်ငြင်းဆန်မှု၊ ကျူးကျော်စော်ကားမှု၊ ဆူပူသောင်းကျန်းမှု စသည့်ဆိုးသွမ်းမှုများကို ကျူးလွန်ရာတွင် စည်းကမ်းလွန်ကျွံလာကြသည့်အခါကျမှသာလျှင် သက်ရောက်လာပေသည်။

(ခ) အချို့ပညာရှင်များက အာယတ်တော်တွင် ပါရှိသည့် 'ဇုလ်မ်' ဟူသောပုဒ်ကို 'ရှရစ်က်' ဟူ၍ အနက်ဖွင့်ဆိုကြသည်။ ဆိုလိုသည်ကား လူမျိုးတစ်မျိုးသည် အချင်းချင်းအပေးအယူ အရောင်းအဝယ် စသည့်ဆက်ဆံမှုများကို ကောင်းမွန်အောင် ပြုလုပ်နေကြသမျှ ကာလပတ်လုံး ယင်းသို့သော လူမျိုးကို မှုရှိရစ်က် ဖြစ်နေကြရုံမျှဖြင့် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးတော်မူသည် မဟုတ်ဟူ၏။ မာဂျီဒီ။

وَلَوْ شَآءَ رَبُّكَ لَجَعَلَ النَّاسَ أُمَّةً وَّاحِدَةً وَّلَا يَزَالُوْنَ مُخْتَلِفِيْنَ ﴿١١٨﴾

၁၁၈။ အမှန်သော်ကား အကယ်၍သာ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် လူခပ်သိမ်းတို့အား သာသနာဝင်တစ်ခုတည်းသော လူစုသာ ပြုလုပ်တော်မူခဲ့အံ့။ သို့ရာတွင် ၎င်းတို့သည် သဘောကွဲလွဲသူများအဖြစ် အမြဲထာဝစဉ် ရှိနေကြမည်သာတည်း။

إِلَّا مَن رَّحِمَ رَبُّكَ ۚ وَلِذَٰلِكَ خَلَقَهُمْ ۗ وَتَمَّتْ كَلِمَةُ رَبِّكَ لَأَمْلَأَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ أَجْمَعِيْنَ ﴿١١٩﴾

၁၁၉။ အသင်၏ *အရှင်မြတ်က ကရုဏာပြုတော်မူသောသူတို့မှတစ်ပါး* [၁] စင်စစ်မှာမူကား ထိုအရှင်မြတ်သည် *ဤသည့်အတွက်ကြောင့်ပင် ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့လေသည်။* [၂] ၎င်းပြင် 'ငါအရှင်မြတ်သည် *ဂျဟန္နမ်ငရဲဘုံကို ဂျင်(နှ်)သတ္တဝါများနှင့် လူများအားလုံးဖြင့်ပြည့်နှက်စေတော်မူမည်*' [၃] ဟူသော အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ စကားတော်လည်း ဆုံးခန်းတိုင်ရောက်ခဲ့လေပြီ။

---

① အထက်တွင် အကြိမ်ကြိမ် ရေးသားဖော်ပြပြီး ဖြစ်သည့်အတိုင်း ကမ္ဘာအဝှန်းရှိ လူသားအားလုံးတို့ကို အလွှာဟ်အရှင်မြတ်သည် မိမိ၏ 'ဟစ်က်မတ်တက္ကဝီနီ' အရ လမ်းစဉ်တစ်ခုတည်းအပေါ်၌ ထားရှိတော်မူရန် လိုလားတော်မမူပေ။ ထို့အတွက်ကြောင့်လည်း အမှန်တရားကို လက်ခံရေး လက်မခံရေးတွင် လူသားတို့သည် အမြဲတစေ သဘောကွဲလွဲခဲ့ကြသည်။ နောင်ကိုလည်း ကွဲလွဲမည်သာဖြစ်သည်။ အကယ်၍သာ လူသားတို့သည် မှန်ကန်သော သဘာဝနှင့်အညီ လိုက်နာကျင့်သုံးကြမည်ဆိုပါက သဘောကွဲလွဲရန်အကြောင်း အလျင်းမရှိပေ။ ထို့အတွက်ကြောင့် 'အသင်၏အရှင်က ကရုဏာပြုသောသူများမှတစ်ပါး' ဟူ၍ မိန့်ဆိုကာ အမှန်တရားကို လိုက်နာကျင့်သုံးသည့်အတွက် အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံရသော သူများသည် ထိုသဘောကွဲလွဲသူများတွင် မပါဝင်ကြောင်း သတိပေးထားတော်မူခြင်း ဖြစ်သည်။

② ဆိုလိုသည်ကား လူသားတို့တွင် အချင်းချင်း အတွေးအခေါ် အမြော်အမြင် အကျင့်အမူများ ကွဲပြားမှုသည် လူသဘာဝဗီဇ၌ပင် ဖန်ဆင်းထားတော်မူပေသည်။ ထို့အတွက် အမှန်တရားကို လိုက်နာသူများရှိကြသကဲ့သို့ အမှားကို လိုက်နာသူများလည်း ရှိကြပေမည်။ အမှန်နှင့်အမှားသည် အမြဲတစေ ဒွန်တွဲလျက်ရှိနေသကဲ့သို့ အမှန်ကို လိုက်သူများနှင့် အမှားကို လိုက်နာသူများလည်း အမြဲတစေ ဒွန်တွဲလျက်ပင် ရှိနေကြပေမည်။ ဤသည့်သဘောတရားကို ဆင်ခြင်မိပါက အဘယ့်ကြောင့် လူသားအားလုံးတို့သည် အမှန်တရားချည်းကိုသာ မလိုက်နာကျဘဲ အချို့က အမှန်ကိုလိုက်နာ၍ အချို့က အမှားကို လိုက်နာနေကြသနည်းဟု တွေးတော၍ စိတ်ပျက်မည်မဟုတ်ပေ။

တစ်နည်းအားဖြင့် ဤ အာယတ်တော်တွင် တမန်တော်မြတ်အား ➤➤

وَكُلًّا نَّقُصُّ عَلَيْكَ مِنْ أَنۢبَآءِ
ٱلرُّسُلِ مَا نُثَبِّتُ بِهِۦ فُؤَادَكَ ۚ
وَجَآءَكَ فِى هَٰذِهِ ٱلْحَقُّ

၁၂၀။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ရှေးလ တမန်တော်များ၏ အကြောင်းသတင်းများအနက်မှ အကြောင်းအကြောင်းသတင်း အလုံးစုံကို အသင်အား ပြောကြားတော်မူ၏။ ငါအရှင်မြတ်သည်ထိုအကြောင်း သတင်းများဖြင့် အသင်စိတ်နှလုံးကို မြဲမြံကြံ့ခိုင်စေတော်မူ၏။

➤➤ နှစ်သိမ့်စေတော်မူထားပေသည်။ ဤသည် 'တက္ကဝီနိ' သဘောတရားဖြစ်သည်။ တရှိရီအီ သဘောတရားအရ လူသားနှင့်ဂျင်နတ်တို့အား ဖန်ဆင်းတော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် အတွက်သာ ဖြစ်သည်။ တာက္ကဝီနိနှင့် တရှိရီအီသည် အချင်းချင်း ဆန့်ကျင်သည်မဟုတ်ပေ။

အချို့ပညာရှင်များက ဤသည့်အာယတ်တော်၏ အနက်ကို ထိုအရှင်မြတ်သည် ၎င်းတို့အား ထိုသည့် ကရဏာတော်အတွက်သာလျှင် ဖန်ဆင်းထားတော်မူသည်' ဟူ၍ တစ်နည်း ဖွင့်ဆိုကြသည်။

(၃) လူလောကကို ဖန်ဆင်းတော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်၏ 'ဂျလာလီ' ဂျမာလီ' ဆိုဖတ်တော်များ (၀၀) တောက်ပထက်မြက်သော တန်ခိုးအာနုဘော်များနှင့် နူးညံ့သိမ်မွေ့သော ဂုဏ်တော်များကို ထင်ရှားပြတော်မူရန်ပင် ဖြစ်သည်။ ထို့အတွက် ထိုတန်ခိုးတော်၊ ဂုဏ်တော်များ ထင်ရှားပြရာ ဌာနများသည်လည်း အမျိုးမျိုးအစားစား အပြားပြားပင် ရှိရပေမည်။ သို့မှသာလျှင် အုပ်စုတစ်စုသည် မိမိတို့ အရှင်သခင်၏ သစ္စာတော်ကို စောင့်သိရှိသေပြီး အမိန့်တော်များကို နာခံကြသည့်အတွက် ကရဏာတော်ကို ခိုလှုံကြရပေမည်။ ကရဏာတော်သည် ၎င်းတို့၌ ထင်ရှားတော်မူပေမည်။ ဤသည် 'အသင့်အရှင်သခင်က ကရဏာပြုသောသူများမှ တစ်ပါး' ဟူသော အာယတ်တော်၏ သရုပ်သဏ္ဌာန်ပင်။ ဒုတိယအုပ်စုတစ်ခုသည် မိမိတို့၏ သစ္စာဖောက်မှု၊ သွေဖည်မှု၊ ငြင်းဆန်မှုများကြောင့် အလွှာဟ်အရှင်မြတ်၏ အမျက်တော်စူးရှပြီး အမြဲတစေ ငရဲသို့ လားကြရပေမည်။ ဤသည် 'ငါအရှင်မြတ်သည် ဂျဟန္နမ် ငရဲကို ဂျင်နီ သတ္တဝါနှင့် လူသားအားလုံးတို့ဖြင့် ဖြည့်တော်မူမည်' ဟူသော အာယတ်တော်၏ သရုပ်သကန်ပင်။

အသို့ပင် ဖြစ်စေကာမူ ကမ္ဘာအဝှန်းကို ဖန်ဆင်းတော်မူခြင်း၏ 'တရှိရီအီ' တရားဥပဒေဆိုင်ရာ အဓိကရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်အား 'အိဗာဒတ်' ဝတ်ပြုရန်ပင် ဖြစ်သည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၅၁း၅၆)တွင် ဂျင်နီများနှင့် လူသားတို့အား ငါဖန်ဆင်းထားတော်မူခြင်းမှာ ငါ့အား ခဝပ်ကိုးကွယ်ကြရန်သာ ဖြစ်သည်' ဟု အတည့်အလင်း မိန့်ဆိုထားတော်မူပေသည်။

ထို့ပြင်တဝ ကမ္ဘာအဝှန်းကို ဖန်ဆင်းထားတော်မူခြင်း၏'တက္ကဝီနိ' မူလဖန်ဆင်းတော်မူခြင်းဆိုင်ရာ အဓိကရည်ရွယ်ချက်မှာ 'တရှိရီအီ' တရားဥပဒေကို လူသားတို့သည် မိမိတို့ အာသာဆန္ဒဖြင့် လွတ်လပ်စွာ လိုက်နာကျင့်သုံးသောသူများနှင့် မလိုက်နာမကျင့်သုံးသောသူ ဟူ၍ အုပ်စု၂-စု ဖြစ်ပေါ်စေရန်ပင် ဖြစ်သည်။ ထိုအုပ်စု ၂-စုအနက် အုပ်စုတစ်စုသည် အလွှာဟ်အရှင်မြတ်၏ 'ဂျမာလီ'ဂုဏ်တော်များကို ခိုလှုံကြရပေမည်။ အခြားအုပ်စုတစ်စုသည် အလွှာဟ်အရှင်မြတ်၏ 'ဂျလာလီ'ဂုဏ်တော်များကို ခံစားကြရပေမည် ။တစ်နည်းအားဖြင့် အုပ်စုတစ်ခုသည် အလွှာဟ်အရှင်မြတ်၏ ကရဏာတော်ကို ခိုလှုံကြပေမည်။ အခြားအုပ်စု တစ်ခုသည် ထိုအရှင်မြတ်၏ အမျက်တော်စူးရှခြင်းကို ခံရပေမည်ဟူ၏။

وَمَوْعِظَةٌ وَّذِكْرٰى لِلْمُؤْمِنِيْنَ ﴿١٢٠﴾

ဂင်းပြင် ဤကဏ္ဍတွင် အမှန်တရားလည်း အသင့်ထဲ ရောက်ရှိလာခဲ့လေပြီ။ ထိုနည်းတူစွာ (ဤအကြောင်းသတင်းများတွင်)မုအ်မန် သက်ဝင်ယုံကြည်သူတို့အဖို့ ဆုံးမဩဝါဒသည်လည်းကောင်း၊ သတိပေးနှိုးဆော်ချက်သည်လည်းကောင်း၊ ရှိပေသတည်း။ [၁]

وَقُلْ لِّلَّذِيْنَ لَا يُؤْمِنُوْنَ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنَّا عٰمِلُوْنَ ﴿١٢١﴾

၁၂၁။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် အီမာန်ယုံကြည်သူတို့အား (ဤသို့)ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့သည် (မိမိတို့နေရာတွင် မိမိတို့)တတ်စွမ်းနိုင်သမျှ ကျင့်မူကြလေကုန်။ ဧကန်စင်စစ် ငါတို့သည်လည်း (မိမိတို့အနေနှင့်) ဆန့်ကျင်လျက်ပင် ရှိကြကုန်သည်။

وَانْتَظِرُوْا اِنَّا مُنْتَظِرُوْنَ ﴿١٢٢﴾

၁၂၂။ ထို့ပြင် အသင်တို့ မျှော်ကြလေကုန်၊ ဧကန်အမှန် ငါတို့သည်လည်း စောင့်မျှော်သူ များပင် ဖြစ်ကြပေသည်။

---

① အထက်တွင် တမန်တော်များအနက် အချို့တမန်တော်များ၏ အတ္ထုပ္ပတ္တိများကို မိန့်ဆိုထားတော်မူ၏။ ယခုကဏ္ဍအဆုံးတွင် အဆိုပါ အတ္ထုပ္ပတ္တိများ၏ အချို့အကျိုးအာနိသင်များကို မိန့်ဆိုထားတော်မူ၏။

အတိတ်ခေတ်လူမျိုးများနှင့် တမန်တော်များ၏ အတ္ထုပ္ပတ္တိများကို ကြားသိရခြင်းအားဖြင့် တမန်တော်မြတ်အား စိတ်နလုံးသည် အတိုင်းမသိ ပိုမိုရှုပ်ထွေးခြင်းမရှိဘဲ ကြံ့ခိုင်သွားပေသည်။ နောက်လိုက်တပည့်များသည်လည်း မှန်ကန်သောအကြောင်း၊ စကားများကို သိရှိသွားကြရပေသည်။ ထို့ပြင်တဝ ယင်းအတ္ထုပ္ပတ္တိများတွင် အဆုံးအမ ဩဝါဒများလည်း ပါရှိပေသည်။

အတိတ်ခေတ်များတွင် အချို့လူမျိုးများသည် ထိုထိုဤဤ အလီလီသော ပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့်အတွက် ပျက်စီးသွားခဲ့ကြရ၏။ အချို့သူမွန်သူမြတ်များသည် အကြင်သို့သော တရားလမ်းစဉ်များကို လိုက်နာကျင့်သုံးခဲ့ကြသည့်အတွက် လွတ်မြောက်သွားခဲ့ကြ၏။

ဤသည့် အကြောင်းများကို ကြားသိရသောအခါ ပုဂ္ဂိုလ်တစ်ဦးသည် လူ့သဘာဝအလျောက် ပျက်စီးစေသည့်လမ်းစဉ်ကို ရှောင်ကြဉ်၍ လွတ်မြောက်စေသည့် တရားလမ်းစဉ်ကို လိုက်နာကျင့်သုံးရန် ကြိုးစားလာပေသည်။

အမှန်မှာ ကုရ်အာန်ကျမ်းမြတ်တွင်ပါရှိသည့် အတ္ထုပ္ပတ္တိများသည် စိတ်နလုံးများကို ပျော့ပြောင်းစေသည်။ နူးညံ့သိမ်မွေ့စေသည်။ ထိရောက်ပေသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦး၌ လူ့ကျင့်ဝတ်နှင့် အလွှာတ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှု အနည်းငယ်မျှပင်ရှိသော် ထိုသို့သောပုဂ္ဂိုလ်တစ်ဦးသည် ကုရ်အာန်ကျမ်းလာ အတ္ထုပ္ပတ္တိများကို ကြားနာပြီး စိတ်နလုံးမထိခိုက်ဘဲ အလျင်းမနေနိုင်ပေ။

وَلِلَّهِ غَيْبُ السَّمٰوٰتِ وَالْأَرْضِ وَإِلَيْهِ يُرْجَعُ الْأَمْرُ كُلُّهُ فَاعْبُدْهُ وَتَوَكَّلْ عَلَيْهِ ۚ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ ﴿١٢٣﴾

၁၂၃။ စင်စစ် သော်ကား မိုးကောင်းကင်များ၌ လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ မမြင်နိုင် သောအရာများ(ကို စိုးပိုင်ခြင်းနှင့် သိစွမ်းနိုင်ခြင်း) သည် အလွှာဟ်အရှင်မြတ်၌သာလျှင် ရှိပေသည်။ ထိုမှတစ်ပါး အရေးကိစ္စအလုံးစုံတို့သည် ထိုအရှင်မြတ် အထံသို့သာလျှင် ပြန်လည်ရောက်ခြင်းကို ခံကြရပေ မည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင် သည် ထိုအရှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ် ပါလေ။ ၎င်းပြင် အသင်သည် ထိုအရှင်မြတ်အပေါ် ၌သာလျှင် ယုံကြည်စိတ်ချလွှဲအပ်ပါလေ။ စင်စစ်သော် ကား အသင်၏အရှင်မြတ်သည် အသင်တို့ကျင့်မှု လျှက် ရှိကြသည်များကို မေ့လျော့တော်မူမည့် အရှင် မြတ်မဟုတ်ချေ။ ၁

---

① ဆိုလိုသည်ကား တမန်တော်မြတ်သည် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ နောင့်ယှက်မှုများကို ကြည့်၍ စိတ်ပျက် တော်မူရန်မလိုပေ။ တမန်တော်မြတ်သည် မိမိတာဝန်များကိုသာ ကျေပွန်စွာ ထမ်းဆောင်လျက် ရှိနေတော်မူရ ပေမည်။ ယင်းကာဖိရ်၊ မုရှ်ရစ်က်တို့၏ပြဿနာကို အလွှာဟ်အရှင်မြတ်အားသာလျှင် လွှဲအပ် ထားတော် မူရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် မိုးမြေနှင့်တကွ ကမ္ဘာ့အဝှန်း၌ ဖြစ်ပျက်သမျှသော ကိစ္စအဝဝတို့ကို အကြွင်းမဲ့ သိတော်မူသည်။ ထိုအရှင်မြတ်အဖို့ ဖုံးကွယ်နေသောအရာဟူ၍ အလျှင်းမရှိပေ။ ထို့ပြင်တဝ ကိစ္စအဝဝတို့သည် ထိုအရှင်မြတ်ထံတော်ပါးသို့ ရောက်ရှိရမည်သာဖြစ်သည်။ ထိုအခါ ယင်းကာဖိရ်၊ မုရှ်ရစ်က်တို့သည် ၎င်းတို့၏ မှားယွင်းမှု ကျူးလွန်မှုများကို ကောင်းစွာ သိရှိသွားကြပေလိမ့်မည်။ သို့ဖြစ်ပေရာ တမန်တော်မြတ်သည် စိတ်ရောကိုယ်ပါ အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်၍ပင် နေတော်မူရပေမည်။ ထိုအရှင်မြတ်အားသာလျှင် အစစအရာရာ ယုံကြည်လွှဲအပ်၍ ထားတော်မူရပေမည်။ ထိုအရှင်မြတ်သည် အသင်တို့၏ ဖြူစင်သောအကျင့်အမူများကို လျစ်လျူရှုတော်မူမည် မဟုတ်၊ ထိုအကျင့်အမူများအတွက် လျော်ကန်သင့်မြတ်သော ကုသိုလ်အကျိုးများကို မုချချီးမြှင့်တော်မူပေမည်။

တမန်တော်ယူစုဖ်ကဏ္ဍ

سُوْرَةُ يُوْسُفَ

'စူရဟ် ယူစုဖ်' သည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။
ဤကဏ္ဍတွင် အာယတ်တော် ၁၁၁ နှင့် ရုကူအ်အပိုဒ် ၁၂ အသီးသီးပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အစဉ်မပြတ် သနားကြင်နာတော်မူထသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ۚ ①

၁။ 'အလစ်ဖ်၊ လာမ်၊ ရာ' [၁]

ဤသည်တို့ကား အလွန်ထင်ရှားသော ကျမ်းဂန်၏ စာပိုဒ်များပင် ဖြစ်ကြပေသတည်း။

اِنَّآ اَنْزَلْنٰهُ قُرْءٰنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُوْنَ ②

၂။ ဧကန်မလွဲ ငါအရှင်မြတ်သည် ယင်းကျမ်းဂန်ကို အသင်တို့နားလည်အံ့သောငှာ (စကားအဖွဲ့အနွဲ့ အသုံးအနှုန်း အလွန်ကောင်းသော) ကုရ်အာန်ကျမ်း တော်မြတ်အဖြစ် အရဗီဘာသာစာပေဖြင့် ချပေးသနားတော်မူခဲ့၏။ [၂]

---

① 'အလစ်ဖ်၊ လာမ်၊ ရာ'
ဤကဲ့သို့ အနက်အဓိပ္ပာယ် လျှို့ဝှက်ထားသည့် သဒ္ဒေါပအက္ခရာစုကို (حروف مقطّعة) ဟုခေါ်သည်။ 'အလစ်ဖ်၊ လာမ်၊ရာ' ဟူသော အက္ခရာစုသည် ကုရ်အာန်ကျမ်းမြတ်တွင် (၅)နေရာ၌လာရှိသည်။ ကြည့်-ကုရ်အာန်(၁၀း၁။ ၁၁း၁။ ၁၂း၁။ ၁၄း၁။ ၁၅း၁။) ကုရ်အာန်ကျမ်းမြတ် (၁၃း၁)တွင် 'အလစ်ဖ်၊ လာမ်မီး၊ ရာ' ဟူ၍လာရှိ၏။

② အရဗီဘာသာစာပေသည် ဘာသာစာပေအားလုံးတို့တွင် စကားအကြွယ်အဝဆုံးလည်း ဖြစ်၏။ အပြောင်မြောက်ဆုံးလည်း ဖြစ်၏။ အနက်အဓိပ္ပာယ် အသက်ရောက်ဆုံး၊ အစူးရှဆုံးလည်း ဖြစ်၏။ စာစီစာကုံးအနှုန်းအဖွဲ့တွင်လည်း ဂုဏ်အမြောက်ဆုံးဖြစ်၏။ ထို့အတွက်ကြောင့်လည်း ကမ္ဘာ့တသက် တည်ရှိမည့် ကုရ်အာန်ကျမ်းမြတ်ကို ယင်းအရဗီဘာသာစာပေဖြင့် ထုတ်ပြန်ချမှတ်ထားတော် မူခြင်းဖြစ်သည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကိုယ်တော်တိုင်ပင် အရဗ်မျိုးနွယ်ဝင်ဖြစ်တော်မူပေရာ ဤကမ္ဘာတွင် ကုရ်အာန်ကျမ်းမြတ်၏ အဆုံးအမ ဩဝါဒတော်များကို ဦးစွာပထမ ➤➤

نَحْنُ نَقُصُّ عَلَيْكَ أَحْسَنَ الْقَصَصِ بِمَا أَوْحَيْنَا إِلَيْكَ هَٰذَا الْقُرْآنَ ۖ وَإِنْ كُنْتَ مِنْ قَبْلِهِ لَمِنَ الْغَافِلِينَ ﴿٣﴾

၃။ ငါအရှင်မြတ်သည် အသင့်ထံ ဤကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခြင်းအားဖြင့် ငါအရှင်မြတ်သည် အသင်၏ရှေ့ဝယ် အကောင်းဆုံးသော အကြောင်း အတ္ထုပ္ပတ္တိတစ်ခု ၁ ကို ပြန်၍ ပြောကြားတော်မူလေသည်။ စင်စစ်သော်ကား အသင်သည် ထိုကုရ်အာန် မကျရောက်မီ အလျင်က (ဤအကြောင်း အတ္ထုပ္ပတ္တိကို) အလျင်း မသိသူတစ်ဦးပင် ဖြစ်ခဲ့ပေသတည်း။ ၂

➤➤ ကြားနာရမည့် လူမျိုးမှာ အရပ်လူမျိုးပင် ဖြစ်ကြရပေမည်။ ထိုမှတစ်ဆင့် ကမ္ဘာ့လူမျိုးအသီးသီးတို့ထံသို့ ပျံ့နှံ့သွားရပေမည်။ ဤသည့်သဘောကို (لَعَلَّكُمْ تَعْقِلُونَ) ၌ ညွှန်ပြထားတော်မူသည်။ ဆိုလိုသည်ကား 'အို-အရပ်အမျိုးသားတို့၊ အသင်တို့၏ ဘာသာစာပေဖြင့် ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန် ချမှတ်ထားတော်မူခြင်း၏ အကြောင်းများအနက် အကြောင်းတစ်ရပ်မှာ အသင်တို့သည် ဤကုရ်အာန်ကျမ်းမြတ်၏ ရသာအမြိုက်ကို ဦးစွာပထမ ခံစားကြကုန်၊ ထို့နောက် ကမ္ဘာ့အဝှန်းရှိ လူမျိုးအသီးသီးတို့အား ခံစားစေကြကုန်' ဟူ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အီဗ်နူကဆီရ်ကျမ်းတွင် အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

အမြင့်မြတ်ဆုံးသော ကျမ်းတော်သည် အမြင့်မြတ်ဆုံးသော ဘာသာစာပေဖြင့် အမြင့်မြတ်ဆုံးသော တမန်တော်မြတ်ထံသို့ အမြင့်မြတ်ဆုံးသော ကောင်းကင်တမန်တော်မှတဆင့် အမြင့်မြတ်ဆုံးသော ဒေသတွင် ကျရောက်လာခဲ့၏။ ထို့ပြင်တစ်ဝ ယင်းကျမ်းမြတ် စတင်ကျရောက်လာခဲ့သည်မှာလည်း အမြင့်မြတ်ဆုံးသော လဖြစ်သည့် ရမသွာန်လမြတ် ဖြစ်ပေသည်။ ဤသို့အားဖြင့် ယင်းကုရ်အာန်ကျမ်းမြတ်သည် အဘက်ဘက်မှ ပြည့်ဝစုံလင်လှ၏။ အီဗ်နူကဆီရ်၊ အ-၂။ စ-၄၆၆။

③ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူ၍ အလွန်ကောင်းမွန်သော အတ္ထုပ္ပတ္တိတစ်ရပ်ကို အလွန်ကောင်းမွန်သော အစီအစဉ်ဖြင့် တမန်တော်မြတ်အား ပြောပြတော်မူသည်။ ထိုအတ္ထုပ္ပတ္တိကား အခြားမဟုတ်၊ တမန်တော်ယူစုဖ်(အလိုင်ဟ္စလာမ်)၏ အတ္ထုပ္ပတ္တိပင် ဖြစ်ပေသည်။

တမန်တော်ယူစုဖ်၏ အတ္ထုပ္ပတ္တိကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ် စီရင်သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည့် 'တာက်ဒီရ်' ကို အဘယ်တစ်စုံတစ်ခုသောအရာကမျှ မပြောင်းလဲနိုင်ကြောင်း အလ္လာဟ်အရှင်မြတ် မြွောက်စားတော်မူလိုသူတစ်ဦးအား ကမ္ဘာ့အဝှန်းသည် မိမိတို့၌ ရှိရှိသမျှသော အစွမ်းသတ္တိများကို အသုံးပြုပြီး ဖျက်ဆီးရန် ကြိုးစားသော်လည်း ဖျက်ဆီးနိုင်မည်မဟုတ်ကြောင်း။ ဇွဲသတ္တိ၊ တည်ကြည်မှု၊ ကြံ့ခိုင်မှုသည် လောကီ လောကုတ္တရာရေးများတွင် အောင်မြင်မှုသာဖြစ်ကြောင်း၊ မနာလိုစိတ်သည် မိမိကိုယ်ကိုသာ နစ်နာပျက်စီး ဆုံးရှုံးစေကြောင်း။ လူ၏အသိဉာဏ် အမြော်အမြင်သည် အလွန်အဖိုးတန်သော စွမ်းရည်သတ္တိတစ်ခု ဖြစ်ကြောင်း၊ ယင်းစွမ်းရည်သတ္တိဖြင့် လူသည် မြောက်မြားစွာသော အခက်အခဲများကို ကျော်လွန်နိုင်ကြောင်း၊ မိမိ၏ဘဝ သက်တမ်းကိုလည်း တိုးတက်ကြီးပွား အောင်မြင်စေနိုင်ကြောင်း၊ ကိုယ်ကျင့်တရား ကောင်းမြတ်မှု၊ ကာယိန္ဒြေ ထိန်းသိမ်းမှုသည် မိတ်ဆွေရင်းချာများ၏ မျက်စိ၌မဆိုထားဘိ၊ ရန်သူများ၏ မျက်စိ၌ပင် နောက်ဆုံး ဂုဏ်သရေတင့် တယ်မြတ်နိုးဘွယ် ဖြစ်စေကြောင်းများနှင့် ဤကဲ့သို့သော အခြားမြောက်မြားစွာသော ➤➤

إِذْ قَالَ يُوسُفُ لِأَبِيهِ يَا أَبَتِ إِنِّي رَأَيْتُ أَحَدَ عَشَرَ كَوْكَبًا وَالشَّمْسَ وَالْقَمَرَ رَأَيْتُهُمْ لِي سَاجِدِينَ ④

قَالَ يَا بُنَيَّ لَا تَقْصُصْ رُؤْيَاكَ عَلَىٰ إِخْوَتِكَ فَيَكِيدُوا لَكَ كَيْدًا ۖ إِنَّ الشَّيْطَانَ لِلْإِنسَانِ عَدُوٌّ مُّبِينٌ ⑤

၄။ (ပြန်လည်သတိရပါလေ) တရံရောအခါဝယ် (နဗီတမန်တော်)ယူစုဖ်သည် မိမိဖခမည်းတော် (နဗီတမန်တော် ယအ်ကူဗ်)အား (ဤသို့) ပြောဆို လျှောက်ထားခဲ့လေသည်။ အို-ခမည်းတော်၊ ဇကနဒ်စင်စစ် အကျွန်ုပ်သည် (အိမ်မက်တွင်) ကြယ်တာရာ (ဂြိုလ်နက္ခတ်)ဆယ့်တစ်လုံးကိုလည်းကောင်း၊ သူရိယနေကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း၊ [၁] မိမိအား 'စတ်ဂျဒဟ်' ပျဝပ်ဦးချလျက် ရှိကြသည်ကို တွေ့မြင်ခဲ့ရပါသတည်း။ [၂]

၅။ (ထိုအခါ ခမည်းတော် နဗီတမန်တော်ယအ်ကူဗ်က ဤသို့)ပြန်ကြားခဲ့လေ၏။ အို-ချစ်သား၊ အသင်သည် မိမိအိပ်မက်ကို မိမိညီနောင်များရှေ့တွင် ပြော၍မပြလေနှင့်။ သို့ပြောပြခဲ့ပါလျှင် ၎င်းတို့သည် အသင်နှင့်ဆန့်ကျင်၍အကြံအစည်တစ်ခုခုကို လျှို့ဝှက်ကြံစည်ကြပေလိမ့်မည်။ [၃] ဇကနဒ်မလွဲ ရှိုင်တွာန်မိစ္ဆာကောင်သည်ကား လူတို့၏ အလွန်ထင်ရှားသော ရန်သူပင် ဖြစ်ချေသတည်း။

➤➤ ကောင်းမွန်သည့် အချက်များ၊ လိုက်နာကျင့်သုံးဘွယ်ရာ စံနမူနာများကို တွေ့ရှိရပေသည်။ ထို့အတွက်ကြောင့်လည်း ဤသည့် အတ္ထုပ္ပတ္တိကို 'အကောင်းမွန်ဆုံးသော အတ္ထုပ္ပတ္တိ' ဟူ၍ အမည်ပေးကင်ပွန်းတပ်ထားတော်မူခြင်း ဖြစ်ပေသည်။

① ဤကဏ္ဍကို ငါအရှင်မြတ်သည် အသင့်ထံသို့ ထုတ်ပြန်ချမှတ်တော်မမူမီ အလျင် အသင်သည် ဤအတ္ထုပ္ပတ္တိကို အလျင်းမသိခဲ့ချေ။ ဤသည့်အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍ အသင်၏စိတ်တွင် အတွေးလည်း မပေါ်ခဲ့ချေ။ အသင်၏နားများကလည်း အလျင်းမကြားဘူးခဲ့ချေ။

ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်ထံမှ ဝဟီဖြင့် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်ဖြစ်ကြောင်း ဤသည် အထောက်အထားတစ်ရပ်ပင် ဖြစ်သည်။ တဖ်စီရ်အဗူစအူဒ်။ အ-၃။ စ-၅၂။

② (رأيت) ဟူသောကြိယာသည် (رؤية) ဟူသော မူရင်းပုဒ်မှ ဆင်းသက်လာသော ကြိယာမဟုတ်၊ (رؤيا) ဟူသော မူရင်းပုဒ်မှ ဆင်းသက်လာသော ကြိယာဖြစ်သည်။ ထို့အတွက် (رأيت) သည် ရိုးရိုးမြင်ခြင်းကို ဆိုလိုသည်မဟုတ်၊ အိမ်မက်တွင် မြင်မက်ခြင်းကိုသာ ဆိုလိုသည်။

③ တမန်တော်ယူစုဖ်၌ ဖတူမိကွဲနောင်တော် ၁၀-ဦးနှင့်အတူ မိကွဲညီတော်တစ်ဦး၊ ပေါင်း ၁၁-ဦးရှိသည်၊ ➤➤

وَكَذٰلِكَ يَجْتَبِيْكَ رَبُّكَ
وَيُعَلِّمُكَ مِنْ تَاْوِيْلِ
الْاَحَادِيْثِ وَيُتِمُّ نِعْمَتَهٗ
عَلَيْكَ وَعَلٰٓى اٰلِ يَعْقُوْبَ كَمَآ
اَتَمَّهَا عَلٰٓى اَبَوَيْكَ مِنْ قَبْلُ
اِبْرٰهِيْمَ وَاِسْحٰقَ ۭ اِنَّ رَبَّكَ
عَلِيْمٌ حَكِيْمٌ ۝

၆။ ၎င်းပြင်ဤသို့အားဖြင့် (ထိုကဲ့သို့ပင်) အသင့်အားအသင်၏အရှင်မြတ်သည် (နဗီတမန်တော်အဖြစ် ချီးမြှောက်ရန်)ရွေးချယ်တော်မူအံ့၊ ၎င်းပြင် ထိုအရှင်မြတ်သည်အသင့်အား *အိပ်မက်ဒိဗ်ဓမ်ကို* [၅] သင်ကြားပို့ချတော်မူအံ့။ ထိုမှတစ်ပါးထိုအရှင်မြတ်သည် မိမိကျေးဇူးတော်ကို ယခင် အသင်၏ဘိုးတော်၊ ဘေးတော်များဖြစ်သော(နဗီတမန်တော်)*အီဗ်ရာဟီမ်အား*လည်းကောင်း၊ [၂] (နဗီတမန်တော်)အစ္စဟာက်အားလည်းကောင်း၊ အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူဘိသကဲ့သို့ပင် အသင့်အားလည်းကောင်း၊ *ယအ်ကူဗ်*၏သားသမီးများအားလည်းကောင်း၊ [၃] ထိုကျေးဇူးတော်ကို *အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူအံ့*၊ [၄] ဧကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

➤➤ တမန်တော်ယူစုဖ်၏ အိမ်မက်တွင် ကြယ် ၁၁ လုံးဟူသည် ထိုညီနောင် ၁၁ ဦးကို ဆိုလိုသည်။ နေနှင့်လ ဟူသည် ဖခင်ကြီးနှင့် မိခင်ကြီးတို့အား ဆိုလိုသည်။ ကြည့်-အီဗ်နူဂျရီရ်၊ အ-၁၂။ စ-၁၉။

(၃) လူ့လောကတွင် ဖတူမိကွဲညီနောင်များ၌ များသောအားဖြင့် အချင်းချင်း ဆက်ဆံမှု မပြေပြစ်သည်ကို တွေ့ရှိရတတ်ပေသည်။ တမန်တော်ယူစုဖ်၏ ညီနောင်များ၌ အချင်းချင်း ဆက်ဆံမှုမှာလည်း အဆင်မပြေခဲ့ပေ။ အဘယ်ကြောင့် ယင်းကဲ့သို့ ဖြစ်ခဲ့ရသည့်အကြောင်းရင်းကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူပေသည်။

(၄) 'တအ်ဝီလုလ်အဟာဒီဆ်' ၏ အနက်များကို များသောအားဖြင့် အိပ်မက်ဒိဗ်ဓမ် ဖတ်ခြင်းဟူ၍ ဖွင့်ဆိုကြသည်။ 'တာဝီလုလ်အဟာဒီဆ်' ဟူသောပုဒ်တွင် အိပ်မက်ဒိဗ်ဓမ်သိခြင်း၊ စကားတိုင်း၏ အလိုသဘောကိုသိခြင်း၊ ကိစ္စအဝဝနှင့်စပ်လျဉ်း၍ နောင်ဖြစ်ပေါ်လာမည့် အရေးများကို ချက်ချင်းသိခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များတွင် တမန်တော်အပေါင်းတို့၏ ဩဝါဒများ အတိတ်လူမျိုးအသီးသီးတို့၏ အတ္ထုပ္ပတ္တိများကောင်းကင်ကျ ကျမ်းဂန်များ၌ လာရှိသည့် ဒေသနာတော်များ၏ အနက်သဘောများကိုသိခြင်း ဤသည်တို့သည် ဤပုဒ်တွင် အကျုံးဝင်လေသည်။

(၅) အလ္လာဟ်အရှင်မြတ်သည် တမန်တော် အီဗ်ရာဟီမ်အား နဗီအဖြစ်မိမိ၏ အဆွေတော်အဖြစ်ချီးမြှင့်တော်မူခဲ့၏။ တမန်တော်အီဗ်ရာဟီမ်၏ရန်သူ နမ်ရူဒ်အား ကွပ်မျက်တော်မူခဲ့၏။ တမန်တော်အီဗ်ရာဟီမ်အဖို့ မီးကို ရေဖြစ်စေတော်မူခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် တမန်တော် အစ္စဟာက်အား နဗီအဖြစ် ချီးမြှင့်တော်မူခဲ့၏။ တမန်တော်ယအ်ကူဗ်ကဲ့သို့သော သားတော်တစ်ပါးကိုလည်း ပေးတော်မူခဲ့၏။ အစ္စရာအီလီမျိုးနွယ်ဝင် ➤➤

لَقَدْ كَانَ فِي يُوسُفَ وَإِخْوَتِهِ آيَاتٌ لِّلسَّائِلِينَ ﴿٧﴾

၇။ ဧကန်မလွဲ (နဗီတမန်တော်)ယူစုဖ်နှင့် ထို(နဗီတမန်တော်)ယူစုဖ်၏ နောင်တော်တို့(၏အကြောင်း အထူးပွတို့)တွင် (အမှန်တရားနှင့် ဉာဏ်ပညာကို လိုလားသူ ရှာဖွေစူးစမ်း) မေးမြန်းသူတို့အဖို့ (များစွာသော) သက်သေလက္ခဏာရပ်များရှိချေသတည်း။ [၁]

➤➤ နဗီများအားလုံးတို့သည် တမန်တော်ယအ်ကူဗ်၏ အဆက်အနွယ်များ ဖြစ်ကြပေသည်။

(၃) အလ္လာဟ်အရှင်မြတ်သည် တမန်တော်ယအ်ကူဗ်၏ အိမ်သူအိမ်သားများအား လောကီဒုက္ခများမှ ကယ်တင်တော်မူခဲ့သည်။ ထို့ပြင်တဝ တမန်တော်ယအ်ကူဗ်၏ မျိုးနွယ်ဆက်တွင် မြောက်မြားစွာသော တမန်တော်များ၊ ဘုရင်များကို ထွန်းကားစေတော်မူခဲ့၏။

(၄) အလ္လာဟ်အရှင်မြတ်သည် တမန်တော်ယူစုဖ်အား နောင်တမလွန်ဘဝ၏ သုခချမ်းသာများနှင့်တကွ ဤပစ္စက္ခ၏ သုခချမ်းသာများကို ပေးသနားတော်မူခဲ့သည်။ နဗီ၏ အဖြစ်ကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ နိုင်ငံချုပ်မင်း၏ အဖြစ်ကိုလည်း ချီးမြှင့်တော်မူခဲ့ပေသည်။ ဒုက္ခအပေါင်းမှကယ်တင်ပြီး ကိုယ်၏ချမ်းသာမှု စိတ်၏ချမ်းသာမှုများကိုလည်း ချီးမြှင့်တော်မူခဲ့၏။

(၁) တမန်တော်ယူစုဖ်နှင့် နောင်တော်များ၏ အထွဋ်ပွတို့ကို လေ့လာကြည့်လျှင် အောက်ပါ အချက် ၂-ရပ်ကို အထူးတလည် တွေ့ရှိရလေသည်။

(က) တမန်တော်ယူစုဖ်သည် အလွန်နိမ့်ကျသည့်ဘဝမှ အလွန်မြင့်မားသည့် ဘဝသို့ ရောက်ရှိလာခဲ့၏။ တမန်တော်ယူစုဖ်သည် ကလေးဘဝတွင် သိုး၊ ဆိတ်ကျောင်းခဲ့ရ၏။ နောင်တော်များ၏ မလိုမုန်းတီးခြင်းကိုပင် ခံခဲ့ရ၏၊ ကျွန်ဖြစ်ခဲ့ရ၏။ တိုင်းတစ်ပါးသို့ ရောက်ရှိလာခဲ့ရ၏။ အမျိုးသမီးများ၏ ပရိယာယ်မာယာကြောင့် မတရားသဖြင့် ထောင်တွင်းသို့ ရောက်ရှိခဲ့ရ၏။ ထိုသို့သော ဘဝဆိုးများကို ကျော်လွန်၍ နောက်ဆုံးတွင် နဗီအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရ၏။ အီဂျစ်နိုင်ငံချုပ်မင်း ဖြစ်လာခဲ့ရ၏။ တိုင်းသူပြည်သားတို့အား အစာခေါင်းပါးခြင်းကပ်မှ ကယ်တင်နိုင်ခဲ့၏။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

(ခ) ယဟူဒီများသည် တမန်တော်မြတ်အား အစွဲရာအီလီ မျိုးနွယ်ဝင်များအား အီဂျစ်ပြည်သို့ မည်သို့မည်ပုံ ရောက်ရှိလာသည့်အကြောင်းကို အထူးတလည် မေးမြန်းခဲ့ကြ၏။ တမန်တော်မြတ်ကိုယ်တိုင် ဝဟီမရောက်မီ အလျင် ဤဖြစ်စဉ်သမိုင်းကို အလျင်း သိတော်မမူခဲ့ပေ။ သို့တစေလည်း တမန်တော်မြတ်သည် အလ္လာဟ် အရှင်မြတ်၏ဝဟီဖြင့် ယဟူဒီအား စ၊လယ်၊ဆုံး တိကျမှန်ကန်စွာ ပြောပြတော်မူခဲ့လေသည်။ ဤသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နဗီဖြစ်ခြင်း၏ သက်သေလက္ခဏာတစ်ရပ်ပင်။

ဤအာယတ်တော်တွင် ဤသည်များကို ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ ဤသည့် အထွဋ်ပွတို့တွင် တရားရယူဘွယ်ရာ အချက်ကြီးငယ် အမြောက်အမြား ပါရှိပေသည်။ ဤသည့် အထွဋ်ပွတို့ကို ကြားနာရသည့်အခါ အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော် ဉာဏ်များကို သိရှိရ၏။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ မှန်ကန်မှုကိုလည်း သိရှိရ၏။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် 'အွန်မ်မီ' ဖြစ်တော် မူသည်။ သို့ပါလျက် ယခုကဲ့သို့ တိကျမှန်ကန်သော ရာဇဝင် အထွဋ်ပွတို့ကို ထုတ်ဖော် ပြောကြားတော်မူနိုင်ခဲ့ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ဝဟီကြောင့်သာလျှင် ဖြစ်နိုင်ပေသည်။

إِذْ قَالُوا۟ لَيُوسُفُ وَأَخُوهُ
أَحَبُّ إِلَىٰٓ أَبِينَا مِنَّا وَنَحْنُ
عُصْبَةٌ إِنَّ أَبَانَا لَفِى
ضَلَٰلٍ مُّبِينٍ ﴿٨﴾

إِقْتُلُوا۟ يُوسُفَ أَوِ ٱطْرَحُوهُ
أَرْضًا يَخْلُ لَكُمْ وَجْهُ أَبِيكُمْ
وَتَكُونُوا۟ مِنۢ بَعْدِهِۦ قَوْمًا
صَٰلِحِينَ ﴿٩﴾

၈။ တရံရောအခါ ထိုနောင်တော်များက ငါတို့သည် (အားအင်တောင့်တင်းသော) အုပ်စုကြီးတစ်ခုဖြစ်ပါလျက် ယူစုဖ်နှင့် ၎င်း၏ညီသည် ငါတို့၏ဖခင်ကြီးထံ၌ ငါတို့ထက်ပင် ပိုမို၍ ချစ်ခင်ယုယခြင်း ခံနေကြရသည်။ [၁] ဧကန်မုချ ငါတို့၏ခမည်းတော်သည် ထင်ရှားစွာသော အထင်အရှား လွဲမှားနေချေပြီဟု [၂] အချင်းချင်း ပြောဆိုကြလေသည်။

၉။ (၎င်းတို့အနက် တစ်ဦးက ဤသို့ပြောဆိုအကြံပေးခဲ့လေသည်။) အသင်တို့သည် ယူစုဖ်အား သတ်ပစ်ကြလေကုန်၊ သို့တည်းမဟုတ်၎င်းအား တိုင်းတစ်ပါးသို့ (သွားရောက်)စွန့်ပစ်ခဲ့ကြလေကုန်၊ သို့မှသာလျှင် အသင်တို့၏ခမည်းတော်သည် အသင်တို့ဘက်သို့ပြန်လှည့်၍မျက်နှာသာပေးရပေလိမ့်မည်၊ [၃] ထို့နောက်အသင်တို့သည် (အလွှာဟ်အရှင်မြတ် အထံတော်၌ မိမိတို့အပြစ်ကိုဝန်ချတောင်းပန်ကာ) ဖြောင့်မှန်သောလူစုပြန်၍ဖြစ်ကြလေကုန်။(လိမ့်မည်။)

---

① ဖခင်ကြီး တမန်တော်ယအ်ကူဗ်သည် ယူစုဖ်နှင့် ၎င်း၏(ဖတူမိတူ)ညီ ဗင်န်ယာမိန်ကို အလွန်ချစ်ခင်မြတ်နိုးလေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ညီအစ်ကို ၂-ဦးသည် ကျန် ဖတူမိကွဲ နောင်တော်ကြီး ၁၀-ဦးထက် ငယ်ကြပေသည်။ မိခင်မှာ ကွယ်လွန်သေဆုံးနှင့်ပြီးဖြစ်သည့်အတွက် ထိုညီနောင် ၂-ဦးတို့မှာ မိတဆိုးများလည်း ဖြစ်ကြပေသည်။ အထူးသဖြင့် သားတော်ယူစုဖ်သည် နောင်အနာဂါတ်ကာလတွင် အလွန်ကြီးကျယ်မည့်အကြောင်း၊ တမန်တော်တစ်ပါးဖြစ်မည့်အကြောင်းကို ဖခင်ကြီး တမန်တော်ယအ်ကူဗ်သည် မိမိ၏ထိုးထွင်းဉာဏ်ဖြင့်သော်လည်းကောင်း ကြိုတင်သိနှင့်ထား၏။ ထိုမှတစ်ပါး၊ သားတော်ယူစုဖ်၏ အဆင်းလှမှု၊ အချင်းကောင်းမှု၊ အတွင်းအပြင် ပြည့်ဝစုံလင်မှုများသည်လည်း ဖခင်ကြီး၏မေတ္တာစိတ်ကို မိမိဘက်သို့ ဆွဲဆောင်လျက်ရှိပေသည်။ သားတော်ယူစုဖ်တို့ ညီနောင် ၂-ဦးအား ဖခင်ကြီးက ပိုမိုချစ်ခင်မြတ်နိုးသည်ကို ကျန်နောင်တော်များသည် မနှစ်သက်ကြပေ။ နောင်တော်များက 'အရေးကိစ္စအဝဝတွင် ငါတို့သာ အသုံးဝင်ကြသည်။ ငါတို့သည် အင်အားကြီးမားသော အုပ်စုကြီးတစ်ခုဖြစ်သည်။ ဖခင်ကြီး အသက်အရွယ် ကြီးပြင်းလာသည့်အခါ ငါတို့သာလျှင် အသုံးဝင်ကြပေမည်။ ယူစုဖ်နှင့် ဗင်န်ယာမိန်သည် ငယ်ရွယ်သော ကလေးများသာဖြစ်ကြပေသည်။

ဖခင်ကြီးသည် ထိုညီနောင် ၂-ဦးတို့အား အားထားနိုင်သည်မဟုတ်၊ ငါတို့သည်သာ ➤➤

قَالَ قَآئِلٌ مِّنْهُمْ لَا تَقْتُلُوْا
يُوْسُفَ وَاَلْقُوْهُ فِيْ غَيٰبَتِ
الْجُبِّ يَلْتَقِطْهُ بَعْضُ
السَّيَّارَةِ اِنْ كُنْتُمْ
فٰعِلِيْنَ ۝١٠

၁၀။ ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက (ဤသို့) ပြောဆိုပြန်၏။ (အချင်းတို့) အသင်တို့သည် ယူစုဖ်အား မသတ်ကြပါလေနှင့်၊ သို့ရာတွင် အကယ်၍ အသင်တို့သည် (တစ်စုံတစ်ရာကို မုချ) ပြုလုပ်ကြတော့မည်သူများ ဖြစ်ကြပါလျှင် အသင်တို့သည် ၎င်းအား ရေတွင်း၏ စောက်နက်ထဲသို့ ပစ်ချကြလေကုန်၊ ၎င်းအား ခရီးသည်စုအနက်မှ တစ်ဦးဦးသည် (ထိုရေတွင်းထဲမှ) ဆယ်ယူသွားပေလိမ့်မည် ဖြစ်သတည်း။ [၁]

➤➤ အားထားနိုင်သည်။ သို့ပါလျက် ဖခင်ကြီးသည် ငါတို့ထက်ပိုလျက် ဤညီနောင် ၂-ဦးအားပို၍ ချစ်ခင် မြတ်နိုးနေပေသည်။

ဤကိစ္စတွင် ဖခင်ကြီးသည် မိမိ၏အကျိုးနှင့် မိမိ၏နစ်နာမှုကို မချင့်ချိန်နိုင်ပေ။ အမှားကြီး မှားနေပြီဟူ၍ပင် ဝေဖန်ပြောဆိုကြလေသည်။

① ဤအာယတ်တော်တွင် 'သွလာလ်' ဟူသော ပုဒ်၏ အလိုသဘောမှာ သာသနာရေးဆိုင်ရာ ယုံကြည်ချက်၌ လမ်းမှားနေခြင်း၊ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းကို ဆိုလိုသည်မဟုတ်။ လောကီရေးဆိုင်ရာ အကျိုးများကို မထောက်ထားခြင်းကိုသာ ဆိုလိုသည်။

② ညီတော်ယူစုဖ်နှင့်ပတ်သက်၍ နောင်တော်များ၏ မလိုမုန်းထားမှုသည် တစ်နေ့တခြား ပြင်းထန်လာခဲ့ရာ နောက်ဆုံးတွင် အချင်းချင်း တိုင်ပင်ကြသည်မှာ ယူစုဖ် ရှိနေမှု ကာလပတ်လုံး ငါတို့သည် ဖခင်ကြီး၏ မျက်နှာသာပေးမှုကို အလျင်း ရရှိကြမည်မဟုတ်၊ ထို့အတွက် ယူစုဖ်ကို တစ်နည်းတစ်ဖုံ ရှင်းပစ်ကြရမည်။ အသင်တို့သည် ယူစုဖ်ကိုသတ်ပစ်ကြ သို့မဟုတ် တိုင်းတစ်ပါးသို့ သွားရောက်ပစ်ခဲ့ကြ။ ယူစုဖ်မရှိလျှင် ဖခင်ကြီးသည် ငါတို့ကိုသာလျှင် မျက်နှာသာပေးရလိမ့်မည်။

နောင်တော်များသည် ဗင်္ဂန်ယာမိန်၏ ပြဿနာကို အရေးကြီးလှသည်ဟူ၍ မထင်မှတ်ခဲ့ကြပေ။ ဗင်္ဂန်ယာမိန်အား ဖခင်ကြီး၏ချစ်ခြင်းမှာ ယူစုဖ်ကြောင့်ပင်ဖြစ်သည်ဟူ၍ ယူဆခဲ့ကြပေသည်။

③ ညီတော် ယူစုဖ်အား မသတ်ဖြတ်ကြရန် ပြောဆိုသူမှာ ယဟူဒါ (Judah) ဖြစ်သည်။ ယဟူဒါ ပြောဆိုလိုသည်မှာ - အသင်တို့သည် ယူစုဖ်အား မသတ်ကြကုန်နှင့်၊ သတ်ဖြတ်ခြင်းသည် အလွန်ဆိုးရွားလှ၏။ အပြစ်အလွန်ကြီး၏။ ငါတို့၏လိုအင်ဆန္ဒသည် ယူစုဖ်ကို မသတ်ဖြတ်ပဲနှင့်လည်း ပြည့်ဝနိုင်သည်။ ငါတို့သည် ယူစုဖ်ကို ဤနေရာမှ တစ်နည်းတစ်ဖုံ ဖယ်ရှားပစ်ချင်ကြသည်။ ဤကိစ္စအတွက် အလွယ်ဆုံးနည်းမှာ ရပ်ရွာနှင့် ဝေးကွာကမ်းလှမ်းသောနေရာသို့ သွားရောက်၍ ရေတွင်းပျက်တစ်ခုထဲသို့ ယူစုဖ်ကို ပစ်ထားလိုက်ကြ၊ ခရီးသည် တစ်ဦးဦးသည် ရေငင်ရန် လာသည့်အခါ ယူစုဖ်ကိုတွေ့လျှင် ယူဆောင်သွားလိမ့်မည်။ ဤသို့လုပ်ခြင်းအားဖြင့် ငါတို့သည် လူသတ်မှု ကျူးလွန်ရာလည်း ရောက်ကြမည် မဟုတ်၊ ငါတို့၏ အလိုဆန္ဒလည်း ပြည့်သွားပေမည်။

قَالُوْا يٰٓاَبَانَا مَا لَكَ لَا تَاْمَنَّا
عَلٰى يُوْسُفَ وَاِنَّا لَهٗ
لَنٰصِحُوْنَ ﴿١١﴾

၁၁။ (ထို့နောက်) ၎င်းတို့သည် (ဖခမည်းတော်ထံ သွားရောက်ပြီး ဤသို့)ပြောဆိုလျှောက်ထားကြကုန်၏။ အို-ကျွန်ုပ်တို့၏ဖခမည်းတော်၊ ခမည်းတော်သည် ယူစုဖ်နှင့် ပတ်သက်၍ ကျွန်ုပ်တို့အပေါ်၌ *အဘယ်ကြောင့် စိတ်မချပါသနည်း။* [3] စင်စစ်သော်ကား ကျွန်ုပ်တို့သည်၎င်းနှင့်ပတ်သက်၍ ကောင်းကျိုးကိုသာ လိုလားသူများ ဖြစ်ကြပါသည်။

اَرْسِلْهُ مَعَنَا غَدًا يَّرْتَعْ
وَيَلْعَبْ وَاِنَّا لَهٗ
لَحٰفِظُوْنَ ﴿١٢﴾

၁၂။ (သို့ပါ၍) ခမည်းတော်သည် ယင်းယူစုဖ်အားနက်ဖြန်နံနက် ကျွန်ုပ်တို့နှင့်အတူ ပျော်ပျော်ရွှင်ရွှင်စားသောက် ကစားနိုင်ရန်အလို့ငှာလွှတ်ပါ။ ကျွန်ုပ်တို့သည် ဧကန်အမှန် ၎င်းအား (ဘေးရန်ခပ်သိမ်းတို့မှကာကွယ်)စောင့်ရှောက်မည့်သူများပင် ဖြစ်ကြပါသည်။

قَالَ اِنِّيْ لَيَحْزُنُنِيْٓ اَنْ
تَذْهَبُوْا بِهٖ وَاَخَافُ
اَنْ يَّاْكُلَهُ الذِّئْبُ وَاَنْتُمْ
عَنْهُ غٰفِلُوْنَ ﴿١٣﴾

၁၃။ (ထိုအခါ ၎င်းတို့၏ခမည်းတော်က ဤသို့)ဖြေဆိုပြန်ကြားခဲ့လေသည်။ (အို-ငါ၏ချစ်သားတို့) ဧကန်စင်စစ် ငါသည်အသင်တို့ ထိုယူစုဖ်အား ခေါ်ဆောင်သွားခြင်းအားဖြင့်ပူဆွေးရမည်မှာဧကန်မလွဲပင်။ ထိုမှတစ်ပါး အသင်တို့သည် ထိုယူစုဖ်အား သတိမမူမေ့လျော့နေစဉ်အခိုက် ၎င်းအား ဝံပုလွေကိုက်စားမည်ကိုလည်း ငါသည် စိုးရိမ်မိပေသတည်း။

قَالُوْا لَئِنْ اَكَلَهُ الذِّئْبُ
وَنَحْنُ عُصْبَةٌ اِنَّآ اِذًا
لَّخٰسِرُوْنَ ﴿١٤﴾

၁၄။ (ထိုအခါ နောင်တော်များက ဤသို့)လျှောက်ထားခဲ့ကြပြန်၏။ (အို-ဖခမည်းတော်) အမှန်စင်စစ် ကျွန်ုပ်တို့သည် ရင်းနှီးပွန်းတီး အားအင်တောင့်တင်းသောအုပ်စုတစ်စုပင်ဖြစ်ကြပါလျက် အကယ်၍ ထိုယူစုဖ်အား ဝံပုလွေကိုက်စားခဲ့ပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင်ပျက်စီးဆုံးပါးသူများသာဖြစ်ကြပါလိမ့်မည်။

---

① ကုရ်အာန်ကျမ်းလာ ဤအာယတ်တော်ကိုထောက်ရှုခြင်းအားဖြင့် နောင်တော်များသည် ယခင်ကလည်း ➤➤

فَلَمَّا ذَهَبُوا بِهٖ وَاَجْمَعُوْٓا اَنْ يَّجْعَلُوْهُ فِيْ غَيٰبَتِ الْجُبِّ ۚ وَاَوْحَيْنَآ اِلَيْهِ لَتُنَبِّئَنَّهُمْ بِاَمْرِهِمْ هٰذَا وَهُمْ لَا يَشْعُرُوْنَ ﴿١٥﴾

၁၅။ ထို့နောက် ထိုနောင်တော်တို့သည် ထိုယူစုဖ်အား ခေါ်ဆောင်သွားကြပြီးလျှင် ၎င်းအားရေတွင်း၏ စောက်နက်ထဲတွင် ပစ်ချကြရန် တညီတညွတ်တည်း ပြဋ္ဌာန်းခဲ့ကြသောအခါ ငါအရှင်မြတ်သည် ထိုယူစုဖ်ထံ (အို-ယူစုဖ်) အသင်သည် (တချိန်တွင်) ၎င်းတို့အား ၎င်းတို့၏ ဤအပြုအမူကို အမှန်ပင် ထုတ်ဖော်၍ ပြောကြားမည်ဖြစ်၏။ သို့ရာတွင် (ထိုအချိန်တွင်) ၎င်းတို့သည် အသင်အား သိရှိ၍ မှတ်မိကြ လိမ့်မည် မဟုတ်ကြောင်း အမိန့်တော် ထုတ်ပြန်တော်မူခဲ့ပေသတည်း။

وَجَآءُوْٓ اَبَاهُمْ عِشَآءً يَّبْكُوْنَ ﴿١٦﴾

၁၆။ ထို့နောက် ယင်းနောင်တော်များသည် ၎င်းတို့၏ဖခမည်းတော်ထံသို့ ညဦးမှောင်ခါစအချိန်တွင် ငိုကြွေးလျက် (ပြန်)လာခဲ့ကြလေသည်။ ၃

قَالُوْا يٰٓاَبَانَآ اِنَّا ذَهَبْنَا نَسْتَبِقُ وَتَرَكْنَا يُوْسُفَ عِنْدَ مَتَاعِنَا فَاَكَلَهُ الذِّئْبُ ۚ وَمَآ اَنْتَ بِمُؤْمِنٍ لَّنَا وَلَوْ كُنَّا صٰدِقِيْنَ ﴿١٧﴾

၁၇။ (ခမည်းတော်ထံသို့ရောက်လတ်သော် ဤသို့) လျှောက်ထားခဲ့ကြသည်။ အို-ကျွန်ုပ်တို့၏ ဖခမည်းတော် ဧကန်အမှန်ကျွန်ုပ်တို့သည် ယူစုဖ်အား မိမိတို့၏ပစ္စည်း(အဝတ်အစား)များ အနီးတွင် (အစောင့်) ထားခဲ့ပြီး အပြေးပြိုင်ရန် သွားခဲ့ကြပါသည်။ သို့ဖြစ်သောကြောင့် ထိုယူစုဖ်အား ဝံပုလွေသည် ကိုက်စားပစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် (မည်မျှပင်) သစ္စာဝါဒီများဖြစ်ကြသော်လည်း ဖခမည်းတော်မှာ မူကား ကျွန်ုပ်တို့အား ယုံကြည်မည် မဟုတ်ပါပေ။

➤➤ ဖခင်ကြီးထံ ဤသို့ မေတ္တာရပ်ခံခဲ့ကြပြီးကြောင်း ဖခင်ကြီးသည် သားတော်ယူစုဖ်အား ၎င်းတို့နှင့် အတူ ထည့်လိုက်ရမည်ကို စိတ်မချကြောင်း သိရှိရပေသည်။

③ ညီတော်အား ရေတွင်းပျက်တစ်ခုထဲသို့ ချခဲ့ကြပြီးနောက် နောင်တော်များသည် ဖခင်ကြီးထံသို့ ပြန်လာခဲ့ကြ၏။ ယင်းသို့ ပြန်လာနေခဲ့ကြသည့်အချိန်မှာပင် မိုးချုပ်သွားသည်လည်းဖြစ်နိုင်၏။ သို့တည်းမဟုတ် နောင်တော်များသည် တမင်သက်သက် အချိန်ဆွဲလျက် မိုးချုပ်မှပင် ပြန်လာခဲ့ကြခြင်းလည်း ဖြစ်နိုင်ပေသည်။➤➤

(တနည်း)

ငင်းတို့က (ဖခင်ကြီးထံ၌) လျှောက်ထားခဲ့ကြသည်မှာ အို-ကျွန်တော်တို့၏ဖခင်၊ ဧကန်အမှန် ကျွန်တော်တို့သည် (သူ့ထက်ငါသာအောင်) အချင်းချင်း အပြေးပြိုင်၍လာခဲ့ကြပါသည်။ ငင်းပြင် ယူစုဖ်ကို ကျွန်တော်တို့၏ပစ္စည်း(များ)အနီး၌ ထားခဲ့ကြပါသည်။ သို့ဖြစ်ပေရာ (ရုတ်တရက်) ဝံပုလွေသည် သူ့ကို ကိုက်စားသွားပါသည်။ ကျွန်တော်တို့သည် အဘယ်မျှပင်မှန်ကန်သူများဖြစ်ကြသော်လည်း အသင် (ဖခင်ကြီး)ကား ကျွန်တော်တို့အား ယုံကြည်မည်မဟုတ်ပါ။ (ထာနဝီကိုမှီးသည်။)

وَجَآءُو عَلَىٰ قَمِيصِهِۦ بِدَمٍ كَذِبٍ ۚ قَالَ بَلْ سَوَّلَتْ لَكُمْ أَنفُسُكُمْ أَمْرًا ۖ فَصَبْرٌ جَمِيلٌ ۖ وَٱللَّهُ ٱلْمُسْتَعَانُ

၁၈။ ထို့ပြင် ငင်းတို့သည် ယင်းယူစုဖ်၏အင်္ကျီတွင် မဟုတ်မမှန်သောသွေးများကို (လိမ်းကျံ၍) ယူလာခဲ့ကြလေသည်။ (ထိုအခါ ဖခမည်းတော်က ဤသို့) ပြောဆို ဖြေကြားခဲ့လေသည်။ (အို-ချစ်သားတို့) ထိုသို့အလျင်းမဟုတ် စင်စစ်မှာကား အသင်တို့၏စိတ်နှလုံးသည် အသင်တို့အဖို့ အကြောင်းတစ်ခုကို ပရိယာယ်ဆင်ပေးခဲ့ခြင်းသာ [၁] ဖြစ်ပေသည်။

➤➤ အဘယ်ကြောင့်ဆိုသော် ငင်းတို့အဖို့ နေ့၏အလင်းရောင်တွင် ဖခင်ကြီးအား မျက်နှာပြရန် မလွယ်ပေ။ ထို့အတွက် ညဉ့်၏အမှောင်၌ ပြန်လာခဲ့ကြခြင်းဖြစ်သည်။ ညဉ့်၏အမှောင်သည် အရှက်ကင်းမဲ့မှု၊ စိတ်ဓါတ်ကြမ်းကြုတ်မှု၊ ဟန်ဆောင်မှုများကို နည်းများမဆို ဖုံးကွယ်ပေးနိုင်ပေသည်။

ပညာရှင်ကြီး အအ်မရှ်က 'ကျွန်ုပ်တို့သည် တမန်တော်ယူစုဖ်၏ နောင်တော်များ၏ ငိုကြွေးသံကို ကြားရပြီးနောက်တွင်မူ လူတစ်ဦးတစ်ယောက်အား မျက်ရည်ကျရုံမျှဖြင့် လူမှန်ဟူ၍ မယူဆနိုင်ပေ' ဟု ပြောဆိုခဲ့လေသည်။ ဤစကားမှန်စွ။

① နောင်တော်များသည် ဆိတ် သို့မဟုတ် သမင်စသည့် တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ပြီး ထိုတိရစ္ဆာန်၏သွေးဖြင့် ညီတော်ယူစုဖ်၏ အင်္ကျီကို လိမ်းကျံ၍ ယူလာခဲ့ကြ၏။ ယင်းသို့ပြုလုပ်ခြင်းမှာ ညီတော်ယူစုဖ်အား ဝံပုလွေကိုက်သွားကြောင်းနှင့် စပ်လျဉ်း၍ သွေးပေနေသောအင်္ကျီကို သက်သေအဖြစ် ဖခင်ကြီးအား တင်ပြနိုင်ရန် အတွက်ပင် ဖြစ်သည်။ ➤➤

عَلٰى مَا تَصِفُوْنَ ﴿١٨﴾

သို့ဖြစ်ပေရာ (ငါ၏အဖို့မှာ) သည်းခံခြင်းသည်သာ ကောင်းမြတ်ပေတော့၏။ ထို့ပြင် အလွှာဟ်အရှင်မြတ်အထံတော်၌သာလျှင် အသင်တို့ လုပ်ကြံပြောပြကြသော အကြောင်းနှင့် စပ်လျဉ်း၍ ကူညီစောင်မတော်မူရန် တိုးလျှိုးတောင်းပန်အသနားခံပြီးဖြစ်ချေသတည်း။ (တနည်း) အလွှာဟ်အရှင်မြတ်သည်ပင် ကူညီတော်မူသည် ဖြစ်ပါစေသတည်း။

وَجَآءَتْ سَيَّارَةٌ فَاَرْسَلُوْا وَارِدَهُمْ فَاَدْلٰى دَلْوَهٗ ؕ قَالَ يٰبُشْرٰى هٰذَا غُلٰمٌ ؕ وَاَسَرُّوْهُ بِضَاعَةً ؕ وَاللّٰهُ عَلِيْمٌۢ بِمَا يَعْمَلُوْنَ ﴿١٩﴾

၁၉။ ထို့နောက် ခရီးသည်တစ်စုသည် (ထိုရေတွင်းရှိရာသို့) ရောက်ရှိလာခဲ့လေသည်။ တစ်ဖန် ထိုခရီးသည်တစ်စုသည် မိမိတို့၏ရေငင်သူအား (ထိုရေတွင်းမှရေငင်ရန် စေလွှတ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ထိုရေငင်သူသည် (ရေတွင်း၌) မိမိရေပုံးကို ချခဲ့လေသည်။ (ထို့နောက် ယူစုဖ်ကို မြင်လေသော်) ထိုရေငင်သူက (ခရီးသည်တစ်စုအား ဤသို့ ဝမ်းသာအားရစွာ ဟစ်အော်၍) အို-(အချင်းတို့) ဤသည်တွင် (အလွန်ချောလှသော)လုလင်ပျိုတစ်ဦး (တွေ့ရှိရပေရာ) အလွန်ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပေသည်တကားဟု ပြောဆိုခဲ့လေသည်။ ထို့နောက် ယင်းခရီးသည်တစ်စုသည် ထိုယူစုဖ်အား ရောင်းကုန်ဝယ်ကုန်အဖြစ် လျှို့ဝှက်စွာထားရှိခဲ့ကြလေသည်။

➤➤ ဖခင်ကြီးသည် ခါနန်ပြည်၌ထိုင်လျက် အီဂျစ်မှ သားတော်ယူစုဖ် အကျိုး၏ အမွေးအနုံ့ရရှိခဲ့သေးပေရာ တိရစ္ဆာန်၏သွေးကို သားတော်ယူစုဖ်၏သွေး ဟူ၍ အသို့လျှင် ယုံမှားသံသယ ဖြစ်နိုင်အံ့နည်း။ သို့အတွက်လည်း ဖခင်ကြီးက သားကြီးများ၏ စကားကိုကြားလျှင်ကြားခြင်း 'ဤသို့မဟုတ် ဤသည် အသင်တို့၏လုပ်ဇာတ်သာဖြစ်သည်' ဟု ငြင်းဆိုခဲ့လေသည်။

တချို့တဖစ်စီရင်ချက်များတွင် လာရှိသည်မှာ ဖခင်ကြီးသည် သားကြီးများပြကြသည့် သွေးပေနေသော အင်္ကျီကိုကြည့်၍ ဩော်-ဝံပုလွေသည် အလွန်တရာမျှ သနားကြင်နာလှပေသည်။ စနစ်ဇယားလည်း ရှိလှပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဝံပုလွေသည် ယူစုဖ်ကို ကိုက်ဆွဲသွားသော်လည်း သွေးပေနေသော အင်္ကျီကိုမူ စနစ်တကျ ကောင်းမွန်စွာ ချွတ်၍ ထားခဲ့ပေသည်ဟု ပြောကြားတော်မူခဲ့လေသည်။

သို့ရာတွင် အလ္လာဟ် အရှင်မြတ်မှာမူကား ၎င်းတို့ ပြုမူလျက်ရှိသည်တို့ကို ကောင်းမွန်စွာ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူခဲ့ပေသတည်း။

وَشَرَوْهُ بِثَمَنٍۭ بَخْسٍ دَرَاهِمَ مَعْدُودَةٍ ۚ وَكَانُوا۟ فِيهِ مِنَ الزَّٰهِدِينَ ﴿٢٠﴾

၂၀။ ထို့နောက် ထို နောင်တော်များသည် ထိုယူစုဖ်အား အနည်းငယ်မျှသော အဖိုး ဒစ်ရ်ဟမ် ငွေဒင်္ဂါးများဖြင့် ရောင်းချခဲ့ကြလေသည်။ အမှန်မှာမူကား၎င်းတို့သည် ယင်းယူစုဖ်အား မလိုလားသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

وَقَالَ ٱلَّذِى ٱشْتَرَىٰهُ مِن مِّصْرَ لِٱمْرَأَتِهِۦٓ أَكْرِمِى مَثْوَىٰهُ عَسَىٰٓ أَن يَنفَعَنَآ أَوْ نَتَّخِذَهُۥ وَلَدًا ۚ وَكَذَٰلِكَ مَكَّنَّا لِيُوسُفَ فِى ٱلْأَرْضِ وَلِنُعَلِّمَهُۥ مِن تَأْوِيلِ ٱلْأَحَادِيثِ ۚ وَٱللَّهُ غَالِبٌ عَلَىٰٓ أَمْرِهِۦ وَلَٰكِنَّ أَكْثَرَ ٱلنَّاسِ لَا يَعْلَمُونَ ﴿٢١﴾

၂၁။ အီဂျစ်ပြည်မှ ထိုယူစုဖ်အား ဝယ်သူက [၁] မိမိဇနီးအား 'အသင်သည် ထိုယူစုဖ်ကို ဂုဏ်ရှိစွာ ဖြင့်ထားပါလေ၊ ၎င်းသည် ကျွန်ုပ်တို့အား အကျိုးပေးကောင်းပေးပါလိမ့်မည်။ သို့မဟုတ် ကျွန်ုပ်တို့သည် ၎င်းအား သားအဖြစ် မွေးစားထားကြမည်ဟု ပြောလေသည်။ ၎င်းပြင် ဤကဲ့သို့ပင် ငါအရှင်မြတ်သည် ယူစုဖ်အား (ထို) တိုင်းပြည်၌ နေရာပေးတော်မူခဲ့လေသည်။ [၂] ၎င်းပြင် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စကားများ၏ အနက်သဘောကို သင်ကြားပြသတော်မူရန် အလို့ငှာဖြစ်သည်။ ၎င်းပြင် အလ္လာဟ် အရှင်မြတ်သည် မိမိ၏ကိစ္စ(အဝဝ)ကို နိုင်နင်းတော်မူသောအရှင်မြတ်ဖြစ်သည်။ သို့ရာတွင် လူသားတို့အနက် အများစုသည် မသိကြပေ။ [၃]

---

① အဆိုပါကုန်သည်များသည် ညီတော်ယူစုဖ်အား ယူဆောင်၍ အီဂျစ်သို့ ရောက်ရှိလာကြပြီး ကျွန်အဖြစ်နှင့် ရောင်းစားခဲ့ကြလေသည်။ ညီတော်ယူစုဖ်အား ဝယ်ယူလိုက်သော ပုဂ္ဂိုလ်မှာ အီဂျစ်ပြည်အစိုးရ၏ ရာထူးဌာနန္တရရှင် တစ်ဦးဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်တွင် ယင်းပုဂ္ဂိုလ်၏ ဘွဲ့နာမကို 'အဇီဇ်' ဟု သုံးနှုန်းထားတော်မူပေသည်။

② အလ္လာဟ်အရှင်မြတ်သည် တမန်တော်လောင်း ယူစုဖ်အား ရေတွင်းထဲမှ ကယ်တင်တော်မူသကဲ့သို့ပင် ယခုတစ်ဖန် အီဂျစ်ပြည် အမတ်ကြီး အဇီဇ်၏ တိုက်ဂေဟာတွင် ဂုဏ်ရှိစွာဖြင့် နေရာပေးတော်မူလေသည်။

(تاويل الاحاديث) ဟူသော ပုဒ်၏ အလိုသဘောကား ကျယ်ဝန်းလှ၏။ အိပ်မက်ဒဿဗုဒ္ဓမ်ကိုသာဆိုလိုသည် မဟုတ်၊ ယင်းပုဒ်တွင် ကျမ်းကျင်မှု၊ စီမံအုပ်ချုပ်မှု အားလုံးလည်း အကျုံးဝင်ပေသည်။ ➤➤

وَلَمَّا بَلَغَ أَشُدَّهُۥٓ ءَاتَيْنَٰهُ حُكْمًا وَعِلْمًا ۚ وَكَذَٰلِكَ نَجْزِى ٱلْمُحْسِنِينَ ﴿٢٢﴾

၂၂။ ထိုနောက် ယင်းယူစုဖ်သည် မိမိ ရင့်သန်သောအရွယ်သို့ ရောက်လတ်သော် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စိုးမိုး အုပ်ချုပ်မှုကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း၊ *ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။* [၁] စင်စစ်သော်ကား ငါအရှင်မြတ်သည် ကောင်းမြတ်သော သီလရှင်တို့အား ဤနည်းအတိုင်းပင် အကျိုးကျေးဇူးပေးတော်မူပေသတည်း။

وَرَٰوَدَتْهُ ٱلَّتِى هُوَ فِى بَيْتِهَا عَن نَّفْسِهِۦ وَغَلَّقَتِ ٱلْأَبْوَٰبَ وَقَالَتْ هَيْتَ لَكَ ۚ قَالَ مَعَاذَ ٱللَّهِ إِنَّهُۥ رَبِّىٓ أَحْسَنَ

၂၃။ ထို့နောက် အကြင်မိန်းမသည် ယင်းယူစုဖ်အား ၎င်း၏စိတ်သဘောနှင့်ဆန့်ကျင်ကာ *ချော့မော့၍ မြှူဆွယ်ခဲ့လေသည်။* [၂] ယင်းယူစုဖ်သည် ထိုမိန်းမ၏အိမ်တွင် (နေထိုင်လျက်ရှိခဲ့၏။) ၎င်းပြင် ထိုမိန်းမသည် တံခါးများကို (လုံခြုံစွာ) ပိတ်၍ (ယူစုဖ်အား)လာပါလေ၊ (ကျွန်ုပ် အသင့်အဖို့ အသင့်ရှိနေပြီ)ဟု ပြောဆို(ဖိတ်ခေါ်)ခဲ့လေသည်၊

➤➤ တမန်တော်လောင်း ယူစုဖ်သည် အမတ်ကြီးအဇီဇ်၏ တိုက်ဧဟာသို့ ရောက်ရှိလာခဲ့ခြင်းမှာ နောင်သော် တစ်ချိန်တွင် တမန်တော်လောင်း ယူစုဖ်သည် အီဂျစ်နိုင်ငံချုပ်မင်း ဖြစ်၍ တိုင်းပြည်ကို စီမံအုပ်ချုပ်ရန် နှင့် အစ္စရာအီလီ မျိုးနွယ်ဝင်များအား အီဂျစ်ပြည်၌ နေရာချထားရန်အတွက် ရှေ့ပြေးအကြောင်းများ အခြေခံများပင် ဖြစ်ကြပေသည်။

(၃) နောင်တော်များသည် ညီတော်ယူစုဖ်အား အမျိုးမျိုး ဖိနှိပ်လိုကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အထွတ်အထိပ်သို့ ပို့ဆောင်တော်မူလို၏။ ပို့ဆောင်တော်မူလိုက်၏။ အလ္လာဟ်အရှင်မြတ်သည် မိမိပြုတော်မူလိုသော ကိစ္စအဝဝကို နိုင်နင်းစွာ ပြုလုပ်စီရင်တော်မူသည်သာ ဖြစ်သည်။ ဤသည့်အချက်ကို လူသားတို့အနက် အများစုကြီးမှာ ဉာဏ်အမြော်အမြင် နည်းပါးမှုကြောင့် မသိမြင်နိုင်ကြပေ။

(၄) တမန်တော်လောင်း ယူစုဖ်၏ အားလုံးသော (အားအင်များ) စွမ်းရည်သတ္တိများသည် ရင့်ကျက်လာသောအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်လောင်း ယူစုဖ်အား အလွန်ကြီးမားသော စိုးမိုးအုပ်ချုပ်မှုနှင့် အသိပညာကို ချီးမြှင့်တော်မူလိုက်လေသည်။ ယင်းသို့ ချီးမြှင့်တော်မူခြင်းခံရသည့်အချိန်မှစ၍ တမန်တော်ယူစုဖ်သည် အလွန်ခက်ခဲနက်နဲသော အရေးကိစ္စများကို ဖြေရှင်းပေးနိုင်ခဲ့၏။ လူသားတို့အချင်းချင်း ဖြစ်ပွားနေသော ပြဿနာများကိုလည်း ကောင်းမွန်စွာ ဖြေရှင်းပေးနိုင်ခဲ့၏။ သာသနာရေးဆိုင်ရာ နက်နဲသော ပြဿနာများကိုလည်း ပိုင်နိုင်စွာ သိနားလည်နိုင်ခဲ့၏။ ပြောဟောသည့်အတိုင်း လက်တွေ့လည်း ပြုလုပ်ပြနိုင်ခဲ့၏။ သူမိုက် သူယုတ်တို့၏ အကျင့်အမူများကို ဝေးစွာရှောင်ကြဉ်ခဲ့၏။ သာသနာရေးဆိုင်ရာ ပညာရပ်များကို ကောင်းစွာကျွမ်းကျင်ခဲ့၏။ အထူးသဖြင့် အိပ်မက် ဒိဗ္ဗဝုမ်ကို အထူးတတ်ကျွမ်းခဲ့၏။

مَثْوَايَ إِنَّهُ لَا يُفْلِحُ الظَّالِمُونَ ﴿٢٣﴾

(ထိုအခါ) ယင်းယူစုဖ်က (ဤသို့)ပြောဆို (ငြင်းဆန်) ခဲ့လေသည်။ (ကျွန်ုပ် ဤပြစ်မှုကို ကျူးလွန်ခြင်းမှ ကင်းလွတ်ရန်) အလ္လာဟ်အရှင်မြတ်၏အကာအကွယ်ကို ယူလိုပါသည်။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်သည်ကျွန်ုပ်၏နေရာထိုင်ခင်းကို ကောင်းမွန်စွာပြုလုပ်ပေးသနားတော်မူခဲ့လေသည်။ ဧကန်အမှန် မတော်မတရား ကျူးလွန်သောသူတို့သည် အောင်မြင်ကြသည်မဟုတ်ပေ။

وَلَقَدْ هَمَّتْ بِهِ ۖ وَهَمَّ بِهَا لَوْلَا أَن رَّأَىٰ بُرْهَانَ رَبِّهِ ۚ كَذَٰلِكَ لِنَصْرِفَ عَنْهُ السُّوءَ وَالْفَحْشَاءَ ۚ إِنَّهُ مِنْ عِبَادِنَا

၂၄။ ထို့ပြင် မလွဲဧကန် ထိုမိန်းမသည် ယင်းယူစုဖ်နှင့်ဆက်ဆံရန် ယတိပြတ် စိတ်ပြဋ္ဌာန်းခဲ့လေသည်။ အမှန်သော်ကား၊အကယ်၍သာထိုယူစုဖ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်ကိုမတွေ့မမြင်ခဲ့ရပါလျှင် [၁] ၎င်းသည်လည်း ထိုမိန်းမနှင့်ဆက်ဆံရန်ကြံရွယ်ခဲ့ပေအံ့၊

---

(၂) အမတ်ကြီး အဇီဇ်နှင့် ကြင်ရာ ဧလေခါတို့သည် တမန်တော်ယူစုဖ်အား မိမိတို့၏ တိုက်ဂေဟာ၌ ကောင်းစွာထားရှိခဲ့ကြ၏။ ထိုဇနီးမောင်နှံ ၂-ဦးတို့၌ သားသမီးတစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ တမန်တော်ယူစုဖ်ကို ကောင်းစွာထားရှိရန်အတွက် အမတ်ကြီးအဇီဇ်က မိမိကြင်ရာအား 'ငါတို့သည် သူ့ကို သားအဖြစ် မွေးစားထားကြမည်။' ဟူ၍လည်း ပြောဆိုခဲ့၏။ ဤစကားကို ထောက် ရှုခြင်းအားဖြင့် တမန်တော်ယူစုဖ်သည် အမတ်ကြီး အဇီဇ်၏ တိုက်ဂေဟာသို့ ရောက်ရှိခဲ့သည့် အချိန်တွင် ကလေးဘဝ၌ပင် ရှိသေးကြောင်း ကောင်းစွာသိရှိရပေသည်။

တမန်တော်ယူစုဖ်သည် အရွယ်ရောက်၍ လုပလာခဲ့သည်အခါ၊ ဧလေခါသည် တမန်တော် ယူစုဖ်အား အချစ်ကြီးချစ်၍ မတရားဆက်ဆံရန် မြှူဆွယ်ခဲ့လေသည်။

(၁) 'ဗုရ်ဟာန်' ဟူသည် အမြဲတစေ မှန်ကန်သော အခိုင်မာဆုံးသော သက်သေလက္ခဏာတော်ကို ဆိုလိုသည်။ ရာယိဗ်။

ဤအာယတ်တော်တွင် တမန်တော် ယူစုဖ်(အလိုင်ဟစ္စလာမ်)သည် မိမိအရှင်သခင်၏ သက်သေလက္ခဏာတော်ကို အကယ်၍သာ မတွေ့မမြင်ခဲ့ရသော် စိတ်နောက်ကိုယ်ပါ ဖြစ်သွားခဲ့ပေမည်၊ ဟူ၍ပါရှိ၏။ ယင်းသည့် သက်သေလက္ခဏာတော်ကား အဘယ်နည်း။ ➤➤

الْمُخْلَصِيْنَ ﴿٢٤﴾

ငါအရှင်မြတ်သည် (သာမည) မကောင်းမှုများကိုလည်းကောင်း၊ အလွန် စက်ဆုပ်ဖွယ်ရာဖြစ်သော အမှုကိစ္စများကိုလည်းကောင်း၊ ထိုယူစုဖ်နှင့်ကင်းဝေးစေတော်မူခြင်းငှာ၊ ဤအတိုင်းပင် ပြုလုပ်တော်မူခဲ့လေသည်။ ဧကန်စင်စစ်ထိုယူစုဖ်သည် ငါအရှင်မြတ် ရွေးချယ်ထားတော်မူသော အစေတော်များတွင် အပါအဝင် ဖြစ်ချေသတည်း။

وَاسْتَبَقَا الْبَابَ وَقَدَّتْ قَمِيْصَهٗ مِنْ دُبُرٍ وَّاَلْفَيَا سَيِّدَهَا لَدَا الْبَابِ ؕ قَالَتْ مَا جَزَآءُ مَنْ اَرَادَ بِاَهْلِكَ سُوْٓءًا اِلَّاۤ اَنْ يُّسْجَنَ اَوْ عَذَابٌ اَلِيْمٌ ﴿٢٥﴾

၂၅။ ထိုနောက် ၎င်းတို့နှစ်ဦးသည် တံခါးရှိရာသို့ (ပြေးရှာနောက်) ပြေးခဲ့ကြလေသည်။ ၎င်းပြင် ထိုမိန်းမသည် ယင်းယူစုဖ်၏အင်္ကျီကို နောက်မှ ဆုတ်ပစ်ခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် တံခါးဝ၌ ထို မိန်းမ၏ခင်ပွန်းနှင့် တွေ့ရှိခဲ့လေသည်။ (ထိုအခါ) ယင်းမိန်းမက (ဤသို့)ပြောဆိုခဲ့လေသည်။ အသင်၏ အိမ်သူအိမ်သားအား မကောင်းကြံသူ၌ အကျဉ်းချထားခြင်းခံရသည်မှတစ်ပါး၊ သို့မဟုတ် ပြင်းပြနာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ပေးခြင်း(ကို ခံရသည်)မှတစ်ပါး၊ မည်သည့်ပြစ်ဒဏ်ရှိပါဦးမည်နည်း။

قَالَ هِيَ رَاوَدَتْنِيْ عَنْ نَّفْسِيْ وَشَهِدَ شَاهِدٌ مِّنْ اَهْلِهَا ۚ

၂၆။ (ထိုအခါ) ယင်းယူစုဖ်က 'ဤမိန်းမသည် သာလျှင် ကျွန်ုပ်အား ကျွန်ုပ်၏စိတ်သဘောနှင့် ဆန့်ကျင်ကာ ချော့မော့ မြှူဆွယ်ခဲ့လေသည်' ဟု ပြောဆိုခဲ့လေသည်။

➤➤ က။ ဤအာယတ်တော်တွင် ပါရှိသည့် "သက်သေလက္ခဏာတော်" ဟူသည်ကား ကာမေသု မိစ္ဆာစာရက် ကျူးလွန်ခြင်းသည် ဟရာမ်ဖြစ်ကြောင်း၊ အလွန်စက်ဆုပ်ရွံရှာဖွယ်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အလွှာဟ် အရှင်မြတ်က တမန်တော် ယူစုဖ်အား ချီးမြှင့်ထားတော်မူခဲ့သော မျက်မြင်ကိုယ်တွေ့တမျှဖြစ်သော ယုံကြည်ချက် သက်သေလက္ခဏာတော်ကို ဆိုလိုသည်။

ခ။ "သက်သေလက္ခဏာတော်" ဟူသည် တမန်တော်ယူစုဖ်ကိုယ်တိုင်က ဇလေခါအား အလိုဆန္ဒကို မဖြည့်စွမ်းနိုင်ကြောင်း ငြင်းပယ်ရာတွင် တင်ပြခဲ့သည့် အကြောင်းပြချက်ကိုပင် ဆိုလိုသည်။ ယင်းသည့် အကြောင်းပြချက်သည် ကုရ်အာန် (၁၂:၂၃)တွင် (قَالَ مَعَاذَ اللّٰهِ اِنَّهٗ رَبِّيْٓ اَحْسَنَ مَثْوَايَ ۖ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ) ဟူ၍လာရှိသည်။

إِن كَانَ قَمِيصُهُۥ قُدَّ مِن قُبُلٍ فَصَدَقَتْ وَهُوَ مِنَ ٱلْكَٰذِبِينَ ﴿٢٦﴾

ဂင်းပြင် ယင်းမိန်းမ၏ ဆွေမျိုးများအနက်မှ သက်သေတစ်ဦးသည် (ဤသို့) သက်သေခံခဲ့လေသည်။ အကယ်၍ ထိုယူစုဖ်၏အင်္ကျီမှာ ရှေ့မှစုတ်ပြဲ၍နေသည်ဖြစ်မူ ထိုမိန်းမသည် မှန်ကန်စွာပြောဆိုခဲ့သည်ဖြစ်သည်။ ဂင်းပြင် ယင်းယူစုဖ်သည် မုသားပြောဆိုသူတစ်ဦး ဖြစ်ပေသတည်း။

وَإِن كَانَ قَمِيصُهُۥ قُدَّ مِن دُبُرٍ فَكَذَبَتْ وَهُوَ مِنَ ٱلصَّٰدِقِينَ ﴿٢٧﴾

၂၇။ သို့ရာတွင် အကယ်၍သာ ထိုယူစုဖ်၏အင်္ကျီသည် နောက်မှစုတ်ပြဲ၍နေသည်ဖြစ်ပါမူ၊ ယင်းမိန်းမသည် မုသားပြောဆိုခဲ့သည်ဖြစ်သည်။ ဂင်းပြင် ထိုယူစုဖ်မှာမူကား မှန်ကန်စွာ ပြောဆိုသူတစ်ဦးပင် ဖြစ်ချေသတည်း။

فَلَمَّا رَءَا قَمِيصَهُۥ قُدَّ مِن دُبُرٍ قَالَ إِنَّهُۥ مِن كَيْدِكُنَّ ۖ إِنَّ كَيْدَكُنَّ عَظِيمٌ ﴿٢٨﴾

၂၈။ ထို့နောက် (ယင်းမိန်းမ၏ခင်ပွန်းသည်) ထိုယူစုဖ်၏အင်္ကျီမှာနောက်မှစုတ်ပြဲ၍နေသည်ကို တွေ့မြင်လတ်သော် 'ဤသည်အသင်မိန်းမတို့၏ စဉ်းလဲဉာဏ်သာဖြစ်သည်။ အသင်တို့၏ စဉ်းလဲဉာဏ်သည် ကြီးမားလှဘိ၏တကား'ဟု ပြောဆိုခဲ့လေသတည်း။

يُوسُفُ أَعْرِضْ عَنْ هَٰذَا ۚ وَٱسْتَغْفِرِى لِذَنۢبِكِ ۖ إِنَّكِ كُنتِ مِنَ ٱلْخَٰطِـِٔينَ ﴿٢٩﴾

၂၉။ (ထို့နောက် ဆက်လက် ပြောဆိုခဲ့ပြန်သည်မှာ) အို-ယူစုဖ်၊အသင်သည် ဤသည်ကို လျစ်လျူရှုကာ လွှဲရှောင်၍သွားလော့။ ထို့ပြင် (အို-မိန်းမ) သင်သည် မိမိပြစ်မှုကို (ဝန်ချတောင်းပန်၍)လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံလော့။ ဧကန်မလွဲ အသင်မသည် ပြစ်မှုကျူးလွန်သူတစ်ဦး ဖြစ်ချေသတည်း။ (ဟုပြောဆိုခဲ့လေ၏။)

وَقَالَ نِسْوَةٌ فِى ٱلْمَدِينَةِ

၃၀။ ဂင်းပြင် မြို့တွင်း၌ ရှိသော အချို့မိန်းမများသည် (မာယာဆင်၍ ဤသို့ ပြစ်တင်) ပြောဆိုကြကုန်၏။

امْرَاَتُ الْعَزِيْزِ تُرَاوِدُ
فَتٰىهَا عَنْ نَّفْسِهٖ ۚ قَدْ
شَغَفَهَا حُبًّا ۭ اِنَّا لَنَرٰىهَا
فِيْ ضَلٰلٍ مُّبِيْنٍ ۝٣٠

အဓိဒ်၏ကြင်ရာသည် မိမိကျွန်ကို ၎င်း၏စိတ်သဘောနှင့် ဆန့်ကျင်ပြီး ချော့မော့ မြှူဆွယ်နေလေသည်။ ဧကန်စင်စစ် ထိုကျွန်သည် ၎င်း၏စိတ်နှလုံးကို ချစ်မေတ္တာအားဖြင့် ဖုံးလွှမ်းလျက် ရှိနေပေသည်။ ဧကန်အမှန် ကျွန်ုပ်တို့သည် ယင်းအဓိဒ်၏ကြင်ရာအား လွဲချော်မှောက်မှားမှု၌ (ကျဆင်းနေသည်ကို) တွေ့မြင်ကြရပေသတည်း။

فَلَمَّا سَمِعَتْ بِمَكْرِهِنَّ اَرْسَلَتْ
اِلَيْهِنَّ وَاَعْتَدَتْ لَهُنَّ مُتَّكَاً
وَّاٰتَتْ كُلَّ وَاحِدَةٍ مِّنْهُنَّ
سِكِّيْنًا وَّقَالَتِ اخْرُجْ عَلَيْهِنَّ ۚ
فَلَمَّا رَاَيْنَهٗٓ اَكْبَرْنَهٗ وَقَطَّعْنَ

၃၁။ ထို့နောက် ယင်းအဓိဒ်၏ကြင်ရာသည် ထိုမိန်းမတို့၏ ဥာဏ်ဆင်မှုကို [၁] ကြားသိရလေသောအခါ ၎င်းတို့အား (မိမိတို့အိမ်သို့ ဧည့်ခံကျွေးမွေးရန်) ဖိတ်ခေါ်ခဲ့လေသည်။ ထို့ပြင် ၎င်းတို့အဖို့ (သိုက်မြိုက် တင့်တယ်စွာ ထိုင်နိုင်ကြရန်) မှီအုံးများကို (ခင်း၍)အဆင့်ဆင့် ပြင်ဆင်ထားခဲ့လေသည်။ ထို့ပြင် ယင်း မိန်းမများအနက် အသီးသီးအား ဓားတစ်ချောင်း စီပေးပြီးနောက်(ယူစုဖ်အား)အသင်သည် ဤမိန်းမတို့၏ရှေ့သို့ ထွက်ခဲ့လော့ဟု ပြောဆိုခဲ့လေသည်။

---

① ဧလေခါအား မြို့တွင်းရှိ အချို့အမျိုးသမီး၏ ကဲ့ရဲ့ပြစ်တင်ပြောဆိုခြင်းကို 'မက်ရ်' ပရိယာယ်ဟူ၍ ဤအာယတ်တော်တွင် သုံးနှုန်းထားတော်မူခြင်းမှာ ယင်းအမျိုးသမီးများသည် ထိုသည့် စကားရပ်ကို ပရိယာယ်ဖြင့် လိမ်လည်လှည့်ဖြား ပြောဆိုသောသူများကဲ့သို့ ပုန်းလျှိုးကွယ်လျှို ပြောဆိုခဲ့ကြခြင်းကြောင့်ပင် ဖြစ်သည်။ ယင်းအမျိုးသမီးများသည် ဧလေခါအား ကဲ့ရဲ့ပြစ်တင် ပြောဆိုပြီး မိမိတို့၏ ဂုဏ်သိက္ခာရှိမှုကို တစ်နည်းအားဖြင့် ထုတ်ဖော်ပြသလိုခြင်းပင်ဖြစ်သည်။ အမှန်မှာ ထိုခေတ်ထိုအခါတွင် တမန်တော်ယူစုဖ်၏ အံ့မဆုံးသော ရုပ်ဆင်းသဏ္ဌာန် လှပခြင်းသတင်းကို ကြားရသော အမျိုးသမီးတိုင်း၏ စိတ်တွင်း၌ တမန်တော်ယူစုဖ်အား မြင်လိုရှူလိုသည့် ဆန္ဒသည် ပေါ်ပေါက်လာခဲ့ပေသည်။ ဧလေခါအား ယင်းကဲ့သို့ ကဲ့ရဲ့ပြစ်တင် ပြောဆိုနေကြသော အမျိုးသမီးများ၏ စိတ်တွင်လည်း ထိုဆန္ဒသည် ပေါ်ပေါက်လာခဲ့ပေမည်။ ထို့အတွက် ယင်းအမျိုးသမီးများသည် ဧလေခါအား မခံချင်အောင် ပြောဆိုပြီး ဧလေခါက တမန်တော်ယူစုဖ်ကို ၎င်းတို့အား ထုတ်ပြရန် ပရိယာယ်ဥာဏ်ဆင်ခြင်းလည်း ဖြစ်နိုင်ပေသည်။

သို့တည်းမဟုတ် ဧလေခါ၏စိတ်တွင် တမန်တော်ယူစုဖ်နှင့် ပတ်သက်၍ မုန်းတီးမှုဖြစ်စေပြီး တမန်တော်ယူစုဖ်အား မိမိတို့ဘက်သို့ယိမ်းယိုင်စေရန် ပရိယာယ်ဥာဏ်ဆင်ခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ် ဧလေခါသည် ဤကိစ္စတွင် အချို့အမျိုးသမီးများအား အတွင်းရေးကို အသိပေးထားခဲ့ဟန် ➤➤

أَيْدِيَهُنَّ وَقُلْنَ حَاشَ لِلَّهِ مَا هَٰذَا بَشَرًا إِنْ هَٰذَا إِلَّا مَلَكٌ كَرِيمٌ ﴿٣١﴾

သို့ဖြစ်ပေရာ ထိုမိန်းမတို့သည် ယူစုဖ်အား တွေ့မြင်ကြသောအခါ၊ ၎င်းနှင့်ပတ်သက်၍ အံ့ချီးမဆုံးဖြစ်သွားခဲ့ကြကုန်၏။ ၎င်းပြင် ထိုမိန်းမတို့သည် မိမိ တို့၏လက်များကို လှီးမိကြကုန်၏။ ထို့နောက် ၎င်းတို့က အလွန်ဟ်အရှင်မြတ်သည် အပြစ်ကင်းစင်တော်မူ၍ အံ့ချီးမဆုံးနိုင်တော်မူပါဘိတကား၊ ဤသူသည် လူသားတစ်ဦး မဖြစ်နိုင်၊ ဤသူသည် ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံသော ကောင်းကင်စေတမန်သာ ဖြစ်ပေသတည်းဟု တအံ့တသြ ပြောဆိုကြကုန်၏။ [၁]

➤➤ တူသည်။ ယင်းအမျိုးသမီးများသည် အတွင်းရေးကို ဖုံးဖိရမည့်အစား ထုတ်ဖော် ပြောဆိုလိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

အထက်ပါ ဖော်ပြပါစကားရပ်များသည် 'မက်ရ်' ဟူသော ပုဒ်တွင် အားလုံး အကျုံးဝင်နိုင်ပေသည်။

① ဇလေခါသည် မိမိအား မြို့တွင်းရှိ အမျိုးသားများက ကဲ့ရဲ့ပြစ်တင် ပြောဆိုသည်ကို ကြားသိသောအခါ၊ ၎င်းတို့အား ပင့်ဖိတ်၍ ဧည့်ခံပွဲတစ်ရပ် ကျင်းပရန် စီစဉ်ခဲ့၏။ တိုင်းပြည်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ဧည့်ခံခန်းမဆောင်ကို တင့်တယ်ခမ်းနားစွာ ဆင်ယင်ထား၏။ မှီအုံးများကိုလည်း အသင့်စီစဉ်ထား၏။ စားဖွယ်သောက်ဖွယ်ရာများနှင့် အသီးအနှံများကိုလည်း လိုလေသေးမရှိ၊ အသင့်ခင်းကျင်းထား၏။ စားဖွယ်ရာများတွင် ဓားဖြင့်လှီးဖြတ်၍ စားသုံးရသော အချို့ပစ္စည်းများလည်း ပါရှိ၏။ ထို့အတွက် ဧည့်ခံပွဲသို့ ကြွရောက်လာခဲ့ကြသောအမျိုးသမီး အသီးသီးတို့အား ဓားတစ်ချောင်းစီပေးထားခဲ့၏။ အစီအစဉ်များ အားလုံးပြီးစီး၍ ဧည့်ပရိသတ်စုံညီသောအခါ ဇလေခါသည် အနီးတွင် တစ်နေရာ၌ရှိနေသော (တမန်တော်)ယူစုဖ်အား ဧည့်ပရိသတ်ရှေ့သို့ ထွက်လာခဲ့ရန် အသုံးပြုလိုက်လေ၏။ ထိုအချိန်တွင် အံ့ချီးမဆုံးအောင် လှပယဉ်ကျေး သိမ်မွေ့သော တမန်တော်ယူစုဖ်သည် ဣန္ဒြေကြီးစွာဖြင့် ဧည့်ပရိသတ်ရှေ့သို့ ထွက်လာခဲ့၏။ တမန်တော်ယူစုဖ်၏ အံ့မဆုံးသောအလှသည် အသင့်ရောက်ရှိနေသော အမျိုးသမီးတို့အား ငေးမှိုင်တွေဝေသွားစေခဲ့၏။ အမျိုးသမီးများသည် တမန်တော်ယူစုဖ်၏ အံ့မဆုံးသောအလှကို ရုတ်တရက် တွေ့မြင်လိုက်ကြရသည့်အခါ အံ့သြခြင်းကြီးမက အံ့သြ၍ သတိများပင်လစ်၍ သွားခဲ့ကြလေသည်။

ယင်းသို့ သတိလစ်၍နေခိုက် ထိုအမျိုးသမီးများသည် မိမိတို့လက်တွင် အသီးအနှံများကို လှီးဖြတ်စားသုံးရန် အသင့်ကိုင်ဆောင်ထားကြသော ဓားများဖြင့် အသီးအနှံ များကို လှီးဖြတ်ကြရမည့်အစား မိမိတို့၏လက်များကိုပင် လှီးဖြတ်လိုက် ကြပေသည်။ ထို့နောက် ယင်း အမျိုးသမီးများက 'အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူ၍ အံ့မဆုံး ပြစ္စမ်းတော် မူနိုင်ဘိတကား၊ ဤသူသည် လူသားတစ်ဦးမဟုတ်၊ ဤသူသည် ကောင်းချီးမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကောင်းကင်တမန်တော် တစ်ပါးသည်သာဖြစ်သည်' ဟု အံ့သြကြီးစွာဖြင့် ပြောဆိုလိုက်ကြပေသည်။

قَالَتْ فَذٰلِكُنَّ الَّذِيْ لُمْتُنَّنِيْ فِيْهِ ۭ وَلَقَدْ رَاوَدْتُّهٗ عَنْ نَّفْسِهٖ فَاسْتَعْصَمَ ۭ وَلَىِٕنْ لَّمْ يَفْعَلْ مَآ اٰمُرُهٗ لَيُسْجَنَنَّ وَلَيَكُوْنًا مِّنَ الصّٰغِرِيْنَ ۝

၃၂။ (ထိုအခါ) ယင်းမိန်းမက (ဤသို့ပြန်)ပြောခဲ့လေ၏။ ဤသည်ပင် အကြောင်သူတည်း၊ အသင်မိန်းမတို့သည် ကျွန်ုပ်အား ထိုသူနှင့်ပက်သက်၍ ကဲ့ရဲ့ပြစ်တင်ခဲ့ကြကုန်၏။ အမှန်စင်စစ်သော်ကား ကျွန်ုပ်သည်ပင် ၎င်းအား ၎င်း၏စိတ်သဘောနှင့်ဆန့်ကျင်၍ ချော့မော့မြှူဆွယ်ခဲ့လေသည်။ သို့တစေလည်း ၎င်းမှာ မူကားလုံးဝအပြစ်ကင်းစင်စွာ နေခဲ့လေ၏။ သို့ရာတွင် အကယ်၍သာ ၎င်းသည် (အနာဂတ်တွင်) ကျွန်ုပ်အမိန့်ပေးလျက်ရှိသောအမှုကိစ္စကို မပြုလုပ်ခဲ့ပါလျှင် မလွဲဧကန် ၎င်းသည် အကျဉ်းချထားခြင်းခံရသည့်ပြင် ဂုဏ်အသရေ နိမ့်ကျသူ တစ်ဦးလည်း ဖြစ်ရလိမ့်မည်သာတည်း။

قَالَ رَبِّ السِّجْنُ اَحَبُّ اِلَيَّ مِمَّا يَدْعُوْنَنِيْٓ اِلَيْهِ ۚ وَاِلَّا تَصْرِفْ عَنِّيْ كَيْدَهُنَّ اَصْبُ اِلَيْهِنَّ وَاَكُنْ مِّنَ الْجٰهِلِيْنَ ۝

၃၃။ (ထိုအခါ) ယင်းယူစုဖ်က (အလွှာဟ်အရှင်မြတ်အထံတော်၌ ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ အိုအရှင်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ထိုမိန်းမတို့သည် ကျွန်တော်မျိုးအား ဖိတ်ခေါ်လျက်ရှိသော ကိစ္စ(ကို လိုက်နာဆောင်ရွက်ရမည်)ထက် ကျွန်တော်မျိုးအဖို့ အကျဉ်းထောင်သည်ပင် သာ၍ နှစ်သက်ဖွယ်ရာဖြစ်ပါ၏။ စင်စစ်မှာမူကားအကယ်၍သာ အရှင်မြတ်သည် ထိုမိန်းမတို့၏ ပရိယာယ်မာယာကို ကျွန်တော်မျိုးထံမှ ကွေကွင်းစေတော်မမူခဲ့ပါလျှင် ကျွန်တော်မျိုးသည် ၎င်းတို့ဘက်သို့ ယိမ်းညွတ်သွားမိပါလိမ့်မည်။ ထိုအခါ ကျွန်တော်မျိုးသည် မသိမိုက်မဲသူတို့တွင် တစ်ဦးအပါအဝင် ဖြစ်သွားပါလိမ့်မည်။ ၁

---

၁) တမန်တော်ယူစုဖ်သည် မိမိအား ပရိယာယ်အမျိုးမျိုးတို့ဖြင့် မြှူဆွယ်နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်ကြိုးပမ်းနေကြသော အမျိုးသမီးတို့၏ ညွှတ်ကွင်းမှ လွတ်ကင်းရန်အတွက် တမန်တော် တစ်ပါးပီပီ အလွှာဟ်အရှင်မြတ်ထံတော်၌ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း လျှောက်ထားပန်ကြားခဲ့လေသည်။ ➤➤

فَٱسْتَجَابَ لَهُۥ رَبُّهُۥ فَصَرَفَ عَنْهُ كَيْدَهُنَّ ۚ إِنَّهُۥ هُوَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿٣٤﴾

၃၄။ ထို့နောက် ယင်းယူစုဖ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်း၏ လျှောက်ထားပန်ကြားချက်ကို သဘောတူလက်ခံတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ယင်းမိန်းမတို့၏ ပရိယာယ်မာယာကို ထိုယူစုဖ်ထံမှ ကွေကွင်းစေတော်မူခဲ့လေသည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အကြင်းမဲ့ကြားတော်မူသောအရှင်၊ အကြင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ثُمَّ بَدَا لَهُم مِّنۢ بَعْدِ مَا رَأَوُا۟ ٱلْـَٔايَٰتِ لَيَسْجُنُنَّهُۥ حَتَّىٰ حِينٍ ﴿٣٥﴾

၃၅။ ထို့နောက်တစ်ဖန် ၎င်းတို့သည် (အပြစ်တစ်စုံတစ်ရာမရှိကြောင်း) သက်သေခံ အထောက်အထားများကို တွေ့မြင်ကြပြီးနောက် ၎င်းတို့၌ထိုယူစုဖ်အား ကာလအနည်းငယ်မျှ အကျဉ်းချထားရန် သင့်တော်သည်ဟု အတွေးပေါ်လာခဲ့လေသည်။ [၁]

➤➤ တမန်တော်ယူစုဖ်၏ လျှောက်ထားပန်ကြားချက်ကို ထောက်ရှုခြင်းအားဖြင့် ရှုမြင်၊ နဗီတမန်တော်အပေါင်းတို့သည် "မအ်ဆူမ်" အပြစ်ကင်းသူများ ဖြစ်ကြခြင်းမှာလည်း အလွှာဟ်အရှင်မြတ်၏ ထိန်းသိမ်းကာကွယ်ဖေးမ၊ စောင့်ရှောက်မှုကြောင့်သာ ဖြစ်ကြောင်း၊ တမန်တော်အပေါင်းတို့သည်လည်း ယင်းကဲ့သို့ အပြစ်ကင်းသူများဖြစ်ကြရသည့်အတွက် ဝါကြွားခြင်း အလျဉ်းမရှိကြောင်း၊ ထို့ပြင်တဝ ယင်းကဲ့သို့ အပြစ်များမှ ကင်းစင်နိုင်ကြရန်အတွက်လည်း မူရင်းအကြောင်းတရား ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်အားသာလျှင် အမြဲတစေ မှီခိုအားထားလျက်ရှိကြောင်း ကောင်းစွာသိနိုင်ပေသည်။

① အဇီဇမင်းကြီးနှင့် အပေါင်းပါတို့သည် တမန်တော်ယူစုဖ်၌ အပြစ်တစ်စုံတစ်ရာမရှိကြောင်း သက်သေခံအထောက်အထား အမြောက်အမြား တွေ့မြင်ကြရပြီးနောက်သော်မှပင် တိုင်းသူပြည်သား လူအများက ဤကိစ္စတွင် ယူစုဖ်၌ အပြစ်ရှိသည်။ ဇလေခါသည် အကြောင်းမဲ့ နာမည်ပျက်ရသည်ဟု ထင်မြင်လာစေရန်အတွက် တမန်တော်ယူစုဖ်အား သတ်မှတ်ထားသည့်အချိန်ကာလအထိ အကျဉ်းချထားသင့်သည်ဟူ၍ ထင်မြင်ယူဆလာခဲ့ကြလေသည်။

သို့ ထင်မြင်ယူဆ ခဲ့ကြသည့် အတိုင်းလည်း တမန်တော်ယူစုဖ်အား မတရားသဖြင့် အကျဉ်းချထားခဲ့ကြလေသည်။ တစ်နည်းအားဖြင့် အဇီဇမင်းကြီးသည် ဇလေခါ၏ ခြိမ်းခြောက်ချက်ကို လက်တွေ့ အကောင်အထည်ဖော်လိုက်ခြင်းပင် ဖြစ်ပေသည်။

တမန်တော်ယူစုဖ်အား ဤသို့မတရား အကျဉ်းချထားခြင်းဖြင့် အဇီဇမင်းကြီးသည် ဇလေခါ၏ အမည်းစက်ကိုလည်း ပျောက်ကွယ်သွားအောင် လုပ်နိုင်ပေမည်။ ဇလေခါ၏ ရှုမောက်မှ ယူစုဖ်ကိုလည်း ဖယ်ရှားထားနိုင်ပေမည်ဟု ယူဆခဲ့ပေမည်။ ဇလေခါကလည်း ယူစုဖ်သည် ဤသို့အကျဉ်းထောင်၏ ➤➤

وَدَخَلَ مَعَهُ السِّجْنَ فَتَيَانِ ۖ قَالَ
أَحَدُهُمَا إِنِّي أَرَانِي أَعْصِرُ خَمْرًا ۖ
وَقَالَ الْآخَرُ إِنِّي أَرَانِي أَحْمِلُ فَوْقَ
رَأْسِي خُبْزًا تَأْكُلُ الطَّيْرُ مِنْهُ ۖ
نَبِّئْنَا بِتَأْوِيلِهِ ۖ إِنَّا نَرَاكَ
مِنَ الْمُحْسِنِينَ ﴿٣٦﴾

၃၆။ ၎င်းပြင် ထိုယူစုဖ်နှင့်အတူ လုလင်နှစ်ဦးသည်လည်း အကျဉ်းထောင်ထဲသို့ ဝင်ရောက်ခဲ့ကြလေသည်။ထိုလုလင်နှစ်ဦးအနက်မှတစ်ဦးက (ယူစုဖ်အား) 'ဓနမင်စစ်ကျန်ပ်သည် (အိပ်မက်တွင်) မိမိကိုယ်ကို မိမိစပျစ်ရည်ညှစ်နေသည်ဟု တွေ့မြင်ကြောင်း၊ ပြောပြခဲ့လေသည်။ အခြားတစ်ဦးကမူ ဓနမ်အမှန် ကျွန်ုပ်သည် မိမိကိုယ်ကို (အိပ်မက်တွင် တွေ့မြင်ခဲ့သည်မှာ) ကျွန်ုပ်သည် မိမိဦးခေါင်းထက်ဝယ် မုန့်(ဗျပ်)ကို ရွက်လျက်ရှိပေရာ ငှက်များသည် ထို့မုန့်များမှ (မိမိတို့၏နှုတ်သီးများဖြင့်ထိုး၍) စားနေကြသည်ကို တွေ့မြင်ကြောင်း၊ အသင်သည် (ထိုအိပ်မက်)၏ဒိဗ်ခုမ်ကို ကျွန်ုပ်တို့အားကြားသိစေပါလေ၊ ဓနမ်လွဲ ကျွန်ုပ်တို့သည် အသင့်အား သူတော်စင်တစ်ဦးဖြစ်ကြောင်း တွေ့မြင်ကြပါသည်ဟု ပြောဆိုခဲ့ကြလေသတည်း။ [၁]

➤➤ ဒုက္ခကြီးငယ်တို့ကို ခံစားရသည့်အခါ စိတ်ဓာတ်ပျော့ပျောင်းလာပြီး ၎င်းဘက်သို့ ယိမ်းယိုင်လာပေမည်ဟု ယူဆခဲ့ပေမည်။ သို့ရာတွင် ၎င်းတို့သည် ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ကြရသည်။ ၎င်းတို့၏ရည်ရွယ်ချက်အလျင်း အထမမြောက်ခဲ့ပေ၊ တမန်တော် ယူစုဖ်အဖို့မှာမူ 'ပတ္တမြားမှန်လျှင် နံ့မှာနစ်သော်လည်း ဆထက်ထမ်းပိုးတိုး၍ ပြောင်သည်' ဆိုသကဲ့သို့ ယင်းကဲ့သို့ အကျဉ်းခံရခြင်းသည်ပင် မိမိ၌အပြစ်မရှိကြောင်း ကမ္ဘာသိဖြစ်ရန်နှင့် အီဂျစ်ပြည်ကြီးကို စိုးမိုးအုပ်ချုပ်မင်းလုပ်ရန် အကြောင်းတရား ဖြစ်လာခဲ့ရလေသည်။

① တမန်တော်ယူစုဖ် (အလိုင်ဟစ္စလာမ်) အကျဉ်းထောင်သို့ မတရားသဖြင့် ပို့ခြင်းခံရသည့်အချိန်မှာပင် အကြောင်းအားလျော်စွာ လုလင် ၂-ဦးသည်လည်း အဆိုပါအကျဉ်းထောင်သို့ တရားခံများအဖြစ်နှင့် ရောက်ရှိလာခဲ့ကြပေသည်။ ထိုလုလင် ၂-ဦးအနက် တစ်ဦးမှာ အီဂျစ်ဘုရင် (ရိုင်ယာန်အီဗ်နုအလ်ဝလီဒ်)၏ ထမင်းချက်စားတော်ကဲ့ ဖြစ်သည်။ အခြားလုလင်မှာ အီဂျစ်ဘုရင်အား အရက်ဆက်ကပ်သော ရေကြည်ဝန်ဖြစ်သည်။ ၎င်းတို့ ၂-ဦးသည် ဘုရင်မင်းမြတ်အား အဆိပ်ခတ်၍ လုပ်ကြံရန် ကြံစည်ခဲ့ကြသည်ဟူသော စွပ်စွဲချက်ဖြင့် အရေးယူ ချုပ်နှောင်ဖမ်းဆီးခြင်းခံရသော တရားခံများဖြစ်ကြသည်။

အကျဉ်းထောင်အတွင်း၌ တမန်တော်ယူစုဖ်၏ ယဉ်ကျေးသိမ်မွေ့မှု၊ ကတိတည်မှု၊ မှန်ကန်မှု၊ မြင့်မြတ်သော ကိုယ်ကျင့်တရားများရှိမှု၊ များစွာဝတ်ပြုမှု၊ အိပ်မက်ဒိဗ်ခုမ်ကျမ်းကျင်မှု၊ သူတစ်ပါးတို့အား သနားကြင်နာ ထောက်ထားစာနာလေးစားမှု . . . စသည့် ဂုဏ်သတင်းများသည် ပျံ့နှံ့ကျော်ကြားလျက်ရှိခဲ့၏။ ထို့အတွက် အကျဉ်းသားများနှင့်တကွ အထူးသဖြင့် လုင ၂-ဦးတို့သည် တမန်တော်ယူစုဖ်နှင့် အလွန်ခင်မင်ရင်နှီးလျက် ရှိခဲ့ကြ၏။ တမန်တော် ယူစုဖ်အား အလွန် ကြည်ညိုလေးစားလျက် ရှိခဲ့ကြ၏။ ➤➤

قَالَ لَا يَأْتِيكُمَا طَعَامٌ تُرْزَقَانِهِۦٓ إِلَّا نَبَّأْتُكُمَا بِتَأْوِيلِهِۦ قَبْلَ أَن يَأْتِيَكُمَا ۚ ذَٰلِكُمَا مِمَّا عَلَّمَنِى رَبِّىٓ ۚ إِنِّى تَرَكْتُ مِلَّةَ قَوْمٍ لَّا يُؤْمِنُونَ بِٱللَّهِ وَهُم بِٱلْءَاخِرَةِ هُمْ كَٰفِرُونَ ﴿٣٧﴾

၃၇။ (ထိုအခါ) ယူစုဖ်က (ဤသို့)ပြောကြားခဲ့လေသည်။ အသင်တို့.နှစ်ဦး ကျွေးမွေးခြင်း ခံကြရသော အစာအာဟာရသည် အသင်တို့.နှစ်ဦးထံ ရောက်မလာမီပင် ကျွန်ုပ်သည် အသင်တို့.အား ယင်းအိပ်မက်ကို ကြားသိစေလေ့ရှိပါမည်။ ဤကား ကျွန်ုပ်အား ကျွန်ုပ်၏အရှင်မြတ်က သင်ကြားတော်မူခဲ့သော ပညာများ အနက်မှ ဖြစ်ပေသည်။

အမှန်စင်စစ် ကျွန်ုပ်သည် (ယခင်မူလကပင်) အကြင်သူတို့၏ သာသနာကို စွန့်ထားခဲ့ပြီးဖြစ်ပေမည်။ ၎င်းတို့.သည် အလ္လာဟ် အရှင်မြတ်အား လည်း သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ၊ ထို့ပြင် ၎င်းတို့.သည် နောင်တမလွန်ဘဝကိုလည်း မယုံကြည်သွေဖည် ငြင်းပယ်သူများပင် ဖြစ်ကြကုန်သတည်း။

وَٱتَّبَعْتُ مِلَّةَ ءَابَآءِىٓ إِبْرَٰهِيمَ وَإِسْحَٰقَ وَيَعْقُوبَ ۚ مَا كَانَ لَنَآ أَن نُّشْرِكَ بِٱللَّهِ مِن شَىْءٍ ۚ ذَٰلِكَ مِن فَضْلِ ٱللَّهِ

၃၈။ ၎င်းပြင် ကျွန်ုပ်သည် မိမိဘေးတော်၊ ဘိုးတော်နှင့် ခမည်းတော်များ ဖြစ်ကြကုန်သော (နဗီတမန်တော်) အီဗရာဟီမ်၊ (နဗီတမန်တော်) အစ္စဟာက်၊ နဗီတမန်တော် ယအ်ကူဗ်တို့၏ သာသနာကိုပင် လိုက်နာခဲ့ပေသည်။ ကျွန်ုပ်တို့.အဖို့. မည်သည့် တစ်စုံတစ်ရာကိုမျှ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်) ရန် (လုံးဝ) မထိုက်ပေ။

➤➤ လုင် ၂-ဦး အိပ်မက်မြင်မက်ခြင်း။

တစ်နေ့သောအခါ ထိုလုင် ၂-ဦးတို့.သည် အသီးသီး အိပ်မက်မြင်မက်ကြ၏။ ထိုအခါ လုင် ၂-ဦး တို့.သည် တမန်တော် ယူစုဖ်အား မိမိတို့.မြင်မက်သော အိပ်မက်များကို အိပ်မက်ဒိဗ္ဗုမ် ကောက်ပြရန် အတွက် ပြောပြကြသည်မှာ အရက်ဆက်ကပ်သူက 'ကျွန်တော်သည် ဘုရင်မင်းမြတ်အား အရက်ဆက်ကပ် နေပါသည်ဟု အိပ်မက်မြင်မက်ကြောင်း၊ စားတော်ကဲ့က ကျွန်တော်သည် မိမိဦးခေါင်းပေါ်၌ မုန့်.များ ရွက်ထားလျက်ရှိစဉ် ငှက်များသည် နှုတ်သီးများဖြင့် ထိုမုန့်.များကို ထိုးသုတ်စားလျက်ရှိသည်ဟု မြင်မက်ကြောင်း အသီးသီး ပြောပြကြပြီးလျှင် ယင်းအိပ်မက်များ၏ ဒိဗ္ဗုမ်ကို မေးမြန်းကြလေသည်။

عَلَيْنَا وَعَلَى النَّاسِ وَلٰكِنَّ
اَكْثَرَ النَّاسِ لَا يَشْكُرُوْنَ ﴿٣٨﴾

ဤ(သည့် အယူဝါဒ)သည်ကား ကျွန်ုပ်တို့.အပေါ်၌လည်းကောင်း၊ လူခပ်သိမ်းတို့ အပေါ်၌လည်းကောင်း၊ အလွန်ဟ အရှင်မြတ်၏ (ကြီးမားလှစွာသော) ကျေးဇူးတော် တစ်ရပ်ပင် ဖြစ်ချေသည်။ သို့ရာတွင် လူသားအနက် အများစုမှာမူ (ဤမျှကြီးမားလှသော) ကျေးဇူးတော်ကိုပင် မသိတတ်ကြပေတကား။

يٰصَاحِبَيِ السِّجْنِ ءَاَرْبَابٌ
مُّتَفَرِّقُوْنَ خَيْرٌ اَمِ اللّٰهُ
الْوَاحِدُ الْقَهَّارُ ﴿٣٩﴾

၃၉။ အို-(ကျွန်ုပ်၏) အကျဉ်းထောင်ဖက် မိတ်ဆွေနှစ်ဦး အထူးထူး အပြားပြားသော ကိုးကွယ်ရာများပင် သာလွန်၍ ကောင်းမြတ်ကြသလော၊ သို့တည်း မဟုတ် (အလုံးစုံတို့.ထက်ဝယ်) နှိမ်နင်း လွှမ်းမိုးတော်မူသောတစ်ဆူတည်းသောအလွှာဟ်အရှင်မြတ်သည်ပင် သာလွန်၍ ကောင်းမြတ်တော်မူပါလေသလော။

مَا تَعْبُدُوْنَ مِنْ دُوْنِهٖٓ
اِلَّآ اَسْمَآءً سَمَّيْتُمُوْهَآ
اَنْتُمْ وَ اٰبَآؤُكُمْ مَّا اَنْزَلَ
اللّٰهُ بِهَا مِنْ سُلْطٰنٍ ؕ اِنِ
الْحُكْمُ اِلَّا لِلّٰهِ ؕ اَمَرَ اَلَّا
تَعْبُدُوْٓا اِلَّآ اِيَّاهُ ؕ ذٰلِكَ
الدِّيْنُ الْقَيِّمُ وَلٰكِنَّ اَكْثَرَ

၄၀။ (အမှန်စင်စစ်ကား)အသင်တို့.သည် အလွှာဟ် အရှင်မြတ်အား စွန့်၍ အသင်တို့.၏အဖ၊ ဘိုးဘေးများ၊ အပါအဝင် မိမိတို့.ကိုယ်တိုင် အမည်နာမမှည့်ခေါ်ထားသည့် (ဘုရား)များကိုသာ ကိုးကွယ်နေကြကုန်၏။ (စင်စစ်ဆိုသော်) အလွှာဟ်အရှင်မြတ်သည် ၎င်းတို့(အား ကိုးကွယ်ရန်)နှင့် စပ်လျဉ်း၍ သက်သေခံ တစ်စုံတစ်ရာမျှပင် ချပေးတော်မူခဲ့သည် မဟုတ်ပေ။အမိန့်.အာဏာ(အလုံးစုံတို့.)ကား အလွှာဟ် အရှင်မြတ်၌သာ ရှိပေသည်။

ထို အရှင်မြတ်က 'အသင်တို့.သည် ထို အရှင်မြတ်မှ တစ်ပါး မည်သည့် တစ်စုံတစ်ရာကိုမျှ မကိုးကွယ်ကြရ' ဟု အမိန့်.တော်ထုတ်ပြန် ချမှတ်တော်မူခဲ့လေသည်။

ဤသည်သာလျှင် ဖြောင့်မတ် မှန်ကန်သော သာသနာတော်ပင်တည်း။ သို့ရာတွင် အများဆုံး သောလူတို့မှာကား မသိနားမလည်ကြပေ။ ③

لَا يَعْلَمُونَ ﴿٣٠﴾

---

③ အဆိုပါ လုလင် ၂-ဦးက် တမန်တော်မြတ်ယူစုဖ်အား ယုံကြည်လေးစားစွာဖြင့် မိမိတို့ မြင်မက်သော အိပ်မက်များ၏ဒိဗ်ခုမ်ကိုဟောရန် မေတ္တာရပ်ခံကြသောအခါ တမန်တော်မြတ်ယူစုဖ်သည် ၎င်းတို့ ၂-ဦးအား အသင်တို့ စားသုံးရန်ရရှိသော အစာအဟာရများ အသင်တို့ထံ မရောက်မီပင် ကျွန်ုပ်သည် အသင်တို့၏ အိပ်မက်ဒိဗ်ခုမ်ကို ဟောပါမည်ဟု ကတိပေးနှစ်သိမ့်စေခဲ့၏။

မိမိအား ယင်းကဲ့သို့ ယုံကြည်လေးစားသူ ၂-ဦးတို့အား အိပ်မက်ဒိဗ်ခုမ် မဟောသေးမီ အလျင် ထိုကဲ့သို့ အခါအခွင့်သင့်ခိုက် တမန်တော်ယူစုဖ်သည် တမန်တော်တစ်ပါးပီပီ မိမိ၌ တာဝန်ရှိသည်နှင့်အညီ အောက်ပါအတိုင်း စတင်၍ တရားဓမ္မ ဟောကြားခဲ့လေသည်။

<u>တမန်တော်ယူစုဖ်၏ ထောင်တွင်းတရား</u>

(အလိုသဘောမှာ)

ထောင်ကျဘက် မိတ်ဆွေနှစ်ဦးတို့ (ကျွန်ုပ်သည် အချိန်အနည်းငယ်အတွင်း) အသင်တို့၏ အိပ်မက်ဒိဗ်ခုမ်ကို ဟောပါမည်။ သို့ရာတွင် အိပ်မက်ဒိဗ်ခုမ် မဟောသေးမီအတွင်း ယခုကဲ့သို့ အချိန်ရခိုက် အိပ်မက်ဒိဗ်ခုမ် ထက်ပင် ပိုမိုအရေးကြီးသော၊ ပိုမိုအကျိုးသက်ရောက်စေသော စကားတခွန်း ပြောပြလိုပါသည်။

ထိုအရေးကြီးသော စကားကား အခြားမဟုတ် ဤအိပ်မက်ဒိဗ်ခုမ်စသည်တို့နှင့် စပ်လျဉ်းသည့် အသိပညာကို ကျွန်ုပ်အဘယ်မှ ရရှိခဲ့ပါသနည်း။ အသင်တို့ သိထားအပ်သည်မှာ ကျွန်ုပ်သည် ဗေဒင်ဆရာမဟုတ်၊ နက္ခတ္တာရာဆရာမဟုတ်၊ အမှန်မှာ ဤသည့်ပညာရပ်များကို အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ကျွန်ုပ်အား ချီးမြှင့်ပေးသနားတော်မူခြင်းသာ ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်အား မယုံကြည်ကြသော နောင်တမလွန်ဘဝကို ငြင်းပယ်သော ကာဖိရ်မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒကို မည်သည့်အခါကမျှ ကျွန်ုပ်လက်မခံခဲ့ပါ။ အမြဲတစေ စွန့်ပယ်ခဲ့ပါသည်။ ကျွန်ုပ်သည် မိမိ၏ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်ဖြစ်သော တမန်တော်အီဗ်ရာဟီမ်၊ တမန်တော်အစ္စဟာက်နှင့် တမန်တော် ယအ်ကူဗ်တို့၏ သာသနာတော်ကိုသာ နာယူခဲ့ပါသည်။ ၎င်းတို့၏ မွန်မြတ်လှစွာသော ကျင့်စဉ်ကျင့်ရပ်များကိုသာ လိုက်နာကျင့်သုံးခဲ့ပါသည်။

ကျွန်ုပ်တို့ အထူးသတိပြုအပ်သည့် အချက်ကြီးတစ်ရပ်မှာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ မည်သည့်အရာကိုမျှ မည်သည့်နည်း၊ မည်သည့်အဆင့်အတန်း၊ မည်သည့်အချိန်၊ မည်သည့်အခြေအနေ၊ မည်သည့်ပတ်ဝန်းကျင်၌မျှ ဝတ်ပြုကိုးကွယ်ခြင်း အလျင်း မပြုထိုက်ပေ။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်အားသာလျှင် ယုံကြည်မြတ်နိုးကြရမည်။ ထိုအရှင်မြတ်အားသာလျှင် ယုံပုံ လွဲအပ်ကြရမည်။ ထိုအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြရမည်။ ကျွန်ုပ်တို့၏ သေရေး၊ ရှင်ရေး၊ အရေးကိစ္စ အဝဝတို့သည် ထိုအရှင်မြတ်အဖို့သာလျှင် ဖြစ်စေရမည်။

ဤသည့် 'တောင်ဟီဒ်' တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခဝပ် ကိုးကွယ်ခြင်းနှင့် တမန်တော်အီဗ်ရာဟီမ်၏ သာသနာအပေါ်၌ ရပ်တည်နေနိုင်ခြင်းသည် ကျွန်ုပ်တို့အပေါ်၌သာမဟုတ်။ ကမ္ဘာ့အဝန်းရှိ လူသားအားလုံးတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကြီးမားလှသော ကျေးဇူးတော် ➤➤

يٰصَاحِبَيِ السِّجْنِ اَمَّآ اَحَدُكُمَا فَيَسْقِيْ رَبَّهٗ خَمْرًا ۚ وَاَمَّا الْاٰخَرُ فَيُصْلَبُ فَتَاْكُلُ الطَّيْرُ مِنْ رَّاْسِهٖ ۗ قُضِيَ الْاَمْرُ الَّذِيْ فِيْهِ تَسْتَفْتِيٰنِ ﴿٤١﴾

၄၁။ အို-အကျဉ်းထောင်ဖက် မိတ်ဆွေနှစ်ဦး၊ မည်သို့ပင်ဖြစ်စေ၊ အသင်တို့နှစ်ဦးအနက် တစ်ဦးမှာမူ မိမိ၏သခင်(ဖြစ်သော ဘုရင်)အား (ရှေးယခင်အတိုင်းပင်)သေစာအရက်ကို ဆက်လက်၍တိုက်ကျွေးရပေမည်၊ သို့ရာတွင်တခြားတစ်ဦးမှာမူကား လက်ဝါးကပ်တိုင်သို့ အတင်ခံရပြီးနောက် ငှက်များသည် ဦးခေါင်းကို (နှုတ်သီးဖြင့် ထိုး၍)စားကြပေလိမ့်မည်။ အသင်တို့နှစ်ဦး မေးမြန်းလျက် ရှိကြကုန်သောကိစ္စမှာ (ဤအတိုင်းပင်)ပြဋ္ဌာန်းပြီးဖြစ်ခဲ့ပေသတည်း။ ၁

➤➤ တစ်ရပ်ပင် ဖြစ်သည်။ သို့ရာတွင် လူသားတို့အနက် မြောက်မြားစွာသော သူများသည် ဤသည့်ကျေးဇူးတော်ကို မသိတတ်ကြပေ။ ဤသည့်ကျေးဇူးတော်ကို သိနားလည်၍ တောင်ဟီဒ်တရားအပေါ်၌ ရပ်တည်နေကြရမည့်အစား ကျေးဇူးကန်းကာ ကာဖိရ်၊ ရှရစ်က်၌ နစ်မွန်းလျက် ရှိကြပေသည်။

ထို့နောက် တမန်တော်ယူစုဖ်က ထိုလှည့် ၂-ဦးတို့အား ဟောကြားသည်မှာ အို-အကြင်ထောင်ကျဘက် မိတ်ဆွေ ၂-ဦး၊ အထူးထူး အပြားပြားသော ကိုးကွယ်ရာများကို ကိုးကွယ်ခြင်းသည် ကောင်းပါသလော၊ သို့တည်းမဟုတ် တစ်ဆူတည်းဖြစ်တော်မူသော အရာခပ်သိမ်းကုန်တို့ကို အနန္တတန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အလွှာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်းသည် ကောင်းပါသလော အသင်တို့ပင် စဉ်းစား၍ ဖြေကြကုန်။

အလွှာဟ် အရှင်မြတ်အား စွန့်လွှတ်၍ အသင်တို့ ယခုဆည်းကပ် ကိုးကွယ်နေကြသော ကိုးကွယ်ရာများသည် အမှန်မှာ အသင်တို့နှင့် အသင်တို့၏ ဘိုးဘေးများ ခေါ်ဝေါ်သမုတ်ထားကြသည့် အမည်နာမများသာလျှင် ဖြစ်သည်။ ယင်းအရာများသည် အသို့မျှ အခြေအမြစ်မရှိချေ။ ယင်းအရာများနှင့်စပ်လျဉ်း၍ အလွှာဟ် အရှင်မြတ်ထံတော်မှ အထောက်အထား တစ်စုံတစ်ရာ ချပေးထားတော်မူခဲ့သည်လည်း အလျင်းမရှိချေ။

အမှန်မှာ အဓိန်.အာဏာသည် အလွှာဟ်အရှင်မြတ်၌သာလျှင် တည်ရှိသည်။ ထိုအရှင်မြတ်က မိမိမှတစ်ပါး အခြားမည်သည့် အရာကိုမျှ ခဝပ်ကိုးကွယ်ခြင်း အလျင်းမပြုကြနှင့်ဟူ၍ အတိအလင်း ပညတ်ထားတော်မူသည်။ ဤသည်ဖြောင့်မတ် မှန်ကန်သော သာသနာဖြစ်သည်။ သို့တစေလည်း လူသားတို့အနက် အများစုကြီးသည် မသိကြပေဟု တမန်တော်ယူစုဖ်သည် လေးနက်စွာ တရားဟောကြားခဲ့လေသည်။

③ တမန်တော်ယူစုဖ် (အလိုင်ဟစ္စလာမ်)သည် ထိုလူ ၂ဦးအား အထက်၌ ပါရှိခဲ့သည့်အတိုင်း လေးနက်စွာ တရားဓမ္မဟောညွှန်ပြပြီးနောက် မိမိ၏ကတိအတိုင်း ၎င်းတို့နှစ်ဦး၏ အိပ်မက်ဒိဗ္ဗုမ်ကို အောက်ပါအတိုင်း ဟောကြားခဲ့လေသည်။

အသင်တို့ ၂-ဦးအနက် အရက်သေစာလုပ်ရန် စပျစ်ညှစ်ရသည်ဟူ၍ အိပ်မက်မြင်မက်သူသည် ယခင်အတိုင်းပင် မိမိ၏သခင် ဘုရင်မင်းမြတ်အား အရက်ဆက်ကပ်ရမည်ဖြစ်သည်။ ဦးခေါင်းပေါ်တွင် ရွက်ထားသည့် မုန့်များကို ငှက်များထိုးသုတ်စားသည်ဟူ၍ အိပ်မက်မြင်မက်သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် ကွပ်မျက်ခြင်းခံရမည်။ ထို့နောက် ၎င်း၏ဦးခေါင်းကို ငှက်များထိုးသုတ် စားကြမည်ဖြစ်သည်။ ➤➤

وَقَالَ لِلَّذِي ظَنَّ أَنَّهُ نَاجٍ مِّنْهُمَا اذْكُرْنِي عِندَ رَبِّكَ فَأَنسَاهُ الشَّيْطَانُ ذِكْرَ رَبِّهِ فَلَبِثَ فِي السِّجْنِ بِضْعَ سِنِينَ ﴿٤٢﴾

၄၂။ ၎င်းပြင် ထိုယူစုဖ်သည် ယင်းလုလင်နှစ်ဦး အနက်မှ လွတ်မြောက်မည့်သူဖြစ်သည်ကို ယုံကြည်သောသူအား 'အသင်သည် မိမိသခင်(ဖြစ်သောဘုရင်မင်းမြတ်)ထံတွင် ကျွန်ုပ်၏အကျိုးအကြောင်းကို ဖော်ပြပြောဆိုပါလေ' ဟု ပြောဆို မှာကြားခဲ့လေ၏။ သို့ရာတွင် ရှိုင်တွာန်မိစ္ဆာကောင်သည် ထိုလုလင်အား မိမိသခင် (ဘုရင်မင်းမြတ်)ရှေ့တွင် ထိုယူစုဖ်၏ အကြောင်း ပြောပြရန် မေ့လျော့စေခဲ့ရာ ထိုယူစုဖ်သည် အကျဉ်းထောင်ထဲတွင် နှစ်ကာလအတန်ကြာအောင် နေထိုင်ခဲ့ရလေသတည်း။ ၁

➤➤ အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်တော်မှာ ဤအတိုင်းပင်ဖြစ်သည်။ ဤတွင် အပြောင်းအလဲ အလျင်းမရှိပြီဟူ၏။

နောက်ဆုံးတွင် တမန်တော်ယူစုဖ် အိပ်မက်၏အနက်ကို ဖတ်တော်မူခဲ့သည့်အတိုင်းပင် ရေကြည်ဝန်သည် အပြစ်မှ လွတ်မြောက်ပြီး ယခင်ရာထူးဌာန ဆက်လက်ခန့်ထားခြင်း ခံရလေသည်။ စားတော်ကဲ့မှာမူ အပြစ်ထင်ရှားသည့်အတွက် လက်ဝါးကပ်တိုင်ပေါ်၌ ကွပ်မျက်ခြင်းခံရပြီးလျှင် ၎င်း၏ ဦးခေါင်းကို ငှက်များ ထိုးသုတ်စားကြလေသည်။

① ဤအာယတ်တော်တွင် ပါရှိသော (ظَنَّ) ဟူသောပုဒ်သည် ကုရ်အာန်ကျမ်းမြတ် (၂၄၆)တွင် ပါရှိသော (يَظُنُّونَ) ဟူသောပုဒ်၏ အနက်သဘောနှင့်တူသည်၊ (ဝါ) ယုံကြည်ခြင်းအနက် ဟောသည်။

ဆိုလိုသည်ကား တမန်တော်ယူစုဖ်က ထိုလုလင် ၂-ဦးအနက် လွတ်မြောက်လိမ့်မည်ဟု မိမိယုံကြည်ခဲ့သော လုလင်အား ထိုလုလင် အကျဉ်းထောင်မှ ထွက်သောအခါ အသင်သည် မိမိ၏သခင် ဘုရင်မင်းမြတ်ရှေ့တော်တွင် ကျွန်ုပ်၏အကြောင်းကို (ဝါ) အကျဉ်းထောင်တွင် ပုဂ္ဂိုလ်တစ်ဦးသည် အပြစ်မရှိဘဲလျက် မတရားသဖြင့် နှစ်ပေါင်းများစွာကပင် အကျဉ်းချထားခြင်းကို ခံနေရကြောင်း မိမိတွေ့မြင်သည့်အတိုင်း အပိုအလိုမပါ ဖြစ်ရပ်မှန်ကိုသာ ပြောပြပါဟု မှာကြားလိုက်လေသည်။

ယင်းသို့ တမန်တော်ယူစုဖ်က အကျဉ်းထောင်မှ လွတ်မြောက်သွားခဲ့သည့် လုလင်အား မှာကြားလိုက်သော်လည်း ရှိုင်တွာန်သည် ယင်းလုလင်၏စိတ်တွင် အမျိုးမျိုး တွေဝေမိုက်မောစေသော အတွေးအခေါ်များ၊ မကောင်းသော အကြံအစည်များ၊ နှိုးဆော်ချက်များ ဖြစ်ပေါ်စေခဲ့ရာ ထိုလုလင်သည် ဘုရင်မင်းမြတ်ရှေ့တော်တွင် မိမိ၏ကျေးဇူးရှင် တမန်တော်ယူစုဖ်၏အကြောင်းကို ပြောပြလျှောက်ထားရန် သတိမေ့သွားခဲ့လေသည်။ ထို့အတွက် တမန်တော်ယူစုဖ်သည် အကျဉ်းထောင်၌ နောက်ထပ် နှစ်အတန်ကြာနေခဲ့ရလေသည်။ ထို့နောက် နှစ်အတန်ကြာသောအခါ အီဂျစ်ပြည် ဘုရင်မင်းမြတ်သည် အလွန်ထူးဆန်းဖွယ်ရာဖြစ်သော အိပ်မက်ကို မြင်မက်လေသည်။ ထိုအိပ်မက်ဒိဗ်ခုမ်ကို ဟောပြောနိုင်သူဟူ၍လည်း တိုင်းပြည်တွင် တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ ထိုအခါကျမှ အဆိုပါလုလင်သည် တမန်တော်ယူစုဖ်အား အမှတ်ရလေတော့သည်။ ကြည့်-ကုရ်အာန် (၁၂:၄၅) ➤➤

وَقَالَ الْمَلِكُ إِنِّي أَرَىٰ سَبْعَ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعَ سُنْبُلَاتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ ۖ يَا أَيُّهَا الْمَلَأُ أَفْتُونِي فِي رُؤْيَايَ إِنْ كُنْتُمْ لِلرُّؤْيَا تَعْبُرُونَ ﴿٤٣﴾

قَالُوا أَضْغَاثُ أَحْلَامٍ ۖ وَمَا نَحْنُ بِتَأْوِيلِ الْأَحْلَامِ بِعَالِمِينَ ﴿٤٤﴾

၄၃။ ထို့နောက် ဘုရင်က ဧကန်စင်စစ် ငါသည် အိပ်မက်တွင် ဝဝဖြိုးဖြိုးရှိကြကုန်သော နွားမ ခုနစ်ကောင်ကို ပိန်ချုံးလျက်ရှိသော နွားမခုနစ်ကောင်တို့က စား၍နေကြသည်ကိုလည်းကောင်း၊ စိုစိမ်းသော စပါးနှံ ခုနစ်နှံနှင့် အခြား သွေ့ခြောက်လျက်ရှိကုန်သော (စပါးနှံ ခုနစ်နှံတို့ကို)လည်းကောင်း၊ မြင်မက်ခဲ့လေသည်။

အို-မှူးကြီးမတ်ရာတို့၊ အကယ်၍ အသင်တို့သည် အိပ်မက်ဒိဗ္ဗုမ်ကိုပြော၍ ပြတတ်ကြပါလျှင် ငါ၏ (ဤမည်သော) အိပ်မက်ဒိဗ္ဗုမ်ကို ငါ့အား တင်လျှောက်ကြလေကုန်ဟု ပြောကြားခဲ့လေ၏။ [၁]

၄၄။ (ထိုရောကာလ) ယင်းမှူးကြီးမတ်ရာတို့က (အို-ဘုရင်မင်းမြတ် ဤကား) ဂယောင်ဂယက် မြင်မက်သော အိပ်မက်မျှသာဖြစ်ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့မှာမူကား ဂယောင်ဂယက် အိပ်မက်များ၏ ဒိဗ္ဗုမ်ကို နားလည်သူများလည်း မဟုတ်ကြပါ ဟု လျှောက်ထားခဲ့ကြလေသတည်း။

➤➤ ဤအာယတ်တော် (၁၂:၄၂) တွင် လာရှိသည့်အတိုင်း 'ရှိုင်တွာန်က ထိုလူလင်အား မေ့စေခဲ့သည်'ဟု သုံးနှုံးထားတော်မူခြင်းမှာ ရှိုင်တွာန်သည် တွေဝေမိုက်မောစေသည့် အတွေးအခေါ် အကြံအစည် စသည်များကို စိတ်တွင်ပေါ်ပေါက်စေပြီး မေ့စေခြင်း၏ အကြောင်းတရားဖြစ်နေခြင်းကြောင့်ပင်ဖြစ်သည်။ ဤသို့သော အသုံးအနှုန်းကို ကုရ်အာန်ကျမ်းမြတ် (၁၈:၆၃) တွင်လည်း တွေ့ရှိရပေသည်။

① **အီဂျစ်ဘုရင် အိပ်မက်မြင်မက်ခြင်း။**

တစ်နေ့သောအခါ အီဂျစ်ဘုရင် (ရိုင်ယာန် အီဗ်နူအလ်ဝလီဒ်)သည် အိပ်မက်တွင် ဝဖြိုးသော နွားမခုနစ်ကောင်ကို ပိန်ချုံးသော နွားမခုနစ်ကောင်က စားသည်။ ၎င်းပြင် စိမ်းစိုသော စပါးနှံခုနစ်နှံကို သွေ့ခြောက်သော စပါးနှံ ခုနစ်နှံက ရစ်ပတ်၍ သွေ့ခြောက်စေသည်ဟူ၍ မြင်မက်လေသည်။

ဘုရင်မင်းမြတ်သည် ယင်းသို့ ထူးဆန်းအံ့သြဖွယ် အိပ်မက်ကို မြင်မက်သောအခါ မှူးမတ်တို့အား မိမိ၏ အိပ်မက်ဒိဗ္ဗုမ်ကို မေးမြန်းလေသည်။ ဤသည့် အိပ်မက်သည် တမန်တော်ယူစုဖ် အကျဉ်းထောင်မှ လွတ်မြောက်ရန် အကြောင်းလာ၍ ဖြစ်ခဲ့လေသည်။

وَقَالَ الَّذِي نَجَا مِنْهُمَا وَادَّكَرَ بَعْدَ أُمَّةٍ أَنَا أُنَبِّئُكُمْ بِتَأْوِيلِهِ فَأَرْسِلُونِ ﴿٤٥﴾

၄၅။ ထိုအခါ ယင်း(အကျဉ်းချထားခြင်း ခံခဲ့ကြသော) လုလင်နှစ်ဦးအနက် ပြန်၍ လွတ်မြောက်ခဲ့သောလုလင်သည် ကာလအတော်ကြာပြီးနောက်သော်မှပင် သတိရလာ၍ ထိုအိပ်မက်၏ဒိဗ္ဗုမ်ကို ဘုရင်မင်းမြတ်တို့အား ကျွန်တော်မျိုးတစ်ဆင့်ပြောပြပါမည်။ သို့ပါ၍ အရှင်မင်းမြတ်သည် ကျွန်တော်မျိုးအား သွားခွင့်ပြုတော်မူပါ ဟု လျှောက်ထားခဲ့လေ၏။ ③

يُوسُفُ أَيُّهَا الصِّدِّيقُ أَفْتِنَا فِي سَبْعِ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعِ سُنْبُلَاتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ لَعَلِّي أَرْجِعُ إِلَى النَّاسِ لَعَلَّهُمْ يَعْلَمُونَ ﴿٤٦﴾

၄၆။ (အကျဉ်းထောင်သို့ ရောက်လတ်သော် ထိုလုလင်သည် တမန်တော်ယူစုဖ်အား ဤသို့ ပြောဆိုလေ၏။) အို-ယူစုဖ်၊ အို-သစ္စာဝါဒီ၊ အသင်သည် ကျွန်ုပ်တို့အား ဝဝဖြိုးဖြိုးရှိသော နွားမခုနစ်ကောင်ကို ပိန်ချုံးသော နွားမခုနစ်ကောင်သည် စား၍နေသည်။ ၎င်းပြင် စိမ်းစိုသော စပါးနှံခုနစ်နှံနှင့် ခြောက်သွေ့သော စပါးခုနှစ်နှံဖြစ်ကုန်သည်။ (မြင်မက်သောအိပ်မက်)နှင့် စပ်လျဉ်း၍ (ဒိဗ္ဗုမ်ကို) ရှင်းလင်း ပြောပြပါလေ။ သို့မှသာလျှင် ကျွန်ုပ်သည် လူများထံပြန်နိုင်၍လူများလည်း (အသင်၏ မြင့်မြတ်လှသောဂုဏ်အင်များကို) သိနားလည်နိုင်ကြပေမည်ဖြစ်သတည်း။

قَالَ تَزْرَعُونَ سَبْعَ سِنِينَ دَأَبًا فَمَا حَصَدْتُمْ فَذَرُوهُ فِي سُنْبُلِهِ إِلَّا قَلِيلًا مِمَّا

၄၇။ ထိုယူစုဖ်သည် (အိပ်မက်ဒိဗ္ဗုမ်ကို ဤသို့ ရှင်းလင်း၍) ပြောပြလေသည်။ အသင်တို့သည် (မိမိတို့စိုက်ပျိုးနေကျအတိုင်း) ခုနစ်နှစ်တိုင်တိုင် (မိမိတို့ လယ်ယာများကို) အဆက်မပြတ် စိုက်ပျိုးကြလေကုန်။

---

③ ထိုလုလင်သည် လျှောက်ထားသည့်အတိုင်း ခွင့်ရရှိသောအခါ အကျဉ်းထောင်၌ တမန်တော်ယူစုဖ်ထံသို့ သွားရောက်ပြီးလျှင် ရှေ့လာလတ္တံ့သော အာယတ်တော်၌ ပါရှိသည့်အတိုင်း ဘုရင် မင်းမြတ်၏ အိပ်မက်ဒိဗ္ဗုမ်ကို မေးမြန်းလေတော့သည်။

تَأْكُلُونَ ﴿٤٨﴾

သို့ရှိရာ အသင်တို့သည် မိမိတို့ ရိတ်သိမ်းသော ကောက်လှိုင်းများအနက် မိမိတို့စားသုံးရန်ဖြစ်သောအနည်းငယ်မျှမှအပ ကျန်ရှိသော ကောက်လှိုင်းများကို ကောက်လှိုင်းအတိုင်းပင် ထားရှိကြလေကုန်။

ثُمَّ يَأْتِي مِنْ بَعْدِ ذَٰلِكَ سَبْعٌ شِدَادٌ يَأْكُلْنَ مَا قَدَّمْتُمْ لَهُنَّ إِلَّا قَلِيلًا مِّمَّا تُحْصِنُونَ ﴿٤٨﴾

၄၈။ ထို့နောက် တစ်ဖန် (ဒုဿိက္ခန္တရကပ်ဆိုက်၍) ပြင်းထန်လှသော ခုနစ်နှစ်သည် ဆိုက်ရောက်လာပေမည်။ ထိုနှစ်ကာလခုနစ်နှစ်သည် အသင်တို့ (မျိုးစေ့အလို့ငှာ) သိမ်းထားကြသည့် အနည်းငယ်မျှ(သော ရိက္ခာ)မှအပ အသင်တို့ ကြိုတင် စုဆောင်းထားသည့်(ရိက္ခာ)များကို စားသုံးပစ်ကြပေမည်။

ثُمَّ يَأْتِي مِنْ بَعْدِ ذَٰلِكَ عَامٌ فِيهِ يُغَاثُ النَّاسُ وَفِيهِ يَعْصِرُونَ ﴿٤٩﴾

၄၉။ ထို့နောက်တစ်ဖန် နောက်တစ်နှစ် ရောက်လတ်သော် ထိုနှစ်တွင်မူ လူတို့သည် (ကောင်းမွန်စွာ) မိုးရွာသွန်းစေခြင်းကို ခံကြရသည့်ပြင် ထိုနှစ်တွင် ၎င်းတို့သည် စပျစ်ရည်များလည်း ညှစ်ကြပေမည် ဖြစ်သတည်း။

---

① <u>တမန်တော်ယူစုဖ်က အိပ်မက်ဒိဗ်ခမ်းပြောချ၍ ကောင်းမြတ်သော အကြံဉာဏ်နှင့် ကောင်းချီးသတင်းပေးခြင်း။</u>

တမန်တော်ယူစုဖ်၏မှာကြားချက်ကို မေ့နေခဲ့သောလုလင်သည် နှစ်အတန်ကြာပြီးနောက်တွင် သတိရ၍ တမန်တော်ယူစုဖ်ထံ လာရောက်ပြီး ဘုရင်မင်းမြတ်၏ အိပ်မက်ဒိဗ်ခမ်းကို မေးမြန်းသောအခါ တမန်တော်ယူစုဖ်သည် တမန်တော်တစ်ပါးပီပီ မိမိ၏မှာကြားချက်ကို အမှေကြီး မေ့နေခဲ့သောသူအား တစ်ခွန်းတပါဒမျှ အပြစ်မဆို၊ အိပ်မက်ဒိဗ်ခမ်း ဟောရန်လည်း တစ်စုံတစ်ရာ အခကြေးငွေမယူ၊ စည်းကမ်းချက် တစ်စုံတစ်ရာမထား၊ အချိန်လည်းမဆွဲဘဲ၊ ကြည်ဖြူစွာ (၁) အိပ်မက်၏ ဒိဗ်ခမ်း ဟောပြောသည်သာမက (၂) ကောင်းမြတ်သော အကြံဉာဏ်နှင့် (၃) ကောင်းချီးသတင်းတစ်ရပ်ကိုလည်း ပေးလိုက်လေသည်။ ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်များ၏ စိတ်နေသဘောထား ကိုယ်ကျင့်တရား အဘယ်မျှ ကောင်းမွန်မြင့်မြတ်သည်ကို စဉ်းစားကြည့်နိုင်ပေသည်။

တမန်တော်ယူစုဖ်(အလိုင်ဟစ္စလာမ်)၏ အဖြေ၏အချုပ်သဘောမှာ ဝဖြိုးသော နွားမခုနစ်ကောင်နှင့် စိမ်းစိုသော စပါးနှံခုနစ်နှံသည် အဆက်မပြတ် ဥတုရာသီကောင်းမွန်၍ သာယာစိုပြေသော ခုနစ်နှစ်ဖြစ်သည်။ ဥတုရာသီ စိုပြေသည့် ထိုခုနစ်နှစ်တွင် လယ်ယာကိုင်းကျွန်းများ ကောင်းစွာ စိုက်ပျိုးနိုင်ကြမည်။ အသီးအနှံများ ကောင်းစွာရရှိကြမည်။ သီးနှံများနှင့်တကွ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့်တိရစ္ဆာန်များလည်း ➤➤

وَقَالَ الْمَلِكُ ائْتُونِي بِهِ ۖ فَلَمَّا جَاءَهُ الرَّسُولُ قَالَ ارْجِعْ إِلَىٰ رَبِّكَ فَسْأَلْهُ مَا بَالُ النِّسْوَةِ

၅၀။ ထို့နောက်ဘုရင်မင်းက အသင်တို့သည် ထိုယူစုဖ်အား ငါထံသို့ ပင့်ဆောင်ခဲ့ကြလေကုန် ဟုမိန့်ကြားခဲ့လေသည်။ တဖန် စေတမန်သည် ထိုယူစုဖ်ထံသို့ရောက်ရှိလေသော် ထိုယူစုဖ်က(စေတမန်အား) အသင်သည် မိမိသခင်ထံသို့ ပြန်၍သွားပါလေ။

➤➤ ဝဝဖြိုးဖြိုး ရှိကြမည်။ ထိုသို့ ဥတုရာသီ ကောင်းမွန်စိုပြေသော ခုနစ်နှစ်ကျော်လွန်သောအခါ ခုနစ်နှစ်တိုင်တိုင် မိုးလေဝသ ခေါင်းပါးမည်။ ထိုသို့ မိုးလေဝသ ခေါင်းပါးမည့် ခုနစ်နှစ်တွင် ယခင်မိုးလေဝသကောင်းစဉ်က စုဆောင်းသိုလှောင် ထိန်းသိမ်းထားခဲ့ကြသည့် စားနပ်ရိက္ခာများကို စားသုံးကြရမည်ဖြစ်သည်။ နောက်နှစ်များအဖို့ မျိုးစပါးအဖြစ် သိမ်းဆည်းထားမည့် အနည်းငယ်မျှသာ အသီးအနှံသာ ကျန်မည်။ ပိန်ချုံးသော နွားမခုနစ်ကောင်နှင့် သွေ့ခြောက်သော စပါးခုနစ်နှံသည် မိုးလေဝသခေါင်းပါးမည့် ခုနစ်နှစ်ဖြစ်သည်။

ပိန်ချုံးသော နွားမခုနစ်ကောင်က ဝဖြိုးသောနွားမခုနစ်ကောင်ကို ဝါးမျိုခြင်း၊ သွေ့ခြောက်သော စပါးနှံခုနစ်နှံက စိမ်းစိုသော စပါးနှံခုနစ်နှံကို ရစ်ပတ်ခြောက်သွေ့စေခြင်းသည် မိုးလေဝသကောင်းသည့် ခုနစ်နှစ်တွင် စုဆောင်းထားခဲ့ကြသည့် စားနပ်ရိက္ခာများကို မိုးလေဝသ ခေါင်းပါးမည့် ခုနစ်နှစ်အတွင်း စားသုံးကုန်ခန်းခြင်းဖြစ်သည်။

တမန်တော်ယူစုဖ်သည် ယင်းကဲ့သို့ အိပ်မက်ဒိဗ္ဗုမ် ဟောကြားသည့်အတွင်းမှာပင် သတ္တဝါအပေါင်းတို့အား စာနာထောက်ထား သနားကြင်နာသော စေတနာဖြင့် ကောင်းမြတ်သော အကြံဉာဏ်ပေးခဲ့သည်မှာ အသင်တို့သည် မိုးလေဝသကောင်းမည့် ခုနစ်နှစ်အတွင်း ရရှိမည့် စားနပ်ရိက္ခာများကို ကောင်းစွာ ထိန်းသိမ်းထားကြရမည်။ စားသုံးရန် လိုသမျှကိုသာထုတ်၍ ခြိုးခြံစွာ စားသုံးကြရမည်။ ကျန်အသီးအနှံများကို ကောက်လှိုင်းအခွံများ၌ပင် ထားရှိကြရမည်။ ဤသို့ထားမှသာလျှင် ပိုးကျမည်မဟုတ်ပေ။ ပျက်စီးမည် မဟုတ်ပေ။ ဤသို့ကောင်းမွန်စွာ ထိန်းသိမ်းမထားကြလျှင် မိုးလေဝသခေါင်းပါးမည့် ခုနစ်နှစ်တွင် ဒုက္ခကြီးငယ်များနှင့် မုချရင်ဆိုင်ကြရမည် ဖြစ်သည်။

ဤကဲ့သို့ ကောင်းမြတ်သော အကြံဉာဏ်ပေးပြီး နောက်တစ်ဖန် တမန်တော်ယူစုဖ် (အလိုင်ဟစ္စလာမ်) သည် ကောင်းချီးသတင်းတစ်ရပ် ပြောကြားပြန်သည်မှာ ယင်းသို့ ခုနစ်နှစ်တိုင်တိုင် မိုးလေဝသ ခေါင်းပါးပြီးနောက်၊ ဆိုက်ရောက်လာမည့် နှစ်သည် အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်ဖြင့် မိုးလေဝသ အလွန်ကောင်းမည် ဖြစ်သည်။

လယ်ယာကိုင်းကျွန်းများ အလွန်စိုပြေမည်။ အသီးအနှံ အလွန်ပေါများသည်။ တိရစ္ဆာန်များလည်း အလွန်ဝဖြိုးမည်။ နို့ရည်များလည်း အလွန်ပေါများမည်။ အရည်ညှစ်ရသည့် စပျစ်သီးစသည့် အသီးအနှံများလည်း အလွန်ပေါများမည် ဖြစ်သည့်အတွက် တိုင်းသူ ပြည်သား လူအများတို့သည် အရက်သေစာကိုလည်း ဖောဖောသီသီ သောက်သုံးကြရမည် ဖြစ်သည်။

နောက်ဆုံးစကားသည် လာရောက်မေးမြန်းသော လုလင်၏အခြေအနေအရ ပြောကြားလိုက်ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုလင်သည် စပျစ်ရည်ညှစ်၍ ဘုရင်မင်းမြတ်အား ဆက်ကပ်ရသူ တစ်ဦးဖြစ်လေသည်။

اللَّاتِي قَطَّعْنَ أَيْدِيَهُنَّ ۖ إِنَّ رَبِّي بِكَيْدِهِنَّ عَلِيمٌ ﴿٥٠﴾

ထို့နောက် အသင်သည် ထိုဘုရင်အား 'မိမိလက်များကိုလှီးခဲ့ကြသော အမျိုးသမီးတို့၏(လက်ရှိ)အခြေအနေသည် မည်သို့ရှိပါသနည်း' ဟု လျှောက်ထားမေးမြန်းပါလေ။ [3] ဧကန်အမှန် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုအမျိုးသမီးတို့၏ ပရိယာယ်မာယာကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

③ ဘုရင်မင်းမြတ်က တမန်တော်ယူစုဖ်အား ဖိတ်ခေါ်ခြင်း

အီဂျစ်ဘုရင်မင်းမြတ်သည် ရေကြည်ဝန်၏ လျှောက်ထားချက်များကြောင့် ယခင်ကပင် တမန်တော်ယူစုဖ်အား ကြည်ညိုခဲ့ပြီး ဖြစ်လေသည်။ ယခုတစ်ဖန် လျှောက်ကန်သင့်မြတ်၍ စိတ်နလုံးသားကို ထိတွေ့နေသည့် အိပ်မက်၏ဒိဗ္ဗခုမ်နှင့် တိုင်းသူပြည်သားတို့အား သနားကြင်နာသော စေတနာဖြင့် ပေးလိုက်သော မွန်မြတ်လှသည့် အကြံဉာဏ်ကို ကြားသိရသောအခါ တမန်တော်ယူစုဖ်၏ အသိဉာဏ်အမြော်အမြင် ကြီးမားပုံ၊ စိတ်နေသဘောထားမြင့်မြတ်ပုံ၊ ကိုယ်ကျင့်တရား ကောင်းမြတ်ပုံများကို ပိုမိုယုံကြည်လေးစားလာခဲ့လေသည်။

ထိုအခါ ဘုရင်မင်းမြတ်သည် မိမိကိုယ်တိုင် တမန်တော်ယူစုဖ်အား တွေ့လိုခြင်း၊ ချီးမြှင့်လိုခြင်းကြောင့် တမန်တော်ယူစုဖ်ထံသို့ စေတမန်လွှတ်၍ တမန်တော်ယူစုဖ်အား ဖိတ်ခေါ်ခဲ့လေသည်။ စေတမန်သည် ဘုရင့်အမိန့်တော်အရ တမန်တော်ယူစုဖ်ထံ လာရောက်၍ ဘုရင်မင်းမြတ်ထံကြွပါရန် ဖိတ်ကြားလေသည်။

တမန်တော်ယူစုဖ်က ဘုရင်၏ဖိတ်ကြားချက်ကိုရုတ်တရက် လက်မခံသေးဘဲ အမျိုးသမီးတို့နှင့် မိမိ၏ပြဿနာကို ပထမဖြေရှင်းရန် ဘုရင်မင်းမြတ်ထံ ပန်ကြားခြင်း

ထိုအခါ တမန်တော်ယူစုဖ်သည် ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်ကို ရုတ်တရက် ချက်ခြင်းလက်မခံသေးဘဲ စေတမန်အား အသင်သည် ဘုရင်မင်းမြတ်ထံပြန်၍ မိမိတို့၏ လက်ချောင်းများကို လှီးဖြတ်ကြသော အမျိုးသမီးတို့၏ အခြေအနေကို စုံစမ်းတော်မူရန် ပြန်လည်လျှောက်ထားရန် ပြောကြား၍ တည်ကြည်စွာ အရေးဆိုခဲ့လေသည်။ ဤကဲ့သို့ပြုလုပ်ခြင်းမှာ တမန်တော်ယူစုဖ်၏အမြင်၌ သာသနာရေးနှင့် ကိုယ်ကျင့်တရားတွင် မြင့်မြတ်မှု၊ သန့်ရှင်းမှုသည် လောကီရေးဆိုင်ရာ အလွန်ကြီးကဲသော ဂုဏ်အင်ဒြပ်များထက်ပင် ပိုမိုအရေးကြီးပေသည်။ တမန်တော်ယူစုဖ်သည် တမန်တော်တပါးဖြစ်ခဲ့သည်။ တမန်တော်တပါးနှင့်ပတ်သက်၍ သာမန်အထင်အမြင်မှားမှုသည် တရားဓမ္မသွန်သင်ဆုံးမရာတွင် အကြီးအကျယ် အဟန့်အတားဖြစ်သည်။ အကယ်၍ တမန်တော်ယူစုဖ်သည် အီဂျစ်အမျိုးသားတို့၏ ပရိယာယ်မာယာကြောင့် အကျဉ်းထောင်တွင် နှစ်အတော်ကြာနေခဲ့ရသည့် ပြဿနာကို ပြတ်သားစွာမဖြေရှင်းဘဲ ဘုရင်မင်းမြတ်၏ဖိတ်ကြားချက်ကို ရုတ်တရက် ချက်ချင်း အကျဉ်းထောင်မှ ထွက်သွားခဲ့သည်ရှိသော် နောင်တချိန်တွင် ဖြစ်ရပ်မှန်ကို မသိသောသူများသည် တမန်တော်ယူစုဖ်၏ ကာယရှိန် ဂုဏ်သိက္ခာနှင့်စပ်လျဉ်း၍ ဇဝေဇဝါဖြစ်ကြပေမည်။ အမျိုးမျိုး တွေးထင်ကြပေမည်။ မလိုမုန်းတီးသောသူများသည် တချိန်တွင် ဤသည့် အခြေအမြစ်မရှိသော စကားများကိုအကြောင်းပြုပြီး တမန်တော်ယူစုဖ်အားဆန့်ကျင်ရန် ပြဿနာတစ်ခုမဟုတ်တစ်ခု ဖန်တီးကြဦးမည်ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း တမန်တော်ယူစုဖ်သည် အမျိုးသမီးတို့၏ပြဿနာကို ဦးစွာပထမပြတ်သားစွာ ဖြေရှင်းပေးရန် ➤➤

قَالَ مَا خَطْبُكُنَّ إِذْ رَاوَدتُّنَّ
يُوسُفَ عَن نَّفْسِهِ ۚ قُلْنَ
حَاشَ لِلَّهِ مَا عَلِمْنَا عَلَيْهِ مِن
سُوٓءٍ ۚ قَالَتِ امْرَأَتُ الْعَزِيزِ الْـَٰٔنَ
حَصْحَصَ الْحَقُّ أَنَا رَاوَدتُّهُۥ
عَن نَّفْسِهِۦ وَإِنَّهُۥ لَمِنَ
الصَّـٰدِقِينَ ﴿٥١﴾

၅၁။ (ထိုအခါ) ဘုရင်မင်းမြတ်က (ထိုမိန်းမတို့အား) အသင်တို့သည် ယူစုဖ်အား ၎င်းကိုယ်တိုင်နှင့်ဆန့်ကျင်ကာ ချော့မော့၍ မြှူဆွယ်ခဲ့ကြစဉ်အခါ၌ အသင်တို့၏ အဖြစ်မှန်သည် မည်သို့ရှိခဲ့သနည်းဟု မေးမြန်းလေ၏။ (ထိုအခါ) ယင်းမိန်းမတို့က အလွန်ဟ်အရှင်မြတ်သည် အပြစ်ကင်းစေတော်မူ၍ အံ့ချီးမဆုံး ပြုနိုင်စွမ်းတော်မူပါဘိတကား။ ကျွန်ုပ်တို့သည် ထိုယူစုဖ်၏အပေါ်၌ မည်သည့်တစ်စုံတစ်ရာ မကောင်းမှု (ရှိသည်ကို) မသိရှိခဲ့ကြပါဟု လျှောက်ထားခဲ့ကြကုန်၏။ (ထိုရောကာလ) အဇီဇ်၏ကြင်ရာသည် (ဤသို့) လျှောက်ထားခဲ့လေ၏။ ယခုသော်ကား (အဖြစ်အပျက်)အမှန်သည် ထင်ရှားသွားလေပြီ။ ကျွန်ုပ်သည်သာလျှင် ယင်းယူစုဖ်အား ၎င်းကိုယ်တိုင်နှင့် ဆန့်ကျင်၍ဖြစ်သည်။ ချော့မော့ မြှူဆွယ်ခဲ့ပါသည်။ ၎င်းပြင် ဧကန်မလွဲ ထိုယူစုဖ်မှာမူကား သစ္စာဝါဒီတစ်ဦး မုချ ဖြစ်ပါသတည်း။ [၁]

➤➤ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်ကို ရုတ်တရက် ချက်ချင်း လက်မခံသေးဘဲ ကြီးစွာသော ဇွဲသတ္တိဖြင့် အရေးဆိုခဲ့လေသည်။

③ ဘုရင်မင်းမြတ်က အမျိုးသမီးတို့အား ဆင့်ခေါ်မေးမြန်းခြင်း။

တမန်တော်ယူစုဖ်၏ ပန်ကြားချက်အရ ဘုရင်မင်းမြတ်သည် သက်ဆိုင်ရာ အမျိုးသမီးတို့အား ဆင့်ခေါ်ပြီး တမန်တော်ယူစုဖ်နှင့်ပတ်သက်၍ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်များကို မေးမြန်းလေသည်။ တမန်တော်ယူစုဖ်သည် ဇွဲသတ္တိကြီးစွာဖြင့် အရေးဆိုနေသည်ကိုလည်း ဘုရင်မင်းမြတ် ရိပ်စားမိ၏။ ရေကြည်ဝန်နှင့် အခြား မှူးမတ်တို့ လျှောက်ထားချက်များကို ကြားနှင့်ပြီးဖြစ်သည့်အတွက် တမန်တော် ယူစုဖ်၌ အပြစ်တစ်စုံတစ်ရာ မရှိကြောင်း၊ အမျိုးသမီးတို့၏ ပရိယာယ် မာယာမျှသာ ဖြစ်ကြောင်းကိုလည်း ဘုရင်မင်းမြတ်သည် ကြိုတင်သိနှင့်ပြီးဖြစ်၏။ ထို့အတွက်ကြောင့်ပင် ဘုရင်မင်းမြတ်က ဖြစ်ရပ်မှန်ကို ကြိုတင် သိနှင့်ပြီးဖြစ်သည့်အနေဖြင့် အမျိုးသမီးတို့အား 'အသင်တို့သည် ယူစုဖ်ကို မြှူဆွယ်ခဲ့ကြစဉ်က အသို့ဖြစ်ကြ သနည်း'ဟု စတင်မေးမြန်းခြင်းဖြစ်သည်။

ထိုအခါ အမျိုးသမီးများက တညီတညွတ်တည်းပင် (တမန်တော်) ယူစုဖ်၌ အပြစ်တစ်စုံတစ်ရာ မရှိကြောင်း ဝန်ခံလျှောက်ထားကြလေသည်။ ထိုအချိန်၌ ဤကိစ္စတွင် ပထမတရားခံဖြစ်သော ကာယကံရှင်လည်းဖြစ်သော အဇီဇ်မင်းကြီး၏ကြင်ရာ ဇလေခါကလည်း ထိမ်ချိန်ကွယ်ဝှက်၍ မဖြစ်သာသည့်အဆုံးတွင် ➤➤

ذَٰلِكَ لِيَعْلَمَ أَنِّي لَمْ أَخُنْهُ بِالْغَيْبِ وَأَنَّ اللَّهَ لَا يَهْدِي كَيْدَ الْخَائِنِينَ ﴿٥٢﴾

၅၂။ ဤ(သို့ အပြစ်ကင်းကြောင်းကို ထင်ရှားစေခြင်းသည်)ကား ထိုအဓိဋ်သည် ၎င်း၏နောက်ကွယ်ရာတွင် ၎င်းအား ကျွန်ုပ် အမှန်ပင် သစ္စာမဖောက်ခဲ့ကြောင်း ၎င်းပြင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် သစ္စာဖောက်သောသူတို့၏ အကြံအစည်ကို (အထမြောက် အောင်မြင်စေရန်အလို့ငှာ) နည်းလမ်းပေးတော်မူသည်မဟုတ်ကြောင်း (ပို၍ပို၍ကောင်းမွန်စွာ) သိနားလည်ရန် ဖြစ်ပေသတည်း။ [၁]

➤➤ အမှန်မှာ ကျွန်ုပ်ကသာ ယူစုဖ်ကို မြှုဆွယ်ခဲ့ခြင်းဖြစ်ပါသည်။ ယူစုဖ်သည် အမှန်ပင် သစ္စာဝါဒီတစ်ဦးဖြစ်ပါသည်။ အနည်းငယ် စိုးစဉ်းမျှ သစ္စာမမဲ့ပါ ဟု အတိအလင်း ဝန်ခံလျှောက်ထားလေသည်။ ဤသို့အားဖြင့် တမန်တော်ယူစုဖ်သည် 'ပတ္တမြားမှန်လျှင် နံ့မနှစ်' ဆိုသကဲ့သို့ တမန်တော်တပါးပီပီ ကာယိန္ဒြေ၊ ဂုဏ်သိက္ခာ၊ သစ္စာသမာဓိနှင့် ပြည့်စုံကြောင်း မိတ်ဆွေများက မဆိုထားဘိ မိမိအား ရန်ရှာနေသောသူများက ပင်လျှင် ထုတ်ဖော်ဝန်ခံကြရလေပြီ။ အမှန်သည် အမှန်ပင်ဖြစ်၏။ အမှားမဖြစ်။

① ဤကဲ့သို့ တမန်တော်ယူစုဖ်(အလိုင်ဟစ္စလာမ်)က ဘုရင်မင်းမြတ်အား သက်ဆိုင်ရာ အမျိုးသမီးတို့ကို စုံစမ်းမေးမြန်းရန် ပန်ကြားခြင်းမှာ မိမိသည် အဓိဋ်မင်းကြီး၏ နောက်ကွယ်ရာတွင် သစ္စာမမဲ့ခဲ့ကြောင်းကို အဓိဋ်မင်းကြီး ပို၍ သိရှိယုံကြည်သွားစေရန်နှင့် သစ္စာမဲ့သူများ၏ အကြံအစည် ပရိယာယ်မာယာ လိမ်လည်လှည့်ဖြားမှုများကိုလည်း အလ္လာဟ်အရှင်မြတ်သည် အောင်မြင်စေရန် ဘယ်သောအခါ၌မျှ လမ်းစပေးတော်မူသည် မဟုတ်ကြောင်းကို သူငါအများ သိရှိသွားစေရန်ပင်ဖြစ်သည်။

နောက်ဆုံး ဤကိစ္စတွင် တမန်တော်ယူစုဖ်(အလိုင်ဟစ္စလာမ်)သည် စံမတူအောင် မိမိ၏ကာယိန္ဒြေကို ထိန်းသိမ်းနိုင်ခဲ့ကြောင်းကို မိမိ၏မိတ်ဆွေများကသာ မဆိုထားဘိ၊ မိမိအား ရန်ရှာနေခဲ့ကြသော အမျိုးသမီးကြီးငယ်တို့ကပင် အတိအလင်း ဝန်ခံသွားခဲ့ကြသည့်အကြောင်းနှင့် သစ္စာမဲ့ခဲ့ကြသော ဇလေခါနှင့် အပေါင်းပါအမျိုးသမီးတို့၏ အကြံအစည်မှာလည်း 'ခဲလေသမျှ သဲရေကျ' ဖြစ်သွားခဲ့သည့်အကြောင်းမှာ လယ်ပြင်မှာ ဆင်သွားသည့်အလား အထင်အရှားဖြစ်သွားခဲ့လေသည်။

وَمَآ أُبَرِّئُ نَفْسِيٓ ۚ إِنَّ
ٱلنَّفْسَ لَأَمَّارَةٌۢ بِٱلسُّوٓءِ
إِلَّا مَا رَحِمَ رَبِّيٓ ۚ إِنَّ رَبِّي
غَفُورٌ رَّحِيمٌ ﴿٥٣﴾

၅၃။ စင်စစ်သော်ကား ကျွန်ုပ်သည် မိမိကိုယ်ကို အပြစ်မှကင်းလွတ်သည်ဟု မဆိုလိုပေ။ အကြောင်းသော်ကား ဧကန်မလွဲ စိတ်နှလုံးများသည် မကောင်းမှုကို အလွန် အမိန့်ပေး· တိုက်တွန်းလေ့ရှိကြသောကြောင့်ပင်။ သို့ရာတွင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သနားကရုဏာပြုတော်မူသည့် (စိတ်နှလုံးမှာမူ အပြစ်မှလွတ်ကင်းနိုင်ပေသည်။) မလွဲဧကန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကရုဏာပြုတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

---

① တမန်တော်ယူစုဖ်သည် မိမိ၌ အပြစ်မရှိကြောင်း ထင်ရှားစေရန် အထူးတလည် ကြိုးပမ်းခဲ့၏။ ဤသည်ကို အတွေးတိမ်သော သာမန်လူများသည် ကြွားဝါခြင်း၊ မာနရှိခြင်း၊ မိမိကိုယ်ကို မိမိအထင်ကြီးခြင်းဟူ၍ ထင်မှားနိုင်ကြပေသည်။ ထို့အတွက် ဤအာယတ်တော်တွင် တမန်တော် ယူစုဖ်က- ကျွန်ုပ်သည် မကြွားဝါကြောင်း၊ ဤကဲ့သို့ အပြစ်ကင်းစွာ နေနိုင်ခြင်းမှာ မိမိကိုယ်ကို မိမိအားထား၍ မဟုတ်ကြောင်း၊ ဤသို့ နေနိုင်ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော် ကြောင့်သာလျှင်ဖြစ်ကြောင်း တမန်တော်အပေါင်းတို့သည် အပြစ်များမှ ကင်းနိုင်ကြခြင်းမှာလည်း ဤသည့် ကရုဏာတော်သာလျှင် အဓိကဖြစ်ကြောင်း၊ သို့မဟုတ်ပါမူ လူသား၏စိတ်သည် ယေဘုယျအားဖြင့် မကောင်းမှုများကို တိုက်တွန်းနှိုးဆော်သည်သာ ဖြစ်ကြောင်း အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော် မရှိခဲ့ပါမူ ကျွန်ုပ်၏စိတ်သည်လည်း အခြား သူတို့၏ စိတ်များကဲ့သို့ ဖြစ်မည်သာဖြစ်ကြောင်းကို အတိအလင်း ထုတ်ဖော်မိန့်ကြားတော်မူခြင်း ဖြစ်သည်။

"နဖ်စ်"ခေါ် စိတ်သည် သုံးမျိုး သုံးစားရှိသည်။

(၁) အမ္မာရဟ်၊

(၂) လောင်ဝါမဟ်၊

(၃) မွတ်မအင်နိန်နဟ်။

(إِلَّا مَا رَحِمَ رَبِّيٓ غَفُورٌ رَّحِيمٌ) "ဧကန်အမုန် ကျွန်ုပ်၏အရှင်သခင်သည် အကြိမ်ကြိမ်ချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူသည်" ဟူသော အာယတ်တော်တွင် ပထမဂုဏ်တော်နှင့်အညီ 'အမ္မာရဟ်'သည် ဝန်ချတောင်းပန်၍ 'လောင်ဝါမဟ်' ဖြစ်သွားပါလျှင် အလ္လာဟ်အရှင်မြတ်သည် ယခင်ပြစ်မှုများကို ချမ်းသာခွင့်ပေးတော်မူကြောင်း၊ ထို့မျှမက ဒုတိယ ဂုဏ်တော်နှင့်အညီ မိမိ၏ကျေးဇူးတော်ဖြင့် တဖြည်းဖြည်း 'လောင်ဝါမဟ်' ကိုပင် 'မွတ်မအင်နိန်နဟ်'၏ အဖြစ်သို့ ရောက်ရှိစေတော်မူကြောင်း ညွှန်ကြားထားတော်မူသည်။

وَقَالَ الْمَلِكُ ائْتُونِي بِهِ أَسْتَخْلِصْهُ لِنَفْسِي ۖ فَلَمَّا كَلَّمَهُ قَالَ إِنَّكَ الْيَوْمَ لَدَيْنَا مَكِينٌ أَمِينٌ ﴿٥٤﴾

၅၄။ ထိုအခါ ဘုရင်မင်းမြတ်က အသင်တို့သည် ထိုယူစုဖ်အား ငါ့ထံသို့ပင့်ဆောင်ခဲ့ကြလေကုန်၊ ငါသည် ၎င်းအား မိမိအဖို့ ရွေးချယ်အံ့ဟု အမိန့်ပေးခဲ့လေသည်။ တစ်ဖန် ယင်းယူစုဖ်သည် ထိုဘုရင်နှင့် စကားပြောဆိုလေသောအခါ၊ ထိုဘုရင်က (ယူစုဖ်အား) အသင်သည် ယနေ့မှစ၍ ကျွန်ုပ်၏ထံတွင် မြင့်မြတ်သောဂုဏ်ဒြပ်နှင့်ပြည့်စုံသူ၊ ယုံကြည်စိတ်ချအပ်သူဖြစ်သည်ဟု ချီးမြှင့်ပြောကြား မြွောက်စားခဲ့လေသတည်း။ ၁

قَالَ اجْعَلْنِي عَلَىٰ خَزَائِنِ الْأَرْضِ ۖ إِنِّي حَفِيظٌ عَلِيمٌ ﴿٥٥﴾

၅၅။ (ထိုရောအခါ) ယင်းယူစုဖ်က အသင်သည် ကျွန်ုပ်အား တိုင်းပြည်၏ ဘဏ္ဍာတော်များအပေါ်၌ (ကြီးကြပ်အုပ်ထိန်းသူအဖြစ်) ခန့်အပ်ပါလေ။ ဧကန်စင်စစ် ကျွန်ုပ်သည် ထိန်းသိမ်းနိုင်သူ၊ အသိပညာနှင့်ပြည့်စုံသူပင်ဖြစ်သည်ဟု ပြောကြားခဲ့လေ၏။ ၂

---

① အီဂျစ်ဘုရင်သည် တမန်တော်ယူစုဖ်နှင့်ပက်သက်၍ အဆိုပါစကားရပ်များကို ကြားသိရသောအခါ တမန်တော်ယူစုဖ်အား သီးသန့် ဂုဏ်ထူး ဌာနန္တရ ချီးမြှင့်ရန်အလို့ငှာ မိမိထံပင့်ဆောင်ရန် အမိန့်ပေးခဲ့လေသည်။ တမန်တော်ယူစုဖ်သည်လည်း မိမိ၏အရေးဆိုချက် အောင်မြင်သွားပြီ ဖြစ်သည့်အတွက် ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ အကျဉ်းထောင်မှ ဂုဏ်ရှိစွာဖြင့် ဘုရင်မင်းမြတ်ထံသို့ ကြွသွားခဲ့လေသည်။

အီဂျစ်ဘုရင်မင်းမြတ်သည် တမန်တော်ယူစုဖ်အား ယခင်ကပင် ကြည်ညိုပြီးဖြစ်ခဲ့၏။ ယခုတစ်ဖန် မျက်နှာစုံညီ စကားပြောခွင့်၊ ဆွေးနွေးခွင့်ရသောအခါ တမန်တော်ယူစုဖ်၏ အရည်အချင်း စွမ်းရည်သတ္တိများကို ပိုမိုသိရှိလာခဲ့ပေရာ၊ တမန်တော်ယူစုဖ်အား ပိုမို၍ပင် ကြည်ညိုလာခဲ့လေသည်။ ထိုအခါ ဘုရင်မင်းမြတ်က-တမန်တော်ယူစုဖ်အား "အသင်သည် ယနေ့မှစ၍ ကျွန်ုပ်၏ထံတွင် မြင့်မြတ်သော ဂုဏ်အင်ဒြဗိနှင့် ပြည့်စုံသူ အစစအရာရာတွင် ယုံကြည်စိတ် ချရသူဖြစ်ပြီ" ဟု ပြောကြား၍ ချီးမြှင့်တော်မူလိုက်လေသည်။

ထိုနောက် အိပ်မက်ဒိဗ်ခမ်းအကြောင်း ရောက်ရှိလာသောအခါ ဘုရင်မင်းမြတ်က သို့ဖြစ်လျှင် ဤသို့မိုးလေဝသခေါင်းပါးသည့်အခါတွင် တိုင်းသူပြည်သားတို့၏ စားနပ်ရိက္ခာ ပြဿနာသည် အလွန်ကြီးမားသော တာဝန်ကြီးတစ်ရပ် ဖြစ်လာပေမည်။ ဤမျှကြီးမားသော တာဝန်ကိုမည်သူ့အား တာဝန်ပေးသင့်သနည်းဟု အကြံတောင်းသောအခါ တမန်တော်ယူစုဖ်က ရှေ့လာလတ္တံ့သော အာယတ်တော်တွင်ပါရှိသည့်အတိုင်း မိမိအား တာဝန်ပေးရန် အကြံပေးခဲ့လေသည်။

② အီဂျစ် ဘုရင်မင်းမြတ်က-တမန်တော်မြတ် ဟူစုဖ်ထံယင်းကဲ့သို့ အကြံတောင်းသောအခါ တမန်တော်ယူစုဖ်က "ဘုရင်မင်းမြတ်သည် တိုင်းပြည်ဘဏ္ဍာတော်များအပေါ်တွင် ကြီးကြပ်အုပ်ချုပ်သူအဖြစ် ➤➤

وَكَذَٰلِكَ مَكَّنَّا لِيُوسُفَ فِي الْأَرْضِ يَتَبَوَّأُ مِنْهَا حَيْثُ يَشَاءُ نُصِيبُ بِرَحْمَتِنَا مَن نَّشَاءُ وَلَا نُضِيعُ أَجْرَ الْمُحْسِنِينَ ﴿٥٦﴾

၅၆။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ယူစုဖ်အား တိုင်းပြည်တွင် ထိုယူစုဖ်သည် ယင်းတိုင်းပြည်၌ မိမိနေလိုသောနေရာတွင်နေထိုင်ရန် အာဏာကို ချီးမြှင့်တော်မူခဲ့လေသည်။ [၁] ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၌ မိမိကရုဏာတော်ကို သက်ရောက်စေတော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည်ကောင်းမှုပြုလုပ်သူတို့၏အကျိုးကို အချည်းအနီးဖြစ်စေတော်မူသည် မဟုတ်ပေ။

➤➤ ကျွန်တော့်အား ခန့်ထားတော်မူပါ၊ ကျွန်တော်သည် တိုင်းပြည်၏ ဘဏ္ဍာတော်များကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ပါသည်၊ ဘဏ္ဍာတော်အဝင် အထွက်နှင့်စာရင်းအင်းများကိုလည်း ကောင်းစွာကျွမ်းကျင်ပါသည်" ဟု အကြံပေးစကားပြောကြားလေသည်။

တစ်နည်းအားဖြင့်-တမန်တော် ယူစုဖ်သည် ပြည်သူလူအများတို့အား အကျိုးဖြစ်ထွန်းစေရန်နှင့် အထူးသဖြင့် နိုင်ငံတော်အဝန်း၌ ကပ်သင့်သည့် အခါကာလတွင် ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာပြဿနာကို စနစ်တကျ ပြေလည်အောင် ဖြေရှင်းပေးနိုင်ရန်အတွက် တိုင်းပြည်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ကို မိမိကိုယ်တိုင် ထောင်းယူခဲ့ခြင်းဖြစ်သည်။ တာဝန်ယူခဲ့သည့်အလျောက်လည်း တမန်တော်ယူစုဖ်သည် မိမိ၏တာဝန်ကို စွမ်းလွန်းတမ်းဆောင်ရွက်နိုင်ခဲ့ပေသည်။

ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့်....

(က) နဗီတမန်တော်များ၌ လောကီရေးဆိုင်ရာ အသိပညာများ အပြည့်အစုံ ရှိသည်ကို ကောင်းစွာသိရှိရပေသည်။

(ခ) ထို့ပြင်တစ်ဝ ပြည်သူတို့အား သနားကြင်နာသောအားဖြင့် စီးပွားရေးနယ်တွင် ပါဝင်ခြင်းသည် တမန်တော်များ၊ သူတော်စင်များ၏ ဂုဏ်သိက္ခာနှင့် မည်သို့မျှမဆန့်ကျင်သည်ကိုလည်း ကောင်းစွာသိရှိရပေသည်။

(ဂ) ထို့ပြင်တစ်ဝ ပြည်သူတို့၏အကျိုးငှာ ပုဂ္ဂိုလ်တစ်ဦးသည် စိတ်စေတနာ ဖြူစင်စွာဖြင့် သူတစ်ပါးကောင်းစွာ မစွမ်းဆောင်နိုင်သည့် တာဝန်တစ်ရပ်ကို မိမိစွမ်းဆောင်နိုင်ပါက ယင်းသို့သော တာဝန်ကို မိမိက တောင်းယူထမ်းဆောင်ခြင်းသည် မပြုပိုင်သော ကိစ္စမဟုတ်၊ ပြုပိုင်သော ကိစ္စတစ်ရပ် ဖြစ်ကြောင်းကိုလည်း ကောင်းစွာသိရှိရပေသည်။

(ဃ) ထို့ပြင်တစ်ဝ အကြောင်းဆုံလာပါက အခြေအနေအရ လူအများ မသိပါက မိမိ၏အရည်အချင်းများကို ထုတ်ဖော်ပြောပြခြင်းသည် မပြုအပ်သည့် ဂုဏ်ဖော်ခြင်းတွင် အကျုံးမဝင်ကြောင်း၊ (ယင်းသို့ ထုတ်ဖော်ပြောပြလိုက်ခြင်းဖြင့် တိုင်းပြည်၌ အကျိုးဖြစ်ထွန်းစေကြောင်းကိုလည်း ကောင်းစွာသိရှိရပေသည်။)

၁ ဤသို့အားဖြင့် အလွှာဟ်အရှင်မြတ်သည် တမန်တော်ယူစုဖ်အား တိုင်းပြည်တွင် မိမိအာသာဆန္ဒအရ လွတ်လပ်စွာ သွားလာနေထိုင်ခြယ်လှယ်နိုင်ရန် အာဏာကို ချီးမြှင့်တော်မူလေသည်။ တစ်နည်းအားဖြင့် အီဂျစ်ဘုရင် ရိုင်ယာန်အီဗင်္ဂလီဒ်သည် ဘုရင်အမည် ခံထား၍ တမန်တော်ယူစုဖ်သည် လက်တွေ့ဘုရင်အဖြစ်နှင့် နိုင်ငံတော်၏ အရေးကိစ္စအဝဝကို စီမံကွပ်ကဲအုပ်ချုပ် မင်းလုပ်လျက် "အဇီဇ်" ဘွဲ့နာမည်ဖြင့် ကျော်ကြားလျက်ရှိခဲ့ပေသည်။ (ဤအကြောင်းနောက်တွင် ပါရှိသည်။)

وَلَأَجْرُ الْآخِرَةِ خَيْرٌ لِّلَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ ﴿٥٧﴾

၅၇။ သို့ရာတွင် အီမန်သက်ဝင်ယုံကြည်၍ (ပြစ်မှုဒုစရိုက်များမှ) အမြဲတစေ ကြဉ်ရှောင်လျက် ရှိကြသောသူတို့အဖို့မှာကား နောင်တမလွန်ဘဝ၏ အကျိုးသည် အကောင်းဆုံးပင် ဖြစ်ပေသတည်း။ [၁]

وَجَاءَ إِخْوَةُ يُوسُفَ فَدَخَلُوا عَلَيْهِ فَعَرَفَهُمْ وَهُمْ لَهُ مُنكِرُونَ ﴿٥٨﴾

၅၈။ ထို့နောက် ယူစုဖ်၏ နောင်တော်တို့လည်း (အီဂျစ်သို့)လာခဲ့ကြပြီး၊ ယင်းယူစုဖ်၏ထံ ဝင်ရောက်ခဲ့ကြလေသည်။ ထိုအခါယင်းယူစုဖ်သည် ၎င်းတို့အား မှတ်မိခဲ့လေသည်။ သို့ရာတွင် ယင်းတို့မူကား ထိုယူစုဖ်အား မမှတ်မိကြပေ။ [၂]

---

① ကောင်းမွန် မြင့်မြတ်သော လမ်းစဉ်ကို လိုက်၍ ကောင်းမှု ပြုလုပ်သောသူတို့အား အလ္လာဟ် အရှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် ဤပစ္စက္ခ ဘဝမှာပင် ဥစ္စာ၊ရွှေ၊ငွေ၊ရတနာ သြဇာအာဏာ စည်းစိမ် ချမ်းသာများကို ပေးသနားတော်မူသည်။ တမန်တော်ယူစုဖ်အား ထိုသည့် လောကီစည်းစိမ်ချမ်းသာများကို ပေးသနားတော်မူခဲ့လေသည်။ (နောင်တမလွန်ဘဝ၌ တမန်တော်ယူစုဖ်အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူမည့် သုခချမ်းသာများသည် ဤလောကီ စည်းစိမ်များထက် အတိုင်းမရှိ ပိုမိုကောင်းမြတ်ပေသည်။)

ဤပစ္စက္ခဘဝ၌ရရှိသော စည်းစိမ်ချမ်းသာမှုများသည် အဘယ်မျှပင် များပြားလင့်ကစား သခ်ါရမျှသာဖြစ်ပေသည်။ နောင်တမလွန်ဘဝတွင် မုအ်မင်န်သူတော်စင်များ စံစားကြရမည့် သုခချမ်းသာများသည် အဲ့ချီးမဆုံးဖြစ်၏။ ထာဝရဖြစ်၏။ လောကီချမ်းသာများထက် အတိုင်းမရှိသာ၏။ နောင်တမလွန်၏ စည်းစိမ်ချမ်းသာမှုများကို လောကီစည်းစိမ်များနှင့် အလျှင်း မနှိုင်းယှဉ်အပ်ပေ။

② **ပထမအကြိမ် နောင်တော်များ အီဂျစ်သို့ ရောက်ရှိလာခဲ့ခြင်း။**

တမန်တော်ယူစုဖ်သည် အီဂျစ်ပြည်တွင် နိုင်ငံချုပ် မင်းဖြစ်လျက်ရှိချေပြီ။ အိပ်မက်အရ ခုနစ်နှစ်တိုင် မိုးလေဝသ အလွန်ကောင်းလှသည့်အတွက် တိုင်းပြည်တွင် ကောက်ပဲသီးနှံများ ပေါများစွာရရှိခဲ့၏။ တမန်တော်ယူစုဖ်သည် ကောက်ပဲသီးနှံများကို စနစ်တကျ စုဆောင်းသိုလှောင်ထားခဲ့၏။ ထို့နောက် ခုနစ်နှစ်တိုင်တိုင် မိုးလေဝသခေါင်းပါး၍ ဒုဿ်ကန္တန္တရကပ်သင့်သောအခါ တမန်တော်ယူစုဖ်သည် ပြည်တွင်းပြည်ပသို့ စားနပ်ရိက္ခာများကို အလယ်အလတ်ဈေး သတ်မှတ်၍ စနစ်တကျ ဖြန့်ဖြူးခဲ့လေသည်။ သို့ ဖြန့်ဖြူးရာတွင် ပြည်ပမှလာသော ပုဂ္ဂိုလ်များအား တစ်ဦးလျှင် ကုလားအုတ် တစ်တင်ထက်ပို၍ မပေးခဲ့ချေ။ ဤသို့အားဖြင့် ပြည်တွင်းပြည်ပ သတ္တဝါအပေါင်းတို့သည် အစာငတ်မွတ်ခြင်းကပ်မှ လွတ်မြောက်သွားခဲ့ကြလေသည်။ ဘုရင်မင်းမြတ်၏ ဘဏ္ဍာတော်များလည်း ပြည့်လျှံလျက်ရှိခဲ့ချေသည်။

ယင်းသို့ ဒုဿ်ကန္တန္တရကပ်ကြီး သင့်နေသည့်အချိန်တွင် အီဂျစ်ပြည်၌ စားနပ်ရိက္ခာများ လွယ်ကူစွာ ရရှိနိုင်သည်ဟူသော သတင်းစကားသည် အတိုင်းတိုင်းအပြည်ပြည်သို့ ပျံ့နှံ့သွားခဲ့လေသည်။ ထိုအခါ အတိုင်းတိုင်းအပြည်ပြည်မှ အီဂျစ်ပြည်သို့လာပြီး စားနပ်ရိက္ခာများဝယ်ကြလေသည်။ ခါနာန်ပြည်မှ နောင်တော်များသည်လည်း စားနပ်ရိက္ခာ ဝယ်ယူနိုင်ရန်အတွက် အီဂျစ်ပြည်သို့ ရောက်ရှိလာခဲ့ကြလေသည်။ ➤➤

وَلَمَّا جَهَّزَهُم بِجَهَازِهِمْ قَالَ ائْتُونِي بِأَخٍ لَّكُم مِّنْ أَبِيكُمْ ۚ أَلَا تَرَوْنَ أَنِّي أُوفِي الْكَيْلَ وَأَنَا خَيْرُ الْمُنزِلِينَ ﴿٥٩﴾

၅၉။ တစ်ဖန် ထိုယူစုဖ်သည် ၎င်းတို့အဖို့ (စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍) စီမံအပ်သည့်ကိစ္စများကို ၎င်းတို့အား အဆင်သင့်ဖြစ်အောင် စီမံ၍ပေးခဲ့ပြီးသော အခါ (၎င်းတို့အား ဤသို့)ပြောကြားခဲ့လေသည်။ အသင်တို့သည် မိမိတို့ခမည်းတော်ဘက်မှ တော်စပ်သော အသင်တို့၏ ညီတော်အား ကျွန်ုပ်ထံ ခေါ်ဆောင်ခဲ့ကြလေကုန်။ အသင်တို့သည် မမြင်ကြလေသလော။ ကျွန်ုပ်သည်(စားနပ်ရိက္ခာဖြန့်ဖြူးရာတွင်) ခြင်တွယ်သော ပမာဏကို အပြည့်ခြင်၍ပေးသည့်ပြင် ကျွန်ုပ်သည် အကောင်းဆုံး ဧည့်ခံသူတစ်ဦးလည်း ဖြစ်ပေသတည်း။

➤➤ **နောင်တော်များသည် တမန်တော်ယူစုဖ်အား မမှတ်မိခဲ့ခြင်း။**

နောင်တော်များ၏ ကိုယ်လုံးကိုယ်ပေါက် ပုံပန်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှု၊ အပြောအဆို အမူအရာများတွင် အထူးခြားနားခြင်း မရှိခဲ့ပေ။ နောင်တော်များသည် ညီတော်အား မေ့လျော့ရှိခဲ့ကြသည်။ တမန်တော်ယူစုဖ်မှာမူကား မိမိ၏ဖခင်ကြီးနှင့် နောင်တော်၊ ညီတော်များအား အသိုလျှင်မေ့နိုင်အုံးနည်း။ အမြဲတစေ စုံစမ်းလျက်ပင်ရှိခဲ့ပေမည်။ ထို့ပြင်တဝ နောင်တော်များ အီဂျစ်သို့ ရောက်လာကြသောအခါ သက်ဆိုင်ရာ အကြီးအကဲတို့သည် ၎င်းတို့၏နာမည်၊ အလုပ်အကိုင် နေရပ်များကို မေးမြန်းပြီးဖြစ်ပေသည်။ ဘုရင်များ၊ အကြီးအကဲများနှင့် တွေ့လိုသည့်အခါ တွေ့လိုသူသည် မိမိ၏အမည်၊ အလုပ်အကိုင်၊နေရပ် တွေ့ဆုံလိုသည့် ကိစ္စများကို များသောအားဖြင့် ပြောပြကြရသည်မှာ အထင်အရှားပင် ဖြစ်ပေသည်။

အချို့ တဖ်စီရ်ကျမ်းကြီးများတွင် နောင်တော်များသည် အီဂျစ်ပြည်ရောက်၍ နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ်နှင့်တွေ့ကြသောအခါ တမန်တော်ယူစုဖ်အား မိမိတို့၏ အမည်၊ နေရပ်၊ မျိုးနွယ်စဉ်ဆက်များကို ပြောကြားကြသည်ဟူ၍ပါရှိသည်။

နောင်တော်များနှင့် တမန်တော်ယူစုဖ် ကွဲကွာလာခဲ့ကြသည်မှာ တမန်တော်ယူစုဖ်သည် အလွန်ငယ်ပေသေးသည်။ ထို့ပြင်တဝ မိမိတို့ကျွန်အဖြစ်နှင့် ရောင်းစားခဲ့သော ညီတော်ယူစုဖ်သည် ဤကဲ့သို့ တိုင်းပြည်၏ အထွတ်အထိပ်သို့ ရောက်ရှိလိမ့်မည်ဟူ၍ကား နောင်တော်များသည် စိတ်ကူးဥမ္မာပင် မထည့်ခဲ့ကြ ဘူးပေ။ ထို့ပြင်တစ်ဝ တမန်တော်ယူစုဖ်သည် နိုင်ငံချုပ်မင်းဖြစ်နေပေရာ နိုင်ငံချုပ်မင်း၏ အဆောင်အယောင်နှင့် ထည်ဝါခန့်ညားစွာလည်း ရှိပေမည်။ အကြောင်းအားလျော်စွာ ယခု မျက်နှာချင်းဆိုင် တွေ့မြင်နေကြရသော်လည်း နောင်တော်များသည် သာမန်ဧည့်သည်များ ဖြစ်နေကြပေရာ နိုင်ငံချုပ်မင်း၏ အမည်နာမ မျိုးနွယ်ဆက်များကို အသို့လျှင် မေးမြန်းဝံ့ကြအုံးနည်း၊ ထို့အတွက်ကြောင့်ပင် နောင်တော်များသည် ညီတော် တမန်တော်ယူစုဖ်အား တွေ့မြင်ခဲ့ကြရသော်လည်း ညီတော်ယူစုဖ်ဖြစ်သည်ဟူ၍ကား မမှတ်မိခဲ့ကြပေ။

فَإِنْ لَّمْ تَأْتُونِي بِهِۦ فَلَا كَيْلَ لَكُمْ عِندِي وَلَا تَقْرَبُونِ ﴿٦٠﴾

၆၀။ သို့ဖြစ်ပေရာ အကယ်၍သာ အသင်တို့သည် ထိုညီတော်အား ကျွန်ုပ်ထံသို့ ခေါ်ဆောင်ခြင်းမပြုခဲ့ကြပါလျှင် အသင်တို့အဖို့ ကျွန်ုပ်ထံတွင် ခြင်တွယ်ခြင်း အလျှင်း ရှိလိမ့်မည်မဟုတ်ပေ။ အသင်တို့သည် ကျွန်ုပ်ထံလည်း မချဉ်းကပ်ကြကုန်လင့်။ ၁

قَالُوا سَنُرَاوِدُ عَنْهُ أَبَاهُ وَإِنَّا لَفَٰعِلُونَ ﴿٦١﴾

၆၁။ (ထိုအခါ)ဎင်းတို့က ဧကန်စင်စစ် ကျွန်ုပ်တို့သည် ထိုညီတော်အား ဎင်း၏ ခမည်းတော်ထံတောင်းခံကြပါမည်။ ကျွန်ုပ်တို့သည်ဧကန်မလွဲ (ဤအတိုင်းပင်) ပြုလုပ်ကြပါမည်ဟု ပြောဆိုဖြေကြားခဲ့ကြလေသတည်း။ ၂

---

① တမန်တော်ယူစုဖ်သည် နောင်တော်များအား ကောင်းစွာဧည့်ခံပြုစုခဲ့၏။ နောင်တော်အသီးသီးတို့အား ကုလားအုတ်တစ်ကောင်တင် စားနပ်ရိက္ခာများကိုလည်းပေးခဲ့၏။ ဤကဲ့သို့ နိုင်ငံချုပ်မင်းက မိမိတို့အား ကောင်းမွန်စွာဆက်ဆံဧည့်ခံ၍ စားနပ်ရိက္ခာများ အပြည့်အစုံ ပေးနေသည်ကို တွေ့မြင်ကြသောအခါ နောင်တော်များက "ကျွန်တော်များ၌ ဖတူမိကွဲ ညီတော် ဗင်နာမိန် တစ်ယောက်ရှိပါသေးသည်။ စိတ်ဒုက္ခရောက်ရှာနေသော ဖခင်ကြီးသည် မိမိ၏စိတ်ဖျော်ဖြေနိုင်ရန်အတွက် ထိုသားငယ်အား မိမိထံတွင် ချန်ထားလိုက်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဗင်နာမိန်၏ မိတူ၊ဖတူ အစ်ကိုတစ်ယောက်ရှိခဲ့ပါသည်။ ယူစုဖ်ဟု ခေါ်ပါသည်။ ဖခင်ကြီးသည် ထိုယူစုဖ်အား အသက်တမျှ ချစ်ခဲ့ပါသည်။ ထိုယူစုဖ်သည် တောၲ့ သေဆုံးသွားခဲ့ပါသည်။ ယခုတိုင် ထိုယူစုဖ်ကို တမ်းတလွမ်းဆွတ်လျက် ရှိပါသည်။ ထို့အတွက် အိမ်တွင် ကျန်ရစ်ခဲ့သော ညီတော် ဗင်နာမိန်၏ ဝေစုကိုပါ ချီးမြှင့်တော်မူပါ" ဟု လျှောက်ထားကြလေသည်။

ထိုအခါ တမန်တော်ယူစုဖ်က-အကွယ်၌ရှိသူအား ဝေစုပေးသည့် ထုံးတမ်းစဉ်လာမရှိ၊ ဤသို့ပေးခြင်းမှာ နည်းလမ်းလည်းမကျပေ။ ထို့အတွက် အသင်တို့ နောက်တစ်ခေါက် လာကြသည့်အခါ ထို ဗင်နာမိန်ကိုပါ ခေါ်လာကြလျှင် ငင်းအဖို့လည်း ဝေစုဆက်ဆက်ရကြမည်။ ဘိဟသံသယ မရှိကြကုန်လင့်။ အသင်တို့သည် ကျွန်ုပ်၏ဧည့်ဝတ်ကျေပုံ၊ ဆက်ဆံပုံ၊ အသီးသီးအားစားနပ်ရိက္ခာ အပြည့်အဝပေးပုံများကို ကိုယ်တွေ့မျက်မြင် ဖြစ်ကြပြီး အကယ်၍ အသင်တို့သည် ထိုဗင်နာမိန်အား နောက်တစ်ခေါက် လာကြသည့်အခါ ခေါ်ဆောင်မလာခဲ့ကြပါလျှင် အသင်တို့သည် လူလိမ်များဖြစ်ကြသည်။ လိမ်လည်၍ စားနပ်ရိက္ခာကို ပိုမိုထုတ်ယူလိုသူများ ဖြစ်သည်ဟူ၍ပင် မှတ်ယူရပေမည်။ ထိုသို့ဖြစ်ပါမူ အသင်တို့သည် မိမိတို့၏ဝေစုများကိုလည်း ဆုံးရှုံးကြရမည် ဖြစ်သည့်အပြင် ကျွန်ုပ်၏နိုင်ငံအတွင်းသို့ ဝင်ခွင့်ပင် ရရှိကြမည် မဟုတ်ဟု ပြန်လည်ဖြေကြားတော် မူလိုက်လေသည်။

② ထိုအခါ နောင်တော်များက ညီတော် ဗင်နာမိန်အား ဖခင်ကြီးထံမှ ခွဲခွာ၍ ခေါ်ဆောင်လာရန်ကိစ္စမှာ အလွန်ခဲယဉ်းလှပါသည်။ သို့တစေလည်း ဖခင်ကြီးအား တစ်နည်းတစ်ဖုံဖြင့် ကျေနပ်အောင် ကြိုးစားကြပါမည်။ ဤကိစ္စကို တစ်နည်းနည်း တစ်ဖုံဖုံဖြင့် မုချဖြစ်မြောက်စေကြပါမည်ဟု နိုင်ငံချုပ်မင်းအား ကတိပြုခဲ့ကြလေသည်။

وَقَالَ لِفِتْيَٰنِهِ ٱجْعَلُوا۟ بِضَٰعَتَهُمْ فِى رِحَالِهِمْ لَعَلَّهُمْ يَعْرِفُونَهَآ إِذَا ٱنقَلَبُوٓا۟ إِلَىٰٓ أَهْلِهِمْ لَعَلَّهُمْ يَرْجِعُونَ ﴿٦٢﴾

၆၂။ ထို့နောက်ဂျင်းတို့သည် မိမိတို့၏ ခမည်းတော်ထံသို့ ပြန်လည်ရောက်ရှိခဲ့ကြသောအခါ (ဤသို့) လျှောက်ထားခဲ့ကြကုန်၏။ အို-ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ရိက္ခာသည် ကျွန်တော်မျိုးတို့(အား ရောင်းချခြင်း)မှ ပိတ်ထားပြီးဖြစ်လေသည်။ သို့ဖြစ်ပေရာ ခမည်းတော်သည် ကျွန်တော်မျိုးတို့နှင့်အတူ ကျွန်တော်မျိုးတို့၏ ညီတော် (ဗင်နာမိန်)အား စေလွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် (ရိက္ခာကို နောက်တစ်ဖန်) ခြင်တွယ်၍ယူခဲ့ကြပါမည်။ ၎င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် ထိုညီတော်အား ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းမည့်သူများလည်း ဖြစ်ကြပါသည်။ [၂]

فَلَمَّا رَجَعُوٓا۟ إِلَىٰٓ أَبِيهِمْ قَالُوا۟ يَٰٓأَبَانَا مُنِعَ مِنَّا ٱلْكَيْلُ فَأَرْسِلْ مَعَنَآ أَخَانَا نَكْتَلْ وَإِنَّا لَهُۥ لَحَٰفِظُونَ ﴿٦٣﴾

၆၃။ ထို့နောက်ဂျင်းတို့သည် မိမိတို့၏ ခမည်းတော်ထံသို့ ပြန်လည်ရောက်ရှိခဲ့ကြသောအခါ (ဤသို့) လျှောက်ထားခဲ့ကြကုန်၏။ အို-ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ရိက္ခာသည် ကျွန်တော်မျိုးတို့(အား ရောင်းချခြင်း)မှ ပိတ်ထားပြီးဖြစ်လေသည်။ သို့ဖြစ်ပေရာ ခမည်းတော်သည် ကျွန်တော်မျိုးတို့နှင့်အတူ ကျွန်တော်မျိုးတို့၏ ညီတော် (ဗင်နာမိန်)အား စေလွှတ်တော်မူပါ။ ကျွန်တော်မျိုးတို့သည် (ရိက္ခာကို နောက်တစ်ဖန်) ခြင်တွယ်၍ယူခဲ့ကြပါမည်။ ၎င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် ထိုညီတော်အား ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းမည့်သူများလည်း ဖြစ်ကြပါသည်။ [၂]

---

(၁) နောင်တော်များသည် နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ်ထံမှ စားနပ်ရိက္ခာများ ယူဆောင်၍ ပြန်ကြသောအခါ တမန်တော်ယူစုဖ်က မိမိ၏ လက်အောက်ငယ်သားတို့အား နောင်တော်များ၏ ငွေရင်းများကို ၎င်းတို့၏ ပစ္စည်းများတွင် လျှို့ဝှက်စွာ ပြန်လည် ထည့်ပေးလိုက်ကြရန် အမိန့်ပေးလိုက်လေသည်။ ယင်းကဲ့သို့ ငွေရင်းများကို ပြန်လည်ထည့်ပေးရန် အမိန့်ပေးခဲ့ခြင်းမှာ...

(က) နောင်တော်များ မိမိတို့အိမ် ပြန်ရောက်၍ ပစ္စည်းများကို ဖွင့်ကြည့်ကြသောအခါ ငွေရင်းများ ပြန်ထည့်ပေးလိုက်သည်ကို တွေ့မြင်ကြလျှင်၊ အီဂျစ်နိုင်ငံချုပ်မင်းသည် စိတ်စေတနာ အလွန်မြင့်မြတ်ပါတကား ဟုယူဆကာ ၎င်းတို့တွင် အီဂျစ်နိုင်ငံချုပ်မင်းထံသို့ နောက်တစ်ခေါက် သွားလိုသောဆန္ဒ ဖြစ်ပေါ်စေရန်အတွက်လည်း ဖြစ်နိုင်ပေသည်။ ➤➤

قَالَ هَلْ اٰمَنُكُمْ عَلَيْهِ اِلَّا كَمَآ اَمِنْتُكُمْ عَلٰٓى اَخِيْهِ مِنْ قَبْلُ ۭ فَاللّٰهُ خَيْرٌ حٰفِظًا ۡ وَّهُوَ اَرْحَمُ الرّٰحِمِيْنَ ۝۶۴

၆၄။ (ထိုအခါ) ထိုခမည်းတော်သည် (ဤသို့) ပြန်ကြားခဲ့လေ၏။ ငါသည် အသင်တို့အပေါ်ဝယ် ယင်းညီတော်နှင့်ပတ်သက်၍ ယခင်က ၎င်း၏ နောင်တော်(ယူစုဖ်)နှင့်ပတ်သက်၍ ယုံကြည်စိတ်ချဘိသကဲ့သို့ပင် ယုံကြည်ရမည်သာဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးစောင့်ရှောက်တော်မူသောအရှင်၊ ကရုဏာပြုသူတို့တွင် ကရုဏာအပြုဆုံးသောအရှင်၊ ဖြစ်တော်မူပေသတည်း။

➤➤ **(၁)** ၎င်းပြင် ယင်းကဲ့သို့ ဌေးရင်းများကို ထည့်ပေးလိုက်ခြင်းမှာ ဌေးရင်းမရှိ၍ နောင်တော်များ နောက်တစ်ခေါက် မလာဖြစ်ကြမည်ကိုစိုး၍ လိုသော်မယ်ရ ထည့်ပေးလိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

(၇) ထို့ပြင်တစ်ဝ ယင်းကဲ့သို့ ဌေးရင်းများကို ပြန်လည် ထည့်ပေးလိုက်ခြင်းမှာ တမန်တော်ယူစုဖ်သည် စားနပ်ရိက္ခာအတွက် မိမိ၏ နောင်တော်များထံမှ အခကြေးငွေ ယူခြင်းမှာ သားချင်းချင်း လိုက်နာစောင့်သိအပ်သည့် တာဝန်များကို မသိရာ ရောက်မည်ကို စိုးရိမ်သည့်အတွက်လည်း ဖြစ်နိုင်ပေသည်။

⑨ သားတော်များသည် အီဂျစ်ပြည်မှ စားနပ်ရိက္ခာများ ယူဆောင်၍ ဖခင်ကြီးထံ ပြန်ရောက်ကြသောအခါ ရောက်မဆိုက် သားတော်များသည် "အီဂျစ်နိုင်ငံချုပ်မင်းက မိမိတို့အား လေးစားစွာ ဧည့်ခံခဲ့ပုံ၊ စားနပ်ရိက္ခာများပေးပုံ၊ ပြီးနောက် အီဂျစ်နိုင်ငံချုပ်မင်းက ကျွန်တော်တို့၏အကြောင်းကို မေးမြန်းရာ ကျွန်တော်တို့သည် မည်သူမည်ဝါ၏ သားများဖြစ်ကြောင်း၊ ကျွန်တော်တို့၌ သားချင်းပေါက်ဖော် ၁၂-ယောက်ရှိခဲ့ကြောင်း၊ ညီလေးတစ်ဦးမှာ ဆောတွင်သေဆုံးသွားခဲ့ကြောင်း၊ ယခု ဖခင်ကြီးထံတွင် ညီလေးတစ်ဦး ကျန်ရှိခဲ့ကြောင်း" စသည်များကိုသာ ပြောပြရာ နိုင်ငံချုပ်မင်းက နောက်တစ်ခေါက် လာကြသည့်အခါ ထိုညီလေးကိုပါ ခေါ်လာကြရမည့်အကြောင်း၊ ခေါ်မလာပါက စားနပ်ရိက္ခာလည်း ရမည်မဟုတ်ကြောင်း၊ အီဂျစ်ပြည်တွင်းသို့ ဝင်ခွင့်ပင်ရရှိမည် မဟုတ်ကြောင်း ပြောကြားပါသည်။ ထို့အတွက် ဖခင်ကြီးသည် ကျွန်တော်များနှင့်အတူ ညီလေး ဗင်္ကာမီန်အား ဆက်ဆက်ထည့်ပါ၊ ကျွန်တော်များသည် ညီတော်ဗင်္ကာမီန်အား ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ကြပါမည်၊ သို့ထည့်မှသာလျှင် ကျွန်တော်များ အီဂျစ်ပြည်သို့ နောက်တစ်ခေါက်သွား၍ စားနပ်ရိက္ခာများကို ယူဆောင်လာနိုင်ကြမည် ဖြစ်ပါသည်ဟု အစီရင်ခံကြလေသည်။

⑩ သားကြီး၏ မေတ္တာရပ်ခံချက်ကို ကြားရသောအခါ ဖခင်ကြီး တမန်တော်ယအ်ကူဗ်(အလိုင်ဟစ္စလာမ်)က အသင်တို့သည် ယူစုဖ်ကို တောသို့ ခေါ်သွားစဉ်ကလည်း 'ကျွန်တော်တို့သည် ယူစုဖ်ကို ကောင်းစွာ စောင့်ရှောက်ကြပါမည်' ဟူ၍ပင် ပြောဆိုခေါ်သွားခဲ့ကြသည်။ ယခု တစ်ဖန် ထိုစကားကိုပင် ပြောဆိုကြပြန်ပြီ၊ အသင်တို့၏ ကတိကို ငါမယုံ၊ စိတ်လည်းမချ။ သို့တစေလည်း စားနပ်ရိက္ခာ မရှိလျှင်မဖြစ်၊ ဗင်္ကာမီန် မပါကလည်း စားနပ်ရိက္ခာ မရဖြစ်နေသည့်အတွက် အခြေအနေအရ မလွဲမရှောင်သာ၍သာ ထည့်ရမည်ဖြစ်သည်။ သို့ထည့်လိုက်ရလျှင်လည်း ငါသည် ဗင်္ကာမီန်ကို အလွှာဟ်အရှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုတွင်ပင်ထည့်မည်၊ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည်သာလျှင် အကောင်းဆုံး စောင့်ရှောက်တော် မူသောအရှင်၊ ကရုဏာအထားဆုံးသောအရှင်ဖြစ်တော်မူသည်ဟု ပြန်လည် ဖြေကြားလိုက်လေသည်။

وَلَمَّا فَتَحُوا۟ مَتَـٰعَهُمْ
وَجَدُوا۟ بِضَـٰعَتَهُمْ رُدَّتْ
إِلَيْهِمْ ۖ قَالُوا۟ يَـٰٓأَبَانَا مَا نَبْغِى ۖ
هَـٰذِهِۦ بِضَـٰعَتُنَا رُدَّتْ إِلَيْنَا ۚ
وَنَمِيرُ أَهْلَنَا وَنَحْفَظُ أَخَانَا
وَنَزْدَادُ كَيْلَ بَعِيرٍ ۖ ذَٰلِكَ
كَيْلٌ يَسِيرٌ ﴿٦٥﴾

၆၅။ ထို့နောက် ၎င်းတို့သည် မိမိတို့၏ ပစ္စည်းကို ဖွင့်ခဲ့ကြသောအခါ မိမိတို့ အရင်းအနှီးပြုသော ပစ္စည်းကို၎င်းတို့အား ပြန်လည်ထည့်ပေးလိုက်သည်ကို တွေ့ရှိခဲ့ကြလေသည်။ (ထိုအခါ) ၎င်းတို့က (ဤသို့) လျှောက်ထားကြပြန်လေသည်။ အို-ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ကျွန်တော်မျိုးတို့ မည်သည့်အရာကို အလိုရှိကြပါသေးသနည်း၊ ဤသည် ကျွန်တော်မျိုးတို့ အရင်းအနှီးပြုသောပစ္စည်းပင် ဖြစ်ပါသည်။ ထိုအရင်းအနှီးပြုသောပစ္စည်းသည်လည်း ကျွန်တော်မျိုးတို့အား ပြန်ပေးထားပြီး ဖြစ်ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် မိမိတို့ အိမ်သူ အိမ်သားများအဖို့ (ထပ်မံ၍) စားနပ်ရိက္ခာများ ယူဆောင်လာကြပါမည်။ ထိုမှတစ်ပါး၊ ကျွန်တော်မျိုးတို့သည် မိမိတို့ ညီတော်အားလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါမည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)ကိုလည်း ပိုမို၍ယူဆောင်လာကြပါမည်။ ဤကား လွယ်ကူစွာရရှိမည်ဖြစ်သောရိက္ခာပင် ဖြစ်ပါသည်။ (တစ်နည်း-ယခု ကျွန်တော်မျိုးတို့ ယူဆောင်လာခဲ့ကြသော) ဤ(ရိက္ခာ)သည်ကား အလွန်နည်းလှပါသည်။ ၁

---

① ယင်းကဲ့သို့ သားအဖချင်း စကားပြောဆိုကြပြီးနောက်၊ သားတော်များသည် အီဂျစ်ပြည်မှ ယူဆောင်လာခဲ့ကြသော ပစ္စည်းများကို ဖွင့်ကြသောအခါ ယင်းပစ္စည်းများတွင် ၎င်းတို့၏ ငွေရင်းများ ပြန်လည်ထည့်ပေးလိုက်သည်ကို တွေ့ရှိကြလေသည်။ ထိုအခါ သားတော်များသည် ဝမ်းသာမဆုံးဖြစ်ကြပြီးလျှင် "ဖခင်ကြီး ကျွန်တော်တို့နောက် မည်သည်များကို အလိုရှိကြသေးနည်း၊ ကျွန်တော်တို့၏ ငွေရင်းများကိုပင် ပြန်လည်ထည့်ပေးလိုက်ပါသည်။ အီဂျစ်နိုင်ငံချုပ်မင်း၏ ကျေးဇူးကြီးမားလှပါဘိ။ သို့ဖြစ်ပေရာ ကျွန်တော်တို့သည် ဤကဲ့သို့ စေတနာ သဒ္ဓါတရားကြီးမားသော နိုင်ငံချုပ်မင်းထံသို့ ဆက်ဆက်သွားသင့်ကြပေသည်။ ထို့အတွက် ညီတော်ဗင်နာမိန်ကို ဆက်ဆက်ထည့်ပါ။ ကျွန်တော်တို့သည် အိမ်သူအိမ်သားများအဖို့ စားနပ်ရိက္ခာကို ထပ်မံယူဆောင်လာခဲ့ကြပါမည်၊ ညီတော်ကိုလည်း ကောင်းစွာစောင့်ရှောက်ကြပါမည်။ ညီတော် ပါလာသည့်အတွက် ညီတော်အတွက် ကုလားအုတ်တစ်ကောင်တင် စားနပ်ရိက္ခာ ထပ်မံရရှိကြပါဦးမည်။ ယခု ကျွန်တော်တို့ ➤➤

قَالَ لَنْ أُرْسِلَهُ مَعَكُمْ
حَتَّىٰ تُؤْتُونِ مَوْثِقًا مِّنَ اللَّهِ
لَتَأْتُنَّنِي بِهِ إِلَّا أَنْ يُحَاطَ
بِكُمْ ۖ فَلَمَّا آتَوْهُ مَوْثِقَهُمْ قَالَ
اللَّهُ عَلَىٰ مَا نَقُولُ وَكِيلٌ ﴿٦٦﴾

GG။ (ထိုအခါ)ထိုဖခမည်းတော်က အသင်တို့သည် ငါ့အား အလွှာဟ်အရှင်မြတ်ကို တိုင်တည်၍ အသင်တို့ကိုယ်တိုင် (ဘေးရန်များ)ဝန်းဝိုင်းခြင်းကို ခံကြရသည်မှအပ ယင်းညီတော်အား ငါ့ထံသို့ (ပြန်လည်၍ ခေါ်)ယူခဲ့ကြမည်ဟူ၍ တစ်စုံတစ်ရာ (ခိုင်မာသော) အာမခံချက်မပေးသမျှကာလပတ်လုံး ငါသည် ယင်းညီတော်အား အသင်တို့နှင့်အတူ အလျှင်းစေလွှတ်မည် မဟုတ်ဟု ပြောကြားခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် ထိုဖခမည်းတော်အား မိမိတို့၏အာမခံချက်ကို ပေးခဲ့ကြသောအခါထိုဖခမည်းတော်က အလွှာဟ်အရှင်မြတ်သည် ငါတို့ပြောဆိုကြကုန်သော အကြောင်းအရာနှင့်စပ်လျဉ်း၍ လွှဲအပ်ခြင်းခံရတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုခဲ့လေ၏။

➤➤ ယူဆောင်လာခဲ့ကြသည့် စားနပ်ရိက္ခာသည် အလွန်နည်းပါးသေးသည်၊ မကြာမီအတွင်း ကုန်သွားပါလိမ့်မည်ဟု ထပ်မံမေတ္တာရပ်ခံကြလေသည်။

⑦ ထိုအခါ ဖခင်ကြီး တမန်တော်ယအ်ကူဗ်(အလိုင်ဟစ္စလာမ်)က- "အသင်တို့ အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ သားတော်ဗင်နယာမီန်အား ကျွန်ုပ်ထံသို့ မုချပြန်လည် ခေါ်ဆောင်လာကြပါမည်ဟု ခိုင်မာသော ကတိဝန်ခံချက် မပေးသမျှ ကာလပတ်လုံး ကျွန်ုပ်သည် သားတော် ဗင်နယာမီန်အား အသင်တို့နှင့်အတူ အလျှင်းထည့်မည် မဟုတ်ပါ၊ သို့သော် အလွှာဟ်အရှင်မြတ်၏ ပြုစီရင်တော်မူချက်အရ တစ်စုံတစ်ရာ အရေးအခင်းပေါ်ပေါက်၍ ထိုအရေးအခင်းတွင် အသင်တို့အားလုံး မိနေကြပြီး ထွက်လွတ်ရာလမ်းဟူ၍ အလျှင်းမရှိဖြစ်ပါက ကျွန်ုပ်တစ်စုံတစ်ရာ အပြစ်ဆိုမည် မဟုတ်ပါဟု ဖြေကြားလိုက်လေသည်။ သားတော်များကလည်း ဖခင်ကြီး မိန့်ကြားသည့်အတိုင်း ဖခင်ကြီးအား ခိုင်မာသော ကတိဝန်ခံချက် ပေးလိုက်ကြလေသည်။ ဤကဲ့သို့ သားတော်များက မိမိတို့၏ ကတိဝန်ခံချက်ကို ပေးကြသောအခါ ဖခင်ကြီးက ကတိဝန်ခံချက်ကို ပိုမိုလေးနက်စေရန်အတွက် "အလွှာဟ်အရှင်မြတ်သည် ငါတို့ပြောဆိုကြသော စကားရပ်များနှင့် စပ်လျဉ်း၍ ယုံပုံလွှဲအပ်ခြင်းခံရတော်မူသော အရှင်ဖြစ်တော်မူသည်" ဟု ဆိုလိုက်လေသည်။ ဆိုလိုသည်ကား ကျွန်ုပ်တို့ပြောဆိုကြသော စကားရပ်များကို အလွှာဟ်အရှင်မြတ်အား လွှဲအပ်ထားပြီးဖြစ်ရာ ကျွန်ုပ်တို့အနက် တစ်ဦးဦး သစ္စာမဲ့က ထိုသစ္စာမဲ့သူသည် သစ္စာမဲ့သည့်အလျောက် ပြစ်ဒဏ်ခံရမည်ဖြစ်သည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် ဤ ကတိဝန်ခံချက်များကို မိမိတို့တတ်နိုင်သမျှ၊ ခိုင်မာအောင် ပြုလုပ်နေကြသည်။ သို့တစေလည်း ဤသို့ပြောဆိုနေကြသော စကားများ၏ အဓိကရည်ရွယ်ချက်မှာမူ အလွှာဟ်အရှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်းဖြင့်သာလျှင် ပြည့်ဝနိုင်ပေသည်။ ထိုအရှင်မြတ် အလိုတော်မရှိပါက ကျွန်ုပ်တို့၏ အစီအစဉ်များ၊ အကြံအစည်များသည် အချည်းနှီးသာဖြစ်ပေမည်ဟူ၏။

وَقَالَ يٰبَنِيَّ لَا تَدْخُلُوْا مِنْۢ بَابٍ وَّاحِدٍ وَّادْخُلُوْا مِنْ اَبْوَابٍ مُّتَفَرِّقَةٍ ؕ وَمَآ اُغْنِيْ عَنْكُمْ مِّنَ اللّٰهِ مِنْ شَيْءٍ ؕ اِنِ الْحُكْمُ اِلَّا لِلّٰهِ ؕ عَلَيْهِ تَوَكَّلْتُ ۚ وَعَلَيْهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُوْنَ ﴿٦٧﴾

၆၇။ ၎င်းပြင် ထိုဖခမည်းတော်က (ဆက်လက်၍ ဤသို့) ပြောဆိုမှာကြားခဲ့ပြန်လေသည်။ အို-ငါ၏ (ချစ်)သားတို့၊ အသင်တို့သည် (အီဂျစ်မြို့တော်သို့ ဝင်သောအခါ) တံခါးပေါက် တစ်ပေါက်တည်းမှ မဝင်ကြကုန်လင့်။ သို့ရာတွင်အသင်တို့သည် *တခြားစီ ဖြစ်သောတံခါးများမှ ဝင်ကြလေကုန်။* [၁] စင်စစ်သော်ကား ငါ(၏)အကြံပေးချက်သည် အသင်တို့အဖို့ အလွှာဟ်အရှင်မြတ်(၏ အလိုတော်)နှင့်ယှဉ်ပြိုင်၍ အနည်းငယ်မျှပင် အသုံးကျမည်မဟုတ်ပေ။ အမိန့်အာဏာသည်ကား အလွှာဟ်အရှင်မြတ်မှတပါး အခြားမည်သူ တစ်ဦးတစ်ယောက်၌မျှ မရှိချေ။ စင်စစ် တမူကား ယုံကြည်အားထား လွှဲအပ်သူတို့သည် ထိုအလွှာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်အားထား လွှဲအပ်ထိုက်ပေသတည်း။

وَلَمَّا دَخَلُوْا مِنْ حَيْثُ اَمَرَهُمْ اَبُوْهُمْ ؕ مَا كَانَ يُغْنِيْ عَنْهُمْ مِّنَ اللّٰهِ مِنْ شَيْءٍ اِلَّا حَاجَةً فِيْ نَفْسِ يَعْقُوْبَ قَضٰىهَا ؕ وَاِنَّهٗ لَذُوْ عِلْمٍ لِّمَا

၆၈။ ထို့နောက် ၎င်းတို့သည် (အီဂျစ်မြို့တော်သို့) မိမိတို့အား မိမိတို့၏ဖခမည်းတော်က မှာကြားခဲ့သည့်နည်းအတိုင်း ဝင်ရောက်ခဲ့ကြသောအခါ (ထိုဖခမည်းတော် နဗီတမန်တော်ယအ်ကူဗ်၏) အကြံပေးချက်သည် ယအ်ကူဗ်၏စိတ်ထဲတွင် အလိုဆန္ဒတစ်ခု ရှိခဲ့သည်ကို ထိုယအ်ကူဗ်က ပြီးမြောက်အောင် ရွက်ဆောင်ကြည့်ခဲ့သည်မှအပ အလွှာဟ်အရှင်မြတ်(၏ အလိုတော်)နှင့် ဆန့်ကျင်၍ လုံးဝအသုံးမဝင်ခဲ့ချေ။

---

① ဒုတိယအကြိမ် နောင်တော်များ အီဂျစ်သို့သွားခြင်း။

တမန်တော်ယအ်ကူဗ်၏ သားတော်များသည် ပထမအကြိမ် အီဂျစ်သို့ ရောက်ရှိသွားခဲ့ခြင်းမှာ သာမန်ခရီးသည်များအဖြစ် ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ သို့သာမန်ခရီးသည်များအဖြစ် ရောက်ရှိသွားခဲ့သော်လည်း၊ နိုင်ငံချုပ်မင်းတမန်တော် ယူစုဖ်က မိမိ၏ နောင်တော်များအား အထူးတလည်ပျူပျူငှာငှာ ဧည့်ခံခဲ့သည့်အတွက် လူများသည် နောင်တော်များအား စူးစိုက်၍ ကြည့်ခဲ့ကြပေမည်။ ယခုတစ်ဖန်ညီနောင် (၁၁) ဦးတို့သည် အဆောင်အယောင်နှင့် အီဂျစ်ပြည်သို့ သွားကြမည်ဖြစ်၏။ ယခုသွားခြင်းမှာ တစ်နည်းအားဖြင့် ➤➤

عَلَّمْنٰهُ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٢١﴾

စင်စစ်မူကား မလွဲဧကန် ထိုယအ်ကူဗ်သည် ငါအရှင်မြတ်က ငင်းအား ပညာသင်ကြားပို့ချတော်မူခဲ့သောကြောင့် ပညာရှင်တစ်ဦး [၁] အမှန်ပင် ဖြစ်ခဲ့ပေသည်။ သို့ရာတွင် လူသားတို့အနက် အများစုမှာမူ မသိနားမလည်ကြချေ။

➤➤ နိုင်ငံချုပ်မင်း၏ ဖိတ်ကြားချက်အရ သွားခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်၏။ တမန်တော်ယူစုဖ်နှင့် ကွဲကွာနေရသည့်အချိန်တွင် ဖခင်ကြီး တမန်တော်ယအ်ကူဗ်အထူးချစ်ခင်ယုယသော သားထွေး ဗင်နယာမိန်သည်လည်း နောင်တော်များနှင့် အတူ ပါရှိမည်ဖြစ်၏။ နိုင်ငံချုပ်မင်းက ယင်းကဲ့သို့ ဧည့်ခံပြီးသည့်နောက်ပိုင်းတွင် ယခုကဲ့သို့ လူရည်သန့်သော၊ ရုပ်ရည်အဆင်း သဏ္ဌာန်လှသော၊ ထည်ဝါခံညားသော ညီနောင် (၁၁)-ဦးတို့သည် အဆောင်အယောင်ဖြင့် မြို့တွင်းသို့ ဝင်ကြပါက လူများစူးစိုက်၍ ကြည့်ကြမည်ကို ဖခင်ကြီး တာမန်တော် ယအ်ကူဗ်သည် ကြိုတင်တွေးမြင်မိလေသည်။

① မော်လာနာထာနဝီသခင်သည် ဤအာယတ်တော် (၁၂:၆၈)ကို အောက်ပါအတိုင်း ဖွင့်ဆို ရေးသားထားတော်မူသည်။

ထိုသားတော်များသည် ငင်းတို့၏ဖခင်ကြီးက - ငင်းတို့အား မှာကြားလိုက်သည့်အတိုင်း (မြို့တွင်းသို့) ဝင်ကြသောအခါ (ဖခင်ကြီး၏ အာသာဆန္ဒသည် ပြည့်ဝသွားခဲ့လေသည်၊ သို့တစေလည်း) ဖခင်ကြီးသည် (ယင်းသို့အကြံပေး၍) ထိုသားတော်များထံမှ အလျှာဟ်အရှင်မြတ်၏ အမိန့်တော်ကို ဖယ်ရှားလိုခဲ့သည် မဟုတ်ပေ။ (ထို့အတွက်ကြောင့်လည်း တမန်တော် ယအ်ကူဗ်အပေါ်၌ တစ်စုံတစ်ရာ စောဒနာတက်ရန်မရှိ၊ တမန်တော် ယအ်ကူဗ်၏ အကြံဉာဏ်သည် အကျိုးမဖြစ်ထွန်းစေခဲ့သည့်အတွက် တမန်တော်ယအ်ကူဗ်အပေါ်၌ တစ်စုံတစ်ရာ ဒွိဟသံသယဖြစ်ရန်လည်းမရှိ။

အဘယ်ကြောင့်ဆိုသော် တမန်တော် ယအ်ကူဗ်ကိုယ်တိုင်က - 'ငါသည် အသင်တို့အား အလျှာဟ် အရှင်မြတ်ထံတော်မှ သက်ရောက်မည့်အရာကို ဖယ်ရှားနိုင်သည်မဟုတ်' ဟု ဆိုခဲ့ပြီး ဖြစ်လေသည်)။ သို့ရာတွင် တမန်တော်ယအ်ကူဗ်၏ စိတ်နှလုံးတွင် (ကြံဖန်မူ၏အဆင့်၌) အာသာဆန္ဒ တစ်ခုဖြစ်ပေါ်ခဲ့၏။ တမန်တော် ယအ်ကူဗ်သည် ထိုသည့်အာသာဆန္ဒကို ထင်ရှားပေါ်လွင်စေခဲ့လေသည်။ ၎င်းပြင် ထိုတမန်တော်ယအ်ကူဗ်သည် ငါအရှင်မြတ်က ငင်းအား သင်ကြားပြသတော်မူခဲ့သည့် အတွက်ကြောင့် မုချဧကန် ပညာကျော်တစ်ဦးပင် ဖြစ်ခဲ့ပေသည်။

(သို့ဖြစ်ပေရာ တမန်တော်ယအ်ကူဗ်သည် မိမိချီးမြှင့်ခြင်းခံရသော အသိပညာနှင့် ဆန့်ကျင်၍ အကြံအစည်ကို အကျိုးတရား ဖြစ်ထွန်းစေသည့် မူလအဓိက အကြောင်းတရား ဖြစ်သည်ဟူ၍ကား အသို့လျှင် ယူဆနိုင်အံ့နည်း။ တမန်တော်ယအ်ကူဗ်က ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်းမှာ တရားတော်အရ ပြုပိုင်ခွင့်ရှိသည့် အကြံအစည်တစ်ရပ်ကို ပြုလုပ်ရန်ပင် ဖြစ်ပေသည်)။ သို့ရာတွင် လူသားတို့အနက် အများစုသည် မသိကြချေ။ (ငင်းတို့သည် အသိပညာမဲ့ကြသည့်အတွက် အကြံအစည်ကိုပင် အကျိုးဖြစ်ထွန်းစေသည့် မူလအဓိက အကြောင်းတရားဖြစ်သည်ဟူ၍ ယူဆကြပေသည်)။ ထာနဝီ၊ စ-၉၀၊ အအ-၅။

وَلَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰٓى
اِلَيْهِ اَخَاهُ قَالَ اِنِّيْٓ اَنَا
اَخُوْكَ فَلَا تَبْتَىِٕسْ بِمَا كَانُوْا
يَعْمَلُوْنَ ﴿٦٩﴾

၆၉။ တစ်ဖန် ၎င်းတို့သည် ယူစုဖ်၏ထံ ဝင်ရောက်ခဲ့ကြသောအခါ ထိုယူစုဖ်သည် မိမိညီတော်အား မိမိထံတွင် နေရာထိုင်ခင်းပေးခဲ့လေသည်။ (ထို့နောက်) ယင်းယူစုဖ်က ဧကန်စင်စစ် ငါသည် အသင်၏ နောင်တော် (ယူစုဖ်)ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ပြုလုပ်ခဲ့ကြသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိတ်ဒုက္ခမဖြစ်ပါလေနှင့်ဟု ပြောဆို (နှစ်သိမ့်စေ)ခဲ့လေသတည်း။ ၁

فَلَمَّا جَهَّزَهُمْ بِجَهَازِهِمْ
جَعَلَ السِّقَايَةَ فِيْ رَحْلِ
اَخِيْهِ ثُمَّ اَذَّنَ مُؤَذِّنٌ اَيَّتُهَا
الْعِيْرُ اِنَّكُمْ لَسٰرِقُوْنَ ﴿٧٠﴾

၇၀။ ထို့နောက် ထိုယူစုဖ်သည် ၎င်းတို့အဖို့ စီမံအပ်သည်တို့ကို အဆင်သင့်ဖြစ်အောင် စီမံ၍ ပေးခဲ့ပြီးသောအခါ ရေဖလားကို မိမိညီတော်၏ခရီးဆောင်ပစ္စည်းထဲတွင် ထည့်လိုက်လေသည်။ ထို့နောက် ကြေညာသူတစ်ဦးက "အို-ခရီးသည်စု၊ ဧကန်မလွဲ အသင်တို့သည် ခိုးသားများပင် ဖြစ်ကြကုန်သည်" ဟု ကြေညာ(မောင်းခတ်)ခဲ့လေသည်။ ၂

---

① **ဒုတိယအကြိမ် နောင်တော်များ တမန်တော် ယူစုဖ်ထံ ရောက်ရှိလာခဲ့ခြင်း။**

နောင်တော်များသည် နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ် မှာကြားလိုက်သည့်အတိုင်း ညီငယ် ဗင်္ဂန်ယာမိန်အား ခေါ်ဆောင်ကာ၊ အီဂျစ်ပြည်သို့ သွား၍ နိုင်ငံချုပ်မင်းထံ ဝင်ကြသောအခါ နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ်သည် မိမိ၏ မိတူဖတူလေး ဗင်္ဂန်ယာမိန်အား အထူးတလည် ခင်မင်ရင်းနှီးစွာ ဆက်ဆံလေ၏။ ဧည့်ခံလေ၏။ နေရာပေးလေ၏။ ထို့ပြင်တစ်ဝ နှစ်ကိုယ်ထီးတည်း ဖြစ်ကြသောအခါ နောင်တော် တမန်တော် ယူစုဖ်က ညီငယ်ဗင်္ဂန်ယာမိန်အား "ငါသည် အသင်၏ မိတူဖတူနောင်တော်ရင်း ယူစုဖ်ပင်ဖြစ်သည်။ ဖတူမိကွဲ နောင်တော်ကြီးများသည် မလိုမုန်းတီး၍ ငါ့ကို ဖင်ကြီးနှင့် ခွဲခဲ့ကြသည်။ ရေတွင်းထဲ၌ ပစ်ထားခဲ့ကြသည်။ ကျွန်အဖြစ်နှင့် ရောင်းစားခဲ့ကြသည်။ ယခုကဲ့သို့ သားနှင့်အဖ၊ ညီနှင့်အစ်ကိုများကိုခွဲပြီး အားလုံးကို စိတ်ဒုက္ခရောက်စေခဲ့ကြသည်။ ယခုတစ်ဖန် ငါ့ထံအသင့်ကို ခေါ်ဆောင်လာရာတွင်လည်း ညီငယ်အား စိတ်ဒုက္ခဖြစ်အောင် ပြုလုပ်ကြသည်။ ညီလေး ... နောင်တော်ကြီးများ၏ ဤအပြုများကြောင့် စိတ်မပျက်နှင့်တော့၊ ယခုဒုက္ခပျောက်၍ သုခရောက်ရန် အချိန်ရောက်ပြီ။ အလွှာဟ်အရှင်မြတ်သည် ဒုက္ခ၏နောက်တွင် သုခကို ချီးမြှင့်တော်မူပါလိမ့်မည်ဟု ပြောကြား၍ နှစ်သိမ့်စေခဲ့လေသည်။

② နောင်တော်ကြီးများအဖို့ စားနပ်ရိက္ခာများကို အသင့်ပြုလုပ်ပြီးသောအခါ နိုင်ငံချုပ်မင်းသည် ညီငယ် ဗင်္ဂန်ယာမိန်၏အိတ်ထဲတွင် ငွေဖလားကို လျှို့ဝှက်စွာ ထည့်ထားလိုက်လေသည်။ စားနပ်ရိက္ခာများကို ယူဆောင်၍ နောင်တော်များ ခရီးထွက်ခွာကြသောအခါ နန်းတွင်း အမှုထမ်းများသည် ဘုရင်မင်းမြတ်၏ ➤➤

قَالُوْا وَاَقْبَلُوْا عَلَيْهِمْ مَّاذَا تَفْقِدُوْنَ ﴿٧١﴾

၇၁။ (ထိုအခါ) ယင်းနောင်တော်များသည် ထိုကြေညာသူနှင့် အပေါင်းတို့ဘက်သို့ မျက်နှာလှည့်ကာ အသင်တို့သည် မည်သည့်အရာ ပျောက်ဆုံးနေပါသနည်းဟု (ပြန်လည်) ပြောဆို မေးမြန်းခဲ့ကြလေသည်။

قَالُوْا نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَنْ جَآءَ بِهٖ حِمْلُ بَعِيْرٍ وَّاَنَا بِهٖ زَعِيْمٌ ﴿٧٢﴾

၇၂။ ထိုကြေညာသူတို့က (ဤသို့) ပြောဆိုခဲ့ကြလေ၏။ ကျွန်ုပ်တို့ ဘုရင်မင်းမြတ်၏ ပမာဏခြင်ခွက် (ဖလား)ကိုပျောက်ဆုံးနေပါသည် ဟု ပြောဆိုခဲ့ကြလေသည်။ မည်သူမဆို ထိုခြင်ခွက် ပမာဏကို (ရှာဖွေ)ယူဆောင်ခဲ့ပါလျှင်၊ ၎င်း၏အဖို့ ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)သည်ရှိအံ့။ ထို့ပြင် ဤသည်နှင့်စပ်လျဉ်း၍ ကျွန်ုပ်သည် အာမခံသူဖြစ်သည်။

➤➤ ငွေဖလားကြီးပျောက်ဆုံးနေသည်ကို တွေ့ရှိကြရာ နောင်တော်များအပေါ် ဒွိဟသံသယဖြစ်ကြလေသည်။ ထိုအခါ နန်းတွင်းအမှုထမ်းများအနက် တစ်ဦးတစ်ယောက်က နောင်တော်များ နောက်သို့လိုက်၍၊ အသင်တို့သည် ခိုးသားများဖြစ်ကြသည်ဟု အော်ဟစ်လေသည်။

မှတ်ချက်။

နောင်တော်ကြီးများအား နန်းတွင်းအမှုထမ်းတစ်ဦးက "အသင်တို့သည် ခိုးသားများဖြစ်ကြသည်" ဟု ဆိုခြင်းမှာ နိုင်ငံချုပ်မင်း၏ ညွှန်ကြားချက်အရလော၊ သို့မဟုတ် မိမိသဘောအရလော။ အခြေအနေအရ ထိုအမှုထမ်းသည် မိမိသဘောအရ ယင်းသို့ပြောဆိုခြင်းသာ ဖြစ်ပေမည်။ ဤမျှကိစ္စကို နိုင်ငံချုပ်မင်းထံသို့ ယူဆောင်သွားရန်လည်းမလိုပေ၊ ကုရ်အာန်ကျမ်းမြတ်တွင်လည်း တမန်တော်ယူစုဖ်က တစ်စုံတစ်ရာ ညွှန်ကြားသည်ဟူ၏ တစ်စုံတစ်ရာမပါရှိချေ။ အချို့ပညာရှင်များ၏ ယူဆချက်သာလျှင် ဖြစ်သည်။

ဤသည့်အယူအဆချက်ကို လက်ခံပါက တမန်တော်ယူစုဖ်က ယင်းသို့ ပြောကြားစေခြင်းမှာ တောင်ရိယဟ်သဘောဖြင့်သာ ဖြစ်ပေမည်။

အကယ်၍ အခြားပညာရှင်များ၏ ယူဆချက်အရ နန်းတွင်း အမှုထမ်းတစ်ဦးက ယင်းသို့ပြောဆိုခြင်းမှာ နိုင်ငံချုပ်မင်း၏ ညွှန်ကြားချက်မဟုတ်ဟု ယူဆလျှင် ကုန်ရန်အာန်ကျမ်းလာ အာယတ်တော်မှာ ရှင်းလင်းလျက်ရှိပေသည်။ စကားကို လှည့်ရန်ပင်မလိုပေ။ နန်းတွင်းအမှုထမ်းများက မိမိတို့ထင်မြင်ချက်အရ မိမိတို့ သဘောအတိုင်း ယင်းသို့ ပြောဆိုခဲ့ခြင်းသာဖြစ်ပေမည်။ များစွာသော မုဖတ်စ်စစ်ရှိ ပညာရှင်သုခမိန်များသည်လည်း ဤအတိုင်းပင် ယူဆကြပေသည်။

မာဂျိဒီ။ အ-၃။ စ-၅၀၁။ အအ-၁၃၄

قَالُوْا تَاللّٰهِ لَقَدْ عَلِمْتُمْ مَّا جِئْنَا لِنُفْسِدَ فِي الْاَرْضِ وَمَا كُنَّا سٰرِقِيْنَ ﴿٧٣﴾

၇၃။ (ထိုအခါ) ၎င်းတို့က (ဤသို့) ပြောဆိုဖြေကြားခဲ့ကြလေသည်။ အလ္လာဟ် အရှင်မြတ်အား တိုင်တည်၍ ပြောအံ့၊ ကျွန်ုပ်တို့သည် တိုင်းပြည်တွင် ဆူပူသောင်းကျန်ရန်အတွက် လာခဲ့ကြသည် မဟုတ်ကြောင်း၊ ထို့ပြင် ကျွန်ုပ်တို့သည် ခိုးသားများလည်း မဟုတ်ကြောင်း၊ အသင်တို့သည် ကောင်းစွာ သိရှိခဲ့ကြပြီး ဖြစ်ကုန်၏။

قَالُوْا فَمَا جَزَآؤُهٗٓ اِنْ كُنْتُمْ كٰذِبِيْنَ ﴿٧٤﴾

၇၄။ ယင်းကြေညာသူတို့ကသို့ဖြစ်လျှင် အကယ်၍ အသင်တို့သည် မုသာဝါဒီများ ဖြစ်ခဲ့ကြသော် ထို (ခိုးသား)၏ ပြစ်ဒဏ်သည် မည်သို့ဖြစ်ပါမည်နည်း ဟု ပြောဆို(မေးမြန်း)ခဲ့ကြလေ၏။

قَالُوْا جَزَآؤُهٗ مَنْ وُّجِدَ فِيْ رَحْلِهٖ فَهُوَ جَزَآؤُهٗ ؕ كَذٰلِكَ نَجْزِي الظّٰلِمِيْنَ ﴿٧٥﴾

၇၅။ ၎င်းတို့က (ဤသို့) ပြောကြားခဲ့ကြလေသည်။ အကြင်သူသည်ထိုသူ၏ ခရီးဆောင်ပစ္စည်းတွင် ယင်းခြင်ခွက် (ရေဖလား)သည် တွေ့ရှိခဲ့သော် ထိုသူသည် *ပင် မိမိ၏အစား ဖြစ်ပေမည်။* [၁] ကျွန်ုပ်တို့သည် ဤနည်းအတိုင်းပင် ပြစ်မှုကျူးလွန်သူတို့အား အစားပေးလေ့ ရှိကြကုန်၏။

فَبَدَاَ بِاَوْعِيَتِهِمْ قَبْلَ وِعَآءِ اَخِيْهِ ثُمَّ اسْتَخْرَجَهَا مِنْ وِّعَآءِ اَخِيْهِ ؕ كَذٰلِكَ كِدْنَا لِيُوْسُفَ ؕ مَا

၇၆။ ထို့နောက် ယင်းယူစုဖ်သည် မိမိညီတော်၏ အိတ်(ကိုရှာဖွေခြင်း)မပြုမီအလျှင် ထိုနောင်တော်များ၏ အိတ်များကို စတင်(ရှာဖွေ)ခဲ့လေသည်။ ထို့နောက် ယင်းယူစုဖ်သည်ထိုပမာဏကို မိမိညီတော်၏ အိတ်ထဲမှ ထုတ်ဆောင်ခဲ့လေ၏။ ဤအတိုင်းပင် ငါအရှင်မြတ်သည် ယူစုဖ်၏အကျိုးငှာကြံစည်တော်မူခဲ့လေ၏။

---

① နန်းတွင်းအမှုထမ်းများက - ခိုးရာပါပစ္စည်း တွေ့ရှိက မည်သို့မည်ပုံ အပြစ်ပေးရမည့် အကြောင်း မေးမြန်းကြသောအခါ နောင်တော်များက၊ တမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)၏ ရှရီအတ်တွင် လာရှိသည့်အတိုင်း အကြင်သူထံတွင် ခိုးရာပါပစ္စည်း တွေ့ရှိရအံ့။ ထိုသူသည်ပင် ထိုခိုးရာပါ ပစ္စည်း၏အစား မိမိကိုယ်တိုင် ကျွန်ခံရအံ့ဟု ဖြေကြားလိုက်ကြလေသည်။ ➤➤

كَانَ لِيَأْخُذَ اَخَاهُ فِىْ دِيْنِ
الْمَلِكِ اِلَّاۤ اَنْ يَّشَآءَ اللّٰهُ ؕ نَرْفَعُ
دَرَجٰتٍ مَّنْ نَّشَآءُ ؕ وَفَوْقَ
كُلِّ ذِىْ عِلْمٍ عَلِيْمٌ ﴿۷۶﴾

(အမှန်စင်စစ်မှာမူကား) ထိုယူစုဖ်သည် မိမိ ညီတော်အား (အီဂျစ်)ဘုရင်၏ စည်းမျဉ်းဥပဒေအရ ခေါ်ယူထားနိုင်သည် မဟုတ်ပေ။ [၁] သို့ရာတွင် အလွှာဟ်အရှင်မြတ်သည်. (ဤအတိုင်းပင်) အလိုရှိတော်မူ၏။ ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား အဆင့်အတန်းများစွာ မြှင့်တင်၍ ပေးတော်မူ၏။ အမှန်သော်ကား ပညာရှင်တိုင်း၏ထက်ဝယ် (ငင်းထက်) အလွန်တတ်မြောက်သော ပညာရှင်တပါး သည် ရှိချေသတည်း။

قَالُوْۤا اِنْ يَّسْرِقْ فَقَدْ سَرَقَ
اَخٌ لَّهٗ مِنْ قَبْلُ ۚ فَاَسَرَّهَا
يُوْسُفُ فِىْ نَفْسِهٖ وَلَمْ
يُبْدِهَا لَهُمْ ۚ قَالَ اَنْتُمْ شَرٌّ
مَّكَانًا ۚ وَاللّٰهُ اَعْلَمُ بِمَا

၇၇။ ငင်းတို့ကအကယ်၍ ဤညီငယ်သည် ခိုးဝှက်သည်ရှိသော် (အံ့ဖွယ်ရာမဟုတ်ပေ။ အကြောင်းမူကား) ယင်း၏ *နောင်တော်(ယူစုဖ်)သည်လည်း ယခင်က ခိုးဝှက်ခြင်းကိုပြုခဲ့ဖူးလေသည်ဟု* [၂] ပြောဆိုခဲ့ကြပေသည်။ သို့ပါလျက် ယူစုဖ်သည် ယင်းပြောဆိုချက်ကို မိမိစိတ်ထဲ၌ပင် မျိုသိပ်၍ထားရှိခဲ့လေသည်။ ငင်းပြင် ထိုစကားကို ငင်းတို့ရှေ့တွင် ထုတ်ဖော်(ပြောဆို)ခြင်း မပြုခဲ့ချေ။

---

[၁] ဤကဲ့သို့ တမန်တော်အီဗရာဟင်မ်၏ ရှရီအတ်တွင် လာရှိသည့်အတိုင်း နောင်တော်များက ရဲဝံ့စွာ ဖြေကြားလိုက်ကြခြင်းမှာ– ငင်းတို့သည် မိမိတို့မှာ ခိုးသားများ မဟုတ်ကြောင်း၊ ငင်းတို့ထံတွင် ခိုးရာပါပစ္စည်း တွေ့နိုင်စရာအကြောင်းလည်း အလျှင်းမရှိကြောင်းကို ကောင်းစွာ ယုံကြည်ခဲ့ကြသည့် အတွက်ကြောင့်ပင် ဖြစ်ပေသည်။ ဤသို့အားဖြင့် နောင်တော်များသည် မိမိတို့စကားနှင့် မိမိတို့မိနေခဲ့ကြလေသည်။ အွတ်ဆ်မာနီ။

[၂] ခိုးရာပါပစ္စည်းနှင့်အတူ တွေ့ရှိရသူနှင့် ပတ်သက်၍ နောင်တော်ကြီးများ၏ အဖြေကို ကြားသိရသောအခါ နှန်းတွင်းအမှုထမ်းများသည် နောင်တော်ကြီးများအား နိုင်ငံချုပ်မင်းထံသို့ ခေါ်ဆောင်သွားပြီး အဖြစ်အပျက်အားလုံးကို လျှောက်ထား အစီရင်ခံကြလေသည်။ နိုင်ငံချုပ်မင်းကလည်း နောင်တော်များ၏ ပစ္စည်းများတွင် ရှာဖွေရန် အမိန့်ပေးလိုက်လေသည်။

နှန်းတွင်းအမှုထမ်းများသည် ပစ္စည်းများကို ရှာဖွေရာတွင် ဗင်နယာမိန်၏အိတ်ကို မရှာသေးဘဲ နောင်တော်ကြီးများ၏ အိတ်များကို စတင်ရှာဖွေကြလေသည်။ နောင်တော်ကြီးများ၏ အိတ်များတွင် ပျောက်ဆုံးနေသောဖလားမတွေ့ရှိရပေ။ နောက်ဆုံးတွင် ဗင်နယာမိန်၏ အိတ်ကို ရှာဖွေရာ အဆိုပါငွေဖလားကို တွေ့ရှိကြလေတော့သည်။ ထိုအခါ နိုင်ငံချုပ်မင်းသည် နောင်တော်ကြီးများ၏စကားအတိုင်း ညီငယ်ဗင်နယာမိန်အား သိမ်းပိုက်ထားလိုက်လေသည်။

تَصِفُونَ ﴿٧٥﴾

(သို့ရာတွင်) ထိုယူစုဖ်သည် (မိမိစိတ်ထဲတွင်) အသင်တို့သည် အဆင့်အတန်းအားဖြင့် ပိုမို၍ပင် ဆိုးရွားကြကုန်သည်။ စင်စစ်သော်ကား အလွန်ဟ အရှင်မြတ်သည် အသင်တို့ပြောဆိုလျက်ရှိသည်ကို အသိဆုံးပင် ဖြစ်တော်မူပေသည်ဟု ပြောဆိုခဲ့ချေသတည်း။

قَالُوا يَا أَيُّهَا الْعَزِيزُ إِنَّ لَهُ أَبًا شَيْخًا كَبِيرًا فَخُذْ أَحَدَنَا مَكَانَهُ ۖ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ ﴿٧٨﴾

၇၈။ ၎င်းတို့က ပြောဆိုခဲ့ကြပြန်သည်မှာ "အို-အဇီဇ၊ ဧကန်စင်စစ် ထိုညီငယ်၌ အလွန် အိုမင်း အသက်အရွယ်ကြီးရင့်သော ဖခင်ကြီးတစ်ပါး ရှိပါသည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်း၏အစား ကျွန်ုပ်တို့အနက်မှ တစ်ဦးဦးကို ယူထားပါလေ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ကျေးဇူးပြုတတ်သူတစ်ဦး ဖြစ်သည်ဟူ၍ပင် မြင်ကြပေသည်။ ၁

➤➤ နိုင်ငံချုပ်မင်းသည် အီဂျစ်ပြည် တရားဥပဒေအရ ညီငယ်အား ယခုကဲ့သို့ သိမ်းပိုက်မထားနိုင်ခဲ့ပေ။ ယခုမူ နောင်တော်မကြီးများ ကိုယ်တိုင်က ခိုးရာပါပစ္စည်းနှင့်အတူ တွေ့ရှိသောသူအား ကျွန်အဖြစ် သိမ်းပိုက်ထားနိုင်ကြောင်း ပြောကြားကြသည့်အတွက် ညီငယ်အား သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ အမှန်မှာ ဤသည် အလွှာဟ်အရှင်မြတ်က တမန်တော် ယူစုဖ်အား သနားကြင်နာတော်မူသည့်အတွက် ညီငယ်အား မိမိထံ သိမ်းပိုက်ထားနိုင်ရန် ကြံဖန်ပေးတော်မူခြင်းသာ ဖြစ်ပေသည်။

၂ တမန်တော်ယူစုဖ်၏ နောင်တော်ကြီးများသည် ညီတော် တမန်တော်ယူစုဖ်အား အဘယ်မျှ မလိုမုန်းတီးခဲ့ကြသည်မှာ အထင်အရှားပင် ဖြစ်တော်မူ၏။ ယခုတစ်ဖန် ညီငယ်ဗင်နယာမီန်နှင့် ပတ်သက်၍ 'အကယ်၍ ဗင်နယာမီန်သည် ခိုးဝှက်ခဲ့ပါလျှင် အထူးအဆန်းမဟုတ်၊ အဘယ်ကြောင့် ဆိုသော် ၎င်း၏အစ်ကို (ယူစုဖ်) သည်လည်း ယခင်က ခိုးဝှက်ခဲ့ဖူးပါသည်" ဟူ၍ပင် မတရားစွပ်စွဲ ပြောဆိုလိုက်ကြပြန်လေသည်။ 'အတိတ်က မိုက်စမိုက်ပင်ပျိုး၍ မိုက်ဆိုးခဲ့တာ အခုလည်း မိုက်ဆဲမှန်စွာ နောက်ကိုတိုး၍ ဆပိုးမိုက်ဦးမှာ' ဟူသော ဆိုရိုးစကားသည် ယင်းနောင်တော်များနှင့် အထူးပင် စပ်ဟပ်မိပေသည်။ နောင်တော်များသည် ယခင်ကလည်း အကြိမ်ကြိမ် မိုက်ဆိုးခဲ့ကြပြီး ယခုတစ်ဖန် ထပ်မံမိုက်ဆိုးကြပြန်ပြီ။

၃ နောင်တော်ကြီးများသည် ညီငယ်ဗင်နယာမီန်အား နိုင်ငံချုပ်မင်းထံမှ လွတ်မြောက်စေရန် နည်းလမ်းမမြင်ကြတော့ပေ။ ထို့ပြင်တစ်ဝ ညီငယ်ဗင်နယာမီန်အား ဖခင်ကြီးထံမှ ခေါ်လာစဉ်ကလည်း ဖခင်ကြီးထံတွင် ညီငယ်အား 'ဖခင်ကြီးထံသို့ မုချ ပြန်လည်ပို့ပါမည့် အကြောင်း အခိုင်အမာ ကတိဝန်ခံချက် ပေးခဲ့ကြသည်ကိုလည်း နောင်တော်ကြီးများ အမှတ်ရလာကြလေသည်။ ထိုအခါ နောင်တော်များက နိုင်ငံချုပ်မင်းထံတွင် 'အို- အဇီဇ၊ နိုင်ငံချုပ်မင်း၊ ဖခင်ကြီးမှာ အသက်အရွယ် အလွန်ကြီးရင့်ပါပြီ၊ ဖခင်ကြီးသည် ဤညီငယ်နှင့် ➤➤

قَالَ مَعَاذَ اللّٰهِ اَنْ نَّاْخُذَ
اِلَّا مَنْ وَّجَدْنَا مَتَاعَنَا
عِنْدَهٗۤ ۙ اِنَّاۤ اِذًا لَّظٰلِمُوْنَ ﴿۷۹﴾

၇၉။ (ထိုရောအခါ) ယင်းယူစုဖ်က (ဤသို့) ပြောဆိုဖြေကြားခဲ့၏။ ငါတို့သည် မိမိတို့ပစ္စည်းကို တွေ့ရှိသောသူမှတစ်ပါး အခြားသူအား ဖမ်းဆီးခြင်းကို မပြုမိကြရန် အလွန်ဟ အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုကို ရှာဖွေကြပေသည်။ ဧကန်စင်စစ် ငါတို့သည် (ထို)သို့ (ပြုခဲ့ကြ)ပါလျှင် အမှန်ပင် မတရားသောသူများ ဖြစ်ကြမည်သာတည်း။

فَلَمَّا اسْتَيْـَٔسُوْا مِنْهُ
خَلَصُوْا نَجِيًّا ؕ قَالَ
كَبِيْرُهُمْ اَلَمْ تَعْلَمُوْۤا اَنَّ
اَبَاكُمْ قَدْ اَخَذَ عَلَيْكُمْ
مَّوْثِقًا مِّنَ اللّٰهِ وَمِنْ قَبْلُ
مَا فَرَّطْتُّمْ فِيْ يُوْسُفَ ۚ فَلَنْ
اَبْرَحَ الْاَرْضَ حَتّٰى يَاْذَنَ لِيْۤ
اَبِيْۤ اَوْ يَحْكُمَ اللّٰهُ لِيْ ۚ وَهُوَ
خَيْرُ الْحٰكِمِيْنَ ﴿۸۰﴾

၈၀။ သို့ဖြစ်ပေရာ ထိုနောင်တော်များသည် ယင်းယူစုဖ်ထံမှ မျှော်လင့်ချက် ကင်းမဲ့ခဲ့ကြသောအခါဝယ် (၎င်း၏ထံမှ) ဆုတ်ခွာခဲ့ကြကာ လျှို့ဝှက်တိုင်ပင်ကြပြန်သည်။ (ထိုအခါ)၎င်းတို့အနက်မှ အကြီးဆုံးဖြစ်သူက (ဤသို့)ပြောဆိုခဲ့လေ၏။ (အို-ငါ့ညီတော်များ) အသင်တို့သည် အသင်တို့ဖခင်က အသင်တို့ထံမှ (ယင်းညီတော်နှင့် ပတ်သက်၍)အလွှာဟ် အရှင်မြတ်အား တိုင်တည်စေပြီး (အခိုင်အမာ) ကတိ ဝန်ခံချက် ယူခဲ့သည်ကိုလည်းကောင်း၊ အသင်တို့သည် ယခင်က ယူစုဖ်နှင့်ပတ်သက်၍ (ကတိ)ပျက်ကွက် လစ်ဟင်းခဲ့ကြသည်ကိုလည်းကောင်း၊ မသိခဲ့ကြပါသလော။ သို့ဖြစ်ပေရာ ငါ၏ဖခင်သည် ငါ့အား ခွင့်မပြုသမျှ သော်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်သည် ငါ၏အဖို့ စီရင်ဆုံးဖြတ်တော်မူခြင်း မပြုတော်မူသမျှ သော်လည်းကောင်း၊ ငါသည် ဤ(အီဂျစ်)တိုင်းပြည်မှ အလျှင်း စွန့်ခွာမည်မဟုတ်ပေ။

➤➤ ၎င်း၏အစ်ကိုယူစုဖ်ကို ကျွန်တော်များထက် ပို၍ချစ်ပါသည်၊ ယူစုဖ်နောက်တွင် ဖခင်ကြီးသည် ဤညီငယ်နှင့်ပင် စိတ်ဖျော်ဖြေ၍ နေပါသည်။ ကျွန်တော်များ အပြန်တွင် ဤညီငယ်မပါပါက ဖခင်ကြီးသည် စိတ်ထိခိုက်သွားပါလိမ့်မည်။ နိုင်ငံချုပ်မင်းသည် အလွန်တရာမှ စိတ်နေသဘောထား ကောင်းမွန်မြင့်မြတ်ပါသည်၊ သနားကြင်နာထောက်ထား ညှာတာပါသည်၊ ကျေးဇူးရှင်လည်း ဖြစ်တော်မူပါသည်။ သို့ပါ၍ ညီငယ်အား ဖခင်ကြီးထံ ပြန်ခွင့်ပြုတော်မူပါ၊ ဤညီငယ်အစား ကျွန်တော်များအနက် တစ်ယောက်ယောက်ကို ယူထားတော်မူပါဟု လျှောက်ထားအသနားခံကြလေသည်။

စင်စစ်သော်ကား ထို အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံး စီရင် ဆုံးဖြတ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်တကား။ ၃

ارْجِعُوْٓا اِلٰٓى اَبِيْكُمْ فَقُوْلُوْا يٰٓاَبَانَآ اِنَّ ابْنَكَ سَرَقَ ۚ وَمَا شَهِدْنَآ اِلَّا بِمَا عَلِمْنَا وَمَا كُنَّا لِلْغَيْبِ حٰفِظِيْنَ ﴿٨١﴾

၈၁။ အသင်တို့သည် မိမိတို့၏ ဖခင်ထံသို့ ပြန်၍ သွားကြပြီးလျှင် (ဤသို့) ပြောဆိုလျှောက်ထားကြလေကုန်၊ အို-မွေးသဖခင်၊ မလွဲဧကန် အသင်ဖခင်၏ သားတော်သည် ခိုးဝှက်ခဲ့ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် မိမိတို့(မျက်မြင် ကိုယ်တွေ့) သိရှိခဲ့ကြသည်မှတစ်ပါး အခြား တစ်စုံတစ်ရာကို သက်သေခံကြသည်မဟုတ်ပါ။ စင်စစ်မှာမူကား ကျွန်တော်မျိုးတို့သည် အကွယ်၌ရှိသော ကိစ္စများကို သိရှိကြသည် မဟုတ်ပါ။

وَسْـَٔلِ الْقَرْيَةَ الَّتِيْ كُنَّا فِيْهَا وَالْعِيْرَ الَّتِيْٓ اَقْبَلْنَا فِيْهَا ۭ وَاِنَّا لَصٰدِقُوْنَ ﴿٨٢﴾

၈၂။ ၎င်းပြင် အသင် (ဖခင်)သည် ကျွန်တော်တို့ နေထိုင်ခဲ့ကြသော (အီဂျစ်) မြို့သူမြို့သားများကို လည်းကောင်း၊ ကျွန်တော်မျိုးတို့နှင့် အတူလာခဲ့ကြသော ခရီးသည်စုကိုလည်းကောင်း၊ စုံစမ်းမေးမြန်း၍ ကြည့်ပါ။ ဧကန်မလွဲ ကျွန်တော်တို့သည် သစ္စာဝါဒီများပင် ဖြစ်ကြပါသတည်း။

---

③ နောင်တော်ကြီးများသည် နိုင်ငံချုပ်မင်း၏ အဖြေကိုကြားပြီး ဗင်နာမီန်နှင့် ပတ်သက်၍ မျှော်လင့်ချက်လုံးဝကင်းသွားကြသောအခါ အချင်းချင်းလွတ်လပ်သော တစ်နေရာတွင် တိုင်ပင်ဆွေးနွေးကြလေသည်။

ဆွေးနွေးရာတွင် အများစု၏ဆန္ဒမှာ မိမိတို့တိုင်းပြည်သို့ ပြန်ကြရန်ပင်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့အနက် အသက်အရွယ်အားဖြင့်သော်လည်းကောင်၊ အသိဉာဏ် အမြော်အမြင်အားဖြင့်သော်လည်းကောင်း၊ အကြီးဆုံးဖြစ်သူက - ငါတို့သည် ဖခင်ကြီးထံ အဘယ်မျက်နှာနှင့် သွားကြမည်နည်း၊ ငါတို့သည် ဖခင်ကြီးအား အခိုင်အမာ ကတိပေးထားခဲ့ကြသည်။ ထိုကတိနှင့် စပ်လျဉ်း၍ အသို့အဖြေပေးကြမည်နည်း၊ ယခင်ကလည်း ယူစုဖ်နှင့် ပတ်သက်၍ ကတိပျက်ခဲ့ကြပြီး၊ ယူစုဖ်၏အရေးသည် ယခုထက်ထိ မအေးသေး။ ယခုတစ်ဖန် ဗင်နာမီန်ကို စွန့်ထားခဲ့ပြီး တိုင်းပြည်ပြန်ခြင်းမှာ အလွန်ရှက်ဖွယ်ကောင်းလှသည်။ ဖခင်ကြီးက လာရန် ခွင့်မပြုသမျှ၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ်က တစ်စုံတစ်ရာ အဆုံးအဖြတ်ပေးတော်မမူသမျှ၊ ဤတိုင်းပြည်မှ လုံးဝ ငါ့ရွေ့မည်မဟုတ်ဟု ပြောဆိုလိုက်လေသည်။

قَالَ بَلْ سَوَّلَتْ لَكُمْ
أَنفُسُكُمْ أَمْرًا ۖ فَصَبْرٌ جَمِيلٌ ۖ
عَسَى اللَّهُ أَن يَأْتِيَنِي
بِهِمْ جَمِيعًا ۖ إِنَّهُ هُوَ الْعَلِيمُ
الْحَكِيمُ ﴿٨٣﴾

၈၃။ ထို(အခါ) ဖခင်က ထိုသို့အလျှင်းမဟုတ်၊ အမှန်စင်စစ်မှာမူကား အသင်တို့၏ စိတ်နှလုံးသည် အသင်တို့အဖို့ အမှုကိစ္စတစ်ခုကို ကြံစည်ဖန်တီးခဲ့ခြင်းသာဖြစ်ပေသည်။ သို့ဖြစ်ပေရာ သည်းခံခြင်းသာလျှင် အကောင်းဆုံးပင်ဖြစ်ပေသည်။ [၁] အလ္လာဟ် အရှင်မြတ်သည်ငင်းတို့အားလုံးတို့အား ငါ့ထံသို့ ပြန်လည်ရောက်စေတော်မူလိမ့်မည်ဟု မျှော်လင့်ရာ၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَتَوَلَّىٰ عَنْهُمْ وَقَالَ
يَا أَسَفَىٰ عَلَىٰ يُوسُفَ
وَابْيَضَّتْ عَيْنَاهُ مِنَ
الْحُزْنِ فَهُوَ كَظِيمٌ ﴿٨٤﴾

၈၄။ ထို့နောက်၊ထိုခမည်းတော်သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲခဲ့ပြီးလျှင် *သြော်-ယူစုဖ်၊ ဖြစ်မှဖြစ်ရလေခြင်းဟု* [၂] ပြောဆို (ညည်းညူ)ခဲ့လေသည်။ ၎င်းပြင်ယင်း၏မျက်စိနှစ်လုံးတို့မှာလည်း ဝမ်းနည်းပူဆွေးမှုကြောင့် ဖြူ၍သွားခဲ့လေသည်။ သို့တစေလည်း ယင်းသည် (မိမိ) မျိုသိပ်လျက် ရှိနေခဲ့ရရှာလေသတည်း။

---

① ဖခင်ကြီး တမန်တော်ယအ်ကူဗ်သည် ဗင်နာ်ယာမီန်နှင့် ပတ်သက်၍ သားကြီးများ၏ အစီရင်ခံချက်ကို ကြားရသောအခါ၊ ယခင်တစ်ကြိမ်က သားတော် ယူစုဖ်နှင့်ပတ်သက်၍ ၎င်းတို့၏ စကားကို မယုံကြည်ခဲ့သကဲ့သို့၊ ယခုတစ်ဖန် သားတော် ဗင်နာ်ယာမီန်နှင့်ပတ်သက်၍ ၎င်းတို့၏ စကားကိုလည်း မယုံကြည်ခဲ့ပေ။ ယူစုဖ်ကိုလည်း ဝံပုလွေမစား၊ ဗင်နာ်ယာမီန်လည်း မခိုး၊ ဤသည် အသင်တို့၏ စိတ်နှလုံးများ၏ဖန်တီးမှုသာဖြစ်သည်။ သို့ဖြစ်ပေရာ သည်းခံခြင်းသာလျှင် အကောင်းဖြစ်သည်ဟု ဖြေကြား၍ သည်းခံနေခဲ့လေသည်။ သားတော် ယူစုဖ်၏ ပြဿနာပေါ်စဉ်ကလည်း ဤအတိုင်းပင် ဖြေကြားပြီး သည်းခံ၍ပင် နေခဲ့လေသည်။

ကြည့်-ကုရ်အာန် (၁၂း၁၈)

② ဖခင်ကြီးတမန်တော် ယအ်ကူဗ်သည် သားတော် ဗင်နာ်ယာမီန်နှင့် ယခုကဲ့သို့ ကွဲရပြန်သောအခါ ယခင်က ကွဲကွာနေခဲ့ရသော သားတော်ယူစုဖ်အား ပြန်လည် သတိရလာခဲ့၏။ သားတော် ယူစုဖ်၏ အချစ်ဒဏ်သည် ပြန်လည်ပေါ်လာခဲ့၏။ ဒဏ်သစ်ကြောင့် ဒဏ်ဟောင်းသည် ပြန်ပေါ်၏။ ဒုက္ခသစ်ကြောင့် ဒုက္ခဟောင်းသည် ပြန်ပေါ်၏။ ထို့အတွက်ကြောင့်လည်း တမန်တော်ယအ်ကူဗ်သည် ဗင်နာ်ယာမီန်နှင့် ကွဲရပြန်သောအခါ သားတော် ယူစုဖ်အား တွေ့မြင်ပြီး ဝမ်းနည်းကြေကွဲကာ *သြော်-ယူစုဖ် ဖြစ်ရလေခြင်း*' ဟု မြည်တမ်းလိုက်ခြင်းဖြစ်ပေသည်။ ဤကား လူ့သဘာဝပင်။

➤➤

قَالُوا تَاللَّهِ تَفْتَؤُا تَذْكُرُ يُوسُفَ حَتَّىٰ تَكُونَ حَرَضًا أَوْ تَكُونَ مِنَ الْهَالِكِينَ ﴿٨٥﴾

၈၅။ ယင်း(သား)တို့က(အို-ခမည်းတော်)အလ္လာဟ်အရှင်မြတ်၏ကစမ်၊ အသင်ခမည်းတော်သည် ယူစုဖ်အား အမြဲမပြတ် တမ်းတသတိရလျက်ပင် ရှိနေသည်ဖြစ်ရာ နောက်ဆုံးတွင်မူ အသင်ဖခင်သည် ကျန်းမာရေး ချွတ်ယွင်းသူသော်လည်းကောင်း၊ အသက်ဇီဝိန်ချုပ်ငြိမ်းသူသော်လည်းကောင်း၊ ဖြစ်ရပါတော့မည်ဟုပြောဆိုကြကုန်၏။ ၁

قَالَ إِنَّمَا أَشْكُو بَثِّي وَحُزْنِي إِلَى اللَّهِ وَأَعْلَمُ مِنَ اللَّهِ مَا لَا تَعْلَمُونَ ﴿٨٦﴾

၈၆။ (ထိုအခါ) ယင်းခမည်းတော်သည် (ဤသို့) ပြောဆိုဖြေကြားခဲ့လေ၏။ ငါသည် အလ္လာဟ်အရှင်မြတ်၏အထံတော်၌သာလျှင် မိမိ စိတ်သောကဖြစ်မှုကိုလည်းကောင်း၊ မိမိပူဆွေးမှုကိုလည်းကောင်း၊ လျှောက်ထားခြင်း ဖြစ်ပေသည်။ စင်စစ်မှာမူကား ငါသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အသင်တို့မသိကြသောအရာကို သိရှိရပေသတည်း။ ၂

➤➤ နဗီတမန်တော်များသည် လူသားများပင် ဖြစ်ကြပေသည်။ လူ့သဘာဝအလျောက် လူသားတို့စံစားရသည့် သုခများ၊ ခံစားရသည့် ဒုက္ခများကို တမန်တော်များလည်း ခံစံကြရပေသည်။ လူ့သဘာဝအလျောက် အခြား လူသားများကဲ့သို့ပင် ဝမ်းသာဝမ်းနည်း ဖြစ်ကြပေသည်။ လူ့သဘာဝအလျောက် ဤသို့ဝမ်းသာဝမ်းနည်း ဖြစ်ခြင်းမှာ နဗီ၏ဂုဏ်သိက္ခာနှင့် မည်သို့မျှ မဆန့်ကျင်ပေ။

① ဖခင်ကြီးတမန်တော် ယအ်ကူဗ်သည် သားတော်ယူစုဖ်အတွက် ဤမျှ ပရိဒေဝမီးတောက် လောင်နေသည်ကို တွေ့မြင်ကြသောအခါ သားကြီးများသည် မခံချို မခံသာ စိတ်မလိုအားမရဖြစ်ကာ ဖခင်ကြီးအား ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ပြောဆိုကြလေသည်။ ဤသည်လည်း လူ့သဘာဝပင်ဖြစ်ချေသည်။ မာဂျိဒီ။

② သားကြီးများက ယင်းကဲ့သို့ မြည်တွန်တောက်တီး ပြောဆိုကြသည့်အခါ ဖခင်ကြီးတမန်တော် ယအ်ကူဗ်က - သားများ၊ ငါသည် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ မိမိ၏ သောကဖြစ်မှု၊ ဝမ်းနည်းကြေကွဲမှုများကို လျှောက်ထားခြင်းဖြစ်သည်။ မိမိ၏ သောကဖြစ်မှု၊ ဝမ်းနည်းကြေကွဲမှုများကို ထိုအရှင်မြတ်မှတပါး အခြားမည်သူ့ထံ၌မျှ တိုင်ကြားသည်မဟုတ်၊ အသင်တို့ကိုလည်း တိုင်ကြားနေသည်မဟုတ်။

ထို့ပြင်တစ်ဝ ငါသိသော အရာကို အသင်တို့သိကြသည်လည်း မဟုတ်၊ ယူစုဖ်မသေ၊ ငါတို့သားအဖချင်း မုချပြန်လည်တွေ့ကြရမည်၊ ယူစုဖ်၏ အိပ်မက်သည် မုချ အကောင်အထည်ပေါ်ရမည်။ ဤသည်တို့သည် စမ်းသပ်မှုသာဖြစ်သည်။ တစ်ချိန်တွင် ပြီးဆုံးသွားမည်သာဖြစ်သည်ဟု ဖြေကြားလိုက်လေသည်။

يَٰبَنِيَّ ٱذْهَبُوا۟ فَتَحَسَّسُوا۟ مِن يُوسُفَ وَأَخِيهِ وَلَا تَا۟يْـَٔسُوا۟ مِن رَّوْحِ ٱللَّهِ ۖ إِنَّهُۥ لَا يَا۟يْـَٔسُ مِن رَّوْحِ ٱللَّهِ إِلَّا ٱلْقَوْمُ ٱلْكَٰفِرُونَ ﴿٨٧﴾

၈၇။ အို-ငါ၏ချစ်သားတို့၊ အသင်တို့သည် ယူစုဖ်အားလည်းကောင်း၊ ယင်းယူစုဖ်၏ညီငယ်အားလည်းကောင်း၊ သွား၍ရှာဖွေ စုံစမ်းကြလေကုန်၊ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် မကင်းကြကုန်လင့်၊ ဧကန်မလွဲ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့သည်သာလျှင် အလ္လာဟ် အရှင်မြတ်၏ကရုဏာတော်မှ မျှော်လင့်ချက်ကင်းကြ ပေသတည်း။ [1]

فَلَمَّا دَخَلُوا۟ عَلَيْهِ قَالُوا۟ يَٰٓأَيُّهَا ٱلْعَزِيزُ مَسَّنَا وَأَهْلَنَا ٱلضُّرُّ وَجِئْنَا بِبِضَٰعَةٍ مُّزْجَىٰةٍ فَأَوْفِ لَنَا ٱلْكَيْلَ

၈၈။ တစ်ဖန် ၎င်းတို့သည် ထိုယူစုဖ်ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ (ဤသို့)ပြောဆိုလျှောက်ထားခဲ့ကြကုန်၏။ အို-အဇီဇ်၊ ကျွန်ုပ်တို့၌လည်းကောင်း၊ ကျွန်ုပ်တို့၏ အိမ်သူအိမ်သားတို့၌လည်းကောင်း၊ (ငတ်မွတ်ခြင်း) ဘေးဒုက္ခသည် ဆိုက်ရောက်နေပါသည်။

---

① အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်ကင်းခြင်းသည် မွတ်စ်လင်မ်၏ အပြုအမူမဟုတ်၊ အလ္လာဟ် အရှင်မြတ်၏ အနန္တကရုဏာတော်များနှင့် အနန္တတန်ခိုးတော်များကို ကောင်းစွာမသိသော ကာဖိရ်များ၏ အပြုအမူသာဖြစ်သည်။ မွတ်စ်လင်မ်တစ်ဦးသည် မျှော်လင့်ချက်လုံးဝမရှိသည့် အခြေအနေများ၌ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် ကင်းသည်ဟူ၍ အလျှင်းမရှိပေ။ စွမ်းအားရှိသမျှ ကြံစည်ကျိုးပမ်းသည်သာဖြစ်သည်။ မည်သည့်အခါ မည့်သည့်အခြေအနေ မည့်သည့်ပတ်ဝန်းကျင်၌မျှ အားမလျှော့ပေ။ ထို့အတွက်ကြောင့်လည်း တမန်တော် ယအ်ကူဗ်က ဤမျှအခြေအနေ ဆိုးရွားရှိ၍ မျှော်လင့်ချက်မရှိသည့်အခြေအနေတွင်ပင် သားကြီးများအား အသင်တို့သည် ယူစုဖ်ကိုရှာဖွေကြ၊ ဗင်နီယာမီန်အား လွတ်မြောက်အောင် ကြံစည်အားထုတ်ကြ၊ အလ္လာဟ်အရှင်မြတ်သည် ငါတို့အားလုံးကို ပြန်လည် ဆုံစည်းပေးတော်မူပါလိမ့်ဟု မိန့်ကြားခြင်းဖြစ်သည်။

တမန်တော်ယအ်ကူဗ်၏ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် အမှန်တရားသည် ခေတ္တခဏအမြင်အားဖြင့် အဘက်ဘက်မှ အနိမ်ခံနေရစေကာမူ၊ အမှားသည် အဘယ်မျှတိုးတက်၍ နေစေကာမူ၊ သူတော်စင်များသည် အဘယ်မျှထိ နှိပ်စက်ချုပ်ချယ်ခြင်းကို ခံနေကြရစေကာမူ၊ သူယုတ်မာများသည် တိုင်းပြည်တွင် အဘယ်မျှ ကြီးကျယ်ခြယ်လှယ်နေကြစေကာမူ မွတ်စ်လင်မ်တစ်ဦးသည် ဤသည့်အခြင်းအရာများကို တွေ့မြင်နေရလင့်ကစား မျှော်လင့်ချက်မကင်းပေ။ တစ်နေ့သော် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို မုချခိုလှုံရမည်၊ အမှန်တရားသည် တစ်နေ့သော် မုချအောင်နိုင်ရမည်ကို ကောင်းစွာသဘောပေါက်နိုင်ပေသည်။ တမန်တော် အပေါင်းတို့၏ အတ္တာပ္ပတ္တိများကို လေ့လာကြည့်ပါက ဤသည့်သဘောကို ထင်ရှားစွာ တွေ့ရှိရပေမည်။

وَتَصَدَّقْ عَلَيْنَآ ۖ إِنَّ ٱللَّهَ يَجْزِى ٱلْمُتَصَدِّقِينَ ﴿٨٨﴾

ငင်းပြင် ကျွန်ုပ်တို့သည် အနည်းငယ်မျှသော အရင်းအနှီးပစ္စည်းကိုသာ ယူဆောင်လာခဲ့ကြပါသည်။ သို့ပါ၍ အသင်အဇီဇ်သည် ကျွန်ုပ်တို့အား (စားနပ်ရိက္ခာကို) အပြည့်ခြင်၍ပေးပါ၊ ငင်းပြင် ကျွန်ုပ်တို့အပေါ်၌ မေတ္တာလည်းထားပါ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မေတ္တာတရား ထားရှိသူတို့အား အကျိုး ကျေးဇူးကို ချီးမြှင့်တော်မူပါ၏။ ၁

① **နောင်တော်များသည် တတိယအကြိမ် နိုင်ငံချုပ်မင်းထံသို့ ရောက်ရှိလာခဲ့ပြန်ခြင်း။**

ဖခင်ကြီးတမန်တော် ယအ်ကူဗ်၏ စေခိုင်းချက်အရ သားတော်ကြီးများသည် ညီတော်ယူစုဖ်နှင့် ဗင်္ကယာမိန်တို့ကို ရှာဖွေရန်အတွက် အီဂျစ်ပြည်သို့ပင် ရောက်ရှိလာခဲ့ကြပြန်သည်။ နောင်တော်ကြီးများသည် ညီတော်ယူစုဖ်၏ လိပ်စာနေရပ်ကို မသိကြချေ၊ အဘယ်ဒေသသို့ ရောက်ရှိ၍ မည်သည့်အခြေအနေတွင် ရှိနေသည်ကိုလည်း မသိကြချေ၊ ဗင်္ကယာမိန်ရောက်ရှိနေသည့် နေရပ်ကိုမူ သိကြပေသည်။ ထို့အတွက် နေရပ်လိပ်စာသိပြီးဖြစ်သော ဗင်္ကယာမိန်အား ပထမလွတ်မြောက်အောင် ကြိုးစားရမည်ဖြစ်၏။ ထို့ပြင်တစ်ဝ စားနပ်ရိက္ခာဝယ်ယူရန်အတွက် အီဂျစ်နိုင်ငံချုပ်မင်းထံသို့ ဝင်ရမည်လည်းဖြစ်၏။ ဤသို့အားဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသကဲ့သို့ နောင်တော်များသည် နိုင်ငံချုပ်မင်းထံသို့ဝင်ရောက်၍ စားနပ်ရိက္ခာအတွက်လည်း မေတ္တာရပ်ခံကြမည်၊ ထို့ပြင်တစ်ဝ စကားလက်ဆုံ၍ အခြေအနေလှလျှင် ညီငယ်ဗင်္ကယာမိန်အား လွှတ်ပေးပါရန်လည်း မေတ္တာရပ်ခံကြမည်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံချုပ်မင်းထံသို့ ရောက်ရှိလာခဲ့ကြလေသည်။

နိုင်ငံချုပ်မင်းထံ နောင်တော်များ အသနားခံခြင်း။

နောင်တော်ကြီးများသည် နိုင်ငံချုပ်မင်းထံသို့ ရောက်ရှိလာပြီး ဦးစွာပထမ အောက်ပါအတိုင်း မိမိတို့၏ အဖြစ်အပျက် တွေ့ကြုံ ခံစားနေရကြရသည့်ဒုက္ခ၊ စီညိုးပွားရေး ကျပ်တည်းမှုများကို တင်ပြကာ စားနပ်ရိက္ခာများကို လှူဒါန်းတော်မူပါရန် အောက်ပါအတိုင်း ကျိုးငှဲစွာ လျှောက်ထားကြလေသည်။

အို - အဇီဇ်၊ နိုင်ငံချုပ်မင်း၊ ကျွန်တော်များနှင့်တကွ ကျွန်တော်များ၏ အိမ်သူအိမ်သားများအပေါ်၌ အစာခေါင်းပါးမှုကပ်ကြောင့် အကြီးအကျယ် ဒုက္ခဆိုက်ရောက်နေပါသည်။ ငွေကြေး အခက်အခဲများကြောင့် အိမ်တွင်းပစ္စည်းများလည်း ထုခွဲရောင်းချစားသုံးရသည့်အတွက် ကုန်ပါပြီ၊ ယခု စားနပ်ရိက္ခာဝယ်ရန် လာခဲ့ကြသော်လည်း အလွန်သေးနုပ်သိမ်ဖျင်းလှသည့် အနည်းငယ်မျှသော အရင်းအနှီးကိုသာ ယူဆောင်၍ လာနိုင်ခဲ့ကြပါသည်။ ထို့အတွက် နိုင်ငံချုပ်မင်းသည် ကျွန်တော်များ ယူဆောင်လာခဲ့ကြသည့် အရင်းအနှီးကို အဓိက ထားတော်မမူဘဲ ယခင်ကဲ့သို့ပင် စေတနာ သဒ္ဓါတရားရှေ့ထား၍ ကျွန်တော်များအား စားနပ်ရိက္ခာကို အပြည့်အစုံ ချီးမြှင့်တော်မူပါ။ ဤကဲ့သို့ စေတနာ သဒ္ဓါတရားဖြင့် ထောက်ထားညှာတာစွာ ပေးကမ်းခြင်းသည်လည်း တစ်နည်းအားဖြင့် လှူဒါန်းပေးကမ်းခြင်းမည်ပါသည်။ ထို့ပြင်တစ်ဝ နိုင်ငံချုပ်မင်းသည် ကျွန်တော်များအား အလှူဒါနပေးကမ်းသည့် သဘောဖြင့်လည်း ပေးကမ်းတော်မူပါ။ အလ္လာဟ်အရှင်မြတ်သည် လှူဒါန်းပေးကမ်းသူများအား ကုသိုလ်အကျိုး ပေးတော်မူပါသည်။ နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ်သည် ဤကဲ့သို့ နောင်တော်များ ဒုက္ခဆင်းရဲကြီးစွာဖြင့်ပြီး မိမိထံတွင် အောက်ကျိုကာ အသနားခံနေကြသည်ကို ➤➤

قَالَ هَلْ عَلِمْتُمْ مَّا فَعَلْتُمْ
بِيُوسُفَ وَأَخِيهِ إِذْ أَنتُمْ
جَٰهِلُونَ ﴿٨٩﴾

၈၉။ ထို(ရောအခါဝယ်) ယူစုဖ်က (၎င်းတို့အား ဤသို့) ပြောဆို မေးမြန်းခဲ့လေသည်။ အသင်တို့သည် မိမိတို့မသိမိုက်မဲသူများ ဖြစ်ခဲ့ကြစဉ်အခါက မိမိတို့သည် ယူစုဖ်နှင့်လည်းကောင်း၊ ယင်းယူစုဖ်၏ ညီငယ်အားလည်းကောင်း၊ မည်သည့်အပြုအမူကို ပြုမူခဲ့ကြသည်ကို အသင်မှတ်မိကြသေးသလော။

قَالُوٓاْ أَإِنَّكَ لَأَنتَ يُوسُفُ ۖ
قَالَ أَنَا۠ يُوسُفُ وَهَٰذَآ أَخِى ۖ
قَدْ مَنَّ ٱللَّهُ عَلَيْنَا ۖ إِنَّهُۥ
مَن يَتَّقِ وَيَصْبِرْ فَإِنَّ ٱللَّهَ
لَا يُضِيعُ أَجْرَ ٱلْمُحْسِنِينَ ﴿٩٠﴾

၉၀။ (ထိုအခါ) ၎င်းတို့က 'ဧကန်စင်စစ် အသင်သည်ပင် ယူစုဖ်ဖြစ်ပါသလော' ဟု ပြောဆိုခဲ့ကြလေသည်။

(ထိုအခါ) ထိုယူစုဖ်က 'ကျွန်ုပ် ယူစုဖ်ပင်ဖြစ်သည်။ ဤသည် ကျွန်ုပ်၏ညီတော်ပင်ဖြစ်သည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်ဝယ် ကျေးဇူးပြုတော်မူခဲ့လေသည်။

စင်စစ်ဧကန် မည်သူမဆို ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်အံ့၊ ၎င်းပြင် ခန္တီတရားထားရှိအံ့။ သို့ဖြစ်လျှင်အကယ်စင်စစ်အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သော သီလကို ဆောက်တည်သူတို့၏ အကျိုးကျေးဇူးကို အချည်းနှီး ဖြစ်စေတော်မူမည်မဟုတ် ဟုပြောကြားခဲ့လေသည်။

➤➤ တွေ့မြင်ရသောအခါ သနားစိတ်၊ ကြင်နာစိတ်များ တဖွားဖွား ပေါ်ပေါက်လာပြီး၊ မိမိစိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ငိုကြွေးလေတော့သည်။ မျက်စိအစုံမှ မျက်ရည်များလည်း မဆယ်နိုင်တော့ဘဲ ယိုစီးကျလာလေတော့သည်။ ထိုအခါ တမန်တော်ယူစုဖ်သည် ယခင်က နောင်တော်များနှင့် တွေ့စဉ် မိမိကိုယ်ကို မည်သူမည်ဝါ ဖြစ်ကြောင်း ထုတ်ဖော်မပြောခဲ့သော်လည်း ယခုမူ ညီနောင်အချင်းချင်း ပြန်လည်တွေ့ဆုံ၍ ဖက်လဲတကင်းပြုရန် အချိန်တန်ပြီ ဖြစ်သည့်အတွက် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်အရ (ရှေ့လာလတ္တံ့သော အာယတ်တော်များတွင်ပါသည့်အတိုင်း) မိမိသည် ယူစုဖ်ဖြစ်ကြောင်း ကြေကွဲဖွယ်ရာ ထုတ်ဖော် ပြောပြလေတော့သည်။

قَالُوا تَاللَّهِ لَقَدْ آثَرَكَ اللَّهُ عَلَيْنَا وَإِنْ كُنَّا لَخَاطِئِينَ ﴿٩١﴾

၉၁။ ၎င်းတို့က အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကျွန်ုပ်တို့ထက်မြင့်မြတ်စေတော်မူခဲ့လေသည်။ ၎င်းပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည်သာလျှင် မှားယွင်းသူများ ဖြစ်ကြပေသည်ဟု(ဝန်ခံ)ပြောဆိုကြလေသတည်း။[၁]

قَالَ لَا تَثْرِيبَ عَلَيْكُمُ الْيَوْمَ ۖ يَغْفِرُ اللَّهُ لَكُمْ ۖ وَهُوَ أَرْحَمُ الرَّاحِمِينَ ﴿٩٢﴾

၉၂။ ထို(အခါ) ယူစုဖ်က ယနေ့ အသင်တို့အပေါ်၌ လုံးဝ ပြစ်တင်ခြင်းမရှိချေ။ *အလ္လာဟ်အရှင်မြတ်သည်အသင်တို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူပါစေ။* [၂] စင်စစ်မှာမူကား ထိုအရှင်မြတ်သည် သနားကြင်နာသူ အပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူဆုံးသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည် ဟု ပြောဆိုခဲ့လေသတည်း။

---

① ထိုအခါ နောင်တော်များက အလ္လာဟ်အရှင်မြတ်အား တိုင်တည်ရာ ထိုအရှင်မြတ်သည် အသင့်အား ကျွန်ုပ်တို့အပေါ်၌ အဘက်ဘက်တွင် အသာပေးထားတော်မူပါသည်၊ အသင်လည်း ယင်းသို့ အသာပေးတော်မူရန်ပင် ထိုက်တန်လှပါသည်။ကျွန်ုပ်တို့သည် အသင်၏ တန်ဖိုးကို မသိခဲ့ကြပါ၊ ဤသည် ကျွန်ုပ်တို့၏ မှားယွင်းချက်ပင်ဖြစ်ပါသည်။ နောက်ဆုံးတွင် အသင်၏ အိပ်မက်သည် အမှန်ဖြစ်ချေပြီ၊ ကျွန်ုပ်တို့၏ မလိုမုန်းတီးမှုသည် အချည်းအနီးဖြစ်ချေပြီဟု ဝန်ခံပြောဆိုကြလေသည်။

② **တမန်တော် ယူစုဖ်က နောင်တော်ကြီးများအား ခွင့်လွှတ်သည်သာမက ၎င်းတို့အတွက် အလ္လာဟ်အရှင်မြတ်ထံတော်၌ လွှတ်ငြိမ်းချမ်းသာခွင့်ကိုပင် ပန်ကြားပေးခဲ့ခြင်း။**

နောင်တော်ကြီးများက မိမိတို့၏ အမှားများကို ယင်းကဲ့သို့ ဝန်ခံပြောဆိုကြသည့်အခါ နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ်သည် မိမိရှေ့မှောက်တွင် နောင်တော်များ ယခုကဲ့သို့ မိမိတို့၏ အမှားများ ဝန်ခံပြောဆို နေကြသည်ကိုပင် မကြားရက်သည့်အတွက် 'နောင်တော်များ ဤစကားရပ်များကို ဆက်လက်ပြောဆို မနေကြပါနှင့်၊ အသင်တို့အား ကျွန်ုပ် တစ်စုံတစ်ရာ အရေးယူမည် မဟုတ်ပါ၊ ကျွန်ုပ်သည် အသင်တို့အား လုံးဝ ခွင့်လွှတ်လိုက်ပါပြီ။ ကျွန်ုပ်ပြောဆိုခဲ့သည့် စကားမှာလည်း အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိသည့်အတွက် လည်းကောင်း၊ ခန္ဓိတရားနှင့် တက္ကဝါ၏အကျိုးတရားများသည် အဘယ်မျှကြီးမားသည်ကို ထင်ရှားစေလိုသည့်အတွက်လည်းကောင်း၊ ရိုးသားသော စေတနာဖြင့် ထုတ်ဖော်ပြောဆိုခဲ့ခြင်းသာ ဖြစ်ပါသည်။ ယနေ့မှ နောင်တွင် နောင်တော်ကြီးများ၏ ချို့တဲ့မှုများကို မေ့၍ပင်ပြောမည် မဟုတ်ပါ၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါစေ' ဟု ဆုမွန်တောင်းကာ ပြန်လည် ဖြေကြားလိုက်လေသည်။

اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَاْتِ بَصِيْرًا ۚ وَاْتُوْنِيْ بِاَهْلِكُمْ اَجْمَعِيْنَ ﴿٩٣﴾

၉၃။ အသင်တို့သည် အကျွန်ုပ်၏ ဤအင်္ကျီကို ယူသွားကြလေကုန်။ ထို့နောက် အသင်တို့သည် ယင်းအင်္ကျီကို အကျွန်ုပ်၏ဖခမည်းတော်၏ မျက်နှာပေါ်သို့တင်ကြလေကုန်။ ထိုဖခမည်းတော်သည် စက္ခုအလင်း ရရှိလာအံ့။ ၎င်းပြင် အသင်တို့သည် မိမိတို့၏အိမ်သူအိမ်သားများအားလုံးကို(လည်း) အကျွန်ုပ်၏ထံသို့ (ခေါ်)ဆောင်၍ လာခဲ့ကြလေကုန်။ [၁]

وَلَمَّا فَصَلَتِ الْعِيْرُ قَالَ اَبُوْهُمْ اِنِّيْ لَاَجِدُ رِيْحَ يُوْسُفَ لَوْلَآ اَنْ تُفَنِّدُوْنِ ﴿٩٤﴾

၉၄။ တစ်ဖန် ခရီးသည်တစ်စုသည် (အီဂျစ်ပြည်မှ) ထွက်ခွာခဲ့လေသောအခါ ၎င်းတို့၏ ခမည်းတော်က အကယ်၍ အသင်တို့သည် ငါ့အား သူငယ်ပြန်သည် မယူဆကြပါလျှင် ဧကန်စင်စစ် *ငါ*သည် ယူစုဖ် ၏အနံ့.ကို ရနေပေသည်ဟု [၂] ပြောဆိုခဲ့လေ၏။

---

① နိုင်ငံချုပ်မင်း တမန်တော်ယူစုဖ်က – နောင်တော်ကြီးများအား ယင်းကဲ့သို့ ခွင့်လွှတ်ပြီးနောက် ကျွန်ုပ်သည် ဖခင်ကြီးထံသို့ မိမိကိုယ်တိုင်သွား ရောက်တွေ့ဆုံလိုသော်လည်း လက်ရှိအခြေအနေတွင် အီဂျစ်ပြည်မှ မရွေ့နိုင်သေးပါ။ နောင်တော်ကြီးများသည် ဖခင်ကြီးထံ ပြန်ချေ၊ အကျိုးအကြောင်းပြောပြပြီး ဖခင်ကြီးနှင့်တကွ အိမ်သူအိမ်သား ဆွေမျိုးသားချင်းအားလုံးတို့အား ကျွန်ုပ်ထံ ခေါ်ဆောင်၍လာကြကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် ကျွန်ုပ်၏အင်္ကျီကို ယူသွားပြီး ဖခင်ကြီး၏မျက်နှာပေါ်၌ တင်ထားကြကုန်၊ သို့တင်ထားလိုက်ကြလျှင် ဖခင်ကြီးသည် စက္ခုအလင်း ပြန်လည် ရရှိလာပေလိမ့်မည်' ဟု မှာကြားလိုက်လေသည်။

② တမန်တော် ယူစုဖ်(အလိုင်ဟစ္စလာမ်)သည် နှစ်ပရိစ္ဆေဒ အမြောက်အမြားကပင် အီဂျစ်ပြည်သို့ ရောက်ရှိနေခဲ့၏။ ထိုအတောအတွင်း တမန်တော် ယအ်ကူဗ်(အလိုင်ဟစ္စလာမ်)သည် တစ်ကြိမ်တစ်ခါမျှ ယူစုဖ်၏ အနံ့.ရသည်ဟူ၍ မပြောကြားခဲ့ဘူးပေ။ ဤသို့ဖြစ်ရခြင်း အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည် သားအဖနှစ်ဦးအား အပြည့်အစုံစမ်းသပ်တော်မူလို၍ ယင်းကဲ့သို့ ခွဲခွာထားတော်မူခဲ့ခြင်းဖြစ်သည်။ ယခုမူ ထိုအရှင်မြတ်၏ စမ်းသပ်မှုသည် ပြီးဆုံးခဲ့ပြီးဖြစ်သည်။ သားအဖနှစ်ဦးတို့သည်လည်း ပြန်လည်တွေ့ဆုံရန် အချိန်တန်ပြီ။ ထို့အတွက် တမန်တော် ယူစုဖ်၏အင်္ကျီကို ယူဆောင်ပြီးသားတော်များသည် အီဂျစ်ပြည်မှ စတင်ခရီးထွက်ခွာကြသည့်အခါ၌ပင် ဖခင်ကြီး တမန်တော် ယအ်ကူဗ်က 'ငါသည် ယူစုဖ်၏ အနံ့.ရသည်' ဟု ပြောဆိုလေတော့သည်။

တမန်တော်ယူစုဖ်၏ အတ္ထုပ္ပတ္တိတွင် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များကို အမြောက်အများအဲ့ဖွယ်သရဲ တွေ့ရှိရပေသည်။ တမန်တော် ယအ်ကူဗ်ကဲ့သို့သော တမန်တော်တစ်ပါးသည် ဆီရိယနိုင်ငံ၌နေထိုင်လျက်ရှိခဲ့၏။ တမန်တော်ယူစုဖ်ကဲ့သို့သော တမန်တော် တစ်ပါးသည် အီဂျစ်ပြည်တွင် မင်းလုပ်လျက်ရှိနေခဲ့၏။ သားတော်များသည် အီဂျစ်ပြည်သို့ အကြိမ်ကြိမ် ရောက်ရှိခဲ့ကြ၏။ တမန်တော် ယူစုဖ်ထံ၌ပင် တည်းခိုခဲ့ကြ၏။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် သားအဖနှစ်ဦးတို့အား အပြည့်အစုံ ➤➤

قَالُوا تَاللَّهِ إِنَّكَ لَفِي ضَلَالِكَ الْقَدِيمِ ﴿٩٥﴾

၉၅။ ၎င်းတို့က အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ဧကန်မလွဲ အသင်သည် မိမိ ရှေးဟောင်းလွဲမှားမှုဌာန် ရှိနေပေသေးသည်ဟု ပြောဆိုကြကုန်၏။ [၁]

فَلَمَّا أَنْ جَاءَ الْبَشِيرُ أَلْقَاهُ عَلَىٰ وَجْهِهِ فَارْتَدَّ بَصِيرًا ۖ قَالَ أَلَمْ أَقُلْ لَكُمْ ۚ إِنِّي أَعْلَمُ مِنَ اللَّهِ مَا لَا تَعْلَمُونَ ﴿٩٦﴾

၉၆။ တစ်ဖန် ဝမ်းမြောက်ဖွယ် သတင်းကို ယူဆောင်၍လာသောသူသည် (ခမည်းတော်ထံသို့) ရောက်ရှိလာသောအခါ၊ ၎င်းသည် ယင်းအကျိုးကို ထိုခမည်းတော်၏ မျက်နှာပေါ်သို့ တင်ခဲ့လေသည်၊ သို့ဖြစ်ပေရာ ယင်းခမည်းတော်သည် ပြန်၍ စက္ခုအလင်း ရရှိလာခဲ့လေသည်၊ ထို(အခါ) ယင်းခမည်းတော်က (ဤသို့)ပြောဆိုခဲ့လေသည်၊ ငါသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်ထံတော်မှ အသင်တို့မသိနားမလည်သော ပညာကို ဧကန်စင်စစ် သိနားလည်သည်ဟု ပြောဆိုခဲ့သည် မဟုတ်ပါလော။

قَالُوا يَا أَبَانَا اسْتَغْفِرْ لَنَا ذُنُوبَنَا إِنَّا كُنَّا خَاطِئِينَ ﴿٩٧﴾

၉၇။ (ထိုအခါ ယင်းသားတော်များက) အို-ကျွန်တော်မျိုး၏ ဖခမည်းတော်၊ ဖခမည်းတော်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ ပြစ်မှုတို့မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေအံ့သောငှာ အသနားခံ၍ ပေးတော်မူပါ၊ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် ပင်လျှင် အပြစ်မကင်းသူများ ဖြစ်ကြပါသည်ဟု ပြောဆို လျှောက်ထားခဲ့ကြကုန်သတည်း။

➤➤ စမ်းသပ်တော်မူလိုသည့်အတွက် သားအဖနှစ်ဦးတို့ ယင်းကဲ့သို့ နှစ်ပရိစ္ဆေဒ အမြောက်အများ ကွဲကွာ၍နေခဲ့ကြရလေသည်။ နီးလျက်နှင့် ဝေးခဲ့ကြရလေသည်။

(၁) ထိုအခါ အနီးဌာရှိသော မြေး၊ မြစ်များနှင့် သားချင်းများက တမန်တော် ယအ်ကူဗ်အား အသင်သည် ယခုထက်တိုင် မိမိ၏ ယခင်အမြင်မှားမှုဌာန် ရှိနေပေသေးသည်ဟု ဆိုကြလေသည်။ ဆိုလိုသည်ကား တမန်တော် ယအ်ကူဗ်သည် ယူစုဖ်အား အလွန်အကျွံချစ်နေသည်၊ ယူစုဖ်၏ အကြောင်းကိုပင် အမြဲတစေ ပြောဆိုနေသည်၊ ယူစုဖ်နှင့် ပြန်လည်တွေ့ရလိမ့်မည်ဟု မျှော်လင့်နေသည်၊ ၎င်းတို့၏ ယူဆချက်အရ ယူစုဖ်သည် သေဆုံးလေပြီ၊ ထို့အတွက် အကြောင်းရင်းကိုမသိဘဲ မိမိတို့၏ အမြင်ဖြင့် မပြောသင့် မဆိုသင့်သော စကားကို တမန်တော် ယအ်ကူဗ်အား ယင်းကဲ့သို့ ပြောဆိုမိ ကြခြင်းဖြစ်ပေသည်။

قَالَ سَوْفَ أَسْتَغْفِرُ لَكُمْ رَبِّيٓ ۖ إِنَّهُۥ هُوَ ٱلْغَفُورُ ٱلرَّحِيمُ ﴿٩٨﴾

၉၈။ ထိုဖခမည်းတော်က (ဤသို့)ပြောဆိုဖြေကြားခဲ့လေသည်။ ငါသည် မကြာမြင့်မီ အသင်တို့အဖို့ မိမိအရှင်မြတ်အထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံ၍ ပေးအံ့၊ ဓကန်စင်စစ် ထိုအရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း။

فَلَمَّا دَخَلُوا۟ عَلَىٰ يُوسُفَ ءَاوَىٰٓ إِلَيْهِ أَبَوَيْهِ وَقَالَ ٱدْخُلُوا۟ مِصْرَ إِن شَآءَ ٱللَّهُ ءَامِنِينَ ﴿٩٩﴾

၉၉။ ထို့နောက် တစ်ဖန်၊ ၎င်းတို့ (သားအမိသားအဖအားလုံးတို့) (အီစ်ရာအီလီတစ်မျိုးသားလုံးတို့)သည် ယူစုဖ်ထံသို့ ဝင်ရောက်ခဲ့ကြလေသောအခါ ထိုယူစုဖ်သည် မိမိခမည်းတော် မယ်တော်နှစ်ပါးကို မိမိထံတွင် နေရာချ၍ပေးခဲ့လေသည်။ ၎င်းပြင် ယင်းယူစုဖ်က (ဤသို့)ပြောဆို လျှောက်ထားခဲ့လေသည်။ (အို-ခမည်းတော်မယ်တော်တို့၊ ခမည်းတော် မယ်တော်နှင့် နောင်တော်တို့အားလုံး) အီဂျစ်မြို့ထဲသို့ ကြွမြန်းတော်မူကြပါ၊ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ဘေးရန်ကင်းငြိမ်းစွာ (နေထိုင်ကြရပါမည် ဖြစ်ပါသည်)။

وَرَفَعَ أَبَوَيْهِ عَلَى ٱلْعَرْشِ وَخَرُّوا۟ لَهُۥ سُجَّدًا ۖ وَقَالَ يَٰٓأَبَتِ هَٰذَا تَأْوِيلُ رُءْيَاىَ

၁၀၀။ ထို့ပြင် ယင်းယူစုဖ်သည် မိမိခမည်းတော်နှင့်မယ်တော် နှစ်ပါးတို့အား ရာဇပလ္လင်ထက်ဝယ် စမ္မယ်စေခဲ့လေသည်။ ထို့နောက် ယင်း (ခမည်းတော်နှင့်နောင်တော်) အားလုံးတို့သည် ထိုယူစုဖ်၏ ရှေ့ဝယ် ညွတ်ခဲ့ကြလေသည်။ [၁] ဦးချခဲ့ကြလေသည်။

---

① တမန်တော်ယူစုဖ် မြင်မက်ခဲ့သည့် အိပ်မက် လက်တွေ့သရုပ်သကန်ပေါ်လာခြင်း၊

တမန်တော်ယူစုဖ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏ မိဘနှစ်ပါးတို့အား ဂါရဝတရားရှေ့ထား၍ ရိုသေလေးမြတ်သောအားဖြင့် ရာဇပလ္လင်ပေါ်၌ နေရာပေးခဲ့လေသည်။ ထိုအချိန်တွင် ထုံးတမ်းစဉ်လာအရ မိဘနှစ်ပါးနှင့်တကွ ညီတော်နောင်တော် ၁၁-ဦးတို့သည် တမန်တော်ယူစုဖ်၏ ရှေ့မှောက်တွင် ဦးချကြလေတော့သည်။ ဤသို့အားဖြင့် တမန်တော်ယူစုဖ် ငယ်ရွယ်စဉ်က မြင်မက်ခဲ့ဖူးသောအိပ်မက်သည် လက်တွေ့ ➤➤

مِنْ قَبْلُ قَدْ جَعَلَهَا رَبِّيْ
حَقًّا ۭ وَقَدْ اَحْسَنَ بِيْٓ اِذْ
اَخْرَجَنِيْ مِنَ السِّجْنِ
وَجَاۗءَ بِكُمْ مِّنَ الْبَدْوِ مِنْۢ
بَعْدِ اَنْ نَّزَغَ الشَّيْطٰنُ
بَيْنِيْ وَبَيْنَ اِخْوَتِيْ ۭ اِنَّ رَبِّيْ
لَطِيْفٌ لِّمَا يَشَاۗءُ ۚ
اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ ١٠٠

ထိုအခါ ယင်းယူစုဖ်က အို-ကျွန်ုပ်၏ဖခမည်းတော်၊ ဤသည်ပင် ကျွန်ုပ် ရှေးဦးမဆွက မြင်မက်ခဲ့သော အိပ်မက်၏ ဒိဗ္ဗမုမ်ဖြစ်ပါသည်၊ မလွဲဧကန် ကျွန်ုပ်၏အရှင်မြတ်သည် ထိုအိမ်မက်ကို အမှန်ဖြစ်အောင် ပြုပေးတော်မူခဲ့လေသည်။

၎င်းပြင် ဧကန်မလွဲ ထိုအရှင်မြတ်သည် ကျွန်ုပ်၏အပေါ်၌ ကျွန်ုပ်အား အကျဉ်းထောင်မှအပြင်သို့ ထုတ်တော်မူခဲ့သည့်အချိန်တွင် ကျေးဇူးပြုတော်မူခဲ့လေသည်။ ထိုမှတပါး: ရှိုင်တွာန်မိစ္ဆာကောင်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏နောင်တော်တို့၏စပ်ကြားဝယ် နှောင့်ယှက် ဖျက်ဆီးခဲ့သည့်နောက်တွင် ထိုအရှင်မြတ်သည် အသင်(ခမည်းတော်၊ မယ်တော်နှင့် နောင်တော်)တို့ အားလုံးကို တောကျေးမှ(ထုတ်၍ ယဉ်ကျေးတိုးတက်လျက်ရှိသော ဤမြို့တော်သို့) ယူဆောင်တော်မူခဲ့လေသည်။

အကယ်စင်စစ် ကျွန်ုပ်၏ အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို သိမ်မွေ့စွာ စီမံ၍ပေးတော်မူသောအရှင် ဖြစ်တော်မူပေသည်။ ဧကန်အမှန် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိ တော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

➤➤ သရုပ်သကန်ပေါ်လာခဲ့လေသည်။

ဤသို့ဦးချခြင်းမှာ ထုံးတမ်းစဉ်လာအရ အရိုအသေပေးခြင်းမျှသာ ဖြစ်ခဲ့သည်။ ဤသို့ ရိုသေသမှု၊ ဦးချမှုသည် ဖခင်ကြီးအာဒမ်လက်ထက်မှ တမန်တော်အီစာ(အလိုင်ဟစ္စလာမ်) လက်ထက်အထိ တရားဝင်အဖြစ် တည်ရှိခဲ့သည်။ ယခု အစ္စလာမ် သာသနာတော်တွင်မူ ပျံဝပ်ဦးချမှုသည် အလ္လာဟ်အရှင်မြတ် အတွက်သာလျှင် သီးသန့်ဖြစ်ပေသည်။ ထို အရှင်မြတ်မှတပါး: အခြားကို ဦးချခြင်းသည် လုံးဝ "ဟရာမ်" ဟူ၍ ပိတ်ပင်တားမြစ်ထားသည်။

رَبِّ قَدْ اٰتَيْتَنِيْ مِنَ الْمُلْكِ
وَ عَلَّمْتَنِيْ مِنْ تَاْوِيْلِ
الْاَحَادِيْثِ ۚ فَاطِرَ السَّمٰوٰتِ
وَالْاَرْضِ ۫ اَنْتَ وَلِيّٖ فِي الدُّنْيَا
وَالْاٰخِرَةِ ۚ تَوَفَّنِيْ مُسْلِمًا
وَّاَلْحِقْنِيْ بِالصّٰلِحِيْنَ ﴿١٠١﴾

၁၀၁။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူသော အရှင်၊ ဧကန်မလွဲ အရှင်မြတ်သည် ကျွန်တော်မျိုးအား စိုးမိုးအုပ်ချုပ်မှုကို ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား အိပ်မက်များ၏ ဒိဗ္ဗမုဓ်ကိုလည်း သင်ကြားပေးတော်မူခဲ့ပါသည်။ 'အို-မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် (ဤ)ပစ္စုပ္ပန် လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ ကျွန်တော်မျိုး၏ကိစ္စအဝဝကို စီမံပေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မွတ်စ်လင်မ်) အမိန့်တော်ကို လိုက်နာသူ အဖြစ်နှင့် ကျွန်တော်မျိုး၏အသက်ဇီဝိန်ကို နှုတ်သိမ်းတော်မူပါ၊ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်တို့နှင့်အတူတွဲဖက်၍ ပေးတော်မူပါ။ [၁]

ذٰلِكَ مِنْ اَنْۢبَآءِ الْغَيْبِ
نُوْحِيْهِ اِلَيْكَ ۚ وَمَا كُنْتَ
لَدَيْهِمْ اِذْ اَجْمَعُوْٓا اَمْرَهُمْ
وَهُمْ يَمْكُرُوْنَ ﴿١٠٢﴾

၁၀၂။ ဤအကြောင်း အတ္ထုပ္ပတ္တိသည်ကား အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်းအကြောင်း အတ္ထုပ္ပတ္တိကို အသင်(မုဟမ္မဒ်)ထံသို့ ဝဟ်ယ်ဖြင့် ပေးပို့တော်မူလေသည်။ စင်စစ်တစ်မူကား ထိုသူတို့သည် မိမိတို့အရေးကိစ္စကို တစ်စည်းတစ်လုံးတည်း ဆုံးဖြတ်စဉ်အခါ၌လည်းကောင်း၊ ထိုသူတို့သည် ကြံစည်လျက်ရှိနေကြစဉ်အခါ၌လည်းကောင်း၊ အသင်(မုဟမ္မဒ်)သည် ထိုသူတို့ထံ၌ ရှိခဲ့သည်မဟုတ်ပေ။ [၂]

---

① တမန်တော်မြတ်ယူစုဖ် (အလိုင်ဟစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် ဒုက္ခကြီးငယ်အသွယ်သွယ်တို့မှ လွတ်မြောက်ခဲ့လေပြီ၊ နဗီတမန်တော်လည်း ဖြစ်ရပြီ၊ မင်းလည်းဖြစ်ရပြီ၊ ကွဲကွာနေခဲ့ရသော မိဘ၊ ညီတော်၊ နောင်တော်များနှင့်လည်း တွေ့ရပြီ၊ တိုင်းပြည်အဝန်းကိုလည်း အစာခေါင်းပါးခြင်းကပ်မှကယ်တင်နိုင်ခဲ့ပြီ၊ ဤပစ္စက္ခဘဝတွင် လိုအင်ဆန္ဒအဝဝနှင့်လည်း ပြည့်စုံပြီ။ ထို့အတွက် နှစ်ဘဝ၏ ➤➤

وَمَآ أَكْثَرُ ٱلنَّاسِ وَلَوْ حَرَصْتَ بِمُؤْمِنِينَ ﴿١٠٣﴾

၁၀၃။ အမှန်စင်စစ် အသင်သည် (ၔင်းတို့ သက်ဝင်ယုံကြည်ကြရန်) မည်မျှပင်တပ်မက်ငြားလည်း (ၔင်းတို့အနက်) အများဆုံးသောသူတို့မှာမူကား မုအ်မင်္ဂန် သက်ဝင်ယုံကြည်သူများဖြစ်ကြမည်မဟုတ်ချေ။ [၁]

وَمَا تَسْـَٔلُهُمْ عَلَيْهِ مِنْ أَجْرٍ ۚ إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَٰلَمِينَ ﴿١٠٤﴾

၁၀၄။ အမှန်သော်ကား အသင်သည် ၔင်းတို့ထံမှ ဤတရားဓမ္မဟောကြားခြင်းနှင့်စပ်လျဉ်း၍ အခကြေးငွေ တစ်စုံတစ်ရာကိုမျှ တောင်းသည်မဟုတ်ပေ။ ဤ(ကုရ်အာန်ကျမ်းတော်)သည်ကား စကြာဝဠာ ခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒသာလျှင် ဖြစ်ပေသတည်း။ [၂]

➤➤ ကောင်းစားရေးကို ရှေ့ရှုကာ အဘ၊ အဘိုး၊ အဘေးတို့၏ အဆင့်အတန်းကို မျှော်မှန်း၍ ဤအာယတ်တော်လာရှိသည့်အတိုင်း ကျွန်တော်မျိုးအား မွတ်စ်လင်မ် (အမိန့်တော် နာခံသူ) အဖြစ်နှင့် အသက် နှုတ်တော်မူပါ။ ၔင်းပြင် ကျွန်တော်မျိုးအား သူတော်စင်များနှင့်အတူ ပူးတွဲထားတော်မူပါ' ဟု ဆုတောင်း ပတ္ထာနာ ပြုလေတော့သည်။

[၁] တမန်တော်ယူစုဖ်၏ နောင်တော်ကြီးများသည် ညီတော်ယူစုဖ်အား ဖခင်ကြီးထံမှ ခေါ်ဆောင်၍ ညီတော်အား လုပ်ကြံရန် အချင်းချင်း ဆွေးနွေးတိုင်ပင် နေခဲ့ကြသည့်အချိန်တွင် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ၔင်းတို့ထံပါးတွင် ရှိနေခဲ့သည် မဟုတ်ပေ။ ၔင်းတို့၏ စကားများကိုလည်း ကြားသိခဲ့ရသည် မဟုတ်ပေ၊ ၔင်းတို့၏ အပြုအမူများကိုလည်း တွေ့မြင်ခဲ့ရသည်မဟုတ်ပေ။ ထို့ပြင်တဝ တမန်တော်မြတ်သည် ရေးတတ် ဖတ်တတ်သည်လည်း မဟုတ်ပေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ သင်ကြားမှတ်ယူခွင့်လည်း မရရှိခဲ့ပေ။

သို့ပါလျက် ယခုကဲ့သို့ တမန်တော်ယူစုဖ်၏ အတ္ထုပ္ပတ္တိကို အသေးစိတ်တိကျမှန်ကန်စွာ ပြောပြနိုင်ခြင်းမှာ အလွန်ဟ်အရှင်မြတ်၏ ဝဟီပို့တော်မူခြင်း၏ အကျိုးသာလျှင် ဖြစ်သည်မှာ ယုံမှားဖွယ်အလျင်းမရှိပေ။

[၁] တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၌ နဗီတမန်တော် အစစ်အမှန် ဖြစ်တော်မူကြောင်းနှင့် ပတ်သက်၍ ဤရွေ့ဤမျှ ထင်ရှားသော အထောက်အထား သက်သေသာဓကများရှိပြီး၊ တမန်တော်မြတ်သည် လူသားတို့၏ အီမာန်သက်ဝင်ယုံကြည်မှုကို အဘယ်မျှပင် တပ်မက်ငြားသော်လည်း လူသားတို့အနက် အများစုမှာမူ သက်ဝင်ယုံကြည်ကြမည်မဟုတ်ပေဟူ၏။

[၂] ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာအဝန်းအဖို့ အဆုံးမသြဝါဒတော်ဖြစ်သည်။ တမန်တော်မြတ်သည် ထိုကုရ်အာန်ကျမ်းလာ အဆုံးအမ သြဝါဒတော်များကို လူသားတို့အား ဟောကြားတော်မူသည်။ သို့ဟောကြားတော်မူရာ၌လည်း တစ်စုံတစ်ရာ အခကြေးငွေ တောင်းတော်မူသည်မရှိပေ။ သို့ပါလျက် ကုရ်အာန်ကျမ်းလာ အဆုံးအမများကို မနာခံပါက မနာခံသူသည်သာလျှင် ဆုံးရှုံးရပေမည်။ တမန်တော်မြတ်၌ကား တစ်စုံတစ်ရာ ဆုံးရှုံးရန်မရှိပေ။ တမန်တော်မြတ်၏တာဝန်ကား ဟောကြားရန်ဖြစ်၏။ တမန်တော်မြတ်သည် မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး ဖြစ်တော်မူချေပြီ၊ ယခုမူ ထိုသည့် တရားဒေသနာတော်များကို ကြားနာကြကုန်သော ➤➤

وَكَاَيِّنْ مِّنْ اٰيَةٍ فِى السَّمٰوٰتِ وَالْاَرْضِ يَمُرُّوْنَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُوْنَ ﴿١٠٥﴾

၁၀၅။ စင်စစ်မူကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ မြောက်မြားစွာသော သက်သေလက္ခဏာများ ရှိကြပေသည်။ ၎င်းတို့သည် ယင်းသက်သေလက္ခဏာများဘက်မှ ဖြတ်ကျော်၍ သွားကြလေသည်။ [၁] သို့ရာတွင် ၎င်းတို့သည် ယင်းသက်သေ လက္ခဏာများ မျက်နှာလွှဲသွားသူများ ဖြစ်လျက် ရှိကြကုန်သတည်း။

وَمَا يُؤْمِنُ اَكْثَرُهُمْ بِاللّٰهِ اِلَّا وَهُمْ مُّشْرِكُوْنَ ﴿١٠٦﴾

၁၀၆။ စင်စစ်သော်ကား၊ ၎င်းတို့အနက် များစွာသော သူတို့သည် အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာကို ထိုအရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ခြင်း မပြုဘဲ သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေတကား။

اَفَاَمِنُوْٓا اَنْ تَاْتِيَهُمْ غَاشِيَةٌ مِّنْ عَذَابِ اللّٰهِ اَوْ تَاْتِيَهُمُ السَّاعَةُ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿١٠٧﴾

၁၀၇။ ထိုသူတို့သည် မိမိတို့၌ အလ္လာဟ်အရှင်မြတ်၏ထံတော်မှ (တစ်မျိုးသားလုံးကို) ဖုံးလွှမ်းမည့် ပြစ်ဒဏ်သည် သက်ရောက်မည်ကို လည်းကောင်း၊ သို့တည်းမဟုတ် ယင်းသူတို့ အမှုမဲ့အမှတ်မဲ့ ရှိနေကြစဉ် ကိယာမတ်သည်ရုတ်တရက်အားဖြင့် ဆိုက်ရောက်မည်ကိုလည်းကောင်း၊ စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍ နေကြလေသလော။ [၂]

➤➤ လူသားတို့၏ တာဝန်သာ ကျန်ရှိပေတော့သည်။ လိုက်နာက အကျိုးရမည်။ မလိုက်နာက အကျိုးယုတ်မည်သာတည်း။

① ကာဖိရ်၊ မုရှ်ရစ်က်များသည် ထုတ်ပြန် ချမှတ်ထားတော်မူသည့် တရားဒေသနာတော်များကို ကြားနာပြီး၊ တမန်တော်မြတ်အား မယုံကြည်ကြသကဲ့သို့ပင် မိုး၊ မြေ၌ရှိသည့် မြောက်မြားစွာသော သက်သေလက္ခဏာတော်များကို ဆင်ခြင်ပြီး အလ္လာဟ်အရှင်မြတ် တစ်ဆူတည်း ရှိတော်မူခြင်းကိုလည်း မယုံကြည်ကြပေ။ သတိမမူဂူမမြင် ဆိုသကဲ့သို့ ၎င်းတို့သည် ကျမ်းဂန်လာ ဒေသနာတော်များကိုလည်း မလိုက်နာကြပေ။ နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရသည့် သက်သေလက္ခဏာတော်များကိုလည်း မဆင်ခြင်၊ မစဉ်းစားကြပေ။ အမှုမဲ့ အမှတ်မဲ့သာ နေထိုင်၍ အချိန်ဖြုန်းတီး၍သာ နေကြပေမည်။

② ကုဖ်ရ်၊ ရှစ်ရ်က်၏ အကျိုးမှာ ပြစ်ဒဏ်တော်ပင် ဖြစ်သည်။ ထိုပြစ်ဒဏ်တော်သည် ဤပစ္စက္ခဘဝတွင်လည်း သက်ရောက်နိုင်၏။ ကိယာမတ်နေ့တွင်လည်း သက်ရောက်နိုင်၏။ သို့ဖြစ်ပေရာ ကာဖိရ်၊ ➤➤

قُلْ هَٰذِهِۦ سَبِيلِىٓ أَدْعُوٓا۟ إِلَى ٱللَّهِ ۚ عَلَىٰ بَصِيرَةٍ أَنَا۠ وَمَنِ ٱتَّبَعَنِى ۖ وَسُبْحَٰنَ ٱللَّهِ وَمَآ أَنَا۠ مِنَ ٱلْمُشْرِكِينَ ﴿١٠٨﴾

၁၀၈။ (အို–နဗီတမန်တော် အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ ဤသည်သာလျှင် ငါ၏လမ်းစဉ်ဖြစ်ပေသည်။ ငါသည် (လူခပ်သိမ်းတို့အား) အလွှာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည်။ ငါနှင့်တကွငါ၏နောက်လိုက်တို့သည်လည်း အလွန်ထင်ရှားခိုင်လုံသော သက်သေသာဓကအပေါ်၌ တည်ရှိနေကြပေသည်။

ထို့ပြင် အလွှာဟ်အရှင်မြတ်သည် (ချို့တဲ့မှုအပေါင်းတို့မှ) သန့်ရှင်း စင်ကြယ်တော်မူသောအရှင်ဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး ငါသည် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်ဦးယှဉ်ကိုးကွယ်သောသူတို့အနက်မှ မဟုတ်ချေ။ [၁]

➤➤ မူရှ်ရစ်က် တို့သည် ထိုသည့်ပြစ်ဒဏ်ကို ကြောက်ရွံ့၍ ကုဖ်ရ်၊ ရှစ်ရ်က် အမှု အစုစုတို့ကို စွန့်ပယ်ကြပြီး အချိန်မီ အီမာန် ယုံကြည်ကြရန်သာ ရှိသည်။ ယခုမူ ယင်းကာဖိရ်၊ မူရှ်ရစ်က်တို့သည် မိမိတို့၌ သက်ရောက်မည့် ပြစ်ဒဏ်တော်မှ စိတ်ချ၍ပင် နေကြလေသလော။ ပြစ်ဒဏ်တော်မှ စိတ်ချစွာ နေနိုင်ရန် အစီအစဉ်များ ပြုလုပ်ထားကြလေသလော။ ထာနဝီကို မှီးသည်။

① အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ကမ္ဘာအဝန်းသို့ ကြေညာစေတော်မူသည်မှာ – ကျွန်ုပ်၏လမ်းစဉ်သည် တောင်ဟီးဒ်၏ လမ်းစဉ်သာ ဖြစ်သည်။ ကျွန်ုပ်သည် ကမ္ဘာလူထုကြီးတစ်ရပ်လုံးအား ၎င်းတို့၏မဟုတ်မမှန်သော အတွေးအခေါ်အယူအဆများကို စွန့်လွှတ်၍ 'တောင်ဟီးဒ်' ကိုလက်ခံကာ တစ်ဆူတည်းသော အလွှာဟ်အရှင်မြတ်အား ခဝ်ကိုးကွယ်ကြရန်နှင့် ထိုအရှင်မြတ် တစ်ဆူတည်းရှိတော်မူခြင်း၊ ထိုအရှင်မြတ်၏ အနန္တော အနန္တ ဂုဏ်တော် တန်ခိုးများ၊ ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များကို မှန်ကန်သောနည်းဖြင့် မှန်ကန်စွာ သိနားလည်ပြီး အမှန်အတိုင်း လိုက်နာကျင့်သုံးကြရန် ဖိတ်ခေါ်ပါသည်။

ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ နောက်လိုက်များသည်လည်း ဤသည့် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ပေါ်၌ပင် မှန်ကန်သောနည်းဖြင့် မှန်ကန်သော သက်သေသာဓက အထောက်အထားများအရ တည်ရှိနေကြပါသည်။ ကျွန်ုပ်တို့သည် ဤသည့် လမ်းစဉ်အပေါ်၌ မစဉ်းစား မဆင်ခြင်ဘဲ မျက်စိမှိတ်ပြီး ဇွတ်တရွတ် တည်ရှိနေကြသည် မဟုတ်ပေ။ အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်အား အလင်းရောင်တစ်ခုပေးတော်မူ၏။ ထိုအလင်းရောင်ဖြင့် ကျွန်ုပ်၏ နောက်လိုက်တပည့်များ၏ ဦးနှောက်သည် လင်းဝင်းသွားခဲ့ပေသည်။ တောင်ဟီးဒ်ကို ယုံကြည်သူတိုင်းသည် မိမိ၏ အတွင်း၌ အမှန်တရား၏ အရသာကိုခံစားကာ ခြေလှမ်းတိုင်းတွင် 'အလွှာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါဘိ၊ ကျွန်ုပ်သည် မှုရှ်ရစ်များတွင် အပါအဝင် မဟုတ်ပါ' ဟု အလိုအလျောက် ကြွေးကြော်လျက်ရှိပေသည်။

وَمَآ أَرۡسَلۡنَا مِن قَبۡلِكَ إِلَّا رِجَالٗا نُّوحِيٓ إِلَيۡهِم مِّنۡ أَهۡلِ ٱلۡقُرَىٰٓۗ أَفَلَمۡ يَسِيرُواْ فِي ٱلۡأَرۡضِ فَيَنظُرُواْ كَيۡفَ كَانَ عَٰقِبَةُ ٱلَّذِينَ مِن قَبۡلِهِمۡۗ وَلَدَارُ ٱلۡأٓخِرَةِ خَيۡرٞ لِّلَّذِينَ ٱتَّقَوۡاْۗ أَفَلَا تَعۡقِلُونَ ١٠٩

၁၀၉။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မြို့ရွာများ၌ နေထိုင်ကြကုန်သော သူတို့အနက်မှ ယောကျ်ားများကိုသာလျှင်(ရဿူလ်တမန်တော်များအဖြစ်) စေလွှတ်တော်မူ၍ [၁] ၎င်းတို့ထံသို့ ဝဟ်ယ်ပို့တော်မူခဲ့လေသည်။

(သို့ပါလျက်) ဤသူတို့သည် ကမ္ဘာမြေပေါ်ဝယ် လှည့်လည်သွားလာခြင်းကို မပြုကြလေသလော။ ထိုသို့ လှည့်လည်သွားလာကြပါလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ဖူးကြသော သူတို့၏ နောက်ဆုံးအကျိုးသည် မည်ကဲ့သို့ ရှိခဲ့သည်ကို ရှုမြင်ကြပေမည်။

အမှန်စင်စစ်သော်ကား နောင်တမလွန်ဘဝ၏ နေရာထိုင်ခင်းသည် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်သောသူတို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့ပါလျက်အသင်တို့သည် (ဤမျှပင်) နားမလည်ကြလေသလော။

---

① ကာဖိရ်၊ မုရှ်ရစ်ဂ်တို့၏ တင်ပြယူဆချက်အရ တမန်တော်များသည် လူသားများမဖြစ်နိုင်၊ ကောင်းကင်တမန်များသာလျှင် တမန်တော်များ ဖြစ်နိုင်ကြပေသည်။ ၎င်းတို့၏ ဤမှားယွင်းလျက်ရှိသော ထင်မြင်ယူဆချက်ကို ပယ်ဖျက်တော်မူရန်အတွက် ဤအာယတ်တော်တွင် အတိတ်ခေတ်များ၌ အလွှာဟ်အရှင်မြတ်သည် လူသားတို့အနက်မှပင် တမန်တော်များကို စေလွှတ်တော်မူခဲ့သည့်အကြောင်း အတိအလင်း မိန့်ဆိုထားတော်မူသည်။

ကြည့်- ကုရ်အာန်- (၁၇: ၉၄-၉၅)

ထို့ပြင်တဝ ယင်းသည့် ကာဖိရ်၊ မုရှ်ရစ်ဂ်များ အချိန်မီ သတိသံဝေဂ ရရှိရန်အတွက် ၎င်းတို့အလျင် အတိတ်ခေတ်များတွင် တမန်တော်များအား သွေဖည်ငြင်းဆန် မနာခံကြသော လူမျိုးအသီးသီးတို့ အပျက်ကြီးပျက်စီးသွားခဲ့ကြသည့် အကြောင်းကိုလည်း မိန့်ဆိုထားတော်မူသည်။ ကာဖိရ်၊ မုရှ်ရစ်ဂ်တို့သည် ဤသည့်အချက်များကို ကမ္ဘာလှည့်၍ လေ့လာသင့်ပေသည်။

ထိုမှတစ်ပါး- ယင်းကာဖိရ် မုရှ်ရစ်ဂ်များ စဉ်းစားဆင်ခြင်အပ်သည်မှာ ဤပစ္စက္ခဘဝတွင် ကာဖိရ်၊ မုရှ်ရစ်ဂ်များသည်လည်း ကောင်းစွာ နေထိုင်အသက်မွေးမြူခွင့် ရရှိကြပေသည်။ သို့ရာတွင် ဤပစ္စက္ခဘဝသည် သခ်ါရမျှသာ ဖြစ်သည်။ နောင်တမလွန် ဘဝသည် ထာဝရဖြစ်သည်။ ထိုသည့်ထာဝရ နောင်တမလွန်ဘဝ၏ ထာဝရ စည်းစိမ် ချမ်းသာများကိုမူ ကာဖိရ်၊ မုရှ်ရစ်ဂ်တို့အလျင်းခံစားကြရမည်မဟုတ်၊ ကုဖ်ရ်၊ ရှစ်ရိုက် အမှုအစုစုတို့မှ ရှောင်ကြဉ်ကုန်သော မုအ်မင်န်သူတော်စင်များသာလျှင် ခံစားကြရပေမည်။ ➤➤

حَتَّىٰٓ إِذَا ٱسْتَيْـَٔسَ ٱلرُّسُلُ وَظَنُّوٓا۟ أَنَّهُمْ قَدْ كُذِبُوا۟ جَآءَهُمْ نَصْرُنَا فَنُجِّىَ مَن نَّشَآءُ ۖ وَلَا يُرَدُّ بَأْسُنَا عَنِ ٱلْقَوْمِ ٱلْمُجْرِمِينَ ﴿١١٠﴾

၁၁၀။ နောက်ဆုံးတွင် ရစူလ်တမန်တော်များသည် မျှော်လင့်ချက်ကင်း၍ အမျိုးသားတို့ကလည်း ယင်း ရစူလ်တမန်တော်များသည် အလိမ်ခံခဲ့ကြရလေပြီ ဟုထင်မှတ်ခဲ့ကြသောအခါ *ငါအရှင်မြတ်၏အကူအညီ* သည် ယင်းရစူလ်တမန်တော်များထံ *(ရုတ်တရက်)* ရောက်ရှိခဲ့လေသည်။ [၁] ထိုအခါငါအရှင်မြတ် အလို ရှိတော်မူသောသူသည် ကယ်တင်ခြင်းကို ခံခဲ့ရလေ သည်။ စင်စစ်သော်ကား ငါအရှင်မြတ်၏ ပြစ်ဒဏ် သည် ပြစ်မှုကျူးလွန်သူတို့အပေါ်မှ ပယ်ရှားသွားသည် မဟုတ်ချေတကား။

➤➤ **မှတ်ချက်။**

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်များသည် အမျိုးသားများအနက်မှသာ ဖြစ်ခဲ့ကြောင်း၊ အမျိုးသမီးတစ်ဦးမျှ တမန်တော်မဖြစ်ခဲ့ကြောင်းကို ကောင်းစွာ သိနိုင်ပေသည်။

မရ်ယမ်သခင်မသည်ပင် 'ဆွစ်ဒီကဟ်' 'အလွန်မှန်ကန်သူ'ဟူသော ဘွဲ့နာမကိုသာ ချီးမြှင့်တော်မူခြင်း ခံခဲ့ရပေသည်။ တမန်တော်မ,ကား မဟုတ်ခဲ့ပေ။

① ပြစ်ဒဏ်ခတ်တော်မူရာတွင် အချိန်ကြာသည့်အတွက်ကြောင့် ကာဖိရ်၊ မုရှ်ရစ်က် မိစ္ဆာဒိဋ္ဌိတို့သည် အတွေးမမှားသင့်ကြပေ။ အလ္လာဟ် အရှင်မြတ်သည် အတိတ်ခေတ်ရှိ လူမျိုးအသီးသီး တို့ကိုလည်း ပြစ်ဒဏ် ခတ်တော်မူရာတွင် အချိန်များစွာ ပေးတော်မူခဲ့ပေသည်။ တစ်ခါတစ်ရံ ပြစ်ဒဏ် ကျရောက်ရာတွင် အချိန် အလွန် ကြာသည့်အတွက် မိစ္ဆာဒိဋ္ဌိတို့သည် အစိုးရိမ်ကင်းပြီး ပိုမို ဆိုးမိုက်လာခဲ့ကြ ပေသည်။ ဤသည့် အခြင်းအရာများကို တွေ့မြင်ရသောအခါ တမန်တော်များသည် ယင်းမိစ္ဆာဒိဋ္ဌိတို့ဘက်မှ အီမာန်ယုံကြည်မှု၏ မျှော်လင့်ချက် ကင်းသွားခဲ့ကြလေသည်။

တမန်တော်များသည် သက်ဆိုင်ရာ မိမိတို့၏ အမျိုးသားများအား ပြစ်ဒဏ်တော်ကျရောက်မည့် အကြောင်း ပြောကြားထားကြ၏။ ယခုမူ အလ္လာဟ်အရှင်မြတ်သည် မိစ္ဆာဒိဋ္ဌိတို့အား ပြစ်ဒဏ်ခတ်တော်မူရာတွင် အချိန်ကို အထူးတလည် ဆွဲထားတော်မူ၏။ ပြစ်ဒဏ်တော်ကြရောက်မည့် နိမိတ်လက္ခဏာတစ်စုံတစ်ရာကိုမျှလည်း မမြင်ရသေးချေ။ ထိုသို့သော အချိန်အခါမျိုးတွင် တမန်တော်များသည် အထူးတွေဝေကြပေမည်။ မိစ္ဆာဒိဋ္ဌိများ ကလည်း ငါတို့အား တမန်တော်များ ပြောကြားသော စကားများသည် ခြိမ်းလုံး ခြောက်လုံးများသာဖြစ်သည်ဟု ပြောဆို၍ စကားနာထိုးကြပေမည်။ ထိုသို့ အပြောအဆိုခံနေကြရသော တမန်တော်များသည် ထိုသို့သော အခြေအနေမျိုးတွင် ပြစ်ဒဏ်တော်အရေးနှင့် စပ်လျဉ်း၍ ငါတို့၏အယူအဆသည်ပင် မှားနေလေသလော။ ငါတို့အား အလ္လာဟ်အရှင်မြတ်က ကူညီတော်မူမည်။ မိစ္ဆာဒိဋ္ဌိတို့အား ကွပ်မျက်တော်မူမည်ဟူသော ကတိတော် သည် ပြည့်များမှ ပြည့်ပါမည်လားဟု လူ့သဘာဝအလျောက် တွေးထင်မိကောင်း တွေးထင်မိကြပေမည်။ ဤသည့် သဘောကို ကုရ်အာန် (၂း ၂၁၄) တွင်လည်း မိန့်ဆိုထားတော်မူသည်။ ဤသို့အားဖြင့် ➤➤

لَقَدْ كَانَ فِي قَصَصِهِمْ عِبْرَةٌ لِّأُولِي الْأَلْبَابِ ۗ مَا كَانَ حَدِيثًا يُفْتَرَىٰ وَلَٰكِن تَصْدِيقَ الَّذِي بَيْنَ يَدَيْهِ وَتَفْصِيلَ كُلِّ شَيْءٍ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ﴿١١١﴾

၁၁၁။ မချွတ်ဧကန် ၎င်းတို့၏*အကြောင်း အထွဋ်ပုတ္တိ*များတွင် ဉာဏ်ဆင်ခြင်သိမြင် နားလည် သူတို့အဖို့ (အကြီးအကျယ်) သင်ခန်းစာသည် ရှိချေသည်။

(ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ကြံဖန်လီဆယ်ထားသော ကျမ်းမဟုတ်၊ ယင်း၏အလျင်ရှိနေသော(ကျမ်းများ)ကို အတည်ပြုသောကျမ်းသည်လည်းကောင်း၊ အရာခပ်သိမ်းတို့ကို အသေးစိတ်ရှင်းလင်းမှုသည်လည်းကောင်း၊ သက်ဝင်ယုံကြည်ကြသူတို့အဖို့တရားဓမ္မ ညွှန်ကြားမှုသည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း၊ ဖြစ်ချေသတည်း။

➤➤ မိစ္ဆာဒိဋ္ဌိတို့သည် စိုးရိမ်မှုကင်းပြီး ပိုမိုဆိုးမိုက်လာခဲ့ကြ၏။ တမန်တော်မြတ်များသည်လည်း ပူပင်သောကများ၍ တွေဝေလာခဲ့ကြ၏။ ဤရွေ့ဤမျှ အခြေအနေဆိုးလာသောအခါကျမှ ရုတ်တရက် အလွှာဟ်အရှင်မြတ်၏ အကူအညီ ရောက်ရှိလာလေ၏။ ထိုအရှင်မြတ်သည် ထိုအချိန်တွင် မိမိကာကွယ်ထားလိုသောသူများ (၀၀) အမိန့်တော် နာခံကြသော မုအ်မင်နတို့အား ကယ်တင်တော်မူ၏ မိမိကွပ်မျက် ဖျက်ဆီးလိုတော်မူသော သူများအား (၀၀) အမိန့်တော်မနာခံ သွေဖည်ငြင်းဆန်ကြသော မိစ္ဆာဒိဋ္ဌိတို့အား ချေမှုန်းတော်မူ၏။

⑨ ဤအာယတ်တော်တွင် ပါရှိသည့် 'ၔင်းတို့၏ အထွဋ်ပုတ္တိများတွင်' ဟူသည်၊ အတိတ်ခေတ် ပွင့်လေကုန်သော တမန်တော်များနှင့် ၔင်းတို့၏ အမျိုးသားများ၏ အထွဋ်ပုတ္တိများကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်သည်။ တမန်တော်ယူစုဖ် (အလိုင်ဟစ္စလာမ်)နှင့် ၔင်း၏ နောင်တော်များ၏ အထွဋ်ပုတ္တိကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်ပေသည်။ ဒုတိယအဆိုသည် ပို၍ပင်သင့်လျော်ပေသည်။ ခါဇင်န်ကျမ်းနှင့် အီဗ်နုကျရီလ်ကျမ်းများတွင်လည်း ဤအတိုင်းတွေ့ရှိရပေသည်။

ဆိုလိုသည်ကား – ကုရ်အာန်ကျမ်းမြတ်တွင်ပါရှိသည့် ဤသည့်အထွဋ်ပုတ္တိများသည် ပုံပြင်ဒဏ္ဍာရီ၊ ဝတ္ထုများ မဟုတ်ချေ။ မှန်ကန်သော၊ ရာဇဝင်၊ သမိုင်းမြောက်သော ဖြစ်ရပ်မှန် အထွဋ်ပုတ္တိများသာဖြစ်ချေသည်။ ဤသည့် အထွဋ်ပုတ္တိများတွင် အသိဉာဏ် အမြော်အမြင် ဆင်ခြင်တုံတရား ရှိသူများအဖို့ သင်ခန်းစာအကြီးအကျယ်ပါရှိပေသည်။

သင်ခန်းစာ။

တမန်တော်ယူစုဖ် (အလိုင်ဟစ္စလာမ်)နှင့် ၔင်း၏ နောင်တော်ကြီးများ၏ အထွဋ်ပုတ္တိတွင် စူးစမ်းဆင်ခြင်မြော်မြင်တတ်သော ပုဂ္ဂိုလ်များအဖို့ သင်ခန်းစာရှိပေသည်။ အလွှာဟ်အရှင်မြတ်သည် တမန်တော်ယူစုဖ်အား ရေတွင်းထဲမှလည်း ထုတ်တော်မူခဲ့၏။ ကျွန်အဖြစ်မှလည်း လွတ်မြောက်စေတော်မူခဲ့၏။ အမျိုးသမီးများ၏ ကျော့ကွင်းမှလည်း လွတ်မြောက်စေရ၏။ အကျဉ်းထောင်အတွင်းမှလည်း လွတ်မြောက်စေခဲ့၏။ ပြန်လည်တွေ့ဆုံရန် မျှော်လင့်ချက်ပင်မရှိသော မိဘ၊ဆွေမျိုးသားချင်းများနှင့်လည်း ပြန်လည်တွေ့ဆုံစေတော်မူခဲ့၏။ ➤➤

➢➢ ဘေးဒုက္ခ အကျပ်အတည်း အမျိုးမျိုးမှ လွတ်မြောက်စေတော်မူခဲ့သည်သာမက အီဂျစ်ပြည်တွင် နိုင်ငံချုပ်မင်းအရာကိုလည်း ချီးမြှင့်တော်မူခဲ့၏။ တမန်တော်ယူစုဖ်အား ယင်းကဲ့သို့ ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်စေပြီး အီဂျစ်ပြည်၏ နိုင်ငံချုပ်မင်းအရာကို ချီးမြှင့်တော်မူနိုင်သော အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အား မိစ္ဆာဒိဋ္ဌိတို့၏ ဘေးရန်အပေါင်းမှ လွတ်မြောက်စေ၍ တိုင်းပြည်တွင် အဓိပတိအရာကို ချီးမြှင့်တော်မူနိုင်သည် မဟုတ်ပါလော။ ချီးမြှင့်တော်မူခဲ့သည်မှာလည်း ရာဇဝင်အထင်အရှားပင်။

ထို့အတူ ထိုအရှင်မြတ်သည် မျက်မြင်အားဖြင့် နိမ့်နေကျသော လူမျိုးတစ်မျိုး၊ အုပ်စုတစ်စု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုလည်း မြှင့်တင်ပေးတော်မူနိုင်သည် မဟုတ်ပါလော။ ယနေ့ကျွန်ုပ်သည် တမန်တော်ယူစုဖ် (အလိုင်ဟစ္စလာမ်)၊ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ချမှတ်တော်မူခဲ့သော လမ်းစဉ်ကို လိုက်နာကျင့်သုံးပါက အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အားလည်း နိမ့်ရာမှ မြင့်ရာသို့ မြှင့်တင်ပေးတော်မူမည်မှာအမှန်ပင်။

မိုးချုံးသံ ကဏ္ဍ



'စူရဟ် ရအ်ဒ်-မိုးချုံးသံ ကဏ္ဍ' သည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။ ဤကဏ္ဍတွင် အာယတ်တော် ၄၃ နှင့် ရကူအ်အပိုဒ် ၆ အသီးသီးပါရှိသည်။ [၁]

မပြတ်မစဲ အစဉ်အမြဲ
သနားကြင်နာညှာတာတော်မူထသော
အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

၁။ အလစ်ဖ်၊ လာမ်၊ မီမ်၊ ရာ။ [၂]

الٓمّٓرٰ ۚ
تِلْكَ اٰيٰتُ الْكِتٰبِ ۭ وَالَّذِيْٓ
اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ الْحَقُّ
وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ۝١

ဤသည်တို့ကား (ထွတ်မြတ်လှစွာသော ကုရ်အာန်) ကျမ်းတော်မြတ်၏ ဒေသနာတော်များပင်တည်း။ စင်စစ်မူကား အသင့်ထံ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ ကျရောက်လာသော တရားတော်များသည် (လုံး၀) အမှန်ပင်ဖြစ်ချေသည်။ [၃] သို့ရာတွင် လူသားတို့အနက် များစွာသောသူများမူကား သက်၀င်ယုံကြည်ကြသည် မဟုတ်ပေ။

---

① **မှတ်ချက်။**

အချို့က ဤကဏ္ဍသည် မက္ကာမြို့တော်တွင် ထုတ်ပြန်ချမှတ်တော်မူသောကဏ္ဍ ဖြစ်သည်ဟု ဆိုကြသည်။ အချို့ကမူ ဤကဏ္ဍသည် မဒီနာမြို့တော်၌ ထုတ်ပြန်ချမှတ်တော်မူသောကဏ္ဍ ဖြစ်သည်ဟု ဆိုကြသည်။ အချို့က ဤကဏ္ဍလာ အာယတ်တော်များကို အာယတ် (၄၃)ဟူ၍ ရေတွက်ကြသည်။ အချို့ကမူ အာယတ် (၄၄)၊ (၄၅)၊ (၄၆) ဟူ၍လည်းကောင်း၊ အမျိုးမျိုး ရေတွက်ကြသည်။ ဤကဏ္ဍတွင် ပုဒ် (၈၅၅)၊ အက္ခရာ (၃၅၀၆) အသီးသီးပါရှိသည်။

② ကုရ်အာန်ကျမ်းမြတ် အချို့ကဏ္ဍများ၏အစတွင် အဓိပ္ပါယ်လျှို့၀ှက်ထားသော အချို့အက္ခရာစုများကို တွေ့ရှိရသည်။ ယင်းသို့သော အက္ခရာစုများကို (حروف مقطعة) ဟုခေါ်သည်။ ထိုသည့်အက္ခရာစုများ၏ အနက်သဘောကို အလ္လာဟ်အရှင်မြတ်သည်သာ အတိအကျ သိတော်မူသည်။

③ အီဗ်နုအဗ္ဗာစ်နှင့် ကဘာဒဟ်၏ ဖွင့်ဆိုချက်အရ ဤသည့် ဒေသနာတော်များသည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်သည် အသင်(တမန်တော်မုဟမ္မဒ်)ထံသို့ အသင်၏ အရှင်သခင်ထံတော်မှ ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းမြတ်သာဖြစ်သည်။ ယင်းကျမ်းမြတ်သည် အစမှအဆုံးတိုင် ➤➤

اَللّٰهُ الَّذِیْ رَفَعَ السَّمٰوٰتِ بِغَیْرِ
عَمَدٍ تَرَوْنَهَا ثُمَّ اسْتَوٰی عَلَی
الْعَرْشِ وَسَخَّرَ الشَّمْسَ
وَالْقَمَرَ ؕ كُلٌّ یَّجْرِیْ لِاَجَلٍ
مُّسَمًّی ؕ یُدَبِّرُ الْاَمْرَ یُفَصِّلُ
الْاٰیٰتِ لَعَلَّكُمْ بِلِقَآءِ رَبِّكُمْ
تُوْقِنُوْنَ ۲

၂။ အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် မိုးကောင်းကင်များကို အသင်တို့ မမြင်နိုင်ကြသော တိုင်များဖြင့် မြင့်စွင့်စေတော်မူခဲ့သောအရှင် [၁] ဖြစ်တော်မူပေသည်။ **(တစ်နည်း)** အသင်တို့တွေ့မြင်ကြသည့် အတိုင်း တိုင်များမပါဘဲ မြင့်စွင့်စေတော်မူခဲ့သောအရှင် ဖြစ်တော်မူပေသည်။ ထို့နောက် ထိုအရှင်မြတ်သည် 'အရ်ရှ်' ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူလေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် 'သူရိယ' နေကို လည်းကောင်း၊ လ 'စန္ဒာ' ကိုလည်းကောင်း နာခံစေတော်မူလေသည်။ [၂]

(ထို နေနှင့်လသည်) သတ်မှတ်ထားသော အချိန်ကာလတွင် အသီးသီးသွားလာလျက်ပင် ရှိကြကုန်၏။ ထိုအရှင်မြတ်သည် *အရေးကိစ္စတို့ကို စီမံခန့်ခွဲတော်မူ၏။* [၃] သက်သေလက္ခဏာတော်များကိုအသေးစိတ် ရှင်းလင်းတော်မူ၏။ သို့မှသာလျှင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် တွေ့ဆုံခြင်းကို ယုံကြည်ကြရာသတည်း။

➤➤ အမှန်ချည်းသာ ဖြစ်သည်။ ထိုကျမ်းမြတ်တွင် ဒွိဟသံသယဖြစ်ဖွယ်ရာဟူ၍ အလျှင်းမရှိ၊ ဆန့်ကျင်သော စကားဟူ၍လည်း အလျှင်းမပါ။ လိုက်နာကျင့်သုံးရန်သာရှိပေသည်။ သို့တစေလည်း လူသားတို့အနက် များစွာသော သူမိုက်များသည် မနာခံကြပေ။

မက္ကာမြို့သား မုရှ်ရစ်ဂ်များက ဤကုရ်အာန်သည် မုဟမ္မဒ် လုပ်ကြံဖန်တီးထားသော ကျမ်းဖြစ်သည်ဟု မဟုတ်တမ်းတရမ်း ပြောဆိုကြသည့်အခါ ၎င်းတို့အား ချေပရန် ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။

① ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူသောအရှင်ကား၊ အခြားမဟုတ် မိုးကောင်းကင်များကို တိုင်မပါဘဲ မြင့်မားစွာ ဖန်ဆင်းထားတော်မူသော အလ္လာဟ်အရှင်မြတ်ပင်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့်လည်း ထိုအရှင်မြတ်၏ အနန္တတန်ခိုးတော်ကို ကောင်းစွာ သိနိုင်ပေသည်။

အများ မုဖတ်စ်စစ်ရ်များ၏ ယူဆချက်အရ ဤအာယတ်တော်တွင် မိုးကောင်းကင်များကို ဖန်ဆင်းတော်မူရာ၌ တိုင်များမပါရှိပေ။ အချို့ကမူ လူသားတို့မမြင်နိုင်သော တိုင်များပါရှိသည်ဟု ဖွင့်ဆိုကြသည်။ ဤသည့်ယူဆချက်များထောက်ရှု၍ ဤကျမ်းတွင်လည်း အဓိပ္ပါယ် နှစ်မျိုးနှစ်စား ပြန်ဆိုထားသည်။

(ترونها)၌ပါရှိသော (ها)'ဟာ' ဟူသော နာမ်စားသည် 'မိုးကောင်းကင်များ' ဘက်သို့ ➤➤

➤➤ လည်သည်ဟုလည်း ဆိုနိုင်သည်။ 'တိုင်များ' ဘက်သို့လည်သည်ဟုလည်း ဆိုနိုင်၏။ ဒုတိယ ယူဆချက်အရဆိုသော် တိုင်များမရှိသည်ကို ဆိုလိုသည်မဟုတ်၊ ထိုတိုင်များကို မမြင်နိုင်သည်ကို ဆိုလိုသည်။ (၀၊) မိုးကောင်းကင်များတွင် လူသားတို့ မမြင်နိုင်သော တိုင်များ ရှိသည်ဟူ၏။

ဤယူဆချက်အရဆိုလျှင် ယခုခေတ် လောကဓာတ်ဆရာများ၏ ယူဆချက်အရ ဂြိုလ်များသည် အချင်းချင်း (Force of Attraction)ဖြင့် ဆွဲငင်ထားသည်။ ယင်းသည့်ဆွဲခြင်းသတ္တိများသည် ဤအာယတ်တော်၏အာဘော်နှင့် မဆန့်ကျင်ပေ။ ဤအာယတ်တော်တွင် လူသားတို့ မမြင်စွမ်းသော တိုင်များဟူသော စကားတွင် အကျုံးဝင်ပေသည်။

(၂) ဂြိုလ်များသည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့်သာလျှင် သွားလာလှုပ်ရှားနေကြသည်။ နေနှင့် လတို့သည်လည်း ထိုအရှင်မြတ်၏အမိန့်တော်ဖြင့် ထိုအရှင်မြတ် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည့် ဧကတိုင်းအတာနှင့်အညီ သွားလာလှုပ်ရှားနေကြပေသည်။ နေသည်မိမိ၏ ခရီးစဉ်ကို တစ်နှစ်တွင် ပြည့်စုံစေသည်။ လသည် မိမိ၏ခရီးစဉ်ကို တစ်လတွင် ပြည့်စုံစေသည်။ နေနှင့် လသည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် စနစ်တကျ သွားလာလှုပ်ရှားလျက် ကမ္ဘာအဝန်းကို အကျိုးပြုလျက်ရှိပေသည်။ ဤသည့် သွားလာလှုပ်ရှားမှုကား ကိယာမတ် တိုင်တည်ရှိနေပေမည်။

နေနှင့်လများသည် ကိုးကွယ်ရာမဟုတ်၊ အလွှာဟ်အရှင်မြတ်၏ အမိန့်တော်အရ သွားလာလှုပ်ရှားနေရသော အဖန်ဆင်းခံ၊ အစေခံများသာဖြစ်သည်။

(၃) အလွှာဟ်အရှင်မြတ်သည် ဤမျှကြီးမားသော ဂြိုလ်များကို ဖန်ဆင်းတော်မူ၍ စနစ်တကျ စီမံခန့်ခွဲထားတော်မူသည်။ မိမိအလိုတော်အတိုင်း ခြယ်လှယ်တော်မူသည်။ ထိုသို့သော အရှင်မြတ်အဖို့ လူသားတို့အား သေပြီးနောက် ပြန်လည်ရှင်ထစေတော်မူခြင်းမှာ အသို့လျှင် ခဲယဉ်းနိုင်အံ့နည်း။ ထို့ပြင်တဝ အမှန်ချည်းသာ ပြောကြားသည့် တမန်တော်မြတ်ကလည်း ဤသို့ဖြစ်မည့်အကြောင်း ဟောကြားတော်မူခဲ့လေသည်။ ဤအကြောင်းမှာ မဖြစ်နိုင်သည့် အကြောင်းလည်းမဟုတ်၊ ဖြစ်နိုင်သည့် အကြောင်းသာ ဖြစ်သည်။ မုချလည်း ဖြစ်မည်။

ကြည့်–ထာနဝီ၊ မာဂျီဒီ။

ဆင်ခြင်အပ်သည့်အချက်တစ်ရပ်မှာ – ဤပစ္စက္ခ လူ့လောကတွင် တိုင်းပြည်အလိုက် အုပ်ချုပ်သော အစိုးရအဖွဲ့များ ရှိပေသည်။ ပါးနပ်သော၊ အခြေအနေအရပ်ရပ်ကို သိသော၊ အားအင်ရှိသော အစိုးရအဖွဲ့တစ်ဖွဲ့သည် တိုင်းပြည်တွင် နိုင်ငံတော်အစိုးရအား တော်လှန်ပုန်ကန်နေသော သူပုန်များကို အမြဲတစ်စေ လျစ်လျူပြုထားမည် မဟုတ်ပေ။ ထို့အတူ နိုင်ငံတော်အစိုးရအပေါ်၌ သစ္စာရှိ၍ အစိုးရ၏ အမိန့်ပညတ်အရပ်ရပ်ကို ရိုသေစွာ လိုက်နာကျင့်သုံးလျက် အေးချမ်းစွာနေထိုင်လိုသော တိုင်းသူပြည်သားများအားလည်း ထိုသို့သော အစိုးရသည် အမြဲတစေ ပစ်ပယ်ထားမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ စကြာဝဠာအဝန်းကို ဖန်ဆင်းတော်မူ၍ စီမံအုပ်ချုပ်နေတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အလွှာဟ်အရှင်မြတ်သည် လူ့လောကတွင် မိမိအမိန့်တော် နာခံသူများနှင့် အမိန့်တော် မနာခံသူများကိုအား အမြဲတစေ အသို့လျှင် ဘေးမဲ့လွတ်ထားတော်မူနိုင်အံ့နည်း။ အမိန့်တော်နာခံသူများသည်လည်း တစ်နေ့သော် အမိန့်တော်နာခံခြင်း၏ အကျိုးကို ခံစားကြရပေမည်။ အမိန့်တော်မနာခံသောသူများသည် တစ်နေ့သော် အမိန့်တော်မနာခံခြင်း၏ အပြစ်ကိုခံကြရပေမည်။ အမိန့်တော်နာခံသူနှင့် အမိန့်တော်မနာခံသူများသည် အကျိုးအားဖြင့် မတူနိုင်ကြပေ။ ခြားနားချက် ရှိရပေမည်။ ယခု ဤ ပစ္စက္ခ မျက်မှောက်တွင်မူ အဆိုပါ ခြားနားချက်ကို တိကျပြတ်သားစွာ မတွေ့ရှိရသေးပေ။ သို့ဖြစ်ပေရာ ဤ ပစ္စက္ခဘဝ၏ နောက်တွင်ဘဝတစ်ခု မုချ ➤➤

وَهُوَ الَّذِي مَدَّ الْأَرْضَ وَجَعَلَ فِيهَا رَوَاسِيَ وَأَنْهَارًا ۖ وَمِنْ كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ يُغْشِي اللَّيْلَ النَّهَارَ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ ﴿٣﴾

၃။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် လျှင် ပထဝီမြေကို ဖြန့်ခင်းတော်မူခဲ့သောအရှင် [၃] ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် ထိုပထဝီမြေ၌ တောင်များကိုလည်းကောင်း၊ ချောင်းမြစ်တို့ကိုလည်းကောင်း၊ *ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။* [၂]

ထို ပြင် ထိုအရှင်မြတ်သည် ယင်းပထဝီမြေ၌ သစ်သီးဝလံ အသီးသီးကို နှစ်မျိုးစီ ဖန်ဆင်းတော်မူခဲ့၏။ [၃] ထိုအရှင်မြတ်သည် ည၌ဖြင့် နေ့ကို ဖုံးအုပ်ခဲ့တော်မူ၏။ ဧကန်မလွဲ ဤသည်တို့၌ စဉ်းစားဆင်ခြင်ကုန်သော သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိချေသတည်း။

➤➤ ရှိရပေဦးမည်။ ထိုဘဝ၌ လူသားအားလုံးတို့သည် အလွှာဟ်အရှင်မြတ်၏ ကမ္ဘာ့ တရားရုံးတော်ရှေ့မှောက်သို့ ရောက်ရှိပြီး လူ့လောကတွင် မိမိတို့ပြုမူခဲ့ကြသည့် ကောင်းမှုမကောင်းမှု အစုစုတို့၏ ကျိုးပြစ်များကို မုချခံကြရပေမည်။

① အလွှာဟ်အရှင်မြတ်သည် ဤပထဝီမြေကို လူသားတို့ လွယ်လင့်တကူ သွားလာလှုပ်ရှား နေနိုင်ရန် အတွက် ဖြန့်ခင်းထားတော်မူသည်။

ပထဝီမြေကြီးကို ဖြန့်ခင်းထားတော်မူသည်ဟူသော အသုံးအနှုန်းသည် ဤကမ္ဘာမြေကြီး အလုံးဖြစ်သည် ဟူသောစကားနှင့် မဆန့်ကျင်ပေ။ ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာမြေကြီး လုံးသည်၊ ပြားသည်ဟူသော ပြဿနာကို ဖြေရှင်းနေသည်မဟုတ်။ ကမ္ဘာမြေကြီးကို မည်သူဖန်ဆင်းသည်။ မည်သူစိုးပိုင်သည်။ ကမ္ဘာမြေကြီးဖြင့် မည်သို့သော အကျိုးများ ခံစားရသည်။ ဤကမ္ဘာမြေကြီးကို ဆင်ခြင်မှော်မြင်၍ ထိုကမ္ဘာမြေကြီး၏ အရှင်သခင်ကို သိရှိအပ်သည်များကိုသာ ညွှန်ပြနေခြင်းသာဖြစ်သည်။ ပထဝီမြေကြီး အလုံးဖြစ်သည်ကား မှန်၏။ မည်သူမျှ မငြင်းနိုင်ပေ။ သို့ရာတွင် လူသားတို့၏ သေးငယ်သော မျက်စိအမြင်တွင်မူ တွေ့မြင်နေရသမျှသော ပထဝီမြေကြီး၏အပိုင်းသည် ပြန့်လျက်ပင်ရှိသည်။

အေမာမ် ရာဇီသခင်၏ တဖ်စီရ်သည် ခုနှစ်ရာစု၏ အစတွင် ဖွင့်ဆိုရေးသားခဲ့သော ကျမ်းဖြစ်သည်၊ ထိုကျမ်းကြီး စီရင်ရေးသားသည့် အချိန်မှာပင် ပထဝီမြေကြီး အလုံးကြီးဖြစ်သည်ကို လက်ခံခဲ့ပြီးဖြစ်သည်။

② ပထဝီမြေ၌ ထူထည်ကြီးမားသော တောင်များနှင့် စီးတွေလျက်ရှိသော ချောင်းများ မြစ်များကိုလည်း အလွှာဟ်အရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသည်။ တောင်များနှင့် မြစ်များ၏ အကျိုးကျေးဇူးများကား များပြားလှ၏။ ကမ္ဘာအရပ်ရပ်တွင် ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်ခြင်း၊ စိမ်းစိုသာယာနေခြင်းသည် မြစ်များ၏ အကျိုးပင်၊ မြစ်များ စီးတွေ နိုင်ခြင်းမှာလည်း တောင်များ၏ အကျိုးပင်၊ ထို့ပြင်တဝ တောင်များသည် သတ္ထုအမျိုးမျိုး၏ ဘဏ္ဍာတော် တိုက်ကြီးများလည်း ဖြစ်သည်။ တောင်များ၊ မြစ်များ၏ အကျိုးကား များပြားလှပေသည်။ တောင် အမျိုးမျိုး၊ မြစ် အစားစား ရှိသည့်အကြောင်း၊ တောင်များ မြစ်များ၏ ➤➤

وَفِي الْأَرْضِ قِطَعٌ مُّتَجَاوِرَاتٌ وَجَنَّاتٌ مِّنْ أَعْنَابٍ وَزَرْعٌ وَنَخِيلٌ صِنْوَانٌ وَغَيْرُ صِنْوَانٍ يُسْقَىٰ بِمَاءٍ وَاحِدٍ وَنُفَضِّلُ بَعْضَهَا عَلَىٰ بَعْضٍ فِي الْأُكُلِ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ ۝٤

၄။ ၎င်းပြင် ပထဝီမြေ၌ တစ်ခုတည်းသော ရေကို သွင်းပေးခြင်းခံရသော နီးကပ်စွာရှိသောမြေကွက်များသည်လည်းကောင်း၊ စပျစ်ခြံများသည်လည်းကောင်း၊ လယ်ယာများသည်လည်းကောင်း၊ အမြစ်တစ်ခုတည်းမှ တစ်ပင်မက ပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်း၊ အမြစ်တစ်ခုမှ တစ်ပင်စီပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်း၊ ရှိသည်။ သို့ပါလျက် ငါအရှင်မြတ်သည် အသီးများတွင် ၎င်းတို့အနက် *အချို့*ကို *အချို့*ထက် ထူးကဲစေတော်မူ၏။ [၁] ဧကန်အမှန် ဤသူတို့၌ နားလည်ကြသူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိကြပေသတည်း။

➤➤ အကျိုးများကိုအလင်္ကာပါဟစ်ရဲကျမ်း အ - ၇။ စ - (၈၁-၈၄) တွင် အကျယ်ဖွင့်ဆိုရေးသားထားသည်။ ကျမ်းလေးမည်စိုး၍ မရေးပြီ။

(၃) ပထဝီ မြေမျက်နှာပြင်ပေါ်၌ အံ့မဆုံးသော သီးနှံမျိုးစုံကိုလည်း အလ္လာဟ် အရှင်မြတ်သည်ပင် ဖန်ဆင်းထားတော်မူသည်။ သီးနှံများမှာလည်း တစ်မျိုးတစ်စားတည်းမဟုတ်၊ အကြီး၊ အငယ်၊ အချိုအချဉ်၊ အပူအအေး၊ အဖြူအနက်၊ စသည်ဖြင့် အရွယ်အမျိုးမျိုး၊ အရသာအစားစား၊ အဆင်းအဖုံဖုံဖြစ်သည်။ ထို့ပြင်တဝ သက်ရှိသတ္တဝါများကဲ့သို့ ယင်းကောက်ပဲသီးနှံများတွင်လည်း ဖို၊မ အသီးသီးရှိပေသည်။

ကြည့်- ကုရ်အာန် - ၁၃း ၃။ ၅း ၄၉။ ၅၃း ၄၅။ ၅၅း ၅၂။ ၇၅း ၃၉။

အလ္လာဟ်အရှင်မြတ်သည် မြေမှာပေါက်ရောက်သောသီးနှံများတွင် လူသားတို့တွင်လည်းကောင်း၊ လူသားတို့ မသိကြသေးသောအရာများတွင်လည်းကောင်း အရာခပ်သိမ်းတို့တွင် အဖိုနှင့်အမကို အံ့မဆုံးဖွယ်ဖန်ဆင်းထားတော်မူသည်။ ကြည့်-ကုရ်အာန်-၁၃း၃၊ ၅၁း၄၉။ ၄၃း၅၂။

(၄) ပထဝီမြေကြီးတွင် မြေကွက်များသည် အချင်းချင်းဆက်စပ်လျက်ရှိ၏။ တစ်ဆက်တည်းဖြစ်၏။ တစ်သားတည်းဖြစ်၏။ သို့တစေလည်း အချို့မြေသည် မြေဩဇာကောင်း၏။ အချို့ ညံ့၏။ အချို့မြေသည် ဖြူ၏။ အချို့ နီ၏။ အချို့ ဝါ၏။ အချို့ မည်း၏။ အချို့ မာ၏။ အချို့ ပျော့၏။ အချို့၌ သဲဆန်ရှိ၏။ အချို့ ထူပျစ်၏။ အချို့ပွ၏။ ထိုသည့်မြေများသည် တစ်မျိုးတည်းသော ရေကိုသောက်၏။ တစ်ခုတည်းသော နေ၏ အပူရှိန်ကို ခံစား၏။ တစ်ခုတည်းသော လေကိုရှုရှိက်၏။ သို့တစေလည်း ထိုသည့်မြေများမှ ပေါက်ရောက်သော အသီးအနှံများ၏ အရသာ အရောင်အဆင်း၊ အနံ့၊ အရွယ်များသည် အချင်းချင်းမတူ၊ အမျိုးမျိုး အစားစား ကွဲပြားခြားနားလျက်ရှိပေသည်။ နှစ်စဉ်နှင့်အမျှ ပေါက်ရောက်သီးပွင့်လျက်ရှိကြပေသည်။ ဤသည်တို့ကို စဉ်းစားဆင်ခြင်ပါက အနန္တတန်ခိုးတော်နှင့်ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်ရှိတော်မူကြောင်း၊ ထိုအရှင်မြတ်သည် မိမိ၏အနန္တတန်ခိုးတော်ဖြင့် အံ့ဖွယ်သရဲပြု စီရင်ထားတော်မူကြောင်း။

وَإِن تَعۡجَبۡ فَعَجَبٞ قَوۡلُهُمۡ
ءَإِذَا كُنَّا تُرَٰبًا ءَإِنَّا لَفِي
خَلۡقٖ جَدِيدٍۗ أُوْلَٰٓئِكَ
ٱلَّذِينَ كَفَرُواْ بِرَبِّهِمۡۖ
وَأُوْلَٰٓئِكَ ٱلۡأَغۡلَٰلُ فِيٓ أَعۡنَاقِهِمۡۖ
وَأُوْلَٰٓئِكَ أَصۡحَٰبُ ٱلنَّارِۖ هُمۡ
فِيهَا خَٰلِدُونَ ٥

၅။ ထိုမှတပါး အကယ်၍ အသင်သည် အံ့ဩသည်ရှိသော် ကျွန်ုပ်တို့သည် (သေပြီးနောက်) ပကတိမြေကြီး ဖြစ်သွားခဲ့ကြသောအခါ ကျွန်ုပ်တို့သည် အသစ်ပြန်၍ဖန်ဆင်းခြင်းကို ခံကြရမည်လောဟူသော ၎င်းတို့၏ *ပြောဆိုချက်သည်ကား(သာ၍)ပင် အံ့ဩဖွယ်ဖြစ်ပေသည်။* [၁] ဤသူများပင် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား မယုံမကြည်သွေဖည်ငြင်းပယ်ကုန်သော သူများတည်း၊ ၎င်းပြင် ဤသူများပင်၊ ၎င်းတို့၏လည်ပင်းများ၌ လည်ကွင်းများရှိအံ့၊ ထိုမှတပါး ဤသူတို့သည်ပင်လျှင် ငရဲသားများ ဖြစ်ကြကုန်သည်။ ၎င်းတို့သည် ထိုငရဲမီး၌ ထာဝစဉ် နေထိုင်ကြမည့်သူများ ဖြစ်ကြပေသတည်း။

وَيَسۡتَعۡجِلُونَكَ بِٱلسَّيِّئَةِ
قَبۡلَ ٱلۡحَسَنَةِ وَقَدۡ خَلَتۡ
مِن قَبۡلِهِمُ ٱلۡمَثُلَٰتُۗ وَإِنَّ

၆။ စင်စစ်သော်ကား၊ ၎င်းတို့သည် အသင့်ထံ၌ ဘေးရန်ကင်းငြိမ်းခြင်းထက် အလျင် ဘေးအန္တရာယ်ကို အသင့်ထံ၌အလျင်စလိုတောင်းဆွဲကြကုန်၏။ [၂] အမှန် စင်စစ်သော်ကား ပြစ်ဒဏ် ခတ်မှုများသည် ၎င်းတို့အလျင် ရှိခဲ့ပြီး ဖြစ်ခဲ့ပေသည်။

---

(၁) ကာဖိရ်၊ မုရှ်ရစ်ကများက 'ငါတို့သည် မြေကြီးဖြစ်ပြီး နောက်တစ်ဖန် ပြန်လည်ရှင်ထကြရဦးမည်လော'ဟုဆိုကာ လူသားတို့ သေပြီးနောက် ပြန်လည်ရှင်ပြန်ထရမည့်အရေးကို ငြင်းဆိုကြသည်။ ၎င်းတို့၏စကားသည် အလွန်အံ့ဖွယ်ပင်။ အဘယ်ကြောင့်ဆိုသော် မရှိသော အရာတစ်ခုကို စတင်ပြုလုပ်ခြင်းသည် အခက်ဆုံးဖြစ်သည်။ ရှိပြီးအရာတစ်ခုကို ပြန်လည်ပြုလုပ်ခြင်းသည် လွယ်ကူပေသည်။ ဤကား အထင်အရှားပင်၊ အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို လုံးဝမရှိရာမှ စတင်ဖန်ဆင်းတော်မူခဲ့သည်။ လူသားတို့ကိုလည်း ထိုအရှင်မြတ်သည်ပင် စတင်ဖန်ဆင်းတော် မူခဲ့ပေသည်။ ယခု ထိုလူသားတို့အား သေပြီးနောက် ပြန်လည်ရှင်ထစေရန် အရေးမှာ အလွှာဟ် အရှင်မြတ်အဖို့ အသို့လျှင် ခဲယဉ်းနိုင်အံ့နည်း။

သေပြီးနောက် ပြန်လည် ရှင်ထရမည့်အရေးကို ငြင်းဆိုကာ ကာဖိရ်၊ မုရှ်ရစ်ကတို့သည် အလွှာဟ်အရှင်မြတ်၏ တန်ခိုးအာဏာတော်ကို ငြင်းဆိုပုန်ကန်သော သူပုန်များသာ ဖြစ်ကြပေသည်။ ယင်းသို့သော သူပုန်များသည် နောက်ဆုံးတွင် သူပုန်တို့၏ သွားရာ လမ်းစဉ်အတိုင်း လည်ပင်းတွင် လည်ကွင်းများ စွပ်၍ ခြေလက်တို့တွင် ခြေကျဉ်း လက်ထိပ်များခတ်ကာ ဂျဟန္နမ်တည်းဟူသော ထာဝရ အကျဉ်းထောင်သို့ ထာဝရလားကြရမည်သာဖြစ်သတည်း။

رَبَّكَ لَذُو مَغْفِرَةٍ لِّلنَّاسِ عَلَىٰ ظُلْمِهِمْ ۖ وَإِنَّ رَبَّكَ لَشَدِيدُ الْعِقَابِ ۝٦

ငင်းပြင် မလွဲဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လူတို့နှင့် ပတ်သက်၍ ငင်းတို့သည် မတရားမှုကို ကျူးလွန်သူများဖြစ်ကြပါလျက် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူပေသည်။ ထိုမှတပါး အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်လည်း အမှန်ပင် ဖြစ်တော်မူပေသတည်း။

---

(၂) ကာဖိရ်၊ မှုရ်ရစ်က်တို့သည် အမှန်တရားကိုလက်ခံ၍ နှစ်ဘဝ၏ ကောင်းစားရေးကို ရှေ့ရှုသင့်ကြပေသည်။ ယခုမူ သုခချမ်းသာ၏ သက်တမ်းမကုန်ဆုံးသေးမီ အလျင်ပင် ဘေးအန္တရာယ်များကို အလျင်စလို တောင်းဆိုနေကြသည်။ မိုက်တွင်းကား နက်ပါဘိ။

ကာဖိရ်၊ မုရ်ရစ်က်များထံသို့ ပြစ်ဒဏ်တော်ဆိုက်ရောက်မည်မှာ အနှေးနှင့်အမြန် အမှန်ပင်၊ ပြစ်ဒဏ်တော်ဆိုက်ရောက်ရာတွင် အနည်းငယ် ကြန့်ကြာနေသည့်အတွက် ပြစ်ဒဏ်တော် အလျင်းဆိုက် ရောက်တော့မည် မဟုတ်ဟူ၍ မထင်မှတ်သင့်ပေ။ ငင်းတို့အလျင် အတိတ်ခေတ်များတွင် ငင်းတို့ကဲ့သို့သော ကာဖိရ်၊ မုရ်ရစ်များအား ပြစ်ဒဏ်တော်တပ်ရိုက်တော်မူခဲ့သည့် နမူနာများ၊ ဖြစ်ရပ် များရှိခဲ့ချေပြီ။ ငင်းတို့ထံသို့လည်း ပြစ်ဒဏ်တော်သည် အနှေးနှင့်အမြန် ဆိုက်ရောက်မည်သာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် အလွန် ချမ်းသာခွင့်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ အပြစ်ရှိသူတို့အား ရုတ်တရက်ချက်ချင်း ပြစ်ဒဏ်ခတ်တော်မူလေ့ မရှိပေ။ ပြစ်မှုကျူးလွန်သူတို့သည် ပြစ်မှုကျူးလွန်ရာတွင် အလွန်အကျွံ ဖြစ်လာကြသောအခါ ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူလေ့ရှိသည်။ သို့ဖြစ်ရာ ကာဖိရ်၊ မုရ်ရစ်က်တို့သည် မိမိတို့အား ရုတ်တရက် ပြစ်ဒဏ်ခတ်တော်မမူသည်ကို အကြောင်းပြု၍ ကုဖစ်ရ်၊ ရှစ်ရ်က်အမှုများတွင် ဆက်လက်ပြီး နစ်မွန်း၍ မနေသင့်ကြပေ။ မိမိတို့ထံ ပြစ်ဒဏ်တော် အလျင်းဆိုက်ရောက်မည် မဟုတ်ဟူ၍လည်း အထင်မှားအမြင်မှား ဖြစ်မနေသင့်ကြပေ။

လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း မျှော်လင့်ချက်ထားကြရမည်။ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်ကိုလည်း ကြောက်ရွံ့ကြရမည်။ အီမာန်သည် ကြောက်ရွံ့ခြင်းနှင့် မျှော်လင့်ခြင်း နှစ်ခု၏စပ်ကြားတွင် တည်ရှိနေပေသည်။

တမန်တော်မြတ်ကလည်း ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့ပေသည်။ ကုရ်အာန်ကျမ်းမြတ် (၁၅:၄၉–၅၀) တွင်လည်း 'မုချ ငါအရှင်မြတ် သည်သာလျှင် လွတ်ငြိမ်းချမ်းသာခွင့် အပေးဆုံး၊ အသနား အကြင်နာဆုံး အရှင်ဖြစ်တော်မူသည်။ ငါအရှင်မြတ်၏ ပြစ်ဒဏ်တော်သည် အပြင်းထန်ဆုံးလည်းဖြစ်သည်ကို အသင်သည် ငါ၏ကျွန်များအား ပြောကြားလိုက်ပါလေ'ဟု အတိအလင်း မိန့်ဆိုထားတော်မူသည်။

وَيَقُولُ الَّذِينَ كَفَرُوا۟ لَوْلَآ أُنزِلَ عَلَيْهِ ءَايَةٌ مِّن رَّبِّهِۦٓ ۚ إِنَّمَآ أَنتَ مُنذِرٌ وَلِكُلِّ قَوْمٍ هَادٍ ﴿٧﴾

၇။ ၎င်းပြင် မယုံမကြည် သွေဖည်ငြင်းပယ်ကုန်သောသူတို့သည် ထို(နဗီတမန်တော်မုဟမ္မဒ်)၏အပေါ်၌ ၎င်းအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ဘန်ခိုးပြာဋိဟာတစ်ရပ်ရပ်သည် အဘယ်ကြောင့် ကျရောက်ခဲ့သည် မရှိပါသနည်း၊ ဟူ၍လည်း ပြောဆိုကြသေး၏။ (စင်စစ်မှာ မူကား) အသင်သည် သတိပေး နှိုးဆော်သူတစ်ဦးမျှသာ ဖြစ်ပေသည်။ ထိုနည်းတူစွာ လူမျိုးတိုင်းအဖို့ တရားလမ်းမှန်ကို ညွှန်ကြားပြသသူသည် ရှိချေသတည်း။ ၇

---

⑦ ကာဖိရ်၊ မုရှ်ရစ်ကျားက ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာသည် (တမန်တော်မြတ်)မုဟမ္မဒ် အပေါ်သို့ အဘယ်ကြောင့် မကျရောက်ခဲ့သနည်း။ ကျရောက်လာခဲ့သည်ရှိသော် ၎င်းတို့သည် မလွဲမရှောင် သာအိမာန်ယုံကြည်ရမည်သာ ဖြစ်သည်ဟုဆိုကြ၏။ ယင်းကာဖိရ်၊ မုရှ်ရစ်ကတို့အား ဖြေကြားထားတော် မူသည်မှာ – တန်ခိုးပြာဋိဟာများကို ချပေးခြင်းကိစ္စသည် တမန်တော်မြတ်၏ လက်တွင်း၌ရှိသော ကိစ္စ မဟုတ်ပေ။ ယင်းကိစ္စသည် အလ္လာဟ် အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် မိမိ၏ တမန်တော်များအပေါ်၌ တမန်တော်များ ဟုတ်မှန်ကြောင်းကို အထောက်အထား ထင်ရှားပြရန်အတွက် အခြေအနေအရ လျော်ကန်သင့်မြတ်သော တန်ခိုးပြာဋိဟာများကို ချပေးတော်မူသည်။ ကာဖိရ်၊ မုရှ်ရစ်တို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ချပေးတော်မူသည်မဟုတ်ပေ။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) တမန်တော်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ ကမ္ဘာတသက်တည်ရှိမည့် ကုရ်အာန်ကျမ်းမြတ်ကို ထာဝရ တန်ခိုးပြာဋိဟာအဖြစ် ချပေးထားတော်မူပြီးဖြစ်သည်။ ထို့နောက်တွင်သော် အခြားအထွေအထူး တန်ခိုးပြာဋိဟာ ချပေးတော်မူရန်ပင် မလိုတော့ပေ။ တမန်တော်မြတ်၏တာဝန်မှာ တရားဒေသနာတော်များကို ဟောညွှန်ပြရန်နှင့် မကောင်းမှုများ ကျူးလွန်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကို သတိပေး နှိုးဆော်ရန်သာဖြစ်သည်။ လူမျိုး အသီးသီးတို့၌ တရားဒေသနာတော်များ ဟောညွှန်ပြရန်နှင့် သတိပေး နှိုးဆော်ရန် တမန်တော်များ အသီးသီး ပွင့်ခဲ့ကြလေပြီ၊ ထိုထိုသော တမန်တော်များအနက် မည်သည့် တမန်တော်ကမျှ ကာဖိရ်၊ မုရှ်ရစ်တို့ တောင်းဆိုကြသော တန်ခိုးပြာဋိဟာများကို ပြသကြပါမည်ဟု မပြောဆိုခဲ့ကြပေ။ ထိုထိုသော တမန်တော်များ၏တာဝန်မှာ တရားဓမ္မဟောကြားရန်နှင့် သတိပေးနှိုးဆော်ရန် ဖြစ်သကဲ့သို့ တမန်တော်မြတ်၏တာဝန်မှာလည်း ထိုသည့် တရားဓမ္မဟောကြားခြင်းနှင့် သတိပေးနှိုးဆော်ခြင်းသာ ဖြစ်ပေသည်။ ခြားနားချက်တစ်ရပ်မှာ ပွင့်လေသမျှသော တမန်တော်များတွင် သီးသန့်လူမျိုးစုများအတွက်သာ ပွင့်လာခဲ့ကြသည်။ တမန်တော်မြတ်မှာမူကား၊ ကမ္ဘာအဝန်းအတွက် ပွင့်လာတော်မူခဲ့လေသည်။ ထို့အတွက်ကြောင့် လည်း ကမ္ဘာတစ်သက် တည်ရှိမည့် ကုရ်အာန် ကျမ်းမြတ်ကို ထာဝရ တန်ခိုး ပြာဋိဟာအဖြစ် ချပေး ထားတော်မူခြင်းဖြစ်သည်။

اَللّٰهُ يَعْلَمُ مَا تَحْمِلُ كُلُّ اُنْثٰى وَمَا تَغِيْضُ الْاَرْحَامُ وَمَا تَزْدَادُ ؕ وَكُلُّ شَيْءٍ عِنْدَهٗ بِمِقْدَارٍ ۝٨

၈။ အလ္လာဟ်အရှင်မြတ်သည် အမိတိုင်း မည်သည့်အရာကို ကိုယ်ဝန်ဆောင်လျက်ရှိသည်ကိုလည်းကောင်း၊ သားအိမ်များသည် မည်သည့်အရာကို ချွတ်ယွင်းစေသည်ကို လည်းကောင်း၊ ထို့အတူ မည်သည့်အရာကို ပိုမိုစေသည်ကိုလည်းကောင်း သိရှိတော်မူ၏။ [၁] **(တစ်နည်း)** အလ္လာဟ်အရှင်မြတ်သည် မိန်းမတစ်ဦးတစ်ယောက်၏ဝမ်းတွင်း လွယ်ထားသည်ကိုလည်းကောင်း၊ (မိန်းမများ၏)သားအိမ်များတွင် လျော့သည် ပိုသည်တို့ကိုလည်းကောင်း သိရှိတော်မူ၏။ (စင်စစ်သော်ကား) အရာခပ်သိမ်းတို့သည် ထိုအရှင်မြတ်အထံတော်၌ ချင့်ချိန်တိုင်းတာသတ်မှတ်ပြီး ဖြစ်ပေသတည်း။ [၂]

عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْكَبِيْرُ الْمُتَعَالِ ۝٩

၉။ ထိုအရှင်မြတ်သည် (သတ္တဝါအပေါင်း) မမြင်နိုင်သောအရာများကိုလည်းကောင်း၊ မြင်နိုင်သောအရာများကိုလည်းကောင်း၊ **(တစ်နည်း)** လျှို့ဝှက်နေသောအရာများကိုလည်းကောင်း၊ ထင်ရှားရှိနေသောအရာများကိုလည်းကောင်း၊ သိတော်မူသောအရှင်၊ (အလုံးစုံတို့ထက်) ကြီးကဲတော်မူသောအရှင်၊ မြင့်မြတ်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကိုသိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည်။ အမိတို့၏ သားအိမ်တွင်၌ရှိသော ကလေးသည် မည်သို့မည်ပုံရှိသည်၊ ယောကျ်ားဖြစ်သည်၊ မိန်းမဖြစ်သည်။ တစ်ယောက်ဖြစ်သည်၊ တစ်ယောက်ထက်ပိုသည်။ နေးမည်၊ မြန်မည်။ ပြည့်စုံသည်၊ မပြည့်စုံသည်။ ကောင်းသည်၊ မကောင်းသည်။ အဆင်းလှသည်၊ ဆိုးသည်။ အကြောင်း ကောင်းသည်၊ ဆိုးသည်။ အသက်ရှည်မည်၊ တိုမည်။ ကိုယ်ဝန်ဆောင်နှင့်စပ်လျဉ်းသည့် အကြောင်းတရားများ၊ လျှို့ဝှက်ချက်များ၊ အခြေအနေများ၊ အချိန်ပိုင်းများ အားလုံးတို့ကို အကြွင်းမဲ့ သိတော်မူသည်။ ကြည့်-ထာနဝီ၊

② အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကိုသိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည့်အလျောက် အရာခပ်သိမ်းကုန်တို့ကို အခါခပ်သိမ်း အခြေအနေတိုင်းတွင် ၎င်းတို့၏အရည်အချင်းနှင့် လျော်ညီစွာ သတ်မှတ်ချက်အတိုင်းအတာနှင့် ထားရှိတော်မူသည်။ ထိုနည်းတူ နဇီတမန်တော်များအပေါ်သို့ တန်ခိုးပြဋိဟာများ ချပေးတော်မူရာတွင်လည်း သက်ဆိုင်ရာအမျိုးသားတို့၏ အခြေအနေအရည်အချင်းများနှင့် လျော်ကန်သင့်မြတ်သော ➤➤

سَوَآءٌ مِّنكُم مَّنْ أَسَرَّ ٱلْقَوْلَ
وَمَن جَهَرَ بِهِۦ وَمَنْ هُوَ
مُسْتَخْفٍۭ بِٱلَّيْلِ وَسَارِبٌۢ
بِٱلنَّهَارِ ﴿١٠﴾

၁၀။ အသင်တို့အနက် စကားကို လျှို့ဝှက်သော သူသည်လည်းကောင်း၊ ထုတ်ဖော်ပြောဆိုသူသည်လည်းကောင်း၊ ညဥ့်(၏)အမှောင်၌ ပုန်းကွယ်၍နေသူသည်လည်းကောင်း၊ နေ့(၏)အလင်းရောင်၌ (အထင်အရှား) သွားလာသောသူသည်လည်းကောင်း၊ (ထိုအရှင်မြတ်၏)အသိဉာဏ်တော်တွင် အတူတူပင်ဖြစ်ကုန်သတည်း။

لَهُۥ مُعَقِّبَٰتٌ مِّنۢ بَيْنِ يَدَيْهِ
وَمِنْ خَلْفِهِۦ يَحْفَظُونَهُۥ
مِنْ أَمْرِ ٱللَّهِ ۗ إِنَّ ٱللَّهَ لَا
يُغَيِّرُ مَا بِقَوْمٍ حَتَّىٰ
يُغَيِّرُوا۟ مَا بِأَنفُسِهِمْ ۗ
وَإِذَآ أَرَادَ ٱللَّهُ بِقَوْمٍ سُوٓءًا

၁၁။ ထို(လူသား)အသီးသီးတို့တွင် ယင်းအသီးသီးတို့၏ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း အလှည့်ကျလာသော ကောင်းကင် တမန်များသည် ရှိကြကုန်၏။ ယင်းကောင်းကင်တမန်များသည် ယင်း(လူသား)အသီးသီးတို့အား *အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရစောင့်ရှောက်ကြကုန်၏။* [၁] အမှန်သော်ကား အရှင်မြတ်သည် လူမျိုးတစ်မျိုး၏ (ကောင်းမွန်သော) အခြေအနေကို ၎င်းတို့ကိုယ်တိုင် မိမိတို့၏အခြေအနေကို *မပြောင်းလဲသမျှကာလပတ်လုံး ပြောင်းလဲတော်မူသည်မဟုတ်ပေ။* [၂]

➤➤ တန်ခိုးပြာဋိဟာများကိုသာ ချပေးတော်မူသည်။ ထိုအရှင်မြတ်ထံတော်၌ အရာခပ်သိမ်းတို့သည် သတ်မှတ်ပြီးအတိုင်းအတာနှင့်သာ ဖြစ်ပေသည်။

① လူတိုင်း၌ အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်တမန်များရှိကြပေသည်။ ထိုကောင်းကင်တမန်များအနက် အချို့သည် လူသား၏ အပြုအမူများကို အမြဲတစေ ရေးမှတ်ကြသည်။ အချို့ ကောင်းကင်တမန်များသည် လူသားထံမှ ထိုအရှင်မြတ်၏ ကာကွယ်စေတော်မူလိုသည့် ဘေးအန္တရာယ်များကို ကာကွယ်ပေးကြပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ဤစကြာဝဠာ တွင် တစ်စုံတစ်ရာကို ဖန်ဆင်းတော်မူရာ၌ ထိုအရာနှင့် စပ်လျဉ်း၍ လူသားတို့ တွေ့မြင်နိုင်သောအကြောင်းတရားများကို ဖန်ဆင်းထားတော်မူသကဲ့သို့ လူသားတို့ မတွေ့မြင်နိုင်သော အကြောင်းတရားများကိုလည်း ဖန်ဆင်း၍ ထားတော်မူပေသည်။ ထိုသည့် အကြောင်းတရားများဖြင့်ပင် ထိုအရှင်မြတ်၏ အလိုတော်များသည် အတည်ဖြစ်ပေသည်။

② အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် လူမျိုးတို့၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့၏ အကြောင်းတရားကို မိန့်ဆိုထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် မဟာကရုဏာ တော်ရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် လူမျိုးအသီးသီးတို့အား မိမိ၏ကရုဏာတော်ဖြင့် ကျေးဇူးပြုတော်မူသည်သာဖြစ်၏။ ➤➤

فَلَا مَرَدَّ لَهُۥ ۚ وَمَا لَهُم مِّن دُونِهِۦ مِن وَالٍ ﴿١١﴾

စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်သည် လူမျိုးတစ်မျိုး၏အပေါ်၌ ဘေးဒုက္ခ ဆိုက်ရောက်စေရန် ရည်ရွယ်တော်မူခဲ့သည်ရှိသော် (မည်သူတစ်ဦး တစ်ယောက်မျှပင်) ထိုဘေးဒုက္ခကို တွန်းလှန်နိုင်ခြင်း မရှိချေ။ [၁] ထိုမှတပါး၊ ၎င်းတို့အား ထိုအရှင်မြတ်အပြင် ကာကွယ် စောင့်ရှောက်မည့်သူ ဟူ၍လည်း၊ တစ်ဦး တစ်ယောက်မျှ မရှိပေ။

هُوَ ٱلَّذِى يُرِيكُمُ ٱلْبَرْقَ خَوْفًا وَطَمَعًا وَيُنشِئُ ٱلسَّحَابَ ٱلثِّقَالَ ﴿١٢﴾

၁၂။ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား လျှပ်စစ်ပြက်ခြင်းကို ကြောက်မက်ဖွယ်ရာအဖြစ်လည်းကောင်း၊ မျှော်လင့်ဖွယ်ရာအဖြစ်လည်းကောင်း *ပြတော်မူသောအရှင် ဖြစ်တော်မူသည်။* [၂] ထိုမှတပါး၊ ထိုအရှင်မြတ်သည်ပင်လျှင် လေးလံစွာသော မိုးတိမ်များကို ဖန်ဆင်း (မြှင့်)မြှောက်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ လူမျိုးတစ်မျိုးတွင် ပြုထားတော်မူသည့် ကျေးဇူးတော်ကိုလည်း ယင်းလူမျိုးက မိမိတို့ကိုယ်တိုင် မိမိတို့၏ ဘဝအခြေအနေကို မပြောင်းလဲသမျှ ကာလပတ်လုံး ထိုအရှင်မြတ်သည် ပြောင်းလဲတော်မူသည်မရှိပေ။ အပြောင်းအလဲများသည် လူသားတို့ဘက်မှပင် စတင်ဖြစ်ပေါ်၏။ တနည်းအားဖြင့် ကောင်းသောဘဝအခြေအနေ ဖန်တီးမှုနှင့် မကောင်းသော ဘဝအခြေအနေများသည် လူသားတို့အပေါ်၌သာ တည်ရှိပေသည်။ သို့ဖြစ်ပေရာ လူမျိုးတစ်မျိုးသည် ကောင်းသောဘဝ အခြေအနေတွင် ရပ်တည်နေလိုက ထိုသည့်ကောင်းသောအခြေအနေနှင့် ကိုက်ညီအောင် မိမိတို့၏ ဘဝအခြေအနေကို ဖန်တီးထားကြရမည်သာဖြစ်သည်။ သို့မဟုတ်ပါမူ ယင်းသည့် လူမျိုးသည် မိမိတို့၏ လက်ရှိအခြေဆိုး အနေဆိုးဘဝမှ ဘယ်သောအခါမျှ လွတ်မြောက်နိုင်မည်မဟုတ်၊ ထိုလူမျိုးသည် မိမိတို့၏ ဘဝအခြေအနေကို မိမိတို့ကိုယ်တိုင် ကာယက်မြောက် မပြောင်းလဲသမျှ ကာလပတ်လုံး အလ္လာဟ်အရှင်မြတ်ကလည်း ၎င်းတို့ အခြေအနေကို ပြောင်းလဲပေးတော်မူမည်မဟုတ်ပေ။

① လူမျိုးတစ်မျိုးသည် မိမိတို့၏ လက်ရှိမကောင်းသော ဘဝအခြေအနေကို မပြောင်းလဲသည့်အပြင် ပိုမိုဆိုးမိုက်လာကြသောအခါ အလ္လာဟ်အရှင်မြတ်သည် ထိုသို့သောလူမျိုးအား ပြစ်ဒဏ်ရှိသည့်အလျောက် ပြစ်ဒဏ်ခတ်တော်မူလေသည်။ ယင်းသို့ ပြစ်ဒဏ်ခတ်တော်မူလိုက်သောအခါ ထိုပြစ်ဒဏ်တော်ကို မည်သူတစ်ဦး တစ်ယောက်မျှ တွန်းလှန်ဖယ်ရှားနိုင်သည်ဟူ၍ကား အလျင်းမရှိပေ။ ယုတ်စွအဆုံး လူသားတို့အား ထိန်းသိမ်းကာကွယ်ရန် ခန့်အပ်ထားတော်မူခြင်းခံရသော ကောင်းကင်တမန်များသည်ပင်လျှင် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့် ထိုသို့ ပြစ်ဒဏ်ခတ်တော်မူသည့်အခါတွင် တိမ်းရှောင်၍နေကြပေသည်။

② အထက်တွင် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ထိန်းသိမ်း ကာကွယ်တော်မူသည့် ➤➤

وَيُسَبِّحُ الرَّعْدُ بِحَمْدِهٖ وَالْمَلٰٓئِكَةُ مِنْ خِيْفَتِهٖ ۚ وَيُرْسِلُ الصَّوَاعِقَ فَيُصِيْبُ بِهَا مَنْ يَّشَآءُ وَهُمْ يُجَادِلُوْنَ فِى اللّٰهِ ۚ وَهُوَ شَدِيْدُ الْمِحَالِ ﴿١٣﴾

၁၃။ ၎င်းပြင် 'ရအ်ဒ်'အမည်ရှိသော [၁] ကောင်းကင်တမန် (မိုးခြိမ်းသံ)သည် ထိုအရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် (ထိုအရှင်မြတ်) သန့်ရှင်း စင်ကြယ်တော်မူကြောင်းကို ဘာဝနာစီးဖျန်းလေသည်။ ထိုနည်းတူစွာ (အခြား) ကောင်းကင်တမန်တို့သည်လည်း ထိုအရှင်မြတ်အား ကြောက်ရွံ့ ရိုသေခြင်းအားဖြင့် (ချီးမွမ်းထောပနာပြုခြင်းနှင့် သန့်ရှင်းတော်မူကြောင်းကို ဘာဝနာ စီးဖျန်းကြကုန်၏။)

ထိုမှတပါး ထိုအရှင်မြတ်သည် မိုးကြိုးသွားများကို စေလွှတ်တော်မူပြီးနောက် မိမိအလိုရှိတော်မူသောသူ၏ အပေါ်ဝယ် ယင်းမိုးကြိုးသွားများကို ကျရောက်စေတော်မူ၏။ သို့ပါလျက် ထိုသူတို့သည် အလွန်ဟန်အရှင်မြတ်နှင့် ပတ်သက်၍ *ငြင်းခုံလျက်ရှိကြကုန်၏။* [၂] စင်စစ်မှာမူကား ထိုအရှင်မြတ်သည် ဖမ်းဆီးအရေးယူတော်မူသောအရှင်၊ (အားအင်အလွန်ကြီးမားသောအရှင်)မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ အကြောင်းပါရှိ၏။ ထို့အတူ လူသားတို့ ဆိုးမိုက်ကြသောအခါ အပြစ်ရှိသည့် အားလျော်စွာ ထိုအရှင်မြတ်သည် ပြစ်ဒဏ်တော်ခတ်တော်မူသည့် အကြောင်းလည်း ပါရှိ၏။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အလွှာဟ်အရှင်မြတ်သည် အနန္တကျေးဇူးတော်ရှင်လည်း ဖြစ်တော်မူကြောင်း အပြစ်ရှိသူတို့အား အပြစ်ရှိသည့် အားလျော်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင်လည်း ဖြစ်တော်မူကြောင်း ကောင်းစွာသိရှိရပေသည်။

ဤသည့်သဘောနှင့်ဆက်စပ်၍ ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ် ပြုစီရင်ထားတော်မူသော အရာများအနက် မျှော်လင့်အားထားဖွယ်ရာလည်းဖြစ်သော၊ စိုးရိမ်ဖွယ်ရာလည်းဖြစ်သော အချို့အရာများကို မိန့်ဆိုထားတော်မူသည်။ ဥပမာ – လျှပ်စီးပြက်သောအခါ လူသားသည် မိုးရွာသွန်းမည်ဟု မျှော်လင့်အားထား၏။ မိုးကြိုး လောင်မီးကျပြီး သေကြေပျက်စီးနိုင်သည်ကို တွေး၍လည်း စိုးရိမ် ကြောက်ရွံ့၏။ ထို့အတူ မိုးရေများဖြင့် ပြည့်နှက်လျက်ရှိသော မိုးတိမ်များကို မြင်ရသောအခါ မိုးရွာသွန်းမည်ကိုတွေး၍ဝမ်းသာ၏။ ထို့အတူ မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးသင့်မည်ကို တွေး၍ လည်း စိုးရိမ်၏။ ဤသည့်သဘောကို ထောက်ရှု၍ လူသားများသည် အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်ကိုလည်း အမြဲတစေ အားထားရ၏။ ထို့အတူ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်ကိုလည်း စိုးရိမ်ရာ၏။

① (ရအ်ဒ်)၏ မူရင်းအနက်မှာ 'မိုးချုံးသံ' ဟူ၍ဖြစ်သည်။ ဤနေရာတွင်မူ မိုးတိမ်များကို စီမံ အုပ်ချုပ်ရန် တာဝန်လွှဲအပ်ပေးခြင်းခံရသော ကောင်းကင်တမန်ကို ဆိုလိုသည်။ ကြည့်-တစ်ရှ်မိဒီ၊ ရာဃစ်ဗ်၊ ကဗီရ်။

لَهُۥ دَعْوَةُ ٱلْحَقِّ ۖ وَٱلَّذِينَ
يَدْعُونَ مِن دُونِهِۦ لَا
يَسْتَجِيبُونَ لَهُم بِشَىْءٍ إِلَّا
كَبَٰسِطِ كَفَّيْهِ إِلَى ٱلْمَآءِ
لِيَبْلُغَ فَاهُ وَمَا هُوَ بِبَٰلِغِهِۦ ۚ
وَمَا دُعَآءُ ٱلْكَٰفِرِينَ إِلَّا
فِى ضَلَٰلٍ ﴿١٤﴾

၁၄။ မှန်ကန်သော ဟစ်ခေါ်တသ ဆုတောင်းပတ္ထနာပြုမှုသည် ထိုအရှင်မြတ်အထံတော်၌ သာလျှင် ပြုထိုက်၏။ စင်စစ် ၎င်းတို့ဟစ်ခေါ်တသ ဆုတောင်းပတ္ထနာပြုလျက် ရှိကြကုန်သော အရာဝတ္ထုတို့မှာမူကား၊ ၎င်းတို့အား အကြင်သူ(ရရှိသည်)ထက် ပိုမို၍ ပေးစွမ်းနိုင်ကြသည်မရှိချေ။ ထိုသူသည် ရေရှိရာဘက်သို့၊ ထိုရေသည် ၎င်း၏ပါးစပ်ထဲသို့ (အလိုအလျောက်) ရောက်လာ အံ့သောငှာ မိမိလက်ဝါးနှစ်ဖက်ကို ဖြန့်၍ထား၏။ စင်စစ်မှာမူကား၊ ထိုရေသည် (မည်သည့်အခါမျှအလိုအလျောက်)ယင်းပါးစပ်ထဲသို့ ရောက်ရှိလာမည်မဟုတ်ပေ။ [၃] အမှန်သော်ကား၊ ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့၏ *ဟစ်ခေါ်တသ ဆုတောင်းပတ္ထနာပြုမှုသည် လွဲမှားမှု၌သာ ရှိနေပေသတည်း။* [၂]

---

(၂) ဤကုရ်အာန်ကျမ်းမြတ် (၁၃း၈-၁၃)တွင် ပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်များနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ ကာဖိရ်များသည် ထိုသည့် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ပင် ငြင်းခုံလျက် ရှိကြပေသည်။ မိုက်တွင်းနက်ကြပါဘိ။

ဤအာယတ်တော်တွင်ပါရှိသည့် (وَهُوَ شَدِيدُ الْمِحَالِ) ဟူသော ဝါကျ၏အနက်ကို ထိုအရှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသောအရှင်၊ ကြံစည်တော်မူသောအရှင်၊ အားအင်ကြီးမားတော်မူသောအရှင်၊ တုံ့ပြန်တော်မူသောအရှင် စသည်ဖြင့် မဖတ်စ်စစ်ရ်များသည် အမျိုးမျိုး ဖွင့်ဆိုရေးသားကြပေသည်။

(၃) လူသားတို့သည် အကျိုးအပြစ်အမျိုးမျိုး ပေးနိုင်တော်မူသော အလ္လာဟ်အရှင်မြတ်အထံတော်၌သာလျှင် ဆုတောင်းပတ္ထနာ ပြုသင့်ကြပေသည်။ အကျိုးအပြစ် တစ်စုံတစ်ရာ မပေးနိုင်သူ တစ်ဦးထံ၌ ဆုတောင်းခြင်းဖြင့် အသိုလျှင် အကျိုးရှိနိုင်အံ့နည်း။ အမှန်မှာ အလ္လာဟ်အရှင်မြတ်မှတစ်ပါး၊ မည်သူတစ်ဦးတစ်ယောက်၌မျှ အကျိုးအပြစ် ပေးနိုင်စွမ်း တစ်စုံတစ်ရာ အလျင်းမရှိပေ။ ထိုအရှင်မြတ်မှတပါး၊ အခြားသူ တစ်ဦးတစ်ယောက်ထံ ဆုပန်ခြင်းသည် အကြင်သူ၏ ရေတောင်းခြင်းနှင့်တူသည်။ ထိုသူသည် ရေတစ်မွတ်သိပ်သည့်အတွက် ရေရလိုသော အာသာဆန္ဒဖြင့် ရေတွင်း နှုတ်ခမ်းပေါ်တွင် မတ်တပ်ရပ်ကာ ရေရှိရာသို့ မိမိ၏လက်များကို ဆန့်တန်း၍ထား၏။ ရေသည် အလိုအလျောက် ၎င်း၏ပါးစပ်တွင်းသို့ ဝင်လာစေလို၏။ ထိုသူသည် ယင်းသို့အားဖြင့် မိမိတစ်သက်တာပတ်လုံး မတ်တပ်ရပ်နေသော်လည်း ရေသည် အလိုအလျောက် ၎င်း၏ ပါးစပ်အတွင်းသို့ ဘယ်သောအခါမျှ ဝင်ရောက်လာမည် မဟုတ်ပေ။ ထို့အတူပင် အလ္လာဟ်အရှင်မြတ်မှတပါး၊ အခြားသူတစ်ဦးတစ်ယောက်ထံ၌ ဆုတောင်းသောသူများသည်လည်း ဘယ်သောအခါ၌မျှ လိုအင်ဆန္ဒပြည့်ဝကြမည် မဟုတ်ပေ။

وَلِلَّهِ يَسْجُدُ مَنْ فِي السَّمٰوٰتِ وَالْأَرْضِ طَوْعًا وَّكَرْهًا وَّظِلٰلُهُمْ بِالْغُدُوِّ وَالْآصَالِ ﴿١٥﴾

၁၅။ ထို့ပြင် မိုးကောင်းကင်၌ ရှိသည်တို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသည်တို့သည်လည်းကောင်း၊မိမိစေတနာအလျောက်ဖြစ်စေ၊ စေတနာမရှိဘဲ မလွဲမရှောင်သာ၍ဖြစ်စေ၊ ထိုအရှင်မြတ်၏ ရှေ့တော်မှောက်၌သာလျှင် ပျံဝပ်ဦးချဓယရိကျိုးလျက်ရှိကုန်၏။ ထိုမှတပါး ယင်းတို့၏ အရိပ်ဆာယာတို့မှာလည်း နံနက်ယံများ၌လည်းကောင်း၊ ညနေခင်းများ၌လည်းကောင်း၊ (ထိုနည်းအတိုင်းပင် ပျံဝပ်ဦးချဓယ ရိကျိုးလျက် ရှိကုန်သတည်း)။ [၁]

قُلْ مَنْ رَّبُّ السَّمٰوٰتِ وَالْأَرْضِ ؕ قُلِ اللّٰهُ ؕ قُلْ أَفَاتَّخَذْتُمْ مِّنْ دُوْنِهٖٓ أَوْلِيَآءَ لَا يَمْلِكُوْنَ لِأَنْفُسِهِمْ نَفْعًا

၁၆။ (အိုရှင်-နဗီတမန်တော်)အသင်သည်(ငင်းတို့အား ဤသို့)ပြောဆို(မေးမြန်း)ပါလေ။ (ဟယ်-အချင်းတို့) မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အဘယ်အရှင်နည်း။ အသင်သည်ပင်လျှင် (ဤသို့) ပြောဆိုဖြေကြားပါလေ။ 'အလ္လာဟ်အရှင်မြတ်ပင်'။

---

(၂) သာမန် မျက်မြင်အားဖြင့် ကာဖိရ်များ၏ ဆုမွန်များသည်လည်း ပြည့်ဝသည်ဟူ၍ပင် ထင်မြင်ရပေသည်။ ဤအာယတ်တော်တွင် 'ကာဖိရ်များ၏ဆုမွန်သည် အချည်းအနှီးသာဖြစ်သည်' ဟု မိန့်ဆိုထားတော်မူသည်။

ဆိုလိုသည်ကား အမှန်မှာ ယင်းကာဖိရ်များ၏ဆုမွန်သည် ပြည့်ဝသည်မဟုတ်၊ ၎င်းတို့၏ အချို့လိုအင်ဆန္ဒများသည် အလ္လာဟ်အရှင်မြတ်၏ မူလသဘာဝ အစီအစဉ်များအရ ပြီးမြောက်နေခြင်းသာ ဖြစ်သည်။

အခြား အဆိုတစ်ရပ်အရ ကာဖိရ်များ၏ အချည်းနှီးဖြစ်သော ဆုမွန်များဟူသည် နောင်တမလွန်ဘဝနှင့်ပတ်သက်သော ဆုမွန်များကိုသာ ဆိုလိုသည်။ ဤပစ္စက္ခဘဝနှင့် သက်ဆိုင်သော ဆုမွန်များကို ဆိုလိုသည်မဟုတ်။ ရှုဟ်ကျမ်းတွင်လည်း ဤအတိုင်း ဖွင့်ဆိုထားသည်။

(၁) ဆိုလိုသည်ကား စကြာဝဠာအဝန်းရှိ ရုပ်နာမ်၊ အရာခပ်သိမ်းကုန်တို့သည် အလ္လာဟ်အရှင်မြတ်၏ မူလဖန်ဆင်းတော်မူခြင်းဆိုင်ရာ အမိန့်တော်များကို စေတနာအလျောက်ဖြစ်စေ၊ စေတနာမပါရှိဘဲလျက်ဖြစ်စေ၊ နာခံနေကြရသည်သာ ဖြစ်ကုန်၏။ ထိုအရှင်မြတ်၏ အမိန့်တော်များ ရှေ့မှောက်တွင် အရာခပ်သိမ်းကုန်တို့သည် ဦးချလျက်သာ ရှိကုန်၏။ ဆာယာအရိပ်များ၏ ကြီးခြင်း၊ ငယ်ခြင်း၊ ဘယ်၊ ညာ ယိမ်းခြင်းများသည်လည်း ထိုအရှင်မြတ် ပြုစီရင်ထားတော်မူသည့်အတိုင်းသာ ဖြစ်ပေသည်။

وَّلَا ضَرًّا ۭ قُلْ هَلْ يَسْتَوِي
الْاَعْمٰى وَالْبَصِيْرُ ۙ اَمْ
هَلْ تَسْتَوِي الظُّلُمٰتُ
وَالنُّوْرُ ۚ اَمْ جَعَلُوْا لِلّٰهِ
شُرَكَاۗءَ خَلَقُوْا كَخَلْقِهٖ
فَتَشَابَهَ الْخَلْقُ عَلَيْهِمْ ۭ
قُلِ اللّٰهُ خَالِقُ كُلِّ شَيْءٍ
وَّهُوَ الْوَاحِدُ الْقَهَّارُ ۝۱۶

အသင်သည်(ငင်းတို့အား ဤသည်ကိုလည်း) ပြောဆိုမေးမြန်းပါဦးလေ။ (ဟယ်-အချင်းတို့)၊ သို့ပါလျက် အသင်တို့သည် ထိုအရှင်မြတ်အား စွန့်၍ မိမိတို့ကိုယ်နှင့် ပတ်သက်၍ပင် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းကိုလည်းကောင်း၊ အကျိုးယုတ်စေခြင်းကိုလည်းကောင်း၊*အစိုးမရသောအရာများကိုပင် အရာရာကို စီမံခန့်ခွဲ၍ပေးသူများ* [၁] ပြုလုပ်ခဲ့ကြလေပြီလော။

အသင်သည် (ငင်းတို့အား ဤသည်တို့ကိုလည်း)ပြောဆိုမေးမြန်းပါဦးလေ။ (ဟယ်-အချင်းတို့) စက္ခုအလင်းမရသောသူနှင့် စက္ခုအလင်းရသူသည် တူနိုင်ပါမည်လော။ [၂] သို့တည်းမဟုတ် အမှောင်နှင့် အလင်းရောင်သည် တူနိုင်ပါမည်လော။ သို့တည်းမဟုတ် ငင်းတို့သည် အလ္လာဟ်အရှင်မြတ်၌ အကြင် တွဲဖက်များကို ပြုလုပ်၍ထားခဲ့ကြသလော။ ထိုတွဲဖက်တို့သည် ထိုအရှင်မြတ် ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် ဖန်ဆင်းခဲ့ကြသည်ဖြစ်သလော။ သို့ဖြစ်ပေရာ ဖန်ဆင်းသောအရာသည် ငင်းတို့အပေါ်၌ ဆင်တူယိုးမှားဖြစ်ခဲ့သည် ဖြစ်သလော။ [၃]

---

① မူရ်ရစ်က်တို့သည် တစ်ဖက်တွင် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မှာ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပါသည်ဟု ထုတ်ဖော်ဝန်ခံကြ၏။ သို့တစေလည်း အခြားတစ်ဖက်တွင် တစ်စုံတစ်ရာ အကျိုးအပြစ် အလျှင်းမပေးနိုင်သောအရာများကိုလည်း ထိုအရှင်မြတ်နှင့် ယှဉ်တွဲ၍ ဆည်းကပ်ကိုးကွယ်နေကြ၏။ မူရ်ရစ်က်တို့၏ အယူအဆ အကျင့်အမူတို့ကား ကမောက်ကမ နိုင်လွန်းလှပေသည်။

② တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်သော 'မို့ဝဟ်ဟစ်ဒ်' သည် စက္ခုအလင်းရသူနှင့်တူသည်။ ထိုအရှင်မြတ်နှင့် ယှဉ်တွဲ၍ ဘုရားအများ ကိုးကွယ်သော 'မုရ်ရစ်က်'သည် စက္ခုအလင်းမရသော မျက်ကန်းနှင့်တူသည်။ 'တောင်ဟီးဒ်' သည် အလင်းရောင်ခြည်နှင့် တူသည်။ 'ရုရစ်က်' သည် အမိုက်မှောင်နှင့် တူသည်။ သို့ဖြစ်ပေရာ အမိုက်မှောင်များတွင် တဝဲလည်လည် အိုးနင်းခွက်နင်းဖြစ်နေသော 'မုရ်ရစ်က်' တစ်ဦးသည် အီမာန်၊ အိရ်ဖာန်၏ အသိဉာဏ် အမြော်အမြင်တည်းဟူသော အလင်းရောင်တွင် သွားလာ၍ လိုရာပန်းတိုင်သို့ ရောက်ရှိနေသော 'မို့ဝဟ်ဟစ်ဒ်' တစ်ဦးနှင့် အသို့လျှင် တူနိုင်အံ့နည်း။ အလျှင်းမတူချေ။

③ အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ မုရ်ရစ်က်များ ကိုးကွယ်သောအရာများသည် အလ္လာဟ်အရှင်မြတ် ➤➤

(အိုး-နဗီတမန်တော်)အသင်သည်(ငင်းတို့အား ဤသို့)ပြောဆိုဖြေကြားပါလေ။ (ဟယ်-အချင်းတို့) အလ္လာဟ်အရှင်မြတ် သည်သာလျှင် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ ငင်းပြင် ထိုအရှင်မြတ်သည်လျှင် တစ်ဆူတည်းသောအရှင်၊ နှိမ်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

أَنزَلَ مِنَ السَّمَآءِ مَآءً فَسَالَتْ أَوْدِيَةٌۢ بِقَدَرِهَا فَٱحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا ۚ وَمِمَّا يُوقِدُونَ عَلَيْهِ فِى ٱلنَّارِ ٱبْتِغَآءَ حِلْيَةٍ أَوْ مَتَاعٍ زَبَدٌ مِّثْلُهُۥ ۚ كَذَٰلِكَ يَضْرِبُ ٱللَّهُ ٱلْحَقَّ وَٱلْبَٰطِلَ ۚ فَأَمَّا

၁၇။ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှာ (မိုး) ရေကို ရွာသွန်းစေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ချောင်း၊ လျိုး၊ ရိုးများသည် မိမိတို့၏အဝင်အဆုံးနှင့် လျော်ညီစွာ စီးတွေ့၍လာခဲ့ကြလေသည်။ တစ်ဖန် ပြင်းစွာစီးသော ထိုရေစီးသည် တက်၍နေသော ရေမြှုပ်ကို အထက်သို့ ချီဆောင်၍ လာခဲ့လေသည်။ ထိုနည်းတူ စွာလူတို့သည် လက်ဝတ်လက်စားသော်လည်းကောင်း၊ (အခြား) အသုံးအဆောင် ကိရိယာပစ္စည်းသော်လည်းကောင်း၊ ပြုလုပ်အံ့သောငှာ (ဖိုထဲ၌) မီးချကြကုန်သောဓာတ်သတ္တုများတွင်လည်း ယင်းကဲ့သို့ပင်အမြှုပ်အချေးသည် ရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် အမှန်နှင့်အမှားကို ပုံခိုင်းတော်မူလေသည်။

➤➤ ဖန်ဆင်းတော်မူသကဲ့သို့ တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းနိုင်ကြသည်ဟူ၍ အလျင်းမရှိပေ။ စကားအဖြစ် အကယ်တန္တ ထိုအရာများသည် တစ်စုံတစ်ရာကို အမည်မှည့်ရုံမျှပင် ဖန်ဆင်းနိုင်ခဲ့သည်ရှိပါက ဖန်ဆင်းမှုတွင် ဆင်တူရိုးမှား ဖြစ်၍ မုန့်ရစ်က်တို့သည် ထိုအရာများကို မေ့မှားပြီး အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်မိကြသည်ဟု ဆိုပါလျှင် ဆိုစေဦးတော့။ ယခုမူ တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းနိုင်သည်လည်း အလျင်းမရှိ၊ ဖန်ဆင်းနိုင်ရန်ဝေးစွ။ ငင်းတို့သည်ပင်လျှင် အခြားအဖန်ဆင်းခံ အရာများကဲ့သို့ အလ္လာဟ်အရှင်မြတ် စီရင်ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံ အရာများသာလျှင် ဖြစ်ကြပေသည်။ သို့ပါလျက် ယင်းကဲ့သို့ တစ်စုံတစ်ရာ အစွမ်းသတ္တိမရှိသော အရာများကို အနန္တ တန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းမှာ မိုက်တွင်းနက်ခြင်းပင်။

الزَّبَدُ فَيَذْهَبُ جُفَآءً ۚ وَأَمَّا مَا يَنفَعُ النَّاسَ فَيَمْكُثُ فِي الْأَرْضِ ۚ كَذَٰلِكَ يَضْرِبُ اللَّهُ الْأَمْثَالَ ﴿١٧﴾

لِلَّذِينَ اسْتَجَابُوا لِرَبِّهِمُ الْحُسْنَىٰ ۚ وَالَّذِينَ لَمْ يَسْتَجِيبُوا لَهُ

သို့ဖြစ်ပေရာအညစ်အကြေးသည် အသုံးမကျသောအရာအဖြစ် အချည်းနီးဖြစ်သွားလေတော့သည်။ သို့ရာတွင် လူတို့အဖို့ အသုံးဝင်သောအရာမှာမူကား ကမ္ဘာမြေဝယ် ကျန်ရှိ၍ နေလေသည်။ အလ္လာဟ် အရှင်မြတ်သည် ဤနည်းအတိုင်းပင် ဥပမာ ပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူချေသတည်း။

၁၈။ မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို လက်ခံနာယူကြကုန်သောသူတို့အဖို့ အကောင်းမြတ်ဆုံးသောအကျိုးသည် ရှိပေသည်။

① အမှားအမှန်ပုံဆောင်ချက်

အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းချပေးတော်မူ၏။ ထိုအခါ ချောင်း၊ မြောင်းကြီးငယ်တို့သည် စီးတွေလေသည်။ ချောင်း၊ မြောင်းများတွင် ရေများစီးတွေသည့်အခါ မြေများ၊ အညစ်အကြေးများ၊ အမှိုက်သရိုက်များကြောင့် ရေသည် ညစ်နောက်၍ သွားပေသည်။ ထို့နောက် အညစ်အကြေးများသည် ရေပြင်ပေါ်သို့ တက်၍လာလေသည်။ အချို့ အညစ်အကြေးများသည် ရေမြှုပ်များဖြစ်၍ ပေါ်လာလေသည်။ ဤကဲ့သို့ပင် သံ၊ ခဲ၊ သွတ်၊ ကြေး၊ ငွေ ... စသည့် သတ္ထုများကို ဖိုတွင်ထည့်၍ ကျိုသောအခါတွင်လည်း အညစ်အကြေးများသည် အပေါ်သို့ တက်လာပေသည်။ အမြှုပ်များ၊ ချေးရည်များလည်း ထွက်ပေါ်လာပေသည်။ သို့ရာတွင် ထိုအညစ်အကြေးများ၊ အမြှုပ်များသည် တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်၍ သွားပေသည်။ အသုံးဝင်သော အရာများသည် (ဝါ) ရေများနှင့်သတ္ထုများသည် အောက်တွင်၊ မြေတွင်၊တစ်နည်း မြေပေါ်၌ ရှိသော လူသားတို့၏လက်တွင် ကျန်ရစ်နေခဲ့ပေသည်။

အမှားနှင့် အမှန်၏ သဘောမှာလည်း အထက်ပါ ပုံဆောင်ချက် သဘောအတိုင်းပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေများကို ရွာသွန်းချပေးတော်မူသည့်အတိုင်း တရားဒေသနာတော်များကိုလည်း မိမိထံတော်မှ ကမ္ဘာမြေပြင်ရှိ လူသားတို့ထံသို့ ပို့ချပေးတော်မူသည်။ တရားဒေသနာတော်များ ရောက်ရှိလာသောအခါ လူသားတို့၏ စိတ်နှလုံးများသည် မိမိတို့၌ရှိသော အရည်အချင်းများအလျောက် အကျိုးခံစားကြပေသည်။ ထို့နောက် အမှားနှင့်အမှန် တွေ့ဆုံသောအခါ အမှားသည် ရေမြှုပ်ပမာ အပေါ်သို့ ခေတ္တတက်လာပေသည်။ သာမန်အားဖြင့် ဆိုလျှင် အမှားသည် အမှန်ကိုပင် လွှမ်းမိုးသွားသည်ကဲ့သို့ ထင်ရသည်။ သို့ရာတွင် အမှား၏ မြင့်မောက်မှုသည် ခေတ္တခဏအဖို့သာဖြစ်သည်။ မကြာမီအတွင်း ထိုအမှားသည် ရေမြှုပ်ပမာ ပျောက်ကွယ် ပျက်စီးယိုယွင်း သွားမည်သာဖြစ်သည်။ အမှန်တရားမူကား အမြဲတစေ တည်ရှိနေပေသည်။ ဤကား မျက်မြင်ကိုယ်တွေ့ပင်။

ထို့အတွက်ကြောင့် မွတ်စ်လင်မ်တို့သည် အမှား၏ ခေတ္တခဏ မြင့်မောက်မှု၊ ကြီးပွားမှုများကိုကြည့်ပြီး စိတ်အားမငယ်ကြသင့်ပေ။ အထင်မှား အမြင်မှား မဖြစ်သင့်ကြပေ။

لَوْ أَنَّ لَهُم مَّا فِي الْأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لَافْتَدَوْا بِهِ ۚ أُولَٰئِكَ لَهُمْ سُوءُ الْحِسَابِ ۙ وَمَأْوَاهُمْ جَهَنَّمُ ۖ وَبِئْسَ الْمِهَادُ ﴿١٨﴾

သို့ရာတွင် ထိုအရှင်မြတ်၏ အမိန့်တော်ကို လက်ခံနာယူခြင်း မပြုခဲ့ကြသောသူတို့မူကား အကယ်၍ ဧကန်စင်စစ် ၎င်းတို့၌ ကမ္ဘာမြေဝယ်ရှိသမျှသော အရာဝတ္ထုအလုံးစုံတို့အပြင် ယင်းနှင့်အတူထိုမျှလောက် နောက်ထပ် ရှိပါလျှင်လည်း အမှန်ပင် ၎င်းတို့သည် ထိုအလုံးစုံတို့ကို လျော်ကြေးအဖြစ် ပေးကြမည်သာ တည်း။ ဤသူများပင်၎င်းတို့၌ အလွန်ပြင်းထန် ပူဆွေးဖွယ်ဖြစ်သော စစ်ဆေးမှုသည်ရှိချေမည်။ ထို့ပြင် ၎င်းတို့၏ နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်ပေမည်။ စင်စစ်သော်ကား ယင်းနေရာထိုင်ခင်း သည် အလွန်ပင် ဆိုးရွားလှပေသည်တကား။ [၁]

أَفَمَن يَعْلَمُ أَنَّمَا أُنزِلَ إِلَيْكَ مِن رَّبِّكَ الْحَقُّ كَمَنْ هُوَ أَعْمَىٰ ۚ إِنَّمَا يَتَذَكَّرُ أُولُو الْأَلْبَابِ ﴿١٩﴾

၁၉။ အကြင်သူသည် စကျွအလင်းမရရှိသော မျက်ကန်းကဲ့သို့ဖြစ်နိုင်ပါမည်လော။ ထိုသူသည် အသင်၏ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ ကျရောက်လာသောအရာသည်အမှန်တရားပင် ဖြစ်သည်ဟုကောင်းစွာ ယုံကြည်လေသည်။ (စင်စစ်မှာမူကား) နိသမ္မဉာဏ်ရှင်တို့သည်သာသာလျှင် တရားကျကြကုန်သတည်း။ [၂]

---

① အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ထိုအရှင်မြတ်၏ အမိန့်တော်များနှင့်အညီ ကောင်းမွန်မြင့်မြတ်သော သီလများကို ဆောက်တည်ကြကုန်သော သူမွန်သူမြတ်တို့အဖို့ နှစ်ဘဝလုံး၌ပင် ကာယသုခ၊ စိတ္တသုခများ ရှိပေသည်။ ထိုသူမွန်သူမြတ်တို့သည် သုခ အစစ်အမှန်ကို ခံစားကြရပေမည်။ ဤကား မုအ်မင်နှ်တို့၏ နောက်ဆုံးအခြေတည်း။

သို့ရာတွင် ထိုအရှင်မြတ်အား သွေဖည်ငြင်းဆန် မနာခံကြသော သူယုတ်မာတို့သည် ဤပစ္စက္ခဘဝတွင် အသို့ပင် နေထိုင်ကြရလင့်ကစား နောင်တမလွန်ဘဝတွင်မူ အစအဆုံးမရှိသော ဒုက္ခများကို ခံစားကြရမည်မှာ အမှန်ပင်။ ၎င်းတို့သည် အဘယ်မျှ စိုးရိမ်ပူပန်ကြမည်ဆိုလျှင်၊ အကယ်တန္တ ၎င်းတို့၌ ကမ္ဘာအဝန်းရှိ ဘဏ္ဍာတော်တိုက်များရှိပါက ထိုမျှမက ထိုဘဏ္ဍာတော်တိုက်များအပြင်၊ ထိုမျှပင် နောက်ထပ်ရှိပါကလည်း ၎င်းတို့သည် ထိုထိုသော ဘဏ္ဍာတော်တိုက်အားလုံးတို့ကို မိမိတို့ ဘေးဒုက္ခများမှ လွတ်ကင်းကြရန်အတွက် လျော်ကြေးအဖြစ် ပေးပစ်ကြမည်သာ ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့၌ ထိုအချိန်တွင် ဥစ္စာပစ္စည်းဟူ၍ တစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။ တစ်စုံတစ်ရာမျှလည်း လျော်ကြေးပေးနိုင်မည် မဟုတ်ပေ။ ➤➤

الَّذِيْنَ يُوْفُوْنَ بِعَهْدِ اللّٰهِ وَلَا يَنْقُضُوْنَ الْمِيْثَاقَ ﴿٢٠﴾

၂၀။ (ထိုပညာရှင်များကား) အကြင်သူများတည်း၊ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထားရှိသော ပဋိညာဉ်ခံဝန်ချက်ကို ကျေပြွန်စွာ ဆောင်ရွက်ကြပေသည်။ ထို့ပြင် (ယင်း) ပဋိညာဉ်ခံဝန်ချက်ကို မဖောက်ဖျက်ကြပေ။ မချိုးဖောက်ကြပေ။ [၁]

وَالَّذِيْنَ يَصِلُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ وَيَخْشَوْنَ رَبَّهُمْ وَيَخَافُوْنَ سُوْٓءَ الْحِسَابِ ﴿٢١﴾

၂၁။ ၎င်းပြင်ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က ဆက်စပ်၍ထားရှိရန် အမိန့်ပေးတော်မူသည့် အဆက်အသွယ်များကို ဆက်စပ်၍ ထားရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြကုန်၏။ ထိုမှတစ်ပါး၎င်းတို့သည်အလွန်ပူဆွေးဖွယ်ဖြစ်သော စစ်ဆေးမှုကိုလည်း *စိုးရိမ်ကြောင့်ကြကြကုန်သတည်း*။ [၂]

➤➤ အလ္လာဟ်အရှင်မြတ်ကလည်း လက်ခံတော်မူမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် ငရဲဘုံနန်းစံမြန်းကြရမည်သာ ဖြစ်သည်။ ဤကား ကာဖိရ်မုရ်ရစ်က်တို့၏ နောက်ဆုံးအခြေတည်း။

(၂) အထက်တွင် မုအ်မင်နှင့် ကာဖိရ်များ၏ နောက်ဆုံးလားရာဘုံများကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ယင်းကဲ့သို့ဖြစ်ရခြင်းမှာ အသိဉာဏ် အမြော်အမြင်နှင့်လည်း ကိုက်ညီကြောင်း မိန့်ဆိုထားတော်မူသည်။ အဘယ့်ကြောင့်ဆိုသော် အမိုက်မောင်များတွင် စမ်းတဝါးဝါးဖြစ်နေသော၊ စိတ်မျက်စိ ကန်းနေသော ဉာဏ်ကန်း၊ အသိကန်းတစ်ဦးသည် စိတ်မျက်စိကောင်း၍ အမြင်မှန်ရကာ အမှန်တရား၏ အရသာအမြိုက်ကို ခံစားနေသူတစ်ဦးနှင့် အသို့လျှင်တူနိုင်အုံးနည်း။ အလျှင်းမတူနိုင်ပေ။

ဤအာယတ်တော်တွင် 'အသင်၏ အရှင်ထံတော်မှ အသင့်ထံသို့ကျရောက်လာသော တရားဒေသနာတော်ကို အမှန်ဟူ၍ ယုံကြည်သူသည်' မုအ်မင်၌၊ မွတ်စ်လင်မ်ကို ဆိုလိုသည်။ ဤအာယတ်တော်တွင် 'မျက်ကန်း' ဟူသည် ကာဖိရ်ကိုဆိုလိုသည်။ ဤအာယတ်တော်တွင် 'အသင်၏အရှင်ထံတော်မှ အသင့်ထံသို့ကျရောက်လာ သော တရားဒေသနာတော်' ဟူသည် ကုရ်အာန်ကျမ်းမြတ်ကို ဆိုလိုသည်။

③ <u>စင်ကြယ်သန့်ရှင်းအပြစ်ကင်းသည့် ဉာဏ်ရှင်များ၏ ဂုဏ်ပုဒ်များ</u>။

(က) စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် ဉာဏ်ရှင်များသည် အလ္လာဟ်အရှင်မြတ်၏ ပဋိညာဉ်တော်ကို ဦးထိပ်ထားကြသည်။ ပဋိညာဉ်တော်နှင့်အညီ လိုက်နာကျင့်ကြသည်။ ပဋိညာဉ်တော်ကို စိုးစဉ်းမျှ မချိုးဖောက်ကြပေ။

'အလ္လာဟ်အရှင်မြတ်၏ ပဋိညာဉ်တော်' ဟူသည် 'အဇလ်' နေ့တွင် 'အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ အရှင်သခင် အမှန်ပင်ဖြစ်တော်မူပါသည်' ဟူ၍ လူသားတို့ အာမဘန္ဓေ ခံယူခဲ့ကြသည့် ပဋိညာဉ်တော်ကို ဆိုလိုသည်။

ဤအကြောင်း ကုရ်အာန်-(၇:၁၇၂)တွင် ပါရှိသည်။ ➤➤

وَالَّذِينَ صَبَرُوا ابْتِغَاءَ وَجْهِ رَبِّهِمْ وَأَقَامُوا الصَّلَاةَ وَأَنفَقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً وَيَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ أُولَٰئِكَ لَهُمْ عُقْبَى الدَّارِ ﴿٢٢﴾

၂၂။ ထိုမှတစ်ပါး၊ ငင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ နှစ်သက်မှုကို ရှာဖွေဆည်းပူးရာ၌ *တည်တံ့ကြံ့ခိုင်စွာ* ရှိကြကုန်၏။ [၁] ၎င်းပြင် ထိုသူတို့သည် ဆွေလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ [၂] ထိုနည်းတူစွာ ယင်းတို့သည် ငါအရှင်မြတ် ၎င်းတို့အား ချီးမြှင့် ပေးသနားတော်မူခဲ့သည့်ဥစ္စာပစ္စည်းများအနက်မှ လျှို့ဝှက်စွာတဖုံ၊ ထင်ရှားစွာတမျိုးလှူဒါန်းသုံးစွဲကြကုန်၏။ [၃] ထိုမှတပါး၊ ငင်းတို့သည် မကောင်းမှုကို ကောင်းမှုဖြင့် လွှဲဖယ်တုံ့ပြန်ကြကုန်၏။ [၄] ဤကဲ့သို့သောသူတို့အဖို့ နောင်တမလွန်ဘဝ၏ ကောင်းကျိုးသည် [၅] ရှိပေသတည်း။

➤➤ အချို့က ဤ (عهد الله) 'အဟ်ဒုလ္လာဟ်' 'အလ္လာဟ်အရှင်မြတ်၏ ပဋိညာဉ်တော်' ဟူသော ပုဒ်သည် (حقوق الله) 'ဟုကူကုလ္လာဟ်' 'အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ လူသားတို့ လိုက်နာကျင့်သုံးရမည့် တာဝန်များ' ဟူသောပုဒ်နှင့် အဓိပ္ပါယ်တူဖြစ်သည်ဟု ဆိုကြသည်။ ထိုတာဝန်များတွင် အနိမ့်ဆုံးအဆင့်မှာ အပြစ်ကြီးများ၏ ရှောင်ကြဉ်ခြင်းဖြစ်သည်။

ကျန်အချက်များကို လာမည့်အာယတ်တော်များ၏ သက်ဆိုင်ရာရှင်းချက်အသီးသီးတွင်ကြည့်ပါ။

① (ခ) အထက်တွင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ဉာဏ်ရှင်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ် အရပ်ရပ်ကို လိုက်နာကျင့်သုံးကြသည်ကဲ့သို့ ကမ္ဘာသူကမ္ဘာသားများနှင့် ပတ်သက်၍ လူသားတို့ လိုက်နာကျင့်သုံးကြရမည့် တာဝန်များကိုလည်းကျေပြန်စွာ ထမ်းဆောင်ကြပေသည်။

② (ဂ) စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် ဉာဏ်ရှင်များသည် ဒုက္ခကြီးငယ်များနှင့် တွေ့ကြုံကြရသည့်အခါကြံ့ခိုင်စွာ ရှိကြသည်။ သည်းခံကြသည်၊ ဘေးဒုက္ခများကို ထိတ်လန့်ပြီး အမိန့်တော်ကို မသွေဖည်ကြပေ၊ အကုသိုလ်များကိုလည်း မကျူးလွန်ကြပေ။

ယင်းသို့ သည်းခံခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့တော်မူခြင်းကို လိုလားသည့်အတွက်သာဖြစ်သည်။ လူ့လောက လူသားတို့၏ ချီးမွမ်းခြင်းကို ခံမင်၍လည်းမဟုတ်၊ မဖြစ်သာ၍ သည်းခံခြင်းမျိုးလည်းမဟုတ်ပေ။

③ (စ) စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် ဉာဏ်ရှင်များသည် တရားတော်နှင့်အညီ ဆွေလာတ်ဝတ်ပြုကြသည်။ ဆွေလာတ်ဝတ်ပြုမှုသည် အဘယ်မျှ အရေးကြီးသည်ကို ရှေ့တွင်ဖေါ်ပြရေးသားခဲ့ပေပြီ။

④ (ဆ) စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့်ဉာဏ်ရှင်များသည် မိမိတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသည့် ဥစ္စာပစ္စည်းနှင့် စွမ်းရည်သတ္တိများ အနက် လျှို့ဝှက်စွာတမျိုး၊ အထင်အရှားတဖုံ သုံးစွဲကြသည်။

⑤ (ဇ)စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် ဉာဏ်ရှင်များသည် မကောင်းမှုကို ကောင်းမှုနှင့်တုံ့ပြန်ကြသည်။

ဥပမာ-သူတစ်ပါးက ခက်ထန်ကြမ်းကြုတ်ရုန့်ရင်းစွာ ဆက်ဆံလျှင် မိမိတို့က နူးညံ့သိမ်မွေ့စွာ ➤➤

جَنَّٰتُ عَدۡنٖ يَدۡخُلُونَهَا وَمَن صَلَحَ مِنۡ ءَابَآئِهِمۡ وَأَزۡوَٰجِهِمۡ وَذُرِّيَّٰتِهِمۡ وَٱلۡمَلَٰٓئِكَةُ يَدۡخُلُونَ عَلَيۡهِم مِّن كُلِّ بَابٖ ٢٣

၂၃။ (ဆိုလိုသည်ကား ၎င်းတို့အဖို့) ထာဝရတည်သော ဥယျာဉ်များသည် (ရှိပေမည်)၊ ၎င်းတို့သည် ထိုဥယျာဉ်များသို့ (မိမိတို့ကိုယ်တိုင်လည်း)ဝင်ရောက်ကြပေမည်။ ထိုမှတစ်ပါး ယင်းတို့၏ အဘ၊ ဘိုး၊ ဘေးတို့အနက်မှလည်းကောင်း၊ ယင်းသူတို့၏ကြင်ယာကြင်ဖက်တို့အနက်မှလည်းကောင်း၊ ယင်းတို့၏ သား၊ မြေး၊ မြစ်တို့အနက်မှလည်းကောင်း၊ (ဣန္ဒတ်၏) ထိုက်တန်သောသူတို့သည်လည်း [၁] (ဝင်ရောက်ကြပေမည်)၊ ၎င်းပြင် မလာအိကဟ်ကောင်းကင်တမန်များသည် ထိုသူတို့ထံသို့ တံခါးတိုင်းမှ ဝင်ရောက်ကြပေမည်။

سَلَٰمٌ عَلَيۡكُم بِمَا صَبَرۡتُمۡ فَنِعۡمَ عُقۡبَى ٱلدَّارِ ٢٤

၂၄။ (ယင်း'မလာအိကဟ်' ကောင်းကင်တမန်များသည် ၎င်းတို့ထံဝင်ရောက်ကြသောအခါ ဤသို့နှုတ်ခွန်းဆက်သပြောဆိုကြမည်ဖြစ်၏။) အသင်တို့သည် (လောကီဘဝ၌) ခန္တီတရားထားရှိ၍ တည်တံ့ကြံ့ခိုင်စွာ ရှိခဲ့ကြသည့်အတွက် ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်၌ ကျရောက်ပါစေသား။ ဤတမလွန်ဘဝ၌ (အသင်တို့ခံစားကြရမည့်) အကျိုးသည် အလွန်ကောင်းမြတ်လှပေသည်တကား။

➤➤ ဆက်ဆံကြသည်။ သူတစ်ပါးက ကျူးလွန်စော်ကားလျှင် မိမိတို့က (ခွင့်လွှတ်ခြင်းဖြင့် မကောင်းမှုကို အားပေးရာမရောက်ပါက) ခွင့်လွှတ်ကြသည်။ အကုသိုလ်ကိုရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုကို အားထုတ်ကြသည်။ မေ့မှား၍ မကောင်းမှုတစ်စုံတစ်ခုကို ကျူးလွန်မိကြလျှင် ဝန်ချတောင်းပန်ပြီး ကျူးလွန်မိသည့် မကောင်းမှုအစားကောင်းမှုပြုကြသည်။

① အထက်ပါ ဂုဏ်ပုဒ်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့အဖို့ ကောင်းမွန်သော အကျိုး(ဝါ)ဣန္ဒတ်ဥယျာဉ်မြတ်ရှိပေသည်။

② ဤအာယတ်တော်တွင် (ءَابَآئِهِمۡ) 'အာဗာအ်' = 'အဘများ' ဟူ၍ ပါရှိ၏။ ယင်းပုဒ်တွင် မိခင်များလည်း အကျုံးဝင်လျက်ရှိသည်ကို သိအပ်ကြရာ၏။

အထက်တွင် ဖော်ပြပါရှိသော ဂုဏ်ပုဒ်များနှင့် ပြည့်စုံကြသည့် ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့သည် ထာဝရ ဣန္ဒတ်ဥယျာဉ်မြတ်တွင် စံမြန်းကြရမည်။ ယင်းသို့စံမြန်းရာတွင် ၎င်းတို့နှင့်အတူ ၎င်းတို့မိဘ၊ ➤➤

وَالَّذِينَ يَنقُضُونَ عَهْدَ اللَّهِ مِن بَعْدِ مِيثَاقِهِ وَيَقْطَعُونَ مَا أَمَرَ اللَّهُ بِهِ أَن يُوصَلَ وَيُفْسِدُونَ فِي الْأَرْضِ أُولَٰئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ ﴿٢٥﴾

၂၅။ သို့ရာတွင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့် ထားရှိသော ပဋိညာဉ် ဝန်ခံချက်ကို ယင်း ပဋိညာဉ်ခံဝန်ချက်ကို အခိုင်အမာပြုလုပ်ပြီးနောက် ဖောက်ဖျက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်က ဆက်စပ်၍ထားရန် အမိန့်ပေးတော်မူသည်များကိုလည်း ဖြတ်တောက်ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည် ကမ္ဘာမြေဝယ် ဆူပူ သောင်းကျန်းလျက်လည်း ရှိကြကုန်၏။ ထိုကဲ့သို့သူတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည်ရှိပေမည်။ ထိုမှတပါး၊ ၎င်းတို့၌ ထိုလောက၏အကျိုးယုတ်မှုသည်လည်း ရှိပေမည်သတည်း။ [၁]

اللَّهُ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ وَفَرِحُوا بِالْحَيَاةِ الدُّنْيَا ۚ وَمَا الْحَيَاةُ الدُّنْيَا فِي الْآخِرَةِ إِلَّا مَتَاعٌ ﴿٢٦﴾

၂၆။ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား [၂] စားနပ်ရိက္ခာကိုတိုးချဲ့၍ပေးတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော်မူသောသူ၏အပေါ်၌ စားနပ်ရိက္ခာကို) ကျဉ်းမြောင်းစေတော်မူ၏။ သို့ရာတွင် ထိုသူတို့သည် ဤလောကီဘဝ၌ အသက်ရှင်မှုကြောင့်ပင် ဝမ်းမြောက်ရွှင်မြူးခဲ့ကြလေသည်။ စင်စစ်မှာမူကား ဤလောကီဘဝ၌ အသက်ရှင်မှုသည် *အနည်းငယ် တဒင်္ဂမျှ အကျိုးခံစားခြင်းသာလျှင် ဖြစ်ပေသတည်း*။ [၃]

➤➤ သားသမီး၊ ဇနီးတို့အနက် ကောင်းမှုကုသိုလ် အကျိုးများကြောင့် ဂျန္နတ်နှင့် ထိုက်တန်ကြသော သားချင်းများသည်လည်း အတူ စံမြန်းကြရပေမည်။

① အထက်တွင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့်ဘဏ်ရှင် သူတော်စင် မွတ်စ်လင်မ်တို့၏ ဂုဏ်ပုဒ်များကို မိန့်ဆိုထားတော်မူသည်။ ဤအာယတ်တော်တွင် သူယုတ်မာများ၏ အကျင့်အကြံများကို ထုတ်ဖော် မိန့်ဆိုထားတော်မူသည်။ ယင်းသူယုတ်မာများသည် အလ္လာဟ်အရှင်မြတ်၏ ပဋိညာဉ်တော်ကို ချိုးဖောက်ကြသည်၊ ထိုအရှင်မြတ်က ဆက်သွယ်ထားရန် အမိန့်ပေးထားတော်မူသည့်အရာများနှင့် အဆက်ဖြတ်ကြပေသည်။ တိုင်းပြည်တွင် ဆူပူသောင်းကျန်းကြပေသည်။ ၎င်းတို့သည် သူတစ်ပါးတို့ကိုလည်း နှိပ်စက်ညှင်းပန်းကြပေသည်။ မိမိတို့ကိုယ်ကိုလည်း နှိပ်စက်ညှင်းပန်းကြပေသည်။ ဤသို့သော သူယုတ်မာများသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် ကင်းဝေး၍ အလွန်ဆိုးရွားသော ဒုဂတိသို့လားကြရပေမည်။

وَيَقُولُ الَّذِينَ كَفَرُوا لَوْلَا أُنْزِلَ عَلَيْهِ آيَةٌ مِنْ رَبِّهِ قُلْ إِنَّ اللَّهَ يُضِلُّ مَنْ يَشَاءُ وَيَهْدِي إِلَيْهِ مَنْ أَنَابَ ﴿٢٧﴾

၂၇။ ထို့ပြင် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သောသူတို့က ၎င်း၏အပေါ်၌ ၎င်းအားမွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အထံတော်မှ တန်ခိုးပြာဋိဟာတစ်ရပ်ရပ်သည် အဘယ့်ကြောင့် ချပေးခြင်းကို မခံခဲ့ရပါသနည်းဟု ပြောဆိုကြကုန်၏။

(အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား ဤသို့) ပြောဆိုဖြေကြားပါလေ၊ (အချင်းတို့) ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည်မိမိအလိုရှိတော်မူသောသူတို့အား လမ်းမှား၌ပင် ရှိစေတော်မူ၏။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိဘက်သို့ ပြန်လှည့်သောသူတို့ကိုမူကား တရားလမ်းမှန်ကိုပြသတော်မူပေသတည်း၊[၁]

---

(၂) လောကီစည်းစိမ်များကို ကြည့်ပြီး လူတစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ထိုသူ့အား အလ္လာဟ်အရှင်မြတ်လက်ခံတော်မူသည် ဟူ၍သော်လည်းကောင်း၊ ထိုသူ့အား လက်ခံတော်မူသည်မဟုတ် ဟူ၍သော်လည်းကောင်း ယတိပြတ် အဆုံးအဖြတ် မပေးနိုင်ရာ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အချို့ပုဂ္ဂိုလ်များအား ဥစ္စာပစ္စည်း အမြောက်အမြား ပေးထားတော်မူသည်။ ဤသည်ကိုကြည့်၍ အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား လက်ခံနှစ်သက် မြတ်နိုးတော်မူသည်ဟူ၍ မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် မိမိနှစ်သက်မြတ်နိုးသော အချို့ပုဂ္ဂိုလ်များအား စမ်းသပ်တော်မူလိုသည့် သဘောဖြင့် ဆင်းရဲနွမ်းပါးသည့်အဖြစ်၌ ထားရှိတော်မူသည်။ အချို့သူယုတ်တို့အားလည်း ထိုအရှင်မြတ်သည် ခေတ္တလုန်စား၊ အလျှော့ပေးထားတော်မူသည့်အတွက် ၎င်းတို့သည် လောကီစည်းစိမ်များတွင် နစ်မွန်း၍ နေကြပေသည်။ ဤသည်ကိုထောက်ရှုခြင်းအားဖြင့် ပုဂ္ဂိုလ်အသီးသီးတို့သည် မိမိတို့၏ ကောင်းကျိုးဆိုးကျိုးများကို အတိအကျ ခံစံနိုင်ရန်အတွက် ဤပစ္စက္ခဘဝ၏နောက်တွင် တမလွန်ဘဝရှိသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။ ထို့ပြင်တစ်ဝ ဥစ္စာပစ္စည်း ပေါများခြင်း၊ ဥစ္စာပစ္စည်း ချို့တဲ့ခြင်းများသည်လည်း အလ္လာဟ်အရှင်မြတ်၏ထံတော်၌ လက်ခံတော်မူခြင်း၊ လက်ခံတော် မူသည် မဟုတ်ခြင်းတို့ အတွက် စံချိန် (မှတ်ကျောက်) မဟုတ်သည်ကိုလည်း ကောင်းစွာ သိရှိနိုင်ပေသည်။

(၃) ဤပစ္စက္ခဘဝသည် သခ်ါရမျှသာဖြစ်သည်။ နောင်တမလွန်ဘဝသည် ထာဝရဖြစ်သည်။ ဤပစ္စက္ခသည် အကြောင်းဖြစ်သည်။ နောင်တမလွန်ဘဝသည် အကျိုးဖြစ်သည်။ တစ်နည်းဆိုသော် ဤပစ္စက္ခဘဝသည် နောင်တမလွန်ဘဝ၌ သီးနှံစားသုံးနိုင်ရန် စိုက်ပျိုးရာလယ်ယာမျှသာဖြစ်ပေသည်။ အဓိကမဟုတ်၊ ပန်းတိုင်မဟုတ်၊ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်-(၃၁၃-၁၄။ ၃၁၈၄။ ၃၁၁၅-၁၉၇။ ၄၃၇၇။ ၉၃၃၈။ ၁၆၃၁၇။ ၅၇၃၂၀-၂၁။ ၈၇၃၁၆-၁၇)တွင် ရှုပါကုန်။

(၄) မက္ကာမြို့သား ကာဖိရ်များသည် သက်သေလက္ခဏာတော်အမြောက်အများကို တွေ့မြင်ခဲ့ကြရသည်၊ ➤➤

➤➤ သို့တစေလည်း၊ ၎င်းတို့က 'ကျားကျားမီးယပ်' ဆိုသကဲ့သို့ ကျွန်ုပ်တို့ တောင်းဆိုထားသော တန်ခိုးပြာဋိဟာများကို ပြုရမည်။ ဥပမာ-မက္ကာမြို့ရှိ တောင်များကို ဖယ်ရှားပြီး လယ်ယာလုပ်ကိုင်နိုင်ရန်အတွက် မြေပြန့်ဖြစ်အောင် လုပ်ပေးရမည်၊ သို့မဟုတ် သေဆုံးသွားပြီးဖြစ်ကြသောကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ တို့အား ပြန်လည်ရှင်ထစေပြီး ကျွန်ုပ်တို့နှင့် စကားပြောအောင် လုပ်ပေးရမည်ဟု တောင်းဆိုကြသည်။ ဆိုလိုသည်ကား-ကျွန်ုပ်တို့အား မလွဲမရှောင်သာ မယုံကြည်ဘဲ မနေနိုင်သည်အထိ ဖြစ်အောင် တန်ခိုးပြာဋိဟာ တစ်ပါးပါးကို ပြသရမည်ဟု ပြောကြသည်။

၎င်းတို့၏တောင်းဆိုချက်နှင့်စပ်လျဉ်း၍ ဖြေကြားထားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရာရာကို ပြုနိုင်စွမ်းတော်မူသောအရှင် ဖြစ်တော်မူသည်၊ သို့ပြုစွမ်းနိုင်တော်မူသော်လည်း 'ဟစ်က်မတ်' ရွေဉာဏ်တော်နှင့် မကိုက်ညီပါက ဖြည့်စွမ်းပေးတော်မူသည် မဟုတ်ချေ။

တမန်တော်တစ်ပါး၊ ဟုတ်မှန်ကြောင်းနှင့် စပ်လျဉ်း၍ အခြေအနေအရ လိုအပ်သမျှသော သက်သေလက္ခဏာတော်များကို ပြသတော်မူပြီးဖြစ်သည်။ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ နဗီဖြစ်မှု ဟုတ်မှန်ခြင်းနှင့်စပ်လျဉ်း၍ အခြားသက်သေလက္ခဏာများကို ထားဘိဦး၊ ကုရ်အာန်ကျမ်းမြတ် တစ်စောင်တည်းပင်လျှင် လုံလောက်ပေသည်။ သို့တစေလည်း၊ ယင်းကာဖိရ်များသည် ထိုထိုသော သက်သေလက္ခဏာများကို တွေ့မြင်ကြရပါလျက် အမှန်တရားကို မနာခံကြပေ၊ ဤသို့ ထင်ရှားခိုင်လုံသော သက်သေလက္ခဏာများကို တွေ့မြင်ရပါလျက် မယုံကြည်ကြပါ၊ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ မလှည့်ကြပါက ထိုအရှင်မြတ်သည် မိမိ၏ စွန့်တော်အတိုင်း ၎င်းတို့အား ၎င်းတို့အလိုရှိရာ လမ်းလွဲမှားမှု၌ပင် ထားရှိတော်မူရန် ဆုံးဖြတ်ထားတော်မူသည်ဟူ၍ပင် ယူဆရပေတော့မည်။

အကယ်၍သာလျှင် ၎င်းတို့သည် အမြင်မှန်ရ၍ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ လှည့်ကြပါက ထိုအရှင်မြတ်သည် မိမိ၏စွန့်တော်အတိုင်း ၎င်းတို့အား တိုးတက်ကြီးပွားစေတော်မူ၍ အောင်မြင်မှု အစစ်အမှန် ရရှိရန် လမ်းစဉ်များကို မုချပြသတော်မူပေမည်။ ယခုမူ ယင်းကာဖိရ်များသည် မှန်ကန်သော တရားလမ်းစဉ်ကို ၎င်းတို့ကိုယ်တိုင်ကပင်လျှင် မလိုလားကြပေရာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား တရားမှန်ကို လက်ခံရန် အတင်းအဓမ္မ ပြုတော်မမူလိုပေ။ သို့ဖြစ်ပေရာ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြသရန်အကြောင်းပင် မရှိတော့ပေ။

ယင်းကာဖိရ်များတောင်းဆိုသော တန်ခိုးပြာဋိဟာများကို မပြသခြင်းသည် ၎င်းတို့အဖို့ အကောင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကဲ့သို့တောင်းဆိုသော တန်ခိုးပြာဋိဟာကို ပြသတော်မူပြီးသည့်နောက် မလိုက်နာကြပါက အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သောသူများအား လုံးဝ ကွပ်မျက် ဖျက်ဆီးပစ်တော်မူသည်သာ ဖြစ်ခြင်းကြောင့်ဖြစ်သည်။

ဟဒီးဆ်တော်၌ လာရှိသည်မှာ အလ္လာဟ်အရှင်မြတ်က 'အို-၊ မုဟမ္မဒ် (အကယ်၍ အသင်အလိုရှိလျှင် ငါအရှင်မြတ်သည် ကာဖိရ်များတောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြတော်မူမည်။ ယင်းသို့ပြသပြီးနောက်တွင် မလိုက်နာကြပါက ယခင်က လူသားတို့အား တစ်ကြိမ်တစ်ခါမျှ မပေးဘူးသော ပြစ်ဒဏ်မျိုးကို ငါအရှင်မြတ် ပေးတော်မူမည်ဖြစ်သည်။ အကယ်၍ အသင်အလိုရှိလျှင် 'တောင်ဗဟ်'နှင့် ကရဏာ၏တံခါးကို ဖွင့်ပေးထားတော်မူမည်' ဟုမိန့်ကြားတော်မူရာ တမန်တော်မြတ်က သို့ဖြစ်လျှင် တောင်ဗဟ်နှင့်ကရဏာ၏ တံခါးကို ဖွင့်ပေးထားတော်မူရန် လျှောက်ထား ပန်ကြားလေသည်။

ထိုသို့ တမန်တော်မြတ်က လျှောက်ထား ပန်ကြားခဲ့သည့်အတွက် အစ္စလာမ်သာသနာကို ➤➤

اَلَّذِيْنَ اٰمَنُوْا وَتَطْمَئِنُّ قُلُوْبُهُمْ بِذِكْرِ اللّٰهِ ۗ اَلَا بِذِكْرِ اللّٰهِ تَطْمَئِنُّ الْقُلُوْبُ ﴿٢٨﴾

၂၈။ အကြင်သူတို့သည် သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့၏ စိတ်နှလုံးများသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသခြင်းဖြင့် ငြိမ်းအေး ကြည်နူး၍သွားလေသည်။ ကောင်းစွာ မှတ်ယူကြလေကုန်၊ အလ္လာဟ် အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် စိတ်နှလုံးများသည် ငြိမ်းအေးကြည်နူး၍ သွားသည်ချည်းသာတည်း။ ၁

اَلَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ طُوْبٰى لَهُمْ وَحُسْنُ مَاٰبٍ ﴿٢٩﴾

၂၉။ အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ စိတ္တသုခ ကောင်းကြီးမင်္ဂလာသည်လည်းကောင်း၊ ၂ ထိုသူတို့အဖို့ (ဤပစ္စက္ခဘဝ၌) ကောင်းသော အခြေအနေသည်လည်းကောင်း၊ ကောင်းမြတ်သော (အကျိုးဆက်) ပြန်လည်ရာဌာနသည်လည်းကောင်း၊ ရှိချေသတည်း။

➤➤ မလိုမုန်းတီး၍ယင်းသို့ တန်ခိုးပြာဋိဟာ တောင်းဆိုသူများအနက် အမြော်အမြင်သည်ပင်လျှင် နောက်ဆုံးတွင် အစွန်လာမ်အတွင်းသို့ရောက်ရှိလာခဲ့ကြလေသည်။

② ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ လှည့်သူများ၏အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ၎င်းတို့သည် ထိုအရှင်မြတ်အား ယုံကြည်မြတ်နိုးကြသည်၊ ၎င်းတို့သည် ထိုအရှင်မြတ်အား အမြဲတစေ အောက်မေ့တသ သတိရကြသည်။ ယင်းသို့အောက်မေ့တသ သတိရကြသည့်အတွက် ၎င်းတို့၏ စိတ်နှလုံးများသည် အေးချမ်းငြိမ်သက်ကြည်နူးလျက်ရှိကြပေသည်။

လောကီစည်းစိမ်၊ ရာထူးဌာနန္တရ၊ တန်ခိုးအာဏာ စသည်တို့ဖြင့် စိတ်နှလုံးများ အေးချမ်း ကြည်နူးနိုင်သည်မဟုတ်၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းဖြင့်သာလျှင် စိတ်နှလုံးများသည် အေးချမ်းကြည်နူးနိုင်ပေသတည်း။

အလ္လာဟ်အရှင်မြတ်အားအောက်မေ့တသ သတိရခြင်းဖြင့် စိတ်နှလုံးသည် ထိုအရှင်မြတ်မှတစ်ပါး အခြားဘက်သို့ မပျံ့လွင့်တော့ပေ။ 'ရှစ်ရှက်' ဖြင့် စိတ်နှလုံးသည် ပျံ့လွင့်၏၊ 'တောင်ဟီးဒ်' သည် ယင်းသည့် ပျံ့လွင့်မှုကို တားဆီးပိတ်ပင်၍ အလ္လာဟ်အရှင်မြတ်အပေါ်၌သာ အာရုံစိုက်စေ၏။ တစ်စိတ်တစ်လက်တည်း ဖြစ်စေ၏။

အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်း၏ အကျိုးကား များပြားလှ၏၊ ထိုသည့်အကျိုးများတွင် ထိုအရှင်မြတ်အားကြောက်ရွံ့ရိုသေခန့်ညားခြင်းလည်း အပါအဝင်ဖြစ်သည်။ ကြည့်-ကုရ်အာန်(၈း၂)။ ➤➤

كَذَٰلِكَ أَرْسَلْنَٰكَ فِىٓ أُمَّةٍ قَدْ خَلَتْ مِن قَبْلِهَآ أُمَمٌ لِّتَتْلُوَا۟ عَلَيْهِمُ ٱلَّذِىٓ أَوْحَيْنَآ إِلَيْكَ وَهُمْ يَكْفُرُونَ بِٱلرَّحْمَٰنِ ۚ قُلْ هُوَ رَبِّى لَآ إِلَٰهَ إِلَّا هُوَ ۖ عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ مَتَابِ ﴿٣٠﴾

၃၀။ ဤနည်းအတိုင်းပင်ငါအရှင်မြတ်သည် အသင့်အား အကြင်လူမျိုးတစ်မျိုးထံသို့ ငါအရှင်မြတ်အသင့်ထံပို့တော်မူသော ကျမ်းဂန်ဒေသနာတော်ကို ၎င်းတို့ရွေ့ဝယ် ဖတ်ကြားအံ့သောငှာ စေလွှတ်တော်မူခဲ့၏။ [၁] ထိုလူမျိုးအလျင်ကလည်း လူမျိုးအသီးသီးတို့သည် လွန်လေပြီးဖြစ်ကုန်၏။ သို့ရာတွင် ဤလူမျိုးများကား ရဟ်မာန်(အနန္တကရုဏာတော်ရှင်)အား [၂] သွေဖည် ငြင်းပယ်လျက်ပင် ရှိကြကုန်၏။

(အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား ဤသို့)ပြောကြားပါလေ၊ (အချင်းတို့) ထိုအရှင်မြတ်သည်သာလျှင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတပါး: ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိပေ။ ထိုအရှင်မြတ်အပေါ်၌သာလျှင် ငါသည် လုံးဝ အားကိုးအားထားယုံပုံလွဲအပ်ခဲ့လေပြီ။ ထိုမှတစ်ပါး: ထိုအရှင်မြတ်ထံသို့ပင် ငါသည် ပြန်လည်၍သွားရမည် ဖြစ်သတည်း။

➤➤ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသသတိရခြင်းအားဖြင့် စိတ်နှလုံးသည် တစ်ဖက်တွင် ထိုအရှင်မြတ်အား ကြောက်ရွံ့ခန့်ညားလာ၏။ အခြားတစ်ဖက်တွင် ထိုအရှင်မြတ်မှတစ်ပါး: အရာခပ်သိမ်းတို့ဘက်မှ စိုးရိမ်ကြောက်ရွံ့မှု ကင်းလာ၏။ စိတ်ချလာ၏။ ဤသည့် ဖြစ်ရပ်နှစ်ခုသည် အချင်းချင်းဆန့်ကျင်သည် မဟုတ်သည်သာမက တစ်ခုကို တစ်ခု အထောက်အမပြုလျက်ပင်ရှိသည်။ ပြည့်စုံစေလျက်ပင် ရှိပေသည်။ ကြည့်-မာဂျီဒီ။

[၁] ဤအာယတ်တော်တွင် ပါရှိသည့် (طوبى) 'တူဗာ' ဟူသောပုဒ်ကို မုဖတ်စ်စစ်ရဲများသည် အမျိုးမျိုး အနက်ဖွင့်ကြပေသည်။

'တူဗာ' ဟူသည် ဂျန္နတ်အတွင်းရှိ အပင်တစ်ပင်၏ အမည်ဖြစ်သည်။ အဆိုတစ်ရပ်ရှိသည်မှာ- 'တူဗာ' ဟူသည် ပျက်စီးမှုမရှိသည့် တည်မြဲခြင်း။ ပျက်စီးမှုမရှိသည့် ဂုဏ်သိန်၊ ဆင်းရဲမှုမရှိသည့် ချမ်းသာကြွယ်ဝခြင်း . . . အစရှိသည့် ဂျန္နတ်ရှိကောင်းမြတ်သော အရာအားလုံးကို ရည်ညွှန်းသည်။ ရာယိဗ်။

[၂] အလ္လာဟ်အရှင်မြတ်သည် မိမိ၏ဘက်တော်သို့ လှည့်သောသူများအား အောင်မြင်ရန်လမ်းမှန်ကို ပြတော်မူသကဲ့သို့၊ ထိုအရှင်မြတ်သည် မိမိ၏ အနန္တကရုဏာတော်ဖြင့် အရဗ်အမျိုးသားတို့အား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဟောပြောနိုင်ရန်အတွက် ၎င်းတို့ထံသို့ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား စေလွှတ်တော်မူခဲ့သည်။ ➤➤

وَلَوْ اَنَّ قُرْاٰنًا سُيِّرَتْ بِهِ الْجِبَالُ
اَوْ قُطِّعَتْ بِهِ الْاَرْضُ اَوْ كُلِّمَ بِهِ
الْمَوْتٰى ۭ بَلْ لِّلّٰهِ الْاَمْرُ جَمِيْعًا ۭ اَفَلَمْ
يَايْــَٔسِ الَّذِيْنَ اٰمَنُوْٓا اَنْ لَّوْ يَشَاۗءُ
اللّٰهُ لَهَدَى النَّاسَ جَمِيْعًا ۭ
وَلَا يَزَالُ الَّذِيْنَ كَفَرُوْا تُصِيْبُهُمْ
بِمَا صَنَعُوْا قَارِعَةٌ اَوْ تَحُلُّ قَرِيْبًا

၃၁။ စင်စစ်မူကား အကယ်၍သာ အကြင်ကဲ့သို့သော ကုရ်အာန်တစ်စောင်သည် [၁] ရှိခဲ့အုံ။ ထိုကုရ်အာန်ဖြင့် တောင်များသည် လွှဲဖယ်ရွှေ့ပြောင်းခြင်းကို ခံကြရသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုကုရ်အာန်ဖြင့် ပထဝီမြေသည် အက်ကွဲစေခြင်းကို ခံရသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုကုရ်အာန်ဖြင့် သူသေများသည် စကားပြောဆိုစေခြင်းကို ခံကြရသည်ဖြစ်စေ၊ (သို့ဖြစ်ငြားလည်း ၎င်းတို့သည် အလျှင်းသင့်ဝင် ယုံကြည်ကြမည် မဟုတ်ပေ)။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာမူကား အလုံးစုံသောအမိန့်အာဏာတို့သည် အလွှာဟ်အရှင်မြတ်၌သာရှိချေသည်။

➤➤ တမန်တော်မြတ်အား ယခုကဲ့သို့ စေလွှတ်တော်မူခြင်းမှာ အထူးအဆန်းမဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် အတိတ်ခေတ်များတွင် အလွှာဟ်အရှင်မြတ်သည် လူမျိုးအသီးသီးထံသို့ တမန်တော်များကို စေလွှတ်တော်မူခဲ့၏၊ သို့ဖြစ်ပေရာ ထိုထိုသော အမျိုးသားတို့အနက် တမန်တော်များ၏ အဆုံးအမများကို သွေဖည်ငြင်းဆန်မနာခံသူများသည် ပြစ်ဒဏ်သင့်၍ မည်သို့မည်ပုံဆုံးရှုံး ပျက်စီးသွားရခဲ့ကြသည်များကို လက်ရှိအမျိုးသားများသည် သိထားသင့်ကြပေသည်။

① အန္တနကရုဏာတော်ရှင် ဖြစ်တော်မူသော (الرحمٰن) 'အလ်ရဟ်မာန်' (၀၊) အလွှာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန် ချမှတ်တော်မူခဲ့သည်။ တမန်တော်မြတ်အားလည်း ကမ္ဘာသူကမ္ဘာသားတို့အား ကရုဏာပွားများရန်အတွက် 'ကမ္ဘာကရုဏာတော်ရှင်' အဖြစ်နှင့် စေလွှတ်တော်မူခဲ့သည်။ သို့တစေလည်း ယင်းအရှင်အမျိုးသားတို့အနက် ကာဖိရ်များသည် ကျေးဇူးမသိတတ်ကြပေ၊ ကျေးဇူးကန်းကြပေသည်။ ယုတ်စွအဆုံး 'ဟုဒိုင်ဗိယဟ်' ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရာတွင် တမန်တော်မြတ်က 'အလ်ရဟ်မာန်' ဟူသောဂုဏ်တော်ကို ထည့်ပြီး (بِسْمِكَ اللّٰهُمَّ) ဟူ၍ ရေးသည့်အတွက် ယင်းကာဖိရ်များသည် အငြင်းအခုံ ပြုခဲ့ကြပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၂၅:၆၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ကာဖိရ်များသည် 'အလ်ရဟ်မာန်' အား ငြင်းဆိုကြသော်လည်း တမန်တော်မြတ်ကမူ 'ထိုသည့် အလ်ရဟ်မာန်' သည်ပင် အလွှာဟ်အရှင်မြတ် ဖြစ်တော်မူသည်၊ ထိုအရှင်မြတ်သည် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏အရှင်ဖြစ်တော်မူသည်၊ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိ၊ ကျွန်ုပ်သည် ထိုအရှင်မြတ်အားသာလျှင် ယုံပုံအားထားသည်ဟု ဖြေကြားတော်မူလိုက်လေသည်။

မှတ်ချက်။ 'အလ်ရဟ်မာန်' သည် အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်တစ်ပါးပင်ဖြစ်သည်။

ကြည့်-ကုရ်အာန်(၁၇:၁၁၀)။

② ဤအာယတ်တော်တွင်ပါရှိသော 'ကုရ်အာန်' ဟူသည် Common noun = ဝေါဟာရ နာမ်အဖြစ်သုံးနှုန်းထားတော်မူခြင်းသာဖြစ်သည်။ ဥပမာ-ဟဒီးဆ်ဆွဟီဟ် တစ်ခုတွင် ကုရ်အာန်ကျမ်းမြတ်ကိုပင် ➤➤

مِّن دَارِهِمْ حَتَّىٰ يَأْتِيَ وَعْدُ اللَّهِ ۗ إِنَّ اللَّهَ لَا يُخْلِفُ الْمِيعَادَ ﴿٤١﴾

သို့ပါလျက် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့သည် 'အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါလျှင် မလွဲဧကန်ထိုအရှင်မြတ်သည် လူခပ်သိမ်းတို့အား တရားလမ်းမှန်သို့ ပို့တော်မူခဲ့မည်ဖြစ်ကြောင်း' မသိခဲ့ကြလေသလော။

➤➤ 'ဇူရ်' ဟူ၍ သုံးနှုန်းထားသည်ကိုတွေ့ရှိရပေသည်။

ဆိုလိုသည်ကား အကယ်၍ အကြင်သို့သော ကျမ်းဂန်တစ်စောင်ကို ထုတ်ပြန်ချမှတ်တော်မူသည်ရှိသော်၊ ထိုကျမ်းဂန်ဖြင့် ကာဖိရ်များ တောင်းဆိုကြသည့် တန်ခိုးပြာဋိဟာများဖြစ်ပေါ်လာနိုင်သည်ရှိသော်၊ ထိုကျမ်းဂန်သည် ဤကုရ်အာန်ကျမ်းဂန်အပြင် အဘယ်ကျမ်းဂန်ဖြစ်နိုင်အုံနည်း။

ဤကုရ်အာန်ကျမ်းမြတ်သည် နာမ်သဘောအားဖြင့်၊ စိတ်ဓါတ်သဘောအားဖြင့်၊ တောင်များသဖွယ် မာကျောခဲယဉ်းသော စိတ်နှလုံးများကိုပင် နူးညံ့သိမ်မွေ့စေခဲ့၏၊ လူသားတို့၏ စိတ်နှလုံးတည်းဟူသောမြေကို ခွဲစိတ်ပြီး အလ္လာဟ်အရှင်မြတ်အား သိခြင်းတည်းဟူသော စမ်းရေချောင်းများကို စီးတွေစေခဲ့၏၊ အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ ရောက်နိုင်ရန်ခရီးမှာ အလွန်အလွန် ရှည်လျား ဝေးကွာလှသော်လည်း ထိုသည့်ခရီးလမ်းကို အချိန်အနည်းငယ်ဖြင့် ရောက်ရှိနိုင်ရန်အတွက် အဆိုပါခရီးကို တိုတောင်းစေခဲ့၏။ သေနေသော အမျိုးသားများ၏ စိတ်နှလုံးများတွင်လည်း အမတအသက်ကို ထည့်သွင်းပေးပြီး အမြဲတစေ ရှင်စေခဲ့၏၊ ဤကဲ့သို့ ဂုဏ်ထူး ဝိသေသများနှင့်ပြည့်စုံသော ကုရ်အာန်ကျမ်းမြတ်ဖြင့်ပင်လျှင် တရားမရသောသူများသည် အကယ်တန္တ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို တွေ့မြင်ကြပါက အဲမာန်ယုံကြည်ကြလိမ့်မည်။ ရှေးယခင်ကဲ့သို့ အငြင်းအခုံပြုကြတော့မည်မဟုတ်ဟု အသို့လျှင် ယုံကြည်နိုင်အုံနည်း ယင်းကာဖိရ်များသည် အလွန် ဉီးခေါင်းမာသော သွေဖည်ရေးသမားများသာ ဖြစ်ကြလေသည်။ ၎င်းတို့သည် အဘယ်မျှကြီးမားသော တန်ခိုး ပြာဋိဟာကိုပင် မြင်ရလင့်ကစား ဘယ်သောအခါ၌မျှ အဲမာန်ယုံကြည်ကြမည်မဟုတ်ပေ။

ကြည့်–ကုရ်အာန် (၆း၂၅။ ၇း၁၄၆)။

အမှန်မှာ အရေးကိစ္စအဝဝ (တရားရခြင်း၊ တရားမရခြင်း)တို့သည် အလ္လာဟ်အရှင်မြတ်၏လက်တော်အတွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်၏ အလိုတော်အတိုင်းသာ ဖြစ်ပေသည်။ ထိုအရှင်မြတ် အလိုတော်မရှိသော သူတစ်ဦးသည် ကိယာမတ်တိုင်အောင် တရားရမည်မဟုတ်ပေ။ ထိုအရှင်မြတ်သည်လည်း တရားမှန်ကို မိမိကိုယ်တိုင်က လိုလားသူအားသာလျှင် လိုလားတော်မူပေသည်။

မှတ်ချက်။

(أَوْ قُطِّعَتْ بِهِ الْأَرْضُ)၏အဓိပ္ပါယ်ကို အချို့က ဤကျမ်းတွင် ပြန်ဆိုထားသည့်အတိုင်း ပြန်ဆိုရေးသားကြသည်။ အချို့ကမူ 'သို့တည်းမဟုတ် ထိုကုရ်အာန်ဖြင့် မြေပြင်တွင် လျင်မြန်စွာ ခရီးသွားနိုင်ရမည်' ဟူ၍ ဘာသာပြန်ဆိုကြသည်။

Ⓙ အရပ် ကာဖိရ်များက တန်ခိုးပြာဋိဟာများ တောင်းဆိုလာကြသည့်အခါ အချို့မွတ်စ်လင်မ်များ၏ စိတ်တွင် ယင်းကာဖိရ်များ၏ တောင်းဆိုချက်များကို တစ်ကြိမ်လောက်လိုက်လျောပြီး ဖြည့်စွမ်းပေးလိုက်ပါက၊ ထိုကာဖိရ်များသည် အဲမာန်ယုံကြည်ကောင်း ယုံကြည်လာကြပေမည်ဟူသော အာသာဆန္ဒ ဖြစ်ပေါ်လာခဲ့၏။ ➤➤

အမှန်စင်စစ်မှာမူကား သွေဖည် ငြင်းပယ်ခဲ့ကြကုန်သောသူတို့၌ ၎င်းတို့၏ အပြုအမူများကြောင့် အတိဒုက္ခတစုံတရာသည် ဆိုက်ရောက်မြဲ ဆိုက်ရောက်လျက်ပင် ရှိပေသည်၊ သို့တည်းမဟုတ် ၎င်းတို့၏ မြို့ရွာ၏အနီး (ပတ်ဝန်းကျင်)၌ပင် အမြဲမပြတ် သက်ရောက်လျက်ရှိလေသည်။ နောက်ဆုံးတွင်မူ အလ္လာဟ်အရှင်မြတ် ချိန်းချက်ထားတော်မူသော *ပြစ်ဒဏ်သည် ရောက်ရှိလာပေမည်။* [၁] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (မိမိ) ချိန်းချက်ထားတော်မူသောကတိကို အလျှင်း ဖောက်ဖျက်တော်မူသည် မဟုတ်ပေ။

➤➤ ဤအာယတ်တော်တွင် ထိုသို့သော မွတ်စ်လင်မ်တို့အား ရည်ညွှန်း ဖြေကြားထားတော်မူသည်မှာ အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါလျှင် တစ်စုံတစ်ရာ တန်ခိုးပြာဋိဟာ ပြတော်မမူဘဲလျက်နှင့်လည်း အားလုံးတို့အား တရားလမ်းမှန်သို့ရောက်အောင် ပြုစွမ်းတော်မူနိုင်သည်၊ သို့သော် ဤသို့ပြုခြင်းမှာ ထိုအရှင်မြတ်၏ ဓလေ့တော်နှင့် ဆန့်ကျင်နေပေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား မိမိတို့၏ စိတ်သဘောအတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ပြုထားတော်မူသည်။ ထို့ပြင်တစ်ဝ တရားလမ်းမှန်ရရှိနိုင်ရန်အတွက် အကြောင်းတရားများကိုလည်း လုံလောက်စွာ ပြုလုပ်ထားတော်မူသည်။

သို့ဖြစ်ပေရာ ယင်းကာဖိရ်များ၏ တောင်းဆိုချက်များကို ဖြည့်စွမ်းပေးတော်မူရန်အကြောင်းပင် မရှိတော့ပေ။ ကာဖိရ်များသည် ဤသို့ အကြောင်းများခိုင်လုံပါလျက် မလိုမုန်းတီး၍ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများ ကိုတွေ့မြင်ကြရမှသာ အီမာန်ယုံကြည်ကြမည်ဟု မိုက်မဲစွာ ပြောဆိုနေကြပါက အလ္လာဟ်အရှင်မြတ်ကလည်း လူသားအားလုံးတို့အား တစ်ယောက်မကျန် တရားလမ်းမှန်သို့ မုချပို့ဆောင်တော်မူမည်ဟူ၍ ဆုံးဖြတ်ထားတော် မူသည်မဟုတ်ပေ။ ကုရ်အာန်ကျမ်းလာ အာယတ်တော် (၇:၁၈။ ၁၁:၁၁၉။ ၃၂:၁၃။ ၃၈:၈၅)သည်လည်း လက်တွေ့ အကောင်အထည်ပေါ်မည်ဖြစ်ရာ ဤသို့သော သူမိုက်များလည်းရှိနေရပေဦးမည်မှာ မလွဲဧကန်တည်း။

⓵ (က) မက္ကာမြို့သား ကာဖိရ်များသည် ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို တွေ့မြင်ကြရသော်လည်း နာခံကြမည့်သူများ မဟုတ်ကြပေ။ ၎င်းတို့အပေါ်၌သော်လည်းကောင်း၊ ၎င်းတို့၏ အနီးအနားရှိသူများ အပေါ်၌သော်လည်းကောင်း၊ ဘေးအန္တရာယ် တစ်ခုမဟုတ်တစ်ခု ကျရောက်နေမှသာလျှင် နာခံကြမည်ဖြစ်သည်။ ဥပမာ- ၎င်းတို့သည် မွတ်စ်လင်မ်များနှင့်စစ်ဖြစ်၍ အသတ်ခံနေကြရလျှင်၊ လက်ရဖမ်းဆီး ချုပ်နှောင်ခြင်းခံကြရလျှင်၊ သို့မဟုတ် အခြား တစ်စုံတစ်ရာဘေးအန္တရာယ်နှင့် တွေ့ဆုံနေကြရလျှင်၊ ၎င်းတို့သည် နောင်တရကြပေမည်၊ နာခံကြပေမည်။

မက္ကာမြို့သား ကာဖိရ်များသည် ဤသို့အားဖြင့် ဘေးအန္တရာယ် တစ်ခုသို့မဟုတ်တစ်ခုနှင့် ➤➤

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَأَمْلَيْتُ لِلَّذِينَ كَفَرُوا ثُمَّ أَخَذْتُهُمْ فَكَيْفَ كَانَ عِقَابِ ﴿٣٢﴾

၃၂။ ၎င်းပြင် စင်စစ်ဧကန် အသင်၏အလျင်လည်း ရှုလ်တမန်တော်များသည် ပြက်ရယ်သမူပြုခြင်းကို ခံခဲ့ကြရကုန်၏။ သို့ပါလျက် ငါ အရှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ရွေ့ဆိုင်းခွင့် ပေးတော်မူခဲ့လေသည်။ [၃] ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်အသို့ရှိခဲ့ပါသနည်း။(အလွန်ပြင်းထန်ခဲ့ပေသည်)။

أَفَمَنْ هُوَ قَآئِمٌ عَلَىٰ كُلِّ نَفْسٍۭ بِمَا كَسَبَتْ ۗ وَجَعَلُوا لِلَّهِ شُرَكَآءَ ۚ قُلْ سَمُّوهُمْ ۚ أَمْ تُنَبِّـُٔونَهُۥ بِمَا لَا يَعْلَمُ فِى ٱلْأَرْضِ أَم بِظَٰهِرٍ مِّنَ ٱلْقَوْلِ ۚ بَلْ زُيِّنَ لِلَّذِينَ كَفَرُوا

၃၃။ တစ်ဖန်လူတိုင်းလူတိုင်း မည်သည်ကို ပြုလုပ်ကြသည်ကို သိရှိတော်မူသောအရှင်မြတ်သည် [၂] (အခြား မဟုတ်မမှန်သော ကိုးကွယ်ခံများနှင့် တူနိုင်တော်မူပါမည်လော)။ သို့ရာတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၌ နှိုင်းယှဉ်ဘက်များကို ပြုလုပ်ခဲ့ကြလေသည်။ အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလော၊ (အချင်းတို့) အသင်တို့သည် ၎င်းတို့၏ ဂုဏ်အရည်အချင်းကို *(ငါ့အား)* ပြော၍ ပြကြလေကုန်၊ [၃]

➤➤ တွေ့ကြုံနေကြရမည်သာဖြစ်သည်။ နောက်ဆုံးတွင် ၎င်းတို့ထံသို့ အလ္လာဟ်အရှင်မြတ်၏ ကတိတော်ရောက်ရှိလာပေမည်။ ထိုအရှင်မြတ်၏ ကတိတော်ဟူသည် မွတ်စ်လင်မ်များသည် မက္ကာမြို့တော်ကို အောင်နိုင်ကြလိမ့်မည်။ အာရေဗျကျွန်းဆွယ်တစ်ခုလုံးသည်လည်း 'ကုဖ်ရ်'၊ 'ရှရစ်က်' မိစ္ဆာ အမှု အစုစုတို့နှင့် လုံးဝကင်းရှင်းသွားလိမ့်မည်။

③ တမန်တော်မြတ်အလျင် အတိတ်ခေတ်များတွင် တမန်တော်များ အသီးသီးပွင့်ခဲ့ကြသည်။ ထိုထိုသော တမန်တော်များသည်လည်း ကာဖိရ်၊ မုရှ်ရစ်က်တို့၏ ပြက်ရယ်သမူ ပြုခံခဲ့ကြရသည်။ ကာဖိရ် မုရှ်ရစ်က်တို့ကား ကမ္ဘာ့သက်တမ်းတစ်လျှောက်လုံးတွင် ဆိုးမိုက်ခဲ့ကြသည်သာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော သူမိုက်တို့အား ပြစ်မှုကျူးလွန်ကြသည့်အခါ ရုတ်တရက်ချက်ချင်း ပြစ်ဒဏ်ပေးတော်မူလေ့မရှိပေ။ စဉ်းစားဆင်ခြင်၍ သတိသံဝေဂ နောင်တရနိုင်ကြရန်အတွက် အချိန်ကာလအတန်ကြာသည်အထိ လျစ်လျူပြုထားတော်မူလေ့ရှိသည်။ယင်းသို့ လျစ်လျူပြုထားတော်မူပါလျက် သတိသံဝေဂမရဘဲ ဆိုးမြဲဆိုးမိုက်နေကြသည်ရှိသော် အလ္လာဟ်အရှင်မြတ်သည် နောက်ဆုံးတွင် ပြင်းထန်စွာ ပြစ်ဒဏ်ပေးတော်မူသည်ဖြစ်သည်။ ဤသို့ ပြစ်ဒဏ်ပေးတော်မူခြင်းကို ခံခဲ့ရသော သူမိုက်တို့၏ အဖြစ်အပျက် ➤➤

➤➤ သမိုင်းစဉ်တို့သည် ကမ္ဘာတွင် အထင်အရှားပင်။

အလွှာဟ်အရှင်မြတ်သည် သူမိုက်တို့အား လျစ်လျူပြုတော်မူသည်ကားမှန်၏။ သို့ရာတွင် လျစ်လျူပြုတော်မူခြင်းအတွက် အချိန်ကာလ အပိုင်းအခြားလည်းရှိသည်။ အမြဲထာဝစဉ် လျစ်လျူပြု ထားတော်မူသည်မဟုတ်၊ လျစ်လျူပြုတော်မူခြင်း၏ အချိန်ကုန်ဆုံးသည့်နောက်ပိုင်းတွင် ပြစ်ဒဏ်ခတ်ရန်အချိန်သည် စတင်ရောက်ရှိလာပေတော့သည်။ ထိုအချိန်တွင်မူကား နောင်တရခြင်း၊ အကြောင်းပြခြင်း၊ အသနားခံခြင်းတို့ကား အကျိုးမရှိတော့ပေ။ ယနေ့ ကာဖိရ်၊ မုရှ်ရစ်က်တို့သည်လည်း ဤသည့်ဖြစ်ရပ်များကို နှလုံးသွင်းကာ အချိန်မီနောင်တရသင့်ကြပြီ။

ဤသည့်သဘောကို ကုရ်အာန်(၂၂:၄၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။

Ⓙ အလွှာဟ်အရှင်မြတ်သည် လူသားအားလုံးတို့၏ အပြုအမူဟူသမျှတို့ကို အခါခပ်သိမ်း ကြည့်ရှုတော်မူလျက်ရှိသည်၊ ထိုအရှင်မြတ်သည် မျက်စိတစ်ဖက်မှိတ် လျှပ်တပြက်မျှ မေ့နေတော်မူသည်ဟူ၍ကား အလျင်းမရှိ၊ မည်သူ့အားမဆို ပြစ်မှုကျူးလွန်က ထိုအရှင်မြတ်သည် အချိန်မဆိုင်းဘဲ ရုတ်တရက် ချက်ချင်း သတိပေးတော်မူနိုင်သည်။ အပြစ်ပေးတော်မူနိုင်သည်၊ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအရှင်မြတ်၏ လက်တော်အတွင်းမှ ထွက်ပြေး လွတ်မြောက်နိုင်သည်ဟူ၍ အလျင်းမရှိပေ၊ ထိုအရှင်မြတ်၏ ဉာဏ်တော်၊ တန်ခိုးတော်များကား အနန္တောအနန္တတည်း။

လူသားတို့ မိမိတို့ကိုယ်တိုင် မိမိတို့၏လက်များဖြင့် ပြုလုပ်ထားသော ရုပ်တု၊ ရုပ်လုံး၊ ကျောက်တုံးများသည် ထိုအရှင်မြတ်နှင့်အသို့လျှင် ဂုဏ်ရည်တူဖြစ်နိုင်အံ့နည်း၊ ထိုအရာများသည် ကြားသည်လည်းမဟုတ်၊ မြင်သည်လည်းမရှိ၊ သူတစ်ပါး၌ ကျိုးပြစ်တစ်စုံတစ်ရာဖြစ်ပေါ်စေရန်ဝေးစွ၊ မိမိတို့ကိုယ်၌ကိုပင်လျှင် တစ်စုံတစ်ရာကျိုးပြစ် ပေးနိုင်ကြသည်ဟူ၍ အလျင်းမရှိ၊ ယုတ်စွအဆုံး ထိုအရာများသည် မိမိတို့ရှိသည်ကိုပင် မိမိတို့အလျင်းမသိကြပေ။ အနန္တောအနန္တ တန်ခိုးတော်ရှင်ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ် ရှိတော်မူပါလျက်ကာဖိရ်၊ မုရှ်ရစ်က်များသည် မိမိတို့ကိုယ်တိုင် မိမိတို့လက်များဖြင့် ပြုလုပ်ထားသည့် အဘယ်တစ်စုံတစ်ရာစွမ်းရည်သတ္တိ အလျင်းမရှိသော ထိုအရာများကို ကိုးကွယ်ရာများအဖြစ် မှတ်ယူကိုးကွယ်နေကြခြင်းမှာ အံ့မဆုံးပင်ဖြစ်တော့၏။ ထို့ပြင်တစ်ဝ ထိုသို့သောအရာများကို အလွှာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူအဖြစ် ထားရှိကိုးကွယ်ခြင်းမှာ ဤထက်ကြီးမားသော မိုက်မဲမှု၊ စော်ကားမှုကား အဘယ်မှာလျှင်ရှိနိုင်အံ့နည်း။

အလွှာဟ်အရှင်မြတ်သည် အလုံးစုံကို သိတော်မူသော အရှင်ဖြစ်တော်မူသည်၊ လူသားတို့ ပြုမူကျင့်ကြံကြသည်တို့ကို အကြွင်းမဲ့သိတော်မူသည်၊ ကာဖိရ်၊ မုရှ်ရစ်က်များ မိုက်မဲစွာ ကျူးလွန်နေကြသည်များကိုလည်း အကြွင်းမဲ့သိတော်မူသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် အပြစ်ရှိသူတို့အား အပြစ်ရှိသည့်အလျောက် အနေးနှင့်အမြန် ပြစ်ဒဏ်ပေးတော်မူမည်မှာ မလွဲဧကန်အမှန်တည်း။

㉒ ကာဖိရ်၊ မုရှ်ရစ်က်တို့သည် အခြေအမြစ်လုံးဝမရှိသော အရာများကိုပင် အလွှာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူပြုလုပ်ကာ ကိုးကွယ်နေကြသည်၊ ၎င်းတို့၏ ကိုးကွယ်ရာများ၌ တစ်စုံတစ်ရာ အခြေအမြစ်မရှိကြောင်း၊ စွမ်းရည်သတ္တိ အလျင်းမရှိကြောင်းကို ထင်ရှားစေရန်အတွက် ဤအာယတ်တော်တွင် ယင်းကာဖိရ်၊ မုရှ်ရစ်က်တို့အား 'အသင်တို့သည် ထိုကိုးကွယ်ရာများ၏ ဂုဏ်အင်ဒြပ်များကို ပြောပြကြ' ဟု မေးမြန်းစေတော်မူထားသည်၊ ကာဖိရ်၊ မုရှ်ရစ်များသည် အလွှာဟ်အရှင်မြတ်၏ ထိုထိုသော အနန္တတန်ခိုးတော်များကို သိထားကြရာ အသို့လျှင် ဖြေကြားနိုင်အံ့နည်း၊ ၎င်းတို့သည် မိမိတို့ကိုယ်တိုင် ပြုလုပ်ဖန်တီးထားသည့် အခြေအမြစ်မရှိသော စွမ်းရည်သတ္တိမရှိသော အရာများ၏ မရှိသော ဂုဏ်ရည်များကို အသို့လျှင် ထုတ်ဖော်ပြောကြားနိုင်ကြအံ့နည်း။ အကယ်တန္တ၊ အရှက်ကင်းမဲ့စွာဖြင့် 'လာတ်'၊ 'မနာတ်' စသည့် အမည်ခံ ဘုရားများ၏ အမည်များ၊ ➤➤

مَكْرُهُمْ وَصُدُّوا۟ عَنِ ٱلسَّبِيلِ ۗ وَمَن يُضْلِلِ ٱللَّهُ فَمَا لَهُۥ مِنْ هَادٍ ﴿٣٣﴾

ထိုအရှင်မြတ် သိတော်မမူသောအရာများကို ကြားသိစေကြလေသလော၊ [၃] သို့တည်းမဟုတ် (ယင်းကိုးကွယ်ရာများကို) အပေါ်ရိုက်အားဖြင့်သာ [၂] (ကိုးကွယ်ရာများဟူ၍) ပြောဆိုခြင်းဖြစ်လေသလော၊ ထိုသို့အလျှင်းမဟုတ်စင်စစ်မှာကား ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏အမြင်၌ ၎င်းတို့၏လှုံ့ဂုက်ကြံစည်မှုသည် လှပတင့်တယ်အောင်ပြုလုပ်ပြီးဖြစ်ပေသည်။ ထို့အတွက်ကြောင့်လည်း ၎င်းတို့သည် (မှန်ကန်သောတရား)လမ်းမှလည်း တားဆီးခြင်း ခံခဲ့ရလေသည်။

➤➤ ဂုဏ်ရည်များကို ထုတ်ဖော်ပြောကြားပါကလည်း ဉာဏ်အမြော်အမြင် ရှိသူများသည် ယုံကြည်ကြမည်မဟုတ်၊ ရယ်ကြမည်သာဖြစ်ပေသည်။ အွတ်ဆ်မာနီ။

[၃] အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိတော်မူသောအရှင် ဖြစ်တော်မူသည်။ ကမ္ဘာအဝန်း၌ ရှိရှိသမျှသော အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသည်။ ကမ္ဘာအဝန်း၌ ထိုအရှင်မြတ်နှင့် ဂုဏ်ရည်တူ တွဲဖက်ယှဉ်ဖက်တစ်ဦးတစ်ယောက်မျှမရှိ။ ထိုအရှင်မြတ်သည် (မပြောကောင်းမဆိုအပ်) မိမိ၌ တွဲဖက်ယှဉ်ဖက်ရှိသည်ကိုမသိ၊ ထိုအရှင်မြတ်မသိတော်မူသောအရာသည် မရှိသောအရာသာ ဖြစ်သည်။

'အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကမ္ဘာမြေပြင်၌ ထိုအရှင်မြတ် (မပြောကောင်းမဆိုအပ်) မသိသောအရာကို ပြောပြနေကြသလော' ဟု မိန့်ဆိုထားတော်မူခြင်းမှာ ကာဖိရ်၊ မုရှ်ရစ်က်တို့ မိမိတို့ကိုယ်တိုင် ပြုလုပ်ဖန်တီး၊ ကိုးကွယ်နေကြသော ကိုးကွယ်ရာများသည် အလ္လာဟ်အရှင်မြတ်နှင့်ဂုဏ်ရည်တူ တွဲဖက်ယှဉ်ဖက်အလျှင်းမဟုတ်ကြောင်း၊ ဦးနှောက်တွင်မျှ ထည့်သွင်းစဉ်းစား အပ်သောအရာမဟုတ်ကြောင်း စကားလုပ်၍ ပြောဆိုရမည့်အရာပင် မဟုတ်ကြောင်းကို ထင်ရှားစေရန်ပင်ဖြစ်ပေသည်။

ဤအာယတ်တော်တွင် 'ကမ္ဘာမြေပြင်၌' ဟု မိန့်ဆိုထားတော်မူခြင်းမှာ ကာဖိရ်၊ မုရှ်ရစ်က်တို့၏ ယူဆချက်အရ ၎င်းတို့၏ ကိုးကွယ်ရာများ၏ တည်ရှိရာဌာနသည် ကမ္ဘာမြေပြင်သာဖြစ်သည့်အတွက် ယင်းသို့ မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

[၂] အထက်တွင်ကာဖိရ်၊ မုရှ်ရစ်က်တို့အား 'အသင်တို့သည် ထိုကိုးကွယ်ရာများ၏ ဂုဏ်အင်ဒြိမ်များကို ပြောပြကြ' ဟု မိန့်ဆိုထားတော်မူ၏။ ထို့နောက် အဟုတ်တကယ် မရှိသောအရာ၌ အမည်နာမ ဂုဏ်အင်ဒြိမ် မရှိနိုင်ကြောင်း မိန့်ဆိုထားတော်မူ၏။ ယခုတစ်ဖန် ကာဖိရ်၊ မုရှ်ရစ်များက အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်တူ တွဲဖက်ယှဉ်ဖက်ရှိသည်ဟု ဇွတ်မှိတ်ဆိုနေခြင်းမှာ အဆဲမပါအသံသာ ဖြစ်သည်။ အဓိပ္ပါယ်မပါ စကားလုံးများသာ ဖြစ်ချေသည်။ အခြေအမြစ် အလျှင်းမရှိ။

မမှန်ကန်သော၊ မှားယွင်းသော၊ တွေးတောထင်မြင်ရမ်းဆမှုများမှ ဖြစ်ပေါ်လာသည့်အသံများ။ အက္ခရာများ၌ အသို့လျှင် အနက်အဓိပ္ပါယ်ရှိနိုင်အံ့နည်း။ ကာဖိရ်၊ မုရှ်ရစ်က်များ ပရမ်းပတာ ရမ်းဆပြောဆို ➤➤

အသင်တို့သည်ထိုအရှင်မြတ်အား ပထဝီမြေ၌ စင်စစ်မှာမူကား၊အလ္လာဟ်အရှင်မြတ်လမ်းမှား၌ ထားရှိသောသူအား တရားလမ်းမှန်ကို ညွှန်ကြားပြသမည့် သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ [၁]

لَهُمْ عَذَابٌ فِي الْحَيٰوةِ الدُّنْيَا وَلَعَذَابُ الْاٰخِرَةِ اَشَقُّ ۚ وَمَا لَهُمْ مِّنَ اللّٰهِ مِنْ وَّاقٍ ﴿٣٤﴾

၃၄။ ၎င်းတို့၌ဤပစ္စက္ခဘဝကမ္ဘာ၌ လောကီဘဝ၌လည်း ပြစ်ဒဏ်သည် ရှိပေသည်။ သို့ရာတွင် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်မှာမူကား ပြင်းထန်လှပေသည်။ [၂] ထို့ပြင် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ ကယ်တင်မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေတကား။

➤➤ နေကြသောစကားများကို ၎င်းတို့ကိုယ်တိုင် အကယ်၍ မိရိုးဖလာ၊ အစွဲအလမ်း အယူသည်းမှုများနှင့် ကင်းရှင်းစွာ စဉ်းစားဆင်ခြင်ကြပါက ၎င်းတို့ကိုယ်တိုင်ပင် လက်ခံကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ယခု ၎င်းတို့ပြောဆိုနေကြသော စကားများသည် အပေါ်ရိုက စကားများသာဖြစ်ချေသည်။ ယင်းသို့သော စကားများသည် လူသားတို့စိတ်၊ လူသားတို့၏သဘာဝများက ပယ်ထားသော စကားများသာ ဖြစ်ချေသည်။

① ကာဖိရ်၊ မုရှ်ရစ်က်များသည် 'တောင်ဟီးဒ်' ကို ဆန့်ကျင်ပြီး 'ရှရစ်က်'ကို ပရိယာယ်အမျိုးမျိုးဖြင့် ထောက်ခံပြောဆိုနေကြ၏။ ၎င်းတို့သည် ဤကိစ္စတွင် နည်းပရိယာယ်မျိုးစုံ အသုံးပြုကြ၏။ လိမ်လည်လှည့်ဖြားကြ၏။ မမှန်သောအကြောင်း အမျိုးမျိုးပြကြ၏။ မမှန်သောစကား အမျိုးမျိုးပြောကြ၏။ ဤသည်တို့ကား စိတ်၏လှည့်ဖြားခြင်း၊ ရှိုင်တွာန်၏ဖြားယောင်းခြင်းသာ ဖြစ်သည်။ ဤသည့်လှည့်ဖြားခြင်း၊ ဖြားယောင်းခြင်းများကိုပင် ၎င်းတို့သည် အကောင်းထင်မှတ်နေကြ၏။ ထိုအတွင်းကြောင့်လည်း ၎င်းတို့သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်မှ တားဆီးပိတ်ပင်ခြင်းခံခဲ့ကြရခြင်းဖြစ်သည်။ အမှန်မှာ ယင်းကာဖိရ်၊ မုရှ်ရစ်က်များသည် အမှန်တရား အထင်အရှားရှိပါလျက် မလိုမုန်းတီးမှုကြောင့် ၎င်းတို့ကိုယ်တိုင်ကပင်လျှင် တရားလမ်းမှန်ကို မလိုလားကြပေ၊ အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ကို မိမိတို့ကိုယ်တိုင်က လိုလားသောသူများအားသာလျှင် လမ်းမှန်သို့ ပို့ဆောင်တော်မူသည်။ တရားလမ်းမှန်ကို မိမိတို့ကိုယ်တိုင်က မလိုလားသောသူတို့ကိုမူ တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသည် မဟုတ်ချေ။

② ဤကာဖိရ်၊ မုရှ်ရစ်က်တို့အဖို့ ဤပစ္စက္ခဘဝတွင်လည်း ပြစ်ဒဏ်ရှိ၏၊ ထိုပြစ်ဒဏ်ကား အသတ်အဖြတ်ခံရခြင်း၊ အဖမ်းအဆီး အချုပ်အနှောင်ခံရခြင်း၊ ဂုဏ်အင်သေးသိမ်ရခြင်း၊ ရောဂါဝေဒနာများ ခွဲကပ်ခြင်း အစရှိသည်တို့တည်း။ နောင်တမလွန်ဘဝတွင်လည်း ပြစ်ဒဏ်ရှိ၏၊ နောင်တမလွန်၏ ပြစ်ဒဏ်ကား ပို၍ပင်ကြီး၏။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန်၏ ပြစ်ဒဏ်သည် ပို၍လည်း ပြင်းထန်၏၊ ထို့ပြင်တဝ အမြဲထာဝစဉ် ခံစားရမည့် ပြစ်ဒဏ်လည်း ဖြစ်၏။ထာနဝီ။

مَثَلُ الْجَنَّةِ الَّتِي وُعِدَ
الْمُتَّقُونَ ۖ تَجْرِي مِن تَحْتِهَا
الْأَنْهَارُ ۖ أُكُلُهَا دَائِمٌ وَظِلُّهَا ۖ
تِلْكَ عُقْبَى الَّذِينَ
اتَّقَوْا ۖ وَّعُقْبَى الْكَافِرِينَ
النَّارُ ﴿٣٥﴾

၃၅။ ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူမွန်သူမြတ်တို့က ကတိပေးခြင်းခံကြရသော ဂျန္နတ် အမတသုခဘုံ၏ အခြေအနေကား- ယင်းဂျန္နတ်အမတ သုခဘုံ၏ အောက်၌ စမ်းရေချောင်းများသည် စီးတွေ လျက် ရှိပေမည်။ ယင်းဂျန္နတ်၏ သစ်သီးဝလံများ သည်လည်းကောင်း၊ယင်းဂျန္နတ်၏ အရိပ်ဆာယာသည် လည်းကောင်း၊ ထာဝရတည်သော သစ်သီးဝလံများ၊ အရိပ်ဆာယာများပင်ဖြစ်ချေမည်။ ဤသည်ကား ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူမွန် သူမြတ်တို့၏ အကျိုးတည်း။ သို့ရာတွင် ကာဖိရ် မယုံမကြည် သွေဖည် ငြင်းပယ်ကုန်သောသူတို့၏ အကျိုးမှာကား ငရဲမီးပင် ဖြစ်အံ့သတည်း။ ၁

وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ
يَفْرَحُونَ بِمَا أُنزِلَ إِلَيْكَ
وَمِنَ الْأَحْزَابِ مَن يُنكِرُ
بَعْضَهُ ۚ قُلْ إِنَّمَا أُمِرْتُ أَنْ

၃၆။ အမှန်သော်ကား ငါအရှင်မြတ်က ဒေသနာ တော်ကျမ်းမြတ်ကို ချီးမြှင့်ပေးသနားတော်မူသော သူတို့သည် အသင့်ထံသို့ ကျရောက်လာသော ကျမ်းမြတ်ဒေသနာတော်ကြောင့် ရွှင်မြူးလျက် ရှိကြ ကုန်၏။ ၂ သို့ရာတွင် ယင်းအုပ်စုထဲ၌ပင် ယင်း ကျမ်းမြတ်ဒေသနာတော်၏ အချို့အစိတ်အပိုင်းကို ငြင်းပယ်သောသူများလည်း ရှိကုန်၏။ ၃

---

① ဤအာယတ်တော်တွင် မုအ်မင်န် သူတော်စင်များ၏ လားရာဌာနနှင့် ကာဖိရ်သူယုတ်များ၏ လားရာဌာနကို အတိအကျ ခွဲခြားမိန့်ဆိုထားတော်မူသည်။ မုအ်မင်န်တို့၏ လားရာဌာနသည် ဂျန္နတ်အမတသုခဘုံဖြစ်သည်၊ ကာဖိရ်တို့၏ လားရာဌာနသည် 'နာရ်' အမတ ဒုက္ခဘုံဖြစ်သည်။ ဂျန္နတ် အမတ သုခဘုံသည် ထာဝရဖြစ်၏၊ ဂျန္နတ်ရှိ စားဖွယ်သောက်ဖွယ် အားလုံးတို့သည်လည်း ထာဝရဖြစ်၏။ ကြည့်-ကုရ်အာန် (၅၆:၃၃)။

ဂျန္နတ်၏ အရိပ်အာဝါသသည်လည်း စိတ်ကြည် ကိုယ်ချမ်း ရွှင်လန်းစေမည်၊ ဂျန္နတ်တွင် ပူလွန်း အေးလွန်းသည်မရှိ၊ အနေတော်သာဖြစ်မည်။ ကြည့်-ကုရ်အာန် (၇၆:၁၃)။

ဂျန္နတ်သားများ၏ အမတသုခနှင့် ဂျဟန္နမ်သားများ၏ အမတဒုက္ခကို ကုရ်အာန် (၅၆:၁-၉၆) တွင် ရှုပါကုန်။

② 'ငါအရှင်မြတ် ကျမ်းဂန် ချီးမြှင့်ထားတော်မူသောသူများ' တွင် မွတ်စ်လင်မ်များလည်း အကျုံးဝင်သည်၊ ယဟူဒီ၊ နဆ်ရာနီ များလည်း အကျုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ➤➤

أَعْبُدَ اللَّهَ وَلَا أُشْرِكَ بِهِۦٓ ۚ إِلَيْهِ أَدْعُوا۟ وَإِلَيْهِ مَـَٔابِ ﴿٣٦﴾

(သို့ဖြစ်ပေရာ) အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့၊ အမှန်စင်စစ်မှာမူကား) ငါသည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရန်နှင့် မည်သည့် တစ်စုံတစ်ရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်း မပြုရန်လည်းကောင်း အမိန့်ပေးတော်မူခြင်းကိုသာ ခံခဲ့ရလေသည်။

➤➤ မကြာမီအတွင်းကပင် မွတ်စ်လင်မ်များအား ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်ထားတော်မူသည်၊ ထိုအရှင်မြတ်သည် အတိတ်ခေတ်တွင် ယဟူဒီ၊ နဆ္ဆရာနီ တို့အားလည်း တောင်ရာတ်၊ အင်နဂျီလ် စသည့်ကျမ်းများကို ချီးမြှင့်တော်မူခဲ့သည်။ အဆိုပါ မွတ်စ်လင်မ်၊ ယဟူဒီ၊ နဆ္ဆရာနီများသည် တမန်တော်မြတ်ထံသို့ ကုရ်အာန်ကျမ်းမြတ် ကျရောက်လာခဲ့သည့်အတွက် ဝမ်းသာကြပေသည်။ မွတ်စ်လင်မ်တို့၏ ဝမ်းသာခြင်းမှာ ထင်ရှားလှ၏။

အဘယ်ကြောင့်ဆိုသော် မွတ်စ်လင်မ်တို့သည် ကုရ်အာန် ကျမ်းမြတ်ကို နှစ်ဘဝ၏ အောင်မြင်ခြင်း၏ သော့ချက်ဖြစ်သည်ဟု ယုံကြည် ယူဆကြပေသည်။ ယဟူဒီ၊ နဆ္ဆရာနီများတွင် ပညာရှင် သုခမိန်များ တရားမျှတ သူများ အမှန်တရားကို လိုက်နာကျင့်သုံး သူများလည်း ရှိကြပေသည်။ ၎င်းတို့သည်လည်း ကုရ်အာန် ကျမ်းမြတ် ကျရောက်လာသည့်အတွက် ဝမ်းသာကြပေသည်၊ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်သည် သဘောထားကြီးစွာဖြင့် ၎င်းတို့ထံသို့ ကျရောက်ခဲ့သော မူရင်းကျမ်းများကို ဟုတ်မှန်ကြောင်း ထောက်ခံဖေသည်၊ ၎င်းတို့တွင် ပွင့်ခဲ့ကြကုန်သော နဗီတမန်တော်များအားလည်း ချီးမွမ်းထောမနာပြုပေသည်၊ ထိုမျှမက ၎င်းတို့ တွင်ရှိခဲ့ကြသည့် မှန်ကန်သော ဘုန်းကြီး ရဟန်းများ အားလည်း ချီးမွမ်းထောမနာပြုပေသည်။ ကြည့်-ကုရ်အာန် (၅ : ၈၂)။ ယဟူဒီ၊ နဆ္ဆရာနီများအနက် ယင်းကဲ့သို့သော တရားမျှတသော၊ အမှန်တရားကို လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်များသည် အစွယ်လာမ်သာသနာသို့ ကူးပြောင်း သက်ဝင် ယုံကြည်လာခဲ့ကြပေသည်။

(၃) ယဟူဒီ၊ နဆ္ဆရာနီ သို့မဟုတ် အရဗ်မိစ္ဆာဒိဋ္ဌိများတွင် အချို့သူများသည် ကုရ်အာန်ကျမ်းမြတ် ကျရောက်လာသည့်အတွက် ဝမ်းမသာနိုင်ကြပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကုရ်အာန်ကျမ်းလာ အချို့ဒေသနာတော်များကို လက်မခံကြပေ၊ ၎င်းတို့ လက်မခံသော ကုရ်အာန်ကျမ်းလာ ဒေသနာတော်များမှာ အခြားမဟုတ်၊ ၎င်းတို့၏ မှောက်မှားမှုများကို ကုရ်အာန်ကျမ်းမြတ်က ထောက်ပြထားခြင်းကြောင့် ဖြစ်သည်။ ဥပမာ - အချို့ ယဟူဒီ၊ နဆ္ဆရာနီများသည် မိမိတို့၏ စိတ်အာသာဆန္ဒအတိုင်း မိမိတို့၏ ကျမ်းလာဒေသနာတော်များကို ကပြောင်းကပြန် ပြုလုပ်ခဲ့ကြလေသည်။

အရဗ် မိစ္ဆာဒိဋ္ဌိများသည် မိမိတို့ကိုးကွယ်ကြသော ရုပ်ပွားဆင်းတုများ၌ တစ်စုံတစ်ရာ စွမ်းရည်သတ္တိ မရှိသည်ကို မိမိတို့ကိုယ်တိုင် သိပါလျက် မိရိုးဖလာ ဓွတ်မိုက်ကာ ကိုးကွယ်နေကြသည်၊ ကုရ်အာန်သည် ဤသည့်အချက်ကို ထောက်၍ပြသည်၊ ယင်းသို့ထောက်ပြသည်ကို ၎င်းတို့သည် မကျေနပ်ခဲ့ကြပေ။

ငါသည် ထိုအရှင်မြတ် ဘက်သို့သာလျှင် (အသင်တို့အား) ဖိတ်ခေါ်လျက်ရှိပေသည်။ ၎င်းပြင် ငါသည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်၍ သွားရမည် ဖြစ်ချေသတည်း။ ၃

وَكَذَٰلِكَ أَنزَلْنَٰهُ حُكْمًا عَرَبِيًّا ۚ وَلَئِنِ ٱتَّبَعْتَ أَهْوَآءَهُم بَعْدَ مَا جَآءَكَ مِنَ ٱلْعِلْمِ ۙ مَا لَكَ مِنَ ٱللَّهِ مِن وَلِىٍّ وَلَا وَاقٍ ﴿٣٧﴾

၃၇။ စင်စစ်သော်ကား၎င်းနည်းအတိုင်းပင် ငါအရှင်မြတ်သည် ယင်းကျမ်းမြတ်ဒေသနာတော်ကို ထင်ရှားပြတ်သားသော *(တစ်နည်း)* အရဗီဘာသာဖြင့် ၂ အမိန့်တော်(စီရင်ဆုံးဖြတ်ချက်)တစ်ရပ်အဖြစ်ထုတ်ပြန်တော်မူခဲ့လေသည်။သို့ရာတွင်မူကား အကယ်၍ အသင်သည် မိမိထံသို့ (မှန်ကန်တိကျသော) အသိပညာရောက်ရှိလာခဲ့ပြီးနောက် ၎င်းတို့၏ အလိုဆန္ဒများကို လိုက်နာခဲ့ပါမူ အသင့်အား အလွှာဟ် အရှင်မြတ်နှင့်ပြိုင်ဆိုင်၍ ကူညီစောင်မမည့် အဆွေခင်ပွန်းဟူ၍လည်းကောင်း၊ ကာကွယ်စောင့်ရှောက်မည့်သူဟူ၍လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။ ၃

---

① ကုရ်အာန်ကျမ်းလာ အချို့ဒေသနာတော်များကို လက်မခံသောသူများအား ဤအာယတ်တော်တွင် ဖြေကြားထားတော်မူသည်၊ ဤအာယတ်တော်တွင် အစွလာမ်သာသနာတော်၏ အဓိကအချက်များအနက် အချက်ကြီးသုံးချက်ကို ညွှန်ပြထားတော်မူသည်။

(၁) တောင်ဟီးဒ်၊

(၂) ရိစာလတ်၊

(၃) အာခိရတ်။

(اَعْبُدُ اللّٰهَ وَلَآ اُشْرِكُ بِهٖ) ၌ တောင်ဟီးဒ်၊ (اِلَيْهِ اَدْعُوْا) ၌ ရိစာလတ်၊ (لَيْهِ مَاٰبِ) ၌ အာခိရတ်ကို အသီးသီး မိန့်ကြားထားတော်မူသည်။

② အလွှာဟ်အရှင်မြတ်သည် ကမ္ဘာသူကမ္ဘာသားတို့အား တရားဓမ္မ ဟောကြားရန်အတွက် အခြားအခြားသော ကျမ်းဂန်များကို သက်ဆိုင်ရာ တမန်တော်များထံသို့ ထုတ်ပြန်ချမှတ်တော်မူသကဲ့သို့ တရားဓမ္မတို့၏ အချုပ်ဓမ္မူပဒေသဓမ္မသာရဖြစ်သော ကုရ်အာန်ကျမ်းမြတ်ကို တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် အခြားကျမ်းဂန်များကို သက်ဆိုင်ရာ အမျိုးသားတို့၏ ဘာသာစာပေ၌ ထုတ်ပြန်ချမှတ်ထားတော်မူသကဲ့သို့ ကုရ်အာန်ကျမ်းမြတ်ကိုလည်း အရဗီဘာသာစာပေ၌ ➤➤

وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ وَجَعَلْنَا لَهُمْ أَزْوَاجًا وَذُرِّيَّةً ۚ وَمَا كَانَ لِرَسُولٍ أَن يَأْتِيَ بِآيَةٍ

၃၈။ ၎င်းပြင် မချွတ်ဧကန် ငါအရှင်မြတ်သည် အသင်၏အလျင် ရဏ္ဍာလ်တမန်တော်များကို စေလွှတ်တော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုရဏ္ဍာလ်တမန်တော်များအဖို့ ဇနီးကြင်ရာများကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း စီမံပြုလုပ်၍ ပေးတော်မူခဲ့လေသည်။ [၁]

➤➤ ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ အရဗီဘာသာစာပေသည် ကမ္ဘာ့စာပေတို့တွင် စာပေအမြောက်ဆုံးသော စာပေဖြစ်သည်၊ ထို့အတွက်ကြောင့် ကမ္ဘာသူကမ္ဘာသားအားလုံးတို့အတွက်ဖြစ်၍ ကမ္ဘာတစ်သက်တည်ရှိမည့် ကုရ်အာန် ကျမ်းတော်မြတ်ကိုလည်း ကမ္ဘာ့စာပေတို့၏ အချုပ်ဖြစ်သော အရဗီဘာသာစာပေဖြင့် ထုတ်ပြန်ချမှတ်ထားတော်မူသည်။

(၃) တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကဲ့သို့သော ကျမ်းဂန် ဓမ္မခန် ချီးမြှင့်တော်မူခြင်း၊ ခံရပြီးသည့် နောက်ပိုင်းတွင် သူတစ်ပါးတို့၏ သွေဖည်ငြင်းဆန် မနာခံမှုတို့ကို စိုးစဉ်းမျှ ဂရုပြုတော်မမူဘဲ မိမိချီးမြှင့်တော်မူခြင်း ခံရသော ကျမ်းဂန်လာ ဒေသနာတော်များကိုသာ တည့်မတ်စွာ လိုက်နာကျင့်သုံးရန်အတွက် ဤအာယတ်တော်တွင် တမန်တော်မြတ်အား မိန့်ကြားထားတော်မူသည်။

အကယ်တန္တ တမန်တော်မြတ်သည် (မပြောကောင်းမဆိုအပ်) မိမိထံသို့ ကုရ်အာန်ကျမ်းမြတ် ရောက်ရှိလာပြီးသည့် နောက်ပိုင်းတွင် သူတစ်ပါးတို့၏ အလိုဆန္ဒများဘက်သို့ ယိမ်းယိုင်မိသွားပါက တမန်တော်မြတ်အဖို့လည်း အလွှာဟ်အရှင်မြတ်ထံတော်မှ ကျရောက်မည့် ပြစ်ဒဏ်ကို ကာကွယ်ပေးနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှရှိမည်မဟုတ်ပေ။

အမှန်မှာ ဤအာယတ်တော်သည် တရားဓမ္မကို ရှာဖွေဆည်းပူးသူတိုင်းအား ရည်ညွှန်းမိန့်ဆိုထားတော်မူသော အာယတ်တော် ဖြစ်သည်။ အကယ်၍ ဤအာယတ်တော်သည် တမန်တော်မြတ်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသော အာယတ်တော်ဖြစ်သည်ဟု ယူဆပါက အလိုသဘောမှာ သမီးရိုက်၍ ချွေးမကို ဆုံးမသည်ဆိုသကဲ့သို့ တမန်တော်မြတ်အား ရှေ့ထား၍ ကမ္ဘာသူကမ္ဘာသားတို့အား ဟောကြားထားတော်မူခြင်းဖြစ်သည်။ ဤသို့သော အသုံးအနှုန်းများကို ကုရ်အာန်ကျမ်းမြတ်တွင် အများအပြားတွေ့ရှိရပေသည်။

ဤအာယတ်တော်နှင့် အလားတူ အာယတ်တော်များသည် ကုရ်အာန် (၂၁၂၀ နှင့် ၂၁၄၅)တွင်လည်း ပါရှိခဲ့လေသည်။

(၁) အချို့ အသိဉာဏ် အမြော်အမြင်မရှိသောသူများက တမန်တော်မြတ်၌ ဇနီးသားသမီးရှိသည်ကို စောဒနာတက်ကြသည်၊ ဤအာယတ်တော်တွင် ဤသည့်အချက်ကိုပင် ဖြေဆိုထားတော်မူသည်၊ ဇနီးသားသမီးရှိခြင်းသည် တမန်တော်၏ဂုဏ်နှင့် မည်သို့မျှ ဆန့်ကျင်သည်မဟုတ်ပေ။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ပွင့်လာတော်မူခြင်းမှာလည်း အထူးအဆန်း မဟုတ်ပေ၊ တမန်တော်များသည် ကမ္ဘာဦးအစမှပင် လူသားတို့ထံသို့ ခေတ်တိုင်းမှာပင် အသီးသီးပွင့်ခဲ့ကြပေသည်။ ဥပမာ- တမန်တော် နူဟ်၊ တမန်တော် အီဗ်ရာဟီမ်၊ တမန်တော် အစ္စဟာက်၊ တမန်တော် အီစ်မာအီလ်၊ တမန်တော် ယအ်ကူဗ်၊ တမန်တော်မူစာ၊ တမန်တော် ဒါဝူဒ်၊ တမန်တော် စုလိုင်မာန် ... တို့သည်လည်း တမန်တော်များပင် ဖြစ်ခဲ့ကြကုန်၏၊ ➤➤

إِلَّا بِإِذْنِ اللَّهِ ۗ لِكُلِّ أَجَلٍ كِتَابٌ ﴿٣٨﴾

စင်စစ်သော်ကား‌မည်သည့် ရဿုလ်တမန်တော်တစ်ပါး၌မျှ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲလျက် အာယတ်တော် (သက်သေလက္ခဏာ) တစ်စုံတစ်ရာကို ယူဆောင်လာရန် အခွင့်အာဏာမရှိချေ။ [၁] ခေတ်ကာလ အပိုင်းအခြားတိုင်းအဖို့ ကျမ်းဂန်တစ်စောင်သည် ရှိချေသတည်း။ [၂] (ခေတ်တိုင်းအဖို့ သီးသန့် အမိန့်တော်များရှိသည်)။

➤➤ ၎င်းတို့၏ အတ္ထုပ္ပတ္တိများသည်လည်း ရာဇဝင်သမိုင်းများတွင် အထင်အရှားတွေ့ရှိရ၏၊ ထိုထိုသော တမန်တော်များသည် အိမ်ထောင်သည်များ ဖြစ်ခဲ့ကြ၏၊ ၎င်းတို့၌ သားသမီးများလည်း ရှိခဲ့ကြ၏၊ ထိုထိုသော တမန်တော်များ အပေါ်၌ ဇနီး၊ သားသမီးရှိသည့်အတွက် စောဒနာမတက်ကြလျှင် တမန်တော်မြတ်အပေါ်၌ အဘယ်ကြောင့် စောဒနာတက်ကြသနည်း။

(ထို့ပြင်တဝ တမန်တော်များသည် လူသားများသာဖြစ်ကြပေသည်၊ ကောင်းကင်တမန်များမဟုတ်ကြပေ၊ တမန်တော်များသည် လူသား၊ ယောကျ်ားများဖြစ် ကြပေသည်၊ အိမ်ထောင်ပြုခြင်း၊ သားသမီးရှိခြင်း ... စသည်တို့သည် ကျန်းမာမှု၊ ယောကျ်ားပီသမှု၏ နိမိတ်လက္ခဏာများပင် ဖြစ်ပေသည်။)

ယခုခေတ်တွင် အိမ်ထောင်ပြုခြင်း၊ သားသမီးရှိခြင်းများသည် 'ဝေ့လာယတ်'၊ 'ရူဟာနီယတ်' များနှင့်ဆန့်ကျင်သည်ဟု ယူဆပြောဆိုကာ အချို့သူများသည် အိမ်ထောင်မပြုဘဲ တစ်ကိုယ်ထီးတည်း လူပျိုကြီးလုပ်၍နေကြသည်။ ထိုသို့သောသူများသည် ဤအာယတ်တော်ကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြပေသည်။ မာဂျိဒီ။

① တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်များဖြစ်ကြသည်၊ တမန်တော်များသည် အလ္လာဟ်အရှင်မြတ် ခိုင်းစေတော်မူသမျှကို တစ်သဝေမတိမ်း လိုက်နာကျင့်မူကြသော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်များသာ ဖြစ်ကြပေသည်၊ ထိုတမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ တန်ခိုးပြာဋိဟာ တစ်စုံတစ်ရာကိုမျှ ပြနိုင်စွမ်းကြသည် အလျှင်းမရှိပေ။ ထိုအရှင်မြတ် ခွင့်ပြုတော်မူသော တန်ခိုးပြာဋိဟာများကိုသာလျှင် ပြသနိုင်ကြပေသည်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း တမန်တော်တစ်ပါးသာဖြစ်တော်မူရာ အလ္လာဟ်အရှင်မြတ် ခွင့်ပြုတော်မူသော အရာကိုသာလျှင် ပြသတော်မူနိုင်သည်၊ ထိုအရှင်မြတ် ခွင့်ပြုတော်မမူသောအရာကို ပြသတော်မမူနိုင်ပေ။

အလ္လာဟ်ရှင်မြတ် ခွင့်ပြုတော်မူပုံမှာ ထိုအရှင်မြတ်သည် ခေတ်တိုင်းအဖို့ လျော်ကန်သင့်မြတ်သည့် အမိန့်တော်များကို သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည်။ ထိုအမိန့်တော်များကို မည်သူ တစ်ဦးတစ်ယောက်မျှ ဖျက်နိုင်သည် အလျှင်းမရှိ၊ တမန်တော်မြတ်သည် ထိုအရှင်မြတ်၏ ခွင့်ပြုတော်မူချက်အရ ခေတ်နှင့်လျော်ကန်သင့်မြတ်သည့် အမိန့်တော်များကို ယူဆောင်လာတော်မူခဲ့ချေပြီ၊ မိမိနဗီတမန်တော်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ သက်သေသာဓက အထောက်အထားပြရန်အတွက် တန်ခိုးပြာဋိဟာကိုလည်း ယူဆောင်လာတော်မူခဲ့ချေပြီ၊ တန်ခိုးထောက်ထားတော်မမူဘဲ ခေတ်နှင့်လျော်ကန်ပြာဋိဟာပြသရန်၌ လူအများ၏ တောင်းဆိုချက်ကို သင့်မြတ်သည်ကိုသာ ထောက်ထားတော်မူခဲ့ပေသည်။

يَمْحُوا۟ ٱللَّهُ مَا يَشَآءُ وَيُثْبِتُ ۖ وَعِندَهُۥٓ أُمُّ ٱلْكِتَٰبِ ﴿٣٩﴾

၃၉။ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောအရာကို ဖျောက်ဖျက်တော်မူလေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော်မူသောအရာကို) တည်တန့် စေတော်မူလေသည်။ စင်စစ်မူရင်း (မှတ်တမ်း)စာအုပ်မှာမူကား ထိုအရှင်မြတ်အထံတော်၌သာလျှင် ရှိပေသတည်း။ ၁

---

(၂) ခေတ်တိုင်း ခေတ်တိုင်းတွင် တမန်တော်များ ပွင့်ခဲ့ကြကုန်၏၊ ခေတ်များသည် တစ်ခေတ်နှင့်တစ်ခေတ် မတူပေ။ (ပတ်ဝန်းကျင်များလည်း တစ်ခုနှင့်တစ်ခု မတူပေ၊) ထို့အတွက်ကြောင့်ပင် ပွင့်လေသမျှသော တမန်တော်များသည် သာသနာ့ အခြေခံသဘောတရားများတွင် လုံးဝတူညီကြသော်လည်း ၎င်းတို့၏ 'ရှရီအတ်' ကျင့်စဉ် ကျင့်ရပ်များမှာမူ နည်းများမဆိုကွဲပြားခြားနားလျက် ရှိခဲ့ပေသည်။

ရှရီအတ်အားလုံးသည် လူသားတို့၏ လောကီရေး၊ လောကုတ္တရာရေး ကိစ္စအဝဝကို ကောင်းမွန်အောင် ပြုလုပ်ပေးရန်အတွက်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း လူမမာ၏ ရောဂါအခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ ဆေးပြောင်းလဲလာသကဲ့သို့ လူသားတို့၏ ခေတ်ပြောင်းလဲလာသည်နှင့်အမျှ အခြေအနေ ပြောင်းလဲလာခဲ့သည်။ အခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ ရှရီအတ်လည်း ပြောင်းလဲလာခဲ့ပေသည်။

ရှရီအတ်ကွဲပြားသည်ကို စောဒကတက်လိုသူများသည် တမန်တော်များအား အမိန့်ပညတ်များသတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန်နိုင်သော ပုဂ္ဂိုလ်များဟူ၍ ထင်မှတ်နေကြသည်။ အမိန့်ပညတ်သတ်မှတ် ပြဋ္ဌာန်းထုတ်ပြန်ပိုင်ခွင့်အာဏာသည် အလ္လာဟ်အရှင်မြတ်၌သာလျှင် ရှိပေသည်။ တမန်တော်များ၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲလျက် အမိန့်တစ်စုံတစ်ရာကိုမျှ ထုတ်ပြန်ပိုင်ခွင့်အာဏာ အလျှင်းမရှိပေ။

အလ္လာဟ်အရှင်မြတ်သည် ခေတ်တိုင်းနှင့် လျော်ကန်သင့်မြတ်သော အမိန့်ပညတ်များကို သတ်မှတ်ပြဋ္ဌာန်းတော်မူသည်၊ လူမမာတစ်ဦး၏ ရောဂါအခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ ဆေးပြောင်းလဲလာသကဲ့သို့၊ ခေတ်ပြောင်းသည့်အခါ ခေတ်ပြောင်းသည့်အလျောက် အမိန့်တော်များကို ပြောင်းလဲသတ်မှတ်ပြဋ္ဌာန်းတော်မူသည်။ ယခုမူ ကမ္ဘာတစ်သက် ခေတ်တိုင်းနှင့် လျော်ကန်သင့်မြတ်သည့် ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်ထားတော်မူလိုက်လေသည်။

(၁) အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အမိန့်ပညတ်များကို သတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန်တော်မူသည်။ ခေတ်ပြောင်းလဲသည့်အခါ ယခင်ထုတ်ပြန်ပြီး အမိန့်ပညတ်တော်များအနက် အခြေအနေအရ အချို့ကို ဆက်လက်တည်ရှိစေတော်မူသည်၊ အချို့ကိုပယ်ဖျက်တော်မူသည်။ အလ္လာဟ်အရှင်မြတ်အထံတော်၌ မူရင်းမှတ်တမ်းတော် (ဝါ) 'လောင်ဟ်မဟ်ဖူဇ်' ရှိသည်။ အမိန့်ပညတ် အရပ်ရပ်တို့သည် ထိုမှတ်တမ်းတော်၌ရှိသည့်အတိုင်း ထုတ်ပြန်တော်မူခြင်းဖြစ်သည်၊ ထိုမှတ်တမ်းတော်တွင် အနည်းငယ် စိုးစဉ်းမျှ အပြောင်းအလဲ အလျှင်းမရှိပေ။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏ 'ဟစ်က်မတ်' တော်နှင့်အညီ ဖျက်လိုတော်မူသော အမိန့်တော်များကို ဖျက်တော်မူ၍၊ ဆက်လက်တည်ရှိစေတော်မူလိုသော အမိန့်တော်များကို ဆက်လက် တည်ရှိစေတော်မူသည်။ ဖျက်ဆီးတော်မူလိုသော အမျိုးသားများကို ဖျက်ဆီးတော်မူ၍ ထိုသို့ဖျက်ဆီးတော် မူခြင်းခံရသော အမျိုးသားများ၏ နေရာတွင် မိမိထားရှိတော်မူလိုသော အမျိုးသားများကိုသာ ထားရှိတော်မူ၏။ ➤➤

وَإِنْ مَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِنَّمَا عَلَيْكَ الْبَلَاغُ وَعَلَيْنَا الْحِسَابُ ﴿٤٠﴾

၄၀။ အမှန်သော်ကား အကယ်၍ ငါအရှင်မြတ်သည် အသင်အား ငါအရှင်မြတ် ၎င်းတို့.ကို ကတိပေးတော်မူရာ အချို့.ကို ပြသတော်မူသည်ဖြစ်စေ၊ သို့.တည်းမဟုတ် ငါအရှင်မြတ်သည် ကွယ်လွန်စေတော်မူသည်ဖြစ်စေ၊ (မည်သို့.ပင်ဖြစ်စေ) အသင့် အပေါ်၌မူကား (ငါအရှင်မြတ် အမိန့်.ပညတ်တော်များကို လူတို့.ထံ) ပို့.ဆောင်ရုံမျှပင် ထာဝန်ရှိပေသည်။ ငါအရှင်မြတ်အပေါ်၌မူကား စစ်ဆေးရန် တာဝန် သည် ရှိပေသတည်း။ [၁]

➤➤ ဆိုလိုသည်ကား အားလုံးသော ပြောင်းလဲမှု၊ ပယ်ဖျက်မှု၊ ဆက်လက်တည်ရှိမှု၊ ဖျက်သိမ်းမှု အားလုံးတို့.သည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်၊ ဆုံးဖြတ်မှု၊ စီမံခန့်.ခွဲမှုများနှင့် စပ်လျဉ်းသည့် မှတ်တမ်းများသည်လည်း ထိုအရှင်မြတ်ထံတော်၌သာ ရှိပေသည်။ ထို့ပြင် မှတ်တမ်းအသီးသီးတို့ အချုပ်ဖြစ်သည့် (لَوْحٍ مَّحْفُوظٍ) 'ဧလောင်ဟ်မဟ်ဖုဇ်' သည်လည်း ထိုအရှင်မြတ်ထံတော်၌သာ ရှိပေသည်။ ထိုမှတ်တမ်းတော်တွင် စကြာဝဠာအဝန်းတွင် အတိတ်၌ဖြစ်ခဲ့သမျှသော၊ ပစ္စုပ္ပန်၌ဖြစ်နေသမျှသော၊ အနာဂတ်၌ ဖြစ်လတ္တံ့.သော ကိစ္စအဝဝတို့.သည် ခရေစေ့တွင်းကျ အသေးစိတ်ရေးမှတ်ထားပြီးဖြစ်သည်။ ထိုမှတ်တမ်းတော်၌ ရေးမှတ်ထားသော အရာများတွင် ပြောင်းလဲမှု အလျှင်းမရှိပေ။

① ကာဖိရ်များသည် (တမန်တော်မြတ်အား သွေဖည်ကြသည့်အတွက်) ၎င်းတို့.အား အချို့.ပြစ်ဒဏ်များကို ဤပစ္စက္ခ မျက်မှောက်ဘဝ၌ပင် ပေးတော်မူမည်ဟူ၍ အလ္လာဟ်အရှင်မြတ်က ကတိပေးထားတော်မူသည်။ ထိုကတိများအနက် အချို့.ကို ထိုအရှင်မြတ်သည် တမန်တော်မြတ် သက်တော်ထင်ရှားရှိနေစဉ် အချိန်အခါ၌ပင် ဖြစ်ပေါ်စေတော်မူမည်ဖြစ်သည်။ အချို့.ကတိများကိုမူ တမန်တော်မြတ် ကွယ်လွန် အနိစ္စရောက်တော်မူပြီးသည့် နောက်တွင် ဖြစ်ပေါ်စေတော်မူမည်ဖြစ်သည်။ထိုအရှင်မြတ်သည် မိမိထားရှိတော်မူသော ကတိတော်များကို အတည်ဖြစ်စေတော်မူမည်မှာ အမှန်မုချပင်၊ သို့.ရာတွင် ထိုသည့်ကတိတော်များကို မည်သည့် အချိန်အခါ၌ အတည်ဖြစ်စေတော်မူခြင်းမှာ ထိုအရှင်မြတ်၏ သဘောအတိုင်းသာလျှင် ဖြစ်ပေသည်။

သို့.ဖြစ်ပေရာ တမန်တော်မြတ်သည် ထိုသည့်ကတိတော်များ ဘယ်အခါမှ ဖြစ်ပေါ်ပါမည်လားဟူ၍ စိုးရိမ်နေရန်မလိုပေ၊ ကာဖိရ်များသည်လည်း ထိုသည့်ကတိတော်များ ဖြစ်ပေါ်ရာတွင် အနည်းငယ် ကြန့်.ကြာနေသည်ကို ကြည့်ပြီး အမှုမဲ့အမှတ်မဲ့ မနေသင့်ကြပေ။ အရာရာတိုင်း ဖြစ်ပေါ်ရန်အတွက် အလ္လာဟ် အရှင်မြတ်သည် အချိန်အခါများကို အသီးသီး သတ်မှတ်ထားတော်မူသည်။ အချိန်ကျလျှင် ဖြစ်ပေါ်မည်သာ ဖြစ်သည်။ ထို့.အတွက် တမန်တော်မြတ်သည် မိမိ၏တာဝန်ဖြစ်သော တရားဓမ္မဟောကြားခြင်းကို ပြုလုပ်မြဲတိုင်း ပြုလုပ်၍ နေရန်သာရှိသည်၊ သို့.တရားဓမ္မ ဟောကြားပါလျက် သွေဖည်ငြင်းဆန် မနာခံသော သူယုတ်တို့.အား စစ်ဆေးပြီး ပြစ်ဒဏ်ပေးရန် အလ္လာဟ်အရှင်မြတ်က တာဝန်ယူထားတော်မူပေသည်။

ကြည့်-ကုရ်အာန် (၈၈:၂၁-၂၆)

أَوَلَمْ يَرَوْا أَنَّا نَأْتِي الْأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا ۚ وَاللَّهُ يَحْكُمُ لَا مُعَقِّبَ لِحُكْمِهِ ۚ وَهُوَ سَرِيعُ الْحِسَابِ ﴿٤١﴾

၄၁။ ငါအရှင်မြတ်သည် မြေကို ဘေးပတ်ဝန်းကျင်များမှ (တဖြည်းဖြည်း) ယုတ်လျော့စေအောင် ပြုလုပ်လာတော်မူသည်ကို ၎င်းတို့သည် မမြင်ကြလေသလော။ [၁] အလ္လာဟ်အရှင်မြတ်သည် (မိမိအလိုရှိတော်မူသည်ကို) အဓိန္ဓာန်တော်ချမှတ်တော်မူလေသည်။ ထိုအရှင်မြတ်၏အဓိန္ဓာန်တော်ကို ရွှေ့ဆိုင်းနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် အလျှင်းမရှိပေ၊ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၂]

وَقَدْ مَكَرَ الَّذِينَ مِن قَبْلِهِمْ فَلِلَّهِ الْمَكْرُ جَمِيعًا ۖ يَعْلَمُ مَا تَكْسِبُ كُلُّ نَفْسٍ ۗ

၄၂။ အမှန်သော်ကား ၎င်းတို့အလျင်ရှိခဲ့ကြကုန်သောသူတို့သည် လျှို့ဝှက်စွာ ကြံစည်ခဲ့ကြကုန်၏။ စင်စစ်မှာမူကား အလုံးစုံသော အကြံအစည်တို့သည် အလ္လာဟ်အရှင်မြတ်၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် လူတိုင်းလူတိုင်း ပြုလုပ်သမျှတို့ကိုသိတော်မူ၏။

---

① အစ္စလာမ်သာသနာတော်သည် တစ်နေ့တခြား ပျံ့နှံ့ထွန်းကား ကြီးပွားလျက်ရှိ၏၊ အစ္စလာမ်သာသနာထွန်းကား ကြီးပွားလာသည်နှင့်အမျှ ကုဖ်ရ်၏နယ်နိမိတ်သည် ကျဉ်းမြောင်းလာခဲ့၏။ မက္ကာမြို့တော်နှင့် ပတ်ဝန်းကျင်ရှိ မျိုးနွယ်ကြီးများ၊ ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများသည်လည်း အစ္စလာမ်သာသနာတော်ဘက်သို့ ယိမ်းယိုင်လာခဲ့ကြ၏၊ 'အောက်စ်'၊ 'ခတ်ဖ်ရ်ဂျ်' မျိုးနွယ်ကြီးများ သည်လည်း အစ္စလာမ်သာသနာ၏ မှန်ကန်မှုကို ထောက်ခံလာခဲ့ကြ၏။ ဤသို့အားဖြင့် ကုဖ်ရ်၏အင်အားသည် တစ်နေ့တခြား ဆုတ်ယုတ်၍ ကုဖ်ရ်၏နယ်နိမိတ်သည် ကျဉ်းမြောင်းလာခဲ့၏၊ အစ္စလာမ်သာသနာ၏ အင်အားသည် တစ်နေ့တခြား တိုးပွားကြီးမား၍ အစ္စလာမ်၏ နယ်နိမိတ်သည်လည်း တစ်နေ့တခြား ကြီးမားလာခဲ့၏။

ကာဖိရ်များသည် ဤသည့်ဖြစ်ရပ်ကို စူးစမ်းဆင်ခြင် မြော်မြင်ပါက အစ္စလာမ်သာသနာတော်၏ ထွန်းကားမှုကို မည်သည့်အင်အားစုမျှ မတားဆီးမပိတ်ပင်နိုင်ကြောင်း၊ မိမိတို့၏ နောင်ရေးသည် အသို့ဖြစ်မည့် အကြောင်းများကို ကောင်းစွာ သိရှိနိုင်ကြပေသည်။

② ကုရ်အာန်(၁၃း၄၀)တွင် စစ်ဆေးမေးမြန်းခြင်းသည် အလ္လာဟ်အရှင်မြတ်၏ တာဝန်ဖြစ်သည်ဟု မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ထိုအရှင်မြတ်သည် ဆောလျင်စွာ စစ်ဆေးတော်မူသည့် အရှင်ဖြစ်တော်မူကြောင်းကို မိန့်ဆိုထားတော်မူသည်။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်၏ အဆုံးအဖြတ်သည် မပြောင်းလဲသော အဆုံးအဖြတ်ဖြစ်သည်၊ ထိုအရှင်မြတ်၏ အဆုံးအဖြတ်ကို မည်သူမျှ ပြောင်းလဲရွှေ့ဆိုင်းနိုင်သည်ဟူ၍လည်း အလျှင်းမရှိပေ၊ သို့ဖြစ်ပေရာ ကာဖိရ်များသည် အမှုမဲ့အမှတ်မဲ့ အပေါ်တဆ မနေသင့်ကြပေ။ မာဂျိဒီ။

وَسَيَعْلَمُ الْكُفَّٰرُ لِمَنْ عُقْبَى الدَّارِ ﴿٤٢﴾

ထိုမှတစ်ပါး တမလွန်ဘဝ၏ အကျိုးဆက်သည် မည်သူတို့.အဖို.ရှိသည်ကို ကာဖိရ် သွေဖည်ငြင်းပယ်ကုန်သော သူတို့.သည် မကြာမြင့်မီ သိရှိသွားကြပေမည်။ [၁]

وَيَقُولُ الَّذِينَ كَفَرُوا لَسْتَ مُرْسَلًا ۚ قُلْ كَفَىٰ بِاللَّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ وَمَنْ عِنْدَهُ عِلْمُ الْكِتَابِ ﴿٤٣﴾

၄၃။ ငင်းပြင် ကာဖိရ် သွေဖည် ငြင်းပယ်ကုန်သောသူတို့.က အသင်သည် ရာ့ဆူလ်တမန်တော်မဟုတ်ဟု ပြောဆိုကြပေသည်။ [၂] (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့.အား ဤသို့.)ပြောဆို(ဖြေကြား)ပါလေ။ (အချင်းတို့.) ငါနှင့်အသင်တို့.၏ စပ်ကြားဝယ် သက်သေအဖြစ် အလ္လာဟ်အရှင်မြတ်သည် လည်းကောင်း၊ ဒေသနာတော်ကျမ်းဂန်၏ အသိပညာရှိသော သူတို့.သည်လည်းကောင်း၊ လုံလောက်ပေသတည်း။

---

① တမန်တော်မြတ် လက်ထက်တွင်ရှိသော ကာဖိရ်များသည် တမန်တော်မြတ်နှင့်တကွ အစ္စလာမ်သာသနာတော်ကိုပါ နှောင့်ယှက်ဖျက်ဆီးရန် အမျိုးမျိုးယုတ်မာသော အကြံအစည်များ ပြုလုပ်ခဲ့ကြပေသည်။ ဤသည် အထူးအဆန်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အတိတ်ခေတ်များရှိ ကာဖိရ်များသည်လည်း မိမိတို့.ထံသို့ အသီးသီး ပွင့်လာခဲ့ကြကုန်သော တမန်တော်များနှင့် ဒေသနာတော်များကို နှောင့်ယှက်ဖျက်ဆီးရန် ယုတ်မာစွာ အမျိုးမျိုး ကြံစည် အားထုတ်ခဲ့ကြပေသည်။ သို့ရာတွင် ကာဖိရ်များ၏ ယုတ်မာသော ကြံစည်မှုများသည် အလ္လာဟ်အရှင်မြတ်၏ ကြံစည်မှုရှေ့မောက်တွင် အချည်းနီးသာ ဖြစ်သွားခဲ့ကြပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် လူသားတို့. ကြံစည်ပြုလုပ်သမျှတို့.ကို အကြွင်းမဲ့ သိတော်မူသည်။ နောက်ဆုံးတွင် ကာဖိရ်များသည် မိမိတို့.၏ ယုတ်မာသော အကြံအစည်များ၏ ယုတ်မာသော အကျိုးဆက်ကို မိမိတို့.ကိုယ်တိုင် ခံသွားခဲ့ကြပေသည်။ ကြည့်-ကုရ်အာန် (၃၅:၄၃)။

အတိတ်ခေတ် ကာဖိရ်များသည် မိမိတို့.၏ ယုတ်မာသော အကြံအစည်၏ ဆိုးရွားလှသောပြစ်ဒဏ်ကို အသီးသီး ခံသွားကြရသကဲ့သို့ ယခုသော် ကာဖိရ်များသည်လည်း မိမိတို့.၏ မကောင်းသော အကြံအစည်များ၏ မကောင်းသော အကျိုးဆက်ကိုလည်း ခံစားကြရမည်သာ ဖြစ်သည်။ ထို့ပြင်တစ်ဝ ကောင်းသော အကျိုးဆက်သည် မည်သူ.အတွက်ဖြစ်သည်ကိုလည်း ယင်းကာဖိရ် များမကြာမီအတွင်း သိသွားကြပေမည်။

② ကာဖိရ်များသည် မိမိတို့.၌ သက်ရောက်မည့် ပြစ်ဒဏ်များကိုမေ့ကာ တမန်တော်မြတ်အား (မပြောကောင်း မဆိုကောင်း) 'အသင်သည် တမန်တော်မဟုတ် ဟူ၍ပင် မိုက်မဲစွာဆိုကြ၏။ ဤအာယတ်တော်တွင် ယင်းကာဖိရ်တို့.အား ဖြေကြားထားစေတော်မူသည်မှာ အို-ကာဖိရ်အပေါင်းတို့.၊ အသင်တို့.၏ အမိပွာယ်ကင်းမဲ့သော ငြင်းဆိုခြင်းဖြင့် ကျွန်ုပ်၌ နစ်နာဆုံးရှုံးမှု အလျှင်းမရှိပေ။ ကျွန်ုပ်တမန်တော်ဖြစ်ကြောင်း ကျွန်ုပ်အား တမန်တော်အဖြစ် ခန့်.အပ်တော်မူသော အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် သက်သေခံတော်မူလျက်ရှိသည်။ ➤➤

➢➢ ထို့ပြင် ကောင်းကင်ကျ ကျမ်းဂန်ရရှိသော 'အလ်ကိတာဗ်' များသည်လည်း သက်သေခံကြပေသည်။ ဆိုလိုသည်ကား-တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) တမန်တော်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ သက်သေသာဓက နှစ်မျိုးရှိသည်။

(၁) အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား မုအ်ဂျဇေဟ်ခေါ် တန်ခိုးပြာဋိဟာများကို ချီးမြှင့်တော်မူခြင်း။

(၂) အတိတ်ခေတ် ကောင်းကင်ကျ ကျမ်းဂန်များတွင် တမန်တော်မြတ် ပွင့်တော်မူမည့်အကြောင်း ဗျာဒိတ်စကားများ ပါရှိခြင်း၊ ဤသည့်ဗျာဒိတ်စကားများ ပါရှိကြောင်းကို သမာသမတ်သော၊ ကိတာဗီသုခမိန်များအား မေးမြန်းကြည့်နိုင်ခြင်း၊ ဤကဲ့သို့ထင်ရှားသော သက်သေသာဓက အထောက်အထားများ ခိုင်လုံပါလျက် တမန်တော်မြတ်အား တမန်တော်မြတ်မဟုတ်ဟု ငြင်းဆိုခြင်းမှာ မိမိကိုယ်ကို မိမိပင် ဖျက်ဆီးခြင်းပင်ဖြစ်သည်။ ထာနဝီ။

တမန်တော် အီဗ်ရာဟီမ် ကဏ္ဍ



ဤကဏ္ဍအမည်မှာ 'စူရဟ်အီဗ်ရာဟီမ်' တမန်တော်အီဗ်ရာဟီမ် အကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။ ဤကဏ္ဍသည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။
ဤကဏ္ဍတွင် အာယတ်တော်ပေါင်း (၅၂)၊ ရူကူအ်အုပိဒ်ပေါင်း (၇)အသီးသီးပါရှိသည်။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

الٓرٰ ۚ كِتَٰبٌ أَنزَلْنَٰهُ إِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمَٰتِ إِلَى النُّورِ ۙ بِإِذْنِ رَبِّهِمْ إِلَىٰ صِرَٰطِ الْعَزِيزِ الْحَمِيدِ ۝١

အစဉ်မပြတ် သနားကြင်နာညှာတာတော်မူထသော အနန္တ ကရုဏာရှင်ဖြစ်တော်မူထသော၊ အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ အလစ်ဖ်၊ လမ်၊ ရာ။

ဤ(ကုရ်အာန်)သည်ကား အကြင်ကျမ်းမြတ်ပင်တည်း။ အသင်သည် လူသားအားလုံးတို့.ကို ၎င်းတို့.အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်.တော်နှင့် အမှောင်ထုမှအလင်းသို့. (၀ါ) တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်မြတ်၏လမ်းသို့. ထုတ်ဆောင် (ကယ်တင်)အံ့.သောငှာ ငါအရှင်မြတ်သည် ယင်းကျမ်းမြတ်ကို အသင်၏ထံသို့. ချပေးသနားတော်မူခဲ့လေသတည်း။ ①

---

① ဤကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူသောအရှင်မှာ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသည်။ ထုတ်ပြန်ပို့ချခြင်းခံရသော ပုဂ္ဂိုလ်မှာ တမန်တော်အပေါင်းတို့.၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ဖြစ်တော်မူသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ကုရ်အာန်ကျမ်းမြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်သည်ကို ကောင်းစွာသိနိုင်ပေသည်။

ထို့ပြင်တစ်ဝ ဤကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူခြင်း၏ ရည်ရွယ်ချက်မှာလည်း ထူးကဲမြင့်မြတ်လှပေသည်။ ထိုရည်ရွယ်ချက်ကား အလ္လာဟ်အရှင်မြတ်၏ အမိန့်.တော်ဖြင့် ဖြူနက်မခြား၊ လူတန်းစားမခွဲ၊ ဆင်းရဲချမ်းသာမရွေး ကမ္ဘာသူကမ္ဘာသား အားလုံးတို့.အား အမိုက်မှောင်များအတွင်းမှ ထုတ်၍ အမြော်အမြင်၊ အဆင်အခြင်၊ အယုံအကြည် . . . စသည်တို့.နှင့် ပြည့်စုံသည့် 'အီမာန်' တည်းဟူသော လင်းရောင်ခြည်သို့. ဆောင်ရန်ပင်ဖြစ်သည်။ ဤလင်းရောင်ခြည်ကား အခြားမဟုတ်၊ အရာခပ်သိမ်းတို့.ကို လွှမ်းမိုးတော်မူသော ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းတို့.နှင့် ပြည့်စုံတော်မူသော၊ ကမ္ဘာ့.အဝန်းကို ➤➤

اللَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۗ وَوَيْلٌ لِّلْكَافِرِينَ مِنْ عَذَابٍ شَدِيدٍ ﴿٢﴾

၂။ အကြင် အလ္လာဟ်အရှင်မြတ်(၏ လမ်းသို့) မိုးကောင်းကင်များ၌ရှိကုန်သောအရာများသည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သောအရာများသည်လည်းကောင်း ထိုအရှင်မြတ်သာလျှင် စိုးပိုင်တော်မူသော အရာများပင်။ ကာဖိရ်သွေဖည် ငြင်းပယ်ကုန်သော သူတို့၌မူကား ပြင်းထန်သော ပြစ်ဒဏ်ရှိသည်။

الَّذِينَ يَسْتَحِبُّونَ الْحَيَاةَ الدُّنْيَا عَلَى الْآخِرَةِ وَيَصُدُّونَ عَنْ سَبِيلِ اللَّهِ وَيَبْغُونَهَا عِوَجًا ۚ أُولَٰئِكَ فِي ضَلَالٍ بَعِيدٍ ﴿٣﴾

၃။ အကြင်သူတို့သည် ပစ္စက္ခမျက်မှောက်လောကီဘဝ၌ အသက်ရှင်ခြင်းကို တမလွန်ဘဝထက်သာပို၍ ပင် မြတ်နိုးကြကုန်သည်။ ထိုမှတစ်ပါး၊ ၎င်းတို့သည် (လူတို့အား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ တားဆီးကုန်သည်။ ထို့ပြင် ၎င်းတို့သည် ယင်းလမ်းတော်၌ ကွေ့ကောက်မှုကို ရှာဖွေလျက် ရှိကြကုန်သည်။ ဤသူတို့ကား (အမှန်နှင့်) အလွန်ဝေးလံသော လမ်းမှား၌ ရှိနေကြကုန်သတည်း။ [၁]

➤➤ စိုးပိုင်တော်မူသော အလ္လာဟ်ရှင်မြတ်၏ တရားတော်လမ်းစဉ်ပင် ဖြစ်ပေသည်။ ဤရည်ရွယ်ချက်ထက် ကောင်းမွန်မြင့်မြတ်သော ရည်ရွယ်ချက်သည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။

ဤအာယတ်တော်တွင် ပါရှိသည့် 'အလ်နာစ်' ဟူသည် လူသားအားလုံးတို့ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် အဖန်ဆင်းခံအားလုံး တို့ထံသို့ စေလွှတ်တော်မူ ခြင်းခံခဲ့ရသော တမန်တော် ဖြစ်တော်မူပေသည်။

(၂) ဤကဲ့သို့သော ကုရ်အာန်ကျမ်းမြတ် ကျရောက်လာပြီးသည့်နောက်ပိုင်းတွင် ကာဖိရ်၊ မုရှ်ရစ်က်များသည် ကုဖ်ရ်၊ ရှစ်ရစ်က် . . . အစရှိသည့် မိစ္ဆာမှောင်များအတွင်းမှ မထွက်လိုကြပါမူ၊ ၎င်းတို့သည် အလွန်ပြင်းထန်သော ပြစ်ဒဏ်များကို ခံစားကြရမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းကာဖိရ်၊ မုရှ်ရစ်က်များသည် ဤပစ္စက္ခ မျက်မှောက်ဘဝကို နောင်တမလွန်ဘဝထက် ပိုမို၍ နှစ်ခြိုက်ကြပေသည်။ ၎င်းတို့သည် နေ့ရောညဉ့်ပါ လောကီရေးရာများ၌ပင် နစ်မွန်း၍ နေကြသကဲ့သို့၊ သူတစ်ပါးတို့အားလည်း နစ်မွန်းစေလျက် အလ္လာဟ်အရှင်မြတ်၏လမ်း၏ တရားလမ်းတော်မှ ဖယ်ရှားထားကြလေသည်။ ထို့အတွက်ကြောင့်လည်း ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များတွင် တမင်အပြစ်ရှာဖွေကာ အဖြောင့်ကို အကောက်ဖြစ်သည်ဟူ၍ မုသားစွပ်စွဲ ပြောဆိုကြလေသည်။ အမှန်မှာ ဤသို့သော ကာဖိရ်၊ မုရှ်ရစ်က်များသည် မှန်ကန်သော တရားလမ်းစဉ်မှ အလွန် ဝေးကွာလျက်ရှိသည့် လမ်းမှားမှု၌ ကျရောက်လျက်ရှိကြပေပြီ။ ၎င်းတို့သည် ပြင်းထန်သော ပြစ်ဒဏ်များကို ခံစားကြရသောအခါကျ မျက်စိပွင့်ကြမည့်သူများတည်း။

وَمَآ أَرۡسَلۡنَا مِن رَّسُولٍ إِلَّا بِلِسَانِ قَوۡمِهِۦ لِيُبَيِّنَ لَهُمۡۖ فَيُضِلُّ ٱللَّهُ مَن يَشَآءُ وَيَهۡدِي مَن يَشَآءُۚ وَهُوَ ٱلۡعَزِيزُ ٱلۡحَكِيمُ ٤

၄။ စင်စစ်တစ်ပူကား ငါအရှင်မြတ်သည် ရပ္ပုလ်တမန်တော်တိုင်းကို ယင်း ရပ္ပုလ်တမန်တော်၏ အမျိုးသားတို့ (ပြောဆိုသုံးစွဲသော) ဘာသာစကား နှင့်သာ [၁] ၎င်းတို့အား ယင်းရပ္ပုလ်တမန်တော်က (ငါအရှင်မြတ်၏အမိန့်ပညတ်တော်များကို) ထင်ရှားစွာ ထုတ်ဖော်ပြောဆို ရှင်းလင်းပြနိုင်ခြင်းငှာ စေလွှတ်တော်မူခဲ့ပေသည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား လမ်းမှား၌ပင် ထားရှိတော်မူလေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်ကို ပြတော်မူပေသည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်သာလျှင် တန်ခိုးအာနုဘော်နှင့် လွှမ်းမိုးတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား တရားဓမ္မဟောညွှန်ပြတော်မူရန်အတွက် တမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူသကဲ့သို့ အတိတ်ခေတ်များတွင်လည်း လူမျိုးအသီးသီးတို့ထံသို့ တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ တမန်တော်များ၏ တရားဓမ္မကို ဦးစွာပထမ ကြားသိရသော ပုဂ္ဂိုလ်များမှာ ထိုတမန်တော်များ၏ အမျိုးသားများသာလျှင် ဖြစ်ခဲ့ကြပေသည်။ ထို့အတွက်ကြောင့်လည်း အလ္လာဟ်အရှင်မြတ်သည် ဒေသနာတော်များကို လွယ်ကူစွာနားလည်နိုင်ကြရန်အတွက် တမန်တော်များ၏ အမျိုးသားများ၏ ဘာသာစာပေများ၌ပင် ထုတ်ပြန်ချမှတ်တော်မူခဲ့သည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကမ္ဘာအဝန်းအား တရားဓမ္မဟောညွှန်ပြတော်မူရန် ပွင့်လာတော်မူခဲ့၏။ တမန်တော်မြတ်သည် အရဗ်လူမျိုးတို့ထံသို့ ပွင့်လာတော်မူခဲ့၏။ ၎င်းတို့၏ ဘာသာစာပေမှာ အရဗီဘာသာစာပေဖြစ်၏၊ သို့ဖြစ်ပေရာ တမန်တော်မြတ်၏ တရားဒေသနာတော်များကို ဦးစွာပထမ ကြားသိကြရသော အမျိုးသားများနှင့် ရှေးဦးမဆွ ပထမဖြစ်ကြသည့် တပည့်နောက်လိုက်များသည် အရဗ်အမျိုးသားများ ဖြစ်ခဲ့ကြပေသည်။ ၎င်းတို့သည် တမန်တော်မြတ်၏ တရားဒေသနာတော်များကို လွယ်လင့်တကူ နားလည်သဘောပေါက်ပြီး ကမ္ဘာအဝန်းသို့လည်းကောင်း၊ ၎င်းတို့မှတစ်ဆင့် ကမ္ဘာတစ်သက်လူမျိုးအသီးသီးသို့လည်းကောင်း၊ ဖြန့်ချိနိုင်ရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အရဗီဘာသာစာပေနှင့်ပင် ထုတ်ပြန်ပို့ချတော်မူခဲ့သည်။ ဤကား သဘာဝအတိုင်းပင်၊ ဤအတိုင်းလည်းဖြစ်ခဲ့သည်မှာ အထင်အရှားပင်။ ➤➤

وَلَقَدْ أَرْسَلْنَا مُوسَىٰ بِآيَاتِنَا أَنْ أَخْرِجْ قَوْمَكَ مِنَ الظُّلُمَاتِ إِلَى النُّورِ وَذَكِّرْهُمْ بِأَيَّامِ اللَّهِ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ﴿٥﴾

၅။ ထိုမှတစ်ပါး: ငကန်မလွဲငါအရှင်မြတ်သည်(နဗီတမန်တော်)မူစာအား မိမိသက်သေလက္ခဏာတော်များနှင့်တကွ [၁] စေလွှတ်တော်မူ(၍ ဤသို့. အမိန့်တော် ထုတ်ပြန်တော်မူ)ခဲ့၏။ အသင်သည် မိမိအမျိုးသားတို့.ကိုအမှောင်ထုမှအလင်းသို့. ထုတ်ဆောင်ပါလေ။ ထိုမှတစ်ပါး: အသင်သည် ယင်းအမျိုးသားတို့.အား အလ္လာဟ်အရှင်မြတ် ကျေးဇူးတော်မူများကို ပြန်လည်၍သတိရစေပါလေ။ ငကန်မလွဲ ယင်းကျေးဇူးတော်များတွင်အလွန်ခန္တီတရားထားရှိသူတိုင်း၊ အလွန်ကျေးဇူးတော်ကို သိတတ်သူတိုင်းအဖို့. သက်သေလက္ခဏာများသည် ရှိကုန်သတည်း။ [၂]

➤➤ အရဗ်အမျိုးသားတို့.သည် အရဗီဘာသာစာပေကို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်ခဲ့ကြ၏၊ မိမိတို့.၏ ဘာသာစာပေကိုလည်း အမြတ်တနိုး ထားခဲ့ကြ၏။ ၎င်းတို့.သည် တမန်တော်မြတ်ထံမှ မိမိတို့.မြတ်နိုးသော၊ ကျွမ်းကျင်သော အရဗီဘာသာစာပေဖြင့် ထုတ်ပြန်ချမှတ်ထားတော်မူသော ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို တိကျမှန်ကန်စွာ နားလည်သဘောပေါက်နိုင်ခဲ့ကြ၏။ အဲ့မဆုံး မှတ်ယူထိန်းသိမ်းနိုင်ခဲ့ကြ၏၊ ကမ္ဘာ့အဝန်းသို့လည်း ဖြန့်ချိနိုင်ခဲ့ကြ၏။

ထိုမျှမကသေး ကုရ်အာန်ကျမ်းလာ ဒေသနာတော်များသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားသောအခါ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အရဗ်မဟုတ်သော အခြားအမျိုးသားတို့.၏ စိတ်နလုံးများတွင် အရဗီဘာသာစာပေကို လေ့လာဆည်းပူးလိုသော ဆန္ဒများသည် ပြင်းပြစွာ ပေါ်ပေါက်လာခဲ့၏၊ သို့.ပေါ်ပေါက်လာခဲ့သည့်အလျောက် အရဗ်မဟုတ်သော အမျိုးသားများသည် အရဗီဘာသာစာပေကို လေ့လာလိုက်စားခဲ့ကြရာ အချိန်အနည်းငယ် အတွင်းမှာပင် အရဗီဘာသာစာပေကို ကြေကြေညက်ညက် ပိုင်ပိုင်နိုင်နိုင် တတ်မြောက်လာခဲ့ကြ၏၊ ထိုမျှမက ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဖွင့်ဆိုရှင်းလင်းပြရာ၌ အရဗ်အမျိုးသားများထက်ပင် တစ်နည်းတစ်ဖုံ သာသွားခဲ့ကြပေသေးသည်၊ ဤသို့.အားဖြင့် အလ္လာဟ်အရှင်မြတ်၏ အကြောင်းပြချက်သည် အတည်ဖြစ်လျက်ရှိချေပြီ၊ ထို့ပြင်တစ်ဝ ကုရ်အာန်ကျမ်းမြတ်ကို အရဗ်ဘာသာစာပေဖြင့် အဘယ်ကြောင့် ထုတ်ပြန်ချမှတ်တော်မူခဲ့သနည်းဟူသော အမေးပုစ္ဆာ၏အဖြေလည်း ထင်ရှားသွားပေပြီ။

① ဤအာယတ်တော်တွင် တမန်တော်မူစာအား အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူသော 'အာယတ်' တော်များဟူသည် ကျော်ကြားသည့် တန်ခိုးပြာဋိဟာကိုးပါးကို ဆိုလိုသည်။ ကြည့်-ကုရ်အာန် (၁၇:၁၀၁။ ၂၇:၁၂) သို့.မဟုတ် တောင်ရာတ်ကျမ်းလာ အာယတ်တော်များ ဖြစ်သည်ဟူ၍လည်း ဆိုနိုင်သည်။

② 'အလ္လာဟ်အရှင်မြတ်၏နေ့များ' ဟူသည် ထိုနေ့များတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ဆိုလိုသည်။ ထိုနေ့ရက်များတွင် တမန်တော်မူစာ၏ အမျိုးသားများသည် အကြီးအကျယ် ဒုက္ခကြီးငယ်များနှင့် တွေ့ကြုံခဲ့ကြရပေသည်။ ထို့နောက်တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် တမန်တော်မူစာ၏ ➤➤

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِ
اذْكُرُوا نِعْمَةَ اللَّهِ عَلَيْكُمْ
إِذْ أَنجَاكُم مِّنْ آلِ فِرْعَوْنَ
يَسُومُونَكُمْ سُوءَ الْعَذَابِ
وَيُذَبِّحُونَ أَبْنَاءَكُمْ
وَيَسْتَحْيُونَ نِسَاءَكُمْ ۚ وَفِي
ذَٰلِكُم بَلَاءٌ مِّن رَّبِّكُمْ
عَظِيمٌ ﴿٦﴾

၆။ ၎င်းပြင် (ပြန်လည်၍သတိရကြလေကုန်။) တစ်ရံရောအခါ (နဗီတမန်တော်) မူစာသည် မိမိအမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့)အသင်တို့သည် မိမိတို့အပေါ်၌ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို သတိရကြလေကုန်။ အကြင်အခါဝယ် ထိုအရှင်မြတ်သည် အသင်တို့အား ဖစ်ရ်အောင်န်၏ အခွေအရံတို့၏ (ဘေးအန္တရာယ်များ)မှ ကယ်ဆယ်တော် မူခဲ့လေသည်။

ယင်း ဖစ်ရ်အောင်န်၏ အခွေအရံတို့သည် အသင်တို့၌ ပြင်းထန်လှစွာသော ဘေးအန္တရာယ်များကို သက်ရောက်စေလျက် ရှိခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အသင်တို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်၍၊ အသင်တို့၏ (သမီး) မိန်းကလေးများကိုမူကား အသက်နှင့် ထားလေ့ရှိခဲ့ကြကုန်၏။

အမှန်သော်ကား ထိုတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ ကြီးကျယ်လှစွာသော စမ်းသပ်မှုသည် ရှိခဲ့ချေသတည်း။

➤➤ အမျိုးသားများအား ထိုသည့် ဘေးဒုက္ခအပေါင်းမှ ကယ်တင်တော်မူခဲ့သည်၊ ကျေးဇူးတော်များလည်း ပြုတော်မူခဲ့သည်၊ ဤကဲ့သို့ ဒုက္ခနှင့် သုခများကို ပြန်လည်သတိရစေခြင်းမှာ သည်းခံသော၊ ကျေးဇူးတော်သိတတ်သော ပုဂ္ဂိုလ်များသည် နောင်တ တရားရယူနိုင်ရန်အတွက် ပင်ဖြစ်သည်။

ဒုက္ခနှင့်တွေ့ကြုံသောအခါ သည်းခံ၍၊ သုခနှင့် တွေ့ကြုံသောအခါ ကျေးဇူးသိတတ်သော ပုဂ္ဂိုလ်များသာလျှင် အောင်မြင်ကြသည်မှာ ရာဇဝင် အထင်အရှားပင်။ တမန်တော်မူစာ၏ အမျိုးသားများသည် ပင်လျှင် အထက်ပါဂုဏ်ရည်များနှင့် ပြည့်စုံသည့်အချိန်များတွင် အောင်မြင်ခဲ့ကြသည်မဟုတ်ပါလော။

ကြည့်-ကုရ်အာန် (၇:၁၃၇)။

وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ لَأَزِيدَنَّكُمْ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ ﴿٧﴾

၇။ ထိုမှတစ်ပါး: (ပြန်လည်၍သတိရကြလေကုန်၊) အကြင်အခါဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (အသင်တို့အား)အကယ်၍ 'အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ခဲ့ကြလျှင်၊ အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့အား တိုး၍ ချီးမြှင့်ပေးသနားတော်မူမည်ဖြစ်ကြောင်း၊ သို့ရာတွင် အကယ်၍သာအသင်တို့သည် ကျေးဇူးကန်းခဲ့ကြသည်ရှိသော်၊ ဧကန်မလွဲ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် ပြင်းထန်လှကြောင်း၊ သိစေတော်မူလေသတည်း။

وَقَالَ مُوسَىٰ إِن تَكْفُرُوا أَنتُمْ وَمَن فِي الْأَرْضِ جَمِيعًا فَإِنَّ اللَّهَ لَغَنِيٌّ حَمِيدٌ ﴿٨﴾

၈။ ထို့ပြင် (နဗီတမန်တော်) မူစာသည် (မိမိအမျိုးသားတို့အား ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့) အကယ်၍ အသင်တို့နှင့်တကွ ကမ္ဘာမြေဝယ် ရှိသမျှသော သူခပ်သိမ်းတို့သည် ကျေးဇူးကန်းကြပါသော်လည်း၊ (ထိုအရှင်မြတ်၌ တစ်စုံတစ်ရာကျိုးယုတ်မှု အလျှင်းမရှိပေ၊ အဘယ်ကြောင့်ဆိုသော်) ဧကန်အမှန် အလွန်ဟန်အရှင်မြတ်သည် လိုလားတောင့်တခြင်း: ကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းဖွယ်ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကား အနန္တော အနန္တတည်း။ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကို မည်သူမျှ မရေတွက်နိုင်ပေ။ ကြည့်-ကုရ်အာန် (၁၄:၃၄)။ ကျေးဇူးကန်းလျှင် ထိုအရှင်မြတ်၌ စိုးစဉ်းမျှပင် နစ်နာဆုံးရှုံးသည် အလျှင်းမဟုတ်၊ ကျေးဇူးကန်းသူသည်သာလျှင် နစ်နာဆုံးရှုံးရပေမည်။

အလ္လာဟ်အရှင်မြတ်သည် သူတစ်ပါး၏ ချီးမွမ်းခြင်း၊ ကျေးဇူးသိခြင်းများကို လိုလားတောင့်တတော်မူသောအရှင်မဟုတ်ပေ။ ထိုအရှင်မြတ်သည် မိမိအား ကျေးဇူးတင်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိအား ချီးမွမ်းသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိုအရှင်မြတ်၌ စိုးစဉ်းမျှ ထိခိုက်သည်အလျှင်းမရှိပေ။

အဘယ်ကြောင့် ဆိုသော် ထို အရှင်မြတ်သည် ခပ်သိမ်းကုန်သော တောင်းတမှု၊ ကြောင့်ကြမှုအပေါင်းတို့မှ လုံးဝ ကင်းစင်တော် မူသော အရှင်၊ ချီးမွမ်းဖွယ် အပေါင်းနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသည်။

اَلَمْ يَاْتِكُمْ نَبَؤُا الَّذِيْنَ مِنْ
قَبْلِكُمْ قَوْمِ نُوْحٍ وَّعَادٍ
وَّثَمُوْدَ ۛ وَالَّذِيْنَ مِنْۢ
بَعْدِهِمْ ۛ لَا يَعْلَمُهُمْ
اِلَّا اللّٰهُ ۛ جَآءَتْهُمْ
رُسُلُهُمْ بِالْبَيِّنٰتِ فَرَدُّوْٓا
اَيْدِيَهُمْ فِيْٓ اَفْوَاهِهِمْ
وَقَالُوْٓا اِنَّا كَفَرْنَا بِمَآ
اُرْسِلْتُمْ بِهٖ وَاِنَّا لَفِيْ شَكٍّ
مِّمَّا تَدْعُوْنَنَآ اِلَيْهِ مُرِيْبٍ ۝٩

၉။ အသင်တို့ထံ အသင်တို့အလျင် ရှိခဲ့ကြဘူးသော နူးဟ်၏အမျိုးသားများ၊ အာဒ်အမျိုးသားများ၊ ဆမူဒ်အမျိုးသားများနှင့် ၎င်းတို့နောက်တွင် ရှိခဲ့ဖူးကြသောသူတို့၏သတင်းသည် မရောက်ရှိခဲ့လေသလော၊[1] ၎င်းတို့အား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အတိအကျ မည်သူမျှ မသိပေ။

၎င်းတို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားသော သက်သေသာဓကများကို ယူဆောင်လာခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏လက်များကို ယင်းရစူလ်တမန်တော်များ၏ ပါးစပ်များထဲသို့ (တစ်နည်း) *မိမိတို့၏ ပါးစပ်များထဲသို့ တွန်းထိုးခဲ့ကြကုန်၏။* [၂] ထိုမှတစ်ပါး၎င်းတို့က (ဤသို့)ပြောဆိုခဲ့ကြကုန်၏၊ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အကြောင်အရာကို ငြင်းပယ်ခဲ့ကြလေပြီ။ အသင်တို့သည် ထိုအရာနှင့်တကွ စေလွှတ်ခြင်းခံခဲ့ကြရလေသည်။ ၎င်းပြင် ဧကန်မလွဲ ကျွန်ုပ်တို့သည် အကြောင်အရာနှင့်စပ်လျဉ်း၍ ယုံမှားသံသယဖြစ်စေသော ဒွိဟဒ္ဒပင်ရှိကြပေသည်။ အသင်တို့သည် ကျွန်ုပ်တို့အား ထိုအရာဘက်သို့ ဖိတ်ခေါ်လျက်ရှိကြကုန်သည်။

---

① ဆိုလိုသည်ကား အရပ်အမျိုးသားများသည် မိမိတို့အလျင် ရှိခဲ့ကြသော အမျိုးသားတို့၏ ဖြစ်စဉ်ဖြစ်ရပ်များကို ဆင်ခြင်၍ နောင်တတရားရသင့်ကြပြီ၊ အရပ်အမျိုးသားတို့အလျင် ကမ္ဘာတွင် မြောက်မြားစွာသော အမျိုးသားများ ရှိခဲ့ကြ၏၊ ၎င်းတို့၏ သမိုင်းစဉ် အထွဏ်ပွတ္တိ ဖြစ်စဉ်ဖြစ်ရပ်များကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး အတိအကျ မည်သူမျှမသိပေ။ သို့တစေလည်း အတိတ်ခေတ် အမျိုးသားတို့အနက် အချို့အမျိုးသားများ၏ သတင်း၊ အထူးသဖြင့် တမန်တော်နူးဟ်၏ အမျိုးသားများ၏သတင်း၊ အာဒ်အမျိုးသားများ၏သတင်း၊ ဆမူဒ်အမျိုးသားများ၏သတင်းနှင့် ထိုအမျိုးသားများ၏ နောက်တွင်ရှိခဲ့ကြသော အမျိုးသားများ၏ သတင်းများသည် အရပ်အမျိုးသားတို့ထံတွင် အတော်ပင်ကျော်ကြားခဲ့၏၊ ထိုအမျိုးသားများသည် နောက်ဆုံးတွင် အသို့ ပျက်စီးသွားခဲ့ကြသည့် သတင်းများသည်လည်း အရပ်အမျိုးသားတို့ထံ ရောက်ရှိပြီးဖြစ်၏။ ထိုထိုသော အမျိုးသားများ မိမိတို့အလျင်က မရှုမလှ ပျက်စီးသွားခဲ့ကြသည်များကို သိရှိပါလျက် အရပ်အမျိုးသားတို့သည် ယခုတိုင် နောင်တတရား မရရှိကြသေးသည်မှာ အံ့ဖွယ်ပင်။

قَالَتْ رُسُلُهُمْ أَفِي اللَّهِ
شَكٌّ فَاطِرِ السَّمٰوٰتِ
وَالْأَرْضِ ۖ يَدْعُوكُمْ
لِيَغْفِرَ لَكُمْ مِنْ ذُنُوبِكُمْ
وَيُؤَخِّرَكُمْ إِلَىٰ أَجَلٍ
مُسَمًّى ۚ قَالُوا إِنْ أَنْتُمْ إِلَّا
بَشَرٌ مِثْلُنَا تُرِيدُونَ أَنْ
تَصُدُّونَا عَمَّا كَانَ
يَعْبُدُ آبَاؤُنَا فَأْتُونَا
بِسُلْطَانٍ مُبِينٍ ﴿١٠﴾

၁၀။ ၎င်းတို့၏ ရစ္ဆရဲတမန်တော်များက (၎င်းတို့အား) 'အသို့ပါနည်း၊ (အသင်တို့၌) အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ဒွိဟသံသယ ရှိနေပါသလော။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

ထိုအရှင်မြတ်သည် အသင်တို့အားအသင်တို့၏ပြစ်မှုများမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူအံ့သောငှာလည်းကောင်း၊ အသင်တို့အားကန့်သတ်ထားသော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းတော်မူအံ့သောငှာလည်းကောင်း၊ ဖိတ်ခေါ်တော်မူလေသည်ဟု ပြောဆိုဖြေကြားခဲ့လေသည်။ (ထိုရောအခါဝယ်) ၎င်းတို့က (မိမိတို့၏ ရစ္ဆရဲတမန်တော်များအား ဤသို့ တုံ့ပြန်)ပြောဆိုကြလေသည်။ 'အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားမျှသာ ဖြစ်ကြပေသည်။

အသင်တို့သည် ကျွန်ုပ်တို့အား၊ ကျွန်ုပ်တို့၏ အဘ ဘိုးဘေးများ ကိုးကွယ်လျက် ရှိခဲ့ကြသည်ကိုမှ ပိတ်ပင်တားဆီးရန် ကြံရွယ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်တို့ထံ ထင်ရှားသော တန်ခိုးပြာဋိဟာကို ယူဆောင်ခဲ့ ကြလေကုန်'။

---

(၂) ဆိုလိုသည်ကား အတိတ်ခေတ်များတွင် လူမျိုးအသီးသီးတို့ထံသို့ တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ယူဆောင်၍ ပွင့်လာခဲ့ကြ၏၊ အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို ဟောကြားခဲ့ကြ၏၊ ထိုအခါ ကာဖိရ်များသည် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ မိမိတို့၏ လက်များကိုပင် ကိုက်ခဲခဲ့ကြလေသည်၊ ဤသည့်သဘောကို ကုရ်အာန် ကျမ်းမြတ် (၃း၁၁၉) တွင်လည်း မိန့်ဆိုထားတော်မူသည်။

قَالَتْ لَهُمْ رُسُلُهُمْ إِنْ نَّحْنُ
إِلَّا بَشَرٌ مِّثْلُكُمْ وَلَٰكِنَّ اللَّهَ يَمُنُّ
عَلَىٰ مَن يَشَاءُ مِنْ عِبَادِهِ ۖ
وَمَا كَانَ لَنَا أَن نَّأْتِيَكُم
بِسُلْطَانٍ إِلَّا بِإِذْنِ اللَّهِ ۖ
وَعَلَى اللَّهِ فَلْيَتَوَكَّلِ
الْمُؤْمِنُونَ ﴿١١﴾

၁၁။ ၎င်းတို့အား ၎င်းတို့၏ ရဏ္ဍာလ်တမန်တော်များက (ဤသို့)ပြောဆိုဖြေကြားခဲ့ပေသည်။ (အချင်းတို့၊ ဧကန်မလွဲ) ငါတို့သည် အသင်တို့ကဲ့သို့ပင် လူသားများသာဖြစ်ကြပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်များအနက်မှ မိမိအလိုရှိတော်မူသောသူအပေါ်၌ ကျေးဇူးပြုတော်မူလေ့ ရှိပေသည်။

စင်စစ်သော်ကား၊ ငါတို့၌ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး အသင်တို့ထံ တန်ခိုးပြာဋိဟာ တစ်စုံတစ်ခုကို ယူဆောင်လာကြရန် အခွင့်အာဏာမရှိပေ။ အမှန်သော်ကား မုအ်မင်န် သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် အားကိုးအားထား ယုံပုံလွဲအပ်ကြရာကုန်သတည်း။

وَمَا لَنَا أَلَّا نَتَوَكَّلَ عَلَى اللَّهِ
وَقَدْ هَدَانَا سُبُلَنَا ۚ
وَلَنَصْبِرَنَّ عَلَىٰ مَا
آذَيْتُمُونَا ۚ وَعَلَى اللَّهِ
فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ ﴿١٢﴾

၁၂။ စင်စစ်သော်ကား၊ ငါတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံပုံ လွဲအပ် ထားခြင်းကို မပြုကြရန် ငါတို့၌မည်သည့်အကြောင်း ရှိပါသနည်း၊ အမှန် သော်ကား ထိုအရှင်မြတ်သည် ငါတို့အား ငါတို့၏ (အကျိုးဖြစ်ထွန်းစေမည့်) လမ်းများကို ညွှန်ကြား ပြသတော်မူခဲ့လေသည်။

ငင်းပြင် အမှန်ပင် ငါတို့သည် အသင်တို့ ငါတို့အား ဘေးဒုက္ခပေးခဲ့ကြသည်များနှင့်စပ်လျဉ်း၍ မုချ သည်းခံကြရတော့မည် ဖြစ်ပေသည်၊ သို့ဖြစ်ပေရာ အမှန်စင်စစ် ယုံပုံလွဲအပ် အားကိုးအားထား သူတို့သည် အလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံပုံလွဲအပ် အားကိုး အားထား ပြုလုပ်ကြရာ ကုန်သတည်း။

وَقَالَ الَّذِينَ كَفَرُوا لِرُسُلِهِمْ لَنُخْرِجَنَّكُم مِّنْ أَرْضِنَا أَوْ لَتَعُودُنَّ فِي مِلَّتِنَا ۖ فَأَوْحَىٰ إِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظَّالِمِينَ ﴿١٣﴾

၁၃။ ထိုမှတစ်ပါး ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သောသူတို့သည် မိမိတို့. ရစ္ခရ်တမန်တော်များအား ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်တို့အား ကျွန်ုပ်တို့၏ မြို့ရွာ၊ နယ်မြေအတွင်းမှ မုချနှင်ထုတ်ကြပေမည်။ သို့တည်းမဟုတ် အသင်တို့သည် ကျွန်ုပ်ကို၏သာသနာထဲသို့ မုချပြန်ဝင်ကြရလိမ့်မည်ဟုပြောဆို (ခြိမ်းခြောက်)ခဲ့လေသည်။ ထိုရောအခါဝယ် ၎င်းရစ္ခရ်တမန်တော်များထံ ၎င်းတို့၏အရှင်မြတ်က 'မလွဲဧကန်ငါအရှင်မြတ်သည် (ဤသို့) မတရားပြုမူသောသူတို့အား မုချပျက်စီးစေတော်မူအံ့' ဟု အမိန့်တော် ချပေးတော်မူခဲ့လေသတည်း။

وَلَنُسْكِنَنَّكُمُ الْأَرْضَ مِن بَعْدِهِمْ ۚ ذَٰلِكَ لِمَنْ خَافَ مَقَامِي وَخَافَ وَعِيدِ ﴿١٤﴾

၁၄။ ၎င်းပြင် အမှန်ပင် ငါအရှင်မြတ်သည် ၎င်းတို့မရှိကြသည့်နောက်တွင် အသင်တို့အား မြို့ရွာနယ်မြေ၌ နေရာချ၍ ပေးတော်မူအံ့။ ဤ(ကတိဝန်ခံချက်)သည်ကား ငါအရှင်မြတ်၏ ဧ့ရှတော်မှောက်ဝယ် မတ်တတ်ရပ်ရမည်ကို စိုးရိမ်သောသူ၏အဖို့လည်းကောင်း၊ ငါအရှင်မြတ် ချိန်းချက်ထားတော်မူသောပြစ်ဒဏ်ကို ကြောက်ရွံ့သောသူ၏အဖို့လည်းကောင်း၊ ဖြစ်ပေသတည်း။

---

① ကာဖိရ်များသည် တမန်တော်များအား အဖြေမပေးနိုင်သည့်အဆုံးတွင် အသင်တို့သည် ယခင်အတိုင်း ဆိတ်ဆိတ်နေကြလျှင် အသင်တို့၏ နောက်သို့ ယောင်မှားလိုက်ပါသွားသောသူများသည် ကျွန်ုပ်တို့၏ မိရိုးဖလာ မူလဘာသာအတွင်းသို့ ပြန်လည်ရောက်ရှိလာကြပေမည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် အသင်တို့အားလုံးကို တိုင်းပြည်မှ နှင်ထုတ်ကြမည်ဖြစ်သည်ဟု ခြိမ်းခြောက်ကြလေတော့သည်။ ကာဖိရ်များသည် ယင်းသို့စည်းကမ်းကျူးကျော်လာကြသောအခါ အလ္လာဟ်အရှင်မြတ်က အသင်တို့သည် ငါ၏ မွတ်စ်လင်မ်များအား တိုင်းပြည်မှ အသို့လျှင် နှင်ထုတ်နိုင်ကြအံ့နည်း၊ ငါအရှင်မြတ်သည် ကျူးကျော်စော်ကားသော ကာဖိရ်များအား ကွပ်မျက်ဖျက်ဆီးတော်မူပြီး ၎င်းတို့၏နေရာတွင် မွတ်စ်လင်မ်များအား နေရာချထားတော်မူမည်ဟု မိန့်ကြားတော်မူလိုက်လေသည်။ သို့မိန့်ကြားတော်မူသည့်အတိုင်းလည်း ကမ္ဘာ့ရာဇဝင် အဆက်ဆက်တွင် ဤအတိုင်းပင်ဖြစ်ပေါ်ခဲ့သည်။

နောက်ဆုံးတွင် မက္ကာမြို့သား ကာဖိရ်များက တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်တို့အား ➤➤

وَٱسْتَفْتَحُوا۟ وَخَابَ كُلُّ جَبَّارٍ عَنِيدٍ ﴿١٥﴾

၁၅။ ယင်း(ရဿုလ်တမန်တော် သို့မဟုတ် ယင်း ကာဖိရ် သွေဖည်ငြင်းပယ်သောသူ)တို့သည် အကူ အညီ သို့မဟုတ် အဆုံးအဖြတ်တောင်းခဲ့ကြလေသည်။ ထိုအခါ ခေါင်းမာသောမောက်မာသူအသီးသီးတို့သည် ရည်ရွယ်ချက် (မအောင်မြင်) ပျက်စီးဆုံးပါးခဲ့လေသတည်း။

مِّن وَرَآئِهِۦ جَهَنَّمُ وَيُسْقَىٰ مِن مَّآءٍ صَدِيدٍ ﴿١٦﴾

၁၆။ ၎င်း၏ရှေ့ဝယ် ဂျဟန္နမ်ငရဲဘုံသည် ရှိနေပေသည်။ ၎င်းပြင် ယင်းသည် ပြည်ပုပ်ရေတိုက်ကျွေးခြင်းကို ခံရပေမည်။

يَتَجَرَّعُهُۥ وَلَا يَكَادُ يُسِيغُهُۥ وَيَأْتِيهِ ٱلْمَوْتُ مِن كُلِّ مَكَانٍ وَمَا هُوَ بِمَيِّتٍ ۖ وَمِن وَرَآئِهِۦ عَذَابٌ غَلِيظٌ ﴿١٧﴾

၁၇။ (၎င်းသည် ယင်းပြည်ပုပ်ရေကို တစ်ကျိုက်စီသောက်မျိုအံ့၊ သို့ရာတွင် ၎င်းသည် ယင်းပြည်ပုတ်ရေကို လည်ချောင်းအောက် ခဲယဉ်းစွာ မျိုချရလတ္တံ့)။ ၎င်းပြင် မရဏာသေခြင်းထရားသည် အဖက်ဖက်မှ ယင်း၏ထံသို့ ရောက်ရှိလာပေအံ့။ သို့ရာတွင် ၎င်းမှာမူကား သေဆုံးနိုင်မည်မဟုတ်ပေ။ ထိုမှတပါး ၎င်း၏ရှေ့၌ ပြင်းထန်လှစွာသော (အခြား)ပြစ်ဒဏ်တစ်မျိုးလည်း ရှိအံ့သတည်း။ ၁

➤➤ မက္ကာနယ်မြေမှ အမြဲတစေ နှင်ထုတ်ရန် ကြိုးပမ်းခဲ့ကြ၏။ တမန်တော်မြတ်နှင့် အချို့မွတ်စ်လင်မ်များ ခေတ္တ မက္ကာမြို့မှ ထွက်ခွာသွားခဲ့ကြရ၏။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် ယင်းသို့ခေတ္တ ထွက်ခွာခဲ့ရခြင်းသည်ပင် မက္ကာမြို့တော်၌ မွတ်စ်လင်မ်များ အမြဲတစေနေနိုင်ရန် အကြောင်းဖြစ်လာခဲ့ပေသည်။ မက္ကာမြို့မှ မွတ်စ်လင်မ်များအား နှင်ထုတ်လိုကြသော ကာဖိရ်များသည် ၎င်းတို့ကိုယ်တိုင်ပင် မက္ကာမြို့၌ ခြေမချနိုင်တော့ပေ။

ဤအာယတ်တော်နှင့် ဆက်စပ်၍ ကုရ်အာန်(၃၇း၁၇၁- ၁၇၃။ ၅၈း ၂၁-၂၂။ ၇း၁၂၈-၁၂၉။ ၉း၃၃။ ၄၈း၂၈။ ၆၁း၉)ကိုလည်း ဆင်ခြင်ပါကုန်။

① ကာဖိရ်များသည် ဂျဟန္နမ်အတွင်း၌ ပြည်ပုပ်ရေများ တိုက်ကျွေးခြင်း ခံကြရပေမည်။ ငရဲသားတို့သည် ပြည်ပုပ်ရေများကို ရှောရှူးစွာ မျိုချနိုင်ကြမည်ပင် မဟုတ်ပေ။ ထိုပြည်ပုပ်ရေများကို သောက်သုံးခြင်းသည် အဖက်ဖက်မှ သေမင်းကို လက်ယပ်ခေါ်ခြင်းပင် ဖြစ်သည်။ ခံစားရသော ပြစ်ဒဏ်များ၏ ပြင်းထန်မှုကြောင့် ငရဲသားများသည် သေလိုကြပေမည်။ သို့ရာတွင် ၎င်းတို့သည် သေချင်လိုတိုင်းလည်း သေနိုင်ကြမည် ➤➤

(တစ်နည်း)

ထို(မောက်မာခေါင်းမာ)သူသည် ထိုပြည်ပုပ်ရေကို(အလွန်မွတ်သိပ်သည့်အတွက်) တစ်ကျိုက်စီသောက်မျိုအံ့၊ သို့ရာတွင် (အလွန်ပူလောင် စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်သည့်အတွက်) ထိုပြည်ပုပ်ရေကို လွယ်ကူစွာ အလျှင်းမျိုချနိုင်မည်မဟုတ်ပေ။ ၎င်းပြင် မရဏာသေခြင်းတရားသည် အဖက်ဖက်မှ ထိုသူ့ထံသို့ရောက်ရှိလာပေအံ့။ သို့ရာတွင်ထိုသူမှာမူကား သေနိုင်မည်မဟုတ်ပေ။ (မသေမရှင်အဖြစ်နှင့် ပြစ်ဒဏ်ခံစား၍ နေရမည်သာဖြစ်သည်။) ထိုမှတစ်ပါး၎င်း၏ ရှေ့တွင် (ပိုမို)ပြင်းထန်လှစွာသော အခြားပြစ်ဒဏ်သည်လည်း ရှိနေမည်သာဖြစ်သည်။ ထာနဝီ။

مَثَلُ الَّذِينَ كَفَرُوا بِرَبِّهِمْ أَعْمَالُهُمْ كَرَمَادٍ اشْتَدَّتْ بِهِ الرِّيحُ فِي يَوْمٍ عَاصِفٍ لَا يَقْدِرُونَ مِمَّا كَسَبُوا عَلَىٰ شَيْءٍ ذَٰلِكَ هُوَ الضَّلَالُ الْبَعِيدُ ﴿١٨﴾

၁၈။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့၏ *အကျင့်သိလများ၏ဥပမာကား*အကြင် ပြာနှင့်တူပေသည်။ [၁] ထိုပြာကို လေမုန်တိုင်းကျသောနေ့တွင် လေသည် ပြင်းထန်စွာ တိုက်ခတ် ခဲ့လေသည်။ ၎င်းတို့သည် မိမိတို့ ရှာဖွေ ဆည်းပူးခဲ့ကြသော အရာများအနက်မှ မည်သည့်တစ်စုံတစ်ရာ (အကျိုးကျေးဇူး)ကိုမျှ (ခံစားနိုင်ရန်) တတ်စွမ်းနိုင်ကြမည်မဟုတ်ပေ။ ဤသည် အလွန်ဝေးစွာသောလမ်းမှားခြင်းပင် ဖြစ်ချေသတည်း။

➤➤ မဟုတ်ပေ၊ ဤလည်း ပြစ်ဒဏ်တစ်ရပ်ပင်။ ဤသည့် သဘောကိုကုရ်အာန်ကျမ်းမြတ်တော် (၁၈း၂၉။ ၄၇း၁၅) တွင်လည်း မိန့်ဆိုထားတော်မူသည်။

ငရဲသားများသည် ပြစ်ဒဏ်များကို တစ်ခုပြီးတစ်ခု ဆက်၍ဆက်၍သာ ခံကြရမည်၊ ပြစ်ဒဏ်များမှာလည်း တစ်ခုပြီးတစ်ခု ပို၍ပို၍ ပြင်းထန်မည်သာဖြစ်သည်။ အမြဲတစေ ခံစား၍သာနေရပေမည်။ ငရဲတွင် ဒုက္ခကား အသို့လျှင် ဆိတ်သုဉ်းသွားနိုင်အံ့နည်း။ ကြည့်–ကုရ်အာန် (၄း၅၆။ ၂၀း၇၄)။

① ကိယာမတ်နေ့တွင် ကာဖိရ်များသည် ခဲလေသမျှသဲရေကျ ဖြစ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ➤➤

أَلَمْ تَرَ أَنَّ اللَّهَ خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ ۚ إِنْ يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيدٍ ﴿١٩﴾

၁၉။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ (တိကျ) မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်ကို အသင်သည်မမြင်လေသလော။ အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား ဖယ်ရှားတော်မူ၍ အဖန်ဆင်းခံအသစ် (အသင်တို့အစား) ယူဆောင်လာတော်မူပေမည်။ [၁]

وَمَا ذَٰلِكَ عَلَى اللَّهِ بِعَزِيزٍ ﴿٢٠﴾

၂၀။ စင်စစ်မူကား ဤသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ (လုံး၀) ခဲယဉ်းသည် မဟုတ်ပေ။

وَبَرَزُوا لِلَّهِ جَمِيعًا فَقَالَ الضُّعَفَاءُ لِلَّذِينَ اسْتَكْبَرُوا إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنْتُمْ مُغْنُونَ عَنَّا مِنْ عَذَابِ اللَّهِ مِنْ شَيْءٍ ۚ قَالُوا لَوْ هَدَانَا اللَّهُ لَهَدَيْنَاكُمْ ۖ سَوَاءٌ عَلَيْنَا

၂၁။ အမှန်စင်စစ်မှာမူကား ၎င်းတို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ရောက်ရှိလာကြမည်သာတည်း၊ ထိုအခါ အားအင်ချည့်နဲ့သောသူတို့က(နောက်လိုက်များက) မောက်မာ ပလွှားခဲ့ကြသူတို့ (ရှေ့ဆောင် အကြီးအကဲ)တို့အား ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်တို့၏ နောက်လိုက်များသာ ဖြစ်ခဲ့ကြပေရာ (ယနေ့မူကား) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်များအနက်မှ အနည်းငယ်မျှကိုပင် ကျွန်ုပ်တို့ထံမှ ဖယ်ရှားပေးနိုင်ကြပါသလောဟု [၂] ပြောဆို (မေးမြန်း)ခဲ့ကြပေမည်၊

➤➤ ၎င်းတို့အားထားနေခဲ့ကြသော ၎င်းတို့၏ အကျင့်အမူများသည် တကယ်အရေးကြီးသည့် အချိန်တွင် အချည်းအနှီးဖြစ်သွားပေမည်၊ ပြာသဖွယ် ပျောက်ကွယ်သွားပေမည်။ မာဂျိဒီ။

① မိုးများနှင့်မြေကို စတင်ဖန်ဆင်းထားတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံအသစ်များကို ဖန်ဆင်းတော် မူနိုင်ကြောင်း၊ အဖန်ဆင်းခံအသစ်ကို ဖန်ဆင်းတော်မူနိုင်သော အရှင်သည် အဖန်ဆင်းခံအဟောင်းများကိုလည်း ပြန်လည်ဖန်ဆင်းတော် မူနိုင်ကြောင်း ဤအာယတ်တော် (၁၄:၁၉-၂၀) ဖြင့်လည်း ကောင်းစွာ သိရှိနိုင်ပေသည်။ ထာနဝီ။

ဤအာယတ်တော်များနှင့် ဆက်စပ်၍ ကုရ်အာန် (၃၆:၇၇-၈၃) ကို ဆင်ခြင်ပါက လွယ်ကူစွာ သဘောပေါက်နိုင်ပေသည်။

② ကိယာမတ်နေ့တွင် ကာဖိရ် နောက်လိုက်ငယ်များက မိမိတို့၏ကာဖိရ် ရှေ့ဆောင်အကြီးအကဲတို့အား ➤➤

أَجَزِعْنَآ أَمْ صَبَرْنَا مَا لَنَا مِن مَّحِيصٍ ﴿٢١﴾

(ထိုအခါ)ငင်းတို့က အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား (တရား)လမ်းမှန်ကို ညွှန်ပြတော် မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်တို့အား (တရား)လမ်းကို ညွှန်ပြကြမည် ဖြစ်သည်၊ (ယခုမူ)ကား အသင်တို့ ကျွန်ုပ်တို့အဖို့ မှာ အသင်တို့ ကျွန်ုပ်တို့သည် ငိုကြွေးကြသည်ဖြစ်စေ၊ သည်းခံကြသည်ဖြစ်စေ၊ အကြောင်းမထူးတော့ပြီ။ (မည်သို့ပင်ဖြစ်စေ) ကျွန်ုပ်တို့အဖို့မူကား ထွက်ပေါ်း (လွတ်မြောက်)ကြရန်မည်သည့်နေရာမျှ အလျှင်းမရှိတော့ပြီတကား ဟု ပြောဆို ဖြေကြားကြပေမည် သာတည်း။

➤➤ 'လူကြီးမင်းများသည် ပစ္စက္ခဘဝတွင် ကျွန်တော်တို့၏ ခေါင်းဆောင်ကြီးများ ဖြစ်ခဲ့ကြပါသည်၊ ကျွန်တော်တို့သည် ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော လမ်းစဉ်များကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးခဲ့သည်။ ယခုကျွန်တော်တို့သည် ဒုက္ခနှင့်ရင်ဆိုင်ကြရပါသည်၊ ထို့အတွက် ခေါင်းဆောင်ကြီးများသည် အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်တော်မှ အနည်းငယ်မျှကိုပင် ဖယ်ရှားပေးတော်မူကြပါ' ဟု အနူးအညွတ် မေတ္တာရပ်ခံကြလိမ့်မည်။

နောက်လိုက်များက ခေါင်းဆောင်ကြီးများအား ယခုကဲ့သို့ မေတ္တာရပ်ခံခြင်းမှာ –ဂျဟန္နမ်ငရဲသို့ လားပြီးနောက်တွင် မေတ္တာရပ်ခံခြင်းလည်း ဖြစ်နိုင်သည်၊ 'မဟ်ရှရ်' ကွင်းပြင်ကြီး၌ မေတ္တာရပ်ခံခြင်းလည်း ဖြစ်နိုင်သည်၊ မဟ်ရှရ်တွင် အချင်းချင်းပြစ်တင်ကြမည့်အကြောင်း ကုရ်အာန် (၁၄း၃၁–၃၄) တွင်ပါရှိသည်။ အီမ်နုကဆီရ်ကမူ ကုရ်အာန်ကျမ်းလာ အာယတ်တော် (၄၀း၄၇–၄၈။ ၇း၃၈–၃၉။ ၃၃း၆၇–၆၈) ကို အကြောင်းပြုပြီး ဖော်ပြပါ အဆိုနှစ်ရပ်အနက် ပထမအဆိုကို အသားပေးထားသည်။

ထိုအခါ ကာဖိရ်ခေါင်းဆောင်ကြီးများက –

(က) အလ္လာဟ်အရှင်မြတ်သည် အကယ်၍ ပစ္စက္ခဘဝတွင် ငါတို့အား တရားလမ်းမှန်ရရန် စွမ်းအား ပေးတော်မူပါက ငါတို့သည်လည်း အသင်တို့အား မိမိတို့နှင့်အတူတကွ တရားလမ်းမှန်သို့ မုချ အရောက်ပို့ဆောင်ခဲ့ကြမည်သာဖြစ်သည်။ သို့ရာတွင် ငါတို့ကိုယ်တိုင် လမ်းမှားခဲ့ကြသည်၊ အသင်တို့အားလည်း လမ်းမှားစေခဲ့ကြသည်။

(ခ) ယခုအကယ်၍ အလ္လာဟ်အရှင်မြတ်သည် ဤပြစ်ဒဏ်မှ လွတ်မြောက်ရန်အတွက် လမ်းစပြတော်မူပါလျှင် ငါတို့သည်လည်း အသင်တို့အား လွတ်မြောက်ရန်လမ်းစ မုချပြကြမည် ဖြစ်သည်။ ယခုသော် ငါတို့လည်း အသင်တို့ကဲ့သို့ ဒုက္ခနှင့် ရင်ဆိုင်နေကြရသူများသာ ဖြစ်ကြသည်။ ဤဒုက္ခမှ လွတ်မြောက်ရန် လမ်းစလည်း အလျှင်းမရှိ။ သည်းခံကလည်း အကျိုးမရှိ၊ ငိုကြွေးကလည်း အကြောင်းမထူး' ဟု ပြန်လည်ဖြေကြားကြလိမ့်မည်။

وَقَالَ الشَّيْطَٰنُ لَمَّا قُضِيَ الْأَمْرُ
إِنَّ اللَّهَ وَعَدَكُمْ وَعْدَ الْحَقِّ
وَوَعَدتُّكُمْ فَأَخْلَفْتُكُمْ ۖ وَمَا
كَانَ لِيَ عَلَيْكُم مِّن سُلْطَٰنٍ
إِلَّآ أَن دَعَوْتُكُمْ فَٱسْتَجَبْتُمْ
لِي ۖ فَلَا تَلُومُونِي وَلُومُوٓا
أَنفُسَكُم ۖ مَّآ أَنَا۠ بِمُصْرِخِكُمْ
وَمَآ أَنتُم بِمُصْرِخِيَّ ۖ إِنِّي كَفَرْتُ
بِمَآ أَشْرَكْتُمُونِ مِن قَبْلُ ۗ
إِنَّ ٱلظَّٰلِمِينَ لَهُمْ
عَذَابٌ أَلِيمٌ ﴿٢٢﴾

၂၂။ ၎င်းပြင် (အလုံးစုံ)စီရင်ဆုံးဖြတ်၍ ပြီးခဲ့သောအခါ ရှိုင်တွာန် မိစ္ဆာကောင်သည် (ဂျဟန္နမ်ငရဲဘုံသို့လားကြရသဖြင့် ညည်းညူပြစ်တင်သူတို့အား ဖြေကြားသောအားဖြင့် . ဤသို့.)ပြောဆိုအံ့။ (အို–ကျန်ပ်အား ပြစ်တင်ကဲ့ရဲ့သူအပေါင်းတို့.) မလွဲဧကန် အလွှာဟ်အရှင်မြတ်သည် မှန်ကန်သောကတိပေးခြင်းကို ကတိပေးတော်မူခဲ့၏၊ ၎င်းပြင် ကျွန်ုပ်သည်လည်း အသင်တို့.အား ကတိပေးခဲ့သည်ဖြစ်၏။ သို့ရာတွင် မူကား ကျွန်ုပ်သည် အသင်တို့.အား(ပေးခဲ့သည့် ကတိကို) ဖေါက်ဖျက်ခဲ့၏။

စင်စစ်မူကား ကျွန်ုပ်မှာ အသင်တို့.အား ဖိတ်ခေါ်ခဲ့သည်မှအပ အသင်တို့.အပေါ်၌ မည်သည့် သြဇာအာဏာတစ်စုံတစ်ရာမျှပင် ရှိခဲ့သည်မဟုတ်ပေ။ (ကျွန်ုပ်သည်) ထို(ကဲ့သို့ ဖိတ်ခေါ်ခဲ့သော)အခါ အသင်တို့.သည် ကျွန်ုပ်(၏ ဖိတ်ခေါ်ချက်)ကို သဘောတူ လက်ခံခဲ့ကြ၏။ သို့ဖြစ်ပေရာ အသင်တို့.သည် ကျွန်ုပ်အား ပြစ်တင် ပုတ်ခတ်မည့်အစား မိမိတို့.ကိုယ်ကိုသာလျှင် မိမိတို့. ပြစ်တင်ပုတ်ခတ်ကြလေကုန်၊

(ယနေ့.သော်ကား:)ကျွန်ုပ်သည်လည်း အသင်တို့.အား ကယ်မည့်သူမဟုတ်။ အသင်တို့.သည်လည်း ကျွန်ုပ်အား ကယ်ဆယ်မည့်သူများ မဟုတ်ကြပေ။ အသင်တို့.သည် ယခင်မူလက ကျွန်ုပ်အား (အလွှာဟ်အရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ခဲ့ကြသည်ကို ကျွန်ုပ်ငြင်းပယ်၏။ ဧကန်အမှန် မတရားသောသူတို့.၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိချေအံ့. သတည်း။

ⓐ ကိယာမတ်နေ့.တွင် ကိစ္စအဝဝတို့နှင့်စပ်လျဉ်း၍ စာရင်းအင်းများ ရှင်းလင်းပြီး ဂျန္နတ်သားများ ဂျန္နတ် ➤➤

➤➤ အတွင်းသို့ ဝင်ကြရန်နှင့် ငရဲသားများ ငရဲအတွင်းသို့ဝင်ကြရန် အဆုံးအဖြတ် ချမှတ်တော်မူမည် ဖြစ်သည်။ ထိုအချိန်တွင် ကာဖိရ်များသည် ငရဲအတွင်းသို့ မဝင်သေးမီ သို့မဟုတ် ဝင်ပြီးသည့်နောက် အီဗ်လီစ်အား 'အို-အီဗ်လီစ် အသင်သည် ပစ္စက္ခတွင် မိမိကိုယ်တိုင်လည်း ပျက်စီးခဲ့သည်၊ ကျွန်ုပ်တို့ကိုလည်း ဖျက်ဆီးခဲ့သည်၊ မိမိကိုယ်ကိုလည်း လမ်းမှားစေခဲ့သည်၊ ကျွန်ုပ်တို့ကိုလည်း လမ်းမှားစေခဲ့သည်။ ယခု အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ ကျွန်ုပ်တို့ လွတ်မြောက်နိုင်ရန်အတွက် အသင် အသနားခံပေးပါ၊ သို့မဟုတ် တစ်မျိုးတစ်ဖုံ ကြံစည်အားထုတ်ပါဟု ပြောဆိုကဲ့ရဲ့ပြစ်တင်ကြမည်။

ထိုအခါ အီဗ်လီစ်က ဖြေကြားမည်မှာ - 'အလ္လာဟ်အရှင်မြတ်သည် တမန်တော်များမှတစ်ဆင့် ကိယာမတ်၊ ဂျန္နတ်၊ ဂျဟန္နမ် အမှန်ရှိကြောင်း၊ အီမာန်၏အကျိုး၊ ကုဖ်ရ်၏အပြစ်စသည်တို့ နှင့်စပ်လျဉ်း၍ မှန်ကန်သော ကတိများကို ပေးတော်မူခဲ့သည်။ ထိုအရှင်မြတ်၏ ကတိတော်များ မှန်ကန်ကြောင်း ပစ္စက္ခတွင်လည်း သက်သေသာဓက အထောက်အထား အခိုင်အလုံရှိခဲ့သည်။ ယခုမူ မျက်မြင်ဒိဋ္ဌ အထင်အရှားဖြစ်ပြီး၊ ကျွန်ုပ်သည် အသင်တို့အား မှားယွင်းသော ကတိများပေးခဲ့သည်၊ ကျွန်ုပ်၏ ကတိများ မှားယွင်းကြောင်းကို ပစ္စက္ခတွင်ပင် သာမန်တွေးဆ ဆင်ခြင်ပါက သိရှိနိုင်ပေသည်။ ယခုမူ ကျွန်ုပ်၏ ကတိများ မှားယွင်းသည်မှာ မျက်မြင်ဒိဋ္ဌ ဖြစ်ချေပြီ။ ကျွန်ုပ်၏ ကတိပြုချက်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်၌ တစ်စုံတစ်ရာ အထောက်အထား အလျှင်းမရှိ၊ ထို့ပြင် အသင်တို့အား မှားသောအရာတစ်ခုကို အတင်းအဓမ္မ ယုံကြည်လိုက်နာကျင့်သုံးစေရန် ကျွန်ုပ်၌ တစ်စုံတစ်ရာ စွမ်းအားလည်းမရှိ။ ကျွန်ုပ်သည် အသင်တို့အား မကောင်းမှုကို ပြုလုပ်ကြရန် တိုက်တွန်းစေဆော်ခဲ့သည်မှာ မှန်သည်။

သို့ရာတွင် အသင်တို့သည် ထိုမကောင်းမှုကို ကျေကျေနပ်နပ် လိုက်နာပြုကျင့်ခဲ့ကြသည်၊ ကျွန်ုပ် စေဆော်ရာသို့ အသင်တို့ ကြည်ဖြူစွာ သွားခဲ့ကြသည်၊ ကျွန်ုပ်မိန့်ကြားရာကို အသင်တို့သည် ဝမ်းသာစွာ လိုက်နာခဲ့ကြသည်၊ ကျွန်ုပ်တို့သည် အသင်တို့အား မှားယွင်းသော လမ်းစဉ်များကို ချပြခဲ့သည်၊ အသင်တို့သည်လည်း ထိုမှားသောလမ်းစဉ်ကို မစဉ်းမစား မဆင်မခြင်ဘဲ မျက်စိမှိတ်ကာ လိုက်နာခဲ့ကြသည်၊ ဤသည် အသင်တို့၏ မဟာအမှားတော်ပင်ဖြစ်သည်၊ အမှန်မှာ အသင်တို့သည် ကျွန်ုပ်ထက် မိမိကိုယ်ကို ကဲ့ရဲ့ပြစ်တင်သင့်ကြပေသည်။ ကျွန်ုပ်၏အပြစ်မှာ အသင်တို့အား မှားယွင်းသော လမ်းစဉ်ဘက်သို့ ဖိတ်ခေါ်ခြင်းသာ ဖြစ်သည်။ အသင်တို့သည် ကျွန်ုပ်အား အပြစ်ရှိသူဟု စွပ်စွဲရုံမျှဖြင့် မိမိတို့ကိုယ်တိုင် အပြစ်ကင်းမဲ့သူများ ဖြစ်မသွားနိုင်ကြပေ။ ယနေ့ ကျွန်ုပ်သည်လည်း အသင်တို့အား ကယ်နိုင်သည်မဟုတ်ပေ၊ အသင်တို့သည်လည်း ကျွန်ုပ်အား ကယ်နိုင်သည်မဟုတ်။ အသင်တို့သည်လည်း အသင်တို့အပြစ်နှင့်၊ ကျွန်ုပ်လည်း ကျွန်ုပ်၏အပြစ်နှင့် အသီးသီ းတုပ်မိ နှောင်မိ ဖြစ်နေကြပြီ၊ တစ်ဦးကိုတစ်ဦး အလျှင်းမကယ်နိုင်။

ပစ္စက္ခတွင် အသင်တို့သည် မိုက်မဲစွာဖြင့် ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်ဖက်ထား၍ ကိုးကွယ်ခဲ့ကြသည်။ (ဆိုလိုသည်ကား- အချို့တို့သည် ရှိုင်တွန်အား တိုက်ရိုက်ကိုးကွယ်ခဲ့ကြသည်။ အချို့ကမူ ရှိုင်တွန်၏စကားများကို အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များပမာ မှတ်ယူခဲ့ကြသည်။ရှိုင်တွန်၏ အမိန့်ပညတ်များကို အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်များပမာ နာယူခဲ့ကြသည်)။ အသို့ပင်ဖြစ်စေ အသင်တို့သည် မိုက်မဲစွာဖြင့် ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်ဖက်ထား၍ ကိုးကွယ်ခဲ့ကြသည်ကို ကျွန်ုပ် ငြင်းသည်။ အသင်တို့၏ ယှဉ်တွဲကိုးကွယ်မှုသည် ကျွန်ုပ်နှင့်မည်သို့မျှမပတ်သက်။

တစ်နည်း- (بِمَآ أَشۡرَكۡتُمُونِ) တွင် ပါရှိသည့် (بِ) (ဓိ)သည် အကြောင်းပြအကွာရာဖြစ်သည်ဟုလည်းဆိုနိုင်သည်)။ ဆိုလိုသည်ကား- အသင်တို့သည် ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်၏ အဆင့် ➤➤

وَأُدْخِلَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا بِإِذْنِ رَبِّهِمْ ۖ تَحِيَّتُهُمْ فِيهَا سَلَامٌ ﴿٢٣﴾

၂၃။ ၎င်းပြင် (အီမာန်) သက်ဝင် ယုံကြည်ခဲ့သည့်ပြင် ကောင်းမြတ်သောအကျင့် သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သောသူတို့ကား ဥယျာဉ်များသို့ ဝင်ရောက်စေခြင်းကို. ခံကြရလတ္တံ့။ ထိုဥယျာဉ်များ၏ အောက်တွင် စမ်းရေချောင်းများသည် စီးတွေ့လျက်ရှိကြကုန်အံ့။ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်နှင့် ထိုဥယျာဉ်များတွင် ထာဝစဉ်နေထိုင်စံမြန်းသူများ ဖြစ်ကြပေအံ့။ ထိုဥယျာဉ်များတွင် ၎င်းတို့၏ မေတ္တာပို့သ နှုတ်ခွန်းဆက်သမှုကား 'စလာမ်' (ငြိမ်းချမ်းသာယာ)ဟူ၍ပင် ဖြစ်ချိမ့်အံ့သတည်း။

أَلَمْ تَرَ كَيْفَ ضَرَبَ اللَّهُ مَثَلًا كَلِمَةً طَيِّبَةً

၂၄။ (အို-နဗီတမန်တော်)အလ္လာဟ်အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းသောစကားကို မည်သို့ဥပမာခိုင်းနှိုင်းတော်မူခဲ့သည်ကို အသင်သည် မသိမမြင်လေသလော။

➤➤ အတန်းသို့ ပို့ခဲ့ ကြသည်။ထို့အတွက်ကြောင့် ကျွန်ုပ်လည်းကာဖိရ်ဖြစ်ရပြီ။ အကယ်၍ ကျွန်ုပ်၏စကားကို မည်သူမျှ နားမထောင်ကြလျှင် ကျွန်ုပ်သည် သွေဖည်မှု၊ ပုန်ကန်မှုတို့တွင် ဤသည့် အဆင့်အတန်းသို့ မရောက်နိုင်ခဲ့ပါ။

ယခုမူ ကျူးကျော် စော်ကားသူတိုင်း၊ အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်၍ တစ်စုံတစ်ရာ ကိုးကွယ်သူတိုင်းသည် အသီးသီး မိမိတို့အပြစ်၏ ပြင်းထန်လှသော ပြစ်ဒဏ်ကို ခံစားသင့်ကြပေသည်။ ငိုကြွေးခြင်း၊ တစ်ဦးကိုတစ်ဦး အပြစ်တင်ခြင်းနှင့် တစ်စုံတစ်ရာ အကျိုးမရှိ၊ လွတ်မြောက်ရန် ထွက်ပေါက်လည်း အလျင်းမရှိ။

အထက်တွင် နောက်လိုက်များနှင့် ခေါင်းဆောင်များ အချင်းချင်း ပြစ်တင်ဝေဖန်မည့်အကြောင်း၊ ငရဲသားတို့၏ မဟာခေါင်းဆောင်ကြီး ရှိုင်တွာန်နှင့် ၎င်း၏နောက်လိုက်များ အချင်းချင်း ပြစ်တင်ဝေဖန်မည့် အကြောင်းများပါရှိခဲ့၏။ ဤသည့်အကြောင်းများကို စဉ်းစားဆင်ခြင်၍ လူသားတို့သည် မည်သည့် ခေါင်းဆောင်တို့၏ စကားကိုမျှ မလိုက်မှားမိကြရန် အထူးသတိပြုရပေသတည်း။

⑨ အထက်တွင် ကာဖိရ်၊ မုရ်ရစ်က်များ ခံစားကြရမည့် ပြစ်ဒဏ်များအကြောင်း ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် မုအ်မင်န် သူတော်စင်များ ခံစားကြရမည့် အမတသုခများ ကို မိန့်ဆိုထားတော်မူသည်။

ဂျန္နတ်သူ ဂျန္နတ်သားများသည် အချင်းချင်း တွေ့ဆုံကြသည့်အခါ 'စလာမ်' ဟုဆိုကာ နှုတ်ခွန်းဆက်သကြမည်။ ကောင်းကင်တမန်များကလည်း ၎င်းတို့အား စလာမ်ပေးကြမည်။

ကြည့်-ကုရ်အာန် (၁၀:၁၀။ ၁၃:၂၃-၂၄။ ၂၅:၇၅-၇၆။ ၅၆:၂၅-၂၆)။

كَشَجَرَةٍ طَيِّبَةٍ أَصْلُهَا ثَابِتٌ وَفَرْعُهَا فِي السَّمَاءِ ﴿٢٤﴾

(အလ္လာဟ်အရှင်မြတ်သည် ယင်းစကားကို ဥပမာ ခိုင်းနှိုင်းတော်မူသည်မှာ စင်ကြယ်သန့်ရှင်းသော ထိုစကားသည်) အကြင် သန့်စင်သောသစ်ပင် တစ်ပင်နှင့်တူပေသည်။ ယင်းသစ်ပင်၏ အမြစ်ကား မြဲမြံခိုင်ခဲ့၍ ၎င်း၏ အကိုင်းအလက်တို့မှာမူကား ကောင်းကင်၌ ရှိနေကုန်၏။

تُؤْتِي أُكُلَهَا كُلَّ حِينٍ بِإِذْنِ رَبِّهَا وَيَضْرِبُ اللَّهُ الْأَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٢٥﴾

၂၅။ ထိုသစ်ပင်သည် မိမိအား ပြုစုပျိုးထောင်တော်မူသောအရှင်မြတ်၏ အမိန့်တော်နှင့် မိမိ၏ အသီးများကို ဥတုရာသီမရွေး၊ အခါခပ်သိမ်း ပေးလျက်ရှိနေပေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် လူတို့အဖို့ ၎င်းတို့ ဆင်ခြင်သုံးသပ် သိမြင်နိုင်အံ့သောငှာ ဥပမာ ပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူပေသတည်း။

وَمَثَلُ كَلِمَةٍ خَبِيثَةٍ كَشَجَرَةٍ خَبِيثَةٍ اجْتُثَّتْ مِنْ فَوْقِ الْأَرْضِ مَا لَهَا مِنْ قَرَارٍ ﴿٢٦﴾

၂၆။ သို့ရာတွင် ညစ်ညမ်းသောစကား၏ ဥပမာ ပုံဆောင်ချက်ကား အကြင်ညစ်ညမ်းသော သစ်ပင် တစ်ပင်ကဲ့သို့ပင်။ ထိုသစ်ပင်သည် မြေ၏အပေါ်ယံမှ နှုတ်ပစ်ခြင်းကို ခံခဲ့ရလေရာ၊ ၎င်း၌ မြဲမြံခိုင်ခဲ့မှု အလျင်းမရှိချေ။

---

① "စင်ကြယ် သန့်ရှင်းသော စကား"ဟူသည် တောင်ဟီးဒ်ကို ဆိုလိုသည်။ ယင်းစကားတွင် မအိရိဖတ် (အလ္လာဟ်အရှင်မြတ်အား သိခြင်း)၊ အီမာန်၊ ကုရ်အာန်ဂုဏ်တော်မွမ်းခြင်း၊ မှန်သော စကားကိုဆိုခြင်း . . . များသည်လည်း အကျုံးဝင်ပေသည်။

စင်ကြယ်သန့်ရှင်းသော စကားသည် အကြင် သစ်ပင်ကြီးနှင့်တူ၏။ ထိုသစ်ပင်သည် အဘက်ဘက်မှ စင်ကြယ်သန့်ရှင်း၏။ ထိုအပင်၏ အမြစ်များသည် မြေတွင်စွဲမြဲလျက်ရှိ၏။ လဲကျရန် အကြောင်းမရှိ၊ ထိုသစ်ပင်ကြီး၏ အကိုင်းအလက်များသည် မိုးသို့ ထိုးတက် ဝေဆာလျက်ရှိ၏။ အချိန်အခါမရွေး (၁၂-ရာသီလုံး) သီးပွင့်လျက်ရှိ၏။ အကျိုးကား ကြီးမားလှ၏။

ညစ်ညမ်းသော စကားသည် ကုဖ်ရ်၊ ရှရ်စ်က်ကို ဆိုလိုသည်။ ယင်းစကားတွင် မုသားစကားများ၊ အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မမူသော စကားများ . . . အားလုံး အကျုံးဝင်ပေသည်။

ညစ်ညမ်းသော စကားသည် အကြင်သစ်ပင်နှင့် တူ၏။ ထိုသစ်ပင်သည် အဘက်ဘက်မှ ညစ်ညမ်း၏။ ထိုသစ်ပင်၏ အမြစ်များသည် မြေတွင်စွဲမြဲနေသည် မဟုတ်။ ထိုသစ်ပင်သည် မြေမျက်နှာပြင် အပေါ်ယံ၌သာ ➤➤

يُثَبِّتُ اللَّهُ الَّذِينَ آمَنُوا بِالْقَوْلِ الثَّابِتِ فِي الْحَيَاةِ الدُّنْيَا وَفِي الْآخِرَةِ ۖ وَيُضِلُّ

၂၇။ အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ယင်း တည်တံ့ခိုင်မြဲသောစကား ဖြင့် ပစ္စက္ခဘုံကမ္ဘာ၌ လောကီဘဝ၌လည်းကောင်း၊ 'အာခိရတ်' တမလွန်ဘဝ၌လည်းကောင်း တည်တံ့မြဲမြံစေတော်မူ၏။ [၁]

➤➤ ပေါက်နေသည့်အတွက် မြေမှုန့်ကြွတ်လျက်ရှိ၏။ ထို့အတွက် ထိုသစ်ပင်သည် မိမိ၏ အမြစ်များအပေါ်၌ ရပ်တည်နိုင်သည်လည်းမရှိ၊ ကြီးထွားနိုင်သည်လည်းမရှိ။ သီးပွင့်နိုင်သည် လည်းမရှိ။ အန္တရာယ်ကား ကြီးမားလှ၏။

အထက်ပါ ပုံဆောင်ချက်နှစ်ရပ်၏ အချုပ်သဘောမှာ– မွတ်စ်လင်မ်တို့ ယုံကြည်လက်ခံသော တောင်ဟီးဒ် သည် မှန်ကန်၏။ မှန်ကန်ကြောင်း အထောက်အထားများ ခိုင်လုံ၏။ သဘာဝနှင့်လည်း ကိုက်ညီ၏။ ထို့အတွက်ကြောင့် တောင်ဟီးဒ်၏ အနှစ်သာရတည်းဟူသော အခြေအမြစ်များသည် စိတ်နလုံးများ၏ အတွင်းသား ထဲသို့ပင် သက်ရောက်လျက်ရှိ၏။ ကောင်းမှုကုသိုလ်များတည်းဟူသော အကိုင်းအလက်များသည် လက်ခံတော် မူခြင်းတည်းဟူသော မိုးကောင်းကင်သို့ အမြဲတစေ ထိုးတက်လျက်ရှိ၏။ ဤအကြောင်း–ကုရ်အာန် (၁၅:၁၀) တွင်လည်း ပါရှိ၏။ တောင်ဟီးဒ်ကို ယုံကြည်သော 'မုဝ်ဟစ်ဒ်' များသည်လည်း အမြဲန့်အရသာတို့နှင့် ပြည့်စုံလှသည့် တောင်ဟီးဒ်၏ သီးပွင့်တို့ကို စားသုံးလျက်ရှိကြ၏။ အချုပ်အားဖြင့်ဆိုရသော် တောင်ဟီးဒ်တည်းဟူသော ပဒေသာပင်ကြီးသည် အခါမရွေး စိမ်းစိုဝေဆာ သီးပွင့်ကာ ကြီးထွားသည်ထက် ကြီးထွားလျက်၊ မြင့်မားသည်ထက် မြင့်မားလျက်ရှိ၏။

တောင်ဟီးဒ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကုဖ်ရ်၊ ရှုရ်စ်က်တည်းဟူသော သစ်ပင်သည် အခြေမခိုင်ပေ။ လေ သာမန်တိုက်ခတ်ရုံမျှဖြင့် ပြိုလဲသွားနိုင်၏။ (အခြေမခိုင်သော သစ်ပင်သည် အသို့လျင် ကြီးထွားနိုင်အံ့နည်း။ အသို့လျင် သီးပွင့်နိုင်အံ့နည်း။ အသို့လျင် အကျိုးပြုနိုင်အံ့နည်း။ အကျိုးပြုရန် ဝေးစွ၊ အကျိုးယုတ်စေမည်သာ ဖြစ်၏။ ဒုက္ခပေးမည်သာ ဖြစ်၏။) မမှန်ကန်သောစကားကို အမှန်ဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် အဘယ်မျှပင် ကြိုးပမ်းလင့်ကစား သဘာဝမကျသည့်အတွက် စိတ်နလုံးသားအတွင်းသို့ အလျင်း မသက်ရောက်နိုင်ပေ။ အနည်းငယ် တွေးဆဆင်ခြင် ကြည့်ရုံမျှဖြင့် အမှားသည် အမှားဖြစ်ကြောင်း ပေါ်လာနိုင်ပေသည်။ အချုပ်အားဖြင့်ဆိုရသော် ကုဖ်ရ်၊ ရှုရစ်က်တည်းဟူသော အခြေအမြစ်မရှိသော သစ်ပင်သည် ကာဖိရ်၊ မုရှ်ရစ်က်တို့အား အချိန်မရွေး အန္တရာယ်ပြုမည်သာဖြစ်၏။

တောင်ဟီးဒ်ကား အမှန်တည်း။ ကုဖ်ရ်ကား အမှားတည်း။ တောင်ဟီးဒ်သည် သုခကို ဆောင်ကြဉ်း၏။ ကုဖ်ရ်သည် ဒုက္ခကို ဆောင်ကြဉ်း၏။

① အလ္လာဟ်အရှင်မြတ်သည် တောင်ဟီးဒ်ဖြင့် မုအ်မင်န်တို့အား ဤပစ္စက္ခဘဝတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း၊ ရပ်တည်စေတော်မူသည်။ သန်ျိုင်းသည် ဤပစ္စက္ခဘဝနှင့် နောင်တမလွန်ဘဝ၏ 'ဗရ်ဇခ်' စပ်ကြားစခန်းဖြစ်သည်။ သန်ျိုင်းကို ဤပစ္စက္ခဘဝတွင်လည်း ထည့်သွင်းရေတွက်နိုင်သည်။ နောင်တမလွန်ဘဝဘက်တွင်လည်း ထည့်သွင်းရေတွက်နိုင်သည်။ အတိတ်ခေတ်ရှိ အာလင်မ်များထံမှ အဆိုနှစ်မျိုးလုံးကို တွေ့ရှိရသည်။ ဆိုလိုသည်ကား မုအ်မင်နှ်များသည် ဤပစ္စက္ခမှစ၍ 'မဟ်ရှရ်' မဟာကွင်းပြင်တော်အထိ ဤတောင်ဟီးဒ်ဖြင့်ပင် ရပ်တည်နေနိုင်ကြမည်ဖြစ်သည်။ ➤➤

اللَّهُ الظَّٰلِمِينَ ۚ وَيَفْعَلُ اللَّهُ مَا يَشَآءُ ﴿٢٧﴾

သို့ရာတွင် မတရားသော(ကာဖိရ်) သူတို့ကို မူကား အလ္လာဟ်အရှင်မြတ် ချွတ်ချော်တိမ်းပါးစေတော်မူ၏။ စင်စစ်မှာကား ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောကိစ္စကို ပြုလုပ်ဆောင်ရွက်တော်မူချေသတည်း။

أَلَمْ تَرَ إِلَى الَّذِينَ بَدَّلُوا نِعْمَتَ اللَّهِ كُفْرًا وَأَحَلُّوا قَوْمَهُمْ دَارَ الْبَوَارِ ﴿٢٨﴾

၂၈။ (အို-နဗီတမန်တော်၊)အသင်သည် အကြင်သူတို့အားမမြင်ခဲ့လေသလော။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သွေဖည်ငြင်းပယ်မှုနှင့် လဲလှယ်ခဲ့ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် မိမိတို့၏ အမျိုးသားတို့ကို ပျက်စီးရာဌာနသို့ ဆွဲချသက်ဆင်းစေခဲ့ကြကုန်သတည်း။

جَهَنَّمَ يَصْلَوْنَهَا ۖ وَبِئْسَ الْقَرَارُ ﴿٢٩﴾

၂၉။ ဂျဟန္နမ်ငရဲဘုံသို့၊ ၎င်းတို့သည် ယင်းဂျဟန္နမ်ငရဲဘုံသို့ လားကြပေမည်။ စင်စစ်မှာမူကား ယင်းဂျဟန္နမ် ငရဲဘုံသည် အလွန်ဆိုးရွားလှသော ရပ်တည်ရာ ဌာနပင် ဖြစ်လေသတည်း။

➤➤ ဤပစ္စက္ခတွင် အာယ်မျှပြင်းထန်သော စမ်းသပ်မှုမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ၊ သခ္ခိုင်းတွင် 'မွန်ကရ်'၊ 'နကီရ်' တို့၏ မေးမြန်းခြင်းကို ဖြေရမည်ဖြစ်စေ၊ မဟ်ရှရ် ကွင်းပြင်၏ ကြောက်မက်ဖွယ်ကောင်းသော ရှုကွင်းများကို တွေ့မြင်ရသည်ဖြစ်စေ မုအ်မင်န်များသည် ဤတောင်ဟီးဒ်ဖြင့် ရပ်တည်နိုင်ကြပေမည်။ တုန်လှုပ်ချောက်ချားကြမည် မဟုတ်ပေ။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤပစ္စက္ခဘဝတွင်လည်းကောင်း၊ သခ္ခိုင်းတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း၊ တောင်ဟီးဒ်ဖြင့် ရပ်တည်စေတော်မူသည် ဖြစ်တော်မူပါစေသတည်း။

① ဤအာယတ်တော်တွင် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ အကြီးအကဲများ၊ အထူးသဖြင့် ကုရိုက်ရှ်မျိုးနွယ်၏ အကြီးအကဲများကို ရည်ညွှန်း မိန့်ဆိုထားတော်မူသည်။ ကုရိုက်ရှ်မျိုးနွယ် အကြီးအကဲများသည် ထိုအချိန်တွင် အရစ်အမျိုးသားတို့အား ရှေ့ဆောင် ဦးစီးလျက်ရှိခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အမျိုးမျိုးသော ကျေးဇူးတော်များ ပြုတော်မူခဲ့၏။ ဥပမာ- ထိုအရှင်မြတ်သည် ၎င်းတို့ထံသို့ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လမ်)အား စေလွှတ်တော်မူခဲ့၏။ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူခဲ့၏။ ၎င်းတို့အား မိမိကျောင်းတော်၏ ဂေါပကများ၊ ကျောင်းတော်စောင့်များအဖြစ် ချီးမြှင့်တော်မူခဲ့၏။ ၎င်းတို့အား ခေါင်းဆောင်မှုကိုလည်း ပေးသနားတော်မူခဲ့၏။ ကုရိုက်ရှ်မျိုးနွယ် အကြီးအကဲတို့သည် ဤသည့် ➤➤

وَجَعَلُوا۟ لِلَّهِ أَندَادًا لِّيُضِلُّوا۟ عَن سَبِيلِهِۦ ۗ قُلْ تَمَتَّعُوا۟ فَإِنَّ مَصِيرَكُمْ إِلَى ٱلنَّارِ ﴿٣٠﴾

၃၀။ ထိုမှတစ်ပါး၊ ငင်းတို့သည် (မိမိတို့ကိုယ်ကို လည်းကောင်း၊ သူတစ်ပါးတို့ကိုလည်းကောင်း၊) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ လွဲစေအံ့သောငှာ ထိုအရှင်မြတ်၏ ဂုဏ်ရည်တူများကို ပြုလုပ်ခဲ့ကြကုန်၏။ [၁] မှတ်ယူခဲ့ကြကုန်၏။

(အို–နဗီတမန်တော်)အသင်သည်(ငင်းတို့အား အချင်းတို့)အသင်တို့သည် (ဤလောကီဘဝ၌ အနည်းငယ်) အကျိုးခံစားကြလေကုန်။ (နောက်ဆုံး)စခန်းသည်ငရဲမီး၌ပင်ဖြစ်ပေသည်ဟုပြောကြားပါလေ။ [၂]

➤➤ ကျေးဇူးတော်များကို ထောက်ထား၍ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးဆပ်ရမည့်အစား ထိုအရှင်မြတ်အား ကျေးဇူးပင် ကန်းခဲ့ကြလေသည်။ ထိုအရှင်မြတ်၏ အာယတ်တော်ကိုလည်း သွေဖည်ခဲ့ကြလေသည်။ ထိုအရှင်မြတ်၏ တမန်တော်မြတ်နှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြလေသည်။ နောက်ဆုံးတွင် ငင်းတို့သည် မိမိတို့ကိုယ်ကို ဖျက်ဆီးခဲ့ကြလေသည်သာမက မိမိတို့၏ အမျိုးသားတို့ကိုလည်း ဖျက်ဆီးခဲ့ကြလေသည်။ မိမိတို့နှင့်တကွ နောက်လိုက်များကိုပါ ဂျဟန္နမ် ငရဲအတွင်းသို့ ဆွဲသွင်းခဲ့ကြလေသည်။ ကျေးဇူးကန်းခြင်းကား ဆိုးရွားလှပါဘိတကား။

① ကုရိုက်ရှ်မျိုးနွယ်ဝင် အကြီးအကဲတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို စောင့်သိရိုသေသောအားဖြင့် ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များကို ကျင့်ရန်၊ဆောင်ရန်သာ ရှိပေသည်။ သို့ရာတွင် ငင်းတို့သည် ထိုအရှင်မြတ်အား သွေဖည်ခဲ့ကြသည်သာမက ထိုအရှင်မြတ်၏ လမ်းတော်မှ မိမိတို့နှင့်တကွ သူတစ်ပါးတို့အား ဖယ်ရှားထားရန်အတွက် ထိုအရှင်မြတ်နှင့် ယှဉ်တွဲ၍ ဂုဏ်ရည်တူများ သတ်မှတ်ကိုးကွယ်ခဲ့ကြလေသည်။ ယင်းသို့ ယှဉ်တွဲကိုးကွယ်ခြင်းမှာ – သူတစ်ပါးတို့အား လှည့်စား၍ မိမိတို့၏ ခေါင်းဆောင်မှု၊ အာဏာတည်မြဲစေရန်အတွက်သာ ဖြစ်ပေသည်။

② ဆရာဝန်တစ်ဦးက မိမိ၏စကား နားမထောင်သော၊ အစားအသောက် မဆင်ခြင်သောရောဂါသည်တစ်ဦးအား 'အသင် စားချင်သောအရာကို စားလော့၊ တစ်ရက်တော့ အသင်သည် ဤရောဂါနှင့်ပင် သေရတော့မည်' ဟု စိတ်ဆိုး၍ ပြောဆိုခဲ့၏။ အလ္လာဟ်အရှင်မြတ်ကလည်း မကြာမီအတွင်း ငရဲသို့လားကြရမည့် သူမိုက်တို့အား 'အသင်တို့သည် လောကီစည်းစိမ်များကို တခဏတော့ ခံစားလိုက်ကြဦး၊ ထို့နောက်တွင်မူ အသင်တို့သည် ငရဲသို့ မုချလားကြရမည်သာ ဖြစ်သည်' ဟု မိန့်ဆိုထားတော်မူသည်။

ဤသည့်သဘောကို ကုရ်အာန် (၂း ၁၂၆။ ၁၀း ၇၀။ ၁၁း ၄၈။ ၁၅း ၃။ ၁၆း ၅၅။ ၂၉း ၆၆။ ၃၀း ၃၄။ ၃၁း ၂၄။ ၃၉း၈ ။ ၇၇း ၄၈) တွင် ပြန်လည်ရှုပါကုန်။

قُل لِّعِبَادِيَ الَّذِينَ آمَنُوا يُقِيمُوا الصَّلَاةَ وَيُنفِقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لَّا بَيْعٌ فِيهِ وَلَا خِلَالٌ ﴿٣١﴾

اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَأَنزَلَ مِنَ السَّمَاءِ مَاءً فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقًا لَّكُمْ ۖ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِأَمْرِهِ ۖ وَسَخَّرَ لَكُمُ الْأَنْهَارَ ﴿٣٢﴾

၃၁။ (အို- နဗီတမန်တော်)အသင်သည် သက်ဝင်ယုံကြည်ကြကုန်သော ငါအရှင်မြတ်၏ကျွန်များအား ထိုသူတို့သည် ဆွေလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြရမည်။ ထို့ပြင်ငါအရှင်မြတ်က ထိုသူတို့အား ချီးမြှင့်ပေးသနားတော် မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ အကြင်နေ့ မဆိုက်ရောက်မီ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း၊ ပေးကမ်းစွန့်ကြဲကြရမည်ဟု ပြောကြားပါလေ။ [၁] ထိုနေ့တွင် ကုန်သွယ်မှုသည်လည်း ရှိလိမ့်မည်မဟုတ်ပေ၊ မိတ်ဖွဲ့ရင်းနှီး ကျွမ်းဝင်မှုဟူ၍လည်း ရှိလိမ့်မည်မဟုတ်ပေ။ [၂]

၃၂။ အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့လေသည်။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုရေဖြင့် အသင်တို့အဖို့ သစ်သီးဝလံများကို ရိက္ခာအဖြစ် ထွက်စေတော်မူခဲ့လေသည်။

ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ရွက်သင်္ဘောများကို၊ ထိုရွက်သင်္ဘောများသည် ထိုအရှင်မြတ်၏အမိန့်တော်နှင့် ပင်လယ်သမုဒ္ဒရာ၌သွားလာအံ့သောငှာ၊ အသင်တို့၏အမိန့်ကို လိုက်နာစေတော်မူခဲ့လေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ၊ မြစ်ချောင်းများကိုလည်း နှိုင်နှင်းစေတော်မူခဲ့၏။

---

① အထက်တွင် ကာဖိရ်များ ကျေးဇူးကန်းသည့်အကြောင်း ပါရှိ၏။ ယခု ဤအာယတ်တော်တွင် မုအ်မင်္ဂန်တို့အား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို စောင့်သိရိုသေသောအားဖြင့် အချိန်ရှိခိုက် လုံ့လစိုက်ကာ ဆွေလာတ်ဝတ်ပြုကြရန်နှင့် ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့်ထားတော်မူသော စွမ်းရည်သတ္တိ၊ ပစ္စည်းဥစ္စာ ➤➤

وَسَخَّرَ لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَيْنِ ۚ وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ ﴿٣٣﴾

၃၃။ ၎င်းပြင် ထိုအရှင်မြတ်သည် 'သူရိယ' နေကို လည်းကောင်း၊ လ 'စန္ဒာ' ကိုလည်းကောင်း၊ အမြဲမပြတ်သွားလာစေလျက် အသင်တို့အကျိုးငှာ လိုက်နာစေတော်မူခဲ့လေသည်။ ထို့နည်းတူစွာ ထိုအရှင်မြတ်သည် ည၌်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ အသင်တို့အကျိုးငှာ အမိန့်ကို လိုက်နာစေတော်မူခဲ့ပေသတည်း။

وَاٰتٰىكُمْ مِّنْ كُلِّ مَا سَاَلْتُمُوْهُ ؕ وَاِنْ تَعُدُّوْا نِعْمَتَ اللّٰهِ لَا تُحْصُوْهَا ؕ اِنَّ الْاِنْسَانَ لَظَلُوْمٌ كَفَّارٌ ﴿٣٤﴾

၃၄။ ထို့မှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့အား ထိုအရှင်မြတ်အထံတော်၌ အသင်တို့ အသနားခံခဲ့ကြသည့်အရာ အလုံးစုံတို့အနက်မှလည်း ချီးမြှင့် ပေးသနားတော်မူခဲ့ပေသည်။ စင်စစ်သော်ကား အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်(များ)ကို ရေတွက်ကြသည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်(များ)ကို ရေတွက်နိုင်ကြမည် မဟုတ်ပေ။ မလွဲဧကန် မနုဿ လူသား(တို့)သည် အမှန်ပင် အလွန်မတရားသောသူ(များ) အလွန် ကျေးဇူးကန်းသူ(များ)ပင် ဖြစ်(ကြ)ပေသတည်း။ ၅

➤➤ အရာရာကို လျှို့ဝှက်စွာ တစ်မျိုး၊ ထင်ရှားစွာ တစ်ဖုံ၊ နည်းမျိုးစုံတို့နှင့် လှုဒါန်းကြရန် သတိပေးထားတော်မူသည်။ ဤသို့ သတိပေးတော်မူခြင်းမှာလည်း ကျေးဇူးတော်တစ်ရပ်ပင်။

⑭ ကိယာမတ်နေ့တွင် ကုသိုလ်ရောင်းဝယ်မှုလည်း ရှိမည်မဟုတ်၊ မိတ်ဆွေများကလည်း ကူညီမည်မဟုတ်။ ဤအကြောင်း ကုရ်အာန် (၂း ၂၅၄) တွင်လည်း ပါရှိခဲ့၏။

⑮ <u>အလ္လာဟ်အရှင်မြတ်၏ အနန္တ ကျေးဇူးတော်များ</u>

အလ္လာဟ်အရှင်မြတ်သည် မိုးများကိုလည်းကောင်း၊ ပထဝီမြေကြီးကိုလည်းကောင်း ဖန်ဆင်းထားတော်မူ၏။ မိုးကောင်းကင်မှ ရေကိုလည်း ရွာသွန်းချပေးတော်မူ၏။ ထိုရေဖြင့် သစ်သီးဝလံများကိုလည်း ပေါက်ရောက်စေတော်မူ၏။ သင်္ဘောများကိုလည်း သမုဒ္ဒရာပင်လယ်များတွင် သွားလာစေတော်မူ၏။ ချောင်းမြောင်းများကိုလည်း အသုံးဝင်စေတော်မူ၏။ နေနှင့်လကိုလည်း သွားလာလှုပ်ရှားစေတော်မူ၏။ နေ့နှင့် ည၌်ကိုလည်း အလှည့်ကျဖြစ်ပေါ်စေတော်မူ၏။ နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ လူသားတို့ တောင်းဆိုသမျှသောအရာများ အနက် (သဘာဝအလျောက်) လိုအပ်သမျှသော အရာအားလုံးတို့ကိုလည်း ထိုအရှင်မြတ်သည် ပေးသနားထားတော်မူ၏။ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကား အနန္တော အနန္တဖြစ်၏။ ရေတွက်၍ ကုန်ဆုံးနိုင်မည်မဟုတ်ပေ၊➤➤

وَإِذْ قَالَ إِبْرَٰهِيمُ رَبِّ
ٱجْعَلْ هَٰذَا ٱلْبَلَدَ ءَامِنًا
وَٱجْنُبْنِى وَبَنِىَّ أَن نَّعْبُدَ
ٱلْأَصْنَامَ ﴿٣٥﴾

၃၅။ ၎င်းပြင် (ပြန်လည်၍ သတိရကြလေကုန်) တစ်ရံရောအခါဝယ် (နဗီတမန်တော်)အီဗ်ရာဟီမ်သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့)လျှောက်ထားပန်ကြားခဲ့လေသည်။ ဣဟိ-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် *ဤမြို့ကို ငြိမ်းချမ်းသာယာသော မြို့အဖြစ် ပြုလုပ်ပေးသနားတော်မူပါ။* [၁] ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ သားများကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့သည် ရုပ်ပွားဆင်းတုများကို မကိုးကွယ်မိကြရန် *ကင်းဝေးစွာထားရှိတော်မူပါ။* [J]

➤➤ အထက်ဖော်ပြပါ အရာများကို လူသားတို့သည် မိမိတို့ကြိုက်နှစ်သက်သလို ခြယ်လှယ်နိုင်ကြသည် မရှိသော်လည်း ထိုထိုသောအရာများကို အကြောင်းပြု၍ အမျိုးမျိုး အကျိုးခံစားလျက် ရှိကြပေသည်။ အမှန်မှာ - ထိုထိုသောအရာများသည် လူသားတို့အား တစ်နည်းမဟုတ် တစ်နည်း အချိန်မရွေး အကျိုးပြုလျက်ရှိကြပေသည်။ လူသားတို့ အိပ်စက်နေချိန်၌လည်း ထိုအရာများသည် လူသားတို့အား အကျိုးပြုလျက်ရှိသည်။ လူသားတို့သည် အေးဆေးစွာ ထိုင်နေကြသည့် အချိန်၌လည်း ထိုအရာများသည် လူသားတို့အတွက် ပြေးလွှားလှုပ်ရှားလျက် ရှိကြပေသည်။အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကား အနန္တော အနန္တပေတည်း။ သို့ပါလျက် လူသားတို့တွင် အလွန်မတရားသော၊ အလွန်ကျေးဇူးကန်းသော သူများလည်း အမြောက်အမြား ရှိနေပေသေးသည်။ ၎င်းတို့သည် ဤသည့် ကျေးဇူးတော်များကို ကိုယ်တိုင်ခံစားကြရပါလျက် ကျေးဇူးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား သွေဖည်ခဲ့ကြပေသည်။

① ဤအာယတ်တော်တွင် 'ဤမြို့' ဟူသည် မက္ကာမြို့တော်ကို ဆိုလိုသည်။

'ဤမြို့ကို ငြိမ်းချမ်းသာယာသော မြို့အဖြစ်ပြုလုပ်ပေးတော်မူပါ' ဟု တမန်တော် အီဗ်ရာဟီမ်က ပန်ကြားခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်ကလည်း မက္ကာမြို့တော်ကို ငြိမ်းချမ်းသာယာသော မြို့တော်အဖြစ်သို့ ပြုလုပ်ပေးထားတော်မူခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ပင်။

Ⓙ တမန်တော် အီဗ်ရာဟီမ်က- 'ကျွန်တော်မျိုးကို လည်းကောင်း၊ ကျွန်တော်မျိုး၏ သား(သမီး)များကိုလည်းကောင်း၊ ရုပ်တုကိုးကွယ်ခြင်းမှ ကင်းဝေးစွာ ဖယ်ရှားထားတော်မူပါ' ဟု ဆုပန်ကြားခဲ့လေသည်။ ဤအာယတ်တော်တွင် ပါရှိသည့် 'သားသမီးများ' ဟူသည် တမန်တော်ကြီး၏ ရင်သွေးများကို ဆိုလိုသည်။ တမန်တော်ကြီး၏ ရင်သွေးများတွင်မူ ဆင်းတုကိုးကွယ်ခြင်းတည်းဟူသော ရောဂါမရှိခဲ့ပေ။ အကယ်၍ သားသမီးများဟူသည် တမန်တော်ကြီး၏ မျိုးနွယ်ဆက်ကို ဆိုသည်ဟူ၍လည်း ယူဆနိုင်သည်။ ဤသို့ယူဆလျှင် တမန်တော်ကြီး၏ ဆုမွန်သည် အချို့ မျိုးနွယ်ဝန်သများအဖို့ မပြည့်ခဲ့ဟူ၍ ယူဆရပေမည်။

رَبِّ إِنَّهُنَّ أَضْلَلْنَ كَثِيرًا مِّنَ النَّاسِ ۚ فَمَن تَبِعَنِي فَإِنَّهُ مِنِّي ۖ وَمَنْ عَصَانِي فَإِنَّكَ غَفُورٌ رَّحِيمٌ ﴿٣٦﴾

၃၆။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်မလွဲ ယင်းရုပ်ပွားဆင်းတုများသည် များစွာသောသူတို့အား လမ်းလွဲစေခဲ့ကြကုန်၏။ [၁] သို့ဖြစ်ပေရာ မည်သူမဆို ကျွန်တော်မျိုး၏ စကားကို နာခံခဲ့ပါလျှင် ဧကန်စင်စစ် ထိုသူသည် ကျွန်တော်မျိုး၏ အုပ်စုအနက်မှ ဖြစ်ပါသည်။ သို့ရာတွင် မည်သူမဆို ကျွန်တော်မျိုး၏ အမိန့်ကို ဖီဆန်ခဲ့ပါမူ၊ အမှန်စင်စစ် အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။ [၂]

رَبَّنَا إِنِّي أَسْكَنتُ مِن ذُرِّيَّتِي بِوَادٍ غَيْرِ ذِي زَرْعٍ عِندَ بَيْتِكَ

၃၇။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် မိမိသားသမီးအချို့ကို အရှင်မြတ်၏ မြင့်မြတ်လှစွာသောအိမ်တော်ပါးတွင် လယ်ယာကိုင်းကျွန်းမရှိသော တောင်ကြားဒေသတစ်ခု၌ နေရာချထားခဲ့ပါသည်။

---

① ရုပ်တုများက မြောက်မြားစွာသော လူသားတို့အား လမ်းလွဲစေခဲ့ကြသည်ဟု မိန့်ဆိုတော်မူရာ၌ ယင်း ရုပ်တုများက လူသားတို့အား အမှန်တကယ် လမ်းလွဲစေလိုသော စေတနာဖြင့် လမ်းလွဲစေခဲ့ကြသည်မဟုတ်၊ ရုပ်တုများသည် သက်မဲ့များသာ ဖြစ်ချေသည်။ ဆိုလိုသည်ကား ယင်းရုပ်တုများသည် မြောက်မြားစွာသော လူသားတို့ လမ်းလွဲမှားရန် အကြောင်းတရားဖြစ်ခဲ့သည်ဟူလို။

'ဤအာယတ်တော်တွင် ပါရှိသည့် မြောက်မြားစွာသော လူသားတို့အား' ဟူသော စကားသည် ဤပစ္စက္ခ မျက်မှောက်ဘဝ၌ ရုပ်တုကိုးကွယ်သူများ အမြောက်အမြားရှိမည်ကို တစ်နည်းအားဖြင့် ညွှန်ကျက်ရှိ၏။ ဤကား မျက်မြင်ကိုယ်တွေ့ပင်။ မာဂျီဒီ။

② ဆိုလိုသည်ကား အကြင်သူသည် ကျွန်တော်မျိုးတို့၏ စကားနားထောင်၏။ (၀၊) တောင်ဟီးဒ်ကို လက်ခံ၏။ ထိုသူသည် ကျွန်တော်မျိုးတို့၏ အသင်းဝင်ဖြစ်ပါသည်။ အကြင်သူသည် ကျွန်တော်မျိုး၏ စကားကို သွေဖည်၏ (၀၊) တောင်ဟီးဒ်ကို လက်မခံ၊ သို့ဖြစ်လျှင် အရှင်မြတ်သည် အလွန်ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန် သနားကြင်နာ ညှာတာသောအရှင် ဖြစ်တော်မူရာ အရှင်မြတ်သည် ထိုသူအား ချမ်းသာခွင့်ပေးသနားတော်မူပါ။ သနားကြင်နာတော်မူပါ။ ဝန်ချတောင်းပန်ခွင့်၊ အီမာန်ယုံကြည်ခွင့် ပေးတော်မူ၍ ငရဲမီးဘေးမှ ကယ်တင်တော်မူပါဟူ၏။

الْمُحَرَّمِ ۙ رَبَّنَا لِيُقِيمُوا الصَّلٰوةَ فَاجْعَلْ أَفْـِٔدَةً مِّنَ النَّاسِ تَهْوِىٓ إِلَيْهِمْ وَارْزُقْهُم مِّنَ الثَّمَرٰتِ لَعَلَّهُمْ يَشْكُرُونَ ﴿٣٧﴾

အိုု–ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ (ကျွန်တော်မျိုးတို့သည် ၎င်းတို့အား ယင်းကဲ့သို့ နေရာချ၍ထားခဲ့ခြင်းမှာ) ၎င်းတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြအံ့သောငှာ နေရာချ၍ ထားခဲ့ခြင်းပင်) ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အရှင်မြတ်သည် လူများ၏စိတ်နလုံးများကို ၎င်းတို့ဘက်သို့ယိမ်းညွတ်အောင် ပြုလုပ်၍ ပေးသနားတော်မူပါ။ ထို့ပြင် ၎င်းတို့သည် ကျေးဇူးတော်ကို သိကြအံ့သောငှာ အရှင်မြတ်သည် ၎င်းတို့အားသစ်သီးဝလံများကိုစားနပ်ရိက္ခာအဖြစ် ချီးမြှင့်တော်မူပါ။ [၁]

---

① ဤအာယတ်တော်တွင် 'အချို့သားသမီး' ဟူသည် သားတော်အိစ်မာအီလ်ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် သားတော်အစ္စဟာက်နှင့် အခြားအိမ်သူအိမ်သားများသည် ဆီးရိယားနိုင်ငံတွင် ရှိနေခဲ့ကြပေသည်။

အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ တမန်တော် အီဗ်ရာဟီမ်သည် နို့စို့ရွယ်ဖြစ်သော သားတော် အိစ်မာအီလ်နှင့် ၎င်း၏မယ်တော် ဟာဂျိရဟ်သခင်မတို့အား လွင်တီးခေါင်သဲကန္တာရတွင် လာရောက်ပစ်ထားခဲ့လေသည်။ အလ္လာဟ်အရှင်မြတ်သည် သားတော်အိစ်မာအီလ်၏ မွတ်သိပ်မှုနှင့် ဟာဂျိရဟ်သခင်မ၏ ပူပန်စိုးရိမ်မှုကို သိမြင်တော်မူသောအခါ၊ ကောင်းကင်တမန်တစ်ပါးကို စေလွှတ်၍ ဇမ်ဇမ်တွင်းရေကို ဖန်တီးပေးတော်မူခဲ့လေသည်၊ ထိုသည့် ဇမ်ဇမ်ရေကို တွေ့မြင်သော ဂျူရ်ဟွန်မ်မျိုးနွယ်စုတို့သည် ထိုသားအမိနှစ်ဦးရှိရာသို့ ရောက်ရှိလာခဲ့ကြပေသည်။ ထို့နောက် ဟာဂျိရဟ်သခင်မ၏ ခွင့်ပြုချက်အရဂျူရ်ဟွန်မ် မျိုးနွယ်စုတို့သည် လည်း ထိုအရပ်၌ပင် အခြေစိုက်နေထိုင်ခဲ့ကြလေသည်။ သားတော် အိစ်မာအီလ် အရွယ်ရောက်လာသောအခါ ဂျူရ်ဟွန်မ် မျိုးနွယ်ဝင် အမျိုးသမီးတစ်ဦးနှင့်ပင် ထိမ်းမြားခဲ့လေသည်။

ဤသို့အားဖြင့် (ယနေ့မက္ကာမြို့တော် တည်ရှိရာနေရာ၌) ရွာကလေးတစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။ တမန်တော်အီဗ်ရာဟီမ်သည် ဆီးရိယားနိုင်ငံမှ ထိုသားအမိနှစ်ဦးတို့ထံသို့ ရံဖန်ရံခါ ကြွလာတော်မူလေ့ရှိပေသည်။

တမန်တော်အီဗ်ရာဟီမ်သည် ထိုမြို့နှင့်ထိုမြို့သူမြို့သားများအဖို့ ဆုပန်ကြားခဲ့သည်မှာ – 'အိုအရှင်မြတ်၊ ကျွန်တော်မျိုးသည် ကိုယ်တော်အရှင်မြတ်၏ အမိန့်တော်အရ မိမိ၏သားတစ်ယောက်ကို ဤလွင်တီးခေါင် သဲကန္တာရတွင် ကိုယ်တော်၏ ကျောင်းတော်ပါး၌ လာရောက်နေရာ ချထားလိုက်ပါပြီ၊ ဤကဲ့သို့ လာရောက်နေရာချထားခြင်းမှာ သားတော် အိစ်မာအီလ်နှင့် ၎င်း၏ သားသမီး၊ မြေး၊ မြစ်၊ မျိုးနွယ်စဉ်ဆက်တို့သည် အရှင်မြတ်၏ကျောင်းတော်ကို ပြုစုနိုင်ကြမည်ဖြစ်ပါသည်။ အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ၎င်းတို့ဘက်သို့ အချို့သူများ၏ စိတ်နလုံးများကို လှည့်ပေးတော်မူပါ၊ သို့ဖြစ်လျှင် ၎င်းတို့သည် ဤဌာနသို့ ရောက်ရှိလာပြီး အရှင်မြတ်အား ဝတ်ပြုနိုင်ကြပါမည်။ မြို့တော်လည်း သာယာစည်ပင်၍ လာပါမည်။ ထို့ပြင်တစ်ဝ အရှင်မြတ်သည် ၎င်းတို့အား ဖောသီစွာ စားသုံးနိုင်ရန်အတွက် စားနပ်ရိက္ခာကိုလည်း ပေးသနားတော်မူပါ။ ➤➤

رَبَّنَآ إِنَّكَ تَعۡلَمُ مَا نُخۡفِي وَمَا نُعۡلِنُۗ وَمَا يَخۡفَىٰ عَلَى ٱللَّهِ مِن شَيۡءٖ فِي ٱلۡأَرۡضِ وَلَا فِي ٱلسَّمَآءِ ٣٨

၃၈။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ လျှို့ဝှက်ကြသော အချက်တို့ကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့ ထင်ရှားဖော်ကြကုန်သောအချက်တို့ကိုလည်းကောင်း၊ သိရှိတော်မူပါ၏။ စင်စစ်သော်ကား ပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်း၊ မည်သည့်တစ်စုံတစ်ရာမျှပင် အလွှာဟ် အရှင်မြတ်အပေါ်၌ ဖုံးအုပ်လျက် အလျင်းမရှိပေ။

ٱلۡحَمۡدُ لِلَّهِ ٱلَّذِي وَهَبَ لِي عَلَى ٱلۡكِبَرِ إِسۡمَٰعِيلَ وَإِسۡحَٰقَۚ إِنَّ رَبِّي لَسَمِيعُ ٱلدُّعَآءِ ٣٩

၃၉။ ချီးမွမ်းထောပနာအပေါင်းတို့သည် အကြင် အလွှာဟ်အရှင်မြတ်နှင့်သာသက်ဆိုင်၏။ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးအား အသက်အရွယ် အိုမင်းကြီးရင့်ပါလျက်နှင့်ပင် (သားတော်)အီစ်မာအီလ်ကိုလည်းကောင်း၊ (သားတော်)အစ္စဟာက်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ဧကန်စင်စစ် ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမှန်ပင် ဆုတောင်းပတ္ထနာပြုခြင်းကို အလွန်ကြားတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပါသတည်း။ [၁]

➤➤ သို့ဖြစ်လျှင် ၎င်းတို့သည် အေးချမ်းသာယာစွာဖြင့် အရှင်မြတ်အား ဝတ်ပြုနိုင်ကြပါမည်။ အရှင်မြတ်၏ ကျေးဇူးတော်ကိုလည်း စောင့်သိရှိသေနိုင်ကြပါမည်..'။

အလွှာဟ်အရှင်မြတ်သည် တမန်တော်အီဗရာဟီမ်၏ အထက်ပါဆုမွန်ကို လက်ခံအတည်ပြု ပေးတော်မူခဲ့လေသည်၊ ယနေ့တိုင် နှစ်စဉ်နှင့်အမျှ ကမ္ဘာ့အရပ်ရပ်မှ ထောင်ပေါင်းများစွာသောမွတ်စ်လင်မ်တို့သည် ကျောင်းတော်သို့ သွားရောက်၍ ဟဂ်ျပြုကြသည်၊ အလွန်အဖိုးထိုက်တန်လှသော သစ်သီးဝလံများနှင့် စားဖွယ်သောက်ဖွယ်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖောသီစွာ စားသုံးနိုင်ကြသည်မှာ မျက်မြင်ကိုယ်တွေ့ပင်။ မကြာမြို့တော်၌ အသီးသီးသော သစ်ပင်ဟူ၍တစ်ပင်မျှပင် မတွေ့ရှိပါဘဲလျက် ဤရွေ့ဤမျှ ဖောသီစွာ စားသုံးရခြင်းမှာ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်-(၂၈း၅၇)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ဤအာယတ်တော်တွင် တမန်တော်အီဗရာဟီမ်က 'အချို့သူများ၏စိတ်နှလုံးကို လှည့်ပေးတော်မူပါ' ဟူ၍သာ ပန်ကြားခဲ့၏။ သို့မဟုတ်ပါမူ၊ ကမ္ဘာ့အဝန်းရှိ လူသားအားလုံးတို့သည် ကျောင်းတော်သို့ မုချ ရောက်ရှိလာကြမည် ဖြစ်သည်ဟူ၍လည်း အချို့မုဖတ်စ်စစ်ရဲသုခမိန်ကြီးများက ဖွင့်ဆိုရေးသားထားကြသည်။

① တမန်တော် အီဗရာဟီမ်သည် သားကောင်းများ၊ သားလိမ္မာများရရှိရန် အလွှာဟ်အရှင်မြတ်ထံ ➤➤

رَبِّ اجْعَلْنِي مُقِيمَ الصَّلَوٰةِ وَمِن ذُرِّيَّتِي ۚ رَبَّنَا وَتَقَبَّلْ دُعَاءِ ﴿٤٠﴾

၄၀။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးအား အမြဲတစေ 'ဆွေလာတ်' ဝတ်ပြုသူ ပြုလုပ်တော်မူပါ။ ထိုနည်းတူစွာ ကျွန်တော်မျိုး၏ နောက်သားနောက်မြေးတို့အနက်မှလည်း (ဆွေလာတ်ဝတ်ပြုသူများပြုလုပ်တော်မူပါ)။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏(ဤ) ဆုမွန်ပတ္ထနာကို သဘောတူ လက်ခံတော်မူပါ။ ၃

رَبَّنَا اغْفِرْ لِي وَلِوَالِدَيَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ الْحِسَابُ ﴿٤١﴾

၄၁။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် စစ်ဆေးမှုဖြစ်ပေါ်လာမည့်နေ့တွင် ကျွန်တော်မျိုးအားလည်းကောင်း၊ *ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း၊* ၂ မုအ်မင်နှ်သက်ဝင်ယုံကြည်သူတို့အား လည်းကောင်း၊ (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။

➤➤ဆုပန်ကြားခဲ့ဘူး၏။ ကြည့်-ကုရ်အာန်(၃၈း၁၀၀-၁၀၁)။ သားသမီးများသည် မိဘတို့အဖို့ အလွန်ကြီးမားလှသော ဆုလာဘ်တစ်ခု၊ အဖိုးထိုက်တန်လှသည့် ရတနာတစ်ပါးပင်ဖြစ်၏။ အထူးသဖြင့် သက်ရွယ်ကြီးရင့်ခါမှ ရရှိသော သားလိမ္မာ သမီးလိမ္မာများသည် အလွန်ဟန်အရှင်မြတ်၏ ကြီးမားလှသော ကျေးဇူးတော်တစ်ပါးပင်ဖြစ်၏။ ထို့အတွက်ကြောင့်လည်း တမန်တော် အီဗ်ရာဟီမ်က သက်ရွယ်ကြီးရင့်ခါမှ သားတော်နှစ်ပါးရသည့်အတွက် အလွန်ဟန်အရှင်မြတ်အား အထူးတလည် ကျေးဇူးတင်ခဲ့ခြင်းဖြစ်သည်။

① တမန်တော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)သည် အလွန်ကျော်ကြားသော တမန်တော်ကြီးတစ်ပါးဖြစ်ခဲ့၏။ ထိုကဲ့သို့သော တမန်တော်ကြီးတစ်ပါးကပင်လျှင် အလွန်ဟန်အရှင်မြတ်အထံတော်၌ 'အရှင်မြတ်သည် ကျွန်တော်မျိုးအား ဆွေလာတ် ဝတ်ပြုမှုကို စနစ်တကျ အမြဲတစေ ဆောက်တည်နိုင်သူအဖြစ် ပြုလုပ်ပေးတော်မူပါ' ဟု ဆုတောင်းပတ္ထနာပြုခဲ့၏။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ဆွေလာတ်သည် အဘယ်မျှ အရေးကြီးသော အစွန်လာမ် ကျင့်ဝတ်တစ်ပါး ဖြစ်သည်ကို ကောင်းစွာသိနိုင်ပေသည်။

တမန်တော် အီဗ်ရာဟီမ်သည် မိမိမျိုးနွယ်ဆက်များအဖို့ ဆုမွန်တောင်းရာတွင်၊ မိမိ၏ မျိုးနွယ်ဆက်အားလုံးအဖို့ ဆုမတောင်းခဲ့ပေ၊ အချို့အဖို့သာ ဆုတောင်းခဲ့ပေသည်။ ယင်းသို့ အချို့မျိုးနွယ် ဆက်များအဖို့သာ ဆုတောင်းခြင်းမှာ တမန်တော်ကြီးသည် မိမိ၏ မျိုးနွယ်ဆက်များတွင် မုအ်မင်နှ်မဟုတ်သူများလည်း ရှိမည်ကို ဝဟီဖြင့် သိနှင့်တော်မူသည့် အတွက်ကြောင့်ပင် ဖြစ်သည်။

② တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏ဖခင်ကြီးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခဲ့ခြင်းမှာ၊ အကယ်၍ ယင်းပန်ကြားခြင်းသည် မိမိ၏ဖခင်ကြီး ကာဖိရ်အဖြစ်နှင့် သေဆုံးသည့်သတင်းမရမီ အလျင်ဖြစ်ပါက➤➤

وَلَا تَحْسَبَنَّ اللَّهَ غَافِلًا عَمَّا يَعْمَلُ الظَّالِمُونَ ۚ إِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ فِيهِ الْأَبْصَارُ ﴿٤٢﴾

၄၂။ ထိုမှတစ်ပါး အသင်သည် အလ္လာဟ်အရှင်မြတ်အား မတရားသောသူများ ကျင့်မူကြကုန်သော အမှုကိစ္စတို့မှ အမှုမဲ့အမှတ်မဲ့ နေတော်မူသောအရှင်မြတ်ဟူ၍ အလျင်းမထင်မှတ်လေနှင့်၊ ထိုအရှင်မြတ်သည် ၎င်းတို့အား အကြင်နေ့တိုင်အောင် ရွှေ့ဆိုင်းခွင့်ပေးထားတော်မူခြင်းသာလျှင် [၃] ဖြစ်ပေသည်။ ထိုနေ့တွင် (ကာဖိရ် သွေဖည် ငြင်းပယ်ကြကုန်သောသူတို့၏)မျက်စိ မျက်ဆံများသည် (မျက်တောင်မခတ်) စူးစိုက်လျက်ပင် ရှိကုန်အံ့သတည်း။ [၂]

➤➤ ဤပန်ကြားခြင်း၏ အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်က ဖခင်ကြီးအား အီမာန်ယုံကြည်နိုင်စွမ်းပေးတော်မူ၍ ကိယာမတ်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူရန်ဟူ၍ ဖြစ်ပေမည်၊ အကယ်၍ ဤပန်ကြားခြင်းသည် ဘခင်ကြီးသေဆုံးပြီးနောက်မှဖြစ်သော်၊ ထိုအချိန်အထိ အလ္လာဟ်အရှင်မြတ်က ကာဖိရ်တစ်ဦးအဖို့ လွတ်ငြိမ်းချမ်းသာခွင့် အလျင်းမရှိကြောင်း တမန်တော် အီဗ်ရာဟီမ်အား အသိပေးတော်မူခဲ့ဟန်မရှိသေးချေ။

ထို့ပြင်တဝ အသိဉာဏ်နှင့်ယှဉ်၍ စဉ်းစားလျှင် ကာဖိရ် တစ်ဦးအဖို့ လွတ်ငြိမ်းခွင့် အလျင်းမရှိဟူ၍ မထင်နိုင်ပေ။ ကျမ်းဂန်လာ ဒေသနာတော်များအရသာလျှင် ကာဖိရ်တစ်ဦးအဖို့ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် အလျင်း မဖြစ်နိုင်ပေ၊ ကျမ်းဂန်လာဒေသနာတော်များကို မကြားနာရမီအချိန်တွင် အသိဉာဏ်နှင့်ယှဉ်၍ သိရှိရသော အယူအဆသည် ပင်ဖြစ်ပေမည်။ ထို့အတွက်ကြောင့်လည်း တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏ဘခင်ကြီးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားဟန်တူသည်။

ကုရ်အာန် (၉း၁၁၄)တွင် တမန်တော် အီဗ်ရာဟီမ်၏ ဖခင်သည် အလ္လာဟ်အရှင်မြတ်၏ ရန်သူ(၀ါ) ကာဖိရ်ဖြစ်သည်ဟု ပါရှိ၏။ ဤအာယတ်တော်တွင်ပါရှိသည့် တမန်တော်အီဗ်ရာဟီမ်၏ ဖခင်ဟူသည် ဖခင်အရင်းအချာမဟုတ်၊ တမန်တော် အီဗ်ရဟီမ်၏ဦးကြီး၊ သို့မဟုတ် ဆွေမျိုးထဲမှ အခြားအကြီးအကဲ တစ်ဦးဖြစ်သည်ဟု ရှိအဟ်များက ဆိုကြသည်။

① ဤကဏ္ဍအပိုဒ်(၅)တွင် အလ္လာဟ်အရှင်မြတ်၏ အနန္တကျေးဇူးတော်များကို ထုတ်ဖော်တော်မူပြီး လူသားသည် အလွန်မတရားသူ၊ အလွန်ကျေးဇူးကန်းသူ ဖြစ်သည်' ဟူ၍ မိန့်ကြားတော်မူခဲ့၏။ ကြည့်-ကုရ်အာန်(၁၄း၃၂-၃၄)၊ ထို့နောက် တမန်တော်အီဗ်ရာဟီမ်၏ အကြောင်းကို မိန့်မြွက်၍ မက္ကာမြို့သား ကာဖိရ်တို့အား ပြုတော်မူခဲ့သည့် အလွန်ထူးခြားသည့် ကျေးဇူးတော်များကို ပြန်လည်သတိရစေတော်မူခဲ့၏။ ထို့နောက် ၎င်းတို့၏ ကျေးဇူးကန်းမှု၊ ကျူးကျော်မှု၊ ယှဉ်တွဲကိုးကွယ်မှုများကို မိန့်ဆိုထားတော်မူခဲ့၏။ ယခု ဤအပိုဒ်တွင် ယင်းကာဖိရ်တို့အား ၎င်းတို့သည် အကယ်၍ ပြစ်ဒဏ်ခံစားကြရာတွင် အနည်းငယ်ကြန့်ကြာသော်၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အပြုအမူအကျင့်အကြံများကို မသိတော်မူ၍ဖြစ်သည်ဟု မထင်မှတ်ကြရန် သတိပေးထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ကိစ္စကြီးငယ်အားလုံးတို့ကို အကြွင်းမဲ့ သိတော်မူသည်။ သို့ရာတွင် ➤➤

مُهْطِعِينَ مُقْنِعِي رُءُوسِهِمْ لَا يَرْتَدُّ إِلَيْهِمْ طَرْفُهُمْ ۖ وَأَفْئِدَتُهُمْ هَوَاءٌ ﴿٤٣﴾

၄၃။ (ထိုနေ့တွင် ၎င်းတို့သည်) မိမိတို့၏ဦးခေါင်းများကို မော့၍ ပြေးလွှားလျက်ပင် ရှိကြပေမည်။ (ထိုနေ့တွင်) ၎င်းတို့၏ မျက်စိများသည် ၎င်းတို့ဘက်သို့ ပြန်လှည့်မည်မဟုတ်ပေ။ (ဝါ) ၎င်းတို့သည် မျက်တောင်မခတ်ဘဲ ရှိကြမည်။ ထိုမှတစ်ပါး: ၎င်းတို့၏စိတ်နှလုံးများသည်လည်း လွင့်ပျံလျက်ပင် ရှိနေကြပေမည်၊ (ဝါ) သတိရှိကြမည် မဟုတ်ပေ။

وَأَنذِرِ النَّاسَ يَوْمَ يَأْتِيهِمُ الْعَذَابُ فَيَقُولُ الَّذِينَ ظَلَمُوا رَبَّنَا أَخِّرْنَا إِلَىٰ أَجَلٍ قَرِيبٍ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ

၄၄။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် လူတို့အား ၎င်းတို့ထံ ပြစ်ဒဏ်ရောက်ရှိလာမည့်နေ့နှင့်စပ်လျဉ်း၍ သတိပေး နှိုးဆော်ပါလေ၊ ထိုအခါ မကောင်းမှုကိုကျူးလွန်ခဲ့ကြသောသူတို့က 'အို-ကျွန်တော်မျိုးတို့၏အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အနည်းငယ်မျှသော အချိန်ကာလ တိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးသနားတော်မူပါ။ [၁]

➤➤ အလ္လာဟ် အရှင်မြတ်သည် အပြစ်ရှိသူတစ်ဦးအား ရုတ်တရက် ချက်ချင်း ဖမ်းဆီး ကွပ်မျက်တော်မူလေ့မရှိပေ။ ထို အရှင်မြတ်သည် အလွန်ကြီးမားသော ပြစ်မှုများကို ကျူးလွန်သူများအားပင်လျှင် မိမိတို့၏ ကျူးလွန်မှုများမှ သတိသံဝေဂရရှိရန် အချိန်ပေးတော်မူလေ့ရှိ၏။ သို့ အချိန်ပေးတော်မူပါလျက် သတိသံဝေဂ မရကြပါမူ၊ ယင်းသို့သော သူမိုက်များအဖို့ တရားဥပဒေအရ ပြစ်ဒဏ်မှ လွတ်မြောက်ရန်အကြောင်း အလျင်းမရှိတော့ပေ။

① ကိယာမတ်နေ့တွင် မဟ်ရှရ်၌ ကာဖိရ်များသည် အလွန့်အလွန် ပူပန်စိုးရိမ်ကြောက်လန့်ပြီး မျက်စိများပြူးလျက်ရှိကြမည်။ အကြောက်ကြီး ကြောက်ပြီး ဦးခေါင်းမော့ကာ ပြေးလွှားလျက် ရှိကြမည်။ မျက်စိများမှာလည်း ကြည့်မိကြည့်ရာ စူးစိုက်နေကြပေမည်။ မျက်တောင်မခတ်ဘဲ ရှိကြမည်။ စိတ်နှလုံးများသည် တုန်လှုပ်ချောက်ချားလျက်ရှိကြမည်၊ ထိတ်ထိတ်လန့်လန့် ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ရီရီ တွေတွေဝေဝေ စိုးရိမ်ကြောင့်ကြလျက် ရှိကြမည်၊ အချုပ်အားဖြင့် ထိုနေ့သည် ကာဖိရ်များအဖို့ အလွန်ကြောက်ဖွယ်နေ့ကြီး ဖြစ်ပေမည်။ မုအ်မင်န်တို့မူကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ကုရ်အာန်ကျမ်းမြတ်(၂၁း၁၀၃)တွင် လာရှိသည့်အတိုင်း ပူပန်သောက ဖြစ်ကြရမည်မဟုတ်ပေ၊ ကောင်းကင်တမန်များလည်း ၎င်းတို့အား လာရောက် ကြိုဆိုကြမည် ဖြစ်သည်။

② ဤအာယတ်တော်တွင် '၎င်းတို့ထံ ပြစ်ဒဏ်ဆိုက်ရောက်သည့်နေ့' ဟူသည်ကား -

(၁) ကိယာမတ်နေ့နှင့် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ကို ဆိုလိုသည်ဟူ၍သော်လည်းကောင်း။

(၂) အသက်သေဆုံးသည့်အချိန်နှင့် သေအံ့ဆဲဆဲ ခံစားရသည့်ဒုက္ခကို ဆိုလိုသည်ဟူ၍သော်လည်းကောင်း၊➤➤

الرُّسُلَ أَوَلَمْ تَكُونُوٓا۟ أَقْسَمْتُم مِّن قَبْلُ مَا لَكُم مِّن زَوَالٍ ﴿٤٤﴾

ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ ဖိတ်ခေါ်ချက်ကို သဘောတူလက်ခံကြပါမည်။ ထိုမှတစ်ပါး ကျွန်တော်မျိုးတို့သည် ရှေ့လတမန်တော်များ၏အမိန့်ကိုလည်းလိုက်နာကြပါမည်' ဟု ပြောဆိုလျှောက်ထားကြလတ္တံ့။ (ထိုရောအခါဝယ် အလ္လာဟ်အရှင်မြတ်သည် ဤသို့ ပြန်ကြားတော်မူအံ့)၊ အသို့ပါနည်း။ အသင်တို့သည် ယခင်မူလက မိမိတို့၌ မည်သို့မျှ လွဲဖယ်တိမ်းယိမ်း ပျက်စီးယိုယွင်းမှုသည် အလျင်းရှိလိမ့်မည်မဟုတ်ဟူ၍ ကျိန်ဆို(ပြောဆို)ခဲ့ကြသည် မဟုတ်တုံလော။

وَسَكَنتُمْ فِى مَسَٰكِنِ ٱلَّذِينَ ظَلَمُوٓا۟ أَنفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ

၄၅။ အမှန်စင်စစ်သော်ကား၊ သင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ နှိပ်စက်ကလူ ပြုမူခဲ့ကြကုန်သော သူတို့ နေထိုင်ရာအရပ်များ၌ပင် နေထိုင်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား မည်သို့ပြုလုပ်တော်မူခဲ့သည်မှာလည်း အသင်တို့ရှေ့၌ ထင်ရှားခဲ့လေပြီ။

➤➤ (၃) ဤပစ္စက္ခဘဝတွင် ပြစ်ဒဏ်ဆိုက်ရောက်သည့်နေ့ကို ဆိုလိုသည်ဟူ၍သော်လည်းကောင်း အသီးသီးအနက်ကောက်နိုင်သည်။

ကာဖိရ်များက ဤစကားကို ဤပစ္စက္ခဘဝ ပြစ်ဒဏ်ဆိုက်ရောက်သည့်အချိန် သို့မဟုတ် အသက်သေဆုံးခါနီး ခံစားရသည့် ပြင်းထန်မှုကို တွေ့မြင်၍ ပြောဆိုသည်ရှိသော်၊ အလိုသဘောမှာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား နောက်ထပ် ရက်အနည်းငယ် အသက်ရှင်ခွင့်ပြုတော်မူပါ၊ ကျွန်တော်မျိုးတို့သည် မိမိတို့၏ အကျင့်အမူကို ပြုပြင်ကြပါမည်၊ (၀၊) အရှင်မြတ်၏ ဖိတ်ကြားချက်ကို လက်ခံကြပါမည်၊ တမန်တော်များ၏ ဩဝါဒများကိုလည်း မြေဝယ်မကျ နာခံကြပါမည်' ဟူ၏၊ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ်(၂၃း၉၉–၁၀၀)တွင်လည်း မိန့်ဆိုထားတော် မူပါသည်။

ကာဖိရ်များက ဤစကားကို ကိယာမတ်နေ့တွင် ပြောဆိုသည်ရှိသော် အချိန်တောင်းဆိုခြင်း၏ အလိုသဘောမှာ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လူ့လောကသို့ ခေတ္တပြန်လွှတ်တော်မူပါ၊ ကျွန်တော်မျိုးတို့ သစ္စာတော်ကို စောင့်သိရိုသေကြပါမည်။ (၀၊) အရှင်မြတ်၏ အမိန့်ပညတ်တော်များကို နာခံကြပါမည်။ တမန်တော်များ၏ ဩဝါဒများကိုလည်း လိုက်နာကြပါမည်ဟူ၏။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၃၂း၁၂)တွင်လည်း မိန့်ဆိုထားတော်မူသည်။

الْأَمْثَالَ ﴿٤٥﴾

ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့အကျိုးငှာ ဥပမာ ပုံဆောင်ချက်များကိုလည်း ခိုင်းနှိုင်းပြတော်မူခဲ့လေသတည်း။ [၁]

وَقَدْ مَكَرُوا۟ مَكْرَهُمْ وَعِندَ اللَّهِ مَكْرُهُمْ ۚ وَإِن كَانَ مَكْرُهُمْ لِتَزُولَ مِنْهُ الْجِبَالُ ﴿٤٦﴾

၄၆။ ထိုပြင် ၎င်းတို့သည် မိမိတို့၏ လျှို့ဝှက်ကြံစည်မှုကို ကြံစည်ခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်၌ပင် ရှိခဲ့လေသည်။ [၂] အမှန်စင်စစ်မှာမူကား ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုသည် ယင်းကြံစည်မှုကြောင့် တောင်များပင် ရွေ့သွားနိုင်ကြပေသည်။ [၃]

---

① အထက်၌ ပါရှိခဲ့သည့်အတိုင်း ကာဖိရ်များသည် လျှောက်ထားကြသောအခါ၊ အလ္လာဟ်အရှင်မြတ် ဘက်တော်မှ ၎င်းတို့အား ဖြေကြားထားသည်မှာ အသင်တို့ကပင် ငါတို့၏ အခြေအနေ အရိုန်အဝါများသည် ဘယ်သောအခါ၌မျှ ပျက်စီးယိုယွင်းသွားမည်မဟုတ်၊ သေပြီးနောက် အလ္လာဟ်အရှင်မြတ်ထံတော်သို့ သွားကြရမည်လည်း မဟုတ်ဟု ကျိန်ဆိုပြောဆိုခဲ့ကြသည် မဟုတ်လော။

အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့စော်ကားခဲ့ကြသော သူမိုက်တို့၏ ကျေးရွာများတွင် နေထိုင်ခဲ့ကြသည်၊ ထိုသူမိုက်တို့အား အလ္လာဟ် အရှင်မြတ်က မည်သို့မည်ပုံ ကွက်မျက် ဖျက်ဆီးတော်မူခဲ့သည်ကိုလည်း အသင်တို့အသိပင်၊ ကျမ်းဂန်များတွင်လည်း အတိတ်ခေတ် အမျိုးသားတို့၏ အဖြစ်အပျက်များ ပါရှိချေပြီ။ တမန်တော်များကလည်း သတိပေးခဲ့ကြပြီ။

သို့ပါလျက် အသင်တို့ သတိမရခဲ့ကြပေ၊ သူမိုက်တို့၏ လမ်းစဉ်ကိုပင် လိုက်နာကျင့်သုံးခဲ့ကြသည်၊ အမှန်တရားကို သွေဖည်ငြင်းဆန်ခဲ့ကြသည်၊ (ယခုမူ ကိုယ်အပြစ် ကိုယ်ခံရုံသာ ရှိသည်၊ ထပ်မံ အချိန်ရွေ့ဆိုင်းပေးရန် အကြောင်းမရှိပြီဟူသတည်း။

② ရှေးနှောင်းကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များနှင့် ကျမ်းဂန်များကို ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အကြံအစည် အမျိုးမျိုး ထုတ်ခဲ့ကြပေသည်။ အမှန်မှာ ၎င်းတို့၏ အကြံအစည်များသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ရှိနေပေသည်၊ သိမ်းထားပြီး ဖြစ်သည်။ ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ အကြံအစည်များ၏ အပြစ်ကို ပေးတော်မူမည်သာဖြစ်တော်မူသည်။

③ ကာဖိရ်များသည် အမှန်တရားကို ဖျက်ဆီးရန် အမျိုးမျိုးကြံစည်အားထုတ်ခဲ့ကြပေသည်။ သို့တစေလည်း အမှန်တရားကို အလ္လာဟ်အရှင်မြတ်က ထိန်းသိမ်းစောင့်ရှောက်ထားတော်မူသည့် အတွက်ကြောင့် ၎င်းတို့၏ အကြံအစည်များသည် အချည်းနှီးသာဖြစ်သွားခဲ့လေသည်။

ကာဖိရ်တို့၏အကြံအစည်များကြောင့် တောင်များသည် ရွေ့ပါး၍မသွားပေရာ တောင်များထက် အဆပေါင်းများစွာ ပိုမိုခိုင်မြဲသော တမန်တော်များနှင့် တရားကျမ်းဂန်များသည် အသို့လျှင် ရွေ့ပါးယိမ်းယိုင်သွားနိုင်ကြအံ့နည်း။

فَلَا تَحْسَبَنَّ اللَّهَ مُخْلِفَ وَعْدِهِۦ رُسُلَهُۥٓ ۚ إِنَّ اللَّهَ عَزِيزٌ ذُو انتِقَامٍ ﴿٤٧﴾

၄၇။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်အား မိမိရရှုလ်တမန်တော်များနှင့် ချိန်းချက်ထားရှိတော်မူသော ကတိတော်ကို ဖောက်ဖျက်တော်မူမည့်အရှင်ဟူ၍ အလျင်း မထင်မှတ်လေနှင့်။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ လက်စားချေတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။ [၁]

يَوْمَ تُبَدَّلُ الْأَرْضُ غَيْرَ الْأَرْضِ وَالسَّمَاوَاتُ ۖ وَبَرَزُوا لِلَّهِ الْوَاحِدِ الْقَهَّارِ ﴿٤٨﴾

၄၈။ (ဤသည်တို့ကား ထိုနေ့၌ဖြစ်အံ့)၊ အကြင်နေ့တွင် (ဤ)ပထဝီမြေသည် အခြားသောပထဝီမြေဖြင့် ပြောင်းလဲသွားအံ့၊ ထိုနည်းတူစွာ (ဤ)မိုးကောင်းကင်များသည်လည်း (အခြားမိုးကောင်းကင်များဖြင့် ပြောင်းလဲသွားလတ္တံ့)၊ [၂] ထိုမှတစ်ပါး (ခပ်သိမ်းကုန်သောလူသတ္တဝါတို့သည်) တစ်ဆူတည်း ဖြစ်တော်မူသော၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ထွက်ပေါ်လာခဲ့ကြလတ္တံ့။ [၃]

---

① အလ္လာဟ်အရှင်မြတ်သည် မိမိ၏တမန်တော်များအား ကူညီစောင့်ရှောက်တော်မူမည့်အကြောင်း၊ လွှမ်းမိုးစေတော်မူမည့်အကြောင်း အတိအလင်း ကတိပြုထားတော်မူသည်။ ကြည့်-ကုရ်အာန်(၄၀း၅၁။ ၅၈း၂၁)၊ ထိုအရှင်မြတ်သည် မိမိ၏ကတိတော်ကို ဘယ်သောအခါ၌မျှ ဖောက်ဖျက်တော်မူသည်ဟူ၍ အလျင်းမရှိပေ။ ကြည့်-ကုရ်အာန်(၃း၈။ ၁၃း၃၁)၊ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသောအရှင်၊ တုံ့ပြန်တော်မူသောအရှင်လည်း ဖြစ်တော်မူပေသတည်း။

② ကိယာမတ်နေ့တွင် ကျွန်ုပ်တို့သိရှိကြသော ဤမိုးဤမြေများသည် လက်ရှိအတိုင်း တည်ရှိကြမည် မဟုတ်ပေ။ ဤမိုး၊ ဤမြေ၏ 'ဇာတ်' ဇာတိကို ပြောင်းလဲပစ်မည်ဖြစ်သည်။ သို့တည်းမဟုတ် ဤမိုး၊ ဤမြေ၏ 'ဆွဲဖတ်' ဝိသေသကို ပြောင်းပစ်မည်ဖြစ်သည်၊ အချို့ 'ရိဝါယတ်' ကျမ်းချက်များအရ၊ ပြောင်းလဲမှု အကြိမ်ကြိမ်ဖြစ်ပေါ်မည်ဖြစ်သည်။ ဖြစ်ရပ်မှန်ကို အလ္လာဟ်အရှင်မြတ် အသိဆုံး ဖြစ်တော်မူသည်။

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့်လည်းကောင်း၊ ကုရ်အာန်ကျမ်းလာ အခြားအာယတ်တော်များ၏ ရည်ညွှန်းချက်များကို ထောက်ရှုခြင်းအားဖြင့်လည်းကောင်း၊ ကိယာမတ်နေ့တွင် ဤမြေနှင့် ဤမိုးများသည် လုံးဝနဏ္ဍိ ဖြစ်သွားမည် မဟုတ်ကြောင်းနှင့် လက်ရှိသဘာဝ အစီအစဉ်ကိုသာ ပြောင်းလဲပစ်မည် ဖြစ်ကြောင်းကို သိရှိရပေသည်။ ပထမ တံပိုးမှုတ်ခြင်းနှင့် နောက်ဆုံး တံပိုးမှုတ်ခြင်း၏ စပ်ကြားတွင် ➤➤

وَتَرَى الْمُجْرِمِينَ يَوْمَئِذٍ مُّقَرَّنِينَ فِي الْأَصْفَادِ ﴿٤٩﴾

၄၉။ ၎င်းပြင်အသင်သည် ထိုနေ့တွင် ပြစ်မှု ကျူးလွန်သောသူတို့အား သံကြိုးများဖြင့် ပူးတွဲချုပ်နှောင်၍ ထားလျက်(ရှိသည်ကို) တွေ့မြင်အံ့။ [၁]

➤➤ အချိန်မည်မျှကြာမည်ကို အလ္လာဟ်အရှင်မြတ်သာ သိတော်မူပေမည်။ ထိုစပ်ကြားအချိန်တွင်ပင် ဤမြေနှင့် ဤမိုးများ၏ လက်ရှိ ပုံပန်းသဏ္ဌာန်ကို ပြောင်းလဲပစ်ပြီး အခြားသဘာဝ၏ စည်းကမ်းချက်များနှင့်အညီ အခြား အစီအစဉ် ပြောင်းလဲပြုလုပ်မည် ဖြစ်သည်။ ထိုဒုတိယ အစီအစဉ်သည်ပင် နောက်တမလွန်ဘဝဖြစ်မည်။

နောက်ဆုံးတံပိုး မှုတ်လိုက်သည့်အခါ ဖခင်ကြီး အာဒမ်မှအစ ကိယာမတ်တိုင် မွေးဖွားလာခဲ့ကြကုန်သော လူသားအားလုံးတို့သည် ပြန်လည်ရှင်ထပြီး အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာကြပေမည်။ ဤသည်ကိုပင် ကုရ်အာန်ကျမ်းမြတ်၌ 'ဟရ်ရ်' ဟူ၍ မိန့်ဆိုသုံးနှုန်းထားတော်မူခြင်းဖြစ်သည်။ 'ဟရ်ရ်'၏ မူရင်းအဓိပ္ပါယ်မှာ– စုခြင်း၊ ပေါင်းခြင်း၊ တစ်နေရာတွင် စုပေါင်းခြင်း ဟူ၍ဖြစ်သည်။

ကုရ်အာန်ကျမ်းလာ အာယတ်တော်များ၏ ရည်ညွှန်းချက်များနှင့် တမန်တော်မြတ်၏ ဟဒီးဆ်သြဝါဒတော်များကို ထောက်ရှုခြင်းအားဖြင့် 'ဟရ်ရ်' သည် ဤမြေ၌ပင် ဖြစ်မည်ဖြစ်ကြောင်း၊ တရားရုံးတော်လည်း ဤမြေ၌ပင် ဖြစ်မည်ဖြစ်ကြောင်း၊ မီဇာန်ချိန်ခွင်တော်လည်း ဤမြေ၌ပင် ထားရှိမည်ဖြစ်ကြောင်း၊ ဤမြေနှင့် စပ်လျဉ်းသည့် ပြဿနာသည် ဤမြေ၌ပင် ရှင်းလင်းမည်ဖြစ်ကြောင်း သိရှိရပေသည်။

ထို့ပြင်တစ်ဝ အထက်ဖော်ပြပါ ကိစ္စရပ်များနှင့် ရင်ဆိုင်ရမည့် ကျွန်ုပ်တို့၏ ဒုတိယရှင်ခြင်းသည် 'ရူဟာနီ' နာမ်နှင့်သာလျှင် ဆက်စပ်နေသည့် ရှင်ခြင်းမျိုးသာမဟုတ်၊ ကျွန်ုပ်တို့ ယခုရှင်နေကြသကဲ့သို့ ရုပ်နှင့်နာမ်ပါဒွန်တွဲလျက်ရှိသည့် ရှင်ခြင်းမျိုးသာဖြစ်မည်။ လူတိုင်းလူတိုင်းသည် ဤပစ္စက္ခဘဝမှ ကွယ်လွန် သေဆုံးသည့် အချိန်တွင်ပါရှိခဲ့သည်၊ ကိုယ်နှင့်တကွပင် နောင်တမလွန်တွင် ရှိနေမည်ဖြစ်သည်။

တဖ်ဟီမုလ်ကုရ်အာန်။

ⓙ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့က အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူကြောင်း၊ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူ တွဲဖက်ယှဉ်ဖက်ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်ဖြစ်ကြောင်း၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ ကြောင်း၊ အသီးသီး ဟောကြားခဲ့ကြကုန်သည်။

လူ့လောကတွင် ဤသည့်တရားများကို အချို့က ယုံကြည်လက်ခံခဲ့ကြသည်၊ အချို့က ငြင်းပယ်ခဲ့ကြသည်။ ကိယာမတ်နေ့တွင်မူ ယုံကြည်သောမုအ်မင်န်များနှင့် ငြင်းပယ်သော ကာဖိရ်အားလုံးတို့သည် တစ်ဆူတည်း ဖြစ်တော်မူသော၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ကြရတော့မည်။ တောင်ဟီဒ်သည် မျက်မြင်ကိုယ်တွေ့ ဖြစ်ရတော့မည်။

ⓘ ပြစ်မှုအမျိုးအစားအလိုက် ပြစ်မှုကျူးလွန်သောသူများသည် ကိုယ့်အုပ်စုနှင့်ကိုယ် အသီးသီး သံကြိုးများဖြင့် ပူးတွဲ ချုပ်နှောင်လျက်ရှိကြမည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၃၇း၂၂။ ၈း၇။ ၂၅း၁၃။ ၃၈း၃၈) တွင်လည်း မိန့်ဆိုထားတော်မူသည်။

سَرَابِيلُهُم مِّن قَطِرَانٍ وَتَغْشَىٰ وُجُوهَهُمُ النَّارُ ﴿٥٠﴾

၅၀။ ၎င်းတို့၏ အင်္ကျီ အဝတ်အစားများကား 'ကတ္တီရာန်' [၁] ကျောက်မီးသွေး၊ ကတ္တရာစေးဖြင့် ပြီးသော အဝတ်အစားများပင် ဖြစ်ကြပေမည်။ ထိုမှတစ်ပါး၊ ငရဲမီးသည် ၎င်းတို့၏ မျက်နှာများကို ဖုံးအုပ်လျက်ရှိချေမည်။

لِيَجْزِيَ اللَّهُ كُلَّ نَفْسٍ مَّا كَسَبَتْ ۚ إِنَّ اللَّهَ سَرِيعُ الْحِسَابِ ﴿٥١﴾

၅၁။ (ဤသည်တို့ကား) အလ္လာဟ်အရှင်မြတ်သည် လူတိုင်းလူတိုင်းအား ၎င်းတို့ရှာဖွေ ဆည်းပူးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ အစားပေးတော်မူရန် ဖြစ်ပေသည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

هَٰذَا بَلَاغٌ لِّلنَّاسِ وَلِيُنذَرُوا بِهِ وَلِيَعْلَمُوا أَنَّمَا هُوَ إِلَٰهٌ وَاحِدٌ وَلِيَذَّكَّرَ أُولُو الْأَلْبَابِ ﴿٥٢﴾

၅၂။ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည်ကား လူတို့အဖို့ အကြောင်းကြားချက်သည်လည်းကောင်း၊ ထို့ပြင် ထိုသူတို့သည် သတိပေးနှိုးဆော်ခြင်း ခံကြရအံ့သောငှာလည်းကောင်း၊ ထိုမှတစ်ပါး၊ ထိုအရှင်မြတ်သည် တစ်ဆူတည်းသောကိုးကွယ်ရာအရှင် ဖြစ်တော်မူကြောင်း၊ ထိုသူတို့ သိရှိယုံကြည်အံ့သောငှာလည်းကောင်း၊ ထို့ပြင်တစ်ဝနိုသမ္မာဉာဏ်ရှင်တို့သည် တရားရကြအံ့သောငှာလည်းကောင်း၊ ဖြစ်ချေသတည်း။ [၂]

---

① (قَطِرَان) 'ကတ္တီရာန်' ၏ကျောက်ကြားသော အဓိပ္ပါယ်မှာ - 'ကန့်' ဟူ၍ ဖြစ်သည်။ ထို့ပြင်တစ်ဝကတ္တီရာန်ဟူသော ပုဒ်သည် အရည်ကျိုထားသော ကြေးနီ၏ အနက်၌လည်း အသုံးဖြစ်ချေသည်။
ကြည့်-မာဂျိဒီ၊ အ-၃၊ စ-၅၃၆။ အအ-၈၁။
'ကတ္တီရာန်' ဟူသည် ကန့်ကိုဆိုသည်။ ကန့်သည် မီးအလွန်လောင်ကျွမ်းလွယ်၏။ အနံ့လည်း အလွန်ဆိုး၏။ ဂျဟန္နမ်၏ မီးသည် အတိုင်းမသိ ပူပြင်းသကဲ့သို့ ဂျဟန္နမ်၏ ကန့်လည်း အတိုင်းမသိ လောင်ကျွမ်းပေမည်။ အတိုင်းမသိ အနံ့ဆိုးရွားပေမည်။ ကြည့်-အွတ်ဆ်မာနီ၊ စ-၃၃၈။ အအ-၇။ ကတ္တီရာန်သည် 'ကျိရ်' (ထင်းရှူး)အပင်၏ အစေးကိုဆိုသည်။ အဘိဓာန်ကျမ်းများနှင့် ဆေးကျမ်းများတွင်လည်း ဤအတိုင်းပါရှိသည်။ ထာနဝီ။

အချို့ဘာသာပြန်ဆရာတော်များနှင့် မုဖတ်စ်စစ်ရိများက ကတ္တီရာန်ဟူသောပုဒ်ကို ကန့်ဟူ၍ ➤➤

➢➢ လည်းကောင်း၊ အရည်ကျိုထားသော ကြေးနီဟူ၍လည်းကောင်း ဘာသာပြန်ဆိုရေးသားကြသည်။ အမှန်မှာ အရဗီဘာသာစာပေတွင် ယင်းပုဒ်သည် ကတ္တရာစေး၊ပွဲလျက်၊ ထင်းရှူးစေး ကတ္တရာစေးကို ဆိုလိုသည်။ တဖ်ဟီမုလ်ကုရ်အာန်။

Ⓙ ဤအာယတ်တော်သည် ဤကဏ္ဍ၏ နောက်ဆုံးအာယတ်တော်ပင်ဖြစ်သည်။ ဤအာယတ်တော်တွင် ဤကဏ္ဍတစ်ခုလုံး၏ အကျဉ်းချုပ်သဘောကို မိန့်ဆိုထားတော်မူသည်။ ဤကဏ္ဍ၏ အကျဉ်းချုပ်သဘောမှာ

(၁) တမန်တော်များအား ယုံကြည်ထောက်ခံခြင်း။

(၂) ကိယာမတ်ကို ယုံကြည်ခြင်း။

(၃) တောင်ဟီး၁်ကို ယုံကြည်ခြင်း။

(၄) အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းများပင် ဖြစ်သည်။ ဤအကြောင်းများကိုပင် ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ လင်းပြဦးအံ့၊ ဤအာယတ်တော်တွင် (بَلَاغٌ) ဟူသောပုဒ်၌ တမန်တော်များအား ယုံကြည်ရမည့် အကြောင်းကိုလည်းကောင်း၊ (لينذروا به) ၌ ကိယာမတ်အကြောင်းကို လည်းကောင်း၊ (ليعلموا) ၌ တောင်ဟီး၁်အကြောင်းကို လည်းကောင်း၊ (لِيَذَّكَّر) ၌ ခဝပ်ကိုးကွယ်မှုကို လည်းကောင်း၊ အကျဉ်းအားဖြင့် မိန့်ဆိုထားတော်မူသည်မှာ သုခမိန်များအဖို့ အထင်အရှားပင် ဖြစ်ပေသတည်း။ ထာနဝီ။

မှတ်ချက်။

ဤအာယတ်တော်တွင် ဤကုရ်အာန်ကျမ်းမြတ်သည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် ဉာဏ်ရှင်များသတိတရားရကြရန်အတွက် ဖြစ်သည်ဟူ၍ မိန့်ဆိုထားတော်မူသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် လူသား၏ ထူးကဲမြင့်မြတ်မှုများမှာ အသိဉာဏ်နှင့် ထိုသည့် အသိဉာဏ်ကို စနစ်တကျ အသုံးပြုမှုကြောင့်သာ ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

ကျောက်ဆောင် ကဏ္ဍ



ဤကဏ္ဍသည် 'စူရဟ်ဟစ်ဂျ်ရ်' ကျောက်ဆောင်ကဏ္ဍ မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၉၉) ရှိကူအ်အဝိဒ်(၆) အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အစဉ်မပြတ် သနားကြင်နာတော်မူထသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ وَقُرْاٰنٍ مُّبِيْنٍ ①

၁။ အလစ်ဖ်၊ လာမ်၊ ရာ။

ဤ သည်ကား (အဘက်ဘက်မှ ပြည့်စုံသော) ကျမ်းဂန်ဓမ္မကွန်၏ အာယတ်တော်များသည်လည်းကောင်း၊ ထင်ရှားလှစွာသော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယတ်တော်များသည်လည်းကောင်း၊ ဖြစ်ပေသတည်း။ [၁]

---

① ဤကုရ်အာန်ကျမ်းမြတ်သည် အထူးထူးသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံ၏။ ကျမ်းဂန်ပီသလှ၏။ ဤကျမ်းမြတ်နှင့် နှိုင်းယှဉ်ရန် အခြားကျမ်းတစ်စောင်မျှ မရှိပေ။

ဤကုရ်အာန်ကျမ်းမြတ်လာ ဒေသနာတော်များသည် မူအရလည်းကောင်း၊ အထောက်အထားအရလည်းကောင်း၊ တန်ခိုးပြာဋိဟာအရလည်းကောင်း၊ စာပေအသုံးအနှုန်းအရလည်းကောင်း၊ အဘက်ဘက်တွင် ပြည့်စုံလှ၏။ ထင်ရှားပြတ်သားလှ၏။ ဤသို့ ကုရ်အာန်ကျမ်းမြတ်၏ ဂုဏ်ပုဒ်များ ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းမှာ ကမ္ဘာလူသားတို့သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို အထူးလေ့လာဆည်းပူးနာယူကျင့်မူရန်ပင်ဖြစ်သတည်း။

ဒုတိယ ဂုဏ်တော်နှင့်အညီ မိမိ၏ကျေးဇူးတော်ဖြင့် တဖြည်းဖြည်း 'ဇောင်ဝါမဟ်' ကိုပင် 'မွတ္တဖအင်နဟ်' ၏ အဖြစ်သို့ ရောက်ရှိစေတော်မူကြောင်း ညွှန်ကြားထားတော်မူသည်။ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံ၏။ ကျမ်းဂန်ပီသလှ၏။ ဤကျမ်းမြတ်နှင့် နှိုင်းယှဉ်ရန် အခြားကျမ်းတစ်စောင်မျှ မရှိပေ။

ဤကုရ်အာန်ကျမ်းမြတ်လာ ဒေသနာတော်များသည် မူအရလည်းကောင်း၊ အထောက်အထားအရလည်းကောင်း၊ တန်ခိုးပြာဋိဟာအရလည်းကောင်း၊ စာပေအသုံးအနှုန်းအရလည်းကောင်း၊ အဘက်ဘက်တွင် ပြည့်စုံလှ၏။ ထင်ရှားပြတ်သားလှ၏။ ဤသို့ ကုရ်အာန်ကျမ်းမြတ်၏ ဂုဏ်ပုဒ်များ ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းမှာ ကမ္ဘာလူသားတို့သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို အထူးလေ့လာဆည်းပူး နာယူကျင့်မူရန်ပင်ဖြစ်သတည်း။

رُبَمَا يَوَدُّ الَّذِينَ كَفَرُوا لَوْ كَانُوا مُسْلِمِينَ ﴿٢﴾

၂။ ကာဖိရ် သွေဖည်ငြင်းပယ်သောသူများသည် အကယ်၍သာငင်းတို့သည် မွတ်စ်လင်မ်များဖြစ်ခဲ့ကြပါလျှင် ကောင်းလေစွတကား၊ ဟု အကြိမ်ကြိမ် အဖန်ဖန် အာသာဆန္ဒ ထားရှိကြကုန်အံ့။ [၁]

---

① **ငါတို့သည် မွတ်စ်လင်မ်များ ဖြစ်ခဲ့ကြလျှင် ကောင်းစွဟု ကာဖိရ်များက တမ်းတကြမည်ဖြစ်ခြင်း။**

အလ္လာဟ်အရှင်မြတ်၏ အလွန်ကြီးကဲမြင့်မြတ်လှသော ကုရ်အာန်ကျမ်းမြတ်နှင့် အစ္စလာမ်သာသနာကဲ့သို့သော ကျေးဇူးတော်များကိုပင် ကာဖိရ်များသည် တန်ဘိုးမထားခဲ့ကြပေ။ ကာဖိရ်များသည် တန်ဖိုးမထားခဲ့ကြသော်လည်း၊ ၎င်းတို့ထံသို့ အချိန်တစ်ချိန် မုချ ဆိုက်ရောက်လာပေမည်။ ထိုအချိန်တွင် ထိုကာဖိရ်များသည် "သြော်-ငါတို့သည် မွတ်စ်လင်မ်များ ဖြစ်ခဲ့ကြပါလျှင် ကောင်းစွ" ဟု ဝမ်းနည်းကြေကွဲစွာ တမ်းတကြပေမည်။

ကာဖိရ်များ ယင်းကဲ့သို့ တမ်းတကြမည့်အချိန်ကား၊ အဘယ်အချိန်နည်း၊ ဤတွင် အဆိုပြုလျက်ရှိပေသည်။ အီးဗ်နုအလ်အဇ်၏ ယူဆချက်အတိုင်း ထိုသည့်အချိန်မှာ သတ်မှတ်ထားသော အချိန်မဟုတ်၊ ဓမ္မဒိဋ္ဌာန်ဖြစ်သည်ဟူ၍ပင် ကျွန်ုပ်တို့သည်လည်း ယူဆသင့်ကြပေသည်။ ဆိုလိုသည်ကား ဤပစ္စက္ခဋ္ဌလည်းကောင်း၊ နောင်တမလွန်ဘဝဌ်လည်းကောင်း၊ မွတ်စ်လင်မ်များအရေးသာပြီး ကာဖိရ်များ အရေးနိမ့်တိုင်းနိမ့်တိုင်း ကာဖိရ်များသည် ၎င်းတို့ မွတ်စ်လင်မ်များ မဖြစ်ခဲ့ကြရသည့်အတွက် ဝမ်းနည်းကြေကွဲကြပေမည်။ မွတ်စ်လင်မ်များ ဖြစ်ခဲ့ကြပါလျှင် ကောင်းလေစွဟု တမ်းတကြပေမည်။

(အစ္စလာမ်သမိုင်းတွင်) ကာဖိရ်များ ပထမဆုံးအကြိမ် ဝမ်းနည်းကြေကွဲခဲ့ရခြင်းမှာ ဗဒ်ရ်စစ်ပွဲပင် ဖြစ်သည်။ ထိုစစ်ပွဲတွင် လက်တစ်ဆုပ်မျှသာဖြစ်သော ဆင်းရဲနွမ်းပါးသော အားအင်ချည့်နဲ့သော မုဟာဂျိရ်များ၊ တောင်သူများဖြစ်ကြသော အောက်စ်၊ ခဇ်ရ်ဂျီများနှယ်စုများသည် အလ္လာဟ်အရှင်မြတ်၏ အကူအညီဖြင့် အင်အားကြီးမားလှသော မျက်နှာကြီး ကုရိုက်ရှ်မျိုးနွယ်ဝင်တို့အား အပြတ်အသတ် အောင်နိုင်ခဲ့ကြသည်။ ဤသို့ မွတ်စ်လင်မ်တို့၏ အံ့မဆုံးသောအောင်မြင်မှုကို တွေ့မြင်ကြရသောအခါ ကာဖရ်များက- "ငါတို့သည် အစ္စလာမ်နှင့် ကင်းကွာကြရလေခြင်း၊ မွတ်စ်လင်မ်များ ဖြစ်ခဲ့ကြရလျှင် ကောင်းလေစွ" ဟု ဝမ်းနည်းကြေကွဲခဲ့ကြ၏။ တမ်းတခဲ့ကြ၏။ ထို့အတူ မွတ်စ်လင်မ်တို့ အရေးသာကြသည့် အချိန်တိုင်း အောင်နိုင်ကြသည့် အချိန်တိုင်းတွင် ကာဖိရ်များသည် ဤကဲ့သို့ ဝမ်းနည်းကြေကွဲခဲ့သည်သာ ဖြစ်၏။ တမ်းတခဲ့ကြသည်သာ ဖြစ်၏။

ကာဖိရ်များ အထူးကြေကွဲကြမည့်အချိန်မှာ သေအံ့ဆဲဆဲ အချိန်ဖြစ်သည်။ ကောင်းကင်တမန်များသည် အသက်နှုတ်ရန် မတ်တတ်ရပ်လျက်ရှိကြမည်၊ ကာဖိရ်များသည် ထိုအချိန်တွင် နောင်တမလွန်ဘဝ၏ အဖြစ်အပျက်အခြေအနေများကိုလည်း တွေ့မြင်နေကြရပေမည်။ ထိုအချိန်တွင် ကာဖိရ်များသည် ရင်ထုမနာဖြစ်ကြမည်၊ ကြေကွဲကြမည်၊ " သြော်-ငါတို့သည် အကယ်၍များ အစ္စလာမ်သာသနာကို လက်ခံနာယူမိခဲ့ကြပါက၊ သေပြီးနောက် ပြစ်ဒဏ်မှကင်းလွတ်နိုင်ကြမည်" ဟု မြည်တမ်းကြပေမည်။ ထိုထက်ပင် ကာဖိရ်များ အတိုင်းမသိကြေကွဲကြရမည့်အချိန်ကား ဂျဟန္နမ်တွင် ကာဖိရ်များကျန်ရစ်၍ အပြစ်ရှိသော မွတ်စ်လင်မ်များ လွတ်မြောက်သွားကြမည့် အချိန်ပင်ဖြစ်သည်။ ရိဝါယတ်ကျမ်းချက်များတွင် လာရှိသည်မှာ "ကိယာမတ်နေ့တွင် ငရဲသားများသည် ငရဲအတွင်းသို့ ရောက်ရှိကြအံ့။ ၎င်းတို့နှင့်အတူ အပြစ်ရှိသော အချို့မွတ်စလင်မ်များလည်း ငရဲတွင်းသို့ ရောက်ရှိလာကြအံ့။ ထိုအခါ ကာဖိရ်များက ငရဲအတွင်းသို့ ရောက်ရှိနေသော မွတ်စ်လင်မ်တို့အား- ➤➤

ذَرْهُمْ يَأْكُلُوا۟ وَيَتَمَتَّعُوا۟ وَيُلْهِهِمُ ٱلْأَمَلُ فَسَوْفَ يَعْلَمُونَ ۝٣

၃။ (အို-နဗီတမန်တော်)အသင်သည် ထို(ကာဖိရ်သွေဖည်ငြင်းပယ်သော)သူတို့အား(လက်ရှိအခြေအနေအတိုင်း) စား(သောက်နေထိုင်)ကြရန်လည်းကောင်း၊ (လောကီစည်းစိမ်များ၌နစ်မွန်းကာ) အကျိုးခံစားလျက်ရှိကြရန်လည်းကောင်း၊ ထိုသူတို့၏မျှော်လင့်ချက်သည် ထိုသူတို့အား အာရုံလွှဲပြောင်းထားရှိရန်လည်းကောင်း၊စွန့်လွှတ်၍ထားပါလေ။ မကြာမြင့်မီပင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်ငြင်းပယ်မှု၏အကျိုးကို) သိရှိကြကုန်အံ့။ [၃]

➤➤ အသင်တို့သည် မွတ်စ်လင်မ်များ မဟုတ်ကြလေသလောဟု မေးမြန်းကြကုန်အံ့။ မွတ်စ်လင်မ်များက မှန်ပါ။ ကျန်ုပ်တို့သည် မွတ်စ်လင်မ်များ ဖြစ်ကြပါသည်ဟု ဖြေဆိုကြအံ့။ ကာဖိရ်များက အသင်တို့၏အစွဲလမ်းသည် အသင်တို့အား အကျိုးမပြုလေသလော၊ ယခုမူအသင်တို့သည် ကျန်ုပ်တို့နှင့်အတူ ငရဲအတွင်းသို့ရောက်ရှိနေကြပြီ ဟု ပြစ်တင် ပြောဆိုနေကြအံ့။ မွတ်စ်လင်မ်များက-ကျန်ုပ်တို့၌ အပြစ်များရှိသည်ထိုအပြစ်များကြောင့် ကျန်ုပ်တို့ သည် ယခုကဲ့သို့ ပြစ်ဒဏ်ခတ်တော်မူခြင်းကို ခံကြရခြင်းဖြစ်သည်ဟု ဖြေဆိုကြအံ့။ နောက်ဆုံးတွင် ငရဲအတွင်းရှိ မွတ်စ်လင်မ်အားလုံးတို့အား အလ္လာဟ်အရှင်မြတ်သည် တစ်ယောက်မကျန်လွတ်မြောက်စေတော်မူမည် ဖြစ်သည်။ ထိုအခါ ငရဲတွင်ကျန်ရစ်နေခဲ့ကြသော ကာဖိရ်များက ဤအာယတ်တော်(၁၅:၂)တွင် လာရှိသည့်အတိုင်း "ငါတို့သည် မွတ်စ်လင်မ်များ ဖြစ်ခဲ့ကြရပါလျှင် ကောင်းစွ" ဟုကြေကွဲမြည်တမ်းကြမည် ဖြစ်သည်။

① တမန်တော်မြတ်သည် ကမ္ဘာအဝန်းအဖို့ ကရုဏာတရား ပွားများရန်အလို့ငှာ ပွင့်လာတော်မူခဲ့သောနောက်ဆုံးတမန်တော် ဖြစ်တော်မူသည်။ တမန်တော်မြတ်သည် တမန်တော်တပါးအနေနှင့် တာဝန်ရှိသည့်အလျောက် တရားဓမ္မဟောကြားတော်မူခဲ့၏။ ကရုဏာရှင်ဖြစ်သည့်အလျောက် လူသားအားလုံးတို့အား တရားရစေလိုတော်မူခဲ့၏။ တရားဓမ္မ ဟောကြားတော်မူပါလျက် တရားမရသော ကာဖိရ်များအတွက်လည်း ပူပန်သောက ဖြစ်ရှာတော်မူခဲ့၏။ ထို့အတွက် ဤအာယတ်တော်တွင် တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်က "ခြောက်၍တမျိုး၊ မြွောက်၍တဖုံ၊ အနည်းနည်းအဖုံဖုံ တရားဓမ္မဟောကြားပါလျက် တရားမရသော ကာဖိရ်များအဖို့ ပူပန်သောက ဖြစ်နေရန်မလို၊ ၎င်းတို့အား တိရစ္ဆာန်များပမာ ခေတ္တလွတ်ထားပါ၊ ၎င်းတို့သည် လွတ်လွတ်လပ်လပ်စားသုံးနေကြပါစေ။

ဤမျက်မှောက်စည်းစိမ်များတွင် ခေတ္တနစ်မွန်းနေကြပါစေ၊ မျှော်လင့်ချက်ကြီးငယ်တို့သည် ၎င်းတို့အားဖြားယောင်းထားပါစေ။ ၎င်းတို့သည် မကြာမီအတွင်း အကြောင်းသိသွားကြပါလိမ့်မည်။ ဤ မျက်မှောက်ဘဝတွင်လည်း ၎င်းတို့သည် မုဂ္ဂဟာစ်ဒ်များနှင့်တွေ့ကြသည့်အခါ အကြောင်းသိသွား ကြပါလိမ့်မည်။ နောင်တမလွန်ဘဝတွင်မူအကြောင်းစုံကို မျက်မြင်ကိုယ်တွေ့ပြည့်ပြည့်စုံစုံ သိရှိသွားပါလိမ့်မည်ဟု မိန့်ကြားထားတော်မူသည်။

وَمَآ أَهۡلَكۡنَا مِن قَرۡيَةٍ إِلَّا وَلَهَا كِتَابٞ مَّعۡلُومٞ ۝٤

၄။ စင်စစ်ကား ငါအရှင်မြတ်သည် မည်သည့် မြို့ရွာကိုမျှ ထိုမြို့ရွာနှင့်စပ်လျဉ်း၍ သတ်မှတ် ပြဋ္ဌာန်းအပ်သော အချိန်ကာလ (ဆိုက်ရောက်ခြင်း) မရှိဘဲ ဖျက်ဆီးတော်မူခဲ့သည် မဟုတ်ပေ။ [၁]

(တစ်နည်း)

ငါအရှင်မြတ် (ကုဖိရ်အတွက်ကြောင့်) ဖျက်ဆီး တော်မူခဲ့သမျှသောမြို့ရွာများနှင့်စပ်လျဉ်း၍ သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်သော အချိန်တချိန် ရှိခဲ့သည်သာ ဖြစ်သည်။ (ထာနဝီ)။

مَّا تَسۡبِقُ مِنۡ أُمَّةٍ أَجَلَهَا وَمَا يَسۡتَـٔۡخِرُونَ ۝٥

၅။ မည်သည့်လူမျိုးမျှပင် မိမိတို့၏ (သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်သော) အချိန်ကာလထက်စော၍ သွား နိုင်ကြမည်လည်း မဟုတ်ပေ။ (ယင်းသတ်မှတ်ပြဋ္ဌာန်း အပ်သောအချိန်ကာလကို) နောက်ချန်၍ နေနိုင်ကြ မည်လည်း မဟုတ်ချေ။ [၂]

---

① အတိတ်ခေတ်များတွင် အချို့မြို့ရွာများနှင့် အမျိုသားများသည် မိမိတို့၏ ပြစ်မှုများကြောင့် ကွပ်မျက် ဖျက်ဆီးခြင်း ခံခဲ့ကြရ၏။ ၎င်းတို့ ကွပ်မျက် ဖျက်ဆီးခြင်းခံကြရမည့် အချိန်ပိုင်းကိုလည်း အလွှာဟ်အရှင်မြတ် သိရှိတော်မူပြီးဖြစ်၏။ ထိုအရှင်မြတ်၌ မေ့မှားမှု၊ သတိလစ်ဟင်းမှုဟူ၍ကား အလျှင်းမရှိ။ ထိုအရှင်မြတ် ထားရှိတော်မူသော ကတိတော်သည် ဖျက်ပြားသည်ဟူ၍လည်း အလျှင်းမရှိ။ လူမျိုးတစ်မျိုးအဖို့ သတ်မှတ်ထားသည့် အချိန်ပိုင်းစေ့၍ ပြစ်ဒဏ်သက်ရန် အချိန်ကျရောက်လာသောအခါ ထိုအမျိုးသားများသည် မလွဲဧကန် ပျက်စီးခြင်း ခံကြရ၏။ လက်ရှိကာဖိရ်များသည်လည်း ယခုကဲ့သို့ ပြစ်ဒဏ်မသင့်သေးဘဲ အချိန်ရနေသည့်အတွက် အယူအဆ မှားသင့်ကြပေ။ မမောက်မာသင့်ကြပေ။ လက်ရှိကာဖိရ်များအဖို့ သတ်မှတ်ထားသည့် အချိန်ပိုင်းစေ့၍ ပြစ်ဒဏ်တော် သက်ရန် အချိန်ကျရောက်လာသောအခါ ၎င်းတို့သည်လည်း ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်မှ အလျှင်း လွတ်မြောက်နိုင်ကြမည်မဟုတ်ပေ။ အားလုံး ကွပ်မျက်ဖျက်ဆီးခြင်း ခံကြရမည်သာဖြစ်သည်။

ယခုကဲ့သို့ ၎င်းတို့အား ခွင့်ပြုထားတော်မူခြင်းမှာ အကြောင်းမဲ့မဟုတ်၊ အကြောင်းအမျိုးမျိုးရှိသည်။ ဥပမာ-ယင်းကာဖိရ်များအနက်မှသော်လည်းကောင်း၊ ၎င်းတို့၏ သားမြေးတို့အနက်မှသော်လည်းကောင်း၊ အီမာန် ယုံကြည်ကြမည်ဖြစ်သည်။ ဤသည် ရေးမှတ်ထားပြီးဖြစ်သည်။ အကယ်၍သာ ယင်းကာဖိရ်တို့အား ရုတ်တရက် ချက်ချင်း ကွပ်မျက်တော်မူလိုက်ပါက အီမာန်ယူရန် အချိန်ရရှိနိုင်မည် မဟုတ်ပေ။ ထို့အတွက်လည်း အနည်းငယ် အချိန်ဆွဲထားတော်မူခြင်းဖြစ်သည်။

② အမျိုးသားများ ပျက်စီးခြင်း၏အချိန်ကိုသာ သတ်မှတ်ထားတော်မူသည်မဟုတ်၊ လူမျိုးတိုင်း၏ ➤➤

وَقَالُوا يَا أَيُّهَا الَّذِي نُزِّلَ عَلَيْهِ الذِّكْرُ إِنَّكَ لَمَجْنُونٌ ﴿٦﴾

၆။ ၎င်းပြင် (အို-နဗီတမန်တော်) ထို (ကာဖိရ်သွေဖည်ငြင်းပယ်သော)သူတို့က (အသင့်အား) "အို-ဆုံးမသြဝါဒ (ကုရ်အာန်ကျမ်းတော်မြတ်) ချပေးသနား တော်မူခြင်းခံရသောသူ မဟုတ်။ ဧကန်စင်စစ် အသင်သည် အမှန်ပင် *စိတ်ဖောက်ပြန်သူဖြစ်သည်*" ဟု *ပြောဆိုခဲ့ကြသည်*။ [၁]

لَوْ مَا تَأْتِينَا بِالْمَلَائِكَةِ إِن كُنتَ مِنَ الصَّادِقِينَ ﴿٧﴾

၇။ အကယ်၍ အသင်သည် (သစ္စာဝါဒီ) မှန်ကန်စွာ ပြောဆိုသူဖြစ်ခဲ့ပါလျှင် အဘယ်ကြောင့် အသင်သည် "မလာအိကဟ်" ကောင်းကင်တမန်တော်များအား ကျွန်ုပ်တို့ထံ ခေါ်ဆောင်မလာသနည်း။

➤➤ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ သေမှု၊ ရှင်မှုများအတွက်ကိုလည်း အချိန်သတ်မှတ်ထားတော်မူသည်။ သတ်မှတ်ထားတော်မူသည့်အချိန်တွင် တစက္ကန့်မျှ ရှေ့၊နောက်ကွာခြားမှု အလျင်းမဖြစ်နိုင်ပေ။ လူမျိုးများသည် တက်ချိန်တန်လျှင်တက်မည်။ ပျက်ချိန်တန်လျှင် ပျက်မည်။ ရှင်ချိန်တန်လျှင်ရှင်မည်။ သေချိန်တန်လျှင် သေမည်တည်း။

① (ذِكْر) "ဇစ်က်ရ်" ဟူသောပုဒ်၏မူရင်းအဓိပ္ပာယ်မှာ ပြန်လည်သတိရစေခြင်း၊ သတိပေးခြင်း၊ ဆုံးမခြင်း၊ ဟူ၍ဖြစ်၏။ ကုရ်အာန်ကျမ်းမြတ်တွင် ယင်းပုဒ်ကို အလွှာဟ်အရှင်မြတ်၏ ဒေသနာတော်ဟူသော အနက်၌ သုံးနှုန်းထားတော်မူ၏။ အတိတ်ခေတ်များတွင် သက်ဆိုင်ရာ တမန်တော်များထံသို့ ထုတ်ပြန်ချက် ချမှတ်တော်မူခဲ့သော ကျမ်းဂန်များသည်လည်း "ဇစ်က်ရ်" မည်၏။ ဤကုရ်အာန်ကျမ်းမြတ်သည်လည်း "ဇစ်က်ရ်" မည်၏။

ကြည့်-တဖ်ဟီမုလ်ကုရ်အာန်။

ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း တမန်တော်မြတ်အား ကာဖိရ်များက "အို-ဇစ်က်ရ် ပို့ချခြင်းခံရသော အကြင်သူ" ဟု ဆိုခြင်းမှာ ၎င်းတို့က တမန်တော်မြတ်အပေါ်သို့ ဇစ်က်ရ်ကျရောက်သည်ကို ယုံကြည်၍ ဆိုခြင်းမဟုတ်၊ ပြက်ရယ် ပြောင်လှောင်သည့်သဘောဖြင့် ပြောဆိုခြင်းသာ ဖြစ်သည်။ ကာဖိရ်များသည် တမန်တော်မြတ်ထံသို့ ဇစ်က်ရ်ကျရောက်ခဲ့သည်ကို အလျင်းလက်မခံ ခဲ့ကြပေ။ လက်ခံခဲ့ကြပါက ၎င်းတို့က တမန်တော်မြတ်အား အသို့လျှင် "မဂျနူန်"ဟု ဆိုခဲ့ကြအုံးနည်း။

အတိတ်ခေတ်များတွင်လည်း ကာဖိရ်များက တမန်တော်များအား "မဂျိနူန်"၊ "ရှာအစ်ရ်"၊ "စာဟစ်ရ်"၊ "ကာဟင်န်"၊ "မုအလ္လိမ်"စသည်ဖြင့် မဟုတ်မမှန် လုပ်ကြံ၍ အမျိုးမျိုးစွပ်စွဲ ပြောဆိုခဲ့ကြပေသည်။

ကြည့်-ကုရ်အာန် (၂၆:၂၇း။ ၃၇:၃၆။ ၄၄:၁၄။ ၅၁:၃၉။ ၅၂:၂၉။ ၅၁:၅၂။ ၅၄:၉။ ၆၈:၅၁)။

مَا نُنَزِّلُ الْمَلٰٓئِكَةَ إِلَّا بِالْحَقِّ وَمَا كَانُوٓا إِذًا مُّنظَرِينَ ﴿٨﴾

၈။ (စင်စစ်သော်ကား) ငါအရှင်မြတ်သည် တိကျမှန်ကန်သောစီရင်ဆုံးဖြတ်ချက် မရှိဘဲလျက် မလာအိကဟ် ကောင်းကင်တမန်များကို ချပေးတော်မူသည် မဟုတ်ပေ။ ထိုမှတပါး၎င်းတို့သည် ထို (ကောင်းကင်တမန်များ ရောက်ရှိလာကြသော)အခါ ရွှေ့ဆိုင်းခွင့်ပေးသနားတော်မူခြင်းကို ခံရသူများလည်း ဖြစ်ကြမည် မဟုတ်ပေ။ [၁]

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحٰفِظُونَ ﴿٩﴾

၉။ ဇကန်စင်စစ် ငါအရှင်မြတ်သည်ပင်လျှင်(ဤ)ဆုံးမညြဝါဒ(တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်)ကို ချပေးသနားတော်မူခဲ့လေသည်။ ထိုမှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည်ပင်လျှင် ယင်းဆုံးမညြဝါဒကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အရှင်မြတ်လည်း ဖြစ်တော်မူပေသတည်း။ [၂]

---

① မက္ကာမြို့သား ကာဖိရ်များသည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို လေ့လာခြင်း၊ စဉ်းစားဆင်ခြင်ခြင်း တစ်စုံတစ်ရာ အလျင်းမရှိဘဲ မလိုမုန်းတီးသည့်အတွက်သာ အတိတ်ခေတ် ကာဖိရ်များကဲ့သို့ အဓိပ္ပာယ်မရှိသော တောင်းဆိုချက်ကို တင်ပြတောင်းဆိုခဲ့ကြ၏။ (ဝါ) ယင်းကာဖိရ်များက-တမန်တော်မြတ်အား အသင်သည် တမန်တော်တစ်ပါးမှန်လျှင် ကျွန်ုပ်တို့ထံသို့ ကောင်းကင်တမန်များကို ခေါ်ဆောင်လာခဲ့ပါ။ ထိုကောင်းကင်တမန်များသည် အသင့်အား ထောက်ခံကြပါစေ၊ ကျွန်ုပ်တို့အားလည်း အသင့်ကို ထောက်ခံခိုင်းပါစေ။ သို့ပါလျက် ကျွန်ုပ်တို့က အသင့်အား မထောက်ခံဘဲနေလျှင် ထိုကောင်းကင် တမန်များသည် ကျွန်ုပ်တို့အား ချက်ချင်းပြစ်ဒဏ်ခတ်ပါစေဟု ပြောဆိုခဲ့ကြလေသည်။ ဤကား အဓိပ္ပာယ်မရှိသော တောင်းဆိုချက်ပင်။

အမှန်မှာ- တရားနာလိုသူများအဖို့ ယခုလည်း သက်သေလက္ခဏာတော်များသည် လိုသည်ထက်ပင် ပို၍နေပေသည်။ တရားနာရန် စိတ်မျှပင် အလျင်းမရှိသောသူများမှာမူ ကောင်းကင်တမန်များ ရောက်ရှိလာကြသော်လည်း ယုံကြည်ကြမည် မဟုတ်ပေ။ တရားနာခံကြမည်လည်း မဟုတ်ပေ။ သို့ဖြစ်ရာ ကောင်းကင်တမန်များ ရောက်ရှိလာခြင်းဖြင့် အသို့လျှင် အကျိုးရှိနိုင်အံ့နည်း။

အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များကို ကမ္ဘာမြေပြင်သို့ မှန်ကန်သောအကြောင်းရှိက စေလွှတ်တော်မူသည်။ အကြောင်းမဲ့စေလွှတ်တော်မမူ။ ယေဘုယျအားဖြင့် လူမျိုးတစ်မျိုးသည် အလွန်အကျွံစည်းကမ်းကျူးလွန်လာသည့်အခါ မောက်မာပလွားလာသောအခါ သွန်သင်ဆုံးမခြင်းနှင့် စပ်လျဉ်းသည့် အဆင့်များအားလုံး ကုန်ဆုံးသည့်အခါ ဤသို့သော သူမိုက်များကို ကွပ်မျက်ဖျက်ဆီးတော်မူရန်အတွက် ထိုအရှင်မြတ်သည် ကောင်းကင်တမန်များကို စေလွှတ်တော်မူလေ့ရှိသည်။ယင်းသို့ ကောင်းကင်တမန်များ ရောက်လာသည့်အခါ ထိုသို့သောသူမိုက်များသည် ရွှေ့ဆိုင်းခွင့်အလျင်းမရရှိတော့ဘဲ လုံးဝ ကွပ်မျက်ဖျက်ဆီးခြင်း ခံကြရပေသည်၊ ➤➤

➤➤ ယခုလည်း ဤကာဖိရ်များ တောင်းဆိုကြသည့်အတိုင်း ကောင်းကင်တမန်များကို စေလွှတ်ပါက ဤရည်ရွယ်ချက်အတွက်သာ (၀၊) ယင်းကာဖိရ်တို့အား ကွပ်မျက်ဖျက်ဆီးရန်အတွက်သာ စေလွှတ်ရန်ရှိသည်။ သို့ရာတွင် ယခုမူ ၎င်းတို့အား ကွပ်မျက်ရန် အချိန်မကျရောက်သေးပေ။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်တမန်များအား စေလွှတ်ခြင်းသည် နောက်ဆုံးအဆင့်ပင် ဖြစ်သည်။ -မာဂျိဒီ။

ⓙ <u>ကုရ်အာန်သည် ကမ္ဘာတသက်တည်မည်။</u>

(ကာဖိရ်များက တမန်တော်မြတ်အား ပြက်ရောသရော်ခဲ့ကြ၏။ တမန်တော်မြတ်အား စိတ်ဖောက်ပြန်သူဟူ၍ပင် မိုက်မဲစွာစွပ်စွဲခဲ့ကြ၏။ ယင်းသို့ပြက်ရယ် ပြုကြသော်လည်း၊ ယင်းသို့ စွပ်စွဲကြသော်လည်း ကုရ်အာန်ကျမ်းမြတ်၌သော်လည်းကောင်း၊ တမန်တော်မြတ်၌သော်လည်းကောင်း၊ မည်သို့မျှ ထိခိုက်နစ်နာမှု အလျင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူသော အရှင်မြတ်မှာလည်း အလွန်ဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုကျမ်းမြတ်ကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အရှင်မှာလည်း အလွန်ဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။)

ကုရ်အာန်ကျမ်းမြတ်ကို အလွန်ဟ်အရှင်မြတ်ကိုယ်တော်တိုင် တာဝန်ယူ ထိန်းသိမ်းထားတော်မူသည့် အတွက်ကြောင့်ပင် ကုရ်အာန်ကျမ်းမြတ်သည် ကျရောက်လာခဲ့သည့်အတိုင်း ပုဒ်၊ ပါဒ၊ ဗျည်း၊ သရ၊ ဝတ်စပေါက်မှ အစ စိုးစဉ်းမျှပင် အပြောင်းအလဲ အလျင်းမရှိပေ။ အက္ခရာများတွင် အပြောင်းအလဲမရှိသကဲ့သို့ အနက်အဓိပ္ပာယ်တွင်လည်း အလျင်းမရှိပေ။ ကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့သည့်အချိန်မှ ယနေ့အထိ မူရင်းအတိုင်း တည်ရှိနေသကဲ့သို့ ပြောင်းလဲမှုအပေါင်းမှ ကင်းစင်ကာ မူရင်းအတိုင်း ကိယာမတ်တိုင် တည်ရှိမည်ပင်ဖြစ်သည်။

ခေတ်ကြီးသည် အဘယ်မျှပင်ပြောင်းလဲသွားလင့်ကစား ကုရ်အာန်ကျမ်းမြတ်၏မူများ၊ သဘောတရားများနှင့် အဓိန့်ပညတ်တော်များသည် ဘယ်သောအခါ၌မျှ ပြောင်းလဲမည်မဟုတ်ပေ။ ဘာသာစာပေသည် အဘယ်မျှပင် တိုးတက်လာခဲ့လင့်ကစား၊ သိပ္ပံပညာများသည် အဘယ်မျှ တိုးတက်လာခဲ့လင့်ကစား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များသည် တသမတ်တည်းပင် တည်လျက်ရှိပေမည်။ ကုရ်အာန်ကျမ်းမြတ်၏ စာပေအသုံးအနှုန်းတွင်လည်းကောင်း၊ အယူအဆတွင်လည်းကောင်း၊ ပြောင်းလဲမှု၊ ယုတ်လျော့မှုကို အလျင်းတွေ့ရှိရမည်မဟုတ်ပေ။ (သိပ္ပံပညာများ၊ လောက ဓာတ်ပညာများ တိုးတက်လာသည်နှင့်အမျှ ကုရ်အာန်ကျမ်းမြတ်၏ အယူအဆများ မှန်ကန်တည့်မတ်ကြောင်း ပို၍ပို၍ ထင်ရှားပေါ်လွင်လာမည်သာဖြစ်သည်)။

အချို့အစိုးရများနှင့် အချို့လူမျိုးများသည် ကုရ်အာန်ကျမ်းမြတ်ကို လုံးဝ ဖျောက်ဖျက်ပစ်ရန်ပင် ကြံစည်ကြိုးစားခဲ့ကြ၏။ သို့တစေလည်း ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်မှ ဝတ်စပေါက် တစ်ခုကိုမျှပင် မဖျောက်ဖျက်နိုင်ခဲ့ကြပေ။ (နောင်ကိုလည်း ဘယ်သောအခါ၌မျှ ဖျောက်ဖျက်နိုင်ကြမည်မဟုတ်ပေ။)

(ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူရန်ပြုစုထားတော်မူသည့် အလွန်ဟ်အရှင်မြတ်၏ ကတိတော်သည် အံ့မဆုံးသောနည်းဖြင့် အတည်ဖြစ်လျက်ရှိသည်မှာ မျက်မြင် ကိုယ်တွေ့ပင်။

ကုရ်အာန်ကျမ်းမြတ်မူရင်းအတိုင်း တည်ရှိလျက်ရှိကြောင်းနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံသား ဘာသာခြားပညာရှင်ကြီး အမြောက်အမြားတို့က ဝန်ခံရေးသားထားကြသည်ကို အများအပြား တွေ့ရှိရသည်။ ဥပမာ- (Mr. Muir)က "ကျွန်ုပ်တို့သိရှိကြရသမျှ ဤကမ္ဘာတွင် ကုရ်အာန်ကျမ်းကဲ့သို့ ၁၂-ရာစုတိုင်တိုင် ပြောင်းလဲမှုအမျိုးမျိုးတို့မှကင်းသော ကျမ်းစာ တစ်စောင်မျှမရှိပေ" ဟု ဝန်ခံရေးသားထားသည်။

ခေတ်တိုင်းခေတ်တိုင်းတွင် မြောက်မြားစွာသော "အာလင်မ်"များက ကုရ်အာန်ကျမ်းမြတ်၏ အနက်သဘောများနှင့် အတိုင်းမသိ အံ့ဖွယ်ရာများကိုလည်းကောင်း၊ "ကာတစ်ဗ်"များက ကုရ်အာန်ကျမ်းမြတ်၏ ➤➤

وَلَقَدْ أَرْسَلْنَا مِن قَبْلِكَ فِي شِيَعِ الْأَوَّلِينَ ﴿١٠﴾

၁၀။ ထို့မှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည် အသင်၏အလျင် ရှေးအုပ်စုများတွင်လည်း (နဗီ တမန်တော်များအား) စေလွှတ်တော်မူခဲ့လေသည်။

وَمَا يَأْتِيهِم مِّن رَّسُولٍ إِلَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿١١﴾

၁၁။ စင်စစ်သော်ကား ၎င်းတို့ထံ ရဏ္ဍလ်တမန်တော်တစ်ပါးပါး ရောက်ရှိလာတိုင်း ၎င်းတို့သည် ထို ရဏ္ဍလ်တမန်တော်အား ပြက်ရယ်သမူ ပြုလေ့ရှိခဲ့ကြသည် သာတည်း။ ၁

➤➤ သတ်ပုံသတ်ညွှန်းများကိုလည်းကောင်း၊ "ကာရီ"များက ကုရ်အာန်ကျမ်းမြတ်၏ ရွတ်ဖတ်ပုံ ဌာနကရိဏ်းကိုလည်းကောင်း၊ "ဟာဖဇ်"များက အက္ခရာများကိုလည်းကောင်း အသီးသီး အဘက်ဘက်မှ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။

အချို့ပညာရှင်များက ကုရ်အာန်ကျမ်းမြတ်၏ "ရုကူအ်" အပိုဒ်များကို ရေတွက်ထားကြသည်။ အချို့က "အာယတ်" တော်များကို ရေတွက်ထားသည်။ အချို့က အက္ခရာဗျည်းများကို ရေတွက် ထားကြသည်။ အချို့ကမူ သရနှင့်ဝတ်စပေါက်များကိုပင် ရေတွက်ထားကြသည်။ ဤကား အံ့ဖွယ်ပင်။ အံ့မဆုံးပင်။

တမန်တော်မြတ်လက်ထက်တော်မှစ၍ ယနေ့ထက်တိုင် ခေတ်တိုင်းအချိန်တိုင်းတွင် ထောင်ပေါင်းများစွာသော "ဟာဖဇ်"များ ရှိခဲ့ကြသည်သာဖြစ်သည်။ (ကုဋေကုဋ္ဌာများစွာသော မွတ်စ်လင်မ်တို့သည် ကုရ်အာန်ကျမ်းမြတ်ကို နေ့စဉ်နှင့်အမျှ ဆွလာတ်ဝတ်ပြုရာ၌လည်းကောင်း၊ ဆွလာတ်အပြင်၌လည်းကောင်း ရွတ်ဖတ် သရဏ္ဏာယ်ကြသည်။ ရမဇာန်လ၌ တရာဝီဟ်ဆွလာတ် ဝတ်ပြုရာတွင် ဟာဖဇ်များက ကုရ်အာန်ကျမ်းမြတ်ကို အစမှအဆုံးတိုင် ရွတ်ဖတ် သရဏ္ဏာယ်ကြသည်။)

အံ့ဖွယ်တစ်ရပ်မှာ-ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးတစ်ယောက်သည် မိမိ၏ အမိဘာသာ စာပေဖြင့် ရေးသားထားသော စာနယ်ဇင်းနှစ်စောင်၊ သုံးစောင်ကို အာဂုံဆောင်ရန် ခဲယဉ်းသော်လည်း အရဗီဘာသာစာပေဖြင့် ထုတ်ပြန်ထားတော်မူသော ဆင်တူရိုးမှား အာယတ်တော်များ အမြောက်အများပါရှိသော ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးလုံးကိုမူ လွယ်ကူစွာ အာဂုံဆောင်နိုင်ပေသည်။ အချိန်မရွေး "ကရား ရေလွှတ်" သွက်လက်စွာ ရွတ်ဖတ်နိုင်ပေသည်။ ဤသည်တို့ကား "ယင်းကျမ်းမြတ်ကို ငါအရှင်မြတ်ကိုယ်တော်တိုင် ထိန်းသိမ်းစောင့်ရှောက်တော်မူမည်ဖြစ်သည်" ဟူသော အာယတ်တော်လာကတိတော်၏ လက်တွေ့ အထောက်အထားများပင်။

⑨ ဤအာယတ်တော်တွင် တမန်တော်မြတ်အား ကာဖိရ်များ၏ ပြက်ရယ်မှုကြောင့် စိတ်မပျက်ရန် နှစ်သိမ့်စကား မိန့်ကြားထားတော်မူသည်။ ကာဖိရ်များ၏ ပြက်ရယ်မှုသည် အထူးအဆန်းမဟုတ်ပေ။ ဤသည် ကမ္ဘာဦးအစမှ ကာဖိရ်တို့၏ အလေ့အကျင့်တစ်ရပ်ပင်ဖြစ်သည်။ အတိတ်ခေတ်များတွင် ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည်လည်း ကာဖိရ်တို့၏ ပြက်ရယ်မှု၊ သွေဖည်ငြင်းဆန် မနာခံမှုများကို အသီးသီး အသကအသက ခံခဲ့ကြရသည်သာဖြစ်သည်။ ကာဖိရ်များသည် တမန်တော်များအား တစ်ခါတစ်ရံ မကျွန်း၊ ရှာအစ်ရ်၊ စိဟစ်ရ်၊ ကာဟင်န်-စသည်ဖြင့် စွပ်စွဲဖြောဆိုလေ့ရှိခဲ့ကြသည်။ တစ်ခါတစ်ရံ တမင် စိတ်ဒုက္ခဖြစ်စေရန်အတွက် ➤➤

كَذَٰلِكَ نَسْلُكُهُۥ فِى قُلُوبِ
ٱلْمُجْرِمِينَ ﴿١٢﴾

၁၂။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သောသူတို့၏ စိတ်နလုံးများ၌ ယင်း ပြက်ရယ်သမ္မပြုခြင်းကို သို့မဟုတ် ယင်းကုရ်အာန်ကို လမ်းဖွင့်၍ပေးတော်မူ၏။ (ထည့်သွင်းပေးတော်မူ၏)။

لَا يُؤْمِنُونَ بِهِۦ وَقَدْ خَلَتْ
سُنَّةُ ٱلْأَوَّلِينَ ﴿١٣﴾

၁၃။ (သို့ဖြစ်ပေရာ) ထို(မယုံမကြည်သွေဖည် ငြင်းပယ်သော)သူတို့သည် ယင်း(ကုရ်အာန်ကျမ်းမြတ်) ကို မယုံကြည်ကြချေ။ အမှန်စင်စစ်သော်ကား ရှေးသူဟောင်းတို့၏ အစဉ်အလာသည် လွန်လေပြီး ဖြစ်ပေသတည်း။ [၁]

(တစ်နည်း)

ထို့အတွက်ကြောင့်ပင် ထိုသူများသည် ထို (ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်သည်မဟုတ်ပေ။ ၎င်းပြင် ရှေးသူဟောင်းတို့၏ အစဉ်အလာသည်လည်း (ဤအတိုင်းပင်) ရှိလာခဲ့ပေသည်။ (ကြည့်-ထာနဝီ)

➤➤ အဓိပ္ပာယ်မရှိသော တောင်းဆိုချက်များကို တင်ပြတောင်းဆိုလေ့ရှိခဲ့ကြသည်။ ဖစ်ရ်အောင်နှသည်လည်း တမန်တော်မူစဉ်အား စိတ်ဖောက်ပြန်သူဟု ဆိုခဲ့သည်။ ကြည့်-ကုရ်အာန် (၂၆း၂၇)။ ကုရိုက်ရှ်မျိုးနွယ်ဝင်များက တမန်တော်မြတ်အား ကောင်းကင်တမန်များကို ခေါ်ဆောင်လာရန် တောင်းဆိုကြသကဲ့သို့ အတိတ်ခေတ်တွင် ဖစ်ရ်အောင်နှကလည်း တမန်တော်မူစဉ်အား တောင်းဆိုခဲ့သည်။ ကြည့်-ကုရ်အာန် (၄၃း၅၃)

① ပြက်ရယ် ပြောင်လှောင်ခြင်းသည် အဆိုးရွားဆုံးသော ငြင်းပယ်မှု၊ ဆန့်ကျင်မှုပင်ဖြစ်သည်။ ပြောင်လှောင် ပျက်ချော်သူများသည် မိမိတို့ ပြောင်လှောင်သောသူ၏ စကားကို စဉ်းစားဆင်ခြင်လိုသော စိတ်ပင်မရှိကြပေ။ စဉ်းစားဆင်ခြင်လိုစိတ် မရှိသောသူများသည် အမှန်တရားကို အလျင်းမရနိုင်ကြပေ။ အမှန်မှာ ပြက်ချော်ပြုသော သူများသည် တစ်နည်းအားဖြင့် ငါတို့သည် ဘယ်သောအခါ၌မျှ ပြက်ချော်ပြုခြင်းခံရသူ၏စကားကို လက်ခံကြမည် မဟုတ်ဟု ကြေညာနေခြင်းပင်ဖြစ်သည်။ ထိုသို့အမှန်တရားကို မလိုလားကြောင်း ကြေညာနေသည့်အတွက် ကြောင့်လည်း အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်နလုံးများတွင် ၎င်းတို့လိုလားကြသည့်အတိုင်း ထိုပြက်ချော် ပြောင်လှောင်မှုကိုပင် ထည့်သွင်းထားတော်မူလိုက်လေသည်။

မက္ကာမြို့သား ကာဖိရ်များသည် တမန်တော်မြတ်အား ပြက်ချော်ခဲ့ကြ၏။ သို့ပြက်ချော်ခဲ့ကြသည့် အတွက်လည်း အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်တွင် ယင်းပြက်ချော်မှုကိုပင် ထည့်သွင်းထားတော်မူ၏။ သို့ဖြစ်ရာ ယင်းကာဖိရ်များသည် တမန်တော်မြတ် ယူဆောင်လာခဲ့သော ကုရ်အာန်ကျမ်းမြတ်ကို ယုံကြည်နိုင်ကြ တော့မည်မဟုတ်ပေ။ ➤➤

وَلَوْ فَتَحْنَا عَلَيْهِم بَابًا مِّنَ السَّمَاءِ فَظَلُّوا فِيهِ يَعْرُجُونَ ﴿١٤﴾

၁၄။ အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အပေါ် ဝယ် မိုးကောင်းကင်၌ တံခါးပေါက်တစ်ခုခုကို ဖွင့်ပေး တော်မူခဲ့ပါလျှင် ထို့နောက် ၎င်းတို့သည် နေ့ကြောင် တောင်ပင် ထိုတံခါးပေါက်မှ (ဆင်း)တက် (သွားလာ) ခဲ့ကြသော်လည်း။

لَقَالُوا إِنَّمَا سُكِّرَتْ أَبْصَارُنَا بَلْ نَحْنُ قَوْمٌ مَّسْحُورُونَ ﴿١٥﴾

၁၅။ (ထိုသို့သောအခါမျိုး၌လည်း) ၎င်းတို့က ကျွန်ုပ်၏ မျက်စိများသည်(လှည့်စား)ပိတ်ပင်ထားခြင်းကို ခံခဲ့ကြရပေသည်။ ထိုမျှမကကျွန်ုပ်တို့သည် စုန်းပြုစား ခြင်းကို ခံခဲ့ကြရသော လူစုပင် ဖြစ်ကြပေသည်ဟု ပြောဆိုကြမည်မှာ အမှန်ပင်။ [၁]

وَلَقَدْ جَعَلْنَا فِي السَّمَاءِ بُرُوجًا وَزَيَّنَّاهَا لِلنَّاظِرِينَ ﴿١٦﴾

၁၆။ ၎င်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် မိုး ကောင်းကင်၌*ကြိုဟ်နက္ခတ်များကို* [၂] ပြုလုပ်(ဖန်ဆင်း) တော်မူ၍ ယင်းမိုးကိုကြည့်ရှုသူတို့အဖို့ မျက်စိပသာဒ ဖြစ်စေတော်မူခဲ့လေသည်။ [၃]

➤➤ ဤသည် အထူးအဆန်းမဟုတ် အစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။ အတိတ်ခေတ်များတွင်လည်း အမှန်တရားကို ပြက်ချော်ပြောင်လှောင်သူများသည် ရှိခဲ့ကြသည်။ သို့ရာတွင် ပြက်ချော်ပြောင်လှောင်သောသူများသည် ကွပ်မျက်ခြင်း ခံကြရပြီး အမှန်တရားကို လိုက်နာကျင့်သုံးခဲ့ကြသော ပုဂ္ဂိုလ်များသည် အောင်နိုင်ခဲ့ကြသည်သာ ဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်သည် ကာဖိရ်များ၏ ပြက်ရယ်မှု၊ ငြင်းပယ်မှုများကြောင့် စိတ်ပျက်တော်မူရန် မလိုပေ။

① မက္ကာမြို့သား ကာဖိရ်များ၏ မလိုမုန်းတီးမှုကား ပြင်းထန်လှ၏။ အကယ်တန္တ အလွန်ဟ်အရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကို ဖွင့်ပေးတော်မူခဲ့သည်ရှိသော် ယင်းကာဖိရ်များသည်လည်း မိမိတို့ကိုယ်တိုင် နေ့ခင်းကြောင်တောင် တက်ခဲ့ကြရသည်ရှိသော်၊ သို့တစေလည်း ထိုကာဖိရ်များသည် အမှန်တရားကို ယုံကြည်လက်ခံကြမည် မဟုတ်ပေ။ "ကျွန်ုပ်တို့သည် မျက်စိလှည့်စားခြင်း ခံကြရသည်။ ဤမျှမက ကျွန်ုပ်တို့သည် စုန်းပြုစားခြင်း ခံနေကြရပြီ" ဟူ၍ပင် ပြောဆိုငြင်းဆိုကြမည်သာဖြစ်သည်။ ဤကား မလိုမုန်းတီးမှု၊ ဇွတ်မှိတ်ငြင်းမှု၏အကျိုးသာ ဖြစ်သည်။ "ကျားကျား မီးယပ်" ဆိုသကဲ့သို့ ဇွတ်မှိတ်ငြင်းသူများအဖို့ ကြီးမားသော သက်သေလက္ခဏာတော်သည်ပင် အကျိုးမဲ့သာလျှင် ဖြစ်ရပေမည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ယင်းကာဖိရ်တို့၏သွေဖည်မှုကြောင့် စိတ်ပျက်တော်မူရန် မလိုပေ။

② "ဗုရ်ဂျ်"ဟူသည် အရဗီစာပေတွင် ခံတပ်၊ နန်းတော်နှင့်ခိုင်ခံ့သော အဆောက်အအုံများအတွက် အသုံးဖြစ်ချေသည်။ ရှေးဟောင်း (Astronomy) ကြယ်နက္ခတ်တာရာ အတတ်ပညာဝေါဟာရတွင် နေလှည့်ပတ် ➤➤

وَحَفِظْنَٰهَا مِن كُلِّ شَيْطَٰنٍ رَّجِيمٍ ﴿١٧﴾

၁၇။ ထိုမှတပါး ငါအရှင်မြတ်သည် ယင်းမိုးကို နှင်ထုတ်ခြင်းခံရသောရှိုင်တွာန်မိစ္ဆာကောင် အသီးသီးတို့မှ ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ [၁]

➤➤ သွားရာစခန်း (ရာသီခွင် ရာသီစက်) ၁၂-ခုအတွက် အသုံးဖြစ်ချေသည်။ ဤသည်ကို အကြောင်းပြု၍ အချို့မုဖတ်စ်စစ်ရှ်များက ဤအာယတ်တော်တွင်ပါရှိသည့် "ဗုရ်ဂျ်" များမှာလည်း ယင်းစခန်းများကိုပင် ရည်ညွှန်းသည်ဟုဆိုကြသည်။ အချို့မုဖတ်စ်စစ်ရှ်များကမူ ဂြိုဟ်များဟုယူဆကြသည်။ သို့ရာတွင် ဤအာယတ်တော်နှင့် ဆက်စပ်လျက်ရှိသော အာယတ်တော် (၁၅:၁၇-၁၈) ၏ အနက်သဘောကို ထောက်ရှုပါက ဗုရ်ဂျ်များဟူသည် အထက်ကောင်းကင်ယံ၌ရှိသော အကြင်အကန့်များကိုလည်း ဆိုနိုင်သည်။ ထိုအကန့်များသည် အလွန်ခိုင်ခံ့သော နယ်နိမိတ်များဖြင့် တစ်ခုနှင့်တစ်ခု ခွဲခြားထားသည်။ ယင်းနယ်နိမိတ်များကို သာမန်စက္ခုများဖြင့် မမြင်နိုင်ပေ။ သို့တစေလည်း အကန့်တစ်ခုမှ အခြားအကန့်တစ်ခုသို့ ထိုးဖောက်၊ ကူးစက်၊ ဝင်ရောက်သွားရန် အလွန်ခဲယဉ်းပေသည်။ ထို့အတွက် ဤအာယတ်တော်တွင်ပါရှိသည့် "ဗုရ်ဂျ်"များကို (Fortified Sphers) ကာကွယ်ထားသော အကန့်များဟူသောအနက်၌ ယူဆခြင်းကို ပိုမိုသင့်မြတ် မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆကြသည်။ တဖ်ဟီမုလ်ကုရ်အာန်။

② အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကို ကြယ်တာရာများဖြင့် လှပတင့်တယ် ရှုချင်စဖွယ် ပြုလုပ်ထားတော်မူ၏။ မိုးတိမ်မိုးသားများ ကင်းစင်သောညဉ့်များတွင် နေထားကျနစွာ ဆင်ယင်ထားသော မရေမတွက်နိုင်သော ကြယ်တာရာများကို တွေ့မြင်ရပေသည်။ ကြယ်တာရာများကား ရှုမငြီး အံ့မဆုံးဖွယ်ပင်။ တွေးဆဆင်ခြင် မြော်မြင်သူများအဖို့ ကြယ်တာရာများဖြင့် ဆင်ယင်ထားသော် ဤမိုးကောင်းကင်တွင် အလ္လာဟ်အရှင်မြတ်၏အနန္တတန်ခိုးတော်နှင့် ထိုအရှင်မြတ်တစ်ဆူတည်းရှိတော်မူကြောင်းနှင့် စပ်လျဉ်း၍ သက်သေလက္ခဏာ အမြောက်အမြား ရှိပေသည်။

ဆိုလိုသည်ကား လက်ခံနာယူလိုသူများအဖို့ မိုးကောင်းကင်မှ ကောင်းကင်တမန်များကို ဆင်းသက်စေရန်လည်းမလိုပေ။ ၎င်းတို့အား မိုးကောင်းကင်ထက်သို့ တက်စေရန်လည်း မလိုပေ။ မိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေကြီး၌ အလ္လာဟ်အရှင်မြတ်တစ်ဆူတည်း ရှိတော်မူသည့်အကြောင်းနှင့်စပ်လျဉ်း၍ သက်သေလက္ခဏာ အမြောက်အမြား ရှိပေသည်။ အသိအလိမ္မာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသူတစ်ဦးသည် ယင်းသက်သေလက္ခဏာတော်များကို ကြည့်ရှုဆင်ခြင်၍ "တောင်ဟီးဒ်"ကို အလွယ်တကူနားလည်နိုင်ပေသည်။ မက္ကာမြို့သား ကာဖိရ်များသည် ဤကဲ့သို့ ပေါ်လွင် ထင်ရှားသော သက်သေလက္ခဏာတော်များကို တွေ့မြင်နေကြရပါလျက် တစ်စုံတစ်ရာ အသိတရား မရရှိကြလျှင် ၎င်းတို့သည် နောက်နောင်တွင်လည်း အသိတရားအသို့လျှင် ရရှိနိုင်ကြမည်နည်း။

③ ကျွန်ုပ်တို့ လူသားများ၏ ဤကမ္ဘာတွင် လူသားများနှင့် အခြားသတ္တဝါများ နေထိုင်လျက်ရှိသကဲ့သို့ ဂျင်နှ်ရှိုင်တွာန်များသည်လည်း ဤကမ္ဘာ၌ပင် နေထိုင်လျက်ရှိကြပေသည်။ လူသားများနှင့်အခြားသတ္တဝါများသည် ၎င်းတို့အဖို့ သတ်မှတ်ပိုင်းခြားထားသည့် အကန့်တွင် ချုပ်နှောင်လျက်ရှိသကဲ့သို့ ဂျင်ရှိုင်တွာန်များသည်လည်း ယင်းသည့်အကန့်တွင်ပင် ချုပ်နှောင်လျက် ရှိကြပေသည်။ ရှိုင်တွာန်များသည် ယင်းသည့်အကန့်ကို ကျော်လွန်၍ အထက်ကမ္ဘာသို့ အလျင်းပေါက်ရောက်နိုင်ကြသည် မဟုတ်ပေ။ ➤➤

إِلَّا مَنِ اسْتَرَقَ السَّمْعَ فَأَتْبَعَهُ شِهَابٌ مُّبِينٌ ﴿١٨﴾

၁၈။ သို့ရာတွင် အကြင် ရှိုင်တွာန်မိစ္ဆာကောင် (တစ်ဦးဦး)သည် *တိတ်တဆိတ်(စကားကို)နား*ထောင်ခဲ့*ပါလျှင်* [၁] (ခိုးဝှက်နားထောင်ခဲ့ပါလျှင်) လင်းဝင်းသော မီးတောက်မီးလျှံသည် ၎င်း၏ နောက်သို့ (ထက်ကြပ်မကွာ) လိုက်လေတော့သတည်း။ [၂]

➤➤ လူသာမန်တို့၏ ထင်မှားချက်တစ်ရပ်မှာ ရှိုင်တွာန်နှင့်၎င်း၏ နောက်ပါများသည် ဤစကြဝဠာကြီး တစ်ခုလုံးတွင် သွားလိုရာသို့ သွားလာနိုင်ကြသည်ဟူ၍ ယခင်ကလည်း ထင်မှတ်ခဲ့ကြ၏။ ယခုလည်း ထင်မှတ်လျက် ရှိကြ၏။ ဤသည့် ထင်မှားချက်ကို ပယ်ဖျက်တော်မူရန်အလို့ငှာ ရှိုင်တွာန်များသည် ၎င်းတို့အဖို့ သတ်မှတ်ထားသည့် အကန့်မှ ရှေ့သို့ခြေတစ်လှမ်းမျှ မကျော်လွန် နိုင်ကြောင်း၊ ၎င်းတို့အား အကန့်အသတ်မရှိ သွားလိုရာသွားနိုင်ခွင့် ပြုထားခြင်း မဟုတ်ကြောင်းကို ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

တဖ်ဟီမုလ်ကုရ်အာန်။

① ရှိုင်တွာန်များသည် မိမိတို့၏ မိတ်ဆွေများအတွက် "ဃိုက်ဗ်" မျက်ကွယ်မှသတင်းများကို ရယူရန် ကြိုးစားကြသည်။ ဤသည့် ရှိုင်တွာန်များ၏ စကားများကို အကြောင်းပြု၍ များစွာသော ကာဟင်န်၊ ဂျို့ဂီ၊ အာမစ်လ်နှင့်ဖကီရ် အယောင်ဆောင်များသည် ဃိုက်ဗ်ကို သိကြသည်ဟု ဝါကြွားကြသည်။ အမှန်မှာ ၎င်းတို့သည် ဃိုက်ဗ်သိရန်ဝေးစွ၊ ၎င်းတို့၏ အာစရိယ ရှိုင်တွာန်များ၌ပင် ဃိုက်ဗ်ကိုသိနိုင်ရန် အကြောင်းတစ်စုံတစ်ရာ မရှိပေ။ လူသားတို့နှင့်စာလျှင် ရှိုင်တွာန်များသည် ပုံပန်းသဏ္ဌာန်တွင် ကောင်းကင်တမန်များနှင့် အနည်းငယ် နီးစပ်ကြသည့်အတွက် ၎င်းတို့သည် ကောင်းကင်တမန်များ၏ စကားများကို ခိုးဝှက်နားထောင်ကြရန် ကြိုးစားကြပေသည်။ သို့တစေလည်း ၎င်းတို့၏အကျိုးမရှိပေ။

တဖ်ဟီမုလ်ကုရ်အာန်။ အ-၂။ စ-၅၀၁။ အအ-၁၁။

② ရှိုင်တွာန်များသည် ကောင်းကင်ဘုံများတွင် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ကြသည်မရှိပေ။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ပွင့်တော်မူသည့် အချိန်မှစ၍ ၎င်းတို့သည် အထက်ကောင်းကင်ဘုံများသို့ သွားခွင့်အလျင်း မရရှိကြတော့ပေ။ ယခုမူ ယင်းရှိုင်တွာန်များသည် မိုးကောင်းကင်အနီးသို့ တက်ရောက်ပြီး ကောင်းကင်တမန်များနှင့် နီးကပ်၍ "ဃိုက်ဗ်" မျက်ကွယ်သတင်းများကိုယူရန် ကြိုးစားကြသည်။ ထို့အတွက် ယင်းရှိုင်တွာန်များ မတက်ရောက်နိုင်ရန် ကောင်းကင်တမန်များကို အစောင့်အရှောက် ချထားတော်မူသည်။ ရှိုင်တွာန်များ အထက်ကောင်းကင်ရံသို့ တက်ရန်ကြိုးစားကြသည့်အခါ ကောင်းကင်တမန်များသည် ၎င်းတို့အား မီးတောက်မီးလျှံများဖြင့် ပစ်ခတ်ကြလေသည်။

ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့် ဟဒီးဆ်ဩဝါဒတော်များကို ထောက်ရှုခြင်းအားဖြင့် သိရှိအပ်သည့်အချက်တစ်ရပ်မှာ (စကြဝဠာ ဖန်ဆင်းမှုများ) နှင့်စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာ ဆုံးဖြတ်တော်မူသည့်အခါ ထိုအဆုံးအဖြတ်နှင့်စပ်လျဉ်း၍ ကောင်းကင်တမန်များထံသို့ ဝဟီပို့ချတော်မူ၏။ ထိုဆုံးဖြတ်ချက်သည် အထက်မှအောက်သို့ အဆင့်ဆင့်ရောက်ရှိလာပြီး နောက်ဆုံးတွင် ဤပထဝီမြေကြီး၏ မိုးကောင်းကင်သို့ပင် ရောက်ရှိလာသည်။

ဗိုခါရီကျမ်းချက်အရ မိုးတိမ်တွင် ကောင်းကင်တမန်များသည် အဆိုပါဆုံးဖြတ်ချက်ကို အချင်းချင်း➤➤

➤➤ ပြောဆိုကြသည်။ ထိုအခါ ရှိုင်တွာန်များသည် ကောင်းကင်တမန်များနှင့် နီးကပ်၍ အကွယ်ဖ်ရှိသော သတင်းများကို ရယူရန်ကြိုးပမ်းကြသည်။ ရှိုင်တွာန်များ၏ပြုမူချက်သည် ယခုအခါ ကြိုးမဲ့ကြေးနန်း၊ စကားပြောကြေးနန်းများဖြင့် စကားပြောဆိုနေကြခိုက်စပ်ကြားမှ ဖြတ်တောက်၍ ခိုးဝှက်နားထောင်ခြင်းနှင့်တူသည်။ ကောင်းကင်တမန်များထံသို့ အလ္လာဟ်အရှင်မြတ်အထံတော်မှ ပို့သသောသတင်းများကို ရှိုင်တွာန်များသည် စပ်ကြားမှ ခိုးဝှက်နားထောင်ခြင်းဖြစ်ပေသည်။ ထိုအခါကောင်းကင်တမန်များသည် မီးတောက်မီးလျွံများဖြင့် ပစ်ခတ်ကြလေသည်။

ယင်းသို့ပစ်ခတ်ကြသည့်စပ်ကြားမှပင် ရှိုင်တွာန်များသည် စကားတစ်ခွန်းတပါဒ၊ တစ်စွန်းတစ်စ ရရှိသွားကြလျှင် ၎င်းတို့သည် မိမိတို့ မပျက်စီးမီအလျင် ဆောလျင်စွာ အခြားရှိုင်တွာန်များထံသို့ လည်းကောင်း၊ ထိုရှိုင်တွာန်များထံမှတစ်ဆင့် ၎င်းတို့၏မိတ်ဆွေများဖြစ်သော လူသားများထံသို့ ပေးပို့ဖြန့်ချီကြသည်။

ဗေဒင်ဆရာများသည် ယင်းရှိုင်တွာန်များထံမှ ရရှိသော တစ်စွန်းတစ်စ စကားတွင် မိမိတို့ဘက်မှ အများပေါင်း သောင်းခြောက်ထောင်ကိုရောရှ် လူသာမန်တို့အား မျက်ကွယ်သတင်းများအဖြစ် ပြောကြားကြလေသည်။ ယင်းစကားများအနက် "ကြက်ကန်းဆန်အိုးတိုး" ဆိုသကဲ့သို့ တစ်ခွန်းတပါဒ မှန်ကန်သွားလျှင် ထိုဗေဒင်ဆရာများအား ကြည်ညိုသူများသည် ယင်းဗေဒင်ဆရာများ၏ မှန်ကန်ကြောင်းနှင့်စပ်လျဉ်း၍ ထိုစကားရပ်ကိုပင် သက်သေသာဓကအဖြစ် တင်ပြကြသည်။ အခြားမှားယွင်းနေသည့် စကားများကိုမူ လျစ်လျူပြုထားကြသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့် ဟဒီးဆ်ဩဝါဒတော်များကို ထောက်ရှုခြင်းအားဖြင့် ကောင်းကင်ဘုံ၏ စကားရပ်များသည် အမှန်ချည်းသာဖြစ်၍ ၎င်းရှိုင်တွာန်နှင့် လူရှိုင်တွာန်တို့၏ စကားများသည် လုပ်ကြံဖန်တီးထားသော စကားမှားများချည်းသာဖြစ်ကြောင်း၊ ထို့ပြင်တဝကောင်းကင်ဘုံများ၏ စီမံအုပ်ချုပ်မှုများသည် အလွန်ပြည့်စုံကြောင်း ရှိုင်တွာန်များသည် ကောင်းကင်ဘုံ၌ခြေမျှမချနိုင်ကြောင်းများကို ကောင်းစွာသိရှိရပေသည်။

ရှိုင်တွာန်များသည် အစွမ်းရှိသမျှ ကြိုးစားကြသော်လည်း ကောင်းကင်ဘုံ၏ အစီအစဉ်များနှင့် အဆုံးအဖြတ်များကို ခိုင်လုံပိုင်နိုင်စွာ အလျင်းမရရှိကြပေ။ ယင်းရှိုင်တွာန်များသည် ကောင်းကင်တမန်များမှတဆင့် စကားတစ်ခွန်းတပါဒ ရရှိသွားကြလျှင် ယင်းသို့ စကားတစ်ခွန်းတပါဒ ရရှိသွားကြသည်ကို အလ္လာဟ်အရှင်မြတ်သည် မိမိ "ဟစ်က်မတ်"တော်အရ လုံးဝပိတ်ပင်ရန် ဆန္ဒတော်မရှိချေ။ ဆန္ဒတော်ရှိပါက လုံးဝပိတ်ပင်တော်မူနိုင်သည်။

စဉ်းစားဆင်ခြင်အပ်သည့်အချက်တစ်ရပ်မှာ လူရှိုင်တွာန်များနှင့် ၎င်နှ်ရှိုင်တွာန်များသည် သူတပါးတို့အား အမှောက်မှောက် အမှားမှား လမ်းလွဲမှားစေခြင်းအပြုအမူမှ မည်သည့်အခါ၌မျှ နောင်တရရှိကြမည် မဟုတ်သည်ကို အလ္လာဟ်အရှင်မြတ်သည် သိတော်မူပြီးပင်ဖြစ်သည်။ သို့ပါလျက် ထိုအရှင်မြတ်သည် ၎င်းတို့အား ရှည်လျားသောအချိန်ကိုလည်း ပေးထားတော်မူသည်။ သူတပါးတို့အား လမ်းလွဲမှားနိုင်စေသည့် အကြောင်းတရားများကိုလည်း အသုံးပြုနိုင်စွမ်း ပေးထားတော်မူသည်။ ဤသို့ ခွင့်ပြုထားတော်မူခြင်း၌ တစ်နည်းမဟုတ်တစ်နည်း "ဟစ်က်မတ်" အကျိုးတစ်ရပ်ရှိသည်ကို အားလုံးလက်ခံကြရသည်။

ထိုအတိုင်းပင် ရှိုင်တွာန်များအား ယင်းသို့ ခွင့်ပြုထားတော်မူခြင်း၌လည်း 'ဟစ်က်မတ်' အကျိုးတစ်ရပ်မုချရှိသည်ကို ယုံကြည်ရမည်သာဖြစ်သည်။

وَالْأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ شَيْءٍ مَّوْزُونٍ ﴿١٩﴾

၁၉။ ၎င်းပြင် ငါအရှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းတော်မူ၍ ယင်းပထဝီမြေ၌ လေးလံသော တောင်ကြီးများကိုချထားတော်မူလေသည်။ ထိုမှတပါး ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ ခန့်မှန်း (သတ်မှတ်)ပြီးဖြစ်သော အရာဝတ္ထုတိုင်းကို ပေါက်ရောက်ဖြစ်ထွန်းစေတော်မူခဲ့လေသည်။ [၁]

وَجَعَلْنَا لَكُمْ فِيهَا مَعَايِشَ وَمَن لَّسْتُمْ لَهُ بِرَازِقِينَ ﴿٢٠﴾

၂၀။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုပထဝီမြေ၌အသင်တို့အဖို့လည်းကောင်း၊ အသင်တို့စားနပ်ရိက္ခာ ထောက်ပံ့ခြင်း မပြုသော သူတို့အဖို့လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ် (စီမံ) ထားတော်မူခဲ့လေသတည်း။ [၂]

وَإِن مِّن شَيْءٍ إِلَّا عِندَنَا خَزَائِنُهُ وَمَا نُنَزِّلُهُ إِلَّا بِقَدَرٍ مَّعْلُومٍ ﴿٢١﴾

၂၁။ စင်စစ်သော်ကား မည်သည့်အရာမျိုးမဆို ငါအရှင်မြတ်အထံတော်၌ ထိုအရာဝတ္ထု၏အစုအပုံများ (ဘဏ္ဍာတော်များ)သည် (အပြည့်)ရှိပေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် ထိုအရာဝတ္ထုကို သတ်မှတ်ထားသော အတိုင်းအတာအချိန်အဆနှင့်အညီသာလျှင် ချပေးတော်မူပေသတည်း။ [၃]

---

① ပထဝီမြေကြီးကို ဖန်ဆင်းခြင်း၊ ဖြန့်ခင်းခြင်း၊ ထိုမြေကြီးပေါ်၌ လေးလံသောတောင်ကြီးများကို တည်ထားခြင်း၊ ထိုမြေကြီးတွင် စားဖွယ်သောက်ဖွယ်များကို သတ်မှတ်ထားသည့် အတိုင်းအဆနှင့်အညီ ပေါက်ရောက်စေခြင်း များသည် တစ်ဆူတည်းဖြစ်တော်မူသော အနန္တတန်ခိုးရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏အလုပ်သာလျှင် ဖြစ်ချေသည်။ ထိုသည့်အရာခပ်သိမ်း တို့သည် အလိုအလျောက် ဖြစ်ပေါ်လာခဲ့သည်လည်းမဟုတ်။ အလ္လာဟ် အရှင်မြတ်မှတပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ဖန်ဆင်းထားသည်လည်း မဟုတ်ပေ။

② အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာမြေကြီး၌ လူသားတို့အဖို့သာလျှင် အသက်မွေး ဝမ်းကျောင်းမှုများကို ပြုလုပ်ထားတော်မူသည်မဟုတ်။ လူသားတို့အား အကြောင်းပြုလျက်ရှိသော သတ္တဝါများနှင့်လူသားတို့အား အကြောင်းမပြုသော သတ္တဝါများအဖို့လည်း ထိုအရှင်မြတ်သည် အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ်ထားတော်မူသည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် (رَبِّ الْعَٰلَمِينَ) စကြာဝဠာအဝှမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်သည်။ (وَمَا مِن دَآبَّةٍ فِي الْأَرْضِ إِلَّا عَلَى اللهِ رِزْقُهَا) "ပထဝီမြေ၌ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့အား ကျွေးမွေးရန်တာဝန်မှာ အလ္လာဟ်အရှင်မြတ်၏ တာဝန်သာဖြစ်သည်" အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကား ကြီးမားလှပါဘိတကား။

وَأَرْسَلْنَا الرِّيَاحَ لَوَاقِحَ فَأَنزَلْنَا مِنَ السَّمَاءِ مَاءً فَأَسْقَيْنَاكُمُوهُ وَمَا أَنتُمْ لَهُ بِخَازِنِينَ ﴿٢٢﴾

၂၂။ ၎င်းပြင် ငါအရှင်မြတ်သည် လေများကို ရေထမ်းလျက် စေလွှတ်တော်မူခဲ့လေသည်။ တဖန် ငါအရှင်မြတ်သည် မိုးကောင်းကင်မှရေကို ရွာသွန်းစေတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အား ထိုရေကိုတိုက်ကျွေးတော်မူခဲ့လေသည်။ စင်စစ်သော်ကား အသင်တို့သည် ထိုရေကို စုဆောင်းသိုလှောင်နိုင်ကြသောသူများ မဟုတ်ကြချေ။ [၁]

وَإِنَّا لَنَحْنُ نُحْيِي وَنُمِيتُ وَنَحْنُ الْوَارِثُونَ ﴿٢٣﴾

၂၃။ ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်သည်ပင် လျှင် ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ငါအရှင်မြတ်သည်ပင်လျှင်သေစေတော်မူ၏။ ၎င်းအပြင် ငါအရှင်မြတ်သည်ပင်လျှင် အမွေစား အမွေခံ ဖြစ်တော်မူ၏။ (ကျန်ရစ်တော်မူမည့်အရှင် ဖြစ်တော်မူ၏။) [၂]

---

(၃) အလ္လာဟ်အရှင်မြတ်အထံတော်၌ တစ်စုံတစ်ရာနည်းသည်၊ မရှိသည်ဟူ၍ အလျင်းမရှိ။ ထိုအရှင်မြတ်သည် အလိုရှိတော်မူသောအရာကို အလိုတော်ရှိသမျှ အပိုအလိုမရှိ ဖန်ဆင်းတော်မူ၏။ ယင်းသို့ ဖန်ဆင်းတော်မူသည့် အတွက် ထိုအရှင်မြတ်၌ မောပန်းသည်ဟူ၍လည်း အလျင်းမရှိ။ ရည်စူးတော်မူရုံမျှဖြင့် အလိုရှိတော်မူသော အရာသည် မဆိုင်းမတွဖြစ်ပေါ်လာ၏။ ဆိုလိုသည်ကား အရာခပ်သိမ်းကုန်တို့၏ ဘဏ္ဍာများသည် ထိုအရှင်မြတ်၏ အနန္တတန်ခိုးတော်ပင် ဖြစ်ပေသည်။ ထိုအရှင်မြတ်သည် မိမိ၏ အနန္တတန်ခိုးတော်ဖြင့် အလိုတော် ရှိသမျှကို မိမိ သတ်မှတ်ထားတော် မူသည့် အတိုင်းအတာ၊ အချိန်အဆနှင့် အညီ အပို အလိုမရှိ ချပေးတော်မူသည်ဟူလို။

(၄) အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် လေများသည် မိုးသားများကို လိုရာသို့တိုက်ခတ် သယ်ယူပို့ဆောင်လျက်ရှိသည်။ ထိုမိုးသားများမှ ရွာချသောမိုးရေများဖြင့် ချောင်း၊ မြောင်း၊ အင်း၊ အိုင်၊ ရေကန်များ ဖြစ်ပေါ်လာပြီး သတ္တဝါအပေါင်းတို့အား အကျိုးပြုလျက်ရှိ၏။ သတ္တဝါအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ကြည်လင်ချို့မြသော သီတာရေကြည်ကို ဖောသီစွာ သောက်သုံးလျက် ရှိကြပေသည်။ ကြည့်-ကုရ်အာန် (၅၆:၆၈-၇၀) (၁၆:၁၀-၁၁)။

အမှန်မှာ လူသားတို့သည် မိမိတို့၏အစွမ်းဖြင့် မိုးသားများကို လိုရာသယ်ယူ ပို့ဆောင်နိုင်ကြသည်လည်းမဟုတ်။ မိုးရေကို ရွာသွန်းချနိုင်ကြသည်လည်း မဟုတ်။ ထိုမိုးရေများကို မိမိတို့အစွမ်းဖြင့် စုဆောင်းသိုလှောင်ထားနိုင်ကြသည်လည်းမဟုတ်၊ ရွာသွန်းချသော မိုးကိုတားဆီးနိုင်ကြသည်လည်းမဟုတ်။ မပြောကောင်း မဆိုအပ် အကယ်၍များ မိုးရေများသည် ကမ္ဘာမြေပြင်သို့ ပြန်မကျတဲ့အထက်သို့ လွှင့်စဉ်သွားသော်၊ မြေတွင်ရေများ တင်ရှိမနေဘဲ အောက်သို့ စိမ့်ဝင်သွားသော်၊ လူသားတို့သည်အသို့လျှင် ရေရှိရန် ပြုစွမ်းနိုင်ကြအံ့နည်း။ မည်သို့မျှ မပြုစွမ်းနိုင်ကြပေ။ ဤသည်အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

وَلَقَدْ عَلِمْنَا الْمُسْتَقْدِمِينَ مِنكُمْ وَلَقَدْ عَلِمْنَا الْمُسْتَأْخِرِينَ ﴿٢٤﴾

၂၄။ ထို့ပြင် မုချစင်စစ် ငါအရှင်မြတ်သည် အသင်တို့အနက်မှ ရှေးလူဟောင်းတို့ကိုလည်း၊ ကောင်းစွာ သိတော်မူပြီးဖြစ်လေသည်။ ထိုနည်းတူစွာ မုချစင်စစ် ငါအရှင်မြတ်သည် အသင်တို့အနက်မှ နောင်လာနောင်သားတို့ကိုလည်း၊ ကောင်းစွာ သိတော်မူပြီးဖြစ်ပေသတည်း။ ၁

وَإِنَّ رَبَّكَ هُوَ يَحْشُرُهُمْ ۖ إِنَّهُ حَكِيمٌ عَلِيمٌ ﴿٢٥﴾

၂၅။ ထိုမှတပါး၊ အမှန်စင်စစ်အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုအရှင်မြတ်သည်ပင်လျှင် ၎င်းတို့အား (ကိယာမတ်နေ့တွင်) စုရုံး တော်မူပေမည်။ ၂ ဧကန်မလွဲ ထိုအရှင်မြတ်သည် ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောအရှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

(၁) မိုး၊ မြေ၊ ရေ၊ လေများ ဖန်ဆင်းခြင်း သတ္တဝါအပေါင်းတို့အား ရိက္ခာပေးခြင်းများသည် အလ္လာဟ်အရှင်မြတ်၏ အလုပ်ဖြစ်သကဲ့သို့ သတ္တဝါအပေါင်းတို့အား ရှင်စေခြင်း၊ သေစေခြင်းများသည်လည်း အလ္လာဟ်အရှင်မြတ်၏ အလုပ်ပင်ဖြစ်သည်။ ထိုအရှင်မြတ်မှတပါး အခြားမည်သူ၏ အလုပ်မျှမဟုတ်ပေ။

သတ္တဝါအပေါင်းတို့သည် သေကြေပျက်စီးသွားကြမည်။ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် ကျန်ရှိနေတော်မူမည်ဖြစ်သည်။ ရှာဟ်အဗ်ဒုလ်ကာဒစ်ရ်သခင် ဖွင့်ဆိုရေးသားချက်အရ အားလုံးသေကြေပျက်စီးသွားကြမည်။ သို့ရာတွင် ၎င်းတို့ရှာဖွေ ဆည်းပူးထားကြသော အရာများသည် အလ္လာဟ်အရှင်မြတ် လက်တော်တွင်း၌ ကျန်ရစ်နေခဲ့မည်ဖြစ်သည်" ဟူ၏။

(၁) အဆက်တွင် အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်များ အကြောင်းပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် ထိုအရှင်မြတ်၏ အနန္တဉာဏ် တော်အကြောင်း မိန့်ဆိုထားတော်မူ၏။ ထိုအရှင်မြတ်သည် ရှေးလူဟောင်းများ၏ အကြောင်းကိုလည်း အကြွင်းမဲ့သိတော်မူ၏။ နောင်းလူများ၏အကြောင်းကိုလည်း အကြွင်းမဲ့သိတော်မူ၏။ ထိုအရှင်မြတ် မသိတော်မူသောအရာဟူ၍ အလျင်းမရှိ။

(၂) ဤကမ္ဘာသည် နောင်တမလွန်ဘဝအတွက် စိုက်ပျိုးရာဌာနပင်ဖြစ်သည်။ လူသားတို့သည် ဤကမ္ဘာတွင် မိမိတို့စိုက်ပျိုးထားသော အသီးအနှံများကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နောင်တမလွန်ဘဝ၌ စားသုံးကြရမည်သာဖြစ်သည်။ ယင်းသို့ စားသုံးနိုင်ကြရန်အတွက် အလ္လာဟ်အရှင်မြတ်သည် သတ္တဝါအပေါင်းတို့အား သချိုင်းများတွင် မြေဖြစ်နေသည်ဖြစ်စေ၊ တိရစ္ဆာန်များ၏ ဝမ်းဗိုက်များတွင် ရောက်နေသည်ဖြစ်စေ၊ ရေထုအောက်တွင် ရောက်နေသည်ဖြစ်စေ၊ လေထုတွင်ပျံလွှားနေသည်ဖြစ်စေ၊ မီးလောင်ကျွမ်း၍ ပြာပင်ဖြစ်နေသည်ဖြစ်စေ၊ အဘယ်ဌာနဌ် အဘယ်ဘဝသို့ပင် ရောက်ရှိနေသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် မိမိ၏အနန္တ ➤➤

وَلَقَدْ خَلَقْنَا الْإِنسَانَ مِن صَلْصَالٍ مِّنْ حَمَإٍ مَّسْنُونٍ ﴿٢٦﴾

وَالْجَانَّ خَلَقْنَاهُ مِن قَبْلُ مِن نَّارِ السَّمُومِ ﴿٢٧﴾

၂၆။ ထိုမှတပါး: စင်စစ်ငကန် ငါအရှင်မြတ်သည် လူသားကို ပုံသွင်းပြီဖြစ်သော အသံမြည်သော ရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ [၁]

၂၇။ ၎င်းပြင် ဂျင်(နှ်)သတ္တဝါကို (လူသားအား ဖန်ဆင်း တော်မမူမီ)အလျင်က ပူပြင်းလှစွာသော မီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသတည်း။ [၂]

(တစ်နည်း)

ထိုမှတပါး: ငါအရှင်မြတ်သည် လူ(ဝါ)အာဒမ်ကို နယ်ထားသောရွှံ့စေးဖြင့်ပြီးသော အသံမြည်သော မြေဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ဂျင်နှ်(ဝါ) အဗူလ်ဂျင်နှ်ကို ၎င်းအလျင်(ဝါ)အာဒမ်အလျင် အလွန် ပူပြင်းသော မီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။

(ထာနဝီကို မှီးသည်)

➤➤ တန်ခိုးတော်ဖြင့် ပြန်လည်စုရုံးစေတော်မူပြီး ကောင်းသူတို့အား ကောင်းကျိုး၊ မကောင်းသူတို့အား မကောင်းကျိုးများကို တရားသဖြင့် ပေးတော်မူမည်သာဖြစ်သတည်း။

② <u>လူကိုဖန်ဆင်းတော်မူခြင်း</u>

အလ္လာဟ်အရှင်မြတ်သည် လူကိုမည်သည့်အရာနှင့် မည်သို့မည်ပုံ စတင်ဖန်ဆင်းတော်မူသည့် အကြောင်းကို ဤအာယတ်တော်တွင် ဖွင့်ဟ မိန့်ဆိုထားတော်မူသည်။ ဤအာယတ်တော်တွင် သုံးနှုန်းထားတော်မူသည့် အောက်ပါ ပုဒ်သုံးပုဒ်ကို အထူးစဉ်းစားဆင်ခြင်အပ်ပေသည်။

(၁) (صلصال) "ဆွာလ်ဆွာလ်" အသံမြည်သော ရွှံ့ခြောက်။

(၂) (حمإ) "ဟမအ်"ဟူသည် အနံ့ထွက်နေသော၊ အချဉ်ဓာတ်ပေါက်နေသော၊ မည်းနက်သော ရွှံ့ပုပ်ကိုဆိုလိုသည်။

(၃) (مسنون) "မာစ်နုန်"၏ အဓိပ္ပာယ် နှစ်မျိုးရသည်။

က။ ပုပ်နေသောရွှံ့မြေ၊ ပုပ်နေသည့်အတွက် စေး၍လည်းနေ၏။ (ဝါ) စေးပုပ်နေသော ရွှံ့မြေ။

ခ။ ပုံသွင်းထားသောအရာ၊ ပုံသဏ္ဌာန်တစ်မျိုးတစ်ဖုံ ပြုလုပ်ထားသောအရာ။

ဤသည့်ပုဒ်များကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် လူကိုစတင်ဖန်ဆင်းတော်မူရာ၌ ဦးစွာပထမ အချဉ်ဓာတ်ပေါက်နေသော ရွှံ့မြေဖြင့် ရုပ်လုံးတစ်ခု ပြုလုပ်တော်မူခဲ့ကြောင်း၊ ထို့နောက် ထိုရုပ်လုံးသည် ခြောက်သွေ့သွားခဲ့ကြောင်း၊ ထို့နောက်တွင် ထိုရုပ်လုံး၌ အသက်သွင်းတော်မူခဲ့ကြောင်းကို သိရှိရပေသည်။ ဤသည် ကမ္ဘာဦးဖခင်ကြီး အာဒမ်သခင်အား စတင် ဖန်ဆင်းတော်မူခြင်း၏ အကြောင်းအမှန်ပင်ဖြစ်သည်။

وَإِذْ قَالَ رَبُّكَ لِلْمَلَٰٓئِكَةِ إِنِّي خَٰلِقٌۢ بَشَرًا مِّن صَلْصَٰلٍ مِّنْ حَمَإٍ مَّسْنُونٍ ﴿٢٨﴾

၂၈။ ၎င်းပြင် အခါတစ်ပါး၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ ဧကန်အမှန် ငါအရှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သော အသံမြည်သော ရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူမည် ဖြစ်ပေသည်။

فَإِذَا سَوَّيْتُهُۥ وَنَفَخْتُ فِيهِ مِن رُّوحِى فَقَعُوا۟ لَهُۥ سَٰجِدِينَ ﴿٢٩﴾

၂၉။ တဖန် ငါအရှင်မြတ်သည် (လူသား၏) ထိုမြေရုပ်ကို စနစ်တကျ ပြီးစီးအောင် ပြုလုပ်(ဖန်ဆင်း)တော်မူ၍ ယင်း (မြေရုပ်တွင်း)၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို ၁ မှုတ်သွင်းတော်မူလိုက်သောအခါ အသင်တို့သည် ထိုလူသား၏ ရှေ့မှောက်တွင် ပျပ်ဝပ်ဦးချကြလေကုန်။

فَسَجَدَ ٱلْمَلَٰٓئِكَةُ كُلُّهُمْ أَجْمَعُونَ ﴿٣٠﴾

၃၀။ သို့ဖြစ်ပေရာ "မလာအိကဟ်"ကောင်းကင်တမန်အပေါင်းတို့သည် အားလုံးပင် အသီးသီး စဂျဒဟ် ပျပ်ဝပ် ဦးချခဲ့လေကြသည်။

إِلَّآ إِبْلِيسَ ۖ أَبَىٰٓ أَن يَكُونَ مَعَ ٱلسَّٰجِدِينَ ﴿٣١﴾

၃၁။ အီဗ်လိစ်မှအပ၊ ယင်းအီဗ်လိစ်မှာမူကား စဂျဒဟ် ပျပ်ဝပ်ဦးချသူတို့တွင် အပါအဝင်ဖြစ်ခြင်းကို ငြင်းပယ်ခဲ့လေသတည်း။

ⓙ **ဂျင်နီကို မီးဖြင့် ဖန်ဆင်းတော်မူခြင်း။**

(نَّارِ ٱلسَّمُومِ) ဟူသည် လေနှင့်ရောစပ်လျက်ရှိသည့် အလွန်ကြည်လင်သော မီးကိုဆိုသည်။ ဤသည့်သဘောကို ကုရ်အာန်(၅၅း၁၅)တွင်လည်း မိန့်ဆိုထားတော်မူသည်။ သို့တည်းမဟုတ် မီးကဲ့သို့ လောင်ကျွမ်းစေသည့် လေပူကြီးကိုလည်း ဆိုနိုင်သည်။ အသို့ပင် ဖြစ်စေကာမူ လူသားတို့၏ဖခင်ကြီး အာဒမ်သခင်သည် မြေအများစုပါသည့် ပစ္စည်းဖြင့် ဖန်ဆင်းခြင်းခံခဲ့ရသည်။ ဂျင်နီတို့၏အဘမှာမူ မီးအများစုပါသည့် ပစ္စည်းဖြင့် ဖန်ဆင်းခြင်းခံခဲ့ရလေသည်။ "အီဗ်လိစ်"သည်လည်း ဤအမျိုးအစားတွင် အပါအဝင်ဖြစ်သည်။

ⓒ ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က "ငါ၏ ရူးဟ်-အသက်" ဟု မိန့်ဆိုသုံးနှုန်းထားတော်မူခြင်းမှာ လူ၏ဂုဏ်ရည်ကို မြှင့်တင်ပေါ်လွင် စေတော်မူရန်ပင်ဖြစ်သည်။

ထိုသို့ အလ္လာဟ်အရှင်မြတ်က-လူ၌ ရူးဟ် မှုတ်သွင်းတော်မူခဲ့သည့် အတွက်ကြောင့်ပင် လူ၌ အလ္လာဟ်အရှင်မြတ်၏ "ခလီဖဟ်" ကိုယ်စားလှယ်ဖြစ်နိုင်သည့် စွမ်းရည်သတ္တိဖြစ်ပေါ်လာခဲ့ပေသည်။

قَالَ يَٰٓإِبۡلِيسُ مَا لَكَ أَلَّا تَكُونَ مَعَ ٱلسَّٰجِدِينَ ٣٢

၃၂။ ထိုအခါ ထိုအရှင်မြတ်က အို-အီဗ်လိစ်၊ အသင်သည် ပျပ်ဝပ်ဦးချသူတို့တွင် အပါအဝင် မဖြစ်ရန် အသင့်၌ မည်သည့်အကြောင်းရှိပေသနည်းဟု မေးမြန်းတော်မူခဲ့လေသည်။

قَالَ لَمۡ أَكُن لِّأَسۡجُدَ لِبَشَرٍ خَلَقۡتَهُۥ مِن صَلۡصَٰلٖ مِّنۡ حَمَإٖ مَّسۡنُونٖ ٣٣

၃၃။ (ထိုအခါ) ယင်းအီဗ်လိစ်က ကျွန်တော်မျိုးသည် အရှင်မြတ်က ပုံသွင်းထားသော အသံမြည်သောရွှံ့ပုပ်ဖြင့် ဖန်ဆင်းတော်မူခဲ့သောလူသားအား ပျပ်ဝပ်ဦးချမည့်သူမဟုတ်ဟု လျှောက်ထားခဲ့လေသည်။

قَالَ فَٱخۡرُجۡ مِنۡهَا فَإِنَّكَ رَجِيمٞ ٣٤

၃၄။ ထိုအရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို-အီဗ်လိစ်) သို့ဖြစ်လျှင် အသင်သည် (ယခုပင်) ဤကောင်းကင်မှထွက်လော့၊ ဧကန်စင်စစ် အသင်သည် နှင်ထုတ်ခြင်းခံရသောသူပင်ဖြစ်ချေပြီ။

وَإِنَّ عَلَيۡكَ ٱللَّعۡنَةَ إِلَىٰ يَوۡمِ ٱلدِّينِ ٣٥

၃၅။ ၎င်းပြင် စင်စစ်ဧကန် ကရဏာတော်မှ ကင်းဝေးခြင်းသည် အစားပေးမည့်နေ့တိုင် အသင်၏အပေါ်၌ ရှိချေမည်။ [၁]

قَالَ رَبِّ فَأَنظِرۡنِيٓ إِلَىٰ يَوۡمِ يُبۡعَثُونَ ٣٦

၃၆။ (ထိုအခါ) ယင်းအီဗ်လိစ်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ပါလျှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား(လူသတ္တဝါအပေါင်းတို့) ရှင်ပြန်ထကြရမည့်နေ့တိုင်အောင် (သေခြင်းမှလည်းကောင်း၊ ပြစ်ဒဏ်ခတ်တော်မူခြင်းမှလည်းကောင်း၊) ရွှေ့ဆိုင်းထားတော်မူပါဟု လျှောက်ထား ပန်ကြားခဲ့လေသည်။

---

① "ကိယာမတ်နေ့တိုင်" ဟူသော အသုံးအနှုန်းသည် အရဗီစာပေ ဝေါဟာရတွင် အမြဲထာဝရ ဟူသော အနက်၌ဖြစ်သည်။ ကိယာမတ်နေ့ဖြစ်ပြီးနောက် အီဗ်လိစ်သည် "လအ်နတ်"မှ လွတ်ကင်းသွားမည်ဟူ၍ကား အလျှင်းမဟုတ်ပေ။

قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ ﴿٣٧﴾

၃၇။ ထိုအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်မှာ သို့ဖြစ်လျှင် ဧကန်မလွဲ အသင်သည် ရွေ့ဆိုင်းထားခြင်းကို ခံရသောသူတစ်ဦးပင် ဖြစ်ပေသည်။

إِلَىٰ يَوْمِ الْوَقْتِ الْمَعْلُومِ ﴿٣٨﴾

၃၈။ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ (ဆိုက်ရောက်မည့်)နေ့တိုင်အောင်။

قَالَ رَبِّ بِمَا أَغْوَيْتَنِي لَأُزَيِّنَنَّ لَهُمْ فِي الْأَرْضِ وَلَأُغْوِيَنَّهُمْ أَجْمَعِينَ ﴿٣٩﴾

၃၉။ (ထိုအခါ) ယင်းအီဗလီစ်က (ဤသို့)လျှောက်ထား ပန်ကြားခဲ့ပြန်၏။ အို-ကျွန်တော်မျိုး၏အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား လွဲချော် မှောက်မှားစေတော်မူခဲ့သောကြောင့် အမှန်ပင် ကျွန်တော်မျိုးသည် ကမ္ဘာလောကတွင် (ပြစ်မှုဒုစရိုက်များကို) ယင်းလူသားတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ပါမည်။ ထို့ပြင် ဧကန်မလွဲ ကျွန်တော်မျိုးသည် ၎င်းတို့အားလုံးကိုပင်လွဲချော်မှောက်မှားအောင်လည်း ပြုလုပ်ပါမည်။

إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ﴿٤٠﴾

၄၀။ သို့ရာတွင် ၎င်းတို့အနက် (အရှင်မြတ်) ရွေးချယ်ထားတော်မူသောအရှင်မြတ်၏ ကျွန်များကိုမူကား (ကျွန်တော်မျိုးသည် လွဲချော် မှောက်မှားအောင် အလျှင်းပြုလုပ်နိုင်မည် မဟုတ်ပါ)။

قَالَ هَٰذَا صِرَاطٌ عَلَيَّ مُسْتَقِيمٌ ﴿٤١﴾

၄၁။ ထိုအရှင်မြတ်က ဤသည်ကား ငါအရှင်မြတ် အထံတော်သို့ (ရောက်စေမည့်) ဖြောင့်မတ်သော လမ်းပင်ဖြစ်သည်ဟု မိန့်ကြားတော်မူလေ၏။

إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ إِلَّا مَنِ

၄၂။ ဧကန်စင်စစ် ငါအရှင်မြတ်၏ ကျွန်များကား လွဲချော် မှောက်မှားသူတို့အနက်မှ အသင့်နောက် သို့လိုက်ခဲ့သူမှအပ အသင်၌၎င်းတို့အပေါ်ဝယ် မည်သို့မျှပင် ဩဇာအာဏာရှိလိမ့်မည်မဟုတ်ပေ။[၁]

① ဤအာယတ်တော်၏ အနက်သဘောမှာ နှစ်မျိုးနှစ်စားဖြစ်နိုင်သည်။

إِلَّا مَنِ اتَّبَعَكَ مِنَ الْغَاوِينَ ﴿٤٢﴾

တစ်နည်း။

ဧကန်စင်စစ် ငါအရှင်မြတ်၏ ကျွန်များအပေါ်ဝယ် အသင့်၌ မည်သို့မျှပင် ဩဇာအာဏာ ရှိမည်မဟုတ်။ သို့ရာတွင် လွဲချော်မှောက်မှားသူများ အနက် အသင့်စကား နားထောင်သူများ (အပေါ် တွင်မူ အသင့် ဩဇာအာဏာရှိပေမည်)။

وَإِنَّ جَهَنَّمَ لَمَوْعِدُهُمْ أَجْمَعِينَ ﴿٤٣﴾

၄၃။ ၎င်းပြင် ဧကန်မလွဲ ဂျဟန္နမ်ငရဲဘုံသည် ၎င်းတို့အားလုံး၏ ချိန်းချက်ပြီးဖြစ်သော ဌာနပင် ဖြစ်ပေသည်။

لَهَا سَبْعَةُ أَبْوَابٍ لِّكُلِّ بَابٍ مِّنْهُمْ جُزْءٌ مَّقْسُومٌ ﴿٤٤﴾

၄၄။ ယင်း*ဂျဟန္နမ်ငရဲဘုံ၌ တံခါးပေါက် ခုနစ်ပေါက်* ရှိ၍ [၁] တံခါးပေါက်အသီးသီးတို့အဖို့ ယင်းအီဗ်လိစ်၏နောက်လိုက်များအနက်မှ ခွဲဝေပြီးဖြစ်သောဝေစုဝေပုံသည် ရှိပေသတည်း။

➤➤ (က) တစ်မျိုးမှာ အလွှာဟ်အရှင်မြတ် ရွေးချယ်ထားတော်မူသော ကျွန်များအပေါ်၌ အီဗ်လိစ်၏ ဩဇာအာဏာ အလျှင်းမရှိပေ ဟူ၍ဖြစ်၏။

(ခ) အခြားတစ်မျိုးမှာ အလွှာဟ်အရှင်မြတ်၏ မည်သည့်ကျွန်တစ်ဦးတစ်ယောက်ကိုမျှ အီဗ်လိစ်သည် အတင်းအဓမ္မ အလျှင်းမပြုနိုင်ပေ။ သို့ရာတွင် အကြင်သူတစ်ဦးသည် မိမိ၏စေတနာအလျောက် မိမိ၏ မိုက်မဲမှုဖြင့် မိမိကိုယ်တိုင် အီဗ်လိစ်၏စကားကို နားထောင်သော်၊ ထိုသူသည် မိမိစေတနာအလျောက် ပျက်စီးသွားပေမည်၊ ဆိုလိုသည်ကား အီဗ်လိစ်သည် လူသားတစ်ဦးအား အမျိုးမျိုးသွေးဆောင် ဖြားယောင်းနိုင်၏။ သို့ရာတွင် အတင်းအဓမ္မကား အလျှင်းမပြုနိုင်ပေ။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၁၄:၂၂)တွင် အတိအလင်းပါရှိသည်။

① အတိတ်ခေတ် အချို့မုဖတ်စိစိရ်များက "ဂျဟန္နမ်၌ တံခါးပေါက်ခုနစ်ပေါက်ရှိသည်" ဟူသည် ထက်အောက် အထပ် ခုနစ်ထပ်ကို ရည်ညွှန်းသည်ဟု ဆိုကြသည်။ သာဝကကြီး အီဗ်နအဗ္ဗာစ် သခင်က အဆိုပါ အထပ်ခုနစ်ထပ်၏ အမည်များကိုပင် အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။

၁။ ဂျဟန္နမ်၊ ၂။ စအီရ်၊
၃။ လဗွာ၊ ၄။ ဟုတွမဟ်၊
၅။ စကရ်၊ ၆။ ဂျဟီမ်၊ ၇။ ဟာဝိယဟ်၊

"ဂျဟန္နမ်" ဟူသောပုဒ်သည် ငရဲဘုံတစ်ခုလုံးအတွက်လည်း အသုံးဖြစ်သည်။ ငရဲဘုံ၏ အထပ်တစ်ခုအဖို့လည်း အသုံးဖြစ်၏။ ➤➤

إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ ﴿٤٥﴾

၄၅။ ဧကန်မလွဲ သူတော်စင် သူတော်မြတ်တို့မှာ မူကား [၁] ဥယျာဉ်များ၌လည်းကောင်း၊ စိမ့်စမ်းများ၌လည်းကောင်း၊ ရှိကြပေမည်။

ادْخُلُوهَا بِسَلَامٍ آمِنِينَ ﴿٤٦﴾

၄၆။ (ယင်းသူတော်စင်သူတော်မြတ်တို့အား ကိယာမတ်နေ့တွင်) "အသင်တို့သည် ယင်းဥယျာဉ်များသို့ (စိုးရိမ်ကြောင့်ကြမှု အပေါင်းမှ) ငြိမ်းချမ်းလျက် (ဘေးအန္တရာယ် အသွယ်သွယ်တို့မှ) ကင်းလွတ်စွာ ဝင်ရောက်ကြလေကုန်" (ဟုမိန့်ကြားတော်မူမည်။)

وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ إِخْوَانًا عَلَىٰ سُرُرٍ مُّتَقَابِلِينَ ﴿٤٧﴾

၄၇။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းသူတော်စင်တို့၏ စိတ်နှလုံးများတွင် (ကျန်)ရှိနေသေးသော ရန်ငြိုးရန်စ အာဃာတကို ထုတ်ပစ်တော်မူမည်။ (ငင်းတို့သည်) သလွန်များပေါ်၌ မျက်နှာချင်းဆိုင်ကြလျက် ညီသား အစ်ကိုများဖြစ်ကာ (ခင်မင်ရင်းနှီးစွာ) ရှိနေကြပေမည်။ [၂]

➤➤ အချို့ မုဖတ်စ်စိရ်များက ဂျဟန္နမ်၏ တံခါးခုနစ်ပေါက်ဟူသည် အထပ် ခုနစ်ထပ်ကို ဆိုလိုသည် မဟုတ်၊ တံခါးပေါက် ခုနစ်ပေါက်ကိုပင် ဆိုလိုသည်။ ငရဲလားမည့်သူများသည် အဆိုပါတံခါးပေါက်များမှ အသီးသီး ဝင်ကြရမည်ဖြစ်သည်ဟု ဆိုကြသည်။

① "မွတ္တကီ" သူတော်စင်များတွင် ကုဖ်ရိ၊ ရှရစ်က်ကို ရှောင်ကြဉ်သော "မုအ်မင်နိ်" များအားလုံးပင် အကျုံးဝင်ပေသည်။

② ဤပစ္စက္ခ မျက်မှောက်ဘဝတွင် မွတ္တကီ သူတော်စင်များ၌ပင် အချင်းချင်း လူ့သဘာဝအလျောက် မနာလိုစိတ်၊ မလိုမုန်းတီးစိတ်၊ အာဃာတ မရှလိုစိတ်၊ ငြူစူမှု၊ ငြိုငြင်မှုများသည် နည်းများမဆို ရှိပေသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်သည် နောင်တမလွန်ဘဝတွင် ထိုသည့် မလိုမုန်းတီးစိတ်များကို ဂျန္နတ်သားတို့၏ စိတ်နှလုံးများအတွင်းမှ လုံးဝ ကင်းစင်စေတော်မူမည် ဖြစ်သည်။ ထို့အတွက်ကြောင့် ဂျန္နတ်သားတို့သည် ဂျန္နတ်တွင် အချင်းချင်းလုံးဝ သန့်သန့်ရှင်းရှင်း ညီအစ်ကိုရင်းပမာ ချစ်ကြည်စွာ ရှိကြပေမည်။

ဤပစ္စက္ခတွင် သူတော်စင်များ၌ လူ့သဘာဝလျောက် အချင်းချင်း အထင်အမြင်မှားမှု၊ မကျေနပ်မှု၊ မလိုမုန်းတီးမှု၊ ငြူစူမှု၊ ငြိုငြင်မှုများ ဖြစ်ပေါ်ခြင်းသည် တာကွာဝါတရားနှင့် မဆန့်ကျင်ပေ။

لَا يَمَسُّهُمْ فِيهَا نَصَبٌ وَمَا هُم مِّنْهَا بِمُخْرَجِينَ ﴿٤٨﴾

၄၈။ ၎င်း(သူတော်စင်)တို့၌ ယင်းဥယျာဉ်များတွင် မည်သည့်ဘေးဒုက္ခမျှလည်း သက်ရောက်မည် မဟုတ်ပေ၊ ၎င်းပြင် ထိုသူတို့သည် ယင်းဥယျာဉ်များမှ နှင်ထုတ်ခြင်း ခံကြရမည်လည်း မဟုတ်ပေ။

نَبِّئْ عِبَادِي أَنِّي أَنَا الْغَفُورُ الرَّحِيمُ ﴿٤٩﴾

၄၉။ (အို-နဗီတမန်တော်) အသင်သည် ငါအရှင်မြတ်၏ကျွန်များအား ဧကန်မလွဲ ငါအရှင်မြတ်သည် သာလျှင် အလွန်တရာ လွတ်ငြိမ်း ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူကြောင်း ပြောကြားပါလေ။

وَأَنَّ عَذَابِي هُوَ الْعَذَابُ الْأَلِيمُ ﴿٥٠﴾

၅၀။ ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်း အလွန်ပြင်းထန်သောပြစ်ဒဏ်ဖြစ်ကြောင်း ကိုလည်း (အသင်သည် ပြောကြားလိုက်ပါလေ)။ ၁

---

① အထက်တွင် အပြစ်ရှိသူများနှင့် သူတော်စင်များ၏ နောက်ဆုံးအဖြစ်ကို မိန့်ဆိုထားတော်မူ၏။ ဤအာယတ်တော်တွင် သတိပေးထားတော်မူသည်မှာ - အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များသည် တစ်နည်းမဟုတ် တစ်နည်း အခါခပ်သိမ်း ပေါ်လွင်ထင်ရှားလျက်ပင် ရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏အဖန်ဆင်းခံအားလုံးတို့အား အလွန်သနားကြင်နာတော်မူ၏။ သနားကြင်နာမှုဆိုရာ၌လည်း အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုသာလျှင် အစစ်အမှန်ဖြစ်ပေသည်။ လူလောကတွင် ရှိရှိသမျှသော သနားကြင်နာမှုများသည်လည်း ထိုအရှင်မြတ်၏ သနားကြင်နာမှု၏ အရိပ်အယောင် အကျိုးမျှသာဖြစ်ပေသည်။ သို့ပါလျက် အကြင်သူတစ်ဦးသည် မိမိ၏မိုက်မဲမှုကြောင့် ကရုဏာတော်၏ တံခါးများကို ပိတ်ထားသော် ထိုအရှင်မြတ်သည် ထိုသို့သောသူအား ကြီးလေးသောပြစ်ဒဏ်ကို ပေးတော်မူသည်။ ဤသည် မည်သူမဆို မိမိမှုဆိုသကဲ့သို့ မိမိ၏မိုက်မဲမှုပင်။ ထို့အတွက်ကြောင့် လူသားတို့သည် အတင့်လည်းမရဲရာ မက်လည်းမကင်းရာ။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် မိမိဂုဏ်တော်နှစ်ပါးကို မိန့်ဆိုထားတော်မူသည်။ ထိုအရှင်မြတ်သည် အလွန် သနားကြင်နာတော်မူသောအရှင်လည်း ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်သည် အလွန်ပြင်းထန်သည်။ ထို့အတွက် မုအ်မင်နှတစ်ဦး၏ စိတ်သည် မျှော်လင့်ချက်နှင့် စိုးရိမ်ချက်နှစ်ခု၏စပ်ကြားတွင် ရှိနေရပေမည်ဟု တမန်တော်မြတ်က မိန့်ဆိုတော်မူခဲ့ခြင်းဖြစ်သည်။ လူသားတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ အစအဆုံးမရှိသော ကရုဏာတော်များကို စဉ်းစားမိသောအခါ အဘက်ဘက်တွင် မျှော်လင့်ချက် ရှိလာလေသည်။ တစ်ဖန် မိမိ၏အပြစ်များ၊ မှားယွင်းချက်များကို စဉ်းစားမိပြန်သောအခါ မျှော်လင့်ချက်သည် စိုးရိမ်ချက်နှင့် ပြောင်းလဲသွားလေသည်။ ➤➤

وَنَبِّئْهُمْ عَنْ ضَيْفِ إِبْرٰهِيمَ ﴿٥١﴾

၅၁။ ထိုမှတပါး(အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား (နဗီတမန်တော်)အီဗ်ရာဟီမ်၏ ဧည့်သည်များနှင့်ပတ်သက်၍လည်းအကြောင်းကြားပါလေ။ ၁

إِذْ دَخَلُوا عَلَيْهِ فَقَالُوا سَلٰمًا ۖ قَالَ إِنَّا مِنْكُمْ وَجِلُونَ ﴿٥٢﴾

၅၂။ တစ်ရံရောအခါဝယ် ထိုဧည့်သည်များသည် ယင်း (နဗီတမန်တော်)အီဗ်ရာဟီမ်၏ထံသို့ ဝင်ရောက်ခဲ့ကြကုန်၏။ ထိုအခါဝယ် ယင်းဧည့်သည်တို့က "စလာမ်" ငြိမ်းချမ်းသာယာမှုသည် (အသင်တို့အပေါ်၌) သက်ရောက်ပါစေသားဟု ပြောဆိုခဲ့ကြကုန်၏။ (ထိုအခါ) ယင်း(နဗီတမန်တော်)အီဗ်ရာဟီမ်က ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကြောက်ရွံ့စိုးရိမ်ကြပါသည်ဟု ပြောဆိုခဲ့လေသည်။

قَالُوا لَا تَوْجَلْ إِنَّا نُبَشِّرُكَ بِغُلٰمٍ عَلِيمٍ ﴿٥٣﴾

၅၃။ (ထိုအခါ) ယင်းဧည့်သည်တို့က (အို-အီဗ်ရာဟီမ်) အသင်သည် မကြောက်ပါလေနှင့်၊ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဉာဏ်ပညာနှင့်ပြည့်စုံသော သားတော်တစ်ပါးနှင့် ပတ်သက်၍ ဝမ်းမြောက်ဖွယ် သတင်းပေးကြပါသည်ဟု ပြောကြားခဲ့ကြလေသည်။

قَالَ أَبَشَّرْتُمُونِي عَلٰى أَنْ مَسَّنِيَ الْكِبَرُ فَبِمَ تُبَشِّرُونَ ﴿٥٤﴾

၅၄။ ထို(နဗီတမန်တော်အီဗ်ရာဟီမ်)က အကျွန်ုပ်၌ အသက်အရွယ်အိုမင်းမှုသည် ဆိုက်ရောက်နေပါလျက် အသင်တို့သည် အကျွန်ုပ်အား သတင်းကောင်းပေးကြလေသလော၊ သို့ဖြစ်ပေရာ အသင်တို့သည် မည်သည့်အကြောင်းနှင့်စပ်လျဉ်း၍ သတင်းကောင်းပေးကြပါသနည်း၊ ဟု ပြောဆို မေးမြန်းခဲ့လေသည်။ ၂

➤➤ ဤအာယတ်တော်၌ ပါရှိသည့် ကောင်းချီးသတင်းတွင် မုအ်မင်န်သူတော်စင်များ အကျုံးဝင်သကဲ့သို့ အပြစ်ရှိသော မုအ်မင်န်များလည်း အကျုံးဝင်ပေသည်။

① တမန်တော်လူတ်၏ အမျိုးသားများအနက် ဆိုးသွမ်းယုတ်မာသော သူယုတ်တို့အား ကွပ်မျက်ရန် ရောက်ရှိလာခဲ့သော ကောင်းကင်တမန်များသည် လမ်းခရီးတွင် တမန်တော်အီဗ်ရာဟီမ်ထံသို့ ဝင်ရောက်ပြီး ➤➤

قَالُوا بَشَّرْنٰكَ بِالْحَقِّ فَلَا تَكُنْ مِّنَ الْقٰنِطِيْنَ ﴿٥٥﴾

၅၅။ ထိုဧည့်သည်တို့က ကျွန်ုပ်တို့သည် အသင့်အား အဟုတ်အမှန် (ဖြစ်မည့်ကိစ္စ)နှင့် စပ်လျဉ်း၍ သတင်းကောင်းပေးကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ အသင်သည် မျှော်လင့်ချက် ကင်းသူတို့အနက်မှ မဖြစ်ပါလေနှင့်ဟု ပြောဆို ဖြေကြားခဲ့ကြပေသည်။

قَالَ وَمَنْ يَّقْنَطُ مِنْ رَّحْمَةِ رَبِّهٖٓ اِلَّا الضَّآلُّوْنَ ﴿٥٦﴾

၅၆။ ထို(နဗီတမန်တော်)အီဗ်ရာဟီမ်က အမှန်စင်စစ် လမ်းလွဲသူတို့မှတစ်ပါး မည်သူသည် မိမိအားဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် ကင်းပါသနည်း၊ ဟု ပြောဆိုခဲ့၏။

قَالَ فَمَا خَطْبُكُمْ اَيُّهَا الْمُرْسَلُوْنَ ﴿٥٧﴾

၅၇။ (တစ်ဖန်) ယင်း(နဗီတမန်တော်)အီဗ်ရာဟီမ်က (ဆက်လက်၍) အို-စေလွှတ်ခြင်းခံကြရကုန်သော (ကောင်းကင်တမန်တို့၊) ထို့နောက် အသင်တို့၌ (ဆောင်ရွက်ရန်) မည်သည့်ကိစ္စ ရှိနေပါသေးသနည်း ဟု ပြောဆိုမေးမြန်းခဲ့ပြန်၏။

➤➤ ကောင်းချီးသတင်း ပေးသွားခဲ့ကြသည့် အကြောင်း ကုရ်အာန် (၁၁း၆၉-၈၃)တွင် အကျယ် ဖွင့်ဆို ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

(၂) သက်ရွယ်အိုမင်း ရင့်ရော်၍ မျှော်လင့်ချက် မရှိတော့သည့်အခါကျမှ ယခုကဲ့သို့ အံ့ဖွယ်သရဲ သားတော် တစ်ပါးရရှိမည့် ကောင်းချီးသတင်း ကြားရသည့်အတွက် တမန်တော်အီဗ်ရာဟီမ်သည် (အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် ယင်းသို့ဖြစ်နိုင်သည်ကို မယုံကြည်၍ကား မဟုတ်) လူ့အဘာဝအလျောက် အံ့သြမိခြင်း သာလျှင် ဖြစ်သည်။

လူ့စိတ်ဓာတ်၏ ထူးခြားချက်တစ်ရပ်မှာ မျှော်လင့်ချက်မရှိသည့် အချိန်အခါမျိုးတွင် ထူးဆန်း အံ့သြဖွယ်ရာ သတင်းကောင်းတစ်ရပ်ကို ကြားရသောအခါ ထိုသည့်သတင်းစကားကို စိတ်တွင်းမှ ယုံကြည်နေပါ လျက်နှင့်ပင် အံ့သြကြီးစွာဖြင့် နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းလေ့ရှိသည်။

ထိုအခါ သတင်းပေးသူများက မိမိတို့ပေးသော သတင်းစကားများကို လေးနက်သည်ထက် လေးနက်အောင်၊ ရှင်းသည်ထက်ရှင်းအောင် ခိုင်မာတိကျပြတ်သားစွာ အခါခါ ထပ်မံပြောကြားလေ့ရှိကြသည်။

တစ်နည်းအားဖြင့် ယုံကြည်နေပါလျက် ယင်းကဲ့သို့ အံ့သြကြီးစွာဖြင့် မေးမြန်းခြင်းမှာ ယင်းသည့် ကောင်းချီးသတင်းကို ပိုမိုခိုင်မာ ထင်ရှားစေရန်နှင့် အထပ်ထပ်အခါခါ ကြားနာကာ နားအရသာခံစားရန်ပင် ဖြစ်ပေသည်။ ဤသည့်သဘောမျိုးဖြင့် တမန်တော် အီဗ်ရာဟီမ်ကလည်း ကောင်းကင်တမန်များအား အံ့သြကြီးစွာဖြင့် မေးမြန်းခဲ့ခြင်းဖြစ်ပေသည်။

قَالُوٓا۟ إِنَّآ أُرْسِلْنَآ إِلَىٰ قَوْمٍ مُّجْرِمِينَ ﴿٥٨﴾

၅၈။ ယင်း(ကောင်းကင်တမန်)တို့က (ဤသို့) ဖြေကြားခဲ့ကြလေသည်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် ပြစ်မှု ကျူးလွန်ကြကုန်သောလူမျိုးထံ စေလွှတ်ခြင်းကို ခံခဲ့ကြရလေသည်။

إِلَّآ ءَالَ لُوطٍ ۖ إِنَّا لَمُنَجُّوهُمْ أَجْمَعِينَ ﴿٥٩﴾

၅၉။ သို့ရာတွင် (နဗီတမန်တော်)လူတ်၏ အိမ်ထောင်စုသားတို့မပါ၊ သို့ရာတွင် ဧကန်အမှန် ကျွန်ုပ်တို့သည် ထိုတမန်တော်လူတ်၏ အိမ်ထောင်စုသားအားလုံးကို ကယ်တင်မည့်သူများပင် ဖြစ်ကြပေသည်။

إِلَّا ٱمْرَأَتَهُۥ قَدَّرْنَآ ۙ إِنَّهَا لَمِنَ ٱلْغَٰبِرِينَ ﴿٦٠﴾

၆၀။ သို့ရာတွင် ထိုတမန်တော်လူတ်၏ ကြင်ရာမှ တပါး၊ ထိုကြင်ရာနှင့် ပတ်သက်၍ (အလ္လာဟ်အရှင်မြတ်က) မုချ ထိုသူမသည် နောက်ကျန်ရစ်နေကြမည့်သူများတွင် အပါအဝင် ဖြစ်မည်ဟူ၍ ငါအရှင်မြတ် ပြဋ္ဌာန်းတော်မူပြီးဖြစ်သည်(ဟု မိန့်ဆိုတော်မူသည်၊)[၁]

فَلَمَّا جَآءَ ءَالَ لُوطٍ ٱلْمُرْسَلُونَ ﴿٦١﴾

၆၁။ ထို့နောက် စေလွှတ်ခြင်း ခံကြရကုန်သော (ကောင်းကင်တမန်)တို့သည် (နဗီတမန်တော်)လူတ်၏ အိမ်ထောင်စုသားတို့ထံသို့ ရောက်ရှိလာကြသောအခါ။

قَالَ إِنَّكُمْ قَوْمٌ مُّنكَرُونَ ﴿٦٢﴾

၆၂။ ထို(နဗီတမန်တော်)လူတ်က ဧကန်စင်စစ် အသင်တို့သည် သူစိမ်းများပင် ဖြစ်ကြကုန်သည်ဟု ပြောဆိုလေသည်။

---

① မှတ်ချက်။

တမန်တော်လူတ်(အလိုင်ဟစ္စလာမ်)၏ အတ္တုပ္ပတ္တိကို ကုရ်အာန်(၆း၈၇)တွင် အကျယ်ရေးသားခဲ့ပေပြီ။ (قَدَّرْنَآ ۙ إِنَّهَا لَمِنَ ٱلْغَٰبِرِينَ) ဟူသော ဝါကျတော်သည် အလ္လာဟ်အရှင်မြတ် မိန့်မြွက်တော်မူသော ဝါကျတော်လည်း ဖြစ်နိုင်သည်။ သို့ဖြစ်လျှင် ပြဿနာမပေါ်ချေ။ ဤဝါကျတော်သည် ကောင်းကင်တမန်များ ပြောဆိုသော စကားလည်းဖြစ်နိုင်သည်။ သို့ဖြစ်လျှင် လင်းပြရန်လိုမည်။ လင်းပြဦးအုံ-။

ဤဝါကျတော်သည် မျက်မြင်အားဖြင့် ပြစ်ဒဏ်ခတ်ရန် ရောက်ရှိလာခဲ့ကြသော ကောင်းကင်တမန်များ ပြောဆိုသော စကားနှင့်တူသည်။ အဘယ့်ကြောင့်ဆိုသော် ကောင်းကင်တမန်များသည် ထိုအချိန်တွင် အလ္လာဟ် အရှင်မြတ်၏ ပြဋ္ဌာန်းချက်ကို အကောင်အထည် ဖော်ရန် အလ္လာဟ် အရှင်မြတ် ၏ တာဝန်နှင့် ➤➤

قَالُوْا بَلْ جِئْنٰكَ بِمَا كَانُوْا فِيْهِ يَمْتَرُوْنَ ﴿٦٣﴾

၆၃။ ထို(ကောင်းကင်တမန်တော်)တို့က (ဤသို့) ပြောဆို ပြန်ကြားခဲ့ကြကုန်၏။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ကျွန်ုပ်တို့သည် အသင်၏ ထံသို့၊ ၎င်းတို့ ဒွိဟသံသယဖြစ်နေကြသော ကိစ္စကို ဆောင်ယူ၍ လာခဲ့ကြပါသည်။

وَ اٰتَيْنٰكَ بِالْحَقِّ وَ اِنَّا لَصٰدِقُوْنَ ﴿٦٤﴾

၆၄။ ထိုမှတပါး ကျွန်ုပ်တို့သည် အသင်၏ထံသို့ (အကယ်စင်စစ်)အဟုတ်အမှန်ဖြစ်မည့်ကိစ္စကို ဆောင်ယူခဲ့ကြပါသည်။ ၎င်းပြင် မလွဲဧကန် ကျွန်ုပ်တို့သည် အမှန်ပြောဆိုသူများပင် ဖြစ်ကြကုန်သည်။

فَاَسْرِ بِاَهْلِكَ بِقِطْعٍ مِّنَ الَّيْلِ وَ اتَّبِعْ اَدْبَارَهُمْ وَ لَا يَلْتَفِتْ مِنْكُمْ اَحَدٌ وَّ امْضُوْا حَيْثُ تُؤْمَرُوْنَ ﴿٦٥﴾

၆၅။ သို့ဖြစ်ပေရာ အသင်သည် မိမိအိမ်သူအိမ်သားတို့ကို ညဉ့်၏ အစိတ်အပိုင်းတစ်ခုခုတွင် ခေါ်ဆောင်၍ ထွက်ခွာသွားပါလေ။ ၎င်းနောက် အသင်သည် ၎င်းတို့၏နောက်မှ လိုက်သွားပါလေ။ ၎င်းပြင် အသင်တို့၏အနက်မှတစ်ဦးတစ်ယောက်မျှပင်(နောက်သို့) ပြန်လှည့်၍မကြည့်ရ။ ၎င်းနောက် အသင်တို့(အား)လုံး)သည် မိမိတို့၏အမိန့်ပေးခြင်းခံရသောနေရာသို့သာလျှင် (အာရုံစူးစိုက်၍)သွားကြလေကုန်။

وَ قَضَيْنَاۤ اِلَيْهِ ذٰلِكَ الْاَمْرَ اَنَّ دَابِرَ هٰۤؤُلَآءِ مَقْطُوْعٌ مُّصْبِحِيْنَ ﴿٦٦﴾

၆၆။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုလူတို့၏ထံသို့ “ဧကန်စင်စစ် ထိုမြို့သားများ၏ အခြေအမြစ်သည် နံနက်မိုးလင်းချိန်၌ ဖြတ်တောက်ပြီး ဖြစ်ချိမ့်မည်” ဟူသော စီရင်ဆုံးဖြတ်ချက်ကို ပေးပို့တော် မူခဲ့ပေသတည်း။

وَ جَآءَ اَهْلُ الْمَدِيْنَةِ يَسْتَبْشِرُوْنَ ﴿٦٧﴾

၆၇။ ထို့နောက် (စဒူမ်)မြို့သားတို့သည် ဝမ်းမြောက်ဝမ်းသာစွာ လာခဲ့ကြလေသည်။

➤➤ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။ ထို့အတွက်ကြောင့် ကောင်းကင်တမန်များက အလ္လာဟ်အရှင်မြတ်၏ကိုယ်စားလှယ်အဖြစ်နှင့် ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း (قَدْ رُسِلَ) အကျွန်ုပ်တို့ ပြဋ္ဌာန်းထားပြီးဖြစ်သည်ဟု ပြောဆိုကြခြင်းဖြစ်သည်။

قَالَ إِنَّ هَٰؤُلَاءِ ضَيْفِي فَلَا تَفْضَحُونِ ﴿٦٨﴾

၆၈။ (ထိုအခါ) ယင်း (နဗီတမန်တော်)လူတ်က ဧကန်စင်စစ် ဤသူတို့ကား ငါ၏ဧည့်သည်များပင် ဖြစ်ကြပေရာ အသင်တို့သည် ငါ့အား အရှက်မခွဲကြ ကုန်လင့်ဟု ပြောကြားခဲ့လေသည်။

وَاتَّقُوا اللَّهَ وَلَا تُخْزُونِ ﴿٦٩﴾

၆၉။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ငါ့အား ဂုဏ်ရည်သေးသိမ်အောင် မပြုကြကုန်လင့်။

قَالُوا أَوَلَمْ نَنْهَكَ عَنِ الْعَالَمِينَ ﴿٧٠﴾

၇၀။ ၎င်း(မြို့သား)တို့က ကျွန်ုပ်တို့သည် အသင့်အားလူခပ်သိမ်းတို့(ကို မိမိထံ တည်းခိုစေခြင်း)မှ တားမြစ်ခဲ့ပြီး ဖြစ်ကြသည်မဟုတ်လောဟု ပြောဆိုကြလေသည်။

قَالَ هَٰؤُلَاءِ بَنَاتِي إِنْ كُنْتُمْ فَاعِلِينَ ﴿٧١﴾

၇၁။ (ထိုအခါ) ယင်း(နဗီတမန်တော်)လူတ်က အကယ်၍ အသင်တို့သည် (ငါပြောဆိုသည့်အတိုင်း လိုက်နာ)ပြုလုပ်မည့်သူများ ဖြစ်ကြပါလျှင် ဤငါ၏သမီးများသည် ရှိနေကြပေသည်ဟု ပြောဆိုခဲ့လေသည်။

لَعَمْرُكَ إِنَّهُمْ لَفِي سَكْرَتِهِمْ يَعْمَهُونَ ﴿٧٢﴾

၇၂။ (အို-နဗီတမန်တော် မုဟမ္မဒ်) အသင်၏အသက်ဇီဝိန်၏ကစမ်း၊ စင်စစ်ဧကန် ၎င်းတို့သည် မိမိတို့ မာန်ယစ်မှုဌ်ပင် တွေဝေလျက် ရှိကြကုန်၏။

فَأَخَذَتْهُمُ الصَّيْحَةُ مُشْرِقِينَ ﴿٧٣﴾

၇၃။ သို့ဖြစ်ပေရာ ၎င်းတို့အား ကျယ်လောင်သော အသံသည် နေထွက်ချိန်တွင် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

فَجَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهِمْ حِجَارَةً مِّن سِجِّيلٍ ﴿٧٤﴾

၇၄။ ထိုအခါ ငါအရှင်မြတ်သည် ထိုမြို့၏အထက်ပြင်ကိုအောက်ပြင် ပြုလုပ်တော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်တို့အပေါ်၌ ရွှံ့စေးဖြင့် ပြုလုပ်သော ကျောက်ခဲများကို ရွာသွန်းစေတော်မူခဲ့လေသည်။

إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّلْمُتَوَسِّمِينَ ﴿٧٥﴾

၇၅။ ဧကန်မလွဲဤသည့်(အဖြစ်အပျက်)၌ စဉ်းစားဆင်ခြင်တတ်သော သူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိပေသတည်း။

وَإِنَّهَا لَبِسَبِيلٍ مُّقِيمٍ ﴿٧٦﴾

၇၆။ ထို့ပြင် ဧကန်အမှန်ထို(မြို့ရွာ)သည် စည်ကားလျက်ရှိသောလမ်း၌ အမှန်ပင် တည်ရှိပေသည်။

إِنَّ فِي ذَٰلِكَ لَآيَةً لِّلْمُؤْمِنِينَ ﴿٧٧﴾

၇၇။ မလွဲဧကန်ဤသည့်(အဖြစ်အပျက်)၌ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာသည် အမှန်ပင် ရှိပေသတည်း။

وَإِن كَانَ أَصْحَابُ الْأَيْكَةِ لَظَالِمِينَ ﴿٧٨﴾

၇၈။ ထိုမှတပါး၊ ဧကန်အမှန် *"အိုင်ကဟ်"* (တောအုပ်)၌ နေထိုင်သောသူတို့သည်လည်း [၁] မတရားကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။

فَانتَقَمْنَا مِنْهُمْ ۖ وَإِنَّهُمَا لَبِإِمَامٍ مُّبِينٍ ﴿٧٩﴾

၇၉။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အားလက်စားချေတော်မူခဲ့၏။ ၎င်းပြင် ဧကန်စင်စစ် ထိုမြို့ရွာနှစ်ခုစလုံးသည် ထင်ရှားသောလမ်းပေါ်၌ အမှန်ပင် ရှိနေကြပေသည်။

وَلَقَدْ كَذَّبَ أَصْحَابُ الْحِجْرِ الْمُرْسَلِينَ ﴿٨٠﴾

၈၀။ ၎င်းပြင် မလွဲဧကန် *"ဟစ်ဂျ်ရ်"*၌ နေထိုင်သောသူတို့သည်လည်း [၂] စေလွှတ်ခြင်း ခံခဲ့ရကုန်သောရာစုလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။

---

① "အတ်ဆွဲဟာဗုလ် အိုင်ကဟ်"၏ အနက်မှာ တောအုပ်၌ နေထိုင်သူများဟူ၍ ဖြစ်သည်။ ၎င်းတို့သည် တမန်တော် ရှူအိုက်ဗ်၏ အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့သည် မဒ်ယန်မြို့တွင် နေထိုင်ခဲ့ကြသည်။ မဒ်ယန်မြို့၏အနီးတွင် တောအုပ်တစ်ခုရှိသည်။ ၎င်းတို့အနက် အချို့သည် ထိုတောအုပ်တွင်လည်း နေကြပေမည်။ (ထိုတောအုပ်တွင် နေထိုင်ခဲ့ကြသည်ကို အကြောင်းပြု၍ ၎င်းတို့အား "အတ်ဆွဲဟာဗုလ် အိုင်ကဟ်" တောအုပ်တွင်နေထိုင်သူများဟု ခေါ်ဝေါ်သုံးနှုန်းကြောင်း ဖြစ်ပေသည်။)

အချို့က အိုင်ကဟ်သားများနှင့် မဒ်ယန်သားများသည် သီးခြားလူမျိုးနှစ်မျိုးဖြစ်ကြသည်။ ထိုလူမျိုးနှစ်မျိုးစလုံးထံသို့ တမန်တော် ရှူအိုက်ဗ် စေလွှတ်တော်မူခြင်း ခံခဲ့ရသည်ဟု ဆိုကြသည်။

وَءَاتَيْنَٰهُمْ ءَايَٰتِنَا فَكَانُوا۟ عَنْهَا مُعْرِضِينَ ﴿٨١﴾

၈၁။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား မိမိသက်သေလက္ခဏာတော်များကို ပေးသနား တော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်း သက်သေလက္ခဏာတော်များမှ မျက်နှာလွှဲဖယ်သူများ ပင် ဖြစ်ခဲ့ကြကုန်၏။

وَكَانُوا۟ يَنْحِتُونَ مِنَ ٱلْجِبَالِ بُيُوتًا ءَامِنِينَ ﴿٨٢﴾

၈၂။ ထိုမှတပါး၊ ၎င်းတို့သည် တောင်များကို အိမ်များအဖြစ် ဖောက်ထွင်း၍ ဘေးရန်ကင်းငြိမ်းစွာ နေထိုင် လေ့ ရှိခဲ့ကြကုန်၏။

فَأَخَذَتْهُمُ ٱلصَّيْحَةُ مُصْبِحِينَ ﴿٨٣﴾

၈၃။ ထို့နောက် ၎င်းတို့အား နံနက်မိုးလင်းချိန်တွင် ကျယ်လောင်စွာသော အသံသည် ဖမ်းဆီးကွပ်မျက် ခဲ့လေသည်။

فَمَآ أَغْنَىٰ عَنْهُم مَّا كَانُوا۟ يَكْسِبُونَ ﴿٨٤﴾

၈၄။ ထိုအခါ ၎င်းတို့ ဆည်းပူးခဲ့သမျှတို့သည် ၎င်းတို့အဖို့ လုံးဝ အသုံးမဝင်ခဲ့ချေ။

وَمَا خَلَقْنَا ٱلسَّمَٰوَٰتِ وَٱلْأَرْضَ وَمَا بَيْنَهُمَآ إِلَّا بِٱلْحَقِّ ۗ وَإِنَّ ٱلسَّاعَةَ لَءَاتِيَةٌ ۖ فَٱصْفَحِ ٱلصَّفْحَ ٱلْجَمِيلَ ﴿٨٥﴾

၈၅။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ထိုမြေနှင့်မြေစပ်ကြား၌ရှိရှိသမျှတို့ကိုလည်းကောင်း၊ (အကြောင်းမဲ့မဟုတ်) မှန်ကန်သော ရည်ရွယ်ချက် နှင့်တကွ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ဧကန် မလွဲ (ငါ အရှင်မြတ် သတ်မှတ်ထားတော်မူသော) ကိယာမတ်သည် မုချ ဆိုက်ရောက်လာမည်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ(အိုမုဟမ္မဒ်-နဗီတမန်တော်) အသင်သည် (၎င်းတို့၏ နောက်ယှက်မှုများကို) ကောင်းမွန်စွာ ခွင့်လွှတ်ခြင်းနည်းမျိုးနှင့် ခွင့်လွှတ်ပါလေ။

Ⓙ "အတ်ဆွဲဟာဗုလ်ဟစ်ဂျ်ရ်" ဟူသည် 'ဆမူဒ်' အမျိုးသားများကို ဆိုလိုသည်။ ၎င်းတို့ထံသို့ တမန်တော်ဆွာလိဟ် ပွင့်ရောက်တော်မူခဲ့လေသည်။ ဤကဏ္ဍကို ဤအမျိုးသားများ၏အမည်နှင့်ပင် မှည့်ခေါ်ထားတော်မူ၏။

ဆမူဒ်အမျိုးသားများ၏ အကြောင်းနှင့် တမန်တော်ဆွာလိဟ်၏ အတ္ထုပတ္တိကို ကုရ်အာန် (၇:၇၃)၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

إِنَّ رَبَّكَ هُوَ الْخَلَّاقُ الْعَلِيمُ ﴿٨٦﴾

၈၆။ မလွဲဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်၊ ထိုအရှင်မြတ်သည်ပင်လျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

وَلَقَدْ آتَيْنَاكَ سَبْعًا مِّنَ الْمَثَانِي وَالْقُرْآنَ الْعَظِيمَ ﴿٨٧﴾

၈၇။ ၎င်းပြင်ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား *အဖန်တလဲလဲ (ရွတ်ဖတ် သရဇ္ဈာယ်ရ)သော (အာယတ်တော်)ခုနစ်ပါး*ကို [၁] လည်းကောင်း၊ ကြီးကျယ်မြင့်မြတ်လှစွာသော ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

---

① (سَبْعًا مِّنَ الْمَثَانِي) "အဖန်တလဲလဲ ရွတ်ဖတ်ရသောအရာခုနစ်ခု" ဟူသည် အဘယ်နည်း။ ဤတွင် အဆိုပြားလျက်ရှိ၏။ သို့ရာတွင် အမှန်ဆုံးနှင့် အများကလက်ခံသော အဆိုအရ အဆိုပါ "အဖန်တလဲလဲ ရွတ်ဖတ်ရသောအရာခုနစ်ခု" ဟူသည် စူရဟ်ဖာတိဟဟ် = အဖွင့်ကဏ္ဍတွင် လာရှိသည့် အာယတ်တော်ခုနစ်ပါးကိုပင် ဆိုလိုသည်။ ထိုအာယတ်တော်ခုနစ်ပါးသည် ဆွလာတ်၏ "ရတ်ကာ်အတ်" တိုင်းတွင် ရွတ်ဖတ်ရသည်" ဆုဒိုအာ၊ ဝဓ္ဓီဖဟ်များသည်လည်း အဖန်တလဲလဲ ရွတ်ဖတ်ရသည်။ "အလွာဟ်အရှင်မြတ်သည် တောင်ရာတ်၊ အိန်ဂျီလ်၊ ဇဗူရ်၊ ကုရ်အာန်စသည့် ကျမ်းဂန်များအနက် မည်သည့်ကျမ်းဂန်တွင်မျှ ဤစူရဟ်ဖာတိဟဟ် အဖွင့်ကဏ္ဍကဲ့သို့သော ကဏ္ဍကို ထုတ်ပြန်ချမှတ်တော်မူခဲ့ချေ" ဟူ၍ ဟဒီးဆ်တော်များတွင် လာရှိပေသည်။

ခိုင်လုံသော ဟဒီးဆ်တော်များတွင် တမန်တော်မြတ်က "အဖန်တလဲလဲ ရွတ်ဖတ်ရသော အာယတ်တော်ခုနစ်ပါးတည်းဟူသော မြင့်မြတ်သော ကုရ်အာန်ကျမ်းမြတ်ကို ကျွန်ုပ်ချီးမြှင့်ခြင်းခံရသည်။ ထိုအာယတ်တော်ခုနစ်ပါးသည် ဤအဖွင့်ကဏ္ဍပင်ဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့လေသည်။

ဤမျှသေးငယ်တိုတောင်းလှသော အဖွင့်ကဏ္ဍကို "မြင့်မြတ်သော ကုရ်အာန်ကျမ်းမြတ်" ဟူ၍ သုံးနှုန်းထားတော်မူခြင်းမှာ အဆင့်အတန်းအားဖြင့် မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ဤသည့်သဘောဖြင့် ဤကဏ္ဍကို (اُمّ القرآن) "ကုရ်အာန်ကျမ်းမြတ်၏အမိ" ဟူ၍ သုံးနှုန်းထားတော်မူခြင်းဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဤကဏ္ဍသည် တစ်နည်းအားဖြင့် ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံး၏ အချုပ်၊ အခြေအမြစ်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးသည် ဤကဏ္ဍ၏အဖွင့်ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရသော် ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံး၏ အာဘော်သည် ဤကဏ္ဍတွင် အကျုံးဝင်လျက်ရှိပေသည်။

(مثانى) "မဆာနီ" ဟူသောပုဒ်ကို တစ်နည်းအားဖြင့် ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးအတွက်လည်း သုံးနှုန်းထားတော်မူသည်။ ကုရ်အာန်ကျမ်းမြတ် (၃၉း၂၃)တွင် (اَللّٰهُ نَزَّلَ اَحْسَنَ الْحَدِيْثِ كِتٰبًا مُّتَشَابِهًا مَّثَانِيَ) ဟူ၍လာရှိတော်မူ၏။ အခြားခြားသော ကဏ္ဍများကိုလည်း အခြားခြားသော အကြောင်းအမျိုးမျိုးတို့ဖြင့် "မဆာနီ" ဟူ၍ ခေါ်ဆိုသုံးနှုန်းနိုင်ပေသည်။ သို့တစေလည်း ဤနေရာတွင် ➤➤

لَا تَمُدَّنَّ عَيْنَيْكَ إِلَىٰ مَا مَتَّعْنَا بِهِۦٓ أَزْوَٰجًا مِّنْهُمْ وَلَا تَحْزَنْ عَلَيْهِمْ وَاخْفِضْ جَنَاحَكَ لِلْمُؤْمِنِينَ ﴿٨٨﴾

၈၈။ ငါအရှင်မြတ်သည် ယင်း(ကာဖိရ်)တို့အနက် မှ၊အမျိုးမျိုးအစားစားတို့အား အကျိုးခံစားခွင့်ပေးတော် မူသော ဥစ္စာပစ္စည်းများဘက်သို့ (မိမိ၏ မျက်စိအစုံဖြင့် မော်၍ပင် မကြည့်ပါလေနှင့်)။ *မိမိမျက်စိနှစ်လုံးကို လှည့်၍ပင် အသင်မကြည့်ပါလေနှင့်။* [၁] ထိုမှတပါး အသင်သည် ၎င်းတို့နှင့် ပတ်သက်၍ ဝမ်းနည်းပူဆွေး ခြင်းကိုလည်း မပြုပါလေနှင့်။ [၂] ထိုပြင် အသင်သည် မိမိပခုံးကို မုအ်မင်ခ် သက်ဝင်ယုံကြည်သူတို့အဖို့ နှိမ့်ချပါလေ၊ (ဝါ-၎င်းတို့အား သနားကြင်နာပါလေ)။

وَقُلْ إِنِّىٓ أَنَا ٱلنَّذِيرُ ٱلْمُبِينُ ﴿٨٩﴾

၈၉။ ထိုမှတပါး အသင်သည် (ယင်းကာဖိရ် သွေဖည်ငြင်းပယ်သူတို့အား)ဧကန်အမှန်ငါသည် ထင်ရှား စွာသော သတိပေးရှိုးဆော်သူပင် [၃] ဖြစ်သည်ဟု (အတိအလင်း) ပြောကြားလေလော့။

>> (سَبْعًا مِّنَ ٱلْمَثَانِى وَٱلْقُرْءَانَ ٱلْعَظِيمَ) "အဖန်တလဲလဲ ရွတ်ဖတ်ရသော အာယတ်တော်ခုနစ်ပါးနှင့် မြင့်မြတ်သာ ကုရ်အာန်"ဟူသည် ဤအဖွင့်ကဏ္ဍကိုသာ ဆိုလိုသည်။ အွတ်ဆ်မာနီ။ စ-၃၄၅။ အအ-၁၄။

① မုရ်ရစ်က်၊ ယဟူဒီ၊ နတ်ဆွဲရာနီစသည့် အစွမ်းသတ္တိ၏ ရန်သူများသည်လည်း ဤသခ်ါရပ်စွက်ဘဝ၌ ယာယီအားဖြင့် အနည်းငယ် လောကီစည်းစိမ်များ ရရှိကြပေသည်။ ထိုသည့်စည်းစိမ်များကို တမန်တော်မြတ်သည် မော်၍ကြည့်ရန်ပင် မလိုပေ။ ယင်းသူမိုက်တို့သည် ထိုသည့် လောကီစည်းစိမ်များကို ခေတ္တရရှိထားခြင်းအားဖြင့် ပို၍ပင် ဆိုးသွမ်းမိုက်မဲကြပေမည်။ သို့ဖြစ်ရာ ယင်း ကာဖိရ်၊ မုရ်ရစ်က်တို့သည် ခေတ္တခဏ လောကီစည်းစိမ်များတွင် နစ်မွန်းနေကြပါစေ။

အလ္လာဟ်အရှင်မြတ်သည် အသင်မွတ်စ်လင်မ်တို့အား အတိုင်းမသိ အလွန်ကြီးမားလှသည့် ကုရ်အာန် ကျမ်းမြတ်တည်းဟူသော ဆုလာဘ်ကို ချီမြှင့်ထားတော်မူသည်။ ထိုသည့် ကုရ်အာန်ကျမ်းမြတ်၏ ရေ့တွင် အခြားလောကီ ဥစ္စာပစ္စည်းများသည် အသို့မျှတန်ဖိုးမရှိပေ။

ဟဒီးဆ်တော်များတွင်လာရှိသည်မှာ- "အကြင်သူတဦးသည် ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်ခြင်း ခံရပါလျက် အခြားလောကီစည်းစိမ် တစ်စုံတစ်ရာကို မက်မောသေးပါက ထိုသူသည် အကြီးကိုအငယ်၊ အငယ်ကို အကြီးလုပ်သည် ဟူ၍လာရှိ၏။

② တမန်တော်မြတ်သည် ယင်းကာဖိရ်၊ မုရ်ရစ်က်များနှင့်ပက်သက်၍ ၎င်းတို့သည် အဘယ်ကြောင့်များ မွတ်စ်လင်မ် မဖြစ်ကြပါလိမ့်ဟု တွေးတောပူဆွေးနေရန်မလိုပေ။ မိမိ၏တာဝန်ကိုသာ ကျေပွန်စွာ ထမ်းဆောင်လျက် ရှိနေရန်လိုပေသည်။ သနားကြင်နာ ထောက်ထားညှာတာအပ်သူများမှာ (ဆင်းရဲနွမ်းပါးသော) မွတ်စ်လင်မ်များသာ ဖြစ်ကြပေသည်။

كَمَآ أَنزَلْنَا عَلَى ٱلْمُقْتَسِمِينَ ﴿٩٠﴾

၉၀။ ငါအရှင်မြတ်သည် ကျိန်တွယ်သော (ခွဲဝေသော)သူတို့အပေါ်၌ (ပြစ်ဒဏ်) ချပေးတော်မူဘိသကဲ့သို့ပင် (ငင်းတို့အပေါ်လည်းချပေးတော်မူမည်၊)

ٱلَّذِينَ جَعَلُوا۟ ٱلْقُرْءَانَ عِضِينَ ﴿٩١﴾

၉၁။ အကြင်သူတို့သည်၊ ထိုသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အစိတ်အစိတ် အပိုင်းပိုင်း ပြုလုပ်ခဲ့ကြလေသည်။ [၁]

---

② မည်သူမည်ဝါနာခံသည်ဖြစ်စေ၊ မနာခံသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို ပြတ်သားစွာဟောကြား၍ သွေဖည် ငြင်းဆန် မနာခံမှုများကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကိုလည်း ပွင့်လင်းစွာ သတိပေးရမည်သာဖြစ်သည်။

စိတ်နှလုံးကို လှည့်ပေးခြင်းသည် တမန်တော်မြတ်၏ အလုပ်မဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ အလုပ်သာဖြစ်သည်။ ထို့အတွက် တစ်ဦးတစ်ယောက်၏ အီမာန်မယုံကြည်မှုကြောင့် စိတ်ဆင်းရဲတော်မူရန် မလိုပေ။

③ ဤအာယတ်တော်နှင့် စပ်လျဉ်း၍ "မုဖတ်စ်စစ်ရ်" များသည် အနက်အမျိုးမျိုး ဖွင့်ဆိုထားကြသည်ကို တွေ့ရှိရသည်။

ထာနဝီသခင်၏အဖွင့်။

အတိတ်ခေတ်တွင် အချို့သူများသည် ကျမ်းဂန်လာ ဒေသနာတော်များအနက် မိမိတို့အာသာဆန္ဒနှင့် ကိုက်ညီသောအရာကို လက်ခံခဲ့ကြ၏။ မိမိတို့အာသာဆန္ဒနှင့် မကိုက်ညီသော အရာကိုမူ ငြင်းပယ်ခဲ့ကြ၏။ ထိုသူများမှာ အတိတ်ခေတ် ယဟူဒီ၊ နဆ်ရာနီများကို ဆိုလိုသည်။

ၚင်းတို့သည် မိမိတို့တမန်တော်များ၏ အဆုံးအမ သြဝါဒများကို သွေဖည်ငြင်းဆန်မနာခံခဲ့ကြသည့်အတွက် ၚင်းတို့အနက်အချို့ မျောက်တိရစ္ဆာန်များ ဖြစ်သွားခဲ့ကြရလေသည်။ အချို့ဝက်တိရစ္ဆာန်များ ဖြစ်သွားခဲ့ကြလေသည်။ အချို့အသတ်ခံခဲ့ကြရလေသည်။ အချို့ချုပ်နှောင်ဖမ်းဆီးခြင်း ခံခဲ့ကြရလေသည်။ ဤသည်တို့ကား သမိုင်းစဉ်အထင်အရှားပင်။

ဆိုလိုသည်ကား တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်) သတိပေးနေတော်မူသည့် ပြစ်ဒဏ်တော်မှာ အထူးအဆန်းမဟုတ်၊ မဖြစ်နိုင်သောအရာလည်း မဟုတ်၊ ထိုသို့သော ပြစ်ဒဏ်မျိုးသည် အတိတ်ခေတ်များတွင် အကြိမ်ကြိမ် သက်ရောက်ခဲ့ဖူးချေပြီ။

(တမန်တော်မြတ်လက်ထက်တော်ရှိ ကာဖိရ်များ သည်လည်း အတိတ်ခေတ်ယဟူဒီ၊ နဆ်ရာနီများကဲ့သို့ ကျမ်းဂန်လာ ဒေသနာတော်များအနက် မိမိတို့ အာသာဆန္ဒ နှင့် ကိုက်ညီလျှင် လက်ခံ၍ မကိုက်ညီလျှင် ငြင်းပယ်နေကြပေရာ)၊ ၚင်းတို့အပေါ်၌လည်း ပြစ်ဒဏ်တော် သက်ရောက်ပါက အံ့သြဖွယ်ရာ မဟုတ်ပေ။

ဤအာယတ်တွင်ပါရှိသည့် "ကုရ်အာန်" ဟူသော ပုဒ်သည် အဘိဓာန်သဘောအရ ကောင်းကင်ကျကျမ်းဂန်ဟူသော အနက်၌ဖြစ်သည်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာ အလိုင်ဟိဝစ္စလ္လမ်)ထံသို့ ထုတ်ပြန်ချမှတ်ထားတော်မူသည့် ကုရ်အာန်ကျမ်းမြတ်ကို ဆိုလိုသည်မဟုတ်ပေ။ ထာနဝီ။ အ-၆။ စ-၃၃။ ➤➤

فَوَرَبِّكَ لَنَسْـَٔلَنَّهُمْ أَجْمَعِينَ ﴿٩٢﴾

၉၂။ သို့ဖြစ်ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ 'ကစမ်'၊ ဧကန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့အားလုံးကို မုချ စစ်ဆေးမေးမြန်းတော်မူမည်။

عَمَّا كَانُوا يَعْمَلُونَ ﴿٩٣﴾

၉၃။ ၎င်းတို့ ကျင့်မူလျက် ရှိခဲ့ကြကုန်သော အမှုကိစ္စများနှင့် စပ်လျဉ်း၍။

فَاصْدَعْ بِمَا تُؤْمَرُ وَأَعْرِضْ عَنِ الْمُشْرِكِينَ ﴿٩٤﴾

၉၄။ သို့ဖြစ်ပေရာ အသင်သည် မိမိအမိန့်ပေးခြင်းခံရသော အကြောင်းအရာကို *အတိအလင်း ကြေညာပါလေ။* [၁] ၎င်းပြင် အသင်သည် မုရ်ရုစ်က (အခြားအရာများကို အလျှောတ်အရှုင်မြတ်နှင့်တွဲဖက်ကိုးကွယ်သောသူ)တို့အား (အလျှင်းဂရုမစိုက်ဘဲ) လျစ်လျူရှု၍ ထားပါလေ။

➤➤ **မာဂျိဒီ၏အဖွင့်။**

(مقتسمين) "မွတ်က်တစိမိန်" ဟူသောပုဒ်သည် (قَسَم) "ကစမ်" ဟူသော မူရင်းပုဒ်မှ ဆင်းသက်လာ၏။ ယင်းပုဒ်၏ အဓိပ္ပာယ်မှာ ကျိန်ဆိုသူများ၊ သစ္စာဆိုသူများဟူ၍ ဖြစ်သည်၊ ဆိုလိုသည်ကား အစွယ်လာမ့် ရန်သူများသည် တမန်တော်မြတ်အား ဆန့်ကျင်ရန်အတွက် မက္ကာမြို့တွင် အချင်းချင်း ကျိန်ဆိုထားခဲ့ကြ၏။ သစ္စာဆိုထားခဲ့ကြ၏ဟူ၏။ မာဂျိဒီ အ-၃။ စ-၅၄။ အအ-၁၆၂။

အွတ်ဆ်မာနီ၏အဖွင့်။

"မတ်က်တစိမိန်" ခွဲဝေသူများ၏ အလိုသဘောမှာ တမန်တော်မြတ်လက်ထက်ရှိ ယဟူဒီ၊ နဆ္ဒရာနီစသည်တို့ကို ဆိုလိုသည်။ ၎င်းတို့သည် ကုရ်အာန်ကျမ်းမြတ်ကို ခွဲဝေစိတ်ပိုင်းထားကြ၏။ ဆိုလိုသည်ကား ကုရ်အာန်ကျမ်းလာ ဒေသနာတော်သည် ၎င်းတို့၏ အလိုဆန္ဒနှင့်သော်လည်းကောင်း၊ ၎င်းတို့ ကပြောင်းကပြန်ပြုလုပ်ထားသည့် ၎င်းတို့၏ ကျမ်းချက်များနှင့်သော်လည်းကောင်း ကိုက်ညီပါက ထိုသို့သော ကုရ်အာန်ကျမ်းလာ ဒေသနာကိုလိုက်နာကြသည်။ မကိုက်ညီပါက မလိုက်နာကြပေ။

အလိုသဘောမှာ အလျှောတ်အရှုင်မြတ်သည် ယင်းယဟူဒီ၊ နဆ္ဒရာနီများထံသို့ ယခင်က ကျမ်းဂန်များကို ထုတ်ပြန်ချမှတ်တော်မူသကဲ့သို့ တမန်တော်မြတ် ထံသို့လည်း အဖန်တလဲလဲ ရွှတ်ဖတ်ရသော အာယတ်တော်ခုနစ်ပါးနှင့် မြင့်မြတ်သော ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူ၏။ ဤသည် အထူးအဆန်းမဟုတ်ပေ။ ငြင်းဆန်ရန်လည်းမဟုတ်ပေ။

① တမန်တော်မြတ်သည် အစွယ်လာမ်သာသနာ ထွန်းကားခါစအချိန်တွင် အစွယ်လာမ်သာသနာကို လျှို့ဝှက်ဟောကြားခဲ့ရပေသည်။ ဤအမိန့်တော် ကျရောက်လာသောအခါကျမှ တမန်တော်မြတ်နှင့်တကွ ဆွဟာဗဟ် သာဝကကြီးများ ပွင့်လင်းစွာဟောကြားခဲ့ကြလေသည်။ ➤➤

إِنَّا كَفَيْنَاكَ الْمُسْتَهْزِئِينَ ﴿٩٥﴾

၉၅။ ဧကန်မလွဲ ငါအရှင်မြတ်သည် ပြက်ရယ်သမူ ပြုကြသူတို့နှင့် ယှဉ်ပြိုင်ရန် အသင့်အဖို့ လုံလောက်တော်မူ၏။

الَّذِينَ يَجْعَلُونَ مَعَ اللَّهِ إِلَٰهًا آخَرَ ۚ فَسَوْفَ يَعْلَمُونَ ﴿٩٦﴾

၉၆။ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အတူ အခြားကိုးကွယ်ရာများကို (တွဲဖက် ကိုးကွယ်ခြင်းကို)ပြုလုပ်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမြင့်မီ (မိမိတို့ပြုလုပ်ခဲ့ကြသော ရှုရစ်က်၏ အကျိုးကို) သိရှိကြပေမည်။

وَلَقَدْ نَعْلَمُ أَنَّكَ يَضِيقُ صَدْرُكَ بِمَا يَقُولُونَ ﴿٩٧﴾

၉၇။ ထို့မှတပါး ဧကန်စင်စစ် ၎င်းတို့၏ ပြောဆိုမှုကြောင့် အသင်၏ စိတ်နှလုံးကျဉ်းကျပ်သည်ကို ဧကန်မုချ ငါအရှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသည်။

فَسَبِّحْ بِحَمْدِ رَبِّكَ وَكُنْ مِنَ السَّاجِدِينَ ﴿٩٨﴾

၉၈။ သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ (ထိုအရှင်မြတ်၏)ဂုဏ်တော်ကိုလည်း ထင်ရှားစေပါလေ။ ၎င်းပြင် အသင်သည် (ထိုအရှင်မြတ်အား) ပျုပ်ဝပ် ဦးချသူတို့တွင် အပါအဝင်ဖြစ်ပါလေ။ ③

➤➤ သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုမတ်စ်အုဒ်က ပြောပြသည်မှာ တမန်တော်မြတ်သည် (အစပထမတွင်) လျှို့ဝှက်စွာ ဟောပြောနေတော်မူခဲ့၏။ ကုရ်အာန်ကျမ်းလာ အာယတ်တော် (၁၅:၉၄)ကျရောက်လာသည့် အခါကျမှ ပွင့်လင်းစွာ ဟောကြားလာတော်မူခဲ့ပေသည်။ ဒုရ်ရိမန်ဆူရ်။ အ-၄။ စ-၁၀၆။

③ ဤအာယတ်တော်တွင် တမန်တော်မြတ်အား နှစ်သိမ့်စေထားတော်မူ၏။ တမန်တော်မြတ်သည် ကာဖိရ်၊ မုရှ်ရစ်က်၏ နှောင့်ယှက်မှုများကြောင့် စိတ်ကျဉ်းကျပ်တော်မူ၏။ ထိုအခါ ၎င်းတို့ဘက်မှ စိတ်အာရုံပြောင်း၍ တစ်စိတ်တစ်လက်တည်း အလ္လာဟ်အရှင်မြတ် ဂုဏ်တော်မွမ်းရန်၊ ထိုအရှင်မြတ်အားဝတ်ပြုရန် တမန်တော်မြတ်အား မိန့်ကြားထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ ဂုဏ်တော်မွမ်းခြင်း၊ ဝတ်ပြုခြင်းဖြင့် စိတ်နှလုံး ကြည်နူး ရွှင်လန်းသွားပေသည်။ အပူအပင် သောကများကင်းဝေးသွားလေသည်။ ထို့အတွက်ကြောင့်လည်း တမန်တော်မြတ်သည် ဒုက္ခကြီးငယ်များနှင့် တွေ့ကြုံရသည့် အခါတိုင်းတွင် ဆောလျင်စွာ ➤➤

وَٱعۡبُدۡ رَبَّكَ حَتَّىٰ يَأۡتِيَكَ ٱلۡيَقِينُ ٩٩

၉၉။ ထိုမှတပါး အသင်သည် မိမိထံသို့ မုချမလွဲ ဖြစ်မည့် ကိစ္စ (၀၊) မရဏာသေခြင်းတရား ဆိုက်ရောက်လာသည့်တိုင်အောင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ဝတ်ပြုနေပါလေ။[၁]

➤➤ ဆွာလာတ် ဝတ်ပြုတော်မူလေ့ရှိသည်။ (ဆွလာတ်ဝတ်ပြုခြင်းဖြင့် စိတ်ဓာတ်ကြည်လင်ခြင်း။ ပူပန်သောကကင်းစင်ခြင်းတို့မှာ မျက်မြင်ကိုယ်တွေ့ပင်)။

① ဤအာယတ်တော်တွင် (يقين) "ယကီန်" ဟူသည် သေခြင်းတရားကိုသာ ဆိုလိုသည်။ ကုရ်အာန်ကျမ်းမြတ် (၇၄:၄၂-၄၇)တွင် လာရှိသည့်အတိုင်း ဂျဟန္နမ်သားများသည် မိမိတို့ ဆိုးမိုက်မှုများတွင် နစ်မွန်းနေခဲ့ကြသည့် အကြောင်းကို ပြောဆိုရာတွင် (حَتَّىٰٓ أَتَىٰنَا ٱلۡيَقِينُ) "ကျွန်ုပ်တို့ထံသို့ သေခြင်းတရား ရောက်လာသည့် တိုင်အောင်" ဟု ပါရှိသည်။ ဤအာယတ်တော်တွင်လည်း "ယကီန်" ဟူသောပုဒ်ကို သေခြင်းအနက်၌ပင် သုံးထားတော်မူသည်။ သာဝကကြီး အုဆ်မာန် အီဗ်နုမတ်ဇ်အူန် ကွယ်လွန်သေဆုံးကြောင်း ပါရှိသည့် ဟဒီးဆ်သြဝါဒတော်တွင်လည်း ဤ "ယကီန်" ဟူသောပုဒ်ကို သေခြင်းအနက်၌ သုံးထားသည်။ မုဖတ်စ်စစ်ရ် ဖြစ်ခဲ့ကြကုန်သော ဆွဟာဗဟ်များ၊ တာဗိအိန်များကလည်း ဤအတိုင်း ယူဆခဲ့ကြပေသည်။

ပျားကောင် ကဏ္ဍ

سُوْرَةُ النَّحْلِ

ဤကဏ္ဍသည် "နူရဟ်နဟ်လ်" မည်၏၊ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၁၂၈)၊ ရုကူအ်အပိုဒ် (၁၆)အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲသနားကြင်နာတော်မူသော၊
မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

اَتٰٓى اَمْرُ اللّٰهِ فَلَا
تَسْتَعْجِلُوْهُ ۭ سُبْحٰنَهٗ
وَتَعٰلٰى عَمَّا يُشْرِكُوْنَ ①

၁။ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိလာခဲ့ချေပြီ။သို့ဖြစ်ပေရာအသင်တို့သည် ယင်း *အမိန့်တော်ကိုအလျင်စလိုမတောင်းကြကုန်လင့်။* [၁] ထိုအရှင်မြတ်သည် ယင်း (မုရှ်ရစ်က်)တို့ တွဲဖက် နှိုင်းယှဉ် ကိုးကွယ်လျက် ရှိကြသည်တို့မှ သန့်ရှင်း စင်ကြယ် *မြင့်မြတ် လှတော်မူပေသတည်း။* [၂]

---

① "တမန်တော်မြတ်၏ နောက်လိုက်တပည့်များသည် အောင်နိုင်လွှမ်းမိုးကြမည်၊ အမှန်တရားကို ဆန့်ကျင်သော သူများ ရှုံးနိမ့်ကြမည်။ အမှန်တရားကို ဆန့်ကျင်သောသူများသည် ဤပစ္စက္ခဘဝတွင် မွတ်စ်လင်မ် မုဂျာဟစ်ဒ်တို့၏ လက်ချက်ဖြင့် သေကြေပျက်စီးကြရမည်။ နောင်တမလွန်ဘဝတွင် မိမိတို့၏ ကုဖ်ရ်၊ ရှရစ်က်မှုတို့ကြောင့် ဂျဟန္နမ်ငရဲသို့ လားကြရမည်ဖြစ်သည်" ဟူသော အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဆိုက်ရောက်ရန် အချိန်သည် နီးကပ်လာချေပြီ။ ကိယာမတ်ဖြစ်ရန် အချိန်လည်းမဝေးပြီ။ မုချရောက်ရှိလာမည့် အရာတစ်ခုကို ရောက်ရှိပြီး ဖြစ်သည်ဟူ၍ပင် မှတ်ယူထားရမည်ဖြစ်သည်။ သို့ဖြစ်ပေရာ ယင်းကဲ့သို့ မုချရောက်ရှိလာမည့်အရာကို အလျင်စလိုတောင်းဆိုရန်ပင် မလိုပေ။

ကာဖိရ်၊ မုရှ်ရစ်က်တို့က တမန်တော်မြတ်အား "အသင်ပြောဆို ခြိမ်းခြောက်နေသည့် ပြစ်ဒဏ်နှင့် ကိယာမတ်သည် ယခုတိုင် အဘယ်ကြောင့် ရောက်ရှိမလာသေးသနည်း" ဟု ပြက်ရောပြောင်လှောင်သည့် သဘောဖြင့် မေးမြန်းမူခဲ့ကြ၏။ ဤအာယတ်တော်တွင် ယင်းသို့သော ကာဖိရ်တို့အား ရည်ညွှန်းဖြေကြားတော်မူသည်မှာ "အိုကာဖိရ်အပေါင်းတို့၊ အသင်တို့ ဤသို့ပြက်ရယ်သမူ ပြုခြင်းဖြင့် ပြစ်ဒဏ်တော်နှင့် ကိယာမတ်နေ့သည် ရွေ့ပါးသွားမည်မဟုတ်။ မကြာမီအတွင်း မုချဆိုက်ရောက်မည်သာ ဖြစ်သည်။ ယခုကဲ့သို့ အချိန်အနည်းငယ်ကြန့်ကြာနေခြင်းသည် အသင်တို့အဖို့ အကောင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည့်အတောအတွင်း အသင်တို့အနက် အချို့တို့သည် ဝန်ချတောင်းပန်၍ မိမိတို့အမှားကို ပြင်နိုင်စွမ်းရရှိသွားနိုင်ပေသည်။

② အထက်တွင် ပါရှိသည့်အတိုင်း တောင်ဟီးဒ်ကို လိုက်နာကျင့်မူသော မွတ်စ်လင်မ်တို့သည် လွှမ်းမိုးကြမည်မှာ မုချဖြစ်၏။ ကာဖိရ်၊ မုရှ်ရစ်က်တို့သည် ကုဖ်ရ်၊ ရှရစ်က်မှုများကြောင့် ပြစ်ဒဏ်ခံရကြရမည်မှာလည်း ➤➤

يُنَزِّلُ الْمَلٰٓئِكَةَ بِالرُّوْحِ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖٓ اَنْ اَنْذِرُوْٓا اَنَّهٗ لَآ اِلٰهَ اِلَّآ اَنَا فَاتَّقُوْنِ ۝٢

၂။ ထိုအရှင်မြတ်သည် မိမိ၏အမိန့်တော်ဖြင့် မိမိကျွန်များအနက်မှ အလိုရှိတော်မူသော သူများထံ မလာအိကဟ် ကောင်းကင်တမန်များအား [၁] ဝဟ်ယ် အမိန့်တော်နှင့်တကွ [၂] ဆင်းသက် (လာရောက်) စေတော်မူ၏။ [၃] (ထိုအမိန့်တော်မှာ) "အသင် (နဗီတမန်တော်)တို့သည် ဧကန်စင်စစ် ငါအရှင်မြတ်မှတပါး၊ အခြားကိုးကွယ်ရာ အလျှင်းမရှိရာ၊ ငါအရှင်မြတ်အားသာလျှင် ကြောက်ရွံ့ကြရမည်ဟု သတိပေးနှိုးဆော်ကြလေကုန်" (ဟူ၍ဖြစ်သည်)။ [၄]

➤➤ မုချဖြစ်၏။ သို့ဖြစ်ပေရာ တောင်ဟီးဒ်ကိုလက်ခံနာယူ၍ ကုဖ်ရ်၊ ရှရစ်က်အမှုတို့ကို လုံးဝရှောင်ကြဉ်ရန်သာရှိပေသည်။ ကာဖိရ်၊ မုရှ်ရစ်က်တို့ ဆည်းကပ်ကိုးကွယ်နေကြသော အရာများသည် အလွှာဟ်အရှင်မြတ်၏အမိန့်တော်ကို အလျှင်း ပယ်ဖျက်နိုင်သည်လည်း မရှိ။ ထိုအရှင်မြတ်၏ ပြစ်ဒဏ်တော်ကို ကာကွယ်ပေးနိုင်သည်လည်း အလျှင်းမရှိ။

① ဤအာယတ်တော်တွင် လာရှိသည့် "အလ်မလာအိကဟ်" ကောင်းကင်တမန်များဟူသည် ကောင်းကင်တမန်များ၏အမျိုးအစားများအနက် အချို့ကို ဆိုလိုသည်၊ ဥပမာ- ကောင်းကင်တမန် ဂျစ်ဗရလ်၊ သို့မဟုတ် ဝဟီကို ထိန်းသိမ်းစောင့်ရှောက်သော ကောင်းကင်တမန်များကို ဆိုလိုသည်။ ဝဟီကို အချို့ ကောင်းကင်တမန်များက ထိန်းသိမ်းစောင့်ရှောက်ရကြောင်း ကုရ်အာန်ကျမ်းမြတ်(၇၂း၂၇-၂၈)တွင် မိန့်ဆိုထားတော်မူသည်။ အွတ်ဆ်မာနီ။

② ဤအာယတ်တော်တွင် "ရူဟ်" ဟူသည် အလွှာဟ်အရှင်မြတ်ထံတော်မှ တမန်တော်များထံသို့ လျှို့ဝှက်စွာပို့ချတော်မူသည့် ထိုအရှင်မြတ်၏ ဝဟီကိုဆိုလိုသည်။ ဤသည့်သဘောအတိုင်း ကုရ်အာန် ကျမ်းမြတ်(၄၀း၁၅)တွင် မိန့်ဆိုထားတော်မူသည်။

ကုရ်အာန် ကျမ်းမြတ် (၄၂ : ၅၂)တွင် ကုရ်အာန် ကျမ်းမြတ်ကို "ရူဟ်" ဟူ၍ သုံးနှုန်းထားတော်မူသည်။ ကုရ်အာန် ကျမ်းမြတ်ကို လည်းကောင်း၊ အလွှာဟ် အရှင်မြတ်၏ ဝဟီများကို လည်းကောင်း "ရူဟ်" ဟူ၍ သုံးနှုန်း ထားတော်မူခြင်းမှာ အထည်ကိုယ်ဝါရှိသောအရာများတွင် ဝိညာဉ်ကို သွင်းလိုက်သည့်အခါ ထိုအရာများ အသက်ရှင်လာဘိသကဲ့သို့ မိုက်မဲမှု၊ လမ်းမှားမှုစသည့် ရောဂါများကြောင့် သေနေသော စိတ်နလုံးများသည်လည်း အလွှာဟ် အရှင်မြတ်၏ ဝဟီတည်းဟူသော ဝိညာဉ်ကို ရရှိကြသောအခါ အသက်ရှင်၍ လာကြပေသည်။

③ အလွှာဟ်အရှင်မြတ်သည် မိမိ၏ ကျွန်များအနက် မိမိအလိုရှိတော်မူသော သူများထံသို့ ကောင်းကင်တမန်များကို စေလွှတ်၍ ဝဟီပို့ချတော်မူ၏ဟု မိန့်ဆိုထားတော်မူခြင်းမှာ ကာဖိရ်များ၏ စောဒနာတစ်ရပ်ကို ဖြေကြားထားတော်မူခြင်းပင်ဖြစ်သည်။ ကာဖိရ်များက အကယ်၍ အလွှာဟ်အရှင်မြတ်သည် နဗီတမန်တော်တစ်ပါး ရွေးချယ်ရန်ရှိပါက အဗဒုလ္လာဟ်၏သား မုဟမ္မဒ်ကိုပင် ရွေးချယ်လေသလော၊ မက္ကာမြို့နှင့် တွာအစ်ဖ်မြို့တွင် ခေါင်းဆောင်ကြီးငယ်များ သေကုန်ကြပြီလော၌ ဟု စောဒနာဝင်ခဲ့ကြ၏။ ➤➤

خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ؕ تَعٰلٰى عَمَّا يُشْرِكُوْنَ ۝٣

၃။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ မှန်ကန်သော ရည်ရွယ်ချက်နှင့်တကွ ဖန်ဆင်းတော်မူခဲ့လေသည်။ [၁] ထိုအရှင်မြတ်သည် ၎င်းတို့ တွဲဖက်ရှိုင်းယှဉ် ကိုးကွယ်လျက်ရှိကြသည်တို့ထက် မြင့်မြတ်လှတော် မူပေသတည်း။

خَلَقَ الْاِنْسَانَ مِنْ نُّطْفَةٍ فَاِذَا هُوَ خَصِيْمٌ مُّبِيْنٌ ۝٤

၄။ ထိုအရှင်မြတ်သည် လူသားကို ကလလရေကြည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ သို့ဖြစ်ပါလျက် ၎င်းတို့သည် ရုတ်တရက် ထင်ရှားသော အန်တုသူ ဖြစ်လာ၏။

وَالْاَنْعَامَ خَلَقَهَا ۚ لَكُمْ فِيْهَا دِفْءٌ وَّمَنَافِعُ وَمِنْهَا تَاْكُلُوْنَ ۝٥

၅။ ၎င်းပြင် ထိုအရှင်မြတ်သည် အခြေလေးချောင်းတိရိစ္ဆာန်များကိုလည်း ဖန်ဆင်းတော်မူခဲ့လေသည်။ အသင်တို့အဖို့ ထိုခြေလေးချောင်း တိရစ္ဆာန်များ၌ အနွေးထည်သည် လည်းကောင်း၊ အခြားအကျိုး ကျေးဇူးများသည်လည်းကောင်း၊ ရှိပေသည်။ ထိုမှတပါး အသင်တို့သည် ယင်းခြေလေးချောင်း တိရစ္ဆာန်များအနက်မှပင် (စားဖွယ်ရာများကို) စားသုံးကြကုန်၏။

➤➤ ဤအာယတ်တော်တွင် ယင်းသို့သော သူမိုက်တို့အား ဖြေကြားထားတော်မူသည်မှာ အလွှာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင်၊ အလုံးစုံကိုသိတော်မူသော ဉာဏ်တော်အရှင် ဖြစ်တော်မူ၏။ မည်သူမည်ဝါ အားနဗီအဖြစ် ချီးမြှင့်အပ်တော်မူသည်ကို သိတော်မူ၏။ မိမိအလိုတော်အတိုင်း ရွေးချယ်ချီးမြှင့်တော်မူ၏။ မည်သူနှင့်မျှ တိုင်ပင်ရန် ထိုအရှင်မြတ်၌ တာဝန်အလျှင်းမရှိပေ။ ဤသည့်သဘောကို ကုရ်အာန် (၆:၁၂၅။ ၂၂:၇၅)တွင်လည်း မိန့်ဆိုထားတော်မူသည်။

(၄) ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် ပွင့်လေသမျှသော နဗီတမန်တော်အပေါင်းတို့သည် တောင်ဟီးဒ်တရားကို မူလပထမ အဓိကထား၍ ဟောကြားခဲ့ကြကြောင်း၊ ရှရစ်ဂ်ကို တိုက်ဖျက်ခဲ့ကြကြောင်း၊ တာဂူဝါတရားဘက်သို့ ဘိမန္တကပြုခဲ့ကြကြောင်း၊ နဗီတမန်တော်အပေါင်းတို့သည် ဤတွင် တညီတညွတ်တည်း၊ တစ်သံတည်း ဖြစ်ခဲ့ကြကုန်ကြောင်း ကောင်းစွာ သိရှိရပေသည်။

(၅) အလွှာဟ်အရှင်မြတ်သည် မိုး၊ မြေကို မိမိ၏တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တဖြင့် စနစ်တကျ တောင့်တင်း၊ ခိုင်ခံ့၊ တင့်တယ်လျောက်ပတ်စွာ ဖန်ဆင်းတော်မူ၏။ ထိုသည့်အရာများကို ကြည့်ရှုဆင်ခြင်ပါက ဤစကြာဝဠာကြီး၏ ဖန်ဆင်းမှု၊ စီမံကွပ်ကဲအုပ်ချုပ်မှုတို့သည် အနန္တတန်ခိုးတော်ရှင် တစ်ပါး၏ ➤➤

وَلَكُمْ فِيهَا جَمَالٌ حِينَ تُرِيحُونَ وَحِينَ تَسْرَحُونَ ۝٦

၆။ ၎င်းပြင် အသင်တို့အဖို့ ယင်းခြေလေးချောင်း တိရစ္ဆာန်များတွင် အသင်တို့သည် (၎င်းတို့ကို) ညနေချမ်းတွင် စားကျက်မှ (အိမ်သို့) ပြန်သွင်းလာကြသောအချိန်၌လည်းကောင်း၊ အသင်တို့သည် နံနက်ယံတွင် စားကျက်သို့ လွှတ်ကြသော အချိန်၌လည်းကောင်း၊ နှစ်လိုဖွယ်အကြောင်းလည်း ရှိပေသည်။

وَتَحْمِلُ أَثْقَالَكُمْ إِلَىٰ بَلَدٍ لَّمْ تَكُونُوا بَالِغِيهِ إِلَّا بِشِقِّ الْأَنفُسِ ۚ إِنَّ رَبَّكُمْ لَرَءُوفٌ رَّحِيمٌ ۝٧

၇။ ထို့မှတပါး ယင်းခြေလေးချောင်းတိရစ္ဆာန်များသည် အသင်တို့၏ ဝန်စည်စလယ်များကို အသင်တို့အလွန်အမင်း ခဲယဉ်းစွာသာလျှင် ရောက်ရှိနိုင်ကြသောမြို့ရွာသို့ သယ်ပိုး(၍ ပို့ဆောင်)ခြင်းကိုလည်း ပြုကြကုန်သည်။ ဧကန်စင်စစ် အသင်တို့၏အရှင်မြတ်သည် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَالْخَيْلَ وَالْبِغَالَ وَالْحَمِيرَ لِتَرْكَبُوهَا وَزِينَةً ۚ وَيَخْلُقُ مَا لَا تَعْلَمُونَ ۝٨

၈။ ၎င်းပြင် (ထိုအရှင်မြတ်သည်ပင်လျှင်) မြင်း၊ လားနှင့်မြည်း တိရစ္ဆာန်များကိုလည်း အသင်တို့သည် ၎င်းတို့ကို စီးနင်းကြရန်လည်းကောင်း၊ (အသင်တို့အဖို့) လှပတင့်တယ်မှုရှိစေရန်လည်းကောင်း၊[၁] (ဖန်ဆင်းတော်မူခဲ့ပေသည်)။ ထို့နည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့မသိကြသော (မြောက်များစွာသော)အရာများကိုလည်း ဖန်ဆင်းတော်မူလေသည်။ [၂]

➤➤ လက်တွင်း၌သာရှိသည်ကို ကောင်းစွာ သိမြင်နိုင်ပေသည်။ အကယ်တန္တ ဤစကြာဝဠာကြီး၏စီမံကွပ်ကဲအုပ်ချုပ်မှုသည် အရှင်သခင် ၄-၅ပါးတို့၏ လက်တွင်း၌ရှိပါက ဤစကြာဝဠာကြီးသည် ဤမျှပင်တည်ရှိနေမည်မဟုတ်ပေ။ အရှင်သခင် အချင်းချင်း ပြိုင်ဆိုင်ရာမှအစ ဤစကြာဝဠာကြီးသည် ပျက်စီးသွားပြီးပင် ဖြစ်ပေမည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၂၁:၂၂။ ၂၃:၉၁)တွင် မိန့်ဆိုထားတော်မူသည်။

① အတိတ်ခေတ် ကာဖိရ်၊ မုရ်ရစ်တ်တို့သည် မြင်းများကိုလည်း ကိုးကွယ်ခဲ့ကြ၏။ မြည်းများကိုလည်း ကိုးကွယ်ခဲ့ကြ၏။ Hitti က မိမိစီရင်ရေးသားအပ်သော "အရဗ်သမိုင်း" တွင် နဂျ်ဒ်၏မြင်းများ၊ အလ်ဟာစာ၏မြည်းများနှင့် အွမ္မာန်၏ လားများသည် ကမ္ဘာတွင် ကျော်ကြားကြောင်း ထုတ်ဖော်ရေးသားထားသည်။ ➤➤

وَعَلَى اللَّهِ قَصْدُ السَّبِيلِ وَمِنْهَا جَائِرٌ ۚ وَلَوْ شَاءَ لَهَدَاكُمْ أَجْمَعِينَ ﴿٩﴾

၉။ စင်စစ်သော်ကား ဖြောင့်မှန်သော လမ်းကို ပြတော်မူရန်မှာ အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် တည်ရှိပေသည်။ စင်စစ် ထိုလမ်းများအနက် ကွေကောက်သောလမ်းများသည်လည်း ရှိပေသည်။ သို့ရာတွင် အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့အားလုံးကို တရားလမ်းမှန်ကို ပြတော်မူခဲ့ပြီး ဖြစ်ပေသတည်း။ ၁

➤➤ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် မြင်း၊ လားနှင့်မြည်းများကို လူသားတို့စီးနင်းရန်နှင့် လှပတင့်တယ်မှုအတွက် အသုံးပြုရန်အလို့ငှာ ဖန်ဆင်းထားတော်မူခြင်းသာ ဖြစ်သည်။ ကိုးကွယ်ရာများ မဟုတ်ပေ။

ဝေမျှသတ်။

အချို့ဝေမျှသတ်ရှင်များက မြင်း၊ လား၊ မြည်း တိရစ္ဆာန်များ၏ အသားမစားအပ်ဟု ဆိုကြ၏။ သာဓကအဖြစ် ဤအာယတ်တော်ကိုလည်း တင်ပြကြ၏။ ၎င်းတို့၏ တင်ပြချက်မှာ- ကုရ်အာန်ကျမ်းမြတ် (၁၆း၅)တွင် အခြေလေးချောင်း တိရစ္ဆာန်များ အကြောင်း၌ (وَمِنْهَا تَأْكُلُونَ) "အသင်တို့သည် ထိုတိရစ္ဆာန်များအနက်မှ စားသုံးကြသည်"ဟု အတိအလင်း မိန့်ဆိုထားတော်မူ၏။ ကုရ်အာန်ကျမ်းမြတ် (၁၆း၈)တွင် မြင်း၊ လား၊ မြည်းတိရစ္ဆာန်များ အကြောင်း၌မူ (لِتَرْكَبُوهَا وَزِينَةً) "အသင်တို့သည် ယင်းတိရစ္ဆာန်များကို စီးနင်းကြရန်လည်းကောင်း၊ (အသင်တို့အဖို့) လှပတင့်တယ်မှု ရှိစေရန်လည်းကောင်း" ဟူ၍သာ မိန့်ဆိုထားတော်မူ၏။ ဤသည်ကိုထောက်ရှုခြင်းအားဖြင့် ဤ(မြင်း၊ လား၊ မြည်းတိရစ္ဆာန်များ)သည် စီးနင်းရန်နှင့် တင့်တယ်မှုရှိစေရန်အတွက်သာ ဖြစ်ကြောင်း၊ စားသုံးရန်အတွက် မဟုတ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

ကြည့်- မာဂျိဒ်။ အ- ၃။ စ- ၄၅၉။ အအ-၁၁။

① အလ္လာဟ်အရှင်မြတ်သည် အထက်တွင်ဖော်ပြပါ တိရစ္ဆာန်များအပြင် အခြားမြောက်မြားစွာသော ပစ္စည်းများကိုလည်း လူသားတို့ အကျိုးငှာ ဖန်ဆင်းတော်မူလျက်ရှိသည်။ နောင်တွင်လည်း ဖန်ဆင်းတော်မူလျက်ပင် ရှိတော်မူမည်။ သို့ရာတွင် လူသားတို့သည် ထိုသည့်အရာများကို ယခုမသိကြသေးပေ။ ဤအာယတ်တော်တွင် ကမ္ဘာကြီး ပျက်စီးသည် အထိ ဖြစ်ပေါ်လျက် ရှိမည့် အစီးအနင်း အားလုံး တို့သည် အကျုံးဝင်လျက်ရှိပေသည်။

② အထက်တွင်ဖော်ပြပါ အထောက်အထားများနှင့် နောက်တွင်ဖော်ပြပါ အထောက်အထားများကို ထောက်ရှုခြင်းအားဖြင့် သိရှိရသည်မှာ "ဒီန်" သာသနာ၏ ဖြောင့်မတ်မှန်ကန်သော တရားလမ်းသည်သာလျှင် အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပို့ဆောင်၏။ အချို့လမ်းများသည် သာသနာတော်နှင့် ဆန့်ကျင်၏။ ကွေကောက်သည်လည်းဖြစ်၏။

ထိုသည့်လမ်းများသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ အလျင်းမပို့ဆောင်နိုင်ပေ။ အချို့လူသားများသည် ဖြောင့်မတ်မှန်ကန်သော လမ်းကိုလိုက်ကြ၏။ အချို့မှာမူ ကွေကောက်သော လမ်းများကို လိုက်ကြ၏။ အမှန်မှာ အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါမူ လူခပ်သိမ်းတို့အား ဖြောင့်မတ်မှန်ကန်သောတရားလမ်းကို ပြတော်မူ၍ လိုရာပန်းတိုင်သို့ ပို့ဆောင်တော်မူနိုင်သည်။ သို့ရာတွင် ထိုအရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို လိုလားသော သူများအားသာလျှင် လိုရာပန်းတိုင်သို့ ပို့ဆောင်တော်မူသည်။ မလိုလားသောသူတို့အား ပို့တော်မမူချေ။

(တစ်နည်း)

ဖြောင့်မှန်သော သာသနာ့တရားလမ်းသည် (သာလျှင်) အလ္လာဟ်အရှင်မြတ်ထံတော်သို့ ရောက်သည်။ ၎င်းအပြင် အချို့လမ်းများသည် ကွေ့ကောက်သည်လည်းရှိသည်။ ထိုအရှင်မြတ်အလိုတော်ရှိတော်မူခဲ့ပါလျှင် အသင်တို့အားလုံးကို လိုရာ(ပန်းတိုင်)သို့ မုချပို့ဆောင်တော်မူခဲ့ပြီဖြစ်အံ့။

ထာနဝီကိုမိုးသည်။အ-၆။စ-၃၇။

هُوَ الَّذِيْٓ اَنْزَلَ مِنَ السَّمَآءِ مَآءً لَّكُمْ مِّنْهُ شَرَابٌ وَّمِنْهُ شَجَرٌ فِيْهِ تُسِيْمُوْنَ ۝١٠

၁၀။ ထို (အလ္လာဟ်) အရှင်မြတ် သည်ပင်လျှင် (အသင်တို့အဖို့) မိုးကောင်းကင်မှ ရေကိုချပေးတော်မူခဲ့သောအရှင်ဖြစ်တော်မူ၏။ ထိုရေမှပင် အသင်တို့သည် သောက်သုံးကြကုန်၏။ ၎င်းပြင် ထိုရေကြောင့်ပင် (သစ်ပင်၊မြက်ပင်စသည်ဖြင့်၊ အမျိုးမျိုးသော) အပင်(များ)သည် ပေါက်ရောက်လေသည်။ အသင်တို့သည် ထိုအပင်များ၌ပင်(တိရစ္ဆာန်များကို) ထိန်းကျောင်းကြပေသည်။

يُنْۢبِتُ لَكُمْ بِهِ الزَّرْعَ وَالزَّيْتُوْنَ وَالنَّخِيْلَ وَالْاَعْنَابَ وَمِنْ كُلِّ الثَّمَرٰتِ ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّتَفَكَّرُوْنَ ۝١١

၁၁။ ထိုအရှင်မြတ်သည်အသင်တို့၏အကျိုးငှာ ထိုရေဖြင့်ကောက်ပဲသီးနှံများကိုလည်းကောင်း၊ သံလွင်ပင်များကိုလည်းကောင်း၊ စွန်ပလွံပင်များကိုလည်းကောင်း၊ စပျစ်(ပင်)များကိုလည်းကောင်း၊ သီးနှံမျိုးစုံတို့ကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူ၏။ ဧကန်မလွဲဤသည်၌ စဉ်းစားဆင်ခြင် ချင့်ချိန် သုံးသပ်သူတို့အဖို့ အမှန်ပင်သက်သေလက္ခဏာသည်ရှိချေသတည်း။

وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ ۙ وَالشَّمْسَ وَالْقَمَرَ ۭ

၁၂။ ၎င်းပြင်ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အကျိုးငှာ ည၌ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ သူရိယနေမင်းကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း၊ အမိန့်ကို လိုက်နာစေတော်မူခဲ့၏။

وَالنُّجُومُ مُسَخَّرٰتٌۢ
بِأَمْرِهٖ ۗ إِنَّ فِي ذٰلِكَ لَاٰيٰتٍ
لِّقَوْمٍ يَّعْقِلُونَ ﴿١٢﴾
وَمَا ذَرَاَ لَكُمْ فِي الْأَرْضِ
مُخْتَلِفًا أَلْوَانُهٗ ۗ إِنَّ فِي
ذٰلِكَ لَاٰيَةً لِّقَوْمٍ
يَّذَّكَّرُونَ ﴿١٣﴾

ထိုမှတပါး: ကြယ်နက္ခတ်တို့သည်လည်း ထိုအရှင်မြတ်၏ အမိန့်တော်နှင့် လိုက်နာစေခြင်းကို ခံခဲ့ကြရပြီဖြစ်၏။ ဧကန်မလွဲ ဤသည်၌ နားလည်ကြကုန်သော သူတို့အဖို့ သက်သေသာဓကများသည်ရှိကြပေသည်။

၁၃။ ထိုမှတပါး: ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ ပထဝီမြေ၌ ဖန်ဆင်းထားတော်မူသော အရာများကိုလည်း (အမိန့်ကို လိုက်နာစေတော်မူခဲ့လေသည်။) ထိုအရာဝတ္ထုများ၏ အသွေးအရောင် (မျိုး၊မည်၊ ရသာ ရနံ့စသည်တို့မှာ တစ်ခုနှင့်တစ်ခုမတူ) ကွဲပြားခြားနားလျက်ပင် ရှိကြပေသည်။ မုချဧကန်ဤသည်၌ တရားကျကြသူတို့အဖို့ အမှန်ပင် သက်သေသာဓကသည် ရှိချေသတည်း။

وَهُوَ الَّذِي سَخَّرَ
الْبَحْرَ لِتَأْكُلُوا مِنْهُ لَحْمًا
طَرِيًّا وَّتَسْتَخْرِجُوا مِنْهُ
حِلْيَةً تَلْبَسُونَهَا ۚ وَتَرَى
الْفُلْكَ مَوَاخِرَ فِيهِ
وَلِتَبْتَغُوا مِنْ فَضْلِهٖ
وَلَعَلَّكُمْ تَشْكُرُونَ ﴿١٤﴾

၁၄။ စင်စစ်မှာမူကား: ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ပင်လယ်သမုဒ္ဒရာကို အသင်တို့သည် ထိုပင်လယ်သမုဒ္ဒရာမှ လတ်ဆတ်သော အသားကိုစားသုံးကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် ထိုပင်လယ်သမုဒ္ဒရာမှ မိမိတို့ဆင်ယင်ကြကုန်သော လက်ဝတ်လက်စားတန်ဆာများကို ထုတ်ယူ(ဆင်ယင် သုံးစွဲ)ကြအံ့သောငှာလည်းကောင်း၊ နိုင်နင်းစေတော်မူခဲ့၏။ ၎င်းအပြင် အသင်သည် သင်္ဘောများကို ထိုပင်လယ်သမုဒ္ဒရာ၌ ရေကိုခွဲ၍ သွားလာလျက်ရှိကြသည်ကို တွေ့မြင်ရလေသည်။ ထိုမှတပါး: အသင်တို့သည် (ပင်လယ်ခရီးဖြင့် ကူးလူးဆက်ဆံသွားလာခြင်းအားဖြင့်) ထိုအရှင်မြတ်၏ ကျေးဇူးတော်(တည်းဟူသော စီးပွားဥစ္စာ)ကို ရှာဖွေကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည်(အလ္လာဟ်အရှင်မြတ်၏) ကျေးဇူးတော်

များကို သိတတ်ကြအံ့သောငှာလည်းကောင်း၊ (ထို ပင်လယ်သမုဒ္ဒရာကို နိုင်နင်းစေတော်မူခဲ့ပေသည်)။

وَأَلْقَىٰ فِي الْأَرْضِ رَوَاسِيَ أَن تَمِيدَ بِكُمْ وَأَنْهَارًا وَسُبُلًا لَّعَلَّكُمْ تَهْتَدُونَ ﴿١٥﴾

၁၅။ ထို့မှတပါး၊ ထို့အရှင်မြတ်သည် ပထဝီမြေ၌၊ ထိုပထဝီမြေသည် အသင်တို့နှင့်တကွ လှုပ်ရှား(ယိမ်းယိုင်)ခြင်း မပြုရန်၊ (ကျောက်ဆူးများကို) တောင်များကို ချထားတော်မူခဲ့လေသည်။ ထို့ပြင် အသင်တို့ လမ်းရှာ၍တွေ့အံ့သောငှာ မြစ်ချောင်းများကို လည်းကောင်း၊ (ပြုလုပ်တော်မူခဲ့လေသည်)။

وَعَلَامَاتٍ ۚ وَبِالنَّجْمِ هُمْ يَهْتَدُونَ ﴿١٦﴾

၁၆။ ၎င်းပြင် အမှတ်သညာ မှတ်တိုင်များကိုလည်း (ပြုလုပ်တော်မူခဲ့၏)။ ထို့ပြင် ကြယ်နက္ခတ်များဖြင့်လည်း (လူတို့သည်) လမ်းများကို ရှာတွေ့ကြကုန်၏။

أَفَمَن يَخْلُقُ كَمَن لَّا يَخْلُقُ ۗ أَفَلَا تَذَكَّرُونَ ﴿١٧﴾

၁၇။ သို့ပါလျက် ဖန်ဆင်းတော်မူသော အရှင်မြတ်သည် တစ်စုံတစ်ရာကိုမျှ မဖန်ဆင်းနိုင်သော သူကဲ့သို့ ဖြစ်တော်မူပါမည်လော။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်)သတိမရကြလေသသလော။(နားမလည်ကြလေသလော)။ [၁]

وَإِن تَعُدُّوا نِعْمَةَ اللَّهِ لَا تُحْصُوهَا ۗ إِنَّ اللَّهَ لَغَفُورٌ رَّحِيمٌ ﴿١٨﴾

၁၈။ စင်စစ်သော်ကား အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ရေတွက်ကြသည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်များကို (အလျှင်း)ရေတွက်နိုင်ကြမည်မဟုတ်ပေ။ [၂] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① အထက်တွင် ပါရှိခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် လူသားတို့ အကျိုးငှာ ကမ္ဘာအဝန်းကို လိုလေသေးမရှိ ပြည့်ဝစုံလင်စွာ ဖန်ဆင်းထားတော်မူ၏။ ထို့အရှင်မြတ်၏ တန်ခိုးတော်၊ ဉာဏ်တော် ➤➤

وَاللَّهُ يَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ ﴿١٩﴾

၁၉။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ လျှို့ဝှက်ကြသောအကြောင်းကိစ္စများကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေကြကုန်သော အကြောင်းကိစ္စများကိုလည်းကောင်း၊ (ကောင်းစွာ) သိရှိတော်မူပေသည်။

وَالَّذِينَ يَدْعُونَ مِن دُونِ اللَّهِ لَا يَخْلُقُونَ شَيْئًا وَهُمْ يُخْلَقُونَ ﴿٢٠﴾

၂၀။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်၏အပြင် ၎င်းတို့ ဟစ်ခေါ်ကြကုန်သောသူတို့သည် တစ်စုံတစ်ရာကိုမျှ ဖန်ဆင်းနိုင်ကြသည်မဟုတ်၊ ၎င်းတို့(ကိုယ်တိုင်) သည်ပင်လျှင်ဖန်ဆင်းခြင်းကိုခံခဲ့ကြရပေသတည်း။[၁]

أَمْوَاتٌ غَيْرُ أَحْيَاءٍ ۖ وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ ﴿٢١﴾

၂၁။ (၎င်းတို့သည်) သူသေများ(သက်မဲ့များပင်) ဖြစ်ကြကုန်၏။ ရှင်သူများမဟုတ်ကြပေ။ [၂] ထိုမှတပါး ၎င်းတို့မှာမိမိတို့သည် မည်သည့်အချိန်အခါ၌ ရှင်ပြန်ထစေခြင်း ခံကြရမည်ကိုပင် မသိကြချေ။

➤➤ ကရဏာတော်များကား ကြီးမားလှ၏။ အံ့မဆုံးတည်း။ ယင်ကောင်၏ အတောင်တစ်ဖက်၊ ပရွက်ဆိတ်၏ ခြေတစ်ချောင်း၊ မုန်ညှင်းစေ့တစေ့ကိုမျှပင် မပြုလုပ်၊ မဖန်ဆင်းနိုင်သော အရာများသည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်နှင့် အသိုလျှင် တန်းတူဖြစ်နိုင်အံ့နည်း။ အလျှင်းမဖြစ်နိုင်ပေ။ သို့ပါလျက် ယင်းသည့်အရာများကို မုရှ်ရစ်က်များက အလ္လာဟ်အရှင်မြတ်နှင့် တန်းတူထားကိုးကွယ်ခြင်းမှာ ကျေးဇူးကန်းခြင်း၊ မိုက်မဲခြင်းသာ ဖြစ်ပေသည်။ မုရှ်ရစ်က်များသည် ဤမျှကိုပင် မစဉ်းစား မဆင်ခြင်ကြလေသလော။

① အထက်တွင်ဖော်ပြပါ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များမှာ နမူနာအဖြစ် အနည်းငယ်မျှ ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းသာဖြစ်သည်။ အမှန်မှာ – ထိုအရှင်မြတ်၏ ကျေးဇူးတော်များကား အသရေ်၊ အသချေ်မှာဖြစ်သည်။ ကမ္ဘာအဝှမ်း ဝိုင်းဝန်းရေတွက်သော်လည်း ဘယ်သောအခါ၌မျှ ရေတွက်၍ဆုံးမည် အလျှင်းမဟုတ်ပေ။

② အထက်တွင် အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ကရုဏာတော်အနန္တ အကြောင်းများ ပါရှိသည်။ ယခု အာယတ်တော်တွင် မုရှ်ရစ်က်များ၏ မိုက်မဲမှုနှင့် ၎င်းတို့ဆည်းကပ် ကိုးကွယ်နေကြသော ၎င်းတို့ကိုယ်ပိုင် ကိုးကွယ်ရာ ပစ္စည်းများအကြောင်းကို မိန့်ဆိုထားတော်မူသည်။ မုရှ်ရစ်က်တို့၏ ကိုးကွယ်ရာများသည် မြက်တစ်ပင်ကိုမျှပင် မဖန်ဆင်းနိုင်ကြပေ။ ယင်းကိုးကွယ်ရာများသည် တစ်စုံတစ်ရာကို ဖန်ဆင်းနိုင်ရန်ဝေးစွ၊ ၎င်းတို့ကိုယ်တိုင်သည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံအရာများသာ ဖြစ်ကြပေသည်။ သို့ပါလျက် မုရှ်ရစ်က်များသည် ယင်းသို့ စွမ်းရည်သတ္တိ တစ်ရွေးသားမျှမရှိသော အချည်းအနှီးသော အရာများကို အလ္လာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူထား၍ ဆည်းကပ်ကိုးကွယ်ကြသည်မှာ အံ့ဖွယ်ပင်။ ဤသည် ၎င်းတို့၏ မိုက်မဲမှုဖြစ်သည်မှတပါး အခြားအဘယ်ဖြစ်မည်နည်း။

إِلَٰهُكُمْ إِلَٰهٌ وَٰحِدٌ ۚ فَٱلَّذِينَ
لَا يُؤْمِنُونَ بِٱلْءَاخِرَةِ
قُلُوبُهُم مُّنكِرَةٌ وَهُم
مُّسْتَكْبِرُونَ ﴿٢٢﴾

لَا جَرَمَ أَنَّ ٱللَّهَ يَعْلَمُ
مَا يُسِرُّونَ وَمَا يُعْلِنُونَ ۚ إِنَّهُۥ
لَا يُحِبُّ ٱلْمُسْتَكْبِرِينَ ﴿٢٣﴾

၂၂။ အသင်တို့၏ ဓဝပ်ကိုးကွယ်ရာ အရှင်မြတ်သည် တစ်ဆူတည်းသောဓဝပ်ကိုးကွယ်ရာ အရှင်မြတ်ပင် ဖြစ်တော်မူ၏။ သို့ရာတွင် တမလွန်ဘဝကိုမယုံကြည်ကြသော သူတို့၏ စိတ်နှလုံးများသည် (ထို အရှင်မြတ်တစ်ဆူတည်းဖြစ်တော်မူကြောင်းကို) ငြင်းဆိုလျက်ရှိ၍ ၎င်းတို့မှာမူ မာန်မာန ထောင်လွှားလျက်ပင် ရှိကြကုန်၏။

၂၃။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့လျှို့ဝှက်ကြသောအမှုကိစ္စတို့ကိုလည်းကောင်း၊ ထိုသူတို့ထင်ရှားစေကြကုန်သောအမှုကိစ္စတို့.ကိုလည်းကောင်း၊ (အကြွင်းမဲ့) သိတော်မူပေသည်။

ဧကန်အမှန် ထို အရှင်မြတ်သည် မာန်မာန ထောင်လွှား သူတို့အား နှစ်သက်တော် မူသည် မဟုတ်ပေ။

---

(၂၂) အလ္လာဟ်အရှင်မြတ်မှတပါး: မှုရှုရစ်ကျား ဆည်းကပ် ကိုးကွယ်နေကြသောအရာ အားလုံးတို့သည် အသေများသာ ဖြစ်ကြပေသည်။ ယင်းတို့အနက် အချို့သည် သက်ဓဲများဖြစ်သည်။ ဥပမာ-ရုပ်ထု၊ ဆင်းတုများ။

မှုရှုရစ်ကျား ဆည်းကပ်ကိုးကွယ်ကြသော အရာများအနက် အချို့သည် တစ်ချိန်က သက်ရှိများဖြစ်ခဲ့ကြသော်လည်း ယခုမူ သေကုန်ကြပြီ။ ဥပမာ-သေဆုံးသွားလေပြီ ဖြစ်သော အချို့သူတော်စင်များ၊ ၎င်းတို့သည် သေဆုံးသွားကြပြီးနောက်တွင်မှ အကိုးကွယ်ခံ၊ အပူဇော်ခံများဖြစ်နေကြသည်။

မှုရှုရစ်ကျားတို့ ဆည်းကပ်ကိုးကွယ်နေကြသော အရာများအနက် အချို့သည် ယခုအချိန်တွင် အသက်နှင့်ရှိနေကြသော်လည်း နောင်တစ်ချိန်တွင်မူ မုချသေကြေရမည်။ ဥပမာ-တမန်တော် မစီဟ်၊ ရူဟုလ်ကုဒ်၊ ကောင်းကင်တမန်များ၊ ၎င်းတို့အား အချို့တို့သည် ဆည်းကပ်ကိုးကွယ်ကြသည်။

အချို့လူ့သဘာဝ ပျက်စီးနေသော သူများသည် ဂျင်နှင့် "ရှိုင်တွာန်" ကိုပင် ဆည်းကပ်ကိုးကွယ်ကြသည်။ ၎င်းတို့အားလုံးသည်လည်း တစ်ချိန်သော် သေကြရမည်သာ ဖြစ်ကြသည်။

အမှန်မှာ ၎င်းတို့ကိုယ်တိုင်သည်ပင်လျှင် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံများသာ ဖြစ်ကြပေသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အား အချိန်မရွေး ပြန်လည်သိမ်းပိုက် တော်မူနိုင်သည်။ သို့ဖြစ်ပေရာ - ထိုသို့သောအရာများ၊ ပုဂ္ဂိုလ်များသည် အသို့လျှင် ကိုးကွယ်ရာဖြစ်နိုင်ကြအံ့နည်း။

وَإِذَا قِيلَ لَهُم مَّاذَا أَنزَلَ رَبُّكُمْ ۙ قَالُوا أَسَاطِيرُ الْأَوَّلِينَ ﴿٢٤﴾

၂၄။ ထို့ပြင် ၎င်းတို့ကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မည်သည့်အရာကို ချပေးသနားတော်မူပါသနည်း ဟု မေးမြန်းလေသောအခါ၊ ၎င်းတို့က "ရှေးသူဟောင်းတို့နှင့် စပ်လျဉ်း၍ ဖန်တီးထားသော ဒဏ္ဍာရီဝတ္ထုများပင်" ဟု ပြောဆိုဖြေကြားလေသည်။ ၁

لِيَحْمِلُوا أَوْزَارَهُمْ كَامِلَةً يَوْمَ الْقِيَامَةِ ۙ وَمِنْ أَوْزَارِ الَّذِينَ يُضِلُّونَهُم بِغَيْرِ عِلْمٍ ۗ أَلَا سَاءَ مَا يَزِرُونَ ﴿٢٥﴾

၂၅။ နောက်ဆုံး၌ ၎င်းတို့သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် မိမိတို့၏ဝန်ထုပ်များကိုလည်း အပြည့်အဝထမ်းဆောင်ကြရပေမည်။ ထို့မှတပါး၊ ၎င်းတို့သည် (မိမိတို့)အသိပညာမရှိဘဲ လမ်းလွဲစေခဲ့ကြသော သူတို့၏ ဝန်ထုပ်ဝန်ပိုးများကို ထမ်းဆောင်ကြရပေမည်။ ၂ သတိပြုကြလေကုန်။ ၎င်းတို့သယ်ပိုး ထမ်းရွက်ကြကုန်သောဝန်ထုပ်ဝန်ပိုးသည် အဘယ်မျှ ဆိုးရွားလှပေသနည်း။

---

① မှုရှစ်က်များသည် ပြက်ချော်သည့်သဘောဖြင့် အချင်းချင်းသော်လည်းကောင်း၊ သို့မဟုတ် အကြောင်းမသိသောသူများက စုံစမ်းလိုသည့် သဘောဖြင့်သော်လည်းကောင်း၊ အကြောင်းသိသောသူများက စမ်းသပ်လိုသည့် သဘောဖြင့်သော်လည်းကောင်း၊ ယင်းမှုရှစ်က်များအား "အသင်တို့အရှင်က အသင်တို့အပေါ်၌ မည်သည့်အရာကို ချပေးတော်မူသနည်း"ဟု မေးမြန်းကြသောအခါ (ဝါ) တမန်တော် မုဟမ္မဒ်က-ကုရ်အာန်သည် အလွှာဟ်အရှင်မြတ်ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းဂန်ဖြစ်သည်ဟု ဆိုနေသည်။ ဤကိစ္စ တွင် အသင်တို့ အသို့ သဘောထားကြသနည်းဟု မေးမြန်းကြသောအခါ ယင်းမှုရှစ်က်များက "ကုရ်အာန်သည် အတိတ်ခေတ် ကျမ်းဂန်များ၊ ဘာသာများ၏ အခြေအမြစ် မရှိသော (တောင်ဟီးဒ် ။ နဇ္ဇုဝါတ် ၊ ဂျုန္နတ် ၊ ဂျဟန္နမ် စသည့်) ရှေးသူဟောင်းများ၏ စကားများနှင့် အချို့ပုံပြင် ဒဏ္ဍာရီများသာ ဖြစ်သည်ဟု မရိုမသေ မလေးမစား မခန့်မညားဖြေဆိုကြလေသည်။

② ကုရ်အာန်ကျမ်းမြတ်နှင့်စပ်လျဉ်း၍ ယင်းမှုရှစ်က်များက ထိုသို့မလေးမစား ပြောဆိုခြင်းမှာ ကုရ်အာန်ကျမ်းနှင့်စပ်လျဉ်း၍ လူအများ၏စိတ်တွင် အထင်အမြင်သေးစေပြီးလျှင် မိမိတို့နှင့်တကွ သူတစ်ပါးတို့ကိုပါ လမ်းလွဲမှားစေရန်ပင် ဖြစ်သည်။ ဤသို့အားဖြင့် မှုရှစ်က်များသည် မိမိတို့ကိုယ်တိုင်လည်း လမ်းလွဲမှားခဲ့ကြသည်။ သူတပါးတို့အားလည်း လမ်းလွဲမှားစေခဲ့ကြသည်။ သို့ဖြစ်ပေရာ ယင်းမှုရှစ်က်များသည် ကိယာမတ်နေ့တွင် မိမိတို့၏အပြစ်များကို အတိအကျ အပြည့်အဝ ခံကြရမည်သာမက မိမိတို့ လမ်းလွဲမှားစေခဲ့သော သူများ၏အပြစ်များကိုပါ ခံကြရပေမည်။ ဤသည့်သဘောကို ကုရ်အာန်(၂၉း၁၃)တွင်လည်း မိန့်ဆိုထားတော်မူသည်။

တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့သည်မှာ - ➤➤

قَدْ مَكَرَ الَّذِينَ مِن
قَبْلِهِمْ فَأَتَى اللَّهُ
بُنْيَانَهُم مِّنَ الْقَوَاعِدِ
فَخَرَّ عَلَيْهِمُ السَّقْفُ مِن
فَوْقِهِمْ وَأَتَاهُمُ الْعَذَابُ
مِنْ حَيْثُ لَا يَشْعُرُونَ ﴿٢٦﴾
ثُمَّ يَوْمَ الْقِيَامَةِ يُخْزِيهِمْ
وَيَقُولُ أَيْنَ شُرَكَائِيَ الَّذِينَ
كُنتُمْ تُشَاقُّونَ فِيهِمْ ۚ قَالَ
الَّذِينَ أُوتُوا الْعِلْمَ إِنَّ الْخِزْيَ
الْيَوْمَ وَالسُّوءَ عَلَى
الْكَافِرِينَ ﴿٢٧﴾

၂၆။ ဇကန်အမှုန် ၎င်းတို့အလျင်ရှိခဲ့ကြသော သူတို့သည် လျှို့ဝှက် ကြံစည်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အဆောက်အအုံကို အခြေအမြစ်မှ ပြိုပျက်စေတော်မူခဲ့ရာ ၎င်းတို့ထက်မှ အိမ်ခေါင်မိုးသည် ၎င်းတို့အပေါ်၌ ပြိုကျလာခဲ့လေသည်။ ထိုမှတပါး၊ ၎င်းတို့ထံပြစ်ဒဏ်သည် ၎င်းတို့မထင်သောနေရာမှ ဆိုက်ရောက်၍ လာခဲ့လေသည်။

၂၇။ ထို့နောက်တစ်ဖန် ထိုအရှင်မြတ်သည် ၎င်းတို့အား ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် အရှက်တကွဲဖြစ်စေတော်မူမည်။ ၎င်းပြင် ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ ငါအရှင်မြတ်၏ အကြင် တွဲဖက်ယှဉ်ဖက်များသည် အဘယ်မှာနည်း။ အသင်တို့သည် ၎င်းတို့နှင့် ပတ်သက်၍ (အမှန်ကို လက်ခံနာယူသူတို့နှင့်) စိတ်သဘောကွဲလွဲ ပဋိပက္ခဖြစ်လျက် ရှိခဲ့ကြကုန်သည်။ (ထိုအခါ) အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်းခံခဲ့ကြရသောသူတို့က ယနေ့ အရှက်ကွဲမှုသည်လည်းကောင်း၊ ပြစ်ဒဏ်သည်လည်းကောင်း၊ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အပေါ်၌သာရှိအံ့ဟု ပြောဆိုကြပေမည်။ ၁

➤➤ အကြင်သူသည် တရားလမ်းမှန်သို့ ဘိမန္တကပြုအံ့၊ ထိုသူသည် မိမိ၏ ဖိတ်ခေါ်ချက်ကို လက်ခံနာယူသူများ၏ ကုသိုလ်အကျိုးများနှင့် အညီအမျှ ကုသိုလ်အကျိုးများကို ရရှိမည်ဖြစ်အံ့။ ယင်းကဲ့သို့ ထိုသူ ကုသိုလ်အကျိုးများ ရရှိသည့်အတွက် အခြားသူများ၏ ကုသိုလ်အကျိုးများမှာ လျော့နည်းသွားမည် မဟုတ်ပေ။

အကြင်သူသည် လမ်းမှားသို့ ဘိမန္တကပြုအံ့။ ထိုသူသည် မိမိဖိတ်ကြားချက်ကို လက်ခံနာယူသောသူများ၏ အပြစ်များနှင့် အညီအမျှ အပြစ်များခံရအံ့။ ယင်းကဲ့သို့ ထိုသူအပြစ်များ ခံရသည့်အတွက် အခြားသူများ၏ အပြစ်များလျော့နည်းသွားမည်လည်း မဟုတ်ပေ။ အိမ်နကဆီရ်။

၁ ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က မုရှ်ရစ်က်တို့အား အထက်၌ပါရှိခဲ့သည့်အတိုင်း မေးမြန်းတော်မူသည့်အခါ၊ မုရှ်ရစ်က်တို့သည် အရှက်တကွဲ အကျိုးနည်းဖြစ်ကြပေမည်။ တစ်ခွန်းတစ်ပါဒမျှ ပြန်လည် လျှောက်ထားနိုင်ကြမည်မဟုတ်ပေ။ ထိုအချိန်တွင် အမှန်တရားရရှိခဲ့ကြသော နဗီတမန်တော်များနှင့် မုအ်မင်န်များက ကျွန်ုပ်တို့လူ့လောကတွင် ပြောဆိုလေ့ရှိခဲ့ကြသည့်အတိုင်း "ယနေ့သေးသိမ်မှုအပေါင်းနှင့် ပြစ်ဒဏ်အပေါင်းတို့သည် ➤➤

الَّذِيْنَ تَتَوَفّٰىهُمُ الْمَلٰٓئِكَةُ ظَالِمِيْٓ اَنْفُسِهِمْ ۠ فَاَلْقَوُا السَّلَمَ مَا كُنَّا نَعْمَلُ مِنْ سُوْۗءٍ ۭ بَلٰٓى اِنَّ اللّٰهَ عَلِيْمٌۢ بِمَا كُنْتُمْ تَعْمَلُوْنَ ۝

၂၈။ ယင်းကဖိရ်များသည် မိမိတို့ကိုယ်ကို နှိပ်စက်လျက်ရှိနေခဲ့ကြစဉ်ကောင်းကင်တမန်များသည် ၎င်းတို့၏ အသက်များကိုနှုတ်ယူခဲ့ကြသည်။ ထိုအခါ ၎င်းတို့သည် ကျွန်တော်မျိုးတို့ မည်သည့် မကောင်းမှုကိုမျှ ပြုလုပ်လျက်ရှိခဲ့ကြသည်မဟုတ်ဟူ၍ (ပြောဆိုကာ) ကျိုးနွံလာကြပေမည်။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား (၎င်းတို့သည် မကောင်းမှုများကို အမှန်ပင် ပြုလုပ်လျက် ရှိခဲ့ကြကုန်၏) ဧကန်မလွဲ အလွှာဟ် အရှင်မြတ်သည် အသင်တို့ပြုလုပ်လျက် ရှိခဲ့ကြသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်ပေတော်မူသတည်း။

فَادْخُلُوْٓا اَبْوَابَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ۭ فَلَبِئْسَ مَثْوَى الْمُتَكَبِّرِيْنَ ۝

၂၉။ သို့ဖြစ်ပေရာ(ယခုမူ)အသင်တို့သည် ဂျဟန္နမ်ငရဲဘုံ၏ တံခါးပေါက်များသို့ ထိုဂျဟန္နမ်ငရဲဘုံ၌ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ကြလေကုန်။ စစ်စစ်မှာမူကား မောက်မာပလွားသူတို့၏ ပြန်လည်ရာဌာနသည် အဘယ်မျှ ဆိုးရွားလှဘိသနည်း။

وَقِيْلَ لِلَّذِيْنَ اتَّقَوْا مَاذَآ اَنْزَلَ رَبُّكُمْ ۭ قَالُوْا خَيْرًا ۭ لِلَّذِيْنَ اَحْسَنُوْا فِيْ هٰذِهِ الدُّنْيَا حَسَنَةٌ ۭ

၃၀။ သို့ရာတွင်(ရှရစ်က်စသည်ဘို့မှ) ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့ကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အဘယ်အရာကို ချပေးသနားတော်မူပါသနည်းဟု ပြောဆိုမေးမြန်းခဲ့သော်၊ ၎င်းတို့က အလွန်ကောင်းမွန်သော အရာကို (ချပေးသနားတော်မူပါသည်) ဟု ပြောဆို ဖြေကြားကြပေသည်။ ၃

➤➤ ကာဖိရ်များအဖို့သာဖြစ်သည်" ဟု ပြောဆိုကြပေမည်။ မုရှ်ရစ်က်တို့သည် နဗီတမန်တော်များ၏ အဆုံးအမ သြဝါဒများကို နာခံခဲ့ကြပါက ကိယာမတ်နေ့တွင် ယင်းသို့ အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရမည် မဟုတ်ပေ။ ဤကား "မည်သူမပြု၊ မိမိမှု" ပေတည်း။

③ ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ မုရှ်ရစ်က်များအား မေးမြန်းသောအခါ၊ မုရှ်ရစ်က်များက အခြေအမြစ်မရှိသော ရှေးသူဟောင်းတို့၏ ဒဏ္ဍာရီစကားများသာ ဖြစ်သည်ဟု မိုက်မဲစွာ ဖြေဆိုခဲ့ကြသည်။ ➤➤

وَلَدَارُ الْاٰخِرَةِ خَيْرٌ ۭ وَلَنِعْمَ دَارُ الْمُتَّقِيْنَ ۝۳۰

ကောင်းမှု ပြုလုပ်သူတို့အဖို့ ဤလောကဌ္ဌ လည်း ကောင်းကျိုးရှိပေသည်။ ထိုမှတပါး တမလွန် ဘဝ၏ ဗိမာန်သည်ကား အမှန်ပင် အကောင်းဆုံး ဖြစ်၏။ စင်စစ်သော်ကား သူတော်စင်တို့၏နေရာ ဌာနသည် အမှန်ပင် ကောင်းမြတ်လှပေသည်။

جَنّٰتُ عَدْنٍ يَّدْخُلُوْنَهَا تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ لَهُمْ فِيْهَا مَا يَشَاۗءُوْنَ ۭ كَذٰلِكَ يَجْزِي اللّٰهُ الْمُتَّقِيْنَ ۝۳۱

၃၁။ (ထိုနေအိမ်များမှာ) အမြဲထာဝရ နေထိုင်ကြရမည့် ဥယျာဉ်များပင်။ ထိုသူတော်စင်တို့သည် ယင်းဥယျာဉ်များတွင် ဝင်ရောက်ကြပေမည်။ ယင်းဥယျာဉ်များအောက်၌ မြစ်ချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ၎င်းတို့အဖို့ယင်းဥယျာဉ်များတွင် ၎င်းတို့အလိုရှိသမျှတို့သည် ရှိချေမည်။ အလ္လာဟ်အရှင်မြတ်သည် သူတော်စင်တို့အား ဤအတိုင်းပင် အစားပေးတော်မူ၏။

الَّذِيْنَ تَتَوَفّٰىهُمُ الْمَلٰۗىِٕكَةُ طَيِّبِيْنَ ۙ يَقُوْلُوْنَ سَلٰمٌ عَلَيْكُمُ ۙ ادْخُلُوا الْجَنَّةَ بِمَا كُنْتُمْ تَعْمَلُوْنَ ۝۳۲

၃၂။ အကြင်သူ(တော်စင်)တို့အား မလာအိကဟ် ကောင်းကင်တမန်တို့သည် ၎င်းတို့၏အသက်ကို (၎င်းတို့)သန့်ရှင်းစွာ ရှိနေကြစဉ်နှုတ်ယူကြလေသည်။ [၁] (၎င်းပြင်) ထိုမလာအိကဟ် ကောင်းကင်တမန်များက (ထို သူတော်စင်တို့အား အသက် နုတ်ယူစဉ်အခါ၌ (စလာမွန်အလိုက်ကွန်မ်) ငြိမ်းချမ်းမှုသည် အသင်တို့အပေါ်၌ရှိပါစေသား။ အသင်တို့သည် မိမိတို့ကျင့်မူခဲ့ကြသော (ကောင်းမှုသုစရိုက်များ)ကြောင့်ပင် ဂျန္နတ် အမတ သုခဘုံသို့ ဝင်ရောက်ကြလေကုန်ဟု ပြောဆိုကြပေမည်။ [၂]

➤➤ ယင်းကုရ်အာန်နှင့် စပ်လျဉ်း၍ မွတ္တကီသူတော်စင်များအား မေးမြန်းသောအခါ ၎င်းတို့ကမူ စိတ်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလွန်ကောင်းမွန်မြင့်မြတ်သော၊ စ၊ လယ်၊ အဆုံး အကောင်းချည်းသာ ဖြစ်သော ဒေသနာတော်များသာ ဖြစ်ပါသည်ဟု ဖြေဆိုကြလေသည်။

① ဆိုလိုသည်ကား မွတ္တကီများသည် အသက်သေဆုံးသည့် အချိန်အထိ၊ ကုဖ်ရ် ရှရစ်က်စသည့် ပါပညစ်ကျူးမကောင်းမှုများနှင့် လုံးဝ ကင်းစင်လျက်ရှိကြပေမည်။ အလ္လာဟ်အရှင်မြတ်အား မှန်ကန်စွာ ယုံကြည် ➤➤

هَلْ يَنْظُرُونَ إِلَّآ أَن تَأْتِيَهُمُ
ٱلْمَلَٰٓئِكَةُ أَوْ يَأْتِىَ أَمْرُ رَبِّكَ ۚ
كَذَٰلِكَ فَعَلَ ٱلَّذِينَ مِن
قَبْلِهِمْ ۚ وَمَا ظَلَمَهُمُ ٱللَّهُ
وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ
يَظْلِمُونَ ﴿٣٣﴾

၃၃။ ၎င်း(သွေဖည်ငြင်းပယ်သောသူ)တို့သည် မိမိထံ မလာအိကဟ် ကောင်းကင်တမန်များ ရောက်ရှိလာကြခြင်းမှတပါး၊ သို့တည်းမဟုတ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော် ရောက်ရှိလာခြင်းမှတစ်ပါး အခြားတစ်စုံတစ်ရာကို စောင့်မျှော်၍ နေကြသည်မဟုတ်ပေ။ [၁]

၎င်းတို့အလျင် ရှိခဲ့ဘူးကြသော(ရှေးလူဟောင်းတို့)ကလည်းဤနည်းအတိုင်းပင် ပြုလုပ်ခဲ့ကြပေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားနှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် စင်စစ်မှာမူကား၊ ၎င်းတို့ကိုယ်တိုင် မိမိတို့ ကိုယ်ကို နှိပ်စက်ကြကုန်၏။

➤➤ မြတ်နိုးကြသည့်အတွက် ဝမ်းသာအားရ ကြည်ကြည်ဖြူဖြူ မိမိတို့၏ အသက်များကို ကောင်းကင်တမန်တို့အား အပ်နှင်းကြပေမည်။ ကြည့်- မာဂျိဒီ။

(J) ကောင်းကင်တမန်များက မုအ်မင်နိ်တို့အား စလာမ်ပို့သကာ အသင်တို့သည် မိမိတို့၏ အကျင့်အမူများကြောင့် ဂျန္နတ်သို့ဝင်ကြပါဟု ပြောဆိုကြမည့်အကြောင်း ဤအာယတ်တော်တွင် လာရှိသည်။ ဤအာယတ်တော်၏ အလိုသဘောမှာ နှစ်မျိုးဖြစ်နိုင်၏။

(က)အသက်နူတ်ယူပြီးနောက် ဂျန္နတ်ဝင်ခြင်းသည် (ရူဟာနီ) နာမ်အားဖြင့် ဝင်ခြင်းဖြစ်မည်။ (ဂျစ်မာနီ) ရုပ်အားဖြင့် ကိုယ်ခန္ဓာနှင့်အတကွ ဝင်ခြင်းသည် ကိယာမတ်ပြီးသည့်အခါ ဖြစ်မည်။

(ခ)အသင်တို့သည် ကိယာမတ်တွင် ဂျန္နတ်သို့ဝင် စံမြန်းကြရမည်ဖြစ်သည်။ ယခုပြောဆိုခြင်းမှာ ကောင်းချီးသတင်းပေးခြင်းဖြစ်သည်။

ဂျန္နတ်သို့ ဝင်ရခြင်းအကြောင်းမှာ- လူသားတို့၏ အကျင့်အမူများကြောင့်ဟု မိန့်ဆိုထားတော်မူခြင်းမှာ ဖြစ်လေဖြစ်ထရှိသည်ကို အကြောင်းပြု၍ မိန့်ဆိုထားတော်မူခြင်းသာ ဖြစ်သည်။ အမှန်အားဖြင့် ဂျန္နတ်သို့ဝင်ရခြင်း၏ အကြောင်းရင်းမှာ - အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သာဖြစ်သည်။ တမန်တော်မြတ်၏ ဟဒီးဆ်သြဝါဒတော်များတွင်လည်း ဤအတိုင်းပင် လာရှိသည်။ ဤသို့အားဖြင့် ဟဒီးဆ်နှင့် ကုရ်အာန်သည် မဆန့်ကျင်ပေ။ ထာနဝီ။

(၁) မုရ်ရစ်က်နှင့် မွတ္တကီများ၏ အကြောင်းအကျိုး မတူသည်များကို မိန့်ကြားတော်မူပြီးနောက် လောကီရေးတွင် နစ်မွန်း၍ နောင်တမလွန်အရေးကို မေ့ကာ မိမိတို့၏ နောင်ရေးကိုပင် ကောင်းမွန်အောင် ပြုလုပ်ရန် သတိမရကြသောသူများအား သတိပေးထားတော်မူသည်မှာ-၎င်းတို့သည် ကောင်းကင်တမန်များ အသက်နူတ်ရန် လာကြသည်ကိုပင် စောင့်မျှော်နေကြလေသလော၊ သို့တည်းမဟုတ် ချေမှုန်းပစ်မည့် ပြစ်ဒဏ်တော်ကိုပင် ➤➤

فَأَصَابَهُمْ سَيِّئَاتُ مَا عَمِلُوا۟ وَحَاقَ بِهِم مَّا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ﴿٣٤﴾

၃၄။ သို့ဖြစ်ပေရာ ၎င်းတို့၌ ၎င်းတို့ ကျင့်မူခဲ့ကြကုန်သော မကောင်းမှု၏ အန္တရာယ်များသည် သက်ရောက်ခဲ့လေသည်။ ထိုမှတပါး၊ ၎င်းတို့ ပြက်ရယ်သမူပြုခဲ့ကြသည့်အရာ (ဝါ) ပြစ်ဒဏ်သည် ၎င်းတို့အား ဝန်းရံခဲ့လေသတည်း။

وَقَالَ ٱلَّذِينَ أَشْرَكُوا۟ لَوْ شَآءَ ٱللَّهُ مَا عَبَدْنَا مِن دُونِهِۦ مِن شَىْءٍ نَّحْنُ وَلَآ ءَابَآؤُنَا وَلَا حَرَّمْنَا مِن دُونِهِۦ مِن شَىْءٍ ۚ كَذَٰلِكَ فَعَلَ ٱلَّذِينَ مِن

၃၅။ စင်စစ် (အခြားအရာများကို အလွှာဟ်အရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူတို့က အကယ်၍ သာ အလွှာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့ အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း၊ ထိုအရှင်မြတ်မှတပါး အခြားတစ်စုံတစ်ရာကိုမျှကိုးကွယ်ခဲ့ကြမည်မဟုတ်ပေ။ ထိုမှတပါး ထိုအရှင်မြတ်၏ အမိန့်မရဘဲ မည်သည့် တစ်စုံတစ်ရာကိုမျှပင် ဟရာမ်ဟူ၍ မြစ်တားခဲ့ကြမည်လည်း မဟုတ်ပေဟု ပြောဆိုကြကုန်၏။

➤➤ စောင့်မျှော်နေကြလေသလော၊ ကိယာမတ်နေ့ကိုပင် စောင့်မျှော်နေကြလေသလော၊ အချိန်လွန်မှသတိရကြမည်လော၊ ထိုအချိန်တွင် အီမာန် ယုံကြည်ခြင်း၊ ဝန်ချတောင်းပန်ခြင်းတို့ကား အကျိုးဖြစ်ထွန်းစေတော့မည်မဟုတ်ပေ။ အမှန်မှာ "လသာတုန်းဗိုင်းငင်" ဆိုသကဲ့သို့ သေပြီးနောက်အဖို့ မသေမီကပင် ပြင်ဆင်ထားရမည်။ ပြစ်ဒဏ်မကျရောက်မီ လွတ်မြောက်ရန် ကြိုးစားရမည်။ မီးကိုမလောင်မီ တားဆီးရမည်။ မိုးကုန်မှထွန်ချခြင်း၊ မီးလောင်ပြီးမှ မီးသတ်ခြင်းသည်အသိတရားရှိသော သူတို့အလုပ်မဟုတ်ပေ။

အတိတ်ခေတ်များတွင်လည်း ဤသို့အမေ့ကြီး မေ့နေသူများရှိခဲ့ကြပေသည်။ ၎င်းတို့သည် မိစ္ဆာတရားများတွင် နစ်မွန်း၍နေခဲ့ကြသည်။ နောင်တတရား အလျှင်းမရခဲ့ကြပေ။ အသက်သေဆုံးသည်အထိ တမန်တော်များအား သွေဖည်ငြင်းဆန်ခဲ့ကြသည်သာမက တမန်တော်များ၏ ဩဝါဒများကိုပင် ပြက်ရောသမူ ပြုခဲ့ကြပေသည်။ နောက်ဆုံးတွင် ပြစ်ဒဏ်တော်သည် ဆိုက်ရောက်လာခဲ့ပေသည်။ မကောင်းသော အပင်စိုက်က မကောင်းသော အသီးကို စားရမည်သာဖြစ်သည်။

အလွှာဟ်အရှင်မြတ်သည် မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ ၎င်းတို့အား သွန်သင်ဆုံးမဩဝါဒပေးရန် တမန်တော်မြတ်များအားစေလွှတ်တော်မူခဲ့သည်။ ကျမ်းဂန်များကိုချပေးတော်မူခဲ့သည်။ နောင်တတရားရစေခြင်းငှာ အပြစ်ရှိသူတို့အား ရုတ်တရက်ချက်ခြင်း အရေးယူတော်မမူခဲ့ပေ။ အမှန်မှာ ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက်ခဲ့ခြင်းသာဖြစ်ပေသည်။ ဤကားမည်သူမပြု မိမိမူပင်တည်း။ ရှေးသူမိုက်တို့၏ ဖြစ်ထွေကိုကြားသိရပြီးနောက်တွင်လည်း ဆက်လက်၍ပင် ဆိုးမိုက်နေကြပါက ခေတ်သစ်လူမိုက်များသည်လည်း ခေတ်ဟောင်းလူမိုက်များကဲ့သို့ အရှုံးကြီး ရှုံးသွားကြရမည်မှာ မလွဲဧကန် အမှန်တည်း။

قَبْلِهِمْ ۚ فَهَلْ عَلَى الرُّسُلِ
إِلَّا الْبَلٰغُ الْمُبِينُ ﴿٣٥﴾

(အမှန်သော်ကား) ၎င်းတို့အလျင် ရှိခဲ့ဘူးကြသော (ရှေးသူဟောင်း)တို့သည်လည်း ဤအတိုင်းပင် ပြုခဲ့ကြကုန်၏။ ရစူလ်တမန်တော်များအပေါ်၌ကား (အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လူတို့ထံ) ပို့ဆောင်ဟောကြားရန်သာလျှင် တာဝန်ရှိပေသတည်း။

وَلَقَدْ بَعَثْنَا فِي كُلِّ أُمَّةٍ
رَّسُولًا أَنِ اعْبُدُوا اللَّهَ
وَاجْتَنِبُوا الطَّاغُوتَ ۖ فَمِنْهُم
مَّنْ هَدَى اللَّهُ وَمِنْهُم مَّنْ
حَقَّتْ عَلَيْهِ الضَّلَالَةُ ۚ فَسِيرُوا
فِي الْأَرْضِ فَانظُرُوا كَيْفَ كَانَ
عَاقِبَةُ الْمُكَذِّبِينَ ﴿٣٦﴾

၃၆။ စင်စစ်သော်ကား ဧကန်မလွဲ ငါအရှင်မြတ်သည် လူမျိုးတိုင်းတွင် ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူပြီး အသင်တို့သည် အခြားကိုးကွယ်ရာများကို ဖွန့်လွှတ်ပယ်ရှား၍ (တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ကြလေကုန် ဟု (ဟောကြားစေတော်မူခဲ့လေသည်)။ သို့ရာတွင် ၎င်းတို့တွင် အလ္လာဟ်အရှင်မြတ်က တရားလမ်းမှန်ကို ပြတော်မူသောသူများလည်း ရှိခဲ့ကြ၏။ ထိုနည်းတူစွာ ၎င်းတို့တွင် အကြင်သူများလည်း ရှိခဲ့ကြ၏။ ထိုသူတို့အပေါ်၌ လမ်းမှားခြင်းသည် အတည်ဖြစ်ခဲ့၏။ [၁] သို့ဖြစ်ပေရာ အသင်တို့သည် ကမ္ဘာမြေဝယ်လှည့်လည်၍ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူတို့၏ နောက်ဆုံးအခြေသည် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုလေ့လာကြလေကုန်။

---

① တမန်တော်များ၏ အမိန့်ဩဝါဒများကို မနာခံသော အမျိုးသားတို့၌ အဘယ်ကြောင့် ချက်ချင်း ပြစ်ဒဏ်မသက်ရောက်ခဲ့သနည်းဟု မုဒ္ဓရစ်များက ဆိုကြ၏။ ဤသို့ဆိုခြင်းမှာ အမြော်အမြင် ကင်းမဲ့၍သာ ဆိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤပစ္စက္ခဘဝတွင်ပင် မြောက်မြားစွာသော အမျိုးသားတို့သည် ကြီးကျယ်သော ပြစ်ဒဏ်များသင့်ပြီး မရှုမလှ သေကြေပျက်စီးသွားခဲ့ကြသည်မှာ အထင်အရှားပင်။ ပြစ်မှုကျူးလွန်သူတစ်ဦးအား အနည်းငယ် စိုးစဉ်းမျှ အချိန်မပေးဘဲ ချက်ချင်း ပြစ်ဒဏ်ပေးရကောင်းစေဟူ၍ ဆိုခြင်းမှာ ယုတ္တိဒဋ္ဌိအရလည်းကောင်း၊ အာဂမဒဋ္ဌိအရ လည်းကောင်း၊ မည်သည့်နည်းနှင့်မျှ မလျော်ကန်ပေ။ ပြစ်မှုကျူးလွန်မိသူတစ်ဦးအား မိမိ၏ အမှားကို ပြန်လည်စဉ်းစားစေနိုင်ရန်၊ မိမိ၏ အမှားကို ဝန်ချတောင်းပန်နိုင်ရန်၊ မိမိကိုယ်ကို ပြုပြင်သွားနိုင်ရန် အနည်းငယ်အချိန် ပေးခြင်းသာ လျော်ကန်သင့်မြတ်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား လွတ်လပ်စွာ ရွေးချယ် ပြုလုပ်ပိုင်ခွင့် ပြုထားတော်မူသည်။ ကျောက်ခဲများကဲ့သို့ မလှုပ်မရှားနိုင်သော ပစ္စည်းများ ပြုလုပ်ထားတော်မူသည်လည်း မဟုတ်၊ ➤➤

إِنْ تَحْرِصْ عَلَىٰ هُدَىٰهُمْ فَإِنَّ اللَّهَ لَا يَهْدِي مَنْ يُضِلُّ وَمَا لَهُمْ مِنْ نَاصِرِينَ ﴿٣٧﴾

၃၇။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့ တရားလမ်းမှန် ရရှိရေးအလို့ငှာ မည်မျှပင် အာသာ ရမ္မက် ပြင်းပြသော်လည်း ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် မိမိလမ်းလွဲစေတော်မူသောသူအား လမ်းမှန်ကိုပြတော်မူသည် မဟုတ်ပေ။ ထိုမှတပါး ၎င်းတို့၏ကူညီစောင့်မမည့်သူများဟူ၍လည်း အလျှင်း ရှိကြလိမ့်မည်မဟုတ်ပေ။

وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَا يَبْعَثُ اللَّهُ مَنْ يَمُوتُ ۚ بَلَىٰ وَعْدًا عَلَيْهِ حَقًّا وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٣٨﴾

၃၈။ စင်စစ်သော်ကား၊ ၎င်းတို့က အလ္လာဟ်အရှင်မြတ်သည် သေသူအား ရှင်ပြန်ထစေတော်မူမည် မဟုတ်ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ အစွမ်းကုန် ကျိန်တွယ်ခဲ့ကြလေသည်။ ထိုသို့ အလျှင်း မဟုတ်ပေ။ စင်စစ်မှာကား (မုချ ရှင်ပြန်ထစေတော်မူမည်ဖြစ်၏။) ထိုအရှင်မြတ်သည် ဤသည်ကို ကတိပြုတော်မူခြင်းအားဖြင့် မိမိအပေါ်၌ အတည်ပြုတော်မူခဲ့လေသည်။ သို့ရာတွင် များစွာသော သူတို့မှာကား (ဤမျှပင်) မသိနားမလည်ကြချေ။

لِيُبَيِّنَ لَهُمُ الَّذِي يَخْتَلِفُونَ فِيهِ وَلِيَعْلَمَ الَّذِينَ كَفَرُوا أَنَّهُمْ كَانُوا كَاذِبِينَ ﴿٣٩﴾

၃၉။ (သို့ရှင်ပြန်ထစေတော်မူခြင်းမှာ) ထိုသူတို့ ရှေ့ဝယ် ထိုသူတို့ကို ကွဲလွဲခဲ့ကြသောအကြောင်းကို ထင်ရှားစေတော်မူအံ့သောငှာလည်းကောင်း၊ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့သည် ဧကန်စင်စစ် မိမိတို့မှာ မုသာဝါဒီများဖြစ်ခဲ့ကြသည်ကို ကောင်းစွာ သိကြအံ့သောငှာလည်းကောင်း၊ ဖြစ်ပေသတည်း။

➤➤ တိရစ္ဆာန်များကဲ့သို့ ၎င်းတို့၏ စားသောက်သွားလာမှုများ၏ နယ်နိမိတ်ကို ကျဉ်းမြောင်းစွာ သတ်မှတ်ထားတော် မူသည် လည်းမဟုတ်၊ လူသားတို့အား လွတ်လပ်စွာ ရွေးချယ်ပြုလုပ်ပိုင်ခွင့်၊ ကြီးပွားတိုးတက်ပိုင်ခွင့် ပေးထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား စမ်းသပ်တော်မူလိုသည်။ စမ်းသပ်နိုင်ရန်အတွက် လွတ်လပ်ခွင့်ပြုရမည်မှာ အမှန်မုချပင်။ ဃာဇီ။

إِنَّمَا قَوْلُنَا لِشَيْءٍ إِذَا أَرَدْنَاهُ أَن نَّقُولَ لَهُ كُن فَيَكُونُ ﴿٤٠﴾

၄၀။ (ဧကန်စင်စစ်) ငါ အရှင်မြတ်သည် တစ်စုံတစ်ရာကိုမျှ ရည်စူးတော်မူသောအခါ ထိုအရာကို ငါအရှင်မြတ်က ဖြစ်လော့ဟု မိန့်ကြားတော်မူရုံဖြင့် ထိုအရာသည် ဖြစ်လာလေသည်။

وَالَّذِينَ هَاجَرُوا فِي اللَّهِ مِن بَعْدِ مَا ظُلِمُوا لَنُبَوِّئَنَّهُمْ فِي الدُّنْيَا حَسَنَةً ۖ وَلَأَجْرُ الْآخِرَةِ أَكْبَرُ ۚ لَوْ كَانُوا يَعْلَمُونَ ﴿٤١﴾

၄၁။ စင်စစ်သော်ကား နိပ်စက်ညှဉ်းပန်းမှုကို ခံကြရပြီးနောက် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ထွန်းကားမှုကို ရည်စူး၍ ရွှေ့ပြောင်းနေထိုင်သူတို့အား အမှန်ပင် ငါအရှင်မြတ်သည် ကောင်းမွန်သော နေရာတွင် နေရာချပေးတော်မူမည်ဖြစ်၏။ ① ထိုမှတပါး တမလွန်ဘဝ၏ အကျိုးဆုလာဘ်ကြီးသည် အကြီးဆုံးပင် ဖြစ်ပေသတည်း။ အကယ်၍ ၎င်းတို့သိကြပါလျှင် ကောင်းစွ။

الَّذِينَ صَبَرُوا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٤٢﴾

၄၂။ (ထိုရွှေ့ပြောင်းနေထိုင်သူတို့ကား) သည်းခံခဲ့ကြသူများပင် ဖြစ်ကြကုန်သည်။ ထိုမှတပါး ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ကြကုန်သတည်း။ ②

---

① ကောင်းသူအား ကောင်းကျိုးပေးရန်နှင့် မကောင်းသူအား မကောင်းကျိုးပေးရန်အတွက် သေပြီးနောက် ရှင်ပြန်ထရမည်မှာ အမှန်မုချပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား သစ္စာရှိ၍ ထိုအရှင်မြတ်၏ လမ်းတော်၌ ဒုက္ခကြီးငယ် အမျိုးမျိုးခံစားကာ အသက်စွန့်သွားခဲ့ကြသည့် မြောက်မြားစွာသော အစ္စလာမ် သားကောင်းတို့၏ သက်စွန့်ကြိုးပမ်းမှုများသည် အချည်းအနှီး ဖြစ်ရမည်လော၊ အချည်နှီးအလျှင်း ဖြစ်မည်မဟုတ်။ အချို့ပုဂ္ဂိုလ်များသည် အမှန်တရားကို ကာကွယ်ထိန်းသိမ်းခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ကျူးကျော်စော်ကားသူတို့၏ နှိပ်စက်ညှဉ်းပန်းမှုများကို ခံခဲ့ရကြ၏။ နောက်ဆုံး မိမိတို့၏ အိုးအိမ်တိုက်တာဂေဟာများနှင့် ဆွေမျိုးသားချင်းတို့အား စွန့်လွှတ်၍ တိုင်းတစ်ပါးသို့ပင် ထွက်ခွာသွားခဲ့ကြရ၏။

ထိုသို့သော သာသနာ့ အာဇာနည်များသည် မိမိတို့၏ သစ္စာရှိမှု၊ ဒုက္ခခံမှုတို့၏ ကုသိုလ်အကျိုးကို မုချရရှိကြမည်ဖြစ်သည်။ ထိုသာသနာ့အာဇာနည်များအနက် အချို့ မသေဘဲကျန်ရှိနေခဲ့ကြသော သူများသည် ဤပစ္စက္ခဘဝတွင်လည်း မိမိတို့၏ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုများ၏ ကုသိုလ်အကျိုးများကို အနည်းငယ် ခံစားကြရမည်ဖြစ်သည်။ ဆိုလိုသည်ကား-မိမိတို့၏ အိုးအိမ်များကို စွန့်လွှတ်သွားသော သူတို့သည် မိမိတို့၏ ယခင်နေရာဌာနများထက် ပိုမိုကောင်းမွန်သော နေရာဌာနများကို ရရှိကြမည်။ ယခင်အိမ်များထက် ➤➤

وَمَآ أَرۡسَلۡنَا مِن قَبۡلِكَ إِلَّا رِجَالٗا نُّوحِيٓ إِلَيۡهِمۡ فَسۡـَٔلُوٓاْ أَهۡلَ ٱلذِّكۡرِ إِن كُنتُمۡ لَا تَعۡلَمُونَ ٤٣

၄၃။ အမှန်သော်ကား ငါအရှင်မြတ်သည် အသင့်အလျောင်လည်း ယောကျ်ားများကိုသာလျှင် (ရဟူလ် တမန်တော်များအဖြစ်) စေလွှတ်တော်မူခဲ့လေသည်။ ငါအရှင်မြတ်သည် ထိုရဟူလ်တမန်တော်များထံသို့ "ဝဟ်ယ်" အမိန့်တော်ကို ပို့တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (မိမိတို့ကိုယ်တိုင်)မသိကြလျှင် (ရှေး)ကျမ်းဂန်ရရှိသူတို့အား မေးမြန်းကြည့်ကြလေကုန်။ ၁

➤➤ ကောင်းသော အိမ်များကို ရရှိကြမည်။

ယခင်တိုင်းရင်းသားများထက် ပိုမိုကြင်နာသနားတတ်သော တိုင်းရင်းသားများ တွေ့ရှိကြမည်။ နေထိုင်စားသောက်မှုတွင်လည်း ယခင်ထက်ပိုမို၍ ချောင်လည်ကြမည်။ ယခင်ကထက်ပိုမို၍ ဂုဏ်သိက္ခာလည်း ရှိကြမည်။ ထို့မျှမက မိမိတို့သည် မိမိတို့အား တိုင်းပြည်မှ နှင်ထုတ်ခဲ့ကြသော သူများအပေါ်တွင် အုပ်ချုပ်ကြရမည်။ တိုင်းပြည်ကိုလည်း အုပ်ချုပ်ကြရမည်။ သူတော်စင်များ၏ အထွတ်အထိပ်များလည်း ဖြစ်ကြရမည်။ ဤကား ဤပစ္စက္ခဘဝတွင် ရရှိကြမည့် အချို့အကျိုးများသာဖြစ်သည်။ ဤကား ရာဇဝင်အထင်အရှားပင်။ နောင်တမလွန်ဘဝတွင် ခံစားကြရမည့် သုခချမ်းသာများကား အသရေ၊ အသချံ့ဖြစ်သည်။ အကယ်၍ နောင်တမလွန်ဘဝ၏ သုခချမ်းသာအဖြာဖြာကို ယုံကြည်ပါက ဟစ်ဂျရတ်မပြုမိခဲ့ကြသော သူများသည်လည်း မိမိတို့၏ အိုးအိမ်တိုက်တာများကို စွန့်လွှတ်၍ အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ ထွက်လာကြမည်သာဖြစ်သည်။

(၂) ဤသည် မုဟာဂျစ်ရ်သဘဝကြီးများ၏ ဂုဏ်ရည်များပင်ဖြစ်သည်။ ယင်းသဘဝကြီးများသည် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ နှိပ်စက်ကလူ ပြုမှုများကြောင့် စိတ်ဓာတ်မချောက်ချားခဲ့ပေ။ တိုင်းပြည်နှင့် သားချင်းတို့အား စွန့်လွှတ်ခဲ့ကြရသည်ကိုလည်း မမှုခဲ့ကြပေ။ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် တွေ့ကြုံရသည့်ဘေး၊ ဒုက္ခအပေါင်းကိုလည်း တည်ကြည်စွာ ရင်ဆိုင်ခဲ့ကြပေသည်။

ထို့ပြင်တဝ ယင်းသဘဝကြီးများသည် အလွှာဟ်အရှင်မြတ်အား သာလျှင် ယုံပုံခဲ့ကြပေသည်။ ထိုအရှင်မြတ်၏ ကတိတော်များနှင့် ထိုအရှင်မြတ်၏ အကူအညီများကိုသာ မမှိတ်မသုံ ယုံကြည်ကိုးစားခဲ့ကြပေသည်။ ထိုထိုသောဂုဏ်ရည်များနှင့် ပြည့်စုံခဲ့ကြသည့်အတွက်ကြောင့်လည်း ယင်းဆွဟာဗဟ် သာဝကကြီးများသည် နှစ်ဘဝစလုံးတွင် အောင်မြင်ခြင်းကြီးမက အောင်မြင်ခဲ့ကြပေသည်။

အကြင်သူသည် အလွှာဟ်အရှင်မြတ်အဖို့ ဖြစ်အံ့။
အလွှာဟ်အရှင်မြတ်လည်း ထိုသူ့အဖို့ ဖြစ်တော်မူအံ့။

(၁) မက္ကာမြို့သား ကာဖိရ် မုရှ်ရစ်က်များက အလွှာဟ်အရှင်မြတ်စေလွှတ်တော်မူသော တမန်တော်တစ်ပါးသည် လူသားအလျောင်းမဖြစ်နိုင်၊ ကောင်းကင်တမန်တစ်ပါးသာ ဖြစ်ရပေမည်ဟုဆိုကာ တမန်တော်မြတ်မုဟမ္မဒ်၏ တမန်တော်ဖြစ်မှုကို ငြင်းဆိုခဲ့ကြလေသည်။ ဤအာယတ်တော်၌ ၎င်းတို့အား ဖြေဆိုထားတော်မူသည်။

ဆိုလိုသည်ကား အလွှာဟ်အရှင်မြတ်သည် ကမ္ဘာဦးအစမှပင် လူသားတို့အား တရားမမှ ဟောညွှန်ပြရန် အတွက် လူသားတို့အနက်မှပင် လူသားတမန်တော်များအား ရွေးချယ်စေလွှတ်တော်မူခဲ့သည်။ ထိုအရှင်မြတ် ➤➤

بِالْبَيِّنٰتِ وَالزُّبُرِ ۗ وَاَنْزَلْنَآ اِلَيْكَ الذِّكْرَ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ اِلَيْهِمْ وَلَعَلَّهُمْ يَتَفَكَّرُوْنَ ﴿٤٤﴾

၄၄။ (ငါအရှင်မြတ်သည် တမန်တော်များအား) ထင်ရှားသော သက်သေသာဓကများ၊ ကျမ်းဂန်များ နှင့်တကွ [၁] (စေလွှတ်တော်မူခဲ့သည်။) ထိုမှတပါး ငါအရှင်မြတ်သည် အသင့်ထံသို့လည်း ကျမ်းဂန် ဓမ္မခန်းကို အသင်သည် လူသားတို့အား ထိုသူတို့ထံ ချပေးသနားတော်မူခြင်းခံရသည့် အမိန့်တော်များကို ထင်ရှားပြစေအံ့သောငှာလည်းကောင်း၊ ထိုသူတို့သည် စဉ်းစားဆင်ခြင်ကြအံ့သောငှာလည်းကောင်း၊ ချပေးသနားတော်မူခဲ့ပေသတည်း။ [၂]

➤➤ စေလွှတ်တော်မူခဲ့သော တမန်တော်အပေါင်းတို့သည် လူသားမျှသာ ဖြစ်ခဲ့ကြပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ နိယာမ "စွန့်တ်" တော်ပင်ဖြစ်သည်။

① အေ့မာမ်ရာဇီက- "ဗိုင်ယိနာတ်" နှင့် "ဇုဗုရ်" ဟူသော ပုဒ်နှစ်ပုဒ်တွင် "ရိစာလတ်" တမန်တော်ဖြစ်ခြင်း၏ သဘောတရားသည် အကျုံးဝင်လျက်ရှိပေသည်ဟု ဆို၏။ ဤသို့ဆိုခြင်းမှာ မှန်၏။ အဘယ်ကြောင့်ဆိုသော် "ဗိုင်ယိနာတ်" ဟူသောပုဒ်တွင် တမန်တော်တစ်ပါး အမှန်တကယ် ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ မုချရှိအပ်သည့် အထောက်အထားများ၊ တန်ခိုးပြာဋိဟာများအားလုံးသည် အကျုံးဝင်လျက်ရှိပေသည်။ "ဇုဗုရ်" ဟူသောပုဒ်တွင် လူသားတို့အား တမန်တော်တစ်ပါးက ဟောကြားသည့် အမိန့်ပညတ် အရပ်ရပ် အကျုံးဝင်လျက် ရှိပေသည်။

② **ကျမ်းဂန်နှင့်တကွ တမန်တော်စေလွှတ်တော်မူခြင်း၏ သဘော။**

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံသို့ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူခြင်း အကြောင်းမှာ တမန်တော်မြတ်က ယင်းသည့် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ရှင်းလင်းပြတော်မူရန် အတွက်ပင်ဖြစ်သည်။ ရှင်းပြခြင်း၏ တာဝန်မှာ နှုတ်ဖြင့် ရှင်းပြရုံမျှဖြင့် ပြီးဆုံးမသွားပေ။ ကာယကံမြောက်လည်း ရှင်းပြရမည်ဖြစ်သည်။ ထို့ပြင်တဝ စံပြအဖြစ် မိမိကိုယ်တိုင် ဦးဆောင်၍ မွတ်စ်လင်မ်အုပ်စုတစ်စု တည်ထောင်ပြီးလျှင် ကုရ်အာန်ကျမ်းမြတ်(၏လိုလားချက်)နှင့်အညီ လက်တွေ့စီမံအုပ်ချုပ်၍ ပြသသွားရပေမည်။

အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် လူသားတို့ထံသို့ လူသားတမန်တော်များကိုပင် စေလွှတ်တော်မူသည့် သဘောတရားကို ရှင်းပြထားတော်မူသည်။ ကျမ်းဂန်ကိုသာ ပို့ချတော်မူနှုန်းဖြစ်ပါက ကျမ်းဂန်ကို လူသားတို့ထံသို့ ကောင်းကင်တမန်များဖြင့်လည်း ပို့ပေးတော်မူနိုင်ပေသည်။ လူတိုင်းလူတိုင်းထံသို့ တိုက်ရိုက်လည်း ပို့ပေးတော်မူနိုင်ပေသည်။ သို့ရာတွင် ကျမ်းဂန်ကို ယင်းသို့ ပို့ချရုံမျှဖြင့် ကျမ်းဂန်များကို ထုတ်ပြန် ပို့ချထားတော်မူခြင်းနှင့် စပ်လျဉ်း၍ ထားရှိတော်မူသော အလ္လာဟ်အရှင်မြတ်၏ အလိုတော်သည် ပြည့်ဝသွားသည်မဟုတ်ပေ။ ထိုသည့် အလိုတော် ပြည့်ဝရန်အတွက် အရည်အချင်း အပြည့်ဝဆုံးဖြစ်သော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တစ်ဦးသည် ကျမ်းဂန်ကို ယူဆောင်လာရမည်ဖြစ်သည်။

ထိုပုဂ္ဂိုလ်မြတ်သည် ကျမ်းဂန်လာဒေသနာတော်များကို လိုအပ်သမျှ တဖြည်းဖြည်း ➤➤

➢➢ ပိုင်းပိုင်းပြီးလျှင် လူသားတို့အား ဟောကြားရမည်။ သဘောမပေါက်သူများရှိက၊ သဘောပေါက်အောင်၊ နားမရှင်းသူများရှိက နားရှင်းအောင် ရှင်းပြရမည်။ တစ်ဦးတစ်ယောက်၌ ဒွိဟသံသယရှိက ထိုသည့် ဒွိဟသံသယမှုကို ကင်းဝေးစေရမည်။ တစ်ဦးတစ်ယောက်က စောဒနာတက်က ထိုစောဒနာကို ဖြေပေးရမည်။ ယင်းသို့အမျိုးမျိုးအဖုံဖုံရှင်းပြပါလျက် အချို့မနာခံလျှင်၊ ဆန့်ကျင်လျှင်၊ အနှောင့်အယှက်ပေးလျှင် ယင်းသို့သောသူများအား ကျမ်းဂန်ကို လက်ခံနာယူကျင့်သုံးသော ပုဂ္ဂိုလ်တို့၌ ရှိအပ်သည့် ဂုဏ်အင်္ဂါနှင့် လျော်ညီစွာ တုံ့ပြန်ဆက်ဆံသွားရပေမည်။

နာခံသူတို့အား လူသက်တမ်းတွင် တွေ့ကြုံရမည့် ပြဿနာအရပ်ရပ်နှင့် စပ်လျဉ်း၍ အဆုံးအမများပေးရမည်။ မိမိကိုယ်တိုင် စံပြအဖြစ် ၎င်းတို့ရှေ့မှောက်တွင် ကျင့်သုံးပြရမည်။ ထို့ပြင်တဝ ၎င်းတို့အား တစ်ဦးချင်းလည်းကောင်း၊ စုပေါင်း၍လည်းကောင်း လေ့ကျင့်ပေးပြီး စံပြအုပ်စုတစ်ခုကို ကမ္ဘာ့လူထုကြီးအား တင်ပြရမည်။ ထိုစံပြအုပ်စု၏ စုပေါင်းနေထိုင်မှုမှာ ကုရ်အာန်ကျမ်းမြတ်၏ လိုလားချက်နှင့် လုံးဝကိုက်ညီရပေမည်။

ဟဒီးဆ်ကို ငြင်းပယ်သူများ၏ မဟာအမှားတော်။

ဤအာယတ်တော်သည် လူသားတမန်တော်ကို လက်မခံသော ကာဖိရ်၊ မုရှ်ရစ်ကတို့၏ အယူအဆကို ချေဖျက်သကဲ့သို့ ဟဒီးဆ်တော်ကိုလက်မခံသော(ဝါ)တမန်တော်မြတ်၏ ရှင်းပြချက်ကို လက်မခံဘဲ ကုရ်အာန်ကျမ်းမြတ်ကိုသာ လက်ခံနာယူလိုသောသူများ၏ အယူအဆကိုလည်း ချေဖျက်ပေသည်။

ဟဒီးဆ်တော်ကို လက်မခံသောသူများသည် အောက်ပါစကားရပ် လေးရပ်အနက်၊ စကားတစ်ရပ်ရပ်ကို အဆိုပြုကြရမည်သာ ဖြစ်သည်။

(က) တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကိုသာလျှင် ယူဆောင်၍ လာခဲ့ပေသည်။ တစ်စုံတစ်ရာ ရှင်းပြခဲ့သည် မဟုတ်ပေ။

(ခ) လက်ခံနာယူအပ်သည့်အရာမှာ ကုရ်အာန်ကျမ်းမြတ်သာလျှင် ဖြစ်သည်။ တမန်တော်မြတ်၏ ရှင်းပြချက်မှာ လက်ခံနာယူဖွယ်မဟုတ်။

(ဂ) ယခု ကျွန်ုပ်တို့အဖို့ ကုရ်အာန်ကျမ်းမြတ် တစ်စောင်တည်းသည်ပင် လုံလောက်သည်။ တမန်တော်မြတ်၏ ရှင်းပြချက်မလိုပေ။

(ဃ) ယခု ကုရ်အာန်ကျမ်းမြတ်သာလျှင် အားထားလက်ခံနာယူအပ်သည့်အခြေခံ ကျန်ရှိပေတော့သည်။ တမန်တော်မြတ်၏ ရှင်းပြချက်မှာမူ လုံးဝ မကျန်ရှိတော့ပေ။ ကျန်ရှိပါသော်လည်း အားထားလက်ခံနာယူအပ်သည့်အခြေခံ အလျှင်းမရှိတော့ပေ။

အထက်ပါစကားလေးရပ် အနက် မည်သည့်စကားရပ်ကိုပင် အဆိုပြုစေကာမူ ၎င်းတို့၏ လမ်းစဉ်မှာ ကုရ်အာန်ကျမ်းလာ ဤအာယတ်တော်နှင့်ကား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိပေသည်။

အကယ်၍ ၎င်းတို့သည် ပထမစကားရပ်ကို အဆိုပြုကြသည်ရှိသော် ထိုအဆိုပြုချက်အရ ကျမ်းဂန်ကို ကောင်းကင်တမန်များမှတစ်ဆင့် သော်လည်းကောင်း၊ လူသားတို့ထံ တိုက်ရိုက်သော်လည်းကောင်း ပို့ချတော်မမူဘဲ တမန်တော်တစ်ပါးမှ တဆင့် ပို့ချတော်မူသည့် ရည်ရွယ်ချက်ကိုပင် တမန်တော်မြတ်သည် ဖောက်ဖျက်သည်ဟူ၍ (မပြောကောင်း မဆိုကောင်း)ဆိုရာ ရောက်ပေမည်။

အကယ်၍ ၎င်းတို့သည် ဒုတိယစကားရပ် သို့မဟုတ် တတိယစကားရပ်ကို အဆိုပြုကြသည်ရှိသော် ထိုအဆိုပြုချက်အရ အလွှာဟ်အရှင်မြတ်သည် တမန်တော်တစ်ပါးအား စေလွှတ်တော်မူခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကို တမန်တော်တစ်ပါးအား မစေလွှတ်ဘဲ ကျမ်းဂန်ကို ပို့ချတော်မူရုံမျှဖြင့်လည်း ရရှိနိုင်သည် ➢➢

➢➢ ဖြစ်ပါလျက် တမန်တော်တစ်ပါးမှ တစ်ဆင့် ကျမ်းဂန်ကိုပို့ချတော်မူခြင်းမှာ (မပြောကောင်း မဆိုကောင်း) အလွန်ဟန်အရှင်မြတ်သည် အလုပ်ပိုတစ်ခု ပြုလုပ်တော်မူခြင်းသာ ဖြစ်သည်ဟုဆိုရာ ရောက်ပေသည်။

အကယ်၍ ၎င်းတို့သည် စတုတ္ထစကားရပ်ကို အဆိုပြုကြပါမူ ထိုအဆိုပြုချက်အရ ကုရ်အာန် ကျမ်းမြတ်ကိုလည်းကောင်း၊ တမန်တော်မြတ်၏ "နဗုဝါတ်" တမန်တော်ဖြစ်မှုကိုလည်းကောင်း၊ နှစ်ခုစလုံးကို ရုပ်သိမ်းပလပ်ကြောင်း ကြေညာရာရောက်ပေသည်။ ထို့နောက်တွင် ယုတ္တိယုတ္တာရှိသော လမ်းစဉ်ဟူ၍ မကျန်ရှိနိုင်တော့ပေ။ ရှိသည်ဆိုပါက "နဗီ" အသစ်၊ 'ဝဟီ' အသစ်ကို လက်ခံသော သူ(မိုက်)တို့၏ လမ်းစဉ်သာ ကျန်ရှိပေမည်။ (ဤလမ်းစဉ်သည် အမှားသက်သက်မျှသာ ဖြစ်မည်)။

အဘယ်ကြောင့်ဆိုသော် ဤအာယတ်တော်တွင် ကုရ်အာန်ကျမ်းကို ထုတ်ပြန်ပို့ချတော်မူခြင်း၏ ရည်ရွယ်ချက် ပြည့်ဝစုံလင်စေခြင်းငှာ တမန်တော်၏ ရှင်းလင်းပြသမှု မှချလိုအပ်သည်ဟူ၍ အလွှာဟန်အရှင်မြတ်ကိုယ်တော်တိုင်က အတိအလင်း မိန့်ဆိုထားတော်မူသည်။ သို့ပါလျက် ဟဒီးဆ်ကို လက်မခံသောသူများက "ယခု တမန်တော်၏ ရှင်းလင်းပြချက် မကျန်ရှိတော့ပေ" ဟုဆိုကြလျှင် ယင်းသို့ဆိုခြင်းကြောင့် အကျိုးအားဖြင့် စကားနှစ်ရပ်ပေါ်လာပေမည်။

(၁) ပထမစကားမှာ - စံနမူနာအဖြစ် လိုက်နာကျင့်သုံးရန်အတွက် တမန်တော်မြတ်၏ တမန်တော်ဖြစ်မှုသည် ကုန်ဆုံးသွားပြီ၊ ၎င်းနောက် တမန်တော်နှင့် ကျွန်ုပ်တို့၏ အဆက်အသွယ်မှာ တမန်တော်ဟူဒ်၊ တမန်တော် ဆွာလစ်ဟ်၊ တမန်တော် ရှုအိုက်ဗ်တို့နှင့် ဆက်သွယ်ခြင်းမျိုးသာ ဖြစ်သွားပေမည်။ အလိုသဘောမှာ ကျွန်ုပ်တို့သည် ထိုတမန်တော်ကြီးများအား ထောက်ခံကြသည်။ ယုံကြည်ကြသည်။ သို့ရာတွင် လိုက်နာကျင့်သုံးနိုင်ရန်အတွက် ကျွန်ုပ်တို့ထံတွင် ထိုတမန်တော်ကြီးများ၏ စံနမူနာဟူ၍ကား အလျင်းမရှိပေ။ ဤသည့်အချက်သည်ပင် နဗီသစ်လိုအပ်သည်ကို ထုတ်ဖော်လျက်ရှိပေသည်။ ဤစကားမှန်ကန်ပါက (မမှန်သည်မှာ အမှန်ပင်)(خاتم النبيين) "အနန္တိမ နောက်ဆုံးစွန် တမန်တော်" ဟူသော တမန်တော်မြတ်၏ ဂုဏ်တော်ကို စော်ကားရာ ရောက်ပေသည်။

(၂) ဒုတိယစကားမှာ - ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူသော အလွှာဟ်အရှင်မြတ်၏ အာယတ်တော်အရ တမန်တော်၏ ရှင်းလင်းပြချက် မပါဘဲလျက်၊ ကုရ်အာန်ကျမ်းမြတ် တစ်စောင်တည်းသည် တရားခံမှုအတွက် မလုံလောက်ပေ။ ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်ကိုသာ နာခံယူသူများက တရားခံမှုအတွက် ကုရ်အာန်ကျမ်းမြတ် တစ်စောင်တည်းသည်ပင် လုံလောက်ပါသည်ဟူ၍ အဘယ်မျှပင် ကြွေးကြော်ဟစ်အော် နေကြသော်လည်း၊ ၎င်းတို့၏ ကြွေးကြော်ခြင်းမှာ "ခဲကမလှုပ် မြင်းကလှုပ်" ဆိုသကဲ့သို့ အဓိပ္ပါယ် ကင်းမဲ့သော စကားဖြစ်သည်သာမက ကုရ်အာန်ကျမ်းတော်လာအရ အခြားကျမ်းဂန်အသစ် တစ်စောင် လိုလာဒ:သည်ဟူ၍လည်း ဆိုရာရောက်ပေမည်။

အထက်တွင် ဖော်ပြပါ အကြောင်းကြောင်းများကြောင့် ဟဒီးဆ်ကို လက်မခံသောသူများသည် ဟဒီးဆ်ကို လက်မခံသည်သာမက အစွမ်းလာမ်သာသနာကိုပင် အမြစ်မှ ဖြိုလဲနေကြသူများပင်ဖြစ်ကြပေသတည်း။

(قاتلهم الله)

أَفَأَمِنَ الَّذِينَ مَكَرُوا السَّيِّئَاتِ أَن يَخْسِفَ اللَّهُ بِهِمُ الْأَرْضَ أَوْ يَأْتِيَهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُونَ ﴿٤٥﴾

၄၅။ အသို့ပါနည်း၊ (အစ္စလာမ်နှင့် ဆန့်ကျင်၍ လည်းကောင်း၊ ရာဇဝတ်မှုတော်မြတ်နှင့်ဆန့်ကျင်၍ လည်းကောင်း၊) အန္တရာယ်ပြုကြရန် လျှို့ဝှက်ကြံစည်ခဲ့ကြသောသူတို့သည်ထိုသူတို့အားအလွှာဟ်အရှင်မြတ်သည် မြေမျိုစေတော်မူမည်ကိုသော်လည်းကောင်း၊ ထိုသူတို့ထံ ထိုသူတို့ မထင်ကြသောနေရာမှ ပြစ်ဒဏ်ရောက်ရှိလာမည်ကိုသော်လည်းကောင်း၊ စိုးရိမ်ခြင်းကင်း၍ နေကြလောသလော။

أَوْ يَأْخُذَهُمْ فِي تَقَلُّبِهِمْ فَمَا هُم بِمُعْجِزِينَ ﴿٤٦﴾

၄၆။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့သွားလာနေခိုက် ဖမ်းဆီးကွပ်မျက်တော်မူမည်ကို (စိုးရိမ်ခြင်းမရှိကြသလော)။ သို့ဖမ်းဆီးတော်မူပါလျှင် ၎င်းတို့သည် (ထိုအရှင်မြတ်အား) မစွမ်းဆောင်နိုင်တော်မူအောင် တားဆီးနိုင်ကြသူများမဟုတ်ပေ။

أَوْ يَأْخُذَهُمْ عَلَىٰ تَخَوُّفٍ فَإِنَّ رَبَّكُمْ لَرَءُوفٌ رَّحِيمٌ ﴿٤٧﴾

၄၇။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် ၎င်းတို့အား တဖြည်းဖြည်း ဖမ်းဆီးကွပ်မျက်တော်မူမည်ကို (စိုးရိမ်ခြင်းကင်း၍ နေကြသလော)။ သို့ရာတွင် ဧကန်မလွဲ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်နူးညံ့သိမ်မွေ့တော်မူသော အရှင်၊ အလွန်သနား ညှာတာတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။ ③

---

③ မက္ကာမြို့သား ကာဖိရ်များသည် အစ္စလာမ်သာသနာကို တိမ်းကော ပပျောက်သွားစေရန် အတွက်လည်းကောင်း၊ တမန်တော်မြတ်အား အနောင့်အယှက် ပေးရန်အတွက်လည်းကောင်း၊ လျှို့ဝှက်၍ အမျိုးမျိုး ကြံစည်အားထုတ်ခဲ့ကြသည်။ ပရိယာယ်အမျိုးမျိုး သုံးခဲ့ကြသည်။ အစ္စလာမ်နှင့် စပ်လျဉ်း၍ လူအများ၏ စိတ်တွင် ဒွိဟသံသယ ဖြစ်ပေါ်လာစေရန် ကြိုးစားခဲ့ကြသည်။ စောဒနာအမျိုးမျိုး တက်ခဲ့ကြသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်လည်း မိုက်မှားခဲ့ကြသည်။ သူတစ်ပါးတို့အားလည်း မိုက်မှားစေခဲ့ကြသည်။ ဤမျှကြီးမားသော ပြစ်မှုကြီးများကို ကျူးလွန်သော သူမိုက်တို့အား အလွှာဟ်အရှင်မြတ်သည် "ကာရွန်" ကို မြေမျိုတော်မူစေသကဲ့သို့ မြေမျိုတော်မူစေလိုက မြေမျိုတော်မူစေနိုင်သည်။ ➤➤

أَوَلَمْ يَرَوْا۟ إِلَىٰ مَا خَلَقَ ٱللَّهُ مِن شَىْءٍ يَتَفَيَّؤُا۟ ظِلَٰلُهُۥ عَنِ ٱلْيَمِينِ وَٱلشَّمَآئِلِ سُجَّدًا لِّلَّهِ وَهُمْ دَٰخِرُونَ ﴿٤٨﴾

၄၈။ အသို့ပါနည်း၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသော အကြင်အရာများကို မကြည့်ရှုခဲ့ကြလေသလော။ ထိုအရာများ၏ အရိပ်ဆာယာများသည် လက်ယာမှလည်းကောင်း၊ လက်ဝဲဘက်များမှလည်းကောင်း၊ တိမ်းယိမ်းကာ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျိုးနွံ့စွာ ပျပ်ဝပ်ဦးချလျက် ရှိကြကုန်သတည်း။ [၁]

➤➤ သို့မဟုတ် ၎င်းတို့ မတွေးထင်သောနေရာမှ ပြစ်ဒဏ်တော်ကိုလည်း သက်ရောက်စေတော်မူနိုင်သည်။ (ဥပမာ– ယင်းကာဖိရ်များသည် ဗဒ်ရ်စစ်ပွဲတွင် အဖက်ဖက်၌ အင်အားကြီးမား များပြားပါလျက် လက်တစ်ဆုပ်စာမျှဖြစ်သော မွတ်စ်လင်မ်တို့အား မရှုမလှ စစ်ရေးရှုံးနိမ့်ခဲ့ကြသည်။ ဤသို့ရှုံးနိမ့်ကြရမည်ကို ၎င်းတို့သည် အလျှင်းမတွေးထင်ခဲ့ကြပေ)။

သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား လှုပ်ရှားသွားလာ နေကြခိုက်တွင်လည်း ရုတ်တရက် ပြစ်ဒဏ် ပေးတော်မူလိုက ပေးတော်မူနိုင်သည်။ သို့မဟုတ် ပြစ်ဒဏ်ခတ်တော်မူမည့်အကြောင်း အသိပေးပြီး၊ ကြောက်လန့်နေကြခိုက်တွင်လည်း ပြစ်ဒဏ်ပေးတော်မူလိုက ပေးတော်မူနိုင်သည်။ သို့တည်းမဟုတ် ရုတ်တရက် ဖျက်ဆီးတော်မမူသေးဘဲ တဖြည်းဖြည်း ယုတ်လျော့နိမ့်ကျစေကာ ပြစ်ဒဏ်ပေးတော်မူလိုကလည်း ပေးတော်မူနိုင်သည်။ အသို့ပင် အပြစ်ဒဏ် ပေးတော်မူစေကာမူ ယင်းကာဖိရ်၊ မုရ်ရစ်ဂ်များသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်ကို စိုးစဉ်းမျှပင် ကာကွယ်နိုင်ကြမည် မဟုတ်ပေ။ သို့ပါလျက် ယင်းကာဖိရ် မုရ်ရစ်ရ်များသည် မစိုးရိမ်ကြလေသလော။

အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ အလိုတော်ရှိရာကိုပြုတော်မူနိုင်သည်။ ထိုအရှင်မြတ်သည် အပြစ်ရှိသူအား ရုတ်တရက် ချက်ခြင်း ပြစ်ဒဏ်ပေးတော်မူလိုက ပေးတော်မူနိုင်သည်။

သို့ရာတွင် ထိုအရှင်မြတ်သည် အနန္တကရုဏာတော်ရှင်၊ အလွန်နူးညံ့သိမ်မွေ့တော်မူသော အရှင်ဖြစ်တော်မူပေရာ ပြစ်မှုကျူးလွန်သူများအား မိမိတို့၏ အမှားများကို ဝန်ချတောင်းပန်ကာ ရှေ့အဖို့ မိမိတို့၏ အမှားများကို ပြုပြင်သွားနိုင်ကြရန်အတွက် အနည်းငယ် အချိန်ပေးထားတော်မူလေသည်။

သို့ဖြစ်ရာ ကာဖိရ်၊ မုရ်ရစ်ရ်တို့သည် ဤသည့်အချက်ကို သဘောပေါက်ပြီးလျှင် အချိန်မီ ဝန်ချတောင်းပန်၍ မိမိတို့၏ အမှားများကို ပြုပြင်သွားသင့်ကြပေသတည်း။

① ဤစကြာဝဠာ ကမ္ဘာအဝှမ်း၌ ရှိရှိသမျှသော အရာအားလုံးတို့သည်သာမက၊ အရိပ်ဆာယာများသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှုများကို နာခံလျက်ရှိကြပေသည်။ အမိုက်ခေတ်မှ မုရ်ရစ်ဂ်များသည် အရိပ်ဆာယာနှင့် စပ်လျဉ်း၍ အမှားမှား အယွင်းယွင်း တွေးထင်ခဲ့ကြပေသေးသည်။ ၎င်းတို့၏ အတွေးအထင်များမှာ အခြေအမြစ်မရှိ၊ အမှားချည်းသာ ဖြစ်ကြောင်း၊ အရာခပ်သိမ်းကုန် တို့နှင့်တကွ အရိပ်ဆာယာများသည် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှုများကို နာခံလျက်ရှိကြောင်း ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်တွင်ပါရှိသော (سُجَّدًا) 'စကြဒဟ်ပြုသူများ' ဟူသောပုဒ်သည် မူရင်းအနက်ဖြစ်သည့် "အမိန့်နာခံသူများ" ဟူသော အနက်၌ ဖြစ်သည်။

وَلِلَّهِ يَسْجُدُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ مِن دَابَّةٍ وَالْمَلَائِكَةُ وَهُمْ لَا يَسْتَكْبِرُونَ ﴿٤٩﴾

၄၉။ ထိုနည်းတူစွာ မိုးကောင်းကင်များ၌ လည်းကောင်း၊ ပထဝီမြေ၌ လည်းကောင်း ရှိသမျှသော သွားလာ လှုပ်ရှားသည့် သက်ရှိသတ္တဝါများနှင့် "မလာအိကဟ်" ကောင်းကင်တမန် အပေါင်းတို့သည် လည်းကောင်း အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ကိုပင် လိုက်နာကြကုန်၏။ စင်စစ်သော်ကား ထိုကောင်းကင် တမန်တို့သည် မာနထောင်လွှားကြသည် မဟုတ်ပေ။

يَخَافُونَ رَبَّهُم مِّن فَوْقِهِمْ وَيَفْعَلُونَ مَا يُؤْمَرُونَ ﴿٥٠﴾

၅၀။ ၎င်းတို့သည် မိမိတို့ အထက်၌ လွှမ်းမိုးလျက် ရှိတော်မူသော မိမိတို့၏ အရှင်မြတ်အား ကြောက်ရွံ့ကြလေသည်၊ ထိုမှတပါး၊ ၎င်းတို့သည် မိမိတို့အား ချမှတ်ပေးတော်မူသော အမိန့်တော်များကို လိုက်နာဆောင်ရွက်ကြသည် သာတည်း။

ဤစကြဝဠာ ကမ္ဘာ့အဝှမ်း၌ ရှိရှိသမျှသော အရာအားလုံးတို့သည် သာမက၊ အရိပ်ဆာယာ များသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှုများကို နာခံလျက်ရှိကြပေသည်။ အမှီကခေတ်မှ မုရ်ရစ်ကများသည် အရိပ်ဆာယာနှင့်စပ်လျဉ်း၍ပင် အမှားအမှားအယွင်းယွင်း တွေးထင်ခဲ့ကြပေသည်။ ၎င်းတို့၏ အတွေးအထင်များမှာ အခြေအမြစ်မရှိ၊ အမှားချည်းသာ ဖြစ်ကြောင်း၊ အရာခပ်သိမ်းကုန်တို့နှင့်တကွ အရိပ်ဆာယာများသည် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှုများကို နာခံလျက်ရှိကြောင်း ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

ကမ္ဘာအဝှမ်းရှိ သက်ရှိသတ္တဝါအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှုကို နာခံလျက်ရှိကြကုန်၏။ ကိုးကွယ်ရာများဟူ၍ မုရ်ရစ်များ ထင်မှတ်ခဲ့ကြသည့် ကောင်းကင်တမာန် များသည်လည်း ထိုအရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုန်နာခံလျက် ရှိကြကုန်၏။ အနည်းငည်စိုးစဉ်းမျှပင် မောက်မာ ပလွှား ဝါးကြွားသည် အလျင်းမရှိကြပေ။ ဆိုလိုသည်ကား အဖန်ဆင်းခံသတ္တဝါအားလုံးတို့သည် ကြီး ငည် မခြား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံလျက် ရှိကြကုန်သတည်း။

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် သက်ရှိသတ္တဝါများသည် ပထဝီမြေ၌သာလျှင်မဟုတ်၊ အထက်ကြိုဟ်များတွင်လည်း ရှိကြောင်း သိရှိရပေသည်။ (သဖ်ဟီမုလ်ကုရ်အာန်)။

မှတ်ချက်။

ကောင်းကင်တမာန်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုန် လိုက်နာကြသည်၊ ၎င်းတို့၌ အပြစ်တစုံတရာမျှ မရှိချေ။ သို့ဖြစ်လျှင် ကောင်းကင်တမာန်များသည် အလ္လာဟ်အရှင်မြတ်အား အဘယ်ကြောင့် ကြောင့်ရွံ့ နေကြသနည်း၊ စော ဒနာဝင်နိုင်သည်။ အမှန်မှာ ကောင်းကင်တမာန်များက အလ္လာဟ်အရှင်မြတ်အား ကြောင့်ရွံ့ခြင်းမှာ ၎င်းတို့၌ အပြစ်တစုံတရာရှိသည့်အတွက် ကြောက်ရွံ့ ရခြင်းမျိုး မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၏ အနန္တတန်းခိုးတော်များကို သိကြသည့်အတွက် ကြောက်ရွံ့ ခြင်းမျိုးသာ ဖြစ်သည်။

وَقَالَ اللَّهُ لَا تَتَّخِذُوٓا۟ إِلَٰهَيْنِ اثْنَيْنِ ۖ إِنَّمَا هُوَ إِلَٰهٌ وَٰحِدٌ ۖ فَإِيَّٰىَ فَٱرْهَبُونِ ﴿٥١﴾

၅၁။ စင်စစ် အလ္လာဟ်အရှင်မြတ်က (ဝေနေယျသတ္တဝါအပေါင်းတို့အား နဗီတမန်တော်များမှတစ်ဆင့်) အသင်တို့သည် ကိုးကွယ်ရာ အရှင်နှစ်ပါး(ရှိသည်ဟု ယူဆကိုးကွယ်ခြင်း) မပြုကြကုန်လင့်၊ ထိုကိုးကွယ်ရာ အရှင်ကားတစ်ဆူတည်းသာလျှင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာအသင်တို့သည် ငါအရှင်မြတ်အား သာလျှင် ကြောက်ရွံ့ကြလေကုန်ဟု (အမိန့်တော်ထုတ်ပြန်) မိန့်ကြားတော်မူခဲ့လေသည်။

وَلَهُۥ مَا فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَلَهُ ٱلدِّينُ وَاصِبًا ۚ أَفَغَيْرَ ٱللَّهِ تَتَّقُونَ ﴿٥٢﴾

၅၂။ ထို့ပြင် မိုးကောင်းကင်များ၌ ရှိကုန်သော (သက်ရှိသက်မဲ့) အရာဝတ္ထု အလုံးစုံတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော (သက်ရှိသက်မဲ့) အရာဝတ္ထုခပ်သိမ်းတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာ ဖြစ်ကုန်၏။ ထိုမှတပါး ထိုအရှင်မြတ်၏(အမိန့်တော်)ကိုသာ ထာဝစဉ် လိုက်နာရပေမည်။ [၁] သို့ပါလျက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် အခြားကို ကြောက်ရွံ့ကြလေသလော။

---

① ဤအာယတ်တော်၏ အနက်ကို မဖတ်စ်စစ်ရိမ်များသည် အမျိုးမျိုးဖွင့်ကြသည်။

(က) တာဂ်ဝီနီ ဖန်ဆင်းတော်မူခြင်း၏ သဘောတရားအရ အရာခပ်သိမ်းတို့သည် မိမိတို့၏ သဘာဝအလျောက် စေတနာပါသည်ဖြစ်စေ စေတနာ မပါသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံ၍ နေရသည်သာ ဖြစ်သည်။ ကြည့်- ကုရ်အာန် (၃း ၈၂)။

(ခ) ဤအာယတ်တော်၏ အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်အား အမြဲတစေဝတ်ပြုရန်မှာ မုချတာဝန်တစ်ရပ် ဖြစ်သည်ဟူ၏။ ကြည့်- ကုရ်အာန် (၃၉း ၃)။

(ဂ) အချို့က "ဒီန်' ဟူသော ပုဒ်၏ အနက်ကို အစားပေးခြင်း၊ အကျိုးပေးခြင်း ဖြစ်သည်ဟူ၍ ယူဆကြ၏။ ၎င်းတို့၏ ယူဆချက်အရ ဤအာယတ်တော်၏ အလိုသဘောမှာ ကောင်းမှု၊ မကောင်းမှုတို့၏ ထာဝစဉ် ကောင်းကျိုး ဆိုးကျိုးကို အလ္လာဟ် အရှင်မြတ်သာလျှင် ပေးတော်မူမည်ဟူ၏။

وَمَا بِكُم مِّن نِّعْمَةٍ فَمِنَ اللَّهِ ثُمَّ إِذَا مَسَّكُمُ الضُّرُّ فَإِلَيْهِ تَجْأَرُونَ ﴿٥٣﴾

၅၃။ ထို့မှတပါး၊ မည်သည့်ကျေးဇူးတော်မဆို အသင်တို့၌ရှိခဲ့လျှင် အလွှာဟ်အရှင်မြတ်အထံတော်မှ (ချီးမြှင့်တော်မူသော) ကျေးဇူးတော်သာ ဖြစ်၏။ ထို့နောက် အသင်တို့၌ ဘေးဒုက္ခ သက်ရောက်ခဲ့သောအခါ အသင်တို့သည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် (ကူညီစောင်မတော်မူပါဟု) ဟစ်ကြွေး ပန်ကြားကြကုန်သတည်း။

ثُمَّ إِذَا كَشَفَ الضُّرَّ عَنكُمْ إِذَا فَرِيقٌ مِّنكُم بِرَبِّهِمْ يُشْرِكُونَ ﴿٥٤﴾

၅၄။ ထို့နောက်တစ်ဖန် ထိုအရှင်မြတ်သည် ဘေးဒုက္ခကို အသင်တို့မှဖယ်ရှားတော်မူသောအခါ အသင်တို့အနက်မှ လူတစ်စုသည် ရုတ်တရက်ပင် (အခြားအရာများကို) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်)ကြကုန်၏။

لِيَكْفُرُوا بِمَا آتَيْنَاهُمْ ۚ فَتَمَتَّعُوا فَسَوْفَ تَعْلَمُونَ ﴿٥٥﴾

၅၅။ နောက်ဆုံးတွင်၎င်းတို့သည် အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသောကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ကျေးဇူးကန်းသွားကြလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ခေတ္တခဏမျှအဖို့ အကျိုးကျေးဇူးခံစားကြလေကုန်။ ထို့နောက် အသင်တို့သည်မကြာမီ သိရှိကြပေမည်။

وَيَجْعَلُونَ لِمَا لَا يَعْلَمُونَ نَصِيبًا مِّمَّا رَزَقْنَاهُمْ ۗ تَاللَّهِ لَتُسْأَلُنَّ عَمَّا كُنتُمْ تَفْتَرُونَ ﴿٥٦﴾

၅၆။ ထို့မှတပါး၊ ၎င်းတို့သည် ငါအရှင်မြတ် ၎င်းတို့အား ချီးမြှင့် ပေးသနားတော်မူသောအရာများအနက်မှ မိမိတို့ မသိနားမလည်သော အရာများအဖို့ ဝေစုဝေပုံ ပြုလုပ်ကြကုန်၏။ အလွှာဟ်အရှင်မြတ်၏ "ကစမ်" အသင်တို့သည် မိမိတို့ လိဆယ်ဖန်တီးလျက်ရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ အမှန်ပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

وَيَجْعَلُونَ لِلَّهِ الْبَنَاتِ سُبْحَانَهُ ۙ وَلَهُمْ مَا يَشْتَهُونَ ﴿٥٧﴾

၅၇။ ထိုမှတပါး၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၌ သမီးများရှိကြသည်ဟု ယိုးစွပ်ကြကုန်၏။ [၁] ထိုအရှင်မြတ်သည် (၎င်းတို့စွပ်စွဲပြောဆိုကြသည်များမှ လုံးဝ) သန့်ရှင်းစင်ကြယ်တော်မူ၏။ သို့ရာတွင် ၎င်းတို့အဖို့ ၎င်းတို့နှစ်သက်ကြသောအရာသည် ရှိပေသည်။

وَإِذَا بُشِّرَ أَحَدُهُمْ بِالْأُنْثَىٰ ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ ﴿٥٨﴾

၅၈။ စင်စစ်သော်ကား ၎င်းတို့အနက် တစ်စုံတစ်ယောက်သည် သမီးမိန်းကလေးနှင့် ပတ်သက်၍ သတင်းကောင်းပေးခြင်းကို ခံရလေသောအခါ ၎င်း၏မျက်နှာသည် (ရုတ်တရက်ချက်ချင်း) ညိုမည်း၍ သွားလေတော့၏။ ထိုမှတပါး ၎င်းသည် ကျိတ်၍ ပူဆွေးလျက်ရှိပေသည်။

يَتَوَارَىٰ مِنَ الْقَوْمِ مِن سُوءِ مَا بُشِّرَ بِهِ ۚ أَيُمْسِكُهُ عَلَىٰ هُونٍ أَمْ يَدُسُّهُ فِي التُّرَابِ ۗ أَلَا سَاءَ مَا يَحْكُمُونَ ﴿٥٩﴾

၅၉။ ၎င်းသည် မိမိကို မကောင်းသတင်းပေးခြင်းကို ခံရသောကြောင့် လူများထံမှ မမြင်နိုင်ကြလေအောင် ပုန်းကွယ်လေသည်။ (ထို့ပြင်) ယင်းသည် ထိုမိန်းကလေးကို ယုတ်ညံ့သောအခြေအနေနှင့် ထိန်းသိမ်း၍ ထားရပါမည်လော။ သို့တည်းမဟုတ် ၎င်းအား မြေကြီးထဲ၌ မြှုပ်ရပါမည်လောဟု (သို့လော၊ သို့လော ဖြစ်၍နေပေသည်)။ သတိပြုကြလေကုန်။ ၎င်းတို့၏ ဆုံးဖြတ်ချက်သည် အလွန်ယုတ်ညံ့လှပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူ၏။ ထိုအရှင်မြတ်၌ သားသမီးသံယောဇဉ် အလျှင်းမရှိ။ အရပ် မုရ်ရစ်ကများက အထူးသဖြင့် "ခုဇာအဟ်" နှင့် "ကိနာနဟ်" မျိုးနွယ်များက "ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဖြစ်သည်" ဟု မိုက်မဲစွာဆိုခဲ့ကြ၏။ အမှန်မှာ အရှင်မြတ်၌ သားလည်းမရှိ၊ သမီးလည်းမရှိ၊ ကြင်ရာလည်းမရှိ၊ မည်သည့်သံယောဇဉ်မျှမရှိ။

ယင်းမုရ်ရစ်များက အလ္လာဟ်အရှင်မြတ်၌ သမီးတော်များရှိသည်ဟု ဆိုကြသော်လည်း ၎င်းတို့သည် သမီးများကို လွန်စွာ စက်ဆုပ်ရွံရှာ မုန်းတီးခဲ့ကြပေသည်။ ၎င်းတို့အနက် တစ်ဦးတစ်ယောက်၌ သမီးမိန်းကလေး ထွန်းကားပါက ထိုသူသည် ရှက်လွန်းလှသည့်အတွက် မိတ်ဆွေများထံမှ ပုန်းကွယ်၍နေ၏။ ရရှိသောသမီးကလေးကို လက်ခံထားရှိပါက အရှက်ထုပ်ကြီးတစ်ခုကို ထမ်းရွက်ထားရသည်ဟူ၍ ယူဆကာ ➤➤

لِلَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ مَثَلُ السَّوْءِ ۖ وَلِلَّهِ الْمَثَلُ الْأَعْلَىٰ ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٦٠﴾

၆၀။ နောင် တမလွန်ဘဝကို မယုံကြည်ကြသော သူတို့၌ မကောင်းသော အရည်အချင်းရှိ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၌မူကား *မြင့်မြတ်လှစွာသော အရည်အချင်းများသည်* ရှိကုန်၏။ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် လွှမ်းမိုးတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

➤➤ ထိုသမီးကလေးအား အလွန် သေးသိမ်ယုတ်ညံ့ သိမ်ဖျင်းသည့် အဖြစ်၌ ထားလေသည်။ သို့မဟုတ်က နောင်တစ်ချိန်သော် သမက်ရမည်ကို တွေး၍ မိမိ၏ သွေးရင်းသားရင်း၊ သမီးရင်းကိုပင် အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်၏။

အစ္စလာမ်သာသနာသည် အမျိုးသမီးတို့အား ထိုသည့်အထင်သေးမှု၊ သမီးကလေးများအား ထိုသည့် အရှင်လတ်လတ် သတ်မှုများကို လုံးဝတွန်းလှန် ဖြိုဖျက်ခဲ့လေသည်။ အစ္စလာမ်သာသနာ ထွန်းကားလာပြီးသည့် နောက်ပိုင်းတွင် တိုင်းပြည်တွင် ထိုသည့်အထင်သေးမှု၊ သတ်ဖြတ်မှုသည် လုံးဝ ပျောက်ကွယ်သွားခဲ့လေသည်။ ဤကား အမျိုးသမီးလောကကြီး တစ်ခုလုံးအပေါ်၌ အစ္စလာမ်ကျေးဇူးကြီးတစ်ရပ်ပင်။

① "မုရ်ရစ်ကျမ်းသည် မိမိတို့၏ ကျူးကျော်စော်ကားမှု၊ မလေးမခန့် ပြောဆိုကျင့်မှုမှုများကြောင့် နောက်ဆုံးတွင် အလွန်ဆိုးရွားသည့် အဖြစ်ဆိုးနှင့် တွေ့ကြုံကြရမည်ကို မယုံကြည်ကြပေ။ မကောင်းသောဥပမာ၊ မကောင်းသော ဂုဏ်၊ မကောင်းသောအဖြစ်သည် ယင်းသို့သော မုရ်ရစ်ကျမ်းများနှင့်သာလျှင် သက်ဆိုင်ပေသည်။ အပ်စပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်သာလျှင် သားသမီးများကို တောင့်တကြရသည်။ ၎င်းတို့သည်သာလျှင် ဒုက္ခဖြစ်သည့်အခါ အိုမင်းမစွမ်းသည့်အခါ သားသမီးများကို မှီခိုကြရသည်။ ၎င်းတို့သည် သာလျှင် အရှက်တကွဲဖြစ်ကြရမည်ကို စိုးရိမ်၍ သော်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမည်ကို စိုးရိမ်၍သော် လည်းကောင်း၊ သမီးမိန်းကလေးများအား အရှင်လတ်လတ် သတ်ဖြတ်ကြသည်။ ၎င်းတို့သည်သာလျှင် မိမိတို့၏ ကျူးလွန်မှု၊ မိုက်မှားမှု၊ ရှုရစ်ကပြုမှုတို့ကြောင့် နောင်တမလွန်ဘဝတွင် ကြီးလေးသော ပြစ်ဒဏ်များကို အမြဲထာဝစဉ် ခံကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ယင်းမုရ်ရစ်ကျမ်းသည် အဖက်ဖက်တွင် ဆုတ်ယုတ်လျက်၊ ချို့တဲ့လျက် ရှိကြပေရာ မကောင်းသောဥပမာ၊ မကောင်းသောဂုဏ်၊ မကောင်းသောအဖြစ်သည် ၎င်းတို့နှင့်သာလျှင် အပ်စပ်ပေသည်။ သက်ဆိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်နှင့်ကား လားလားမျှ မအပ်စပ်ပေ။ မသက်ဆိုင်ပေ။

အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူလေရာ အမြင့်မြတ်ဆုံး၊ အကြီးကဲဆုံးသော၊ အကောင်းဆုံးသောဥပမာ ဂုဏ်တော်များသည်သာလျှင် ထိုအရှင်မြတ်နှင့် အပ်စပ်ပေသည်။

وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِظُلْمِهِمْ مَّا تَرَكَ عَلَيْهَا مِن دَآبَّةٍ وَلَٰكِن يُؤَخِّرُهُمْ إِلَىٰٓ أَجَلٍ مُّسَمًّى ۖ فَإِذَا جَآءَ أَجَلُهُمْ لَا يَسْتَأْخِرُونَ سَاعَةً وَلَا يَسْتَقْدِمُونَ ﴿٦١﴾

၆၁။ စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည်လူတို့အား၎င်းတို့၏ မတရားမှုကြောင့် (ရုတ်တရက် ချက်ချင်း) ဖမ်းဆီးကွပ်မျက်တော်မူပါလျှင် (ဤပထဝီမြေ)ပေါ်ဝယ် သွားလာလှုပ်ရှားသော သတ္တဝါတစ်စုံတစ်ခုကိုမျှ ချန်ထားတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းတော်မူလေသည်။ တစ်ဖန် ၎င်းတို့၏ အချိန်ကာလသည် ဆိုက်ရောက်လာသောအခါ၊ ၎င်းတို့သည် တစ်နာရီမျှပင်နောက်သို့ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ။ ရှေ့သို့ တိုးနိုင်ကြမည်လည်း မဟုတ်ပါပေတကား။ ၁

---

① အကယ်၍ အလ္လာဟ်အရှင်မြတ်သည် မတရားသူတို့အား ၎င်းတို့၏ မတရားမှုကြောင့် ချက်ချင်း ဖမ်းဆီးကွပ်မျက်တော်မူပါလျှင် ကမ္ဘာမြေပြင်၌ သတ္တဝါတစ်ကောင်မျှ ကျန်ရှိမည်မဟုတ်၊ အားလုံး သေကြပျက်စီးသွားကြပေမည်။

အကြောင်းကား မတရားသောသူများသည် မိမိတို့၏ မတရားမှုကြောင့် ပျက်စီးသွားကြပေမည်။ တရားသောသူများလည်း ရှိရန်မလိုပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် (များသောအားဖြင့်) ဤကမ္ဘာတွင်တရားသူနှင့် မတရားသူ၊ အဆိုးနှင့်အကောင်းကို ခွဲခြားတွဲထားရှိတော်မူလိုသည်။ သို့မဟုတ်ပါမူ၊ ဤကမ္ဘာတွင် မတရားသူများမရှိဘဲ တရားသူများသာ နေထိုင်ခြင်းသည် ကောင်းကင်ဘုံ၌ ကောင်းကင်တမန်များ နေထိုင်သကဲ့သို့ ဖြစ်သွားပေမည်။ သို့ဖြစ်လျှင် ဤကမ္ဘာမြေ၌ သူတော်ကောင်းများအား သီးသန့် နေရာချထားပေးရန်ပင် မလိုတော့ပေ။

အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အပြစ်ရှိသည့်အတွက် ဤပစ္စက္ခဘဝ၌ပင် ရုတ်တရက် ချက်ချင်း ဖမ်းဆီးကွပ်မျက်တော်မူပါလျှင် ဤကမ္ဘာတွင် သတ္တဝါဟူ၍ တစ်ဦးမျှ ကျန်ရှိနိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာသူကမ္ဘာသားတို့အနက် အများစုကြီးမှာ အပြစ်ရှိသူများသာ ဖြစ်ကြပေသည်။ သာမန်အပြစ်ငယ်များနှင့်ကား အသူကင်းနိုင်အံ့နည်း။

(كلكم خَطَّاؤُونَ) "အသင်တို့အားလုံးသည်ပင် မှေ့မှားသူများ ဖြစ်ကြသည်" ဟူ၍ သြဝါဒတော် လာရှိပေသည်။

အကယ်၍သာ အပြစ်ရှိသူအား အပြစ်ရှိသည့်အတွက် ဖမ်းဆီးကွပ်မျက်တော်မူသည်ရှိသော် ဤကမ္ဘာသို့ နဗီတမန်တော်များအား စေလွှတ်ရန်ပင် အကြောင်းရှိတော်မူမည် မဟုတ်ပေ။ တမန်တော်များအား ကောင်းကင်တမန်များနှင့်အတူ ထားရန်ပင်သင့်ပေမည်။ ဤသို့အားဖြင့် လူ့လောကတွင် လူကောင်းလည်းမရှိ၊ လူဆိုးလည်းမရှိတော့ပေရာ လူသားတို့အကျိုးငှါ ဖန်ဆင်းထားတော်မူသော တိရစ္ဆာန်များလည်း ရှိရန် မလိုတော့ပေ။ ➤➤

وَيَجْعَلُونَ لِلَّهِ مَا يَكْرَهُونَ وَتَصِفُ أَلْسِنَتُهُمُ الْكَذِبَ أَنَّ لَهُمُ الْحُسْنَىٰ ۚ لَا جَرَمَ أَنَّ لَهُمُ النَّارَ وَأَنَّهُمْ مُفْرَطُونَ ﴿٦٢﴾

၆၂။ ထိုမှတပါး၊ ငင်းတို့သည် မိမိတို့ စက်ဆုပ်ကြကုန်သောအရာများကို အလ္လာဟ်အရှင်မြတ်၌ ရှိသည်ဟု ယိုးစွပ်ကြပေသည်။ [၁] သို့ပါလျက် ငင်းတို့၏ နှုတ်(လျှာ)များသည် ဧကန်စင်စစ် ငင်းတို့အဖို့ ကောင်းကျိုးချမ်းသာရှိသည်ဟူ၍ပင် မုသားပြောဆိုကြသေး၏။ မချွတ်မလွဲ ငင်းတို့အဖို့ ငရဲမီးသည် (အဆင်သင့်) ရှိပေသည်။ ထိုမှတပါး၊ ဧကန်စင်စစ် ငင်းတို့သည် (ယင်းငရဲမီးထဲသို့) ရှေးဦးစွာပို့ဆောင်ခြင်းခံကြရမည့်သူများပင် ဖြစ်ကုန်သတည်း။

➤➤ ထိုမှတပါး၊ အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ ပြစ်မှုများကြောင့် ဥပမာ- မိုးရွာသွန်းခြင်းကို ပိတ်ပင်ရပ်စဲထားတော်မူလိုက်သော် လူသားတို့နှင့်တကွ အခြားသက်ရှိသတ္တဝါအားလုံးတို့ပါ သေကြေပျက်စီးသွားကြမည်မှာအမှန်ပင်။

အချုပ်အားဖြင့် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အပြစ်ရှိတိုင်းသာ ရုတ်တရက် ချက်ချင်း အရေးယူတော်မူပါလျှင် ဤကမ္ဘာကြီးသည် မိနစ်ပိုင်းအတွင်း ပျက်ပြုန်းသွားပေမည်။ သို့တစေလည်း ထိုအရှင်မြတ်သည် အလွန်နူးညံ့သိမ်မွေ့တော်မူသောအရှင်၊ မဟာကရုဏာတော်ရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေရာ အပြစ်ရှိသူတို့အား ရုတ်တရက်ချက်ချင်း အရေးယူတော်မမူပေ။ အပြစ်ရှိသူတို့အား မိမိတို့၏ အမှားများကို မြင်ရန်၊ ပြင်ရန်နှင့်ဝန်ချတောင်းပန်နိုင်ရန်အတွက် အချိန်ပေးတော်မူသည်။ သတ်မှတ်ထားတော်မူသည့် အချိန်အထိ ခွင့်ပြုထားတော်မူသည်။ သို့ရာတွင် ထို သတ်မှတ်ထားတော် မူသောအချိန်ကျရောက်လာသည့် အခါတွင်မူ တစ်စက္ကန့်မျှပင် ရှေ့သို့လည်း တိုးနိုင်မည်မဟုတ်၊ နောက်သို့လည်း ဆုတ်နိုင်ကြမည်မဟုတ်။

① အရဗ် မူရ်ရစ်က်များသည် မိမိတို့ကိုယ်တိုင် မနှစ်ခြိုက်သောအရာများကို (ဥပမာ-သမီးများ၊ မိမိတို့၏ ဥစ္စာပစ္စည်းများတွင် သူတစ်ပါးပါဝင်ပိုင်ဆိုင်မှု၊ သူတစ်ပါးက မိမိတို့အား မလေးမခန့်ပြုမှု၊ ပြက်ရော် ပြောင်လှောင်မှုများကို) အလ္လာဟ်အရှင်မြတ်အဖို့ နှစ်ခြိုက်ကြပေသည်။ ယင်းသို့ကြီးမားလှသည့် ပြစ်မှုကိုကျူးလွန်ပြီး နောက်တွင် ငင်းတို့က ဤပစ္စက္ခဘဝတွင်လည်း ကောင်းသောအရာများသည် ငါတို့နှင့်သာလျှင် ထိုက်တန်သည်။ အကယ်တန္တ နောင်တမလွန်ဘဝရှိပါက ယင်းဘဝ၏ သုခချမ်းသာများသည်လည်း ငါတို့နှင့်သာလျှင် ထိုက်တန်သည်ဟု မိုက်မဲစွာ ပြောဆို ကြသေးသည်။ ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ် (၄၁ : ၅၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။

မူရ်ရစ်က်များ၏ မျှော်မှန်းချက်မှာ မိမိတို့၏အပြုအမူ အကျင့်အကြံနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော အရာကို မျှော်မှန်းခြင်းသာဖြစ်သည်။ အမှန်မှာငင်းတို့အဖို့ ဂျာဟန္နမ်ငရဲသည်သာ အသင့်ရှိ ယသည်။ ငင်းတို့သည်လည်း ယင်းငရဲဘက်သို့ နေ့စဉ်နှင့်အမျှ ဦးတည်သွားလျက်ရှိပေသည်။

تَاللَّهِ لَقَدْ أَرْسَلْنَا إِلَىٰ أُمَمٍ مِّن قَبْلِكَ فَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَهُوَ وَلِيُّهُمُ الْيَوْمَ وَلَهُمْ عَذَابٌ أَلِيمٌ ﴿٦٣﴾

၆၃။ အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်၏အလျင် အုပ်စုအသီးသီးထံသို့ (ရစူလ်တမန်တော်များကို) စေလွှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ရှိုင်တွာန်မိစ္ဆာကောင်သည် ၎င်းတို့၏ပြုကျင့်မှုများကို ၎င်းတို့၏အမြင်တွင်လည်း လှပတင့်တယ်အောင် ပြုလုပ်ခဲ့လေသည်။ သို့ဖြစ်ပေရာ ယင်းရှိုင်တွာန်မိစ္ဆာကောင်သည် ယနေ့လည်း ၎င်းတို့၏ အဆွေခင်ပွန်းပင် ဖြစ်ပေသည်။ ထိုမှတပါး ၎င်းတို့၌ ပြင်းပြနာကျင်ဖွယ်ပြစ်ဒဏ်ရှိချေသည်။ ၁

وَمَا أَنزَلْنَا عَلَيْكَ الْكِتَابَ إِلَّا لِتُبَيِّنَ لَهُمُ الَّذِي اخْتَلَفُوا فِيهِ ۙ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ﴿٦٤﴾

၆၄။ စင်စစ်သော်ကား ငါအရှင်မြတ်သည်အသင်၏ အပေါ်၌ ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သည်မှာ အသင်သည် ၎င်းတို့အား ၎င်းတို့ ကွဲလွဲချက်ရှိခဲ့ကြသောအကြောင်းကို ရှင်းလင်းအံ့သောငှာသာလည်းကောင်း၊ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း ချပေးတော်မူခဲ့ခြင်းသာ ဖြစ်ပေသတည်း။ ၂

---

① မက္ကာမြို့သား ကာဖိရ်၊ မုရှ်ရစ်ကများ၏ မလေးမခန့်ပြုမှု၊ ဆိုးမိုက်မှု၊ သွေဖည်မှုများကြောင့် တမန်တော်မြတ်သည် လူသဘာဝအလျောက် စိတ်ဆင်းရဲခြင်း ဖြစ်ရှာတော်မူခဲ့လေသည်။

ယင်းသို့ စိတ်ဆင်းရဲခြင်း ဖြစ်တော်မမူရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် တမန်တော်မြတ်အလျင် အတိတ်ခေတ်များ၌ အုပ်စုအသီးသီးထံသို့ တမန်တော်များအား စေလွှတ်တော်မူခဲ့သည့်အကြောင်း၊ သို့စေလွှတ်တော်မူသည့်အခါ ရှိုင်တွာန်သည် ကာဖိရ်၊ မုရှ်ရစ်ဂ်တို့အား အမြဲတစေ ဖြားယောင်းခဲ့သည့်အကြောင်း၊ ၎င်းတို့၏ အပြုအမူများကို ၎င်းတို့၏အမြင်၌ အကောင်းထင်စေခဲ့ကြောင်း။ သို့အတွက် ယင်းကာဖိရ်၊ မုရှ်ရစ်ဂ်များသည် ဆိုးသွမ်းမိုက်မဲမှုများတွင် အမြဲတစေ နစ်မွန်းလျက် နေခဲ့ကြသည့်အကြောင်း၊ နောက်ဆုံးတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ် ပြစ်ဒဏ်ခတ်တော်မူခြင်းကို ခံခဲ့ကြရကြောင်း။

ယင်းသို့ ပြစ်ဒဏ်ခတ်တော်မူခြင်း ခံရသည့်အခါ ၎င်းတို့၏မိတ်ဆွေကြီး ရှိုင်တွာန်သည် ၎င်းတို့အား အနည်းငယ် စိုးစဉ်းမျှမကာကွယ်နိုင်ခဲ့ကြောင်း၊ ထို့အတူ တမန်တော်မြတ် လက်ထက်ရှိ ကာဖိရ်၊ မုရှ်ရစ်ဂ်များသည်လည်း အတိတ်ခေတ်ကာဖိရ်၊ မုရှ်ရစ်ဂ်များကဲ့သို့ပင် နောက်ဆုံးတွင် ပြစ်ဒဏ်တော်သင့်၍ ပျက်စီးကြမည်သာဖြစ်ကြောင်း၊ ထို့အတွက် တမန်တော်မြတ်သည် စိတ်ဆင်းရဲခြင်းဖြစ်တော်မူရန် မလိုကြောင်းဖြင့် မိန့်ကြားထားတော်မူသည်။

➤➤

وَٱللَّهُ أَنزَلَ مِنَ ٱلسَّمَآءِ مَآءً فَأَحْيَا بِهِ ٱلْأَرْضَ بَعْدَ مَوْتِهَآ ۚ إِنَّ فِى ذَٰلِكَ لَءَايَةً لِّقَوْمٍ يَسْمَعُونَ ﴿٦٥﴾

၆၅။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် မိုးကောင်းကင်မှရေကို ချပေးသနားတော်မူလေသည်။ တဖန် ထိုအရှင်မြတ်သည် ထိုရေဖြင့် သေပြီးသော မြေကိုရှင်စေတော်မူလေသည်။ ဧကန်စင်စစ် ဤသည်၌ ကြားနာကြကုန်သောသူတို့အဖို့အမှန်ပင် သက်သေသာဓက ရှိပေသတည်း။

➤➤ အချို့မုဖတ်စ်စစ်ရိများက (فَهُوَ وَلِيُّهُمُ ٱلْيَوْمَ) ဟူသော အာယတ်တော်၏ အလိုသဘောမှာ "ရှေးသူဟောင်းများကို လွဲမှားစေခဲ့သော ရှိုင်တွာန်သည် ယနေ့ ဤမက္ကာမြို့သား ကာဖိရ် မုရှ်ရစ်ကျမ်း၏ မိတ်ဆွေကြီးဖြစ်လျက် ရှိချေပြီ။

သို့ဖြစ်ရာ အတိတ်ခေတ် ကာဖိရ် မုရှ်ရစ်ကျမ်း ဆုံးရှုံးပျက်စီး သွားခဲ့ကြသကဲ့သို့ ဤကာဖိရ်၊ မုရှ်ရစ်ကျမ်းသည်လည်း ဆုံးရှုံးပျက်စီးသွားကြပေမည်" ဟူ၍ အနက်ဖွင့်ကြပေသည်။

ⓙ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူခြင်းအကြောင်းရင်းမှာ အချို့လူသားများ သဘောကွဲလွဲငြင်းခုံနေကြသည့် တောင်ဟီးဒ်၊ အာခေရတ်၊ ဟလာလ်၊ ဟရာမ်အမိန့်ပညတ်အစရှိသည့် မှန်ကန်အရေးကြီးသည့် အစွန်လာမ်သာသနာ့မူများကို တမန်တော်မြတ်က ထင်းလင်းပြတ်သားစွာ ရှင်းပြရန်ပင်ဖြစ်သည်။

တစ်နည်းဆိုရသော် တမန်တော်မြတ်သည် ပြဿနာအရပ်ရပ်ကို ကုရ်အာန်ကျမ်းမြတ်ဖြင့် တိကျပြတ်သားစွာ အဆုံးအဖြတ်ပေးရန် တာဝန်မှာ တမန်တော်မြတ်၏ တာဝန်ပင်ဖြစ်သည်။ ယင်းသည့် အဆုံးအဖြတ်များကို နာခံခြင်း၊ မနာခံခြင်းသည် လူသားတို့၏ တာဝန်သာလျှင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ "တောင်ဖီက်" စွမ်းအားပေးတော်မူခြင်းကို ခံယူရသူများသည် တမန်တော်မြတ်၏ အဆုံးအဖြတ်များကို ကြည်ဖြူစွာ လက်ခံနာယူကျင့်မူကြသည်သာဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်သည် ကာဖိရ်၊ မုရှ်ရစ်ကျမ်း၏ သွေဖည်မှုများကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်တော်မူရန် မလိုပေ။

ⓐ **သက်သေလက္ခဏာတော် – ၁။**

အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှမိုးရေကို ရွာသွန်းချပေးတော်မူ၍ သေနေသော၊ သွေ့ခြောက်နေသောမြေကို ပြန်လည်ရှင်စေတော်မူသည်။ စိမ်းစိုစေတော်မူသည်။ ဤသည် နေ့စဉ်နှင့်အမျှ တွေ့မြင်နေရသောကိစ္စပင်။ ဤသည် လူသားတို့၏ အလုပ်မဟုတ်၊ ကာဖိရ်၊ မုရှ်ရစ်ကတို့ ဆည်းကပ်ကိုးကွယ်နေကြသော ဘုရားကြီးငယ်များ၏ အလုပ်လည်းမဟုတ်၊ ဤသည် အလ္လာဟ်အရှင်မြတ်၏ အလုပ်သာဖြစ်သည်။ ထိုအရှင်မြတ်၏ ကျေးဇူးတော်သာဖြစ်သည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ထိုအရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင်၊ အနန္တဉာဏ်တော်ရှင်၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။ ထို့ပြင်တဝ ကောက်ပဲသီးနှံများ ယခုကဲ့သို့ သေလိုက်၊ ရှင်လိုက်၊ ခြောက်လိုက်၊ စိုလိုက်ဖြစ်သည်ကို စဉ်းစားဆင်ခြင်ပါက မှန်ကန်သော ဉာဏ် အမြော်အမြင် ရှိသူတိုင်းသည် သေပြီးနောက် ရှင်ပြန် ထရမည်ကို လွယ်ကူစွာ စဉ်းစား ဆင်ခြင် သိရှိနိုင်ကြပေသည်။

وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً ۖ نُّسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَائِغًا لِّلشَّارِبِينَ ﴿٦٦﴾

၆၆။ ထိုမှတပါး: ဧကန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းသတ္တဝါများ၌ အမှန်ပင် သင်ခန်းစာ ရှိပေသည်။ ငါအရှင်မြတ်သည် အသင်တို့အား ၎င်း၏ ဝမ်းဗိုက်တွင်းရှိ အစာဟောင်းနှင့်သွေး၏ အကြားမှ သန့်စင်၍ သောက်သုံးသူတို့အဖို့ အရသာ ရှိသော နို့ရည်ကို တိုက်ကျွေးတော်မူ၏။ ၁

وَمِن ثَمَرَاتِ النَّخِيلِ وَالْأَعْنَابِ تَتَّخِذُونَ مِنْهُ سَكَرًا وَرِزْقًا حَسَنًا ۗ إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَعْقِلُونَ ﴿٦٧﴾

၆၇။ ထိုမှတပါး: စွန်ပလွံပင်များ၏ အသီးများ၌ လည်းကောင်း၊ စပျစ်သီးများ၌လည်းကောင်း၊ အသင်တို့သည် ထိုအရာဖြင့် မူးယစ်စေသောအရာကိုလည်း ကောင်း၊ ကောင်းမွန်သော စားကောင်းသောက်ဖွယ် ရာကိုလည်းကောင်း၊ ပြုလုပ်ကြကုန်၏။ ဧကန်စင်စစ် ဤသည်၌ သိနားလည်ကြသောသူတို့အဖို့ အမှန်ပင် သက်သေသာဓက ရှိပေသည်။

وَأَوْحَىٰ رَبُّكَ إِلَى النَّحْلِ أَنِ اتَّخِذِي مِنَ الْجِبَالِ بُيُوتًا وَمِنَ الشَّجَرِ وَمِمَّا يَعْرِشُونَ ﴿٦٨﴾

၆၈။ ၎င်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်သည် ပျားကောင်၏ထံသို့ (ဤသို့) အမိန့်တော်ပေးတော်မူလေသည်။ ၂ အသင်သည် တောင်များ၌လည်းကောင်း၊ သစ်ပင်များ၌လည်း ကောင်း၊ လူတို့တည်ဆောက်ကြကုန်သော အဆောက် အအုံများ၌လည်းကောင်း၊ (မိမိတို့) နေအိမ်များ ပြုလုပ် လေကုန်။ ၃

---

① **သက်သေလက္ခဏာတော် -၂။**

ကုလားအုတ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် ခြေလေးချောင်း တိရစ္ဆာန်များသည် မြက်ပင်၊ ဝါးပင်၊ သစ်ရွက် စသည်များကို စားကြသည်။ အလွှာဟ်အရှင်မြတ်သည် ထိုသည့်တိရစ္ဆာန်များ၏ ဝမ်းဗိုက်များတွင် အံ့မဆုံးနိုင်သည့် အစာအိမ်(ချက်စက်) တစ်ခု တပ်ဆင်ထားတော်မူသည်။ ထိုချက်စက်၏ကျေးဇူးဖြင့် ဝမ်းတွင်းသို့ ရောက်ရှိလာသော အစာအာဟာရများသည် ပုံသဏ္ဌာန် အမျိုးမျိုးပြောင်းလွဲကာ အသီးသီးစနစ်တကျ ကိုယ့်နေရာ ကိုယ် ရောက်ရှိသွားစေသည်။

② ပျားကောင်သည် ဉာဏ်ထက်မြက်မှု၊ အမြော်အမြင်ကြီးမှု၊လက်ရာ ပြောင်မြောက်မှုတွင် တိရစ္ဆာန်လောကၭ အထူးကျော်ကြားပေသည်။ အနောက်နိုင်ငံ စာရေးဆရာကြီးများသည် ပျားကောင်၏ ဉာဏ်ထက်မြက်မှု၊ ➤➤

ثُمَّ كُلِي مِن كُلِّ الثَّمَرَاتِ فَاسْلُكِي سُبُلَ رَبِّكِ ذُلُلًا ۚ يَخْرُجُ مِن بُطُونِهَا شَرَابٌ مُّخْتَلِفٌ أَلْوَانُهُ فِيهِ شِفَاءٌ لِّلنَّاسِ ۗ إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَتَفَكَّرُونَ ﴿٦٩﴾

၆၉။ ထို့နောက် အသင်သည် အသီးအနှံ အသီးသီး အသက, အသကတို့မှ (အရည်များကို) စုတ်ယူစားသုံးလေလော့။ တဖန် အသင်သည် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ လွယ်ကူလျက်ရှိသောလမ်းများကို လျှောက်လေလော့။ ယင်းပျားကောင်၏ဝမ်းဗိုက်များမှ အရောင်မျိုးစုံရှိသော သောက်သုံးဖွယ်ရာ (ပျားရည်)သည် ထွက်လေသည်။ ယင်းသောက်သုံးဖွယ်ရာ၌ လူတို့အဖို့ *အနာရောဂါပျောက်ကင်းခြင်းသည် ရှိပေသည်။* [၁] ဧကန်မလွဲဤသည်၌ စဉ်းစားဆင်ခြင်တတ်သော သူတို့အဖို့ အမှန်ပင် သက်သေသာဓကသည် ရှိပေသတည်း။

➤➤ အကြံအစည်ကောင်းမှုများနှင့်စပ်လျဉ်း၍ ကျမ်းပေါင်းအမြောက်အမြားပင် ရေးသားခဲ့ကြပေသည်။ ထိုပျားကောင်များ ပြုလုပ်ထားသည့် ပျားအုံများကို ကြည့်ရှုပါက သပ်ယပ်မှု၊ သေသပ်မှု၊ စနစ်ကျမှု၊ အချိုးကျမှု၊ တိကျမှု၊ ပိရိမှု၊ သိပ်သည်းမှု၊ ခိုင်ခံ့မှု၊ လှပမှုများကို အလွန်ကျွမ်းကျင် တတ်မြောက်သော (Engineer, Geometer) တစ်ဦးဦးက ပြုလုပ် တည်ဆောက်ထားသည့်အလား အံ့ဖွယ်သရဲ တွေ့ရှိရပေသည်။

အလ္လာဟ်အရှင်မြတ်သည် ယင်းသည့်ပျားကောင်များထံသို့ "ဝဟီ" ပို့တော်မူသည်ဟု ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ဤတွင် "ဝဟီ" သည် တမန်တော်များထံသို့ ပို့တော်မူသော ဝဟီနှင့် အဓိပ္ပာယ်တူ မဟုတ်ချေ။ ဝဟီ၏ မူလကျယ်ဝန်းသည့်အနက်ဖြစ်သော "စိတ်တွင် စကားတစ်ရပ်ကို ထည့်သွင်းပေးခြင်း" အနက်၌သာ ဖြစ်သည်။

② (مِمَّا يَعْرِشُونَ) ဟူသည် လူသားတို့ တည်ဆောက်ထားကြသည့် အဆောက်အအုံများကိုလည်း ဆိုနိုင်သည်။ (ဘူးစင်၊ ဖရုံစင်) စပျစ်စင်စသည့် စင်များကိုလည်း ဆိုနိုင်သည်။ (مما يعرشون من الشجر ومن الجبال) ၌ပါရှိသော (مِنْ) သည် (تبعيضية) ဖြစ်သည်ဟု အချို့က အနက်ပေးသည်။ ဆိုလိုသည်ကား ပျားကောင်များသည် တောင်များ၊ သစ်ပင်များ၊ အဆောက်အအုံများအနက် သင့်တော်ရာ အချို့နေရာတွင် ပျားအုံ ပြုလုပ်ကြသည်ဟူ၏။ တောင်တိုင်း၊ သစ်ပင်တိုင်းနှင့် အဆောက်အအုံတိုင်းတွင် ပျားကောင်များသည် ပျားအုံ ပြုလုပ်ကြသည်ဟူ၍ကား မဟုတ်ပေ။

③ ပျားရည်သည် လူသားတို့၏ မြောက်မြားစွာသောရောဂါများကို ပျောက်ကင်းစေသည်။ များစွာသော ဆေးများတွင် ပျားရည်ကို ရေလဲသုံးနှင့်နေကြသည်မှာ မျက်မြင်ဒိဋ္ဌပင်။

တမန်တော်မြတ်က မိန့်ကြားတော်မူသည်မှာ- အသင်တို့သည် ရောဂါပျောက်ကင်းစေသော အရာနှစ်ခုကို ဆုပ်ကိုင်ထားကြရမည်။ ထိုအရာများကား ကုရ်အာန်ကျမ်းမြတ်နှင့် ပျားရည်တည်း။

တမန်တော်မြတ်က မိန့်ကြားတော်မူသည်မှာ- အကြင်သူသည် လစဉ် အာရုဏ်တက်ချိန်တွင် သုံးကြိမ် ပျားရည်ကိုလျက်သော် ထိုသူ၌ရောဂါကြီး တစ်စုံတစ်ရာ သက်ရောက်မည်မဟုတ်။ အီဗ်နုကဆီရ်။

وَاللَّهُ خَلَقَكُمْ ثُمَّ يَتَوَفَّاكُمْ وَمِنكُم مَّن يُرَدُّ إِلَىٰ أَرْذَلِ الْعُمُرِ لِكَيْ لَا يَعْلَمَ بَعْدَ عِلْمٍ شَيْئًا ۗ إِنَّ اللَّهَ عَلِيمٌ قَدِيرٌ ﴿٧٠﴾

၇၀။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အားဖန်ဆင်းတော်မူလေသည်။ တဖန်ထိုအရှင်မြတ်သည်ပင် အသင်တို့အား သေဆုံးစေတော်မူလေသည်။ ထို့ပြင် အသင်တို့တွင် အသက်အရွယ်သို့ ပြန်ရောက်စေခြင်းကို ခံရသောသူများလည်း ရှိပေသည်။ နောက်ဆုံးတွင် ထိုသူများသည် သိပြီးနောက် (သတိပညာ ချွတ်ယွင်းသွားသောကြောင့်) မည်သည့် တစ်စုံတစ်ရာကိုမျှ သိနားလည်ခြင်း မရှိ(ကြ)တော့ချေ။ ဧကန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

وَاللَّهُ فَضَّلَ بَعْضَكُمْ عَلَىٰ بَعْضٍ فِي الرِّزْقِ ۚ فَمَا الَّذِينَ فُضِّلُوا بِرَادِّي رِزْقِهِمْ عَلَىٰ مَا مَلَكَتْ أَيْمَانُهُمْ فَهُمْ فِيهِ سَوَاءٌ ۚ أَفَبِنِعْمَةِ اللَّهِ يَجْحَدُونَ ﴿٧١﴾

၇၁။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အနက် အချို့ကို အချို့ထက် စားနပ်ရိက္ခာတိုးမြှင့်ပေးသနားတော်မူခဲ့၏။ [၁] သို့ရာတွင် (ယင်းကဲ့သို့) တိုးမြှင့်ခြင်းခံကြရသော သူတို့သည် မိမိတို့၏ ဝေစုဝေပုံကို မိမိတို့ပိုင်ဆိုင်ကြကုန်သော ကျေးကျွန်တို့အား ဤ(ဥစ္စာပစ္စည်း)အရာ၌ ၎င်းတို့ (ကျွန်နှင့်သခင်) အားလုံး သာတူညီမျှ ဖြစ်အံ့သောငှာ ခွဲဝေပေးမည့်သူများ မဟုတ်ကြချေ။ သို့ပါလျက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို ငြင်းပယ်ကြလေသလော။

---

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ရိက္ခာစသည်များကို တစ်တန်းတစားတည်း ပေးထားတော်မူသည် မဟုတ်။ လူသားတို့၏အရည်အချင်း၊ အခြေအနေကွဲပြား ခြားနားသည့်အလျောက် ထိုအရှင်မြတ်သည် မိမိ၏ 'ဟတ်မတ်' တော်ဖြင့် အချို့တို့အား အချို့တို့ထက် အသာပေးထားတော်မူသည်။ (ကျိုးကြောင်း ဆက်စပ်လျက်ရှိသော ဤလူ့ဘောင်တွင် ဤအတိုင်းပင် ဖြစ်ရပေမည်။) အလ္လာဟ်အရှင်မြတ်သည် အချို့တို့အား ဥစ္စာဓန၊ သြဇာအာဏာ ပေးထားတော်မူ၏။ ၎င်းတို့၏လက်အောက်တွင် ကျေးကျွန် အမြောက်အမြားရှိ၏။

ယင်းကျေးကျွန်များသည် မိမိတို့၏သခင်အား အစစအရာရာ မှီခိုကြရ၏။ ကျေးကျွန်များသည် ➤➤

وَاللَّهُ جَعَلَ لَكُمْ مِّنْ أَنفُسِكُمْ
أَزْوَاجًا وَجَعَلَ لَكُم مِّنْ
أَزْوَاجِكُم بَنِينَ وَحَفَدَةً
وَرَزَقَكُم مِّنَ الطَّيِّبَاتِ
أَفَبِالْبَاطِلِ يُؤْمِنُونَ
وَبِنِعْمَتِ اللَّهِ هُمْ يَكْفُرُونَ ﴿٧٢﴾

၇၂။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့ (အမျိုးအစားထဲ)မှပင် ဇနီးကြင်ရာများကို ပြုလုပ်တော်မူခဲ့လေသည်။ [၁] ထိုနည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့အဖို့အသင်တို့၏ ဇနီးကြင်ရာများမှ သား၊ မြေးတို့ကို ပြုလုပ်(ထွန်းကား)စေတော်မူခဲ့လေသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ စားသုံးကြရန် ကောင်းမွန်သောအရာများကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် အချည်းအနှီးသောအရာကို သက်ဝင်ယုံကြည်၍ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်လျက် ရှိနေကြမည်လော။

➤➤ ကြေးနီပိုက်ဆံတစ်ပြားကိုမျှ မပိုင်ကြချေ။ ၎င်းတို့၌အခွင့်အာဏာ တစ်စုံတစ်ရာမျှလည်း မရှိချေ။ ၎င်းတို့သည် အခါခပ်သိမ်း မိမိတို့သခင်၏ အမိန့်ကိုသာနားစွင့်၍ နေကြရပေသည်။

ဤသည့်အခြေအနေတွင် ကျွန်တစ်ဦးက သခင်ဖြစ်သူတစ်ဦး၏ ဥစ္စာပစ္စည်း၊ ဂုဏ်အင်ဒြပ်၊ ဇနီးကြင်ရာစသည်တို့ကို သခင်နှင့်တန်းတူ ပိုင်ဆိုင်သည်ဟု အဆိုပြုလာပါက ဤသို့ အဆိုပြုချက်ကို သခင်ဖြစ်သူသည် ကျေနပ်ပါမည်လော၊ လက်ခံနိုင်ပါမည်လော၊ အလျင်း ကျေနပ်မည်မဟုတ်၊ အလျင်း လက်ခံမည်မဟုတ်။

ကျေးကျွန်တစ်ဦးအား ကျေးကျွန်ဖြစ်နေသည့်အချိန်တွင် တစ်စုံတစ်ရာ အပိုင်ပေးသော်လည်း "ရှရီအတ်" ဥပဒေအရ ထိုကျေးကျွန်သည် ထိုပစ္စည်းကို မပိုင်ဆိုင်ပေ။ ၎င်းအားပိုင်ဆိုင်သော သခင်သာလျှင် ပိုင်ဆိုင်ပေသည်။ အကယ်၍ သခင်ဖြစ်သူသည် မိမိ၏ကျွန်အား ကျွန်အဖြစ်မှ လွတ်မြောက်စေပြီးနောက် မိမိပိုင်ဆိုင်သော ပစ္စည်းများတွင် ပိုင်ဆိုင်သူတစ်ဦးအဖြစ် ထည့်သွင်းပါက ထိုသူသည် ပိုင်ဆိုင်သူတစ်ဦး ဖြစ်သွားပေမည်။ သို့ရာတွင် ထိုအချိန်တွင် အဆိုပါကျွန်သည် ကျွန်မဟုတ်တော့ပေ။

အသို့ပင်ဖြစ်စေကာမူ သခင်နှင့်ကျွန်သည် အလျင်းမတူနိုင်ပေ။ ကျွန်သည်ကျွန်ပင်ဖြစ်၍ သခင်သည် သခင်ပင်။ ကျွန်သည် ကျွန်ဖြစ်နေသမျှ ကာလပတ်လုံး သခင်နှင့်တန်းတူ မဖြစ်နိုင်ပေ။ ကျွန်နှင့်တန်းတူ အခွင့်အရေးသည် ပေါင်းစပ်၍ အလျင်းမဖြစ်နိုင်။

① အလ္လာဟ်အရှင်မြတ်သည် လူသားများအဖို့ ၎င်းတို့၏ အမျိုးအစားထဲမှပင် ကြင်ရာများကို ဖန်ဆင်းတော်မူသည်။ သို့မှသာလျှင် အချင်းချင်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိကြမည်။ ဖန်ဆင်းတော်မူခြင်း၏ ရည်ရွယ်ချက်လည်း ပြည့်ဝပေမည်။ ကြည့်-ကုရ်အာန် (၃၀:၂၁)။ ထို့ပြင်တဝ ထိုအရှင်မြတ်သည် ယင်းဇနီးမောင်နှံတို့မှ သားမြေးမြစ်တို့ကိုလည်း ပေါက်ပွားစေတော်မူသည်။ ဤသို့အားဖြင့် လူမျိုးကိုလည်း တည်မြဲစေတော်မူသည်။

ထိုမှတပါး ထိုအရှင်မြတ်သည် လူသားအားလုံးတို့အား ကောင်းမွန်သော စားဖွယ်သောက်ဖွယ်များကိုလည်း ပေးသနားထားတော်မူသည်။ ဤသို့အားဖြင့် လူသားအားလုံးတို့အား တစ်ဦးချင်းအနေဖြင့်လည်း ➤➤

وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَمْلِكُ لَهُمْ رِزْقًا مِّنَ السَّمَاوَاتِ وَالْأَرْضِ شَيْئًا وَلَا يَسْتَطِيعُونَ ﴿٧٣﴾ فَلَا تَضْرِبُوا لِلَّهِ الْأَمْثَالَ ۚ إِنَّ اللَّهَ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٧٤﴾

၇၃။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်မှ တပါး အကြင်ကဲ့သို့သောအရာများကို ဆည်းကပ်ကိုးကွယ်ကြမည်။ ထိုအရာများသည် ၎င်းတို့အား မိုးကောင်းကင်များမှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ ရိက္ခာပို့ဆောင်ခြင်း တစ်စုံတစ်ရာကိုမျှ ပြုနိုင်ခွင့်လည်းမရှိချေ။ ပြုနိုင်စွမ်းလည်းမရှိကြချေ။

၇၄။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ဥပမာ ပုံဆောင်ချက်များကို မခိုင်းနှိုင်းကြကုန်လင့်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သိတော်မူ၏။ သို့ရာတွင် အသင်တို့မူကား မသိကြချေ။ [၁]

➤➤ တည်မြဲစေတော်မူသည်။ ဤသို့အားဖြင့် လူသားတို့၏ဘဝသည် သာယာလျက်ရှိပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

သို့တစေလည်း ကာဖိရ်၊ မုနာဖိရ်တို့သည် ကျေးဇူးတော်ရှင် အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ကြရမည့်အစား၊ အဘယ်တစ်စုံတစ်ရာကိုမျှ မစွမ်းဆောင်နိုင်သော ၎င်းတို့ကိုယ်တိုင် ပြုလုပ်ထားသည့် ကိုးကွယ်ရာများကို ကျေးဇူးတင်ကြပေသည်။ ဤကား မိုက်မဲခြင်း၊ ကျေးဇူးကန်းခြင်းပင် မဟုတ်ပါလော။

① မုနာဖိရ်များက "အရာခပ်သိမ်းတို့ကို စိုးပိုင်တော်မူသော အရှင်မှာ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ၎င်းတို့၏ ကိုးကွယ်ရာများသည်လည်း ထိုအရှင်မြတ်ထံတော်တွင် အခွင့်အာဏာ ရရှိထားကြသည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ တိုက်ရိုက် မချဉ်းကပ်နိုင်ကြပေ၊ ထိုကိုးကွယ်ရာများမှတဆင့် ချဉ်းကပ်ကြရပေသည်၊ ထို့အတွက်ကြောင့် ယင်း ကိုးကွယ်ရာများကို ကျွန်ုပ်တို့သည် ချဉ်းကပ်ကြရသည်" ဟု ပုံဆောင်ပြောဆိုကြရသည်။

မုနာဖိရ်များသည် တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်အား လူ့လောကရှိ ဘုရင်များ၊ သမ္မတများနှင့် နှိုင်းယှဉ်ပြောဆိုခြင်းဖြစ်သည်။ ဘုရင့်ထံသို့ဝင်ရန် မျှားမတ်တို့အား ချဉ်းကပ်ရသကဲ့သို့ အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန် ၎င်းတို့သည် မိမိတို့၏ ကိုးကွယ်ရာများကို ချဉ်းကပ်ကြရပါသည်ဟု ဆိုလိုကြသည်။ ဤသို့ပုံဆောင် ပြောဆိုခြင်းမှာ လုံးဝမှားသည်၊ ၎င်းတို့၏ ပုံဆောင်ပြောဆိုချက်သည် အလ္လာဟ်အရှင်မြတ်နှင့်လည်း အလျှင်းမဟပ်မိပေ။

အလ္လာဟ်အရှင်မြတ်သည် တန်းခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသည်၊ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ ကိုယ်တော်တိုင် ပြုလုပ်တော်မူသည်။ လူ့လောကတွင် ဘုရင်များ၊ သမ္မတများသည် အစစအရာရာကို မိမိတို့ကိုယ်တိုင် ပြုလုပ်နိုင်ကြသည်မရှိပေ၊➤➤

ضَرَبَ اللَّهُ مَثَلًا عَبْدًا
مَّمْلُوكًا لَّا يَقْدِرُ عَلَىٰ شَيْءٍ
وَمَن رَّزَقْنَاهُ مِنَّا رِزْقًا
حَسَنًا فَهُوَ يُنفِقُ مِنْهُ
سِرًّا وَجَهْرًا ۖ هَلْ
يَسْتَوُونَ ۖ الْحَمْدُ لِلَّهِ ۚ بَلْ
أَكْثَرُهُمْ لَا يَعْلَمُونَ ﴿٧٥﴾

၇၅။ အလ္လာဟ်အရှင်မြတ်သည် ဥပမာတစ်ရပ်ကို ခိုင်းနှိုင်းတော်မူခဲ့၏။ (ယင်းဥပမာကား) သူတစ်ပါး ပိုင် ကျွန်တစ်ယောက်ရှိ၏။ ထိုကျွန်သည် မည်သည့် အရာကိုမျှ စွမ်းဆောင်နိုင်ခွင့် မရှိချေ။ ထို့ပြင် ငါအရှင်မြတ်က မိမိအထံတော်မှ ရိက္ခာပေါများစွာ ချီးမြှင့်ထားတော်မူသောသူတစ်ယောက်ရှိ၏။ ထိုသူ သည် ယင်းရိက္ခာများမှ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း၊ လှူဒါန်းသုံးစွဲ၏။ ၎င်းတို့ သည် တူညီနိုင်ကြပါမည်လော။ ချီးမွမ်းထောပနာ အပေါင်းတို့သည်အလ္လာဟ်အရှင်မြတ်နှင့်သာသက်ဆိုင် ၏။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသောသူတို့မှာ မသိ နားမလည်ကြချေတကား။

وَضَرَبَ اللَّهُ مَثَلًا رَّجُلَيْنِ
أَحَدُهُمَا أَبْكَمُ لَا يَقْدِرُ عَلَىٰ

၇၆။ ထိုနည်းတူစွာ အလ္လာဟ် အရှင်မြတ်သည် (အခြား) ဥပမာတစ်ရပ်ကို(လည်း) ခိုင်းနှိုင်းတော်မူခဲ့ လေသည်။ (ယင်းဥပမာကား) လူနှစ်ယောက်ရှိကြ၏။

➤➤ ထိုအတွက် အချို့အမှုထမ်းတို့အား၊ အချို့အခွင့်အာဏာများကို လွဲအပ်ထားကြရသည်။ ယင်းသို့ အခွင့်အာဏာများကို လွဲအပ်ပြီးနောက်ပိုင်းတွင် ထိုအမှုထမ်းများသည် အဆိုပါ အခွင့်အာဏာများကို အသုံးပြုရာ၌ လွဲပလဲကြသည်။

ဥပမာ– တရားလူကြီးတစ်ဦးသည် မိမိအား အပ်နှင်းထားသော အခွင့်အာဏာနှင့်အညီ အမှုများကို စီရင်ဆုံဖြတ်သည်။ ယင်းသို့ စီရင်ဆုံဖြတ်သည့်အချိန်တွင် ဘုရင်မင်းမြတ်သည် ထိုသည့် အမှုများအကြောင်းကို လည်း မသိချေ၊ တရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်များကိုလည်း မသိချေ၊ တရားသူကြီး၏ စီရင်ဆုံးဖြတ်ရာတွင် တစ်စွန်းတစ်စ စွက်ဖက်သည်လည်း မရှိပေ။

အလ္လာဟ်အရှင်မြတ်မှာမူကား ဤသို့အလျှင်းမဟုတ်ပေ။ အရာခပ်သိမ်းတို့သည် တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်၏ အလိုတော်သာဖြစ်သည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်း ဖြစ်ပေါ်ရခြင်း၏ မူရင်းအကြောင်းပင် ဖြစ်တော်မူသည်။ ထိုအတွက် လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား သာလျှင် တိုက်ရိုက် ချဉ်းကပ်ကြရပေမည်၊ တိုက်ရိုက် ကိုးကွယ်ကြရပေမည်၊ စပ်ကြားတွင် အဆက်အသွယ်၊ အောင်သွယ်များထားရန် အလျှင်မလိုပေ။ ထားရန်အကြောင်းလည်းမရှိပေ။ ဤသည့်သဘောကို ရည်ညွှန်း၍ ဤအာယတ်တော်တွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ဥပမာပုံဆောင်ချက်များကို မခိုင်းနှိုင်းကြကုန်လင့်ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

شَيْءٍ وَّهُوَ كَلٌّ عَلٰى مَوْلٰىهُ ۙ
اَيْنَمَا يُوَجِّهْهُّ لَا يَاْتِ بِخَيْرٍ ۗ
هَلْ يَسْتَوِيْ هُوَ ۙ وَمَنْ
يَّاْمُرُ بِالْعَدْلِ ۙ وَهُوَ عَلٰى
صِرَاطٍ مُّسْتَقِيْمٍ ﴿٧٦﴾

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ဆွံ့အသူဖြစ်ပေရာ မည်သည့်တစ်စုံတစ်ရာကိုမျှ စွမ်းဆောင်နိုင်ခြင်းမရှိချေ။ ထိုမှတပါး: ၎င်းသည် မိမိအရှင်သခင်အပေါ်၌ ဝန်ထုပ်တစ်ခုလည်း ဖြစ်လျက်ရှိပေသည်။ ထိုသခင်သည် ၎င်းအား မည်သည့်နေရာသို့မဆို စေလွှတ်ခဲ့ပါလျှင် ထိုသူသည် တစ်စုံတစ်ရာ ကောင်းကျိုးကို ဆောင်ကြဉ်းလာသည်မရှိချေ။ ထိုသို့သော သူသည် (သူတပါး:တို့အား:) တရားမျှတမှုကို ညွှန်ကြားသည့်ပြင် မိမိကိုယ်တိုင်လည်း ဖြောင့်မတ်မှန်ကန်သောလမ်း:ပေါ်၌ တည်ရှိနေသောသူနှင့် တူညီနိုင်ပါမည်လော။ (အလျင်: မတူနိုင်ပေ)။

وَلِلّٰهِ غَيْبُ السَّمٰوٰتِ
وَالْاَرْضِ ۗ وَمَآ اَمْرُ السَّاعَةِ
اِلَّا كَلَمْحِ الْبَصَرِ اَوْ هُوَ
اَقْرَبُ ۗ اِنَّ اللّٰهَ عَلٰى كُلِّ
شَيْءٍ قَدِيْرٌ ﴿٧٧﴾

၇၇။ စင်စစ်သော်ကား: မိုးကောင်းကင်များ၌ ရှိကုန်သော လျှို့ဝှက်ချက်များသည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော လျှို့ဝှက်ချက်များသည်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထိုမှတပါး: ရှင်ပြန်ထမည့်ကိစ္စသည် မျက်စိတစ်မှိတ်ကဲ့သို့သာလျှင် လျင်မြန်စွာဖြစ်မည်။ ထိုသို့ အလျင်းမဟုတ်၊ စင်စစ်မှာကား: (ထိုထက်ပင်) ပို၍လျင်မြန်စွာဖြစ်မည်။ မုချဇကန် အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။

وَاللّٰهُ اَخْرَجَكُمْ مِّنْۢ بُطُوْنِ
اُمَّهٰتِكُمْ لَا تَعْلَمُوْنَ شَيْـًٔا ۙ وَّ
جَعَلَ لَكُمُ السَّمْعَ وَالْاَبْصَارَ

၇၈။ ထို့ပြင် အလွှာဟ်အရှင်မြတ်သည်ပင် အသင်တို့အား: အသင်တို့၏ မိခင်များ၏ဝမ်းတွင်းမှ ထွက်စေတော်မူခဲ့လေသည်။ ထိုအချိန်တွင် အသင်တို့တစ်စုံတစ်ရာကိုမျှ မသိကြသေး။ ထိုမှတပါး: ထိုအရှင်မြတ်သည် အသင်တို့ ကျေးဇူးတော်ကို သိတတ်ကြအံ့သောငှာ အသင်တို့အဖို့ ကြားနိုင်စွမ်းကိုလည်းကောင်း၊

وَالْأَفْـِٔدَةَ ۙ لَعَلَّكُمْ تَشْكُرُونَ ﴿٧٨﴾

မြင်နိုင်စွမ်းကိုလည်းကောင်း၊စိတ်နှလုံးကိုလည်းကောင်း၊ ထည့်သွင်းပေးတော်မူခဲ့လေသည်။ ၁

أَلَمْ يَرَوْا إِلَى الطَّيْرِ مُسَخَّرَاتٍ فِي جَوِّ السَّمَاءِ ۚ مَا يُمْسِكُهُنَّ إِلَّا اللَّهُ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٧٩﴾

၇၉။ ကောင်းကင်လေထု (လဟာပြင်)၌ ငှက်တိရစ္ဆာန်များ အမိန့်တော်ကို လိုက်နာလျက်ရှိကြသည်ကို ၎င်းတို့သည် မမြင်ကြလေသလော။ ယင်းငှက်တိရစ္ဆာန်တို့အား အလ္လာဟ်အရှင်မြတ်မှတပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ထိန်းထားသည်မဟုတ် ပေ။ ဧကန်မလွဲ ဤ (ငှက်တိရစ္ဆာန်တို့ပျံဝဲခြင်း)၌ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိကြပေသည်။

وَاللَّهُ جَعَلَ لَكُم مِّن بُيُوتِكُمْ سَكَنًا وَجَعَلَ لَكُم مِّن جُلُودِ الْأَنْعَامِ بُيُوتًا تَسْتَخِفُّونَهَا يَوْمَ ظَعْنِكُمْ وَيَوْمَ إِقَامَتِكُمْ ۙ وَمِنْ أَصْوَافِهَا وَأَوْبَارِهَا

၈၀။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့အသင်တို့၏အိမ်များကို နေထိုင်ရာဌာန ပြုလုပ်တော်မူခဲ့လေသည်။ ၎င်းပြင်ထိုအရှင်မြတ်သည် အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်များ၏ သားရေများဖြင့် အိမ်များပြုလုပ်တော်မူခဲ့၏။ အသင်တို့သည် ယင်းအိမ်များကို မိမိတို့ခရီးသွားသော နေ့တွင်လည်းကောင်း၊ မိမိစခန်းချသော နေ့တွင်လည်းကောင်း၊ ပေါ့ပေါ့ ပါးပါး တွေ့ရှိကြပေသည်။

---

① ကမ္ဘာအဝန်းကို အလ္လာဟ်အရှင်မြတ်ပင် ဖန်ဆင်းတော်မူသည်။ လူသားတို့အားလည်း အလ္လာဟ်အရှင်မြတ်ပင် ဖန်ဆင်းတော်မူသည်။ လူသားတို့သည် အမိဝမ်းဗိုက်တွင်း၌ သန္ဓေတည်ပုံ၊ အဆင့်ဆင့်ကြီးထွားလာပုံ၊ မွေးဖွားလာပုံများကိုပင် စဉ်းစားဆင်ခြင်မြော်မြင်ပါက အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်အနန္တကို ကောင်းစွာသိနိုင်ပေသည်။

လူသားတို့သည် အမိဝမ်းတွင်းမှ မွေးဖွားလာသည့်အချိန်တွင် အဘယ်တစ်စုံတစ်ရာကိုမျှ မသိနားမလည်နိုင်သေးပေ။ အလ္လာဟ်အရှင်မြတ်သည်ပင် မိမိ၏ကျေးဇူးတော်ဖြင့် နား၊ မျက်စိ၊ စိတ်နှလုံး စသည့် အံ့ချီးမဆုံးသည့် စွမ်းရည်သတ္တိများကို ချီးမြှင့်ထားတော်မူသည်။ ဤသည့်သတ္တိများသည် အလွန်ကြီးမားသော ကျေးဇူးတော်များဖြစ်သည်သာမက ထောင်ပေါင်းများစွာသော ကျေးဇူးတော်များကို ခံစားနိုင်ရန်အတွက် အကြောင်းတရားများလည်းဖြစ်ပေသည်။ ကျေးဇူးတော်များကို ထားဘိဦး။ ဤသည့် နား၊ မျက်စိ၊ စိတ်နှလုံးများမရှိပါက လူသားများသည် တိရစ္ဆာန်များနှင့် ခြားနားကြမည်မဟုတ်ပေ။ ထို့ပြင်တဝ ကမ္ဘာတိုးတက်မှု အရပ်ရပ်သည်လည်း အလိုအလျောက် ရပ်တန့်သွားပေမည်။ ➤➤

وَأَشْعَارِهَآ أَثَٰثًا وَمَتَٰعًا إِلَىٰ حِينٍ ﴿٨٠﴾

ငင်းပြင် ယင်းတိရစ္ဆာန်များ၏ သိုးမွေးများဖြင့်လည်းကောင်း၊ ယင်းတိရစ္ဆာန်များ၏ သားမွေးများဖြင့်လည်းကောင်း၊ ယင်းတိရစ္ဆာန်များ၏ အမွေးအမှင်များဖြင့်လည်းကောင်း၊ အိမ်သုံးပစ္စည်းများနှင့် (အချိန်ကာလကြာမြင့်စွာ) အကျိုးခံစားဖွယ် ဝတ္ထုပစ္စည်းများကို ပြုလုပ်တော်မူခဲ့လေသည်။

وَٱللَّهُ جَعَلَ لَكُمْ مِّمَّا خَلَقَ ظِلَٰلًا وَجَعَلَ لَكُم مِّنَ ٱلْجِبَالِ أَكْنَٰنًا وَجَعَلَ لَكُمْ سَرَٰبِيلَ تَقِيكُمُ ٱلْحَرَّ وَسَرَٰبِيلَ تَقِيكُم بَأْسَكُمْ كَذَٰلِكَ يُتِمُّ نِعْمَتَهُۥ عَلَيْكُمْ لَعَلَّكُمْ تُسْلِمُونَ ﴿٨١﴾

၈၁။ ငင်းပြင် အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အဖို့ မိမိဖန်ဆင်းတော်မူသော အချို့အရာများမှ အရိပ်ဆာယာများကို ပြုလုပ်တော်မူခဲ့လေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့အဖို့ တောင်များ၌ ခိုလှုံရာ နေရာများကိုလည်း ပြုလုပ်တော်မူခဲ့လေသည်။ ထို့အတူ ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ အသင်တို့အား အပူရှိန်မှကာကွယ်သော အဝတ်အစားများကို လည်းကောင်း၊ အသင်တို့အား (စစ်လက်နက်များ၏ အန္တရာယ်မှ ကာကွယ်သော အဝတ်အစားများကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့လေသည်။ ဤနည်းအတိုင်းပင် ထိုအရှင်မြတ်သည် အသင်တို့ အမိန့်တော်ကို လိုက်နာကြအံ့သောငှာ မိမိကျေးဇူးတော်ကို အသင်တို့အပေါ်ဝယ် အပြည့်အစုံ ချပေးသနားတော်မူပေသတည်း။ [၁]

➤➤ ကလေးသူငယ်များသည် ကြီးပြင်းလာသည်နှင့်အမျှ အသိဉာဏ်အပြုအမူဆိုင်ရာ စွမ်းရည်သတ္တိများလည်း ပွားများရင့်ကျက်လာပေသည်။သို့ဖြစ်ပေရာ လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သိကြရပေမည်။ ထိုအရှင်မြတ် ချီးမြှင့်ထားတော်မူသော စွမ်းရည်သတ္တိများကို ထိုအရှင်မြတ်၏လမ်းတော်၌ပင် အသုံးပြုကြရပေမည်။

ဤသည် ကျေးဇူးသိတတ်ခြင်းပင်။ ထိုအရှင်မြတ် ချီးမြှင့်ထားတော်မူသော စွမ်းရည်သတ္တိများကို ထိုအရှင်မြတ်အား သွေဖည်ဆန့်ကျင်ရာတွင် အလျင်းအသုံးမပြုရပေ။ ဤသည် ကျေးဇူးကန်းခြင်းပင်။ ကျေးဇူးသိတတ်သူသည် အမြဲထာဝစဉ်ကောင်းစား၍ ကျေးဇူးကန်းသူသည် အမြဲထာဝစဉ် ပျက်စီးသည်သာတည်း။

① အထူး စဉ်းစားဆင်ခြင်အပ်သည်မှာ– အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် လူသားတို့အဖို့ လိုအပ်သည့်အရာ ဟူဟူသမျှကို လိုလေသေးမရှိ၊ အပြည့်အဝ စီစဉ်ပေးထားတော်မူသည်။ စွမ်းရည်သတ္တိ ➤➤

فَإِنْ تَوَلَّوْا فَإِنَّمَا عَلَيْكَ الْبَلَاغُ الْمُبِينُ ﴿٨٢﴾

၈၂။ သို့ပါလျက် အကယ်၍ ၎င်းတို့သည် မျက်နှာလွှဲဖယ်ခဲ့ကြပါလျှင် (အို-နဗီတမန်တော်) အသင်၏ အပေါ်၌ (ငါအရှင်မြတ်၏ အမိန့်တော်များကို) အတိအလင်း ပို့ဆောင်ရန်တာဝန်သာလျှင်ရှိပေသတည်း၊[၂]

يَعْرِفُونَ نِعْمَتَ اللَّهِ ثُمَّ يُنْكِرُونَهَا وَأَكْثَرُهُمُ الْكَافِرُونَ ﴿٨٣﴾

၈၃။ (စင်စစ်သော်ကား) ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ဝန်ခံကြကုန်၏။ ထို့နောက် ၎င်းတို့သည် ယင်းကျေးဇူးတော်များကို ငြင်းပယ်ကြကုန်၏။ [၂] (တနည်း) ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သိမှတ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ယင်းကျေးဇူးတော်များကို မသိလေဟန် ဆောင်ကြကုန်၏။ ထိုမှတပါး ၎င်းတို့အနက် မြောက်မြားစွာသောသူတို့ကား ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့ပင် ဖြစ်ကြကုန်သတည်း။

➤➤ အမျိုးမျိုးကိုလည်း ချီးမြှင့်ထားတော်မူသည်။ ထိုသည့်စွမ်းရည်သတ္တိများဖြင့် လူသားတို့သည် မိုးပျံမြေလျှိုးလျက်ရှိကြသည်။ လူ့လောကကြီးတွင် အမျိုးမျိုး ချယ်လှယ်လျက် ရှိကြပေသည်။

ရုပ်လောကအတွက် ဤမျှအဲ့မဆုံး ကျေးဇူးပြုထားတော်မူသော ကျေးဇူးတော်ရှင်တပါးသည် နာမ်လောကအတွက် ကျေးဇူးမပြုဘဲ အသို့လျှင် ရှိတော်မူအံ့နည်း။ ရုပ်လောကအတွက် အတိုင်းမသိ ကျေးဇူးတော်များ ပြုထားတော်မူသကဲ့သို့ နာမ်လောကအတွက်လည်း အတိုင်းမသိကျေးဇူးတော်များ ပြုထားတော်မူသည်မှာ အထင်အရှားပင်။ ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်-(၅း၃)တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

> ယနေ့ ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ သာသနာကို ပြည့်စုံစေတော်မူလိုက်ပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့အပေါ်၌ မိမိ၏ကျေးဇူးတော်ကို ပြည့်စုံစေတော်မူလိုက်ပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့အဖို့ သာသနာအဖြစ် "အစ္စလာမ်" ကို နှစ်သက်တော်မူသည်။

သို့ဖြစ်ရာ လူသားအားလုံးတို့သည် ဤသို့ကျေးဇူးတော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သိကြရမည်။ ကျေးဇူးသိသောအားဖြင့် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ကြရမည်သာ ဖြစ်သည်တည်း။

② အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များသည် ဤရွေ့ဤမျှ များပြားသည်ကိုသိရှိပြီး နောက်သော်မှပင် ကျေးဇူးမသိတတ်ကြလျှင် တမန်တော်မြတ်သည် ထိုသို့သောကျေးဇူးကန်းသူများအတွက် ပူပန်နေရန်မလိုပေ၊ ➤➤

وَيَوْمَ نَبْعَثُ مِن كُلِّ أُمَّةٍ شَهِيدًا ثُمَّ لَا يُؤْذَنُ لِلَّذِينَ كَفَرُوا وَلَا هُمْ يُسْتَعْتَبُونَ ﴿٨٤﴾

၈၄။ ၎င်းပြင် (အို-နဗီတမန်တော် အသင်သည် မိမိအမျိုးသားတို့များအား) အကြင်နေ့(၏အကြောင်း)ကို (ပြောပြပါလေ)။ ငါအရှင်မြတ်သည် (ထိုနေ့တွင်) သာသနာဝင် အုပ်စုတိုင်းမှ သက်သေတစ်ဦးကို ထူတော်မူမည်။ ထို့နောက် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အဖို့ (အကြောင်းပြနိုင်ရန်) ခွင့်ပြုခြင်းလည်းခံရမည် မဟုတ်ပေ။ ထိုမှတပါး ထိုသွေဖည်ငြင်းပယ်သော သူတို့သည် ကျေရာကျေကြောင်းပြုလုပ်ရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည် မဟုတ်ပေတကား။

➤➤ တမန်တော်မြတ်သည် မိမိ၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်ပြီးဖြစ်သည်။ ဟောကြားရန်ရှိသည်များကို တခွန်းတပါဒမျှမကျန် ဟောကြားပြီးဖြစ်သည်။ သို့ဖြစ်ရာ ယင်းကဲ့သို့သော ကျေးဇူးကန်းသူတို့အား အလွှာဟ်အရှင်မြတ်ထံသို့သာ လွှဲအပ်ရန်ရှိပေသတည်း။

ⓙ အစ္စလာမ်ကို မုရ်ရစ်ကများ သွေဖည်ငြင်းဆန်ခြင်းမှာ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို လုံးဝမသိကြ၍မဟုတ်။ ၎င်းတို့သည် ထိုအရှင်မြတ်၏ ကျေးဇူးတော်များကို သိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် လက်တွေ့တွင်မူ ငြင်းဆိုကြသည်။ ကျေးဇူးတော်ရှင် အစစ်ကိုစွန့်၍ ကျေးဇူးရှင်မဟုတ်သည့် ၎င်းတို့ကိုယ်တိုင် ကိုးကွယ်ရာအဖြစ် သတ်မှတ်ထားသည့်အရာများကို ဆည်းကပ်ကိုးကွယ်ကြသည်။ ထိုအရာများသည် ၎င်းတို့အား ကယ်တင်ကြလိမ့်မည်ဟု ပြောဆိုကြသည်။

အဆိုတစ်ရပ်အရ ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ်၏ကျေးဇူးတော်ဟူသည် တမန်တော်မြတ်၏ တမန်တော်ဖြစ်မှုကိုဆိုလိုသည်။ ဆိုလိုသည်ကား မုရ်ရစ်ကများသည် တမန်တော်မြတ်အား တမန်တော်မြတ်၏ 'မုအ်ဂျိဇဟ်' တန်ခိုးပြာဋိဟာများဖြင့် တမန်တော်ဖြစ်ကြောင်းကို ကောင်းစွာသိပါလျက် မုန်းတီးသည့်အတွက်ကြောင့် သာလျှင် တမန်တော်မြတ်အား သွေဖည်ငြင်းဆန်ကြလေသည်။ ကြည့်-တဖ်စီရ်၊ အဗူစအူဒ်၊အ-၃၊စ-၁၈၈၊

ⓞ ကိယာမတ်နေ့တွင် အုပ်စုအားလုံးတို့သည် အလွှာဟ်အရှင်မြတ်၏ တရားရုံးတော်သို့ အသီးသီး ရောက်ရှိလာကြရမည်ဖြစ်သည်။ အုပ်စုတိုင်း၏သက်ဆိုင်ရာ တမန်တော်သည်လည်း သက်သေအဖြစ်ရောက်ရှိလာပြီး မိမိ၏အုပ်စုသည် အလွှာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို နာခံသည်၊ မနာခံသည်၊ မိမိနှင့်ကောင်းစွာဆက်ဆံသည်၊ မဆက်ဆံသည်များကို ဟုတ်မှန်ရာအတိုင်း သက်သေထွက်ဆိုပေမည်။

ကိယာမတ်နေ့တွင် ကာဖိရ်၊ မုရ်ရစ်ကတို့သည် စကားတခွန်းမျှ လျှောက်ထားခွင့်လည်း ရရှိကြမည်မဟုတ်၊ ဝန်ချတောင်းပန် အသနားခံခွင့်လည်း ရရှိကြမည်မဟုတ်ပေ။ ယင်းသို့ အခွင့်ရရှိရန် လိုလည်း မလိုပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အပြစ်များမှာ ထင်ရှားလျက်ရှိချေပြီ။ မိမိတို့၏အပြစ်ကို မိမိတို့ကိုယ်တိုင် ဝန်ခံထားပြီးလည်း ဖြစ်ချေပြီ။ ထို့ပြင်တဝ ယင်းဌာနသည် အလုပ်လုပ်ရာ ဌာနမဟုတ်။ ကောင်းကျိုးဆိုးကျိုးကို ခံစံရာဌာနသာလျှင် ဖြစ်ပေသည်။

وَإِذَا رَأَى الَّذِينَ ظَلَمُوا
الْعَذَابَ فَلَا يُخَفَّفُ عَنْهُمْ
وَلَا هُمْ يُنظَرُونَ ﴿٨٥﴾

၈၅။ ထို့ပြင် မတရား ပြုလုပ်ခဲ့ကြကုန်သောသူတို့သည် ပြစ်ဒဏ်ကို မြင်ကြအံ့သောငှာ ၎င်းတို့အပေါ်မှ (ပြစ်ဒဏ်သည်) ပေါ့လျော့သွားမည်လည်း မဟုတ်။ ထိုနည်းတူစွာ ၎င်းတို့သည် (ပြစ်ဒဏ်)ကို ရွှေ့ဆိုင်းခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

وَإِذَا رَأَى الَّذِينَ أَشْرَكُوا
شُرَكَاءَهُمْ قَالُوا رَبَّنَا
هَٰؤُلَاءِ شُرَكَاؤُنَا الَّذِينَ
كُنَّا نَدْعُو مِن دُونِكَ ۖ
فَأَلْقَوْا إِلَيْهِمُ الْقَوْلَ
إِنَّكُمْ لَكَاذِبُونَ ﴿٨٦﴾

၈၆။ ထိုမှတပါး: (အခြားအရာများကို အလွှာဟ် အရှင်မြတ်နှင့်) တွဲဖက်ရှိုင်းယှဉ် ကိုးကွယ်ခဲ့ကြသောသူတို့သည် မိမိတို့တွဲဖက်ရှိုင်းယှဉ် ကိုးကွယ်ကြသည်တို့ကို တွေ့မြင်ကြသောအခါ (အလွှာဟ်အရှင်မြတ် အထံတော်၌) အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဤသည်တို့ပင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်အားစွန့်၍ ဟစ်ခေါ်တမ်းတခဲ့ကြသော ကျွန်တော်မျိုးတို့၏ တွဲဖက်များဖြစ်ကြပါသည်ဟု လျှောက်ထားကြပေမည်။

ထို့နောက် ယင်းတွဲဖက် ယှဉ်ဖက်များသည် ထိုသူတို့ဘက်သို့ စကားကို လွှဲပစ်၍ "ဧကန်အမှန် အသင်တို့သည် မုသာဝါဒီများပင် ဖြစ်ကြကုန်သည်" ဟု ပြောဆိုကြပေမည်။

وَأَلْقَوْا إِلَى اللَّهِ يَوْمَئِذٍ
السَّلَمَ وَضَلَّ عَنْهُم مَّا
كَانُوا يَفْتَرُونَ ﴿٨٧﴾

၈၇။ ၎င်းပြင် ထိုသူတို့သည် ထိုနေ့တွင် အလွှာဟ် အရှင်မြတ်အထံတော်သို့ အမိန့်တော်ကိုလိုက်နာရန် ကမ်းလှမ်းကြပေမည်။ ထိုမှတပါး: ၎င်းတို့ထံမှ ၎င်းတို့ကြံဖန် လီဆယ်လေ့ ရှိခဲ့ကြသည်များသည်လည်း ပျောက်ပျက်၍ သွားအံ့သတည်း။

الَّذِينَ كَفَرُوا وَصَدُّوا عَن
سَبِيلِ اللَّهِ زِدْنَاهُمْ عَذَابًا

၈၈။ အကြင်သူတို့သည်(မိမိတို့ကိုယ်တိုင်) သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် (သူတပါး:တို့အား) အလွှာဟ်အရှင်မြတ်၏လမ်းစဉ်မှတားဆီးခဲ့ကြကုန်၏။

فَوْقَ الْعَذَابِ بِمَا كَانُوا يُفْسِدُونَ ﴿٨٨﴾

ငါ အရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့သည် ဖျက်ဆီး လေ့ရှိခဲ့ကြသောကြောင့် ပြစ်ဒဏ်တမျိုးပေါ်၌ ပြစ်ဒဏ်တမျိုးကို ထပ်တိုးစေတော်မူအံ့။

وَيَوْمَ نَبْعَثُ فِي كُلِّ أُمَّةٍ شَهِيدًا عَلَيْهِم مِّنْ أَنفُسِهِمْ وَجِئْنَا بِكَ شَهِيدًا عَلَىٰ هَٰؤُلَاءِ ۚ وَنَزَّلْنَا عَلَيْكَ الْكِتَابَ تِبْيَانًا لِّكُلِّ شَيْءٍ وَهُدًى وَرَحْمَةً وَبُشْرَىٰ لِلْمُسْلِمِينَ ﴿٨٩﴾

၈၉။ တဖန် (အို-နဗီတမန်တော် အသင်သည် မိမိ၏အမျိုးသားတို့အား) အကြင်နေ့(၏အကြောင်း)ကို(ပြော၍ပြပါလေ)။ ငါအရှင်မြတ်သည်သာသနာဝင် အုပ်စုတိုင်း၌ ၎င်းတို့နှင့်ဆန့်ကျင်၍ ၎င်းတို့အနက်မှပင် သက်သေတစ်ဦးကျစီထူတော်မူမည်။ ထိုမှတပါး ငါအရှင်မြတ်သည် အသင့်အား ဤသူတို့နှင့်ဆန့်ကျင်၍ သက်သေအဖြစ် ရောက်စေတော်(ထူတော်)မူမည်။ ③

စင်စစ်သော်ကား ငါအရှင်မြတ်သည် (ယင်း သက်သေထွက်ဆိုနိုင်ရေးအတွက်) အသင်၏အပေါ်၌ (ကုရ်အာန်) ကျမ်းတော်မြတ်ကို အကြောင်းအရာ ခပ်သိမ်းတို့၏ ရှင်းလင်းချက်အဖြစ်လည်းကောင်း၊ [“မွတ်စ်လင်မ်”အမိန့်တော်ကိုလိုက်နာသူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတရားအဖြစ်လည်းကောင်း၊ ဝမ်းမြောက်ဖွယ်သတင်းအဖြစ်လည်းကောင်း၊](စကြာဝဠာခပ်သိမ်းတို့အဖို့) တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတရားအဖြစ်လည်းကောင်း၊ မွတ်စ်လင်မ် အမိန့်တော်လိုက်နာသူတို့အဖို့ ဝမ်းမြောက်ဖွယ် သတင်းအဖြစ်လည်းကောင်း ချပေးသနားတော်မူခဲ့လေသတည်း။ ④

---

③ ကိယာမတ်နေ့တွင် တမန်တော်တိုင်းသည် မိမိတို့အုပ်စုနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်၌ သက်သေထွက်ဆိုကြမည် ဖြစ်သည်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း မိမိ၏ အုပ်စုနှင့်ပတ်သက်၍ သက်သေထွက်ဆိုတော်မူမည် ဖြစ်သည်။

အချို့ ‘မုဖတ်စ်စစ်ရ်များ’ ၏ ယူဆချက်အရ တမန်တော်များသည် မိမိတို့၏အုပ်စုများနှင့်ပတ်သက်၍ သက်သေထွက်ဆိုကြမည် ဖြစ်သည်။ ထိုသို့ သက်သေထွက်ဆိုကြကုန်သော တမန်တော်အပေါင်းတို့နှင့်ပတ်သက်၍ ၎င်းတို့သည် မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်အကြောင်းကို တမန်တော်မြတ် ➤➤

إِنَّ اللَّهَ يَأْمُرُ بِالْعَدْلِ وَالْإِحْسَانِ وَإِيتَآئِ ذِي الْقُرْبَىٰ وَيَنْهَىٰ عَنِ الْفَحْشَآءِ وَالْمُنكَرِ وَالْبَغْيِ ۚ يَعِظُكُمْ لَعَلَّكُمْ تَذَكَّرُونَ ﴿٩٠﴾

၉၀။ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် မျှတရန်လည်းကောင်း၊ ကောင်းမွန်စွာ ကျင့်မူ ဆက်ဆံရန်လည်းကောင်း၊ ဆွေမျိုးနီးစပ်တို့ကို ပေးကမ်းရန်လည်းကောင်း၊ အမိန့်ပေးတော်မူလေသည်။ ထိုမှတပါး ထိုအရှင်မြတ်သည် ထင်ရှားစွာသောစက်ဆုပ်ရွံ့ရှာဖွယ်များမှလည်းကောင်း၊ မကောင်းမှုများမှလည်းကောင်း၊ မတရားမှုများမှလည်းကောင်း၊ မြစ်တားတော်မူလေသည်။ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့သတိရကြ အံ့သောငှာ သတိပေး နှိုးဆော်တော်မူပေသတည်း။ [၁]

➤➤ မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)က သက်သေ ထွက်ဆိုတော်မူမည်ဖြစ်သည်ဟူ၏။

ဟဒီးဆ်တော်များတွင် လာရှိသည်မှာ တမန်တော်မြတ်ထံသို့ တမန်တော်မြတ်၏ အုပ်စု၏ အကျင့်အမူများကို နေ့စဉ်တင်ပြရသည်ဖြစ်သည်။ တမန်တော်မြတ်သည် ကောင်းမွန်သောအကျင့်အမူများကို တွေ့မြင်ရသော အခါ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်တော်မူသည်။ မကောင်းသောအကျင့်အမူများကို ကွေ့မြင်ရသော အခါတွင်မူ ထိုမကောင်းပြုမှုများအဖို့ ခွမ်းသာခွင့်ပန်ကြားတော်မူသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၄:၄၁) တွင် အကျယ်ရေးသားခဲ့လေပြီ။ ပြန်လည်ရှုပါကုန်။

Ⓙ ကုရ်အာန်ကျမ်းမြတ်တွင် တရားဓမ္မ လမ်းညွှန်ပြခြင်းနှင့်သက်ဆိုင်သည့် ပညာရပ်များလည်းပါရှိ၏။ သာသနာရေးဆိုင်ရာ အခြေခံမူများ၊ သဘောတရားများလည်း ပါရှိ၏။ နစ်ဘဝလုံး တွင် အောင်မြင်စေနိုင်သည့် အချက်အလက်များလည်း ပါရှိ၏။ ကုရ်အာန်ကျမ်းမြတ်သည် လိုအပ်သည့်အရာ ခပ်သိမ်းကုန်တို့ကို ရှင်းလင်းပြ၏။ ကုရ်အာန်ကျမ်းမြတ်သည် တရားဓမ္မလည်း မည်၏။ ကရုဏာတော်လည်း မည်၏။ အမိန့်တော် နာခံသောမွတ်စ်လင်မ်များအဖို့ ကောင်းချီးသတင်းလည်း မည်၏။ အချုပ်အားဖြင့် ကုရ်အာန်ကျမ်းမြတ်သည် အံ့မဆုံးသည့် ဓမ္မသာရ ဇမ္ဘူပဒေသာပင်ဖြစ်ပေသည်။

တမန်တော်မြတ်သည် ဤမျှအထူးထူးသော ဂုဏ်ထူးဝိသေသတို့ဖြင့် ပြည့်စုံသော ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်တော်မူခြင်း ခံရတော်မူလေသည်။ ဤသည်ကိုထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်၏ ဂုဏ်အင်ဒြပ် အလွန့်အလွန် မြင့်မားကြောင်း၊ ဂုဏ်အင်ဒြပ် အလွန့်အလွန် မြင့်မားသည်နှင့်အမျှ တမန်တော်မြတ်၏ တာဝန်မှာလည်း အလွန့်အလွန် ကြီးမားကြောင်း ကောင်းစွာသိရှိရပေသည်။

ⓘ (အထက်တွင် ကုရ်အာန်ကျမ်းမြတ်သည် (تِبْيَانًا لِّكُلِّ شَيْءٍ) "အရာခပ်သိမ်းကုန်တို့ကို ရှင်းလင်းပြသော ကျမ်းဖြစ်သည်" ဟူ၍ မိန့်ဆိုထားတော်မူ၏။ ဤအာယတ်တော်သည် အဆိုပါ ကုရ်အာန်ကျမ်းမြတ်၏ ဂုဏ်ပုဒ်အတွက် စံနမူနာတစ်ခုပင်ဖြစ်သည်။)

သာဝကကြီး အီဗ်နုမတ်စ်အျဒ်က "အလ္လာဟ်အရှင်မြတ်သည် အကောင်းအဆိုးဟူသမျှတို့ကို ဤအာယတ်တော်တွင် စုပေါင်းမိန့်ဆိုထားတော်မူသည်"ဟု ပြောကြားခဲ့လေသည်။ ဆိုလိုသည်ကား ယုံကြည်ချက်၊ ➤➤

➢➢ ကိုယ်ကျင့်တရား၊ စေတနာ၊ အပြုအမူ၊ ဆက်ဆံမှုအားလုံးတို့သည် ဤအာယတ်တော်တွင် အကျုံးဝင်လျက် ရှိပေသည်။

အချို့ အာလင်မ်ပညာရှင်များက ကုရ်အာန်ကျမ်းမြတ်သည် "အရာခပ်သိမ်းတို့ကို ရှင်းလင်းပြသော ကျမ်း" ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အခြားအာယတ်တော် တစ်ပါးပါး မရှိပါကလည်း ဤအာယတ်တော် တပါးတည်းသည်ပင် လုံလောက်တော်မူသည်"ဟု ရေးသားကြပေသည်။ ဤသည့်အကြောင်းများကြောင့်ပင် နာမည်ကျော်သမ္မတကြီး အုမရ် အီဗ်နုအဗ်ဒုလ်အဇီဇ်သည် ဤအာယတ်တော်ကို "ဂျူမုအဟ်" သောကြာနေ့ ဒုတိယ ခွတ္တဗဟ်တွင်ထည့်သွင်း ရွတ်ဖတ်စေ၍ မွတ်စ်လင်မ်တမျိုးသားလုံးအဖို့ ကောင်းမွန်မြင့်မြတ်လှသည့် စံနမူနာတစ်ခုကို တည်ထားခဲ့လေသည်။

ဤအာယတ်တော်၏ အနက်အဓိပ္ပာယ်ပြည့်ဝနက်နဲပုံတို့ကို ဖွင့်ဆိုရေးသားပါက ကျမ်းကြီးတစ်စောင်ပင် ဖြစ်သွားပေမည်။ ထို့အတွက် ဤတွင်အကျယ်မရေးသားဘဲ အကျဉ်းသာ ရေးသားဖော်ပြလိုပေသည်။

ဤအာယတ်တော်တွင် ကျင့်ရန်တရားသုံးပါးနှင့် ကြဉ်ရန်တရားသုံးပါးကို မိန့်ဆိုထားတော်မူသည်။ ကျင့်ရန်တရားသုံးပါးအနက် ပထမတစ်ပါးမှာ **"အဒ်လ်-မျှတခြင်း"** ဖြစ်သည်။

(က) "အဒ်လ်-မျှတခြင်း"၏ အလိုသဘောမှာ လူသားတို့သည် ယုံကြည်ချက်၊ အပြုအမူ၊ အကျင့်စာရိတ္တ၊ ရောင်းဝယ်ဖောက်ကားမှု၊ ဆက်ဆံမှု၊ စိတ်နေသဘောထားစသည်တို့တွင် မဏ္ဍိပမဇ္ဈိမဒါ အလယ်အလတ်တည့်မတ်မျှတစွာရှိရပေမည်။ အပိုအလို မရှိစေရ။ အလွန် ကြီးမားသောရန်သူနှင့် ဆက်ဆံသည့်အချိန်တွင်လည်း တရားမျှတမှုကို လက်လွတ်မဖြစ်စေရ။ လူ၏အတွင်းအပြင်သည် တမျိုးတစားတည်း ဖြစ်စေရမည်။ မိမိနှစ်ခြိုက်သောအရာကို သူတပါးအဖို့လည်း နှစ်ခြိုက်ရမည်။ မိမိအဖို့ မနှစ်ခြိုက်သော အရာကို သူတပါးတို့အဖို့လည်း မနှစ်ခြိုက်ရပေ။ ဤကား 'မျှတခြင်း'တည်း။

ကျင့်ရန်တရားသုံးပါးအနက် ဒုတိယကျင့်ရန်တရားမှာ **"အိဟ်စာန်"** ဖြစ်သည်။

(ခ) "အိဟ်စာန်"၏ အလိုသဘောမှာ လူသည် မိမိကိုယ်တိုင်ကောင်း၍ သူတပါးတို့၏ ကောင်းကျိုးချမ်းသာအဖြာဖြာကိုလည်း ဆောင်ကြဉ်းပေးရပေမည်၊

"အိဟ်စာန်"သည် "အဒ်လ်"၏ အဆင့်အတန်းထက် မြင့်သည်၊ သူတပါးတို့အား ခွင့်လွှတ်ရသည်၊ ကြည်ဖြူရသည်၊ သနားကြင်နာရသည်၊ နှစ်မြို့ရသည်၊ ကျေးဇူးပြုရပေသည်၊ သဘောထား ကြီးရသည်၊ ယဉ်ကျေးသိမ်မွေ့ရသည်၊ ရက်ရောရသည်၊ ဖွယ်ရာချေငံရသည်၊ နူတ်ထွက်သာရသည်၊ မလုပ်မနေရဖြစ်သော တာဝန်ကို ဆောင်ရွက်ပြီးနောက် စေတနာအလျောက် သူတပါးတို့အား ကျေးဇူးပြုရသည်၊ တရားမျှတသည်သာမက ထောက်ထားလေးစားရသည်။

မိမိပြုလုပ်သမျှသော ကောင်းကျိုးချမ်းသာများကို အလျှာဟ်အရှင်မြတ် ရှုမြင်နေတော်မူသည်ဟူ၍လည်းကောင်း၊ ကောင်းမှုပြုခြင်းအတွက် ကောင်းကျိုးပင်ရရှိမည်ဟူ၍လည်းကောင်း ယုံကြည်ရပေမည်။

ဗို့ခါရီကျမ်းတွင် လာရှိသည်မှာ "ကောင်းကင်တမန် ဂျစ်ဗရာအီလ်က တမန်တော်မြတ်အား "အိဟ်စာန်" နှင့်စပ်လျဉ်း၍ ကျွန်ုပ်အား ပြောပြတော်မူပါ" ဟုပန်ကြားရာ တမန်တော်မြတ်က "အသင်သည် အလျှာဟ်အရှင်မြတ်အား အသင် ထိုအရှင်မြတ်အား ဖူးမြင်နေဘိသလား ခပ်ကိုးကွယ်ရမည်။ အကယ်၍ အသင်သည် ထိုအရှင်မြတ်အား မဖူးမြင်နိုင်ပါလျှင် ထိုအရှင်မြတ်သည် အသင့်အား မုချမြင်နေတော်မူသည် (ဟူ၍မှတ်ယူကာ ဝတ်ပြုရမည်)"ဟု ဖြေကြားတော်မူခဲ့လေသည်။ ➢➢

➤➤ ကျင့်ရန်တရားသုံးပါးအနက် တတိယကျင့်ရန်တရားမှာ **"အီတာအေ့ဇစ်လ်ကုရ်ဗာ"** ဖြစ်သည်။

(၇) "အီတာအေ့ဇစ်လ်ကုရ်ဗာ" ၏ အလိုသဘောမှာ ဆွေမျိုးသားချင်းတို့အား သင်္ကြံဟ်ထောက်ပံ့ခြင်း ဖြစ်သည်။ တရားမျှတခြင်း၊ ကောင်းကျိုးပြုခြင်းသည် မိမိနှင့်လည်း သက်ဆိုင်ပေသည်။ သားချင်းများနှင့်လည်း သက်ဆိုင်သည်။ သူစိမ်းတရံဆံများနှင့်လည်း သက်ဆိုင်သည်။ မိတ်ဆွေများနှင့်လည်း သက်ဆိုင်ပေသည်။ ရန်သူများနှင့်လည်း သက်ဆိုင်ပေသည်။

တစ်နည်းအားဖြင့် အားလုံးတို့နှင့် သက်ဆိုင်ပေသည်။ သို့ရာတွင် သားချင်းတို့၏ အခွင့်အရေးသည် သားချင်းမဟုတ်သူများထက် အနည်းငယ် ပိုပေသည်။ သဘာဝအလျောက် တော်စပ်နေသော သားချင်းတို့အား လျစ်လျူပြုမထားသင့်ပေ။ သားချင်းတို့အား ထောက်ထားစာနာ လေးစားမှု၊ အကျိုးပြုမှုစသည်တို့သည် အခြားသူများထက် အနည်းငယ်ပိုသင့်ပေသည်။ သားချင်းတို့အား ထောက်ထား စာနာလေးစားခြင်းသည် ကုသိုလ်အကျိုးတစ်ပါးပင်ဖြစ်သည်။ သားချင်းတို့အား ဆွေမျိုးတော်စပ်မှုနီးလျှင် (ရင်းချာလျှင်) နီးသည့်အလျောက်၊ ဝေးလျှင် ဝေးသည့်အလျောက် အဆင့်အတန်းအလိုက် ထောက်ထား စာနာ လေးစားရပေမည်။

တနည်းအားဖြင့် တရားမျှတခြင်း၊ ကောင်းကျိုးပြုခြင်း တရားနှစ်ပါး၏နောက်တွင် သားချင်းတို့အား သင်္ကြံဟ်ထောက်ပံ့ရမည့်အကြောင်း၊ မိန့်ဆိုထားတော်မူခြင်းမှာ –တရားမျှတခြင်းသည် အားလုံးအတွက် တမျိုးတစားတည်းဖြစ်ကြောင်း သို့ရာတွင် အချို့အချိန်များတွင် အခြေအနေအရ အချို့တို့သည် အချို့တို့ထက် ကောင်းကျိုးပြုမှု၊ ထောက်ထားလေးစားမှု၊ ဦးစားပေးမှုများကို ပိုမို၍ ခံထိုက်သင့်ကြသည်ကို သတိပေးထားတော်မူခြင်းပင်ဖြစ်သည်။

အခြေအနေအရ အဆင့်အတန်းအလိုက် ထောက်ထားအပ်သည်ကို လျစ်လျူပြုခြင်းသည် အလွှာဟ်အရှင်မြတ်၏ သဘာဝဓမ္မကို လျစ်လျူပြုရာရောက်သည်။

အထက်တွင်ဖော်ပြပါ ကျင့်ရန် တရားသုံးပါးကို စဉ်းစားဆင်ခြင် မြော်မြင်ပါက လူလောကၭ ရှိရှိသမျှသော ကောင်းမှုအစုစုတို့သည် ဤသည့်ကျင့်ရန်တရားသုံးပါးတွင် အကျုံးဝင်လျက်ရှိသည်ကို အမြော်အမြင်ရှိသူတိုင်း ဝန်ခံရပေမည်။ ဤအာယတ်တော်တွင် ကျင့်ရန်တရားသုံးပါးနှင့် ကြဉ်ရန် တရားသုံးပါးကို မိန့်ဆိုထားတော် မူသည်။ ကျင့်ရန်တရားသုံးပါးအကြောင်းကို အထက်တွင် ဖွင့်ဆို ရေးသားခဲ့ချေပြီ။

ဤတွင် ကြဉ်ရန်တရားသုံးပါးကို အနည်းငယ်ဖွင့်ဆိုရေးသားလိုပေသည်။ အလွှာဟ်အရှင်မြတ်သည် သုံးခသောအရာကို တားမြစ်ထားတော်မူသည်။

(က) ဖဟ်ရှာ-စက်ဆုပ်ဖွယ်မှု

(ခ) မွန်ကရ်-မကောင်းမှု

(ဂ) ဗဃ်ယ-ကျူးကျော်မှု။

လူသားတို့တွင် သတ္တိသုံးမျိုးရှိသည်။ ယင်းသည့်သတ္တိများကို အလွဲသုံးစားပြုလုပ်ပါက မကောင်းမှု အပေါင်းသည် ဖြစ်ပေါ်လာပေသည်။

(၁) တိရစ္ဆာန်၏သတ္တိ၊ ကာမဂုဏ်စိတ်။

(၂) တွေဝေမိန်းမောခြင်းစိတ်၊ ရှိုင်တွာန်စိတ်၊

(၃) သားရဲတိရစ္ဆာန်စိတ်။

(က) **"ဖတ်ရှာ"** ဟူသည် အရှက်ကင်းမဲ့သော အရာများကိုဆိုလိုသည်။ ထိုအရာများသည် ကာမဂုဏ်စိတ်၊➤➤

وَ اَوْفُوْا بِعَهْدِ اللّٰهِ اِذَا عٰهَدْتُّمْ وَ لَا تَنْقُضُوا الْاَیْمَانَ بَعْدَ تَوْكِیْدِهَا وَ قَدْ جَعَلْتُمُ اللّٰهَ عَلَیْكُمْ كَفِیْلًا ؕ اِنَّ اللّٰهَ یَعْلَمُ مَا تَفْعَلُوْنَ ﴿۹۱﴾

၉၁။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ပဋိညာဉ်ကို အသင်တို့ ပဋိညာဉ် ဖွဲ့ပြီးခဲ့ကြသောအခါ ကျေပွန်အောင်ဆောင်ရွက်ကြလေကုန်။ [၁] ထို့မှတပါး အသင်တို့သည် ကျိန်ဆိုချက်များကို အခိုင်အမာပြုပြီးနောက် မဖောက်ဖျက်ကြကုန်လင့်။ အမှန်စင်စစ်သော်ကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မိမိတို့အပေါ်၌ အာမခံသူပြုလုပ်ခဲ့ကြချေပြီ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ခဲ့ကြသမျှတို့ကို (အကြွင်းမဲ့) သိရှိတော်မူပေသည်။

➤➤ ကိလေသာစိတ်၊ တိရစ္ဆာန်စိတ်လွန်ကဲခြင်းကြောင့် ဖြစ်ပေါ်သည်။

(ခ) **"မွန်ကရ်"** ဟူသည် မှန်ကန်သောသဘာဝနှင့် မှန်ကန်သောအသိဉာဏ်တို့က လက်မခံသော အရာများကို ဆိုလိုသည်။ တနည်းအားဖြင့် ရှိုင်တွာန်၏သွေးဆောင်ဖြားယောင်းမှု၏ လွှမ်းမိုးမှုကြောင့် ကောင်းကင်တမန်တို့၏ အသိဉာဏ် (၀၊) သူတော်ကောင်းတို့၌ ရှိအပ်သောအသိဉာဏ်သည် ပျက်စီးရပေသည်။

(ဂ) **"ဗယ်ယ"** ဟူသည် မောက်မာပလွှား၍ စည်းကမ်းကျူးလွန်ခြင်း၊ သားရဲတိရစ္ဆာန်များကဲ့သို့ သူတပါးတို့အား ကျူးကျော်စော်ကားခြင်း၊ သူတပါးတို့၏ အသက်၊စည်းစိမ်၊ ဂုဏ်သိန်များကို မတရားဖျက်ဆီးခြင်းများကို ဆိုလိုသည်။ ဤကဲ့သို့သော ကျူးကျော်စော်ကားမှုများသည် သားရဲတိရစ္ဆာန်စိတ်၊ ဒေါသစိတ်များကို အလွဲသုံးစားပြုလုပ်ခြင်းဖြင့် ဖြစ်ပေါ်လာပေသည်။

အချုပ်အားဖြင့် လူသားတို့သည် ဤသည့်သတ္တိသုံးရပ်ကို မထိန်းသိမ်းနိုင်သမျှ ကာလပတ်လုံး၊ သူတော်ကောင်းစိတ်ကို အားလုံးတို့အပေါ်၌ မလွှမ်းမိုးဆေးနိုင်သမျှကာလပတ်လုံး၊ မယဉ်ကျေးနိုင်ပေ၊ မသန့်ရှင်းနိုင်ပေ။

အာက်ဆမ်အီဗ်နူဆွိုင်ဖီသည် ဤအာယတ်တော်ကို ကြားသိသောအခါ မိမိ၏အမျိုးသားများအား "ဤတမန်တော်မြတ်သည် အလွန်မြင့်မြတ်သော ကိုယ်ကျင့်တရားများကို သွန်သင်ဆုံးမတော်မူသည်။ ယုတ်ညံ့စက်ဆုပ်ဖွယ် ဒုစရိုက်အပေါင်းတို့မှ ကြဉ်ရှောင်စေတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် တမန်တော်မြတ်၏ သြဝါဒတော်များကို လျင်မြန်စွာ နာယူကြကုန်။ နာယူရာတွင် အသင်တို့သည် ဦးခေါင်းများဖြစ်ကြကုန်၊ အမြီးများ မဖြစ်ကြနှင့်"ဟု ပြောကြားလေသည်။

သာဝကကြီး အုဆ်မာန် အီဗ်နုမဓ်အူန်က "ဤအာယတ်တော်ကို ကျွန်ုပ်ကြားသိရသောအခါ ကျွန်ုပ်၏စိတ်တွင် အီမာန်ယုံကြည်မှုသည် စွဲမြဲသွားပေသည်၊ တမန်တော်မြတ်မုဟမ္မဒ်၏ အချစ်သည်လည်း နှလုံးသည်းပွတ်အတွင်းသို့ သက်ဝင်သွားလေသည်"ဟု ပြောဆိုခဲ့လေသည်။

① အထက်ပါအာယတ်တော် (၁၆း၉၀)တွင် ကျင့်ရန်နှင့် ကြဉ်ရန်တရားများကို မိန့်ဆိုထားတော်မူသည်။ ထိုကျင့်ရန်နှင့် ကြဉ်ရန်တရားများအနက် ဤအာယာတ်တော်တွင် ကတိတည်ရန် သစ္စာမဖောက်ရန် အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ကတိတည်ကြည်မှုသည် အလွန်အရေးကြီးသော ဂုဏ်ရည်ဖြစ်သည်သာမက ➤➤

وَلَا تَكُونُوا كَالَّتِي نَقَضَتْ
غَزْلَهَا مِنْ بَعْدِ قُوَّةٍ
أَنكَاثًا تَتَّخِذُونَ أَيْمَانَكُمْ
دَخَلًا بَيْنَكُمْ أَن تَكُونَ أُمَّةٌ
هِيَ أَرْبَىٰ مِنْ أُمَّةٍ ۚ إِنَّمَا
يَبْلُوكُمُ اللَّهُ بِهِ ۚ وَلَيُبَيِّنَنَّ
لَكُمْ يَوْمَ الْقِيَامَةِ مَا
كُنتُمْ فِيهِ تَخْتَلِفُونَ ﴿٩٢﴾

၉၂။ ထိုမှတပါး အသင်တို့သည် အုပ်စုတစ်စုထက် အုပ်စုတစ်စုကပိုမို၍တိုးတက်ကြီးပွားလာရန် မိမိတို့၏ ကျိန်ဆိုချက်များကို မိမိတို့အချင်းချင်းတွင် ပရိယာယ်ဝေဝစ် ပြုလုပ်ခြင်းအားဖြင့် အသင်တို့သည် မိမိချည်မျှင်များကို ကောင်းမွန်ခိုင်ခံ့စွာ ငင်ပြီးနောက် အပိုင်းပိုင်း ဖျက်ဆီးခဲ့သော မိန်းမကဲ့သို့ မဖြစ်ကြကုန်လင့်။ [၁]

စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် ဤအမိန့်တော်ဖြင့် အသင်တို့အား စမ်းသပ်တော်မူခြင်းမျှဖြစ်ပေသည်။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့ သဘောကွဲလွဲလျက် ရှိကြသည်များကို ကိယာမတ်ရှင်ပြန်ထမည့်နေ့တွင် အသင်တို့ရှေ့ဝယ် ထင်ရှားစေတော်မူပေမည်။

➤➤ ထိုအချိန် ထိုအခါတွင် အခြေအနေနှင့် အထူးပင် လိုလားအပ်ပေသည်။ မွတ်စ်လင်မ်တို့၏ တိုးတက်မှု၊ အောင်မြင်မှုတို့အတွက် ကတိတည်ကြည်မှုသည် အထူးတလည်အထောက်အကူဖြစ်မည့်ကိစ္စ၊ အကျိုးပြုမည့်ကိစ္စလည်းဖြစ်သည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ကို တသ၍ ကျိန်ဆိုပြုလုပ်ထားသည့် ပဋိညာဉ်များကို တရားတော်နှင့်မဆန့်ကျင်ပါက မွတ်စ်လင်မ်တို့သည် ပဋိညာဉ်ပါ စည်းကမ်းချက်များကို တစ်သွေ မတိမ်းလိုက်နာ ကျင့်သုံးကြရမည်။ (မင်းမှာသစ္စာ၊ လူမှာကတိ)။

ပဋိညာဉ်ပြုရာတွင် အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ကိုတသခြင်းသည် တစ်နည်းအားဖြင့် ထိုအရှင်မြတ်အား သက်သေထူခြင်းပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကိုသိတော်မူသော ဉာဏ်တော်အရှင် ဖြစ်တော်မူသည်၊ ပဋိညာဉ်ပါ စည်းကမ်းချက်များကို လူသားတို့သည် အဘယ်မျှလိုက်နာသည်၊ မလိုက်နာသည်၊ ကတိတည်သည်၊ မတည်သည်၊ ကတိပျက်ကွက်သည်။ မပျက်ကွက်သည် စသည်များကို အကြွင်းမဲ့ သိတော်မူသည်၊ ကတိပျက်ပါက သစ္စာဖောက်ပါက ထိုက်တန်သည့် ပြစ်ဒဏ်ကို ခတ်တော်မူမည်သာဖြစ်သည်။

သို့ဖြစ်ပေရာ လူသားတို့သည် ကတိတည်ကြရပေမည်။ သစ္စာအလျှင်းမဖောက်ကြရပေ။

၁ ပဋိညာဉ်ဖွဲ့ပြီးသည့်နောက် သစ္စာဖောက်ခြင်းသည် အကြင်သူရူးမ၏ အပြုအမူနှင့်တူသည်။ သူသည် တစ်နေကုန်တစ်နေခန်း ကြိုးစားအားထုတ်၍ ဗိုင်းငင်သည်၊ ညနေတွင် မိမိကိုယ်တိုင် ကြိုးစား၍ ငင်ထားသော ချည်မျှင်များကို အပိုင်းပိုင်းအစစ ပြုလုပ်ပစ်လေသည်။ မက္ကာမြို့တွင် ယင်းသို့ပြုလုပ်လေ့ရှိသော သူရူးမတစ်ယောက် ရှိခဲ့ဘူးလေသည်။ ဆိုလိုသည်ကား ပဋိညာဉ်များကို ချည်မျှင်များကဲ့သို့ ယူဆ၍ အခါမရွေး ဖျက်ဆီးခြင်းသည် အမြော်အမြင်ကင်းမဲ့ခြင်း၊ နောင်ရေးမတွေးခြင်း ရူးသွပ်ခြင်းပင်ဖြစ်သည်။ ➤➤

တစ်နည်း။

ထိုမှတပါး အသင်တို့သည် အကြင်မိန်းမကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုမိန်းမသည် မိမိကိုယ်တိုင် ကြိုးပမ်းအားထုတ်၍ ချည်မျှင်များငင်၏။ ထိုနောက် မိမိကိုယ်တိုင်ပင် ထိုချည်မျှင်များကို အပိုင်းပိုင်းအစစ ပြုလုပ်ဖျက်ဆီးပစ်၏။ အုပ်စုတစ်စုသည် အခြားအုပ်စုတစ်စုထက် ပိုမို၍ အကျိုးခံစားနိုင်ရန်အတွက် အသင်တို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို အချင်းချင်းကိစ္စများတွင် ပရိယာယ်အဖြစ်အသုံးပြုကြလေသည်။

အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် ယင်းပဋိညာဉ်ဖွဲ့စည်းခြင်းဖြင့် အသင်တို့အား စမ်းသပ်တော်မူပေသည်။ ထိုမှတပါး ကိယာမတ်နေ့တွင် ထိုအရှင်မြတ်သည် အသင်တို့သဘောကွဲလွဲခဲ့သည်များကို အသင်တို့ရှေ့မှောက်တွင် ထင်ရှားပြတော်မူမည်ဖြစ်သည်။

➤➤ စကားမတည်လျှင် လူလောကဓ၏ ဆက်ဆံမှု၊ ရောင်းဝယ်ဖောက်ကားမှု၊ စီမံအုပ်ချုပ်မှုအားလုံးတို့သည် ပျက်စီးသွားပေမည်။ စကားတည်ကြည်မှုဖြင့်သာလျှင် တရားမျှတမှုသည် တည်ရှိနေနိုင်ပေသည်။ အချို့အုပ်စုများသည် တရားမျှတမှုကို လျစ်လျူပြုကာ မိမိတို့၏ လိုအင်ဆန္ဒကိုသာလျှင် ရှေးရှုကြသည်။ ထိုသို့သော အုပ်စုများထဲတွင် ပဋိညာဉ်များသည် ဖောက်ဖျက်ရန်အတွက်သာလျှင်ဖြစ်ပေသည်။မိမိတို့နှင့် ပဋိညာဉ်ဖွဲ့ထားသော အုပ်စုတစ်ခုသည် အားနည်းသွားလျှင် ချုပ်ဆိုထားသည့် ပဋိညာဉ်များဖောက်ဖျက်ကြသည်။ ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်တွင် မိမိတို့ချုပ်ဆိုထားသော ပဋိညာဉ်များကို လိမ်လည်လှည့်ဖျားရန်၊ ကတိဖျက်ရန်၊ သစ္စာဖောက်ရန် လက်နက်ကိရိယာအဖြစ် အသုံးမပြုကြကုန်လင့်ဟု မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

အစ္စလာမ်သာသနာမထွန်းကားမီ အမိုက်ခေတ်တွင် အုပ်စုတစ်စုသည် မိမိထက် အားအင်ကြီးမားသော အုပ်စုတစ်ခုကိုတွေ့လျှင် ထိုအုပ်စုနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုလေ၏။ ထို့နောက် ယခင်အုပ်စုထက် ပိုမို အားအင်ကြီးမားသော ဂုဏ်သရေရှိသော အခြားအုပ်စုတစ်စုကိုတွေ့မြင်လျှင် ယခင်အုပ်စုနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်ကိုဖောက်ဖျက်၍ ယင်းအုပ်စုထက် ပိုမိုအင်အားကြီးမားသည့် အုပ်စုသစ် နှင့်မဟာမိတ်စာချုပ် ချုပ်ဆိုပြန်လေသည်။ ထို့နောက် တစ်ဖန်မိမိတို့၏ မဟာမိတ်အားလုံးကို အားအင်ချည့်နဲ့စေ၍ အားလုံးထက် ထူးကဲသာလွန်နိုင်သည့် အခွင့်အလမ်းရရှိသည့်အခါ ထိုချုပ်ဆိုထားသည့် ပဋိညာဉ်များကို ချည်မျှင်ပမာ ဖျက်ဆီးပစ်ကြလေသည်။ စက္ကူပမာ ဆုတ်ဖြဲပစ်ကြလေသည်။

وَلَوْ شَآءَ اللَّهُ لَجَعَلَكُمْ أُمَّةً وَٰحِدَةً وَلَٰكِن يُضِلُّ مَن يَشَآءُ وَيَهْدِي مَن يَشَآءُ ۚ وَلَتُسْـَٔلُنَّ عَمَّا كُنتُمْ تَعْمَلُونَ ﴿٩٣﴾

၉၃။ စင်စစ်တစ်မူကား အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် အသင်တို့အား သာသနာဝင်အုပ်စုတစ်စုတည်း ပြုလုပ်တော်မူခဲ့ပေမည်။ သို့ရာတွင်ထိုအရှင်မြတ်သည် မိမိအလိုမရှိတော်မူသောသူအား လမ်းမှားခွဲထားရှိတော်မူ၍ မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်သို့ ပို့တော်မူလေသည်။

ထိုမှတပါး အသင်တို့သည် မိမိတို့ ကျင့်မူခဲ့သမျှသော အမူများနှင့် စပ်လျဉ်း၍ အမှန် မုချ စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

وَلَا تَتَّخِذُوٓا۟ أَيْمَٰنَكُمْ دَخَلًۢا بَيْنَكُمْ فَتَزِلَّ قَدَمٌۢ بَعْدَ ثُبُوتِهَا وَتَذُوقُوا۟ ٱلسُّوٓءَ بِمَا صَدَدتُّمْ عَن سَبِيلِ ٱللَّهِ ۖ وَلَكُمْ عَذَابٌ عَظِيمٌ ﴿٩٤﴾

၉၄။ ထို့ပြင် အသင်တို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို မိမိတို့အချင်းချင်းတွင် ပရိယာယ် ဝေဝုစ်မပြုလုပ်ကြကုန်လင့်။ သို့ဖြစ်လျှင် (အခြားသူတို့၏) ခြေသည် မြဲမြံခိုင်ခဲ့ပြီးနောက် ချွတ်ချော်တိမ်းပါးသွားပေလိမ့်မည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးခဲ့ကြသောကြောင့် (ဤလောကခွဲလည်း) ဘေးဒုက္ခ ခံစားကြရပေမည်။ ထိုမှတပါး(တမလွန်ဘဝခွဲလည်း) အသင်တို့၌ ကြီးကျယ်လှစွာသောပြစ်ဒဏ်သည် သက်ရောက်ပေမည်။

وَلَا تَشْتَرُوا۟ بِعَهْدِ ٱللَّهِ ثَمَنًا قَلِيلًا ۚ إِنَّمَا عِندَ ٱللَّهِ هُوَ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿٩٥﴾

၉၅။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိကြသော ပဋိညာဉ်ဖြင့် အနည်းငယ်မျှသော အဖိုးငွေကို လဲလှယ်ဝယ်ယူခြင်း မပြုကြကုန်လင့်။

အကယ်၍ အသင်တို့သည် သိကြပါလျှင် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ် အထံတော်၌ ရှိသော (အကျိုး ဆုလာဒ်)သည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ချေသတည်း။

مَا عِنْدَكُمْ يَنْفَدُ وَمَا عِنْدَ
اللَّهِ بَاقٍ ۗ وَلَنَجْزِيَنَّ
الَّذِينَ صَبَرُوا أَجْرَهُمْ
بِأَحْسَنِ مَا كَانُوا
يَعْمَلُونَ ﴿٩٦﴾

၉၆။ အသင်တို့.ထံ၌ရှိသော အရာများသည် ကုန်ခန်းသွားမည်သာတည်း။ သို့.ရာတွင် အလ္လာဟ်အရှင်မြတ် အထံတော်၌ရှိသော အရာတို့.မှာမူကား ရှိရစ်မည့်အရာများပင် ဖြစ်ကုန်သတည်း။ ထို့.ပြင် ဧကန်အမှန် ငါအရှင်မြတ်သည် ကြံ့.ခိုင်စွာ ရပ်တည်ခဲ့ကြကုန်သောသူတို့.အား၊ ၎င်းတို့.၏အကျိုးကို ၎င်းတို့.ကျင့်မူခဲ့ကြကုန်သော ကောင်းမြတ်သောအကျင့်သီလနှင့် လျော်ညီစွာ ပေးဆပ်တော်မူပေမည်။ [၁]

(**တစ်နည်း** -ထို့.ပြင် မုချဧကန် ငါအရှင်မြတ်သည် ကြံ့.ခိုင်စွာရပ်တည်ခဲ့ကြသောသူတို့.အား ၎င်းတို့.ပြုကျင့်ဆည်းပူးခဲ့ကြသည်များထက် ပိုမိုကောင်းမွန်သော ကုသိုလ်အကျိုးကို ချီးမြှင့်တော်မူမည်ဖြစ်သည်)ကြည့်-ကျလာလိုင်န်။ စ-၂၂၃။ ဂျမိအုလ်ဗယာန်၊ စ-၂၂၃။

مَنْ عَمِلَ صَالِحًا مِّنْ ذَكَرٍ
أَوْ أُنْثَىٰ وَهُوَ مُؤْمِنٌ
فَلَنُحْيِيَنَّهُ حَيَاةً طَيِّبَةً ۖ
وَلَنَجْزِيَنَّهُمْ أَجْرَهُمْ

၉၇။ မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ (မုအ်မင်နှ်အဖြစ်နှင့်)ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့သော်၊ ၎င်းပြင် ထိုသူသည် *မုအ်မင်နှ် သက်ဝင်ယုံကြည်သူ(လည်း)ဖြစ်ခဲ့သော်* [၂] မလွဲဧကန် ငါအရှင်မြတ်သည် ထိုသူအား သန့်ရှင်း စင်ကြယ်သောအသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်စေတော်မူပေမည်။

---

① အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသည့် ပဋိညာဉ်တော်များကိုလည်းကောင်း၊ မိမိတို့အချင်းချင်းပြုလုပ်ထားသည့် ပဋိညာဉ်များကို လည်းကောင်း၊ တစ်သွေမတိမ်းလိုက်နာ ကျင့်မူကြကုန်အံ့။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ တွေ့ကြုံရသည့် ဒုက္ခကြီးငယ်များကိုလည်း ကြံ့.ခိုင်စွာ ရင်ဆိုင်ကြကုန်အံ့။ ထိုသို့သော သူတော်စင်တို့.အား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့.၏ အကျင့်အမူများထက် ပိုမိုမြင့်မြတ်သော ကုသိုလ်အကျိုးများကိုမူ ချီးမြှင့်တော်မူမည်ဖြစ်သည်။

② အထက်တွင် သည်းခံသောသူများနှင့် ကတိတည်သောသူများ၏ ကုသိုလ်အကျိုးများကို မိန့်ဆိုထားတော်မူသည်။ ယခုဤအာယတ်တော်တွင် ကောင်းမှုကိစ္စအဝဝနှင့် စပ်လျဉ်း၍ မူတစ်ခုကို မိန့်ဆိုထားတော်မူသည်။

အချုပ်မှာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ "အီမာန်" ယုံကြည်၍ ကောင်းမှုပြုကျင့်ပါမူ ➤➤

بِأَحْسَنِ مَا كَانُوا يَعْمَلُونَ ﴿٩٦﴾

ထိုမှတပါး မချစင်စစ် ငါအရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏အကျိုးကို ၎င်းတို့ကျင့်မူ ဆောက်တည်လျက်ရှိခဲ့ကြကုန်သော ကောင်းမြတ်သော အကျင့်သီလနှင့် လျော်ညီစွာ ပေးဆပ်တော်မူပေမည်။

တစ်နည်း - ၎င်းတို့ကျင့်မူခဲ့ကြသော အကျင့်သီလ များထက် ပိုမိုကောင်းမြတ်သော ကုသိုလ်အကျိုးကို ချီးမြှင့်တော်မူမည်ဖြစ်သည်။

فَإِذَا قَرَأْتَ الْقُرْآنَ فَاسْتَعِذْ بِاللَّهِ مِنَ الشَّيْطَانِ الرَّجِيمِ ﴿٩٨﴾

၉၈။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင် သည်ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ် သောအခါ နှင်ထုတ်ခြင်းခံရသော ရှိုင်တွာန်မိစ္ဆာကောင် (၏)နောင့်ယှက်မှု(မှ) (လွတ်ကင်းနိုင်ရန်) အလ္လာဟ် အရှင်မြတ်၏ အကာအကွယ်ကို ယူပါလေ။ [၁]

➤➤ အလ္လာဟ်အရှင်မြတ်သည် မိန်းမယောကျ်ား မခွဲခြားဘဲ ကောင်းမွန်သန့်ရှင်း အပြစ်ကင်းသော သုခချမ်းသာအဖြာဖြာနှင့် ပြည့်စုံသောဘဝကို ချီးမြှင့်တော်မူမည် ဖြစ်သည်။

ဥပမာ - ကာယသုခ၊ စိတ္တသုခလည်းရှိရမည်။ သမ္မာအာဇီဝ တရားသဖြင့်ရှာဖွေ ဆည်းပူးသည့် စားနပ်ရိက္ခာလည်းရရှိမည်။ တင်းတိမ်ရောင့်ရဲမှုလည်း ရရှိမည်။ နာမည်ကောင်းလည်းရမည်။ ဂုဏ်သတင်းလည်း ပျံ့နှံ့မည်။ သာသနာ့တာဝန်များကို လိုက်နာကျင့်သုံးရာတွင် ပျော်ရွှင်မှု၊ ကျေနပ်မှု၊ ဝိတိဖြစ်မှုကိုလည်း ရရှိမည်။ နောင်တမလွန်အရေးတွေး၍ ဝမ်းအသာကြီးသာမည်လည်း ဖြစ်သည်။ ထိုသို့သော မုအ်မင်နအမျိုးသား အမျိုးသမီးအပေါင်းတို့သည် နှစ်ဘဝစလုံးတွင် ကောင်းစားကြပေမည်။

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် အမျိုးသမီး၊ အမျိုးသား များတို့သည် ခွဲခြားမှုတစ်စုံတစ်ရာမရှိဘဲ မိမိတို့၏ကျင့်မူသော ကောင်းမှုတို့၏ ကုသိုလ် အကျိုးများကို ရရှိကြမည်ဖြစ်ကြောင်း ကောင်းစွာသိရှိရပေသည်။

① ဤအာယတ်တော်၏ အလိုသဘောမှာ (أعوذ بالله من الشّيطٰن الرّجيم) "ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်း ခံရသော ရှိုင်တွာန်၏ နောင့်ယှက်ခြင်းမှ ကင်းရန်အလ္လာဟ်အရှင်မြတ် အထံတော်၌ ခိုလှုံပါ၏။" ဟု ဆိုရုံမျှဖြင့် တာဝန်မကုန်ပေ။ အမှန်မှာ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သည့်အချိန်တွင် ရှိုင်တွာန်၏ ဇဝေဇဝါဖြစ်စေမှု၊ သို့လော သို့လော ဖြစ်စေမှုများနှင့် ကင်းကွာရန်၊ မမှန်ကန်သော ဒွိဟသံသယများတွင် မသက်ရောက်ရန်။ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို အလ္လာဟ်အရှင်မြတ်၏ အလိုဆန္ဒတော်နှင့်အညီ အမှန်အတိုင်း တွေးခေါ်မြော်မြင် သဘောပေါက်နားလည်ရန်၊ မိမိပြုလုပ်ထားသည့် အတွေးအခေါ်များ (သို့မဟုတ်) သူတစ်ပါး၏ အတွေးအခေါ်များ အတည်ဖြစ်စေလိုသည့် သဘောဖြင့် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို အလွဲသုံးစား မပြုမိရန်အတွက် စိတ်စေတနာ တကယ်ထားရှိရပေမည်။ ထို့အတိုင်းလည်း ကြိုးစားရပေမည်။ ➤➤

إِنَّهُۥ لَيْسَ لَهُۥ سُلْطَٰنٌ عَلَى ٱلَّذِينَ ءَامَنُوا۟ وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٩٩﴾

၉၉။ ဧကန်စင်စစ် ယင်းရှိုင်တွာန် မိစ္ဆာကောင်၌ အကြင်သူတို့အပေါ်၀ယ် လုံး၀ ဩဇာအာဏာ မရှိချေ။ [၁] ထိုသူတို့သည် ဧကန်စင်စစ် အီမာန်သက်၀င်ယုံကြည်၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ယုံကြည်အားထားကြကုန်သောသူတို့ အပေါ်၌ ရှိုင်တွာန်မိစ္ဆာကောင်သည် လုံး၀ ဩဇာအာဏာ မရှိချေ။

إِنَّمَا سُلْطَٰنُهُۥ عَلَى ٱلَّذِينَ يَتَوَلَّوْنَهُۥ وَٱلَّذِينَ هُم بِهِۦ مُشْرِكُونَ ﴿١٠٠﴾

၁၀၀။ ယင်းရှိုင်တွာန်မိစ္ဆာကောင်၏ ဩဇာအာဏာသည်ကား၎င်းအားအဆွေခင်ပွန်းဖွဲ့သော သူတို့နှင့် ယင်းရှိုင်တွာန်မိစ္ဆာကောင်ကြောင့် (အခြားအရာများကို အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်သောသူတို့အပေါ်၌သာ ရှိပေသတည်း။

➤➤ ထို့ပြင်တစ်၀ သိထားအပ်သည်မှာ ရှိုင်တွာန်၏ အကြီးဆုံးသော ကြိုးပမ်းမှုမှာ လူသားတို့အား ကုရ်အာန်ကျမ်းမြတ်၏ တရားမမှန်၍ ကင်းကွာစေခြင်းပင် ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် လူသားတစ်ဦးသည် ကုရ်အာန်ကျမ်းမြတ်ကို လေ့လာရန်ကြံရွယ်သည့်အခါ ရှိုင်တွာန်သည် ထိုလူသားအား အစွမ်းရှိသမျှ ဖျက်ဆီးရန် ကြိုးစားလေသည်။ ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်လေ့လာသည့် အချိန်တွင် သတိကြီးစွာဖြင့် ရှိုင်တွာန်၏ နှောင့်ယှက်ခြင်းအပေါင်းမှ ကင်းလွတ်ရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံရပေမည်။ အဘယ်ကြောင့် ဆိုသော် အကြင်သူ တစ်ဦးသည် ကုရ်အာန်ကျမ်းမြတ်မှ တရားမရလျှင် ထိုသူအဖို့ တရားရရန် အကြောင်းမရှိတော့ပေ။ ထို့အတူ အကြင်သူတစ်ဦးသည် ကုရ်အာန်ကျမ်းမြတ်၏ အနက်အဓိပ္ပာယ်ကို အမှားမှား အယွင်းယွင်း ကောက်ယူထားသည်ရှိသော် ထိုသူအား မည်သည့်အရာကမျှ လမ်းမှန်ပြနိုင်မည် မဟုတ်ပေ။

ဤနေရာ၌ ဤအာယတ်တော်ကို မိန့်ဆိုထားတော်မူခြင်းမှာ ရှေ့တွင် ကုရ်အာန်ကျမ်းမြတ်နှင့်စပ်လျဉ်း၍ ကာဖိရ်၊ မုရှ်ရစ်ကတို့၏ ဝေဖန်ချက်များကို ဖြေဆိုထားတော်မူသည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်ကို ပဏာမအဖြစ် မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ အဗူလ်အအ်လာ။

① အကြင်သူများသည် အလ္လာဟ်အရှင်မြတ်အား အီမာန်ယုံကြည်ကြ၏။ ထို့ပြင်တစ်၀ ထိုအရှင်မြတ်အပေါ်၌ ယုံပုံလွဲအပ်ထားကြ၏။ ထိုသို့သောသူများအား ရှိုင်တွာန်သည် မလွှမ်းမိုးနိုင်ပေ။ အကယ်တန္တူ ထိုသို့သောသူများသည် လူသဘာ၀အလျောက် ခေတ္တခဏ ရှိုင်တွာန်၏ဖြားယောင်းမှုကို ခံလိုက်ကြရပါကလည်း ရှိုင်တွာန်သည် ကြာရှည်စွာ လှည့်စားမထားနိုင်ပေ။ ထိုသို့သော ပုဂ္ဂိုလ်များသည် ချက်ချင်းပင် ပြန်လည် သတိရရှိလာကြပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၇:၂၀၁၊ ၂၀၂)တွင် မိန့်ဆိုထားတော်မူသည်။

အကြင်သူများသည် ၎င်းတို့ကိုယ်တိုင်ကပင် ရှိုင်တွာန်အား မိတ်ဖွဲ့ထားကြ၏။ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာ မှီခိုအားထားရမည့်အစား ရှိုင်တွာန်ကိုလည်း မှီခိုအားထားကြ၏။ ➤➤

وَإِذَا بَدَّلْنَآ اٰيَةً مَّكَانَ اٰيَةٍ ۙ وَّاللّٰهُ اَعْلَمُ بِمَا يُنَزِّلُ قَالُوْٓا اِنَّمَآ اَنْتَ مُفْتَرٍ ۭ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۝۱۰۱

၁၀၁။ ငင်းပြင် ငါအရှင်မြတ်သည် *အာယတ်တော်တစ်ပုဒ်ကို အာယတ်တော်တစ်ပုဒ်၏ နေရာတွင် ပြောင်းလဲတော်မူသောအခါ* [၁] အမှန်စင်စစ် အလွှာဟ် အရှင်မြတ်သည် မိမိချပေးတော်မူသော အမိန့်ပညတ်တော်ကို အသိတော်မူဆုံးပင်ဖြစ်တော်မူ၏။ ယင်း (ကာဖိရ်သွေဖည်ငြင်းပယ်သော)သူတို့က အသင်သည် ကြံဖန်လီဆယ်သူမျှသာဖြစ်သည်ဟု ပြောဆိုကြကုန်၏။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့အနက် အများဆုံးသောသူတို့သည် မသိနားမလည်ကြပေ။

➤➤ တစ်နည်းအားဖြင့် ရှိုင်တွာန်ကို အလွှာဟ်အရှင်မြတ်နှင့်တန်းတူ၊ ဂုဏ်ရည်တူပြုလုပ်ကိုးကွယ်ကြ၏။ သို့တည်းမဟုတ် ထိုရှိုင်တွာန်၏ ဖြားယောင်းမှုကြောင့် အခြားသောအရာများကို အလွှာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူထား၍ ကိုးကွယ်ကြ၏။ ထိုသို့သောသူများပေါ်၌မူ ရှိုင်တွာန်၏သြဇာအာဏာသည် အပြည့်အဝ တည်ရှိပေသည်။

ယင်းသို့သောသူများအား ရှိုင်တွာန်သည် အလိုရှိသလို လှည့်ဖြားမောက်မှားစေနိုင်သည်။

(၁) အထက်တွင် ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်သရဇ္ဈာယ်သည့်အခါ ရှိုင်တွာန်၏ နှောင့်ယှက်မှုမှ ကင်းလွတ်ရန် အလွှာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံရမည့်အကြောင်း မိန့်ဆိုထားတော်မူ၏။ ယခုဤအာယတ်တော်တွင် ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ ရှိုင်တွာန်၏ နှောင့်ယှက်မှုအချို့ကို မိန့်ဆိုထားတော်မူသည်။

ကုရ်အာန်ကျမ်းမြတ်တစ်စောင်လုံးသည် တကြိမ်တည်း ကျရောက်လာခဲ့သည်မဟုတ်ပေ။ အခြေအနေအရ လိုအပ်သမျှ ဤအာယတ်တော်များ ကျရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုသည့်အာယတ်တော်များတွင် အချို့အာယတ်တော်များသည် အကြောင်းထူးတစ်ရပ်ရပ်ကြောင့် သတ်မှတ်ထားတော်မူသည့် အချိန်ပိုင်းအတွက် ယာယီထုတ်ပြန်ချမှတ်ထားတော်မူသော အမိန့်တော်များလည်း ပါဝင်ပေသည်။ အခြေအနေ ပြောင်းလွဲသွားသည့်အခါ ထိုသည့်အမိန့်တော်များအစား အခြားအမိန့်တော်များကို ထုတ်ပြန်ချမှတ်တော်မူလေသည်။

ဥပမာ- အစ္စလာမ် သာသနာထွန်းကားခါစ အချိန်တွင် မွတ်စ်လင်မတို့အား စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို တားမြစ်ထားတော်မူခဲ့သည်။ ထို့နောက် အတန်ကြာသောအခါတွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် ခွင့်ပြုတော်မူခဲ့လေသည်။ ထို့အတူ အစပထမတွင် ကုရ်အာန်ကျမ်းမြတ်ကို ညဉ့်တစ်ချိန်တွင် ရွတ်ဖတ်သရဇ္ဈာယ်ရန် အမိန့်တော် ကျရောက်လာခဲ့ပေသည်။ ကြည့်-ကုရ်အာန်(၇၃:၂-၃)။ ထို့နောက် အတန်ကြာသည့်အခါ ကုရ်အာန်ကျမ်းမြတ်ကို တတ်စွမ်းနိုင်သမျှ ရွတ်ဖတ်သရဇ္ဈာယ်ရန် အမိန့်တော်ကျရောက်လာခဲ့ပေသည်။ ကြည့်- ကုရ်အာန် ၇၃:၂၀)

ဤသို့ အခြေအနေအရ ပြောင်းလဲထုတ်ပြန်ထားတော်မူသည့် အာယတ်တော်များကို ကြည့်ပြီး ကာဖိရ်များက "ဤသည်အလွှာဟ်အရှင်မြတ်၏ အာယတ်တော်များမဖြစ်နိုင်၊ ဤအတိုင်းဆိုလျှင် အလွှာဟ်အရှင်မြတ်သည် (မပြောကောင်းမဆိုအပ်) သတိမရှိသည့်အတွက် ပထမအမိန့်တော်ကို ထုတ်ပြန်တော်မူပြီး၊➤➤

قُلْ نَزَّلَهُ رُوحُ الْقُدُسِ مِن رَّبِّكَ بِالْحَقِّ لِيُثَبِّتَ الَّذِينَ آمَنُوا وَهُدًى وَبُشْرَىٰ لِلْمُسْلِمِينَ ﴿١٠٢﴾

၁၀၂။ (အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား ဤသို့)ပြောဆို ဖြေကြားပါလေ။ ထိုအာယတ်တော်ကို ရူဟုလ်ကုဒ္ဒုတ်စ် (ကောင်းကင်တမန်ဂျစ်ဗရီလ်) သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ မှန်မင်္ဂလာသက်ဝင် ယုံကြည်သူတို့အား တည်တံ့မြဲမြံစေခြင်းငှာလည်းကောင်း၊(မွတ်စ်လင်မ်)အမိန့်တော်ကို လိုက်နာသူတို့အဖို့ တရားလမ်းညွှန်အဖြစ် လည်းကောင်း၊ သတင်းကောင်းအဖြစ်လည်းကောင်း၊(တိကျ)မှန်ကန်စွာချပေးခဲ့လေသတည်း။ [၁]

➢➢ သတိရလာသည့်အခါ ဒုတိယအမိန့်တော်ကို ထုတ်ပြန်တော်မူရာ ရောက်သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်မဟုတ်၊ (တမန်တော်) မုဟမ္မဒ် မိမိကိုယ်တိုင် လုပ်ကြံဖန်တီးထားသော ကျမ်းသာဖြစ်သည်" စသည်ဖြင့် စုဒ်စောဒနာ တက်ခဲ့ကြလေသည်။ ဤသို့သော ဒွိဟသံသယမူများကို ရှိုင်တွာန်သည် အချို့မွတ်စ်လင်မ်များ၏ စိတ်တွင်လည်း သက်ရောက်စေခဲ့လေသည်။ ထိုသို့သော စုဒ်စောဒနာများ၊ ဒွိဟသံသယများနှင့် စပ်လျဉ်း၍ ဤအာယတ်တော်တွင် ဖြေကြားထားတော်မူသည်။

ထိုသို့သောစောဒနာတက်ခြင်းသည် မိုက်မဲမှုကြောင့်သာဖြစ်သည်။ ထိုသို့စောဒနာတက်သူများသည် "နာစ်ခ်"၏ သဘောကိုနားလည်ပါက ဤသို့သောစကားကို အလျှင်းပြောဆိုကြမည် မဟုတ်ပေ။ "နာစ်ခ်"၏သဘောမှာ သတ်မှတ်ထားသည့် အချိန်ပိုင်းတစ်ခုအတွက် ထုတ်ပြန်ထားသည့် အမိန့်တစ်ရပ်ကို ထိုသည့်အချိန်ပိုင်း ပြီးဆုံးသွားသည့်အခါ ဒုတိယအမိန့် ထုတ်ပြန်ခြင်းပင်ဖြစ်သည်။

① အလ္လာဟ်အရှင်မြတ်က- ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ စုဒ်စောဒနာ ဝင်သူတို့ကို တမန်တော်မြတ်အား ဖြေကြားစေတော်မူသည်မှာ- ဤကုရ်အာန်သည် ကျွန်ုပ် ပြုလုပ်ဖန်တီးထားသည့် ကုရ်အာန်မဟုတ်၊ လူသားတစ်ဦးတစ်ယောက်က ပြုလုပ်ဖန်တီးထားသည့် ကုရ်အာန်လည်းမဟုတ်၊ ကျွန်ုပ်၏အရှင်သခင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်က စင်ကြယ်သန့်ရှင်း အပြစ်ကင်းလွှတ်သည့် "ရူဟုလ်ကုဒ္ဒုစ်" ကောင်းကင်တမန် ဂျစ်ဗရီလ်မှ တစ်ဆင့် အတိုင်းမသိ ကြီးမားလှသည့် ဉာဏ်အမြော်အမြင်ဖြင့် ထုတ်ပြန်ချမှတ်ထားတော်မူသော ကုရ်အာန်သာဖြစ်သည်။

"အသင့်အား မွေးမြူတော်မူသောအရှင်" ဟုဆုံးနှုန်းတော်မူခြင်းမှာ ဤကုရ်အာန် ထုတ်ပြန်ချမှတ်တော်မူသော အရှင်မှာ အခြားမဟုတ်၊ ကျွန်ုပ်(တမန်တော်မြတ်)အား အံ့မဆုံးသည့်နည်းဖြင့် ပြုစုပျိုးထောင်၍ အမြင့်မြတ်ဆုံးသော ကိုယ်ကျင့်တရားများကို ဆင်ယင်ပေးတော်မူသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ကို ထင်ရှားသိရန်အတွက်ပင်ဖြစ်သည်။ ထိုအတူ "ရူဟုလ်ကုဒ္ဒုစ်"မှ တစ်ဆင့် ထုတ်ပြန်ချမှတ်တော်မူသည်ဟူ၍ မိန့်ဆိုထားတော်မူခြင်းမှာ ရူဟုလ်ကုဒ္ဒုစ်ပင်မယူ ဆောင်လာသည့် ကုရ်အာန်ကျမ်းမြတ်သည် အဘယ်မျှ စင်ကြယ်သန့်ရှင်း အပြစ်ကင်း၍ အဘယ်မျှ နူးညံ့သိမ်မွေ့ပြီး အဘယ်မျှ ပြည့်စုံသည်ကို ထင်ရှားသိရန်အတွက်ပင်ဖြစ်သည်။

وَلَقَدْ نَعْلَمُ أَنَّهُمْ يَقُولُونَ إِنَّمَا يُعَلِّمُهُ بَشَرٌ ۗ لِّسَانُ الَّذِي يُلْحِدُونَ إِلَيْهِ أَعْجَمِيٌّ وَهَٰذَا لِسَانٌ عَرَبِيٌّ مُّبِينٌ ﴿١٠٣﴾

၁၀၃။ ၎င်းပြင် ၎ကန်စင်စစ်၎င်းတို့သည် ထို (နဗီတမာန်တော် မုဟမ္မဒ်)အား လူတစ်ယောက်က သင်ကြားပို့ချ၍ပေးသည်ဟု ပြောဆိုကြသည်ကို ၎ကန်မလွဲ ငါအရှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသည်။ [၁] (စင်စစ်) ၎င်းတို့စောင်းမြောင်းရည်ညွှန်းပြောဆိုကြကုန်သောသူ၏ဘာသာစကားမှာမူ နိုင်ငံခြားဘာသာစကားပင် ဖြစ်ပေသည်။ သို့ရာတွင် ဤအာယတ်တော်တွင်မူကား ရှင်းလင်းပြေပြစ်သော အရဗီဘာသာစကားပင် ဖြစ်လေသည်။

إِنَّ الَّذِينَ لَا يُؤْمِنُونَ بِآيَاتِ اللَّهِ لَا يَهْدِيهِمُ اللَّهُ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٠٤﴾

၁၀၄။ ၎ကန်စင်စစ် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မယုံကြည်ကြပေ။ ၎င်းတို့အားအလ္လာဟ်အရှင်မြတ်သည်တရားလမ်းမှန်ကို ပြတော်မူမည်မဟုတ်ပေ။ ထိုမှတပါး၊ ၎င်းတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်(လည်း) ရှိချေအံ့သတည်း။

---

① ကာဖိရ်၊ မုရှ်ရစ်ကျမ်းများသည် မိမိတို့၏ဉာဏ်ထိုင်းမှု၊ ညံ့ဖျင်းမှုတို့ကြောင့် ကုရ်အာန်ကျမ်းမြတ်၏ နက်နဲသိမ်မွေ့သော ပညာရပ်ကို နားမလည်နိုင်ကြသော်လည်း ကုရ်အာန်ကျမ်းမြတ်၏ "ဖဆွာဟတ်"၊ "ဗလာဃတ်" စာပေ အဆင့်အတန်း မြင့်မားမှု၊ စာပေကြွယ်ဝမှု၊ စာပေဂုဏ်မြောက်မှုများကိုမူ ကောင်းစွာ သိနိုင်ကြပေသည်။ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်မှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်ကဲ့သို့ အလားတူ စာတစ်ပိုဒ်မျှပင် ပြုလုပ်တင်ပြရန် ကမ္ဘာအဝှမ်းသို့ ကြေညာထားတော်မူသည်။ ယနေ့ထက်တိုင် တစ်ဦးတစ်ယောက်မျှ မပြုစွမ်းနိုင်ခဲ့ပေ။ မည်သည့်အခါ၌မျှလည်း အလျှင်း ပြုစွမ်းနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ပေရာ မက္ကာမြို့သား ကာဖိရ်၊ မုရှ်ရစ်ကျမ်းများ ရည်ညွှန်းပြောဆိုသည့် အရဗ်အမျိုးသား မဟုတ်သော၊ ကျေးကျွန်ဖြစ်သော လူသာမန်တစ်ဦးသည် အသို့လျှင် ပြုစွမ်းနိုင်အံ့နည်း။

အကယ်၍ "ဤကုရ်အာန်ကျမ်းမြတ်မှာ- တမန်တော်မြတ် မုဟမ္မဒ် မိမိကိုယ်တိုင် ပြုလုပ်ဖန်တီးထားသော ကုရ်အာန်ဖြစ်သည်ဟု ပြောဆိုကလည်း ဤသို့ကားအလျှင်း မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် "အွမ်မီ" ဖြစ်တော်မူသည်။ ထို့ပြင်တစ်ဝ ကုရ်အာန်ကျမ်းမြတ်မှတပါး၊ တမန်တော်မြတ်ဟောကြားထားတော်မူသည့် သြဝါဒတော် အမြောက်အမြားရှိပေသည်။ ထိုသြဝါဒတော်များသည် ကုရ်အာန်ကျမ်းလာ အာယတ်တော်နှင့် အလျှင်းမတူပေ။ ရှိုင်းယှဉ်၍ပင်မဖြစ်ပေ။

إِنَّمَا يَفْتَرِي الْكَذِبَ الَّذِينَ
لَا يُؤْمِنُونَ بِآيَاتِ اللَّهِ ۖ
وَأُولَٰئِكَ هُمُ الْكَاذِبُونَ ﴿١٠٥﴾

مَن كَفَرَ بِاللَّهِ مِن بَعْدِ
إِيمَانِهِ إِلَّا مَنْ أُكْرِهَ وَقَلْبُهُ
مُطْمَئِنٌّ بِالْإِيمَانِ وَلَٰكِن
مَّن شَرَحَ بِالْكُفْرِ صَدْرًا
فَعَلَيْهِمْ غَضَبٌ مِّنَ اللَّهِ ۖ
وَلَهُمْ عَذَابٌ عَظِيمٌ ﴿١٠٦﴾

၁၀၅။ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မယုံကြည်သောသူတို့သည်သာလျှင် မုသားကို ကြံဖန်လိဆယ်၍ ပြောဆိုကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည်သာလျှင် မုသာဝါဒီများ ဖြစ်ကြကုန်သတည်း။

၁၀၆။ မည်သူမဆို မိမိ အီမာန်သက်ဝင်ယုံကြည်ပြီးနောက် အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းပယ်သွားခဲ့ပါလျှင် (အကယ်၍) အကြင်သူသည် အနိုင်အထက်ပြုမူခြင်းခံရ၍ ၎င်း၏စိတ်နှလုံးမှာ အီမာန်သက်ဝင် ယုံကြည်မှုနှင့်ပင် နှစ်သိမ့်ကျေနပ်လျက်ရှိခဲ့သော် (၎င်း၌အပြစ်မရှိချေ)။ သို့ရာတွင် အကြင်သူ၏ စိတ်နှလုံးသည် ကုဖ်ရ် သွေဖည်ငြင်းပယ်မှု၌ပင် မွေ့လျော်ခဲ့ပါလျှင် (အကြင်သူသည် စိတ်နှလုံး ကြည်ဖြူစွာနှင့် ကုဖ်ရ် သွေဖည်ငြင်းပယ်မှုကို လက်ခံခဲ့ပါလျှင်) ထိုကဲ့သို့သော သူတို့အပေါ်၌မူ အလ္လာဟ် အရှင်မြတ်အထံတော်မှ အမျက်တော်သည် ကျရောက်ပေမည်။ ထိုမှတပါး၊ ၎င်းတို့၌ကြီးလေးသော ပြစ်ဒဏ်သည်လည်း ရှိချိမ့်သည်တည်း။ ②

---

② မြောက်မြားစွာသော အထောက်အထား သက်သေလက္ခဏာတော်များကို ကြားသိရပါလျက် အီမာန်မယုံကြည်သူ တစ်ဦးသည် ကြီးမားသော ပြစ်မှုကျူးလွန်သူပင် ဖြစ်သည်။ သို့ရာတွင် ထိုသူထက်ပင် ပိုမိုဆိုးရွားသူကား - အလ္လာဟ်အရှင်မြတ်အား အီမာန်ယုံကြည်ပြီးသည့်နောက်တွင်မှ ပြန်လည် ဖောက်ပြန်သွားသူပင် ဖြစ်သည်။

ဥပမာ-အဗ်ဒုလ္လာဟ် အီဗ်နအဗီစရဟ်သည် အီမာန်သက်ဝင်ယုံကြည်ပြီးသည့် နောက်သော်မှ လောကီရေးလောဘရမက်များကြောင့် ဖောက်ပြန် သွေဖည်သွားခဲ့လေသည်။

ဤသို့သော သာသနာရေးဖောက်ပြန်ရေးသမားကို "မုရ်တဒ္ဒ" ဟုခေါ်သည်။ မုရ်တဒ္ဒအပြစ်ကား-ကြီးမားလှ၏။ ရှေ့တွင် မိန့်ဆိုထားတော်မူလေသည်။ ယခုစပ်ကြားတွင် စကားညှပ်အဖြစ် ချွင်းချက်တစ်ခုကို မိန့်ဆိုထားတော်မူသည်။

ချွင်းချက်။

အကြင်မွတ်စ်လင်မ်တစ်ဦးသည် စိတ်စေတနာဖြူစင်စွာဖြင့်၊ အီမာန်အပေါ်၌ ရပ်တည်လျက်ရှိ၏။ အီမာန်နှင့် စပ်လျဉ်း၍ ထိုသူတို့၌ စိုးစဉ်းမျှပင် သံသယမရှိခဲ့ပေ။ အီမာန်သည် တစ်ချိန်တစ်ခါကမျှ ၎င်း၏ ➤➤

ذَٰلِكَ بِأَنَّهُمُ اسْتَحَبُّوا الْحَيَاةَ الدُّنْيَا عَلَى الْآخِرَةِ ۙ وَأَنَّ اللَّهَ لَا يَهْدِي الْقَوْمَ الْكَافِرِينَ ﴿١٠٧﴾

၁၀၇။ ဤ(သို့ အမျက်တော်နှင့်ပြစ်ဒဏ်ခံကြရခြင်း) သည်ကားငင်းတို့သည် လောကီဘဝကို နောင်တမလွန်ဘဝထက်သာ၍ နှစ်သက် သဘောကျခဲ့ကြသောကြောင့်တည်း။ အမှန်စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့ကို တရားလမ်းမှန် ပြတော်မူသည်မဟုတ်ပေ။

أُولَٰئِكَ الَّذِينَ طَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ وَسَمْعِهِمْ وَأَبْصَارِهِمْ ۖ وَأُولَٰئِكَ هُمُ الْغَافِلُونَ ﴿١٠٨﴾

၁၀၈။ ဤသူများတွင်အကြင်သူများတည်း။အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများအပေါ်၌လည်းကောင်း၊ နားများအပေါ်၌လည်းကောင်း၊ မျက်စိများအပေါ်၌ လည်းကောင်း၊ တံဆိပ်ခပ်နှိပ်တော်မူခဲ့လေသည်။ ထိုမှတပါးဤသူများပင်(လောကီဘဝ၌ပျော်မြူးလျက် တမလွန်ဘဝကို) လျစ်လျူရှုနေကြသူများ ဖြစ်ကြကုန်သတည်း။

لَا جَرَمَ أَنَّهُمْ فِي الْآخِرَةِ هُمُ الْخَاسِرُونَ ﴿١٠٩﴾

၁၀၉။ ဧကန်စင်စစ် ငင်းတို့သည် နောင်တမလွန်ဘဝတွင် နစ်နာဆုံးရှုံးသူများ ဖြစ်ကြရမည်မှာ မလွဲမရှောင်သာ(သော ကိစ္စပင်)ဖြစ်ပေသည်။

➤➤ စိတ်တွင်းမှ မကင်းကွာခဲ့ပေ၊ ထိုသို့သော မွတ်စလင်မ်တစ်ဦးသည် အနိုင်အထက် အတင်းအဓမ္မ ပြုလုပ်ခြင်းခံရပြီး အလွန်အလွန် စိုးရိမ်သည့်အခါမျိုးတွင် အသက်ဘေးမှ လွတ်မြောက်နိုင်ရန်အတွက် အီမာန်နှင့် ဆန့်ကျင်သည့်စကားကို စိတ်တွင်းမှမပါဘဲ အလွန်စက်ဆုပ်ရွံရှာစွာဖြင့် ထုတ်ဖော်ခဲ့ရသည်ရှိသော်၊ ထိုသို့ပြောဆိုခဲ့ရသည့်အတွက် ထိုသူသည် အစ္စလာမ့်ဘောင်အပြင်သို့ ရောက်မသွားပေ။ ထိုသူသည် မွတ်စ်လင်မ်ပင်ဖြစ်သည်။ ထိုသူအား မွတ်စ်လင်မ်ဟူ၍ပင် မှတ်ယူရမည်။

သို့ရာတွင် ယင်းသို့ အတင်းအဓမ္မ ပြုလုပ်ခြင်းခံရပြီး အသက်အန္တရာယ် စိုးရိမ်ရသည့်အခါမျိုး၌ပင်လျှင် သာဝကကြီး ဗီလာလ်၊ သာဝကကြီး ယာစိရ်၊ သာဝကကြီး ဟုဇိုက်ဗ်၊ သာဝကကြီး အဗ်ဒုလ္လာဟ် အီဗ်နုဟုဇာဖာဟ်၊ သာဝကကြီး ခဗ္ဗာဗ်၊ စုမိုပ်ယာဟ်သခင်မ၊ ဇင်နီရာဟ်သခင်မ၊ နာဟ်ဒီယတ်သခင်မ စသည့်သာသနာ့အာဇာနည်များကဲ့သို့ အီမာန်နှင့်ဆန့်ကျင်သည့် စကားကိုမည်သည့်အခြေအနေ၊ မည်သည့်အဖြစ်၊ မည်သည့်ပတ်ဝန်းကျင်၌မျှ အလျှင်း မပြောဆိုခြင်းသည် ပို၍ပင် ကောင်းမြတ်ပေသည်။ ဤအကြောင်းများနှင့် စပ်လျဉ်း၍ အီဗ်နုကဆီရ်ကျမ်း (အ-၂၊ စ-၅၈၈)တွင် အကျယ်တွေ့ရှိရပေသည်။

ثُمَّ إِنَّ رَبَّكَ لِلَّذِينَ هَاجَرُوا مِنْ بَعْدِ مَا فُتِنُوا ثُمَّ جَاهَدُوا وَصَبَرُوا إِنَّ رَبَّكَ مِنْ بَعْدِهَا لَغَفُورٌ رَحِيمٌ ﴿١١٠﴾

၁၁၀။ ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အကြင်သူတို့အဖို့ ထိုသူတို့သည် စမ်းသပ်ခြင်းကို ခံကြရပြီးနောက် ရွှေ့ပြောင်းနေထိုင်ခဲ့ကြ၏။ ၎င်းပြင် ထိုသူများသည် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူများသည် ချုပ်တည်း သည်းခံခဲ့ကြကုန်၏။ မုချအမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ယင်း(ကိစ္စများ)၏နောက်တွင် အမှန်ပင်အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်၊ ဖြစ်တော်မူပေသတည်း။

يَوْمَ تَأْتِي كُلُّ نَفْسٍ تُجَادِلُ عَنْ نَفْسِهَا وَتُوَفَّىٰ كُلُّ نَفْسٍ مَا عَمِلَتْ وَهُمْ لَا يُظْلَمُونَ ﴿١١١﴾

၁၁၁။ (ဤကျိုးပြစ်ပေးခြင်းသည် အကြင်နေ့တွင် ဖြစ်ပေမည်။) ထိုနေ့တွင် လူတိုင်းလူတိုင်းသည် မိမိဘက်မှသာလျှင် (၀၊) မိမိကိုယ်ကိုကာကွယ်၍သာလျှင် ငြင်းခုံပြောဆိုလျက် လာပေမည်။ ထိုမှတပါး လူတိုင်းလူတိုင်းသည် မိမိကျင့်မူခဲ့သော အကျင့်အမူများ(၏)အကျိုးအပြစ်)ကို အပြည့်အစုံပေးခြင်းကို ခံရပေမည်။ အမှန်စင်စစ် ၎င်းတို့သည် မတရားပြုလုပ်ခြင်းကို လုံး၀ခံကြရမည် မဟုတ်ပေ။

وَضَرَبَ اللَّهُ مَثَلًا قَرْيَةً كَانَتْ آمِنَةً مُطْمَئِنَّةً يَأْتِيهَا رِزْقُهَا رَغَدًا مِنْ كُلِّ مَكَانٍ فَكَفَرَتْ بِأَنْعُمِ اللَّهِ

၁၁၂။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ရွာတစ်ရွာနှင့်စပ်လျဉ်း၍ ပုံဆောင်ချက်တစ်ရပ်ကို ခိုင်းနှိုင်းတော်မူလေသည်။ ထိုရွာ(သူ ရွာသားတို့)သည် ဘေးရန်ကင်းငြိမ်းလျက်နှစ်သိမ့်ပျော်မွေ့စွာရှိခဲ့(ကြကုန်)သည်။ ယင်းရွာ(သူရွာသားတို့ထံ)သို့ ယင်း(ရွာသူရွာသားတို့)၏စားနပ်ရိက္ခာသည် နေရာတိုင်းမှ ဖောသီစွာ ရောက်ရှိလျက်ရှိလေသည်။ သို့ရာတွင် ယင်းရွာ(သူ ရွာသားတို့)မူကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်ခဲ့(ကြ)လေသည်။

فَأَذَاقَهَا اللَّهُ لِبَاسَ الْجُوعِ وَالْخَوْفِ بِمَا كَانُوا يَصْنَعُونَ ﴿١١٢﴾

သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ထို ရွာ(သူရွာသား‌တို့)အား ထိုသူတို့၏ အကျင့်အမူတို့ ကြောင့် ဆာလောင်မှုကိုလည်းကောင်း၊ ကြောက်ရွံ့ ထိတ်လန့်မှုကို လည်းကောင်း၊ မြည်းစမ်းစေတော် မူခဲ့ပေသတည်း။ ၁

---

① ဤအာယတ်တော်နှင့်စပ်လျဉ်း၍ အဖွင့်နှစ်ရပ်ကို တွေ့ရှိရပေသည်။

(က) ဤအာယတ်တော်တွင် ပါရှိသော မြို့ရွာဟူသည် သီးသန့်ဖြစ်သော မြို့ရွာကို ဆိုလိုသည် မဟုတ်။ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်၊ ဓမ္မဓိဋ္ဌာန်ပင်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အတိတ်ခေတ်များတွင် ရှိခဲ့ကြသော ကာဖိရ်များသည်လည်း အစပထမသော် မိမိတို့၏ မြို့ရွာများ၌ အေးချမ်းသာယာစွာနေထိုင်ခဲ့ရ၏။ ဖောဖောသီသီ စားသောက်ခဲ့ကြရ၏။ ၎င်းတို့၌ တမန်တော်များလည်း ပွင့်လာခဲ့ကြ၏။ ဤသို့ သုခချမ်းသာ အဖြာဖြာကို ရရှိခဲ့ကြပါလျက် ယင်းကာဖိရ်များသည် ကျေးဇူးမသိတတ်ခဲ့ကြသည်သာမက ကျေးဇူးပင်ကန်းခဲ့ကြပေသည်။ မိမိတို့၏ တမန်တော်၏ ဩဝါဒတော်များကို မနာခံခဲ့ကြသည်သာမက တမန်တော်အားပင် ရန်ပြုခဲ့ကြပေသည်။ ယင်းသို့ကျေးဇူးကန်းခဲ့ကြသည့်အတွက် ယင်းကာဖိရ်များသည် ရရှိထားခဲ့ကြသည့် သုခချမ်းသာများကို လက်လွတ်ဖြစ်ခဲ့ကြရသည်သာမက ပြစ်ဒဏ်ခတ်တော်မူခြင်းကိုပင် ခံခဲ့ကြရပေသည်။

ဤသို့ ပုံဆောင်မိန့်ကြားထားတော်မူခြင်းမှာ မက္ကာမြို့သား ကာဖိရ်များကို ရည်ညွှန်းတော်မူခြင်းပင် ဖြစ်သည်။

ဆိုလိုသည်ကား . . . အိုမက္ကာမြို့သား ကာဖိရ်အပေါင်းတို့၊ အသင်တို့လည်း အတိတ်ခေတ် ကာဖိရ်များကဲ့သို့ပင် သုခချမ်းသာအဖြာဖြာကို ခံစားကြရသည်။ (ဝါ) အေးချမ်းသာယာစွာ နေထိုင်ကြရသည်။ ဖောဖောသီသီ စားသောက်ကြရသည်။ အသင်တို့၌ တမန်တော်လည်း ပွင့်လျက်ရှိချေပြီ။ သို့ပါလျက် အသင်တို့လည်း အတိတ်ခေတ် ကာဖိရ်များကဲ့သို့ပင် ကျေးဇူးကန်းကြသော်၊ တမန်တော်အား သွေဖည်ငြင်းဆန်မနာခံကြသော်၊ အသင်တို့လည်း အတိတ်ခေတ်ကာဖိရ်များကဲ့သို့ပင် ပြစ်ဒဏ်ခတ်တော်မူခြင်းကို မလွဲမကန် ခံကြရမည်သာဖြစ်သည်။

မက္ကာမြို့သား ကာဖိရ်များသည် နောက်ဆုံးတွင် ကျေးဇူးကန်း၍ တမန်တော်မြတ်အား ရန်ပြုခဲ့ကြသည့် အတွက် ၎င်းတို့၏မြို့ရွာများ၌ ဒုဿဉ္စန္တရကပ်ဆိုက် ရောက်ခဲ့လေသည်။ ၎င်းတို့ကိုယ်တိုင် နှင်ထုတ်ခဲ့ကြသော မွတ်စ်လင်မ်တို့ကိုပင် အကြောက်ကြီး ကြောက်၍နေခဲ့ကြရပေသည်။ ဤကားသမိုင်းစဉ်တွင် အထင်အရှားပင်။

(ခ)ဤအာယတ်တော်တွင် ပါရှိသော မြို့ရွာဟူသည် မက္ကာမြို့တော်ကို ဆိုလိုသည်ဟု အချို့အာလင်မ်များက ဆိုကြသည်။ မက္ကာမြို့တော်သည် လွင်တီးခေါင်သဲကန္တာရဖြစ်ပါလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် စားဖွယ်၊ သောက်ဖွယ်၊ အသီးအနှံအမျိုးမျိုး ရရှိခဲ့ပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၂၈:၅၇)တွင် မိန့်ဆိုထားတော်မူသည်။

ယင်းမက္ကာမြို့သားများထဲသို့ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္စလမ်)အား စေလွှတ်တော်မူခဲ့လေသည်။ သို့တစေလည်း ယင်းမက္ကာမြို့သားများသည် ကျေးဇူးကန်းခဲ့ကြပေသည်။ တမန်တော်မြတ်အားလည်း သွေဖည်ငြင်းပယ်ခဲ့ကြပေသည်။ ကြည့်-ကုရ်အာန်(၁၄:၂၈) ➤➤

وَلَقَدْ جَآءَهُمْ رَسُوْلٌ مِّنْهُمْ فَكَذَّبُوْهُ فَاَخَذَهُمُ الْعَذَابُ وَهُمْ ظٰلِمُوْنَ ﴿١١٣﴾

၁၁၃။ ထိုမှတပါး မလွဲမကန် ၎င်းတို့ထံ ၎င်းတို့အနက်မှပင် ရာဇူလ်တမန်တော်တစ်ပါးသည် ရောက်ရှိလာခဲ့လေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်းရာဇူလ်တမန်တော်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ပြစ်ဒဏ်သည် ၎င်းတို့အား ၎င်းတို့ မတရားသောသူများဖြစ်နေကြစဉ် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

فَكُلُوْا مِمَّا رَزَقَكُمُ اللّٰهُ حَلٰلًا طَيِّبًا ۖ وَّاشْكُرُوْا نِعْمَتَ اللّٰهِ اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ﴿١١٤﴾

၁၁၄။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော အရာများအနက် သန့်ရှင်းစင်ကြယ်သော၊ စားသုံးခွင့်ပြုတော်မူသော၊ အရာများကို စားသုံးကြလေကုန်။ ထိုမှတပါး အသင်တို့သည်အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါလျှင် ထိုအရှင်မြတ်၏ ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြလေကုန်။

➤➤ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ယင်းမက္ကာမြို့သားများ၌ ဒုဿန္နရကပ်ကိုလည်း ဆိုက်ရောက်စေတော်မူခဲ့သည့်အတွက် အသေသား၊ ခွေးသားများကို စားရသည့်အထိ ဖြစ်ခဲ့ကြရ၏။ မွတ်စ်လင်မ်တို့အား အခါခပ်သိမ်း ကြောက်ရွံ့၍ နေခဲ့ကြရ၏။ မက္ကာမြို့သား ကာဖိရ်၊ မုရှ်ရစ်များသည် ယင်းကဲ့သို့ ကာယဒုက္ခ၊ စိတ္တဒုက္ခအမျိုးမျိုးကို ခံစားနေခဲ့ကြရသော်လည်း ၎င်းတို့၏ နှိပ်စက်ညှဉ်းပန်းမှုတို့ကြောင့် မက္ကာမြို့မှပင် ထွက်ခွာသွားခဲ့ကြရသော မွတ်စ်လင်မ်တို့မှာမူ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အေးချမ်းသာယာစွာ နေကြရပေသည်။ ဖောသီစွာ စားသောက်ကြရပေသည်။ စိုးရိမ်ကြောင့်ကြမှုလည်း ကင်းကြပေသည်။

ဤဖွင့်ဆိုချက်အရ အလ္လာဟ်အရှင်မြတ်သည် မဒီနာမြို့သားတို့အား မက္ကာမြို့သားများ၏ အဖြစ်အပျက်ကို ပြောကြားတော်မူ၍ "အို-မဒီနာမြို့သား အပေါင်းတို့၊ အသင်တို့သည် မက္ကာမြို့သား ကာဖိရ်များကဲ့သို့ မဖြစ်ကြကုန်လင့်" ဟူ၍ သတိပေး နှိုးဆော်ထားတော်မူခြင်းဖြစ်သည်။

ဤဒုတိယအဖွင့်အရ ဤအာယတ်တော်သည် (မဒနီ) မဒီနာမြို့၌ ထုတ်ပြန်ချမှတ်တော်မူသော အာယတ်တော်ဖြစ်သည်။ ထာနဝီ။

إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ
وَالدَّمَ وَلَحْمَ الْخِنزِيرِ
وَمَا أُهِلَّ لِغَيْرِ اللَّهِ بِهِ ۖ
فَمَنِ اضْطُرَّ غَيْرَ بَاغٍ
وَلَا عَادٍ فَإِنَّ اللَّهَ
غَفُورٌ رَّحِيمٌ ﴿١١٥﴾

၁၁၅။ ထိုအရှင်မြတ်သည် အသေကောင်(များ)၊ (ယိုစီးသော)သွေး၊ ဝက်တိရစ္ဆာန်၏ အသားနှင့် အလ္လာဟ်အရှင်မြတ်မှတစ်ပါးအခြားကို ရည်စူး(တသလိုးဖြတ်)ထားသော အရာများကိုသာလျှင် "ဟရာမ်" ဟူ၍ မြစ်တားထားတော်မူခဲ့လေသည်။

သို့(တားမြစ်ထားတော်မူသော်)ငြားလည်း မလွဲမရှောင်သာ(အောင် အကျပ်အတည်း တွေ့ကြုံနေ)သောသူတစ်ဦးသည်(တားမြစ်ထားသော အာဟာရကို ခုံမင်)တပ်မက်သူ မဟုတ်၍လည်းကောင်း၊ (အစား)ကျူးသူမဟုတ်၍လည်းကောင်း (အသက်မသေရုံမျှစားသုံးခဲ့ပါလျှင်) ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အထူး ချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အထူး သနားကြင်နာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

وَلَا تَقُولُوا لِمَا تَصِفُ
أَلْسِنَتُكُمُ الْكَذِبَ
هَٰذَا حَلَالٌ وَهَٰذَا حَرَامٌ
لِّتَفْتَرُوا عَلَى اللَّهِ الْكَذِبَ ۚ
إِنَّ الَّذِينَ يَفْتَرُونَ
عَلَى اللَّهِ الْكَذِبَ لَا
يُفْلِحُونَ ﴿١١٦﴾

၁၁၆။ ထိုမှတပါးအသင်တို့သည် မိမိတို့၏ နှုတ်လျှာများက မုသားကို ပြောဆိုပြဋ္ဌာန်းခဲ့သောကြောင့် ဤကား "ဟလာလ်" ခွင့်ပြုထားသောအရာဖြစ်သည်။ ဤကား "ဟရာမ်" တားမြစ်ထားသောအရာ ဖြစ်သည်ဟူ၍ မပြောဆိုကြကုန်လင့်။ ထိုသို့ ပြောဆိုလျှင် အသင်တို့သည် *အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲကြသည်သာဖြစ်ပေမည်။* [၁] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲကြသောသူတို့သည် အောင်မြင်ကြမည်မဟုတ်ပေ။

---

① အလ္လာဟ်အရှင်မြတ်က ဟလာလ်ပြုထားတော်မူသော အရာသာလျှင် ဟလာလ်ဖြစ်၏။ ထိုအရှင်မြတ်က ဟရာမ်ပြုထားတော်မူသော အရာသာလျှင် ဟရာမ်ဖြစ်၏။ ထိုအရှင်မြတ်မှတပါး အခြား မည်သူတစ်ဦးတစ်ယောက်မျှ ဟလာလ်၊ ဟရာမ်ဟူ၍ ပြဋ္ဌာန်းပိုင်ခွင့် အလျှင်းမရှိပေ။ ➤➤

مَتَاعٌ قَلِيلٌ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١١٧﴾

၁၁၇။ အနည်းငယ်မျှအကျိုးခံစားမှုပင် ဖြစ်ပေသည်။ ၎င်းပြင် ထိုသူတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော အပြစ်ဒဏ်သည် ရှိပေမည်။

وَعَلَى الَّذِينَ هَادُوا حَرَّمْنَا مَا قَصَصْنَا عَلَيْكَ مِن قَبْلُ ۚ وَمَا ظَلَمْنَاهُمْ وَلَٰكِن كَانُوا أَنفُسَهُمْ يَظْلِمُونَ ﴿١١٨﴾

၁၁၈။ ထို့အပြင် ငါအရှင်မြတ်သည် ယဟူဒီ ဖြစ်ခဲ့သောသူတို့အပေါ်၌ အသင့်အား ငါအရှင်မြတ် ယခင်က ထုတ်ဖော် မိန့်ကြားတော်မူခဲ့သောအရာများကို ဟရာမ်ဟူ၍ မြစ်တားတော်မူခဲ့လေသည်။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား နှိပ်စက်ကလူ ပြုတော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် မိမိတို့ကိုယ်များကို နှိပ်စက်ကလူ ပြုလျက် ရှိခဲ့ကြကုန်သတည်း။

ثُمَّ إِنَّ رَبَّكَ لِلَّذِينَ عَمِلُوا السُّوءَ بِجَهَالَةٍ ثُمَّ تَابُوا مِن بَعْدِ ذَٰلِكَ وَأَصْلَحُوا إِنَّ رَبَّكَ مِن بَعْدِهَا لَغَفُورٌ رَّحِيمٌ ﴿١١٩﴾

၁၁၉။ ထို့နောက်ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အကြင်သူတို့အဖို့၊ ၎င်းတို့သည် အသိပညာကင်းမဲ့သောကြောင့် မကောင်းမှုကို ကျင့်မူခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ဝန်ချတောင်းပန်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် (မိမိတို့ အခြေအနေကိုလည်း) ပြုပြင်ခဲ့ကြကုန်၏။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထို(သူတို့ဝန်ချတောင်းပန်ပြီး)နောက်တွင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

➤➤ မက္ကာမြို့သား မုရှ်ရစ်ကများက-"ဤသည်ဟရာမ်၊ ဤသည်ဟလာလ်ဖြစ်သည်" ဟု ဆိုခဲ့ကြသည် သာမက အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍လည်း မုသားပြောဆိုခဲ့ကြသည်။ ကြည့်- ကုရ်အာန် (၆း၁၃၉-၁၄၁)။ ဤကဲ့သို့ အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍ပင် မုသားပြောဆိုဝံ့သော သူမိုက်များသည် ဘယ်သော အခါ၌မျှ အောင်မြင်ကြမည်မဟုတ်ပေ။ ထိုမှတပါး: ကြီးလေးသော ပြစ်ဒဏ်ကိုလည်း မုချခံကြရဦးမည် ဖြစ်သည်။ ထို့အတွက် မွတ်စ်လင်မ်များသည် ယင်းမုရှ်ရစ်များကဲ့သို့ မမိုက်မှားမိကြရန် တရားဝင်သက်သေသာဓက အခိုင်အလုံမရှိဘဲ ပြောမှားဆိုမှားမဖြစ်မိကြရန် ဤအာယတ်တော်တွင် သတိပေးထားတော်မူ ခြင်းဖြစ်သည်။

إِنَّ إِبْرَٰهِيمَ كَانَ أُمَّةً قَانِتًا لِّلَّهِ حَنِيفًا وَلَمْ يَكُ مِنَ الْمُشْرِكِينَ ﴿١٢٠﴾

၁၂၀။ မချွတ်မလွဲ (နဗီတမန်တော်)အီဗ်ရာဟီမ်သည် အလွန်အတုယူထိုက်သောရှေ့ဆောင်ရှေ့ရပ်၊ အလ္လာဟ်အရှင်မြတ်(၏ အမိန့်တော်များ)ကို (တစ်သွေမတိမ်း) လိုက်နာသူ၊ တစ်စိတ်တစ်လက်တည်း ဖြောင့်မတ်တည်ကြည်သူ၊ ဖြစ်ခဲ့လေသည်။

ထို့ပြင် ယင်း(နဗီတမန်တော်)အီဗ်ရာဟီမ်သည် မုန့်ရစ်က် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်သူတို့အနက်မှ မဖြစ်ခဲ့ချေ။

شَاكِرًا لِّأَنْعُمِهِ ۚ اجْتَبَاهُ وَهَدَاهُ إِلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿١٢١﴾

၁၂၁။ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကို အလွန်သိတတ်၍ ကျေးဇူးတင်ရှိသူဖြစ်ခဲ့၏။

ထိုအရှင်မြတ်သည် ယင်း(နဗီတမန်တော်) အီဗ်ရာဟီမ်အား ရွေးချယ်တော်မူ၍ ဖြောင့်မတ်မှန်ကန်သောတရားလမ်းသို့လည်း ပို့တော်မူခဲ့သတည်း။

وَآتَيْنَاهُ فِي الدُّنْيَا حَسَنَةً ۖ وَإِنَّهُ فِي الْآخِرَةِ لَمِنَ الصَّالِحِينَ ﴿١٢٢﴾

၁၂၂။ ထိုမှတပါး ငါအရှင်မြတ်သည် ထို(နဗီတမန်တော်)အီဗ်ရာဟီမ်အားဤမျက်မှောက်လောကၘလည်း၊ ကောင်းမြတ်ခြင်းကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

၎င်းပြင် ဧကန်စင်စစ် ယင်း(နဗီတမန်တော်) အီဗ်ရာဟီမ်သည် တမလွန်ဘဝၘလည်း အမှန်ပင် သူတော်စင်တို့အနက်မှ ဖြစ်အံ့သတည်း။

ثُمَّ أَوْحَيْنَا إِلَيْكَ أَنِ اتَّبِعْ مِلَّةَ إِبْرَٰهِيمَ حَنِيفًا ۖ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٢٣﴾

၁၂၃။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့၏ထံသို့ (နဗီတမန်တော်)အီဗ်ရာဟီမ်၏ လမ်းစဉ်ကို လိုက်နာပါလေဟု အမိန့်တော် ချမှတ်တော်မူခဲ့လေသည်။ (အမှန်စင်စစ် ယင်းနဗီတမန်တော် အီဗ်ရာဟီမ်သည်) ဖြောင့်မတ်တည်ကြည်သူဖြစ်ခဲ့၏။

ငင်းပြင် မုရ်ရစ်က် တစ်စုံတစ်ရာကို အလွှာဟ် အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်သူတို့ အနက်မှလည်း မဖြစ်ခဲ့ချေ။ ၃

---

⑤ တမန်တော်အီဗ်ရာဟီမ်၏ ဂုဏ်ရည်။

အထက်တွင် အရဗ်မုရ်ရစ်က်တို့၏ မှားယွင်းမှု၊ မိုက်မဲမှုများအကြောင်းကို မိန့်ဆိုထားတော်မူ၏။ အရဗ်မုရ်ရစ်က်များသည် မျိုးနွယ်အားဖြင့် တမန်တော် အီဗ်ရာဟီမ်၏ မျိုးနွယ်ဆက်များဖြစ်ကြ၏။ ၎င်းတို့က မိမိတို့သည် တမန်တော်အီမ်ရာဟီမ်၏ သာသနာအပေါ်၌ တည်ရှိကြသည်ဟု ကြွားဝါပြောဆိုကြ၏။

အမှန်မှာ ၎င်းတို့၏ အကျင့်အမူများသည် တမန်တော်အီဗ်ရာဟီမ်၏ သာသနာနှင့် လားလားမျှ မသက်ဆိုင်။ ဖြောင့်ဖြောင့်ကြီးပင် ဆန့်ကျင်လျက်ရှိ၏။ ထို့အတွက် ဤအာယတ်တော်တွင် အရဗ်မုရ်ရစ်က်များ သတိသံဝေဂ နောင်တတရား ရရှိနိုင်ရန်အတွက် တမန်တော်အီဗ်ရာဟီမ် (အလိုင်ဟစ္စလမ်)၏ အချို့ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်။

တမန်တော်အီဗ်ရာဟီမ်သည် မုရ်ရစ်က်တို့နှင့် ယှဉ်ပြိုင်ရန်အတွက် တစ်ဦးတည်းသည်ပင် အုပ်စုကြီး တစ်ခုနှင့် ညီမျှပေသည်။ တမန်တော်အီဗ်ရာဟီမ်သည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို မြေဝယ်မကျ လိုက်နာသည်။ တမန်တော်အီဗ်ရာဟီမ်သည် အရာခပ်သိမ်းတို့ကို စွန့်၍ အလွှာဟ်အရှင်မြတ်အားသာလျှင် ယုံကြည်မြတ်နိုးသည်။ တမန်တော်အီဗ်ရာဟီမ်သည် ရှရ်စ်က် အမှုပြုရန်ဝေးစွ၊ မုရ်ရစ်က်များနေထိုင်ရာဒေသ၌ပင် မနေလိုခဲ့ပေ။

တမန်တော်အီဗ်ရာဟီမ်သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ကောင်းစွာသိသည်။ ကျေးဇူးမကန်းခဲ့ပေ။ ဧည့်သည့်မပါဘဲ ထမင်းစားလေ့ပင်မရှိပေ။ ထို့အတွက်ကြောင့်လည်း အလွှာဟ်အရှင်မြတ်က တမန်တော်အီဗ်ရာဟီမ်အား ရွေးချယ်မြှောက်စားတော်မူခဲ့၏။ ဖြောင့်မတ် မှန်ကန်သောတရားကို ချီးမြှင့်တော်မူခဲ့၏။ နှစ်ဘဝလုံးတွင် သုခချမ်းသာ အဖြာဖြာကို ပေးတော်မူခဲ့၏။ ဤသည် တမန်တော်အီဗ်ရာဟီမ်၏ ဂုဏ်ရည်အချို့ ဖြစ်သည်။

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် တမန်တော်မြတ်၏ နောက်လိုက် တပည့်သားတို့သည် တမန်တော်အီဗ်ရာဟီမ်၏ သာသနာတော်ကို လက်တွေ့လိုက်နာ ကျင့်သုံးလျက်ရှိကြသည်။ ကြည့်- ကုရ်အာန်(၃း ၆၇) အရဗ်မုရ်ရစ်က်တို့သည် ယုံကြည်ချက်၊ ကျင့်စဉ်၊ အပြောအဆို အပြုအမူ အရေးကိစ္စအဝဝတွင် တမန်တော်အီဗ်ရာဟီမ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိကြပေရာ "ကျွန်ုပ်တို့သည် တမန်တော်အီဗ်ရာဟီမ်၏ သာသနာအပေါ်၌ တည်ရှိကြပါသည်" ဟု အသို့လျှင် ပြောဆိုနိုင်ကြအံ့နည်း။ အကယ်၍ အရဗ်မုရ်ရစ်က်များသည် တမန်တော်အီဗ်ရာဟီမ်၏ သာသနာဝင်များ ဖြစ်လိုကြပါလျှင် ၎င်းတို့သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒတော်များကို တစ်သွေမတိမ်း လိုက်နာကြရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဟောကြားတော်မူသော အစ္စလာမ်သာသနာတော်သည် အခြားမဟုတ်၊ တမန်တော် အီဗ်ရာဟီမ်၏ သာသနာပင် ဖြစ်သည်။

إِنَّمَا جُعِلَ السَّبْتُ عَلَى الَّذِينَ
اخْتَلَفُوا فِيهِ ۚ وَإِنَّ رَبَّكَ
لَيَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ
فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١٢٤﴾

၁၂၄။ "စဗ်တ်" (ဥပုသ်)နေ့(ကို ရိုသေလေးစားရန် အမိန့်တော်)သည် ထို "စဗ်တ်" (ဥပုသ်)နေ့နှင့် စပ်လျဉ်း၍ သဘောကွဲလွဲကြကုန်သောသူတို့အပေါ် ၌သာလျှင် (အတည်)ပြုလုပ်ခြင်း ခံခဲ့ရလေသည်။ ၎င်းပြင် ဧကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့သဘောကွဲလွဲလျက် ရှိခဲ့ကြသော အရာနှင့် စပ်လျဉ်း၍ အမှန်ပင် စီရင်ဆုံးဖြတ်တော်မူအံ့သတည်း။

ٱدْعُ إِلَىٰ سَبِيلِ رَبِّكَ
بِالْحِكْمَةِ وَالْمَوْعِظَةِ
الْحَسَنَةِ وَجَادِلْهُم بِالَّتِي
هِيَ أَحْسَنُ ۚ إِنَّ رَبَّكَ هُوَ
أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ
وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴿١٢٥﴾

၁၂၅။ (အို-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏လမ်းတော်သို့ (လူတို့အား) ဉာဏ်ပညာနှင့် လည်းကောင်း၊ ကောင်းမြတ်သော ဆုံးမဩဝါဒနှင့် လည်းကောင်း၊ ဖိတ်ခေါ်ပါလေ။ ထိုမှတစ်ပါး အသင်သည် ၎င်းတို့အား *အကောင်းဆုံးနည်းဖြင့် အချေအတင် ပြောဆိုပါလေ။* [၁] ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင် ထိုအရှင်မြတ်၏လမ်းတော်မှ *တိမ်းလွဲခဲ့သောသူအား အသိဆုံးဖြစ်တော်မူပေသည်။* [၂] ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် တရားလမ်းမှန်ကို ရရှိကြကုန်သော သူတို့အားလည်း အသိဆုံး ဖြစ်တော်မူချေသတည်း။

---

① **တရားဓမ္မဟောကြားနည်း။**

ဤအာယတ်တော်တွင် လူသားတို့အား မည်သို့မည်ပုံ တရားဓမ္မဟောကြားရသည်ကို အလွှာဟ် အရှင်မြတ်က တမန်တော်မြတ်အား သင်ကြားပြသထားတော်မူသည်။ တရားဓမ္မဟောကြားရာတွင် အောက်ပါအချက်သုံးချက်ကို လက်ကိုင်ထားရပေမည်။

၁။ ဟစ်က်မတ်၊
၂။ မောင်အိဇ္ဇတ် ဟစနဟ်၊
၃။ ဂျီဒါလ် ဗစ်လ္လတီ ဟိယ အဟ်စန်။

➤➤

➤➤ ၁။ **ဟစ်က်မတ်** - ဟူသည် ပညာနှင့်ပြည့်ဝသော၊ ပညာပါသော၊ အကိုးအကားခိုင်လုံသော တရားစကားများကို ပညာရှိပီပီ ပညာပါပါ ဟောပြောခြင်းကို ဆိုလိုသည်။ ယင်းသို့သော ဟောပြောသော တရားစကားများကို အမြော်အမြင်ရှိသော ပညာရှိများသည် လက်ခံကြသည်သာဖြစ်သည်

ယနေ့တိုးတက်လျက်ရှိသော အသိ၊ ပညာ၊ ဗဟုသုတ အတွေးအခေါ်များသည်လည်း ထိုသည့်တရား စကားများကို အနည်းငယ်စိုးစဉ်းမျှပင် ဖြည့်စွက် နှုတ်ပယ်နိုင်မည် မဟုတ်ပေ။ ခြွင်းချက်မရှိ ထောက်ခံရမည်သာ ဖြစ်သည်။

၂။ **မောင်အိဇ်ဖ် ဟစနဟ်**-ဟူသည် စိတ်နှလုံးသားကို ဆွဲဆောင်နှုးညွှတ်စေသော၊ နှုးညံ့ သိမ်မွေ့သော၊ ပီတိဖြစ်စေသော၊ ကောင်းမွန်မြင့်မြတ်လှသည့် တရားစကားကို ဆိုလိုသည်။ ဤသည့်တရားစကား သည်လည်း သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သနားကြင်နာ၊ ထောက်ထားစာနာလေးစားမှု၊ သူတစ်ပါးအကျိုး သယ်ပိုးလိုမှု၊ ပြေပြစ်မှု၊ ကြည်ဖြူမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ဖွယ်ရာခြေင်မှု၊ နှုတ်ထွက်သာယာမှုစသည့် မေတ္တာ တရားများကို အရင်းခံ၍ ထွက်ပေါ်လာသည့် တရားစကားဖြစ်စေရမည်။

ဤသို့သောတရားစကားများကို ကြားနာရသည့်အခါ ကျောက်ခဲတမျှ မာကျောခက်ထန်နေသော စိတ်များသည်ပင် ဖရိုဖရဲဖြစ်ကွဲမ်းဆီထိသို့ နှုးညွှတ်သွားပေသည်။ သေနေသောစိတ်များသည်ပင် ရှင်လာပေသည်။ မျှော်လင့်ချက်ကုန်ဆုံးသော သူများသည်ပင် ယင်းသို့သောတရားစကားများ ကြားနာကြရသည့်အခါ မျှော်လင့်ချက် ကြီးစွာဖြင့် တက်တက်ကြွကြွ နိုးနိုးကြားကြား ဖြစ်လာကြပေသည်။

၃။ **ဂျီဒါလ် ဗစ်လ္လတီ ဟိယ အဟ်စန်**-ဟူသည် ကျိုးကြောင်းပြ၍ ခြေပြေပြစ်စွာ ပြန်လည်ချေပ ပြောဆိုခြင်းကို ဆိုလိုသည်။ လူ့လောကတွင် လူတစ်စုသည် ယခင်ကလည်း အမြဲတစေရှိခဲ့သည်။ ယခုလည်း ရှိနေသည်။ နောင်တွင်လည်း ရှိနေမည် ဖြစ်သည်။

ထိုသူများသည် ပညာပါသော၊ အကိုးအကားခိုင်လုံသော စကားကိုလည်း လက်မခံ၊ နှုးညံ့သိမ်မွေ့သော တရားစကားကိုလည်း မကြားနာ။ ထိုသူများသည် အငြင်းသန်ကြသည်။ စကားတိုင်းတွင် အငြင်းအခုံပြုကြသည်။ အမျိုးမျိုး စောဒနာတက်ကြသည်။ ငါတကောကောကြသည်။ ထိုသို့သောသူများသည် တစ်ခါတစ်ရံ တကယ်ရိုးသား ဖြောင့်မတ်သော ပညာရှင် သူတော်စင်များကို ပင်လျှင် ဇဝေဇဝါဖြစ်စေကြသည်။ ဤသို့သောသူများသည် အမှန်မှာ လူရှုပ်လူပွေများသာ ဖြစ်ကြသည်။ ယင်းသို့သောသူများအား လက်ခံစကားပြောရန်ပင်မလိုပေ။

သို့တစေလည်း မလွဲမရှောင်သာ၍ ယင်းသို့သောသူများနှင့် စကားပြောဆိုရလျှင်လည်း ကျိုးကြောင်းပြ၍ ခြေပြေပြစ်စွာပင် စကားပြောဆိုရပေမည်။ မချေမငံ အလျှင်းမပြောဆိုရ။ သူတစ်ပါး၏ စိတ်ကို ထိခိုက်နစ်နာ စေသည့် အသုံးအနှုန်းကို အလျှင်းမသုံးရ၊ ဖရုသဝါစာစကား အလျှင်းမဆိုရ။ ယင်းသို့ မချေမငံသောစကား ပြောဆိုခြင်းဖြင့် ပြဿနာသည် မပြေလည်သည်သာမက ပို၍ပင် ရှုပ်ထွေးလာပေမည်။ ကြမ်းကြုတ်သောစကား ပြောဆိုခြင်းဖြင့် အကျိုးမရှိ၊ အရှုံးသာရှိသည်။ ထို့အတွက် မလွဲမရှောင်သာ၍ အချေအတင်ပြေဆိုရလျှင်လည်း ကျိုးကြောင်းပြ၍ ခြေပြေပြစ်စွာပင် ပြောဆိုရမည်။ ဤကား "ဂျီဒါလ် ဗစ်လ္လတီ ဟိယအဟ်စန်" ပင်တည်း။

Ⓙ တရားဓမ္မဟောကြားရာတွင် အလွှာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် လမ်းစဉ်ကို အတိအကျ လိုက်နာကျင့်သုံးရပေမည်။ မည်သူတရားရသည်၊ မည်သူတရားမရသည်ကို ကြည့်နေရန် မလိုပေ။ မိမိ၏တာဝန်ကို မိမိကျေပွန်ရမည်။ တာဝန်ကျေပွန်ပြီးသည့်နောက် အလွှာဟ်အရှင်မြတ်အား လွှဲအပ်ရန်သာရှိသည်။ တရားရသူတရားမရသူများ၏ အခြေအနေ အဖြစ်အပျက်အားလုံးကို ထိုအရှင်မြတ်သည် အသိဆုံးပင် ဖြစ်တော်မူပေရာ လျော်ကန်သလို စီရင်တော်မူပေမည်။

وَإِنْ عَاقَبْتُمْ فَعَاقِبُوا۟ بِمِثْلِ مَا عُوقِبْتُم بِهِۦ ۖ وَلَئِن صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّٰبِرِينَ ﴿١٢٦﴾

၁၂၆။ ၎င်းပြင် အကယ်၍ အသင်တို့သည် တုံ့ပြန်လက်စားချေလိုခဲ့ကြသည်ရှိသော် မိမိတို့ ဒုက္ခပေးခြင်း ခံကြရသည်နှင့် ညီတူညီမျှပင် တုံ့ပြန်လက်စားချေကြလေကုန်။ [၁] သို့ရာတွင် အကယ်၍ အသင်တို့သည် သည်းခံခဲ့ကြပင်လျှင် ဧကန်မလွဲ ယင်းသည်းခံမှုသည် ခန္တီတရားထားရှိကြသူတို့အဖို့ အကောင်းဆုံးပါတည်း။

وَٱصْبِرْ وَمَا صَبْرُكَ إِلَّا بِٱللَّهِ ۚ وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُ فِى ضَيْقٍ مِّمَّا يَمْكُرُونَ ﴿١٢٧﴾

၁၂၇။ သို့ရာတွင် (အို-နဗီတမန်တော်) အသင်သည် သည်းခံ(မြဲ သည်းခံလျက်ပင်) ရှိပါလေ။ စင်စစ် အသင်၏ သည်းခံမှုသည် *အလ္လာဟ်အရှင်မြတ်၏ အကူအညီကြောင့်ပင် ဖြစ်ပေသည်။* [၂] ထို့ပြင် အသင်သည် ၎င်းတို့အတွက် ပူဆွေးခြင်း မရှိပါလေနှင့်။ ထိုမှတပါး အသင်သည် ၎င်းတို့၏ လှုံ့ဖော်ကြံစည်မှုများကြောင့် စိတ်ဆင်းရဲခြင်းလည်း မရှိပါလေနှင့်။

---

① တရားဓမ္မဟောကြားရာတွင် အနှောင့်အယှက် အမျိုးမျိုး တွေ့ရပေမည်။ မတရားကျူးကျော် စော်ကားခြင်း အမျိုးမျိုးကိုလည်း ခံကြရပေသည်။ ထို့နောက် အနိုပ်အစက်ခံများသည် နိပ်စက်သူတို့အား အရေးသာကြသည့်အခါ လူသဘာဝအလျောက် တုံ့ပြန် လက်စားချေလိုကြပေသည်။ တုံ့ပြန်ပိုင်ခွင့်လည်း ရှိပေသည်။ တုံ့ပြန်ခြင်းမှာလည်း တရားပေသည်။

ထို့အတွက်လည်း အစ္စလာမ်က တရားသဖြင့် တုံ့ပြန်နိုင်ခွင့် ပြုထားခြင်းဖြစ်သည်။ သို့ရာတွင် အနှိပ်စက်ခံများသည် မိမိတို့အား နှိပ်စက်ခဲ့သူများကို ပြန်လည် တုံ့ပြန် လက်စားချေကြသည့်အခါ များသောအားဖြင့် စည်းကမ်းလွန်တတ်ကြပေသည်။ ထိုအခါ ပထမနှိပ်စက်သူသည် အနှိပ်စက်ခံဖြစ်၍ အနှိပ်စက်ခံသည် နှိပ်စက်သူ ဖြစ်သွားတတ်ပေသည်။ တရားလိုသည် တရားခံ ဖြစ်သွားတတ်ပေသည်။

ထို့အတွက် အစ္စလာမ်သာသနာက အနှိပ်စက်ခံများသည် မိမိတို့ အနှိပ်စက်ခံခဲ့ကြရသည်နှင့် အမျှသာ လက်စားချေနိုင်ခွင့် ပြုထားသည်။ ထို့ထက်ပို၍ လက်စာချေရန်ကား အလျှင်းခွင့်မပြုချေ။

ထိုမျှမက မိမိတို့အား မတရားကျူးကျော်စော်ကားသူများကို တုံ့ပြန်လက်စားချေနိုင်သော်လည်း လက်စားမချေဘဲ ခွင့်လွှတ်ခြင်းသည် နှစ်ဦးနှစ်ဖက်အတွက်သာမက အားလုံးအတွက်ကောင်းသည်ဟူ၍ပင် တိုက်တွန်းထားပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၇း ၁၉၉၊ ၃း ၁၃၄) တွင်လည်း မိန့်ဆိုထားတော်မူသည်။

② ဒုက္ခဆင်းရဲမှု၊ ကျူးကျော်စော်ကားမှု၊ နှိပ်စက်ညှဉ်းပန်းမှုများအပေါ်၌ သည်းခံခြင်း၊ ရပ်တည်နေခြင်းသည် လွယ်ကူသော ကိစ္စမဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၏ ကူညီထောက်မမှု၊ ကာကွယ်ထိန်းသိမ်းမှုကို ရရှိသောသူများလျှင် ရပ်တည်နိုင်ကြပေသည်၊ သည်းခံနိုင်ကြပေသည်၊ ကြံခိုင်နိုင်ကြပေသည်။

إِنَّ اللَّهَ مَعَ الَّذِينَ اتَّقَوا وَّالَّذِينَ هُم مُّحْسِنُونَ ﴿١٢٨﴾

၁၂၈။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်ကြကုန်သော သူတို့နှင့် အတူလည်းကောင်း၊ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူကြကုန်သောသူတို့နှင့်အတူလည်းကောင်း၊ ရှိတော်မူပေသတည်း။ [၁]

---

① လူသားတို့သည် "တာက္ကဝါ" တရားကို လက်ကိုင်ထားသည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညား၍ ထိုအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးသည်နှင့်အမျှ လူသားတို့အား ကောင်းကျိုးပြုသည်နှင့်အမျှ အလ္လာဟ်အရှင်မြတ်၏ အကူအညီ အထောက်အမကို ရရှိကြပေသည်။ မွတ္တကီများသည် နောက်ဆုံးတွင် အောင်မြင်ကြသည်သာ ဖြစ်သည်။ သာသနာ့ ရန်သူများ၏ အကြံအစည် အနောင့်အယှက်များကြောင့် စိတ်ဆင်းရဲရန် မလိုပေ။ အလ္လာဟ်အရှင်မြတ်သည် မွတ္တကီတို့၏ အရေးအခင်းများကို လွယ်ကူစေတော်မူ၍ အခက်အခဲများမှ လွတ်မြောက်စေတော်မူသည်။ ထို့ပြင်တဝ ၎င်းတို့အား မမျှော်မှန်းမိသည့်နေရာမှာပင် သုခချမ်းသာအဖြာဖြာတို့ကို ချီးမြှင့်တော်မူသည်။

ကြည့် - ကုရ်အာန် (၆၅ : ၂၊ ၄၊ ၅)။ ၂၄း ၅၂။ ၂း ၁၉၄။ ၃း ၁၈၈။ ၇း ၁၂၈။ ၉း ၄၊ ၇၊ ၃၆၊ ၄၄၊ ၁၂၃။ ၁၁း ၄၉။ ၂၈း ၈၃။ ၃၈း ၄၉။ ၄၃း ၃၅။ ၄၅း ၁၉။ ၇၈း ၃၁)။

အိစ်ရာအီလီမျိုးနွယ်ကဏ္ဍ



ဤကဏ္ဍသည် 'စူရဟ်ဗနီအိစ်ရာအီလ်'- အိစ်ရာအီလီမျိုးနွယ်အကြောင်းပါရှိသော ကဏ္ဍမည်၏။ မက္ကာမြို့၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၁၁) နှင့် ရကုအ်အပိုဒ် (၁၂) အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

سُبْحٰنَ الَّذِيْٓ اَسْرٰى بِعَبْدِهٖ لَيْلًا مِّنَ الْمَسْجِدِ الْحَرَامِ اِلَى الْمَسْجِدِ الْاَقْصَا الَّذِيْ بٰرَكْنَا حَوْلَهٗ لِنُرِيَهٗ مِنْ اٰيٰتِنَا ۭ اِنَّهٗ هُوَ السَّمِيْعُ الْبَصِيْرُ ①

အစဉ်မပြတ် သနားကြင်နာညှာတာတော်မူထသော အနန္တကရုဏာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် (အစပြုပါ၏)။

၁။ အကြင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအရှင်မြတ်သည် တစ်ညဉ့်၌ မိမိကျွန် (နဗီတမန်တော်မုဟမ္မဒ်)အား "မတ်စ်ဂျစ်ဒ်ဒေဟရာမ်" ထူးမြတ်သော ဗလီဝတ်ကျောင်းတော်မှ ထိုကျွန် (နဗီတမန်တော် မုဟမ္မဒ်)အား မိမိ၏ အချို့သက်သေလက္ခဏာတော်များကို ပြသတော်မူအံ့သောငှာ အကြင် "မတ်စ်ဂျစ်ဒ်ဒေအတ်က်ဆွာ"[၁] (အလွန်ဝေးလံလှသော) ဗလီဝတ်ကျောင်းတော်သို့ ခေါ်ဆောင်၍ သွားခဲ့တော်မူ၏။ [၂] ငါအရှင်မြတ်သည် ထိုဗလီဝတ်ကျောင်းတော်၏ပတ်ဝန်းကျင်ကို ဗရိကတ်သုခ ချမ်းသာမင်္ဂလာနှင့် ပြည့်စေတော်မူခဲ့၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည်ပင် လျှင် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ ခွဲခြားသိမြင်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① **မင်္ဂလာရှိသော ဆီးရီးယားပြည်**

"မတ်စ်ဂျစ်ဒ်ဒေ-အတ်က်ဆွာ" သည် ဗိုင်တုလ်မုကဒ်ဒတ်စ်၌ တည်ရှိသည်၊ အလ္လာဟ်အရှင်မြတ်သည် မတ်စ်ဂျစ်ဒ်ဒေအတ်က်ဆွာ၏ပတ်ဝန်းကျင်၌ (၀၊-ဆီးရီးယားပြည်၌) အဿတ္တ၊ ဗာဟီရ အတွင်းအပြင်၊ မင်္ဂလာအဖြာဖြာ ဖြစ်စေထားတော်မူ၏။ ထိုတိုင်းပြည်တွင် အင်းအိုင်ချောင်းမြောင်းများရှိ၏။ စိမ်းစိုသာယာသော ဥယျာဉ် ပန်းမာလ်များရှိသည်၊ သစ်သီးဝလံပေါများသည်။ တိုင်းပြည်သာယာသည်၊ ကြည်နူးဖွယ်ကောင်းလှသည်။ ဤသည် ဗာဟီရမင်္ဂလာဖြစ်သည်။

>>

➤➤ ထိုတိုင်းပြည်တွင် နဗီတမန်တော် အမြောက်အများပွင့်ခဲ့ကြသည်။ သူတော်စင် အမြောက်အများ ထွန်းကားခဲ့ကြသည်။ ထိုတိုင်းပြည်တွင် တမန်တော်များနှင့် သူတော်စင်များ၏ သချိုင်းအမြောက်အများ ရှိသည်။ မတ်စ်ဂျစ်ဒဲ့အတ်က်ဆွာသည် နှစ်ပေါင်းမြောက်မြားစွာအထိ 'ကစ်ဗ်လဟ်' အဖြစ်နှင့်တည်ရှိခဲ့သည်။ ဤသည် အဏ္ဏတ္တမဂ််လာဖြစ်သည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်(၇:၁၃၇)၏အဖွင့်တွင်လည်း ရေးသားခဲ့ပေပြီ။

တမန်တော်မြတ်အား ဗိုင်တုလ်မုကဒ်ဒတ်စ်သို့ ခေါ်ဆောင်သွားတော်မူခဲ့ခြင်းမှာ အီစ်ရာအီလီမျိုးနွယ်နှင့် အခြားမျိုးနွယ်များထဲသို့ စေလွှတ်တော်မူခြင်း ခံခဲ့ကြရကုန်သော တမန်တော်အပေါင်းတို့အား ချီးမြှင့်တော်မူသည့် ဂုဏ်အင်ဒြပ်များကို တမန်တော်မြတ်အား စုပေါင်း၍ ချီးမြှင့်တော်မူရန်နှင့် အီစ်ရာအီလီမျိုးနွယ်တို့အား ချီးမြှင့်တော်မူခဲ့သော ကျေးဇူးတော်များကို အီစ်မာအီလီမျိုးနွယ်တို့အား ပြောင်းလဲ ချီးမြှင့်တော်မူရန်အတွက် ဖြစ်သည်ကို ရည်ညွှန်းတော်မူခြင်းပင်ဖြစ်သည်။

ဆိုလိုသည်ကား ဗိုင်တုလ်မုကဒ်ဒတ်စ်နှင့် ကအ်ဗဟ်ကျောင်းတော်၏ မဂ််လာအဖြာဖြာကို တမန်တော်မြတ်၏ တပည့်နောက်လိုက်များက ဆက်ခံကြရတော့မည် ဖြစ်သည်။

ဟဒီးဆ်ကျမ်းကြီးများတွင်လာရှိသည်မှာ မစ်အ်ရာဂ်ညဉ့်တွင် တမန်တော်မြတ် မတ်စ်ဂျစ်ဒဲ့အတ်က်ဆွာသို့ ကြွရောက်လာတော်မူသည့်အခါ တမန်တော်မြတ်သည် 'အေမာမ်' ရှေ့ဆောင်အဖြစ် ဆွလာတ်ဝတ်ပြုတော်မူ၍ တမန်တော်အပေါင်းတို့သည် တမန်တော်မြတ်၏နောက်တွင် "မုက်တဒီ" နောက်လိုက်အဖြစ် ဆွလာတ်ဝတ်ပြုခဲ့ကြလေသည်။ ဤသည်တစ်နည်းအားဖြင့် တမန်တော်မြတ်သည် တမန်တော်အပေါင်းတို့၏ အကြီးအကဲ ဖြစ်တော်မူကြောင်း ထင်ရှားပြတော်မူခြင်းပင် ဖြစ်သည်။

⑷ 'မစ်အ်ရာဂ်'။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏အရင်းနှီးဆုံးသော အစေတော်၊ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မိမိအနန္တတန်ခိုးတော်၏ အချို့သက်သေ လက္ခဏာတော်များနှင့် စီမံဖန်တီးထားတော်မူပုံများကို ပြသတော်မူရန်အလို့ငှာ ညဉ့်တစ်ချိန်တွင် "မတ်စ်ဂျစ်ဒ်ဒဲ့ဟရာမ်"မှ "မတ်စ်ဂျစ်ဒ်ဒေအတ်က်ဆွာ" အထိ ခေါ်ဆောင်သွားတော်မူခဲ့လေသည်။ ကုရ်အာန်ကျမ်းမြတ် (၅၃း၁၄-၁၈)တွင် တမန်တော်မြတ်သည် "စစ်ဒ်ရတုလ် မွန်တဟာ" အထိ ရောက်ရှိသွားတော်မူခဲ့သည့်အကြောင်း ပါရှိလေသည်။

အာလင်မ်ပညာရှင်များသည်မက္ကာမြို့မှ ဗိုင်တုလ်မုကဒ်ဒတ်စ်အထိ တမန်တော်မြတ်၏ အဆိုပါခရီးကို "အစ္စရာ"ဟူ၍လည်းကောင်း၊ ဗိုင်တုလ်မုကဒ်ဒတ်စ်မှ စစ်ဒ်ရတုလ်မွန်တဟာ အထိ ခရီးကို "မစ်အ်ရာဂ်" ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်သုံးနှုန်းကြသည်။ ယခုအခါ ယေဘုယျအားဖြင့် အစ္စရာနှင့် မစ်အ်ရာဂ် ၂-ခုစလုံးကိုလည်း အစ္စရာဟူ၍လည်းကောင်း၊ မစ်အ်ရာဂ်ဟူ၍လည်းကောင်း သုံးနှုန်းကြပေသည်။

မစ်အ်ရာဂ်နှင့် စပ်လျဉ်း၍ ဆွဟာဗဟ် သာဝကကြီးအပါး(၃၀)ခန့်တို့ထံမှ အကျယ်တဝင့် အသေးစိတ်သိရှိရပေသည်။ ရှေ့နောင်ခေတ်များရှိ အာလင်မ်ပညာရှင်အားလုံးတို့၏ ယူဆချက်အရ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် နိုးကြားနေတော်မူသည့်အချိန်တွင် မိမိ၏ကိုယ်ခန္ဓာနှင့် တကွ မစ်အ်ရာဂ်ကြွသွားတော်မူခဲ့သည်ဟူ၏။ သာဝက ၂-ပါး၊ ၃-ပါးနှင့် အချို့တာဗေအီတစ်စုစု၏ယူဆချက်အရ တမန်တော်မြတ်၏ မစ်အ်ရာဂ်သည် တမန်တော်အိပ်မျော်နေစဉ်၊ အိပ်မက်တွင် အလ္လာဟ်အရှင်မြတ်က အံ့မဆုံးသည့်အရာများကို မြင်မက်စေတော်မူခြင်းပင် ဖြစ်သည်ဟူ၏။

အသို့ပင်ဖြစ်စေကာမူ ကုရ်အာန်ကျမ်းမြတ်တွင် မစ်အ်ရာဂ်၏ အကြောင်းကို မိန့်ကြားတော်မူရာ၌ ➤➤

➤➤ လေးနက်စွာ စကားပလွင့်ခဲ့ထားတော်မူသည်ကိုလည်းကောင်း၊ အစ္စလာမ်၏ ရန်သူများသည် မစ်အ်ရာဂျ်နှင့် စပ်လျဉ်း၍ အထူးတလည် ငြင်းဆန်လာခဲ့ကြသည်ကိုလည်းကောင်း။ အီမာန်နှနယ်သော အချို့မွတ်စ်လင်မ်များသည်ပင် ဇဝေဇဝါ ဖြစ်လာခဲ့ကြသည်ကိုလည်းကောင်း ထောက်ရှုပါက မစ်အ်ရာ၍သည် အိပ်မက်မျှသာ မဟုတ်ကြောင်း၊ ရုပ်မပါ နာမ်ခရီးမျှသာ မဟုတ်ကြောင်းကို ကောင်းစွာသိရှိနိုင်ပေသည်။ အချို့သူများ ယူဆသကဲ့သို့ မစ်အ်ရာဂျ်သည် အိပ်မက်မျှသာဖြစ်သော် ဤမျှဂရုက်ရိုက်ရန် အကြောင်းအလျှင်းမရှိပေ။

အချို့မုန်ကန်သော 'ရိဝါယတ်' ကျမ်းချက်များတွင် -

(ثم اصبحت بمكة ثم اثبت مكة) "ထို့နောက် ကျွန်ုပ်သည် နံနက်ခိုန်တွင် မက္ကာမြို့သို့ ပြန်လည် ရောက်ရှိလာခဲ့သည်" ဟူ၍ လာရှိ၏။ အကယ်၍ မစ်အ်ရာဂျ်သည် အိပ်မက်မျှသာ ဖြစ်သော်၊ တမန်တော်မြတ်သည် မက္ကာမြို့မှ ပျောက်ကွယ်နေတော်မူရန် အကြောင်းမရှိပေ။ ထို့ပြင်တစ်ဝ ရှဒ်ဒါဒ်အီဗ်နုအောက်စ်နှင့် အချို့ပုဂ္ဂိုလ်များ၏ ရိဝါယတ်တွင် "အချို့ဆွေဟာဗဟ်သာဝကြီးများသည် ထိုညဥ့်တွင် တမန်တော်မြတ်၏နေအိမ်သို့ သွားရောက်ရာကြသည်။ တမန်တော်မြတ် အဘယ်သို့ ကြွသွားတော်မူပါလဲ" ဟူ၍ စုံစမ်း မေးမြန်းခဲ့သည့်အကြောင်း ပါရှိပေသည်။ မစ်အ်ရာဂျ်သည် အိမ်မက်မျှသာ ဖြစ်ပါက၊ သာဝကကြီးများက ဤသို့စုံစမ်းမေးမြန်းရန် အကြောင်းပင် ပေါ်ခဲ့မည် မဟုတ်ပေ။

ကုရ်အာန်ကျမ်းမြတ် (၁၇:၆၀)တွင်ပါရှိသည့် (رؤيا) "ရုအ်ယာ"ဟူသော ဆောင်ပုဒ်နှင့် စပ်လျဉ်း၍ သာဝကကြီး အိဗ်နုအဗ္ဗာစ်သခင်က (رؤيا عين أريها رسول الله صلى الله عليه وسلم) "တမန်တော်မြတ် မျက်ဝါးထင်ထင် ပြသတော်မူခြင်း ခံရခြင်း" ဟူ၍အနက်ဖွင့်ခဲ့သည်။ "ရုအ်ယာ" ဟူသည် တစ်ခါတစ်ရံ အိပ်မက်၏အနက်၌ အသုံးပြုသည်။ တစ်ခါတစ်ရံ သက်သက်မြင်ခြင်းအနက်၌ အသုံးပြုသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ မုဖတ်စ်စစ်ရ်များသည် အရဗီစာပေမှ မြောက်များစွာသော အထောက်အထားများကိုလည်း တင်ပြကြသည်။ သို့ဖြစ်ရာ ကုရ်အာန်(၁၇:၆၀)တွင် ပါရှိသည့် "ရုအ်အာ" ဟူသောပုဒ်သည် ဤမစ်အ်ရာဂျ်ကိုပင် ရည်ညွှန်းသည်ဆိုပါက ယင်းပုဒ်ကို မြင်ခြင်းအနက်၌ ယူလိုက်ပါလျှင် ပြဿနာပေါ်စရာ အကြောင်းလည်း မရှိတော့ပေ။ အဆိုအားလုံးလည်း ကိုက်ညီသွားပေမည်။

မစ်အ်ရာဂျ်နှင့်စပ်လျဉ်း၍ အတိတ်ခေတ်များတွင် အချို့အတွေးခေါ်သူများက အမျိုးမျိုး စောဒနာ တက်ခဲ့ကြသည်။ ယခုခေတ်သည် ဂြိုလ်တုခေတ်ဖြစ်သည်။ လူသားများကိုယ်တိုင် ဂြိုလ်တုစီး၍ ကမ္ဘာကိုပတ်လျက် ရှိချေပြီ။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ နေ၊ လ စသည့်ကမ္ဘာဂြိုလ်အပေါင်း စကြာဝဠာကြီးတစ်ခုလုံးသည်ပင် ထိုအရှင်မြတ် ပြုစုစီရင်ထားတော်မူသည့်အတိုင်း တစ်သွေမတိမ်း သွားလာလှုပ်ရှားလျက်ရှိပေသည်။

ယခုလူသားတို့ ဂြိုလ်တုဖြင့် ကမ္ဘာပတ်ခြင်းမှာလည်း အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော လူသားက ထိုအရှင်မြတ် ချီးမြှင့်ထားတော်မူသောဉာဏ်ဖြင့် ထိုအရှင်မြတ်ဖန်ဆင်းထားတော်မူသော ဓာတ်ပစ္စည်းများကို အသုံးပြုခြင်းသာလျှင်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ တမန်တော်မြတ်အား မိုးကောင်းကင်အထပ်ထပ်သို့ ခေါ်ဆောင်တော်မူ၍ မိမိ၏အချို့သက်သေလက္ခဏာတော်များကို ပြသတော်မူခြင်းမှာ အလ္လာဟ်အရှင်မြတ်အဖို့ အသို့လျှင် မဖြစ်နိုင်အံ့နည်း၊ အမှန်မှာ မစ်အ်ရာဂျ်သည် ဖြစ်နိုင်မဖြစ်နိုင်ဟု စဉ်းစားနေရမည့် ပြဿနာပင်မဟုတ်ပေ။

ထာနဝီသခင်၏အဖွင့်

'အဟ်လေစွန္နတ်' ဝါလ်ဂျမာအတ်၏ ယူဆချက်အရ 'မစ်အ်ရာဂျ်' သည် နိုးကြားနေသည့် အချိန်တွင် ကိုယ်ခန္ဓာနှင့်တကွဖြစ်ခဲ့ပေသည်၊ ဤအတိုင်း အာလင်မ်ပညာရှင်အားလုံးတို့က 'အစ်ဂျ်မာအ်' ပြုလုပ်ခဲ့ကြသည်၊➤➤

وَاٰتَيْنَا مُوْسَى الْكِتٰبَ وَجَعَلْنٰهُ هُدًى لِّبَنِيْٓ اِسْرَآءِيْلَ اَلَّا تَتَّخِذُوْا مِنْ دُوْنِيْ وَكِيْلًا ۝٢

၂။ စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအား ကျမ်းဂန်ဒေသနာတော်ကို ချီးမြှင့်ပေးသနား တော်မူခဲ့လေသည်။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ယင်းကျမ်းဂန်ဒေသနာတော်ကို အိစ်ရာအီလီ မျိုးနွယ် အဖို့ "အသင်တို့သည် ငါအရှင်မြတ်မှတပါး အခြား မည်သည့် တစ်စုံတရာကိုမျှ အားကိုးအားထားရာ မပြုလုပ်ကြကုန်လင့်" ဟူ၍ တရားလမ်းညွှန်ပြုတော် မူခဲ့လေသည်။ ၁

➤➤ တညီတညွတ်တည်း အဆုံးအဖြတ်ပေးခဲ့ကြသည်။

မှတ်ချက်။

ဤအာယတ်တော်တွင် ပါရှိသည့် "အလ္လာဟ်အရှင်မြတ်၏ ကျွန်" ဟူသည် တမန်တော်မြတ်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ရည်ညွှန်းသည်။ ဤတွင် အဆိုကွဲပြားမှု အလျှင်းမရှိ။ မစ်အ်ရာဂျ်သည် တမန်တော်မြတ်အဖို့ အကြီးဆုံးသော ဂုဏ်၊ အမြင့်မြတ်ဆုံးသော ဆုလာဘ်ကြီး တစ်ခုဖြစ်သည်။ တမန်တော်မြတ်အား အကြီးဆုံးသောဂုဏ်၊ အမြင့်မြတ်ဆုံးသော ဆုလာဘ် ကို ချီးမြှင့်တော်မူသည့်အချိန်တွင် တမန်တော်မြတ်အား "အလ္လာဟ်အရှင်မြတ်၏(အဗ်ဒ်) ကျွန်" ဟူ၍ အထူးတလည်သုံးနှုန်းထားတော်မူခြင်းမှာ (၁) တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ် အထူးတလည် နှစ်သက်တော်မူကြောင်း ထင်ရှားစေရန်နှင့် (၂) ယင်းမစ်အ်ရာဂျ်ကြောင့် တမန်တော်မြတ်အား ကိုးကွယ်ရာဘုရားဟူ၍ မထင်မှတ်စေရန်အတွက်ပင်ဖြစ်သည်။ ထာနဝီ။

အလ္လာဟ်အရှင်မြတ်၏ ကျွန်များအဖို့ အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်မှုသည်အကြီးဆုံးနှင့် အမြင့်မြတ်ဆုံးသော ဂုဏ်ပင်ဖြစ်သည်။ မစ်အ်ရာဂျ် အကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကိုသိလိုပါက သက်ဆိုင်ရာ ဟဒိစ်ကျမ်းကြီးများတွင် ရှုပါကုန်။

① အထက်တွင်တမန်တော်မြတ်၏ မစ်အ်ရာဂျ်နှင့် တမန်တော်မြတ်၏ ထူးကဲမြင့်မြတ်မှုများကို မိန့်ဆိုထားတော်မူ၏။ ယခုဤအာယတ်တော်တွင် တမန်တော် မူစာ၏အကြောင်းကို မိန့်ဆိုထားတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် မစ်အ်ရာဂျ်တွင် မတ်စ်ဂျစ်ဒ်ဒေ့အတ်က်ဆွာအထိ ကြွသွားတော်မူခဲ့သည့်အကြောင်းပါရှိ၏။ ရှေ့တွင် မတ်စ်ဂျစ်ဒ်ဒေအတ်က်ဆွာ၏ ရှေးယခင်မုတဝလ္လီများဖြစ်ခဲ့ကြသော အိစ်ရာအီလီမျိုးနွယ်တို့ ၏ အတိတ်ဖြစ်စဉ်များကို မိန့်ဆိုထားတော်မူသည်။ ၎င်းတို့၏ဖြစ်စဉ်များမှ မှတ်စ်လင်မ်များလည်း သင်ခန်းစာယူနိုင်ကြပေသည်။ အိစ်ရာအီလီမျိုးနွယ်ဝင်များသည်လည်း သင်ခန်းစာယူနိုင်ကြပေသည်။ ဤအာယတ်တော်သည် ထိုသည့်ဖြစ်စဉ်များ၏ ပဏာမပင်ဖြစ်ချေသည်။

မစ်အ်ရာဂျ်တွင် အိစ်ရာအီလီမျိုးနွယ်များရရှိထားခဲ့ကြသည့်ရှေ့ဆောင်မှုကို မကျွာမြို့တော်သား တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ဆက်ခံတော်မူမည့်အကြောင်း ရည်ညွှန်းထားတော်မူသည်။ သို့ဖြစ်ရာ အိစ်ရာအီလီမျိုးနွယ်ဝင်များသည် သုခချမ်းသာကိုလိုလားကြလျှင် တမန်တော်မြတ်၏အမိန့်ညွှန်ကြားချက်များကို နာခံကြရမည်သာဖြစ်သည်။ သို့မဟုတ်ပါမူ ရှေးယခင်ကကဲ့သို့ပင် ပြစ်ဒဏ်ကြီးငယ်များကို ခံကြရမည်သာဖြစ်သည်။

ذُرِّيَّةَ مَنْ حَمَلْنَا مَعَ نُوحٍ ۚ إِنَّهُ كَانَ عَبْدًا شَكُورًا ﴿٣﴾

၃။ အို-အကြင်သူတို့၏ သားမြေးအပေါင်းတို့၊ ငါအရှင်မြတ်သည် ထိုသူတို့အား (နဗီတမန်တော်)နူဟ်နှင့်အတူ (သင်္ဘော်ပေါ်သို့) တင်ဆောင်တော်မူခဲ့လေသည်။ (အသင်တို့သည် အလ္လာဟ်အရှင်မြတ်တစ်ဆူတည်းဖြစ်တော်မူကြောင်းကို သက်ဝင်ယုံကြည်ကြလေကုန်။ မလွဲဧကန် ထို(နဗီတမန်တော်)နူဟ်သည် ကျေးဇူးတော်ကို အလွန်သိတတ်သော ကျွန်တစ်ပါး ဖြစ်ခဲ့ပေသတည်း။ ①

وَقَضَيْنَا إِلَىٰ بَنِي إِسْرَائِيلَ فِي الْكِتَابِ لَتُفْسِدُنَّ فِي الْأَرْضِ مَرَّتَيْنِ وَلَتَعْلُنَّ عُلُوًّا كَبِيرًا ﴿٤﴾

၄။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အိစ်ရာအီလီမျိုးနွယ်တို့ထံ (ထောင်ရာတ်) ကျမ်းတော်၌ (ဤသို့)စီရင်ပြဋ္ဌာန်း(ချက်ကို ပေးပို့)တော်မူခဲ့လေသည်။ (အို-အိစ်ရာအီလီမျိုးနွယ်တို့၊) မုချစင်စစ် အသင်တို့သည် တိုင်းပြည်တွင် နှစ်ကြိမ်တိုင်တိုင် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြပေမည်။ ထိုမှတပါး ဧကန်မလွဲ အသင်တို့သည် အကြီးအကျယ် ရက်စက်စွာ အုပ်စိုးမှုဖြင့်လည်း အုပ်စိုးကြပေမည်။

---

① ဆိုလိုသည်ကား အို-အိစ်ရာအီလီမျိုးနွယ်ဝင်အပေါင်းတို့၊ အသင်တို့သည် အကြင်ဘိုးဘေးတို့၏ သားသမီးများဖြစ်ကြပေသည်။ ယင်းဘိုးဘေးများသည် တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)နှင့် အတူတကွ သင်္ဘော်ပေါ်တွင် လိုက်ပါစီးနင်း၍ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ လွတ်မြောက်ခဲ့ကြပေသည်။ ဤသည်အသင်တို့၏ ဘိုးဘေးတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်ဖြစ်သည်။ ဤသည့်ကျေးဇူးတော်ကို အသင်တို့ မမေ့အပ်ကြပေ။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်တစ်ပါတည်းကိုသာလျှင် ခဝပ်ကိုးကွယ်ကြရမည်။ ထိုအရှင်မြတ်နှင့်တွဲဖက်၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြရ။ အစစအရာရာတွင် ထိုအရှင်မြတ်အားသာလျှင် ယုံပုံလွဲအပ်ကြရမည်။

တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို အလွန်သိတတ်ပေသည်။ အမိန့်တော်များကိုလည်း တစ်သွေမတိမ်း လိုက်နာပေသည်။ အသင်တို့သည်အခြားမဟုတ်၊ ထိုတမန်တော်နူဟ်၏အဆက်အနွယ်များပင် ဖြစ်ကြပေသည်။ သို့ဖြစ်ရာ အသင်တို့သည်လည်း တမန်တော်နူဟ်၏ အဆက်အနွယ်ပီပီ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကိုသိကြရမည်၊ ထိုအရှင်မြတ်၏ အမိန့်တော်များကို တစ်သွေမတိမ်း လိုက်နာကြရပေမည်။ တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)၏ အကြောင်းကို ကုရ်အာန်(၄:၁၆၃၊ ၇:၆၉၊ ၉:၇၀၊ ၁၀:၇၁၊ ၁၁:၃၂၊ ၃၆၊ ၄၂၊ ၄၅၊ ၄၆၊ ၄၈၊ ၈၉။၁၄:၉) ၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

فَإِذَا جَآءَ وَعْدُ أُولَىٰهُمَا بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَآ أُو۟لِى بَأْسٍ شَدِيدٍ فَجَاسُوا۟ خِلَٰلَ ٱلدِّيَارِ ۚ وَكَانَ وَعْدًا مَّفْعُولًا ۝٥

၅။ တစ်ဖန် ထိုနှစ်ကြိမ်အနက် ပထမအကြိမ် (ပျက်စီးရာပျက်စီးကြောင်းကို အသင်တို့ ပြုလုပ်ခဲ့ကြသည့်)အတွက် ချိန်းချက်ထားသော ပြစ်ဒဏ်(ကျရောက် ရန်အချိန်)သည် ဆိုက်ရောက်လာသောအခါ ငါအရှင်မြတ်သည် အလွန်အမင်း တိုက်ခိုက်ကြသော မိမိကျွန်များကို အသင်တို့အပေါ်ဝယ် နိုင်လိုမင်းထက် ပြုမူစေတော်မူပေမည်။ ထိုအခါငင်းတို့သည် (အသင်တို့အား ဖျက်ဆီးသတ်ဖြတ်ကြရန် အသင်တို့၏) နေအိမ်များအတွင်းသို့ ဝင်ရောက်ကြပေမည်။ စင်စစ်သော်ကား (ငါအရှင်မြတ်၏ ဤချိန်းချက်မှုသည် မုချ) ပြီးမြောက်အောင်မြင်မည့် ချိန်းချက်မှုပင် ဖြစ်ပေသတည်း။

ثُمَّ رَدَدْنَا لَكُمُ ٱلْكَرَّةَ عَلَيْهِمْ وَأَمْدَدْنَٰكُم بِأَمْوَٰلٍ وَبَنِينَ وَجَعَلْنَٰكُمْ أَكْثَرَ نَفِيرًا ۝٦

၆။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အား ငင်းတို့အပေါ်၌ (လွှမ်းမိုးရန်) အလှည့်ပြန်ပေးတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အား ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ သား(သမီး)များဖြင့်လည်းကောင်း၊ ကူညီစောင်မတော်မူမည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့အား လူစုလူရုံးအားဖြင့်လည်း (လူဦးရေ)များမြောင်သော လူစုလူရုံးဖြစ်စေတော်မူပေမည်။

إِنْ أَحْسَنتُمْ أَحْسَنتُمْ لِأَنفُسِكُمْ ۖ وَإِنْ أَسَأْتُمْ فَلَهَا ۚ فَإِذَا جَآءَ وَعْدُ ٱلْءَاخِرَةِ لِيَسُۥٓـُٔوا۟

၇။ အကယ်၍ အသင်တို့သည် အကောင်းပြုခဲ့ကြသည်ရှိသော် မိမိတို့ကိုယ်များအဖို့ အကောင်းပြုကြမည်သာ။ သို့ရာတွင် အကယ်၍ အသင်တို့သည် အဆိုးပြုခဲ့ကြပါလျှင်လည်း မိမိတို့ကိုယ်များနှင့် ဆန့်ကျင်(၍ ပြုကြ)မည်သာတည်း။ တစ်ဖန် ဒုတိယအကြိမ် (ပျက်စီးရာပျက်စီးကြောင်းကို အသင်တို့ပြုလုပ်ခဲ့ကြသည့်) အတွက် ချိန်းချက်ထားသော ဒဏ်(ကျရောက်ရန်အချိန်) သည် ဆိုက်ရောက်လာသောအခါ (ငါအရှင်မြတ်သည်

وُجُوهَكُمْ وَلِيَدْخُلُوا الْمَسْجِدَ كَمَا دَخَلُوهُ أَوَّلَ مَرَّةٍ وَلِيُتَبِّرُوا مَا عَلَوْا تَتْبِيرًا ۝٧

မိမိ အခြားကျွန်များအား) ယင်းတို့သည် အသင်တို့၏မျက်နှာများကို ပျက်စီး ညိုးနွမ်းစေကြအံ့သောငှာလည်းကောင်း၊ ထိုသူတို့သည် ဗလီဝတ်ကျောင်းတော်သို့ ပထမအကြိမ် ဝင်ရောက်ခဲ့ကြသကဲ့သို့ ဝင်ရောက်ကြအံ့သောငှာလည်းကောင်း၊ ယင်းတို့(လက်လှမ်းမီ)နိုင်နင်းသမျှသော အရာဝတ္ထုများကို ဖြိုခွင်းဖျက်ဆီးကြအံ့သောငှာလည်းကောင်း၊ (အသင်တို့အပေါ်၌ လွှမ်းမိုးစေတော်မူမည်) ဖြစ်ပေသည်။

عَسَىٰ رَبُّكُمْ أَنْ يَرْحَمَكُمْ ۚ وَإِنْ عُدْتُمْ عُدْنَا ۘ وَجَعَلْنَا جَهَنَّمَ لِلْكَافِرِينَ حَصِيرًا ۝٨

၈။ (အို-အိစ်ရာအီလီမျိုးနွယ်တို့) အသင်တို့ကို ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့အပေါ်၌ ကရုဏာပြုကောင်း ပြုတော်မူပေမည်။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် (ရှေးနည်းတူ) မောက်မာ ပလွားခြင်းတို့ကို ထပ်မံ၍ ပြုခဲ့ကြသည်ရှိသော် ငါအရှင်မြတ်သည်လည်း (အသင်တို့အား ရှေးနည်းအတိုင်းပင်) ထပ်မံ၍ (ပြစ်ဒဏ်ပေးတော်မူခြင်းကို) ပြုလုပ်ထားတော်မူမည်သာတည်း။ စင်စစ်တွင်မူကား ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို ကာဖိရ်သွေဖည် ငြင်းပယ်ကုန်သော သူတို့အဖို့ အကျဉ်းထောင်ပြုလုပ်ထားတော်မူချေသတည်း။

إِنَّ هَٰذَا الْقُرْآنَ يَهْدِي لِلَّتِي هِيَ أَقْوَمُ وَيُبَشِّرُ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا كَبِيرًا ۝٩

၉။ ဧကန်မလွဲ ဤကုရ်အာန်ကျမ်းတော်မြတ်သည် အဖြောင့်မတ်ဆုံးသော တရားလမ်းစဉ်ကို ညွှန်ကြားပြသလေသည်။ ထို့ပြင် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား၊ ၎င်းတို့အဖို့ ကြီးကျယ်လှစွာသော အကျိုးဆုလာဘ်သည်ရှိသည်ဟူ၍ သတင်းကောင်းပေးလေသည်။

وَّاَنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ اَعْتَدْنَا لَهُمْ عَذَابًا اَلِيْمًا ۝١٠

၁၀။ ၎င်းပြင် ဧကန်စင်စစ် နောင်တမလွန်ဘဝကို မယုံကြည်သော သူတို့အဖို့ ငါအရှင်မြတ်သည် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင့်သင့် ပြုလုပ်ထားတော်မူသည်(ကိုလည်း ဤကုရ်အာန် ကျမ်းတော်မြတ်သည် သတင်းပေးလေသည်။) [၁]

وَيَدْعُ الْاِنْسَانُ بِالشَّرِّ دُعَآءَهٗ بِالْخَيْرِ ۭ وَكَانَ الْاِنْسَانُ عَجُوْلًا ۝١١

၁၁။ စင်စစ် လူသားများသည် အကောင်းနှင့် စပ်လျဉ်း၍ မိမိတို့ လျှောက်ထား ပန်ကြားဘိသကဲ့သို့ ပင် အဆိုးနှင့်စပ်လျဉ်း၍လည်း လျှောက်ထားပန်ကြား ကြကုန်၏။ စင်စစ်သော်ကား လူသားတို့သည် (သဘာဝ အလျောက်ပင်) အလွန် အလျင်လိုသူများ ဖြစ်ကြကုန် သတည်း။ [၂]

---

① **ကုရ်အာန်၏ကောင်းချီးသတင်း။**

ဤကုရ်အာန်ကျမ်းမြတ်သည် အခြားကျမ်းများနှင့်မတူပေ။ ဤကျမ်းသည် ကျမ်းဂန်အပေါင်းတို့၏ အချုပ်ဖြစ်သည်။ ကမ္ဘာ့အဝန်းကို အကောင်းဆုံး၊ အမှန်ဆုံး၊ အဖြောင့်မတ်ဆုံး၊ အခိုင်ခန့်ဆုံးနှင့် အမြတ်ဆုံး တရားလမ်းကို ညွှန်ပြသည်။ အခြားအခြားသော ကျမ်းများသည် သက်ဆိုင်ရာလူမျိုးတစ်မျိုးနှင့် သက်ဆိုင်ရာ ခေတ်တစ်ခေတ်အတွက်သာ ဖြစ်သည်။ ဤကျမ်းမူကား လူမျိုးတိုင်းအတွက် ဖြစ်သည်သာမက ကမ္ဘာတစ်သက် တည်ရှိမည့် ကျမ်းဂန်ဖြစ်သည်။ အခြားအခြားသော ကျမ်းများတွင်ပါရှိသော ဒေသနာတော်များသည် ဤကျမ်းတွင် တစ်နည်းတစ်ဖုံ အကျုံးဝင်ပြီးဖြစ်သည်။ သို့ဖြစ်ပေရာ နှစ်ဘဝ၏ သုခချမ်းသာ မင်္ဂလာအဖြာဖြာကို လိုချင်သော ပုဂ္ဂိုလ်တို့သည် ဤကျမ်းလာဒေသနာတော်များကို စိတ်ရောကိုယ်ပါ ယုံကြည်လိုက်နာကြရပေမည်။ ကောင်းမြတ် သော အကျင့်အမူများကို ကျင့်မူကြသော မုအ်မင်န်များအဖို့ အလွန်ကြီးကဲ့မြင့်မြတ်သော ကုသိုလ်အကျိုးရှိကြောင်း၊ နောင်တမလွန်ကို မယုံကြည်သောသူများအဖို့မှာမူ ပြင်းထန်သော ပြစ်ဒဏ်တော်ရှိကြောင်း ဤကျမ်းမြတ်သည် အတိအလင်း ကောင်းချီးသတင်းပေးလျက်ရှိသည်။

② **လူသည်အလျင်စလိုပြုတတ်သည်။**

ကုရ်အာန်သည် လူသားတို့အား ကောင်းရာကိုညွှန်လျက်ရှိ၏။ မကောင်းရာကို မြစ်တားလျက်ရှိ၏။ ကောင်းမှု၏အကျိုးနှင့် မကောင်းမှု၏အပြစ်ကို အစဉ်ခွဲခြားပြီး သတိပေးလျက်ရှိ၏။ သို့တစေလည်း နောင်ရေး မစဉ်းစားသော ခေတ္တခဏခံစားရသည့် စည်းစိမ်ကို လိုလားသော အလျင်စလိုပြုတတ်သော အချို့လူသားသည် ကောင်းကျိုးချမ်းသာမူကို မိမိအဖို့ လိုလားတောင်းဆိုသကဲ့သို့ မကောင်းကျိုးကိုလည်း စိတ်လိုက်မာန်ပါဒေါသဖြစ်ကာ တောင်းဆိုတတ်ပေသည်။

အချို့သူမိုက်များသည် ဒေါသအမျက် ထွက်သည့်အခါမစဉ်းစား မဆင်ခြင်တော့ဘဲ မိမိအတွက်သော်လည်းကောင်း၊ မိမိ၏သားသမီးများအတွက်သော်လည်းကောင်း၊ သူတစ်ပါးတို့အတွက်သော်လည်းကောင်း၊ ကျိန်ဆဲတတ်ကြပေသည်။

➤➤

وَجَعَلْنَا الَّيْلَ وَالنَّهَارَ اٰيَتَيْنِ فَمَحَوْنَآ اٰيَةَ الَّيْلِ وَجَعَلْنَآ اٰيَةَ النَّهَارِ مُبْصِرَةً لِّتَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ وَلِتَعْلَمُوْا عَدَدَ السِّنِيْنَ وَالْحِسَابَ ۭ وَكُلَّ شَيْءٍ فَصَّلْنٰهُ تَفْصِيْلًا ⑫

၁၂။ ထို့ပြင် ငါအရှင်မြတ်သည် ည၌ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ သက်သေလက္ခဏာ နှစ်ရပ်ကို ပြုလုပ်ထားတော်မူခဲ့လေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် ည၌၏ သက်သေလက္ခဏာ နှစ်ရပ်ကို မှေးမှိန်စေတော်မူ၍ နေ့၏ သက်သေလက္ခဏာများကိုမူကား အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ကို ဆည်းပူးရှာဖွေကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် နှစ်များ၏ အရေအတွက်နှင့်တွက်ချက်မှုကို သိရှိကြအံ့သောငှာလည်းကောင်း၊ ငါအရှင်မြတ်သည် စကြဝဠာကို အလင်းပေးသောအရာ ပြုလုပ်တော်မူခဲ့လေသည်။ စင်စစ်သော်ကား ငါအရှင်မြတ်သည် (လိုအပ်သော) အရာခပ်သိမ်းတို့ကို အသေးစိတ် ရှင်းလင်းဖော်ပြတော်မူခဲ့ပေသတည်း။

وَكُلَّ اِنْسَانٍ اَلْزَمْنٰهُ طٰۗىِٕرَهٗ فِيْ عُنُقِهٖ ۭ وَنُخْرِجُ لَهٗ يَوْمَ الْقِيٰمَةِ كِتٰبًا يَّلْقٰىهُ مَنْشُوْرًا ⑬

၁၃။ ထို့ပြင် ငါအရှင်မြတ်သည် လူတိုင်းလူတိုင်း၏ အပြုအမူကို ၎င်း၏လည်ကုပ်တွင် ခိုင်မြဲစွာ ချည်နှောင်ထားတော်မူသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ကိယာမတ်နေ့တွင် ၎င်းအား မှတ်တမ်းတစ်ခုကို ထုတ်ပေးတော်မူပေမည်။ ၎င်းသည် ထိုမှတ်တမ်းကို ပွင့်လျက်တွေ့ရှိရပေလိမ့်မည်။ [၁]

➤➤ အချို့သူမိုက်တို့သည် ခေတ္တခဏခံစားရသည့် လောကီစည်းစိမ်များကို ရသည့်နည်းဖြင့် ခံစားကြသည်။ လောကီစည်းစိမ်များ၏ နောက်ကွယ်မှပါလာမည့် ဘေးအန္တရာယ်များကို မမြင်ကြပေ။ ငါးစာကိုသာမြင်ကြ၏။ ကျော့ကွင်းကိုမမြင်ကြပေ။

အကယ်၍သာ လူသားများသည် အရာရာကိုအလျင်စလို မပြုဘဲ စဉ်းစဉ်းစားစား ဆင်ခြင်သုံးသပ်ဝေဖန်ပိုင်းခြားပြီးမှ အေးအေးဆေးဆေး ပြုလုပ်ပါက ဤသို့အမှားကြီးမှားကြမည်မဟုတ်ပေ။ ဤသို့အရှက်တကွဲအကျိုးနည်းလည်း ဖြစ်ကြရမည်မဟုတ်ပေ။

① နေ့နှင့်ည၊ နေနှင့်လ စသည့် ကမ္ဘာတန်ဆာအားလုံးတို့သည် အလွှာဟ်အရှင်မြတ် ပြုစီရင်ထားတော်မူသည့် အစီအစဉ်အတိုင်း တစ်သွေမတိမ်း စနစ်တကျ အချိန်မှန်မှန် လှုပ်ရှားသွားလာလျက်ရှိပေသည်။ တစ်မိနစ်တစ်စက္ကန့်မျှ ရွေ့နောက်မဖြစ်ပေ။ အချိန်နှင့်နေထွက်သည်။ အချိန်နှင့်လသာသည်။ အချိန်နှင့်မိုးလင်းသည်၊ ➤➤

إِقْرَأْ كِتَٰبَكَ كَفَىٰ بِنَفْسِكَ ٱلْيَوْمَ عَلَيْكَ حَسِيبًا ﴿١٤﴾

၁၄။ (ထို့နောက် ၎င်းအား) အသင်သည် မိမိမှတ်တမ်းကိုဖတ်လော့၊ ယနေ့သည်ကား အသင် ကိုယ်တိုင်ပင် မိမိကိုယ်နှင့်ဆန့်ကျင်၍ စစ်ဆေးသူအဖြစ် လုံလောက်ပေသည်။

مَّنِ ٱهْتَدَىٰ فَإِنَّمَا يَهْتَدِى لِنَفْسِهِۦ ۖ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا ۚ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ ۗ وَمَا كُنَّا مُعَذِّبِينَ

၁၅။ အကြင်သူသည် တရားလမ်းမှန်ကို ရရှိခဲ့လျှင် မိမိကိုယ်တိုင်၏အကျိုးငှာ တရားလမ်းမှန်ကို ရရှိခဲ့သည်သာ။ ထိုနည်းတူစွာ အကြင်သူသည် လမ်းမှားခဲ့လျှင်လည်း မိမိကိုယ်နှင့် ဆန့်ကျင်၍ လမ်းမှားခဲ့သည်သာတည်း။ အမှန်စင်စစ် မည်သည့် သယ်ပိုးသူ တစ်ဦးတယောက်မျှပင် သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုးလိမ့်မည် မဟုတ်ပေ။

➢➢ အချိန်နှင့်မိုးချုပ်သည်။ ထို့အတူ အခြားကိစ္စအဝဝတို့သည်လည်းအကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ၊ အလွှာဟ်အရှင်မြတ်သည် သတ်မှတ်ထားတော်မူသည့်အချိန်တွင် ထိုအရှင်မြတ် သတ်မှတ်ထားတော်မူသည့် စည်းကမ်းချက်နှင့်အညီ ဖြစ်ပေါ်လျက်ပင်ရှိပေသည်။ တစ်ဦးတစ်ယောက် အုပ်စုတစ်ခု၏ အလျင်စလို ဖြစ်စေလိုလားသည့်အတွက် အလွှာဟ်အရှင်မြတ်၏ အစီအစဉ်သည် အလျှင်းပြောင်းလဲသည် မရှိပေ။

အကောင်း၏နောက်တွင် အဆိုး၊ အဆိုး၏နောက်တွင် အကောင်းဖြစ်ပေါ်ခြင်းမှာ တစ်နည်းအားဖြင့် နေ့၏နောက်တွင် ည၌၊ ည၌၏နောက်တွင် နေ့ဖြစ်ပေါ်နေခြင်းနှင့် အလားသဏ္ဌာန်တူပေသည်။ ဤစကြဝဠာကြီးတွင် ဖြစ်ပေါ်လျက်ရှိသော ကိစ္စအဝဝတို့သည် အလွှာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် အစီအစဉ်အတိုင်း ဖြစ်နေခြင်းသာ ဖြစ်သည်။ ထိုသည့်အစီအစဉ်ကို မည်သူမျှမဖျက်နိုင်ပေ။

ဤပစ္စက္ခဘဝတွင် ရှုပ်ထွေးပွေလီလှသော လူသားတို့၏သက်တမ်းသည် မှောင်မည်းနေသော ည၌နှင့်တူသည်။ ထိုည၌အမှောင်တွင် အကောင်းနှင့်အဆိုး၏ ကောင်းကျိုးဆိုးကျိုးများကို မျက်ဝါးထင်ထင်မတွေ့မမြင်ရပေ။ ထို့အတွက် အလွှာဟ်အရှင်မြတ်သည် အမှောင်တွင်း၌ ရောက်ရှိနေသောလူသားတို့အား တရားလမ်းမှန်ဟောကြားရန်နှင့် အကောင်းနှင့်အဆိုး၏ ကောင်းကျိုး ဆိုးကျိုးများကို ပြောကြားပြသရန်အတွက် တမန်တော်များအား စေလွှတ်တော်မူခြင်း ဖြစ်သည်။

သို့တစေလည်း လူသားတို့သည် ဤပစ္စက္ခလောက၏အမှောင်တွင် အကောင်းနှင့်အဆိုး၏ ကောင်းကျိုးဆိုးကျိုးများကို မျက်ဝါးထင်ထင် တပ်အပ်သေချာ မမြင်နိုင်ကြပေ။ ဤကမ္ဘာ၏ ည၌မှောင်ကုန်၍ ကိယာမတ်နေ့ရောက်သောအခါ ယင်းသည့်ကိယာမတ်နေ့၏ အလင်းရောင်တွင်မူ လူသားတို့သည် မိမိတို့ကျင့်မူခဲ့သမျှသော အကောင်းအဆိုးဟူသမျှတို့ကို မိမိကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်ရပေမည်၊ မိမိ၏မှတ်တမ်းကို မိမိကိုယ်တိုင် ဖတ်ရပေမည်၊ လူ့လောကတွင် ဖုံးကွယ်လျက်ရှိခဲ့သော အရာအားလုံးတို့သည် ဤနေ့တွင် အားလုံး ပေါ်လွင်ထင်ရှားလာပေမည်။ ကြည့်-ကုရ်အာန် ၁၈း၄၉။ ၅၀း၂၂။

حَتّٰى نَبْعَثَ رَسُوْلًا ﴿١٥﴾

စင်စစ်သော်ကား ငါအရှင်မြတ်သည် ရုပ္ပလ် တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မမူသမျှ ကာလ ပတ်လုံး ပြစ်ဒဏ်ပေးတော်မူသည် မဟုတ်ပေ။ [၁]

وَاِذَآ اَرَدْنَآ اَنْ نُّهْلِكَ قَرْيَةً اَمَرْنَا مُتْرَفِيْهَا فَفَسَقُوْا فِيْهَا فَحَقَّ عَلَيْهَا الْقَوْلُ فَدَمَّرْنٰهَا تَدْمِيْرًا ﴿١٦﴾

၁၆။ တစ်ဖန် ငါအရှင်မြတ်သည် ရွာတစ်ရွာကို ဖျက်ဆီးရန် ရည်စူးတော်မူသောအခါ ထိုရွာရှိ စည်းစိမ်ရှင်များကို (အီမာန်ယုံကြည်ရန်/အမိန့်တော်နာခံရန်) အမိန့်ပေးတော်မူ၏။ ထိုအခါ ၎င်းတို့သည် ထိုရွာတွင် ဆိုးသွမ်းကြလေသည်။ သို့ဖြစ်ပေရာ ချိန်းချက်ထားသော ပြစ်ဒဏ်သည် ထိုရွာ၌သက်ရောက်လေသည်။ ထိုအခါ ငါအရှင်မြတ်သည် ထိုရွာကို ဖျက်ဆီးတော်မူလေသတည်း။ [၂]

---

① **အပြစ်ပေးပုံ။**

အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် မူတစ်ခုကို မိန့်ဆိုထားတော်မူသည်။ ထိုအရှင်မြတ်သည် တမန်တော်တစ်ပါးမှ တစ်ဆင့်ဖြစ်စေ၊ တမန်တော်၏ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှ တစ်ဆင့်ဖြစ်စေ၊ လူမျိုးတစ်မျိုးအား တရားဓမ္မဟောကြားတော်မူခြင်း မပြုလုပ်သမျှကာလပတ်လုံး ပြစ်ဒဏ်ခတ်တော်မမူပေ။

ဤသည့်အာယတ်တော်ကို ကိုးကား၍ "မုဟက္ကစ်က်" သုခမိန်ကြီးများက "အကြင်လူမျိုးတစ်မျိုးသည် တမန်တော်ပွင့်မှုနှင့်ပတ်သက်၍ တစ်စုံတရာအလျှင်းမသိသော် ယင်းသို့သောလူမျိုးတစ်မျိုးသည် 'ကုဖ်ရ်' သွေဖည်ခြင်းဆန်မနာခံသည့် အတွက်ကြောင့်သော်လည်းကောင်း၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မိသည့်အတွက်ကြောင့်သော်လည်းကောင်း၊ ပြစ်ဒဏ်ခံရမည်မဟုတ်ပေ" ဟူ၍ အနက်ဖွင့်ကြသည်။

'ဖုကဟာ' ဓမ္မသတ်ရှင်များကလည်း ဤသည့်အာယတ်တော်ကို ကိုးကား၍ ရေးသားကြသည်မှာ 'ဒါရုလ်ဟရ်ဗ်' မှ ကာဖိရ် 'ဟရ်ဗီ' တစ်ယောက်သည် အစွယ်လာမ်သာသနာသို့ ကူးပြောင်း သက်ဝင်ယုံကြည်လာခဲ့သော် ထိုကာဖိရ်သည် ကာဖိရ်အဖြစ်နှင့်ရှိခဲ့စဉ် ဆွေလာတ်၊ ဇကာတ်စသည့် သာသနာ့အဆုံးအမများကို မကြားသိခဲ့သော၊ ထိုသို့မကြားသိခဲ့ရသည့် အချိန်အထိ ၎င်းအပေါ်၌ "ကဿာ" ပြန်လည်ဆောက်တည်ဖြည့်စွက်ရန်တာဝန်မရှိပေ။ ထို့ပြင်တစ်ဝ တမန်တော်၏ဩဝါဒတော်များကို မသွေဖည်မခြင်းဆန်ဘဲ အသိဉာဏ်နှင့်ယှဉ်၍ တွေးဆဆင်ခြင်သိမြင်ရသောတာဝန်များကို သွေဖည်ဆန့်ကျင်ရုံမျှဖြင့်ဖျက်ဆီးချေမှုန်းသည့် ပြစ်ဒဏ်ခံရမည် မဟုတ်ပေ။

② အကျင့်အမူ အလွန်အကျွံ ဆိုးသွမ်းလာသည့်အတွက် မြို့ရွာတစ်ခုကို အရေးယူတော်မူလိုသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ထိုမြို့ရွာသားတို့အား ရုတ်တရက်ချက်ချင်း ဖမ်းဆီး ကွပ်မျက်တော်မူသည်မဟုတ်။ သက်သေသာဓက အထောက်အထား ပြည့်ဝစုံလင်မှသာလျှင် ကွပ်မျက်တော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် ဦးစွာပထမ တမန်တော်တစ်ပါးပါးအား စေလွှတ်၍သော်လည်းကောင်း၊ တမန်တော်၏ကိုယ်စားလှယ်များအား စေလွှတ်၍သော်လည်းကောင်း၊ ဒေသနာတော်များကို ➤➤

وَكَمْ أَهْلَكْنَا مِنَ الْقُرُونِ مِنْ بَعْدِ نُوحٍ ۗ وَكَفَىٰ بِرَبِّكَ بِذُنُوبِ عِبَادِهِ خَبِيرًا بَصِيرًا ﴿١٧﴾

၁၇။ စင်စစ်သော်ကား ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်၏နောက်တွင် မြောက်မြားစွာသော လူမျိုးဆက်တို့ကိုဖျက်ဆီးတော်မူခဲ့လေသည်။ [၃] စင်စစ်အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင် မိမိကျွန်များ၏ပြစ်မှုတို့ကို သိတော်မူသော အရှင်၊ မြင်တော်မူသောအရှင်အဖြစ် လုံလောက်တော်မူပေသည်။

مَنْ كَانَ يُرِيدُ الْعَاجِلَةَ عَجَّلْنَا لَهُ فِيهَا مَا نَشَاءُ لِمَنْ نُرِيدُ ثُمَّ جَعَلْنَا لَهُ جَهَنَّمَ يَصْلَاهَا مَذْمُومًا مَدْحُورًا ﴿١٨﴾

၁၈။ မည်သူမဆို ဤလောက၏စည်းစိမ်ကို ရည်စူးခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူအားဤလောကၦပင် ငါအရှင်မြတ် အလိုရှိတော်မူသောအရာကို ငါအရှင်မြတ် အလိုရှိတော်မူသောသူအား အဆောတလျင် ပေးတော်မူ၏။ ထို့နောက် ထိုသူအဖို့ ဂျဟန္နမ်ငရဲဘုံကို (အဆင်သင့်) ပြုလုပ်၍ထားတော်မူ၏။ ထိုသူသည် ယင်းဂျဟန္နမ်ငရဲဘုံသို့ ပြစ်တင်ကဲ့ရဲ့ခြင်းခံရလျက်၊ နှင်ထုတ်ခြင်းခံရလျက် ဝင်ရောက်ရမည်သာတည်း။

➤➤ ဟောကြားစေတော်မူသည်။

ယင်းသို့ဟောကြားစေတော်မူရာ၌ အထူးသဖြင့် မြို့မိမြို့ဘ၊ ရွာမိရွာဘ အကြီးအကဲတို့အား ဟောကြားစေတော်မူသည်။ အဘယ်ကြောင့်ဆိုသော် အကြီးအကဲတို့၏ နာခံမှု၊ သွေဖည်မှုတို့၏ အကျိုးသည် နောက်လိုက်ငယ်သားတို့၌ သက်ရောက်ပေသည်။

အကြီးအကဲများသည် ဒေသနာတော်များကို သွေဖည်ငြင်းဆိုလိုက်ကြသည့်အခါ၊ ငယ်သားများသည်လည်း မိမိတို့၏ အကြီးအကဲများ၏ ခြေလှမ်းကိုကြည့်၍ သွေဖည်ငြင်းဆိုလိုက်ကြပေသည်။ ဤသို့အားဖြင့် တစ်မြို့လုံး၊ တစ်ရွာလုံးသည် ဒေသနာတော်များကို သွေဖည်၍ ပြစ်ဒဏ်တော်ကို ဖိတ်ခေါ်ကြလေသည်။

ယင်းသို့ ပြစ်ဒဏ်ခတ်တော်မူရန် သက်သေသာဓက အထောက်အထား ပြည့်ဝစုံလင်သည့်အခါ၊ အလ္လာဟ်အရှင်မြတ်သည် ထိုသို့သော မြို့ရွာသားတို့အား ဖမ်းဆီးကွပ်မျက်တော်မူလေသည်။ အွတ်ဆ်မာနီ။

① ဖခင်ကြီးအာဒမ်၏ခေတ်နှင့် တမန်တော်နူဟ်၏ခေတ် စပ်ကြားတွင် လူသားတို့သည် အစွလာမ်သာသနာအပေါ်၌ပင် တည်ရှိခဲ့ကြပေသည်။ ထို့နောက်ရှစ်ဂ် ယှဉ်တွဲကိုးကွယ်မှု၊ ရုပ်တုကိုးကွယ်မှုများ ဖြစ်ပေါ်လာခဲ့ပေသည်။ တမန်တော်နူဟ်သည် ထိုသည့်မှားယွင်းနေသော ကိုးကွယ်မှုများကို ပြင်ဆင်ရန်အတွက် ပွင့်လာခြင်းဖြစ်သည်။ တမန်တော်နူဟ်သည် မိမိ၏အမျိုးသားတို့အား နှစ်ပရိဏ္ဍေဒမြောက်မြားစွာမျှ သွန်သင်ဆုံးမ ဩဝါဒပေးခဲ့သော်လည်း ယင်းအမျိုးသားတို့သည် မနာခံခဲ့ကြပေ။ နောက်ဆုံးတွင် ၎င်းတို့သည် ရေဘေးသင့်၍ မရှုမလှ ပျက်ဆီးသွားခဲ့ကြလေသည်။ ➤➤

وَمَنْ أَرَادَ الْآخِرَةَ وَسَعَىٰ لَهَا سَعْيَهَا وَهُوَ مُؤْمِنٌ فَأُولَٰئِكَ كَانَ سَعْيُهُمْ مَشْكُورًا ﴿١٩﴾

၁၉။ သို့ရာတွင် မည်သူမဆို တမလွန်ဘဝကို ရည်စူးခဲ့သော်၊ ၎င်းပြင် ထိုသူသည် တမလွန်ဘဝနှင့်လျော်ညီသော ကြိုးစားမှုကိုလည်း အပတ်တကုတ် အားထုတ်ကြိုးစားခဲ့သော်၊ ထိုမှတစ်ပါး ၎င်းသည် မုအ်မင်န် သက်ဝင်ယုံကြည်သူလည်းဖြစ်ခဲ့သော်၊ ထိုကဲ့သို့သော သူတို့၏ ကြိုးပမ်းမှုကား သဘောတူလက်ခံပြီး ဖြစ်အံ့သတည်း။

كُلًّا نُّمِدُّ هَٰؤُلَاءِ وَهَٰؤُلَاءِ مِنْ عَطَاءِ رَبِّكَ ۚ وَمَا كَانَ عَطَاءُ رَبِّكَ مَحْظُورًا ﴿٢٠﴾

၂၀။ ငါအရှင်မြတ်သည် ဤသူတို့ကိုလည်းကောင်း၊ ထိုသူတို့ကိုလည်းကောင်း၊ အသီးသီးတို့ကို အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ (လောကီဆိုင်ရာ)ဆုလာဘ်ကျေးဇူးတော်မှ ကူညီစောင်မတော်မူလေသည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ (လောကီဆိုင်ရာ) ဆုလာဘ်ကျေးဇူးတော်ကား (မည်သူတစ်ဦးတစ်ယောက်အပေါ်၌မျှ) ပိတ်ပင်ထားသည် မရှိချေ။

انْظُرْ كَيْفَ فَضَّلْنَا بَعْضَهُمْ عَلَىٰ بَعْضٍ ۚ وَلَلْآخِرَةُ أَكْبَرُ دَرَجَاتٍ وَأَكْبَرُ تَفْضِيلًا ﴿٢١﴾

၂၁။ ငါအရှင်မြတ်သည် ၎င်းတို့အနက် အချို့ကို အချို့ထက် မည်သို့မည်ပုံ ထွတ်မြတ်စေတော်မူခဲ့သည်ကို အသင်သည်ရှုပါလေ။ အမှန်စင်စစ် နောင်တမလွန်ဘဝသည် အဆင့်အတန်းအားဖြင့်လည်းကောင်း၊ ထွတ်မြတ်မှုအားဖြင့်လည်းကောင်း၊ အလွန်ကြီးကျယ်လှပေသတည်း။

➤➤ တမန်တော်နူဟ်၏ အမျိုးသားများ၏နောက် အာဒ်၊ ဆမူဒ်စသည့်အမျိုးသားတို့သည်လည်း သက်ဆိုင်ရာမိမိတို့၏ တမန်တော်များ၏ အမိန့်ဩဝါဒတော်များကို မနာခံ သွေဖည်ငြင်းဆန်ခဲ့ကြသည့်အတွက် အသီးသီး ပြစ်ဒဏ်သင့်၍ ပျက်စီးသွားခဲ့လေသည်။

⑳ ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် အကျင့်သီလတစ်ပါးကို အလျှာဟ်အရှင်မြတ် လက်ခံသဘောတူတော်မူရန်အလို့ငှာ-(၁) နီယတ်စိတ်စေတနာ၏မှန်ကန်မှု (၂) အကျင့်အမူ၏မှန်ကန်မှု (၃) အကီဒဟ် ယုံကြည်ချက်၏ မှန်ကန်မှုစသည်တို့သည် မရှိမဖြစ်သော အဓိကအချက်များပင်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။ ကြည့်-ထာနဝီ။ မာဂျိဒီ

لَا تَجْعَلْ مَعَ اللَّهِ إِلَٰهًا آخَرَ فَتَقْعُدَ مَذْمُومًا مَّخْذُولًا ﴿٢٢﴾

၂၂။ အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သည့် ကိုးကွယ်ရာကိုမျှ (တွဲဖက် ကိုးကွယ်ခြင်းကို) မပြုလုပ်လေနှင့်။ သို့ပြုခဲ့ပါလျှင် အသင်သည် ပြစ်တင်ရှုတ်ချခြင်း ခံရလျက် (ကူညီစောင့်မသူအဆွေခင်ပွန်းများ ကင်းမဲ့စွာ) စွန့်ပစ်ထားခြင်း ခံရလျက် (တစ်ကိုယ်တည်း) ထိုင်၍နေရမည်သာတည်း။ [1]

وَقَضَىٰ رَبُّكَ أَلَّا تَعْبُدُوا إِلَّا إِيَّاهُ وَبِالْوَالِدَيْنِ إِحْسَانًا ۚ إِمَّا يَبْلُغَنَّ عِندَكَ الْكِبَرَ أَحَدُهُمَا أَوْ كِلَاهُمَا فَلَا تَقُل لَّهُمَا أُفٍّ وَلَا تَنْهَرْهُمَا وَقُل لَّهُمَا قَوْلًا كَرِيمًا ﴿٢٣﴾

၂၃။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (ဤသို့)အမိန့်တော်စီရင်ချမှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ အသင်တို့သည် ထိုအရှင်မြတ်မှတပါး အခြားကို ခဝပ်ကိုးကွယ် ရှိခိုးပူဇော်ခြင်း အလျှင်းမပြုကြရပေ။ ၎င်းပြင် မိဘနှစ်ပါးအား ကောင်းစွာ ပြုစု သင်္ကြိုဟ်ထောက်ပံ့ကြရမည်။

အကယ်၍ ထိုမိဘနှစ်ပါးအနက် တစ်ဦးဦးသော်လည်းကောင်း၊ နှစ်ဦးစလုံးသော်လည်းကောင်း၊ အသင်၏ရှေ့မှောက်တွင် သက်ရွယ်ကြီးရင့် အိုမင်းခြင်းသို့ရောက်ရှိလတ်သော် အသင်သည် ထိုမိဘနှစ်ပါးအား "အိုး" ဟူ၍ပင် မပြောဆိုလေနှင့်။ ထို့ပြင် အသင်တို့သည် ထိုမိဘနှစ်ပါးအား ငေါက်ငမ်းခြင်းကိုလည်း မပြုလေနှင့်။ အသင်သည် ထိုမိဘနှစ်ပါး(နှင့် စကားပြောဆိုသောအခါ ၎င်းတို့အား) ယဉ်ကျေးသိမ်မွေ့ ရည်မွန်သော စကားကိုသာ ပြောဆိုပါလေ။

---

① "တောင်ဟီဒ်" သည် အစ္စလာမ်၏အဓိကမဏ္ဍိုင်ကြီးဖြစ်သည်။ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ရမည်။ ထိုအရှင်မြတ်နှင့်တွဲဖက်၍ မည်သည့်အရာကိုမျှ အလျှင်းမကိုးကွယ်ရ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၂၊၈၃)တွင် ဖွင့်ဆို ရေးသားခဲ့ပေပြီ။

وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ وَقُل رَّبِّ ارْحَمْهُمَا كَمَا رَبَّيَانِي صَغِيرًا ﴿٢٤﴾

၂၄။ ၎င်းအပြင် အသင်သည် ထိုမိဘနှစ်ပါး၏ ရှေ့မှောက်တွင် ၎င်းတို့အပေါ်၌ ကရုဏာတရား ထားရှိသောအားဖြင့် ကျိုးနွံစွာရှိပါလေ။ ထို့ပြင် အသင်သည် (ထိုမိဘနှစ်ပါးနှင့်ပတ်သက်၍ အလွှာဟ်အရှင်မြတ် အထံတော်၌) အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထိုမိဘနှစ်ပါးသည် ကျွန်တော်မျိုးအား ငယ်စဉ်တောင်ကျေး ကလေးဘဝ၌ ပြုစုပျိုးထောင်ခဲ့ကြသကဲ့သို့ပင် အရှင်မြတ်သည်လည်း ၎င်းတို့ နှစ်ပါးအပေါ်၌ ကရုဏာပြုတော်မူပါဟု လျှောက်ထားပန်ကြားပါလေ။

رَّبُّكُمْ أَعْلَمُ بِمَا فِي نُفُوسِكُمْ ۖ إِن تَكُونُوا صَالِحِينَ فَإِنَّهُ كَانَ لِلْأَوَّابِينَ غَفُورًا ﴿٢٥﴾

၂၅။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့၏စိတ်နလုံးများ၌ ရှိသည်တို့ကို ကောင်းစွာ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ အကယ်၍ အသင်တို့သည် အမိန့်တော်ကို လိုက်နာသူများ (သူတော်စင်များ)ဖြစ်ကြပါလျှင် ဧကန်မလွဲ ထိုအရှင်မြတ်သည်လည်း ဝန်ချတောင်းပန်သူတို့အဖို့ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَآتِ ذَا الْقُرْبَىٰ حَقَّهُ وَالْمِسْكِينَ وَابْنَ السَّبِيلِ وَلَا تُبَذِّرْ تَبْذِيرًا ﴿٢٦﴾

၂၆။ ထိုမှတပါး အသင်သည် ဆွေမျိုးနီးစပ်သူအား ၎င်း၏ရသင့်ရထိုက်သော အခွင့်အရေးကို ပေးပါလေ။ (ထို့ပြင် သူဆင်းရဲအားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း၊ (ယင်းတို့ရသင့်ရထိုက်သောအခွင့်အရေးများကိုပေးပါလေ)။ သို့ရာတွင် အသင်သည် (မိမိဥစ္စာပစ္စည်းများကို) အလဟဿ မဖြုန်းတီးလေနှင့်။ [၁]

① အလွှာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းများကို အဓိပ္ပာယ်မရှိသော နေရာများတွင် အလဟဿ မဖြုန်းတီးရ။

>>

إِنَّ الْمُبَذِّرِينَ كَانُوا إِخْوَانَ الشَّيَاطِينِ ۖ وَكَانَ الشَّيْطَانُ لِرَبِّهِ كَفُورًا ﴿٢٧﴾

၂၇။ ဧကန်မလွဲ အလဟသဖြုန်းတီးသူတို့သည် ရှိုင်တွာန်မိစ္ဆာကောင်၏ ညီသားအစ်ကိုများပင် ဖြစ်ကြကုန်သည်။ စင်စစ် ရှိုင်တွာန်မိစ္ဆာကောင်သည် မိမိကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား အလွန်ကျေးဇူးကန်းသူပင် ဖြစ်ချေသတည်း။

وَإِمَّا تُعْرِضَنَّ عَنْهُمُ ابْتِغَاءَ رَحْمَةٍ مِّن رَّبِّكَ تَرْجُوهَا فَقُل لَّهُمْ قَوْلًا مَّيْسُورًا ﴿٢٨﴾

၂၈။ သို့ရာတွင် အကယ်၍ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကရုဏာတော်ကို စောင့်မျှော်နေခိုက် ၎င်းတို့အား လျစ်လျူရှုရပါလျှင် အသင်သည် ၎င်းတို့အား ပြေပြစ်သာယာသော စကားကို ပြောဆိုပါလေ။ [၁]

➤➤ အချို့သူတို့သည် ဥစ္စာပစ္စည်းများကို အပြစ်မကင်းသော နေရာများ၊ အချည်းအနှီးသော နေရာများတွင် စည်းမဲ့ကမ်းမဲ့ ဖြုန်းတီးကြသည်။ အချို့သူတို့သည် ဥစ္စာပစ္စည်းများကို သုံးပိုင်ခွင့်ရှိသော နေရာများတွင် သုံးကြသည်ကား မှန်၏။ သို့ရာတွင် ရှေ့ရေး၊ နောင်ရေးမတွေးဘဲ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာသုံးဖြုန်းကြသည်။

နောက်ဆုံးတွင် ထိုသို့သောသူများသည် ဆင်းရဲနွမ်းပါးသွားပြီး တာဝန်များပင် ပျက်ကွက်လာကြသည် သာမက တားမြစ်ထားတော်မူသော အပြစ်ကြီးများကိုပင် ကျူးလွန်လာကြပေသည်။ ဤကား ဖြုန်းတီးခြင်း၏ မကောင်းကျိုးပင်။ အမှန်မှာ ဥစ္စာပစ္စည်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တစ်ပါးပင်။ ဥစ္စာပစ္စည်းဖြင့် လူသားတို့သည် ခပ်ကိုးကွယ်မှုများကို စိတ်ကြည်နူးစွာဖြင့် ဆောက်တည်နိုင်ကြပေသည်။ မြောက်မြားစွာသော သာသနာရေးနှင့် လူမှုရေးများကို ပြီးမြောက်စေနိုင်ကြပေသည်။

ဥစ္စာပစ္စည်းများသည် လောကီရေးနှင့် လောကုတ္တရာရေးများတွင် အသုံးဝင်လှ၏။ ဤသို့ အသုံးဝင်သော ဥစ္စာပစ္စည်းကို အချည်းအနှီး သုံးဖြုန်းပစ်ခြင်းသည် ယင်းသည် ဥစ္စာပစ္စည်းကို ချီးမြှင့်တော်မူသော အလ္လာဟ်အရှင်မြတ်အား ကျေးဇူးကန်းခြင်းပင်ဖြစ်သည်။

ကျေးဇူးကန်းခြင်းသည် ရှိုင်တွာန်၏ အလုပ်သာဖြစ်သည်။ ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်က မိမိအား ချီးမြှင့်ထားတော်မူသည့် စွမ်းရည်သတ္တိများကို ထိုအရှင်မြတ်အား သွေဖည်ရာတွင်လည်းကောင်း၊ လူသားတို့အား လမ်းမှားစေရာတွင်လည်းကောင်း သုံးဖြုန်းခဲ့ပေသည်။ နောက်ဆုံးတွင် ရှိုင်တွာန်သည် ပျက်စီးခြင်းကြီးမက ပျက်စီးသွားခဲ့ပေသည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ဖြုန်းတီးသူတို့အား ရှိုင်တွာန်၏ ညီနောင်များဟု သုံးနှုန်းထားတော်မူခြင်းဖြစ်သည်။ ဆိုလိုသည်ကား-ရှိုင်တွာန် ပျက်စီးသွားသကဲ့သို့ ရှိုင်တွာန်၏ ညီနောင်များသည်လည်း ပျက်စီးသွားကြရမည်သာတည်း။

① **အခွင့်မသင့်သေးက ချေငံစွာ ပြောဆိုရမည်။**

အမြဲတစေ သင်္ကြိလ်ထောက်ပံ့ခဲ့သူတစ်ဦးသည် တစ်ခါတစ်ရံ အခွင့်မသင့်လျှင် ကူညီထောက်ပံ့လိုပါလျက် မထောက်ပံ့နိုင်ဘဲ ခေတ္တခဏ လျစ်လျူပြုရပါလျှင် ထိုသည့်အချိန်အခါမျိုးတွင် စိတ်ထိခိုက်စေမည့် ➤➤

وَلَا تَجْعَلْ يَدَكَ مَغْلُولَةً إِلَىٰ عُنُقِكَ وَلَا تَبْسُطْهَا كُلَّ الْبَسْطِ فَتَقْعُدَ مَلُومًا مَّحْسُورًا ﴿٢٩﴾

၂၉။ ထိုမှတပါး အသင်သည် မိမိလက်ကို မိမိလည်ကုပ်တွင် တုပ်နှောင်ပြီးမထားလေနှင့်၊ ထိုနည်းတူစွာ အသင်သည် ယင်းလက်ကို လုံးဝ ဖွင့်၍လည်းမထားလေနှင့်။ [၁] သို့ပြုခဲ့လျှင် အသင်သည် ပြစ်တင်ရှုတ်ချခြင်းခံရလျက် ဝမ်းနည်းကြေကွဲလျက်၊ ထိုင်၍နေရချိမ့်မည်။

إِنَّ رَبَّكَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا ﴿٣٠﴾

၃၀။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ရိက္ခာကို တိုးချဲ့၍ ပေးသနားတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် (မိမိအလိုမရှိတော်မူသောသူအား ရိက္ခာကို) ကျဉ်းကျပ်စေတော်မူလေသည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် မိမိကျွန်များ၏ (အခြေအနေ)ကို အလွန်တရာ သိတော်မူသောအရှင်၊ အလွန်တရာ မြင်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

➤➤ စကားများကို အထူးရှောင်ကြဉ်၍ ချေငြင်းဖြစ်သောစကားကိုသာ ပြောဆိုရပေမည်။ စိတ်ထိခိုက်စေမည့် စကားများကို ပြောဆိုမိပါက ယခင်ပြုစုထားခဲ့သည့် ကုသိုလ်ကောင်းမှု များသည်ပင် ပျက်စီးသွားမည်ကို စိုးရိမ်ရပေသည်။

① <u>သုံးစွဲရာတွင် အလယ်အလတ် လမ်းစဉ်ကို လိုက်ရမည်</u>။

သုံးစွဲရာတွင် အလွန်အကျွံ မတွန့်တိုရ၊ မစေးနဲရ၊ ရှိစုမဲ့စု အားလုံးကိုလည်း စေတနာ ရေစီးကမ်းပြိုဖြစ်ကာ "အိတ်သွန် ဖာမှောက်" လှူမပစ်ရ၊ သို့လှူလျှင် နောက်ဆုံးတွင် မိမိကိုယ်တိုင် သူတပါးထံ လက်ဖြန့်တောင်းစားရသည့်ဘဝသို့ ရောက်ရှိသွားပေမည်။ "စေတနာလွန် ကျွန်ဖြစ်" ဆိုသည့်စကားကို သတိပြုရမည်။ သုံးစွဲရာတွင် အလယ်အလတ် လမ်းစဉ်ကိုသာ လိုက်နာရမည်။ တမန်တော်မြတ်ကလည်း "အလယ်အလတ် လမ်းစဉ်ကို လိုက်သောသူသည် မတောင့်တ မကြောင့်ကြရပေ"ဟု မိန့်ကြားတော်မူခဲ့လေသည်။

စေးနဲသည့်အတွက် ကြွယ်ဝသည်လည်းမဟုတ်၊ သူတပါးလည်း မွဲသွားသည်မဟုတ်။ ကြွယ်ဝစေတော်မူခြင်း၊ ဆင်းရဲစေတော်မူခြင်း၊ ချောင်ချိစေတော်မူခြင်း၊ ပိုပေးတော်မူခြင်း၊ လျှော့ပေးတော် မူခြင်းစသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် မိမိအလိုတော်ဖြင့် အချို့အား ကြွယ်ဝစေတော်မူ၏။ အချို့အား ဆင်းရဲစေတော်မူ၏။ အချို့အား ပိုပေးတော်မူ၏။ အချို့အား လျှော့ပေးတော်မူ၏။ ဤသည်လူသားနှင့်မဆိုင်၊ လူသားတို့သည် အမိန့်ပညတ်တော်များကို လိုက်နာကျင့်သုံးကြရမည်သာဖြစ်သတည်း။

وَلَا تَقْتُلُوٓا۟ أَوْلَـٰدَكُمْ خَشْيَةَ إِمْلَـٰقٍ ۖ نَّحْنُ نَرْزُقُهُمْ وَإِيَّاكُمْ ۚ إِنَّ قَتْلَهُمْ كَانَ خِطْـًٔا كَبِيرًا ﴿٣١﴾

၃၁။ ၎င်းပြင် အသင်တို့သည် စီးပွားရေးကျပ်တည်းမှုကို စိုးရိမ်သောကြောင့် မိမိတို့၏ သားသမီးများအား မသတ်ဖြတ်ကြကုန်လင့်။ (စင်စစ်) ငါအရှင်မြတ်သည် ပင်လျှင် ယင်းတို့အား လည်းကောင်း၊ အသင်တို့အား လည်းကောင်း၊ စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူပေသည်။ ဧကန်မလွဲ ၎င်းတို့အား သတ်ဖြတ်ခြင်းကား အလွန်ကြီးလေးသော ပြစ်မှုပင် ဖြစ်ချေသတည်း။

وَلَا تَقْرَبُوا۟ ٱلزِّنَىٰٓ ۖ إِنَّهُۥ كَانَ فَـٰحِشَةً ۖ وَسَآءَ سَبِيلًا ﴿٣٢﴾

၃၂။ ထို့ပြင် အသင်တို့သည် *ကာမေသုမိစ္ဆာစာရ၏ အပါးသို့ပင် မချဉ်းကပ်ကြကုန်လင့်။* [၁] ဧကန်မလွဲ ယင်းကာမေသုမိစ္ဆာစာရသည် အလွန်စက်ဆုပ်ရွံရှာဖွယ် ဖြစ်သည့်ပြင် အလွန် ဆိုးဝါးလှသော လမ်းစဉ်လည်း ဖြစ်ပေသတည်း။

---

① **ကာမေသုမစ္ဆာစာရက် မကျူးလွန်ရ**

ကာမေသု မိစ္ဆာစာရက်သည် အလွန်အလွန် ဆိုးယုတ်ညစ်ညမ်းသည့် မိစ္ဆာမှုဖြစ်သည်။ ဤမိစ္ဆာမှုကို ကျူးလွန်ခြင်းအားဖြင့် ခိုက်ရန်အမျိုးမျိုးပွားမည်။ အနှောင့်အယှက် အမျိုးမျိုးလည်း ပေါ်မည်။ အတိုင်းမသိ ပြဿနာအမျိုးမျိုးလည်း ပေါ်မည်။ မျိုးနွယ်ဆက်လည်း ယျောက်ကျယ်သွားမည်။ မျိုးနွယ်ဆက် ယျောက်ကျယ်သွားလျှင် သားချင်းဆွေမျိုးဟူ၍ ရှိမည်မဟုတ်။ သားချင်းဆွေမျိုးမရှိလျှင် အချင်းချင်း ထောက်ထားစာနာ လေးစားမှုလည်း ရှိမည်မဟုတ်။ ဤမျှ ဆိုးရွားသော မိစ္ဆာမှုကို လျစ်လျူပြုထားပါလျှင် မကောင်းသောစေတနာဖြင့် သူတပါး သားမယားတို့အား ကြည့်ကြမည်။ အမျိုးသမီးလောကကြီးမှာ လုံခြုံမှုရှိတော့မည်မဟုတ်၊ ပျက်စီးသွားရတော့ပေမည်။ လူသားတို့သည်လည်း တိရစ္ဆာန်နှင့်မခြား၊ တိရစ္ဆာန်များထက်ပင် ပိုမိုဆိုးရွားသွားကြပေမည်။

"အလ္လာဟ်အရှင်မြတ်အထံတော်၌ (ရှရစ်က်)၏ နောက်တွင် အကြီးဆုံးအပြစ်မှာ မိစ္ဆာစာရက် ကျူးလွန်ခြင်းပင်ဖြစ်သည်ဟု တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့လေသည်။ အီဗ်နုကဆီရ်။

ဤအာယတ်တော်တွင် "အသင်တို့သည် ကာမေသုမိစ္ဆာစာရက် အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်" ဟု မိန့်ဆိုထားတော်မူသည်ကို သတိပြုရာ၏။ ဆိုလိုသည်ကား မိစ္ဆာစာရက်၊ ကျူးလွန်ရန်ဝေးစွ မိစ္ဆာစာရကို ကျူးလွန်ရန် ဖန်တီးပေးသည့် အကြောင်းတရားများကိုလည်း ဝေးစွာ ရှောင်ကြဉ်ရမည်ဟူ၏။

ထို့အတွက်ကြောင့်ပင် အစ္စလာမ်သာသနာသည် စည်းမျဉ်းဥပဒေအားဖြင့်လည်းကောင်း၊ ပညာသင်ကြားပေးခြင်း ´အားဖြင့်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံမှုကို ပြုပြင်ပေးခြင်းအားဖြင့်လည်းကောင်း၊ အနေအထိုင် အဝတ်အစားများကို ပြုပြင်ပေးခြင်းအားဖြင့်လည်းကောင်း၊ နည်းမျိုးစုံဖြင့် မိစ္ဆာမှုဖြစ်ပွားစေနိုင်သည့် အကြောင်းအရပ်ရပ်တို့ကို ပိတ်ပင်ကာကွယ်ထားလေသည်။

အစ္စလာမ်သည် မိစ္ဆာစာရ ကျူးလွန်ခြင်း၊ စွပ်စွဲပြောဆိုခြင်း၏ အပြစ်များကို ကြောက်ဖွယ်လိလို ➤➤

وَلَا تَقْتُلُوا النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا بِالْحَقِّ ۗ وَمَن قُتِلَ مَظْلُومًا فَقَدْ جَعَلْنَا لِوَلِيِّهِ سُلْطَانًا فَلَا يُسْرِف فِّي الْقَتْلِ ۖ إِنَّهُ كَانَ مَنصُورًا ﴿٣٣﴾

၃၃။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က တားမြစ်ပညတ်ထားတော်မူသော အသက်ဇီဝိန်ကို မှန်ကန်သော အကြောင်းမရှိဘဲလျက် သတ်ဖြတ်ခြင်း မပြုကြရချေ။ [၁]

စင်စစ်သော်ကား မတရားသဖြင့် သတ်ဖြတ်ခြင်းခံရသောသူ၏ ပြောရေးဆိုခွင့်ရှိသောအမွေစားအမွေခံအား ဇကန်စင်စစ် ငါအရှင်မြတ်သည် အခွင့်အာဏာကို ချီးမြှင့်၍ထားတော်မူခဲ့လေသည်။ သို့ရာတွင် ယင်းအမွေစားအမွေခံသည် သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ စည်းကမ်းကို မကျူးလွန်ရချေ။ [၂] အကြောင်းသော်ကား ထိုအမွေစားအမွေခံသည် (အလ္လာဟ်အရှင်မြတ်၏) ကူညီထောက်ခံမှုကို ရရှိပြီးဖြစ်သောကြောင့်ပင်တည်း။

➤➤ သတ်မှတ်ထားလေသည်။ "ဟိဂျာဗ်"ထားရန် အမိန့်ထုတ်ထားသည်။ ညစ်ညမ်းမှုအရပ်ရပ်ကို ပိတ်ပင်ထားသည်။ သေစာအရက်၊ အတီးအမှုတ်၊ အကအခုန်၊ ကာမဂုဏ်နှိုးကြွသည့်ရုပ်ပုံ၊ ဓာတ်ပုံစသည့် အရာအားလုံးတို့ကို လေးလေးနက်နက် တားမြစ်ထားသည်။ ကြည့်-မောင်ဒုဒီ။

① **မတရား မသတ်ဖြတ်ရ။**

အစ္စလာမ်သည် မတရားသဖြင့် သတ်ဖြတ်ခြင်းကို လုံးဝဟရာမ်ဟူ၍ လေးနက်စွာ ပညတ်ထားသည်။ မည်သူ့ကိုမျှ မသတ်ဖြတ်ရ။ သို့ရာတွင် အကယ်၍ အစ္စလာမ်၏တရားဥပဒေအရ သတ်ဖြတ်ရန် ခိုင်လုံသော အကြောင်း ပေါပေါက်လာပါက ချွင်းချက်ဖြင့် သတ်ဖြတ်ခွင့်ပြုထားသည်။ ခိုင်လုံသော အကြောင်းများကြောင့် သတ်ဖြတ်ခွင့်ပြုထားခြင်းမှာ ချွင်းချက်သာဖြစ်သည်ကို သတိပြုရာ၏။

ဗုခါရီနှင့်မွတ်စ်လင်မ်ကျမ်းကြီးများတွင် လာရှိသည်မှာ မွတ်စ်လင်မ်တစ်ဦးသည် အောက်ပါအကြောင်းသုံးရပ်အနက် အကြောင်းတစ်ရပ်ရပ်ကို ကျူးလွန်မှသာလျှင် ၎င်းအား သတ်ဖြတ်ကွပ်မျက်ရသည်။

(၁) ကာမေသုမိစ္ဆာစာရကို ကျူးလွန်ခြင်း၊

(၂) သူတပါးအား မတရားသတ်ဖြတ်ခြင်း၊

(၃) အစ္စလာမ်သာသနာမှ ဖောက်ပြန်သွားခြင်း၊

② အသတ်ခံရသူ၏ (ဝလီ) ပြောရေးဆိုခွင့်ရှိသော အမွေစားအမွေခံများသည် သက်ဆိုင်ရာ နိုင်ငံတော်အစ္စလာမ်အစိုးရအား တင်ပြတောင်းဆို၍ လူသတ်မှုတရားခံအား သတ်စားသတ်ရန် တောင်းဆိုပိုင်ခွင့်ရှိပေသည်။ သို့ရာတွင် သတ်စားသတ်ရာ၌ စည်းကမ်းမလွန်ကြရပေ။

ဥပမာ-လူသတ်မှုကျူးလွန်သော တရားခံအစား အခြားသူအားသတ်ဖြတ်ခြင်း၊ သို့မဟုတ် လူသတ်မှုတရားခံနှင့်တကွ အပြစ်မရှိသောအခြားသူများကို သတ်ဖြတ်ခြင်း၊ သို့မဟုတ် သတ်ဖြတ်ရာတွင် လူသတ်မှု➤➤

وَلَا تَقْرَبُوا مَالَ الْيَتِيمِ إِلَّا بِالَّتِي هِيَ أَحْسَنُ حَتَّىٰ يَبْلُغَ أَشُدَّهُ ۚ وَأَوْفُوا بِالْعَهْدِ ۖ إِنَّ الْعَهْدَ كَانَ مَسْئُولًا ﴿٣٤﴾

၃၄။ ထိုမှတပါး: အသင်တို့သည် ကောင်းမွန်သော နည်းလမ်းမှတပါး: အဖမဲ့ကလေး သူငယ်များ၏ ဥစ္စာပစ္စည်း၏အပါးသို့ပင် ၎င်းတို့ လူလားမြောက် အရွယ်ရောက်သည်အထိ [၃] မချဉ်းကပ်ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် (မိမိတို့ အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ထားရှိကြသော) ပဋိညာဉ်ကတိသစ္စာကို [၂] ကျေပွန်စွာ ဆောင်ရွက်ကြလေကုန်။ ဧကန်စင်စစ် ယင်းပဋိညာဉ်ကတိသစ္စာသည် စစ်ဆေးမေးမြန်းခံရမည့် အမှုကိစ္စပင် ဖြစ်ချေသတည်း။

وَأَوْفُوا الْكَيْلَ إِذَا كِلْتُمْ وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ ۚ ذَٰلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلًا ﴿٣٥﴾

၃၅။ ၎င်းပြင် အသင်တို့သည် (မိမိတို့ ရောင်းချသောဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို) တောင်း၊ တင်း၊ ခွက် (စသည့် ပမာဏ(ဖြင့်) ခြင်တွယ်၍(ရောင်းချ)သောအခါဝယ် အပြည့် ခြင်တွယ်၍ပေးကြလေကုန်။ ထိုမှတပါး: အသင်တို့သည် (အလေးချိန်ခွင်ဖြင့် ချိန်တွယ်၍ ရောင်းချသောအခါတွင်လည်း) မှန်ကန်သော (အလေး)ချိန်ခွင်ဖြင့် *ချိန်တွယ်(၍ပေး)ကြလေကုန်*။ [၃] ဤသည်ကား: (အသင်တို့အဖို့ ဤပစ္စက္ခမျက်မှောက်ဘဝ၌လည်း) အမွန်မြတ်ဆုံးပင် ဖြစ်ပေသည်။ (နောင်တမလွန်ဘဝ၏) အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသတည်း။

➤➤ တရားခံ၏ နား၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်စသည် အင်္ဂါများကို ဖြတ်တောက်၍ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုလုပ်ခြင်း၊ တရားတော်က သတ်မှတ်ထားသည့် စည်းကမ်း အတွင်း၌သာ သတ်စားသတ်ပိုင်ခွင့်ရှိသည်။ ထိုသည့်စည်းကမ်းထက်ကား မကျော်လွန်ရပေ။

③ **<u>လူလားမြောက်ခြင်း</u>**

မည်သည့်အသက်အရွယ်၌ လူလားမြောက်သနည်း။ ဤတွင် "ဖုကဟာ" ဓမ္မသတ်ရှင်များသည် အသက်အရွယ်ကို အမျိုးမျိုး ပိုင်းခြားသတ်မှတ်၍ ဖော်ပြထားကြသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ဤသို့အသက်အရွယ်ကို ပိုင်းခြားသတ်မှတ်ပြထားခြင်းသည် ခန့်မှန်းခြင်းသာဖြစ်သည်။ အမှန်မှာ အရွယ်ရောက်ခြင်း၊ လူလားမြောက်ခြင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူချေ။ တစ်ခါတစ်ရံ မိသားစုတစ်ခုအတွင်း၌ပင် တစ်ယောက်နှင့်တစ်ယောက် မတူချေ။ ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်တွင် ➤➤

وَلَا تَقْفُ مَا لَيْسَ لَكَ بِهِۦ عِلْمٌ ۚ إِنَّ ٱلسَّمْعَ وَٱلْبَصَرَ وَٱلْفُؤَادَ كُلُّ أُو۟لَٰٓئِكَ كَانَ عَنْهُ مَسْـُٔولًا ﴿٣٦﴾

၃၆။ ထို့ပြင်တစ်ဝ အသင်သည် *မိမိမသိသော အကြောင်းအရာ*၏ နောက်သို့ မလိုက်လေနှင့်၊ ၁ ဧကန်မလွဲ နား၊ မျက်စိ၊ စိတ်နှလုံး ဤအသီးသီးတို့သည် ၎င်းအသီးသီးတို့နှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းကို ခံရမည်သာတည်း။

➤➤ ဤကိစ္စကို အတိအကျ မိန့်ဆိုထားတော်မမူခြင်း ဖြစ်ဟန်တူသည်။

အေ့မာန်အဗူဗတ်က်ရ် ရာဇီသခင်သည် လူလားမြောက်ခြင်းနှင့် စပ်လျဉ်း၍ အသက်အရွယ်အမျိုးမျိုးကို ထုတ်ဖော်ရေးသားပြီးနောက် အောက်ပါအတိုင်း ထုတ်ဖော်ရေးသားထားသည်။

ဆိုလိုသည်ကား လူလားမြောက်ခြင်းအတွက် အပိုအလိုမရှိသော ယတိပြတ် သတ်မှတ်ချက်မရှိပေ။ လူသားများသည် အချင်းချင်းမတူကြပေ။ လူတစ်ယောက် လူလားမြောက်သည့်အချိန်ပိုင်းတွင် အခြားပုဂ္ဂိုလ်တစ်ဦးသည် လူလားမမြောက်ပေ။ ဂျွန်ဆွာဆွ်။

(၂) ကတိတည်ရမည်။

ဤအာယတ်တော်၌ ပါရှိသည့် "ကတိ"ဟူသော စကားတွင် အလွှာဟ်အရှင်မြတ်နှင့် ထားရှိသော "ကတိ" နှင့် လူသားအချင်းချင်း ထားရှိသော "ကတိ" အားလုံး အကျုံးဝင်သည်။

(၃) အလေး၊ တင်း၊ တောင်း မှန်ရမည်။

လူသက်တမ်းတလျှောက်လုံးတွင် အရေးကိစ္စအဝဝ၌ သစ္စာသမာဓိသည် အလွန်အရေးကြီးပေသည်။ အလေး၊ တင်း၊ တောင်းမှန်ကန်မှုသည်လည်း သစ္စာသမာဓိပင်ဖြစ်သည်။ အလွန် အရေးကြီးပေသည်။

အလေးတင်းတောင်း မမှန်ကန်ပါက တိုင်းပြည်၏ စီးပွားရေးအခြေအနေ မတည်ငြိမ်နိုင်၊ ယိမ်းယိုင်လာပေမည်။ နောက်ဆုံး တိုင်းပြည်ပင် ပျက်စီးသွားနိုင်ပေသည်။

တမန်တော်ရှူအိုက်ဗ်၏ အမျိုးသားများသည် အလေး၊ တင်း၊ တောင်း မမှန်ကန်မှုအတွက်ကြောင့် ပျက်စီးသွားခဲ့ရသည့်အကြောင်း ကုရ်အာန်(၇:၈၅–၉၃၊ ၁၁:၈၄–၉၅၊ ၂၆:၁၇၆–၁၉၁)တွင် အတိအလင်းလာရှိပေသည်။ အလေးတင်းတောင်း စဉ်းလဲသောသူများသည် ပျက်စီးရမည့်အကြောင်း ကုရ်အာန်(၈၃:၁–၃)တွင်လည်း မိန့်ဆိုထားတော်မူသည်။

(၄) အခိုင်အမာအတိအကျ မသိသောအရာ မပြုရာ။

ဆိုလိုသည်ကား–အတိအကျ အခိုင်အမာ မသိသောအရာကို မပြောရာ၊ မပြုရာ၊ ဇွတ်မှိတ်မလိုက်ရာ။ အလွှာဟ်အရှင်မြတ်သည် လူသားတို့အား အံ့ချီးမဆုံးသော နား၊ မျက်စိ၊ စိတ် များကို ချီးမြှင့်ထားတော်မူသည်။ လူသားတို့သည် ထိုသည့် နား၊ မျက်စိ၊ စိတ်များကို စနစ်တကျ အသုံးပြုရမည်။ လေ့လာဆည်းပူးရမည်။ စူးစမ်းဆင်ခြင်ရမည်။ ဝေဖန်ပိုင်းခြား ဆုံးဖြတ်ရမည်။ မစဉ်းစား မဆင်ခြင်ဘဲ တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ မှားသည်၊ မှန်သည်၊ ဆိုးသည်၊ ကောင်းသည်ဟူ၍ အဆုံးအဖြတ်မပေးရာ။

ဤအာယတ်တော်တွင် မုသားသက်သေခံခြင်း၊ လုပ်ကြံစွပ်စွဲခြင်း၊ ကောလာဟာလ စကားကြားရဲမျှဖြင့် သူတပါးအား ဒုက္ခပေးခြင်း၊ ရန်ငြိုးထားခြင်း၊ မိဘရိုးရာ ထုံးတမ်းစဉ်လာများကို လိုက်နာ၍ အစွဲလာမ်နှင့် ဆန့်ကျင်သော မမှန်သောစကားများကို ထောက်ခံခြင်း၊ မကြားဖူး မမြင်ဖူးသောအရာကို ကြားဖူး ➤➤

وَلَا تَمْشِ فِي الْأَرْضِ مَرَحًا ۖ إِنَّكَ لَن تَخْرِقَ الْأَرْضَ وَلَن تَبْلُغَ الْجِبَالَ طُولًا ﴿٣٧﴾

၃၇။ ၎င်းပြင် အသင်သည် ပထဝီမြေပြင်ဝယ် ဟိတ်ဟန်ထုတ်၍ မလျှောက်လေနှင့်။ [၁] ဧကန်စင်စစ် အသင်သည် (ယင်းသို့ လမ်းလျှောက်ခြင်းအားဖြင့်) ပထဝီမြေကိုလည်း အလျင်းထွင်းဖောက် (ခွဲ)နိုင်မည် မဟုတ်ပေ။ ထိုမှတပါး အသင်သည် မိမိကိုယ်လုံး ကိုယ်ရပ် မြင့်မားခြင်းဖြင့် တောင်များကိုလည်း အလျင်းမီနိုင်မည် မဟုတ်ချေ။

كُلُّ ذَٰلِكَ كَانَ سَيِّئُهُ عِندَ رَبِّكَ مَكْرُوهًا ﴿٣٨﴾

၃၈။ ဤ(အမိန့်ပညတ်) အသီးသီးတို့ အနက် မကောင်းမှုတို့မှာ [၂] အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် စက်ဆုပ်ရွံရှာဖွယ်များပင် ဖြစ်ကုန်သတည်း။

➤➤ မြင်ဖူးသကဲ့သို့ ပြောဆိုခြင်း၊ လူသားတို့ မသိစွမ်းနိုင်သောအရာကို ငါသိသည်ဟု မှုသားဝါကြွားပြောဆိုခြင်း စသည်တို့သည် အားလုံးအကျူးဝင်ပေသည်။

နားလည်ထားအပ်သည်မှာ လူသားတို့သည် ၎င်းတို့အား ချီးမြှင့်ထားသော နား၊ မျက်စိ၊ စိတ်စသည့် စွမ်းရည်သတ္တိများနှင့်စပ်လျဉ်း၍ တရားသဖြင့် အသုံးပြုသည် မပြုသည်၊ အလွဲသုံးစား ပြုသည် မပြုသည်များကို ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ် စစ်ဆေးမေးမြန်းတော်မူမည်ဖြစ်သည်။

ဤသည့်အာယတ်တော်ကိုပင် လက်တွေ့လိုက်နာကျင့်သုံးပါက ယနေ့ လူ့လောကတွင် ဖြစ်ပေါ်နေသည့် မရေမတွက်နိုင်သောအမှုများသည် အလိုအလျောက် ပပျောက်သွားပေမည်။ ကြည့်-မာဂျီဒီ။

ဖုကဟာ ဓမ္မသတ်ရှင်များကလည်း ဤအာယတ်တော်ကို ထောက်ထားပြီး အစ္စလာမ်တရားတော်လာ အမိန့်ပညတ်ချက်များကို အခိုင်အမာမသိဘဲ အထင်နှင့် အလျင်းမပြေအပ်သည့်အကြောင်းနှင့် အခိုင်အမာမသိဘဲ သူတပါးအား မရိုးစွပ်အပ်ကြောင်း ရေးသားထားကြသည်။

① **မမောက်မာရ၊ ခြေမထောက်ရ။**

လူသားတို့သည် ကမ္ဘာမြေပြင်တွင် ယဉ်ကျေးသိမ်မွေ့စွာ သွားလာနေထိုင်ရမည်။ မကြွားဝါရ၊ မမော်ရ၊ မမောက်မာရ၊ ခြေမထောက်ရ၊ ဟိတ်ဟန်မထုတ်ရ။

မောက်မာပလွား ဝါကြွားသူတို့အား အလ္လာဟ်အရှင်မြတ်အလျင်း နှစ်သက်တော်မူသည်မဟုတ်။ လူသားတို့သည် အားအင်ကြီးမား လှသည်မဟုတ်၊ ချည့်နဲ့လှသည်။ "ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြ-ခါးကမသန်" ဆိုသကဲ့သို့ လူသားတို့သည် မောက်မာက မှောက်မည်သာဖြစ်သည်။ အီဗ်လီစ်သည် မောက်မာခဲ့သည့်အတွက် အမှောက်ကြီးမှောက်ခဲ့လေပြီ။

Ⓙ အထက်တွင် ရှောင်ကြည်ရန် ပညတ်တော် (၁၅) ပါးကို မိန့်ဆိုထားတော်မူသည်။ ထိုသည့် ပညတ်တော်များကို ကျူးလွန်သူတို့အား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာမျှ စက်ဆုပ်ရွံရှာတော်မူသည်။ ➤➤

ذٰلِكَ مِمَّآ اَوْحٰٓى اِلَيْكَ رَبُّكَ مِنَ الْحِكْمَةِ ۭ وَلَا تَجْعَلْ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتُلْقٰى فِيْ جَهَنَّمَ مَلُوْمًا مَّدْحُوْرًا ۝

၃၉။ ဤသည်တို့ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဉာဏ်ပညာများအနက်မှ အသင့်ထံသို့ ထုတ်ပြန်တော်မူသော အမိန့်ပညတ်တော်များပင်ဖြစ်ကုန်၏။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားကိုးကွယ်ရာ တစ်စုံတစ်ရာကိုမျှ (တွဲဖက်ကိုးကွယ်ခြင်းကို)မပြုလေနှင့်။ သို့ပြုခဲ့သော် အသင်သည် ဂျဟန္နမ်ငရဲဘုံ၌ ပြစ်တင်ရှုတ်ချခြင်းခံရလျက်၊ ကရုဏာတော်မှ ကင်းဝေးစေခြင်းခံရလျက် ပစ်ချခြင်းခံရအံ့သတည်း။

اَفَاَصْفٰىكُمْ رَبُّكُمْ بِالْبَنِيْنَ وَاتَّخَذَ مِنَ الْمَلٰۗىِٕكَةِ اِنَاثًا ۭ اِنَّكُمْ لَتَقُوْلُوْنَ قَوْلًا عَظِيْمًا ۝

၄၀။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အား ထူးခြားစွာ သားယောကျ်ားကလေးများကိုသာ ချီးမြှင့်တော်မူ၍ မိမိကိုယ်တော်တိုင်မှာမူကား မလာအိကဟ် ကောင်းကင်တမန်တို့အား သမီးမိန်းကလေးများအဖြစ် မွေးစားတော်မူထားပါသလော။ ဧကန်မလွဲ အသင်တို့သည် ကြီးကျယ်လွန်မင်းသောစကားကို ပြောဆိုကြကုန်သတည်း။

وَلَقَدْ صَرَّفْنَا فِيْ هٰذَا الْقُرْاٰنِ لِيَذَّكَّرُوْا ۭ وَمَا يَزِيْدُهُمْ اِلَّا نُفُوْرًا ۝

၄၁။ ၎င်းပြင် မချွတ်မလွဲ ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် (လူခပ်သိမ်းတို့) တရားရအံ့သောငှာ (ကိုးကွယ်ရာအရှင် တဆူတည်းဖြစ်တော်မူကြောင်းကို) နည်းအမျိုးမျိုးဖြင့် ပြောင်းလဲမိန့်ကြားတော်မူခဲ့သည်။

➤➤ ထိုသည့်ပညတ်တော်များကို အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ထံသို့လည်းကောင်း၊ တမန်တော်မြတ်မှတဆင့် တမန်တော်မြတ်၏ "အွန်မွတ်" တပည့်သားတို့ထံသို့လည်းကောင်း အထူးတလည် ထုတ်ပြန် ပို့ချထားတော်မူသည်။ ထိုသည့် ပညတ်တော်များသည် ပညာပါသော ယဉ်ကျေးသိမ်မွေ့သော ပညတ်တော်များဖြစ်သည်။ ထို့အတွက် အမြော်အမြင်ရှိသူတိုင်း လိုက်နာကျင့်သုံး ရမည်သာတည်း။

ယင်းသည့် အာယတ်တော်များ၏အစတွင် "တောင်ဟီဒ်"ကို မိန့်ဆိုထားတော်မူသည်။ အဆုံးတွင်လည်း "တောင်ဟီဒ်"ကို မိန့်ဆိုထားတော်မူသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် "တောင်ဟီဒ်"သည် အဘယ်မျှ အရေးကြီးသည် ကုသိုလ်ရေး ကိစ္စအဝဝသည် တောင်ဟီဒ်အပေါ်၌သာ တည်ရှိနေသည်များကို ကောင်းစွာသိရှိနိုင်ပေသည်။

သို့ရာတွင် ယင်းပြောင်းလဲမိန့်ကြားမှုသည် ၎င်း (မုရ်ရစ်က်)တို့၌ စက်ဆုပ်မှုကိုသာ တိုးပွားစေခဲ့လေသည်။

قُلْ لَّوْ كَانَ مَعَهٗۤ اٰلِهَةٌ كَمَا يَقُوْلُوْنَ اِذًا لَّابْتَغَوْا اِلٰى ذِى الْعَرْشِ سَبِيْلًا ﴿٤٢﴾

၄၂။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ အကယ်၍သာ ယင်း(မုရ်ရစ်က်)တို့ ပြောဆိုသည့်အတိုင်း ထို(အလ္လာဟ်)အရှင်မြတ်နှင့်အတူ *အခြား ကိုးကွယ်ရာများလည်း ရှိကြပါလျှင်* [1] ၎ကန်မလွဲ ၎င်းတို့သည် အရှ်ရှိုးပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်အထံတော်သို့ (သွားရောက်တိုက်ခိုက်ရန်) နည်းလမ်းရှာဖွေခဲ့ကြပြီး ဖြစ်အံ့သတည်း။

سُبْحٰنَهٗ وَتَعٰلٰى عَمَّا يَقُوْلُوْنَ عُلُوًّا كَبِيْرًا ﴿٤٣﴾

၄၃။ ထိုအရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်း(မုရ်ရစ်က်)တို့ ပြောဆို(စွပ်စွဲ)ကြသည်တို့ထက် သာလွန်ထူးကဲမြင့်မြတ်လှတော်မူပေသတည်း။

تُسَبِّحُ لَهُ السَّمٰوٰتُ السَّبْعُ وَالْاَرْضُ وَمَنْ فِيْهِنَّ ؕ وَاِنْ

၄၄။ မိုးခုနစ်ထပ်သည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ထိုမိုးများနှင့် ပထဝီမြေ၌ရှိသူတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပွားများ သရုဇ္ဈာယ်လျက် ရှိကြကုန်၏။

---

① အချို့ မုရ်ရစ်က်များထင်မှတ်သကဲ့သို့ အကယ်၍ အလ္လာဟ်အရှင်မြတ်အပြင် အခြားကိုးကွယ်ရာ ဘုရားများရှိလျှင် ယင်းကိုးကွယ်ရာများသည် (မပြောအပ်မဆိုအပ်) အလ္လာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူများသော်လည်း ဖြစ်ကြရမည်။ သို့မဟုတ် ထိုအရှင်မြတ်ထက် နိမ့်ကျသူများသော်လည်း ဖြစ်ကြရမည်။

အခြားကိုးကွယ်ရာဘုရားများသည် အလ္လာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူများဖြစ်ကြလျှင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်ကြပေမည်။ သို့ယှဉ်ပြိုင်ကြလျှင် ဤစကြာဝဠာကြီးသည် မုချပျက်စီးသွားပေမည်။ ယခုမူ ဤစကြာဝဠာကြီးသည် ရပ်တည်လျက်ရှိပေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်တူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

အခြားကိုးကွယ်ရာများသည် အလ္လာဟ်အရှင်မြတ်ထက် နိမ့်ကျပြီး အခြား သက်ရှိသက်မဲ့တို့ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်အား မှီခိုအားထား ခယရိုကျိုးရှိခိုးနေကြရပါလျှင် ယင်းသို့သော ကိုးကွယ် ရာတို့အား ကျွန်ုပ်တို့သည် ချဉ်းကပ်ကိုးကွယ်ရန်အကြောင်း အလျင်းမရှိပေ။ အလ္လာဟ်အရှင်မြတ်အား တိုက်ရိုက် ➤➤

مِّن شَيْءٍ إِلَّا يُسَبِّحُ بِحَمْدِهِ وَلَٰكِن لَّا تَفْقَهُونَ تَسْبِيحَهُمْ ۗ إِنَّهُ كَانَ حَلِيمًا غَفُورًا ﴿٤٤﴾

အမှန်စင်စစ် (သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံတို့သည် ထိုအရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပွားများသရဇ္ဈာယ်လျက်ပင် ရှိကြကုန်သည်။ သို့ရာတွင် အသင်တို့မှာမူကား *၎င်းတို့၏ ပွားများသရဇ္ဈာယ်မှုကို နားမလည်ကြချေ။* [၁] ၎ကန်စင်စစ် ထိုအရှင်မြတ်သည် အလွန်တရာ သည်းခံတော်မူသောအရှင်၊ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَإِذَا قَرَأْتَ الْقُرْآنَ جَعَلْنَا بَيْنَكَ وَبَيْنَ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ حِجَابًا مَّسْتُورًا ﴿٤٥﴾

၄၅။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ ငါအရှင်မြတ်သည် အသင်နှင့်နောင်တမလွန်ဘဝကို မယုံကြည်သောသူတို့၏အကြားဝယ် လျှို့ဝှက်လျက်ရှိသော အကာအဆီးကို ချထားတော်မူပေသတည်း။ [၂]

➤➤ ကိုးကွယ်ရန် သာရှိသည်။ အစွမ်းသတ္တိသာသနာသည် အလွှာဟ်အရှင်မြတ်အား ဤသို့ တိုက်ရိုက်ကိုးကွယ်ခြင်းကိုသာ အလိုရှိသည်။

① စကြာဝဠာအဝှမ်းရှိ သက်ရှိသက်မဲ့ အားလုံးတို့သည် နှုတ်လျှာဖြင့်ဖြစ်စေ၊ အနေအထား အခြေအနေအားဖြင့်ဖြစ်စေ၊ တစ်နည်းတစ်ဖုံ အလွှာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာလျက် ရှိကုန်၏။ သို့ရာတွင် ၎င်းတို့၏ချီးမွမ်းထောမနာခြင်းကို ကာဖိရ်၊ မုရှ်ရစ်ကတို့ မသိနားမလည်ကြပေ။

ယင်းသို့ မသိနားမလည်ကြသည်မှာ မစဉ်းစားမဆင်ခြင်သည့် အတွက်ကြောင့်လည်း ဖြစ်နိုင်၏။ သို့တည်းမဟုတ် ယင်းသည့် ချီးမွမ်းထောပနာခြင်းကို စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်ပေသည်။

အကယ်၍ လူသားတစ်ဦးသည် သိရှိပါလျက် လက်မခံပါသော် သို့တည်းမဟုတ် မိမိသိရှိ နားလည်ထားသည့်အလျောက် လိုက်နာ ကျင့်ဆောင်အပ်သည်များကို မလိုက်နာ မကျင့်ဆောင်သော် ဤသို့သောသိရှိနားလည်ခြင်းသည်လည်း မသိနားမလည်ခြင်းနှင့် မည်သို့မျှ မခြားပေ။ အတူတူပင်ဖြစ်ချေသည်။

② **<u>ကုရ်အာန်နှင့် ကာဖိရ်</u>**

အကြင်တဦးသူသည် နောင်တမလွန်ဘဝကိုလည်း ယုံကြည်သည်မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ကျိုးပြစ် ခံစံရမည်ကိုလည်း တွေးတောပူပန်သည်မရှိ၊ ထိုသို့သောသူသည် အသို့လျှင် တရားဒေသနာတော်ကို နားထောင်အံ့နည်း၊ ငရဲမီးဘေးမှလွတ်မြောက်ရန်ပင် အပူအပင်မရှိသော သူတစ်ဦးသည် ငရဲမီးဘေးမှ ကယ်တင်ပေးမည့် တမန်တော်မြတ်၏ အဆုံးအမသြဝါဒများကို အသို့လျှင် နာခံအံ့နည်း။ ထိုသို့သောသူသည် ➤➤

وَّجَعَلْنَا عَلٰى قُلُوْبِهِمْ اَكِنَّةً اَنْ يَّفْقَهُوْهُ وَفِيْٓ اٰذَانِهِمْ وَقْرًا ۭ وَاِذَا ذَكَرْتَ رَبَّكَ فِي الْقُرْاٰنِ وَحْدَهٗ وَلَّوْا عَلٰٓى اَدْبَارِهِمْ نُفُوْرًا ۴۶

၄၆။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများပေါ်၌ ၎င်းတို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို နားလည်ကြမည်ကိုစိုး၍ အဖုံးအအုပ်ဖုံးပေးတော်မူသည်။ ၎င်းပြင် ထိုသူတို့၏နားများကိုလည်း ပင်စေတော်မူသည်။ သို့ရာတွင် အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်တဆူတည်းကိုသာ ကုရ်အာန်ကျမ်းတော်မြတ်တွင် သတိရသောအခါ၌မူကား၊ ၎င်းတို့သည် စက်ဆုပ်၍ မိမိတို့ နောက်ကျောဘက်သို့ ပြန်လှည့်၍ ထွက်ခွာသွားကြသည်။

نَحْنُ اَعْلَمُ بِمَا يَسْتَمِعُوْنَ بِهٖٓ اِذْ يَسْتَمِعُوْنَ اِلَيْكَ وَاِذْ هُمْ نَجْوٰٓى اِذْ يَقُوْلُ الظّٰلِمُوْنَ اِنْ تَتَّبِعُوْنَ اِلَّا رَجُلًا مَّسْحُوْرًا ۴۷

၄၇။ ထိုသူတို့သည် အသင်ဘက်သို့ နားစွင့်ကြ၍ မည်သည့်အကြောင်းကြောင့် (ယင်းကုရ်အာန်ကျမ်းတော်ကို) နားထောင်ကြသည်ကိုလည်းကောင်း၊ ထိုမှတပါး ထိုသူတို့သည် (အချင်းချင်း) လျှို့ဝှက်စွာ ပြောဆိုတိုင်ပင်ကြသောအခါ "အသင်တို့သည် စုန်းပြုစားခြင်းခံရသောသူ၏ နောက်သို့လိုက်နေကြသည်" ဟု ပြောဆိုကြသည်ကိုလည်းကောင်း၊ ငါအရှင်မြတ်သည် ကောင်းစွာ သိရှိတော်မူသည်။

➤➤ တမန်တော်မြတ်၏အကျင့်အမူများကိုလည်း အသို့လျှင်အတုခိုးအံ့နည်း။ ထိုသို့သောသူ၌ တမန်တော်မြတ်အား ချဉ်းကပ်ရန်အကြောင်းပင် မရှိပေ။ အမှန်မှာ နောင်တမလွန်ဘဝကို မယုံကြည်ခြင်း၊ နောင်ရေးအတွက် မပူပန်ခြင်းသည်ပင် ထိုသူနှင့် တမန်တော်မြတ်၏စပ်ကြားတွင် အကာအဆီးကြီးဖြစ်လျက်ရှိချေပြီ။

ထိုသို့သောသူသည် တမန်တော်မြတ်ထံ ချဉ်းကပ်မည်လည်းမဟုတ်ပေ။ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို နားလည်ရန်ကြိုးစားမည်လည်းမဟုတ်ပေ။ ကုရ်အာန်ကျမ်းမြတ်သည် ထက်မြက်လှ၏။ ထိရောက်လှ၏။ အကျိုးသက်ရောက်လှ၏။ သို့ရာတွင် အထက်တွင်ဖော်ပြပါ ကာဖိရ်မျိုးကား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များဖြင့် အကျိုးမခံစားပေ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့သော ကာဖိရ်များသည် မိမိတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို ကုရ်အာန်၏ ဓမ္မရောင်ခြည်နှင့် ကင်းကွာအောင် ပြုလုပ်ထားခြင်းကြောင့်ပင်ဖြစ်သည်။

ဤအာယတ်တော်များတွင် အလွှာဟ်အရှင်မြတ်သည် ထိုသို့သော ကာဖိရ်များနှင့် တမန်တော်မြတ်၏ စပ်ကြားတွင် အကာအဆီး ပြုလုပ်ထားတော်မူသည့်အကြောင်း၊ ၎င်းတို့၏စိတ်နှလုံးများ အပေါ်တွင် အဖုံးအအုပ်များ ပြုလုပ်ထားတော်မူသည့် အကြောင်းပါရှိ၏။ ကာဖိရ်များသည် ဤသို့ဖြစ်ရသည်ကိုပင် ဂုဏ်ယူစွာဖြင့် ၎င်းတို့ကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့ကြပေသည်။ ကြည့်-ကုရ်အာန် (၄၁း၅)။

أُنْظُرْ كَيْفَ ضَرَبُوا لَكَ الْأَمْثَالَ فَضَلُّوا فَلَا يَسْتَطِيعُونَ سَبِيلًا ﴿٤٨﴾

၄၈။ (အို-နဗီတမန်တော်) ၎င်းတို့သည် အသင်နှင့် ပတ်သက်၍ မည်သို့သော ပုံဆောင်ချက်များကို ခိုင်းနှိုင်းခဲ့ကြသည်ကို အသင်ရှုပါလေ။ ထို့ကြောင့်ပင် ၎င်းတို့သည် လမ်းလွဲခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ ၎င်းတို့သည် မည်သည့်(ထွက်)လမ်းကိုမျှပင် တွေ့ရှိနိုင်ကြတော့မည် မဟုတ်ပေ။ ①

وَقَالُوٓا۟ أَءِذَا كُنَّا عِظَٰمًا وَرُفَٰتًا أَءِنَّا لَمَبْعُوثُونَ خَلْقًا جَدِيدًا ﴿٤٩﴾

၄၉။ ထို့ပြင် ၎င်းတို့က အသို့ပါနည်း၊ ကျွန်ုပ်တို့သည် အရိုးများသာကျန်ရှိ၍ စိစိကြေညက်လျက်ရှိကြသော အခါ အသစ်ဖန်ဆင်း၍ ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လောဟု ပြောဆိုမေးမြန်းကြကုန်၏။

قُلْ كُونُوا۟ حِجَارَةً أَوْ حَدِيدًا ﴿٥٠﴾

၅၀။ (အို-နဗီတမန်တော်) အသင်သည်(၎င်းတို့အား ဤသို့) ပြောဆို ဖြေကြားပါလေ။ အသင်တို့သည် *ကျောက်ခဲသော်လည်းကောင်း၊ သံခဲသော်လည်းကောင်း၊ ဖြစ်ကြလေကုန်။* ②

---

① အရဗ်ကာဖိရ်၊ မုရှ်ရစ်ကများသည် တမန်တော်မြတ်ဘက်မှ လူထု၏အာရုံကို လွှဲပြောင်းပစ်ရန်အတွက် တမန်တော်မြတ်အား တစ်ခါတစ်ရံ စာဆိုတော်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ စုန်းကဝေဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ ဗေဒင်ဆရာ၊ အနာဂတ်ဟောဆရာဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ စုန်းပြုစားခြင်းခံရသူဟူ၍ လည်းကောင်း၊ တစ်ခါတစ်ရံ သူရူးဟူ၍လည်းကောင်း၊ အမျိုးမျိုး စွပ်စွဲပုတ်ခတ်ပြောဆိုခဲ့ကြသည်။ ယင်းသို့ တမန်တော်မြတ်အား ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ စွပ်စွဲ ပြောဆိုခဲ့ကြသော်လည်း ၎င်းတို့၏အကြံအစည်သည် မည်သို့မျှ မအောင်မြင်ခဲ့ပေ။

အရဗ်ကာဖိရ် မုရှ်ရစ်ကများက ယင်းကဲ့သို့ တမန်တော်မြတ်အား မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုခြင်းမှာ အံ့ဖွယ်ပင်။ ထိုထက်ပင်ပိုမို၍ အံ့သြဖွယ်ကောင်းသည်မှာ တမန်တော်မြတ်နှင့်ပတ်သက်၍ ၎င်းတို့စွပ်စွဲပြောဆိုသောစကားများကို အမှန်ဟူ၍ ထင်မှတ်စေရန်အတွက် တင်ပြသော အကြောင်းပြချက်များပင် ဖြစ်သည်။

② ကာဖိရ် မုရှ်ရစ်ကတို့၏ အကြောင်းပြချက်နှင့်စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်က ဖြေကြားထားတော်မူသည်မှာ သူသေအလောင်း၏ ပုံ၊ နှုံ့ပျောက်ပျက်၍ မြေမှုန့်ဖြစ်သွားသော အစအန အမှုန်ကလေးများသည် အသို့ပင်ဖြစ်စေကာမူ လူသေ၏အစအန အမှုန်ကလေးများပင်ဖြစ်သည်။ တချိန်က ယင်းသည့်အစအနအမှုန်ကလေးများတွင် အသက်ရှိခဲ့ပေသည်။ မြေကြီး၏အစအနများတွင် အသက်ရှင်ခြင်း၏ နိမိတ်လက္ခဏာ ပေါပေါက်လာခြင်းမှာ မဖြစ်နိုင်သောကိစ္စမဟုတ်ပေ။ ထို့ပြင်တစ်ဝ မြေ၏အစအနအမှုန်သာမက မျက်မြင်အားဖြင့် အသက်ရှင်မှုကို အလျင်း လက်မခံသော ကျောက်ဖြစ်ပါစေ၊ သံဖြစ်ပါစေ၊ သို့မဟုတ် ထို့ထက်ပင် အသက်ရှင်ရန် ➤➤

أَوْ خَلْقًا مِّمَّا يَكْبُرُ فِي صُدُورِكُمْ ۚ فَسَيَقُولُونَ مَن يُعِيدُنَا ۖ قُلِ الَّذِي فَطَرَكُمْ أَوَّلَ مَرَّةٍ ۚ فَسَيُنْغِضُونَ إِلَيْكَ رُءُوسَهُمْ وَيَقُولُونَ مَتَىٰ هُوَ ۖ قُلْ عَسَىٰ أَن يَكُونَ قَرِيبًا ﴿٥١﴾

၅၁။ သို့တည်းမဟုတ် အသင်တို့၏ စိတ်နှလုံး၌ အဖန်ဆင်းခံများအနက်မှ အလွန် ကြီးကျယ်လှသည်ဟု (အသင်တို့) ထင်မြင်ယူဆသော အရာဝတ္ထု တစ်စုံတစ်ရာ ဖြစ်ကြလေကုန်။ သို့ဖြစ်လျှင်လည်း (ထိုအရှင်မြတ်သည် ရှင်စေတော်မူနိုင်သည်။) ထို့နောက် ၎င်းတို့က မည်သူသည် ကျွန်ုပ်တို့အား ရှင်ပြန်ထစေမည်နည်းဟု ပြောဆိုကြဦးအုံ။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သောအရှင်မြတ်သည်ပင်လျှင် (ရှင်ပြန်ထစေတော်မူအုံ့ဟု) ပြောဆိုဖြေကြားပါလေ။

ထိုအခါ ၎င်းတို့သည် အသင်၏ရှေ့ဝယ် မိမိတို့၏ဦးခေါင်းများကို (အုံ့သြစွာ)ခါ၍ ယင်းရှင်ပြန်ထစေခြင်းသည် မည်သည့်အခါ၌ ဖြစ်အုံ့နည်းဟု ? ပြောဆိုကြဦးပေမည်။ အသင်သည် (၎င်းတို့အား) ထို(အချိန်)သည် နီးကပ်ပြီ ဖြစ်ဟန်တူသည်ဟု ပြောဆိုဖြေကြားပါလေ။

➤➤ ခဲယဉ်းသောအရာဖြစ်ပါစေ၊ အသို့ပင်ဖြစ်စေကာမူ အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် လွယ်ကူစွာဖြင့်ပင် အသက်ရှင်စေတော်မူနိုင်ပေသည်။ ထိုအရှင်မြတ်သည် လူသားတို့အား မြေဖြင့် စတင်ဖန်ဆင်းတော်မူခဲ့၏။ သုတ်ရည်တစ်စက်ဖြင့် ပွားများစေတော်မူခဲ့၏။ အသိတရားအလျင်း မရှိသောပစ္စည်းတွင် အသက်သွင်းပေးတော်မူခဲ့၏။ ထိုသို့ ပြုစွမ်းတော်မူနိုင်သော အလ္လာဟ်အရှင်မြတ်အဖို့ သူသေများ၏ အစအန အမှုန်များတွင် ပြန်လည်အသက်သွင်းခြင်းကား အသို့လျှင် အခက်အခဲရှိနိုင်အုံ့နည်း။ အခက်အခဲအလျင်းမရှိပေ။ အရာတစ်ခုကို စတင်ဖန်ဆင်းတော်မူသော အရှင်မြတ်အဖို့ ထိုအရာကိုပြန်လည်ဖန်ဆင်းရန် အသို့လျှင် အခက်အခဲရှိနိုင်အုံ့နည်း။

① ကာဖိရ်၊ မုရှ်ရစ်က်တို့က "မည်သည့်အခါ ကိယာမတ်ဖြစ်မည်နည်း"ဟု မေးကြသည်။ ကိယာမတ်သည် တချိန်သော် မုချဖြစ်မည်။ ဤတွင် ဒွိဟသံသယအလျင်းမရှိ၊ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်ဖြစ်မည့်အချိန် အတိအကျကို မည်သူ့အားမျှ အသိပေးထားတော်မူသည်မရှိ။ ကြည့်-ကုရ်အာန် (၃၁:၃၄)။

သို့ပါသော်လည်း ကိယာမတ်သည် မဝေးလှသည့် အနာဂတ်တွင် ဖြစ်တော့မည်ဟူ၍ကား မျှော်လင့်နိုင်ပေသည်။ တစ်နည်းအားဖြင့် ဤစကြာဝဠာကြီး၏ ကျန်ရှိသော သက်တမ်းသည် ကျော်လွန် ကုန်ဆုံးသွားခဲ့သော သက်တမ်းထက်ကား လျော့နည်းလျက်ရှိချေပြီ။

يَوْمَ يَدْعُوكُمْ فَتَسْتَجِيبُونَ بِحَمْدِهِ وَتَظُنُّونَ إِن لَّبِثْتُمْ إِلَّا قَلِيلًا ﴿٥٢﴾

၅၂။ အကြင်နေ့တွင် ထိုအရှင်မြတ်သည် အသင်တို့အား ခေါ်တော်မူမည်။ ထိုအခါ အသင်တို့သည် ထို အရှင်မြတ်အား *ချီးမွမ်းကာထူးကြပေမည်။* [၁] (အမိန့်တော် နာခံကြပေမည်။) ထို့ပြင် အသင်တို့သည် မိမိတို့မှာ (လူ့လောကတွင်) အနည်းငယ်မျှသာနေခဲ့ကြသည်ဟု ထင်မြင်ယူဆကြပေမည်။

وَقُل لِّعِبَادِي يَقُولُوا الَّتِي هِيَ أَحْسَنُ ۚ إِنَّ الشَّيْطَانَ يَنزَغُ بَيْنَهُمْ ۚ إِنَّ الشَّيْطَانَ كَانَ لِلْإِنسَانِ عَدُوًّا مُّبِينًا ﴿٥٣﴾

၅၃။ ငင်းပြင် (အို-နဗီတမန်တော်) ငါအရှင်မြတ်၏ (မုအ်မင်န်) ကျွန်များအား *အကောင်းဆုံးသော စကား* ကိုသာ *ပြောဆိုကြရန်* [၂] အသင်ပြောကြား ပါလေ။ ဧကန်အမှန် ရှိုင်တွာန်မိစ္ဆာကောင်သည် ၎င်းတို့၏ စပ်ကြားတွင် နှောင့်ယှက် ဖျက်ဆီးလေ့ရှိပေသည်။ မလွဲဧကန် ရှိုင်တွာန်မိစ္ဆာကောင်သည် မနုဿလူသားတို့၏ အလွန်ထင်ရှားသောရန်သူပင် ဖြစ်ချေသတည်း။

---

① အလ္လာဟ်အရှင်မြတ်ထံတော်မှ အသံပြုတော်မူသည့်အခါ သေနေသူအပေါင်းတို့သည် ရှင်ပြန်ထပြီး ကမ္ဘာ့စုရုံးရာဌာနဖြစ်သော မဟ်ရှ်ရ် ကွင်းပြင်ကြီးသို့ အသီးသီး လာရောက်ပေမည်။ ထိုအချိန်တွင် ကာဖိရ်၊ မုအ်မင်န်မခြား လူတိုင်းလူတိုင်းသည် အမိန့်တော်ကိုနာခံလျက် အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုလျက် ရှိပေမည်။

ထိုအချိန်တွင် ကာဖိရ်၊ မုန့်ရစ်ဂ်တို့၏ ချီးမွမ်းထောမနာပြုခြင်းသည် မလွဲမရှောင်၍ ချီးမွမ်းထောမနာပြုခြင်းမျိုးသာ ဖြစ်သည့်အတွက် ၎င်းတို့အဖို့ အကျိုးအလျင်းရှိမည်မဟုတ်ပေ။ အချို့ရိဝါယတ် ကျမ်းချက်များတွင် လာရှိသည်မှာ ကိယာမတ်နေ့တွင် မုအ်မင်န်တို့သည် (اَلْحَمْدُ لِلّٰهِ الَّذِيْ اَذْهَبَ عَنَّا الْحَزَنَ) ဟူ၍ ချီးမွမ်းထောမနာ ပြုလျက်ရှိကြပေမည်။ ကြည့်-ကုရ်အာန်(၃၅:၃၄-၃၅)။

② **ကြမ်းကြုတ်သောစကားမဆို ရာ။**

ဆိုလိုသည်ကား မွတ်စ်လင်မ်များသည် ကာဖိရ်၊ မုန့်ရစ်ဂ်တို့အား တုံ့ပြန်ချေပပြောဆိုရာ၌ ဖရာသဝါစာ ကြမ်းကြုတ်သောစကားကို မပြောဆိုရာ။ ကောင်းမွန် မြင့်မြတ်သောစကား၊ ယဉ်ကျေး သိမ်မွေ့သောစကားကိုသာ ပြောဆိုရာ၏။ အဘယ်ကြောင့်ဆိုသော် ရှိုင်တွာန်သည် ကြမ်းကြုတ်သော စကားများကို ပြောဆိုစေပြီး လျှင် အချင်းချင်း ခိုက်ရန် ဖြစ်ပွားစေလေ့ရှိသည်။ အမှန်မှာ ရှိုင်တွာန်သည် လူသားတို့၏ မဟာရန်သူကြီးပင်ဖြစ်ပေသည်။

ကြမ်းကြုတ်သောစကား ပြောဆိုခြင်းဖြင့် အကျိုးမရှိ၊ အရှုံးသာရှိသည်။ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကိုသိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည်။ လူသားအားလုံးတို့၏ အကြောင်းများကို အကြွင်းမဲ့သိတော်မူသည်။ လူသားအားလုံးတို့အား ထိုက်တန်ရာများတွင် အသီးသီး နေရာချထားပေးတော်မူသည်။ မိမိအလိုတော်အတိုင်း သနားတော်မူသည်၊ ပြစ်ဒဏ်ခတ်တော်မူသည်။ ထို့ပြင်တဝ တမန်တော်မြတ်သည်ပင် ➤➤

رَبُّكُمْ أَعْلَمُ بِكُمْ إِن يَشَأْ يَرْحَمْكُمْ أَوْ إِن يَشَأْ يُعَذِّبْكُمْ ۚ وَمَا أَرْسَلْنَاكَ عَلَيْهِمْ وَكِيلًا ﴿٥٤﴾

၅၄။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အား အကြင်းမဲ့ သိတော်မူသော အရှင်မြတ်ပင်။ အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား သနားတော်မူပေမည်။ သို့တည်းမဟုတ် အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား ပြစ်ဒဏ်ခတ်တော်မူပေမည်။ စင်စစ် (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ်၌ ကြီးကြပ် အုပ်ထိန်းသူ(တာဝန်ခံ)အဖြစ် စေလွှတ်တော်မူသည်မဟုတ်ပေ။

وَرَبُّكَ أَعْلَمُ بِمَن فِي السَّمَاوَاتِ وَالْأَرْضِ ۗ وَلَقَدْ فَضَّلْنَا بَعْضَ النَّبِيِّينَ عَلَىٰ بَعْضٍ ۖ وَآتَيْنَا دَاوُودَ زَبُورًا ﴿٥٥﴾

၅၅။ ထိုမှတပါး အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ရှိသူတို့အား ကောင်းမွန်စွာသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေ၏။ ထိုမှတစ်ပါး မလွဲမကန် ငါအရှင်မြတ်သည် *အချို့သောနဗီတမန်တော်များအား အချို့(သော နဗီတမန်တော်တို့)ထက် သာစေတော်မူခဲ့လေ၏။*[၁] ထို့ပြင် ငါအရှင်မြတ်သည် (နဗီတမန်တော်) ဒါဝူဒ်အား ဇဗူရ် ကျမ်းတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေ၏။

➤➤ တာဝန်ခံ မဟုတ်ပေရာ၊ တမန်တော်မြတ်၏ နောက်လိုက်တပည့်များသည် အသို့လျှင် တာဝန်ခံဖြစ်အံ့နည်း။ တာဝန်ခံမဟုတ်ကြလျှင် သာသနာရေးတွင် ကြမ်းကြုတ်သောစကားပြောဆိုရန် အကြောင်းပင်မရှိပေ။

ဆိုလိုသည်ကား အကြောင်းမဲ့ ကြမ်းကြုတ်သောစကားမပြောရာ။ အကြောင်းရှိက လက်နက်ဆွဲကိုင်၍ စစ်တိုက်ပိုင်ခွင့်ပင် ရှိပေသည်။ ထာနဝီ။

① အလ္လာဟ်အရှင်မြတ်သည် မိုး၊ မြေ စသည်တို့တွင် ရှိရှိသမျှသော သတ္တဝါအားလုံးတို့အား အကြင်းမဲ့သိတော်မူသည်။ မည်သူမည်ဝါသည် မည်သည့်ဂုဏ်ထူးနှင့် ထိုက်တန်သည်။ မည်သူမည်ဝါသည် နဗီဂုဏ်ထူးနှင့် ထိုက်တန်သည်ကို အကြင်းမဲ့သိတော်မူသည်။

သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား နဗီဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခြင်းမှာ အံ့ဖွယ်မဟုတ်ပေ။ ထို့အတူ တမန်တော်မြတ်အား တမန်တော်အပေါင်းတို့တွင် အထွတ်အထိပ်အဖြစ် ချီးမြှင့်ထားတော်မူခြင်းမှာလည်း အံ့ဖွယ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အတိတ်ခေတ်များတွင် အချို့ပုဂ္ဂိုလ်မွန်တို့အား နဗီဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခဲ့သည်။ ထိုတမန်တော်များအနက် အချို့ကို ➤➤

قُلِ ادْعُوا الَّذِينَ زَعَمْتُم مِّن دُونِهِ فَلَا يَمْلِكُونَ كَشْفَ الضُّرِّ عَنكُمْ وَلَا تَحْوِيلًا ﴿٥٦﴾

၅၆။ (အို-နဗီတမန်တော်) အသင်သည်(ၦင်းတို့အား ဤသို့)ပြောကြားပါလေ။ အသင်တို့သည် ထိုအရှင်မြတ်အားစွန့်၍ (ကိုးကွယ်ရာများအဖြစ်)ထင်မှတ်(ကိုးကွယ်)ခဲ့သူတို့အား ဟစ်ခေါ်တမ်းတကြလေကုန်။ သို့ (အသင်တို့ထင်မှတ်ကိုးကွယ်ကြ)ပါလည်း၊ ၎င်းတို့သည် အသင်တို့အပေါ်မှ ဘေးဒုက္ခကို ပယောက်စေနိုင်ကြသည်လည်း မဟုတ်ချေ။ (ယင်း ဘေးဒုက္ခကို) လွှဲပြောင်းနိုင်ကြသည်လည်း မဟုတ်ပေ။ [၁]

➤➤ အချို့တို့ထက်သာစေတော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်ထားတော်မူသည်။ ဤသည်လည်း အံ့ဖွယ်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် အတိတ်ခေတ်တွင် မြောက်များစွာသော တမန်တော်များအား ကျမ်းဂန်ကြီးငယ်များကို ချီးမြှင့်တော်မူခဲ့သည်။

ဤအာယတ်တော်တွင် ဇူရ်ကျမ်းကို အထူးတလည်ထည့်သွင်း ဖော်ပြထားတော်မူခြင်းမှာ ဇူရ်ကျမ်းတွင် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဓမ္မစက်၊ အာဏာစက်၂-ခုစလုံး ချီးမြှင့်တော်မူခြင်းခံရမည့်အကြောင်း အမြွက်စကားပါရှိခြင်းကြောင့်ပင် ဖြစ်ရာသည်။ ကုရ်အာန်ကျမ်းမြတ် (၂၁:၁၀၅)တွင် ဤအကြောင်းပါရှိသည်။ ထာနဝီ။

① အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူသည်၊ အလိုတော်ရှိရာကို ပြုစွမ်းတော်မူနိုင်သည်၊ အပြစ်ပေးလိုသူအား အပြစ်ပေးတော်မူနိုင်သည်၊ သနားကြင်နာလိုသူအား သနားကြင်နာတော်မူနိုင်သည်။ ချီးမြှင့်တော်မူလိုသူအား ချီးမြှင့်တော်မူနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်သည်လည်း အနန္တဖြစ်သည်၊ ဉာဏ်တော်သည်လည်း အနန္တဖြစ်သည်။ မုရ်ရစ်က်တို့ ကိုးကွယ်ရာအဖြစ် ထင်မှတ်ယူဆထားသော ၎င်းတို့၏ကိုးကွယ်ရာများကား ဤသို့အလျင်းမဟုတ်ပေ။ ထိုသည့်ကိုးကွယ်ရာများသည် ဤသို့အလျင်း မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၌ရှိသော တန်ခိုးအာဏာများသည် ၎င်းတို့၌ အလျင်းမရှိပေ။ ၎င်းတို့သည် မိမိတို့အား ကိုးကွယ်ရာအရှင်သခင်ဟူ၍ မှတ်ယူကိုးကွယ်နေသူများ၏ ဒုက္ခကိုပင် ဖယ်ရှားပေးနိုင်ကြသည် မဟုတ်ပေ။ ယင်းဒုက္ခကို လျော့နည်းစေနိုင်ကြသည်လည်း မဟုတ်ပေ။ ပြောင်းလွဲဖယ်ရှား ပေးနိုင်ကြသည်လည်း မဟုတ်ပေ။ ဤသို့ တန်ခိုးအာဏာမရှိသော၊ မစွမ်းဆောင်နိုင်သော၊ အားအင်ချည့်နဲ့သော သူများကို ကိုးကွယ်ရာ အရှင်သခင်အဖြစ် ထင်မှတ်ကိုးကွယ်သောသူများ၏ အသိဉာဏ်၊ အမြော်အမြင်ကား သေးနုပ်သိမ်ဖျင်းလှပါဘိတကား။

အမိုက်ခေတ်တွင် အချို့သူများသည် "ဂျင်နီ" များကို ဆည်းကပ် ကိုးကွယ်ခဲ့ကြသည်။ ထိုနောက် ဂျင်နီများသည် အစ္စလာမ်သာသနာအတွင်းသို့ ကူးပြောင်းသက်ဝင် ယုံကြည်လာခဲ့ကြလေသည်။ သို့ရာတွင် ထိုဂျင်နီများအား ဆည်းကပ် ကိုးကွယ်နေသောသူများမှာမူ ၎င်းတို့၏ အကိုးကွယ်ခံများ ယခုကဲ့သို့ မွတ်စလင်မ်ဖြစ်သွားကြသည်ကို မသိဘဲ မှားမြဲတိုင်းမှားပြီး မိုက်မြဲတိုင်းမိုက်လျက်ပင် ရှိခဲ့ကြပေသည်။ ဤအာယတ်တော်သည် ယင်းသို့သော မုရ်ရစ်က်များနှင့်ပတ်သက်၍ ကျရောက်လာခဲ့ပေသည်။ ကြည့်-ဗုခါရီကျမ်း။

أُولَٰئِكَ الَّذِينَ يَدْعُونَ يَبْتَغُونَ إِلَىٰ رَبِّهِمُ الْوَسِيلَةَ أَيُّهُمْ أَقْرَبُ وَيَرْجُونَ رَحْمَتَهُ وَيَخَافُونَ عَذَابَهُ ۚ إِنَّ عَذَابَ رَبِّكَ كَانَ مَحْذُورًا ﴿٥٧﴾

၅၇။ ဤသူတို့သည် ယင်းကာဖိရ်တို့ ဟစ်ခေါ်လျက် ရှိကြသောသူများပင်၊ ထိုသူတို့သည် မိမိတို့အနက် မည်သူသည် (ထိုအရှင်မြတ်နှင့်) အနီးကပ်ဆုံးဖြစ်အံ့နည်းဟူ၍ မိမိတို့အား ဖန်ဆင်းတော်မူသောအရှင်မြတ် အထံတော်သို့ ချဉ်းကပ်မှုကို ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ထိုအရှင်မြတ်၏ ကရုဏာတော်ကိုလည်း မျှော်လင့်လျက်ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ်၏ပြစ်ဒဏ်ကိုလည်း ကြောက်ရွံ့ ရိုးရိမ်လျက်ရှိကြကုန်၏။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်သည် အလွန်ကြောက်မက်ဖွယ်ပင် ဖြစ်ချေသတည်း။

وَإِن مِّن قَرْيَةٍ إِلَّا نَحْنُ مُهْلِكُوهَا قَبْلَ يَوْمِ الْقِيَامَةِ أَوْ مُعَذِّبُوهَا عَذَابًا شَدِيدًا ۚ كَانَ ذَٰلِكَ فِي الْكِتَابِ مَسْطُورًا ﴿٥٨﴾

၅၈။ မည်သည့်မြို့ရွာမဆို ငါအရှင်မြတ်သည် ထိုမြို့(သူ)ရွာ(သားတို့)အား ကိယာမတ်မဖြစ်မီ အလျင်ဖျက်ဆီးတော်မူမည့်အရှင်၊ သို့မဟုတ် ထိုမြို့(သူ)ရွာ(သားတို့)အား ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူမည့်အရှင်မြတ်ပင် ဖြစ်တော် မူပေသည်။ [၁] ဤသည် (လောင်ဟ်မဟ်ဖူဇ်) သင်ပုန်းတွင် ရေးသားပြီးဖြစ်သတည်း။

---

① ဤအာယတ်တော်၏ အနက်သဘောကို အမျိုးမျိုးဖွင့်ဆိုနိုင်ပေသည်။

(က) ဤပစ္စက္ခလောကရှိ မြို့ရွာအားလုံးကို ၎င်းတို့၏အလွန်ကြီးမားသော ပြစ်မှုများကြောင့် အလွှာဟ်အရှင်မြတ်သည် ကိယာမတ်မတိုင်မီအလျင်ပင် ပြစ်ဒဏ်ခတ်ပြီး လုံးဝချေမှုန်း ဖျက်ဆီးပစ်တော်မူမည်ဖြစ်သည်။ အကယ်၍ ပြစ်မှုများသည် အလွန်မကြီးမားပါကလည်း ပထမပြစ်ဒဏ်ထက် သေးငယ်သော ပြစ်ဒဏ်ခတ်ပြီး ဖျက်ဆီးပစ်တော်မူမည်ဖြစ်သည်။ လူလောကတွင် ကမ္ဘာအစမှ ကမ္ဘာအဆုံးတိုင် တစ်ကြိမ်တစ်ခါမျှ ပြစ်မှုမကျူးလွန်ဘူးသော၊ ဘေးဥပါဒ် မသက်ရောက်ဘူးသော မြို့ရွာဟူ၍ကား အဘယ်မှာ ရှိနိုင်အံ့နည်း။

(ခ) ကိယာမတ်မတိုင်မီပင် မြို့ရွာတိုင်းသည် သဘာဝအလျောက် သေချိန်ရောက်၍ သေကြေပျက်စီးသွားရမည်သာဖြစ်သည်။ သို့တည်းမဟုတ် အလွန်ကြီးမားသော ဘေးဥပါဒ်ဆိုက်ရောက်၍ ပျက်စီးသွားရမည်သာဖြစ်သည်။

ပြစ်ဒဏ်ခတ်တော်မူခြင်း မဟုတ်ဘဲ သဘာဝအလျောက် သေခြင်း၊ ပျက်စီးခြင်းအတွက်လည်း ကုရ်အာန်ကျမ်းမြတ်တွင်လည်းကောင်း၊ ဟဒီးဆ်တော်များတွင်လည်းကောင်း၊ (ﷺ) "ဟလာက်" ဟူသော ➤➤

وَمَا مَنَعَنَآ أَن نُّرۡسِلَ بِٱلۡأٓيَٰتِ إِلَّآ أَن كَذَّبَ بِهَا ٱلۡأَوَّلُونَۚ وَءَاتَيۡنَا ثَمُودَ ٱلنَّاقَةَ مُبۡصِرَةٗ فَظَلَمُواْ بِهَاۚ وَمَا نُرۡسِلُ بِٱلۡأٓيَٰتِ إِلَّا تَخۡوِيفٗا ٥٩

၅၉။ စင်စစ်သော်ကား ငါအရှင်မြတ်အား တန်ခိုးပြာဋိဟာများကို ချပေးတော်မမူရန် ယင်းတန်ခိုးပြာဋိဟာများ မဟုတ်မမှန်ဟူ၍ ရှေးလူဟောင်းတို့၏ ငြင်းပယ်မှုမှတစ်ပါး အခြားမည်သည့် တစ်စုံတစ်ရာမျှ တားဆီးခဲ့သည်မဟုတ်ပေ။ [၁] စင်စစ် ငါအရှင်မြတ်သည် "ဆမူဒ်" လူမျိုးတို့အား ကုလားအုတ်မကို (နဗီတမန်တော်ဆွာလစ်ဟ်သည် အလ္လာဟ် အရှင်မြတ်၏ နဗီတမန်တော် ဖြစ်တော်မူကြောင်းကို) ထင်ရှားစေသော တန်ခိုးပြာဋိဟာအဖြစ် ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်းကုလားအုတ်မနှင့်ပတ်သက်၍ (မိမိတို့ကိုယ်ကို) ကျူးကျော်စော်ကားခဲ့ကြကုန်၏။ အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် တန်ခိုးပြာဋိဟာများကို သတိပေးနှိုးဆော်ချက်အဖြစ်သာလျှင် ချပေးတော်မူပေသတည်း။

➤➤ ပုဒ်ကို သုံးနှုန်းထားတော်မူသည်။

(၁) အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့၏ မြို့ရွာများကို ကိယာမတ်မတိုင်မီအလျင်ပင် ၎င်းတို့၏ ကြီးမားသော ပြစ်မှုများကြောင့် လုံးဝချေမှုန်း ဖျက်ဆီးပစ်တော်မူမည်ဖြစ်သည်။ သို့တည်းမဟုတ် ကာဖိရ်တို့၏ မြို့ရွာများသည် ၎င်းတို့၏ ကြီးမားသောပြစ်မှုများကြောင့် တစ်ချိန်ချိန်တွင် (ဝါ) ကိယာမတ်မတိုင်မီဖြစ်စေ၊ သို့မဟုတ် ကိယာမတ်နေ့တွင်ဖြစ်စေ အလွန်ပြင်းထန်သော ပြစ်ဒဏ်ကို မုချခံစားကြရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အဖွင့်များအနက်မှ မည်သည့်အဖွင့်ကို မဆိုလက်ခံနိုင်ပေသည်။ ဤအာယတ်တော်ကို ထုတ်ပြန်ချမှတ်တော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ သတိပေးတော်မူရန်ပင်ဖြစ်သည်။ ကုရ်အာန်(၁၇း၅၇)တွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သည် အလွန် ကြောက်မက်ဖွယ်ကောင်းသည့် အကြောင်းပါရှိ၏။ ယခု ဤအာယတ်တော်တွင် ယင်းသည့် ပြစ်ဒဏ်တော် သက်ရောက် စေသည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။

(၂) မက္ကာမြို့သားများက တမန်တော်မြတ်အား "ဆွဖာတောင်ကို ရွှေသားပကတိ ပြုလုပ်ပြပါ၊ သို့မဟုတ် မက္ကာမြို့ပတ်ဝန်းကျင်၌ လယ်ယာလုပ်ကိုင်နိုင်ရန်အတွက် ပတ်ဝန်းကျင်ရှိ တောင်များကို ဖယ်ရှားပေးပါ၊ ဤသည်တို့ကို အသင်ပြုလုပ်ပြနိုင်လျှင် ကျွန်ုပ်သည် အသင့်အား အီမာန်ယုံကြည်ကြပါမည်" စသည်ဖြင့် ၎င်းတို့လိုလားသော အချို့တန်ခိုးပြာဋိဟာများကို တောင်းဆိုကြလေသည်။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့လေသည်။

ဆိုလိုသည်ကား ဤကဲ့သို့သော တန်ခိုးပြာဋိဟာများကို ပြသရန် အလ္လာဟ်အရှင်မြတ်၌ ➤➤

وَإِذْ قُلْنَا لَكَ إِنَّ رَبَّكَ أَحَاطَ بِالنَّاسِ ۚ وَمَا جَعَلْنَا الرُّءْيَا الَّتِي

၆၀။ (အို-နဗီတမန်တော် အသင် ပြန်လည် သတိရပါလေ။) အခါတစ်ပါး၌ ငါအရှင်မြတ်က "ဧကန်မလွဲအသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လူခပ်သိမ်းတို့ကို ဝန်းဝိုင်း၍ထားတော်မူလေပြီဟု အသင့်အား မိန့်ကြားတော်မူခဲ့လေသည်။

➤➤ မည်သို့မျှ အခက်အခဲမရှိပေ။ သို့ရာတွင် အတိတ်ခေတ်များ၌ အချို့အုပ်စုများသည် ဤကဲ့သို့ပင် ၎င်းတို့လိုလားသော အချို့တန်ခိုးပြာဋိဟာများကို တောင်းဆိုခဲ့ကြသည်။ ၎င်းတို့ တောင်းဆိုခဲ့ကြသည့် တန်ခိုးပြာဋိဟာများကိုလည်း ပြသတော်မူခဲ့သည်။ သို့ပြသတော်မူခဲ့သော်လည်း ထိုအုပ်စုများသည် အီမာန် မယုံကြည်ခဲ့ကြပေ။ အီမာန်မယုံကြည်ခဲ့ကြသည်သာမက ယခင်ကထက်ပင် ပိုမိုမောက်မာ ဆိုးသွမ်းမိုက်မဲလာခဲ့ကြပေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ စွန့်တော်နှင့်အညီ ယင်းသို့သော ကာဖိရ်များအား လုံးဝချေမှုန်းကွပ်မျက် ဖျက်ဆီးတော်မူလိုက်လေသည်။

ယခုလည်း မက္ကာမြို့သားများ ကာဖိရ်များသည် အတိတ်ခေတ် ကာဖိရ်များကဲ့သို့ပင် မိမိတို့လိုလားသော တန်ခိုးပြာဋိဟာများကို တောင်းဆိုလျက်ရှိကြပေသည်။ အကယ်၍ ၎င်းတို့တောင်းဆိုကြသည့်အတိုင်း ၎င်းတို့ တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြသတော်မူသော်၊ သို့ပြသတော်မူပြီးနောက် မနာခံကြသော် (နာခံကြမည်မဟုတ်သည်ကို အလ္လာဟ်အရှင်မြတ်အသိပင်၊ ၎င်းတို့၏ အပြုအမူများကလည်း ထင်ရှားပြသလျက်ပင်) အလ္လာဟ်အရှင်မြတ်သည် မိမိစွန့်တော်အရ ယင်းသို့သော ကာဖိရ်များအား လုံးဝချေမှုန်း ကွပ်မျက်ဖျက်ဆီးတော်မူရမည်သာ ဖြစ်သည်။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် နောက်ဆုံး အွမ္မတ်သားတို့အား အတိတ်ခေတ် အွမ္မတ်သားများကဲ့သို့ လုံးဝချေမှုန်းကွပ်မျက် ဖျက်ဆီးပစ်တော်မူရန် အလိုတော်မရှိပေ။ အဘယ်ကြောင့်ဆိုသော် အတိတ်ခေတ် အချို့အုပ်စုများအား ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြသတော်မူ၍ မလိုက်နာ မယုံကြည်ကြသည့်အဆုံးတွင် လုံးဝ ချေမှုန်းဖျက်ဆီးပစ်တော်မူခဲ့ခြင်းမှာ ဂရုမူစရာအချက် မဟုတ်ပေ။

ထို့ပြင်တစ်ဝ မိမိတို့ကိုယ်တိုင် တောင်းဆိုသော တန်ခိုးပြာဋိဟာများကို မိမိတို့ကိုယ်တိုင် တွေ့မြင်ကြရပြီးနောက်သော်မှ မယုံကြည်မနာခံသောသူများသည် ယင်းကဲ့သို့ လုံးဝချေမှုန်းဖျက်ဆီးတော်မူခြင်း ခံခဲ့ကြရသည်ကို နောက်ဆုံး အုပ်စုများသည် စဉ်းစားဆင်ခြင်၍ နောင်တတရား ရယူနိုင်ကြပေသည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ် အရှင်မြတ်သည် နောက်ဆုံးအုပ်စုများအား ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ၎င်းတို့အား ပြသတော်မမူဘဲ ထားတော်မူခြင်းဖြစ်သည်။

ဤအာယတ်တော်တွင် ဤသည့်အချက်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ ၎င်းတို့တောင်းဆိုသော တန်ခိုးပြာဋိဟာများကို ပြသတော်မမူသော်လည်း အခြေအနေအရ ကမ္ဘာတစ်သက် တည်ရှိမည့် အကြီးဆုံးဖြစ်သည့် တန်ခိုးပြာဋိဟာ (၀ါ)ကုရ်အာန်ကျမ်းမြတ်ကိုမူ တန်ခိုးပြာဋိဟာအဖြစ် ပြသထားတော်မူသည်၊ ရိုးသားဖြောင့်မတ်သမာသမတ်ရှိသူများအဖို့ ကုရ်အာန်ကျမ်းမြတ်သည် လုံးဝလုံလောက်ပေသည်။

ٱلرُّءْيَا ٱلَّتِىٓ أَرَيْنَٰكَ إِلَّا فِتْنَةً لِّلنَّاسِ وَٱلشَّجَرَةَ ٱلْمَلْعُونَةَ فِى ٱلْقُرْءَانِ ۚ وَنُخَوِّفُهُمْ ۖ فَمَا يَزِيدُهُمْ إِلَّا طُغْيَٰنًا كَبِيرًا ﴿٦٠﴾

ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား ပြသတော်မူခဲ့သော ရှုကွက်ကိုလည်းကောင်း၊ [၁] ကုရ်အာန်ကျမ်းတော်မြတ်၌ ရှုတ်ချခြင်းခံရသော သစ်ပင်ကိုလည်းကောင်း၊ [၂] လူတို့ အဖို့ စမ်းသပ်မှုတစ်ရပ်သာလျှင် ပြုလုပ်တော်မူခဲ့လေသည်။ စင်စစ် ငါအရှင်မြတ်သည် လူတို့အား သတိပေး နှိုးဆော်တော်မူ၏။ သို့ရာတွင် ယင်းသတိပေး နှိုးဆော်ချက်များသည် ၎င်းတို့အား ကြီးကျယ်စွာသော မထီမဲ့မြင် ပြုမူကိုသာ တိုးတက်ပွားများစေလေသတည်း။

وَإِذْ قُلْنَا لِلْمَلَٰٓئِكَةِ ٱسْجُدُوا۟ لِءَادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ ۖ قَالَ ءَأَسْجُدُ لِمَنْ خَلَقْتَ طِينًا ﴿٦١﴾

၆၁။ တစ်ဖန် (ပြန်လည်၍ သတိရကြလေကုန်)။ တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် မလာအိကဟ်ကောင်းကင်တမန်တို့အား 'အသင်တို့သည် အာဒမ်၏ ရှေ့ဝယ် ဦးချကြလေကုန်' ဟု မိန့်ကြားတော်မူခဲ့ရာ အီဗလီစ်မှတစ်ပါး ထိုကောင်းကင်တမန်အပေါင်းတို့သည်ဦးချခဲ့ကြလေသည်။ ယင်းအီဗလီစ်က 'အရှင်မြတ်ရဲ့စေးဖြင့်ဖန်ဆင်းတော်မူခဲ့သောသူအား ကျွန်တော်မျိုးသည်ဦးချရပါမည်လော' [၁] ဟုလျှောက်ထားခဲ့လေသည်။

---

① ဤအာယတ်တော်တွင်ပါရှိသော "ရုယာ" ဟူသည် မစ်အ်ရာဂ်ျညဉ့်တွင် တမန်တော်မြတ် မျက်ဝါးထင်ထင်တွေ့မြင်တော်မူခဲ့ရသည့် ရှုကွက်ကို ဆိုလိုသည်။ ဤသည့်အကြောင်းကို ထုတ်ဖော်မိန့်ကြားတော်မူရခြင်းမှာ လူများအား စမ်းသပ်တော်မူရန်ပင်ဖြစ်သည်။ ဤသည့်အကြောင်းကို ထုတ်ဖော်ပြောကြားလိုက်သည့်အခါ မုန်ကန်သောလူများက မုန်သည်ဟူ၍ ထောက်ခံပြောဆိုခဲ့ကြပြီး မရင့်ကျက်သော လူများကမူ ဤသည် မဖြစ်နိုင်ဟု ဆိုကာ ငြင်းပယ်ကြလေသည်။

ဤအာယတ်တော်တွင် ပါရှိသည့် "ရုယာ" သည် အိပ်မက်ကို ဆိုလိုသည်မဟုတ်၊ အိပ်မက်သာဖြစ်ပါက ကာဖိရ်များသည် ငြင်းဆိုကြမည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် အိပ်မက်သည် တစ်ခုထက်တစ်ခု ထူးထူးဆန်းဆန်းဖြစ်သည်သာဖြစ်သည်။ ကြည့်-တဖ်ဟီမုလ်ကုရ်အာန်။ အ-၂၊ စ-၆၂၇။

② ရှုတ်ချခြင်းခံရသော အပင်ဟူသည် "ဇက္ကူမ်" အပင်ကို ဆိုလိုသည်၊ ယင်းအပင်သည် ငရဲတွင် ပေါက်လျက်ရှိကြောင်း၊ ငရဲသားတို့သည် ယင်းအပင်ကို စားကြရမည်ဖြစ်ကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ဆိုထားတော်မူသည်။ ကြည့်-ကုရ်အာန် (၃၇း၆၂-၆၆။ ၄၄း၄၃-၅၀။ ၅၆း၅၂-၅၆)။

③ ဖခင်ကြီးအာဒမ်၊ ရှိုင်တွာန်အီဗလီစ်နှင့် ကောင်းကင်တမန်များ၏ အကြောင်းသည် အကြိမ်ကြိမ်ပါခဲ့ပြီး ➤➤

قَالَ أَرَءَيْتَكَ هَٰذَا ٱلَّذِى كَرَّمْتَ
عَلَىَّ لَئِنْ أَخَّرْتَنِ إِلَىٰ يَوْمِ
ٱلْقِيَٰمَةِ لَأَحْتَنِكَنَّ ذُرِّيَّتَهُۥٓ
إِلَّا قَلِيلًا ﴿٦٢﴾

၆၂။ ယင်းအီဗ်လီစ်က(ဆက်လက်၍) 'အရှင် ရွေတော်မူပါ၊ အရှင်မြတ်သည်ကျွန်တော်မျိုးထက်ထူးကဲမြင့်မြတ်စေတော်မူခဲ့သော၊ ဤသူကား အကယ်၍သာ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကိယာမတ်ကမ္ဘာပျက်မည့်နေ့တိုင်အောင် ရွေ့ဆိုင်းထားတော်မူခဲ့ပါလျှင် မလွဲဧကန် ကျွန်တော်မျိုးသည် ၎င်း၏သားမြေးတို့အနက် အနည်းငယ်မျှသော သူတို့မှတစ်ပါး အားလုံးကို ဖမ်းယူလွှမ်းမိုးပါမည်' ဟု လျှောက်ထားခဲ့ပြန်၏။

قَالَ ٱذْهَبْ فَمَن تَبِعَكَ
مِنْهُمْ فَإِنَّ جَهَنَّمَ جَزَآؤُكُمْ
جَزَآءً مَّوْفُورًا ﴿٦٣﴾

၆၃။ ထိုအခါ အရှင်မြတ်က '(အီဗ်လီစ်) အသင်သွား၊ (ကြိုက်ရာလုပ်)၊ တစ်ဖန် မည်သူမဆို ယင်း(အာဒမ်၏သားမြေး)တို့အနက်မှ အသင်၏နောက်သို့ လိုက်ပါခဲ့လျှင် ဂျဟန္နမ်ငရဲဘုံသည် အသင်တို့၏ လုံလောက်စွာသော အကျိုးပင် ဖြစ်ပေသတည်း။

وَٱسْتَفْزِزْ مَنِ ٱسْتَطَعْتَ
مِنْهُم بِصَوْتِكَ وَأَجْلِبْ
عَلَيْهِم بِخَيْلِكَ وَرَجِلِكَ
وَشَارِكْهُمْ فِى ٱلْأَمْوَٰلِ
وَٱلْأَوْلَٰدِ وَعِدْهُمْ ۚ وَمَا يَعِدُهُمُ

၆၄။ 'ထို့ပြင်(အီဗ်လီစ်)၊ အသင်သည် ၎င်းတို့အနက် မိမိလက်လှမ်းမီသောသူတို့အား မိမိအသံဖြင့် စိတ်ထကြွစေလော့၊ ခြိမ်းခြောက်လှည့်ဖြားလော့။ ထို့ပြင် အသင်သည် မိမိမြင်းစီးသူရဲဖြင့်လည်းကောင်း၊ ခြေလျင်သူရဲဖြင့်လည်းကောင်း၊ ထိုသူတို့အား ဝိုင်းဝန်းလော့။ ထိုမှတစ်ပါး အသင်သည် ဥစ္စာပစ္စည်းများ၌လည်းကောင်း၊ သားသမီးများ၌လည်းကောင်း၊ ထိုသူတို့နှင့် အတူဖက်စပ်ပါဝင်လော့။

➤➤ ဖြစ်သည်။ ဤသည့်အကြောင်းကို စဉ်းစားဆင်ခြင်ပါက အလွယ်အရှင်မြတ်၏ အမိန့်တော်များကို ခြွင်းချက်မရှိနာခံခြင်းမှာ ကောင်းကင်တမန်များ၏ အလုပ်သာဖြစ်ကြောင်း၊ အမိန့်တော်များနှင့်စပ်လျဉ်း၍ ဒွိဟသံသယဖြစ်စေခြင်း၊ အမိန့်တော်များကို သွေဖည်ငြင်းဆန်ခြင်းများသည် ရိုင်ဇွာန် အီဗ်လီစ်၏ အလုပ်သာ ဖြစ်ကြောင်းကို ကောင်းစွာသိနိုင်ပေသည်။

ယခု ကာဖိရ်များသည်လည်း အီဗ်လီစ်၏ လမ်းစဉ်ကိုလိုက်နာ၍ စကားတိုင်းတွင် စောဒနာဝင်ကြသည်။ အတွန့်တက်ကြသည်၊ အမိန့်တော်များကို သွေဖည်ကြသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည်လည်း ၎င်းတို့၏ ရှေ့ဆောင်ကြီး အီဗ်လီစ်ကဲ့သို့ပင် ပျက်စီးခြင်းကြီးမလှ ပျက်စီးကြရပေမည်သာတည်း။

الشَّيْطٰنُ اِلَّا غُرُوْرًا ﴿٦٤﴾

ထို့ပြင် အသင်သည် ၎င်းတို့အား (မဟုတ်မမှန်သော) ကတိကိုပြုလော့။ စင်စစ်သော်ကား ရှိုင်တွာန်မိစ္ဆာကောင်သည် ၎င်းတို့အား (ရိုးသားဖြောင့်မတ်စွာ ကတိပေးခြင်းကိုမပြုဘဲ) လှည့်စားခြင်းကိုသာ ပြုလေ့ရှိ၏။

اِنَّ عِبَادِیْ لَیْسَ لَكَ عَلَیْهِمْ سُلْطٰنٌ ۚ وَكَفٰى بِرَبِّكَ وَكِیْلًا ﴿٦٥﴾

၆၅။ 'ဧကန်စင်စစ် ငါအရှင်မြတ်၏ကျွန်(အစစ်အမှန်)တို့မူကား အသင်၌ ၎င်းတို့အပေါ်တွင် လုံးဝ ဩဇာအာဏာရှိလိမ့်မည်မဟုတ်ပေ။ စင်စစ် အသင်(မုဟမ္မဒ်)အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင် (၎င်းတို့အား) ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်အဖြစ် လုံလောက်တော်မူပေသတည်း'။

رَبُّكُمُ الَّذِیْ یُزْجِیْ لَكُمُ الْفُلْكَ فِی الْبَحْرِ لِتَبْتَغُوْا مِنْ فَضْلِهٖ ؕ اِنَّهٗ كَانَ بِكُمْ رَحِیْمًا ﴿٦٦﴾

၆၆။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင် အသင်တို့အဖို့ အသင်တို့ ထိုအရှင်မြတ်၏ကျေးဇူးတော် (ရိက္ခာတော်)ကို ရှာဖွေဆည်းပူးကြအံ့သောငှာ ရွက်သင်္ဘောများကို သမုဒ္ဒရာပင်လယ်၌ သွားလာ လှုပ်ရှားစေတော်မူသောအရှင်တည်း။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အသင်တို့အပေါ် ဝယ် အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَاِذَا مَسَّكُمُ الضُّرُّ فِی الْبَحْرِ ضَلَّ مَنْ تَدْعُوْنَ اِلَّاۤ اِیَّاهُ ۚ فَلَمَّا نَجّٰىكُمْ اِلَى الْبَرِّ اَعْرَضْتُمْ ؕ وَكَانَ الْاِنْسَانُ كَفُوْرًا ﴿٦٧﴾

၆၇။ စင်စစ် အသင်တို့တွင် သမုဒ္ဒရာပင်လယ်၌ ဘေးဒုက္ခသက်ရောက်ခဲ့သော် (အသင်တို့သည်) ထိုအရှင်မြတ်မှတစ်ပါး အသင်တို့ဟစ်ခေါ်(ကိုးကွယ်)လျက်ရှိကြသူတို့သည် ပျောက်ကွယ်သွားကြလေသည်။ တဖန် ထိုအရှင်မြတ်သည် အသင်တို့အား ကုန်းပေါ်သို့ လွတ်မြောက်စေတော်မူခဲ့သောအခါ အသင်တို့သည် မျက်နှာလွဲသွားခဲ့ကြပြန်၏။ စင်စစ်သော်ကား မနုဿလူသားသည် အလွန်တရာ ကျေးဇူးကန်းသူပင်ဖြစ်ချေသတည်း။

أَفَأَمِنتُمْ أَن يَخْسِفَ بِكُمْ جَانِبَ الْبَرِّ أَوْ يُرْسِلَ عَلَيْكُمْ حَاصِبًا ثُمَّ لَا تَجِدُوا لَكُمْ وَكِيلًا ﴿٦٨﴾

၆၈။ ထိုအရှင်မြတ်သည် ကုန်းပေါ်၌ အသင်တို့အား မြေမျိုစေတော်မူမည်ကို လည်းကောင်း၊ အသင်တို့အပေါ်၌ သဲမုန်တိုင်း စေလွှတ်တော်မူမည်ကိုလည်းကောင်း၊ အသင်တို့သည် စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍ နေကြလေသလော။ ထို(သို့ပြုတော်မူခဲ့သည့်)နောက်တွင်မူ အသင်တို့သည် မိမိတို့အဖို့ ကာကွယ်စောင့်ရှောက်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (ရှာဖွေ)တွေ့ရှိကြမည် မဟုတ်ပေ။

(တစ်နည်း)

ထိုအရှင်မြတ်သည် အသင်တို့အား ကုန်းပေါ်၌ပင် မြေမျိုစေတော်မူခြင်းကိုလည်းကောင်း၊ အသင်တို့အပေါ်၌ သဲမုန်တိုင်း စေလွှတ်တော်မူခြင်းကိုသော်လည်းကောင်း၊ ပြုနိုင်တော်မူ၏။ ထိုအခါတွင် အသင်တို့သည် မိမိတို့အဖို့ ကာကွယ် စောင့်ရှောက်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (ရှာဖွေ) တွေ့ရှိကြမည် မဟုတ်ပေ။ အသင်တို့သည် (ဤသည့် ပြစ်ဒဏ်များမှ) စိုးရိမ်ခြင်းကင်း၍ နေကြလေသလော။

أَمْ أَمِنتُمْ أَن يُعِيدَكُمْ فِيهِ تَارَةً أُخْرَىٰ فَيُرْسِلَ عَلَيْكُمْ قَاصِفًا مِّنَ الرِّيحِ فَيُغْرِقَكُم بِمَا كَفَرْتُمْ ثُمَّ لَا تَجِدُوا لَكُمْ عَلَيْنَا بِهِ تَبِيعًا ﴿٦٩﴾

၆၉။ သို့တည်းမဟုတ် အရှင်မြတ်သည် အသင်တို့အား ယင်းသမုဒ္ဒရာပင်လယ်ထဲသို့ နောက်တစ်ကြိမ်ထပ်မံ၍ ရောက်စေတော်မူပြီးလျှင် အသင်တို့အပေါ်၌ အသင်တို့၏သွေဖည်ငြင်းပယ်မှုကြောင့် လေမုန်တိုင်းကို စေလွှတ်ခြင်းအားဖြင့် အသင်တို့အား နစ်မြုပ်စေတော်မူမည်ကို စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍ နေကြလေသလော။ ထိုအခါ အသင်တို့သည် မိမိတို့အဖို့ ငါအရှင်မြတ်နှင့်ဆန့်ကျင်၍ ကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (ရှာဖွေ)တွေ့ကြလိမ့်မည် မဟုတ်ပေတကား။

(တစ်နည်း)

သို့တည်းမဟုတ် ထိုအရှင်မြတ်သည် အသင်တို့အား ယင်းသမုဒ္ဒရာပင်လယ်ထဲသို့ နောက်တစ်ကြိမ် ထပ်မံ၍ ရောက်စေတော်မူမည်။ ထို့နောက် ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ လေမုန်တိုင်းကို စေလွှတ်တော်မူမည်။ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့၏သွေဖည်ငြင်းပယ်မှုကြောင့် နစ်မြုပ်စေတော်မူမည်။ ထိုအခါ အသင်တို့သည် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ငါအရှင်မြတ်နှင့် ဆန့်ကျင်ပြီး မိမိတို့အဖို့ ကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် (ရှာဖွေ) တွေ့ရှိကြလိမ့်မည်မဟုတ်ပေ။ **(တစ်နည်း)** အသင်တို့သည် မိမိအဖို့ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ငါ့အား အရေးယူမည့်သူ တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိကြမည်မဟုတ်ပေ။ အသင်တို့သည် (ဤသည့် ပြစ်ဒဏ်များမှ) ဝိုးရိမ်ခြင်းကင်း၍ နေကြလေသလော။ [၁]

---

① **ကျေးဇူးရှင်အား ကျေးမစွပ်ရာ။**

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် လူသားတို့အကျိုးငှာ မိမိပြုစီရင်ထားတော်မူသော ရိက္ခာတော်များကို လူသားတို့ လွယ်ကူစွာ ဆည်းပူးစားသုံးနိုင်ကြရန်အတွက် သမုဒ္ဒရာပင်လယ်ကြီးများတွင် လှေများသင်္ဘောများကို သွားလာ လှုပ်ရှားစေထားတော်မူပေသည်။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကား ကြီးမားလှဘိပါ၏။

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို တုံ့ပြန်သောအားဖြင့် လူသားတို့သည် ထိုအရှင်မြတ်အား သာလျှင် ခယရိကျိုးရှိခိုးပူဇော်ကြရပေမည်၊ ထိုအရှင်မြတ်အားသာလျှင် အောက်မေ့တသ သတိရကြရပေမည်။ ထိုအရှင်မြတ်နှင့် ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြရာ၊ ထိုအရှင်မြတ်အား မည်သည့်အခါ၌မျှ ကျေးဇူးမကန်းကြရာ။ ယခုမူ လူသားတို့သည် ဒုက္ခရောက်သည့်အချိန်တွင် ထိုအရှင်မြတ်အား အောက်မေ့တသကြသည်။ ဒုက္ခမှ လွတ်မြောက်လျှင် လွတ်မြောက်ခြင်း ထိုအရှင်မြတ်အား အမေ့ကြီးမေ့သွားကြသည်။ ကျောခိုင်းကြသည်။ သမုဒ္ဒရာပင်လယ်အတွင်း လေမုန်တိုင်းမိနေသည့်အခါ အလ္လာဟ်အရှင်မြတ်အား အကြီးအကျယ် အောက်မေ့တသ သတိရကြသည်။ ထိုအရှင်မြတ်၏ကျေးဇူးတော်ဖြင့် ကမ်းခြေပေါ်၌ ခြေချနိုင်သည်နှင့်တစ်ပြိုင်နက် ထိုအရှင်မြတ်အား အမေ့ကြီးမေ့သွား ကြပေသည်။ လူသားတို့ကား ကျေးဇူးကန်းလှပါဘိ၏။

လူသားတို့သည် ကမ်းခြေပေါ်သို့ ရောက်သွားသည့်အတွက် ငါတို့သည် ဘေးကင်းရန်ကင်း ဖြစ်ပြီဟု ယူဆကာ စိတ်ချလက်ချ မနေအပ်ကြပေ။ ထိုအရှင်မြတ်သည် ပြစ်ဒဏ်ခတ်တော်မူလိုက ➤➤

وَلَقَدْ كَرَّمْنَا بَنِيٓ ءَادَمَ وَحَمَلْنَٰهُمْ فِى ٱلْبَرِّ وَٱلْبَحْرِ وَرَزَقْنَٰهُم مِّنَ ٱلطَّيِّبَٰتِ وَفَضَّلْنَٰهُمْ عَلَىٰ كَثِيرٍ مِّمَّنْ خَلَقْنَا تَفْضِيلًا ﴿٧٠﴾

၇၀။ ဧကန်မလွဲ ငါအရှင်မြတ်သည် အာဒမ်၏သား သမီးများကို ဂုဏ်သိန်ထူးကဲ မြင့်မြတ်စေတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ကုန်းပေါ်၌ (ကုလားအုတ်၊ မြင်း၊ ကုန်းယာဉ်၊ လေယာဉ်ပျံ၊ စသောအစီးအနင်းတို့ကို) လည်းကောင်း၊ သမုဒ္ဒရာပင်လယ်၌ (သင်္ဘော၊ လှေ၊ သမ္မန် စသောယာဉ်များကို)လည်းကောင်း၊ စီးနင်းစေတော်မူခဲ့သည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား (စားသုံးရန်) စင်ကြယ်ကောင်းမွန်သောအရာများကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ တစ်ဖန် ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ် ဖန်ဆင်းထားတော်မူသော အရာများအနက် များစွာ(သောသက်ရှိသက်မဲ့)တို့ထက် ထွတ်မြတ်စေတော်မူခဲ့လေသတည်း။ [၁]

➤➤ သမုဒ္ဒရာအတွင်း၌သာမဟုတ်၊ နေရာဌာနမရွေး အခါကာလမရွေး ပြစ်ဒဏ်ခတ်တော်မူနိုင်ပေသည်။

ဥပမာ-ထိုအရှင်မြတ်သည် ကုန်းပေါ်တွင် မြေမျိုစေတော်မူနိုင်သည်။ မြေငလျင်လှုပ်စေတော်မူနိုင်သည်။ နောက်ထပ်တစ်ဖန် ပင်လယ်ခရီးသွားရန် အကြောင်းဆုံစေတော်မူ၍ ပင်လယ်အတွင်း၌ပင် နစ်မြုပ်စေပြီး ကွပ်မျက်တော်မူလိုကလည်း ကွပ်မျက်နိုင်ပေသည်။ သို့ဖြစ်ရာ လူသားတို့သည် ကျေးဇူးတော်အရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား အခါမရွေး နေရာမရွေး အောက်မေ့တသ သတိရကြရမည်၊ မမေ့ကြရာ၊ ကျောမခိုင်းကြရာ၊ ကျေးဇူးမကန်းကြရာ။

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား လှပသော ရုပ်ဆင်းသဏ္ဌာန်၊ စကားပြောဆိုနိုင်သော သတ္တိ၊ မြော်မြင်စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်များကို လိုလေသေးမရှိ အထူးတလည် ချီးမြှင့်ထားတော်မူသည်။ လူသားတို့သည် မိမိတို့၏ အသိဉာဏ်ဖြင့် လောကီလောကုတ္တရာများတွင် အကျိုးအပြစ် အကောင်းအဆိုးများကို ဝေဖန်ပိုင်းခြား သိမြင်နိုင်ကြပေသည်။ လူသားတို့အဖို့ တိုးတက်ရာ တိုးတက်ကြောင်းလမ်းများသည် အားလုံးပွင့်လျက်ရှိပေသည်။ လူသားတို့သည် ကမ္ဘာတန်ဆာပလာများကို အမျိုးမျိုးအသုံးပြုလျက်ရှိကြပေသည်။ ယခုအခါ လပေါ်သို့ပင် တက်ရောက်ခြေလှမ်းလှမ်းရန် ကြိုးပမ်းလျက်ရှိချေပြီ။ မိုးပျံမြေလျှိုးနေကြသည်မှာ မျက်မြင်ကိစ္စပင်။ လူသားတို့သည် အကောင်းဆုံးသော အစာကို စားသုံးကြသည်၊ အကောင်းဆုံးသော အဝတ်ကို ဝတ်ဆင်ကြသည်၊ အကောင်းဆုံးသော အနေကို နေထိုင်ကြသည်။

လူသားတို့၏ ဖခင်ကြီး အာဒမ်(အလိုင်ဟစ္စလာမ်)သည် ကောင်းကင်တမန်များ၏ အရိုအသေပြုခြင်းကိုပင် ခံခဲ့ရသည်။ လူသားတို့တွင် နောက်ဆုံးပွင့်တော်မူသော တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဖန်ဆင်းခံအပေါင်းတို့၏ အထွတ်အထိပ်ပင်ဖြစ်တော်မူသည်။ ➤➤

يَوْمَ نَدْعُوا۟ كُلَّ أُنَاسٍۭ بِإِمَٰمِهِمْ ۖ فَمَنْ أُوتِىَ كِتَٰبَهُۥ بِيَمِينِهِۦ فَأُو۟لَٰٓئِكَ يَقْرَءُونَ كِتَٰبَهُمْ وَلَا يُظْلَمُونَ فَتِيلًا ﴿٧١﴾

၇၁။ အကြင်နေ့တွင် ငါအရှင်မြတ်သည် လူသားအားလုံးတို့ကို ၎င်းတို့၏ ရှေ့ဆောင်တို့နှင့်တကွ (မှတ်တမ်းများနှင့်တကွ) ခေါ်ယူတော်မူအံ့။ ထိုအခါ မိမိတို့၏မှတ်တမ်းများကို မိမိတို့ လက်ယာလက်သို့ ပေးခြင်းခံကြရသော [၁] သူတို့မှာမူကား မိမိတို့၏မှတ်တမ်းများကို (ဝမ်းမြောက်ဝမ်းသာ) ဖတ်ကြကုန်အံ့။ ၎င်းပြင် ထိုသူတို့သည် စိုးစဉ်းမျှပင် မတရားပြုလုပ်ခြင်းကို ခံကြရမည် မဟုတ်ပေ။

وَمَن كَانَ فِى هَٰذِهِۦٓ أَعْمَىٰ

၇၂။ စင်စစ် မည်သူမဆို ဤပစ္စုပ္ပန်လောကီဘဝတွင် မျက်စိကန်းသူဖြစ်ခဲ့လျှင်၊ ထိုသူသည် နောင်တမလွန်ဘဝတွင်လည်း ကန်းသူသည်လည်းကောင်း၊ (မှန်ကန်သောလမ်းမှ) ပို၍ဝေးသူသည်လည်းကောင်း၊ ဖြစ်အံ့သတည်း။ [၂]

➤➤ အချုပ်အားဖြင့်ဆိုရသော် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အဖန်ဆင်းခံ မြောက်မြားစွာတို့ထက် အဖက်ဖက်တွင် အသာပေးထားတော်မူသည်။ သို့ဖြစ်ပေရာ လူသားတို့သည် မိမိတို့၏ ကျေးဇူးရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များကို ဦးလည်မသုံ လိုက်နာကျင့်သုံးကြရပေမည်။ ကျေးဇူးသိတတ်ရာ၏။ ကျေးဇူးမကန်းရာ။ ကျေးဇူးရှင်အား ကျေးမစွပ်ရာ။

① **လက်ယာနှင့်လက်ဝဲ**

လူသားတို့သည် လူသဘာဝအလျောက် ရရှိထားသည့် မြင့်မြတ်မှုဂုဏ်ကို တာဝန်သိသိ သစ္စာရှိရှိ အာဘယ်မျှ ထိန်းသိမ်းခဲ့ကြသည်၊ အာဘယ်မျှ ဖျက်ဆီးခဲ့ကြသည်။ မည်သူမည်ဝါတို့က ထိန်းသိမ်းခဲ့ကြသည်၊ မည်သူမည်ဝါတို့က ဖျက်ဆီးခဲ့ကြသည်များကို ကိယာမတ်နေ့တွင် ၎င်းတို့၏သက်ဆိုင်ရာမှတ်တမ်းများတွင် ထင်းထင်းနှင့် ရှင်းရှင်းပေါ်လျက်ရှိချေမည်။

ကိယာမတ်နေ့တွင် လူတိုင်းလူတိုင်း၊ အုပ်စုတိုင်းအုပ်စုတိုင်းသည် လူ့လောကတွင်ရှိခဲ့ကြစဉ် မိမိတို့ဆည်းကပ် ကိုးကွယ်ခဲ့ကြသော အကြီးအကဲများ၊ ရှေ့ဆောင်ရှေ့ရပ်များနှင့်အတူတကွ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ လာကြရပေမည်။

ဥပမာ-မုအ်မင်န်များသည် မိမိတို့၏ သက်ဆိုင်ရာနဗီများ၊ သာသနာ့ရှေ့ဆောင်ရှေ့ရပ်များနှင့်အတူလည်းကောင်း၊ ကာဖိရ်များသည်လည်း ၎င်းတို့၏ အကြီးအကဲများ ရှေ့ဆောင်ရှေ့ရပ်များ၊ ရွှဲတွာန်များ၊ ကိုးကွယ်ရာအတုများနှင့် အတူလည်းကောင်း၊ လာကြရပေမည်။ သို့ရောက်ရှိလာကြသည့်အခါ လူတိုင်းလူတိုင်းသည် လူ့လောကတွင် ရှိစဉ် မိမိတို့ပြုမူ ကျင့်ကြံမှုများနှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို အသီးသီးရရှိကြပေမည်၊ ➤➤

فَهُوَ فِي الْآخِرَةِ أَعْمَىٰ وَأَضَلُّ سَبِيلًا ﴿٧٢﴾

တစ်နည်း။

ၔင်းပြင် အကြင်သူသည် ဤပစ္စက္ခဘဝတွင် လွတ်မြောက်ရာ တရားလမ်းစဉ်ကို မြင်ခြင်းမှ ကန်းနေခဲ့ပါလျှင် ထိုသူသည် နောင်တမလွန်ဘဝတွင်လည်း (လွတ်မြောက်ရာ စခန်းသို့မရောက်ဘဲ) ကန်း၍ပင်နေပေမည်။ ၔင်းပြင် ထိုသူသည်(ပစ္စက္ခနှင့်စာလျှင် နောင်တမလွန်ဘဝတွင်) တရားလမ်းနှင့်ပို၍ပင် ဝေးသူဖြစ်နေပေမည်။ ကြည့်-ထာနဝီ။

➢➢ အချို့သည် ရှေ့မှလက်ယာလက်တွင် အပေးခံကြရမည်၊ အချို့သည် နောက်မှ လက်ဝဲလက်တွင် အပေးခံကြရမည်ဖြစ်သည်။

လက်ယာတွင် မှတ်တမ်းအပေးခံရသောသူများသည် အလွှာဟ်အရှင်မြတ် နှစ်မြို့တော်မူသော သူမွန်သူမြတ်များ ဖြစ်ကြပေမည်။ လက်ဝဲတွင် မှတ်တမ်းအပေးခံရသောသူများသည် အလွှာဟ်အရှင်မြတ် နှစ်မြို့တော်မမူသော သူယုတ်မာများဖြစ်ကြပေမည်။ တစ်နည်းအားဖြင့် မှတ်တမ်းများကို လက်ယာ လက်ဝဲ ခွဲခြားပေးခြင်းသည် သူတော်နှင့် သူယုတ်ကို ခွဲခြားပြသည့် မျက်မြင်နိမိတ်လက္ခဏာတစ်ရပ်ပင် ဖြစ်ချေသည်။

လက်ယာ၌ မှတ်တမ်းအပေးခံရသော သူတော်စင်များသည် (အောင်လက်မှတ်ရသော ကျောင်းသားများ အလား) မိမိတို့၏ မှတ်တမ်းများကို ဝမ်းသာဆဲ့ အပြုံးကြိုးပြုံးကာ မိမိတို့ကိုယ်တိုင်လည်း ဖတ်ကြမည်၊ သူတစ်ပါးအားလည်း ဖတ်ရန်ပြကြပေမည်၊ ကြည့်-ကုရ်အာန်(ဖဒ္ဓးဒ၉-၂၄)။

လက်ဝဲ၌ မှတ်တမ်း အပေးခံရသော သူယုတ်တို့ကား (ကြိုးမိန့်ကျသော တရားခံအလား) ရင်တဖိုဖို ရှိကြချေမည်။ ရှေ့အာယာတ်တော်တွင် ၎င်းတို့၏ အကြောင်းများကိုပင် မိန့်ဆိုထားတော်မူသည်။

လက်ယာသမားနှင့်လက်ဝဲသမားတို့၏ အကြောင်းကို ကုရ်အာန်ကျမ်းမြတ်(၅၆း၁-၇၄။ဖဒ္ဓး၁၉၊၃၇။ ၉၀း၁၇-၂၀)တွင်လည်း အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။

ⓙ ဆိုလိုသည်ကား အကြင်သူတစ်ဦးသည် ဤပစ္စက္ခဘဝတွင် တရားလမ်းကို မမြင်ဘဲ ကန်းနေခဲ့သော်၊ ထိုသူသည် ကိယာမတ်နေ့တွင်လည်း ဂျန္နတ်၏ လမ်းကိုမမြင်ဘဲ ကန်း၍ပင်နေပေမည်။ ဂျန္နတ်နှင့်လည်း အလွန်ဝေးကွာပေမည်။ ဤကား လက်ယာမဟုတ် လက်ဝဲ၌ မှတ်တမ်းပေးခံရသော သူယုတ်မာတို့၏ အဖြစ်တည်း။

"လမ်းနှင့်ပို၍ပင် ဝေးကွာသွားပေမည်" ဟူသော အာယတ်တော်ကိုအချို့က လူလောကတွင် တစ်စုံတစ်ရာ လစ်ဟင်းမှေ့မှားသွားပါက ပြန်လည်ပြုပြင် ဖြည့်စွက်နိုင်ပေသေးသည်။

နောင်တမလွန် ဘဝတွင်မူကား မိမိ၏လစ်ဟင်းမှု မှားယွင်းမှုများကို ပြုပြင်နိုင်ရန် ဖြည့်စွက်နိုင်ရန် အကြောင်း အလျှင်း မရှိပေ။ ထို့အတွက် ထိုသူသည် လမ်းနှင့်ပို၍ပင် ဝေးကွာ သွားပေမည်ဟူ၍ ဖွင့်ဆိုကြသည်။

وَإِن كَادُوا لَيَفْتِنُونَكَ عَنِ الَّذِي أَوْحَيْنَا إِلَيْكَ لِتَفْتَرِيَ عَلَيْنَا غَيْرَهُ ۖ وَإِذًا لَّاتَّخَذُوكَ خَلِيلًا ﴿٧٣﴾

၇၃။ စင်စစ်ဧကန် ငါအရှင်မြတ်သည် အသင့်ထံသို့ ပို့တော်မူခဲ့သောအမိန့်တော်မှတစ်ပါးကို ငါအရှင်မြတ် အပေါ်၌ အသင် လိဆယ်ပြောဆိုအံ့သောငှာ ၎င်းတို့သည် အသင့်အား ယင်းအမိန့်တော်မှ *ချွတ်ချော်တိမ်းပါးစေအံ့ဆဲဆဲပင် ဖြစ်ခဲ့ကြကုန်၏။* [၃] ထိုအခါ ၎င်းတို့သည် အသင့်အား ရင်းနှီးသောအားဖြင့် အဆွေခင်ပွန်းပြုလုပ်ခဲ့ကြမည်အမှန်ပင်။

وَلَوْلَا أَن ثَبَّتْنَاكَ لَقَدْ كِدتَّ تَرْكَنُ إِلَيْهِمْ شَيْئًا قَلِيلًا ﴿٧٤﴾

၇၄။ စင်စစ်ဧကန် အကယ်၍သာ ငါအရှင်မြတ်သည် အသင့်အား ရပ်တည်စေတော်မမူခဲ့လျှင် မလွဲဧကန် အသင်သည် ၎င်းတို့ဘက်သို့ ယိမ်းယိုင်အံ့ဆဲဆဲ *ဖြစ်သွားခဲ့ပေမည်။* [၄]

---

③ **လောကီအကျိုးပြု၍ မြူဆွယ်သောကာဖိရ်များအား တမန်တော်မြတ်၏အဖြေ။**

အမှန်တရားကို မမြင်လိုသော အချို့အကန်းများသည် အလွန်ဆိုးသွမ်း၊ ယုတ်မာကြသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင် တရားလမ်းမှန်မှ ချွတ်ချော်ယိမ်းယိုင်နေကြသည်သာမက၊ တရားလမ်းမှန်ပေါ်၌ မယိမ်းမယိုင် ကျောက်တိုင်ပမာ ရပ်တည်နေကြသော သူတော်စင်အမိပတိကြီးများကိုပင် ချွတ်ချော်ယိမ်းယိုင်စေရန် ကြိုးပမ်းအားထုတ်ကြပေသည်။

မက္ကာမြို့သား ကာဖိရ်များသည် တမန်တော်မြတ်အားပင်လျှင် ချွတ်ချော်ယိမ်းယိုင်သွားစေရန် အမျိုးမျိုး မြူဆွယ်ခဲ့ကြသေးသည်၊ ၎င်းတို့က တမန်တော်မြတ်အား ကုရ်အာန်ကျမ်းမြတ်လာ အာယတ်တော်များအနက် အချို့အဝက်ကို ၎င်းတို့အား ငဲ့ကွက်၍ ပြောင်းလဲပေးရန် သို့မဟုတ် လုံးဝ ထုတ်ပစ်ရန် ပြောဆိုခဲ့ကြသည်။ တစ်ခါတစ်ရံ ရာထူးဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ ဥစ္စာပစ္စည်းဖြင့် လည်းကောင်း၊ တစ်ခါတစ်ရံ မိန်းမချောမိန်းမလှတို့ဖြင့်လည်းကောင်း၊ မြူဆွယ်ခဲ့ကြသည်။ တစ်ခါတစ်ရံ ၎င်းတို့ကိုးကွယ်ရာ ရုပ်လုံးများနှင့် စပ်လျဉ်းသည့် အာယတ်တော်များကို ကုရ်အာန်ကျမ်းမြတ်မှ နှုတ်ပယ်ထားလျှင် ကျွန်ုပ်တို့သည် အသင်၏ တပည့်ခံကြပါမည်ဟု ပြောဆိုခဲ့ကြသည်။

(မပြောကောင်းမဆိုအပ်) အကယ်၍သာ၊ တမန်တော်မြတ်သည် ယင်းကာဖိရ်တို့၏ စကားကို လိုက်လျောခဲ့မိပါလျှင်၊ ၎င်းတို့သည် တမန်တော်မြတ်အား မိမိတို့၏ မိတ်ဆွေရင်းချာပြုလုပ်ပြီး ဦးထိပ်တင်ထားကြပေမည်မှာ အမှန်ပင်။ သို့ရာတွင် ယင်းကာဖိရ်တို့၏ ကြိုးပမ်းမှုသည် အချည်းနှီးသာဖြစ်ခဲ့ချေသည်။ ၎င်းတို့၏ အထင်နှင့်အမြင်သည် မိုးမြေတမျှ ကွာခြားလျက်ရှိခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်က ၎င်းတို့အား ယခု အသင်တို့ တင်ပြသောရာထူး၊ ဥစ္စာ၊ မိန်းမချောများကို မဆိုထားဘိ၊ အကယ်၍ အသင်တို့သည် တတ်နိုင်လျှင် ကျွန်ုပ်၏ လက်တစ်ဖက်တွင် နေကိုလည်းကောင်း၊ အခြားတစ်ဖက်တွင် လကိုလည်းကောင်း၊ ပေးအပ်ကြစေအံ့လည်း ကျွန်ုပ်သည် မိမိအား အလွှာဟ်အရှင်မြတ်က ပေးအပ်တော်မူသည့် ➤➤

إِذًا لَّأَذَقْنَٰكَ ضِعْفَ ٱلْحَيَوٰةِ وَضِعْفَ ٱلْمَمَاتِ ثُمَّ لَا تَجِدُ لَكَ عَلَيْنَا نَصِيرًا ﴿٧٥﴾

၇၅။ ထိုအခါ ငါအရှင်မြတ်သည် အသင့်အား ဤအသက်ရှင်လျက်ရှိသော ပစ္စုပ္ပန်ဘဝ၏ နှစ်ဆနှင့် သေလွန်ပြီးနောင်ဘဝတွင် (ပြစ်ဒဏ်)နှစ်ဆကို မုချမြည်းစမ်းစေတော်မူမည်။ [၁] ထို့နောက် အသင်သည် ငါအရှင်မြတ်နှင့်ဆန့်ကျင်၍ မိမိတို့အဖို့ ကူညီစောင်မမည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိလိမ့်မည်မဟုတ်ပေ။

➤➤ မွန်မြတ်သည့်တာဝန်ကိုမူ အနည်းငယ်စိုးစဉ်းမျှပင် စွန့်လွှတ်မည်မဟုတ်၊ ကျွန်ုပ်သည် အသက်ထက်ဆုံး မိမိ၏တာဝန်ကို မမှိတ်မသုန် ဆောင်ရွက်သွားမည်သာဖြစ်သည်ဟု ပွင့်လင်းစွာ ဖြေကြားတော်မူလိုက်လေသည်။

ⓙ (ركون) "ရုကန်" ဟူသည် အနည်းငယ်ယိမ်းယိုင်ခြင်း၊ စိတ်ဓာတ်အနည်းငယ် ယိမ်းယိုင်ခြင်းကို ဆိုလိုသည်။ ယင်းပုဒ်နှင့်တွဲ၍ "အနည်းငယ်မျှ" ဟူသောပုဒ်ကို ဒွန်တွဲသုံးနှုန်းထားတော်မူရာ ယခင် အနည်းငယ်သည် ပို၍ပင် နည်းသွားလေသည်။ ထို့နောက် တစ်ဖန် ယင်းပုဒ်၏အစတွင် (لَقَدْ كِدْتَّ) ဟူသော ကြိယာကို သုံးနှုန်းထားတော်မူပြန်ရာ အနည်းငယ် ယိမ်းယိုင်သွားမှုသည် နည်းသည်ထက်နည်းသွားရာမှ ထပ်မံနည်းသွားပြန်ရာ မရှိလောက်အောင်ပင် နည်းသွားလေသည်။

ဆိုလိုသည်ကား တမန်တော်မြတ်သည် "မအ်ဆူမ်" ဖြစ်တော်မူသည်။ အပြစ်အပေါင်းမှ ထိန်းသိမ်းကာကွယ်ပေးတော်မူခြင်းကို ခံရတော်မူသော ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ တမန်တော်မြတ်သည် ကာဖိရ်၊ မုရ်ရစ်က်တို့အား အစွလာမ်အတွင်းသို့ ဝင်ရောက်လာကြသည်ကို အထူးလိုလားတော်မူသည်။ တစ်ဖက်တွင် ကာဖိရ်၊ မုရ်ရစ်က်၏ ပရိယာယ်များသည် အလွန်ကြီးမားလှသည်။

အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ထိန်းသိမ်းတော်မမူပါက တမန်တော်မြတ်သည်ပင်လျှင် လူသဘာဝအလျောက် ယင်းကာဖိရ်များဘက်သို့ မပြောပလောက်သည့် ယိမ်းယိုင်မှုမျိုးဖြင့် (မပြောကောင်းမဆိုအပ်) ယိမ်းယိုင်လုနီးပါး ဖြစ်သွားတော်မူနိုင်ပေသည်။ သို့ရာတွင် ယခုမူ အလ္လာဟ်အရှင်မြတ်၏ ကာကွယ်ထိန်းသိမ်းမှုကြောင့် တမန်တော်မြတ်၌ ထိုသည့် မပြောပလောက်သည့် ယိမ်းယိုင်မှုသည်ပင်လျှင် မပေါ်ပေါက်ခဲ့ပေ။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်၏ တာဝန်ဝါတရားသည် အဘယ်မျှ တည်ကြည်သည်ကို ကောင်းစွာသိရှိနိုင်ပေသည်။

ⓘ ပြစ်မှုတစ်ခုသည် တာဝန်မရှိသော သာမန်ပုဂ္ဂိုလ်များအဖို့ အပြစ်မကြီးလှသော်လည်း တာဝန်ရှိသော ပုဂ္ဂိုလ်များ အကြီးအကဲများအဖို့မှာကား ကြီးလေးလှပေသည်။ ဥပမာ-အာလင်မ်တစ်ပါးနှင့် ဂျာဟစ်လ် တစ်ယောက်၏အပြစ်သည် မတူပေ၊ ကျွန်မိန်းမနှင့် လွတ်လပ်သောအမျိုးသမီးများ၏ အပြစ်ချင်းသည်မတူပေ၊ (ကြည့်-ကုရ်အာန်၊ ၄:၂၅)။ သာမန်အမျိုးသမီးများနှင့် တမန်တော်မြတ်၏ ကြင်ရာတော်များ၏ အပြစ်ချင်းလည်း မတူပေ။ (ကြည့်-ကုရ်အာန် ၃၃:၃၀)။ လူသာမန်တို့နှင့် တမန်တော်များ၏ အပြစ်ချင်းလည်း မတူပေ၊ တမန်တော်မြတ်သည် အမြင့်မြတ်ဆုံး တာဝန်အကြီးဆုံးရှိသော ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်၊ အမြင့်မြတ်ဆုံး ဖြစ်တော်မူသည့်အလျောက် တာဝန်ပျက်ကွက်တော်မူပါက ပြစ်ဒဏ်မှာလည်း သူတစ်ပါးနှင့်မတူအောင် ခံစားတော်မူရမည်ဖြစ်သည်။ ➤➤

وَإِن كَادُوا۟ لَيَسْتَفِزُّونَكَ مِنَ ٱلْأَرْضِ لِيُخْرِجُوكَ مِنْهَا وَإِذًا لَّا يَلْبَثُونَ خِلَٰفَكَ إِلَّا قَلِيلًا ﴿٧٦﴾

سُنَّةَ مَن قَدْ أَرْسَلْنَا قَبْلَكَ مِن رُّسُلِنَا وَلَا تَجِدُ لِسُنَّتِنَا تَحْوِيلًا ﴿٧٧﴾

၇၆။ စင်စစ်ဧကန် ၎င်းတို့သည် အသင့်အား ဤနိုင်ငံမှနှင်ထုတ်ကြရန် ခြောက်လှန့်အံ့ဆဲဆဲ ဖြစ်ခဲ့ကြကုန်၏။ စင်စစ် ထိုအခါ ၎င်းတို့သည်လည်း အသင်၏နောက်တွင် အနည်းငယ်မျှ (အချိန်ကာလ)မှ တစ်ပါး၊ နေနိုင်ကြမည်မဟုတ်ပေ။ [၁]

၇၇။ အကြင်သူတို့နှင့်ပတ်သက်သော (ငါအရှင်မြတ်၏) စည်းကမ်းကဲ့သို့ပင်။ [၂] ထိုသူတို့အား ငါအရှင်မြတ်သည် အသင်၏အလျင် မိမိ ရွာလတမန်တော်များအနက်မှ စေလွှတ်တော်မူခဲ့၏။ [ငါအရှင်မြတ်သည် အသင်၏အလျင် မိမိရွာလတမန်တော်များအနက်မှ စေလွှတ်တော်မူခဲ့သော ရွာလတမန်တော်များနှင့် ပတ်သက်သော ထုံးတမ်းစဉ်လာကဲ့သို့ပင်]။

➤➤ ထို့အတွက်ကြောင့်လည်း ဤအာယတ်တော်တွင် တမန်တော်မြတ်နှင့်ပတ်သက်၍ (မပြောကောင်း မဆိုအပ်) တမန်တော်မြတ်သည် ကာဖိရ်တို့၏ စကားများဘက်သို့ အနည်းငယ်စိုးစဉ်းမျှပင် ယိမ်းယိုင်သွားမိတော်မူပါက အလွန်ဘဝအရှင်မြတ်သည် တမန်တော်မြတ်အား ဤပစ္စက္ခတွင်လည်း အပြစ် နှစ်ဆ၊ နောင်တမလွန်ဘဝတွင်လည်း အပြစ် နှစ်ဆပေးတော်မူမည်ဟု ကြောက်မက်ဖွယ်ရာ မိန့်ဆို သတိပေးထားတော်မူခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် အမြဲတစေ (اللهم لا تكلني الىٰ نفسى طرفة عين) "အို-အလွှာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား မျက်စိတစ်မှိတ်မျှပင် ကျွန်တော်မျိုး၏စိတ်သို့လွှဲအပ်တော်မမူပါလင့်" ဟု ဆုပန်ကြားတော်မူလေ့ရှိသည်။ ဆိုလိုသည်ကား အရှင်မြတ်သည် ကျွန်တော်မျိုးအား အမြဲထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်တော်မူပါဟူ၏။

① ကာဖိရ်များသည် တမန်တော်မြတ်အား ခြောက်လှန့်၍တစ်မျိုး၊ နှိပ်စက်၍တစ်ဖုံ၊ နည်းမျိုးစုံတို့ဖြင့် မက္ကာမြို့တော်မှ နှင်ထုတ်ရန်ကြိုးစားခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့ သိထားရမည်မှာ တမန်တော်မြတ်အား မက္ကာမြို့တော်မှ နှင်ထုတ်ကြပြီးနောက် ၎င်းတို့ကိုယ်တိုင်လည်း မက္ကာမြို့တော်တွင် ကြာမြင့်စွာနေနိုင်ကြမည်မဟုတ်ပေ။ ဤအတိုင်းပင် လက်တွေ့လည်း ဖြစ်ပေါ်လာခဲ့ပေသည်။ တမန်တော်မြတ်သည် ယင်းကာဖိရ်များ၏နှိပ်စက်ညှဉ်းပန်းမှုများကြောင့် မက္ကာမြို့မှ မဒီနာမြို့သို့ ဟစ်ဂျရတ်ပြုလုပ်တော်မူခဲ့ရလေသည်။ သို့ ဟစ်ဂျရတ်ပြုလုပ်တော်မူပြီးနောက် (၂)နှစ်အတွင်းမှာပင် ဗဒ်ရ်စစ်ပွဲဖြစ်ပွားခဲ့၏။ ဗဒ်ရ်စစ်ပွဲတွင် မက္ကာမြို့ရှိ ကာဖိရ်အကြီးအကဲအားလုံးလိုလိုပင် မရှုမလှ သေကြေပျက်စီးသွားခဲ့ကြလေသည်။ ထို့နောက် (၅)နှစ် (၆)နှစ် အတွင်းမှာပင် မွတ်စ်လင်မ်တို့သည် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်ခဲ့ကြလေသည်။ နောက်ဆုံး နှစ်အနည်းငယ်အတွင်းမှာပင် မက္ကာမြို့တော်၌သာမဟုတ် အာရေဗျကျွန်းဆွယ်တစ်ခုလုံး၌ပင် အစ္စလာမ်၏ ရန်သူဟူ၍ တစ်ယောက်မျှပင် မနေနိုင်တော့ပေ။

أَقِمِ الصَّلَوٰةَ لِدُلُوكِ الشَّمْسِ إِلَىٰ غَسَقِ اللَّيْلِ وَقُرْءَانَ الْفَجْرِ ۖ إِنَّ قُرْءَانَ الْفَجْرِ كَانَ مَشْهُودًا ﴿٧٨﴾

၇၈။ (အို-နဗီတမန်တော်) အသင်သည် နေမွန်းလွဲချိန်မှစ၍ ည၌်မှောင်ချိန်အထိ ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ၊ ၎င်းပြင် မိုးသောက်ချိန် ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ [၁] ဧကန်မလွဲ မိုးသောက်ချိန် ဆွလာတ်ဝတ်ပြုမှုသည် (မလာအိကဟ် ကောင်းကင်တမန်များ) လာရောက်ချိန်ပင် ဖြစ်ချေသတည်း။ [၂]

---

(၂) အလ္လာဟ်အရှင်မြတ်၏ စွန့်တော်ကား အခြားမဟုတ်၊ မြို့ရွာတစ်ခုတွင် တမန်တော်အား နှင်ထုတ်လျှင်၊ သတ်ဖြတ်လျှင်၊ ထိုမြို့ရွာသားများလည်း ထိုရွာတွင် ကြာရှည်စွာ နေကြရသည် မရှိချေ။ ထိုသို့သော ရွာသားတို့အား အလ္လာဟ်အရှင်မြတ်သည် ပြစ်ဒဏ်ခတ်တော်မူသည်၊ သို့မဟုတ် ၎င်းတို့၏အပေါ် ၎င်းတို့၏ ရန်သူများအား လွှမ်းမိုးစေတော်မူသည်။ သို့မဟုတ် ၎င်းတို့အပေါ်၌ ၎င်းတို့ နှင်ထုတ်လိုက်သော သို့မဟုတ် သတ်ဖြတ်လိုက်သော တမန်တော်၏ နောက်လိုက်တပည့်သားများအား အောင်နိုင်စေတော်မူသည်။

(၁) တမန်တော်မြတ်သည် ကာဖိရ်၊ မုရ်ရုစ်ဂ်ိတ်တို့၏ သွေဖည်မှု၊ မလိုမုန်းတီးမှုများနှင့် ၎င်းတို့၏ အကြံအစည်များကို ဂရုမူရန်မလိုပေ။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ရမည်၊ စနစ်တကျ အချိန်မှန်မှန် ဆွလာတ်ဝတ်ပြုရမည်၊ ဆွလာတ်ဝတ်ပြုခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့် အဆက်အသွယ်ထားခြင်းပင်ဖြစ်သည်။ ထိုအရှင်မြတ်နှင့် အဆက်အသွယ်ထားခြင်းသည် ဘေးဒုက္ခအပေါင်းကို ကင်းဝေးစေနိုင်သည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ်(၂၄၅-၄၆)တွင် မိန့်ဆိုထားတော်မူသည်။

ဆွလာတ်ငါးကြိမ်။

ဤအာယတ်တော်ကို စဉ်းစားဆင်ခြင်ပါက ဆွလာတ်ငါးကြိမ်သည် ဤအာယတ်တော်တွင် အကျုံးဝင်နေသည်ကို တွေ့ရှိရပေမည်။

ဤအာယတ်တော်တွင် ဆွလာတ် ငါးကြိမ်စလုံး အကျုံးဝင်လျက်ရှိသည်။ မွန်းလွဲချိန်တွင် ဇိုဟရ်နှင့် အတ်ဆွရ် အကျုံးဝင်သည်။ ည၌်မှောင်ချိန်တွင် မဃ်ရစ်ဗ်နှင့် အီရှာအကျုံးဝင်သည်။ မိုးသောက်ချိန်တွင် ဖဂျ်ရ် အကျုံးဝင်သည်။ မအာလင်မ်။

(၂) ဟဒီးဆ်တော်များတွင် လာရှိသည်မှာ နေ့တာဝန်ကျသော ကောင်းကင်တမန်များနှင့် ည၌်တာဝန်ကျသော ကောင်းကင်တမန်များသည် ဖဂျ်ရ်နှင့် အတ်ဆွရ်အချိန်များတွင် တာဝန်လွှဲပြောင်း ကြသည်။ ထို့အတွက် ထိုအချိန်-၂-ခုစလုံးတွင် နေ့တာဝန်ကျသော ကောင်းကင်တမန်များနှင့် ည၌်တာဝန်ကျသော ကောင်းကင်တမန်များသည် ဆုံမိကြသည်၊ စုရုံးမိကြသည်။ သို့အားဖြင့် ထိုအချိန်များတွင် ဆောက်တည်သော ဆွလာတ်ဝတ်ပြုမှုကို နေ့တမန်၊ ည၌်တမန်များအားလုံးပင် တွေ့မြင်သွားကြရပေသည်။ ဤသည် ဆွလာတ်ဝတ်ပြုသူများအဖို့ ပို၍ပင် ကြည်နူးဖွယ်ရာ ဖြစ်ပေသည်။

ထိုအချိန်တွင် ပြန်သွားကြသော ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် "အရှင်မြတ်၏ ကျွန်များသည် ကျွန်တော်မျိုးတို့သွားခဲ့စဉ်ကလည်း ဆွလာတ်ဝတ်ပြုလျက်ရှိကြပါသည်၊ ကျွန်တော်မျိုးတို့ ပြန်လာခဲ့စဉ်ကလည်း ဆွလာတ်ဝတ်ပြုလျက်ပင်ရှိကြပါသည်"ဟု မိမိတို့ကိုယ်တွေ့များကို ➤➤

وَمِنَ ٱلَّيۡلِ فَتَهَجَّدۡ بِهِۦ نَافِلَةً لَّكَ ۖ عَسَىٰٓ أَن يَبۡعَثَكَ رَبُّكَ مَقَامٗا مَّحۡمُودٗا ٧٩

၇၉။ ထို့မှတစ်ပါး(အို-နဗီတမန်တော်) အသင်သည် ညဉ့်၌တစ်ဖန် "တဟဂ္ဇ်ဂျုဒ်ဆွလာတ်" [၁] ကိုလည်း မိမိ၌အပို(တာဝန်)အဖြစ် ဆောက်တည်ပါလေ၊ အမှန်စင်စစ် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် "မကာမု မဟ်မူဒ်" [၂] သို့ အသင့်အား ပို့တော်မူအံ့သတည်း။

➤➤ လျှောက်ထားသက်သေခံကြပေမည်။ ထို့ပြင်တစ်ဝ ဖဂျ်ရ်အချိန်သည် စိတ်အလွန်ကြည်နူးဖွယ်ရာကောင်းသော အချိန် ဖြစ်ပေသည်။

① "တဟဂ္ဇ်ဂျုဒ်" ဟူသော သဒ္ဒါသည် ညဉ့်တွင် အိပ်ရာမှ နိုးထခြင်းအနက်ကို ဟောသည်။ သို့ရာတွင် ရှရီအတ်တွင် ညဉ့်သန်းခေါင်ယံအချိန် နိုးထ၍ ဆွလာတ်တဟဂ္ဇ်ဂျုဒ် ဝတ်ပြုခြင်းကို ဆိုလိုသည်။

တဟဂ္ဇ်ဂျုဒ်သည် တမန်တော်မြတ်အဖို့ ဆွလာတ်ငါးကြိမ်အပြင် ဖရဿွ် တာဝန်အဖြစ်နှင့်သော်လည်းကောင်း၊ နဖ်လ်(အပို)အဖြစ်နှင့်သော်လည်းကောင်း၊ တာဝန်ရှိခဲ့သည်။ အွမ္မတ်သားတို့ အဖို့မှာကား ဖရဿွ်မဟုတ်၊ နဖ်လ်သာ ဖြစ်သည်။

တဟဂ္ဇ်ဂျုဒ်သည် မလွယ်ကူပေ၊ ညဉ့်အချိန် အိပ်ရာမှနိုးထ၍ ဝတ်ပြုရခြင်းဖြစ်သည့်အတွက် တာဝန်ကြီးလေးလှသည်၊ သို့ရာတွင် သို့တာဝန်ကြီးလေးလှသည့် အလျောက် ကုသိုလ်အကျိုးလည်း ကြီးမားလှပေသည်။

သာဝကကြီး အဗူဟုရိုင်ရာဟ်ထဲမှ တစ်ဆင့်ကြားသိရ၏။ တမန်တော်မြတ်အား ဖရဿွ်ဆွလာတ်များနောက် အမြင့်မြတ်ဆုံးသော ဆွလာတ်မှာ အဘယ်ဆွလာတ်ပါနည်းဟု မေးလျှောက်ရာ တမန်တော်မြတ်က ညဉ့်၏ဆွလာတ်(ဝါ)တဟဂ္ဇ်ဂျုဒ်ဖြစ်သည်ဟု ဖြေကြားတော်မူလိုက်လေသည်။ အီဗ်နကဆီရ်။ အ-၃။စ-၅၄။

"တဟဂ္ဇ်ဂျုဒ်' သည် အနည်းဆုံး ၄-ရာက်အတ်၊ အများဆုံး ၁၂-ရာက်အတ်ဖြစ်သည်။ အလျင်းမသင့်က ၂-ရာက်အတ်နှင့်လည်း ပြီးနိုင်ပေသည်။ ညဉ့်သန်းခေါင်ယံ နိုးထပြီး တဟဂ္ဇ်ဂျုဒ် ဆွလာတ်ဝတ်ပြုရန် သတ္တိမရှိပါက ဆွလာတ်အိရှာအပြီးတွင် ဝတ်ပြုနိုင်ပေသည်။ သို့ရာတွင် ညဉ့်သန်းခေါင်ယံဝတ်ပြုခြင်း၏ အကျိုးတမျှကား ရနိုင်မည်မဟုတ်ပေ။ ကြည့်-ဗဟစ်ရှ်တီ ဧဝရ်၊ အ-၂။ စ-၂၈-၂၉။

② သာဝကကြီး အဗူဟုရိုင်ရဟ်ထဲမှ တစ်ဆင့်ကြားသိရ၏။ ထိုသာဝကကြီးက တမန်တော်မြတ်ထံမှ တစ်ဆင့်ကြားသိခဲ့၏။ တမန်တော်မြတ်က မကာမိမဟ်မူဒ်ဟူသည် အကြင်ဌာနပင်ဖြစ်သည်၊ ယင်းဌာနတွင် ကျွန်ုပ်သည် မိမိ၏ အွမ္မတ်သားများအဖို့ အသနားခံပေးမည်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့လေသည်။ အီဗ်နကဆီရ်။

"မကာမိမဟ်မူဒ်" ဟူသည် ဂျွန်ဗ်ဟူရ်အာလင်မ်အများစုကြီး၏ ယူဆချက်အရ (တမန်တော်မြတ်) ရှဖာအတ် အသနားခံပေးတော်မူမည့် ဌာနပင်ဖြစ်သည်။ ဂျတ်ဆ်ဆွာဆ်။

"မကာမိမတ်မူဒ်"၌ တမန်တော်မြတ် ရှဖာအတ် ပြုလုပ်တော်မူမည့်အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်(၂:၄၈)၏အဖွင့်၊ အောက်ခြေတွင်လည်း ရေးသားခဲ့ပေပြီ။ အကျယ် သိလိုပါက ခါဇင်နကျမ်းတွင် ရှုပါကုန်။

وَقُلْ رَّبِّ اَدْخِلْنِیْ مُدْخَلَ صِدْقٍ وَّ اَخْرِجْنِیْ مُخْرَجَ صِدْقٍ وَّاجْعَلْ لِّیْ مِنْ لَّدُنْكَ سُلْطٰنًا نَّصِیْرًا ﴿۸۰﴾

၈၀။ ၎င်းပြင် အသင်သည် "အိုဘုရားသခင်-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မဒီနဟ်မြို့တော်သို့) နှစ်သက်ကောင်းမွန်စွာ ဝင်ရောက်စေခြင်းမျိုးနှင့်ဝင်ရောက်စေတော်မူပါ။ ထိုနည်းတူစွာ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မက္ကဟ်မြို့တော်မှ)နှစ်သက်ကောင်းမွန်စွာ ထွက်စေခြင်းမျိုးနှင့် ထွက်စေတော်မူပါ။ [၁] ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိအထံတော်မှ ကူညီစောင်မမည့် အားအင်စိုးမိုးမှုကို ချီးမြှင့်ပေးသနားတော်မူပါ" ဟု လျှောက်ထားလျက်ရှိပါလေ။ [၂]

وَقُلْ جَآءَ الْحَقُّ وَزَهَقَ الْبَاطِلُ ؕ اِنَّ الْبَاطِلَ كَانَ زَهُوْقًا ﴿۸۱﴾

၈၁။ ထို့ပြင် အသင်သည် (ဤသို့) ပြောကြားပါလေ။ "အမှန်သည် ရောက်ရှိလာခဲ့ချေပြီ၊ ၎င်းပြင် အမှားသည် ပျောက်ကွယ်သွားခဲ့လေပြီ၊ ဧကန်မလွဲ အမှားသည် ကွယ်ပျောက်မည့်အရာပင် ဖြစ်ခဲ့ပေသတည်း။ [၃]

---

① ဆိုလိုသည်ကား ဟစ်ဂျ်ရတ်ပြုလုပ်ရန် အချိန်ကျရောက်လာသည့်အခါ ကျွန်တော်မျိုးအား ဟစ်ဂျ်ရတ်ပြုရာဌာနတွင် (ဝါ) မဒီနာမြို့တွင် ကောင်းမွန်အေးချမ်းစွာ ဝင်ရောက်နိုင်စွမ်း ပေးတော်မူပါ၊ ထို့အတူ ကျွန်တော်မျိုးအား ဟစ်ဂျ်ရတ်ပြုလုပ်သည့်အချိန် စတင်ထွက်ခွာရာဌာန(ဝါ) မက္ကာမြို့တော်မှ ကောင်းမွန်အေးချမ်းစွာ ထွက်ခွာနိုင်စွမ်း ပေးတော်မူပါဟူ၏။ ဝင်ရောက်ရာဌာနဟူသည် မဒီနာမြို့ကို ဆိုလိုသည်။ ထွက်ခွာရာဌာနဟူသည် မက္ကာမြို့တော်ကို ဆိုလိုသည်။

② **ဓမ္မစက်နှင့် အာဏာစက်။**

ဆိုလိုသည်ကား အရှင်မြတ်သည် ကျွန်တော်မျိုးအား အရှင်မြတ်၏ ကူညီထောက်မမှုနှင့် ဒွန်တွဲလျက်ရှိသော လွှမ်းမိုးမှုအာဏာ(အစိုးရအာဏာ)တို့ကို ပေးတော်မူပါ၊ သို့မှသာလျှင် အမှန်တရား ထွန်းကားပေမည်။ မမှန်သောတရား ပျောက်ကွယ်ပေမည်။ အမှန်တရားကို သွေဖည်ဆန့်ကျင်၍ ဆိုးသွမ်းသောင်းကျန်းသူများလည်း နိမ့်ကျသွားကြပေမည်။ လူ့လောကတွင် ကောင်းကင်မှဖြစ်စေ၊ မြေပြင်မှဖြစ်စေ တရားဥပဒေတစ်ခု ရှိရပေမည်။

ထိုသည့်တရားဥပဒေ တည်ရှိစိုးမိုးရန်အတွက် အစိုးရ၏ အကူအညီ လိုပေသည်။ အဘယ်ကြောင့် ဆိုသော် အချို့သောသူများသည် ခိုင်လုံသော သက်သေသာဓက မှန်ကန်သော သက်သေ အထောက်အထားများနှင့်တကွ အမှန်တရားကို သိမြင်ကြပြီးသည့်နောက်တွင်လည်း အမှန်တရားကို သွေဖည်ကြသည်။ တိုင်းပြည်တွင် ဆူပူသောင်းကျန်းကြသည်။ ထိုသို့သောသူများအား အစိုးရအာဏာနှင့်သာလျှင် ကွပ်ကဲနိုင်ပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၅၇း၂၅)တွင်လည်း ထုတ်ဖော်မိန့်ဆိုထားတော်မူပေသည်။ [ဆိုလိုသည်ကား-ဓမ္မစက်တည်ရန် အာဏာစက်လိုပေသည်။]

وَنُنَزِّلُ مِنَ الْقُرْاٰنِ مَا هُوَ شِفَآءٌ وَّرَحْمَةٌ لِّلْمُؤْمِنِيْنَ ۙ وَلَا يَزِيْدُ الظّٰلِمِيْنَ اِلَّا خَسَارًا ﴿٨٢﴾

၈၂။ စင်စစ် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ အနာရောဂါကင်းပျောက်စေသောအရာကို ချပေးသနားတော်မူလေသည်။ သို့ရာတွင် ထိုအရာသည် မတရားကျူးလွန်သူတို့၌ ဆုံးရှုံးမှုမှတစ်ပါး (အခြားတစ်စုံတစ်ရာ)ကို တိုးပွားစေသည် မဟုတ်ပေ။ ၃

---

② "အမှန်ရောက်ပြီ၊ အမှားပျောက်ပြီ" ဟူသော ဗျာဒိတ်တော်ကျရောက်လာစဉ်၊ မက္ကာမြို့တွင် မွတ်စ်လင်မ်များသည် ကာဖိရ်၊ မုရ်ရစ်က်တို့၏ နိပ်စကည့်ဉ်းပန်းခြင်းများကို အလူးအလိမ့် ခံနေရသော အချိန်ပင်ဖြစ်သည်။ ထိုအချိန်မျိုးတွင် မွတ်စ်လင်မ်များသည် ကာဖိရ်၊ မုရ်ရစ်က်တို့အား လွှမ်းမိုးရန် မျက်မြင်အားဖြင့် အိပ်မက်ပင် မမြင်မက်နိုင်ခဲ့ကြပေ။ ထိုသို့သော အချိန်အခါမျိုး၌ပင် ဤအာယတ်တော် ကျရောက်လာခဲ့လေသည်။ ဆိုလိုသည်ကား – ကုရ်အာန်ကျမ်းမြတ်သည် မုအ်မင်န်တို့အား ကောင်းချီးသတင်းပေးလျက်၊ ကာဖိရ်၊ မုရ်ရစ်က်တို့အား ချေမှုန်းလျက် ရောက်ရှိလာချေပြီ၊ အမှန်တရားရောက်ပြီ၊ အမှားပျောက်ပြီ၊ အစွမ်းအောင်လဲ တလူလူဖြစ်ပြီ။

သို့ဗျာဒိတ်တော်ကျရောက်လာခဲ့သည့်အတိုင်း ကုဖ်ရ်၊ ရှရစ်က် စသည့် မိစ္ဆာတရားများသည် နှစ်အနည်းငယ်အတွင်း မက္ကာမြို့အတွင်းမှာသာမက အာရေဗျကျွန်းဆွယ်တစ်ခုလုံးမှ ပျောက်ခြင်းကြီးမက ပျောက်ကွယ်သွားခဲ့လေသည်။

တမန်တော်မြတ်သည် ဟစ်ဂျ်ရီသက္ကရာဇ်(၈)ခုနှစ်တွင်၊ မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်၍ ကာအ်ဗဟ်ကျောင်းတော်သို့ ကြွရောက်လာတော်မူခဲ့၏။ ထိုအချိန်တွင် ကျောင်းတော်၏ ပတ်ဝန်းကျင်၌ ကာဖိရ်၊ မုရ်ရစ်က်တို့ တည်ထားကိုးကွယ်ခဲ့ကြသော ဆင်းတုတော်(၃၆၀)တိတိ ရှိနေခဲ့သည်။ တမန်တော်မြတ်သည်

(جَآءَ الْحَقُّ وَزَهَقَ الْبَاطِلُ ۭ اِنَّ الْبَاطِلَ كَانَ زَهُوْقًا) (جَآءَ الْحَقُّ وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيْدُ)

ဟူသော အာယတ်တော်ကို ရွတ်ဖတ်တော်မူလျက် မိမိလက်တွင်ပါရှိသော တုတ်ဖြင့် ဆင်းတုတော်များကို ထိုးပုတ်ရာ ဆင်းတုအားလုံးတို့သည် အသီးသီး ပြိုလဲပျက်စီးသွားခဲ့လေသည်။ ကအ်ဗဟ်ကျောင်းတော်မှ ထွက်ပြေးသွားခဲ့သော ကုဖ်ရ်၊ ရှရစ်က် မိစ္ဆာတရားသည် နောက်နောင်ဘယ်သောအခါ၌မျှ ပြန်လာနိုင်တော့မည်လည်း မဟုတ်ပေ။ ဤနည်းအားဖြင့် ကုရ်အာန်ကျမ်းလာ ဗျာဒိတ်တော်သည်အတည်ဖြစ်ခဲ့ချေပြီ။

③ "အမှန်ရောက်၊ အမှားပျောက်" သကဲ့သို့ ကုရ်အာန်ကျမ်းလာ အာယတ်တော်များဖြင့် အတွင်းရောဂါများလည်း ပျောက်ကင်းသွားပေသည်။ စိတ်အတွင်းမှ မှားယွင်းသော အယူအဆ အတွေးအခေါ်များ၊ ညစ်ညမ်းသောအကျင့်များ၊ ဒွိဟသံသယမှုများ ကင်းပျောက်ပြီး အတွင်းစိတ်ဓာတ်သည် စင်ကြယ်သန့်ရှင်း အပြစ်ကင်း၍ ကြည်လင်ရင့်ကျက်ကောင်းမွန်လာပေသည်။ ကုရ်အာန်ကျမ်းလာ အာယတ်တော်များဖြင့် အဇ္ဈတ္တအတွင်းရောဂါများ ပျောက်ကင်းသကဲ့သို့ပင် ဗဟိဒ္ဓအပြင်ရောဂါများပင် ပျောက်ကင်းသည်ကို တွေ့ရှိရပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ရုဟုလ်မအာနီ၊ ဧာဒွလ်မအာဒ် ကျမ်းများတွင် အကျယ်တဝင့် ဖွင့်ရေးသားထားသည်ကို တွေ့ရှိရသည်။

ဆိုလိုသည်ကား စိတ်စေတနာဖြူစင်စွာဖြင့် အီမာန်ယုံကြည်၍ ကုရ်အာန်ကျမ်းမြတ်တည်းဟူသော ရောဂါစုံပျောက်ကင်းစေနိုင်သည့် မဟာဆေးကျမ်းတော်ကို စနစ်တကျအသုံးပြုပါက အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ရုပ်၊ ➤➤

وَإِذَآ أَنۡعَمۡنَا عَلَى ٱلۡإِنسَٰنِ أَعۡرَضَ وَنَـَٔا بِجَانِبِهِۦۖ وَإِذَا مَسَّهُ ٱلشَّرُّ كَانَ يَـُٔوسٗا ٨٣

၈၃။ အမှန်စင်စစ် ငါအရှင်မြတ်သည် လူသား၏ အပေါ်၌ ကျေးဇူး ပြုလေတော်မူသောအခါဝယ်၊ ၎င်းသည် မျက်နှာလွှဲ၍ ဝေးစွာ ဖယ်ရှောင်သွားလေ့ရှိပေသည်၊ သို့ရာတွင် ယင်းလူသား၌ ဘေးဒုက္ခရောက်လေသော် ၎င်းသည် မျှော်လင့်ချက်ကင်းသူ ဖြစ်သွားလေတော့သတည်း။

➤➤ နာမ်၊ အတွင်း၊ အပြင် ရောဂါများ ပျောက်ကင်း၍ အလွှာဟ်အရှင်မြတ်၏ ကရဏာတော်ကို အထူး ခိုလှုံကြရမည်မှာ မုချပင်။ သို့ရာတွင် အကြင်ရောဂါသည် တစ်ဦးသည် မိမိကိုယ်တိုင် မိမိ၏အသက်၏ ရန်သူဖြစ်နေအံ့၊ ဆေးဝါးကုသခြင်းကိုပင် စက်ဆုပ်ရွံရှာ မုန်းတီးအံ့။ ထိုသို့သော ရောဂါသည်သည် ဆေးဝါးကို မှီဝဲမည် မဟုတ်၊ ဝေးစွာရှောင်ရှား၍ နေပေမည်။ ရောဂါသည်လည်း တစ်နေ့တစ်ခြား ဆိုးရွားပြင်းထန်၍ လာပေမည်။ နောက်ဆုံးတွင် ထိုရောဂါသည်သည် အသေဆိုးဖြင့် နိဂုံးချုပ်သွားပေမည်။ ယခုကဲ့သို့ ထိုရောဂါသည် သေဆုံးရခြင်းမှာ ကုရ်အာန်ကြောင့် အလျှင်းမဟုတ်၊ မိမိကိုယ်ကို မိမိသတ်ခြင်းသာဖြစ်သည်။ ဤကား မည်သူမပြု မိမိမူပင်တည်း။ ဤသို့သောသူများနှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ်(၉း၁၂၅)တွင်လည်း ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ သက်ဆိုင်ရာအဖွင့်ကို ပြန်လည်ရှုပါ။

③ <u>လူသဘာဝ။</u>

လူသား၏အဖြစ်သည် အံ့ဖွယ်ပင်၊ အလွှာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ၎င်းအား သုခချမ်းသာမှုများ ပေးသနားတော်မူသည့်အခါ လူသားသည် ကျေးဇူးမသိတတ်ပေ၊ သုခချမ်းသာ ပိုမိုများပြား လာသည်နှင့်အမျှ ကျေးဇူးတော်ရှင်ဘက်မှ သွေဖည်မှုလည်း ပိုမိုများပြားလာပေသည်၊ အမိန့် ပညတ်တော်များကို လိုက်နာကျင့်သုံးရာမှ ကျောပေးမှု၊ ရှောင်ခွာမှုလည်း ပိုမိုများပြားလာပေသည်။ ဤကား လောကီစည်းစိမ်များတွင် နစ်မွန်းနေသောအချိန်၌ လူသား၏ အခြေအနေဖြစ်သည်။

ထို့နောက် မည်သူမပြု မိမိမှုဆိုသကဲ့သို့ လူသား၌ဘေးဒုက္ခများ ဆိုက်ရောက်လာလျှင် ယင်းလူသား သည် မျှော်လင့်ချက် လုံးဝကင်းပြီး ခြေပစ်လက်ပစ် ဘုတ်ထိုင်ထိုင်သွားလေတော့သည်။ ဆိုလိုသည်ကား လူသားသည် သုခဖြစ်သည့်အချိန်တွင်လည်းကောင်း၊ ဒုက္ခဖြစ်သည့်အချိန်တွင်လည်းကောင်း အလွှာဟ်အရှင်မြတ် နှင့် အဆက်အသွယ်မရှိပေ။ သုခဖြစ်သည့်အခါ လောကီစည်းစိမ်များတွင် နစ်မွန်းပြီး အလွှာဟ်အရှင်မြတ်အား မေ့နေလေသည်။ ဒုက္ခရောက်ပြန်သော် မျှော်လင့်ချက်ကင်းပြီး အလွှာဟ်အရှင်မြတ်အား မေ့ပြန်လေသည်။ ဤကား ကျေးဇူးကန်းတို့၏ သဘာဝတည်း။

ဤနေရာတွင် ဤသည့်အကြောင်းကို ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းမှာ ကုရ်အာန်ကျမ်းမြတ်သည် လူသားတို့အဖို့ အလွှာဟ်အရှင်မြတ်၏ အကြီးဆုံးသော ကျေးဇူးတော် တစ်ပါးပင် ဖြစ်သည်။ သို့ပါလျက် အချို့လူသားတို့သည် ကုရ်အာန်ကျမ်းမြတ်ကို တန်ဖိုးမထားကြပေ။ ကုရ်အာန်ကျမ်းလာဒေသနာတော်များကို လျစ်လျူပြုကြသည်။ သွေဖည်ကျောခိုင်းကြသည်။ ယင်းသို့သွေဖည်ကျောခိုင်းသောသူများသည် မိမိတို့၏ ကျေးဇူးကန်းမှု သွေဖည်ကျောခိုင်းမှုများကြောင့် ဘေးဒုက္ခတွေ့ကြသောအခါ၊ လုံးဝမျှော်လင့်ချက်ကင်း၍ ခြေပစ်လက်ပစ် ဘုတ်ထိုင်ထိုင် သွားကြလေသည်။

قُلْ كُلٌّ يَعْمَلُ عَلَىٰ شَاكِلَتِهِۦ ۖ فَرَبُّكُمْ أَعْلَمُ بِمَنْ هُوَ أَهْدَىٰ سَبِيلًا ﴿٨٤﴾

၈၄။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ လူတိုင်းလူတိုင်းသည် မိမိနည်းလမ်းအတိုင်းပင် ကျင့်မူလေ့ရှိပေသည်။ သို့ရာတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မည်သူက လမ်းမှန်ဆုံးသောသူဖြစ်သည်ကို အသိတော်မူဆုံး အရှင်မြတ် ဖြစ်တော်မူလေသတည်း။

وَيَسْـَٔلُونَكَ عَنِ ٱلرُّوحِ ۖ قُلِ ٱلرُّوحُ مِنْ أَمْرِ رَبِّى وَمَآ أُوتِيتُم مِّنَ ٱلْعِلْمِ إِلَّا قَلِيلًا ﴿٨٥﴾

၈၅။ စင်စစ် ၎င်းတို့သည် အသင့်အား 'ရူဟ်'[၁] အသက်ဇီဝိန်နှင့် စပ်လျဉ်း၍ မေးမြန်းကြကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အသက်ဇီဝိန်သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်အတိုင်း ဖြစ်လာသည်။ စင်စစ် အသင်တို့သည် အနည်းငယ်မျှသော အသိပညာကိုသာ ချီးမြှင့်ပေးသနားတော်မူခြင်းခံခဲ့ကြရကုန်သတည်း။

---

① "ရူဟ်" ၏ မူရင်းအနက်မှာ အကြမ်းအားဖြင့် အသက် (ဇီဝိန်၊ ဝိညာဉ်) ဟူ၍ရသည်။ ဤအာယတ်တော်တွင် ပါရှိသော "ရူဟ်" ၏အနက်ကို မုဖတ်စ်စစ်ရ်များသည် ...

(၁) အသက် ဟူ၍လည်းကောင်း၊

(၂) ကောင်းကင်တမန် ဂျိဗ်ရီလ် ဟူ၍လည်းကောင်း၊

(၃) ကုရ်အာန် ဟူ၍လည်းကောင်း။

(၄) အလွန်ကြီးမားအံ့ဖွယ်ရာသော ကောင်းကင်တမန်တစ်ပါး ဟူ၍လည်းကောင်း အမျိုးမျိုးဖွင့်ဆိုကြသည်။

ဤတွင် မော်လာနာထာနဝီ သခင်၏အဖွင့်ကို အောက်တွင် ဖော်ပြလိုပေသည်။

ထာနဝီသခင်၏အဖွင့်။

အမြင်အားဖြင့် ဤအာယတ်တော်တွင်ပါရှိသည့် မေးခွန်းသည် လူသားတို့အား ရှင်စေသော (ရူဟ်) အသက်နှင့်ပင် စပ်လျဉ်းသည် ဟူ၍ သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် "ရူဟ်" ဟူသော ပုဒ်ကို တစ်ပုဒ်ထီးသုံးနှုန်းထားသည့်အခါ ဤအသက်ဟူသောအနက်၌ပင် ကောက်ယူရာ၏။

အဖြေကို ထောက်ရှုခြင်းအားဖြင့် "ရူဟ်" ၏ အဖြစ်ရပ်မှန်ကို အတိအကျ ထုတ်ဖော်မပြခြင်း၏ အကြောင်းမှာ လူသားတို့၏ အသိဉာဏ်နည်းပါးလှခြင်းဖြစ်ကြောင်းနှင့် "ရူဟ်"သည် ထာဝရမဟုတ် အခြားအဖန်ဆင်းခံများကဲ့သို့ အဖန်ဆင်းခံသခ်ါရ ပစ္စည်းတစ်ခုသာဖြစ်ကြောင်း ကောင်းစွာ သိရှိရပေသည်။ ထာနဝီ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အွတ်ဆ်မာနီသခင်က အကျယ်တဝင့် ဖွင့်ဆိုရေးသားထားသည်၊ ➤➤

တနည်း။

စင်စစ် ၎င်းတို့သည် အသင့်အား (စမ်းသပ်လို သောအားဖြင့်) ရူဟ်(၏အဖြစ်အမှန်)ကို မေးမြန်းကြ ကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့ပြောဆို (ဖြေကြား)ပါလေ။ (အချင်းတို့) ရူဟ်(နှင့်စပ်လျဉ်း၍ အကျဉ်းအားဖြင့် ဤသို့ သိထားကြလေကုန်၊ ယင်း ရူဟ်)သည်၊ ငါ့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်အတိုင်း ဖြစ်လာ(သော အရာဝတ္ထုဖြစ်ပေ)သည်။ စင်စစ် (ယင်း၏)အဖြစ်အမှန် မှာမူကား အသင်တို့သည် (မိမိတို့၌ရှိသောအသိဉာဏ် နှင့်အမျှ) အနည်းငယ်လိုအပ်သမျှသော အသိပညာ ကိုသာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရ(သဖြင့် ယင်းရူဟ်၏ အဖြစ်အမှန်ကို သိနားလည်နိုင်ကြမည် လည်း မဟုတ်သောကြောင့်လည်းကောင်း၊ အသင်တို့ အဖို့ လိုအပ်သော ပညာလည်းမဟုတ်သောကြောင့် လည်းကောင်း၊ ဖော်ပြခြင်းမပြုဘဲ ထားရှိခြင်း ဖြစ်) ပေသည်။ ထာနဝီ။

➤➤ အီဗ်နူကိုင်ယင်မ်ကလည်း "ကိတာဗုရ်-ရူဟ်" အမည်ဖြင့် ကျမ်းတစ်စောင် သီးသန့်ရေးသားထားသည်။

ရူဟ်နှင့် စပ်လျဉ်းသည့် အဆိုအရပ်ရပ်အနက် အသင့်မြတ်ဆုံးအဆိုမှာ "ရူဟ်" နှင့် စပ်လျဉ်းသည့် အသိဉာဏ်သည် အလ္လာဟ်အရှင်မြတ်၌သာ ရှိသည်ဟူ၍ ထိုအရှင်မြတ်အား ယုံပုံလွဲအပ်ခြင်းပင် ဖြစ်သည်။ ဤသည် အဟ်လေ့စ္စွန္နတ်၏ အဆိုပင်။

အဗ်ဒွလ္လာဟ် အီဗ်နူ ဗုရိုင်ဒဟ်က "အလ္လာဟ်အရှင်မြတ်သည် ရူဟ်နှင့် စပ်လျဉ်း၍ မည်သည့်ကောင်းကင်တမန်ကိုသော်လည်းကောင်း၊ မည်သည့် တမန်တော်မျှကိုသော်လည်းကောင်း၊ အသိပေးတော်မမူခဲ့ချေ။ ဤသည့်အချက်ကို (قُلِ الرُّوحُ مِنْ أَمْرِ رَبِّي) ဟူသော အာယတ်တော်က ညွှန်းလျက်ရှိသည်။ (၀၊) ရူဟ်သည် အလ္လာဟ်အရှင်မြတ် မိမိအဖို့ သီးသန့်ပြုလုပ်ထားတော်မူသော အရာသာဖြစ်သည်။ (ထိုအရှင်မှ တစ်ပါး အခြားမည်သူမျှ မသိချေ)။ ခါဇင်၏ အ-၄။စ-၁၄၈။

وَلَئِن شِئْنَا لَنَذْهَبَنَّ بِالَّذِيٓ أَوْحَيْنَآ إِلَيْكَ ثُمَّ لَا تَجِدُ لَكَ بِهِۦ عَلَيْنَا وَكِيلًا ﴿٨٦﴾

၈၆။ စင်စစ် အကယ်၍ ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်၏အထံသို့ ငါအရှင်မြတ်ထုတ်ပြန်ချမှတ်တော်မူခဲ့သည့် *(ကုရ်အာန်ကျမ်းတော်မြတ်)*ကို *အမှန်ပင် ပြန်လည်ရုပ်သိမ်းတော်မူပေမည်၊*[1] ထို့နောက် ယင်းကုရ်အာန်ကျမ်းတော်မြတ်နှင့်စပ်လျဉ်း၍ ငါအရှင်မြတ်နှင့် ဆန့်ကျင်သော အားကိုးအားထား တစ်ဦးတစ်ယောက်ကိုမျှပင် အသင် တွေ့ရှိလိမ့်မည် မဟုတ်ပေ။

إِلَّا رَحْمَةً مِّن رَّبِّكَ ۚ إِنَّ فَضْلَهُۥ كَانَ عَلَيْكَ كَبِيرًا ﴿٨٧﴾

၈၇။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကရုဏာတော်အားဖြင့်သာ (ထိုသို့ ရုပ်သိမ်းခြင်းကို ပြုတော်မမူခဲ့ချေ)။ ဧကန်စင်စစ် ထိုအရှင်မြတ်၏ကျေးဇူးတော်ကား အသင်၏အပေါ်၌ ကြီးမားလှပေသတည်း။

---

① **ကုရ်အာန်သည် အမြဲထာဝစဉ်တည်မည်။**

ဆိုလိုသည်ကား ကုရ်အာန်သည် တမန်တော်မြတ် ပြုစုစီရင်ဖန်တီးထားသော ကျမ်းဂန်မဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်တော်သာဖြစ်သည်။ တမန်တော်မြတ်အား ချီးမြှင့်ထားတော်မူသည်။ တမန်တော်မြတ်အား ချီးမြှင့်ထားတော်မူသော ယင်းကုရ်အာန်ကျမ်းမြတ်ကို ထိုအရှင်မြတ် အလိုရှိတော်မူပါက အချိန်မရွေးပြန်လည် ရုပ်သိမ်းတော်မူနိုင်ပေသည်။

သို့ပြန်လည် ရုပ်သိမ်းတော်မူပါက မည်သူတစ်ဦးတစ်ယောက်မျှ ထိုသည့်ကုရ်အာန်ကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်သည်မရှိပေ၊ သို့ရာတွင် တမန်တော်မြတ်အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သည် အတိုင်းမသိ ကြီးမားလှသည့်အတွက်၊ အတိုင်းမသိ ကြီးမားလှသည့် ကုရ်အာန်ကျမ်းမြတ်တည်းဟူသော ကျေးဇူးတော်ကို တမန်တော်မြတ်အား ချီးမြှင့်ထားတော်မူခြင်းဖြစ်သည်။

အဆိုပါ ကုရ်အာန်ကို ပြန်လည်ရုပ်သိမ်းရန်အကြောင်း အလျင်းမရှိပြီ။ ကုရ်အာန်သည် အမြဲထာဝစဉ်တည်မည်။ ယခုကဲ့သို့ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူခြင်းမှာ မိမိ၏ အနန္တ တန်ခိုးတော်ကို ထင်ရှားပြတော်မူရန်နှင့် အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အခြားအဘယ်မျှ ကြီးမားသော ပုဂ္ဂိုလ်ကြီးပင် ဖြစ်စေကာမူ ၎င်းနှင့်တကွ ၎င်း၌ရှိရှိသမျှသော စွမ်းရည်သတ္တိများသည် ထိုပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်း အလျင်းမဟုတ်ကြောင်း၊ အလ္လာဟ်အရှင်မြတ် ခေတ္တအပ်နှင်းထားတော်မူသော အရာသာဖြစ်ကြောင်း ထင်ရှားပြတော်မူရန်ပင် ဖြစ်သည်။

قُلْ لَّئِنِ اجْتَمَعَتِ الْإِنْسُ وَالْجِنُّ عَلٰٓى اَنْ يَّاْتُوْا بِمِثْلِ هٰذَا الْقُرْاٰنِ لَا يَاْتُوْنَ بِمِثْلِهٖ وَلَوْ كَانَ بَعْضُهُمْ لِبَعْضٍ ظَهِيْرًا ﴿٨٨﴾

၈၈။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) စင်စစ်အကယ်၍ လူသားအပေါင်းတို့သည်လည်းကောင်း၊ ဂျင်နအပေါင်းတို့သည်လည်းကောင်း၊ ဤကုရ်အာန်ကျမ်းတော်မြတ်နှင့်တူသော ကျမ်းကို (စီကုံးရေးသား၍) ယူလာရန် စုရုံးကြပြီးလျှင် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းခဲ့ကြားလည်း၊ ၎င်းတို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်နှင့် တူသောကျမ်းကို (စီကုံးရေးသား) ယူဆောင်လာနိုင်ကြမည် အလျှင်း မဟုတ်ပေ။ ၁

وَلَقَدْ صَرَّفْنَا لِلنَّاسِ فِيْ هٰذَا الْقُرْاٰنِ مِنْ كُلِّ مَثَلٍ ۚ فَاَبٰٓى اَكْثَرُ النَّاسِ اِلَّا كُفُوْرًا ﴿٨٩﴾

၈၉။ ၎င်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် လူတို့(သိနားလည်ကြစေအံ့သော)ငှာ ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ဥပမာပုံဆောင်ချက်အလုံးစုံကို နည်းအမျိုးမျိုးဖြင့် မိန့်ကြားထားတော်မူသည်။ သို့တစေလည်း (မက္ကာသားတို့အနက်) အများဆုံးသော သူတို့သည် ငြင်းပယ်မှုမှတစ်ပါး အခြားမည်သည်ကိုမျှ နှစ်သက်ခဲ့ကြသည် မဟုတ်ပေ။ ၂

وَقَالُوْا لَنْ نُّؤْمِنَ لَكَ حَتّٰى تَفْجُرَ لَنَا مِنَ الْاَرْضِ يَنْۢبُوْعًا ﴿٩٠﴾

၉၀။ ထိုမှတစ်ပါး၊၎င်းတို့က (အို-မုဟမ္မဒ်) အသင်သည် ကျွန်ုပ်တို့အဖို့ ပထဝီမြေမှ စမ်းရေချောင်းတစ်ခုကို သွင်သွင်စီးထွက်လာအောင် မပြုလုပ်သမျှကာလပတ်လုံး ကျွန်ုပ်တို့သည် အသင်၏စကားကို အလျှင်း ယုံကြည်လက်ခံကြမည် မဟုတ်ပါဟု ပြောဆိုခဲ့ကြကုန်၏။

---

① **မှတ်ချက်။** ဤကား ကုရ်အာန်ကျမ်းမြတ်၏ တန်ခိုး ပြာဋိဟာတည်း။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် (၂:၂၃-၂၄) နှင့် သက်ဆိုင်ရာအဖွင့်များကို ပြန်လည် ရှုပါကုန်။

② အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် လူသားတို့အား သိနားလည်စေတော်မူရန်နှင့် အလို့ငှာ၊ အနက် အဓိပ္ပါယ် ပြည့်ဝသော စံနမူနာဖြစ်သော ကောင်းမွန်မြင့်မြတ်သော ထိရောက် ဆွဲဆောင်နိုင်သော အကြောင်းများ အဓိန့်ပညတ်တော်များ၊ ဒေသနာတော်များ အမျိုးမျိုး အဖုံဖုံ အပြန်ပြန်အလှန်လှန် ဟောကြားထားတော်မူသည်၊ သို့ပါသော်လည်း ကျေးဇူးမကန်းရလျှင် မနေနိုင်သော ကျေးဇူးကန်းတို့သည် ကျေးဇူးကန်းကြပေသည်။ ဤသို့သော ကျေးဇူးကန်းတို့များကား ဤကမ္ဘာတွင် အမြောက်အမြား ရှိကြပေသည်။

أَوْ تَكُونَ لَكَ جَنَّةٌ مِّن نَّخِيلٍ وَعِنَبٍ فَتُفَجِّرَ الْأَنْهَارَ خِلَالَهَا تَفْجِيرًا ﴿٩١﴾

၉၁။ သို့တည်းမဟုတ် အသင်၌ စွန်ပလွံပင်များနှင့် စပျစ်ပင်များ (ပြည့်စုံစွာ ရှိကုန်သော) ခြံတစ်ခု ရှိရမည်။ ပြီးနောက် အသင်သည် ထိုခြံ၏ အလယ်ဗဟို၌ စမ်းရေချောင်းများ သွင်သွင် စီးထွက်လာအောင် ပြုလုပ်ရမည်။

أَوْ تُسْقِطَ السَّمَاءَ كَمَا زَعَمْتَ عَلَيْنَا كِسَفًا أَوْ تَأْتِيَ بِاللَّهِ وَالْمَلَائِكَةِ قَبِيلًا ﴿٩٢﴾

၉၂။ သို့တည်းမဟုတ် အသင်သည် မိမိထင်မြင်ယူဆခဲ့သည့်အတိုင်း ကျွန်ုပ်တို့အပေါ်၌ မိုးကိုအပိုင်းပိုင်း အစစဖြစ်၍ ပြိုကျလာအောင်ပြုလုပ်ရမည်။ သို့တည်းမဟုတ် အသင်သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ကောင်းကင်တမန်များအားလည်းကောင်း၊ ကျွန်ုပ်တို့၏ ရှေ့မှောက်သို့ (သက်သေများအဖြစ်) ခေါ်ယူ၍လာရမည်။

أَوْ يَكُونَ لَكَ بَيْتٌ مِّن زُخْرُفٍ أَوْ تَرْقَىٰ فِي السَّمَاءِ ۖ وَلَن نُّؤْمِنَ لِرُقِيِّكَ حَتَّىٰ تُنَزِّلَ عَلَيْنَا كِتَابًا نَّقْرَؤُهُ ۗ قُلْ سُبْحَانَ رَبِّي هَلْ كُنتُ إِلَّا بَشَرًا رَّسُولًا ﴿٩٣﴾

၉၃။ သို့တည်းမဟုတ် အသင်၌ ရွှေဖြင့်ပြီးသော ဗိမာန်တစ်ခုရှိရမည်။ သို့တည်းမဟုတ် အသင်သည် မိုးကောင်းကင်သို့ တက်သွားရမည်။ သို့တစေလည်း ကျွန်ုပ်တို့မူကား အသင်သည် (ထိုမိုးကောင်းကင်မှ) ကျွန်ုပ်တို့ ရွတ်ဖတ်နိုင်သော ကျမ်းတစ်စောင်ကို ကျွန်ုပ်တို့အဖို့ ယူချလာခြင်း မပြုသမျှကာလပတ်လုံး (မိုးကောင်းကင်သို့) အသင် တက်သွားခြင်းကို အလျှင်းယုံကြည်လက်ခံကြမည်မဟုတ်ပေ။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား (ဤသို့)ပြောဆိုဖြေကြားပါလေ။ (အချင်းတို့) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူပါ၏၊ ငါသည် လူသားရုပ်လုံးတမန်တော် တစ်ပါးမှအပ အခြားမဟုတ်ပြီ။ [၁]

---

① **ကာဖိရ်တို့၏ မရိုးသားသော တောင်းဆိုချက်များ။**

မက္ကာမြို့သား ကာဖိရ်များသည် ကုရ်အာန် ကျမ်းမြတ်တည်းဟူသော 'မုအ်ဂျိဇာ' တန်ခိုး ➤➤

وَمَا مَنَعَ النَّاسَ أَنْ يُؤْمِنُوٓا۟ إِذْ جَآءَهُمُ الْهُدَىٰٓ إِلَّآ أَن قَالُوٓا۟ أَبَعَثَ اللَّهُ بَشَرًا رَّسُولًا ﴿٩٤﴾

၉၄။ စင်စစ် လူတို့ထံ (ဖြောင့်မတ်မှန်ကန်သော) တရားဓမ္မရောက်ရှိလာသောအခါ ၎င်းတို့က အလ္လာဟ်အရှင်မြတ်သည် ရဈူလ်တမန်တော်အဖြစ် လူသားတစ်ဦးကို စေလွှတ်တော်မူပါသလောဟု ပြောဆိုခဲ့ကြသည်မှအပ အခြားတစ်စုံတစ်ရာမျှ ၎င်းတို့အား အဓိမာန် သက်ဝင်ယုံကြည်ခြင်းမှ ပိတ်ပင်တားဆီးခဲ့သည်မဟုတ်ပေ။

قُل لَّوْ كَانَ فِى ٱلْأَرْضِ مَلَٰٓئِكَةٌ يَمْشُونَ مُطْمَئِنِّينَ لَنَزَّلْنَا عَلَيْهِم مِّنَ ٱلسَّمَآءِ مَلَكًا رَّسُولًا ﴿٩٥﴾

၉၅။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောဆို ဖြေကြားပါလေ။ (အချင်းတို့) အကယ်၍ ပထဝီမြေ၌ ကောင်းကင်တမန်များသည် အတည်တကျ နေထိုင်သွားလာနေကြပါလျှင် ဧကန်မလွဲ ငါ အရှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးကောင်းကင်မှ ကောင်းကင်တမန်တော်တစ်ပါးကိုပင် ရဈူလ်တမန်တော်အဖြစ် ချပေး(စေလွှတ်)တော် မူခဲ့အံ့သတည်း။ [၁]

➤➤ ပြဋ္ဌိဟာကို မည်သို့မျှ မငြင်းနိုင် မယှဉ်နိုင်ကြသောအခါ၊ စေတနာရိုးဖြင့် မဟုတ်ဘဲ၊ မလိုမုန်းတီးသော စိတ်ဖြင့် ဤအာယတ်တော်တွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ် ကင်းမဲ့သော တောင်းဆိုချက်များကို တောင်းဆိုကြလေတော့သည်။

တမန်တော်များသည် တမန်တော်များသာ ဖြစ်ခဲ့ကြပေသည်။ တန်ခိုးတော်အနန္တရှင်များ မဟုတ်ကြပေ။ ၎င်းတို့၏ အဓိကတာဝန်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော ဒေသနာတော်များကို သက်ဆိုင်ရာ လူသားတို့ထံသို့ ဖြန့်ချီပေးခြင်းနှင့် လက်တွေ့ကျင့်သုံးပြခြင်းသာ ဖြစ်သည်။တန်ခိုးပြာဋိဟာပြခြင်းသည် ၎င်းတို့နှင့် မဆိုင်၊ ၎င်းတို့၏ တာဝန်လည်းမဟုတ်၊ တန်ခိုးပြာဋိဟာသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ ထိုအရှင်မြတ်သည် မိမိဂုဏ်တော်နှင့် အညီအလိုတော်ရှိက ပြတော်မူသည်။ အလိုတော်မရှိက ပြတော်မမူပေ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၁၇း ၅၉-၆၀) နှင့် သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုပါကုန်။

① ကာဖိရ်များသည် မိမိတို့ထံ တရားဓမ္မရောက်ရှိလာပြီးသည့်နောက်တွင်လည်း တရားမရခဲ့ကြပေ။ "လူသားသည် တမန်တော်မဖြစ်နိုင်၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်တစ်ပါးစေလွှတ်တော်မူပါက၊ ကောင်းကင်တမန်တစ်ပါးကိုသာ စေလွှတ်တော်မူပေမည်" ဟု ပြောဆိုကာ လူသားတမန်တော်အား သွေဖည်နေခဲ့ကြပေသည်။ ဤသည် ကာဖိရ်တို့၏ အမြင်မှားမှုပင်။

အကယ်၍ ကမ္ဘာမြေတွင် လူသားတို့အစား ကောင်းကင်တမန်များအတည်တကျ နေထိုင်ကြလျှင်၊➤➤

قُلْ كَفَىٰ بِاللَّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ ۚ إِنَّهُ كَانَ بِعِبَادِهِ خَبِيرًا بَصِيرًا ﴿٩٦﴾

၉၆။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အလ္လာဟ် အရှင်မြတ်သည်ပင် ငါနှင့်အသင်တို့၏ စပ်ကြားဝယ် သက်သေအဖြစ် လုံလောက်တော်မူ၏။ အကြောင်းမူကား ထိုအရှင်မြတ်သည် မိမိကျွန်အပေါင်းတို့နှင့် ပတ်သက်၍ အကြွင်းမဲ့သိတော်မူသော၊ အကြွင်းမဲ့မြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသောကြောင့်တည်း။ [၁]

➢➢ အလ္လာဟ်အရှင်မြတ်သည် ထိုကောင်းကင်တမန်များထဲသို့ ကောင်းကင်တမန်ကိုပင် တမန်တော်အဖြစ် စေလွှတ်တော်မူမည်။

အကယ်၍ လူသားတို့ထဲသို့ ကောင်းကင်တမန်တစ်ပါးကို ကောင်းကင်တမန်၏ မူလဘူတ၊ မူလဗီဇ၊ မူလရုပ်ဆင်းသဏ္ဌာန်ဖြင့် စေလွှတ်တော်မူပါက၊ လူသားတို့သည် အကျိုးခံစားနိုင်ရန် ဝေးစွ မိမိတို့၏ လက်ရှိမျက်စိဖြင့် ယင်းကောင်းကင်တမန်တော်များအား ကြည့်ရှုနိုင်ကြမည်လည်း မဟုတ်၊ မိမိတို့၏ လက်ရှိနားများဖြင့် ယင်းကောင်းကင်တမန်၏ အသံကိုကြားနိုင်ကြမည်လည်း မဟုတ်ပေ။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်တစ်ပါးကို လူသား၏ အသွင်ဖြင့် စေလွှတ်တော်မူပါက၊ ယင်းကောင်းကင်တမန်နှင့် ပတ်သက်၍ ကောင်းကင်တမန်လော... လူသားလော... ဟူ၍ သို့လောသို့လော ... ဖြစ်ကြဦးပေမည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် (၆:၈-၉) ကို ပြန်လည်ဆင်ခြင်ပါကုန်။

① **နောက်ဆုံးသတိပေးခြင်း။**

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တမန်တော်အစစ်အမှန်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အထောက်အထားများ အခိုင်အလုံ အထင်အရှား ရှိပါလျက်၊ ဒွိဟသံသယမှုများကိုလည်း ဖြေရှင်းထားပါလျက် ကာဖိရ်များသည် မလိုမုန်းတီးမှုကြောင့် မနာခံခဲကြပေ။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ယင်းသို့သော ကာဖိရ်များကို "ကျွန်ုပ်နှင့် အသင်တို့ စပ်ကြားတွင် ဖြစ်ပေါ်နေသည့်ကွဲလွဲမှုနှင့် စပ်လျဉ်း၍ သက်သေအဖြစ် အလ္လာဟ်အရှင်မြတ်သည် လုံးဝလုံလောက်တော်မူသည်၊ (ဝါ) ကျွန်ုပ် တမန်တော် အစစ်အမှန်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်သိတော်မူသည်။ အသင်တို့ မယုံကြည်လျှင်နေကြ၊ တစ်နေ့သိကြမည်။

အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။ မိမိ၏ ကျွန်များ၏ အကြောင်းကို အကြွင်းမဲ့သိတော်မူသည်။ အသင်တို့၏ မလိုမုန်းတီးမှု၊ မယုံကြည်မှု၊ သွေဖည်မှုများကိုလည်း အကြွင်းမဲ့သိတော်မူသည်။ သို့သိတော်မူသည့်အတိုင်း အသင်တို့အား အပြစ်ဒဏ်ခတ်တော်မူမည်ဖြစ်သည်" ဟု ပြောကြားသတိပေးစေတော်မူသည်။ ထာနဝီ။

وَمَنْ يَّهْدِ اللّٰهُ فَهُوَ الْمُهْتَدِ ۚ وَمَنْ يُّضْلِلْ فَلَنْ تَجِدَ لَهُمْ أَوْلِيَآءَ مِنْ دُوْنِهٖ ۭ وَنَحْشُرُهُمْ يَوْمَ الْقِيٰمَةِ عَلٰي وُجُوْهِهِمْ عُمْيًا وَّبُكْمًا وَّصُمًّا ۭ مَاْوٰىهُمْ جَهَنَّمُ ۭ كُلَّمَا خَبَتْ زِدْنٰهُمْ سَعِيْرًا ۝۹۷

၉၇။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်က တရားလမ်းမှန်သို့ ညွှန်တော်မူသော သူသည်သာလျှင် တရားလမ်းမှန်ကို ရရှိသူဖြစ်၍ ထိုအရှင်မြတ်က လမ်းမှားခြင်း ထားရှိတော်မူသောသူကား အသင်သည် ထိုအရှင်မြတ်မှတစ်ပါး၊ ၎င်းတို့အား ကူညီရှိင်းပင်းမည့် သူများကို အလျှင်း တွေ့ရှိလိမ့်မည်မဟုတ်ပေ။ ①

ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ကိယာမတ်ရှင်ပြန်ထမည့်နေ့တွင် မျက်နှာမှောက်လျက်၊ မျက်စိကန်းသူများ၊ ဆွံ့အ သူများနှင့် နားပင်သူများ အဖြစ် (လာရောက်) စုရုံးစေတော်မူမည်။ ၎င်းတို့၏ နေရာထိုင်ခင်းသည် ဂျဟန္နမ် ငရဲဘုံသည်ပင်လျှင် ဖြစ်ပေမည်။ ယင်း(ဂျဟန္နမ်ငရဲဘုံ၏မီး)သည် ငြိမ်းအေးတိုင်း ငြိမ်းအေးတိုင်း၊ ငါအရှင်မြတ်သည် ၎င်းတို့၌ မီးတောက်မီးလျှံကို ပိုမို များပြားစေတော်မူမည် ဖြစ်ပေသတည်း။

ذٰلِكَ جَزَآؤُهُمْ بِاَنَّهُمْ كَفَرُوْا بِاٰيٰتِنَا وَقَالُوْٓا ءَاِذَا كُنَّا عِظَامًا وَّرُفَاتًا ءَاِنَّا لَمَبْعُوْثُوْنَ خَلْقًا جَدِيْدًا ۝۹۸

၉၈။ ဤကား၊ ၎င်းတို့၏အကျိုးတည်း။ အကြောင်းသော်ကား၊ ထိုသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မယုံမကြည် ငြင်းဆိုခဲ့ကြခြင်းကြောင့်လည်းကောင်း၊ "ကျွန်ုပ်တို့သည် အရိုးများသာ ကျန်ရှိပြီး၊ အပိုင်းပိုင်းအစစ ဖြစ်ကြသောအခါ အသစ် (ပြန်လည်) ဖန်ဆင်းခြင်းအားဖြင့် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော" ဟု ပြောဆိုခဲ့ကြခြင်းကြောင့်လည်းကောင်း၊ ဖြစ်သတည်း။

---

① အလ္လာဟ်အရှင်မြတ်၏ "တောင်ဖီက်" လျော်ကန်သင့်မြတ်အောင် အကြောင်းဖန်တီးမှု၊ သမာသမတ် ဖြစ်စေမှုဖြင့် သာလျှင် လူတစ်ဦးသည် လမ်းမှန်ပေါ်၌ လျှောက်၍ လိုရာပန်းတိုင်သို့ ရောက်ရှိနိုင်ပေသည်။ အကြင်သူတစ်ဦးသည် မိမိ၏ မောက်မာပလွားမှု၊ ဆိုးသွမ်းမိုက်မဲမှု။ သွေဖည်မှုများကြောင့် အလ္လာဟ်အရှင်မြတ်၏ ကူညီဖေးမမှုကို မရရှိသော်၊ ထိုသို့သောသူအား လမ်းမှန်ပေါ်သို့ အသူပို့ဆောင်နိုင်အုံနည်း။

أَوَلَمْ يَرَوْا أَنَّ اللَّهَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ قَادِرٌ عَلَىٰ أَن يَخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ أَجَلًا لَّا رَيْبَ فِيهِ ۖ فَأَبَى الظَّالِمُونَ إِلَّا كُفُورًا ﴿٩٩﴾

၉၉။ ကောနစ်စစ် မိုးကောင်းကင်ကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်သည် ၎င်းတို့ကဲ့သို့သောသူတို့အား (အသစ်ပြန်လည်) ဖန်ဆင်းတော်မူရန် စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်ကို ၎င်းတို့သည် မသိမမြင်ကြလေသလော၊ စင်စစ် ထိုအရှင်မြတ်သည် (သေဆုံးရန်နှင့် ရှင်ပြန်ထရန်) ယုံမှားသံသယ လုံးဝကင်းရှင်းသော ကာလအပိုင်း အခြားတစ်ခုကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ သို့တစေလည်း မတရားကျူးလွန်သူတို့မူကား မယုံမကြည် ငြင်းဆိုခြင်းမှတစ်ပါး အခြားကို မနှစ်သက်ခဲ့ကြပေ။

قُل لَّوْ أَنتُمْ تَمْلِكُونَ خَزَائِنَ رَحْمَةِ رَبِّي إِذًا لَّأَمْسَكْتُمْ خَشْيَةَ الْإِنفَاقِ ۚ وَكَانَ الْإِنسَانُ قَتُورًا ﴿١٠٠﴾

၁၀၀။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အကယ်၍သာ အသင်တို့သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကရုဏာတော်၏ဘဏ္ဍာတော်များကို ပိုင်ဆိုင်ကြသည်ရှိသော်၊ အမှန်ပင် (ယင်းဘဏ္ဍာတော်များ) သုံးစွဲ၍ ကုန်ဆုံးသွားမည်ကိုစိုး၍ အသင်တို့စေးနဲကြပေမည်။ စင်စစ် လူသားတို့သည် အလွန်စေးနဲတွန့်တိုသူများပင် ဖြစ်ကြကုန်သတည်း။ ۝

---

① ကုရ်အာန်ကျမ်းမြတ် (၁၇း၈၇-၈၈)တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် တမန်တော်မြတ်အား အလွန်မြင့်မြတ်သော ကျေးဇူးတော်ကို ပြုတော်မူခဲ့သည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်ကဲ့သို့သော အံ့ချီးမဆုံးသော ဆုလာဘ်ကြီးကို ချီးမြှင့်တော်မူခဲ့သည့်အကြောင်းပါရှိခဲ့သည်။ ထို့နောက် ကာဖိရ်များ၏ သွေဖည်ငြင်းဆန်မှု၊ မလိုမုန်းတီးမှုများအကြောင်းကို ဆက်လက်၍ မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် အဆိုပါ ကျေးဇူးတော်အကြောင်းကိုပင် ပြန်လည် မိန့်ဆိုထားတော်မူသည်။

ယခုကဲ့သို့ မိမိ၏ ကျွန်တစ်ဦးအား တမန်တော်အပေါင်းတို့၏အချုပ် ခန့်အပ်တော်မူပြီး၊ အံ့ချီးမဆုံးသည့် ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်တော်မူခြင်းမှာ အနန္တော အနန္တကရုဏာတည်းဟူသော ဘဏ္ဍာတော်များကို စိုးပိုင်၍ အသချေ်အသချ်ာ ရက်ရောစွာ လှူဒါန်းတော်မူသော အလ္လာဟ်အရှင်မြတ်၏ အလုပ်သာဖြစ်လေသည်။ ထိုအရှင်မြတ်၌ ယင်းသို့ လှူဒါန်းတော်မူသည့်အတွက် ဘဏ္ဍာတော်လျော့နည်း သွားမည်ကိုလည်း မစိုးရိမ်ရ၊ ယင်းသို့ လှူဒါန်းလိုက်သည့်အတွက် အခြားသူများသည် မိမိနှင့် ဂုဏ်ရည်တူဖြစ်လာမည်။ မိမိထက် ➤➤

وَلَقَدْ اٰتَيْنَا مُوْسٰى تِسْعَ اٰيٰتٍۢ بَيِّنٰتٍ فَسْـَٔلْ بَنِيْٓ اِسْرَآءِيْلَ اِذْ جَآءَهُمْ فَقَالَ لَهٗ فِرْعَوْنُ اِنِّيْ لَاَظُنُّكَ يٰمُوْسٰى مَسْحُوْرًا ﴿١٠١﴾

၁၀၁။ ၎င်းပြင် (နဗီတမန်တော်) မူစာသည် အိစ်ရာအီလီမျိုးနွယ်တို့ထံ ရောက်ရှိလာသောအခါ မချွတ်မလွဲ ငါအရှင်မြတ်သည် ယင်းမူစာအား တန်ခိုးပြာဋိဟာကိုးပါးကို ၁ ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် (ဤအကြောင်းကို) အိစ်ရာအီလီ မျိုးနွယ်တို့အား မေးမြန်းစုံစမ်း၍ ကြည့်ပါလေ။ ထို(ကဲ့သို့ မူစာရောက်လာသော)အခါ ယင်းမူစာအား ဖစ်ရိုအောင်နက အို-မူစာ၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင့်အား စုန်းပြုစားခြင်းခံရသူဖြစ်သည်ဟု ထင်မှတ်ကြောင်း ပြောဆိုခဲ့လေသည်။

➤➤ သာလွန်၍သွားမည်၊ မိမိအား လွှမ်းမိုးသွားမည်ဟူ၍လည်း အလျှင်းမစိုးရိမ်ရ။ အလွှာဟ်အရှင်မြတ်သည် လူသားတို့ကဲ့သို့ မစေးနဲ့ မတွန့်တိုပေ။

လူသားတို့သည် အကယ်တည့် ကရဏာတော်တည်းဟူသော ဘဏ္ဍာတော်တိုက်များကို စိုးပိုင်ခဲ့ကြသည်ရှိသော်၊ ယင်းလူသားတို့သည် ယင်းသည့် ဘဏ္ဍာတော်များကို ရက်ရောစွာပေးကမ်း လှူဒါန်းကြမည်မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် လှူဒါန်းလိုက်ပါက ဘဏ္ဍာတော်များသည် လျော့နည်းသွားမည်။ မိမိကိုယ်တိုင် လက်မဲ့ဖြစ်သွားမည်။ အခြားသူများသည် မိမိထက်သာသွားမည်။ မိမိအား လွှမ်းမိုးသွားမည်ဟူသော စိုးရိမ်ချက်များသည် လူသားတို့၏ စိတ်တွင်း၌ ကိန်းအောင်းလျက် ရှိခြင်းကြောင့်ပင် ဖြစ်သည်။ ဤသည့် စိုးရိမ်ချက်တို့ကား အလွှာဟ်အရှင်မြတ်၌ အလျှင်းမရှိပေ။

အကယ်၍ ကရဏာတည်းဟူသော ဘဏ္ဍာတော်များကို မက္ကာမြို့သား ကာဖိရ်များ ပိုင်ဆိုင်ခဲ့ကြပါက ပထမသော် ၎င်းတို့သည် မည်သူ့ကိုမျှ ခွဲဝေပေးလှူကြမည် မဟုတ်ပေ။ ပေးလှူပြန်ကလည်း မက္ကာနှင့် တွဘအစ်ဖ်မြို့များမှ ဥစ္စာမခ ကုဲလုံကြွယ်ဝသော မောက်မာပလွားသော အကြီးအကဲများကိုသာ ပေးလှူကြပေမည်။ ဗနီဟာရှင်မ်မျိုးနွယ်ဝင် မိတဆိုး၊ ဖတဆိုးတစ်ဦးဖြစ်သော (တမန်တော်မြတ်)မုဟမ္မဒ်ကိုကား အလျှင်းပင် ပေးလှူကြမည် မဟုတ်ပေ။ ယခုမူ အလွှာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ထိုက်တန်သူအား ထိုက်သည့်အားလျော်စွာ ချီးမြှင့်ရမည်ဟူသော သဘောဖြင့် တမန်တော်မြတ်အား ရွေးချယ်ချီးမြှင့်တော်မူခဲ့လေသည်။ တမန်တော်မြတ်သည်လည်း သို့ချီးမြှင့်တော်မူခြင်းခံရသည့်အားလျော်စွာ ထိုသည့် ကျေးဇူးတော်ကို မိမိ၏နောက်လိုက်များမှ တစ်ဆင့် ကမ္ဘာအဝန်းသို့ ပေးဝေ ဖြန့်ချီတော်မူခဲ့ပေပြီ။ ကာဖိရ်များကဲ့သို့ကား မတွန့်တိုခဲ့ပေ။ ① အလွှာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် တမန်တော်မြတ်အား အံ့မဆုံးသော ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်တော်မူခဲ့၏။ မြောက်မြားစွာသော ကျေးဇူးတော်များကို ချီးမြှင့်တော်မူခဲ့၏။ ထို့အတူ အလွှာဟ်အရှင်မြတ်သည် တမန်တော်မူစာအားလည်း အခြေအနေအရ ထင်ရှားသော တန်ခိုးပြာဋိဟာ(၉)ပါးကို ချီးမြှင့်တော်မူခဲ့ဘူးသည်။

တမန်တော်မူစာသည် အိစ်ရာအီလီမျိုးနွယ်ဝင်တို့အား ဖစ်ရိုအောင်နက၏ နှိပ်စက်ညှဉ်းပန်းမှုများမှ ➤➤

قَالَ لَقَدْ عَلِمْتَ مَآ أَنزَلَ هَٰٓؤُلَآءِ إِلَّا رَبُّ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ بَصَآئِرَ وَإِنِّى لَأَظُنُّكَ يَٰفِرْعَوْنُ مَثْبُورًا ﴿١٠٢﴾

၁၀၂။ ထိုမူစာက (ဤသို့)ပြောဆိုဖြေကြားခဲ့လေသည်။ ဤသည်တို့ကို မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်သည်သာလျှင် ပိုင်းခြားသိမြင်နိုင်စေသော သက်သေ သာဓကများအဖြစ် ချပေးတော်မူခဲ့ကြောင်း။ အမှန်စင်စစ် အသင်သည် သိရှိခဲ့ပြီး ဖြစ်ပေသည်။ ဘုရင်ပြင်၊ အို-ဖစ်ရ်အောင်န်၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင့်အား ဆုံးရှုံးဖျက်ဆီးခြင်းခံရမည်ဖြစ်သည်ဟု ထင်မှတ်ပေသတည်း။

فَأَرَادَ أَن يَسْتَفِزَّهُم مِّنَ ٱلْأَرْضِ فَأَغْرَقْنَٰهُ وَمَن مَّعَهُۥ جَمِيعًا ﴿١٠٣﴾

၁၀၃။ ထိုအခါ ယင်းဖစ်ရ်အောင်န်သည် ထိုအီစ်ရာအီလီမျိုးနွယ်တို့အား ထို(အီဂျစ်)နိုင်ငံမှ ချွတ်ချော်တိမ်းပါးစေရန် ကြံရွယ်ခဲ့လေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် ယင်းဖစ်ရ်အောင်န်အားလည်းကောင်း၊ ယင်းဖစ်ရ်အောင်န်နှင့်အတူ ရှိကြသူအားလုံးတို့ကိုလည်းကောင်း၊ ပင်လယ်နီတွင် နှစ်မြှုပ်တော်မူခဲ့လေသည်။

➤➤ ကယ်တင်ရန် ကြွလာခဲ့သည့်အခါ ယင်းသည့် တန်ခိုးပြာဋိဟာများကို ပြသခဲ့လေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အီစ်ရာအီလီမျိုးနွယ်ဝင်များအနက် ဖြစ်ရပ်မှန်သိသော၊ သမာသမတ်ရှိသော ပညာရှင်သုခမိန်များအား မေးမြန်းကြည့်နိုင်ပေသည်။

(၉) ပါးသော တန်ခိုးပြာဋိဟာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။	မိုးခေါင်ခြင်း။	ကုရ်အာန် (၇း ၁၃၀)
၂။	ကောက်ပဲသီးနှံယုတ်လျော့ခြင်း။	ကုရ်အာန် (၇း ၁၃၀)
၃။	မိုးသက်မုန်တိုင်းကျခြင်း။	ကုရ်အာန် (၇း ၁၃၃)
၄။	ကျိုင်းကောင်။	ကုရ်အာန် (၇း ၁၃၃)
၅။	ပိုးမွှား။	ကုရ်အာန် (၇း ၁၃၃)
၆။	ဖား။	ကုရ်အာန် (၇း ၁၃၃)
၇။	သွေး။	ကုရ်အာန် (၇း ၁၃၃)
၈။	တောင်ဝှေး။	ကုရ်အာန် (၇း ၁၀၇)
၉။	လက်။	ကုရ်အာန် (၇း ၁၀၈)

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၇း ၁၃၃) ၏ အဖွင့်တွင် အကျယ်ဖွင့်ဆိုရေးသားခဲ့ပေပြီ။

⑩ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်မူစာပြသခဲ့သော တန်ခိုးပြာဋိဟာ➤➤

وَقُلْنَا مِنۢ بَعْدِهِۦ لِبَنِىٓ إِسْرَٰٓءِيلَ
ٱسْكُنُوا۟ ٱلْأَرْضَ فَإِذَا جَآءَ
وَعْدُ ٱلْءَاخِرَةِ جِئْنَا بِكُمْ لَفِيفًا ﴿١٠٤﴾

၁၀၄။ ၎င်းပြင် ငါအရှင်မြတ်သည် ယင်း(ကဲ့သို့ နှစ်မြုပ်တော်မူပြီး)နောက်တွင် အိစ်ရာအီလီမျိုးနွယ်တို့အား အသင်တို့သည် ဤကမ္ဘာမြေဝယ် (မိမိကြိုက်နှစ်သက်ရာနေရာ၌)နေထိုင်မှီတင်းကြလေကုန်၊ တစ်ဖန် နောက်ဆုံးနေ့နှင့်စပ်လျဉ်း၍ ချိန်းချက်ထားသော အချိန်ကာလရောက်ရှိလာသောအခါ၊ ငါအရှင်မြတ်သည် အသင်တို့ (အားလုံး)ကိုစုပေါင်းကာ ယူဆောင်လာတော်မူအံ့ ဟု မိန့်ကြားတော်မူခဲ့လေသည်။

وَبِٱلْحَقِّ أَنزَلْنَٰهُ وَبِٱلْحَقِّ نَزَلَ ۗ
وَمَآ أَرْسَلْنَٰكَ إِلَّا مُبَشِّرًا
وَنَذِيرًا ﴿١٠٥﴾

၁၀၅။ စင်စစ် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို မှန်ကန်မှုနှင့်တကွ ချပေးတော်မူခဲ့ရာ၊ ယင်း*ကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်မှုနှင့်တကွ ပင် ကျရောက်လာခဲ့၏။* [၃] ၎င်းပြင် ငါအရှင်မြတ်သည် အသင်အား သတင်းကောင်းပြောကြားသူ အဖြစ်သာလည်းကောင်း၊ သတိပေးနှိုးဆော်သူ အဖြစ်သာလည်းကောင်း၊ စေလွှတ်တော်မူခဲ့လေသည်။ [၂]

➤➤ များကို ဖစ်ရ်အောင်နဲ်သည် နူတ်မှငြင်းပယ်သော်လည်း စိတ်တွင်းကမူ ယင်းသည့် တန်ခိုးပြာဋိဟာများသည် မိုးမြေများကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ တန်ခိုးပြာဋိဟာများသာ ဖြစ်သည်ကို ကောင်းစွာ ရိပ်စားမိလေသည်။ အကြင်သူတစ်ဦးသည် အမှန်တရားကို သိပါလျက်နှင့် မလိုမုန်းတီးမှု မောက်မာပလွားဝါကြွားမှုများကြောင့် သွေဖည်ငြင်းပယ်သော်၊ ထိုသို့သောသူနှင့် ပတ်သက်၍ ၎င်းသည် ပျက်စီးခြိန်တန်ချေပြီဟူ၍သာ ဆိုဖွယ်ရာရှိတော့ပေသည်။

① အဆက်တွင် ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းပါရှိခဲ့၏။ တမန်တော်မူစာ၏ တန်ခိုးပြာဋိဟာများအကြောင်းပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းကို ပြန်လည်မိန့်ဆိုထားတော်မူ၏။ ကုရ်အာန်ကျမ်းတော်မြတ်သည် တမန်တော်မြတ်အား ချီးမြှင့်တော်မူသော တန်ခိုးပြာဋိဟာများတွင် အကြီးဆုံးနှင့် အထင်ရှားဆုံး တန်ခိုးပြာဋိဟာဖြစ်၏။ ယင်းကုရ်အာန်ကျမ်းမြတ်ကို အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အလုံးစုံကို သိမြင်တော်မူသော ဉာဏ်တော်ဖြင့် တိကျမှန်ကန်စွာ ထုတ်ပြန်ပို့ချတော်မူခဲ့၏။ သို့ပို့ချပေးခဲ့တော်မူခဲ့သည့်အလျှောက် ကုရ်အာန်ကျမ်းမြတ်သည် တိကျမှန်ကန်စွာ ကျရောက်လာခဲ့ပေပြီ။ ယနေ့ထက်တိုင် မူရင်းပကတိအတိုင်း တည်လျက်ရှိ၏။ နောင်တွင်လည်း အမြဲထာဝစဉ်တည်ရှိမည်ပင်ဖြစ်၏။

② ဆိုလိုသည်ကား တမန်တော်မြတ်သည် နာခံသူများအားကောင်းချီးသတင်းပေးတော်မူသည်။ မနာခံသူတို့အား သတိပေးတော်မူသည်။ တရားရခြင်း တရားမရခြင်းသည် လူသားတို့နှင့် သက်ဆိုင်ပေသည်။ တမန်တော်မြတ်နှင့် မသက်ဆိုင်ပေ။

وَقُرْاٰنًا فَرَقْنٰهُ لِتَقْرَاَهٗ عَلَى النَّاسِ عَلٰى مُكْثٍ وَّنَزَّلْنٰهُ تَنْزِيْلًا ﴿١٠٦﴾

၁၀၆။ ထို့ပြင် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို ခြားနား၍ ချပေးသနားတော်မူခဲ့၏။ အသင်သည် လူတို့ရှေ့ဝယ် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုင်းကာ ဆိုင်းကာ (တစ်နည်း) ဆိုင်းငံ့ထားသောကြားကာလ၌ ဖတ်ကြားနိုင်အံ့သောငှာ (ယင်းကဲ့သို့ ခြားနား၍ ချပေးတော်မူခြင်း) ဖြစ်ပေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို အသင်တို့ထံ တဖြည်းဖြည်းအားဖြင့် ချပေးသနားတော်မူခဲ့ပေသတည်း။

قُلْ اٰمِنُوْا بِهٖٓ اَوْ لَا تُؤْمِنُوْا ۗ اِنَّ الَّذِيْنَ اُوْتُوا الْعِلْمَ مِنْ قَبْلِهٖٓ اِذَا يُتْلٰى عَلَيْهِمْ يَخِرُّوْنَ لِلْاَذْقَانِ سُجَّدًا ﴿١٠٧﴾

၁၀၇။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ယုံကြည်ကြသည်ဖြစ်စေ၊ မယုံကြည်ကြသည်ဖြစ်စေ၊ (အကြောင်းမထူးပေ) အသင်တို့ ယုံကြည်ကြသဖြင့် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ပိုမို၍ ပြည့်စုံသွားမည်လည်းမဟုတ်၊ အသင်တို့ မယုံကြည်သဖြင့် ချို့တဲ့နေမည်လည်းမဟုတ်ပေ။ ဇကန်စင်စစ် ယင်းကုရ်အာန်မကျရောက်မီ အလျင်က အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသောသူတို့မူကား ၎င်းတို့ရှေ့ဝယ် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ဖတ်ကြားလေသောအခါ ၎င်းတို့သည် မျက်နှာအောက်ချလျက် ပျပ်ဝပ်ဦးချကြကုန်သည်။

وَّيَقُوْلُوْنَ سُبْحٰنَ رَبِّنَآ اِنْ كَانَ وَعْدُ رَبِّنَا لَمَفْعُوْلًا ﴿١٠٨﴾

၁၀၈။ ၎င်းပြင် ထိုသူတို့က ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကတိသည် အမှန်မလွဲဖြစ်ရမည့် ကိစ္စပင်ဖြစ်သည်ဟု (ဝန်ခံ)လျှောက်ထားကြကုန်၏။

وَيَخِرُّونَ لِلْأَذْقَانِ يَبْكُونَ وَيَزِيدُهُمْ خُشُوعًا ﴿١٠٩﴾

၁၀၉။ ၎င်းပြင် ထိုသူတို့သည် ငိုကြွေးလျက် မျက်နှာအောက်ချကြကုန်၏။ ၎င်းပြင် ယင်းကုရ်အာန်ကျမ်းတော်သည် ထိုသူတို့၌ ချစ်ကြောက်ရိုသေမှုကို ပိုမိုတိုးပွားစေပေသတည်း။

قُلِ ادْعُوا اللَّهَ أَوِ ادْعُوا الرَّحْمَٰنَ أَيًّا مَّا تَدْعُوا فَلَهُ الْأَسْمَاءُ الْحُسْنَىٰ ۚ وَلَا تَجْهَرْ بِصَلَاتِكَ وَلَا تُخَافِتْ بِهَا وَابْتَغِ بَيْنَ ذَٰلِكَ سَبِيلًا ﴿١١٠﴾

၁၁၀။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားလေ။ အသင်တို့သည် အလ္လာဟ်ဟူ၍ တသကြလေကုန်။ သို့တည်းမဟုတ် ရဟ်မာန်ဟူ၍ တသကြလေကုန်။ [၁] အသင်တို့သည် မည်သို့ပင် တသကြသည်ဖြစ်စေ၊ (ကောင်းမြတ်လှပေသည်)။ (အဘယ်ကြောင့်ဆိုသော်) ထိုအရှင်မြတ်၌ အထူးကောင်းမြတ်လှစွာသောနာမ်တော်များ ရှိ(နေပေရာ ဤနာမ်တော်နှစ်ပါးမှာလည်း ထိုနာမ်တော်များအနက် အမြင့်မြတ်ဆုံးသောနာမ်တော်များပင် ဖြစ်ကုန်)၏။

ဂင်းပြင် (အို-နဗီတမန်တော်) အသင်သည် မိမိဆွလာတ်ဝတ်ပြုမှုတွင်၊ အသံမြင့်လွန်းကျယ်လွန်းစေခြင်းကိုလည်းကောင်း၊ နိမ့်လွန်းတိုးလွန်းစေခြင်းကိုလည်းကောင်း၊ မပြုပါလေနှင့်၊ စင်စစ် အသင်သည် ဤ(နှစ်ခု၏)အကြားတွင် (အလယ်အလတ်) နည်းလမ်းကို ရှာဖွေပါလေ။ [၂]

---

① အထက်တွင် အလ္လာဟ်အရှင်မြတ်အား၊ ဦးချသည့်အကြောင်း၊ ချစ်ကြောက်ရိုသေ ခန့်ညားသည့် အကြောင်းများ ပါရှိခဲ့၏။ ထိုအကြောင်းများနှင့် ဆက်စပ်၍ ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်ထံ ပန်ကြားသည့်အကြောင်း၊ ထို့နောက်တဖန် ဤအကြောင်းနှင့် ဆက်စပ်၍ ဆွလာတ်ဝတ်ပြုရာတွင် ရွတ်ဖတ် သရဇ္ဈာယ်ပုံများကို မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ နာမ်တော်များအနက် အရဗီ၊ မုရ်ရစ်ကျမ်းထဲ၌ "အလ္လာဟ်" ဟူသော နာမ်တော်သည် အသုံးအများဆုံး ဖြစ်ခဲ့ချေသည်။ "ရဟ်မာန်" ဟူသေည် နာမ်တော်သည် အသုံးမများခဲ့ပေ။ ယဟူဒီများထံ၌မူ "ရဟ်မာန်" ဟူသည့် နာမ်တော်သည် အသုံးများခဲ့ချေသည်။ ထို့ပြင်တဝ ထိုအချိန်မှာပင် မုသာဝါဒီ မုစိုင်လမဟ် ကဿာဗ်သည် မိမိကိုယ်ကို "ရဟ်မာနုလ်ယမာမဟ်" ဟူ၍ ဘွဲ့နာမပေးထားခဲ့ပေသည်။ ထို့အတွက် အရဗ်မုရ်ရစ်က်တို့သည် အလ္လာဟ်အရှင်မြတ်အား "ရဟ်မာန်" ဟူ၍ခေါ်ဝေါ်ခြင်းကို အလွန် ➤➤

وَقُلِ الْحَمْدُ لِلّٰهِ الَّذِيْ لَمْ يَتَّخِذْ وَلَدًا وَّلَمْ يَكُنْ لَّهٗ شَرِيْكٌ فِي الْمُلْكِ وَلَمْ يَكُنْ لَّهٗ وَلِيٌّ مِّنَ الذُّلِّ وَكَبِّرْهُ تَكْبِيْرًا ﴿١١١﴾

၁၁၁။ ထိုမှတစ်ပါး: (အို-နဗီတမန်တော်) အသင်သည် (ဤသို့)ပြောဆို (ထောပနာ ပြု)ပါလေ။ ချီးမွမ်း ထောပနာအပေါင်းတို့သည် အကြင် အလ္လာဟ်အရှင်မြတ်နှင့်သာထိုက်၏။ ထိုအရှင်မြတ်သည် သားသမီး တစ်ဦး တစ်ယောက်မျှလည်း ပြုလုပ်တော်မမူခဲ့ချေ။ ထိုအရှင်မြတ်၌ စိုးမိုးအုပ်ချုပ်မှုတွင် ဖက်စပ်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှမရှိပေ။ ထို့ပြင် ဂုဏ်သရေ သိမ်ငယ်မှုကြောင့် ထိုအရှင်မြတ်အား ရိုင်းပင်းကူညီ ကာကွယ်စောင့်ရှောက်သော အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ ၎င်းပြင် အသင်သည် ထိုအရှင်မြတ်၏ ကြီးကဲမြင့်မြတ်တော်မူကြောင်းကိုလည်း ချီးကျူးကြေညာပါလေ။ [၁]

➤➤ စက်ဆုပ် ရွံ.ရှာမုန်းတီးခဲ့ကြပေသည်။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အား "ရဟ်မာန်" ဟူ၍ ခေါ်ဝေါ် တသတော်မူသောအခါ၊ အရဗ်မှရှိရစ်ကများက "မုဟမ္မဒ်သည် ငါတို့အား ကိုးကွယ်ရာနှစ်ပါးကို မကိုးကွယ်ရန် ပိတ်ပင်သည်။ မိမိတို့ ကိုယ်တိုင်ကမူ အလ္လာဟ်အရှင်မြတ်နှင့် အခြားကိုးကွယ်ရာ (ရဟ်မာန်)ကိုပါ ဒွန်တွဲ ကိုးကွယ်လျက်ရှိသည်" ဟု ကဲ့ရဲ့ ပြစ်တင်ပြောဆိုခဲ့ကြသည်။

အခြားတစ်ဖက်တွင် ယဟူဒီများက "ငါတို့သည် "ရဟ်မာန်" ဟူသော နာမံတော်ကို အဖန်ဖန် သုံးနေကြသည်။ တမန်တော်မြတ် မုဟမ္မဒ်သည် "ရဟ်မာန်" ဟူသော နာမံတော်ကို အဘယ်ကြောင့်များစွာ မသုံးသနည်း" ဟူ၍ ကဲ့ရဲ့ ပြစ်တင်ခဲ့ကြသည်။ ဤအာယတ်တော်တွင် အဆိုပါ မုရှ်ရစ်ကများနှင့် ယဟူဒီများအား ဖြေကြားထားတော်မူသည်။

ဆိုလိုသည်ကား၊ "အလ္လာဟ်" နှင့် "ရဟ်မာန်" သည် ဥဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော တစ်ဆူတည်းဖြစ်တော်မူသော အရှင်သခင်၏ နာမံတော်နှစ်ပါးမျှသာ ဖြစ်သည်။ နာမံတော်များသည့်အတွက် နာမံတော်ရှင်ကားများသည် မဟုတ်ပေ။ "တောင်ဟီးဒ်" နှင့်လည်း ဆန့်ကျင်သည် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၌ ဂုဏ်တော်များကား အမြောက်အမြားရှိသည်။ အလ္လာဟ်အရှင်မြတ်အား မည်သည့် ဂုဏ်တော်ဖြင့်ဖြစ်စေ တသနိုင်ပေသည်။ ကြည့် ကုရ်အာန် (၅၉: ၂၂-၂၄)။ သို့တစေလည်း ကာလံဒေသံကို ထောက်ထား၍ အသုံးပြုပါက ပိုမိုထိရောက်ပေသည်။

(၂) ဆိုလိုသည်ကား အသံထုတ်၍ဆောက်တည်ရသော ဆွလာတ်များတွင်းလည်းကောင်း၊ ထို့အတူ ဆုပန်ကြားမှု စသည်တို့တွင်လည်းကောင်း၊ အသံကျယ်လွန်းစွာဖြင့် ရွတ်ဖတ်ရန်လည်းမလိုပေ။ အသံ အလွန် တိုးတီးစွာဖြင့် ရွတ်ဖတ်ရန်လည်းမလိုပေ။ အလယ်အလတ်သာလျှင် ရွတ်ဖတ်သင့်ပေသည်။

(၁) ဤအာယတ်တော်သည် ဤကဏ္ဍ၏ နောက်ဆုံး အာယတ်တော်ပင် ဖြစ်သည်။ ဤအာယတ်တော်တွင် "တောင်ဟီးဒ်" အကြောင်းကို မိန့်ဆိုထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ➤➤

➤➤ ချီးမွမ်းထောပနာခြင်းအပေါင်းကို ခံထိုက်တော်မူသည်။ ထိုအရှင်မြတ်သည် တန်ခိုးတော် အပေါင်းနှင့် ပြည့်စုံတော်မူသည်။ ချို့တဲ့မှုပေါင်းနှင့်လုံးဝ ကင်းစင်တော်မူသည်။ ထိုအရှင်မြတ်သည် မည်သူ့ကိုမျှ တောင့်တ ကြောင့်ကြတော်မူရသည်လည်း အလျှင်းမရှိ။ မည်သူတစ်ဦးတစ်ယောက်ထံမှ အကူအညီ တောင်းတော်မူရသည် လည်း အလျှင်းမရှိ။

များသောအားဖြင့် သူတစ်ပါးထံမှ အကူအညီတောင်းရခြင်းမှာ သုံးမျိုးသုံးစားရှိပေသည်။

(၁) မိမိထက် ငယ်သူထံမှ အကူအညီတောင်းခြင်း။

ဥပမာ - ဖခင်သည် တစ်ခါတစ်ရံ သားသမီးများထံမှ အကူအညီတောင်းသည်။

(၂) မိမိနှင့်တန်းတူထံမှ အကူအညီတောင်းခြင်း။

ဥပမာ - ဖက်စပ်လုပ်သူတစ်ဦးသည် တစ်ခါတစ်ရံ အခြားဖက်စပ်လုပ်သူတစ်ဦးထံမှ အကူအညီ တောင်းသည်။

(၃) မိမိထက်ကြီးသူထံမှ အကူအညီတောင်းခြင်း။

ဥပမာ - သာမန်လူငယ်တစ်ဦးသည် ဒုက္ခရောက်သည့်အခါ အကြီးအကဲများထံမှ အကူအညီ တောင်းသည်။

ဤအာယတ်တော်တွင် အထက်ပါ အကူအညီတောင်းပုံ သုံးမျိုးစလုံးသည် အလ္လာဟ်အရှင်မြတ်၌ လုံးဝ မရှိကြောင်း မိန့်ဆိုထားတော်မူသည်။ ရှင်းလင်းပြဦးအံ့၊ အလ္လာဟ်အရှင်မြတ်၌ သားသမီးမရှိဟု မိန့်ဆိုထားတော်မူရာ၊ အကြီးက အငယ်ထံမှ အကူအညီတောင်းခြင်းမျိုးလည်း အလ္လာဟ်အရှင်မြတ်၌ မရှိကြောင်း ထင်ရှားသွားပေသည်။ အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်တူမရှိဟု မိန့်ဆိုထားတော်မူရာ၊ ဂုဏ်ရည်တူအချင်းချင်း အကူအညီတောင်းခြင်းမျိုးလည်း အလ္လာဟ်အရှင်မြတ်၌ မရှိကြောင်း ထင်ရှားသွားပေမည်။ ဒုက္ခရောက်ချိန်တွင် ကူညီထောက်ပံ့သော မိတ်ဆွေလည်း အလ္လာဟ်အရှင်မြတ်၌ မရှိဟု မိန့်ဆိုထားတော်မူပေရာ ငယ်သူက ကြီးသူထံမှ အကူအညီတောင်းခြင်းမျိုးလည်း အလ္လာဟ်အရှင်မြတ်၌ မရှိကြောင်း ထင်ရှားသွားပေသည်။

ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်၌ သားရှိသည်ဟု ယူဆသော နဆ္ဒရာနီများ၏ အယူအဆကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်တူရှိသည်ဟု ယူဆသော မုရှ်ရစ်ကများ၏ အယူအဆကို လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်ရာကွဗ်နှင့် နပန်းသတ်ရာတွင် ရှုံးနိမ့်တော်မူခဲ့သည်ဟူသော ယဟူဒီတို့၏ အယူအဆကိုလည်းကောင်း ကုရ်အာန်သည် ဤအာယတ်တော်ဖြင့် ပယ်ဖျက်တော်မူလိုက်လေသည်။ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံ၍ ချို့တဲ့မှုအပေါင်းမှ လုံးဝကင်းစင်တော်မူသော တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ဂုဏ်တော်ချီးမွမ်းရာသတည်း။

ဥမင်လိုဏ်ခေါင်းကဏ္ဍ

سُوْرَةُ الْكَهْفِ

ဤကဏ္ဍသည် (စူရဟ်ကဟ်ဖ်) ဥမင်လိုဏ်ခေါင်း အကြောင်း ပါဝင်သော ကဏ္ဍမည်၏။
ဤကဏ္ဍသည် မက္ကာမြို့တော်တွင် ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်ပေါင်း (၁၁၀)၊ ရုကူအ် အပိုဒ် (၁၂) အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော မပြတ်မစဲ
သနားကြင်နာ ညှာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَنْزَلَ عَلٰى عَبْدِهِ الْكِتٰبَ وَلَمْ يَجْعَلْ لَّهٗ عِوَجًا ۜ ①

၁။ ချီးမွမ်းထောပနာအပေါင်းတို့သည် အကြင် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထိုအရှင်မြတ်သည် မိမိကျွန်(မုဟမ္မဒ်)၏အပေါ်ဝယ် ကျမ်းတော်မြတ် (ကုရ်အာန်)ကို ချပေးသနားတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်း(ကုရ်အာန်)ကျမ်းတော်၌ မည်သည့် (ဝေဝိုက်)ကွေ့ကောက်မှုကိုမျှ ထားရှိတော်မမူခဲ့ချေ။

---

① ချီးမွမ်းထောပနာခြင်း အပေါင်းတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ခံထိုက်တော်မူပေသည်။ ထိုအရှင်မြတ်သည် မိမိ၏အရင်းနှီးဆုံး၊ အထူးခြားဆုံးသောကျွန် (၀ါ) တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုက်ဟိဝစ္စလ္လမ်) အပေါ်သို့ အပြည့်စုံဆုံး အမြင့်မြတ်ဆုံးသော ကုရ်အာန်ကျမ်းမြတ်ကို ချပေးတော်မူပြီး ကမ္ဘာသူ ကမ္ဘာသားတို့အား အကြီးဆုံးနှင့် အမြင့်မြတ်ဆုံးသော ကျေးဇူးတော် ချီးမြှင့်တော်မူခဲ့လေသည်။

ဤကျမ်းဂန်၏ အနက်အဓိပ္ပါယ်များတွင် အကွေ့အကောက် ဆန့်ကျင်မှု၊ ရှေ့နောက်မညီညွတ်မှု စသည့် ချို့တဲ့မှု အလျှင်းမရှိ။ ဤကျမ်းဂန်သည် ဖြောင့်မတ်မှန်ကန်လှပေသည်။ အတိတ်ခေတ်ကျမ်းဂန်များ၏ မူများနှင့် သဘောတရားများကိုလည်း ထောက်ခံသည်။ ထိန်းသိမ်းသည်။ ကမ္ဘာလူသားတို့၏ အကျိုးများကိုလည်း ဆောင်ကျဉ်းပေသည်။ ဤကျမ်းဂန်၏ အသုံးအနှုန်းများမှာလည်း၊ အလွန်ပြေပြစ်လှသည်။ ယဉ်ကျေးသိမ်မွေ့လှသည်။ ဝါစာသိလိုဋ္ဌ ဖြစ်လှသည်။ စာပေ ဂုဏ်မြောက်လှပေသည်။ ဒေသနာတော်များမှာလည်း မမျှမပဋိပဒါ ကျလှသည်။ အနက်အဓိပ္ပါယ် ထိမိလှသည်။ ခေတ်တိုင်း လူတိုင်းနှင့် လျော်ကန်သင့်မြတ်လှသည်။ ဤသို့သော ကျမ်းဂန်ကို ထုတ်ပြန်ချမှတ်တော်မူခြင်းမှာ ကာဖိရ်များအား သတိပေးရန်နှင့် မုအ်မင်န် သူတော်စင်တို့အား ကောင်းချီးသတင်းပေးရန်ပင် ဖြစ်သည်။

قَيِّمًا لِّيُنْذِرَ بَأْسًا شَدِيدًا مِّنْ لَّدُنْهُ وَيُبَشِّرَ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا حَسَنًا ﴿٢﴾

၂။ အမှန်မှာ ထိုကျမ်းဂန်ကို ဖြောင့်မတ်စွာ ပြုစုထားတော်မူခဲ့ပေသည်။ ထိုအရှင်မြတ်အထံတော်မှ (ကျရောက်အံ့သော) ပြင်းထန်လှသော ပြစ်ဒဏ်မှ သတိပေးအံ့သောငှာလည်းကောင်း၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော မုအ်မင်နသက်ဝင်ယုံကြည်သူတို့အား ယင်းတို့အဖို့ အလွန်မွန်မြတ်လှစွာသော အကျိုးဆုလာဘ်ရှိသည်ဟု သတင်းကောင်း ပေးအံ့သောငှာလည်းကောင်း။

مَّاكِثِينَ فِيهِ أَبَدًا ﴿٣﴾

၃။ (ဌင်းတို့သည်) ယင်း(ဂျန္နတ် သုခဘုံတည်း ဟူသော) အကျိုးဆုလာဘ်၌ အမြဲထာဝစဉ် နေထိုင်လျက်ရှိကြပေမည်။

وَيُنْذِرَ الَّذِينَ قَالُوا اتَّخَذَ اللَّهُ وَلَدًا ﴿٤﴾

၄။ အလ္လာဟ်အရှင်မြတ်သည် သားတော်တစ်ပါး မွေးစားတော်မူခဲ့သည်ဟု ပြောဆိုကြကုန်သော သူတို့အား သတိပေးနှိုးဆော်အံ့သောငှာလည်းကောင်း။

مَا لَهُم بِهِ مِنْ عِلْمٍ وَلَا لِآبَائِهِمْ كَبُرَتْ كَلِمَةً تَخْرُجُ مِنْ أَفْوَاهِهِمْ إِن يَقُولُونَ إِلَّا كَذِبًا ﴿٥﴾

၅။ (စင်စစ်) ထိုသူတို့လည်း ဤ(စွပ်စွဲချက်)နှင့် စပ်လျဉ်း၍ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာမျှပင် မရှိပေ။ ထိုနည်းတူစွာ ၎င်းတို့၏ အဘ၊ ဘိုး၊ ဘေးတို့၌လည်း (မည်သည့် အသိပညာ သက်သေသာဓက တစ်စုံတစ်ရာမျှပင် မရှိချေ။ ၎င်းတို့၏ နှုတ်မှထွက်သော စကားသည် အလွန်ကြီးကျယ်လှပေသည်။ ၎င်းတို့သည် မဟုတ်မမှန် မုသား(စကား)ကိုသာ ပြောဆိုကြကုန်သတည်း။

فَلَعَلَّكَ بَاخِعٌ نَّفْسَكَ عَلَىٰ آثَارِهِمْ إِن لَّمْ يُؤْمِنُوا بِهَٰذَا الْحَدِيثِ أَسَفًا ﴿٦﴾

၆။ သို့ဖြစ်ရာ (အို-နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် ဤကျမ်းတော်ကို မယုံကြည်ခဲ့ကြပါလျှင် အသင်သည် ၎င်းတို့ (သွေဖည်ငြင်းပယ်ခဲ့ကြပြီး) နောက်တွင် မိမိကိုယ်ကို မိမိပင် ဝမ်းနည်းပူဆွေးသောအားဖြင့် ပျက်စီးစေမည့်ဟန်တူပေသည်။

(သေလုမတတ် ပူပန်သောကများနေဟန်တူသည်)။ [၁]

إِنَّا جَعَلْنَا مَا عَلَى الْأَرْضِ زِينَةً لَّهَا لِنَبْلُوَهُمْ أَيُّهُمْ أَحْسَنُ عَمَلًا ﴿٧﴾

၇။ ဧကန်မလွဲ ငါအရှင်မြတ်သည် လူတို့အား ၎င်းတို့အနက် မည်သူသည် အကျင့်အမူအား ဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှါ၊ ပထဝီမြေပေါ်၌ရှိကုန်သော အရာဝတ္ထုများကို ငါအရှင်မြတ်သည် ယင်းပထဝီမြေ၏ အလှများ ပြုလုပ်တော်မူခဲ့လေ၏။ [၂]

وَإِنَّا لَجَاعِلُونَ مَا عَلَيْهَا صَعِيدًا جُرُزًا ﴿٨﴾

၈။ တစ်ဖန် ဧကန်မလွဲ ငါအရှင်မြတ်သည် ယင်း ပထဝီမြေပေါ်၌ ရှိရှိသမျှတို့ကို အမှန်ပင် သွေ့ခြောက်သောမြေပြင်အတိ ပြုလုပ်တော်မူမည့်အရှင်မြတ်လည်း ဖြစ်တော်မူပေသတည်း။ [၃]

---

① တမန်တော်မြတ်သည် ကမ္ဘာသူ ကမ္ဘာသားတို့အား ကရဏာတရား ပွားများတော်မူရန်အလို့ငှါ ပွင့်လာတော်မူခဲ့၏။ သို့ပွင့်လာတော်မူခဲ့သည့် အလျောက်လည်း တာဝန်သိသိ၊ သစ္စာရှိရှိနှင့် ကမ္ဘာသူ ကမ္ဘာသားတို့အား တရားဓမ္မဟောညွှန်ပြတော်မူခဲ့၏။ တရားဓမ္မဟောညွှန်ပြတော်မူရာတွင်လည်း ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း အမျိုးမျိုးကို ခံစားတော်မူခဲ့၏။ တာဝန်ရှိသည်ထက်ပို၍ ကြိုးပမ်းတော်မူခဲ့၏။ သို့ပါလျက် ကာဖိရ်များ တရားမရကြသည့်အခါ တမန်တော်မြတ်သည် ယူကျုံးမရဖြစ်ရာတော်မူခဲ့၏။ သေလုမတတ်ပင် ပူပန်သောက များတော်မူခဲ့ရာ၏။ ဤအာယတ်တော်တွင် ဤသည့်အကြောင်းကိုပင် မိန့်ဆိုထားတော်မူ၏။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် ကမ္ဘာသူကမ္ဘာသားတို့အား အဘယ်မျှ ကရဏာတရား ပွားများတော်မူခဲ့ကြောင်း၊ ကမ္ဘာ့အကျိုးကို အဘယ်မျှ သယ်ပိုးတော်မူလိုကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

② အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာ့မြေမျက်နှာပြင်ကို ကမ္ဘာ့တန်ဆာအမျိုးမျိုးတို့ဖြင့် လှပတင့်တယ်စွာ ဆင်ယင်ထားတော်မူသည်မှာ ရှုမည်းပင် ဖြစ်ပေသည်။ ဤသို့ ကမ္ဘာကြီးကို ရှုမည်းဆင်ယင်ထားတော်မူခြင်းမှာ လူသားတို့အနက် မည်သူမည်ဝါသည် လောကီစည်းစိမ်များတွင် နစ်မွန်းနေသည်၊ မည်သူမည်ဝါသည် အရိပ်ပမာ သခ်ါရမျှသာ ဖြစ်သော၊ ဤလောကီစည်းစိမ်များကို စွန့်လွှတ်၍ နောင်တမလွန်၏ ထာဝရ သုခချမ်းသာမှုများ ခံစားရန် ကြိုးပမ်းအားထုတ်သည်ကို စမ်းသပ်တော်မူရန်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် ဤလူ့ကမ္ဘာသည် လူသားတို့၏ စမ်းသပ်ရာဌာနကြီးပင် ဖြစ်ပေသည်။

အချို့ကျမ်းချက်များတွင် လာရှိသည်မှာ သာဝကကြီး အုမရ်က၊ "တမန်တော်မြတ်၊ အကျင့်အမူ အကောင်းဆုံးသောသူများသည် မည်သူများပါနည်း" ဟု လျှောက်ထားရာ၊ တမန်တော်မြတ်က "အသိဉာဏ် အကောင်းဆုံးဖြစ်ပြီး အလ္လာဟ်အရှင်မြတ်က တားမြစ်ထားတော်မူသောအရာများကို ဝေးစွာရှောင်ကြဉ်၍ ထိုအရှင်မြတ်၏အမိန့်တော်များကို ဆောလျင်စွာ လိုက်နာကျင့်မူသောသူများ ဖြစ်ကြသည်" ဟု ဖြေကြားတော်မူလိုက်ပေသည်။

أَمْ حَسِبْتَ أَنَّ أَصْحَٰبَ الْكَهْفِ وَالرَّقِيمِ كَانُوا۟ مِنْ ءَايَٰتِنَا عَجَبًا ۝٩

၉။ ဧကန်စင်စစ် *ဥမင်လိုဏ်ခေါင်း*တွင် ခို(အောင်းခဲ့)သူတို့သည် [၃] ရေးသားထားသော သင်ပုန်းရှင်တို့နှင့် ရကီမ်မြို့သားတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများအနက် ထူးဆန်းအံ့ဖွယ်ဖြစ်သည်ဟု အသင်ထင်မှတ်လေလော့။

---

(၃) လောကီစည်းစိမ်များတွင် နစ်မွန်းသူများ သိထားအပ်ကြသည်မှာ ကမ္ဘာသက်တမ်း ကုန်ဆုံးသည့် တစ်နေ့တွင် အလွှာဟ်အရှင်မြတ်သည် ဤစကြာဝဠာကြီးကို ပြန်လည်ရုပ်သိမ်းတော်မူမည်ဖြစ်သည်။

ဤလောကီ အဆောင်အယောင်များ၊ အဆင့်အယင်များ အားလုံးကို ရုပ်သိမ်းတော်မူပြီး၊ မြေပြင်အတိပြုတော်မူမည်ဖြစ်သည်။ ဤလောကီစည်းစိမ်များသည် သခါရမျှသာ ဖြစ်သည်။ ထာဝရမဟုတ်ပေ။ လူသားတို့သည် လောကီစည်းစိမ်များကို အဘယ်မျှပင် စုဆောင်းထားနိုင်ကြလင့်ကစား သိပ္ပံပညာများ ထွန်းကား၍ ဤကမ္ဘာကြီးကို ရွှေဘုံရွှေနန်းတမျှ မွမ်းမံခြယ်လှယ် ထားနိုင်ကြလင့်ကစား အလွှာဟ်အရှင်မြတ်၏ တရားဒေသနာတော်များနှင့် ကင်းကွာနေကြသမျှ ကာလပတ်လုံးစစ်မှန်သော ထာဝရသုခကိုမူ အလျှင်းရရှိနိုင်ကြမည်မဟုတ်ပေ။

အလွှာဟ်အရှင်မြတ်၏ နှစ်သက်မှုကိုရရှိရန်အလို့ငှာ လောကီစည်းစိမ်များကို စွန့်လွှတ်၍ တရားမှန်ကို ဆောက်တည်ရာတွင် တွေ့ကြုံရသမျှသော ဒုက္ခကြီးငယ် အနှစ်ရာယ်အသွယ်သွယ်တို့ကို မကြောက်မရွံ့နောက်မတွန့်ဘဲ အပြုံးနှင့် ရင်ဆိုင်ရဲသော သာသနာ့အာဇာနည်များ၊ သူမွန်သူမြတ်များသာလျှင် ထာဝရသုခကို ခံစားကြရမည်ဖြစ်သည်။ ဤသည့်အကြောင်းနှင့်ဆက်စပ်၍ ရှေ့တွင် "အတ်ဆွ်ဟာဗိကဟ်ဖ်"၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။

(၁) အတ်ဆွ်ဟာဗိကဟ်ဖ် ဥမင်လိုဏ်ခေါင်းတွင်းသို့ သွားရောက်ခိုအောင်းခဲ့ကြသော လူလင်များ။

ရှေ့တွင်ပါရှိသော "အတ်ဆွ်ဟာဗိ ကဟ်ဖ်" ခေါ် လိုဏ်ဂူတွင်းသို့ သွားရောက်ခိုအောင်းခဲ့ကြသော နဆွဲရာနီလူလင်များ၏ အကြောင်းသည် အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော် အနန္တနှင့်စာကြည့်လျှင် အလွန့်အလွန် အံ့သြဖွယ်ရာ မဟုတ်သေးပေ။

အမှန်မှာ မိုး၊ မြေ၊ နေ၊ လ၊ နက္ခတ်၊ ဂြိုလ်စသည့် ကမ္ဘာတန်ဆာများကို ဖန်ဆင်းတော်မူ၍ စံနစ်တကျ သွားလာလှုပ်ရှားစေတော်မူခြင်း၊ သေးငယ်သော လူသားအား ကမ္ဘာအဝှန်းထက် အသားပေးထားတော်မူခြင်း၊ လူသားတို့တွင် တမန်တော်များအား စေလွှတ်တော်မူခြင်း၊ တမန်တော်များ၏ အားအင်ချည့်နဲ့လှသော လက်တစ်ဆုပ်စာမျှရှိသော နောက်လိုက်တပည့်သားတို့အား အားအင် အလွန်ကြီးမားသော၊ မောက်မာပလွားဝါကြွားလျှက်ရှိသော ကာဖိရ်စစ်သည်များနှင့် ပြိုင်ဆိုင်ရာတွင် အနိုင်ပေးတော်မူခြင်း၊ တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်ဂ်ရ်တို့အား "ဆောင်ရ်" လိုဏ်ဂူတွင် သုံးရက်တိုင်တိုင်၊ ခိုအောင်းစေတော်မူပြီး ရန်သူများ၏ မျက်စိအောက်မှပင် လွတ်မြောက်စေတော်မူခဲ့ခြင်း၊ အလွန်တိုတောင်းလှသည့် အချိန်ပိုင်း အတွင်းတွင် လက်တစ်ဆုပ်မျှသော မွတ်စ်လင်မ်တို့အား အာရေဗျကျွန်းဆွယ်ကြီး တစ်ခုလုံးနှင့် ကမ္ဘာအရပ်ရပ်သို့ လွှမ်းမိုးသွားစေတော်မူခဲ့ခြင်း၊ စသည်တို့သည် နက်နက်နဲနဲ စဉ်းစားဆင်ခြင်မြော်မြင်ကြည့်ပါက ပို၍ပင် အံ့ဖွယ်ကောင်းပေသည်။

ဆိုလိုသည်ကား၊ နဆွဲရာနီလူလင်များ၏ အကြောင်းသည် အံ့ဖွယ်ရာဖြစ်သကဲ့သို့ အခြားအံ့ဖွယ်ရာများသည် အမြောက်အမြား ရှိပေသေးသည်ဟူ၏။ ➤➤

إِذْ أَوَى الْفِتْيَةُ إِلَى الْكَهْفِ فَقَالُوا رَبَّنَا آتِنَا مِن لَّدُنكَ رَحْمَةً وَهَيِّئْ لَنَا مِنْ أَمْرِنَا رَشَدًا ﴿١٠﴾

၁၀။ (ပြန်လည် အောက်မေ့သတိရပါလေ)၊ အကြင် အခါဝယ် ထိုလူငယ်တို့သည် ဥမင်လိုဏ်ခေါင်းသို့ (သွားရောက်) ခိုအောင်းခဲ့လေသည်။ ထို့နောက် ၎င်းတို့သည် ကျွန်တော်မျိုးတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိအထံတော်မှ ကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူပါ။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏အရေးကိစ္စ၌ ဖြောင့်မတ်မှုကို ပေးသနားတော်မူပါဟု လျှောက်ထား(အသနား)ခံခဲ့ကြကုန်၏။

➢➢ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ယဟူဒီများ၏ ညွှန်ကြားချက်အရ တမန်တော်မြတ်အား အချို့ပုစ္ဆာများကို မေးမြန်းခဲ့ကြလေသည်။

ယင်းပုစ္ဆာများအနက် ပုစ္ဆာတစ်ခုမှာ "အတ်ဆွ်ဟာဗိကဟ်ဖ်" ၏ အကြောင်းနှင့် ပတ်သက်သည်။ ကုရ်အာန်ကျမ်းမြတ်တွင် ဤအကြောင်းကို ဖြေဆိုထားတော်မူသည်။

"ကဟ်ဖ်" ၏မူရင်းအဓိပ္ပါယ်မှာ ကျယ်ဝန်းသော ဥမင်လိုဏ်ခေါင်းဟုရသည်။ သို့ဖြစ်ရာ "အတ်ဆွ်ဗိကဟ်ဖ်" ၏ အဓိပ္ပါယ်မှာ "ဥမင်လိုဏ်ခေါင်းရှင်များ" "ဥမင်လိုဏ်ခေါင်းတွင်း ခိုအောင်းသူများ"ဟူ၍ဖြစ်ပေသည်။

"ရကီမ်" ၏ အဓိပ္ပါယ်မှာ ကမ္ဘည်းကျောက်စာ၊ သင်္ချိုင်းမှတ်တိုင်ဟုရသည်။ အတ်ဆွ်ဟာဗ်ကဟ်ဖ်၏ သင်္ချိုင်းပေါ်တွင် ကမ္ဘည်းကျောက်စာတစ်ခုရေးဆွဲထားသည်။ ထိုကမ္ဘည်းကျောက်စာတွင် အဆွ်ဟာဗီကဟ်ဖ်၏အမည်၊ မျိုးနွယ်ဆက်နှင့် အထူးပွတ္တိ အကျဉ်းချုပ်ကို ရေးသားထားသည်။

ယင်းသို့ ကမ္ဘည်းကျောက်စာ ရေးဆွဲထားသည်ကို အကြောင်းပြု၍ အတ်ဆွ်ဟာဗ်ကဟ်ဗ်အား "အတ်ဆွ်ဟာဖ်ရကီမ်" (ကမ္ဘည်းကျောက်စာရှင်များ) ဟူ၍လည်း ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

ဓမ္မအန္တရာယ်ကင်းရာ ဆုဒိအာ။

အတ်ဆွ်ဟာဗီကဟ်ဖ်သည် အဆိုပါ ဥမင်လိုဏ်ဂူသို့ သွားရောက်ခိုအောင်းကြသည့်အခါ၊ ဓမ္မအန္တရာယ်ကင်းရန် အလို့ငှာ၊ ဤအာယတ်တော် (၁၈း၁၀) တွင် လာရှိသည့်အတိုင်း 'အို ... ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိအထံတော်မှ ကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အရေးကိစ္စတွင် ဖြောင့်မတ်မှန်ကန်မှုကို စီမံပေးသနားတော်မူပါ' ဟု ဆုတောင်းပတ္ထနာပြုခဲ့ကြလေသည်။

ဤသည့် ထုံးကို နှလုံးသွင်း၍ မွတ်စ်လင်မ်တို့သည် ဓမ္မအန္တရာယ်ကြောင့် တိုင်းပြည်စွန့်ခွာရသောအခါ ဤသို့ပင် ဆုဒိအာပြုရာ၏။

فَضَرَبْنَا عَلَىٰٓ اٰذَانِهِمْ فِى الْكَهْفِ سِنِيْنَ عَدَدًا ﴿١١﴾

၁၁။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့၏ နားပေါ်၌ ဥမင်လိုဏ်ခေါင်းတွင် ရေတွက်ထားသော နှစ်ပေါင်းများစွာအထိ (တံဆိပ်) ရိုက်နှိပ် (ဝိုက်မည်း ခြင်း၏) အဖုံးအကာကို ချထားတော်မူခဲ့လေသည်။ (ဝါ) အိပ်ပျော်စေတော်မူခဲ့လေသည်။

ثُمَّ بَعَثْنٰهُمْ لِنَعْلَمَ اَىُّ الْحِزْبَيْنِ اَحْصٰى لِمَا لَبِثُوْٓا اَمَدًا ﴿١٢﴾

၁၂။ ထိုနောက် ငါအရှင်မြတ်သည် ၎င်းတို့အား ထိုအုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် ၎င်းတို့ နေထိုင်ခဲ့ကြသော (အချိန်ကာလ၏) အဆုံးအစွန်ကို ရေတွက်မှတ်သားခဲ့သည်ကို သိအံ့သောငှာ ပြန်နိုး စေတော်မူခဲ့ပေသတည်း။

نَحْنُ نَقُصُّ عَلَيْكَ نَبَاَهُمْ بِالْحَقِّ ۭ اِنَّهُمْ فِتْيَةٌ اٰمَنُوْا بِرَبِّهِمْ وَزِدْنٰهُمْ هُدًى ﴿١٣﴾

၁၃။ (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်အား ၎င်းတို့၏ အတ္ထုပ္ပတ္တိအကြောင်းကို မှန်ကန် စွာ ပြောပြတော်မူလေသည်။ ဧကန်အမှန် ၎င်းတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သက်ဝင် ယုံကြည်ခဲ့ကြကုန်သော လူလင်အချို့ပင် ဖြစ်ခဲ့ကြကုန်၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၌ တရားလမ်းမှန် ရရှိမှုကို တိုးပွားများပြားစေတော် မူခဲ့ပေသည်။

وَّرَبَطْنَا عَلٰي قُلُوْبِهِمْ اِذْ قَامُوْا فَقَالُوْا رَبُّنَا رَبُّ السَّمٰوٰتِ وَالْاَرْضِ

၁၄။ ထိုမှတစ်ပါး၊ ၎င်းတို့သည် (မိမိတို့ဘုရင်၏ ရှေ့ဝယ် သို့မဟုတ် လူများ၏ရှေ့ဝယ်) မားမားမတ်မတ် ရပ်တည်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူခဲ့လေသည်။ ထိုအခါ ၎င်းတို့သည် (ဤသို့) ပြောကြားခဲ့ကြလေသည်။ "ကျွန်ုပ်တို့၏အရှင်ကား မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင် ပင် ဖြစ်တော်မူပေသည်။

لَن نَّدْعُوَا۟ مِن دُونِهِۦٓ إِلَٰهًا لَّقَدْ قُلْنَآ إِذًا شَطَطًا ﴿١٤﴾

(သို့)ဖြစ်ရာ) ကျွန်ုပ်တို့သည် ထိုအရှင်မြတ်မှ တစ်ပါး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုးကွယ်ရာ အဖြစ် အလျှင်း ဟစ်ခေါ်(တသ ကိုးကွယ်ဆည်းကပ်) ကြမည်မဟုတ်ကြောင်း၊ ထိုသို့(ပြုခဲ့ကြသည်)ဖြစ်လျှင် ဧကန်မလွဲ ကျွန်ုပ်တို့သည် အလွန်အလွန် လွန်ကဲသောအမှုကိစ္စကို၊ အမှန်တရားနှင့် အလွန်ဝေးကွာကမ်းလှမ်းသောစကားကို၊ ပြောဆို (ကျူးလွန်)သူများပင် ဖြစ်သွားကြမည်ဖြစ်ကြောင်း"။

هَٰٓؤُلَآءِ قَوْمُنَا ٱتَّخَذُوا۟ مِن دُونِهِۦٓ ءَالِهَةً ۖ لَّوْلَا يَأْتُونَ عَلَيْهِم بِسُلْطَٰنٍۭ بَيِّنٍ ۖ فَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا ﴿١٥﴾

၁၅။ (ကျွန်ုပ်တို့၏) ဤအမျိုးသားတို့သည် ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာများ ပြုလုပ်ခဲ့ကြကုန်၏။ ၎င်းတို့သည် ယင်း(ကိုးကွယ်ရာ)တို့(ကို ခဝပ်ကိုးကွယ်ခြင်း)နှင့် ပတ်သက်၍ ထင်ရှားသောသက်သေသာဓက တစ်စုံတစ်ရာကို အဘယ်ကြောင့် ယူဆောင်(တင်ပြ)ခြင်းကို မပြုကြသနည်း။

သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်အပေါ်၌ မဟုတ်မမှန် မုသားကို လီဆယ်စွပ်စွဲသောသူထက် သာလွန်မတရားသောသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပေတကား။

وَإِذِ ٱعْتَزَلْتُمُوهُمْ وَمَا يَعْبُدُونَ إِلَّا ٱللَّهَ فَأْوُۥٓا۟ إِلَى ٱلْكَهْفِ يَنشُرْ لَكُمْ

၁၆။ ထို့နောက် (ယင်းလုလင်တို့အနက် အချို့က အချို့အား) အသင်တို့သည် ယင်း(အမျိုးသား)တို့ထံမှလည်းကောင်း၊ အလ္လာဟ်အရှင်မှတစ်ပါး ထိုသူတို့ကိုးကွယ်ဆည်းကပ်ကြကုန်သော ကိုးကွယ်ရာများထံမှလည်းကောင်း၊ ခွဲခွာနောက်ဆုတ်ခဲ့ကြပြီးဖြစ်ပေရာ အသင်တို့သည် (ထို)ဥမင်လိုဏ်ခေါင်းသို့ (သွားရောက်) ခိုလှုံကြလေကုန်။

رَبُّكُمْ مِّنْ رَّحْمَتِهٖ وَيُهَيِّئْ لَكُمْ مِّنْ اَمْرِكُمْ مِّرْفَقًا ﴿١٦﴾

အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် မိမိကရုဏာတော်ကို အသင်တို့အပေါ် ဝယ် ဖြန့်၍ပေးသနားတော်မူပေမည်။ ၎င်းပြင် ထို အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အရေး ကိစ္စကို အထူး အကျိုးကျေးဇူးရှိစေရန် စီမံ၍ ပေးတော် မူမည် ဖြစ်သည်။

وَتَرَى الشَّمْسَ اِذَا طَلَعَتْ تَّزٰوَرُ عَنْ كَهْفِهِمْ ذَاتَ الْيَمِيْنِ وَاِذَا غَرَبَتْ تَّقْرِضُهُمْ ذَاتَ الشِّمَالِ وَهُمْ فِيْ فَجْوَةٍ مِّنْهُ ۗ ذٰلِكَ مِنْ اٰيٰتِ اللّٰهِ ۗ مَنْ يَّهْدِ اللّٰهُ فَهُوَ الْمُهْتَدِ ۚ وَمَنْ يُّضْلِلْ فَلَنْ تَجِدَ لَهٗ وَلِيًّا مُّرْشِدًا ﴿١٧﴾

၁၇။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် နေထွက်သောအခါ ထိုနေသည် ထို(လုလင်)တို့၏ လိုဏ်ဂူမှလက်ယာဘက်သို့ ညွှတ်၍နေသည်ကို လည်းကောင်း၊ တစ်ဖန် ထိုနေသည် (ပြန်)ဝင်သောအခါ လက်ဝဲဘက်သို့(ကျော်ထွက်ကာ) ထိုသူတို့အား ရှောင်ကွင်း၍သွားသည်ကိုလည်းကောင်း၊ တွေ့မြင်ရမည် ဖြစ်၏။ [၁] စင်စစ် ၎င်းတို့သည် ယင်းလိုဏ်ဂူတွင် ကျယ်ဝန်းသော နေရာ၌ပင်ရှိခဲ့ကြကုန်၏။

ဤသည်ကား အလ္လာဟ်အရှင်မြတ်၏ လက္ခဏာ တော်များအနက် လက္ခဏာတော်တစ်ရပ်ပင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ် တရားလမ်းမှန်ကို ညွှန်ပြသော သူသည်သာလျှင် တရားလမ်းမှန်ကို ရရှိသူဖြစ်၏။ သို့ရာတွင် ထိုအရှင်မြတ်က လမ်းမှားစေတော်မူသော သူမှာမူကား ထိုသူအား ကူညီရိုင်းပင်းမည်ဖြစ်သော၊ တရားလမ်းမှန်ညွှန်ပြသော အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှပင် အသင် အလျှင်းတွေ့ရှိလိမ့်မည် မဟုတ်ပေတကား။

---

① **အတ်ဆွ်ဟာဗီကဟ်ဖ်၏ ဥမင်လိုဏ်ဂူ၏ အနေအထား။**

ဤအာယတ်တော်တွင် အတ်ဆွ်ဟာဗီကဟ်ဖ် ခိုအောင်းခဲ့ကြသော ဥမင်လိုဏ်ဂူ၏ အနေအထားကို မိန့်ဆိုထားတော်မူသည်။ ထိုလိုဏ်ဂူမှာ မကျဉ်းပေ။ ကျယ်ဝန်းလှပေသည် လေလည်းကောင်းစွာ ဝင်သည်။ အလင်းရောင်လည်းရသည်။ နေရောင်လည်း မထိုးပေ။ ဤသို့အားဖြင့် အဆိုပါ လိုဏ်ဂူမှာ အဆင်ပြေလှသည်။ သာယာလှပေသည်။

وَتَحْسَبُهُمْ أَيْقَاظًا وَّهُمْ رُقُودٌ ۚ وَّنُقَلِّبُهُمْ ذَاتَ الْيَمِينِ وَذَاتَ الشِّمَالِ ۖ وَكَلْبُهُمْ بَاسِطٌ ذِرَاعَيْهِ بِالْوَصِيدِ ۚ لَوِ اطَّلَعْتَ عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَّلَمُلِئْتَ مِنْهُمْ رُعْبًا ﴿١٨﴾

၁၈။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား (တွေ့မြင်ရပါလျှင်) နိုးနေကြသူများဟူ၍ပင် ထင်မှတ်ပေမည်။ စင်စစ် ၎င်းတို့သည် အိပ်ပျော်၍ နေကြသူများပင်ဖြစ်ကြကုန်၏။ ၎င်းပြင် ငါအရှင်မြတ်သည်ပင် ထိုသူတို့အား လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း၊ ပြောင်း၍ပေးတော်မူ၏။ ထိုမှတစ်ပါး၊ ၎င်းတို့၏ခွေးသည် တံခါးဝ၌ မိမိလက်နှစ်ဖက်ကို ဖြန့်(ခင်း)လျက်ရှိခဲ့၏။

(အို-နဗီတမန်တော်) အကယ်၍သာ အသင်သည် ၎င်းတို့အား ချောင်းကြည့်ခဲ့ပါမူ အမှန်ပင် အသင်သည် ၎င်းတို့ဘက်မှ ကျောခိုင်း၍ထွက်ပြေးသည့်ပြင် ၎င်းတို့အား ထိတ်လန့်မှုသည်လည်း အမှန်ပင် အသင်၌ ပြည့်လျှံ၍ သွားခဲ့မည်သာတည်း။

وَكَذَٰلِكَ بَعَثْنَاهُمْ لِيَتَسَاءَلُوا بَيْنَهُمْ ۚ قَالَ قَائِلٌ مِّنْهُمْ كَمْ لَبِثْتُمْ ۖ قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ ۚ

၁၉။ ၎င်းပြင် ဤနည်းနှင့်နှင် ငါအရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြအံ့သောငှာ (ပြန်လည်၍) နိုးထစေတော်မူခဲ့၏။ [၁] (ထိုအခါ) ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက အသင်တို့သည် အဘယ်မျှလောက် (အချိန်ကာလတိုင်အောင် အိပ်ပျော်)နေခဲ့ကြသနည်းဟု ပြောဆိုမေးမြန်းခဲ့ရာ ထိုသူတို့(အနက် အချို့)က ကျွန်ုပ်တို့သည် တစ်နေ့ သို့မဟုတ် နေ့၏တစ်စိတ်တစ်ဒေသမျှပင် အိပ်နေခဲ့ကြပါသည်ဟု ဖြေကြားခဲ့လေသည်။

① **အတ်ဆွ်ဟာဗီကဟ်ဖ် အိပ်ရာမှ ပြန်လည်နိုးထခြင်း။**

အလ္လာဟ်အရှင်မြတ်သည် မိမိ၏တန်ခိုးတော်ဖြင့် အတ်ဆွ်ဟာဗီကဟ်ဖ်အား အအိပ်ကြီး အိပ်ပျော်စေတော်မူပြီးနောက် ခေတ်အတန်ပြောင်းသွားသည့်အခါ ထိုအရှင်မြတ်သည်ပင် ၎င်းတို့အား ပြန်လည်နိုးထစေတော်မူခဲ့၏။ နိုးထလာကြသောအခါ၊ အချင်းချင်း "ငါတို့အိပ်ပျော်သွားခဲ့ကြသည်မှာ အဘယ်မျှကြာသွားပြီနည်း" ဟု မေးမြန်းကြလေသည်။ အချို့က တစ်နေ့၊ သို့မဟုတ် နေ့ဝက်လောက်ရှိသည်။ ဆိုလိုသည်ကား မကြာလှသေးပါဟု ဆိုလေသည်။

➤➤

قَالُوا رَبُّكُمْ أَعْلَمُ بِمَا لَبِثْتُمْ ۖ
فَابْعَثُوا أَحَدَكُمْ
بِوَرِقِكُمْ هَٰذِهِ إِلَى
الْمَدِينَةِ فَلْيَنْظُرْ أَيُّهَا
أَزْكَىٰ طَعَامًا فَلْيَأْتِكُمْ بِرِزْقٍ
مِّنْهُ وَلْيَتَلَطَّفْ
وَلَا يُشْعِرَنَّ بِكُمْ
أَحَدًا ﴿١٩﴾

(ထိုအခါ) ၎င်း(တို့အနက် အချို့သူ)တို့ကမူ (ဤသို့)ပြောဆိုခဲ့ကြလေသည်။ (စင်စစ်) အသင်တို့အိပ်ပျော်နေခဲ့ကြသောအချိန်ကာလကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်သာလျှင် အသိဆုံးပင် ဖြစ်တော်မူ၏။

သို့ဖြစ်ပေရာ အသင်တို့သည် (ယခု) မိမိတို့အနက် တစ်ဦးဦးကို မိမိတို့၏ ဤငွေဒင်္ဂါးကိုပေး၍ မြို့ထဲသို့ စေလွှတ်ကြလေကုန်။ သို့စေလွှတ်ခဲ့လျှင် မည်သည့် အစားအစာသည် အစင်ကြယ်ဆုံးဖြစ်သည်ကို ကြည့်ရှုပြီးနောက် ထိုသူသည် စားဖွယ်အချို့ကို အသင်တို့ထံ ယူဆောင်လာခဲ့ရမည်။ သို့ရာတွင် ထိုသူသည် (မြို့ထဲသို့သွားရာ၌ မြို့သူမြို့သားတို့သည် လုံးဝ ဒွိဟသံသယ မဖြစ်ကြစေရန်) ပရိယာယ်ကျင့်သုံးရမည်။ ၎င်းပြင် ထိုသူသည် အသင်တို့နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မသိစေရ။

➤➤ အချို့က ဤကိစ္စတွင် ငြင်းခုံနေသည့်အတွက် အကျိုးတစ်စုံတစ်ရာမရှိပါ။ ငါတို့အိပ်ပျော်သွားခဲ့ကြသည်မှာ အဘယ်မျှကြာသွားခဲ့ပြီးကို အလွှာဟ်အရှင်မြတ် အသိဆုံးပင်ဖြစ်တော်မူသည်။ ယခုမူ ငါတို့သည် စားရေးသောက်ရေး အတွက်စီစဉ်ကြရမည်။ မိမိတို့အနက် တစ်ဦးဦးကို မိမိတို့ယူဆောင်လာခဲ့သော ငွေအသပြာပေး၍ မြို့တွင်းသို့စေလွှတ်ပြီး စင်ကြယ်သန့်ရှင်းသော စားဖွယ်သောက်ဖွယ်များကို ဝယ်ခိုင်းကြရမည်။

မြို့တွင်းသို့ သွားရောက်၍ စားဖွယ်သောက်ဖွယ်များ ဝယ်မည့်သူသည် အလွန်လိမ္မာပါးနပ်ရမည်။ အစစအရာရာ ပိရိရမည်။ ကောင်းစွာ ဆက်ဆံရမည်။ ငါတို့အကြောင်း မြို့သားများမသိစေရ၊ ငါတို့အကြောင်းကို မြို့သားများ တစ်ဦးတစ်ယောက်သိ၍ ဘုရင့်နားသို့ ပေါက်ကြားသွားလျှင် ဘုရင်သည် ငါတို့အား ခဲများဖြင့် ပေါက်သတ်မည်၊ သို့မဟုတ် ငါတို့အား ၎င်း၏ဘာသာအယူဝါဒအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းပေမည်။ ဤသို့ဖြစ်ရလျှင် ငါတို့သည် လိုရာပန်းတိုင်သို့ အလျှင်း ရောက်နိုင်ကြတော့မည်မဟုတ်ပေဟု ပြောဆိုအကြံပေးလေသည်။

သို့အကြံပေးသည့်အတိုင်း စားဖွယ်သောက်ဖွယ်များ ဝယ်နိုင်ရန်အတွက် ၎င်းတို့အနက် လူတစ်ယောက်ကို မြို့တွင်းသို့ စေလွှတ်လိုက်ကြလေသည်။ ထိုသူသည် မြို့တွင်းသို့ ရောက်ရှိလာခဲ့လေသည်။

ထိုသူ့အဖို့မြို့မှာလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲလျက်ရှိနေ၏။ မြို့သားများမှာလည်း သူစိမ်းများလို ဖြစ်နေကြ၏။ အခြေအနေမှာ ယခင်နှင့်မတူချေ။ နောက်ဆုံးတွင် လိုရာစားဖွယ် သောက်ဖွယ်များဝယ်၍➤➤

إِنَّهُمْ إِن يَظْهَرُوا۟ عَلَيْكُمْ يَرْجُمُوكُمْ أَوْ يُعِيدُوكُمْ فِى مِلَّتِهِمْ وَلَن تُفْلِحُوٓا۟ إِذًا أَبَدًا ﴿٢٠﴾

၂၀။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ၎င်းတို့သည် အသင်တို့နှင့်ပတ်သက်၍ သိသွားခဲ့ကြပါလျှင် ထိုသူတို့သည် အသင်တို့အား ခဲဖြင့် ပစ်ပေါက်၍ သတ်ခြင်းကိုသော်လည်းကောင်း၊ မိမိတို့၏ဘာသာ၊ သာသနာတွင်းသို့ ပြန်လည်သိမ်းသွင်းခြင်းကိုသော်လည်းကောင်း၊ ပြုလုပ်ကြမည်ဖြစ်သောကြောင့်ပင်၊ စင်စစ်သော်ကား (အကယ်၍သာ ထိုကဲ့သို့ ဖြစ်ခဲ့ရပါလျှင်) အသင်တို့သည် မည်သည့်အခါမျှပင် အောင်မြင်ကြမည်မဟုတ်ပေ။

➤➤ ငွေချေသောအခါ မြို့သားများသည် ၎င်း၏ငွေကို ကြည့်ပြီး အံ့သြနေကြ၏။ ထိုသူထုတ်ပေးသောငွေမှာ ခေတ်သုံးငွေမဟုတ်ပေ၊ ရှေးခေတ်ငွေဖြစ်နေ၏။ ငွေပေါ်၌ ပါရှိသောတံဆိပ်၊ အမှတ်အသား၊ ခုနှစ်များမှာလည်း ရှေးခေတ်ကဖြစ်နေ၏။

မြို့သားများသည် ထိုသူနှင့်ပတ်သက်၍ အမျိုးမျိုးယူဆခဲ့ကြ၏။ အချို့က ထိုသူတို့ထံ၌ ရှေးဟောင်းဘဏ္ဍာတော်တိုက်ရှိသည်ဟု ယူဆခဲ့ကြ၏။ အချို့ကလည်း သူရူးဟုယူဆခဲ့ကြ၏။ နောက်ဆုံးတွင် ထိုသူ၏သတင်းသည် ဘုရင့်နားသို့ပေါက်ကြားသွားခဲ့၏။ ဘုရင်သည် ထိုသူအားခေါ်ယူ၍ ကျိုးကြောင်းကုန်စင် မေးမြန်းကြည့်၏။

ထိုသူ၏ပြောပြချက်များကို စဉ်းစားဆင်ခြင်၍ ဘုရင်သည် အတိတ်ခေတ်တွင် ပျောက်ခြင်းမလုပျောက်ကွယ်သွားခဲ့သော အချို့လုလင်များအကြောင်း ရေးမှတ်ထားသည့် ကမ္ဘည်းကျောက်စာကို တောင်းပြီးကြည့်ရာ အတိတ်ခေတ်တွင် ပျောက်ကွယ်သွားခဲ့သော လုလင်များမှာ ထိုသူနှင့် အပေါင်းပါများ ဖြစ်နေကြောင်းကို ကောင်းစွာ ရိပ်စားမိလေသည်။

ထိုအချိန်တွင် တိုင်းပြည်၌ "သေပြီးနောက်ပြန်လည်ရှင်ထခြင်း" ပြဿနာနှင့်စပ်လျဉ်း၍ အကြီးအကျယ် အငြင်းပွားလျက်ရှိခဲ့၏။ အချို့ကသေပြီးနောက် ပြန်ရှင်ရမည်မဟုတ်ဟု ဆိုကြ၏။ အချို့ကသေပြီးနောက် ပြန်လည်ရှင်ခြင်းမှာ ကိုယ်ခန္ဓာမပါ နာမ်သာလျှင် ပြန်လည်ရှင်မည်ဟုဆိုကြ၏။

ဘုရင်သည် အမှန်တရားကို သက်ဝင်ယုံကြည်သူဖြစ်၏။ တရားမျှတ၏ သမာသမတ်ရှိ၏၊ ဘုရင်သည်လည်း သေပြီးနောက် ရုပ်နှင့်နာမ်ပါ ပြန်လည်ရှင်ထရမည်ကိုယုံကြည်၏။ မိမိ၏ယုံကြည်ချက်နှင့် စပ်လျဉ်း၍ အသိဉာဏ်နှင့် ယှဉ်ပြိုင်ရန် မျက်မြင် အထောက်အထားတစ်ခုကို ရှာနေခဲ့၏။

ထိုအချိန်တွင် အလွှာဟ်အရှင်မြတ်သည် သေပြီးနောက် ပြန်လည်ရှင်ထရေးနှင့် စပ်လျဉ်း၍ တွေးဆဆင်ခြင် မြော်မြင်သိရှိနိုင်ရန်အတွက် အက်ဆွ်ဟာဗီကဟ်ဖ်တို့အား နှစ်ပရိစ္ဆေဒ အမြောက်အမြား အိပ်ပျော်စေပြီးနောက်မှ ယခင်ပကတိအတိုင်း ပြန်လည်နိုးထစေတော်မူခဲ့လေသည်။

ထိုအခါ တိုင်းပြည်၌ အငြင်းပွားလျက်ရှိနေသော ပြဿနာသည် ပြေလည်သွားပြီး သေပြီးနောက် ရုပ်နာမ်နှင့်တစ်ကွ ပြန်လည်ရှင်ထရမည်ကို ငြင်းနေခဲ့သောသူများသည်လည်း သေပြီးနောက် ရုပ်နာမ်နှင့်တကွ ရှင်ပြန်ထရမည်ကို ယုံကြည်လာခဲ့ကြပေသည်။ ➤➤

وَكَذٰلِكَ اَعْثَرْنَا عَلَيْهِمْ لِيَعْلَمُوْٓا اَنَّ وَعْدَ اللّٰهِ حَقٌّ وَّاَنَّ السَّاعَةَ لَا رَيْبَ فِيْهَا ۗ اِذْ يَتَنَازَعُوْنَ بَيْنَهُمْ اَمْرَهُمْ فَقَالُوا ابْنُوْا عَلَيْهِمْ بُنْيَانًا ۗ رَبُّهُمْ اَعْلَمُ بِهِمْ ۗ قَالَ الَّذِيْنَ غَلَبُوْا عَلٰٓى اَمْرِهِمْ لَنَتَّخِذَنَّ عَلَيْهِمْ مَّسْجِدًا ﴿٢١﴾

၂၁။ စင်စစ်သော်ကား ဤနည်းနှင်နှင် ငါအရှင်မြတ်သည် (ထိုခေတ်ရှိ လူသား တို့အား) ၎င်းတို့နှင့် ပတ်သက်၍ သိစေတော်မူခဲ့လေ၏။ သို့မှသာလျှင် (လူတို့သည်) အလွှာဟ်အရှင်မြတ်၏ ကတိတော်မှန်ကန်ကြောင်းကိုလည်းကောင်း၊ ကိယာမတ်ရှင်ပြန်ထမည့်နေ့နှင့် စပ်လျဉ်း၍ ဒို့ဟသံသယ အလျှင်းမရှိကြောင်းကိုလည်းကောင်း၊ သိရှိကြပေမည်။ (ပြန်လည်အောက်မေ့သတိရကြပေကုန်)။ အကြင်အခါဝယ် ထို(ခေတ် ထိုကာလ၌ ရှိခဲ့ကြသော) သူတို့သည် ယင်း(လုလင်)တို့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ ငြင်းခုံနေကြကုန်၏။ ထိုအခါ (ကာဖိရ် သွေဖည်ငြင်းပယ်သူတို့က) ထို(လုလင်)တို့၏အနီးတွင် အဆောက်အအုံတစ်ခုခုကို တည်ဆောက်ကြလေကုန်ဟု ပြောဆိုခဲ့ကြကုန်၏။

သို့ရာတွင် မိမိတို့၏အရေးကိစ္စ၌ အောင်မြင်ခဲ့ကြကုန်သော(အာဏာပိုင် မုအ်မင်န်သက်ဝင်ယုံကြည်) သူတို့က ကျွန်ုပ်တို့မူကား ယင်း(လုလင်)တို့၏အနီးတွင် ဝတ်ကျောင်းတစ်ခုကို မုချ တည်ဆောက်ကြမည်ဟု ပြောဆိုခဲ့ကြကုန်သတည်း။

سَيَقُوْلُوْنَ ثَلٰثَةٌ رَّابِعُهُمْ كَلْبُهُمْ ۚ

၂၂။ မကြာမြင့်မီပင် (အချို့သူတို့က ယင်းလုလင်တို့မှာ) သုံးဦးဖြစ်ခဲ့ကြသည်။ ၎င်းတို့အနက် စတုတ္ထမှာ ၎င်းတို့၏ခွေးဖြစ်သည်ဟု ပြောဆိုကြပေမည်။

➤➤ ထို့နောက် အတ်ဆွ်ဟာဗီကဟ်ဖ်သည် အသက်နှင့်ပင် ရှင်နေခဲ့ကြသည်။ သေသွားခဲ့ကြသည်။ သေသွားခဲ့ကြလျှင် အဘယ်အချိန်တွင် သေသွားခဲ့ကြသည်။ အသက်ရှင်နေခဲ့ကြလျှင် အဘယ်အချိန်အထိ ရှင်နေခဲ့ကြသည် သို့မဟုတ် အဘယ်အချိန်အထိ ရှင်နေကြမည်ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ အလွှာဟ် အရှင်မြတ်မှတစ်ပါး: မည်သူမျှ အတိအကျ မသိပေ။

وَيَقُولُونَ خَمْسَةٌ سَادِسُهُمْ
كَلْبُهُمْ رَجْمًا بِالْغَيْبِ ۖ
وَيَقُولُونَ سَبْعَةٌ وَثَامِنُهُمْ
كَلْبُهُمْ ۚ قُلْ رَبِّي أَعْلَمُ
بِعِدَّتِهِمْ مَا يَعْلَمُهُمْ
إِلَّا قَلِيلٌ ۖ فَلَا تُمَارِ فِيهِمْ
إِلَّا مِرَاءً ظَاهِرًا ۖ
وَلَا تَسْتَفْتِ فِيهِمْ مِنْهُمْ
أَحَدًا ﴿٢٢﴾

ထို့ပြင် (အချို့ သူတို့ကမူ)ငါးဦး ဖြစ်ခဲ့ကြသည်၊၎င်းတို့အနက် ဆဋ္ဌမမှာ ၎င်းတို့၏ခွေး ဖြစ်ခဲ့သည်ဟု ပြောဆိုကြမည်။ သို့ရာတွင် (အချို့သူတို့မှာ မူကား) ခုနစ်ဦး ဖြစ်ခဲ့ကြသည်။ ထို့ပြင် ၎င်းတို့အနက် အဋ္ဌမမှာ ၎င်းတို့၏ခွေး ဖြစ်ခဲ့ကြသည်ဟု ပြောဆိုကြပေမည်။

(အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (အချင်းတို့၊ စင်စစ်) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်သာလျှင် ၎င်းတို့၏အရေအတွက်ကို အသိဆုံးဖြစ်တော်မူ၏။ အနည်းငယ်မျှသောသူတို့မှအပ၊ ၎င်း(တို့၏ အရေအတွက်)ကို မည်သူမျှမသိပေ။ [၁] သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့နှင့်ပတ်သက်၍ အပေါ်ယံအားဖြင့် ငြင်းခုံခြင်းမှတစ်ပါး(အကြီးအကျယ်) ငြင်းခုံ (ဆွေးနွေး)ခြင်းကိုမူကား မပြုပါလေနှင့်။ ထိုမှတပါး အသင်သည် ၎င်းတို့နှင့်ပက်သက်၍ ထို(ကျမ်းဂန်ရရှိသူ)တို့အနက် မည်သူတစ်ဦး တစ်ယောက်ကိုမျှ မေးမြန်းခြင်းကိုလည်း မပြုပါလေနှင့်။

① **အတ်ဆွ်ဟာဗီကဟ်ဖ်၏ အရေအတွက်**

အတ်ဆွ်ဟာဗီကဟ်ဖ်၏ အကြောင်းကို ကြားသိရသည့်အခါ တမန်တော်မြတ် လက်ထက်ရှိ အချို့ယဟူဒီများက "အတ်ဆွ်ဟာဗီကဟ်ဖ်သည် သုံးဦး ဖြစ်သည်။ စတုတ္ထမှာ ၎င်းတို့၏ခွေးဖြစ်သည်" ဟူ၍လည်းကောင်း၊ အချို့က "ငါးဦး ဖြစ်သည်၊ ဆဋ္ဌမမှာ ၎င်းတို့၏ခွေးဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့က ခုနစ်ဦးဖြစ်သည်၊ အဋ္ဌမမှာ၎င်းတို့၏ခွေးဖြစ်သည်" ဟူ၍လည်းကောင်း၊ အတိအကျမသိ၊ ရမ်းဆ၍ပြောဆိုလေသည်။

ယင်းသို့ အမျိုးမျိုးပြောခြင်းမှာ တမန်တော်မြတ်အား စမ်းသပ်လိုသည့်သဘောဖြင့် ပြောဆိုခြင်းလည်း ဖြစ်နိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော အတ်ဆွ်ဟာဗီကဟ်ဖ်၏ အရေအတွက်ကိုသိသော ယဟူဒီများက ခုနစ်ဦး ဖြစ်သည်ဟု အမှန်အတိုင်း ပြောပြခဲ့ကြသည်လည်း ဖြစ်နိုင်ရာသည်။ ဤသည့်အရေအတွက်ကို ကုရ်အာန်ကျမ်းမြတ်တွင်လည်း ရည်ညွှန်း မိန့်ဆိုထားတော်မူသည်။

အတ်ဆွ်ဟာဗီကဟ်ဖ်၏ အရေအတွက်ကို လူတစ်စုသာလျှင် သိကြသည်။ သာဝကကြီး အမ္မားစ်သခင်က "ကျွန်ုပ်သည် ထိုသိသူတစ်စုတွင် အပါအဝင်ဖြစ်သည်" ဟု ထုတ်ဖော်ပြောဆိုသည်။ ➤➤

وَلَا تَقُولَنَّ لِشَاْىْءٍ إِنِّى فَاعِلٌ ذَٰلِكَ غَدًا ﴿٢٣﴾

إِلَّآ أَن يَشَآءَ ٱللَّهُ ۚ وَٱذْكُر رَّبَّكَ إِذَا نَسِيتَ وَقُلْ عَسَىٰٓ أَن يَهْدِيَنِ رَبِّى لِأَقْرَبَ مِنْ هَٰذَا رَشَدًا ﴿٢٤﴾

၂၃။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် မည်သည့် တစ်စုံတစ်ရာနှင့်မျှ စပ်လျဉ်း၍ ဧကန်အမှန် ငါသည် ယင်းကိစ္စကို နက်ဖြန်ပြုလုပ်အံ့ ဟူ၍ အလျင်း မပြောဆိုပါလေနှင့်။

၂၄။ "သို့ရာတွင် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူပါလျှင်" (ပြုလုပ်အံ့ဟု ပြောပါလေ)။ ထိုမှတစ်ပါး အသင်သည် မေ့လျော့၍သွားခဲ့သော် (ပြန်လည်၍ သတိရလာသောအခါ ချက်ချင်း) မိမိအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ကို အောက်မေ့တသ သတိရပါလေ။ ၎င်းပြင် အသင်သည် (၎င်းတို့အား အချင်းတို့၊) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တရားလမ်းညွှန်ရာ၌ ဤသည်ထက် ပိုမို၍ နီးစပ်သောအရာကို ညွှန်ပြတော်မူတန်ရာသည်ဟု ပြောကြားပါလေ။ [၁]

➤➤ သာဝကကြီးအလီသခင်ထံမှ တစ်ဆင့် ကြားသိရသည်မှာ အတ်ဆွဲဟာဗီကဟ်ဖ်၏ အမည်မှာ ယမ်လီခါ၊ မစ်ဂ်ရလီနာ၊မစရ်လီနာ၊ မရ်နှုန့်၊ ဒဇရ်နှုန့်၊ ရှာဇ်နှုန့်၊ ကဗီရှတ်တယူရ်ဟု၍ ဖြစ်သည်။ သတ္တမပုဂ္ဂိုလ်မှာ သိုးကျောင်းသမားဖြစ်သည်။ အတ်ဆွဲကာဗီကဟ်ဖ် စိုးရိမ်၍ တိမ်းရှောင်ထွက်ပြေးလာခဲ့သော ဘုရင်မှာ ဒစ်ကယာနူစ်(နခင်ကျ) ဖြစ်သည်။ ၎င်းတို့နေထိုင်ခဲ့သော မြို့မှာ အစ်ဖ်စုစ်ဖြစ်သည်။ ၎င်းတို့နှင့်လိုက်ပါလာခဲ့သော ခွေး၏အမည်မှာ ကစ်တွ်မိရ်ဖြစ်သည်။

① **"အင်ရှာအလ္လာဟ်" မပါဘဲ ကတိမပြုရာ။**

တစ်ခါတော် မုရှ်ရစ်ကများသည်၊ ယဟူဒီများ၏ ညွှန်ကြားချက်အရ တမန်တော်မြတ်ထံ လာရောက်၍ စမ်းသပ်လိုသည့်သဘောဖြင့် အချို့ပုစ္ဆာများကို မေးမြန်းခဲ့ကြ၏။ တမန်တော်မြတ်က နက်ဖြန်ခါ ဂျစ်ဗ်ရီလ်လာမည်၊ မေးမြန်း၍ ဖြေကြားမည်ဟူသော မျှော်လင့်ချက်ဖြင့် မုရှ်ရစ်ကတို့အား "ကျွန်ုပ် နက်ဖြန်ခါ အဖြေပေးမည်" ဟု ကတိပြုတော်မူလိုက်လေသည်။ အကြောင်းအားလျော်စွာ ဂျစ်ဗ်ရီလ်သည် ၁၅-ရက်တိုင်တိုင် ပေါ်မလာခဲ့ပေ။

မုရှ်ရစ်ကတို့အား အဖြေပေးရန် ကတိပြုပြီးလည်း ဖြစ်နေ၏။ မုရှ်ရစ်ကတို့ကလည်း ကတိအတိုင်း အဖြေကို တောင်းဆိုလျက်ရှိကြ၏။ ထို့အတွက် တမန်တော်မြတ်သည် ပူပန်သောက ဖြစ်တော်မူခဲ့၏။ ထို့နောက်တွင်မှ ဂျစ်ဗ်ရီလ်သည် ရောက်ရှိလာခဲ့ပေသည်။ မုရှ်ရစ်ကတို့၏ အမေးပုစ္ဆာနှင့် ပတ်သက်သည့် အာယတ်တော်များလည်း ကျရောက်လာခဲ့ပေသည်။

ထို့နောက် တမန်တော်မြတ်အား၊ မည်သည့်ကိစ္စနှင့်ပတ်သက်၍မဆို "အင်ရှာအလ္လာဟ်" (အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါသော်) သို့မဟုတ် အခြား အဓိပ္ပာယ်တူစကား ချွင်းချက်ခံပြီးမှ ➤➤

وَلَبِثُوا۟ فِى كَهْفِهِمْ ثَلَٰثَ مِا۟ئَةٍ سِنِينَ وَٱزْدَادُوا۟ تِسْعًا ﴿٢٥﴾ قُلِ ٱللَّهُ أَعْلَمُ بِمَا لَبِثُوا۟ ۖ لَهُۥ غَيْبُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ أَبْصِرْ بِهِۦ وَأَسْمِعْ ۚ مَا لَهُم مِّن دُونِهِۦ مِن وَلِىٍّ وَلَا يُشْرِكُ فِى حُكْمِهِۦٓ أَحَدًا ﴿٢٦﴾

၂၅။ စင်စစ် (ယင်းလုလင်)တို့သည် မိမိတို့၏ ဥမင်လိုဏ်ခေါင်းတွင် နှစ်ပေါင်း သုံးရာနှင့်ကိုးနှစ်တိုင်တိုင် နေခဲ့ကြကုန်၏။

၂၆။ (အို-နဗီတမန်တော်) အသင်သည်(ၦင်းတို့အား အချင်းတို့) ယင်း(လုလင်)တို့နေခဲ့ကြသောအချိန်ကာလ နှစ်ပရိစ္ဆေဒကို အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိဆုံးဖြစ်တော်မူကြောင်း၊ (စင်စစ်) မိုးကောင်းကင်များရှိ ဖုံးကွယ်လျက်ရှိကုန်သောအရာများကိုလည်းကောင်း၊ ပထဝီမြေရှိ ဖုံးကွယ်လျက်ရှိကုန်သော အရာများကိုလည်းကောင်း၊ သိစွမ်းနိုင်မှုသည် အလ္လာဟ်အရှင်မြတ်၌သာရှိနေပေရာ၊ ထိုအရှင်မြတ်သည် အဘယ်မျှမြင်တော်မူသောအရှင်၊ အဘယ်မျှ ကြားတော်မူသော အရှင် ဖြစ်တော်မူကြောင်း၊ ထိုသူတို့အဖို့ ထိုအရှင်မြတ်မှတစ်ပါး ကိစ္စအဝဝကို ပြီးစီးအောင်ပြုလုပ်၍ ပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ စင်စစ် ထိုအရှင်မြတ်သည် မိမိအမိန့်ပြဋ္ဌာန်းမှုတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ဖက်စပ်ပါဝင်စေတော်မူသည် မဟုတ်ကြောင်း၊ ပြောကြားပါလေ။

➤➤ကတိပြုရန်နှင့် မေ့သွားပါက အလ္လာဟ်အရှင်မြတ်အား အောက်မေ့သတာသတိရရန် သတိပေးထားတော်မူသည်။

ထိုပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်နဗီဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အတ်ဆွ်ဟာဗီကဟ်ဖ်ထက် ပိုမိုထူးကဲ ထင်ရှားသော အထောက်အထားများကို ကျွန်ုပ်အား ပြသတော်မူပါလိမ့်မည်" ဟု ပြောကြားစေတော်မူလေသည်။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်မြတ်သည် နောက်နောင်ဘယ်သောအခါမျှ မေ့မည်မဟုတ်ဟူ၏။ ကြည့်- မူဿွ ဟုလ်ကုရ်အာန်၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည် အတ်ဆွ်ဟာဗီကဟ်ဖ်အား ကာကွယ်ထိန်းသိမ်းတော်မူသည့်နည်းထက်ပင် ပိုမိုထူးကဲစွာဖြင့် တမန်တော်မြတ်အား ကာကွယ်ထိန်းသိမ်းတော်မူမည်ဟူ၏။ (အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား "ဆောင်ရှိ" လိုဏ်ဂူတွင် ခိုအောင်းစေတော်မူ၍ ရန်သူတို့၏ ဘေးရန်မှ အံ့မဆုံးသောနည်းဖြင့် လွတ်မြောက်စေတော်မူခဲ့သည်) သို့တည်း မဟုတ် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၏နှုတ်မှ အတ်ဆွ်ဟာဗီကဟ်ဖ်၏အဖြစ်ထက် ပိုမိုအံ့ဖွယ်ရာအဖြစ်အပျက်များကို ပြောကြားစေတော်မူမည် ဖြစ်သည်ဟူ၏။

وَاتْلُ مَآ أُوحِيَ إِلَيْكَ مِن كِتَابِ رَبِّكَ ۖ لَا مُبَدِّلَ لِكَلِمَاتِهِۦ ۚ وَلَن تَجِدَ مِن دُونِهِۦ مُلْتَحَدًا ﴿٢٧﴾

၂၇။ ထို.ပြင် (အို-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကျမ်းဂန်မှ မိမိထံသို့ ထုတ်ပြန်တော်မူခြင်းခံရသော အမိန့်တော်များကို (ၿငင်းတို့.ရှေ့.ဝယ်) ဖတ်ကြားပါလေ။

ထိုအရှင်မြတ်၏ အာယတ်တော်များကို ပြောင်းလဲမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိချေ။ စင်စစ် အသင်သည် ထိုအရှင်မြတ်(အထံတော်)မှတစ်ပါး ခိုကိုးရာဟူ၍ အလျှင်း တွေ့.ရှိလိမ့်မည်မဟုတ်ပေ။ ①

وَاصْبِرْ نَفْسَكَ مَعَ الَّذِينَ يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ ۖ وَلَا تَعْدُ عَيْنَاكَ عَنْهُمْ تُرِيدُ زِينَةَ الْحَيَاةِ الدُّنْيَا ۖ

၂၈။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် မိမိကိုယ်ကို အကြင်သူတို့နှင့်အတူ ချုပ်တည်း၍ထား ပါလေ။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်ကို ထိုအရှင်မြတ်၏အလိုတော်ကို သာရည်စူး၍ နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌ လည်းကောင်း၊ ဟစ်ခေါ် (တသ သတိရ)ကြကုန်၏။ ထိုမှတစ်ပါး အသင်သည် ဤလောကီဘဝ၏ တင့်တယ်မှုကို ရည်စူးလျက် မိမိ၏ မျက်စိနှစ်လုံးကို ၎င်းတို့ ဘက်မှ (ပြန်)မလှည့်ပါလေနှင့် (လျစ်လျူမပြုပါနှင့်၊)

---

① ကုရ်အာန်ကျမ်းမြတ် (၁၈:၂၂)တွင် လိုအပ်သည်မှအပ အငြင်းအခုံမပြုရန် မိန့်ဆိုထားတော်မူသည် ယခု ဤအာယတ်တော်တွင် တမန်တော်မြတ်သည် မိမိ၌ တာဝန်ရှိသည့်အတိုင်း ကုရ်အာန်ကျမ်းလာ ဒေသနာတော်များ ကို တာဝန်သိသိ သစ္စာရှိရှိ စွဲစွဲမြဲမြဲ ဟောကြားရမည့်အကြောင်း၊ ကဲ့ရဲ့ပြစ်တင်သူများအား ဂရုပြု မနေရမည့် အကြောင်း မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မည်သူမျှပြောင်းလဲနိုင်သည်မရှိ၊ လွှဲမှားစေနိုင်သည်မရှိ၊ ရွှေ့ပါးစေနိုင်သည်မရှိ။

ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို အလွဲသုံးစားပြုလုပ်သော သူယုတ်တို့အဖို့ ခိုကိုးရာဌာန အလျှင်းမရှိ။

ယင်းဒေသနာတော်များကို ယုံကြည်မြတ်နိုးသော သူမွန်သူမြတ်တို့ကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံကြရပေမည်။ ဤတွင် အတ်ဆ်ဟာဒိကဟ်ဖ်အဖို့ သာဓကတစ်ရပ်ပင်။

وَ لَا تُطِعْ مَنْ اَغْفَلْنَا قَلْبَهٗ عَنْ ذِكْرِنَا وَ اتَّبَعَ هَوٰىهُ وَ كَانَ اَمْرُهٗ فُرُطًا ﴿۲۸﴾

ထို့ပြင် အသင်သည် အကြင်သူ၏စကားကို မလိုက်နာပါလေနှင့်။ ငါအရှင်မြတ်သည် ထိုသူ၏ စိတ်နလုံးကို ငါအရှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မေ့လျော့စေတော်မူခဲ့၏။ [၁] ၎င်းပြင် ထိုသူသည် မိမိ အလိုဆန္ဒကိုသာ လိုက်နာလျက် ရှိနေလေ၏။ စင်စစ်သော်ကား၊ ၎င်း၏အရေးကိစ္စမှာ အလွန်အကျွံပင် ဖြစ်နေချေသတည်း။

① **မျက်နှာငယ်များအား မပယ်ရာ။**

တမန်တော်မြတ်၏ နောက်လိုက်တပည့်များတွင် အများစုမှာ ဆင်းရဲနွမ်းပါးသူများ ဖြစ်ခဲ့ကြပေသည်။ ထိုသည့် တပည့်သားများသည် အမြဲတစေ တမန်တော်မြတ်ထံ ချဉ်းကပ်၍ အဆုံးအမသြဝါဒများကို နာယူလေ့ရှိခဲ့ကြသည်။ စိတ်စေတနာဖြူစင်စွာဖြင့် အလွှာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရကြသည်၊ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်ကြသည်။ ဆွတ်လာတ်ဝတ်ပြုကြသည်။ တာဝန်အရပ်ရပ်ကို ကြေပွန်စွာဆောင်ရွက်ကြသည်။

တခါသော် ကာဖိရ်-မုရ်ရိုရ်စ်က်တို့အနက် အချို့မျက်နှာကြီးများက တမန်တော်မြတ်အား ကျွန်ုပ်တို့သည် အသင်ထံသို့လာလိုကြသည်။ အစ္စလာမ်ကို ကျွန်ုပ်တို့ သက်ဝင်ယုံကြည်ကြလျှင် ကျွန်ုပ်တို့၏ နောက်လိုက်ငယ်သား အားလုံးတို့သည်လည်း အစ္စလာမ်ကို သက်ဝင်ယုံကြည်လာကြမည် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဤဆင်းရဲသားများနှင့် ကြမ်းတပြေးတည်း မထိုင်နိုင်၊ ကျွန်ုပ်တို့လာသည့်အခါ ဤသူဆင်းရဲများကို ဖယ်ထားပါစသည်ဖြင့် ပြောဆိုခဲ့ကြလေသည်။

တမန်တော်မြတ်သည် ကမ္ဘာအိမ်ထောင်စုကြီးတစ်ခုလုံးအား ကရုဏာတရားပွားများရန်အတွက်ပင် ပွင့်လာတော်မူခဲ့၏။ ကမ္ဘာအိမ်ထောင်စုကြီး တစ်ခုလုံးအား ကယ်တင်လိုတော်မူ၏ လူသားထုကြီးတစ်ရပ်လုံးအား အမှန်တရားကို ပြလိုတော်မူ၏။ ကာဖိရ်၊ မုရ်ရစ်က်အကြီးအကဲများအားလည်း အစ္စလာမ်ဘောင်အတွင်းသို့ ဝင်လာစေလိုတော်မူ၏။

ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့လေသည်၊ ဤအာယတ်တော်၏ အလိုသဘောမှာ တမန်တော်မြတ်သည် မျက်နှာကြီးကာဖိရ်၊ မုရ်ရစ်က်တို့အား အကြောင်းပြု၍ ဤမျက်နှာငယ် မွတ်စ်လင်မ် ဆင်းရဲသားတို့ကို လျစ်လျူမပြုရာ၊ မိမိထံမှမဖယ်ရာ၊ အမြဲတစေ ၎င်းတို့နှင့် အတူတကွနေရာ၏။

ဤမျက်နှာငယ် မွတ်စ်လင်မ်ဆင်းရဲသားတို့သည် အစ္စလာမ်ကို နလုံးသည်းပွတ်တွင်း၌ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သူများ ဖြစ်ကြပေသည်။ အလွှာဟ်အရှင်မြတ်အား အမြဲတစေ အောက်မေ့တသ သတိရကြပေသည်။ ထိုအရှင်မြတ်၏ နှစ်သက်မှုကိုသာ လိုလားကြပေသည်။

ကာဖိရ်၊ မုရ်ရစ်က်တို့မူကား စေတနာမရိုးသားကြပေ၊ မဖြူစင်ကြပေ၊ ၎င်းတို့ထံတွင် မျက်မြင်အားဖြင့် လောကီဂုဏ်ပကာသနရှိသည်မှန်၏။ ဤသည်သခ်ါရပင်ဖြစ်သည်။ ၎င်းတို့၏ဆိုးသွမ်းမိုက်မဲမှုသည် ကမ်းကုန်လျက် ရှိချေပြီ၊ လောကီစည်းစိမ်များတွင် အနှစ်ကြိုးနှစ်လျက် ရှိကြချေပြီ။

အစ္စလာမ့်ဂုဏ်ရောင်မှာ လောကီဥစ္စာ ရွှေ၊ ငွေ၊ ရတနာမဟုတ်၊ ရာထူးဌာနန္တရမဟုတ်၊ စိတ်စေတနာဖြူစင်မှု၊ အမိန့်နာခံမှုနှင့် ကိုယ်ကျင့်တရားကောင်းမြတ်မှုသာဖြစ်ပေသည်။ ဤသည့်ဂုဏ်ရည်တို့ကား သခ်ါရမဟုတ်။

وَقُلِ الْحَقُّ مِنْ رَّبِّكُمْ ۟ فَمَنْ شَآءَ فَلْيُؤْمِنْ وَّمَنْ شَآءَ فَلْيَكْفُرْ ۚ إِنَّآ أَعْتَدْنَا لِلظّٰلِمِيْنَ نَارًا أَحَاطَ بِهِمْ سُرَادِقُهَا ۟ وَإِنْ يَّسْتَغِيْثُوْا يُغَاثُوْا بِمَآءٍ كَالْمُهْلِ يَشْوِى الْوُجُوْهَ ۟ بِئْسَ الشَّرَابُ ۟ وَسَآءَتْ مُرْتَفَقًا ﴿٢٩﴾

၂၉။ ထိုမှတစ်ပါး(အို–နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အမှန်တရားသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ မည်သူမဆို ယုံကြည်လိုလျှင် ယုံကြည်နိုင်၏။ ထိုနည်းတူစွာ မည်သူမဆို ငြင်းပယ်လိုလျှင် ငြင်းပယ်နိုင်၏။ ဧကန်မလွဲ ငါအရှင်မြတ်သည် မတရားကျူးလွန်သူတို့အဖို့ (ငရဲ)မီးကို အသင့်ပြုလုပ်၍ ထားတော်မူလေသည်။ ထိုမီး၏ တံတိုင်းများသည် ငင်းတို့အား ဝန်းဝိုင်းလျက်ရှိချေမည်။

ထို့ပြင် အကယ်၍ ငင်းတို့သည် ရေတောင်းကြလျှင် အရည်ကျိုထားသော ခဲရည်ကဲ့သို့သောရေ ပေးခြင်းကိုခံကြရပေမည်။ ထိုရေသည် (သောက်သုံးသူတို့၏)မျက်နှာများကို လောင်ကျွမ်းစေမည် ဖြစ်ပေသည်။ ထိုရေသည် အဘယ်မျှလောက် ဆိုးရွားလှသောရေဖြစ်၍ ထိုငရဲဘုံမှာလည်း အဘယ်မျှလောက် ဆိုးရွားလှသော နားရာနေရာပင် ဖြစ်ချေသနည်း။

إِنَّ الَّذِيْنَ ءَامَنُوْا وَعَمِلُوا الصّٰلِحٰتِ إِنَّا لَا نُضِيْعُ أَجْرَ مَنْ أَحْسَنَ عَمَلًا ﴿٣٠﴾

၃၀။ ဧကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည် ခဲ့ကြကုန်၏။ ငင်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ဧကန်စင်စစ် ငါအရှင်မြတ်သည် အကျင့်သီလ ကောင်းမြတ်သောသူ၏ ကုသိုလ်အကျိုးကို ဆုံးရှုံးစေတော်မူသည် မဟုတ်ပေ။

أُولٰٓئِكَ لَهُمْ جَنّٰتُ عَدْنٍ تَجْرِىْ مِنْ تَحْتِهِمُ الْأَنْهٰرُ

၃၁။ ဤသူများပင်၊ ငင်းတို့အဖို့ ထာဝစဉ်တည်သော ဥယျာဉ်များသည် ရှိကြပေမည်။ ငင်းတို့အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။

يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِنْ ذَهَبٍ وَيَلْبَسُونَ ثِيَابًا خُضْرًا مِنْ سُنْدُسٍ وَإِسْتَبْرَقٍ مُتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ نِعْمَ الثَّوَابُ وَحَسُنَتْ مُرْتَفَقًا ﴿٣١﴾

ၾင်းတို့သည် ထိုဥယျာဉ်များ၌ ရွှေလက်ကောက်များဖြင့် တန်ဆာဆင်ယင်ပေးခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ထိုသူတို့သည် ပါးလွှာသော ပိုးဖျင်မှလည်းကောင်း၊ ထူသော ပိုးဖျင်များမှလည်းကောင်း၊ အစိမ်းရောင် (အဝတ်အစားများကို) ဝတ်ဆင်ကြပေမည်။ (ထိုသူတို့သည်) ယင်းဥယျာဉ်များတွင် သလွန်များပေါ်၌ မှီလျက် ရှိကြပေမည်။ ထို(ကုသိုလ်) အကျိုးသည် အဘယ်မျှလောက် ကောင်းမြတ်သော ကုသိုလ်အကျိုးဖြစ်၍ ထိုဥယျာဉ်သည်လည်း အဘယ်မျှလောက် ကောင်းမြတ်လှစွာသော နားရာနေရာပင် ဖြစ်ချေသနည်း။

وَاضْرِبْ لَهُمْ مَثَلًا رَجُلَيْنِ جَعَلْنَا لِأَحَدِهِمَا جَنَّتَيْنِ مِنْ أَعْنَابٍ وَحَفَفْنَاهُمَا بِنَخْلٍ وَجَعَلْنَا بَيْنَهُمَا زَرْعًا ﴿٣٢﴾

၃၂။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား လူနှစ်ယောက်၏ ဥပမာကို ခိုင်းနှိုင်း၍ ပြပါလေ။ ငါအရှင်မြတ်သည် ၎င်းတို့နှစ်ဦးအနက် တစ်ဦးအား စပျစ်ခြံနှစ်ခြံကို ချိုးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းခြံနှစ်ခြံကို စွန်ပလွံပင်များဖြင့် ခြံရံ၍ ပေးတော်မူခဲ့သည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုခြံနှစ်ခြံ၏ အကြားတွင် လယ်တစ်ခုကိုလည်း ချိုးမြှင့် ပေးသနားတော်မူခဲ့လေသည်။

كِلْتَا الْجَنَّتَيْنِ آتَتْ أُكُلَهَا وَلَمْ تَظْلِمْ مِنْهُ شَيْئًا وَفَجَّرْنَا خِلَالَهُمَا نَهَرًا ﴿٣٣﴾

၃၃။ ထိုခြံနှစ်ခြံမှာ မိမိတို့၏ အသီးအနှံများကို အနည်းငယ်မျှပင် လျော့နည်းစေခြင်းမရှိပဲ (ရာသီမလပ်) သီးပွင့်၍ ပေးလျက်ပင်ရှိခဲ့ကြ၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုခြံနှစ်ခြံ၏အကြားဝယ် ချောင်းတစ်ခုကိုလည်း စီးထွက်စေတော်မူခဲ့ပေသည်။

وَكَانَ لَهُ ثَمَرٌ

၃၄။ ထိုမှတစ်ပါး ထိုသူ၌ (ယင်းလယ်ယာ ဥယျာဉ်များအပြင် အခြားသော)ဥစ္စာပစ္စည်းများလည်း ရှိခဲ့ပေရာ၊

فَقَالَ لِصَاحِبِهٖ وَهُوَ يُحَاوِرُهٗٓ اَنَا اَكْثَرُ مِنْكَ مَالًا وَّاَعَزُّ نَفَرًا ﴿٣٤﴾

ငင်းက မိမိအဖော်အား ထိုအဖော်နှင့် စကား ပြောလျက်ရှိစဉ် "ကျွန်ုပ်သည် အသင့်ထက် ဥစ္စာပစ္စည်း အားဖြင့်လည်း (ချမ်းသာကြွယ်ဝ) ပိုမိုများပြားသူ ဖြစ်သည့်ပြင် ဆွေရဲသင်းပင်းအားဖြင့်လည်း (အသင့် ထက်)ပိုမို များပြားသူပင်ဖြစ်ကြောင်း" ပြောဆိုခဲ့ လေသည်။

وَدَخَلَ جَنَّتَهٗ وَهُوَ ظَالِمٌ لِّنَفْسِهٖ ۚ قَالَ مَآ اَظُنُّ اَنْ تَبِيْدَ هٰذِهٖٓ اَبَدًا ﴿٣٥﴾

၃၅။ ငင်းနောက် ထိုသူသည် မိမိဥယျာဉ်သို့ မိမိ ကိုယ်ကို မိမိ နှိပ်စက်သူအဖြစ် ဝင်ရောက်လျက် (ဤ သို့) ပြောဆိုခဲ့လေသည်။ ကျွန်ုပ်မူကား ဤဥယျာဉ် သည် မည်သည့်အခါ၌မျှ ပျက်စီးလိမ့်မည်မထင်။

وَّمَآ اَظُنُّ السَّاعَةَ قَآئِمَةً ۙ وَّلَئِنْ رُّدِدْتُّ اِلٰى رَبِّيْ لَاَجِدَنَّ خَيْرًا مِّنْهَا مُنْقَلَبًا ﴿٣٦﴾

၃၆။ ထိုနည်းတူစွာ ကျွန်ုပ်သည် ကိယာမတ် ဖြစ် လိမ့်မည် ဟူ၍လည်းမထင်၊ သို့ရာတွင် အကယ်၍ ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်ပို့ခြင်းကို ခံခဲ့ရသည့် တိုင်လည်း၊ ဧကန်မလွဲ ကျွန်ုပ်သည် ယင်းဥယျာဉ်ထက် ပိုမို၍ ကောင်းမြတ်သောနေရာကိုပင် ရရှိအံ့သတည်း။

قَالَ لَهٗ صَاحِبُهٗ وَهُوَ يُحَاوِرُهٗٓ اَكَفَرْتَ بِالَّذِيْ خَلَقَكَ مِنْ تُرَابٍ ثُمَّ مِنْ نُّطْفَةٍ ثُمَّ سَوّٰىكَ رَجُلًا ﴿٣٧﴾

၃၇။ (ထိုအခါ) ငင်း၏အဖော်သည် ငင်းအား ဖြေကြားသောအားဖြင့် (ဤသို့) ပြောဆိုခဲ့လေ၏။ (အို-ချစ်ဆွေ) အသင်သည် အကြင်အရှင်မြတ်အား သွေဖည် ငြင်းပယ်ခဲ့လေသလော။ ထိုအရှင်မြတ်သည် အသင့် အား (ဦးစွာပထမ) မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့လေ သည်။ ထိုနောက် သုတ်ရည်တစ်စက်ဖြင့် (သန္ဓေ တည်စေ)ပြီးနောက် အသင့်အား ယောကျ်ားအဖြစ် ပြီးမြောက်စုံလင်အောင် စီမံဆောင်ရွက်တော်မူခဲ့ပေသည်။

لَٰكِنَّا۠ هُوَ ٱللَّهُ رَبِّى وَلَآ أُشْرِكُ بِرَبِّىٓ أَحَدًا ﴿٣٨﴾

၃၈။ သို့ရာတွင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွဲဖက်နှိုင်းယှဉ် ကိုးကွယ်သည် လည်းမဟုတ်ပေ။

وَلَوْلَآ إِذْ دَخَلْتَ جَنَّتَكَ قُلْتَ مَا شَآءَ ٱللَّهُ لَا قُوَّةَ إِلَّا بِٱللَّهِ ۚ إِن تَرَنِ أَنَا۠ أَقَلَّ مِنكَ مَالًا وَوَلَدًا ﴿٣٩﴾

၃၉။ ၎င်းပြင် အသင်သည် မိမိဥယျာဉ်သို့ ဝင်ရောက်ခဲ့စဉ်အခါက (မာရှာအလ္လာဟ်လာကူးဝသ အစ်လ္လာဗစ်အလ္လာဟ်)"ဤသည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောအရာတည်း၊ အလ္လာဟ်အရှင်မြတ်၏ အကူအညီမရှိလျှင် မည်သို့မျှ စွမ်းဆောင်နိုင်ခြင်းမရှိပါ" ဟု အဘယ့်ကြောင့် မဆိုခဲ့ပါသနည်း။ အကယ်၍ အသင်သည် ကျွန်ုပ်အား အသင့်ထက် ပစ္စည်းဥစ္စာအားဖြင့် လည်းကောင်း၊ သားသမီးဥစ္စာအားဖြင့်လည်းကောင်း နည်းပါးသူဖြစ်သည်ဟု မြင်နေပါလျှင်။

فَعَسَىٰ رَبِّىٓ أَن يُؤْتِيَنِ خَيْرًا مِّن جَنَّتِكَ وَيُرْسِلَ عَلَيْهَا حُسْبَانًا مِّنَ ٱلسَّمَآءِ فَتُصْبِحَ صَعِيدًا زَلَقًا ﴿٤٠﴾

၄၀။ သို့မြင်နေသော်လည်း ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်၏ဥယျာဉ်ထက် ပိုမိုကောင်းမြတ်သော (ဥယျာဉ်ကို) ကျွန်ုပ်အား ချီးမြှင့်ပေးသနားတော်မူ၍ (အသင်၏) ထိုဥယျာဉ်ပေါ်၌ မိုးကောင်းကင်မှ မိုးကြိုးလောင်မီး ဘေးအန္တရာယ်တစ်စုံတစ်ရာကို ချတော်မူတန်ရာ၏။ သို့ဖြစ်လျှင် (အသင်၏) ထိုဥယျာဉ်မှာ ချောမွတ်သော မြေပြင်တစ်ခုသာ ဖြစ်သွားအံ့သတည်း။

أَوْ يُصْبِحَ مَآؤُهَا غَوْرًا فَلَن تَسْتَطِيعَ لَهُۥ طَلَبًا ﴿٤١﴾

၄၁။ သို့တည်းမဟုတ် (အသင် ဥယျာဉ်အနီး၌ရှိသော) ချောင်းရေသည် (မြေကြီးအောက်သို့) နက်ဝင်သွားတန်ရာ၏။ သို့ဖြစ်လျှင် အသင်သည် ထိုရေကို အလျှင်း ရှာဖွေ(ထုတ်ယူ)နိုင်မည် မဟုတ်ပေတကား။

وَأُحِيطَ بِثَمَرِهِۦ فَأَصْبَحَ يُقَلِّبُ كَفَّيْهِ عَلَىٰ مَآ أَنفَقَ فِيهَا وَهِىَ خَاوِيَةٌ عَلَىٰ عُرُوشِهَا وَيَقُولُ يَٰلَيْتَنِى لَمْ أُشْرِكْ بِرَبِّىٓ أَحَدًا ﴿٤٢﴾ وَلَمْ تَكُن لَّهُۥ فِئَةٌ يَنصُرُونَهُۥ مِن دُونِ ٱللَّهِ وَمَا كَانَ مُنتَصِرًا ﴿٤٣﴾

၄၂-၄၃။ ထို့နောက် ထိုသူ၏ ဥစ္စာပစ္စည်း (ခြံဥယျာဉ်စသည်)များသည် (ဘေးအန္တရာယ်များ၏) ဝန်းဝိုင်းခြင်းကိုခံခဲ့ရလေသည်။ သို့ဖြစ်ရာ ထိုသူသည် ယင်းဥယျာဉ်၌ (မိမိ)သုံးစွဲခဲ့သော (စရိတ်ကြေးငွေ အားလုံးဆုံးရှုံးပျက်ပြုန်းခဲ့)ရသည့်အတွက် (ဝမ်းနည်းသောအားဖြင့်) မိမိလက်ဝါးနှစ်ဖက်ကို ပွတ်သက်လျက်ရှိနေလေတော့၏။

ထိုသို့ ယင်းဥယျာဉ်မှာမူကား မိမိ ရာဇမတ်ကာများ အပေါ်၌ ပြိုကျသွား၏။ ထိုအခါ ထိုသူက "ဩော်-ငါသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တွဲဖက်ကိုးကွယ်ခြင်းမပြုခဲ့ပါလေသော် တော်လေစွ" ဟု (ဝမ်းနည်းပက်လက်) ပြောဆို ညည်းညူ မြည်တမ်းလျက်ရှိချိမ့်မည်။ ထိုသူ၌ အလွှာဟ် အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ထိုအား ယိုင်းပင်းကူညီနိုင်သော အုပ်စုဟူ၍လည်း အလျှင်းမရှိခဲ့ပေ။ ထို့ပြင် ထိုသူ(ကိုယ်တိုင်) လည်း (ယင်းပြစ်ဒဏ်မှ လွတ်ကင်းအောင်) တတ်စွမ်းနိုင်ခြင်း မရှိခဲ့ချေတကား။

هُنَالِكَ ٱلْوَلَٰيَةُ لِلَّهِ ٱلْحَقِّ ۚ هُوَ خَيْرٌ ثَوَابًا وَخَيْرٌ عُقْبًا ﴿٤٤﴾

၄၄။ ထိုကဲ့သို့သော အချိန်အခါမျိုးတွင် ကြည့်ရှုစောင့်မနိုင်စွမ်းသည် အစစ်အမှန် ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်၌သာရှိပေသည်။ နောက်ဆုံးအကျိုးချီးမြှင့်တော်မူရာ၌လည်း အမွန်မြတ်ဆုံးသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَٱضْرِبْ لَهُم مَّثَلَ ٱلْحَيَوٰةِ ٱلدُّنْيَا

၄၅။ ထိုမှတစ်ပါး: (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား [လောကီဘဝ၏ ဥပမာကို ခိုင်းနှိုင်း၍ ပြပါလေ။ (ဤလောကီသက်တမ်းမှာ) အကြင်အရာနှင့်တူ၏]။ **[တစ်နည်း-** လောကီဘဝ၏ ဥပမာကို အကြင်

كَمَآءٍ أَنزَلْنَٰهُ مِنَ
ٱلسَّمَآءِ فَٱخْتَلَطَ بِهِۦ
نَبَاتُ ٱلْأَرْضِ فَأَصْبَحَ
هَشِيمًا تَذْرُوهُ ٱلرِّيَٰحُ ۗ
وَكَانَ ٱللَّهُ عَلَىٰ كُلِّ شَىْءٍ
مُّقْتَدِرًا ﴿٤٥﴾
ٱلْمَالُ وَٱلْبَنُونَ زِينَةُ
ٱلْحَيَوٰةِ ٱلدُّنْيَا ۖ وَٱلْبَٰقِيَٰتُ
ٱلصَّٰلِحَٰتُ خَيْرٌ عِندَ رَبِّكَ
ثَوَابًا وَخَيْرٌ أَمَلًا ﴿٤٦﴾

ရေနှင့်တူကြောင်း ခိုင်းနှိုင်း၍ပြပါလေ၊] ငါအရှင်မြတ်သည် ထိုရေကို မိုးကောင်းကင်မှ ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ထိုရေနှင့် မြေမှပေါက်ရောက်သော သစ်ပင်ငယ်များတို့သည် ရောယှက်၏။ ထို့နောက် ယင်းသစ်ပင်ငယ်များသည် သွေ့ခြောက် ကျွမ်းသွားခဲ့ရာ လေများသည် ယင်းသစ်ပင်များကို လွင့်စေ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

၄၆။ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ သားသမီးများသည်လည်းကောင်း၊ လောကီဘဝ၏ တင့်တယ်မှုမျှပင် ဖြစ်ပေသည်။ သို့ရာတွင် ဆက်လက်၍ အမြဲတစေ တည်အံ့သော ကောင်းမြတ်သော အကျင့်သီလတို့မှာမူကား၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ကုသိုလ် အကျိုးအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ကြပေသည်။ မျှော်လင့်ချက်အားဖြင့်လည်း အကောင်းဆုံးပင်ဖြစ်ပေသတည်း။ [၁]

---

① **အစဉ်အမြဲတည်အံ့သော ကုသိုလ်ရေးများ။**

သား၊ သမီး၊ ပစ္စည်းဥစ္စာ၊ စသည်တို့သည် ဤပစ္စက္ခဘဝတွင် အသုံးဝင်သော်လည်း၊ နောင်တမလွန်ဘဝတွင်ကား အသုံးမဝင်ပေ၊ အမြဲတစေကျန်ရှိမည်ဖြစ်သော အမြဲတစေ တည်အံ့သော ကောင်းမွန်မြင့်မြတ်သည့် အကျင့်သီလများသာလျှင် အသုံးဝင်ပေမည်။

ဥပမာ-အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို လိုလား၍ ပညာသင်ကြားပေးခြင်း၊ ဗလီတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်တည်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း၊ ဥယျာဉ်စိုက်ခြင်း၊ မြေယာတိုက်တာများကို 'ဝကဖ်' လုပ်ခြင်း၊ လှူဒါန်းခြင်းနှင့် သားသမီးတို့အား သွန်သင်ဆုံးမပဲ့ပြင်၍ သားကောင်း သမီးကောင်းများဖြစ်အောင် ပြုလုပ်ထားနိုင်ခဲ့ခြင်း၊ မရှိဆင်းရဲသော ကျောင်းသူကျောင်းသားတို့အား ဆက်လက် ပညာဆည်းပူးနိုင်ရန် အတွက် ကူညီထောက်ပံ့ခြင်း၊ ကောင်းမွန်မြင့်မြတ်သော လုပ်ငန်းစဉ်တစ်ရပ်ရပ်ကို အမြဲတစေ အကျိုးသက်ရောက်စေရန် ဆောက်ရွက်ခြင်း စသည့် အပြောအဆို အပြုအမူသီလ အဝဝတို့သည်သာ ဤမည်သော "ဇာကီယာတ် ဆွာလေ့ဟာတ်" အစဉ်အမြဲ တည်အံ့သော ကုသိုလ်ရေးများတွင် အကျုံးဝင်ပေသည်။

وَيَوْمَ نُسَيِّرُ الْجِبَالَ وَتَرَى الْأَرْضَ بَارِزَةً وَحَشَرْنَاهُمْ فَلَمْ نُغَادِرْ مِنْهُمْ أَحَدًا ﴿٤٧﴾

၄၇။ ၎င်းပြင် အကြောင်းနေ့ကို(လည်းသတိရသင့်၏။) ငါအရှင်မြတ်သည် (ထိုနေ့တွင်) တောင်များကို ရွေ့ရှားစေတော်မူမည်။ ထို့ပြင် အသင်သည် ကမ္ဘာမြေကို လွင်ပြင်ထီးထီးအဖြစ် တွေ့မြင်ပေမည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထို(လူသားအားလုံး)တို့ကို ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုမျှ ချန်ထားခြင်းမရှိပဲ စုရုံးစေတော်မူပေမည်။

وَعُرِضُوا عَلَىٰ رَبِّكَ صَفًّا لَّقَدْ جِئْتُمُونَا كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ ۖ بَلْ زَعَمْتُمْ أَلَّن نَّجْعَلَ لَكُم مَّوْعِدًا ﴿٤٨﴾

၄၈။ ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်တွင် စီတန်း(ရပ်စေ)လျက် (ရှေ့တော်သို့)သွင်းစေခြင်းကို ခံကြရမည်။ (ထိုအခါ ငါအရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူပေမည်။) အသင်တို့သည် ငါအရှင်မြတ် အသင်တို့အား ရှေးဦးမဆွ ပထမအကြိမ်က ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် ငါအရှင်မြတ်အထံတော်သို့ လာခဲ့ကြချေပြီ၊ သို့ရာတွင် အမှန်စင်စစ် အသင်တို့သည် မိမိတို့အတွက် ငါအရှင်မြတ်က (ရှင်ပြန်ထကြရန်) မည်သည့်အချိန်မည်သည့်နေရာကိုမျှ သတ်မှတ်တော်မူလိမ့်မည် မဟုတ်ဟူ၍ ထင်မှတ်နေခဲ့ကြကုန်သတည်း။

وَوُضِعَ الْكِتَابُ فَتَرَى الْمُجْرِمِينَ مُشْفِقِينَ مِمَّا فِيهِ وَيَقُولُونَ يَا وَيْلَتَنَا مَالِ هَٰذَا الْكِتَابِ

၄၉။ ၎င်းပြင် (မှတ်တမ်း)စာအုပ်များသည် (ထိုသူတို့ရှေ့တွင်) ချထားလျက်ရှိပေမည်။ ထိုအခါ အသင်သည် အပြစ်ရှိသူတို့အား ယင်း(မှတ်တမ်း)စာအုပ်များ၌ (ရေးသား၍ထားသော) အကြောင်းအရာများကြောင့် ထိတ်လန့်လျက် ရှိနေကြသည်ကို တွေ့မြင်ပေမည်။ ထို့ပြင် ၎င်းတို့က "သြော်-ကျွန်ုပ်တို့ အကျိုးနည်းရလေခြင်း၊ ဤ(မှတ်တမ်း)စာအုပ်သည် မည်သို့သော စာအုပ်ပါနည်း။

لَا يُغَادِرُ صَغِيرَةً وَّلَا كَبِيرَةً إِلَّآ أَحْصَىٰهَا ۚ وَوَجَدُوا۟ مَا عَمِلُوا۟ حَاضِرًا ۗ وَلَا يَظْلِمُ رَبُّكَ أَحَدًا ﴿٤٩﴾

ဤစာအုပ်သည် မည်သည့် သေးငယ်သော (ပြစ်မှု) တစ်စုံတစ်ရာကိုမျှလည်းကောင်း၊ မည်သည့် ကြီးလေးသော (ပြစ်မှု) တစ်စုံတစ်ရာကိုမျှ လည်းကောင်း၊ ခြွင်းချန်ထားခြင်းမပြုပဲ ရေတွက် (မှတ်သားထား)ခဲ့လေသည်။" ဟု ပြောဆိုမြည်တမ်း ညည်းညူကြပေမည်။ ထိုမှတစ်ပါး၊ ၎င်းတို့သည် မိမိတို့ ကျင့်မူခဲ့သမျှတို့ကိုလည်း (မိမိတို့)ရှေ့ဝယ် အသင့်ရောက်ရှိနေသည်ကို တွေ့ရှိကြရပေမည်။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာမူကား မည်သူတစ်ဦး တစ်ယောက်ကိုမျှ မတရား ပြုလုပ်တော်မူမည်မဟုတ်ပေ။ [၃]

وَإِذْ قُلْنَا لِلْمَلَٰٓئِكَةِ ٱسْجُدُوا۟ لِـَٔادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ ۖ كَانَ مِنَ ٱلْجِنِّ فَفَسَقَ عَنْ أَمْرِ رَبِّهِۦٓ ۗ

၅၀။ ၎င်းပြင် (ပြန်လည်၍ သတိရကြလေကုန်၊) တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် ကောင်းကင်တမန်တို့အား "အသင်တို့သည် အာဒမ်၏အရှေ့ဝယ် ဦးချကြလေကုန်" ဟု မိန့်ကြားတော်မူခဲ့ပေရာ အီဗလိစ်မှတစ်ပါး၊ ကောင်းကင်တမန်အပေါင်းတို့သည် ဦးချခဲ့ကြကုန်၏။ ယင်းအီဗလိစ်မှာမူကား၊ ဂျင်နီသတ္တဝါတို့အနက်မှဖြစ်ခဲ့ရာ ၎င်းသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို သွေဖည်ခဲ့လေ၏။ [၄]

---

① **ကိယာမတ်၏ မြင်ကွင်းတစ်ရပ်။**

ကိယာမတ်နေ့တွင် ကမ္ဘာတန်ဆာအားလုံးတို့သည် လွင့်စဉ်ပျက်စီးသွားပေမည်၊ ကမ္ဘာမြေကြီး လွင်ပြင်အတိ ဖြစ်သွားပေမည်၊ လူသားအားလုံးတို့သည် တစ်ယောက်မကျန် တန်းစီလျက် အခြေအရံအဆောင်အယောင်မပါဘဲ၊ (မိမွေးဘမွေးတိုင်း) အလွှာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာကြရပေမည်၊ လူသားအားလုံးတို့သည် မိမိတို့ ပြုမူကျင့်ကြံခဲ့ကြသည်များကို မိမိတို့၏ မှတ်တမ်းတွင် (ခရေစေ့တွင်းကျ) အတိအကျတွေ့ရှိကြရပေမည်။

အပြစ်ရှိသူများသည် အကြောက်ကြီးကြောက်ကြပေမည်၊ မှတ်တမ်းတွင် ကြီးငယ်မဟူ အကျင့်အမူအားလုံး မှတ်သားထားသည်ကို တွေ့ရှိ၍ အံ့အားသင့်ကြပေမည်၊ ဤမှတ်တမ်းကား အံ့မဆုံးပါတကား၊ ငါတို့ကား ပျက်စီးကြရတော့မည်ပါတကား ဟု မြည်တမ်းကြပေမည်။ ➤➤

أَفَتَتَّخِذُونَهُۥ وَذُرِّيَّتَهُۥٓ أَوْلِيَآءَ مِن دُونِى وَهُمْ لَكُمْ عَدُوٌۢ ۖ بِئْسَ لِلظَّٰلِمِينَ بَدَلًا ﴿٥٠﴾

သို့ပါလျက် အသင်တို့သည် ငါအရှင်မြတ်အား စွန့်၍ ယင်းအီဗလီစ်ကိုလည်းကောင်း၊ ယင်းအီဗလီစ်၏ သားမြေးတို့ကိုလည်းကောင်း၊ အဆွေခင်ပွန်းများ ပြုလုပ်ကြလေသလော၊ အမှန်စင်စစ် ၎င်းတို့မှာမူကား အသင်တို့၏ ရန်သူများပင်ဖြစ်ကြကုန်၏။ မတရား ကျူးလွန်သူတို့၏ အကျိုးသည် အလွန် ဆိုးရွားလှပေသည်တကား။

مَآ أَشْهَدتُّهُمْ خَلْقَ السَّمَٰوَٰتِ وَٱلْأَرْضِ وَلَا خَلْقَ أَنفُسِهِمْ ۖ وَمَا كُنتُ مُتَّخِذَ ٱلْمُضِلِّينَ عَضُدًا ﴿٥١﴾

၅၁။ ငါအရှင်မြတ်သည် ယင်းရှိုင်တွာန်မိစ္ဆာကောင်တို့အား မိုးကောင်းကင်များကို ဖန်ဆင်းတော်မူရာ၌လည်းကောင်း၊ ပထဝီမြေကို ဖန်ဆင်းတော်မူရာ၌လည်းကောင်း၊ အဆင်သင့် ခေါ်ထားတော်မူခဲ့သည်မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းတို့အား ဖန်ဆင်းတော်မူရာ၌လည်း (အဆင့်သင့်ခေါ်ထားခြင်းကို ပြုတော်)မမူခဲ့ချေ၊ အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် (သူတစ်ပါးကို) လမ်းလွဲစေသောသူတို့အား (မိမိ)လက်ရုံးအဖြစ် ပြုတော်မူမည့်အရှင်မြတ် မဟုတ်ပေ။ ၁

➤➤ အလ္လာဟ်အရှင်မြတ်သည် တရားသဖြင့် အဆုံးအဖြတ်ပေးတော်မူမည်၊ သူမွန်သူမြတ်တို့သည် ဂျန္နတ်သို့လား၍၊ သူယုတ်တို့မူကား ဂျဟန္နမ်သို့ လားကြရပေမည်။

④ ဖခင်ကြီးအာဒမ်နှင့် ရှိုင်တွာန် အီဗလီးစ်၏အကြောင်းသည် ကုရ်အာန်(၂:၃၀-၃၉)နှင့် (၇:၁၁-၃၁)တွင် အကျယ်တဝင့် ပါရှိခဲ့လေပြီ၊ သက်ဆိုင်ရာ အောက်ခြေအမှတ်များကို ပြန်လည်ရှုပါကုန်။ လောကီစည်းစိမ်များတွင် နစ်မွန်းနေခြင်းမှာ ရှိုင်တွာန် သွေးဆောင်ဖြားယောင်းမှု၏ ကျော့ကွင်းတွင် သက်ဆင်းခြင်း၏ အကျိုးပင်ဖြစ်သည်။

လူသားတို့သည် ဖခင်ကြီးအာဒမ်၏ သားသမီးများသာ ဖြစ်ကြပေသည်၊ ဖခင်ကြီးအာဒမ်သည် ဂျန္နတ်တွင် နေထိုင်ခဲ့၏။ ဂျန္နတ်သည် ဖခင်ကြီးအာဒမ်၏ မူလဌာနဖြစ်ခဲ့ပေရာ ယင်းဂျန္နတ်သည် လူသားတို့၏ မူလဌာနလည်းဖြစ်ပေသည်၊ သတ္တဝါအပေါင်းတို့သည် မိမိတို့၏ မူလဌာနသို့ ပြန်လည်သွားလိုကြသည်သာ ဖြစ်သည်။ ရှိုင်တွာန်သည် မိမိ၏မောက်မာမှု၊ သွေဖည်မှုများကြောင့်ယင်းဂျန္နတ်မှ မောင်းထုတ်ခြင်း ခံခဲ့ရသည် သာမက ငရဲသားတို့တွင် အပါအဝင်ဖြစ်ခဲ့ရချေပြီ၊ ထို့အတွက် "မစားရသည့်အမဲ သဲနှင့်ပက်" ဆိုသကဲ့သို့ လူသားတို့အား နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် ဖျက်ဆီးလျက်ရှိချေပြီ၊ နောင်တမလွန်အရေးကိုမေ့၍ လောကီစည်းစိမ်များတွင် နစ်မွန်းပြီး ဥစ္စာဂုဏ်မောက်ကာ ဆင်းရဲသားတို့အား အထင်အမြင်သေးသော မောင်မောက်မာ၊ မယ်မောက်မာ၊ မောင်သွေဖည်၊ မယ်သွေဖည်တို့သည် ရှိုင်တွာန်၏ သစ္စာရေ သောက်သုံးထားကြသော လူရှိုင်တွာန်များသာ ဖြစ်ကြပေသတည်း။

⑤ အလ္လာဟ်အရှင်မြတ်သည် မိုးမြေများကို စတင်ဖန်ဆင်းတော်မူခဲ့သည့် အချိန်တွင်လည်း ဖန်ဆင်းပုံ➤➤

وَيَوْمَ يَقُولُ نَادُوا۟ شُرَكَآءِىَ ٱلَّذِينَ زَعَمْتُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا۟ لَهُمْ وَجَعَلْنَا بَيْنَهُم مَّوْبِقًا ﴿٥٢﴾

၅၂။ ထိုနည်းတူစွာ အကြင်နေ့ကိုလည်း (သတိထားကြလေကုန်) ထိုအရှင်မြတ်သည် (ထိုနေ့တွင် မုရှ်ရစ်က်တို့အား) အသင်တို့သည် မိမိတို့ ယုံကြည်(ကိုးကွယ်)ခဲ့ကြသော ငါအရှင်မြတ်၏တွဲဖက်များကို ဟစ်ခေါ်ကြလေကုန်ဟု မိန့်ကြားတော်မူလေသောအခါ ၎င်းတို့သည် ယင်းတွဲဖက်များကို ဟစ်ခေါ်ကြပေမည်။ သို့ရာတွင် ယင်းတွဲဖက်များမှာမူကား၊ ၎င်းတို့အား ပြန်၍ထူးကြမည် မဟုတ်ပေ။ ၎င်းပြင် ငါအရှင်မြတ်သည် ယင်း(မုရှ်ရစ်က်တို့နှင့် ၎င်းတို့၏ကိုးကွယ်ရာ)တို့၏စပ်ကြားတွင် အကွယ်အကာတစ်ခု ချထားတော်မူပေမည်။

وَرَأَى ٱلْمُجْرِمُونَ ٱلنَّارَ فَظَنُّوٓا۟ أَنَّهُم مُّوَاقِعُوهَا وَلَمْ يَجِدُوا۟ عَنْهَا مَصْرِفًا ﴿٥٣﴾

၅၃။ ထိုမှတစ်ပါး အပြစ်ရှိသူတို့သည် (ဂျဟန္နမ်ငရဲ)မီးကို တွေ့မြင်ကြသောအခါ ၎င်းတို့သည် ဧကန်မလွဲ မိမိတို့မှာ ယင်းမီးထဲသို့ ကျဆင်းအံ့သောသူများပင် ဖြစ်ကြသည်ဟု ယုံကြည်ကြပေမည်။ သို့ရာတွင် ၎င်းတို့သည် ယင်းမီး(ဘေးမှ) လွဲရှောင်နိုင်ရန် နေရာတစ်စုံတစ်ခုကိုမျှ တွေ့ရှိကြမည် မဟုတ်ပေ။

➤➤ ကောင်းမကောင်း၊ သင့်မသင့်၊ သပ်ယပ်မသပ်ယပ် နှင့်စပ်လျဉ်း၍ ရှိုင်တွာန်များအား ခေါ်ပြီး ပြသဟော မူခဲ့သည်လည်း မဟုတ်၊ အကြံဉာဏ် တောင်းခဲ့သည်လည်းမဟုတ်၊ အကူအညီတောင်းခဲ့သည်လည်း မဟုတ်၊ မိုးမြေများကို စတင်ဖန်ဆင်းတော်မူသည့်အချိန်တွင် ယင်းရှိုင်တွာန်များသည် ရှိပင်မရှိကြသေးပေ။

၎င်းတို့အား ဖန်ဆင်းတော်မူသည့်အချိန်တွင်လည်း အဘယ်ပုံအဘယ်နည်း ဖန်ဆင်းရမည့်အကြောင်းနှင့် စပ်လျဉ်း၍ ၎င်းတို့အားခေါ်၍ တိုင်ပင်တော်မူခဲ့သည်လည်းမဟုတ်၊ အကူအညီတောင်းခဲ့သည်လည်း မဟုတ်၊ [မပြောအပ်မဆိုအပ်] အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အကူအညီ တောင်းတော်မူခဲ့သည်ဟူ၍ ခေတ္တဆိုပါက (မတောင်းခဲ့သည်မှာ အမှန်ပင် အကူအညီတောင်းရန် အကြောင်းပင်မရှိ။) အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ကို ဖြောင့်ဖြောင့်ကြီး သွေဖည်ဆန့်ကျင်ကြမည့် ယင်းရှိုင်တွာန်များထဲမှ အသို့လျှင် အကူအညီတောင်းတော်မူအံ့နည်း။

အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တရှင် ဖြစ်တော်မူသည်၊ မည်သူ့ထံမှ အကူအညီတောင်းရန် မလိုပေ၊ အကူအညီတောင်းရန် အကြောင်းလည်းမရှိ၊ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူဟူ၍ အလျင်းမရှိ။ သို့ပါလျက် လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ ယင်းသို့သော ရှိုင်တွာန်များအား အသို့လျှင် ဆည်းကပ်ကိုးကွယ်ကြသနည်း။ အသို့လျှင် ၎င်းတို့နှင့် မိတ်ဖွဲ့နေကြသနည်း။

وَلَقَدْ صَرَّفْنَا فِي هٰذَا الْقُرْاٰنِ لِلنَّاسِ مِنْ كُلِّ مَثَلٍ ۭ وَكَانَ الْاِنْسَانُ اَكْثَرَ شَيْءٍ جَدَلًا ﴿٥٤﴾

၅၄။ ၎င်းပြင် ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် လူတို့၏အကျိုးငှာ ဥပမာ ပုံဆောင်ချက် အလုံးစုံတို့ကို အနှည်းနည်း အဖုဖုဖြင့် မိန့်ကြားတော်မူခဲ့ပေသည်။ စင်စစ် လူသားတို့မှာ အရာခပ်သိမ်းတို့ထက် အငြင်းအသန်ဆုံးပင် ဖြစ်ကြကုန်သတည်း။

وَمَا مَنَعَ النَّاسَ اَنْ يُّؤْمِنُوْٓا اِذْ جَاۗءَهُمُ الْهُدٰى وَيَسْتَغْفِرُوْا رَبَّهُمْ اِلَّآ اَنْ تَاْتِيَهُمْ سُنَّةُ الْاَوَّلِيْنَ اَوْ يَاْتِيَهُمُ الْعَذَابُ قُبُلًا ﴿٥٥﴾

၅၅။ စင်စစ် လူတို့အား ၎င်းတို့ထံ တရားလမ်းမှန်ရောက်ရှိခဲ့ပြီးနောက် သက်ဝင်ယုံကြည်ခြင်းမှလည်းကောင်း၊ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် လွတ်ငြိမ်းခွင့်ကို အသနားခံပန်ကြားခြင်းမှလည်းကောင်း၊ (မည်သည့်အရာကမျှပင်) တားဆီးခဲ့သည့် မဟုတ်ပေ။ သို့ရာတွင် ထိုသူတို့သည် မိမိတို့ထံ ရှေးသူဟောင်းတို့(ထံ ရောက်ရှိခဲ့သည့် စီရင်ချက်)ကဲ့သို့သော စီရင်ချက်သည် ရောက်ရှိလာခဲ့ခြင်းကိုသော်လည်းကောင်း၊ မိမိတို့ထံ အမျိုးမျိုးသောပြစ်ဒဏ်များသည် ဆိုက်ရောက်လာခြင်းကိုသော်လည်းကောင်း၊ (စောင့်မျှော်၍ပင်နေခဲ့ကြကုန်သတည်း၊)

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ وَمُنْذِرِيْنَ ۚ وَيُجَادِلُ الَّذِيْنَ كَفَرُوْا بِالْبَاطِلِ لِيُدْحِضُوْا بِهِ الْحَقَّ وَاتَّخَذُوْٓا اٰيٰتِيْ وَمَآ اُنْذِرُوْا هُزُوًا ﴿٥٦﴾

၅၆။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ရဏ္ဍာလ်တမန်တော်တို့အား သတင်းကောင်းပြောကြားသူများ သတိပေးနှိုးဆော်သူများအဖြစ်သာလျှင် စေလွှတ်တော်မူ၏။ သို့ရာတွင် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့မှာမူကား မတရားသဖြင့် အငြင်းအခုံ ပြုကြကုန်၏။ (သို့အငြင်းအခုံ ပြုကြခြင်းမှာ ၎င်းတို့သည် အငြင်းခုံမှုဖြင့် အမှန်တရားကို ချွတ်ချော်စေအံ့သောငှာ (ဖြစ်ပေသည်)။ ၎င်းပြင် ထိုသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ မိမိတို့သတိပေးနှိုးဆော်ခြင်း ခံကြရသည်များကိုလည်းကောင်း၊ ပြက်ရယ်ဖွယ်များ ပြုလုပ်ခဲ့ကြကုန်သတည်း။

وَمَنْ أَظْلَمُ مِمَّنْ ذُكِّرَ بِـَٔايَٰتِ رَبِّهِۦ فَأَعْرَضَ عَنْهَا وَنَسِىَ مَا قَدَّمَتْ يَدَاهُ ۚ إِنَّا جَعَلْنَا عَلَىٰ قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِىٓ ءَاذَانِهِمْ وَقْرًا ۖ وَإِن تَدْعُهُمْ إِلَى ٱلْهُدَىٰ فَلَن يَهْتَدُوٓا۟ إِذًا أَبَدًا ﴿٥٧﴾

၅၇။ အမှန်စင်စစ်သော်ကား အကြင်သူထက် မတရားသောသူသည် မည်သူရှိအံ့နည်း။ ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်များဖြင့် ဆုံးမခြင်းကို ခံခဲ့ရသော်လည်း ထိုသူသည် ယင်းသက်သေလက္ခဏာတော်များမှ မျက်နှာလွှဲခဲ့လေသည်။ ၎င်းပြင် ထိုသူသည် ၎င်း၏ လက်နှစ်ဘက်က ကြိုတင်ပို့နှင့်ပြီးဖြစ်သည့် (ပြစ်မှုဒုစရိုက်)များကိုလည်း မေ့ပျောက်ခဲ့ပေသည်။

ဧကန်စင်စစ် ငါအရှင်မြတ်သည် ထို(ကဲ့သို့သော)သူတို့၏ စိတ်နှလုံးများပေါ်ဝယ် ထိုသူတို့သည် ယင်း(အမှန်တရား)ကို နားမလည်နိုင်ကြရန် အဖုံးအအုပ်များကိုလည်းကောင်း၊ ထိုသူတို့၏ နားပင်းမှုကိုလည်းကောင်း၊ ပြုလုပ်တော်မူခဲ့၏။ စင်စစ် အကယ်၍ အသင်သည် ၎င်းတို့အား တရားလမ်းမှန်သို့ ဖိတ်ခေါ်ငြားသော်လည်း ၎င်းတို့သည် ဤအခြေအနေတွင် မည်သည့်အခါ၌မျှပင် လမ်းမှန်ကို အလျင်း ရရှိကြမည်မဟုတ်ပေ။

وَرَبُّكَ ٱلْغَفُورُ ذُو ٱلرَّحْمَةِ ۖ لَوْ يُؤَاخِذُهُم بِمَا كَسَبُوا۟ لَعَجَّلَ لَهُمُ ٱلْعَذَابَ ۚ بَل لَّهُم مَّوْعِدٌ لَّن يَجِدُوا۟ مِن دُونِهِۦ مَوْئِلًا ﴿٥٨﴾

၅၈။ ဧကန်မလွဲ အသင်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ ကရုဏာတော်ရှင်ဖြစ်တော်မူပေသည်။ အကယ်၍သာ ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြကုန်သော ပြစ်မှုဒုစရိုက်များကြောင့် ဖမ်းဆီးအရေးယူတော်မူပါလျှင် အမှန်ပင် ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ကို အစောတလျင် ကျရောက်စေတော်မူခဲ့ပေမည်။

သို့ရာတွင် စစ်စစ်မှာမူကား၊ ၎င်းတို့အဖို့ ချိန်းချက်ထားသောအချိန် တစ်ချိန်သည် ရှိနေပေရာ ၎င်းတို့သည် ထိုပြစ်ဒဏ်(ကို ခံစားကြရသည်)မှတစ်ပါး ထွက်ပြေးလွတ်မြောက်ရန် နေရာဌာန တစ်စုံတစ်ခု ကိုမျှပင် အလျင်း တွေ့ရှိမည် မဟုတ်ပေတကား။

وَتِلْكَ الْقُرَىٰ أَهْلَكْنَٰهُمْ لَمَّا ظَلَمُوا۟ وَجَعَلْنَا لِمَهْلِكِهِم مَّوْعِدًا ﴿٥٩﴾

၅၉။ စင်စစ် ဤသည်(တို့သည်) အကြင်မြို့(သူ)ရွာ(သား)များပင်။ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ မတရားကျူးလွန်ခဲ့ကြသောအခါ ဖျက်ဆီးတော်မူခဲ့၏။ အမှန်သော်ကား၊ ငါအရှင်မြတ်သည် ၎င်းတို့ ပျက်စီးကြရန်အလို့ငှာ ချိန်းချက်ထားသောကာလ တစ်ခုကို ပြုလုပ်သတ်မှတ်တော်မူခဲ့ပေသတည်း။

وَإِذْ قَالَ مُوسَىٰ لِفَتَىٰهُ لَآ أَبْرَحُ حَتَّىٰٓ أَبْلُغَ مَجْمَعَ الْبَحْرَيْنِ أَوْ أَمْضِىَ حُقُبًا ﴿٦٠﴾

၆၀။ ၎င်းပြင် (ပြန်လည်အောက်မေ့ သတိရကြလေကုန်)။ တစ်ရံရောအခါဝယ် (နဗိတမန်တော်)မူစာသည် မိမိနောက်ပါတပည့်အား ငါသည် မြစ်နှစ်သွယ်ဆုံရာသို့ ရောက်ရှိသည့်တိုင်အောင် မရပ်မနား သွားပေမည်၊ သို့တည်းမဟုတ် ငါသည် နှစ်ရှည်လများ သွား၍ပင်နေမည်ဟု ပြောကြားခဲ့လေသည်။ [၁]

---

① **တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)နှင့် ခိသ်ဠိရ်(အလိုင်ဟစ္စလာမ်)။**

အထက်တွင် မောက်မာပလွားသော ကာဖိရ်များနှင့် ဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်များအကြောင်း၊ ထို့နောက် အလ္လာဟ်အရှင်မြတ်အား မယုံကြည်သော ကာဖိရ်တစ်ဦးနှင့် အလ္လာဟ်အရှင်မြတ်အား ယုံကြည်သော မွတ်စ်လင်မ်တစ်ဦး၏အကြောင်း၊ ထို့နောက် ဤပစ္စက္ခဘဝ၏ ပုံဆောင်ချက်၊ ထိုနောက် ဖခင်ကြီး အာဒမ်နှင့် မောက်မာသော အီဗလီစ်၏ အကြောင်းများကို မိန့်ဆိုထားတော်မူသည်၊ ယခု ဤအာယတ်တော်များတွင် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)နှင့် ခိသ်ဠိရ် (အလိုင်ဟစ္စလာမ်)၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်မြှောက်စားခြင်းကို ခံကြရကုန်သော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့သည် အားလုံးထက် မြင့်မြတ်ကြသော်လည်း မိမိတို့ကိုယ်ကို မိမိတို့ မြင့်မြတ်ကြသည်ဟု မဆိုကြပေ။ တစ်ခါတစ်ရံ လူသဘာဝအလျောက် မေ့မှား၍ ပြောဆိုမိကြပါက အလ္လာဟ်အရှင်မြတ်ထံတော်မှ သတိပေးတော်မူခြင်းကို ခံကြရပေသည်။

➤➤

➤➤ ဟဒီးစ်တော်တွင်လာရှိသည်မှာ တစ်နေ့သော် တမန်တော်မူစာသည် မိမိ၏အမျိုးသားများအား အလွန်အဘိုးထိုက်တန်သော အဆုံးအမ ဩဝါဒများကို စာပေဂုဏ်မြောက်စွာဖြင့် ထိထိမိမိ ဟောကြားနေတော်မူခဲ့၏။

ထိုအချိန်တွင် ပဂ္ဂိုလ်တစ်ဦးက "အို-တမန်တော်၊ အသင်သည် ဤကမ္ဘာမြေပြင်တွင် မိမိထက် ပညာသာသော ပညာရှင်တစ်ဦးတစ်ယောက်ကို တွေ့ဘူးပါသလော" ဟုမေးရာ၊ တမန်တော်မူစာက "မတွေ့ဘူးပါ" ဟု ဖြေကြားလိုက်လေသည်။

တမန်တော်မူစာ၏ အဖြေသည်မှန်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မူစာသည် အထူးထူးသော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသော တမန်တော်များတွင် တစ်ပါး အပါအဝင်ဖြစ်သည်။ သို့ဖြစ်ပေရာ ထိုခေတ်ထိုအခါတွင် သာသနာရေးဆိုင်ရာပညာရပ်များကို တမန်တော်မူစာထက် ပို၍ အသူတက်သိ နားလည်နိုင်အံ့နည်း။

သို့တစေလည်း တမန်တော်မူစာ၏ အဖြေသည် အတွင်းအလိုသဘောအရကား မှန်သော်လည်း မျက်မြင်အရဆိုလျှင် တမန်တော်မူစာသည် ကမ္ဘာမြေအဝှန်းတွင် အဘက်ဘက်၌ လူသားတို့အနက် မိမိသည် အသိဆုံး၊ အတတ်ဆုံးဖြစ်သည်ဟု ယူဆသယောင်ရှိသည်ဟုလည်း တွေးထင်စရာဖြစ်နေသည်။

အလ္လာဟ်အရှင်မြတ်၏အလိုတော်ကား တမန်တော်မူစာသည် ယင်းသို့ မဖြေကြားဘဲ အလုံးစုံကို သိတော်မူသော အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား လွှဲပုံအပ်ပေသည်။

ဥပမာ-ကမ္ဘာမြေပြင်တွင် အလ္လာဟ်အရှင်မြတ် ရွေးချယ်မြောက်စားထားတော်မူသော ပဂ္ဂိုလ်မွန်အမြောက်အမြား ရှိကြပေသည်၊ မည်သူမည်ဝါ ပညာအဘယ်မျှတတ်သည်ကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူသည် စသည်ဖြင့် ဖြေကြားအပ်ပေသည်။

တမန်တော်မူစာ ယင်းသို့ ဖြေကြားလိုက်သည့်အခါ အလ္လာဟ်အရှင်မြတ်ထံတော်မှ "မြစ်နှစ်သွယ် ဆုံစီးသော နေရာတွင် ငါ၏ကျွန်တစ်ယောက်ရှိသည်၊ ထိုကျွန်သည် (အချို့ပညာရပ်များတွင်) အသင့်ထက်သာသည် ဟူ၍ အာယတ်တော် ကျရောက်လာခဲ့ပေသည်။

ထိုအခါ တမန်တော်မူစာက၊ ကျွန်တော်မျိုးသည် အဆိုပါပညာရှင်ထံသို့ သွားရောက်၍ ပညာဆည်းပူးလိုပါသည်၊ ထိုပညာရှင်ထံသို့ သွားရောက်နိုင်ရန်အတွက် ထိုပညာရှင်၏ နေရာဌာနကို အပြည့်အဝ ညွှန်ပြတော်မူပါဟု လျှောက်ထား၏။

အလ္လာဟ်အရှင်မြတ်က "အသင်သည် ထိုပညာရှင်ထံသို့ သွားရောက်ရန် စတင်ခရီးထွက်သည့်အခါ၊ ငါးတစ်ကောင်ကို ကြော်၍ မိမိနှင့်အတူ ယူဆောင်သွားလေ၊ ငါးပျောက်သွားသည့် နေရာတွင် အဆိုပါ ပညာရှင်ရှိသည်" ဟု ညွှန်ကြားတော်မူလိုက်လေသည်။

တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ် ညွှန်ပြတော်မူသည့်အတိုင်း အဆိုပါပညာရှင်ထံ သွားရောက်နိုင်ရန်အတွက် မိမိ၏တပည့်ရင်း ယူရှအ်အား မိမိနှင့်အတူခေါ်ဆောင်၍ ယူရှအ်အားလည်း "ငါသည် အဆိုပါ ပညာရှင်ထံသို့ နှစ်ပရိစ္ဆေဒ အဘယ်မျှပင် ကြာညောင်းသွားသည် ဖြစ်ပါစေ၊ မရောက်မချင်း ခရီးသွားမည်၊ အသင်သည် ငါးကြော်ကို အထူးဂရုစိုက်ပါ" ဟု အမှတ်တရ မှာကြားကာ ခရီးစတင်ထွက်ခဲ့လေသည်။

<u>မြစ်နှစ်သွယ် ဆုံစီးရာနေရာ။</u>

မြစ်နှစ်သွယ်ကား အဘယ်နည်း။ ဆုံစီးရာနေရာကား အဘယ်မှာနည်း။ ဤတွင် အဆိုကွဲပြားလျက်ရှိပေသည်။ အချို့ပညာရှင်များက မြစ်နှစ်သွယ်ဟူသည် ပါးရှင်းပင်လယ်နှင့် (Mediterranaen Sea) ရောမ ပင်လယ်နှစ်ခုကို ဆိုလိုသည်ဟု ဆိုကြသည်၊ သို့ရာတွင် မျက်မြင်အားဖြင့် အဆိုပါပင်လယ်နှစ်ခုသည် ➤➤

فَلَمَّا بَلَغَا مَجْمَعَ بَيْنِهِمَا نَسِيَا حُوتَهُمَا فَاتَّخَذَ سَبِيلَهُ فِي الْبَحْرِ سَرَبًا ﴿٦١﴾

၆၁။ ထိုနောက် ၎င်း(မူစာနှင့် နောက်ပါတပည့်) နှစ်ဦးစလုံးသည် ထိုမြစ်နှစ်သွယ်ဆုံရာသို့ ရောက်ရှိခဲ့ကြသောအခါ ၎င်းတို့နှစ်ဦးသည် မိမိတို့၏ငါးကို မေ့သွားခဲ့ကြ၏။ စင်စစ် ယင်းငါးသည် မြစ်ထဲတွင် မိမိလမ်းကို အက်ကြောင်းရှည်ကြီး ပြုလုပ်လျက် လျှောဆင်း၍ သွားခဲ့လေသည်။

فَلَمَّا جَاوَزَا قَالَ لِفَتَاهُ آتِنَا غَدَاءَنَا لَقَدْ لَقِينَا مِنْ سَفَرِنَا هَٰذَا نَصَبًا ﴿٦٢﴾

၆၂။ တစ်ဖန် ယင်း(မူစာနှင့် နောက်ပါတပည့်)နှစ်ဦးသည် (ယင်းမြစ်နှစ်သွယ်ဆုံရာမှ) ရှေ့သို့ကျော်လွန်လာခဲ့ကြသောအခါ ထိုမူစာက မိမိ နောက်ပါတပည့်အား နံနက်စာကို ကျွန်ုပ်ထံ ယူခဲ့လော့၊ ဧကန်မလွဲ ကျွန်ုပ်တို့သည် မိမိတို့၏ ဤခရီးကြောင့် မောပန်းကြရချေပြီဟု ပြောဆိုခဲ့လေသည်။

➤➤ ပူးပေါင်းသည်မရှိ၊ သို့မျက်မြင်အားဖြင့် ပူးပေါင်းခြင်းမရှိသော်လည်း ဤယူချက်အရ "ဆုံစီးခြင်း"ဟူသည် နီးစပ်ခြင်းကို ဆိုလိုပေမည်၊ ဆုံစီးရာနေရာဟူသည် ပင်လယ်အချင်းချင်း အလွန်နီးစပ်ရာနေရာကို ဆိုလိုပေမည်။

အကယ်၍ ဤအဖြစ်အပျက်သည် ဆီန ကျွန်းဆွယ်တွင် ဖြစ်ပေါ်ခဲ့ပါက၊ ပင်လယ်နီ၏ မြောက်ဘက်စွန်းရှိ (Aquabah)ကွေ့နှင့် (Suez)ကွေ့ကို ဆိုလိုနိုင်သည်ဟူလည်း ဆိုကြသည်။ ဤအဆိုသည် ပို၍ တိကျမှန်ကန်သည် ဟုယူဆရသည်။ မာဂျီဒီ။

① **ငါးပျောက်။**

တမန်တော်မူစာသည် ဇွဲသတ္တိကြီးမားစွာဖြင့် ခရီးသွားနေခဲ့၏။ တစ်နေ့သော် ဆရာတပည့် နှစ်ဦးစလုံးတို့သည် တစ်နေရာတွင် ကျောက်ဆောင်ကြီးတစ်ခု၏အနီး၌ အိပ်ကြလေသည်၊ ထိုကျောက်ဆောင်ကြီးအောက်တွင် "အာဗေဟယာတ်" ရှင်စေသောရေရှိ၏။ တမန်တော်မူစာသည် အိပ်စက်လျက်ပင် ရှိသေး၏။ ယူရှအ်သည် နိုးနေခဲ့၏။ ထိုအချိန်တွင် ငါးကြော်သည် အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် ပြန်လည်ရှင်လာပြီး လွယ်အိတ်အတွင်းမှ ထွက်၍ ရေထဲသို့ အံ့ဖွယ်သူရဲ ဆင်းသက်သွားလေသည်။ ရေထဲတွင် ငါးသွားသည့်နေရာ၌ လိုဏ်ခေါင်းဖြစ်နေခဲ့လေသည်။ ဤသည့်အချင်း အရာအားလုံးကို ယူရှအ်သည် ကောင်းစွာ တွေ့မြင်လိုက်ရလေသည်။

တမန်တော်မူစာ အိပ်ရာမှနိုးသောအခါ ဆရာတပည့်နှစ်ဦးစလုံးတို့သည် ဆက်လက်၍ ခရီးထွက်ကြပြန်လေသည်၊ ယူရှအ်လည်း ငါးအကြောင်း ပြောပြရန် မေ့သွားခဲ့လေသည်။

နောက်တစ်နေ့တွင် တမန်တော်မူစာက ယူရှအ်အား "ခရီးပန်းသည်၊ ဆာပြီ၊ ငါးကြော်ထုတ်ခဲ့" ဟု ပြော၏။ ထိုအခါ ယူရှအ်က "ကျွန်တော်တို့ မနေ့က ကျောက်ဆောင်ကြီး တစ်ခုအနီးတွင် အိပ်စက်ခဲ့ကြသည်၊ တမန်တော် အိပ်စက်လျက်ရှိနေစဉ် ကျွန်တော်နိုးနေပါသည်၊ ထိုအချိန်တွင် ငါးကြော်သည် ပြန်လည် ➤➤

قَالَ أَرَءَيْتَ إِذْ أَوَيْنَآ إِلَى
ٱلصَّخْرَةِ فَإِنِّى نَسِيتُ
ٱلْحُوتَ وَمَآ أَنسَىٰنِيهُ
إِلَّا ٱلشَّيْطَٰنُ أَنْ أَذْكُرَهُۥ ۚ
وَٱتَّخَذَ سَبِيلَهُۥ فِى
ٱلْبَحْرِ ۖ عَجَبًا ﴿٦٣﴾

၆၃။ (ထိုအခါ) ယင်းနောက်ပါတပည့်က (ဤသို့) ပြောဆို ဖြေကြားခဲ့လေသည်။ ကျွန်ုပ်တို့သည် ကျောက်ဆောင်၏အနီးတွင် နားခဲ့ကြသည်ကို (ကိုယ်တော်) သတိရပါလိမ့်မည်။ ထိုအခါ ကျွန်ုပ်သည် ဧကန်မလွဲ ငါး(၏) ထူးဆန်းအံ့ဖွယ်သောအကြောင်း)ကို ကိုယ်တော်အား ပြောပြရန်မေ့သွားခဲ့ပါသည်။ အမှန်သော်ကား ကျွန်ုပ်အား ယင်း(အကြောင်း)ကို သတိမရနိုင်ရန် ရှိုင်တွာန်မိစ္ဆာကောင်ကသာလျှင် မေ့လျော့စေခဲ့ပါသည်။ စင်စစ် ယင်းငါးသည် မြစ်ထဲတွင် မိမိလမ်းကို ထူးဆန်းအံ့သြစွာ ပြုလုပ်၍ သွားခဲ့ပါသည်။

قَالَ ذَٰلِكَ مَا كُنَّا نَبْغِ ۖ فَٱرْتَدَّا
عَلَىٰٓ ءَاثَارِهِمَا قَصَصًا ﴿٦٤﴾

၆၄။ (ထိုအခါ) ယင်းမူစာက ထို(နေရာ)သည်ပင် ကျွန်ုပ်တို့ ရှာဖွေနေသော(နေရာ)ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးစလုံးသည် မိမိတို့ ခြေရာများပေါ်၌ ခြေထပ်၍ နောက်သို့ ပြန်ခဲ့ကြလေသည်။

فَوَجَدَا عَبْدًا مِّنْ عِبَادِنَآ
ءَاتَيْنَٰهُ رَحْمَةً مِّنْ عِندِنَا
وَعَلَّمْنَٰهُ مِن لَّدُنَّا عِلْمًا ﴿٦٥﴾

၆၅။ ထိုအခါ ထိုနှစ်ဦးသည် ငါအရှင်မြတ်၏ ကျွန်များအနက် ကျွန်တစ်ပါးကို တွေ့ရှိကြလေသည်။ ငါအရှင်မြတ်သည် ထိုကျွန်အား မိမိအထံတော်မှ အထူးကျေးဇူးတော်တစ်ရပ်ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် (အထူး)ပညာတစ်ရပ်ကိုလည်း ထိုကျွန်အား သင်ကြား၍ ပေးတော်မူခဲ့လေသတည်း။

➤➤ ရှင်သွားပြီး ရေထဲသို့ အံ့ဖွယ်သရဲ ဆင်းသွားသည်၊ ရေထဲတွင် ငါးဝင်သွားသည့် နေရာ၌လည်း အံ့ဖွယ်သရဲ လိုဏ်ခေါင်းဖြစ်နေခဲ့ပါသည်" ဟု ပြောပြလေသည်၊ တမန်တော်မူစာက "ငါတို့ရှာနေသောနေရာသည် အခြားမဟုတ်၊ အဆိုပါ ငါးပျောက်သည့် နေရာပင်ဖြစ်သည်"ဟုပြော၏။ ထို့နောက် ဆရာတပည့်နှစ်ဦးစလုံးတို့သည် အဆိုပါ ငါးပျောက်သည့်နေရာသို့ ပြန်လာခဲ့ကြ၏။

قَالَ لَهُۥ مُوسَىٰ هَلْ أَتَّبِعُكَ عَلَىٰٓ أَن تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا ﴿٦٦﴾

၆၆။ မူစာသည် (ငါအရှင်မြတ်၏) ထိုကျွန်အား အသင်သည် မိမိသင်ကြားပို့ချခြင်းခံရသည့် ဆင်ခြင်တုံတရားအနက်မှ ကျွန်ုပ်အားလည်း သင်ပေးပါရန် ကျွန်ုပ်အသင်နှင့်အတူ လိုက်နိုင်ပါသလောဟု ပြောဆို (မေတ္တာရပ်ခံ)ခဲ့လေ၏။

قَالَ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا ﴿٦٧﴾

၆၇။ ၎င်းက ဧကန်အမှန် အသင်သည် ကျွန်ုပ်နှင့်အတူ အလျင်း သည်းခံ(၍နေ)နိုင်မည် မဟုတ်ဟု ပြောဆိုဖြေကြားခဲ့လေသည်။

وَكَيْفَ تَصْبِرُ عَلَىٰ مَا لَمْ تُحِطْ بِهِۦ خُبْرًا ﴿٦٨﴾

၆၈။ စင်စစ် အသင်သည် အသိပညာအားဖြင့် မိမိမငုံမိသောကိစ္စနှင့်စပ်လျဉ်း၍ အသို့လျှင်သည်းခံ၍နေနိုင်ပါအံ့နည်း။

قَالَ سَتَجِدُنِىٓ إِن شَآءَ ٱللَّهُ صَابِرًا وَلَآ أَعْصِى لَكَ أَمْرًا ﴿٦٩﴾

၆၉။ (ထိုအခါ) ယင်းမူစာက အလွှာဟ်အရှင်မြတ် အလိုရှိတော်မူပါလျှင် အသင်သည် ကျွန်ုပ်အား သည်းခံသူတစ်ဦးဖြစ်သည်ကို တွေ့ရှိပါလိမ့်မည်။ ထိုမှတစ်ပါး ကျွန်ုပ်သည် အသင်၏ မည်သည့် အမိန့်ကိုမျှပင် သွေဖည်မည် မဟုတ်ပါဟု ပြောဆိုခဲ့လေသည်။

قَالَ فَإِنِ ٱتَّبَعْتَنِى فَلَا تَسْـَٔلْنِى عَن شَىْءٍ حَتَّىٰٓ أُحْدِثَ لَكَ مِنْهُ ذِكْرًا ﴿٧٠﴾

၇၀။ ၎င်းက (ဤသို့)ပြောကြားခဲ့၏။ အကယ်၍ အသင်သည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလျှင် အသင်သည် ကျွန်ုပ်အား မည်သည့်အရာနှင့်မျှစပ်လျဉ်း၍ ကျွန်ုပ်ကိုယ်တိုင် အသင့်အား ထိုအရာကို စတင်ပြောဆိုရှင်းလင်းခြင်း မပြုသမျှကာလပတ်လုံး မေးမြန်းခြင်းကို မပြုပါနှင့်။ [၁]

---

① **ခိသ်ဠ်ရ်နှင့် တမန်တော်မူစာတွေ့ခြင်း။**

တမန်တော်မူစာသည် မိမိ၏တပည့်နှင့်အတူ ငါးပျောက်သည့်ဌာနသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည့်အခါ၊ အဆိုပါနေရာတွင် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော ပုဂ္ဂိုလ်တစ်ဦးအား တွေ့မြင်၏။ ထိုပုဂ္ဂိုလ်မှာ ခိသ်ဠ်ရ်(အလိုင်ဟစ္စလာမ်)ပင်ဖြစ်၏။ ➤➤

فَانْطَلَقَا حَتَّىٰ إِذَا رَكِبَا فِي السَّفِينَةِ خَرَقَهَا ۖ قَالَ أَخَرَقْتَهَا لِتُغْرِقَ أَهْلَهَا لَقَدْ جِئْتَ شَيْئًا إِمْرًا ﴿٧١﴾

၇၁။ ထို့နောက် ၎င်း(မူစာနှင့်ခိသွ်ရ်)တို့နှစ်ဦးသည် လျှောက်သွားကြပြီး နောက်ဆုံးတွင် ၎င်းတို့နှစ်ဦးသည် ရွက်သင်္ဘောပေါ်သို့ စီးနင်းကြသောအခါ ယင်း(ခိသွ်ရ်)သည် ထိုရွက်သင်္ဘောကို ဖောက်ခဲ့လေသည်။ (ထိုအခါ) ယင်း(မူစာ)က (ဤသို့)ပြောဆိုခဲ့လေသည်။ အသင်သည် ဤသင်္ဘောကို သင်္ဘောပေါ်၌ ပါရှိသောသူတို့အား နစ်မြုပ်စေအံ့သောငှာ ဖောက်ခဲ့လေသလော။ ဧကန်မလွဲ အသင်သည် အလွန်ဆိုးရွားသော အပြုအမူတစ်ရပ်ကို ပြုလုပ်ခဲ့ချေပြီတကား။

قَالَ أَلَمْ أَقُلْ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا ﴿٧٢﴾

၇၂။ ယင်း (ခိသွ်ရ်) က (ဤသို့) ပြောဆိုခဲ့လေ၏။ (အချင်းမူစာ)ဧကန်အမှန် အသင်သည် ကျွန်ုပ်နှင့်အတူ အလျင်း သည်းခံ၍ နေနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ် ပြောကြားခဲ့သည် မဟုတ်ပါလော။

➤➤ တမန်တော်မူစာသည် ခိသွ်ရ်(အလိုင်ဟစ္စလာမ်)အား "စလာမ်"ပေး၏။ ခိသွ်ရ်က "ဤဒေသတွင် စလာမ် အဘယ်မှာရှိသနည်း။" ဆိုလိုသည်ကား (ဤဒေသတွင်မွတ်စ်လင်မ်များမရှိပါ) ဟုပြောရာ၊ တမန်တော်မူစာက "ကျွန်တော်၏အမည်မှာမူစာဖြစ်ပါသည်" ဟု ပြောပြ၏။ ခိသွ်ရ်က အသင်သည် အီစ်ရာအီလီမျိုးနွယ်ထဲသို့ စေလွှတ်ခြင်းခံရသော တမန်တော်မူစာဖြစ်ပါသလော" ဟုမေးရာ၊ တမန်တော်မူစာက "မှန်ပါသည်"ဟုပြော၏။

ထို့နောက် တမန်တော်မူစာက "ကျွန်ုပ်သည် အသင့်ထံ၌ချဉ်းကပ်၍ အလွှာဟ်အရှင်မြတ်က သင့်အား အထူးတလည် ချီးမြှင့်ထားတော်မူသော ပညာကို ဆည်းပူးရန်ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်ဟု ပြောပြရာ၊ ခိသွ်ရ်က "အသင်သည် ကျွန်ုပ်နှင့်အတူ နေထိုင်၍ ကျွန်ုပ်၏ ဆောင်ရွက်ချက်များကို အလျင်းသည်းခံနိုင်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်အား "အစ်လ်မေ့တာက္ကဝိနီ" (စတင်ဖန်ဆင်းခြင်းဆိုင်ရာ) ပညာကို ချီးမြှင့်ထားတော်မူသည်။ အသင့်အား "အစ်လီမေ့တရ်ရီအီ" (တရားဥပဒေဆိုင်ရာ) ပညာကို ချီးမြှင့်ထားတော်မူသည်၊ အသင့်၌ရှိသောပညာသည် ကျွန်ုပ်၌မရှိ၊ ကျွန်ုပ်၌ရှိသောပညာသည် အသင့်၌မရှိ" ဟုပြော၏။

တမန်တော်မူစာက "အင်နရ်ရာအလ္လာဟ် ကျွန်ုပ်သည်းခံပါမည်၊ ကျွန်ုပ်သည်အသင့်အား ဆန့်ကျင်မည်မဟုတ်ပါ" ဟုပြော၏။ ခိသွ်ရ်က "သို့ဖြစ်လျှင် အသင်သည် ကျွန်ုပ်နှင့်အတူ နေထိုင်စဉ် ကျွန်ုပ်၏ အချို့အပြုအမူများကို တွေ့ရမည်၊ ထိုသည့်ပြုမူချက်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်ကိုယ်တိုင်က ပြောမပြသမျှ ကာလပတ်လုံး အသင်သည် ကျွန်ုပ်အား တစ်စုံတစ်ရာ မမေးရ၊ ဤစည်းကမ်းချက်ကို လိုက်နာနိုင်ပါက အသင် ကျွန်ုပ်ထံတွင် နေနိုင်ပါသည်"ဟု ပြော၏။ တမန်တော်မူစာက "ကောင်းပါပြီ (အင်နရ်ရာအလ္လာဟ်)ကျွန်တော် ဤစည်းကမ်းချက်ကို တတ်စွမ်းနိုင်သမျှ လိုက်နာပါမည်" ဟု ပြောကြားလိုက်လေသည်။

قَالَ لَا تُؤَاخِذْنِي بِمَا نَسِيتُ وَلَا تُرْهِقْنِي مِنْ أَمْرِي عُسْرًا ﴿٧٣﴾

၇၃။ ယင်း(မူစာက) အသင်သည် ကျွန်ုပ် မေ့လျော့ခဲ့သော ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်အား အရေးမယူပါလေနှင့်၊ ၎င်းပြင် အသင်သည် ကျွန်ုပ်၏ (ဤ) ကိစ္စတွင် ကျွန်ုပ်အပေါ်၌ ကျပ်တည်းမှုမပြုပါနှင့်ဟု ပြောဆိုခဲ့လေသည်။

فَانطَلَقَا حَتَّىٰ إِذَا لَقِيَا غُلَامًا فَقَتَلَهُ قَالَ أَقَتَلْتَ نَفْسًا زَكِيَّةً بِغَيْرِ نَفْسٍ لَّقَدْ جِئْتَ شَيْئًا نُّكْرًا ﴿٧٤﴾

၇၄။ ထိုနောက် တစ်ဖန် ၎င်း(မူစာနှင့်ခိသွံရ်)တို့နှစ်ဦးသည် (ရှေ့သို့ဆက်လက်၍ လျှောက်သွားခဲ့ကြပြန်ရာ သူငယ်တစ်ယောက်ကို တွေ့ကြသောအခါ ယင်း(ခိသွံရ်)က ထိုသူငယ်အား သတ်ဖြတ်ခဲ့လေ၏။ (ဤသည်တွင်) ထို(မူစာ)က (အချင်း ခိသွံရ်) အသင်သည် သန့်စင်သော အသက်တစ်ချောင်းကို မည်သည့် အသက်တစ်ချောင်း(၏ သက်စား သတ်ခြင်း)မျှ မဟုတ်ဘဲ (မတရားသဖြင့်) သတ်ဖြတ်ခဲ့လေသလော၊ ဧကန်မလွဲ အသင်သည် အလွန်အလွန် ဆိုးရွားလှသော အမှုတစ်ရပ်ကို ကျူးလွန်ပြုလုပ်ခဲ့ချေပြီတကား ဟု ပြောဆိုခဲ့လေသတည်း။ [၁]

---

① **ခိသွံရ်နှင့် တမန်တော်မူစာ ခရီးအတူထွက်ခြင်း။**

ခိသွံရ်(အလိုင်ဟစ္စလာမ်)နှင့်တမန်တော်မူစာသည် အတူတူ စတင်ခရီးထွက်ခဲ့ကြ၏။ သမုဒ္ဒရာပင်လယ်ကမ်းခြေသို့ ရောက်သောအခါ၊ လေ့တစ်စင်းကို တွေ့မြင်ကြ၏။ ခိသွံရ်လေ့သမားများအား လေ့ခေးဇ၏။ လေ့သမားများသည် ခိသွံရ်အား သိကြ၏။ ထို့အတွက် လေ့ခမယူဘဲ တင်ဆောင်သွား၏။ ခရီးအတန်ရောက်သောအခါ ခိသွံရ်(အလိုင်ဟစ္စလာမ်)သည် လေ့ဦးပိုင်းရှိ ပျဉ်ပြားတစ်ချပ်ကို လှန်၍ လေ့တွင် အပေါက်ဖောက်လိုက်၏။

ထိုအခါ တမန်တော်မူစာက ခိသွံရ်အား "ဤလေ့သမားသည် ကျွန်ုပ်တို့အား လေ့ခပင်မယူဘဲ ကောင်းစွာ တင်ဆောင်လာခဲ့ကြသည်၊ အသင်သည် ဤသို့သော လေ့သမားများ၏ လေ့တွင် အကြောင်းမဲ့ အပေါက် ဖောက်လိုက်သည်။ အားလုံး ရေနစ်ကြလိမ့်မည်၊ ဤသို့မလုပ်အပ်ပါ" ဟု ပြော၏။

ခိသွံရ်က "အသင်သည် ကျွန်ုပ်၏ ပြုမူချက်များကို အလျင်းသည်းခံနိုင်မည် မဟုတ်ဟု ကျွန်ုပ်ယခင်ကပင် ပြောခဲ့သည် မဟုတ်ပါလော၊ ယခု ကျွန်ုပ်ပြောခဲ့သည့်အတိုင်းဖြစ်ပြီ" ဟုပြော၏။ ထိုအခါ တမန်တော်မူစာက "ကျွန်တော် ထိုစကားကို လုံးဝမေ့သွားခဲ့ပါသည်၊ ကျွန်တော်၏ မေ့မှားမှုကို ခွင့်လွှတ်ပါ၊ ➤➤

➢➢ ကျွန်တော့်အရေးကိစ္စတွင် ကျပ်တည်းစွာမပြုလုပ်ပါနှင့်" ဟု မေတ္တာရပ်ခံ၏။

ထိုအခိုက်တွင် ၄က်ကလေးတစ်ကောင်သည် လှေအစွန်းတွင် လာနားလိုက်၏။ ထိုနောက် မိမိ၏ သေးငယ်သော နှုတ်သီးကလေးဖြင့် ပင်လယ်ရေပြင်ကြီးမှ ရေတစ်စက်သောက်၏။ ထိုအခါ ခိုင်ရိုက "ဤ ၄က်ကလေး သောက်လိုက်သော ရေတစ်စက်သည် ဤသမုဒ္ဒရာရေထုကြီးရှေ့မှောက်တွင် အသိုမျှ တန်ဘိုးမရှိသကဲ့သို့ ကျွန်ုပ်နှင့် အသင်၏ပညာသည်လည်း အလုံးစုံသိတော်မူသော အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်ရှေ့မှောက်တွင် အလျင်းတန်ဖိုးမရှိပါ"ဟု ပြောပြ၏။

လှေသည် ကမ်းခြေသို့ ကောင်းစွာဆိုက်ကပ်၏။ ခိုင်ရိုနှင့် တမန်တော်မူစာသည် ဆက်လက်၍ ခရီးသွားကြပြန်၏။ ကွင်းပြင်တစ်ခုတွင် ကစားနေကြသော အချို့ကလေးများကို တွေ့မြင်ကြ၏။ ခိုင်ရိုသည် ယင်းကလေးများအနက် ကလေးတစ်ယောက်အား သတ်ပစ်လိုက်၏။ ထိုအခါ တမန်တော်မူစာသည် မိမိ၏ စိတ်ကို မချုပ်တီးနိုင်တော့ဘဲ "အသင်သည် အပြစ်မဲ့ကလေး တစ်ယောက်ကို သတ်လိုက်သည်၊ အသင် အလွန် ဆိုးရွားသောအမှုကို ကျူးလွန်ပြီ"ဟု ပြော၏။

ခိုင်ရိုက "အသင်သည် ကျွန်ုပ်၏အပြုအမူများကို အလျင်းသည်းခံနိုင်မည်မဟုတ်ဟု ကျွန်ုပ် ယခင်ကပင် ပြောခဲ့ပြီးမဟုတ်ပါလော၊ ယခုတစ်ဖန် စည်းကမ်းပျက်ပြန်ပြီ" ဟု ပြော၏။ ထိုအခါ တမန်တော်မူစာက "ကျွန်တော့်အား ဤတစ်ကြိမ်တွင်လည်း ခွင့်လွှတ်ပါ၊ နောက်တစ်ကြိမ် ကျွန်တော်စည်းကမ်းပျက်ပါက ကျွန်တော့်အား ထောက်ထားရန် အကြောင်း မရှိတော့ပါ၊ ကျွန်တော့်အား ခွဲခွာနိုင်ပါသည်" ဟု ထပ်မံမေတ္တာရပ်ခံ၏။

فِهْرِسُ بِأَسْمَاءِ السُّوَرِ

မာတိကာ

السُّورَة	رَقمُهَا	الصَّفحَة	စာမျက်နှာ			ကဏ္ဍအမည်	ကဏ္ဍစဉ်	အစောင်
سُوْرَةُ الفَاتِحَة	၁	၁	၁	မှ	၃	အဖွင့်ကဏ္ဍ	၁	၁
سُوْرَةُ البَقَرَة	၂	၅	၆	မှ	၁၀၀	ဂါဝီကဏ္ဍ	၂	
			၁၀၁	မှ	၂၃၀	〃	၂	၂
			၂၃၁	မှ	၂၆၈	〃	၂	၃
سُوْرَةُ آلِ عِمْرَان	၃	၂၆၉	၂၆၉	မှ	၃၂၈	အိမ်ရာန်မျိုးနွယ်ကဏ္ဍ	၃	
			၃၂၉	မှ	၄၀၂	〃		၄
سُوْرَةُ النِّسَاء	၄	၄၀၃	၄၀၃	မှ	၄၃၀	အမျိုးသမီးများကဏ္ဍ	၄	
			၄၃၁	မှ	၅၁၉	〃		၅
			၅၂၀	မှ	၅၃၉	〃		၆
سُوْرَةُ المَائِدَة	၅	ၥ၄၀	၅၄၀	မှ	၆၀၆	ခဲ့ဘွယ်ဘောဇဉ်ကဏ္ဍ	၅	
			၆၀၇	မှ	၆၃၉	〃		၇
سُوْرَةُ الأَنعَام	၆	၆၄၀	၆၄၀	မှ	၇၁၉	သားကောင်များကဏ္ဍ	၆	
			၇၂၀	မှ	၇၅၈	〃		၈
سُوْرَةُ الأَعرَاف	၇	၇၅၉	၇၅၉	မှ	၈၁၀	ကြင်နာမှုများကဏ္ဍ	၇	
			၈၁၁	မှ	၈၉၀	〃		၉
سُوْرَةُ الأَنفَال	၈	၈၉၁	၈၉၁	မှ	၉၂၄	လက်ရပ်စွဲညှိုးများကဏ္ဍ	၈	
			၉၂၄	မှ	၉၅၇	〃		၁၀
سُوْرَةُ التَّوبَة	၉	၉၅၈	၉၅၈	မှ	၁၀၅၉	နောင်တရခြင်းကဏ္ဍ	၉	
			၁၀၆၀	မှ	၁၁၉၉	〃		၁၁
سُوْرَةُ يُونس	၁၀	၁၁၁၀	၁၁၁၀	မှ	၁၁၈၂	တမန်တော်ယူနုတ်စ်ကဏ္ဍ	၁၀	
سُوْرَةُ هُود	၁၁	၁၁၈၃	၁၁၈၃	မှ	၁၁၈၇	တမန်တော်ဟူဒ်ကဏ္ဍ	၁၁	
			၁၁၈၈	မှ	၁၂၇၆	〃		၁၂
سُوْرَةُ يُوسُف	၁၂	၁၂၇၇	၁၂၇၇	မှ	၁၃၀၉	တမန်တော်ယူစုဖ်ကဏ္ဍ	၁၂	
			၁၃၁၀	မှ	၁၃၄၆	〃		၁၃
سُوْرَةُ الرَّعد	၁၃	၁၃၄၇	၁၃၄၇	မှ	၁၃၈၉	မိုးချုံးသံကဏ္ဍ	၁၃	
سُوْرَةُ إِبْرَاهِيم	၁၄	၁၃၉၀	၁၃၉၀	မှ	၁၄၂၅	တမန်တော်အီဗ်ရာဟီမ်ကဏ္ဍ	၁၄	
سُوْرَةُ الحِجْر	၁၅	၁၄၂၆	၁၄၂၆	မှ	၁၄၅၆	ကျောက်ဆောင်ကဏ္ဍ	၁၅	
			၁၄၅၇	မှ	၁၄၆၁	〃		၁၆
سُوْرَةُ النَّحل	၁၆	၁၄၆၂	၁၄၆၂	မှ	၁၅၃၄	ပျားကောင်ကဏ္ဍ	၁၆	
سُوْرَةُ بَنِيْ إِسْرَآءِيل	၁၇	၁၅၃၅	၁၅၃၅	မှ	၁၆၀၀	အိစ်ရာအီလီမျိုးနွယ်ကဏ္ဍ	၁၇	
سُوْرَةُ الكهف	၁၈	၁၆၀၁	၁၆၀၁	မှ	၁၆၃၇	ဥမင်လိုဏ်ခေါင်းကဏ္ဍ	၁၈	၁၅

إنَّ وزارةَ الشُّؤونِ الإسلاميَّةِ والأوقافِ والدَّعوةِ والإرشادِ

في المملكةِ العربيَّةِ السُّعوديَّةِ

المشرفةَ على مجمَّعِ الملكِ فهدٍ

لطباعةِ المصحفِ الشَّريفِ في المدينةِ المنوَّرةِ

إذ يسُرُّها أن يُصدِرَ المجمَّعُ هذهِ الطَّبعةَ مِنَ القُرآنِ الكريمِ

وترجمةَ معانيهِ إلى اللُّغةِ البُوزميَّة

تسألُ اللهَ أن ينفعَ بها النَّاسِ

وأن يجزيَ

خادمَ الحرمينِ الشَّريفينِ الملكَ فهدَ بنَ عبدِ العزيزِ آلَ سُعودٍ

أحسنَ الجزاءِ على جُهودِهِ العظيمةِ في نشرِ كتابِ اللهِ الكريمِ

واللهُ وليُّ التَّوفيقِ

ဒါဝါသ်နှင့် ဝကာဖ်ရေးရာ၊ အစွယ်လာမ်မစ်ဝန်ကြီးဌါန

စအူဒ်မျိုးနွယ်ဖွား ဘုရင် ဖဟာဒ်ဗင်န် အဗ္ဒူလ်အဇီးဇ်၏ အမိန့်တော်ဖြင့် ဤမြန်မာဘာသာပြန် ကျမ်းမြတ်ကုရ်အာန်ကို မဒီနာမြို့တော်တွင် ပုံနှိပ်ခဲ့ပါသည်။

ဤ ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်စာအုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံသူ/နိုင်ငံသား မွတ်စ်လင်မ်များသည် လေ့လာဖတ်ရှုမှတ်သားနာယူ၊ ကျင့်ကြံအားထုတ်နိုင်မည်ဟု မျှော်လင့်ရပါသည်။



من الملك فهد لطباعة المصحف الشريف
المراقبة الداخلية
٣٥٤

حقوق الطبع محفوظة
لمجمع الملك فهد لطباعة المصحف الشريف

ص.ب ٦٢٦٢ - المدينة المنورة



(မူပိုင်)

ဖဟ်ဒ်ဘုရင် ကုရ်အာန်ကျမ်းမြတ် ပုံနှိပ်တိုက်

စာတိုက်သေတ္တာအမှတ် ၆၂၆၂ မဒီနဟ်မုနာဝရဟ်၊ စအူဒီအရေဗျနိုင်ငံ။

ⓒ مجمع الملك فهد لطباعة المصحف الشريف ، ١٤١٩هـ

فهرسة مكتبة الملك فهد الوطنية أثناء النشر

مجمع الملك فهد لطباعة المصحف الشريف

القرآن الكريم وترجمة معانيه الى لغة البورما – المدينة المنورة

١٦٤٨ ص ،١٤×٢١سم

ردمك ×-٧٧-٧٧٠-٩٩٦٠(مجموعة)

٢-٩٨-٧٧٠-٩٩٦٠ (ج١)

النص باللغة البورمية

١- القرآن – ترجمة – اللغة البورمية أ – العنوان

ديوي ٢٢١،٤٩٥٧ ١٩/٤١٠٧

رقم الإيداع : ١٩/٤١٠٧

ردمك : ×-٧٧-٧٧٠-٩٩٦٠ (مجموعة)

٢-٩٨-٧٧٠-٩٩٦٠ (ج١)

٠٣٧

ج

٤٠٠٠/د٣٤ (٥) (١)

ردمك ×-٧٧-٧٧٠-٩٩٦٠(مجموعة)

٢-٩٨-٧٧٠-٩٩٦٠ (ج١)

ဇရိဒါနုဏ်

ကျမ်းပြုတော်

ဗြဟ္မာ ဘာသာ ပြန်

ပထမတွဲ

အခေါင်း (၁) မှ (၁၅) ထိ

القرآن الكريم
وترجمة معانيه إلى
اللغة البورمية

المجلد الثاني
من الجزء (١٦) إلى (٣٠)

Translation of the Meanings of

THE NOBLE QURAN

in the Myanmar Language

Volume 2

Part (16) To (30)


القرآن الكريم
وترجمة معانيه إلى
اللغة البوزنية
المجلد الثاني
من الجزء (١٦) إلى (٣٠)

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ



မူနဓြတ်သည့် ဝတ်ကြောင်းတော်နှစ်ပါးအားစောင့်ကြပ်တော်မူသော
ဘုရင်မင်းမြတ် ဖဟ်ဒ် ဘင်(နှဲ့) အာဗ္ဒူလ်အဇီးဇ် အာလ်စဓူဒ်
(စဓူဒီ အာရေဗျ မြို့ဝင် ဘုရင်မင်းမြတ်) ၏
အမိန့်တော်အရ ဤကုရ်အာန်ကျမ်းမြတ်နှင့် ၎င်း၏ ဘာသာပြန်ကို ပုံနှိပ်ခြင်းဖြစ်သည်။

تَشَرَّفَ بِالأَمْرِ بِطِبَاعَةِ هَذَا المُصْحَفِ الشَّرِيفِ وَتَرْجَمَةِ مَعَانِيهِ
خَادِمُ الحَرَمَيْنِ الشَّرِيفَيْنِ المَلِكُ فَهْدُ بْنُ عَبْدِ العَزِيزِ آلُ سُعُودٍ
مَلِكُ المَمْلَكَةِ العَرَبِيَّةِ السُّعُودِيَّةِ

هذا المصحف الشريف وترجمة معانيه

هدية من خادم الحرمين الشريفين الملك فهد بن عبد العزيز آل سعود



المجلد الثاني

من الجزء (١٦) إلى (٣٠)

مجمع الملك فهد لطباعة المصحف الشريف

ဤ ကုရ်အာန်ကျမ်းမြတ် (မြန်မာဘာသာပြန်)ကို ဆော်ဒီ အာရေးမျှ
နှိုင်းရှိ မွန်မြတ်သည့် ဝတ်ကျောင်းတော် ဒု စီပါး အား စောင့်ကြပ်တော်
ရှုသည့် ဘုရင်မင်းမြတ် "ဖဟ်ဒ်အင်(နှ်) အဗ္ဒုလ်အဇီး ဇ် အာလ်စအုဒ်"
(ဟဖီဇဟုလ္လာဟ်)မှ မေတ္တာလက်ဆောင်အဖြစ်လေး အပ်ပါသည်။



ဒုတိယတွဲ

အစောင် (၁၆) မှ (၃၀) ထိ

ဖဟ်ဒ် ဘုရင်ကုရ်အာန်ကျမ်းမြတ် ပုံနှိပ်တိုက်

بسم الله الرحمن الرحيم

مقدمة

بقلم معالي الدكتور : عبد الله بن عبد المحسن التركي
وزير الشؤون الإسلامية والأوقاف والدعوة والإرشاد
المشرف العام على المجمع

الحمد لله رب العالمين ، القائل في كتابه الكريم :

﴿ ... قَدْ جَاءَكُم مِّنَ اللَّهِ نُورٌ وَكِتَابٌ مُّبِينٌ ﴾

والصلاة والسلام على أشرف الأنبياء والمرسلين، نبينا محمد، القائل :

« خيركم من تعلَّم القرآن وعلَّمه » .

أما بعد :

فإنفاذاً لتوجيهات خادم الحرمين الشريفين، الملك فهد بن عبد العزيز آل سعود، حفظه الله، بالعناية بكتاب الله، والعمل على تيسير نشره، وتوزيعه بين المسلمين، في مشارق الأرض ومغاربها، وتفسيره، وترجمة معانيه إلى مختلف لغات العالم .

وإيماناً من وزارة الشؤون الإسلامية والأوقاف والدعوة والإرشاد بالمملكة العربية السعودية بأهمية ترجمة معاني القرآن الكريم إلى جميع لغات العالم المهمة، تسهيلاً لفهمه على المسلمين الناطقين بغير العربية، وتحقيقاً للبلاغ المأمور به في قوله صلى الله عليه وسلم : « بَلِّغُوا عني ولو آية » .

وخدمة لإخواننا الناطقين باللغة البورمية، يطيب لمجمع الملك فهد لطباعة المصحف الشريف بالمدينة المنورة أن يقدم للقارئ الكريم هذه الترجمة البورمية التي قام بها مجموعة من العلماء، وراجعها من قبل المجمع الشيخ عبد الحميد المظاهري الندوي والشيخ عبد الخالق عبد الولي .

وننتهز هذه الفرصة لنشكر صاحبة حق هذه الترجمة « المؤسسة المركزية للصندوق الإسلامي » في مينمار لسماحها للمجمع بإعادة طبعها .

ونحمد الله سبحانه وتعالى أن وفق لإنجاز هذا العمل العظيم الذي نرجو أن يكون خالصاً لوجهه الكريم، وأن ينفع به الناس .

إننا لندرك أن ترجمة معاني القرآن الكريم ، مهما بلغت دقتها ، فإنها ستكون قاصرة عن أداء المعاني العظيمة التي يحويها النص القرآني المعجز،وأن المعاني التي تؤديها الترجمة إنما هي حصيلة ما بلغه علم المترجم في فهم كتاب الله الكريم، وأنه يعتريها ما يعتري عمل البشر كلّه من خطأ ونقص .

ومن ثم نرجو من كل قارئ لهذه الترجمة أن يوافي مجمع الملك فهد لطباعة المصحف الشريف بالمدينة النبوية، بما قد يجده فيها من خطأ أو نقص أو زيادة، للاستفادة من هذه الملاحظات في الطبعات القادمة إن شاء الله .

والله الموفق ، وهو الهادي إلى سواء السبيل .

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

စကားချီး

الحمد لله رب العالمين ، القائل في كتابه الكريم : ﴿ قَدْ جَاءَكُم مِّنَ اللَّهِ نُورٌ وَكِتَابٌ مُّبِينٌ ﴾

والصلاة والسلام على أشرف الأنبياء والمرسلين ، نبينا محمد ، القائل :

«خيركُم مَنْ تعلَّم القرآن وعلَّمه» .

မွန်မြတ်သည့် ဝတ်ကျောင်းတော်နှစ်ပါး အားစောင့်ကြပ်တော်မူသော ဘုရင်မင်းမြတ် "ဖဗ်ဒ်ဘင်(နှ်) အမွွှလ် အခီးခ်အာလ်စအွန်ဒ်'(ဟဖီးဟုလ္လာဟ်)၏ညွှန်ကြားချက်အား အတည်ပြုကာ၊ ကုရ်အာန်ကျမ်းတော်မြတ်အား အထူးဂရု ဓမ္မ ပြုခြင်း ၊ ယင်းကုရ်အာန်ကျမ်းမြတ်အားပျံ့နှံ့မှုကို လွဲ ကူစေရန်၊ ၄င်းအား ကမ္ဘာ့တဝှမ်းရှိ မွွှလင်မ်များအား ဖြန့်ဖြူးခြင်း ၊ အနက် အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ဘာသာပေါင်း စုံတွင် ဘာသာပြန်ဆိုရေး သား ခြင်းပင်ဖြစ်သည်။

ဤသည်ကို အဓိကထားကာ၊ စအွဒီအရေဗျန်ဒ်ရှိ သာသနာရေး၊ အဆောင်ထားရေး၊ သာသနာဖြန့်ချီရေးနှင့်လမ်း ညွှန်မှု ဝန်ကြီး ဌာနသည် ကုရ်အာန်ကျမ်းမြတ် အား ဝင့် ဝါသော ကမ္ဘာ့ဘာသာ စကားပေါင်း စုံတွင် ပြန်ဆိုရေး သား ခြင်းဖြင့် အရမီ စာပေ မကျွမ်းကျင်သည့် မွွှလင်မ်များအဖို့ လွယ်လင့်တကူ နားလည်သဘောခေါက်မိရန်၄င်း၊ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လာဟု အလိုက် ဟိဝစွလ္လာမ်)၏ ပြဋ္ဌာန်းချက် ဖြစ်သည့် "ငါ၏ကိုယ်စား၊ တအာဃသိတော်ပင်ဖြစ်လင့်ကစား၊ အသင်တို့ပို့ ဆောင်ပါလေ" ဟူသည့်ဥပါဒ တော်အားလည်းကျေပွန်အောင် ဆောင်ရွက်ခြင်းပင်ဖြစ် ပေသည်။

မြန်မာ မွွှလင်မ်များအလို့ငှာ အကျိုးသည်ပိုး ဆောင်ရွက်သည့်အားဖြင့်၊ မြန်မာစာပေ တတ်ကျွမ်း သည့် မွွှလင်မ်များ အဖို့ ဤ"ကုရ်အာန်ကျမ်းမြတ်၊မြန်မာဘာသာပြန် "ကိုတင်ဆက်ခြင်းသည်၊ မဒီနာဟ်မြို့တော်ရှိ "ဖဟ်ဒ်ဘုရင် ကုရ်အာန်ကျမ်းမြတ်ပုံနှိပ်တိုက် "အဖို့ အလွန်တရာပင် ဦးမြင့်ဂုဏ်ယူဘွယ်ရာဖြစ်ပေသည်။

ဤ "ကုရ်အာန် ကျမ်း မြတ်၊ မြန်မာဘာသာပြန် "သည် ယခင်ကမြန်မာနိုင်ငံရှိ သာသနာ့ဥပဒ္ဒာရ်များတစုမှ ပြုစု၊ စီရင်၊ ရေးသား ထား သော ကျမ်းဂန်တစောင်ဖြစ်ပြီး "ဖဟ်ဒ်ဘုရင် ကုရ်အာန် ကျမ်း မြတ် ပုံနှိပ်တိုက် " မှ မော်လာနာ အမွွှလ် ဟမီးဒ် မဓါဟရီ၊ နဒဝီ နှင့် မော်လာနာ အမွွှလ် ခါလိဂ်ဟ် အစ်ဒွလ်ဝလီမဓါဟရီ တို့ ကတည်း ဖြတ် ခဲ့ ခြင်း ဖြစ်သည်။ ထိုနည်း ၄င်း၊ ဤ အခွင့် ရေး ကို အသုံး ပြုကာ၊ "ကုရ် အာန် ကျမ်း မြတ် ၏ အလင်းပြကျမ်း"မူပိုင်ဖြစ်သည့် မြန်မာနိုင်ငံရှိ "အစ္စလာမ် ဗဟိရံပုံငွေအဖွဲ့" အား လည်းယင်းကျမ်းဂန်အားပြန်လည် ပုံနှိပ်ထုပ်ဝေခွင့် ပြုသည်ကို အထူးကျေးဇူးတင်ရှိပါ၏။

အလွန်မွန်မြတ်လှသော ဤလုပ်ငန်းကြီး အထမြောက်အောင်မြင်ပါစေဟူ၍ အလ္လာဟ်အသ္ဆင်မြတ်ထံတော်၌ ဆုမွန်ကောင်း တောင်းပါ၏။ ဤလုပ်ငန်းတော်အား ဖြူစင်၊ စင်ကြယ်သည့် စိတ်နှစ်လုံးသားဖြင့် အလ္လာဟ်အသ္ဆင်မြတ် အလို့ငှာသက်သက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအဖြစ် အတည် ပြု တော် မူပါစေ၊ ထို့ ပြင် တဝလူခပ်သိမ်းတို့ အား အကြိုးဖြစ် ထွန်းပါ စေ။

အမှန်စင်စစ်၊ ဤဘာသာပြန် ကျမ်းဂန်သည်၊ ဘာသာပြန် ပညာရှင်များ၏ တတ်စွမ်းနိုင်သမျှ ကျိုး စား အားထုပ်ကာ အလ္လာဟ်အသ္ဆင်မြတ် ၏ ကျမ်းဂန်တော်အား နားလည်သဘောပေါက် ခြင်း ၏ အကျိုးဆောင်သာလျင် ဖြစ်၏။ မရီစူး ဘဲ၊ အမှတ်တမဲ့၊ တစုံတရာအမှားအယွင်း ရှိခဲ့ ပါက ၊ ဤသည် မနုသာလူသားတိုင်း မှားယွင်းနိုင်သည့် မှားယွင်းမှုနှင့် ချို ယွင်းမှု သက်သက် သာလျင် ယူဆကြ ပါကုန်။

သို့ဖြစ်ပေရာ၊ ဤဘာသာပြန်ကို ဖတ်ရှု လေ့လာသူတိုင်းအဖို့၊ တစုံတရာ အမှား အယွင်း သော်လည်း ကောင်း၊ ချို့ယွင်း မှုသော် လည်းကောင်း ၊ တိုးချဲ့မှုသော်လည်းကောင်း၊ မှတ်ချက်တစုံတရာထွေလိုတွေငြား ၊ မဒီနာဟ်မြို့ တော် ရှိ ဖဟ်ဒ်ဘုရင်ကုရ်အာန်ကျမ်းမြတ် ပုံနှိပ်တိုက် သို့ တိုက်ရိုက် ပို့ဆောင်ပါရန် အထူးမေတ္တာရပ်ခံ အပ်ပါသည်။ ယင်းမှတ် ချက်များအားလေ့လာဖတ်ရှုသူများ ပိုမိုအကျိုးဖြစ်ထွန်းစေရန်အလို့ငှာ၊ လာလတ္တံ့သော နောက်ဆက်တွဲများတွင် တိုးချဲ့ ထည့် သွင်းပေပါမည်။(အင်ဂျာအလ္လာဟ် – အလ္လာဟ်အသ္ဆင်မြတ်သဘောတူခဲ့ပါလျင်)။

"အလ္လာဟ်အသ္ဆင်မြတ်သည်သာလျင် အောင်မြင်မှုပေးသနားတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ် သည်သာလျင် တရားလမ်းမှန် သို့ ညွှန်ပြတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"

အဗ်ဒွလ္လာဟ် ဘင် နှ်အဗ် ဒွလ်မွဟ်စင်နှ် အလ် သုရ်ကီ

ဝန်ကြီး

သာသနာရေး၊ အဆောင် ထား ရေး၊ သာသနာဖြန့် ချီ ရေး နှင့် လမ်း ညွှန် မှု ဝန် ကြီး ဌာန

"ဖဟ်ဒ်ဘုရင် ကုရ်အာန် ကျမ်းမြတ် ပုံ နှိ ပ် တိုက် " ညွှန် ကြား ရေး မှူး ချုပ်

قَالَ أَلَمْ أَقُلْ لَّكَ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا ﴿٧٥﴾

၇၅။ ၎င်း(ခိသွံရ်)က (ဤသို့) ပြောဆိုခဲ့ပြန်၏။ (အချင်း-မူစာ) ဧကန်အမှန် အသင်သည် ကျွန်ုပ်တို့နှင့်အတူ အလျှင်း သည်းခံ၍ နေနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ်အသင်အား ပြောကြားခဲ့သည်မဟုတ်ပါလော။

قَالَ إِن سَأَلْتُكَ عَن شَيْءٍ بَعْدَهَا فَلَا تُصَاحِبْنِي ۖ قَدْ بَلَغْتَ مِن لَّدُنِّي عُذْرًا ﴿٧٦﴾

၇၆။ ယင်း(မူစာ)က (အချင်း-ခိသွံရ်) အကယ်၍ ကျွန်ုပ်သည် ဤသည့်နောက်တွင် အသင်အား တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ပါလျှင် အသင်သည် ကျွန်ုပ်အား (မိမိနှင့်)အတူ မထားပါနှင့်၊ ဧကန်မလွဲ အသင်သည် ကျွန်ုပ်ထံမှ ခွင့်လွှတ်ရန်အကြောင်းပြချက် (၏အဆုံးစွန်)သို့ ရောက်ခဲ့ချေပြီဟု ပြောဆိုခဲ့၏။

فَانطَلَقَا حَتَّىٰ إِذَا أَتَيَا أَهْلَ قَرْيَةٍ اسْتَطْعَمَا أَهْلَهَا فَأَبَوْا أَن يُضَيِّفُوهُمَا فَوَجَدَا فِيهَا جِدَارًا يُرِيدُ أَن يَنقَضَّ فَأَقَامَهُ ۖ قَالَ لَوْ شِئْتَ لَتَّخَذْتَ عَلَيْهِ أَجْرًا ﴿٧٧﴾

၇၇။ တစ်ဖန် ၎င်းတို့နှစ်ဦးသည် (ရှေ့သို့ဆက်လက်၍) လျှောက်သွားခဲ့ကြပြန်ရာ မြို့တစ်မြို့မှ မြို့သားတို့ထံ ရောက်လာခဲ့ကြသောအခါ ၎င်းတို့နှစ်ဦးက ယင်းမြို့သားတို့ထံ (ဧည့်ခံကျွေးမွေးရန်မေတ္တာရပ်ခံခဲ့ကြ၏။) ထိုအခါ ယင်းမြို့သားတို့က ၎င်းတို့နှစ်ဦးအား ဧည့်ခံ(ကျွေးမွေး)ခြင်းကို ငြင်းပယ်ခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ထိုမြို့တွင်း၌ တံတိုင်းတစ်ခုကိုတွေ့ရှိခဲ့ကြ၏။ ထိုတံတိုင်းမှာ ပြိုကျအံ့ဆဲဆဲဖြစ်နေလေရာ ယင်း(ခိသွံရ်)က ထိုတံတိုင်းကို ဖြောင့်မတ်စွာ ရပ်တည်စေခဲ့လေသည်။

(ထိုအခါ) ယင်း(မူစာ)က (အချင်း-ခိသွံရ်) အကယ်၍ အသင်သည် အလိုရှိခဲ့ပါမူ ဤ(တံတိုင်းတည့်မတ်ပေးရေး)နှင့်စပ်လျဉ်း၍ အမှန်ပင် လုပ်ခကို ယူနိုင်ခဲ့ပေသည်ဟု ပြောဆိုခဲ့လေသည်။

قَالَ هَٰذَا فِرَاقُ بَيْنِي وَبَيْنِكَ ۚ

၇၈။ (ထိုအခါ) ယင်း(ခိသွံရ်)က (အချင်း-မူစာ၊) ဤသည်ကား အသင်နှင့်ကျွန်ုပ် ခွဲခွာရန်(အချိန်)ပင်တည်း။

سَأُنَبِّئُكَ بِتَأْوِيلِ مَا لَمْ تَسْتَطِع
عَّلَيْهِ صَبْرًا ﴿٧٨﴾

أَمَّا السَّفِينَةُ فَكَانَتْ
لِمَسَٰكِينَ يَعْمَلُونَ فِي الْبَحْرِ
فَأَرَدتُّ أَنْ أَعِيبَهَا وَكَانَ
وَرَآءَهُم مَّلِكٌ يَأْخُذُ كُلَّ
سَفِينَةٍ غَصْبًا ﴿٧٩﴾

ယခုသော်ကား ကျွန်ုပ်သည် အသင် သည်းမခံနိုင်ခဲ့သောကိစ္စနှင့်စပ်လျဉ်း၍ အဖြစ်မှန်ကို အသင့်အား သိစေပါတော့မည်ဟုပြောဆိုခဲ့လေသတည်း။ [၁]

၇၉။ စင်စစ် ထိုရွက်သင်္ဘောကား မြစ်ထဲတွင် လုပ်ကိုင်(စားသောက်)ကြရရှာသော သူဆင်းရဲများ၏ ရွက်သင်္ဘောပင် ဖြစ်ခဲ့ပေရာ ကျွန်ုပ်သည် ယင်းရွက်သင်္ဘောကို အပြစ်အနာအဆာရှိစေရန် ရည်ရွယ်ခဲ့ပေသည်။ အကြောင်းသော်ကား ၎င်းတို့(ရောက်ရှိကြမည့်) ရှေ့(စခန်း)တွင် ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်သည် (အပြစ်အနာအဆာကင်းသော) ရွက်သင်္ဘောမှန်သမျှကို အဓမ္မနည်းနှင့် လုယူ သိမ်းပိုက်လေ့ရှိသောကြောင့်ပင်တည်း။

---

① ထို့နောက် ခိသ်ရ်နှင့် တမန်တော်မူစာသည် ဆက်လက် ခရီးထွက်ခဲ့ကြပြန်၏။ အတန်ကြာသော် ရွာတစ်ရွာသို့ ရောက်ရှိလာခဲ့ကြ၏။ ထိုရွာသားများသည် အေးချမ်းသာယာစွာ နေထိုင်လျက်ရှိကြ၏။ ကောင်းစွာစားသောက်လျက် ရှိကြ၏။ ဧည့်သည် အာဂန္တုများအား ကောင်းစွာ ဧည့်ခံကျွေးမွေးနိုင်ကြ၏။

ခိသ်ရ်နှင့် တမန်တော်မူစာက ထိုရွာသားများထံ မိမိတို့သည် ဧည့်သည်အာဂန္တုများဖြစ်ကြောင်း၊ မိမိတို့အား ဧည့်ခံကျွေးမွေးကြပါမည့်အကြောင်း မေတ္တာရပ်ခံခဲ့ကြ၏။ သို့မေတ္တာရပ်ခံကြသော်လည်း ထိုရွာသားများသည် ရိုင်းပြစွာဖြင့် ဧည့်ခံကျွေးမွေးခြင်းကိစ္စကို ငြင်းပယ်ခဲ့ကြ၏။ လူမဆန်ခဲ့ကြပေ။ ခိသ်ရ်နှင့် တမန်တော်မူစာသည် သည်းခံခဲ့ကြ၏။

ထိုရွာအတွင်း သွားလာနေခိုက် ခိသ်ရ်သည် မြေသို့ပြိုဆင်းဆဲဆဲ ဖြစ်နေသော အုတ်နံရံတစ်ခုကို တွေ့မြင်ရာ၊ ထိုနံရံကို မိမိလက်ဖြင့် ကောင်းမွန်စွာ စနစ်တကျ တည့်မတ်ပေးလိုက်၏။

ထိုအခါ တမန်တော်မူစာသည် ခိသ်ရ်အား "ကျွန်ုပ်တို့သည် ဤရွာသားများထံသို့ ခရီးသည်များအဖြစ်နှင့် ရောက်ရှိလာခဲ့ကြပါသည်။ ဤရွာသားများထံ ဧည့်ခံကျွေးမွေးရန် မေတ္တာရပ်ခံခဲ့ကြပါသည်။ သို့ရာတွင် ဤရွာသားများသည် ကျွန်ုပ်တို့အား ဧည့်ခံကျွေးမွေးခြင်းလည်း မပြုခဲ့ကြပေ၊ နေရာထိုင်ခင်းလည်း မပေးခဲ့ကြပေ။ ဤသို့ရိုင်းပြသော၊ လူမဆန်သော ရွာသားတစ်ဦး၏ ပြိုလဲအံ့ဆဲဆဲ အုတ်နံရံကို အခကြေးငွေမယူဘဲ အသို့ကြောင့် တည့်မတ်ပေးလိုက်သနည်း-။ တည့်မတ်ပေးပါက အခကြေးငွေ ယူသင့်ပါသည်"ဟု ဆို၏။

ထိုအခါ ခိသ်ရ်က "ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး လမ်းခွဲကြရန် အချိန်ရောက်ပြီ၊ အသင်သည် ယခင်က ကျွန်ုပ်ပြောဆိုခဲ့သည့်အတိုင်း သည်းမခံနိုင်ပြီ၊ ဆက်လက် အတူနေထိုင်ရန် မဖြစ်တော့ပြီ၊ ထို့အတွက် တစ်ဦးနှင့်တစ်ဦး လမ်းမခွဲမီ အသင်သည်းမခံနိုင်ခဲ့သည့် ကိစ္စများနှင့် စပ်လျဉ်း၍ ကြောင်းရင်းမှန်များကို ပြောပြလိုက်ပါမည်" ဟုပြော၍ အောက်ပါအတိုင်း ပြောပြလိုက်လေသည်။

وَأَمَّا الْغُلَامُ فَكَانَ أَبَوَاهُ
مُؤْمِنَيْنِ فَخَشِينَا أَن يُرْهِقَهُمَا
طُغْيَانًا وَكُفْرًا ﴿٨٠﴾

၈၀။ ၎င်းပြင် ထိုသူငယ်ကား ၎င်း၏မိဘနှစ်ပါးမှာ မုအ်မင်္ဂန် သက်ဝင်ယုံကြည်သူများ ဖြစ်ခဲ့ကြရာ ယင်းသူငယ်သည် (မိမိ)၏ ဆိုးသွမ်းမှုဖြင့်လည်းကောင်း၊ သွေဖည်မှုဖြင့်လည်းကောင်း၊ ထိုမိဘနှစ်ပါးအား ဖိစီးလွှမ်းမိုးမည်ကို ကျွန်ုပ်သိရှိခဲ့ပေသည်။

فَأَرَدْنَا أَن يُبْدِلَهُمَا رَبُّهُمَا
خَيْرًا مِّنْهُ زَكَاةً وَأَقْرَبَ
رُحْمًا ﴿٨١﴾

၈၁။ သို့ဖြစ်ပေရာ ၎င်းတို့နှစ်ဦးအား ၎င်းတို့၏ အရှင်မြတ်က ထိုသူငယ်ထက် (အကျင့်စာရိတ္တ) စင်ကြယ်သန့်ရှင်းရာတွင် ပိုမိုကောင်းမြတ်၍ (မိဘနှစ်ပါးအား) ချစ်ခင်မြတ်နိုး သင်္ကြိုဟ်ထောက်ပံ့ရာတွင်လည်း ပိုမိုထူးကဲသော (သားသမီးမျိုးကို) အစားပေးတော်မူရန် ကျွန်ုပ် ရည်ရွယ်ခဲ့ပေသတည်း။

وَأَمَّا الْجِدَارُ فَكَانَ
لِغُلَامَيْنِ يَتِيمَيْنِ فِي
الْمَدِينَةِ وَكَانَ تَحْتَهُ
كَنزٌ لَّهُمَا وَكَانَ أَبُوهُمَا
صَالِحًا فَأَرَادَ رَبُّكَ أَن يَبْلُغَا
أَشُدَّهُمَا وَيَسْتَخْرِجَا كَنزَهُمَا
رَحْمَةً مِّن رَّبِّكَ وَمَا فَعَلْتُهُ
عَنْ أَمْرِي ذَٰلِكَ تَأْوِيلُ مَا
لَمْ تَسْطِع عَّلَيْهِ صَبْرًا ﴿٨٢﴾

၈၂။ ထို့ပြင် ယင်းတံတိုင်းကား ထိုမြို့မှ မိဘမဲ့သူငယ်နှစ်ဦးတို့၏ တံတိုင်းပင်ဖြစ်ခဲ့ပေသည်။ ၎င်းပြင် ယင်းတံတိုင်း၏ အောက်တွင် ထိုသူငယ်နှစ်ဦးအဖို့ စုဆောင်းထားသော ဘဏ္ဍာပစ္စည်းသည် ရှိနေပေသည်။ ထိုမှတစ်ပါး ထိုသူငယ်နှစ်ဦး၏ဖခင်မှာလည်း သူမွန်သူမြတ်တစ်ပါးပင် ဖြစ်ခဲ့ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်းတို့နှစ်ဦး မိမိတို့ လူလားမြောက်သောအရွယ်သို့ ရောက်ကြသော အခါ အသင်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကရုဏာတော်အားဖြင့် မိမိတို့၏ဘဏ္ဍာပစ္စည်းကို ဖော်ထုတ်ယူကြရန် ရည်ရွယ်တော်မူခဲ့ပေသည်။

စင်စစ် ကျွန်ုပ်သည် ဤကိစ္စကို မိမိသဘောနှင့် ပြုလုပ်ခဲ့သည် မဟုတ်ပေ။ ဤသည် အသင် သည်းခံ၍ မနေနိုင်ခဲ့သောကိစ္စ၏အဖြစ်မှန်ပင်ဖြစ်ပေသည်တကား၊[၂]

---

② **ခိဿ်ရ်က အကြောင်းရင်းမှန်ကို ပြောပြခြင်း။**

(က) လေ့မှာ သမုဒ္ဒရာပင်လယ်တွင် လုပ်ကိုင်စားသောက်နေကြသော ဆင်းရဲသားများ၏ ➤➤

➤➤ လေ့ဖြစ်သည်။ ယခု ၎င်းတို့သွားလာနေကြသောဒေသတွင် မင်းဆိုးတစ်ပါး ရှိသည်။ ထိုမင်းဆိုးသည် ကောင်းသော လေ့များကို မတရားသဖြင့် အဓမ္မသိမ်းလေ့ရှိသည်။

ထိုမင်းဆိုးသည် အပြစ်အနာအဆာရှိသောလေ့ကို သိမ်းဆီးလေ့မရှိ၊ ထို့အတွက် ဤလေ့တွင် အပေါက်ဖောက်လိုက်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ဆင်းရဲသား လေ့ပိုင်ရှင်တို့အား ကာကွယ်လိုက်ခြင်းဖြစ်သည်။

(ခ) ကလေးမှာ-၎င်း၏ မိဘနှစ်ပါးသည် မုဆိမင်နှများဖြစ်ကြသည်။ မိမိတို့၏ ကလေးကိုလည်း အသက်တမျှ ချစ်မြတ်နိုးကြသည်။ သို့ရာတွင် ဤကလေးသည် ကြီးပြင်းလာသည့်အခါ ကာဖိရ်ဖြစ်မည်၊ ဆိုးမိုက်မည်၊ မိမိ၏ ကာဖိရ်ဖြစ်မှု၊ သွေဖည်မှု၊ ဆိုးသွမ်းမှုများဖြင့် မိဘနှစ်ပါးတို့အား မှောက်မှားစေမည်ကို စိုးရိမ်ရသည်။

အလ္လာဟ်အရှင်မြတ်သည် ထိုမိဘနှစ်ပါးတို့အား ထိုသို့သော သားဆိုးအစား သာသနာကိုလေးစားသော၊ မိဘတို့အား ချစ်ခင်မြတ်နိုးသော သားလိမ္မာတစ်ယောက် ချီးမြှင့်တော်မူရန်အလို့ငှာ ထိုကလေးအား ယင်းသို့ သတ်လိုက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် ထိုမိဘနှစ်ပါးတို့အား ကာကွယ်လိုက်ခြင်း ဖြစ်သည်။

(ဂ) နံရံကိစ္စမှာ- အဆိုပါ နံရံအောက်တွင် မိဘမဲ့ကလေးနှစ်ယောက်၏ ဘဏ္ဍာရှိသည်။ ထိုကလေးနှစ်ယောက်၏ဖခင်မှာ သူတော်ကောင်း တစ်ဦးဖြစ်သည်။ ထိုကလေးများ လူလားမြောက်သည့်အခါ မိမိတို့ပိုင်သော ဘဏ္ဍာပစ္စည်းများကို ကောင်းစွာ ထုတ်ဖော်ယူနိုင်ရန်အတွက် အဆိုပါအုတ်နံရံသည် မတ်တည်နေရန်လိုပေသည်။

ထိုအုတ်နံရံ ပြိုလဲသွားပါက ၎င်းအောက်တွင် မြှုပ်နှံထားသော ဘဏ္ဍာပစ္စည်းများသည် ပေါ်သွားပေမည်။ ပေါ်သွားပါက အဆိုပါ ရွာသားများသည် မတရား စားသုံးပစ်ကြပေမည်၊ အဆိုပါ ကလေးနှစ်ယောက်သည် လက်မဲ့ဖြစ်သွားကြပေမည်။

ထို့အတွက် ယင်းအုတ်နံရံကို တည့်မတ်ပေးလိုက်ခြင်းဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ပင်။ ကျွန်ုပ် ဤသို့ပြုလုပ်ခြင်းမှာ မိမိဆန္ဒသဘောအရ မဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရသာ ဖြစ်သည်။

ဤသည် အသင်(တမန်တော်မူစာ) သည်းမခံနိုင်သော ကိစ္စများနှင့်စပ်လျဉ်းသည့် အကြောင်းရင်းမှန်များ ဖြစ်သည်။

ဤအကြောင်းကို ကုရ်အာန် (၁၈:၇၉-၈၂)တွင် မိန့်ဆိုထားတော်မူသည်။

မှတ်ချက်။

(က) "ခိသ်ဂ်ရ်"ဟူသော ပုဒ်သည် အမည်လော၊ ဘွဲ့လော-။ ဤတွင် အဆိုကွဲပြားလျက်ရှိသည်။ ကုရ်အာန်ကျမ်းမြတ်တွင် "ငါ၏ကျွန်များအနက် ကျွန်တစ်ယောက်" ဟူ၍သာပါရှိသည်။ အမည်နာမ အတိအကျ ဖော်ပြမိန့်ဆိုထားတော်မူသည် မရှိချေ။

ဗုခါရီ၊ မွတ်စ်လင်မ် စသည့် ဟဒီးဆ်ဩဝါဒကျမ်းကြီးများတွင်သာလျှင်၊ ယင်းပုဂ္ဂိုလ်မွန်အား "ခိသ်ဂ်ရ်" ဟူ၍သုံးနှုန်းထားသည်ကို တွေ့ရှိရသည်။ ခိသ်ဂ်ရ်(အလိုင်ဟစ္စလာမ်)သည် တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)နှင့် ခေတ်ပြိုင် ပုဂ္ဂိုလ်မွန်တစ်ပါး ဖြစ်သည်ဟု မှတ်ယူထားပါက ကျွန်ုပ်တို့အဖို့ လုံလောက်ပေသည်။

ခိသ်ဂ်ရ်(အလိုင်ဟစ္စလာမ်)သည် ရစူလ်လော၊ နဗီလော၊ ဝလီလော။ ဤတွင်လည်း အဆိုကွဲပြားလျက်ရှိသည်။ အများပညာရှင်တို့၏ ယူဆချက်အရ "ခိသ်ဂ်ရ်"သည် ရစူလ်လည်းမဟုတ်၊ ရိုးရိုးသူတော်စင်လည်းမဟုတ်၊ နဗီသာလျှင်ဖြစ်သည်။

وَيَسْـَٔلُونَكَ عَنْ ذِى الْقَرْنَيْنِ ۖ قُلْ سَأَتْلُوا۟ عَلَيْكُم مِّنْهُ ذِكْرًا ﴿٨٣﴾

၈၃။ ထိုမှတစ်ပါး ၎င်း(ကုရိုက်ရှ်အမျိုးသား)တို့သည် ဇုလ်ကရ်နိုင်န် [၁] နှင့်ပတ်သက်၍ အသင့်အား မေးမြန်းကြလေသည်။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား (အချင်းတို့၊) ငါသည် ယခုပင် ယင်း(ဇုလ်ကရ်နိုင်န်)၏ (အကြောင်းများ)အနက် အကြောင်းတစ်ခုကို အသင်တို့ရွေ့ဝယ် ပြန်၍ ပြောပြမည်ဟူ၍ ပြောကြားပါလေ။

إِنَّا مَكَّنَّا لَهُۥ فِى الْأَرْضِ وَءَاتَيْنَٰهُ مِن كُلِّ شَىْءٍ سَبَبًا ﴿٨٤﴾

၈၄။ ဧကန်မလွဲ ငါအရှင်မြတ်သည် ယင်းဇုလ်ကရ်နိုင်န်အား ကမ္ဘာမြေဝယ် အုပ်ချုပ်မှု အာဏာပေးတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းအား အရာခပ်သိမ်းတို့အနက်မှ (လိုအပ်သော)ဥစ္စာပစ္စည်းလက်နက်ကိရိယာကို (တစ်နည်း) အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ နည်းလမ်းကို (တစ်နည်း) ဥစ္စာပစ္စည်းလက်နက်ကိရိယာ အမျိုးမျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ [၂]

فَأَتْبَعَ سَبَبًا ﴿٨٥﴾

၈၅။ သို့ဖြစ်ပေရာ ယင်းဇုလ်ကရ်နိုင်န်သည် လမ်းတစ်ခုကို လိုက်ခဲ့လေသည်။

---

① **ဇုလ်ကရ်နိုင်န်။**

"ကရန်"၏အဓိပ္ပါယ်မှာ ဦးချို၊ အလက်၊ အစွန်း၊ အင်အား၊ စွမ်းရည်သတ္တိဟုဖြစ်၏။ "ကရ်နိုင်န်" သည် "ကရ်န်"၏ ဗဟုဝုစ်ကိန်းဖြစ်၏။ ဇုလ်ကရ်နိုင်န်၏အဓိပ္ပါယ်မှာ ဦးချိုနှစ်ခု၏ ပိုင်ရှင်၊ အစွန်းနှစ်ခု၏ပိုင်ရှင်၊ စွမ်းရည်သတ္တိရှိသူ၊ အားအင်ရှိသူဟုဖြစ်၏။

ဇုလ်ကရ်နိုင်န်သည် ကမ္ဘာအရှေ့စွန်း၊ အနောက်စွန်းများသို့ သွားရောက်လည်ပတ်နိုင်ခဲ့၏။ စွမ်းရည်သတ္တိလည်းရှိ၏။ တန်ခိုးအာဏာစက်လည်းကြီး၏။ ထို့အတွက် "ဇုလ်ကရ်နိုင်န်"ဟု အမည်တွင်ခဲ့ခြင်း ဖြစ်တန်ရာ၏။

② **စိုးမိုးနိုင်စွမ်းပေးတော်မူခဲ့ခြင်း။**

အလ္လာဟ်အရှင်မြတ်သည် ဇုလ်ကရ်နိုင်န်အား ကမ္ဘာတွင် စိုးမိုးနိုင်စွမ်းကိုလည်း ချီးမြှင့်တော်မူခဲ့၏။ မိမိ၏ အာသာဆန္ဒအတိုင်း စီမံအုပ်ချုပ်နိုင်ရန်အတွက် လိုအပ်သည့် ပညာ၊ စွမ်းရည်၊ ပစ္စည်းများကိုလည်း ချီးမြှင့်တော်မူခဲ့၏။

حَتَّىٰٓ إِذَا بَلَغَ مَغۡرِبَ ٱلشَّمۡسِ وَجَدَهَا تَغۡرُبُ فِي عَيۡنٍ حَمِئَةٖ وَوَجَدَ عِندَهَا قَوۡمٗاۗ قُلۡنَا يَٰذَا ٱلۡقَرۡنَيۡنِ إِمَّآ أَن تُعَذِّبَ وَإِمَّآ أَن تَتَّخِذَ فِيهِمۡ حُسۡنٗا ٨٦

၈၆။ နောက်ဆုံးတွင် ယင်းဇုလ်ကရ်နိုင်နှသည် နေဝင်သောနေရာသို့ ရောက်ရှိခဲ့သောအခါ ထိုနေကို မည်းနက်နောက်ကျိ (ရွံ့ပုပ်ထူသော)အိုင်တစ်ခုတွင် ဝင်နေဘိကဲ့သို့ တွေ့မြင်လေ၏။ [၁] ၎င်းပြင် ထိုအိုင်၏ အနီးတွင် လူမျိုးတစ်မျိုးကိုလည်း တွေ့ရှိလေသည်။ (ထိုအခါ) ငါအရှင်မြတ်သည် (ယင်း ဇုလ်ကရ်နိုင်နှအား) "အို-ဇုလ်ကရ်နိုင်နှ၊ အသင်သည် (ဤအမျိုးသားတို့အား) ပြစ်ဒဏ်ခတ်ခြင်းကိုသော်လည်းကောင်း၊ ယင်းတို့နှင့်ပတ်သက်၍ ထောက်ထားညှာတာခြင်းကိုသော်လည်းကောင်း၊ (ဤနှစ်ခုအနက် မိမိ ကြိုက်နှစ်သက်ရာကို) ပြုနိုင်ခွင့်ရှိသည်" ဟု မိန့်ကြားတော်မူခဲ့ပေသည်။ [၂]

---

① ဇုလ်ကရ်နိုင်နှ၏ ပထမခရီး။

ဇုလ်ကရ်နိုင်နှသည် သုံးဌာနသို့ အထူးတလည် ခရီးထွက်ခဲ့၏။ ထိုအရပ်ဒေသများကို သိမ်းပိုက်စိုးမိုးအုပ်ချုပ်ခဲ့၏။

ဇုလ်ကရ်နိုင်နှသည် ပထမအကြိမ် ကမ္ဘာ၏အနောက်ဖျားသို့ခရီးထွက်ခဲ့လေ၏။ ထိုခရီးတွင် Lake Ochrida အမည်ရှိသောအင်းကြီးသို့လည်းရောက်ရှိခဲ့၏။ ထိုအင်းကြီးသည် Serbia (Yugoslavia) ၏ အနောက်ဖက်တွင် တည်ရှိ၏။ Monastia ၏ အနောက်ဘက် မိုင်(၅၀)အကွာတွင် တည်ရှိ၏။ ပင်လယ်ရေပြင်ထက် ပေ(၂၂၆၀)မြင့်၏။ ထိုအင်းမှ စီးထွက်သောရေသည် အလွန်နောက်၏။ မည်းနက်၏။ ထိုအင်းမှစီးထွက်သော မြစ်ကိုပင် Black River(မြစ်နက်)ဟု ခေါ်ဆိုကြ၏။ ကြည့်-မာဂျီဒီ။

ဇုလ်ကရ်နိုင်နှသည် အဆိုပါအင်းကြီးသို့ နေဝင်ချိန်တွင် ရောက်ရှိလာခဲ့၏။ နေလုံးကြီးသည် အလွန်မည်းနက်သော ရေထဲတွင် သက်ဝင်နစ်မြုပ်သွားဘိအလား ထင်မြင်ရ၏။ အမှန်မှာ နေလုံးသည် ရေထဲ သက်ဝင်သွားသည်မဟုတ်။ သို့ရာတွင် သာမန်ကြည့်ရှုသူ တစ်ဦးသည် ယင်းသို့ပင် ထင်မြင်၏။ ဤသည့်သဘောကိုပင် ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

② ဇုလ်ကရ်နိုင်နှ၏တရား။

ဇုလ်ကရ်နိုင်နှသည် အဆိုပါအင်းကြီး၏ ပတ်ဝန်းကျင်၌ လူမျိုးတစ်မျိုးကို တွေ့ရှိခဲ့၏။ ထိုလူမျိုးနှင့် ပတ်သက်၍ အလွှာဟ်အရှင်မြတ်က ဇုလ်ကရ်နိုင်နှအား "အသင်သည် ၎င်းတို့အား ဒုက္ခပေးလိုကလည်း ဒုက္ခပေးနိုင်သည်၊ ကောင်းစွာ ဆက်ဆံလိုကလည်း ကောင်းစွာဆက်ဆံနိုင်သည်" ဟူ၍ မိမိကြိုက်နှစ်သက်ရာ ပြုနိုင်ခွင့် ပြုတော်မူခဲ့၏။

အဘယ်ကြောင့်ဆိုသော် ဘုရင်၊ မင်း၊ သမ္မတ၊ ဥက္ကဋ္ဌ စသည့်အကြီးအကဲ အားလုံးတို့အား အလွှာဟ်အရှင်မြတ်သည် အကောင်းနှင့်အဆိုး နှစ်ခု၊ ကြိုက်ရာပြုနိုင်စွမ်း ပေးထားတော်မူသည်။ ➤➤

قَالَ أَمَّا مَن ظَلَمَ فَسَوْفَ نُعَذِّبُهُۥ ثُمَّ يُرَدُّ إِلَىٰ رَبِّهِۦ فَيُعَذِّبُهُۥ عَذَابًا نُّكْرًا ﴿٨٧﴾

၈၇။ ယင်းဇုလ်ကရ်နိုင်နှိုက (ထိုအမျိုးသားတို့အား ဤသို့) ပြောဆို (ကြေညာ) ခဲ့လေသည်။ (အချင်းတို့) အသင်တို့အနက် မည်သူမဆို မတရားပြုမြဲ ပြုနေခဲ့ပါလျှင် ကျွန်ုပ်သည် မကြာမြင့်မီပင် ထိုသူအား ပြစ်ဒဏ်စီရင်ပေမည်။ ထို့နောက် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်လည်၍ ရောက်စေခြင်းကို ခံရပေမည်။ ထိုအခါ ထိုအရှင်မြတ်သည် ၎င်းအား ပြင်းထန်သော ပြစ်ဒဏ်ကို စီရင်တော်မူပေလိမ့်မည်။

وَأَمَّا مَنْ ءَامَنَ وَعَمِلَ صَٰلِحًا فَلَهُۥ جَزَآءً ٱلْحُسْنَىٰ ۖ وَسَنَقُولُ لَهُۥ مِنْ أَمْرِنَا يُسْرًا ﴿٨٨﴾

၈၈။ သို့ရာတွင် မည်သူမဆို သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ပါမူ ထိုသူ၏အဖို့ အကျိုးအားဖြင့် အကောင်းဆုံးသောအရာပင် ရှိပေမည်။ ထိုမှတစ်ပါး အမှန်ပင် ကျွန်ုပ်သည်လည်း မိမိ အမိန့်ထုတ်ပြန်ချက်တွင် နူးညံ့သောစကားကို ပြောဆိုပေအံ့သတည်း။

ثُمَّ أَتْبَعَ سَبَبًا ﴿٨٩﴾

၈၉။ ထိုနောက် ယင်းဇုလ်ကရ်နိုင်နှိသည် (အခြားသော) လမ်းတစ်ခုကို လိုက်ပြန်လေ၏။

حَتَّىٰٓ إِذَا بَلَغَ مَطْلِعَ ٱلشَّمْسِ وَجَدَهَا تَطْلُعُ عَلَىٰ قَوْمٍ لَّمْ نَجْعَل لَّهُم مِّن دُونِهَا سِتْرًا ﴿٩٠﴾

၉၀။ နောက်ဆုံးတွင် ယင်းဇုလ်ကရ်နိုင်နှိသည် နေထွက်ရာနေရာသို့ ရောက်ရှိခဲ့သောအခါ ထိုနေကို အကြင်လူမျိုးတစ်မျိုး၏အပေါ်၌ ထွက်နေဘိသကဲ့သို့ တွေ့ရှိခဲ့လေသည်။ ငါအရှင်မြတ်သည် ထိုလူမျိုး၏ ယင်းနေ၏ ဤမှာဘက်တွင် အကွယ်အကာတစ်စုံ တစ်ရာကိုမျှ ပြုလုပ်၍ပေးတော်မူခဲ့သည် မဟုတ်ချေ။ [၁]

>> အကောင်းပြုက အကောင်းဖြစ်မည်၊ မကောင်းပြုက မကောင်းဖြစ်မည်။ အကောင်းပြုခြင်း၊ အဆိုးပြုခြင်းသည် သက်ဆိုင်ရာအကြီးအကဲတို့၏ အလုပ်သာဖြစ်ချေသည်။

① **ဇုလ်ကရ်နိုင်နှိ၏ ဒုတိယခရီး။**

ဇုလ်ကရ်နိုင်နှိသည် ဒုတိယအကြိမ် ကမ္ဘာအရှေ့ဖျားသို့ ခရီးထွက်ခဲ့၏။ ကမ္ဘာအရှေ့ဖျားတွင် >>

كَذَٰلِكَ وَقَدْ أَحَطْنَا بِمَا لَدَيْهِ خُبْرًا ﴿٩١﴾

၉၁။ (ဇုလ်ကရ်နိုင်န်၏ အထွေပထွေအကြောင်းကား) ဤအတိုင်းပင်ဖြစ်၏။ စင်စစ်ဧကန် ငါအရှင်မြတ်သည်ယင်း ဇုလ်ကရ်နိုင်န်ထံ၌ ရှိသမျှ(သော လက်နက်ကိရိယာအလုံးစုံ)တို့ကို တစ်ခုမကျန် သိရှိတော်မူပေသတည်း။ [၁]

ثُمَّ أَتْبَعَ سَبَبًا ﴿٩٢﴾

၉၂။ ထို့နောက် ယင်းဇုလ်ကရ်နိုင်န်သည် (အခြားသော)လမ်းတစ်ခုကို လိုက်ခဲ့ပြန်လေ၏။

حَتَّىٰ إِذَا بَلَغَ بَيْنَ السَّدَّيْنِ وَجَدَ مِن دُونِهِمَا قَوْمًا لَّا يَكَادُونَ يَفْقَهُونَ قَوْلًا ﴿٩٣﴾

၉၃။ နောက်ဆုံးတွင်ယင်းဇုလ်ကရ်နိုင်န်သည် တောင်နှစ်လုံး၏အကြားသို့ ရောက်ရှိခဲ့သောအခါ ယင်းတောင်နှစ်လုံး၏ ဤမှာဘက်တွင် စကားနားမလည်နိုင်ကြသော လူမျိုးတစ်မျိုးကို တွေ့ရှိခဲ့လေသည်။ [၂]

➤➤ လူမျိုးတစ်မျိုးကို တွေ့ရှိခဲ့သည်။ ထိုလူမျိုးတို့သည် ထိုအချိန်အထိ တိရစ္ဆာန်များပမာ နေထိုင်၏။ ၎င်းတို့သည် စနစ်တကျ အိုးအိမ်ပင် မတည်ဆောက်တတ်ပေ။ ဝတ်စားဆင်ယင်မှု ကိုလည်း နားမလည်ပေ။ နေ၏အပူချိန်ကို ကာကွယ်နိုင်ရန်အတွက် ၎င်းတို့၌ အဆောက် အအုံလည်းမရှိပေ။ အဝတ်အစားလည်း မရှိပေ။ တိရစ္ဆာန်များကဲ့သို့ပင် နေထိုင်စားသောက်လျက် ရှိခဲ့၏။

① ကမ္ဘာအနောက်ဖျားနှင့် ကမ္ဘာအရှေ့ဖျားသို့ ဇုလ်ကရ်နိုင်န်သည် မည်သို့မည်ပုံ သွားခဲ့သည်၊ ခရီးတွင် မည်သည့်ကိစ္စရပ်များနှင့် တွေ့ကြုံရသည်များကို အလွှာဟ်အရှင်မြတ်သည် အသိဆုံးပင်ဖြစ်တော်မူသည်။ ဇုလ်ကရ်နိုင်န်၏ ခရီးစဉ်နှင့်စပ်လျဉ်း၍ အချို့ရာဇဝင်ဆရာ တို့သည် မိမိတို့၏ ထင်မြင်ချက်များကို အမျိုးမျိုးရေးသားကောင်း ရေးသားကြပေမည်။ သို့ရာတွင် ၎င်းတို့၏ ရေးသားချက်များကား မမှန်ပေ၊ ကုရ်အာန်ကျမ်းမြတ်တွင် ပါရှိသောအရာသာလျှင် မှန်ပေသည်။

② **ဇုလ်ကရ်နိုင်န်၏ တတိယခရီး။**

ဇုလ်ကရ်နိုင်န်သည် ကမ္ဘာအနောက်ဖျား၊ အရှေ့ဖျားသို့ ခရီးထွက်ပြီးနောက် တတိယအကြိမ် ကမ္ဘာမြောက်ဖျားသို့ ခရီးထွက်ခဲ့၏။ ဇုလ်ကရ်နိုင်န်သည် တတိယအကြိမ်တွင် ကမ္ဘာမည်သည့်အရပ်ဒေသသို့ ခရီးထွက်ခဲ့သည့် အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်နှင့် ဟဒီဆ်ကျမ်းများတွင် အတိအကျ မိန့်ဆိုထားတော်မူသည်မရှိ။ သို့တစေလည်း မုဖတ်စ်စစ်ရ် အများစုကမူ ဇုလ်ကရ်နိုင်န်သည် တတိယအကြိမ်တွင် ကမ္ဘာမြောက်ဖျားသို့ ခရီးထွက်ခဲ့သည်ဟူ၍ပင် ယူဆကြသည်။

ယာဇူဇ်နှင့် မာဇူဇ်တို့၏ ဘေးရန်မှကာကွယ်ပေးခဲ့ခြင်း။

ဇုလ်ကရ်နိုင်န်သည် တတိယအကြိမ် ခရီးထွက်ခဲ့သောအခါ တောင်ကြီးနှစ်လုံး၏စပ်ကြားသို့ ရောက်ရှိလာခဲ့၏။ ထိုတောင်နှစ်လုံး၏ဘေးတွင် လူမျိုးတစ်မျိုးကို တွေ့ရှိခဲ့၏။ ထိုလူမျိုးများသည် တောကျေးသားလူရိုင်းများ ဖြစ်ကြသည်သာမက အသိဉာဏ်အလွန်နည်းပါးလှသည့်အတွက် စကားကိုပင် ➤➤

قَالُوا۟ يَٰذَا ٱلْقَرْنَيْنِ إِنَّ يَأْجُوجَ وَمَأْجُوجَ مُفْسِدُونَ فِى ٱلْأَرْضِ فَهَلْ نَجْعَلُ لَكَ خَرْجًا عَلَىٰٓ أَن تَجْعَلَ بَيْنَنَا وَبَيْنَهُمْ سَدًّا ﴿٩٤﴾

၉၄။ ယင်းလူမျိုးတို့က အို-ဇုလ်ကရ်နိုင်န်၊ ဇကန်မလွဲ ယအ်ဂျူဂျ်နှင့် မအ်ဂျူဂျ်တို့သည် ၁ ဤအရပ်ဒေသတွင် ဆူပူသောင်းကျန်း လုယက်တိုက်ခိုက်ဖျက်ဆီးသူများပင် ဖြစ်ကြပါသည်။ သို့ပါ၍ အသင်သည် ကျွန်ုပ်တို့နှင့် ၎င်းတို့၏အကြားတွင် အကာအကွယ်တစ်ခုကို ပြုလုပ်ပေးရန် ကျွန်ုပ်တို့သည် အသင့်အား ကုန်ကျစရိတ်ကို စုဆောင်း၍ ပေးကြရပါမည်လောဟု ပြောဆိုကြ၏။

➤➤ ကောင်းစွာနားမလည်ခဲ့ကြပေ။ ၎င်းတို့သည် စကားပြန်မှတဆင့် ဇုလ်ကရ်နိုင်န်နှင့် စကားပြောခဲ့ကြဟန်တူသည်။

ထိုလူမျိုးများက ဇုလ်ကရ်နိုင်န်အား "ဤတောင်နှစ်လုံး၏ တစ်ဖက်တွင် 'ယာဂျူဂျ်'နှင့် 'မာဂျူဂျ်' ရှိပါသည်။ ကျွန်ုပ်တို့နှင့် ၎င်းတို့၏စပ်ကြားတွင် ဤတောင်နှစ်လုံး ခြားနေပါသည်။ သို့သော်လည်း ဤတောင်နှစ်လုံး၏စပ်ကြားတွင် တောင်ကြားလမ်းတစ်ခု ရှိနေပါသည်။ ယာဂျူဂျ်နှင့် မာဂျူဂျ်သည် ထိုတောင်ကြားလမ်းမှလာ၍ ကျွန်ုပ်တို့အား အမျိုးမျိုး ဒုက္ခပေးကြပါသည်။ လုယက်တိုက်ခိုက် ကြပါသည်။ ထို့အတွက် ယာဂျူဂျ်နှင့် မာဂျူဂျ်၏ဘေးရန်မှ အမြဲတစေ ကင်းဝေးနိုင်ရန်အလို့ငှာ အသင်(ဇုလ်ကရ်နိုင်န်)သည် ထိုတောင်ကြားလမ်းကို ပိတ်၍ပေးခဲ့ပါက၊ ကျွန်ုပ်တို့သည် ကုန်ကျစရိတ်ကြေးငွေကို စုဆောင်း၍ပေးကြပါမည်" ဟု ပြောဆိုမေတ္တာရပ်ခံခဲ့ကြလေသည်။

ထိုအခါ ဇုလ်ကရ်နိုင်န်က "ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်က ဥစ္စာပစ္စည်း အမြောက်အမြားချီးမြှင့်ပေးသနားတော်မူပါသည်။ ကျွန်ုပ်အဖို့ ဥစ္စာပစ္စည်းအလိုမရှိပါ။ အသင်တို့၏ လုပ်အားသာ အလိုရှိပါသည်၊ အသင်တို့သည် ကျွန်ုပ်အား လုပ်အားဖြင့်သာ ကူညီကြပါ၊ ကျွန်ုပ်သည် ထိုတောင်ကြားလမ်းကို ပိတ်၍ အသင်တို့နှင့် ယာဂျူဂျ်၊ မာဂျူဂျ်တို့စပ်ကြားတွင် အလွန်ခိုင်ခံ့သော သံတံတိုင်းကြီးတစ်ခု လုပ်ပေးထားခဲ့ပါမည်" ဟု ဖြေကြားခဲ့လေသည်။

① ယာဂျူဂျ်၊ မာဂျူဂျ်။

ယာဂျူဂျ်၊ မာဂျူဂျ်သည် မည်သူများနည်း။ အဘယ်တိုင်းပြည်တွင် နေထိုင်ကြသနည်း။ ဇုလ်ကရ်နိုင်နတည်ဆောက်ပေးခဲ့သော တံတိုင်းကြီး အဘယ်ဒေသတွင်ရှိသနည်း။ ဤသည့် အမေးပုစ္ဆာများနှင့် စပ်လျဉ်း၍ မုဟတ်စ်စစ်ရှိများသည် လည်းကောင်း၊ သမိုင်းဆရာတို့သည် လည်းကောင်း အဖြေအမျိုးမျိုးပေးကြရာ အဆိုကွဲပြားလျက် ရှိကြသည်။

ဤပြဿနာနှင့် စပ်လျဉ်း၍ မုဟတ်စ်စစ်ရှိများကလည်း အမျိုးမျိုးဆိုကြသည်၊ သမိုင်းဆရာတို့ကလည်း အမျိုးမျိုးရေးကြသည်။ ဤသည် ၎င်းတို့၏ ထင်မြင်ယူဆချက်များသာ ဖြစ်သည်။

ယာဂျူဂျ်၊ မာဂျူဂျ်နှင့်ပတ်သက်၍ လည်းကောင်း၊ ဇုလ်ကရ်နိုင်န် တည်ဆောက်ခဲ့သော သံတံတိုင်းကြီးနှင့် စပ်လျဉ်း၍လည်းကောင်း ကုရ်အာန်ကျမ်းမြတ်နှင့် ခိုင်လုံသော ဟဒီဆ်ကျမ်းကြီးများတွင် လာရှိသော ➤➤

قَالَ مَا مَكَّنِّي فِيهِ رَبِّي خَيْرٌ فَأَعِينُونِي بِقُوَّةٍ أَجْعَلْ بَيْنَكُمْ وَبَيْنَهُمْ رَدْمًا ﴿٩٥﴾

၉၅။ ယင်းဇုလ်ကရ်နိုင်နိုင်က (၎င်းတို့အား ဤသို့ ပြောဆို ဖြေကြားခဲ့လေ၏။ (အချင်းတို့၊) ဤသည်နှင့် စပ်လျဉ်း၍ ကျွန်ုပ်၏အရှင်မြတ်က ကျွန်ုပ်အား ချီးမြှင့် တော်မူခဲ့သောစွမ်းအင်သည်ပင် အလွန်များပြားလှ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်အား (မိမိတို့၏ လုပ်အားဖြင့်သာ ကူညီကြလေကုန်။ ကျွန်ုပ်သည် အသင်တို့နှင့် ၎င်းတို့၏အကြားဝယ် အလွန် ခိုင်ခံ့မြင့်မားသောတံတိုင်းကို ပြုလုပ်၍ ပေးမည်။

اٰتُوْنِيْ زُبَرَ الْحَدِيْدِ ۗ حَتّٰٓى اِذَا سَاوٰى بَيْنَ الصَّدَفَيْنِ قَالَ انْفُخُوْا ۗ حَتّٰٓى اِذَا جَعَلَهٗ نَارًا ۙ قَالَ اٰتُوْنِيْٓ اُفْرِغْ عَلَيْهِ قِطْرًا ﴿٩٦﴾

၉၆။ အသင်တို့သည် သံပြား (သံတို့၊ သံစ၊ သံတုံး) များကိုသာ ကျွန်ုပ်ထံယူဆောင်ခဲ့ကြလေကုန်၊ နောက် ဆုံးတွင် တောင်နှစ်လုံးထိပ်ဖျားနှစ်ခု အကြားတွင် (ယင်းသံပြား၊ သံတို့သံစ၊ သံတုံးများကို) တညီတညွတ် တည်းဖြစ်အောင် ပြုလုပ်ခဲ့သောအခါ ယင်းဇုလ်ကရ်နိုင်နိုင်က (အချင်းတို့၊ ယခု) အသင်တို့သည် (ယပ်ခတ်) လေမှုတ်ကြလေကုန်ဟု ပြောဆိုညွှန်ကြားခဲ့၏။

နောက်ဆုံးတွင် ယင်းသံပြားများကို (ရဲရဲတောက်) မီး(ခဲများ) ဖြစ်စေခဲ့သောအခါ (တစ်ဖန်) ယင်းဇုလ်ကရ်နိုင်နိုင်က (အချင်းတို့) အသင်တို့သည် အရည်ကျိုထားသော ကြေးနီကို ကျွန်ုပ်တို့ထံ ယူခဲ့ကြလေကုန်။ (ယင်း အရည်ကျိုထားသောကြေးနီကို) ဤ(ရဲရဲတောက်လျက်ရှိသော) သံပြားပေါ်၌ ကျွန်ုပ် သွန်းလောင်းအုံ့ဟု ပြောဆိုခဲ့လေ၏။

➤➤ အချက်အလက်၊ ပုံပန်းသဏ္ဌာန်၊ အခြေအနေ၊ အဖြစ်အပျက်၊ ထူးခြားချက်များကို ထောက်ထားဆင်ခြင်၊ ဝေဖန်ပိုင်းခြား စဉ်းစားပါက (ယာဂျူ၍၊ မာဂျူ၍၊ ဇုလ်ကရ်နိုင်နိုင်၏ သံတံတိုင်းကြီးနှင့် စပ်လျဉ်း၍) ယခုအခါ ရေးသားဖော်ပြနေကြသော အဆိုများ ယူဆချက်များအနက် မည်သည့်အဆို၊ မည်သည့်ယူဆချက်ကိုမျှ မှန်သည်ဟူ၍ မဆိုနိုင်ပေ။

فَمَا اسْطَاعُوا أَن يَظْهَرُوهُ وَمَا اسْتَطَاعُوا لَهُ نَقْبًا ﴿٩٧﴾

၉၇။ ထို(တံတိုင်းကြီး)ကို ပြုလုပ်၍ ပြီးစီးသော အခါ ထို(ယအ်ဇူဇ်နှင့်မအ်ဇူဇ်)တို့မှာ ယင်းတံတိုင်းကြီးကို ကျော်တက်ခြင်းကိုလည်းကောင်း၊ ဖောက်ထွင်းခြင်းကိုလည်းကောင်း၊ မပြုစွမ်းနိုင်ခဲ့ကြချေ။

قَالَ هَٰذَا رَحْمَةٌ مِّن رَّبِّي ۖ فَإِذَا جَاءَ وَعْدُ رَبِّي جَعَلَهُ دَكَّاءَ ۖ وَكَانَ وَعْدُ رَبِّي حَقًّا ﴿٩٨﴾

၉၈။ ထိုအခါ ယင်းဇုလ်ကရ်နိုင်နိုက ဤသည်ကား ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကရုဏာတော်ပင်တည်း။ တစ်ဖန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ချိန်းချက်ထားတော်မူသော အချိန်ကာလ ဆိုက်ရောက်လာသောအခါ ထိုအရှင်မြတ်သည် ဤတံတိုင်းကို ဖြိုဖျက်တော်မူအံ့။ စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ချိန်းချက်မှုသည် မှန်ကန်သောချိန်းချက်မှုပင်ဖြစ်သည်ဟု ပြောကြားခဲ့လေသတည်း။

وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَمُوجُ فِي بَعْضٍ وَنُفِخَ فِي الصُّورِ فَجَمَعْنَاهُمْ جَمْعًا ﴿٩٩﴾

၉၉။ စင်စစ်ဧကန် ငါအရှင်မြတ်သည် ယင်း(ယအ်ဇူဇ်နှင့်မအ်ဇူဇ်လူမျိုး)တို့အနက် တစ်ဦးကို တစ်ဦး၏အပေါ်၌ လှိုင်းလိပ်ကဲ့သို့ပင် တိုးဝှေ့ထပ်ဆင့်လျက်ရှိစေတော်မူပေမည်။ ၎င်းပြင် တံပိုးခရာမှုတ်ပြီးသော အခါ ငါအရှင်မြတ်သည် ၎င်းတို့အားလုံးကို စုရုံးတော်မူပေမည်။

وَعَرَضْنَا جَهَنَّمَ يَوْمَئِذٍ لِّلْكَافِرِينَ عَرْضًا ﴿١٠٠﴾

၁၀၀။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုနေ့တွင် ဂျဟန္နမ်ငရဲဘုံကို ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သောသူတို့ရှေ့ဝယ် အထင်အရှား ပြတော်မူပေမည်။

الَّذِينَ كَانَتْ أَعْيُنُهُمْ فِي غِطَاءٍ عَن ذِكْرِي وَكَانُوا لَا يَسْتَطِيعُونَ سَمْعًا ﴿١٠١﴾

၁၀၁။ အကြင် (ကာဖိရ် သွေဖည်ငြင်းပယ်သော)သူတို့သည် ထိုသူတို့၏မျက်စိများမှာ ငါအရှင်မြတ်အား အောက်မေ့သတိရခြင်းမှ ဖုံးအုပ်လျက်ပင် ရှိခဲ့ကြ၏။ ထို့ပြင် ၎င်းတို့သည် (ယင်းကုရ်အာန်ကျမ်းမြတ်တော်ကို နားဝင်အောင်) နားထောင်နိုင်ခြင်းလည်း မရှိခဲ့ကြချေ။

أَفَحَسِبَ الَّذِينَ كَفَرُوٓا۟ أَن يَتَّخِذُوا۟ عِبَادِى مِن دُونِىٓ أَوْلِيَآءَ ۚ إِنَّآ أَعْتَدْنَا جَهَنَّمَ لِلْكَٰفِرِينَ نُزُلًا ﴿١٠٢﴾

၁၀၂။ သို့ပါလျက် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့က ၎င်းတို့သည် ငါအရှင်မြတ်အား စွန့်၍ ငါအရှင်မြတ်၏ ကျွန်များကို (မိမိတို့၏) ကိုးကွယ်ရာများ ပြုလုပ်ခဲ့ကြမည်ဟု ထင်မှတ်ကြလေသလော။ (သို့ဖြစ်လျှင်) ဧကန်စင်စစ် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အဖို့ ဧည့်ခံရာဌာနအဖြစ် အဆင့်သင့်ပြုလုပ်၍ ထားရှိတော်မူပြီးဖြစ်(ကြောင်း၊ ကောင်းစွာ မှတ်ယူအပ်ကြ)ပေသည်။

قُلْ هَلْ نُنَبِّئُكُمْ بِٱلْأَخْسَرِينَ أَعْمَٰلًا ﴿١٠٣﴾

၁၀၃။ (အို–နဗီတမန်တော်) အသင်သည် (၎င်းတို့အား အချင်းတို့၊) ငါသည် အသင်တို့အား အကျင့်အမူအားဖြင့် လုံးဝဆုံးရှုံးသောသူတို့နှင့်ပတ်သက်၍ အသင်တို့အား အသိပေးရမည်လောဟု ပြောကြားပါလော။

ٱلَّذِينَ ضَلَّ سَعْيُهُمْ فِى ٱلْحَيَوٰةِ ٱلدُّنْيَا وَهُمْ يَحْسَبُونَ أَنَّهُمْ يُحْسِنُونَ صُنْعًا ﴿١٠٤﴾

၁၀၄။ (ထိုသူကား) အကြင်သူများ ပင်တည်း။ [၎င်းတို့၏ (ကောင်းမှု ကုသိုလ်များနှင့်စပ်လျဉ်းသော) ကြိုးပမ်း ဆောင်ရွက်မှုသည် လောကီဘဝ၌ပင် အချည်းနှီး ဖြစ်ခဲ့ရလေပြီ၊] [(တစ်နည်း) ၎င်းတို့၏ လောကီဘဝနှင့်စပ်လျဉ်းသော ကြိုးပမ်းဆောင်ရွက်မှုသည် အချည်းနှီးပင် ဖြစ်ခဲ့လေပြီ၊] [(တစ်နည်း) ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုသည် လောကီရေး၌ပင် ပျက်ပြုန်းခဲ့ရချေပြီ၊] သို့ပါလျက် ၎င်းတို့သည် ဧကန်အမှန် မိမိတို့မှာ ကောင်းမြတ်သောအပြုအမူများကိုပင် ပြုလုပ်နေကြသည်ဟု ထင်မှတ်ကြ၏။

أُو۟لَٰٓئِكَ ٱلَّذِينَ كَفَرُوا۟ بِـَٔايَٰتِ رَبِّهِمْ وَلِقَآئِهِۦ

၁၀၅။ ဤသူများပင် အကြင်သူများတည်း။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်နှင့် တွေ့ဆုံကြရမည်ကိုလည်းကောင်း၊ ငြင်းပယ်ခဲ့ကြလေသည်။

فَحَبِطَتْ أَعْمَالُهُمْ فَلَا نُقِيمُ لَهُمْ يَوْمَ الْقِيَامَةِ وَزْنًا ﴿١٠٥﴾

သို့ဖြစ်ပေရာ ၎င်းတို့၏ အကျင့်အမူများမှာ အချည်းနှီးပင် ဖြစ်ခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည်လည်း၊ ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် မည်သည့်အလေးချိန်ကိုမျှပင် ၎င်းတို့အဖို့ သတ်မှတ်၍ ပေးတော်မူမည် မဟုတ်ပေ။

ذَٰلِكَ جَزَاؤُهُمْ جَهَنَّمُ بِمَا كَفَرُوا وَاتَّخَذُوا آيَاتِي وَرُسُلِي هُزُوًا ﴿١٠٦﴾

၁၀၆။ ဤသည် (ဝါ) ဂျဟန္နမ်ငရဲဘုံသည်ပင် ၎င်းတို့၏အကျိုးတည်း။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့ကား သွေဖည်ငြင်းပယ်ခဲ့ကြသည့်ပြင် ငါအရှင်မြတ်၏သက်သေလက္ခဏာများကိုလည်းကောင်း၊ ငါအရှင်မြတ်၏ရာဇလတမန်တော်များကိုလည်းကောင်း၊ ပြက်ရယ်ဖွယ်ရာများလည်း ပြုလုပ်ခဲ့ကြသောကြောင့်ပင်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَانَتْ لَهُمْ جَنَّاتُ الْفِرْدَوْسِ نُزُلًا ﴿١٠٧﴾

၁၀၇။ ဧကန်မလွဲ အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ ဖစ်ရ်ဒေါက်စ်တည်း ဟူသောဥယျာဉ်သည် ဧည့်ခံရာဌာနအဖြစ် (အဆင်သင့်) ရှိကြပေသတည်း။

خَالِدِينَ فِيهَا لَا يَبْغُونَ عَنْهَا حِوَلًا ﴿١٠٨﴾

၁၀၈။ (ထိုသူတို့သည်) ယင်းဥယျာဉ်တွင် ထာဝစဉ်နေထိုင်သူများအဖြစ် (ဝင်ရောက်နေထိုင်ကြရပေမည်၊) ထိုသူတို့သည် ယင်းဥယျာဉ်များမှ လုံးဝ ရွှေ့ပြောင်းလိုကြမည် မဟုတ်ပေတကား။

قُلْ لَوْ كَانَ الْبَحْرُ مِدَادًا لِكَلِمَاتِ رَبِّي

၁၀၉။ (အိုဗ်-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အာယတ်တော်များ(ကို ရေးသားရန်)အလို့ငှာ သမုဒ္ဒရာပင်လယ်(အားလုံးတို့)သည်ပင် မင်ရည်များ ဖြစ်ခဲ့အံ့ငြား

لَنَفِدَ الْبَحْرُ قَبْلَ أَنْ تَنْفَدَ كَلِمٰتُ رَبِّيْ وَلَوْ جِئْنَا بِمِثْلِهٖ مَدَدًا ﴿١٠٩﴾

သော်လည်း၊ ၎င်းပြင် အကယ်၍ ငါတို့သည် ယင်း ပင်လယ်များကဲ့သို့ (အခြားပင်လယ်များ)ကိုပင် အကူ အညီအဖြစ် (ထပ်မံ၍) ယူခဲ့အုံးကြားသော်လည်း ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အာယတ် တော်များကား ကုန်ဆုံးခြင်းမရှိဘဲ၊ (ထိုထိုသော) သမုဒ္ဒရာ ပင်လယ်များသည်သာလျှင် ကုန်ခန်း၍ သွားအုံ့သတည်း။ [၁]

قُلْ إِنَّمَا أَنَا بَشَرٌ مِّثْلُكُمْ يُوحٰى إِلَيَّ أَنَّمَا إِلٰهُكُمْ إِلٰهٌ وَّاحِدٌ فَمَنْ كَانَ يَرْجُوا لِقَاءَ رَبِّهٖ فَلْيَعْمَلْ عَمَلًا صَالِحًا وَّلَا يُشْرِكْ بِعِبَادَةِ رَبِّهٖٓ أَحَدًا ﴿١١٠﴾

၁၁၀။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင် တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာလျှင် ဖြစ်သည်။ အသင်တို့၏ ကိုးကွယ်ရာအရှင်မြတ်သည် တစ်ဆူတည်း သော ကိုးကွယ်ရာအရှင်မြတ်ပင် ဖြစ်တော်မူကြောင်း၊ ငါထံသို့ ဝဟ်ယ်အမိန့်တော် ကျရောက်လာ(ခြင်းသည် သာလျှင် ငါ၏ထူးခြားချက် ဖြစ်)ချေသည်။

---

① ဆက်စပ်မှုတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ယဟူဒီများ၏ ညွှန်ကြားချက်အရ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား ရှုတ်၊ အတ်ဆ်ဟာဗီကဟ်ဖ်၊ ဇုလ်ကရ်နိုင်နှင့်ပတ်သက်၍ မေးမြန်းခဲ့ကြ၏။ ဤကဏ္ဍ၏ အစတွင် အတ်ဆ်ဟာဗီကဟ်ဖ်၏ အကြောင်းကို မိန့်ဆိုထားတော်မူ၏။ ဤကဏ္ဍ၏အဆုံးတွင် ဇုလ်ကရ်နိုင်နှ်၏ အကြောင်းကို မိန့်ဆိုထားတော်မူ၏။ "ရူဟ်"နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ကုရ်အာန်(၁၇း၈၅)တွင် "အသင်တို့ ချီးမြှင့်ခြင်းခံရသော အသိပညာမှာ အနည်းငယ်မျှသာဖြစ်သည်" ဟု မိန့်ဆိုထားတော်မူ၏။

အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကိုသိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည်၊ ထိုအရှင်မြတ်၏ အာယတ်တော်များသည် အနန္တော အနန္တဖြစ်သည်။ လူသားတို့အား လိုအပ်သမျှ ချီးမြှင့်ထားတော်မူသော အသိပညာမှာ အနည်းငယ်မျှသာဖြစ်သည်။ လူသားတို့ချီးမြှင့်ခြင်းခံရသော အသိပညာသည် အလ္လာဟ်အရှင်မြတ်၏ အလုံးစုံကိုသိတော်မူသော ဉာဏ်တော်နှင့် အလျှင်း မနှိုင်းယှဉ်အပ်ပေ။ သမုဒ္ဒရာနှင့် ရေတစ်စက်ပမာ ကွာခြားခြင်းကြီးမက ကွာခြားလျက်ရှိပေသည်။

အကယ်၍ သမုဒ္ဒရာကို မင်ရည်ဖျော်၍ သစ်ပင်ကြီးငယ်တို့ကို ကလောင်လုပ်ပြီး အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို ရေးမှတ်ပါကလည်း ကုန်ဆုံးမည်မဟုတ်ပေ၊ လက်ရှိသမုဒ္ဒရာအပြင် အလားတူ(အခြား) သမုဒ္ဒရာများရှိသေးပါက ယင်းသည့် သမုဒ္ဒရာများကိုပါ မင်ရည်ဖျော်၍ အာယတ်တော်များကို ရေးမှတ်ပါသော်လည်း မင်ရည်များသာ ကုန်သွားပေမည်၊ အာယတ်တော်များကား အလျှင်းကုန်ဆုံးမည် မဟုတ်ပေ။ ဤသည့် သဘောကို ကုရ်အာန် (၃၁း၂၇)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ➤➤

သို့ဖြစ်ပေရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံရန် မျှော်လင့်လျက်ရှိသောသူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ရပေမည်။ ၎င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် တွဲဖက်ယှဉ်တွဲ (ကိုးကွယ်)ခြင်း မပြုရချေ။ [၁]

➤➤ သို့ဖြစ်ပေရာ အလုံးစုံကို သိတော်မူသော ဉာဏ်တော်ရှင် ပြုစုစီရင် ထားတော်မူသော အရာများကို အသိဉာဏ် အလွန်နည်းသော၊ အမြင်အလွန်ကျဉ်းသော၊ အတွေးအခေါ် အလွန်တိမ်သော လူသားတို့သည် အသို့လျှင် ငုံမိနိုင်အံ့နည်း။ လူသားတစ်ဦးသည် အဘယ်မျှပင် ကြီးမားများပြားသော အသိပညာများကို ချီးမြှင့်ခြင်း ခံရစေကာမူ ယင်းသည့် အသိပညာများသည် အလ္လာဟ်အရှင်မြတ်၏ အလုံးစုံကို သိတော်မူသော ဉာဏ်တော်ရှေ့မှောက်တွင်ကား အနည်းငယ် စိုးစဉ်းမျှသာ ဖြစ်ပေသည်။

(၁) အထက်တွင် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိတော်မူသော ဉာဏ်တော်ရှင် ဖြစ်တော်မူကြောင်း ထိုအရှင်မြတ်၏ အာယတ်တော်များမှာ အနန္တော အနန္တဖြစ်ကြောင်း မိန့်ဆိုထားတော်မူ၏။ ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ဟောကြားစေတော်မူသည်မှာ "ကျွန်ုပ်သည်လည်း အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာဖြစ်သည်၊ ကိုးကွယ်ရာအရှင်မဟုတ်၊ အလုံးစုံကို သိတော်မူသော ဉာဏ်တော်ရှင်မဟုတ်၊ သို့ရာတွင် ထူးခြားချက်တစ်ရပ်မှာ ထိုအရှင်မြတ်ထံတော်မှ ကျွန်ုပ်ထံသို့ ဝဟီ အာယတ်တော်များ ကျရောက်ခြင်းပင်ဖြစ်သည်။

ယင်းသည့် အာယတ်တော်များတွင် အဓိကအချုပ်မှာ "တောင်ဟီဒ်" ခေါ် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာ ယုံကြည်ကိုးကွယ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်သည် အားလုံးတို့အား ထိုအရှင်မြတ်ထံတော်သို့ လှည့်ကြရန် ဖိတ်ခေါ်သည်။ အလ္လာဟ်အရှင်မြတ်အား ဖူးတွေ့လိုသူများ၊ ထိုအရှင်မြတ်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ရမည်ကို စိုးကြောက်သူများသည် ထိုအရှင်မြတ်၏ တမန်တော်၏ ညွှန်ကြားပြသချက်များနှင့်အညီ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြရမည်။

ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ရာတွင် အဘယ်တစ်စုံတစ်ရာကိုမျှ အဘယ်အဆင့်အတန်း၌မျှ ယှဉ်တွဲကိုးကွယ်မှုကို အလျှင်းမပြုရ။ ဆိုလိုသည်ကား အကျင့်သီလဟူဟူသမျှတို့ကို အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းအဖို့သာ စေတနာဖြူစင်စွာဖြင့် ဆောက်တည်ရမည်၊ ယင်းသို့ ဆောက်တည်ရာတွင် ပြစားမှု အလျှင်း မရှိစေရ၊ ရှစ်ရက်၏ အနုံအသက် အလျှင်းမရှိစေရ။ အဘယ်ကြောင့်ဆိုသော် ပြစားမှုသည်လည်း ရှရစ်က် ယှဉ်တွဲကိုးကွယ်မှု အငယ်စားပင်ဖြစ်သည်။

မရ်ယမ်သခင်မ ကဏ္ဍ



ဤကဏ္ဍသည် စူရဟ်မရ်ယမ်မည်၏။ မက္ကာမြို့၌ ကျရောက်၏။
ဤကဏ္ဍတွင် အာယတ်တော်-(၉၈)၊ ရူကူအ်အပိုဒ်-(၆) အသီးသီးပါရှိ၏

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော မပြတ်မစဲ သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

كٓهٰيٰعٓصٓ ①

၁။ ကာဖ်၊ ဟာ၊ ယာ၊ အိုင်န်၊ ဆွာဒ်။ [၁]

ذِكْرُ رَحْمَتِ رَبِّكَ عَبْدَهٗ زَكَرِيَّا ②

၂။ ဤသည်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မိမိကျွန်(နဗီတမန်တော်) ဇကရီယာ [၂] ၏အပေါ်၌ ကရုဏာပြုတော်မူခဲ့ခြင်းကို ထုတ်ဖော် မြွက်ဟတော်မူခြင်းပင်တည်း။

اِذْ نَادٰى رَبَّهٗ نِدَآءً خَفِيًّا ③

၃။ (ပြန်လည် အောက်မေ့ သတိရကြလေကုန်။) တစ်ရံရောအခါဝယ် ထိုဇကရီယာသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို လျှို့ဝှက်စွာ ပန်ကြားခဲ့လေသည်။

---

① ဤကုရ်အာန်ကျမ်းမြတ်၌ ဤကဏ္ဍ(၁၉)၏အစတွင် အနက်အဓိပ္ပါယ် လျှို့ဝှက်ထားသော သင်္ကေတ အက္ခရာစုများကို တွေ့ရှိရသည်။ ယင်းသို့သော အက္ခရာစုများကို "ဟုရူဖ်မုကတ်တူအဟ်"ဟု ခေါ်သည်။ မုဖတ်စ်စရ်များသည် ယင်းသို့သော အက္ခရာများနှင့် စပ်လျဉ်း၍ အမျိုးမျိုးဖွင့်ဆို ရေးသားကြသည်။ အမှန်ကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။

② **တမန်တော် ဇကရီယာ။**

တမန်တော် ဇကရီယာသည် အစ္စရာအီလီ မျိုးနွယ်များထဲသို့ ပွင့်ခဲ့သော တမန်တော်များတွင် ကျော်ကြား၊ တန်ခိုးကြီးမားသော တမန်တော်တစ်ပါးဖြစ်သည်။ တမန်တော်ဇကရိယာသည် မရ်ယမ်သခင်မအား ငယ်ရွယ်စဉ်က ကြည့်ရှုထိန်းသိမ်းခဲ့သည်။

တမန်တော် ဇကရိယာအကြောင်း ကုရ်အာန်ကျမ်းမြတ် (၃း ၃၆-၄၀။ ၆း ၈၆။ ၁၉း၂-၁၁။ ၂၁း ၈၉-၉၀) တွင် တွေ့ရှိရသည်။

قَالَ رَبِّ إِنِّي وَهَنَ الْعَظْمُ مِنِّي وَاشْتَعَلَ الرَّأْسُ شَيْبًا وَلَمْ أَكُنْ بِدُعَائِكَ رَبِّ شَقِيًّا ﴿٤﴾

၄။ (တစ်ဖန်) ယင်းဇကရိယာသည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုး အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဇကနစင်စစ် ကျွန်တော်မျိုး၏အရိုးများမှာ အားအင်ချည့်နဲ့၍နေပါပြီ။ ၎င်းပြင် (ကျွန်တော်မျိုး၏)ဦးခေါင်းမှာလည်း ဆံဖြူများကြောင့် (ဖြူဖွေး)တောက်ပလျက်ရှိနေပါပြီ။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် အရှင်မြတ်အား ဟစ်ခေါ်တမ်းတ လျှောက်ထားပန်ကြားမှုကြောင့် မည်သည့်အခါကမျှ အလိုဆန္ဒ မပြည့်ဝသူ မဖြစ်ခဲ့ဘူးပါ။

وَإِنِّي خِفْتُ الْمَوَالِيَ مِنْ وَرَائِي وَكَانَتِ امْرَأَتِي عَاقِرًا فَهَبْ لِي مِنْ لَدُنْكَ وَلِيًّا ﴿٥﴾

၅။ ဇကနစင်စစ် ကျွန်တော်မျိုးသည် မိမိ (မရှိသည့်)နောက်တွင် (မိမိ)ဆွေမျိုးနီးစပ်သူတို့နှင့် ပတ်သက်၍ စိုးရိမ်မိခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုး၏ဇနီးမှာလည်း သားသမီးမထွန်းကားသော အမြဲပင်ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိအထံတော်မှ *သားကောင်းရတနာအမွေစားအမွေခံတစ်ဦးကိုချီးမြှင့်ပေးသနားတော်မူပါ၊* [၁]

---

① တမန်တော်ဇကရိယာသည် သက်ရှည်ကြီးပြင်း၍ အိုမင်းရင့်ရော်ဆဲဖြူသော် သာသနာတော်၏ နောင်ရေးကို တွေးဆမိ၏။ မိမိကွယ်လွန်သေဆုံးပြီးနောက် တမန်တော်ယအ်ကူဗ်၏ သာသနာ့အမွေ၊ တမန်တော် ယအ်ကူဗ်၏ သားမြေးတို့၏ သာသနာ့အမွေ၊ မိမိ၏သာသနာ့အမွေသည် အသို့ရှိချိမ့်မည်နည်းဟု စဉ်းစားဆင်ခြင်မိ၏။

မိမိမရှိပြီးနောက် မိမိ၏အမွေစားအမွေခံ သားချင်းနီးစပ်သူတို့သည် ယင်းသည့် မွန်မြတ်လှသော သာသနာ့အမွေကို မိမိတို့၏ မိုက်မဲမှု၊ ဆိုးသွမ်းမှု၊ လမ်းမှားမှုများကြောင့် ပျက်ပြားသွားစေကြမည်ကိုလည်း စိုးရိမ်ကြောင့်ကြမိ၏။

အကြောင်းအားလျော်စွာ မိမိ၏ဇနီးမှာလည်း အမြဲဖြစ်နေ၏။ မိမိကိုယ်တိုင်လည်း ဇယာဒုဇ္ဇလအရွယ်သို့ ရောက်ရှိနေပြီဖြစ်၏။ အမြင်အားဖြင့် သားသမီးရရန် အကြောင်းလည်းမရှိ၊ ထိုအခါ တမန်တော် ဇကရိယာသည် အလွှာဟ်အရှင်မြတ် ထံတော်၌ သာသနာ့အမွေကို ဆက်ခံနိုင်မည့် အရှင်နစ်မြို့တော်မူသည့် သားကောင်ရတနာတစ်ပါး ပေးသနားတော်မူပါမည့်အကြောင်း ဆုတောင်းပတ္ထနာ ပြုလေသည်။

يَرِثُنِي وَيَرِثُ مِنْ آلِ يَعْقُوبَ ۖ وَاجْعَلْهُ رَبِّ رَضِيًّا ۝٦

၆။ ထိုသား၊ ရတနာ၊ အမွေစား အမွေခံသည် ကျွန်တော်မျိုး၏ အရိုက်အရာဆက်ခံသူလည်း ဖြစ်ပါစေ။ (နဗီတမန်တော်)ယအ်ကူဗ်၏ သားမြေးတို့၏ အရိုက်အရာဆက်ခံသူလည်း ဖြစ်ပါစေ။ ထိုမှတစ်ပါး အိုး- ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ၎င်းအား (မိမိအထံတော်၌) နှစ်မြို့ဖွယ်ရာလည်း ဖြစ်ပါစေ။

يَا زَكَرِيَّا إِنَّا نُبَشِّرُكَ بِغُلَامٍ اسْمُهُ يَحْيَىٰ لَمْ نَجْعَل لَّهُ مِن قَبْلُ سَمِيًّا ۝٧

၇။ (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤသို့ပြန်ကြားတော်မူခဲ့၏)။ အိုး-ဇကရီယာ၊ ဇကန်မလွဲငါအရှင်မြတ်သည် အသင့်အား "ယဟ်ယာ"မည်သော သားရတနာတစ်ပါးနှင့်ပတ်သက်၍ သတင်းကောင်းပေးတော်မူ၏။ ယခင်က ငါအရှင်မြတ်သည် ယင်းယဟ်ယာနှင့် နာမည်တူသူ တစ်ဦးတစ်ယောက်ကို ရှိစေတော်မူခဲ့သည် မဟုတ်ချေ။

قَالَ رَبِّ أَنَّىٰ يَكُونُ لِي غُلَامٌ وَكَانَتِ امْرَأَتِي عَاقِرًا وَقَدْ بَلَغْتُ مِنَ الْكِبَرِ عِتِيًّا ۝٨

၈။ (ထိုအခါ) ယင်းဇကရီယာက (ဤသို့)လျှောက်ထားပန်ကြားခဲ့လေသည်။ အိုး-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုး၌ သားရတနာသည် အသို့လျှင် ရှိနိုင်ပါအံ့နည်း။ အကြောင်းသော်ကား ကျွန်တော်မျိုး၏ ဇနီးမှာလည်း သားသမီးမမွေးသောအမြဲဖြစ်နေပါသည်။ ကျွန်တော်မျိုးမှာလည်း သက်ရွယ်ကြီးရင့် အိုမင်းခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိနေပါပြီ။

---

① **တမန်တော်ယဟ်ယာ။**

အလ္လာဟ်အရှင်မြတ်သည် တမန်တော် ဇကရီယာ၏ ဆုပန်ကြားချက်ကို လက်ခံသဘောတူတော်မူ၍ သားတော်တစ်ပါး ရရှိမည့်အကြောင်း ကောင်းချီးသတင်းပေးတော်မူ၏။ ထိုသားတော်၏အမည်ကိုလည်း သားတော်မဖွားမီကပင် 'ယဟ်ယာ' ဟူ၍ သတ်မှတ်ပေးတော်မူ၏။ "ယဟ်ယာ"ဟူသော အမည်သည် အမည်ထူးဖြစ်၏၊ ယခင်က ယင်းအမည်ကို တစ်ဦးတစ်ယောက်မျှ မမှည့်ဖူးခဲ့သေးချေ။ ➤➤

قَالَ كَذٰلِكِ ۚ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ ۖ وَّلِنَجْعَلَهٗۤ اٰيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا ۚ وَكَانَ اَمْرًا مَّقْضِيًّا ﴿٢١﴾

၂၁။ (ထိုရောကာလ) ထိုအရှင်မြတ်က (ကောင်းကင်တမန်မှတစ်ဆင့် ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ ဤအတိုင်းပင် ဖြစ်ပေမည်။ (အို-ဧကရီယာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ဤသည် ငါအရှင်မြတ်အဖို့ အလွန်လွယ်ကူကြောင်း၊ ၎င်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည်ပင် ယခင်ကလည်း အသင့်အား အသင် တစ်စုံတစ်ရာမရှိခဲ့စဉ်က ဖန်ဆင်းတော်မူခဲ့ကြောင်း မိန့်ကြားတော်မူလေသတည်း။

قَالَ رَبِّ اجْعَلْ لِّيْۤ اٰيَةً ۗ قَالَ اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَ لَيَالٍ سَوِيًّا ﴿٢٠﴾

၂၀။ (ထိုအခါ) ယင်းဧကရီယာက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ (သို့ဖြစ်ပါလျှင်) အရှင်မြတ်သည် (ကျွန်တော်မျိုး၏ ဧနီးမှာ သားရတနာကို ကိုယ်ဝန်ဆောင်လျက် ရှိနေကြောင်း သိနိုင်အံ့သောငှာ) သက်သေလက္ခဏာတစ်ရပ်ရပ်ကို ကျွန်တော်မျိုးအား ပြုလုပ်သတ်မှတ်၍ ပေးတော်မူပါဟု လျှောက်ထား ပန်ကြားပြန်လေ၏။ (သို့ဖြစ်ပေရာ) ထိုအရှင်မြတ်က (အို-ဧကရီယာ) အသင်သည် သုံးညဉ့်တိတိ(တစ်ဆက်တည်း) လူတို့နှင့် စကားမပြောနိုင်ခြင်းသည်ပင် အသင့်အဖို့ (အသင်၏ ဧနီးဌ ကိုယ်ဝန်ရှိနေကြောင်း) သက်သေလက္ခဏာဖြစ်သည်ဟူ၍ မိန့်ကြားတော်မူခဲ့ပေသတည်း။

➤➤ အချို့မုဖတ်စစ်ရ်များက "စမီယန်" ဟူသောပုဒ်သည် အလားတူဂုဏ်ရည်တူ ဟူသောအနက်၌ဖြစ်သည်ဟုဆိုကြသည်။ ဆိုလိုသည်ကား-ထိုသားတော်ကဲ့သို့သော တန်ခိုးဂုဏ်ရည်သတ္တိဖြင့် ယခင်က တစ်ဦးတစ်ယောက်မျှ မထွန်းကားခဲ့ဘူးသေးဟူ၏။ သို့တည်းမဟုတ် အချို့ထူးခြားသော ဂုဏ်ရည်များတွင် ဥပမာ-စိတ်နလုံးနူးညံ့သိမ်မွေ့မှု၊ ပျော့ပြောင်းမှု၊ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားခြင်း ဝိုကြွေးမှုစသည်တို့တွင် ထိုသားတော်ကဲ့သို့ အလားတူ ပုဂ္ဂိုလ်တစ်ဦးမျှ မထွန်းကားခဲ့ဘူးသေးဟူ၏။

တမန်တော်ယဟ်ယာ (အလိုင်ဟစ္စလာမ်)၏အကြောင်းကို ကုရ်အာန် (၃:၃၇-၄၀)တွင် ကြည့်ရှုပါကုန်။

فَخَرَجَ عَلَىٰ قَوْمِهِۦ مِنَ ٱلْمِحْرَابِ فَأَوْحَىٰٓ إِلَيْهِمْ أَن سَبِّحُوا۟ بُكْرَةً وَعَشِيًّا ﴿١١﴾

၁၁။ ထို့နောက် ယင်းဇကရီယာသည် ဝတ်ပြုနေရာမှ မိမိအမျိုးသားတို့ရှေ့ဝယ် ထွက်ခဲ့ပြီးလျှင် အသင်တို့သည် နံနက်ယံ၌လည်းကောင်း၊ ညဉ့်ဦးယံ၌လည်းကောင်း၊ (အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း) တတ်စ်ဗီဟ် ဆိုကြလေကုန်ဟု (လက်ရိပ်ဖြင့်) ညွှန်ခဲ့လေသတည်း။

يَٰيَحْيَىٰ خُذِ ٱلْكِتَٰبَ بِقُوَّةٍ ۖ وَءَاتَيْنَٰهُ ٱلْحُكْمَ صَبِيًّا ﴿١٢﴾

၁၂။ အို–ယဟ်ယာ၊ အသင်သည် ကျမ်းဂန်ကို [၁] စွဲမြဲစွာ ကိုင်ထားလော့(ဟု မိန့်ကြားတော်မူခဲ့၏။) စင်စစ်သော်ကား ငါအရှင်မြတ်သည် ယင်းယဟ်ယာအား *ကလေးဘဝ၌ပင် ဉာဏ်အမြော်အမြင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။* [၂]

وَحَنَانًا مِّن لَّدُنَّا وَزَكَوٰةً ۖ وَكَانَ تَقِيًّا ﴿١٣﴾

၁၃။ ထိုနည်းတူစွာ မိမိအထံတော်မှ အကြင်နာတရားကိုလည်းကောင်း၊ သန့်ရှင်းစင်ကြယ်မှုကိုလည်းကောင်း၊ [၃] (ချီးမြှင့်တော်မူခဲ့၏)။ ၎င်းပြင် ယင်းယဟ်ယာသည် (ပြစ်မှုဒုစရိုက်တို့မှ) အလွန် ရှောင်ရှားသူပင် ဖြစ်ခဲ့ပေသည်။ [၄]

---

① ဤအာယတ်တော်တွင် လာရှိသော "အလ်ကိတာဗ်"ဟူသည် တမန်တော်မူစာထဲ ထုတ်ပြန်ချမှတ်တော်မူခဲ့သော တောင်ရာတ်ကျမ်းကို ဆိုလိုသည်။

ကြည့်–အီဗ်နကျရိရ်၊ အီဗ်နကဆီရ်၊ တဖ်စီရ်အဗူစအူဒ်း၊ ခါဇင်န်၊ ထာနဝီ၊

② အလ္လာဟ်အရှင်မြတ်သည် တမန်တော် ယဟ်ယာအား ကလေးဘဝ၌ပင် မှန်ကန်ထက်မြက်သော အသိ၊ ဉာဏ်အမြော်အမြင်၊ ခဝပ်ကိုးကွယ်မှု၊ ပြုစုမှုဆိုင်ရာ ယဉ်ကျေးမှုများနှင့် ကျမ်းဂန်လာ အမိန့်ပညတ် အရပ်ရပ်တို့ကို ချီးမြှင့်တော်မူခဲ့လေသည်။ အချို့အာလင်မ်များ၏ ယူဆချက်အရ အလ္လာဟ်အရှင်မြတ်သည် တမန်တော် ယဟ်ယာအား ကလေးဘဝ၌ပင် တမန်တော် ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခဲ့လေသည်။

ဤအာယတ်တော်တွင် လာရှိသော "အလ်ဟုက်မ်" ဟူသောပုဒ်ကို တမန်တော်ဂုဏ်ထူး ဟူ၍လည်းကောင်း၊ ကျမ်းဂန်လာ အမိန့်ပညတ်များ ဟူ၍လည်းကောင်း၊ အမြော်အမြင်ဟူ၍လည်းကောင်း၊ အမျိုးမျိုးဖွင့်ဆိုကြသည်။

③ ဤ အာယတ်တော်တွင် လာရှိသော "ဇကာတ်"ဟူသောပုဒ်သည် မပေးမနေရ ဆင်းရဲသားကြေး ပေးဆောင်ခြင်း အနက်၌မဟုတ်၊ စိတ်နေသဘောထား၊ အနေအထိုင်၊ အပြောအဆို၊ အကျင့်အမူ၊ ရုပ်နာမ်၊ အတွင်းအပြင် အားလုံးတို့တွင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်း အနက်၌ဖြစ်သည်။

وَّبَرًّا بِوَالِدَيْهِ وَلَمْ يَكُنْ جَبَّارًا عَصِيًّا ﴿١٤﴾

وَسَلٰمٌ عَلَيْهِ يَوْمَ وُلِدَ وَيَوْمَ يَمُوْتُ وَيَوْمَ يُبْعَثُ حَيًّا ﴿١٥﴾

၁၄။ ထို့ပြင် မိမိ၏ *မိဘနှစ်ပါးအား* အလွန် *ကျေးဇူးပြုတတ်သူလည်းဖြစ်ခဲ့၏*။ [၃] ထို့ပြင် မာန်မာန ထောင်လွှားသူ၊ အမိန့်တော်ကို ဖီဆန်သူမဖြစ်ခဲ့ပေ။ [၂]

၁၅။ ထိုမှတစ်ပါး ထိုယဟ်ယာ၏အပေါ်၌ ယင်းဖွားမြင်ခဲ့သည့်နေ့တွင်လည်းကောင်း၊ ကွယ်လွန်သေဆုံးမည့်နေ့တွင်လည်းကောင်း၊ အသက်ရှင်လျက် ထရမည့်နေ့တွင်လည်းကောင်း၊ (ငါအရှင်မြတ် အထံတော်မှ) ငြိမ်းချမ်းသာယာမှု (ဘေးရန်ကင်းငြိမ်းမှု)သည် ကျရောက်ပါစေသတည်း။ [၄]

---

⑭ တမန်တော်ယဟ်ယာသည် အလ္လာဟ်အရှင်မြတ်အား အလွန်ကြောက်ရွံ့ခန့်ညားစ၏၊ ချစ်ကြည်မြတ်နိုးစ၏။ တမန်တော် ယဟ်ယာသည် မည်သည့်အပြစ်ကိုမျှ မကျူးလွန်မိခဲ့ပေ၊ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန်ဝေးစွ၊ စိတ်တွင်း၌မျှပင် မရည်စူးမိခဲ့ပေ။

တမန်တော် ယဟ်ယာသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားလွန်းသဖြင့် အမြဲတစေ ငိုကြွေးရှိနေခဲ့ပေရာ၊ မျက်စိမှ အမြဲတစေ ယိုစီးသော မျက်ရည်များကြောင့် မျက်နှာပေါ်တွင် မျက်ရည်စီးကြောင်းများပင် ထင်လျက်ရှိခဲ့ပေသည်။

⑮ တမန်တော် ယဟ်ယာသည် မိမိ၏ကျေးဇူးရှင် မိဘနှစ်ပါးတို့အား သားကောင်း သမီးကောင်းတို့၌ ပြုစုအပ်သည့် တာဝန်ရှိသည်နှင့်အညီ၊ သူမတူအောင် ကောင်းစွာပြုစုနိုင်ခဲ့ပေသည်။

⑬ တမန်တော် ယဟ်ယာသည် မာန်မာန မောက်မာထောင်လွှား သည်လည်း မရှိခဲ့ပေ၊ ကြမ်းကြုတ်သည်လည်း မရှိခဲ့ပေ။ စိတ်ဓာတ် ခဲယဉ်းသည်လည်း မရှိခဲ့ပေ၊ အလွန်နူးညံ့ သိမ်မွေ့ခဲ့ပေသည်။

တမန်တော်ယဟ်ယာသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆန်မနာခံသည်လည်း အလျှင်းမရှိခဲ့ပေ။ အမိန့်တော်များကို အမြဲတစေ ဦးလည်မသုံ လိုက်နာကျင့်မူခဲ့သည်သာဖြစ်ခဲ့ပေသည်။

⑫ တမန်တော် ယဟ်ယာအပေါ်သို့ အလ္လာဟ်အရှင်မြတ်အထံတော်မှ တမန်တော် ယဟ်ယာ မီးရှူးသန့်စင်ဖွားမြင်သည့်နေ့တွင်လည်း ငြိမ်းချမ်းသာယာမှု သက်ရောက်ခဲ့ပေသည်။ ကွယ်လွန်သေဆုံးသည့် နေ့တွင်လည်း သက်ရောက်ခဲ့ပေသည်။ ရှင်ပြန်ထမည့် နေ့တွင်လည်း သက်ရောက်ပေမည်။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ငြိမ်းချမ်းသာယာမှုသည် တမန်တော် ယဟ်ယာအပေါ်သို့ အမြဲတစေ သက်ရောက်လျက်ရှိပေရာ၊ တမန်တော် ယဟ်ယာသည် အမြဲတစေပင် ငြိမ်းချမ်းသာယာလျက်ရှိတော်မူပေသတည်း။

တမန်တော် ယဟ်ယာ(အလိုင်ဟစ္စလာမ်)၏ ဂုဏ်ပုဒ်များကား များပြားလှတော့၏။ အခြားဂုဏ်ပုဒ်များကို ကုရ်အာန်(၃း၃၉)တွင်ရှုပါကုန်။

وَاذْكُرْ فِي الْكِتٰبِ مَرْيَمَ
اِذِ انْتَبَذَتْ مِنْ اَهْلِهَا
مَكَانًا شَرْقِيًّا ﴿١٦﴾

၁၆။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် (ဤကုရ်အာန်)ကျမ်းတော်မှ မရ်ယမ်(၏ အတ္ထုပ္ပတ်) အကြောင်းကို ဖတ်ကြားပါလေ။ တစ်ရံရောအခါဝယ် ယင်းမရ်ယမ်သည် မိမိအိမ်သူအိမ်သားတို့ထံမှ ခွဲခွာ၍ အရှေ့ဖက်၌ရှိသော အခန်းတစ်ခန်းသို့ သွားခဲ့လေသည်။

فَاتَّخَذَتْ مِنْ دُوْنِهِمْ
حِجَابًا ۖ فَاَرْسَلْنَآ
اِلَيْهَا رُوْحَنَا فَتَمَثَّلَ
لَهَا بَشَرًا سَوِيًّا ﴿١٧﴾

၁၇။ တဖန် ယင်းမရ်ယမ်သည် ထိုအိမ်သူအိမ်သားတို့ (မမြင်နိုင်ရန်) ကန့်လန့်ကာတစ်ခု ချခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းမရ်ယမ်၏ထံသို့ မိမိ၏ အထူးကောင်းကင်တမန်ကို စေလွှတ်တော်မူခဲ့လေသည်။ ထိုအခါ ယင်းကောင်းကင်တမန်သည် ထိုမရ်ယမ်၏အရှေ့ဝယ် ပကတိလူသားတစ်ယောက်၏အသွင်ဖြင့် ကိုယ်ထင်ပြခဲ့၏။

قَالَتْ اِنِّيْٓ اَعُوْذُ بِالرَّحْمٰنِ
مِنْكَ اِنْ كُنْتَ تَقِيًّا ﴿١٨﴾

၁၈။ ထိုအခါ ယင်းမရ်ယမ်က (ထိုကောင်းကင်တမန်အား အကယ်စင်စစ် လူထင်မှတ်၍ ဤသို့)ပြောကြားခဲ့သည်မှာ အကယ်၍ အသင်သည် သူတော်စင်တစ်ဦးဖြစ်ခဲ့မူ ကျွန်ုပ်သည် အသင်(၏ ဘေးအန္တရယ်)မှ (လွတ်ကင်းအံ့သောငှာ) "ရဟ်မာန်" အနန္တကရုဏာတော်ရှင်ထံတော်၌ အကာအကွယ်ယူပါ၏။

قَالَ اِنَّمَآ اَنَا رَسُوْلُ رَبِّكِ ۖ
لِاَهَبَ لَكِ غُلٰمًا زَكِيًّا ﴿١٩﴾

၁၉။ (ထိုအခါ) ယင်းကောင်းကင်တမန်က (အို-မရ်ယမ်) ကျွန်ုပ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ စေတမန်သာလျှင် ဖြစ်ပေသည်။ ကျွန်ုပ်သည် အသင့်အား စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော သားရတနာတစ်ပါးကို ပေးရန် သာလျှင် (လာရခြင်း)ဖြစ်သည်ဟု ပြောကြားခဲ့လေသည်။

قَالَتْ أَنَّىٰ يَكُونُ لِي غُلَٰمٌ وَلَمْ يَمْسَسْنِي بَشَرٌ وَلَمْ أَكُ بَغِيًّا ﴿٢٠﴾

၂၀။ ထိုအခါ ယင်းမရ်ယမ်က (အို–ကောင်းကင်တမန်) စင်စစ် ကျွန်ုပ်အား မည်သည့်လူသားတစ်ဦး တစ်ယောက်မျှပင် ထိတွေ့ခဲ့ဖူးသည်လည်း မရှိပါဘဲလျက်လည်းကောင်း၊ ကျွန်ုပ်သည် အကျင့်မကောင်းသူတစ်ဦးလည်း မဖြစ်ပါဘဲလျက်လည်းကောင်း၊ အသို့လျှင် ကျွန်ုပ်မှာ သားရတနာ ထွန်းကားနိုင်အံ့နည်းဟု ပြန်ပြောခဲ့လေသည်။

قَالَ كَذَٰلِكِ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ وَلِنَجْعَلَهُ آيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا وَكَانَ أَمْرًا مَّقْضِيًّا ﴿٢١﴾

၂၁။ ယင်းကောင်းကင်တမန်က (ဤသို့) ဖြေကြားခဲ့လေသည်၊ (အို–မရ်ယမ်) ဤအတိုင်းပင်ဖြစ်ပေမည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က "ဤသည်ကား ငါအရှင်မြတ်၌ အလွန်လွယ်ကူလှကြောင်း၊ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်း သားရတနာအား လူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်အဖြစ်လည်းကောင်း၊ ငါအရှင်မြတ် အထံတော်မှ ကရုဏာတော်အဖြစ်လည်းကောင်း၊ ပြုလိုတော်မူကြောင်း၊ ဤသည် စီရင်ဆုံးဖြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ပင်ဖြစ်ကြောင်း၊ မိန့်ကြားတော်မူလေသတည်း။ ၁

---

① တစ်နေ့သောအခါ မရ်ယမ်သခင်မသည် မိမိအိမ်သူအိမ်သား များထံမှခွဲခွာပြီး ဗိုင်တုလ်မုကဒ်ဒတ်စ်ကျောင်းတော်၏ အရှေ့ဘက်ရှိ အဆောင်တစ်ခုကိုသွားခဲ့၏။ ယင်းသို့သွားခဲ့သည့် အကြောင်းနှင့် စပ်လျဉ်း၍ အဆိုအမျိုးမျိုးတွေ့ရှိရ၏။

မုဟမ္မဒ် အီဗ်နုအိစ်ဟာက်၏ ယူဆချက်အရ ရေသောက်ရန် သွားခဲ့ခြင်းဖြစ်၏။

နုဖ်အလ်ဗက္ကာလီ၏ ယူဆချက်အရ ခဝပ်ကိုးကွယ်ရန် သွားခဲ့ခြင်းဖြစ်၏။

အသို့ကြောင့် သွားခဲ့သည်ဖြစ်စေ မရ်ယမ်သခင်မသည် ယင်းသို့ တစ်ဦးတည်းရှိနေခိုက် ကောင်းကင်တမန် ဂျစ်ဗ်ရီလ်သည် လူသား ပကတိအသွင်ဖြင့် ရောက်ရှိလာခဲ့၏။

မရ်ယမ်သခင်မသည် မိမိအဆောင်တွင် ယင်းကဲ့သို့ မကြုံစဘူး သူစိမ်းယောကျ်ားတစ်ဦးကို တွေ့မြင်ရသောအခါ (ကောင်းကင်တမန်အား လူထင်မှတ်ကာ) စိုးရိမ်ကြောက်ရွံ့စွာဖြင့် "အကယ်၍ အသင်သည် သူတော်စင်တစ်ဦးဖြစ်ပါလျှင် ဤမှထွက်ခွာသွားပါ၊ ကျွန်မသည် အသင်၏အန္တရာယ်မှ လွတ်ကင်းရန် မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် ထံတော်၌ ခိုလှုံပါသည်"ဟု ပြောဆိုလေသည်။

ကောင်းကင်တမန် ဂျစ်ဗ်ရီလ်က "မိမိသည် လူသားမဟုတ်၊ အသင့်အား ဖန်ဆင်းမွေးမြူတော် ➤➤

فَحَمَلَتْهُ فَانْتَبَذَتْ بِهِۦ مَكَانًا قَصِيًّا ﴿٢٢﴾

၂၂။ ထို့နောက် ယင်းမရ်ယမ်သည် ထိုသားရတနာကို ကိုယ်ဝန်ဆောင်ခဲ့လေသည်။ ထိုအခါ ယင်းမရ်ယမ်သည် ထိုကိုယ်ဝန်နှင့်အတူ ဝေးလံသောနေရာတစ်ခုသို့ ရှောင်သွားခဲ့လေသည်။ [၁]

فَأَجَآءَهَا ٱلْمَخَاضُ إِلَىٰ جِذْعِ ٱلنَّخْلَةِ ۖ قَالَتْ يَٰلَيْتَنِى مِتُّ قَبْلَ هَٰذَا وَكُنتُ نَسْيًا مَّنسِيًّا ﴿٢٣﴾

၂၃။ ထို့နောက် သားဖွားခြင်း၏ဝေဒနာသည် ထိုမရ်ယမ်အား စွန့်ပလွှဲပင်(တစ်ပင်)ရှိရာသို့ ဆောင်ကြဉ်းသွားခဲ့လေသည်။ ထိုအခါ ယင်းမရ်ယမ်က ဩော်-ဖြစ်ရလေခြင်း၊ ငါသည် ဤသို့ (ဖမဲ့သားကို) မဖွားမီ သေဆုံးခဲ့ပါလျှင်လည်းကောင်း၊ လုံးဝ မေ့ပျောက်စွန့်ပစ်ထားပြီးဖြစ်ခဲ့ပါလျှင်လည်းကောင်း၊ ကောင်းလေစွတကားဟု ညည်းညူမြည်တမ်းခဲ့လေသည်။ [၂]

➤➤ မူသောအရှင်၏ တမန်ဖြစ်သည်၊ အသင့်အား စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သားတော်တစ်ပါး ပေးသနားတော်မူရန် ကျွန်ုပ်အား စေလွှတ်တော် မူလိုက်သည်"ဟု ဖြေကြား၏။

မရ်ယမ်သခင်မက "ကျွန်မ၌ အသို့လျှင် ကလေးရှိနိုင်အံ့နည်း၊ ကျွန်မအား မည်သူတစ်ဦးတစ်ယောက်မျှ လက်ဖျားနှင့်ပင် မထိဘူးပါ၊ ကျွန်မသည် အကျင့်တန်သူလည်း မဟုတ်ပါ" ဟု ပြောဆိုလေသည်။

ကောင်းကင်တမန်က- "အသင့်အား မည်သည့်ယောကျ်ားး တစ်ဦးတစ်ယောက်ကမျှ လက်ဖျားနှင့်ပင် မထိဘူးခဲ့သည်မှာလည်း မှန်၏၊ အသင်သည် အကျင့်တန်သူမဟုတ်၊ ကာယိန္ဒြေရှိသော မိန်းမမြတ်တစ်ဦး ဖြစ်သည်မှာလည်း မှန်၏။ သို့ပါလျက် ဤအတိုင်းပင်ဖြစ်မည်၊ အသင်၌ သားတော်တစ်ပါး ထွန်းကားမည်။ အသင့်အရှင်က 'ဤသည် ငါအရှင်၌ အလွန်လွယ်ကူသည်၊ ငါအရှင်သည် ထိုသားတော်အား လူသားတို့အဖို့ သက်သေလက္ခဏာတော် တစ်ပါးဖြစ်စေတော်မူမည်။ ကရုဏာတော် တစ်ပါးလည်း ဖြစ်စေတော်မူမည်၊ ဤကိစ္စမှာလည်း စီရင်ဆုံးဖြတ်ပြီး ကိစ္စဖြစ်သည်'ဟု မိန့်ကြားတော်မူကြောင်း" ပြောပြလိုက်လေသည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းကင်တမန်သည် အသက်မွေးတော်သွင်းလိုက်ရာ မရ်ယမ်သခင်မ၌ ကိုယ်ဝန်ရှိသွားခဲ့လေသည်။ ကြည့်-ကုရ်အာန်-(၂၁:၉၁၊ ၆၆:၁၂)။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၂:၈၇)တွင် ရေးသားခဲ့ပေပြီ။

① မရ်ယမ်သခင်မသည် ကလေးမျက်နှာမြင်ရန် အချိန်နီးကပ်လာသောအခါ အလွန်ရှက်လှသည့်အတွက် အိမ်သူအိမ်သား အပေါင်းအဖော် အားလုံးတို့ထံမှ ခွဲခွာပြီး အလွန်ဝေးကွာကမ်းလှမ်းသော နေရာသို့ ထွက်ခွာသွားခဲ့လေသည်။ ထိုနေရာသည် ဗိုင်တုလ်မုကဒ်ဒတ်စ် ကျောင်းတော်နှင့် (၈)မိုင်အကွာတွင် တည်ရှိသည်။ ထိုသည့်နေရာကိုပင် "ဗိုင်တုလ္လဟမ်" (Beth le-hem) ဟုခေါ်ဆိုခြင်း ဖြစ်တန်ရာသည်။

② မရ်ယမ်သခင်မသည် သားဖွားရန်အချိန် အလွန်နီးကပ်လာသည့်အခါ အတိုင်းမသိ နာကျင်လှသည့်အတွက် မှီတွယ်နိုင်ရန် အလို့ငှာ စွန့်ပလွှဲပင်တစ်ပင် အရင်းသို့ ရောက်လာခဲ့လေသည်။ ထိုအချိန်တွင် ➤➤

فَنَادٰىهَا مِنْ تَحْتِهَآ اَلَّا تَحْزَنِيْ قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا ﴿٢٤﴾

၂၄။ ထိုအခါ ယင်းမရ်ယမ်အား ၎င်းရှိရာ အောက်နားမှ (ထိုစွန်ပလွံပင်အောက်မှ) ကောင်းကင်တမန်က (ဤသို့)ပြောကြားခဲ့လေသည်။ (အို-မရ်ယမ်) အသင်မသည် စိတ်မပူလေနှင့်။ ဧကန်စင်စစ် အသင်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်မ၏ အောက်၌ပင် ချောင်းတစ်ခုကို ဖြစ်ပေါ်စေတော်မူလေပြီ။

وَهُزِّيْٓ اِلَيْكِ بِجِذْعِ النَّخْلَةِ تُسٰقِطْ عَلَيْكِ رُطَبًا جَنِيًّا ﴿٢٥﴾

၂၅။ ထိုမှတစ်ပါး အသင်မသည် စွန်ပလွံပင်၏ ပင်မကို မိမိဖက်သို့ (ဆွဲ၍) လှုပ်ပါလျှင် စိမ်းစိုလတ်ဆတ်သော စွန်ပလွံသီးများသည် အသင်မ၏ရှေ့ဝယ် ကြွေကျလာပါလိမ့်မည်။

فَكُلِيْ وَاشْرَبِيْ وَقَرِّيْ عَيْنًا ۚ فَاِمَّا تَرَيِنَّ مِنَ الْبَشَرِ اَحَدًا ۙ

၂၆။ ထိုအခါ အသင်မသည် (ထိုစွန်ပလွံသီးများကို)စားသုံး၍ (ထိုချောင်းမှရေကို)သောက်သုံးပါလေ။ ၎င်းပြင် မျက်စိကို ကြည်လင်စေပါလေ။

➤➤ မရ်ယမ် သခင်မသည် သားဖွားချိန်၌ ခံစားရသည့် နာကျင်မှုကိုလည်း အလူးအလိမ့် ခံစားနေရရှာ၏။ အနီးတွင် အပေါင်းအဖော်ဟူ၍ တစ်ဦးတစ်ယောက်မျှလည်းမရှိ။ သားဖွားချိန်တွင် လိုအပ်၊ ရှိအပ်သည့်ပစ္စည်းဟူ၍လည်း တစ်စုံတစ်ရာမျှမရှိ။

ယင်းသည့် ဒုက္ခအားလုံးထက် ကြီးမားသော ထိုဒုက္ခကား အခြားမဟုတ်၊ စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော ကာယိန္ဒြေရှိသော၊ ဆွေကြီးမျိုးကြီးတစ်ဦးဖြစ်သော မိန်းမပျိုတစ်ဦး၌ ခင်ပွန်းသည်မရှိဘဲလျက် လူသဘာဝနှင့်ဆန့်ကျင်ကာ သားသမီး ထွန်းကားရသည့်အတွက် လူအများကကဲ့ရဲ့ပြစ်တင် ရွဲတ်ချပြောဆိုကြမည်၊ နာမည်ပျက်ရတော့မည်ဟူသော အတွေးပင်ဖြစ်သည်။ ဤသည့်အတွေးသည် မရ်ယမ်သခင်မအဖို့ အကြီးမားဆုံးသော ဒုက္ခပင်ဖြစ်၏။ စိတ်ဓာတ်ကိုလည်း အများဆုံးထိခိုက်စေခဲ့၏။ မရ်ယမ်သခင်မသည် ဤသည့်အတွေးကို တွေး၍တွေး၍ အဆွေးကြီးဆွေးလျက် ရှိခဲ့၏။ အပူကြီးပူလျက်ရှိခဲ့၏။

ဤသည့်အပူကြောင့် "ဤအချိန်ကြီး မရောက်မီပင် ကျွန်မသေသွားနှင့်ပြီးဖြစ်လျှင်၊ လူ့လောက၌ မိမိ၏အမည်နာမ တစ်စုံတစ်ရာမျှ မကျန်ရစ်ခဲ့လျှင် မိမိအား မည်သူတစ်ဦးတစ်ယောက်မျှလည်း မေ့မှား၍မျှ အမှတ်မရလျှင် ကောင်းလေစွ" ဟူ၍ပင် ညည်းညူ မြည်တမ်းမိခဲ့ရှာလေသည်။ ယခင်က ကောင်းကင်တမန်ပြောကြားခဲ့သည့် ကောင်းချီးသတင်းများကိုပင် အမှတ်မရနိုင်ရှာခဲ့ပေ။

فَقُولِيٓ إِنِّي نَذَرْتُ لِلرَّحْمَٰنِ صَوْمًا فَلَنْ أُكَلِّمَ الْيَوْمَ إِنسِيًّا ﴿٢٦﴾

တစ်ဖန် အကယ်၍ အသင်သည် လူသား တစ်ဦးတစ်ယောက်ကို တွေ့ခဲ့ပါမူ ဧကန်အမှန် ကျွန်မသည် ရဟ်မာန် အနန္တကရုဏာတော်ရှင်အား ရည်ရွယ်၍ ဥပုသ်သီလဆောက်တည်ရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ရာ ကျွန်မသည် ယနေ့ မည်သည့် လူသားတစ်ဦး တစ်ယောက်နှင့်မျှ အလျှင်း စကားပြောဆိုမည် မဟုတ်ကြောင်း၊ ပြောကြားပါလေ။ [၁]

فَأَتَتْ بِهِۦ قَوْمَهَا تَحْمِلُهُۥ ۖ قَالُوا۟ يَٰمَرْيَمُ لَقَدْ جِئْتِ شَيْـًٔا فَرِيًّا ﴿٢٧﴾

၂၇။ ၎င်းနောက် ထိုမရ်ယမ်သည် ယင်း သားရတနာကို (မိမိရင်ခွင်ဝယ်)ပွေ့ချီလျက် မိမိအမျိုးသားတို့ထံ လာခဲ့လေ၏။ (ထိုအခါ) ယင်းအမျိုးသားတို့က (ဤသို့) ပြောကြားခဲ့ကြကုန်၏။ အို-မရ်ယမ် အသင်မသည် အလွန်ဆိုးဝါးလှသောပြစ်မှုကို ကျူးလွန်ခဲ့သည်တကား။

---

① ယင်းသို့ မရ်ယမ်သခင်မသည် ညည်းညူမြည်တမ်းသောအခါ ကောင်းကင်တမန် ရောက်ရှိလာပြီး မရ်ယမ်သခင်မအား "အသင်မ စိတ်မပူပါနှင့်၊ အစစအရာရာ စီစဉ်ပြီးဖြစ်ပါသည်။ အသင်မ၏ အရှင်သခင်သည် အသင်မအောက်တွင် စမ်းရေချောင်းတစ်ခုကို စီးတွေစေတော်မူလိုက်ပြီ။ အသင်မသည် ဤစွန့်ပလွှဲပင်ကို ကိုင်လှုပ်ပေးလိုက်လျှင် စိုစိမ်းလတ်ဆတ်သော စွန်ပလွှဲသီးများသည် အသင်မအပေါ်သို့ ကြွေကျလာပါလိမ့်မည်။ အသင်မသည် စွန်ပလွှဲသီးကို စားပါ၊ စမ်းရေချိုကို သောက်သုံးပါ၊ သားရတနာကိုကြည့်၍ မျက်စိကိုအေးစေပါ။ ထို့နောက် လူသားတစ်ဦးကို တွေ့မြင်လျှင် လက်ခံစကားပြောနေရန် မလိုပါ၊ ကျွန်မသည် အလွှာဟ်အရှင်မြတ်အား ရည်သန်၍ စကားမပြောဥပုသ် ဆောက်တည်ထားပါသည်၊ မည်သည့်လူသားနှင့်မျှ စကားအလျှင်းမပြောပါ"ဟု ပြောဆိုရန် ပြောကြားသွားခဲ့လေသည်။

မရ်ယမ်သခင်မသည် သားဖွားရန် ရောက်ရှိခဲ့သော နေရာတွင် ယခင်က ရေမရှိခဲ့ပေ၊ မရ်ယမ်သခင်မ မိုတွယ်ခဲ့သော စွန်ပလွှဲပင်မှာလည်း ခြောက်သွေ့နေသော အပင်ဖြစ်ခဲ့သည်။ ထိုအပင်၌ အသီးအပွင့် အလျှင်း မရှိခဲ့ပေ။ ထိုအချိန်မှာ သီးပွင့်သည့်အချိန်လည်း မဟုတ်ခဲ့ပေ၊ ယင်းသို့သော အခြေအနေ အချိန်အခါမျိုးမှာပင် အလွှာဟ်အရှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် ကုန်းခြောက်တွင် စမ်းရေချောင်းတစ်ခုကို စီးတွေစေတော်မူခဲ့သည်၊ စွန်ပလွှဲပင်အခြောက်မှ အခါမဟုတ် စွန်ပလွှဲသီးများကို သီးစေတော်မူခဲ့သည်။ ဤသည် အလွှာဟ်အရှင်မြတ်၏ တန်ခိုးပြာဋိဟာပင်။ အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် အပျိုစင်တစ်ဦးတည်းမှ လင်ခင်ပွန်းမရှိဘဲ အံ့မဆုံးဖွယ် ဖွားမြင်လာခဲ့သော တမန်တော်အီစာ၏ သက်တမ်းတစ်လျှောက်လုံးတွင် ဤသို့သော အံ့ဖွယ်၊ အံ့မဆုံးဖွယ်ရာများကို အများအပြား တွေ့ရှိရပေမည်။

يَٰٓأُخۡتَ هَٰرُونَ مَا كَانَ أَبُوكِ
ٱمۡرَأَ سَوۡءٖ وَمَا كَانَتۡ أُمُّكِ بَغِيّٗا ٢٨

၂၈။ အို–ဟာရွန်၏နှမ၊ အသင်မ၏ ဖခင်မှာလည်း အကျင့်မကောင်းသူ မဟုတ်ခဲ့ပေ။ အသင်မ၏ မိခင်မှာလည်း အကျင့်ပျက်သူတစ်ဦး မဟု၊ဘ်ခဲ့ချေတကား။

فَأَشَارَتۡ إِلَيۡهِۚ قَالُواْ
كَيۡفَ نُكَلِّمُ مَن كَانَ
فِي ٱلۡمَهۡدِ صَبِيّٗا ٢٩

၂၉။ ထိုအခါ ထိုမရ်ယမ်သည် ထိုသားရတနာကို ညွှန်ပြခဲ့လေရာ၊ ယင်းအမျိုးသားတို့က (အို–မရ်ယမ်) အကျွန်ုပ်တို့သည် ပုခက်တွင်းဝယ် ကလေး(ဘဝ၌)ပင် ရှိနေသေးကာသူငယ်နှင့်အသို့လျှင် စကားပြောဆိုကြရအံ့နည်းဟု ပြောဆိုခဲ့ကြလေသည်။ [၁]

قَالَ إِنِّي عَبۡدُ ٱللَّهِ ءَاتَىٰنِيَ
ٱلۡكِتَٰبَ وَجَعَلَنِي نَبِيّٗا ٣٠

၃၀။ (ထိုအခါ)၊ ယင်း(ပုခက်တွင်းမှ)ကလေးသူငယ် (အီစာ)က (ဤသို့စကား) ပြောဆို(ဖြေကြား)ခဲ့လေ၏။ "ဧကန်မလွဲ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ကျွန်သာလျှင် ဖြစ်ပေသည်။ [၂]

---

① မရ်ယမ်သခင်မသည် ကလေးမျက်နှာမြင်ပြီးနောက် သားတော်ကို ပိုက်ချီကာ မိမိ၏ အမျိုးသားများထံ ပြန်လာခဲ့၏။ ထိုအခါ အမျိုးသားများက "အို–မရ်ယမ်၊ အသင်မသည် အလွန်ဆိုးရွားသော ပြစ်မှုကို ကျူးလွန်ခဲ့ချေပြီ။ အို–ဟာရွန်၏နှမ၊ အသင်မ၏ ဖခင်ကြီးမှာလည်း အကျင့်ပျက်သူမဟုတ်၊ အသင်မ၏ မိခင်ကြီးမှာလည်း အကျင့်ပျက်သူမဟုတ်" ဟု ကဲ့ရဲ့ပြစ်တင်ရှုတ်ချ ပြောဆိုကြလေသည်။ ဆိုလိုသည်ကား အို–မရ်ယမ်၊ သင်မ၏ဖခင်ကြီးမှာလည်း သူတော်ကောင်း၊ သင်မ၏မိခင်ကြီးမှာလည်း သူတော်ကောင်း၊ သင်မ၏နောင်တော်ကြီးမှာလည်း သူတော်ကောင်း၊ သင်မ၏မျိုးနွယ်ဆက်မှာလည်း မျိုးမြင့်၊ မျိုးမြတ်၊ မျိုးကောင်း သို့ မိကောင်းဖကောင်း သမီး၊ မောင်ကောင်းနှမ၊ မျိုးမြင့် မျိုးမြတ် မျိုးကောင်း အမျိုးသမီးတစ်ဦး ဖြစ်ပါလျက်နှင့် ယခုကဲ့သို့ လင်ခင်ပွန်းမရှိဘဲ အဘယ်ကြောင့် ကလေးရသနည်းဟု ကဲ့ရဲ့ပြစ်တင်ရှုတ်ချ ပြောဆိုခြင်းဖြစ်သည်။

ယင်းသို့ ကဲ့ရဲ့ပြစ်တင် ပြောဆိုလာကြသည့်အခါ မရ်ယမ်သခင်မသည် မိမိကိုယ်တိုင် တစ်ခွန်း တစ်ပါဒမျှ ပြန်လည်မဖြေကြားဘဲ ပုခက်တွင်းရှိ သားတော်အားသာ စုံစမ်းမေးမြန်းကြရန် ညွှန်ပြလိုက်လေသည်။ ထိုအခါ အမျိုးသားများက ငါတို့သည် ပုခက်တွင်းရှိ ကလေးနှင့် အသို့လျှင် စကားပြောနိုင်ကြအံ့နည်းဟု ပြောဆိုကြလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် သားတော်အီစာသည် ပုခက်တွင်းမှပင် ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသည့်အတိုင်း အံ့ဖွယ်သရဲ တရားဟောကြားလေသည်။

② တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)က ပုခက်တွင်းမှ "ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်သည်" ဟု ပြောကြားခဲ့၏။ ဆိုလိုသည်ကား တမန်တော်အီစာသည် အလ္လာဟ်မဟုတ်၊ အလ္လာဟ်၏သားလည်းမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ ကျွန်သာဖြစ်သည်။ ဤသည့် အာယတ်တော်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော်အီစာနှင့် ပတ်သက်၍ ခရစ်ယာန် ဘာသာဝင်များ၏ အကြည်အညိုု လွန်ကဲမှု၊ ယဟူဒီများ၏ အထင်အမြင်သေးမှုများ မှားယွင်းနေသည်ကို ကောင်းစွာသိရှိနိုင်ပေသည်။

ထိုအရှင်မြတ်သည် ကျွန်ုပ်အား *(အင်နှိုလ်)* *ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။* [၁] ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်အဖြစ်လည်း ချီးမြှောက်တော်မူခဲ့ပေသည်။ [၂]

وَّجَعَلَنِىْ مُبٰرَكًا اَيْنَ مَا كُنْتُ ۖ وَاَوْصٰنِىْ بِالصَّلٰوةِ وَالزَّكٰوةِ مَا دُمْتُ حَيًّا ﴿٣١﴾

၃၁။ ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား မည်သည့်နေရာ၌မဆို ကျွန်ုပ်ရှိနေစေကာမူ ဗရိုကတ်မင်္ဂလာနှင့်ပြည့်စုံသူ ပြုလုပ်တော်မူခဲ့ပေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ကျွန်ုပ်အား အသက်ထင်ရှား ရှိနေသမျှကာလပတ်လုံး ဆွလာတ်ဝတ်ပြုရန်လည်းကောင်း၊ ဇကာတ်ပေးဆောင်ရန်လည်းကောင်း၊ အမိန့်ပေးတော်မူခဲ့လေသည်။ [၃]

وَّبَرًّا بِوَالِدَتِىْ وَلَمْ يَجْعَلْنِىْ جَبَّارًا شَقِيًّا ﴿٣٢﴾

၃၂။ ထိုမှတစ်ပါး (ထိုအရှင်မြတ်သည် ကျွန်ုပ်အား) ကျွန်ုပ်၏မိခင်ကို ကောင်းစွာပြုစု ကျေးဇူးပြုတတ်သူလည်း (ဖြစ်စေတော်မူခဲ့၏။) [၄] ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား မာန်မာထောင်လွှားသူ၊ အကြောင်းမလှသူအဖြစ်လည်း ပြုလုပ်တော်မမူခဲ့ချေ။

---

① တမန်တော်အီစာက "ထိုအရှင်မြတ်သည် ကျွန်ုပ်အား ကျမ်းဂန်ကို ချီးမြှင့်တော်မူခဲ့သည်" ဟု ပြောကြားခဲ့၏။ ထိုကျမ်းဂန်မှာ အင်နှိုလ်ကျမ်းဂန်ပင်ဖြစ်သည်။ တမန်တော်အီစာသည် တရားမဲ့မဟုတ်၊ ကျမ်းရပုဂ္ဂိုလ်ဖြစ်သည်။

② တမန်တော်အီစာက "ထိုအရှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်အဖြစ် ချီးမြှောက်တော်မူခဲ့သည်" ဟု ပြောကြားခဲ့၏။ ဆိုလိုသည်ကား တမန်တော်အီစာသည် မုသာဝါဒီမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ တမန်တော်အစစ်အမှန်ဖြစ်သည်။

③ တမန်တော်အီစာက "ထိုအရှင်မြတ်သည် ကျွန်ုပ်အား ကျွန်ုပ်အသက်ရှင်သမျှ ကာလပတ်လုံး ဆွလာတ်ဝတ်ပြုရန်နှင့် ဇကာတ်ပေးရန် အမိန့်ပေးတော်မူခဲ့သည်" ဟုပြောကြားခဲ့၏။ ဤအာယတ်တော်တွင် ပါရှိသည့် "ဆွလာတ်"နှင့် "ဇကာတ်"ဟူသော ပုဒ်များသည် မိမိတို့၏ကြွယ်ဝလှသော မူရင်းအနက်၌လည်း ဖြစ်နိုင်ပေသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်အီစာသည် မိမိတစ်သက်တာလုံး အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုံ လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်းကို ကောင်းစွာ သိနိုင်ပေသည်။

④ တမန်တော်အီစာက "ထိုအရှင်မြတ်သည် ကျွန်ုပ်အား မိမိ၏မိခင်အား ကောင်းစွာပြုစုသူ (ပြုလုပ်တော်မူခဲ့သည်)"ဟု ပြောကြားခဲ့၏။ တမန်တော်အီစာသည် ဖခင်မရှိဘဲ အမိတစ်ပါးတည်းမှ မွေးဖွားလာခဲ့ရသည့်အတွက် ဤအာယတ်တော်တွင် မိခင်ကိုသာ ထုတ်ဖော်မိန့်ဆိုထားတော် မူခြင်းဖြစ်သည်။ ကျေးဇူးရှင်မိဘနှစ်ပါး ➤➤

وَالسَّلَٰمُ عَلَيَّ يَوْمَ وُلِدتُّ وَيَوْمَ أَمُوتُ وَيَوْمَ أُبْعَثُ حَيًّا ﴿٣٣﴾

ذَٰلِكَ عِيسَى ابْنُ مَرْيَمَ ۚ قَوْلَ الْحَقِّ الَّذِي فِيهِ يَمْتَرُونَ ﴿٣٤﴾

၃၃။ ထို့ပြင် ကျွန်ုပ်၏အပေါ်၌ ကျွန်ုပ်မွေးဖွားခဲ့သည့်နေ့၌လည်းကောင်း၊ ကျွန်ုပ်သေဆုံးမည့်နေ့၌လည်းကောင်း၊ ကျွန်ုပ် ရှင်ပြန်ထစေခြင်း ခံရမည့်နေ့၌လည်းကောင်း၊ (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ငြိမ်းချမ်းသာယာမှုသည် ကျရောက်ပါစေသတည်း။ [၁]

၃၄။ ဤသည်ကား *မရ်ယမ်၏သားတော် အကြင်အီစာပင်။* [၂] ယင်းမှန်ကန်သောစကားကို ပြောဆိုခဲ့လေသည်။ ၎င်းတို့သည် ထိုအီစာနှင့်ပတ်သက်၍ အငြင်းအခုံ ပြုလျက်ရှိကြကုန်သည်။

(တစ်နည်း)

ဤသည် မရ်ယမ်၏သားတော် အီစာပင်။ (ဤသည်) အကြင် မှန်ကန်သောစကားပင်။ ၎င်းတို့သည် ယင်းစကားနှင့်စပ်လျဉ်း၍ အငြင်းအခုံပြုလျက်ရှိကြကုန်သည်။

➤➤ တို့အား ပြုစုရန် သားသမီးတို့၌ တာဝန်ရှိသည့်အလျောက် တမန်တော်အီစာသည် မိမိ၏ကျေးဇူးရှင် မိခင်ကြီးအား ကောင်းစွာပြုစုနိုင်ခဲ့ပေသည်။

① တမန်တော်အီစာက "ငြိမ်းချမ်းသာယာမှု မင်္ဂလာသည် ကျွန်ုပ်အပေါ်၌ ကျွန်ုပ်မွေးဖွားသည့်နေ့တွင်လည်းကောင်း၊ ကျွန်ုပ်သေဆုံးသည့် နေ့တွင်လည်းကောင်း၊ ကျွန်ုပ်ရှင်ပြန်ထရမည့် နေ့တွင်လည်းကောင်း သက်ရောက်ပါစေသတည်း" ဟု ပြောကြားခဲ့၏။ တမန်တော်အီစာသည် အလ္လာဟ်အရှင်မြတ်၏ထံတော်မှ ငြိမ်းချမ်းသာယာ အောင်မြို့မင်္ဂလာကို ခံခဲ့ရပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်ထူးကျွန်မြတ်ဖြစ်ခြင်း၏ ထင်ရှားသော သာဓကတစ်ရပ်ပင်။

② "ဤသည် မရ်ယမ်၏သား အီစာဖြစ်သည်" –ဆိုလိုသည်ကား ကုရ်အာန်(၁၉: ၃၀–၃၃)တွင် ဖော်ပြပါရှိသည့် ဂုဏ်ရည်များသည် တမန်တော်အီစာ၏ ဂုဏ်ရည်များပင်ဖြစ်သည်။ ယင်းသည့် ဂုဏ်ရည်များသည် ရှင်းလင်းလှပေသည်၊ သို့ပါလျက် လူများသည် တမန်တော်အီစာနှင့် ပတ်သက်၍ အမျိုးမျိုးငြင်းခုံလျက်ရှိကြပေသည်။ အချို့က– (တမန်တော်)အီစာသည် အလ္လာဟ်အရှင်မြတ်ဖြစ်သည်၊ အချို့က –အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟု ဆိုကြသည်။ အချို့က တမန်တော်အီစာ၏မယ်တော်အား မဟုတ်မလျား စွပ်စွဲပြောဆိုကြသည်။

အမှန်မှာ တမန်တော်အီစာသည် ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသည့်အတိုင်း အလ္လာဟ်မဟုတ်၊ အလ္လာဟ်၏ သားတော်လည်းမဟုတ်၊ မုသာဝါဒီလည်းမဟုတ်၊ အလ္လာဟ်၏ကျွန်၊ အလ္လာဟ်၏ ➤➤

مَا كَانَ لِلَّهِ أَن يَتَّخِذَ مِن وَلَدٍ ۖ سُبْحَانَهُ ۖ إِذَا قَضَىٰ أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ ﴿٣٥﴾

၃၅။ သားသမီးတစ်စုံတစ်ယောက် ပြုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့် အလျှင်း မအပ်စပ်ပေ။ ထို အရှင်မြတ်သည် (အိမ်ထောင်ပြု သားမွေးခြင်းကိစ္စ တို့မှ) လုံးဝကင်းတော်မူ၏။ (အမှန်စင်စစ်) မည်သည့် အခါမဆို ထိုအရှင်မြတ်သည် အမှုကိစ္စ တစ်စုံတစ်ရာ ကို စီရင်ပြဋ္ဌာန်းတော်မူပါလျှင် ထိုအရှင်မြတ်သည် ယင်းအမှုကိစ္စကို ဖြစ်စေဟု မိန့်ကြားတော်မူရုံမျှဖြင့် ထိုအမှုကိစ္စသည် ဖြစ်သွားလေ၏။

وَإِنَّ اللَّهَ رَبِّي وَرَبُّكُمْ فَاعْبُدُوهُ ۚ هَٰذَا صِرَاطٌ مُّسْتَقِيمٌ ﴿٣٦﴾

၃၆။ ၎င်းပြင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အားလည်း ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အသင်တို့အားလည်း ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင်၊ ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အားသာလျှင် ခဝပ် ကိုးကွယ်ကြလေကုန်။ ဤသည်သာလျှင် ဖြောင့်မတ် သော တရားလမ်းပင်ဖြစ်ပေသတည်း။

فَاخْتَلَفَ الْأَحْزَابُ مِن بَيْنِهِمْ ۖ فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن مَّشْهَدِ يَوْمٍ عَظِيمٍ ﴿٣٧﴾

၃၇။ ထို့နောက် ၎င်း(ခရစ်ယာန်)တို့အနက် အုပ်စု အသီးသီးတို့သည် အထင်အမြင် အယူအဆ ကွဲပြားခဲ့ ကြလေသည်။ [၁] သို့ဖြစ်ပေရာ ကြီးကျယ်လှစွာသော (ကိယာမတ်)နေ့ ရောက်ရှိလာသောအခါ ကာဖိရ် သွေဖည်ငြင်းပယ်သူတို့၌ (အကြီးအကျယ်) ပျက်စီးမှု သည် ရှိအံ့သတည်း။ [၂]

➤➤ တမန်တော်သာ ဖြစ်သည်။ မရ်ယမ်သခင်မ၏ သားတော်ဖြစ်သည်။ မရ်ယမ်သခင်မမှာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အမျိုးသမီးတစ်ဦးဖြစ်သည်။

ဤအာယတ်တော်တွင် လာရှိသည့် (قَوْلَ الْحَقِّ) "ကောင်လလ်ဟာက္ကိ" ၏အနက်ကို (كلمة الله) "ကလိမတွလ္လာဟ်" အလ္လာဟ်အရှင်မြတ်၏ အာယတ်တော် ဖြစ်သည်ဟုလည်း အချို့ကဖွင့်ဆိုကြသည်။

① ပွင့်လေသမျှသော တမန်တော်အပေါင်းတို့၏ မူလဘူတ အဓိကတရားမှာ "တောင်ဟီဒ်" (တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်ခြင်း) ပင်ဖြစ်သည်။ တောင်ဟီဒ်တရားသည် မှန်သည်၊ ယုတ္တိဒဋ္ဌိ၊ အာဂမဒဋ္ဌိ နှစ်လိုသော အထောက်အထားများနှင့်လည်း ပြည့်စုံသည်။ တမန်တော်အဖီစာလည်း ➤➤

أَسْمِعْ بِهِمْ وَأَبْصِرْ يَوْمَ يَأْتُونَنَا لَٰكِنِ الظَّٰلِمُونَ الْيَوْمَ فِي ضَلَٰلٍ مُّبِينٍ ﴿٣٨﴾

၃၈။ ၎င်းတို့သည် ငါအရှင်မြတ်ထံတော်သို့ လာကြသောနေ့တွင် အဘယ်မျှလောက် ကြားသူများ၊ အဘယ်မျှလောက် မြင်သူများ ဖြစ်သွားကြအုံနည်း။ သို့ရာတွင် ယနေ့သော်ကား မတရားကျူးလွန်သူတို့သည် အလွန်ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေကြကုန်၏။

وَأَنذِرْهُمْ يَوْمَ الْحَسْرَةِ إِذْ قُضِيَ الْأَمْرُ وَهُمْ فِي غَفْلَةٍ وَهُمْ لَا يُؤْمِنُونَ ﴿٣٩﴾

၃၉။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား အမှန်စင်စစ် ၎င်းတို့သည် အလေးမမူဂရုမစိုက်ဘဲ ရှိနေကြပေရာ အကြင် ဝမ်းနည်းကြေကွဲရမည့်နေ့နှင့်စပ်လျဉ်း၍ သတိပေး နှိုးဆော်ပါလေ။ ထိုနေ့တွင် အမှုကိစ္စ(အဝဝတို့သည် နောက်ဆုံးအနေနှင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်အုံသတည်း။

إِنَّا نَحْنُ نَرِثُ الْأَرْضَ وَمَنْ عَلَيْهَا وَإِلَيْنَا يُرْجَعُونَ ﴿٤٠﴾

၄၀။ ၎ကန်မလွဲ ငါအရှင်မြတ်သာလျှင် ကမ္ဘာမြေကို လည်းကောင်း၊ ယင်းကမ္ဘာမြေဝယ် ရှိသမျှတို့ကိုလည်းကောင်း၊ အမွေခံ(ဝါ)နောက်ဆုံးပိုင်ဆိုင်တော်မူသော အရှင်မြတ်အဖြစ် ကျန်ရစ်တော်မူမည်။ ထိုမှတစ်ပါး ၎င်းတို့သည် ငါအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြရမည်သာတည်း။

➤➤ ဤသည့်တောင်ဟီဒ်တရားကိုပင် အခြေခံထား၍ ဟောကြားတော်မူခဲ့သည်။ သို့ပါလျက် ခရစ်ယာန်များတွင် တောင်ဟီဒ်ကိုငြင်းပယ်၍ အုပ်စုဂိုဏ်းဂဏ အမျိုးမျိုးပေါ်ကာ ဘာသာအယူဝါဒ အမျိုးမျိုး ကွဲပြားလာခဲ့ပေသည်။ ကြည့်-ထာနဝီ။

Ⓙ တောင်ဟီဒ်ကို ငြင်းပယ်သော ကာဖိရ်များသည် အလွန်ကြောက်မက်ဖွယ်ကောင်းသောနေ့၊ မုခ၂ဆိုက်ရောက်မည့် ဖြစ်သည့်နေ့၊ (ဝါ) ကိယာမတ်နေ့တွင် ပျက်စီးခြင်းကြီးမက ပျက်စီးကြရတော့မည်။ ကာဖိရ်များသည် ဤသည့်အချက်ကို သိထားသင့်ကြပေသည်။

ဤအာယတ်တော်တွင်ပါရှိသည့် (مَشْهَد) "မရှ်ဟဒ်" ဟူသောပုဒ်ကို ဆိုက်ရောက်ခြင်း၊ ဆိုက်ရောက်ရာဌာန၊ ဆိုက်ရောက်သည့် အချိန်ဟူ၍ အနက်အဓိပ္ပါယ် အမျိုးမျိုး ကောက်ယူနိုင်ပေသည်။

وَاذْكُرْ فِي الْكِتٰبِ اِبْرٰهِيْمَ ۘ اِنَّهٗ كَانَ صِدِّيْقًا نَّبِيًّا ﴿٤١﴾

၄၁။ ထိုမှတစ်ပါး: (အို-နဗီတမန်တော်) အသင်သည် (မိမိအမျိုးတို့ရှေ့ဝယ် ဤ)ကျမ်းဂန်မှ (နဗီတမန်တော်)အီဗ်ရာဟီမ်(၏အကြောင်း: အတ္ထုပ္ပတ္တိ)ကို ဖတ်ကြားပါလေ။ ဧကန်မလွဲ ထို အီဗ်ရာဟီမ်သည် သစ္စာဝါဒီ ဖြစ်ခဲ့ပေသည်။ နဗီတမန်တော်လည်း ဖြစ်ခဲ့ပေသည်။ ③

اِذْ قَالَ لِاَبِيْهِ يٰٓاَبَتِ لِمَ تَعْبُدُ مَا لَا يَسْمَعُ وَلَا يُبْصِرُ وَلَا يُغْنِيْ عَنْكَ شَيْـًٔا ﴿٤٢﴾

၄၂။ တစ်ရံရောအခါ ထို(နဗီတမန်တော်အီဗ်ရာဟီမ်)သည် မိမိဖခင်(အာဇရ်)အား (ဤသို့) ပြောကြားခဲ့လေသည်။ အို-ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)သည် အဘယ်ကြောင့် အကြင်အရာကို ခဝပ်ကိုးကွယ်နေပါသနည်း။ ထိုအရာသည် (တစ်စုံတစ်ရာကိုမျှပင်) ကြားသည်လည်း မဟုတ်၊ မြင်သည်လည်း မဟုတ်ချေ။ ထိုမှတစ်ပါး: ယင်းအရာသည် အသင်(ဖခင်)အဖို့ စိုးစဉ်းမျှပင် အသုံးဝင်နိုင်မည်လည်းမဟုတ်ပေတကား။

يٰٓاَبَتِ اِنِّيْ قَدْ جَآءَنِيْ مِنَ الْعِلْمِ مَا لَمْ يَاْتِكَ فَاتَّبِعْنِيْٓ اَهْدِكَ صِرَاطًا سَوِيًّا ﴿٤٣﴾

၄၃။ အို-ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)၏ထံသို့ မရောက်ခဲ့သော အသိပညာ(ဝဟီအမိန့်တော်)ကား: ④ ဧကန်မလွဲ ကျွန်ုပ်ထံ ရောက်လာခဲ့ပြီဖြစ်ပါ၍ အသင်(ဖခင်)သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ပါ။ ကျွန်ုပ်သည် အသင်(ဖခင်)အား ဖြောင့်မတ်သောတရားလမ်းမှန်ကို ပြသပါမည်။

---

③ **မှတ်ချက်။**

တမန်ဆော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)၏အကြောင်း: ကုရ်အာန်(၂း၁၂၄-၁၄၁)တွင် အကျယ်တဝင့်ပါရှိသည်။ သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုပါကုန်။

တမန်တော် အီဗ်ရာဟီမ်သည် "ဆွစ်ဒ်ဒီက်" ဖြစ်တော်မူသည်၊ "ဆွစ်ဒ်ဒီက်" သဒ္ဒါသည် အလွန်အမှန်ဆိုသူ၊ မိမိ၏ပြောဆိုချက်ကို အမှန်ဖြစ်ကြောင်း လက်တွေ့ပြသူ ဟူသော အနက်ကိုဟောသည်။ တမန်တော် အီဗ်ရာဟီမ်၏ စိတ်နလုံးသည် အလွန်တရာမျှ ဖြူစင်သည်၊ အမှန်တရားကို လက်ခံရန် စွမ်းရည်သတ္တိ အပြည့်အဝရှိသည်။ အလ္လာဟ်အရှင်မြတ် ထံတော်မှ ကျရောက်လာသော အမိန့်တော်များကို ဆုတ်ဆိုင်းခြင်း: အလျှင်းမရှိဘဲ၊ သံသယကင်းစွာဖြင့် ယုံကြည်လက်ခံသည်၊ လက်တွေ့ အကောင်အထည်ဖော်သည်။ ➤➤

يَٰٓأَبَتِ لَا تَعۡبُدِ ٱلشَّيۡطَٰنَۖ إِنَّ ٱلشَّيۡطَٰنَ كَانَ لِلرَّحۡمَٰنِ عَصِيّٗا ٤٤

၄၄။ အိုး-ကျွန်ုပ်၏ဖခင်၊ အသင်(ဖခင်)သည် ရှိုင်တွာန်မိစ္ဆာကောင်ကို ခဝပ်ကိုးကွယ်ခြင်းမပြုပါနှင့်။ [၁] ဧကန်မလွဲ ရှိုင်တွာန်မိစ္ဆာကောင်မှာ ရဟ်မာန် အနန္တကရုဏာရှင်(၏)အမိန့်တော်)ကို ဖီဆန်သူဖြစ်ခဲ့ပါသည်။

يَٰٓأَبَتِ إِنِّيٓ أَخَافُ أَن يَمَسَّكَ عَذَابٞ مِّنَ ٱلرَّحۡمَٰنِ فَتَكُونَ لِلشَّيۡطَٰنِ وَلِيّٗا ٤٥

၄၅။ အိုး-ကျွန်ုပ်၏ဖခင်၊ ဧကန်ဆတ်ဆတ် ကျွန်ုပ်မူကား အသင်(ဖခင်)၌ ရဟ်မာန် အနန္တကရုဏာတော်ရှင်၏အထံတော်မှ ပြစ်ဒဏ်သင်္ကာရောက်မည်ကို စိုးရိမ်မိပါသည်။ ထိုသို့ဖြစ်ခဲ့ပါလျှင် အသင်(ဖခင်)သည် ရှိုင်တွာန်မိစ္ဆာကောင်၏ အဆွေခင်ပွန်း ဖြစ်သွားပါလိမ့်မည်။

قَالَ أَرَاغِبٌ أَنتَ عَنۡ ءَالِهَتِي يَٰٓإِبۡرَٰهِيمُۖ لَئِن لَّمۡ تَنتَهِ لَأَرۡجُمَنَّكَۖ وَٱهۡجُرۡنِي مَلِيّٗا ٤٦

၄၆။ (ထိုအခါ နဗီတမန်တော်အီဗ်ရာဟီမ်၏ဖခင်)ထို(အာဇရ်)က (ဤသို့)ပြောဆို (ကြိမ်းမောင်း)ခဲ့လေသည်။ အိုး-အီဗ်ရာဟီမ်၊ အသင်သည် ကျွန်ုပ်၏ကိုးကွယ်ရာတို့ဘက်မှ မျက်နှာလွှဲသူ(ကျောခိုင်း)သူ ဖြစ်နေပါသလော။

➤➤ တမန်တော် အီဗ်ရာဟီမ်သည် အရေးကိစ္စအဝဝတွင် အဖက်ဖက်၌ "ဆွစ်ဒ်ဒီက်" ဖြစ်တော်မူခဲ့သည်။ "ဆွစ်ဒ်ဒီက်" ဖြစ်ခြင်းနှင့် "နဗီ" ဖြစ်ခြင်းသည် အညမညမဟုတ်။ ဆွစ်ဒ်ဒီက် ဖြစ်သူသည် နဗီဖြစ်ရကောင်းစေ မဟုတ်၊ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် "ဆွစ်ဒ်ဒီက်"ဟူသော ဂုဏ်ပုဒ်၏နောက်တွင် "နဗီ" ဟူသော ဂုဏ်ပုဒ်ကို အထူးတလည် ထုတ်ဖော် မိန့်ဆိုထားတော် မူခြင်းဖြစ်သည်။

(၂) တမန်တော် အီဗ်ရာဟီမ် ရရှိသော အသိပညာဟူသည် "တောင်ဟီဒ်" အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း ရှိတော်မူခြင်း၊ "အီမာန်" အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်းနှင့် "နဂျာတ်"ငရဲ မီးဘေးမှ လွတ်မြောက်ခြင်းဆိုင်ရာ အသိပညာ(၀ါ) အလ္လာဟ်အရှင်မြတ်၏ "၀ဟီ" အမိန့်တော်၊ ဒေသနာတော်ကို ဆိုလိုသည်။

ကြည့်-မာဂျိဒီ။ ထာနဝီ။

(၁) ဆင်းတုများကို ကိုးကွယ်ခြင်းသည် ရှိုင်တွာန်၏ ဖြားယောင်းမှုကြောင့်ဖြစ်သည်။ ရှိုင်တွာန်သည် မိမိ၏ဖြားယောင်းမှုကြောင့် ဆင်းတုများကို လူများကိုးကွယ်ကြသည့်အခါ အထူး၀မ်းသာသည်။ ဤသည့်သဘောဖြင့် ဆင်းတုများကို ကိုးကွယ်ခြင်းသည် တစ်နည်းအားဖြင့် ရှိုင်တွာန်ကို ကိုးကွယ်ခြင်းပင်ဖြစ်သည်။ ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်အား ဖီဆန်ခဲ့သူဖြစ်သည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်အား ဖီဆန်ခဲ့သူကို ကိုးကွယ်ခြင်းသည် အလ္လာဟ်အရှင်မြတ်အား အကြီးဆုံး ဖီဆန်ရာမည်သည်။ ➤➤

အကယ်၍သာ အသင်သည် (မိမိ လက်ရှိ အယူဝါဒကိုလည်းကောင်း၊ မိမိအယူဝါဒနှင့်စပ်လျဉ်း၍ ကျွန်ုပ်၏ရှေ့ဝယ် ဟောပြောခြင်းကိုလည်းကောင်း၊) မစွန့်ခဲ့ပါလျှင် မလွဲမကန် ကျွန်ုပ်သည် အသင့်အား ခဲဖြင့် ပစ်ပေါက်သတ်ရလိမ့်မည်။ ၎င်းပြင် အသင်သည် ကျွန်ုပ်အား ကာလရှည်ကြာစွာ စွန့်ထားလော့။

قَالَ سَلٰمٌ عَلَيْكَ ۚ سَاَسْتَغْفِرُ لَكَ رَبِّيْ ۭ اِنَّهٗ كَانَ بِيْ حَفِيًّا ۝۴۷

၄၇။ ထိုအခါ ထို(နဗီတမန်တော်) အိဗ်ရာဟီမ်က (မိမိဖခင်အာဇရ်အား ဤသို့)ပြောဆိုဖြေကြားခဲ့လေသည်။ (အိုး–ဖခင်၊ "စလာမွန်အလိုက်" ငြိမ်းချမ်းသာယာမှုသည် အသင့်အပေါ်၌ရှိပါစေ၊ (ကျွန်တော် လမ်းခွဲပါရစေ)၊ ယခုသော်ကား ကျွန်ုပ်သည် အသင်(ဖခင်)အဖို့ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါတော့မည်။ [၁] မလွဲမကန် ထိုအရှင်မြတ်သည် ကျွန်ုပ်အပေါ်၌ အလွန်တရာကျေးဇူးပြုတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။

وَاَعْتَزِلُكُمْ وَمَا تَدْعُوْنَ مِنْ دُوْنِ اللّٰهِ وَاَدْعُوْا رَبِّيْ ۡ عَسٰٓى اَلَّآ اَكُوْنَ بِدُعَاۗءِ رَبِّيْ شَقِيًّا ۝۴۸

၄၈။ ထိုမှတစ်ပါး ကျွန်ုပ်သည် အသင်တို့ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ်(တသ ကိုးကွယ်)လျက်ရှိကြသော အရာဝတ္ထုတို့ကိုလည်းကောင်း၊ (စွန့်ကာ) သောဖယ်၍နေပါတော့မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သာလျှင် ဟစ်ခေါ်(တသ ပန်ကြား)ပါတော့မည်။

➤➤ ဖခင်ကြီးအာဒမ်သည် ရှိုင်တွာန်၏ဖြားယောင်းမှုကြောင့် တစ်ကြိမ်တိမ်းပါးခဲ့ရပြီ၊ သို့ပါလျက် ဖခင်ကြီးအာဒမ်၏ သားသမီးများသည် ယင်းရှိုင်တွာန်၏စကားကို နားယောင်ကြပါက လဲသေရန်ပင်ကောင်းတော့သည်။ (اَعُوْذُ بِاللّٰهِ مِنَ الشَّيْطٰنِ الرَّجِيْمِ)

① ကာဖိရ်၊ မုရှ်ရစ်ကများအတွက် ဆုပန်ကြားခြင်း မပြုအပ်သည့်အကြောင်း၊ တမန်တော်အိဗ်ရာဟီမ်က ➤➤

(စင်စစ်) ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ဟစ်ခေါ်(တသပန်ကြား)၍ လိုဘမပြည့်သူ မဖြစ်နိုင်ပါ။

فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ وَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ ۖ وَكُلًّا جَعَلْنَا نَبِيًّا ﴿٤٩﴾

၄၉။ တစ်ဖန် အကြင်အခါဝယ် ယင်းအမိဗ်ရာဟီမ်သည် ထိုသူတို့.ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား စွန့်၍ ထိုသူတို့. ကိုးကွယ်လျက်ရှိကြသော အရာဝတ္ထုများကိုလည်းကောင်း၊ (စွန့်၍) ဘေးဖယ်ခဲ့သောအခါ ငါအရှင်မြတ်သည် ထိုအမိဗ်ရာဟီမ်အား (သားတော်)အစ္စဟာက်ကိုလည်းကောင်း၊ (မြေးတော်) ယအ်ကူဗ်ကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် (ယင်းအိစ်ဟာက်နှင့် ယအ်ကူဗ်တို့.အနက်) အသီးသီးကို နဗီတမန်တော်အဖြစ်သို့ ချီးမြှင့်တော်မူခဲ့လေသတည်း။

وَوَهَبْنَا لَهُم مِّن رَّحْمَتِنَا وَجَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِيًّا ﴿٥٠﴾

၅၀။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့.အား မိမိကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်ပြင် ငါအရှင်မြတ်သည် ၎င်းတို့.၏ မှန်ကန်သောဂုဏ်သတင်းကိုလည်း မြင့်မြတ် (ကျော်ကြားထင်ရှား)စေတော်မူခဲ့ပေသတည်း။

وَاذْكُرْ فِي الْكِتَابِ مُوسَىٰ إِنَّهُ كَانَ مُخْلَصًا وَكَانَ رَسُولًا نَّبِيًّا ﴿٥١﴾

၅၁။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် (ဤ)ကျမ်းဂန်မှ (နဗီတမန်တော်)မူစာ၏ အကြောင်းအထူးပွတ္တိကို ဖတ်ကြားပါလေ။ ဧကန်မုချ ယင်းမူစာသည် အထူးရွေးချယ်တော်မူခြင်းခံရသူဖြစ်သည့်ပြင် ရာ့ဆူလ်တမန်တော်လည်းဖြစ်ခဲ့၏။ နဗီတမန်တော်လည်းဖြစ်ခဲ့၏။ [၁]

➤➤ မိမိ၏ဖခင်ကြီးအတွက် ဆုပန်ကြားခဲ့ခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၉:၁၁၃-၁၁၄)တွင် မိန့်ဆိုထားတော်မူသည်။ သက်ဆိုင်ရာအဖွင့်များကို ပြန်လည်ရှုပါကုန်။

① **တမန်တော်မူစာ။**

တမန်တော်မူစာသည် တမန်တော် အစ္စဟာက်၊ တမန်တော် ယအ်ကူဗ်တို့.၏ မျိုးနွယ်ဆက်မှ ➤➤

➢➢ ဖြစ်သည်။ အစ္စရာအီလီ မျိုးနွယ်များတွင် ပွင့်သောတမန်တော်များအနက် ကျော်ကြားထင်ရှားသော၊ ရာဇဝင်ပြောင်မြောက်သော ကျမ်းဂန်ရှ တမန်တော်တစ်ပါးလည်း ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်တွင် တမန်တော်ယဟ်ယာ၊ တမန်တော်အီစာတို့၏ အကြောင်းများကို ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းမှာ အထူးသဖြင့် ခရစ်ယာန်များကို အမြင်မှန်ရစေတော် မူရန်ပင်ဖြစ်သည်။ တမန်တော် အီဗ်ရာဟီမ်၏အကြောင်းကို ထုတ်ဖော် မိန့်ဆိုထားတော်မူခြင်းမှာ အထူးသဖြင့် အရဗ်မုရ်ရစ်က်တို့အား သတိပေးတော်မူရန်ပင် ဖြစ်သည်။

ထို့အတူ တမန်တော်မူစာနှင့် တမန်တော်ဟာရွန်တို့၏ အကြောင်းကို မိန့်ဆိုထားတော်မူခြင်းမှာ အထူးသဖြင့် ယဟူဒီများကို တရားပြတော် မူရန်ပင်ဖြစ်သည်။

ထို့ပြင်တစ်ဝ ကမ္ဘာတစ်သက် တည်ရှိမည့် ကုရ်အာန်ကျမ်းမြတ်တွင် သူတမန်တော်၊ ငါတမန်တော်ဟူ၍ ခွဲခြားခြင်းအလျှင်းမရှိဘဲ အမှန်အတိုင်း တမန်တော်အသီးသီးတို့၏ ဂုဏ်ရည်များကို ဖွင့်ဟထုတ်ဖော် မိန့်ကြားထားတော်မူသည်ဖြစ်ပေရာ၊ အတိတ်ခေတ် ကျမ်းရလူမျိုးတို့သည်လည်း ၎င်းတို့၏ကျမ်းဂန်များတွင် ပါရှိခဲ့သော ဗျာဒိတ်၊ သက်သေနမိတ်များနှင့်အညီ တမန်တော်အိစ်မာအီလ်၏ မျိုးနွယ်ဆက်မှ ပွင့်လာတော်မူခဲ့သော တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အားလည်း သဘောထားကြီးစွာဖြင့် လက်ခံယုံကြည်သင့်ကြပေသည်။

ထို့အတွက်ကြောင့်ပင် တမန်တော်မူစာ၏အကြောင်း နောက်တွင် တမန်တော် အိစ်မာအီလ်၏အကြောင်း ဆက်စပ်မိန့်ဆို ထားတော်မူခြင်း ဖြစ်တန်ရာသည်။

"ရစူလ်" နှင့် "နဗီ" တို့၏ခြားနားချက်။

"ရစူလ်" နှင့် "နဗီ" သည် အသို့ခြားနားသနည်း။ ဤတွင် အဆိုအမျိုးမျိုးရှိသည်။ အချုပ်မှာ...

"ရစူလ်"ဟူသည် မိမိပွင့်ရောက်ဟောကြားရမည့် လူမျိုးစုအား ရှရီအတ် ပဋိပတ်အသစ်ကို ဟောညွှန်ပြသော အလ္လာဟ်အရှင်မြတ်၏ တမန်တော်တည်း။ ထိုသည့် ရှရီအတ်သည် သက်ဆိုင်ရာတမန်တော်အဖို့ အသစ်ဖြစ်သည်လည်းရှိ၏။

ဥပမာ-တမန်တော် မူစာ၊ တမန်တော်မူစာ ချီးမြှင့်တော်မူခြင်းခံခဲ့ရသော တောင်ရာတ်ကျမ်းသည် တမန်တော်မူစာအဖို့လည်း အသစ်ဖြစ်ခဲ့ပေသည်။ သို့တည်းမဟုတ်၊ ရှရီအတ်သည် သက်ဆိုင်ရာတမန်တော်အဖို့ အသစ်မဟုတ်သော်လည်း ထိုတမန်တော် ဟောညွှန်ရမည့် လူမျိုးစုအဖို့မှာကား အသစ်ဖြစ်သည်လည်းရှိ၏။

ဥပမာ-တမန်တော်အိစ်မာအီလ်။ တမန်တော်အိစ်မာအီလ် ဟောကြားခဲ့သည့် ရှရီအတ်သည် တမန်တော်အီဗ်ရာဟီမ်၏ ရှရီအတ်ပင်ဖြစ်သည်။ ယင်းသည့် ရှရီအတ်သည် အသစ်မဟုတ်၊ သို့တစေလည်း တမန်တော်အိစ်မာအီလ် ပွင့်ရောက်ဟောညွှန်ခဲ့သည့် ဣျူရ်ဟွန်မ် မျိုးနွယ်စုအဖို့မှာကား အသစ်ပင်ဖြစ်ခဲ့ပေသည်။ သို့ဖြစ်ရာ တမန်တော်မူစာလည်း ရစူလ်မည်သည်၊ တမန်တော် အိစ်မာအီလ်လည်း ရစူလ် မည်သည်။

"နဗီ"ဟူသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဝဟီအမိန့်တော် ချီးမြှင့်တော်မူခြင်းခံခဲ့ရသော အလ္လာဟ်အရှင်မြတ်၏ တမန်တော်တည်း။ ထိုသို့သော တမန်တော်သည် ရှရီအတ်အသစ်ကို ဟောကြားသည်လည်း ရှိ၏။ ရှရီအတ် အဟောင်းကို ဟောကြားသည်လည်းရှိ၏။

ဥပမာ- အစ္စရာအီလီမျိုးနွယ်များတွင် ပွင့်ရောက်ခဲ့သော တမန်တော်များအနက် များစွာသော တမန်တော်များ၊ ၎င်းတို့သည် နဗီများပင် ဖြစ်ခဲ့ကြပေသည်၊ တမန်တော်မူစာ၏ ရှရီအတ်ကိုပင် တစ်ဆင့် ဟောကြားခဲ့ကြပေသည်။ ➢➢

وَنَادَيْنٰهُ مِنْ جَانِبِ الطُّوْرِ الْاَيْمَنِ وَقَرَّبْنٰهُ نَجِيًّا ﴿٥٢﴾

၅၂။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းမူစာအား (ၚင်း၏) လက်ယာဘက်၌ရှိသော တူရိမည်သော တောင်၏ဘက်မှ ဟစ်ခေါ်တော်မူခဲ့လေသည်။ ထိုမှ တစ်ပါးလည်း ငါအရှင်မြတ်သည် ယင်းမူစာအား လျှို့ဝှက်စကားပြောကြားသူအဖြစ် မြှောက်စားတော်မူခဲ့လေသည်။ [၁]

وَوَهَبْنَا لَهٗ مِنْ رَّحْمَتِنَآ اَخَاهُ هٰرُوْنَ نَبِيًّا ﴿٥٣﴾

၅၃။ ၚင်းပြင် ငါအရှင်မြတ်သည် ယင်းမူစာအား ၚင်း၏အစ်ကို ဟာရွန်ကို နဗီတမန်တော်အဖြစ်နှင့် ချီးမြှင့် ပေးသနားတော်မူခဲ့ပေသတည်း။

وَاذْكُرْ فِي الْكِتٰبِ اِسْمٰعِيْلَ ۚ اِنَّهٗ كَانَ صَادِقَ الْوَعْدِ وَكَانَ رَسُوْلًا نَّبِيًّا ﴿٥٤﴾

၅၄။ ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် (ဤ)ကျမ်းဂန်မှ (နဗီတမန်တော်)အိစ်မာအီလ်၏အကြောင်း အတ္ထုပ္ပတ္တိကို (ၚင်းတို့ရှေ့ဝယ်) ဖတ်ကြားပါလေ။ ဧကန်စင်စစ် ယင်းအိစ်မာအီလ်သည် ကတိတည်ကြည်သူဖြစ်ခဲ့သည့်ပြင် ရဒူလ်တမန်တော်လည်း ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။ [၂]

➤➤ **မှတ်ချက်။** "ရဒူလ်"သည် နဗီ ဖြစ်သည်လည်းရှိ၏။ နဗီ မဖြစ်သည်လည်းရှိ၏။

ဥပမာ- 'မာလအေ့ကဟ်' ကောင်းကင်တမန်များကို ရဒူလ်ဟူ၍ ခေါ်ဝေါ်သုံးနှုန်း ထားတော်မူသည်၊ သို့ရာတွင် ယင်းကောင်းကင် တမန်များသည် နဗီများမဟုတ်ကြပေ။ ထို့အတူ နဗီများမှတစ်ဆင့် စေလွှတ်ခဲ့သော ကိုယ်စားလှယ်တော်များကိုလည်း ရဒူလ်ဟူ၍ ခေါ်ဝေါ်သုံးနှုန်း ထားတော်မူသည်၊ သို့ရာတွင် ၚင်းတို့သည် နဗီများမဟုတ်ကြပေ။ ကြည့်-ကုရ်အာန်(၃၆း၁၃-၁၉)။ ထာနဝီ။

① တမန်တော်မူစာသည် မဒ်ယန်မှ အီဂျစ်ပြည်သို့အပြန် လမ်းခရီးတွင် ဒုက္ခဖြစ်နေစဉ် မီးကိုမြင်မိ၏။ မီးယူရန် တူရိတောင်၏ မင်္ဂလာရှိသောဘက်သို့ ရောက်ရှိလာသောအခါ၊ (ထိုဘက်သည် တမန်တော်မူစာ၏ ညာဘက်တွင် တည်ရှိခဲ့၏။) အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား အသံပြုတော်မူ၍ တိုးတိုးစွာ စကားပြောဆိုခွင့် ချီးမြှင့်တော်မူခဲ့လေသည်။ (ဤအကြောင်းကို ရှေ့လာလတ္တံ့သော "တွာဟာ" ကဏ္ဍတွင် အကျယ်ရေးသားဖော်ပြပါအုံ့။)

ထိုအခါ တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်၏စကားတော်ကို (စပ်ကြားတွင် ကောင်းကင်တမန်မပါရှိဘဲ အဖက်ဖက်အရပ်ရပ်မှ တိုက်ရိုက်ကြားနေခဲ့ရလေသည်။ ထိုအချိန်တွင် တမန်တော်မူစာသည် "ရူဟာနီ" နာမ်သဘောအားဖြင့် အလ္လာဟ်အရှင်မြတ်နှင့် အဘယ်မျှနီးစပ်ခဲ့ရသည်ဆိုသော် တောင်ရာတ်ကျမ်းဂန်ရေးမှတ်သော ကလောင်သံများကိုပင် ကြားခဲ့ရလေသည်။ ဤသည် တမန်တော်မူစာ၏ ထူးခြားချက်တစ်ရပ်ပင်။

وَكَانَ يَأْمُرُ أَهْلَهُ بِالصَّلَوٰةِ وَالزَّكَوٰةِ وَكَانَ عِندَ رَبِّهِ مَرْضِيًّا ﴿٥٥﴾

၅၅။ ၎င်းပြင် ယင်းအိစ်မာအီလ်သည် မိမိအိမ်သူအိမ်သား‌တို့အား ဆွလာတ်ဝတ်ပြုရန်လည်းကောင်း၊ ဇကာတ်ပေးဆောင်ရန်လည်းကောင်း၊ အမိန့်ပေး ညွှန်ကြားလေ့ရှိခဲ့ပေသည်။ ထိုမှတစ်ပါး ယင်းအိစ်မာအီလ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် နှစ်မြို့ဖွယ်လည်းဖြစ်ခဲ့ပေသတည်း၊ ၁

وَاذْكُرْ فِي الْكِتَٰبِ إِدْرِيسَ ۚ إِنَّهُ كَانَ صِدِّيقًا نَّبِيًّا ﴿٥٦﴾

၅၆။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့ရှေ့ဝယ် ဤ)ကျမ်းဂန်မှ (နဗီတမန်တော်) အိဒ်ရိစ်၏ ၂ အကြောင်းအထွေပွတ္တိကို ဖတ်ကြားပါလေ။ ဇကန်အမှန်ပင် ယင်းအိဒ်ရိစ်သည် သစ္စာဝါဒီဖြစ်ခဲ့၏။ နဗီတမန်တော်ဖြစ်ခဲ့၏။

① **တမန်တော်အိစ်မာအီလ်။**

တမန်တော်အိစ်မာအီလ်၏ ခမည်းတော်မှာ တမန်တော် အီဗရာဟီမ်ဖြစ်သည်၊ မယ်တော်မှာ အီဂျစ်ဘုရင်၏သမီးတော် ဟာဂျရာဟ်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ တမန်တော် အီဗရာဟီမ် ကုရ်ဗာနီပြုခဲ့သော သားတော်မှာလည်း တမန်တော် အိစ်မာအီလ်ပင်ဖြစ်သည်။ တမန်တော် အိစ်မာအီလ်သည် "ရဆူလ်" လည်းဖြစ်သည်၊ "နဗီ" လည်းဖြစ်သည်။

တမန်တော် အိစ်မာအီလ်သည် အာရဗ်နိုင်ငံ ဟေဂျာဇ်ပြည်၏ မျိုးဘလည်းဖြစ်သည်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် တမန်တော်အိစ်မာအီလ်၏ မျိုးနွယ်ဝံသမှပင် ဖြစ်တော်မူသည်။ တမန်တော် အိစ်မာအီလ်သည် မိမိ၏ဖခင်ကြီး တမန်တော်အီဗရာဟီမ်၏ ရှရီအတ်ကိုပင် ဂျူရ်တွန်မ်မျိုးနွယ်တို့အား ဟောကြားခဲ့လေသည်။

တမန်တော် အိစ်မာအီလ်သည် ကတိတည်မှုတွင် အထူးကျော်ကြားခဲ့ပေသည်။ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ဖြစ်စေ၊ လူသား‌တို့နှင့်ပတ်သက်၍ဖြစ်စေ၊ မိမိပြုခဲ့သည့် ကတိများကို စွမ်းလွန်းတမံ ပြည့်ဝစေခဲ့သည်သာဖြစ်ခဲ့ပေသည်။ တစ်ခါသော် တမန်တော် အိစ်မာအီလ်က ပုဂ္ဂိုလ်တစ်ဦး‌အား "အသင် ပြန်လာသည်အထိ ကျွန်ုပ်စောင့်ဆိုင်းမည်" ဟု ကတိပြုခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည် သုံးရက်တိုင်တိုင် ပေါ်မလာခဲ့ချေ။ သို့ရာတွင် တမန်တော် အိစ်မာအီလ်သည် မိမိ၏ကတိအတိုင်း ထိုနေရာ၌ပင် စောင့်၍နေတော် မူခဲ့လေသည်။

တမန်တော်အိစ်မာအီလ်အကြောင်းကို ကုရ်အာန်(၂:၁၂၅)တွင် ပြန်လည်ရှုပါကုန်။

② တမန်တော် အိစ်မာအီလ်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အလွန်နှစ်မြို့ဖွယ်ဖြစ်သော တမန်တော်တစ်ပါး ဖြစ်ခဲ့ပေသည်။ အလ္လာဟ်အရှင်မြတ် ထံတော်၌ ထိုအရှင်မြတ်၏ အမိန့်ပညတ် အရပ်ရပ်ကို တိကျလိုက်နာဆောင်ရွက်သော ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်တို့သာလျှင် နှစ်မြို့တော်မူခြင်းကို ခံကြရပေသည်။ တမန်တော်အိစ်မာအီလ်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ ကုရ်ဗာနီပြုလုပ်ရန်အတွက် မိမိ၏လည်ကို ကြည်ဖြူစွာစင်းပေးခဲ့သည့် မဟုတ်ပါလော၊ ဤသည် တမန်တော်အိစ်မာအီလ်၏ အလွန်ထူးမြတ်သော ဂုဏ်ပုဒ်တစ်ပါးပင်။

وَّرَفَعْنٰهُ مَكَانًا عَلِيًّا ﴿٥٧﴾

၅၇။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းအိဒ်ရိစ်အား မြင့်မြတ်သော နေရာဌာနသို့ ချီးမြှင့်မြှောက်စားတော် မူခဲ့ပေသတည်း။

اُولٰٓئِكَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ مِنْ ذُرِّيَّةِ اٰدَمَ وَمِمَّنْ حَمَلْنَا مَعَ نُوْحٍ وَّمِنْ ذُرِّيَّةِ اِبْرٰهِيْمَ وَاِسْرَآءِيْلَ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا ؕ اِذَا تُتْلٰى عَلَيْهِمْ اٰيٰتُ الرَّحْمٰنِ خَرُّوْا سُجَّدًا وَّبُكِيًّا ﴿٥٨﴾

၅၈။ အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူခဲ့သော ဤသူတို့ကား- ဤနဗီတမန်တော်များပင်တည်း။ အချို့မှာ အာဒမ်၏သားသမီးများ၊ အချို့မှာ ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်နှင့်အတူ (သင်္ဘော်ပေါ်တွင်) တင်ဆောင်တော်မူခဲ့သော သူတို့၏သားသမီးများ၊ အချို့မှာ အီဗ်ရာဟီမ်၏သားသမီးများ၊ အချို့မှာ အစ္စရာအီလ်၏ သားသမီးများ ဖြစ်ကြပေသည်။ [၁] ထို့ပြင် ၎င်းတို့အားလုံးမှာ ငါအရှင်မြတ် တရားလမ်းမှန် ညွှန်ပြတော်မူခဲ့သော၊ (ငါအရှင်မြတ်) ရွေးချယ်တော်မူခဲ့သော သူတို့အနက်မှလည်း ဖြစ်ခဲ့ကြကုန်သည်။

မည်သည့်အခါမျိုးမဆို ထိုသူတို့ရှေ့ဝယ် ရဟ်မာန် အနန္တကရုဏာတော်ရှင်၏ အာယတ်တော်များကို ဖတ်ကြားခဲ့ပါလျှင်၊ ထိုသူတို့သည် *ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ ငိုကြွေးကြလျက်လည်းကောင်း၊ (မြေသို့) ကျလာကြကုန်သတည်း။* [၂]

---

① **တမန်တော် အိဒ်ရိစ်။**

တမန်တော်အိဒ်ရိစ်၏ အမည်ကို ကုရ်အာန်ကျမ်းမြတ်တွင် နှစ်နေရာ၌ တွေ့ရှိရပေသည်။ ကြည့်-ကုရ်အာန် (၁၉း၅၆။ ၂၁း၈၅)။

① ဤကဏ္ဍအစမှ ဤနေရာအထိ အချို့တမန်တော်များ၏ အကြောင်းများ ပါရှိခဲ့သည်။ ယင်း တမန်တော်များအား အလ္လာဟ်အရှင်မြတ်သည် အထူးတလည် ကျေးဇူးပြုတော်မူခဲ့သည်။ ၎င်းတို့ အားလုံးသည် ဖခင်ကြီးအာဒမ်၏ သားသမီးများပင် ဖြစ်ခဲ့ကြပေသည်။ တမန်တော် အိဒ်ရိစ်မှအပ ကျန်အားလုံးတို့သည် တမန်တော် နူဟ်နှင့်တကွ သင်္ဘော်ပေါ်တွင် အလ္လာဟ်အရှင်မြတ် တင်ဆောင်ကယ်တင်တော် မူခဲ့သော ပုဂ္ဂိုလ်များ၏ သားသမီးများလည်း ဖြစ်ခဲ့ကြပေသည်။ အချို့တို့သည် တမန်တော် အီဗ်ရာဟီမ်၏ သားသမီးများ ဖြစ်ခဲ့ကြပေသည်။ ဥပမာ-တမန်တော် အိစ်ဟာက်၊ တမန်တော်ယအ်ကူဗ်၊ တမန်တော် အိစ်မာအီလ်၊ အချို့မှာ တမန်တော် အိစ်ရာအီလ်(ယအ်ကူဗ်)၏ သားသမီးများ ဖြစ်ခဲ့ကြပေသည်။ ဥပမာ-တမန်တော်မူစာ၊ တမန်တော် ဟာရွန်၊ တမန်တော် ဇကရိယာ၊ တမန်တော်ယဟ်ယာ၊ တမန်တော် အီစာ။

(တစ်နည်း)

အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူခဲ့သော သူတို့ကား အာဒမ်၏ သားသမီးများအနက်မှလည်းကောင်း၊ ငါအရှင်မြတ်သည် နူဟ်နှင့်အတူ (သင်္ဘော ပေါ်တွင်) တင်ဆောင်တော်မူခဲ့သော သူတို့၏သားသမီးများအနက်မှလည်းကောင်း၊ အီဗ်ရာဟီမ်၏သားသမီးများအနက်မှလည်းကောင်း၊ အစ္စရာအီလ်၏သားသမီးများအနက်မှလည်းကောင်း၊ နဗီတမန်တော်များပင် ဖြစ်ကြသည့်ပြင် ငါအရှင်မြတ် တရားလမ်းမှန် ညွှန်ပြတော်မူခဲ့သော၊ ငါအရှင်မြတ် ရွေးချယ်တော်မူခဲ့သောသူတို့ အနက်မှလည်း၊ ဖြစ်ခဲ့ကြကုန်၏။

မည်သည့်အခါမျိုးမဆို ထိုသူတို့ ရှေ့ဝယ် ရဟ်မာန် အနန္တကရုဏာတော်ရှင်၏ အာယတ်တော်များကို ဖတ်ကြားခဲ့သည်ရှိသော်၊ ထိုသူတို့သည် ပျပ်ဝပ်ဦးချကြလျက်လည်းကောင်း၊ ငိုကြွေးကြလျက်လည်းကောင်း၊ (မြေပေါ်သို့)ကျလာကြကုန်သတည်း။

فَخَلَفَ مِنۢ بَعْدِهِمْ خَلْفٌ أَضَاعُوا الصَّلٰوةَ وَاتَّبَعُوا

၅၉။ တစ်ဖန် ၎င်းတို့နောက်တွင် အကြင်ဆိုးရွားသော အရိုက်ရာဆက်ခံသူတို့က ရိုက်ရာဆက်ခံခဲ့ကြကုန်၏။ ၎င်းတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဖျက်ဆီးခဲ့ကြ၏။

---

(၂) တမန်တော်များသည် ကြီးကဲမြင့်မြတ်လှသော ဂုဏ်အင်ဒြိယ်များနှင့် ပြည့်စုံကြပါသော်လည်း အလ္လာဟ်အရှင်မြတ်၏ကျွန်များပင် ဖြစ်ကြပေသည်။ ထိုအရှင်မြတ်အား စွမ်းလွန်းတမံ ဆည်းကပ်ကိုးကွယ်ကြပေသည်။ ၎င်းတို့၏ ရှေ့မှောက်တွင် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် ဖရဏာပီတိ ဂွမ်းဆီထိဘိသကဲ့သို့ ခမ္မပီတိဖြစ်၍ ထိုအရှင်မြတ်အား ဦးချကြပေသည်။ ငိုကြွေးကြပေသည်။

ထို့အတွက် ထိုထိုသောတမန်တော်များ၏ ထုံးကိုနှလုံးမူ၍ ဤအာယတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ "စဂ်ဒဟ်" ပြုသင့်သည်၊ ဦးချသင့်သည်ဟု အာလင်မ်ပညာရှင်များက တညီတညွတ်တည်း အဆုံးအဖြတ် ပေးကြသည်။

(မိမိတို့) စိတ်အလိုဆန္ဒများကို လိုက်စားခဲ့ ကြ၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမြင့်မီပင် ပျက်စီးမှုနှင့် တွေ့ကြုံရင်ဆိုင်ကြရပေမည်။ [၁]

فَسَوْفَ يَلْقَوْنَ غَيًّا ﴿٥٩﴾

၆၀။ အကြင်သူမှတစ်ပါး ထိုသူသည် ဝန်ချ တောင်းပန်ခဲ့လေသည်။ ၎င်းပြင် ထိုသူသည် သက်ဝင်ယုံကြည်ခဲ့လေသည်။ ထိုမှတစ်ပါး ထိုသူသည် ကောင်းမြတ်သောအကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့လေသည်။ သို့ဖြစ်လျှင် ထို(ကဲ့သို့သော)သူတို့မှာကား ဂျန္နတ်သုခဘုံသို့ လားကြရပေမည်။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ကုသိုလ်အကျိုးများမှ) အနည်းငယ်စိုးစဉ်းမျှပင် လျော့နည်းစေခြင်းကို ခံကြရမည် မဟုတ်ပေ။ [၂]

إِلَّا مَنْ تَابَ وَآمَنَ وَعَمِلَ صَالِحًا فَأُولَٰئِكَ يَدْخُلُونَ الْجَنَّةَ وَلَا يُظْلَمُونَ شَيْئًا ﴿٦٠﴾

---

(၁) အထက်တွင် အလ္လာဟ်အရှင်မြတ်အား အထူးရိုသေခန့်ညားကြသော သူတော်စင်များ၏အကြောင်း မိန့်ဆိုထားတော်မူသည်။ ဤအာယတ်တော်တွင် လောကီစည်းစိမ်များတွင် နစ်မွန်း၍ အလ္လာဟ်အရှင်မြတ်အား မေ့ကာ အစွလာမ်၏ အခြေခံတတ်ပြုမှုဖြစ်သော ဆွလာတ်ကိုပင် ဖျက်ဆီးထားကြသော၊ ဆိုးသွမ်းလှသော အရိုက်အရာဆက်ခံသူများ၏ အကြောင်းကို ဆက်စပ်မိန့်ဆို ထားတော်မူသည်။ ဤသို့သောသူများသည် အရှုံးကြီးရှုံး၍ ပျက်စီးခြင်းကြီးမက ပျက်စီးကြရပေမည်။

ဆွလာတ်သည် အစ္စလာမ်၏ ဝတ်ပြုမှုများတွင် အချုပ်ပင်ဖြစ်သည်၊ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ဆွလာတ်ကို အထူးတလည် ထုတ်ဖော်မိန့်ဆို ထားတော်မူခြင်းဖြစ်သည်၊ ဤမျှအရေးကြီးသော ဆွလာတ်ကို ကျောခိုင်းဝံ့သူတစ်ဦးသည် သာသာနာ၏ အခြားကျင့်စဉ်ကျင့်ရပ်များကိုမူ ရှိသည်ဟူ၍ပင် ထင်မှတ်မည် မဟုတ်ပေ။

ဆွလာတ်ကို ဖျက်ဆီးသူများတွင် ဆွလာတ်ဖရသွံဖြစ်သည်ကိုပင် ငြင်းဆိုသူများ၊ ဆွလာတ်ဖရသွံဖြစ်သည်ကို သိပါလျက် ဆွလာတ်ဝတ်မပြုသူများ၊ ဆွလာတ်ဝတ်ပြုသော်လည်း ဂျမာအတ်နှင့် ဝတ်မပြုသူများ၊ အချိန်မှန်မှန် ဆွလာတ်ဝတ်မပြုသူများ၊ ဆွလာတ်ဝတ်ပြုရာတွင် လိုက်နာကျင့်သုံးအပ်သည့် စည်းကမ်းချက်များကို မထောက်ထားသူများ အားလုံးတို့သည် ပြစ်မှုအလျောက် အဆင့်ဆင့် အကျုံးဝင်ကြပေသည်။

(၂) လူသားတစ်ဦးသည် ယခင်က အဘယ်မျှပင် မိုက်မှားခဲ့သော်လည်း အကယ်၍ စိတ်စေတနာ ဖြူစင်စွာဖြင့် အလ္လာဟ်အရှင်မြတ်ထံတော်၌ မိမိ၏အမှားကို ဝန်ချတောင်းပန်အသနားခံ၍ အမှန်တကယ် "အီမာန်" ယုံကြည်ပါသော်၊ ကောင်းမွန်မြင့်မြတ်သော အကျင့်သီလများကို ဆောက်တည်ပါသော်၊ ထို့နောက် မိမိ အသက်ထက်ဆုံး မိမိ၏အကျင့်သီလများကို မဖောက်မပြန်ဘဲ အမြဲတစေ ထိန်းသိမ်းသွားပါသော် ထိုသို့သောသူများအဖို့ "တောင်ဗဟ်" ၏ တံခါးများလည်း ပွင့်လျက်ရှိပေသည်။ ဂျန္နတ်၏တံခါးများလည်း ပွင့်လျက်ရှိပေသည်။ ➤➤

جَنَّٰتِ عَدۡنٍ ٱلَّتِي وَعَدَ
ٱلرَّحۡمَٰنُ عِبَادَهُۥ بِٱلۡغَيۡبِۚ
إِنَّهُۥ كَانَ وَعۡدُهُۥ مَأۡتِيّٗا ٦١

၆၁။ (ၔင်းတို့သည်) အကြင်ထာဝရ ဥယျာဉ်များသို့ (လားကြရပေမည်)။ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် မိမိကျွန်များအား (ၔင်းတို့) မမြင်ဘဲလျက် အကျေအပွန် ဆောင်ရွက်ပြီးသာဖြစ်လိမ့်မည်။ ၁

لَا يَسۡمَعُونَ فِيهَا لَغۡوًا
إِلَّا سَلَٰمٗاۖ وَلَهُمۡ رِزۡقُهُمۡ
فِيهَا بُكۡرَةٗ وَعَشِيّٗا ٦٢

၆၂။ ၎င်းတို့သည် ယင်းဂျန္နတ်သုခဘုံ၌ စလာမ် မေတ္တာပို့သခြင်းမှတစ်ပါး အချည်းနှီးသောစကားလုံးကို လုံးဝ ကြားကြရလိမ့်မည် မဟုတ်ပေ။ ထိုမှတစ်ပါး ၔင်းတို့အဖို့ ယင်းဂျန္နတ်သုခဘုံ၌ ၔင်းတို့၏ စားသောက်ဖွယ်ရာများသည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊ ရှိချေအံ့သတည်း။

تِلۡكَ ٱلۡجَنَّةُ ٱلَّتِي نُورِثُ مِنۡ
عِبَادِنَا مَن كَانَ تَقِيّٗا ٦٣

၆၃။ ၎ါသည် အကြင် ဂျန္နတ်သုခဘုံတည်း။ ငါ့အရှင်မြတ်သည် မိမိ၏ကျွန်များအနက် (ငါ့အရှင်မြတ်အား ကြောက်ရွံ့ရိုသေသောအားဖြင့်) ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်သောသူများ)အား အမွေဆက်ခံစေတော်မူမည်ဖြစ်သတည်း။

وَمَا نَتَنَزَّلُ إِلَّا بِأَمۡرِ رَبِّكَۖ لَهُۥ
مَا بَيۡنَ أَيۡدِينَا وَمَا خَلۡفَنَا
وَمَا بَيۡنَ ذَٰلِكَۚ وَمَا كَانَ
رَبُّكَ نَسِيّٗا ٦٤

၆၄။ စင်စစ် ကျွန်ုပ်တို့(ကောင်းကင်တမန်များ)သည် အသင်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်မရှိဘဲလျက် ဆင်းသက်ကြသည် မဟုတ်ပေ။ ကျွန်ုပ်တို့ရှေ့၌ရှိသောအရာများသည်လည်းကောင်း၊ ကျွန်ုပ်တို့၏နောက်၌ရှိသော အရာများသည်လည်းကောင်း၊ ယင်း၏အကြား၌ရှိသောအရာများသည်လည်းကောင်း၊ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသောအရာများသာလျှင် ဖြစ်ကုန်၏။

➤➤ ဝန်ချတောင်းပန် အသနားခံပြီးနောက် ဆည်းပူးခဲ့သော ကုသိုလ်အကျိုးများကိုလည်း အပြည့်အဝခံစားကြရပေမည်၊ ယခင်က ပြစ်မှားမိခဲ့သည်များကို အကြောင်းပြု၍ နောင်ဆည်းပူးခဲ့သော ကုသိုလ်အကျိုးများတွင် အနည်းငယ်စိုးစဉ်းမျှ လျှော့ပေါ့ခြင်း ခံကြရမည်လည်း မဟုတ်ပေ။

③ မုအ်မင်နိ်သူတော်စင်များသည် တမန်တော်မြတ်၏ဟောကြားချက်အရ မိမိတို့ လက်ရှိမံသစက္ခုဖြင့် မဖူးမြင်ရသေးသော အလွှာဟ်အရှင်မြတ်နှင့်တကွ မတွေ့မမြင်ရသေးသော အရာများကို ယုံကြည်လာကြပေရာ၊ ➤➤

စင်စစ် အသင်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်သည် မေ့လျော့တော်မူသောအရှင် အလျှင်း မဟုတ်ပေ။

رَبُّ السَّمٰوٰتِ وَ الْاَرْضِ وَمَا بَيْنَهُمَا فَاعْبُدْهُ وَاصْطَبِرْ لِعِبَادَتِهٖ ؕ هَلْ تَعْلَمُ لَهٗ سَمِيًّا ﴿۶۵﴾

၆၅။ (ထိုအရှင်မြတ်သည်) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေနှစ်ခုစလုံး၏ အကြားခြံရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ပါလေ။ ၎င်းပြင် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ တည်ကြည်စွဲမြဲစွာ ရှိပါလေ။ [၁]

➢➢ အလ္လာဟ်အရှင်မြတ်က ထိုသို့သော သူတော်စင်များအား ၎င်းတို့ မမြင်ရသေးသော ဂျန္နတ်၏ အမတသုခများ ချီးမြှင့်တော်မူမည့်အကြောင်း ကတိပြုတော်မူလေသည်။ ထိုအရှင်မြတ်၏ ကတိတော်သည် ပျက်ကွက်သည်ဟူ၍ အလျှင်းမရှိ၊ အတည်ဖြစ်သည်သာတည်း။

① တမန်တော်မြတ်ထံသို့ မကြာခဏ ဆင်းသက်လာလေ့ရှိသော ကောင်းကင်တမန် ဂျစ်ဗ်ရီလ်သည် တစ်ကြိမ်သော် ရက်အတော်အတန် ကြာသည်အထိ တမန်တော်မြတ်ထံသို့ ဆင်းသက်မလာခဲ့ပေရာ၊ တမန်တော်မြတ်သည် စိတ်မကြည်မသာ ဖြစ်နေတော်မူခဲ့၏။ ထို့ပြင်တဝ ကာဖိရ်များကလည်း "မုဟမ္မဒ်အား ၎င်း၏အရှင်က အမျက်ထွက်၍ စွန့်ပစ်ထားလိုက်ပြီ" ဟု ပြောဆိုခဲ့ကြ၏။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ပို၍ပင် စိတ်ပျက်၍နေတော်မူခဲ့၏။ တမန်တော်မြတ်သည် ကောင်းကင်တမန်အား အမျှော်ကြီး မျှော်နေတော်မူခဲ့၏။

နောက်ဆုံးတွင် ကောင်းကင်တမန် ဂျစ်ဗ်ရီလ်သည် ဆင်းသက်လာခဲ့လေသည်။ ထိုအခါ တမန်တော်မြတ်က ဝမ်းသာဆုံးဖြစ်ပြီး ကောင်းကင်တမန် ဂျစ်ဗ်ရီလ်အား "အသင်သည် ဤရွှေ့ဤမျှရက်များ ကြာညောင်းသည်အထိ အဘယ်ကြောင့် ဆင်းသက်မလာခဲ့ပါသနည်း" ဟု မေးမြန်းတော်မူခဲ့လေသည်။ ဟဒီဆ်ဩဝါဒတော်တွင် (مايمنعك أن تزورنا أكثر مما تزورنا) 'အသင်သည် ကျွန်ုပ်ထံသို့ ယခု ဆင်းသက်လာနေသည်ထက် ပိုမို၍ အဘယ်ကြောင့် ဆင်းသက်မလာပါသနည်း' ဟု မေးမြန်းတော်မူခဲ့လေသည်။

ထိုအခါကောင်းကင်တမန် ဂျစ်ဗ်ရီလ်က မိမိအား အလ္လာဟ်အရှင်မြတ် သင်ကြားညွှန်ပြတော်မူသည့်အတိုင်း "ကျွန်ုပ်တို့ ကောင်းကင်တမန်များသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်မပါရှိဘဲလျက် ဆင်းသက်ကြသည် မဟုတ်ပါ" ဟု ဖြေဆိုခဲ့လေသည်။ ဆိုလိုသည်ကား ကျွန်ုပ်တို့ ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို တစ်သဝေမတိမ်း လိုက်နာကျင့်မူကြရသော အစေတော်များ ကျွန်များဖြစ်ကြပါသည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မရှိပါက ကျွန်ုပ်တို့သည် အနည်းငယ်စိုးစဉ်းမျှပင် ရွေ့ပါးလှုပ်ရှား နိုင်ကြသည်မဟုတ်ပါ။ ➢➢

وَيَقُولُ الْإِنسَانُ أَإِذَا مَا مِتُّ لَسَوْفَ أُخْرَجُ حَيًّا ﴿٦٦﴾

၆၆။ စင်စစ် လူသားသည် (ပြက်ရယ်သောအားဖြင့် ဤသို့)ပြောဆိုလေသည်။ အသို့ပါနည်း၊ ကျွန်ုပ်သေဆုံးပြီးနောက် (ပြန်လည်၍) အသက်ရှင်လျက် (သချိုင်းတွင်းမှ) ထွက်စေခြင်းကို ခံရဦးမည်လော။

أَوَلَا يَذْكُرُ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن قَبْلُ وَلَمْ يَكُ شَيْئًا ﴿٦٧﴾

၆၇။ (ယင်း)လူသားသည် ယခင်က ၎င်းဘာမျှ မရှိခဲ့စဉ်အခါ၌ ငါအရှင်မြတ်သည်ပင် ၎င်းအား ဖန်ဆင်းတော်မူခဲ့သည်ကို သတိမရလေသလော။

فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيَاطِينَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ

၆၈။ ထို့နောက် အသင်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ "ကစမ်"၊ မလွဲမကန် ငါအရှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ရှိုင်တွာန်မိစ္ဆာကောင်တို့အားလည်းကောင်း၊ စုရုံးတော်မူပြီးလျှင်

➢➢ တမန်တော်မြတ်ထံသို့ ဆင်းသက်လာခြင်းမှာလည်း ထိုအရှင်မြတ်၏ အမိန့်တော် အရာသာဖြစ်ပါသည်။ ထိုအရှင်မြတ်၏ အမိန့်တော်မပါရှိဘဲလျက် ကျွန်ုပ်တို့သည် အဘယ်တစ်စုံတစ်ရာကိုမျှ ပြုလုပ်ကြသည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် စသည့်အားလုံးသော အချိန်ကာလများ၊ မိုး၊ မြေ၊ နေ၊ လ၊ ကမ္ဘာစကြာဝဠာ စသည့်နေရာဌာနများနှင့် စပ်လျဉ်းသည့် အရေးကိစ္စအဝဝတို့ကို ထိုအရှင်မြတ်သည် သာလျှင် အသိဆုံးဖြစ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကိုလည်း ထိုအရှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူသည်။ မည်သည့်အချိန်၊ မည်သည့်ဌာနတွင် မည်သည့်ကိစ္စဖြင့် ကောင်းကင်တမန်များအား တမန်တော်များထံသို့ စေလွှတ်သင့်သည်ကိုလည်း ထိုအရှင်မြတ်သည်သာလျှင် အသိဆုံးဖြစ်တော်မူသည်။ အမြင့်မြတ်ဆုံးသော တမန်တော်နှင့် အမြင့်မြတ်ဆုံးသော ကောင်းကင်တမန်၌ပင် မိမိ၏အလိုဆန္ဒအလျောက် ဆင်းသက်ပိုင်ခွင့်၊ တစ်ဦးတစ်ယောက်အား ခေါ်ဆောင်ပိုင်ခွင့် အလျှင်းမရှိပေ။

အလ္လာဟ်အရှင်မြတ် အလုံးစုံကို သိမြင်တော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည်၊ ထိုအရှင်မြတ်သည် ကာလ၊ ဒေသ၊ အဂုံကို ကောင်းစွာသိတော်မူသည်။ ကာလ၊ ဒေသ၊ အဂုံကို ထောက်ချင့်၍ အရေးကိစ္စအဝဝကို လျော်ကန်သင့်မြတ်စွာ ပြုစီရင်တော်မူသည်။ ထိုအရှင်မြတ်၌ မေ့မှားခြင်းအလျှင်းမရှိ။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် တမန်တော်မြတ်ထံသို့ ကောင်းကင်တမန်အား စေလွှတ်သင့်သည့်အချိန်တွင် စေလွှတ်တော်မူသည်။ နှေးခြင်း၊ မြန်ခြင်းသည် ထိုအရှင်မြတ်၏ အမိန့်တော်အရသာ ဖြစ်သည်ဟူ၏။ သို့ဖြစ်ပေရာ တမန်တော်မြတ်သည် "ဝဟီ" အမိန့်တော်များ ကြန့်ကြာသည့် အတွက်ကြောင့်သော် လည်းကောင်း၊ ကာဖိရ်များ၏ ပြောဆိုမှုများကြောင့်သော် လည်းကောင်း စိတ်မကြည်မသာ ဖြစ်ရန်မလိုပေ။ ထိုထိုသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော၊ ဂုဏ်ရည်တူကင်းသော အလ္လာဟ် အရှင်မြတ်အားသာလျှင် စွဲမြဲစွာ ဆည်းကပ် ကိုးကွယ်ရပေမည်။

جِثِيًّا ﴿٦٨﴾

မုချအမှန် ငါအရှင်မြတ်သည် ၎င်းတို့အား ဂျဟန္နမ်ငရဲဘုံ၏ ပတ်ဝန်းကျင်၌ ပုဆစ်ဒူးတုပ်လျက် အသင့်ရောက်ရှိစေ တော်မူပေမည်။ ၁

ثُمَّ لَنَنزِعَنَّ مِن كُلِّ شِيعَةٍ أَيُّهُمْ أَشَدُّ عَلَى الرَّحْمَٰنِ عِتِيًّا ﴿٦٩﴾

၆၉။ ထို့နောက် အမှန်ပင် ငါအရှင်မြတ်သည် အုပ်စုအသီးသီးမှ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်အား အပြင်းထန်ဆုံး ပုန်ကန်သူတို့ကို (ရွေးချယ်) ထုတ်ယူတော်မူပေမည်။

ثُمَّ لَنَحْنُ أَعْلَمُ بِالَّذِينَ هُمْ أَوْلَىٰ بِهَا صِلِيًّا ﴿٧٠﴾

၇၀။ တစ်ဖန် ဧကန်မလွဲ ယင်းဂျဟန္နမ် ငရဲဘုံ၌ မီးလောင်စေရန်၊ ပစ်ချရန်၊ အထိုက်တန်ဆုံးသောသူတို့အား ငါအရှင်မြတ်သည်ပင် အသိဆုံးဖြစ်တော်မူပေသည်။

وَإِن مِّنكُمْ إِلَّا وَارِدُهَا ۚ كَانَ عَلَىٰ رَبِّكَ حَتْمًا مَّقْضِيًّا ﴿٧١﴾

၇၁။ စင်စစ် အသင်တို့အနက် လူတိုင်းလူတိုင်းသည် ယင်းဂျဟန္နမ်ငရဲဘုံ၌ ဆိုက်ရောက်ရမည့်သူချည်း ဖြစ်ကုန်၏။ ၂ (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မိမိအပေါ်၌ ယတိပြတ် ဆုံးဖြတ်ပြီးဖြစ်သောတာဝန်တစ်ရပ်ပင် ဖြစ်ချေသတည်း။

---

① သေပြီးနောက် ပြန်လည်ရှင်ထရမည်ကို ငြင်းဆန်သောသူများနှင့် ၎င်းတို့အား လှည့်ဖြားလမ်းမှားစေသော ရိုင်တွာန်များသည် ဖမ်းဆီးချုပ်နှောင်ခြင်းခံရပြီး ကိုယ့်အဖွဲ့၊ ကိုယ့်အတွဲနှင့် အသီးသီး အလွှာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွတ်သွင်းခြင်း ခံကြရပေမည်။ ထိုမှတဆင့် ၎င်းတို့သည် ဂျဟန္နမ်၏ အနီးသို့ ခေါ်ဆောင်လာခြင်း ခံကြရပေမည်။

ထိုအခါ ၎င်းတို့သည် အကြောက်ကြီးကြောက်ပြီး မတ်တပ်ရပ်နေရာမှ ဒူးတုပ်ထိုင်ကြပေမည်။ ထို့နောက် အုပ်စုတိုင်းမှ အထူးတလည် မောက်မာပလွား ဝါကြွားဆိုးမိုက်သောသူများသည် ခွဲထုတ်ခြင်းခံကြရမည်၊ ထို့နောက် လူလောကၤ၌ မိမိတို့၏ နောက်လိုက်များအား မိုက်မဲမှုများတွင် ခေါင်ဆောင်လာခဲ့ကြသော အကြီးအကဲ၊ နာယက၊ ဥက္ကဋ္ဌ၊ ရှေ့ဆောင်ရှေ့ရပ်တို့သည် နောင်တမလွန်ဘဝ၌ ဂျဟန္နမ်ငရဲသို့ လားရာတွင်လည်း၊ ရှေ့ဆုံးမှပင် လားကြရပေမည်။

② မုအ်မင်န်၊ ကာဖိရ်၊ သူတော်စင်၊ သူယုတ်မာ၊ အပြစ်မဲ့သူ၊ အပြစ်ရှိသူ အားလုံးတို့သည် ဂျဟန္နမ်ငရဲပေါ်မှ မချဧကန် ဖြတ်ကျော် သွားရမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂျန္နတ်သို့ သွားရာလမ်းသည် ဂျဟန္နမ်အပေါ်မှပင် ဖြတ်ကျော် ဖောက်လုပ်ထားသည်။ ဤသည်ကိုပင် အများက "ပုလ်ဆ်ရာတ်ွ" တံတားဟု ခေါ်ဝေါ်သမုတ်ကြပေသည်။ ➤➤

ثُمَّ نُنَجِّي الَّذِينَ اتَّقَوا وَّنَذَرُ الظَّالِمِينَ فِيهَا جِثِيًّا ﴿٧٢﴾

၇၂။ ထို့နောက် ငါအရှင်မြတ်သည် (မိမိအား ကြောက်ရွံ့ရိုသေသောအားဖြင့် ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်ကြကုန်သောသူတို့အား လွတ်မြောက်စေတော်မူမည်။ သို့ရာတွင် မတော်မတရား ကျူးလွန်သောသူတို့အား ငါအရှင်မြတ်သည် ယင်းဂျဟန္နမ်ငရဲဘုံ၌ပင် ပုဆစ်ဒူးတုပ်လျက် စွန့်ပစ်ထားတော်မူအံ့သတည်း။

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَيُّ الْفَرِيقَيْنِ خَيْرٌ مَّقَامًا وَأَحْسَنُ نَدِيًّا ﴿٧٣﴾

၇၃။ စင်စစ် ငင်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားစွာသောအာယတ်တော်များကို ဖတ်ကြားသောအခါ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့က မုအ်မင်န် သက်ဝင်ယုံကြည်သောသူတို့အား "(ကျွန်ုပ်တို့နှင့် အသင်တို့) အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် အခြေအနေအားဖြင့် ပိုကောင်း၍ (မည်သည့်အုပ်စု သည်) အပေါင်းအဖော်အားဖြင့် ပို၍ကောင်းပေသနည်း" ဟု ပြောဆို(မေးမြန်း)ကြကုန်၏။

➤➤ ထိုသည့် တံတားကို လူတိုင်းလူတိုင်း ဖြတ်သန်းသွားကြရမည် ဖြစ်သည်။ သို့ဖြတ်သန်းသွားရာတွင် မွတ္တကီ သူတော်စင်များသည် မိမိတို့ ဆည်းပူးခဲ့ကြသော ကုသိုလ်ကောင်းမှုများနှင့်အမျှ အေးချမ်းစွာ ဖြတ်ကျော်သွားနိုင်ကြပေမည်။ အပြစ်ရှိသောသူများမှာမူ ခြေချော်၍ ဂျဟန္နမ်အတွင်းသို့ ကျသွားကြပေမည်။ ထို့နောက် ငရဲဒဏ်ခံစား၍ အတန်ကြာသောအခါ မိမိတို့ဆည်းပူးခဲ့ကြသော ကောင်းမှုနှင့်အမျှ နဗီတမန်တော်များ၊ သူတော်စင်များ၊ ကောင်းကင်တမန်များ၏ ရှုဖာအတ် အသနားခံပေးမှုဖြင့် နောက်ဆုံး မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုဖြင့် ထိုအရှင်မြတ်အား အမှန်တကယ် အီမာန် ယုံကြည်ခဲ့ကြသော၊ ပြစ်မှုကျူးလွန်မိခဲ့ကြသော အပြစ်ရှိသော မုအ်မင်န်များသည်လည်း အသီးသီး အဆင့်ဆင့် ဂျဟန္နမ် ငရဲမီးဘေးမှ လွတ်မြောက်သွားကြရပေမည်။

ထိုအရှင်မြတ်အား သွေဖည်ငြင်းဆန် မနာခံခဲ့သော ကာဖိရ် သူယုတ်မာများသာလျှင် ဂျဟန္နမ်တွင် အမြဲထာဝစဉ် ကျန်ရှိနေခဲ့ကြရပေမည်။

အချို့ဟဒီဆ် ဩဝါဒတော်များကို ထောက်ရှုခြင်းအားဖြင့် လူတိုင်းလူတိုင်းသည် ဂျဟန္နမ်အတွင်းသို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ငရဲမီးသည် မုအ်မင်န်သူတော်စင်များအဖို့မှာ အေးမြလျက်ရှိမည် ဖြစ်ကြောင်း၊ ဂျဟန္နမ်ငရဲမှ အလွယ်တကူ ထွက်သွားကြရမည်ဖြစ်ကြောင်း သိရှိရပေသည်။

ယင်းကဲ့သို့ လူတိုင်းလူတိုင်း ဂျဟန္နမ်အတွင်းသို့ ဝင်ရောက်ဖြတ်သန်း သွားကြရသည်နှင့် စပ်လျဉ်း၍ အကျိုးအာနိသင် အမြောက်အမြားရှိသည့် အကြောင်းများကို အေ့မာမ် ဖခ်ရုဒ်ဒီန် ရာဇီသည် မိမိ၏ တဖ်စီရ်ကျမ်းကြီးတွင် အကျယ်တဝင့် ဖွင့်ဆိုရေးသားထားပေသည်။

وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَحْسَنُ أَثَاثًا وَرِئْيًا ﴿٧٤﴾

၇၄။ အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် ထိုသူတို့အလျင် များစွာသောအုပ်စုများကို ဖျက်ဆီးတော်မူခဲ့ပေပြီ။ ယင်း(ဖျက်ဆီးခြင်း ခံခဲ့ကြရသော)အုပ်စုများကား ဥစ္စာပစ္စည်းအားဖြင့်လည်းကောင်း၊ အမြင်အားဖြင့်လည်းကောင်း၊ (ထိုသူတို့ထက်) သာလွန်ကောင်းမြတ်သူများပင် ဖြစ်ခဲ့ကြကုန်၏။ ၁

---

① ကာဖိရ်များရှေ့မှောက်တွင် ၎င်းတို့ခံစားကြရမည့် ဆိုးရွားလှသည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ထင်ရှားပြတ်သားသော ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ရွတ်ဖတ်ပြသောအခါ၊ ယင်းကာဖိရ်များက ပြက်ရောပြောင်လှောင်သည့် သဘောဖြင့် ဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်တို့အား "အသင်တို့ ယုံကြည်ယူဆချက်အရ ငါတို့သည် နောင်တမလွန်ဘဝတွင် အလွန်ဆိုးရွားသော အခြေသို့ ဆိုက်ရောက်ကြရမည်ဖြစ်သည်။ ဤသို့ကား မဖြစ်နိုင်၊ အဘယ်ကြောင့်ဆိုသော် ဤပစ္စက္ခတွင် ငါတို့၏အခြေအနေနှင့် အသင်တို့၏အခြေအနေမှာ အလွန်ကွာခြားလျက်ရှိသည်။

ယနေ့ ငါတို့နေထိုင်လျက်ရှိသော တိုက်တာ၊ ဂေဟာများ၊ ငါတို့ စီးနင်းသွားလာလျက်ရှိသော အစီးအနင်းများ၊ ငါတို့၏ အိမ်ထောင်မှု ပရိဘောဂများ၊ ငါတို့၏ အဆောင်အယောင်များသည် အသင်တို့ထက် အများကြီးသာပေသည်။ ထို့ပြင်တစ်ဝ ငါတို့၏ အပေါင်းအဖော်များ၊ အသင်းအဖွဲ့များနှင့် ငါတို့၏ လူ့အဖွဲ့အစည်းသည်လည်း အသင်တို့ထက် အများကြီးသာပေသည်။ ငါတို့သည် အသင်တို့၏ ယုံကြည်ယူဆချက်အရ လမ်းမှားသူများ ဖြစ်ကြသော်လည်း၊ လက်တွေ့မှာ အသင်တို့ လမ်းမှန်သူများထက် အများကြီးသာကြသည်၊ ငါတို့၏ အခြေအနေလည်း ကောင်းသည်၊ ငါတို့၏ အဖွဲ့လည်းတောင့်သည်။ ယနေ့ ငါတို့အား စိုးရိမ်ကြောက်ရွံ့ပြီး 'ဆွဖာ' တောင်ကြားတွင် ပုန်းအောင်းနေကြရသော မွတ်စ်လင်မ်များသည် နက်ဖန် (နောင်တမလွန်ဘဝ)တွင် ငါတို့အား ကျော်လွှားပြီး ဂျန္နတ်သို့ တောက်လျှောက်ရောက်သွားကြမည်၊ ငါတို့သည် ငရဲတွင် ထာဝစဉ်ခံစားနေကြရမည် ဟုဆိုခြင်းမှာ အသို့လျှင်ဖြစ်နိုင်အံ့နည်း"ဟု ဆိုခဲ့ကြလေသည်။

ယင်းသို့သော ကာဖိရ်များအား ဖြေကြားထားတော်မူသည်မှာ-ထိုသို့သော ကာဖိရ်များကို မဆိုထားနှင့်၊ လောကီစည်းစိမ်တွင် ၎င်းတို့ထက်ပင် အဆပေါင်းများစွာသာသော ကာဖိရ်များသည် ၎င်းတို့ အလျင်ရှိခဲ့ဘူးကြသည်။ ယင်း ကာဖိရ်များသည် လောကီစည်းစိမ်များကို အကြောင်းပြုပြီး မောက်မာပလွားကာ တမန်တော်များအား သွေဖည်ငြင်းဆန်ခဲ့ကြလေသည်၊ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကွပ်မျက်ဖျက်ဆီးပစ်တော်မူခဲ့လေသည်။

ယနေ့ ကမ္ဘာဇာတ်ခုံပေါ်တွင် ၎င်းတို့၏အမည်နာမနှင့် အမှတ်သညာမျှကိုပင် မတွေ့ရှိရတော့ပေ။ သို့ဖြစ်ပေရာ လူသားများသည် ဤသခ်ါရပစ္စက္ခ၏ မတည်မြဲသော ဥစ္စာဂုဏ်၊ သားသမီးဂုဏ်၊ ရာထူးဂုဏ်၊ အပေါင်းအသင်းဂုဏ်၊ အဖွဲ့အစည်းဂုဏ် စသည့် လောကီအရှိန်အဝါများကို ကြည့်ပြီး ဘဝင်မမြင့်ရာ၊ အောက်ခြေမလွတ်ရာ၊ မမောက်ရာ၊ မောက်က မှောက်မည်သာဖြစ်သည်။ ဤသည် မျက်မြင်ကိုယ်တွေ့ပင်။ များသောအားဖြင့် မောက်မာပလွားသောဓနရှင်၊ ရာထူးရှင်များသည် ဥစ္စာဂုဏ်၊ ရာထူးဂုဏ်မောက်ပြီး အမှန်တရားကို သွေဖည်၍ နောက်ဆုံးတွင် ပျက်စီးခြင်းကြီးမလှ ပျက်စီး၍ အသေဆိုးနှင့် သေကြေပျက်စီး သွားလေ့ရှိကြပေသည်။ ➤➤

قُلْ مَنْ كَانَ فِي الضَّلَٰلَةِ فَلْيَمْدُدْ لَهُ الرَّحْمَٰنُ مَدًّا ۚ حَتَّىٰ إِذَا رَأَوْا مَا يُوعَدُونَ إِمَّا الْعَذَابَ وَإِمَّا السَّاعَةَ ۚ فَسَيَعْلَمُونَ مَنْ هُوَ شَرٌّ مَّكَانًا وَأَضْعَفُ جُندًا ﴿٧٥﴾

၇၅။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) မည်သူမဆို လမ်းမှား၌ရှိခဲ့မူ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် ထိုသူအား အခွန့်ရှည်စွာ ရွှေ့ဆိုင်းထားတော်မူပေမည်။

နောက်ဆုံးတွင် ထိုသူတို့သည် မိမိတို့ ချိန်းချက်ထားခြင်းခံကြရသော (လောကီ) ပြစ်ဒဏ်ကိုလည်းကောင်း၊ ကိယာမတ်ကိုလည်းကောင်း၊ တွေ့မြင်ကြသောအခါ၊ မည်သူသည် အခြေအနေအားဖြင့် ပို၍ဆိုးရွားသူဖြစ်သည်ကိုလည်းကောင်း၊ မည်သူသည် အုပ်စုအားဖြင့် အားနည်းသူဖြစ်သည်ကိုလည်းကောင်း၊ ထိုသူတို့သည် မုချ သိရှိကြအံ့သတည်း။ [၁]

➤➤ အမှန်မှာ-၃စွာ၊ ပစ္စည်း၊ သားသမီး၊ အဖွဲ့အစည်း စသည့်လောကီသာယာမှုများသည် အရိပ်ပမာ သခ်ါရမျှသာဖြစ်သည်။ ဤသည်တို့သည် အလွှာဟ်အရှင်မြတ် နှစ်သက်တော်မူခြင်း၊ နောင်တမလွန်ဘဝ၏ သာယာခြင်းများ၏ သက်သေလက္ခဏာ မဟုတ်ပေ။ လူသားတို့သည် ဤသည်တို့ကို ကောင်းစွာ သိအပ်မြင်အပ်ပေသည်။

① ဤပစ္စက္ခဘဝသည် စမ်းသပ်ရာ ဌာနဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ဤပစ္စက္ခဘဝတွင် အားလုံးတို့အားတစ်နည်းအားဖြင့် အလိုရှိရာပြုခွင့်၊ လွတ်လပ်ခွင့် ပြုထားတော်မူသည်။ လူသားတို့သည် မိမိတို့ အာသာဆန္ဒအလျောက် မိမိတို့ ကြိုက်နစ်သက်ရာ လမ်းစဉ်တစ်ခုခုကို လွတ်လပ်စွာရွေးချယ်၍ ကျင့်သုံးနိုင်ရန်အတွက် အချိန်လည်း ပေးထားတော်မူသည်။ ထို့အတွက် မှားသောလမ်းစဉ်ကို ရွေးချယ် ကျင့်သုံးလျက်ရှိသူတစ်ဦးသည် မိမိရရှိထားသည့် ချောင်လည်မှု၊ အသက်ရှည်မှု စသည့် လောကီစည်းစိမ်များကို မိမိအဖို့ ကောင်းသည်ဟူ၍ မယူဆရာ။

ဤပစ္စက္ခဘဝတွင် အကောင်းနှင့်အဆိုး ရောပြွမ်းလျက် ရှိနေကြသော်လည်း နောင်တမလွန်ဘဝတွင်မူကား လုံးဝကွဲပြားသွားကြပေမည်။ ဤပစ္စက္ခဘဝ၏ သက်တမ်းနှင့်တကွ အကောင်းအဆိုးများသည် ယာယီမျှသာဖြစ်သည်၊ နောင်တမလွန်ဘဝ၏ သက်တမ်းနှင့် ကောင်းကျိုးဆိုးကျိုးတို့ကား အမြဲထာဝစဉ်ဖြစ်ပေမည်။ သို့ဖြစ်ပေရာ နောင်တမလွန်ဘဝသာလျှင် အဓိကဖြစ်ပေသည်။

လမ်းမှားလိုက်၍ လောကီစည်းစိမ်များတွင် နစ်မွန်းနေသူများသည် မဝေးလှသော အနာဂတ်တွင် လောကီဆိုင်ရာ ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ ကိယာမတ်နေ့ကိုသော်လည်းကောင်း၊ မျက်ဝါးထင်ထင်မြင်တွေ့ကြရမည်၊ ထိုအခါ ၎င်းတို့သည် ၎င်းတို့ အထင်ကြီးခဲ့သော ၎င်းတို့၏ တိုက်တာ၊ ဂေဟာများနှင့် ၎င်းတို့၏ အပေါင်းအဖော်များသည် မည်သို့မျှ အသုံးမဝင်ကြောင်း၊ အချည်းနှီးသာ ဖြစ်ကြောင်းကို သိရှိသွားကြပေမည်။ သို့ရာတွင် ထိုချိန်အခါကျမှ နောင်တရခြင်းသည် အကျိုးရှိတော့မည်မဟုတ်ပေ။

وَيَزِيدُ اللَّهُ الَّذِينَ اهْتَدَوْا هُدًى ۗ وَالْبَاقِيَاتُ الصَّالِحَاتُ خَيْرٌ عِندَ رَبِّكَ ثَوَابًا وَخَيْرٌ مَّرَدًّا ﴿٧٦﴾

၇၆။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ကို လိုက်စားသူတို့အား တရားလမ်းမှန်၌ တိုးတက်စေတော်မူ၏။ အမှန်သော်ကား အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သော အကျင့်သီလများသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်တွင် ကုသိုလ်အကျိုးအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ပေသည်။ နောက်ဆုံး အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသတည်း။ [၁]

أَفَرَءَيْتَ الَّذِى كَفَرَ بِـَٔايَـٰتِنَا وَقَالَ لَأُوتَيَنَّ مَالًا وَوَلَدًا ﴿٧٧﴾

၇၇။ (အို-နဗီတမန်တော်) အသင်သည် အကြင်သူအား မြင်ခဲ့လေသလော။ ထိုသူသည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်း ငြင်းပယ်ခဲ့သေး၏။ ၎င်းပြင် အမှန်မုချ ကျွန်ုပ်သည် (နောင်တမလွန်ဘဝတွင်လည်း) ဥစ္စာပစ္စည်းကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း၊ ချီးမြှင့်ခြင်းကို ခံရဦးမည်ဟူ၍လည်း ပြောဆိုခဲ့ပေသည်။ [၂]

---

① မှားသောလမ်းစဉ်ကိုလိုက်၍ လောကီစည်းစိမ်များတွင် နစ်မွန်းနေသူများအား အလ္လာဟ်အရှင်မြတ်သည် ကြီးရှည်ရှည်နှင့် လှန်ထားတော်မူသကဲ့သို့ မှန်သောလမ်းစဉ်ကို လိုက်သော ပုဂ္ဂိုလ်များအား ၎င်းတို့၏ ယုံကြည်မှုသဒ္ဓါတရား၊ အတွေးအခေါ် အမြော်အမြင်များကို တိုးပွားထက်မြက် စေတော်မူသည်ဖြစ်ရာ (ကြည့်-ကုရ်အာန် ၈း၂-၄၊ ၉း၁၂၄-၁၂၅)၊ ယင်း ပုဂ္ဂိုလ်မြတ်များသည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို ရရှိနိုင်ရန်အလို့ငှာ ထိုအရှင်မြတ်၏ လမ်းတော်တွင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ကြပေသည်။ သို့ကြိုးပမ်း အားထုတ်ကြသည့်အလျောက် "အင်နရ္နာအလ္လာဟ်" ၎င်းတို့သည် မကြာမီအတွင်း နောင်တမလွန်ဘဝ၏ အမတသုခများကို အမြဲထာဝစဉ် ခံစားကြရပေမည်။ နောင်တမလွန်ဘဝကား ထာဝရတည်း၊ နောင်တမလွန်ဘဝ၏ သုခကား အမတတည်း။

② အစ္စလာမ်ကို ဖြောင့်ဖြောင့်ကြီး သွေဖည်ဆန့်ကျင်နေသူ တစ်ဦးက- နောင်တမလွန်၏ အမတသုခကို မျှော်မှန်းခြင်းမှာ မိုက်မဲခြင်းသာဖြစ်သည်။ အီမာန်ယုံကြည်မှုနှင့် ကောင်းမြတ်သော အကျင့်သီလတို့ဖြင့်သာ နောင်တမလွန်ဘဝတွင် အမတသုခများကို ခံစားရမည်ဖြစ်သည်။ ဤပစ္စက္ခတွင် တစ်သက်တာလုံး အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းဆန်၍ မိုက်ချင်တိုင်းမိုက်၊ ဆိုးချင်တိုင်းဆိုး နေသူတစ်ဦးအဖို့မှာ နောင်တမလွန်ဘဝတွင် ငရဲမီးဘေးမှအပ အခြားအဘယ်အရာ ရှိနိုင်အုံနည်း။

أَطَّلَعَ الْغَيْبَ أَمِ اتَّخَذَ عِندَ الرَّحْمَٰنِ عَهْدًا ﴿٧٨﴾

၇၈။ အသို့ပါနည်း ထိုသူတို့သည် အကွယ်၌ရှိသည်ကို သိရှိခဲ့လေသလော။ သို့တည်းမဟုတ် ထိုသူသည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်၏ အထံတော်၌ ပဋိညာဉ်တစ်ခုခုကို ဖွဲ့ခဲ့လေသလော။

كَلَّا ۚ سَنَكْتُبُ مَا يَقُولُ وَنَمُدُّ لَهُ مِنَ الْعَذَابِ مَدًّا ﴿٧٩﴾

၇၉။ အလျှင်းမဟုတ်ပေ။ယခုပင်ငါအရှင်မြတ်သည် ထိုသူပြောဆိုသော စကားကို ရေးသားတော်မူမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူ၌ ပြစ်ဒဏ်ကိုလည်း တိုးတက်ခံစားစေတော်မူမည်။ ①

وَنَرِثُهُ مَا يَقُولُ وَيَأْتِينَا فَرْدًا ﴿٨٠﴾

၈၀။ ၎င်းပြင် ထိုသူပြောဆိုသည့်အရာများကို ငါအရှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူပေမည်။ ထို့နောက် ၎င်းသည် ငါအရှင်မြတ်အထံတော်သို့ တစ်ကိုယ်တည်းပင် ရောက်ရှိလာအံ့သတည်း။

وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لِّيَكُونُوا لَهُمْ عِزًّا ﴿٨١﴾

၈၁။ ထို့ပြင် ၎င်းတို့သည် မိမိတို့အဖို့ အကူအညီပေးသူများဖြစ်ကြအံ့သောငှာအလ္လာဟ်အရှင်မြတ်အပြင် အခြားကိုးကွယ်ရာများလည်း ပြုလုပ်ထားခဲ့ကြကုန်၏။

---

① ဆိုလိုသည်ကား ယင်း ကာဖိရ် ပြောဆိုသော စကားများကို အလ္လာဟ်အရှင်မြတ် ရေးမှတ်ထားတော်မူသည်။ အချိန်ကျသောအခါ ထိုက်သည့်အားလျော်စွာ ပြစ်ဒဏ်ပေးတော် မူမည်ဖြစ်သည်။ ယင်းကာဖိရ်အား ပြစ်ဒဏ်ကို ရှည်လျားစွာ ခံစားစေတော်မူမည်ဖြစ်သည်။

ယင်းကာဖိရ် ပြောဆိုနေသော ဥစ္စာပစ္စည်း သားသမီးများကို ၎င်းသည် အမြင်အားဖြင့် ယာယီပိုင်ဆိုင်နေသည်ဟု ထင်ရသော်လည်း၊ ယင်းကာဖိရ် သေဆုံးသွားပြီးသည့်အခါ ယင်းကာဖိရ်သည် မိမိမသေမီအတွင်း ငါ့သားသမီး၊ ငါ့ပစ္စည်းဟု တတွတ်တွတ် ပြောဆိုနေခဲ့သော အရာများကို မည်သို့မျှ ပိုင်ဆိုင်တော့မည်မဟုတ်ပေ။

အမှန်မှာ အရာခပ်သိမ်းကုန်တို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူပေသည်။ ယင်းကာဖိရ်သည် ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်သို့ သားသမီးမပါ၊ ဥစ္စာပစ္စည်းမပါ၊ အခြေအရံမပါ၊ ကိုးကွယ်ရာများမပါ၊ တစ်ဦးတည်းပင် ရောက်ရှိလာပေမည်။ ခဲလေသမျှ သဲရေကျ ဖြစ်ရမည်။ ကြည့်-ကုရ်အာန် (၆:၉၅။ ၈၀:၃၄-၄၂)။

كَلَّا ۚ سَيَكْفُرُونَ بِعِبَادَتِهِمْ وَيَكُونُونَ عَلَيْهِمْ ضِدًّا ﴿٨٢﴾

၈၂။ (ယင်းကိုးကွယ်ရာများသည်ငင်းတို့အား အကူအညီပေးသူများ) အလျှင်း (ဖြစ်ကြမည်)မဟုတ်ပေ။ (စင်စစ်) မကြာမီပင် (ယင်းကိုးကွယ်ရာများသည်) ငင်းတို့အား ကိုးကွယ်မှုကို ငြင်းပယ်၍ ငင်းတို့၏ ရန်သူရန်ဘက်များပင် ဖြစ်သွားကြပေမည်။

أَلَمْ تَرَ أَنَّا أَرْسَلْنَا الشَّيَاطِينَ عَلَى الْكَافِرِينَ تَؤُزُّهُمْ أَزًّا ﴿٨٣﴾

၈၃။ (အို-နဗီတမန်တော်) အသင်သည် မသိမမြင်ခဲ့ပါသလော။ ဧကန်မလွဲ ငါအရှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့အပေါ်၌ ရိုင်တွန်း မိစ္ဆာကောင်များကို စေလွှတ်ထားတော်မူခဲ့လေသည်။ ထိုရိုင်တွန်းမိစ္ဆာကောင်များသည် ယင်းသွေဖည် ငြင်းပယ်သောသူတို့အား လွန်စွာ လှုံ့ဆော်လျက်ရှိကြကုန်၏။

فَلَا تَعْجَلْ عَلَيْهِمْ ۖ إِنَّمَا نَعُدُّ لَهُمْ عَدًّا ﴿٨٤﴾

၈၄။ သို့ဖြစ်ပေရာ အသင်သည် ယင်း(သွေဖည်ငြင်းပယ်သောသူ)တို့နှင့် ပတ်သက်၍ အလျင်မလိုလေနှင့်။ ငါအရှင်မြတ် ကိုယ်တော်တိုင်ပင် ငင်းတို့(၏အပြုအမူများ) ကို ရေတွက်လျက် ရှိနေတော်မူပေသတည်း။

يَوْمَ نَحْشُرُ الْمُتَّقِينَ إِلَى الرَّحْمَٰنِ وَفْدًا ﴿٨٥﴾

၈၅။ (ငင်းတို့အပေါ်၌ ပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်မည်ဖြစ်၏။) ထိုနေ့တွင် ငါအရှင်မြတ်သည် မွတ္တကီသူတော်စင်တို့အား "ရဟ်မာန်" အနန္တကရုဏာတော်ရှင် အထံတော်သို့ ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။

وَنَسُوقُ الْمُجْرِمِينَ إِلَىٰ جَهَنَّمَ وِرْدًا ﴿٨٦﴾

၈၆။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား (ထိုနေ့တွင်) ဂျဟန္နမ်ငရဲဘုံသို့ ရေငတ်မွတ်သိပ်စေလျက် မောင်းနှင်တော်မူပေမည်။

لَا يَمْلِكُونَ الشَّفَاعَةَ إِلَّا مَنِ

၈၇။ (ထိုနေ့တွင်) "ရဟ်မာန်" အနန္တကရုဏာတော်ရှင်၏အထံတော်မှ ကတိတစ်စုံတစ်ရာ ရရှိပြီးဖြစ်

اتَّخَذَ عِندَ الرَّحْمَٰنِ عَهْدًا ﴿٨٧﴾

وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا ﴿٨٨﴾

သောသူမှတစ်ပါး အခြားသူတို့မှာ ကြားဝင်အသနားခံပိုင်ခွင့် ရှိကြမည် မဟုတ်ပေတကား။ ၁

၈၈။ ထို့ပြင် ၎င်းတို့က "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် သားသမီး ပြုလုပ်တော်မူခဲ့သည်ဟု(စွပ်စွဲ) ပြောဆိုခဲ့ကြကုန်၏။ ၂

---

① ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ် ခွင့်ပြုတော်မူသော နဗီများ၊ ကောင်းကင်တမန်များ၊ သူတော်စင်များ စသည့်ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့သာလျှင် အဆင့်ဆင့် ရှာအတ်ပြုခွင့် ရရှိကြပေမည်။ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရှာအတ်ပြုနိုင်မည် မဟုတ်ပေ။ ရှာအတ်ပြုခွင့်ရရှိသော ပုဂ္ဂိုလ်များသည်ပင်လျှင် လူတိုင်းအတွက် ရှာအတ်ပြုနိုင်ကြမည် မဟုတ်၊ အလ္လာဟ်အရှင်မြတ် ခွင့်ပြုတော်မူသော သူများအတွက်သာ ရှာအတ်ပြုနိုင်ကြပေမည်။ ကာဖိရ်များအဖို့ ရှာအတ် အလျှင်းမရှိပေ။

② များစွာသော သူများသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားအရာများကိုလည်း ကိုးကွယ်ရာများဟူ၍ မှတ်ယူကိုးကွယ်ကြသည်။ အချို့က အလ္လာဟ်အရှင်မြတ်၌ သားတော်နှင့် သမီးတော်များရှိသည်ဟု ဆိုကြသည်။

ဥပမာ-နတ်ဆွေရာနီများက တမန်တော်အီစာအား အလ္လာဟ်အရှင်မြတ်၏ သားတော်ဟူ၍ ဆိုကြသည်။ ယဟူဒီများက တမန်တော် အုဇိုင်ရ်အား အလ္လာဟ်အရှင်မြတ်၏ သားတော်ဟူ၍ဆိုကြသည်။ အရဗ်မှရှိရစ်တို့က ကောင်းကင်တမန်များအား အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဟူ၍ ဆိုကြသည်။

ဤသို့ကား အလျှင်းမဆိုအပ်ပေ။ ပြောဆိုရန်ဝေးစွ၊ တွေးပင်မတွေးအပ်ပေ။ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်း၊ တစ်ပါးတည်း ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ၊ ဇနီးသားသမီး သံယောဇဉ်ဟူ၍ အလျှင်းမရှိ၊ သားသမီး၊ ဇနီးစသည့် သံယောဇဉ်များရှိနေပါက ထိုအရှင်မြတ်သည် မိမိ၏သံယောဇဉ်များကို ထောက်ထားရတော့မည်၊ ငဲ့ညှာရတော့မည်၊ တန်ခိုးတော်များ ခွဲဝေပေးရတော့မည်။ ထိုအရှင်မြတ်၌ "ဂုဏ်ရည်တူမရှိ" ဟူသော ဂုဏ်တော်သည် ပျက်ပြားရတော့မည်။ ဤသို့ကား အလျှင်းမဖြစ်နိုင်။ အလျှင်းမပြောအပ်၊ မဆိုအပ်၊ မတွေးအပ်။

ရှိရှိသမျှသော အရာခပ်သိမ်းကုန်တို့သည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာ ဖြစ်ကြချေသည်။ ထိုအရှင်မြတ်၏ ကျွန်၊ အစေခံများသာ ဖြစ်ကြပေသည်၊ အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်အားသာလျှင် မှီခိုအားထားနေကြရပေသည်၊ ထိုအရှင်မြတ်သည် မည်သူ့ကိုမျှ အားထားမှီခိုနေရတော်မူသည်မဟုတ်။ အရာအားလုံးတို့သည် အစေခံကျွန်အဖြစ်နှင့်ပင် ထိုအရှင်မြတ်၏ ရှေ့တော်သို့ ရောက်ရှိကြရပေမည်၊ သို့ဖြစ်ရာ အစေခံကျွန်တစ်ဦးသည် ထိုအရှင်မြတ်၏ သား၊ သမီး၊ ဇနီး အသို့လျှင် ဖြစ်နိုင်အံ့နည်း။ အလျှင်းမဖြစ်နိုင်ပေ။

အလ္လာဟ်အရှင်မြတ်၌ သား၊ သမီး၊ ရှိသည်ဟု စွပ်စွဲပြောဆိုခြင်းမှာ အလျှင်း မပြောဆိုအပ်သော စကားကို ထုတ်ဖော် ပြောဆိုခြင်းသာဖြစ်သည်၊ ယင်းသို့ပြောဆိုခြင်းမှာ အပြစ် အလွန်ကြီးလေးလှသည်။ ဤသည်ကိုပင် ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

لَقَدْ جِئْتُمْ شَيْـًٔا إِدًّا ﴿٨٩﴾

၈၉။ ဧကန်မလွဲ အသင်တို့သည် အလွန် ဆိုးရွား သောအရာကို ကျူးလွန် (ပြောဆို)ခဲ့ကြကုန်သည်။

تَكَادُ السَّمَٰوَٰتُ يَتَفَطَّرْنَ مِنْهُ وَتَنشَقُّ الْأَرْضُ وَتَخِرُّ الْجِبَالُ هَدًّا ﴿٩٠﴾

၉၀။ ယင်းပြောဆိုမှုကြောင့် မိုးကောင်းကင်များ သည်ပြိုလုအံ့ဆဲဆဲ၊ ပထဝီမြေသည်အက်ကွဲအံ့ဆဲဆဲ၊ တောင်များသည် တုန်လှုပ်၍ ပြိုလဲ ကျအံ့ဆဲဆဲ၊ ဖြစ် ကုန်ကြပေသည်။

أَن دَعَوْا لِلرَّحْمَٰنِ وَلَدًا ﴿٩١﴾

၉၁။ ၎င်းတို့သည် "ရဟ်မာန်" အနန္တကရုဏာတော် ရှင်၌ သားသမီး(ရှိသည်ဟု) ယိုးစွပ်ခဲ့ကြသောကြောင့် ပင်။

وَمَا يَنبَغِي لِلرَّحْمَٰنِ أَن يَتَّخِذَ وَلَدًا ﴿٩٢﴾

၉၂။ စင်စစ်မူကား သားသမီး တစ်စုံတစ်ယောက် ပြုလုပ်ခြင်းသည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင် နှင့် လုံးဝ အပ်စပ်သည်မဟုတ်ပေ။

إِن كُلُّ مَن فِي السَّمَٰوَٰتِ وَالْأَرْضِ إِلَّآ آتِي الرَّحْمَٰنِ عَبْدًا ﴿٩٣﴾

၉၃။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌ လည်းကောင်း၊ ရှိကုန်သောသူ ဟူဟူသမျှတို့သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်၏ ရှေ့တော်မှောက် တွင် ကျွန်အဖြစ်နှင့် လာရောက်ရမည့်သူချည်းသာ ဖြစ်ကုန်သတည်း။

لَقَدْ أَحْصَىٰهُمْ وَعَدَّهُمْ عَدًّا ﴿٩٤﴾

၉၄။ ဧကန်မလွဲ ထိုအရှင်မြတ်သည် ၎င်းတို့အား ဝန်းခြံ၍ထားတော်မူသည့်ပြင် ၎င်းတို့အား ရေတွက်၍ လည်း ထားတော်မူလေသည်။

وَكُلُّهُمْ آتِيهِ يَوْمَ الْقِيَٰمَةِ فَرْدًا ﴿٩٥﴾

၉၅။ စင်စစ် ၎င်းတို့အနက် အသီးသီးတို့သည် ထို အရှင်မြတ်အထံတော်သို့ ကိယာမတ် ရှင်ပြန်ထမည့် နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများသာလျှင် ဖြစ်ကြကုန်သတည်း။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَيَجْعَلُ لَهُمُ الرَّحْمَٰنُ وُدًّا ﴿٩٦﴾

၉၆။ ဇကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သောအကျင့်သီလများကိုလည်း ကျင့်မူ ဆောက်တည်ကြကုန်၏။ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် မကြာမြင့်မီပင် ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ ပေးတော်မူပေမည်။ [၁]

فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لِتُبَشِّرَ بِهِ الْمُتَّقِينَ وَتُنذِرَ بِهِ قَوْمًا لُّدًّا ﴿٩٧﴾

၉၇။ စင်စစ် ငါအရှင်မြတ်သည်ပင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို အသင်၏ ဘာသာစကားဖြင့် လွယ်ကူအောင် ပြုလုပ်တော်မူခဲ့ပေသည်။ သို့မှသာလျှင် အသင်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်)ဖြင့် မွတ္တကီ သူတော်စင်တို့အား သတင်းကောင်း ပြောကြားခြင်းကို လည်းကောင်း၊ စကားအငြင်းပွားအားကြီးသောအမျိုးသားတို့အား ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ဖြင့် သတိပေး နှိုးဆော်ခြင်းကိုလည်းကောင်း၊ ပြုနိုင်မည် ဖြစ်ပေသတည်း။ [၂]

---

① အီမာန် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလဆောက်တည်ကြကုန်သော သူမွန်သူမြတ်တို့အား အလ္လာဟ်အရှင်မြတ်သည် မိမိ၏မေတ္တာဓာတ်ကို ချီးမြှင့်တော်မူသည်၊ သို့တည်းမဟုတ် မိမိကိုယ်တော်တိုင်က ၎င်းတို့အား ကရုဏာသက်တော်မူသည်။ သို့တည်းမဟုတ် ၎င်းတို့နှင့်ပတ်သက်၍ လူအများတို့၏ စိတ်နလုံးများတွင် မေတ္တာဓာတ်ကို ထည့်သွင်းပေးတော်မူသည်။

သူတစ်ပါး၏ ရိုးသားစွာ ချစ်ကြည်မြတ်နိုးမှု ခံရခြင်း၏သုခနှင့် သူတစ်ပါး၏ မလိုမုန်းတီးမှု ခံရခြင်း၏ဒုက္ခကို ခဲ့စားရဘူးသူတိုင်း သိနိုင်ပေသည်။ (ဤတွင် သူတစ်ပါးအား မိမိကိုယ်ကျိုးကို မျှော်ကိုး၍ ချစ်ကြည်မြတ်နိုးခြင်း၊ အပြစ်ရှိသူက ဖြောင့်မတ်မှန်ကန်သူတို့အား မုန်းတီးခြင်းများသည် အကျုံးမဝင်ပေ။ ဤ ချစ်မှု၊ မုန်းတီးမှုသည် မိမိအကျိုးရှိမှု၊ ဆုံးရှုံးမှုကြောင့် သာဖြစ်သည်)။

မွတ်စ်လင်မ်တို့သည် အစ္စလာမ်တရားတော်နှင့်အညီ ကျင့်မူနေထိုင် ပေါင်းသင်းဆက်ဆံပါက သူတစ်ပါးတို့၏စိတ်ကို မိမိဘက်သို့ ယိမ်းညွှတ်စေနိုင်ကြမည်၊ သူတစ်ပါးတို့၏ မေတ္တာကို ခိုလှုံနိုင်ကြပေမည်။ မေတ္တာသည် အကြီးဆုံးသော အင်အားစုကြီးပင်။

ဤအာယတ်တော်သည် မက္ကာမြို့တော်၌ ထုတ်ပြန်ချမှတ်တော်မူခဲ့သော အာယတ်တော်ဖြစ်သည်။ ဤအာယတ်တော်တွင် ကတိပြုထားတော် မူခဲ့သည့်အတိုင်း၊ အတိတ်ခေတ် မက္ကာမြို့သား မွတ်စ်လင်မ်များသည် မကြာမီအတွင်း သူတစ်ပါးတို့၏ ချစ်ကြည်မြတ်နိုးမှုကို အံ့ဖွယ်သရဲ ခံစားခဲ့ကြရသည်မှာ ရာဇဝင်အထင်အရှားပင်။

وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ ۖ هَلْ تُحِسُّ مِنْهُم مِّنْ أَحَدٍ أَوْ تَسْمَعُ لَهُمْ رِكْزًا ﴿٩٨﴾

၉၈။ စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့အလျင် များစွာသောအုပ်စုများကိုပင် ကွပ်မျက်ဖျက်ဆီးတော် မူခဲ့ပေသည်။ အသင်သည် ၎င်းတို့အနက် တစ်ဦး တစ်ယောက်ကိုပင် မြင်ပါသေးသလော။ သို့တည်း မဟုတ် အသင်သည် ၎င်းတို့၏ သဲ့သဲ့အသံကိုပင် ကြားပါသေးသလော။

Ⓙ အလ္လာဟ်အရှင်မြတ်သည် လူမျိုးအသီးသီးတို့ထံသို့ တမန်တော်များအား စေလွှတ်တော်မူရာတွင် များသောအားဖြင့် သက်ဆိုင်ရာ လူမျိုးအနက်မှပင် စေလွှတ်တော်မူလေ့ရှိခဲ့ပေသည်။ ကျမ်းဂန်များကိုလည်း သက်ဆိုင်ရာလူမျိုး၏ ဘာသာစကားဖြင့်ပင် ထုတ်ပြန် ချမှတ်တော်မူလေ့ရှိခဲ့သည်။ ထို့အတူ အလ္လာဟ်အရှင်မြတ် သည် အရဗ်အမျိုးသားတို့ထံသို့၊ ၎င်းတို့အနက်မှပင် တမန်တော်မြတ်အား စေလွှတ်တော်မူ၍ ကုရ်အာန် ကျမ်းမြတ်ကိုလည်း အရဗီဘာသာဖြင့်ပင် ထုတ်ပြန်ချမှတ်တော် မူခဲ့လေသည်။ ယင်းသို့ ထုတ်ပြန်ချမှတ်တော် မူခြင်း၏အကြောင်းမှာ လွယ်ကူစွာဖြင့် မွတ္တကီသူတော်စင်များအား ကောင်းချီးသတင်းပေးရန်နှင့် အလွန်အငြင်းအခုန်ပြုသော သူယုတ်မာတို့ကို သတိပေးရန်ပင် ဖြစ်သည်။

တွာဟာ ကဏ္ဍ

سُوْرَةُ طٰهٰ

ဤကဏ္ဍသည် စူရဟ်တွာဟာ မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၃၅)၊ ရုကူအ် အပိုဒ်(၈) အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော
မပြတ်မစဲ သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

طٰهٰ ①

၁။ တွာ-ဟာ။ [၁]

مَآ اَنْزَلْنَا عَلَيْكَ الْقُرْاٰنَ لِتَشْقٰٓى ②

၂။ ငါအရှင်မြတ်သည် အသင် အတိဒုက္ခခံစားအံ့သောငှာ အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သည် မဟုတ်ပေ။

اِلَّا تَذْكِرَةً لِّمَنْ يَّخْشٰى ③

၃။ စင်စစ်မှာမူကား (ဤကုရ်အာန်ကျမ်းတော်မြတ်သည်ငါအရှင်မြတ်အား)ကြောက်ရွံ့ (ရိုသေသော) သူ၏အဖို့ ဆုံးမသြဝါဒပင် ဖြစ်ပေသည်။ [၂]

---

① "တွာဟာ"သည် "ဟုရူဖ်မုကတ္တဝ်တွအဟ်" ခေါ် သန်ဒေါ်ပအက္ခရာစုများတွင် အပါအဝင်ဖြစ်သည်။ ယင်းသည့် သန်ဒေါ်ပအက္ခရာစုများ၏ တိမှန်ကန်သော အလိုသဘောကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။

② **ကုရ်အာန်ကို ထုတ်ပြန်တော်မူခြင်း၏ ရည်ရွယ်ချက်။**

ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော် မူခြင်းမှာ- အတိဒုက္ခဖြစ်စေရန်မဟုတ်၊ စိတ်နေသဘောထား နှုးညံ့သိမ်မွေ့၍ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသော ပုဂ္ဂိုလ်များ တရားရကြရန် အလို့ငှာသာဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်ကို လက်ခံနာယူကျင့်မူသော ပုဂ္ဂိုလ်များသည် မအောင်မြင်ကြသည်မရှိ၊ အောင်မြင်ကြသည်သာဖြစ်သည်။ ကုရ်အာန်သည် ဒုက္ခမဟုတ်၊ သုခဖြစ်သည်။ အမှောင်မဟုတ်၊ အလင်းဖြစ်သည်။ အမှောင်ခွင်း၍ အလင်းဆောင်သည်။

အချို့ကျမ်းချက်များတွင် လာရှိသည်မှာ - တမန်တော်မြတ်သည် ဝဟီအာယတ်တော်များ စတင် ကျရောက်ခါစအချိန်တွင် ညဉ့်အခါ၌ မတ်တတ်ရပ်ပြီး ဆွလာတ်ဝတ်ပြုရာ၌ ကုရ်အာန်ကျမ်းမြတ်ကို ကြာရှည်စွာ ရွတ်ဖတ်သရဇ္ဈာယ်တော် မူလေ့ရှိခဲ့သည်။ ဤသည့်အချင်းအရာကို မြင်သောအခါ ကာဖိရ်များက "ကုရ်အာန် ကျရောက်လာခဲ့သည့်အတွက် မုဟမ္မဒ်သည် ကြီးစွာသောဒုက္ခကို ခံစားနေရပြီ" ဟု ပြောဆိုခဲ့ကြလေသည်။ ဤအာယတ်တော်တွင် ယင်းသို့သော ကာဖိရ်များအား ရည်ညွှန်း ဖြေကြားထားတော်မူသည်။

تَنْزِيلًا مِّمَّنْ خَلَقَ الْأَرْضَ وَالسَّمٰوٰتِ الْعُلٰى ﴿٤﴾

၄။ ပထဝီမြေကိုလည်းကောင်း၊ မြင့်မားလှစွာသော မိုးကောင်းကင်များကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင်မြတ်၏အထံတော်မှ ချပေးသနားတော်မူခြင်းပင် ဖြစ်၏။

اَلرَّحْمٰنُ عَلَى الْعَرْشِ اسْتَوٰى ﴿٥﴾

၅။ (ထို) "ရဟ်မာန်" အနန္တကရုဏာတော်ရှင်ကား "အရ်ရှ်" ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူ၏။

لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الْأَرْضِ وَمَا بَيْنَهُمَا وَمَا تَحْتَ الثَّرٰى ﴿٦﴾

၆။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ မိုးကောင်းကင်များနှင့် ပထဝီမြေတို့၏ အကြားဝယ် ရှိသမျှတို့သည်လည်းကောင်း၊ မြေအောက်၌ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသည်ချည် ဖြစ်ကုန်၏။

وَاِنْ تَجْهَرْ بِالْقَوْلِ فَاِنَّهٗ يَعْلَمُ السِّرَّ وَاَخْفَى ﴿٧﴾

၇။ (အို-နဗီတမန်တော်) အကယ်၍ အသင်သည် အသံကျယ်စွာ စကားပြောဆိုပါလျှင်လည်း (ထိုအရှင်မြတ်သည် သိတော်မူသည်သာ ဖြစ်၏။) ဧကန်စင်စစ် ထိုအရှင်မြတ်သည် စိတ်ထဲတွင် ပြောဆိုသောစကားကိုလည်းကောင်း၊ စိတ်ထဲတွင် ပေါ်ပေါက်ရုံမျှ ရှိသေးသောစကားကိုလည်းကောင်း၊ သိရှိတော်မူ၏။

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ؕ لَهُ الْاَسْمَآءُ الْحُسْنٰى ﴿٨﴾

၈။ (ထိုအရှင်ကား) အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး၊ ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ ထိုအရှင်မြတ်၌ အမွန်မြတ်ဆုံးသော နာမ်တော်များသည် ရှိကုန်သတည်း။

وَهَلْ اَتٰىكَ حَدِيْثُ مُوْسٰى ﴿٩﴾

၉။ ၎င်းပြင် (နဗီတမန်တော်)မူစာ၏ အကြောင်းသတင်းသည် အသင့်ထံ ရောက်လာခဲ့လေပြီလော။

إِذْ رَءَا نَارًا فَقَالَ لِأَهْلِهِ
امْكُثُوٓا۟ إِنِّىٓ ءَانَسْتُ نَارًا
لَّعَلِّىٓ ءَاتِيكُم مِّنْهَا بِقَبَسٍ
أَوْ أَجِدُ عَلَى ٱلنَّارِ هُدًى ﴿١٠﴾

၁၀။ တစ်ရံရောအခါဝယ် ယင်း(နဗီတမန်တော်) မူစာသည် မီးတစ်ခုကို မြင်လေသော် မိမိအိမ်သူ အိမ်သားတို့အား "အသင်တို့သည် (ဤနေရာ၌ပင်) စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ ဧကန်မလွဲ ကျွန်ုပ်သည် မီးတစ်ခုကို တွေ့မြင်ရလေသည်။ ကျွန်ုပ်သည် ထိုမီးမှ မီးကျီးမီးခဲကို အသင်တို့ထံ ယူဆောင်လာနိုင်ရာ၏။ သို့တည်းမဟုတ် ကျွန်ုပ်သည် မီး၏အနီးတွင် လမ်းညွှန်တစ်စုံတစ်ရာကို တွေ့ရှိတန်ရာသည်" ဟု ပြောဆိုလေ၏။

فَلَمَّآ أَتَىٰهَا نُودِىَ يَٰمُوسَىٰٓ ﴿١١﴾

၁၁။ ထို့နောက် ယင်း(နဗီတမန်တော်)မူစာသည် ထိုမီး၏အနီးသို့ရောက်လတ်သော် (ဤသို့)အသံပြုခြင်း ဟစ်ခေါ်ခြင်းကို ခံခဲ့ရလေသည်။ အို-မူစာ၊

---

③ **တမန်တော်မူစာ မဒ်ယန်မှအပြန်လမ်းတွင် ဒုက္ခဖြစ်ခြင်း။**

တမန်တော်မူစာသည် မဒ်ယန်တွင် တမန်တော်ရှုအိုက်ဗ်၏သမီးနှင့် ထိမ်းမြားခဲ့သည်။ တမန်တော်မူစာသည် မဒ်ယန်တွင် နှစ်အတော်ကြာနေထိုင်ပြီးနောက်၊ အိုဂျစ်ပြည် မိမိသားချင်းများထံသို့ ပြန်ခဲ့သည်။ ခရီးတွင် အိမ်သူအိမ်သားများနှင့် ကိုယ်ဝန်ရှိသော မိမိ၏ ဇနီးလည်းပါရှိခဲ့သည်။ ခရီးတွင် ဆိတ်အုပ်လည်းပါခဲ့သည်။ ညဉ့်မှာ အလွန်မှောင်ခဲ့သည်၊ ဥတုရာသီမှာ အလွန်အေးခဲ့သည်။ ထိုအခြေအနေတွင် တမန်တော်မူစာသည် မျက်စိလည် လမ်းမှေသွားခဲ့ရာ ဆိတ်များလည်း ဖရိဖရဲကွဲသွားခဲ့ကြလေသည်။ 'ဘူးလေးရာ ဖရဲဆင့်' ဆိုသကဲ့သို့ ထိုအချိန်မှာပင် ဇနီးသည်တွင် သားဖွားရန်အတွက် ကမ္ဘာလေလှုပ်လာခဲ့လေသည်။ ထိုအချိန်တွင် တမန်တော်မူစာသည် စိတ်အပျက်ကြီး ပျက်ခဲ့ရသည်။

အဖြစ်ကား - အချိန်မတော် လမ်းစပျောက်နေသည်၊ ညဉ့်အချိန် မှောင်အတိကျနေသည်၊ ဥတုမှာ အလွန်အေးလှသည်၊ ဇနီးသည်သည် သားဖွားရန်ဆဲဆဲဖြစ်သည်၊ အလင်းရောင်မရှိ၊ မီးမရှိ၊ မိမိ၌ပါရှိသော ကျောက်မီးခတ်ကို ခတ်သော်လည်း မီးမထွက်၊ ယင်းသို့ ကံဆိုးမိုးမှောင်ကျနေခိုက်တွင် တမန်တော်မူစာသည် အဝေး၌ မီးကိုလှမ်းမြင်မိလေသည်။

အမှန်မှာ ထိုမီးသည် လောကီဆိုင်ရာမီးမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်သာဖြစ်သည်။ တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ကို မီးထင်မှတ်ကာ မိမိ၏အိမ်သူ အိမ်သားများအား "အသင်တို့သည် ဤနေရာတွင် ခေတ္တစောင့်ဆိုင်းကြ၊ ကျွန်ုပ် မီးရှိရာသို့သွားမည်၊ မီးပွား၍ ယူနိုင်ကောင်းယူခဲ့မည်၊ သို့မဟုတ် လမ်းစတွေ့ကောင်းတွေ့ခဲ့မည်" ဟု ပြောဆိုကာ မီးမြင်ရာသို့ သွားခဲ့လေသည်။

တမန်တော်မူစာသည် မီးမြင်ရာဒေသသို့ ရောက်ရှိသောအခါ အံ့ဖွယ်သရဲရှုကွက်ကို တွေ့မြင်ရသည်မှာ သစ်ပင်တစ်ပင်၌ မီးသည် အကြီးအကျယ် လောင်ကျွမ်းနေသည်။ မီးလောင်ကျွမ်းသည်နှင့်အမျှ သစ်ပင်သည် ➤➤

إِنِّيٓ أَنَا۠ رَبُّكَ فَٱخْلَعْ نَعْلَيْكَ ۖ إِنَّكَ بِٱلْوَادِ ٱلْمُقَدَّسِ طُوًى ﴿١٢﴾

وَأَنَا ٱخْتَرْتُكَ فَٱسْتَمِعْ لِمَا يُوحَىٰٓ ﴿١٣﴾

၁၂။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင်။ သို့ဖြစ်ပေရာ အသင်သည် မိမိ ဖိနပ်နှစ်ဖက်ကို ချွတ်ပါလေ။ [၁] ဧကန်စင်စစ် အသင်သည် ထူးမြတ်သော "တွုဝါ" [၂] တောင်ကြားအရပ်၌ (ရောက်)ရှိနေချေပြီ။

၁၃။ စင်စစ် ငါအရှင်မြတ်သည် အသင့်အား (နဗီတမန်တော်အဖြစ်) ရွေးချယ်တော်မူပြီးဖြစ်ရာ အသင်သည် (မိမိထံသို့ ငါအရှင်မြတ်အထံတော်မှ) ထုတ်ပြန်ခြင်းခံရသောအမိန့်တော်များကို နားထောင်ပါလေ။

➤➤ စိမ်းစိုလာလေသည်။ သစ်ပင်သည် ပိုမို၍ စိမ်းစိုလာသည်နှင့်အမျှ မီးတောက်မီးလျွံသည် ကြီးမားလာလေသည်။ တမန်တော်မူစာသည် မီးလောင်စတစ်ခုကို ကောက်နိုင်ရန်အတွက် မီးလောင်ရာသို့ သွားသောအခါ မီးသည် အံ့ဖွယ်သရဲ ဝေးသွားလေသည်။ စိုးရိမ်ပြီး နောက်ဆုတ်လိုက်သောအခါ မီးသည် ပြန်လိုက်လာလေသည်။ ထိုသို့ ကြောက်ဖွယ် အံ့ဖွယ်အခြေအနေတွင် "ငါအရှင်မြတ်သည် အသင်၏ အရှင်သခင်ဖြစ်တော်မူသည်" ဟူသော အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်သံကို ကြားရလေသည်။

တမန်တော်မူစာသည် (ယာ...မူစာ) "အို...မူစာ" ဟူသော အသံကိုကြားရသောအခါ "လဗ်ဗိုက်"၊ "ကျွန်တော်မျိုး အသင့်ရှိပါသည်" ဟု အကြိမ်ကြိမ် လျှောက်ထားခဲ့လေသည်။ ထို့နောက် တမန်တော်မူစာက "ကျွန်တော်မျိုးသည် အရှင်မြတ်၏ အသံတော်ကို ကြားရပါသည်၊ သို့ရာတွင် အရှင်မြတ်အား မမျူတွေ့ရပါ"ဟု လျှောက်ထားခဲ့လေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က "ငါသည် အသင်၏အပေါ်၌ရှိသည်၊ အသင်နှင့်အတူရှိသည်၊ အသင်၏ရှေ့တွင်ရှိသည်၊ အသင်၏နောက်တွင်ရှိသည်၊ ငါသည် အသင်နှင့်အသင်၏ အသက်ဇီဝိန်ထက်ပင် ပို၍နီးသည်" ဟု မိန့်ကြားတော် မူခဲ့လေသည်။ ထိုအချိန်တွင် တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်သံကို အဘက်ဘက်မှ အံ့ဖွယ်သရဲကြား၍ နေခဲ့ရပေသည်။

ဤအကြောင်း ကုရ်အာန် (၂၈:၂၉-၃၀)တွင်လည်း တွေ့ရှိရသည်။ ဤအကြောင်းကို ကုရ်အာန်(၁၉:၅၂)၏ အဖွင့်တွင်လည်း ရေးသားခဲ့ပေပြီ။

① တမန်တော်မူစာ ရောက်ရှိသွားခဲ့သော ထိုသန့်ပြန့်မြင့်မြတ်သော ကွင်းပြင်၏ အမည်မှာ (တွုဝါ)ဖြစ်သည်။ တမန်တော်မူစာသည် ဖိနပ်စီးလျက်ဖြစ်ခဲ့သည်၊ မြင့်မြတ်သောဌာနကို လေးစားစေသော အားဖြင့် ဖိနပ်ချွတ်ခိုင်းတော်မူခြင်းဖြစ်သည်။

② အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား တမန်တော်အဖြင့် ချီးမြှင့်တော်မူခဲ့သော တောင်ကြားဒေသ၏ အမည်မှာ "တွုဝါ"ဟူ၍ဖြစ်သည်။ "တွုဝါ"သည် သိနကျွန်းစွယ်ရှိ သိနတောင်ခြေ၌ တည်ရှိသည်။ မုဖတ်စ်စစ်ရဲ့ အများစု၏ ယူဆချက်အရ "တွုဝါ" ၏အနက်မှာ "နှစ်ကြိမ်"ဟုလည်း ကောက်ယူကြသည် ဆိုလိုသည်ကား နှစ်ကြိမ် အသံပြုတော်မူခြင်း ခံရသည်၊ သို့မဟုတ် နှစ်ကြိမ် သန့်စင်တော်မူခြင်း ခဲ့ရသည်ဟု၏။ ဤအဆိုနှစ်ရပ်တွင် ပထမအဆိုသည် ယုတ္တိရှိသည်။

إِنَّنِيٓ أَنَا ٱللَّهُ لَآ إِلَٰهَ إِلَّآ أَنَا۠ فَٱعْبُدْنِى وَأَقِمِ ٱلصَّلَوٰةَ لِذِكْرِىٓ ﴿١٤﴾

၁၄။ ဧကန်အမှန် ငါ အရှင်မြတ်သည် ပင်လျှင် အလွှာဟ်အရှင်မြတ်ဖြစ်တော်မူပေသည်။ ငါအရှင်မြတ်မှတစ်ပါး၊ ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ပေရာ အသင်သည် ငါအရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာတ် ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ [၁]

إِنَّ ٱلسَّاعَةَ ءَاتِيَةٌ أَكَادُ أُخْفِيهَا لِتُجْزَىٰ كُلُّ نَفْسٍۭ بِمَا تَسْعَىٰ ﴿١٥﴾

၁၅။ ဧကန်မလွဲ ကိယာမတ်သည် ရောက်ရှိလာပေမည်။ [၂] လူတိုင်းလူတိုင်းသည် မိမိကြိုးပမ်းမှု၏ အကျိုးကို ခံစားနိုင်အံ့သောငှာ ငါအရှင်မြတ်သည် ယင်းကိယာမတ်နေ့ကို (မည်သူ့အားမျှ အသိမပေးဘဲ) လျှို့ဝှက်ထားလိုတော်မူပေသည်။

فَلَا يَصُدَّنَّكَ عَنْهَا مَن لَّا يُؤْمِنُ بِهَا وَٱتَّبَعَ هَوَىٰهُ فَتَرْدَىٰ ﴿١٦﴾

၁၆။ သို့ဖြစ်ပေရာ ယင်းကိယာမတ်ကို မယုံကြည်ဘဲ မိမိစိတ် အလိုဆန္ဒကို လိုက်စားသောသူသည် အသင့်အား ယင်းကိယာမတ်ကို ယုံကြည်ခြင်းမှ တားဆီးခြင်းမပြုစေနှင့်။ သို့မဟုတ်လျှင် အသင်သည်လည်း ပျက်စီးသွားအံ့သတည်း။

---

① အစ္စလာမ်၏ အခြေခံမူများတွင် "ဝဟ်ဒတ်၊ အိဗာဒတ်၊ ကိယာမတ်" ပါဝင်သည်၊ ဤအာယတ်တော်တွင် ဤသည့်အခြေခံမူ သုံးရပ်ကိုပင် တမန်တော်မူစာအား မိန့်ကြားထားတော်မူသည်။ အိဗာဒတ်တွင် ဆွလာတ်သည် အချုပ်ဖြစ်သည်၊ ထို့အတွက် ဆွလာတ်ကို အထူးတလည် ထုတ်ဖော်မိန့်ဆို ထားတော်မူခြင်း ဖြစ်သည်။

② လူသားတို့ပြုမူကြသော ကောင်းမှုမကောင်းမှု အစုစုတို့၏ ကျိုးပြစ်များသည် ဤတိုတောင်းလှသော ပစ္စက္ခဘဝ၌ အပြည့်အဝပေါ်နိုင်ပေ။ ထို့အတွက် အကျိုးတရားများ အပြည့်အဝ ပေါ်လွင်ထင်ရှားရန် သတ်မှတ်ထားသည့် နေ့တစ်နေ့ မုချရှိရပေမည်။ ဤသည် ဉာဏ်မြော်အမြင်နှင့်လည်း ကိုက်ညီသည်၊ တရားမျှတသော သဘောအရလည်း ဤအတိုင်းပင်ဖြစ်ရပေမည်။

ထိုနေ့ကား အခြားမဟုတ်၊ ကိယာမတ်နေ့ပင်ဖြစ်သည်။ အချို့သူများသည် ကိယာမတ်ကို မယုံကြည်ပေ၊ ၎င်းတို့၏ထွေးဆချက်အရ ဤအံ့မဆုံးသော စကြာဝဠာကြီးသည် ဤပစ္စက္ခဘဝ၌ပင် ကုန်ဆုံး ချုပ်ငြိမ်းသွားပေမည်။ ဤသည် အတွေးခေါင်မှု၊ အမြင်ကျဉ်းမှုပင်ဖြစ်သည်။ နောင်တမလွန်ကို မယုံကြည်သော သူများသည် မင်းမဲ့တိုင်းပြည်တွင် စိုးရိမ်ကြောင့်ကြမှု ကင်းစွာဖြင့် စိတ်၏အလိုလိုက်ကာ ဆိုးချင်တိုင်းဆိုး၍ မိုက်ချင်တိုင်း မိုက်ကြမည်သာဖြစ်သည်။

➤➤

وَمَا تِلْكَ بِيَمِينِكَ يَا مُوسَىٰ ﴿١٧﴾

၁၇။ ၎င်းပြင် အိုး-မူစာ၊ အသင်၏ လက်ယာဘက် လက်၌ ဤသည် အဘယ်အရာနည်း။ [၁]

قَالَ هِيَ عَصَايَ أَتَوَكَّأُ عَلَيْهَا وَأَهُشُّ بِهَا عَلَىٰ غَنَمِي وَلِيَ فِيهَا مَآرِبُ أُخْرَىٰ ﴿١٨﴾

၁၈။ ယင်းမူစာက(အိုး-အရှင်) ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေး ဖြစ်ပါသည်။ ကျွန်တော်မျိုးသည် ယင်းတောင်ဝှေးပေါ်၌အမှီသဟဲပြုပါသည်။ ကျွန်တော်မျိုးသည် ယင်းတောင်ဝှေးဖြင့် မိမိဆိတ်များအဖို့ သစ်ခက်သစ်ရွက်များကိုလည်း ခြွေပါသည်။ ထိုမှတစ်ပါး ကျွန်တော်မျိုးအဖို့ ယင်း တောင်ဝှေး၌ အခြားအလိုဆန္ဒများ (အလုပ်များ)လည်း ရှိပါသေးသည်ဟု လျှောက်ထား အစီရင်ခံခဲ့လေ၏။

قَالَ أَلْقِهَا يَا مُوسَىٰ ﴿١٩﴾

၁၉။ ထိုအရှင်မြတ်က အိုး-မူစာ အသင်သည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချပါလေဟု မိန့်ကြားတော်မူခဲ့လေ၏။

فَأَلْقَاهَا فَإِذَا هِيَ حَيَّةٌ تَسْعَىٰ ﴿٢٠﴾

၂၀။ သို့ဖြစ်ပေရာ ထိုမူစာသည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချခဲ့သောအခါ ရုတ်တရက် ယင်းတောင်ဝှေးသည် လူပ်ရှား သွားလာနေသော မြွေတစ်ကောင် ဖြစ်နေလေတော့၏။

➤➤ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်က တမန်တော်မူစာကဲ့သို့သော တမန်တော်ကြီးတစ်ပါး၏အား ပင် ရှေ့အာယတ်တော်တွင် လာရှိသည့်အတိုင်း ကိယာမတ်ကို မယုံကြည်သော၊ မိမိစိတ်၏အလို လိုက်စားနေသော သူများကြောင့် ကိယာမတ်ကို မမေ့ပါလေနှင့်၊ သို့မဟုတ်က အသင်လည်း ပျက်စီးရမည်သာ ဖြစ်သည်ဟု အထူးတလည် သတိပေးထားတော်မူသည်။

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား ဦးစွာပထမ တန်ခိုးပြာဋိဟာနှစ်ပါးကို ချီးမြှင့်၍ ဖစ်ရအောင်နှံထံ စေလွှတ်တော်မူခဲ့သည်။ ကြည့်-ကုရ်အာန် (၂၈း၂၉-၃၂)။ ယင်းသည့် တန်ခိုးပြာဋိဟာနှစ်ပါးမှာ တမန်တော်မူစာ၏ တောင်ဝှေးနှင့် တမန်တော်မူစာ၏ လက်ဖြစ်သည်။

တောင်ဝှေးနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က မေးမြန်းတော်မူခြင်း၊ တမန်တော်မူစာက မိမိတောင်ဝှေးနှင့်စပ်လျဉ်း၍ အသုံးချပုံ၊ အကျိုးရှိပုံများကို လျှောက်ထားခြင်းမှာ ထိုအချိန်တွင် တမန်တော်မူစာကိုင်ဆောင်ထားသော တောင်ဝှေးသည် အခြားမဟုတ်၊ တမန်တော်မူစာ အမြဲတစေကိုင်ဆောင်လေ့ရှိသော တောင်ဝှေးပင်ဖြစ်သည်ကို တမန်တော်မူစာအား ပိုမိုသတိပြုစေရန်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ➤➤

قَالَ خُذْهَا وَلَا تَخَفْ ۖ سَنُعِيدُهَا سِيرَتَهَا الْأُولَىٰ ﴿٢١﴾

၂၁။ ထိုအရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေ၏။ (အို-မူစာ) အသင်သည် ယင်းမြွေကို (မိမိလက်ဖြင့်)ကိုင်ဖမ်းပါလော၊ ၎င်းပြင် အသင်မကြောက်နှင့် ယခုပင် ငါအရှင်မြတ်သည် ယင်းမြွေကို ၎င်း၏ မူလပထမအခြေအနေအတိုင်း ပြန်လည်၍ဖြစ်စေတော်မူမည်။ [၁]

وَاضْمُمْ يَدَكَ إِلَىٰ جَنَاحِكَ تَخْرُجْ بَيْضَاءَ مِنْ غَيْرِ سُوءٍ آيَةً أُخْرَىٰ ﴿٢٢﴾

၂၂။ ထို့ပြင် အသင်သည် မိမိ(ယာဘက်)လက်ကို မိမိ (ဝဲဘက်)ချိုင်းကြားတွင် သွင်းလော၊ ယင်းလက်မှာ နောက်ထပ်သက်သေ လက္ခဏာတော်တစ်ပါး အဖြစ် အပြစ်အနာအဆာ လုံးဝ မရှိဘဲ၊ လင်းဝင်းထွန်းတောက်လျက် ထွက်ပေါ်၍ လာပေမည်။ [၂]

لِنُرِيَكَ مِنْ آيَاتِنَا الْكُبْرَى ﴿٢٣﴾

၂၃။ (ဤသို့ ဖြစ်စေတော်မူခြင်းမှာ) ငါအရှင်မြတ်သည် မိမိကြီးကျယ်စွာသော သက်သေလက္ခဏာတော်များအနက် (အချို့ကို) အသင့်အား ပြသတော်မူရန် ဖြစ်ချေသည်။

➢➢ ယင်းသို့ သတိပြုနေသည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် တောင်ဝှေးစင်စစ်က မြွေဖြစ်သွားသည်ကို တွေ့မြင်ရသောအခါ ယင်းသို့ဖြစ်ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးပြာဋိဟာဖြစ်ကြောင်း ပိုမိုထင်ရှားသွားပေမည်။

① တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် မိမိ၏တောင်ဝှေးကို မြေပေါ်သို့ ပစ်ချလိုက်သောအခါ၊ အဆိုပါတောင်ဝှေးသည် တောင်ဝှေးစင်စစ်က လုံးလုံးလျားလျား မြွေဖြစ်သွားပြီး၊ လျင်မြန်စွာ လှုပ်ရှားသွားလာနေလေတော့သည်။ ထိုအဖြစ်ကို တွေ့မြင်ရသောအခါ တမန်တော်မူစာသည် လူ့သဘာဝအလျောက် ကြောက်ရွံ့မိလေသည်။ တစ်ဖန် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့် အဆိုပါမြွေကို ဖမ်းလိုက်သောအခါ၊ အဆိုပါမြွေသည် ယခင်အတိုင်း တောင်ဝှေးပကတိ ပြန်၍ဖြစ်သွားလေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မူစာအား ဦးစွာပထမ ချီးမြှင့်တော်မူခဲ့သော တန်ခိုးပြာဋိဟာ နှစ်ပါးဖြစ်သည်။

ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ် ကဏ္ဍစဉ်(၂၀)တွင် အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။

② အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် တမန်တော်မူစာသည် မိမိ၏လက်ယာလက်ကို မိမိ၏ ဝဲဘက်ချိုင်းအောက်တွင်သွင်းပြီး ပြန်လည်ထုတ်လိုက်သောအခါ အဆိုပါလက်သည် ယခင်နှင့်မတူ တစ်မူထူးခြားပြီး နေရောင်၊ လရောင်ပမာ ဖြူဖွေးတောက်ပလျက် ရှိနေပေသည်။ ယင်းသို့ ဖြူဖွေးခြင်းမှာ တစ်စုံတစ်ရာရောဂါကြောင့် အလျှင်းမဟုတ်ပေ။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်က တမန်တော်မူစာအား ချီးမြှင့်တော်မူခဲ့သော တန်ခိုးပြာဋိဟာ ကိုးပါးအနက် တစ်ပါးဖြစ်သည်။

اِذْهَبْ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿٢٤﴾

၂၄။ (ယခုသော်) အသင်သည် ဖစ်ရ်အောင်နံထံသို့သွားလော။ [၁] ဧကန်မလွဲ ယင်းဖစ်ရ်အောင်နံကား သွေဖည်ရာတွင် လွန်ကျူးနေချေပြီ။

قَالَ رَبِّ اشْرَحْ لِىْ صَدْرِىْ ﴿٢٥﴾

၂၅။ (ထိုအခါ) ယင်းမူစာက (ဤသို့)လျှောက်ထားပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏ ရင်ကို ကျယ်ဝန်းကြည်လင်စေတော်မူပါ။ [၂]

وَيَسِّرْ لِىْٓ اَمْرِىْ ﴿٢٦﴾

၂၆။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုး၏ အရေးကိစ္စကို လွယ်ကူစေတော်မူပါ။

وَاحْلُلْ عُقْدَةً مِّنْ لِّسَانِىْ ﴿٢٧﴾

၂၇။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုး၏ လျှာမှ အထုံးကို ဖြေ၍ ပေးတော်မူပါ။

يَفْقَهُوْا قَوْلِىْ ﴿٢٨﴾

၂၈။ ကျွန်တော်မျိုး၏ စကားကို (လူသားတို့) နားလည်နိုင်ကြရန်၊

---

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား ဦးစွာပထမ တောင်ဂေးတန်ခိုးပြဋိဟာန်နှင့် လက်တန်ခိုးပြဋိဟာများကိုချီးမြှင့်၍ ဖစ်ရ်အောင်နံထံ သွားရောက် တရားဓမ္မ ဟောညွှန်ပြရန် စေလွှတ်တော်မူခဲ့လေသည်။

② **တမန်တော်မူစာ၏ ဆုတိုအာ။**

တမန်တော်မူစာအား အလ္လာဟ်အရှင်မြတ်က ဖစ်ရ်အောင်နံထံသို့ စေလွှတ်တော်မူသည့်အခါ တမန်တော်မူစာသည် ဤအာယတ်တော်များ (၂၀း၂၅-၃၅)တွင် လာရှိသည့်အတိုင်း ဆုပန်ကြားလေသည်။ အဘယ်ကြောင့် ဆိုသော် တမန်တော်မူစာအဖို့ အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား တမန်တော်တစ်ပါးအနေနှင့် သွန်သင်ဆုံးမရမည့် တာဝန်ကား အလွန်ကြီးလေး လှသည်။ ဖစ်ရ်အောင်နှင့် ၎င်း၏ဘက်တော်သားများ၏ ဘေးရန်မှာလည်း မသေးလှပေ။ ထို့ပြင်တစ်ဝ တမန်တော်မူစာသည် နှုတ်လျှာမှာလည်း အနည်းငယ်လေး၍နေပေသည်။

ထို့အတွက် တမန်တော်မူစာက အလ္လာဟ်အရှင်မြတ်ထံတော်၌ "ကျွန်တော်မျိုး၏ စိတ်နလုံးကို ပွင့်လင်းစေတော်မူပါ၊ နှလုံးရည် ပေးသနားတော်မူပါ၊ ကျွန်တော်မျိုး၏ ကိစ္စအဝဝကို လွယ်ကူစေတော်မူပါ၊ ကျွန်တော်မျိုးအား ပွင့်လင်းသွက်လက်စွာ ဟောကြားနိုင်စွမ်း ပေးသနားတော်မူပါ။ ထို့ပြင်တစ်ဝ ကျွန်တော်မျိုး၏ နောင်တော်ကြီး ဟာရွန်အား ကျွန်တော်မျိုး၏တာဝန်တွင် ဖက်စပ်ပါဝင်စေတော်မူပြီး၊ ကျွန်တော်မျိုးအား ကူညီ ယိုင်းပင်းသူအဖြစ် ချီးမြှင့်တော်မူပါ စသည်ဖြင့် လျှောက်ထား ပန်ကြားခဲ့လေသည်။

အရဗီဘာသာစာပေတွင် "ဆွာဒ်ရ်" ဟူသည် Chest ရင်၊ ရင်အုပ် အနက်၌ဖြစ်သည်။ သို့ရာတွင် အိမာမ် ရာဃစ်ဗ်က ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသော "ကလ်ဗ်" နှလုံး၊ "ဆွာဒ်ရ်" ရင်-ဟူသော ➤➤

وَاجْعَل لِّي وَزِيرًا مِّنْ أَهْلِي ﴿٢٩﴾

၂၉။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုး၏ အိမ်ထောင်စုသားတို့အနက်မှပင် ကျွန်တော်မျိုးအဖို့ ကူညီယိုင်းပင်းသူအဖြစ် ပြုလုပ်၍ပေးသနားတော်မူပါ။

هَارُونَ أَخِي ﴿٣٠﴾

၃၀။ ကျွန်တော်မျိုး၏ နောင်တော် ဟာရွန်အား၊

اشْدُدْ بِهِ أَزْرِي ﴿٣١﴾

၃၁။ အရှင်မြတ်သည် ယင်းဟာရွန်အားဖြင့် ကျွန်တော်မျိုး၏ *အင်အား*ကို ဖြည့်တင်း၍ပေးတော်မူပါ။ [၁]

وَأَشْرِكْهُ فِي أَمْرِي ﴿٣٢﴾

၃၂။ ထိုမှတစ်ပါး အရှင်မြတ်သည် ယင်းဟာရွန်အား ကျွန်တော်မျိုး၏ အရေးကိစ္စတွင်လည်း တွဲဖက်၍ပေးတော်မူပါ။

كَيْ نُسَبِّحَكَ كَثِيرًا ﴿٣٣﴾

၃၃။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ တတ်စ်ဗီဟ် (သန့်ရှင်းစင်ကြယ်တော်မူကြောင်း)ကို များစွာဂုဏ်တော်မွမ်းနိုင်ကြအံ့သောငှာလည်းကောင်း။

وَنَذْكُرَكَ كَثِيرًا ﴿٣٤﴾

၃၄။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား များစွာအောက်မေ့တသ သတိရနိုင် ကြအံ့သောငှာလည်းကောင်း။

➤➤ ပုဒ်များသည် ပုံသေနည်းအားဖြင့် ကိုယ်ခန္ဓာ၏ အင်္ဂါအစိတ်အပိုင်းများကို ဆိုလိုသည်မဟုတ်၊ အသိဉာဏ်နှင့် အတွင်းဆိုင်ရာ အင်အားနှလုံးရည်များကိုသာ ဆိုလိုသည်ဟူ၍ အဆိုတစ်ရပ်ကို ထုတ်ဖော် ရေးသားထားသည်။ ကြည့်-မာဂျိဒီ။

ⓒ နောင်တော်ကြီးဟာရွန်ကို မိမိအား ကူညီယိုင်းပင်းသူအဖြစ် ချီးမြှောက်ပေးတော်မူရန် ညီတော်တမန်တော် မူစာ၏ဆုတောင်းအာ။

တမန်တော်မူစာသည် အလွှာဟ်အရှင်မြတ်ထံတော်၌ မိမိ၏နောင်တော်ကြီးဟာရွန်အား မိမိ၏ နဗုဝါတ်၊ ရိစာလတ် တာဝန်တွင် ဖက်စပ်ပါဝင်စေ၍ မိမိအား ကူညီယိုင်းပင်းသော တမန်တော်တစ်ပါးအဖြစ် ချီးမြှောက်ပေးတော်မူရန် ဆုပန်ကြားခဲ့လေသည်။ ယင်းသို့ ဆုပန်ကြားခဲ့ခြင်းအားဖြင့် တိုင်ပင်ဖော် တိုင်ပင်ဖက် ရရှိမည်၊ စိတ်ဓာတ်ခိုင်မြဲမည်။

နောင်တော်ကြီးဟာရွန်သည် စကားပြောဆိုရာတွင် ကောင်းမွန်ပြေပြစ်၊ ထိမိစွာ ပြောဆိုတတ်သည့် အတွက် တရားဓမ္မဟောကြားရာ၌ ပိုမိုအကျိုးသက်ရောက်ပေမည်။ ညီနောင်အချင်းချင်း ကူညီရာလည်း ရောက်သည်။ ဤသို့အားဖြင့် သာသနာရေးတာဝန်များကို တက်ညီလက်ညီ ဆောင်ရွက်နိုင်ပြီး ➤➤

إِنَّكَ كُنتَ بِنَا بَصِيرًا ﴿٣٥﴾

၃၅။ ဧကန်မလွဲ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းစွာ ရှုမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။

قَالَ قَدْ أُوتِيتَ سُؤْلَكَ يَا مُوسَىٰ ﴿٣٦﴾

၃၆။ ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ အိုမူစာ၊ ဧကန်မလွဲ အသင်သည် မိမိတောင်းခံချက်ကို ချီးမြှင့် ပေးသနားတော်မူခြင်း ခံရလေပြီ။ [၁]

وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً أُخْرَىٰ ﴿٣٧﴾

၃၇။ အမှန်စင်စစ်မူကား ငါ အရှင်မြတ်သည် အသင့် အပေါ်၌ ယခင်ကလည်း တစ်ကြိမ် ကျေးဇူးပြုတော် မူခဲ့ဖူးလေသည်။ [၂]

➤➤ အလ္လာဟ်အရှင်မြတ်အား ပိုမိုု၍ ဂုဏ်တော်မွမ်းနိုင်ကြမည်၊ ထိုအရှင်မြတ်အား ပိုမိုု၍ အောက်မေ့တသသတိရနိုင်ကြမည်။ ညီနောင်အချင်းချင်း အကျိုးပြုရာ၌ တမန်တော်မူစာသည် ကမ္ဘာတွင် စံနမူနာပင် ဖြစ်တော်မူခဲ့ပေသည်။

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ၏ လျော်ကန်သင့်မြတ်သော ပန်ကြားချက်များကို လက်ခံသဘောတူတော်မူလိုက်လေသည်။

② **<u>တမန်တော်မူစာ၏ အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်။</u>**

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ၏ ပန်ကြားချက်များကို လက်ခံ သဘောတူတော်မူခဲ့သည်သာမက၊ ထိုအရှင်မြတ်သည် ယခင်က တမန်တော်မူစာအပေါ်၌ တမန်တော်မူစာ တစ်စုံတစ်ရာ မပန်ကြားခဲ့ပဲလျက် နှင့်ပင် ကြီးမားသော ကျေးဇူးတော်ကို ပြုတော်မူခဲ့လေသည်။ ယင်းကဲ့သို့ ယခင်က တစ်စုံတစ်ရာ မပန်ကြားခဲ့ပဲလျက်နှင့်ပင် ကျေးဇူးတော်ပြုတော်မူခဲ့သော အရှင်မြတ်သည် ယခု တမန်တော်မူစာ၏ လျော်ကန်သင့်မြတ်သော ပန်ကြားချက်ကို အသို့လျှင် ပေးသနားတော်မမူပဲ နေတော်မူအံ့နည်း။

ဖစ်ရ်အောင်နှသည် ဗေဒင် ဟူးရားများ၏ ဟောကြားချက်အရ အစ္စရာအီလီမျိုးနွယ်တွင် မွေးဖွားသော သားယောကျ်ားကလေးများကို တစ်ယောက်မကျန် သတ်ဖြတ်ရန် အမိန့်ထုတ်ထားခဲ့၏။ ဖစ်ရ်အောင်နှ၏ လူသတ်အာဏာသား လက်မရွံ့များသည် အစ္စရာအီလီမျိုးနွယ်တွင် မွေးဖွားသမျှသော သားယောကျ်ားကလေးများကို တစ်ယောက်မကျန် သတ်ဖြတ်လျက်ရှိခဲ့ကြ၏။ ထိုအချိန်မျိုးမှာပင် တမန်တော်မူစာသည် ဖွားမြင်လာခဲ့ပေသည်။

ယင်းသို့သော အချိန်မျိုးတွင် တမန်တော်မူစာ ဖွားမြင်လာခဲ့ပေရာ တမန်တော်မူစာ၏ မိခင်သည် မိမိ၏ ရင်သွေး၊ ရင်နှစ်သားချစ်အတွက် ပူပန်သောကဖြစ်ခဲ့၏။ ဤသား ဖွားမြင်သည့်ကိစ္စကို ထိန်ချန်လျှို့ဝှက်ထားပါက မင်း၏နား ပေါက်ကြားသွားသော် မင်းပြစ်ဒဏ် ခံရမည်ကိုလည်း စိုးရိမ်ခဲ့၏။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ၏မိခင်အား ကုရ်အာန် (၂၀း၃၇-၄၀)တွင် လာရှိသည့်အတိုင်း သားငယ်အား သေတ္တာတစ်ခုတွင်ထည့်၍ (နိုင်လ်)မြစ်ထဲ မျှောစေတော်မူခဲ့လေသည်။ ➤➤

إِذْ أَوْحَيْنَآ إِلَىٰٓ أُمِّكَ مَا يُوحَىٰٓ ﴿٣٨﴾

၃၈။ အကြင် အခါဝယ် ငါ အရှင်မြတ်သည် အသင်၏မိခင်ထံသို့ ထုတ်ပြန်အပ်သော အကြောင်းကို ထုတ်ပြန်တော်မူခဲ့သည်မှာ . . .

➤➤ မြစ်လက်တက်တစ်ခုသည် ဖစ်ရ်အောင်နှ်၏ ဥယျာဉ်အတွင်းသို့ စီးဝင်လျက်ရှိရာ အဆိုပါသေတ္တာသည် မြစ်လေလှိုင်းများ၏ ပုတ်ခတ်မှုကြောင့် ဖစ်ရ်အောင်နှ်၏ ဥယျာဉ်အတွင်းသို့ ရောက်ရှိသွားခဲ့လေသည်။ ဖစ်ရ်အောင်နှ်၏ ကြင်ရာ အာစီယဟ်သခင်မသည် (အစ္စရာအီလီမျိုးနွယ်ဝင် သူတော်စင်အမျိုးသမီး တစ်ဦးဖြစ်သည်) ဥယျာဉ်တွင်းသို့ မျောပါလာသော သေတ္တာကို ဆယ်ယူကြည့်ရာ ချစ်စဖွယ်၊ သနားစဖွယ်လှပသော ကလေးငယ်ကို အံ့ဖွယ်သရဲတွေ့ရှိရသောအခါ ဖစ်ရ်အောင်နှ်ထံယူလာပြီး သားအဖြစ် မွေးစားထားရန် လျှောက်ထားလေသည်။ ဖစ်ရ်အောင်နှ်သည်လည်း ချစ်စဖွယ်ကလေးကိုမြင်၍ ဝမ်းတွင်းပေါက်ဖွား၊ ရင်နှစ်သားကဲ့သို့ ချစ်သနားခဲ့လေသည်။ အချို့ကျမ်းချက်အရ ဖစ်ရ်အောင်နှ်သည် အဆိုပါကလေးကို သားအဖြစ် မွေးစားရန် သဘောမတူခဲ့သော်လည်း၊ ကြင်ရာတော် အာစီယဟ်အား ထောက်ထားကာ နန်းတော်တွင် သားသမီးများကဲ့သို့ပင် ကောင်းမွန်စွာ မွေးမြူထားခွင့်ပြုခဲ့လေသည်။

တမန်တော်မူစာ၏ မိခင်သည် ရင်သွေးအား မြစ်ထဲတွင် မျှောလိုက်ပြီးနောက် ရင်သွေးအတွက် ပူဆွေးလှသဖြင့် တမန်တော်မူစာ၏ အစ်မအား အခြေအနေကို လျှို့ဝှက်စွာ ထောက်လှမ်းနိုင်ရန် စေလွှတ်ထားခဲ့လေသည်။ အစ်မဖြစ်သူ (မရ်ယမ်)သည်လည်း ကိုယ်ရှိန်သတ်ကာ မောင်လေး၏ အခြေအနေကို အကဲခပ်ရန် မလှမ်းမကမ်းမှ လမ်းလျှောက်၍ လိုက်ပါခဲ့လေသည်။

(တမန်တော်)မူစာသည် နန်းတော်တွင်းရှိ မည်သည့် အမျိုးသမီး၏ နို့ကိုမျှ မစို့ဘဲ နေခဲ့၏၊ နို့ထိန်းသည် အမျိုးမျိုးပြောင်းလဲ၍ နို့တိုက်ကျွေးသော်လည်း မည်သူ၏နို့ရည်ကိုမျှ လက်မခံခဲ့ပေ။ ထို့အတွက် အာစီယဟ်သခင်မလည်း ကလေးအတွက် စိတ်ပျက်နေခဲ့၏။

ထိုအခြင်းအရာကို (တမန်တော်မူစာ၏) အစ်မဖြစ်သူ မြင်သောအခါ "ဤကလေးကို ကောင်းစွာ နို့တိုက်ကျွေး၍ မွေးမြူနိုင်မည့် ကလေးအမေ တစ်ဦးရှိသည်၊ ခွင့်ပြုပါက ကျွန်မ ခေါ်လာနိုင်ပါသည်" ဟု ပြောရာ နန်းတွင်းမှ ခေါ်စေဟု အမိန့်ရရှိသဖြင့် အစ်မဖြစ်သူသည် တမန်တော်မူစာ၏ မွေးသမိခင် ကျေးဇူးရှင်အား နန်းတွင်းသို့ ခေါ်လာခဲ့လေသည်။ ကလေးအား နို့တိုက်ကျွေးသောအခါ သားတော်မူစာသည် မိမိ၏ မိခင်ရင်း၏ နို့ရည်ကို ကြည်ဖြူစွာ သောက်သုံးလေသည်။ ထိုအခါ နန်းတော်သူ နန်းတော်သား အားလုံးတို့သည် ပျော်မဆုံးဖြစ်ခဲ့ကြလေသည်။

ထို့နောက် တမန်တော်မူစာ၏မိခင်က "ကျွန်မသည် မိမိ၏ဝေယျာဝစ္စများကြောင့် နန်းတော်တွင် လာရောက်မနေနိုင်ပါ၊ ခွင့်ပြုလျှင် ဤကလေးကို မိမိအိမ်တွင် ကောင်းစွာထားပြီး မွေးမြူပါမည့်အကြောင်း လျှောက်ထားရာ နန်းတွင်းခွင့်ပြုချက်အရ ကလေးအား အဆောင်အယောင်ဖြင့် မိမိအိမ်သို့ ယူဆောင်လာခဲ့ပြီး မိမိရင်သွေးအား မိမိအိမ်တွင် မိမိကိုယ်တိုင် မိမိစိတ်တိုင်းကျ ယုယပိုက်ထွေး၊ နို့ချိုတိုက်ကျွေးခွင့် ရရှိခဲ့လေသည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

ဤအကြောင်း ကုရ်အာန် (၂၈း၃-၁၃)တွင် အကျယ်တဝင့် ပါရှိသည်။

أَنِ اقْذِفِيهِ فِي التَّابُوتِ فَاقْذِفِيهِ فِي الْيَمِّ فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ يَأْخُذْهُ عَدُوٌّ لِّي وَعَدُوٌّ لَّهُ ۚ وَأَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّي ۚ وَلِتُصْنَعَ عَلَىٰ عَيْنِي ﴿٣٩﴾

၃၉။ အသင်မသည် ထိုမူစာအား သေတ္တာထဲသို့ ထည့်လော့။ ထို့နောက် အသင်မ ယင်းမူစာအား (သေတ္တာနှင့်တကွ) မြစ်ထဲသို့ (မျှော)ချလော့။ ထို အခါ ထိုမြစ်(ရေ)သည် ယင်းမူစာအား ကမ်းခြေသို့ (ခတ်ရိုက်) ဆိုက်ရောက်စေမည်။ ထိုရောအခါဝယ် ငါအရှင်မြတ်၏ ရန်သူလည်းဖြစ်သူ၊ ထိုမူစာ၏ ရန်သူလည်း ဖြစ်သူသည် ထိုမူစာအား (ရေထဲမှ) ဆယ်ယူလိမ့်မည်ဟု(ထုတ်ပြန်တော်မူခဲ့လေသည်။)

ထို့ပြင် ငါအရှင်မြတ်သည် (အသင့်အား မြင်သူတိုင်းချစ်ခင်အံ့သောငှာ) အသင့်အပေါ်၌ မိမိအထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်။ (ယင်းကဲ့သို့ ပြုတော်မူခြင်းမှာ) စင်စစ်အသင်သည် ငါအရှင်မြတ်၏ မျက်မှောက်တော်၌ မွေးမြူပြုစုခြင်း ခံရအံ့သောငှာ ဖြစ်ပေသတည်း။

إِذْ تَمْشِي أُخْتُكَ فَتَقُولُ هَلْ أَدُلُّكُمْ عَلَىٰ مَن يَكْفُلُهُ ۖ فَرَجَعْنَاكَ إِلَىٰ أُمِّكَ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ ۚ وَقَتَلْتَ نَفْسًا فَنَجَّيْنَاكَ مِنَ الْغَمِّ وَفَتَنَّاكَ فُتُونًا ۚ فَلَبِثْتَ

၄၀။ အကြင်အခါဝယ် အသင်၏ အစ်မသည် လမ်းလျှောက်၍လာလေသည်။ ထို့နောက် ၎င်းက ကျွန်ုပ်သည် အသင်တို့အား ဤ(ကလေးသူငယ်)ကို (ကောင်းစွာ) မွေးမြူပြုစုနိုင်မည့်သူအား ညွှန်ပြရမည်လောဟု ပြောဆိုလေသည်။

တစ်ဖန် ငါအရှင်မြတ်သည် အသင်အား အသင်၏ မိခင်ထံသို့ ထိုမိခင်၏ မျက်စိအေးမြ (ကြည်လင်)အံ့သောငှာလည်းကောင်း၊ ယင်းမိခင်သည် ဝမ်းနည်းပူဆွေးခြင်း မဖြစ်ရန်လည်းကောင်း၊ ပြန်လည် ရောက်ရှိစေတော်မူခဲ့ပေသည်။

ثُمَّ جِئْتَ عَلَىٰ قَدَرٍ يَٰمُوسَىٰ ﴿٤٠﴾

ထို့ပြင် အသင်သည် လူတစ်ယောက်ကို (မတော်တဆ) သတ်ဖြတ်မိခဲ့ရာ [၃] ငါအရှင်မြတ်သည် အသင်၏ စိတ်ဒုက္ခရောက်ရှိခြင်းမှ ကယ်တင်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် အသင့်အား အကြီးအကျယ် စမ်းသပ်တော်မူခဲ့ပေသည်။ ထို့နောက် အသင်သည် မဒ်ယန်မြို့သားတို့တွင် အနှစ်နှစ်အလလနေ(ထိုင်)ခဲ့လေသည်။ [၂] ထို့နောက် တစ်ဖန် အို-မူစာ၊ အသင်သည် သတ်မှတ်ပိုင်းခြားအပ်သော အချိန်၌ (ဤနေရာသို့ ပြန်လည်) ရောက်ရှိလာခဲ့လေသည်။ [၃]

وَٱصْطَنَعْتُكَ لِنَفْسِى ﴿٤١﴾

၄၁။ စင်စစ် ငါအရှင်မြတ်သည် အသင်အား မိမိ (နဗီတမန်တော်အဖြစ် ချီးမြှောက်ရန်)အလို့ငှာ ရွေးချယ်တော်မူခဲ့လေပြီ။ [၄]

---

① တမန်တော်မူစာ အရှယ်ရောက်သောအခါ တမန်တော်မူစာ၏ လက်ချက်ဖြင့် (Copt) အီဂျစ်တိုင်းရင်းသားတစ်ယောက် မတော်တဆ သေဆုံးသွားခဲ့လေသည်။ ထိုအခါ တမန်တော်မူစာသည် ယင်းသို့ မိမိလက်ချက်ဖြင့် အီဂျစ်ပြည်သားတစ်ယောက် သေကြေပျက်စီး သွားရသည့်အတွက် ဤပစ္စက္ခတွင်လည်း မင်းပြစ်ဒဏ်ခံရမည်၊ နောင်တမလွန်ဘဝတွင်လည်း ငရဲဒဏ်ခံရမည် ဖြစ်သည်ကို တွေးတောကာ စိုးရိမ်ကြောက်ရွံ့ခဲ့လေသည်၊ ပူဆွေးခဲ့လေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အလ္လာဟ်အရှင်မြတ်ထံတော်၌ အချိန်မီ ဝန်ချတောင်းပန်ခဲ့လေသည်၊ အီဂျစ်ပြည်မှ တိမ်းရှောင်၍ မဒ်ယန်သို့ ရောက်ရှိလာခဲ့သည့်အတွက် မင်းပြစ်ဒဏ် မှလည်း လွတ်မြောက်ခဲ့လေသည်။

ဤအကြောင်းကို ကုရ်အာန်ကျမ်းမြတ်ကဏ္ဍစဉ်(၂၈)တွင် အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။

② **<u>တမန်တော်မူစာ မဒ်ယန်သို့ ရောက်ရှိလာခဲ့ခြင်း။</u>**

တမန်တော်မူစာသည် ဖစ်ရိုအောင်နိ၏ဘေးရန်ကို စိုးရိမ်သဖြင့် အီဂျစ်ပြည်မှတိမ်းရှောင်၍ မဒ်ယန် (Midian)သို့ ရောက်ရှိလာခဲ့လေသည်။ တမန်တော်မူစာသည် မဒ်ယန်သို့ ရောက်ရှိလာပြီး တမန်တော်ရှူအိုက်ဗ်၏သမီး ဆွဖူရာသခင်မနှင့် ထိမ်းမြားခဲ့လေသည်။

③ တမန်တော်မူစာအား တမန်တော်အဖြစ် ချီးမြှင့်တော်မူရန်အတွက် သတ်မှတ်ထားတော် မူသောအချိန်အခါကျရောက်လာသည့်အခါ တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ် ပြုစီမံထားတော်မူသည့်အတိုင်း မဒ်ယန်မှ အီဂျစ်သို့ ပြန်လာခဲ့ရလေသည်။

④ **<u>တမန်တော်မူစာအား တမန်တော်အဖြစ် ချီးမြှင့်တော်မူခြင်း။</u>**

တမန်တော်မူစာသည် မဒ်ယန်မှ အီဂျစ်သို့အပြန် သိနတောင်ခြေရှိ 'တုဝါ' မည်သော တောင်ကြား ➤➤

اِذْهَبْ اَنْتَ وَاَخُوْكَ بِاٰيٰتِيْ وَلَا تَنِيَا فِيْ ذِكْرِيْ ﴿٤٢﴾

၄၂။ (သို့ဖြစ်ပေရာယခုမူကား) အသင်သည်လည်းကောင်း၊ အသင်၏နောင်တော်(ဟာရွန်)သည်လည်းကောင်း၊ ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များနှင့်တကွ သွားကြလေကုန်။ ၎င်းပြင် အသင်တို့နှစ်ဦးသည် ငါအရှင်မြတ်အား အောက်မေ့တသခြင်းနှင့် စပ်လျဉ်း၍ ဝီရိယ မပေါ့ကြကုန်လင့်။

اِذْهَبَآ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿٤٣﴾

၄၃။ အသင်တို့ နှစ်ဦးသည် ဖစ်ရ်အောင်နဏ်သို့ သွားကြလေကုန်။ ဧကန်မလွဲ ယင်းဖစ်ရ်အောင်နဏ်သည် လွန်စွာ မောက်မာလျက် ရှိနေချေပြီ။

فَقُوْلَا لَهٗ قَوْلًا لَّيِّنًا لَّعَلَّهٗ يَتَذَكَّرُ اَوْ يَخْشٰى ﴿٤٤﴾

၄၄။ ထို့နောက် အသင်တို့ နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုကြလေကုန်။ ယင်းဖစ်ရ်အောင်နဏ်သည် တရားရကောင်း ရရှိပေလိမ့်မည်။ သို့တည်းမဟုတ်၎င်းသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ကောင်း ကြောက်ရွံ့ပေလိမ့်မည်။

قَالَا رَبَّنَآ اِنَّنَا نَخَافُ اَنْ يَّفْرُطَ عَلَيْنَآ اَوْ اَنْ يَّطْغٰى ﴿٤٥﴾

၄၅။ (ထိုအခါ) ယင်း(မူစာနှင့်ဟာရွန်)တို့နှစ်ဦးက အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးတို့သည် မိမိတို့အား ယင်းဖစ်ရ်အောင်နဏ်က အဆောတလျင် ဒုက္ခပေးမည်ကိုလည်းကောင်း၊ ယင်းသည် ပိုမို၍ပင် ဆိုးသွမ်းလာမည်ကိုလည်းကောင်း၊ စိုးရိမ်မိကြပါသည်ဟု လျှောက်ထား ပန်ကြားခဲ့ကြလေသည်။

➤➤ ဒေသသို့ ရောက်ရှိလာခဲ့သောအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား တမန်တော်အဖြစ် စတင် ချီးမြှင့်တော်မူခဲ့လေသည်။ တမန်တော်မူစာအား တမန်တော်အဖြစ် ချီးမြှင့်တော်မူသည့်အကြောင်းကို ကုရ်အာန် (၂၀း၉-၂၄)တွင် အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။ သက်ဆိုင်ရာ အောက်ခြေအမှတ်များကို ပြန်လည် ရှုပါကုန်။

قَالَ لَا تَخَافَآ إِنَّنِى مَعَكُمَآ أَسْمَعُ وَأَرَىٰ ﴿٤٦﴾

၄၆။ (သို့ဖြစ်ပေရာ) ထိုအရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့နှစ်ဦးသည် မစိုးရိမ်ကြလင့်။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏။ ငါအရှင်မြတ်သည် (အလုံးစုံတို့ကို) ကြားတော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည် (ဖြစ်ပျက်သမျှတို့ကိုလည်း) မြင်တော်မူ၏။ ①

فَأْتِيَاهُ فَقُولَآ إِنَّا رَسُولَا رَبِّكَ فَأَرْسِلْ مَعَنَا بَنِىٓ إِسْرَٰٓءِيلَ وَلَا تُعَذِّبْهُمْ ۖ قَدْ جِئْنَٰكَ بِـَٔايَةٍ مِّن رَّبِّكَ ۖ وَٱلسَّلَٰمُ عَلَىٰ مَنِ ٱتَّبَعَ ٱلْهُدَىٰٓ ﴿٤٧﴾

၄၇။ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ယင်းဖစ်ရှိအောင်နှံထံသို့ သွားကြပြီးလျှင် (ဤသို့)ပြောကြားကြလေကုန်။ ဧကန်အမှန် ကျွန်ုပ်တို့သည် အသင်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရာဇလ်တမန်တော်နှစ်ပါးပင် ဖြစ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်သည် အစ္စရာအီလီမျိုးနွယ်တို့အား ကျွန်ုပ်နှင့်အတူ ထည့်လိုက်လော့။ ထို့ပြင် အသင်သည် ၎င်းတို့အား ဒုက္ခမပေးလင့်။

ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်မှ သက်သေလက္ခဏာတော်ကို ယူဆောင်လာ ခဲ့ကြပေသည်။ စင်စစ် ငြိမ်းချမ်းမှုသည် တရားလမ်းမှန်ကို လိုက်နာသူ၏အဖို့သာ ရှိပေသည်။

---

① အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မူစာနှင့် တမန်တော်ဟာရွန်အား ဖစ်ရှိအောင်နှံထံသွားရောက်၍ တရားမမှောကြားရန် စေလွှတ်တော်မူသည့်အခါ၊ တမန်တော်မူစာနှင့် တမန်တော် ဟာရွန်တို့သည် မိမိတို့၏ အားအင်ချည့်နဲ့မှုနှင့် ဖစ်ရှိအောင်နှံ၏ အရှိန်အဝါကိုတွေးပြီး လူသဘာဝအလျောက် စိုးရိမ်ကာ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဖစ်ရှိအောင်နှံသည် ကျွန်တော်မျိုးတို့၏တရားကို နားမထောင်မီပင် ကျွန်တော်မျိုးတို့အား စတင်ဒုက္ခပေးကောင်း ပေးမည်၊ သို့မဟုတ် တရားနားထောင်ပြီးနောက် ယခင်ထက်ပင် ပိုမိုဆိုးသွမ်းလာကောင်း လာပေမည်၊ သို့ဖြစ်လျှင် မိမိတို့၏ရည်ရွယ်ချက် အောင်မြင်မည် မဟုတ်ကြောင်းဖြင့် မိမိတို့၏စိုးရိမ်ချက်များကို လျှောက်ထားရာ၊ အလ္လာဟ်အရှင်မြတ်က "မစိုးရိမ်ကြလင့်၊ ငါအရှင်မြတ်သည် အသင်တို့နှင့်အတူတကွ ရှိတော်မူသည်၊ အားလုံးသိတော်မူသည်၊ အားလုံးကြားတော်မူသည်"ဟု အားပေးစကား ပြောကြားတော်မူလိုက်လေသည်။

➤➤

إِنَّا قَدْ أُوحِيَ إِلَيْنَا أَنَّ الْعَذَابَ عَلَىٰ مَن كَذَّبَ وَتَوَلَّىٰ ﴿٤٨﴾

၄၈။ ဧကန်စင်စစ် ပြစ်ဒဏ်သည် အကြင်သူ၏ အပေါ်၌ပင် ကျရောက်မည် ဖြစ်ကြောင်း၊ အမှန်ပင် ကျွန်ုပ်တို့ထံ အမိန့်တော်ရောက်ရှိလာပြီးဖြစ်ပေသည်။ ထိုသူသည် (ကျွန်ုပ်တို့ ယူဆောင်လာခဲ့ကြသောအမိန့် ပညတ်တော်များကို) မဟုတ်မမှန်ဟူ၍ ငြင်းပယ်အံ့။ ၎င်းပြင် ထိုသူသည် (ယင်းအမိန့်ပညတ်တော်များမှ) မျက်နှာလွှဲဖယ် ကျောခိုင်းသွားအံ့။

قَالَ فَمَن رَّبُّكُمَا يَا مُوسَىٰ ﴿٤٩﴾

၄၉။ ထိုဖစ်ရိအောင်နိုက "သို့ဖြစ်လျှင် အို-မူစာ အသင်တို့ နှစ်ဦးအား ဖန်ဆင်းတော်မူသောအရှင်သည် မည်သူနည်း" ဟု ပြောဆို(မေးမြန်း)လေ၏။

قَالَ رَبُّنَا الَّذِي أَعْطَىٰ كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَىٰ ﴿٥٠﴾

၅၀။ (ထိုအခါ) ထိုမူစာက ကျွန်ုပ်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်သည် အသီးသီးသောအရာ ကို ယင်းအရာနှင့်ထိုက်သည့်အားလျော်စွာ ရုပ်ဆင်း သဏ္ဌာန်ကိုချီးမြှင့်တော်မူပြီးလျှင် (ဆောင်ရွက်အံ့သော) နည်းလမ်းကို ညွှန်ပြတော်မူသော အရှင်မြတ်သည် ပင်ဖြစ်တော်မူသည်ဟု ပြောကြားခဲ့လေသတည်း။ ၁

➤➤ ရန်သူကို နှိမ်နင်းရန် ချီတက်သွားသော တပ်စိတ်အား စစ်သေနာပတိချုပ်က "မကြောက်နှင့်၊ ငါ၏တပ်မတော်ကြီး တစ်ခုလုံးသည် လက်နက်အင်အား အပြည့်အစုံနှင့် အသင်တို့အား စစ်ကူပေးရန် အသင့်ရှိသည်" ဟု ဆိုပါက ယင်းတပ်စိတ်သည် အဘယ်မျှစိတ်အား တက်သွားမည်ကို လူတိုင်းသိနိုင်ပေသည်။ စစ်သေနာပတိ၏ အားပေးစကားဖြင့် ဤမျှစိတ်အားတိုးတက်သွားလျှင် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်က ငါကိုယ်တော်တိုင် အသင်တို့နှင့်အတူတကွ ရှိတော်မူသည်ဟု မိန့်ဆိုတော်မူပါလျှင် တမန်တော်မူစာနှင့် တမန်တော်ဟာရွန်တို့၏ စိတ်ဓာတ်သည် အတိုင်းမသိ တိုးတက်ကြွခိုင်သွားမည်မှာ အမှန်ပင်။

① တမန်တော်မူစာနှင့် တမန်တော်ဟာရွန်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ ဖစ်ရိအောင်နိုထံ သွားရောက် တရားဓမ္မဟောညွှန်ပြကြသောအခါ ဖစ်ရိအောင်နိုက "အသင်တို့နှစ်ဦး၏ အရှင်သခင်ကား မည်သူပါနည်း" ဟုမေးရာ၊ တမန်တော်မူစာက "ကျွန်ုပ်တို့၏ အရှင်သခင်သည် အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းတော်မူ၍ ၎င်းတို့နှင့် ဆက်သွယ်မြတ်သော ရုပ်ဆင်းသဏ္ဌာန်၊ စွမ်းရည်သတ္တိနှင့် လိုအပ်သောအရာများကို ချီးမြှင့်ပြီး ၎င်းတို့၏ ရုပ်တည်ရေးနှင့် လိုရာပန်းတိုင်သို့ ရောက်ရှိနိုင်ရန်အတွက် နည်းလမ်းများကို ညွှန်ပြတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်" ဟု တိုတုပ်သိပ်သည်းစွာ ဖြေကြားခဲ့လေသည်။

တစ်နည်း:

ထိုအခါ ထိုတမန်တော်မူစာက ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အရာခပ်သိမ်းတို့ကို ၎င်းတို့နှင့် (လျော်ကန်သော)ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီး (ကျိုး၊ ပြစ်၊ ဆိုး၊ ကောင်း) လမ်းညွှန်ပြတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ဖြေကြားခဲ့လေသည်။

قَالَ فَمَا بَالُ الْقُرُوْنِ الْاُوْلٰى ۝٥١

၅၁။ (တစ်ဖန်) ထိုဖစ်ရိအောင်နှက် "သို့ဖြစ်လျှင် ရှေးဟောင်းမျိုးနွယ်တို့၏ အခြေအနေသည် မည်သို့ ရှိချေသနည်း" ဟု ပြောဆို(ပြန်)လေ၏။ [၁]

قَالَ عِلْمُهَا عِنْدَ رَبِّيْ فِيْ كِتٰبٍ ۚ لَا يَضِلُّ رَبِّيْ وَلَا يَنْسَى ۝٥٢

၅၂။ ယင်းမူစာသည် (ဤသို့) ပြောကြားခဲ့၏။ ထိုရှေးဟောင်း မျိုးနွယ်တို့နှင့် ပတ်သက်သော အသိကား ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် မှတ်တမ်းစာအုပ်၌ ရှိပေသည်။ (အမှန်စင်စစ်) ကျွန်ုပ်၏ အရှင်မြတ်သည် မှောက်မှားတော်မူသည်လည်း မဟုတ်ပေ။ မေ့လျော့တော်မူသည်လည်း မဟုတ်ချေ။

الَّذِيْ جَعَلَ لَكُمُ الْاَرْضَ مَهْدًا وَّسَلَكَ لَكُمْ فِيْهَا سُبُلًا وَّاَنْزَلَ مِنَ السَّمَآءِ

၅၃။ (ထိုအရှင်မြတ်သည်) အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည်ပင် ပထဝီမြေကို အခင်းအကျင်း ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် ယင်းပထဝီမြေ၌ အသင်တို့အဖို့ လမ်းများကိုလည်း ပြုလုပ်တော်မူခဲ့၏။

---

① တမန်တော်မူစာ၏ တရားဓမ္မတွင် တမန်တော်များ ယူဆောင်လာခဲ့ကြသော တရားဒေသနာတော်များကို သွေဖည် ငြင်းဆန် မနာခံသူများအပေါ်၌ ပြစ်ဒဏ်သက်ရောက်မည့် အကြောင်းကိုကြား၍ ဖစ်ရိအောင်နှက အတိတ်ခေတ်များတွင်လည်း တမန်တော်များ၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန် မနာခံသူများ ရှိခဲ့ကြပေမည်၊ ၎င်းတို့ မည်သို့ဖြစ်ခဲ့ကြသနည်း၊ ၎င်းတို့အားလုံး ပြစ်ဒဏ်သင့်၍ သေကြေပျက်စီးသွားခဲ့ကြလေသလော၊ ၎င်းတို့၏အကြောင်းကို ပြောပြပါဟုမေးရာ တမန်တော်မူစာက ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ဖြေကြားခဲ့လေသည်။

مَآءً فَأَخْرَجْنَا بِهِۦٓ أَزْوَٰجًا مِّن نَّبَاتٍ شَتَّىٰ ﴿٥٣﴾

ထို့ပြင်ငါအရှင်မြတ်သည်ပင် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည်ပင် ထိုရေဖြင့် (အနှံ့အရာသာ) ကွဲပြားခြားနားသော ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ကို ပေါက်ရောက်စေတော်မူခဲ့၏။

كُلُوا۟ وَٱرْعَوْا۟ أَنْعَٰمَكُمْ ۗ إِنَّ فِى ذَٰلِكَ لَءَايَٰتٍ لِّأُو۟لِى ٱلنُّهَىٰ ﴿٥٤﴾

၅၄။ အသင်တို့သည် (မိမိတို့ကိုယ်တိုင်လည်း) စားသုံးကြလေကုန်။ ၎င်းပြင် မိမိတို့၏ခြေလေးချောင်းတိရစ္ဆာန်များကိုလည်း စားကျက်ချကြလေကုန်။ ဧကန်စင်စစ် (ဤသည်တို့)တွင် ဉာဏ်ရှင်များအဖို့ သက်သေသာဓကများရှိကုန်၏။

مِنْهَا خَلَقْنَٰكُمْ وَفِيهَا نُعِيدُكُمْ وَمِنْهَا نُخْرِجُكُمْ تَارَةً أُخْرَىٰ ﴿٥٥﴾

၅၅။ ယင်းပထဝီမြေကြီးမှပင် ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ယင်းပထဝီမြေကြီး၌ပင် ငါအရှင်မြတ်သည် (အသင်တို့အား တစ်ဖန်ပြန်လည်၍ ရောက်စေတော်မူပေမည်။ ထိုမှတစ်ပါး ယင်းပထဝီမြေကြီးမှပင် ငါအရှင်မြတ်သည် အသင်တို့အား ဒုတိယအကြိမ် ထွက်စေတော်မူအံ့သတည်း။

وَلَقَدْ أَرَيْنَٰهُ ءَايَٰتِنَا كُلَّهَا فَكَذَّبَ وَأَبَىٰ ﴿٥٦﴾

၅၆။ ၎င်းပြင် ဧကန်စင်စစ် ငါအရှင်မြတ်သည် ယင်းဖစ်ရှိအောင်နိန်ကို (မူစာအား ချီးမြှင့်တော်မူသော) မိမိသက်သေလက္ခဏာတော် အလုံးစုံကို ပြသတော်မူခဲ့ပေသည်။ သို့ပါလျက် ၎င်းသည် (ယင်းသက်သေလက္ခဏာများကို) မဟုတ်မမှန် ဟူ၍ ဆိုခဲ့သည့်အပြင် (တစ်ဆူတည်းသောအလ္လာဟ်အရှင်မြတ်အား ယုံကြည်ရန်လည်း) ငြင်းဆိုခဲ့လေသည်။ ၁

---

၁ တမန်တော်မူစာသည် မိမိအား အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ထားတော်မူသော လက်၊ တောင်ဝှေးစသည့် တန်ခိုးပြာဋိဟာအားလုံးကို ဖစ်ရှိအောင်နိအား အထင်အရှားပြသခဲ့ပေသည်။ သို့တစေလည်း ဖစ်ရှိအောင်နိသည် မောက်မာပလွားး၍ သွေဖည်ငြင်းဆန်ခဲ့လေသည်။

قَالَ أَجِئْتَنَا لِتُخْرِجَنَا مِنْ أَرْضِنَا بِسِحْرِكَ يَا مُوسَىٰ ﴿٥٧﴾

၅၇။ (ၦင်းပြင်) ယင်းဖစ်ရ်အောင်နဲသည် (ဤသို့) ပြောဆိုခဲ့လေသည်။ အို-မူစာ အသင်သည် မိမိစုန်း အတတ်ဖြင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏တိုင်းပြည် (အီဂျစ်)မှ နှင်ထုတ်ရန် လာခဲ့သလော။

فَلَنَأْتِيَنَّكَ بِسِحْرٍ مِّثْلِهِ فَاجْعَلْ بَيْنَنَا وَبَيْنَكَ مَوْعِدًا لَّا نُخْلِفُهُ نَحْنُ وَلَا أَنتَ مَكَانًا سُوًى ﴿٥٨﴾

၅၈။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည်လည်း အသင်နှင့်ယှဉ်ပြိုင်ရန် ယင်းကဲ့သို့သောစုန်းအတတ်ကိုပင် ယူဆောင်လာခဲ့ကြမည်။ သို့ဖြစ်ပေရာ အသင်သည် ညီညာသော ကွင်းပြင်တစ်ခုၦ် (ပြိုင်ဆိုင်နိုင်ရန်) ကျွန်ုပ်တို့နှင့်မိမိအကြားဝယ် အချိန်တစ်ချိန်ကို ချိန်းဆိုသတ်မှတ်လော့။ ထိုချိန်းဆိုသော အချိန်ကို ကျွန်ုပ်တို့လည်း ပျက်ကွက်စေကြမည်မဟုတ်။ အသင်သည်လည်း မပျက်ကွက်လေနှင့်။

قَالَ مَوْعِدُكُمْ يَوْمُ الزِّينَةِ وَأَنْ يُحْشَرَ النَّاسُ ضُحًى ﴿٥٩﴾

၅၉။ (ထိုအခါ) ယင်းမူစာက (အို-ဖစ်ရ်အောင်နဲ) အသင်တို့၏ ချိန်းဆိုသော(နေ့)သည် ပွဲနေ့ပင်ဖြစ်သည်။ ၎င်းပြင် လူတို့သည်(လည်း) နေတက်ချိန်ၦ် စုရုံးပြီး ဖြစ်ကြရမည်ဟုပြောကြားခဲ့လေသတည်း။ ③

---

③ ဖစ်ရ်အောင်နဲက မိမိ၏အမျိုးသားများအား တမန်တော်မူစာဘက်မှ စိတ်ကွက်သွားစေရန်အတွက် "မူစာသည် မိမိ၏စုန်းအတတ်ဖြင့် ပြည်သူလူထု၏စိတ်ကို ဆွဲဆောင်ပြီး ငါတို့ကို ငါတို့၏ အမိတိုင်းပြည်မှ နှင်ထုတ်လိုသည်၊ ငါတို့ အီဂျစ်တိုင်းရင်းသားများ၏ တိုက်တာဂေဟာ ဥစ္စာပစ္စည်းများကိုလည်း သိမ်းပိုက်လိုသည်၊ ပြီးနောက် ငါတို့၏ အမိတိုင်းပြည်တွင် မင်းလုပ်အုပ်ချုပ်လိုသည်" စသည်ဖြင့် လှုံဆော်သွေးထိုးပေးခဲ့လေသည်။

ဖစ်ရ်အောင်နဲက တမန်တော်မူစာအား အသင်သည် ဤနည်းဖြင့် အကြံမအောင်မြင်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ငါတို့တွင်လည်း စုန်းအတတ်ကျွမ်းကျင်သော ပါရဂူများ အမြောက်အမြားရှိကြပေသည်။ အသင်သည် ယင်းစုန်းကဝေများနှင့် ယှဉ်ပြိုင်ရမည်။ ယင်းသို့ ယှဉ်ပြိုင်နိုင်ရန်အတွက် နေ့ရက်၊ အချိန်၊ဌာနကို အသင်ပင် သတ်မှတ်ပါလေ၊ သတ်မှတ်ရာတွင် တိုင်းသူပြည်သား လူအများ တက်ရောက်ကြည့်ရှုနိုင်ရန်အတွက် ကျယ်ဝန်းညီညာသော ကွင်းပြင်ကြီးတစ်ခုကို ရွေးချယ်ပါလေ။ သတ်မှတ်ချိန်းဆိုချက်ကို နှစ်ဦးနှစ်ဖက် မပျက်ကွက်ရပေဟုဆိုရာ "ကွမ်းသီးကြိုက် တောင်ငူပို့" ဆိုသကဲ့သို့ တမန်တော်မူစာသည် ဝမ်းသာမဆုံးဖြစ်ပြီး "အလွန်သင့်ပါသည်၊ ယှဉ်ပြိုင်နိုင်ရန်အတွက် နေ့ရက်အဖြစ် အီဂျစ်လူမျိုးတို့၏ နှစ်ပတ်လည် ပွဲလမ်းသဘင်နေ့သည် အသင့်တော်ဆုံးနေ့ ဖြစ်ပါသည်။ အချိန်မှာ ညဥ့်မဟုတ်၊ နံနက်နေတက်ချိန်သည် အသင့်တော်ဆုံးဖြစ်ပါသည်။ ဌာနအဖြစ် ညီညာကျယ်ဝန်းသော (မိုင်ဒါန်) ကွင်းပြင်သည် အကောင်းဆုံးဖြစ်ပါသည်။ ထိုနေ့၊ ထိုရက်၊ ➤➤

فَتَوَلّٰى فِرْعَوْنُ فَجَمَعَ كَيْدَهٗ ثُمَّ اَتٰى ﴿٦٠﴾

၆၀။ ထိုအခါ ဖစ်ရ်အောင်န်သည် ပြန်သွားခဲ့ပေသည်။ တစ်ဖန် ၎င်းသည် မိမိလျှို့ဝှက်ကြံစည်ချက်များကို စုဆောင်းပြီးနောက် (ချိန်းချက်ထားသောနေရာသို့) လာခဲ့လေသည်။ [၁]

قَالَ لَهُمْ مُّوْسٰى وَيْلَكُمْ لَا تَفْتَرُوْا عَلَى اللّٰهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ ۚ وَقَدْ خَابَ مَنِ افْتَرٰى ﴿٦١﴾

၆၁။ (ထိုအခါ) မူစာက ယင်းပဋိလက်ဆရာတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ အသင်တို့ အကျိုးယုတ်ပါစေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲခြင်း မပြုကြကုန်လင့်။ သို့ပြုခဲ့ကြပါလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးတော်မူခြင်းအားဖြင့် လုံးဝ ပျက်စီးစေတော်မူမည်။ အမှန်စင်စစ်သော်ကား လီဆယ်ဖန်တီးသူသည် မျှော်လင့်သည့်အတိုင်း အထမမြောက် အကြံမှောက်ခဲ့သည်သာ။

فَتَنَازَعُوْٓا اَمْرَهُمْ بَيْنَهُمْ وَاَسَرُّوا النَّجْوٰى ﴿٦٢﴾

၆၂။ ထို့နောက် ယင်းပဋိလက်ဆရာတို့သည် မိမိတို့အရေးကိစ္စနှင့်စပ်လျဉ်း၍ အချင်းချင်း ငြင်းခုံကွဲလွဲခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် တီးတိုးဆွေးနွေးခဲ့ကြပြန်သည်။

➤➤ ထိုအချိန်၊ ထိုကွင်းပြင်တွင် တိုင်းသူပြည်သား လူအများအတွက်လည်း လာရောက်ကြည့်ရှုရန် လွယ်ကူပါသည်" ဟု အဖြေပေးလိုက်လေသည်။

① တမန်တော်မူစာက ဖစ်ရ်အောင်န်၏ ပဋိလက်ဆရာများနှင့် ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်သည့်အခါ ဖစ်ရ်အောင်န်က မိမိတိုင်းပြည်တွင်ရှိ ပဋိလက်ဆရာများကို ဆင့်ခေါ်ခြင်း၊ ၎င်းတို့အား မျှော်လင့်ချက်ပေးခြင်း၊ ယှဉ်ပြိုင်သည့်အခါ ပဋိလက်ဆရာများ အရေးရှုံးနိမ့်ခြင်း၊ ပဋိလက်ဆရာများသည် တန်ခိုးပြာဋိဟာကို မျက်ဝါးထင်ထင်တွေ့မြင်ကြသောအခါ အလ္လာဟ်အရှင်မြတ်အား ယုံကြည်လာခဲ့ခြင်း၊ ဖစ်ရ်အောင်န်က ပဋိလက်ဆရာတို့အား ကြိုးဝါးခြင်း၊ ပဋိလက်ဆရာများက ပြန်လည်ချေပပြောဆိုခြင်းများနှင့် စပ်လျဉ်း၍ ကုရ်အာန်(၇:၁၀၃–၁၂၆)တွင် လာရှိခဲ့ချေပြီ။ သက်ဆိုင်ရာ အောက်ခြေအမှတ်များကို ပြန်လည်ရှုပါကုန်။

قَالُوْٓا اِنْ هٰذٰنِ لَسٰحِرٰنِ
يُرِيْدٰنِ اَنْ يُّخْرِجٰكُمْ مِّنْ
اَرْضِكُمْ بِسِحْرِهِمَا وَيَذْهَبَا
بِطَرِيْقَتِكُمُ الْمُثْلٰى ﴿٦٣﴾

၆၃။ (နောက်ဆုံးတွင် ဖစ်ရ်အောင်န်၏ ဘေးအန္တရာယ်ကို ကြောက်ရွံ့ကာ) ၎င်းတို့သည် (ဤသို့) ပြောဆို(ဆုံးဖြတ်)ခဲ့ကြကုန်၏။ ဧကန်စင်စစ် ဤ(မူစာနှင့်ဟာရွန်နှစ်ဦးတို့မှာ ပဋိလက်ဆရာနှစ်ဦးသာ ဖြစ်ကြကုန်၏။ ၎င်းတို့နှစ်ဦးသည် မိမိတို့၏ ပဋိလက်အတတ်ဖြင့် အသင်တို့အား အသင်တို့၏တိုင်းပြည်မှ နှင်ထုတ်ကြရန်လည်းကောင်း၊ အသင်တို့၏ ကောင်းမွန်မြင့်မြတ်လှစွာသော(ဘာသာအယူဝါဒ)ယဉ်ကျေးမှုကို ဖျက်ဆီးပစ်ကြရန်လည်းကောင်း၊ ကြံရွယ်ကြကုန်၏။

فَاَجْمِعُوْا كَيْدَكُمْ ثُمَّ ائْتُوْا صَفًّا ۚ
وَقَدْ اَفْلَحَ الْيَوْمَ مَنِ اسْتَعْلٰى ﴿٦٤﴾

၆၄။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ကြံစည်ချက်များကို စုဆောင်းပြီးလျှင် စီတန်း၍လာကြလေကုန်။ အကြောင်းမူကား ယနေ့အနိုင်ရသော သူသည်သာလျှင် စင်စစ် အောင်မြင်မှုရရှိမည် ဖြစ်သောကြောင့်ပင်။

قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ
تُلْقِيَ وَاِمَّآ اَنْ نَّكُوْنَ
اَوَّلَ مَنْ اَلْقٰى ﴿٦٥﴾

၆၅။ (ထို့နောက်) ယင်းပဋိလက်ဆရာတို့က အိုမူစာ၊ အသင်သည် (မိမိတောင်ဝှေးကို ဦးစွာ)ပစ်ချလော့။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည်ပင် ဦးစွာပထမ(မိမိတို့၏ကြိုးများ၊ တုတ်ရှည်များကို)ပစ်ချကြမည်လောဟု ပြောဆိုခဲ့ကြလေသည်။

قَالَ بَلْ اَلْقُوْا ۚ فَاِذَا حِبَالُهُمْ
وَعِصِيُّهُمْ يُخَيَّلُ اِلَيْهِ مِنْ سِحْرِهِمْ
اَنَّهَا تَسْعٰى ﴿٦٦﴾

၆၆။ ယင်းမူစာက "ထိုသို့မဟုတ်၊ အသင်တို့ပင် (ဦးစွာ) ပစ်ချကြလော့"ဟု ပြောကြားခဲ့လေသည်။ ထိုအခါ ၎င်းတို့၏ပဋိလက်အတတ်ကြောင့် ထိုသူတို့၏ကြိုးများသည်လည်းကောင်း၊ ထိုသူတို့၏ တုတ်ရှည်များသည်လည်းကောင်း၊ ထိုမူစာ၏အမြင်၌ လှုပ်ရှားပြေးလွှားနေကြသည်ဟု ထင်ရလေသည်။

فَأَوْجَسَ فِي نَفْسِهِۦ خِيفَةً مُّوسَىٰ ﴿٦٧﴾

၆၇။ သို့ဖြစ်ပေရာ မူစာသည် မိမိစိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။

قُلْنَا لَا تَخَفْ إِنَّكَ أَنتَ الْأَعْلَىٰ ﴿٦٨﴾

၆၈။ (ထိုအခါ) ငါအရှင်မြတ်က (မူစာအား ဤသို့) မိန့်ကြားတော်မူခဲ့၏။ (အို-မူစာ) အသင်သည် မကြောက်လေနှင့်၊ ဧကန်မလွဲ အသင်သည်သာလျှင် အောင်နိုင်သူ ဖြစ်ပေမည်။

وَأَلْقِ مَا فِي يَمِينِكَ تَلْقَفْ مَا صَنَعُوا ۖ إِنَّمَا صَنَعُوا كَيْدُ سَاحِرٍ ۖ وَلَا يُفْلِحُ السَّاحِرُ حَيْثُ أَتَىٰ ﴿٦٩﴾

၆၉။ ၎င်းအပြင် အသင်သည် မိမိလက်ယာလက်ထဲ၌ရှိသော(တောင်ဝှေး)ကို ပစ်ချပါလေ။ ယင်း(တောင်ဝှေး)သည် ထိုပဉ္စလက်ဆရာတို့ ကြံစည်ပြုလုပ်ထားသည်တို့ကိုဝါးမျိုလိမ့်မည်။ စင်စစ် ၎င်းတို့ကြံစည်ပြုလုပ်ခဲ့သမျှတို့သည် ပဉ္စလက်ဆရာ(တို့)၏ပရိယာယ်မျှသာဖြစ်ချေသည်။ အမှန်စင်စစ် ပဉ္စလက်ဆရာဟူသည်မည်သည့်နေရာသို့ သွားခဲ့စေကာမူ အောင်မြင်သည်ဟူ၍ကား မရှိချေ။

فَأُلْقِيَ السَّحَرَةُ سُجَّدًا قَالُوا آمَنَّا بِرَبِّ هَارُونَ وَمُوسَىٰ ﴿٧٠﴾

၇၀။ ထို့နောက်သော်ကား ပဉ္စလက်ဆရာတို့သည် စကျိဒဟ်၌ ကျသွားကာ ပျပ်ဝပ်ဦးချကာ ကျွန်ုပ်တို့သည် နဗီတမန်တော်ဟာရွန်နှင့် (နဗီတမန်တော်) မူစာတို့၏အရှင်မြတ်အား သက်ဝင် ယုံကြည်ခဲ့ပေပြီဟု ပြောဆိုခဲ့ကြလေသည်။

قَالَ آمَنتُمْ لَهُۥ قَبْلَ أَنْ آذَنَ لَكُمْ ۖ إِنَّهُۥ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ ۖ فَلَأُقَطِّعَنَّ

၇၁။ (ထိုအခါ) ယင်းဖစ်ရှ်အောင်နိုက (ဤသို့) ပြောဆို(ကြိမ်းမောင်း)ခဲ့လေ၏။ အသင်တို့သည် ကျွန်ုပ်ခွင့်မပြုမီပင် ထိုမူစာအား ယုံကြည်ခဲ့ကြလေပြီ။ ဧကန်စင်စစ် ယင်းမူစာကား အသင်တို့အား ပဉ္စလက်အတတ်ပညာကို သင်ကြားပေးခဲ့သော (အာစရိယ) အကြီးအကဲပင် ဖြစ်၏။

أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ فِي جُذُوعِ النَّخْلِ وَلَتَعْلَمُنَّ أَيُّنَآ أَشَدُّ عَذَابًا وَأَبْقَىٰ ﴿٧١﴾

သို့ဖြစ်ပေရာ ဧကန်အမုန် ကျွန်ုပ်သည် အသင်တို့၏ လက်များကိုလည်းကောင်း၊ ခြေများကို လည်းကောင်း၊ (လက်ယာလက်ဝဲ)ဘက် လွဲဖြတ်တောက်မည် ဖြစ်သည်။ ၎င်းပြင် မလွဲဧကန် ကျွန်ုပ်သည် အသင်တို့အား စွန်ပလွံပင်များ၌ လက်ဝါးကပ်တိုင်တင်မည်။ (စွန်ပလွံပင်များ၌ ကား ကြက်မည်)ဖြစ်သည်။ ထိုမှတစ်ပါး အသင်တို့သည် ကျွန်ုပ်တို့အနက် မည်သူ၏ပြစ်ဒဏ်သည်ပို၍ ပြင်းထန်သည်ကိုလည်းကောင်း၊ ပို၍ကြာရှည် တည်မြဲသည်ကို လည်းကောင်း၊ အမှန်ပင် သိရှိကြပေမည်။

قَالُوا لَن نُّؤْثِرَكَ عَلَىٰ مَا جَاءَنَا مِنَ الْبَيِّنَاتِ وَالَّذِي فَطَرَنَا فَاقْضِ مَا أَنتَ قَاضٍ ۖ إِنَّمَا تَقْضِي هَٰذِهِ الْحَيَاةَ الدُّنْيَا ﴿٧٢﴾

၇၂။ ထိုပဋိလက်ဆရာတို့က (ဤသို့)ပြောကြားခဲ့လေ၏။ (အို-ဖစ်ရအောင်နှိ) ကျွန်ုပ်တို့သည် အသင့်အား မိမိတို့ထံ ရောက်ရှိလာသော သက်သေသာဓကများထက်လည်းကောင်း၊ ကျွန်ုပ်တို့အား ဖန်ဆင်းတော်မူသောအရှင်မြတ်ထက်လည်းကောင်း၊ အလျှင်း နှစ်သက်ကြမည်မဟုတ်။ သို့ဖြစ်ပေရာအသင်သည် မိမိစီရင်ပြဋ္ဌာန်းလိုသည်ကို စီရင်ပြဋ္ဌာန်းပါလေ။ (စင်စစ်မှာမူကား) အသင်၏မျက်မှောက်လောကီဘဝ၌သာ စီရင်ပြဋ္ဌာန်းနိုင်မည် ဖြစ်သည်။

إِنَّآ آمَنَّا بِرَبِّنَا لِيَغْفِرَ لَنَا خَطَٰيَٰنَا وَمَآ أَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ ۗ وَاللَّهُ خَيْرٌ وَأَبْقَىٰٓ ﴿٧٣﴾

၇၃။ ဧကန်မလွဲ ကျွန်ုပ်တို့သည် မိမိကို ဖန်ဆင်းတော်မူသောအရှင်မြတ်အားထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏ပြစ်မှုများကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ပဋိလက် အတတ်နှင့်စပ်လျဉ်း၍ အတင်းအကျပ် အသင်ပြုလုပ်စေခဲ့သည်ကိုလည်းကောင်း၊ ခွင့်လွှတ်ချမ်းသာပေးတော်မူပါရန် သက်ဝင်ယုံကြည်ခဲ့ကြချေပြီ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် အမွန်မြတ်ဆုံး၊ အမြဲဆုံး ဖြစ်တော်မူပေသည်။

إِنَّهُۥ مَن يَأْتِ رَبَّهُۥ مُجْرِمًا فَإِنَّ لَهُۥ جَهَنَّمَ لَا يَمُوتُ فِيهَا وَلَا يَحْيَىٰ ﴿٧٤﴾

၇၄။ ဧကန်စင်စစ် မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်သို့ အပြစ်ရှိသူအဖြစ်ရောက်ရှိပါလျှင် ဧကန်မလွဲ ထိုသူ၏အဖို့ ဂျဟန္နမ်ငရဲဘုံသည်သာလျှင် ရှိပေမည်။ ထိုသူသည် ယင်းငရဲဘုံ၌ အသက်သေဆုံးမည်လည်းမဟုတ်ပေ။ အသက်ရှင်မည်လည်း မဟုတ်ချေ။

وَمَن يَأْتِهِۦ مُؤْمِنًا قَدْ عَمِلَ الصَّٰلِحَٰتِ فَأُو۟لَٰٓئِكَ لَهُمُ الدَّرَجَٰتُ الْعُلَىٰ ﴿٧٥﴾

၇၅။ သို့ရာတွင် အကြင်သူသည် ထိုအရှင်မြတ်အထံတော်သို့ ဧကန်အမှန် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့သော မုအ်မင်နှ် သက်ဝင်ယုံကြည်သူအဖြစ် ရောက်ရှိလာသည်ရှိသော် ထိုကဲ့သို့သောသူတို့အဖို့ မြင့်မြတ်လှစွာသော အဆင့်အတန်းများသည် ရှိပေမည်။

جَنَّٰتُ عَدْنٍ تَجْرِى مِن تَحْتِهَا الْأَنْهَٰرُ خَٰلِدِينَ فِيهَا ۚ وَذَٰلِكَ جَزَٰٓؤُا مَن تَزَكَّىٰ ﴿٧٦﴾

၇၆။ (ဝါ)ထာဝစဉ်နေထိုင်ရမည့် ဥယျာဉ်များ ရှိပေမည်။ ယင်းဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများသည် စီးတွေ့လျက်ရှိကြပေမည်။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ အမြဲနေထိုင်ကြရပေမည်။ စင်စစ်သော်ကား ဤသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းခဲ့သောသူ၏အကျိုးပင်တည်း။

وَلَقَدْ أَوْحَيْنَآ إِلَىٰ مُوسَىٰٓ أَنْ أَسْرِ بِعِبَادِى فَٱضْرِبْ لَهُمْ طَرِيقًا فِى ٱلْبَحْرِ يَبَسًا لَّا تَخَٰفُ دَرَكًا وَلَا تَخْشَىٰ ﴿٧٧﴾

၇၇။ ဧကန်စင်စစ် ငါအရှင်မြတ်သည် မူစာ၏ထံသို့ (ဤသို့)ဝဟ်ယ်အမိန့်တော် ထုတ်ပြန် ချမှတ်တော်မူခဲ့၏။ အသင်သည် ငါအရှင်မြတ်၏ကျွန်များကို ညဉ့်အချိန်၌ ခေါ်သွားပါလေ။ ထို့နောက် အသင်သည် ၎င်းတို့အဖို့ ပင်လယ်၌ သွေ့ခြောက်သောလမ်းကို ပြုလုပ်ပါလေ။ အသင်သည် (မိမိတို့အား ရန်သူများ) မှီလာကြမည်ကိုလည်း စိုးရိမ်ရမည်မဟုတ်၊ (မိမိတို့သည်ပင်လယ်၌နစ်မြုပ်သွားကြမည်ကိုလည်း) ကြောက်ရမည် မဟုတ်ပေ။

فَأَتْبَعَهُمْ فِرْعَوْنُ بِجُنُودِهِۦ فَغَشِيَهُم مِّنَ ٱلْيَمِّ مَا غَشِيَهُمْ ﴿٧٨﴾

၇၈။ ထို့နောက် ဖစ်ရ်အောင်နှ်သည် မိမိ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ၎င်းတို့၏နောက်မှ လိုက်လာခဲ့လေရာ၊ ပင်လယ်မှရေများသည် ၎င်းတို့အား လွှမ်းမိုး(နစ်မြုပ်စေ)ခဲ့လေသည်။ ①

وَأَضَلَّ فِرْعَوْنُ قَوْمَهُۥ وَمَا هَدَىٰ ﴿٧٩﴾

၇၉။ စင်စစ် ဖစ်ရ်အောင်နှ်သည် မိမိအမျိုးသားတို့အား တရားလမ်းမှန်ကိုမပြပဲ လမ်းမှားစေခဲ့လေသည်။

يَٰبَنِىٓ إِسْرَٰٓءِيلَ قَدْ أَنجَيْنَٰكُم مِّنْ عَدُوِّكُمْ وَوَٰعَدْنَٰكُمْ جَانِبَ ٱلطُّورِ ٱلْأَيْمَنَ وَنَزَّلْنَا عَلَيْكُمُ ٱلْمَنَّ وَٱلسَّلْوَىٰ ﴿٨٠﴾

၈၀။ အို-အစ္စရာအီလီမျိုးနွယ်အပေါင်းတို့၊ ဇကန်အမှန်၊ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့၏ရန်သူ(၏ဘေးအန္တရာယ်)မှ ကယ်တင်တော်မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့အား (အသင်တို့၏) လက်ယာဘက်၌ရှိသော တူရ်မည်သောတောင်၏နံဘေး(သို့ လာကြရန်) ချိန်းချက်တော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့အပေါ်၌ မန္နု(မုန့်.ချိုတစ်မျိုး)ကိုလည်းကောင်း၊ စလ်ဝါ(ငုံးသတ္တဝါတစ်မျိုး)ကိုလည်းကောင်း၊ ချပေးသနားတော်မူခဲ့လေသည်။

---

① ဖစ်ရ်အောင်နှင့်တကွ ဖစ်ရ်အောင်နှ်၏ ဘက်တော်သားများသည် တမန်တော်မူစာနှင့် ယှဉ်ပြိုင်ရာတွင် အရေးရှုံးနိမ့်သွားခဲ့ကြ၏။ ဖစ်ရ်အောင်နှ်၏ ပဋ္ဌလက်ဆရာများသည်လည်း အီမာန်ယုံကြည်လာခဲ့ကြ၏။ ထိုအခါ အစ္စရာအီလီ မျိုးနွယ်ဝင်များသည် အနည်းငယ် အရေးသာလာခဲ့ကြ၏။ တမန်တော်မူစာသည်လည်း နှစ်ပရိစ္ဆေဒ အတော်ကြာသည်အထိ အလွှာဟ်အရှင်မြတ်၏ ထင်ရှားသော သက်သေလက္ခဏာတော်များပြကာ စကားကုန်ပြောခဲ့၏။ တရားကုန်ဟောခဲ့၏။ သို့တစေလည်း ဖစ်ရ်အောင်နှ်သည် အမှန်တရားကို လက်မခံခဲ့ပေ၊ အစ္စရာအီလီမျိုးနွယ်ဝင်တို့အားလည်း လွတ်လပ်စွာ သွားလိုရာသွားနိုင်ရန်အတွက် လွှတ်မပေးခဲ့ပေ။ ထိုအခါ အလွှာဟ်အရှင်မြတ်သည် တမန်တော်မူစာအား အစ္စရာအီလီမျိုးနွယ်ဝင်များကို ခေါ်ဆောင်၍ အီဂျစ်ပြည်မှ ထွက်ခွာသွားရန် အမိန့်ပေးတော်မူရာ တမန်တော်မူစာသည် အမိန့်တော် ဦးထိပ်ရွက်ပန်ဆင်ကာ အစ္စရာအီလီမျိုးနွယ်ဝင်တို့အား ခေါ်ဆောင်၍ အီဂျစ်ပြည်မှ ထွက်ခွာလာခဲ့လေသည်။

တမန်တော်မူစာသည် မိမိ၏အမျိုးသားတို့အား ခေါ်ဆောင်၍ အီဂျစ်ပြည်မှ ထွက်ခွာလာခဲ့ရာ (Red Sea) ပင်လယ်နီကမ်းခြေသို့ ရောက်ရှိလာခဲ့၏။ ဖစ်ရ်အောင်နှ်သည်လည်း မိမိ လက်အောက်မှ တိမ်းရှောင်ထွက်ခွာသွားသော အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား ပြန်လည်ဖမ်းဆီး အရေးယူရန်အတွက် မိမိ၏ ➤➤

كُلُوا۟ مِن طَيِّبَٰتِ مَا رَزَقْنَٰكُمْ وَلَا تَطْغَوْا۟ فِيهِ فَيَحِلَّ عَلَيْكُمْ غَضَبِى ۖ وَمَن يَحْلِلْ عَلَيْهِ غَضَبِى فَقَدْ هَوَىٰ ﴿٨١﴾

၈၁။ အသင်တို့သည် ငါအရှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့်စင်ကြယ်သန့်ရှင်းသော(စားဖွယ်များ)ကို စားသုံးကြလေကုန်။ သို့ရာတွင် အသင်တို့သည် ဤသည်နှင့်စပ်လျဉ်း၍ စည်းကမ်းမကျူးလွန်ကြကုန်လင့်။ သို့ကျူးလွန်ခဲ့သည်ရှိသော် ငါအရှင်မြတ်၏ အမျက်တော်သည် အသင်တို့၌ သက်ရောက်မည်ဖြစ်ပေသည်။ စင်စစ်မူကား၊ မည်သူမဆို ငါအရှင်မြတ်၏အမျက်တော်သည် ထိုသူ၏ အပေါ်၌ သက်ရောက်ခဲ့မူ ဧကန်မလွဲ ထိုသူသည် (ဂျဟန္နမ် ငရဲဘုံသို့) ကျသွားပေမည်။

وَإِنِّى لَغَفَّارٌ لِّمَن تَابَ وَءَامَنَ وَعَمِلَ صَٰلِحًا ثُمَّ ٱهْتَدَىٰ ﴿٨٢﴾

၈၂။ သို့ရာတွင် ဧကန်စင်စစ် ငါအရှင်မြတ်သည် အကြင်သူအား အမှန်စင်စစ် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုသူသည် နောင်တတရား ရရှိခဲ့သည့်ပြင် (အလ္လာဟ်အရှင်မြတ်အား‌လည်း) သက်ဝင်ယုံကြည်ခဲ့ပေသည်။ ထိုမှတစ်ပါး ကောင်းမြတ်သောအကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ပေသည်။ ထို့နောက် တရားလမ်းမှန်ပေါ်၌ တည်ရှိနေခဲ့၏။

وَمَآ أَعْجَلَكَ عَن قَوْمِكَ يَٰمُوسَىٰ ﴿٨٣﴾

၈၃။ ၎င်းပြင် အို-မူစာ၊ မည်သည့်အရာသည် အသင့်အား မိမိအမျိုးသားတို့ထက် ဦးစွာလာရောက်စေခဲ့ပါသနည်း။

➤➤ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ထက်ကြပ်မကွာ လိုက်ပါလာခဲ့၏။ ထိုအချိန်တွင် အစ္စရာအီလီ မျိုးနွယ်ဝင်များအဖို့ "ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ်" ဆိုသကဲ့သို့ ရှေ့တိုးက ပင်လယ်နီတွင် နစ်မြုပ်သေကြရမည်ဖြစ်၏။ နောက်ဆုတ်က ဖစ်ရ်အောင်နှစ်၏ စစ်သည်များလက်တွင် မရှုမလှ သေကြေပျက်စီးကြရမည် ဖြစ်၏။ ယင်းကဲ့သို့ အစ္စရာအီလီမျိုးနွယ်ဝင်များ ပိတ်မိပြီး ဆိုးရွားလှသည့်အဖြစ်နှင့် တွေ့ကြုံနေကြရသည့်အခါ၊ အလ္လာဟ်အရှင်မြတ်သည် ပင်လယ်ကိုခွဲ၍ လမ်းကြောင်းဖြစ်စေတော် မူခဲ့သည်။ တမန်တော်မူစာနှင့်တကွ အစ္စရာအီလီမျိုးနွယ်ဝင်တို့သည် ခလုတ်မထိ ဆူးမငြိဘဲ အေးချမ်းစွာ ပင်လယ်နီကိုဖြတ်ကျော်၍ လွတ်မြောက်လာခဲ့ကြပေသည်။ ဖစ်ရ်အောင်နှနှင့်တကွ ၎င်း၏စစ်သည်ဗိုလ်ပါတို့မှာမူ ပင်လယ်နီတွင် နစ်မြုပ်၍ မရှုမလှ သေကြေပျက်စီး၍ သွားခဲ့ကြလေသည်။

قَالَ هُمْ اُولَآءِ عَلٰٓى اَثَرِىْ وَ عَجِلْتُ اِلَيْكَ رَبِّ لِتَرْضٰى ﴿٨٤﴾

၈၄။ ယင်းမူစာက (ဤသို့) လျှောက်ထားခဲ့လေသည်။ဂျင်းတို့သည်ဤမှာ ကျွန်တော်မျိုး၏ နောက်၌ပင် လိုက်ပါခဲ့ကြပါသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည်အရှင်မြတ်အထံတော်သို့ အရှင်မြတ် ကျေနပ်တော်မူပါရန် အလျင်လာခဲ့ခြင်းပင် ဖြစ်ပါသည်။ [၁]

قَالَ فَاِنَّا قَدْ فَتَنَّا قَوْمَكَ مِنْۢ بَعْدِكَ وَ اَضَلَّهُمُ السَّامِرِىُّ ﴿٨٥﴾

၈၅။ ထိုအရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ (အို-မူစာ) ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင်၏ နောက်ကွယ်တွင် အသင်၏ အမျိုးသားများအား စမ်းသပ်တော် မူခဲ့လေသည်။ "စာမိရီ" [၂] သည် ဂင်းတို့အား လမ်းမှားစေခဲ့လေပြီ။

---

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား တောင်ရာတ်ကျမ်းကို ချီးမြှင့်တော်မူရန်အလို့ငှာ 'တူရ်' တောင်သို့လာရန်၊ သို့လာရာတွင် မိမိ၏အမျိုးသားများအနက် အကြီးအကဲ(၇၀)ကိုလည်း ခေါ်ဆောင်လာရန် အမိန့်ပေးတော်မူခဲ့၏။ ထိုအခါ တမန်တော်မူစာသည် အကြီးအကဲ(၇၀)ကို ခေါ်ဆောင်၍ 'တူရ်' တောင်သို့ သွားခဲ့၏။ ကြည့်-ကုရ်အာန်(၇:၁၅၅)။

တမန်တော်မူစာသည် စိတ်အားထက်သန်စွာဖြင့် သွားခဲ့ရာ တူရ်တောင်သို့ မိမိ၏အကြီးအကဲများထက် ဦးစွာ တစ်ဦးတည်း ပထမရောက်ရှိလာခဲ့၏။ အကြီးအကဲများသည် နောက်တွင် ကျန်နေရစ်ခဲ့ကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ယင်းကဲ့သို့ အလျင်စလို ဦးစွာပထမရောက်ရှိလာခဲ့သည့် အကြောင်းနှင့်စပ်လျဉ်း၍ မေးမြန်းတော်မူရာ တမန်တော်မူစာက ကျွန်တော်မျိုး၏ အမျိုးသားများသည် ကျွန်တော်မျိုး၏နောက်မှ လာနေကြပါသည်၊ ကျွန်တော်မျိုး ယခုကဲ့သို့ အရှင်မြတ်အထံတော်သို့ အလျင်စလို ရောက်ရှိလာခြင်းမှာ အရှင်မြတ် နှစ်သက်ကျေနပ် တော်မူပါရန်အလို့ငှာ ဖြစ်ပါသည်ဟု လျှောက်ထားခဲ့လေသည်။ ကြည့်-ထာနဝီ။

ဤအကြောင်း ကုရ်အာန်(၇:၁၄၂-၁၄၇)တွင် ပါရှိသည်

② **စာမိရီ။**

အစ္စရာအီလီမျိုးနွယ်ဝင်တို့အား နွားငယ်ပြုလုပ်၍ လမ်းလွဲမှားစေခဲ့သူမှာ 'စာမိရီ' ဖြစ်သည်။ ဂင်း၏အမည်ကို ကုရ်အာန်တွင် သုံးနေရာ၌ တွေ့ရှိရသည်။ ကြည့်-ကုရ်အာန်(၂၀:၈၅၊ ၂၀:၈၇၊ ၂၀:၉၅)။

အချို့က စာမိရီ၏အမည်မှာ "မူစာ"ဟူ၍ဖြစ်သည်ဟု ဆိုကြသည်။ အချို့ကစာမိရီသည် အစ္စရာအီလီမျိုးနွယ်တစ်ဦးဖြစ်သည်ဟု ဆိုကြသည်။ အချို့ကစာမိရီသည် (Copt)ဖြစ်သည်ဟု ဆိုကြသည်။ အသို့ပင်ဖြစ်စေကာမူ အများ အာလင်မ်ပညာရှင်တို့၏ ယူဆချက်မှာကား စာမိရီသည် အစ္စရာအီလီမျိုးနွယ်ဝင်တို့အား နည်းပရိယာယ်အမျိုးမျိုးဖြင့် လမ်းလွဲမှားစေလေ့ရှိခဲ့သော မုနာဖစ်က် တစ်ဦးဖြစ်သည်။

فَرَجَعَ مُوسَىٰٓ إِلَىٰ قَوْمِهِۦ غَضْبَٰنَ أَسِفًا ۚ قَالَ يَٰقَوْمِ أَلَمْ يَعِدْكُمْ رَبُّكُمْ وَعْدًا حَسَنًا ۚ أَفَطَالَ عَلَيْكُمُ ٱلْعَهْدُ أَمْ أَرَدتُّمْ أَن يَحِلَّ عَلَيْكُمْ غَضَبٌ مِّن رَّبِّكُمْ فَأَخْلَفْتُم مَّوْعِدِى ﴿٨٦﴾

၈၆။ ထိုအခါ မူစာသည် မိမိအမျိုးသားတို့ထံ ဒေါသအမျက်ထွက်ကာ ဝမ်းနည်းပူဆွေးစွာ ပြန်လာခဲ့ပြီးလျှင် (ဤသို့)ပြောဆိုခဲ့လေသည်။ အို-ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်အသင်တို့အား ကောင်းမြတ်လှစွာသော ကတိကိုပေးတော်မူခဲ့သည် မဟုတ်လော။

သို့ဖြစ်ပေရာ အသင်တို့အပေါ်၌ ချိန်းချက်ထားသောထိုအချိန်ကာလသည် ရှည်လျားကြာညောင်းခဲ့လေပြီလော။ သို့တည်းမဟုတ်အသင်တို့သည် မိမိတို့အပေါ်၌မိမိတို့အရှင်မြတ်၏ အမျက်တော်သက်ရောက်ခြင်းကို အလိုရှိသောကြောင့် ကျွန်ုပ်နှင့် ထားရှိပြီးဖြစ်သော ကတိကို ဖောက်ဖျက်ခဲ့ကြလေသလော။

قَالُوا۟ مَآ أَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَلَٰكِنَّا حُمِّلْنَآ أَوْزَارًا مِّن زِينَةِ ٱلْقَوْمِ فَقَذَفْنَٰهَا فَكَذَٰلِكَ أَلْقَى ٱلسَّامِرِىُّ ﴿٨٧﴾

၈၇။ (ထိုအခါ) ယင်းအမျိုးသားတို့က (ဤသို့) ပြောကြားခဲ့ကြကုန်၏။ (အို-နဗီတမန်တော်မူစာ၊ စင်စစ်) ကျွန်ုပ်တို့သည် အသင်နှင့်ထားရှိခဲ့သော ကတိကို မိမိတို့ အလိုသဘောနှင့် ဖောက်ဖျက်ခဲ့ကြသည်မဟုတ်။ သို့ရာတွင် ကျွန်ုပ်တို့မှာမူကား (ကစ်ဗ်တီ) အမျိုးသားတို့၏ လက်ဝတ်လက်စားများကို သယ်ပိုး ယူဆောင်လာခဲ့ကြရလေသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းလက်ဝတ်လက်စားများကို ပစ်ချခဲ့ကြပေသည်။ ထို့နောက် စာမိရီသည်လည်း ထိုနည်းအတိုင်းပင် ပစ်ချခဲ့လေသည်။

فَأَخْرَجَ لَهُمْ عِجْلًا جَسَدًا لَّهُۥ خُوَارٌ فَقَالُوا۟ هَٰذَآ إِلَٰهُكُمْ وَإِلَٰهُ

၈၈။ ထို့နောက် ယင်းစာမိရီသည် ၎င်းတို့အဖို့ အသံထွက်သော နွားငယ်ကလေး တစ်ကောင်၏ ခန္ဓာကိုယ် အသွင်သဏ္ဌာန်တစ်ခုကို (သွန်းလောင်း) ထုတ်ယူလာခဲ့လေသည်။

مُوْسٰى ۝٨٥

(ထိုအခါ) ယင်းအမျိုးသားတို့က "ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအရှင်၊ မူစာ၏ ကိုးကွယ်ရာအရှင်ဖြစ်သည်။ သို့သော် မူစာကား (မိမိကိုးကွယ်ရာအရှင်အား ဤမှာပင်)မေ့ထားခဲ့လေပြီ" ဟု (အချင်းချင်း) ပြောဆိုကြလေသည်။

اَفَلَا يَرَوْنَ اَلَّا يَرْجِعُ اِلَيْهِمْ قَوْلًا ۙ وَّلَا يَمْلِكُ لَهُمْ ضَرًّا وَّلَا نَفْعًا ۝٨٩

၈၉။ အသို့ပါနည်း။ ယင်းနွားကလေးမှာ မိမိတို့၏ မည်သည့်စကားကိုမျှ ပြန်ကြားနိုင်ခြင်းလည်း မရှိကြောင်း၊ မိမိတို့နှင့်ပတ်သက်၍ မည်သို့မျှပင် အကျိုးယုတ်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုစွမ်းနိုင်ခြင်းမရှိသည်ကို ၎င်းတို့မမြင်ကြလေသလော။

وَلَقَدْ قَالَ لَهُمْ هٰرُوْنُ مِنْ قَبْلُ يٰقَوْمِ اِنَّمَا فُتِنْتُمْ بِهٖ ۚ وَاِنَّ رَبَّكُمُ الرَّحْمٰنُ فَاتَّبِعُوْنِيْ وَاَطِيْعُوْٓا اَمْرِيْ ۝٩٠

၉၀။ အမှန်စင်စစ်သော်ကား ဟာရွန်က (မူစာ) ပြန်မရောက်မီကပင်ယင်းအမျိုးသားတို့အား(ဤသို့) ပြောဆို (သတိပေး)ခဲ့လေသည်။ "အို-ကျွန်ုပ်၏ အမျိုးသားတို့၊ ဧကန်စင်စစ် အသင်တို့သည် ဤနွားရုပ်ကြောင့် လမ်းမှားခဲ့ကြရချေပြီ။ အမှန်စင်စစ်မှာ မူကား အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သာတည်း။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြလေကုန်။

قَالُوْا لَنْ نَّبْرَحَ عَلَيْهِ عٰكِفِيْنَ حَتّٰى يَرْجِعَ اِلَيْنَا مُوْسٰى ۝٩١

၉၁။ (ထိုအခါ) ယင်းအမျိုးသားတို့က ကျွန်ုပ်တို့သည် မိမိတို့ထံ မူစာ ပြန်မလာသမျှကာလပတ်လုံး ယင်းနွားရုပ်အပေါ်၌ အမြဲမပြတ် စွဲလမ်းလျက်ပင် ရှိကြမည် ဟု ပြောကြားခဲ့ကြ၏။ ၁

① **တမန်တော်ဟာရွန်က အချိန်မီသတိပေးခဲ့ခြင်း။**

တမန်တော်မူစာ တူရ်တောင်သို့ ကြွသွားနေခိုက် စာမိရီ၏လှည့်ဖြားမှုကြောင့် အစ္စရာအီလီ ➤➤

قَالَ يٰهٰرُوْنُ مَا مَنَعَكَ
اِذْ رَاَيْتَهُمْ ضَلُّوْٓا ﴿٩٢﴾

၉၂။ (ထို့နောက်) ယင်းမူစာသည် (ပြန်လာပြီးလျှင် ဟာရွန်အား) အို-ဟာရွန် အသင်သည် ၎င်းတို့လမ်းမှားခဲ့ကြသည်ကို တွေ့မြင်ခဲ့သောအခါ၊

اَلَّا تَتَّبِعَنِ ؕ اَفَعَصَيْتَ
اَمْرِيْ ﴿٩٣﴾

၉၃။ အသင်အား ကျွန်ုပ်ထံ လိုက်လာခြင်းမှ မည်သည့်အရာက တားဆီးခဲ့ဘိသနည်း။ အသင်သည် ကျွန်ုပ်၏အမိန့်ကို ဖီဆန်ခဲ့လေသလောဟု ပြောကြားခဲ့လေ၏။

قَالَ يَبْنَؤُمَّ لَا تَاْخُذْ بِلِحْيَتِيْ
وَلَا بِرَاْسِيْ ۚ اِنِّيْ خَشِيْتُ اَنْ
تَقُوْلَ فَرَّقْتَ بَيْنَ بَنِيْٓ
اِسْرَآءِيْلَ وَلَمْ تَرْقُبْ قَوْلِيْ ﴿٩٤﴾

၉၄။ (ထိုအခါ) ယင်းဟာရွန်က (ဤသို့) ပြောဆို (ဖြေကြား)ခဲ့၏။ အို-ကျွန်ုပ်၏မိခင်၏သား၊ အသင်သည် ကျွန်ုပ်၏မုတ်ဆိတ်ကိုလည်းကောင်း၊ ကျွန်ုပ်၏ဦးခေါင်းကိုလည်းကောင်း၊ ဆွဲကိုင်ခြင်း မပြုပါလေနှင့်။ ဧကန်မလွဲ ကျွန်ုပ်မူကား၊ အသင်သည် ကျွန်ုပ် (ပြောဆိုအံ့သော)စကားကို စောင့်ဆိုင်း(၍ နားထောင်)ခြင်းမရှိဘဲ (အို-ဟာရွန်) အသင်သည် အစ္စရာအီလီမျိုးနွယ်တို့ အချင်းချင်း သွေးကွဲအောင်ပြုခဲ့သည်ဟု ပြောဆိုမည်ကို စိုးရိမ်မိခဲ့သည်။

➤➤ မျိုးနွယ်ဝင်များသည် နွားရုပ်ကို ကိုးကွယ်ကြသောအခါ တမန်တော်ဟာရွန်က "အို-ငါ၏အမျိုးသားများ၊ အသင်တို့သည် နွားရုပ်နှင့်စပ်လျဉ်း၍ လမ်းလွဲမှားကုန်ကြပြီ၊ ဤနွားရုပ်သည် ကိုးကွယ်ရာ အရှင်သခင်မဟုတ်၊ အသင်တို့၏ ကိုးကွယ်ရာအရှင်သခင် အစစ်အမှန်သည် "ရဟ်မာန်" မဟာကရုဏာတော်ရှင်တည်းဟူသော အလွှာဟ်အရှင်မြတ် သာလျှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ မြောက်မြားစွာသော ကရုဏာတော်များကိုလည်း ပြုတော်မူခဲ့ပေပြီ၊ နောင်ကိုလည်း ကရုဏာပြုရန် ကတိပြုထားတော်မူသည်။ သို့ပါလျက် ထိုသည့် အရှင်သခင်အား စွန့်ပယ်ပြီး အသင်တို့သည် အဘယ်သို့သွား နေကြသလော။

ငါသည် တမန်တော်မူစာ၏ ကိုယ်စားလှယ်ဖြစ်သည်၊ မိမိကိုယ်တိုင်လည်း တမန်တော်တစ်ပါးဖြစ်သည်၊ ငါ၏စကားကို နားထောင်ကြ၊ ငါ၏လမ်းစဉ်ကို လိုက်နာကြ၊ စာမိရိ၏ ကျော့ကွင်းထဲသို့ မဆင်းကြနှင့်" ဟု ကျိုးကြောင်းပြကာ အမှတ်တရ အချိန်မီ သတိပေးခဲ့လေသည်။ သို့တစေလည်း အစ္စရာအီလီမျိုးနွယ်ဝင်များ အနက် နွားရုပ်ကို ကိုးကွယ်နေကြသူများက "ကျွန်တော်တို့သည် တမန်တော်မူစာ ပြန်လာသည်အထိ ဤနွားရုပ်ကို စွန့်ပယ်ကြမည်မဟုတ်၊ စွဲမြဲစွာ စွဲလမ်းလျက်ပင် ရှိနေကြမည်၊ တမန်တော်မူစာ ပြန်ကြွလာသောအခါ သင့်တော်သည့်အတိုင်း ပြုလုပ်ကြပါမည်ဟု မိုက်မဲစွာ အဖြေပေးခဲ့ကြလေသည်။

قَالَ فَمَا خَطْبُكَ يٰسَامِرِيُّ ﴿٩٥﴾

၉၅။ ထိုမူစာက 'သို့ဖြစ်လျှင်၊ အို-စာမိရီ အသင်၏ ရည်ရွယ်ချက်ကား အသို့နည်း" ဟု ပြောဆို (မေးမြန်း) ခဲ့လေသည်။

قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوا بِهِۦ فَقَبَضْتُ قَبْضَةً مِّنْ أَثَرِ الرَّسُولِ فَنَبَذْتُهَا وَكَذٰلِكَ سَوَّلَتْ لِى نَفْسِى ﴿٩٦﴾

၉၆။ (ထိုအခါ) ၎င်းစာမိရီက "ကျွန်ုပ်သည် အခြားသူတို့ မမြင်ခဲ့ကြသောအရာကို တွေ့မြင်ခဲ့ပါသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်သည် စေတမန်၏ (မြင်း) ခြေရာမှ(မြေကြီး) လက်တစ်ဆုပ်ကို ဆုပ်ယူခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်သည် ထို(မြေကြီး)ကို (ဤနွားငယ် ကလေး၏ခန္ဓာကိုယ်တွင်) ပစ်ထည့်ခဲ့ပါသည်။ စင်စစ် ကျွန်ုပ်၏စိတ်နှလုံးသည် ကျွန်ုပ်အား ဤအတိုင်း ပင် ဖြားယောင်းခဲ့ပါသည်"ဟု ပြောဆို (ဖြေကြား) လေ၏။ [၁]

قَالَ فَاذْهَبْ فَإِنَّ لَكَ فِى الْحَيٰوةِ أَن تَقُولَ لَا مِسَاسَ ۖ وَإِنَّ لَكَ مَوْعِدًا لَّن تُخْلَفَهُۥ ۖ وَانظُرْ إِلَىٰٓ إِلٰهِكَ الَّذِى ظَلْتَ عَلَيْهِ عَاكِفًا ۖ لَّنُحَرِّقَنَّهُۥ ثُمَّ لَنَنسِفَنَّهُۥ فِى الْيَمِّ نَسْفًا ﴿٩٧﴾

၉၇။ (သို့ဖြစ်ပေရာ) ယင်းမူစာက (စာမိရီအား ဤသို့) ပြောကြားခဲ့လေ၏။ (အို-စာမိရီ) အသင်သည်ထွက်သွားလော့။ ဇကန်အမှုန် အသင်၌ ဤဘဝသက်တမ်းတစ်လျှောက်တွင် (ခံစားရမည့် ပြစ်ဒဏ်ကား) အသင်သည် (မိမိအပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အား မည်သူမျှ) 'မထိရ' ဟု ပြောဆိုခြင်း ပင်ဖြစ်ပေသည်။ ၎င်းပြင် အသင့်အဖို့ (နောင်တမလွန်၌ ပြစ်ဒဏ်ခံစားရန်လည်း) ပြဋ္ဌာန်းချက်တစ်ခု ရှိသေး၏။ အသင်သည် ယင်းပြဋ္ဌာန်းချက်မှ လွဲစေခြင်းကို အလျှင်း ခံရလိမ့်မည် မဟုတ်ပေ။

---

① **တမန်တော်မူစာက စာမိရီအား စစ်ဆေးအရေးယူခြင်း။**

တမန်တော်မူစာသည် နောင်တော်ကြီး တမန်တော်ဟာရွန်နှင့် တွေ့ဆုံ စကားပြောဆိုပြီးနောက် စာမိရီအား "စာမိရီ၊ အသင်သည် မည်သို့ပြုသနည်း၊ ဖြစ်ရပ်မှန်ကို ပြောပြလော့" ဟု စစ်ဆေးကြိမ်းမောင်းရာ၊ စာမိရီက "ကျွန်တော်သည် အခြားသူများ မမြင်သောအရာကို မြင်မိပါသည်- (၀၊) မြင်းစီးလျက်ရှိသော ကောင်းကင်တမန်ဂျိဗရီလ်အား မြင်မိပါသည်။ ထိုအခါ ကျွန်တော်သည် ကောင်းကင်တမန်ဂျိဗရီလ်၏ မြင်းခြေရာမှ မြေတစ်ဆုပ် ကောက်ယူထားခဲ့ပါသည်။ ထိုသည့်မြေကိုပင် ဤနွားရုပ်တွင် ထည့်လိုက်ပါသည်။ ➤➤

ထို့ပြင်အသင်သည် အစဉ်မပြတ်စွဲလမ်းလျက် ရှိခဲ့သော မိမိ ကိုးကွယ်ရာကို ရှုလော့။ ဧကန်မလွဲ ငါတို့သည် ၎င်းအား မီးချုပ်းနောက် အမှန်စင်စစ် ၎င်း(၏ပြာ)ကို မြစ်ထဲ၌ ကြဲ(၍ မျှော)ကြမည် ဖြစ်သည်။

إِنَّمَآ إِلَٰهُكُمُ ٱللَّهُ ٱلَّذِى لَآ إِلَٰهَ إِلَّا هُوَ ۚ وَسِعَ كُلَّ شَىْءٍ عِلْمًا ﴿٩٨﴾

၉၈။ (စင်စစ်မှာမူကား)အသင်တို့၏ ခဝပ်ကိုးကွယ်ရာ အရှင်သည် အကြင် အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ကား အလျှင်း မရှိပြီ။ ထိုအရှင်မြတ်သည် (မိမိ)အသိပညာတော်ဖြင့် အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက် ရှိတော်မူပေသတည်း။

كَذَٰلِكَ نَقُصُّ عَلَيْكَ مِنْ أَنۢبَآءِ مَا قَدْ سَبَقَ ۚ وَقَدْ ءَاتَيْنَٰكَ مِن لَّدُنَّا ذِكْرًا ﴿٩٩﴾

၉၉။ ယင်းကဲ့သို့ပင် ငါအရှင်မြတ်သည် အသင်၏ ရှေ့ဝယ် လွန်လေပြီးသောဖြစ်စဉ်များ၏ *အကြောင်းသတင်းများကို ပြန်ပြောင်းမိန့်ကြားတော်မူသည်။* [၁] ၎င်းပြင် ငါအရှင်မြတ်သည် အသင်အား မိမိအထံတော်မှ (ကုရ်အာန်တည်းဟူသော) သတိပေးနှိုးဆော်သည့် ကျမ်းဂန်တစ်စောင်ကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။

➤➤ ဤသည် ကျွန်တော်၏စိတ်၌ ဧ့ဆော်ဖြားယောင်းမှုပင်ဖြစ်ပါသည်" ဟု အစစ်ခံခဲ့လေသည်။

① **အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား အတိတ်ဖြစ်စဉ်များကို ပြောပြတော်မူခြင်း။**

အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မူစာနှင့် ဖစ်ရ်အောင်နှိတို့၏အကြောင်းကို ပြောပြတော်မူသကဲ့သို့ အတိတ်ခေတ် မြောက်မြားစွာသော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ပြောပြတော်မူသည်၊ တမန်တော်မြတ်မှ တစ်ဆင့် ကမ္ဘာအဝှန်းသို့ ပြောကြားစေတော်မူသည်။ ယင်းသို့ ပြောပြတော်မူသည့်အတွက် အကျိုးများလှပေသည်။

ဥပမာ....ယင်းသို့ ပြောပြတော်မူသည့်အတွက် လူသားတို့သည် မိမိတို့ မသိသော အတိတ်ခေတ် ဖြစ်စဉ်ဖြစ်ရပ်များကို သိကြရပေသည်၊ အသိဉာဏ်ကြွယ်ဝလာပေမည်။ များစွာသော မုအ်ဂျိဇေဟ် တန်ခိုးပြာဋိဟာများကိုလည်း သိကြရလေသည်။

ယင်းသည့်အကြောင်းများကို ကြားသိ၍ တမန်တော်မြတ်နှင့်တကွ တမန်တော်မြတ်၏အမိန့်များကို နာခံသော မွတ်စ်လင်မ်များသည် စိတ်ချမ်းသာကြရပေသည်။ အမြော်အမြင် ဆင်ခြင်တုံတရားရှိသော ပုဂ္ဂိုလ်များသည် ဆင်ခြင်နိုင်ကြပေသည်။ သွေဖည်ရေးသမား တို့သည်လည်း အချိန်မီ သတိတရား ရနိုင်ကြပေသည်။

مَّنْ أَعْرَضَ عَنْهُ فَإِنَّهُ يَحْمِلُ
يَوْمَ الْقِيَامَةِ وِزْرًا ﴿١٠٠﴾

၁၀၀။ မည်သူမဆို ယင်း(ကျမ်းတော်)မှ မျက်နှာလွှဲခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် ကိယာမတ် ရှင်ပြန်ထရမည့်နေ့တွင် (အလွန်လေးလံသော) ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည် ဖြစ်ပေသည်။

خَٰلِدِينَ فِيهِ ۖ وَسَآءَ لَهُمْ يَوْمَ
الْقِيَٰمَةِ حِمْلًا ﴿١٠١﴾

၁၀၁။ (ထိုသူတို့သည်)ယင်း(ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးခြင်း၏)အဖြစ်၌ ထာဝစဉ် ခံစားလျက် ရှိကြပေမည်။ စင်စစ် ထို ဝန်ထုပ်သည် ၎င်းတို့အဖို့ ကိယာမတ် ရှင်ပြန်ထရမည့်နေ့တွင် အလွန်ဆိုးရွားလှသော ဝန်ထုပ်ပင် ဖြစ်ချိမ့်မည်။

يَوْمَ يُنفَخُ فِى ٱلصُّورِ ۚ وَنَحْشُرُ
ٱلْمُجْرِمِينَ يَوْمَئِذٍ زُرْقًا ﴿١٠٢﴾

၁၀၂။ အကြင်နေ့တွင် တံပိုးခရာကို မှုတ်ပေမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုနေ့တွင် အပြစ်ရှိသူတို့အား မျက်စိကန်းသူများအဖြစ်စုရုံးစေတော်မူမည်။

يَتَخَٰفَتُونَ بَيْنَهُمْ إِن لَّبِثْتُمْ
إِلَّا عَشْرًا ﴿١٠٣﴾

၁၀၃။ (ထိုနေ့တွင်) ၎င်းတို့သည် မိမိတို့အချင်းချင်း "အသင်တို့သည် သချိုင်းများတွင် ဆယ်ရက်မျှသာ နေခဲ့ကြသည်" ဟု တီးတိုးပြောဆိုကြပေမည်။

نَّحْنُ أَعْلَمُ بِمَا يَقُولُونَ إِذْ
يَقُولُ أَمْثَلُهُمْ طَرِيقَةً إِن
لَّبِثْتُمْ إِلَّا يَوْمًا ﴿١٠٤﴾

၁၀၄။ ငါအရှင်မြတ်သည် ၎င်းတို့ပြောဆိုကြသည့် (အကြောင်း)ကို ကောင်းမွန်စွာ သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။ အကြင်အခါဝယ် ၎င်းတို့အနက် အကြံဉာဏ်အားဖြင့် အတော်ဆုံးသောသူက "အသင်တို့သည် (သချိုင်းများတွင်) တစ်ရက်မျှသာ နေခဲ့ကြသည်"ဟု ပြောဆိုအံ့သတည်း။

وَيَسْـَٔلُونَكَ عَنِ ٱلْجِبَالِ فَقُلْ
يَنسِفُهَا رَبِّى نَسْفًا ﴿١٠٥﴾

၁၀၅။ ၎င်းပြင် ထို(မက္ကာမြို့သားမိစ္ဆာဝါဒီ)တို့သည် အသင်အား တောင်များနှင့်စပ်လျဉ်း၍ (မည်သို့မည်ပုံဖြစ်မည်ကို) မေးမြန်းကြကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့)ပြောဆို (ဖြေကြား)ပါလေ။ (အချင်း

တို့၊) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ယင်းတောင်များကို (အစိတ်စိတ် အပိုင်းပိုင်း ဖြစ်စေ၍) လွင့်ပါးစေတော်မူမည် ဖြစ်ပေသည်။

فَيَذَرُهَا قَاعًا صَفْصَفًا ﴿١٠٦﴾

၁၀၆။ တစ်ဖန်ထိုအရှင်မြတ်သည် ယင်း (ပထဝီမြေ) ကို ညီညာသော လွင်ပြင်အဖြစ် ကျန်ရစ်စေတော်မူမည် ဖြစ်ချေသည်။

لَّا تَرَىٰ فِيهَا عِوَجًا وَلَا أَمْتًا ﴿١٠٧﴾

၁၀၇။ အသင်သည် ထို(ပထဝီမြေ)၌ မည်သည့် ချိုင့်ဝှမ်းကိုမျှလည်းကောင်း၊ မည်သည့် ကုန်းကိုမျှလည်းကောင်း၊ တွေ့မြင်လိမ့်မည်မဟုတ်ပေ။

يَوْمَئِذٍ يَتَّبِعُونَ الدَّاعِيَ لَا عِوَجَ لَهُ ۖ وَخَشَعَتِ الْأَصْوَاتُ لِلرَّحْمَٰنِ فَلَا تَسْمَعُ إِلَّا هَمْسًا ﴿١٠٨﴾

၁၀၈။ ထိုနေ့တွင် လူတို့သည် ဆင့်ခေါ်သူ၏နောက်သို့ ကွေ့ကောက်ခြင်းမရှိဘဲ (ဖြောင့်တန်းစွာ) လိုက်ကြပေမည်။ ၎င်းပြင် "ရဟ်မာန်"အနန္တကရုဏာတော်ရှင်၏ရှေ့တော်မှောက်ဝယ် (၎င်းတို့၏) အသံများမှာ ငြိမ်ဆိမ်၍ သွားကြပေမည်။ သို့ဖြစ်ပေရာ အသင်သည် (တိုးတိုးပြောဆိုချက်) ခြေသံမှတစ်ပါး မည်သည့် အသံကိုမျှ ကြားလိမ့်မည် မဟုတ်ပေ။

يَوْمَئِذٍ لَّا تَنفَعُ الشَّفَاعَةُ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَٰنُ وَرَضِيَ لَهُ قَوْلًا ﴿١٠٩﴾

၁၀၉။ ထိုနေ့တွင် ကြားဝင် အသနားခံခြင်းသည် အကြင်သူမှတစ်ပါး (မည်သူတစ်ဦးတစ်ယောက်အဖို့မျှပင်) အကျိုးပေးလိမ့်မည်မဟုတ်ပေ။ ထိုသူနှင့်ပတ်သက်၍ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် ခွင့်ပြုတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်း၏စကား တစ်စုံတစ်ရာကို နှစ်သက်တော်မူခဲ့လေသည်။ ③

---

③ **ကိယာမတ်နေ့၏ဖြစ်အင်။**

အထက်တွင် ကိယာမတ်အကြောင်း ပါရှိခဲ့၏။ ထို့အတွက် ကိယာမတ်ဖြစ်မည်ကို မယုံကြည်သော သူများက "ကိယာမတ်နေ့တွင် ထုထည်အလွန်ကြီးမားသော တောင်ကြီးများသည် အသို့ဖြစ်သွားမည်နည်း၊ ဤသည့် တောင်ကြီးများသည်လည်း ကွဲအက်ပြိုပျက်သွားမည်လော"ဟု ပြက်ချော်သည့်သဘောဖြင့် ➤➤

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يُحِيطُونَ بِهِ عِلْمًا ﴿١١٠﴾

၁၁၀။ ထိုအရှင်မြတ်သည်၎င်းတို့၏ရှေ့နောက် အဖြစ်အပျက် (အကြောင်းကိစ္စ)အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူ၏။ သို့ရာတွင်၎င်းတို့မူကား ထိုအရှင်မြတ် (သိတော်မူသော ယင်း အကြောင်းကိစ္စများ)ကို (မိမိတို့၏) အသိပညာဖြင့် ဝန်းခြုံ(၍ သိ)နိုင်ကြသည် မဟုတ်ပေ။

وَعَنَتِ الْوُجُوهُ لِلْحَيِّ الْقَيُّومِ ۖ وَقَدْ خَابَ مَنْ حَمَلَ ظُلْمًا ﴿١١١﴾

၁၁၁။ ထို့ပြင် (ထိုနေ့တွင်လူခပ်သိမ်းတို့၏) မျက်နှာများမှာ ထာဝရရှင်နေတော်မူသော၊ အစဉ်အမြဲ တည်ရှိနေတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အောက်ကြို့လျက် ရှိကြပေမည်။ ၎င်းပြင် ဧကန်မလွဲ မတရားမှုကို (ကျူးလွန်) ထမ်းဆောင်ခဲ့သောသူမှာမူကား အထမမြောက် အကြံမှောက်မည်သာတည်း။

➤➤ မေးမြန်းကြသောအခါ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ဖြေကြားတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်၏ အတိုင်းအဆမရှိသော တန်ခိုးတော်အနန္တရှေ့တွင် တောင်များသည်လည်း အသို့မျှ ရပ်တည်နိုင်မည်မဟုတ်ပေ။ ကြေမွ၍ ဝါဂွမ်းများပမာ လွင့်ပါးသွားပေမည်။ ကမ္ဘာမြေကြီးသည် ညီညာသောကွင်းပြင်ကြီးအတိုင်းဖြစ်သွားပေမည်။ အနိမ့်၊ အမြင့်၊ အကောက်အကွေ့၊ အရွဲ့အစောင်း ဟူ၍ စိုးစဉ်းမျှ ရှိမည်မဟုတ်ပေ။

လူသားအားလုံးတို့သည်လည်း ကိယာမတ်နေ့တွင် ကောင်းကင်တမန် ခေါ်ဆောင်ရာသို့ ဖြောင့်မတ်စွာ လိုက်ကြပေမည်။ ခေါ်ဆောင်သော ကောင်းကင်တမန်လည်း ဖြောင့်မတ်ပေမည်၊ လိုက်နာသူများလည်း ဖြောင့်မတ်ကြပေမည်။ ရှေ့သွားနောက်လိုက် ညီကြပေမည်။ (လူသားတို့သည် ကိယာမတ်နေ့တွင် ကောင်းကင်တမန် ခေါ်ဆောင်ရာသို့ ဖြောင့်မတ်စွာ လိုက်နာကြမည် ဖြစ်သကဲ့သို့ ဤပစ္စက္ခတွင်လည်း အလ္လာဟ်အရှင်မြတ်၏ တမန်တော်များ၏ ဖိတ်ခေါ်ရာသို့ မသွေမဖည်ဘဲ ဖြောင့်မတ်စွာ လိုက်နာကြပါက နောင်တမလွန်တွင် ၎င်းတို့၌ မုချအကျိုးရှိမည်ဖြစ်သည်။ ကြိုတင်သိမြင်နိုင်ကြပါက ကောင်းစွ)။

ကိယာမတ်နေ့တွင် လူသားတို့သည် 'မဟ်ရှရ်' ကွင်းပြင်သို့ သွားရောက်ကြသောအခါ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြမည် ဖြစ်သည့်အတွက် ခြေသံမှတစ်ပါး၊ မည်သည့်အသံကိုမျှ ကြားကြရမည်မဟုတ်ပေ၊ လုံးဝဆိတ်ငြိမ်လျက် ရှိကြပေမည်။

ကိယာမတ်နေ့တွင် မည်သူတစ်ဦးတစ်ယောက်မျှ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူ့အတွက်မျှ အသနားခံပေးနိုင်မည် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ရရှိသော ပုဂ္ဂိုလ်များသာလျှင် အသနားခံခွင့် ရရှိပေမည်၊ ထိုပုဂ္ဂိုလ်များသည်လည်း အကြင်သို့သောသူ အတွက်သာလျှင် အသနားခံ ပေးနိုင်ကြမည်ဖြစ်သည်၊ ထိုသူ၏စကား(၀ါ) (လာအေ့လာဟ် အစ်လ္လလ္လာဟ်)ကို အလ္လာဟ်အရှင်မြတ် ကျေနပ် နှစ်သက်တော်မူပြီးဖြစ်ခဲ့ပေသည်။ ကာဖိရ်နှင့်ပတ်သက်၍ကား အသနားခံခွင့် အလျှင်းရှိမည်မဟုတ်ပေ။

وَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ وَهُوَ مُؤْمِنٌ فَلَا يَخٰفُ ظُلْمًا وَّلَا هَضْمًا ﴿١١٢﴾

၁၁၂။ သို့ရာတွင် အကြင်သူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ရုံမျှမက ထိုသူသည် မုအ်မင်န် သက်ဝင်ယုံကြည်သူလည်းဖြစ်ခဲ့မူ၊ ထိုသူကား မတရားမှုကိုလည်းကောင်း၊ လျော့နည်းစေခြင်းကိုလည်းကောင်း၊ စိုးရိမ်ရမည် မဟုတ်ချေတကား။

وَكَذٰلِكَ أَنْزَلْنٰهُ قُرْءٰنًا عَرَبِيًّا وَّصَرَّفْنَا فِيهِ مِنَ الْوَعِيدِ لَعَلَّهُمْ يَتَّقُونَ أَوْ يُحْدِثُ لَهُمْ ذِكْرًا ﴿١١٣﴾

၁၁၃။ စင်စစ် ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် ယင်း(ကျမ်းဂန်)ကို စကားပြေပြစ် ကောင်းမွန်လှသော ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် ချပေးသနားတော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်တွင် ခြိမ်းခြောက်မှုများကို အနည်းနည်း အဖုံဖုံ မိန့်ကြားတော်မူခဲ့လေသည်။ သို့မှသာလျှင် ၎င်းတို့သည် ကြောက်ရွံ့ကြပေမည်။ သို့တည်းမဟုတ် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းတို့၌ (အသိတရား) သတိတရားကို ဖြစ်ပေါ်စေမည် ဖြစ်ပေသည်။ ①

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۗ وَلَا تَعْجَلْ بِالْقُرْءَانِ مِنْ

၁၁၄။ သို့ဖြစ်ပေရာ စိုးမိုးအုပ်ချုပ်တော်မူသော(ဘုရင်) အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်လှတော်မူ၏။

① အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် ဖြစ်ပေါ်လာမည့် အဖြစ်အပျက်များနှင့် ကောင်းမှု၏ အကျိုးအပြစ်များကို ပွင့်လင်းစွာ ဟောကြားထားတော်မူခဲ့သည့်အတိုင်း ကုရ်အာန်ကျမ်းမြတ်ကိုလည်း အရဗီစာပေဖြင့် စာပေဂုဏ်မြောက်စွာ အထင်အရှား ထုတ်ပြန်ချမှတ်ထားတော်မူသည်။ ထိုသည့် ကုရ်အာန်ကျမ်းမြတ်တွင် ကြောက်မက်ဖွယ်ရာများကိုလည်း အမျိုးမျိုးအဖုံဖုံ မိန့်ဆိုထားတော်မူသည်။ ယင်းသို့ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော် မူခြင်းအားဖြင့် ကုရ်အာန်ကျမ်းမြတ်ကို ကြားနာရွတ်ဖတ် သရဇ္ဈာယ်သောသူများသည် 'တာက္ဝါ' တရားကို ဆောက်တည်ကြပေမည်၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားလာကြပေမည်။ ယုတ်စွအဆုံး ဆင်ခြင်မှု၊ သတိတရား၊ အသိတရား ရရှိလာကြပေမည်။ ဤသည့် သတိတရားသည် တဖြည်းဖြည်း တိုးပွားရင့်ကျက်လာပြီး နောက်ဆုံးတွင် အစွန်းတစ်၏ အမှန်တရားရစေရန် အကြောင်းဖြစ်လာပေမည်။ ဤကား ကုရ်အာန်၏အကျိုးတည်း။

قَبْلِ اَنْ يُّقْضٰٓى اِلَيْكَ وَحْيُهٗ ۡ وَقُلْ رَّبِّ زِدْنِيْ عِلْمًا ﴿١١٤﴾

ထို့ပြင်အသင်သည် မိမိထံသို့ ထိုအရှင်မြတ်၏ "ဝဟ်ယ်" အမိန့်တော်ပြီးဆုံးသည်အထိ မကျရောက်မီ ကုရ်အာန်ကျမ်းတော်မြတ်(ကို ရွတ်ဖတ်သရဇ္ဈာယ်ရာ)၌ အလျင်စလို မပြုလေနှင့်။ ၎င်းပြင် အသင်သည် "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၌ အသိပညာကို တိုးပွားစေတော်မူပါ" ဟု လျှောက်ထား(အသနားခံ)ပါလေ။ [၁]

وَلَقَدْ عَهِدْنَآ اِلٰٓى اٰدَمَ مِنْ قَبْلُ فَنَسِيَ وَلَمْ نَجِدْ لَهٗ عَزْمًا ﴿١١٥﴾

၁၁၅။ ၎င်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် အာဒမ်၏ထံသို့ အမိန့်တော်ထုတ်ပြန် ချမှတ်တော်မူခဲ့လေသည်။ သို့ရာတွင်ထိုအာဒမ်သည် (ယင်းအမိန့်တော်ကို) မေ့လျော့ခဲ့လေသည်။ စင်စစ် ငါအရှင်မြတ်သည် ယင်းအာဒမ်၌တည်ကြည်ကြံ့ခိုင်မှုကို တွေ့တော်မမူခဲ့ချေ။ [၂]

---

① အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် တမန်တော်မြတ်အား ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကောင်းကင်တမန် ဂျိဗရီလ်ထံမှတစ်ဆင့် ကျက်မှတ်ရာတွင် မေ့ပျောက်သွားမည်ကို စိုးရိမ်ကာ အလျင်စလို မပြုလုပ်ရန်၊ အလျင်စလိုပြုလုပ်မည့်အစား ကုရ်အာန်ကျမ်းမြတ်ကို ပိုမို သိရှိနားလည် သဘောပေါက်နိုင်သည့် အသိပညာကို ချီးမြှင့်ပေးသနားတော်မူပါမည့်အကြောင်း ဆုပန်ကြားရန် မိန့်ဆို ထားတော်မူသည်။

ကုရ်အာန်ကျမ်းမြတ်(၇၅း၁၆-၁၉)တွင်လည်း တမန်တော်မြတ်အား ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကျက်မှတ်ရာတွင် အလျင်စလိုမပြုလုပ်ရန်နှင့် ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ကမ္ဘာတစ်ဝှန်းသို့ ဖြန့်ချီခြင်းများသည် အလ္လာဟ်အရှင်မြတ်၏ တာဝန်ဖြစ်ကြောင်း မိန့်ဆိုထားတော်မူသည်။

အလျင်စလိုပြုလုပ်မိပါက မှားတတ်ကြောင်းကို ဖခင်ကြီးအာဒမ်အား စံထား၍ ရှေ့လာလတ္တံ့သော အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

② (وَلَمْ نَجِدْ لَهٗ عَزْمًا) ဟူသော ဝါကျတော်၏ အဓိပ္ပါယ်ကို အများက ဤကုရ်အာန် ဘာသာပြန်တွင် ပါရှိသည့်အတိုင်း ဘာသာပြန်ဆိုကြသည်။ အချို့ကမူ "ငါအရှင်မြတ်သည် ယင်းအာဒမ်၌ ရည်စူးချက်ကိုပင် မတွေ့ရှိရပေ" ဟု ဘာသာပြန်ဆိုကြသည်။ ဆိုလိုသည်ကား ဖခင်ကြီးအာဒမ်သည် ပြစ်မှုကျူးလွန်ရန် မည်သို့မျှပင် မရည်စူးခဲ့ပေ၊ သတိမမူမိခဲ့သည့်အတွက် ယင်းသို့ မှားယွင်းပြုမိခဲ့ခြင်းသာဖြစ်သည်ဟူ၏။ ကြည့်-မာဂျိဒီ။

وَإِذْ قُلْنَا لِلْمَلَٰٓئِكَةِ ٱسْجُدُوا۟ لِـَٔادَمَ فَسَجَدُوٓا۟ إِلَّآ إِبْلِيسَ ۖ أَبَىٰ ﴿١١٦﴾

၁၁၆။ (ပြန်လည်အောက်မေ့ သတိရကြလေကုန်)။ တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် မလာအိကဟ် ကောင်းကင်တမန်များအား အသင်တို့သည် အာဒမ်၏ ရှေ့ဝယ် စကျံဒဟ် ပျပ်ဝပ်ဦးချကြလေကုန်ဟု မိန့်ကြား တော်မူခဲ့ရာ အီဗ်လီစ်မှတပါး ကောင်းကင်တမန် အပေါင်းတို့သည် ပျပ်ဝပ်ဦးချခဲ့ကြလေသည်။ ယင်း အီဗ်လီစ်မှာမူကား (ပျပ်ဝပ်ဦးချခြင်းမပြုဘဲ အမိန့် တော်ကို) သွေဖည် ငြင်းပယ်ခဲ့လေသည်။

فَقُلْنَا يَٰٓـَٔادَمُ إِنَّ هَٰذَا عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ ٱلْجَنَّةِ فَتَشْقَىٰٓ ﴿١١٧﴾

၁၁၇။ ထိုအခါငါအရှင်မြတ်သည် (ဤသို့) မိန့်ကြား တော်မူခဲ့၏။ အို-အာဒမ်၊ ဤ(အီဗ်လီစ်)ကား အသင် နှင့် အသင့်ခင်ပွန်း၏ ရန်သူပင်ဖြစ်ချေသည်။ သို့ဖြစ် ပေရာ ယင်းအီဗ်လီစ်သည်အသင်တို့နှစ်ဦးအား ဣန္ဒာတ် အမတ သုခဘုံမှနှင်မထုတ်စေနှင့်။ သို့ဖြစ်ခဲ့မူ အသင် သည် အကြောင်းမလှဖြစ်မည်သာ။

إِنَّ لَكَ أَلَّا تَجُوعَ فِيهَا وَلَا تَعْرَىٰ ﴿١١٨﴾

၁၁၈။ ဇကန်အမှန် အသင်၌ ယင်းဣန္ဒာတ် အမတ သုခဘုံတွင် ဆာလောင်ခြင်းလည်း ရှိလိမ့်မည် မဟုတ် ပေ။ ၎င်းပြင် အသင်သည် အဝတ်အချည်းစည်း ဖြစ်ရလိမ့်မည်လည်း မဟုတ်ချေ။

وَأَنَّكَ لَا تَظْمَؤُا۟ فِيهَا وَلَا تَضْحَىٰ ﴿١١٩﴾

၁၁၉။ ထို့ပြင် ဇကန်စင်စစ် အသင်သည် ယင်းသုခဘုံ၌ ရေမွတ်သိပ်မည်လည်းမဟုတ်ပေ။ ထို့ပြင် အသင် သည် နေပူခံရမည်လည်း မဟုတ်ချေ။

فَوَسْوَسَ إِلَيْهِ ٱلشَّيْطَٰنُ قَالَ يَٰٓـَٔادَمُ هَلْ أَدُلُّكَ عَلَىٰ شَجَرَةِ

၁၂၀။ ထို့နောက် ရှိုင်တွာန်မိစ္ဆာကောင်သည် ယင်း အာဒမ်၏ စိတ်တွင်းဝယ် သွေးဆောင်ဖြားယောင်း ခဲ့လေသည်။ ၎င်းက(အာဒမ်အား)အို-အာဒမ်၊ ကျွန်ုပ် သည် အသင့်အား အစဉ်အမြဲရှင်နေသော သစ်ပင်ကို

الْخُلْدِ وَمُلْكٍ لَّا يَبْلٰى ﴿١٢٠﴾

လည်းကောင်း၊ ဟောင်းမြင်းဆွေးမြည့်ခြင်းမရှိသော စိုးမိုးအုပ်ချုပ်မှု(အာဏာ)ကိုလည်းကောင်း၊ ညွှန်ပြရမည်လော ဟု ပြောဆိုခဲ့လေ၏။

فَأَكَلَا مِنْهَا فَبَدَتْ لَهُمَا سَوْاٰتُهُمَا وَطَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ ۛ وَعَصٰٓى اٰدَمُ رَبَّهٗ فَغَوٰى ﴿١٢١﴾

၁၂၁။ သို့ဖြစ်ပေရာ ၎င်းတို့(ဇနီးမောင်နှံ)နှစ်ဦးသည် ထိုသစ်ပင်မှ (အသီးကို)စားသုံးခဲ့ကြလေ၏။ ထိုအခါ ၎င်းတို့(ဇနီးမောင်နှံ)နှစ်ဦး၏ (ဖုံးအုပ်လျက်ရှိသော) အရှက်များသည် ၎င်းတို့ရှေ့ဝယ် ပေါ်၍သွားခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မိမိတို့(ကိုယ်)ကို ဂျန္နတ်အမတသုခဘုံမှသစ်ရွက်များဖြင့် ဖုံးအုပ်ခြင်းကို စတင်ပြုလုပ်ခဲ့ကြလေသည်။ စင်စစ် အာဒမ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(၏ အမိန့်တော်)ကို ဆန့်ကျင်မိခဲ့လေရာ လမ်းမှန်မှ လွဲခဲ့ရလေသည်။

ثُمَّ اجْتَبٰهُ رَبُّهٗ فَتَابَ عَلَيْهِ وَهَدٰى ﴿١٢٢﴾

၁၂၂။ ထို့နောက် ယင်းအာဒမ်အား ၎င်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ရွေးချယ်တော်မူခဲ့လေရာ၊ ထိုအရှင်မြတ်သည် ၎င်း၏ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူ(၍ ၎င်း၏တောင်းပန်ချက်ကို သဘောတူ လက်ခံတော်မူ)ခဲ့လေသည်။ ထို့ပြင် တရားလမ်းမှန်ကိုလည်းပြတော်မူခဲ့လေသည်။

قَالَ اهْبِطَا مِنْهَا جَمِيْعًا ۚ بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۚ فَاِمَّا يَاْتِيَنَّكُمْ مِّنِّيْ هُدًى ۙ فَمَنِ اتَّبَعَ هُدَايَ فَلَا يَضِلُّ

၁၂၃။ ထိုအရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့နှစ်ဦးသည် ယင်းဂျန္နတ် အမတသုခဘုံမှ ဆင်းသွားကြလေကုန်။ အသင်တို့(၏ သားသမီးများ) အနက် တစ်ဦးသည် တစ်ဦး၏ ရန်သူပင်ဖြစ်ပေမည်။ ထို့နောက် အကယ်၍ အသင်တို့ထံ ငါအရှင်မြတ် အထံတော်မှ တစ်စုံတစ်ရာ တရားလမ်းညွှန် ရောက်ရှိလာသောအခါ မည်သူမဆို ငါအရှင်မြတ်၏ တရား

وَلَا يَشْقٰى ﴿١٢٣﴾

လမ်းညွှန်အတိုင်း လိုက်နာခဲ့မှု ထိုသူသည် လမ်းမှား လိမ့်မည်လည်းမဟုတ်ပေ။ အထမမြောက်အကြံမှောက် မည်လည်း မဟုတ်ချေ။

وَمَنْ اَعْرَضَ عَنْ ذِكْرِىْ فَاِنَّ لَهٗ مَعِيْشَةً ضَنْكًا وَّنَحْشُرُهٗ يَوْمَ الْقِيٰمَةِ اَعْمٰى ﴿١٢٤﴾

၁၂၄။ သို့ရာတွင် မည်သူမဆို ငါအရှင်မြတ်၏ တရားဒေသနာတော်မှ မျက်နှာလွှဲခဲ့မှု ဧကန်မလွဲ ထိုသူ၌ *ကျပ်တည်းသော အသက်မွေးမြူမှုရှိပေမည်။* [၁] ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ကိယာမတ်နေ့တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည်ဖြစ်သည်။

قَالَ رَبِّ لِمَ حَشَرْتَنِىْٓ اَعْمٰى وَقَدْ كُنْتُ بَصِيْرًا ﴿١٢٥﴾

၁၂၅။ (ထိုအခါ) ထိုသူက "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုး သည် မျက်စိမြင်သူ (တစ်ဦး)ဖြစ်ခဲ့ပါလျက် အရှင် မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူပါသနည်း"ဟု လျှောက်ထားပေမည်။

---

① ဤအာယတ်တော်တွင် လာရှိသော "မအီရှတန်သွာန်ကန်" (ကျပ်တည်းသော အသက်ရှင်မှု)ကား အဘယ်နည်း- ဤတွင် အနက်အမျိုးမျိုး ဖွင့်ထားကြသည်ကို တွေ့ရှိရပေသည်။

၁။ အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်ကို သွေဖည်ကျောခိုင်းသူတစ်ဦးသည် နောင်တမလွန်တွင် တစ်စုံတစ်ရာမျှော်လင့်ချက် မထားရှိပေ။ မျှော်လင့်ချက်ထားရန်လည်း အကြောင်းမရှိပေ။ ထိုသို့သော သူတစ်ဦးအဖို့ ဥစ္စာသည် အမိ၊ ဥစ္စာသည် အဘ၊ ဥစ္စာသည် အဓိကဖြစ်လျက် ရှိပေသည်။ လောကီရေးရာများတွင် နစ်မွန်း၍ ဥစ္စာတိုးပွားရေးကိုသာ ရှေးရှုကာ ပင်ပန်းကြီးစွာဖြင့် မနားမနေ ကြိုးပမ်းအားထုတ်ပေသည်။ သေရေးနှင့် ဥစ္စာပစ္စည်း ပျက်စီးယိုယွင်းသွားမည့် အရေးကို တွေး၍တွေး၍ အခါခပ်သိမ်း ပူပန်သောက ဖြစ်လျက်ရှိပေသည်။ ထိုသို့သောသူများသည် အမြင်အားဖြင့် ဥစ္စာဓန အဘယ်မျှပင် ပေါကြွယ်ဝကြလင့်ကစား စိတ္တသုခကား ၎င်းတို့၌ အလျှင်းမရှိပေ။

အနောက်နိုင်ငံရှိ ကုဋ္ဌေကုဋ္ဌာ ချမ်းသာကြွယ်ဝသော အချို့သဋ္ဌေးကြီးများသည် ညဉ့်များတွင် နှစ်နာရီခန့်မျှပင် ကောင်းစွာ မအိပ်စက်နိုင်ကြပေ။ (အချို့သဋ္ဌေးများသည် မိမိတို့၏ များပြားလှသော ပြဿနာများ၏ဒဏ်ကို မခံနိုင်ပဲ နောက်ဆုံးတွင် မိမိကိုယ်ကိုမိမိ သေကြောင်းပင်ကြံစည်ကြပေသည်။)

၂။ "မအီရှတန်သွာကန်" ဟူသည် မိမိတွင် မည်သည့်ကောင်းမှုကိုမျှ လက်မခံသော အသက်ရှင်ခြင်း မျိုးကို ဆိုလိုသည်။ (၀၊) ယင်း ရှင်ခြင်းသည် မိမိတွင်မည်သည့်ကောင်းမှုကိုမျှ လက်မခံနိုင်လောက်အောင်ပင် ကျပ်တည်းလျက်ရှိပေသည်။ ➤➤

قَالَ كَذٰلِكَ اَتَتْكَ اٰيٰتُنَا فَنَسِيْتَهَا ۚ وَكَذٰلِكَ الْيَوْمَ تُنْسٰى ﴿١٢٦﴾

၁၂၆။ (ထိုအခါ) ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူပေမည်။ (ဤကိစ္စသည်) ဤအတိုင်းပင် ဖြစ်ပေမည်။ ငါအရှင်မြတ်၏ သက်သေသာဓကများသည် အသင့်ထံ ရောက်ရှိလာခဲ့သောအခါ အသင်သည် ထိုသက်သေ သာဓကများကို (ယုံကြည်လက်ခံခြင်း မပြုဘဲ) စွန့်ထားခဲ့လေသည်။ ထိုနည်းအတိုင်းပင် ယနေ့ အသင်သည်လည်း စွန့်ထားခြင်းကို ခံရပေမည်။

وَكَذٰلِكَ نَجْزِيْ مَنْ اَسْرَفَ وَلَمْ يُؤْمِنْ بِاٰيٰتِ رَبِّهٖ ۭ وَلَعَذَابُ الْاٰخِرَةِ اَشَدُّ وَاَبْقٰى ﴿١٢٧﴾

၁၂၇။ စင်စစ်သော်ကား၎ဤအတိုင်းပင် ငါအရှင်မြတ်သည် အကြင်သူအား အစားပေးတော်မူပေမည်။ ထိုသူသည် စည်းမဲ့ကမ်းမဲ့ ပြုလုပ်ခဲ့ပေသည်။ ၎င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေ သာဓကများ ကိုလည်း မယုံကြည်ခဲ့ချေ။ စင်စစ်ဇကန် တမလွန်ဘဝ၏ ပြစ်ဒဏ်သည်ကား ပိုမိုရှည်ပင်ပြင်းထန်လှ၏။ ၎င်းပြင် ပိုမိုရှည်ပင် တည်မြဲလှပေသတည်း။

اَفَلَمْ يَهْدِ لَهُمْ كَمْ اَهْلَكْنَا قَبْلَهُمْ مِّنَ الْقُرُوْنِ يَمْشُوْنَ فِيْ مَسٰكِنِهِمْ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّاُولِي النُّهٰى ﴿١٢٨﴾

၁၂၈။ အသို့ပါနည်း၊ ငါအရှင်မြတ်သည် ၎င်းတို့အလျင် များစွာသော ရှေးလူဟောင်းတို့ကို ပျက်စီးစေတော်မူခဲ့ခြင်းသည် ၎င်းတို့အား တရားလမ်းမှန်ကို မရစေခဲ့လေသလော။ ၎င်းတို့သည် ထိုရှေးလူဟောင်းများ၏ နေထိုင်ရာနေရာများတွင်သွားလာလှုပ်ရှားလျက်ရှိကြပေသည်။ ဇကန်စင်စစ် ဤသည်၌ ဆင်ခြင်တုံတရားရှိသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိကုန်၏။ [၁]

➤➤ ၃။ "မအီရှတန်သွာကန်" ဟူသည် 'ဗရ်ဇခ်' ၌ သန့်ရှင်းတွင် ခံစားရမည့်ပြစ်ဒဏ်ကိုဆိုသည်။ အချို့သာဝကကြီးများကလည်း ဤအတိုင်းပင် အနက်ဖွင့်ခဲ့ကြပေသည်။

အထက်ပါ အဆိုအရပ်ရပ်သည် ဤအာယတ်တော်တွင် အကျုံးဝင်နိုင်ပေသည်။

ⓐ အလ္လာဟ်အရှင်မြတ်သည် မက္ကာမြို့သား ကာဖိရ်များအလျင် ၎င်းတို့၏ပတ်ဝန်းကျင်၌ပင် များစွာသော ➤➤

وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَكَانَ لِزَامًا وَأَجَلٌ مُّسَمًّى ﴿١٢٩﴾

၁၂၉။ စင်စစ် အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ အမိန့်တော်တစ်ရပ်သည်လည်းကောင်း၊ သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလတစ်ခုသည်လည်းကောင်း၊ မူလကပင် မရှိခဲ့ပါလျှင် အမှန်ပင် (ပြစ်ဒဏ်သည် ၎င်းတို့အပေါ်၌) မလွဲမရှောင်သာဆိုက်ရောက်ခဲ့မည်သာ။ [၁]

➤➤ မျိုးနွယ်များကို အပြစ်ရှိသည့်အားလျော်စွာ ကွပ်မျက်ဖျက်ဆီးတော်မူခဲ့သည်။ မက္ကာမြို့သား ကာဖိရ်များသည် ထိုသို့ ကွပ်မျက်ဖျက်ဆီးခြင်းခံခဲ့ကြရသော မျိုးနွယ်များ၏ ရာဇဝင်သမိုင်းကိုလည်း ကောင်းစွာသိကြပေသည်။ မိမိတို့ကိုယ်တိုင်လည်း ထိုမျိုးနွယ်များ၏ နေထိုင်ရာဒေသများတွင် ဖြတ်သန်းသွားလာ လှုပ်ရှားလျက်ရှိကြပေသည်။

ထိုမျိုးနွယ်များ၏ အချို့အဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကိုလည်း မိမိတို့ကိုယ်တိုင် တွေ့မြင်နေကြရပေသည်။ သို့ပါလျက် မက္ကာမြို့သား ကာဖိရ်များသည် ဤသည့်အချက်ကို စဉ်းစား ဆင်ခြင်၍ တရားမမြင်ကြလေသလော။ သင်ခန်းစာ မယူကြလေသလော။ ဆင်ခြင်တုံတရားရှိသော ပညာရှင်တို့အဖို့ ဤသည်တွင် အမှားနှင့်အမှန်ကို ခွဲခြားသိရှိနိုင်ရန် သက်သေလက္ခဏာများ ရှိပေသည်။

၁ အလ္လာဟ်အရှင်မြတ်သည် 'ရဟ်မာန်' မဟာကရုဏာတော်ရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ ကရုဏာတော်သည် ထိုအရှင်မြတ်၏ အမျက်တော်ထက် သာလွန်လျက် ရှိတော်မူပေသည်။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်ထံတော်၌ အရာရာတိုင်းအတွက် အချိန်သတ်မှတ်ထားတော်မူပြီးဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ထိုအရှင်မြတ်သည် ပြစ်မှုရှိသူများအား ချက်ချင်း အရေးယူတော်မမူဘဲ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် ပြုပြင်နိုင်ကြရန် အလို့ငှာ အချိန်အတော်အတန် လျစ်လျူပြုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် အကြောင်းမခိုင်လုံသမျှ ကာလပတ်လုံး ပြစ်ဒဏ်ခတ်တော်မမူပေ။

တမန်တော်မြတ်၏ အမျိုးသားများနှင့်ပတ်သက်၍ကား ---"၎င်းတို့တွင် အသက်ရှင်နေသမျှ ကာလပတ်လုံး အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ပြစ်ဒဏ်ခတ်တော်မူမည်မဟုတ်" ဟူ၍ပင် အာယတ်တော်လာရှိပေသည်။ ကြည့်-ကုရ်အာန်(၈း၃၃)။

ဤသို့သာ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော် မရှိခဲ့ပါလျှင်၊ အပြစ်ရှိသူများအား ပြစ်ဒဏ်ခတ်ရန် သီးသန့်အချိန်တစ်ချိန် သတ်မှတ်ထားတော်မူခြင်း မရှိခဲ့ပါလျှင်၊ အပြစ်ရှိသူများသည် အပြစ်ရှိသည့် အားလျော်စွာ မဆိုင်းမတွ ချက်ချင်း ပြစ်ဒဏ်တပ်ရိုက်ခြင်းကို ခံကြရမည်သာဖြစ်သည်။

ယခုမူ အထက်တွင်ဖော်ပြပါအတိုင်း အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ရှိနေ၍သာလျှင် လျစ်လျူပြုထားတော် မူခြင်းဖြစ်သည်။ သို့ရာတွင် အပြစ်ရှိသူများသည် မိမိတို့အား အရေးမယူသေးဘဲ လျစ်လျူပြုထားတော် မူသည့်အချိန်တွင် မိမိတို့ကိုယ်ကိုမိမိတို့ မပြုပြင်ကြပါက နောက်ဆုံးကိယာမတ်နေ့တွင် ကြီးလေးသောပြစ်ဒဏ်ကို မလွဲဧကန် အမှန်ခံကြရမည်ဖြစ်ပေသည်။ အကြောင်းထူးရှိ၍ အပြစ်ဒဏ်ခတ်ရန် အချိန်ကျရောက်လာခဲ့ပါက ဤပစ္စက္ခဘဝတွင်လည်း ပြစ်ဒဏ်ခံကြရမည်ဖြစ်သည်။

ဥပမာ- မက္ကာမြို့သား ကာဖိရ်၊ မုရ်ရှိက်များသည် 'ဗဒ်ရ်' စစ်ပွဲတွင် မရှုမလှ ပျက်စီးဆုံးရှုံးခဲ့ကြရလေသည်။

فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَسَبِّحْ
بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ
الشَّمْسِ وَقَبْلَ غُرُوْبِهَا ۚ
وَمِنْ اٰنَآئِ الَّيْلِ فَسَبِّحْ
وَاَطْرَافَ النَّهَارِ
لَعَلَّكَ تَرْضٰى ﴿١٣٠﴾

၁၃၀။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့ပြောဆိုကြသော ကိစ္စနှင့်စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် (မိမိ) ကျေနပ်မှုရှိအံ့သောငှာ [၁] နေမထွက်မီလည်းကောင်း၊ နေမဝင်မီလည်းကောင်း၊ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ (ထိုအရှင်မြတ်အား) ဂုဏ်တော်မွမ်းပါလေ။ ထို့ပြင် အသင်သည် ညဉ့်အချိန်များတွင်လည်းကောင်း၊ နေ့၏အစွန်များ၌လည်းကောင်း၊(ထိုအရှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။ [၂]

وَلَا تَمُدَّنَّ عَيْنَيْكَ اِلٰى مَا
مَتَّعْنَا بِهٖۤ اَزْوَاجًا مِّنْهُمْ
زَهْرَةَ الْحَيٰوةِ الدُّنْيَا ۙ
لِنَفْتِنَهُمْ فِيْهِ ؕ وَرِزْقُ
رَبِّكَ خَيْرٌ وَّاَبْقٰى ﴿١٣١﴾

၁၃၁။ ထို့ပြင် အသင်သည် ငါအရှင်မြတ်က ယင်း(ကာဖိရ်မိစ္ဆာဝါဒီ)တို့အနက် လူတန်းစားအမျိုးမျိုးတို့အား အကျိုးခံစားစေတော်မူခဲ့သော ဥစ္စာပစ္စည်းကို မိမိမျက်စိအစုံဖြင့် မော်၍မျှ မကြည့်ပါလေနှင့်။ (အမှန်သော်ကား) ငါအရှင်မြတ်သည် ယင်းဥစ္စာပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်းတို့အားစမ်းသပ်တော်မူရန် လောကီဘဝ၏ ခမ်းနားသိုက်မြိုက်မှုအဖြစ်သာလျှင် (အကျိုးခံစားစေတော်မူခြင်းပင်)ဖြစ်ချေသည်။

---

① တမန်တော်မြတ်သည် အထက်တွင်ပါရှိသည့် အမိန့်တော်နှင့်အညီ သည်းခံပါသော်၊ ဆွေလာတ်ဝတ်ပြုပါသော် နှစ်ဘဝစလုံးတွင် အမြဲတစေ ကျေနပ်နှစ်သက် ဝမ်းသာကြည်နူးလျက် ရှိတော်မူပေမည်။ ဤသို့ လိုက်နာကျင့်မှုသည့် အတွက် ကြီးမားမြင့်မြတ်လှသော ကုသိုလ်အကျိုးကိုလည်း ခံစားရတော်မူမည်။ မိမိ၏ နောက်လိုက်တပည့်သားတို့အား ဤပစ္စက္ခဘဝတွင်လည်း ကူညီတော်မူနိုင်မည်၊ နောင်တမလွန်ဘဝတွင်လည်း လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားပေးတော်မူနိုင်မည်။ ဤသည်တို့ကို တွေ့မြင်ရသောအခါ တမန်တော်မြတ်သည် အကျေနပ်ကြီးကျေနပ်ပြီး ဝမ်းသာမဆုံး ဖြစ်တော်မူပေမည်။

② **ဆွေလာတ်ငါးကြိမ်။**

(က) ဤအာယတ်တော်နှင့်စပ်လျဉ်း၍ အဆိုအမျိုးမျိုးကို တွေ့ရှိရပေသည်။ နေမထွက်မီဟူသည် ဖဂျ်ရ်ဆွေလာတ်ကို ဆိုလိုသည်။ နေမဝင်မီဟူသည် ဇုဟ်ရ်ဆွေလာတ်နှင့် အတ်ဆွရ်ဆွေလာတ်ကို ဆိုလိုသည်။ ညဉ့်အချိန်များဟူသည် မဃ်ရိဗ်နှင့် အိရှာကို ဆိုလိုသည်။ ဤသို့အားဖြင့် ဆွေလာတ်ငါးကြိမ် ဖြစ်သွားသည်၊ ➤➤

စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ချီးမြှင့်တော်မူသော စားနပ်ရိက္ခာသည်သာလျှင်အကောင်းဆုံး၊ ထို့ပြင် (အကြာရှည်ဆုံး) အတည်မြဲဆုံးပင် ဖြစ်ပေသည်။

وَأْمُرْ أَهْلَكَ بِالصَّلٰوةِ وَاصْطَبِرْ عَلَيْهَا ۖ لَا نَسْـَٔلُكَ رِزْقًا ۖ نَّحْنُ نَرْزُقُكَ ۗ وَالْعَاقِبَةُ لِلتَّقْوٰى ﴿١٣٢﴾

၁၃၂။ ၎င်းပြင် အသင်သည် မိမိအိမ်သူအိမ်သား တပည့်သာဝကတို့အား ဆွလာတ်ဝတ်ပြုကြရန် အမိန့်ပေးလျက်ရှိပါလေ။ [၁] ထို့ပြင် အသင်ကိုယ်တိုင်လည်း ယင်းဆွလာတ်ဝတ်ပြုမှုအပေါ်၌ မယိမ်းမယိုင် တည်ကြည် မြဲမြံစွာရှိပါလေ။ ငါအရှင်မြတ်သည် အသင့်ထံတွင် စားနပ်ရိက္ခာကို တောင်းခံတော်မူမည် မဟုတ်ပေ။ (အမှန်မှာ) ငါအရှင်မြတ်သည်သာလျှင် အသင့်အား ရိက္ခာကို ချီးမြှင့်တော်မူလေသည်။ စင်စစ် နောက်ဆုံးအကျိုးဆက်သည် သူတော်စင်တို့အဖို့သာ ဖြစ်သည်။ [၂]

➤➤ နေ့၏အစွန်များဟူသည် ဖဂျ်ရ်နှင့် မဃ်ရိဗ်ကို အထူးတလည် ထပ်မံရည်ညွှန်းထားတော်မူခြင်းဖြစ်သည်။ ကြည့်-မာဂျိဒီ၊ ထာနဝီ။

အချို့ပညာရှင်များက နေ့၏အစွန်များဟူသည် ဇုဟ်ရ်နှင့် အတ်ဆွ်ရ်ကို ရည်ညွှန်းသည်ဟု ဆိုကြသည်။ အချို့ကမူ နေ့၏အစွန်များဟူသည် ဇုဟ်ရ်ကိုသာ ရည်ညွှန်းသည်ဟု ဆိုကြသည်။ ကြည့်-မာဂျိဒီ။

(ခ) နေမထွက်မီဟူသည် ဖဂျ်ရ်ဆွလာတ်ကို ဆိုလိုသည်။ နေမဝင်မီဟူသည် အတ်ဆွ်ရ်ဆွလာတ်ကို ဆိုလိုသည်။ ည၌အချိန်များတွင်ဟူသည် မဃ်ရိဗ်နှင့် အိရှာကို ဆိုလိုသည်။ နေ့၏အစွန်များတွင်ဟူသည် ဇုဟ်ရ်ဆွလာတ်ကို ဆိုလိုသည်။ ကြည့်-ဂျလာလိုင်န်။

[၁] မိမိကိုယ်တိုင်လည်း အမြဲတစေ ဆွလာတ်ဝတ်ပြုရမည်၊ မိမိ၏ အိမ်သူအိမ်သားအပေါင်းအဖော်များနှင့် နောက်လိုက်ငယ်သား အားလုံးတို့အားလည်း ဆွလာတ်ဝတ်ပြုရန် အမြဲတစေ ညွှန်ကြားလျက်ရှိရပေမည်။

တမန်တော်မြတ်က "ကလေး ခုနစ်နှစ်အရွယ်ရောက်လျှင် (အလေ့အကျင့်ဖြစ်စေရန်အလို့ငှာ) ဆွလာတ်ဝတ်ပြုရန် ညွှန်ကြားကြ၊ ဆယ်နှစ်အရွယ်သို့ရောက်လျှင် ရိုက်ပုတ်၍ ဆွလာတ်ဝတ်ပြုစေကြ" ဟု မိန့်ကြားတော်မူခဲ့လေသည်။

တမန်တော်မြတ်သည် မိမိအိမ်တော်သူ အိမ်တော်သားများ၌ ဒုက္ခတစ်စုံတစ်ခု ဖြစ်ပေါ်လျှင်၊ အိမ်တော်သူ အိမ်တော်သားတို့အား ဆွလာတ်ဝတ်ပြုရန် အမိန့်ပေးတော်မူ၍ ဤအာယတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလေ့ရှိခဲ့သည်။

وَقَالُوْا لَوْلَا يَاْتِيْنَا بِاٰيَةٍ مِّنْ رَّبِّهٖ ؕ اَوَلَمْ تَاْتِهِمْ بَيِّنَةُ مَا فِي الصُّحُفِ الْاُوْلٰى ﴿١٣٣﴾

၁၃၃။ ထို့ပြင် ၎င်းတို့က ယင်း(မုဟမ္မဒ်)သည် အဘယ်ကြောင့် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်ထံ ယူဆောင်၍မလာပါသနည်းဟု ပြောဆို ကြကုန်၏။ အသို့ပါနည်း။ ၎င်းတို့ထံ ရှေးကျမ်းများ၌လာရှိသော ရှင်းလင်းချက်များသည် ရောက်ရှိမလာခဲ့လေသလော။

وَلَوْ اَنَّاۤ اَهْلَكْنٰهُمْ بِعَذَابٍ مِّنْ قَبْلِهٖ لَقَالُوْا رَبَّنَا لَوْلَاۤ اَرْسَلْتَ اِلَيْنَا رَسُوْلًا فَنَتَّبِعَ اٰيٰتِكَ مِنْ قَبْلِ اَنْ نَّذِلَّ وَنَخْزٰى ﴿١٣٤﴾

၁၃၄။ စင်စစ် အကယ်၍သာ ငါအရှင်မြတ်သည် ၎င်းတို့အား ထို(နဗီတမန်တော်မုဟမ္မဒ်၊ ထိုကုရ်အာန် မကျရောက်မီ)အလျင် ပြစ်ဒဏ် တစ်စုံတစ်ရာဖြင့် ပျက်စီးစေတော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့က "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးတို့ထံ ရာဇူလ်တမန်တော် တစ်ပါးပါးကို စေလွှတ်တော်မမူခဲ့ပါသနည်း။

---

(၂) လူလောကတွင် ငွေရှင်ကြေးရှင်၊ မြေရှင်၊ အလုပ်ရှင် စသည့် ရှင်ကြီးရှင်ငယ်များသည် လက်အောက်ငယ်သား အလုပ်သမားတို့အား ခိုင်းစေ၍ မိမိတို့၏ဝမ်းရေးကို ဖန်တီးကြသည်။

ကမ္ဘာအဝှန်းကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်ကား ဤသို့မဟုတ်၊ မိမိကိုယ်တော်တိုင် ဖန်ဆင်းမွေးမြူထားတော်မူသော အဖန်ဆင်းခံအားလုံးတို့အား မိမိကိုယ်တော်တိုင် စားနပ်ရိက္ခာ ပေးတော်မူသည်၊ စားနပ်ရိက္ခာများကို လိုလေသေးသည်မရှိ၊ အသင့် စီစဉ်ပေးထားတော်မူသည်။

သို့ဖြစ်ပေရာ လူသားတို့သည် ထိုသို့သော ကျေးဇူးတော်ရှင်အား ကျေးဇူးသိတတ်သောအားဖြင့် ခဝပ်ကိုးကွယ် ကြရပေမည်သာ ဖြစ်ပေသည်။ 'တာက္ကဝါ' တရား အမြဲတစေ စောင့်စည်းကြရပေမည်။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးအကျိုးဆက် အောင်မြင်မှုသည် တာက္ကဝါတရား စောင့်စည်းကြသော သူမွန်သူမြတ်တို့ အဖို့သာဖြစ်သည်။

ဤတွင် သိထားအပ်သည်မှာ အလ္လာဟ်အရှင်မြတ်အား လူသားတို့က ခဝပ်ကိုးကွယ်ခြင်းဖြင့် ထိုအရှင်မြတ်၌ မည်သို့မျှ အကျိုးမရှိ၊ လူသားတို့၌သာ အကျိုးရှိပေသည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားခြင်းဖြင့် ဆွလာတ်ဝတ်ပြုသူအား ထိုအရှင်မြတ်သည် ထိုသူ မမျှော်မှန်းမိသော နေရာမှပင်စားနပ်ရိက္ခာများကို ချီးမြှင့်တော်မူလေ့ရှိသည်။ ကြည့်-ကုရ်အာန်(၆၅း၂-၃)။

သို့(စေလွှတ်တော်မူခဲ့)ပါလျှင် ကျွန်တော်မျိုးတို့သည် မိမိတို့ဂုဏ်အသရေ နိမ့်မကျကြမီ အလျင်၌လည်းကောင်း၊ ကျိုးယုတ်ရှက်ရ မဖြစ်ကြမီအလျင်လည်းကောင်း၊ အရှင်မြတ်၏ အမိန့် ပညတ်တော်များကို လိုက်နာကြမည်သာ ဖြစ်ပါသည်" ဟု ပြောဆိုကြပေမည်။

قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوا۟ ۖ فَسَتَعْلَمُونَ مَنْ أَصْحَٰبُ ٱلصِّرَٰطِ ٱلسَّوِىِّ وَمَنِ ٱهْتَدَىٰ ﴿١٣٥﴾

၁၃၅။ (အို-နဗီတမန်တော်) အသင်သည် (ၦင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) အားလုံးပင် စောင့်မျှော်၍နေသူများပင်ဖြစ်ကြပေရာ အသင်တို့သည်လည်း စောင့်မျှော်ကြလေကုန်။ သို့(စောင့်မျှော်ကြ)ပါလျှင် မကြာမြင့်မီ မည်သူတို့သည် ဖြောင့်မှန်သောလမ်းပေါ်၌ ရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း၊ မည်သူတို့သည် တရားလမ်းမှန် ရရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း၊ အသင်တို့သည် သိရှိကြအံ့သတည်း။ [၁]

---

① **အမှန်တရားပေါ်၌ ရပ်တည်နေခဲ့သူများမှာ မည်သူမည်ဝါများဖြစ်ကြသည်ကို မကြာမီအတွင်း သိကြရတော့မည်။**

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား များစွာသော သက်သေလက္ခဏာတော်များကို ချီးမြှင့်တော်မူခဲ့၏။ ယင်းသည့် သက်သေလက္ခဏာတော်များတွင် ကုရ်အာန်ကျမ်းမြတ်သည် အကြီးဆုံးနှင့် အထင်ရှားဆုံး သက်သေလက္ခဏာတော်ဖြစ်သည်။ ဤကုရ်အာန်ကျမ်းမြတ်နှင့်စပ်လျဉ်း၍ အတိတ်ခေတ်ကျမ်းအစောင်စောင်တို့တွင်လည်း ကြိုတင်ဟောကြားချက်များ ပါရှိခဲ့၏။ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်၏။

ကုရ်အာန်နှင့်စပ်လျဉ်း၍ ဒွိဟသံသယရှိက ကုရ်အာန်နှင့်ယှဉ်ပြိုင်ကြရန် ကမ္ဘာ့အဝှန်းသို့ အတိအလင်းကြေညာထား၏။ ယနေ့တိုင် မည်သူတစ်ဦးတစ်ယောက်မျှ မယှဉ်ပြိုင်နိုင်ခဲ့ပေ၊ နောင်ကိုလည်း ယှဉ်ပြိုင်နိုင်ရန် အကြောင်းလည်းမရှိပေ။ ယင်းသို့သော ကုရ်အာန်ကျမ်းမြတ်ကို တမန်တော်မြတ်အား ချီးမြှင့်ထားတော်မူသည်ဖြစ်ပါလျက် ကာဖိရ်များက "ကျွန်ုပ်တို့ထံသို့ မိမိအရှင်သခင်ထံမှ သက်သေလက္ခဏာတော် တစ်ပါးပါးကို အဘယ်ကြောင့် ယူဆောင်မလာခဲ့ပါသနည်း"ဟု အပြောင်တိုက်ကာ ဇွတ်မှိတ်၍ပြောဆိုခဲ့ကြလေသည်။ ဤအကြောင်း ကုရ်အာန် (၂၉း၅၀-၅၁)တွင်လည်း ပါရှိသည်။ ➤➤

➢➢ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား စေလွှတ်တော်မူပြီး ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်ထားတော်မူသည်၊ ဤသည်ကို ကာဖိရ်များလည်း ကောင်းစွာသိကြသည်။ သိကြပါလျက်နှင့် မသိချင်ဟန်ဆောင်နေကြသည်။

အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အား စေလွှတ်တော်မမူမီ အလျင်၊ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်မပို့ချမီအလျင် ၎င်းတို့အား ကုဖ်ရ်ကြောင့် ပြစ်ဒဏ်တစ်စုံတစ်ရာဖြင့် ကွပ်မျက်ဖျက်ဆီးတော်မူခဲ့ပါသော် ၎င်းတို့က "အို-ကျွန်တော်မျိုးတို့၏အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ထံသို့ တမန်တော်တစ်ပါးပါးကို အဘယ်ကြောင့် စေလွှတ်တော်မမူပါသနည်း၊ သို့စေလွှတ်တော်မူပါလျှင် ကျွန်တော်မျိုးတို့သည် အရှက်တကွဲ အကျိုးနည်း မဖြစ်ကြမီအလျင် အရှင်မြတ်၏ တရားဒေသနာတော်များကို လိုက်နာကြမည်သာ ဖြစ်ပါသည်" ဟူ၍ ပရိယာယ်ဖြင့် လျှောက်ထားကြပေဦးမည်။

ကာဖိရ်များကား အလွန်ဆိုးသွမ်းမိုက်မဲကြသည်၊ တမန်တော်တစ်ပါးပါး မစေလွှတ်မီ အပြစ်ရှိ၍ ပြစ်ဒဏ်ခတ်တော်မူပါက တမန်တော်တစ်ပါးပါး အဘယ်ကြောင့် စေလွှတ်တော်မမူပါသနည်းဟု ဆိုကြသည်။ တမန်တော်ရောက်ရှိလာပြန်သော် သက်သေလက္ခဏာတော်ကို တောင်းဆိုကြပြန်သည်။ သက်သေလက္ခဏာတော်ရောက်ရှိလာပြန်သော မသိချင်ဟန်ဆောင်ပြီး အခြားသက်သေလက္ခဏာတော်ကို တောင်းဆိုကြပြန်သည်။ အမှန်မှာ ကာဖိရ်များသည် အမှန်တရားကို အလျှင်းရယူလိုကြသည်မဟုတ်၊ ဆင်ခြေအမျိုးမျိုးတက်ကာသွေဖည်ငြင်းဆန်နေကြခြင်းသာဖြစ်သည်။

ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်အား ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း "အို-ကာဖိရ်အပေါင်းတို့၊ ငါလည်းစောင့်မည်၊ အသင်တို့လည်းစောင့်ကြ၊ မကြာမီအတွင်း မည်သည့်အုပ်စုသည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်အပေါ်၌ တည်ရှိနေသည်ကို အထင်အရှား တွေ့မြင်ကြရတော့မည်" ဟု ကြေညာစေတော်မူ ခြင်း ဖြစ်သတည်း။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်အပေါ် ရပ်တည်နေခဲ့ကြကုန်သော သူတော်စင်အုပ်စုတွင် အပါအဝင်ပြုပေးတော် မူသည်ဖြစ်ပါစေသတည်း။ အာမီန်။

နဗီတမန်တော်များကဏ္ဍ

سُوْرَةُ الْاَنْبِيَآءِ

ဤကဏ္ဍသည် နဗီတမန်တော်များအကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍသည် မက္ကာမြို့တော်၌ ထုတ်ပြန်ပို့ချတော်မူသော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍတွင် အာယတ်တော် (၁၁၂)ပါး၊ ရုကူအ်-အပိုဒ် (၇)ပိုဒ် ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

اِقْتَرَبَ لِلنَّاسِ حِسَابُهُمْ وَهُمْ فِيْ غَفْلَةٍ مُّعْرِضُوْنَ ۝١

مَا يَاْتِيْهِمْ مِّنْ ذِكْرٍ مِّنْ رَّبِّهِمْ مُّحْدَثٍ اِلَّا اسْتَمَعُوْهُ وَهُمْ يَلْعَبُوْنَ ۝٢

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊
မပြတ်မစဲ သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

၁။ လူသားတို့အား စစ်ဆေးရန် အချိန်ကာလ သည်ငင်းတိုနှင့်နီးကပ်၍လာခဲ့လေပြီ။ အမှန်သော်ကား ငင်းတို့သည် မျက်နှာလွှဲလျက် ပေါ့ဆမှုဌ်ပင် ရှိကြသေး၏။ ①

၂။ ငင်းတို့ထံ ငင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ မည်သည့် သစ်လွင်သော သတိပေးနှိုးဆော်ချက်မဆို ရောက်လတ်သော် ငင်းတို့သည် ယင်းသတိပေး နှိုးဆော်ချက်ကို ပြက်ချော်ပြောင်လှောင်၍သာ နားထောင်ကြကုန်၏။

---

① **စစ်ဆေးရန်အချိန်ကား နီးကပ်လာချေပြီ။**

စောကြောစစ်ဆေးမေးမြန်းရန်နှင့် ကျိုးပြစ်ပေးရန် အချိန်ကား နီးကပ်လာချေပြီ။ သို့တစေလည်း ဤသူများသည် (ကာဖိရ်၊ မုရှ်ရစ်က်တို့သည်) တွေဝေမိုက်မဲမှုများစွာတွင် နစ်မွန်းလျက် အမှေကြီးမေ့နေကြသည်။ ကိယာမတ်နေ့တွင် မည်သို့မည်ပုံ ဖြေဆိုကြရမည့်အရေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုကို မည်သူမျှမပြုလုပ်ပေ။

ထိုမျှမကသေး၊ ငင်းတို့သည် မိမိတို့ထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ ရောက်ရှိလာသော သတိပေးသော၊ သစ်လွင်သော တရားဒေသနာတော်များကိုလည်း ဂရုမမူ လျစ်လျူရှုထားကြသည်။ ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်သို့ ရောက်ကြရမည်မဟုတ်၊ စာရင်းအင်းဖြေရှင်းကြရမည် မဟုတ်ဟူ၍ပင် ငင်းတို့ ထင်မှတ်နေကြလေသလော။

အမှန်မှာ လူသားအားလုံးတို့သည် မဝေးလှသော အနာဂတ်တွင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ကြရတော့မည်။ စာရင်းအင်း ဖြေရှင်းကြရတော့မည်၊ ကျိုးပြစ် ခံစံရတော့မည်။ လူသားတို့သည် ကိယာမတ်ကို မေ့နေသော်လည်း ကိယာမတ်သည် လူသားတို့အား မမေ့ပေ၊ အချိန်တန်လျှင် ရောက်ရှိလာမည်သာ ဖြစ်ပေသည်။

لَاهِيَةً قُلُوبُهُمْ ۗ وَأَسَرُّوا النَّجْوَى الَّذِينَ ظَلَمُوا هَلْ هَٰذَا إِلَّا بَشَرٌ مِّثْلُكُمْ ۖ أَفَتَأْتُونَ السِّحْرَ وَأَنتُمْ تُبْصِرُونَ ﴿٣﴾

၃။ ၎င်းတို့၏ စိတ်နှလုံးများသည် (ယင်း သတိပေးနှိုးဆော်ချက်ကို) ဂရုမမူဘဲ(ရှိကြ၏)။ ၎င်းပြင် (ယင်း)ကျူးလွန်သောသူတို့က ဤသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာဖြစ်သည်။

သို့ပါလျက် အသင်တို့သည် မိမိတို့ သိမြင်ကြလျက်၌ ပဋ္ဌလက်(ဆိုင်ရာစကား)ကို (နားထောင်ရန်) လာကြဦးမည်လောဟု လျှို့ဝှက်ဆွေးနွေးကြကုန်၏၊ [၁]

قَالَ رَبِّي يَعْلَمُ الْقَوْلَ فِي السَّمَاءِ وَالْأَرْضِ ۖ وَهُوَ السَّمِيعُ الْعَلِيمُ ﴿٤﴾

၄။ (နဗီတမန်တော်က) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မိုးကောင်းကင်၌(ရှိသောစကား)ကိုဖြစ်စေ၊ ပထဝီမြေ၌(ရှိသောစကား)ကိုဖြစ်စေ၊ (အလုံးစုံသော)စကားကိုသိတော်မူ၏။ စင်စစ်ထိုအရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၂]

---

① မက္ကာမြို့သား ကာဖိရ်၊ မုရှ်ရစ်က်များသည် တမန်တော်မြတ်၏ တရားဒေသနာတော်များကို ကြားနာပြီး ပြန်လည်၍ တစ်စုံတစ်ရာ အဖြေမပေးနိုင်ကြသည့် အဆုံးတွင် အချင်းချင်း အထူးလျှို့ဝှက်စွာ အစည်းအဝေးများ ပြုလုပ်ပြီး၊ မိမိတို့၏ နောက်လိုက်ငယ်သားတို့အား "ဤသူ (မုဟမ္မဒ်)သည် အသင်တို့ကဲ့သို့ သာမန်ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။ အသင်တို့နှင့် တစ်စုံတစ်ရာ ထူးကဲခြားနားသည်လည်းမရှိ။ ဏာင်းကင်တမန်လည်း မဟုတ်။ ပဋ္ဌလက်ဆရာ တစ်ဦးသာဖြစ်သည်။ ဤသူရွတ်ဖတ်သော စကားများသည် ပဋ္ဌလက်ဆိုင်ရာ စကားများသာဖြစ်သည်။ သို့ဖြစ်ပါလျက် အသင်တို့သည် ဤသူ့ထံသို့ အဘယ်ကြောင့်သွားလိုကြသနည်း။ ဤသူ၏ စကားများကို နားထောင်၍ နားယောင်ကြလိုသလော။ ဤသူ့ထံ သွားရန်လည်း မလို၊ သူ၏စကားများကို နားထောင်ရန်လည်း မလို" ဟု တီးတိုး ဝါဒဖြန့်ခဲ့ကြလေသည်။

ဤကား အမှန်တရားကို ဆန့်ကျင်သူတို့၏ လုပ်ရိုးလုပ်စဉ်ပင်။

② ထိုအခါ တမန်တော်မြတ်က ယင်း ကာဖိရ်၊ မုရှ်ရစ်က်တို့အား "အသင်တို့ ဆည်းကပ်ကိုးကွယ်နေကြသော ရုပ်တုများသည် အမှန်မှာ နားလည်းမကြား၊ စကားလည်းမပြော၊ ကိုယ်လည်းမလှုပ်၊ ကျောက်ရုပ်၊ သစ်ရုပ်၊ လူကိုယ်တိုင်ထုလုပ်ထားသည့် အရုပ်များသာဖြစ်သည်။

အလွှာဟ်အရှင်မြတ်ကား ထိုသို့မဟုတ်၊ တန်ခိုးတော် အနန္တ၊ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသည်။ အရာရာကို ကြားတော်မူသည်၊ သိတော်မူသည်။ အသင်တို့၏ လျှို့ဝှက် ကြံစည်ချက်များကိုလည်း အကြွင်းမဲ့ဥဿုံ အလုံးစုံ သိတော်မူသည်"ဟု ပြောကြားတော်မူခဲ့လေသည်။

بَلْ قَالُوٓا۟ أَضْغَٰثُ أَحْلَٰمٍۭ بَلِ ٱفْتَىٰهُ بَلْ هُوَ شَاعِرٌ فَلْيَأْتِنَا بِـَٔايَةٍ كَمَآ أُرْسِلَ ٱلْأَوَّلُونَ ۝٥

၅။ ထိုသို့မဟုတ်၊ စင်စစ်မှာကား ယင်း(မိစ္ဆာဝါဒီ)တို့က (ဤသို့)ပြောဆိုကြကုန်၏။ (ဤကုရ်အာန်ကျမ်းသည်) ဂယောင်ချောက်ချား မြင်မက်သော အိပ်မက်မျှသာ ဖြစ်သည်။ [၁] ထိုမျှမက စင်စစ်မှာကား ယင်း(မုဟမ္မဒ်)သည် ဤ(ကုရ်အာန်ကျမ်းတော်)ကို ကြံဖန်(သီကုံး)ခဲ့သည်။ ထိုမျှသာမက စင်စစ်မူကား ယင်း(မုဟမ္မဒ်)သည် လင်္ကာဆရာတစ်ဦးပင် ဖြစ်ပေသည်။ ထိုသို့မဟုတ်ခဲ့လျှင် ရှေးသူဟောင်းများ(ရစူလ်တမန်တော်အဖြစ်) စေလွှတ်ခြင်း ခံခဲ့ရသကဲ့သို့ပင် ယင်း(မုဟမ္မဒ်)သည်လည်း ကျွန်ုပ်တို့ထံ တန်ခိုးပြာဋိဟာ တစ်စုံတစ်ရာကို ယူလာသင့်၏။

---

① မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်ဂ်များသည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြား၍ မည်သို့မျှ ပြန်လည် မချေပနိုင်ကြသည့်အဆုံးတွင် သွေဖည်ငြင်းဆန် မနာခံလိုသောစိတ်ဖြင့် ဇွတ်မိုက်ပြီး ဂယောင်ချောက်ချား ပြောဆိုခဲ့ကြလေသည်။

ဤကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့် စပ်လျဉ်း၍ တစ်ခါတစ်ရံ ပဋိလက်အတတ်ဖြစ်သည်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ ဂယောင်ဂယက် အိပ်မက်ဖြစ်သည်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ ဤကုရ်အာန်သည် သူ(မုဟမ္မဒ်)ကိုယ်တိုင် ကြံစည် လီဆယ်ထားသောအရာ ဖြစ်သည်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ ဤသူ(မုဟမ္မဒ်)သည် လင်္ကာဆရာ ဖြစ်သည်ဟူ၍လည်းကောင်း လျှာတွင် အရိုးမရှိတိုင်း ထင်မိထင်ရာ ပြောဆိုခဲ့ကြလေသည်။

နောက်ဆုံးတွင် ယင်းကာဖိရ်၊ မုရ်ရစ်ဂ်များက အကယ်၍ ဤသို့မဟုတ်လျှင် ဤသူ(မုဟမ္မဒ်)သည် အတိတ်ခေတ် တမန်တော်များကဲ့သို့ တန်ခိုးတစ်ပါးပါးကို ကျွန်ုပ်တို့ထံ ယူဆောင်လာသင့်သည်ဟု မလိုမုန်းတီးသောစိတ်ဖြင့် ဇွတ်မိုက်၍ ပြောဆိုခဲ့ကြလေသည်။

အမှန်မှာ တမန်တော်မြတ်သည် အတိတ်ခေတ် တမန်တော်များ၏ တန်ခိုးများနှင့် မခြား၊ များစွာသော တန်ခိုးများကို ပြသတော်မူခဲ့ပေပြီ။ အထူးသဖြင့် ကမ္ဘာတစ်သက် တည်ရှိမည့် ကုရ်အာန်ကျမ်းမြတ်ကိုလည်း တန်ခိုးအဖြစ် ပြသခဲ့ချေပြီ။ စိတ်ဓေတနာ ဖြူစင်စွာဖြင့် အမှန်တရားကို နာယူလိုသူများအဖို့ ဤသည့် တန်ခိုးများသည် လိုသည်ထက်ပင် ပို၍နေပေသည်။

ယင်း ကာဖိရ်၊ မုရ်ရစ်ဂ်များ ကိုယ်တိုင်ကလည်း ဤကုရ်အာန်သည် ပဋိလက်မဟုတ်၊ ဂယောင်ဂယက် အိပ်မက်မဟုတ်၊ လင်္ကာမဟုတ်သည်ကို စိတ်အတွင်းမှ သိကြပေသည်။ သို့တစေလည်း "ကျားကျား-မီးယပ်" ဟု ဆိုသူများအဖို့ကား အကျိုးရှိမည်မဟုတ်ပေ၊ ၎င်းတို့အဖို့ ငရဲမီးမှအပ အခြားဆေး မရှိတော့ပေ။

مَآ اٰمَنَتْ قَبْلَهُمْ مِّنْ قَرْيَةٍ
اَهْلَكْنٰهَا ۚ اَفَهُمْ يُؤْمِنُوْنَ ۝٦

၆။ ငင်းတို့အလျှင် ငါအရှင်မြတ် ပျက်စီးစေတော်မူခဲ့သောမည်သည့်မြို့ရွာ(မှ မြို့သူရွာသား များ)မျှပင် (တန်ခိုးများကို တွေ့မြင်ကြပါလျှက်နှင့်ပင်) သက်ဝင်ယုံကြည်ခဲ့ကြသည်မဟုတ်ပေ။ သို့ဖြစ်ပေရာ ဤသူတို့သည် သက်ဝင်ယုံကြည်ကြဦးမည်လော။ [၁]

وَمَآ اَرْسَلْنَا قَبْلَكَ اِلَّا رِجَالًا
نُّوْحِيْٓ اِلَيْهِمْ فَسْـَٔلُوْٓا اَهْلَ
الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝٧

၇။ စင်စစ် ငါအရှင်မြတ်သည် အသင့် အလျှင်ကလည်း ယောကျ်ားများကိုသာလျှင် (ရဿူလ်တမန်တော်များအဖြစ်) စေလွှတ်တော်မူခဲ့၏။ ငါအရှင်မြတ်သည် ငင်းတို့ထံ "ဝဟ်ယ်" အမိန့်တော်ကို ပို့တော်မူလေသည်။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (မိမိကိုယ်တိုင်)မသိကြလျှင် (ရှေး)ကျမ်းဂန်ရရှိသူများအား မေးမြန်း(၍ ကြည့်)ကြလေကုန်။ [၂]

---

① အလ္လာဟ်အရှင်မြတ်သည် အတိတ်ခေတ်ရှိ အမျိုးသားတို့အား ငင်းတို့ တောင်းဆိုခဲ့ကြသော တန်ခိုးများကို ထင်ရှားစွာ ပြသတော်မူခဲ့သည်။ ထိုအမျိုးသားများသည် ယင်းသည့်တန်ခိုးများကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ သွေဖည်မြဲ သွေဖည်သွားခဲ့ကြပေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ စွန့်တော်အတိုင်း ယင်းအမျိုးသားတို့အား ကွပ်မျက် ဖျက်ဆီးပစ်တော်မူခဲ့လေပြီ။

ဤ မုရှ်ရစ်က်များသည်လည်း ငင်းတို့အား ငင်းတို့တောင်းဆိုသော တန်ခိုးများကို ပြသတော်မူပါက အတိတ်ခေတ် အမျိုးသားများကဲ့သို့ပင် ယုံကြည်ကြမည် မဟုတ်ပေ၊ သို့မယုံကြည်ကြပါက အတိတ်ခေတ် အမျိုးသားများကဲ့သို့ပင် ကွပ်မျက်ဖျက်ဆီးခြင်း ခံကြရပေမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ "ဟိက်မတ်" ရွှေဉာဏ်တော်အရ ငင်းတို့အား လောလောဆယ် ကွပ်မျက်ဖျက်ဆီးတော် မမူလိုသေးပေ။ ထို့အတွက် ငင်းတို့အား ခေတ္တ လျစ်လျူပြုထားတော်မူခြင်းသာ ဖြစ်ပေသည်။

② ကာဖိရ်၊ မုရှ်ရစ်က်များက တမန်တော်နှင့် ပတ်သက်၍ "ဤသူ(မုဟမ္မဒ်)သည် အသင်တို့ကဲ့သို့ သာမန်လူသားတစ်ဦးသာ ဖြစ်သည်" ဟု ဆိုခဲ့ကြသည်။

ဤအာယတ်တော်တွင် ငင်းတို့၏ အဆိုပါ ပြောဆိုချက်နှင့် စပ်လျဉ်း၍ ဖြေကြားတော်မူသည်မှာ တမန်တော်မြတ်အလျှင် အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူခဲ့သမျှသော တမန်တော်များသည်လည်း လူသားယောကျ်ားများသာ ဖြစ်ခဲ့ကြပေသည်။ ယင်းတမန်တော်များသည် ကောင်းကင်တမန်များ မဟုတ်ခဲ့ကြပေ။

ဤမျှ ထင်ရှားကျော်ကြားသော သတင်းစကားကိုပင် ဤကာဖိရ်၊ မုရှ်ရစ်များ မသိရှိကြပါက ငင်းတို့နှင့် အဆက်အသွယ်ရှိသော အတိတ်ခေတ်ကျမ်းဂန်ရ လူမျိုးများ ဖြစ်ကြသော ယဟူဒီ၊ နဆ္ဇာရာနီများအား မေးကြည့်သင့်ကြပေသည်။

وَمَا جَعَلْنَٰهُمْ جَسَدًا لَّا يَأْكُلُونَ الطَّعَامَ وَمَا كَانُوا۟ خَٰلِدِينَ ﴿٨﴾

၈။ ၎င်းပြင် ငါအရှင်မြတ်သည် ယင်း (ရဿုလ်တမန်တော်)တို့အား အစာအဟာရ စား(သောက်)ခြင်း မပြုကြသောခန္ဓာကိုယ်များ(အဖြစ်) ပြုလုပ်(ဖန်ဆင်း)တော်မူခဲ့သည်လည်း မဟုတ်ပေ။ ထို (ရဿုလ်တမန်တော်)များသည် (အသက်သေဆုံးခြင်းမရှိဘဲ) အမြဲထာဝရ (အသက်ရှင်)နေသူများလည်း မဖြစ်ခဲ့ကြချေ။

ثُمَّ صَدَقْنَٰهُمُ الْوَعْدَ فَأَنجَيْنَٰهُمْ وَمَن نَّشَآءُ وَأَهْلَكْنَا الْمُسْرِفِينَ ﴿٩﴾

၉။ ထို့နောက် ငါအရှင်မြတ်သည် ထို (ရဿုလ်တမန်တော်)များအဖို့ (၎င်းတို့နှင့်ထားရှိတော်မူခဲ့သော) ကတိကို တည်စေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ယင်း(ရဿုလ်တမန်တော်)များအား လည်းကောင်း၊ မိမိတို့ အလိုရှိတော်မူသောသူတို့အား လည်းကောင်း၊ ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် စည်းကမ်းကျူးလွန်သူတို့အား ပျက်စီးစေတော်မူခဲ့၏။ [၁]

---

① ပွင့်လေသမျှသော တမန်တော်များသည် ကောင်းကင်တမန်များ မဟုတ်ခဲ့ကြပေ။ လူသားများသာ ဖြစ်ခဲ့ကြပေသည်။ လူသဘာဝအလျောက် အစာအဟာရများကို စားသုံးမှီဝဲကြသည်သာ ဖြစ်ပေသည်။ ယင်းတမန်တော်များသည် (ဤပစ္စက္ခတွင်) သခ်ၤါရတရားနှင့် ကင်းကွာ၍ ထာဝရ တည်ရှိနေကြသည်လည်း မဟုတ်ပေ။

သို့ရာတွင် ယင်းတမန်တော်များ၏ ထူးခြားချက်တစ်ရပ်မှာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံမှ လူသားတို့အား တရားဓမ္မ ဟောညွှန်ပြရန်အတွက် စေလွှတ်ခြင်း ခံကြရသော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပေသည်။ ၎င်းတို့ထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ အချိန်အခါ အားလျော်စွာ (ဝဟီ) အမိန့်တော်များ ကျရောက်လာပေသည်။ အလ္လာဟ်အရှင်မြတ်သည် အခြေအနေအရ သက်သေလက္ခဏာတော်အဖြစ် ယင်းတမန်တော်များမှ တစ်ဆင့် အချို့တန်ခိုးပြာဋိဟာများကိုလည်း ပြသတော်မူပေသည်။

အမြင်အားဖြင့် တမန်တော်များသည် သာမန်လူသားများနည်းတူ အားအင်ချည့်နဲ့ကြသည်သာ ဖြစ်ပေသည်။ ထိုအရှင်မြတ်သည် ယင်းတမန်တော်များအား ကာကွယ်ထိန်းသိမ်း ကူညီတော်မူမည့်အကြောင်း၊ ရန်သူများအား အချိန်တန်လျှင် ပြစ်ဒဏ် ခတ်တော်မူမည့်အကြောင်း ကတိပေးတော်မူသည့်အတိုင်း၊ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ယင်းတမန်တော်များနှင့် ၎င်းတို့၏ နောက်လိုက် တပည့်သားတို့အား ကယ်တင်၍ ရန်သူတို့အား ကွပ်မျက်တော်မူသည်သာ ဖြစ်သည်။ ဤကား ကမ္ဘာသမိုင်းတွင် အထင်အရှားပင်။ သို့ဖြစ်ပေရာ ကာဖိရ်၊ မုရှ်ရစ်ကများသည် အတိတ်ခေတ် လူမျိုးတို့၏ ဖြစ်စဉ်ဖြစ်ရပ်များမှ သင်ခန်းစာယူ၍ အချိန်မီ မိမိတို့ကိုယ်ကို ပြုပြင်ပြောင်းလဲသင့်ကြပေပြီ။

لَقَدْ أَنزَلْنَآ إِلَيْكُمْ كِتَٰبًا فِيهِ ذِكْرُكُمْ ۖ أَفَلَا تَعْقِلُونَ ﴿١٠﴾

၁၀။ မလွဲဧကန် ငါအရှင်မြတ်သည် အသင်တို့ထံ အကြင်ကဲ့သို့သော ကျမ်းဂန်တစ်စောင်ကို ပေးသနား တော်မူခဲ့ပြီးဖြစ်၏။ ယင်းကျမ်းဂန်တွင် အသင်တို့အား သတိပေး နှိုးဆော်ချက်(များ)ပါရှိ၏။ သို့ပါလျက် အသင်တို့သည် မသိ နားမလည်ကြလေသလော။

وَكَمْ قَصَمْنَا مِن قَرْيَةٍ كَانَتْ ظَالِمَةً وَأَنشَأْنَا بَعْدَهَا قَوْمًا ءَاخَرِينَ ﴿١١﴾

၁၁။ စင်စစ် ငါအရှင်မြတ်သည် များစွာသော ကျူးလွန်လျက်ရှိခဲ့သောမြို့ရွာများကို ပျက်စီးစေတော် မူခဲ့၏။ ၎င်းပြင် ယင်းမြို့ရွာများ (ပျက်စီးသွားပြီး) နောက်တွင် ငါအရှင်မြတ်သည် အခြားသောလူမျိုး များကို ပေါ်ထွန်းစေတော်မူခဲ့၏။

فَلَمَّآ أَحَسُّوا۟ بَأْسَنَآ إِذَا هُم مِّنْهَا يَرْكُضُونَ ﴿١٢﴾

၁၂။ သို့ဖြစ်ပေရာ ယင်းမြို့ရွာသားတို့သည် ငါ အရှင်မြတ်၏ ပြစ်ဒဏ် (သက်ရောက်လာသည်)ကို သိမြင်ကြသောအခါ ရုတ်တရက် ၎င်းတို့သည် ယင်း မြို့ရွာများမှ ထွက်ပြေးကြကုန်၏။

لَا تَرْكُضُوا۟ وَٱرْجِعُوٓا۟ إِلَىٰ مَآ أُتْرِفْتُمْ فِيهِ وَمَسَٰكِنِكُمْ لَعَلَّكُمْ تُسْـَٔلُونَ ﴿١٣﴾

၁၃။ (ထိုအခါ ကောင်းကင်တမန်များက ၎င်းတို့ အားပြက်ရယ်သောအားဖြင့်) "အသင်တို့သည် မပြေး ကြကုန်လင့်။ အသင်တို့သည် စည်းစိမ်အဖြစ် ချီးမြှင့် ပေးသနားခြင်းခံခဲ့ကြရသော ဥစ္စာပစ္စည်းများ(ရှိရာ) သို့လည်းကောင်း၊ မိမိတို့ နေအိမ်များသို့လည်းကောင်း၊ ပြန်ခဲ့ကြလေကုန်၊ အသင်တို့သည် မေးမြန်းခြင်း ခံကြရသည်၊" (ဟု ပြောဆိုခဲ့ကြကုန်၏)။ [၁]

---

① အလ္လာဟ်အရှင်မြတ်၏ တရားဒေသနာတော်များကို သွေဖည်ငြင်းဆန် မနာခံဘဲ၊ ကျူးကျော်စော်ကားလျက် ရှိခဲ့သော မြို့ရွာသားများသည် ပြစ်ဒဏ်တော် သက်ရောက်လာသည်ကို တွေ့မြင်ကြသောအခါ၊ မိမိတို့၏မြို့ရွာများမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

ယင်းသို့ ထွက်ပြေးတိမ်းရှောင်သူတို့အား အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ ပြောကြားမည်မှာ- အသင်တို့ အဘယ်သို့ ထွက်ပြေးကြသနည်း။ ထွက်မပြေးကြနှင့်၊ မိမိတို့ စည်းစိမ်နှင့် နေထိုင်ခဲ့ကြသော မြို့ရွာများသို့ ပြန်သွားကြ၊ ထိုမြို့ရွာများတွင် အသင်တို့ စုဆောင်းထားသော ဥစ္စာပစ္စည်း အမြောက်အမြား ➤➤

قَالُوا۟ يَٰوَيْلَنَآ إِنَّا كُنَّا ظَٰلِمِينَ ﴿١٤﴾

၁၄။ (ထိုအခါ) ယင်းမြို့သူရွာသားတို့က "သြော်-ဖြစ်မှ ဖြစ်ရလေခြင်း၊ ဧကန်စင်စစ် ကျွန်ုပ်တို့သည် သာလျှင် မတရားမှုကို ကျူးလွန်သူများ ဖြစ်ခဲ့ကြသည်တကား" ဟု ပြောဆို (ညည်းညူမြည်တမ်း) ခဲ့ကြကုန်၏။

فَمَا زَالَت تِّلْكَ دَعْوَىٰهُمْ حَتَّىٰ جَعَلْنَٰهُمْ حَصِيدًا خَٰمِدِينَ ﴿١٥﴾

၁၅။ ၎င်းတို့၏ ထို ဟစ်အော်မြည်တမ်းမှုသည် (ဆက်လက်၍) ရှိမြဲအတိုင်းပင်ရှိနေခဲ့၏။ နောက်ဆုံးတွင် ငါအရှင်မြတ်သည် ၎င်းတို့အား ရိတ်သိမ်းပြီး ဖြစ်သော လယ်ယာကို ငြိမ်းသွားသော မီး(ကဲ့သို့) ပြုလုပ်တော်မူခဲ့ပေသတည်း။

وَمَا خَلَقْنَا ٱلسَّمَآءَ وَٱلْأَرْضَ وَمَا بَيْنَهُمَا لَٰعِبِينَ ﴿١٦﴾

၁၆။ စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်း (မိုးကောင်းကင်နှင့်ပထဝီမြေ) နှစ်ခု၏အကြားခံ ရှိသည်တို့ကို လည်းကောင်း၊ ကစားသူအဖြစ် (အပျင်းပြေ) ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။

➤➤ ရှိပေသည်။ ထိုမြို့ရွာများတွင် အသင်တို့အား အချို့က "လူကြီးမင်းများ မည်သို့မည်ပုံ ဖြစ်ကြပါသနည်း။ လူကြီးမင်းများ၏ အိုးအိမ်တိုက်တာ ဂေဟာပစ္စည်း ခြွေရံသင်းပင်းများ အသို့ဖြစ်သွားကြသနည်း။ အလွှာဟ် အရှင်မြတ် ပြုထားတော်မူသော ကျေးဇူးတော်များကို အဘယ်မျှ ကျေးဇူးဆပ်နိုင်ခဲ့ကြပါသနည်း။ သို့မဟုတ် လူကြီးမင်းများသည် ကျွန်ုပ်တို့၏အကြီးအကဲများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် အရေးကိစ္စ အဝဝတွင် လူကြီးမင်းများအား မှီခိုအားထားကြရပါသည်။ မိမိတို့၏ မြို့ရွာများကို စွန့်ခွာပြီး အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားကြပါနှင့်။ မိမိတို့ စည်းစိမ်နှင့်နေထိုင်ခဲ့ကြသော မိမိတို့၏ မြို့ရွာများသို့ ပြန်ကြကြပါ"ဟု မေးကောင်းမေးကြပါလိမ့်မည်။

အမှန်မှာ ထိုမြို့ရွာများသည် ပြစ်ဒဏ်တော်သင့် ပျက်စီးခြင်းကြီးမလှ ပျက်စီးသွားချေပြီ။ ထိုမြို့ရွာများတွင် အိုးအိမ်တိုက်တာ ဂေဟာပစ္စည်းဥစ္စာဟူ၍ စိုးစဉ်းမျှ မရှိတော့ပြီ။ ခြွေရံသင်းပင်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိတော့ပြီ။ ဤသည် စောင်းချိတ်နာကျည်း ထိခိုက်စေသည့် သဘောဖြင့် မိန့်ဆိုထားတော် မူခြင်းသာ ဖြစ်သည်။

③ <u>ဤစကြာဝဠာကြီးကို အချည်းနှီး ဖန်ဆင်းတော်မူသည် မဟုတ်။</u>

ဤထူးထွေ၊ ဆန်းပြား၊ ခန့်ညားလှသော စကြာဝဠာကြီးသည် မိမိလိုအလျောက် ဖြစ်ပေါ်ခဲ့သည်လော။ မည်သူ ဖန်ဆင်းထားသနည်း။ ယင်းသို့ ဖန်ဆင်းရာတွင် ရည်ရွယ်ချက်ရှိသလော။ အချည်းနှီးလော၊ ➤➤

لَوْ أَرَدْنَآ أَن نَّتَّخِذَ لَهْوًا لَّٱتَّخَذْنَٰهُ مِن لَّدُنَّآ إِن كُنَّا فَٰعِلِينَ ﴿١٧﴾

၁၇။ အကယ်၍သာ ငါအရှင်မြတ်သည် အပျင်းပြေကစားစရာကိုသာ ပြုလုပ်ရန် ရည်စူးတော်မူခဲ့ပါလျှင် ငါအရှင်မြတ်သည် ယင်း ကစားစရာကို ဧကန်မုချ မိမိအထံတော်၌ ရှိသည်တို့အနက်မှပင် ပြုလုပ်ထားတော်မူပေမည်။ အကယ်၍သာ ငါအရှင်မြတ်သည် ပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူခဲ့ပါလျှင်။

بَلْ نَقْذِفُ بِٱلْحَقِّ عَلَى ٱلْبَٰطِلِ فَيَدْمَغُهُۥ فَإِذَا هُوَ زَاهِقٌ ۚ وَلَكُمُ ٱلْوَيْلُ مِمَّا تَصِفُونَ ﴿١٨﴾

၁၈။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ငါအရှင်မြတ်သည် အမှန်ကို အမှားပေါ်၌ပစ်ပေါက်တော်မူ၏။ ထိုအခါ ယင်းအမှန်သည် ထိုအမှား၏ဦးနှောက်ကို ထွက်စေ၏။ ထိုအခါ ယင်းအမှားသည် ရုတ်တရက် ပျောက်ပျက် သွားလေ၏။ စင်စစ်အသင်တို့၌ မိမိတို့ ၏ ကြံဖန်စွပ်စွဲချက်များကြောင့် ပျက်စီးခြင်းသည် ရှိပေမည်။

وَلَهُۥ مَن فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ وَمَنْ عِندَهُۥ لَا يَسْتَكْبِرُونَ عَنْ عِبَادَتِهِۦ وَلَا يَسْتَحْسِرُونَ ﴿١٩﴾

၁၉။ စင်စစ်သော်ကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ရှိသူအားလုံးတို့သည် ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသောသူများပင် ဖြစ်ကြကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်၏အပါးတော်၌ ရှိနေသူတို့သည် ထိုအရှင်မြတ်အား ခပ်ခြင်းမှ မာန်ထောင်လွှားကြသည် မဟုတ်ပေ။ မောပန်းကြသည်လည်း မရှိပေ။

➤➤ အမှန်မှာ ဤစကြာဝဠာကြီးသည် မိမိအလိုအလျောက် ဖြစ်ပေါ်လာခဲ့သည်မဟုတ်။ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော၊ တစ်ဆူတည်း ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်က ဖန်ဆင်းထားတော်မူသော စကြာဝဠာကြီးသာဖြစ်သည်။

ထိုအရှင်မြတ်သည် ဤစကြာဝဠာကြီးကို ရည်ရွယ်ချက်မပါ၊ အကြောင်းမဲ့ အကျိုးမဲ့ အချည်းနှီး ဖန်ဆင်းထားတော် မူသည်မဟုတ်။ အမှန်မှာ ဤပစ္စက္ခဘဝသည် အကြောင်းဖြစ်သည်။ နောင်တမလွန်ဘဝသည် အကျိုးဖြစ်သည်။ ဤပစ္စက္ခဘဝတွင် ရှိနေကြစဉ် ပြုမူကျင့်ကြံခဲ့ကြသော အရေးကိစ္စအဝဝနှင့် စပ်လျဉ်း၍ နောင်တမလွန် ဘဝတွင် စစ်ကြော၊မေးမြန်းခြင်း ခံကြရမည်။ ကောင်းကျိုး ဆိုးကျိုးများကို တရားသဖြင့် ခံစံကြရမည်။ ကြည့်-ကုရ်အာန် (၁၆း၈၅။၃၈း၂၇။ ၄၆း၃။ ၂၃း၁၁၅)

يُسَبِّحُونَ الَّيْلَ وَالنَّهَارَ لَا يَفْتُرُونَ ﴿٢٠﴾

၂၀။ ယင်း (အပါးတော်၌ ရှိသူတို့သည်) (ထို အရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူကြောင်းကို နေ့ည၌မပြတ် မြွက်ဆိုဘာဝနာ စီးဖြန်းလျက်ရှိကြကုန်၏။ ရပ်တန့်ကြသည်ဟူ၍လည်း မရှိပေ။ ①

أَمِ اتَّخَذُوا آلِهَةً مِّنَ الْأَرْضِ هُمْ يُنشِرُونَ ﴿٢١﴾

၂၁။ သို့ပါလျက်၎င်း(မှုရှုရစ်က်)တို့သည် ပထဝီမြေမှ ဖြစ်သောအရာများကို ကိုးကွယ်ရာများ ပြုလုပ်ထားကြလေသလော၊ ယင်းအရာများသည် ရှင်ပြန်စေနိုင်ကြသည်(လော)။

لَوْ كَانَ فِيهِمَا آلِهَةٌ إِلَّا اللَّهُ لَفَسَدَتَا ۚ فَسُبْحَانَ اللَّهِ رَبِّ الْعَرْشِ عَمَّا يَصِفُونَ ﴿٢٢﴾

၂၂။ အကယ်၍သာ ယင်း(မိုးကောင်းကင်နှင့်ပထဝီမြေ)နှစ်ခုတွင် အလွှာဟ်အရှင်မြတ်အပြင် အခြား(ထာဝရတည်ရှိသော) ကိုးကွယ်ရာများ ရှိခဲ့ကြပါမူ (မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခုစလုံးမှာ မလွဲဧကန် *ပျက်စီးခဲ့ပြီးဖြစ်ကြပေမည်*။ ② စင်စစ်သော်ကား "အရ်ရှ်" ပလ္လင်တော်ကို စိုးပိုင်တော်မူသော အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ ကြံဖန် စွပ်စွဲကြသည်တို့မှ (လုံးဝ) စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူ၏။

---

① မိုး၊မြေ၊စကြာဝဠာအဝှမ်းရှိ သက်ရှိသက်မဲ့ အားလုံးတို့ကို အလွှာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသည်။ ခပ်သိမ်းကုန်သော အရာအားလုံးတို့သည် ထိုအရှင်မြတ် သတ်မှတ်ထားတော်မူသော သဘာဝဓမ္မကို လိုက်နာလျက်ရှိကြပေသည်။ ကောင်းကင်တမန်များသည် အလွှာဟ်အရှင်မြတ်၏ထံတော်ပါးတွင် အမြဲတစေ ခစားခွင့်ချီးမြှင့်ထားတော်မူခြင်း၊ ခံကြရပါလျက် မောက်မာပလွားခြင်း အလျှင်းမရှိဘဲ ထိုအရှင်မြတ်အား အမြဲတစေ ခဝပ်ကြပေသည်။ မပျင်းကြပေ၊ မမောကြပေ၊ မဆိုင်းကြပေ။ အခါခပ်သိမ်း ထိုအရှင်မြတ်အား ခဝပ်လျက်ရှိကြပေသည်။

② လူသားတို့သည် အခြားလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကြသော်လည်း အသက်ရှူမပျက်ကြပေ။ ထို့အတူ ကောင်းကင်တမန်တော်များသည် မည်သည့်တာဝန်ကိုပင် ထမ်းဆောင်နေကြရလင့်ကစား အလွှာဟ်အရှင်မြတ်ကိုမူ တစ်စက္ကန့်မျှပင်မမေ့ကြပေ။ အခါခပ်သိမ်း အလွှာဟ်အရှင်မြတ်အား ခဝပ်လျှက်၊ တတ်စ်ဗီဟ် ဘာဝနာစီးဖြန်းလျက် ရှိကြပေသည်။ တစ်နည်းအားဖြင့် တတ်စ်ဗီဟ် ဘာဝနာသည် ကောင်းကင်တမန်တို့၏ အာဟာရပင်ဖြစ်လျက် ရှိချေသည်။ ထိုသို့သော ကောင်းကင်တမန်များသည်ပင် အလွှာဟ်အရှင်မြတ်အား အခါခပ်သိမ်း အာရုံပြုကြလျက်ရှိကြပေရာ အပြစ်မကင်းသော လူသားတို့သည် ထိုအရှင်မြတ်အား မေ့နေရန် အကြောင်းပင်မရှိပေ။

⑷ ကိုးကွယ်ရာနှစ်ပါး မဖြစ်နိုင်၊

အမှန်တကယ် မုချကိုးကွယ်ရာ အရှင်သခင်သည် တစ်ပါးတည်းသာလျှင် ဖြစ်နိုင်ပေသည်။ နှစ်ပါး မဖြစ်နိုင်၊ အများအပြား မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် ဆည်းကပ်ကိုးကွယ်မှုသည် အဘက်ဘက်တွင် ပြည့်ဝစုံလင်သော အရှင်သခင်အဖို့သာ ဖြစ်နိုင်ပေသည်။ ထိုအရှင်မြတ်သခင်သည် ချို့တဲ့မှုအပေါင်းမှ လုံးဝ ကင်းစင်ရပေမည်။ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံရပေမည်။

ထိုအရှင်သခင်၌ ချို့တဲ့မှု၊ မပြည့်စုံမှု၊ မပြုစွမ်းနိုင်မှု၊ သူတစ်ပါး၏လွှမ်းမိုးမှု၊ နှောင့်ယှက်မှု၊ ဟန့်တားမှု၊ ယှဉ်ပြိုင်မှုဟူ၍ အလျှင်းမရှိရပေ။ ထိုသို့ ချို့တဲ့မှုအပေါင်းမှ ကင်းစင်၍ တန်ခိုးတော် အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်သခင်အား ကျွန်ုပ်တို့သည် "အလ္လာဟ်" ဟူ၍ ခေါ်ဝေါ်သတ်ကြသည်။

အကယ်၍ ဤစကြာဝဠာတွင် ကိုးကွယ်ရာနှစ်ပါးရှိသော်၊ ထိုကိုးကွယ်ရာနှစ်ပါးသည် ဂုဏ်ရည်တူ ဖြစ်ကြရပေမည်။ သို့ဖြစ်လျှင် တွေးတောဆင်ခြင်အပ်သည်မှာ ထိုကိုးကွယ်ရာနှစ်ပါးသည် ဤစကြာဝဠာကြီးကို ဖန်ဆင်းမှု၊ စီမံခန့်ခွဲမှုများတွင် အချင်းချင်း ညီညွတ်ကြသလော၊ သို့မဟုတ် သဘောကွဲလွဲကြသလော။

အချင်းချင်း ညီညွတ်ကြသည်ဆိုပါက စဉ်းစားဆင်ခြင်အပ်သည်မှာ

(က) အဆိုပါ ကိုးကွယ်ရာ တစ်ပါးတိုင်းသည် ဤစကြာဝဠာကြီးကို မိမိတစ်ပါးတည်း မဖန်ဆင်းနိုင်၍ နှစ်ပါးပူးပေါင်းပြီး ဖန်ဆင်းကြသလော။ သို့ဆိုလျှင် အဆိုပါကိုးကွယ်ရာအနက် မည်သူမျှ လုံးဝပြည့်စုံသော ကိုးကွယ်ရာမဖြစ်နိုင်ပေ။

(ခ) အကယ်၍ အဆိုပါ ကိုးကွယ်ရာနှစ်ပါးအနက် တစ်ပါးတိုင်း တစ်ပါးတိုင်းသည် ဤစကြာဝဠာကြီးကို မိမိတစ်ပါးတည်း ဖန်ဆင်းနိုင်ပါက စီမံခန့်ခွဲနိုင်ပါက အခြားတစ်ပါးသည် အလုပ်မဲ့၊ တာဝန်မဲ့၊ အချည်းနှီး ဖြစ်ရပေမည်။ အပိုသက်သက်ဖြစ်နေပေမည်။ မရှိမဖြစ်သော ကိုးကွယ်ရာသာလျှင် ကိုးကွယ်ရာ ဖြစ်နိုင်ပေသည်။ အချည်းနှီးဖြစ်သော၊ အပိုသက်သက်ဖြစ်သော ကိုးကွယ်ရာသည် အမှန်တကယ် မုချကိုးကွယ်ရာ အသို့လျှင် ဖြစ်နိုင်အံ့နည်း။

အကယ်၍ အဆိုပါ ကိုးကွယ်ရာနှစ်ပါးသည် အချင်းချင်း သဘောထားကွဲလွဲကြသော် အချင်းချင်း ယှဉ်ပြိုင်ကြပေမည်။ သို့ယှဉ်ပြိုင်ရာတွင် တစ်ပါးပါးသည် ရှုံးနိမ့်ချေမည်။ရှုံးနိမ့်သော ကိုးကွယ်ရာသည်အမှန်တကယ် မုချကိုးကွယ်ရာ အသို့လျှင်ဖြစ်နိုင်အံ့နည်း။

အကယ်၍ ယှဉ်ပြိုင်ရာတွင် နှစ်ပါးစလုံးသည် သူမနိုင်၊ ငါမရှုံးဖြစ်နေပြီး၊ အချင်းချင်း အင်အားချင်း လုံးဝတူညီနေကြပါသော် တစ်ပါးတိုင်း တစ်ပါးတိုင်းသည် မိမိအသာဆန္ဒအလျောက် ခြယ်လှယ်နိုင်ရန်အတွက် အခြားတစ်ပါးကို တိုက်ဖျက်ချေမှုန်းရန် ကြိုးစားပေမည်။ စကြာဝဠာကြီးသည် ကိုးကွယ်ရာနှစ်ပါးတို့၏ စစ်တလင်းဖြစ်သွားပေမည်။

ယင်းသို့ ကိုးကွယ်ရာ နှစ်ပါးအချင်းချင်း စစ်တလင်းခင်းနေကြလျှင် ပထမသော် တစ်စုံတစ်ခုမျှ ဖြစ်ထွန်းနိုင်မည် မဟုတ်ပေ။ ဖြစ်ထွန်းပြီးသော အရာများသည်လည်း ကျွန်စကောင်ခတ်သည့်ကြား မြေဇာပင်မခံနိုင်သကဲ့သို့ အရာခပ်သိမ်းတို့သည် လုံးဝပျက်ပြုန်း ဆိတ်သုဉ်းသွားပေမည်။ (ယခုသော်ကား ကမ္ဘာစက်ယန္တရားကြီးသည် စနစ်တကျ လှုပ်ရှားသွားလာ လည်ပတ်လျက်ရှိပေသည်)။

لَا يُسْـَٔلُ عَمَّا يَفْعَلُ وَهُمْ يُسْـَٔلُونَ ﴿٢٣﴾

၂၃။ ထိုအရှင်မြတ်သည် မိမိပြုလုပ်တော်မူသောကိစ္စများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံရတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့မူကား (မိမိတို့ပြုလုပ်ကြသော အမှုကိစ္စတို့နှင့် စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

أَمِ اتَّخَذُوا مِن دُونِهِ آلِهَةً ۖ قُلْ هَاتُوا بُرْهَانَكُمْ ۖ هَٰذَا ذِكْرُ مَن مَّعِيَ وَذِكْرُ مَن قَبْلِي ۗ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ ۙ الْحَقَّ فَهُم مُّعْرِضُونَ ﴿٢٤﴾

၂၄။ သို့ပါလျက် ယင်း(မုရ်ရစ်က်)တို့သည် ထိုအရှင်မြတ်အပြင် ကိုးကွယ်ရာများ ပြုလုပ်ထားကြသလော။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် *မိမိတို့၏သက်သေသာဓကအထောက်အထားများကို ယူဆောင်ခဲ့ကြလေကုန်။* [၁] ဤသည် ငါနှင့်အတူ ရှိကြသော သူတို့အား သတိပေး နှိုးဆော်ချက်သည်လည်းကောင်း၊ ငါ၏အလျင် ရှိခဲ့ဖူးသောသူတို့အား သတိပေးနှိုးဆော်ချက်သည်လည်းကောင်း၊ ဖြစ်ချေသည်။ သို့ပါလျက် ထိုသူတို့အနက် အများဆုံးသော သူတို့မှာမူကား အမှန်ကို မသိကြချေ။ သို့ဖြစ်ပေရာ ၎င်းတို့သည် မျက်နှာလွှဲ၍ နေကြကုန်၏။

وَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ إِلَّا نُوحِي إِلَيْهِ أَنَّهُ لَا إِلَٰهَ إِلَّا أَنَا فَاعْبُدُونِ ﴿٢٥﴾

၂၅။ စင်စစ် ငါအရှင်မြတ်သည် အသင့်အလျင် စေလွှတ်တော်မူခဲ့သော မည်သည့် ရာဇူလ်တမန်တော်၏ထံသို့မဆို ဧကန်အမှန် ငါအရှင်မှတစ်ပါး ဓေ့ပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်အားသာလျှင် ဓေ့ပ်ကိုးကွယ်ကြလေကုန်ဟူ၍ အမိန့်တော် ထုတ်ပြန်ချမှတ်တော်မူခဲ့သည်သာ ဖြစ်သည်။ [၂]

---

① အထက်တွင် အမှန်တကယ် မရှ ကိုးကွယ်အပ်သော အရှင်သည် တစ်ပါးတည်းသာ ရှိကြောင်းနှင့် ပတ်သက်၍ ခိုင်လုံသော အထောက်အထားကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ဘုရားအများအပြားကိုးကွယ်ကြသော မုရ်ရစ်က်တို့အား ဘုရားအများအပြားရှိကြောင်းနှင့် စပ်လျဉ်း၍ အထောက်အထားတစ်စုံတစ်ရာရှိက တင်ပြရန် တောင်းဆိုထား တော်မူသည်။ ➤➤

وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا سُبْحَانَهُ ۚ بَلْ عِبَادٌ مُّكْرَمُونَ ﴿٢٦﴾

၂၆။ ထိုမှတစ်ပါး၊ ၎င်းတို့က "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် (မလာအိကဟ် ကောင်းကင်တမန်များအား) သားသမီး ပြုလုပ်တော်မူခဲ့သည်ဟု (စွပ်စွဲ)ပြောဆိုကြကုန်၏။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား(ကောင်းကင်တမန်သည် ထိုအရှင်မြတ်၏သားသမီးများ မဟုတ်ကြချေ။ ထိုအရှင်မြတ်၏) မြင့်မြတ်သော ကျွန်များပင် ဖြစ်ကြကုန်၏။

لَا يَسْبِقُونَهُ بِالْقَوْلِ وَهُم بِأَمْرِهِ يَعْمَلُونَ ﴿٢٧﴾

၂၇။ ယင်း(ကောင်းကင်တမန်)တို့မူကား ထိုအရှင်မြတ်၏ရှေ့တော်သို့ကျူးရှ် စကားပြောဆိုနိုင်ကြသည် အလျှင်း မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ (တစ်သွေမတိမ်း) လိုက်နာ ဆောင်ရွက်ကြကုန်၏။

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يَشْفَعُونَ ۙ إِلَّا لِمَنِ ارْتَضَىٰ وَهُم مِّنْ خَشْيَتِهِ مُشْفِقُونَ ﴿٢٨﴾

၂၈။ ထိုအရှင်မြတ်သည် ၎င်းတို့၏ ရှေ့နောက် အကြောင်းကိစ္စ အလုံးစုံတို့ကို (အကြွင်းမဲ့) သိတော်မူ၏။ ထိုမှတစ်ပါး၊၎င်းတို့သည် ထိုအရှင်မြတ် ကျေနပ်နှစ်သက်တော်မူသော သူမှတစ်ပါး မည်သူ့အဖို့မျှ ကြားဝင် အသနားခံနိုင်ကြမည် မဟုတ်ပေ။ စင်စစ်သော်ကား၊ ၎င်းတို့သည် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှုကြောင့် (အမြဲတစေ) ကြောက်ရွံ့လျှက်ပင် ရှိကြကုန်၏။

➤➤ ဘုရား အများအပြားရှိသည်ဟု မုရှ်ရစ်ကတို့က ပြောဆိုခြင်းမှာ ၎င်းတို့၏ အတွေးအထင်နှင့် မိဘရိုးရာ ထုံးတမ်းစဉ်လာကို မျက်စိမှိတ်၍ လိုက်နာခြင်းသာဖြစ်သည်။ဤအကြောင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ထံတွင် အသိပညာနှင့်ယှဉ်သော အထောက်အထား လည်းမရှိ၊ စာပေကျမ်းဂန် အထောက်အထားလည်းမရှိ၊ အထောက်အထားဟူ၍ အလျှင်းမရှိ။

ⓙ ယွင်လေသမျှသော တမန်တော်အားလုံးတို့သည် "တောင်ဟီဒ်" ကိုပင် အခြေခံ၍ အသီးသီး တညီတညွတ်တည်း ဟောကြားခဲ့ကုန်၏။ တမန်တော်မြတ်၏ အွမ္မတ် နောက်လိုက်တပည့်သားများနှင့် အတိတ်ခေတ် တမန်တော်များ၏ နောက်လိုက်တပည့်သားများ သည်လည်း ဤသည့် "တောင်ဟီဒ်"ကိုပင် လက်ခံနာယူ ကျင့်မူခဲ့ကြသည်။

وَمَن يَقُلْ مِنْهُمْ إِنِّي إِلَٰهٌ مِّن دُونِهِ فَذَٰلِكَ نَجْزِيهِ جَهَنَّمَ كَذَٰلِكَ نَجْزِي الظَّالِمِينَ ﴿٢٩﴾

၂၉။ စင်စစ် ၎င်းတို့အနက် မည်သူမဆို ကျွန်ုပ်သည်လည်း ထိုအရှင်မြတ်အပြင် ကိုးကွယ်ရာအရှင် (တစ်ပါး)ဖြစ်သည်ဟု ပြောဆိုပါမူ ငါအရှင်မြတ်သည် ၎င်းအား ဂျဟန္နမ်ငရဲဘုံ၏ပြစ်ဒဏ်ကို ပေးတော်မူမည်။ ငါအရှင်မြတ်သည် ကျူးလွန်သူတို့အား ဤနည်း အတိုင်းပင် ပြစ်ဒဏ်ပေးတော်မူသည်သာ ဖြစ်သည်။

أَوَلَمْ يَرَ الَّذِينَ كَفَرُوا أَنَّ السَّمَاوَاتِ وَالْأَرْضَ كَانَتَا رَتْقًا فَفَتَقْنَاهُمَا ۖ وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ ۖ أَفَلَا يُؤْمِنُونَ ﴿٣٠﴾

၃၀။ စင်စစ် မိုးကောင်းကင်များသည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ပိတ်လျက်ရှိခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်း*(မိုးကောင်းကင်နှင့် ပထဝီမြေ)*နှစ်ခုစလုံး*ကိုဖွင့်ပေးတော်မူခဲ့သည်။* [၃] (ဤသည်ကို) ကာဖိရ်များ မသိမမြင်ခဲ့ကြလေသလော။ ထို့ပြင် ငါအရှင်မြတ်သည် ရေဖြင့် သက်ရှိသတ္တဝါ ခပ်သိမ်း*ကိုဖန်ဆင်းတော်မူခဲ့၏။* [၂] သို့ပါလျက် ၎င်းတို့သည် သင်ဝင်ယုံကြည်ခြင်း မရှိကြလေသလော။

---

① **<u>မိုးနှင့်မြေများသည် အသို့ရှိခဲ့ကြသနည်း၊</u>**

ဤအာယတ်တော်တွင် ပါရှိသော "ရတ်ကဲ" ဟူသောပုဒ်ကို အချို့က "ဆက်စပ်လျက်ရှိသောအရာ" ဟူ၍လည်းကောင်း၊ အချို့က "ပိတ်လျက်ရှိသော အရာ" ဟူ၍လည်းကောင်း၊ အဓိပ္ပာယ် နှစ်မျိုးနှစ်စား ပြန်ဆိုကြသည်။ အဓိပ္ပာယ်ကွဲပြားရာမှ အနက်သဘောလည်း ကွဲပြားလာခဲ့ပေသည်။ ဤအာယတ်တော်၏ အဖွင့်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အဆိုများ တွေ့ရှိရပေသည်။

(က)မိုးနှင့် မြေများသည် မူလအစက ဆက်စပ်လျက် ရှိခဲ့ကြပေသည်။ ထို့နောက်တွင်မှ အလ္လာဟ်အရှင်မြတ်သည် ခွဲခြားတော်မူလိုက်ခြင်း ဖြစ်သည်ဟူ၏။

(ခ) မူလအစက မိုးသည်လည်း တစ်ခုတည်း ဖြစ်ခဲ့၏။ မြေသည်လည်း တစ်ခုတည်း ဖြစ်ခဲ့၏။ ထို့နောက်မှ အလ္လာဟ်အရှင်မြတ်သည် မိုးအထပ်ထပ်၊ မြေအထပ်ထပ် ပြုလုပ်တော်မူခြင်း ဖြစ်သည်ဟူ၏။

(ဂ) အစမူလက မိုးနှင့်မြေသည် ပိတ်လျက်ရှိခဲ့ကြသည်။ (ဝါ) မိုးမှ မိုးရေရွာသွန်းခြင်း မရှိခဲ့ပေ။ မြေမှ ကောက်ပဲသီးနှံများ ပေါက်ရောက်ခြင်း မရှိခဲ့ပေ။ ထို့နောက်သော်မှ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် မိုးနှင့် မြေများကို ဖွင့်ပေးတော် မူလိုက်ခြင်း ဖြစ်သည်။ (ဝါ) မိုးမှ မိုးရေကို ရွာသွန်းချစေတော် မူခဲ့လေသည်။ မြေမှ ကောက်ပဲသီးနှံများကို ပေါက်ရောက်စေတော်မူခဲ့လေသည်။

ကြည့်- ခါဇင်နှိမ်။ အိဗ်နုဂျရီရ်။

အိဗ်နုဂျရီရ်သည် တတိယအဆိုကို ပိုမိုနှစ်သက်သည်။ ဤအာယတ်တော်နှင့် စပ်လျဉ်း၍ အခြားအဆိုများကို သိလိုပါက အိဗ်နုဂျရီရ်ကျမ်းကို ရှုပါကုန်။

وَجَعَلْنَا فِي الْأَرْضِ رَوَاسِيَ أَنْ تَمِيدَ بِهِمْ وَجَعَلْنَا فِيهَا فِجَاجًا سُبُلًا لَّعَلَّهُمْ يَهْتَدُونَ ﴿٣١﴾

၃၁။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ပထဝီမြေ၌ ယင်းပထဝီမြေသည် ၎င်းတို့နှင့်တကွ လှုပ်ရှား(ယိမ်းယိုင်သွား)ခြင်းမရှိနိုင်ရန် တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့လိုရာသို့ ရောက်ရှိနိုင်ကြအံ့သောငှာ ယင်းတောင်များ၌ တောင်ကြားလမ်းများကို လမ်းများအဖြစ် ပြုလုပ်ထားတော်မူခဲ့လေသည်။

وَجَعَلْنَا السَّمَاءَ سَقْفًا مَّحْفُوظًا ۖ وَهُمْ عَنْ آيَاتِهَا مُعْرِضُونَ ﴿٣٢﴾

၃၂။ ၎င်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို (ပြိုပျက်ခြင်းမှ) ထိန်းသိမ်းပြီးဖြစ်သော အမိုးပြုလုပ်တော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်းမိုးကောင်းကင်ရှိ သက်သေလက္ခဏာများမှ မျက်နှာလွှဲလျက် ရှိကြကုန်၏။

وَهُوَ الَّذِي خَلَقَ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ ۖ كُلٌّ فِي فَلَكٍ يَسْبَحُونَ ﴿٣٣﴾

၃၃။ စင်စစ် ထိုအရှင်မြတ်သည်ပင် ည၌ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့သော အရှင်ဖြစ်တော်မူ၏။ (ထိုကြိုဟ်နက္ခတ်) အသီးသီးတို့သည် (မိမိတို့သက်ဆိုင်ရာ) ကြိုဟ်နက္ခတ်လမ်း အသီးသီးတွင် လှည့်ပတ် သွားလာ လှုပ်ရှားလျက်ပင် ရှိကြကုန်သတည်း။ [၁]

---

(၂) ဤအာယတ်တော်တွင်ရှိသည့် "အလ်မာအ်" ဟူသောပုဒ်သည် မိုးရေ၏ အနက်၌လည်း ဖြစ်နိုင်ပေသည်။ ကလလရေကြည်၏ အနက်၌လည်း ဖြစ်နိုင်ပေသည်။ မိုးရေဟု ယူဆပါက သက်ရှိသတ္တဝါအားလုံးတို့သည် မိုးရေဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးခံစားလျက် ရှိကြသည်မှာ ထင်ရှားလှပေသည်။ ကလလရေကြည်ဟု ယူဆပါက သတ္တဝါအပေါင်းတို့သည် ကလလရေကြည်မှ ဖြစ်ပေါ်လာကြသည်မှာလည်း အထင်အရှားပင်။

(၁) မိုး၊ မြေ၊ နေ၊ လ၊ နေ့၊ ည၌ အစရှိသည့် ကမ္ဘာ့တန်ဆာများ တည်နေပုံ၊ သွားလာလှုပ်ရှားနေပုံများကို စဉ်းစားဆင်ခြင် မြော်မြင်ပါက တောင်ဟီဒ်ကို ကောင်းစွာ သဘောပေါက် နားလည်နိုင်ပေသည်။

وَمَا جَعَلْنَا لِبَشَرٍ مِّن قَبْلِكَ الْخُلْدَ ۖ أَفَإِن مِّتَّ فَهُمُ الْخَالِدُونَ ﴿٣٤﴾

၃၄။ စင်စစ် ငါအရှင်မြတ်သည် အသင့်အလျင်မည်သည့် လူသားတစ်ဦး တစ်ယောက်၌မျှပင် သေခြင်းကင်းသည့်အနေကို ပြုလုပ်တော်မမူခဲ့ချေ။ သို့ဖြစ်ပေရာ အကယ်၍ အသင်သည် သေဆုံးခဲ့ပါလျှင် ၎င်းတို့သည် အစဉ်ထာဝရ နေကြမည့်သူများ ဖြစ်ကြလေသလော။ ၁

كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ ۗ وَنَبْلُوكُم بِالشَّرِّ وَالْخَيْرِ فِتْنَةً ۖ وَإِلَيْنَا تُرْجَعُونَ ﴿٣٥﴾

၃၅။ သက်ရှိသတ္တဝါတိုင်းသည် မရဏာ သေခြင်းတရား(၏)ရသာ)ကို မြည်းစမ်းရမည့်သူများသာ ဖြစ်ကြကုန်၏။ စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ဆိုးသောအခြေအနေဖြင့်လည်းကောင်း၊ ကောင်းသောအခြေအနေဖြင့်လည်းကောင်း၊ (ကောင်းစွာ) စမ်းသပ်တော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်အထံတော်သို့ပင် အသင်တို့သည် ပြန်လည် ရောက်စေခြင်းကို ခံကြရပေမည်။

وَإِذَا رَآكَ الَّذِينَ كَفَرُوا إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَٰذَا الَّذِي يَذْكُرُ آلِهَتَكُمْ وَهُم بِذِكْرِ الرَّحْمَٰنِ هُمْ كَافِرُونَ ﴿٣٦﴾

၃၆။ ၎င်းပြင် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့သည် အသင့်အား မြင်ကြသောအခါ ပြက်ရယ်ပြောင်လှောင်သမျှပြုကြ၏။ အသင်တို့၏ကိုးကွယ်ရာဘုရားများကို (ကဲ့ရဲ့)ပြောဆိုသူသည် ဤသူပင်လော။ စင်စစ်သော်ကား၊ ၎င်းတို့သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်နှင့် ပတ်သက်၍ ပြောဆိုခြင်းကိုပင် ငြင်းပယ်သူများ ဖြစ်ကြကုန်၏။

---

၁ တမန်တော်မြတ်၏တရားများကို ကြားရသောအခါ အရှင်ကာဖိရ်များက "ဤဂယက်သည် မိုဟမ္မဒ်အသက်ရှင်နေသည်အထိသာ ဖြစ်မည်။ သူသေသွားသည့်အခါ ဤဂယက်လည်း သေသွားမည်"ဟု ပြောဆိုခဲ့ကြလေသည်။

ဤသို့ ပြောဆိုခြင်း၏ အလိုမှာ နှစ်မျိုးဖြစ်နိုင်သည်။

(က) သေခြင်းသည် (နဗူဝါတ်) တမန်တော်ဖြစ်ခြင်းနှင့် ဆန့်ကျင်သည်ဟု ဆိုလိုကြပါက အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အလျင် ပွင့်လေသမျှသော တမန်တော်များအနက် မည်သည့် တမန်တော်ကိုမျှ ဤပစ္စက္ခဘဝတွင် ထာဝရရှင်ခြင်းကို ချီးမြှင့်တော်မူခဲ့သည် မဟုတ်ပေ။ ➤➤

خُلِقَ الْإِنسَانُ مِنْ عَجَلٍ ۚ سَأُورِيكُمْ آيَاتِي فَلَا تَسْتَعْجِلُونِ ﴿٣٧﴾

၃၇။ မနုဿလူသားသည်အလျင်လိုမှုဖြင့် ဖန်ဆင်းခြင်း ခံခဲ့ရလေသည်။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် မိမိသက်သေလက္ခဏာတော်များကို အသင်တို့အား ပြသတော်မူမည် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ် အထံတော်တွင် အလျင်မလိုကြကုန်လင့်။

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٣٨﴾

၃၈။ ထို့ပြင် ၎င်းတို့က "အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများ ဖြစ်ကြပါလျှင် ဤ ချိန်းဆိုချက်သည် မည်သည့်အခါ၌ ပြီးမြောက်ပါမည်နည်း" ဟု ပြောဆိုကြကုန်၏။

لَوْ يَعْلَمُ الَّذِينَ كَفَرُوا حِينَ لَا يَكُفُّونَ عَن وُجُوهِهِمُ النَّارَ وَلَا عَن ظُهُورِهِمْ وَلَا هُمْ يُنصَرُونَ ﴿٣٩﴾

၃၉။ အကယ်၍သာ ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့သည် အကြင်အချိန်အခါကို သိကြပါမူ (ယင်းကဲ့သို့ ပြောဆိုကြမည် မဟုတ်ပေ)။ ထိုအချိန်အခါတွင် ယင်းသူတို့သည် မိမိတို့၏မျက်နှာများမှလည်းကောင်း၊ မိမိတို့၏ကျောက်ကုန်းများမှ လည်းကောင်း၊ မီးကို တားဆီးနိုင်ကြမည် မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့သည် (မည်သည့်)အကူအညီကို(မျှ)လည်း ရရှိကြမည် မဟုတ်ပေ။

بَلْ تَأْتِيهِم بَغْتَةً فَتَبْهَتُهُمْ فَلَا يَسْتَطِيعُونَ رَدَّهَا وَلَا هُمْ يُنظَرُونَ ﴿٤٠﴾

၄၀။ စင်စစ်မှာကား ယင်းမီးသည် ၎င်းတို့၌ ရုတ်တရက် သက်ရောက်ပြီးလျှင် ၎င်းတို့အား တွေဝေသွားစေမည် ဖြစ်သည်။ ထိုအခါ ၎င်းတို့သည် ထိုမီးကို တွန်းလှန်နိုင်ကြမည်လည်းမဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ရွှေ့ဆိုင်းခွင့်ကိုလည်း ရရှိကြမည် မဟုတ်ပေ။

➤➤ (ခ) အကယ်၍ တမန်တော်မြတ် တစ်ရက် ကွယ်လွန်သေဆုံးတော်မူမည်ကို တွေး၍ ဝမ်းသာနေကြသည်ဆိုပါက ဤကားအဓိပ္ပာယ် မရှိပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ကွယ်လွန် သေဆုံးတော်မူပါက ယင်းကာဖိရ်များသည် ထာဝရ အသက်ရှင်၍ နေကြရမည်လော။ သတ္တဝါတိုင်းသည် အချိန်ကျလျှင် သေကြရမည်သာ ဖြစ်ပေရာ သူတစ်ပါး၏ သေခြင်းကြောင့် ဝမ်းသာရန် အကြောင်းမရှိပေ။ (လူတိုင်းသည် ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားကြရမည်သာ ဖြစ်သည်။ မှတ်ကျောက်အတင်ခံနိုင်ရန်သာ အရေးကြီးသည်)။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٤١﴾

၄၁။ ငင်းပြင် မချွတ်ဧကန် အသင့်အလျောင်လည်း ရစူလ်တမန်တော်များသည် ပြက်ရယ်သမူပြုခြင်းကို ခံခဲ့ကြရလေ၏။ သို့ဖြစ်ပေရာ ထိုရစူလ်တမန်တော်များအား ပြက်ရယ်သမူ ပြုကြသူတို့အား ထိုပြက်ရယ်သမူပြုခြင်း၏ ပြစ်ဒဏ်သည် ဝိုင်းဝန်းခဲ့လေသည်။

قُلْ مَن يَكْلَؤُكُم بِاللَّيْلِ وَالنَّهَارِ مِنَ الرَّحْمَٰنِ ۚ بَلْ هُمْ عَن ذِكْرِ رَبِّهِم مُّعْرِضُونَ ﴿٤٢﴾

၄၂။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့အား ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း၊ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်(၏ ပြစ်ဒဏ်)မှ မည်သူသည် ကာကွယ်စောင့်ရှောက်၍ထားပါသနည်း။ စင်စစ်မှာကား ငင်းတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား အောက်မေ့တသသတိရခြင်းမှ မျက်နှာလွှဲ၍ နေသူများပင် ဖြစ်ကြကုန်၏။

أَمْ لَهُمْ آلِهَةٌ تَمْنَعُهُم مِّن دُونِنَا ۚ لَا يَسْتَطِيعُونَ نَصْرَ أَنفُسِهِمْ وَلَا هُم مِّنَّا يُصْحَبُونَ ﴿٤٣﴾

၄၃။ ငင်းတို့၌ ငါအရှင်မြတ်အပြင် မိမိတို့အား ကာကွယ်အံ့သောကိုးကွယ်ရာများ ရှိကြလေသလော။ (စင်စစ်) ယင်းကိုးကွယ်ရာများသည် မိမိတို့ကိုယ်ကိုပင် ကူညီရန် တတ်စွမ်းနိုင်ကြသည် မဟုတ်ပေ။ ထိုနည်းတူစွာ ငင်းတို့သည် ငါအရှင်မြတ်(၏ ပြစ်ဒဏ်မှ) ကာကွယ်စောင့်ရှောက်ခြင်းကို ခံကြရမည်လည်း မဟုတ်ပေ။

بَلْ مَتَّعْنَا هَٰؤُلَاءِ وَآبَاءَهُمْ حَتَّىٰ طَالَ عَلَيْهِمُ الْعُمُرُ ۗ

၄၄။ စင်စစ်မှာကား ငါအရှင်မြတ်သည် ယင်းတို့အားလည်းကောင်း၊ယင်းတို့၏အဘ၊ အဘိုး၊ ဘေးတို့အား လည်းကောင်း၊ (လောကီ စည်းစိမ်များကို ချီးမြှင့်တော်မူခြင်းအားဖြင့်) အသက်တာ ရှည်လျားသွားသည်အထိ စံစားစေတော်မူခဲ့၏။

أَفَلَا يَرَوْنَ أَنَّا نَأْتِي الْأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا ۚ أَفَهُمُ الْغَالِبُونَ ﴿٤٤﴾

ငါအရှင်မြတ်သည် (မက္ကာမြို့၏) မြေကို ဘေးပတ်ဝန်းကျင်များမှ (တဖြည်းဖြည်း) ယုတ်လျော့ (ကျဉ်းမြောင်း)အောင် ပြုလုပ်လာတော်မူသည်ကို ၎င်းတို့သည် မမြင်ကြလေသလော။ သို့ဖြစ်ရာ ၎င်းတို့သည်အောင်မြင်သောသူများ ဖြစ်ကြမည်လော။[၁]

قُلْ إِنَّمَا أُنذِرُكُم بِالْوَحْيِ ۖ وَلَا يَسْمَعُ الصُّمُّ الدُّعَاءَ إِذَا مَا يُنذَرُونَ ﴿٤٥﴾

၄၅။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) ငါသည် အသင်တို့အား "ဝဟ်ယ်" အမိန့်တော်ဖြင့် သတိပေးနှိုးဆော်ခြင်းသာဖြစ်သည်။ သို့ရာတွင် နားပင်းသူများမှာမူကား သတိပေး နှိုးဆော်ခြင်း ခံကြရသော အခါ ဟစ်ခေါ်ခြင်းကိုပင် မကြားကြချေ။

وَلَئِن مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُولُنَّ يَا وَيْلَنَا إِنَّا كُنَّا ظَالِمِينَ ﴿٤٦﴾

၄၆။ ထို့ပြင် စင်စစ် အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်မှ အငွေ့မျှပင် ၎င်းတို့၌ သက်ရောက်ခဲ့မူ အမှန်ပင် ၎င်းတို့က "သြော်-ကျွန်ုပ်တို့ ဖြစ်မှဖြစ်ရလေခြင်း၊ ကျွန်ုပ်တို့သည်သာလျှင် မတရားမှုကို ကျူးလွန်သော သူများဖြစ်ကြသည်" ဟု (ညည်းညူမြည်တမ်း) ပြောဆိုကြပေမည်။

---

① ဆိုလိုသည်ကား အရဗ်နိုင်ငံတွင် အစွမ်းသတ္တိသည် တဖြည်းဖြည်း တိုးတက်ပြန့်ပွား ထွန်းကားလာချေပြီ။ ကုဖ်ရ်၊ ရှရစ်က် မိစ္ဆာတရားသည် တိမ်ကောလာချေပြီ။ ကာဖိရ်၊ မုရှ်ရစ်က်တို့အပေါ်၌ အရဗ်နိုင်ငံ မြေကြီးသည်လည်း တဖြည်းဖြည်း ကျဉ်း၍ကျဉ်း၍ လာချေပြီ။ ၎င်းတို့၏ အစိုးရများနှင့် အာဏာစက်၊ အရှိန်အဝါများသည်လည်း ပျက်စီးမှေးမှိန်လာချေပြီ။ အစွမ်းသတ္တိနယ်နိမိတ် ကြီးမားလာခဲ့သည်နှင့်အမျှ ကုဖ်ရ်၏ နယ်နိမိတ်သည်လည်း ကျဉ်း၍ လာခဲ့ချေပြီ။ ဤသည့် ဖြစ်ရပ်များ၊ နိမိတ်လက္ခဏာများကို တွေ့မြင်နေကြပါလျက် ကာဖိရ်၊ မုရှ်ရစ်က်တို့သည် ၎င်းတို့၏ နောင်ရေးကို မတွေးမိကြပေ။ ၎င်းတို့သည် တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်တို့အား လွှမ်းမိုးကြရမည်ဟူ၍ ထင်မှတ်နေကြလေသလော။

အကယ်၍ ကာဖိရ်၊ မုရှ်ရစ်က်များ၌ အသိဉာဏ်အမြော်အမြင်ရှိပါလျှင် ၎င်းတို့သည် မိမိတို့၏ဉာဏ်ကို အသုံးပြုသင့်ကြပေသည်။ အခြေအနေများကို ဆင်ခြင်၍ မိမိတို့၏ နောင်ရေးကို ဆင်ခြင်သင့်ကြလေသည်။ ၎င်းတို့၏ ပတ်ဝန်းကျင် မြို့ရွာသားများသည် တမန်တော်များအား သွေဖည်ငြင်းဆန်ခဲ့ကြသည့်အတွက် ➤➤

وَنَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ
الْقِيٰمَةِ فَلَا تُظْلَمُ نَفْسٌ
شَيْـًٔا ؕ وَاِنْ كَانَ مِثْقَالَ
حَبَّةٍ مِّنْ خَرْدَلٍ
اَتَيْنَا بِهَا ؕ وَكَفٰى بِنَا
حٰسِبِيْنَ ﴿۴۷﴾

၄၇။ စင်စစ်ငါအရှင်မြတ်သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့တွင် မျှတသောချိန်ခွင်များကို ထားရှိတော်မူသည်။ သို့ဖြစ်ပေရာ မည်သူတစ်ဦးတစ်ယောက်မျှ အနည်းငယ်စိုးစဉ်းမျှပင် မတရားသဖြင့် နှိပ်စက်ခြင်းကို ခံရမည်မဟုတ်ပေ။ စင်စစ် အကယ်၍ (တစ်ဦး တစ်ယောက်၌) မုန်ညင်းစေ့ တစ်စေ့မျှ အလေးချိန်ရှိသော(ကောင်းမှုပင်) ရှိငြားသော်လည်း ငါအရှင်မြတ်သည်ယင်းမုန်ညင်းစေ့တစ်စေ့ကိုလည်း (ရှေ့တော်မှောက်သို့) ယူလာတော်မူမည်သာဖြစ်သည်။ စင်စစ် ငါအရှင်မြတ်နှင့်ပင် စစ်ဆေးတော်မူသောအရှင်အဖြစ် လုံလောက်ပေသတည်း။

وَلَقَدْ اٰتَيْنَا مُوْسٰى
وَهٰرُوْنَ الْفُرْقَانَ وَضِيَآءً
وَّذِكْرًا لِّلْمُتَّقِيْنَ ﴿۴۸﴾

၄၈။ ဧကန်စင်စစ် ငါအရှင်မြတ်သည် မူစာနှင့် ဟာရွန်အား အမှားနှင့်အမှန်ကို ကွဲပြား ခြားနားစေသော အလင်းရောင်တစ်ခုဖြစ်သော ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော မွတ္တကီ သူတော်စင်တို့အဖို့ ဆုံးမစာတစ်စောင်ဖြစ်သော (တောင်ရာတ်)ကျမ်းကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။

اَلَّذِيْنَ يَخْشَوْنَ رَبَّهُمْ
بِالْغَيْبِ وَهُمْ مِّنَ
السَّاعَةِ مُشْفِقُوْنَ ﴿۴۹﴾

၄၉။ အကြင်သူ(တော်)တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို မမြင်ကြပါဘဲလျက် ကြောက်ရွံ့ရိုသေကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ကိယာမတ် ရှင်ပြန်ထမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်သူများလည်း ဖြစ်ကြကုန်သည်။

➤➤ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်၍ ပျက်စီးခြင်းကြီးမက ပျက်စီးသွားခဲ့ကြချေပြီ။ ထိုအရှင်မြတ်၏ အမိန့်တော်များကို နာယူကျင့်မူကြကုန်သော တမန်တော်များနှင့် မွတ်စ်လင်မ်များသည် အောင်မြင်ခဲ့ကြပေပြီ။ ကြည့်-ကုရ်အာန်- (၄၆:၂၇)။ သို့ဖြစ်ပေရာ ယင်း ကာဖိရ်၊ မုရှ်ရစ်ကများသည် တမန်တော်အပေါင်းတို့၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အသို့လျှင် လွှမ်းမိုးနိုင်ကြအံ့နည်း။

وَهَٰذَا ذِكْرٌ مُّبَارَكٌ أَنزَلْنَاهُ ۚ أَفَأَنتُمْ لَهُ مُنكِرُونَ ﴿٥٠﴾

၅၀။ စင်စစ် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည်ကား ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော ဆုံးမစာတစ်စောင်ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်းဆုံးမစာကိုချပေးသနားတော်မူခဲ့လေသည်။ သို့ပါလျက် အသင်တို့သည် ယင်းဆုံးမစာကို ငြင်းပယ်သူများပင်ဖြစ်ကြပေသလော။

وَلَقَدْ آتَيْنَا إِبْرَاهِيمَ رُشْدَهُ مِن قَبْلُ وَكُنَّا بِهِ عَالِمِينَ ﴿٥١﴾

၅၁။ ၎င်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် (တမန်တော်)အီဗ်ရာဟီမ်အား *ရှေးဦးမဆွကပင်* ၎င်း၏ဆင်ခြင်တုံတရားကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ [၂] စင်စစ် ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား ကောင်းစွာ သိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။

إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا هَٰذِهِ التَّمَاثِيلُ الَّتِي أَنتُمْ لَهَا عَاكِفُونَ ﴿٥٢﴾

၅၂။ အကြင်အခါဝယ် ထိုအီဗ်ရာဟီမ်သည် မိမိဖခင်အားလည်းကောင်း၊ မိမိအမျိုးသားတို့အားလည်းကောင်း၊(အချင်းတို့၊)အသင်တို့ စွဲလမ်းကိုးကွယ်လျှက်ရှိကြကုန်သော ဤရုပ်တုများကား အဘယ်သို့သော အရာများနည်း၊ ဟု ပြောဆို(မေးမြန်း)ခဲ့လေသည်။

---

① ဤအာယတ်တော်တွင်ပါရှိသည့် (မင်္ဂလာဗဟုလ) "အလျင်"ဟူသည် တမန်တော်မူစာနှင့် တမန်တော်ဟာရွန်တို့ အလျင်ဟူ၏။ အချို့ကမူ အလ္လာဟ်အရှင်မြတ်သည် တမန်တော် အီဗ်ရာဟီမ်အား ငယ်ရွယ်စဉ်၌ပင် အဆိပါ "ရုရှ်ဒ်" ကို ချီးမြှင့်တော်မူခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြ၏။

② "ရုရှ်ဒ်" ဟူသောပုဒ်သည် ဖြောင့်မတ်မှန်ကန်သောလမ်းရရှိခြင်း၊ ရှေ့နောက် မြော်မြင်ဆင်ခြင် သိမြင်နိုင်သော အသိအလိမ္မာဉာဏ်၊ အကောင်းအဆိုး ခွဲခြားသိမြင်နိုင်သော ဉာဏ်၏အနက်၌ ဖြစ်သည်။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော် အီဗ်ရာဟီမ်အား ချီးမြှင့်တော်မူခဲ့သော 'ရုရှ်ဒ်'ကား အဘယ်နည်း၊ ဤတွင် အဆိုပြားလျက်ရှိသည်။

(က) အချို့က ဤအာယတ်တော်တွင် လာရှိသော "ရုရှ်ဒ်" ဟူသောပုဒ်သည် "နဗုဝါတ်" ၏အနက်၌ဖြစ်သည်ဟု ဆိုကြသည်။

(ခ) အချို့က ဤပုဒ်သည် သာသနာရေးတွင် တော်တည့် ဖြောင့်မတ် မှန်ကန်စွာ ကျင့်သုံးနိုင်ရန်အတွက် အမှန်တရား ရရှိခြင်းဟူသော အနက်၌ဖြစ်သည်ဟု ဆိုကြသည်။ ➤➤

قَالُوْا وَجَدْنَآ اٰبَآءَنَا لَهَا
عٰبِدِيْنَ ﴿٥٣﴾

၅၃။ ထိုအမျိုးသားတို့က ကျွန်ုပ်တို့သည် မိမိတို့၏အဘ၊ ဘိုးဘေးတို့အား ဤရုပ်တုများကို ကိုးကွယ်သူများအဖြစ် တွေ့ရှိခဲ့ကြသည်ဟု ပြောဆို(ဖြေကြား)ခဲ့ကြလေသည်။

قَالَ لَقَدْ كُنْتُمْ اَنْتُمْ وَ
اٰبَآؤُكُمْ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٥٤﴾

၅၄။ ထို အီဗရာဟီမ်က အသင်တို့သည် လည်းကောင်း၊ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည် လည်းကောင်း၊ ထင်ရှားစွာသော မှောက်မှားမှုဌာန်၌ ရှိခဲ့ကြကုန်သည်ဟု ပြောကြားခဲ့၏။

قَالُوْٓا اَجِئْتَنَا بِالْحَقِّ اَمْ
اَنْتَ مِنَ اللّٰعِبِيْنَ ﴿٥٥﴾

၅၅။ ၎င်းတို့က (အို-အီဗရာဟီမ်) အသင်သည် ကျွန်ုပ်တို့ထံ အမှန်ကို ယူဆောင်လာခဲ့လေသလော၊ သို့တည်းမဟုတ် အသင်သည် ပြက်ချော်ပြောင်လှောင်သူတစ်ဦးပင် ဖြစ်လေသလောဟု ပြောဆိုခဲ့ကြကုန်၏။

قَالَ بَلْ رَّبُّكُمْ
رَبُّ السَّمٰوٰتِ وَالْاَرْضِ
الَّذِيْ فَطَرَهُنَّ ۖ وَاَنَا
عَلٰى ذٰلِكُمْ مِّنَ
الشّٰهِدِيْنَ ﴿٥٦﴾

၅၆။ ထိုအီဗရာဟီမ်က ထိုသို့အလျှင်းမဟုတ်၊စင်စစ် အသင်တို့၏အရှင်သခင်သည်ကား မိုးကောင်းကင်များနှင့်ပထဝီမြေကို စိုးပိုင်တော်မူသော အကြင်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ယင်း မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ငါသည် ဤသည်နှင့်စပ်လျဉ်း၍ သက်သေများတွင် တစ်ဦး အပါအဝင်ဖြစ်သည်ဟု ပြောဆို(ဖြေကြား)ခဲ့လေသည်။

وَتَاللّٰهِ لَاَكِيْدَنَّ
اَصْنَامَكُمْ بَعْدَ اَنْ تُوَلُّوْا
مُدْبِرِيْنَ ﴿٥٧﴾

၅၇။ ၎င်းပြင်အလ္လာဟ်အရှင်မြတ်၏ကစမ်၊ ငါသည် အသင်တို့၏(ကိုးကွယ်ရာဖြစ်သော) ရုပ်ပွား ဆင်းတုများနှင့်စပ်လျဉ်း၍ အသင်တို့ပြန်သွားကြပြီးနောက် လျို့ဝှက်ကြံစည်မည် ဖြစ်သည်။

➤➤ (၈) အချို့ကမူ အဆိုပါအနက်သဘော နှစ်ရပ်စလုံးသည် ဤပုဒ်တွင် အကျုံးဝင်လျက် ရှိသည်ဟု ဆိုကြသည်။

فَجَعَلَهُمْ جُذٰذًا اِلَّا كَبِيْرًا لَّهُمْ لَعَلَّهُمْ اِلَيْهِ يَرْجِعُوْنَ ﴿٥٨﴾

၅၈။ ထို့နောက် ထိုအီဗ်ရာဟီမ်သည် ယင်းရုပ်ပွားဆင်းတုတော်များကို အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်ခဲ့လေသည်။ သို့ရာတွင် ယင်းတို့အနက် အကြီးဆုံးကိုမူကားချန်၍ထားခဲ့လေ၏။ သို့မှသာလျှင် ၎င်းတို့သည် ထိုတမန်တော်အီဗ်ရာဟီမ်ထံသို့ (စုံစမ်းရန်) ပြန်လာကြပေမည်။

قَالُوْا مَنْ فَعَلَ هٰذَا بِاٰلِهَتِنَآ اِنَّهٗ لَمِنَ الظّٰلِمِيْنَ ﴿٥٩﴾

၅၉။ ယင်းအမျိုးသားတို့ကကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို မည်သူသည် ဤသို့ပြုလုပ်ခဲ့ပါဘိသနည်း။ ဧကန်မလွဲ ထိုသူသည် ကျူးကျော်စော်ကားသူ တစ်ဦးပင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြကုန်၏။

قَالُوْا سَمِعْنَا فَتًى يَّذْكُرُهُمْ يُقَالُ لَهٗٓ اِبْرٰهِيْمُ ﴿٦٠﴾

၆၀။ ယင်းအမျိုးသားတို့(အနက် အချို့)က ကျွန်ုပ်တို့သည် အီဗ်ရာဟီမ်ဟုခေါ်တွင်သော လူငယ်တစ်ဦးအား ဤ(ကျွန်ုပ်တို့၏ကိုးကွယ်ရာ)တို့ကို (ပြစ်တင်) ပြောဆိုသည်ကို ကြားဖူးခဲ့ကြသည်ဟု ပြောကြကုန်၏။

قَالُوْا فَاْتُوْا بِهٖ عَلٰٓى اَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُوْنَ ﴿٦١﴾

၆၁။ (ထိုအခါ) ယင်းအမျိုးသားတို့က သို့ဖြစ်လျှင် အသင်တို့သည် အီဗ်ရာဟီမ်အား လူအပေါင်းတို့၏ မျက်မှောက်သို့ ၎င်းတို့(အားလုံး အီဗ်ရာဟီမ်)အား မြင်နိုင်ကြအံ့သောငှာ ခေါ်ဆောင်ခဲ့ကြလေကုန် ဟု ပြောဆိုကြလေ၏။

قَالُوْٓا ءَاَنْتَ فَعَلْتَ هٰذَا بِاٰلِهَتِنَا يٰٓاِبْرٰهِيْمُ ﴿٦٢﴾

၆၂။ (အီဗ်ရာဟီမ်သည် ၎င်းတို့ ရှေ့မှောက်သို့ ရောက်သောအခါ) ၎င်းတို့က အို-အီဗ်ရာဟီမ် အသင်သည်ပင်လျှင် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို ဤသို့ပြုလုပ်ခဲ့လေသလောဟု ပြောဆို(မေးမြန်း)ခဲ့ကြကုန်၏။

قَالَ بَلْ فَعَلَهٗ ۖ كَبِيْرُهُمْ هٰذَا فَسْـَٔلُوْهُمْ اِنْ كَانُوْا يَنْطِقُوْنَ ﴿٦٣﴾

၆၃။ ထို(အခါ) အီဗ်ရာဟီမ်က (ဤသို့) ပြောဆို (ဖြေကြား)ခဲ့၏။ အချင်းတို့၊ ထိုသို့အလျင်းမဟုတ်၊ စင်စစ်မှာကား၊ ၎င်းတို့၏ အကြီးအကဲဖြစ်သော ဤ (ရုပ်ပွားဆင်းတုကြီး)ကသာလျှင် ဤသို့ပြုလုပ်(ဟန်လက္ခဏာရှိ)သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရုပ်တုများကိုပင် အကယ်၍ ၎င်းတို့သည် စကား ပြောဆိုနိုင်ကြပါလျှင် (မေးမြန်း၍ကြည့်)ကြလေကုန်။

فَرَجَعُوْٓا اِلٰٓى اَنْفُسِهِمْ فَقَالُوْٓا اِنَّكُمْ اَنْتُمُ الظّٰلِمُوْنَ ۙ﴿٦٤﴾

၆၄။ ထိုအခါ ယင်းအမျိုးသားတို့သည် မိမိတို့၏ စိတ်ထဲတွင် တွေးတောစဉ်းစားခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် (မိမိတို့အချင်းချင်း) "အသင်တို့သည်သာလျှင် အမှားကိုကျူးလွန်သူများဖြစ်ကြသည်" ဟု (ထုတ်ဖော်)ပြောဆိုခဲ့ကြကုန်၏။

ثُمَّ نُكِسُوْا عَلٰى رُءُوْسِهِمْ ۚ لَقَدْ عَلِمْتَ مَا هٰٓؤُلَآءِ يَنْطِقُوْنَ ﴿٦٥﴾

၆၅။ ထိုနောက်၎င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို အောက်သို့စိုက်လျက် (အို-အီဗ်ရာဟီမ်) ဤရုပ်ပွားဆင်းတုများ (အလျှင်း) စကားပြောဆိုနိုင်ကြသည် မဟုတ်ကြောင်းကို အသင်သည်အသိပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြကုန်၏။

قَالَ اَفَتَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُكُمْ شَيْـًٔا وَّلَا يَضُرُّكُمْ ﴿٦٦﴾

၆၆။ ထို(အခါ) အီဗ်ရာဟီမ်က သို့ပါလျက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် အကြင်အရာကို ခဝပ်ကိုးကွယ်ကြလေသလော။ ထိုအရာသည် အသင်တို့အား လုံးဝ အကျိုးဖြစ်ထွန်းစေနိုင်သည်လည်း မဟုတ်ပေ။ အသင်တို့အား အကျိုးယုတ်စေနိုင်သည်လည်း မဟုတ်ပေ။

اُفٍّ لَّكُمْ وَلِمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ ۭ اَفَلَا تَعْقِلُوْنَ ﴿٦٧﴾

၆၇။ ထို့၊ အသင်တို့သည် ၎င်းအလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ကိုးကွယ်ကြသော အရာများသည်လည်းကောင်း၊ စက်ဆုပ်ဖွယ်ကောင်းလှပေသည်။ အသင်တို့သည် မသိနားမလည်ကြလေသလော။

قَالُوا حَرِّقُوهُ وَانْصُرُوا آلِهَتَكُمْ إِنْ كُنْتُمْ فَاعِلِينَ ﴿٦٨﴾

၆၈။ ယင်းအမျိုးသားတို့က (အချင်းတို့၊) အကယ်၍ အသင်တို့သည် (တစ်စုံတစ်ရာကို) ပြုလုပ်မည့် သူများပင်ဖြစ်ကြပါမူ ထိုအီဗရာဟီမ်အား မီးတင်ရှို့လျက် မိမိတို့၏ ကိုးကွယ်ရာ ဘုရားများကို ဝိုင်းမကူညီကြလေကုန်ဟု ပြောဆိုကြကုန်၏။

قُلْنَا يَا نَارُ كُونِي بَرْدًا وَسَلَامًا عَلَىٰ إِبْرَاهِيمَ ﴿٦٩﴾

၆၉။ (ထိုအခါ) ငါအရှင်မြတ်က "အိုမီး၊ သင်သည် အီဗရာဟီမ်အပေါ်၌ အေးမြစွာလည်းကောင်း၊ သာယာစွာလည်းကောင်း ရှိလော့"ဟု မိန့်ကြားတော်မူခဲ့၏။

وَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَخْسَرِينَ ﴿٧٠﴾

၇၀။ စင်စစ်သော်ကား ၎င်းတို့သည် ထိုအီဗရာဟီမ်နှင့်ပတ်သက်၍ မကောင်းသော အကြံအစည်ကို ကြံရွယ်ခဲ့ကြကုန်၏။ သို့ရာတွင် ငါအရှင်မြတ်သည် ၎င်းတို့အား အကြံမအောင်သောသူများပင် ဖြစ်စေတော်မူခဲ့၏။

وَنَجَّيْنَاهُ وَلُوطًا إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا لِلْعَالَمِينَ ﴿٧١﴾

၇၁။ ထို့အပြင် ငါအရှင်မြတ်သည် ထိုအီဗရာဟီမ်အားလည်းကောင်း၊ လူတွ်အားလည်းကောင်း၊ အကြင်နယ်မြေသို့ (စေလွှတ်တော်မူခြင်းအားဖြင့်) ကယ်တင်တော်မူခဲ့၏။ ငါ အရှင်မြတ်သည် ယင်းနယ်မြေ၌ကမ္ဘာသူ ကမ္ဘာသားတို့အဖို့ ကျက်သရေမင်္ဂလာ၊ သုခချမ်းသာများ၊ ရှိစေတော်မူခဲ့၏။

وَوَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ نَافِلَةً وَكُلًّا جَعَلْنَا صَالِحِينَ ﴿٧٢﴾

၇၂။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ထိုအီဗရာဟီမ်အား အစ္စဟာက်ကို (သားတော်အဖြစ်)လည်းကောင်း၊ ယအ်ကူဗ်ကို မြေးတော်အဖြစ်လည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုမှတပါး၊ ငါအရှင်မြတ်သည် (၎င်းတို့အနက်) အသီးသီးအား သူတော်စင်များပင်ဖြစ်စေတော်မူခဲ့၏။

وَجَعَلْنٰهُمْ أَئِمَّةً يَّهْدُوْنَ
بِأَمْرِنَا وَأَوْحَيْنَآ إِلَيْهِمْ
فِعْلَ الْخَيْرٰتِ وَإِقَامَ
الصَّلٰوةِ وَإِيْتَآءَ الزَّكٰوةِ ۚ
وَكَانُوْا لَنَا عٰبِدِيْنَ ﴿٧٣﴾

၇၃။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ်၏အမိန့်တော်နှင့် (ဝေနေယျသတ္တဝါများအား)တရားလမ်းမှန်ကို ညွှန်ပြကြလေသော ရှေ့ဆောင်ရှေ့ရပ်များအဖြစ်သို့ ချီးမြှင့်တော်မူခဲ့၏။ တဖန် ငါအရှင်မြတ်သည် ထိုသူတို့ထံ ကောင်းမြတ်သော အကျင့်အမူများကို ကျင့်မူ ဆောက်တည်ကြရန်လည်းကောင်း၊ ဆွလာတ် ဝတ်ပြုမှုကို ဆောက်တည်ရန်လည်းကောင်း၊ ဇကာတ် ပေးဆောင်ရန်လည်းကောင်း၊ "ဝဟ်ယ်" အမိန့်တော်ကိုထုတ်ပြန်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် ငါအရှင်မြတ်အား ခဝပ်ကိုးကွယ်သူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

وَلُوْطًا اٰتَيْنٰهُ حُكْمًا وَّعِلْمًا
وَّنَجَّيْنٰهُ مِنَ الْقَرْيَةِ
الَّتِيْ كَانَتْ تَّعْمَلُ الْخَبٰٓئِثَ ؕ
إِنَّهُمْ كَانُوْا قَوْمَ سَوْءٍ
فٰسِقِيْنَ ﴿٧٤﴾

၇၄။ ထိုမှတပါး၊ ငါအရှင်မြတ်သည် လူတ်အား [၁] ဆင်ခြင်တုံတရားကို လည်းကောင်း၊ အသိပညာကို လည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုလူတ်အား အကြင်မြို့ရွာမှ ကယ်တင်တော်မူခဲ့၏။ ယင်းမြို့(သူ) ရွာ(သားတို့)သည် စက်ဆုပ်ရွံ့ရှာဖွယ်များကို ကျူးလွန်လျက်ရှိခဲ့ကြကုန်၏။ ဧကန်မလွဲ ၎င်းတို့သည် အလွန်ယုတ်မာသော အမျိုးသားများ၊ ကာဖဂုဏ် လိုက်စားကျူးလွန်သောသူများပင် ဖြစ်ခဲ့ကြကုန်၏။

وَأَدْخَلْنٰهُ فِيْ رَحْمَتِنَا ؕ إِنَّهٗ
مِنَ الصّٰلِحِيْنَ ﴿٧٥﴾

၇၅။ ၎င်းပြင် ထို လူတ်အား ငါအရှင်မြတ်သည် မိမိကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့၏။ စင်စစ်ဧကန် ထို လူတ်ကား သူတော်စင်တို့တွင် ပါဝင်ခဲ့ပေသတည်း။

---

① **မှတ်ချက်။ တမန်တော်လူတ်။**

တမန်တော် လူတ် အကြောင်း ကုရ်အာန် (၆:၈၆။ ၇:၈၀။ ၁၁:၇၇-၈၃) များတွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည် ရှုပါကုန်။

وَنُوحًا إِذْ نَادَىٰ مِن قَبْلُ فَاسْتَجَبْنَا لَهُ فَنَجَّيْنَاهُ وَأَهْلَهُ مِنَ الْكَرْبِ الْعَظِيمِ ﴿٧٦﴾

၇၆။ ထို့ပြင် (အို-နဗီတမန်တော်)နူဟ် ٰ (၏ အတ္ထုပ္ပတ္တိအကြောင်း)ကိုလည်း (ပြန်လည်သတိရပါလေ။ တမန်တော် အီဗ်ရာဟီမ်မပွင့်မီ) ရှေးကာလကပင် ထိုနူဟ်သည် (ငါအရှင်မြတ်အား) ဟစ်ခေါ်ပန်ကြားခဲ့လေသည်။ ထိုအခါ ငါအရှင်မြတ်သည် ထိုနူဟ်၏ ဟစ်ခေါ်ပန်ကြားချက်ကို သဘောတူလက်ခံတော်မူခဲ့ပေသည်။ ထို့နောက် ငါအရှင်မြတ်ထိုနူဟ်အားလည်းကောင်း၊ ထိုနူဟ်၏ဘက်တော်သားတို့အားလည်းကောင်း၊ ကြီးစွာသော ပူပင်သောကဖြစ်ခြင်းမှ ကယ်တင်တော်မူခဲ့၏။

وَنَصَرْنَاهُ مِنَ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا ۖ إِنَّهُمْ كَانُوا قَوْمَ سَوْءٍ فَأَغْرَقْنَاهُمْ أَجْمَعِينَ ﴿٧٧﴾

၇၇။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုနူဟ်အား ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသော အမျိုးသားတို့(၏ ဘေးအန္တရာယ်)မှ ကာကွယ်စောင့်ရှောက်တော်မူခဲ့၏။ ဧကန်မလွဲ ၎င်းတို့သည် အလွန်ဆိုးရွားသော အမျိုးသားများပင် ဖြစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အားလုံးကို နစ်မြုပ်စေတော်မူခဲ့ပေသတည်း။

وَدَاوُودَ وَسُلَيْمَانَ إِذْ يَحْكُمَانِ فِي الْحَرْثِ إِذْ نَفَشَتْ فِيهِ غَنَمُ الْقَوْمِ ۖ وَكُنَّا لِحُكْمِهِمْ شَاهِدِينَ ﴿٧٨﴾

၇၈။ ထိုမှတပါး (အို-နဗီတမန်တော်)ဒါဝူဒ် (၏ အတ္ထုပ္ပတ္တိအကြောင်း)ကို လည်းကောင်း၊ စုလိုင်မာန်(၏ အတ္ထုပ္ပတ္တိ အကြောင်းကို လည်းကောင်း၊ ပြန်လည်၍ သတိရပါလေ)။ တစ်ရံရောအခါဝယ် ထို(သားအဖ)နှစ်ပါးတို့သည် လယ်ယာနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ် ကြကုန်၏။

---

① **မှတ်ချက်။**

တမန်တော် နူဟ်(အလိုင်ဟစ္စလာမ်)အကြောင်း ကုရ်အာန် (၃၁၃)တွင် အကျယ်ရေးသားခဲ့ပေပြီ။ ကုရ်အာန် (၆၁၈၅)တွင်လည်း သက်ဆိုင်ရာ အရေးကြီးသော အချက်များကို ဖြည့်စွက်ရေးသားခဲ့ပြီးဖြစ်သည်။

فَفَهَّمْنٰهَا سُلَيْمٰنَ ۚ وَكُلًّا اٰتَيْنَا حُكْمًا وَّعِلْمًا ۡ وَّسَخَّرْنَا مَعَ دَاوٗدَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ ۭ وَكُنَّا فٰعِلِيْنَ ۝۷۹

အကြင်အခါဝယ် အမျိုးသားတို့၏ ဆိတ်များသည် ယင်းလယ်ယာ၌ ညဉ့်အချိန်တွင် ဝင်ရောက်(ဖျက်ဆီး)ခဲ့ကြကုန်၏။ စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့၏ စီရင်ဆုံးဖြတ်မှုကို ရှုစားလျက်ပင် ရှိနေတော်မူခဲ့၏။ [၁]

၇၉။ ထိုရောအခါဝယ်ငါအရှင်မြတ်သည် စုလိုင်မာန်အား ယင်းအမှု(၏အဆုံးအဖြတ်)ကို သိနားလည်စေတော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် (ဒါဂူဒ်နှင့် စုလိုင်မာန်တမန်တော် နှစ်ပါးအနက်) အသီးသီးအား ဆင်ခြင်တုံတရားကို လည်းကောင်း၊ အသိပညာကို လည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ဒါဂူဒ်နှင့်အတူ တောင်များကို လိုက်နာစေတော်မူခဲ့ရာ ထိုတောင်များသည်(ဒါဂူဒ်နှင့်အတူ) ငါအရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာပွားလျက် ရှိကြပေသည်။ ထိုနည်းတူစွာ ငှက်တိရစ္ဆာန်များကိုလည်း (ဒါဂူဒ်နှင့်အတူလိုက်နာစေတော်မူခဲ့သည်။) စင်စစ် ငါအရှင်မြတ်သည် (ယင်းကဲ့သို့) ပြုလုပ်တော်မူသော အရှင်ဖြစ်တော်မူပေသည်။

---

① **တမန်တော်ဒါဂူဒ်နှင့် တမန်တော် စုလိုင်မာန်၏ အဆုံးအဖြတ်။**

တမန်တော် ဒါဂူဒ်(အလိုင်ဟစ္စလာမ်)၏ အကြောင်း ကုရ်အာန် (၂:၂၅၁)တွင်လည်းကောင်း၊ (၄:၁၆၃)တွင်လည်းကောင်း၊ (၆:၈၅)တွင်လည်းကောင်း ရေးသားခဲ့ပေပြီ။

တမန်တော် စုလိုင်မာန်(အလိုင်ဟစ္စလာမ်)၏ အကြောင်း ကုရ်အာန် (၂:၁၀၂)တွင်လည်းကောင်း၊ (၄:၁၆၃)တွင်လည်းကောင်း၊ (၆:၈၅)တွင်လည်းကောင်း ရေးသားခဲ့ပေပြီ။

တမန်တော် ဒါဂူဒ်(David)သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည်။ တမန်တော် စုလိုင်မာန်(Solomon)သည် တမန်တော်ဒါဂူဒ်၏ သားတော်ဖြစ်သည်။ တမန်တော် တစ်ပါးလည်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ယင်း သားအဘ နှစ်ပါးတို့အား အုပ်ချုပ်မှု၊ ဆုံးဖြတ်မှု၊ အသိပညာ၊ အမြော်အမြင်များကို အထူးတလည် ချီးမြှင့်ထားတော်မူခဲ့သည်။ ➤➤

وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ لِتُحْصِنَكُمْ مِّنْۢ بَاْسِكُمْ ۚ فَهَلْ اَنْتُمْ شٰكِرُوْنَ ۝٨٠

၈၀။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုဒါဝူဒ်အား အသင်တို့အကျိုးငှာ သံချပ်အင်္ကျီ ပြုလုပ်သော အတတ်ပညာကို သင်ပေးတော်မူခဲ့၏။ သို့မှသာလျှင် ယင်းသံချပ်အင်္ကျီသည် အသင်တို့အား အသင်တို့စစ်တိုက်ခိုက်ရာတွင် ကာကွယ်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်သူများ ဖြစ်ကြလေသလော။

➤➤ ဤအာယတ်တော်များတွင် အဆိုပါ သားအဘ နှစ်ဦးတို့၏ အဆုံးအဖြတ် တစ်ရပ်ကို ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ တစ်ခါသော် တမန်တော် ဒါဝူဒ်ထံသို့ အဆုံးအဖြတ်နာယူရန်အတွက် အမှုတစ်ခု ရောက်ရှိလာခဲ့၏။ ပုဂ္ဂိုလ်တစ်ဦး၏ လယ်ယာတွင် အချို့ပုဂ္ဂိုလ်များ၏ ဆိတ်များသည် ညဉ့်အချိန်၌ ဝင်ရောက်ဖျက်ဆီးသွားခဲ့၏။ လယ်ယာသည် အတော်ပင် ပျက်စီးသွားခဲ့၏။ ပျက်စီးသွားသော လယ်ယာ၏ တန်ဖိုးမှာ ဝင်ရောက်ဖျက်ဆီးသွားသော ဆိတ်များ၏ တန်ဖိုးနှင့် ညီမျှနေ၏။ တမန်တော်ဒါဝူဒ်သည် တရားလို တရားခံတို့၏ စကား၊ အမှုသွားအမှုလာ၊ အဖြစ်အပျက်အခြေအနေ အရပ်ရပ်တို့ကို ကြားနာလေ့လာ၍ လယ်ရှင်၏ ဆုံးရှုံးနစ်နာမှုမှာ ဝင်ရောက်ဖျက်ဆီးသွားသော ဆိတ်များ၏ တန်ဖိုးနှင့် ညီမျှနေသည်ကို စဉ်းစားဆင်ခြင်မြော်မြင်ပြီး၊ အဆိုပါဆိတ်များကိုပင် လျော်ကြေးအဖြစ် သက်ဆိုင်ရာလယ်ရှင်အား ပေးအပ်ရန် အဆုံးအဖြတ် ပေးလိုက်လေသည်။

အဆိုပါ အဆုံးအဖြတ်နှင့် စပ်လျဉ်း၍ သားတော် တမန်တော်စုလိုင်မာန်က ဖြည့်စွက်အကြံပေးခဲ့သည်မှာ-ဖခင်ကြီး၏ အဆုံးအဖြတ်မှာ တရားတော်အရ မှန်ကန်ပါသည်။ အဆုံးအဖြတ်ပေးရာတွင် တရားလို တရားခံတို့၏ ကျေနပ်နှစ်သက်မှုကို ထောက်ထားရန်လည်း မလိုပါ။ သို့ရာတွင် ဤအဆုံးအဖြတ်အရဆိုလျှင် ဆိတ်ရှင်များသည် လုံးဝအရှုံးဘက်တွင် ရောက်ရှိနေကြပါသည်။ ထို့အတွက် ဖျန်ဖြေသည့်သဘောဖြင့် နှစ်ဦးနှစ်ဘက်အား ထောက်ထားရာလည်းကျ၊ နှစ်ဦးနှစ်ဘက်၏ ကျေနပ်မှုလည်းရ၊ လွယ်ကူမှုလည်း ရှိစေရန်အလို့ငှာ ဆိတ်ရှင်များသည် မိမိတို့၏ ဆိတ်များကို သင့်တော်သည့်အချိန်အထိ လယ်ရှင်အား ပေးအပ်ထားကြရမည်။ လယ်ရှင်သည် ထိုဆိတ်များ ထိန်းကျောင်း၍ ထိုဆိတ်များမှ နို့ရည်၊ အမွေး စသည်များကို အကျိုးခံစားခွင့် ရှိစေရမည်။ လယ်ရှင်သည် မိမိ၏ ပျက်စီးနေသော လယ်ယာကို ဆိတ်ရှင်များအား သင့်တော်သည့်အချိန်အထိ ပေးအပ်ထားရမည်။ ဆိတ်ရှင်များသည် ပျက်စီးနေသော လယ်ယာများကို ယခင်မူလအတိုင်း ပြန်လည်ဖြစ်ရှိလာသည်အထိ ပြုစုပျိုးထောင်ပေးကြရမည်။ လယ်ရှင်၏ လယ်ယာများသည် ယခင်မူလအတိုင်း ပြန်လည်ဖြစ်ရှိလာသည့်အခါ ဆိတ်များနှင့် လယ်ယာများကို သက်ဆိုင်ရာပိုင်ရှင် အသီးသီးတို့အား ပြန်လည်အပ်ကြရမည်။ ဤသည် သားတော် တမန်တော်စုလိုင်မာန်၏ အကြံပေး ဆုံးဖြတ်ချက်တည်း။

တမန်တော်ဒါဝူဒ်သည် သားတော် စုလိုင်မာန်၏ အကြံပေးဆုံးဖြတ်ချက်ကို ကြားသိသောအခါ ကျေနပ်နှစ်သက်စွာနှင့် လက်ခံအတည်ပြုလိုက်လေသည်။ တမန်တော် သားအဖ နှစ်ပါးလုံး၏ အဆုံးအဖြတ်သည် မှန်ကန်သည်။ သို့ရာတွင် သားတော် တမန်တော်စုလိုင်မာန်၏ အဆုံးအဖြတ်သည် ပိုမိုလျော်ကန် သင့်မြတ်လှပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်၏ အကျိုးပင်။ (မာဂျီဒီ)

وَلِسُلَيْمٰنَ الرِّيْحَ عَاصِفَةً تَجْرِيْ بِاَمْرِهٖٓ اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا ۭ وَكُنَّا بِكُلِّ شَيْءٍ عٰلِمِيْنَ ۝۸۱

၈၁။ ထိုမှတပါး: (ငါအရှင်မြတ်သည်) စုလိုင်မာန်အား *ပြင်းထန်စွာတိုက်ခတ်သောလေကို* နိုင်နင်းစေတော်မူခဲ့၏။ [၁] ယင်းလေသည် ထိုစုလိုင်မာန်၏အမိန့်နှင့် ငါအရှင်မြတ်ကျက်သရေမင်္ဂလာ၊ သုခချမ်းသာနှင့်ပြည့်စုံစေတော်မူသော နယ်မြေသို့ တိုက်ခတ်သွားလာလေ၏။ စင်စစ်သော်ကား: ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။

وَمِنَ الشَّيٰطِيْنِ مَنْ يَّغُوْصُوْنَ لَهٗ وَيَعْمَلُوْنَ عَمَلًا دُوْنَ ذٰلِكَ ۚ وَكُنَّا لَهُمْ حٰفِظِيْنَ ۝۸۲ۙ

၈၂။ ထိုမှတပါး:ရှိုင်တွာန်မိစ္ဆာကောင်တို့တွင် အကြင်ရှိုင်တွာန် မိစ္ဆာကောင်များလည်း ရှိခဲ့ကြ၏။ ယင်း*ရှိုင်တွာန် မိစ္ဆာကောင်များသည် ထိုစုလိုင်မာန်၏အကျိုးငှာ (သမုဒ္ဒရာပင်လယ်၌) ရေငုပ်ခြင်းကိုလည်းကောင်း၊ အခြားအလုပ်ကိစ္စ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ပြုလုပ်ကြကုန်၏။* [၂] စင်စစ်သော်ကား: ငါအရှင်မြတ်သည်ပင် ယင်းရှိုင်တွာန် မိစ္ဆာကောင်တို့အား ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်မြတ်ဖြစ်တော်မူပေသတည်း။

---

① **တမန်တော် စုလိုင်မာန်၏ ပလ္လင်ပျံ။**

တမန်တော် စုလိုင်မာန်သည် အလ္လာဟ်အရှင်မြတ် အထံတော်၌ "အို-ကျွန်တော်မျိုး၏ အရှင်သခင်၊ ကျွန်တော်မျိုးအား ချမ်းသာခွင့်ပေးတော်မူပါ။ ကျွန်တော်မျိုးအား ကျွန်တော်မျိုး၏နောက်တွင် မည်သူ တစ်ဦး တစ်ယောက်အဖို့မျှ မထိုက်တန်သော အုပ်စိုးမှုကို ချီးမြှင့်တော်မူပါ" ဟု ဆုပန်ကြားခဲ့ရာ အလ္လာဟ်အရှင်မြတ်သည် လေနှင့်ဂျင်နီများကို တမန်တော် စုလိုင်မာန်၏ အာဏာစက်အောက်တွင် ထားရှိပေးတော်မူခဲ့လေသည်။

ကြည့်-ကုရ်အာန် (၃၈:၃၀-၃၉)။

တမန်တော် စုလိုင်မာန်သည် ပလ္လင်တစ်ခု ပြုလုပ်ထား၏။ ခရီးသွားသည့်အခါ ထိုပလ္လင်ပေါ်တွင် မိမိနှင့်တကွ မျူးမတ်များကိုလည်း ထိုင်စေ၏။ လိုရာပစ္စည်းများကိုလည်း တင်ဆောင်စေတော်မူ၏။ ထို့နောက် တမန်တော် စုလိုင်မာန်၏ အမိန့်ဖြင့် လေသည်ရောက်ရှိလာပြီး ထိုသည့်ပလ္လင်ကို အဟုန်ပြင်းစွာ တိုက်ခတ်၍ ကောင်းကင်သို့ မ,ယူပြီး လိုရာဌာနသို့ ဖြည်းညှင်းသာယာစွာ ပို့ဆောင်ပေးလေသည်။ တမန်တော် စုလိုင်မာန်သည် ယမန်ပြည်မှ ဆီးရီးယားပြည်၊ ဆီးရီးယားပြည်မှ ယမန်ပြည်သို့ တစ်လခရီးကို နေ့ဝက်အတွင်း ပလ္လင်ပျံဖြင့် သွားလာလေ့ရှိခဲ့သည်။

ကြည့်-ကုရ်အာန် (၃၄:၁၂)။

وَأَيُّوبَ إِذْ نَادَىٰ رَبَّهُ أَنِّي مَسَّنِيَ الضُّرُّ وَأَنتَ أَرْحَمُ الرَّاحِمِينَ ﴿٨٣﴾

၈၃။ ၎င်းပြင် (အို-နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်)အိုက်ယူးဗ်(၏ အတ္ထုပ္ပတ္တိအကြောင်း) ကို(လည်း ထုတ်ဖော်ပြောကြားပါလေ)။ တစ်ရံသော အခါဝယ် ထိုအိုက်ယူးဗ်သည် မိမိအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်အား (အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊) ဧကန်မလွဲ ကျွန်တော်မျိုး၌ ဘေးဥပဒ်သက်ရောက်ပါပြီ။ စင်စစ် သော်ကား အရှင်မြတ်သည် သနားကရုဏာ ပြုတတ် သူတို့တွင် သနား ကရုဏာ ပြုတော်မူဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်ဟု ဟစ်ခေါ်တသ ပန်ကြားခဲ့လေ၏။

فَاسْتَجَبْنَا لَهُ فَكَشَفْنَا مَا بِهِ مِن ضُرٍّ ۖ وَآتَيْنَاهُ أَهْلَهُ وَمِثْلَهُم مَّعَهُمْ رَحْمَةً مِّنْ عِندِنَا وَذِكْرَىٰ لِلْعَابِدِينَ ﴿٨٤﴾

၈၄။ ထိုအခါ ငါအရှင်မြတ်သည် ထိုအိုက်ယူးဗ်၏ အသနားခံပန်ကြားချက်ကို သဘောတူ လက်ခံတော် မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုအိုက်ယူးဗ် ၌ သက်ရောက်ခဲ့သော ဘေးဥပဒ်ကို ပျောက်ကင်းစေ တော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထို အိုက်ယူးဗ်အား ၎င်း၏အိမ်ထောင်စုသား၊ သားမယား၊ သားသမီးများ(ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်) အပြင် ထိုသူတို့နှင့်အတူ ထိုသူတို့ကဲ့သို့ အလားတူ

---

(၂) **တမန်တော် စုလိုင်မာန်၏ "ဂျင်န်" အလုပ်သမားများ၊**

အလ္လာဟ်အရှင်မြတ်သည် တမန်တော် စုလိုင်မာန်၏ ဆုပန်ကြားချက်အရ၊ တမန်တော် စုလိုင်မာန်၏ အာဏာစက်အောက်တွင် လေကို ထားသကဲ့သို့ ဦးခေါင်းမာသော ဆိုးသွမ်းသော ဂျင်န်များကိုလည်း ထားပေးတော်မူခဲ့သည်။ ယင်း ဂျင်န်များသည် တမန်တော် စုလိုင်မာန် စေခိုင်းသည့်အတိုင်း အလွန်ကြီးလေး ပြင်းထန်သော လုပ်ငန်းများကို ကျေပွန်စွာ လုပ်ဆောင်ပေးခဲ့ကြရသည်။

ဥပမာ-ဂျင်န်များသည် တမန်တော် စုလိုင်မာန်အဖို့ သမုဒ္ဒရာ ပင်လယ်များတွင် ရေငုပ်၍ ပုလဲများကို ကောက်ယူပေးကြရသည်။ ကြီးမားသော ဝတ်ကျောင်းများ၊ တိုက်တာ ဂေဟာများကို ဆောက်လုပ်ပေးကြရသည်။ ရေကန်ကြီးများတမျှ ကြီးမားသော သံဒယ်အိုးကြီးများကို သွန်းလောင်း ပြုလုပ်ပေးကြရသည်။ လိုရာသို့လည်း ပို့ဆောင်ပေးကြရသည်။ ဤအကြောင်း ကုရ်အာန် (၃၄း၁၂-၁၃။ ၃၈း၃၇-၃၈) တွင်လည်း မိန့်ဆိုထားတော်မူသည်။

ကိုလည်း မိမိအထံတော်မှ ကရုဏာတော်အဖြစ်လည်း ကောင်း၊ ဝတ်ပြုကိုးကွယ်သူများအဖို့ သတိရစေသော အထိမ်းအမှတ်အဖြစ်လည်းကောင်း ချီးမြှင့်ပေးသနား တော်မူခဲ့ပေသတည်း။

وَإِسْمَٰعِيلَ وَإِدْرِيسَ وَذَا ٱلْكِفْلِ ۖ كُلٌّ مِّنَ ٱلصَّٰبِرِينَ ﴿٨٥﴾

၈၅။ ၎င်းပြင် (အို- နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်)အီစ်မာအီလ်၊ (နဗီတမန်တော်)အီဒ္ဒရိစ်၊ (နဗီတမန်တော်)ဇူလ်ကိဖ်လ်တို့(၏ အတ္ထုပ္ပတ္တိ အကြောင်းများ)ကိုလည်း (ထုတ်ဖော်ပြောကြားပါလေ။ ထိုနဗီတမန်တော်)အသီးသီးတို့သည် ခန္တီတရားရှိသူ တို့တွင် ပါဝင်ခဲ့ကြကုန်၏။

وَأَدْخَلْنَٰهُمْ فِى رَحْمَتِنَآ ۖ إِنَّهُم مِّنَ ٱلصَّٰلِحِينَ ﴿٨٦﴾

၈၆။ ထိုမှတပါး ငါအရှင်မြတ်သည် ၎င်း(နဗီတမန် တော်)တို့အားမိမိကရုဏာတော်အတွင်း ပါဝင်စေတော် မူခဲ့၏။ ဧကန်စင်စစ် ထို နဗီတမန်တော်တို့ကား သူတော်စင်တို့တွင် ပါဝင်ခဲ့ကြကုန်သတည်း။

وَذَا ٱلنُّونِ إِذ ذَّهَبَ مُغَٰضِبًا فَظَنَّ أَن لَّن نَّقْدِرَ عَلَيْهِ

၈၇။ ထို့ပြင် (အို-နဗီတမန်တော်၊ အသင်သည်) "ဖွန်နွန်" *ငါး*ရှင် [၁] (နဗီတမန်တော် ယူနုတ်စ်၏ အတ္ထုပ္ပတ္တိအကြောင်း)ကိုလည်း (ပြောကြားပါလေ)။ တစ်ရံရော အခါဝယ် ထိုငါးရှင် (နဗီတမန်တော် ယူနုတ်စ်)သည် (မိမိ၏ အမျိုးသားတို့အပေါ်ဝယ်) ဒေါသအမျက်ထွက်ကာ (မိမိမြို့ရွာဒေသမှထွက်ခွာ၍) သွားခဲ့လေသည်။ [၂]

---

① **တမန်တော် ယူနုတ်စ်။**

မှတ်ချက်။ တမန်တော် ယူနုတ်စ် (အလိုင်ဟစ္စလာမ်)၏အကြောင်း ကုရ်အာန် (၄၈း၁၆၃။ ၆း၈၆။ ၁၀း၉၈။ ၂၁း၈၇-၈၈။ ၃၇း၁၃၉-၁၄၀)တွင် ပါရှိသည်။ တမန်တော် ယူနုတ်စ်၏ အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၄း၁၆၃။ ၆း၈၆။ ၁၀း၉၈)၏ အဖွင့်များတွင် အကျယ်ရေးသားခဲ့ပါပြီ။

② တမန်တော် ယူနုတ်စ် (အလိုင်ဟစ္စလာမ်)သည် ဇနနီဝါ မြို့သူမြို့သားများ၏ စိတ်ဓာတ်ခဲယဉ်းမှု၊ ဆိုးသွမ်းမှု၊ သွေဖည်ငြင်းဆန် မနာခံမှုများကြောင့် ဒေါသထွက်ကာ အလ္လာဟ်အရှင်မြတ်ထံမှ ဝဟီအမိန့်တော်ကို မစောင့်မိတော့ဘဲ မြို့သူမြို့သားများကိုစွန့်ပြီး မြို့မှထွက်ခွာလာခဲ့လေသည်။ ဤသို့ ပြုမူသည့်အတွက် ➤➤

فَنَادٰى فِى الظُّلُمٰتِ اَنْ لَّآ اِلٰهَ اِلَّآ اَنْتَ سُبْحٰنَكَ ۖ اِنِّىْ كُنْتُ مِنَ الظّٰلِمِيْنَ ۚ ﴿٨٧﴾

တဖန် ထိုငါးရှင်က ငါအရှင်မြတ်သည်ငင်း၏အပေါ်၌ အလျင်း ကျပ်တည်းစေတော်မူသည်မဟုတ်ဟူ၍ထင်မြင်ခဲ့လေသည်။ ထို့နောက် ငင်းသည် အမှောင်များအတွင်း၀ယ် ³*(အို-အလ္လာဟ်အရှင်မြတ်၊)* *အရှင်မြတ် မှတပါး၊ ခ၀ပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိပါ။ အရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူပါ၏။ ဧကန်မလွဲ ကျွန်တော်မျိုးသည် သာလျှင် အပြစ်ကျူးလွန်သူဖြစ်ပါ၏တကား* ¹ ဟု ဟစ်ခေါ်တသ အသနားခံ ပန်ကြားခဲ့လေသည်။

➤➤ အလ္လာဟ်အရှင်မြတ်သည် မိမိအား အလျင်း အရေးယူတော်မူမည်မဟုတ်၊ (တစ်နည်း) အကျပ်ကိုင်တော်မူမည် မဟုတ်ဟူ၍ လည်း ထင်မှတ်ခဲ့လေသည်။ ဤသည်တမန်တော် ယူနုတ်စ်၏ "အိဂျ်တိဟဒီ ဃလတီ" အယူအဆ အဆင်ခြင် ဝေဖန်ပိုင်းခြားခြင်း၏ တိမ်းစောင်းမှုပင်ဖြစ်သည်။ ဤသို့ တိမ်းစောင်းမှုသည် သာမန်နောက်လိုက်တပည့်သားတို့အဖို့ ခွင့်လွှတ်နိုင်သော ကိစ္စဖြစ်သော်လည်း တမန်တော်တစ်ပါးအဖို့မှာကား တာဝန်ရှိပေသည်။ တမန်တော်များကား သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ တမန်တော်ဂုဏ်ဖြင့် ချီးမြှင့်တော်မူခြင်း ခံကြရသော အလ္လာဟ်အရှင်မြတ်၏ တမန်တော်များဖြစ်ကြပေသည်။ အလ္လာဟ်အရှင်မြတ်နှင့် အလွန်နီးစပ်ကြပေသည်။ ၎င်းတို့ထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ အကြောင်းအားလျော်စွာ (၀ဟီ) အမိန့်တော်များလည်း ကျရောက်လာပေသည်။ ၎င်းတို့၏ တာဝန်ကား ကြီးလေးလှပေသည်။

အလ္လာဟ်အရှင်မြတ် အထံတော်မှ (၀ဟီ) အမိန့်တော် ကျရောက်လာနိုင်ဖွယ်ရာ ဖြစ်သော ကိစ္စမျိုးတွင် အမိန့်တော်ကို မစောင့်မျှော်ဘဲ မိမိ၏အမျိုးသားများအား စွန့်၍ မြို့မှထွက်ခွာလာခဲ့ခြင်းသည် တမန်တော်တစ်ပါးအဖို့မသင့်လျော်ပေ။ ထို့အတွက်ကြောင့်လည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်ယူနုတ်စ်အား အရေးယူတော်မူခဲ့ခြင်း ဖြစ်သည်။ တမန်တော် ယူနုတ်စ်သည်လည်း နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ထိုအရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်ပြီး လွတ်မြောက်၍ မိမိ၏အမျိုးသားများထံသို့ ကောင်းမွန်စွာ ပြန်လည် ရောက်ရှိလာခဲ့ပေသည်။

အလ္လာဟ်အရှင်မြတ်သည် အချို့သာမန် အသေးအဖွဲ ကိစ္စကလေးများနှင့် စပ်လျဉ်း၍ တာဝန်မရှိသော လူသာမန်တို့အား အရေးယူတော်မူလေ့ မရှိသော်လည်း မိမိနှင့် အလွန်နီးစပ်သော၊ တာဝန်ရှိသော ပုဂ္ဂိုလ်များကိုကား ပြင်းထန်စွာ အရေးယူတော်မူလေ့ရှိသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်သော၊ တာဝန်ရှိသော ရှေ့ဆောင်ရှေ့ရပ်တို့ကား တာဝန်ကြီးသည်နှင့်အမျှ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ၊ အယူအဆ ဟူဟူသမျှတွင် သာမန်တိမ်းစောင်းမှုကိုပင် မကျူးလွန်မိကြရန် သတိဝီရိယကြီးစွာ ထားရှိကြရမည် ဟူသတည်း။

① ဤအာယတ်တော်တွင် "တမန်တော်ယူနုတ်စ်သည် အမှောင်များတွင် ဟစ်ခေါ်ပန်ကြားခဲ့သည်" ဟူ၍ လာရှိသည်။ "အမှောင်များ" ဟူသည် ရေထု၏အမှောင်၊ ငါး၏ ဝမ်းဗိုက်၏အမှောင်နှင့် အချို့အဆိုအရ ညဉ့်၏အမှောင်များကို ဆိုလိုသည်။ ကြည့်-ထာန၀်။

فَاسْتَجَبْنَا لَهُ ۥ وَنَجَّيْنَٰهُ مِنَ ٱلْغَمِّ ۚ وَكَذَٰلِكَ نُنجِى ٱلْمُؤْمِنِينَ ﴿٨٨﴾

၈၈။ ထိုအခါဝယ် ငါအရှင်မြတ်သည် ၎င်း၏(အသနားခံပန်ကြားချက်)ကို သဘောတူလက်ခံတော်မူ၍ ၎င်းအား(ပူပင်သောကဖြစ်ခြင်းမှ)ကယ်တင်တော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ဤနည်းနှင်နှင် ကယ်တင်လေ့ရှိတော်မူပေသတည်း။

وَزَكَرِيَّآ إِذْ نَادَىٰ رَبَّهُۥ رَبِّ لَا تَذَرْنِى فَرْدًا وَأَنتَ خَيْرُ ٱلْوَٰرِثِينَ ﴿٨٩﴾

၈၉။ ထို့ပြင် (အို-နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်)ဇကရိယာ(၏ အကြောင်း)ကိုလည်း (ပြောကြားပါလေ)။ အခါတပါး၌ ထို(နဗီတမန်တော်) ဇကရိယာသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးအား (အမွေစားအမွေဆက်ခံသူ မရှိသောသူအဖြစ်) တစ်ဦးထီးတည်း စွန့်ထားတော်မမူပါနှင့်။ စင်စစ်သော်ကား အရှင်မြတ်သည် အကောင်းဆုံးသော အမွေစားအမွေခံ ဖြစ်တော်မူပါသည်"ဟု ဟစ်ခေါ်တသ ပန်ကြားခဲ့လေ၏။

فَاسْتَجَبْنَا لَهُ ۥ وَوَهَبْنَا لَهُۥ يَحْيَىٰ وَأَصْلَحْنَا لَهُۥ زَوْجَهُۥٓ ۚ

၉၀။ ထို့ရောအခါဝယ် ငါအရှင်မြတ်သည် ထို(နဗီတမန်တော်) ဇကရိယာ(၏ ပန်ကြားချက်)ကို သဘောတူ လက်ခံတော်မူ၍ ၎င်းအား (သားတော် နဗီတမန်တော်)ယဟ်ယာကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုဇကရိယာ၏ ဇနီးကြင်ရာ(၏မြို့ခြင်းဝေဒနာကို ပျောက်ကင်းစေတော်

---

(၂) ဤသည် ငါး၏ဝမ်းဗိုက်တွင် တမန်တော်ယူနုတ်စ်(အလိုင်ဟစ္စလာမ်) တောင်းဆိုပန်ကြားခဲ့သော ဆုမွန်ပင်ဖြစ်သည်။ ဒုက္ခဖြစ်သည့်အချိန် မည်သူမဆို စိတ်စေတနာဖြူစင်စွာဖြင့် တမန်တော်ယူနုတ်စ်၏ ဆုမွန်ကို ရွတ်ဖတ်ပန်ကြားပါက ဆုတောင်းပြည့်သည်သာ ဖြစ်သည်။

တမန်တော်မြတ်က "မည်သူမဆို တမန်တော်ယူနုတ်စ်၏ ဆုမွန်ကို ရွတ်ဖတ်ပန်ကြားပါက ထိုသူသည် ဆုတောင်းပြည့်သည်" ဟု မိန့်ကြားတော်မူခဲ့လေသည်။ အိဗ်နူကဆီရ်။ (အ-၃၊ စ-၁၉၃)။

إِنَّهُمْ كَانُوا يُسَارِعُونَ فِي الْخَيْرَاتِ وَيَدْعُونَنَا رَغَبًا وَرَهَبًا ۖ وَكَانُوا لَنَا خَاشِعِينَ ﴿٩٠﴾

မူ၍သန္ဓေတည်နိုင်သောအခြေအနေသို့) နေသားတကျ ဖြစ်အောင် ပြုပြင်၍ ပေးတော်မူခဲ့၏။

၈ကန်အမှန် ထို(နဗီတမန်တော်)တို့သည် ကောင်းမှုသုစရိုက်များကို ဆောလျင်စွာ ပြုလုပ်တတ်သူများ ဖြစ်ခဲ့ကြကုန်၏။ ထို့ပြင် ငါအရှင်မြတ်အား စိတ်ပါဝင်စားစွာလည်းကောင်း၊ ကြောက်ရွံ့စွာလည်းကောင်း၊ ဟစ်ခေါ်တသလေ့ရှိခဲ့ကြကုန်၏။ ထိုမှတပါး ငင်းတို့သည် ငါအရှင်မြတ်အား ကျိုးနွံသူများလည်း ဖြစ်ခဲ့ကြကုန်သတည်း။

وَالَّتِي أَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيهَا مِن رُّوحِنَا وَجَعَلْنَاهَا وَابْنَهَا آيَةً لِّلْعَالَمِينَ ﴿٩١﴾

၉၁။ ငင်းပြင် (အို-နဗီတမန်တော်၊ အသင်သည်) အကြင်အမျိုးသမီး၏ အတ္ထုပ္ပတ္တိအကြောင်းကိုလည်း (ပြောကြားပါလေ)။ ထို(အမျိုးသမီး)သည် မိမိဂုဏ်အသရေကို စောင့်စည်းထိန်းသိမ်းခဲ့လေ၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို(အမျိုးသမီး)၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ထို(အမျိုးသမီး)အားလည်းကောင်း၊ ထို(အမျိုးသမီး)၏ သားတော်အားလည်းကောင်း၊ ကမ္ဘာသူကမ္ဘာသားခပ်သိမ်းတို့အဖို့သက်သေလက္ခဏာတော်တစ်ရပ် ပြုလုပ်တော်မူခဲ့ပေသတည်း၊)

إِنَّ هَٰذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاعْبُدُونِ ﴿٩٢﴾

၉၂။ ၈ကန်မလွဲ ဤ(အစ္စလာမ်သာသနာတော်ပင်) အသင်တို့၏ တစ်ခုတည်းသော သာသနာတော်ဖြစ်ပေသည်။ [၁] ငင်းပြင် ငါအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်အားသာလျှင် ခပ်ကိုးကွယ်ကြလေကုန်။

① **တစ်ဆူတည်းသောကိုးကွယ်ရာ၊ တစ်ခုတည်းသောသာသနာနှင့် တစ်စုတည်းသောတမန်တော်များ:**
အထက်တွင် ကုရ်အာန်(၂၁:၄၈-၉၁)၌ တမန်တော်မူစာ၊ တမန်တော်ဟာရွန်၊ တမန်တော် ➤➤

وَتَقَطَّعُوٓا۟ أَمْرَهُم بَيْنَهُمْ ۖ كُلٌّ إِلَيْنَا رَٰجِعُونَ ﴿٩٣﴾

၉၃။ သို့ရာတွင် လူတို့သည် မိမိတို့ အချင်းချင်းပင် မိမိတို့၏(သာသနာ့)အရေးကိစ္စကို အပိုင်းပိုင်း ပြုလုပ်ခဲ့ကြကုန်၏။ (စင်စစ်သော်ကား) အားလုံးတို့သည် ငါအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည်၍ လာကြရမည့်သူများပင် ဖြစ်ကြကုန်၏။

فَمَن يَعْمَلْ مِنَ ٱلصَّٰلِحَٰتِ وَهُوَ مُؤْمِنٌ فَلَا كُفْرَانَ لِسَعْيِهِۦ ۖ وَإِنَّا لَهُۥ كَٰتِبُونَ ﴿٩٤﴾

၉၄။ သို့ဖြစ်ပေရာ မည်သူမဆို ကောင်းမြတ်သော အကျင့်သိလများကို ကျင့်မူအံ့။ ၎င်းပြင် ထိုသူသည် "မုအ်မင်န်" သက်ဝင် ယုံကြည်သူလည်း ဖြစ်အံ့။ သို့ဖြစ်လျှင် ထိုသူ၏ ကြိုးပမ်းအားထုတ်မှုသည် ပယ်ရှားခြင်းခံရမည် မဟုတ်ပေ။

➤➤ အီဗ်ရာဟီမ်၊ တမန်တော်လူတ်၊ တမန်တော်အစ္စမာဂက်၊ တမန်တော်ယအ်ကူးဗ်၊ တမန်တော်နူဟ်၊ တမန်တော်ဒါဝူဒ်၊ တမန်တော်စုလိုင်မာန်၊ တမန်တော်အိုင်ယူးဗ်၊ တမန်တော်အစ္စမာအီလ်၊ တမန်တော်အိဒ္ဒရိစ်၊ တမန်တော်ဇုလ်ကိဖ်လ်၊ တမန်တော်ယူနုတ်စ်၊ တမန်တော်ဇကရိယာ၊ တမန်တော်ယဟ်ယာ၊ မရိယမ်သခင်မနှင့် သားတော် တမန်တော်အီစာတို့၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်များတွင် ၎င်းတို့နှင့်ပတ်သက်၍ ၎င်းတို့၏ကိုးကွယ်ရာ၊ ၎င်းတို့၏သာသနာ၊ ၎င်းတို့ တညီတညွတ်တည်း ရှိခဲ့ကြပုံ၊ လူသားတို့ အချင်းချင်း သဘောကွဲလွဲလာခဲ့ကြပုံနှင့် လွတ်မြောက်ရာလမ်းစဉ်ကို အချုပ်အားဖြင့် မိန့်ဆိုထားတော်မူသည်။

ဆိုလိုသည်ကား အမှန်တကယ် ကိုးကွယ်ရာ အရှင်သည်လည်း တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ နာယူကျင့်မူရာ မူလ၊ အဓိက အခြေခံ သာသနာသည်လည်း တစ်ခုတည်းပင် ဖြစ်ပေသည်။ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည်လည်း ထိုသည့်တစ်ခုတည်းသော အခြေခံသာသနာအပေါ်၌ တညီတညွတ်တည်း၊ တပေါင်းတစည်းတည်းပင် တည်ရှိခဲ့ကြပေသည်။ အချုပ်အားဖြင့် ဆိုရသော် အလ္လာဟ်အရှင်မြတ်လည်း တစ်ပါးတည်း၊ သာသနာလည်း တစ်ခုတည်း၊ တမန်တော် အပေါင်းသည်လည်း တညီတညွတ်တည်း ဖြစ်ခဲ့ကြကုန်၏။

ခေတ်၊ ပတ်ဝန်းကျင်၏ ကွဲပြားမှုကြောင့် 'ရှရီအတ်' သာသနာရေးဆိုင်ရာ နည်းဥပဒေများသည်သာ ကွဲပြားခဲ့ပေသည်။ သာသနာရေးဆိုင်ရာ အခြေခံသဘောတရားများတွင်ကား ကွဲပြား ခြားနားမှု အလျှင်းမရှိပေ။ သတိသမ္ပစဉ် ဉာဏ်အမြော်အမြင်နှင့် ယုံကြည်ပါကလည်း ဤအတိုင်းပင် ဖြစ်ရပေမည်။ သို့ဖြစ်ပေရာ လူသားအားလုံးတို့သည်လည်း တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်၍ တမန်တော်အပေါင်းတို့ တညီတညွတ်တည်း နာယူကျင့်မူခဲ့ကြကုန်သော တစ်ခုတည်းသော သာသနာကို စွဲမြဲစွာ ဆုပ်ကိုင်ပြီး လိုက်နာကျင့်သုံးကြရပေမည်။

مَا هَٰذِهِ التَّمَاثِيلُ الَّتِي أَنتُمْ لَهَا عَاكِفُونَ ﴿٥٢﴾

မချွတ်ဧကန် ငါအရှင်မြတ်သည် ယင်း အားထုတ်မှုကို ရေးသားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

وَحَرَٰمٌ عَلَىٰ قَرْيَةٍ أَهْلَكْنَاهَا أَنَّهُمْ لَا يَرْجِعُونَ ﴿٩٥﴾

၉၅။ စင်စစ်သော်ကား မည်သည့်မြို့ရွာမဆို ငါ အရှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့ပါလျှင် ထိုမြို့သူ မြို့သားတို့အား (ဤလောကသို့ ၎င်းတို့ ပြန်လာကြရန် မဖြစ်နိုင်ပေ)။ [၂]

حَتَّىٰ إِذَا فُتِحَتْ يَأْجُوجُ وَمَأْجُوجُ وَهُم مِّن كُلِّ حَدَبٍ يَنسِلُونَ ﴿٩٦﴾

၉၆။ နောက်ဆုံးတွင် 'ယအ်ဇူဇ်'နှင့် 'မအ်ဇူဇ်' [၃] (လူမျိုးတို့သည် လွတ်လပ်ခဲ့ကြပြီ)၊ (ဖွင့်ပေးခြင်း ခံရသောအခါ) (ကမ္ဘာမြေဝယ်ရှိ) ကုန်းမြင့်တိုင်းမှ လျင်မြန်စွာ (ဆင်း၍) လာကြပေမည်။

---

① **လွတ်မြောက်ရာ လမ်းစဉ်။**

လွက်မြောက်ရာလမ်းစဉ်ကား အခြားမဟုတ်၊အီမာန် ယုံကြည်မှုနှင့် ကောင်းမြတ်သော အကျင့်သီလ ဆောက်တည်မှုပင်ဖြစ်သည်။ မည်သူပင်ဖြစ်စေ လူမျိုးမရွေး၊ ခေတ်မရွေး၊ ဖြူ-မည်းမခြား အလ္လာဟ်အရှင်မြတ်အား အီမာန်ယုံကြည်၍ တရားတော်နှင့်အညီ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ပါက ထိုသူသည် လွတ်မြောက်မည်သာဖြစ်သည်။ မိမိ ဆောက်တည်ခဲ့သော ကုသိုလ်အကျိုးများကို မုချ ခံစားရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ မှတ်တမ်းတော်တွင် အားလုံး ရေးသားထားပြီးဖြစ်ပေသည်။

② **ကာဖိရ်များ၏ ဖြစ်အင်။**

အထက်တွင် လွတ်မြောက်ကြသည့် မုအ်မင်နဲ်များ၏ အကြောင်းပါရှိ၏။ ယခု ဤအာယတ်တော်တွင် ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ပြစ်ဒဏ်သင့်သော ကာဖိရ်များ၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ကာဖိရ်များသည် သေကြေပျက်စီးပြီးနောက် မိမိတို့ ကျူးလွန်ခဲ့ကြသော အပြစ်များနှင့် စပ်လျဉ်း၍ ဝန်ချတောင်းပန်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်နိုင်ရန်အတွက် ကိယာမတ်မဖြစ်မီအလျင် ဤပစ္စက္ခဘဝသို့ ပြန်လာလိုကြသော်လည်း ပြန်လာနိုင်ကြမည် မဟုတ်ပေ။ ၎င်းတို့အဖို့ လမ်းတစ်ခုသာရှိသည်။ ၎င်းတို့သည် ကိယာမတ်နေ့တွင် ရှင်ပြန်ထကြသည့်အခါ ဝမ်းနည်းကြေကွဲကာ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်သို့ ရောက်ရှိလာကြရပေမည်။ ထိုအချိန်ကျမှ ဝမ်းနည်းကြေကွဲခြင်းကား အကျိုးမရှိတော့ပြီ။ အခါနောင်ချေပြီ။

③ ကုရ်အာန်ကျမ်းမြတ်တွင် ယအ်ဇူဇ်နှင့် မအ်ဇူဇ်တို့ အကြောင်းနှစ်နေရာတွင် လာရှိသည်။

ကြည့်-ကုရ်အာန် (၁၈း၉၄။ ၂၁း၉၆)။

ယအ်ဇူဇ်နှင့် မအ်ဇူဇ်တို့၏ အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၁၈း၉၄)တွင် အကျယ် ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

وَاقْتَرَبَ الْوَعْدُ الْحَقُّ فَإِذَا هِيَ شَاخِصَةٌ أَبْصَارُ الَّذِينَ كَفَرُوا يَا وَيْلَنَا قَدْ كُنَّا فِي غَفْلَةٍ مِّنْ هَٰذَا بَلْ كُنَّا ظَالِمِينَ ﴿٩٧﴾

၉၇။ ၎င်းပြင် မှန်ကန်စွာ ချိန်းချက်ထားသောအချိန်ကာလ (ကိယာမတ်နေ့)သည် နီးကပ်၍ လာခဲ့သော အခါ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့၏မျက်လုံးများကား ပြူးကျယ်လျက် ရှိကြပေမည်။

(ထိုအခါ ၎င်းတို့သည်) သြော်-ဖြစ်မှဖြစ်ရလေခြင်း၊ မချွတ်ဧကန် ကျွန်ုပ်တို့သည် ဤ(ကိယာမတ်နေ့)ကို ဂရုမထား မေ့လျော့၍သာ နေခဲ့ကြလေသည်။ စင်စစ်မှာကား ကျွန်ုပ်တို့သည်သာလျှင် အပြစ်ကျူးလွန်သူများ ဖြစ်ကြသည်ဟု ညည်းညူမြည်တမ်းကြပေမည်။

إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ ۖ أَنتُمْ لَهَا وَارِدُونَ ﴿٩٨﴾

၉၈။ ဧကန်စင်စစ် အသင်တို့သည်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်မှတပါး အသင်တို့ ကိုးကွယ်ကြသည်များသည် လည်းကောင်း၊ ဂျဟန္နမ်ငရဲဘုံ၏ လောင်စာများပင် ဖြစ်ကြကုန်၏။ အသင်တို့အားလုံးပင် ယင်းဂျဟန္နမ်ငရဲဘုံတွင်းသို့ ဆိုက်ရောက်ရမည့် သူများသာ ဖြစ်ကြကုန်၏။

لَوْ كَانَ هَٰؤُلَاءِ آلِهَةً مَّا وَرَدُوهَا ۖ وَكُلٌّ فِيهَا خَالِدُونَ ﴿٩٩﴾

၉၉။ အကယ်၍သာ ဤသည်တို့သည် ကိုးကွယ်ရာများ ဖြစ်ကြပါလျှင် ယင်းဂျဟန္နမ် ငရဲဘုံတွင်းသို့ ဆိုက်ရောက်ကြမည်မဟုတ်ပေ။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့အားလုံးပင် ယင်းဂျဟန္နမ် ငရဲဘုံ၌ အမြဲထာဝရ နေထိုင်ကြရမည့်သူများ ဖြစ်ကြချေပြီ။

لَهُمْ فِيهَا زَفِيرٌ وَهُمْ فِيهَا لَا يَسْمَعُونَ ﴿١٠٠﴾

၁၀၀။ ၎င်းတို့၌ ယင်းဂျဟန္နမ်ငရဲဘုံတွင်း ညှဉ်းညဉ်းညည်းတွားခြင်းသာလျှင် ရှိပေမည်။ ထို့ပြင် ၎င်းတို့သည် ယင်းဂျဟန္နမ် ငရဲဘုံ၌ (မည်သည့်စကား၊ မည်သည့်အသံကိုမျှ) ကြားကြလိမ့်မည် မဟုတ်ပေ။

إِنَّ الَّذِينَ سَبَقَتْ لَهُمْ
مِنَّا الْحُسْنَىٰ أُولَٰئِكَ عَنْهَا
مُبْعَدُونَ ﴿١٠١﴾
لَا يَسْمَعُونَ حَسِيسَهَا
وَهُمْ فِي مَا اشْتَهَتْ
أَنْفُسُهُمْ خَالِدُونَ ﴿١٠٢﴾
لَا يَحْزُنُهُمُ الْفَزَعُ الْأَكْبَرُ
وَتَتَلَقَّاهُمُ الْمَلَائِكَةُ هَٰذَا
يَوْمُكُمُ الَّذِي كُنْتُمْ
تُوعَدُونَ ﴿١٠٣﴾

يَوْمَ نَطْوِي السَّمَاءَ كَطَيِّ
السِّجِلِّ لِلْكُتُبِ كَمَا بَدَأْنَا
أَوَّلَ خَلْقٍ نُعِيدُهُ وَعْدًا
عَلَيْنَا إِنَّا كُنَّا فَاعِلِينَ ﴿١٠٤﴾

၁၀၁။ ဇကန်မလွဲ အကြင်သူတို့သည် ငါအရှင် မြတ်အထံတော်မှ မူလကပင် ထိုသူတို့အဖို့ ကောင်းကျိုး ပြဋ္ဌာန်းပြီးဖြစ်၏။ ထိုသူတို့သည် ယင်းဂျဟန္နမ်ငရဲဘုံမှ ဝေးစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေမည်။

၁၀၂။ ၎င်းတို့သည် ယင်းဂျဟန္နမ်ငရဲဘုံ၏ လေသံကို သဲ့သဲ့မျှပင် ကြားကြရလိမ့်မည်မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် မိမိတို့ စိတ်ကြိုက် စည်းစိမ်များတွင် ထာဝစဉ် မွေ့လျော်ခံစားသူများပင် ဖြစ်ကြပေမည်။

၁၀၃။ ၎င်းတို့အား ထိုအကြီးဆုံးသော ထိတ်လန့်ဖွယ် (ဖြစ်သော ကိယာမတ်နေ့)သည်ပင်လျှင် စိတ်ဒုက္ခ ရောက်စေမည်မဟုတ်။ ၎င်းပြင်(ထိုနေ့တွင်) မလာအီကဟ် ကောင်းကင်တမန်တော်များက ၎င်းတို့အား "ဤနေ့သည်ကား ချိန်းချက်ထားသောနေ့ ဖြစ်သည်" ဟူ၍ပင် ကြိုဆို ဧည့်ခံကြအုံးသတည်း။

၁၀၄။ (အို-နဗီတမန်တော်)အကြင်(နေ့၏အကြောင်းကိုလည်း ပြောကြားပါလေ။ထို) နေ့တွင် ငါအရှင်မြတ်သည်မိုးကောင်းကင်ကို ရေးသားထားသော မှတ်တမ်းစာရွက်ကို လိပ်ဘိသကဲ့သို့ပင် ခေါက်လိပ်တော်မူမည်။

ငါအရှင်မြတ်သည်အရာခပ်သိမ်းတို့ကို ပထမအကြိမ် စတင် ဖန်ဆင်းတော်မူဘိသကဲ့သို့ ထိုအရာကိုပင် ထပ်မံ၍ ပြုလုပ်(ဖန်ဆင်း)တော်မူပေမည်။ (ဤသည် ငါအရှင်မြတ်) မိမိအပေါ်၌ ကတိပြု(တာဝန်ယူ)တော်မူခြင်းပင် ဖြစ်ပေရာ ၎င်းအမှန် ငါအရှင်မြတ်သည် (မိမိကတိတော်အတိုင်း) ပြုလုပ်တော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَلَقَدْ كَتَبْنَا فِي الزَّبُورِ مِنْ بَعْدِ الذِّكْرِ أَنَّ الْأَرْضَ يَرِثُهَا عِبَادِيَ الصَّالِحُونَ ﴿١٠٥﴾

၁၀၅။ မချွတ်မလွဲ ငါအရှင်မြတ်သည် "လောက်ဟ်မဟ်ဖူဇ်" သင်ပုန်း(၌ ရေးသားတော်မူပြီး)နောက် ကောင်းကင်ကျကျမ်းများတွင်(လည်း)ဧကန်စင်စစ် မြေကို ငါအရှင်မြတ်၏ သူတော်စင် ကျွန်များပင် အမွေဆက်ခံကြမည်ဟု ရေးသားတော်မူခဲ့ပြီး ဖြစ်ပေသတည်း။ [၁]

إِنَّ فِي هَٰذَا لَبَلَاغًا لِّقَوْمٍ عَابِدِينَ ﴿١٠٦﴾

၁၀၆။ မလွဲဧကန် ဤ(ကုရ်အာန်ကျမ်းတော်)၌ ခဝပ်ကိုးကွယ်သူတို့ အဖို့ အမှန်ပင် (ရှင်းလင်းသော) အကြောင်းကြားချက်သည် ရှိပေသည်။ [၂]

وَمَا أَرْسَلْنَاكَ إِلَّا رَحْمَةً لِّلْعَالَمِينَ ﴿١٠٧﴾

၁၀၇။ စင်စစ်သော်ကား(အို-နဗီတမန်တော်)ငါအရှင်မြတ်သည်အသင့်အား ကမ္ဘာခပ်သိမ်းတို့အဖို့ ကရုဏာတော်အဖြစ်နှင့် သာလျှင်စေလွှတ်တော်မူခဲ့ပေသည်။ [၃]

---

① **အလ္လာဟ်အရှင်မြတ်၏ ကတိတော်။**

အလ္လာဟ်အရှင်မြတ်သည် ကတိတည်သော မုအ်မင်န် သူတော်စင်တို့အား ကတိပြုထားတော်မူသည်မှာ ထိုအရှင်မြတ်သည်၊ ယင်းမုအ်မင်န် သူတော်စင်တို့အား ဤပစ္စက္ခဘဝတွင် လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း၊ အောင်မြင်မှုကို ချီးမြှင့်တော်မူမည်။ ၎င်းတို့အား ဤကမ္ဘာမြေကြီး၏ အမွေစားများအဖြစ် လည်းကောင်း၊ ဂျန္နတ် အမတသုခဘုံ၏ အမွေစားများအဖြစ် လည်းကောင်း မြှောက်စားတော်မူမည်။ ဤသည့် သဘောကို ကုရ်အာန်ကျမ်းမြတ် (၇:၁၂၈။ ၂၄:၅၅။ ၄၀:၅၁) တွင်လည်း မိန့်ဆိုထားတော်မူသည်။

② ဤအာယတ်တော်ကို အောက်ပါအတိုင်း အမျိုးမျိုး အနက်ဖွင့်ကြပေသည်။

(က) တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြသော မုအ်မင်န် သူတော်စင်များသည် ဤမည်သော ကောင်းချီးသတင်းကို ကြားနာပြီး မိမိတို့၏ လိုအင်ဆန္ဒအဝဝကို ရရှိနိုင်ကြပေသည်။

(ခ) ဤကုရ်အာန်ကျမ်းမြတ်တွင် ဤသို့မြင့်မြတ်လှသော တရားဓမ္မများ ကောင်းချီးသတင်းများ ပါရှိနေပေရာ ဤကုရ်အာန်ကျမ်းမြတ်သည် မုအ်မင်န်သူတော်စင်များအား ပြည့်ဝစုံလင် လုံလောက်သော အကျိုးနှင့် အောင်မြင်မှုကို ပေးမည်သာဖြစ်သည်။

③ **တမန်တော်မြတ်၏ ကရုဏာနှင့် စကြာဝဠာ။**

မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား စကြာဝဠာအဝှန်းအဖို့ ကရုဏာတော်ရှင်အဖြစ်နှင့် စေလွှတ်တော်မူခဲ့လေသည်။ သို့စေလွှတ်တော် မူခဲ့သည့်အတိုင်း တမန်တော်မြတ်သည်လည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် စကြာဝဠာအဝှန်းအား ကရုဏာတရား ပွားများစေတော်မူခဲ့လေသည်။ တမန်တော်မြတ်၏ ➤➤

قُلْ إِنَّمَا يُوحَىٰ إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۖ فَهَلْ أَنتُم مُّسْلِمُونَ ﴿١٠٨﴾

၁၀၈။ (အို-နဗီတမန်တော်)အသင်သည်(ငင်းတို့အား အချင်းတို့) တစ်ဆူတည်းသောကိုးကွယ်ရာအရှင်မြတ်သည်သာလျှင် အသင်တို့၏ ကိုးကွယ်ရာအရှင် ဖြစ်တော်မူကြောင်း ငါ့ထံသို့ "ဝဟ်ယ်" အမိန့်တော်ပေးပို့ခြင်းခံရသည်။ သို့ဖြစ်ပေရာ အသင်တို့သည် (အမိန့်တော်ကိုနာခံသူ) မွတ်စ်လင်မ်များ ဖြစ်ကြမည်လောဟု ပြောဆို(မေးမြန်း)ပါလေ။ ၁

➤➤ ကရဏာတရားသည် အတိတ်တွင် ပွားများလျက်ရှိသကဲ့သို့ ယခုလည်း ပွားများလျက်ရှိပေသည်။ နောင်အနာဂတ်တွင်လည်း "ကိယာမတ်" တိုင် ပွားများလျက်ပင် ရှိပေမည်။

တမန်တော်မြတ်၏ ကရုဏာတရားသည် စကြာဝဠာအဝှန်းအဖို့ ဖြစ်ပါလျက်၊ စကြာဝဠာအဝှန်းအား အကျိုးပြုနေပါလျက်၊ တစ်ဦးတစ်ယောက်သောသူသည် တမန်တော်မြတ်၏ ကရုဏာတော်မှ အကျိုးမခံစားပါသော် အကျိုးမခံစားသူ၏ အပြစ်သာဖြစ်ပေမည်။ နေသည် ကမ္ဘာအဝှန်းအား အလင်းရောင်ပေးသည်၊ အပူဓာတ်ပေးသည်။ ကမ္ဘာအဝှန်းရှိ သက်ရှိသက်မဲ့ အားလုံးတို့သည် အလင်းရောင်နှင့် အပူဓာတ်ကို နေမှ ခံစားလျက် ရှိကြသည်။ သို့ပါလျက် တစ်ဦးတစ်ယောက်သည် မိမိ၏အိမ်ကို အဘက်ဘက်မှ ပိတ်ထားသော်၊ ပိတ်ထားသူ၏ အပြစ်သာဖြစ်ပေမည်။ အလင်းရောင်နှင့် အပူဓာတ် မရရှိရန်အတွက် ယင်းသို့ အဘက်ဘက်မှ ပိတ်ထားသောသူ၏အိမ်ကိုပင် နေသည် အလင်းရောင်နှင့် အပူဓာတ်ပေးလျက် ရှိပေသည်။ ထို့အတူ တမန်တော်မြတ်၏ ကရုဏာတရားသည် မိမိအား လက်ခံသူကိုလည်းကောင်း၊ လက်မခံသူကိုလည်းကောင်း စကြာဝဠာအဝှန်းအား အကျိုးပြုလျက်ရှိပေသည်။

တမန်တော်မြတ်၏ ကရုဏာတရား၏ နယ်နိမိတ်ကား အတိုင်းအတာမရှိ၊ ကျယ်ဝန်းလှ၏။ တမန်တော်မြတ်၏ ကရုဏာတော်ကို မခိုလှုံလိုသူ တစ်ဦးသည်ပင်လျှင် တစ်နည်းတစ်ဖုံ တမန်တော်မြတ်၏ ကရုဏာတော်ကို ခံစားလျက်ရှိပေသည်။ ယနေ့ကမ္ဘာတွင် တမန်တော်မြတ်၏ ဒေသနာတော်များသည် ပြန့်ပွားထွန်းကားလျက် ရှိပေသည်။ လူ့အဆောက်အအုံကြီး တစ်ခုလုံးကို အဘက်ဘက်မှ အကျိုးပြုလျက်ရှိပေရာ မွတ်စ်လင်မ်၊ ကာဖိရ်မရွေး အားလုံးတို့သည် မိမိတို့၏ အရည်အချင်းနှင့်အမျှ တမန်တော်မြတ်၏ ကရုဏာတော်ကို ခံစားလျက်ရှိကြပေသည်။ ထို့ပြင်တစ်ဝ၊ အလွှာဟ်အရှင်မြတ်သည် အတိတ်ခေတ် အုပ်စုများနှင့်မတူ၊ တစ်မူထူးခြားစွာဖြင့် တမန်တော်မြတ်၏နောက်လိုက်တပည့်သား မုအ်မင်နဲများကို မဆိုထားဘိ။ ကာဖိရ်များကိုပင် (ဤပစ္စက္ခတွင်) လုံးဝ ချေမှုန်းဖျက်ဆီးပစ်သော ဒဏ်ခတ်ခြင်းမျိုးမှ ဖယ်ရှားထားတော်မူမည်ဟူ၍ ကတိပြုထားတော်မူလေသည်။ ဤကား တမန်တော်မြတ်၏ကျေးဇူးပင်။ ကုရ်အာန်ကျမ်းလာ အာယတ်တော်(၂၁:၁၀၇)နှင့် စပ်လျဉ်း၍ သာဝကကြီး အိဗ်နုအာဗ္ဗာစ်က ဖွင့်ဆိုပြောကြားခဲ့သည်မှာ-

"တမန်တော်အား ယုံကြည်သူအဖို့မှာကား ကရုဏာသည် နှစ်ဘဝစလုံးတွင် ပြည့်စုံသွားချေပြီ။ တမန်တော်မြတ်အား မယုံကြည်သူသည်ပင် (ဤပစ္စက္ခ၌) အတိတ်ခေတ် အုပ်စုများခံစားခဲ့ကြရသည့် ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့် ရရှိသွားလေပြီ"။ အိဗ်နုဂျရီရ် အ-၁၇။ စ-၈၇။

① တမန်တော်မြတ်သည် ကရုဏာရှင်အဖြစ်နှင့် ပွင့်လာတော်မူပြီး စကြာဝဠာအဝှန်းအား ကရုဏာတရား ဟောကြားသွားတော်မူခဲ့လေသည်။ ယင်းသည့် ကရုဏာတရား၏ အချုပ်မှာ ပွင့်လေသမျှသော ➤➤

فَإِنْ تَوَلَّوْا فَقُلْ آذَنْتُكُمْ عَلَىٰ سَوَآءٍ ۖ وَإِنْ أَدْرِيٓ أَقَرِيبٌ أَمْ بَعِيدٌ مَّا تُوعَدُونَ ﴿١٠٩﴾

၁၀၉။ သို့ပါလျက်အကယ်၍ငင်းတို့သည် မျက်နှာလွှဲငြင်းဆန်ခဲ့ကြပါလျှင်အသင်သည် (ငင်းတို့အား အချင်းတို့) ငါသည် အသင်တို့အား တိလင်းထင်ရှားစွာ အသိပေး(ကြေညာ)ခဲ့ပြီးဖြစ်သည်။ အသင်တို့ ချိန်းချက် ခြင်းခံကြရသော ကိစ္စသည် နီးသည်ဝေးသည်ကိုမူ ငါမသိဟု ပြောကြားပါလေ။ [၁]

إِنَّهُۥ يَعْلَمُ ٱلْجَهْرَ مِنَ ٱلْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ ﴿١١٠﴾

၁၁၀။ ဧကန်မလွဲ ထိုအရှင်မြတ်သည် (အသင်တို့၏) ထင်ရှားစွာ ပြောဆိုချက်ကိုလည်း သိရှိတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့ လျှို့ဝှက်ထားကြသည်ကိုလည်း သိရှိတော်မူပေသည်။

وَإِنْ أَدْرِي لَعَلَّهُۥ فِتْنَةٌ لَّكُمْ وَمَتَٰعٌ إِلَىٰ حِينٍ ﴿١١١﴾

၁၁၁။ ထို့ပြင် ယင်းချိန်းချက်မှု (ကို ဆောလျင်စွာ ပြုတော်မမူဘဲဆိုင်းငံ့၍ထားတော်မူခြင်း)သည် အသင်တို့အား စမ်းသပ်ခြင်း ဖြစ်တန်ရာသည်။ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် အကျိုးကျေးဇူးခံစားခွင့် ပေးထားခြင်းလည်း ဖြစ်တန်ရာသည်။ ငါသည် အတိအကျမသိပေ။

➤➤ တမန်တော်များ အသီးသီး ဟောကြားသွားခဲ့ကြကုန်သော 'တောင်ဟိဒ်'ပင် ဖြစ်သည်။ တောင်ဟိဒ်တရားကား ရှင်းလင်းလှ၏။ အသိပညာ၊ စာပေကျမ်းဂန် နှစ်လိသော အထောက်အထားနှင့် ပြည့်စုံလှ၏။ လက်မလွတ်တန်းလက်ခံနာယူသင့်လှ၏။ အကြင်သူသည် တောင်ဟိဒ်ကို နာယူအံ့၊ ထိုသူသည် နှစ်ဘဝစလုံးတွင် ကောင်းစားအံ့။ အကြင်သူသည် တောင်ဟိဒ်ကို ငြင်းပယ်အံ့။ ထိုသူသည် နှစ်ဘဝစလုံးတွင် ပျက်စီးအံ့။

① ဆိုလိုသည်ကား တမန်တော်မြတ်က ကျွန်ုပ်သည် အမိန့်တော်အရ မိမိ၌ တာဝန်ရှိသည်နှင့်အညီ ဟောကြားအပ်သည်တို့ကို အတိအကျ ပွင့်လင်းစွာ ဟောကြားပြီးပြီ။ မိမိသည် တာဝန်ကျေပွန်ပြီး မိမိ၌ တာဝန်မရှိပြီ။ နာယူခြင်း၊ မနာယူခြင်းသည် အသင်တို့၏ အရေးသာဖြစ်သည်။ မနာယူကြပါက ပြစ်ဒဏ်သည် မုချ သက်ရောက်မည်သာဖြစ်သည်။ ထိုသည့် ပြစ်ဒဏ်သည် နီးသည်၊ ဝေးသည်၊ မြန်မည်၊ နှေးမည်ကို ကျွန်ုပ် မသိ။ အလွှာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ ပြစ်ဒဏ်တော် သက်ရောက်ရာတွင် အနည်းငယ်ကြန့်ကြာခြင်းမှာ အသင်တို့အား စမ်းသပ်တော်မူရန်နှင့် သတ်မှတ်ထားတော်မူသည့် အချိန်အထိ အကျိုးပြုထားတော်မူရန် ဖြစ်ပေမည်။ သို့ဖြစ်ရာ အချိန်မီ နောင်တတရားရကြကုန်ဟု ဟောကြားတော်မူခဲ့လေသည်။

قُلَ رَبِّ احۡكُمۡ بِالۡحَقِّ ؕ وَرَبُّنَا الرَّحۡمٰنُ الۡمُسۡتَعَانُ عَلٰى مَا تَصِفُوۡنَ ﴿۱۱۲﴾

၁၁၂။ (နဗီတမန်တော်မြတ်သည် ဤသို့)လျှောက်ထားပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ် အရှင်မြတ်သည် မှန်ကန်စွာ စီရင်ဆုံးဖြတ်၍ ပေးသနားတော်မူပါ၊ ၁ စင်စစ် ငါတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်သည် အသင်တို့ ထုတ်ဖော် ပြောဆိုကြကုန်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ အကူအညီတောင်းခြင်းကို ခံရတော်မူသော အရှင်လည်း ဖြစ်တော်မူပေသတည်း။

---

① **တမန်တော်များ၏ နောက်ဆုံးဆုတောင်းပတ္ထနာ။**

တမန်တော်များသည် မိမိတို့၏မှန်ကန်မှုနှင့် အလွှာဟ်အရှင်မြတ်၏ တရားမျှတသော စီရင်ဆုံးဖြတ်မှုကို လေးလေးနက်နက် နှစ်နှစ်ကာကာ ယုံကြည်ကြကုန်သည်။ အရေးကိစ္စအဝဝတွင် ထိုအရှင်မြတ်အားသာလျှင် ယုံပုံမှီခိုအားထားကြကုန်သည်။ မိမိတို့၌ တာဝန်ရှိသည်နှင့်အညီ ဟောကြားအပ်သည်တို့ကို စ-လယ်-ဆုံး ဟောကြားကြကုန်သည်။ သို့ဟောကြသော်လည်း အချို့ လူယုတ်မာများသည် တမန်တော်များ၏ တရားကို မနာယူကြသည်သာမက တမန်တော်များနှင့်တကွ တမန်တော်များ၏ တရားနာယူကြသော နောက်လိုက်တပည့်သားတို့အား ခြိမ်းခြောက်လာကြသည်။ ထိုအခါမျိုးတွင် တမန်တော်များသည် အလွှာဟ်အရှင်မြတ် ထံတော်၌ မိမိတို့နှင့် ဤသူယုတ်တို့၏ စပ်ကြားတွင် အမှန်နှင့်အမှား လုံးဝကွဲပြားခြားနား ထင်ရှားသွားရန်အလို့ငှာ တရားသဖြင့် အဆုံးအဖြတ် ပေးတော်မူပါမည့်အကြောင်း ဆုပန်ကြားလေ့ရှိခဲ့ကြသည်။ ကြည့်-ကုရ်အာန် (၇:၈၉)။ ဤအာယတ်တော်တွင် တမန်တော်မြတ်သည်လည်း ဤအတိုင်းပင် ဆုပန်ကြားတော် မူခဲ့လေသတည်း။

ဟဇ္ဇ်ပြုခြင်းကဏ္ဍ



ဤကဏ္ဍသည် 'ဟဇ္ဇ်' အကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍသည် မဒီနာမြို့တော်၌ ထုတ်ပြန်ချမှတ်တော်မူသော ကဏ္ဍ ဖြစ်သည်။
ဤကဏ္ဍတွင် အာယတ်တော်(၇၈)ပါး၊ ရကူအ်အပိုဒ် (၁၀)ပိုဒ်ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ အနန္တ ဂရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

يٰٓاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ ۚ اِنَّ زَلْزَلَةَ السَّاعَةِ شَيْءٌ عَظِيْمٌ ①

၁။ အို...လူခပ်သိမ်းတို့၊ အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ ရိုသေကြလေကုန်။ ဧကန်စင်စစ် ကိယာမတ်၏ မြေငလျင်လှုပ်ခြင်းသည် ³ အကြီးအကျယ် ကြောက်မက်ဖွယ် ကိစ္စတစ်ရပ်ပင် ဖြစ်ချေသည်။

يَوْمَ تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّآ اَرْضَعَتْ وَتَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَتَرَى النَّاسَ سُكٰرٰى وَمَا هُمْ بِسُكٰرٰى وَلٰكِنَّ عَذَابَ اللّٰهِ شَدِيْدٌ ②

၂။ ယင်းမြေငလျင်လှုပ်ခြင်းကို အသင်တို့တွေ့မြင်ကြသောနေ့တွင် နို့တိုက်သော မိခင်တိုင်းသည် မိမိနို့တိုက်လျက်ရှိသော ကလေးကို (လုံး၀) မေ့လျော့၍ သွားပေမည်။ ၎င်းပြင် သန္ဓေရှိသူတိုင်းသည်လည်း (ကြောက်ရွံ့ထိတ်လန့်ကာ) မိမိ၌ရှိသော သန္ဓေလျော ကျပေမည်။ ထိုမှတပါး အသင်သည်လူတို့အား မူးယစ်တွေဝေ မိန်းမောနေသူများအဖြစ် တွေ့မြင်ပေမည်။ စင်စစ်၎င်းတို့သည် မူးယစ်တွေဝေမိန်းမောနေသူများ (အလျင်း)မဟုတ် သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကား ပြင်းထန်လှပေသတည်း။

---

① **ကိယာမတ်နှင့် မြေငလျင်။**

ကိယာမတ်၏ မြေငလျင်လှုပ်ခြင်းသည် နှစ်ကြိမ်ရှိသည်။

(၁) ကိယာမတ်ဖြစ်သည့် အချိန်တွင် သို့မဟုတ် ဒုတိယအကြိမ် တံပိုးမှုတ်ပြီးနောက်တွင် လှုပ်မည့်မြေငလျင်။

➤➤

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِي اللّٰهِ بِغَيْرِ عِلْمٍ وَّيَتَّبِعُ كُلَّ شَيْطٰنٍ مَّرِيْدٍ ۙ﴿٣﴾

၃။ စင်စစ် လူတို့အနက် အကြင်သို့သောသူလည်း ရှိ၏။ ထိုသူသည် အသိပညာမရှိဘဲလျက် အလွှာဟ အရှင်မြတ်နှင့်ပတ်သက်၍ အငြင်းအခုံပြုသည်။ ၎ ၎င်းပြင် ထိုသူသည် ဆိုးသွမ်းပုန်ကန်သော "ရှိုင်တွာန်" မိစ္ဆာကောင် အသီးသီး၏ နောက်သို့လိုက်သည်။

➤➤ (၂) ကိယာမတ် မဖြစ်မီ ကိယာမတ်၏ ရှေ့ပြေး နိမိတ်လက္ခဏာတစ်ရပ်အဖြစ် လူပ်မည့်မြေငလျင်။

ဤအာယတ်တော်တွင် လာရှိသည့် မြေငလျင်သည် အထက်ဖော်ပြပါ မြေငလျင်နှစ်ကြိမ်အနက် မည်သည့်အကြိမ်ကို ရည်ညွှန်းပါသနည်း။ အကယ်၍ ဤအာယတ်တော်လာ မြေငလျင်သည် ဒုတိယအကြိမ်(၀ါ) ကိယာမတ်မဖြစ်မီ ကိယာမတ်၏ ရှေ့ပြေး နိမိတ်လက္ခဏာအဖြစ် လူပ်ရှားမည့် မြေငလျင်ကို ရည်ညွှန်းသည်ဆိုပါက ဤအာယတ်တော်သည် 'မုချ' ဖြစ်မည်။ (၀ါ) မိမိ၏ ပေါ်လွင်ထင်ရှားသည့် အနက်၌ပင်ဖြစ်မည်။ အကယ်၍ ဤအာယတ်တော်သည် အထက်ဖော်ပြပါ မြေငလျင် နှစ်ကြိမ်အနက် ပထမအကြိမ် (၀ါ) ကိယာမတ်ဖြစ်သည့်အချိန်တွင် လူပ်ရှားမည့် မြေငလျင်ကို ရည်ညွှန်းသည်ဆိုပါက ဤအာယတ်တော်၏ အနက်သဘောမှာ နှစ်မျိုးဖြစ်နိုင်ပေသည်။

(က) ဤအာယတ်တော်သည် 'မုချ' လည်း ဖြစ်နိုင်သည်။ (၀ါ) မိမိ၏ ပေါ်လွင်ထင်ရှားသည့် အနက်၌ပင်ဖြစ်မည်။ ကိယာမတ်နေ့တွင် သားသည်မိခင်များသည် သားငယ်အား နို့တိုက်ကျွေးလျက် ရှင်ပြန်ထကြရမည်၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်လျက် ရှင်ပြန်ထကြမည်။ မြေငလျင်လူပ်သည့်အခါ မြေငလျင်၏ ပြင်းထန်မှုကြောင့် အကြောက်ကြီး ကြောက်ကာ နို့တိုက်ကျွေးလျက်ရှိသော သားသည်မိခင်များသည် မိမိတို့၏ ရင်သွေးများကိုပင် မေ့လျော့သွားကြပေမည်။ ကိုယ်ဝန်ဆောင်လျက်ရှိသော အမျိုးသမီးများသည် အချိန်မစေ့မီပင် ကိုယ်ဝန် ပျက်ကျသွားကြပေမည်။

(ခ) ဤအာယတ်တော်သည် ဥပစာလည်း ဖြစ်နိုင်ပေသည်။(၀ါ) ကိယာမတ်၏ မြေငလျင်ဟူသည် ကိယာမတ်နေ့၏ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များကို ဆိုလိုသည်။ ဆိုလိုသည်ကား၊ ကိယာမတ်နေ့၏ အဖြစ်အပျက်များကား အဘယ်မျှ ထိတ်လန့်ကြောက်မက်ဖွယ် ဖြစ်မည်ဆိုသော် အကယ်၍များ ထိုနေ့တွင် နို့တိုက်ကျွေးလျက်ရှိသော သားသည် မိခင်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ရှိနေကြပါက ကိယာမတ်၏ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များကို တွေ့မြင်ပြီး အကြောက်ကြီးကြောက်၊ အထိတ်ကြီး ထိတ်ကာ မိခင်များသည် မိမိတို့၏ ရင်သွေးများကိုပင် မေ့လျော့သွားကြပေမည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည်လည်း အချိန်မစေ့မီ ကိုယ်ဝန်များ ပျက်ကျကြပေမည်ဟူ၏။

၁) <u>ရှင်ပြန်ထရမည့်အရေးနှင့် စပ်လျဉ်း၍ ငြင်းခုံသူများ၊</u>

အချို့သောသူများသည် အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ တန်ခိုးတော်၊ ဂုဏ်တော်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ ပြုစီရင်မှုများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ဒေသနာတော်၊ အမိန့်တော်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အသိပညာ၊ အမြော်အမြင် အဆင်ခြင် အထောက်အထား တစ်စုံတစ်ရာမရှိဘဲလျက် ငြင်းခုံကြသည်။ စောဒနာဝင်ကြသည်။ သူတစ်ပါး၊တို့အား ထင်ယောင်ထင်မှား ဖြစ်စေကြသည်။ ထိုသို့သောသူများသည် ကိယာမတ်၊ ➤➤

كُتِبَ عَلَيْهِ أَنَّهُ مَن تَوَلَّاهُ فَأَنَّهُ يُضِلُّهُ وَيَهْدِيهِ إِلَىٰ عَذَابِ السَّعِيرِ ﴿٤﴾

၄။ (အမှန်သော်ကား) ထို"ရှိုင်တွာန်" မိစ္ဆာကောင်နှင့်ပတ်သက်၍ စီရင်ပြဋ္ဌာန်းပြီးဖြစ်သည်မှာ မည်သူမဆို ယင်း"ရှိုင်တွာန်" မိစ္ဆာကောင်အား အဆွေခင်ပွန်းပြုလုပ်ခဲ့မူ ယင်း"ရှိုင်တွာန်"မိစ္ဆာကောင်သည်ထိုသူအား လမ်းမှားစေခြင်းကိုလည်းကောင်း၊ ထိုသူအားအလျှဲပြောင်ပြောင် တောက်လောင်သောငရဲမီး၏ ပြစ်ဒဏ်သို့ လမ်းညွှန်ခြင်းကိုလည်းကောင်း၊ ဧကန်မလွဲ ပြုလုပ်မည်ဖြစ်သည်ဟု စီရင်ပြဋ္ဌာန်းပြီး ဖြစ်ချေသတည်း။

يَٰٓأَيُّهَا ٱلنَّاسُ إِن كُنتُمْ فِى رَيْبٍ مِّنَ ٱلْبَعْثِ فَإِنَّا خَلَقْنَٰكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ مِن مُّضْغَةٍ مُّخَلَّقَةٍ وَغَيْرِ مُخَلَّقَةٍ لِّنُبَيِّنَ لَكُمْ

၅။ အို-လူခပ်သိမ်းတို့၊ အကယ်၍အသင်တို့သည် ရှင်ပြန်ထခြင်းနှင့်စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်နေကြပါလျှင် (အသင်တို့သည် မိမိတို့နှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို လေးနက်စွာ စဉ်းစား၍ ကြည့်ကြလေကုန်)။ ဧကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ရှေ့ဝယ် (မိမိတန်ခိုးတော်ကို) ထင်ရှားစေခြင်းငှာ အသင်တို့အား (ပထမသော်)မြေကြီးဖြင့်လည်းကောင်း၊ ထို့နောက် သုတ်ရည်ဖြင့်လည်းကောင်း၊ ထို့နောက် သွေးခဲဖြင့်လည်းကောင်း၊ ထို့နောက်အင်္ဂါစုံလင် ပုံကျသော အသားတုံးဖြင့်လည်းကောင်း၊ အင်္ဂါမစုံ ပုံမကျသော အသားတုံးဖြင့်လည်းကောင်း၊ (အဆင့်ဆင့်) ဖန်ဆင်းတော်မူခဲ့၏။

➤➤ ရှင်ပြန်ထကြရမည့်အရေး၊ ကျိုးပြစ်ခဲစံကြရမည့်အရေးများကို ငြင်းခုံပြောဆိုကြသည်။ "လူတစ်ဦးသည် သေ၍ အရိုးများ ဆွေးမြည့်ကာ အပိုင်းပိုင်းအစစ ပျံလွှင့်ပျောက်ကွယ်သွားပြီးနောက် အသို့လျှင် ရှင်ပြန်ထနိုင်အံ့နည်း။ အသို့လျှင် မိမိ၏မူလဘဝသို့ ပြန်လည်ရောက်ရှိနိုင်အံ့နည်း"ဟု စောဒနာဝင်ကြသည်။ ထိုသို့သော အမြော်အမြင်အဆင်ခြင် ကင်းမဲ့သောသူများအား ရှိုင်တွာန်သည် အထူးဖြားယောင်းနေရန်ပင် မလိုပေ။အဘယ်ကြောင့်ဆိုသော် ထိုသို့သောသူများသည် ရှိုင်တွာန်၏ ကျော့ကွင်းထဲသို့ မိမိတို့ အလိုအလျောက်ပင် အလွယ်တကူ ဆင်းကြပေသည်။ ရှိုင်တွာန်၏ဖိတ်ခေါ်ချက်ကို လက်ခံရန် အမြဲတစေ အသင့်ရှိနေကြပေသည်။ ရှိုင်တွာန်ကား မိမိနှင့် အဆွေခင်ပွန်းဖွဲ့သူတို့အား လမ်းမှားစေပြီး ငရဲသို့အရောက် ပို့ဆောင်သည်သာတည်း။ ဤသည်ကို အဆင်ခြင်ကင်းမဲ့သောယင်းသူမိုက်တို့သည် မသိကြလေသလော။ ယင်းသို့ ရှင်ပြန်ထကြရမည့်အရေးနှင့် စပ်လျဉ်း၍ ဒွိဟဖြစ်နေသူတို့အား ရည်ညွှန်း၍ ရှေ့လာလတ္တံ့ သောအာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

وَنُقِرُّ فِي الْأَرْحَامِ
مَا نَشَاءُ إِلَىٰ أَجَلٍ مُّسَمًّى
ثُمَّ نُخْرِجُكُمْ طِفْلًا
ثُمَّ لِتَبْلُغُوا أَشُدَّكُمْ
وَمِنكُم مَّن يُتَوَفَّىٰ
وَمِنكُم مَّن يُرَدُّ إِلَىٰ أَرْذَلِ
الْعُمُرِ لِكَيْلَا يَعْلَمَ مِن
بَعْدِ عِلْمٍ شَيْئًا ۚ وَتَرَى
الْأَرْضَ هَامِدَةً فَإِذَا
أَنزَلْنَا عَلَيْهَا الْمَاءَ
اهْتَزَّتْ وَرَبَتْ
وَأَنبَتَتْ مِن كُلِّ
زَوْجٍ بَهِيجٍ ۝٥

ငင်းပြင် ငါအရှင်မြတ်သည် သားအိမ်များတွင် မိမိအလိုရှိတော်မူသည်ကို (သုတ်ရည်ကို) သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလတိုင်အောင် တည်စေတော်မူပြီးနောက် အသင်တို့အား (အမိဝမ်းတွင်းမှ အပြင်သို့ နို့စို့အရွယ်)ကလေးသူငယ်အဖြစ် ထွက်စေတော်မူ၏။ ထို့နောက် အသင်တို့သည် မိမိတို့၏ လူလားမြောက်သောအရွယ်သို့ ရောက်ရှိနိုင်ကြရန် (ငါအရှင်မြတ်သည် မွေးမြူတော်မူပြန်၏။) ၎င်းပြင် အသင်တို့အနက် (အရွယ်မရောက် လူလားမမြောက်မီပင်) အသက်သေဆုံးရသူလည်းရှိ၏။ ထိုနည်းတူစွာ အသင်တို့တွင် အယုတ်ညံ့ဆုံးသော အသက်အရွယ်သို့ ပြန်ရောက်ရသောသူလည်းရှိ၏။ ထို့ကြောင့် ၎င်းသည် (အရာရာကို) သိရှိပြီး နောက်သော်မှပင် မည်သည့် တစ်စုံတစ်ရာကိုမျှ မသိနိုင်တော့ချေ။

ထိုမှတပါး အသင်သည် ပထဝီမြေကို သွေ့ခြောက်လျက် တွေ့မြင်လေသည်။ တစ်ဖန် ငါအရှင်မြတ်သည် ယင်းပထဝီမြေပေါ်ဝယ် (မိုး)ရေကို (ရွာသွန်း၍) ကျစေတော်မူသောအခါ ယင်းမြေ(မှ သစ်ပင်ဝါးပင်များ) ပေါက်ရောက် လှုပ်ရှားလာလေသည်။ ထို့ပြင် တိုးတက်မြင့်မားလာလေသည်။ ထို့ပြင် အထူးနှစ်မြို့ဖွယ်ဖြစ်သော (သစ်သီးသစ်ဥ ကောက်ပဲသီးနှံ) အမျိုးအစား အသီးသီးတို့ကို ပေါက်ရောက်စေလေသည်။ ၁

---

① လူသားသည်မိမိ၏ဘဝဖြစ်စဉ်နှင့် မြေထွက်သီးနှံများကို ဆင်ခြင်ပါက ရှင်ပြန်ထရမည့်အရေးကို အလွယ်တကူသဘောပေါက်လာပေမည်။ သေပြီးနောက် ရှင်ပြန်ထရမည့်အရေးနှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်နေသူများအား မိမိတို့၏ ဘဝဖြစ်စဉ်နှင့် မြေသေမှပေါက်ပွားလာသော သီးနှံတို့၏ဖြစ်စဉ်ကို စဉ်းစားဆင်ခြင်တွေးခေါ် မြော်မြင်ကြည့်ရန် ဤအာယတ်တော်များတွင် ညွှန်ပြမိန့်ဆိုထားတော်မူသည်။ ➤➤

➢➢ **လူဖြစ်စဉ်။**

အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ မူလအစ ကမ္ဘာဦးဖခင်ကြီး အာဒမ်အား မြေဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်လူသားတို့အား ကလလရေကြည် တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ဆိုလိုသည်ကား ထိုအရှင်မြတ်သည် မြေမှ လူသားတို့အဖို့ အစာအာဟာရများကို ပေါက်ရောက်စေတော်မူသည်။ လူသားတို့က ထိုသည့် အစာအာဟာရများကို စားသုံးကြသည်။ ထို့သည့် အစာအာဟာရများအနက် အချို့သည် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပြီး သုတ်ရည်ဖြစ်လာသည်။ သုတ်ရည်သည်လည်း အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပြီး နောက်ဆုံးတွင် လူသားဖြစ်လာလေသည်။ ရှင်းပြဦးအုံ့။

လူသားတို့ မိဝဲစားသုံးသော မြေထွက် အာဟာရများသည် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပြီး သွေးဖြစ်လာသည်။ ထိုမှတစ်ဆင့် သုတ်ရည်ဖြစ်လာသည်။ ထိုမှတစ်ဆင့် သွေးခဲဖြစ်လာသည်။ ထိုမှတစ်ဆင့် အသားတုံးဖြစ်လာသည်။ ထိုမှတစ်ဆင့် အချို့အသားတုံးမှာ လူအင်္ဂါများပြည့်စုံစွာ ဖြစ်ပေါ်လာပြီး လူသားပြကတ္တိ ဖြစ်လာလေသည်။ အချို့မှာ လူအင်္ဂါများ ပြည့်စုံစွာ ဖြစ်ပေါ်မလာဘဲ လျော့ကျပျက်စီးသွားလေသည်။ သို့တည်းမဟုတ် အချို့အသားတုံးမှာ အင်္ဂါပြည့်စုံသော လူသားဖြစ်လာလေသည်။ အချို့မှာ အင်္ဂါချို့တဲ့သော လူသားဖြစ်လာလေသည်။

လူသားသည် မြေထွက်အစာ အာဟာရအဖြစ်မှ လူသားဖြစ်လာသည်အထိ မည်သို့မည်ပုံ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့သည်။ (အဘ၏ ကျောက်ကုန်းကို မည်သို့မည်ပုံ ရောက်ရှိလာခဲ့သည်၊ အဘ၏ ကျောက်ကုန်းမှ အမိဝမ်းဗိုက်သို့ မည်သို့မည်ပုံ ရောက်ရှိလာခဲ့သည်။ အမိ ဝမ်းဗိုက်၌ မည်သို့မည်ပုံ နေထိုင်ခဲ့သည်) အချိန်မည်မျှ ကြာခဲ့သည်၊ မည်သည့်မည်ပုံ အဆင့်ဆင့် ပြောင်းလဲ တိုးတက်လာခဲ့သည်။ နောက်ဆုံးတွင် မည်သို့မည်ပုံ အမိဝမ်းဗိုက်မှ အံ့ဖွယ်သရဲ လူသားကလေးအဖြစ်နှင့် သန့်စင် ဖွားမြင်လာခဲ့သည်များကို စဉ်းစားဆင်ခြင်တွေးခေါ်မြော်မြင်ပါက အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်အနန္တနှင့်၊ သေပြီးနောက် ရှင်ပြန် ထရမည့်အရေးကို လွယ်ကူစွာ သဘောပေါက် ယုံကြည်လက်ခံလာပေမည်။

လူသားသည် သုတ်ရည်တစ်စက်မှ လူသားကလေးအဖြစ် သန့်စင်ဖွားမြင်လာသည်အထိ အမိဝမ်းဗိုက် အတွင်း၌ အဆင့်ဆင့် ပြောင်းလဲတိုးတက် ကြီးထွားလာသကဲ့သို့ ဖွားမြင်ပြီးသည့် နောက်ပိုင်းတွင်လည်း တဖြည်းဖြည်း ဘဝအဆင့်ဆင့်ကို ကူးပြောင်းကျော်လွန်ရပေသည်။ လူသားသည် အမိဝမ်းဗိုက်မှ သန့်စင်ဖွားမြင်လာသည့်အခါ နို့စို့အရွယ် လူမမယ်ကလေးလေးပင် ဖြစ်ပေသည်။ အားအင်နနယ် သေးငယ်လှပေသည်။ ထိုမှတစ်ဆင့် ပြေးလွှားနိုင်သည့် လူငယ်ဘဝသို့ ရောက်ရှိလာပေသည်။ ထိုမှတစ်ဆင့် ပို့ရွယ်သန်စွမ်းလာပြီး လူတစ်လုံး သူတစ်လုံး ဖြစ်လာလေသည်။ အချို့မှာ ငယ်ရွယ်စဉ်မှာပင် သေဆုံးသွားကြလေသည်။ အချို့မှာ လုံးဝအိုမင်းရင့်ယော်ကာ အားအင်ပြန်လည်ဆုတ်ယုတ် ချည့်နဲ့သွားကြလေသည်။ သူငယ်ပြန်သည်အထိ အသက်နှင့် နေကြရလေသည်။ ဤသည် လူဘဝဖြစ်စဉ် အကျဉ်းတည်း။

ဤသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုပင် လူသားတို့သည် စဉ်းစားဆင်ခြင် တွေးမြင်ပါက အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်အနန္တနှင့် သေပြီးနောက် ရှင်ပြန်ထကြရမည့်အရေးကို လွယ်ကူစွာ သဘောပေါက် လက်ခံယုံကြည်လာကြပေမည်။

မြေထွက်သီးနှံ

ထို့အတူ လူသားတို့ စဉ်းစားဆင်ခြင်အပ်သည့် အချက်တစ်ချက်မှာ မြေသည်သေလျက်ရှိသည်။ သွေ့ခြောက်လျက်ရှိသည်။ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် မိုးရွာလာသည်။ မိုးရေနှင့် ➢➢

ذَٰلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّهُ يُحْيِي الْمَوْتَىٰ وَأَنَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ۝٦

၆။ ဤသည်တို့ ဖြစ်ရခြင်း အကြောင်းကား ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာလျှင် အမှန်တည်ရှိတော်မူသော အရှင်ဖြစ်တော်မူခြင်းကြောင့်လည်းကောင်း၊ ဧကန်အမှန် ထိုအရှင်မြတ်သည်ပင် သေသူအပေါင်းကို ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူခြင်းကြောင့်လည်းကောင်း၊ မလွဲဧကန် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူခြင်းကြောင့် လည်းကောင်းဖြစ်ချေသည်။

وَأَنَّ السَّاعَةَ آتِيَةٌ لَّا رَيْبَ فِيهَا وَأَنَّ اللَّهَ يَبْعَثُ مَن فِي الْقُبُورِ ۝٧

၇။ ထိုမှတပါး၊ဧကန်မလွဲ ကိယာမတ်သည်လည်း (မုချ) ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းကိယာမတ်နှင့် စပ်လျဉ်း၍ ယုံမှားသံသယဖြစ်ဖွယ်ရာ အလျင်းမရှိပြီ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် သချိုင်းများတွင် ရှိသူတို့ကို ဧကန်စင်စစ် ရှင်ပြန်ထစေတော်မူမည် ဖြစ်သတည်း။

➤➤ ထိတွေ့သည့်အခါ အဆိပါမြေသေမှပင် အလွန်စိမ်းစိုသာယာ စိုပြည်သော သီးနှံမျိုးစုံ ပေါက်ရောက်လာကြပေသည်။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင် မျက်ဝါးထင်ထင်ပင်။

လူဖြစ်စဉ်နှင့် မြေမှပေါက်ရောက်လာသော သီးနှံတို့၏ ဖြစ်စဉ်များကို ထောက်ရှုခြင်းအားဖြင့်။

(၁) တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်တစ်ပါး ရှိတော်မူကြောင်း။

(၂) ထိုအရှင်မြတ်သည် သေနေသော အရာများကို ပြန်လည်ရှင်စေတော်မူကြောင်း။

(၃) ထိုအရှင်မြတ်သည် အရာရာကို ပြုစွမ်းတော်မူနိုင်ကြောင်း။

(၄) ထိုအရှင်မြတ်သည် အရာရာ၌ အကြောင်းနှင့်အကျိုးကို ဒွန်တွဲ၍ ဖန်ဆင်းထားတော်မူပေရာ၊ ဤပစ္စက္ခ၌ လူသားတို့ ကျင့်မူဆည်းပူးထားကြသော ကောင်းမှု၊ မကောင်းမှုအစုစုတို့၏ ကောင်းကျိုး ဆိုးကျိုးများကို ခံစံကြရန်အတွက် ဤပစ္စက္ခဘဝ ကုန်ဆုံးပြီးနောက်တွင် နောင်တမလွန်ဘဝကား မုချရှိရပေမည်ဖြစ်ကြောင်း။

မြေထွက်အာဟာရများတွင် ဖုံးအုပ်လျက်ရှိသော အရည်အချင်းများသည် သုတ်ရည်၊ သွေးခဲ၊ အသားတုံးစသည်ဖြင့် အဆင့်ဆင့် တိုးတက်ကာ လူသားအဖြစ် ပေါ်ထွန်းလာသကဲ့သို့ လူသားတို့၌ ဖုံးအုပ်လျက်ရှိသော ကောင်းကျိုး၊ မကောင်းကျိုးဆိုင်ရာ အရည်အချင်းများသည်လည်း အဆင့်ဆင့် တိုးတက်ကာ ပြည့်ဝစုံလင်သော အကောင်အထည်များ၊ သရုပ်သဏ္ဌာန် မုချပေါ်ထွန်းလာရပေဦးမည်။ ထိုအချိန်ကား အခြားမဟုတ်၊ ရှင်ပြန်ထကြရမည့် နောင်တမလွန်ဘဝပင် ဖြစ်ကြောင်း ကောင်းစွာသိရှိရပေသည်။

وَمِنَ النَّاسِ مَنْ يُّجَادِلُ
فِي اللّٰهِ بِغَيْرِ عِلْمٍ
وَّلَا هُدًى وَّلَا كِتٰبٍ مُّنِيْرٍ ۙ﴿٨﴾

၈။ စင်စစ် လူတို့တွင် အသိပညာ လုံးဝ မရှိဘဲ လျက်လည်းကောင်း၊ မည်သည့် သက်သေထင်ရှား တင်ပြချက်မျှမရှိဘဲလျက်လည်းကောင်း၊ မည်သည့် ရှင်းလင်းစေသော ကျမ်းဂန်မျှ မရှိဘဲလျက်လည်း ကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ *အငြင်း အခုံ ပြုတတ်သူလည်း ရှိပေသည်။* [၁]

ثَانِيَ عِطْفِهٖ لِيُضِلَّ عَنْ
سَبِيْلِ اللّٰهِ ۭ لَهٗ فِي الدُّنْيَا
خِزْيٌ وَّنُذِيْقُهٗ يَوْمَ
الْقِيٰمَةِ عَذَابَ الْحَرِيْقِ ﴿٩﴾

၉။ (မာန်မာနထောင်လွှားကာ) မိမိလည်ပင်းကို လိမ်လျက် (သူတပါး:တို့အား လည်း:) အလ္လာဟ်အရှင် မြတ်၏လမ်းတော်မှ လွဲမှားစေခြင်း:ငှာ ထိုသူ၌(ဤ) ပစ္စုပ္ပန်လောကတွင်လည်း ကျိုးယုတ်ရှက်ရဖြစ်ခြင်း သည်ရှိ၏။ "ကိယာမတ်" ရှင်ပြန်ထမည့် နေ့တွင် လည်း ငါအရှင်မြတ်သည် ထိုသူအား (ကျွမ်းလောင်စေ သော ငရဲ)မီး၏ ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူ မည် ဖြစ်ပေသည်။

ذٰلِكَ بِمَا قَدَّمَتْ يَدٰكَ
وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ
لِّلْعَبِيْدِ ﴿١٠﴾

၁၀။ ဤသို့ဖြစ်ရခြင်း:မှာ အသင်၏ လက်နှစ်ဖက် သည် တင်ကူး၍ပို့ခဲ့သော (ပြစ်မှုဒုစရိုက်များ) ကြောင့် ပင်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ)ကျွန်များအား နှိပ်စက်ကလူ ပြုတော်မူသောအရှင် မဟုတ်ပြီ။

---

① **ကျားကျား-မီးယပ်ဆိုသူများ။**

အထက်ပါ အာယတ်တော်များတွင် ကိယာမတ် ရှင်ပြန်ထကြရမည့်အကြောင်း၊ ကျိုးပြစ်ခံစံကြရမည့် အကြောင်းများနှင့် စပ်လျဉ်း၍ ကျိုးကြောင်းပြကာ အထင်အရှား မိန့်ဆိုထားတော်မူသည်။ သို့ပါသော်လည်း အချို့သူမိုက်များသည် ယင်းသို့ ထင်ရှားသော အထောက်အထားများကို ကြားသိကြရပြီးသည့်နောက်သော်မှပင် သူတစ်ပါး:တို့အား လွဲမှားစေရန်အတွက် တစ်စုံတစ်ရာ အသိပညာ အထောက်အထား၊ ကောင်းကင်ကျကျမ်းချက် အသိပညာအထောက်အထား၊ စာပေကျမ်းဂန် အထောက်အထား မရှိဘဲလျက် မောက်မာပလွှားကာ "ကျားကျား မီးယပ်" ဆိုသကဲ့သို့ ဇွတ်မှိတ်၍ အငြင်းအခုံပြုကြသည်။ ထိုသို့သော သူများသည် ဤပစ္စက္ခဘဝတွင်လည်း ကျိုးယုတ်ရှက်ရဖြစ်ကြရပေမည်။ နောင်တမလွန်ဘဝတွင်လည်း ငရဲမီးဒဏ် ခံကြရပေဦးမည်။ ဤကား မည်သူမပြု မိမိမူပင်။

وَمِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ ۚ فَاِنْ اَصَابَهٗ خَيْرُ ِۨاطْمَاَنَّ بِهٖ ۚ وَاِنْ اَصَابَتْهُ فِتْنَةُ ِۨانْقَلَبَ عَلٰى وَجْهِهٖ ۚ خَسِرَ الدُّنْيَا وَالْاٰخِرَةَ ۭ ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ⑪

၁၁။ ၎င်းပြင် လူတို့တွင် ဘေးအစွန်းဖျား၌ (ရပ်တည်၍)အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်သူလည်းရှိပေသည်။ တဖန် အကယ်၍ ထိုသူ၌အကျိုးကျေးဇူး တစ်စုံတစ်ရာ သက်ရောက်ခဲ့သည်ရှိသော် ထိုသူသည် ထိုအခြေအနေကို နှစ်သိမ့်ကျေနပ်ခဲ့လေသည်။ သို့ရာတွင် အကယ်၍ ထိုသူ၌ စမ်းသပ်မှုတစ်စုံတစ်ရာသက်ရောက်ခဲ့မှု ထိုသူသည် မိမိမျက်နှာလှည့်၍ ပြန်သွားခဲ့လေသည်။ ထိုသူသည် (ဤ)ပစ္စက္ခလောကီဘဝကိုလည်းကောင်း၊ နောင်တမလွန်ဘဝကိုလည်းကောင်း၊ (နှစ်ခုစလုံးကိုပင်) လက်လွတ် ဆုံးရှုံးခဲ့လေသည်။ ဤသည် ထင်ရှားသော ပျက်စီးဆုံးရှုံးမှုပင်တည်း။

يَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهٗ وَمَا لَا يَنْفَعُهٗ ۭ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ⑫

၁၂။ (စင်စစ်သော်ကား) ထိုသူသည် အလွှာဟ်အရှင်မြတ်အားစွန့်၍ မိမိအား အကျိုးယုတ်စေနိုင်ခြင်း မရှိသောအရာကိုလည်းကောင်း၊ မိမိအား အကျိုးဖြစ်ထွန်းစေနိုင်ခြင်း မရှိသော အရာကိုလည်းကောင်း၊ ဟစ်ခေါ်လျက်ရှိပေသည်။ ဤကား (အမှန်တရားနှင့်) အလွန်ဝေးလံသော လမ်းမှားခြင်းပင်။

⑪ ကိုယ်ကျိုးရှာအချောင်သမား၊ ခြံခုန်အယောင်ဆောင်များ။

အချို့သူများသည် အစွလာမ်ကို နှစ်နှစ်ကာကာ ယုံကြည်ကြသည်မဟုတ်၊ အစွလာမ်အရေးတွင် သို့လော သို့လော ဖြစ်နေကြပေသည်။ ၎င်းတို့သည် လောကီအကျိုးအတွက်သာလျှင် အစွလာမ်ကို လက်ခံထားကြပေသည်။ အစွလာမ်အတွင်းသို့ဝင်၍ လောကီအကျိုးရလျှင် အစွလာမ်ကို အမည်ခံ လက်ခံကြသည်။ ဒုက္ခတွေ့လျှင် အစွလာမ်ကိုစွန့်၍၊ ကုဖ်ရ်၊ ရှရ်စ်က်၏ အမိုက်မှောင်အတွင်းသို့ ပြန်လည်ဆင်းသက် သွားကြပြန်သည်။ အမှန်မှာ ထိုသို့သောသူများသည် ယခုခေတ်စကားနှင့် ရေးရမည်ဆိုလျှင် ခြံစည်းရိုးပေါ်တွင် ထိုင်နေသော ကိုယ်ကျိုးရှာ၊ အချောင်သမား၊ ခြံခုန်အရေခြုံ၊ အယောင်ဆောင်များသာ ဖြစ်ကြပေသည်။ ထိုသို့သော အယောင်ဆောင်များသည် နောက်ဆုံးတွင် နှစ်ဘဝစလုံး၌ ကျိုးယုတ်ရှက်ရဖြစ်ကာ အရှုံးကြီး ရှုံးကြရပေသည်။

[တမန်တော်မြတ်က "မုနာဖစ်က်၏ ဥပမာသည်-သားလိုချ် ဆိတ်အုပ် နှစ်အုပ်စပ်ကြားတွင် ပြေးလွှားနေသော ဆိတ်မနှင့်တူသည်။ ထိုဆိတ်မသည် တစ်ခါတစ်ရံ ဤဆိတ်အုပ်ထဲသို့ ပြေးသည်၊ တစ်ခါတစ်ရံ ထိုဆိတ်အုပ်ထဲသို့ပြေးသည်" ဟု ပုံခိုင်းမိန့်ကြားတော် မူခဲ့လေသည်။

ကြည့်-တမန်တော်မြတ်၏ ဩဝါဒတော်။ စာမျက်နှာ (၆၈)။]

يَدْعُوا لَمَنْ ضَرُّهُۥٓ أَقْرَبُ مِن نَّفْعِهِۦ ۚ لَبِئْسَ ٱلْمَوْلَىٰ وَلَبِئْسَ ٱلْعَشِيرُ ﴿١٣﴾

၁၃။ (အမှန်စင်စစ်) ထိုသူသည် အကြင်အရာကို ဟစ်ခေါ်လျက်ရှိပေသည်။ ထိုအရာ၏ အကျိုးယုတ်စေမှုသည် ၎င်း၏အကျိုးဖြစ်စေခြင်းထက် ပိုမို၍ပင် နီးကပ်လျက်ရှိပေသည်။ စင်စစ် (ထိုသူဟစ်ခေါ်လျက်ရှိသောအရာမှာမူကား) အလွန်ယုတ်ညံ့သော ကြည့်ရှုထောက်မသူ၊ ၎င်းပြင် အလွန်ယုတ်ညံ့သော အဆွေခင်ပွန်းပင် ဖြစ်ပေသတည်း။

إِنَّ ٱللَّهَ يُدْخِلُ ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ جَنَّٰتٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ ۚ إِنَّ ٱللَّهَ يَفْعَلُ مَا يُرِيدُ ﴿١٤﴾

၁၄။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သောသူတို့အား အကြင် ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ထိုဥယျာဉ်များအောက်မှ စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိရည်ရွယ်တော်မူသောကိစ္စကို (ပြီးမြောက်အောင်) ပြုလုပ်တော်မူပေသတည်း။

مَن كَانَ يَظُنُّ أَن لَّن يَنصُرَهُ ٱللَّهُ فِى ٱلدُّنْيَا وَٱلْءَاخِرَةِ فَلْيَمْدُدْ بِسَبَبٍ إِلَى ٱلسَّمَآءِ ثُمَّ لْيَقْطَعْ فَلْيَنظُرْ هَلْ يُذْهِبَنَّ كَيْدُهُۥ مَا يَغِيظُ ﴿١٥﴾

၁၅။ မည်သူမဆို အလ္လာဟ်အရှင်မြတ်သည် ထိုရဏ္ဍလ်တမန်တော်(မုဟမ္မဒ်)အား (ဤ)ပစ္စက္ခ မျက်မှောက်လောကတွင်လည်းကောင်း၊ နောင်တမလွန်တွင်လည်းကောင်း၊ အလျင်း အကူအညီပေးတော်မူမည် မဟုတ်ဟု ထင်မြင်ယူဆလျက်ရှိလျှင် ထိုသူသည် ကြိုးတစ်ချောင်းကို မိုးကောင်းကင်အထိ ဆန့်တန်းဆွဲချိတ်ရမည်။ ထို့နောက် ၎င်းသည် (ယင်းအကူအညီကို) ဖြတ်တောက် (ရပ်စဲစေ)ရမည်။

① ယုံကြည်ချက်ခိုင်မြဲသော မုအ်မင်န် သူတော်စင်များ။

အထက်တွင် ယုံကြည်ချက် မခိုင်မြဲသော၊ ကိုယ်ကျိုးရှာ အချောင်သမား၊ ခြံခုန်၊ အရေခြုံ၊ အယောင်ဆောင်များ၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ယုံကြည်ခိုင်မြဲသော သာသနာ့ အဆုံးအမများကို ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ သက်စွန့် ကြိုးပမ်းကျင့်မူ ဆောက်တည်ကြကုန်သော သာသနာ့ အာဇာနည်ကြီးများ ဖြစ်ကြကုန်သော မုအ်မင်န် သူတော်စင်များ၏အကြောင်းကို မိန့်ဆိုထားတော်မူသည်။

(တစ်နည်း)

ထိုသူသည် ကြိုးတစ်ချောင်းကို (ယူကာ) မိမိလည်ပင်းကို ချည်၍ (အိမ်)ခေါင်မိုးအထိ ဆွဲငင်ဆန့်တန်းပြီးနောက် (မိမိလည်မျိုကို)ညှစ်သတ်ရမည်။ တစ်ဖန် မိမိကြံစည်ချက်သည် (မိမိအား) အမျက်ထွက်စေသော ကိစ္စကို ပျောက်လွင့်စေသလောဟု စဉ်းစားဆင်ခြင်၍ ကြည့်ရပေမည်။ [၁]

وَكَذَٰلِكَ أَنزَلْنَٰهُ ءَايَٰتٍۭ بَيِّنَٰتٍ وَأَنَّ ٱللَّهَ يَهْدِى مَن يُرِيدُ ﴿١٦﴾

၁၆။ စင်စစ်သော်ကား ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ထင်ရှားလှစွာသောသက်သေလက္ခဏာ အာယတ်တော်များအဖြစ်ချပေးသနားတော်မူခဲ့ပေသည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိရည်စူးတော်မူသော သူအား တရားလမ်းမှန်ကို ညွှန်ပြတော်မူပေသတည်း။

---

① **တမန်တော်မြတ်၏ အောင်မြင်မှုကို မမြင်လိုက ကြိုးဆွဲချသေရုံပင်။**

ဤအာယတ်တော်တွင် "လန်ယန်ဆုရဟူ" ဟူသော ဝါကျ၌ပါရှိသော "ဟူ" ဟူသော နာမ်စားသည် တမန်တော်မြတ်အား ရည်ညွှန်းသည်မှာ ထင်ရှားလှပေသည်။ ကုရ်အာန်ကျမ်းမြတ်ကို လေ့လာသူတိုင်း ဤအချက်ကို ကောင်းစွာသိနိုင်ပေသည်။

အထက်တွင် မုအ်မင်နဉ်သူတော်စင်များ၏ နောင်ရေးကို မိန့်ဆိုထားတော်မူသည်။ ဤ အာယတ်တော်တွင် တမန်တော်မြတ်၏နောင်ရေးကို မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား လောကီ၊ လောကုတ္တရာ ရေးရာများတွင် အောင်မြင်စေတော်မူမည့်အကြောင်း ကတိပြုထားတော်မူသည်။ ကြည့်-ကုရ်အာန် (၄၀း၅၁)။

ထိုအရှင်မြတ်၏ ကတိတော်များသည် မှန်ကန်သည်သာဖြစ်သည်။ အတည်ဖြစ်သည်သာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်မြတ်သည် နှစ်ဘဝစလုံးတွင် အောင်မြင်ချေပြီ။ မလိုမုန်းတီးသော ကာဖိရ်များသည် အဘယ်မျှပင် အမျက်ထွက်ကြသော်လည်း မကျေမချမ်း ဖြစ်ကြသော်လည်း၊ ဒေါသထကြသော်လည်း၊ တမန်တော်မြတ်၏ နှစ်ဘဝအောင်မြင်မှုကို ဟန့်တားလိုကြသော်လည်း အလ္လာဟ်အရှင်မြတ်၏ ကတိတော်နှင့်အညီ တမန်တော်မြတ်သည် နှစ်ဘဝစလုံးတွင် အောင်မြင်ခြင်းကြီးမက အောင်မြင်တော်မူမည်မှာ မလွဲဧကန် အမှန်ပင်။ ယင်းသို့ တမန်တော်မြတ် အောင်မြင်တော်မူသည့်အတွက် မလိုမုန်းတီးသော ကာဖိရ်များသည် အတိုင်းထက်အလွန် ဒေါသအမျက် ထွက်နေကြလျှင် မိမိတို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်ကို ပိတ်ပင်တားဆီးနိုင်ကြမည်ဟု ထင်မှတ်နေကြလျှင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်၍ ကြည့်သင့်ကြပေသည်။ အမျိုးမျိုး ကြိုးစားအားထုတ်သော်လည်း ➤➤

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئِينَ وَالنَّصَارَىٰ وَالْمَجُوسَ وَالَّذِينَ أَشْرَكُوا إِنَّ اللَّهَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿١٧﴾

၁၇။ ဧကန်စင်စစ် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း၊ ရေဝတီဘာသာဝင်တို့သည်လည်းကောင်း၊ ဆွာဗီတို့သည်လည်းကောင်း၊ နဆွဲရာနီတို့သည်လည်းကောင်း၊ မ ဂျူစီ [၁] (မီးကိုးကွယ်သူ) တို့သည်လည်းကောင်း၊ "မုရှ်ရစ်က်" တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်သူတို့သည်လည်းကောင်း၊ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့စပ်ကြားဝယ် စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည်အရာခပ်သိမ်းတို့ကို(မျက်မြင်ဒိဋ္ဌ) သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➢➢ မိမိတို့၏ လိုအင်ဆန္ဒမပြည့်ဝလျှင် နောက်ဆုံးတွင် မိမိတို့၏ ဒေါသအမျက်ကို ဖြေဖျောက်နိုင်ရန်အတွက် အိမ်ခေါင်တွင် ကြိုးချည်ပြီး ကြိုးဆွဲချ၍ သေသင့်ကြပေသည်။

ဤအာယတ်တော်နှင့် စပ်လျဉ်း၍ အခြားအဖွင့်တစ်ရပ်မှာ မလိုမုန်းတီးသော ကာဖိရ်များသည် တမန်တော်မြတ်၏ နှစ်ဘဝ အောင်မြင်ရေးကိုကြည့်ပြီး ဒေါသထွက်နေကြလျှင်၊ တတ်စွမ်းနိုင်ကြပါက မိုးကောင်းကင်၌ ကြိုးချည်၍ အထက်သို့တက်ပြီး တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်၏ ချီးမြှင့်တော်မူသော ဝဟီကို ဖြတ်တောက် ရပ်ဆိုင်းပစ်သင့်ကြပေသည်။ ကာဖိရ်များသည် ဤသို့ကား အသို့လျှင် ပြစ္စွမ်းနိုင်ကြအံ့နည်း။

① လူတိုင်းသည် ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်၏ အဆုံးအဖြတ်ကို ခံကြရမည်သာဖြစ်သည်။

"မဂျူစ်" ဟူသည် အကြင်သူများတည်း။ ၎င်းတို့သည် အရဗီ မဟုတ်ကြပေ။ ၎င်းတို့၏ ပြောဆိုချက်အရ ၎င်းတို့သည် တမန်တော် 'ဇုရ်ဟုရ်တ်' (Zoiosaster) ၏ နောက်လိုက်တပည့်သားများ ဖြစ်ကြပေသည်။ သို့ရာတွင် ၎င်းတို့သည် (တောင်ဟီဒ်) တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်မှုကို စွန့်လွှတ်ကာ (ဆနဝီယတ်) ကိုးကွယ်ရာနှစ်ပါးကို ဆည်းကပ် ကိုးကွယ်ကြပေသည်။

၎င်းတို့၏ ကိုးကွယ်ရာနှစ်ပါးမှာ 'ယာဇ်ဒါန်' နှင့် 'အဟ်ရမန်' ဖြစ်သည်။ ၎င်းတို့၏ ယူဆချက်အရ ယာဇ်ဒါန်သည် အလင်းနှင့် အကောင်းကို ဖန်ဆင်းသော ကိုးကွယ်ရာဖြစ်သည်။ အဟ်ရမန်သည် အမှောင်နှင့် အဆိုးကို ဖန်ဆင်းသော ကိုးကွယ်ရာဖြစ်သည်။ ၎င်းတို့၏ ယူဆချက်အရ ဤစကြာဝဠာကြီး ဖြစ်ပေါ်လာခြင်းမှာ အဆိုပါ ကိုးကွယ်ရာ နှစ်ပါးတို့၏ ပဋိပက္ခမှု၏ အကျိုးပင်ဖြစ်သည်။

ကြည့်-မာဂျီဒီ။ အ-၄။ စ-၆၈၀။ အအ-၂၂။

أَلَمْ تَرَ أَنَّ اللَّهَ يَسْجُدُ لَهُ مَن
فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ
وَالشَّمْسُ وَالْقَمَرُ وَالنُّجُومُ وَ
الْجِبَالُ وَالشَّجَرُ وَالدَّوَابُّ
وَكَثِيرٌ مِّنَ النَّاسِ ۖ وَكَثِيرٌ
حَقَّ عَلَيْهِ الْعَذَابُ ۗ وَمَن
يُهِنِ اللَّهُ فَمَا لَهُ مِن مُّكْرِمٍ ۚ
إِنَّ اللَّهَ يَفْعَلُ مَا يَشَاءُ ﴿١٨﴾ السجدة

၁၈။ ဧကန်မလွဲ မိုးကောင်းကင်များ၌ ရှိသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသူတို့သည်လည်းကောင်း၊ နေသည်လည်းကောင်း၊လသည်လည်းကောင်း၊ ကြယ်နက္ခတ်များသည် လည်းကောင်း၊ တောင်များသည် လည်းကောင်း၊ သစ်ပင်များသည် လည်းကောင်း၊ တိရစ္ဆာန်များသည်လည်းကောင်း၊ မြောက်များစွာသော လူတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား သာလျှင် ဦးချကြသည်ကို အသင်သည် မသိပါသလော။

သို့ရာတွင် (လူတို့အနက်) မြောက်များစွာသောသူတို့အပေါ်၌ ပြစ်ဒဏ်သည် အတည်ဖြစ်လေပြီ။ စင်စစ်သော်ကား မည်သူအားမဆို အလ္လာဟ်အရှင်မြတ်သည် ဂုဏ်အသရေ ယုတ်ညံ့စေတော်မူပါလျှင်၊ ထိုသူအား (ဂုဏ်အသရေ) ချီးမြှင့်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပြီ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို ပြုလုပ်တော် မူပေသတည်း။ ၁

---

① အဖန်ဆင်းခံ သက်ရှိသက်မဲ့ အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်အား မိမိတို့၏အခြေအနေနှင့် လျော်ညီစွာ ဦးညွှတ်မသုန် ကျိုးနွံလျက် ရှိကြပေသည်။ နာခံလျက်ရှိကြပေသည်။ လူသားတို့သည် အဖန်ဆင်းခံများတွင် အားလုံးတို့ထက် အသိဉာဏ် အမြော်အမြင် ဆင်ခြင်တုံတရား အထူးတလည် ချီးမြှင့်ခြင်း ခံခဲ့ကြရသည်ဖြစ်ရာ အားလုံးတို့ထက်ပင် ပိုမို၍ အလ္လာဟ်အရှင်မြတ်အား ကျိုးနွံသင့်ကြပေသည်။ ယခုမူကား အချို့ လူသားတို့သည် မိမိတို့၏ အသိဉာဏ်ကို စနစ်တကျ အသုံးမပြုကြသည့်အတွက် အမြင့်မှန်မရရှိဘဲ ထိုအရှင်မြတ်အားပင် သွေဖည်လျက် ရှိကြပေသည်။ လွဲမှားလျက် ရှိကြပေသည်။ ယင်းသို့သော သူများအဖို့ ပြစ်ဒဏ်တော်သည်လည်း အတည်ဖြစ်ချေပြီ။

ဤအာယတ်တော်နှင့် အနက်သဘောတူ အာယတ်တော်များသည် ကုရ်အာန် (၁၃း၁၅၊ ၁၆း၄၉)တွင် လာရှိခဲ့ချေပြီ။ ယင်းအာယတ်တော်များနှင့် စပ်လျဉ်း၍ အဖွင့်များကိုလည်း အကျယ်တဝင့် ရေးသားခဲ့ပေပြီ။ ထို့အတွက် အကျယ်မရေးပြီ။ သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုပါကုန်။

هَٰذَانِ خَصْمَانِ اخْتَصَمُوا فِي رَبِّهِمْ ۖ فَالَّذِينَ كَفَرُوا قُطِّعَتْ لَهُمْ ثِيَابٌ مِّن نَّارٍ يُصَبُّ مِن فَوْقِ رُءُوسِهِمُ الْحَمِيمُ ﴿١٩﴾ يُصْهَرُ بِهِ مَا فِي بُطُونِهِمْ وَالْجُلُودُ ﴿٢٠﴾

၁၉။ ဤအုပ်စုနှစ်စုကားမိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြသောအုပ်စုနှစ်စုပင်။ [၁] သို့ဖြစ်ပေရာ မယုံမကြည်သွေဖည်ငြင်းပယ်ခဲ့ကြသောသူတို့အဖို့ မီးဖြင့်ပြီးသော အဝတ်အထည်များသည် ကိုက်ညှပ် (ချုပ်စပ်)ပြီးဖြစ်ပေမည်။ (ထို့ပြင်) ၎င်းတို့၏ဦးခေါင်းများထက်မှ ကျိုက်ကျိုက်ဆူသောရေ သွန်းလောင်းခြင်းခံရမည်။

၂၀။ ထိုရေကြောင့် ထိုသူတို့၏ ဝမ်းဗိုက်များ၌ ရှိသောအရာ (အူသိမ်အူမ၊ အသည်း၊ နှလုံး) စသည်တို့သည်လည်းကောင်း၊ အသားအရည်တို့သည်လည်းကောင်း၊ အရည်ပျော်၍ သွားကြပေမည်။

---

① **ဤကမ္ဘာမှာ အုပ်စုနှစ်ခုသာ။**

ဤပစ္စက္ခကမ္ဘာ၌ အမြင်အားဖြင့်၊ အမည်အားဖြင့်၊ အရေအတွက်အားဖြင့် အုပ်စု အမြောက်အမြား တွေ့ရှိရပေသည်။ ကုရ်အာန်ကျမ်းမြတ် (၂၂း၁၇) တွင်လည်း အချို့အုပ်စုများ၏ အမည်များကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ယင်းသည့် အုပ်စုများသည် အမြင်အားဖြင့် အမည်အားဖြင့်၊ အရေအတွက်အားဖြင့် အဘယ်မျှပင် များပြားနေလင့်ကစား၊ မည်သည့်အုပ်စု မှန်သည်၊ မည်သည့်အုပ်စု မှားသည်ဟူသော သဘောအရ မှတ်ကျောက်တင်ကြည့်လိုက်သည့်အခါ အမှန်မှာ ဤကမ္ဘာမှာ မုအ်မင်န်အုပ်စုနှင့် ကာဖိရ်အုပ်စုဟူ၍ အုပ်စုနှစ်ခုသာ ရှိပေသတည်း။

မုအင်မင်န် အုပ်စုသည် အလ္လာဟ်အရှင်မြတ်အား မှန်ကန်စွာ ယုံကြည်သည်။ ထိုအရှင်မြတ်၏ အမိန့်တော်များကို မှန်ကန်စွာ လိုက်နာကျင့်သုံးကြသည်။ ကာဖိရ်အုပ်စုသည် အလ္လာဟ်အရှင်မြတ်အား မယုံကြည်ပေ။ ထိုအရှင်မြတ်၏ အမိန့်တော်များကိုလည်း မနာခံကြပေ။

အဆိုပါ အုပ်စုနှစ်ခုသည် ယုံကြည်ချက်၊ ကျင့်မှုချက်တွင် ကွဲပြားနေကြသည်ဖြစ်ရာ အရေးကိစ္စအဝဝတွင် အချင်းချင်း အတိုက်အခံဖြစ်လျက် ရှိကြပေသည်။ ပြိုင်ဆိုင်လျက် ရှိကြပေသည်။ ဤကား အထင်အရှားပင်။

မုအ်မင်န် အုပ်စုသည် မှန်သော ယုံကြည်မှု၊ မှန်သော အကျင့်သီလများကြောင့် ကောင်းမြတ်သော အကျိုးကို ရရှိပေမည်။ (၀၊) ဂျန္နတ်သို့ လားရမည်။ ကာဖိရ် အုပ်စုသည် မှားသော ယုံကြည်မှု၊ မှားသောအကျင့်၊ ဒုစရိုက်မှုများကြောင့် ဆိုးရွားသော အကျိုးကို ခံစားရပေမည်။ (၀၊) ဂျဟန္နမ် ငရဲသို့ လားကြရပေမည်။

ဤအာယတ်တော်များတွင် ငရဲတွင် ကာဖိရ်တို့ ခံစားကြရမည့် ပြစ်ဒဏ်များကို မိန့်ဆိုထားတော်မူသည်။ ရှေ့လာလတ္တံ့သော အာယတ်တော်များတွင် ဂျန္နတ်တွင် မုအ်မင်န်များ ခံစားကြရမည့် အမတသုခများကို မိန့်ဆိုထားတော်မူသည်။

وَلَهُمْ مَّقَامِعُ مِنْ حَدِيْدٍ ﴿٢١﴾

၂၁။ ထိုမှတပါး: ၎င်းတို့အဖို့ သံတုတ်များလည်း ရှိကြပေမည်။

كُلَّمَآ اَرَادُوْٓا اَنْ يَّخْرُجُوْا مِنْهَا مِنْ غَمٍّ اُعِيْدُوْا فِيْهَا ۗ وَذُوْقُوْا عَذَابَ الْحَرِيْقِ ﴿٢٢﴾

၂၂။ ၎င်းတို့သည် ဒုက္ခဆင်းရဲမှုကြောင့် ယင်း (ဂျဟန္နမ် ငရဲဘုံ)မှ ထွက်ရန်ကြံရွယ်ကြသည့်အခါတိုင်း၊ ယင်း(ဂျဟန္နမ်ငရဲဘုံ)ထဲသို့ပင် ပြန်လည်ပို့ခြင်းကိုခံကြရပေမည်။ ထို့ပြင် (ကောင်းကင်တမန်များက ၎င်းတို့အား ယခုသော်) အသင်တို့သည် မီး၏ပြစ်ဒဏ်ကိုပင် မြည်းစမ်းလျက်ရှိကြလေကုန် (ဟုပြောဆိုကြအံ့သတည်း။)

اِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ يُحَلَّوْنَ فِيْهَا مِنْ اَسَاوِرَ مِنْ ذَهَبٍ وَّلُؤْلُؤًا ۭ وَلِبَاسُهُمْ فِيْهَا حَرِيْرٌ ﴿٢٣﴾

၂၃။ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသည့်ပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ထိုဥယျာဉ်များအောက်မှ ချောင်းများစီးတွေ့လျက်ရှိကြပေမည်။ ထိုသူသည် ယင်းဥယျာဉ်များတွင် ရွှေလက်ကောက် (လက်မောင်းပတ်)များဖြင့်လည်း ကောင်း၊ ပုလဲများဖြင့်လည်းကောင်း တန်ဆာဆင်ယင်ပေးခြင်းကို ခံကြရပေမည်။ ထိုမှတပါး: ယင်းဥယျာဉ်များတွင် ၎င်းတို့၏ ဝတ်စားတန်ဆာများသည် ပိုးအဝတ်များပင် ဖြစ်ချေမည်။

وَهُدُوْٓا اِلَى الطَّيِّبِ مِنَ الْقَوْلِ ۚ وَهُدُوْٓا اِلٰى صِرَاطِ الْحَمِيْدِ ﴿٢٤﴾

၂၄။ စင်စစ် ၎င်းတို့သည် (ဤပစ္စက္ခဘဝတွင်) စင်ကြယ်သန့်ရှင်းသောစကား (ကလိမတ် တို်ကိ်ယိဗဟ်)ကိုလည်း ညွှန်ကြားပြသခြင်း ခံခဲ့ကြရလေသည်။ ထိုမှတပါး: ချီးမွမ်းထောမနာပြုခြင်းကို ခံယူထိုက်တော်မူသော အရှင်မြတ်၏လမ်းတော်ကိုလည်း ညွှန်ကြားပြသခြင်း ခံခဲ့ကြရကုန်သတည်း။ ③

③ ဆိုလိုသည်ကား: "ချီးမွမ်းထောပနာ ပြုခြင်းကို ခံယူထိုက်တော်မူသော အရှင်မြတ်၏ လမ်းတော်" ➤➤

إِنَّ الَّذِينَ كَفَرُوا وَيَصُدُّونَ عَنْ سَبِيلِ اللَّهِ وَالْمَسْجِدِ الْحَرَامِ الَّذِي جَعَلْنَاهُ لِلنَّاسِ سَوَاءً الْعَاكِفُ فِيهِ وَالْبَادِ ۚ وَمَنْ يُرِدْ فِيهِ بِإِلْحَادٍ بِظُلْمٍ نُذِقْهُ مِنْ عَذَابٍ أَلِيمٍ ﴿٢٥﴾

၂၅။ ဧကန်စင်စစ် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြသည့်ပြင် (သူတပါးတို့အား လည်း) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှလည်း ကောင်း၊ *အကြင်ရိုသေအပ်သော မတ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်မှလည်း ကောင်း၊* [၁] ပိတ်ပင်တားဆီးကြကုန်၏။ ငါအရှင်မြတ်သည် ယင်းဗလီဝတ်ကျောင်းတော်ကို ယင်း၌ အမြဲနေထိုင်သောသူ၊ ပြင်ပမှ (ခေတ္တခဏ) လာရောက်သောသူဟူ၍ (ခွဲခြားခြင်းမရှိဘဲ) လူသားတို့အဖို့ ညီတူညီမျှ (အခွင့်အရေးခံစားရာ ဗဟိုဌာန) အဖြစ် ပြဋ္ဌာန်းထားတော်မူခဲ့၏။ [၂] သို့ရာတွင်မူကား မည်သူမဆိုယင်းဗလီဝတ်ကျောင်းတော်၌တစ်စုံတစ်ရာ အယူဝါဒဖောက်ပြန်မှု၊ တစ်စုံတစ်ရာ မတရားမှုကို [(တစ်နည်း) တစ်စုံတစ်ရာ အယူဝါဒ ဖောက်ပြန်မှုကို မတရားသဖြင့်] ကြံရွယ်သည်ရှိသော် ငါအရှင်မြတ်သည် ထိုသူအား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မြည်းစမ်းစေတော် မူအံ့သတည်း။

➤➤ ဟူသည် အကြင်ဌာနကို ဆိုလိုသည်။ ယင်းဌာနတွင် မုအ်မင်နမ်များသည် မိမိတို့၏ အရှင်သခင်အား မိမိတို့အပေါ်၌ ထိုအရှင်မြတ် ပြုထားတော်မူသော ကျေးဇူးတော်များကို ထုတ်ဖော်ထောပနာ ပြုကြမည်ဖြစ်သည်။

အချို့ မုဖတ်စ်စစ်ရ်များက "စင်ကြယ်သန့်ရှင်းသောစကား" ဟူသည် ကုရ်အာန်ကို ဆိုလိုကြသည်။

အချို့က "လာအိလာဟ အစ်လ္လလ္လာဟ်" ကို ဆိုလိုကြသည်။ အချို့က ရှရီအတ်၌လာရှိသော အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရစေသော စာပိုဒ်များကို ဆိုလိုကြသည်။

"ချီးမွမ်းထောပနာခြင်းကို ခံယူထိုက်တော်မူသော အရှင်မြတ်၏ လမ်းတော်" ဟူသည် ဤပစ္စက္ခဘဝတွင် ညွှန်ပြခြင်းခံရသော ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ဆိုလိုကြသည်။ ကြည့်-အိဗ်နူကဆီရ်။

① **မတ်စ်ဂျိဒ်ဒေဟရာမ်**

'မတ်စ်ဂျိဒ်ဒေဟရာမ်' ဟူသည် ဟရမ်ဟူ၍သတ်မှတ်ထားတော်မူသော ပရဝဏ်တစ်ခုလုံးကို ဆိုလိုသည်။

② **မက္ကာမြို့တော်ရှိ အဆောက်အအုံများကို ရောင်းခြင်းနှင့် ငှားခြင်း။**

မက္ကာမြို့တော်ရှိ တိုက်တာဂေဟာများကို ရောင်းပိုင်ခွင့် သို့မဟုတ် ငှားပိုင်ခွင့် ရှိမရှိ၊ ဤတွင် အဆိုကွဲပြားလျက် ရှိပေသည်။

(က) အလ္လာဟ်အရှင်မြတ်သည် ဟရမ်ပရဝဏ် တစ်ခုလုံးကို မုအ်မင်နမ်တိုင်း လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ရန်အလို့ငှာ ကမ္ဘာ့ငြိမ်းချမ်းရာ ဗဟိုဌာနအဖြစ် သတ်မှတ်ထားတော်မူသည်။ ယင်းဟရမ်အတွင်း၌ ➤➤

وَإِذْ بَوَّأْنَا لِإِبْرَٰهِيمَ مَكَانَ
ٱلْبَيْتِ أَن لَّا تُشْرِكْ بِى
شَيْـًٔا وَطَهِّرْ بَيْتِىَ
لِلطَّآئِفِينَ وَٱلْقَآئِمِينَ وَ
ٱلرُّكَّعِ ٱلسُّجُودِ ﴿٢٦﴾

၂၆။ ထိုမှတပါး (အို-နဗီတမန်တော်၊ ပြန်လည်သတိရပါလေ၊) တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် (နဗီတမန်တော်) အီဗရာဟီမ်အား (ထူးမြတ်သော)အိမ်တော်၏နေရာကို ညွှန်ပြ၍ ပေးတော်မူခဲ့၏။ (ထို့နောက် ဤသို့ အမိန့်တော်ထုတ်ပြန်တော်မူခဲ့၏။ အို-အီဗရာဟီမ်)အသင်သည် မည်သည့် တစ်စုံတစ်ရာကိုပင် ငါအရှင်မြတ်နှင့် တွဲဖက် (နှိုင်းယှဉ်ကိုးကွယ်) ခြင်းကို မပြုပါလေနှင့်။ ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ (ထူးမြတ်လှသော) အိမ်တော်ကို တွဝါဖ်လှည့်သူတို့အဖို့ လည်းကောင်း၊ 'ကိယာမ်' ရပ်သူတို့အဖို့လည်းကောင်း၊ 'ရုကူအ်' ဦးညွှတ်သူတို့ နှင့် 'စဂျီဒဟ်' ပျပ်ဝပ် ဦးချသူတို့အဖို့ လည်းကောင်း၊ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၍ထားရှိပါလေ။ [၁]

➤➤ နိုင်ငံသား၊ နိုင်ငံခြားသား၊ အမြဲနေထိုင်သူ၊ ခေတ္တခဏဝင်ရောက်တည်းခိုသူဟူ၍ ခွဲခြားမှု အလျှင်းမရှိ။ အားလုံးအခွင့်တူ၊ အာဏာတူ၊ တန်းတူ၊ အတူတူသာဖြစ်ကြပေသည်။ ဟရမ်အတွင်း၌ မည်သူ တစ်ဦးတစ်ယောက်မျှ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်လည်းမရှိ။ သူတစ်ပါးအား အကျိုးခံစားခြင်းမှ ပိတ်ပင်တားဆီး ပိုင်ခွင့်လည်းမရှိ။ မြေများကို ငှားပိုင်ခွင့်လည်းမရှိ။ မက္ကာမြို့တော်ရှိ တိုက်တာဂေဟာများကို ရောင်းဝယ်ခြင်းလည်း မပြုအပ်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ဆွေဟာဗဟ်သာဝကကြီးများနှင့် တာဗိအီများ၏ (ရိဝါယတ်)ကျမ်းချက်များကို အထင်အရှား တွေ့ရှိရပေသည်။ ဟနဖီမဇ္ဈသတ်ရှင်များကလည်း ဤအာယတ်တော်ကို အထောက်အထားပြုပြီး ဟရမ်မြေသည် 'ဝကဖ်'အဖြစ် အလျှဒါနပြုလုပ်ထားသော သာသနာ့မြေပင်ဖြစ်သည်ဟု ဆိုကြလေသည်။

ကြည့်-မာဂျီဒီ၊ အ-၄၊ စ-၆၈၂၊ အအ-၃၃။

(ခ) ဟနဖီအာလင်မ်များသည် ဤအဖွင့်ကို နှစ်ခြိုက်၍ ဤအာယတ်တော်ကို အထောက်အထားပြုကာ ဓမ္မသတ်ရေးမှတ်ခဲ့ကြသည်မှာ 'ဟရမ်'ပရဝဏ် တစ်ခုလုံး၏မြေသည် 'ဝကဖ်'အဖြစ် လျှဒါန်းထားသော သာသနာ့မြေနှင့်တူသည်။ ယင်းဟရမ်အတွင်း၌ ပုဂ္ဂလိက ပိုင်ဆိုင်သည်ဟု အဆိုပြုခြင်း၊ သူတစ်ပါးအား အကျိုးခံစားခြင်းမှ ပိတ်ပင်ခြင်း၊ မြေငှားခြင်း မပြုပိုင်ချေ။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အချို့သြဝါဒတော်များ လည်း လာရှိပေသည်။ ယင်းသည့် သြဝါဒတော်များကို ဟဒါဃဟ်၊ ဒုရ်ရိမန်ဆူရ်ကျမ်းများတွင် ဖော်ပြထားသည်။ သို့ရာတွင် အိမာမ်အဗူဟနီဖဟ်သခင်ထံမှပင် ပြုပိုင်သည်ဟူသော အဆိုတစ်ရပ်လည်းလာရှိပေသည်။ ဤသည့်အဆိုအရပင် ဓမ္မသတ်အဆုံးအဖြတ် ပေးရပေသည်။ ဤအတိုင်း ရှာဖ်ကျမ်းတွင်လာရှိပေသည်။ ထာနဝီ။ အ-၇၊ စ-၆၉။

③ အိမ်တော်သည် အထူးလေးစားရာ၏၊ ကိုးကွယ်ရာကားမဟုတ်။

အိမ်တော်သည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ဖြစ်သည်၊ အထူး ရိသေလေးစားရာသည်၊➤➤

وَأَذِّن فِي النَّاسِ بِالْحَجِّ يَأْتُوكَ رِجَالًا وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِن كُلِّ فَجٍّ عَمِيقٍ ﴿٢٧﴾

၂၇။ ၎င်းပြင် အသင်သည် လူခပ်သိမ်းတို့အား (ထူးမြတ်လှစွာသော ယင်းအိမ်တော်သို့ လာရောက်ဖူးမြော်) ဟဂ်ပြုကြရန် ကြေညာ(ဖိတ်ခေါ်)ပါလေ။ (ထိုအခါ) လူတို့သည် အလွန်ဝေးလံသော လမ်းခရီးတိုင်းမှ ခြေကျင်လည်းကောင်း၊ ကျုံလှိုပိန်ချုံးသော ကုလားအုတ် အသီးသီးပေါ်၌ စီးနင်း၍လည်းကောင်း၊ အသင့်ထံသို့ လာရောက်ကြပေမည်။ [၁]

➤➤ မုအ်မင်နဲ့တိုင်း လေးစားသည်။ အိမ်တော်အား မုအ်မင်နဲ့များ အထူးလေးစားသည်နှင့် စပ်လျဉ်း၍ ကြောင်းရင်းမှန်ကို မသိသူများ အထင်မှား အမြင်မှား မဖြစ်စေရန်အလို့ငှာ အိမ်တော်၏အကြောင်း မိန့်ဆိုတော်မူရာတွင် 'ရုရစ်က်' ယှဉ်တွဲကိုးကွယ်မှုကို လုံးဝ ရှောင်ကြဉ်ရမည့်အကြောင်း၊ အိမ်တော်သည် 'မအ်ဗဒ်' ကိုးကွယ်ရာဌာနသာ ဖြစ်ကြောင်း၊ 'မအ်ဗူဒ်' ကိုးကွယ်ရာအရှင် မဟုတ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်တွင် အလ္လာဟ်အရှင်မြတ်အား သာလျှင် ကိုးကွယ်ရမည်ဖြစ်ကြောင်း၊ အိမ်တော်သည် ကုဖ်ရ်၊ ရုရစ်က်၊ ပါပညစ်ကျူမကောင်းမှု အစုစုတို့မှ လုံးဝကင်းရှင်းရမည်ဖြစ်ကြောင်း အထူးတလည် မိန့်ဆိုသတိပေးထားတော်မူခြင်းဖြစ်သည်။

မုအ်မင်နဲ့များသည် အိမ်တော်ကို အထူးရိုသေလေးစားကြသည်။ အိမ်တော်တွင် အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ကြသည်။ အိမ်တော်ကို ကိုးကွယ်ကြသည် အလျှင်းမဟုတ်။

ဤအာယတ်တော်တွင် သန့်ရှင်းစေရမည်ဟူသည် (Material & Spiritual) ရုပ်၊ နာမ်နှစ်မျိုးစလုံးနှင့် သက်ဆိုင်သည်။

③ ဟဂ်ပြုရန် ကြွေးကြော်သံ။

'ကအ်ဗဟ်' ကျောင်းတော်ကို ပြန်လည်မွမ်းမံ တည်ဆောက်ပြီးသောအခါ တမန်တော် အီဗ်ရာဟီမ်သည် အလ္လာဟ်အရှင်၏ အမိန့်တော်အရ တောင်ထိပ်သို့ တက်၍ "အို-လူသားအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်၌ 'ဟဂ်' ပြုရန် ဖရဿ သတ်မှတ်ပြဋ္ဌာန်း အတည်ပြုတော်မူလိုက်ပြီ၊ ဟဂ်ပြုရန် လာကြကုန်လော့" ဟု ကြွေးကြော်ဖိတ်ခေါ်ခဲ့လေသည်။

ထိုအချိန်တွင် ကမ္ဘာ၌ တယ်လီဖုန်း၊ မိုက်ကရိုဖုန်း၊ လောက်ဒ်စပီကာ စသည့် ကိရိယာများ မထွန်ကားခဲ့သေးပေ။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော် အီဗ်ရာဟီမ်၏ ကြွေးကြော်ဖိတ်ခေါ်သံသည် ကမ္ဘာအရပ်ရပ်သို့ ရောက်ရှိသွားခဲ့လေသည်။ သို့ဖိတ်ခေါ်လိုက်သည့်အခါ တက်ဒီရ်မှတ်တမ်းတော်တွင် ဟဂ်ပြုရန် ရေးမှတ်ခြင်းခံရသော ပုဂ္ဂိုလ်အသီးသီးတို့၏ ရူဟ်ဝိညာဉ်များသည် 'လဗ်ဗိုက်' ထူးခဲ့ကြလေသည်။

ထိုသို့ 'လဗ်ဗိုက်' ထူးခဲ့သော ပုဂ္ဂိုလ်များသည် နှစ်စဉ်နှင့်အမျှ ကမ္ဘာအရပ်ရပ်မှ အစီးအနင်းများကို စီးနင်း၍တစ်မျိုး၊ ခြေကျင်နှင့်တစ်ဖုံ၊ ဒုက္ခမျိုးစုံခံ၍ ကျောင်းတော်ရှိရာသို့ ဟဂ်ပြုရန် ရောက်ရှိလာကြပေသည်။ ဤသည် ကုရ်အာန်ကျမ်းမြတ်(၁၄း၃၇)တွင်လာရှိသည့် တမန်တော်အီဗ်ရာဟီမ်၏ ဆုမွန်၏အကျိုးပင်။ ➤➤

لِّيَشْهَدُوا۟ مَنَـٰفِعَ لَهُمْ وَيَذْكُرُوا۟ ٱسْمَ ٱللَّهِ فِىٓ أَيَّامٍ مَّعْلُومَـٰتٍ عَلَىٰ مَا رَزَقَهُم مِّنۢ بَهِيمَةِ ٱلْأَنْعَـٰمِ ۖ فَكُلُوا۟ مِنْهَا وَأَطْعِمُوا۟ ٱلْبَآئِسَ ٱلْفَقِيرَ ﴿٢٨﴾

၂၈။ မိမိတို့အဖို့ *အကျိုးကျေးဇူးရှိရာများသို့* [၁] ရောက်ရှိကြအံ့သောငှာလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏နာမံတော်ကို ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့် ပေးသနားတော်မူခဲ့သော *ခြေလေးချောင်း တိရစ္ဆာန်အပေါ်၌* [၂] သတ်မှတ်ထားသော နေ့ရက်များတွင် [၃] (ရွတ်ဖတ်) တသကြအံ့သောငှာလည်းကောင်း၊ ထို့နောက် (တမန်တော်မြတ်၏ တပည့်သားတို့၊) အသင်တို့သည်လည်း ယင်းတိရစ္ဆာန်များအနက်မှ မိမိတို့ ကိုယ်တိုင်လည်း စားသုံးကြလေကုန်။ မရှိ ဆင်းရဲသော ဒုက္ခိတများအားလည်း ကျွေးမွေးကြလေကုန်။ [၄]

➤➤ အချို့တဖစ်စီရ် အဖွင့်ကျမ်းကြီးများတွင် ဖော်ပြထားသည်မှာ- ဟဂ်ပြုရန် ကမ္ဘာအဝှန်းသို့ ကြွေးကြော်ဖိတ်ခေါ်ရန် အမိန့်တော်ရရှိသောအခါ တမန်တော် အီဗ်ရာဟီမ်က "အရှင်မြတ်၊ ကျွန်တော်မျိုး၏ ဖိတ်ခေါ်သံကို ကမ္ဘာလူသားအားလုံးတို့၏ နားများသို့ ပေါက်ရောက်အောင် အသူပို့ဆောင်ပေးပါမည်နည်း" ဟုလျှောက်ထားရာ အလ္လာဟ်အရှင်မြတ်က "၎" ဟု ဖြေကြားတော်မူလိုက်လေသည်။

① **ဟဂ်၏အကျိုးကျေးဇူးများ။**

ဤအာယတ်တော်တွင် လာရှိသော 'အကျိုးကျေးဇူးများ' ဟူသည် လောကုတ္တရာဆိုင်ရာ အကျိုးကျေးဇူးများကိုသာ ဆိုလိုသည်။

ဥပမာ- 'ဟဂ်'၊ 'အွန်မရဟ်' နှင့် အခြားဝတ်ပြုခြင်းများဖြင့် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရယူခြင်း၊ နာမ်လောကဆိုင်ရာ မြင့်မားသော အဆင့်အတန်းသို့ ရောက်ရှိခြင်းများပင်ဖြစ်သည်။ ဟဂ်တွင် ဤသည့်လောကုတ္တရာဆိုင်ရာ အကျိုးကျေးဇူးများသာ အဓိကဖြစ်သည်။ သို့တစေလည်း ကမ္ဘာ့အရပ်ရပ်မှ နှစ်စဉ်နှင့်အမျှ သိန်းပေါင်းများစွာသော မွတ်စ်လင်မ်တို့ တစ်နေရာ တစ်ဌာနတွင် ရည်ရွယ်ချက်တစ်ခုတည်း၊ တစ်စိတ်တစ်လက်တည်း၊ တစ်သွေးတည်း၊ တစ်သံတည်း၊ တစ်မိန့်တည်း၊ တစ်ဆင်တည်း၊ စုရုံးကြသည့် ဤကမ္ဘာ့မွတ်စ်လင်မ်သာသနာ့ ကုလသမဂ္ဂတွင် ဆက်ဆံရေး၊ ချစ်ကြည်ရေး၊ ဗဟုသုတ ဖလှယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်လောကီဆိုင်ရာ အကျိုးကျေးဇူးများသည် အဓိကမဟုတ်သော်လည်း အရိပ်ပမာ မကွဲကွာ ဖြစ်ထွန်းလျက်ရှိသည်ကိုကား အသူ ငြင်းနိုင်အံ့နည်း။

② **ကုရ်ဗာနီ သားကောင်များ။**

ဤအာယတ်တော်တွင် အခြေလေးချောင်း တိရစ္ဆာန်များဟူသည် ကုရ်ဗာနီ သားကောင်များကို ဆိုလိုသည်။ ကုရ်ဗာနီသားကောင်များကား ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်များတည်း။ကြည့်-ထာနဝီ ၊မာဂျီဒီ။

မှတ်ချက်။

"ဗဟီမဟ်" ဟူသောပုဒ်သည် အခြေလေးချောင်း တိရစ္ဆာန်အားလုံးအဖို့ အသုံးပြုသောပုဒ် ➤➤

ثُمَّ لْيَقْضُوا تَفَثَهُمْ وَلْيُوفُوا نُذُورَهُمْ وَلْيَطَّوَّفُوا بِالْبَيْتِ الْعَتِيقِ ﴿٢٩﴾

၂၉။ ထို့နောက် ၎င်းတို့သည် ကြေးညှော်ကို (သုတ်သင်) ပယ်ရှားကြရမည်။ [၁] ထို့ပြင် မိမိတို့၏ (တာဝန်များ) အမိန့်ဒေါန်များကို ပြီးဆုံးအောင်ဆောင်ရွက်ကြရမည်။ ထိုမှတပါး: ရှေးကျသောအိမ် [၂] (ကအ'ဗဟ်ကျောင်း)တော်ကို တွဝါဖ် လှည့်ကြရမည်ဖြစ်ချေသတည်း။

➤➤ ဖြစ်ချေသည်။ "အန်အာမ်" ဟူသောပုဒ်မှာကား: ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်(ဤတိရစ္ဆာန်)လေးမျိုးအဖို့သာ အသုံးပြုသောပုဒ် ဖြစ်ပေသည်။ ကြည့်-ထာနဝီ၊ အ-၇။ စ-၇၀။

(၃) ကုရ်ဗာနီပြုရန် နေ့ရက်များ။

ဤအာယတ်တော်တွင် သိပြီး နေ့ရက်များ၊ တစ်နည်း: သတ်မှတ်ထားသော နေ့ရက်များကား အဘယ်နည်း၊ အချို့ကသတ်မှတ်ထားသော နေ့ရက်များဟူသည် ဇစ်လ်ဟစ်ဂ်ျဂျ်ဟ် ပထမ(၁၀)ရက်ကို ဆိုလိုကြသည်။ အချို့က အဆိုပါသတ်မှတ်ထားသော နေ့ရက်များဟူသည် ကုရ်ဗာနီပြုလုပ်ရန် နေ့ရက်များ (၀၊) ဇစ်လ်ဟစ်ဂ်ျဂျ်ဟ်လ (၁၀၊ ၁၁၊ ၁၂) ရက်နေ့များကို ဆိုလိုကြသည်။

(၄) ကုရ်ဗာနီသားကောင်၏ အသားစားပိုင်သည်။

အတိတ်ခေတ် မှုရှုစ်က်များသည် ကုရ်ဗာနီသားကောင်၏ အသားများကို မိမိတို့ကိုယ်တိုင် စားသုံးအပ်ဟု ထင်မှတ်ခဲ့ကြသည်။ ဤသို့ထင်မှတ်ခြင်းသည် မှားသည်။ ထို့အတွက် ဤအာယတ်တော်တွင် 'ကုရ်ဗာနီသားကောင်၏ အသားများကို အသင်တို့သည် မိမိတို့ကိုယ်တိုင်လည်း စားသုံးကြ၊ မိတ်ဆွေများကိုလည်း ကျွေးမွေးကြ၊ ဒုက္ခသည် သူဆင်းရဲများအားလည်း ပေးကျွေးကြ'ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

(၁) ဟာဂျီများသည် "ကွဟ်ရာမ်" ဝတ်ရုံကို ဝတ်ရုံ၍ 'လဗ်ဗိုက်' ထူးသည့်အချိန်မှစပြီး ဆံလည်း မသေတ်ကြ၊ ခြေသည်း လက်သည်းများကိုလည်း မထိကြတော့ပေ။ ဆံများတွင် ဆီလည်း မထည့်ကြတော့ပေ။ ရေချိုးပြန်လျှင်လည်း သာမန်ပင် ရေချိုးကြပေတော့သည်။ ထို့အတွက် ဟာဂျီများသည် ကွဟ်ရာမ် ဝတ်ရုံထားသည့်အချိန်တွင် ဖုန်များလူးပေလျက် ဆံများ ရှည်လျက်ရှိကြပေသည်။ ထိုအချိန်တွင် ဟာဂျီများသည် တစ်ဆင်တည်း၊ တစ်သံတည်း၊ တစ်သွေးတည်းဖြင့် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား အခါခပ်သိမ်း အာရုံပြုလျက်၊ ချစ်ကြည်မြတ်နိုးလျက်၊ ရိုသေခန့်ညားလျက်၊ အလ္လာဟ်အရှင်မြတ်၌ နစ်မြုပ်လျက်ရှိကြကုန်သည်။ ဟာဂျီများ၏ အဆင်အသွင်ကား မြတ်နိုးဖွယ်ရာ ကောင်းလှပေတော့သည်။

ဟာဂျီများသည် ဖော်ပြပါအတိုင်း ကွဟ်ရာမ်၏ စည်းကမ်းနှင့်အညီ နေထိုင်လာကြပြီးနောက် ဇစ်လ်ဟစ်ဂ်ျဂျ်ဟ်(၁၀)ရက်နေ့ ရောက်သောအခါ ကုရ်ဗာနီ ပြုလုပ်ကြရပေသည်။ ထို့နောက် ကွဟ်ရာမ်ကို ချွတ်လိုက်ကြပေသည်။ ဆံသကြပေသည်။ ခြေသည်း လက်သည်းများ တိကြပေသည်။ ရေချိုးကြပေသည်။ ဝတ်လေ့ရှိသော အဝတ်အထည်များကို ပြန်လည်ဝတ်ဆင်ကြပေသည်။ 'တွဝါဖ်ဇီယာရတ်' ပြုလုပ်ကြပေသည်။ [တွဝါဖ်ဇီယာရတ်သည် ဖရသ်ဖြစ်သည်။] တွဝါဖ်ဇီယာရတ်ကို 'တွဝါဖ်ကွဖာသွဟ်' ဟု ခေါ်သည်။ အလ္လာဟ်အရှင်မြတ်ထံတော်၌ အမိန့်ဒေါန်ပြုထားသော မန္နတ်၊ နဒ်ရ်များရှိက တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရပေသည်။ ➤➤

ذَٰلِكَ ۚ وَمَن يُعَظِّمْ حُرُمَٰتِ
ٱللَّهِ فَهُوَ خَيْرٌ لَّهُۥ عِندَ رَبِّهِۦ ۗ
وَأُحِلَّتْ لَكُمُ ٱلْأَنْعَٰمُ
إِلَّا مَا يُتْلَىٰ عَلَيْكُمْ
فَٱجْتَنِبُوا۟ ٱلرِّجْسَ مِنَ
ٱلْأَوْثَٰنِ وَٱجْتَنِبُوا۟
قَوْلَ ٱلزُّورِ ﴿٣٠﴾

၃၀။ (အမိန့်တော်သည်) ဤသည်ပင်၊ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ ရိုသေအပ်သော အမိန့်ပညတ်တော်များကို [၁] ရိုသေခန့်ညားပါလျှင် ယင်းရိုသေခန့်ညားမှုသည် ထိုသူအဖို့ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် အကောင်းဆုံးပင် ဖြစ်ပေသည်။ စင်စစ် အသင်တို့ရှေ့ဝယ် *ဖတ်ကြား ဖော်ပြပြီးဖြစ်သော တိရစ္ဆာန်များမှတစ်ပါး*; [၂] ကျန်ခြေလေးချောင်းတိရစ္ဆာန်များကိုအသင်တို့အဖို့ "ဟလာလ်" *တရားဝင်(စားသုံး)ခွင့်ပြုပြီးဖြစ်ချေသည်*။ [၃] သို့ဖြစ်ပေရာ အသင်တို့သည် ဆင်းတုများတည်းဟူသော အညစ်အကြေးမှ ရှောင်ရှားကြလေကုန်။ ထိုမှတပါး အသင်တို့သည် *မုသားပြောဆိုခြင်းမှလည်း ကြည်ရှောင်ကြလေကုန်*။ [၄]

➤➤ အချို့ပညာရှင်များ၏ ယူဆချက်အရ ဤအာယတ်တော်တွင် လာရှိသော 'နဇ်ရ်' (နဇ်ရ်)ဟူသောပုဒ်သည် ဟဂ္ဂ်၏ "မနာစစ်က်" ကျင့်စဉ်ကျင့်ရပ်များ၊ "ဝါဂျိဗ်" တာဝန်များ၏ အနက်၌ဖြစ်သည်ဟူ၏။ ဤသည့် ယူဆချက်သည် ပိုမိုသင့်မြတ်ပေသည်။

(၂) "အတီက်"သည် ရှေးကျသောအရာကို ဆိုသည်။ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်သည် အလွန်အလွန် ရှေးကျခဲ့သည်မှာ အထင်အရှားပင်။ အိမ်တော်သည် အဘယ်မျှ ရှေးကျသည်ဆိုသော် အိမ်တော်တည်ရှိခဲ့သည့် အတိတ်ကို ရာဇဝင် သမိုင်းများသည်ပင် မှေနေခဲ့ကြပေပြီ။

အချို့က "အတီက်"၏ အဓိပ္ပါယ်မှာ လွတ်မြောက်စေခြင်း၊ ခံရသောအရာ၊ ကာကွယ်ထိန်းသိမ်းခြင်း ခံရသောအရာဟူ၍ ဖြစ်သည်ဟုဆိုကြသည်။ အလ္လာဟ်အရှင်မြတ်သည် အိမ်တော်အား ဖြိုခွင်းရန်လာသော အန္တရာယ်အပေါင်းတို့အား ချေမှုန်း၍ အိမ်တော်အား ကာကွယ်ထိန်းသိမ်း ထားတော်မူခဲ့ပေသည်။

(၃) "ဟုရမာတ်" ဟူသည် အလ္လာဟ်အရှင်မြတ်၏ ရိုသေလေးစားမြတ်နိုးအပ်သော အမိန့်ပညတ်တော်အားလုံးကို ဆိုလိုသည်။ ထိုအမိန့်တော်များတွင် ဟဂ်ျနှင့်ပတ်သက်သော အမိန့်ပညတ်တော်များ၊ ဟဂ်ျနှင့် မပတ်သက်သော အမိန့်ပညတ်တော်များအားလုံး အကျုံးဝင်ပေသည်။ ထာနဝီ။

"ဟုရမာတ်" (ဝါ)ရိုသေမြတ်နိုးအပ်သော အရာများတွင် အိမ်တော်၊ ဆွဖာ၊ မရ်ဝဟ်၊ မိနာ၊ ကုရ်ဗာနီ သားကောင်များ၊ ကုရ်အာန်၊ မတ်စ်ဂျိဒ်များ၊ ဤမျှမက အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များအားလုံး အကျုံးဝင်သည်။ အထူးသဖြင့် ဤနေရာတွင် မတ်စ်ဂျိဒ်ဒေဟရာမ် ဗလီကျောင်းတော်နှင့် ကုရ်ဗာနီ သားကောင်များအား လေးစားရမည်ကို ရည်ညွှန်းထားတော်မူသည်။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်အား ယုံကြည်ဆည်းကပ် ကိုးကွယ်ကြသော ➤➤

حُنَفَآءَ لِلَّهِ غَيْرَ مُشْرِكِينَ بِهِۦ ۚ وَمَن يُشْرِكْ بِٱللَّهِ فَكَأَنَّمَا خَرَّ مِنَ ٱلسَّمَآءِ فَتَخْطَفُهُ ٱلطَّيْرُ أَوْ تَهْوِى بِهِ ٱلرِّيحُ فِى مَكَانٍ سَحِيقٍ ﴿٣١﴾

၃၁။ (တစ်ဆူတည်းသော) အလ္လာဟ်အရှင်မြတ်ဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ကြလျက် (မည်သည့် တစ်စုံတစ်ရာကိုမျှပင်) ထိုအရှင်မြတ်နှင့် တွဲဖက် (နှိုင်းယှဉ် ကိုးကွယ်)သူများ မဖြစ်ကြဘဲ။ စင်စစ်သော်ကား မည်သူမဆို (တစ်စုံတစ်ရာကို) အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက် (နှိုင်းယှဉ်ကိုးကွယ်) ပါလျှင် ထိုသူသည် မိုးကောင်းကင်မှ ကျလာဘိသကဲ့သို့ပင်၊ ထို့နောက် ၎င်းအား (အသေသားစားသော) ငှက်တိရစ္ဆာန်များက သုတ်ယူမည် ဖြစ်ပေသည်။ သို့တည်းမဟုတ် လေသည် ၎င်းအား ဝေးလံစွာသော နေရာသို့ (ပို့ဆောင်)ပစ်ချမည်ပင် ဖြစ်ချေသတည်း။

➤➤ မွတ်စ်လင်မ်တို့အား ဗလီကျောင်းတော်သို့ လာရောက်ခြင်းမှ ပိတ်ပင်မြစ်တားခြင်းအလျှင်းမပြုရ။ ကုရ်ဗာနီပြုလုပ်ရန်အတွက် ရောက်ရှိလာသော ကုရ်ဗာနီသားကောင် များကိုလည်း ဗလီကျောင်းတော်မှ ပြန်လွှတ်ခြင်း အလျှင်းမပြုရ။ (မွတ်စ်လင်မ်တို့အား ကျောင်းတော်သို့ လွတ်လပ်စွာ ဝင်ထွက်ခွင့်ပြုရမည်) အဖိုးတန်သော၊ ဝဖြိုးသော ကုရ်ဗာနီသားကောင်များကို လွတ်လပ်စွာ ကုရ်ဗာနီပြုခွင့်ပေးရမည်ဟူ၏။

⑧ **<u>မစားသုံးအပ်သော အမျိုးအစား။</u>**

အထက်တွင် ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်တို့ကို စားသုံးပိုင်ခွင့်ရှိကြောင်း မိန့်ဆိုထားတော်မူသည်။ ယင်းတိရစ္ဆာန်များအနက် မစားသုံးအပ်သည့် အမျိုးအစားများကိုလည်း ကုရ်အာန်ကျမ်းမြတ်၌ပင် မိန့်ဆိုထားတော်မူပြီးဖြစ်သည်။ ကြည့်-ကုရ်အာန် (၂:၁၇၃။ ၅:၃။ ၆:၁၄၆)။

② အထက်တွင် ကုရ်ဗာနီသားကောင်များကိုလည်း လေးစားရမည့်အကြောင်း ပါရှိသည်။ ယင်းလေးစားမှုနှင့် ယင်းသားကောင်များ ဇဟာလိုးဖြတ်စားသုံးမှုသည် မဆန့်ကျင်ပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့် ထိုအရှင်မြတ်၏နာမ်တော်ကိုတသကာ ဇဟာလိုးဖြတ်စားသုံးခြင်းသာဖြစ်သည်။ ကြည့်-အွတ်ဆ်မာနီ။

⑨ **<u>မုသားကိုရှောင်။</u>**

'နူရ်' ဟူသောပုဒ်တွင် ရှုရ်စ်က်ပြုခြင်း၊ မုသားပြောဆိုခြင်း၊ မုသားသက်သေ ထွက်ဆိုခြင်း၊ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော တိရစ္ဆာန်များကို ထိုအရှင်မြတ်မှတစ်ပါး အခြားသော မဟုတ်မမှန်သော ကိုးကွယ်ရာများအား ရည်စူးတသကာ လိုးဖြတ်ခြင်း 'ဟလာလ်'ကို 'ဟရာမ်' ပြုလုပ်ခြင်း၊ 'ဟရာမ်'ကို 'ဟလာလ်' ပြုလုပ်ခြင်းများအားလုံးသည် အကျုံးဝင်ပေသည်။

ထိုမှတစ်ပါး သတိပြုအပ်သည်မှာ အလ္လာဟ်အရှင်မြတ်သည် 'နူရ်' ဟူသောပုဒ်ကို 'ရှုရ်စ်က်'နှင့် ပူးတွဲသုံးနှုန်းထားတော်မူသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် 'နူရ်'သည် အဘယ်မျှအပြစ်ကြီးလေးသည်ကို ကောင်းစွာသိနိုင်ပေသည်။ ကုရ်အာန်ကျမ်းမြတ်(၇:၃၃)တွင်လည်း ဤသည့်သဘောကို မိန့်ဆိုထားတော်မူသည်။

ذَٰلِكَ وَمَن يُعَظِّمْ شَعَٰٓئِرَ ٱللَّهِ فَإِنَّهَا مِن تَقْوَى ٱلْقُلُوبِ ﴿٣٢﴾

၃၂။ (အမိန့်တော်သည်)ဤသည်ပင်၊ စင်စစ်မူကား မည်သူမဆိုအလ္လာဟ်အရှင်မြတ်၏အထိမ်းအမှတ်တော်များကို ၁ ရိုသေခန့်ညားပါလျှင် ယင်းရိုသေခန့်ညားမှုသည်စိတ်နှလုံးများမှရိုသေလိုက်နာမှုပင်ဖြစ်ပေသည်။

لَكُمْ فِيهَا مَنَٰفِعُ إِلَىٰٓ أَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَآ إِلَى ٱلْبَيْتِ ٱلْعَتِيقِ ﴿٣٣﴾

၃၃။ အသင်တို့အဖို့ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် ယင်းအထိမ်းအမှတ်တော်များ(ကုရ်ဗာနီ သားကောင်များ) အကျိုးခံစားခွင့် ရှိပေသည်။ ထို့နောက် ယင်းသားကောင်များ(ကို လှီးဖြတ်ရန်) နေရာကား ရှေးဟောင်းအိမ်တော်၏ အနီး၌ပင်ဖြစ်ချေသတည်း။ ၂

---

① **အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များကို လေးစားရမည်သာ။**

"ရှအာအိရလ္လာဟ်" ၏အဓိပ္ပါယ်မှာ "အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များ" ဟူ၍ဖြစ်သည်။ ဤနေရာတွင် ကုရ်ဗာနီ သားကောင်များကို ဆိုလိုသည်။

အထက်တွင် အလ္လာဟ်အရှင်မြတ်၏ အဓိန့်တော်များကို ရိုသေလေးစား ခန့်ညားရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်တစ်ရပ် ဖြစ်သော ကုရ်ဗာနီသားကောင်များကိုလည်း လေးစားရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

အထက်တွင် 'ရှရ်စ်က်' သည် အလွန်အလွန် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် အကြောင်းကို အကြိမ်ကြိမ် မိန့်ဆိုထားတော်မူသည်။ ရှရ်စ်က်သည် အမှန်ပင် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သည့်အရာကိုမျှ ကိုးကွယ်ရာအဖြစ် ဆည်းကပ်ကိုးကွယ်ခြင်း အလျှင်းမပြုအပ်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သည့်အရာကိုမျှ ဆည်းကပ်ကိုးကွယ်ခြင်း အလျှင်းမပြုရဟု ဆိုရာ၌ ကိုးကွယ်ရာအဖြစ် ဆည်းကပ်ကိုးကွယ်ခြင်းကိုသာ လေးနက်စွာ ပိတ်ပင်တားမြစ်ထားတော် မူခြင်းဖြစ်သည်။ လေးစားအပ်သော အရာများကို မရိုသေရ၊ မလေးစားရဟူ၍ကား ဆိုလိုသည်မဟုတ်။ အထူးသဖြင့် အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များ၊ ထိုအရှင်မြတ်နှင့် ဆက်စပ်လျက်ရှိသော အရာများကိုကား ရိုသေလေးစားရမည်သာဖြစ်သည်။ ယင်းသို့ လေးစားခြင်းသည် ဆည်းကပ်ကိုးကွယ်ခြင်းမဟုတ်၊ ရှရ်စ်က်မဟုတ်။ ဤသည် အလ္လာဟ်အရှင်မြတ်အား စိတ်အတွင်းမှနှစ်နှစ်ကာကာ ကြောက်ရွံ့ရိုသေ လေးစားခန့်ညားခြင်းပင်၊ အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးသူတစ်ဦးသည် ထိုအရှင်မြတ်နှင့် ဆက်စပ်လျက်ရှိသော အရာများကိုလည်း ချစ်ကြည်မြတ်နိုးမည်ပင်။

② "ဟဒ်ယ်" ကုရ်ဗာနီသားကောင်အဖြစ် မသတ်မှတ်မီအချိန်အထိ ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်တို့မှ အကျိုးခံစားနိုင်ကြပေသည်။

ဥပမာ-ယင်းသည့် တိရစ္ဆာန်များကို အစီးအနင်းအဖြစ် အသုံးပြုနိုင်ကြပေသည်။ နို့ရည်များကို သောက်သုံးနိုင်ကြပေသည်။ အမွေးများကိုလည်း အသုံးပြုနိုင်ကြပေသည်။ သို့ရာတွင် 'ဟဒ်ယ်' ကုရ်ဗာနီ ➤➤

وَلِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا لِّيَذْكُرُوا اسْمَ اللَّهِ عَلَىٰ مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ ۗ فَإِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَلَهُ أَسْلِمُوا ۗ وَبَشِّرِ الْمُخْبِتِينَ ﴿٣٤﴾

၃၄။ စင်စစ် ငါအရှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းအဖို့ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ နာမံတော်ကို ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့် ပေးသနားတော်မူခဲ့သော အခြေလေးချောင်းတိရစ္ဆာန် များအပေါ်၌ တသကြအုံသောငှာ ကုရ်ဗာနီပြုခြင်းကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့၏။ [၁]

စင်စစ်သော်ကား အသင်တို့၏ ကိုးကွယ်ရာ အရှင်သည်တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မြတ် ပင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာကြလေ ကုန်။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ကျိုးနွံသောသူတို့အား ဝမ်းမြောက်ဖွယ်ရာ သတင်း ကောင်းကို ပြောကြားပါလေ။

الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ وَالصَّابِرِينَ عَلَىٰ

၃၅။ အကြင် (ကျိုးနွံသော)သူတို့အား (၎င်းတို့ ရှေ့ဝယ်)အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ပြောဆိုခဲ့ သောအခါ ၎င်းတို့၏ စိတ်နလုံးများသည် ထိတ်လန့် တုန်လှုပ်၍ သွားကြလေသည်။

➤➤ သားကောင်အဖြစ် သတ်မှတ်လိုက်ပြီးသည့် နောက်ပိုင်းတွင်မူ ကြီးမားသော အကြောင်းထူး တစ်စုံတစ်ရာ မရှိပါဘဲလျက် အကျိုးခံစားခြင်း မပြုနိုင်တော့ပေ။ "ဟဒ်ယ်" အဖြစ်သတ်မှတ်ပြီးသည်နောက်ပိုင်းတွင် ယင်းသည့် ကုရ်ဗာနီ သားကောင်များကို ဟရမ်အတွင်းသို့ ယူဆောင်သွားပြီး ကုရ်ဗာနီပြုလုပ်ရန်သာ ရှိပေတော့သည်။

① **အတိတ်ခေတ် ရှရီအတ်တိုင်း၌ ကုရ်ဗာနီပါရှိသည်သာ။**

အတိတ်ခေတ် ကောင်းကင်ကျ 'ရှရီအတ်' တိုင်း၌ အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော၊ သတ်မှတ်ထားသော တိရစ္ဆာန်များကို ထိုအရှင်မြတ်အား ရည်စူး၍ ထိုအရှင်မြတ်၏ နာမံတော်ကို တသကာ ကုရ်ဗာနီပြုလုပ်ရန် အမိန့်သည် တစ်နည်းမဟုတ်တစ်နည်း ပါရှိသည်သာဖြစ်သည်။

ဤသည် အစ္စလာမ်၏ အမိန့်သစ်မဟုတ်ပေ။ ဤသည့် ကုရ်ဗာနီကို အလ္လာဟ်အရှင်မြတ်အား ရည်စူး၍သာ ပြုလုပ်ရပေသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ရာကို ရည်စူး၍ ကုရ်ဗာနီ ပြုလုပ်ပါက "ရှရ်စ်ကဲ" ဖြစ်သွားပေသည်။ ဤသည့်အချက်ကို "မုဝတ်ဟိဒဲ"များသည် အထူးသတိပြုကာ ရှောင်ကြဉ်ကြရာသည်။

အတိတ်ခေတ် ကျမ်းဂန်ရရှိသော အစ္စရာအီလီမျိုးနွယ်ဝင်တို့၏သာသနာတွင် ကုရ်ဗာနီသည် သာသနာ့ မဏ္ဍိုင်တစ်ခုပင် ဖြစ်ခဲ့ပေသည်။

مَآ اَصَابَهُمْ وَالْمُقِيْمِى الصَّلٰوةِ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿٣٥﴾

ထို့ပြင် (အသင်သည်) မိမိတို့၌ သက်ရောက်သော ဘေးဒုက္ခများနှင့်စပ်လျဉ်း၍ သည်းခံခြင်းတရား ထားရှိကြသောသူတို့အား လည်းကောင်း၊ ဆွလာတ် ဝတ်ပြုမှုကို အမြဲမပြတ် ဆောက်တည်ကြသော သူတို့အား လည်းကောင်း၊ မိမိတို့အား ငါအရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူခဲ့သော ပစ္စည်းဥစ္စာများအနက် မှ လှူဒါန်း သုံးစွဲကြသောသူတို့အား လည်းကောင်း၊ (သတင်းကောင်းကို ပြောကြားပါလေ။)

وَالْبُدْنَ جَعَلْنٰهَا لَكُمْ مِّنْ شَعَآئِرِ اللّٰهِ لَكُمْ فِيْهَا خَيْرٌ ۖ فَاذْكُرُوا اسْمَ اللّٰهِ عَلَيْهَا صَوَآفَّ ۚ فَاِذَا وَجَبَتْ جُنُوْبُهَا فَكُلُوْا مِنْهَا وَاَطْعِمُوا الْقَانِعَ وَالْمُعْتَرَّ ۚ كَذٰلِكَ سَخَّرْنٰهَا لَكُمْ لَعَلَّكُمْ تَشْكُرُوْنَ ﴿٣٦﴾

၃၆။ စင်စစ် ငါ အရှင်မြတ်သည် ကုရ်ဗာနီ ကုလားအုတ်များကို အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်၏(သာသနာ့)အထိမ်းအမှတ်များအနက် အထိမ်းအမှတ်တစ်ရပ် ပြုလုပ်တော်မူခဲ့၏။ အသင်တို့အဖို့ ယင်းကုရ်ဗာနီကုလားအုတ်များတွင် ကောင်းကျိုးသည် ရှိပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်း ကုရ်ဗာနီ ကုလားအုတ်များအပေါ်ဝယ် (ၚင်းတို့အား) စီတန်းရပ်စေလျက်အလ္လာဟ်အရှင်မြတ်၏ နာမ်တော် ကိုရွတ်ဆိုတသ(၍ ကုရ်ဗာနီပြုလုပ်)ကြလေကုန်။ [၁] ထို့နောက် ယင်းကုရ်ဗာနီကုလားအုတ်များသည် ဘေးစောင်းလဲကျသွားကြလေသောအခါ အသင်တို့သည် ၎င်းတို့(၏ အသား)အနက်မှ မိမိတို့ ကိုယ်တိုင်လည်း စားသုံးကြလေကုန်။ (လက်ဖြန့် တောင်းခံခြင်းမပြုဘဲ) ရောင့်ရဲတင်းတိမ်(မှုဖြင့် သိက္ခာစောင့်စည်း)သူအား လည်းကောင်း၊ (သိက္ခာ မစောင့်စည်းနိုင်ဘဲ ဖွင့်ဟ) တောင်းရမ်းသူအား လည်းကောင်း၊ ကျွေးမွေးကြ လေကုန်။

---

① အထက်တွင် အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်များ၏ အကြောင်းကို ယေဘုယျအားဖြင့် မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ကုရ်ဗာနီ သားကောင်များသည်လည်း အလ္လာဟ်အရှင်မြတ်၏ အထိမ်းအမှတ်တော်များတွင် အပါအဝင်ဖြစ်ကြောင်း ယင်းသည့် ကုရ်ဗာနီသားကောင်များတွင် လောကီ လောကုတ္တရာ ➤➤

ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည်အသင်တို့ ကျေးဇူးတင်အံ့သောငှာ ယင်းကုရ်ဗာနီကုလားအုတ်များကို အသင်တို့၏ လက်အောက်ခံဖြစ်စေတော်မူခဲ့ပေသတည်း။

لَن يَّنَالَ اللَّهَ لُحُومُهَا وَلَا دِمَآؤُهَا وَلَٰكِن يَّنَالُهُ التَّقْوَىٰ مِنكُمْ ۚ كَذَٰلِكَ سَخَّرَهَا لَكُمْ لِتُكَبِّرُوا اللَّهَ عَلَىٰ مَا هَدَىٰكُمْ ۗ وَبَشِّرِ الْمُحْسِنِينَ ﴿٣٧﴾

၃၇။ အလ္လာဟ်အရှင်မြတ် အထံတော်သို့ ယင်းကုရ်ဗာနီသားကောင်တို့၏ အသားများသည် အလျင်းရောက်ရှိသည်မဟုတ်ပေ။ ထိုနည်းတူစွာယင်းကုရ်ဗာနီသားကောင်တို့၏ အသွေးများသည်လည်း အလျင်းရောက်ရှိသည်မဟုတ်ပေ။ စင်စစ် အသင်တို့၏ ရိုသေလေးမြတ်မှု၊ အမိန့်တော်ကို ရိုသေလိုက်နာမှု၊ ကောင်းမြတ်သော အကျင့်သီလသည်သာလျှင် ထိုအရှင်မြတ် အထံတော်သို့ ရောက်ရှိပေသည်။ [၁]

ဤနည်းနှင်နှင် အသင်တို့သည်မိမိတို့အား တရား လမ်းမှန်ကို ညွှန်ပြတော် မူသောကြောင့် အလ္လာဟ်အရှင်မြတ် ကြီးမြတ်တော်မူကြောင်း ရွတ်ဆိုချီးကျူးကြအံ့သောငှာ ထိုအရှင်မြတ်သည် ယင်းကုရ်ဗာနီ သားကောင်များကို အသင်တို့၏ လက်အောက်ခံများ ပြုလုပ်ထားတော်မူပေသည်။ (အိုနဗီတမန်တော်၊) အသင်သည် စေတနာဖြူစင်သောသူတို့အား ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပြောကြားပါလေ။

➤➤ အကျိုးကျေးဇူးများရှိကြောင်း၊ ကုရ်ဗာနီသားကောင်များကို တရားတော်နှင့် အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ကို ရွတ်ဆိုတသကာ ကုရ်ဗာနီ ပြုလုပ်ကြရမည့်အကြောင်း၊ အထူးသဖြင့် ကုလားအုတ်များကို ကုရ်ဗာနီပြုလုပ်ရာတွင် 'ကိဗ်လဟ်' ဘက်သို့ မျက်နှာမူစေလျက် စီတန်းမတ်တတ်ရပ်စေပြီး ညာသို့မဟုတ် ဘယ်လက်များကို တုပ်နှောင်ကာ ကုရ်ဗာနီပြုလုပ်ကြရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

① **ကုရ်ဗာနီ၏ သဘောတရား။**

အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် ကုရ်ဗာနီ၏ (Philosophy) သဘောတရားကို မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်ကား သားကောင်များကို လှီးဖြတ်၍ အသားများကို မိမိတို့ကိုယ်တိုင် ➤➤

إِنَّ اللَّهَ يُدَٰفِعُ عَنِ ٱلَّذِينَ ءَامَنُوٓا۟ ۗ إِنَّ اللَّهَ لَا يُحِبُّ كُلَّ خَوَّانٍ كَفُورٍ ﴿٣٨﴾

၃၈။ ဇကန်မလွဲအလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သောသူတို့မှ (မုရှ်ရစ်က်တို့၏ ဘေး အန္တရာယ်များကို) တွန်းလှန်ပယ်ရှားတော်မူမည်။ [(တစ်နည်း) မုအ်မင်န် သက်ဝင်ယုံကြည်သောသူတို့ ဘက်မှ (မုရှ်ရစ်က်တို့၏ ဘေးအန္တရာယ်များကို) ခုခံကာကွယ်တော်မူမည်။] ဇကန်အမှန် အလ္လာဟ် အရှင်မြတ်သည် မည်သည့်သွေဖည်ငြင်းပယ်သော သစ္စာသွေသူကိုမျှ နှစ်သက်တော်မူသည်မဟုတ်ပေ။

➤➤ စားသုံးရုံမျှဖြင့်သော်လည်းကောင်း၊ သူတစ်ပါးတို့အား ဝေငှ ကျွေးမွေးရုံမျှဖြင့်သော်လည်းကောင်း၊ သားကောင်များ၏ သွေးများကို သွန်းရုံမျှဖြင့်သော်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို မည်သည့်အခါ၌မျှ အလျှင်း ခံစားနိုင်ကြမည် မဟုတ်ပေ။

ဤသည့်အသားများနှင့် သွေးများသည်လည်း အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးသို့ အလျှင်း ရောက်ရှိသည် မဟုတ်ပေ။

ထိုအရှင်မြတ်၏ ထံတော်ပါးသို့မူ ထိုအရှင်မြတ်အား ချစ်ကြည်မြတ်နိုးသောအားဖြင့် အဖိုးထိုက်တန်သော၊ နှစ်လိုဖွယ်ဖြစ်သော ပစ္စည်းများကို ထိုအရှင်မြတ်၏ အမိန့်တော်အရ ထိုအရှင်မြတ်အား ရည်စူးလျက် ထိုအရှင်မြတ်၏ အိမ်တော်ပါးသို့ ယူဆောင်ပြီးလျှင်၊ ထိုအရှင်မြတ်၏ နာမ်တော်ကို ရွတ်ဆိုတသကာ ကြည်ဖြူစွာ ကုရ်ဗာနီ ပြုလုပ်ကြရန် စေ့ဆော်သည့် "တာက္ကဝါ" ရှိသေလေးစား ခန့်ညားမှုတည်းဟူသော ထက်သန်လှသည့် စေတနာ သဒ္ဓါတရားသည်သာလျှင် (ထိုအရှင်မြတ် ထံတော်ပါးသို့) ရောက်ရှိသွားပေသည်။

တစ်နည်းအားဖြင့် ကုရ်ဗာနီပြုလုပ်သောသူများသည် သားကောင်များကို ကုရ်ဗာနီပြုလုပ်ပြီး "မိမိတို့သည်လည်း ဤအတိုင်းပင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ "ကုရ်ဗာနီ" ဖြစ်ရန်၊ စွန့်ခြင်းကြီး စွန့်ရန် အသင့်ရှိကြပါသည်"ဟု ထုတ်ဖော်ပြလိုက်ခြင်း ပင်ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်(၂၂:၃၃)တွင် (وَمَن يُعَظِّمْ شَعَٰٓئِرَ ٱللَّهِ فَإِنَّهَا مِن تَقْوَى ٱلْقُلُوبِ) ဟု လာရှိသော "တာက္ကဝါ" ကား အခြားမဟုတ်၊ ဤသည်ပင်။ ဤသည့် "တာက္ကဝါ"တရားဖြင့်သာလျှင် အလ္လာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးသူတစ်ဦးသည် ထိုအရှင်မြတ်၏ စစ်မှန်သော ချစ်ကြည်မြတ်နိုးတော်မူခြင်းကို အမှန် ခံစားနိုင်ပေသည်။

① <u>အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်တို့အား ကာကွယ်တော်မူမည်သာ။</u>

ကုရ်အာန်(၂၂:၂၅)တွင် မုအ်မင်န်တို့အား ကျောင်းတော်ကို ဖူးမျှော်ခြင်း၊ ဟဂျ်ပြုခြင်း အမှတ်ပြုခြင်း စသည်တို့မှာ ကာဖိရ်များအား ပိတ်ပင်တားဆီးခဲ့ကြသည့် အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ထို့နောက် အာယတ်တော်များတွင် ကျောင်းတော်နှင့်စပ်လျဉ်း၍ စောင့်စည်းအပ်သည့် အမိန့်ပညတ်တော်များနှင့် ရိုသေလေးစားအပ်သည်များကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ယခင်အကြောင်းကိုပင် ဖြည့်စွက်မိန့်ဆိုထားတော် မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် မကြာမီအတွင်း ကာဖိရ်များ၏ ဘေးရန်များကို➤➤

أُذِنَ لِلَّذِينَ يُقَٰتَلُونَ بِأَنَّهُمْ ظُلِمُوا۟ ۚ وَإِنَّ ٱللَّهَ عَلَىٰ نَصْرِهِمْ لَقَدِيرٌ ﴿٣٩﴾

၃၉။ (ယခုသော်) တိုက်ခိုက်ခြင်းခံနေကြရသော (မွတ်စ်လင်မ်)တို့သည် (ခုခံတိုက်ခိုက်)ခွင့် ရရှိလေပြီ။ အကြောင်းမူကား၊ ၎င်းတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံခဲ့ကြရလေသည်။ ၎င်းပြင် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကူညီစောင့်မနိုင်စွမ်းရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

ٱلَّذِينَ أُخْرِجُوا۟ مِن دِيَٰرِهِم بِغَيْرِ حَقٍّ إِلَّآ أَن يَقُولُوا۟ رَبُّنَا ٱللَّهُ ۗ وَلَوْلَا دَفْعُ ٱللَّهِ ٱلنَّاسَ بَعْضَهُم بِبَعْضٍ لَّهُدِّمَتْ صَوَٰمِعُ وَبِيَعٌ وَصَلَوَٰتٌ وَمَسَٰجِدُ يُذْكَرُ فِيهَا ٱسْمُ ٱللَّهِ كَثِيرًا ۗ وَلَيَنصُرَنَّ ٱللَّهُ مَن يَنصُرُهُۥٓ ۗ إِنَّ ٱللَّهَ لَقَوِىٌّ عَزِيزٌ ﴿٤٠﴾

၄၀။ အကြောင်သူသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကား အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုကြခြင်းမှတစ်ပါး (မည်သည့် အကြောင်းမျှမရှိဘဲ) မတရားသဖြင့် မိမိတို့နေအိမ်များမှ နှင်ထုတ်ခြင်းကို ခံခဲ့ကြရရှာလေသည်။

စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည်လူတို့အားတစ်ဦးကိုတစ်ဦးဖြင့် ကာကွယ်တော်မူခြင်းမရှိပါမူ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများသည်လည်းကောင်း၊ ခရစ်ယာန် ဝတ်ကျောင်းများသည်လည်းကောင်း၊ ယဟူဒီဝတ်ကျောင်းများသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်များကို များပြားစွာ ရွတ်ဆိုလျက် ရှိသောမွတ်စ်လင်မ်တို့၏ ဗလီဝတ်ကျောင်းများသည် လည်းကောင်း၊ ဖြိုဖျက်ခြင်းခံကြရမည်အမှန်ပင်။

➤➤ ဖယ်ရှားပစ်တော်မူမည်ဖြစ်ကြောင်း၊ မွတ်စ်လင်မ်တို့သည် ကျောင်းတော်သို့ အေးချမ်းသာယာစွာသွားရောက်ကြပြီး ဟဇ္ဇ်အမှတ်နှင့် စပ်လျဉ်းသည့် တာဝန်အရပ်ရပ်ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် သစ္စာဖောက်သူများနှင့် ကျူးဇူးကန်းသူများကို အလျှင်း နှစ်သက်တော်မူသည် မဟုတ်ကြောင်းများကို မိန့်ဆိုထားတော်မူသည်။

ဤအကြောင်းနှင့် ဆက်စပ်၍ ကုရ်အာန် (၃၇း၁၇၂-၁၇၃။ ၄၀း၅၁။ ၆၁း၁၃။) ကို ဆင်ခြင်ပါကုန်။

အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထို အရှင်မြတ်အား ကူညီသောသူကို မုချကူညီတော်မူမည် ဖြစ်ပေသည်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အင်အားပြည့်စုံတော်မူသောအရှင်၊ တန်ခိုးအာနုဘော် ဖြင့် လွှမ်းမိုးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ ၁

---

② ခုခံကာကွယ်တိုက်ခိုက်ကာကွယ်ရန် မွတ်စ်လင်မ်တို့အား ပထမအကြိမ် ခွင့်ပြုတော်မူခြင်း။

အစ္စလာမ်သာသနာ ထွန်းကားခါစအချိန်တွင် မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်ကများသည် မွတ်စ်လင်မ်တို့အား အမျိုးမျိုးညှဉ်းပန်း နှိပ်စက်ခဲ့ကြလေသည်။ မွတ်စ်လင်မ်တို့သည်လည်း အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ တွေ့ကြုံခံစားကြရသော နှိပ်စက်မှု အစုစုတို့ကို သည်းခံ၍ပင် နေခဲ့ကြလေသည်။ ထိုအချိန်အထိ မွတ်စ်လင်မ်များသည် ရန်သူများအား ခုခံကာကွယ်တိုက်ခိုက်ရန် အခွင့်သည် မရရှိခဲ့ကြသေးပေ။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များကို ခုခံကာကွယ်တိုက်ခိုက်ရန် မွတ်စ်လင်မ်တို့အား ခွင့်ပြုတော်မူလိုက်လေသည်။ ပြန်လည်တိုက်ခိုက်ရန် ခွင့်ပြုတော်မူရာတွင် ဤအာယတ်တော်သည် ပထမဦးဆုံး ကျရောက်လာခဲ့သော အာယတ်တော်ပင် ဖြစ်သည်။

မက္ကာမြို့သားကာဖိရ်များက မွတ်စ်လင်မ်တို့အား ယင်းကဲ့သို့ နှိပ်စက်ကလူ ပြုခဲ့ကြခြင်းမှာ မွတ်စ်လင်မ်တို့၌ အပြစ်တစ်စုံတစ်ရာရှိ၍ မဟုတ်ခဲ့ပေ။ မွတ်စ်လင်မ်များသည် တိုင်းပြည်တွင် ဆူပူသောင်းကျန်းသူများလည်း မဟုတ်ခဲ့ပေ၊ ခိုးဝှက် လုယက်သူများလည်း မဟုတ်ခဲ့ကြပေ။ ကာဖိရ်များထံ၌ မွတ်စ်လင်မ်တို့၏ တစ်ခုတည်းသော အပြစ်မှာ ၎င်းတို့ ဘိုး၊ ဘေး၊ အစဉ်အဆက်မှာ ဆည်းကပ်ကိုးကွယ်လာခဲ့ကြ သော မိရိုးဖလာ ဆင်းတုကိုးကွယ်မှုကို မွတ်စ်လင်မ်တို့သည် သွေဖည်ဆန့်ကျင်၍ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာ ဆည်းကပ်ကိုးကွယ်ကြခြင်းပင်ဖြစ်သည်။ ကြည့်-ကုရ်အာန် (၇:၁၂၆။ ၆၀:၁။ ၈၅:၈)။

"ဂျီဟာဒ်" ၏ သဘောတရား။

လူလောကတွင် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၊ အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့၊ တစ်ဦးတစ်ယောက်သည် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိအုပ်စု၊ မိမိအဖွဲ့၊ မိမိ၏ ရပ်တည်မှုအတွက် မိမိအား ကျူးကျော်စော်ကားလာသော အင်အားစုကို ခုခံကာကွယ် တွန်းလှန်တိုက်ခိုက်ပိုင်ခွင့်လည်း ရှိပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ စွန့်တော်တော်ပင်။ ကမ္ဘာအိမ်ထောင်စုကြီးမှာလည်း ဤအတိုင်းပင် ရပ်တည်လျက်ရှိပေသည်။

အကယ်၍ ဤသို့သာ ခုခံပိုင်ခွင့် မရှိပါက အလ္လာဟ်အရှင်မြတ်သည် လူတော် လူကောင်းများအား ကူညီတော်မမူပါက၊ လူဆိုးလူယုတ်မာများနှင့် ခုခံတိုက်ခိုက်စေပြီး လူတော်လူကောင်းများအား လွှမ်းမိုးစေတော်မမူပါက လူလောကတွင် လူကောင်းဟူ၍ တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိရတော့မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ခေတ်တိုင်းလိုလိုတွင် လူဆိုးများ၊သူယုတ်မာများသည် လူတော်လူကောင်းများနှင့် နှိုင်းယှဉ်လျှင် အရေအတွက်အားဖြင့် များကြသည်သာဖြစ်သည်။ ၎င်းတို့အား လျစ်လျူ ရှုထားပါက ၎င်းတို့သည် လူလောကတွင် ဆူပူ သောင်းကျန်း ကြပေမည်။ လွတ်လပ်စွာ ဆိုးမိုက် နိုင်ကြရန်အတွက် လူတော် လူကောင်းများအား အမျိုးမျိုး နှိပ်စက် ညှဉ်းပန်း ကြပေမည်။ ချေမှုန်း ကြပေမည်။ သာသနာ့ အဆောက်အအုံများ၊ ကျောင်းများ၊ ➤➤

الَّذِينَ إِن مَّكَّنَّٰهُمْ فِي الْأَرْضِ أَقَامُوا الصَّلَاةَ وَآتَوُا الزَّكَاةَ وَأَمَرُوا بِالْمَعْرُوفِ وَنَهَوْا عَنِ الْمُنكَرِ ۗ وَلِلَّهِ عَاقِبَةُ الْأُمُورِ ﴿٤١﴾

၄၁။ အကြင်သူတို့သည် အကယ်၍ ငါအရှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် လွှမ်းမိုးအုပ်စိုးမှုကို ပေးတော်မူခဲ့ပါလျှင် ၎င်းတို့သည် ဆွေလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြပေမည်။ ၎င်းပြင် ဇကာတ်ကိုလည်း ပေးဆပ်ကြပေမည်။ ကောင်းမြတ်သော ကိစ္စများကိုလည်း အမိန့်ပေးကြပေမည်။ မကောင်းမှုများမှလည်း တားမြစ်ကြပေမည်။ အမှန်သော်ကား အရေးကိစ္စ (အလုံးစုံ)တို့၏ နောက်ဆုံးအကျိုးသည် အလွှာဟ်အရှင်မြတ်အထံတော်၌သာ ရှိပေသည်။ ၃

➤➤ ရိုသေမြတ်နိုးအပ်သော သာသနာ့အထိမ်းအမှတ်များကို ဖြိုဖျက်ကြပေမည်။

ထို့အတွက်ကြောင့်ပင် လူ့လောကတွင် ဆိုးသွမ်း၊ သောင်းကျန်းသော လူ့အဆောက်အအုံကို ဖျက်ဆီးသော အင်အားစုများကို အဘယ်မျှပင် များပြားလင့်ကစား တစ်ချိန်တွင် အလွှာဟ်အရှင်မြတ်သည် လူတော်လူကောင်းတို့၏ လက်ချက်ဖြင့်ပင် တွန်းလှန်ချေမှုန်းပစ်တော်မူသည်သာဖြစ်သည်။

③ မွတ်စ်လင်မ်တို့၏ဂုဏ်ရည်။

အထက်တွင် မတရားသဖြင့် အနှိပ်စက်ခံခဲ့ကြရသော မိမိတို့၏ မြို့၊ ရွာ များမှ နှင်ထုတ်ခြင်း ခံခဲ့ကြရသော မွတ်စ်လင်မ်တို့၏အကြောင်း၊ ရန်သူများကို ခုခံတိုက်ခိုက်ရန် မွတ်စ်လင်မ်တို့အား အလွှာဟ်အရှင်မြတ်က ခွင့်ပြုတော်မူသည့်အကြောင်း၊ ယင်း မွတ်စ်လင်မ်တို့အား ကူညီတော်မူမည့်အကြောင်းများ ပါရှိ၏။

ယခုဤအာယတ်တော်တွင် ယင်းမွတ်စ်လင်မ်များ၏ ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်မှာ– အကယ်၍ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့အား ကမ္ဘာမြေတွင် စိုးမိုးအုပ်ချုပ်မှုအာဏာကို အပ်နှင်းတော်မူပါက ၎င်းတို့သည် အာဏာမာန် တက်ကြွကြမည်ဟုတ်၊ အာဏာကို အလွဲသုံးစားပြုလုပ်ကြမည်မဟုတ်၊ အာဏာရူး ရူးကြမည်မဟုတ်၊ အလွှာဟ်အရှင်မြတ်အား မေ့ကြမည်မဟုတ်၊ ၎င်းတို့ စနစ်တကျ ဆွေလာတ်ဝတ်ပြုကြပေမည်။ ဇကာတ်ပေးကြမည်။ သူတစ်ပါးတို့အား ကောင်းရာကို ညွှန်ကြားကြမည်၊ မကောင်းရာမှ မြစ်တားကြပေမည်။ ဆိုလိုသည်ကား မိမိကိုယ်တိုင်လည်း အစွမ်းမစ်၏ အဆုံးအမများကို လိုက်နာကျင့်သုံးကြပေမည်။ မိမိတို့ကိုယ်တိုင်လည်း လူတော်လူကောင်း ဖြစ်ကြပေမည်၊ တိုင်းသူပြည်သား လူအများတို့အားလည်း လူတော်လူကောင်း များဖြစ်အောင် စီမံကွပ်ကဲအုပ်ချုပ်ကြပေမည်။

အလွှာဟ်အရှင်မြတ်သည် မိမိကတိတော်အတိုင်း ယင်းသို့သော ဂုဏ်ရည်များနှင့် ပြည့်စုံသော မွတ်စ်လင်မ်တို့အား စိုးမိုးအုပ်ချုပ်မှု အာဏာကို အပ်နှင်းတော်မူခဲ့လေသည်။ မွတ်စ်လင်မ်တို့သည်လည်း၊ မွတ်စ်လင်မ်ပီပီ မိမိတို့၏ ဂုဏ်ရည်များနှင့်အညီ စံမတူအောင် တရားသဖြင့် စီမံအုပ်ချုပ်နိုင်ခဲ့ကြပေသည်။ ဤကား အစွမ်းလာမ် သမိုင်းတွင် အထင်အရှားပင်။ ဤသည့်အာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် (ဆွဟာဗဟ်) သာဝကကြီးများ၊ မုဟာဂျိရ်များ၊ အထူးသဖြင့် (ခလီဖဟ်)သမ္မတကြီးလေးပါးတို့၏ မြင့်မြတ်မှုကို ကောင်းစွာသိရှိနိုင်ပေသည်။ အလွှာဟ်အရှင်မြတ်သည် ယင်းဆွဟာဗဟ် သာဝကကြီးများအား ချစ်ကြည်နှစ်သက်တော်မူပါစေသတည်း။

وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَثَمُودُ ﴿٤٢﴾

၄၂။ စင်စစ်အကယ်၍ ၎င်းတို့သည် အသင့်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြပါလျှင် (ယင်းသို့ ငြင်းပယ်ခြင်းကား အထူးအဆန်း မဟုတ်ပေ)။ ဧကန်မလွဲ ထိုသူတို့ထက်အလျင် (နဗီတမန်တော်)နူဟ်၏ အမျိုးသားတို့သည်လည်းကောင်း၊ အာဒ်၏အမျိုးသား တို့သည်လည်းကောင်း၊ ဆမူဒ်၏ အမျိုးသားတို့သည် လည်းကောင်း၊ မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြပြီး ဖြစ်သည်။

وَقَوْمُ إِبْرَٰهِيمَ وَقَوْمُ لُوطٍ ﴿٤٣﴾

၄၃။ ထိုနည်းတူစွာ(နဗီတမန်တော်) အီဗ်ရာဟီမ်၏ အမျိုးသားတို့သည်လည်းကောင်း၊ (နဗီတမန်တော်) လူတို့၏ အမျိုးသားတို့သည်လည်းကောင်း။

وَأَصْحَٰبُ مَدْيَنَ ۖ وَكُذِّبَ مُوسَىٰ ۖ فَأَمْلَيْتُ لِلْكَٰفِرِينَ ثُمَّ أَخَذْتُهُمْ ۖ فَكَيْفَ كَانَ نَكِيرِ ﴿٤٤﴾

၄၄။ မဒ်ယန်မြို့သားတို့သည် လည်းကောင်း၊ (ငြင်းပယ်ခဲ့ကြကုန်၏)။ ထိုမှတပါး (နဗီတမန်တော်) မူစာသည်လည်း (Copt အမျိုးသားတို့ဘက်မှ) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်းကို ခံခဲ့ရလေသည်။ ထိုအခါ ငါအရှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ် သောသူတို့အား (ပြစ်ဒဏ်ခတ်ခြင်းမှ ခေတ္တ)ရွှေ့ဆိုင်း ထားတော်မူခဲ့၏။ ထို့နောက်ငါအရှင်မြတ်သည်ငင်းတို့ အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ပြစ်ဒဏ်သည် မည်သို့ရှိခဲ့ဘိသနည်း။

فَكَأَيِّن مِّن قَرْيَةٍ أَهْلَكْنَٰهَا وَهِيَ ظَالِمَةٌ فَهِيَ خَاوِيَةٌ عَلَىٰ عُرُوشِهَا وَبِئْرٍ مُّعَطَّلَةٍ وَقَصْرٍ مَّشِيدٍ ﴿٤٥﴾

၄၅။ စင်စစ် မြောက်မြားစွာသော မြို့ရွာများကို ငါအရှင်မြတ်သည် ယင်းမြို့၊ ရွာ(သား)များ မတရား ကျူးလွန်သူများ ဖြစ်နေကြစဉ် ဖျက်ဆီးတော်မူခဲ့လေ သည်။ သို့ဖြစ်ပေရာ ယင်းမြို့ရွာများ(ရှိ တိုက်တာ အိမ်ဂေဟာအစရှိသော အဆောက်အအုံများ ပြိုကျကာ နံရံများ)မှာ ယင်းအဆောက်အအုံများ၏ ခေါင်မိုးများ ပေါ်သို့ ပြိုကျ (ပျက်စီး)လျက် ရှိနေပေသည်။

ထို့ပြင် များစွာသော ပျက်စီးနေသည့် ရေတွင်းများသည်လည်းကောင်း၊ မြင့်စွင့်သောတိုက်တာ အိမ်ဂေဟာအစရှိသည့် အဆောက်အအုံများသည်လည်းကောင်း၊ (ယခုတိုင်အောင် လက်ငုတ်လက်စအဖြစ်) ကျန်ရှိနေသေး၏။

اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَتَكُوْنَ لَهُمْ قُلُوْبٌ يَّعْقِلُوْنَ بِهَآ اَوْ اٰذَانٌ يَّسْمَعُوْنَ بِهَا ۚ فَاِنَّهَا لَا تَعْمَى الْاَبْصَارُ وَلٰكِنْ تَعْمَى الْقُلُوْبُ الَّتِىْ فِى الصُّدُوْرِ ﴿٤٦﴾

၄၆။ သို့ပါလျက် ၎င်းတို့သည် ပထဝီမြေဝယ် လှည့်လည်သွားလာမှုကို မပြုခဲ့ကြလေသလော။ သို့ပြုခဲ့ကြလျှင်၊ ထိုသူတို့၌ နားလည်နိုင်သော စိတ်နှလုံးများသော်လည်းကောင်း၊ ကြားနိုင်သောနားများသော်လည်းကောင်း၊ ရှိလာကြပေမည်။ အကြောင်းမူကား မျက်စိများသည် ကန်းသွားကြသည် မဟုတ်ပေ။ စင်စစ်မှာကား ရင်များ၌ရှိသော စိတ်နှလုံးများသည်သာလျှင် ကန်းသွားလေ့ရှိကြသတည်း။ [၁]

---

① **တမန်တော်များအား သက်ဆိုင်ရာအမျိုးသားများက သွေဖည်ခဲ့ကြသည်မှာ အဆန်းမဟုတ်ပါ။**

တမန်တော်မြတ်၏ တရားဓမ္မကို တမန်တော်မြတ်၏ အချို့အမျိုးသားများက သွေဖည်ငြင်းဆန်မနာခံကြသော် ယင်းသို့ မနာခံခြင်းမှာ အထူးအဆန်းမဟုတ်ပါ။ အတိတ်ခေတ်များတွင်လည်း တမန်တော်များသည် မိမိတို့၏ အမျိုးသားများ၏ သွေဖည်ငြင်းဆန် မနာခံခြင်းများကို ခံခဲ့ကြရပေသည်။ ယင်းသို့ သွေဖည်ငြင်းဆန်မနာခံသော သူယုတ်မာတို့အား အလွှာဟ်အရှင်မြတ်သည် ချက်ချင်း အရေးယူတော်မူနိုင်သော်လည်း အချိန်အတန်ကြာသည်အထိ လျစ်လျူပြုထားတော် မူလေ့ရှိသည်။ သို့ရာတွင် နောက်ဆုံး၌ ယင်းသူယုတ်တို့သည် မိမိတို့၏ သွေဖည်ငြင်းဆန်မနာခံမှုများကြောင့် ကွပ်မျက်ဖျက်ဆီးတော်မူခြင်းကို ခံရကာ မရှုမလှ သေကျေပျက်စီးသွားခဲ့ကြရ သည်သာဖြစ်သည်။

သွေဖည်ငြင်းဆန် မနာခံသော သူမိုက်များသည် အဘယ်ကြောင့် ကမ္ဘာလှည့်၍ မလေ့လာကြသနည်း၊ ကမ္ဘာလှည့်လည်၍ ကွပ်မျက်ဖျက်ဆီးခြင်း ခံရပြီး သေကျေပျက်စီးသွားခဲ့သော သူမိုက်တို့၏ အဖြစ်အပျက်၊ အကြောင်းအရာများနှင့် မရှုမလှ ပျက်စီးယိုယွင်းနေသော ၎င်းတို့၏ တိုက်တာ ဂေဟာ အဆောက်အအုံများကို သွားရောက်ကြည့်ရှု လေ့လာသင့်ကြပေသည်။ သို့ ကမ္ဘာလှည့်လည် လေ့လာပါက ၎င်းတို့၌ ဆင်ခြင်တတ်သော စိတ်နှလုံးများ၊ အမှန်ကို ကြားတတ်သော နားများဖြစ်ပေါ်လာကြပေမည်။ အချိန်မီ သတိသံဝေဂ ရရှိလာကြပေမည်။ သို့မဟုတ်ပါမူ ၎င်းတို့သည်လည်း အတိတ်ခေတ်တွင် ကွပ်မျက်ခြင်းခံခဲ့ကြရသော လူမျိုးများကဲ့သို့ပင် ကွပ်မျက်ခြင်းခံကြရပြီး မရှုမလှ သေကြေပျက်စီးသွားကြ ရမည်သာတည်း။

ဤအာယတ်တော်တွင် အတိတ်ခေတ်၌ ကွပ်မျက်ခြင်းခံခဲ့ကြရသော အမျိုးသားတို့အနက် သာဓက အဖြစ် တမန်တော်နူဟ်၏ အမျိုးသားများ၊ အာဒ်၊ ဆမူဒ်၊ တမန်တော် အီဗရာဟီမ်၏ အမျိုးသားများ၊ ➤➤

وَيَسْتَعْجِلُونَكَ بِالْعَذَابِ وَلَن يُخْلِفَ اللَّهُ وَعْدَهُ ۚ وَإِنَّ يَوْمًا عِندَ رَبِّكَ كَأَلْفِ سَنَةٍ مِّمَّا تَعُدُّونَ ﴿٤٧﴾

၄၇။ ၎င်းပြင်ထိုသူတို့သည် အသင့်ထံ (လာရောက်ကြ၍) ပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုကြကုန်၏။ [၃] စင်စစ်သော်ကား၊ အလ္လာဟ်အရှင်မြတ်သည် မိမိကတိကို အလျင်းပျက်ကွက်တော်မူမည်မဟုတ်ပေ။ ၎င်းပြင် ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ နေ့တစ်နေ့သည် အသင်တို့ရေတွက်ကြသော အနှစ်တစ်ထောင် ကဲ့သို့ပင် ဖြစ်ပေသည်။

➤➤ တမန်တော် လူတို့၏ အမျိုးသားများ၊ မဒ်ယန်မြို့သားများနှင့် တမန်တော်မူစာ၏ အမျိုးသားများ၏ ဖြစ်ရပ်များကို စဉ်းစားဆင်ခြင်ရန် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်တွင်ပါရှိသော အမျိုးသားများ၏အကြောင်းများ အထက်တွင် အကြိမ်ကြိမ် ပါရှိခဲ့ပေပြီ၊ သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုပါကုန်။

③ သွေဖည်ငြင်းဆန် မနာခံသော ကာဖိရ်များသည် တမန်တော်မြတ်ထံတွင် ၎င်းတို့၌ သက်ရောက်အံ့သော ပြစ်ဒဏ်ကို ယခုပင် အဆောတလျင် သက်ရောက်စေရန် တောင်းဆိုခဲ့ကြသည်။ ကာဖိရ်များ၏ ယင်းသို့သော တောင်းဆိုချက်ကို ကုရ်အာန် (၈း၃၂။ ၃၈း၁၆)တွင်လည်း မိန့်ဆိုထားတော်မူသည်။ ယင်းသို့ တောင်းဆိုခြင်းမှာ မိုက်မဲခြင်း၊ အတင့်ရဲခြင်း၊ မိမိ၌ သက်ရောက်အံ့သော ဘေးမှ လွတ်မြောက်ရန် ကြိုးစားရမည့်အစား ဘေးရန်ကို လက်ယပ်ခေါ်ခြင်းပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် အရာရာကို သူ့အချိန်နှင့်သူ ပြုလုပ်တော်မူသည်။ ထိုအရှင်မြတ်သည် မိမိကတိတော်အတိုင်း မိမိသတ်မှတ်ထားတော်မူသော အချိန်၌ ကာဖိရ်များအား ပြစ်ဒဏ်ခတ်တော်မူမည်သာဖြစ်သည်။ အမိန့်နာခံသော မွတ်စ်လင်မ်များအား မြှောက်စားတော်မူမည်သာဖြစ်သည်။ ထိုအချိန်ထက် တစ်နာရီမျှပင် စောမည်လည်း မဟုတ်၊ နောက်ကျမည်လည်းမဟုတ်။ ဤသည် အလ္လာဟ်အရှင်မြတ် ထားရှိတော်မူသာ ကတိတော်ပင်ဖြစ်သည်။ ထိုအရှင်မြတ်သည် မိမိကတိတော်ကို ဘယ်သောအခါမျှ ဖျက်တော်မူသည် မရှိပေ။ သတ်မှတ်ထားတော်မူသည့်အချိန် ရောက်လာသည့်အခါ ကတိတော်အတိုင်း တစ်စွန်းတစ်စမကျန် အကုန်အစဉ် ဖြစ်ပေါ်လာမည်သာဖြစ်သည်။

အချိန်မရောက်သေး၍ ပြစ်ဒဏ်မသက်ရောက်သေးသည်ကို အထင်လွဲကာ၊ အတင့်ရဲကာ မိုက်မဲစွာဖြင့် ပြစ်ဒဏ်ကို လက်ယပ်ခေါ်နေရန်မလို၊ အချိန်တန်က ပြစ်ဒဏ်သက်ရောက်မည်သာ ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုကျူးလွန်၍ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် ကျူးလွန်စော်ကားလျက်ရှိသောသူများကို ရုတ်တရက် ချက်ချင်း အရေးယူတော်မူလေ့မရှိချေ။ နောင်တရစိမ့်သောငှာ အချိန်အတော်အတန်ကြာသည်အထိ လျစ်လျူပြုထားတော်မူလေ့ရှိသည်။ ကာဖိရ်များသည် ယင်းသို့ လျစ်လျူပြုထားတော်မူသည့် အချိန်တွင် အချိန်မီ သတိသံဝေဂ နောင်တတရားရကြရမည့်အစား ပြောင်လောင်ခြင်း၊ ပြစ်ဒဏ်ကို အဆောတလျင် တောင်းခြင်းကို ပြုလုပ်ကြလေသည်။ ဤသို့သော ကာဖိရ်များထက် မိုက်သူကား အသူရိအံ့နည်း။

وَكَأَيِّن مِّن قَرْيَةٍ أَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ أَخَذْتُهَا ۖ وَإِلَيَّ الْمَصِيرُ ﴿٤٨﴾

၄၈။ စင်စစ် မြောက်မြားစွာသော မြို့ရွာများရှိ၏။ ငါအရှင်မြတ်သည် ထိုမြို့ရွာ(သား)တို့ကို ပြစ်မှုကျူးလွန်သူများ ဖြစ်နေကြစဉ် (ပြစ်ဒဏ်ခတ်ခြင်းမှ) ရွှေ့ဆိုင်းတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းမြို့(သား)တို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ၎င်းပြင် (ထိုသူတို့အားလုံးသည်) ငါအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြမည် ဖြစ်ချေသတည်း။

قُلْ يَا أَيُّهَا النَّاسُ إِنَّمَا أَنَا لَكُمْ نَذِيرٌ مُّبِينٌ ﴿٤٩﴾

၄၉။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ အို-လူသားအပေါင်းတို့၊ ငါသည် အသင်တို့အဖို့ ထင်ရှားစွာ သတိပေးနှိုးဆော်သူ တစ်ဦးမျှ ဖြစ်ပေသည်။

فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٥٠﴾

၅၀။ သို့ဖြစ်ရာ သက်ဝင် ယုံကြည်ခဲ့ကြသော၊ ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှုဆောက်တည်ကြကုန်သောသူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မြင့်မြတ်သော စားနပ်ရိက္ခာသည်လည်းကောင်း၊ ရှိချိမ့်မည်။

وَالَّذِينَ سَعَوْا فِي آيَاتِنَا مُعَاجِزِينَ أُولَٰئِكَ أَصْحَابُ الْجَحِيمِ ﴿٥١﴾

၅၁။ သို့ရာတွင် ငါ အရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့်စပ်လျဉ်း၍ (နဗီတမန်တော်မြတ်အား လည်းကောင်း၊ မွတ်စ်လင်မ်တို့အား လည်းကောင်း၊ နှိမ်နင်းရန်(ရှုံးနိမ့်စေရန်) ကြိုးပမ်း(ဆောင်ရွက်) သူတို့မူကား၊ ထိုသူတို့သည်ပင်လျှင် ငရဲသားများ ဖြစ်ကြကုန်သတည်း။

---

① **တမန်တော်မြတ်၏တာဝန်။**

အထက်ပါအာယတ်တော်တွင် လာရှိသည့်အတိုင်း ကာဖိရ်များသည် တမန်တော်မြတ်ထံတွင် ၎င်းတို့အား အဆောတလျင် ပြစ်ဒဏ်ခတ်ရန် တောင်းဆိုခဲ့ကြသည်။ အမှန်မှာ ပြစ်ဒဏ်ခတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ တမန်တော်မြတ်၏ လက်တွင်း၌မရှိပေ။ အလ္လာဟ်အရှင်မြတ်သည် ➤➤

وَمَآ أَرۡسَلۡنَا مِن قَبۡلِكَ مِن رَّسُولٖ وَلَا نَبِيٍّ إِلَّآ إِذَا تَمَنَّىٰٓ أَلۡقَى ٱلشَّيۡطَٰنُ فِيٓ أُمۡنِيَّتِهِۦ فَيَنسَخُ ٱللَّهُ مَا يُلۡقِي ٱلشَّيۡطَٰنُ ثُمَّ يُحۡكِمُ ٱللَّهُ ءَايَٰتِهِۦۗ وَٱللَّهُ عَلِيمٌ حَكِيمٞ ٥٢

၅၂။ စင်စစ် ငါအရှင်မြတ်သည် အသင့်အလျင် ရဏ္ဍလ်တမန်တော်များကိုလည်းကောင်း၊ နဗီတမန်တော်များကိုလည်းကောင်း၊ စေလွှတ်တော်မူခဲ့၏။ ထို(ရဏ္ဍလ် သို့မဟုတ် နဗီ)တမန်တော်သည် (တစ်စုံတစ်ရာကို) ရွတ်ဖတ်သရဇ္ဈာယ်သောအခါ ရှိုင်တွာန် မိစ္ဆာကောင်သည် ထို (ရဏ္ဍလ် သို့မဟုတ် နဗီ)တမန်တော်၏ ရွတ်ဖတ်သရဇ္ဈာယ်မှု(ကျမ်းချက်)နှင့်စပ်လျဉ်း၍ (မယုံကြည်သောသူ၊ မတည်မငြိမ်ဖြစ်နေသောသူတို့၏ စိတ်တွင်းဝယ် ဒွိဟသံသယကို) ထည့်သွင်းလေ့ရှိခဲ့၏။ ထိုအခါအလ္လာဟ်အရှင်မြတ်သည် ရှိုင်တွာန်မိစ္ဆာကောင် ထည့်သွင်းသမျှ(သောဒွိဟသံသယမှုများ)ကို ပပျောက်စေတော်မူလေ၏။ ထို့နောက်အလ္လာဟ်အရှင်မြတ်သည် မိမိအာယတ်တော်များကို (ပိုမိုရှင်းပင်) တည်တံ့ခိုင်မြဲတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

لِّيَجۡعَلَ مَا يُلۡقِي ٱلشَّيۡطَٰنُ فِتۡنَةٗ لِّلَّذِينَ فِي قُلُوبِهِم مَّرَضٞ وَٱلۡقَاسِيَةِ قُلُوبُهُمۡۗ وَإِنَّ ٱلظَّٰلِمِينَ لَفِي شِقَاقِۭ بَعِيدٖ ٥٣

၅၃။ (ဤသို့ဖြစ်ရခြင်းမှာ) ထိုအရှင်မြတ်သည် ရှိုင်တွာန် မိစ္ဆာကောင်ထည့်သွင်းသည့် (ဒွိဟသံသယမှုများ)ကို စိတ်တွင်းရောဂါဝေဒနာ ရှိနေသူတို့အဖို့လည်းကောင်း၊ စိတ်နှလုံး ခက်ထန်မာကျောသူတို့အဖို့လည်းကောင်း၊ စမ်းသပ်မှုပြုတော်မူရန်ဖြစ်ပေသည်။ ဧကန်မလွဲမတရားကျူးလွန်သောသူတို့သည် ဝေးလံစွာသော ကွဲပြားမှုဌ်ပင်(ငြင်းခုံမှုဌ်ပင်)ရှိနေကြကုန်၏။

➤➤ မုအ်မင်န်သူတော်စင်တို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူ၍ ဂျန္နတ် အမတသုခဘုံသို့ လားစေတော်မူမည်ဖြစ်သည်။ ကာဖိရ် သူယုတ်မာတို့ကိုမူကား ဂျဟန္နမ် ငရဲဘုံသို့ လားစေတော်မူမည်သာဖြစ်သည်။ တမန်တော်မြတ်၏တာဝန်မှာ ပွင့်လင်းစွာ သတိပေးနှိုးဆော်ရန်သာဖြစ်သည်။ ဤသည့်သဘောကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

وَلِيَعْلَمَ الَّذِيْنَ اُوْتُوا الْعِلْمَ اَنَّهُ الْحَقُّ مِنْ رَّبِّكَ فَيُؤْمِنُوْا بِهٖ فَتُخْبِتَ لَهٗ قُلُوْبُهُمْ ؕ وَاِنَّ اللّٰهَ لَهَادِ الَّذِيْنَ اٰمَنُوْۤا اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٥٤﴾

၅၄။ ထိုမှတစ်ပါး: (ဤသို့ဖြစ်ရခြင်းမှာ) အသိပညာချီးမြှင့်ပေးသနားတော်မူခြင်း: ခံကြရသောသူတို့သည် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)ကား: အသင့်အား: ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အမှန်ဖြစ်ကြောင်း: သိရှိကြရန်လည်း: ဖြစ်ပေသည်။ သို့(သိရှိကြ)လျှင် ၎င်းတို့သည် ဤ(ကုရ်အာန်ကျမ်းမြတ်)ကို (ပိုမို၍ပင်) ယုံကြည်လာကြပေမည်။ တစ်ဖန် ၎င်းတို့၏ စိတ်နှလုံးများသည်လည်း: ယင်း(ကုရ်အာန်ကျမ်းမြတ်)၏ ရှေ့ဝယ် (သာ၍ပင်) ညွတ်ပျောင်း: ယိမ်းညွတ်လာကြမည်ဖြစ်သည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား: ဖြောင့်မတ်သောလမ်းကို ညွှန်ပြတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူပေသတည်း။

وَلَا يَزَالُ الَّذِيْنَ كَفَرُوْا فِيْ مِرْيَةٍ مِّنْهُ حَتّٰى تَاْتِيَهُمُ السَّاعَةُ بَغْتَةً اَوْ يَاْتِيَهُمْ عَذَابُ يَوْمٍ عَقِيْمٍ ﴿٥٥﴾

၅၅။ စင်စစ်သော်ကား: မယုံမကြည် သွေဖည် ငြင်းပယ်ခဲ့ကြသော သူတို့သည် ထိုသူတို့အပေါ်ဝယ် ကိယာမတ် ရောက်လာသည့်တိုင်အောင်၊ သို့မဟုတ် ထိုသူတို့ထံ အကြောင်းမလှသော(အမင်္ဂလာဖြစ်သော) နေ့၏ ပြစ်ဒဏ်ရောက်လာသည့်တိုင်အောင်၊ ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)နှင့်စပ်လျဉ်း၍ဒွိဟသံသယ၌ပင် ရှိမြဲရှိနေကြပေမည်။

اَلْمُلْكُ يَوْمَئِذٍ لِّلّٰهِ ؕ يَحْكُمُ بَيْنَهُمْ ؕ فَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فِيْ جَنّٰتِ النَّعِيْمِ ﴿٥٦﴾

၅၆။ ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အရှင်မြတ်၌သာရှိပေမည်။ ထိုအရှင်မြတ်သည် ၎င်းတို့အကြားဝယ် စီရင်ဆုံးဖြတ်တော်မူမည်။ ထို့နောက် အကြင်သူတို့သည် သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ (ထိုသူတို့သည်) သုခချမ်းသာနှင့်ပြည့်စုံသော ဥယျာဉ်များ၌ ရှိကြပေမည်။

وَالَّذِينَ كَفَرُوا۟ وَكَذَّبُوا۟ بِـَٔايَٰتِنَآ أُو۟لَٰٓئِكَ لَهُمْ عَذَابٌ مُّهِينٌ ﴿٥٧﴾

၅၇။ သို့ရာတွင် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင်ထိုသူတို့သည် ငါအရှင်မြတ်၏အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြကုန်၏။ ထိုသူတို့မူကား၊ ၎င်းတို့၌ ဂုဏ်အင်သေးသိမ်စေသောပြစ်ဒဏ်သည် ရှိချေအံ့သတည်း။

وَالَّذِينَ هَاجَرُوا۟ فِى سَبِيلِ ٱللَّهِ ثُمَّ قُتِلُوٓا۟ أَوْ مَاتُوا۟ لَيَرْزُقَنَّهُمُ ٱللَّهُ رِزْقًا حَسَنًا ۚ وَإِنَّ ٱللَّهَ لَهُوَ خَيْرُ ٱلرَّٰزِقِينَ ﴿٥٨﴾

၅၈။ ၎င်းပြင် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာ့လမ်းစဉ်၌ (မိမိတို့၏ အိုးအိမ်စည်းစိမ် ခပ်သိမ်းတို့ကိုစွန့်၍) ရွှေ့ပြောင်းခဲ့ကြရ၏။ ထို့နောက် ထိုသူတို့သည် သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်ဖြစ်စေ၊ သေဆုံးခဲ့ကြသည်ဖြစ်စေ၊ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည်၎င်းတို့အား အလွန် ကောင်းမြတ်သော စားနပ်ရိက္ခာမျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည်ပင် လျှင် *အကောင်းဆုံး (အပေါများဆုံး)စားနပ်ရိက္ခာ ချီးမြှင့် ပေးသနားတော်မူသော အရှင် ဖြစ်တော်မူပေသည်။* ၁

---

① **"မုဟာဂျိရ်" များအဖို့ ကောင်းချီးဩဘာ။**

အထက်တွင် မုအ်မင်နဲ့ သူတော်စင်များ၏ ကောင်းမွန်သော နောက်ဆုံးအခြေအနေနှင့် စံစားကြရမည့် အကျိုးများကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် မုအ်မင်နဲ့များအနက် သီးသန့်အုပ်စုတစ်ခု၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။ အကြင် မုအ်မင်နဲ့များသည် အလ္လာဟ်အရှင်မြတ်၏ သာသနာ့လမ်းတော်၌ မိမိတို့၏ အိမ်၊ အိုး၊ တိုက်တာ၊ ဂေဟာများကိုစွန့်၍ အရပ်တစ်ပါးသို့ပင် ထွက်ခွာသွားခဲ့ကြ၏။ ၎င်းတို့အနက် အချို့တို့သည် စစ်ပွဲများ၌ အသက်ပေးသွားခဲ့ကြ၏။ 'ရှဟီဒ်' ဖြစ်သွားခဲ့ကြ၏။ အချို့တို့သည် ရိုးရိုးပင် သေဆုံးသွားခဲ့ကြ၏။ အသို့ပင်ဖြစ်စေကာမူ ယင်းသို့သော 'မုဟာဂျိရ်' များ၊ 'မုဂျာဟီဒ်' များ၊ 'ရှဟီဒ်'များသည် စိတ်အားငယ်ရန် မလိုပေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အထူးတလည် ချီးမြှင့်တော်မူမည်ဖြစ်သည်။ စားဝတ်နေရေး အရေးရေးတို့နှင့် စပ်လျဉ်း၍ ၎င်းတို့ အာသာဆန္ဒ ရှိသမျှတို့ကို လိုလေသေးသည်မရှိ ချီးမြှင့်တော်မူမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် (အလီမ်)အလုံးစုံကို သိမြင်တော်မူသော အရှင် ဖြစ်တော်မူသည်။ (ဟလီမ်) အလွန် သည်းခံတော်မူသောအရှင် ဖြစ်တော်မူသည်။ ဤအာယတ်တော်တွင် ဤဂုဏ်တော် နှစ်ပါးကို ထည့်သွင်းဖော်ပြထားတော်မူခြင်းမှာ-

➤➤

لَيُدْخِلَنَّهُمْ مُّدْخَلًا يَّرْضَوْنَهٗ ؕ وَاِنَّ اللّٰهَ لَعَلِيْمٌ حَلِيْمٌ ﴿۵۹﴾

၅၉။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှစ်သက်ကြအံ့သော နေရာဌာနကို ဝင်ရောက်စေတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအလုံးစုံကိုသိမြင်တော်မူသောအရှင်၊ အလွန်တရာသည်းခံတော်မူသောအရှင် အမှန်ပင်ဖြစ်တော်မူ၏။

ذٰلِكَ ۚ وَمَنْ عَاقَبَ بِمِثْلِ مَا عُوْقِبَ بِهٖ ثُمَّ بُغِيَ عَلَيْهِ لَيَنْصُرَنَّهُ اللّٰهُ ؕ اِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ﴿۶۰﴾

၆၀။ ဤသည်ပင် (အသင့်အား ငါအရှင်ပြောကြားတော်မူသောအရေးကိစ္စများဖြစ်၏)။ ၎င်းပြင် အကြင်သူသည် မိမိဒုက္ခပေးခြင်းကို ခံခဲ့ရသည်နှင့်အညီအမျှပြန်လှန်ဒုက္ခပေးခဲ့လေသည်။ ထို့နောက်တစ်ဖန် ထိုသူသည် ကျူးလွန်စော်ကားခြင်းကို ခံခဲ့ရပြန်သည်ရှိသော် မချွတ်ဧကန် *အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ကူညီတော်မူမည်ဖြစ်၏။* [၁] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူပေသတည်း။

➤➤ (က) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မည်သူမည်ဝါတို့သည် စိတ်စေတနာဖြူစင်စွာဖြင့် မိမိတို့၏ အိမ်အိုး၊ တိုက်တာ၊ ဂေဟများစွန့်၍ အရပ်တစ်ပါးသို့ ထွက်ခွာလာခဲ့ကြသည်များကို အကြွင်းမဲ့ သိတော်မူသည်။ အကယ်၍ အဆို့မဟာဂျိရ်၊ မဂ္ဂဟီဒ်မှား၌ ခွဲတ်ဟ္ဒင်းမှမှားရှိပါကလည်း ထိုအရှင်မြတ်သည် မိမိ၏ဟလီမ်ဟူသော ဂုဏ်တော်နှင့်အညီခွင့်လွှတ်တော်မူမည်ဖြစ်သည်။

(ခ) ဤဂုဏ်တော်နှစ်ပါးကို ဤအာယတ်တော်တွင် ထည့်သွင်းဖော်ပြထားခြင်း၏အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်၏။ ထိုအရှင်မြတ်သည် အလုံးစုံကို သိမြင်တော်မူသော အရှင်ဖြစ်တော်မူသည်။ မည်သူမည်ဝါတို့သည် မုအ်မင်နဲ့ သူတော်စင်တို့အား ၎င်းတို့၏ အိမ်အိုး၊ တိုက်တာ၊ ဂေဟများကိုစွန့်၍ အရပ်တစ်ပါးသို့ ထွက်ခွာသွားကြရအောင် နှိပ်စက်ကလူ ပြုခဲ့ကြသည်များကို အကြွင်းမဲ့သိတော်မူသည်။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိ၏ ဟလီမ်ဟူသော ဂုဏ်တော်နှင့်အညီ ယင်းသို့ နှိပ်စက်ကလူပြုသူတို့အား ရုတ်တရက်ချက်ချင်း ပြစ်ဒဏ်ခတ်တော်မမူပေ။

① **<u>အနှိပ်စက်ခံအား အလ္လာဟ်အရှင်မြတ် ကူညီတော်မူမည်သာ။</u>**

မတရားသဖြင့် နှိပ်စက်ခြင်းခံရသူတစ်ဦးသည် မိမိအား နှိပ်စက်သူကို မိမိနှိပ်စက်ခြင်းခံ ➤➤

ذَٰلِكَ بِأَنَّ اللَّهَ يُولِجُ
اللَّيْلَ فِي النَّهَارِ وَيُولِجُ
النَّهَارَ فِي اللَّيْلِ وَأَنَّ اللَّهَ
سَمِيعٌ بَصِيرٌ ﴿٦١﴾

၆၁။ ဤ(သို့ ကူညီတော်မူခြင်းကား) အလ္လာဟ် အရှင်မြတ်သည် ညဉ့်(၏အစိတ်အပိုင်း)ကို နေ့၏ အတွင်း၌ ဝင်စေတော်မူ၍ နေ့(၏အစိတ်အပိုင်း)ကို ညဉ့်၏ အတွင်း၌ ဝင်စေတော်မူသောကြောင့်လည်း ကောင်း၊အလ္လာဟ်အရှင်မြတ်သည် (မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ဆုတောင်းပတ္ထနာကို) အလွန် ကြားတော်မူသောအရှင်၊ (ထိုသူတို့၏အခြေအနေကိုလည်း) အလွန်မြင်သောကြောင့်လည်းကောင်း၊ ဖြစ်ပေသည်၊[၁]

➤➤ ခဲ့ရသည်နှင့်အမျှ တုံ့ပြန်လက်စားချေအံ့၊ ထို့နောက် တစ်ဖန် ပထမအကြိမ် စတင်နှိပ်စက်ခဲ့သောသူသည် ထိုအနှိပ်စက်ခံအား ထပ်မံနှိပ်စက်ပြန်သော်၊ နှိပ်စက်ခံရသူသည် တစ်ဖန် ပြန်လည်အနှိပ်စက်ခံ ဖြစ်သွားပေပြီဖြစ်ရာ၊ အလ္လာဟ်အရှင်မြတ်သည် ထိုအနှိပ်စက်ခံအား မုချကူညီတော်မူမည်သာဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ စွန့်တော်တော်ပင်။

၁) <u>ကမ္ဘာ့စက်ယန္တရားကြီးကို ကြိုးကိုင်ခြယ်လှယ်နေတော်မူသော အရှင်သည် အနှိပ်စက်ခံတို့၏ဘဝကို အသို့လျှင် ပြောင်းလဲ ပေးတော်မမူဘဲ ရှိတော်မူအံ့နည်း။</u>

အလ္လာဟ်အရှင်မြတ်သည် ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်။ စကြဝဠာအနန္တ၏ စက်ယန္တရားကြီး တစ်ခုလုံးကို ကြိုးကိုင်ခြယ်လှယ်နေတော်မူသည်။ ဂြိုလ်ကြီးဂြိုလ်ငယ်အားလုံးတို့သည် ထိုအရှင်မြတ်၏ စီမံခန့်ခွဲမှု၊ ဖန်တီးမှုအောက်တွင် စနစ်တကျ လှုပ်ရှားသွားလာလျက် ရှိကြပေသည်။ နေ့နှင့်ညဉ့်၏ ပြောင်းလဲခြင်းမှာ ထိုအရှင်မြတ်၏ စီမံမှုပင်။ နေ့တာရှည်ခြင်း၊ ညဉ့်တာတိုခြင်း၊ ညဉ့်တာရှည်ခြင်း၊ နေ့တာတိုခြင်း များသည်လည်း ထိုအရှင်မြတ်၏ စီမံမှုပင်။ ကမ္ဘာ့စက်ယန္တရားကြီး၏ သွားလာလှုပ်ရှားနေမှုသည်လည်း ထိုအရှင်မြတ်၏ စီမံမှုပင်။

သို့ဖြစ်ပေရာ ထိုထိုသော ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ် အရှင်မြတ်သည် အနှိပ်စက်ခံတို့၏ဘဝကို အသို့လျှင် ပြောင်းလဲပစ်တော်မမူဘဲ ရှိတော်မူအံ့နည်း။ ထိုအရှင်မြတ်သည် အနှိပ်စက်ခံတို့အား နှိပ်စက်သူတို့၏ လက်တွင်းမှ အသို့လျှင် လွတ်မြောက်စေတော်မမူဘဲ ရှိတော်မူအံ့နည်း။ ထိုမျှမက အနှိပ်စက်ခံတို့အား ကူညီထောက်မတော်မူ၍ နှိပ်စက်သူများ အပေါ်၌ပင် စီမံကွပ်ကဲအုပ်ချုပ်သူများအဖြစ် ခန့်အပ်တော်မူနိုင်သည် မဟုတ်ပါလော။

အထက်တွင် အနှိပ်စက်ခံ မုဟာဂျိရ်များ၏အကြောင်းပါရှိ၏။ ယခုဤအာယတ်တော်တွင် နေ့နှင့်ညဉ့်ကို ပြောင်းလဲတော်မူသကဲ့သို့ အနှိပ်စက်ခံ မုဟာဂျိရ်တို့၏ဘဝကိုလည်း မကြာမီအတွင်း ပြောင်းလဲပေးတော်မူမည်ဖြစ်ကြောင်း၊ ကုဖ်ရ်၏ အမှောင်ထုများကို ဖြိုခွင်း၍ အစွမ်းလာမ့်ရောင်ခြည်များကို ထွန်းလင်းတောက်ပစေတော်မူမည့်အကြောင်းကို ရည်ညွှန်းမိန့်ဆိုထားခြင်းဖြစ်သည်။ သို့ ရည်ညွှန်း မိန့်ဆိုထားတော်မူသည့်အတိုင်း အနှိပ်စက်ခံ မုဟာဂျိရ်တို့အား နှိပ်စက်သော ကာဖိရ်များအပေါ်၌ စီမံအုပ်ချုပ်သူများအဖြစ် ခန့်အပ်မြှောက်စားတော်မူခဲ့သည် မဟုတ်ပါလော။ ဤအာယတ်တော်နှင့်ဆက်စပ်၍ ကုရ်အာန်(၃၃:၂၅)ကို ကြည့်ရှုဆင်ခြင်ပါကုန်။

ذَٰلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِن دُونِهِ هُوَ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ ﴿٦٢﴾

၆၂။ ဤ(သို့ ကူညီတော်မူခြင်းကား) အလ္လာဟ် အရှင်မြတ်သည်သာလျှင် မှန်ကန်သောအရှင်ဖြစ်တော်မူ၍ ထိုသူတို့ ဟစ်ခေါ်(တသကိုးကွယ်)ကြသောအရာများမှာမူကား (လုံး၀)မှားသောကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အလွန်မြင့်မြတ်တော်မူသောအရှင်၊ အလွန်ကြီးကဲတော်မူသောအရှင်၊ ဖြစ်တော်မူသောကြောင့်လည်းကောင်း၊ဖြစ်ချေသတည်း။

أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاءِ مَاءً فَتُصْبِحُ الْأَرْضُ مُخْضَرَّةً ۚ إِنَّ اللَّهَ لَطِيفٌ خَبِيرٌ ﴿٦٣﴾

၆၃။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးရေကိုရွာသွန်းစေတော်မူခဲ့ရာ ပထဝီမြေမှာစိမ်းစိမ်းစိုစိုဖြစ်လာသည်ကို အသင်သည် မသိမမြင်လေသလော။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာချစ်ခင်သနားကြင်နာတော်မူသော၊ အလွန်တရာကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ وَإِنَّ اللَّهَ لَهُوَ الْغَنِيُّ الْحَمِيدُ ﴿٦٤﴾

၆၄။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ကမ္ဘာမြေဝယ်ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ်ပိုင်ဆိုင်သော အရာများချည်းသာ ဖြစ်ကုန်၏။ ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် သာလျှင်မှီခိုအားထားခြင်းကင်းမဲ့တော်မူသော၊ ချီးမွမ်းထောပနာကိုခံယူထိုက်တော်မူသော၊ အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

أَلَمْ تَرَ أَنَّ اللَّهَ سَخَّرَ لَكُم مَّا فِي الْأَرْضِ وَالْفُلْكَ تَجْرِي فِي الْبَحْرِ بِأَمْرِهِ ۖ وَيُمْسِكُ

၆၅။ အသင်သည် မသိမမြင်လေသလော။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေဝယ်ရှိသည်တို့ကိုနိုင်နင်းစေတော်မူခဲ့၏။ (အသုံးဝင်စေတော်မူခဲ့၏)။ ထိုနည်းတူစွာ (ထိုအရှင်မြတ်သည်) သင်္ဘော(စသည်တို့)ကိုလည်း (အသင်တို့အဖို့ နိုင်နင်းစေတော်မူခဲ့၏။) ယင်းသင်္ဘောသည် ထိုအရှင်မြတ်၏အမိန့်တော်နှင့် သမုဒ္ဒရာပင်လယ်၌ သွားလာ လှုပ်ရှားလျက်ရှိပေသည်။

السَّمَآءَ اَنْ تَقَعَ عَلَى الْاَرْضِ اِلَّا بِاِذْنِهٖ ؕ اِنَّ اللّٰهَ بِالنَّاسِ لَرَءُوْفٌ رَّحِيْمٌ ﴿٦٥﴾

ထိုမှတစ်ပါး:ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်ကို ပထဝီမြေပေါ်သို့ ပြိုကျမသွားရန် တားဆီး(ထိန်းသိမ်း)၍ ထားတော်မူသည်။ (သို့ရာတွင် အချိန်တန်၍)ထိုအရှင်၏အမိန့်တော်ရှိလာက(ပြိုကျသွားမည်ဖြစ်သည်၊) မချွတ်ဧကန် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အပေါ်ဝယ် အလွန်နူးညံ့သိမ်မွေ့တော်မူသော၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَهُوَ الَّذِيْٓ اَحْيَاكُمْ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ ؕ اِنَّ الْاِنْسَانَ لَكَفُوْرٌ ﴿٦٦﴾

၆၆။ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား အသက်ရှင်ခြင်းကို ချီးမြှင့်တော်မူခဲ့သောအရှင် ဖြစ်တော်မူသည်။ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့အား အသက်သေစေတော်မူမည်။ ထို့နောက် တစ်ဖန် ထိုအရှင်မြတ်သည်အသင်တို့အား အသက်ရှင်စေတော်မူမည်ဖြစ်သည်။ ဧကန်မလွဲ လူသားသည် အလွန်တရာ ကျေးဇူးကန်းသူ အမှန်ပင် ဖြစ်ချေသတည်း။

لِكُلِّ اُمَّةٍ جَعَلْنَا مَنْسَكًا هُمْ نَاسِكُوْهُ فَلَا يُنَازِعُنَّكَ فِى الْاَمْرِ وَادْعُ اِلٰى رَبِّكَ ؕ اِنَّكَ

၆၇။ ငါအရှင်မြတ်သည် *သာသနာဝင်အုပ်စုတိုင်းအဖို့ (ကိုးကွယ်ဆည်းကပ်ရန်) ပညတ်တရားတစ်ခုကို* သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့ရာ [၁] ၎င်းတို့သည်ယင်း ပညတ်တရားနှင့် အညီ ကိုးကွယ်ဆည်းကပ်လိုက်နာသူများ ဖြစ်ခဲ့ကြကုန်၏။

---

① **"ဒီန်" သာသနာနှင့် "ရှရီအတ်" ကျင့်ထုံး။**

ပွင့်လေသမျှသော တမန်တော်အပေါင်းတို့၏ "ဒီန်" သာသနာသည် တစ်ခုတည်းသာ ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် သာသနာဝင်အုပ်စုများအဖို့ ခေတ်အမျိုးမျိုးတွင် ခပ်ကိုးကွယ်ရန်နည်းနာနိသျနည်း၊ကျင့်ထုံး ကျင့်နည်းများကို ခေတ်ပတ်ဝန်းကျင် အခြေအနေအရ အမျိုးမျိုးအစားစား သတ်မှတ်ပြဋ္ဌာန်းပေးတော်မူခဲ့လေသည်။ ယင်းသည့် သာသနာဝင်အုပ်စု အသီးသီးတို့သည်လည်း ထိုသည်ကျင့်ထုံးကျင့်နည်းများနှင့်အညီ လိုက်နာကျင့်မူခဲ့ကြပေသည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ အုပ်စုအဖို့လည်း ကမ္ဘာတစ်သက် ခပ်ကိုးကွယ်ရန်အတွက် ရှရီအတ်ကျင့်ထုံးကို သီးသန့်သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည်၊ ➤➤

لَعَلٰى هُدًى مُّسْتَقِيْمٍ ﴿٦٧﴾

သို့ဖြစ်ပေရာ (ဤသူတို့သည်) ယင်းအရေးကိစ္စ၌ အသင်နှင့်ငြင်းခုံခြင်းကို မပြုကြရာချေ။ ၎င်းပြင် အသင်သည်(လည်း) မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့(၎င်းတို့အား) ဖိတ်ခေါ်လျက်ရှိပါလေ။ ဧကန်မလွဲ အသင်သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ပေါ်၌ တည်ရှိပေသည်။

وَاِنْ جَادَلُوْكَ فَقُلِ اللّٰهُ اَعْلَمُ بِمَا تَعْمَلُوْنَ ﴿٦٨﴾

၆၈။ သို့ရာတွင် အကယ်၍၎င်းတို့သည် အသင်နှင့် အငြင်းအခုံပြုခဲ့ကြသည်ရှိသော် အသင်သည် (၎င်းတို့အား ဤသို့)ပြောဆိုပြန်ကြားပါလေ။ (အချင်းတို့၊ ဧကန်စင်စစ်)အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အပြုအမူတို့ကို ကောင်းစွာ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

اَللّٰهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيٰمَةِ فِيْمَا كُنْتُمْ فِيْهِ تَخْتَلِفُوْنَ ﴿٦٩﴾

၆၉။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အကြား ဝယ် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် အသင်တို့ကွဲလွဲလျက်ရှိခဲ့ကြသော အရေးကိစ္စများနှင့်စပ်လျဉ်း၍ (လက်တွေ့)စီရင် ဆုံးဖြတ်တော်မူအံ့သတည်း။

➤➤ 'ရှရီအတ်'ကျင့်ထုံးသည် အဘယ်မျှပင် ကွဲပြားလင့်ကစား "ဒီန်"သာသာနာသည်ကား တစ်ခုတည်းသာဖြစ်ခဲ့ပေသည်။ မကွဲပြားခဲ့ပေ။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကို ခဝပ်ကိုးကွယ်ရန် မည်သည့် ရှရီအတ်တွင်မျှ သတ်မှတ်ခဲ့သည်မရှိပေ။ ထို့အတွက် ရှရီအတ်တိုင်းတွင် တညီတညွတ်တည်း သတ်မှတ်ပြဋ္ဌာန်းထားသော "တောင်ဟီဒ်" နှင့် အခြား သာသနာရေးရာများတွင် မည်သူမျှ မငြင်းခုံသင့်ပေ။ ငြင်းခုံရန်လည်း အကြောင်းမရှိပေ။ သို့ပါလျက် တမန်တော်မြတ်အား အငြင်းအခုံပြုလာပါက တမန်တော်မြတ်သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ပေါ်၌ တည်ရှိနေသည်ဖြစ်ပေရာ လူသားတို့အား အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ဘက်သို့သာ ဖိတ်ခေါ်လျက်ရှိနေရပေမည်။

အကြောင်းမဲ့ငြင်းခုံနေသောသူများ၏ အရေးကို အလ္လာဟ်အရှင်မြတ်ထံ လွှဲအပ်ထားရန်သာရှိသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြောဆိုပြုမူသမျှတို့ကို အကြွင်းမဲ့သိတော်မူသည်၊ ကိယာမတ်နေ့တွင် ၎င်းတို့ငြင်းခုံနေကြသောအရာများနှင့် စပ်လျဉ်း၍ လက်တွေ့အဆုံးအဖြတ်ပေးတော်မူမည်ဖြစ်သည်။ တရားမမှောကြားရန် တာဝန်ကျေပွန်ပြီးသည့်နောက်ပိုင်းတွင် တမန်တော်မြတ်သည် ၎င်းတို့နှင့်ပတ်သက်၍ စိတ်ဒုက္ခခံနေရန် မလိုပေ။ ၎င်းတို့၏ဆေးသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ရှိသည်။ အချို့ မုဖတ်စိစိရ်များက ဤအာယတ်တော်တွင် လာရှိသော "မန်စတက်" ဟူသောပုဒ်ကို "ဇမ်ဟ်" လို့းဖြတ်ရန်နည်း ဟူ၍ အနက်ကောက်ယူကြသည်။ သို့ရာတွင် အထက်ပါအဆိုမှာ ပိုမိုသင့်မြတ်လှပေသည်။

أَلَمْ تَعْلَمْ أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاءِ وَالْأَرْضِ ۗ إِنَّ ذَٰلِكَ فِي كِتَابٍ ۚ إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿٧٠﴾

၇၀။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်၌ရှိသမျှတို့ကိုလည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့ကိုလည်းကောင်း၊ (အကြွင်းမဲ့)သိရှိတော်မူသည်ကို အသင်မသိလေသလော။ ဧကန်စင်စစ်ထို(အရာများ)သည် မှတ်တမ်းတွင်ရှိပေသည်။ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်အဖို့ ယင်း(အဆုံးအဖြတ်)ကား လွယ်ကူလှပေသတည်း။ ၁

وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَمَا لَيْسَ لَهُم بِهِ عِلْمٌ ۗ وَمَا لِلظَّالِمِينَ مِن نَّصِيرٍ ﴿٧١﴾

၇၁။ စင်စစ်သော်ကား၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ အကြင်အရာများကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ထိုအရှင်မြတ်သည် ယင်းအရာများ(ကို ကိုးကွယ်နိုင်ခွင့်ရှိကြောင်းနှင့် စပ်လျဉ်း၍) မည်သည့် သက်သေခံ တစ်စုံတစ်ရာကိုမျှ ချပေးတော်မူခဲ့သည်မရှိပေ။ ယင်းအရာများ(ကို ကိုးကွယ်ဆည်းကပ်မှု)နှင့် စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့် အသိပညာ အထောက်အထား တစ်စုံတစ်ရာမျှလည်း မရှိချေ။ ၂ ၎င်းပြင် မတရားသောသူတို့အား ကူညီစောင့်မမည့်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။ ၃

---

① လွန်ခဲ့သော အာယတ်တော်တွင် ကိယာမတ်နေ့၌ အလ္လာဟ်အရှင်မြတ်သည် လက်တွေ့ အဆုံးအဖြတ်ပေးတော်မူမည့် အကြောင်း ပါရှိ၏။ ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသည်သာမက ဖြစ်ပျက်သမျှသော အရာခပ်သိမ်းတို့သည်လည်း မှတ်တမ်းတော်၌ မှတ်သားထားပြီးဖြစ်ရာ အဆုံးအဖြတ်ပေးရန်ကိစ္စမှာ အလ္လာဟ်အရှင်အဖို့ လွယ်ကူလှသည့်အကြောင်းကို အထောက်အထားအဖြစ် မိန့်ဆိုထားတော်မူသည်။

② **ကာဖိရ်များ၏ မိရိုးဖလာ ထုံးတမ်းစဉ်လာ။**

ကာဖိရ်၊ မုရှ်ရစ်ကများသည် မိရိုးဖလာ ထုံးတမ်းစဉ်လာများကိုသာ ဇွတ်မိုတ်လိုက်နာ၍ အလ္လာဟ်အရှင်မြတ်အား စွန့်လွှတ်ကာ မိမိတို့ကိုယ်တိုင် ပြုလုပ်ထားသော ကိုးကွယ်ရာများကို ဆည်းကပ်ကိုးကွယ်နေကြပေသည်။ ယင်း ကိုးကွယ်ရာများသည် အမှန်တကယ် ကိုးကွယ်အပ်သော အရာများဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်ကလည်း တစ်စုံတစ်ရာ သက်သေခံ အထောက်အထားကို ချပေးတော်မူသည်မရှိ။ ၎င်းတို့ထံ၌လည်း တစ်စုံတစ်ရာ အထောက်အထားမရှိ၊ မိရိုးဖလာထုံးတမ်းစဉ်လာကို ဇွတ်မိုတ်လိုက်နာနေကြခြင်းသာ ဖြစ်ပေသည်။

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايَٰتُنَا
بَيِّنَٰتٍ تَعْرِفُ فِى وُجُوهِ
ٱلَّذِينَ كَفَرُوا۟ ٱلْمُنكَرَ ۖ
يَكَادُونَ يَسْطُونَ بِٱلَّذِينَ
يَتْلُونَ عَلَيْهِمْ ءَايَٰتِنَا ۗ قُلْ
أَفَأُنَبِّئُكُم بِشَرٍّ مِّن ذَٰلِكُمُ ۖ
ٱلنَّارُ ۖ وَعَدَهَا ٱللَّهُ ٱلَّذِينَ
كَفَرُوا۟ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٧٢﴾

၇၂။ ထို့ပြင် ၎င်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားသော အာယတ်တော်များကို ဖတ်ကြားသော အခါ အသင်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြသောသူတို့၏မျက်နှာများတွင် မနှစ်မြို့မှု၊ သွေဖည်ငြင်းဆန်မှုကို တွေ့မြင်ရပေမည်။ ၎င်းတို့သည် မိမိတို့ရှေ့ဝယ် ငါအရှင်မြတ်၏ အာယတ်တော်များကို ဖတ်ကြားသူတို့အား (ကိုယ်ထိလက်ရောက်) တိုက်ခိုက်လုနီးနီး ဖြစ်ကုန်ကြပေသည်။ ၁

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) သို့ဖြစ်မူ ငါသည် အသင်တို့အား ထို့ထက်ပင်ပိုမိုဆိုးရွားလှသောအရာကို ကြားသိစေရမည်လော။ (ထိုအရာကား ငရဲ)မီးပင်။ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့အား ယင်းမီး(ထဲသို့ လားစေတော်မူမည်)ကို ချိန်းချက်ထားတော်မူခဲ့လေသည်။ စင်စစ်သော်ကား ယင်းငရဲမီးသည် အလွန်ဆိုးရွားလှသော ပြန်လည်ရာဌာနပင် ဖြစ်ချေသတည်း။ ၂

---

① **ကာဖိရ်များ ခိုကိုးရာမဲ့ဖြစ်ကြရမည်။**

အမှန်မှာ ကာဖိရ်၊ မုရှ်ရက်စ်များသည် အလ္လာဟ်အရှင်မြတ်အား စွန့်လွှတ်၍ အဓိပ္ပါယ်မရှိသော အရာများကို ဆည်းကပ် ကိုးကွယ်ကြပြီး၊ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် နှိပ်စက်နေသောသူများသာ ဖြစ်ကြပေသည်။ ၎င်းတို့၏ကိုးကွယ်ရာများသည် ၎င်းတို့အား ကူညီနိုင်ရန်ဝေးစွ၊ မိမိတို့ကိုယ်ကိုပင် မိမိတို့ မကာကွယ်နိုင်ကြပေ။ သို့ဖြစ်ရာ ကာဖိရ်၊ မုရှ်ရစ်များသည် ခိုကိုးရာမဲ့ဖြစ်ကြရမည်။

② **ကာဖိရ်များ မျက်နှာမသာ။**

ကာဖိရ်များ၊ မုရှ်ရစ်များရှေ့မှောက်တွင် အလ္လာဟ်အရှင်မြတ်၏ ထင်ရှားပြတ်သားသော အာယတ်တော်များ ရွတ်ဖတ်သည့်အခါ ကာဖိရ်၊ မုရှ်ရစ်များသည် "အနာပေါ်တုတ်ကျ" ဖြစ်ကာ မျက်နှာပျက်ကြပေသည်၊ ဒေါသအမျက် ထွက်ကြပေသည်။ မိမိတို့၏ ဒေါသအမျက်ကို မချုပ်တည်းနိုင်ဘဲ၊ ဤအာယတ်တော် ရွတ်ဖတ်သူများကိုပင် ရိုက်ပုတ်သတ်ဖြတ်လုနီးနီး ဖြစ်သွားကြပေသည်။ တစ်ခါတစ်ရံ ကာယကံမြောက်ပင် ကျူးလွန်ကြပေသည်။

يَٰٓأَيُّهَا ٱلنَّاسُ ضُرِبَ مَثَلٌ فَٱسْتَمِعُوا۟ لَهُۥٓ ۚ إِنَّ ٱلَّذِينَ تَدْعُونَ مِن دُونِ ٱللَّهِ لَن يَخْلُقُوا۟ ذُبَابًا وَلَوِ ٱجْتَمَعُوا۟ لَهُۥ ۖ وَإِن يَسْلُبْهُمُ ٱلذُّبَابُ شَيْـًٔا لَّا يَسْتَنقِذُوهُ مِنْهُ ۚ ضَعُفَ ٱلطَّالِبُ وَٱلْمَطْلُوبُ ﴿٧٣﴾

၇၃။ အို-လူခပ်သိမ်းတို့၊ ဥပမာ ပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းမည်ဖြစ်ရာ အသင်တို့သည် ယင်းဥပမာပုံဆောင်ချက်ကို (ကောင်းစွာ) နားထောင်ကြလေကုန်။ မုချဧကန် အလ္လာဟ်အရှင်မြတ်အား စွန့်၍ အသင်တို့ဟစ်ခေါ်(တသ ဆည်းကပ် ကိုးကွယ်လျက် ရှိ)ကြသောအရာများမှာ ၎င်းတို့အား လုံး(တစ်စည်း တစ်လုံးတည်း) စုရုံး(ကြိုးပမ်းအား ထုတ်)ကြသည့်တိုင်အောင် ယင်ကောင်တစ်ကောင်ကိုမျှပင် အလျှင်း ဖန်ဆင်းနိုင်ကြမည် မဟုတ်ပေ။

ထိုမှတစ်ပါး အကယ်၍ ထိုယင်ကောင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာကို လုယူပါလျှင်(သုတ်သွားပါလျှင်)၎င်းတို့သည် ယင်းအရာကိုပင် ထိုယင်ကောင်၏ထံမှ ပြန်လုယူနိုင်ကြမည် မဟုတ်ချေ။ ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်)သောသူနှင့် ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်)ခြင်း ခံရသောသူတို့သည် အားနည်းချိနဲ့ကြပေတကား။

مَا قَدَرُوا۟ ٱللَّهَ حَقَّ قَدْرِهِۦٓ ۚ إِنَّ ٱللَّهَ لَقَوِىٌّ عَزِيزٌ ﴿٧٤﴾

၇၄။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား ရိုသေကိုင်းရှိုင်းရန်တာဝန်ရှိသည်နှင့်အညီ ရိုသေကိုင်းရှိုင်းကြသည် မဟုတ်ပေ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ခွန်အားပြည့်စုံတော်မူသော၊ တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

(၂) ကာဖိရ်၊ မုရ်ရစ်ကများသည် ၎င်းတို့၏အမှားကို ထောက်ပြကာ အာယတ်တော်များကို ကြားကြရသောအခါ အကြီးအကျယ် ဒေါသဖြစ်ကြသည်။ စိတ်နာကြသည်။ သို့ရာတွင် ၎င်းတို့ သိထားအပ်သည်မှာ ၎င်းတို့အဖို့ ထို့ထက်ပင် ပိုမိုဆိုးရွားသောအရာ ရှိပေသေးသည်။ ထိုအရာကား ငရဲမီးပင်ဖြစ်သည်။ အဆိုးရွားဆုံးသောလားရာဌာနပင်ဖြစ်သည်။ သို့ဖြစ်ရာ ကာဖိရ်များသည် ကုရ်အာန်ကို ငြင်းပယ်၍ ငရဲဇာတ်ခံကြမည်လော၊ သို့တည်းမဟုတ် ကုရ်အာန်ကို လက်ခံ၍ ငရဲဇာတ်မှ လွတ်မြောက်ကြမည်လော၊ ဤသည့်အချက်ကို အချိန်မီဆင်ခြင်၍ ကြိုက်နှစ်သက်ရာ လမ်းစဉ်ကို ရွေးချယ်သင့်ကြပေပြီ။

اَللّٰهُ يَصْطَفِيْ مِنَ الْمَلٰٓئِكَةِ رُسُلًا وَّمِنَ النَّاسِ ۭ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ۝۷۵

၇၅။ အလ္လာဟ်အရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အနက်မှလည်းကောင်း၊ လူတို့အနက်မှလည်းကောင်း၊ စေတမန်များ(တမန်တော်များ)ကို ရွေးချယ်တော်မူခဲ့၏။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော ကောင်းစွာ မြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။ ③

يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ ۭ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝۷۶

၇၆။ ထိုအရှင်မြတ်သည် ၎င်းတို့၏ ရှေ့နောက်အဖြစ်အပျက် အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူပေသည်။ စင်စစ်သော်ကား အရေးကိစ္စ အဝဝတို့မှာ အလ္လာဟ်အရှင်မြတ် အထံတော်သို့ပင် ပြန်လည်ရောက်ရှိကြမည်သာတည်း။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا ارْكَعُوْا وَاسْجُدُوْا وَاعْبُدُوْا رَبَّكُمْ وَافْعَلُوا الْخَيْرَ لَعَلَّكُمْ تُفْلِحُوْنَ ۝۷۷

၇၇။ အို-"မုအ်မင်န်"သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် မိမိတို့ အောင်မြင်ကြအံ့သောငှာ "ရုကူအ်"ဦးညွှတ်(၍ နေ)ကြလေကုန်။ ထို့ပြင် အသင်တို့သည် "စဂ်ဒဟ်" ပျပ်ဝပ်ဦးချ(၍ နေ)ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ခဝပ်ကိုးကွယ်(၍ နေ)ကြလေကုန်။ထိုမှတစ်ပါး အသင်တို့သည် ကောင်းမြတ်သော အမှုကိစ္စများကိုလည်း ပြုလုပ်(၍ နေ)ကြလေကုန်။ ④

---

③ **လူသားနှင့်ကောင်းကင်တမန်များအား စေတမန်အဖြစ် ခန့်အပ်တော်မူခြင်း။**

အထက်တွင် "ရုရ်စ်က်"၏ မှားယွင်းခြင်းနှင့် "တောင်ဟီဒ်" ၏ မှန်ကန်ခြင်းအကြောင်းများ ပါရှိ၏။ ဤအာယတ်တော်တွင် "ရိစာလတ်" တမန်တော်ဖြစ်ခြင်း၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။

မုရှ်ရစ်က်များက တမန်တော်တစ်ပါးသည် ကောင်းကင်တမန်သာဖြစ်သင့်သည်။ ယခုမူ (တမန်တော်မြတ်) မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)သည် လူသားတစ်ဦးဖြစ်နေပေသည်၊ လူသားတစ်ဦးဖြစ်ရာတွင်လည်း တန်ခိုး၊ ဂုဏ်သိမ် မရှိပေရာ၊ အသို့လျှင် တမန်တော် ဖြစ်နိုင်အံ့နည်းဟု ဆိုခဲ့ကြသည်။ဤအာယတ်တော်တွင် ယင်းသို့သော မုရှ်ရစ်က်တို့၏စကားကို ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အရာရာကို သိမြင်တော်မူသော ➤➤

وَجَٰهِدُوا۟ فِى ٱللَّهِ حَقَّ جِهَادِهِۦ ۚ هُوَ ٱجْتَبَىٰكُمْ وَمَا جَعَلَ عَلَيْكُمْ فِى ٱلدِّينِ مِنْ حَرَجٍ ۚ مِّلَّةَ أَبِيكُمْ إِبْرَٰهِيمَ ۚ هُوَ سَمَّىٰكُمُ ٱلْمُسْلِمِينَ مِن قَبْلُ وَفِى هَٰذَا لِيَكُونَ ٱلرَّسُولُ

၇၈။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ (သာသနာတော် အရေးတွင်) ထိုအရေးကိစ္စ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသည်နှင့် အညီ သက်စွန့်ကြိုးပမ်း ဆောင်ရွက်(၍ နေ)ကြလေကုန်။ [၃] ထိုအရှင်မြတ်သည် အသင်တို့အား ရွေးချယ်တော်မူခဲ့ပေသည်။ [၂] ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ဖခင် (နဗီတမန်တော်) အီဗရာဟီမ်၏ သာသနာ [၃] နည်းတူအသင်တို့အပေါ်၌လည်း "ဒီန်" သာသနာတော်၌ မည်သည့် ကျပ်တည်းခဲယဉ်းမှုတစ်စုံတစ်ရာကိုမျှပင် ပြုတော်မမူခဲ့ချေ။

➤➤ အရှင် ဖြစ်တော်မူသည်။ မည်သူမည်ဝါတို့အား မည်သည့်တာဝန် ပေးသင့်ပေးအပ်သည်ကို ထိုအရှင်မြတ် အသိဆုံးပင်။ ကြည့်-ကုရ်အာန်(၆း၁၂၅)။

ထိုအရှင်မြတ် ပြစီရင်တော်မူသော အရာများနှင့်စပ်လျဉ်း၍ မည်သူ၌မျှ စေဒနာ တက်ပိုင်ခွင့်လည်း မရှိပေ။ ကြည့်-ကုရ်အာန်(၂၁း၂၃)။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၆း၁၂၅)၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

Ⓙ အထက်တွင် "တောင်ဟီဒ်"၊ "ရိစာလတ်"၊ "ကိယာမတ်" စသည့် အစွလာမ်၏အခြေခံများကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် မွတ်စ်လင်မ်များအား နှစ်ဘဝလုံးတွင် အောင်မြင်နိုင်ကြရန်အလို့ငှာ အမြဲတစေ တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်လျက် ရှိကြရမည့် အကြောင်း၊ ထိုအရှင်မြတ်၏ ရှေ့တော်၌သာလျှင် ဦးညွှတ်ခြင်း၊ ဦးချခြင်းများကို ပြုလုပ်လျက်ရှိကြရမည့် အကြောင်းနှင့် အခြားအခြားသော ကောင်းမှုများကိုလည်း ထိုအရှင်မြတ်အားသာ ရည်စူးကာ ပြုလုပ်လျက်ရှိကြရမည့် အကြောင်း၊ မိန့်ဆိုထားတော်မူသည်။

① မွတ်စ်လင်မ်တို့သည် မိမိတို့ကိုယ်ကို ပြုပြင်ရန်အတွက်လည်းကောင်း၊ ကမ္ဘာလူသားတို့အား ပြုပြင်ရန်အတွက်လည်းကောင်း၊ (မုဂျာဟဒ်)ဂျိဟာဒ် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြရမည်။ လူသားတို့သည် ဤသခ်ါရပစ္စက္ခ အကျိုးငှာ အဘယ်မျှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည်ကို လူတိုင်းအသိပင်။

သို့ဖြစ်ပေရာ အစွလာမ်အရေး၊ နောင်တမလွန်ဘဝ၏ ထာဝရအောင်မြင်ရေးတွင်မူ ပို၍ပင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြရပေမည်။

Ⓙ <u>အစွလာမ်၌ ခဲယဉ်းမှုမရှိ။</u>

အစွလာမ်သည် ကမ္ဘာသာသနာဖြစ်သည်။ အစွလာမ်၌ ခဲယဉ်းမှုအလျင်းမရှိ။ အသွေးအရောင်ခွဲခြားမှု၊ မျိုးနွယ်ခွဲခြားမှု၊ ပထဝီခွဲခြားမှု၊ ဇာတ်နိမ့်၊ ဇာတ်မြင့် အလျှင်းမရှိ။ ဤသာသနာသည် ခေတ်တိုင်း၊ လူမျိုးတိုင်း၊ လူတိုင်းအဖို့ ဖြစ်သည်။ အခါမရွေး၊ ဌာနမရွေး ကျင့်သုံးနိုင်သည်။ ➤➤

شَهِيدًا عَلَيْكُمْ وَتَكُونُوا شُهَدَاءَ عَلَى النَّاسِ ۖ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَاعْتَصِمُوا بِاللَّهِ ۖ هُوَ مَوْلَاكُمْ ۖ فَنِعْمَ الْمَوْلَىٰ وَنِعْمَ النَّصِيرُ ﴿٧٨﴾

ရစူလ်တမန်တော်မြတ်(မုဟမ္မဒ်)သည် အသင်တို့နှင့် ပတ်သက်၍ အသိသက်သေ ဖြစ်အံ့သောငှာလည်းကောင်း၊ အသင်တို့သည်လည်း လူခပ်သိမ်းတို့နှင့်ပတ်သက်၍ အသိသက်သေများ ဖြစ်ကြအံ့သောငှာလည်းကောင်း၊ [၃] ထိုအရှင်မြတ်သည်ပင် အသင်တို့အား ယခင်ကလည်း (မွတ်စ်လင်မ်များဟူ၍ အမည်ပညတ်တော်မူခဲ့ပေသည်။) (ယခု) ဤ(ကုရ်အာန်ကျမ်းတော်မြတ်)တွင်လည်း "မွတ်စ်လင်မ်"များဟူ၍ပင် အမည်ပညတ်ထားတော်မူလေသည်။ [၂]

➤➤ အလ္လာဟ်အရှင်မြတ်သည် ဤသည့် အစ္စလာမ်ကို ကမ္ဘာအဝှန်းသို့ ပြန့်ပွားစေရန်အတွက် ကမ္ဘာအုပ်စုအသီးသီးတို့အနက် တမန်တော်မြတ်လက်ထက်ရှိ မွတ်စ်လင်မ်တို့အား ရွေးချယ်တော်မူခဲ့လေသည်။ဤသည်ယင်း မွတ်စ်လင်မ်တို့အဖို့ ဂုဏ်ယူဖွယ်တစ်ရပ်ပင်။

(၃) အစ္စလာမ်သည် တမန်တော် အီဗ်ရာဟီမ်၏ သာသနာပင်။

ဤအာယတ်တော်တွင် "အသင်တို့၏ ဖခင် အီဗ်ရာဟီမ်၏ သာသနာ" ဟူသော ဝါကျ၌ပါရှိသော "အသင်တို့"ဟူသော နာမ်စားသည် အသူအား ရည်ညွှန်းသနည်း။

(၁) တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္စလ္လမ်)၏ အွမ္မတ်ကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်သည်။

(၂) အရဗ်အမျိုးသားတို့အား ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် တမန်တော် အီရာဟီမ်သည် တမန်တော်မြတ်၏ ဘိုးဘေးတို့တွင် ပါဝင်နေပေရာ တမန်တော်မြတ်၏ အွမ္မတ်နောက်လိုက်တပည့်သားတို့၏ ဖခင်ကြီးလည်း ဖြစ်နေပေသည်။ သို့ဖြစ်ရာ ဤအာယတ်တော်တွင် လာရှိသည့် "အသင်တို့" ဟူသော နာမ်စားသည် တမန်တော်မြတ်၏ အွမ္မတ်အားရည်ညွှန်းသည်ဟုလည်း ဆိုနိုင်ပေသည်။ တစ်နည်း-အရဗ်လူမျိုးတို့သည် ကုရ်အာန်ကျမ်းမြတ်ကို ဦးစွာပထမကြားနာခဲ့ကြရသည်ဖြစ်ရာ၊ ဤ အာယတ်တော်တွင် ပါရှိသည့် "အသင်တို့" ဟူသော နာမ်စားသည် အရဗ်အားရည်ညွှန်းသည်ဟုလည်း ဆိုနိုင်ပေသည်။

(၄) မွတ်စ်လင်မ်တို့အား ရွေးချယ်မြှောက်စားတော်မူခြင်း၏ရည်ရွယ်ချက်။

အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား ယင်းသို့ ရွေးချယ်မြှောက်စားတော်မူခြင်းမှာ တမန်တော်မြတ်က မွတ်စ်လင်မ်တို့အား သင်ကြားပြသတော်မူရန် မွတ်စ်လင်မ်တို့က ကမ္ဘာအဝှန်းအား တစ်ဆင့်သင်ကြားပြသနိုင်ရန်ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် မွတ်စ်လင်မ်တို့အား ဤမျှကြီးမားလှသော ဂုဏ်ထူးဆောင်ဘွဲ့နာမည်ဖြင့် ချီးမြှင့်မြှောက်စားတော်မူခြင်းမှာ မွတ်စ်လင်မ်တို့သည် ကမ္ဘာတွင် ကမ္ဘာ့အာစရိယရှေ့ဆောင်လမ်းပြဖြစ်၍ ကမ္ဘာ့ အိမ်ထောင်စုကြီးအား အစ္စလာမ်၏ အမှန်တရားကို ဟောကြွန်ပြရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြရန်ပင်တည်း။

သို့ဖြစ်ပေရာ အသင်တို့သည် "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် "ဇကာတ်" ကိုလည်း ပေးဆောင်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် (မိမိတို့ အရေးကိစ္စတို့တွင်) အလ္လာဟ်အရှင်မြတ်အား သာလျှင် စွဲမြဲစွာ ဆုပ်ကိုင်ထားကြလေကုန်။

ထိုအရှင်မြတ်သည်ပင် အသင်တို့၏ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော် မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ (ထိုအရှင်မြတ်သည်) အဘယ်မျှလောက် ကောင်းမြတ်လှသော၊ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အရှင် ဖြစ်တော်မူပါဘိသနည်း၊ ၎င်းပြင် အဘယ်မျှလောက် ကောင်းမြတ်လှသော၊ ကူညီစောင်မတော်မူသောအရှင် ဖြစ်တော်မူဘိသနည်း။

④ "မွတ်စ်လင်မ်" ဟူသောအမည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ "အွမ္မတ်" နောက်လိုက်တပည့်သားတို့အား အတိတ်ခေတ် ကျမ်းဂန်များတွင်လည်းကောင်း၊ ဤ ကုရ်အာန်ကျမ်းမြတ်တွင်လည်းကောင်း၊ "မွတ်စ်လင်မ်"ဟူ၍ အမည်ပေးထားတော်မူသည်။

အချို့ပညာရှင်များ၏ယူဆချက်အရ ဤသည့် "မွတ်စ်လင်မ်" ဟူသောအမည်ကို ယခင်က တမန်တော် အီဗရာဟီမ်က ပေးခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော် အီဗရာဟီမ်သည် အလ္လာဟ်အရှင်မြတ် အထံတော်၌ ဆုတောင်းရာတွင် "အိုဝ်-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်၊ အရှင်သည် ကျွန်တော်မျိုးတို့အား မိမိ၏အမိန့်တော်ကိုနာခံသူ မွတ်စ်လင်မ်နှစ်ဦး ပြုလုပ်ပေးတော်မူပါ၊ ၎င်းပြင် ကျွန်တော်မျိုးတို့၏ သားစဉ်မြေးဆက်ကိုလည်း မိမိ၏အမိန့်တော်နာခံသော မွတ်စ်လင်မ်အုပ်စု ပြုလုပ်ပေးတော်မူပါ"ဟု အမှတ်တရ ပန်ကြားခဲ့လေသည်။ ကြည့်-ကုရ်အာန်(၂း၁၂၈)။ ယင်းသို့ တမန်တော်အီဗရာဟီမ်က ပန်ကြားခဲ့သည့်အတွက် ဤကုရ်အာန်ကျမ်းမြတ်တွင် ဤမည်သော "မွတ်စ်လင်မ်" ဟူသောအမည်သည် မည်တွင်လာခဲ့ခြင်း ဖြစ်တန်ရာသည်။

အသို့ပင်ဖြစ်စေကာမူ တမန်တော်မြတ်၏နောက်လိုက်တပည့်သားတို့၏အမည်မှာ "မွတ်စ်လင်မ်"ပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ထိုအရှင်မြတ်၏ အမိန့်တော်များကို နာခံခဲ့သော အတိတ်ခေတ် အုပ်စုအသီးသီးတို့သည်လည်း မွတ်စ်လင်မ်များပင် ဖြစ်ခဲ့ကြပေသည်။ သို့တစေလည်း ဤ"မွတ်စ်လင်မ်" ဟူသောအမည်သည် တမန်တော်မြတ်၏ နောက်လိုက် တပည့်သားတို့အဖို့ သီးသန့် ဂုဏ်ထူးဆောင်ဘွဲ့နာမည် ဖြစ်နေပေရာ၊ မွတ်စ်လင်မ်တို့သည် မွတ်စ်လင်မ်ပီပီ ဤ"မွတ်စ်လင်မ်"ဟူသော ဂုဏ်ထူးကို ရိုသေလေးစားစွာ ထိန်းသိမ်း သင့်ကြပေသတည်း။

ယုံကြည်သူများကဏ္ဍ

ဤကဏ္ဍသည် မုအ်မင်န် ယုံကြည်သူများအကြောင်း ပါဝင်သောကဏ္ဍဖြစ်သည်။
ဤကဏ္ဍသည် မက္ကာမြို့တော်၌ ထုတ်ပြန်ပို့ချတော်မူခဲ့သော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍတွင်အာယတ်တော် (၁၁၈)ပါးနှင့် ရုကူအ် အပိုဒ် (၇)ပိုဒ် အသီးသီးပါရှိသည်။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ۝

قَدْ أَفْلَحَ الْمُؤْمِنُونَ ۝١

الَّذِينَ هُمْ فِي صَلَاتِهِمْ خَاشِعُونَ ۝٢

အနန္တကရုဏာရှင် ဖြစ်တော်မူသော
အစဉ်သနားကြင်နာ ညှာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

၁။ ဧကန်မလွဲ (အကြောင်) "မုအ်မင်န်" သက်ဝင် ယုံကြည်သူတို့သည် အောင်မြင်ခဲ့ကြချေပြီ။

၂။ ထို("မုအ်မင်န်" သက်ဝင် ယုံကြည်)သူတို့သည် မိမိတို့ ဆွလာတ်ဝတ်ပြုရာ၌ *ကျိုးနွံသူများ ဖြစ်ကြကုန်၏*။ [၁]

---

① (က) ဆွလာတ်ဝတ်ပြုရာတွင် ကျိုးနွံခြင်း၊

"ခုရှူအ်"၏ အဓိပ္ပါယ်မှာ ကြောက်ရွံ့စွာဖြင့် ငြိမ်သက်စွာရှိခြင်း၊ စိတ်နိမ့်ကျခြင်း၊ နိဝါတ တရားရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်းဟုရသည်။ သာဝကကြီး အစ်ဗ်နုအဗ္ဗာစ်သခင်က ဤအာယတ်တော်လာ "ခါရှိအူန" ဟူသော ပုဒ်ကို (ခါအိဖူန၊ စာကိန်နူန) "ကြောက်ရွံ့သူများ၊ ငြိမ်သက်သူများ" ဟူ၍ အနက်ဖွင့်ဆိုခဲ့သည်။

ဆွလာတ်ဝတ်ပြုရာတွင် စိတ်နှလုံးသည် ကြောက်ရွံ့သော်၊ ကျိုးနွံသော်၊ ငြိမ်သက်သော်၊ စိတ်ပျံ့လွင့်တော့မည် မဟုတ်ပေ။ အပ အတွေးအခေါ်များ ပေါ်ပေါက်တော့မည်မဟုတ်ပေ။ စိတ်အာရုံသည် တည်ငြိမ်ပေမည်။ အလ္လာဟ်အရှင်မြတ်၌သာလျှင် စိတ်အာရုံသည် စွဲကပ်လျက်ရှိပေမည်။ ထိုအခါ ကြောက်ရွံ့ခြင်း၊ ကျိုးနွံခြင်း၊ ငြိမ်သက်ခြင်း၏ အတွင်းသဏ္ဌာန်သည် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်း များပေါ်တွင် ထင်ရှားပေါ်လွင်၍ လာပေမည်။ ဥပမာ- ဆွလာတ် ဝတ်ပြုသူ၏ ဦးခေါင်းသည် အလိုအလျောက် ညွှတ်၍လာပေမည်။ မျက်စိသည် အောက်ဘက်သို့ စိုက်၍နေပေမည်။ ရိသေခန့်ညားစွာ လက်ပိုက်လျက်ရှိနေပေမည်။ ကိုယ်ခန္ဓာသည် ငြိမ်သက်လျက်ရှိပေမည်။ ဟိုဟိုသည်သည်ကို ကြည့်မည်မဟုတ်ပေ။ ဝဲယာ ယိမ်းမည်မဟုတ်ပေ။ အင်္ဂါစ၊ ပုဆိုးစ၊ စသည်များကို ကိုင်တွယ်တော့မည် မဟုတ်ပေ။ လက်ချောင်းများကို ချိုးတော့မည်လည်း မဟုတ်ပေ။ တစ်စိတ်တစ်လက်တည်း စိတ်ရောကိုယ်ပါ အလ္လာဟ်အရှင်မြတ်၌သာ အာရုံစိုက်ကာ ကြောက်ရွံ့ကျိုးနွံ ငြိမ်သက်စွာ ဆွလာတ် ဝတ်ပြုပေမည်။ ဤသည်တို့ကား ခုရှူအ်တွင် အကျုံးဝင်သော အချက်များ၊ နိမိတ်လက္ခဏာများ တည်း။

သာဝကကြီးများသည် ဆွလာတ် ဝတ်ပြုရာတွင် အသက်မရှိသော သစ်တုံးကြီးများပမာ ငြိမ်သက်စွာ ဆွလာတ် ဝတ်ပြုလေ့ရှိခဲ့ကြပေသည်။ ဤသည်လည်း ခုရှူအ်၏ နိမိတ်လက္ခဏာတစ်ရပ်ပင်။

وَالَّذِينَ هُمْ عَنِ اللَّغْوِ مُعْرِضُونَ ﴿٣﴾

၃။ ၎င်းပြင် ထို(“မုအ်မင်န်” သက်ဝင်ယုံကြည်) သူတို့သည် အချည်းနှီး အကျိုးမဲ့ အမှုကိစ္စတို့မှ ရှောင်ဖယ်သူများလည်း ဖြစ်ကြကုန်၏။ [၁]

وَالَّذِينَ هُمْ لِلزَّكَاةِ فَاعِلُونَ ﴿٤﴾

၄။ ထို့ပြင် ထို(“မုအ်မင်န်” သက်ဝင်ယုံကြည်) သူတို့သည် (မိမိတို့စိတ်နှလုံးများ) စင်ကြယ် သန့်ရှင်းအံ့သောငှာ (ကောင်းမှုများကို) ပြုလုပ်သူများ ဖြစ်ကြကုန်၏။ [၂]

---

① **(ခ) အချည်းနှီး အကျိုးမဲ့ ကိစ္စအဝဝကို ရှောင်ခြင်း၊**

“လဃ်ဝ” ဟူသည် လောကီရေးတွင်သော်လည်းကောင်း၊ လောကုတ္တရာရေးတွင်သော်လည်းကောင်း၊ မည်သို့မျှ အကျိုးမရှိသော၊ အချည်းနှီးသော အပြောအဆို၊ အပြုအမူ၊ ကိစ္စဟူဟူသမျှတို့ကို ဆိုလိုသည်။ လူ၏သက်တမ်း၊ အသက်၊ အချိန်များသည် အဖိုးတန်လှသည်။ အဖိုးမဖြတ်နိုင်ပေ။ ယင်းသို့ အဖိုးထိုက်တန်လှသော သက်တမ်း၊ အသက်၊ အချိန်များကို အချည်းနှီးသော၊ အကျိုးမရှိသောကိစ္စများတွင် အသုံးလျှင် ဖြုန်းတီးရန် ဖြစ်နိုင်အံ့နည်း။ မုအ်မင်န်များသည် အချည်းနှီး အကျိုးမဲ့သော ကိစ္စများကို ဝေးစွာ ရှောင်ကြဉ်ကြပေသည်။ ယင်းသို့သောကိစ္စများတွင် မိမိတို့၏ အဖိုးထိုက်တန်လှသော အချိန်များကို မဖြုန်တီးကြပေ။ မုအ်မင်န်များသည် အလွန်ဟ်အရှင်မြတ်၏ အဆုံးအမတော်များနှင့်အညီ အခါခပ်သိမ်း လိုက်နာကျင့်သုံး သွားလာနေထိုင်လျက် ရှိကြပေရာ၊ ၎င်းတို့၌ ယင်းသို့သော အချည်းနှီးအကျိုးမဲ့ ကိစ္စများတွင် အချိန်ဖြုန်းရန်အတွက် အဘယ်မှာလျှင် အချိန်ပို ရှိနိုင်အံ့နည်း။ အကျိုးမရှိသောကိစ္စများတွင် နစ်မွန်းနေသည်နှင့်အမျှ အကျိုးရှိသောကိစ္စများကို သယ်ပိုးဆောင်ရွက်နိုင်မည်မဟုတ်။ ဤသို့အကျိုးရှိသော ကိစ္စများကို မဆောင်ရွက်နိုင်ခြင်းမှာ ဆုံရှုံးမှုပင်ဖြစ်သည်။ ဆုံးရှုံးစေသောအမှုကို ပြုခြင်းသည် မုအ်မင်န်၏အလုပ်မဟုတ်ပေ။

② **(ဂ)ဇကာတ် ပေးဆောင်ခြင်း။**

မုအ်မင်န်များသည် အစွမ်းသတ္တိရားတော်၏စည်းကမ်းချက်နှင့်အညီ ဇကာတ်ကို အမြဲတစေ ကြည်ဖြူစွာ ပေးဆောင်လေ့ရှိကြသည်။ ဇကာတ်ပေးဆောင်ရာတွင် တွန့်တိုခြင်း၊ ပျက်ကွက်ခြင်းအလျှင်းမရှိခဲ့ကြပေ။ အချို့ မုဖတ်စ်စိစ်ရိမ်များက ဤအာယတ်တော်တွင်လာရှိသည့် “ဇကာတ်” ဟူသောပုဒ်ကို သန့်ရှင်းစင်ကြယ်စေခြင်း၊ စိတ်ကို သန့်ရှင်းစင်ကြယ်စေခြင်း ဟူသောအနက်၌ မူလအဘိဓာန်ပင် ယူကြသည်။ ဤယူဆချက်အရ ဤ အာယတ်တော်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော် (قَدْ أَفْلَحَ مَنْ تَزَكَّىٰ) (၈၇း၁၄)နှင့်လည်းကောင်း၊ (قَدْ أَفْلَحَ مَنْ زَكَّاهَا) (၉၁း၉) နှင့်လည်းကောင်း၊ ဆင်တူ ဖြစ်သွားပေသည်။

ဤယူဆချက်အရ သန့်ရှင်းစင်ကြယ်စေခြင်း ဟူသောသဘောကို ကျယ်ဝန်းစွာ ထားရှိပါက၊ ဤသန့်ရှင်းစင်ကြယ်စေမှုတွင် ကိုယ်ခန္ဓာသန့်ရှင်းမှု၊ စိတ်၏သန့်ရှင်းမှု၊ ဥစ္စာပစ္စည်း၏ သန့်ရှင်းမှုများလည်း အကျုံးဝင်သွားပေမည်။ ဇကာတ်ပေးခြင်းသည် တစ်နည်းအားဖြင့် ဥစ္စာပစ္စည်းကို စင်ကြယ် သန့်ရှင်းစေအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။ ကြည့်-ကုရ်အာန် (၉း၁၀၃)။

وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ ۝٥

၅။ ထိုမှတပါး(“မုအ်မင်န်” သက်ဝင်ယုံကြည်) သူတို့သည် (ကာမဆေးမိစ္ဆာစာရက် ကျူးလွန်ခြင်းမှ) မိမိတို့၏ *အရှက်အင်္ဂါများကို စောင့်စည်း ထိန်းသိမ်း သူများလည်း ဖြစ်ကြကုန်၏။* [၁]

إِلَّا عَلَىٰ أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ ۝٦

၆။ မိမိတို့၏ ဇနီးကြင်ယာများ၊ သို့မဟုတ် မိမိတို့လက်ယာလက်များကပိုင်ဆိုင်သော (တရားဝင်) ကျွန်မိန်းမများမှတပါး၊ အကြောင်းမူကား (မိမိတို့ ဇနီးကြင်ယာများနှင့်သော်လည်းကောင်း၊ တရားဝင် ကျွန်မိန်းမများနှင့်သော်လည်းကောင်း၊ သံဝါသပြုခြင်းအားဖြင့်) ထိုသူတို့သည် ပြစ်တင်ခြင်း ခံထိုက်သူများ မဟုတ်သောကြောင့်ပင်။

فَمَنِ ابْتَغَىٰ وَرَاءَ ذَٰلِكَ فَأُولَٰئِكَ هُمُ الْعَادُونَ ۝٧

၇။ သို့ရာတွင် မည်သူမဆို ထို(ဇနီးကြင်ယာများ သို့မဟုတ် တရားဝင် ကျွန်မများ)မှ ကျော်လွန်၍ (အခြား အမျိုးသမီးများကို) တောင့်တ ရှာဖွေခဲ့မူယင်းကဲ့သို့ သူတို့သည်သာလျှင် စည်းကမ်းကို ကျူးလွန်သူများ ဖြစ်ကြကုန်၏။

---

① **(ဃ) ကာမဆေးမိစ္ဆာစာရက် ရှောင်ခြင်း။**

လူသားတို့၌ သဘာဝအလျောက်၊ ကာမဂုဏ်အာရုံသည် ရှိသည်သာဖြစ်သည်။ ကာမဂုဏ်အာရုံကို စည်းမဲ့ကမ်းမဲ့အသုံးပြုပါက လူလောကသည် တိရစ္ဆာန်လောကဖြစ်သွားပေမည်။ ကာမဂုဏ်အာရုံကို ပိတ်ဆို့ထားရန်မှာ လက်တွေ့လည်းမဖြစ်နိုင်၊ သဘာဝကို ဆန့်ကျင်ရာလည်း ကျသည်။ ကာမဂုဏ်အာရုံကို အတင်းအဓမ္မလုံးဝဖျက်ဆီးပစ်ပါက လူဆက်ပြတ်သွားပေမည်။ လူလောကကြီး ဆိတ်သုဉ်းသွားပေမည်။ သို့အတွက် အစ္စလာမ်သည် ကာမဂုဏ်အာရုံကို စည်းမဲ့ကမ်းမဲ့ အသုံးပြုရန်လည်းခွင့်မပြု၊ လုံးဝဖျက်ဆီးပစ်ရန်လည်း ခွင့်မပြု၊ ကာမဂုဏ်အာရုံနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးထားသည်။ ဘောင်ခတ်ထားပေသည်။ ထိမ်းမြားပိုင်သည့်အမျိုးသမီးများ၊ မထိမ်းမြားပိုင်သည့်အမျိုးသမီးများကိုလည်း ခွဲခြားပေးထားသည်။ ထိုသည့် စည်းကမ်းချက်များအတွင်း၊ ထိုသည့်ဘောင်အတွင်း၌ ကာမဂုဏ်ကို အသုံးပြုခြင်းသည် အပြစ်မရှိပေ။ သို့ရာတွင် ထိုသည့် စည်းကမ်းချက်နှင့် ဆန့်ကျင်လာပါက၊ ထိုသည့်ဘောင်အပြင်သို့ ထွက်လာပါက အလွန်ကြီးလေးသော ပြစ်ဒဏ်ခတ်ခြင်း ခံရပေမည်။ ထို့အတွက် မုအ်မင်န်များသည် မိမိတို့၏ ကာမဂုဏ်အာရုံများကို ထိန်းသိမ်းကြပေသည်။ အစ္စလာမ်၏ စည်းကမ်းချက်များနှင့် အညီ ဘောင်အတွင်း၌သာ နေထိုင်ကြပေသည်။ မိမိတို့၏ ကာမပိုင်ဇနီးများ၊ တရားဝင် ကျွန်မများမှတစ်ပါး၊ သူတစ်ပါး အိမ်ယာကို မေ့မှား၍မျှ မပြစ်မှားမိကြပေ။ ကာမဆေးမိစ္ဆာစာရက် မကျူးလွန်ကြပေ။ ကာမဂုဏ်အာရုံကို အလွဲသုံးစားလည်း မပြုကြပေ။

وَالَّذِينَ هُمْ لِأَمَٰنَٰتِهِمْ وَعَهْدِهِمْ رَٰعُونَ ۝٨

၈။ ၎င်းပြင် ထို (“မုအ်မင်နဲ်” သက်ဝင်ယုံကြည်) သူတို့သည် မိမိတို့ ယုံကြည်လွဲအပ်ခြင်း ခံရသော တာဝန်များကို လည်းကောင်း၊ မိမိတို့၏ *ကတိဝန်ခံချက်များကို လည်းကောင်း၊ စောင့်ထိန်းသူများ* လည်း ဖြစ်ကြကုန်၏။ [၁]

وَالَّذِينَ هُمْ عَلَىٰ صَلَوَٰتِهِمْ يُحَافِظُونَ ۝٩

၉။ ထို့ပြင် ထို(“မုအ်မင်နဲ်” သက်ဝင်ယုံကြည်) သူတို့သည် မိမိတို့၏ ဆွလာတ်ဝတ်ပြုမှု(တာဝန်) ကို *ဂရုဓမ္မပြုသူများလည်း* ဖြစ်ကြကုန်၏။ [၂]

---

① (c) ကတိတည်ခြင်း၊ အလွဲသုံးစားမပြုခြင်း၊

လူ့လောကတွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချရမှုသည် အလွန်အရေးကြီးလှပေသည်။ ဆက်ဆံရေး တည်တံ့မှု၏ သော့ချက်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ မိမိထံ ယုံပုံအပ်နှံထားသော ပစ္စည်းကို အလွဲသုံးစားမပြုရ၊ ထားရှိသောကတိကို မချိုးဖောက်ရ၊ မုအ်မင်နဲ်တို့သည် မိမိတို့ထံ ယုံပုံအပ်နှံထားသော ပစ္စည်းကို သစ္စာရှိစွာဖြင့် ထိန်းသိမ်းထားကြပေသည်။ အလွဲသုံးစား မပြုကြပေ။ အလျှာ်အရှင်မြတ်နှင့် ထားရှိသော ကတိများကို လည်းကောင်း၊ လူသားအချင်းချင်း ထားရှိသော ကတိများကို လည်းကောင်း မည်သည့်အခါ၌မျှ မချိုးဖောက်ကြပေ။

② (d) ဆွလာတ် ဝတ်ပြုခြင်း၊

ကမ္ဘာအိမ်ထောင်စုကြီးတစ်ခုလုံးသည် အလျှာ်အရှင်မြတ်၏ အဖန်ဆင်းခံဖြစ်သည်။ အလျှာ်အရှင်မြတ်သည် ကမ္ဘာအိမ်ထောင်စုကြီးတစ်ခုလုံး၏ အရှင်သခင် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ လူသားတို့သည် ထိုအရှင်မြတ်အားသာ ကြောက်ရွံ့ရိုသေ ခန့်ညားကြရပေမည်။ ထိုအရှင်မြတ်အားသာလျှင် ဝတ်ပြုကြရပေမည်။ ဝတ်ပြုမှုများတွင် “ဆွလာတ်”သည် အဓိကပင် ဖြစ်သည်။ ထို့အတွက် မုအ်မင်နဲ်များသည် စည်းကမ်းကျနစွာ အချိန်မှန်မှန် ဆွလာတ် ဝတ်ပြုကြပေသည်။ မုအ်မင်နဲ်တို့၏ ဂုဏ်ရည်များကို ဖော်ပြရာတွင် အစဉ်လည်း ဆွလာတ်အကြောင်းပါရှိ၏။ အဆုံးတွင်လည်း ဆွလာတ်အကြောင်း ပါရှိ၏။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဆွလာတ်သည် အဘယ်မျှ အရေးကြီးသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။ မုအ်မင်နဲ်တို့၏ ဂုဏ်ရည်များကို ထုတ်ဖော်မိနှံ့ကြားရာတွင် အထူးသဖြင့် အောက်ပါဂုဏ်ရည် (၆)ခုကို မိနှံ့ဆိုထားတော်မူသည်။

(၁) ဆွလာတ်ဝတ်ပြုရာတွင် ကျိုးနွံခြင်း၊

(၂) အချည်းနီး အကျိုးမဲ့ကိစ္စများကို ရှောင်ကြဉ်ခြင်း၊

(၃) ဇကာတ် ပေးဆောင်ခြင်း၊

(၄) ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်ခြင်း၊

(၅) ကတိတည်ခြင်း၊ အလွဲသုံးစားမပြုခြင်းနှင့်

(၆) အချိန်မှန် ဆွလာတ်ဝတ်ပြုခြင်း တို့ဖြစ်သည်။ ဤသည့် ဂုဏ်ရည်များနှင့် ပြည့်စုံသော မုအ်မင်နဲ်သူတော်စင်များသည် ဂျန္နတ်တွင် “ဖိရဒေါက်စ်” ခေါ် အကောင်းဆုံးဘုံ၌ ထာဝစဉ် စံမြန်းကြရပေမည်။

أُولَٰئِكَ هُمُ الْوَارِثُونَ ﴿١٠﴾

၁၀။ ထို(“မုအ်မင်နဲ်” သက်ဝင်ယုံကြည်)သူတို့သည် ပင်လျှင် အမွေခံမည့်သူများ ဖြစ်ကြကုန်၏။

الَّذِينَ يَرِثُونَ الْفِرْدَوْسَ ۖ هُمْ فِيهَا خَالِدُونَ ﴿١١﴾

၁၁။ ၎င်းတို့သည် ဖိရ်ဒေါက်စ်(တည်း ဟူသော ဥယျာဉ်)ကို အမွေခံကြပေမည်။ ၎င်းတို့သည် ယင်း ဖိရ်ဒေါက်စ်တွင် အစဉ်ထာဝရ နေထိုင်မည့်သူများပင် ဖြစ်ကြကုန်သတည်း။

وَلَقَدْ خَلَقْنَا الْإِنسَانَ مِن سُلَالَةٍ مِّن طِينٍ ﴿١٢﴾

၁၂။ မချွတ်မလွဲ ငါအရှင်မြတ်သည် လူသားကို *ရွှံ့မြေ၏ အဆီအနှစ်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။*

ثُمَّ جَعَلْنَاهُ نُطْفَةً فِي قَرَارٍ مَّكِينٍ ﴿١٣﴾

၁၃။ ထို့နောက် ငါအရှင်မြတ်သည် ထိုလူသား(၏ အဆက်အနွယ်)ကို လုံခြုံသောနေရာတစ်ခု (သားအိမ်တွင်း)၌ ကလလရေကြည် ဖြစ်စေတော်မူခဲ့၏။

---

① **လူသား၏ဖြစ်စဉ်၊**

လူသား၏ ဖြစ်စဉ်ကို စဉ်းစားဆင်ခြင်ပါက အလွန်ဟ်အရှင်မြတ်၏ တန်ခိုးတော်အနန္တကို သိမြင်နိုင်ပေသည်။ လူသား၏ ဖြစ်စဉ်ကို နက်နက်နဲနဲ၊ စဉ်းစားဆင်ခြင်လေလေ အလွန်ဟ်အရှင်မြတ်၏ အံ့မဆုံးသော တန်ခိုးတော်များကို တွေ့ရလေလေ ဖြစ်မေသည်။ လူသား၏ပုံပန်းသဏ္ဌာန်ကား အချိုးအစားကျလှ၏။ ပြေပြစ်လှ၏။ အပြစ်ဟူ၍ စိုးစဉ်းမျှမရှိ၊ လိုလေသေးသော အရာဟူ၍လည်း တစ်စုံတစ်ရာမျှမရှိ။

ဤမျှ ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်သော လူသားသည် အိမ်တွင်းဖြစ် ပစ္စည်းလော၊ အလျှင်းမဟုတ်၊ လူသားသည် မိမိကိုယ်ကို မိမိပိုင်ဆိုင်လေသလော။ အလျှင်းမဟုတ်၊ လူသားသည် မိမိကိုယ်ကိုမိမိ ပြုလုပ်ဖန်ဆင်းနိုင်သလော၊ အလျှင်းမဟုတ်၊ လူသားသည် မိမိကိုယ်ကို သေခြင်းတရားမှ လွတ်မြောက်စေနိုင်ပါသလော၊ အလျှင်းမဟုတ်၊ အမှန်မှာလူသားသည် အလွန်ဟ်အရှင်မြတ်၏ အဖန်ဆင်းခံသက်သက်သာ ဖြစ်သည်။

ထိုအရှင်မြတ်၏လက်တော်တွင်း၌သာ ရှိနေပေသည်။ ထိုအရှင်မြတ်သည် လူသား၌ မိမိအလိုတော် အတိုင်း ခြယ်လှယ်တော်မူသည်။ ထိုအရှင်မြတ်သည် ဤသည့်လူသားအား အကြောင်းမဲ့ ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ၊ ထိုအရှင်မြတ်သည် လူသားအား စတင်ဖန်ဆင်းတော်မူသကဲ့သို့ သေစေတော်မူမည်။ ထို့နောက် တစ်ဖန် ရှင်ပြန်ထစေတော်မူဦးမည်။

လူသား၌ လျှို့ဝှက်ထားသည့် စွမ်းရည်သတ္တိများ အမြောက်အမြား ရှိပေသေးသည်။ ထိုသည့် စွမ်းရည်သတ္တိများသည် ပေါ်လွင်ထင်ရှားရဦးမည်။ ထို့ပြင်တစ၊ လူသားအသက်ရှင်နေစဉ် ကျင့်မူခဲ့သောအရာများနှင့် စပ်လျဉ်း၍ ကောင်းကျိုးဆိုးကျိုးများကို ပေးတော်မူဦးမည် ဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် (၂၂း၅) ၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ၊ ပြန်လည်ရှုပါကုန်။

ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظَامًا فَكَسَوْنَا الْعِظَامَ لَحْمًا ثُمَّ أَنشَأْنَاهُ خَلْقًا آخَرَ فَتَبَارَكَ اللَّهُ أَحْسَنُ الْخَالِقِينَ ﴿١٤﴾

၁၄။ ထို့နောက် ငါအရှင်မြတ်သည် ယင်း ကလလ ရေကြည်ကို သွေးခဲအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။ တစ်ဖန်ငါအရှင်မြတ်သည် ယင်းသွေးခဲကို အသားတုံး အဖြစ်ဖန်ဆင်းတော်မူခဲ့ပြန်၏။ တစ်ဖန် ငါအရှင်မြတ်သည် ယင်းအသားတုံးကို အရိုးများအဖြစ် ဖန်ဆင်းတော်မူခဲ့ပြန်၏။

ထို့နောက်ငါအရှင်မြတ်သည် ယင်း အရိုးများကို အသားဖြင့် တန်ဆာဆင်မြန်း၍ ပေးတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်း(အသားဖြင့် ဆင်မြန်းပြီးဖြစ်သော အရိုးများ)ကို အခြား ဖန်ဆင်းအပ်သော အရာတစ်ခုအဖြစ် ဖြစ်ပေါ်၍ လာစေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အကောင်းဆုံးသော ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှ ထူးကဲ မြင့်မြတ်လှတိပါသနည်း။

ثُمَّ إِنَّكُم بَعْدَ ذَٰلِكَ لَمَيِّتُونَ ﴿١٥﴾

၁၅။ တစ်ဖန် ဧကန်အမှန် အသင်တို့သည် ထို (ထူးဆန်းအံ့ဖွယ်ဖြစ်သော အခြေအနေတို့ကို ကျော်လွန်ပြီး)နောက် အမှန်ပင် အသက်သေဆုံးကြရမည့် သူများ ဖြစ်ကြကုန်၏။

ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ تُبْعَثُونَ ﴿١٦﴾

၁၆။ တစ်ဖန် ဧကန်မလွဲ အသင်တို့သည် ကိယာမတ်နေ့တွင် ရှင်ပြန်ထကြရအံ့သတည်း။

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَائِقَ وَمَا كُنَّا عَنِ الْخَلْقِ غَافِلِينَ ﴿١٧﴾

၁၇။ ၎င်းပြင် မချွတ်ဧကန် ငါအရှင်မြတ်သည် အသင်တို့၏ထက်ဝယ် (မိုး) ခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အဖန်ဆင်းခံတို့ကို လျစ်လျူရှုထားတော်မူသောအရှင် မဟုတ်ပေ။

وَأَنزَلْنَا مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَسْكَنَّاهُ فِي الْأَرْضِ ۖ وَإِنَّا عَلَىٰ ذَهَابٍ بِهِ لَقَادِرُونَ ﴿١٨﴾

၁၈။ ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ (မိုး)ရေကို (သင့်တော်သော) အတိုင်းအတာ ချိန်ဆချက်နှင့်တကွ ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ငါအရှင်မြတ်သည်ထို(မိုး)ရေကို ပထဝီမြေဝယ် ရပ်တည်စေတော်မူခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပပျောက်စေခြင်းငှာ တတ်စွမ်းနိုင်တော်မူသောအရှင်လည်း ဖြစ်တော်မူပေသည်။

فَأَنشَأْنَا لَكُم بِهِ جَنَّاتٍ مِّن نَّخِيلٍ وَأَعْنَابٍ لَّكُمْ فِيهَا فَوَاكِهُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ ﴿١٩﴾

၁၉။ ထို့နောက် ငါအရှင်မြတ်သည် ထို(မိုး)ရေဖြင့် အသင်တို့အဖို့ စွန်ပလွံခြံများကို လည်းကောင်း၊ စပျစ်ခြံများကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူခဲ့၏။ အသင်တို့အဖို့ယင်းခြံများတွင် မြောက်မြားစွာသော သစ်သီးဝလံများသည်ရှိ၏။ ထို့ပြင် အသင်တို့သည် ယင်းခြံများမှ စားသုံးကြကုန်၏။

وَشَجَرَةً تَخْرُجُ مِن طُورِ سَيْنَاءَ تَنبُتُ بِالدُّهْنِ وَصِبْغٍ لِّلْآكِلِينَ ﴿٢٠﴾

၂၀။ ထိုမှတပါး(ငါအရှင်မြတ်သည်) သံလွင်ပင်ခေါ်သစ်ပင်တစ်မျိုးကိုလည်း (ပေါက်ရောက်စေတော်မူခဲ့၏)။ ထိုသစ်ပင်သည်သိနတောင်၌ ပေါက်ရောက်လေ့ရှိသည်၊ ထိုသစ်ပင်သည် ဆီကိုလည်းကောင်း၊ စားသုံးသူတို့အဖို့ ဟင်းလျာကိုလည်းကောင်း၊ ထွက်စေသည်။

وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً ۖ نُّسْقِيكُم مِّمَّا فِي بُطُونِهَا وَلَكُمْ فِيهَا مَنَافِعُ كَثِيرَةٌ وَمِنْهَا تَأْكُلُونَ ﴿٢١﴾

၂၁။ ထိုမှတပါး ဧကန်စင်စစ်အသင်တို့အဖို့ ခြေလေးချောင်းတိရစ္ဆာန်(များဖြစ်သောကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်တို့)တွင် ဆင်ခြင်သုံးသပ်ရန် အချက်သည် အမှန်ပင်ရှိပေသည်။ငါအရှင်မြတ်သည် အသင်တို့အား ၎င်းတို့၏ဝမ်းတွင်း၌ရှိသော (နို့ရည်)ကို တိုက်ကျွေးတော်မူပေသည်။ ထို့ပြင် အသင်တို့အဖို့ ၎င်းတို့တွင် များစွာသော အကျိုးကျေးဇူးများသည်လည်း ရှိလေသည်။ ထို့ပြင် တစ်ဝ အသင်တို့သည် ၎င်းတို့အနက်မှ စားသုံးကြလေသည်။

وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ ﴿٢٢﴾

၂၂။ ထိုမှတပါး အသင်တို့သည် ယင်းတိရစ္ဆာန်များပေါ်၌လည်းကောင်း၊ သင်္ဘောများပေါ်၌လည်းကောင်း၊ စီးနင်း(သွားလာ တင်ဆောင်)ကြကုန်သတည်း။

وَلَقَدْ أَرْسَلْنَا نُوحًا إِلَىٰ قَوْمِهِ فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُمْ مِنْ إِلَٰهٍ غَيْرُهُ ۖ أَفَلَا تَتَّقُونَ ﴿٢٣﴾

၂၃။ ၎င်းပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်အား ၎င်း၏အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ ထိုအခါ ထိုနူဟ်က အို-ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်၊

ထိုအရှင်မြတ်မှတပါးအသင်တို့၌ ကိုးကွယ်ရာအရှင်ဟူ၍အလျှင်းမရှိပြီ၊ သို့ပါလျက် အသင်တို့သည် (အခြားအရာများကို) ထိုအရှင်မြတ်နှင့်တွဲဖက်နိုင်းယှဉ်ကိုးကွယ်ခြင်းမှ မကြောက်ရွံ့ကြလေသလော။

فَقَالَ الْمَلَأُ الَّذِينَ كَفَرُوا مِنْ قَوْمِهِ مَا هَٰذَا إِلَّا بَشَرٌ مِثْلُكُمْ يُرِيدُ أَنْ يَتَفَضَّلَ عَلَيْكُمْ ۚ وَلَوْ شَاءَ اللَّهُ لَأَنْزَلَ مَلَائِكَةً ۖ مَا سَمِعْنَا بِهَٰذَا فِي آبَائِنَا الْأَوَّلِينَ ﴿٢٤﴾

၂၄။ ထိုအခါ ထိုနူဟ်၏ အမျိုးသားတို့အနက် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော အကြီးအကဲတို့က (အချင်းတို့၊) ဤနူဟ်သည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးသာလျှင် ဖြစ်ပေသည်။ ၎င်းသည် အသင်တို့ထက် ကြီးကဲမြင့်မြတ်ရန် ကြံရွယ်နေခြင်းပင် ဖြစ်ချေသည်။

စင်စစ် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် (ကျွန်ုပ်တို့အား တရားလမ်းမှန်သို့ရောက်စေရန်) အလိုရှိတော်မူခဲ့ပါလျှင် ကောင်းကင်တမန်များကိုသာ စေလွှတ်တော်မူခဲ့ပေမည်။ ကျွန်ုပ်တို့သည် ဤ(တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်ဟူသော) စကားကို မိမိတို့ ရှေးသူဟောင်းများဖြစ်သော ဘိုးဘေး တို့ထံမှ (တစ်ခါဘူးမျှပင်) မကြားခဲ့ဘူးကြချေ။

إِنْ هُوَ إِلَّا رَجُلٌۢ بِهِۦ جِنَّةٌ فَتَرَبَّصُوا۟ بِهِۦ حَتَّىٰ حِينٍ ﴿٢٥﴾

၂၅။ (စစ်စစ်) ဤနဗျာသည် ရူးသွပ်ခြင်း(ဝေဒနာစွဲကပ်လျက်)ရှိသော သူ(ရူး)တစ်ဦးမျှပင် ဖြစ်ပေရာအသင်တို့သည်ငင်းနှင့်ပတ်သက်၍ ကာလအတန်ကြာသည့်တိုင်အောင်စောင့်မျှော်(၍သာကြည့်နေ)ကြလေကုန်။

قَالَ رَبِّ ٱنصُرْنِى بِمَا كَذَّبُونِ ﴿٢٦﴾

၂၆။ ထို(နဗီတမန်တော်)နှဟ်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောကြောင့် အရှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါဟု လျှောက်ထား အသနားခံခဲ့လေသည်။

فَأَوْحَيْنَآ إِلَيْهِ أَنِ ٱصْنَعِ ٱلْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا فَإِذَا جَآءَ أَمْرُنَا وَفَارَ ٱلتَّنُّورُ فَٱسْلُكْ فِيهَا مِن كُلٍّ زَوْجَيْنِ ٱثْنَيْنِ وَأَهْلَكَ إِلَّا مَن سَبَقَ عَلَيْهِ ٱلْقَوْلُ مِنْهُمْ ۖ وَلَا تُخَٰطِبْنِى فِى ٱلَّذِينَ ظَلَمُوٓا۟ ۖ إِنَّهُم مُّغْرَقُونَ ﴿٢٧﴾

၂၇။ ထိုအခါ ငါအရှင်မြတ်သည် ထို (နဗီတမန်တော်)နှဟ်၏ထံသို့ (ဤသို့) "ဝဟ်ယ်" အမိန့်တော်ထုတ်ပြန်တော်မူခဲ့၏။ (အို-နှဟ်၊) အသင်သည် ငါအရှင်မြတ်၏ အမိန့်တော်အရ ငါအရှင်မြတ်၏ မျက်စိအောက်တွင် သင်္ဘောကို ပြုလုပ် တည်ဆောက်ပါလေ။ ထို့နောက်ငါအရှင်မြတ်၏အမိန့်တော် ရောက်ရှိလာ၍ မုံ့ဖိုသည် ဆူပွက်လာသောအခါ အသင်သည် (တိရစ္ဆာန်) အမျိုးအစား အသီးသီးတို့မှ တစ်စုံစီကိုလည်းကောင်း၊ အသင်၏ အိမ်သူအိမ်သားတို့အနက် အမိန့်တော် ထုတ်ပြန်ပြီး ဖြစ်သောသူမှတပါး ကျန်အိမ်သူအိမ်သားတို့ကိုလည်းကောင်း၊ ထိုသင်္ဘော(ပေါ်)တွင်တင်ဆောင်ပါလေ။ သို့ရာတွင်(မိမိတို့ ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ကလူပြုကြကုန်သော သူတို့နှင့် ပတ်သက်၍မူကား အသင်သည်ငါအရှင်မြတ် အထံတော်တွင်(တစ်စုံတစ်ရာကို) လျှောက်ထား ပန်ကြားခြင်းကိုမပြုလေနှင့်။ ဧကန်မလွဲငင်းတို့သည် နစ်မြုပ်စေခြင်းခံကြရမည့်သူများပင် ဖြစ်ကြကုန်သည်။

فَإِذَا اسْتَوَيْتَ أَنتَ وَمَن مَّعَكَ عَلَى الْفُلْكِ فَقُلِ الْحَمْدُ لِلَّهِ الَّذِي نَجَّانَا مِنَ الْقَوْمِ الظَّالِمِينَ ﴿٢٨﴾

၂၈။ တစ်ဖန် အသင်နှင့်တကွ အသင်နှင့်အတူ (လိုက်ပါကြကုန်သော)အဖော်များပါ သင်္ဘောပေါ်တွင် ကျန်စွာ ထိုင်ပြီးကြသောအခါ အသင်သည် "ချီးမွမ်း ထောပနာ အပေါင်းတို့သည် ကျွန်တော်မျိုးတို့အား မတရားသဖြင့် နှိပ်စက်ကြကုန်သော အမျိုးသားတို့ (၏ဘေးအန္တရာယ်)များမှ ကင်းလွတ်စေတော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူပါသည်" ဟု ရွတ်ဆိုပါလေ။

وَقُل رَّبِّ أَنزِلْنِي مُنزَلًا مُّبَارَكًا وَأَنتَ خَيْرُ الْمُنزِلِينَ ﴿٢٩﴾

၂၉။ ထိုမှတပါး အသင်သည် (သင်္ဘောပေါ်မှ ဆင်းသောအခါ) "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကျက်သရေမင်္ဂလာနှင့်ပြည့်စုံစွာ၊ ပြည့်စုံသော နေရာသို့ ဆင်းသက်စေတော်မူပါ။ စင်စစ် အရှင်မြတ်သည် အကောင်းဆုံးသောဆင်းသက်စေတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်" ဟု လျှောက်ထားပန်ကြားပါလေ။

إِنَّ فِي ذَٰلِكَ لَآيَاتٍ وَإِن كُنَّا لَمُبْتَلِينَ ﴿٣٠﴾

၃၀။ ဧကန်မလွဲ ဤသည့်(အတ္ထုပ္ပတ္တိ အကြောင်း)တွင် (အလ္လာဟ်အရှင်မြတ်၏ များစွာသော)သက်သေလက္ခဏာများသည် ရှိကြပေသည်။ ၎င်းပြင် ဧကန်စင်စစ် ငါအရှင်မြတ်သည် စမ်းသပ်တော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

ثُمَّ أَنشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ ﴿٣١﴾

၃၁။ ထိုနောက်ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် အခြားမျိုးနွယ်ကို ဖန်ဆင်းတော်မူခဲ့၏။

فَأَرْسَلْنَا فِيهِمْ رَسُولًا مِّنْهُمْ

၃၂။ တစ်ဖန် ငါအရှင်မြတ်သည် ထိုမျိုးနွယ်တွင် ၎င်းတို့အနက်မှပင် ရာဇူလ် တမန်တော်တစ်ပါးကို စေလွှတ်တော်မူ(၍ ဤသို့မိန့်မှာတော်)မူခဲ့၏။

أَنِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ أَفَلَا تَتَّقُونَ ﴿٣٢﴾

အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ထိုအရှင်မြတ်မှ တပါး အသင်တို့အဖို့ ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိပြီ၊ သို့ပါလျက် အသင်တို့သည် မကြောက်ရွံ့ ကြလေသလော။

وَقَالَ الْمَلَأُ مِن قَوْمِهِ الَّذِينَ كَفَرُوا وَكَذَّبُوا بِلِقَاءِ الْآخِرَةِ وَأَتْرَفْنَاهُمْ فِي الْحَيَاةِ الدُّنْيَا ۙ مَا هَٰذَا إِلَّا بَشَرٌ مِّثْلُكُمْ يَأْكُلُ مِمَّا تَأْكُلُونَ مِنْهُ وَيَشْرَبُ مِمَّا تَشْرَبُونَ ﴿٣٣﴾

၃၃။ ၎င်းပြင် ထိုရွာလ်တမန်တော်၏ အမျိုးသားတို့ အနက် အကြင်အကြီးအကဲတို့သည် မယုံမကြည် သွေဖည် ငြင်းပယ်ခဲ့ကြ၏။ ၎င်းပြင် တမလွန်ဘဝနှင့် တွေ့ကြုံ ရင်ဆိုင်ရမည်ကိုလည်း မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြသေး၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူတို့အား (ဤမျက်မှောက်) လောကီဘဝတွင် စည်းစိမ်ချမ်းသာကိုလည်း ပေးတော်မူခဲ့၏။ ၎င်းတို့က (မိမိတို့ အမျိုးသားတို့အား-အချင်းတို့၊) ဤသူသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှဖြစ်၏။ ၎င်းသည် အသင်တို့ စားသုံးကြကုန်သောအရာများကို စားသုံးလေသည်။ ၎င်းပြင် အသင်တို့ သောက်ကြကုန်သော အရာများကိုပင် သောက်သုံးလေသည်ဟု ပြောဆိုခဲ့ကြကုန်၏။

وَلَئِنْ أَطَعْتُم بَشَرًا مِّثْلَكُمْ إِنَّكُمْ إِذًا لَّخَاسِرُونَ ﴿٣٤﴾

၃၄။ အကယ်၍ အသင်တို့သည် မိမိတို့ကဲ့သို့သော လူသားတစ်ဦး(၏အမိန့်ကို လိုက်နာခဲ့ကြသည်ရှိသော် ဧကန်မလွဲ အသင်တို့သည် ဆုံးရှုံးသူများသာလျှင် ဖြစ်ကြပေမည်။

أَيَعِدُكُمْ أَنَّكُمْ إِذَا مِتُّمْ وَكُنتُمْ تُرَابًا وَعِظَامًا أَنَّكُم مُّخْرَجُونَ ﴿٣٥﴾

၃၅။ ၎င်းက အသင်တို့ သေဆုံးကြပြီးနောက် မြေကြီးဖြစ်၍အရိုးများသာကျန်သောအခါ ဧကန်အမှန် အသင်တို့သည် (သချိုင်းတွင်းမှ) ပြန်ထွက်ကြရမည့် သူများ ဖြစ်ကြသည်ဟု) အသင်တို့အား ပြောဆိုသည် မဟုတ်လော။

هَيْهَاتَ هَيْهَاتَ لِمَا
تُوعَدُونَ ﴿٣٦﴾

၃၆။ ဝေးလေစွ၊ ဝေးလေစွ၊ အသင်တို့ ပြောဆိုခြင်း ခံကြရသောကိစ္စသည် အလျှင်း မဖြစ်နိုင်ပြီ။

إِنْ هِيَ إِلَّا حَيَاتُنَا الدُّنْيَا
نَمُوتُ وَنَحْيَا وَمَا نَحْنُ
بِمَبْعُوثِينَ ﴿٣٧﴾

၃၇။ အသက်ရှင်ခြင်းဟူသည်ကျွန်ုပ်တို့၏ လောကီဘဝ၌ အသက်ရှင်ခြင်း မှတစ်ပါး အခြားမရှိပြီ။ ကျွန်ုပ်တို့(အနက် အချို့)သည် သေဆုံးကြလေသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့(အနက် အချို့)မှာ အသက်ရှင်လျက် ရှိနေကြပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ရှင်ပြန်ထကြရမည့်သူများ အလျှင်းမဟုတ်ပြီ။

إِنْ هُوَ إِلَّا رَجُلٌ افْتَرَىٰ عَلَى
اللَّهِ كَذِبًا وَمَا نَحْنُ لَهُ
بِمُؤْمِنِينَ ﴿٣٨﴾

၃၈။ ဤသူသည် အလ္လာဟ် အရှင်မြတ်အပေါ်၌ မဟုတ်မမှန်မုသားစကားကို လိမ်ဆယ်ပြောဆိုသူတစ်ဦးမျှဖြစ်ပေရာ ကျွန်ုပ်တို့သည် ၎င်းအား ယုံကြည်မည့်သူ အလျှင်း မဟုတ်ကြချေ။

قَالَ رَبِّ انْصُرْنِي
بِمَا كَذَّبُونِ ﴿٣٩﴾

၃၉။ (ထိုအခါ) ထိုရစူလ်တမန်တော်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူသောအရှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအားမဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြပေရာ၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေသည်။

قَالَ عَمَّا قَلِيلٍ لَيُصْبِحُنَّ
نَادِمِينَ ﴿٤٠﴾

၄၀။ (ထိုအခါ) ထိုအရှင်မြတ်က (အို-နဗီတမန်တော်)၎င်းတို့သည် အမှန်ပင်မကြာမြင့်မီကာလအတွင်း နောင်တရမည့်သူများ ဖြစ်ကြသည်(ဟု မိန့်ကြားတော်မူခဲ့လေ၏။)

فَأَخَذَتْهُمُ الصَّيْحَةُ بِالْحَقِّ
فَجَعَلْنَاهُمْ غُثَاءً ۚ فَبُعْدًا لِّلْقَوْمِ

၄၁။ ထို့နောက် အလွန်ပြင်းထန် ကျယ်လောင်စွာသောအသံသည် မှန်ကန်သော ချိန်းဆိုချက်နှင့်အညီ ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အား အမှိုက်သရိုက်များ(ကဲ့သို့) ချေမှုန်းတော်မူခဲ့၏။

الظّٰلِمِيْنَ ﴿٤١﴾

သို့ဖြစ်ပေရာ မတရားကျူးလွန်သော (ထို)အမျိုးသား တို့မှာ(ကရဏာတော်မှ) ကင်းဝေးခဲ့ကြရကုန်သတည်း။

ثُمَّ اَنْشَاْنَا مِنْۢ بَعْدِهِمْ قُرُوْنًا اٰخَرِيْنَ ﴿٤٢﴾

၄၂။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏ နောက်တွင် အခြားသော မျိုးနွယ်တို့ကို ဖန်ဆင်းတော် မူခဲ့၏။

مَا تَسْبِقُ مِنْ اُمَّةٍ اَجَلَهَا وَمَا يَسْتَاْخِرُوْنَ ﴿٤٣﴾

၄၃။ မည်သည့်အုပ်စုမျှပင် မိမိတို့နှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလထက် စောနိုင်သည်လည်း မဟုတ်ပေ။ နောက်ကျနိုင်သည် လည်း မဟုတ်ချေ။

ثُمَّ اَرْسَلْنَا رُسُلَنَا تَتْرَا ؕ كُلَّمَا جَآءَ اُمَّةً رَّسُوْلُهَا كَذَّبُوْهُ فَاَتْبَعْنَا بَعْضَهُمْ بَعْضًا وَّجَعَلْنٰهُمْ اَحَادِيْثَ ۚ فَبُعْدًا لِّقَوْمٍ لَّا يُؤْمِنُوْنَ ﴿٤٤﴾

၄၄။ ထို့နောက် ငါအရှင်မြတ်သည် မိမိရဏ္ဍာလ်တမန်တော်များအားတစ်ပါးပြီးတစ်ပါး စေလွှတ်တော်မူခဲ့၏။ မည်သည့်အခါမျိုးမဆို အုပ်စုတစ်စု၏ထံသို့ ၎င်း၏ ရဏ္ဍာလ်တမန်တော်သည် (ပွင့်)ရောက်ခဲ့ပါလျှင် ယင်း အုပ်စုသည်ထိုရဏ္ဍာလ်တမန်တော်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသည်သာ။ သို့ဖြစ်ပေရာ ငါအရှင်မြတ် သည် ၎င်းတို့အား တစ်ဦး၏နောက်သို့ တစ်ဦးကို လိုက်စေတော်မူခဲ့၏။ ထို့ပြင်ငါအရှင်မြတ်သည် ၎င်း တို့အား(တရားရဖွယ်ရာအကြောင်းများ) ပြုလုပ်တော် မူခဲ့၏။ သို့ဖြစ်ပေရာ သက်ဝင်ယုံကြည်ခြင်း မရှိ သော သူတို့သည် (ကရဏာတော်မှ) ကင်းဝေး ခဲ့ကြရလေသတည်း။

ثُمَّ اَرْسَلْنَا مُوْسٰى وَاَخَاهُ هٰرُوْنَ ۙ بِاٰيٰتِنَا وَسُلْطٰنٍ مُّبِيْنٍ ﴿٤٥﴾

၄၅။ ထို့နောက်ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအားလည်းကောင်း၊ ထို (နဗီတမန်တော်)မူစာ၏ နောင်တော်(နဗီတမန်တော်)ဟာရုန်အားလည်းကောင်း၊ မိမိ အမိန့်ပညတ်တော်များနှင့် ထင်ရှားလှစွာသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်မူခဲ့၏။

إِلَىٰ فِرْعَوْنَ وَمَلَإِيْهِۦ فَٱسْتَكْبَرُوا۟ وَكَانُوا۟ قَوْمًا عَالِينَ ﴿٤٦﴾

၄၆။ ဖစ်ရအောင်နှ၏ ထံသို့လည်းကောင်း၊ ထို ဖစ်ရအောင်နှ၏ မျူးမတ်တို့ထံသို့လည်းကောင်း၊ သို့ရာတွင် ၎င်းတို့သည် မောက်မာခဲ့ကြကုန်၏။ စင်စစ် ၎င်းတို့သည် (ရှေးဦးမဆွကပင်) မောက်မာသူများ ဖြစ်ခဲ့ကြကုန်၏။

فَقَالُوٓا۟ أَنُؤْمِنُ لِبَشَرَيْنِ مِثْلِنَا وَقَوْمُهُمَا لَنَا عَٰبِدُونَ ﴿٤٧﴾

၄၇။ သို့အတွက်ကြောင့်ပင် ၎င်းတို့သည် (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ ကျွန်ုပ်တို့သည် မိမိတို့ကဲ့သို့သော လူသားနှစ်ဦးကိုပင် ယုံကြည်ကြရမည်လော။ စင်စစ်သော်ကား ၎င်းတို့နှစ်ဦး၏ အမျိုးသားတို့မှာ ကျွန်ုပ်တို့၏လက်အောက်ခံ ကျေးကျွန်များပင် ဖြစ်ကြကုန်၏။

فَكَذَّبُوهُمَا فَكَانُوا۟ مِنَ ٱلْمُهْلَكِينَ ﴿٤٨﴾

၄၈။ အချုပ်မှာ ၎င်းတို့သည် ထို(နဗီတမန်တော်) မူစာနှင့် (နဗီတမန်တော်)ဟာရွန်၊ နှစ်ပါးစလုံးကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ယင်း(ဖစ်ရအောင်နှင့် မူးမတ်)တို့သည် ပျက်စီးခဲ့ကြရကုန်သည်။

وَلَقَدْ ءَاتَيْنَا مُوسَى ٱلْكِتَٰبَ لَعَلَّهُمْ يَهْتَدُونَ ﴿٤٩﴾

၄၉။ အမှန်သော်ကား (ဖစ်ရအောင်နှင့် ၎င်း၏ မျူးမတ်များ သေကြေပျက်စီးကြပြီးနောက်) ငါ အရှင်မြတ်သည် တမန်တော်မူစာအား တောင်ရာတက် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ သို့မှသာလျှင် (တမန်တော်မူစာ၏) ယင်းအစ္စရာအီလီ အမျိုးသားများ တရားလမ်းမှန်ကို ရရှိကြပေမည်။ ၁

---

① **တမန်တော်မူစာနှင့် ဖစ်ရအောင်နှ**

အလ္လာဟ်အရှင်မြတ်သည် တမန်တော် မူစာနှင့် တမန်တော်ဟာရုန် ညီနောင်နှစ်ပါးတို့အား ထင်ရှားသော သက်သေလက္ခဏာနှင့် အမိန့်ပညတ်တော်များကို ချီးမြှင့်၍ ဖစ်ရအောင်နှင့် ၎င်း၏မျူးမတ်များထံသို့ စေလွှတ်တော်မူခဲ့လေသည်။ ဖစ်ရအောင်နှနှင့် ၎င်း၏မျူးမတ်များသည် အာဏာဂုဏ်၊ဥစ္စာဂုဏ် မောက်မာလျက် ရှိခဲ့ကြ၏။ အစ္စရာအီလီမျိုးနွယ်ဝင်များအား အထင်အမြင်သေးလျက် ရှိခဲ့ကြ၏။ အစ္စရာအီလီမျိုးနွယ်ဝင် ➤➤

وَجَعَلْنَا ابْنَ مَرْيَمَ وَأُمَّهُ آيَةً وَآوَيْنَاهُمَا إِلَىٰ رَبْوَةٍ ذَاتِ قَرَارٍ وَمَعِينٍ ﴿٥٠﴾

၅၀။ စင်စစ် ငါအရှင်မြတ်သည် မရိယမ်၏သား တော်(အီစာ)နှင့် ထိုသားတော်၏မယ်တော် (မရိယမ်) အား ကြီးကျယ်သော သက်သေလက္ခဏာတော်တစ်ပါး ပြုလုပ်တော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုသားအမိနှစ်ပါးစလုံးကို တည်းခိုရန် သင့်လျော်၍ စိုပြည်သော၊ စီးတွေသောရေများလည်းရှိသော ကမ္ဘ ခိုလှုံစေတော်မူခဲ့၏။ [၁]

➤➤ ဖြစ်သော တမန်တော်ညီနောင်နှစ်ပါးတို့အားလည်း အထင်အမြင်သေးလျက်ပင် ရှိခဲ့ကြ၏။ တမန်တော်များသည် လူသား မဖြစ်နိုင်ဟူ၍လည်း ယူဆလျက်ရှိခဲ့ကြ၏။

သို့အထင်အမြင်သေး၊ အထင်အမြင်မှားနေခဲ့ကြသည့်အတွက် ဖစ်ရ်အောင်နှိုင့် ၎င်း၏မှူးမတ်များသည် တမန်တော်မူစာနှင့် တမန်တော်ဟာရုန်တို့အား သွေဖည်ငြင်းဆန်ခဲ့ကြလေသည်။ နောက်ဆုံးတွင် ဖစ်ရ်အောင်နှိုင့် တကွ ၎င်း၏နောက်ပါများသည် ကွပ်မျက်ဖျက်ဆီးခြင်း ခံခဲ့ကြရလေသည်။ ယင်းသို့ ဖစ်ရ်အောင်နှိုင့် ၎င်း၏နောက်ပါများ ကွပ်မျက်ခြင်းခံကြရပြီးနောက် အစ္စရာအီလီ မျိုးနွယ်ဝင်များ လွတ်မြောက်လာကြသည့်အခါ၊ ၎င်းတို့ တရားဓမ္မရကြရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား တောင်ရာတ်ကျမ်းကို ချီးမြှင့်တော်မူခဲ့လေသည်။

ဤအာယတ်တော်တွင် (لعلهم) "လအလ္လဟုမ်"၌ 'ဟုမ်' ဟူသော နာမ်စားသည် ဖစ်ရ်အောင်နှိုင့် မှူးမတ်များအား ရည်ညွှန်းသည်မဟုတ်၊ အစ္စရာအီလီမျိုးနွယ်များအား ရည်ညွှန်းသည်။ အဘယ်ကြောင့်ဆိုသော် တောင်ရာတ်သည် ဖစ်ရ်အောင်နှိုင့် ၎င်း၏နောက်ပါများ ကွပ်မျက်ခြင်းခံကြရပြီး နောက်တွင်မှ ကျရောက်လာခဲ့ခြင်း ဖြစ်သည်။

③ မယ်တော် မရိယမ်နှင့် သားတော်အီစာ ခိုလှုံခဲ့ကြသည့် နေရာ။

ဤအာယတ်တော်တွင် "ငါအရှင်မြတ်သည် ထိုသားအမိ (နှစ်)ဦးတို့အား တည်းခိုရန် သင့်လျော်သော၊ စိုပြည်သာယာသော မြင့်သောနေရာ (ကမ္ဘ)တစ်ခု၌ ခိုလှုံစေတော်မူခဲ့သည်"ဟူ၍ လာရှိသည်။ ထိုမြင့်သောနေရာ (ကမ္ဘ)ကား အဘယ်နည်း၊

ဤကမ္ဘသည် မရိယမ်သခင်မ သားတော်ဖွားမြင်ရန်အတွက် သွားရောက်နေထိုင်ခဲ့သော မြေမြင့်(ကမ္ဘ) ပင်ဖြစ်တန်ရာသည်။ မရိယမ်သခင်မ၏ သားတော် ဖွားမြင်ခဲ့ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းတော်မြတ်တွင် အောက်ပါအတိုင်း လာရှိသည်။

"ထိုအခါ ထိုသူမ (မရိယမ်) အား ၎င်းရှိရာအောက်မှ (ထိုစွန်ပလွံပင်အောက်မှ ကောင်းကင်တမန်က) အသံပြုခဲ့သည်မှာ အသင်မသည် စိတ်မပူလေနှင့်။ ဧကန်စင်စစ် အသင်မအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်မ၏အောက်၌ပင် ချောင်းတစ်ခုကို ဖြစ်စေတော်မူပြီ၊ ထိုမှတစ်ပါး အသင်မသည် စွန်ပလွံပင်၏ပင်မကို မိမိဘက်သို့ ဆွဲ၍လှုပ်ပါလေ။ စိမ်းစိုလတ်ဆတ်သော စွန်ပလွံသီးများသည် အသင်မ၏ရှေ့ဝယ် ကြွေကျလာပါလိမ့်မည်"။ ကုရ်အာန်(၁၉:၂၄-၂၅)။

ဤအာယတ်တော်ကို ဆင်ခြင်ပါက၊အဆိုပါနေရာသည် မြင့်သောနေရာဖြစ်ကြောင်း၊ ➤➤

يَٰٓأَيُّهَا ٱلرُّسُلُ كُلُوا۟ مِنَ ٱلطَّيِّبَٰتِ وَٱعْمَلُوا۟ صَٰلِحًا ۖ إِنِّى بِمَا تَعْمَلُونَ عَلِيمٌ ﴿٥١﴾

၅၁။ အို-ရာစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့သည်(ဟလာလ်)စင်ကြယ်သန့်ရှင်းသောအရာများကို စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်။ [၁] ဧကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူကြသည်တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَإِنَّ هَٰذِهِۦٓ أُمَّتُكُمْ أُمَّةً وَٰحِدَةً وَأَنَا۠ رَبُّكُمْ فَٱتَّقُونِ ﴿٥٢﴾

၅၂။ ၎င်းပြင် ဧကန်မလွဲ ဤသည် အသင်တို့၏ သာသနာပင်။တစ်ခုတည်းသောသာသနာ။ ထိုမှတပါး ငါအရှင်မြတ်သည်အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေရာ အသင်တို့သည် ငါအရှင်မြတ်အားသာလျှင် ကြောက်ရွံ့ကြလေကုန်။

➤➤ အောက်တွင် ချောင်း စီးတွေလျက်ရှိကြောင်း၊ အနီးတွင် စွန်ပလွံပင်ရှိကြောင်း၊ ကောင်းစွာ သိနိုင်ပေသည်။ အစ်ဗ်နုကဆီရ်ကလည်း ဤအတိုင်းပင် ဖွင့်ဆိုရေးသားထားသည်။

① **ဟလာလ်ကိုစား၊ ဟရာမ်ကိုရှောင်၊ ကောင်းမြတ်သည်ကိုကျင့်။**

အလ္လာဟ်အရှင်မြတ်သည် ပွင့်လေသမျှသော တမန်တော်အပေါင်းတို့အား ဟရာမ် ဟူဟူသမျှတို့ကို ရှောင်ဖြီး၊ ဟလာလ် တရားတော်အရစားသုံးပိုင်သော စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့်အရာများကို ရှာဖွေဆည်းပူးစားသုံး၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြရန် မိန့်ကြားထားတော်မူသည်။ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည်လည်း ယင်းအမိန့်တော်နှင့်အညီ အမြဲတစေ ဟလာလ် ပစ္စည်းများကိုသာ စားသုံးခဲ့ကြသည်။ ကောင်းမြတ်သော အကျင့်သီလများကိုသာ ဆောက်တည်ခဲ့ကြသည်။ မိမိတို့၏ အမျိုးသားများအားလည်း ဤအတိုင်းပင် သွန်သင်ဆုံးမသြဝါဒ ပေးခဲ့ကြသည်။

တမန်တော်များအား ညွှန်ကြားထားတော်မူသည့်အတိုင်း မုအ်မင်နိမ်များအားလည်း ရည်ညွှန်းမိန့်ကြားထားတော်မူသည်။ ကြည့်-ကုရ်အာန်(၂:၁၇၂၊ ၅:၈၈၊ ၁၆:၁၁၄)။

တမန်တော်မြတ်၏ သြဝါဒတော်များတွင် ဟရာမ်ကို စားသောက်၊ ဝတ်ဆင်နေထိုင်သူများသည် မိမိတို့ တောင်းဆိုပန်ကြားသော ဆုပန်ကြားချက်များနှင့် စပ်လျဉ်း၍ မျှော်လင့်ချက်မထားအပ်ကြောင်း၊ ဟရာမ်နှင့်ဖြစ်ပေါ်လာသော အသားသည် ငရဲမီးနှင့်သာလျှင် ထိုက်တန်ကြောင်း လာရှိပေသည်။ ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် ဟလာလ်ကို စားသုံးခြင်းသည် ကောင်းမြတ်သောအကျင့်သီလကို ဆောက်တည်ရာတွင် အထောက်အမဖြစ်စေကြောင်း ကောင်းစွာသိရှိရပေသည်။ ကြည့်-အစ်ဗ်နုကဆီရ်၊ ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် အစားကောင်းစားခြင်း၊ အဝတ်ကောင်းဝတ်ခြင်း၊ အနေကောင်းနေခြင်းသည် အစွဲလာမ်နှင့် မဆန့်ကျင်ကြောင်း၊ အစွဲလာမ်၏ လိုလားချက်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

فَتَقَطَّعُوٓا۟ أَمْرَهُم بَيْنَهُمْ زُبُرًا ۖ كُلُّ حِزْبٍۭ بِمَا لَدَيْهِمْ فَرِحُونَ ﴿٥٣﴾

၅၃။ သို့ရာတွင် ထိုနောက်လိုက်များသည် မိမိတို့အချင်းချင်းတွင် မိမိတို့၏သာသနာကို အပိုင်းပိုင်းပိုင်းဖြတ်(ကာ အုပ်စုအသီးသီး ဖြစ်သွား)ခဲ့ကြကုန်၏။ အုပ်စုတိုင်းသည် မိမိတို့၌ရှိသော (သာသနာ)နှင့် ပျော်ပိုက်လျက် ရှိကြကုန်၏။ ①

فَذَرْهُمْ فِى غَمْرَتِهِمْ حَتَّىٰ حِينٍ ﴿٥٤﴾

၅၄။ သို့ဖြစ်ပေရာ(အို-နဗီတမန်တော်)အသင်သည် ၎င်းတို့အား ၎င်းတို့၏မှောက်မှားမှုၦပင် သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် စွန့်ထားပါလေ။

أَيَحْسَبُونَ أَنَّمَا نُمِدُّهُم بِهِۦ مِن مَّالٍ وَبَنِينَ ﴿٥٥﴾

၅၅။ အသို့ပါနည်း။ ၎င်းတို့သည် ထင်မှတ်ကြလေသလော။ ငါအရှင်မြတ်သည် ၎င်းတို့အား ဥစ္စာပစ္စည်းနှင့် သားရတနာများပေးသနားတော်မူသည်မှာ၊

نُسَارِعُ لَهُمْ فِى ٱلْخَيْرَٰتِ ۚ بَل لَّا يَشْعُرُونَ ﴿٥٦﴾

၅၆။ ၎င်းတို့အား ငါအရှင်မြတ်သည် ကောင်းကျိုးများကို ဆောလျင်စွာ ပေးတော်မူသည်ဟု၊ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့သည် မသိနားမလည်ကြချေ။

إِنَّ ٱلَّذِينَ هُم مِّنْ خَشْيَةِ رَبِّهِم مُّشْفِقُونَ ﴿٥٧﴾

၅၇။ ဧကန်စင်စစ် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှုကြောင့် စိုးရိမ်မကင်း ဖြစ်နေကြသူတို့သည်လည်းကောင်း။

---

① ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည် တညီတညွတ်တည်း လက်ခံနာယူ ကျင့်မူခဲ့ကြကုန်သော တစ်ခုတည်းသော သာသနာကို လူများသည် အချင်းချင်းသဘောကွဲလွဲကာ မိမိတို့အာသာဆန္ဒအရ စိတ်တိုင်းကျ၊ အစိတ်စိတ်အမြွာမြွာပြုလုပ်ပြီး၊ အသီးသီး "ကိုယ့်ငါးချဉ်၊ ကိုယ်ချဉ်" ဆိုသကဲ့သို့ မိမိတို့က ပြောင်းပြန် ပြုလုပ်ထားသည့် ရုပ်ပျက်ဆင်းပျက် သာသနာကို ရင်ဝယ်ပိုက်ထားကြလေသည်။ မိမိတို့၏သာသနာမှာ အဘယ်မျှပင် မှားယွင်းနေလင့်ကစား၊ အနည်းငယ်စိုးစဉ်းမျှပင် အလျှော့မပေးလိုကြပေ။ ယင်းသို့သော သူများအား ကျိုးကြောင်းပြ၍ သွန်သင်ဆုံးမသြဝါဒ ပေးသော်လည်း ဗူးနားပင်း ရေသွင်းသကဲ့သို့ အကျိုးရှိမည်မဟုတ်ပေ။ ယင်းသို့သော သူများအား ၎င်းတို့၏ မိုက်မဲမှု၊ ဇွတ်တရွတ်မှု၊ သွေဖည်မှုတွင် လျစ်လျူရှုထားရန်သာ ရှိသည်။ [ဩွန်ရာမသွားက သွားရာသို့ ညွှန်ရန်သာရှိသည်။] နောက်ဆုံးတွင် ၎င်းတို့ထံသို့ သေခြင်းတရားရောက်ရှိလာပေမည်။ သို့မဟုတ် အလွှာဟ်အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်သက်ရောက်လာပေမည်။ ထိုအခါကျမှ မျက်စိပြူးကြမည်။ သို့ရာတွင် အကျိုးရှိတော့မည် မဟုတ်ပေ။

وَالَّذِينَ هُم بِآيَاتِ رَبِّهِمْ يُؤْمِنُونَ ﴿٥٨﴾

၅၈။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ယုံကြည်သူတို့သည် လည်းကောင်း၊

وَالَّذِينَ هُم بِرَبِّهِمْ لَا يُشْرِكُونَ ﴿٥٩﴾

၅၉။ မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်နှင့် (တစ်စုံတစ်ရာကိုမျှ) တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်)မှုကို မပြုကြသောသူတို့သည်လည်းကောင်း၊

وَالَّذِينَ يُؤْتُونَ مَا آتَوا وَّقُلُوبُهُمْ وَجِلَةٌ أَنَّهُمْ إِلَىٰ رَبِّهِمْ رَاجِعُونَ ﴿٦٠﴾

၆၀။ အကြင်သူတို့သည်လည်းကောင်း၊ ထိုသူတို့သည် မိမိတို့ ပေးကမ်း(စွန့်ကြဲ) ကြသည်များကို ပေးကမ်း (စွန့်ကြဲ)လျက် ရှိကြငြားသော်လည်း မိမိတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်သို့ ပြန်သွားကြရမည် ဖြစ်သောကြောင့် ၎င်းတို့၏ စိတ်နှလုံးများမှာမူကား ထိတ်လန့် စိုးရိမ်လျက် ရှိကြကုန်၏။ [၁]

أُولَٰئِكَ يُسَارِعُونَ فِي الْخَيْرَاتِ وَهُمْ لَهَا سَابِقُونَ ﴿٦١﴾

၆၁။ ထိုသူတို့သည် ကောင်းမှုများကို ကြိုးပမ်းဆောင်ရွက်ကြသည် ဖြစ်ပေရာ၊ ၎င်းတို့သည်ပင် ယင်း ကောင်းကျိုးများကို ရှေးဦးစွာ ရရှိကြမည့်သူများ ဖြစ်ကြကုန်သတည်း။

---

① **မုအ်မင်နဲ်တို့ကား ကာဖိရ်များကဲ့သို့ မိမိတို့ကိုယ်ကို မိမိအထင်မကြီးပေ။**

အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခန့်ညားသော၊ ထိုအရှင်မြတ်၏ ဒေသနာတော်များကို ယုံကြည်နာယူသော၊ ရှရစ်အမှု အစုစုကို ရှောင်ကြဉ်သော၊ ထိုအရှင်မြတ်၏လမ်းတော်၌ ပေးကမ်းလှူဒါန်းသော မုအ်မင်နဲ်များကား မိမိတို့ကိုယ်ကိုမိမိတို့ အထင်ကြီးသော ကာဖိရ်များကဲ့သို့ မဟုတ်ကြပေ။ ထိုအရှင်မြတ်အား ယုံကြည်မြတ်နိုးပါလျက်၊ ထိုအရှင်မြတ်၏ လမ်းတော်၌ အလှူဒါနပြုကြပါလျက်၊ ငါတို့သည် တစ်ချိန်သော် ထိုအရှင်မြတ်၏ထံတော်သို့ ပြန်လည်ရောက်ကြရမည့်အရေးကိုတွေးကာ ဤပစ္စက္ခတွင် ရရှိထားသော လောကီစည်းစိမ်များ မိမိတို့၏အလှူဒါနများနှင့် စပ်လျဉ်း၍ပင် စိုးရိမ်လျက်ရှိကြပေသည်။ အထင်မကြီးကြပေ။ စိတ်မချကြပေ။ ထိုသို့သော မုအ်မင်နဲ် သူတော်စင်များသာလျှင် ကောင်းမှုများကို သူ့ထက်ငါသာအောင် ဆည်းပူးကြပေသည်။ ဆည်းပူးသည့်အလျောက်လည်း နှစ်ဘက်စလုံးတွင် အောင်မြင်ကြပေသတည်း။ ကြည့်-ကုရ်အာန် (၃း၁၄၇)။

ဟစန်ဘဆွရီသခင်က 'မုအ်မင်နဲ်သည် ကောင်းမှုကုသိုလ်ပြုလုပ်ပြီး နောက်တွင်လည်း စိုးရိမ်လျက်ပင်ရှိသည်။ မုနာဖစ်က်သည် မကောင်းမှုပြုလုပ်ပြီး နောက်တွင်လည်း စိတ်ချလျက်ပင်ရှိသည်' ဟု ဖွင့်ဆိုပြောကြားခဲ့သည်။

وَلَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا وَلَدَيْنَا كِتَابٌ يَنطِقُ بِالْحَقِّ وَهُمْ لَا يُظْلَمُونَ ﴿٦٢﴾

၆၂။ အမှန်စင်စစ်ငါအရှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ၎င်း၏ စွမ်းရည်ထက်ပို၍ တာဝန် ထမ်းဆောင်စေတော်မူသည် မဟုတ်ပေ၊ [၁] ၎င်းပြင် ငါအရှင်မြတ်အထံတော်တွင် မှတ်တမ်းစာအုပ်တစ်အုပ် ရှိနေပေရာ ထိုမှတ်တမ်းစာအုပ်သည် တိကျမှန်ကန်စွာ ထုတ်ဖော်ပြောဆိုမည်ဖြစ်၏။ သို့ရာတွင် ၎င်းတို့သည် (စိုးစဉ်းမျှပင်) မတရား နှိပ်စက်ခြင်းကို ခံကြရမည် မဟုတ်ပေ။ [၂]

بَلْ قُلُوبُهُمْ فِي غَمْرَةٍ مِّنْ هَٰذَا وَلَهُمْ أَعْمَالٌ مِّن دُونِ ذَٰلِكَ هُمْ لَهَا عَامِلُونَ ﴿٦٣﴾

၆၃။ ထိုသို့အလျှင်းမဟုတ်၊စင်စစ်မှာကား၊ ၎င်းတို့၏ စိတ်နှလုံးများသည် ဤအချက်နှင့်စပ်လျဉ်း၍ မသိ မိုက်မဲမှုဌ်ပင် ရှိနေကြပေသည်။ ထိုမှတပါး၊ ၎င်းတို့ဌ် ၎င်းတို့ လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြကုန်သော အခြား ဆောင်ရွက်ချက်များလည်း ရှိကြသေး၏။

حَتَّىٰ إِذَا أَخَذْنَا مُتْرَفِيهِم بِالْعَذَابِ إِذَا هُمْ يَجْأَرُونَ ﴿٦٤﴾

၆၄။ နောက်ဆုံးတွင် ငါအရှင်မြတ်သည် ၎င်းတို့ အနက်မှ စည်းစိမ်ရှင်တို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီး ကွပ်မျက်တော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် အော်ဟစ်ငိုကြွေးကြပေသည်။

---

① **<u>ဝန်နှင့်အား မြားနှင့်လေး။</u>**

အထက်တွင် နှစ်ဘဝစလုံး၌ အောင်မြင်ကြမည့် မုအ်မင်န် သူတော်စင်များ၏ အကျင့်သီလများကို မိန့်ဆိုထားတော်မူသည်။ ထိုသည့် အကျင့်သီလများသည် လူသားတို့ မထမ်းဆောင်နိုင်သော အကျင့်သီလများ မဟုတ်ချေ။ ကျင့်သုံးလိုသည့် စေတနာရှိပါက လွယ်လင့်တကူ ကျင့်သုံးနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ဝန်နှင့်အား၊ မြားနှင့်လေး၊ ဆိုသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ စွမ်းဆောင်နိုင်သည်ထက်ပို၍ တာဝန် ထမ်းဆောင်စေတော်မူသည် မဟုတ်ပေ။

ဤသည့်သဘောကို ကုရ်အာန်(၇:၄၂)၏အဖွင့်တွင် အကျယ် ရေးသားခဲ့ပေပြီ။

② **<u>မှတ်တမ်းများ</u>**

အလ္လာဟ်အရှင်မြတ်ထံတော်၌ မှတ်တမ်းများရှိသည်၊ ထိုမှတ်တမ်းတွင် လူတိုင်းလူတိုင်း၏ အကျင့်အမူ ဟူဟူသမျှတို့သည် ရေးမှတ်ပြီးဖြစ်သည်။ ထိုသည့် မှတ်တမ်းများကို ကိယာမတ်နေ့တွင် ကမ္ဘာ့ရှေ့မှောက်၌ ဖွင့်ပြတော်မူမည်ဖြစ်သည်။ ထိုသည့် မှတ်တမ်းများအရ၊ လူသားအားလုံးတို့သည် ကျိုးပြစ်ပေးခြင်း ခံကြရမည် ဖြစ်သည်။ တစ်ဦးတစ်ယောက်မျှ မတရားပြုမူခြင်း အလျှင်းခံရမည်မဟုတ်ပေ။

لَا تَجْـَٔرُوا۟ ٱلْيَوْمَ ۖ إِنَّكُم مِّنَّا لَا تُنصَرُونَ ﴿٦٥﴾

၆၅။ (ထိုအခါ ၎င်းတို့သည် ငါအရှင်မြတ်အထံတော်မှ) အသင်တို့သည် ဤနေ့တွင် အော်ဟစ်ငိုကြွေးခြင်းကို မပြုလုပ်ကြကုန်လင့်၊ အကြောင်းသော်ကား (ယနေ့ပင်) အသင်တို့သည် ငါအရှင်မြတ်အထံတော်မှ (မည်သို့မျှ) ကူညီစောင်မတော်မူခြင်းကို ခံကြရမည်မဟုတ်ပြီ(ဟု အဖြေရရှိကြမည်ဖြစ်၏။) [1]

قَدْ كَانَتْ ءَايَٰتِى تُتْلَىٰ عَلَيْكُمْ فَكُنتُمْ عَلَىٰٓ أَعْقَٰبِكُمْ تَنكِصُونَ ﴿٦٦﴾

၆၆။ ဧကန်မလွဲ ငါအရှင်မြတ်၏ အာယတ်တော်များသည် အသင်တို့ရှေ့ဝယ် ဖတ်ကြားခြင်းကို ခံခဲ့ကြရလေသည်။ ထိုအခါ အသင်တို့သည် မိမိတို့၏ခြေဖနောင့်များသို့ ပြန်ဆုတ်ခဲ့ကြလေသည်။

مُسْتَكْبِرِينَ بِهِۦ سَٰمِرًا تَهْجُرُونَ ﴿٦٧﴾

၆၇။ မထီလေးစား ပြုလုပ်ကြလျက် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)နှင့်စပ်လျဉ်း၍ ညဉ့်အချိန်များတွင် အကြောင်းမဲ့ အချည်းနှီးသော စကားများကို ပြောဆိုကြလျက်။

---

① **ကာဖိရ်များ၏ နောက်ဆုံးဘဝ။**

အထက်တွင် မုအ်မင်နဲ်များ၏အကြောင်းကို မိန့်ဆိုထားတော်မူ၏။ ဤတွင် ကာဖိရ်များ၏အကြောင်းကို မိန့်ဆိုထားတော်မူ၏။ မုအ်မင်နဲ်များသည် နောင်တမလွန်အရေးကို မမေ့ကြ၊ ကာဖိရ်များသည် နောင်တမလွန်အရေးကို မေ့လျက်ရှိကြ၏။ မုအ်မင်နဲ်များသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်၍ ကုသိုလ်ရေးများကို ပြုလုပ်ကြ၏။ ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်အား သွေဖည်၍ အကုသိုလ်ရေးများတွင် နစ်မွန်းလျက်ရှိကြ၏။ ကာဖိရ်နှင့် မုအ်မင်နဲ်များကား ယုံကြည်မှုတွင်လည်းကောင်း၊ အကျင့်အမူတွင်လည်းကောင်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် ရှိကြပေသည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ယင်းကာဖိရ်များအနက် စည်းစိမ်ရှင်အကြီးအကဲများကို ဖမ်းဆီးကွပ်မျက်တော် မူမည်ဖြစ်သည်။ ထိုအခါ၎င်းတို့သည် အော်ဟစ်ငိုကြွေးကြမည်။ သို့ရာတွင် ငိုကြွေးခြင်းကား အကျိုးရှိတော့မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် နောင်တမလွန်ဘဝသည် ကျိုးပြစ်ပေးရာဌာနဖြစ်သည်။ ကျိုးပြစ်ဆည်းပူးရာဌာန မဟုတ်ပေ။ ဤပစ္စက္ခဘဝသည် ကျိုးပြစ်ဆည်းပူးရာဌာနဖြစ်သည်။ ဤပစ္စက္ခဘဝတွင် ငိုကြွေးခြင်းသည်သာ အကျိုးရှိနိုင်ပေသည်။ ကာဖိရ်များသည် ဤပစ္စက္ခဘဝတွင် ရှိခဲ့ကြစဉ်က အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ကျောခိုင်းခဲ့ကြသည်။ မောက်မာပလွားခဲ့ကြသည်။ ကဲ့ရဲ့ပြစ်တင်ဝေဖန် ပြောဆိုခဲ့ကြသည်။ မကောင်းဆိုခဲ့ကြသည်။ ပစ္စက္ခတွင် သက်တမ်းတစ်လျှောက်လုံး ဆိုးမိုက်ခဲ့ပြီး နောင်တမလွန်ဘဝ ရောက်ခါမှ ငိုကြွေးခြင်းကား အသို့လျှင် အကျိုးရှိအံ့နည်း။

أَفَلَمْ يَدَّبَّرُوا الْقَوْلَ أَمْ جَاءَهُم مَّا لَمْ يَأْتِ آبَاءَهُمُ الْأَوَّلِينَ ﴿٦٨﴾

၆၈။ သို့ပါလျက် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ (ဤ)အာယတ်တော်(များ)ကို နက်နဲစွာ ဆင်ခြင်သုံးသပ်ခြင်း မပြုခဲ့ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့၏ ရှေးဟောင်း(လူကြီး)များဖြစ်ကြသော) အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ထံ ရောက်ရှိမလာခဲ့ဘူးသော အရာသည်(ယခု)၎င်းတို့ထံရောက်ရှိလာခဲ့လေသလော။

أَمْ لَمْ يَعْرِفُوا رَسُولَهُمْ فَهُمْ لَهُ مُنكِرُونَ ﴿٦٩﴾

၆၉။ သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့(ထံပွင့် ရောက်လာသော)ရဿူလ်တမန်တော်အား မသိခဲ့ကြသောကြောင့် ထို ရဿူလ်တမန်တော်အား ငြင်းပယ်ခဲ့ကြလေသလော။

أَمْ يَقُولُونَ بِهِ جِنَّةٌ ۚ بَلْ جَاءَهُم بِالْحَقِّ وَأَكْثَرُهُمْ لِلْحَقِّ كَارِهُونَ ﴿٧٠﴾

၇၀။ သို့တည်းမဟုတ်၎င်းတို့သည် ထို ရဿူလ်တမန်တော်၌ ရူးသွပ်ခြင်းဝေဒနာရှိသည်ဟု ပြောဆိုကြလေသလော။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ထို ရဿူလ်တမန်တော်သည် ၎င်းတို့ထံ အမှန်တရားကို ဆောင်ယူခဲ့လေသည်။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာမူကား အမှန်တရားကို စက်ဆုပ်သူများပင် ဖြစ်ကြကုန်၏။

وَلَوِ اتَّبَعَ الْحَقُّ أَهْوَاءَهُمْ لَفَسَدَتِ السَّمَاوَاتُ وَالْأَرْضُ وَمَن فِيهِنَّ ۚ بَلْ أَتَيْنَاهُم بِذِكْرِهِمْ فَهُمْ عَن ذِكْرِهِم مُّعْرِضُونَ ﴿٧١﴾

၇၁။ စင်စစ်သော်ကား အကယ်၍သာ အမှန်တရားသည်(အလ္လာဟ်အရှင်မြတ်သည်) ၎င်းတို့၏အလိုဆန္ဒများကို လိုက်နာခဲ့ပါလျှင်၊ မိုးကောင်းကင်များသည်လည်းကောင်း၊ ပထဝီမြေသည်လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့်ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ အမှန်ပင် ပျက်စီးသွားခဲ့ကြမည်သာ။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ငါအရှင်မြတ်သည် ၎င်းတို့ထံ ၎င်းတို့အဖို့ အဆုံးအမသြဝါဒကို ထုတ်ပြန်ပို့ဆောင်တော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် မိမိတို့အဖို့ဖြစ်သော အဆုံးအမသြဝါဒမှပင် မျက်နှာလွှဲခဲ့ကြကုန်၏။

أَمْ تَسْـَٔلُهُمْ خَرْجًا فَخَرَاجُ رَبِّكَ خَيْرٌ ۖ وَهُوَ خَيْرُ الرَّٰزِقِينَ ﴿٧٢﴾

၇၂။ သို့တည်းမဟုတ် အသင်သည် ၎င်းတို့ထံ တစ်စုံတစ်ရာ အခကြေးငွေကို တောင်းဆိုလေသလော။ (ဤသို့လည်းမဟုတ်၊ အဘယ့်ကြောင့်ဆိုသော်) အသင့် အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အခကြေးငွေသည် အကောင်းဆုံးပင်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် ရိက္ခာပေးသူတို့အနက် အကောင်းဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَإِنَّكَ لَتَدْعُوهُمْ إِلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿٧٣﴾

၇၃။ စင်စစ်သော်ကား ဧကန်မလွဲ အသင်သည် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သော တရားမှန်သို့ အမှန်ပင် ဖိတ်ခေါ်လျက် ရှိပေသည်။

وَإِنَّ ٱلَّذِينَ لَا يُؤْمِنُونَ بِٱلْءَاخِرَةِ عَنِ ٱلصِّرَٰطِ لَنَٰكِبُونَ ﴿٧٤﴾

၇၄။ သို့ရာတွင် ဧကန်စင်စစ် တမလွန်ဘဝကို မယုံကြည်သော သူတို့မှာမူကား (ထိုဖြောင့်မတ်မှန်ကန်သော)တရားလမ်းမှ လွဲဖယ်သူများပင် ဖြစ်ကြကုန်၏။

وَلَوْ رَحِمْنَٰهُمْ وَكَشَفْنَا مَا بِهِم مِّن ضُرٍّ لَّلَجُّوا۟ فِى طُغْيَٰنِهِمْ يَعْمَهُونَ ﴿٧٥﴾

၇၅။ စင်စစ်အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌သနားကရုဏာပြုတော်မူခဲ့သော်၊ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၌ သက်ရောက်နေသော ဘေးဒုက္ခကိုပပျောက်စေတော်မူခဲ့သော်၊ ၎င်းတို့သည် မိမိတို့၏ လမ်းမှားမှု၌ပင် တဝဲလည်လည် ဖြစ်ကြလျက် ခေါင်းမာမြဲ မာနေကြမည်သာတည်း။

وَلَقَدْ أَخَذْنَٰهُم بِٱلْعَذَابِ فَمَا ٱسْتَكَانُوا۟ لِرَبِّهِمْ وَمَا يَتَضَرَّعُونَ ﴿٧٦﴾

၇၆။ ၎င်းပြင် မလွဲဧကန် ငါအရှင်မြတ်သည် ထိုသူတို့အား ပြစ်ဒဏ်ဖြင့် ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသည်။ သို့တစေလည်း ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်တွင် ကျိုးနွံ့နိမ့်ကျလာခဲ့ကြသည်လည်း မရှိပေ။ တိုးလျှိုးတောင်းပန်အသနားခံခဲ့ကြသည်လည်း မရှိချေ။

حَتَّىٰٓ إِذَا فَتَحۡنَا عَلَيۡهِم بَابٗا ذَا عَذَابٖ شَدِيدٍ إِذَا هُمۡ فِيهِ مُبۡلِسُونَ ٧٧

၇၇။ နောက်ဆုံးတွင်အကြင်အခါဝယ် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြင်းထန်လှသောပြစ်ဒဏ်၏ တံခါးကိုဖွင့်လှစ်တော်မူခဲ့ပါလျှင် ထိုအခါတွင်မူ ၎င်းတို့သည် မျှော်လင့်ချက် လုံးဝကင်းသွားကြပေမည်။[၁]

وَهُوَ ٱلَّذِيٓ أَنشَأَ لَكُمُ ٱلسَّمۡعَ وَٱلۡأَبۡصَٰرَ وَٱلۡأَفۡـِٔدَةَۚ قَلِيلٗا مَّا تَشۡكُرُونَ ٧٨

၇၈။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့နားများကိုလည်းကောင်း၊ မျက်စိများကိုလည်းကောင်း၊စိတ်နှလုံးများကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့၏။(သို့ရာတွင်) အသင်တို့သည် အနည်းငယ်စိုးစဉ်းမျှသာလျှင် ကျေးဇူးသိတတ်ကြကုန်၏။

وَهُوَ ٱلَّذِي ذَرَأَكُمۡ فِي ٱلۡأَرۡضِ وَإِلَيۡهِ تُحۡشَرُونَ ٧٩

၇၉။ ၎င်းပြင်၊ထိုအရှင်မြတ်သည်ပင် အသင်တို့အား ပထဝီမြေဝယ် ပျံ့နှံ့ပွားများစေတော်မူခဲ့သောအရှင်ဖြစ်တော်မူ၏။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် စုရုံးကြရပေမည်။

---

① **တမန်တော်မြတ်နှင့်ကုရ်အာန်ကျမ်းမြတ်ကိုကာဖိရ်များ မလိုက်နာခဲ့ကြသည်မှာ အဘယ်ကြောင့်နည်း။**

(၁) ကာဖိရ်များသည် ကုရ်အာန်ကျမ်းလာ ဤအာယတ်တော်များကို နက်နက်နဲနဲ လေ့လာစဉ်းစားဆင်ခြင် မြော်မြင်ခြင်း မရှိကြပေ။ အကယ်၍ အမှန်တကယ် စဉ်းစားဆင်ခြင် မြော်မြင်ပါက ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ဖြစ်ကြောင်း၊ လူသားတို့အဖို့ နှစ်ဘဝ၏ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ဆောင်ကြဉ်းသော စံမတူ ကမ္ဘာ့ကျမ်းတစ်ဆူဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်နိုင်ကြပေသည်။

(၂) အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာသူကမ္ဘာသားတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကို ပြသရန်အလို့ငှာ ခေတ်တိုင်း လူမျိုးတိုင်းတွင် တမန်တော်များကို စေလွှတ်တော်မူခဲ့ပေသည်။ ကျမ်းဂန်အဆောင်ဆောင်ကိုလည်း ချပေးတော်မူခဲ့သည်။ သို့ဖြစ်ပေရာ တမန်တော်မြတ် မုဟမ္မဒ် ပွင့်လာတော်မူခြင်းမှာ အထူးအဆန်းမဟုတ်ပေ။ ကုရ်အာန် ကျရောက်လာခြင်းမှာ အဆန်းမဟုတ်ပေ။ တမန်တော်မြတ်သည် တမန်တော်အပေါင်းတို့၏ အချုပ်နှင့်၊ ကုရ်အာန်သည် ကျမ်းဂန်အပေါင်းတို့၏ အချုပ်ဖြစ်သည်။ သို့ဖြစ်ပေရာ ကာဖိရ်များသည် တမန်တော်မြတ်အား ပိုမိုလေးစား၍ ကုရ်အာန်ကျမ်းမြတ်ကို လက်တွေ့ ကျင့်သုံးရန်သာ ရှိကြပေသည်။

(၃) ကာဖိရ်များသည် တမန်တော်မြတ်၏အကြောင်းကို မသိ၍ သွေဖည်နေကြသလော။ ဤသို့မဟုတ်၊ တမန်တော်မြတ်သည် ကလေးဘဝမှပင် မှန်သောစကားကို ဆိုသည်။ မှန်သောအလုပ်ကို လုပ်သည်။ သစ္စာရှိသည်။ ကတိတည်သည်။ ရိုးသားဖြောင့်မတ်သည်။ ဖြူစင်သန့်ရှင်း အပြစ်ကင်းသည်များကို အရဇ်တစ်မျိုးသားလုံးသိကြပေသည်။ တမန်တော်မြတ်၏ ရိုးသားဖြောင့်မတ် မှန်ကန်တည်ကြည်မှုနှင့် စပ်လျဉ်း၍ ဂျာဖရ်သခင်သည် အီသီယိုပီယား ဘုရင်ရှေ့မှောက်တွင်လည်းကောင်း၊ မုဃီရဟ်အစ်ဗ်နုရှဗဟ်သည် ခွတ်စ်ရိုး(Chosroes)➤➤

➤➤ ဘုရင်ခံရှေ့တွင်လည်းကောင်း၊ အဗူစုဖယာန်သည် (Caesan) ရောမဘုရင် ရှေ့မောက်တွင်လည်းကောင်း၊ အတိအလင်း ဝန်ခံခဲ့ကြပေသည်။ ထိုသို့သော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မမှန်သောစကားကို အသို့လျှင် ဆိုနိုင်အံ့နည်း။

(၄) ကာဖိရ်များသည် ကုရ်အာန်၏ မှန်ကန်မှုကို ကောင်းစွာသိကြသည်။ စိတ်တွင်းမှ လက်ခံကြသည်။ သို့ရာတွင် ကုရ်အာန်သည် ၎င်းတို့၏လိုအင်ဆန္ဒနှင့် မကိုက်ညီပေ။ ထို့အတွက် အမှန်တရားကိုပင် ဖုံးကွယ်ကြသည်။ လက်မခံကြပေ။ ထိုမျှမက မိမိတို့၏ အပြစ်ကို ဖုံးကွယ်ရန်အတွက် "အိမ့်ရှင်ကို လူလူဟစ်" ဆိုသကဲ့သို့ တမန်တော်မြတ်၌ (မပြောကောင်း၊ မဆိုအပ်) ရူးသွပ်မှု ရောဂါဝေဒနာ စွဲကပ်လျက်ရှိသည်ဟူ၍ပင် မဟုတ်မမှန် စွပ်စွဲပြောဆိုခဲ့ကြပေသည်။

(၅) ကာဖိရ်များသည် အမှန်တရားကိုပင် မုန်းတီးပါက ဤသည် ၎င်းတို့၏သဘောပင်၊ အမှန်သည် အမှန်ပင်ဖြစ်သည်။ အမှန်သည် ၎င်းတို့၏အလိုကို မလိုက်လျောနိုင်ပေ။ အမှန်သည် အများ၏နောက်လိုက် မဖြစ်နိုင်ပေ၊ အကယ်၍ မှန်ကန်သော အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏အလိုကို လိုက်လျောနေတော်မူပါက အလ္လာဟ်အရှင်မြတ်သည် အဘယ်မှာလျှင် အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူနိုင်အံ့နည်း။ (မပြောအပ် မဆိုအပ်) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏လက်ကိုင်တုတ် ဖြစ်သွားပေမည်။ မိုး၊ မြေ စကြာဝဠာကြီး၏ အစီအစဉ်များလည်း ပျက်စီးယိုယွင်းသွားပေမည်။ လူသားတို့ အာသာဆန္ဒသည် များသောအားဖြင့် မှန်ကန်သော အသိဉာဏ်နှင့်ယှဉ်၍ စီစဉ်ပြုလုပ်ထားသော အစီအစဉ်ကို ဆန့်ကျင်သည်သာမက အချင်းချင်းလည်း ဆန့်ကျင်လျက်ရှိပေသည်။ သို့ဖြစ်ရာ လူသားတို့၏ ဆန့်ကျင်လျက်ရှိသော အာသာဆန္ဒကို လိုက်လျောပါက ကမ္ဘာအိမ်ထောင်စုကြီးသည်ပင် ပျက်ပြုန်းသွားပေမည်။

(၆) ကာဖိရ်များက အကယ်၍ အတိတ်ခေတ်လူမျိုးတို့၏ တရားဓမ္မတစ်ခုခု ကျွန်ုပ်တို့ထံတွင်ရှိပါက ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ သူတော်စင်များ ဖြစ်ကြပါမည်ဟု တမ်းတခဲ့ကြသည်။ ကြည့်-ကုရ်အာန် (၃၇:၁၆၈-၁၆၉)။ သို့တမ်းတခဲ့ကြသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အကျိုး ဖြစ်စေသော တရားဓမ္မကို ၎င်းတို့ထံသို့ ပို့ပေးတော်မူခဲ့သည်။ သို့တစေလည်း ကာဖိရ်များသည် ၎င်းတို့အား အကျိုးပြုသည့် တရားဓမ္မရောက်ရှိလာသည့်အခါ ယင်းသည့် တရားဓမ္မကိုပင် သွေဖည်ကြလေသည်။

(၇) တမန်တော်မြတ်သည် အစ္စလာမ်၏တရားဓမ္မ ဟောကြားတော်မူသည့်အတွက် အဖိုးအခ တစ်စုံတစ်ရာကို တောင်းဆိုတော်မူခဲ့သည်မဟုတ်၊ တောင်းရန်လည်း အကြောင်းမရှိပေ။ တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော ဂုဏ်တော်သည် ၎င်းတို့၏အခကြေးငွေထက် အတိုင်းမသိ ကြီးကဲမြင့်မြတ်လှပေသည်။

(၈) တမန်တော်မြတ်သည် ၎င်းတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်သို့သာ ဖိတ်ခေါ်တော်မူခဲ့သည်။ တမန်တော်မြတ်၏ တရားလမ်းစဉ်သည် မှန်ကန်သည် ဖြောင့်ဖြူးသည်။ ကွေ့ကောက်တိမ်းစောင်း ယိမ်းယိုင်သည်မရှိ၊ အမြင်မှန်ရှိသူတိုင်း အလွယ်တကူ နားလည်နိုင်သည်။ ကျင့်သုံးနိုင်သည်။ ယင်းသည့်တရားလမ်းစဉ်ကို ဤပစ္စက္ခဘဝ၏နောက်၌ တမလွန်ဘဝရှိသည်ကို ယုံကြည်သော မိမိတို့၏နောင်ရေးကို စိတ်မအေးသော ပုဂ္ဂိုလ်မွန်တို့သည် လိုက်နာ ကျင့်သုံးကြပေသည်။ နောင်တမလွန်ဘဝကို မယုံကြည်သော နောင်ရေးကို မတွေးတတ်သော သူယုတ်တို့ကား အမှန်တရားကို အဘယ်မှာလျှင် လိုက်နာကြအံ့နည်း။ ၎င်းတို့သည် အမြဲတစေ၊ ကွေးကောက်သော လမ်းစဉ်ကိုပင် လိုက်နာကြပေမည်။

(၉) အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား ကယ်တင်၍ သုခချမ်းသာများကို ➤➤

وَهُوَ الَّذِي يُحْيِي وَيُمِيتُ وَلَهُ اخْتِلَافُ اللَّيْلِ وَالنَّهَارِ ۚ أَفَلَا تَعْقِلُونَ ﴿٨٠﴾

၈၀။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် အသက်ရှင်စေတော်မူသည်၊ အသက်သေစေတော်မူသည်၊ ထိုမှတပါး ညဉ့်နှင့်နေ့တို့၏ (အလှည့်ကျ) အပြောင်းအလဲသည်လည်း ထိုအရှင်မြတ် (လက်တော်တွင်း)၌သာ ရှိပေသည်။ သို့ပါလျက် အသင်တို့သည် အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။

بَلْ قَالُوا مِثْلَ مَا قَالَ الْأَوَّلُونَ ﴿٨١﴾

၈၁။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့သည် ရှေးသူဟောင်းတို့ ပြောဆိုခဲ့ကြသည့်နည်းတူ ပြောဆိုကြကုန်၏။

قَالُوا أَإِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَإِنَّا لَمَبْعُوثُونَ ﴿٨٢﴾

၈၂။ ထိုရှေးသူဟောင်းတို့က ပြောဆိုခဲ့ကြသည်မှာ ကျွန်ုပ်တို့သည် သေဆုံးကြပြီးနောက် မြေကြီးဖြစ်၍ အရိုးများသာ ကျန်ရှိကြသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။

➤➤ ဖြစ်ထွန်းစေတော်မူပါလျှင်လည်း ၎င်းတို့သည် ကျေးဇူးမသိတတ်ကြပေ။ မိမိတို့၏ ဆိုးသွမ်းမိုက်မဲမှုကို မစွန့်လွှတ်ကြပေ။ တစ်ခါသော် တမန်တော်မြတ်၏ ဆုပန်ကြားချက်အရ မက္ကာမြို့တွင် ဒုဿကန္တရကပ် ဆိုက်ရောက်ခဲ့သည်။ တမန်တော်မြတ်ထံတွင် ကာဖိရ်များ၏ အသနားခံမှုကြောင့် တမန်တော်မြတ်၏ ဆုပန်ကြားချက်ဖြင့်ပင် ယင်းသည့် ဒုဿကန္တရကပ်သည် ၎င်းစင်သွားခဲ့လေသည်။ သို့တစေလည်း ကာဖိရ်များသည် ကျေးဇူး မသိတတ်ကြပေ။ 'ခွေးမြီးကောက် ကျည်တောက်စွပ်' ဆိုသကဲ့သို့ ယခင်အတိုင်း ဆိုးမိုက်လျက်ပင် ရှိခဲ့ကြပေသည်။

အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း တမန်တော်မြတ်နှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ကာဖိရ်များ မလိုက်နာကြခြင်းမှာ တမန်တော်မြတ်၌သော် လည်းကောင်း၊ ကုရ်အာန်ကျမ်းမြတ်၌သော် လည်းကောင်း၊ တစ်စုံတစ်ရာအပြစ်ရှိ၍ မဟုတ်ပေ။ အမှန်တရားကို သိပါလျက်နှင့် မိမိတို့၏ အာသာဆန္ဒနှင့်မကိုက်ညီ၍ မလိုက်နာကြခြင်းသာ ဖြစ်သည်။ ယင်းသို့သော ကာဖိရ်များသည် အတိုင်းမသိ မခံမရပ်နိုင်သော ပြင်းထန်လှသည့် အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို ဤပစ္စက္ခဘဝတွင်သော် လည်းကောင်း၊ နောင်တမလွန်ဘဝတွင်သော် လည်းကောင်း၊ (နောင်တမလွန်ဘဝတွင် ခံစားကြရမည်မှာ အမှန်ပင်)၊ ခံစားကြရသည့် အခါတွင်မူကား၊ ၎င်းတို့၏ မိုက်မဲမှုများ အပျောက်ကြီးပျောက်ကာ မျှော်လင့်ချက်လုံးဝကင်းပြီး မိမိတို့ မိုက်မဲခဲ့ကြသည့်အကြောင်း ကောင်းကောင်း သိသွားကြပေမည်။

لَقَدْ وُعِدْنَا نَحْنُ وَآبَآؤُنَا هَٰذَا مِن قَبْلُ إِنْ هَٰذَآ إِلَّآ أَسَٰطِيرُ ٱلْأَوَّلِينَ ﴿٨٣﴾

၈၃။ "မချွတ်ဧကန် ဤသည်ကို ကျွန်ုပ်တို့သည် လည်းကောင်း၊ ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးတို့သည် လည်းကောင်း၊ ရှေးယခင်ကပင် ကတိပေး ချိန်းချက် ခြင်းကို ခံခဲ့ကြရလေပြီ။ (စင်စစ်သော်ကား) ဤသည် ရှေးသူဟောင်းတို့၏ (ယုတ္တိကင်းမဲ့သော) ဒဏ္ဍာရီမျှ သာ ဖြစ်ချေသတည်း။"

قُل لِّمَنِ ٱلْأَرْضُ وَمَن فِيهَآ إِن كُنتُمْ تَعْلَمُونَ ﴿٨٤﴾

၈၄။ (အို-နဗီတမန်တော်) အသင်သည် (ယင်း မက္ကာမြို့သား မုရ်ရစ်က်တို့အား ဤသို့)ပြောဆို မေးမြန်းပါလေ။ (အချင်းတို့၊) အကယ်၍ အသင်တို့ သိရှိကြလျှင် (ငါ့အား ပြောပြကြလေကုန်၊) ပထဝီ မြေကိုလည်းကောင်း၊ ထိုပထဝီမြေ၌ရှိသူတို့ကိုလည်း ကောင်း၊ မည်သူ နိုးပိုင်သနည်း။

سَيَقُولُونَ لِلَّهِ ۚ قُلْ أَفَلَا تَذَكَّرُونَ ﴿٨٥﴾

၈၅။ ၎င်းတို့က အလ္လာဟ်အရှင်မြတ် နိုးပိုင်တော် မူသောအရာများဖြစ်သည်ဟု အမှန်ပင် ဖြေကြားကြပေ လိမ့်မည်။ (ထိုအခါ) အသင်သည် (၎င်းတို့အား အချင်းတို့၊) သို့ပါလျက် အသင်တို့သည် မဆင်ခြင် မသုံးသပ်ကြလေသလောဟု ပြောကြားပါလေ။

قُلْ مَن رَّبُّ ٱلسَّمَٰوَٰتِ ٱلسَّبْعِ وَرَبُّ ٱلْعَرْشِ ٱلْعَظِيمِ ﴿٨٦﴾

၈၆။ (အို-နဗီတမန်တော်)အသင်သည်(၎င်းတို့အား အချင်းတို့၊) မိုးခုနစ်ထပ်ကို နိုးပိုင်တော်မူသောအရှင် သည်လည်းကောင်း၊မြင့်မြတ်လှစွာသော'အရ်ရှ်' ပလ္လင် တော်ကို နိုးပိုင်တော်မူသောအရှင်သည်လည်းကောင်း၊ မည်သူနည်းဟု မေးမြန်းပါဦးလေ။

سَيَقُولُونَ لِلَّهِ ۚ قُلْ أَفَلَا تَتَّقُونَ ﴿٨٧﴾

၈၇။ (ဤသည်တို့လည်း) အလ္လာဟ်အရှင်မြတ် နိုးပိုင်တော်မူသောအရာများသာဖြစ်သည်ဟု ၎င်းတို့က အမှန်ပင် ဖြေကြားကြပေလိမ့်မည်။

(ထိုအခါငင်းတို့အား အချင်းတို့၊) သို့ပါလျက် အသင်တို့သည်(အလ္လာဟ်အရှင်မြတ်အား) မကြောက်ရွံ့ ကြလေသလောဟု ပြောကြားပါလေ။

قُلْ مَنْۢ بِيَدِهٖ مَلَكُوْتُ كُلِّ شَيْءٍ وَّهُوَ يُجِيْرُ وَلَا يُجَارُ عَلَيْهِ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿٨٩﴾

၈၉။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား ဤသို့ ပြောဆိုမေးမြန်းပါလေ။ (အချင်းတို့) အကယ်၍ အသင်တို့သည် သိရှိကြလျှင် (ငါ့အား ပြောပြကြလေကုန်)။ ထိုအရှင်သည် မည်သူနည်း။ အရာခပ်သိမ်းတို့ကို စိုးပိုင်ခွင့်သည် ထိုအရှင်မြတ်၏လက်တော်တွင်းဦ၌ရှိ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ကာကွယ်စောင့်ရှောက်တော်မူ၏။ သို့ရာတွင် ထိုအရှင်နှင့်ဆန့်ကျင်၍မူကား မည်သူတစ်ဦးတစ်ယောက်မျှပင် ကာကွယ်စောင့်ရှောက်နိုင်ခြင်း မရှိချေ။

سَيَقُوْلُوْنَ لِلّٰهِ ۭ قُلْ فَاَنّٰى تُسْحَرُوْنَ ﴿٨٩﴾

၈၉။ (ဤမည်သောဂုဏ်တော်များလည်း) အလ္လာဟ်အရှင်မြတ်၌သာ ရှိကြောင်း အမှန်ပင် ၎င်းတို့က ဖြေကြားကြပေလိမ့်မည်။(ထိုအခါငင်းတို့အား) အသင်က "သို့ဖြစ်လျှင် အသင်တို့သည် အဘယ်ကြောင့် တွေဝေနေကြပါသနည်း" ဟု ပြောကြားပါလေ။

بَلْ اَتَيْنٰهُمْ بِالْحَقِّ وَاِنَّهُمْ لَكٰذِبُوْنَ ﴿٩٠﴾

၉၀။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ငါအရှင်မြတ်သည် ၎င်းတို့ထံ အမှန်တရားကို ထုတ်ပြန်ပို့ဆောင်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့သည် (ထို) အမှန်တရားကို ငြင်းပယ်ရာတွင် မုသားပြောဆိုသူများပင် ဖြစ်ကြကုန်သတည်း။

---

① **ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်အား သိပါလျက်နှင့် မုသားပြောဆိုနေကြသည်။**

ဤကမ္ဘာမြေကြီးနှင့်တကွ ယင်းကမ္ဘာအတွင်းရှိ အရာခပ်သိမ်းတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် စိုးပိုင်တော်မူကြောင်း၊ မိုးခုနစ်ထပ်နှင့် ပလ္လင်မြတ်ကိုလည်း ထိုအရှင်မြတ်သာလျှင် စိုးပိုင်တော်မူကြောင်း၊ အရာခပ်သိမ်းကုန်တို့၏ စိုးမိုးအုပ်ချုပ်မှု အာဏာစက်သည်လည်း ထိုအရှင်မြတ်၏ လက်တော်တွင်း ၌သာလျှင် ရှိကြောင်း၊ ထိုအရှင်မြတ်သည် သူတစ်ပါးတို့အား ကာကွယ်စောင့်ရှောက်တော်မူကြောင်း၊ ထိုအရှင်မြတ်နှင့် ➤➤

مَا اتَّخَذَ اللّٰهُ مِنْ وَّلَدٍ
وَّمَا كَانَ مَعَهٗ مِنْ اِلٰهٍ ۚ اِذًا
لَّذَهَبَ كُلُّ اِلٰهٍۢ بِمَا خَلَقَ
وَلَعَلَا بَعْضُهُمْ عَلٰى بَعْضٍ ؕ
سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ﴿٩١﴾

၉၁။ အလ္လာဟ် အရှင်မြတ်သည် သားတော်ဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရွေးချယ်ပြုလုပ်ထားတော်မူသည် မဟုတ်ပေ။ ထိုနည်းတူစွာ ထိုအရှင်နှင့်အတူ ကိုးကွယ်ရာဟူ၍လည်း (အခြား) တစ်ဦးတစ်ယောက်မျှပင် အလျှင်းမရှိချေ။ [၁] သို့ရှိခဲ့ပါမူ ကိုးကွယ်ရာတိုင်းသည် မိမိဖန်ဆင်းထားသောအရာခပ်သိမ်းတို့ကို အမှန်ပင် ခေါ်ဆောင်၍ ထွက်ခွာသွားခဲ့မည်သာမက၊ ထိုကိုးကွယ်ရာတို့အနက် တစ်ဦးသည်တစ်ဦး၏အပေါ်၌ မုချလွှမ်းမိုးခဲ့မည်သာ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ ကြံဖန်စွပ်စွဲ ပြောဆိုကြကုန်သော အကြောင်းကိစ္စတို့မှ လုံးဝ စင်ကြယ်သန့်ရှင်းတော်မူ၏။

عٰلِمِ الْغَيْبِ وَالشَّهَادَةِ
فَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿٩٢﴾ ع

၉၂။ မျက်ကွယ်၌ ရှိသမျှတို့ကိုလည်းကောင်း၊ မျက်မှောက်၌ရှိသမျှတို့ကိုလည်းကောင်း၊ အကြွင်းမဲ့ သိမြင်တော်မူသောအရှင်၊ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့ တွဲဖက်နှိုင်းယှဉ်းကိုးကွယ်ကြသည်တို့ထက် လွန်စွာ မြင့်မြတ်လှတော်မူပေသတည်း။

➤➤ ဆန့်ကျင်၍ကား တစ်ဦးတစ်ယောက်သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ကာကွယ်စောင့်ရှောက်နိုင်သည် မဟုတ်ကြောင်းများကို မကျွာမြို့သား ကာဖိရ်များသည် ကောင်းစွာသိကြသည်။ ဝန်ခံကြသည်။ ထို့ပြင်တစ်ဝ၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ ၎င်းတို့ထံသို့ အမှန်တရားလည်း ရောက်ရှိခဲ့ချေပြီ။

သို့ပါလျက် သေပြီးနောက် ပြန်လည်ရှင်ပြန်ထရေးနှင့် စပ်လျဉ်း၍ ဤသည် ရှေးသူဟောင်းတို့၏ ဒဏ္ဍာရီများသာဖြစ်သည်ဟု ဆိုကြခြင်းမှာ တမင်မုသားပြောဆိုခြင်း သာလျှင်ဖြစ်ပေသည်။ ထိုမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်မြတ်၏ အာဏာစက်အတွင်းမှ လူသားတို့သည် အသို့လျှင် လွတ်မြောက်ထွက်ခွာနိုင်ကြအံ့နည်း။ ထိုသို့သော အရှင်မြတ်အဖို့ လူသားတို့အား ပြန်လည်ရှင်ပြန်ထစေတော် မူရန်ကိစ္စမှာ အသို့လျှင် အခက်အခဲ ရှိနိုင်အံ့နည်း။

① **<u>အလ္လာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူမရှိ</u>**

တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၌ သားသမီး သဲ့ယောခဲ့ အလျှင်းမရှိ၊ ရှိရန်လည်း အလျှင်းမဖြစ်နိုင်၊ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူလည်းမရှိ၊ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာလည်းမရှိ၊ အကယ်၍ ဂုဏ်ရည်တူရှိခဲ့သော် စင်ပြိုင်ကိုးကွယ်ရာများ ရှိခဲ့ကြသော်၊ ၎င်းတို့သည် အသီးသီး မိမိတို့ဖန်ဆင်းထားသော ပိုင်ဆိုင်သော ➤➤

قُلْ رَّبِّ اِمَّا تُرِيَنِّيْ مَا يُوْعَدُوْنَ ﴿٩٣﴾

၉၃။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပါလေ။ အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ အကယ်၍ အရှင်မြတ်သည် ထို(ကာဖိရ် သွေဖည်ငြင်းပယ်သော)သူတို့ ချိန်းချက်ခြင်းခံကြရကုန်သော (ပြစ်ဒဏ်)ကို ကျွန်တော်မျိုးအား ပြသတော်မူလျှင်၊

رَبِّ فَلَا تَجْعَلْنِيْ فِي الْقَوْمِ الظّٰلِمِيْنَ ﴿٩٤﴾

၉၄။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ထိုအခါ အရှင်မြတ်သည်ကျွန်တော်မျိုးအား မတရား ကျူးလွန်သော အမျိုးသားတွင် ပါဝင်စေတော်မမူပါနှင့်၊

وَاِنَّا عَلٰٓى اَنْ نُّرِيَكَ مَا نَعِدُهُمْ لَقٰدِرُوْنَ ﴿٩٥﴾

၉၅။ စင်စစ်သော်ကား ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့အား ချိန်းချက်တော်မူသော(ပြစ်ဒဏ်ကို) အသင့်အား ပြသတော်မူရန် တတ်စွမ်းနိုင်တော်မူသော အရှင် အမှန်ပင် ဖြစ်တော်မူ၏။

اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ السَّيِّئَةَ ۭ نَحْنُ اَعْلَمُ بِمَا يَصِفُوْنَ ﴿٩٦﴾

၉၆။ (အို-နဗီတမန်တော်)အသင်သည် (ထိုကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့၏) *ဆိုးရွားသောပြုမူချက်တို့ကို အကောင်းဆုံးသောနည်းဖြင့် တွန်းလှန်ပါလေ။*[၂] ငါအရှင်မြတ်သည် (အသင့်အား) ၎င်းတို့ ကြံဖန်ပြောဆို စွပ်စွဲကြသည်များကို ကောင်းစွာ သိရှိတော်မူပေသည်။

➤➤ အရာများကို ယူဆောင် သိမ်းပိုက်ကြပေမည်။ အချင်းချင်း ပြိုင်ဆိုင်တိုက်ခိုက်ကြပေမည်။ အချို့တောခိုကြပေမည်။ စင်ပြိုင်အစိုးရ တောင်းကြပေမည်။ အဖျက်လုပ်ငန်းများ ပြုလုပ်ကြပေမည်။ မစားရသည့်အမဲသဲနဲ့ပက် ဆိုသကဲ့သို့လည်းကောင်း၊ 'မင်းသားကြီးမလုပ်ရ - ပတ်မကြီးထိုးဖောက်' ဆိုသကဲ့သို့လည်းကောင်း၊ ကမ္ဘာအိမ်ထောင်စုကြီးကို မီးတင်ရှို့ကြပေမည်။ သို့ဖြစ်လျှင် ကမ္ဘာအိမ်ထောင်စုကြီးသည် မနှိုင်းစကောင်း၊ 'ကျဲနှစ်ကောင်ခတ်သည့်ကြား မြေဖာပင် မခံနိုင်' ဆိုသကဲ့သို့ ပျက်ပြုန်း ဆိတ်သုဉ်းသွားပေမည်။

① မိမိပတ်ဝန်းကျင်၌ သက်ရောက်သော ပြစ်ဒဏ်စက်ကွင်း မမိရန်ဆုပန်ကြားတော်မူခြင်း။

အထက်တွင် ပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ကာဖိရ်များ အလွန်အကျွံမလေးမခန့် ပြုလုပ်လာကြသည့်အခါ ထိုအရှင်မြတ်၏ ထံတော်မှ အနှေးနှင့်အမြန် ပြစ်ဒဏ်သက်ရောက်မည်မှာ အမှန်ပင်ဖြစ်သည်။ ထို့အတွက် ထိုကာဖိရ်များ၏ ပတ်ဝန်းကျင်တွင် နေထိုင်ကြသော မုအ်မင်နှ်တို့အား ယင်းကာဖိရ်များ၌ သက်ရောက်သော ပြစ်ဒဏ်၏စက်ကွင်းတွင် မိမိတို့ မမိကြရန်အတွက် ဆုပန်ကြား ➤➤

وَقُل رَّبِّ أَعُوذُ بِكَ مِنْ هَمَزَاتِ الشَّيَاطِينِ ﴿٩٧﴾

၉၇။ ၎င်းပြင် အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ။ အို-ကျွန်တော်မျိုး၏ အရှင်မြတ်၊ ကျွန်တော်မျိုးသည် ရှိုင်တွာန် မိစ္ဆာကောင်တို့၏ တိုက်တွန်းနှိုးဆော်ချက်တို့မှ (လွတ်ကင်းရန်) အရှင်မြတ်၏ အကာအကွယ်ကို ရလိုပါ၏။

وَأَعُوذُ بِكَ رَبِّ أَن يَحْضُرُونِ ﴿٩٨﴾

၉၈။ ထိုနည်းတူစွာ ကျွန်တော်မျိုးသည် မိမိထံသို့ ထိုရှိုင်တွာန် မိစ္ဆာကောင်များ ရောက်ရှိမလာနိုင်ကြရန်လည်း အရှင်မြတ်၏အကာအကွယ်ကိုရလိုပါ၏။ [၁]

➢➢ စေတော်မူခြင်းပင်ဖြစ်သည်။ တမန်တော်မြတ်သည် အောက်ပါအတိုင်း ဆုပန်ကြားတော် မူခဲ့လေသည်။

"အရှင်မြတ်သည် လူမျိုးတစ်မျိုး၌ ပြစ်ဒဏ်သက်ရောက်စေရန် ရည်ရွယ်တော်မူပါလျှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ပြစ်ဒဏ်သက်ရောက်စေခြင်း မခံရသူအဖြစ်နှင့် ကွယ်လွန် သေဆုံးစေတော်မူပါ။"

(၂) အဆိုးကို အကောင်းနှင့် တုံ့ပြန်

အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား ဤပစ္စက္ခတွင် တမန်တော်မြတ်၏ မျက်စိအောက်၌ပင် ပြစ်ဒဏ်ခတ်တော် မူနိုင်သည်။ ကာဖိရ်များသည် အဘယ်မျှပင် ဆိုးသွမ်းမိုက်မဲလင့်ကစား တမန်တော်မြတ်ကိုယ်တိုင်ကမူ အဆိုးကိုအကောင်းနှင့်ပင် တုံ့ပြန်ဖယ်ရှားရမည် ဖြစ်ကြောင်း၊ မိမိ၏စိတ်ကို ထိန်းသိမ်းရမည် ဖြစ်ကြောင်း၊ နူးညံ့သိမ်မွေ့စွာ ဆက်ဆံခြင်းဖြင့် ကာဖိရ်များအနက် အချို့တို့သည် အစွယ်လာမ်ဘက်သို့ ယိမ်းယိုင်လာကြမည် ဖြစ်ကြောင်း၊ ဤသို့အားဖြင့် တရားဓမ္မ ဟောကြားခြင်း၏ ရည်ရွယ်ချက်လည်း ထမြောက်အောင်မြင်မည် ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်နှင့် ပတ်သက်၍ ယင်းကာဖိရ်များ မဟုတ်မမှန် ပြောဆိုနေကြ သည်များကို အကြွင်းမဲ့ သိတော်မူသည်ဖြစ်ရာ အချိန်တန်က ပြစ်ဒဏ်ကို တပ်ရိုက်သင့်သူများအား ပြစ်ဒဏ် တပ်ရိုက်တော်မူ မည်ဖြစ်ကြောင်း ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ အဆိုးကိုအကောင်းဖြင့် တုံ့ပြန်ဖယ်ရှားရမည့်အကြောင်း၊ ကုရ်အာန် (၄၁:၃၄-၃၆)တွင် မိန့်ဆိုထားတော်မူသည်။

(၁) ရှိုင်တွာန်၏ အနှောင့်အယှက်မှ ကင်းလွတ်ရန်ဆေးနည်း။

အထက်တွင် လူရှိုင်တွာန်များနှင့် မည်သို့မည်ပုံ ဆက်ဆံရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ဂျင်နရှိုင်တွာန်များနှင့် မည်သို့ မည်ပုံဆက်ဆံရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ဂျင်နရှိုင်တွာန်များသည်၊ လူရှိုင်တွာန်များနှင့် မတူချေ။ ဂျင်နရှိုင်တွာန်များသည် လူရှိုင်တွာန်များကဲ့သို့ နူးညံ့စွာဆက်ဆံမှု၊ အဆိုးကိုအကောင်းဖြင့် တုံ့ပြန်မှုစသည့် မည်သည့်နည်းနှင့်မျှ ယိမ်းညွှတ်သည်မရှိပေ။ ၎င်းတို့၏အနှောင့်အယှက်မှ လွတ်ကင်းရန် တစ်ခုတည်းသောဆေးမှာ၊ အလ္လာဟ်အရှင်မြတ် အထံတော်၌ ခိုလှုံခြင်းသာဖြစ်သည်။ ထို့အတွက် တမန်တော်မြတ်အားလည်း ဂျင်နရှိုင်တွာန်များ၏ အနှောင့်အယှက်မှ လွတ်ကင်းရန်အတွက် အလ္လာဟ်အရှင်မြတ် ထံတော်၌ ခိုလှုံရန် မိန့်ကြားထားတော်မူသည်။

حَتَّىٰٓ إِذَا جَآءَ أَحَدَهُمُ ٱلۡمَوۡتُ قَالَ رَبِّ ٱرۡجِعُونِ ٩٩

၉၉။ (ထို ကာဖိရ်တို့သည် နောင်တရကြမည့်သူ မဟုတ်ပေ၊) နောက်ဆုံးတွင် ၎င်းတို့အနက် တစ်ဦး တစ်ယောက်၏ထံသို့ မရဏသေခြင်းတရားသည် ရောက်ရှိလာသောအခါ၊ ထိုသူသည် (ဤသို့) လျှောက်ထားလေ၏။ "အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ပြန်လွှတ်တော်မူပါ။ [၁]

لَعَلِّيٓ أَعۡمَلُ صَٰلِحٗا فِيمَا تَرَكۡتُ كَلَّآۚ إِنَّهَا كَلِمَةٌ هُوَ قَآئِلُهَاۖ وَمِن وَرَآئِهِم بَرۡزَخٌ إِلَىٰ يَوۡمِ يُبۡعَثُونَ ١٠٠

၁၀၀။ ကျွန်တော်မျိုးသည် မိမိ စွန့်ထားခဲ့သော (လောကသို့ ပြန်သွား၍) ကောင်းမြတ်သောအကျင့် သီလကို ကျင့်မူဆောက်တည်အံ့သောငှာ၊ "အလျှင်း မဖြစ်နိုင်ပြီ။ ဧကန်စင်စစ် ဤသည်ကား ထိုသူသည် (မိမိနှုတ်ဖြင့်သာ)ပြောဆိုနေသောစကားတစ်ခွန်းမျှပင်။ စင်စစ်၎င်းတို့၏ရှေ့ဝယ် ၎င်းတို့ ရှင်ပြန်ထကြရမည့်နေ့ တိုင်အောင်အကာအဆီးတစ်ခု ရှိနေချေပြီတကား"။ [၂]

---

① **အသက်ငင်မှ နောင်တရက အကျိုးမရှိပြီ။**

ကာဖိရ်များသည် အသက်ငင်၍ "ဗရ်ဇခ်"၏ ပြစ်ဒဏ်၏ အစအနများကို စတင်တွေ့မြင် လာရသောအခါ နောင်တရကာ အလျှာ်အရှင်မြတ် ထံတော်၌ အရှင်မြတ်-အရှင်မြတ်သည် ကျွန်တော်မျိုးအား သနားသို့ ပို့တော်မူပါနှင့်ဦး၊ ကျွန်တော်မျိုးအား လူ့လောကသို့ ပြန်လွှတ်ပေးတော်မူပါ။ ကျွန်တော်မျိုးသည် မိမိသက်တမ်းတွင် မိုက်မှားခဲ့သည်များကို ပြုပြင်ပါမည်။ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည် ပါမည်။ ပြစ်မှုများကို မေ့မှား၍ပင် ကျူးလွန်တော့မည်မဟုတ်ပါ စသည်ဖြင့် လျှောက်ထားပန်ကြားပေမည်။ ဤသည့်သဘောကို ကုရ်အာန်(၆:၁၀) တွင်လည်း မိန့်ဆိုထားတော်မူသည်။

ထိုအချိန်ကျမှ နောင်တရခြင်းကား အကျိုးမရှိပြီ၊ လူ့လောကသို့ ပြန်လာရတော့မည်လည်း မဟုတ်ပေ။ အကယ်၍ လူ့လောကသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရပါကလည်း ယင်း ကာဖိရ်များသည် "ခွေးမြီးကောက် ကျည်တောက်စွပ်" ဆိုသကဲ့သို့ ဆိုးမိုက်မြဲတိုင်း ဆိုးမိုက်ကြမည်သာဖြစ်သည်။ ကြည့်-ကုရ်အာန် (၆:၂၈)။

② **ဗရ်ဇခ်ဘဝ။**

ကာဖိရ်များသည် သေခြင်းတရားကိုမြင်၍ ဤရွေ့ဤမျှ စိုးရိမ်ကြောက်ရွံ့ လျက်ရှိချေပြီ၊ ရှေ့တွင် "ဗရ်ဇခ်"ရှိသည်။ ဗရ်ဇခ်၏နောက်တွင် "ကိယာမတ်" ရှိသေးသည်။ ဗရ်ဇခ်တွင် လူသည် လူ့လောကသားတို့ မမြင်နိုင်သော အခြေအနေသို့ ရောက်ရှိသွားပေသည်။ နောင်တမလွန် ဘဝကား မရောက်ရှိသေးပေ။ သို့ရာတွင် ဗရ်ဇခ်၌ နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်နမူနာ အနည်းငယ်ကိုမူ ကိယာမတ်တိုင် ခံစားရမည်ဖြစ်သည်၊ ➤➤

فَإِذَا نُفِخَ فِي الصُّورِ فَلَا
أَنسَابَ بَيْنَهُمْ يَوْمَئِذٍ
وَلَا يَتَسَاءَلُونَ ﴿١٠١﴾

فَمَن ثَقُلَتْ مَوَازِينُهُ
فَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿١٠٢﴾

وَمَنْ خَفَّتْ مَوَازِينُهُ فَأُولَٰئِكَ
الَّذِينَ خَسِرُوا أَنفُسَهُمْ
فِي جَهَنَّمَ خَالِدُونَ ﴿١٠٣﴾

تَلْفَحُ وُجُوهَهُمُ النَّارُ وَهُمْ
فِيهَا كَالِحُونَ ﴿١٠٤﴾

၁၀၁။ ထို့နောက် တံပိုးမှုတ်သောအခါ ၎င်းတို့အချင်းချင်းတွင် သွေးတော်စပ်ခြင်းများလည်း အလျှင်းရှိလိမ့်မည် မဟုတ်ပေ။ အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြမည်လည်း မဟုတ်ချေ။

၁၀၂။ ထို့ကြောင့် (ထိုနေ့တွင် ကောင်းမှုဘက်၌) အလေးချိန်သာသော သူတို့သည်သာလျှင် အောင်မြင်မှုရရှိသူများ ဖြစ်ကြကုန်၏။

၁၀၃။ သို့ရာတွင် (ကောင်းမှုဘက်တွင်) အလေးချိန်ပေါ့လျော့နေသူတို့မူကား မိမိတို့ကိုယ်ကို မိမိတို့ပင် ဆုံးရှုံးစေခဲ့သူများ ဖြစ်ကြပေရာ (၎င်းတို့သည်) ဂျဟန္နမ် ငရဲဘုံ၌ ထာဝစဉ်နေထိုင်ကြရပေမည်။

၁၀၄။ (ငရဲ)မီးသည် ၎င်းတို့၏ မျက်နှာများကို လောင်ကျွမ်းလျက်ရှိပေမည်။ ထို့ပြင် ၎င်းတို့သည် ယင်းငရဲဘုံ၌ ရုပ်ဆင်းသဏ္ဌာန်ပျက်ယွင်းလျက် ရှိကြမည် ဖြစ်သတည်း။

➤➤ "ဗရ်ဇခ်"သည် သေပြီးနောက် ကိယာမတ်အထိ ကြားကာလကို ဆိုသည်။ ဗရ်ဇခ်နောက်တွင် ကိယာမတ်ဖြစ်မည်။ ရှေ့အာယတ်တော်များတွင် ကိယာမတ်အကြောင်းကို မိန့်ဆိုထားတော်မူသည်။

① **ကိယာမတ်နေ့တွင် ကြောက်ဖွယ်ဖြစ်အင်။**

"ဗရ်ဇခ်" နောက်တွင် ကိယာမတ်ဖြစ်မည်။ ဒုတိယအကြိမ် တံပိုးမှုတ်လိုက်သည့်အခါ သတ္တဝါအားလုံးတို့သည် သေရာမှ ပြန်လည်ရှင်ထပြီး ကွင်းပြင်ကြီးတစ်ခုတွင် လာရောက်စုရုံးကြရပေမည်။ ထိုအချိန်တွင် လူတိုင်းလူတိုင်းသည်၊ အကြောက်ကြီးကြောက်ကာ မိမိ၏အရေးတွင် တွေဝေငေးမောလျက် ရှိပေမည်။ အလုံးဆို့လျက်ရှိပေမည်။ မိဘနှင့်သားသမီး၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမ၊ လင်နှင့်မယား၊ ဆွေမျိုးသားချင်းများသည် ပင်လျှင် အချင်းချင်း တစ်ဦးကိုတစ်ဦး ပြန်ကြည့်နိုင်ကြမည် မဟုတ်ပေ။ ကြည့်-ကုရ်အာန် (၈၀:၃၃-၃၇)။

ထို့နောက်ပိုင်းတွင်မူ အချို့ မုအ်မင်န်သူတော်စင်များ၌ သားချင်းတော်စပ်မှုသည် အကျိုးဖြစ်ထွန်းကောင်းဖြစ်ထွန်းပေမည်။ ကြည့်-ကုရ်အာန် (၅၂:၂၁)။

တမန်တော်မြတ်၏ သြဝါဒတော်များတွင် လာရှိသည်မှာ ကိယာမတ်နေ့တွင် သားချင်းတော်စပ်မှု၊ မျိုးရိုးတော်စပ်မှု သွေးတော်စပ်မှုများသည် ပြတ်စဲသွားပေမည်။ သို့ရာတွင် တမန်တော်မြတ်၏ သားချင်းတော်စပ်မှု၊ မျိုးရိုးတော်စပ်မှု၊ သွေးတော်စပ်မှုများသည် ပြတ်စဲသွားမည်မဟုတ်ပေ။

أَلَمْ تَكُنْ آيَاتِي تُتْلَىٰ عَلَيْكُمْ فَكُنْتُمْ بِهَا تُكَذِّبُونَ ﴿١٠٥﴾

၁၀၅။ (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဤသို့မိန့်ကြားတော်မူပေမည်။) "ငါအရှင်မြတ်၏ အာယတ်တော်များသည် အသင်တို့ ရှေ့မှောက်တွင် ဖတ်ကြားခြင်း ခံခဲ့ရသောအခါ၊ အသင်တို့သည် ယင်း အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်လေ့ရှိခဲ့ကြသည် မဟုတ်လော။"

قَالُوا رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَالِّينَ ﴿١٠٦﴾

၁၀၆။ ထိုအခါ ၎င်းတို့သည် (ဤသို့) လျှောက်ထားကြပေမည်၊ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ (စင်စစ်) ကျွန်တော်မျိုးတို့၏ ကုသိုလ်ကံဆိုးမှုသည် ကျွန်တော်မျိုးတို့အပေါ်၌ လွှမ်းမိုးဖိစီးခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် လမ်းမှားသူများလည်း ဖြစ်ခဲ့ကြပါသည်။

رَبَّنَا أَخْرِجْنَا مِنْهَا فَإِنْ عُدْنَا فَإِنَّا ظَالِمُونَ ﴿١٠٧﴾

၁၀၇။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤဂျဟန္နမ် ငရဲဘုံမှ ထုတ်ယူတော်မူပါ၊ တစ်ဖန် အကယ်၍ ကျွန်တော်မျိုးတို့သည် (ဤသို့သော အပြုအမူမျိုးကို) ထပ်မံ၍ပြုလုပ်ခဲ့ကြပါလျှင်၊ ထိုအခါ ကျွန်တော်မျိုးတို့သည် ပြစ်မှုကျူးလွန်သူများအမှန်ပင် ဖြစ်ကြပါမည်။ ③

---

③ **ကာဖိရ်များ မိမိတို့၏အမှား ဝန်ခံခြင်း။**

ကိယာမတ်နေ့တွင် ကာဖိရ်များအား အလ္လာဟ်အရှင်မြတ်က အသင်တို့ရှေ့တွင် ငါအရှင်မြတ်၏ ဒေသနာတော်များကို ရွတ်ဖတ်ဟောကြားခဲ့ရာ အသင်တို့သည် ငြင်းပယ်ခဲ့ကြသည် မဟုတ်ပါသလောဟု မေးမြန်းတော်မူမည်။ ထိုအခါ ကာဖိရ်များသည် မိမိတို့၏အမှားကို ဝန်ခံကြပေမည်။ မိမိတို့အား လူလောကသို့ ပြန်လွှတ်တော် မူပါမည့်အကြောင်း၊ ထို့နောက်တစ်ဖန် မိုက်မှားပါက မိမိတို့သည် အမှန်ပင်ကျူးလွန်သူများဖြစ်ကြမည့်အကြောင်း လျှောက်ထားကြပေမည်။ ပြစ်ဒဏ်တပ်ရိုက်သည့် အခါကျမှ ဝန်ချတောင်းပန်ခြင်းကား၊ အသို့လျှင် အကျိုးရှိနိုင်အံ့နည်း။

قَالَ اخْسَـُٔوْا فِيْهَا وَلَا تُكَلِّمُوْنِ ﴿١٠٨﴾

၁၀၈။ (ထိုအခါ) ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်။ အသင်တို့သည် ယင်းဂျဟန္နမ်ငရဲဘုံ၌ ဂုဏ်ရည်သေးသိမ်စွာ မောင်းထုတ်ခြင်းခံရသူများအဖြစ် ရှိနေကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်နှင့် အလျှင်းစကားမပြောဆိုကြကုန်လင့်။

اِنَّهٗ كَانَ فَرِيْقٌ مِّنْ عِبَادِيْ يَقُوْلُوْنَ رَبَّنَآ اٰمَنَّا فَاغْفِرْ لَنَا وَارْحَمْنَا وَاَنْتَ خَيْرُ الرّٰحِمِيْنَ ﴿١٠٩﴾

၁၀၉။ ဇကနဲစင်စစ် ငါအရှင်မြတ်၏ ကျွန်တို့အနက် လူတစ်စုသည် ရှိခဲ့ကြကုန်၏။ ၎င်းတို့သည် (ငါအရှင်မြတ်အထံတော်တွင် ဤသို့) လျှောက်ထားပန်ကြားလျက် ရှိခဲ့ကြကုန်၏။ အို-ကျွန်တော်မျိုးတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါသည်၊ ထို့အတွက် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သနားတော်မူပါ။ စင်စစ်သော်ကား အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန် သနားကြင်နာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။

فَاتَّخَذْتُمُوْهُمْ سِخْرِيًّا حَتّٰٓى اَنْسَوْكُمْ ذِكْرِيْ وَكُنْتُمْ مِّنْهُمْ تَضْحَكُوْنَ ﴿١١٠﴾

၁၁၀။ ထိုအခါ အသင်တို့သည် ၎င်းတို့အား ပြက်ချော်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်ခဲ့ကြကုန်၏။ နောက်ဆုံးတွင် ၎င်းတို့အား အသင်တို့၏ ပြက်ချော်မှုသည် အသင်တို့ကို ငါအရှင်မြတ်အား သတိရခြင်းမမေ့ပျောက်စေခဲ့ကုန်သည်။ ၎င်းပြင် အသင်တို့သည် ထိုသူတို့အပေါ်၌ရယ်မောလျက်ပင်ရှိခဲ့ကြကုန်၏။[၁]

---

① အလ္လာဟ်အရှင်မြတ်က ဆက်လက်၍ ကာဖိရ်များအား လူ့လောကတွင် ငါအရှင်မြတ်၏ကျွန် သူတော်စင်များ ရှိခဲ့ကြသည်။ ငါ့ထံ ဆုပန်ခဲ့ကြသည်။ အသင်တို့သည် ယင်းသူတော်စင်များအား ပြောင်လှောင်ခဲ့ကြသည်။ ပြောင်လှောင်မှုဒဏ်ပင် လုံးဝနစ်မွန်း၍ နေခဲ့ကြပေသည်။ ငါ့ကိုပင် အမှတ်မရနိုင်ခဲ့ကြပေ။ ထိုသူတော်စင်များသည် အသင်တို့ ကဲ့ရဲ့ပြစ်တင် ပြောဆိုခဲ့ကြသည်များနှင့် ကျူးကျော်စော်ကားခဲ့ကြသည်များကိုလည်း ခံခဲ့ကြပေသည်။ အမှန်မှာ အသင်တို့သည် ငါ၏ကျွန် သူတော်စင်များကိုလည်း စော်ကားခဲ့ကြသည်။ ငါ၏ဒေသနာတော်များ ➤➤

إِنِّي جَزَيْتُهُمُ الْيَوْمَ بِمَا صَبَرُوا أَنَّهُمْ هُمُ الْفَائِزُونَ ﴿١١١﴾

၁၁၁။ ယနေ့ ငါအရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏သည်းခံမှုကြောင့် ကောင်းကျိုးကို ချီးမြှင့်တော်မူလိုက်ပြီ၊ မုချဧကန် ၎င်းတို့သည်သာ အောင်မြင်သူများ ဖြစ်ကြကုန်သတည်း။

قَالَ كَمْ لَبِثْتُمْ فِي الْأَرْضِ عَدَدَ سِنِينَ ﴿١١٢﴾

၁၁၂။ ထိုအရှင်မြတ်သည် (၎င်းတို့အား) အသင်တို့သည် ကမ္ဘာမြေဝယ် နှစ်ပရိစ္ဆေဒ အရေအတွက်အား ဖြင့် မည်မျှကြာအောင် နေခဲ့ကြသနည်းဟု မိန့်ကြားတော်မူမည်။

قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ فَاسْأَلِ الْعَادِّينَ ﴿١١٣﴾

၁၁၃။ (ထိုအခါ) ၎င်းတို့က ကျွန်တော်မျိုးတို့သည် *တစ်နေ့တိတိသော်လည်းကောင်း၊ တစ်နေ့လျော့လျော့သော်လည်းကောင်း၊ နေခဲ့ကြပါသည်။* [၁] သို့ပါ၍ အရှင်မြတ်သည် ရေတွက်သူ(များဖြစ်ကြသော "မလာအိကဟ်" ကောင်းကင်တမန်)တို့အား မေးမြန်း၍ ကြည့်တော်မူပါဟု လျှောက်ထားကြပေမည်။

➤➤ ကိုလည်း စော်ကားခဲ့ကြသည်။ သို့အတွက် အသင်တို့သည် အမှားကြီးမှား၍ အရှုံးကြီးရှုံးကြပြီ၊ ထာဝရ ငရဲသို့ လားကြရပြီ၊ ငါ၏ကျွန် သူတော်စင်များမှာမူ ငါ၏ဒေသနာတော်များကို ဦးလည်မသုံလိုက်နာကျင့်သုံးခဲ့ကြသည်။ သို့ လိုက်နာကျင့်သုံးရာတွင် တွေ့ကြုံခဲ့ရသော ဒုက္ခကြီးငယ်များကိုလည်း သည်းခံခဲ့ကြသည်။ ထို့အတွက် ၎င်းတို့ အောင်မြင်ခြင်းကြီးမက အောင်မြင်ကြပြီ၊ ထာဝရအမတသုခဘုံသို့ လားကြရပြီဟု မိန့်ကြားတော်မူပေမည်။

① ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က ကာဖိရ်များအား၊ အသင်တို့သည် လူ့လောက၌၊ အဘယ်မျှ နေထိုင်ခဲ့ကြသနည်းဟု မေးတော်မူမည်၊ ကာဖိရ်များက ကျွန်တော်မျိုးတို့သည် တစ်နေ့သို့မဟုတ် တစ်နေ့၏ အချို့အဝက်မျှသာ နေထိုင်ခဲ့ကြပါသည်ဟု လျှောက်ထားကြပေမည်။

နောင်တမလွန်နှင့်စာလျှင် ဤပစ္စက္ခလူ့လောကသည် ခေတ္တခဏ၊ သခ်ၤရမျှသာဖြစ်ပေသည်။ သို့တစေလည်း ကာဖိရ်များသည် လူ့လောကကို လူ့ပန်းတိုင်ဟု ယူဆကာ သံယောဇဉ်ကြီးစွာဖြင့် လောကီရေးရာများတွင် နစ်မွန်း၍ နေခဲ့ကြလေသည်။ နောင်တမလွန်အရေးကို စိတ်ကူးထဲ၌ မေ့မှား၍မျှပင် မထည့်ခဲ့ကြပေ။ ကာဖိရ်များသည် မုအ်မင်န် သူတော်စင်များနည်းတူ တမန်တော်များ၏ဩဝါဒများကို နာခံခဲ့ကြပါက၊ မမောက်မာခဲ့ကြပါက၊ မမိုက်မှားခဲ့ကြပါက၊ မကျူးကျော် မစော်ကားခဲ့ကြပါက၊ လူ့လောက၏ သဘောသဘာဝကို ယခင်ကပင် သိမြင်၍ နောင်တမလွန်အရေးများကို ကြိုးစားဆောက်တည်ခဲ့ကြပါက၊ ယခုကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်ကာ ငရဲသို့လားကြရမည် မဟုတ်ပေ။ ကာဖိရ်များသည် လူ့လောကတွင် အသက်ရှင်နေစဉ် ပြစ်ဒဏ်ကိုပင် အလျင်စလို တောင်းဆိုခဲ့ကြသည် ယခုမူတွေ့ကြရပြီ။

قُلْ إِن لَّبِثْتُمْ إِلَّا قَلِيلًا لَّوْ أَنَّكُمْ كُنتُمْ تَعْلَمُونَ ﴿١١٤﴾

၁၁၄။ ထိုအခါ ထိုအရှင်မြတ်က (ဤသို့) မိန့်ကြားတော်မူမည်။ အသင်တို့သည် (ကမ္ဘာမြေဝယ်) အနည်းငယ်မျှသာ ကြာမြင့်ခဲ့ကြပေသည်။ အကယ်၍သာ (ဤသည်ကို) အသင်တို့သည် (ယခင်ကပင်) သိရှိခဲ့ကြလျှင် ကောင်းလေစွတကား။

أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ ﴿١١٥﴾

၁၁၅။ အသင်တို့သည် မိမိတို့အား ငါအရှင်မြတ်က အချည်းနှီး အကျိုးမဲ့သာဖန်ဆင်းတော်မူခဲ့သည်ဟူ၍လည်းကောင်း၊ အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်ရှိကြရမည် မဟုတ်ဟူ၍လည်းကောင်း၊ ထင်မှတ်ခဲ့ကြလေသလော။ ၁

---

① **လူသားတို့အား အချည်းနှီး ဖန်ဆင်းထားတော်မူသည် မဟုတ်။**

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အချည်းနှီး ဖန်ဆင်းထားတော် မူသည်မဟုတ်။ ကာဖိရ်များသည် မိမိတို့အား ဖန်ဆင်းထားတော်မူသည့် ရည်ရွယ်ချက်ကိုပင် မသိနားမလည်ကြပေ။ လူသည် အသက်ထွက်သွားသည့်အခါ လုံးဝဆိတ်သုဉ်း ပျောက်ပျက်သွားသည် ဟူ၍ပင်ထင်မှတ်ကြသည်။ ဤပစ္စက္ခဘဝ၏ နောက်တွင် နောင်တမလွန်ဘဝရှိ၊ ဤပစ္စက္ခသည် အမိ၊ ဤပစ္စက္ခသည် အဘ၊ ဤပစ္စက္ခသည် အဓိကပင်ဖြစ်သည်ဟု ယူဆကြသည်။ ဤကား မဟာအမှားပင်။

အမှန်မှာ အသက်ထွက်သွားရုံမျှဖြင့် လူသား၏ဘဝသည် ဆုံးခန်းတိုင် ရောက်သွားသည်မဟုတ်ပေ။ ဤပစ္စက္ခသည် အစဖြစ်သည်။ နောင်တမလွန်ဘဝသည် အဆုံးဖြစ်သည်။ လူသားတို့သည် နောင်တမလွန်ဘဝတွင် အလ္လာဟ် အရှင်မြတ်၏ထံတော်သို့ ပြန်လည် ရောက်ကြရဦးမည်။ စာရင်းရှင်းကြရဦးမည်။ ဆိုးကောင်း၊ ခံစံကြရဦးမည်။

အကယ်၍ ဤပစ္စက္ခဘဝ၏နောက်တွင် နောင်တမလွန်ဘဝမရှိပါက ကျိုးပြစ် မခံစံကြရပါက ဤမျှကြီးမားသော အံ့မဆုံးသော စကြာဝဠာကြီးကို ဖန်ဆင်းထားတော်မူခြင်းမှာ (မပြောအပ်၊ မဆိုအပ်) အချည်းနှီးဖြစ်သွားပေမည်။ မိမိအား တော်လှန်ပုန်ကန်သော သူယုတ်တို့အား ဘေးမဲ့လွတ်ထားရာ ရောက်မည်။ မိမိအား သစ္စာရှိသော သူတော်စင်များအား လျစ်လျူပြုထားရာ ရောက်မည်။ ဤသို့ကား၊ အလျှင်းမဖြစ်နိုင်၊ ဥာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်မြတ်သည် ဤသို့သော အချည်းနှီးသော၊ အဓိပ္ပါယ်ကင်းမဲ့သော အရာများထက် အတိုင်းမသိ မြင့်မြတ်တော်မူပေသည်။ ထိုအရှင်မြတ်နှင့်ပတ်သက်၍ ဤသို့သော အတွေးအခေါ်မျိုးကို မေ့မှား၍မျှ မတွေးရာ။

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۚ لَآ اِلٰهَ اِلَّا هُوَ ۚ رَبُّ الْعَرْشِ الْكَرِيْمِ ﴿١١٦﴾

၁၁၆။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့ အချည်းနှီး ပြုလုပ်တော်မူခြင်းမှ) လုံးဝ ကင်းစင်မြင့်မြတ်လှတော်မူသော၊ ဘုရင်မင်းမြတ် အစစ်အမှန် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတပါး၊ ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်း မရှိပြီ။ (ထိုအရှင်မြတ်သည်) မြင့်မြတ်လှစွာသော "အရ်ရှ်"ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَمَنْ يَّدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۙ لَا بُرْهَانَ لَهٗ بِهٖ ۙ فَاِنَّمَا حِسَابُهٗ عِنْدَ رَبِّهٖ ۭ اِنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ ﴿١١٧﴾

၁၁၇။ စင်စစ်သော်ကား၊ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်၍ အကြောင်းမဲ့၊ အထောက်အထားမဲ့၊ အခြားကိုးကွယ်ရာတစ်စုံတစ်ရာကို ဟစ်ခေါ်ဆည်းကပ်ကိုးကွယ်သည်ရှိသော်၊ ထိုသူအား စစ်ဆေးရန်မှာငင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်၌သာလျှင် ရှိပေသည်။ မလွဲဧကန် ကာဖိရ်သွေဖည် ငြင်းပယ်သော သူတို့ကား အောင်မြင်မှုရရှိကြမည် မဟုတ်ပေ။ [၁]

---

① **ကာဖိရ်များကား အောင်မြင်ကြမည် မဟုတ်ပေ။**

အလ္လာဟ်အရှင်မြတ်သည် ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အမှန်တကယ်၊ စိုးပိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး၊ အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ ကြီးကဲမြင့်မြတ်လှသော "အရ်ရှ်" ပလ္လင်တော်ကိုလည်း ထိုအရှင်မြတ်သည်ပင် စိုးပိုင်တော်မူသည်။ သို့ပါလျက် ကာဖိရ်များသည် ထိုအရှင်မြတ်နှင့် ယှဉ်တွဲ၍ အထောက်အထားမဲ့၊ အကြောင်းမဲ့ အခြားအရာများကိုလည်း ဆည်းကပ်ကိုးကွယ်ကြပါက ယင်းကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ စာရင်းရှင်းကြရမည်။ သို့ စာရင်းရှင်းကြရလျှင် ၎င်းတို့သည် အသို့လျှင် အောင်မြင်ကြအံ့နည်း။ ငရဲသို့ ထာဝစဉ် လားကြရမည်သာတည်း။

ဤကဏ္ဍ၏ အစတွင် မုအ်မင်နမျာ်း အောင်မြင်ကြသည့်အကြောင်း၊ မိန့်ဆိုထားတော်မူသည်။ ဤကဏ္ဍ၏အဆုံးတွင် ကာဖိရ်များ မအောင်မြင်ကြသည့် အကြောင်း၊ မိန့်ဆိုထားတော်မူသည်။ ဤကား မုအ်မင်နှင့် ကာဖိရ်အား ယှဉ်တွဲ မိန့်ဆိုထားတော်မူခြင်းတည်း။

وَقُل رَّبِّ اغْفِرْ وَارْحَمْ وَأَنتَ خَيْرُ الرَّاحِمِينَ ﴿١١٨﴾

၁၁၈။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ။ အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ အရှင်မြတ်သည် (ကျွန်တော်မျိုးအား) ခွင့်လွှတ်တော်မူပါ၊ ထို့ပြင် အရှင်မြတ်သည် (ကျွန်တော်မျိုးအပေါ်၌) သနားကြင်နာတော်မူပါ။ စင်စစ်သော်ကား အရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက်သာလွန် သနားကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။ [၁]

---

① **တမန်တော်မြတ်အား ဆုပန်ကြားရန် အမိန့်တော်။**

ဤကဏ္ဍအစတွင် မုအ်မင်နဲ်များ အောင်မြင်ကြသည့်အကြောင်း ဤကဏ္ဍ၏ အဆုံးတွင် ကာဖိရ်များ အောင်မြင်ကြမည် မဟုတ်သည့်အကြောင်း၊ မိန့်ဆိုထားတော်မူသည်။ ထို့နောက် တမန်တော်မြတ်အား အလျှာ်အရှင်မြတ် အထံတော်၌ ဆုပန်ကြားရန်၊ မိန့်ဆိုထားတော်မူသည်။ တမန်တော်ကဲ့သို့ "မအ်ဆူမ်" အပြစ်ကင်းတော်မူသော တမန်တော်အားပင် ယင်းသို့ ဆုပန်ကြားရန် အမိန့်တော်လာရှိပေရာ အခြားသူများအဖို့ ဆုပန်ကြားခြင်းသည် အဘယ်မျှ အရေးကြီးသည်ကို ထုတ်ဖော်ရေးသားရန်ပင် မလိုတော့ပေ။

"မယ်ဖိရတ်"နှင့် "ရဟ်မတ်"၏ ခြားနားချက်မှာ- မယ်ဖိရတ်သည် အပြစ်များကို ဖုံးအုပ်ပေးသည်လွှတ်ငြိမ်းချမ်းသာခွင့် ရစေသည်။ အပြစ်များကို လူသားတို့၏ အမြင်မှ မေ့ပျောက်စေသည်။ "ရဟ်မတ်"သည် အပြောအဆို အမူအကျင့်ကိစ္စ ဟူဟူသမျှတွင် အကြောင်းလှစေသည်။ အကောင်းကို ပြုစွမ်းနိုင်စေသည်။

ရောင်ခြည်တော်ကဏ္ဍ



ဤကဏ္ဍသည် "နူရ်" ရောင်ခြည်တော် အကြောင်းပါဝင်သော ကဏ္ဍဖြစ်သည်။
မဒီနာမြို့တော်၌ ထုတ်ပြန် ပို့ချတော်မူသော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍတွင် "အာယတ်တော်" (၆၄)ပါးနှင့် "ရကူအ်" အပိုဒ် (၉)ပိုဒ် ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

سُوْرَةٌ اَنْزَلْنٰهَا وَفَرَضْنٰهَا وَاَنْزَلْنَا فِيْهَآ اٰيٰتٍۢ بَيِّنٰتٍ لَّعَلَّكُمْ تَذَكَّرُوْنَ ①

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော
အနန္တဂုဏ်ထာရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

၁။ (ဤသည်)ကဏ္ဍတစ်ခုပင် ငါအရှင်မြတ်သည်ပင် ယင်းကဏ္ဍကို ချပေးထားတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည်ပင်ယင်းကဏ္ဍကို သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ ထိုမှတပါး ငါအရှင်မြတ်သည် အသင်တို့ တရားရကြအံ့သောငှာ ယင်းကဏ္ဍ၌ ထင်ရှားစွာသော *အာယတ်တော်များကိုချပေးတော်မူခဲ့သည်။*[၁]

---

① **ဤကဏ္ဍသည် အလွန်အရေးကြီးလှသည်။**

ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးသည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်ထားတော်မူသော အာယတ်တော်များချည်းသာလျှင် ဖြစ်ချေသည်။ ကုရ်အာန်ကျမ်းလာ အမိန့်ပညတ် အရပ်ရပ်တို့သည်လည်း ထိုအရှင်မြတ် ပြဋ္ဌာန်းသတ်မှတ် ပညတ်ထားတော်မူသော အမိန့်တော်၊ ပညတ်တော်များချည်းသာလျှင် ဖြစ်ချေသည်။

သို့ပါလျက် ဤကဏ္ဍ၏အစတွင် ဤကဏ္ဍနှင့်စပ်လျဉ်း၍ (ဤကား အကြင်သို့သော) ကဏ္ဍတစ်ခုပင်၊ ယင်းကဏ္ဍ(လာ ပုဒ်များကိုလည်း) ငါအရှင်မြတ်သည်ပင် ချပေးတော်မူခဲ့ပေသည်။ ယင်းကဏ္ဍ(လာ အမိန့်ပညတ် အရပ်ရပ်)ကိုလည်း ငါအရှင်မြတ်သည်ပင် ပြဋ္ဌာန်းသတ်မှတ် ပညတ်ပေးတော်မူခဲ့ပေသည်။ ၎င်းနောက် အသင်တို့ တရားရကြအံ့သောငှာ ငါအရှင်မြတ်သည် ယင်းကဏ္ဍတွင် ထင်ရှားသော အာယတ်တော်များကို ထုတ်ပြန်ချမှတ်ထားတော်မူသည်ဟု မိန့်ဆိုထားတော် မူခြင်းမှာ အခြားမဟုတ်၊ ဤကဏ္ဍလာ ပညတ်အရပ်ရပ်ကို အထူးတလည် လေ့လာလိုက်စား မှတ်သားပြီး ဦးလည်မသုန် လိုက်နာကျင့်သုံးကြရန်ပင် ဖြစ်သည်။

ဤကဏ္ဍလာ အမိန့်ပညတ်များ အနက် အများစုမှာ အမျိုးသမီးများနှင့် အထူးဆက်စပ်လျက်ရှိသည်။ ထို့အတွက် တမန်တော်မြတ်ကလည်း "အသင်တို့သည် ဤကဏ္ဍကို မိမိတို့၏အမျိုးသမီးများအား သင်ကြားပေးကြကုန်" ဟု အမိန့်တစ်ရပ် မိန့်မှာသွားတော်မူခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ထောက်ရှု၍ ဤကဏ္ဍသည် အဘယ်မျှ အရေးကြီးလှသည်ကို ကောင်းစွာ နားလည်နိုင်ပေသည်။

اَلزَّانِيَةُ وَالزَّانِيْ فَاجْلِدُوْا كُلَّ وَاحِدٍ مِّنْهُمَا مِائَةَ جَلْدَةٍ ۖ وَّلَا تَاْخُذْكُمْ بِهِمَا رَاْفَةٌ فِيْ دِيْنِ اللّٰهِ اِنْ كُنْتُمْ تُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۚ وَلْيَشْهَدْ عَذَابَهُمَا طَآئِفَةٌ مِّنَ الْمُؤْمِنِيْنَ ۝٢

၂။ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော မိန်းမသည်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော ယောကျ်ားသည်လည်းကောင်း၊ အသင်တို့သည် ၎င်းတို့နှစ်ဦးအနက်တစ်ဦးစီကို ကြိမ်ဒဏ်အချက်ပေါင်း တစ်ရာစီ ရိုက်ကြလေကုန်။ [၁] ထို့ပြင် အကယ်၍ အသင်တို့သည်အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက်ဝင် ယုံကြည်ကြလျှင် ၎င်းတို့နှစ်ဦးအပေါ်၌ ကရုဏာသက်ရောက်မှုသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ကို လိုက်နာဆောင်ရွက်ရာတွင် ချုပ်တည်းခြင်း အလျှင်းမရှိစေရ။ [၂]

ထို့ပြင် ၎င်းတို့နှစ်ဦးအား ပြစ်ဒဏ်ပေးသည်ကို "မုအ်မင်န်" သက်ဝင် ယုံကြည်သူ တစ်စုသည် လာရောက် ကြည့်ရှုကြရမည် ဖြစ်သတည်း။ [၃]

---

① **ကာမေသု မိစ္ဆာစာရက် ကျူးလွန်မှု၏ ပြစ်ဒဏ်။**

ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော အကြင်မိန်းမ၊ အကြင်ယောကျ်ားသည် -

(၁) လွတ်လပ်သူ (ကျေးကျွန်မဟုတ်သူ) ဖြစ်သော်၊

(၂) အသိဉာဏ်ရှိသူ (ရူးသွပ်သူမဟုတ်သူ) ဖြစ်သော်၊

(၃) အရွယ်ရောက်သူ ဖြစ်သော်

(၄) အပျိုလူပျို ဖြစ်သော် (၀၊) မထိမ်းမြားရသေးသော်၊ ထိမ်းမြားပြီးပါကလည်း ကာယသံသဂ္ဂအမှု မပြုရသေးသော် ထိုသို့သောမိန်းမ ထိုသို့သော ယောကျ်ားအား ကြိမ်ဒဏ်(၁၀၀) တပ်ရိုက်ရမည်ဖြစ်သည်။

အကယ်၍ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သော အကြင်မိန်းမ၊ အကြင်ယောကျ်ားသည် လွတ်လပ်သူ မဟုတ်သော် (၀၊) ကျေးကျွန်ဖြစ်နေသော်၊ ယင်းသို့သော ကျွန်မိန်းမ၊ ကျွန်ယောကျ်ားကိုမူ ကြိမ်ဒဏ်(၅၀) တပ်ရိုက်ရမည်ဖြစ်သည်။ ဤအကြောင်း ကုရ်အာန် (၄:၂၅)တွင် ပါရှိသည်။

အကယ်၍ ကာမေသုမိစ္ဆာစာရက် ကျူးလွန်သူသည် အသိဉာဏ်မရှိသူ ဖြစ်နေသူသော် သို့မဟုတ် အရွယ်မရောက်သေးသော သူဖြစ်နေသော်၊ ထိုသို့သော သူ၌ သာသနာ့ အမိန့်ပညတ်များကို လိုက်နာကျင့်သုံးရန်ပင် တာဝန်မရှိသေးသည့်အတွက် တာဝန်ပျက်ကွက် ချိုးဖောက်မှု၏ ပြစ်ဒဏ်လည်းမရှိပေ။

အကယ်၍ အကြင် မွတ်စ်လင်မ်တစ်ဦး၌ လွတ်လပ်မှု၊ အရွယ်ရောက်မှု၊ အသိဉာဏ်ရှိမှု၊ ထိမ်းမြားမှု၊ ကာယသံသဂ္ဂပြုမှု စသည့် အချက်အလက်များ ပြည့်စုံနေသော်၊ ထိုသို့သောသူအား "မုဟ်ဆွင်န်" အမျိုးသမီး ➤➤

➤➤ ဖြစ်ပါက "မုဟ်ဆွိနဟ်" ဟုခေါ်သည်။ ထိုသို့သော မုဟ်ဆွင်နှ သို့မဟုတ် မုဟ်ဆွိနဟ်တစ်ဦးသည် ကာမေသုမိဆ္ဆာစာရက် ကျူးလွန်ပါက ၎င်း၏ပြစ်ဒဏ်မှာ "ရဂ်ဖ်" ခံပေါက်သတ် ပြစ်ဒဏ်ပင်ဖြစ်သည်။ ဤအကြောင်း တမန်တော်မြတ်၏ သြဝါဒတော် များတွင် အတိအလင်း လာရှိပေသည်။

ကြိမ်ဒဏ်အရိုက်ခံရမည့် သူတစ်ဦးသည် ကျန်းမာရေးချို့တဲ့မှုကြောင့်၊ ကြိမ်၏ဒဏ် မခံနိုင်သေးသည် ရှိသော် ကျန်းမာရေး ကောင်းလာသည် အထိ၊ ကြိမ်ဒဏ်ရိုက်မှုကို ရွှေ့ဆိုင်းထားရမည် ဖြစ်သည်။

ထာနဝီ။ အ-၈၊ စ-၂-၃။

မှတ်ချက်။

ကာမေသုမိဆ္ဆာစာရက် ကျူးလွန်မှုနှင့်စပ်လျဉ်း၍ အစွဲလာမ်တရားတော်နှင့်အညီ ခံပေါက်သတ်ပြစ်ဒဏ် ခတ်နိုင်ရန်အတွက်၊

(က) ကိုယ်တွေ့ မျက်မြင်သက်သေ (၄)ဦး ရှိရမည်။ ထိုသက်သေ (၄) ဦးတို့သည် -

(၁) မွတ်စ်လင်မ်များ ဖြစ်ကြရမည်။

(၂) အသိဉာဏ်ကောင်းမွန်သူများ ဖြစ်ကြရမည်။

(၃) တရားသူများ ဖြစ်ကြရမည်။

(၄) ယင်းသို့သော သက်သေ(၄)ဦးက ကိုယ်တွေ့မျက်မြင် တိကျမှန်ကန်စွာ သက်သေထွက်ဆို ကြရပေမည်။

(ခ) သို့တည်းမဟုတ်၊ ကာယကံရှင်က ပြစ်မှုကျူးလွန်ကြောင်း၊ မိမိကိုယ်တိုင် အကြိမ်ကြိမ် ဝန်ခံထုတ်ဖော် ပြောဆိုရမည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ အနည်းငယ်မျှပင် ဒွိဟသံသယမှု ဖြစ်ပေါ်လာပါက အပြစ်ဒဏ်သည် ပလပ်သွားပေမည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အသေးစိတ်သိလိုပါက ဟဒါဃဟ်ကျမ်းတွင် ရှုပါကုန်။

(၂) သာသနာရေးတွင် ပြတ်သားရမည်။

ကာမေသုမိဆ္ဆာစာရမှု ကျူးလွန်သူများအား အစွဲလာမ်တရားတော်နှင့်အညီ ပြစ်ဒဏ်ခတ်ရာတွင် မတရား သနား၊ ကြင်နာ၊ ထောက်ထားမှုများကြောင့် ဆုတ်ဆိုင်းမှု၊ လျော့ပါးမှု အလျှင်းမရှိရာ၊ ပြစ်မှုကျူးလွန်သူအား အပြစ်ရှိသည့်အလျောက် ဖြူမည်းမခြား၊ မထောက်ထားဘဲ မှန်ကန်တိကျပြတ်သားစွာ အပြစ်ပေးရမည်သာ ဖြစ်သည်။

ဤပစ္စက္ခတွင် အပြစ်ရှိသည့်အလျောက် ပြစ်ဒဏ် ခံသွားရခြင်းသည် ပြစ်မှုကျူးလွန်မိသူအဖို့ အကောင်းပင်၊ အဘယ်ကြောင့်ဆိုသော် ပြစ်မှုရှိသူတစ်ဦးသည် ဤပစ္စက္ခတွင် မိမိ၏ပြစ်ဒဏ်ကို ခံသွားရပြီးနောက် (အင်နှာအလ္လာဟ်) နောင်တမလွန်ဘဝတွင် ယင်းပြစ်မှုဌ် အပြစ်ကင်းစင်သူ တစ်ဦးအဖြစ် ရှင်ပြန်ထရမည်သာ ဖြစ်သည်။ ပြစ်ဒဏ်ခံရမည် မဟုတ်ပေ။

(၃) ပြစ်ဒဏ်ခတ်ရာသို့ လာကြည့်ရာ၏။

ကာမေသုမိဆ္ဆာစာရမှုကို ကျူးလွန်သူများ ပြစ်ဒဏ်ခတ်ရာသို့ မွတ်စ်လင်မ်များ လာကြည့်အပ်ပေသည်။ သို့ လာရောက် ကြည့်ရှုခြင်းအားဖြင့် ပြစ်ဒဏ်ခတ်သည့် သတင်းသည် တစ်ယောက်စကား တစ်ယောက်နား ပေါက်ကြားကာ တိုင်းပြည်အဝှန်းသို့ ပျံ့နှံ့သွားပေမည်။ ကြားရသူ ပြည်သူအပေါင်းတို့သည် ဆင်ခြင်ကြပေမည်။ ထိတ်လန့်ကြပေမည်။ ကာမေသုမိဆ္ဆာစာရမှုကို ဝေးစွာ ရှောင်ကြဉ်ကြပေမည်။ ထာနဝီ။

اَلزَّانِيْ لَا يَنْكِحُ اِلَّا زَانِيَةً اَوْ مُشْرِكَةً ۖ وَّالزَّانِيَةُ لَا يَنْكِحُهَآ اِلَّا زَانٍ اَوْ مُشْرِكٌ ۚ وَحُرِّمَ ذٰلِكَ عَلَى الْمُؤْمِنِيْنَ ۝٣

၃။ ကာမေသုမိစ္ဆာစာရ ကျူးလွန်သော ယောကျ်ား သည်ကား ကာမေသုမိစ္ဆာစာရ ကျူးလွန်သော သို့မဟုတ် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သော မိန်းမအပြင် အခြား (သူတော်စင် အမျိုးသမီးများ)နှင့် ထိမ်းမြားသည် မဟုတ်ပေ။ ထိုနည်းတူစွာ ကာမေသုမိစ္ဆာစာရ ကျူးလွန်သောမိန်းမနှင့်လည်း ကာမေသုမိစ္ဆာစာရ ကျူးလွန်သောယောကျ်ား သို့မဟုတ်တစ်စုံတစ်ရာကို အလွှာဟ် အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သောယောကျ်ား နှင့်သာလျှင် ထိမ်းမြားလေသည်။

စင်စစ် ဤ(ကာမေသုမိစ္ဆာစာရကျူးလွန်သော မိန်းမများနှင့် ထိမ်းမြားမှု)သည် 'မုအ်မင်နဲ' သက်ဝင် ယုံကြည်သောသူတို့အပေါ်၌ ဟရာမ်ဟူ၍ တားမြစ် ထားပြီး ဖြစ်ချေသတည်း။ [၁]

---

① **အသွင်မတူ အိမ်သူမဖြစ်။**

ဤအာယတ်တော်တွင်ပါရှိသော "မုရှ်ရိကဟ်"-"မုရှ်ရစ်က်" အမျိုးသမီးဟူသည် ရှရစ်က် ယှဉ်တွဲကိုးကွယ်မှု၌ ရှိနေဆဲအမျိုးသမီးကို ဆိုလိုသည်။ တစ်ချိန်က ရှရစ်က်မှု၊ ကျူးလွန်မိပြီး၊ ထို့နောက် ဝန်ချတောင်းပန်၍ မွတ်စ်လင်မ်ပြန်လည် ဖြစ်လာသော အမျိုးသမီးကို မဆိုလိုပေ။ ဤသို့သော အမျိုးသမီးနှင့်မူ ထိမ်းမြားပိုင်သည်။

ဤအာယတ်တော်တွင် ပါရှိသော "ဇာနိယဟ်" ကာမေသုမိစ္ဆာစာရမှု ကျူးလွန်သော အမျိုးသမီးဟူသည် ယင်းမိစ္ဆာစာရမှု၌ ယခု နစ်မွန်းနေဆဲ အမျိုးသမီးကို ဆိုလိုသည်။ တစ်ချိန်ကမိုက်မှား၍ ကာမေသုမိစ္ဆာစာရ၌ နစ်မွန်းခဲ့ပြီး ထို့နောက်ဝန်ချတောင်းပန်၍ မိမိ၏ကာယဖြွေးကို ထိန်းသိမ်းကာ ကောင်းမွန်စွာ နေထိုင်သော အမျိုးသမီးကို မဆိုလိုပေ။ ဤသို့သော အမျိုးသမီးနှင့် ထိမ်းမြားပိုင်ခွင့်ရှိသည်။ ရှရစ်က်မှု၊ ကာမေသုမိစ္ဆာမှု၌ နစ်မွန်းနေဆဲ အမျိုးသမီးများနှင့်သာလျှင် မထိမ်းမြားပိုင်ပေ။ ယင်းသို့သော အမျိုးသမီးယုတ်များနှင့်မူ "အသွင်မတူ အိမ်သူမဖြစ်" ဆိုသကဲ့သို့ ယုတ်မာသော အမျိုးသားများသာလျှင် မသူတော်ချင်း၊ ဓာတ်ချင်းသင့်ကာ ပေါင်းသင်းကြမည်သာဖြစ်သတည်း။

မှတ်ချက်။

"မုရှ်ရိကဟ်" "ဇာနိယဟ်" နှစ်ဦးစလုံးနှင့် ထိမ်းမြားခြင်းသည် ဟရာမ်ဖြစ်သည်။ အပြစ်ဖြစ်သည်။ "မုရှ်ရိကဟ်" နှင့်ကား ထိမ်းမြားပိုင်ခွင့်ပင် အလျှင်းမရှိပေ။ ဇာနိယဟ်နှင့် ထိမ်းမြားခြင်းသည် ဥပဒေအရ ပိုင်သည်ဟု ဆိုနိုင်သော်လည်း အလွှာဟ်အရှင်မြတ်ထံ၌မူ အပြစ်မုချ ရှိသည်သာ၊ ကြည့်-မာဂျိဒီ-ထာနဝီ။

وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ ثُمَّ لَمْ يَأْتُوا بِأَرْبَعَةِ شُهَدَاءَ فَاجْلِدُوهُمْ ثَمَانِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا ۚ وَأُولَٰئِكَ هُمُ الْفَاسِقُونَ ﴿٤﴾

၄။ ၎င်းပြင် အပြစ်ကင်းစင်သော အမျိုးသမီးများအား (ကာမေသုမိစ္ဆာစာရကျူးလွန်သည်ဟု)စွပ်စွဲပြီး နောက် သက်သေလေးယောက် တင်မပြနိုင်ခဲ့ကြသော သူတို့အား အသင်တို့သည် ကြိမ်ဒဏ်အချက်ပေါင်း ရှစ်ဆယ် ရိုက်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မည်သည့်အခါမျှ ၎င်းတို့၏ မည်သို့သောသက်သေခံချက်ကိုမျှ လက်မခံကြကုန်လင့်။ [၃] စင်စစ်သော်ကား ထိုသူတို့သည်ပင်လျှင် *စည်းကမ်းဖောက်ဖျက်သူများ ဖြစ်ကြကုန်၏*။ [၂]

إِلَّا الَّذِينَ تَابُوا مِن بَعْدِ ذَٰلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٥﴾

၅။ သို့ရာတွင်အကြင်သူတို့သည် ထို့နောက် ဝန်ချတောင်းပန်ကြ၍ (မိမိတို့ကိုယ်ကို) ပြုပြင်ခဲ့ကြသည်ရှိသော် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အလွန်တရာ သနားညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၄]

---

① **အပြစ်မဲ့အမျိုးသမီးတို့အား မတရားစွပ်စွဲ ပြောဆိုသူများ၏ အပြစ်ဒဏ်။**

ကာမေသု မိစ္ဆာစာရမှုနှင့် စပ်လျဉ်း၍ စင်ကြယ်သန့်ရှင်း လုံးဝအပြစ်ကင်းသော ကာမေသုမိစ္ဆာစာရမှုနှင့် ငြိစွန်းသည်ဟူ၍ တစ်စုံတစ်ရာ အထောက်အထား သက်သေလက္ခဏာမရှိသော ကာယိန္ဒြေရှိသော အမျိုးသမီးများအား ကာမေသုမိစ္ဆာစာရ ကျူးလွန်ပါသည်ဟု တရားဝင်သက်သေ အထောက်အထားမရှိဘဲ မတရားစွပ်စွဲပြောဆိုသော သူများကို ကြိမ်ဒဏ်(၈၀) ရိုက်ရမည့်အကြောင်း ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ထို့အတူ ကာမေသုမိစ္ဆာစာရမှုနှင့် စပ်လျဉ်း၍ အပြစ်ကင်းမဲ့သော အမျိုးသားများအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု မတရားစွပ်စွဲပြောဆိုသော သူများကိုလည်း ကြိမ်ဒဏ်(၈၀) ရိုက်ရမည်ပင် ဖြစ်သည်။ ဤအာယတ်တော်များသည် အမျိုးသမီးတစ်ဦးနှင့် ပတ်သက်၍ ကျရောက်လာခဲ့သည့်အတွက် အမျိုးသမီးများ၏ အကြောင်းကိုသာ မိန့်ဆိုထားတော်မူသည်ဖြစ်ရာ ဤအမိန့်တော်တွင် အမျိုးသားများလည်း အကျုံးဝင်လျက်ရှိသည်ကို သိရာသည်။

[လူ့လောကတွင် လူသားတို့အဖို့ ကာယိန္ဒြေ ထိန်းသိမ်းမှုသည် တန်ဖိုးမဖြတ်နိုင်၊ အလွန်ကြီးမားသော ဂုဏ်သိက္ခာတစ်ရပ်ပင် ဖြစ်သည်။ ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟူ၍ မတရားစွပ်စွဲပြောဆိုခြင်း ခံရပါက ယင်းသို့ စွပ်စွဲပြောဆိုခြင်း:ခံရသော အမျိုးသမီး အမျိုးသားတို့၏ ဂုဏ်သိက္ခာကို အလွန်ထိပါး နစ်နာစေသည်။] ထို့အတွက် ယင်းသို့စွပ်စွဲပြောဆိုသူများသည် တရားဝင်သက်သေ(၄)ဦးကို တင်ပြကြရမည်၊ ➤➤

➢➢ အကယ်၍ အစ္စလာမ် တရားတော်နှင့်အညီ တရားဝင်သက်သေ (၄)ဦးတင်ပြပါက ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု စွပ်စွဲပြောဆိုခြင်း၌ခံရသော အမျိုးသမီး၊ အမျိုးသားတို့အား (ဓိနာ) ကာမေသုမိစ္ဆာစာရ ကျူးလွန်ခြင်း၏ ပြစ်ဒဏ်ကို တပ်ရိုက်ရမည်ဖြစ်သည်။ အကယ်၍ စွပ်စွဲပြောဆိုသူများသည် ယင်းသို့ စွပ်စွဲပြောဆိုပြီးနောက် တရားဝင်သက်သေ (၄)ဦး တင်မပြနိုင်ကြပါက (စွပ်စွဲခံရသူ၏ တောင်းဆိုချက်အရ) ၎င်းတို့အား ကြိမ်ဒဏ်(၈၀) တပ်ရိုက်ရမည်ဖြစ်သည်။ ထို့နောက် ဟနဖီဂိုဏ်း၏ ယူဆချက်အရ လူမှုရေးကိစ္စ အဝဝတွင် ၎င်းတို့၏ သက်သေထွက်ဆိုချက်များကို အမြဲတစေ လက်မခံရတော့ပေ။ ထို့ပြင်တစ်ဝ ယင်းသို့ မတရား စွပ်စွဲပြောဆိုသူများသည် မိမိတို့၏ အမှားကို ဝန်ချတောင်းပန်ကြပြီးသည့် နောက်ပိုင်းတွင်လည်း ၎င်းတို့၏ သက်သေထွက်ဆိုချက်များကို လက်ခံရတော့မည် မဟုတ်ပေ။

ဓမ္မသတ်။

(၁) အမျိုးသမီးတစ်ဦးအား မတရား စွပ်စွဲပြောဆိုပါက ပြစ်ဒဏ်မှာ ဤအာယတ်တော်ပါအတိုင်း ဖြစ်သည်။

(၂) ထို့အတူ အမျိုးသားတစ်ဦးအား မတရား စွပ်စွဲပြောဆိုပါကလည်း ပြစ်ဒဏ်မှာ ဤအတိုင်းပင်ဖြစ်သည်။

(၃) ဤပြစ်ဒဏ်မှာ မတရားစွပ်စွဲ ပြောဆိုမှုတိုင်း၏ ပြစ်ဒဏ်မဟုတ်၊ ကာမေသုမိစ္ဆာစာရမှုနှင့် စပ်လျဉ်း၍ မတရားစွပ်စွဲပြောဆိုမှု၏ ပြစ်ဒဏ်သာဖြစ်သည်။

ဤအာယတ်တော်တွင် "ကာမေသုမိစ္ဆာစာရမှုနှင့် စပ်လျဉ်း၍"ဟူသော စည်းကမ်းချက်သည် အတိအလင်းမပါရှိသော်လည်း "သက်သေ(၄) ဦး တင်ပြရမည်"ဟူသော အချက်သည် ဤသည့်အချက်ကို ညွှန်ပြလျက်ရှိသည်။ အဘယ့်ကြောင့် ဆိုသော် သက်သေ (၄)ဦးတင်ပြရခြင်းမှာ ကာမေသုမိစ္ဆာစာရမှု အမှန်ကျူးလွန်ကြောင်း ထင်ရှားစေရန် အတွက်သာဖြစ်သည်။

(၄) ကြိမ်ဒဏ်(၈၀) တပ်ရိုက်ခြင်းမှာ လွတ်လပ်သူအဖို့သာဖြစ်သည်။ ကျေးကျွန်အဖို့ ကြိမ်ဒဏ်(၄၀)သာဖြစ်သည်။

(၅) "မုတ်ဆွင်နှ်" ဖြစ်ရန် စည်းကမ်းချက်များမှာ (က)လွတ်လပ်သူ ဖြစ်ခြင်း၊ (ခ)အသိဉာဏ်ရှိသူဖြစ်ခြင်း၊ (ဂ)အရွယ်ရောက်သူဖြစ်ခြင်း၊ (ဃ)မွတ်စ်လင်မ်ဖြစ်ခြင်း (င)ကာမေသုမိစ္ဆာစာရမှုနှင့် လွတ်ကင်းသူဖြစ်ခြင်း ဖြစ်သည်။

(၆) ပြစ်ဒဏ်မှစွပ်စွဲခြင်းခံရသူ တောင်းဆိုမှသာလျှင် ဒဏ်တပ်ရိုက်ရသည်။

(၇) စွပ်စွဲခြင်းခံရသူက စွပ်စွဲသူအား ခွင့်လွှတ်လိုက်ပါက ပြစ်ဒဏ်သည် ပလပ်သွားပေမည်။ ထာနဝီ။

(၂) အကြောင်းမဲ့ သူတစ်ပါး၏အပြစ်ကို ထုတ်ဖော်မပြောရာ။

အကယ်၍ ယင်းသို့ စွပ်စွဲပြောဆိုသူများသည် တမင်သက်သက် သိပါလျက်နှင့် မတရား စွပ်စွဲပြောဆိုခြင်း ပြုမူပါက ထိုသို့သောသူများသည် "ဖာစစ်က်" စည်းကမ်းချိုးဖောက်သူများ၊ ကျူးကျော်စော်ကား သူများဖြစ်ကြသည်မှာ ထင်ရှားလှပေသည်။

တစ်ဖန် ၎င်းတို့စွပ်စွဲပြောဆို ကြသည့်အတိုင်း အမှန်ပင် ဖြစ်နေစေကာမူ အကယ်၍ မိမိတို့၏ စွပ်စွဲချက်နှင့် စပ်လျဉ်း၍ တရားဝင်သက်သေ (၄)ဦး တင်ပြနိုင်ကြမည် မဟုတ်သည်ကို သိရှိပါက ယင်းသို့ စွပ်စွဲ ပြောဆိုလိုက်ခြင်းဖြင့် မွတ်စ်လင်မ် တစ်ဦးအား အရှက်တကွဲ ဖြစ်စေရုံသာဖြစ်ပေမည်။ ဤကား အလွန် ယုတ်မာသော အပြုအမူသာဖြစ်သည်။

အကြောင်းမဲ့ သူတစ်ပါး၏ အပြစ်ကို ထုတ်ဖော်မပြောဆိုရာ။ အကြောင်းမဲ့ သူတစ်ပါး အရှက်တကွဲ အကျိုးနည်း ဖြစ်စေခြင်းသည် ကြီးလေးသော အပြစ်ဖြစ်သည်။

وَالَّذِينَ يَرْمُونَ أَزْوَاجَهُمْ وَلَمْ يَكُن لَّهُمْ شُهَدَاءُ إِلَّا أَنفُسُهُمْ فَشَهَادَةُ أَحَدِهِمْ أَرْبَعُ شَهَادَاتٍ بِاللَّهِ إِنَّهُ لَمِنَ الصَّادِقِينَ ۝٦

၆။ ထို့ပြင် မိမိတို့၏ဇနီးကြင်ရာများအား (ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု) စွပ်စွဲသောသူတို့သည် ၎င်းတို့၌ မိမိတို့အပြင် သက်သေများ မရှိကြလျှင် ထိုစွပ်စွဲသူတို့အနက် တစ်ဦးသည် အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ မိမိသည် သစ္စာဝါဒီဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် သက်သေထွက်ဆိုရမည်။

وَالْخَامِسَةُ أَنَّ لَعْنَتَ اللَّهِ عَلَيْهِ إِن كَانَ مِنَ الْكَاذِبِينَ ۝٧

၇။ ၎င်းပြင် ပဉ္စမအကြိမ်တွင် အကယ်၍ မိမိသည် မုသာဝါဒီဖြစ်ခဲ့မူ မိမိအပေါ်၌ အလွှာဟ်အရှင်မြတ်၏ကျိန်ဆဲချက်သည် ကျရောက်ပါစေဟုဆိုရမည်။

وَيَدْرَؤُا عَنْهَا الْعَذَابَ أَنْ تَشْهَدَ أَرْبَعَ شَهَادَاتٍ بِاللَّهِ إِنَّهُ لَمِنَ الْكَاذِبِينَ ۝٨

၈။ ၎င်းပြင် ထိုဇနီးကြင်ရာသည် အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ ဇကန်မလွဲ ထိုယောကျ်ားသည် မုသာဝါဒီဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် သက်သေထွက်ဆိုခြင်းသည် ထိုဇနီးကြင်ရာမှ ပြစ်ဒဏ်တော်ကို ဖယ်ရှားမည်ဖြစ်သည်။

---

(၃) **မတရားစွပ်စွဲပြောဆိုမိသူ ဝန်ချတောင်းပန်ကြသော်။**

အကယ်၍ မတရား စွပ်စွဲပြောဆိုသူများသည် ဝန်ချတောင်းပန်ကြသော်၊ မိမိတို့ကိုယ်ကို ပြုပြင်ကြသော်၊ ၎င်းတို့သည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆန် မနာခံသောသူတို့၏ စာရင်းမှ ပယ်ဖျက်ခြင်း ခံကြရပေမည်။ သို့ပင်တစေလည်း ယခင်က သူတစ်ပါးအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင် မတရား စွပ်စွဲ ပြောဆိုမိခဲ့ကြသည့်အတွက် ၎င်းတို့၏ သက်သေထွက်ဆိုချက်များကိုမူ (မုအာမလာတ်) လူသားတို့ အချင်းချင်း ရောင်းဝယ်ရေး၊ ဆက်ဆံရေးများနှင့် အမှုအခင်းများတွင် လက်ခံတော့မည် မဟုတ်ပေ။

ဤသည် ကာသွီရှရိုင်ဟ်၊ အစ်ဗ်ရာဟီမ်နခအီ၊ စအီဒ်အစ်ဗ်နဂျဗိုင်ရ်၊ မာက်ဟူလ်၊ အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နဒိုက်ဒ်၊ အစ်ဗ်နဂျာဗိရ်၊ ဟစန်ဗဆွဲရ်၊ မုဟမ္မဒ် အစ်ဗ်နစီရိန်၊ စအီဒ် အစ်ဗ်နမုစိုင်ယိဗ်တို့၏ အဆိုတည်း။

ဒုရ်ရီမန်ဆူရ်နှင့် အစ်ဗ်နကဆီရ် ကျမ်းများတွင်လည်း ဤအတိုင်းပင် လာရှိပေသည်။

وَالْخَامِسَةَ أَنَّ غَضَبَ اللَّهِ عَلَيْهَا إِن كَانَ مِنَ الصَّادِقِينَ ۝٩

၉။ ထို့ပြင် ပဉ္စမအကြိမ်၌ အကယ်၍ ထိုယောကျ်ားသည် သစ္စာဝါဒီဖြစ်ခဲ့မူ မိမိအပေါ်၌ အလ္လာဟ်အရှင်မြတ်၏အမျက်တော်သည် ကျရောက်ပါစေဟု ထွက်ဆိုရမည်။ [၁]

---

① **မိမိတို့၏ ဇနီးမိန်းမများအား သက်သေမရှိဘဲ စွပ်စွဲသူများ၏ပြဿနာ။**

အကြင်သူသည် မိမိ၏ ဇနီးမိန်းမအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု စွပ်စွဲပြောဆိုအံ့။ ထိုသို့သောသူထံမှ ပထမသော် သက်သေ(၄)ဦး တင်ပြရန်တောင်းဆိုရမည်။ အကယ်၍ ထိုသူသည် သက်သေ(၄)ဦး တင်ပြနိုင်လျှင်၊ ၎င်း၏ အစွပ်စွဲခံဇနီးမိန်းမများအား ကာမေသုမိစ္ဆာစာရမှု၏ ပြစ်ဒဏ် တပ်ရိုက်ရမည် ဖြစ်သည်။ အကယ်၍ ထိုသူသည် သက်သေ(၄)ဦး တင်မပြနိုင်လျှင် ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း (၄)ကြိမ် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ၎င်းသည် မိမိစွပ်စွဲချက်တွင် မှန်ကန်စွာပြောဆိုသူ ဖြစ်ပါသည်ဟု ထွက်ဆိုသက်သေခံရမည်။

[တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ယင်းသို့(၄)ကြိမ် ထွက်ဆိုသက်သေခံခြင်းသည် သက်သေ(၄)ဦး၏အစား ဖြစ်သွားပေသည်] ယင်းသို့ လေးကြိမ်ထွက်ဆို သက်သေခံပြီးနောက် ပဉ္စမအကြိမ်တွင် "အကယ်၍ ၎င်းသည် မိမိထွက်ဆိုချက်တွင် လိမ်လည်သူဖြစ်ပါက ၎င်းအပေါ်၌ အလ္လာဟ်အရှင်မြတ်၏ "လအ်နတ်" ကျိန်ဆဲမှုသက်ရောက်ပါစေ" ဟုဆိုရမည်။

အကယ်၍ ထိုသူသည် အထက်ပါစကားရပ်များကို ဖွင့်ဟပြောဆိုခြင်းမပြုပါက အာဏာပိုင်များသည် ထိုသူအား မိမိလိမ်လည်စွပ်စွဲကြောင်း ဝန်ခံသည်အထိ၊ သို့မဟုတ် အထက်ပါ စကားများကို ပြောဆိုသည်အထိ အကျဉ်းချထားရမည်။ အကျပ်ကိုင်ရမည်။ အကယ်၍ ထိုသူသည် မိမိလိမ်လည်စွပ်စွဲကြောင်း ဝန်ခံပါက ထိုသူအား (ကုရ်အာန်ကျမ်းမြတ် ၂၄:၄ တွင် လာရှိသည့်အတိုင်း) မတရား စွပ်စွဲခြင်း၏ပြစ်ဒဏ် တပ်ရိုက်ရမည်။ အကယ်၍ ထိုသူသည် အထက်ပါစကားရပ်များကို ဖွင့်ဟပြောဆိုပါက ၎င်း၏ဇနီးမိန်းမကို ၄-ကြိမ် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ၎င်း၏လင်ယောကျ်ားသည် ဤစွပ်စွဲချက်တွင် လိမ်လည်ပြောဆိုသူဖြစ်ပါသည်ဟု ဖွင့်ဟပြောဆိုရန် ပြောဆိုရမည်။ ပြီးနောက် ပဉ္စမအကြိမ်တွင် အကယ်၍ ၎င်း၏ လင်ယောကျ်ားသည် ၎င်း၏စွပ်စွဲချက်တွင် မှန်ကန်စွာ ပြောဆိုသူဖြစ်ပါက မိမိအပေါ်၌ အလ္လာဟ်အရှင်မြတ်၏ "ဃဿဗ်" အမျက်တော် သက်ရောက်ပါစေဟု ဆိုရန်ပြောဆိုရမည်။

အကယ်၍ ထိုမိန်းမသည် အဆိုပါ စကားရပ်များကို ဖွင့်ဟပြောဆိုခြင်းမပြုပါက အာဏာပိုင်များသည် ထိုမိန်းမအား မိမိ၏လင်ယောကျ်ား၏ စွပ်စွဲချက်ကို မှန်ကန်ပါသည်ဟု ဝန်ခံသည်အထိ (သို့မဟုတ်) အထက်ပါ စကားရပ်များကို ဖွင့်ဟပြောဆိုသည်အထိ အကျဉ်းချထားရမည်။ အကျပ်ကိုင်ရမည်။ အကယ်၍ ထိုမိန်းမသည် မိမိလင်ယောကျ်ား၏ စွပ်စွဲချက်ကို ဝန်ခံလိုက်သော် ထိုမိန်းမအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ခြင်း၏ ပြစ်ဒဏ်တပ်ရိုက်ရမည်။ အကယ်၍ ထိုမိန်းမသည် မိမိလင်ယောကျ်ား၏ စွပ်စွဲချက်ကို မှားသည်ဟု ငြင်းပယ်၍ အထက်ပါ စကားရပ်များကို ဖွင့်ဟပြောဆိုပါက ထိုဇနီးမောင်နှံနှစ်ဦးတို့အပေါ်၌ ဇနီးမောင်နှံအဖြစ် ဆက်ဆံပေါင်းသင်းမှု အစုစုတို့သည် ဟရာမ်ဖြစ်သွားချေသည်။ ထို့နောက် လင်ယောကျ်ားက မိမိ၏ ဇနီးမိန်းမအား တွလာတ် လင်ခန်း မယားခန်း ဖြတ်လိုက်ပါက ပြဿနာ ပြီးဆုံးသွားပေသည်။ သို့မဟုတ်လျှင် ➤➤

وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ تَوَّابٌ حَكِيمٌ ﴿١٠﴾

၁၀။ စင်စစ်သော်ကား အကယ်၍သာ အသင်တို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကရုဏာတော်သည်လည်းကောင်း၊ မရှိခဲ့လျှင် (အမှန်ကိုပေါ်လွင်စေတော်မူခဲ့မည်သာ။) သို့ရာတွင် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်မှာမူကား တောင်းပန်ဝန်ခံချက်ကို အလွန်တရာလက်ခံတော်မူသောအရှင်၊ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေရာ အသင်တို့အား ဝန်ချတောင်းပန်နိုင်ကြရန် အလို့ငှာ အခွင့်အရေး ပေးတော်မူခြင်းပင် ဖြစ်ပေသတည်း။ [1]

➤➤ "ကာသွို့ တရားသူကြီး" က ထိုဇနီးမောင်နှံ နှစ်ဦးတို့အား ထိုဇနီးမောင်နှံနှစ်ဦး မနှစ်သက်ကြလင့်ကစား "ကျွန်ုပ်သည် ဤဇနီးမောင်နှံနှစ်ဦးတို့အား တဖီရိုက် ခွဲပစ်လိုက်ပြီ" ဟုဆိုကာ ခွဲပစ်လိုက်ရပေမည်။ ယင်းသို့ တရားသူကြီး၏ "တဖီရိုက်" ခွဲပေးလိုက်ခြင်းသည် "တွာလာက်ဗာအင်နှံ" ၏သဘော သက်ရောက်ပေသည်။ **မှတ်ချက်။**

လင်ယောကျ်ားက မိမိ၏ဇနီးအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု စွပ်စွဲပြီး သက်သေမထူနိုင်သည့် အဆုံးတွင် ဇနီးမောင်နှံနှစ်ဦး အချင်းချင်း အပြန်အလှန် မင်္ဂလာစကား ပြောဆိုခြင်းကို "လိအာန်" ဟု ခေါ်သည်။ "လိအာန်" သည် မိမိတို့၏ ဇနီးမိန်းမများအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည် ဟူ၍ စွပ်စွဲခြင်းနှင့်သာလျှင် သက်ဆိုင်သည်။ အပြစ်ကင်းသော အခြားအမျိုးသမီးတို့အား စွပ်စွဲခြင်း၏အပြစ်မှာ ကုရ်အာန် (၂၄:၄) တွင်ပါရှိသည့် အတိုင်းပင်ဖြစ်သည်။

① "လိအာန်"၏ ကျေးဇူး။

အကယ်၍သာ "လိအာန်" ပြုလုပ်ပိုင်ခွင့်မရှိပါက လင်ယောကျ်ားတစ်ဦးသည် မိမိ၏ဇနီးမိန်းမအား ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ပါသည်ဟု စွပ်စွဲပြောဆိုခဲ့သော်၊ ထို့နောက် သက်သေ(၄)ဦး တင်မပြနိုင်သော် မိမိ၏ စွပ်စွဲချက်မှာ အမှန်ဖြစ်ပါလျက်နှင့်ပင် မတရားစွပ်စွဲခြင်း၏ ပြစ်ဒဏ်တပ်ရိုက်ခြင်း ခံရမည်ဖြစ်သည်။ တစ်ဖန် ဇနီးမိန်းမ၌ ကာမေသုမိစ္ဆာစာရမှု ဖြစ်ပေါ်ခဲ့သည်မှာ အမှန်ဖြစ်ပါလျက်နှင့် သက်သေမရှိသည့်အတွက် ထုတ်ဖော်စွပ်စွဲခြင်းမပြုဘဲ၊ ပြောရအခက်၊ မပြောရအခက် ဆိုသကဲ့သို့ မိမိတစ်သက်တာ မျိုသိပ်နေရမည်သာ ဖြစ်သည်။ သို့ဖြစ်ရပါက လင်ယောကျ်ားအဖို့ နစ်နာဆုံး ရှုံးမှုကြီးတစ်ရပ်ပင်ဖြစ်ရပေမည်။

ပြီးနောက်တစ်ဖန်၊ လင်ယောကျ်ားက အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ စွပ်စွဲပြောဆိုသဖြင့် ဇနီးမိန်းမ၌ ကာမေသုမိစ္ဆာစာရမှု အတည်ဖြစ်သွားပြီး၊ ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ခြင်း၏ ပြစ်ဒဏ်တပ်ရိုက်ခြင်း ခံရမည်ဖြစ်ပါက ဇနီးမိန်းမအဖို့လည်း နစ်နာဆုံးရှုံးမှုကြီး တစ်ရပ်ပင်။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စတွင် သက်သေတစ်စုံတစ်ရာ မရှိသည်ဖြစ်ရာ လင်ယောကျ်ား၏ စွပ်စွဲချက်သည် မှားပြီး၊ ဇနီးမိန်းမသည် ➤➤

إِنَّ الَّذِينَ جَآءُو بِالْإِفْكِ عُصْبَةٌ مِّنكُمْ ۚ لَا تَحْسَبُوهُ

၁၁။ ဇကန်အမှန် (ဤ)မုသားစွပ်စွဲချက်ကို ဖြန့်ချီခဲ့သောသူတို့ကား အသင်တို့အနက်မှ အုပ်စု(ကလေး) တစ်ခုပင်ဖြစ်၏။ [၁]

➤➤ အပြစ်ကင်းသူလည်း ဖြစ်နိုင်ပေသည်။ ထို့အတူ ဇနီးမိန်းမက အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ မိမိ၌ လင်ယောကျ်ားက စွပ်စွဲသည့်အတိုင်း အပြစ်တစ်စုံတစ်ရာ မရှိပါဟု ပြောဆိုသဖြင့် ဇနီးမိန်းမအား အပြစ်ကင်းသူဟူ၍ တထစ်ချ ယုံကြည်ယူဆ အဆုံးအဖြတ်ပေးခြင်းခံရပါက လင်ယောကျ်ားသည် မတရား စွပ်စွဲခြင်း၏ ပြစ်ဒဏ်တပ်ရိုက်ခြင်း ခံရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စတွင် လင်ယောကျ်ားသည် အမှန်လည်း ဖြစ်နိုင်ပေသည်။

"လိအာန်" ပြုပိုင်ခွင့်သာမရှိပါက ဇနီးမောင်နှံ နှစ်ဦးစလုံးအဖို့ ဆုံးရှုံးမှုကြီး ဖြစ်နိုင်ပေသည်။ ယခုမူ အလွှာဟ်အရှင်မြတ်က မိမိ၏ကျေးဇူးတော်ဖြင့် "လိအာန်" ပြုပိုင်ခွင့်ပြုထားတော်မူသည့်အတွက် ဇနီးမောင်နှံ နှစ်ဦးတို့အနက် အပြစ်မဲ့သူသည် အကြောင်းမဲ့ ပြစ်ဒဏ်ခံရခြင်းမှ လွတ်မြောက် သွားနိုင်ပေသည်။ အပြစ်ရှိသူ အဖို့မှာလည်း ဤပစ္စက္ခတွင် အပြစ်ဖုံးကာ ဝန်ချတောင်းပန်နိုင်ရန် အခွင့်အလမ်း ရရှိသွားပေသည်။

မှတ်ချက်။

ဇနီးမောင်နှံနှစ်ဦးတို့၏ ဤအိမ်တွင်းရေးပြဿနာတွင် လင်ယောကျ်ားအား ထောက်ထားခြင်းမှာ လင်ယောကျ်ားတစ်ဦးအဖို့ မိမိ၏ဇနီးမိန်းမ ဖောက်ပြန်သည်ကို သိရှိနေပါလျက် မျှသိပ်၍နေရမည်မှာ မလွယ်ကူပေ။ အခြားယောကျ်ားများအဖို့မှာကား ၎င်းတို့၏အိမ်တွင်းရေး မဟုတ်သည့်အတွက် သိရှိပါလျက်လည်း မျှသိပ်နေနိုင်ကြပေသည်။ ထို့အတွက်ကြောင့်ပင် အခြားသူများအား တရားတော်က ထောက်ထားခြင်းမပြုပေ။ ၎င်းတို့သည် သူတစ်ပါးအား စွပ်စွဲပြောဆိုကြပါက တရားဝင်သက်သေ(၄)ဦး တင်ပြကြရမည်ဖြစ်သည်။ သို့ တင်မပြနိုင်ကြပါက မတရားစွပ်စွဲခြင်း၏ အပြစ်ဒဏ် တပ်ရိုက်ခြင်း ခံကြရမည်ဖြစ်သည်။

⑥ <u>ကြင်ရာတော် အာအေ့ရှဟ် သခင်မအား လုပ်ကြံစွပ်စွဲခြင်း။</u>

ဤအာယတ်တော်များတွင် ကြင်ရာတော် အာအေ့ရှဟ်သခင်မအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုခဲ့သူ တစ်စုကို ရည်ညွှန်းမိန့်ဆို ထားတော်မူသည်။ဖြစ်ရပ်အကျဉ်းချုပ်မှာ ဤသို့တည်း။ ဟီဂျ်ရီသက္ကရာဇ် (၆)ခုနှစ်တွင် ဗနီမုဆ္တလိုက် စစ်ပွဲဖြစ်ပွားခဲ့၏။ တမန်တော်မြတ်ကိုယ်တိုင် ပါဝင်ဆင်နွှဲတော်မူခဲ့၏။ တမန်တော်မြတ်နှင့်အတူ ကြင်ရာတော် အာအေ့ရှဟ်သခင်မလည်း အတူလိုက်ပါခဲ့၏။ ကြင်ရာတော်စီးရန်အတွက် သီးသန့် ကုလားအုတ်တစ်ကောင် ပါရှိခဲ့၏။ ကြင်ရာတော်သည် (Camel Litter) ယာဉ်ပေါင်းတွင် "ပရဒဟ်" ကန့်လန့်ကာများချ၍ ထိုင်ခဲ့၏။ ကုလားအုတ်ဆွဲသူသည် ယာဉ်ပေါင်းကို ကုလားအုတ်ပေါ်တွင် တင်ဆောင်၍ စနစ်တကျထုပ်နှောင်ပြီး ကုလားအုတ်ကို လိုရာဌာနကို ဆွဲသွားခဲ့၏။ တမန်တော်မြတ်သည် စစ်ပွဲပြီးဆုံးသွားသည့် အခါ မဒီနာသို့ ပြန်ကြွလာနေတော်မူခဲ့၏။

တမန်တော်မြတ်နှင့်တကွ စစ်သည်တော်များသည် စခန်းတစ်ခုတွင် ခေတ္တရပ်နားခဲ့ကြ၏။ စစ်တပ်ချီမတက်မီ တစ်ခဏအလိုတွင် ကြင်ရာတော်သည် အပေါ့အပါးသွားရန်အတွက် စစ်တပ်မှ မလှမ်းမကမ်း အကာအကွယ်ရှိရာသို့ သွားခဲ့၏။ အကြောင်းအားလျော်စွာ ကြင်ရာတော် ဆွဲထားသော ဆွဲကြိုးသည် ပြတ်၍ ကျသွားခဲ့လေသည်။ ကြင်ရာတော်သည် ပြတ်ကျသွားသော ဆွဲကြိုးကို ရှာဖွေနေခဲ့၏။ သို့ရာဖွေ နေရာတွင် အချိန်အနည်းငယ် ကြာသွားခဲ့၏။ ထိုအခိုက်မှာပင် စစ်တပ်သည် ခရီးဆက်ရန်အတွက် ချီတက် ➤➤

➤➤ ထွက်ခွာသွားခဲ့လေသည်။ ကြင်ရာတော်၏ ကုလားအုတ်ဆွဲသူသည်လည်း မိမိ အလေ့အထအတိုင်း ယာဉ်ပေါင်းကို ကုလားအုတ် အပေါ်သို့ တင်ဆောင်ရန် ရောက်ရှိလာခဲ့၏။ ယာဉ်ပေါင်းပေါ်တွင် ကန့်လန့်ကာများ ကျလျက်ရှိသည့်အတွက် ယာဉ်ပေါင်းတွင် ကြင်ရာတော်ရှိသည်ဟု ယူဆကာ ယာဉ်ပေါင်းကို ကုလားအုတ်အပေါ်သို့ တင်ဆောင်လိုက်လေသည်။ ကုလားအုတ်ဆွဲသူသည် ယာဉ်ပေါင်းကို တင်ဆောင်ရာတွင်လည်း ကြင်ရာတော် မပါရှိသည်ကို မရိပ်စားမိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ကြင်ရာတော်သည် ထိုအချိန်တွင် အသက်အရွယ်အားဖြင့် ငယ်ရွယ်သူ ဖြစ်ခဲ့သည်။ ကိုယ်ခန္ဓာ၏ အလေးချိန်မှာလည်း ပေါ့ပါးခဲ့သည်။ ထို့အတွက် ကုလားအုတ် ဆွဲသူသည်လည်း မိမိ၏ ကုလားအုတ်ကို ဆွဲကာ စစ်တပ်နှင့်အတူ ခရီးထွက်သွားခဲ့လေသည်။

ကြင်ရာတော်သည် မိမိအစီးအနင်းရှိရာသို့ ပြန်ရောက်သည့်အခါ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့ပေ။ စစ်တပ်သည် ချီတက်သွားနှင့်ချေပြီ။ ထိုအချိန်တွင် ကြင်ရာတော်သည် 'မိမိမှာ မိန်းမသားတစ်ဦးဖြစ်သည်။ စစ်တပ်နောက်သို့ တစ်ဦးတည်း လိုက်သွားရန်မှာ မသင့်ပေ။ မလွယ်ပေ။ ဒုတိယ စခန်းချရာနေရာတွင် မိမိမပါရှိသည်ကို တွေ့ရှိကြသောအခါ မိမိအားရှာဖွေရန်အတွက် ဤနေရာသို့ ရောက်ရှိလာကြမည်ပင် ဖြစ်သည်ဟု သတိဝီရိယကြီးစွာဖြင့် စဉ်စားဆင်ခြင်မြော်မြင်ကာ အဆိုပါနေရာ၌ပင် ဆိုင်းငံ့နေရန် ဆုံးဖြတ်၍ ဆိုင်းငံ့နေခဲ့လေသည်။ ထိုအချိန်မှာ ညဉ့်အချိန်ဖြစ်သည်။ အိပ်စက်လိုသည့်အတွက် ထိုနေရာမှာပင် စောင်ခြုံကာ လဲလျောင်း၍ အိပ်နေခဲ့လေသည်။

သာဝကကြီး ဆွာဖ်ဝါန် အစ်ဗ်န မုအတ္တာလ်သည် စစ်တပ်ချီတက်သွားရာတွင် စစ်တပ်မှ ကျန်ရစ်ခဲ့သော ပစ္စည်းများကို သိမ်းဆည်းနိုင်ရန်အတွက် တာဝန်အလျောက် စစ်တပ်၏နောက်တွင် မလှမ်းမကမ်းမှ လိုက်ပါခဲ့သည်။ အဆိုပါ သာဝကကြီးသည် မိုးလင်းသည့်အချိန်တွင် ကြင်ရာတော်လဲလျောင်းနေသည့် နေရာသို့ ရောက်ရှိလာခဲ့လေသည်။ အဆိုပါ သာဝကကြီးသည် လမ်းတွင် လဲလျောင်းနေသူတစ်ဦးကို အဝေးမှ တွေ့မြင်မိလေသည်။ အနီးသို့ ရောက်သောအခါ လဲလျောင်းနေသူမှာ ကြင်ရာတော် အာအေ့ရှ်ဟ်သခင်မ ဖြစ်နေသည်ကို တွေ့မြင်ရသည့် အတွက် အံ့သြ၊ စိုးရိမ်ကြောက်လန့်ပြီး 'အစ်နာလိလ္လာဟိ ဝအစ်နာအီလိုင်ဟိ ရာဂျိအူန်' ဟူသော အာယတ်တော် ရွတ်ဖတ်လိုက်လေသည်။ ထိုအခါ ကြင်ရာတော်သည် မျက်စိပွင့်သွားပြီး မိမိ၏မျက်နှာကို စောင်ဖြင့် ဖုံးကွယ်ထားလိုက်လေသည်။

ထိုအခါ သာဝကကြီး ဆွာဖ်ဝါန်သည် မိမိ စီးနင်းလိုက်ပါလာခဲ့သော ကုလားအုတ်ကို ကြင်ရာတော် အနီးသို့ ဆွဲယူလာပြီး ကုလားအုတ်ကို ထိုင်စေခဲ့သည်။ ကြင်ရာတော်သည် 'ပရ်ဒဟ်' ခြုံကာ ကုလားအုတ်အပေါ်သို့ တက်စီးခဲ့လေသည်။ သာဝကကြီး ဆွာဖ်ဝါန်သည် မိမိကိုယ်တိုင် ကုလားအုတ်ကို မစီးဘဲ ကုလားအုတ်ကြီးကိုဆွဲကာ စစ်တပ်နောက်သို့ အမြန်လိုက်လာခဲ့ရာ တစ်ခဏချင်းအတွင်း စစ်တပ်ကိုမီလာပြီး ကြင်ရာတော်အား တမန်တော်မြတ် ထံသို့ ကောင်းမွန်စွာ ပို့ပေးခဲ့လေသည်။ ဖြစ်ရပ်ကား ဤမျှသာတည်း။

သို့ရာတွင် မုနာဖစ်ဂ်တို့၏ ခေါင်းဆောင်ဖြစ်သော၊ တမန်တော်မြတ်၏ရန်သူလည်းဖြစ်သော အဗ်ဒုလ္လာဟ် အစ်ဗ်နအုဗိုင်ဟ်သည် တမန်တော်မြတ်၏ ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ် ပြောဆိုရန်အတွက် အချက်ရကာ ဖော်ပြပါဖြစ်ရပ်ကို ပုံကြီးချဲ့ကာ ကြင်ရာတော် အာအေ့ရှ်ဟ်သခင်မနှင့် ပတ်သက်ပြီး မဟုတ်မလျား စော်စော်ကားကား စွပ်စွဲပြောဆို တီးတိုးဝါဒဖြန့်လေတော့သည်။ အချို့ ရိုးသားသော မွတ်စ်လင်မ်တစ်စု (ဥပမာ- အမျိုးသားများတွင် သာဝကကြီး ဟာစ္စာန်၊ သာဝကကြီး မစ္စတွာဟ်နှင့် အမျိုးသမီးတို့တွင် ဟမ်နဟ်ဗင်ဒ် တို့ဟ်ရှ်သခင်မတို့) သည်လည်း မုနာဖစ်ဂ်တို့၏ လုပ်ကြံစွပ်စွဲမှုကို ယောင်မှားပြီး သံယောင်ဖမ်းကာ မပြောသင့် မပြောအပ်သည်များကိုပင် ပြောဆိုမိခဲ့ ကြလေတော့သည်။ ➤➤

شَرٌّ لَّكُمْ ۖ بَلْ هُوَ خَيْرٌ لَّكُمْ ۚ لِكُلِّ امْرِئٍ مِّنْهُم مَّا اكْتَسَبَ مِنَ الْإِثْمِ ۚ وَالَّذِي تَوَلَّىٰ كِبْرَهُ مِنْهُمْ لَهُ عَذَابٌ عَظِيمٌ ﴿١١﴾

အသင်တို့သည် မိမိတို့နှင့်ပတ်သက်၍ ယင်းမုသား စွပ်စွဲချက်ကိုဆိုးရွားလှသည်ဟုမယူဆကြကုန်လင့်။ အမှန်စင်စစ်မှာမူကား၊ ယင်းမုသား စွပ်စွဲချက်သည် အသင်တို့နှင့်ပတ်သက်၍ကောင်းလှပေသည်။ *ထိုအုပ်စုအနက် အသီးသီး၌ မိမိရှာဖွေဆည်းပူးခဲ့သော ပြစ်မှုသည်ရှိပေသည်။* ထိုမှတပါး *ယင်းမုသား စွပ်စွဲမှု(ကိုဖြန့်ချီရာ၌) (အများဆုံး တာဝန်ယူ ဆောင်ရွက်ခဲ့သော)သူ၌မူ* အလွန်ကြီးလေးလှသောပြစ် ဒဏ်သည် ရှိပေသတည်း။

➤➤ ယင်းသို့ ကြင်ရာတော်နှင့်ပတ်သက်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းခံရသည့်အတွက် တမာန်တော်မြတ်နှင့်တကွ မုစ်လင်မ်များသည် အလွန်တရာမျှပင် စိတ်ထိခိုက်ခဲ့ကြရလေသည်။ တစ်လတိုင်တိုင်ထိုသည် မတရားစွပ်စွဲမှုကြီးသည် ဖြစ်ပေါ်နေခဲ့သည်။ ။တမာန်တော်မြတ်သည်ဖြစ်ရပ်မှန်ကို စူးစမ်းနေတော်မူခဲ့၏။ စိတ်တွင်း၌ အထူးနာကြည်းလျက် ရှိတော်မူခဲ့၏။

ကြင်ရာတော် အာအေရှာ်သခင်မသည် မိမိနှင့်ပတ်သက်၍ ယင်းသို့မဟုတ်မမှန် လုပ်ကြံပြောဆိုနေကြသည်ကိုပင်၊ ပထမသော် အလျှင်းမသိခဲ့ရှာပေ။ မရိပ်စားမိခဲ့ရှာပေ။ တစ်လကျော်သော အခါကျမှ သိရှိခဲ့ရှာလေသည်။ ထိုအခါ မိမိအား ယင်းသို့မဟုတ်မမှန် လုပ်ကြံ၍ ရက်ရက်စက်စက် စော်စော်ကားကား စွပ်စွဲပြောဆိုရက်ကြသည့်အတွက် အလွန်တရာမျှစိတ်ထိခိုက်ပြီး ဝမ်းနည်းကြေကွဲကာ နေထိုင်မကောင်းပင် ဖြစ်သွားခဲ့ရရှာလေသည်။ ကြားသိရသည့်အချိန်မှစပြီး မျက်စိအစုံမှ မျက်ရည်ပေါက် များသည် မပြတ်မစဲ ယိုစီး၍နေခဲ့လေသည်။ ။နေ့ရောညဉ့်ပါ ငိုကြွေး၍ နေခဲ့ရှာလေသည်။

နောက်ဆုံးတွင် အလွှာဟ်အရှင်မြတ်ထံတော်မှ ဤအာယ်တော်များတွင် လာရှိသည့်အတိုင်း ဤစွပ်စွဲချက်မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းမျှသာ ဖြစ်ကြောင်း၊ ကြင်ရာတော် အာအေရှာ်သခင်မ၌ အပြစ်တစုံတရာ အလျှင်းမရှိကြောင်း အကျယ်တဝင့် 'ဝဟီ' ကျရောက် လာခဲ့ပေသည်။ ထိုအခါကျမှ ကြင်ရာတော် အာအေရှာ်သခင်မသည် ဝမ်းသာမဆုံး ဖြစ်ခဲ့လေသည်။ ကြင်ရာတော်သည် ဝမ်းသာမဆုံးဖြစ်ခဲ့သည်သာမက မိမိ၌ အပြစ်တစုံတစ်ရာ မရှိကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် ယင်းသို့ အတိအလင်း အာယသ်တော်များ လာရှိသည့်အတွက် အထူးဂုဏ်ယူပြောဆိုခဲ့လေသည်။ ဂုဏ်ယူဖွယ်ရာလည်း ကောင်းလှပါဘိတည်း။

ဤကြောင်းကို ဗုခါရီ၊မုစ်လင်မ်၊ အစ်ဗ်နုဂျရီရ်၊ အစ်ဗ်နုကဆီရ်၊ စသည့်ကျမ်းကြီးများတွင် အကျယ်တဝင့် ပါရှိပေသည်။ ။တရားရယူဖွယ်ရာ အချက်များ အမြောက်အများ ပါရှိပေသည်။ ။ကျမ်းလေးမည်စိုး၍မရေးပြီ။

⑨ **ပြစ်မှုကျူးလွန်ခဲ့သည်နှင့်အမျှပြစ်ဒဏ်ခံ။**

ဤမတရားစွပ်စွဲမှုကြီးတွင် ပါဝင်ကျူးလွန်ခဲ့သူအားလုံးတို့သည် မိမိတို့ ပါဝင်ကျူးလွန်ခဲ့သည်နှင့် အမျှ ပြစ်ဒဏ်ခံကြရမည်ဖြစ်သည်။ ဥပမာ-အချို့သည် ဤစွပ်စွဲမှုကို စတင်ဦးစီး၍ ရှေ့ဆောင်ရွေ့ရပ်ပြုခဲ့သည်။ အချို့သည် ယင်းစွပ်စွဲမှုကို ကြားရသောအခါ မစဉ်းစား မဆင်ခြင်ဘဲ သံယောင်ဖမ်းကာ တစ်ဆင့် ➤➤

لَّوْلَآ إِذْ سَمِعْتُمُوهُ ظَنَّ
ٱلْمُؤْمِنُونَ وَٱلْمُؤْمِنَٰتُ بِأَنفُسِهِمْ
خَيْرًا وَقَالُوا۟ هَٰذَآ إِفْكٌ مُّبِينٌ ﴿١٢﴾

၁၂။ ယင်းမုသားစွပ်စွဲချက်ကို အသင်တို့ကြားသိခဲ့စဉ်က 'မုအ်မင်န်' ယောကျ်ားတို့သည်လည်းကောင်း၊ 'မုအ်မင်န်' မိန်းမတို့သည်လည်းကောင်း၊ မိမိတို့အချင်းချင်းနှင့်ပက်သက်၍အဘယ်ကြောင့် ကောင်းမွန်သော ထင်မြင်ချက်ကို မထင်မြင်မယူဆခဲ့ကြသနည်း။ ထိုမှတပါး ထို 'မုအ်မင်န်' ယောကျ်ား မိန်းမတို့က ဤသည် ထင်ရှားလှစွာသော မုသားစွပ်စွဲချက်ပင် ဖြစ်သည်ဟုအဘယ်ကြောင့်မပြောဆိုခဲ့ကြသနည်း။[၁]

➤➤ ပြောဆိုခဲ့ကြသည်။ အချို့သည် ဤစွပ်စွဲချက်ကိုကြားရသည့်အခါ ဤသည် မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းမျှသာဖြစ်ကြောင်း ကန့်ကွက်ပြောဆိုရမည့် အစားနှုတ်ပိတ်၍ ဆိတ်ဆိတ်ပင်နေခဲ့ကြသည်။ သို့မဟုတ် စိတ်တွင်သို့လောသို့လော တွေးတောခဲ့ကြသည်။ ဤသို့သောသူအားလုံး၌ အပြစ်ရှိသည်။ သို့ရာတွင် အပြစ်ချင်းကား မတူပေ။ ပြစ်မှုကျူးလွန်သည်နှင့်အမျှ ခံကြရမည်ဖြစ်သည်။

၍ ဤစွပ်စွဲမှု၏ တရားခံ။

ဤစွပ်စွဲမှုကို စတင်ရေ့ဆောင်ရွေ့ရပ် ပြုလုပ်ခဲ့သူမှာ မုနာဖစ်က်တို့၏ ခေါင်းဆောင်တမန်တော်မြတ်၏ ရန်သူ အဗ်ဒုလ္လာဟ် အစ်ဗ်နူအုဗိုင်ဟ်ဖြစ်သည်။ ၎င်းသည် ကာဖိရ်၊ မုနာဖစ်က် ဖြစ်ခဲ့သည်သာမက တမန်တော်မြတ်၏ ကြင်ရာတော်အား မဟုတ်မမှန် လုပ်ကြံပြောဆိုပြီး တမန်တော်မြတ်၏ သိက္ခာကိုချ၍ အစွလာမ့်ဗီမာန်ကြီးကို ဖြိုခွဲချေမှုန်းရန် ကြိုးစားခဲ့သည့်အတွက် ဤပစ္စက္ခတွင်လည်း ကြီးလေးသောပြစ်ဒဏ်ကို ခံသွားခဲ့ရချေပြီ။ နောင်တမလွန်တွင်လည်း ကြီးလေးသောပြစ်ဒဏ်ကို အမှန်ခံရဦးမည် ဖြစ်သည်။

② ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က မွတ်စ်လင်မ်အမျိုးသမီးနှင့် အမျိုးသားတို့အား ဆုံးမထားတော်မူသည်မှာ မွတ်စ်လင်မ်များသည် အချင်းချင်း အတွေးကောင်းတွေးကြရာသည်။ အမြင်ကောင်းမြင်ကြရာသည်။ အကယ်၍ အပြစ်ကင်းမဲ့သူတစ်ဦးအား သက်သေအထောက်အထား တစ်စုံတစ်ရာမရှိဘဲလျက်၊ သွားပုတ်လေလွင့်စွပ်စွဲပြောဆိုသံကြားရလျှင် မွတ်စ်လင်မ်များသည် ယင်းသို့သော သွားပုတ်လေလွင့်စကားကို လက်ခံနားထောင်၍ မနေကြရပေ။ လက်ခံနားမထောင်ရုံသာမက ကြားလျှင်ကြားခြင်း "ဤသည် မဟုတ်မမှန်၊ လုပ်ကြံစွပ်စွဲပြောဆိုမှုသာဖြစ်သည်။" ဟု အတိအလင်း ငြင်းဆိုကန့်ကွက် ပိတ်ပင်ကြရမည်။ မွတ်စ်လင်မ် အချင်းချင်း ကာကွယ်စောင့်ရှောက်ကြရမည်။ ကူညီကြရမည်။ 'မွတ်စ်လင်မ်တစ်ဦးသည် မိမိ၏ညီနောင်အား နောက်ကွယ်မှ ကူညီလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူအား နောက်ကွယ်မှ ကူညီတော်မူသည်'ဟု တမန်တော်မြတ် မိန့်ကြားတော်မူခဲ့သည်။

ထို့ပြင်တစ်ဝ၊ သူတစ်ပါး၏ ဂုဏ်သိက္ခာကို မိမိဂုဏ်သိက္ခာနှင့် နှိုင်းစာကြည့်ရာသည်။ မိမိကိုယ်တိုင် မပြစ်မှားနိုင်သော ပြစ်မှုတစ်ရပ်ကို မိမိနှင့် ဂုဏ်ရည်တူတစ်ဦး၊ သို့မဟုတ် မိမိထက်သာသူတစ်ဦးသည် အသို့လျှင် ပြစ်မှားနိုင်အံ့နည်း။ ဤတွင် ကောင်းသော စံနမူနာတစ်ခုတင်ပြအံ့။

ကြင်ရာတော် အာအ့ေရှဟ်သခင်မနှင့်ပတ်သက်၍ မတရားစွပ်စွဲမှု ဖြစ်ပေါ်လာသည့်အခါ သာဝကမကြီး အွန်မ်မိအိုင်ယူဗ်က မိမိ၏ခင်ပွန်းသည် သာဝကကြီး အဗူအိုင်ယူဗ်- အန်ဆွာရီအား အချို့က ကြင်ရာတော်➤➤

لَوْلَا جَآءُو عَلَيْهِ بِأَرْبَعَةِ شُهَدَآءَ ۚ فَإِذْ لَمْ يَأْتُوا بِالشُّهَدَآءِ فَأُولَٰٓئِكَ عِندَ اللَّهِ هُمُ الْكَٰذِبُونَ ﴿١٣﴾

၁၃။ ထို(မုသားစွပ်စွဲခဲ့ကြသော)လူစုသည် အဘယ်ကြောင့် ယင်းစွပ်စွဲချက်နှင့် စပ်လျဉ်း၍ သက်သေ(၄)ယောက် တင်မပြခဲ့ကြသနည်း။ စင်စစ် ၎င်းတို့သည် သက်သေတင်မပြခဲ့ကြသောကြောင့် ၎င်းတို့သည်ပင် လျှင် အလ္လာဟ်အရှင်မြတ်အထံတော်၌ မုသာဝါဒီများဖြစ်ကြကုန်သတည်း။

وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ فِي الدُّنْيَا وَالْآخِرَةِ لَمَسَّكُمْ فِي مَا أَفَضْتُمْ فِيهِ عَذَابٌ عَظِيمٌ ﴿١٤﴾

၁၄။ စင်စစ်သော်ကား အကယ်၍သာ အသင်တို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် ထိုအရှင်၏ ကရုဏာတော်သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ မရှိခဲ့လျှင် အသင်တို့ နစ်မွန်းလျက် ရှိခဲ့ကြသောကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့၌ အလွန်ကြီးလေးလှစွာသော ပြစ်ဒဏ်သည် အမှန်ပင်သက်ရောက်ခဲ့ပြီး ဖြစ်ချေသည်။ [၁]

➢➢ အာအ့ေရှဟ်သခင်မနှင့် ပတ်သက်၍ ဤသို့ ထိုသို့ ပြောဆိုနေကြသည်ဟု ပြောသောအခါ၊ သာဝကကြီး အဗူအိုင်ယူဗ်အန်ဆွာရီက 'ဤသည် မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းသာဖြစ်သည်။ ထိုသို့သော အပြုအမူကို သခင်မ ပြုလုပ်နိုင်ပါမည်လော' ဟုဖြေကြား-မေးလိုက်ရာ သာဝကမကြီး အွန်မ်မိအိုင်ယူဗ်က အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ 'အလျှင်း ပြုမည်မဟုတ်' ဟု ဖြေကြားလေသည်။ ထိုအခါ သာဝကကြီး အဗူအိုင်ယူဗ် အန်ဆွာရီက မိမိ၏ ဇနီးသည်အား 'သာဝကကြီး အဗူဗတ်ကရ်၏သမီး တမန်တော်မြတ်၏ ဇနီးကြင်ရာတော် အာအ့ေရှဟ်သခင်မသည် အသင်မထက် အဆပေါင်းများစွာ ပိုမို စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည်'ဟု ဖြေကြားလိုက်လေသည်။ ကြည့် - အစ်ဗ်နူကဆီရ်။

ဤအာယတ်တော်တွင် မွတ်စ်လင်မ် **အမျိုး**သား၊ **အမျိုး**သမီးများသည် မိမိတို့အချင်းချင်း အဘယ်ကြောင့် အထင်ကောင်း မထင်ကြသနည်း'ဟု မိန့်ဆိုထားတော်မူခြင်းမှာ မွတ်စ်လင်မ်များသည် အုပ်စုတစ်ခုတည်းသာဖြစ်သည်။ မွတ်စ်လင်မ်များသည် ကိုယ်ခန္ဓာတစ်ခုတည်း၏ အစိတ်အပိုင်းများဖြစ်သည်။ အချင်းချင်း အညမည ဖြစ်သည်ကို ရည်ညွှန်းထားတော်မူခြင်း ဖြစ်သည်။ မွတ်စ်လင်မ်အုပ်စုကြီးမှ တစ်ဦးတစ်ယောက်ကို စော်ကားခြင်းသည် အုပ်စုတစ်ခုလုံးကို စော်ကားရာ ရောက်သည်။

① ကြင်ရာတော် အာအ့ေရှဟ်သခင်မနှင့် ပတ်သက်၍ မတရားစွပ်စွဲမှုတွင် ပါဝင်မိခဲ့ကြသော မွတ်စ်လင်မ်တစ်စု၏ အပြစ်မှာ မသေးငယ်ပေ ကြီးမားလှပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုကို မစဉ်းစားမဆင်ခြင်ဘဲ ဖောက်သည်ချမိခဲ့ကြသည်။ ဖြစ်ရပ်မှန်ကို မိမိကိုယ်တိုင် အလျှင်းမသိဘဲလျက် သံယောင်ဖမ်းကာ ထုတ်ဖော်ပြောဆိုမိခဲ့ကြသည်။ ယင်းသို့ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းခံနေရသူမှာ သာမန်အမျိုးသမီးမဟုတ်၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အမျိုးသမီး၊ တမန်တော်မြတ်၏ကြင်ရာတော်၊ ➢➢

إِذْ تَلَقَّوْنَهُۥ بِأَلْسِنَتِكُمْ وَتَقُولُونَ بِأَفْوَٰهِكُم مَّا لَيْسَ لَكُم بِهِۦ عِلْمٌ وَتَحْسَبُونَهُۥ هَيِّنًا وَهُوَ عِندَ ٱللَّهِ عَظِيمٌ ﴿١٥﴾

၁၅။ အကြင်အခါ၌ အသင်တို့သည် ယင်းကိစ္စကို မိမိတို့လျှာများဖြင့် လက်ခံ ပြောဆိုနေခဲ့ကြ၏။ ထို့ပြင် မိမိတို့ အလျှင်းမသိသော အကြောင်းကိစ္စကို မိမိတို့ နှုတ်များဖြင့် မြွက်ဆိုနေခဲ့ကြကုန်၏။ ထိုမှတပါး အသင်တို့သည် ယင်းကိစ္စကို ပေါ့ပေါ့ဆဆ သာမန်ကိစ္စဟု ထင်မှတ်နေကြကုန်၏။ အမှန်စင်စစ်မှာမူကား ယင်းကိစ္စသည် အလ္လာဟ်အရှင်မြတ် အထံတော်၌ အလွန် ကြီးလေးလှသောကိစ္စပင် ဖြစ်ချေသတည်း။

وَلَوْلَآ إِذْ سَمِعْتُمُوهُ قُلْتُم مَّا يَكُونُ لَنَآ أَن نَّتَكَلَّمَ بِهَٰذَا سُبْحَٰنَكَ هَٰذَا بُهْتَٰنٌ عَظِيمٌ ﴿١٦﴾

၁၆။ ၎င်းပြင်အသင်တို့သည် ယင်းမုသားစွပ်စွဲချက်ကို ကြားခဲ့ကြသောအခါ '(အို-အလ္လာဟ်အရှင်မြတ်) အရှင်မြတ်သည်စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ကျွန်ုပ်တို့သည် ဤသည်ကို (မိမိတို့နှုတ်ဖြင့်) ပြောဆိုကြရန် အလျှင်းမထိုက်။ ဤသည် ကြီးကျယ်လှစွာသော သွားပုပ်လေလွင့် *မတရားပြောဆိုချက်မျှသာဖြစ်ပေသည်*'[၁] ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။

➤➤ မွတ်စ်လင်မ်အပေါင်းတို့၏ မိခင်ကြီးဖြစ်ပေသည်။ ယင်းသို့သော အမျိုးသမီးကြီးတစ်ဦးအား မတရားစွပ်စွဲပြောဆိုခြင်းမှာ အဘယ်မျှအပြစ်ကြီးသည်ကို လူတိုင်းသိနိုင်ပေသည်။ သို့ပါလျက် ယင်းမွတ်စ်လင်မ်တစ်စုသည် အဆိုပါ ကြင်ရာတော် အား မတရားစွပ်စွဲမှုတွင် ပါဝင်မိခဲ့ကြပေသည်။ ထို့ပြင်တစ်ဝ ယင်းသို့ပါဝင်ခြင်းကိုပင် သာမန်ဟူ၍ ထင်မှတ်ခဲ့ကြပေသည်။ ဤကားပို၍ပင် ဆိုးဝါးပေသည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်သာ မရှိခဲ့ပါက ယင်းမွတ်စ်လင်မ်တစ်စုသည်လည်း မုနာဖစ်ဂ်များအလား ကိယာမတ်နေ့တွင် ကြီးလေးသော ပြစ်ဒဏ်ကို ခံကြရမည်သာဖြစ်သည်။ ယခုမူ အလ္လာဟ်အရှင်မြတ်သည် မိမိကရုဏာတော်ဖြင့် အဆိုပါ မတရားစွပ်စွဲမှုတွင် မေ့မှားပါဝင်မိခဲ့ကြသော မွတ်စ်လင်မ် သူတော်စင်များအား ဤပစ္စက္ခတွင် ဝန်ချတောင်းပန်ခွင့် ပြုတော်မူ၍ နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်မှချမ်းသာခွင့် ပြုတော်မူလိုက်လေပြီ။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်ပင်။

① ဆိုလိုသည်ကား မွတ်စ်လင်မ်များသည် အချင်းချင်း အမြင်ကောင်း မြင်ကြရသည်ဖြစ်ရာ မတရားစွပ်စွဲချက်ကို ကြားလျှင် စိတ်တွင် သို့လောသို့လော၊ မကောင်းသော အတွေးအတော အလျှင်းမသက်ရောက်ရာ။ အကယ်၍ ရှိုင်တွာန်၏ လှုံ့ဆော်မှုကြောင့် စိတ်တွင်းမကောင်းသော အတွေးပေါ်ပေါက်သော် နှုတ်ဖြင့်ကား၊ ထုတ်ဖော်၍ အလျှင်းမပြောရာ ဤသို့သော အခြေအမြစ်မရှိသော စကားလေစကားလွင့်ကို ကျွန်ုပ်တို့သည် မိမိတို့၏ နှုတ်လျှာများပေါ်တွင်ပင် မတင်သင့်ကြပေ။ အို- အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် စင်ကြယ်သန့်ရှင်း➤➤

يَعِظُكُمُ اللَّهُ أَنْ تَعُودُوا لِمِثْلِهِ أَبَدًا إِنْ كُنْتُمْ مُؤْمِنِينَ ﴿١٧﴾

၁၇။ အကယ်၍အသင်တို့သည် 'မုအ်မင်န်'သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အသင်တို့သည် ယင်းကဲ့သို့သော အပြုအမူမျိုးကို နောက်ထပ်၍ မပြုရန် အလျှာဟ်အရှင်မြတ်သည် အသင်တို့အား ဆုံးမတော်မူလေသည်။

وَيُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ ۚ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿١٨﴾

၁၈။ ၎င်းပြင် အလျှာဟ်အရှင်မြတ်သည် အသင်တို့အဖို့ အမိန့်ပညတ်တော်များကို ရှင်းလင်းစွာ မိန့်ကြားတော်မူပေသည်။ စင်စစ် အလျှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော် မူပေသတည်း။

إِنَّ الَّذِينَ يُحِبُّونَ أَنْ تَشِيعَ الْفَاحِشَةُ فِي الَّذِينَ آمَنُوا لَهُمْ عَذَابٌ أَلِيمٌ فِي الدُّنْيَا وَالْآخِرَةِ ۚ وَاللَّهُ يَعْلَمُ وَأَنْتُمْ لَا تَعْلَمُونَ ﴿١٩﴾

၁၉။ ဇကန်စင်စစ် 'မုအ်မင်န်' သက်ဝင် ယုံကြည်သော သူတို့တွင် မဖွယ်မရာ ညစ်ညမ်းသောစကား ပျံ့ပွားခြင်းကို နှစ်သက်လိုလားသောသူတို့၌ (ဤ) မျက်မှောက်လောကီဘဝတွင် လည်းကောင်း၊ တမလွန်ဘဝတွင်လည်းကောင်း၊ *ပြင်းပြနာကျင်ဖွယ် ပြစ်ဒဏ်* သည် ရှိပေမည်၊ [၁] စင်စစ် အလျှာဟ်အရှင်မြတ်သည် သိရှိတော်မူ၏။ အသင်တို့မူကား မသိနားမလည်ကြချေ။

➢➢ အပြစ်ကင်းတော်မူပါသည်။ ဤသည် အလွန်ကြီးမားသော မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုသာ ဖြစ်ပါသည်' ဟူ၍သာ အတိအလင်း ငြင်းပယ်သင့်ကြပေသည်။

① မကောင်းသတင်း ပျံ့ပွားခြင်းကို လိုလားသူတို့သည်၊ နှစ်ဘဝစလုံးတွင် ကြီးလေးသော ပြစ်ဒဏ်ခံကြရမည်။

ပြဿနာရှင်းသွားပြီး နောက်တွင်လည်း မွတ်စ်လင်မ်တို့တွင် စက်ဆုပ်ဖွယ်ရာအမှုနှင့် စပ်လျဉ်း၍ မကောင်းသတင်း ပျံ့ပွားခြင်းကို လိုလားသောသူများသည် ကာဖိရ်များသာ ဖြစ်ကြပေသည်။ ယင်းသို့သော သူယုတ်မာများသည် ဤပစ္စက္ခဘဝတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင် လည်းကောင်း နှစ်ဘဝစလုံးတွင် ကြီးမားသောပြစ်ဒဏ် အမှန်ခံကြရမည် ဖြစ်ကြောင်းကို ဤအာယတ်တော်တွင် အတိအလင်း သတိပေးထားတော်မူသည်။ သို့ဖြစ်ရာ မွတ်စ်လင်မ်များသည် ကာဖိရ်တို့၏ ခြေရာကို မလိုက်မှားမိကြရန်နှင့် ကာဖိရ်တို့၏ ကျော့ကွင်းကို မနင်းမိကြရန် အထူးသတိပြု ရောင်ကြဉ်ကြရပေမည်။ ထာနဝီကိုမှီးသည်။

وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ رَءُوفٌ رَّحِيمٌ ﴿٢٠﴾

၂၀။ စင်စစ်သော်ကား အကယ်၍သာ အသင်တို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအရှင်မြတ်၏ ကရုဏာတော်မရှိခဲ့မူ (အမှန်ပင် အသင်တို့၌ ပြစ်ဒဏ်ကိုအဆောတလျင် သက်ရောက်စေတော်မူခဲ့ပေမည်)။ သို့ရာတွင် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည်အလွန်တရာသနားကြင်နာတော်မူထသော အရှင်၊ အလွန်တရာ ကရုဏာပြုတော်မူထသောအရှင် ဖြစ်တော်မူပေသည်။ (သို့ဖြစ်ပေရာ အသင်တို့အား တောင်းပန် ဝန်ချနိုင်ရန် အခြေအနေကို ဖန်တီး၍ ပေးသနားတော်မူခဲ့ပေသည်။) ၁

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّبِعُوا۟ خُطُوَٰتِ ٱلشَّيْطَٰنِ ۚ وَمَن يَتَّبِعْ خُطُوَٰتِ ٱلشَّيْطَٰنِ فَإِنَّهُۥ يَأْمُرُ بِٱلْفَحْشَآءِ وَٱلْمُنكَرِ ۚ وَلَوْلَا فَضْلُ

၂၁။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့ အသင်တို့သည် ရှိုင်တွာန်မိစ္ဆာကောင်၏ ခြေရာများကို မလိုက်ကြကုန်လင့်။ စင်စစ်သော်ကား မည်သူမဆို ရှိုင်တွာန်မိစ္ဆာကောင်၏ ခြေရာများကို လိုက်ပါလျှင် ဧကန်မလွဲ ထိုရှိုင်တွာန်မိစ္ဆာကောင်သည် (ထိုသူအား) ရုက်ဖွယ်ကိစ္စနှင့်မကောင်းမှု ဒုစရိုက်ကိုသာ လုပ်ရန် ညွှန်ကြားပေမည်။

---

① **အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်သာ. . .**

အကယ်၍သာ မှားယွင်းခဲ့ကြသော မွတ်စ်လင်မ်တို့ပေါ်၌ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် ကရုဏာတော် သာ မရှိခဲ့ပါမူ ၎င်းတို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့်အခါ၌မျှ စင်ကြယ်သန့်ရှင်းအပြစ်ကင်း နိုင်ကြမည် မဟုတ်ပေ။

ပထမသော် မုနာဖစ်ဂ်များပမာ ဝန်ချတောင်းပန်နိုင်ရန် အခွင့်အလမ်းကိုပင် ရရှိကြမည်မဟုတ်ပေ။

ဒုတိယသော် ဝန်ချတောင်းပန်ရန် အခွင့်အလမ်းရရှိ၍ ဝန်ချတောင်းပန်ကြသော်လည်း၊ ၎င်းတို့၏ ဝန်ချ တောင်းပန်မှုကို အလ္လာဟ်အရှင်မြတ်သည် လက်ခံတော်မူလိမ့် လက်ခံတော်မူမည်။ လက်ခံတော်မမူလိုပါက လက်ခံတော်မူမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်အပေါ်၌ မည်သို့မျှတာဝန်မရှိပေ။

ယခုမူကား အလ္လာဟ်အရှင်မြတ်သည် မိမိကျေးဇူးတော်ဖြင့် မွတ်စ်လင်မ်တို့အား ဝန်ချတောင်းပန်နိုင်ရန် အခွင့်အလမ်းကို ဖန်တီးပေးတော်မူသည်သာမက ၎င်းတို့၏ ဝန်ချတောင်းပန်ခြင်းကိုလည်း လက်ခံတော်မူ၍ ၎င်းတို့အား စင်ကြယ်သန့်ရှင်း အပြစ်ကင်းစေတော်မူလေပြီ။ ဤကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

اللَّهِ عَلَيْكُمْ وَرَحْمَتُهُ مَا زَكَىٰ مِنكُم
مِّنْ أَحَدٍ أَبَدًا وَلَٰكِنَّ اللَّهَ يُزَكِّي
مَن يَشَاءُ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٢١﴾

စင်စစ် အကယ်၍သာ အသင်တို့အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်မရှိခဲ့လျှင် အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ၊ မည်သည့်အခါမျှပင် (ဝန်ချတောင်းပန်၍) စင်ကြယ်သန့်ရှင်း လွတ်ကင်းခဲ့မည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (ဝန်ချတောင်းပန်ခွင့် ပြုတော်မူ၍) စင်ကြယ်သန့်ရှင်းလွတ်ကင်းစေတော်မူ၏။ ။စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။

وَلَا يَأْتَلِ أُولُو الْفَضْلِ مِنكُمْ
وَالسَّعَةِ أَن يُؤْتُوا أُولِي الْقُرْبَىٰ
وَالْمَسَاكِينَ وَالْمُهَاجِرِينَ فِي
سَبِيلِ اللَّهِ ۖ وَلْيَعْفُوا
وَلْيَصْفَحُوا ۗ أَلَا تُحِبُّونَ أَن
يَغْفِرَ اللَّهُ لَكُمْ ۗ وَاللَّهُ غَفُورٌ
رَّحِيمٌ ﴿٢٢﴾

၂၂။ ၎င်းပြင် အသင်တို့အနက် ဂုဏ်အသရေနှင့် ကုံလုံကြွယ်ဝမှုရှိသောသူများသည် ဆွေရင်းမျိုးရင်းများအား၊ လည်းကောင်း၊ သူဆင်းရဲများအား၊ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (မိမိတို့၏ အိုးအိမ်စည်းစိမ်တို့ကို စွန့်၍ မဒီနာမြို့သို့) ရွှေ့ပြောင်းလာခဲ့ကြသော မုဟာဂျိရ်များအား၊ လည်းကောင်း၊ (အကူအညီ အထောက်အပံ့) မပေးကြတော့ပါဟူ၍ ကျိန်ဆိုခြင်းမပြုကြရာ။

စင်စစ် ၎င်းတို့သည် (ထိုသူတို့အား) ခွင့်လွှတ်သင့်ကြပေသည်။ ၎င်းပြင် လျစ်လျူပြုသင့်ကြပေသည်။ အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က အပြစ်မှ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသည်ကို မနှစ်သက် မလိုလားကြလေသလော။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွှတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင် အလွန်တရာ သနားညှာတာကရုဏာ ပြုတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

إِنَّ الَّذِينَ يَرْمُونَ الْمُحْصَنَاتِ الْغَافِلَاتِ الْمُؤْمِنَاتِ لُعِنُوا فِي الدُّنْيَا وَالْآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ ﴿٢٣﴾

၂၃။ ဇကန်စင်စစ် ကာမဂုဏ်ကိုချုပ်တည်းသော၊ ရိုးသားဖြောင့်မတ်၍ သတိမမူသော 'မုအ်မင်နဲ်' အမျိုးသမီးများအား (မဟုတ်မမှန် မတရား)စွပ်စွဲကြကုန်သောသူတို့သည် လောကီဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ကရုဏာတော်မှကင်းဝေးစေခြင်းကို ခံကြရပေမည်။ ထိုမှတပါး၊ ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည်(လည်း) ရှိပေမည်။

يَوْمَ تَشْهَدُ عَلَيْهِمْ أَلْسِنَتُهُمْ وَأَيْدِيهِمْ وَأَرْجُلُهُمْ بِمَا كَانُوا يَعْمَلُونَ ﴿٢٤﴾

၂၄။ အကြင်နေ့တွင်(ထိုနေ့တွင်) ထိုသူတို့၏ နှုတ်လျှာများသည်လည်းကောင်း၊ ထိုသူတို့၏ လက်များသည်လည်းကောင်း၊ ထိုသူတို့၏ ခြေထောက်များသည်လည်းကောင်း ထိုသူတို့နှင့်ဆန့်ကျင်ကာ ထိုသူတို့ ကျင့်မူခဲ့သမျှတို့ကို သက်သေခံကြပေမည်။

يَوْمَئِذٍ يُوَفِّيهِمُ اللَّهُ دِينَهُمُ الْحَقَّ وَيَعْلَمُونَ أَنَّ اللَّهَ هُوَ الْحَقُّ الْمُبِينُ ﴿٢٥﴾

၂၅။ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့်ထိုက်တန်သောအစားကို အပြည့်အဝ ပေးတော်မူပေမည်။ ထို့ပြင် ဇကန်မုချ အလ္လာဟ်အရှင်မြတ်သည် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသောအရှင် (အကြောင်းကိစ္စများကို) ထင်ရှားစေတော်မူသောအရှင် ဖြစ်တော်မူကြောင်းကို ၎င်းတို့သိရှိကြပေမည်။ ①

---

① ကြင်ရာတော် အာအေ့ရှဟ်သခင်မ၌ အပြစ်တစ်စုံတစ်ရာမျှမရှိကြောင်း၊ အာယတ်တော်များ ကျရောက်လာပြီးသည့် နောက်တွင်သော်မှပင် မိမိတို့၏ စွပ်စွဲမှုမှ ဝန်ချမတောင်းပန်ဘဲ စွပ်စွဲရင်းယုံကြည်ချက်အတိုင်း ထင်မှတ်ယုံကြည်နေသောသူများကို ဤအာယတ်တော်များတွင် ရည်ညွှန်းမိန့်ဆို ထားတော်မူသည်။ ထာနဝီ။

မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းသည် မည်သူအားပင် ဖြစ်စေကာမူ အပြစ်ကြီးပင်။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ရိုးသားဖြူစင်သော မွတ်စ်လင်မ် အမျိုးသမီးများအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းသည် ပို၍ပင် အပြစ်ကြီးလှသည်။ တမန်တော်၏ ကြင်ရာတော်များ အထူးသဖြင့် ကြင်ရာတော် အာအေ့ရှဟ်သခင်မအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းမှာကား အဘယ်မျှ အပြစ်ကြီးလေးမည်ကို မတွေးဝံ့စရာပင်။

ယင်းသို့စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မွတ်စ်လင်မ်အမျိုးသမီးများအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲသူများသည် နှစ်ဘဝစလုံးတွင် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်နှင့် အဝေးကြီးဝေးကြရပေမည်၊ ➤➤

الْخَبِيثٰتُ لِلْخَبِيثِينَ وَالْخَبِيثُونَ لِلْخَبِيثٰتِ ۚ وَالطَّيِّبٰتُ لِلطَّيِّبِينَ وَالطَّيِّبُونَ لِلطَّيِّبٰتِ ۚ أُولٰٓئِكَ مُبَرَّءُونَ مِمَّا يَقُولُونَ ۖ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٢٦﴾

၂၆။ ယုတ်မာသောမိန်းမများသည် ယုတ်မာသော ယောကျ်ားများနှင့်သာထိုက်ကြပေသည်။ ထိုနည်းတူစွာ ယုတ်မာသောယောကျ်ားများမှာလည်း ယုတ်မာသော မိန်းမများနှင့် ထိုက်တန်ကြကုန်၏။ ၎င်းပြင် မွန်မြတ်သော မိန်းမများသည် မွန်မြတ်သောယောကျ်ားများနှင့်သာ ထိုက်တန်ကြပေသည်။ ထိုနည်းတူစွာ မွန်မြတ်သောယောကျ်ားများသည်လည်း မွန်မြတ်သော မိန်းမများနှင့် ထိုက်တန်ကြကုန်၏။ [၁]

➤➤ ကိယာမတ်နေ့တွင် ကြီးလေးလှသောပြစ်ဒဏ် ခံကြရပေမည်။ ကိယာမတ်နေ့တွင် ၎င်းတို့ စွပ်စွဲပြောဆို ကျင့်မှုခဲကြသည်များကို ၎င်းတို့၏နှတ်လျှာများ၊ ခြေများ၊ လက်များက ခရေစေ့တွင်းကျ သက်သေထွက်ဆိုကြပေမည်။ အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် ၎င်းတို့အား ၎င်းတို့နှင့်ထိုက်တန်သော ပြစ်ဒဏ်ကို အပြည့်အဝ တပ်ရိုက်တော်မူမည်။ သူတစ်ပါးအား မတရား အရှက်တကွဲ အကျိုးနည်းဖြစ်စေခဲ့သော သူများသည် 'ကိုယ့်ရှူး ကိုယ်ပတ်' ဆိုသကဲ့သို့ အရှက်တကွဲ အကျိုးနည်းဖြစ်ကာ ငရဲသို့ လားကြရပေမည်။

ဤအာယတ်တော်များ ကျရောက်လာခဲ့ပြီးနောက် မည်သူမဆို ကြင်ရာတော် အာအေရှာ်သခင်မ အားသော် လည်းကောင်း၊ အခြားကြင်ရာတော်များအားသော် လည်းကောင်း မတရားစွပ်စွဲပြောဆိုသည်ရှိသော် ထိုသူသည် ကုရ်အာန်ကျမ်းမြတ်ကို လိမ်လည်သူ၊ အစွန်လာမ်ဘောင်အပြင်သို့ ထွက်သွားသူ 'ကာဖိရ်' ဖြစ်သည်ဟူ၍ အာလင်မ်ပညာရှင်ကြီးများက အတိအလင်း တညီတညွတ်တည်း ဓမ္မသတ်အဆုံးအဖြတ် ပေးထားကြသည်။

③ ယုတ်မာသော မိန်းမသည် ယုတ်မာသောယောကျ်ားနှင့်သာ ထိုက်တန်သည်။

ဆိုလိုသည်ကား၊ ယုတ်မာသော မိန်းမများသည် ယုတ်မာသော ယောကျ်ားနှင့်သာ ထိုက်တန်ကြသည်။ ယုတ်မာသော ယောကျ်ားများသည် ယုတ်မာသော မိန်းမများနှင့်သာ ထိုက်တန်ကြသည်။ ထို့အတူ ကောင်းမြတ်သော အမျိုးသမီးများသည် ကောင်းမြတ်သော အမျိုးသားများနှင့်သာ ထိုက်တန်ကြသည်။ ကောင်းမြတ်သော အမျိုးသားများသည်လည်း ကောင်းမြတ်သော အမျိုးသမီးများနှင့်သာ ထိုက်တန်ကြပေသည်။ သူတော်သူတော်ချင်း၊ မသူတော်မသူတော်ချင်း၊ ဓာတ်ချင်းသင့်ကာ ပေါင်းကြသည်မှာ သဘာဝပင်။

တမန်တော်များသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပေရာ၊ ၎င်းတို့၏ ကြင်ရာတော်များသည်လည်း စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော အမျိုးသမီးမွန် အမျိုးသမီးမြတ်များသာ ဖြစ်ကြပေသည်။ သို့အတွက် သာဝကကြီး အစ်ဗ်နုအဗ္ဗားစ်က 'မည်သည့် တမန်တော်၏ မည်သည့်ကြင်ရာတော်မှ အကျင့်ပျက်သည်မရှိ' ဟု မိန့်ဆိုခဲ့လေသည်။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် မိမိ၏တမန်တော်များ၏ အကျင့်သိက္ခာများကို ထိန်းသိမ်းတော်မူသကဲ့သို့ ယင်းတမန်တော်များ၏ ကြင်ရာတော်များ၏ အကျင့်သိက္ခာများကို ထိန်းသိမ်းတော်မူပေသည်။

ထို(မွန်မြတ်သော ယောကျ်ား-မိန်းမ)တို့မှာ မူကား ၎င်း(မုနာဖစ်က်)တို့၏ ပြောဆို(စွပ်စွဲ)ချက်များမှ (လုံး၀) ကင်းရှင်းသူများပင် ဖြစ်ကြပေသည်။ ထိုသူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မွန်မြတ်လှစွာသော စားနပ်ရိက္ခာသည်လည်းကောင်း၊ ရှိပေသတည်း။ [၁]

۲۷။ အို-'မုအ်မင်န်' သက်၀င်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အိမ်များမှတပါး အခြားအိမ်များအတွင်းသို့ (ထိုအိမ်သားများထံမှ) ခွင့်ရယူခြင်း၊ ထိုအိမ်သားများအပေါ်၌ 'စလာမ်' မေတ္တာပို့သခြင်း၊ မပြုသမျှ ကာလပတ်လုံး ၀င်ရောက်ခြင်းကို မပြုကြကုန်လင့်။ [၂] ဤ (ခွင့်ရယူခြင်းနှင့် 'စလာမ်' မေတ္တာ ပို့သခြင်းတို့သည်)ကား အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ပေသည်။ သို့မှသာလျှင် အသင်တို့သည် သတိဝီရိယ ပြုကြပေမည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَدۡخُلُواْ بُيُوتًا غَيۡرَ بُيُوتِكُمۡ حَتَّىٰ تَسۡتَأۡنِسُواْ وَتُسَلِّمُواْ عَلَىٰٓ أَهۡلِهَاۚ ذَٰلِكُمۡ خَيۡرٞ لَّكُمۡ لَعَلَّكُمۡ تَذَكَّرُونَ ٢٧

① <u>မတရားစွပ်စွဲခြင်း ခံခဲ့ရသူများအဖို့ ကောင်းချီးသတင်း၊</u>

မုနာဖစ်က်များသည် ကြင်ယာတော် အာအေ့ရှ်ဟ်သခင်မနှင့် ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံ၍ စွပ်စွဲပြောဆိုခဲ့ကြသော်လည်း ပတ္တမြားမှန် နှံမနစ်ဆိုသကဲ့သို့ ကြင်ယာတော်၌ တစ်စုံတရာ အစွန်းအထင်းမရှိခဲ့သည်သာမက ကြင်ယာတော်၏ ဂုဏ်သိက္ခာများ နေရောင်၊လရောင်ပမာ ထွန်းပြောင်လာခဲ့လေသည်။ နောက်ဆုံးတွင် ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း၊ ဤပုဂ္ဂိုလ်များသည် ယင်းမုနာဖစ်က်များ စွပ်စွဲပြောဆိုသောစကားနှင့် လုံး၀ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြသည်။ ယင်းပုဂ္ဂိုလ်များအဖို့ ချမ်းသာခွင့်နှင့် (ဂျန္နတ်တွင်) ဂုဏ်အသရေရှိ ရိက္ခာတော်အသင့်ရှိသည်"ဟူ၍ အလ္လာဟ်အရှင်မြတ်က ကောင်းချီးသတင်းပေးထားတော်မူလေသည်။

ဤတွင် သာ၀ကကြီး ဆွဖ်၀ါန်အစ်ဗ်နုမုအတ္တန် သခင်၌လည်း အဆိုပါစွပ်စွဲမှုနှင့် စပ်လျဉ်း၍ အပြစ် တစ်စုံတစ်ရာမရှိကြောင်း၊ ထို့ပြင်တစ်၀ သာ၀ကကြီး ဆွဖ်၀ါန်သည်လည်း ဤအာယတ်တော်လာကောင်းချီးသတင်းတွင် အကျုံး၀င်သည်မှာ ထင်ရှားလှပေသည်။

② <u>သူတပါး၏နေအိမ်အတွင်းသို့ အခွင့်မရှိမ၀င်ရ။</u>

မိမိကိုယ်တိုင် နေထိုင်သော နေအိမ်မှတစ်ပါး၊ သူတစ်ပါး နေအိမ်အတွင်းသို့ တစ်စုံတစ်ရာခွင့်ပန်ကြားခြင်းမရှိဘဲ အမှုမဲ့ အမှတ်မဲ့ ၀င်မသွား၍၊ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် အိမ်၌ အိမ်သူအိမ်သားများသည် မည်သည့်အခြေအနေမှာ ရှိနေကြသည်၊ ထိုအချိန်တွင် သူတစ်ပါး အိမ်တွင်းသို့ ➤➤

فَإِن لَّمْ تَجِدُوا۟ فِيهَآ أَحَدًا فَلَا تَدْخُلُوهَا حَتَّىٰ يُؤْذَنَ لَكُمْ ۖ وَإِن قِيلَ لَكُمُ ٱرْجِعُوا۟ فَٱرْجِعُوا۟ هُوَ أَزْكَىٰ لَكُمْ ۚ وَٱللَّهُ بِمَا تَعْمَلُونَ عَلِيمٌ ﴿٢٨﴾

၂၈။ တစ်ဖန် အကယ်၍ အသင်တို့သည် ထိုအိမ်များတွင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့ကြလျှင်၊ အသင်တို့သည် မိမိတို့၌ အခွင့်မရရှိသမျှ ကာလပတ်လုံး ထိုအိမ်များအတွင်းသို့ မဝင်ကြကုန်လင့်။ [၁] ၎င်းပြင် အကယ်၍ အသင်တို့အား ပြန်ကြကုန်ဟု ပြောဆိုခဲ့လျှင်အသင်တို့သည် ပြန်ခဲ့ကြလေကုန်။ [၂] ထို(သို့ပြန်လာခြင်း)သည် အသင်တို့အဖို့ အစင်ကြယ်အမွန်မြတ်ဆုံးပင် ဖြစ်ချေသည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။

➤➤ လာသည်ကို နှစ်ခြိုက်ကြသည်၊ မနှစ်ခြိုက်ကြသည်ကို မသိနိုင်ပေ။ ထို့အတွက် သူတစ်ပါးအိမ်တွင်းသို့ မဝင်မီ အသံပြု၍ ဝင်ခွင့်ပန်ကြားရမည်။ ဝင်ခွင့်ပန်ကြားရန် အကောင်းဆုံးနှင့် မဂ်လာအရှိဆုံးအသံမှာ 'စလာမ်' မေတ္တာ၏ အသံပင်ဖြစ်သည်။

တမန်တော်မြတ်၏ ဟဒီးဆ်သြဟဒီးတော်များတွင် တစ်ဦးတစ်ယောက်သည် သူတစ်ပါးအိမ်တွင်းသို့ ဝင်လိုသည့်အခါ သုံးကြိမ် စလာမ်မေတ္တာပို့၍ ဝင်ခွင့်ပန်ကြားရမည်။ အကယ်၍ သုံးကြိမ်တိုင်တိုင် စလာမ်မေတ္တာပို့၍ ဝင်ခွင့်ပန်ကြားပါလျက် အခွင့်မရရှိပါက ပြန်သွားရမည်ဟူ၍ လာရှိပေသည်။

ဤသည့် အဆုံးအမတော်ကို လိုက်နာကျင့်သုံးပါက အိမ်ရှင်အဖို့လည်း အလွန်ကောင်းမြတ်ပေသည်။ ဧည့်သည်အဖို့လည်း အလွန် ကောင်းမြတ်ပေသည်။ သူတစ်ပါးအိမ်သို့ ဝင်ထွက်သွားလာ လည်ပတ်ရာတွင် အလွန်တရာမျှ ယဉ်ကျေးသိမ်မွေ့ရာလည်း ရောက်ပေသည်။ ယခုအခါ မွတ်စ်လင်မ်များသည် ဤသည်အဆုံးအမတော်ကို စွန့်ပယ်ထားကြသည်။ ဝမ်းနည်းဖွယ်ပင်။ အခြား အမျိုးသားများသည် ဤသည့် အဆုံးအမတော်ကို မွတ်စ်လင်မ်များထံမှပင် သင်ယူကျင့်မူ၍ တိုးတက်ယဉ်ကျေးလျက် ရှိကြပေသည်။ အားကျဖွယ်ပင်။

① <u>အိမ်တွင် လူမရှိက မဝင်ရ။</u>

အိမ်တစ်အိမ်တွင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိက ထိုသို့သော အိမ်အတွင်းသို့ အိမ်ရှင်၏ ခွင့်ပြုချက်မရရှိသမျှ မဝင်ရပေ။ သူတစ်ပါးအိမ်ရာတွင် အခွင့်မရှိဘဲ ဝင်ရောက်ခြင်းလုယက်ပိုင်ခွင့် မရှိ။ အခွင့်မရှိဘဲ ဝင်ရောက်ပါက ပြဿနာပေါ်နိုင်သည်။ အထင်မှားစရာ၊ စွပ်စွဲစရာဖြစ်နိုင်သည်။ ပိုင်နက်ကျူးလွန်ရာ ရောက်မည်။ သို့ရာတွင် အတိအလင်းဖြစ်စေ သို့တည်းမဟုတ် သွယ်ဝိုက်သောအားဖြင့်ဖြစ်စေ၊ ခွင့်ပြုချက်ရရှိပါက ထိုသို့သော လူမရှိသော အိမ်တွင်းသို့လည်း ဝင်နိုင်ပေသည်။

② <u>ပြန်ဆိုက ပြန်ရန်ပင်။</u>

တစ်ခါတစ်ရံ ပုဂ္ဂိုလ်တစ်ဦးသည် မည်သူနှင့်မျှ မတွေ့လိုပေ။ မည်သူကိုမျှ အတွေ့မခံလိုပေ။ တစ်ခါတစ်ရံ ဧည့်သည်များကို လက်ခံ ဧည့်ခံနေပါက မိမိအလုပ်တွင် အနှောင့်အယှက် ဖြစ်တတ်သည်။ တစ်ခါတစ်ရံ လူသည် သူတစ်ပါးအား အလျှင်းမသိစေလိုသော စကားတစ်ရပ်ကို အထူးလျှို့ဝှက်စွာဖြင့် ➤➤

لَيْسَ عَلَيْكُمْ جُنَاحٌ أَنْ تَدْخُلُوا
بُيُوتًا غَيْرَ مَسْكُونَةٍ فِيهَا مَتَاعٌ لَّكُمْ
وَاللَّهُ يَعْلَمُ مَا تُبْدُونَ
وَمَا تَكْتُمُونَ ﴿٢٩﴾

၂၉။ အသင်တို့သည် လူမနေသော အိမ်များတွင် အသင်တို့၏ (ကိုယ်ရေးကိုယ်တာ) အကျိုးကျေးဇူး ဥစ္စာပစ္စည်း တစ်စုံတစ်ရာရှိ၍ ထိုအိမ်များအတွင်းသို့ ဝင်ရောက်ခဲ့ကြသော် အသင်တို့၌ မည်သို့မျှ အပြစ် မရှိချေ။ [၁] အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ထင်ရှားစေကြသော ကိစ္စများကိုလည်း ကောင်း၊ အသင်တို့ လျှို့ဝှက်သောကိစ္စများကိုလည်း ကောင်း၊ ကောင်းစွာ သိရှိတော်မူပေသတည်း။

قُل لِّلْمُؤْمِنِينَ يَغُضُّوا مِنْ
أَبْصَارِهِمْ وَيَحْفَظُوا فُرُوجَهُمْ
ذَٰلِكَ أَزْكَىٰ لَهُمْ إِنَّ اللَّهَ خَبِيرٌ
بِمَا يَصْنَعُونَ ﴿٣٠﴾

၃၀။ (အို-နဗီတမန်တော်)အသင်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အား *မိမိတို့၏မျက်စိများကို* နှိမ့်ချထားရမည် [၂] ဟူ၍လည်းကောင်း၊ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြရမည်ဟူ၍ လည်းကောင်း၊ပြောကြားပါလေ။ ဤသည် ၎င်းတို့အဖို့ အစင်ကြယ်ဆုံးပင် ဖြစ်ပေသည်။ ဧကန်မလွဲ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့ ပြုလုပ်သမျှတို့ကို ကောင်းစွာ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ တိုင်ပင်ဆွေးနွေး နေတတ်သည်။ ထိုအချိန် ထိုအခါမျိုးတွင် လူသည် မည်သူနှင့်မျှ မတွေ့လိုပေ။ မည်သူ့ကိုမျှ အတွေ့မခံလိုပေ။ ဧည့်သည်လာမည်ကိုပင် စိုးရိမ်နေပေသည်။ ထိုအချိန် ထိုအခါမျိုးတွင် အလိုက်မသိတတ်ဘဲ၊ အားမနာတတ်ဘဲ၊ မထောက်ထားဘဲ တစ်နည်းတစ်ဖုံ မရအရ၊ ဝင်ရောက် တွေ့ဆုံခြင်းသည် သူတစ်ပါးအား တမင်စိတ်ဒုက္ခပေးရာရောက်သည်။ ယင်းသို့ အလိုက်မသိတတ်ဘဲ တစ်ဖက်သားအား စိတ်ဒုက္ခ ပေးခြင်း၊ အနောင့် အယှက် ပြုခြင်းအားဖြင့် မေတ္တာပြယ်ကာ၊ ဆက်ဆံမှုပင် ပျက်တတ်သည်။ ထို့အတွက် ဆက်ဆံရာတွင် အလိုက်သိရာသည်၊ ထောက်ထား ရာသည်။ တွေ့ခွင့်မရက မအားလပ်၍ အခွင့်မသင့်၍သာ ဖြစ်သည်ဟု ယူဆကာ ကြည်ဖြူစွာ-ပြန်လာရုံသာရှိသည်။ စိတ်ကွက်ရန် မလိုပေ။ ဤသည် အကောင်းဆုံးနှင့် အပြစ် အကင်းဆုံးနည်းပင်။

① **<u>ဝင်ခွင့်တောင်းရန် မလိုသောဌာနများ။</u>**

အချို့ဌာနများသည် ဤသို့ရှိ၏။ ယင်းဌာနများတွင် တစ်ဦးတစ်ယောက်မျှ၊ နေအိမ်ပမာ သီးသန့်နေသည်ဟူ၍ မရှိ၊ အတားအဆီးလည်းမရှိ၊ ဥပမာ-ဗလီကျောင်း၊ ဧည့်ဂေဟာ-စသည်များ၊ ယင်းသို့သော ဌာနများတွင် မိမိ၏အလုပ်အကိုင် သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာရှိနေပါက ထိုသို့သောဌာနများတွင် ဝင်ရာ၌ ဝင်ခွင့်တောင်းရန် မလိုပေ။

وَقُل لِّلْمُؤْمِنٰتِ يَغْضُضْنَ مِنْ أَبْصَٰرِهِنَّ وَيَحْفَظْنَ فُرُوجَهُنَّ وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلَىٰ جُيُوبِهِنَّ وَلَا

၃၁။ (အို-နဗီတမန်တော်) အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အမျိုးသမီးတို့အား (ဤသို့)ပြောကြားပါလေ။ ၎င်းတို့သည် မိမိတို့မျက်စိများကို အောက်သို့ နှိမ့်၍စိုက်၍ ထားရှိကြရမည်။ [၁] ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အရှက်အင်္ဂါများကို (ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ခြင်းမှ) ထိန်းသိမ်းကြရမည်။ ထိုမှတပါး၊ ၎င်းတို့သည် ပေါ်၍နေတတ်သောမိမိတို့၏ အလှမှတပါး၊ ကျန်အလှအပတို့ကို မပေါ်ကြစေရ။ [၂]

---

(၂) မရိုးမသား မကြည့်ရ။

မရိုးမသားသော ကြည့်ခြင်းသည် ကာမေသုမိစ္ဆာစာရကဲ့ ကျူးလွန်ရန် ပထမခြေလှမ်းပင်ဖြစ်သည်။ ဤသည့် မရိုးသားသော ကြည့်ခြင်းမှာပင် မြောက်မြားစွာသော ဒုစရိုက်မှုများ၏ တံခါးများလည်း ပွင့်လာပေသည်။ ထို့အတွက် ကုရ်အာန်ကျမ်းမြတ်သည် ဒုစရိုက်မှုများကို ပိတ်ပင်ရန်အတွက် ဤသည့် 'မျက်ပေါက်'ကိုပင် ဦးစွာ ပထမပိတ်စေသည်။ (၀၊) မွတ်စ်လင်မ်အမျိုးသား၊ အမျိုးသမီးတို့အား မရိုးမသားသော ကြည့်ခြင်းကို ရှောင်ကြဉ်ရန်နှင့် ကာမဂုဏ် အာရုံများကို ထိန်းသိမ်းရန် အမိန့်ပေးထားလေသည်။

အကယ်၍ အမျိုးသားတစ်ဦးသည် သူစိမ်းအမျိုးသမီးတစ်ဦးအား စေတနာမပါဘဲ အမှုမဲ့အမှတ်မဲ့ မြင်မိလျှင် သို့တည်းမဟုတ်၊ အမျိုးသမီးတစ်ဦးသည် သူစိမ်းအမျိုးသား တစ်ဦးအား စေတနာမပါဘဲ အမှုမဲ့အမှတ်မဲ့ မြင်မိလျှင် ဒုတိယတစ်ဖန် ထပ်မံ၍ကြည့်လိုသော စေတနာဖြင့်မကြည့်ရ၊ အဘယ့်ကြောင့်ဆိုသော် ပထမအကြိမ် မြင်မိခြင်းတွင် စေတနာမပါချေ။ ခွင့်လွှတ်နိုင်သည်။ ဒုတိယအကြိမ် ကြည့်ရာတွင် စေတနာပါသည်၊ တမင်ကြည့်ခြင်း ဖြစ်သည်။ ခွင့်မလွှတ်နိုင်ပေ။ သို့ဖြစ်ရာ မကြည့်အပ်သည့် အစိတ်အပိုင်းများကို ကြည့်ရန်ဝေးစွ၊ ကြည့်ပိုင်သော အစိတ်အပိုင်းကိုပင် မရိုးသာသောစိတ်ထားဖြင့် မကြည့်ရပေ။

အကယ်၍ အမျိုးသား၊ အမျိုးသမီး များသည် မကြည့်သင့်၊ မကြည့်အပ်သည်များကို မကြည့်ဘဲ မျက်စိများကို အောက်သို့စိုက်ထားသည့် အလေ့အထ ပြုလုပ်ကြလျှင် စိတ်နလုံးသားများသည် လျင်မြန်စွာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသွားပေမည်။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် နလုံးသားများတွင် မကောင်းမှုကျူးလွန်ရန် မကောင်းသော အတွေးအခေါ်သည် အသို့လျှင် ပေါ်ပေါက်နိုင်အံ့နည်း။

(၃) အမျိုးသမီးများလည်း မရိုးသားသောကြည့်ခြင်းမျိုး မကြည့်ရ၊ ကာယရှေ့ကို ထိန်းသိမ်းရမည်။

အမျိုးသားများအား သူစိမ်းအမျိုးသမီးများကို မရိုးသားသော ကြည့်ခြင်းမျိုးဖြင့် မကြည့်ကြရန်နှင့် ကာယရှိန်ထိန်းသိမ်းကြရန် အမိန့်ပေးထားတော်မူသကဲ့သို့ အမျိုးသမီးများအားလည်း သူစိမ်းယောကျ်ားများကို မရိုးသားသော ကြည့်ခြင်းမျိုးဖြင့် မကြည့်ကြရန်နှင့် ကာယရှေ့ကို ထိန်းသိမ်းကြရန် အမိန့်ပေးထားတော်မူသည်။ အဘယ့်ကြောင့်ဆိုသော် စည်းစောင့်ရန်တာဝန်မှာ အမျိုးသား၊အမျိုးသမီး အသီးသီး၏ တာဝန်ဖြစ်သည်။ ဤသည့်သဘောကို ပေါ်လွင်ထင်ရှားစေရန်နှင့် ပိုမိုလေးနက်စေရန် အတွက် အမျိုးသားများအား လည်းကောင်း အမျိုးသမီးများအားလည်းကောင်း၊ အသီးသီး အမည်နာမဖော်ထုတ်၍ မိန့်ကြားတော်မူခြင်းဖြစ်ရာသည်။ ဃာဇီ။

يُبْدِينَ زِينَتَهُنَّ إِلَّا لِبُعُولَتِهِنَّ
أَوْ آبَائِهِنَّ أَوْ آبَاءِ بُعُولَتِهِنَّ
أَوْ أَبْنَائِهِنَّ أَوْ أَبْنَاءِ بُعُولَتِهِنَّ
أَوْ إِخْوَانِهِنَّ أَوْ بَنِي إِخْوَانِهِنَّ
أَوْ بَنِي أَخَوَاتِهِنَّ أَوْ نِسَائِهِنَّ
أَوْ مَا مَلَكَتْ أَيْمَانُهُنَّ أَوِ التَّابِعِينَ
غَيْرِ أُولِي الْإِرْبَةِ مِنَ الرِّجَالِ
أَوِ الطِّفْلِ الَّذِينَ لَمْ يَظْهَرُوا
عَلَىٰ عَوْرَاتِ النِّسَاءِ

ထိုပြင် ၎င်းတို့သည် မိမိတို့၏အပေါ်ရုံများ (ဦးခေါင်း ခြုံလွှာများ)ကို မိမိတို့၏ ရင်ဘတ်များ အပေါ်သို့ ချထားကြရမည်။ ၃

ထိုမှတပါး၊ ၎င်းတို့သည် မိမိတို့၏အလှကို မိမိတို့၏လင်ယောကျ်ားများ၊ သို့မဟုတ် မိမိတို့၏ဖခင်များ၊သို့မဟုတ် မိမိတို့၏လင်ယောကျ်ားများ၏ ဖခင်များ၊ သို့မဟုတ်မိမိတို့၏သားများ၊ သို့မဟုတ် မိမိတို့၏လင်ယောကျ်ားများ၏သားများ၊ သို့မဟုတ် မိမိတို့၏အစ်ကိုများ၊ မောင်များ၏သားများ၊ သို့မဟုတ် မိမိတို့၏အစ်မများ၊ ညီမများ၏သားများ၊ သို့မဟုတ် မိမိတို့၏ (သာသနာဝင်)မိန်းမချင်းများ၊ သို့တည်း မဟုတ် မိမိတို့ လက်ယာလက်များက ပိုင်ဆိုင်သော မိန်းမများ(ဝါ)ကျွန်မများ၊ သို့တည်းမဟုတ် ယောကျ်ားများအနက်မှ (မိန်းမများကို) အလိုမရှိသော (မိမိတို့)

---

③ **အလှမဖော်ရ။**

'ဇီနတ်' ဟူသောပုဒ်တွင် သဘာဝ ပင်ကိုယ်အလှနှင့် ဝတ်စားဆင်ယင် ခြယ်လှယ်ဖန်တီးထားသော အလှများအားလုံး အကျုံးဝင်သည်။ အမျိုးသမီးများသည် မိမိတို့၏ သဘာဝပင်ကိုယ်အလှနှင့် ဝတ်စားဆင်ယင် ခြယ်လှယ်ဖန်တီး ထားသောအလှ မည်သည့်အလှကိုမျှ ဤအာယတ်တော်တွင်ပါရှိသည့် 'မဟ်ရမ်' များမှတစ်ပါး မည်သူ၏ရှေ့တွင်မျှ မဖော်ကြရ။ သို့ရာတွင် အချို့အစိတ်အပိုင်းများကိုမူ ဤပညတ်တော်မှ ခွင်းချန်ထားတော်မူသည်။

④ **ရင်သားကို ဖုံးအုပ်ထား။**

အမျိုးသမီးတို့၏ သဘာဝပင်ကိုယ်အလှများတွင် အထူးထင်ရှားသော အလှတစ်ခုမှာ ရင်သားမို့မောက်မှုပင် ဖြစ်သည်။ သို့အတွက် ယင်းသည့်ရင်ကို အထူးတလည်ဖုံးအုပ်ထားရန် အမိန့်ပေးထားတော်မူခြင်းဖြစ်သည်။

အရဗ်အမိုက်ခေတ်တွင် အမျိုးသမီးများသည် ဦးခေါင်းရဲသောခြုံလွှာကို ဦးခေါင်းရဲပြီး အဝတ်၏အစွန်းနှစ်ဘက်ကို ကျောဘက်သို့ ချထားလေ့ရှိကြသည်။ ဤသို့ဖြင့် ၎င်းတို့၏ ရင်များသည် ပေါ်နေခဲ့ပေသည်။ (ရင်သားကို တစ်နည်းတစ်ဖုံ ပေါ်လွင်စေခြင်းမှာ ကာမသုမိန္ဒာစာရမှုကို နှိုးဆွပေးခြင်းပင်ဖြစ်သည်။ သို့အတွက် ကုရ်အာန် ကျမ်းမြတ်က အမျိုးသမီးများသည် မိမိတို့၏ ဦးခေါင်းခြုံ လွှာများကို ဦးခေါင်းပေါမှ တွဲလျားဆွဲလာပြီး ရင်ဘတ်ပေါ်၌ ချထားရမည်ဟု အမိန့်ပေးထားခြင်းဖြစ်သည်။ ဤသို့ဖြင့် အမျိုးသမီးများ၏ ဦးခေါင်း၊ နား၊ လည်ကုပ်၊ လည်ပင်းနှင့် ရင်အုံများသည် အထူးတလည် လုံခြုံသွားပေမည်။

وَلَا يَضْرِبْنَ بِأَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِينَ مِن زِينَتِهِنَّ ۚ وَتُوبُوا إِلَى اللَّهِ جَمِيعًا أَيُّهَ الْمُؤْمِنُونَ لَعَلَّكُمْ تُفْلِحُونَ ﴿٣١﴾

လက်အောက်ခံများ သို့မဟုတ် မိန်းမများ၏ အတွင်းရေး လျှို့ဝှက်ချက်များကို မသိ နားမလည်ကြသေးသော၊ ကလေးသူငယ်များ ရှေ့မှတပါး အခြားမည်သူ၏ ရှေ့၌မျှ မဖော်ကြရ။ [၁]

ထိုမှတပါး၊ ၎င်းတို့သည် မိမိတို့လျှို့ဝှက်ထားကြသောတန်ဆာများကို (သူတစ်ပါးတို့) သိရှိရန် မိမိတို့၏ခြေများကို ဆောင့်၍ မနင်းကြရ။ ထို့ပြင် အို-'မုအ်မင်နဲ်' သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အောင်မြင်မှုရရှိကြအံ့သောငှာ အသင်တို့အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဝန်ချ တောင်းပန်ကြလေကုန်။

---

① <u>အမျိုးသမီးများသည် မျက်နှာ၊ လက်ဖဝါးနှင့် ခြေဖဝါးများ အထူးဖုံးကွယ်ထားရန် မလိုသော ပုဂ္ဂိုလ်များ</u>

အထက်တွင် "ဇိနတ်"ကို ဖုံးကွယ်ထားရန် အမိန့်တော်တွင် အချို့အစိတ်အပိုင်းများ (ဝါ) မျက်နှာ၊ လက်ဖဝါး၊ ခြေဖဝါးများကို ခြွင်းချန်ထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် ခြွင်းချန်ထားတော်မူသည့် ယင်းအစိတ်အပိုင်းများကို အထူးဖုံးကွယ်ထားရန် မလိုသော အချို့သားချင်းများနှင့် အချို့ပုဂ္ဂိုလ်များကို မိန့်ဆိုထားတော်မူသည်။

အမျိုးသမီးများ မျက်နှာ၊ လက်ဖဝါး၊ ခြေဖဝါး အထူးဖုံးကွယ်ထားရန် မလိုသော ပုဂ္ဂိုလ်များကား ဆက်လက် ဖော်ပြပါအတိုင်းဖြစ်သည်။

(၁) မိမိတို့၏ လင်ယောကျ်ားများ၊

(၂) မိမိတို့၏ အဘများ၊

(၃) မိမိတို့၏ လင်ယောကျ်ားများ၏အဘများ၊

(၄) မိမိတို့၏သားများ၊

(၅) မိမိတို့၏ လင်ယောကျ်ားများ၏သားများ

(၆) မိမိတို့၏ (မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲ) အစ်ကိုများ၊ မောင်များ၊ (ဤတွင် ကြာကြာဘကြီး-ဘထွေး၊ မာမူ-ဦးကြီး၊ ဦးလေးတို့၏ သားများ မပါဝင်ချေ။)

(၇) အထက်ဖော်ပြပါ မိမိတို့၏ အစ်ကိုများ၊မောင်များ၏ သားများ၊ (ဝါ-တူအရင်းများ)

(၈) မိမိတို့၏ (မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲ) အစ်မများ၊ ညီမများ၏ သားများ၊ (ဤတွင် ကြာကြာနှင့် ခါလာတို့၏ သမီးများ၏ သားများမပါဝင်ချေ။)

(၉) မိမိတို့နှင့် ဘာသာတူအမျိုးသမီးများ၊ (ဤတွင်ဘာသာခြား အမျိုးသမီးများ မပါဝင်ချေ။) ➤➤

وَأَنكِحُوا الْأَيَامَىٰ مِنكُمْ وَالصَّالِحِينَ مِنْ عِبَادِكُمْ وَإِمَائِكُمْ ۚ إِن يَكُونُوا فُقَرَاءَ

၃၂။ ထို့ပြင်အသင်တို့သည် မိမိတို့အနက် ကြင်ဖော်ကြင်ဖက်မရှိသော ယောကျ်ားများ မိန်းမတို့အားလည်းကောင်း၊ [၁] မိမိတို့၏ ကျွန်-ကျွန်မများအနက် (ထိမ်းမြားရန်)အရည်အချင်းနှင့်ပြည့်စုံကြသော ကျွန်-ကျွန်မများအားလည်းကောင်း၊ [၂]ထိမ်းမြား၍ပေးကြလေကုန်။

➤➤(၁၀) မိမိတို့ကျွန်မများ၊ (ယင်းကျွန်မများသည် မွတ်စ်လင်မ်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ မထူးပေ၊ (ဤတွင် ကျွန်ယောကျ်ားများ မပါဝင်ချေ။)

(၁၁) အာရဗ်များပျက်စီး၍ အမျိုးသမီးများဘက်သို့ ကာမဂုဏ်၊ မစိတ် အလျှင်းမရှိသော၊ စားသောက်ရန် အတွက်သာ ကပ်ယပ်နေသော အူတူတူ၊ အတတ၊ ရူးတူးတူး၊ ပေါတောတော လူစားများ ဤအာယတ်တော်တွင် "ကပ်ယပ်နေသူများ" ဟူ၍ သုံးနှုန်းထားတော်မူခြင်းမှာ ထိုခေတ် ထိုအခါတွင် ထိုသို့သောသူများမှာ ထိုသို့ပင် ဖြစ်ခဲ့ကြသည်။ ဤတွင် ကာမဂုဏ် အာရဗ်ပျက်စီးမှု (မ)စိတ် မရှိမူသည် အဓိကဖြစ်သည်။ ကပ်ယပ်နေမူသည် အဓိကမဟုတ်ပေ။

(၁၂) အမျိုးသမီးများ၏ အတွင်းရေးများကို မသိသေးသော (ဝါ) အသက်ငယ်ရွယ်သည့်အတွက် ကာမဂုဏ်အကြောင်းကို မသိနားမလည်သေးသော ယောကျ်ားကလေးများ (ဤတွင် အရွယ်ရောက်ခါနီးဆဲဆဲ ဖြစ်သော ယောကျ်ားကလေးများ မပါဝင်ချေ။) ထာနဝီကိုမှီးသည်။

မှတ်ချက်။

(က) အစ်ကို၊ မောင်၊ အစ်မ၊ ညီမ များတွင် နို့စို့ဘက်များလည်း အကျုံးဝင်သည်။ (ခ)အဘများတွင် ဒါဒါ၊ နာနာ၊ အဘဘက်မှ ဘိုး၊ဘေး၊ အမိဘက်မှ ဘိုး၊ ဘေးများလည်း အကျုံးဝင်သည်။ (ဂ) သားများတွင် မြေးမြစ်များလည်းအကျုံးဝင်သည်။ (ဃ) အမျိုးသမီးများအဖို့ ၎င်းတို့၏ ကြာကြာ၊ မာမူ၊ ဘကြီး၊ ဘထွေး၊ ဦးရီး၊ ဦးလေး၊ လည်း 'မဟ်ရမ်' များတွင် ပါဝင်ကြသည်။ မာဂျိဒီ

သတိပြုဖွယ်။

ယခုခေတ်တွင် လူတို့၏အကျင့် လွန်စွာပျက်ပြားနေသည့်အတွက် အချို့ဓမ္မသတ်ရှင်များက နို့စို့မှုဖြင့်တော်စပ်သော ဆွေမျိုးများနှင့်သော်လည်းကောင်း၊ ထိမ်းမြားမှုဖြင့် တော်စပ်သော ဆွေမျိုးများနှင့်သော်လည်းကောင်း၊ နှစ်ကိုယ်ထီးတည်း မနေအပ်ဟု တားမြစ်ကြသည်။ ထာနဝီ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အသေးစိတ် ဓမ္မသတ်များကို ထာနဝီသခင်၏ တဖ်စီရ်ကျမ်းတွင် တွေ့ရှိရသည်။ ကျမ်းလေးမည်စိုး၍မရေးပြီ။

⑤ အခါအခွင့်သင့်က ထိမ်းမြားရေး အမြန်ဆောင်ရွက်ပေး။

အထက်တွင် အရှက်ကင်းမဲ့မှု ကာယိန္ဒြေကင်းမဲ့မှု၊ မဖွယ်ရာမှု၊ ယုတ်မာညစ်ညမ်းမှုနှင့် ကာမေသုမိဿာစာရမှု စသည့်ဒုစရိုက်မှုများ မဖြစ်ပေါ်စေရန်အတွက် သူတစ်ပါးအိမ်သို့ သွားသည့်အခါ ဝင်ခွင့်တောင်းရမည့်အကြောင်း၊ သူစိမ်းမိန်းမများအား တွေ့မြင်သည့်အခါ စူးစိုက်၍မကြည့်ဘဲ မျက်စိများ (မျက်နှာများ)ကို အောက်စိုက် လွှဲဖယ်ထားရမည့်အကြောင်း၊ 'စတ္တရ်' လုံးဝ ဖုံးအုပ်ထားရမည့် အစိတ်အပိုင်းများကို အမြဲတစေ ဖုံးအုပ်ထားရမည့် အကြောင်းများကို မိန့်ဆိုထားတော်မူသည်။ ➤➤

➤➤ ဤအာယတ်တော်တွင် ဇနီးမိန်းမ မရှိသောယောကျ်ားများ၊ လင်ခင်ပွန်းမရှိသော မိန်းမများ၊ ထိမ်းမြားခြင်း အလျှင်းမပြုရသေးသော အပျိုလူပျိုများ၊ ထိမ်းမြားပြီးနောက် လင်ခန်းမယားခန်း ပြတ်စဲ၍သော် လည်းကောင်း၊ ဇနီးမောင်နှံနှစ်ဦးအနက် တစ်ဦးဦး သေဆုံး၍သော်လည်းကောင်း၊ လင်ကွာ၊ မယားကွာများ၊ မုဆိုးဖို၊ မုဆိုးမများအား အခါအခွင့် အကြောင်းသင့်က နှောင့်နှေးခြင်းမရှိစေဘဲ ဆောလျင်စွာ ထိမ်းမြားပေးရမည့် ကြောင်း၊ မိန့်ဆိုထားတော်မူသည်။

တမန်တော်မြတ်က သာဝကကြီး အလီသခင်အား၊ အို-အလီ၊ သုံးခုသော အလုပ်တွင် နှောင့်နှေးခြင်း မရှိစေရ။

(၁) ဖရသ့ွဆွလာတ်၊ အချိန်ကျရောက်သည့်အခါ၊

(၂) ဂျနာဇာဟ် အသုဘ အသင့်ဖြစ်သည့်အခါ၊

(၃) မုဆိုးမ၊ ဂုဏ်ရည်တူ၊ စုံဘက်ရရှိသောအခါဟု မိန့်ကြားတော်မူခဲ့လေသည်။

ယခုခေတ်တွင် အချို့တိုင်းပြည်များ၌ မုဆိုးမများနှင့် ထိမ်းမြားခြင်းကို စက်ဆုပ်ရွံရှာကြသည်။ ရှောင်ကြဉ်ကြသည်။ ဤသည် အစွလာမ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။

ဓမ္မသတ်။

အချို့ အာလင်မ်ပညာရှင်များက ဤအာယတ်တော်လာ အမိန့်ပညတ်တော်သည် 'ဝါဂျိဗ်' တာဝန်ဖြစ်သည် ဟူ၍ပင်ဆိုကြသည်။ ဤတွင် ထိမ်းမြားခြင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ်၏အချို့ သြဝါဒတော်များကို ရေးသားဖော်ပြလိုပေသည်။

ထိမ်းမြားခြင်းသည် ကျွန်ုပ်၏ စွန့်တ်လမ်းစဉ်ဖြစ်သည်။ သို့ဖြစ်ရာ အကြင်သူသည် ကျွန်ုပ်၏ လမ်းစဉ်ကို သွေဖည်ကျောခိုင်းသော် ထိုသူသည် ကျွန်ုပ်(၏ အုပ်စုထဲ)မှ မဟုတ်ပေ။ မစ်ရှ်ကာတ်။

အို-လူပျိုများ၊ အသင်တို့အနက် ထိမ်းမြားခြင်း ပြုနိုင်စွမ်းသူသည် ထိမ်းမြားရမည်။ အဘယ်ကြောင့်ဆိုသော်၊ ထိမ်းမြားမှုသည် မျက်စိအောက်သို့ အလွန်စိုက်စေသည်။ အရှက်ကို အလွန်ထိန်းသိမ်းသည်။ ထိမ်းမြားခြင်း မပြုစွမ်းနိုင်သူသည် ဆွိယာမ် ဥပုသ်ဆောက်တည်ရမည်။ အဘယ်ကြောင့်ဆိုရသော် ဥပုသ်ဆောက်တည်မှုသည် ထိုသူအဖို့ သင်းရာရောက်သည်။ အစ်ဗ်နုကဆီရ်။

အကြင်သူသည် ထိမ်းမြားအံ့၊ ထိုသူသည် အီမာန်၏ ထက်ဝက်ကို ပြည့်စုံစေပြီ ဖြစ်အံ့၊ သို့ဖြစ်ရာ ထိုသူသည် ကျန်ထက်ဝက်နှင့် စပ်လျဉ်း၍ အလ္လာဟ် အရှင်မြတ်အား ကြောက်ရပေမည်။

③ အခါအခွင့်အကြောင်းသင့်က ကျေးကျွန်များကိုလည်း ထိမ်းမြားပေးရမည်။

အထက်တွင် အခါအခွင့် အကြောင်းသင့်က ကျေးကျွန်မဟုတ်သော လွပ်လပ်သော အမျိုးသား၊ အမျိုးသမီးတို့အား ထိမ်းမြားပေးရမည့် အကြောင်း မိန့်ဆိုထားတော်မူသည်။

ယခုဆက်လက်၍ မိမိတို့လက်ဝယ် ရောက်ရှိနေသော ကျေးကျွန်များကိုလည်း အကယ်၍ ယင်းကျေးကျွန်များသည် ဇနီးမောင်နှံတို့ လိုက်နာ စောင့်ရှောက်အပ်သည့် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိကြပါက၊ (ထိမ်းမြားပြီးနောက်၊ မိမိတို့၏ သခင်များ၏ တာဝန်ဝတ္တရားများကို မလစ်ဟင်းကြပါက) ထိမ်းမြားပေးကြရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ကြည့်-အွတ်ဆ်မာနီ။ ➤➤

يُغْنِيهِمُ اللَّهُ مِن فَضْلِهِۦ ۗ وَاللَّهُ وَٰسِعٌ عَلِيمٌ ﴿٣٢﴾

အကယ်၍ ၎င်းတို့သည် သူဆင်းရဲများ ဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မိမိကျေးဇူးတော်နှင့် ကြွယ်ဝချမ်းသာစေတော်မူမည်။ [၁] စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် ကျယ်ဝန်းစွာချီးမြှင့်ပေးသနားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

وَلْيَسْتَعْفِفِ الَّذِينَ لَا يَجِدُونَ نِكَاحًا حَتَّىٰ يُغْنِيَهُمُ اللَّهُ مِن فَضْلِهِۦ ۗ وَالَّذِينَ يَبْتَغُونَ الْكِتَٰبَ مِمَّا مَلَكَتْ أَيْمَٰنُكُمْ

၃၃။ သို့ရာတွင် ထိမ်းမြားရန်အလို့ငှာ (စားရိတ်ငွေကြေး) မရှိကြသောသူတို့မူကား အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ၎င်းတို့အား ကုံလုံကြွယ်ဝစေတော်မူသည်အထိ (မိမိတို့၏)ကာယိန္ဒြေကို စောင့်စည်း၍ နေကြရမည်။ [၂] ထို့ပြင် အသင်တို့၏ကျေးကျွန်များအနက် အကြင်သူတို့သည် (ကျွန်ဘဝမှလွတ်မြောက်ရန်)ကတိစာချုပ်ကို ချုပ်ဆိုလိုကြ၏။

➤➤ လွတ်လပ်သူများတွင် ကာမဂုဏ်အာရုံစိတ်ရှိသကဲ့သို့ ကျေးကျွန်များတွင်လည်း ကာမဂုဏ်အာရုံစိတ်ရှိသည်သာဖြစ်သည်။ သို့ဖြစ်ရာ သခင်များသည် မိမိတို့၏ ကျေးကျွန်များအား ထိမ်းမြားပေးလိုက်ခြင်းဖြင့် မိမိတို့အားပြုစုရာတွင် နည်းများမဆို တာဝန်ပျက်ကွက်ကောင်း ပျက်ကွက်မည်ဟူသော စိုးရိမ်မှုကိုအကြောင်းပြုပြီး၊ မိမိတို့၏ ကျေးကျွန်များအား ထိမ်းမြားခြင်းကို မတားဆီးသင့်ကြပေ။ အခါအခွင့် အကြောင်းသင့်က၊ ကိုယ်ချင်းစာနာ၍ ထိမ်းမြားပေးသင့် ကြပေသည်။ မိမိ၏ အကျိုးကိုသာ မကြည့်ရှု၊ သူတစ်ပါး၏ အကျိုးကိုလည်း ကြည့်ရှုသည်။

① **ဆင်းရဲမှုသည် ထိမ်းမြားမှုအတွက် အဟန့်အတားမဖြစ်ရာ။**

လွတ်လပ်သူများတွင် ထိမ်းမြားရန် စကားဆိုသောသူ၌ ဥစ္စာပစ္စည်း ရှာဖွေနိုင်စွမ်းရှိက၊ သားမယားကို သားမှတ်မှတ်၊ မယားမှတ်မှတ် ပြုစုနိုင်စွမ်းရှိက ထိုသို့သော သူတစ်ဦး၏ လက်ရှိဆင်းရဲနွမ်းပါးမှုကို ထိမ်းမြားမှုအတွက် အဟန့်အတားဟူ၍ မယူဆရ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ထိမ်းမြားရန် စကားဆိုလာသူများသည် ယခုလက်ရှိ အခြေအနေတွင် ဆင်းရဲနွမ်းပါးသူများ ဖြစ်နေကြသော်လည်း အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါက ၎င်းတို့အား မိမိ၏ ကျေးဇူးတော်ဖြင့် ကုံလုံကြွယ်ဝစေတော် မူမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆင်းရဲနွမ်းပါးမှုကိုလည်း ထိမ်းမြားမှုအတွက် အဟန့်အတားဟူ၍ မယူဆရ၊ ထို့အတူ ထိမ်းမြားမှုကိုလည်း ကုံလုံကြွယ်ဝမှုအတွက် အဟန့်အတားဟူ၍ မယူဆရ၊ ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲနွမ်းပါးမှုများသည်လည်း အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့် ဆက်စပ်လျက်ရှိပေသည်။ ကြည့်-ကုရ်အာန် (၉း၂၈)။

တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်သည် ဆင်းရဲမှုကို အလိုတော်ရှိပါက ထိုသူသည် မထိမ်းမြားဘဲနေလျက်နှင့်လည်း ဆင်းရဲနွမ်းပါး၍ နေမည်သာဖြစ်သည်။ တစ်ဦးတစ်ယောက်နှင့် ➤➤

فَكَاتِبُوهُمْ إِنْ عَلِمْتُمْ فِيهِمْ
خَيْرًا ۖ وَآتُوهُمْ مِنْ مَالِ اللَّهِ
الَّذِي آتَاكُمْ ۚ وَلَا تُكْرِهُوا فَتَيَاتِكُمْ
عَلَى الْبِغَاءِ إِنْ أَرَدْنَ تَحَصُّنًا
لِتَبْتَغُوا عَرَضَ الْحَيَاةِ الدُّنْيَا ۚ
وَمَنْ يُكْرِهْهُنَّ فَإِنَّ اللَّهَ مِنْ
بَعْدِ إِكْرَاهِهِنَّ غَفُورٌ رَحِيمٌ ﴿٣٣﴾

အကယ်၍အသင်တို့သည် ထိုသူတို့၌ ကောင်းကျိုးတစ်စုံတစ်ရာကို တွေ့ရှိခဲ့ကြလျှင် ၎င်းတို့နှင့် ကတိစာချုပ်ကို ချုပ်ဆိုကြလေကုန်။ ထိုမှတပါး အသင်တို့သည် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်၏ အကြင် ပစ္စည်းအနက်မှလည်း ပေးကမ်းကြလေကုန်။ ထိုအရှင်မြတ်သည် (ယင်းပစ္စည်းကို) အသင်တို့အား ချီးမြှင့်ထားတော်မူ၏။ ထို့ပြင် အသင်တို့သည် မိမိတို့၏ ကျွန်မများအား (အထူးသဖြင့်) ၎င်းတို့သည် ကာယိန္ဒြေစောင့်စည်းရန် လိုလားကြလျှင် အသင်တို့မျက်မှောက်လောကီ ဘဝ၏ပစ္စည်းဥစ္စာရရှိအံ့သောငှာ (ထိုကျွန်မများအား) ပြည့်တန်ဆာလုပ်ငန်း ပြုလုပ်ကြရန်အတင်းအကျပ် မပြုကြကုန်လင့်။ စင်စစ်သော်ကား မည်သူမဆိုငင်းတို့အား အတင်းအကျပ် ပြုစေခဲ့သည်ရှိသော် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ထိုကျွန်မများ အတင်းအကျပ်ပြုစေခြင်းကို ခံကြရပြီးနောက် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

➢➢ ပတ်သက်၍ ထိုအရှင်မြတ်သည် ချမ်းသာကြွယ်ဝမှုကို အလိုတော်ရှိပါက ထိုသူသည် ထိမ်းမြားငြားသော်လည်း ချမ်းသာကြွယ်ဝ၍ နေမည်သာဖြစ်သည်။ (မထိမ်းမြားမီ ဆင်းရဲနွမ်းပါးပြီး၊ ထိမ်းမြားပြီးနောက် ချမ်းသာကြွယ်ဝ လာသူများရှိသကဲ့သို့ မထိမ်းမြားမီ ချမ်းသာကြွယ်ဝပြီး၊ ထိမ်းမြားပြီးနောက်၊ ဆင်းရဲနွမ်းပါးသွားသူများလည်း ရှိကြပေသည်။)

Ⓙ အခြေအနေအရ မထိမ်းမြားနိုင်သေးပါက ကာယိန္ဒြေကို ထိန်းသိမ်းထားရမည်။

အချို့ပုဂ္ဂိုလ်များသည် မိမိတို့၏ လက်ရှိအခြေအနေအရ ဆင်းရဲနွမ်းပါးလွန်းလှသဖြင့် ထိမ်းမြားနိုင်ရန် အခြေအနေမရှိပါက မဟ်ရ်- ကုန်ကျစားရိတ်ပေးရန် မစွမ်းပါက အလ္လာဟ်အရှင်မြတ်က မိမိတို့အား ထိမ်းမြားနိုင်ရန် အခြေအနေများကို ဖန်တီးပေးလာတော်မူသည်အထိ မိမိတို့၏ စိတ်များကို ချုပ်၍ထားကြရမည်။ ကာယိန္ဒြေကို ထိန်းသိမ်းထားကြရမည်။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းစွာ နေထိုင်ကြရမည်။ယင်းသို့ မိမိတို့၏စိတ်များကို ချုပ်တည်းပြီး ကာယိန္ဒြေကို ထိန်းသိမ်းကာ စင်ကြယ် သန့်ရှင်း အပြစ်ကင်းစွာ နေထိုင်ကြပါက၊ ယင်းသည့် အကျိုးဖြင့် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မကြာမီကာလအတွင်းမှာပင် ထိမ်းမြားနိုင်ရန် အကြောင်းတရားများကို ဖန်တီးပေးတော်မူပေမည်။

وَلَقَدْ أَنزَلْنَآ إِلَيْكُمْ ءَايَٰتٍ مُّبَيِّنَٰتٍ وَمَثَلًا مِّنَ ٱلَّذِينَ خَلَوْا۟ مِن قَبْلِكُمْ وَمَوْعِظَةً لِّلْمُتَّقِينَ ﴿٣٤﴾

၃၄။ ထို့ပြင် စင်စစ်ဧကန် ငါအရှင်မြတ်သည် အသင်တို့ထံသို့ထင်ရှားလှစွာသော အမိန့်ပညတ်တော်များကိုလည်းကောင်း၊ အသင်တို့အလျင် လွန်လေပြီးသော ရှေးသူဟောင်းတို့၏ အလားတူ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ သူမွန်သူမြတ်တို့အကျိုးငှာ ဆုံးမသြဝါဒကိုလည်းကောင်း၊ ချပေးသနားတော်မူခဲ့ပေသတည်း။

ٱللَّهُ نُورُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ مَثَلُ نُورِهِۦ كَمِشْكَوٰةٍ فِيهَا مِصْبَاحٌ ۖ ٱلْمِصْبَاحُ فِى زُجَاجَةٍ ۖ ٱلزُّجَاجَةُ كَأَنَّهَا كَوْكَبٌ دُرِّىٌّ يُوقَدُ مِن

၃၅။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၏ ရောင်ခြည်တော် ဖြစ်တော်မူ၏။ (တစ်နည်း: အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေနှင့် မိုးကောင်းကင်များတွင်ရှိသူတို့အား ဓမ္မရောင်ခြည်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်)။ ထို အရှင်မြတ်၏ (ဓမ္မ)ရောင်ခြည်တော်၏ ဥပမာကား နံရံတွင်းရှိ အကြင်ဂူလိုဏ်နှင့် အလားတူပေသည်။ ထိုဂူလိုဏ်အတွင်းဝယ် ဆီမီးတစ်ခုရှိ၏။ ထိုဆီမီးမှာ မှန်အိမ်တစ်ခုအတွင်း၌ ရှိပေသည်။

---

① သာဝကကြီးအလီသခင်ထံမှ ကြားသိရသည်မှာ (ٱللَّهُ نُورُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ) ဟူသော အာယတ်တော်သည် (ٱللَّهُ نُورُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ) ဟူ၍ဖြစ်၏။ ဆိုလိုသည်ကား: ထိုအရှင်မြတ်သည် ထိုမိုးမြေများတွင် အမှန်တရားကို ပျံ့နှံ့စေတော်မူရာ ထိုမိုးမြေများသည် ထိုတရားရောင်ခြည်ဖြင့် လင်းဝင်းသွားခဲ့လေသည်။ သို့တည်းမဟုတ်၊ အခြားတစ်နည်း: အဖွင့်မှာ ထိုအရှင်မြတ်သည် ထိုမိုးမြေရှိ လူသားတို့၏ စိတ်နှလုံးများကို ထိုတရားရောင်ခြည်တော်ဖြင့် လင်ဝင်းစေတော်မူသည်ဟူ၏။

'နူရ်' နှင့်စပ်လျဉ်းသည့် အခြားအဖွင့်များ။

ဤပုံဆောင်ချက်တွင်ပါရှိသော 'နူရ်'ဟူသော ပုဒ်နှင့်စပ်လျဉ်း၍ 'မုဖတ်စ်စီရ်'များ အမျိုးမျိုးဖွင့်ဆိုကြသည်။

(၁) အချို့က ဤပုံဆောင်ချက်တွင်ပါရှိသော နူရ်သည် မုအ်မင်၏ နှလုံးသားတွင် ရှိသော အလ္လာဟ်အရှင်မြတ်၏ ဓမ္မရောင်ခြည်တော်ကို ဆိုလိုကြသည်။

(၂) အချို့က (مَثَلُ نُورِهِۦ) ၌ ပါရှိသော (ဟီ)ဟူသော နာမ်စားသည် မုအ်မင်ဖြစ်သူကို ရည်ညွှန်းသည်၊ ဤပုံဆောင်ချက်မှာ မုအ်မင်၏ နှလုံးအတွင်း အလင်းရောင်ကိုပင် ပုံဆောင်ပြထားသော ပုံဆောင်ချက်ဖြစ်သည်ဟု ဆိုကြသည်။

(၃) အချို့က ဤပုံဆောင်ချက်တွင် 'နူရ်' သည် ကုရ်အာန်ကိုရည်ညွှန်းသည်ဟု ဆိုကြသည်။ ➤➤

شَجَرَةٍ مُّبٰرَكَةٍ زَيْتُوْنَةٍ
لَّا شَرْقِيَّةٍ وَّلَا غَرْبِيَّةٍ يَّكَادُ
زَيْتُهَا يُضِيْٓءُ وَلَوْ لَمْ تَمْسَسْهُ
نَارٌ ۭ نُوْرٌ عَلٰي نُوْرٍ ۭ يَهْدِي اللّٰهُ
لِنُوْرِهٖ مَنْ يَّشَاۗءُ ۭ وَيَضْرِبُ اللّٰهُ
الْاَمْثَالَ لِلنَّاسِ ۭ وَاللّٰهُ بِكُلِّ شَيْءٍ
عَلِيْمٌ ۝

ထိုမှန်အိမ်မှာမူကား ထွန်းလင်းတောက်ပသော ကြယ်တာရာတစ်လုံးကဲ့သို့ပင်ယင်းဆီမီးမှာ ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံသော သစ်ပင်မှ သဲလွင်ဆီဖြင့် ထွန်းရလေသည်။ ထိုသစ်ပင်မှာမူကား အကာအကွယ်တစ်ခုခု၏ အရှေ့ဘက်၌ ကျသည်လည်းမဟုတ်၊ အနောက်ဘက်၌ ကျသည်လည်း မဟုတ်ပေ။ ထိုသစ်ပင်၏အဆီမှာ မီးနှင့် လုံးဝတို့မိခြင်း မရှိငြားသော်လည်း ထတောက်အံ့ဆဲဆဲ ဖြစ်နေပေသည်။

(အမှန်သော်ကား)ရောင်ခြည်ပေါ်၌ ရောင်ခြည် (ထပ်လျက်ပင်) ရှိနေပေသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား မိမိ၏(ဓမ္မ) ရောင်ခြည်တော်သို့ လမ်းညွှန်တော်မူ၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည်အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိမြင် ကြားတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

فِيْ بُيُوْتٍ اَذِنَ اللّٰهُ اَنْ تُرْفَعَ
وَيُذْكَرَ فِيْهَا اسْمُهٗ ۙ يُسَبِّحُ لَهٗ
فِيْهَا بِالْغُدُوِّ وَالْاٰصَالِ ۝

၃၆။ (ယင်းမှန်အိမ်သည်) အကြင်အိမ်တော်များ၌ ရှိ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုအိမ်တော်များကို ရိုသေချီးမြှောက်ရန်လည်းကောင်း၊ ထိုအိမ်တော်များ၌ အလ္လာဟ်အရှင်မြတ်၏နာမ်တော်ကို အောက်မေ့တသရန်လည်းကောင်း၊ အမိန့်တော် ထုတ်ပြန်ထားတော်မူ၏။ ထိုအိမ်တော်များတွင် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်းများ၌လည်းကောင်း၊ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက် ရှိကြ၏။

➤➤(၄)အချို့က ဤပုံဆောင်ချက်တွင် 'နူရ်' သည် အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နာခံခြင်းကိုပင် 'နူရ်' ဟူ၍ သုံးနှုန်းထားတော်မူခြင်းဖြစ်သည်ဟု ဆိုကြသည်။

(၅) အချို့က ဤပုံဆောင်ချက်တွင် 'နူရ်'သည် တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္စလ္လမ်)ကိုပင် ရည်ညွှန်းသည်ဟု ဆိုကြသည်။ ခါဇင်န်(အ-၅၊စ-၆၃)။

رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ وَإِقَامِ الصَّلَاةِ وَإِيتَاءِ الزَّكَاةِ يَخَافُونَ يَوْمًا تَتَقَلَّبُ فِيهِ الْقُلُوبُ وَالْأَبْصَارُ ﴿٣٧﴾

၃၇။ အကြင်ကဲ့သို့သော ယောကျ်ားတို့သည် ထိုယောကျ်ားတို့အား မည်သည့်ကုန်သွယ်မှုနှင့် မည်သည့်ရောင်း(ဝယ်ဖောက်ကား)မှုမျှပင် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းမှလည်းကောင်း၊ 'ဆွလာတ်' ဝတ်ပြုမှုကို ဆောက်တည်ခြင်းမှ လည်းကောင်း၊ 'ဇကာတ်' ပေးဆောင်ခြင်းမှလည်းကောင်း၊ အာရုံပြောင်းစေခြင်း မရှိပေ။ ထိုယောကျ်ားတို့သည်ကား စိတ်နလုံးများနှင့် မျက်စိများ ယောက်ယက်ခတ်နေမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်လျက် ရှိကြကုန်၏။[၁]

---

① **တရားမမှုရရှိသော သူတော်စင်များ၏ ဂုဏ်ရည်များ။**

အထက်တွင် တရားခံမှုအကြောင်း၊ တရားခံမှုသည် အလ္လာဟ်အရှင်၏ အလိုတော်နှင့် ဆက်စပ်လျက်ရှိကြောင်း မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်များတွင် တရားရရှိကြသော သူတော်စင်များ၏ ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်။ ထိုသူတော်စင်များသည် 'မတ်စ်ဂျိဒ်' ဗလီကျောင်းများတွင် သွားရောက်၍ နေ့ရောညဥ့်ပါ အလ္လာဟ်အရှင်မြတ်အား ဂုဏ်တော်မွမ်းကြသည်။ ထိုသူတော်စင်များသည် သာသနာတော်၏ ကျင့်စဉ်ကျင့်ရပ်များကို ဦးလည်မသုံ လိုက်နာကျင့်သုံးကြပေသည်။ 'ဆွလာတ်' ဝတ်ပြုကြပေသည်။ 'ဇကာတ်' ပေးဆောင်ကြလေသည်။ ထိုသူတော်စင်များသည် 'ဟလာလ်' သမာအာဇီဝနည်းဖြင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှုကိုလည်း ပြုလုပ်ကြပေသည်။

သို့တစေလည်း ယင်း ကူးသန်းရောင်းဝယ် ဖောက်ကားမှုသည် ၎င်းတို့၌ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသမှု၊ ဆွလာတ်ဝတ်ပြုမှု၊ ဇကာတ်ပေးမှု စသည်တို့တွင် မည်သို့မျှ အနှောင့်အယှက် အဟန့်အတားမပြုပေ။ ထိုသူတော်စင်များသည် အခါခပ်သိမ်း အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ၊ သတိရကာ သာသနာ့ကျင့်စဉ် ကျင့်ရပ်များကိုကျေပွန်စွာ လိုက်နာကျင့်သုံးနေနိုင် ကြပါသော်လည်း မိမိကိုယ်ကိုမိမိ အထင်မကြီးကြပေ။ နောင်ရေး စိတ်မအေးကြပေ၊ သူငါအများအကြောက်ကြီး ကြောက်ကာ ယောက်ယက်ခတ်နေကြမည့် ကိယာမတ်နေ့ကို ထိုသူတော်စင်များသည်လည်း ပို၍ပင် ကြောက်ရွံ့စိုးရိမ်လျက် ရှိကြပေသည်။

ဤကား မုအ်မင်န် သူတော်စင်များ၏ ဂုဏ်ရည်များတည်း။ ယင်းသို့သော သူတော်စင် များအား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ ကျင့်မူဆည်းပူးခဲ့ကြသော ကောင်းမှုသုစရိုက်တို့နှင့် စပ်လျဉ်း၍ အကောင်းမြတ်ဆုံးသော ကုသိုလ်အကျိုးများကို ချီးမြှင့်တော်မူမည်သာမက မိမိ၏ ကျေးဇူးတော်ဖြင့် အပိုဆုလာဘ်များကိုလည်း ချီးမြှင့်တော်မူဦးမည် ဖြစ်သည်။ ကြည့်-ကုရ်အာန်(၄:၁၇၃၊ ၁၀:၂၆၊ ၂၄:၃၈၊ ၃၅:၃၀၊ ၄၂:၂၆)

မှတ်ချက်။

(က) ဤအာယတ်တော်တွင် ပါရှိသော 'အိမ်များ' ဟူသည် 'ဗိုင်တုလ္လာဟ်' အလ္လာဟ်အရှင်မြတ်၏ အိမ်တော်များဖြစ်သော 'မတ်စ်ဂျိဒ်' ဗလီများကို ဆိုလိုသည်။ ယင်းဗလီများကို ရိုသေလေးစားကြရမည်။ ထိုဗလီများတွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို မွမ်းကြရမည်။ ➤➤

لِيَجْزِيَهُمُ اللَّهُ أَحْسَنَ مَا عَمِلُوا وَيَزِيدَهُم مِّن فَضْلِهِ ۗ وَاللَّهُ يَرْزُقُ مَن يَشَاءُ بِغَيْرِ حِسَابٍ ﴿٣٨﴾

၃၈။ နောက်တွင်မူအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ ကျင့်မူခဲ့ကြကုန်သော ကောင်းမှုသုစရိုက်များနှင့်စပ်လျဉ်း၍ အကောင်းဆုံးသော အကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူမည့်ပြင် မိမိ ကျေးဇူးတော်ဖြင့် ပို၍ပင် ချီးမြှင့်ပေးသနားတော် မူဦးမည်ဖြစ်ပေသည်။စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား အကန့်အသတ်မရှိ ချီးမြှင့်ပေးသနားတော်မူပေသတည်း။

وَالَّذِينَ كَفَرُوا أَعْمَالُهُمْ كَسَرَابٍ بِقِيعَةٍ يَحْسَبُهُ الظَّمْآنُ مَاءً حَتَّىٰ إِذَا جَاءَهُ

၃၉။ သို့ရာတွင် 'ကာဖိရ်' မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့သည် ၎င်းတို့၏ပြုကျင့်မှုတို့မှာမူကား လွင်တီးပြင်၌ရှိနေသော လင်းလျှပ်ပမာဖြစ်ပေရာ ရေမွတ်သိပ်သောသူတို့သည် ထိုလင်းလျှပ်ကိုပင် ရေဟူ၍ ထင်မှတ်လေသည်။

➢➢ ဗလီများကို ရိုသေလေးစားရမည်ဟူသော အမိန့်တော်အရ ဗလီအတွင်းသို့ 'ဂျနာဗတ်' ရေချိုးရန် တာဝန်ရှိသူများ၊ 'ဟိုက်ဇ်' ရာသီသွေးဆင်းနေသော အမျိုးသမီးများ မဝင်ကြရ။ မသန့်ရှင်းသော ပစ္စည်းများကို ဗလီအတွင်းသို့ မသွင်းကြရ။ နံစော်သော ပစ္စည်းများကို စားသုံး၍ ဗလီအတွင်းသို့ မဝင်ကြရ။ ဗလီများတွင် အော်ဟစ်ဆူညံခြင်း မပြုကြရ။ လောကီစကားများ မပြောဆိုကြရ။ အခါခပ်သိမ်း ဗလီများကို စင်ကြယ်သန့်ရှင်းစွာ ထားကြရမည်။

ဗလီများကို အထူးတလည် သန့်ရှင်းစွာ ထားကြရမည့်အကြောင်း၊ ဗလီများတွင် တံမြက်လှည်းကြရမည့်အကြောင်း၊ ရေးဆေးရမည့်အကြောင်း၊ တံတွေး မထွေးရမည့်အကြောင်း၊ အမွေးအကြိုင်များ သင်းကြရမည့်အကြောင်း၊ ဗလီများတွင် လက်နက်များ ဆွဲကိုင်သွားလာခြင်း မပြုလုပ်ကြရမည့်အကြောင်း၊ အရောင်းအဝယ် မလုပ်ကြရမည့်အကြောင်း၊ လက်ာများ မဆိုကြရမည့်အကြောင်း၊ ဗလီပစ္စည်းများကို အပြင်သို့ ယူဆောင်မသွားကြရမည့်အကြောင်း၊ ဗလီများတွင် ရာဇဝတ် ပြစ်ဒဏ်များ၊ မခတ်ကြရမည့်အကြောင်းနှင့် ဗလီအဝင် ပေါက်များတွင် ခြေလက်ဆေးရန် ရေအိုးများ၊ အသင့်ထားရှိကြရမည့် အကြောင်းများကို ဟဒီးဆ်ဩဝါဒတော်များတွင် အများအပြား တွေ့ရှိရပေသည်။

لَمْ يَجِدْهُ شَيْـًٔا وَّوَجَدَ اللّٰهَ عِنْدَهٗ فَوَفّٰىهُ حِسَابَهٗ ؕ وَاللّٰهُ سَرِيْعُ الْحِسَابِ ﴿٣٩﴾

နောက်ဆုံးတွင်ငင်းသည် ထိုလင်းလျှပ်အနီးသို့ ရောက်လတ်သော် ထိုလင်းလျှပ်ကို တစ်စုံတစ်ရာမျှ မတွေ့ခဲ့ရသည့်အပြင် ယင်း၏အနီးတွင် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ကိုသာ တွေ့ရှိခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်း၏စာရင်းအင်းကို အပြည့်အဝ ရှင်းလင်းတော်မူခဲ့လေသည်။ (၀၊) ၎င်း၏သက်တမ်းကို ကုန်ဆုံးစေတော်မူခဲ့လေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသည်။

اَوْ كَظُلُمٰتٍ فِيْ بَحْرٍ لُّجِّيٍّ يَّغْشٰهُ مَوْجٌ مِّنْ فَوْقِهٖ مَوْجٌ مِّنْ فَوْقِهٖ سَحَابٌ ؕ ظُلُمٰتٌۢ بَعْضُهَا فَوْقَ بَعْضٍ ؕ اِذَاۤ اَخْرَجَ يَدَهٗ لَمْ يَكَدْ يَرٰىهَا ؕ وَمَنْ لَّمْ يَجْعَلِ اللّٰهُ لَهٗ نُوْرًا فَمَا لَهٗ مِنْ نُّوْرٍ ﴿٤٠﴾

၄၀။ သို့တည်းမဟုတ် (ထိုကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏မကောင်းမှုများသည်) အကြင် နက်ဝှမ်းသော သမုဒ္ဒရာပင်လယ်အတွင်းရှိ အမိုက်မှောင်များနှင့် ပမာတူ၏။ ထိုသမုဒ္ဒရာပင်လယ်ကို လှိုင်းတံပိုးလွှမ်းမိုးလျက်ရှိ၏။ (တစ်ဖန်) ထိုလှိုင်းတံပိုး၏ ထက်ဝယ် (အခြားသော)လှိုင်းတံပိုးတစ်ခုသည်လည်း ရှိပြန်၏။ (တစ်ဖန်) ထိုလှိုင်းတံပိုး၏ထက်၌ မိုးတိမ်များလည်း ရှိနေပြန်၏။

(အချုပ်မှာ) အမိုက်မှောင်များ အပေါ်၌ အမိုက်မှောင်ထပ်လျက်ပင် ရှိနေပေရာ (အမိုက်မှောင်အထပ်ထပ်၌ရှိနေသော) အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏လက်ကို ထုတ်(၍ ကြည့်)သောအခါ မြင်နိုင်ရန်လက္ခဏာမျှပင် မရှိချေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်က အလင်းရောင် ချီးမြှင့်တော်မမူတော့ပေ၊ အလင်းရောင် စိုးစဉ်းမျှကိုပင်ရရှိနိုင်မည်မဟုတ်ပေတကား။ ၁

① **ကာဖိရ်များ၏ အကျင့်အမူများ၏ ဥပမာ။**

(က) အချို့ ကာဖိရ်များသည် နောက်တမလွန်ရှိသည်ကို ယုံကြည်ကြသည်။ ၎င်းတို့၏ ➤➤

➢➢ ယုံကြည်ယူဆချက်အရ အချို့ ကောင်းမှုများကိုလည်း ပြုလုပ်ကြသည်။ သေပြီးနောက် မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှုများ၏ အကျိုးများကို ခံစားကြရလိမ့်မည်ဟုလည်း ထင်မှတ်ကြသည်။ ကာဖိရ်များပြုလုပ်ကြသော ကောင်းမှုများသည် မျက်မြင်အားဖြင့် ကောင်းမှုများဖြစ်သည်ဟူ၍ပင် ထင်မှတ်ရသော်လည်း အမှန်မှာ အချည်းနှီးသာဖြစ်ချေသည်။ တရားမဝင်ပေ။ ဤသို့ အထင်အမြင်မှားနေသော ကာဖိရ်များ၏ ဥပမာကား နွေရာသီ၊ သဲကန္တာရတွင် နေ့လည်အချိန် ရေမွတ်သိပ်နေသူနှင့်တူ၏။ ထိုသူသည် အဝေးမှတွေ့မြင်နေရသော လင်းလျှပ်ကို ရေထင်မှတ်နေ၏။ ရေမွတ်သိပ်လှသည့်အတွက် သောက်ရေလိုသည့် ဇောဖြင့် လင်းလျှပ်ရှိရာသို့ အရောက်သွား၏။ ထိုနေရာသို့ ရောက်သွားသောအခါ ရေဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရှိရဘဲ စိတ်မော၊ ကိုယ်မောဖြစ်ကာ ဝမ်းနည်းကြေကွဲစွာ သေဆုံးသွားရလေသည်။ တစ်နည်း ထိုသူသည် ရေနှင့်မတွေ့ရဘဲ သေခြင်းတရားနှင့်သာ တွေ့သွားရလေသည်။

အချုပ်မှာ ရေမွတ်သိပ်နေသူသည် အပေါ်ယံ တွေ့မြင်ရသည့် သဲပူ၏ လင်းလျှပ်ကို ရေထင်နေခဲ့၏။ ထို့အတူ ကာဖိရ်သည် မိမိဆည်းပူးထားခဲ့သော အကျင့်အမူများအပေါ် ယုံကြည်ပြီး နောင်တမလွန်ဘဝတွင် အကျိုးပေးလိမ့်မည်ဟူ၍ပင် ထင်မှတ်နေ၏။ လင်းလျှပ်သည် လက်တွေ့တွင် ရေမဟုတ်သကဲ့သို့ ကာဖိရ်၏ အကျင့်အမူများသည်လည်း ကောင်းမှုများကို လက်ခံရန် အဓိကစည်းကမ်းချက်ဖြစ်သည့် အီမာန် ယုံကြည်ခြင်း သဒ္ဓါတရားမပါရှိသည့်အတွက် တရားမဝင် အကျိုးမပေး၊ အချည်းနှီးသာဖြစ်၏။ လင်းလျှပ်ကို ရေမှတ်သူသည် နောက်ဆုံးတွင် ဖြစ်ရပ်မှန်သိသွားရသကဲ့သို့ ကာဖိရ်များသည်လည်း နောင်တမလွန်ဘဝတွင် ဖြစ်ရပ်မှန်ကို သိသွားကြရပေမည်။ လင်းလျှပ်ကို ရေထင်မှတ်ကာ မျှော်လင့်ကြီးစွာ ထားခဲ့သူသည် နောက်ဆုံးတွင် မျှော်လင့်ချက်မှားနေကြောင်း သိရှိရသောအခါ ခံလေသမျှ သဲရေကျဖြစ်ကာ ဝမ်းနည်းကြေကွဲစွာဖြင့် သေဆုံးသွားရသကဲ့သို့ ကာဖိရ်များသည်လည်း မိမိတို့ မျှော်လင့်ချက်ကြီးငယ် ထားခဲ့ကြသော ၎င်းတို့၏ အကျင့်အမူများသည် နောင်တမလွန်တွင် အချည်းနှီးသာ ဖြစ်ကြောင်း သိရှိသွားကြသောအခါ၊ ခံလေသမျှ သဲရေကျ ဖြစ်ကြပေမည်။ ယူကျုံးမရ ဖြစ်ကြပေမည်။ ထာဝရ ငရဲသို့လားကြရပေမည်။ ထာနဝီ။

(ခ) အချို့ကာဖိရ်များသည် နောင်တမလွန်ဘဝ ရှိသည်ကိုပင် အလျှင်းမယုံကြည်ကြပေ။ လောကီစည်းစိမ်များတွင် နစ်မွန်းလျက် သူမတူအောင် ဆိုးမိုက်ကြသည်။ ဤသို့သော ကာဖိရ်များအဖို့ နောင်တမလွန်တွင် ကောင်းကွက်ဟူ၍ တစ်ကွက်မျှ ရှိမည်မဟုတ်၊ အဘက်ဘက်တွင် ဆိုးကွက်သာရှိပေမည်။ ထိုသို့သော ကာဖိရ်များသည် အကြင်သူတစ်ဦးနှင့် တူသည်။ ထိုသူသည် ညဉ့်အချိန်၌ အလွန်နက်ရှိုင်းသော သမုဒ္ဒရာပင်လယ်အောက်တွင် ရောက်ရှိနေ၏။ ထိုသမုဒ္ဒရာ၏ မျက်နှာပြင်ကို လှိုင်းလုံးကြီးများသည် အထပ်ထပ် လွှမ်းခြုံထား၏။ တစ်ဖန် ထိုလှိုင်းလုံးကြီးများအထက်၌ မိုးတိမ် အထပ်ထပ်ရှိပြန်သေး၏။ ယင်းသို့ အမိုက်မှောင် အထပ်ထပ် ဝန်းရံလျက်ရှိသော နက်ရှိုင်းလှသည့် သမုဒ္ဒရာပင်လယ်အောက် ရောက်ရှိနေသူတစ်ဦးသည် လင်းရောင်ခြည် တစ်စုံတစ်ရာကို မြင်နိုင်ရန် ဝေးစွ၊ မိမိနှင့် အနီးစပ်ဆုံးဖြစ်သောလက်ကိုပင် မိမိ၏ မျက်စိနှင့် အနီးကပ်၍ ကြည့်ပါသော်လည်း အလျှင်းမြင်ရမည်မဟုတ်၊ မြင်ရန်ဝေးစွ၊ မြင်နိုင်လိမ့်မည်ဟူသော အတွေးအထင်သည်ပင်၊ အလျှင်းပေါ်မည်မဟုတ်ပေ။ ဆိုလိုသည်ကား သမုဒ္ဒရာပင်လယ်အောက် မြှောင်အထပ်ထပ်တွင် ရောက်ရှိနေသော သူတစ်ဦးသည် မည်သည့်လင်းရောင်ခြည်ကိုမျှ မမြင်နိုင်သကဲ့သို့ နောင်တမလွန်ဘဝ ရှိသည်ကိုပင် အလျှင်း မယုံကြည်သော အီမာန် ယုံကြည်မှု၏ တံခါးကို လုံးဝ ပိတ်ထားသော သက်တမ်းတစ်လျှောက်လုံး အကုသိုလ်တရားများတွင် လုံးဝနစ်မွန်းနေသော ကာဖိရ်များသည် နောင်တမလွန်ဘဝတွင် ကုသိုလ်အကျိုး၏ လင်းရောင်ခြည်ကို အသို့လျှင် မြင်နိုင်ကြအုံးနည်း။

أَلَمْ تَرَ أَنَّ اللَّهَ يُسَبِّحُ لَهُ مَنْ فِي السَّمَاوَاتِ وَالْأَرْضِ وَالطَّيْرُ صَافَّاتٍ ۖ كُلٌّ قَدْ عَلِمَ صَلَاتَهُ وَتَسْبِيحَهُ ۗ وَاللَّهُ عَلِيمٌ بِمَا يَفْعَلُونَ ﴿٤١﴾

၄၁။ ဧကန်စင်စစ် မိုးကောင်းကင်များ၌ ရှိနေသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ အတောင်ပံများ၌ ဖြန့်(၍ ဝဲပျံ)လျက် ရှိကြကုန်သော ငှက်တို့ရဏ္ဍာန်တို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြသည်ကို အသင်သည် မသိမြင်ခဲ့လေသလော။ (ငင်းတို့အနက်)အသီးသီးတို့သည် မိမိတို့၏ ဆုတောင်းပတ္ထနာပြုနည်းကိုလည်းကောင်း၊ မိမိတို့၏ဘာဝနာစီးဖြန်းပုံကိုလည်းကောင်း၊ ဧကန်အမှန် သိရှိပြီးဖြစ်ကြကုန်၏။ [၁] အမှန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ ပြုလုပ်လျက်ရှိကြသည်တို့ကို ကောင်းစွာ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۖ وَإِلَى اللَّهِ الْمَصِيرُ ﴿٤٢﴾

၄၂။ ထို့ပြင် မိုးကောင်းကင်တွင် စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း၊ ပထဝီမြေတွင် စိုးမိုးအုပ်ချုပ်မှု အာဏာသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌သာ ရှိပေသည်။ ထိုမှတပါး (နောက်ဆုံး) *ပြန်လည်ရာစခန်းသည်လည်း အလ္လာဟ်အရှင်မြတ်အထံတော်၌သာလျှင် ဖြစ်ပေသတည်း။* [၂]

---

① **အရာခပ်သိမ်းကုန်တို့သည် အလ္လာဟ်အရှင်မြတ်အား ဂုဏ်တော်မွမ်းလျက် ရှိကြကုန်၏။**

ကမ္ဘာအဝှန်းရှိ အရာခပ်သိမ်းကုန်တို့သည် နှုတ်လျှာအားဖြင့် ဖြစ်စေ၊ အနေအထား အခြေအနေအားဖြင့် ဖြစ်စေ၊ တစ်နည်းတစ်ဖုံ အလ္လာဟ်အရှင်မြတ်အား ဂုဏ်တော်မွမ်းလျက်၊ ချီးမွမ်းထောပနာလျက် စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူကြောင်း ထုတ်ဖော်ပြသလျက်ရှိကြကုန်၏၊ အဖန်ဆင်းခံ အားလုံးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား တစ်နည်းတစ်ဖုံ ညွှန်ပြလျက်ရှိကြကုန်၏။ ထွေးဆဆင်ခြင် မြော်မြင်ပါက ဤသည်ကို ကောင်းစွာ တွေ့ရှိနိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို ၎င်းတို့၏ အခြေအနေနှင့် လျော်ညီစွာ ဝတ်ပြုနည်း၊ ဂုဏ်တော်မွမ်းနည်းများကို အသိပေးထားတော်မူသည်။ သို့အသိပေးထားတော်မူသည့်အလျောက် အရာခပ်သိမ်းကုန်တို့လည်း အသီးသီး မိမိတို့နည်းဖြင့် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုလျက်၊ ဂုဏ်တော်မွမ်းလျက် ရှိကြကုန်သည်။ ဤတွင် အံ့ဩဖွယ်ကောင်းသည့် အချက်တစ်ရပ်မှာ မြောက်များစွာသော လူသားတို့သည် လူ့ဘဝကို ➤➤

أَلَمْ تَرَ أَنَّ اللَّهَ يُزْجِي سَحَابًا ثُمَّ يُؤَلِّفُ بَيْنَهُ ثُمَّ يَجْعَلُهُ رُكَامًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ وَيُنَزِّلُ مِنَ السَّمَاءِ مِنْ جِبَالٍ فِيهَا

၄၃။ အသင်သည် မသိမမြင်ခဲ့လေသလော။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည်မိုးတိမ်များကို တဖြည်းဖြည်းမောင်းနှင်တော်မူ၏။ ထို့နောက် ယင်းမိုးတိမ်များကို အချင်းချင်းပေါင်းစပ်တော်မူ၏။ ထို့နောက် ၎င်းတို့ကိုအထပ်ထပ်ဖြစ်စေတော်မူ၏။ ထိုအခါ အသင်သည် ယင်းမိုးတိမ်များ၏အကြားမှ မိုးပေါက်များ ထွက်(၍ ရွာသွန်း)လာသည်ကို တွေ့မြင်ရလေသည်။

➢➢ ရရှိထားကြပါလျက် မောက်မာပလွား ဝါကြွား၍ အမိုက်မှောင်များတွင် နစ်မွန်းကာ မိမိတို့၏ အရှင်သခင် အစစ်အမှန်အား မေ့လျော့ရှိကြပေသည်။

⑷ အလ္လာဟ်အရှင်မြတ်၏ အာဏာစက်။

အလ္လာဟ်အရှင်မြတ်ဉာဏ်တော်သည် အတိုင်းအဆမရှိ ဖြစ်သကဲ့သို့ ထိုအရှင်မြတ်၏ တန်ခိုးတော်သည်လည်း အတိုင်းအဆမရှိပင်ဖြစ်ချေသည်။ ထို့အရှင်မြတ်၏ အာဏာစက်သည် မိုး၊ မြေ စကြာဝဠာအဝှန်းခွံတည်ရှိပေသည်။ အရာခပ်သိမ်းကုန်တို့သည် နောက်ဆုံးတွင် ထိုအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိကြရမည်သာဖြစ်သည်။ ရှေ့လာလတ္တံ့သော အာယတ်တော်များတွင် အလ္လာဟ်အရှင်မြတ်၏ အာဏာစက်တည်ရှိပုံနှင့် အံ့မဆုံး ခြယ်လှယ်စီမံပုံများကို မိန့်ဆိုထားတော်မူသည်။

⑵ အလ္လာဟ်အရှင်မြတ်၏ အံ့ချီးမဆုံးသော စီမံခန့်ခွဲမှုတစ်ရပ်။

စကြာဝဠာအဝှန်းခွံ အလ္လာဟ်အရှင်မြတ်၏ စီမံခန့်ခွဲပုံ၊ ခြယ်လှယ်ပုံများ အံ့မဆုံးတည်း။ ထိုသည့် စီမံခန့်ခွဲပုံ၊ ခြယ်လှယ်ပုံများကို လူသားတို့သည် အခါခပ်သိမ်း တွေ့မြင်နေကြရပေသည်။ ကျိုးကြောင်းဆင်ခြင်၍ ဖြစ်ရပ်မှန်ကို ထွင်းဖောက်သိမြင်နိုင်စွမ်းရှိသော မျက်စိများရှိပါက ယင်းသည့် အံ့ချီးမဆုံးသော စီမံခန့်ခွဲပုံ၊ ခြယ်လှယ်မှုများကို အလွယ်တကူ သိမြင်နိုင်ကြပေသည်။ ယခုမူ လူသားတို့သည် 'ဂရုမမူ-ဂူမမြင်' ဆိုသကဲ့သို့ အမှုမဲ့ အမှတ်မဲ့ နေသူကား များနေပေသည်။

လျော်ကန်သည့် ဥတုရာသီတွင် လျော်ကန်သည့်အပူဓာတ်ဖြစ်ပေါ်လာ၏။ ထိုအပူဓာတ်ဖြင့် သမုဒ္ဒရာပင်လယ်ကြီးငယ်တို့မှ လျော်ကန်သည့် ရေခိုး၊ ရေငွေ့များ ဖြစ်ပေါ်လာ၏။ ထိုရေခိုး၊ရေငွေ့များကို လျော်ကန်သော လေထုသည် လျော်ကန်ရာသို့ သယ်ဆောင်သွား၏။ အဆိုပါ ရေခိုး၊ရေငွေ့များသည် အထက်ကောင်းကင်တွင် လျော်ကန်သည့် လေထုနှင့်တွေ့ကာ မိုးတိမ်များ ဖြစ်လာ၏။ အကွဲကွဲ အပြားပြားဖြစ်ပေါ်လာခဲ့သော မိုးတိမ်များသည် လျော်ကန်စွာ အချင်းချင်းပေါင်းစပ်လာ၏။ အထပ်ထပ် ဖြစ်လာ၏။ ထို့နောက် လျော်ကန်သည့်အချိန်တွင် လျော်ကန်သည့် နေရာများ၌ လျော်ကန်သည်နှင့်အမျှ မိုးရွာသွန်းချ၏။ ထိုမိုးရေ၏ ကျေးဇူးဖြင့် ကမ္ဘာမြေမျက်နှာပြင်ကြီးသည် စိုပြည်သာယာလာ၏။ ဤကား နှစ်စဉ်နှင့်အမျှ လူသားတို့ တွေ့မြင်နေကြရသော ဖြစ်စဉ်ဖြစ်ရပ်တည်း။ ဤလျော်ကန်သင့်မြတ်လှသည့် မည်သည့်လူသားမျှ မပြုစွမ်းနိုင်သည့် အံ့ချီးမဆုံးသည့် ဖြစ်စဉ် ဖြစ်ရပ်ကား စီမံခန့်ခွဲသူ၊ ခြယ်လှယ်သူ တစ်ဦးတစ်ယောက်မျှ မပါရှိဘဲ မိမိအလိုအလျောက် ဖြစ်ပေါ်နေနိုင်ပါ၏လော။ အလျှင်းမဖြစ်နိုင်၊ အမှန်မှာ ဤသည် အတိုင်းအဆမရှိ ဉာဏ်တော်၊ တန်ခိုးတော်များနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ အံ့ချီးမဆုံးသည့် စီမံခန့်ခွဲမှု၊ ခြယ်လှယ်မှုတစ်ရပ်ပင်။

مِنۢ بَرَدٍ فَيُصِيبُ بِهِۦ مَن يَشَآءُ وَيَصۡرِفُهُۥ عَن مَّن يَشَآءُۖ يَكَادُ سَنَا بَرۡقِهِۦ يَذۡهَبُ بِٱلۡأَبۡصَٰرِ ٤٣

ထိုနည်းတူ တစ်နည်း၊ ထိုအရှင်မြတ်သည် ထိုမိုးတိမ်မှပင် (ဝါ)ထိုမိုးတိမ်၏ အစိုင်အခဲကြီးများမှပင် မိုးသီးများကိုကျစေတော်မူသည်။ [၁] ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ မိုးသီးများပါရှိသော အစိုင်အခဲကြီးများကို ကျစေတော်မူ၏။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုမိုးသီးများဖြင့် မိမိအလိုရှိတော်မူသော သူအား ထိခိုက်စေတော်မူ၍၊ မိမိအလိုရှိတော်မူသော သူမှ ယင်းမိုးသီးများကိုလွှဲဖယ်တော်မူ၏။ ယင်းမိုးတိမ်၏ လျှပ်ပြက်ရောင်သည်စက္ခုအလင်းကို သိမ်းယူသွားအုံ့ဆဲဆဲ ဖြစ်ပေသည်။

يُقَلِّبُ ٱللَّهُ ٱلَّيۡلَ وَٱلنَّهَارَۚ إِنَّ فِي ذَٰلِكَ لَعِبۡرَةٗ لِّأُوْلِي ٱلۡأَبۡصَٰرِ ٤٤

၄၄။ အလ္လာဟ်အရှင်မြတ်သည် ညဉ့်နှင့်နေ့ကို (အလှည့်ကျ) လွှဲပြောင်းတော်မူပေသည်။ ဧကန်မလွဲ ဤသည်၌ (ဉာဏ်)မျက်စိရှိသူတို့အဖို့ (မှတ်သားဖွယ်) သင်ခန်းစာသည် အမှန်ပင် ရှိပေသတည်း။

وَٱللَّهُ خَلَقَ كُلَّ دَآبَّةٖ مِّن مَّآءٖۖ فَمِنۡهُم مَّن يَمۡشِي عَلَىٰ بَطۡنِهِۦ وَمِنۡهُم مَّن يَمۡشِي عَلَىٰ رِجۡلَيۡنِ

၄၅။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် သွားလာလှုပ်ရှားလျက်ရှိသော သတ္တဝါအသီးသီးကို ရေဖြင့်ဖန်ဆင်းတော်မူခဲ့လေသည်။ တစ်ဖန်ထိုသတ္တဝါတို့တွင် မိမိဝမ်းဗိုက်ဖြင့် တွားရွှေ့သွားသော သတ္တဝါမျိုးလည်းရှိ၏။ ထို့ပြင် ၎င်းတို့တွင် ခြေနှစ်ချောင်းဖြင့်သွားသော သတ္တဝါမျိုးလည်းရှိ၏။

---

① 'မြေပြင်တွင် ကျောက်တောင်များ ရှိသကဲ့သို့ ကောင်းကင်တွင်လည်း မိုးသီးတောင်များ ရှိသည်' ဟု အတိတ်ခေတ် အချို့ပညာရှင်များက ဆိုကြသည်။ သို့ရာတွင် ပိုမိုသင့်မြတ်၊ ယုတ္တိရှိသော အဆိုမှာ ဤအာယတ်တော်တွင်လာရှိသော စမာ ဟူသောပုဒ်သည် မိုးတိမ်ကို ဆိုလိုသည်။

ဆိုလိုသည်ကား အစိုင်အခဲကြီးမား များပြား ထူထပ်လှသော မိုးတိမ်များကို တောင်များဟူ၍ ပုံနှိုင်း မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ မြန်မာ့စာပေတွင်လည်း ဤသို့သော အသုံးအနှုန်းများကို တွေ့ရှိရပေသည်။ ယင်းသည့် အစိုင်အခဲကြီးမား များပြားထူထပ်လှသော တိမ်တောင်မှပင် အလ္လာဟ်အရှင်မြတ်သည် မိုးသီးများကို ရွာသွန်းချတော်မူသည်။ ထိုသို့မိုးသီးများကျသဖြင့် အချို့၌ အသက်အန္တရာယ်ဖြစ်ရသည်။ အချို့၌ ဥစ္စာပစ္စည်း ပျက်စီးဆုံးပါးရသည်။ အချို့မှာမူ လွတ်မြောက်သွားကြပေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ စီမံခန့်ခွဲမှုတစ်ရပ်ပင်။

وَمِنْهُمْ مَّنْ يَّمْشِيْ عَلٰٓى اَرْبَعٍ ۗ يَخْلُقُ اللّٰهُ مَا يَشَآءُ ۗ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٤٥﴾

ထိုမှတပါး၊ ၎င်းတို့တွင် ခြေလေးချောင်းဖြင့် သွားသောသတ္တဝါမျိုးလည်းရှိ၏။ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောအရာကို ဖန်ဆင်းတော်မူပေသည်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَقَدْ اَنْزَلْنَآ اٰيٰتٍ مُّبَيِّنٰتٍ ۗ وَاللّٰهُ يَهْدِيْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٤٦﴾

၄၆။ ဧကန်စင်စစ် ငါအရှင်မြတ်သည် ထင်ရှားစွာသက်သေ လက္ခဏာတော်များကို ချပေးသနားတော်မူခဲ့သည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့ ညွှန်ပြပို့ဆောင်တော်မူပေသတည်း။

وَيَقُوْلُوْنَ اٰمَنَّا بِاللّٰهِ وَبِالرَّسُوْلِ وَاَطَعْنَا ثُمَّ يَتَوَلّٰى فَرِيْقٌ مِّنْهُمْ مِّنْۢ بَعْدِ ذٰلِكَ ۗ وَمَآ اُولٰٓئِكَ بِالْمُؤْمِنِيْنَ ﴿٤٧﴾

၄၇။ စင်စစ် ထို(မုနာဖစ်က်တို့က) ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ရာဇလ်တမန်တော်မြတ်အားလည်းကောင်း၊ ယုံကြည်ပါပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနှင့် ရာဇလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်း) နာခံကြပါပြီဟု ပြောဆိုကြလေသည်။ တစ်ဖန် ထိုသည့်နောက်တွင် ၎င်းတို့အနက် လူတစ်စုသည် ရှောင်သွေကြလေသည်။ စင်စစ်သော်ကား၊ ၎င်းတို့သည် 'မုအ်မင်န်' သက်ဝင် ယုံကြည်သူများ မဟုတ်ကြချေ။ ③

---

③ **မုနာဖစ်က်များ၏ ကောက်ကျစ်စဉ်းလဲပုံ။**

မုနာဖစ်က် အယောင်ဆောင်များသည် သူတစ်ပါးတို့အား ပြစားလိမ်လည် လှည့်ဖြားနိုင်ရန် အတွက် စိတ်တွင်းမှမပါ နှုတ်ဖြင့်သာ "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ တမန်တော်မြတ်အားလည်းကောင်း ယုံကြည်ကြပါသည်။ အမိန့်တော်များကိုလည်း နာခံကြပါသည်"ဟု ထုတ်ဖော်ပြောဆိုကြသည်။ သို့တစေလည်း လက်တွေ့ လိုက်နာကျင့်သုံးရမည့် အချိန်တွင်မူ အမိန့်တော်များကို သွေဖည်ကျောခိုင်းသွားကြပေသည်။ အမှန်မှာ မုနာဖစ်က်တို့သည် အယောင်ဆောင်များသာ ဖြစ်ကြသည်။ ၎င်းတို့၏ စိတ်နှလုံးများတွင် (အီမာန်) ယုံကြည်မှု၊ (အိတ္တာအတ်) နာခံမှုသည် အနည်းငယ် စိုးစဉ်းမျှပင်မရှိပေ။ ➤➤

وَإِذَا دُعُوٓا۟ إِلَى ٱللَّهِ وَرَسُولِهِۦ لِيَحْكُمَ بَيْنَهُمْ إِذَا فَرِيقٌ مِّنْهُم مُّعْرِضُونَ ﴿٤٨﴾

၄၈။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်ထံသို့လည်းကောင်း၊ ထိုရာဇလ်တမန်တော်မြတ်သည် ၎င်းတို့အကြား၌ စီရင်ဆုံးဖြတ်ပေးတော်မူအံ့သောငှာ အခေါ်ခံကြရသောအခါ ၎င်းတို့အနက် လူတစ်စုသည် ရုတ်တရက် လွှဲရှောင်သွားကြကုန်၏။

وَإِن يَكُن لَّهُمُ ٱلْحَقُّ يَأْتُوٓا۟ إِلَيْهِ مُذْعِنِينَ ﴿٤٩﴾

၄၉။ သို့ရာတွင် အကယ်၍ ၎င်းတို့၌ အခွင့်အရေးရှိလျှင် ၎င်းတို့သည် ထိုရာဇလ်တမန်တော်မြတ်သို့ ကျိုးနွံစွာနှင့် ရောက်ရှိလာကြကုန်၏။

أَفِى قُلُوبِهِم مَّرَضٌ أَمِ ٱرْتَابُوٓا۟ أَمْ يَخَافُونَ أَن

၅၀။ အသို့ပါနည်း။ ၎င်းတို့၏စိတ်နှလုံးအတွင်းဝယ် (ကုဖ်ရ်-နိဖာက်၏) ရောဂါရှိနေသလော၊ သို့တည်းမဟုတ် ၎င်းတို့သည် (တမန်တော်မြတ်၏ တမန်တော်ဖြစ်မှုနှင့်စပ်လျဉ်း၍) ဒွိဟသံသယဖြစ်နေကြသလော၊

➤➤ ၎င်းတို့ ထုတ်ဖော်ပြောဆိုသော စကားများသည် ပြစားရန် အတွက်သာလျှင် ဖြစ်ချေသည်။ လက်တွေ့တွင် ၎င်းတို့၏ အပြုအမူသည် ၎င်းတို့၏ စကားများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိပေသည်။

မုနာဖစ်ဂ်များသည် တစ်ဦးတစ်ယောက်နှင့် အမှုအခင်းဖြစ်သော်၊ တစ်ဖက်မှ အဆုံးအဖြတ်နာယူရန် အတွက် တမန်တော်မြတ်ထံ သွားရောက်ကြရန် အဆိုပြုသော်၊ မုနာဖစ်ဂ်များသည် ယင်းအမှုအခင်းများတွင် ၎င်းတို့ကိုယ်တိုင် မှားနေကြသည်ကို သိကြသော်၊ တမန်တော်မြတ်ထံ အဆုံးအဖြတ်နာယူရန်ကိစ္စကို လက်မခံကြပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် မည်သူ့ကိုမျှ မထောက်ထားမဲ့ညှာဘဲ တရားသဖြင့် အမှန်အတိုင်း အတိအကျ စီရင်ဆုံးဖြတ်ပေးတော်မူမည်။ သို့ တရားသဖြင့် စီရင်ဆုံးဖြတ်ပေးတော် မူလိုက်လျှင် ၎င်းတို့အဖို့ အရှုံးသာဖြစ်မည်ကို ယင်းမုနာဖစ်ဂ်များ သိကြပေ၏သည်။ ဤသို့ဖြင့် ၎င်းတို့၏ အလုပ်သည် ၎င်းတို့၏အပြောနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိပေသည်။

အကယ်၍ အမှုအခင်းတစ်ရပ်တွင် မုနာဖစ်ဂ်များသည် အမှန်ဘက်၌ ရှိနေကြလျှင်၊ တမန်တော်မြတ်ထံမှ အဆုံးအဖြတ်ယူခြင်းဖြင့် ၎င်းတို့အဖို့ အကျိုးရှိလျှင်၊ ၎င်းတို့သည် တမန်တော်မြတ်ထံသို့ ကြည်ဖြူစွာ လာကြပေသည်။ တမန်တော်မြတ်ထံမှသာလျှင် အဆုံးအဖြတ် ယူကြရမည်ဟူ၍ပင် အကျပ်ကိုင်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် တရားသဖြင့် အမှန်အတိုင်း ဆုံးဖြတ်ပေးတော်မူမည်ဖြစ်ရာ ၎င်းတို့အဖို့ အမြတ်ထွက်မည်ကို ကြိုတင် သိနှင့်ကြပေသည်။ ဤသို့အားဖြင့် မုနာဖစ်ဂ်များသည် မလိုတစ်မျိုး လိုတစ်မျိုး ပြုလုပ်ကြပေသည်။ အမှန်မှာ မုနာဖစ်ဂ်များသည် ယခုခေတ် အသုံးအနှုန်းအရ အစ္စလာမ့် အရေခြုံထားသည့် ကိုယ်ကျိုးရှာ အချောင်းသမား ကာဖိရ်များသာဖြစ်ကြပေသည်။

يَّحِيفَ اللَّهُ عَلَيْهِمْ وَرَسُولُهُ ۚ بَلْ
أُولَٰئِكَ هُمُ الظَّالِمُونَ ﴿٥٠﴾

သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည်လည်း ကောင်း၊ထိုအရှင်မြတ်၏ ရာရွလ်တမန်တော်မြတ်သည် လည်းကောင်း၊ ထိုသူတို့အပေါ်၌ မတရားပြုလုပ်တော် မူမည်ဟုစိုးရိမ်နေကြသလော။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာမူကား ၎င်းတို့ကိုယ်တိုင် မတရားပြုမူသူများ ဖြစ်ကြကုန်၏။

إِنَّمَا كَانَ قَوْلَ الْمُؤْمِنِينَ إِذَا
دُعُوٓا۟ إِلَى اللَّهِ وَرَسُولِهِۦ لِيَحْكُمَ
بَيْنَهُمْ أَن يَقُولُوا۟ سَمِعْنَا
وَأَطَعْنَا ۚ وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿٥١﴾

၅၁။ (သို့ရာတွင်) 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ တို့၏စကားမှာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ် အထံတော်သို့လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာရွလ် တမန်တော်မြတ်ထံသို့လည်းကောင်း၊ ထိုရာရွလ်တမန် တော်မြတ်သည် ၎င်းတို့အကြား၌ စီရင်ဆုံးဖြတ်၍ ပေးတော်မူအံ့သောငှာ အခေါ်ခံကြရသောအခါ၊ ၎င်းတို့ က ကျွန်တော်မျိုးတို့သည်ကြားနာကြပါပြီ၊ ထို့ပြင် ကျွန်တော်မျိုးတို့သည် လိုက်နာကြပါပြီ၊ ဟူ၍ ပြောဆိုကြကုန်၏။ စင်စစ်မှာမူကား ဤကဲ့သို့သော သူသာလျှင် အောင်မြင်မှုရရှိသူများဖြစ်ကြကုန်၏။ ၁

---

① **မုအ်မင်န်တို့၏ သဘောဖြူ အူစင်းမှု။**

အထက်တွင် မုနာဖစ်က်များ၏ ကောက်ကျစ်စဉ်းလဲမှုကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ် တော်တွင် မုအ်မင်န်တို့၏ သဘောဖြူ အူစင်းမှုကို မိန့်ဆိုထားတော်မူသည်။

မုအ်မင်န်များသည် ကိစ္စတစ်ရပ်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်နာယူရန်အတွက် တမန်တော်မြတ်ထံသို့ သွားရန် ဖိတ်ခေါ်ခြင်းခံကြရလျှင်၊ ယင်းသို့သွားခြင်းဖြင့် မိမိတို့အဖို့ အကျိုးရှိသည်ဖြစ်စေ၊ အန္ဂုံးရှိသည်ဖြစ်စေ၊ အသို့ပင် ဖြစ်စေကာမူ၊ တစ်မိနစ်၊ တစ်စက္ကန့်မျှ တွန့်ဆုတ်ဆိုင်းငုံခြင်းမရှိဘဲ ဖိတ်ခေါ်သံကိုလက်ခံ၍ တမန်တော်မြတ် ထံသို့ အဆုံးအဖြတ်နာယူရန် ကြည်ဖြူစွာ သွားကြပေသည်။ တမန်တော်မြတ်၏ အဆုံးအဖြတ်ကိုလည်း တစ်သွေမတိမ်း၊ ဦးထိပ်ရွက် ပန်ဆင်ကြပေသည်။ ဤသို့ အမှန်တရားကို ရဲဝံ့စွာ ရင်ဆိုင်ရဲသောသူများသည် ဤပစ္စက္ခတွင်သာမက နောင်တမလွန်ဘဝတွင်လည်း အောင်ကြပေမည်။ အဘယ်ကြောင့်ဆိုသော် အကြင်သူတစ်ဦး သည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်တော်မြတ်ကို နာခံအံ့၊ ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားအံ့၊ ထိုအရှင်မြတ်အား သွေဖည်ဆန့်ကျင်ခြင်းမှ ရှောင်ကြဉ်အံ့၊ ထိုသို့သော သူသည် နှစ်ဘဝစလုံးတွင် အောင်မြင်သာတည်း။

وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ وَيَخْشَ اللّٰهَ وَيَتَّقْهِ فَاُولٰٓئِكَ هُمُ الْفَآئِزُوْنَ ﴿٥٢﴾

၅၂။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ရာဇလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ လိုက်နာပါမူ ထို့ပြင် ထိုသူသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါမူ ထိုမှတပါး ထိုသူသည် အရှင်မြတ်(၏ အမိန့်တော်များကိုဖီဆန်ခြင်းမှ) ရှောင်ကြဉ်ပါမူ ထိုကဲ့သို့သော သူတို့သည်သာလျှင် အလိုဆန္ဒ ပြည့်ဝသူများ ဖြစ်ကြကုန်အံ့သတည်း။

وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَئِنْ اَمَرْتَهُمْ لَيَخْرُجُنَّ ؕ قُلْ لَّا تُقْسِمُوْا ۚ طَاعَةٌ مَّعْرُوْفَةٌ ؕ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ﴿٥٣﴾

၅၃။ ထိုမှတပါး၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား အစွမ်းကုန်တိုင်တည်ပြီးအကယ်၍ အသင်သည် ၎င်းတို့အားအမိန့်ပေးခဲ့ပါလျှင် မချစင်စစ်၎င်းတို့သည် (အိုးအိမ်စည်းစိမ်တို့ကို စွန့်၍) ထွက်ကြပါမည်ဟု အစွမ်းကုန် ကျိန်တွယ် ပြောဆိုကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် မကျိန်တွယ်ကြကုန်လင့်။ (အသင်တို့၏) အမိန့်နာခံခဲ့မှုသည် ထင်ရှားပြီးဖြစ်သည်။

တစ်နည်း-အသင်တို့အပေါ်၌ စည်းကမ်းနှင့်လျော်ညီစွာ အမိန့်နာခံရန်သာ ရှိပေသည်။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်လျက်ရှိကြသည်တို့ကို ကောင်းစွာ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ ①

---

① **မုနာဖစ်ဂ်တို့၏ ကျိန်တွယ်မှု။**

မုနာဖစ်ဂ်များသည် တမန်တော်မြတ်အား ၎င်းတို့နှင့်ပတ်သက်၍ ယုံကြည်စိတ်ချစေရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ "တမန်တော်မြတ်သည် အကယ်၍ ကျွန်တော်တို့အား အမိန့်ပေးတော်မူပါလျှင်၊ ကျွန်တော်တို့သည် မိမိတို့၏ အိုးအိမ်၊ တိုက်တာ၊ ဂေဟာကိုပင် စွန့်လွှတ်၍ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် ထွက်လာကြရန် အသင့်ရှိကြပါသည်"။ တစ်နည်း- 'တမန်တော်မြတ်သည် ကျွန်တော်တို့အား အနည်းငယ်မျှပင် အရိပ်အယောင်ပြတော် မူလိုက်ပါလျှင်၊ ကျွန်တော်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်း ➤➤

قُلْ أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ ۖ فَإِن تَوَلَّوْا فَإِنَّمَا عَلَيْهِ مَا حُمِّلَ وَعَلَيْكُم مَّا حُمِّلْتُمْ ۖ وَإِن تُطِيعُوهُ تَهْتَدُوا ۚ وَمَا عَلَى الرَّسُولِ إِلَّا الْبَلَاغُ الْمُبِينُ ﴿٥٤﴾

၅၄။ (အို-နဗီတမန်တော်)အသင်သည်(ငင်းတို့အား ဤသို့) ပြောကြားပါလေ၊ (အချင်းတို့၊) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ရာစူလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်း လိုက်နာကြလေကုန်။ ထို့နောက် အကယ်၍ အသင်တို့သည် ရှောင်ကြဉ်ခဲ့ကြလျှင် ထိုရာစူလ်တမန်တော်မြတ်အပေါ်၌ မိမိတာဝန်ပေးခြင်း ခံခဲ့ရသည်နှင့်အညီ (အမိန့်တော်များကို ပို့ဆောင်ရန်သာ) ရှိပေသည်။ ထိုနည်းတူစွာ အသင်တို့အပေါ်၌လည်း မိမိတို့တာဝန်ပေးခြင်းခံခဲ့ကြရသည်နှင့်အညီ (အမိန့်တော်များကိုလည်း လိုက်နာရန်သာ) ရှိပေသည်။ [၁]

➤➤ အားလုံးကိုပင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ လှုဒါန်းစွန့်ကြဲရန် အသင့်ရှိကြပါသည်'ဟု အားပါးတရ ကျိန်တွယ်ပြောဆို ကြလေသည်။

သို့ကျိန်တွယ် ပြောဆိုကြသည်နှင့် စပ်လျဉ်း၍ မိန့်ဆိုထားတော်မူသည်မှာ 'အသင်တို့သည် ဤရွေ့ဤမျှ ကျိန်တွယ်ပြောဆိုရန်မလို၊ အမိန့်တော်များကို အသင်တို့အဘယ်မျှ နာယူကျင့်မူကြသည်မှာ သူငါအများအသိပင်။ အသင်တို့သည် အမိန့်တော်များကို နာခံကြပါမည့်အကြောင်း နူတ်ဖြင့်အဘယ်မျှပင် ထုတ်ဖော်ပြောဆိုကြသော်လည်း လက်တွေ့ လိုက်နာကျင့်သုံးရမည့်အချိန်တွင်မူ သွေဖည်ကျောခိုင်း၍ သွားကြသည်သာဖြစ်သည်။ အသင်တို့သည် နူတ်မှ တဖွာဖွာ ကျိန်တွယ်နေကြမည့်အစား အခြားရိုးသားဖြောင့်မှန်သော မွတ်စ်လင်မ်များ လိုက်နာကျင့်မူကြသကဲ့သို့ လက်တွေ့လိုက်နာကျင့်မူပြသရန်သာလိုပေသည်။ အလုပ်မပါဘဲ နူတ်ဖြင့် ကျိန်တွယ်နေခြင်းသည် မည်သို့မျှ အကျိုးမရှိပေ။ အသင်တို့သည် လူသားတို့အား ကျိန်တွယ်၍ လိမ်လည်လှည့်ဖြားနိုင်ကောင်း လှည့်ဖြားနိုင်ကြပေမည်။ သို့ရာတွင် အသင်တို့၏ လိမ်လည်လှည့်ဖြားမှုသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အသို့မျှ အသုံးဝင်သည် မဟုတ်ပေ။ ထိုအရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် အသင်တို့၏ လိမ်လည်လှည့်ဖြားမှု၊ အယောင်ဆောင်မှုများကို ဟုတ်မှန်ရာအတိုင်း ထုတ်ဖော်၍ ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်'။

① **တာဝန်ကျေပွန်ပါစေ။**

မုနာဖစ်ဂ်များအား ဆက်လက်၍ မိန့်ဆိုထားတော်မူသည်မှာ တမန်တော်မြတ်၌လည်း တာဝန်ရှိသည် အသင်တို့၌လည်း တာဝန်ရှိသည်။ တမန်တော်မြတ်၏ တာဝန်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ပို့ချတော်မူသော တရားတော်များကို လူသားတို့အား မှန်ကန်တိကျစွာ ဟောကြားရန်သာဖြစ်သည်။ တမန်တော်မြတ်သည် မိမိ၏တာဝန်ကို မှန်ကန်တိကျ ပြတ်သားစွာ ထမ်းဆောင်ပြီးချေပြီ။ အသင်တို့၏တာဝန်မှာ ယင်းသည့်တရားတော်များကို ယုံကြည်ထောက်ခံ၍ တမန်တော်မြတ် ဟောညွှန်ပြသည့်အတိုင်း လက်တွေ့လိုက်နာ ကျင့်သုံးရန်ပင် ➤➤

ဂင်းပြင် အကယ်၍ အသင်တို့သည် ထိုရစ္စလ် တမန်တော်မြတ်၏ အမိန့်တော်များကို လိုက်နာကြလျှင်၊ အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြပေမည်။ စင်စစ်သော်ကား ရစ္စလ်တမန်တော်မြတ်၏ အပေါ်၌ မူကား (ငါအရှင်မြတ်၏အမိန့်တော်များကို) ထင်ရှားပြတ်သားစွာ ပို့ဆောင်ခြင်းမှအပ အခြားမည်သည့် တာဝန်မျှ မရှိချေ။

وَعَدَ اللَّهُ الَّذِينَ آمَنُوا مِنكُمْ وَعَمِلُوا الصَّالِحَاتِ لَيَسْتَخْلِفَنَّهُمْ فِي الْأَرْضِ كَمَا اسْتَخْلَفَ الَّذِينَ مِن قَبْلِهِمْ وَلَيُمَكِّنَنَّ لَهُمْ دِينَهُمُ الَّذِي ارْتَضَىٰ لَهُمْ وَلَيُبَدِّلَنَّهُم مِّن بَعْدِ خَوْفِهِمْ أَمْنًا يَعْبُدُونَنِي

၅၅။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား (ဤသို့)ကတိပေးတော်မူသည်။ ထိုအရှင်မြတ်သည်၎င်းတို့အလျင်ရှိခဲ့ကြကုန်သောသူတို့အား (ကမ္ဘာမြေဝယ်) အုပ်ချုပ်စေတော်မူခဲ့သည့်နည်းတူ ၎င်းတို့အားလည်း အုပ်ချုပ်စေတော်မူမည်။ ထို့ပြင် ၎င်းတို့အဖို့ မိမိနှစ်သက်တော်မူသော (အစ္စလာမ်)သာသနာတော်ကို ၎င်းတို့အကျိုးငှာ မြဲမြံခိုင်ခံ့စေတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ စိုးရိမ်မှုနောက်တွင် ငြိမ်းချမ်းမှုကို ပြောင်းလဲ၍ ပေးတော်မူမည်။ [၁]

➤➤ ဖြစ်သည်။ အကယ်၍ အသင်တို့သည် ယင်းသည့်တရားတော်များကို တမန်တော်မြတ် ဟောညွှန်ပြသည့်အတိုင်း တာဝန်သိသိ၊ သစ္စာရှိရှိ၊ ကြည်ကြည်ဖြူဖြူ လိုက်နာကျင့်သုံးကြပါမူ အသင်တို့သည် နှစ်ဘဝစလုံး၏ အောင်မြင်ကြောင်းတရားကိုရရှိပြီး နှစ်ဘဝစလုံးတွင် ဝမ်းသာမဆုံးဖြစ်ကြရပေမည်။ သို့မဟုတ်ပါမူ တမန်တော်မြတ်၌ မည်သို့မျှ ဆုံးရှုံးမှုမရှိ၊ အသင်တို့သာလျှင် မိမိတို့၏ တာဝန်ပျက်ကွက်မှု၊ ဆိုးသွမ်းမှု၊ မိုက်မဲသွေဖည်မှုများ၏ ပြစ်ဒဏ် အလူးအလိမ့်ခံကြရမည်ဖြစ်သည်။

တာဝန်နှင့် အခွင့်အရေးသည် ဒွန်တွဲလျက်ရှိသည်။ တာဝန်ကျေပွန်က၊ အခွင့်အရေးရသည်။ တာဝန်ပျက်ကွက်က အခွင့်အရေးမရ၊ တာဝန်မကျေပွန်ဘဲ အခွင့်အရေးတောင်းခြင်းသည် ကိုယ့်ကိုယ်ကို လှည့်ဖြားခြင်းပင်။

① **အလ္လာဟ်အရှင်မြတ်၏ ကတိတော်။**

ဤအာယတ်တော်တွင် တမန်တော်မြတ်လက်ထက်ရှိ အမှန်တကယ်အီမာန် ယုံကြည်ကြကုန်သော➤➤

لَا يُشْرِكُونَ بِي شَيْـًٔا ۚ وَمَن كَفَرَ بَعْدَ ذَٰلِكَ فَأُولَٰئِكَ هُمُ الْفَاسِقُونَ ﴿٥٥﴾

(အကယ်၍) ငင်းတို့သည် တစ်စုံတစ်ရာကို ငါအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်းမပြုဘဲ ငါအရှင်မြတ်အားသာလျှင် ကိုးကွယ်ဆည်းကပ် နေကြပါလျှင်၊ စင်စစ်သော်ကား မည်သူမဆို ထိုသည့်နောက်တွင် ကျေးဇူးကန်းခဲ့သည်ရှိသော်၊ ယင်းကဲ့သို့သူတို့သည်သာလျှင် *အမိန့်တော်ကို ဖီဆန်သူများ ဖြစ်ကြကုန်သတည်း။* [၁]

➤➤ ကောင်းမြတ်သော အကျင့်သီလများ ဆောက်တည်ကြကုန်သော၊ တမန်တော်မြတ်၏ အမိန့်တော်များကို တစ်သွေမတိမ်း လိုက်နာကြကုန်သော မုအ်မင်န် စစ်စစ်တို့အား ရည်ညွှန်း၍ ငင်းတို့အား တမန်တော်မြတ်၏ နောက်တွင် တိုင်းပြည်အုပ်ချုပ်မှုအာဏာ ချီးမြှင့်တော်မူမည့် အကြောင်း၊

မိမိ နှစ်သက်တော်မူသော အစ္စလာမ် သာသနာတော်ကို ငင်းတို့ဖြင့်၊ ကမ္ဘာတွင် ရပ်တည်ထွန်းကားစေတော် မူမည့်အကြောင်း၊

ထိုအချိန်တွင် ငင်းတို့သည် ကာဖိရ်များအား စိုးရိမ်နေကြရတော့မည် မဟုတ်ကြောင်း၊

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုနိုင်ကြတော့မည်ဖြစ်ကြောင်း၊

ထိုအရှင်နှင့် ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ တွဲဖက်ကိုးကွယ်ကြတော့မည် မဟုတ်ကြောင်း၊ ကတိပြုထားတော်မူသည်။ အဆိုပါ ကတိတော်သည် ခလီဖဟ် သမ္မတကြီးလေးပါး လက်ထက်တွင် အတည်ဖြစ်ခဲ့ချေပြီ။ ဤကား ကမ္ဘာ့သမိုင်းစဉ်တွင် အထင်အရှားပင်။

အဆိုပါ ခလီဖဟ်သမ္မတကြီးလေးပါး နောက်တွင်လည်း ထိုသို့သော ခလီဖဟ်သမ္မတများ ပေါ်ထွန်းခဲ့ကြပေသည်။ အလိုတော်ရှိပါက နောင်တွင်လည်း ထိုသို့သော ခလီဖဟ် သမ္မတများ ပေါ်ထွန်းကြပေမည်။

ဟဒီးဆ်တော်များအရ ခလီဖဟ် သမ္မတများတွင် နောက်ဆုံးခလီဖဟ်မှာ အေ့မာမ် မဟ်ဒီသခင် ဖြစ်သည်။ အေ့မာမ်မဟ်ဒီသခင်သည် ကမ္ဘာတွင် အစ္စလာမ် တရားတော်နှင့်အညီ စံမတူအောင် တရားမျှတစွာ အုပ်ချုပ်မည်။ ထိုသခင်လက် ထက်တွင် မတရားမှုဟူ၍ စိုးစဉ်းမျှပင် ကျန်ရှိမည်မဟုတ်၊ တရားမျှတမှုချည်းသာ ရှိပေမည်။

① အလ္လာဟ်အရှင်မြတ်၏ ကတိတော်အရ ယင်းသို့ကြီးမားသော ကျေးဇူးတော်များကို တွေ့မြင်ရပြီးသည့် နောက်သော်မှပင် တစ်ဦးတစ်ယောက်သည် ကျေးဇူးကန်းပါက ထိုသို့သောသူများသည် အလွန်အလွန် ဆိုးသွမ်းမိုက်မဲ သွေဖည်သူများသာ ဖြစ်ကြပေမည်။ ကျေးဇူးသည် ကြီးငယ်မဟူ ကျေးဇူးပင်ဖြစ်သည်။ ကျေးဇူးမကန်းရာ၊ ငယ်သောကျေးဇူးကိုလည်း ကျေးဇူးမကန်းရပေရာ၊ ကြီးမားသော ကျေးဇူးတော်များကိုမူ အသို့လျှင် ကျေးဇူးကန်းရာသတည်း။

မှတ်ချက်။

ခလီဖဟ် မွတ်စ်လင်မ်သမ္မတများသည် လောကီဆိုင်ရာ အခြားဘုရင်များနှင့် မတူကြပေ။ ငင်းတို့သည် တမန်တော်မြတ်၏ အရိုက်အရာကို ဆက်ခံသူများအနေနှင့် အလ္လာဟ်အရှင်မြတ်၏အစိုးရကိုသာ ကြေညာကြပေမည်။ မှန်ကန်သော အစ္စလာမ်၏အခြေခံများကို ခိုင်မြဲအောင် ပြုလုပ်ကြပေမည်။

وَأَقِيمُوا الصَّلَوٰةَ وَءَاتُوا الزَّكَوٰةَ وَأَطِيعُوا الرَّسُولَ لَعَلَّكُمْ تُرْحَمُونَ ﴿٥٦﴾

၅၆။ ထို့ပြင် အသင်တို့သည် 'ဆွလာတ်' ဝတ်ပြုမှုကိုဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် 'ဇကာတ်'ပေးကြလေကုန်။ ထိုမှတပါး အသင်တို့သည် ရာဇူလ်တမန်တော်မြတ်၏အမိန့်ကို လိုက်နာကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် သနားကရုဏာ ပြုတော်မူခြင်းကို ခံကြရပေမည်။ [၁]

لَا تَحْسَبَنَّ الَّذِينَ كَفَرُوا مُعْجِزِينَ فِي الْأَرْضِ ۚ وَمَأْوَاهُمُ النَّارُ ۖ وَلَبِئْسَ الْمَصِيرُ ﴿٥٧﴾

၅၇။ အသင်သည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့ကို (၎င်းတို့သည် ငါအရှင်မြတ်အား) ကမ္ဘာမြေဝယ်မစွမ်းဆောင်နိုင်အောင် ပြုနိုင်ကြမည်ဟု အလျှင်းမထင်မှတ်လေနှင့်။ အမှန်စင်စစ် ၎င်းတို့၏ ခိုလှုံရာဌာနမှာငရဲမီးပင်ဖြစ်ပေသည်။ စင်စစ်သော်ကား ယင်းငရဲမီးသည် အလွန်တရာ ဆိုးရွားလှသောစခန်းပင်ဖြစ်ပေသတည်း။ [၂]

يَا أَيُّهَا الَّذِينَ آمَنُوا لِيَسْتَأْذِنْكُمُ الَّذِينَ مَلَكَتْ أَيْمَانُكُمْ وَالَّذِينَ لَمْ يَبْلُغُوا

၅၈။ အို-'မုအ်မင်န်' သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ကျွန်-ကျွန်မများသည်လည်းကောင်း၊အသင်တို့အနက် အရွယ်မရောက်ကြသေးသောယောကျ်ားကလေးများသည်လည်းကောင်း၊ (အသင်တို့အိမ်များတွင်ဝင်ထွက်သွားလာရန်အလို့ငှာ) အချိန်သုံးချိန်တွင် အသင်တို့ထံ ခွင့်တောင်းကြရမည်။

---

① အထက်တွင် (အီမာန်) ယုံကြည်မှုနှင့် (အမလ် ဆွာလိဟ်) ကောင်းမြတ်သော အကျင့်သီလဆောက်တည်မှု၏ အကျိုးများကို ကြားသိရှိရပြီးဖြစ်ရာ မွတ်စ်လင်မ်များသည် အချိန်မှန်စွာ ဆွလာတ် ဝတ်ပြုကြရမည်။ အတိအကျ ဇကာတ်ပေးဆောင်ကြရမည်။ အမိန့်တော်များကို တစ်သွေ မတိမ်း လိုက်နာကြရပေမည်။ သို့မှသာလျှင် မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်များကို အပြည့်အဝ ခိုလှုံကြရပေမည်။

② အထက်တွင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံကြရသော သူတော်စင်များ၏ အကြောင်းပါရှိသည်။ ယခု ဤအာယတ်တော်တွင် အမျက်တော် စူးရှခြင်းခံကြရသော ကာဖိရ်သူယုတ်တို့၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ယင်းကာဖိရ် သူယုတ်မာတို့သည် တိုင်းပြည်တွင် ဓေတ္တခဏာရရှိထားသော အခွင့်အာဏာကို အလွဲသုံးစားပြုကာ အမျိုးမျိုးကျူးကျော် စော်ကားကြသည်။ ဆိုးသွမ်း မိုက်ကန်းကြသည်။ ပြီးနောက် အလ္လာဟ် အရှင်မြတ်၏ ပြစ်ဒဏ်တော်မှ လွတ်မြောက်ရန် အမျိုးမျိုးကြိုးစားကြသည်။ ကြံစည်အားထုတ်ကြသည်၊ ➤➤

الْحُلُمَ مِنكُمُ ثَلٰثَ مَرّٰتٍ ؕ مِن قَبْلِ صَلٰوةِ الْفَجْرِ وَحِيْنَ تَضَعُوْنَ ثِيَابَكُم مِّنَ الظَّهِيْرَةِ وَمِنۢ بَعْدِ صَلٰوةِ الْعِشَآءِ ؕ ثَلٰثُ عَوْرٰتٍ لَّكُمْ ؕ لَيْسَ عَلَيْكُمْ وَلَا عَلَيْهِمْ جُنَاحٌۢ

'ဖဂျ်ရ် ဆွလာတ်' အလျင် (တစ်ချိန်)၊ အသင်တို့သည် မိမိတို့၏ အဝတ်အစားများကိုချွတ်၍ ထားလေ့ရှိကြသော နေ့လယ်အချိန်၌(တစ်ချိန်)နှင့် 'အိရှာအ် ဆွလာတ်'အပြီး၌(တစ်ချိန်၊ ဤ)သုံးချိန်ကား အသင်တို့၏အရှက်လစ်လပ်ချိန်များတည်း။ [၁]

(သို့ရာတွင်) ထို(သုံးချိန်)မှအပ (အခြားအချိန်များတွင်မူကား ခွင့်မတောင်းဘဲ ဝင်ထွက်သွားလာခြင်းကြောင့်) အသင်တို့အပေါ်၌လည်းကောင်း၊ ထိုသူတို့အပေါ်၌လည်းကောင်း၊ မည်သို့မျှ အပြစ်မရှိချေ။

➤➤ မည်သို့ပင် ကြံစည်ကြသော်လည်း ၎င်းတို့၏ ကြံစည်မှုသည် အချည်းနှီးပင်၊ နောက်ဆုံးတွင် ၎င်းတို့သည် မိမိတို့၏ ကျူးကျော်စော်ကား မိုက်မှားမှုများကြောင့် ငရဲသို့ လားကြရမည်သာတည်း။

① အိမ်တွင် ဝင်ထွက် သွားလာနေသူများပင်လျှင် အချို့အချိန်များတွင် အိမ်တွင်းသို့ဝင်ရန် ခွင့်ပန်ကြရမည်။

ကုရ်အာန်ကျမ်းမြတ် (၂၄:၂၇-၂၉) တွင် လွတ်လပ်သူများ၊ အရွယ်ရောက်ပြီးသူများအား သူတစ်ပါး အိမ်သို့ဝင်ရန် ခွင့်ပန်ကြရမည့် အကြောင်းပါရှိ၏။ ယခုဤအာယတ်တော်တွင် အိမ်တွင် အမြဲတစေ ဝင်ထွက်သွားလာနေကြသော ကျွန်မိန်းမ၊ ကျွန်ယောကျ်ားနှင့် အရွယ်မရောက်သေးသော ယောကျ်ားကလေးများသည် ပင်လျှင် အချို့အချိန်များတွင် အိမ်တွင်းသို့ ဝင်လိုသည့်အခါ ခွင့်ပန်ကြရမည့် အကြောင်း မိန့်ဆိုထားတော်မူသည်။

လူများသည် များသောအားဖြင့် ဖဂျ်ရ်ဆွလာတ် မတိုင်မီအချိန်၊ နေ့လည်အချိန်နှင့် အိရှာအ်ဆွလာတ်ပြီးချိန်များတွင် အပန်းဖြေလိုကြသည်။ လွတ်လပ်စွာနေလိုကြသည်။ အပိုအဝတ်အထည်များကို ချွတ်ထားလေ့ရှိကြသည်။ မိမိတို့၏ ဇနီးများနှင့် လွတ်လပ်စွာ နေလေ့ရှိကြသည်။ တစ်ခါတစ်ရံ လူများသည် ဖရ်ရ်ဆွလာတ် မတိုင်မီအချိန်၊ သို့မဟုတ် နေ့လည်အချိန်တွင် ရေချိုးလိုကြသည်၊ သို့မိမိတို့ ရေချိုးသည်ကိုလည်း သူတစ်ပါးအား မသိစေလိုကြပေ။

ထို့အတွက် အထက်ဖော်ပြပါ အချိန်များတွင် အိမ်တွင်း၌ ဝင်ထွက်သွားလာနေကြသော ကျွန်ယောကျ်ား၊ ကျွန်မိန်းမများနှင့် အရွယ်မရောက်သေးသော ယောကျ်ားကလေးများသည်ပင်လျှင် အိမ်တွင်းသို့ ဝင်လိုကြသည့်အခါ ခွင့်ပန်ကြရမည် ဖြစ်သည်။ အခြားအချိန်များတွင် ခွင့်ပန်ရန်မလိုပေ။ (ဤသည်ကို ထောက်ရှုခြင်းအားဖြင့် "အစ္စလာမ်သည် ပိရိစွာနေထိုင်မှု၊ ကျစ်လျစ်စွာနေထိုင်မှု' ဖုံးကွယ်ထားအပ်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖုံးကွယ်ထားမှု၊ ကာယိန္ဒြေရှိမှုများကို အဘယ်မျှ လိုလားသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။

အထက်ဖော်ပြပါ အချိန်သုံးချိန်မှာ သူငါအများ လွတ်လပ်စွာ နေလေ့ရှိသော အချိန်များသာဖြစ်သည်။ ထိုအချိန် သုံးချိန်တွင်သာ အခွင့်ပန်ကြားရမည်ဟု မဆိုလို။ အကယ်၍ တိုင်းပြည်တစ်ပြည်တွင် မိမိတို့၏ အလေ့အထ ယဉ်ကျေးမှုအရသော် လည်းကောင်း၊ အခြေအနေအရသော် လည်းကောင်း၊ မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာ နေထိုင်ကြပါက၊ ယင်းသည့်အချိန်များတွင် အိမ်တွင်းသို့ဝင်ရန် ခွင့်ပန်ကြားရမည်သာဖြစ်သည်၊➤➤

بَعْدَهُنَّ ۚ طَوَّٰفُونَ عَلَيْكُم
بَعْضُكُمْ عَلَىٰ بَعْضٍ ۚ كَذَٰلِكَ
يُبَيِّنُ ٱللَّهُ لَكُمُ ٱلْـَٔايَٰتِ ۗ وَٱللَّهُ
عَلِيمٌ حَكِيمٌ ﴿٥٨﴾

ငင်းတို့သည် အသင်တို့ထံ များစွာ ဝင်ထွက်သွားလာသူများ ဖြစ်ကြပေသည်။ အသင်တို့အနက် တစ်ဦးသည် တစ်ဦး၏ထံသို့ (ဝင်ထွက်သွားလာသူများသာ ဖြစ်ကြကုန်၏)။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် အမိန့်ပညတ်တော်များကို အသင်တို့အကျိုးငှာ ထုတ်ဖော် မိန့်ကြားတော်မူလေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَإِذَا بَلَغَ ٱلْأَطْفَٰلُ مِنكُمُ
ٱلْحُلُمَ فَلْيَسْتَـْٔذِنُوا۟ كَمَا
ٱسْتَـْٔذَنَ ٱلَّذِينَ مِن قَبْلِهِمْ ۚ
كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمْ
ءَايَٰتِهِۦ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿٥٩﴾

၅၉။ သို့ရာတွင် အသင်တို့အနက်မှ ယောကျ်ားကလေးများသည်အရွယ်ရောက်လာခဲ့ကြသော်၊ ၎င်းတို့သည်လည်း မိမိတို့အလျင် ခွင့်တောင်းခဲ့ကြသော သူများနည်းတူ ခွင့်တောင်းကြရပေမည်။ [၁] အလ္လာဟ်အရှင်မြတ်သည်ဤနည်းနှင့်နှင် မိမိအမိန့်ပညတ်တော်များကို အသင်တို့အကျိုးငှာ ထုတ်ဖော်မိန့်ကြားတော်မူလေသည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ ထို့အတူ ပုဂ္ဂိုလ်တစ်ဦးသည် အကြောင်းတစ်ရပ်ရပ်ကြောင့် အခြားအချိန်များတွင်၊ ဝင်ခွင့်ပန်ကြားရန် သတ်မှတ်ထားပါက သတ်မှတ်ထားသည့် အချိန်တွင် ခွင့်ပန်ကြားရမည်သာ ဖြစ်သည်။

① **<u>အရွယ်ရောက်က ခွင့်ပန်ရ။</u>**

အရွယ်မရောက်သေးသော ယောကျ်ားကလေးများသည် အရွယ်ရောက်လာကြပါက ၎င်းတို့သည်လည်း ကုရ်အာန် (၂၄:၂၇)တွင် လာရှိသည့်အတိုင်း၊ အိမ်တွင်းသို့ဝင်ရန် လူကြီးများအားခွင့်ပန်ကြရမည် ဖြစ်သည်။

وَالْقَوَاعِدُ مِنَ النِّسَآءِ الّٰتِيْ
لَا يَرْجُوْنَ نِكَاحًا فَلَيْسَ
عَلَيْهِنَّ جُنَاحٌ اَنْ يَّضَعْنَ
ثِيَابَهُنَّ غَيْرَ مُتَبَرِّجٰتٍۭ
بِزِيْنَةٍ ؕ وَاَنْ يَّسْتَعْفِفْنَ
خَيْرٌ لَّهُنَّ ؕ وَاللّٰهُ سَمِيْعٌ
عَلِيْمٌ ﴿٦٠﴾

၆၀။ ၎င်းပြင် ထိမ်းမြားရန် မျှော်လင့်ချက်မရှိကြသော အဖွားအိုများသည် လှပမှုကို ဖော်ပြခြင်းမပြုဘဲ မိမိတို့၏(အပို)အဝတ်များကို ချွတ်ထားခြင်းကြောင့် ၎င်းတို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ သို့တစေလည်း ၎င်းတို့သည် (ဤသည်မှ) ရှောင်ကြဉ်ကြလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင်။ [၁] စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ကြားတော်မူသော၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَيْسَ عَلَى الْاَعْمٰى حَرَجٌ
وَّلَا عَلَى الْاَعْرَجِ حَرَجٌ
وَّلَا عَلَى الْمَرِيْضِ حَرَجٌ
وَّلَا عَلٰٓى اَنْفُسِكُمْ اَنْ

၆၁။ မျက်ကန်း၏အပေါ်၌လည်း တစ်စုံတစ်ရာ တားမြစ်ခြင်းမရှိချေ။ ခြေမစွမ်းမသန်သောသူ၏အပေါ်၌လည်း တစ်စုံတစ်ရာ တားမြစ်ခြင်း မရှိချေ။ မကျန်းမမာသောသူ၏အပေါ်၌လည်း တစ်စုံတစ်ရာ တားမြစ်ခြင်းမရှိချေ။ အသင်တို့ကိုယ်တိုင် အပေါ်၌လည်း (တစ်စုံတစ်ရာ *တားမြစ်ခြင်း*) မရှိချေ။ [၂]

---

① **အသက်အရွယ်ကြီး အမယ်ကြီးများသည်ပင် ဇီနတ် အလှ ဖုံးဖိထားကြပါက ပို၍ကောင်းသည်။**

ကာမဂုဏ်စိတ်ကုန်ခန်း၍ ထိမ်းမြားလိုသောစိတ် မရှိတော့သော သက်ကြီးရွယ်ကြီး အမယ်ကြီးများသည် မိမိတို့၏ နေအိမ်များတွင် သာမန်အဝတ်အစား များနှင့်ပင် နေထိုင်နိုင်ကြပေသည်။ သူစိမ်းများရှေ့တွင် သွားလာရာ၌ ပိုမိုလုံခြုံရန်အတွက် ဝတ်ဆင်ရသော အပိုအဝတ်အစားများကို မဝတ်ဆင်ဘဲ နေနိုင်ကြပေသည်။ သက်ကြီး၊ ရွယ်ကြီး၊ အမယ်ကြီးများ အပြင်ထွက်ကြသည့် အခါတွင်လည်း သာမန် အဝတ်အစားများနှင့်ပင် သွားလာနိုင်ကြပေသည်။ ထိုသို့ သာမန်အဝတ်အစားများဖြင့် သွားလာနိုင်ခွင့် ရှိသော်လည်း ကုရ်အာန်ကျမ်းမြတ် (၂၄:၃၁)တွင် ပညတ်ထားတော် မူသည့်အတိုင်း 'ဇီနတ်' အလှကိုမူ မပေါ်လွင်စေကြရ၊ ယင်းသို့ ဇီနတ်ကို မပေါ်လွင်စေဘဲ သာမန် အဝတ်အစားများဖြင့် သွားလာခွင့်ရှိငြားသော်လည်း 'ဟိဂျာဗ်' ပရဒါဟ်ကို ဝတ်ရုံကြပါက ၎င်းတို့အဖို့မှာလည်း၊ ပို၍ပင် ကောင်းပေသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ပို၍ရွယ်သောအမျိုးသမီးများ၌ 'ဟိဂျာဗ်' ပရဒါဟ် ထားရှိရန်မှာ အဘယ်မျှ အရေးကြီးလှသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။

② **ရောင်ကြဉ်ရာတွင် စည်းကမ်းမလွန်ရာ။**

ဤအာယတ်တော်ကို ထုတ်ပြန်ပို့ချတော်မူခြင်း၏ အကြောင်းရင်းများနှင့် စပ်လျဉ်း၍ 'ဒုရ်ရိုမန်ဆူရ်' ကျမ်းတွင် အဆိုအမျိုးမျိုး တွေ့ရှိရပေသည်။ ➤➤

تَأْكُلُوا مِنْ بُيُوتِكُمْ
أَوْ بُيُوتِ آبَائِكُمْ أَوْ بُيُوتِ
أُمَّهَاتِكُمْ أَوْ بُيُوتِ إِخْوَانِكُمْ
أَوْ بُيُوتِ أَخَوَاتِكُمْ أَوْ بُيُوتِ
أَعْمَامِكُمْ أَوْ بُيُوتِ عَمَّاتِكُمْ
أَوْ بُيُوتِ أَخْوَالِكُمْ
أَوْ بُيُوتِ خَالَاتِكُمْ أَوْ مَا

မိမိတို့ အိမ်များမှဖြစ်စေ၊ မိမိတို့၏ ဖခင်များ၏ အိမ်များမှဖြစ်စေ၊ မိမိတို့၏မိခင်များ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ညီများအစ်ကိုများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့၏နှမများအစ်မများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ဘကြီး ဘထွေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ အရီးကြီးအရီးကလေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ ဦးရီးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့မိကြီး မိထွေးများ၏ အိမ်များမှဖြစ်စေ၊ မိမိတို့ သော့ထိန်းကြရသောအိမ်များမှဖြစ်စေ၊ မိမိတို့ မိတ်ဆွေများ၏ အိမ်များမှဖြစ်စေ၊ အသင်တို့၏စားသုံးခြင်း၌ တစ်စုံတစ်ရာ တားမြစ်ခြင်းမရှိပေ။

➤➤ အကျဉ်းသဘောမှာ ဤသို့ဖြစ်သည်။ ယခင်က မဒီနာမြို့သားများသည် အရပ်အမျိုးသားတို့၏ ဓလေ့ထုံးစံအလျောက် စားရေး၊ သောက်ရေးများတွင် အလွန့်အလွန် လွတ်လွတ်လပ်လပ် ရှိခဲ့ကြသည်။ တစ်ဦးအိမ်မှတစ်ဦး အားမနာတမ်း ဝင်ထွက်စားသောက်လေ့ ရှိခဲ့ကြသည်။ ထိုမျှမက တစ်ခါတစ်ရံ မိမိ၏ ဆွေမျိုးရင်းခြာ အိမ်များသို့၊ တစ်ခါတစ်ရံ မိမိ၏ မိတ်ဆွေအိမ်များသို့ မိမိနှင့်အတူတကွ ဆင်းရဲနွမ်းပါးသူများကိုပင် ခေါ်ဆောင်၍ သွားရောက် စားသုံးလေ့ရှိခဲ့ကြသည်။

ယင်းသို့ အားမနာတမ်း လွတ်လပ်စွာ ဝင်ထွက် စားသောက် ရာတွင် စည်းကမ်းလွန်လာခဲ့ကြပေသည်။ တစ်ခါတစ်ရံ သူတစ်ပါး၏ အခွင့်အရေးများကိုပင် ဆုံးရှုံးပျက်ပြား စေသည်အထိ၊ တစ်ခါတစ်ရံ နိုင်လိုမင်းထက် ပြုကျင့်သည်အထိ ဖြစ်လာခဲ့ပေသည်။ ထိုအခါ ယင်းသို့ စည်းကမ်းလွန်မှုနှင့် နိုင်လိုမင်းထက် ပြုကျင့်မှုကို ပိတ်ပင်တားမြစ်ရန်အတွက် 'အသင်တို့သည် မိမိတို့အချင်းချင်း၏ ဥစ္စာပစ္စည်းများကို မတရားသဖြင့် မစားသုံးကြကုန်လင့်' ဟူသော ကုရ်အာန်ကျမ်းမြတ်လာ အာယတ်တော် (၄:၂၉) ကျရောက်လာခဲ့ပေသည်။

ဤသည့် အာယတ်တော် ကျရောက်လာခဲ့သည့်အခါ ဆွဟာဗဟ်၊ သာဝကကြီးများသည် အလွန်စိုးရိမ်ကြောက်ရွံ့ကာ သူတစ်ပါးအိမ်သို့ သွားရောက်စားသုံးမှုကို အလွန့်အလွန် ရှောင်ကြဉ်လာခဲ့ကြလေသည်။ အိမ်တစ်အိမ်တွင် မိမိ၏စားသုံးမှုနှင့် စပ်လျဉ်း၍ အိမ်ရှင်၏ ကျေနပ်နှစ်သက်မှု ရှိသည်ကို ယုံကြည်ရသော၊ တရားတော်က တားမြစ်ခြင်းလည်း တစ်စုံတစ်ရာ မရှိသော အိမ်မျိုး၌ပင်လျှင် အိမ်ရှင်က နှုတ်မှဖွင့်ဟ၍ အတိအလင်း ခွင့်ပြုချက်မပြုသမျှ ကာလပတ်လုံး စားသုံးမှုကို ရှောင်ကြဉ်လာခဲ့ ကြပေသည်။ သူတစ်ပါးအိမ်တွင် မစားသုံးကြတော့ပေ။ ထို့အတူ ဆင်းရဲနွမ်းပါးသူများ၊ မစွမ်းမသန်သူများ၊ မျက်မမြင်သူများ၊ ခြေလက်ကျိုးသူများ၊ မကျန်းမာသူများကလည်း သူတစ်ပါး၌ မိမိတို့အား သူတစ်ပါးအိမ်သို့ ခေါ်ဆောင်ပိုင်ခွင့် မရှိပေရာ၊ မိမိတို့၌လည်း သူတစ်ပါးအိမ်တွင် စားသောက်ပိုင်ခွင့်မရှိဟု ယူဆလာခဲ့ကြပေသည်။ သူတစ်ပါးနှင့်အတူ လိုက်၍ သူတစ်ပါးအိမ်တွင် ဧည့်မြှောင်အဖြစ် လိုက်လံ စားသုံးခြင်းကိုလည်း ရှောင်ကြဉ်လာခဲ့ကြပေသည်။

مَلَكْتُمْ مَّفَاتِحَهٗٓ
اَوْ صَدِيْقِكُمْ ۭ لَيْسَ
عَلَيْكُمْ جُنَاحٌ اَنْ
تَاْكُلُوْا جَمِيْعًا
اَوْ اَشْتَاتًا ۭ فَاِذَا دَخَلْتُمْ
بُيُوْتًا فَسَلِّمُوْا عَلٰٓى
اَنْفُسِكُمْ تَحِيَّةً مِّنْ عِنْدِ
اللّٰهِ مُبٰرَكَةً طَيِّبَةً ۭ
كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ
الْاٰيٰتِ لَعَلَّكُمْ تَعْقِلُوْنَ ۝۶۱

اِنَّمَا الْمُؤْمِنُوْنَ الَّذِيْنَ اٰمَنُوْا
بِاللّٰهِ وَرَسُوْلِهٖ وَاِذَا كَانُوْا
مَعَهٗ عَلٰٓى اَمْرٍ جَامِعٍ لَّمْ

အသင်တို့သည် အထူး ရောနှောစုရုံးလျက် စားသုံးကြသည်ဖြစ်စေ၊ တခြားစီ(စားသုံးကြသည်) ဖြစ်စေ၊ အသင်တို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။

သို့ရာတွင် အသင်တို့သည် အိမ်များသို့ ဝင်ရောက်ကြသောအခါ မိမိတို့ကိုယ်များကို အချင်းချင်း *စလာမ်မေတ္တာ ပို့သကြလေကုန်။* [၁] (ယင်း စလာမ် မေတ္တာပို့သခြင်းကား) အလ္လာဟ်အရှင်မြတ် အထံတော်မှ (သတ်မှတ် ပြဋ္ဌာန်းအပ်သော) နူတ်ခွန်းစကား၊ ဆုတောင်းပတ္ထနာပြုချက်ဖြစ်၏။ ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံ၏။ ကောင်းမြတ်လှ၏။

အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် အသင်တို့အဖို့ အမိန့် ပညတ်တော်များကို အသင်တို့နားလည်(ကျင့်သုံး) ကြအံ့သောငှာ ထုတ်ဖော်မိန့်ကြားတော်မူလေသတည်း။

၆၂။ အကြင်သူတို့ သည်သာလျှင် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ် တမန်တော်မြတ်အား လည်းကောင်း၊ သက်ဝင် ယုံကြည် ခဲ့ကြသည့် အပြင်

---

① **အိမ်သူအိမ်သားများအား 'စလာမ်' ပေးကြရမည်။**

အိမ်တွင်းသို့ ဝင်ကြသည့်အခါ အိမ်၌ရှိနေကြသော မွတ်စ်လင်မ်များအား 'စလာမ်' မေတ္တာပို့ကြရမည်။ 'စလာမ်' သည် ဆုမွန်လည်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ သတ်မှတ်ချက်လည်းဖြစ်သည်။ 'စလာမ်' ပေးခြင်းဖြင့် 'ဆဝါဗ်' ကုသိုလ်အကျိုးလည်း ရသည်ဖြစ်ရာ မင်္ဂလာလည်းမည်သည်။ စလာမ်ပေးခြင်းခံရသော ပုဂ္ဂိုလ်များ၏ ဟဒယနှလုံးကို ရွှင်ပြုံးစေသည်ဖြစ်ရာ ကောင်းမြတ်လှသော ပီယဝါစာစကား သည်လည်းမည်သည်။ တမန်တော်မြတ်ကလည်း အားပါးတရ စလာမ်ပေးရမည်ဟု မိန့်ကြားသွားတော်မူခဲ့သည်။ သို့ဖြစ်ရာ မွတ်စ်လင်မ်တို့သည် အချင်းချင်းတွေ့ဆုံကြသည့်အခါ၊ အမြဲတစေ၊ အူလိုက်၊ သည်းလိုက် စလာမ်ပေးကြရပေမည်။

يَذْهَبُوا حَتَّىٰ يَسْتَأْذِنُوهُ ۚ
إِنَّ الَّذِينَ يَسْتَأْذِنُونَكَ
أُولَٰئِكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ
وَرَسُولِهِ ۚ فَإِذَا اسْتَأْذَنُوكَ
لِبَعْضِ شَأْنِهِمْ فَأْذَن لِّمَن
شِئْتَ مِنْهُمْ وَاسْتَغْفِرْ لَهُمُ
اللَّهَ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٦٢﴾

တစ်စုံတစ်ရာ စုပေါင်းဆောင်ရွက်အပ်သော ကိစ္စနှင့် စပ်လျဉ်း၍ ထိုရာဇဝင်တမန်တော်မြတ်နှင့်အတူ ရှိကြသောအခါ၊ ထိုရာဇဝင်တမန်တော်မြတ်ထံတွင် ခွင့်ပန်ကြားခြင်း*မပြုသမျှ ကာလပတ်လုံး* ထွက်မသွားကြပေ။ [၂] ဧကန်မလွဲ အသင့်ထံ ခွင့်ပန်ကြားကြကုန်သော သူတို့သာလျှင် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇဝင်တမန်တော်မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြကုန်၏။

သို့ဖြစ်ပေရာ၌ငင်းတို့သည် အသင့်ထံ မိမိတို့၏ ကိစ္စတစ်စုံတစ်ရာအတွက် ခွင့်ပန်ခဲ့ကြလျှင် အသင်သည် ငင်းတို့အနက် မိမိအလိုရှိသောသူအား ခွင့်ပြုပါလေ။ ထို့ပြင် အသင်သည် ငင်းတို့အဖို့ အလ္လာဟ် အရှင်မြတ်အထံတော်၌ အပြစ်မှ ချမ်းသာခွင့်ရရှိရန် ပန်ကြားပါလေ။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

② **ရာဇဝင်နောက်ခံ။**

ဤအာယတ်တော် ထုတ်ပြန်ပို့ချတော်မူခဲ့သည့် ရာဇဝင်နောက်ခံအဖြစ် အောက်တွင်ဖော်ပြပါ၊ ဖြစ်ရပ်နှစ်ခုကို တွေ့ရှိရပေသည်။

က။ 'အဟ်ဇာဗ်' စစ်ပွဲတွင် မဒီနာမြို့၏ ပတ်ဝန်းကျင်၌ မွတ်စ်လင်မ်များသည် ပင်ပန်းကြီးစွာဖြင့် ကျူးတူးခဲ့ကြ၏။ အထူးကြီးပမ်းခဲ့ကြ၏။ မြို့တွင်းသို့ပြန်ရန် အရေးတကြီးကိစ္စ ပေါ်လာပါက တမန်တော်မြတ်ထံ ခွင့်ပန်၍ တမန်တော်မြတ်၏ ခွင့်ပြုချက်ရမှသာလျှင် ပြန်လေ့ရှိခဲ့ကြ၏။ မုနာဖစ်ကက်များမှာမူ ကျူးတူးရာတွင် စိတ်မဝင်စားခဲ့ကြပေ။ မြို့တွင်းသို့ မွတ်စ်လင်မ် တစ်ဦးတစ်ယောက်ပြန်သည်ကို မြင်လျှင် မုနာဖစ်က်များသည် တမန်တော်မြတ်ထံ တစ်စုံတစ်ရာ ခွင့်ပန်မကြားဘဲ အဆိုပါ မွတ်စ်လင်မ်နှင့် တွယ်ကပ်ကာ၊ မသိမသာ လစ်၍ ပြန်ခဲ့ကြပေသည်။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။ ထာနဝီ။

ခ။ ဂျုမုအတ်သောကြာ စသည်များတွင် မွတ်စ်လင်မ် တစ်ဦးတစ်ယောက်၌ အရေးကြီးကိစ္စ ပေါ်ပေါက်လာပါက တမန်တော်မြတ်ထံ ခွင့်ပန်၍ ပြန်သွားလေ့ရှိခဲ့ပေသည်။ တမန်တော်မြတ် ခွတ္တဗဟ် တရားတော်ဟောကြားနေတော်မူသည့် အချိန်ဖြစ်ပါမူ လက်ဟန်ဖြင့် ခွင့်ပန်၍ ပြန်လေ့ရှိခဲ့ပေသည်။ ထိုအခါ ➤➤

لَا تَجْعَلُوْا دُعَآءَ الرَّسُوْلِ
بَيْنَكُمْ كَدُعَآءِ بَعْضِكُمْ بَعْضًا ؕ
قَدْ يَعْلَمُ اللّٰهُ الَّذِيْنَ
يَتَسَلَّلُوْنَ مِنْكُمْ لِوَاذًا ۚ
فَلْيَحْذَرِ الَّذِيْنَ يُخَالِفُوْنَ
عَنْ اَمْرِهٖۤ اَنْ تُصِيْبَهُمْ فِتْنَةٌ
اَوْ يُصِيْبَهُمْ عَذَابٌ اَلِيْمٌ ﴿٦٣﴾

၆၃။ အသင်တို့သည် ရာဇူလ်တမန်တော်မြတ်၏ ဖိတ်ခေါ်ခြင်းကို မိမိတို့အကြား၀ယ် မိမိတို့အချင်းချင်း တစ်ဦးတစ်ယောက်ကို တစ်ဦးတစ်ယောက်က ဖိတ်ခေါ်သကဲ့သို့ မယူဆကြကုန်လင့်။ [၁]

ဧကန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် အကွယ်အကာယူ၍ တိတ်တဆိတ် ခိုးထွက်သွားကြသောသူတို့အား ကောင်းစွာ သိရှိတော်မူ၏။ သို့ဖြစ်ပေရာထိုရာဇူလ်တမန်တော်မြတ်၏ အမိန့်တော်ကို ရှောင်သွေကုန်ကြသောသူတို့သည် မိမိတို့၌ ဒုက္ခတစ်စုံတစ်ရာ သက်ရောက်မည်ကို သော်လည်းကောင်း၊ သို့မဟုတ် မိမိတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ် တစ်စုံတစ်ရာ သက်ရောက်မည်ကိုသော်လည်းကောင်း၊ စိုးရိမ်ကြရာကုန်သတည်း။

اَلَاۤ اِنَّ لِلّٰهِ مَا فِى السَّمٰوٰتِ
وَالْاَرْضِ ؕ قَدْ يَعْلَمُ مَاۤ اَنْتُمْ
عَلَيْهِ ؕ وَيَوْمَ يُرْجَعُوْنَ

၆၄။ သတိပြုကြလေကုန်။ ဧကန်မလွဲ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထ၀ီမြေ၌ ရှိသမျှတို့သည်လည်းကောင်း အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသောအရာများ ဖြစ်ကုန်၏။ ဧကန်အမှန် ထိုအရှင်မြတ်သည် အသင်တို့၏ လက်ရှိအခြေအနေကိုလည်း သိတော်မူ၏။

➤➤ ဆွေလာတ်၀တ်ပြမှု၊ ခွတ္တဗဟ်တရားတော် ကြားနာမှုတွင် စိတ်မ၀င်စားသော မုနာဖစ်ဂ်များသည် အဆိုပါ မွတ်စ်လင်မ်အား တွယ်ကပ်ကာ လျှို့၀ှက်စွာ မသိမသာ ပြန်သွားလေ့ရှိခဲ့ကြပေသည်။ ထိုအခါ ဤအာယတ်တော်ကျရောက်လာခဲ့ပေသည်။ ထာနဝီ။

① **တမန်တော်မြတ်၏ ဖိတ်ခေါ်ခြင်းကို အထူးလေးစားရမည်။**

တမန်တော်မြတ်၏ ဖိတ်ခေါ်ခြင်းမှာ အချင်းချင်း သာမန် ဖိတ်ခေါ်ခြင်းမျိုးနှင့် မတူပေ။ တမန်တော်မြတ် ဖိတ်ခေါ်လျှင် ဖိတ်ခေါ်ရာသို့ သွားရောက်ခြင်းသည် မုချလိုက်နာဆောင်ရွက်ရမည့် 'ဝါဂျိဗ်' တာ၀န်ဖြစ်သွားပေသည်။ ဖိတ်ခေါ်ရာသို့ မုချဆက်ဆက်သွားရမည်။ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးမှလည်း ထမပြန်ရ။ ထို့ပြင်တစ်၀၊ တမန်တော်မြတ်နှင့် စကားပြောဆိုရာတွင် လည်းကောင်း၊ တမန်တော်မြတ်အား အသံပြုရာတွင်လည်းကောင်း ဂါရ၀တရားထားရမည်။ အထူးရိုသေလေးစားရမည်။ ရိုသေလေးစားခန့်ညားသော အသုံးအနှုန်းများကိုသာ သုံးစွဲရမည်။ ကြည့်-ကုရ်အာန် (၂:၁၀၄။ ၄၉:၂-၂၅)။

إِلَيْهِ فَيُنَبِّئُهُم بِمَا عَمِلُوٓا۟ ۗ وَٱللَّهُ بِكُلِّ شَىْءٍ عَلِيمٌ ﴿٦٤﴾

ငင်းတို့ ထိုအရှင်မြတ်အထံတော်သို့ ပြန်လည် ရောက်ရှိကြရမည့်နေ့ကိုလည်း သိတော်မူ၏။ (ထိုနေ့တွင်) ထိုအရှင်မြတ်သည် ငင်းတို့အား ငင်းတို့ကျင့်မူခဲ့သမျှတို့ကို ထုတ်ဖော်၍ ပြသတော်မူပေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

---

① **အလ္လာဟ်အရှင်မြတ်သည် အားလုံးကို သိတော်မူသည်။ အားလုံးကို ပိုင်ဆိုင်တော်မူသည်။**

လူတစ်ယောက်သည် အခြားသူများမသိအောင်၊ လျှို့ဝှက်၍ တစ်စုံတစ်ရာ ပြုလုပ်ကောင်း ပြုလုပ်နိုင်ပေမည်။ ပုဂ္ဂိုလ်တစ်ဦးသည် အခြားပုဂ္ဂိုလ်များ၏ လက်တွင်းမှ လွတ်မြောက်ကောင်း လွတ်မြောက်သွားနိုင်ပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် သိတော်မမူအောင် အသူပြုစွမ်းနိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်၏ အာဏာစက်အတွင်းမှ အသူလွတ်မြောက်သွားနိုင်အံ့နည်း။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် မိုး၊ မြေ၊ နေ၊ လ စကြာဝဠာအဝှန်းကို ပိုင်ဆိုင်တော်မူသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိတော်မူသည်။ ထိုအရှင်မြတ်သည် အသင်တို့၏ လက်ရှိ အခြေအနေကိုလည်း သိတော်မူသည်။ ကိယာမတ်နေ့စာရင်းအင်းရှင်းရန် ထိုအရှင်မြတ်ထံ ပြန်လည်ရောက်ရှိကြသည့်အခါ ပြုလုပ်ခဲ့ကြသည်များကိုလည်း ခရေစေ့တွင်းကျ ဖွင့်ပြတော်မူဦးမည် ဖြစ်သည်။ သို့ဖြစ်ပေရာ အားလုံးကို ပိုင်ဆိုင်တော်မူသော၊ အားလုံးကိုသိတော်မူသော ထိုအရှင်မြတ်၏ လက်တော်တွင်းမှ တရားခံတစ်ဦးသည် အသို့လျှင် လွတ်မြောက်သွားနိုင်အံ့နည်း။

အမှားအမှန်ခွဲခြားပေးသောကဏ္ဍ



ဤကဏ္ဍသည် စူရဟ် "ဖုရ်ကာန်" အမှား-အမှန်ခွဲခြားပေးသော ကဏ္ဍဖြစ်သည်။
မက္ကာမြို့တော်၌ ထုတ်ပြန်ချမှတ်တော်မူသော ကဏ္ဍဖြစ်သည်။
ဤကဏ္ဍတွင် အာယတ်တော် (၇၇)ပါးနှင့် ရုကူအ်အပိုဒ် (၈)ပိုဒ် အသီးသီးပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

تَبٰرَكَ الَّذِيْ نَزَّلَ الْفُرْقَانَ عَلٰى عَبْدِهٖ لِيَكُوْنَ لِلْعٰلَمِيْنَ نَذِيْرَا ①

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊
အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

၁။ *အမှားအမှန် ဝေဖန်ပိုင်းခြား ပေးအပ်သော (ကျမ်းဂန် ကုရ်အာန်)ကို* [၁] မိမိကျွန်၏အပေါ်ဝယ် ချပေးသနားတော်မူခဲ့သောအရှင်မြတ်သည် *ကောင်းချီးမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူပါပေသည်။* [၂] သို့ချပေးသနားတော်မူခြင်းမှာ ထိုကျွန် [၃] (ဝါ) တမန်တော်မုဟမ္မဒ်)သည်စကြာဝဠာခပ်သိမ်းတို့ကို သတိပေးနှိုးဆော်သူဖြစ်အံ့သောငှာ ချပေးသနားတော်မူခြင်းပင်ဖြစ်ပေသည်။ (တစ်နည်း) မိမိကျွန်၏ အပေါ်ဝယ် ထိုကျွန်သည် စကြာဝဠာခပ်သိမ်းတို့ကို သတိပေးနှိုးဆော်သူဖြစ်အံ့သောငှာ အမှားအမှန် ဝေဖန်ပိုင်းခြားပေးအပ်သော(ကျမ်းဂန်ကုရ်အာန်)ကို ချပေးသနားတော်မူသောအရှင်မြတ်သည် ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံတော်မူပါပေသည်။

---

① **ကုရ်အာန်နှင့် ဖုရ်ကာန်။**

ဤအာယတ်တော်တွင် ကုရ်အာန်ကျမ်းမြတ်ကို 'ဖုရ်ကာန်'ဟူ၍ ဝိသေသဂုဏ်ထူးဖြင့် သုံးနှုန်းထားတော်မူသည်။ အကြောင်းတစ်မူကား၊

(က) အတိတ်ခေတ် ကျမ်းဂန်များသည် အလ္လာဟ်အရှင်မြတ် ထံတော်မှ တစ်ကြိမ်တည်း တစ်ခါတည်း တစ်လုံးတစ်ဝတည်း ကျရောက်လာခဲ့ပေသည်။ ကုရ်အာန်ကျမ်းမြတ်ကား ထို့သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို အခါအားလျော်စွာ အကြိမ်ကြိမ်အခါခါ ခွဲ၍ခွဲ၍ ထုတ်ပြန်ချမှတ်တော် မူခဲ့ပေသည်။ ကြည့်-ကုရ်အာန် (၁၇:၁၀၆၊ ၂၅:၃၂-၃၃)။ ယင်းသို့ ကုရ်အာန်ကျမ်းမြတ်ကို အကြိမ်ကြိမ်၊ အခါခါ၊ ➤➤

➤➤ ခွဲ၍ခွဲ၍ ထုတ်ပြန်ချမှတ်တော် မူသည်ကို အကြောင်းပြု၍ ကုရ်အာန်ကို 'ဖုရ်ကာန်'ဟူ၍ မှည့်ခေါ်ထားတော်မူခြင်းဖြစ်သည်။

(ခ) ကုရ်အာန်ကျမ်းမြတ်သည် အမှားအမှန် ၊ တရားမှန်၊ တရားမှား၊ ဟလာလ်၊ ဟရာမ်စသည်များကို ခွဲခြားပြသည်ကို အကြောင်းပြု၍ ကုရ်အာန်ကို 'ဖုရ်ကာန်'ဟူ၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။

ⓙ 'တဗာရက' ဟူသော ပုဒ်သည် 'ဗရကတ်' ဟူသောပုဒ်မှ ဆင်းသက်လာသည်။ 'ဗရကတ်' ဟူသည် တစ်စုံတစ်ခုခု သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ခု်သော် လည်းကောင်း၊ အလွှာဟ်အရှင်မြတ် ထံတော်မှ ကောင်းချီးမင်္ဂလာ သက်ရောက်ခြင်း၊ တည်ရှိခြင်းကိုဆိုလိုသည်။

'ဗရ်ကတ်'သည် ရေကန်ကိုဆိုသည်။ ရေကန်ခု် ရေများရပ်တည်နေသကဲ့သို့ တစ်စုံတစ်ခုခု်သော် လည်းကောင်း၊ တစ်ဦးတစ်ယောက်ခု်သော် လည်းကောင်း အလွှာဟ်အရှင်မြတ်ထံတော်မှ ကောင်းချီးမင်္ဂလာ တည်ရှိနေခြင်းကို 'ဗရကတ်' ဖြစ်သည်ဟုဆိုကြသည်။ အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများတည်ရှိရာ ပုဂ္ဂိုလ်၊ သို့မဟုတ် နေရာကို 'မုဗာရတ်က်' ဟု ခေါ်ဆိုကြသည်။

အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာ များသည် တွေးဆဆင်ခြင်၍ မရသောနေရာမှ ရေတွက်၍ မရသောနည်းဖြင့် သက်ရောက်သည်ဖြစ်ရာ တွေးဆ ဆင်ခြင်၍ မရသော၊ များစွာပွားများသော အရာတိုင်းကိုလည်း "မုဗာရတ်က်"ဟူ၍ လည်းကောင်း ထိုအရာတွင် 'ဗရကတ်'ရှိသည်ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း၊ 'တဗာရက' ဟူသောပုဒ်သည် 'ဗရကတ်' ဟူသောပုဒ်မှ ဆင်းသက်လာသည်။ ယင်းပုဒ်ကို အလွှာဟ်အရှင်မြတ်၏ ကြိယာပုဒ်အဖြစ်နှင့် သုံးနှုန်းသည့်အခါ- ဥပမာ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း (تَبَٰرَكَ ٱلَّذِى نَزَّلَ ٱلْفُرْقَانَ) ဟူသော အာယတ်တော်၏အနက်သဘောမှာ ဖုရ်ကာန်ကျမ်းကို ထုတ်ပြန်ချမှတ်တော်မူသော အရှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပေသည်။ (ဝါ) ထိုအရှင်မြတ်သည် ဖုရ်ကာန်ကျမ်းကို ထုတ်ပြန်ချမှတ်၍ ကောင်းချီးမင်္ဂလာများကို ဖြစ်ထွန်းစေတော်မူပေသည်ဟူ၏။ ကြည့်- (ရာယိဗ်)။

② 'အဗ်ဒ်' အိဗာဒတ်။

'အဗ်ဒ်' ဟူသောပုဒ်သည် 'အုဗူဒီယတ်'၊ 'အိဗာဒတ်' ဟူသောပုဒ်များမှ ဆင်းသက်လာသည်။ 'အုဗူဒီယတ်' ဟူသောပုဒ်သည် နိမ့်ကျမှု၊ သေးသိမ်မှုကို ဖော်ပြခြင်းအနက်ခု် ဖြစ်သည်။ 'အိဗာဒတ်' ဟူသော ပုဒ်သည် 'အုဗူဒီယတ်' ဟူသောပုဒ်ထက်ပင် အနက်အဓိပ္ပါယ် ပိုမိုကျယ်ပြန့်သည်။ အလွန့်အလွန် နိမ့်ကျမှု၊ သေးသိမ်မှုကို ဖော်ပြခြင်းအနက်ခု် ဖြစ်သည်။ ဤသည့် 'အိဗာဒတ်'ကို ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ကျေးဇူးတော်အနန္တနှင့် ပြည့်စုံတော်မူသော တစ်ဆူတည်းဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်သည်သာလျှင် ခံယူတော်မူထိုက်ပေသည်။ ထို့အတွက် ကုရ်အာန်ကျမ်းမြတ်တွင် မြောက်မြားစွာသော နေရာများ၌ အလွှာဟ်အရှင်မြတ်အား သာလျှင်၊ 'အိဗာဒတ်' ခဝပ်ကိုးကွယ်ကြရမည့်အကြောင်း၊ အထပ်ထပ် အခါခါ မိန့်ကြားထားတော်မူခြင်းဖြစ်သည်။

အိဗာဒတ်သည် နှစ်မျိုးရှိသည်။

(က) တန်ခိုးအာဏာဖြင့် ပြုလုပ်စီရင်ထားတော်မူခြင်းကြောင့် ခယရိကျိုးရခြင်း။ မိုး၊ မြေ၊ အတွင်းရှိ သက်ရှိ သက်မဲ့အားလုံးတို့သည် စေတနာပါသည်ဖြစ်စေ၊ စေတနာမပါသည်ဖြစ်စေ၊ အလွှာဟ်အရှင်မြတ်အား ရိုးကျိုးနေကြသည်သာဖြစ်သည်။ ကြည့်-ကုရ်အာန် (၁၃:၁၅)။

(ခ) စေတနာအလျောက် ခယရိကျိုးခြင်း။ ဤသည် လူသားတို့အဖို့သာ ဖြစ်သည်။ ဤသို့ ➤➤

لِّلَّذِي لَهُ مُلْكُ السَّمٰوٰتِ وَالْأَرْضِ وَلَمْ يَتَّخِذْ وَلَدًا وَّلَمْ يَكُنْ لَّهُ شَرِيكٌ فِي الْمُلْكِ وَخَلَقَ كُلَّ شَيْءٍ فَقَدَّرَهُ تَقْدِيرًا ②

၂။ ထိုအရှင်မြတ်သည်အကြင်အရှင်မြတ်ပင်၊ မိုးကောင်းကင်ကို စိုးမိုးအုပ်ချုပ်မှု အာဏာသည်လည်းကောင်း၊ ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း၊ ထိုအလ္လာဟ်အရှင်မြတ်၌သာ ရှိပေသည်။ စင်စစ်ထိုအရှင်မြတ်သည် တစ်ဦးတစ်ယောက်ကိုမျှလည်း (မိမိ၏)သားအဖြစ် ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။ ထို့ပြင် ထိုအရှင်မြတ်၌ စိုးမိုးအုပ်ချုပ်မှုတွင် တွဲဖက်ဟူ၍လည်း တစ်ဦးတစ်ယောက်မျှမရှိချေ။ ထိုမှတပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည့်ပြင် ထိုအရာများကို နှိုင်းချိန်တိုင်းဆ ထားတော်မူခဲ့လေသည်။

➤➤ ခယရိုးကျိုရန် လူသားတို့၌လည်း တာဝန်ရှိသည်။ ကြည့်- ကုရ်အာန် (၂:၂၁)။

'အဗ်ဒ်'သည် ၄ - မျိုးရှိသည်။

(၁) ကျေးကျွန်။ တရားဥပဒေအရ သူတစ်ပါး၏လက်တွင် သူတစ်ပါး၏ ပိုင်ဆိုင်မှုတွင် ရောက်ရှိနေရသောကျေးကျွန်များ၊ ယင်းသို့သောကျေးကျွန်များကို ရောင်းဝယ်နိုင်သည်။ကြည့်-ကုရ်အာန် (၂:၁၇၈၊ ၁၆:၇၅)။

(၂) အဖန်ဆင်းခံကျွန်။ လူသားအားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှု ကျေးဇူးတော်ကြောင့် ဖြစ်ပေါ်လာကြရသော လူများသာဖြစ်ကြပေရာ၊ ယင်းလူသားအားလုံးတို့သည် ထိုအရှင်မြတ်၏ အဖန်ဆင်းခံကျွန်များသာ ဖြစ်ကြပေသည်။ ကြည့်-ကုရ်အာန် (၁၉:၉၃)

လူသားတို့သည် ဝတ်ပြုကြသည်၊ ပြုစုကြသည်ဖြစ်ရာ ဝတ်ပြုကျွန်၊ ပြုစုကျွန်များလည်းဖြစ်ကြပေသည်။ ဤတွင်လည်း နှစ်မျိုးနှစ်စား ရှိပြန်သည်။

(၃) အလ္လာဟ်၏ကျွန်။ အချို့လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား စိတ်စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် ခယရိုကျိုး၊ ရှိခိုးဝတ်ပြုကြသည်။ ဤသို့သော လူသားတို့သည် အလ္လာဟ်၏ ကျွန်များဖြစ်ကြပေသည်။ ကြည့်-ကုရ်အာန် (၁၇:၃ ၊ ၂၅:၁၊ ၃၈:၄၁)။

(၄) ရွေ၊ ငွေ၊ ကျွန်။ အချို့လူသားတို့သည် လောကီရေး၊ ရွေ၊ ငွေ ဥစ္စာပစ္စည်း စုဆောင်းရေး၌သာ နှစ်မွန်းနေကြ၏။ အခြားမည်သည့်အရေး၌မျှ စိတ်မဝင်စားကြပေ။ ထိုသို့သော သူများသည် ရွှေကျွန်၊ ငွေကျွန်၊ လောကီကျွန်များသာ ဖြစ်နေကြပေသည်။ ဤသည်ကို ရည်ညွှန်း၍ တမန်တော်မြတ်က 'ရွှေကျွန်၊ ငွေကျွန်များသည် ပျက်စီးကြသည်ဖြစ်ပါစေ'၊ ဟု မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ ကျေးကျွန်၊ ငွေဝယ်ကျွန် ဟူ၍အနက်ပေးသော 'အဗ်ဒ်' ဟူသောပုဒ်၏ ဗဟုဝစ်ကိန်း 'အဗ်ဒ်'၊ 'အိဗ်ဗိဒ်' ဟူ၍ ဖြစ်သည်။ စေတနာအလျောက် ခယရိုကျိုးသူဟူ၍အနက်ပေးသော 'အဗ်ဒ်'ဟူသောပုဒ်၏ ဗဟုဝစ်ကိန်းမှာ အိဗာဒ် ဟူ၍ဖြစ်သည်။ ကြည့်-ရာယိဗ်။

وَاتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً لَّا يَخْلُقُوْنَ شَيْـًٔا وَّهُمْ يُخْلَقُوْنَ وَلَا يَمْلِكُوْنَ لِاَنْفُسِهِمْ ضَرًّا وَّلَا نَفْعًا وَّلَا يَمْلِكُوْنَ مَوْتًا وَّلَا حَيٰوةً وَّلَا نُشُوْرًا ۝٣

၃။ သို့ရာတွင် ၎င်း(မုရ်ရစ်က်)တို့သည် ထိုအရှင်မြတ်အပြင် အခြားအကြင်ကိုးကွယ်ရာများ ပြုလုပ်ခဲ့ကြကုန်၏။ ယင်းကိုးကွယ်ရာများသည် မည်သည့်တစ်စုံတစ်ရာကိုမျှ မဖန်ဆင်းကြသည့်ပြင် ၎င်းတို့ကိုယ်တိုင်ပင် ဖန်ဆင်းခြင်းခံကြရလေသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်နှင့်ပက်သက်၍ပင် မည်သည့် အကျိုးယုတ်စေမှုကိုလည်း ပိုင်ဆိုင်ကြသည်မဟုတ်၊ မည်သည့်အကျိုးဖြစ်ထွန်းစေမှုကိုလည်း ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ ထိုမှတပါး (တစ်စုံတစ်ယောက်အား) အသက်သေဆုံးခြင်းကိုလည်းကောင်း၊ (တစ်စုံတစ်ယောက်အား) အသက်ရှင်စေခြင်းကိုလည်းကောင်း၊ (တစ်စုံတစ်ယောက်အား) ရှင်ပြန်ထစေခြင်းကိုလည်းကောင်း၊ အလျှင်း ပိုင်ဆိုင်ကြသည်လည်း မဟုတ်ပေတကား။

وَقَالَ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّآ اِفْكُ ِۨافْتَرٰىهُ وَاَعَانَهٗ عَلَيْهِ قَوْمٌ اٰخَرُوْنَ ۚ فَقَدْ جَآءُوْ ظُلْمًا وَّزُوْرًا ۝٤

၄။ ၎င်းပြင် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သောသူတို့က ဤ 'ကုရ်အာန်ကျမ်းတော်မြတ်' သည် ဤသူ(တမန်တော်မြတ်) လီဆယ်ဖန်တီးထားသောမုသားသက်သက်ပင်ဖြစ်သည်။ ဤကိစ္စ၌ ၎င်းအား *အခြားအမျိုးသားများကလည်း ကူညီရိုင်းပင်းခဲ့ကြသည်ဟု ပြောဆိုကြလေသည်။* [၁] (ယင်းသို့ပြောဆို၍) ထိုကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့သည် အကြီးအကျယ် မတရားမှုကိုလည်းကောင်း၊ အကြီးအကျယ် မုသားစကားကိုလည်းကောင်း၊ ကျူးလွန်ခဲ့ကြလေပြီ။

---

① **ကုရ်အာန်နှင့် စပ်လျဉ်း၍ ကာဖိရ်များ၏ မဟုတ်မလျား စွပ်စွဲချက်။**

ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ ကာဖိရ်များက 'ကုရ်အာန်သည် အတိတ်ခေတ်ရှေးသူဟောင်းတို့၏ အခြေအမြစ်မရှိသော ပုံပြင်များသာဖြစ်သည်။ အချို့ယဟူဒီများ၏ အကူအညီဖြင့် (တမန်တော်) မုဟမ္မဒ်သည် ယင်းသည့် ပုံပြင်များကို ရေးမှတ်စေထားပြီး၊ ဤသည် အလွှာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်တော်မူသော အာယတ်တော်များဖြစ်သည်ဟု လိမ်လည်၍ ပြောဆိုသည်' ဟူ၍ မဟုတ်မလျား စွပ်စွဲပြောဆိုခဲ့ကြလေသည်။ ➤➤

وَقَالُوْٓا اَسَاطِيْرُ الْاَوَّلِيْنَ اكْتَتَبَهَا فَهِيَ تُمْلٰى عَلَيْهِ بُكْرَةً وَّاَصِيْلًا ۝٥

၅။ ၎င်းပြင် ထိုကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့က '(ဤကုရ်အာန်ကျမ်းမြတ်သည်) ဤသူ ရေးမှတ်စေခဲ့သော ရှေးသူဟောင်းတို့၏ အခြေအမြစ် မရှိသောပုံပြင်များသာ ဖြစ်သည်။ တစ်ဖန် ထိုအခြေ အမြစ်မရှိသော၊ ပုံပြင်များကို ဤသူ၏ရှေ့ဝယ် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း ဖတ်ကြားရလေသည်' ဟု ပြောဆိုကြကုန်၏။

قُلْ اَنْزَلَهُ الَّذِيْ يَعْلَمُ السِّرَّ فِي السَّمٰوٰتِ وَالْاَرْضِ ۭ اِنَّهٗ كَانَ غَفُوْرًا رَّحِيْمًا ۝٦

၆။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့ အား ဤသို့)ပြောဆို(ဖြေကြား)ပါလေ။ (အချင်းတို့၊) ဤ(ကုရ်အာန်ကျမ်းတော်)ကို မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကုန်သော လျှို့ဝှက်ချက်တို့ကို သိရှိ တော်မူသော အရှင်မြတ်က ချပေးသနားတော်မူခဲ့ ပေသည်။ [၁] ဧကန်မလွဲ ထိုအရှင်မြတ်သည် အလွန် တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော၊ အလွန် တရာ သနား ကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ ဤသို့ မဟုတ်မလျား စွပ်စွဲပြောဆိုသူများသည် အလွန်ကြီးမားသော စော်ကားခြင်း၊ မှသားစကားဆိုခြင်းကို ကျူးလွန်သူများသာ ဖြစ်ကြပေသည်။ အမှန်မှာ ကုရ်အာန်ကျမ်းမြတ်သည် သူမတူအောင် စာပေဂုဏ်မြောက်လှပေ သည်။ အနက်အဓိပ္ပါယ် နက်နဲပြည့်ဝ စုံလင်လှပေသည်။ ကုရ်အာန်နှင့်စပ်လျဉ်း၍ ယုံမှားသံသယရှိပါက ကုရ်အာန်ဟူသော အလားတူကဏ္ဍ တစ်ခုမျှပင်၊ စီရင်ရေးသားရန် ကမ္ဘာ့အဝှန်းသို့ ကြွေးကြော်ထားသည်။ ယနေ့တိုင် ယှဉ်ပြိုင်ရေးသားနိုင်သူ တစ်ဦးတစ်ယောက်မျှ၊ မပေါ်သေးချေ။ ကမ္ဘာ့တစ်သက် ပေါ်မည်လည်း မဟုတ်ချေ။ ယှဉ်ပြိုင်ရန် ကုရ်အာန် ကျမ်းမြတ်၏ ကြေညာချက်ကို လက်ခံယှဉ်ပြိုင်ခြင်းမပြုဘဲ ကုရ်အာန်သည် ရှေးသူဟောင်းတို့၏ ပုံပြင်များသာ ဖြစ်သည်ဟု စွပ်စွဲပြောဆို နေခြင်းမှာကား အဓိပ္ပါယ်မရှိပေ။

① **ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ဖြစ်ကြောင်း မိမိကိုယ်တိုင် သက်သေခံပင်။**

ကုရ်အာန်ကျမ်းမြတ်သည် မိုး၊ မြေ စကြာဝဠာအတွင်း ရှိရှိသမျှသောအရာများကို အကြွင်းမဲ့ သိတော်မူသော အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းဂန်ဖြစ်သည်။ သို့ဖြစ်သည့်အားလျော်စွာ ကုရ်အာန်သည် စံမတူအောင် စာပေဂုဏ်မြောက်လှပေသည်။ ဤကျမ်းဂန်တွင် သူမတူအောင် အသိပညာ၊ အမိန့်ပညတ်တော်များ၊ မျက်ကွယ်သတင်းများ၊ အမိန့်တော်များ၊ နက်နဲသိမ်မွေ့လှသော လျှို့ဝှက်ချက်များ ပါရှိပေသည်။ အလ္လာဟ်အရှင်မြတ်၏ အကုအညီမပါရှိဘဲလျက် ယင်းသည့် လျှို့ဝှက်ချက်များကို ➤➤

وَقَالُوْا مَالِ هٰذَا الرَّسُوْلِ يَاْكُلُ الطَّعَامَ وَيَمْشِيْ فِي الْاَسْوَاقِ ۭ لَوْلَآ اُنْزِلَ اِلَيْهِ مَلَكٌ فَيَكُوْنَ مَعَهٗ نَذِيْرًا ۝

၇။ ထိုမှတပါး ထို 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့က (ဤသို့)ပြောဆိုကြသေး၏။ 'ဤရဿူလ်တမန်တော်သည် မည်သို့သောရဿူလ်တမန်တော်နည်း။ ၎င်းသည် အစားအစာကို စားသုံးလေသည်။ ၎င်းပြင် ဈေးများတွင် လှည့်ပတ်သွားလာလေသည်။ ၎င်း၏ ထံသို့ ကောင်းကင်တမန်တစ်ပါးပါးသည် အဘယ်ကြောင့်စေလွှတ်ခြင်းမခံရလေသနည်း။ သို့စေလွှတ်ခြင်းခံရပါလျှင် ထိုကောင်းကင်တမန်သည်လည်း ၎င်းနှင့်အတူ ကူညီသတိပေး နှိုးဆော်သူဖြစ်ပေမည်။

اَوْ يُلْقٰٓى اِلَيْهِ كَنْزٌ اَوْ تَكُوْنُ لَهٗ جَنَّةٌ يَّاْكُلُ مِنْهَا ۭ وَقَالَ الظّٰلِمُوْنَ اِنْ تَتَّبِعُوْنَ اِلَّا رَجُلًا مَّسْحُوْرًا ۝

၈။ သို့တည်းမဟုတ်၊ ၎င်း၏ထံသို့ ဘဏ္ဍာတိုက်တစ်ခုသည် အဘယ်ကြောင့် ချပေးခြင်းမခံရသနည်း၊ သို့တည်းမဟုတ် ၎င်း၌ ဥယျာဉ်တစ်ခုသည် အဘယ်ကြောင့် မရှိလေသနည်း။ (သို့ရှိခဲ့လျှင်) ၎င်းသည် ယင်းဥယျာဉ်မှ(သစ်သီးဝလံများ)ကို စားသုံးနိုင်ပေမည်' ထိုမှတပါး ထိုမတရားသောသူတို့က 'အသင်တို့သည် စုန်းပြုစားခြင်းခံရသော ယောကျ်ားတစ်ဦး၏နောက်သို့သာ လိုက်နေကြသည်'ဟု ပြောဆိုကြကုန်၏။ [၁]

➤➤ မည်သူမျှ ထွင်းဖောက်မသိနိုင်ပေ။ ဤသည်များကို ထောက်ရှုခြင်းအားဖြင့် ဤကုရ်အာန်ကျမ်းမြတ်သည် ကာဖိရ်များ မဟုတ်မလျား၊ စွပ်စွဲပြောဆိုသကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်သင်းတစ်ဖွဲ့က စီရင်ရေးသားထားသောကျမ်း မဟုတ်ကြောင်း ကောင်းစွာ သိရှိရပေသည်။ အမှန်မှာ ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် သက်သေခံလျက် ရှိပေသည်။ ဤအာယတ်တော်တွင် ဤအချက်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

③ ကာဖိရ်များ၏ အဓိပ္ပါယ်ကင်းမဲ့သော တောင်းဆိုချက်များ။

ကာဖိရ်များသည် ကုရ်အာန်ကျမ်းလာ တရားတော်များကို ပြန်လည် မချေပနိုင်ကြသည့်အဆုံးတွင် ဤအာယတ်တော်များတွင် လာရှိသည့်အတိုင်း၊ အဓိပ္ပါယ်ကင်းမဲ့သော တောင်းဆိုချက်များကို တောင်းဆိုလာခဲ့ကြပေသည်။ ဤအာယတ်တော်များနှင့် အနက်သဘောတူ အာယတ်တော်များသည် ကုရ်အာန်ကျမ်းမြတ် (၆:၇-၁၀၊ ၁၁:၁၂-၁၄၊ ၁၅:၆-၁၅၊ ၁၇:၅၉-၆၀-၉၀-၉၃) တွင် လာရှိခဲ့ပေပြီ သက်ဆိုင်ရာ အဖွင့်များလည်း အကျယ်တဝင့် ရေးခဲ့ပေပြီ ပြန်လည်ကြည့်ရှုပါကုန်။

انْظُرْ كَيْفَ ضَرَبُوا لَكَ الْأَمْثَالَ فَضَلُّوا فَلَا يَسْتَطِيعُونَ سَبِيلًا ﴿٩﴾

၉။ (အို-နဗီတမန်တော်) ၎င်းတို့သည် အသင်နှင့် ပက်သက်၍ မည်ကဲ့သို့သောဥပမာပုံဆောင်ချက်များ ခိုင်းနှိုင်းခဲ့ကြသည်ကို အသင်ရှုပါလေ။ ထို့ကြောင့်ပင် ၎င်းတို့သည် လမ်းလွဲခဲ့ကြချေပြီ။ သို့ဖြစ်ပေရာ ၎င်းတို့သည် မည်သည့်(ထွက်)လမ်းကိုမျှပင် တွေ့ရှိနိုင်ကြတော့မည် မဟုတ်ပေတကား။

تَبَارَكَ الَّذِي إِنْ شَاءَ جَعَلَ لَكَ خَيْرًا مِنْ ذَٰلِكَ جَنَّاتٍ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ وَيَجْعَلْ لَكَ قُصُورًا ﴿١٠﴾

၁၀။ အကြင်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံတော်မူပေသည်။ အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင့်အား ထို့ထက်ပင် ပို၍ ကောင်းမွန်သော အကြင်ဥယျာဉ်များကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထိုဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေလျက်ရှိချေမည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင့်အား ခမ်းနားသိုက်မြိုက်သောအဆောက်အအုံများကိုလည်း ချီးမြှင့် ပေးသနားတော်မူပေမည်။

---

① **ဆန်စဉ်ရာ ကျည်ပွေ့.လိုက်ရန် မလိုပေ။**

အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကို ပြုစွမ်းနိုင်တော်မူနိုင်သည်။ အလိုတော်ရှိတော်မူသောအရာကို 'ဖြစ်စေ'ဟု မိန့်ဆိုတော်မူရုံဖြင့် ထိုအရာသည် အလိုအလျောက် ဖြစ်ပေါ်လာပေသည်။ ထိုအရှင်မြတ်၌ အခက်အခဲဟူ၍ အလျှင်းမရှိ။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ချီးမြှင့်တော်မူလိုပါက ကာဖိရ်များတောင်းဆိုကြသော အရာများထက်ပင် အတိုင်းမသိ ပိုမိုကောင်းမြတ်သော အရာများကို တစ်မဟုတ်ချင်း ချီးမြှင့်တော်မူနိုင်ပေသည်။ သို့သော် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိကြားမြင်နိုင်သော ဉာဏ်တော်ရှင် ဖြစ်တော်မူသည်။ ကျိုးကြောင်းဆင်ခြင် မြော်မြင်တော်မူသည်။ အကယ်၍ ထိုအရှင်မြတ်သည် ကာဖိရ်များ၏ တောင်းဆိုချက်အားလုံးကို ဖြည့်စွမ်းပေးတော် မူလိုက်ပါကလည်း ယင်းကာဖိရ်များသည် အမှန်တရားကို လက်ခံနာယူ ကျင့်မူကြမည်မဟုတ်ပေ။ အမှန်တရားကို လက်ခံနာယူ ကျင့်မူလိုသူတို့အဖို့ တမန်တော်မြတ်၏ မှန်ကန်မှုနှင့် စပ်လျဉ်း၍ တမန်တော်မြတ်အား ချီးမြှင့်ထားတော်မူသော သက်သေလက္ခဏာတော်များနှင့် တန်ခိုးတော်များသည် လိုသည်ထက်ပင် ပိုလျက်ရှိပေပြီ။ သို့ဖြစ်ပေရာ မရိုးသားသော စိတ်စေတနာ မဖြူစင်သော ကာဖိရ်များ၏ အဓိပ္ပါယ်ကင်းမဲ့သော၊ မလိုသော တောင်းဆိုချက်များကို ဖြည့်စွမ်းပေးတော်မူရန် မလိုပေ။ ဆန်စဉ်ရာ ကျည်ပွေ့.လိုက်ရန်မလိုပေ။

بَلْ كَذَّبُوا بِالسَّاعَةِ وَأَعْتَدْنَا لِمَنْ كَذَّبَ بِالسَّاعَةِ سَعِيرًا ﴿١١﴾

၁၁။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့သည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်၏။ စင်စစ် ငါအရှင်မြတ်သည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူ၏အဖို့ မီးတောက် မီးလျှံကို အဆင်သင့် ပြုလုပ်၍ ထားတော်မူပြီးဖြစ်သည်။ ၁

إِذَا رَأَتْهُمْ مِنْ مَكَانٍ بَعِيدٍ سَمِعُوا لَهَا تَغَيُّظًا وَزَفِيرًا ﴿١٢﴾

၁၂။ ယင်း မီးတောက်မီးလျှံသည် ထိုသူတို့အား အဝေးမှ မြင်လေသောအခါ၊ ထိုသူတို့သည် ယင်း မီးတောက်မီးလျှံ၏ ဆူညံခြင်းနှင့် အမျက်ဒေါသ ထွက်ခြင်းကို လည်းကောင်း၊ မြည်ဟိန်းခြင်းကို လည်းကောင်း၊ ကြားကြရပေမည်။

وَإِذَا أُلْقُوا مِنْهَا مَكَانًا ضَيِّقًا مُقَرَّنِينَ دَعَوْا هُنَالِكَ ثُبُورًا ﴿١٣﴾

၁၃။ ထို့ပြင် ၎င်းတို့သည် ယင်းငရဲ၌ ကျဉ်းမြောင်းသော နေရာတစ်ခုခုတွင် (သံကြိုးများဖြင့်) ခြေလက် တုပ်နှောင်လျက် ပစ်ချခြင်းခံကြရသောအခါ ၎င်းတို့သည် ထိုနေရာ၌ ပျက်စီးခြင်း (မရဏာသေခြင်းတရား)ကို ဟစ်ခေါ်ကြပေမည်။

---

① တမန်တော်မြတ်ထံတွင် ကာဖိရ်များ ယင်းသို့အမျိုးမျိုး တောင်းဆိုကြခြင်းမှာ အမှန်တရားကို လက်ခံနာယူကျင့်မူလိုသဖြင့် စေတနာရိုးရိုးဖြင့် တောင်းဆိုခြင်းမဟုတ်၊ ယုတ်မာသော စိတ်ထားဖြင့်တမန်တော်မြတ်အား တမင်သက်သက် စိတ်အနှောင့်အယှက် ဖြစ်စေရန် အတွက်သာဖြစ်သည်။ အမှန်မှာ ယင်းကာဖိရ်များသည် 'ကိယာမတ်' ဖြစ်မည်ကိုပင် မယုံကြည်ပေ။ သို့ မယုံကြည်ကြသည့်အတွက် ၎င်းတို့သည် တမလွန်အရေးကို မတွေးကြဘဲ ဆင်ခြင်တုံတရား ကင်းမဲ့ကာ မိုက်ချင်တိုင်းမိုက်၊ ဆိုးချင်တိုင်းဆိုးပြီး၊ မှားချင်တိုင်း မှားလျက် ရှိကြပေသည်။ ကာဖိရ်များသည် ကိယာမတ်ကို မည်သို့ပင် ငြင်းပယ်ကြသော်လည်း၊ အချိန်တန်သောအခါ ကိယာမတ်ဖြစ်ပေါ် လာမည်သာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်လည်း ကိယာမတ်ကို ငြင်းပယ်သူများအတွက် ကြောက်မက်ဖွယ်ရာ ငရဲမီးကို အသင့်ပြုလုပ် ထားတော်မူသည်။ နောက်ဆုံးတွင် ကာဖိရ်များသည် ထိုသည့် ငရဲမီးသို့ မရှုမလှ လားကြရမည်သာတည်း။ ဤကား၊ မည်သူမပြု၊ မိမိမှုပင်။

لَا تَدْعُوا الْيَوْمَ ثُبُورًا وَاحِدًا وَادْعُوا ثُبُورًا كَثِيرًا ﴿١٤﴾

၁၄။ (ထိုအခါ ၎င်းတို့သည် ဤသို့ပြောကြားခြင်းကို ခံကြရပေမည်။) အသင်တို့သည် ယနေ့ တစ်ခုတည်းသော ပျက်စီးခြင်း (မရဏာသေခြင်းတရား)ကို ဟစ်ခေါ်ခြင်း မပြုကြကုန်လင့်၊ မြောက်မြားစွာသော ပျက်စီးခြင်း (မရဏာသေခြင်းတရား)များကို ဟစ်ခေါ်ကြလေကုန်။

قُلْ أَذَٰلِكَ خَيْرٌ أَمْ جَنَّةُ الْخُلْدِ الَّتِي وُعِدَ الْمُتَّقُونَ ۚ كَانَتْ لَهُمْ جَزَاءً وَمَصِيرًا ﴿١٥﴾

၁၅။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) ဤ(ဒုက္ခ)သည် ကောင်းလေသလော၊ သို့တည်းမဟုတ် 'မွတ္တကီ' သူတော်စင်များ ကတိပေးခြင်းခံကြရသော အမြဲထာဝစဉ် နေထိုင်စံမြန်းကြရမည့် 'ဂျန္နတ်' သုခသည် ကောင်းမြတ်လေသလော။ ၎င်း ဂျန္နတ်သုခသည် ထိုမွတ္တကီသူတော်စင်တို့အဖို့ အကျိုးလည်းဖြစ်သည်။ နောက်ဆုံး ပြန်လည်ရာ ဌာနလည်းဖြစ်ပေသည်။

لَهُمْ فِيهَا مَا يَشَاءُونَ خَالِدِينَ ۚ كَانَ عَلَىٰ رَبِّكَ وَعْدًا مَسْئُولًا ﴿١٦﴾

၁၆။ ၎င်းတို့သည် ယင်း'ဂျန္နတ်' သုခတွင် မိမိတို့အလိုရှိကြသည်များကို ရရှိကြပေမည်။ ၎င်းတို့သည် ယင်း(ဂျန္နတ်သုခ)၌ အမြဲထာဝစဉ် နေထိုင်စံမြန်းသူများဖြစ်ကြပေမည်။ (ဤသည်)အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌ (ကျေးဇူးတော်အလျောက်) လျှောက်ထားအပ်သောကတိပင် ဖြစ်ပေသတည်း။

---

① **'ဂျန္နတ်' နှင့် 'ဂျဟန္နမ်' အဘယ်အရာက ကောင်းသနည်း။**

အထက်တွင် ကာဖိရ်များ လားကြရမည့် ဂျဟန္နမ် ငရဲအကြောင်းပါရှိ၏။ ဤအာယတ်တော်တွင် မွတ္တကီ သူတော်စင်များအမြဲ ထာဝစဉ် စံစားကြရမည့်၊ လိုတရသည့် ဂျန္နတ် အမတသုခ အကြောင်းပါရှိသည်။ အဆိုပါ နှစ်မျိုးအနက် အဘယ်အရာက ကောင်းသနည်း လူတိုင်းအသိပင်၊ သို့ဖြစ်ရာ လူတိုင်းသည် မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ရန်သာရှိသည်။ ဂျန္နတ်သည် (အီမာန်) ယုံကြည်မှုနှင့် အမိန့်တော်နာခံမှု၏ အကျိုးပင်ဖြစ်သည်။ ဂျဟန္နမ်သည် (ကုဖ်ရ်) မယုံကြည်မှုနှင့် အမိန့်တော် သွေဖည်ပုန်ကန်မှု၏ အကျိုးပင် ➤➤

وَيَوْمَ يَحْشُرُهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ فَيَقُولُ ءَأَنتُمْ أَضْلَلْتُمْ عِبَادِي هَٰؤُلَاءِ أَمْ هُمْ ضَلُّوا السَّبِيلَ ﴿١٧﴾

၁၇။ ၎င်းပြင် အကြင်နေ့တွင် ထိုအရှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ထိုသူတို့သည် အလွှာဟ် အရှင်မြတ်အပြင် ကိုးကွယ်ကြသော သူတို့အားလည်းကောင်း၊ စုရုံးတော်မူပြီးလျှင် 'အသင်တို့သည်ပင် ငါအရှင်မြတ်၏ ဤကျွန်များကို လမ်းလွဲစေခဲ့ကြလေသလော၊ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင်ပင် လမ်းလွဲခဲ့ကြလေသလော'ဟု မေးမြန်းတော်မူပေမည်။

قَالُوا سُبْحَانَكَ مَا كَانَ يَنبَغِي لَنَا أَن نَّتَّخِذَ مِن دُونِكَ مِنْ أَوْلِيَاءَ وَلَٰكِن مَّتَّعْتَهُمْ وَآبَاءَهُمْ حَتَّىٰ نَسُوا الذِّكْرَ وَكَانُوا قَوْمًا بُورًا ﴿١٨﴾

၁၈။ (ထိုအခါ) ၎င်းတို့သည် (ဤသို့)လျှောက်ထားကြပေမည်။ (အို-အရှင်မြတ်၊) အရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူပါ၏။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အပြင် အခြားကာကွယ်စောင့်ရှောက်မည့် အဆွေခင်ပွန်းများ မပြုလုပ်ဝံ့ကြပါ။ သို့ရာတွင် အရှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ထိုသူတို့၏ အဘ၊ ဘိုး၊ ဘေးတို့အားလည်းကောင်း၊ ချမ်းသာ ကြွယ်ဝစေတော်မူခဲ့ပါသည်။ နောက်ဆုံးတွင် ၎င်းတို့သည် (အရှင်မြတ်အား) သတိရခြင်းကိုပင် မေ့လျော့ကြပြီးလျှင် ၎င်းတို့ကိုယ်တိုင်ပင် ပျက်စီးသွားခဲ့ကြပါသည်။

➤➤ ဖြစ်သည်၊ ဂျဟန္နမ်ငရဲကို နှစ်ခြိုက်ပါက ကာဖိရ်တို့၏ လမ်းစဉ်ကို ရွေးချယ်လိုက်နာ ရမည်သာဖြစ်သည်။ ဂျန္နတ် အမတသုခကို နှစ်ခြိုက်ပါက မွတ္တကီသူတော်စင်များ၏လမ်းစဉ်ကို ဖေါ်းခြေထပ်လိုက်နာကျင့်မှ ရမည်သာဖြစ်သည်။

③ <u>မုနာဖစ်က်များနှင့် ၎င်းတို့၏ ကိုးကွယ်ရာများ၏ နောက်ဆုံးဖြစ်အင်။</u>

ကိယာမတ်နေ့တွင် အလွှာဟ်အရှင်မြတ်သည် မုရှ်ရစ်က်များနှင့် ၎င်းတို့ ယှဉ်တွဲဆည်းကပ် ကိုးကွယ်ခဲ့ကြသော ၎င်းတို့၏ ကိုးကွယ်ရာများကို စုရုံးစေတော်မူပြီး၊ ကိုးကွယ်ရာများအား 'အသင်တို့သည် ဤမုရှ်ရစ်က်များကို မိမိတို့အား ယှဉ်တွဲဆည်းကပ်ကိုးကွယ်ရန် လှုံ့ဆော်ခဲ့ကြသလော။ သို့တည်းမဟုတ် ၎င်းတို့သည် ၎င်းတို့၏ မိုက်မဲမှုကြောင့် လမ်းမှားခဲ့ကြသလော' ဟု မေးမြန်းတော်မူအံ့။ ထိုအခါ ဆည်းကပ် ကိုးကွယ်ခြင်းခံခဲ့ကြရသော ကိုးကွယ်ရာများက 'ကျွန်တော်မျိုးတို့၌ အရှင်မြတ်မှတစ်ပါး အခြား ဆည်းကပ် ကိုးကွယ်ရာ အလျှင်းမရှိပါ။ သို့ဖြစ်ရာ ကျွန်တော်မျိုးတို့က သူတစ်ပါးတို့အား ကျွန်တော်မျိုးတို့အား ယှဉ်တွဲ ဆည်းကပ်ကိုးကွယ်ရန် အသို့လျှင် အမိန့်ပေးဝံ့ကြပါအံ့နည်း။ ➤➤

فَقَدْ كَذَّبُوكُم بِمَا تَقُولُونَ فَمَا تَسْتَطِيعُونَ صَرْفًا وَلَا نَصْرًا ۚ وَمَن يَظْلِم مِّنكُمْ نُذِقْهُ عَذَابًا كَبِيرًا ﴿١٩﴾

၁၉။ ထိုသို့အားဖြင့် ၎င်းတို့သည် (အကိုးကွယ်ခံတို့သည်)အသင်တို့အား (ကိုးကွယ်သူတို့အား) အသင်တို့ပြောဆိုကြကုန်သောစကားနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဟူ၍ငြင်းပယ်ကြချေပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် မည်သို့မျှ လွှဲရှောင်နိုင်ကြမည်လည်းမဟုတ်ပေ။ မည်သည့်အကူအညီကိုမျှ ရရှိနိုင်ကြမည်လည်း မဟုတ်ပေ။ စင်စစ်သော်ကား၊အသင်တို့အနက် မည်သူမဆိုမတရားပြုကျင့်သည်ရှိသော် ငါအရှင်မြတ်သည် ထိုသူအားကြီးလေးသောပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူအံ့သတည်း။

وَمَا أَرْسَلْنَا قَبْلَكَ مِنَ الْمُرْسَلِينَ إِلَّا إِنَّهُمْ لَيَأْكُلُونَ الطَّعَامَ

၂၀။ စင်စစ်သော်ကား၊ ငါအရှင်မြတ်သည် အသင့်အလျောင် စေလွှတ်တော်မူခဲ့သော ရုစူလ်တမန်တော်အပေါင်းတို့သည်လည်း ဧကန်မလွဲ အစားအစာကို မှီဝဲစားသုံးကြလေသည်။ ထို့ပြင်၎င်းတို့သည် *ဈေးများတွင်လည်း လှည့်ပတ်သွားလာကြလေသည်။*

➤➤ ဤမှုရှုရစ်ကျမ်းသည် ၎င်းတို့၏ မိုက်မဲမှုကြောင့် ၎င်းတို့ဘာသာ ၎င်းတို့ လမ်းမှားခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့နှင့် မည်သို့မျှ မပတ်သက်ပါ။ အရှင်မြတ်သည် ၎င်းတို့နှင့်တကွ ၎င်းတို့၏ ဘိုးဘေးတို့အား လောကီစည်းစိမ်များကို ပေးသနားတော်မူခဲ့ပါသည်။ ၎င်းတို့သည် ယင်းသည့်ကျေးဇူးတော်များကို ကျေးဇူးတုံ့ပြန်သောအနေဖြင့်၊ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော အရှင်မြတ်အား ဆည်းကပ်ကိုးကွယ် ကြရမည်သာဖြစ်ပါသည်။ ယခုမူ ၎င်းတို့သည် လောကီစည်းစိမ်များတွင် နစ်မွန်းပြီး၊ ကျေးဇူးတော်ရှင်အားပင် မေ့သွားခဲ့ကြပါသည်။ မောက်မာပလွား ဝါကြွားလာခဲ့ကြပါသည်။ သွေဖည်ငြင်းဆန်လာခဲ့ပါသည်။ အရှင်မြတ်၏ တရားတော်များကို မနာယူခဲ့ပါ။ တမန်တော်များအား သွေဖည်ခဲ့ကြပါသည်။ နောက်ဆုံးတွင် ၎င်းတို့သည် ပျက်စီးခြင်းကြီးမကပျက်စီးသွားခဲ့ကြပါသည်။ တစ်နည်းဆိုသော် အရှင်မြတ်၏ စေတနာမှာ ၎င်းတို့အဖို့ ၎င်းတို့၏ မိုက်မဲမှုကြောင့် ဝေဒနာဖြစ်ရပါပြီဟု လျှောက်ထားကြအံ့'။

ယင်းသို့ မှုရှုရစ်ကိုး၏ ကိုးကွယ်ရာများက လျှောက်ထားကြသည့်အခါ အလွှာဟ်အရှင်မြတ်က မှုရှုရစ်များအား 'အသင်တို့၏ စကားများကို အသင်တို့၏ ကိုးကွယ်ရာများကပင် ငြင်းဆန်ကြပြီ၊ အသင်တို့၏ အပြစ်ကား ထင်ရှားပြီး၊ အသင်တို့သည် မိမိထံမှ ပြစ်ဒဏ်ကို မည်သို့မျှ ဖယ်ရှားနိုင်ကြမည်လည်း မဟုတ်ပြီ၊ မည်သူ့ထံမှ တစ်စုံတစ်ရာ အကူအညီရရှိနိုင်ကြမည်လည်း မဟုတ်ပြီ။ အသင်တို့အနက် ပြစ်မှုကျူးလွန်သူအားလုံးတို့အား ကြီးလေးသော ပြစ်ဒဏ် ခတ်တော်မူမည်' ဟု မိန့်ကြား၍ ပြစ်ဒဏ် စီရင်တော်မူအံ့သတည်း။

⓪ **တမန်တော်များသည် လူသားများသာ ဖြစ်ကြပေသည်။**

ဆိုလိုသည်ကား ပွင့်လေသမျှသော တမန်တော်များသည် လူသားများသာလျှင် ဖြစ်ခဲ့ကြသည်၊➤➤

وَيَمْشُونَ فِي الْأَسْوَاقِ ۗ وَجَعَلْنَا بَعْضَكُمْ لِبَعْضٍ فِتْنَةً ۗ أَتَصْبِرُونَ ۗ وَكَانَ رَبُّكَ بَصِيرًا ﴿٢٠﴾

စင်စစ်မှာမူကား၎င်းအရှင်မြတ်သည် အသင်တို့အနက် တစ်ဦးကို တစ်ဦး၏အဖို့ စမ်းသပ်မှုပင် ပြုလုပ်တော်မူခဲ့ပေသည်။ အသင်တို့သည် သည်းခံကြမည်လော။ [၁] စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာ ရှုမြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ လူသားများဖြစ်ကြသည့် အလျောက်၊ လူသားတို့ မကင်းနိုင်သော စားဝတ်နေရေးတို့နှင့်လည်း မကင်းခဲ့ကြပေ။ အစာအာဟာရများကို စားသုံးခဲ့ကြရသည်။ အကြောင်းကိစ္စရှိက ဈေးတွင်းသို့လည်း သွားလာခဲ့ကြရပေသည်။ တမန်တော်များကား ကောင်းကင်တမန်များ မဟုတ်ခဲ့ကြပေ။ လူသားများသာ ဖြစ်ခဲ့ကြပေသည်။ ကြည့်-ကုရ်အာန် (၁၂:၁၀၉၊ ၂၀:၇-၈)။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် (၆:၈-၉၊ ၁၇:၉၄-၉၅) တွင် လာရှိပြီးဖြစ်သည်။ သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုပါကုန်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အကြောင်းကိစ္စရှိက ဈေးများအတွင်းသို့ သွားလာခြင်းသည် (မက္ကရူဟ်) စက်ဆုပ်ဖွယ်ရာကိစ္စ မဟုတ်ကြောင်း သိရှိရပေသည်။ တမန်တော်မြတ်၏ အချို့သြဝါဒတော်များတွင် ဈေးများအတွင်းသို့ မသွားအပ်ကြောင်း၊ ပါရှိသည်မှာ အကြောင်းမဲ့ သွားလာခြင်းကို ဆိုလိုသည်။ မိမိကိုယ်ကို အထင်ကြီးပြီး၊ မောက်မာ ပလွားသောအားဖြင့် အကြောင်းရှိပါလျက်၊ ဈေးအတွင်းသို့ သွားလာခြင်းသည် မိမိ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည်ဟု ထင်မြင်သော်၊ ဈေးများအတွင်းသို့ မသွားမလာခြင်းသည် မကောင်းဖြစ်၍၊ သွားလာခြင်းသည် အကောင်းဖြစ်ပေမည်။ ထာနဝီ၊ အ-၄။ စ-၃၆။

② <u>အချင်းချင်း အပြန်အလှန် စမ်းသပ်ရာ ဖြစ်သည်။</u>

ဤအာယတ်တော်၏ အလိုသဘောမှာ တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ နောက်လိုက်တပည့်သား မွတ်စ်လင်မ်များသည် ကာဖိရ်များ၏ ယင်းသို့သော မဖွယ်ရာသော၊ မလျော်ကန်သော၊ အဓိပ္ပါယ်မရှိသော၊ ကဲ့ရဲ့ပြစ်တင်ပြောဆိုမှုများကြောင့် စိတ်ပျက်ကြရန်မလိုပေ။

အဘယ့်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည် အချို့ကို အချို့အတွက် စမ်းသပ်ရန် ပြုလုပ်ထားတော်မူသည်၊ တမန်တော်များ၌ လူသားတို့၏ အဖြစ်အနေနှင့်လည်း ရှိသည်။ လူသားတို့မပြုစွမ်းနိုင်သော 'နုဗုဝါတ်' တမန်တော်ဖြစ်မှု၏ တန်ခိုးဂုဏ်အင် လက္ခဏာများလည်းရှိသည်။ သို့ဖြစ်ပေရာ တမန်တော်များ၌ လူသားတို့၏ အဖြစ်အနေကိုကြည့်ပြီး၊ မည်သူမည်ဝါတို့သည် တမန်တော်များအား သွေဖည်ကြသည်။ တမန်တော်များ၌ "နုဗုဝါတ်" တမန်တော်ဖြစ်မှု၏ တန်ခိုးဂုဏ်အင်လက္ခဏာများကို ကြည့်ပြီး မည်သူ မည်ဝါတို့သည် တမန်တော်များအား ယုံကြည်ကြသည်ကို စမ်းသပ်တော်မူရန်ဖြစ်သည်။သို့ဖြစ်ပေရာ တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ နောက်လိုက်တပည့်သား မွတ်စ်လင်မ်များသည် စိတ်ပျက်ရန် မလိုပေ။ သည်းခံကြရမည်သာ ဖြစ်သည်။ ထာနဝီ။

وَقَالَ الَّذِينَ لَا يَرْجُونَ لِقَاءَنَا لَوْلَا أُنْزِلَ عَلَيْنَا الْمَلَائِكَةُ أَوْ نَرَىٰ رَبَّنَا ۗ لَقَدِ اسْتَكْبَرُوا فِي أَنْفُسِهِمْ وَعَتَوْ عُتُوًّا كَبِيرًا ﴿٢١﴾

၂၁။ စင်စစ် ငါအရှင်မြတ်နှင့်တွေ့ဆုံမှုကို မမျှော်လင့်ကြသော (မစိုးရိမ်ကြသော)သူတို့က အဘယ်ကြောင့် "မလာအိကဟ်" ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ထံဆင်းသက်၍ မလာကြသနည်း။ သို့တည်း မဟုတ် အဘယ်ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို မဖူးမြော်ကြရပါသနည်း၊ ဟု ပြောဆိုကြကုန်၏။ ဧကန်မလွဲ ၎င်းတို့သည်မိမိတို့စိတ်ထဲ၌ မိမိတို့ကိုယ်ကို အထင်ကြီးခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အကြီးအကျယ် ဆိုးသွမ်းခြင်းအားဖြင့် စည်းကမ်းကျူးလွန်ခဲ့ကြကုန်၏။

يَوْمَ يَرَوْنَ الْمَلَائِكَةَ لَا بُشْرَىٰ يَوْمَئِذٍ لِلْمُجْرِمِينَ وَيَقُولُونَ حِجْرًا مَحْجُورًا ﴿٢٢﴾

၂၂။ အကြင်နေ့တွင် ၎င်းတို့သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား တွေ့မြင်ကြပေမည်။ ထိုနေ့တွင် ပြစ်မှုရှိသူတို့၌ မည်သည့် ဝမ်းမြောက်ခြင်းမျှ မရှိသည့်ပြင်၊ ၎င်းတို့သည် (ကောင်းကင်တမန်တို့နှင့်) *ကင်းပါရစေ၊ ကင်းဝေးပါစေဟု* ပြောဆိုကြပေမည်။ [၁]

وَقَدِمْنَا إِلَىٰ مَا عَمِلُوا مِنْ عَمَلٍ فَجَعَلْنَاهُ هَبَاءً مَنْثُورًا ﴿٢٣﴾

၂၃။ ထို့ပြင် ငါအရှင်မြတ်သည် (ထိုနေ့တွင်) ၎င်းတို့ ပြုလုပ်ခဲ့ကြသော အပြုအမူများဘက်သို့ လှည့်တော် မူမည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းအပြုအမူ များကို *ကြဲဖြန့်ထားသော မြူမှုန့်များ ဖြစ်စေတော် မူမည်။* [၂]

---

① **မှတ်ချက်။**

"ဟိဂ်ရန်၊ မဟ်ဂျူရန်" ဟူသောဝေါဟာရသည် အမိုက်ခေတ်တွင် တစ်စုံတစ်ရာ ဘေးအန္တရာယ် ဆိုက်ရောက်သည့်အခါ သို့မဟုတ် မိမိအား တိုက်ခိုက်ရန်လာသော မိမိ၏ရန်သူကို တွေ့မြင်လိုက်ရသောအခါ ဘေးကင်းရန်အတွက် အော်ဟစ်သုံးနှုန်းလေ့ရှိသော ဝေါဟာရစကားတစ်ရပ်ပင် ဖြစ်သည်။

မှတ်ချက်။

အထက်ပါဖြစ်ရပ်သည် ကိယာမတ်နေ့တွင် ဖြစ်ပေါ်မည်ကား အမှန်မချပင်။ ထို့ပြင်တစ်ဝ ဤပစ္စက္ခတွင်လည်း သေခါနီးအသက်ထွက်ချိန်၌လည်း ဖြစ်ပေါ်နိုင်ပေသည်။ ကြည့်–ကုရ်အာန် (စ:၅၀။၆:၉၄)။➤➤

أَصْحَٰبُ ٱلْجَنَّةِ يَوْمَئِذٍ خَيْرٌ مُّسْتَقَرًّا وَأَحْسَنُ مَقِيلًا ﴿٢٤﴾

၂၄။ "ဂျန္နတ်" သုခဘုံသားတို့မှာကား ထိုနေ့တွင် နေရာဌာနအားဖြင့်လည်း၊ အကောင်းဆုံးဖြစ်ကြပေမည်။ နေ့လည်အချိန် အနားယူ အပန်းဖြေသောနေရာအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ကြအံ့သတည်း။

وَيَوْمَ تَشَقَّقُ ٱلسَّمَآءُ بِٱلْغَمَٰمِ وَنُزِّلَ ٱلْمَلَٰٓئِكَةُ تَنزِيلًا ﴿٢٥﴾

၂၅။ ၎င်းပြင် အကြင်နေ့တွင် မိုးကောင်းကင်သည် မိုးတိမ်(ထွက်ပေါ်လာသည့်)အတွက် ပွင့်သွားပေမည်။ မိုးတိမ်နှင့်တကွ အက်ကွဲ၍ သွားပေမည်။ ထို့ပြင် "မလာအိကဟ်" ကောင်းကင်တမန်တို့သည် ဆင်းသက်၍ လာကြပေမည်။

ٱلْمُلْكُ يَوْمَئِذٍ ٱلْحَقُّ لِلرَّحْمَٰنِ ۚ وَكَانَ يَوْمًا عَلَى ٱلْكَٰفِرِينَ عَسِيرًا ﴿٢٦﴾

၂၆။ ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှု အစစ်အမှန်သည် "ရဟ်မာန်" ကရုဏာတော်ရှင်၌သာ ရှိပေမည်။ စင်စစ် ထိုနေ့သည် "ကာဖိရ်"သွေဖည်ငြင်းပယ်သောသူတို့အဖို့ လွန်စွာ ခက်ခဲသောနေ့ပင်ဖြစ်ချိမ့်မည်။

➤➤ ကာဖိရ်များအဖို့ ကောင်းကင်တမန်များအား တွေ့မြင်ရခြင်းသည် အမင်္ဂလာဖြစ်သော်လည်း မုအ်မင်န်သူတော်စင်များအဖို့မှာကား မဟာမင်္ဂလာဖြစ်ပေသည်။ ကြည့်-ကုရ်အာန် (၄၁:၃၀-၃၂)။

ⓙ တစ်ရက် ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ရောက်ပြီး၊ မိမိတို့၏ အပြုအမူများနှင့် စပ်လျဉ်း၍ စောကြောခြင်းခံကြရမည်ကို မယုံကြည်သူများက၊ လူလောကတွင်ရှိခဲ့ကြစဉ် အလ္လာဟ်အရှင်မြတ်အား ငါတို့ဘာကြောင့် မဖူးမြင်ကြရပါသနည်းဟု ပြက်ရယ်သည့်သဘောဖြင့် ပြောဆိုလေ့ရှိခဲ့ကြသည်။ ထိုသို့သော သူများအား ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က-"ငါအရှင်မြတ် ကြွလာတော်မူပြီ"ဟု မိန့်ကြားတော်မူပေမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် ယင်းသို့ ကြွလာတော်မူခြင်းမှာ ထိုသူများအား ချီးမြှောက်အားပေးတော်မူရန်မဟုတ်၊ ထိုသူများသည် မိမိတို့၏ မှားယွင်းသော ထင်မြင်ချက်များအရ ပြုမူခဲ့ကြသော မိမိတို့ အားထားခဲ့ကြရသော ကောင်းမှုများမှာ အသို့မျှတန်ဖိုးမရှိ၊ အချည်းနှီးမျှသာဖြစ်သည်ကို ပြသတော်မူရန်သာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများ၏ အကျင့်အမူများတွင် အီမာန်မပါ၊ စေတနာ သဒ္ဓါတရားမပါ၊ အမှန်တရားနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော အကျင့်အမူများသာ ဖြစ်ခဲ့ပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၁၄:၁၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။

وَيَوْمَ يَعَضُّ الظَّالِمُ عَلَىٰ يَدَيْهِ يَقُولُ يَا لَيْتَنِي اتَّخَذْتُ مَعَ الرَّسُولِ سَبِيلًا ﴿٢٧﴾

يَا وَيْلَتَىٰ لَيْتَنِي لَمْ أَتَّخِذْ فُلَانًا خَلِيلًا ﴿٢٨﴾

لَقَدْ أَضَلَّنِي عَنِ الذِّكْرِ بَعْدَ إِذْ جَاءَنِي ۗ وَكَانَ الشَّيْطَانُ لِلْإِنسَانِ خَذُولًا ﴿٢٩﴾

وَقَالَ الرَّسُولُ يَا رَبِّ إِنَّ قَوْمِي اتَّخَذُوا هَٰذَا الْقُرْآنَ مَهْجُورًا ﴿٣٠﴾

၂၇။ ထိုမှတပါး အကြင်နေ့တွင် မတော်မတရား ပြုမူသောသူသည် "သြော်-ငါသည် ရဿူလ်တမန်တော်မြတ်နှင့်အတူ တရားလမ်းမှန်ကို လိုက်ခဲ့သော်၊ ကောင်းလေစွ" ဟု ပြောဆိုလျက် မိမိလက်နှစ်ဖက်ကို ကိုက်ပေမည်။

၂၈။ သြော်-ဖြစ်မှဖြစ်ရလေခြင်း၊ ငါသည် မည်သူမည်ဝါကို အဆွေခင်ပွန်း မပြုခဲ့လျှင် တော်လေစွ။

၂၉။ မုချဧကန် ၎င်းသည် ကျွန်ုပ်ထံသို့ ဆုံးမသြဝါဒရောက်ရှိလာပြီး နောက်မှပင် ထိုဆုံးမသြဝါဒ (ကို လိုက်နာခြင်း)မှ လွဲချော်စေခဲ့သည်။ စင်စစ်သော်ကား ရှိုင်တွာန်မိစ္ဆာကောင်သည် လူသားတို့အား စွန့်ပစ်ထားသူပင် ဖြစ်ချေသတည်း။

၃၀။ ထို့ပြင် ရဿူလ်တမန်တော်မြတ်က "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားများသည် ဤကုရ်အာန်ကျမ်းမြတ်တော်ကို စွန့်ပစ်၍ ထားခဲ့ကြပါသည်" ဟု လျှောက်ထားပေမည်။ ①

---

① **ကုရ်အာန်ကျမ်းမြတ်ကို လျစ်လျူရှုထားသူများနှင့်ပတ်သက်၍ တမန်တော်မြတ်တိုင်ကြားတော်မူမည်။**

ဆိုလိုသည်ကား- တမန်တော်မြတ်၏ အမျိုးသားများအနက် အချို့ကာဖိရ်များသည် ကုရ်အာန်ကျမ်းလာ တရားတော်များကို မလိုမုန်းတီးသည့်အတွက် ဇွတ်မှိတ်၍ သွေဖည်ငြင်းပယ်ခဲ့ကြသည်။ အနည်းငယ်စိုးစဉ်းမျှပင် မနာခံခဲ့ကြပေ။ ကုရ်အာန်ကျမ်းလာ တရားတော်များကို တမန်တော်မြတ်က ရွတ်ဖတ်ပြလျှင် ၎င်းတို့သည် ဆူဆူညံညံပြုလုပ်ခဲ့ကြပေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်လည်း ကုရ်အာန်ကျမ်းလာ တရားတော်များကို နားမထောင်ခဲ့ကြပေ။ သူတစ်ပါးတို့အားလည်း နားထောင်ခွင့်မပေးခဲ့ကြပေ။ ထို့ရွေ့ထိုမျှ စိတ်နှလုံးခဲယဉ်းသော၊ မလိုမုန်းတီးသော ဆိုးသွမ်းမိုက်မဲသော သွေဖည်ဆန့်ကျင်သော ကာဖိရ်များနှင့်ပတ်သက်၍ တမန်တော်မြတ်သည် အလွန်ဟ်အရှင်မြတ်ထံတော်၌ "အို- ကျွန်တော်မျိုး၏အရှင်သခင်၊ ကျွန်တော်မျိုး၏(ဤ) အမျိုးသားများသည် ဤကုရ်အာန်ကျမ်းမြတ်ကိုပင် လုံးဝလျစ်လျူရှုထား ခဲ့ကြပါသည်"ဟု လျှောက်ထား တိုင်ကြားတော်မူပေမည်။

وَكَذَٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا مِّنَ الْمُجْرِمِينَ ۗ وَكَفَىٰ بِرَبِّكَ هَادِيًا وَنَصِيرًا ﴿٣١﴾

၃၁။ စင်စစ်ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် နဗီတမန်တော်တိုင်း၌ပြစ်မှုရှိသူတို့အနက်မှ ရန်သူများ ပြုလုပ်တော်မူခဲ့၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်ပင် တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသောအရှင်အဖြစ်လည်းကောင်း၊ ကူညီဆောင်မသူအဖြစ်လည်းကောင်း၊ လုံလောက်တော်မူပေသတည်း။

وَقَالَ الَّذِينَ كَفَرُوا لَوْلَا نُزِّلَ عَلَيْهِ الْقُرْآنُ جُمْلَةً وَاحِدَةً ۚ كَذَٰلِكَ لِنُثَبِّتَ بِهِ فُؤَادَكَ ۖ وَرَتَّلْنَاهُ تَرْتِيلًا ﴿٣٢﴾

၃၂။ ၎င်းပြင် ကာဖိရ် သွေဖယ်ငြင်းပယ်သောသူတို့က *"အဘယ်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသူ၏အပေါ်၌ တစ်ကြိမ်တည်း (အစအဆုံး) အလုံးစုံ ချပေးခြင်းကို မခံခဲ့ရပါသနည်း၊"* [၁] ဟုပြောဆိုကြကုန်၏။ ယင်း(သို့ အလီလီချပေးတော်မူခြင်း)မှာ ငါအရှင်မြတ်သည် အသင်၏စိတ်နလုံးကို ကြံ့ခိုင်စေတော်မူအံ့သောငှာဖြစ်၏။ ၎င်းပြင် ငါအရှင်မြတ်သည်ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို တဖြည်းဖြည်း ဆိုင်းငံ့၍ ချပေးသနားတော်မူခဲ့၏။

---

① ကာဖိရ်များက- ကုရ်အာန်ကျမ်းမြတ်သည် တမန်တော်မြတ်အပေါ်သို့ တစ်လုံးတစ်ဝတည်း အစအဆုံး တစ်ကြိမ်တည်း အဘယ်ကြောင့် ကျရောက်မလာခဲ့ပါသနည်းဟု စောဒနာတက်ကြသည်။ ဤသို့ စောဒနာတက်ခြင်းမှာ အဓိပ္ပာယ်မရှိပေ။ တမန်တော်မြတ်နှင့်ပတ်သက်၍ မိမိတို့၏နောက်လိုက် ငယ်သားများအား အထင်အမြင်မှားစေရန် လှည့်ဖြားခြင်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တွေးဆဆင်ခြင်ကြည့်ပါက၊ ကုရ်အာန်ကျမ်းမြတ်ကို လိုအပ်သည်နှင့်အမျှ တဖြည်းဖြည်း ထုတ်ပြန်ပို့ချခြင်းတွင် များစွာသောအကျိုးများကို တွေ့ရှိရပေသည်။

ဥပမာ- ကုရ်အာန်ကျမ်းမြတ်ကို တဖြည်းဖြည်း ထုတ်ပြန်ပို့ချတော်မူခြင်းအားဖြင့် စိတ်နလုံးလည်း တည်ငြိမ်ပေသည်။ အာယတ်တော်များကိုလည်း အလွယ်တကူ ကျက်မှတ်ထားနိုင်ပေသည်။ အာယတ်တော်အသီးသီး၏ အနက်သဘောကိုလည်း တိကျမှန်ကန်စွာ နားလည်သဘောပေါက်နိုင်ပေသည်။ အာယတ်တော်များပို့ချတော်မူခြင်း၏ အကြောင်းများကိုလည်း ကောင်းစွာသိရှိနားလည်ခွင့် ရရှိပေသည်။ ပြဿနာတစ်ရပ်ပေါ်ပေါက်ချိန်တွင် ထိုပြဿနာနှင့်စပ်လျဉ်း၍ အာယတ်တော် ကျရောက်လာခြင်းဖြင့် ပြေလည်မှု၊ စိတ်ချမ်းသာမှုများလည်းရရှိလာပေသည်။ အာယတ်တော်များတဖြည်းဖြည်း ကျရောက်ခြင်းဖြင့် ကောင်းကင်တမန် ဂျိဗ်ရီလ်သည်လည်း မကြာခဏ ဆင်းသက်လာပေသည်။ ကောင်းကင်တမန် ဂျိဗ်ရီလ်ဆင်းသက်ခြင်းသည်လည်း ➤➤

وَلَا يَأْتُونَكَ بِمَثَلٍ إِلَّا جِئْنَاكَ بِالْحَقِّ وَأَحْسَنَ تَفْسِيرًا ﴿٣٣﴾

၃၃။ စင်စစ်သော်ကား၎ ၎င်းတို့သည် အသင့်ထံသို့ မည်မျှပင် အံ့ဖွယ်ထူးဆန်းသော ဥပမာ ပုံဆောင်ချက်ကိုပင် ယူဆောင်၍ လာကြစေကာမူ၊ ငါအရှင်မြတ်သည် တိကျမှန်ကန်သည့်ပြင် ရှင်းလင်းဖော်ပြချက်အားဖြင့် ပိုမို၍ကောင်းမွန်သော (၎င်း၏)အဖြေကို အသင့်ထံသို့ ပို့ဆောင်တော်မူခဲ့သည်ချည်းသာ။

الَّذِينَ يُحْشَرُونَ عَلَىٰ وُجُوهِهِمْ إِلَىٰ جَهَنَّمَ أُولَٰئِكَ شَرٌّ مَّكَانًا وَأَضَلُّ سَبِيلًا ﴿٣٤﴾

၃၄။ ထိုသူတို့ပင် "ဂျဟန္နမ်" ငရဲဘုံသို့ မျက်နှာမှောက်လျက် (တရွတ်တိုက်ဆွဲကာ) ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ထိုသူတို့ကား နေရာဌာနအားဖြင့် အဆိုးဆုံးသောသူများ၊ တရားလမ်းစဉ်အားဖြင့် လွန်စွာမှားယွင်းသောသူများသာ ဖြစ်ကြကုန်သတည်း။

وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ وَجَعَلْنَا مَعَهُ أَخَاهُ هَارُونَ وَزِيرًا ﴿٣٥﴾

၃၅။ ထိုမှတပါး စင်စစ်ဧကန် ငါအရှင်မြတ်သည် မူစာအား (တောင်ရာတ်)ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ထိုမူစာနှင့်အတူ ၎င်း၏နောင်တော်ဟာရွန်အား ကူညီဖော် ကူညီဖက်အဖြစ် ပြုလုပ်ပေးတော်မူခဲ့၏။

فَقُلْنَا اذْهَبَا إِلَى الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا فَدَمَّرْنَاهُمْ تَدْمِيرًا ﴿٣٦﴾

၃၆။ ထို့နောက် ငါအရှင်မြတ်သည် (၎င်းတို့နှစ်ပါးအား)အသင်တို့နှစ်ဦးသည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်သော အမျိုးသားတို့ထံ သွားကြလေကုန် ဟုမိန့်ကြားတော်မူခဲ့၏။

➤➤ မင်္ဂလာတစ်ပါးပင်။ ဤသည့် အကျိုးများသည် ကုရ်အာန်ကျမ်းမြတ် တဖြည်းဖြည်းကျရောက်ခြင်းမှ ထွက်ပေါ်လာသော အကျိုးအမြတ်များပင်။

ကုရ်အာန်ကျမ်းမြတ် တစ်ချိန်တည်း၊ တစ်ကြိမ်တည်း တစ်လုံးတစ်ဝတည်း အစအဆုံး ကျရောက်လာခဲ့ပါက၊ ဤသည့်အကျိုးများကို ခံစားရမည်မဟုတ်ပေ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်(၁၇း၁၀၆)၏ အဖွင့်တွင် အကျယ်ဖွင့်ဆို ရေးသားခဲ့ပေပြီ။

(ထိုအခါ ၎င်းတို့နှစ်ပါးသည် ထိုအမျိုးသားတို့ထံ သွားရောက်၍ သာသနာပြုခဲ့ကြသော်လည်း ၎င်းတို့သည် ယုံကြည်လက်ခံခြင်းမပြုဘဲ ငြင်းပယ်ခဲ့ကြလေသည်)။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုအမျိုးသားတို့အား လုံးဝဖျက်ဆီးတော်မူခဲ့၏။

وَقَوْمَ نُوحٍ لَّمَّا كَذَّبُوا الرُّسُلَ أَغْرَقْنَاهُمْ وَجَعَلْنَاهُمْ لِلنَّاسِ آيَةً ۖ وَأَعْتَدْنَا لِلظَّالِمِينَ عَذَابًا أَلِيمًا ﴿٣٧﴾

၃၇။ ထိုနည်းတူစွာ နူဟ်၏ အမျိုးသားတို့အား ၎င်းတို့သည် ရစူလ်တမန်တော်များအား မဟုတ်မမှန် ဟူ၍ ငြင်းပယ်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် ၎င်းတို့အားလည်း နစ်မြုပ်စေတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား လူခပ်သိမ်းတို့အဖို့ သက်သေ လက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် မတော်မတရား ပြုလုပ်သောသူတို့အဖို့ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူသည်။

وَعَادًا وَثَمُودَ وَأَصْحَابَ الرَّسِّ وَقُرُونًا بَيْنَ ذَٰلِكَ كَثِيرًا ﴿٣٨﴾

၃၈။ ထိုမှတပါး အာဒ်အမျိုးသားတို့အားလည်း ကောင်း၊ ဆမူဒ်အမျိုးသားတို့အားလည်းကောင်း၊ "ရတ်စ်" မြို့သားတို့အားလည်းကောင်း၊ ၎င်းတို့အကြား၌ မြောက်မြားစွာသောမျိုးနွယ်တို့အားလည်းကောင်း၊ (ငါအရှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့၏။)

وَكُلًّا ضَرَبْنَا لَهُ الْأَمْثَالَ ۖ وَكُلًّا تَبَّرْنَا تَتْبِيرًا ﴿٣٩﴾

၃၉။ စင်စစ် ငါအရှင်မြတ်သည် (ထိုထိုသောအမျိုးသားတို့အနက်) အသီးသီးတို့၏အကျိုးငှာ ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူခဲ့၏။ (သို့ပါလျက် ၎င်းတို့သည် မဟုတ်မမှန်ဟူ၍ပင် ငြင်းပယ်ခဲ့ကြ၏၊) ထိုအခါ ငါအရှင်မြတ်သည် အသီးသီးတို့အား လုံးဝဖျက်ဆီးတော်မူခဲ့၏။

وَلَقَدْ أَتَوْا عَلَى الْقَرْيَةِ الَّتِيٓ أُمْطِرَتْ مَطَرَ السَّوْءِ ۚ أَفَلَمْ يَكُونُوا يَرَوْنَهَا ۚ بَلْ كَانُوا لَا يَرْجُونَ نُشُورًا ﴿٤٠﴾

၄၀။ စင်စစ်သော်ကား ၎င်းတို့သည် (မက္ကာမြို့သား ကာဖိရ်များသည်) အလွန်ဆိုးရွားသော မိုးရွာသွန်းစေခြင်းကို ခံခဲ့ရသောမြို့ရွာသို့ ဧကန်အမှန် ရောက်ရှိခဲ့ကြကုန်၏။ သို့ပါလျက် ၎င်းတို့သည် ယင်း(ပြစ်ဒဏ်၏အမှတ်လက္ခဏာများ)ကို မမြင်ခဲ့ကြလေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာမူကား၊ ၎င်းတို့သည် ရှင်ပြန်ထခြင်းကို ဖြစ်ရန်လက္ခဏာရှိသည်ဟူ၍ပင် မမျှော်လင့်ကြပေ။ [၁]

وَإِذَا رَأَوْكَ إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَٰذَا الَّذِي بَعَثَ اللَّهُ رَسُولًا ﴿٤١﴾

၄၁။ ၎င်းပြင် ထိုသူတို့သည် အသင့်အား တွေ့မြင်ကြသောအခါ "အလ္လာဟ်အရှင်မြတ်သည် ရစူလ်တမန်တော်အဖြစ်စေလွှတ်တော်မူသောသူသည် ဤသူပင်လော" ဟု အသင့်အား ပြောင်လှောင်ကြကုန်၏။

إِن كَادَ لَيُضِلُّنَا عَنْ آلِهَتِنَا لَوْلَا أَن صَبَرْنَا عَلَيْهَا ۚ وَسَوْفَ يَعْلَمُونَ حِينَ يَرَوْنَ الْعَذَابَ مَنْ أَضَلُّ سَبِيلًا ﴿٤٢﴾

၄၂။ "အကယ်၍သာ ကျွန်ုပ်တို့သည် မိမိတို့၏ကိုးကွယ်ရာဘုရားများ(အား ကြည်ညိုမြတ်နိုးရာ)၌ စွဲမြဲကြံ့ခိုင်စွာ မရှိခဲ့ကြပါလျှင် ဧကန်မလွဲ ၎င်းသည် ကျွန်ုပ်တို့အား ထိုကိုးကွယ်ရာဘုရားများမှ ဝေးအောင်ပြုခဲ့ပြီးသာ ဖြစ်ပေသည်"။ စင်စစ်သော်ကား၊ ၎င်းတို့သည် မကြာမြင့်မီ ပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ မည်သူသည် လမ်းလွဲသူဖြစ်ကြောင်း သိရှိသွားကြပေမည်။

---

① မက္ကာမြို့သား ကာဖိရ်များသည် ဆီရီယပြည်သို့ ခရီးသွားလာရာတွင် လမ်းခရီး၌ပြစ်ဒဏ်သင့်၍ မရှုမလှယိုယွင်းပျက်စီးနေသော တမန်တော် လူတ်၏ အမျိုးသားများ၏ မြို့ရွာများကို တွေ့မြင်နေကြရပေသည်။ သို့တစေလည်း ၎င်းတို့သည် သတိမမူ ဂူမမြင်ဆိုသကဲ့သို့ သတိသံဝေဂ မရကြပေ၊ သင်ခန်းစာမယူကြပေ။ အမှန်မှာ ၎င်းတို့သည် သေပြီးနောက် ရှင်ပြန်ထကာ အလ္လာဟ်အရှင်မြတ်၏ ရှေ့မှောက်တော်တွင် စစ်ဆေးမေးမြန်းခြင်းခံကြရပြီး ကျိုးပြစ်ခံစံကြရမည် ဟူ၍ပင် မမျှော်လင့်ကြပေ၊ မထင်ကြပေ။ နောင်တမလွန်ဘဝရှိသည်ကို မယုံကြည်ကြပေ။

أَرَءَيْتَ مَنِ ٱتَّخَذَ إِلَٰهَهُۥ هَوَىٰهُ ۖ أَفَأَنتَ تَكُونُ عَلَيْهِ وَكِيلًا ﴿٤٣﴾

၄၃။ (အို-နဗီတမန်တော်၊) မိမိ၏စိတ်အလိုဆန္ဒကို မိမိ၏ ကိုးကွယ်ရာ အဖြစ် ပြုလုပ်ခဲ့သောသူ၏ အကြောင်းကို အသင်သည် သိမြင်ခဲ့ပြီ မဟုတ်လော။ သို့ပါလျက် အသင်သည် ထိုသူ၏ အပေါ်၌ အုပ်ထိန်းသူအဖြစ် ရှိနေနိုင်ပါသလော။

أَمْ تَحْسَبُ أَنَّ أَكْثَرَهُمْ يَسْمَعُونَ أَوْ يَعْقِلُونَ ۚ إِنْ هُمْ إِلَّا كَٱلْأَنْعَٰمِ ۖ بَلْ هُمْ أَضَلُّ سَبِيلًا ﴿٤٤﴾

၄၄။ သို့တည်းမဟုတ် ထိုသူတို့အနက် များစွာသော သူတို့သည် ကြားကြသည်။ သို့မဟုတ် နားလည်ကြသည်ဟု အသင်ထင်မှတ်လေသလော။ ၎င်းတို့သည် ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန် များကဲ့သို့သာ လျှင် ဖြစ်ကြသည်။ ထိုမျှမက (ထိုတိရစ္ဆာန်များထက်ပင်)သာလွန်လမ်းလွဲသူများဖြစ်ကြကုန်သတည်း။[၁]

أَلَمْ تَرَ إِلَىٰ رَبِّكَ كَيْفَ مَدَّ ٱلظِّلَّ ۖ وَلَوْ شَآءَ لَجَعَلَهُۥ سَاكِنًا ﴿٤٥﴾

၄၅။ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က (အရာဝတ္ထုခပ်သိမ်းတို့၏) အရိပ်ကို မည်သို့မည်ပုံ ပြန့်စေတော်မူခဲ့ကြောင်း လေ့လာဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့လေသလော။

---

① အချုပ်မှာ - ထိုသို့သော ကာဖိရ်များအား အဘယ်သို့လျှင် သွန်သင်ဆုံးမ ဩဝါဒပေးငြားသော်လည်း ကျွဲပါးစောင်းတီး ဆိုသကဲ့သို့ အချည်းနီးသာဖြစ်ပေမည်။ အမှန်မှာ ထိုသို့သော ကာဖိရ်များသည် တိရစ္ဆာန်များထက်ပင်လျှင် ပိုမိုလွဲမှားလျက်ရှိကြပေသည်။တိရစ္ဆာန်များသည် ယုတ်စွအဆုံး မိမိတို့အား ထိန်းကျောင်းကျွေးမွေးထားကြသော သခင်များအား နည်းများမဆို သိကြသေးသည်။ အမိန့်နာခံ ကြသေးသည်။ ကျေးဇူးရှင်အား သိတတ်ကြသေးသည်။ မိမိတို့အား အကျိုးပြုသော အရာနှင့် နစ်နာပျက်စီးစေသောအရာကို နည်းများမဆိုသိကြသေးသည်။ဘေးမဲ့လွတ်ထားလျှင် မိမိတို့၏ စားကျက်နှင့်ရေဆိပ်သို့ သွားတတ်ကြသေးသည်။ ဤကာဖိရ်များမှာမူကား မိမိတို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင် အားလည်းမသိကြပေ။ ထိုအရှင်မြတ်၏ ကျေးဇူးတော်များကိုလည်း မသိကြပေ။ အကောင်းနှင့်အဆိုး၊ မိတ်ဆွေနှင့်ရန်သူကိုလည်း ခွဲခြားမသိကြပေ။ တရားရအေး အမြိုက်ဆေးကို သောက်သုံးရန်လည်း ဆန္ဒမရှိကြပေ။ တရားဓမ္မကို နာခံရန်ဝေးစွ၊ တရားပြသူကိုပင် ပြက်ရယ်သမူ ပြုကြသည်။ ရန်မူကြသည်။ မိမိတို့၌ အလွှာဟ်အရှင်မြတ် အပ်နှင်းထားတော်မူသော စွမ်းရည်သတ္တိများကိုလည်း အချည်းနီး ပြုလုပ်ထားကြသည်။ အလွဲသုံးစားပြုကြသည်။ အကယ်၍သာ ၎င်းတို့သည် မိမိတို့၏အသိဉာဏ်များကို အသုံးပြုကာ မိမိတို့၏ပတ်ဝန်းကျင်ရှိ အံ့မဆုံးသည့် စကြာဝဠာကြီးနှင့် စကြာဝဠာအတွင်း ရှိသည်များကို အနည်းငယ်မျှပင် စဉ်းစားဆင်ခြင်ကြည့်ပါက အလွှာဟ်အရှင်၏ ကြီးမားလှသော တန်ခိုးတော်များနှင့် သက်သေလက္ခဏာတော်များကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပေမည်။ ရှေ့လာလတ္တံ့သော အာယတ်တော်များတွင် အလွှာဟ်အရှင်မြတ်၏ အချို့တန်ခိုးတော်များကိုပင် မိန့်ဆိုထားတော်မူသည်။

ثُمَّ جَعَلْنَا الشَّمْسَ عَلَيْهِ دَلِيلًا ﴿٤٥﴾

စင်စစ်သော်ကား ထိုအရှင်မြတ်သည် အလို ရှိထော်မူခဲ့ပါလျှင် ထိုအရိပ်ကို (လှုပ်ရှားနိုင်ခြင်း မရှိစေဘဲ) တည်ငြိမ်အောင် ပြုလုပ်တော်မူခဲ့မည် သာတည်း။ ထို့နောက် ငါအရှင်မြတ်သည် နေကို ထိုအရိပ်နှင့် စပ်လျဉ်း၍ သက်သေ လက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့၏။ [၁]

ثُمَّ قَبَضْنَاهُ إِلَيْنَا قَبْضًا يَسِيرًا ﴿٤٦﴾

၄၆။ ထို့နောက် ငါအရှင်မြတ်သည် ယင်းအရိပ်ကို မိမိအထံတော်သို့ တဖြည်ဖြည်း ဆွဲယူရုပ်သိမ်းတော် မူခဲ့၏။

وَهُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِبَاسًا وَالنَّوْمَ سُبَاتًا وَجَعَلَ النَّهَارَ نُشُورًا ﴿٤٧﴾

၄၇။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင်လျှင် ညဉ့်ကို အသင်တို့အဖို့ အကွယ်အကာ အဖုံးအအုပ်၊ အိပ်စက်ခြင်းကို *အပန်းဖြေရာ ပြုလုပ်တော်မူခဲ့သော* အရှင်ဖြစ်တော်မူ၏။ [၂] ၎င်းပြင် ထိုအရှင်မြတ်သည်ပင် နေ့ကို ရှင်ပြန်ရာကာလ ပြုလုပ်တော်မူခဲ့ပေသတည်း။

---

① **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (က)**

မိုးလင်းသည့်အချိန်မှ နေထွက်သည့်အချိန်အထိ ဆည်းဆာအချိန်မှာ သာယာကြည်နူးဖွယ် ကောင်းလှနေပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ကျေးဇူးတော်ပင်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် နေကိုထွက်ပေါ်စေတော်မမူပါက၊ ဤသည့် အရိပ်အာဝါသ တည်ရှိနေမည်သာ ဖြစ်သည်။ ယခုမူ အလ္လာဟ်အရှင်မြတ်သည် နေကို ထွက်ပေါ်စေတော်မူသည်ဖြစ်ရာ၊ နေရောင်ခြည် ပြန့်လာသည်နှင့်အမျှ အရိပ်အာဝါသသည် တဖြည်းဖြည်း ကျုံ့၍ကျုံ့၍သွားပေသည်။ အကယ်၍သာ နေရောင်ခြည်မရှိပါက ကျွန်ုပ်တို့သည် အရိပ်အာဝါသကိုပင် သိရှိနားလည်နိုင်ကြမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဆန့်ကျင်ဘက်တစ်ခုပေါ်လာခြင်းဖြင့်သာလျှင်၊ အခြားဆန့်ကျင်ဘက်တစ်ခုကို သိရှိရပေသည်။ နေ့မရှိ ညဉ့်ချည်းဖြစ်နေပါက၊ ညဉ့်မရှိ နေ့ချည်းဖြစ်နေပါက၊ ထို့အတူ အရိပ်မရှိ နေရောင်ချည်းရှိနေပါက သတ္တဝါအပေါင်းတို့သည် ဒုက္ခဖြစ်ကြရမည်သာ။ ယခုမူ နေ့လည်းရှိ၊ ညဉ့်လည်းရှိ၊ နေရောင်လည်းရှိ၊ အရိပ်အာဝါသလည်း ရှိနေပေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် အတိုင်းမသိ ကြီးမားလှသော ကျေးဇူးတော်ပင်။

ကြည့်-ကုရ်အာန် (၂၈:၇၁-၇၃)။

② **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (ခ)**

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ညဉ့်၏အမှောင်တည်းဟူသော စောင်လွှာသည် အားလုံးကို လွှမ်းခြုံလိုက်သည့်အခါ၊ လူသားအားလုံးတို့သည် မိမိတို့၏ လုပ်ငန်းဆောင်တာများကို ရပ်နားလိုက်ကြပြီး ➤➤

وَهُوَ الَّذِيٓ أَرۡسَلَ ٱلرِّيَٰحَ بُشۡرَۢا بَيۡنَ يَدَيۡ رَحۡمَتِهِۦۚ وَأَنزَلۡنَا مِنَ ٱلسَّمَآءِ مَآءً طَهُورٗا ﴿٤٨﴾

၄၈။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် လေများကို မိမိကရုဏာတော် (ဝါ) မိုးမရွာမီ ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူခဲ့၏။ ထိုမှတပါး: ငါအရှင်မြတ်သည် မိုးကောင်းကင်မှ စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်သော (မိုး)ရေကို ချပေးသနားတော်မူခဲ့၏။

لِّنُحۡيِيَ بِهِۦ بَلۡدَةٗ مَّيۡتٗا وَنُسۡقِيَهُۥ مِمَّا خَلَقۡنَآ أَنۡعَٰمٗا وَأَنَاسِيَّ كَثِيرٗا ﴿٤٩﴾

၄၉။ (ယင်းကဲ့သို့ ချပေးသနားတော်မူခြင်းမှာ) ငါအရှင်မြတ်သည် အသက်မရှိသော (ဝါ) သွေ့ခြောက်လျက်ရှိသော မြို့ရွာကို ထိုရေဖြင့် ရှင်စေတော်မူအံ့သောငှာ (ဝါ) စိုပြည်စိမ်းလန်းစေတော်မူအံ့သောငှာလည်းကောင်း၊ ငါအရှင် ဖန်ဆင်းတော်မူခဲ့သော မြောက်မြားစွာသော ကုလားအုတ်၊ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် လူတို့အား ထိုရေကို တိုက်ကျွေးတော်မူအံ့သောငှာလည်းကောင်း၊ ဖြစ်ပေ၏။

وَلَقَدۡ صَرَّفۡنَٰهُ بَيۡنَهُمۡ لِيَذَّكَّرُواْ فَأَبَىٰٓ أَكۡثَرُ ٱلنَّاسِ إِلَّا كُفُورٗا ﴿٥٠﴾

၅၀။ ထိုမှတပါး: ဧကန်မလွဲ ငါအရှင်မြတ်သည် ထိုရေကို ၎င်းတို့အကြား၀ယ် ဝေ၍ ပေးကမ်းတော်မူခဲ့၏။ သို့မှသာလျှင် ၎င်းတို့သည် တရားရရှိကြပေမည်။ သို့ပါလျက်၎င်းတို့အနက် အများဆုံးသော သူတို့မှာမူကားကျေးဇူးကန်းခဲ့ကြသည်သာတည်း။[3]

➤➤ အပန်းဖြေကြပေသည်။ နောက်တစ်နေ့ နေ၏အလင်းရောင်ပေါ်ထွက်လာသောအခါ အားလုံးတို့သည် အိပ်ရာမှ နိုးထပြီးလျှင် မိမိတို့၏ လုပ်ငန်းဆောင်တာများအတွက် ဟိုဟိုသည်သည် ပျံ့နှံ့လှုပ်ရှား သွားလာကြပေသည်။ ထို့အတူ သေခြင်းတည်းဟူသော အိပ်စက်ခြင်း၏နောက်တွင် ကိယာမတ်၏ နံနက်ချိန်သည် ထွက်ပေါ်လာပေမည်။ ထိုအခါ တစ်ကမ္ဘာလုံး နိုးထကြပေမည်။

③ **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (၈)**

အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော် မိုးကိုမရွာသွန်းစေမီ အလျင် မိုးသတင်းဆောင်လာသည့် လေပြည်လေညင်းများကို ရှေ့ပြေးအဖြစ် သာယာစွာ တိုက်ခတ်စေတော်မူသည်။ ထို့နောက် မိုးကောင်းကင်မှ မိုးရွာသွန်းစေတော်မူသည်။

မိုးရေသည် မိမိကိုယ်တိုင်လည်း သန့်ရှင်းစင်ကြယ်သည်။ အခြားအရာများကိုလည်း သန့်ရှင်း➤➤

وَلَوْ شِئْنَا لَبَعَثْنَا فِي كُلِّ قَرْيَةٍ نَّذِيرًا ﴿٥١﴾
فَلَا تُطِعِ الْكَافِرِينَ وَجَاهِدْهُم بِهِ جِهَادًا كَبِيرًا ﴿٥٢﴾

၅၁။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ရွာတိုင်းရွာတိုင်းတွင် သတိပေးနှိုးဆော်သူတစ်ပါးစီကိုလွှတ်တော်မူခဲ့မည်သာ။

၅၂။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏စကားကို လိုက်နာခြင်းမပြုဘဲ၊ ဤကုရ်အာန်ကျမ်းတော်မြတ်ဖြင့် ၎င်းတို့အားကြီးကျယ်ပြင်းထန်စွာယှဉ်ပြိုင်ပါလေ။ [၁]

➤➤ စင်ကြယ်စေသည်။ မိုးရေနှင့်ထိတွေ့ လိုက်သည့်အခါ ခြောက်သွေ့နေသော မြေများသည် ရှင်လာပေသည်။ လယ်ယာများသည် စိမ်းစိုလာပေသည်။ များစွာသော တိရစ္ဆာန်များနှင့် လူသားတို့ သည်လည်း မိုးရေကိုပင် မှီဝဲသောက်သုံးကြရပေသည်။ထို့အတူ အမိုက်မှောင်များတွင် နစ်မွန်း၍သေနေသော စိတ်နလုံးများသည်လည်း၊ အလ္လာဟ်အရှင်မြတ်၏ တရားရေအေး အမြိုက်ဆေးကို သောက်သုံးကြရသည့်အခါ၊ ရှင်လာကြပေသည်။ ဒုစရိုက်မှုများတွင် ညစ်ပေနေသော စိတ်နလုံးများသည်လည်း ဓမ္မရေကြည်ဖြင့် ဖွပ်လျှော်လိုက်သည့်အခါ ဖြူစင်သွားကြပေသည်။ ထို့အတူ ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် မိုးတစ်မျိုး ရွာသွန်းပေမည်။ ထိုအခါ သေနေသော ကိုယ်ခန္ဓာများသည် အသက်ရှင်လာကြပေမည်။

အလ္လာဟ်အရှင်မြတ်သည် ထိုမျှ အကျိုးကျေးဇူး များပြားလှသော မိုးရေကိုလူသားတို့အား လိုအပ်သည်နှင့်အမျှ လိုလေသေးသည်မရှိ၊ ဥတုရာသီအလိုက်၊ ဒေသအလိုက်၊ မိုးပြင်း၊ မိုးညင်း၊ မိုးဖွဲ၊ မိုးသီး၊ မိုးဇွေများကို စနစ်တကျအံ့ဖွယ်သရဲ ရွာသွန်းဝေငှပေးထားတော်မူသည်။ လူသားတို့သည် ဤသည့် ကျေးဇူးတော်များကို စဉ်းစားဆင်ခြင်၍ တရားမြင်ကြရာသည်။ ကျေးဇူးသိတတ်ကြရာသည်။ သို့တစေလည်း များစွာသော လူသားတို့သည် ကျေးဇူးမသိတတ် ကြသည်သာမက၊ ကျေးဇူးကန်းလျက်ပင် ရှိကြပေသည်။

① <u>ကုရ်အာန်ဖြင့် ဂျိဟာဒ်ပြုနေရမည်သာ။</u>

အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက တမန်တော်အမြောက်အမြား ပွင့်စေတော်မူနိုင်သည်။ မြို့ရွာတိုင်းတွင် သီးခြားတမန်တော်များ စေလွှတ်တော်မူနိုင်သည်။ သို့ရာတွင် ယခုနောက်ဆုံးတွင် အလ္လာဟ် အရှင်မြတ်သည် ကမ္ဘာသက်တမ်း တစ်လျှောက်လုံးအတွက် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား နောက်ဆုံးတမန်တော်အဖြစ် တစ်ပါးတည်းကိုသာ စေလွှတ်တော်မူရန် လိုလားတော်မူသည်။

သို့ဖြစ်ရာ တမန်တော်မြတ်သည် ကာဖိရ်များ၏ ကျေးဇူးကန်းမှု၊ ကဲ့ရဲ့ပြစ်တင်ပြောဆိုမှု၊ သွေဖည်ဆန့်ကျင်မှု များကိုကြည့်ပြီး အားငယ်ရန်မလို။ ၎င်းတို့အား အနည်းငယ်စိုးစဉ်းမျှ လိုက်လျောရန်မလို။ မိမိ၏ ဘာဝနာကိုသာ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကျေပွန်အောင် ဆောင်ရွက်ရန်သာရှိသည်။

ကုရ်အာန်ကျမ်းမြတ်ကို လက်ကိုင်ထား၍ ယင်းကာဖိရ်များနှင့် ဂျိဟာဒ် ပြုလုပ်ရန်သာရှိသည်။ သက်စွန့်ကြိုးပမ်း ပြိုင်ဆိုင်တွန်းလှန်ရန်သာ ရှိသည်။ ဤသည် အကြီးဆုံး 'ဂျိဟာဒ်'ပင်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်သူများအား အောင်မြင်မှုကို ချီးမြှင့်တော်မူသည်သာတည်း။

وَهُوَ الَّذِي مَرَجَ الْبَحْرَيْنِ هَٰذَا عَذْبٌ فُرَاتٌ وَهَٰذَا مِلْحٌ أُجَاجٌ وَجَعَلَ بَيْنَهُمَا بَرْزَخًا وَحِجْرًا مَّحْجُورًا ﴿٥٣﴾

၅၃။ ထိုမှတပါး ထိုအရှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကိုပေါင်းစပ်ပေးတော်မူသောအရှင် ဖြစ်တော်မူပေရာ၊(ထိုပင်လယ်နှစ်ခုအနက်)ဤတစ်ခုသော ပင်လယ်(ရေ)မှာ ရသာရှိ၍ ချိုမြိန်သော၊ ရေငတ်ပြေစေသော(ရေ)ဖြစ်၏။ သို့ရာတွင် ဤတစ်ခုသော ပင်လယ်(ရေ)မှာကား ငန်၍ ခါး(သော ရေပင်) ဖြစ်ပေသည်။ တစ်ဖန်ထိုအရှင်မြတ်သည် ထိုပင်လယ်နှစ်ခု၏အကြားဝယ် သေးသွယ်သောအဆက်တစ်ခုကို ထားရှိတော်မူခဲ့သည့်ပြင် (တစ်ဘက်မှ ရေသည် နောက်တစ်ဘက်မှ ရေနှင့် ရောနှောခြင်းမရှိစေရန် ခိုင်လုံသော) *အတား အဆီးတစ်ခုဖြင့် ကာဆီး၍ ထားရှိတော်မူခဲ့၏*။ [၁]

وَهُوَ الَّذِي خَلَقَ مِنَ الْمَاءِ بَشَرًا فَجَعَلَهُ نَسَبًا وَصِهْرًا ۗ وَكَانَ رَبُّكَ قَدِيرًا ﴿٥٤﴾

၅၄။ တစ်ဖန် ထိုအရှင်မြတ်သည်ပင် (ကလလ)ရေ(ကြည်)ဖြင့် လူကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။[၂] ထို့နောက် ထိုအရှင်မြတ်သည် ထိုလူကို (သွေးရင်းသားရင်းဖြစ်သော) ဆွေမျိုးသားချင်း တော်စပ်သူများနှင့်လည်းကောင်း၊ ထိမ်းမြားမှုဖြင့် ဆွေမျိုးတော်စပ်သူများကိုလည်းကောင်း၊ ဖြစ်စေတော်မူခဲ့၏။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (ဃ)**

အလ္လာဟ်အရှင်မြတ်သည် အရောင်၊ အရသာ မတူသော ပင်လယ်များ၊ မြစ်များကို အံ့ဖွယ်သရဲ ပေါင်းစပ်ထားတော်မူသည်။ ထိုအရသာချင်း၊ အရောင်ချင်းမတူသော ရေပြင်၂-ခုကို ပေါင်းစပ်ထားရာတွင်၊ ရေပြင်၂-ခု ထိတွေ့ပေါင်းစပ်ဆုံမိရာ၌ သေးသွယ်သော ပရိဒါတစ်ခု၊ ခိုင်လုံသော အတားအဆီးတစ်ခုကို အံ့ဖွယ်သရဲ ပြုလုပ်ထားတော်မူသည်။ အမြင်အားဖြင့် ရေပြင်ချင်း ပေါင်းစပ်နေသော်လည်း၊ ရေချင်း ရောနှောသွားသည်မဟုတ်ပေ။ ရေပြင်ချင်း ပေါင်းစပ်ရာနေရာမှာပင် ဤတစ်ဘက်မှရေသည် ရသာရှိသည်၊ ချိုသည်။ ထိုတစ်ဘက်မှရေသည် ခါးသည်၊ ငန်သည်။ ရေကြည်သည် ကြည်လျက်ပင်၊ ရေနောက်သည် နောက်လျက်ပင်။ ဤသည်ကား အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော် တစ်ပါးပင်။

ကြည့်-ကုရ်အာန် (၂၇း၆၁။ ၅၅း၁၉-၂၁)။

وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُهُمْ وَلَا يَضُرُّهُمْ ۗ وَكَانَ الْكَافِرُ عَلَىٰ رَبِّهِ ظَهِيرًا ﴿٥٥﴾

၅၅။ သို့ရာတွင် ထို(မှုရှုရစ်က်)တို့မှာမူကား အကြင် အရာများကို အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ဆည်းကပ်ကိုးကွယ်ကြကုန်၏။ ထိုအရာများသည် ၎င်းတို့အား အကျိုးဖြစ်ထွန်းစေနိုင်ကြသည်လည်း မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းတို့အား အကျိုးယုတ်စေနိုင်ကြသည်လည်း မဟုတ်ပေ။ စင်စစ်သော်ကား 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်မှ ကျောခိုင်းသူပင် ဖြစ်ပေသည်။

وَمَا أَرْسَلْنَاكَ إِلَّا مُبَشِّرًا وَنَذِيرًا ﴿٥٦﴾

၅၆။ စင်စစ်သော်ကား (အို-နဗီတမန်တော်၊) ငါ အရှင်မြတ်သည် အသင့်အား သတင်းကောင်းပြောကြားသူနှင့် သတိပေးနှိုးဆော်သူ အဖြစ်သာ စေလွှတ်တော်မူခဲ့၏။

قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِلَّا مَن شَاءَ أَن يَتَّخِذَ إِلَىٰ رَبِّهِ سَبِيلًا ﴿٥٧﴾

၅၇။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလော။ (အချင်းတို့၊) မည်သူမဆို အလိုရှိခဲ့လျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ သွားရာလမ်းကို ရွေးချယ်ရန်မှတပါး ငါသည် ယင်း(အမိန့်တော်များကို ပို့ဆောင်ခြင်း)နှင့် စပ်လျဉ်း၍ အသင်တို့ထံ မည်သည့်အဖိုးအခကိုမျှ တောင်းဆိုသည် မဟုတ်ပေ။

ⓙ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (၄)

အလ္လာဟ်အရှင်မြတ်သည် ရေတစ်စက်ဖြင့် လူသားအား ဖန်ဆင်းတော်မူသည်။ လှပသောရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်ဝစုံလင်သော အသိဉာဏ်ကိုလည်း ချီးမြှင့်ထားတော်မူသည်။ ထို့ပြင်တစ်ဝ လူသားဌ်သားချင်းပေါက်ဖော်များ၊ (ဃရာဝါသ) အိမ်ထောင်ပြုခြင်းအားဖြင့် တော်စပ်သော ဆွေမျိုးများကိုလည်း တိုးပွားစေတော်မူသည်။ ဤသို့ဖြင့် လူသားသည် ကာယ၊ ဉာဏ၊ မိတ္တအားဖြင့် အဘက်ဘက်တွင်ပြည့်စုံကာ ကမ္ဘာအိမ်ထောင်စုတွင် အထွတ်အထိပ်သို့ ရောက်ရှိလျက်ရှိပေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ပင်။ ကျေးဇူးတော်ပင်။ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ကျေးဇူးတော်ကား အတိုင်းအဆမရှိပါဘိတကား။ ထိုသို့သော ကြီးမားသော ကျေးဇူးတော်ရှင်အား သာလျှင် ဆည်းကပ် ကိုးကွယ်ရာသတည်း။

وَتَوَكَّلْ عَلَى الْحَيِّ الَّذِي لَا يَمُوتُ وَسَبِّحْ بِحَمْدِهِ ۚ وَكَفَىٰ بِهِ بِذُنُوبِ عِبَادِهِ خَبِيرًا ﴿٥٨﴾

၅၈။ ၎င်းပြင် (အို-နဗီတမန်တော်၊) အသင်သည် မည်သည့်အခါ၌မျှ သေဆုံးတော်မူမည် မဟုတ်သော အမြဲထာဝရ ရှင်တော်မူသော အရှင်မြတ်အပေါ်၌ သာလျှင် ယုံပုံလွဲအပ်ပါလေ။ ထိုမှတပါး အသင်သည် ထိုအရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းကို မြွက်ဆိုပါလေ။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင် မိမိကျွန်များ၏ ပြစ်မှုတို့ကို သိတော်မူသောအရှင်အဖြစ်လုံလောက်၏။

الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَىٰ عَلَى الْعَرْشِ ۛ الرَّحْمَٰنُ فَاسْأَلْ بِهِ خَبِيرًا ﴿٥٩﴾

၅၉။ အကြင်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုလုံး၏ အကြားဌ၌ရှိသည်တို့ကိုလည်းကောင်း၊ ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့ပြီးနောက် 'အရ်ရှ်'ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။ ထို(အရှင်မြတ်သည်ပင်) 'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင် ဖြစ်တော်မူပေရာထို 'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင်နှင့် ပတ်သက်၍ သိရှိသူတစ်ဦးတစ်ယောက်အား မေးမြန်းရာ၏။

وَإِذَا قِيلَ لَهُمُ اسْجُدُوا لِلرَّحْمَٰنِ قَالُوا وَمَا الرَّحْمَٰنُ أَنَسْجُدُ لِمَا تَأْمُرُنَا وَزَادَهُمْ نُفُورًا ﴿٦٠﴾

၆၀။ စင်စစ်သော်ကား ၎င်းတို့အား အသင်တို့သည် 'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင်အား 'စဂျိဒဟ်' ပျပ်ဝပ် ဦးချကြလေကုန်ဟု ပြောကြားခဲ့ပါလျှင် ၎င်းတို့က 'ရဟ်မာန်' ဟူသည် အဘယ်နည်း၊ ကျွန်ုပ်တို့သည် အသင်အကျွန်ုပ်တို့အားအမိန့်ပေးသော အရာကို 'စဂျဒဟ်' ပျပ်ဝပ်ဦးချကြရပါမည်လောဟု ဆိုကြကုန်၏။ စင်စစ် (ဤပြောဆို ညွှန်ကြားမှုသည်) ၎င်းတို့၌ စက်ဆုပ်မှုကို ပိုမိုတိုးတက်စေခဲ့ပေသတည်း။

تَبٰرَكَ الَّذِىْ جَعَلَ فِى السَّمَآءِ بُرُوْجًا وَّجَعَلَ فِيْهَا سِرٰجًا وَّقَمَرًا مُّنِيْرًا ﴿٦١﴾

၆၁။ အကြင်အရှင်မြတ်သည် 'ဗရိကသ်' မင်္ဂလာနှင့် အလွန်ပြည့်စုံတော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်၌ ဆယ့်နှစ်ရာသီအင်သာစက်များကို [၁] ဂြိုဟ်နက္ခတ်များကို ပြုလုပ်တော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည် ယင်းမိုးကောင်းကင်၌ ဆီးမီးတစ်ခုကိုလည်းကောင်း၊ လင်းဝင်းတောက်ပသော လစန္ဒာကိုလည်းကောင်း၊ [၂] ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ [၃]

---

① **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (စ)**

'ဗုရူဂ်'သည် 'ဗုရ်ဂ်'၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ဤပုဒ်ကို ကုရ်အာန်တွင် (၄)နေရာ၌ တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၄:၇၈။ ၁၅:၁၆။ ၂၅:၆၁။ ၈၅:၁)။

'ဗုရူဂ်' ဟူသည် မိုးကောင်းကင်ရှိ ကြီးမားသော ဂြိုလ်နက္ခတ်များကိုလည်း ဆိုနိုင်၏။ ကောင်းကင်တမန်များ စောင့်ရောက်နေသော ကောင်းကင်ရှိရဲတိုက် ခံတပ်များကိုလည်း ဆိုနိုင်၏။ နေ သွားလာရာ ၁၂-ခုသော ရာသီအင်သာစက်စခန်း များကိုလည်းဆိုနိုင်၏။ ရာဟ်ဆွဟီဗ်၏ ယူဆချက်အရ မိုးကောင်းကင်၏ အပိုင်းအစု(၁၂) ကိုလည်းဆိုနိုင်၏။

မည်သည့်အနက်၌ပင် ရှိသည်ဖြစ်စေ၊ အဆိုပါ 'ဗုရူဂ်'များကို အလ္လာဟ်အရှင်မြတ်သည်ပင် အံ့ဖွယ်သရဲစီမံထားတော်မူသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်(၁၅:၁၆-၁၇။ ၈၅:၁)၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

② **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (ဆ)**

ဤကမ္ဘာတွင် အထင်ရှားဆုံးဖြစ်သော နေနှင့်လကိုလည်း အလ္လာဟ်အရှင်မြတ်ပင် အံ့ဖွယ်သရဲ ပြုလုပ်ထားတော်မူသည်။ အချိန်မှန် ဝင်ထွက်သွားလာကာ ကမ္ဘာ့အိမ်ထောင်စုကြီး တစ်ခုလုံးကို အကျိုးပြုလျက်ရှိသည်။

နေနှင့်လ၏ အကျိုးကားမရေတွက်နိုင်ပေ၊ နေနှင့်လသာမရှိပါက ဤကမ္ဘာသည် စက္ကန့်ပိုင်းအတွင်း ဆိတ်သုဉ်း ပျက်စီးသွားပေမည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိ ကြီးမားသော တန်ခိုးတော်နှင့် ကျေးဇူးတော်ပင်။ နေ၊လနှင့်တကွ ဂြိုဟ်အားလုံးတို့သည် အလ္လာဟ်အရှင်မြတ် အမိန့်တော်အရသာ စံနစ်တကျ သွားလာလှုပ်ရှားနေခြင်း ဖြစ်သည်။ ကြည့်-ကုရ်အာန် (၇:၅၄)။

နေနှင့်လသည် ကိုးကွယ်ရာမဟုတ်။ ထိုနေနှင့်လကို ဖန်ဆင်းတော်မူသော အရှင်သခင်သာလျှင် ကိုးကွယ်ရာ ဖြစ်တော်မူပေသည်။ ကြည့်-ကုရ်အာန်(၄၁:၃၇)။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၁၀:၅)တွင် အကျယ်ရေးသားခဲ့ပေပြီ။

وَهُوَ الَّذِي جَعَلَ اللَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ أَرَادَ أَن يَذَّكَّرَ أَوْ أَرَادَ شُكُورًا ﴿٦٢﴾

၆၂။ ထိုမှတပါး: ထိုအရှင်မြတ်သည်ပင်အကြင်သူ၏အဖို့ ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ တစ်ခုနှင့်တစ်ခု နောက်တစ်ခု အလှည့်ကျသွားလာသောအရာများပင် ပြုလုပ်တော်မူခဲ့၏။ [၁] ထိုသူသည် သိနားလည်ရန် အလိုရှိခဲ့၏။ သို့တည်းမဟုတ် ကျေးဇူးသိတတ်ရန် ရည်စူးခဲ့ပေသတည်း။

وَعِبَادُ الرَّحْمَٰنِ الَّذِينَ يَمْشُونَ عَلَى الْأَرْضِ هَوْنًا وَإِذَا خَاطَبَهُمُ الْجَاهِلُونَ قَالُوا سَلَامًا ﴿٦٣﴾

၆၃။ စင်စစ်သော်ကား 'ရဟ်မာန်' ကြီးမားလှသောကရုဏာတော်ရှင်၏ကျွန်များသည် အကြင်သူများပင်။ ထိုသူတို့သည်ပထဝီမြေပေါ်ဝယ် ကျိုးနွံစွာ၊ ဖြည်းညင်းစွာ၊ ကျွန်ုပ်သိက္ခာရှိစွာ၊လမ်းလျှောက်ကြကုန်၏။ [၂] ထိုမှတပါး: အသိအလိမ္မာ ကင်းမဲ့ကြသောသူများသည် ၎င်းတို့နှင့် စကားပြောဆိုကြသောအခါ ၎င်းတို့သည် ကောင်းမွန်စွာ ပဋိပက္ခ ကင်းငြိမ်းသော စကားကို *အပြစ်မဖြစ်စေသောစကားကို ပြောဆိုကြကုန်၏။* [၃]

---

① **အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များ (၈)**

အလ္လာဟ်အရှင်မြတ်သည် နေ့နှင့်ညဉ့်ကို စနစ်တကျ အလှည့်ကျ ရှေ့နောက် ဖြစ်ပေါ်စေထားတော်မူသည်။ လူသားတို့၏ လုပ်ငန်းဆောင်တာများသည် နေ့တွင် ပြုလုပ်ရာသည်များလည်း ရှိသည်။ ညဉ့်တွင် ပြုလုပ်ရာများလည်း ရှိသည်။ လူသားတို့သည် နေ့တွင်သွားလာလှုပ်ရှား၍ ညဉ့်တွင်အိပ်စက်ကြပေသည်။

အကယ်တန္တ နေ့မရှိ ညဉ့်ချည်းဖြစ်ရှိနေပါကလည်း ဒုက္ခဖြစ်မည်သာ၊ ညဉ့်မရှိ နေ့ချည်းဖြစ်ရှိနေပါကလည်း ဒုက္ခဖြစ်မည်သာ။

ယခုမူ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် နေ့လည်းရှိသည်။ ညဉ့်လည်းရှိသည်။ စနစ်တကျ အလှည့်ကျ ဖြစ်ပေါ်လျက်ရှိပေသည်။ ဤသည်တို့ကား သိနားလည်လိုသူများအဖို့ အလွန်ထင်ရှားသော သက်သေလက္ခဏာတော်များပင်။ ကျေးဇူးသိတတ်သူများအဖို့ ကြီးမားလှသော ကျေးဇူးတော်များပင်။

② **'အိဗာဒုရ် ရဟ်မာန်' ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များ**

(၁) **သွားလာရာတွင် မမောက်**

ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် အပြောအဆို၊အပြုအမူ၊ အနေအထိုင်၊အသွားအလာတွင် ကျိုးနွံကြသည်၊ သိမ်မွေ့ကြသည်၊ ကျွန်ုပ်သိက္ခာ ရှိကြသည်၊ ရိုးသားကြသည်၊ မမောက်ကြပေ။ မပလွားကြပေ။ ဟန်ဆောင်၍ လူမမာများကဲ့သို့ သွားလာခြင်းသည် ပြစားမှုသာဖြစ်သည်။ တမန်တော်မြတ်၏ သွားလာပုံနှင့်လည်း လုံးဝဆန့်ကျင်သည်။

وَالَّذِينَ يَبِيتُونَ لِرَبِّهِمْ سُجَّدًا وَقِيَامًا ﴿٦٤﴾

၆၄။ ၎င်းပြင် အကြင်သူများပင် ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျဒဟ်' ပျပ်ဝပ် ဦးချကြလျက် လည်းကောင်း၊ မတ်တတ်ရပ်ကြလျက်လည်းကောင်း၊ *ညဉ့်ကို ကုန်လွန်စေကြကုန်၏။* [၁]

وَالَّذِينَ يَقُولُونَ رَبَّنَا اصْرِفْ عَنَّا عَذَابَ جَهَنَّمَ إِنَّ عَذَابَهَا كَانَ غَرَامًا ﴿٦٥﴾

၆၅။ ထို့ပြင် အကြင်သူများပင်။ ထိုသူတို့သည် (ဤသို့)လျှောက်ထားကြကုန်၏။ အို-ကျွန်တော်မျိုး တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ဂျဟန္နမ်ငရဲ၏ပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့မှ ဖယ်ရှားပေးတော်မူပါ။ ဧကန်မလွဲ ယင်း ဂျဟန္နမ်ငရဲ၏ ပြစ်ဒဏ်သည်ကား ပျက်စီးမှုပင်၊ ပြင်းထန်လှသောဒုက္ခပင်၊ *အဆက်မပြတ်သက်ရောက်အံ့သော ပြစ်ဒဏ်ပင် ဖြစ်ပါသည်။* [၂]

إِنَّهَا سَاءَتْ مُسْتَقَرًّا وَمُقَامًا ﴿٦٦﴾

၆၆။ ဧကန်စင်စစ် ယင်း ဂျဟန္နမ် ငရဲသည် စခန်းချရာ နေရာအဖြစ်လည်းကောင်း၊ နေထိုင်ရာ နေရာအဖြစ်လည်းကောင်း၊အလွန်ညံ့ဖျင်းလှပါသည်။

---

① (၂) **လူမိုက်ကို ဝေးစွာရှောင်**

ကြီးမားလှသော ကရဏာရှင်၏ ကျွန်များသည် အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့သော လူမိုက်များနှင့် အကြောင်းအားလျော်စွာ ဆုံစည်းမိကြလျှင်၊ စကားနည်း ရန်စဲ စကားဖြတ်ကြပေသည်။ လျစ်လျူပြုကြပေသည်။ မဖက်ပြိုင်ကြပေ။ 'စလာမ်'ပေး၍ ဝေးစွာရှောင်ကြပေသည်။

② (၃) **ညဉ့်တွင်လည်း ဝတ်ပြု**

ညဉ့်သန်းခေါင်အခါ လူသားတို့ အိပ်မောကျနေကြသည့် အချိန်တွင်လည်း ကြီးမားလှသော ကရဏာရှင်၏ကျွန်များသည် လုံလီဝိရိယကြီးစွာဖြင့် အိပ်ရာမှ နိုးထကာ အလွှာဟ်အရှင်မြတ်အား ဝတ်ပြုလျက်ရှိပေသည်။ 'အိဗာဒုရ် ရဟ်မာန်'ပီပီ အလွှာဟ်အရှင်မြတ်၏ 'အိဗာဒတ်'ကို နေ့ညဉ့်မပြတ် အခါမလပ် ပြုကြပေသည်။

③ (၄) **ငရဲဒဏ် ကင်းဝေးရန် ဆုပန်**

ကြီးမားလှသာ ကရဏာရှင်၏ ကျွန်များသည် နေ့ညဉ့်မပြတ် အခါမလပ် အလွှာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်၍ နေကြသော်လည်း၊ မိမိတို့၏ အကျင့်သီလများကို အထင်မကြီးကြပေ။ ငရဲမီးဘေးအတွက် စိတ်မအေးနိုင်ကြရာပေ။ ထိုအတွက် အလွှာဟ်အရှင်မြတ် ထံတော်၌ 'အို-ကျွန်တော်မျိုးတို့၏ အရှင်၊ အရှင်သည် ကျွန်တော်မျိုးတို့အား ဂျဟန္နမ်၏ပြစ်ဒဏ်မှ ဖယ်ရှားတော်မူပါ'ဟု ဆုပန်ကြလေသည်။

وَالَّذِينَ إِذَا أَنفَقُوا لَمْ يُسْرِفُوا وَلَمْ يَقْتُرُوا وَكَانَ بَيْنَ ذَٰلِكَ قَوَامًا ﴿٦٧﴾

၆၇။ ထိုမှတပါး အကြင်သူများပင်။ ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းနှီး၊ ဖြုန်းတီးကြသည်လည်း မဟုတ်ပေ။ စစ်စီစေးနဲကြသည်လည်း မဟုတ်ပေ။ စင်စစ်(၎င်းတို့၏သုံးစွဲမှုကား) ယင်း (အချည်းနှီးဖြုန်းတီးမှုနှင့် စစ်စီစေးနဲမှု)၏ အကြားတွင် မလွန်မယုတ် *အလယ်(အလတ် သုံးစွဲမှု)သာလျှင် ဖြစ်ပေသတည်း။* [၁]

وَالَّذِينَ لَا يَدْعُونَ مَعَ اللَّهِ إِلَٰهًا آخَرَ وَلَا يَقْتُلُونَ النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا بِالْحَقِّ وَلَا يَزْنُونَ ۚ وَمَن يَفْعَلْ ذَٰلِكَ يَلْقَ أَثَامًا ﴿٦٨﴾

၆၈။ ၎င်းပြင် အကြင်သူများပင်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်(တွဲဖက်၍) *အခြားကိုးကွယ်ရာတစ်စုံတစ်ရာကိုမျှဟစ်ခေါ်တသ (ကိုးကွယ်ဆည်းကပ်)* ကြသည် *မဟုတ်ပေ။* [၂] ၎င်းပြင် ထိုသူများသည် အလ္လာဟ်အရှင်မြတ်က 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသော အသက်ဇီဝိန်ကိုလည်း *တရားသဖြင့်မှတပါး သတ်ဖြတ်ခြင်း မပြုကြပေ။* [၃] ထိုမှတပါး ၎င်းတို့သည် ကာမဂုဏ်မိစ္ဆာစာရကိုလည်း ကျူးလွန်ကြသည်မဟုတ်ပေ။ စင်စစ်သော်ကား မည်သူမဆို ထိုသည့်ပြစ်မှုများကိုကျူးလွန်ပါမူ ထိုသူသည် (အလွန်ကြီးလေးသော) ပြစ်ဒဏ်နှင့်တွေ့ကြုံရမည်သာ။

---

① **(၅) မတွန့်တို မဖြုန်းတီး**

ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် သုံးစွဲရာတွင်၊ စည်းမဲ့ကမ်းမဲ့ ဖြုန်းတီးကြသည်လည်းမရှိ၊ မစားရက်မသောက်ရက် စေးနဲတွန့်တိုကြသည်လည်း မရှိ၊ သုံးစွဲရာတွင် တဖက်စွန်းသို့ ရောက်ရှိမသွားကြပေ။ မျှတစွာ အလယ်အလတ်သာ သုံးစွဲကြပေသည်။ ကြည့်-ကုရ်အာန် (၁၇:၂၉)။

② **(၆) ရှရစ်က် အမှု အလျင်းမပြု**

ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းအားသာလျှင် ဆည်းကပ်ကိုးကွယ်ကြပေသည်။ ထိုအရှင်မြတ်နှင့်တွဲဖက်၍ မည်သည့်ပတ်ဝန်းကျင်၊ မည်သည့်အခြေအနေတွင်၊ မည်သည့်အဆင့်အတန်းဌာန၌မျှ ယှဉ်တွဲကိုးကွယ်ခြင်း အလျင်းမပြုကြပေ။ ရှရစ်က်အမှုကို မဆိုထားလင့်၊ ရှရစ်က်၏အသွင်အပြင်၊ ရှရစ်က်နှင့် ဆင်တူယိုးမှားဖြစ်သော အပြုအမူများကိုပင် ကိုယ်၊နှုတ်၊နလုံး သုံးပါးလုံးဖြင့် ဝေးစွာ ရှောင်ကြဉ်ကြပေသည်။ ကြည့်-ကုရ်အာန် (၄:၄၈။ ၄:၁၁၆)။

يُضٰعَفْ لَهُ الْعَذَابُ يَوْمَ الْقِيٰمَةِ وَيَخْلُدْ فِيهِ مُهَانًا ﴿٦٩﴾

၆၉။ 'ကိယာမတ်' ရှင်ပြန်ထရမည့်နေ့တွင် ထိုသူ၌ ပြစ်ဒဏ်သည် တိုးတက်(သက်ရောက်)စေခြင်းကို ခံရမည့်ပြင် ထိုသူသည် အမြဲထာဝရ ယင်းပြစ်ဒဏ်၌ပင် ဂုဏ်သရေယုတ်ညံ့စွာ ခံစားနေရမည်သာ။

إِلَّا مَنْ تَابَ وَآمَنَ وَعَمِلَ عَمَلًا صَالِحًا فَأُولٰئِكَ يُبَدِّلُ اللَّهُ سَيِّئَاتِهِمْ حَسَنَاتٍ ۗ وَكَانَ اللَّهُ غَفُورًا رَحِيمًا ﴿٧٠﴾

၇၀။ သို့ရာတွင်အကြင်သူသည် (ကာဖိရ်ရှရစ်က်မှ) ဝန်ချတောင်းပန်ပြီးသက်ဝင်ယုံကြည်ခဲ့၍ကောင်းမြတ်သော အကျင့်သီလကို ကျင့်ဖူဆောက်တည်ခဲ့လျှင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ထိုသို့သော သူတို့အား ၎င်းတို့၏ မကောင်းမှုများကို ကောင်းမှုများနှင့်လဲလှယ်၍ပေးသနားတော်မူပေမည်။ [၁] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင်ဖြစ်တော်မူ၏။

---

① (၇) **မတရားအသက် မသက်**

ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် အလ္လာဟ်အရှင်မြတ်က ဟရာမ်ဟူ၍ ပိတ်ပင်တားမြစ်ထားတော်မူသော မည်သည့် အသက်ကိုမျှ မသတ်ဖြတ်ကြပေ။ ဝေးစွာ ရှောင်ကြဉ်ကြပေသည်။ သို့ရာတွင် အချို့ အလွန်ကြီးလေးသော ပြစ်မှု ကျူးလွန်သောသူများကိုမူ အစ္စလာမ်၏ ရှုရိုအတ်တရားဥပဒေအရ အလွဲမရှောင်သာသည့် အဆုံးတွင် ကွပ်မျက်ပိုင်ခွင့်ရှိသည်။ ဥပမာ-သူတစ်ပါးအား အပြစ်မဲ့၊ အကြောင်းမဲ့သတ်ဖြတ်လိုသည့်စိတ်ဖြင့် သေစေနိုင်သည့် လက်နက်ဖြင့် သတ်ဖြတ်သူ၊ ကာမပိုင်မယား ရှိပါလျက် သူတစ်ပါးအိမ်ရာကိုပြစ်မှားသူအား ကွပ်မျက်ရမည့်အကြောင်း ဟဒါယတ်ကျမ်း အစောင်-၂၊ စာမျက်နှာ(၄၈၆-၄၉၃)တွင် ရှုပါကုန်။

② အဘယ်မျှကြီးလေးသော ပြစ်မှုကို ကျူးလွန်ခဲ့လင့်ကစား၊ အချိန်မီ ဝန်ချတောင်းပန်၍ 'အီမာန်' ယုံကြည်ကာ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ပါက၊ အလ္လာဟ်အရှင်မြတ်သည် ထိုသို့သောသူများအား ပြစ်မှုများအစား ကောင်းမှုများကို ပြုလုပ်နိုင်စွမ်း ပေးသနားတော်မူမည်။ ကာဖိရ်အဖြစ်၌ ပြစ်မှားခဲ့သော အပြစ်များကိုလည်း ချမ်းသာခွင့်ပေးတော်မူမည်။ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုများကို ပလပ်တော်မူ၍ ဝန်ချတောင်းပန်မှုနှင့် ကောင်းမြတ်သော အကျင့်သီလများ၏ ကျေးဇူးတော်အဟုန်ကြောင့်၊ ယခင်ကျူးလွန်မိခဲ့သော အပြစ်များ၏ အရေအတွက်နှင့်အမျှ ကုသိုလ်အကျိုးများကို ရေးမှတ်တော်မူမည်တည်း။

وَمَنْ تَابَ وَعَمِلَ صَالِحًا فَإِنَّهُ يَتُوبُ إِلَى اللَّهِ مَتَابًا ﴿٧١﴾

၇၁။ အမှန်သော်ကား မည်သူမဆို (အပြစ်မှ)ဝန်ချတောင်းပန်၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် အလ္လာဟ်အရှင်မြတ်ဘက်သို့ အထူးပြန်လှည့်သူပင် ဖြစ်ပေသတည်း။

وَالَّذِينَ لَا يَشْهَدُونَ الزُّورَ وَإِذَا مَرُّوا بِاللَّغْوِ مَرُّوا كِرَامًا ﴿٧٢﴾

၇၂။ ထို့ပြင် အကြင်သူများပင်။ ထိုသူတို့သည် မလျော်ကန်သောနေရာသို့လည်း သွားရောက်ပါဝင်ကြသည်မဟုတ်ပေ။ [၁] (တနည်း) မုသားသက်သေခံကြသည်လည်း မဟုတ်ပေ။ ထိုမှတပါး၊ ၎င်းတို့သည် အချည်းနှီးသော အမှုကိစ္စ၏အပါးမှ ဖြတ်သန်း၍ သွားကြလေသောအခါ၊ (မျက်နှာအောက်စိုက်၍) ကျန်ခဲ့ရှိသူများပီပီ ဖြတ်သန်း၍သွားကြကုန်၏။ [၂]

وَالَّذِينَ إِذَا ذُكِّرُوا بِآيَاتِ رَبِّهِمْ لَمْ يَخِرُّوا عَلَيْهَا صُمًّا وَعُمْيَانًا ﴿٧٣﴾

၇၃။ ၎င်းပြင် အကြင်သူများပင်၊ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အာယတ်တော်များဖြင့် ဆုံးမသြဝါဒပေးခြင်းကို ခံကြရသောအခါ ထိုသူတို့သည် ယင်းအာယတ်တော်များအပေါ်၌ နားပင်းသူများအဖြစ် လည်းကောင်း၊ မျက်စိကန်းသူများအဖြစ်လည်းကောင်း၊ ကျလာကြသည်မဟုတ်ပေ။ [၃]

---

① **(၈) မုသားမပြော မုသားသက်သေမထွက်**

ကြီးမားလှသော ကရဏာရှင်၏ ကျွန်များသည် မုသားမပြောကြ၊ မုသားသက်သေ မထွက်ကြ။ အချည်းနှီးသော၊ အဓိပ္ပာယ်ကင်းမဲ့သော၊ ကုဗ်ရ်၊ ရှရစ်ကိုအားပေးသော အခမ်းအနားများ၊ သေရည်သေရက်သောက်စားသောနေရာများ၊ တရားတော်နှင့် ဆန့်ကျင်သည့် နေရာများတွင် မပါဝင်ကြပေ။

② **(၉) အချည်းနှီးသော ကိစ္စများအနီးမှ ဖြတ်သွားရပါကလည်း ကျန်ခဲ့ရှိစွာဖြင့် ရှောင်ကွင်းသွားကြပေသည်**

ကြီးမားလှသော ကရဏာရှင်၏ ကျွန်များသည် အချည်းနှီးသော ကိစ္စများတွင် မပါဝင်ကြပေ။ ဝေးစွာ ရှောင်ကြဉ်ကြပေသည်။ အကြောင်းအားလျော်စွာ မလွဲမရှောင်သာ အချည်းနှီးသောကိစ္စအနီးမှ ဖြတ်သွားကြရပါကလည်း ကျန်ခဲ့ရှိစွာဖြင့် ရှောင်ကွင်းသွားကြပေသည်။ မော်ဖ်မျှ မကြည့်ကြပေ။ ➤➤

وَالَّذِينَ يَقُولُونَ رَبَّنَا هَبْ لَنَا مِنْ أَزْوَاجِنَا وَذُرِّيَّاتِنَا قُرَّةَ أَعْيُنٍ وَاجْعَلْنَا لِلْمُتَّقِينَ إِمَامًا ﴿٧٤﴾

၇၄။ ထိုမှတပါး အကြင်သူများပင်။ ထိုသူတို့သည် အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ ဇနီးကြင်ရာများထဲမှလည်းကောင်း၊ ကျွန်တော်မျိုးတို့၏ သားမြေးတို့ထဲမှလည်းကောင်း၊ မျက်စိအေးမြကြည်လင်မှုကိုပေးသနားတော်မူပါ။ [၁] ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'မွတ္တကီ' သူတော်စင်များ၏ ရှေ့ဆောင်ရှေ့ရပ် ပြုလုပ်တော်မူပါဟု [၂] လျှောက်ထား အသနားခံကြကုန်သတည်း။

➤➤ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၂၃း၃)၏ အဖွင့်တွင် အကျယ်ဖွင့်ဆို ရေးသားခဲ့ပေပြီ။

(၃) (၁၀) တရားတော်များကို အာရုံစူးစိုက်ကာ နားသောတဆင်ကြသည်။

ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် အလွှာဟ်အရှင်မြတ်၏ တရားတော်များကို အာရုံစူးစိုက်ကာ ရိုသေလေးမြတ်စွာ နားသောတ ဆင်ကြပေသည်။ ဦးထိပ်ရွက် ပန်ဆင်ကြပေသည်။ ကာဖိရ်၊ မုရှ်ရစ်ကဲ့သို့ နားပင်းများ၊ မျက်စိကန်းများ ပြုလုပ်မနေကြပေ။

ဤအာယတ်တော်တွင် ပါရှိသည့် 'အာယာတ်'ဟူသောပုဒ်သည် 'တရားတော်များ'၏ အနက်၌လည်း ဖြစ်နိုင်ပေသည်။ 'သက်သေလက္ခဏာတော်များ'၏ အနက်၌လည်း ဖြစ်နိုင်ပေသည်။ ကြည့်-မာဂျီဒီ။

(၄) (၁၁) ဇနီးသားသမီးများအတွက် ဆုပန်ကြသည်။

ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် အလွှာဟ်အရှင်မြတ်ထံတော်၌ 'အို-ကျွန်တော်မျိုးတို့၏ အရှင်သခင်၊ ကျွန်တော်မျိုးတို့အား မျက်စိအေးမြစေမည့် ဟာဒယနလုံးရွှင်ပြုံးစေမည့် ဇနီးကောင်း၊ သားကောင်း၊ သမီးကောင်းများကို ပေးသနားတော်မူပါ'ဟူ၍ ဆုပန်ကြကုန်သည်။

ဇနီး သားသမီးများသည် အလွှာဟ်အရှင်မြတ်၏ တရားတော်များကို ဆည်းပူး၍ ယင်းတရားတော်များနှင့်အညီ သာသနာ့ကျင့်စဉ် ကျင့်ရပ်များကို လက်တွေ့လိုက်နာ ကျင့်မူနေကြသည့်အဖြစ်ကို တွေ့မြင်ရမှသာလျှင်၊ မုအ်မင်နှတစ်ဦး၏ စိတ်နလုံးသည် ရွှင်ပြုံးနိုင်ပေမည်။ ဤသည့်အဖြစ်သည် အလွန်ကြီးမားသော ဆုလာဘ်ကြီးရှေ့မှောက်တွင် အခြားသော လောကီစည်းစိမ်များသည် အချည်းနီးပင်၊ ဖွဲနှင့်သလပင်။

(၅) (၁၂) မိမိတို့ကိုယ်တိုင် တရားရလိုကြသည်သာမက သူတပါးတို့အားလည်း တရားပြလိုကြသည်

ထိုမျှမက ကြီးမားလှသော ကရုဏာရှင်၏ ကျွန်များသည် အလွှာဟ်အရှင်မြတ်ထံတော်၌၊ 'အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သူတော်စင်များ၏ ရှေ့ဆောင်အဖြစ် ပြုလုပ်ပေးတော်မူပါ' ဟူ၍လည်း ဆုပန်ကြကုန်သည်။ ဆိုလိုသည်ကား- မိမိတို့ကိုယ်တိုင် တရားရကြသည်သာမက၊ သူတစ်ပါးတို့အားလည်း တရားပြနိုင်သူများ ဖြစ်ကြရပါစေသတည်းဟူလို။ ဤသည်တို့ကား ကြီးမားလှသောကရုဏာရှင်၏ မွန်မြတ်လှသော ကျွန်များ၏ ဂုဏ်ရည်များတည်း။ ရှေ့တွင် ၎င်းတို့စံစားကြရမည့် အကျိုးဆုလာဘ်များကို မိန့်ဆိုထားတော်မူသည်။

أُولَٰئِكَ يُجْزَوْنَ الْغُرْفَةَ بِمَا صَبَرُوا وَيُلَقَّوْنَ فِيهَا تَحِيَّةً وَسَلَامًا ﴿٧٥﴾

၇၅။ ထို(ဝိသေသဂုဏ်ထူးနှင့် ပြည့်စုံကြကုန်သော 'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင်၏ ကျွန်)တို့မှာကား မိမိတို့ တည်တံ့ကြံ့ခိုင်စွာ ရှိခဲ့ကြသည့်အတွက်ကြောင့် (ဂျန္နတ်သုခဘုံ၏) မြင့်မြတ်သော အဆောင်များကိုပင် အစားပေး ချီးမြှင့်ခြင်း ခံကြရပေမည်။ ထိုမှတပါး: ထိုသူတို့သည် ယင်း အဆောင်များ၌ ('မလာအိကဟ်' ကောင်းကင်တမန်များ၏) နှစ်ထောင်းအား ရကြောင်း: ထုတ်ဖော်ပြောဆိုခြင်းကိုလည်းကောင်း၊ 'စလာမ်' မေတ္တာပို့နှုတ်ခွန်းဆက်သခြင်းကိုလည်းကောင်း၊ (တွေ့ကြုံစေခြင်း)ခံကြရပေမည်။

خَٰلِدِينَ فِيهَا ۚ حَسُنَتْ مُسْتَقَرًّا وَمُقَامًا ﴿٧٦﴾

၇၆။ (၎င်းတို့သည်) ယင်း('ဂျန္နတ်'သုခဘုံ၏) မြင့်မြတ်သောအဆောင်များ၌ပင် အမြဲထာဝစဉ်နေထိုင်ကြပေမည်။ ထို('ဂျန္နတ်' သုခဘုံ၏) မြင့်မြတ်သော အဆောင်များသည် အလွန်မွန်မြတ်လှစွာသော စခန်းချရာ နေရာသည် လည်းကောင်း၊ နေထိုင်ရာ နေရာသည် လည်းကောင်း၊ ဖြစ်ပေသည်။ [၁]

---

① **ကြီးမားလှသော ကရုဏာရှင်၏ကျွန်များ စံစားရာ မြို့သော သုခဗိမာန်။**

ကြီးမားလှသော ကရုဏာရှင်၏ကျွန်များသည် အလွှာဟ်အရှင်မြတ်၏ တရားတော်များကို မဆုတ်မနစ်သော လုံ့လဥဿဟ ဇွဲသတ္တိဖြင့် မယိမ်းမယိုင် ကျောက်တိုင်ပမာ ကြံ့ခိုင်တည်ကြည်စွာ ဦးထိပ်ရွက်ပန်ဆင်နိုင်ခဲ့ကြသည့်အတွက် အလွှာဟ်အရှင်မြတ်၏ ဂျန္နတ်ဥယျာဉ်တော်တွင် မြင့်စွင့်သော ဗိမာန်များ၌ စံစားကြရပေမည်။

ကောင်းကင်တမန်များသည် ၎င်းတို့အား မေတ္တာပို့သကာ ခရီးဦးကြို ပြုကြပေမည်။ ဂုဏ်ပြုကြပေမည်။ ဤသို့သော ဗိမာန်များတွင် ခေတ္တခဏမျှ ဝင်ရောက်ခိုလှုံရခြင်း သည်ပင် အတိုင်းမသိ အကျိုးများလှဘိ၏။ ယခုမူ ယင်းဗိမာန်များသည် ၎င်းတို့ ထာဝရစံစားရာ ထာဝရဗိမာန်များ ဖြစ်လျက်ရှိချေပြီ။ ဤကား မြို့သော သုခတည်း၊ ဤကား ကြီးမားလှသော ကရုဏာရှင်၏ ကျွန်ပီသမှု၏ အကျိုးတည်း။

قُلْ مَا يَعْبَؤُا بِكُمْ رَبِّي لَوْلَا دُعَاؤُكُمْ ۖ فَقَدْ كَذَّبْتُمْ فَسَوْفَ يَكُونُ لِزَامًا ﴿٧٧﴾

၇၇။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အို-အချင်းတို့၊) အကယ်၍ အသင်တို့သည် ဆုတောင်းပတ္ထနာမပြုကြလျှင် ငါ့အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်သည် အသင်တို့အား လုံးဝ ဂရုစိုက်တော်မူမည် မဟုတ်ပေ။ ယခုသော်ကား ဧကန် မလွဲ အသင်တို့သည် (ရဿူလ်တမန်တော်မြတ်အား လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း ကောင်း၊) မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆိုခဲ့ကြပြီးဖြစ် ရာ မကြာမြင့်မီ ယင်းစွပ်စွဲပြောဆိုမှုသည် (အသင်တို့ အပေါ်၌) အန္တရာယ်ပင် ဖြစ်ချေအံ့သတည်း။ [၁]

---

① **ကာဖစ်ရိမ္မာားအား သတိပေးတော်မူခြင်း။**

ဆိုလိုသည်ကား - အလ္လာဟ်အရှင်မြတ်က၊ တမန်တော်မြတ်အား လူသားတို့ကို ပြောကြားစေတော် မူသည်မှာ- ကျိုးပြစ် ဖြစ်စေမည့် စကားများကို အကုန်အစင် ပြောကြားပြီးဖြစ်သည်။

လူသားတို့သည် မမောက်မာကြရာ၊ အထင်မကြီးကြရာ၊ အတင့်မရဲကြရာ။ အလ္လာဟ်အရှင်မြတ်သည် တောင့်တမှု၊ ကြောင့်ကြမှု ကင်းစင်တော်မူသောအရှင် ဖြစ်တော်မူသည်။

လူသားတို့သည် ထိုအရှင်မြတ်အား ဝတ်မပြုကြပါက ထိုအရှင်မြတ်ထံ ဆုပန်ကြားကြပါက ထိုအရှင်မြတ်သည် စိုးစဉ်မျှပင် ဂရုမစိုက်တော်မူမည် မဟုတ်ပေ။

သို့ ဝတ်မပြုကြသည့်အတွက်၊ ဆုမပန်ကြသည့်အတွက် ထိုအရှင်မြတ်၌ စိုးစဉ်မျှလည်း ဆုံးရှုံးနစ်နာမှု ရှိသည်မဟုတ်ပေ။ လူသားတို့၏ ဝတ်ပြုခြင်း၊ ဆုပန်ကြားခြင်းသည် ထိုအရှင်မြတ်၏ အကျိုးမဟုတ်၊ လူသားတို့၏အကျိုးသာ။ ဤသည်ကို လူသားတို့ ကောင်းစွာ သိထားကြရာသည်။

ယခုမူ ကာဖိရ်များသည် ထိုအရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်အား လည်းကောင်း မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲပြောဆိုကြပြီးဖြစ်ရာ၊ ယင်းသို့ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းသည် ပင်လျှင် မကြာမီအတွင်း ဤပစ္စက္ခတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင် လည်းကောင်း၊ ဓမ္မန္တရယ်ဖြစ်လျက် ရှိချေမည်။ မကြာမီ ရင်ဆိုင်ကြရတော့မည်သာတည်း။

လက််ာဆရာများကဏ္ဍ



ဤကဏ္ဍသည် 'ရှုအရာ'လက််ာဆရာများအကြောင်း ပါဝင်သော ကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် (အာယတ်)တော် (၂၂၇)ပါး၊ ရုကူအ်အပိုဒ် (၁၁)ပိုဒ် အသီးသီး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ သနားကြင်နာညှာတာတော်မူသော ကြီးမားလှသောကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

طٰسٓمّٓ ①

၁။ သွာ၊ စီမ်၊ မီမ်။

تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ②

၂။ ဤသည် ထင်ရှားလှစွာသော ကျမ်းဂန်၏ (အာယတ်)တော်များပင်။

لَعَلَّكَ بَاخِعٌ نَّفْسَكَ اَلَّا يَكُوْنُوْا مُؤْمِنِيْنَ ③

၃။ (အို-နဗီတမန်တော်၊) ၎င်း(မက္ကာမြို့သား)တို့သည် သက်ဝင်ယုံကြည်ခြင်းမရှိကြသောကြောင့် အသင်သည် မိမိကိုယ်ကို သတ်သေချင်လုမတတ် ဖြစ်နေဘိ၏။

اِنْ نَّشَاْ نُنَزِّلْ عَلَيْهِمْ مِّنَ السَّمَآءِ اٰيَةً فَظَلَّتْ اَعْنَاقُهُمْ لَهَا خٰضِعِيْنَ ④

၄။ အကယ်၍သာငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် မိုးကောင်းကင်မှ သက်သေလက္ခဏာတော်တစ်ပါးကို ၎င်းတို့အပေါ်၌ချပေးတော်မူမည်။ ထိုအခါ ၎င်းတို့၏လည်တိုင်များသည် ယင်းသက်သေလက္ခဏာ၏ရှေ့မှောက်ဝယ် ကိုင်းညွှတ်ရိုကျိုးလာကြပေမည်။

وَمَا يَاْتِيْهِمْ مِّنْ ذِكْرٍ مِّنَ الرَّحْمٰنِ مُحْدَثٍ اِلَّا كَانُوْا عَنْهُ مُعْرِضِيْنَ ⑤

၅။ စင်စစ်သော်ကား 'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင်၏အထံတော်မှ မည်သည့် သစ်လွင်သောဆုံးမဩဝါဒမဆို ၎င်းတို့ထံ ရောက်ရှိလာပါလျှင် ၎င်းတို့သည် ယင်းဆုံးမဩဝါဒဘက်မှ မျက်နှာလွှဲ၍ နေခဲ့ကြသည်သာ။

فَقَدْ كَذَّبُوا۟ فَسَيَأْتِيهِمْ أَنۢبَٰٓؤُا۟ مَا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ۝٦

၆။ ယခုသော်၎င်းတို့သည် (ယင်းဆုံးမသြဝါဒကို) မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲ ငြင်းပယ်ခဲ့ကြပေရာ ၎င်းတို့ ပြက်ရယ်သမ္မပြုလျက် ရှိခဲ့ကြသောအရာ၏ အဖြစ်မှန်သည် မကြာမြင့်မီပင်၎င်းတို့ထံရောက်ရှိလာပေမည်။[၁]

أَوَلَمْ يَرَوْا۟ إِلَى ٱلْأَرْضِ كَمْ أَنۢبَتْنَا فِيهَا مِن كُلِّ زَوْجٍ كَرِيمٍ ۝٧

၇။ ၎င်းတို့သည် ပထဝီမြေကို မမြင်ခဲ့ကြလေသလော။ ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ တင့်တယ် ကောင်းမြတ်လှစွာသော(သစ်၌၊ သစ်ပွင့်၊ သစ်သီးအစရှိသော) အမျိုးအစားတိုင်းမှ အဘယ်မျှ လောက် များပြားစွာ ပေါက်ရောက်စေတော်မူခဲ့ပါသနည်း။

---

① တမန်တော်မြတ်သည် ကာဖိရ်များ အစွလာမ်အတွင်းသို့ ရောက်ရှိလာရေးကို အလွန်တရာမျှ လိုလားတော်မူ၏။ ကာဖိရ်များ အစွလာမ်အတွင်းသို့ ရောက်ရှိမလာကြသည့်အတွက် တမန်တော်မြတ်သည် သေရမလောက်ပင် ပူပင်သောက ယူကျုံးမရ ဖြစ်တော်မူ၏။ ဤအာယတ်တော်တွင် တမန်တော်မြတ်အား သိကြားစေတော်မူသည်မှာ- တမန်တော်မြတ်၏ စေတနာ မေတ္တာကရုဏာမှန်၏။ ပူပန်သောက ယူကျုံးမရဖြစ်မှုကားမှန်၏ သို့ရာတွင် စေတနာမေတ္တာ ကရုဏာထားရာတွင်လည်း အကန့်အသတ်ကား ရှိပေသေးသည်။

အဘယ်ကြောင့်ဆိုသော် ဤပစ္စက္ခဘဝသည် စမ်းသပ်ရာဌာနဖြစ်သည်။ ဤတွင် လူသားတို့၏ နာခံမှု၊ မနာခံမှုကို စမ်းသပ်ရသည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား မိမိတို့၏စေတနာအလျောက် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ပြုထားတော်မူသည်။ လူသားတို့သည် မိမိတို့၏ အာသာဆန္ဒအလျောက် ကြိုက်နှစ်သက်ရာလမ်းစဉ်ကို ရွေးချယ်ကျင့်သုံး နိုင်ကြပေသည်။ မကြိုက်မနှစ်သက်သော လမ်းစဉ်ကို ငြင်းပယ်နိုင်ကြပေသည်။ ယင်းသည့် လွတ်လပ်ခွင့်ကို အလ္လာဟ်အရှင်မြတ်သည် ရပ်သိမ်းတော်မမူလိုပေ။

အလ္လာဟ်အရှင်မြတ်သည် အကယ်၍ လူသားအားလုံးတို့အား မွတ်စ်လင်မ်ဖြစ်စေရန် အလိုတော်ရှိတော်မူပါက၊ လူတိုင်းလူတိုင်းအား ကိုင်းညွှတ် ရိုကျိုးစေမည့် သက်သေလက္ခဏာတော်ကြီး တစ်ပါးပါးကို ချပေးတော်မူနိုင်ပေသည်။ ထိုအခါ အလွန်အလွန် မောက်မာပလွှားလျှံ သွေဖည်ငြင်းဆန် မနာခံသောသူများပင်လျှင် ဦးညွှတ်လာကြရပေမည်။ အသို့မျှ သွေဖည်ငြင်းဆန်နိုင်ကြမည် မဟုတ်ပေ။ သို့ပြုလုပ်တော်မူနိုင်သော်လည်း အလ္လာဟ်အရှင်မြတ်သည် ထိုသို့ ပြုတော်မမူချေ။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့ထံ အချို့သက်သေ လက္ခဏာတော်များကို ချပေးထားတော်မူသည်။ ထိုသည့် လက္ခဏာတော်များကို တွေးဆ ဆင်ခြင်မြော်မြင်ပါက လူသားတို့သည် အမှန်တရားကို ကောင်းစွာ ရရှိနိုင်ကြပေသည်။

တမန်တော်မြတ် ပူပန်သောက ဖြစ်နေတော်မူသော ကာဖိရ်များကား မဟာကရုဏာတော်ရှင်သည် မိမိ၏ကရုဏာတော်ဖြင့် ၎င်းတို့အကျိုးငှာ ၎င်းတို့ထံသို့ အဆုံးအမတစ်ပါးပါး ပို့ချပေးတော်မူသည့် အခါတိုင်း၌ ➤➤

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿٨﴾

၈။ ဧကန်စင်စစ် ဤသည်၌ ကြီးကျယ်လှစွာသော သက်သေ လက္ခဏာတစ်ရပ်ရှိပေသည်။ သို့ရာတွင် ၎င်းတို့အနက်အများဆုံးသောသူတို့မှာမူကား သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿٩﴾

၉။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဧကန်မလွဲ ထိုအရှင်မြတ်သည်ပင် အလွန်တရာ လွှမ်းမိုးတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَإِذْ نَادَىٰ رَبُّكَ مُوسَىٰ أَنِ ائْتِ الْقَوْمَ الظَّالِمِينَ ﴿١٠﴾

၁၀။ ထိုမှတပါး တစ်ရံရောအခါဝယ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မူစာအား အသင်သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ညှဉ်းပန်းသူတို့ထံ သွားပါလေဟု (မိန့်ကြား)တော်မူခဲ့၏။

➤➤ ၎င်းတို့သည် ဂရုမမူကြပေ။ ကျောခိုင်းကြသည်သာမက အဆိုပါအဆုံးအမများကို အမှားဟူ၍ပင် ဆိုကြသည်၊ ပြက်ရယ်သမူပင် ပြုကြပေသည်။

သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမီအတွင်း ဤပစ္စက္ခတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း၊ မိမိတို့ မိုက်မှားခဲ့ကြသည့် ပြစ်ဒဏ်ကို ခံကြရပေမည်။ ထိုအခါ၎င်းတို့သည် မိမိတို့ပြက်ရယ်သမူပြုခဲ့ကြသည့်အကျိုးကား အသို့ရှိသည်ကို ကောင်းစွာ သိရှိသွားကြပေမည်။

① ကာဖိရ်များသည် မိမိတို့ပတ်ဝန်းကျင်ရှိ လယ်ယာဥယျာဉ်များကို လေ့လာစဉ်းစား ဆင်ခြင်၍ကြည့်ကြပါက မူလအခြေအနေနှင့် တစ်ဖန်ဖြစ်ပေါ်လာသည့် အခြေအနေများကို နားလည်သဘောပေါက်နိုင်ကြပေသည်။

စဉ်းစားဆင်ခြင်အပ်သည်မှာ ဤသည့်သေနေသော သာမန်မြေတစ်ဆုပ်မှ လှပတင့်တယ် ရွှေချင်စဖွယ်ကောင်းသော ပန်းမန်အစုံစုံ၊ စားချင်စဖွယ်ကောင်းသော သစ်သီးဝလံ အမျိုးမျိုးတို့သည် စနစ်တကျ အံ့ဖွယ်သရဲ ပေါက်ရောက်လျက်ရှိသည်။

ဤသည်ကို စဉ်းစားဆင်ခြင်ပါက ကြီးမားလှသော တန်ခိုးတော်ရှင်၊ အတိုင်းအဆမရှိသော ဉာဏ်တော်ရှင်တစ်ပါးသည် ဤသည်တို့ကို နောက်ကွယ်ရာမှ ကြိုးကိုင်၍ စနစ်တကျ စီမံဖန်တီးတော်မူလျက် ရှိသည်ကို နားလည်သဘောပေါက် နိုင်ပေသည်။ ထိုအရှင်မြတ်သည် မြေသေမှ ကောက်ပဲသီးနှံများကို စတင်ပေါက်ပွားစေတော်မူနိုင်သကဲ့သို့ ပေါက်ပွားလျက်ရှိသော ကောက်ပဲသီးနှံများကိုလည်း ပြန်လည်ရုပ်သိမ်းတော် မူနိုင်သည်။ ရုပ်သိမ်းထားတော်မူသော ကောက်ပဲသီးနှံများကိုလည်း တစ်ဖန်ပြန်လည် ပေါက်ပွားစေတော်မူနိုင်သည်။➤➤

قَوْمَ فِرْعَوْنَ ۚ أَلَا يَتَّقُونَ ﴿١١﴾

၁၁။ (မိမိတို့ကိုယ်ကို မိမိတို့ နှိပ်စက်ညှဉ်းပန်းသူများကား) ဖစ်ရိုအောင်နှ၏ အမျိုးသားပင်တည်း။ ငင်းတို့သည် မကြောက်ရွံ့ကြလေသလော။

قَالَ رَبِّ إِنِّي أَخَافُ أَن يُكَذِّبُونِ ﴿١٢﴾

၁၂။ (ထိုအခါ) ထိုမူစာသည် (ဤသို့)လျှောက်ထားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုးသည် ငင်းတို့က ကျွန်တော်မျိုးအား မဟုတ်မမှန် ဟူ၍ စွပ်စွဲ ငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်။

وَيَضِيقُ صَدْرِي وَلَا يَنطَلِقُ لِسَانِي فَأَرْسِلْ إِلَىٰ هَارُونَ ﴿١٣﴾

၁၃။ ငင်းပြင် ကျွန်တော်မျိုးသည် စိတ်ကျဉ်းကျပ်သည့်ပြင် ကျွန်တော်မျိုး၏လျှာမှာလည်း သွက်လက်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍အရှင်မြတ်သည် (ကျွန်တော်မျိုး၏ နောင်တော်)ဟာရွန်၏ ထံသို့လည်း (ဝဟ်ယ်)အမိန့်တော်ပို့သတော်မူပါ။

وَلَهُمْ عَلَيَّ ذَنبٌ فَأَخَافُ أَن يَقْتُلُونِ ﴿١٤﴾

၁၄။ ထိုမှတပါး ငင်းတို့နှင့်ပက်သက်၍ ကျွန်တော်မျိုး၏အပေါ်၌အပြစ်တစ်ခုလည်းရှိနေပါသဖြင့် ငင်းတို့သည် ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကိုလည်း ကျွန်တော်မျိုး စိုးရိမ်မိပါသည်။

قَالَ كَلَّا ۖ فَاذْهَبَا بِآيَاتِنَا ۖ إِنَّا مَعَكُم مُّسْتَمِعُونَ ﴿١٥﴾

၁၅။ ထိုအရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ (အို-မူစာ၊ ငင်းတို့သည် အသင့်အား) အလျှင်း (သတ်ဖြတ်နိုင်ကြမည်) မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်တို့ (ညီနောင်)နှစ်ဦးသည် ငါအရှင်မြတ်၏ အမိန့်တော်များနှင့်တကွ သွားကြလေကုန်။

➤➤ ဤသည်ကို စဉ်းစားဆင်ခြင်ပါက လူသားတို့သည် သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထကြမည့် အရေးကို နားလည်သဘောပေါက် နိုင်ကြပေသည်။ ဤကား သဘာဝလက္ခဏာတည်း။ သဘာဝလက္ခဏာများကို နားလည်ပြီးနောက်တွင် ဓမ္မလက္ခဏာများကို လက်ခံနာယူကျင့်မူရာတွင် အခက်အခဲ မရှိရာချေ။ သို့တစေလည်း မူလအစကပင် နာခံရန်ဆန္ဒပင်မရှိသူများ အဖို့မှာကားဆေးမရှိပြီ။

ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့နှင့် အတူ (အသင်တို့နှစ်ဦးနှစ်ဖက် ပြောဆိုကြသည်တို့ကို) နားထောင်လျက်ပင် ရှိတော်မူပေမည်။

فَأْتِيَا فِرْعَوْنَ فَقُولَا إِنَّا رَسُولُ رَبِّ الْعَٰلَمِينَ ﴿١٦﴾

၁၆။ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ဖစ်ရ်အောင်နန်၏ထံသို့သွား၍ (ဤသို့)ပြောဆိုကြလေကုန်။ ဧကန်စင်စစ် ငါတို့သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသောအရှင် စေလွှတ်တော်မူသည့် ရဿူလ်တမန်တော်(များ)ပင် ဖြစ်ကြသည်။

أَنْ أَرْسِلْ مَعَنَا بَنِيٓ إِسْرَٰٓءِيلَ ﴿١٧﴾

၁၇။ အသင်သည် အစ္စရာအီလီအမျိုးသားတို့အား ငါတို့နှင့်အတူ သွားခွင့်ပြုပါလေ။ ③

قَالَ أَلَمْ نُرَبِّكَ فِينَا وَلِيدًا وَلَبِثْتَ فِينَا مِنْ عُمُرِكَ سِنِينَ ﴿١٨﴾

၁၈။ ထိုဖစ်ရ်အောင်နန်က (ဤသို့)ပြောဆိုခဲ့လေ၏။ (အို-မူစာ၊) ကျွန်ုပ်တို့သည်အသင့်အား ကလေးဘဝ၌ မိမိတို့ထံ ကျွေးမွေးစောင့်ရှောက်ခဲ့သည်မဟုတ်လော။ ၎င်းပြင် သင်သည် မိမိသက်တမ်းမှ နှစ်ပေါင်းများစွာ ကျွန်ုပ်တို့ထံတွင် နေထိုင်ခဲ့သည် မဟုတ်လော။

وَفَعَلْتَ فَعْلَتَكَ الَّتِي فَعَلْتَ وَأَنتَ مِنَ الْكَٰفِرِينَ ﴿١٩﴾

၁၉။ ထိုမှတပါး အသင်သည် မိမိပြုခဲ့သောပြစ်မှုကိုလည်း ကျူးလွန်ခဲ့သည်မဟုတ်လော။ စင်စစ် အသင်သည် ကျေးဇူးမသိတတ်သူတစ်ဦးပင် ဖြစ်ပေသည်။

---

③ အစ္စရာအီလီ မျိုးနွယ်ဝင်များသည် တမန်တော် အီဗ်ရာဟီမ်သခင်၏ လက်ထက်မှစ၍ ဆီးရီးယားပြည်တွင် နေထိုင်ခဲ့ကြပေသည်။ ထို့နောက် အစ္စရာအီလီ မျိုးနွယ်ဝင်များသည် တမန်တော်ယူစုဖ်အား အကြောင်းပြုပြီး အီဂျစ်သို့ ရောက်ရှိလာခဲ့ကြပေသည်။ အီဂျစ်ပြည်တွင် နှစ်ပရိစ္ဆေဒ အတန်ကြာသည်အထိ နေထိုင်ခဲ့ကြပေသည်။ ထို့နောက် မိမိတို့၏ နေရင်းတိုင်းပြည်ဖြစ်သော ဆီးရီးယားသို့ပြန်လိုကြသည့်အခါ ဖစ်ရ်အောင်နန်သည် ၎င်းတို့အား ပြန်ခွင့်မပြုခဲ့သည်သာမက၊ အမျိုးမျိုးဖျိုးဖျယ် ထားခဲ့ပေသည်။ ကျေးကျွန်များသဖွယ် စေခိုင်းထားခဲ့ပေသည်။

တမန်တော် မူစာသည် ဖစ်ရ်အောင်နန်ထံ မိမိ၏ အမျိုးသားများ၏ လွတ်မြောက်ရေးကို အရေးဆိုခဲ့ပေသည်။

قَالَ فَعَلْتُهَآ إِذًا وَأَنَا۠ مِنَ ٱلضَّآلِّينَ ﴿٢٠﴾

၂၀။ ထို(မူစာ)က (ဤသို့)ပြောဆိုဖြေကြားခဲ့၏။ ငါသည် ယင်းအပြုအမူကို မဆင်ခြင် မသိတတ်သော အခါ၌ မေ့မှားပြုမိခဲ့ပေသည်။

فَفَرَرْتُ مِنكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِى رَبِّى حُكْمًا وَجَعَلَنِى مِنَ ٱلْمُرْسَلِينَ ﴿٢١﴾

၂၁။ ထို့နောက် ငါသည်အသင်တို့အား ကြောက်ရွံ့ခဲ့သောအခါ အသင်တို့ထံမှ ထွက်ပြေး၍ တိမ်းရှောင်နေခဲ့၏။ ထို့နောက် ငါ၏အရှင်မြတ်သည် ငါ့အား အထူးဉာဏ်ပညာကိုချီးမြှင့်ပေးသနားတော်မူ၍ ငါ့အား ရဏ္ဍလ်တမန်တော်တို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့ပေသည်။

وَتِلْكَ نِعْمَةٌ تَمُنُّهَا عَلَىَّ أَنْ عَبَّدتَّ بَنِىٓ إِسْرَٰٓءِيلَ ﴿٢٢﴾

၂၂။ စင်စစ် ဤသည် အကြင်ကျေးဇူးပင်။ အသင်သည် ယင်းကျေးဇူးဖြင့် ငါ၏အပေါ်၌ ဂုဏ်ဖော်၍ အစ္စရာအီလီအမျိုးသားတို့အား ကျွန်ပြုလုပ်ထားခြင်းပင် ဖြစ်ပေသတည်း။

قَالَ فِرْعَوْنُ وَمَا رَبُّ ٱلْعَٰلَمِينَ ﴿٢٣﴾

၂၃။ ဖစ်ရ်အောင်နိုက စင်စစ် စကြာဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဟူသည် အဘယ်နည်းဟု မေးမြန်းခဲ့လေ၏။ ၁

قَالَ رَبُّ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَمَا بَيْنَهُمَآ إِن كُنتُم مُّوقِنِينَ ﴿٢٤﴾

၂၄။ ထို(မူစာ)က အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် (ထိုအရှင်မြတ်)သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေ၏ အကြားခြံ ရှိရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုဖြေကြားခဲ့၏။

---

① တမန်တော်မူစာနှင့် ဖစ်ရ်အောင်နိ၏အကြောင်း ကုရ်အာန်(၇:၁၀၃-၁၅၇။ ၂၀:၉-၁၀၄)တွင် အကျယ်တဝင့် ပါရှိခဲ့ပေပြီ၊

قَالَ لِمَنْ حَوْلَهٗۤ اَلَا تَسْتَمِعُوْنَ ﴿۲۵﴾

၂၅။ ထို(ဖစ်ရ်အောင်န်)က မိမိအနီးအနား၌ ရှိကြသူတို့အား (မောင်မင်းတို့၊) ကြားကြပါ၏လောဟု ဆိုခဲ့လေ၏။

قَالَ رَبُّكُمْ وَرَبُّ اٰبَآئِكُمُ الْاَوَّلِيْنَ ﴿۲۶﴾

၂၆။ ထို(မူစာ)က (ထိုအရှင်မြတ်သည်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်လည်းကောင်း၊ အသင်တို့၏ ရှေးဟောင်း အဘ၊ ဘိုးဘေးများအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်လည်းကောင်းဖြစ်တော်မူသည်ဟု ပြောကြားခဲ့ပြန်၏။

قَالَ اِنَّ رَسُوْلَكُمُ الَّذِيْۤ اُرْسِلَ اِلَيْكُمْ لَمَجْنُوْنٌ ﴿۲۷﴾

၂၇။ ထို(ဖစ်ရ်အောင်န်)က ဧကန်စင်စစ် အသင်တို့ထံ စေလွှတ်ခြင်းခံခဲ့ရသော ရူးလိတမန်တော်သည် အမှန်ပင် ရူးနှမ်းသူဖြစ်သည်ဟု ဆိုခဲ့ပြန်၏။

قَالَ رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا ؕ اِنْ كُنْتُمْ تَعْقِلُوْنَ ﴿۲۸﴾

၂၈။ ထို(မူစာ)က အကယ်၍ အသင်တို့သည် သိနားလည်ကြပါမူ (ထိုအရှင်မြတ်သည်) အရှေ့ဘက်နေထွက်ရာအရပ်ကိုလည်းကောင်း၊ အနောက်ဘက်နေဝင်ရာအရပ်ကိုလည်းကောင်း၊ယင်းအရပ်နှစ်မျက်နှာ၏ကြား၌ ရှိရှိသမျှကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောကြားခဲ့ပြန်လေသတည်း။

قَالَ لَئِنِ اتَّخَذْتَ اِلٰهًا غَيْرِيْ لَاَجْعَلَنَّكَ مِنَ الْمَسْجُوْنِيْنَ ﴿۲۹﴾

၂၉။ ထိုဖစ်ရ်အောင်နှ်က (အို-မူစာ၊) အမှန်ပင် အကယ်၍ အသင်သည် ကျွန်ုပ်မှလွဲ၍ အခြားသောကိုးကွယ်ရာ တစ်ပါးပါးကို ရွေးချယ်ခဲ့ပါလျှင် ဧကန်မလွဲ ကျွန်ုပ်သည် အသင့်အား အကျဉ်းထောင်ချထားမည်ဟု ပြောဆို ကြုံးဝါးခဲ့လေ၏။

قَالَ أَوَلَوْ جِئْتُكَ بِشَيْءٍ مُّبِينٍ ﴿٣٠﴾

၃၀။ ထိုမူစာက (အိုး-ဖစ်ရ်အောင်န်၊) ငါသည် အသင့်ထံ ထင်ရှားစွာသော (မုအ်ဇီဇေဟ်)တန်ခိုးတော် တစ်ပါးပါး ဆောင်ကြဉ်းခဲ့သည်ရှိသော် ကျွန်ုပ်အား အကျဉ်းချခြင်းမည်လောဟု ပြောဆိုမေးမြန်းခဲ့လေ၏။

قَالَ فَأْتِ بِهِۦٓ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿٣١﴾

၃၁။ ထိုဖစ်ရ်အောင်န်က (အိုး-မူစာ၊) သို့ဖြစ်လျှင် အကယ်၍ အသင်သည် အမှန်ဆိုသူတစ်ဦးဖြစ်ပါမူ ထိုအရာ(မုအ်ဇီဇေဟ်)ကို ယူခဲ့ပါဟု ပြောဆိုခဲ့လေ၏။

فَأَلْقَىٰ عَصَاهُ فَإِذَا هِىَ ثُعْبَانٌ مُّبِينٌ ﴿٣٢﴾

၃၂။ ထိုအခါ ထိုမူစာသည် မိမိတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချခဲ့ရာ ထိုတောင်ဝှေးမှာ ရုတ်တရက် ထင်ရှားစွာမြွေ(နဂါးကြီး)တစ်ကောင် ဖြစ်သွားခဲ့လေ၏။

وَنَزَعَ يَدَهُۥ فَإِذَا هِىَ بَيْضَآءُ لِلنَّٰظِرِينَ ﴿٣٣﴾

၃၃။ ထိုမှတပါး ထိုမူစာသည် မိမိလက်ကို (မိမိချိုင်းကြားမှ အပြင်သို့)ဆွဲ၍ ထုတ်လိုက်ရာ ထိုလက်မှာ ကြည့်ရှုသူတို့ရှေ့ဝယ် ထွန်းတောက်လျက်ရှိနေခဲ့၏။

قَالَ لِلْمَلَإِ حَوْلَهُۥٓ إِنَّ هَٰذَا لَسَٰحِرٌ عَلِيمٌ ﴿٣٤﴾

၃၄။ (ထိုအခါ)ထိုဖစ်ရ်အောင်န်က မိမိအနီးအနားဌ ရှိကုန်သော အကြီးအမှူးတို့အား ပြောကြားခဲ့သည်မှာ (အချင်းတို့၊) ဧကန်မလွဲ ဤသူမှာ ကျွမ်းကျင်သော ပဉ္စလက်ဆရာတစ်ဦးပင် ဖြစ်ပေသည်။

يُرِيدُ أَن يُخْرِجَكُم مِّنْ أَرْضِكُم بِسِحْرِهِۦ فَمَاذَا تَأْمُرُونَ ﴿٣٥﴾

၃၅။ ၎င်းသည် မိမိပဉ္စလက်အတတ်ဖြင့် အသင်တို့အား အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန် ကြံရွယ်လျက် ရှိပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် မည်သို့ (အကြံ)ပေးလိုကြသနည်း။

قَالُوٓا۟ أَرْجِهْ وَأَخَاهُ وَٱبْعَثْ فِى ٱلْمَدَآئِنِ حَٰشِرِينَ ﴿٣٦﴾

၃၆။ ထိုအကြီးအမှူးတို့ကလျှောက်ထား(အကြံပေး)ခဲ့ကြကုန်၏။ ဘုရင်မင်းမြတ်သည်ထိုမူစာနှင့် ၎င်း၏နောင်တော်(ဟာရွန်)အားရွေ့ဆိုင်းခွင့်ပေး၍ မင်းစေတို့အား အမြို့မြို့အရွာရွာသို့ စေလွှတ်တော်မူပါ။

يَأْتُوكَ بِكُلِّ سَحَّارٍ عَلِيمٍ ﴿٣٧﴾

၃၇။ ထိုမင်းစေတို့သည် (တစ်ဖက်ကမ်းခပ်) တတ်မြောက် ကျွမ်းကျင်ကြကုန်သော ပဉ္စလက်ဆရာတို့အား ဘုရင်မင်းမြတ်ထံသို့ ခေါ်ဆောင်၍ လာခဲ့ကြကုန်အံ့သတည်း။

فَجُمِعَ السَّحَرَةُ لِمِيقَاتِ يَوْمٍ مَّعْلُومٍ ﴿٣٨﴾

၃၈။ ထို့နောက် ပဉ္စလက်ဆရာတို့သည် သတ်မှတ်ထားသော နေ့တစ်နေ့၏ အထူးချိန်းချက်ထားသော အချိန်တွင် စုဝေးခဲ့ကြရလေသည်။

وَقِيلَ لِلنَّاسِ هَلْ أَنتُم مُّجْتَمِعُونَ ﴿٣٩﴾

၃၉။ ထိုမှတပါး လူတို့အား ဆင့်ဆိုထားသည်မှာ အသင်တို့သည်လည်း စုရုံးကြရပေမည်။

لَعَلَّنَا نَتَّبِعُ السَّحَرَةَ إِن كَانُوا هُمُ الْغَالِبِينَ ﴿٤٠﴾

၄၀။ သို့မှသာလျှင် ကျွန်ုပ်တို့သည် ပဉ္စလက်ဆရာတို့၏ လမ်းစဉ်ကိုပင် အကယ်၍ ၎င်းတို့သည် အောင်နိုင်ကြသည်ရှိသော် လိုက်နိုင်ကြပေမည်။

فَلَمَّا جَاءَ السَّحَرَةُ قَالُوا لِفِرْعَوْنَ أَئِنَّ لَنَا لَأَجْرًا إِن كُنَّا نَحْنُ الْغَالِبِينَ ﴿٤١﴾

၄၁။ ထို့နောက် ပဉ္စလက်ဆရာတို့ ရောက်ရှိလာကြသောအခါ ၎င်းတို့က ဖစ်ရ်အောင်နှာ အကယ်၍ ကျွန်ုပ်တို့သည်အောင်နိုင်သူများဖြစ်ခဲ့ကြပါလျှင် ဧကန်အမှန် ကျွန်ုပ်တို့သည် (ကြီးကျယ်သော)ဆုလာဘ်ကို အမှန်ပင်ရရှိကြမည်မဟုတ်ပါလောဟု ဆိုခဲ့ကြကုန်၏။

قَالَ نَعَمْ وَإِنَّكُمْ إِذًا لَّمِنَ الْمُقَرَّبِينَ ﴿٤٢﴾

၄၂။ ထိုဖစ်ရ်အောင်နှာက ဟုတ်ပေသည်။ ထို့ပြင် တစ်ဝ ထိုသို့ဖြစ်ခဲ့လျှင် အသင်တို့သည် (ငါနှင့်အတူ) လက်ပွန်းတတီး (ချစ်ကျွမ်း) နေထိုင်သူတို့တွင်လည်း အပါအဝင် ဖြစ်ကြပေမည်ဟု ဆိုခဲ့လေ၏။

قَالَ لَهُم مُّوسَىٰ أَلْقُوا مَا أَنتُم مُّلْقُونَ ﴿٤٣﴾

၄၃။ (တမန်တော်)မူစာသည် ထိုပဉ္စလက်ဆရာတို့အား အသင်တို့သည် မိမိတို့ ပစ်ချကြအံ့သော အရာများကို ပစ်ချကြလေကုန်ဟု ပြောကြားခဲ့၏။

فَأَلْقُوا حِبَالَهُمْ وَعِصِيَّهُمْ وَقَالُوا بِعِزَّةِ فِرْعَوْنَ إِنَّا لَنَحْنُ الْغَالِبُونَ ﴿٤٤﴾

၄၄။ သို့ဖြစ်ပေရာ ထိုပဉ္စလက်ဆရာတို့သည် မိမိတို့၏ကြိုးများကိုလည်းကောင်း၊ မိမိတို့၏တောင်ဝှေးများကိုလည်းကောင်း၊ ပစ်ချခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က ဖစ်ရ်အောင်န် (ဘုရင်မင်းမြတ်)၏ ဘုန်းတန်ခိုးကို တိုင်တည်၍ မလွဲဧကန် ကျွန်ုပ်တို့သည် ပင်လျှင် အောင်နိုင်သူများ အမှန်ပင် ဖြစ်ကြပေမည်ဟု ပြောဆိုခဲ့ကြကုန်၏။

فَأَلْقَىٰ مُوسَىٰ عَصَاهُ فَإِذَا هِيَ تَلْقَفُ مَا يَأْفِكُونَ ﴿٤٥﴾

၄၅။ ထို့နောက်မူစာသည် မိမိလှင်ကန် တောင်ဝှေးကို ပစ်ချခဲ့ရာ ထိုလှင်ကန်တောင်ဝှေးမှာ ရုတ်တရက် (မြွေနဂါး:ကြီးဖြစ်လာပြီး)ထိုပဉ္စလက်ဆရာတို့ လှည့်စားထားကြသောအရာများကို မျိုလေတော့၏။

فَأُلْقِيَ السَّحَرَةُ سَاجِدِينَ ﴿٤٦﴾

၄၆။ ထိုအခါ ပဉ္စလက်ဆရာတို့သည် မှောက်လဲ၍ ပျပ်ဝပ် ဦးချကြကုန်၏။

قَالُوا آمَنَّا بِرَبِّ الْعَالَمِينَ ﴿٤٧﴾

၄၇။ ၎င်းတို့ကပြောဆိုခဲ့ကြသည်မှာ ကျွန်ုပ်တို့သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သက်ဝင်ယုံကြည်ကြပါပြီ။

رَبِّ مُوسَىٰ وَهَارُونَ ﴿٤٨﴾

၄၈။ (ထိုအရှင်မြတ်သည်) မူစာ၏အရှင်မြတ်သည်လည်းကောင်း၊ ဟာရွန်၏အရှင်မြတ်သည် လည်းကောင်း၊ ဖြစ်တော်မူပါ၏။

قَالَ آمَنتُمْ لَهُ قَبْلَ أَنْ آذَنَ لَكُمْ ۖ إِنَّهُ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ ۖ فَلَسَوْفَ تَعْلَمُونَ ۚ لَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم

၄၉။ ထို(ဖစ်ရ်အောင်န်)က အသင်တို့အား ကျွန်ုပ်ခွင့်မပြုမီ အသင်တို့သည် ထိုမူစာအား ယုံကြည်ခဲ့ကြလေပြီ။ ဧကန်မလွဲငင်းသည် အသင်တို့အား ပဉ္စလက်အတတ်ပညာကို သင်ကြား၍ပေးခဲ့သော (အာစရိယ)အကြီးအကဲပင်ဖြစ်၏။ သို့ဖြစ်ပေရာ ယခုပင် အသင်တို့သည် (အကြောင်း) သိရှိကြပေမည်။

مِّنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ أَجْمَعِينَ ﴿٤٩﴾

မလွဲဧကန် ကျွန်ုပ်သည် အသင်တို့၏ လက်များကိုလည်းကောင်း၊ အသင်တို့၏ခြေများကို လည်းကောင်း၊ (ဝဲယာ) လွှဲ၍ဖြတ်တောက်ပစ်မည်။ ထိုမှတပါး မချွတ်ဧကန် ကျွန်ုပ်သည် အသင်တို့ အားလုံးကိုပင် လက်ဝါးကပ်တိုင်တင်မည်ဟု ပြောဆို ကြုံးဝါးခဲ့၏။

قَالُوا لَا ضَيْرَ إِنَّا إِلَىٰ رَبِّنَا مُنقَلِبُونَ ﴿٥٠﴾

၅၀။ ထိုပဋိလက်ဆရာတို့က ပြောကြားခဲ့ကြကုန်၏။ (ကျွန်ုပ်တို့၌) လုံးဝ အကျိုးယုတ်မှုရှိလိမ့်မည် မဟုတ်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်သွားကြမည့်သူများပင် ဖြစ်ကြကုန်၏။

إِنَّا نَطْمَعُ أَن يَغْفِرَ لَنَا رَبُّنَا خَطَايَانَا أَن كُنَّا أَوَّلَ الْمُؤْمِنِينَ ﴿٥١﴾

၅၁။ စင်စစ်ဧကန် ကျွန်ုပ်တို့သည် ရှေးဦးမဆွ မုအ်မင်္ဂန် သက်ဝင်ယုံကြည်သူများဖြစ်ကြပေရာ ကျွန်ုပ်တို့၏အရှင်မြတ်သည် ကျွန်ုပ်တို့၏ ပြစ်မှုများကို ခွင့်လွှတ် ချမ်းသာပေးတော်မူမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ကြပေသတည်း။

وَأَوْحَيْنَا إِلَىٰ مُوسَىٰ أَنْ أَسْرِ بِعِبَادِي إِنَّكُم مُّتَّبَعُونَ ﴿٥٢﴾

၅၂။ ၎င်းပြင် ငါအရှင်မြတ်သည် မူစာ၏ထံသို့ အသင်သည် ငါအရှင်မြတ်၏ (ဤ)ကျွန်တို့အား ညဉ့်အချိန်၌ ခေါ်ဆောင်၍သွားပါလေ။ ဧကန်အမှန် အသင်တို့သည် (မိမိတို့အား) နောက်မှလိုက်လံခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေသည်ဟု 'ဝဟ်လ်' အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။

فَأَرْسَلَ فِرْعَوْنُ فِي الْمَدَائِنِ حَاشِرِينَ ﴿٥٣﴾

၅၃။ ထို့နောက် ဖစ်ရ်အောင်နှ်သည် မင်းစေတို့အား အမြို့မြို့ အရွာရွာသို့ စေလွှတ်ခဲ့လေသည်။

إِنَّ هَٰؤُلَاءِ لَشِرْذِمَةٌ قَلِيلُونَ ﴿٥٤﴾

၅၄။ ဧကန်စင်စစ် ဤသူတို့ကား အနည်းငယ် မျှသော အုပ်စုကလေးပင် ဖြစ်ပေသည်။

وَإِنَّهُمْ لَنَا لَغَائِظُونَ ﴿٥٥﴾

၅၅။ ထိုပြင်ဧကန်အမှန်ငင်းတို့သည် ကျွန်ုပ်တို့အား အလွန် အမျက်ပွားစေသူများပင် ဖြစ်ကြကုန်၏။

وَإِنَّا لَجَمِيعٌ حَاذِرُونَ ﴿٥٦﴾

၅၆။ ထိုမှတပါး ဧကန်စင်စစ် ကျွန်ုပ်တို့သည် အမှန်ပင် စိုးရိမ်လျက် ရှိကြကုန်၏။

فَأَخْرَجْنَاهُم مِّن جَنَّاتٍ وَعُيُونٍ ﴿٥٧﴾

၅၇။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူတို့အား ဥယျာဉ်များမှလည်းကောင်း၊ စမ်းချောင်းများမှလည်းကောင်း၊ ထုတ်ပစ်တော်မူခဲ့၏။

وَكُنُوزٍ وَمَقَامٍ كَرِيمٍ ﴿٥٨﴾

၅၈။ ထိုနည်းတူစွာဘဏ္ဍာများမှလည်းကောင်း၊ ခမ်းနားသိုက်မြိုက်လှစွာသောနေအိမ်များမှလည်းကောင်း၊

كَذَٰلِكَ وَأَوْرَثْنَاهَا بَنِي إِسْرَائِيلَ ﴿٥٩﴾

၅၉။ စင်စစ်ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် ယင်းပစ္စည်းများကို အစ္စရာအီလီ မျိုးနွယ်တို့အား ပိုင်ဆိုင်စေတော်မူခဲ့ပေသတည်း။[၁]

فَأَتْبَعُوهُم مُّشْرِقِينَ ﴿٦٠﴾

၆၀။ ထို့နောက် ၎င်း(ဖစ်ရ်အောင်နှိမ်နှင့်တကွ အဆွေအရံ)တို့သည် ထိုအစ္စရာအီလီ မျိုးနွယ်တို့အား နေထွက်ချိန်၌ နောက်မှလိုက်၍ မီခဲ့ကြကုန်၏။

فَلَمَّا تَرَاءَى الْجَمْعَانِ قَالَ أَصْحَابُ مُوسَىٰ إِنَّا لَمُدْرَكُونَ ﴿٦١﴾

၆၁။ တစ်ဖန် အုပ်စုနှစ်ခုလုံးသည် တစ်ဖက်ကို တစ်ဖက် တွေ့မြင်ကြလေသောအခါ မူစာ၏ အပေါင်းပါတို့က ဧကန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံကြရပြီဟု (ထိတ်လန့်) ပြောဆိုခဲ့ကြကုန်၏။

---

① ဖစ်ရ်အောင်နှိမ်နှင့် ၎င်း၏အဆွေအရံများ ကွပ်မျက်ခြင်း ခံကြရပြီးနောက် အစ္စရာအီလီ မျိုးနွယ်ဝင်များသည် အီဂျစ်ပြည်ကို စိုးမိုးခွင့်ရရှိခဲ့ကြသည်၊ မရရှိခဲ့ကြသည်ဟူသော ပြဿနာတွင် အဆိုပြားလျက် ရှိပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်- (၇:၁၃၇)၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

ဤတွင် အဆိုသစ်တစ်ရပ် ထပ်မံတွေ့ရှိရပြန်သည်။ ထိုအဆိုကား အခြားမဟုတ်။ အစ္စရာအီလီ မျိုးနွယ်ဝင်များသည် ဖစ်ရ်အောင်နှိမ်နှင့် ၎င်း၏အဆွေအရံများ ကွပ်မျက်ခြင်းခံကြရပြီးနောက် ချက်ချင်း အီဂျစ်နိုင်ငံကို မစိုးမိုးခဲ့ကြရသော်လည်း၊ တမန်တော်စုလိုင်မာန်သခင်၏ လက်ထက်တွင် အီဂျစ်ပြည်သည်လည်း အစ္စရာအီလီ မျိုးနွယ်ဝင်တို့၏ လက်အောက်သို့ ရောက်ရှိသွားခဲ့ပေသည်။ ကြည့်- ထာနဝီ၊ မာဂျီဒီ။

قَالَ كَلَّآ ۖ إِنَّ مَعِيَ رَبِّي سَيَهْدِينِ ﴿٦٢﴾

၆၂။ (ထိုအခါ) မူစာက အလျှင်း (အဖမ်းခံကြရမည်)မဟုတ်။ မလွဲဧကန် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ငါနှင့်အတူ ရှိတော်မူပေရာ၊ ယခုပင် ထိုအရှင်မြတ်သည် ငါ့အား (ပင်လယ်မှ ထွက်နိုင်ရန်) လမ်းညွှန်တော်မူမည်ဟု ပြန်ကြားခဲ့လေ၏။

فَأَوْحَيْنَآ إِلَىٰ مُوسَىٰٓ أَنِ ٱضْرِب بِّعَصَاكَ ٱلْبَحْرَ ۖ فَٱنفَلَقَ فَكَانَ كُلُّ فِرْقٍ كَٱلطَّوْدِ ٱلْعَظِيمِ ﴿٦٣﴾

၆၃။ ထိုအခါ ငါအရှင်မြတ်သည် မူစာ၏ထံသို့ 'အသင်သည် မိမိတောင်ဝှေးဖြင့် ပင်လယ်ကို ရိုက်ခတ်ပါလေ'ဟု အမိန့်တော် ထုတ်ပြန်တော်မူခဲ့၏။ သို့ဖြစ်ပေရာ (မူစာသည် အမိန့်တော်အတိုင်း ရိုက်ခတ်လေသော်) ထိုပင်လယ်မှာ ကွဲ၍သွားပြီးလျှင် (ရေ၏) အစုအပုံ အသီးသီးတို့မှာ ကြီးမား လှစွာသော တောင်ကြီးများပမာ ဖြစ်သွားခဲ့ကြလေ၏။ ၁

وَأَزْلَفْنَا ثَمَّ ٱلْـَٔاخَرِينَ ﴿٦٤﴾

၆၄။ ၎င်းပြင် ငါအရှင်မြတ်သည် အခြားအုပ်စု (ဖြစ်သော 'ဖစ်ရ်အောင်န်' နှင့် ၎င်း၏ အခွေအရံတို့)ကိုလည်း ထိုနေရာသို့ ပို့တော်မူခဲ့၏။

وَأَنجَيْنَا مُوسَىٰ وَمَن مَّعَهُۥٓ أَجْمَعِينَ ﴿٦٥﴾

၆၅။ ထိုမှတပါး ငါအရှင်မြတ်သည် မူစာအားလည်းကောင်း၊ ထိုမူစာ၏အပေါင်းပါတို့အားလည်းကောင်း၊ အားလုံးကိုပင် ကယ်တင်တော်မူခဲ့၏။

ثُمَّ أَغْرَقْنَا ٱلْـَٔاخَرِينَ ﴿٦٦﴾

၆၆။ ထို့နောက် ငါအရှင်မြတ်သည် အခြားအုပ်စု (ဖြစ်သော 'ဖစ်ရ်အောင်န်' နှင့်၎င်း၏ အခွေအရံတို့)ကို (ပင်လယ်နီတွင်) နှစ်မြှုပ်တော်မူခဲ့၏။

---

၁ တမန်တော်မူစာသည် မိမိ၏ အမျိုးသားတို့အား အီဂျစ်ပြည်မှ ခေါ်ဆောင်ထွက်ခွာ၍ ပင်လယ်နီအရောက်တွင် အလွှာဟ်အရှင်မြတ်က မိမိ၏ ကျေးဇူးတော်ဖြင့် ပင်လယ်နီရေထုကြီးကို ခွဲပေးတော် မူခဲ့သည့်အကြောင်း၊ ဖစ်ရ်အောင်န်နှင့်တကွ ၎င်း၏အခွေအရံများကို ပင်လယ်နီ၌ပင် နှစ်မြှုပ် ကွပ်မျက်တော်မူခဲ့သည့် အကြောင်း ကုရ်အာန်(၂:၅၀)၏အဖွင့်၊ အကျယ်ဖွင့်ဆို ရေးသားခဲ့ပေပြီ။

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿٦٧﴾

၆၇။ မလွဲဧကန် ဤသည့်(ဖြစ်ရပ်)၌ ကြီးကျယ်လှစွာသော သင်ခန်းစာသည် ရှိပေသည်။ စင်စစ်သော်ကား၎င်းတို့အနက် အများဆုံးသော သူတို့မှာ သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ခဲ့ကြချေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿٦٨﴾

၆၈။ စင်စစ်မှာမူကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်၊ ဧကန်အမှန် ထိုအရှင်မြတ်သည်ပင် အလွန်တရာလွမ်းမိုးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော် မူသောအရှင်၊ ဖြစ်တော် မူပေသတည်း။

وَاتْلُ عَلَيْهِمْ نَبَأَ إِبْرَاهِيمَ ﴿٦٩﴾

၆၉။ (အို-နဗီတမန်တော်၊) အသင်သည် ၎င်း(မက္ကာမြို့သား)တို့၏ရှေ့ဝယ် အီဗ်ရာဟီမ်၏အကြောင်းနှင့် အတ္ထုပ္ပတ္တိကို ပြန်ပြောပါလေ။

إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا تَعْبُدُونَ ﴿٧٠﴾

၇၀။ တစ်ရံရောအခါဝယ် ထိုအီဗ်ရာဟီမ်သည် မိမိဖခင်အားလည်းကောင်း၊ မိမိအမျိုးသားတို့အားလည်းကောင်း၊ 'အသင်တို့သည် မည်သည့်အရာကို ကိုးကွယ် ဆည်းကပ်လျက် ရှိကြသနည်း' ဟု ပြောဆိုမေးမြန်း ခဲ့၏။

قَالُوا نَعْبُدُ أَصْنَامًا فَنَظَلُّ لَهَا عَاكِفِينَ ﴿٧١﴾

၇၁။ ထိုအမျိုးသားတို့က ကျွန်ုပ်တို့သည် အရုပ်များကို ကိုးကွယ်ဆည်းကပ်ကြသည့်ပြင် ထိုအရုပ်များ၏အပါးခံပင် အခါခပ်သိမ်း စွဲလမ်းတွယ်ကပ်လျက် ရှိကြပေသည်ဟု ပြန်ကြားခဲ့ကြကုန်၏။

قَالَ هَلْ يَسْمَعُونَكُمْ إِذْ تَدْعُونَ ﴿٧٢﴾

၇၂။ ထိုအီဗ်ရာဟီမ်က မေးမြန်းခဲ့၏။ အသင်တို့ဟစ်ခေါ်ကြသောအခါထိုအရုပ်များသည် အသင်တို့၏ဟစ်ခေါ်သံကို ကြားကြလေသလော။

أَوْ يَنفَعُونَكُمْ أَوْ يَضُرُّونَ ﴿٧٣﴾

၇၃။ သို့မဟုတ်၊ ၎င်းတို့သည် (အသင်တို့အား) အကျိုးပြုကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် (အသင်တို့အား) အကျိုးယုတ်စေနိုင်ကြလေသလော။

قَالُوا بَلْ وَجَدْنَا آبَاءَنَا كَذَٰلِكَ يَفْعَلُونَ ﴿٧٤﴾

၇၄။ ထိုအမျိုးသားတို့က ထိုသို့ အလျှောင်းမဟုတ်၊ စင်စစ်မှာကားကျွန်ုပ်တို့သည် မိမိတို့၏အဘ၊ ဘိုးဘေးတို့အား ဤအတိုင်း ပြုမူကြသည်ကို တွေ့ရှိခဲ့ကြပါသည်ဟု ဖြေကြားခဲ့ကြကုန်၏။

قَالَ أَفَرَأَيْتُم مَّا كُنتُمْ تَعْبُدُونَ ﴿٧٥﴾

၇၅။ ထိုအခါဗရာဟီမ်က အသင်တို့သည်မိမိတို့ ကိုးကွယ်ဆည်းကပ်လျက်ရှိကြသော အရာများ၏ (အခြေအနေ)ကို (လေ့လာသုံးသပ်)တွေ့မြင်ကြပြီလော။ [၁]

أَنتُمْ وَآبَاؤُكُمُ الْأَقْدَمُونَ ﴿٧٦﴾

၇၆။ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ရှေးဟောင်းအဘ၊ ဘိုးဘေးတို့သည်လည်းကောင်း၊

---

(၁) တမန်တော် အီဗရာဟီမ်၏ဖခင်နှင့် အမျိုးသားများသည် တစ်စုံတစ်ရာ ကျိုးကြောင်း စဉ်းစားဆင်ခြင်ခြင်း မရှိဘဲ၊ မိဘ ရိုးရာ အစဉ်အလာတိုင်း တစ်စုံတစ်ရာ ကျိုးပြစ်မပေးနိုင်သော အရုပ်များကို ဆည်းကပ်ကိုးကွယ်လျက်ရှိခဲ့ကြ၏။

တမန်တော် အီဗရာဟီမ်က ထိုအရုပ်များသည် တစ်စုံတစ်ရာ ကြားလေသလော၊ အကျိုးပြုနိုင်သလော၊ အကျိုးယုတ်စေနိုင်သလောဟု မေးမြန်းရာ၊ အမျိုးသားများက အရုပ်များသည် ကြားလည်း မကြား၊ အကျိုးလည်းမပြုနိုင်၊ အကျိုးယုတ်နိုင် စေသည်လည်းမဟုတ်၊ မိဘရိုးရာ အစဉ်အလာအတိုင်း ဆည်းကပ်ကိုးကွယ်နေကြခြင်းသာ ဖြစ်ကြောင်းဖြင့် ဖြေဆိုကြလေသည်။

ထိုအခါ တမန်တော် အီဗရာဟီမ်က အတိုင်းအဆမရှိသော တန်ခိုးတော်၊ ဉာဏ်တော်၊ ကျေးဇူးတော်များနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ် သည်သာလျှင် အမှန်တကယ် ဆည်းကပ် ကိုးကွယ်ရာ အရှင်သခင် ဖြစ်တော်မူကြောင်း၊ အသင်တို့ ဆည်းကပ်ကိုးကွယ်လျက်ရှိသော အရုပ်များသည် ဓမ္မန္တရာယ်များသာ ဖြစ်ကြောင်း၊ အတိအလင်း ကြေညာခဲ့လေသည်။ ဤသည့်သဘောကို ကုရ်အာန်(၆း၈၀။ ၂၁း၅၇)တွင်လည်း မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၊ ကျေးဇူးတော်များကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

فَإِنَّهُمْ عَدُوٌّ لِّيٓ إِلَّا رَبَّ
ٱلْعَٰلَمِينَ ﴿٧٧﴾

၇၇။ အကြောင်းမှာမူ ဧကန်မလွဲ ၎င်းတို့သည် ငါ၏ရန်သူများပင် ဖြစ်ကြကုန်၏။ သို့ရာတွင် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာမူကား လောကီဘဝတွင်လည်းကောင်း၊ 'အာခိရတ်' တမလွန်ဘဝတွင်လည်းကောင်း၊ ငါ၏ အဆွေခင်ပွန်းပင် ဖြစ်တော်မူပေသတည်း။

ٱلَّذِى خَلَقَنِى فَهُوَ
يَهْدِينِ ﴿٧٨﴾

၇၈။ အကြင်အရှင်မြတ်သည် ငါ့အားဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည်ပင်လျှင် ငါ့အား လမ်းညွှန်ပြတော်မူ၏။

وَٱلَّذِى هُوَ يُطْعِمُنِى
وَيَسْقِينِ ﴿٧٩﴾

၇၉။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် ငါ့အား ကျွေးမွေးတော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ငါ့အား တိုက်ကျွေးတော်မူ၏။

وَإِذَا مَرِضْتُ فَهُوَ يَشْفِينِ ﴿٨٠﴾

၈၀။ ထိုမှတပါး ငါသည် နာဖျားသောအခါ ထို အရှင်မြတ်သည်ပင်လျှင် ငါ့အား (ဝေဒနာ)ပျောက်ကင်းစေတော်မူ၏။

وَٱلَّذِى يُمِيتُنِى ثُمَّ يُحْيِينِ ﴿٨١﴾

၈၁။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ငါ့အား (သေချိန်တွင်) သေစေတော်မူမည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင် ငါ့အား (ကိယာမတ်နေ့တွင်) ရှင်စေတော်မူမည်။

وَٱلَّذِىٓ أَطْمَعُ أَن يَغْفِرَ لِى
خَطِيٓـَٔتِى يَوْمَ ٱلدِّينِ ﴿٨٢﴾

၈၂။ ထိုမှတပါးထိုအရှင်မြတ်သည်ပင် တရားစီရင်မည့်နေ့တွင် ငါ၏မှားယွင်းချက်များကို ခွင့်လွှတ်တော်မူမည်ဖြစ်ကြောင်းငါမျှော်လင့်လျက်ပင်ရှိပေသတည်း၊[၁]

---

① အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်၊ မုရှ်ရစ်က်များ ဆည်ကပ်ကိုးကွယ်ကြသော အရုပ်များနှင့် လားလားမျှ မတူ။ တန်ခိုးတော် ကျေးဇူးတော် အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ တမန်တော် အီဗ်ရာဟီမ်သည် အထက်ပါ အာယတ်တော်များတွင် ပါရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်၏ ကျွန်တော်ရင်း တစ်ပါးပီပီ ထိုအရှင်မြတ်ထံတော်၌ ရှေ့အာယတ်တော်တွင် ပါရှိသည့်အတိုင်း ဆုပန်ကြားခဲ့လေသည်။

رَبِّ هَبْ لِي حُكْمًا وَأَلْحِقْنِي بِالصَّالِحِينَ ﴿٨٣﴾

၈၃။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်များနှင့်အတူ ပေါင်းဖက် ပါဝင်စေတော်မူပါ။

وَاجْعَل لِّي لِسَانَ صِدْقٍ فِي الْآخِرِينَ ﴿٨٤﴾

၈၄။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် နာမည်ကောင်းခြင်းကို ပြုလုပ်၍ ပေးတော်မူပါ။ (တနည်း-) အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် *ကောင်းစွာ ကျော်ကြားမှုကို (ကောင်းစွာ သတိရခြင်းကို) ပြုလုပ်၍ ပေးတော်မူပါ။* [၁]

---

① တမန်တော် အီဗရာဟီမ်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုအမျိုးမျိုးပန်ကြားခဲ့၏။ ဆုတောင်းပြည့်ခဲ့၏။ ယင်းသည့် ဆုပန်ကြားချက်များတွင် တမန်တော်အီဗရာဟီမ်က မိမိအား ကောင်းမွန်မြင့်မြတ်သော ကုသိုလ်ကောင်းမှုများ ပြုနိုင်စွမ်း ချီးမြှင့်တော်မူ၍ နောင်လာနောင်သားတို့တွင် မိမိ၏နာမည်ကောင်း ကျန်ရစ်နေစေအောင် ပြုလုပ်ပေးတော်မူပါမည့် အကြောင်း၊ နောင်လာနောင်သားတို့သည် မိမိအား အမြဲတစေ ကောင်းသော အမှတ်ရခြင်းမျိုးဖြင့် အမှတ်ရလျက် ရှိနေကြရန်၊ မိမိ၏ သာသနာ့လမ်းစဉ်ကို လိုက်နာကျင့်သုံးလျက် ရှိနေကြရန် ပြုလုပ်ပေးတော်မူပါမည့်အကြောင်း ပါဝင်ခဲ့၏။

ဤဆုပန်ကြားချက်၏ အလိုသဘောမှာ တနည်းအားဖြင့် ကျွန်တော်မျိုး၏ သားချင်းဆွေမျိုးများအနက်မှပင် နောက်ဆုံးခေတ်တွင် ကျွန်တော်မျိုး၏ သာသနာ့လမ်းစဉ်ကို အမြဲတစေ အသစ်အသစ်ဖြစ်နေအောင် ပြုလုပ်ပေးမည့် တမန်တော်တစ်ပါးကို ပွင့်ပေါ်စေတော်မူပါမည့်အကြောင်း ဆုပန်ကြားခဲ့သည်ဟူ၍လည်း ဖြစ်နိုင်ပေသည်။

အသို့ပင်ဖြစ်စေကာမူ အလ္လာဟ်အရှင်မြတ်သည် ဤသည့်ဆုပန်ကြားမှုကိုလည်း ပြည့်ဝစေတော်မူခဲ့ပေသည်။ တမန်တော်အီဗရာဟီမ်၏ ဆွေမျိုးဆက်မှပင် တမန်တော် အပေါင်းတို့၏ နောက်ဆုံးစွန်တွင် ပွင့်တော်မူသော တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လလ်မ်)အား ပွင့်ပေါ်စေတော်မူပြီး၊ တမန်တော် အီဗရာဟီမ်၏ သာသနာ့လမ်းစဉ်ကိုပင် အမြဲတစေ အသစ်အသစ် ဖြစ်စေတော်မူခဲ့သည်။ တမန်တော်မြတ် ကိုယ်တော်တိုင်လည်း 'ကျွန်ုပ်သည် တမန်တော် အီဗရာဟီမ်၏ ဆုပင်ဖြစ်သည်'ဟု ထုတ်ဖော်မြွက်ကြားတော် မူခဲ့ပေသည်။

ထို့ပြင်တစ်ဝ ယနေ့တိုင်လည်း မြောက်မြားစွာသော ဘာသာဝင်များသည် တမန်တော်အီဗရာဟီမ်အား အမှတ်ရလျက် ရှိကြပေသည်။ ချီးမွမ်းလျက် ရှိကြပေသည်။ အထူးသဖြင့် မွတ်စ်လင်မ်များသည် ဆွလာတ်ဝတ်ပြုတိုင်း ဝတ်ပြုတိုင်း တမန်တော် အီဗရာဟီမ်အား မေတ္တာပို့သလျက် ရှိကြပေသည်။ ဤအတိုင်း ကိယာမတ်တိုင် မေတ္တာပို့သလျက် ရှိကြမည်သာတည်း။

وَاجْعَلْنِي مِن وَرَثَةِ جَنَّةِ النَّعِيمِ ﴿٨٥﴾

၈၅။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအား ကျေးဇူးတော်နှင့် ပြည့်စုံသော 'ဂျန္နတ်' သုခဘုံ၏ အမွေစားအမွေခံ ပြုလုပ်တော်မူပါ။

وَاغْفِرْ لِأَبِي إِنَّهُ كَانَ مِنَ الضَّالِّينَ ﴿٨٦﴾

၈၆။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုး၏ ဖခင်အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ဧကန်စင်စစ် ဘင်းမှာ လမ်းလွဲသူတို့တွင် အပါအဝင် ဖြစ်ပါသည်။ ①

وَلَا تُخْزِنِي يَوْمَ يُبْعَثُونَ ﴿٨٧﴾

၈၇။ ဘင်းပြင် အရှင်မြတ်သည် (လူသတ္တဝါ အပေါင်းတို့) ရှင်ပြန်ထကြရမည့်နေ့တွင် ကျွန်တော်မျိုးအား အရှက်တကွဲ ဖြစ်စေတော်မမူပါနှင့်။

يَوْمَ لَا يَنفَعُ مَالٌ وَلَا بَنُونَ ﴿٨٨﴾

၈၈။ အကြင်နေ့တွင် ပစ္စည်းဥစ္စာသည် လည်း ကောင်း၊ သား(သမီး)များသည် လည်းကောင်း၊ အသုံးဝင်မည် မဟုတ်ပါ။

إِلَّا مَنْ أَتَى اللَّهَ بِقَلْبٍ سَلِيمٍ ﴿٨٩﴾

၈၉။ သို့ရာတွင်အကြင်သူသည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ စင်ကြယ်သန့်ရှင်းသောစိတ်နှလုံးနှင့်တကွ ရောက်ရှိခဲ့ပါလျှင် (ထိုသူသည် လွတ်ငြိမ်းချမ်းသာခွင့် ရရှိပေမည်)။ ②

---

① တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏ဖခင်ကြီးအတွက် သံယောဇဉ်ကြီးစွာဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားခဲ့လေသည်။ ယင်းသို့ ဆုပန်ကြားခဲ့ခြင်းမှာ ဖခင်ကြီး အသက်ထင်ရှားရှိစဉ် ပန်ကြားခဲ့ခြင်းသာ ဖြစ်သည်။ ဆိုလိုသည်ကား– အလ္လာဟ်အရှင်မြတ်သည် ဖခင်ကြီးအား အီမာန်ယုံကြည်နိုင်စွမ်း ပေးတော်မူပြီး၊ ကာဖိရ်ဖြစ်ခဲ့စဉ်က ပြစ်မှုများကို လွတ်ငြိမ်းခွင့် ပေးသနားတော်မူသည် ဖြစ်ပါစေသတည်း ဟူ၏။

အကယ်၍ ယင်းသို့ ဆုပန်ကြားခဲ့ခြင်းမှာ ဖခင်ကြီး သေဆုံးပြီးနောက်တွင် ဖြစ်ခဲ့ပါသော်၊ တမန်တော် အီဗ်ရာဟီမ်သည် မိမိထားရှိခဲ့သော ကတိအရ ဆုပန်ကြားခဲ့ခြင်းသာ ဖြစ်မည်။ သို့ရာတွင် နောင်တချိန် မိမိ၏ဖခင်မှာ အလ္လာဟ်အရှင်မြတ်၏ ရန်သူကြီးဖြစ်နေသည်ကို သိရှိသွားသောအခါတွင်မူ၊ တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏ဖခင်အတွက် လွတ်ငြိမ်းခွင့် ပန်ကြားခြင်းမှ အတိအလင်း ငြင်းပယ်ခဲ့လေသည်။ ကြည့်– ကုရ်အာန် (၉း၁၁၄)။

② ကိယာမတ်နေ့တွင် ဥစ္စာပစ္စည်း၊သား၊သမီးခြွေရံသင်းပင်းတို့သည်၊ အသို့မျှ အသုံးဝင်ကြမည်မဟုတ်ပေ၊ ➤➤

وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ ﴿٩٠﴾

၉၀။ ၎င်းပြင် (ထိုနေ့တွင်) 'ဂျန္နတ်' သုခဘုံသည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သောသူတော်စင်တို့နှင့် နီးကပ်စွာထားရှိပြီး ဖြစ်ပေမည်။

وَبُرِّزَتِ الْجَحِيمُ لِلْغَاوِينَ ﴿٩١﴾

၉၁။ ထို့ပြင် 'ဂျဟန္နမ်' ငရဲသည် လမ်းလွဲသူတို့၏ ရှေ့ဝယ် ထင်ရှားစေခြင်းကို ခံရပေမည်။

وَقِيلَ لَهُمْ أَيْنَمَا كُنْتُمْ تَعْبُدُونَ ﴿٩٢﴾

၉၂။ ထိုမှတပါး၎င်းတို့သည် 'အသင်တို့ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသော ကိုးကွယ်ရာများသည် (ယခု) မည်သည့်နေရာ၌ ရှိကြသနည်း' ဟု မြော်ဆိုမေးမြန်းခြင်းကို ခံကြရပေမည်။

مِنْ دُونِ اللَّهِ هَلْ يَنْصُرُونَكُمْ أَوْ يَنْتَصِرُونَ ﴿٩٣﴾

၉၃။ အလ္လာဟ်အရှင်မြတ်အား စွန့်၍ (အသင်တို့ကိုးကွယ်လျက်ရှိခဲ့ကြသော) ကိုးကွယ်ရာများသည် (ယခု) အသင်တို့အား ကူညီနိုင်ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့ကိုယ်ကို ကယ်တင်နိုင်ကြလေသလော။

فَكُبْكِبُوا فِيهَا هُمْ وَالْغَاوُونَ ﴿٩٤﴾

၉၄။ ထို့နောက် ထိုသူတို့သည်လည်းကောင်း၊ လမ်းလွဲသူတို့သည်လည်းကောင်း၊ 'ဂျဟန္နမ်'ငရဲ၌ စောက်ထိုးပစ်ချခြင်းကို ခံကြရပေမည်။

وَجُنُودُ إِبْلِيسَ أَجْمَعُونَ ﴿٩٥﴾

၉၅။ ထိုမှတပါး အီဗလီစ်၏ ဗိုလ်ခြေအပေါင်းတို့သည်လည်းကောင်း၊

قَالُوا وَهُمْ فِيهَا يَخْتَصِمُونَ ﴿٩٦﴾

၉၆။ ၎င်းတို့သည် ယင်း('ဂျဟန္နမ်' ငရဲ)၌ ငြင်းခုံလျက်ရှိကြစဉ် ပြောဆိုကြပေမည်။

➤➤ အကယ်၍ ကာဖိရ် တစ်ဦးတစ်ယောက်သည် ကိယာမတ်နေ့တွင် မိမိ၏ ဥစ္စာ၊ပစ္စည်း၊သား၊သမီးများကို အစားပေး၍ လွတ်မြောက်နိုင်မည်ထင်ပါက၊ ဤသည် အလျှင်းမဖြစ်နိုင်ပေ။ ဤပစ္စက္ခတွင် လျှုဒါန်းခဲ့သော အလျှုဒါနနှင့် သားကောင်း သမီးကောင်းများထံမှ တစ်စုံတစ်ရာ အကျိုးခံစားခွင့် ရရှိရန် မျှော်လင့်ချက်မှာလည်း ကုဖ်ရ်၊ ရှရစ်က်၊ နိဖာက်၊ မမှန်သော ယုံကြည်ချက် စသည့် အညစ်အကြေးများနှင့် လုံးဝစင်ကြယ်သန့်ရှင်း အပြစ်ကင်းသော စိတ်နှလုံး ရှိမှသာလျှင် ဖြစ်နိုင်ပေမည်။

تَاللَّهِ إِن كُنَّا لَفِي ضَلَٰلٍ مُّبِينٍ ﴿٩٧﴾

၉၇။ အလ္လာဟ်အရှင်မြတ်၏ 'ကစမ်'။ ဧကန်အမှန် ကျွန်ုပ်တို့သည် အလွန်ထင်ရှားလွန်းသော လမ်းလွဲမှုဌာပင် ရှိခဲ့ကြကုန်၏။

إِذْ نُسَوِّيكُم بِرَبِّ الْعَٰلَمِينَ ﴿٩٨﴾

၉၈။ အကြင်အခါဝယ် ကျွန်ုပ်တို့သည် အသင်တို့အား စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့်အတူ ဂုဏ်ရည်တူများ ပြုလုပ်လျက် ရှိခဲ့ကြကုန်၏။

وَمَا أَضَلَّنَا إِلَّا الْمُجْرِمُونَ ﴿٩٩﴾

၉၉။ စင်စစ်သော်ကား ကျွန်ုပ်တို့အား (ဤအကြီးအကျယ်) ပြစ်မှုကျူးလွန်သူတို့သည်သာလျှင် လမ်းလွဲစေခဲ့ကြကုန်၏။

فَمَا لَنَا مِن شَٰفِعِينَ ﴿١٠٠﴾

၁၀၀။ ယခုသော်ကား ကျွန်ုပ်တို့အဖို့ ကြားဝင်အသနားခံပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပြီ။

وَلَا صَدِيقٍ حَمِيمٍ ﴿١٠١﴾

၁၀၁။ ထိုနည်းတူစွာ ချစ်ကျွမ်းဝင် ရင်းနှီးသော အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပြီ။

فَلَوْ أَنَّ لَنَا كَرَّةً فَنَكُونَ مِنَ الْمُؤْمِنِينَ ﴿١٠٢﴾

၁၀၂။ သို့ဖြစ်ပေရာ အကယ်၍သာ ကျွန်ုပ်တို့သည် (လူလောကသို့) တစ်ဖန် ပြန်လည်သွားခွင့်ရရှိကြပါလျှင် ကောင်းလေစွ။ သို့ ပြန်သွားခွင့်ရရှိကြပါလျှင် ကျွန်ုပ်တို့သည် သက်ဝင် ယုံကြည်ကြရမည်။

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٠٣﴾

၁၀၃။ ဧကန်မလွဲ ဤ(သည့်ဖြစ်ရပ်)၌ အမှန်ပင် (ကြီးကျယ်လှသော) သင်ခန်းစာသည် ရှိပေသည်။ စင်စစ်သော်ကား၊ ၎င်းတို့အနက် (မက္ကာမြို့သားကာဖိရ်များအနက်)အများစုမှာ သက်ဝင်ယုံကြည်မည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٠٤﴾

၁၀၄။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာမူကား အလွန်တရာ လွှမ်းမိုးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

كَذَّبَتْ قَوْمُ نُوحٍ الْمُرْسَلِينَ ﴿١٠٥﴾

၁၀၅။ 'နူဟ်'၏အမျိုးသားတို့သည် ရဿူလ်တမန်တော်များအားမဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏၊[၁]

إِذْ قَالَ لَهُمْ أَخُوهُمْ نُوحٌ أَلَا تَتَّقُونَ ﴿١٠٦﴾

၁၀၆။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ နောင်တော် 'နူဟ်' က (ဤသို့) ပြောကြားခဲ့၏။ (အချင်းတို့၊) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٠٧﴾

၁၀၇။ ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရဿူလ်တမန်တော်တစ်ပါးပင်ဖြစ်၏။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٠٨﴾

၁၀၈။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٠٩﴾

၁၀၉။ စင်စစ် ငါသည် ဤအမိန့်တော်ကို ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အသင်တို့ထံ မည်သည့်အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုးပေးရန်တာဝန်မှာ စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အပေါ်၌သာ ရှိ၏။

---

① ဤအာယတ်တော်တွင် တမန်တော်နူဟ်၏ အမျိုးသားများသည် ငြင်းဆိုခဲ့ကြသည်ဟူ၍ မိန့်ဆိုထားတော်မူသည်။ အကြောင်းကား တမန်တော် တစ်ပါးအား ငြင်းဆိုခြင်းသည် တမန်တော်အပေါင်းတို့အား ငြင်းဆိုရာမည်ခြင်းကြောင့်ပင်။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١١٠﴾

၁၁၀။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

قَالُوا أَنُؤْمِنُ لَكَ وَاتَّبَعَكَ الْأَرْذَلُونَ ﴿١١١﴾

၁၁၁။ ထိုအမျိုးသားတို့က ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ကြရမည်လော။ အမှန်စင်စစ် ဂုဏ်အသရေ သေးသိမ်သူတို့သာလျှင် အသင်၏ နောက်လိုက်များ ဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြကုန်၏။

قَالَ وَمَا عِلْمِي بِمَا كَانُوا يَعْمَلُونَ ﴿١١٢﴾

၁၁၂။ ထိုနူဟ်က(ဤသို့)ပြန်ကြားခဲ့၏၊ (အချင်းတို့၊) ငါသည် ၎င်းတို့၏ အလုပ်အကိုင်နှင့်စပ်လျဉ်း၍ မည်သည်ကို သိရှိရန် လိုပါသနည်း။

إِنْ حِسَابُهُمْ إِلَّا عَلَىٰ رَبِّي لَوْ تَشْعُرُونَ ﴿١١٣﴾

၁၁၃။ ၎င်းတို့အား စစ်ဆေးရန်တာဝန်မှာ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်အပေါ်၌သာ ရှိကြောင်း အသင်တို့နားလည်ကြပါလျှင် ကောင်းလေစွ။

وَمَا أَنَا بِطَارِدِ الْمُؤْمِنِينَ ﴿١١٤﴾

၁၁၄။ စင်စစ်ငါသည် မုအ်မင်နသက်ဝင်ယုံကြည်သူတို့အား(မိမိအပါးမှ)နှင်ထုတ်မည့်သူမဟုတ်ပြီ။ ①

---

① တမန်တော်နူဟ်၏ အမျိုးသားများအနက် မျက်နှာကြီးများက 'အသင့်အား ယခု ထောက်ခံနေသူများမှာ အလွန်ဂုဏ်သိမ် သေးသိမ်သူများ၊ အဆင့်အတန်း အလွန်နိမ့်ကျသူများသာ ဖြစ်ကြပေရာ၊ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် ကြမ်းတပြေးတည်းထိုင်ကာ အသင့်အားအသိုလျှင် ယုံကြည်ထောက်ခံ နိုင်ကြအံ့နည်း။ အသင်သည် ၎င်းတို့အားပထမ မိမိထံမှနှင်ထုတ်ပါ။ ထို့နောက်မှ ကျွန်ုပ်တို့နှင့် စကားပြောပါ'ဟု ဆိုခဲ့ကြ၏။

ထိုအခါ တမန်တော် နူဟ်က- ကျွန်ုပ်သည် ၎င်းတို့၏ အလုပ်အကိုင်ကို မကြည့်ပါ။ ဆင်းရဲမှု၊ ချမ်းသာမှုကိုလည်း မကြည့်ပါ။ ၎င်းတို့၏ အတွင်းရေးကိုလည်း သိရန်မလိုပါ။ ၎င်းတို့အား စစ်ဆေးမေးမြန်း၍ စီရင်ဆုံးဖြတ်ရန် တာဝန်မှာ အလ္လာဟ်အရှင်မြတ် နှင့်သာလျှင် သက်ဆိုင်ပါသည်။ ကျွန်ုပ်သည် ၎င်းတို့၏ ယုံကြည်မှုနှင့် မှန်ကန်မှုကိုသာ ကြည့်ပါသည်။ မျက်နှာကြီးသည်၊ ငယ်သည်၊ ချမ်းသာသည်၊ ဆင်းရဲသည်များကို မကြည့်ပါ။ အသင်တို့ ပြောဆိုကြသည့်အတွက် မျက်နှာကြီးများကို ထောက်ထားပြီး၊ အီမာန် ယုံကြည်ကြကုန်သော မျက်နှာငယ်မုအ်မင်နတို့အား မည်သည့်နည်းနှင့်မျှ မိမိထံမှ နှင်ထုတ်မည်မဟုတ်ပါ'ဟု တိကျပြတ်သားစွာ ပြန်လည်ဖြေကြားခဲ့လေသည်။

إِنْ أَنَا إِلَّا نَذِيرٌ مُّبِينٌ ﴿١١٥﴾

၁၁၅။ ငါသည် ရှင်းလင်းထင်ရှားစွာ သတိပေးနှိုးဆော်သူ တစ်ဦးမျှ ဖြစ်၏။

قَالُوا لَئِن لَّمْ تَنتَهِ يَا نُوحُ لَتَكُونَنَّ مِنَ الْمَرْجُومِينَ ﴿١١٦﴾

၁၁၆။ ထိုအမျိုးသားတို့က အို-နူဟ်။ အကယ်၍ အသင်သည် (မိမိဆုံးမဩဝါဒပေးခြင်းကို) မရပ်တန့်ခဲ့ပါလျှင် ဧကန်မလွဲ အသင်သည် ခဲပစ်ပေါက်(၍ သတ်ဖြတ်)ခြင်းကို ခံရသူတို့တွင် အပါအဝင် ဖြစ်ပေမည်။

قَالَ رَبِّ إِنَّ قَوْمِي كَذَّبُونِ ﴿١١٧﴾

၁၁၇။ ထိုနူဟ်က (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုး၏ အမျိုးသားတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေပြီ။

فَافْتَحْ بَيْنِي وَبَيْنَهُمْ فَتْحًا وَنَجِّنِي وَمَن مَّعِيَ مِنَ الْمُؤْمِنِينَ ﴿١١٨﴾

၁၁၈။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးနှင့် ၎င်းတို့၏အကြား၌ ထင်ရှားစွာသောအဆုံးအဖြတ်ကိုစီရင်ဆုံးဖြတ်ပေးတော်မူပါ။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုးနှင့်အတူရှိကုန်သော မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ ကယ်တင်တော်မူပါ။

فَأَنجَيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ الْمَشْحُونِ ﴿١١٩﴾

၁၁၉။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုနူဟ်အားလည်းကောင်း၊ ထိုနူဟ်နှင့်အတူ ဝန်အပြည့်တင်ထားသောသင်္ဘောပေါ်၌ပါလာကြကုန်သော မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ ကယ်တင်တော်မူခဲ့လေ၏။

ثُمَّ أَغْرَقْنَا بَعْدُ الْبَاقِينَ ﴿١٢٠﴾

၁၂၀။ ထို့နောက် တစ်ဖန် ငါအရှင်မြတ်သည် ကျန်ရှိသူတို့အား နှစ်မြှုပ်တော်မူခဲ့၏။ [၁]

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٢١﴾

၁၂၁။ ဧကန်မလွဲ ဤသည့်ဖြစ်ရပ်၌ (ကြီးကျယ်လှသော) သင်ခန်းစာသည်ရှိ၏။ စင်စစ်သော်ကား၎င်းတို့အနက် (မက္ကာမြို့သား ကာဖိရ်များအနက်) အများဆုံးသောသူတို့မှာ သက်ဝင်ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٢٢﴾

၁၂၂။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်မှာမူကား၊ အလွန်တရာ လွှမ်းမိုးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

كَذَّبَتْ عَادٌ الْمُرْسَلِينَ ﴿١٢٣﴾

၁၂၃။ 'အာဒ်' အမျိုးသား၊တို့သည်လည်း [၂] ရာရွယ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ هُودٌ أَلَا تَتَّقُونَ ﴿١٢٤﴾

၁၂၄။ အကြင်အခါဝယ် ၎င်းတို့၏နောင်တော် 'ဟူဒ်' က ပြောကြားခဲ့၏။ (အချင်းတို့၊) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား)မကြောက်ရွံ့ကြလေသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٢٥﴾

၁၂၅။ ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရာရွယ်တမန်တော်တစ်ပါးပင် ဖြစ်သည်။

---

① နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်နူဟ်နှင့်အတူ သင်္ဘောပေါ်တွင်ပါရှိသော မုအ်မင်္ဂန်တို့အား ကယ်တင်၍၊ ကျန်ကာဖိရ်များအား ရေဘေးသင့်စေတော် မူခဲ့လေသည်။ ဤအကြောင်း- ကုရ်အာန်(၇:၅၉-၆၄။ ၁၁:၃၆-၄၇)တွင် အကျယ်တဝင့် တွေ့ရှိရပေသည်။

② တမန်တော်ဟူဒ်နှင့် အာဒ်အမျိုးသားများ အကြောင်း- ကုရ်အာန်(၇:၆၅-၇၂။ ၁၁:၅၀-၆၀)တွင် အကျယ်တဝင့်ပါရှိခဲ့လေပြီ။ သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုပါကုန်။

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿١٣٦﴾

၁၂၆။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ ﴿١٢٧﴾

၁၂၇။ စင်စစ် ငါသည် အသင်တို့ထံ ဤအမိန့်တော်ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကျိုးတစ်စုံတရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုးပေးရန် တာဝန်မှာ စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌သာ ရှိ၏။

اَتَبْنُوْنَ بِكُلِّ رِيْعٍ اٰيَةً تَعْبَثُوْنَ ﴿١٢٨﴾

၁၂၈။ အသင်တို့သည်ကုန်းမြင့်တိုင်း၌ အထိမ်းအမှတ်တစ်ခု အချည်းနှီး တည်ဆောက်ကြလေသလော။

وَ تَتَّخِذُوْنَ مَصَانِعَ لَعَلَّكُمْ تَخْلُدُوْنَ ﴿١٢٩﴾

၁၂၉။ ထိုမှတပါး အသင်တို့သည် မိမိတို့ အမြဲနေထိုင်ကြရမည်ကဲ့သို့ပင် ကြီးကျယ်ခမ်းနားသော တိုက်တာ ဂေဟာများကို ပြုလုပ် တည်ဆောက်ကြကုန်၏။

وَاِذَا بَطَشْتُمْ بَطَشْتُمْ جَبَّارِيْنَ ﴿١٣٠﴾

၁၃၀။ ထိုမှတပါးအသင်တို့သည် ဖမ်းဆီး အရေးယူကြလေသောအခါ ရက်စက်ကြမ်းကြုတ်သူများအဖြစ် ဖမ်းဆီး အရေးယူကြကုန်၏။

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿١٣١﴾

၁၃၁။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَاتَّقُوا الَّذِيْٓ اَمَدَّكُمْ بِمَا تَعْلَمُوْنَ ﴿١٣٢﴾

၁၃၂။ ၎င်းပြင်အသင်တို့သည် အကြင်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ သိရှိကြကုန်သောအရာများဖြင့် ကူညီ ဆောင်မတော်မူခဲ့၏။

أَمَدَّكُم بِأَنْعَٰمٍ وَبَنِينَ ﴿١٣٣﴾

၁၃၃။ ထိုအရှင်မြတ်သည် အသင်တို့အား ကျွဲ၊ နွား၊ ကုလားအုတ် တည်းဟူသော တိရစ္ဆာန်များဖြင့်လည်းကောင်း၊ သားသမီး ရတနာများဖြင့်လည်းကောင်း၊ ကူညီဆောင်မတော်မူခဲ့၏။

وَجَنَّٰتٍ وَعُيُونٍ ﴿١٣٤﴾

၁၃၄။ ထိုမှတပါး ဥယျာဉ်များဖြင့်လည်းကောင်း၊ စမ်းချောင်းများဖြင့်လည်းကောင်း၊ (ကူညီတော်မူခဲ့၏)။

إِنِّيٓ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ ﴿١٣٥﴾

၁၃၅။ ဧကန်စင်စစ် ငါသည် အသင်တို့နှင့် ပတ်သက်၍ ကြီးကျယ်လှစွာသော(ကိယာမတ် ရှင်ပြန်ထမည့်)နေ့၏ပြစ်ဒဏ်ကို စိုးရိမ်မိပေသည်တကား။

قَالُوا۟ سَوَآءٌ عَلَيْنَآ أَوَعَظْتَ أَمْ لَمْ تَكُن مِّنَ ٱلْوَٰعِظِينَ ﴿١٣٦﴾

၁၃၆။ ထိုအမျိုးသားတို့ကပြောဆိုခဲ့ကြကုန်၏။ (အို-ဟူဒ်၊) အသင်သည် ဆုံးမသည်ဖြစ်စေ၊ ဆုံးမခြင်းမပြုသည်ဖြစ်စေ၊ ကျွန်ုပ်တို့အဖို့ အကြောင်းမထူးပေ။

إِنْ هَٰذَآ إِلَّا خُلُقُ ٱلْأَوَّلِينَ ﴿١٣٧﴾

၁၃၇။ ဤသည် ရှေးလူဟောင်းတို့၏ ဓလေ့ထုံးစံမျှဖြစ်ပေ၏။

وَمَا نَحْنُ بِمُعَذَّبِينَ ﴿١٣٨﴾

၁၃၈။ စင်စစ် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်းခံကြ ရမည့်သူများ မဟုတ်ပေ။

فَكَذَّبُوهُ فَأَهْلَكْنَٰهُمْ ۗ إِنَّ فِى ذَٰلِكَ لَءَايَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٣٩﴾

၁၃၉။ အချုပ်မှာ ၎င်းအမျိုးသားတို့သည် ထိုဟူဒ်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ငါ အရှင်မြတ်သည် ထိုအမျိုးသားတို့အား ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းဖြင့် ကွပ်မျက်ဖျက်ဆီးတော်မူခဲ့၏။ ဧကန်မလွဲဤသည်ဖြစ်ရပ်၌လည်း (ကြီးကျယ်လှစွာသော) သင်ခန်းစာ ရှိပေ၏။ သို့ရာတွင် ၎င်းတို့(မက္ကာမြို့သား ကာဖိရ်များ)အနက် အများဆုံးသော သူတို့မှာကား သက်ဝင် ယုံကြည်မည့်သူများ မဟုတ်ကြချေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٤٠﴾

၁၄၀။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာမူကား အလွန်တရာ လွှမ်းမိုးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

كَذَّبَتْ ثَمُودُ الْمُرْسَلِينَ ﴿١٤١﴾

၁၄၁။ 'ဆမူဒ်' အမျိုးသားတို့သည်လည်း [၁] ရှုလ် တမန်တော်တို့အား မဟုတ်မမှန် ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ صَالِحٌ أَلَا تَتَّقُونَ ﴿١٤٢﴾

၁၄၂။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ နောင်တော် တမန်တော်ဆွာလိဟ်က ပြောကြားခဲ့၏။ (အချင်းတို့၊)အသင်တို့သည်(အလ္လာဟ်အရှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٤٣﴾

၁၄၃။ ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရှုလ် တမန်တော်တစ်ပါးပင် ဖြစ်ပေ၏။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٤٤﴾

၁၄၄။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٤٥﴾

၁၄၅။ စင်စစ် ငါသည် အသင်တို့ထံ ဤအမိန့်တော်ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍၊ မည်သည့် အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုးပေးရန်တာဝန်မှာ စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌သာ ရှိ၏။

---

① တမန်တော်ဆွာလိဟ်နှင့် ဆမူဒ်အမျိုးသားများအကြောင်း အကြိမ်ကြိမ်ပါရှိခဲ့ပေပြီ။ ကြည့်-ကုရ်အာန်(၇:၇၃-၇၉။၁၁:၆၁-၆၈)။

أَتُتْرَكُونَ فِي مَا هَٰهُنَا آمِنِينَ ﴿١٤٦﴾

၁၄၆။ အသင်တို့သည် ဤပစ္စက္ခဘဝ၌ရှိသော အရာများတွင် စိတ်အေးချမ်းစွာနေခြင်းကို လျစ်လျူပြုထားခြင်းကို ခံကြရမည်လော။

فِي جَنَّاتٍ وَعُيُونٍ ﴿١٤٧﴾

၁၄၇။ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း၊

وَزُرُوعٍ وَنَخْلٍ طَلْعُهَا هَضِيمٌ ﴿١٤٨﴾

၁၄၈။ လယ်ယာများ၌လည်းကောင်း၊ အကြင်စွန်ပလွံခြံများ၌လည်းကောင်း၊ ထိုစွန်ပလွံပင်များ၏ အဖူးအညွန့်များမှာ နူးညံ့လျက်ရှိ၏။ (တနည်း) ထိုစွန်ပလွံပင်မှ စွန်ပလွံသီးအခိုင်များမှာ ပြွတ်လျက်ရှိ၏။

وَتَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا فَارِهِينَ ﴿١٤٩﴾

၁၄၉။ ၎င်းပြင် အသင်တို့သည် တောင်များကို အိမ်များဖြစ်အောင် ကျွမ်းကျင်စွာ ထွင်းကြကုန်၏။ (တနည်း) ၎င်းပြင် အသင်တို့သည် မော်ကြွားလျက် တောင်များကို အိမ်များဖြစ်အောင် ထွင်းကြကုန်၏။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٥٠﴾

၁၅၀။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَلَا تُطِيعُوا أَمْرَ الْمُسْرِفِينَ ﴿١٥١﴾

၁၅၁။ သို့ရာတွင်အသင်တို့သည် စည်းကမ်းဥပဒေကို ကျူးလွန်ဖောက်ဖျက်သူတို့၏အမိန့်ကို မလိုက်နာကြကုန်လင့်။

الَّذِينَ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ ﴿١٥٢﴾

၁၅၂။ အကြင်သူတို့သည် တိုင်းပြည်တွင် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် (တိုင်းပြည်ကို သာယာဝပြောအောင်) ပြုပြင်ကြသည်ကား မဟုတ်ကြပေ။

قَالُوٓا۟ إِنَّمَآ أَنتَ مِنَ ٱلْمُسَحَّرِينَ ﴿١٥٣﴾

၁၅၃။ ထို 'ဆမူဒ်' အမျိုးသားတို့က ပြောဆိုခဲ့ကြကုန်၏။ (အို-ဆွာလိဟ်၊) အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်း ခံရသူတစ်ဦးသာလျှင်ဖြစ်၏။

مَآ أَنتَ إِلَّا بَشَرٌ مِّثْلُنَا فَأْتِ بِـَٔايَةٍ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿١٥٤﴾

၁၅၄။ အသင်သည်ကျွန်ုပ်တို့ကဲ့သို့ပင် လူသားတစ်ဦးမှတပါး အခြားမဟုတ်ပြီ။ သို့ဖြစ်ပေရာ အသင်သည် သစ္စာဝါဒီ အမှန်ဆိုသူတစ်ဦး ဖြစ်ခဲ့ပါလျှင် သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်လာခဲ့ပါလေ။

قَالَ هَٰذِهِۦ نَاقَةٌ لَّهَا شِرْبٌ وَلَكُمْ شِرْبُ يَوْمٍ مَّعْلُومٍ ﴿١٥٥﴾

၁၅၅။ ထိုဆွာလိဟ်က ပြောကြားခဲ့၏။ ဤသည် ကုလားအုတ်မတစ်ကောင်ဖြစ်၏။ ယင်း ကုလားအုတ်မ၌ ရေသောက်ရန် အလှည့်တစ်လှည့်ရှိ၍ အသင်တို့၌လည်း သတ်မှတ်ထားပြီးဖြစ်သော နေ့တစ်နေ့တွင် ရေသောက်ရန် အလှည့်တစ်လှည့်သည် ရှိ၏။

وَلَا تَمَسُّوهَا بِسُوٓءٍ فَيَأْخُذَكُمْ عَذَابُ يَوْمٍ عَظِيمٍ ﴿١٥٦﴾

၁၅၆။ ၎င်းပြင် အသင်တို့သည် ထိုကုလားအုတ်မကို မကောင်းသော စေတနာနှင့် မထိပါးကြကုန်လင့်။ သို့ထိပါးခဲ့ကြလျှင် ကြီးကျယ်လှစွာသော(ကိယာမတ် ရှင်ပြန်ထမည့်)နေ့၏ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီး ကွပ်မျက်မည်ဖြစ်၏။

فَعَقَرُوهَا فَأَصْبَحُوا۟ نَٰدِمِينَ ﴿١٥٧﴾

၁၅၇။ သို့တစေ ၎င်း 'ဆမူဒ်' အမျိုးသားတို့သည် ထိုကုလားအုတ်မ၏ ခြေများကို ဖြတ်တောက်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် နောင်တရရှိသူများ ဖြစ်သွားခဲ့ကြကုန်၏။

فَأَخَذَهُمُ ٱلْعَذَابُ ۗ إِنَّ فِى ذَٰلِكَ لَءَايَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٥٨﴾

၁၅၈။ သို့ဖြစ်ပေရာ ပြစ်ဒဏ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့၏။ ဧကန်မလွဲ ဤသည်ဖြစ်ရပ်၌လည်း (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိပေ၏။ သို့ရာတွင် ၎င်း(မက္ကာမြို့သား ကာဖိရ်များ အနက်) အများဆုံးသောသူတို့မှာ သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြချေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٥٩﴾

၁၅၉။ စင်စစ် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်မှာမူကား အလွန်တရာ လွှမ်းမိုးတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။

كَذَّبَتْ قَوْمُ لُوطٍ الْمُرْسَلِينَ ﴿١٦٠﴾

၁၆၀။ 'လူတွ်၏ အမျိုးသားတို့သည် [၁] (လည်း) ရှုလ်တမန်တော်တို့အား မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ لُوطٌ أَلَا تَتَّقُونَ ﴿١٦١﴾

၁၆၁။ အကြင်အခါဝယ် ၎င်းတို့အား၊ ၎င်းတို့၏ နောင်တော် 'လူတွ်'က ပြောကြားခဲ့လေ၏။ အသင်တို့သည် (အလွှာဟ်အရှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٦٢﴾

၁၆၂။ ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရှုရှုလ်တမန်တော်တစ်ပါးပင် ဖြစ်ပေသည်။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٦٣﴾

၁၆၃။ သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٦٤﴾

၁၆၄။ စင်စစ် ငါသည်အသင်တို့ထံ ဤ(အမိန့်တော်ပို့ဆောင်ခြင်း)နှင့်စပ်လျဉ်း၍၊ အကျိုး တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည် မဟုတ်ပေ။ ငါ့အား အကျိုးပေးရန်တာဝန်မှာ စကြာဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အပေါ်၌သာ ရှိပေသတည်း။

---

① တမန်တော်လူတွ်နှင့် ၎င်း၏အမျိုးသားများအကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ်ပါရှိခဲ့ပေပြီ။ ကြည့်-ကုရ်အာန်(၇း၈၀-၈၄။ ၁၁း၇၇-၈၃)။

أَتَأْتُونَ الذُّكْرَانَ مِنَ الْعَالَمِينَ ﴿١٦٥﴾

၁၆၅။ အသင်တို့သည် ကမ္ဘာသူကမ္ဘာသားတို့အနက် ယောကျ်ားများထံ လာရောက်(၍ ကာမဂုဏ် ခံစား) ကြလေသလော။

وَتَذَرُونَ مَا خَلَقَ لَكُمْ رَبُّكُمْ مِنْ أَزْوَاجِكُمْ ۚ بَلْ أَنْتُمْ قَوْمٌ عَادُونَ ﴿١٦٦﴾

၁၆၆။ သို့ရာတွင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မိမိတို့အဖို့ ဖန်ဆင်းထားတော်မူသော ဇနီး မိန်းမတို့ကိုမူ စွန့်ထား ကြလေသလော။ စင်စစ်မှာမူကား အသင်တို့သည် စည်းကမ်းကျူးလွန် ဖောက်ဖျက်သော အမျိုးသားများ ပင် ဖြစ်ကြကုန်၏။

قَالُوا لَئِنْ لَمْ تَنْتَهِ يَا لُوطُ لَتَكُونَنَّ مِنَ الْمُخْرَجِينَ ﴿١٦٧﴾

၁၆၇။ ထိုအမျိုးသားတို့က 'အို-လူတ်'၊ အကယ်၍ အသင်သည် (မိမိ ဆုံးမဩဝါဒပေးခြင်းမှ) မရပ်တန့် ပါလျှင် ဧကန်မလွဲ အသင်သည် (တိုင်းပြည်မှ) နှင်ထုတ်ခြင်းခံရသူ တစ်ဦးပင် ဖြစ်ချေလိမ့်မည်ဟု ဆိုခဲ့ကြကုန်၏။

قَالَ إِنِّي لِعَمَلِكُمْ مِنَ الْقَالِينَ ﴿١٦٨﴾

၁၆၈။ ထို'လူတ်'က(အချင်းတို့၊) ဧကန်အမှန်ငါသည် အသင်တို့၏ အကျင့်အမူကို လွန်စွာစက်ဆုပ်သူ တစ်ဦးပင် ဖြစ်သည်ဟု ပြောကြားခဲ့၏။

رَبِّ نَجِّنِي وَأَهْلِي مِمَّا يَعْمَلُونَ ﴿١٦٩﴾

၁၆၉။ (ထို့နောက် လူတ်က) အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား လည်းကောင်း၊ ကျွန်တော်မျိုး၏ အိမ်သူအိမ်သားတို့အား လည်းကောင်း၊ (နောက်လိုက် ငယ်သားတို့အားလည်းကောင်း၊) ထိုအမျိုးသားတို့ ကျင့်မူလျက် ရှိကြကုန်သော (ပြစ်မှုဒုစရိုက်၏ ပြစ် ဒဏ်မှ) ကင်းလွတ်စေတော်မူပါ (ဟု လျှောက်ထား ခဲ့၏)။

فَنَجَّيْنٰهُ وَ اَهْلَهٗۤ اَجْمَعِيْنَ ﴿۱۷۰﴾

၁၇၀။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို 'လူတွဲ' နှင့်တကွ ၎င်း၏အိမ်သူအိမ်သား တပည့်သား အားလုံး ကိုပင် ကယ်တင်တော်မူခဲ့၏။

اِلَّا عَجُوْزًا فِى الْغٰبِرِيْنَ ﴿۱۷۱﴾

၁၇၁။ သို့ရာတွင်အမယ်အိုတစ်ဦးမှာမူကား နောက်၌ ကျန်ရစ်ခဲ့သူတို့တွင် ကျန်ရစ်ခဲ့လေ၏။

ثُمَّ دَمَّرْنَا الْاٰخَرِيْنَ ﴿۱۷۲﴾

၁၇၂။ ထို့နောက်ငါအရှင်မြတ်သည် ကျန်လူအားလုံး တို့ကို ဖျက်ဆီးတော်မူခဲ့၏။

وَ اَمْطَرْنَا عَلَيْهِمْ مَّطَرًا ۚ فَسَآءَ مَطَرُ الْمُنْذَرِيْنَ ﴿۱۷۳﴾

၁၇၃။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးတစ်မျိုး(ခဲမိုး)ကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် သတိပေး နှိုးဆော်ခြင်းခံကြရသူတို့ (အပေါ်၌ ရွာသွန်း ခဲ့သော)မိုးမှာ အဘယ်မျှ ဆိုးရွားလှဘိသနည်း။

اِنَّ فِىْ ذٰلِكَ لَاٰيَةً ۖ وَ مَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿۱۷۴﴾

၁၇၄။ ဧကန်စင်စစ် ဤသည့်(ဖြစ်ရပ်)၌ (ကြီးကျယ် လှစွာသော) သင်ခန်းစာသည် ရှိပေ၏။ သို့ရာတွင် ၎င်းတို့အနက် (မက္ကာမြို့သား ကာဖိရ်များအနက်) အများဆုံးသော သူတို့မှာမူကား သက်ဝင်ယုံကြည် ကြမည့်သူများ မဟုတ်ကြချေ။

وَ اِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿۱۷۵﴾

၁၇၅။ စင်စစ်ဧကန် အသင့်အားဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်သည်ပင်လျှင် အလွန်တရာ လွှမ်းမိုး တော်မူသော၊ အလွန်တရာ သနားကရုဏာပြုတော် မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

كَذَّبَ اَصْحٰبُ لْـَٔيْكَةِ الْمُرْسَلِيْنَ ﴿۱۷۶﴾

၁၇၆။ တောအုပ်၌ နေထိုင်ကြကုန်သော အမျိုးသား တို့သည်လည်း ရာဇူလ်တမန်တော်တို့အား မဟုတ် မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။

اِذْ قَالَ لَهُمْ شُعَيْبٌ اَلَا تَتَّقُوْنَ ﴿۱۷۷﴾

၁၇၇။ အကြင်အခါဝယ် ၎င်းတို့အား 'ရှုအိုက်ဗ်'က ပြောကြားခဲ့၏။ အသင်တို့သည် အလ္လာဟ်အရှင်မြတ် အား မကြောက်ရွံ့ ကြလေသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٧٨﴾

၁၇၈။ ဇကန်စင်စစ်ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရဿူလ်တမန်တော်တစ်ပါးပင်ဖြစ်၏။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٧٩﴾

၁၇၉။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٨٠﴾

၁၈၀။ စင်စစ် ငါသည် ဤ(အမိန့်တော် ပို့ဆောင်ခြင်း)နှင့်စပ်လျဉ်း၍ အသင်တို့ထံ မည်သည့်အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည် မဟုတ်ပေ။ ငါ့အား အကျိုးပေးရန် တာဝန်မှာ စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ တာဝန်ပင် ဖြစ်ပေသတည်း။

أَوْفُوا الْكَيْلَ وَلَا تَكُونُوا مِنَ الْمُخْسِرِينَ ﴿١٨١﴾

၁၈၁။ အသင်တို့သည် (ခွက်၊စလယ်၊တင်းတောင်း၊ စသော) အခြင်အတွယ်ကို အပြည့်(ခြင်း၍) ပေးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ဆုံးရှုံးအောင် ပြုလုပ်သူများ မဖြစ်ကြကုန်လင့်။

وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ ﴿١٨٢﴾

၁၈၂။ ထို့ပြင် အသင်တို့သည် မှန်ကန်သော ရာဇူချိန်ခွင်ဖြင့် ချိန်တွယ်ကြလေကုန်။

وَلَا تَبْخَسُوا النَّاسَ أَشْيَاءَهُمْ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿١٨٣﴾

၁၈၃။ ၎င်းပြင် အသင်တို့သည် လူတို့အား ၎င်းတို့၏ဝတ္ထုပစ္စည်းများကို လျှော့၍ မပေးကြကုန်လင့်။ ထိုမှတပါး အသင်တို့သည် တိုင်းပြည်တွင် ဖျက်ဆီးသူများအဖြစ် သွားလာလှုပ်ရှား သောင်းကျန်းခြင်းကို မပြုကြကုန်လင့်။

وَاتَّقُوا الَّذِي خَلَقَكُمْ وَالْجِبِلَّةَ الْأَوَّلِينَ ﴿١٨٤﴾

၁၈၄။ ထို့ပြင် အသင်တို့သည် မိမိတို့အားလည်းကောင်း၊ရှေးဟောင်းအဖန်ဆင်းခံတို့အားလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင်မြတ်အားကြောက်ရွံ့ကြလေကုန်

قَالُوٓا۟ إِنَّمَآ أَنتَ مِنَ ٱلْمُسَحَّرِينَ ﴿١٨٥﴾

၁၈၅။ ထိုအမျိုးသားတို့ကပြောဆိုခဲ့ကြကုန်၏။ (အို-ရှုအိုက်ဗ်၊) အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်းခံရသူတစ်ဦးပင် ဖြစ်၏။

وَمَآ أَنتَ إِلَّا بَشَرٌ مِّثْلُنَا وَإِن نَّظُنُّكَ لَمِنَ ٱلْكَٰذِبِينَ ﴿١٨٦﴾

၁၈၆။ စင်စစ် အသင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားတစ်ဦးမှအပ အခြားမဟုတ်ပြီ။ ၎င်းပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား မုသာဝါဒီတစ်ဦးပင်ဖြစ်သည်ဟု ထင်မှတ်ကြကုန်၏။

فَأَسْقِطْ عَلَيْنَا كِسَفًا مِّنَ ٱلسَّمَآءِ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿١٨٧﴾

၁၈၇။ သို့ဖြစ်ပေရာ အသင်သည် သစ္စာဝါဒီတို့တွင် အပါအဝင်ဖြစ်မူ ကျွန်ုပ်တို့အပေါ်၌ မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခု ကျလာအောင် သင်ပြုလုပ်ပါလေ။

قَالَ رَبِّىٓ أَعْلَمُ بِمَا تَعْمَلُونَ ﴿١٨٨﴾

၁၈၈။ ထိုရှုအိုက်ဗ်က ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့ ပြုမူကြသည်ကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း ပြောကြားခဲ့၏။

فَكَذَّبُوهُ فَأَخَذَهُمْ عَذَابُ يَوْمِ ٱلظُّلَّةِ ۚ إِنَّهُۥ كَانَ عَذَابَ يَوْمٍ عَظِيمٍ ﴿١٨٩﴾

၁၈၉။ ၎င်းနောက် ထိုအမျိုးသားတို့သည် ထိုရှုအိုက်ဗ်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေရာ တိမ်များကျလာသောနေ့၏ ပြစ်ဒဏ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့၏။ ဧကန်မလွဲ ယင်းပြစ်ဒဏ်သည် ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်ပင်ဖြစ်ခဲ့၏။ [1]

---

① အလ္လာဟ်အရှင်မြတ်သည် 'အဆွဲဟာဗုလ် အိုင်ကဟ်'အား နောက်ဆုံးတွင် သွန်သင်ဆုံးမ၍ မရသည့်အဆုံး၌ ကွပ်မျက်တော်မူခဲ့လေသည်။ ကွပ်မျက်တော်မူပုံမှာ ပထမသော် အပူရှိန်ပြင်းလာခဲ့၏။ ထို့နောက် မိုးတိမ်တက်လာခဲ့၏။ အဆွဲဟာဗုလ်အိုင်ကဟ်သည် အအေးဓာတ် ရလိုကြသည့်အတွက် မိုးတိမ်အောက်သို့ လာရောက်စုရုံးခဲ့ကြ၏။ အဆိုပါမိုးတိမ်သည် မိုးရေ ရွာသွန်းမချဘဲ မီးမိုးရွာသွန်းချခဲ့၏။ အောက်မှ မြေလျင်လှုပ်လာခဲ့၏။ အလွန်ကြောက်မက်ဖွယ် ကောင်းသော အသံကြီးလည်း ထွက်ပေါ်မြည်ဟည်းလာခဲ့၏။ ဤသို့ဖြင့် 'အဆွဲဟာဗုလ် အိုင်ကဟ်'သည် လောင်ကျွမ်း သေကျေပျက်စီးသွားခဲ့ ကြလေသည်။ကြည့်- မာကျိဒီ။ ထာနဝီ။

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٩٠﴾

၁၉၀။ ဧကန်စင်စစ် ဤသည့်ဖြစ်ရပ်၌ (ကြီးကျယ်စွာသော) သင်ခန်းစာတစ်ရပ်သည် ရှိခဲ့၏။ သို့ရာတွင် ၎င်းတို့အနက် (မက္ကာမြို့သား ကာဖိရ်များအနက်) အများဆုံးသောသူတို့မှာမူကား သက်ဝင်ယုံကြည်မည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٩١﴾

၁၉၁။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူသော အရှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ အလွန်တရာ ကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَإِنَّهُ لَتَنزِيلُ رَبِّ الْعَالَمِينَ ﴿١٩٢﴾

၁၉၂။ ၎င်းပြင် မလွဲမကန် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသည့် အရှင်ချုပေးတော်မူသော *(ကျမ်းဂန်ပင်)* ဖြစ်ချေသည်။ ①

نَزَلَ بِهِ الرُّوحُ الْأَمِينُ ﴿١٩٣﴾

၁၉၃။ 'အရ်ရူဟုလ်အမီန်' (ယုံကြည်စိတ်ချအပ်သော ဝိညာဉ်တော်)ကောင်းကင်တမန်ဂျစ်ဗရီလ်သည် ယင်း(ကုန်အာန်ကျမ်းတော်မြတ်)ကို ယူဆောင်ချပေးခဲ့လေသည်။

عَلَىٰ قَلْبِكَ لِتَكُونَ مِنَ الْمُنذِرِينَ ﴿١٩٤﴾

၁၉၄။ အသင်၏ စိတ်နှလုံးပေါ်၌ အသင်သည် သတိပေးနှိုးဆော်သူတို့တွင်အပါအဝင် ဖြစ်အံ့သောငှာ။

---

① **ကုရ်အာန်ကျမ်းမြတ်။**

ဤကဏ္ဍ၏အစတွင် ကုရ်အာန်ကျမ်းမြတ်အကြောင်း၊ ကုရ်အာန်ကျမ်းမြတ်ကို မဟုတ်မမှန် ဟူ၍ စွပ်စွဲ ပြောဆိုသူများအား သတိပေးထားတော်မူသည့် အကြောင်း ပါရှိခဲ့၏။ ထိုသည့်နောက်ပိုင်းတွင် စပ်ကြားခဲ့အမှန်တရားကို သွေဖည်ငြင်းဆန်ခဲ့ကြသော အချို့အမျိုးသားတို့၏ အကြောင်းများ ပါရှိခဲ့၏။ ယခု ဤမှတစ်ဖန် ကုရ်အာန်ကျမ်းမြတ်၏ အကြောင်းကိုပင် ပြန်လည် မိန့်ကြားထားတော်မူသည်။

ကုရ်အာန်ကျမ်းမြတ်သည် အလွန်ထူးကဲမြင့်မြတ်သော၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော၊ အလွန်တန်ခိုးကြီးမားသော ကျမ်းဂန်တစ်ဆူဖြစ်၏။ ထိုသည့်ကျမ်းမြတ်ကို စကြာဝဠာ အဝှန်းကို စတင်ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်သည် ထုတ်ပြန်ချမှတ်တော်မူခဲ့၏။

بِلِسَانٍ عَرَبِيٍّ مُّبِينٍ ﴿١٩٥﴾
وَإِنَّهُ لَفِي زُبُرِ الْأَوَّلِينَ ﴿١٩٦﴾

၁၉၅။ ရှင်းလင်းသော အရဗီဘာသာဖြင့်။

၁၉၆။ ၎င်းပြင် ဧကန်အမှန် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်၏အကြောင်း)မှာ ရှေးလူဟောင်းတို့၏ကျမ်းဂန်များ၌(လည်း) ပါရှိ၏။ [၁]

أَوَلَمْ يَكُن لَّهُمْ آيَةً أَن يَعْلَمَهُ عُلَمَاءُ بَنِي إِسْرَائِيلَ ﴿١٩٧﴾

၁၉၇။ အိစ်ရာအီလီအမျိုးသားတို့အနက်မှ ပညာရှင်များ ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို သိရှိကြခြင်းမှာ ၎င်း(ကုရိုက်ရှ်မျိုးနွယ်ဝင်)တို့အဖို့ (လုံလောက်သော) သက်သေသာဓက မဖြစ်ခဲ့လေသလော။

وَلَوْ نَزَّلْنَاهُ عَلَىٰ بَعْضِ الْأَعْجَمِينَ ﴿١٩٨﴾

၁၉၈။ စင်စစ် အကယ်တန်ဆူ ငါအရှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်)ကို အရစ်အမျိုးသားမဟုတ်သူ တစ်ဦးတစ်ယောက်၏ အပေါ်၌ ချပေးခဲ့တော်မူခဲ့အံ့။

فَقَرَأَهُ عَلَيْهِم مَّا كَانُوا بِهِ مُؤْمِنِينَ ﴿١٩٩﴾

၁၉၉။ တစ်ဖန် ထိုသူသည် ၎င်း(ကုရိုက်ရှ် မျိုးနွယ်ဝင်)တို့ ရှေ့ဝယ် ထို(ကုရ်အာန်ကျမ်းတော်မြတ်)ကို ဖတ်ကြားခဲ့အံ့။ သို့ပင်တစေလည်း ၎င်းတို့သည် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်ကြမည့်သူများမဟုတ်ပေတကား။ [၂]

---

① ကုရ်အာန်ကျမ်းမြတ် အကြောင်းနှင့် ယင်းကျမ်းမြတ် ထုတ်ပြန်ပို့ချတော်မူခြင်း ခံခဲ့ရသော တမန်တော်မြတ်၏ အကြောင်းများသည် အတိတ်ခေတ် ကောင်းကင်ကျကျမ်းများတွင် ပါရှိခဲ့၏။

အတိတ်ခေတ်များတွင် ပွင့်လေကြကုန်သော တမန်တော်များကလည်း ကုရ်အာန်ကျမ်းမြတ်နှင့် တမန်တော်မြတ်၏အကြောင်းကို အသီးသီး ကြိုတင်၍ ဗျာဒိတ်စကား ပြောကြားသွားခဲ့ကြ၏။ ယင်းသည့် ဗျာဒိတ်စကားများကို အတိတ်ခေတ် ကောင်းကင်ကျ ကျမ်းဂန်များအနက် ကပြောင်းကပြန်၊ မှောက်လှန်၊ ထုတ်ပယ်၊ ဖြည့်စွက်ထားသည့် တည်ဆဲ အချို့ကျမ်းများတွင်ပင် ယခုထက်တိုင် တွေ့ရှိရပေသည်။

ဤအာယတ်တော်၏ အနက်သဘောမှာ တနည်း ဤသို့လည်း ဖြစ်နိုင်၏။ ကုရ်အာန်ကျမ်းမြတ်လာ တရားတော်များအနက် များစွာသော တရားတော်များသည် အကျဉ်းအားဖြင့်သော် လည်းကောင်း၊ အကျယ်အားဖြင့်သော် လည်းကောင်း၊ အတိတ်ခေတ် ကောင်းကင်ကျကျမ်းဂန်များတွင် ပါရှိခဲ့၏။ အထူးသဖြင့် 'တောင်ဟီးဒ်'၊ 'ရိစာလတ်'၊ 'ကိယာမတ်'၊ ကောင်းကျိုး ဆိုးကျိုးခံစံရမည့် အကြောင်းများသည် ကောင်းကင်ကျ ➤➤

كَذَٰلِكَ سَلَكْنَٰهُ فِى قُلُوبِ
ٱلْمُجْرِمِينَ ﴿٢٠٠﴾
لَا يُؤْمِنُونَ بِهِۦ حَتَّىٰ يَرَوُا۟
ٱلْعَذَابَ ٱلْأَلِيمَ ﴿٢٠١﴾

၂၀၀။ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ပြစ်မှုကျူးလွန်သူတို့၏ စိတ်တွင်းဝယ် ယင်းငြင်းပယ်မှုကို ထည့်သွင်းတော်မူခဲ့၏။ [၁]

၂၀၁။ ၎င်းတို့သည် ပြင်းပြနာကြင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မမြင်ကြရလေသမျှကာလပတ်လုံး ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်ကြမည်မဟုတ်ပေ။

➤➤ ကျမ်းဂန်တိုင်းတွင် ပါရှိခဲ့၏။ ပွင့်လေသမျှသော တမန်တော်များကလည်း ဤသည့်အကြောင်းများကို တညီတညွတ်တည်း ဟောကြားခဲ့ကြ၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၇:၁၅၇)၊ အောက်ခြေအမှတ်တွင် အကျယ်ရေးသားခဲ့ပေပြီ။

(၂) တမန်တော်မြတ်သည် အရစ်မျိုးနွယ်ဝင်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်သည်လည်း အရဗီစာပေဖြင့် ကျရောက်လာခဲ့သည်။ ဤသည်ကိုကြည့်၍ မက္ကာမြို့သား ကာဖိရ်များက ကုရ်အာန်သည်(တမန်တော်မြတ်) မုဟမ္မဒ် မိမိကိုယ်တိုင် ဖန်တီးပြုလုပ်ထားသော ကျမ်းဖြစ်သည်ဟု ဆိုကောင်းဆိုခဲ့ကြပေမည်။

အမှန်မှာ ကုရ်အာန်ကျမ်းမြတ်သည် အနက်အဓိပ္ပာယ်ပြည့်ဝမှု၊ ကျိုးကြောင်းခိုင်လုံမှု၊ မှန်ကန်မှု၊ စာပေဂုဏ်မြောက်မှု စသည်တို့တွင် အတိုင်းမသိ အထွတ်အထိပ်သို့ ရောက်လျက်ရှိပေရာ၊ လူသားနှင့် 'ဂျင်န်'သတ္တဝါအားလုံး စုပေါင်း၍ပင် ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးကို မဆိုထားနှင့်၊ တစ်စိတ်တစ်ဒေသကိုပင် မပြုစွမ်းနိုင်ကြပေ။ သို့တစေလည်း တမင်အပြစ်ပြောဆိုလိုသူအဖို့မှာ၊ အဘယ်မျှ မှန်ကန်ခိုင်လုံ ထင်ရှားသော အထောက်အထား တင်ပြငြားလည်း 'ကျားကျား မီးယပ်'ဆိုသကဲ့သို့ အချည်းနှီးသာ ဖြစ်ချေမည်။

မက္ကာမြို့သား ကာဖိရ်များသည် အဘယ်မျှ စိတ်ဓာတ်ခဲယဉ်းခဲ့ကြသည်။ အဘယ်မျှ မရှုဆိတ်ရှိခဲ့ကြသည်။ အဘယ်မျှ မိုက်မဲခဲ့ကြသည်ဆိုသော်၊ အကယ်တန္တ အလွန်ဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို အရဗီစာပေ ကောင်းစွာမတတ်ကျွမ်းသော ပုဂ္ဂိုလ်တစ်ဦး၊ သို့မဟုတ် အရစ်အမျိုးသား မဟုတ်သော၊ အရဗီစကား တစ်လုံးတစ်ပါဒမျှ မတတ်သော ပုဂ္ဂိုလ်တစ်ဦးအပေါ်သို့ ချပေးတော်မူခဲ့ပါသော်၊ ထိုပုဂ္ဂိုလ်ကလည်း ကုရ်အာန်ကျမ်းမြတ်ကို ၎င်းတို့ရှေ့ဝယ် အံ့ဖွယ်သရဲ စနစ်တကျ မှန်ကန်တိကျစွာ ဖတ်ကြားပြခဲ့သည်ရှိသော်၊ သို့ပင်တစေလည်း ၎င်းတို့သည် ကုရ်အာန်ကို ယုံကြည်ကြမည်မဟုတ်ပေ။ သို့လော သို့လော တွေးတောကာ တနည်းတဖုံ လုပ်ကြံပြောဆိုကြဦးမည်ပင်။

(၁) အချို့သူများသည် အမြဲတစေ ဒုစရိုက်မှုများကို ကျူးလွန်လေ့ရှိကြ၏။ မိမိတို့၏ စွမ်းရည်သတ္တိများကို သွေဖည်ငြင်းဆန်မှု၊ ပုန်ကန်သောင်းကျန်းမှု၊ ပါပညစ်ကျ မကောင်းမှုအစုစုတွင်သာ အသုံးပြုလေ့ ရှိကြ၏။ ပြစ်မှုကျူးလွန်ခြင်းကိုပင် မိမိတို့၏ဝဿီ၊ မိမိတို့၏အလေ့အထ ပြုလုပ်ထားကြ၏။

ထိုရွေ့ထိုမျှ ဆိုးသွမ်းမိုက်မဲလာကြသည့်အခါ၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ စွန့်တော်နှင့်အညီ ထိုသို့သော သူယုတ်မာတို့အား လျစ်လျူပြုထားတော်မူလိုက်ပြီး၊ ၎င်းတို့၏ စိတ်နှလုံးများတွင် သွေဖည်ငြင်းဆန်ခြင်း၊ ပုန်ကန်သောင်းကျန်းခြင်း၊ ပြစ်မှုကျူးလွန်ခြင်းတို့၏ အကျိုးဆက်ကို ထည့်သွင်း ထားတော်မူလိုက်လေသည်။ ဤအဖွင့်သည် အထက်ဘာသာပြန်ချက် နှင့်အညီ ဖွင့်ဆိုထားခြင်းဖြစ်သည်။

فَيَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ ﴿٢٠٢﴾

၂၀၂။ စင်စစ် ထိုပြစ်ဒဏ်မှာ ၎င်းတို့ထံသို့ ၎င်းတို့ မသိရှိကြခိုက် ရုတ်တရက် ရောက်ရှိ၍လာပေမည်။

فَيَقُولُوا هَلْ نَحْنُ مُنظَرُونَ ﴿٢٠٣﴾

၂၀၃။ ထိုအခါ၎င်းတို့က ကျွန်ုပ်တို့သည် ရွှေ့ဆိုင်းခွင့် ရရှိနိုင်ကြပါမည်လောဟု ဆိုကြပေမည်။

أَفَبِعَذَابِنَا يَسْتَعْجِلُونَ ﴿٢٠٤﴾

၂၀၄။ သို့ပါလျက် ၎င်းတို့က ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုကြလေသလော။

أَفَرَءَيْتَ إِن مَّتَّعْنَاهُمْ سِنِينَ ﴿٢٠٥﴾

၂၀၅။ အသင်သည်မည်သို့ယူဆပါသနည်း အကယ်၍ ငါ အရှင်မြတ်သည် ၎င်းတို့အား နှစ်ကာလ ကြာရှည်စွာအကျိုးခံစားခွင့်ပေးတော်မူခဲ့ပါလျှင်။

ثُمَّ جَآءَهُم مَّا كَانُوا يُوعَدُونَ ﴿٢٠٦﴾

၂၀၆။ ထို့နောက် ၎င်းတို့ထံ ၎င်းတို့ ချိန်းချက်ခံကြ ရသော(ပြစ်ဒဏ်)သည် ၎င်းတို့ထံရောက်ရှိလာခဲ့သော်၊

مَآ أَغْنَىٰ عَنْهُم مَّا كَانُوا يُمَتَّعُونَ ﴿٢٠٧﴾

၂၀၇။ ထိုအခါ ၎င်းတို့အဖို့ ၎င်းတို့ အကျိုးခံစားခွင့် ရရှိခဲ့ကြသောအရာများမှာ မည်သို့မျှ အသုံးဝင်မည် မဟုတ်ပေ။

وَمَآ أَهْلَكْنَا مِن قَرْيَةٍ إِلَّا لَهَا مُنذِرُونَ ﴿٢٠٨﴾

၂၀၈။ စင်စစ် ငါအရှင်မြတ် ကွပ်မျက်ဖျက်ဆီးတော် မူခဲ့သော မြို့ရွာတိုင်း၌ သတိပေးနှိုးဆော်သူများ ရောက်ရှိခဲ့ကြသည်သာ ဖြစ်သည်။ [1]

---

① မတရားပြုမူခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့် လားလားမျှ မပတ်သက်ချေ။ အလ္လာဟ်အရှင်မြတ်သည် မဟာကရုဏာတော်ရှင်၊ တရားမျှတတော် မူသောအရှင် ဖြစ်တော်မူသည်။ လူမျိုးတစ်မျိုးအား အကြောင်းမဲ့၊ အပြစ်မဲ့ ကွပ်မျက်တော်မူသည် မဟုတ်။ အလ္လာဟ်အရှင်မြတ်သည် လူမျိုးအသီးသီးထံသို့ သတိပေးနှိုးဆော်ရန်၊ တရားဓမ္မဟောညွှန်ပြရန် တမန်တော်များကို စေလွှတ်တော်မူသည်။ ပြစ်မှုကျူးလွန်ကြသည့်တိုင်အောင် ချက်ချင်းကွပ်မျက်တော်မမူ။ အချိန်ကြာမြင့်စွာ လျစ်လျူပြုထားတော်မူသည်။ သို့ပါလျက် လူမျိုးတစ်မျိုးသည် တရားမရကြဘဲ ဆိုးမိုက်မြဲတိုင်း ဆိုးမိုက်နေကြသည်ရှိသော်၊ ထိုသို့သော လူမျိုးသည် နောက်ဆုံးတွင် ကွပ်မျက်တော်မူခြင်းကို ခံခဲ့ရသည်သာဖြစ်သည်။ ဤကား မည်သူမပြု မိမိမှုပင်။

ذِكْرَىٰ وَمَا كُنَّا ظَٰلِمِينَ ﴿٢٠٩﴾

၂၀၉။ (ထိုမြို့သူမြို့သားတို့အား) သတိပေး ဆုံးမ သြဝါဒပေးရန်။ စင်စစ် ငါအရှင်မြတ်သည် မတရား သဖြင့် နှိပ်စက်ညှဉ်းပန်းတော်မူသော အရှင်မဟုတ်ပေ။

وَمَا تَنَزَّلَتْ بِهِ الشَّيَٰطِينُ ﴿٢١٠﴾

၂၁၀။ စင်စစ် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)ကို 'ရှိုင်တွာန်' မိစ္ဆာကောင်များ ဆောင်ကြဉ်းခဲ့ကြသည် မဟုတ်ပေ။

وَمَا يَنۢبَغِي لَهُمْ وَمَا يَسْتَطِيعُونَ ﴿٢١١﴾

၂၁၁။ စင်စစ် ထို(ကုရ်အာန်ကို ယူဆောင်လာခြင်း) ကိစ္စမှာ ၎င်းတို့နှင့် (လားလားမျှ) အပ်စပ်ခြင်းလည်း မရှိပေ။ ၎င်းတို့သည် (ယူဆောင်လာရန်) တတ်စွမ်း နိုင်သည်လည်း မဟုတ်ပေ။ [၁]

إِنَّهُمْ عَنِ السَّمْعِ لَمَعْزُولُونَ ﴿٢١٢﴾

၂၁၂။ ဧကန်အမှန် ထိုရှိုင်တွာန်မိစ္ဆာကောင်များသည် (ဝဟ်ယ် အမိန့်တော်)ကို ကြားနာခြင်းမှ အမှန်ပင် ပယ်ရှားခြင်း ခံခဲ့ကြရပြီး ဖြစ်ကုန်၏။

---

(၁) အချို့ မုရ်ရစ်ဂ်များက တမန်တော်မြတ်ထံ 'ဂျင်န်' တစ်ဦးဦးလာ၍ ကုရ်အာန်သင်ကြားပေးသည်ဟု ထင်မှတ်ခဲ့ကြသည်။ ဗုခါရီကျမ်းတွင် လာရှိသည်မှာ- တခါသော် တမန်တော်မြတ်ထံ ဝဟီအမိန့်တော် ကျရောက်ရာတွင် အချိန်အနည်းငယ် ကြန့်ကြာသွားသည့်အခါ၊ အမျိုးသမီးတစ်ဦးက တမန်တော်မြတ်အား 'အသင်၏ ရှိုင်တွာန်သည် အသင့်အား စွန့်ပစ်ထားလိုက်ပြီ'ဟု ဆိုခဲ့လေသည်။ ဤသည့် အတွေးအခေါ်များသည် လုံးဝမှားယွင်းကြောင်းကို ဤအာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

အမှန်မှာ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ ကောင်းကင်တမန် ဂျစ်ဗရီလ် ယူဆောင်လာခဲ့သော ကျမ်းဂန်ဖြစ်သည်။ ရှိုင်တွာန်များ သင်ကြားပြသထားသောကျမ်း အလျှင်းမဟုတ်။ ရှိုင်တွာန်များသည် ကုရ်အာန်ကျမ်းမြတ်နှင့် လားလားမျှ မအပ်စပ်ကြပေ။ ရှိုင်တွာန်များ၏ မူလ ဗီဇမှာ မှောက်မှားခြင်း၊ မှောက်မှားစေခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ နောင့်ယှက် ဖျက်ဆီးခြင်းများသာ ဖြစ်ချေသည်။

ကုရ်အာန်ကျမ်းမြတ်သည် အစမှအဆုံးတိုင် ဖြောင့်မတ်မှန်ကန်သော တရားမမှုချည်းသာ ဖြစ်ချေသည်။ ကုရ်အာန်သည် အလင်း၊ ရှိုင်တွာန်သည် အမှောင်၊ ကုရ်အာန်သည် တရား၊ ရှိုင်တွာန်သည် မတရားဖြစ်ပေရာ၊ ကုရ်အာန်နှင့် ရှိုင်တွာန်မှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကြပေသည်။

فَلَا تَدْعُ مَعَ اللَّهِ إِلَٰهًا آخَرَ فَتَكُونَ مِنَ الْمُعَذَّبِينَ ﴿٢١٣﴾

၂၁၃။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည်အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သည့်ကိုးကွယ်ရာကိုမျှပင် ဟစ်ခေါ်တသခြင်း: မပြုပါလေနှင့်။ သို့ပြုခဲ့ပါလျှင် အသင်သည်လည်း ပြစ်ဒဏ်ပေးခြင်းခံကြရသူတို့တွင် အပါအဝင် ဖြစ်သွားပေမည်။

وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ ﴿٢١٤﴾

၂၁၄။ ၎င်းပြင် အသင်သည် မိမိနီးစပ်သော ဆွေမျိုးသားချင်းကို သတိပေးနှိုးဆော်ပါလေ။ [၁]

وَاخْفِضْ جَنَاحَكَ لِمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِينَ ﴿٢١٥﴾

၂၁၅။ ထို့ပြင်အသင်သည် မိမိ၏နောက်သို့ လိုက်ကြသော မုအ်မင်္နသက်ဝင်ယုံကြည်သူတို့၏ ရှေ့ဝယ် (၎င်းတို့အား ကရုဏာထား ရှိသောအားဖြင့်) ကျိုးနွံပါလေ။ [၂]

فَإِنْ عَصَوْكَ فَقُلْ إِنِّي بَرِيءٌ مِّمَّا تَعْمَلُونَ ﴿٢١٦﴾

၂၁၆။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်၏အမိန့်ကို ဖီဆန်ခဲ့ကြလျှင် အသင်သည် (၎င်းတို့အား) ဧကန်မလွဲ ငါသည် အသင်တို့၏ အပြုအမူတို့မှ ကင်းလွတ်သည်ဟု ပြောကြားပါလေ။

---

① သတိပေးရာတွင်၊ တရားဓမ္မဟောကြားရာတွင် သူငါအများ အားလုံးတို့အား ခွဲခြားမှုမရှိ၊ တစ်တန်းတစ်စားတည်း ဟောကြားရမည် ဖြစ်သော်လည်း၊ မိမိနှင့်နီးစပ်သော၊ အမြဲတစေဝင်ထွက် သွားလာနေသောသားချင်း၊ လူရင်းများကိုမူ၊ ဦးစွာပထမ ဟောကြားရပေမည်။ 'ဆန်ရင်း နာနာဖွပ်' ဆိုသကဲ့သို့ပင်။

ဤအာယတ်တော် ကျရောက်လာခဲ့သည့်အခါ၊ တမန်တော်မြတ်သည် မိမိ၏သားချင်းများဖြစ်သော ကုရိုက်ရှ် မျိုးနွယ်အား ဖိတ်ခေါ်၍ သတိပေးတော်မူခဲ့လေသည်။ ထို့ပြင်တစ်ဝ မိမိ ဦးရီး၊အရီး မိမိ၏သမီးကိုလည်း 'အလ္လာဟ်အရှင်မြတ်ထံတော်၌ မိမိတို့၏အရေးကို မိမိတို့ကိုယ်တိုင် တွေးကြ၊ ကျွန်ုပ်သည် အသို့မျှ အကျိုးမပြုနိုင်ပါ' ဟု ဖွင့်ဟပြောကြားတော် မူလိုက်လေသည်။

② ဤအာယတ်တော်တွင် တမန်တော်မြတ်အား အမိန့်နာခံသော မုအ်မင်္နများကို ဖြူးနှက်မခြား၊ သနားကြင်နာထောက်ထားရမည့် အကြောင်း၊ အမိန့်မနာခံ သွေဖည်ငြင်းဆန်သော သူများနှင့်ပတ်သက်၍မူ ဖြူးနှက်မခြားမိမိသည်၎င်းတို့နှင့် မည်သို့မျှမပတ်သက်သည်ကို ကြေညာရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ 'ချစ်ခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်အတွက်သာ။ မုန်းခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်အတွက်သာ' ဟူသော တမန်တော်မြတ်၏ သြဝါဒတော်၏ သဘောမှာလည်း ဤသည့်သဘောပင်။ ဤကား အစ္စလာမ်၏မှန်ကန်၊တိကျ၊ပြတ်သားသော မူတစ်ရပ်ပင်။

وَتَوَكَّلْ عَلَى الْعَزِيزِ الرَّحِيمِ ﴿٢١٧﴾

၂၁၇။ ထိုမှတပါးအသင်သည် အလွန်တရာအားအင်ပြည့်စုံတော်မူသော အလွန်တရာ သနားကရုဏာပြုတော်မူသော အရှင်မြတ်အပေါ်၌ ယုံပုံ အားထားပါလေ။

الَّذِي يَرَاكَ حِينَ تَقُومُ ﴿٢١٨﴾

၂၁၈။ အကြင်အရှင်မြတ်သည် အသင် မတ်တတ်ရပ်သောအခါ အသင့်အား မြင်တော်မူ၏။

وَتَقَلُّبَكَ فِي السَّاجِدِينَ ﴿٢١٩﴾

၂၁၉။ ထိုနည်းတူစွာ(ထိုအရှင်မြတ်သည်) 'ဆွလာတ်' ဝတ်ပြုသူတို့တွင် အသင်၏ ပါဝင်နေထိုင် သွားလာမှုကိုလည်း (မြင်တော်မူ၏)

إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ ﴿٢٢٠﴾

၂၂၀။ မလွဲမကန် ထို အရှင်မြတ်သည်သာလျှင် အလွန်တရာ ကြားတော်မူသော အရှင်၊ အလွန်တရာ သိတော်မူသောအရှင် ဖြစ်တော်မူ၏။

هَلْ أُنَبِّئُكُمْ عَلَىٰ مَنْ تَنَزَّلُ الشَّيَاطِينُ ﴿٢٢١﴾

၂၂၁။ (အို-နဗီတမန်တော်၊ အသင်သည် မက္ကာမြို့သား မုရှ်ရစ်ကိုအား ပြောကြားပါလေ။ အချင်းတို့၊) ငါသည် မည်သူ၏အပေါ်၌ ရှိုင်တွာန် မိစ္ဆာကောင်များ ဆင်းသက်၍ လာကြသည်ကို အသင်တို့အား ပြောပြရမည်လော။

تَنَزَّلُ عَلَىٰ كُلِّ أَفَّاكٍ أَثِيمٍ ﴿٢٢٢﴾

၂၂၂။ ထို ရှိုင်တွာန် မိစ္ဆာကောင်များမှာ ဒုစရိုက်ကျူးလွန်သောမုသာဝါဒီတိုင်း၏အပေါ်၌ ဆင်းသက်၍ လာကြကုန်၏။

يُلْقُونَ السَّمْعَ وَأَكْثَرُهُمْ كَاذِبُونَ ﴿٢٢٣﴾

၂၂၃။ အကြင်သူတို့သည် (ထိုရှိုင်တွာန်မိစ္ဆာကောင်များဘက်သို့) နားစိုက်၍ နေကြကုန်၏။ စင်စစ်ဉင်းတို့အနက် အများဆုံးသောသူတို့မှာ မုသာဝါဒီများပင် ဖြစ်ကြကုန်၏။

وَالشُّعَرَآءُ يَتَّبِعُهُمُ الْغَاوُۥنَ ﴿٢٢٤﴾

၂၂၄။ သို့ရာတွင် လက်ံဆရာတို့မှာမူကား လမ်းလွဲသူတို့သာလျှင် ၎င်းတို့နောက်သို့လိုက်ကြကုန်၏။ [၁]

أَلَمْ تَرَ أَنَّهُمْ فِى كُلِّ وَادٍ يَهِيمُونَ ﴿٢٢٥﴾

၂၂၅။ ဧကန်အမှန် ၎င်းတို့သည် ချောင်းလျှိုရိုးတိုင်းတွင် ဦးလှည့်ရာ သွားလာလျက်ရှိကြသည်ကို အသင်သည် မမြင်ပါလော။

وَأَنَّهُمْ يَقُولُونَ مَا لَا يَفْعَلُونَ ﴿٢٢٦﴾

၂၂၆။ ထိုမှတပါး၊ ၎င်းတို့သည် မိမိတို့ မပြုလုပ်ကြသောကိစ္စကို (ပြုလုပ်ကြသည်ဟု) ပြောဆိုလေ့ရှိကြကုန်၏။

---

(၁) ကာဖိရ်များသည် တမန်တော်မြတ်အား တစ်ခါတစ်ရံ 'ရှာအိရ်'လက်ံဆရာ ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ 'ကာဟင်နိ်' အနာဂတ်ဟောဆရာ ဟူ၍လည်းကောင်း၊ မဟုတ်မလျား လုပ်ကြံပြောဆိုခဲ့ကြသည်။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်သာ ဖြစ်သည်။ လက်ံဆရာလည်း မဟုတ်၊ အနာဂတ် ဟောဆရာလည်း မဟုတ်။

အနာဂတ်ဟောဆရာများ၏ စကားများသည် အရမ်းအဆ အတွေးအထင်မျှသာ ဖြစ်သည်။ အမှားချည်းသာ ဖြစ်သည်။

'ကြက်ကန်း ဆန်အိုးတိုး' ဆိုသကဲ့သို့။ တစ်ခွန်းတစ်ပါဒ မှန်သွားခဲ့သည်ရှိသော်လည်း 'အရူးဆယ်ခွန်းပြော၊ တစ်ခွန်းမှန်'သည်ထက် ပို၍ မလေးနက်ချေ။

များစွာသော လက်ံဆရာများ၏ စကားများသည်လည်း အတွေးအထင်မျှသာ ဖြစ်သည်။ အမှန်တရားနှင့် မည်သို့မျှမပတ်သက်ပေ။ လက်ံဆရာများသည် ခေတ္တာပရိသတ် စိတ်တက်ကြွအောင် လှုံ့ဆော်မှု တစ်ရပ်သာဖြစ်သည်။

လက်ံဆရာများသည် တစ်ဖက်သားအား ခိုးမွှမ်းလိုသည့်အခါ၊ မိုးအထိ မြှောက်ပင့်ဖွဲ့နွဲ့ သီကုံးစပ်ဆိုရေးသားကြသည်။

တစ်ဖက်သားအား ကဲ့ရဲ့ ပြစ်တင်လိုသည့်အခါ ကမ္ဘာအဝှန်းရှိ အပြစ်များကိုပင် မဟုတ်မမှန် လုပ်ကြံ၍ စပ်ဆိုရေးသားကြသည်။

လက်ံဆရာများသည် အမှားကိုအမှန်၊ အမှန်ကိုအမှား၊ မရှိကိုအရှိ၊ အရှိကိုမရှိ၊ ကပြောင်းကပြန် ပြုလုပ်ကြပေသည်။ အတွေး၏ ရေယဉ်ကျေးတွင် မျောနေကြပေသည်။ အပြောနှင့်အလုပ် လုံးဝမကိုက်ညီကြပေ။ ဤသည်၎င်းတို့၏ အကြီးဆုံးဂုဏ်ရည်ပင်။

တမန်တော်မြတ်၏ အတွေးအခေါ်များနှင့် ဩဝါဒများသည် မှန်ကန်တိကျပြတ်သားသည်။ အဟောနှင့်အကျင့် ညီသည်။ အကျိုးလည်း သက်ရောက်သည်။ တရားလည်း ရစေသည်။ တမန်တော်မြတ်ကြိုတင် ဟောကြားတော်မူသည့် စကားများလည်း အမှန်ချည်းသာဖြစ်သည်။ မှားသည်ဟူ၍ အလျှင်းမရှိ။ သို့ဖြစ်ရာ တမန်တော်မြတ်သည် လက်ံဆရာ၊ အနာဂတ်ဟောဆရာ အသို့လျှင် ဖြစ်တော်မူနိုင်အံ့နည်း။

ကြည့်–ကုရ်အာန်(၃၆း၆၉။ ၅၂း၂၉။ ၆၉း၄၀–၄၃)။

إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَذَكَرُوا اللَّهَ كَثِيرًا وَانْتَصَرُوا مِنْ بَعْدِ مَا ظُلِمُوا ۗ وَسَيَعْلَمُ الَّذِينَ ظَلَمُوا أَيَّ مُنْقَلَبٍ يَنْقَلِبُونَ ﴿٢٢٧﴾

၂၂၇။ သို့ရာတွင် (ယင်းလက်ဘဆရာများအနက်မှ) အကြင်သူတို့သည် အီမာန် သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် ကောင်းမြတ်သောအကျင့်သီလများကိုလည်း ဆောက်တည်ခဲ့ကြကုန်၏။ အလ္လာဟ်အရှင်မြတ်အား လည်း များစွာ တသ သတိရခဲ့ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည် မိမိတို့ မတရားသဖြင့် နှိပ်စက်မှုကို ခံခဲ့ရပြီးနောက်တွင် လက်စားချေခဲ့ကြကုန်၏။ [၁] (ထိုကဲ့သို့သော သူတို့မှာ ဤအမိန့်တော်၌ အကျုံးမဝင်ကြပေ)။ စင်စစ်သော်ကား၊ မတရားသဖြင့် နှိပ်စက်ကြကုန်သောသူတို့သည် မိမိတို့မှာ မည်သည့် နေရာသို့ ပြန်လှည့်ကြမည်ကို မကြာမြင့်မီပင် သိရှိကြကုန်အံ့သတည်း။

---

① လက်ဘဆရာများတွင် အချို့လက်ဘဆရာများသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကြသည်။ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသည်။ အလ္လာဟ်အရှင်မြတ်အား များစွာ အောက်မေ့တသ သတိရကြသည်။ မိမိတို့၏လက်ဘများတွင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို အထူးတလည် ထုတ်ဖော်ရေးသားကြသည်။ ကုသိုလ်ကောင်းမှုဟူးများရန် လှုံ့ဆော်၍၊ မကောင်းမှုများကို ကဲ့ရဲ့ပြစ်တင်ကြသည်။

ပရွက်ဆိတ်ကောင်ကဏ္ဍ



ဤကဏ္ဍသည် 'အန္နမလ်'ပရွက်ဆိတ်အကြောင်းပါဝင်သော ကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် (အာယတ်)တော်(၉၃)ပါး၊ (ရကူအ်)အပိုဒ်(၇)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

طٰسٓ ۚ تِلْكَ اٰيٰتُ الْقُرْاٰنِ وَكِتَابٍ مُّبِيْنٍ ۝١

هُدًى وَّبُشْرٰى لِلْمُؤْمِنِيْنَ ۝٢

الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ۝٣

اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ زَيَّنَّا لَهُمْ اَعْمَالَهُمْ فَهُمْ يَعْمَهُوْنَ ۝٤

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ ကြီးမားလှသော ကရုဏာတော်ရှင်ဖြစ်တော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့်အစပြုပါ၏။

၁။ 'သွ၊ စီန်' ဤသည်တို့ကား ထင်ရှားသော ကျမ်းဂန် ကုရ်အာန်၏ အာယတ်တော်များပင်။ [၁]

၂။ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့.အဖို့. တရား လမ်းညွှန်ရာနှင့် သတင်းကောင်းဖြစ်၏။

၃။ အကြင် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့.သည် ဆွလာတ်ဝတ်ပြုမှုကိုဆောက်တည်ကြသည့်ပြင် ဇကာတ်လည်း ပေးဆောင်ကြကုန်၏။ 'အာခိရတ်' တမလွန်ဘဝကိုလည်း ယုံကြည်ကြကုန်၏။

၄။ ဇကန်မလွဲ အာခိရတ် တမလွန်ဘဝကို မယုံကြည်သောသူတို့၏အမြင်တွင် ငါအရှင်မြတ်သည် ၎င်းတို့၏ ပြုမူချက်များကို လှပတင့်တယ်စေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ၎င်းတို့မှာ တဝဲလည်လည် ဖြစ်နေကြကုန်၏။

---

① ဤကဏ္ဍ၏အစတွင် ပါရှိသော အာယတ်တော်များသည် ကုရ်အာန်ကျမ်းမြတ် ဂါဒီကဏ္ဍ၏ အစတွင်ပါရှိသော အာယတ်တော်များနှင့် အနက်သဘောချင်း အထူးပင်တူလှပေသည်။ သို့ဖြစ်ရာ ယင်းအာယတ်တော်များနှင့် သက်ဆိုင်ရာ အဖွင့်များကို ပြန်လည်ရှုအပ်ပေသည်။

أُولَٰئِكَ الَّذِينَ لَهُمْ سُوءُ الْعَذَابِ وَهُمْ فِي الْآخِرَةِ هُمُ الْأَخْسَرُونَ ﴿٥﴾

၅။ ၎င်းတို့သည်ပင်လျှင် အကြင်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့အဖို့ (ဤလောကၦလည်း) အလွန်ဆိုးရွားသော ပြစ်ဒဏ်သည် ရှိပေ၏။ 'အာခိရတ်' နောင်တမလွန်ဘဝတွင်လည်း ၎င်းတို့သည် အလွန်ဆုံးရှုံးသူများပင် ဖြစ်ကြပေမည်။

وَإِنَّكَ لَتُلَقَّى الْقُرْآنَ مِن لَّدُنْ حَكِيمٍ عَلِيمٍ ﴿٦﴾

၆။ ၎င်းပြင် ဓကန်စင်စစ် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန်တရာ ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသော၊ အလွန်တရာအသိပညာနှင့်ပြည့်စုံတော်မူသောအရှင်မြတ်ထံတော်မှ ရရှိနေပေသတည်း။

إِذْ قَالَ مُوسَىٰ لِأَهْلِهِ إِنِّي آنَسْتُ نَارًا سَآتِيكُم مِّنْهَا بِخَبَرٍ أَوْ آتِيكُم بِشِهَابٍ قَبَسٍ لَّعَلَّكُمْ تَصْطَلُونَ ﴿٧﴾

၇။ (ပြန်လည်သတိရရှိပါလေ)။ တစ်ရံရောအခါဝယ် မူစာသည်မိမိအိမ်သူအိမ်သားများအား ပြောကြားခဲ့လေ၏။ ဓကန်စင်စစ်ငါသည် မီးတစ်ခုကို မြင်တွေ့လေပြီ။ ယခုပင် ငါသည် အသင်တို့ထံ ထိုမီးရှိရာမှ သတင်းတစ်စုံတစ်ရာကို ယူခဲ့မည်။ သို့တည်းမဟုတ် ငါသည် အသင်တို့ထံ မီးလှုံနိုင်ကြ အံ့သောငှာ မီးတောက်တစ်ခုကို (ထင်း သို့မဟုတ် အခြား တစ်စုံတစ်ရာဖြင့်)ညှို၍အသင်တို့ထံဆောင်ကြဉ်းခဲ့ပေမည်၊[၁]

فَلَمَّا جَاءَهَا نُودِيَ أَن بُورِكَ مَن فِي النَّارِ وَمَنْ حَوْلَهَا ۖ وَسُبْحَانَ اللَّهِ رَبِّ الْعَالَمِينَ ﴿٨﴾

၈။ ထို့နောက် ထိုမူစာသည် ၎င်းမီးရှိရာသို့ရောက်ရှိခဲ့လေသော်၊ (အို-မူစာ)၊ မီးဌ္ဍ ရှိသူတို့သည်လည်းကောင်း။ ထိုမီး၏ ပတ်ဝန်းကျင်ဌ္ဍ ရှိသူတို့သည်လည်းကောင်း၊ [၂] ဗရ်ကသ် ကျက်သရေ မင်္ဂလာကို ရရှိကြစေသော်ဝ်။

---

① ဤအာယတ်တော်တွင် တမန်တော်မူစာ မဒ်ယန်မှ အီကျစ်သို့အပြန် 'တုဝါ'အနီး၊ အလွန်အေးသည့်ဥတု၊ မှောင်အတိကျနေသောညဥ်ဌ္ဍ တွေ့ကြုံခဲ့ရသည့်ဖြစ်အင်ကို ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။ ဤအကြောင်း ကုရ်အာန်(၂၀း၉-၂၄)တွင် အကျယ်ပါရှိခဲ့ချေပြီ။

② 'မီးဌ္ဍရှိသူ'ဟူသည် ကောင်းကင်တမန်များကို ဆိုလိုသည်။ 'ထိုမီး၏ပတ်ဝန်းကျင်ဌ္ဍရှိသူ' ဟူသည် တမန်တော်မူစာကို ဆိုလိုသည်။ ကြည့်-မဒါရိဂ်၊ ထာနဝီ။ အချို့က 'မီးဌ္ဍ ရှိသူ' (၀၊) 'မီးရှိရာဌာနဌ္ဍ ရှိသူ' ➤➤

စင်စစ် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါပေသည်တကားဟူ၍ အသံပေးခြင်းကို ခံခဲ့ရလေသည်။

يَٰمُوسَىٰٓ إِنَّهُۥٓ أَنَا ٱللَّهُ ٱلْعَزِيزُ ٱلْحَكِيمُ ۝٩

၉။ အို-မူစာ၊ ငါသည် အလွန်တရာလွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာပြည့်စုံတော်မူသော ငါအရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَأَلْقِ عَصَاكَ ۚ فَلَمَّا رَآهَا تَهْتَزُّ كَأَنَّهَا جَآنٌّ وَلَّىٰ مُدْبِرًا وَلَمْ يُعَقِّبْ ۚ يَٰمُوسَىٰ لَا تَخَفْ إِنِّى لَا يَخَافُ لَدَىَّ ٱلْمُرْسَلُونَ ۝١٠

၁၀။ ၎င်းပြင် အသင်သည် မိမိတောင်ဝှေးကို (မြေကြီးပေါ်သို့)ပစ်ချပါလေ။ ထို့နောက် ထိုမူစာသည် (ယင်းတောင်ဝှေးကို အမိန့်တော်အတိုင်း ပစ်ချခဲ့ရာ) ထိုတောင်ဝှေးမှာ မြွေကဲ့သို့ တွန့်လိမ်လှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်သောအခါ နောက်သို့ ပြန်၍ မကြည့်ဘဲ ကျောခိုင်း၍ လှည့်ထွက်သွားခဲ့လေ၏။

(ထိုအခါ အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူခဲ့၏။)အို-မူစာ၊အသင်သည် မကြောက်ပါလေနှင့်။ ဧကန်မလွဲ ငါအရှင်မြတ်အထံတော်တွင် ရှုလ်တမန်တော်တို့သည် ကြောက်ရွံ့လေ့မရှိကြချေ။

➤➤ ဟူသည် ကုရ်အာန်(၂၈း၃၀)တွင်ပါရှိသည့် မင်္ဂလာရှိသော တိုင်းပြည်(၀၀) ဆီးရီယားပြည်ကို ဆိုကြသည်။ ကြည့်- အဗူစုအူဒ်။

မှတ်ချက်။

တမန်တော်မူစာ တွေ့မြင်ခဲ့သော မီးသည် သာမန်မီးမဟုတ်။ လောကီဆိုင်ရာမီးမဟုတ်။ အလ္လာဟ်အရှင်မြတ်၏ 'တဂျလ္လီ' ရောင်ခြည်တော် ကွန့်မြူးနေတော်မူခဲ့သည့် အံ့မဆုံးသည့် လင်းရောင်ခြည်တစ်မျိုးပင်။ အဆိုပါမီးသည် အလ္လာဟ်အရှင်မြတ် မဟုတ်။ အလ္လာဟ်အရှင်မြတ်သည် နေရာ၊ ဌာန၊ ဒိသာ အရပ်...စသည့် ကန့်သတ်ချက်များနှင့် လုံးဝကင်းစင်တော်မူသည်။

إِلَّا مَن ظَلَمَ ثُمَّ بَدَّلَ
حُسْنًا بَعْدَ سُوٓءٍ فَإِنِّى
غَفُورٌ رَّحِيمٌ ﴿١١﴾

၁၁။ သို့ရာတွင်မည်သူမဆို မတရားကျူးလွန်ခဲ့လျှင် တစ်ဖန် ထိုသူသည် မကောင်းမှု၏နောက်တွင် ကောင်းမှုကိုပြောင်းလဲ၍ ပြုခဲ့လျှင် မလွဲကန် ငါ အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အလွန်တရာသနားကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၁]

وَأَدْخِلْ يَدَكَ فِى جَيْبِكَ
تَخْرُجْ بَيْضَآءَ مِنْ غَيْرِ سُوٓءٍ ۖ
فِى تِسْعِ ءَايَٰتٍ إِلَىٰ فِرْعَوْنَ
وَقَوْمِهِۦٓ ۚ إِنَّهُمْ كَانُوا۟
قَوْمًا فَٰسِقِينَ ﴿١٢﴾

၁၂။ ငင်းပြင် အသင်သည် မိမိလက်ကို မိမိလက်ကတီးကြားတွင်သွင်းပါလေ။ (ထိုအခါ)ထိုလက်မှာ အပြစ်တစ်စုံတစ်ရာမရှိဘဲ ပကတိ ထွန်းတောက်လျက် ထွက်ပေါ်၍ လာပေမည်။ (ဤသည်) ဖစ်ရအောင်နှင့်တကွ ငင်း၏အမျိုးသားတို့နှင့် ယှဉ်ပြိုင်အံ့သောငှာ တန်ခိုးတော်ကိုးပါးတွင် အပါအဝင်ဖြစ်၏။ ဧကန်စင်စစ်ငင်းတို့မှာ စည်းကမ်းဖောက်ဖျက်ကျူးလွန်ကြသောအမျိုးသားများပင် ဖြစ်ကြပေသည်။

فَلَمَّا جَآءَتْهُمْ ءَايَٰتُنَا مُبْصِرَةً
قَالُوا۟ هَٰذَا سِحْرٌ مُّبِينٌ ﴿١٣﴾

၁၃။ ထို့နောက် ငင်းတို့ထံ ငါအရှင်မြတ်၏ ရှင်းလင်းသော တန်ခိုးတော်များ ရောက်ရှိလာခဲ့လေသော်၊ ငင်းတို့က ဤသည် ထင်ရှားသော ပဋ္ဌလက်အတတ်ပညာပင် ဖြစ်သည်ဟု ဆိုခဲ့ကြကုန်၏။

وَجَحَدُوا۟ بِهَا وَٱسْتَيْقَنَتْهَآ
أَنفُسُهُمْ ظُلْمًا وَعُلُوًّا ۚ
فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ

၁၄။ ထိုမှတပါး ငင်းတို့၏ စိတ်နလုံးများသည် ထိုတန်ခိုးတော်များကို ယုံကြည်သော်လည်း ထိုသူတို့မှာ မူကားမတရားသောအားဖြင့်လည်းကောင်း၊ မောက်မာသောအားဖြင့်လည်းကောင်း၊ ယင်းတန်ခိုးတော်များကို ငြင်းပယ်ခဲ့ကြကုန်၏။

---

① ဤအာယတ်တော်တွင် တစ်ချိန်က မတော်တဆ တမန်တော်မူစာ၏ လက်ချက်ဖြင့် အီဂျစ်နိုင်ငံရင်းသား တစ်ဦး သေဆုံးသွားခဲ့သဖြင့် တမန်တော်မူစာ စိုးရိမ်နေခဲ့ကြောင်း၊ ယခုမူ တမန်တော်မူစာအား လွတ်ငြိမ်းခွင့်ပေးတော်မူလိုက်ပြီဖြစ်ကြောင်း ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

الْمُفْسِدِينَ ﴿١٤﴾

သို့ဖြစ်ပေရာ ပျက်စီးရာ ပျက်စီး ကြောင်းကို ပြုလုပ်ကြကုန်သောသူတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ကို အသင်ရှုပါလေ။ [၁]

وَلَقَدْ آتَيْنَا دَاوُودَ وَسُلَيْمَانَ عِلْمًا ۖ وَقَالَا الْحَمْدُ لِلَّهِ الَّذِي فَضَّلَنَا عَلَىٰ كَثِيرٍ مِّنْ عِبَادِهِ الْمُؤْمِنِينَ ﴿١٥﴾

၁၅။ ထိုမှတပါး မလွဲမကန် ငါအရှင်မြတ်သည် 'ဒါဝူဒ်' အား လည်းကောင်း၊ 'စုလိုင်မာန်' အားလည်းကောင်း၊ (အထူး) အသိပညာတစ်ရပ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ [၂] ထို့ပြင် ထိုဒါဝူဒ်နှင့် စုလိုင်မာန်နှစ်ဦးတို့က 'ကျွန်တော်မျိုးအား မိမိ၏ မြောက်မြားစွာသော မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သော 'ကျွန်တို့ထက် ထွတ်မြတ်စေတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ချီးမွမ်း ထောပနာအပေါင်းတို့ကိုခံယူထိုက်တော်မူသည်'ဟု လျှောက်ထားခဲ့ကြကုန်၏။ [၃]

---

① ဖစ်ရ်အောင်နှံနှင့်တကွ ၎င်း၏အခြွေအရံများသည် တမန်တော်မူစာမှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်အစစ်အမှန်ဖြစ်ကြောင်း၊ တမန်တော်မူစာ ယူဆောင်ပြသသော တန်ခိုးတော်များမှာလည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များဖြစ်ကြောင်းကို စိတ်နှလုံးအတွင်းမှ ကောင်းစွာယုံကြည်ခဲ့ကြပေသည်။ သို့တစေလည်း ၎င်းတို့သည် စိတ်တွင်းမှ အမှန်ကိုသိပါလျက် တမင်သက်သက် တစ်ဖက်သားအား အထင်သေးခြင်း၊ ကျူးကျော်စော်ကားခြင်း၊ မိမိတို့ကိုယ်ကို မိမိတို့ အထင်ကြီးခြင်းများကြောင့် ဇွတ်မိုက်၍ သွေဖည်ငြင်းဆန်ခဲ့ကြခြင်းဖြစ်ပေသည်။ ထိုသို့အမှန်တရားကိုသိပါလျက် သွေဖည်ခဲ့ကြသည့်အတွက်ကြောင့်ပင် ၎င်းတို့သည် ပင်လယ်နီတွင် မရွှမလှ သေကျေပျက်စီးသွားခဲ့ကြရပေပြီ။

② တမန်တော်စုလိုင်မာန်သည် တမန်တော်ဒါဝူဒ်၏ သားတော်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသားအဘ၂-ဦးလုံးတို့အား အလွန်ထူးခြားသော အသိပညာကို ချီးမြှင့်တော်မူခဲ့သည်။ ယင်းသည့် အသိပညာတွင် သာသနာရေးဆိုင်ရာအမိန့်၊ ပညတ်တော်များ၊ တရားဥပဒေများ၊ တိုင်းပြည်စီမံအုပ်ချုပ်ပုံဆိုင်ရာ အသိပညာများ၊ အားလုံးအကျုံးဝင်ပေသည်။

③ အလ္လာဟ်အရှင်မြတ်သည် တမန်တော်ဒါဝူဒ်နှင့် တမန်တော်စုလိုင်မာန်အား မြောက်မြားစွာသော မုအ်မင်န်များထက် အသာပေးတော်မူခဲ့သည်။ အားလုံးထက်ကား အသာပေးတော်မူခဲ့သည် မဟုတ်ပေ။ တမန်တော်များသည် အချင်းချင်း တစ်ပါးထက်တစ်ပါး တစ်နည်းတစ်ဖုံ သာကြသည်သာ ဖြစ်ကြပေသည်။ ကြည့်-ကုရ်အာန်(၃း၂၅၃)။ ကမ္ဘာအဝှန်းတွင် အဖန်ဆင်းခံ သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ထက် ပိုမို၍ ဂုဏ်အင်ဒြိဗ် ချီးမြှင့်တော်မူခြင်းခံရသော ပုဂ္ဂိုလ်မြတ် တစ်ပါးရှိ၏။ ထို ပုဂ္ဂိုလ်မြတ်ကား တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ပင်တည်း။

وَوَرِثَ سُلَيْمٰنُ دَاوٗدَ وَقَالَ يٰٓاَيُّهَا النَّاسُ عُلِّمْنَا مَنْطِقَ الطَّيْرِ وَاُوْتِيْنَا مِنْ كُلِّ شَيْءٍ ۭ اِنَّ هٰذَا لَهُوَ الْفَضْلُ الْمُبِيْنُ ۝١٦

၁၆။ ၎င်းပြင် စုလိုင်မာန်သည် ဒါဝူဒ်၏ အရိုက်အရာကို ဆက်ခံခဲ့၏။ ၎င်းပြင် ထိုစုလိုင်မာန်သည် (ဤသို့)ပြောကြားခဲ့၏။ အို-လူအပေါင်းတို့၊ ငါတို့သည် ငှက်သတ္တဝါတို့၏ ဘာသာစကားကို သင်ကြားပေးခြင်း ခံခဲ့ကြရလေသည်။ ထိုမှတပါး ငါတို့သည် (စိုးမိုးအုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော) အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရပေသည်။ ဧကန်စင်စစ် ဤသည်ထင်ရှားလွန်စွာသော ကျေးဇူးတော်ပင် ဖြစ်ချေသည်။

وَحُشِرَ لِسُلَيْمٰنَ جُنُوْدُهٗ مِنَ الْجِنِّ وَالْاِنْسِ وَالطَّيْرِ فَهُمْ يُوْزَعُوْنَ ۝١٧

၁၇။ ထိုမှတပါး စုလိုင်မာန်၏အဖို့ ထိုစုလိုင်မာန်၏ ဗိုလ်ခြေများကို ဂျင်(နီ) သတ္တဝါတို့အနက်မှလည်းကောင်း၊ လူတို့အနက်မှလည်းကောင်း၊ ငှက်သတ္တဝါတို့အနက်မှလည်းကောင်း၊ စုရုံးစေခြင်းကို ခံခဲ့ကြရကုန်၏။ တဖန် ထိုဗိုလ်ခြေတို့မှာ (စနစ်တကျ စီတန်းချီတက်နိုင်ကြအံ့သောငှာ) တားမြစ်ခြင်းကိုပင် ခံကြရကုန်၏။ [၁]

حَتّٰٓى اِذَآ اَتَوْا عَلٰي وَادِ النَّمْلِ ۙ قَالَتْ نَمْلَةٌ يّٰٓاَيُّهَا النَّمْلُ ادْخُلُوْا مَسٰكِنَكُمْ ۚ لَا يَحْطِمَنَّكُمْ سُلَيْمٰنُ

၁၈။ နောက်ဆုံးတွင် တစ်ရံရောအခါ ထိုဗိုလ်ခြေတို့သည် ပုရွက်ဆိတ်များရှိကြသောချောင်းလျှိုရှိုးသို့ ရောက်ရှိခဲ့လေသော် ပုရွက်ဆိတ်တစ်ကောင်က အို-ပရွက်ဆိတ် အပေါင်းတို့၊ စုလိုင်မာန်နှင့်တကွ ထိုစုလိုင်မာန်၏ဗိုလ်ခြေတို့သည်အသင်တို့အား မသိမမြင်

---

(၁) တမန်တော် ဒါဝူဒ်၏သားများတွင် တမန်တော်စုလိုင်မာန်သည် တမန်တော်ဒါဝူဒ်၏ အရိုက်အရာဆက်ခံသူအစစ်အမှန် ဖြစ်ခဲ့ပေသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော် စုလိုင်မာန်အား 'နဗူဝါတ်' တမန်တော်ဖြစ်ခြင်း၏ ဂုဏ်ထူးနှင့် ဘုရင်ဖြစ်ခြင်း၏ ဂုဏ်ထူး ၂-ရပ်လုံးကို ချီးမြှင့်တော်မူခဲ့ပေသည်။ ယခင်က တစ်ဦးတစ်ယောက်မျှ မရရှိခဲ့ဖူးသော၊ နောက်နောင်တွင်လည်း တစ်ဦးတစ်ယောက်မျှ ရရှိမည်မဟုတ်သော၊ စိုးမိုးအုပ်ချုပ်မှုကို ပေးသနားတော်မူခဲ့သည်။ ထိုအရှင်မြတ်သည် 'ဂျင်န်'သတ္တဝါ၊ ငှက်တိရစ္ဆာန်နှင့် လေကိုလည်း တမန်တော် စုလိုင်မာန်၏ဩဇာခံ ဖြစ်စေတော်မူခဲ့ပေသည်။ ဤအကြောင်း ကုရ်အာန်(၃၄:၁၂-၁၄)တွင် အကျယ် တွေ့ရှိရပေမည်။

وَجُنُودُهُۥ وَهُمْ لَا يَشْعُرُونَ ﴿١٨﴾

ကြဘဲ (မတော်တဆ) ဖိကြိတ်တက်နင်း ချေမှုန်းမပစ်မိကြရန် အသင်တို့သည် မိမိတို့၏တွင်းများထဲသို့ ဝင်ရောက်လေကုန်ဟု (ဟစ်အော်)ပြောကြားခဲ့လေ၏။

فَتَبَسَّمَ ضَاحِكًا مِّن قَوْلِهَا وَقَالَ رَبِّ أَوْزِعْنِيٓ أَنْ أَشْكُرَ نِعْمَتَكَ الَّتِيٓ أَنْعَمْتَ عَلَيَّ وَعَلَىٰ وَالِدَيَّ وَأَنْ أَعْمَلَ صَٰلِحًا تَرْضَىٰهُ وَأَدْخِلْنِي بِرَحْمَتِكَ فِي عِبَادِكَ الصَّٰلِحِينَ ﴿١٩﴾

၁၉။ ထိုအခါ စုလိုင်မာန်သည် ထိုပရူက်ဆိတ်၏စကားကြောင့် ပြုံးရယ်ခဲ့လေ၏။ ထို့ပြင် (အလ္လာဟ်အရှင်မြတ်အထံတော်တွင်ဤသို့)လျှောက်ထားပန်ကြားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊အရှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏မိဘနှစ်ပါးတို့အပေါ်၌လည်းကောင်း၊ မိမိပြုတော်မူခဲ့သောကျေးဇူးတော်နှင့်စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲကျေးဇူးသိတတ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား အရှင်မြတ် နှစ်သက်တော်မူသော ကောင်းမြတ်သောအကျင့်သီလများကိုလည်း အမြဲကျင့်မူ ဆောက်တည်နိုင်စွမ်းပေးသနားတော်မူပါ။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိ၏ကရဏာတော်ဖြင့် မိမိ၏သူတော်ကောင်းကျွန်တို့တွင် ဝင်ရောက် ပါဝင်စေတော်မူပါ။

وَتَفَقَّدَ الطَّيْرَ فَقَالَ مَا لِيَ لَآ أَرَى الْهُدْهُدَ أَمْ كَانَ مِنَ الْغَآئِبِينَ ﴿٢٠﴾

၂၀။ ၎င်းပြင်ထိုစုလိုင်မာန်သည် ငှက်တိရစ္ဆာန်တို့ကို စစ်ဆေးခဲ့ရာ (ဤသို့)ပြောကြားခဲ့၏။ ငါသည် မည်သည့်အတွက်ကြောင့် ဘီးတောင်ပိုငှက်ကို မမြင်ရပါသနည်း။ သို့တည်းမဟုတ် ၎င်းသည် ပျောက်ကွယ်နေသလော။

---

① **တမန်တော် စုလိုင်မာန် ပရူက်ဆိတ်ကုန်း တစ်ခုသို့ရောက်စဉ်။**

တစ်ရံရောအခါ တမန်တော်စုလိုင်မာန်သည် မိမိ၏ဗိုလ်ခြေများနှင့် ချီတက်သွားရာ ပရူက်ဆိတ် အမြောက်အမြားနေထိုင်ရာ ဒေသတစ်ခုသို့ ရောက်ရှိသွားခဲ့၏။ ထိုအခါ ပရူက်ဆိတ်တစ်ကောင်က တမန်တော် စုလိုင်မာန်၏ဗိုလ်ခြေများသည် မိမိတို့အား အမှုမဲ့ နင်းမိကြမည်ကို စိုးရိမ်ကြီးစွာဖြင့် မိမိအုပ်စုအား သတိပေးသည်ကို တမန်တော်စုလိုင်မာန် ကြားသိသောအခါ ပြုံးရယ်မိခဲ့လေသည်။ ယင်းသို့ ပရူက်ဆိတ်၏ သတိပေးစကားကို ➤➤

لَأُعَذِّبَنَّهُۥ عَذَابًا شَدِيدًا أَوْ لَأَاْذْبَحَنَّهُۥٓ أَوْ لَيَأْتِيَنِّى بِسُلْطَٰنٍ مُّبِينٍ ﴿٢١﴾

၂၁။ ဇကန်မလွဲ ငါသည် အမှန်ပင် ၎င်းအား ပြင်းထန်စွာ ပြစ်ဒဏ်ပေးမည်။ သို့တည်းမဟုတ် မုချဇကန် ငါသည် ၎င်းအား လိုးဖြတ်မည်။ သို့တည်းမဟုတ် ၎င်းသည်ငါ့ထံသို့ ထင်ရှားစွာသော သက်သေအထောက်အထားကို ဆောင်ယူလာရပေမည်။ ၁

فَمَكَثَ غَيْرَ بَعِيدٍ فَقَالَ أَحَطتُ بِمَا لَمْ تُحِطْ بِهِۦ وَجِئْتُكَ مِن سَبَإٍۭ بِنَبَإٍ يَقِينٍ ﴿٢٢﴾

၂၂။ ထို့နောက် မကြာမီပင် ထိုဘီးတောင်ပိုင်သည် လာရောက်လျှောက်ထားလေ၏။ ကျွန်တော်မျိုးသည် ကိုယ်တော်မသိသော အကြောင်းကို သိခဲ့ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးသည် ကိုယ်တော်၏ထံသို့ ရှီဗာမှမှန်ကန်သောသတင်းတစ်ခုကို ဆောင်ကြဉ်းခဲ့ပါသည်။

➤➤ တမန်တော် စုလိုင်မာန် ကြားသိရခြင်းမှာ (မုအ်ဂျီဇေဟ်) တန်ခိုးတော်တစ်ပါးပင်။

① **တမန်တော် စုလိုင်မာန်နှင့် 'ဟွဒ်ဟွဒ်'**

'ဟွဒ်ဟွဒ်' သည် ငှက်တစ်မျိုး၏အမည်ဖြစ်သည်။ 'ဟွဒ်ဟွဒ်' ကို အင်္ဂလိပ်ဘာသာစာပေတွင် (Hoopoe)ဟုခေါ်သည်။ (Hoopoe)ကို The University English-Burmese Dictionary တွင် 'တောင်သူဘီးငှက်'၊ 'ဘီးတောချပ်'၊ 'ဘီးတောင်ပို'၊ 'တောင်ပိစူး'၊ 'တောင်သူမီး' ဟူ၍ အမျိုးမျိုးရေးသားဖော်ပြထားသည်။ မြန်မာပြည် အထက်အညာတွင် ဤငှက်ကို 'ဘီးတောင်ပို' ဟူ၍ပင် များသောအားဖြင့် ခေါ်ဆိုလေ့ရှိကြသည်။

ဘီးတောင်ပိုငှက်များကို ပါလစ်တိုင်းပြည်တွင် အများအပြားတွေ့ရှိရပေသည်။ အဆိုပါငှက်များသည် ဆောင်းရာသီတွင် အီဂျစ်ပြည်ဘက်သို့ ကူးပြောင်း၍၊ မတ်လတွင် ပါလစ်တိုင်းပြည်သို့ ပြန်လာလေ့ ရှိကြပေသည်။

အလ္လာဟ်အရှင်မြတ်သည် အချို့ငှက်များကို အချို့(Sense) သိမြင်ခံစားတတ်သော အာရုံများတွင် အခြားတိရစ္ဆာန်များထက်သာမက လူသားတို့ထက်ပင် ပိုမို၍ စွမ်းရည်ချီးမြှင့်ထားတော်မူသည်။ ဘီးတောင်ပိုငှက်များသည် ရေရှိရာဒေသကို ကောင်းစွာသိကြသည်။ ထို့အတူ တိကောင်ရှိရာဒေသကိုလည်း ကောင်းစွာသိကြသည်။ မြေအောက်တွင်ရှိသော တိကောင်ကိုလည်း လျင်စွာ တူးယက် ယူငင်နိုင်ကြပေသည်။

တမန်တော်စုလိုင်မာန်သည် ငှက်များကိုလည်း အမျိုးမျိုးအသုံးချတော် မူခဲ့ပေသည်။ ဥပမာ-တမန်တော်စုလိုင်မာန် လေကြောင်းခရီးဖြင့် ခရီးထွက်သည့်အခါ ငှက်များသည် အတောင်များယှက်၍ အရိပ်အာဝါသ ပြုလုပ်ပေးကြရသည်။ တစ်ခါတစ်ရံ ငှက်များသည် ရေရှိရာဒေသကို ရှာပေးကြရသည်။ တစ်ခါတစ်ရံ စာပေးစာယူ ပြုလုပ်ပေးကြရသည်။ တစ်ခါတစ်ရံ သတင်းထောက်လှမ်းပေးကြရသည်။

တစ်နေ့သောအခါ တမန်တော်စုလိုင်မာန်သည် အရေးကိစ္စတစ်ခုကြောင့် ပျံသန်းသွားလာသော စစ်သည်များကို စစ်ဆေးကြည့်ရှုရာတွင်၊ ဘီးတောင်ပိုငှက်ကို မတွေ့မမြင်ရသောအခါ ➤➤

إِنِّي وَجَدتُّ امْرَأَةً تَمْلِكُهُمْ وَأُوتِيَتْ مِن كُلِّ شَيْءٍ وَلَهَا عَرْشٌ عَظِيمٌ ﴿٢٣﴾

၂၃။ ဧကန်အမှန် ကျွန်တော်မျိုးသည် ထိုရှိဗာကို စိုးမိုးအုပ်ချုပ်လျက်ရှိသော မိန်းမတစ်ဦးအား တွေ့ခဲ့ပါသည်။ ၎င်းပြင်ထိုမိန်းမမှာ အရာခပ်သိမ်းတို့ ချီးမြှင့်ပေးသနားခြင်းခံရသည့်ပြင် ၎င်း၌ ကြီးကျယ်ခမ်းနားသော ပလ္လင်တစ်ခုသည်လည်း ရှိပါသည်။

وَجَدتُّهَا وَقَوْمَهَا يَسْجُدُونَ لِلشَّمْسِ مِن دُونِ اللَّهِ وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ فَهُمْ لَا يَهْتَدُونَ ﴿٢٤﴾

၂၄။ ကျွန်တော်မျိုးသည် ထိုမိန်းမအား၊ လည်းကောင်း၊ ထိုမိန်းမ၏အမျိုးသားတို့အား၊ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အားစွန့်၍နေကိုဗျပ်ဝပ်ဦးချ(ကိုးကွယ်ဆည်းကပ်)နေကြသည်ကို တွေ့ခဲ့ပါသည်။ စင်စစ် 'ရှိုင်တွာန်'မိစ္ဆာကောင်သည် ၎င်းတို့၏ပြုမူချက်များကို ၎င်းတို့၏အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်၍ထားပါသည်။ တစ်ဖန် ထိုရှိုင်တွာန်'မိစ္ဆာကောင်သည် ၎င်းတို့အား (မှန်ကန်သော) တရားလမ်းမှ ပိတ်ပင်တားဆီး၍ထားခဲ့ရာ ၎င်းတို့သည် တရားလမ်းမှန်ကို မရနိုင်ကြပါ။

أَلَّا يَسْجُدُوا لِلَّهِ الَّذِي يُخْرِجُ الْخَبْءَ فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُخْفُونَ وَمَا تُعْلِنُونَ ﴿٢٥﴾

၂၅။ အကြင် အလ္လာဟ်အရှင်မြတ်အား ဗျပ်ဝပ်ဦးချ(ဆည်းကပ် ကိုးကွယ်)ကြရန် ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ဖုံးအုပ်လျက်ရှိသည်ကို အပြင်သို့ထွက်စေတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့လျှို့ဝှက်ကြကုန်သော ကိစ္စများကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေကြကုန်သော ကိစ္စများကို (အလုံးစုံတို့ကို) သိရှိတော်မူ၏။

➤➤ 'ဘီးတောင်ပိုင်ုက်ကို ငါ မတွေ့မမြင်ရပါတကား၊ ဘီးတောင်ပိုင်ုက်သည် ဗျောက်ကွယ်နေသလော၊ ဘီးတောင်ပိုင်ုက်သည် ခိုင်လုံသောအကြောင်း တင်မပြနိုင်ပါက ငါသည်၎င်းအား ပြင်းထန်စွာ အရေးယူမည်။ သို့မဟုတ် ကွပ်မျက်လိုဖြတ်မည်'ဟု ကြုံးဝါးခဲ့လေသည်။

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ رَبُّ الْعَرْشِ الْعَظِيْمِ ﴿٢٦﴾ السجدة

၂၆။ အလ္လာဟ်အရှင်မြတ်သည် (အကြင်အရှင်မြတ်ပင်၊)ထိုအရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိပေ။ ကြီးကျယ်လှစွာသော 'အရ်ရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်ပေသတည်း။ [၁]

قَالَ سَنَنْظُرُ اَصَدَقْتَ اَمْ كُنْتَ مِنَ الْكٰذِبِيْنَ ﴿٢٧﴾

၂၇။ ထိုစုလိုင်မာန်က ပြောကြားခဲ့လေ၏။ အသင်သည် မှန်ကန်စွာ လျှောက်ထားခဲ့လေ သလော။ သို့တည်းမဟုတ် အသင်သည် မုသာဝါဒီတို့အနက် ပါဝင်လေသလောဟု ယခုပင် ငါရှုမည်။

اِذْهَبْ بِّكِتٰبِيْ هٰذَا فَاَلْقِهْ اِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ فَانْظُرْ مَاذَا يَرْجِعُوْنَ ﴿٢٨﴾

၂၈။ အသင်သည် ငါ၏စာကို ယူဆောင်၍ သွားလော့၊ ထို့နောက် အသင်သည် ဤစာကို ၎င်းတို့ထံ ချ၍ ပေးပြီးလျှင်၊ ၎င်းတို့၏အပါးမှ (အနည်းငယ်) ဘေးဖယ်၍နေလော့။ တစ်ဖန် အသင်သည် ၎င်းတို့မည်သို့ အကြောင်းပြန်ကြသည်ကို ရှုလော့။

---

① **ဘီးတောင်ပို၏ အစီရင်ခံချက်။**

များမကြာမီအတွင်း ဘီးတောင်ပိုသည် ပြန်လည်ရောက်ရှိလာပြီး တမန်တော်စုလိုင်မာန်အား-'ကျွန်တော်မျိုးသည် ကိုယ်တော် မသိရှိသေးသော အကြောင်းတစ်ရပ်ကို သိခဲ့ရပါသည်။ ကျွန်တော်မျိုးသည် 'ရှီဗာ' မှ ခိုင်လုံသော သတင်းတစ်ရပ်ကို ယူဆောင်လာခဲ့ပါသည်။

'ကျွန်တော်မျိုးသည် (ရှီဗာတွင်) မင်းလုပ်အုပ်ချုပ်နေသော အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ရပါသည်။ ထိုအမျိုးသမီးမှာ (စီမံအုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍) အရာခပ်သိမ်း ပြည့်စုံပါသည်။ ကြီးကျယ်သော ရာဇပလ္လင်တစ်ခုလည်း ရှိပါသည်။ သို့ရာတွင် ထိုအမျိုးသမီးနှင့်တကွ ၎င်း၏အမျိုးသားများသည် အလ္လာဟ်အရှင်တော်မြတ်အား ဆည်းကပ် ကိုးကွယ်ခြင်းမပြုဘဲ နေကို ဆည်းကပ် ကိုးကွယ်နေကြပါသည်။

'ရှိုင်တွာန်'သည် ၎င်းတို့၏အမြင်တွင် ၎င်းတို့၏ပြုမူချက်များကို လှပတင့်တယ်စွာပြထားပြီး အမှန်တရားမှ ဖယ်ရှားတားဆီးထားပါသည်။ ထို့အတွက် ၎င်းတို့သည် အမှန်တရားကို မရရှိကြပါ။ မိုးကောင်းကင်များနှင့် ပထဝီမြေအတွင်းရှိ ဖုံးကွယ်လျက်ရှိသည်များကို ပေါ်ထွက်စေတော်မူသော၊ လူသားတို့လျှို့ဝှက် ဖုံးကွယ်ထားကြသည်များနှင့် ထုတ်ဖော်ကြသည်များကို သိတော်မူသော အလ္လာဟ်အရှင်မြတ်အား ပျက်ဝပ်ဦးမချကြပေ။ အမှန်မှာ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျင်းမရှိ။ ထိုအရှင်မြတ်သည် အလွန်ကြီးကျယ်သော ရာဇပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူပါသည်'ဟု လျှောက်ထားအစီရင်ခံလေသည်။

قَالَتْ يَٰٓأَيُّهَا ٱلْمَلَؤُا۟ إِنِّىٓ أُلْقِىَ إِلَىَّ كِتَٰبٌ كَرِيمٌ ﴿٢٩﴾

၂၉။ ထို(ရှီဗာဘုရင်မ)က (ဤသို့) ပြောကြားခဲ့လေ၏။ အို-မျူးမတ်အပေါင်းတို့၊ ဧကန်စင်စစ် မြင့်မြတ်လှစွာသော စာတစ်စောင်သည် ကျွန်ုပ်၏ထံသို့ ပေးပို့ခြင်း ခံခဲ့ရလေသည်။

إِنَّهُۥ مِن سُلَيْمَٰنَ وَإِنَّهُۥ بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ ﴿٣٠﴾

၃၀။ ဧကန်စင်စစ်ထိုစာမှာ စုလိုင်မာန်ထံမှ ဖြစ်၏။ ထို့ပြင် ဧကန်အမှန် ၎င်းမှာ ဤသို့ဖြစ်၏။ ကြီးမားလှသော၊ ကရုဏာရှင်ဖြစ်တော်မူသော၊ အလွန်တရာသနားညှာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြု၏။

أَلَّا تَعْلُوا۟ عَلَىَّ وَأْتُونِى مُسْلِمِينَ ﴿٣١﴾

၃၁။ အသင်တို့သည် ငါနှင့်ယှဉ်ပြိုင်၍ ဘဝင်မကြွကြကုန်လင့်။ ထိုမှတပါး: အသင်တို့သည် ငါ့ထံသို့ 'မွတ်စ်လင်မ်' အမိန့်နာခံသူများအဖြစ် လာရောက်ကြလေကုန်။

قَالَتْ يَٰٓأَيُّهَا ٱلْمَلَؤُا۟ أَفْتُونِى فِىٓ أَمْرِى مَا كُنتُ قَاطِعَةً أَمْرًا حَتَّىٰ تَشْهَدُونِ ﴿٣٢﴾

၃၂။ ထို(ရှီဗာဘုရင်မ)က အို-မျူးမတ်အပေါင်းတို့။ အသင်တို့သည် ကျွန်မ၏အရေးနှင့်စပ်လျဉ်း၍ ကျွန်မအား အကြံဉာဏ်ပေးကြလေကုန်။ အသင်တို့သည် ကျွန်မ၏အပါးဌ်မရှိသမျှကာလပတ်လုံး ကျွန်မသည် မည်သည့်ကိစ္စကိုမျှပင် စီရင်ဆုံးဖြတ်လေ့ မရှိပါဟု ပြောကြားခဲ့လေ၏။

قَالُوا۟ نَحْنُ أُو۟لُوا۟ قُوَّةٍ وَأُو۟لُوا۟ بَأْسٍ شَدِيدٍ وَٱلْأَمْرُ إِلَيْكِ فَٱنظُرِى مَاذَا تَأْمُرِينَ ﴿٣٣﴾

၃၃။ ထိုမျူးမတ်တို့က ကျွန်ုပ်တို့သည် ခွန်အားရှိသူများ၊ တိုက်ခိုက်မှုကိုပြင်းထန်စွာ ဝါသနာထုံသူများဖြစ်ကြပါသည်။ သို့ရာတွင် အမိန့်အာဏာသည်ကား အသင် ဘုရင်မ၏လက်တွင်းဌ်သာရှိပေရာ အသင်ဘုရင်မသည် မည်သို့အမိန့်ပေးမည်ကို (ဆင်ခြင်)ပါလော့ဟု လျှောက်ထားခဲ့ကြကုန်၏။

قَالَتْ إِنَّ الْمُلُوكَ إِذَا دَخَلُوا
قَرْيَةً أَفْسَدُوهَا وَجَعَلُوا
أَعِزَّةَ أَهْلِهَا أَذِلَّةً ۖ
وَكَذَٰلِكَ يَفْعَلُونَ ﴿٣٤﴾

၃၄။ ထို(ရှီဗာ ဘုရင်မ)က ပြောကြားခဲ့လေ၏။ ဧကန်မလွဲ ဘုရင်မင်းတို့ မည်သည် မြို့ရွာတစ်ခုသို့ ဝင်ရောက်ကြလေသောအခါ ထိုမြို့ရွာကို ဖျက်ဆီးလေ့ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ယင်းမြို့ရွာမှ ဂုဏ်အသရေရှိသူတို့အား ဂုဏ်အသရေသေးသိမ်သူများ ဖြစ်စေကြကုန်၏။ ၎င်းတို့သည်လည်း ဤအတိုင်းပင် ပြုမူကြပေမည်။

وَإِنِّي مُرْسِلَةٌ إِلَيْهِم بِهَدِيَّةٍ
فَنَاظِرَةٌ بِمَ يَرْجِعُ الْمُرْسَلُونَ ﴿٣٥﴾

၃၅။ သို့ရာတွင် ကျွန်မမူကား၊ ၎င်းတို့ထံ လက်ဆောင်ပဏ္ဏာတစ်စုံတစ်ခုကို ပေးပို့ပြီးနောက် စေတမန်တို့သည် မည်သို့သော ပြန်ကြားချက် ယူဆောင်လာကြသည်ကို (စောင့်၍)ကြည့်မည်။

فَلَمَّا جَاءَ سُلَيْمَٰنَ قَالَ
أَتُمِدُّونَنِ بِمَالٍ فَمَا
ءَاتَىٰنِيَ اللَّهُ خَيْرٌ مِّمَّا ءَاتَىٰكُم ۖ
بَلْ أَنتُم بِهَدِيَّتِكُمْ تَفْرَحُونَ ﴿٣٦﴾

၃၆။ ထို့နောက် ထို(သံတမန်တို့)သည် စုလိုင်မာန်၏ထံသို့ ရောက်ရှိခဲ့လေသော် ထိုစုလိုင်မာန်က (ဤသို့) ပြောကြားခဲ့၏။ အသင်တို့သည် ငါ့အား ပစ္စည်းဥစ္စာဖြင့်ကူညီလိုကြလေသလော။ စင်စစ် ငါ့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသည်များမှာ ထိုအရှင်မြတ်ကအသင်တို့အား ချီးမြှင့်ပေးသနား ထားတော်မူသည်တို့ထက်ပင် ပိုမို၍ ကောင်းမြတ်လှပေသည်။

စင်စစ်မှာကား အသင်တို့သည်ပင်လျှင် မိမိတို့၏ လက်ဆောင်ပဏ္ဏာနှင့် မော်ကြွားလျက် ရှိကြပေမည်။

ارْجِعْ إِلَيْهِمْ فَلَنَأْتِيَنَّهُمْ
بِجُنُودٍ لَّا قِبَلَ لَهُم بِهَا

၃၇။ အသင်သည် ၎င်းတို့ထံ ပြန်သွားလော့။ ထို့နောက် ဧကန်အမှန် ငါတို့သည် ၎င်းတို့ထံ ၎င်းတို့ယှဉ်ပြိုင်နိုင်စွမ်းမရှိသော ရဲမက်များနှင့်တကွ ချီတက်ရောက်ရှိ၍ လာကြမည်။

وَلَنُخْرِجَنَّهُمْ مِّنْهَآ
أَذِلَّةً وَّهُمْ صَٰغِرُونَ ﴿٣٧﴾

ထိမှတပါး ဧကန်မလွဲ ငါတို့သည် ၎င်းတို့အား ထို(မြို့ရွာ)မှ ဂုဏ်ရည် သေးသိမ်သူများအဖြစ် နှင့်နှိပ်ထုတ်ကြမည်။ ထို(အခါ)၎င်းတို့သည် အရှက်ကွဲအကျိုးနည်းသူများ ဖြစ်သွားကြပေမည်။ ၁

قَالَ يَٰٓأَيُّهَا ٱلْمَلَؤُا۟ أَيُّكُمْ يَأْتِينِى
بِعَرْشِهَا قَبْلَ أَن يَأْتُونِى
مُسْلِمِينَ ﴿٣٨﴾

၃၈။ ထိုစုလိုင်မာန်က 'အို-မှူးမတ်အပေါင်းတို့။ ၎င်းတို့သည်ငါ့ထံသို့ 'မွတ်စ်လင်မ်'အမိန့်ကိုနာခံသူများအဖြစ် မရောက်လာကြမီ၊ အသင်တို့အနက် မည်သူသည် ထိဘုရင်မ၏ရာဇပလ္လင်ကို ငါ့ထံသို့ ယူလာနိုင်သနည်း' ဟု ပြောဆိုမေးမြန်းခဲ့၏။

قَالَ عِفْرِيتٌ مِّنَ ٱلْجِنِّ أَنَا۠ ءَاتِيكَ
بِهِۦ قَبْلَ أَن تَقُومَ مِن
مَّقَامِكَ ۖ وَإِنِّى عَلَيْهِ
لَقَوِىٌّ أَمِينٌ ﴿٣٩﴾

၃၉။ ဂျင်(နှ်)သတ္တဝါတို့အနက်မှ အလွန်ခွန်အားဗလကြီးသောဂျင်(နှ်)တစ်ဦးက ကိုယ်တော်သည် မိမိနေရာမှ မထမီ ကျွန်တော်မျိုးသည် ထိရာဇပလ္လင်ကို ကိုယ်တော်ထံသို့ ဆောင်ကြဉ်းခဲ့ပါမည်။ အမှန်သော်ကား ကျွန်တော်မျိုးသည် ဧကန်မလွဲ ဤကိစ္စနှင့်စပ်လျဉ်း၍ ပြစ္စွမ်းနိုင်သူ၊ ယုံကြည်စိတ်ချရသူ တစ်ဦးပင် ဖြစ်ပါသည်ဟု လျှောက်ထားခဲ့လေ၏။

---

① **တမန်တော် စုလိုင်မာန်၏ ကြုံးဝါးသံ။**

တမန်တော်စုလိုင်မာန်ထံသို့ ရှီဗာဘုရင်မထံမှ လက်ဆောင်ပဏ္ဏာများ ယူဆောင်လာသော ကိုယ်စားလှယ်များ ရောက်ရှိလာသည့်အခါ၊ တမန်တော် စုလိုင်မာန်က- 'အသင်တို့သည် ကျွန်ုပ်အား လောကီရေးဆိုင်ရာ ဘုရင်တစ်ပါးမျှသာ ထင်မှတ်ကာ ဤလက်ဆောင်ပဏ္ဏာများ ဆက်သနေကြသည်။ အသင်တို့သိထားအပ်သည်မှာ- အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား 'ရိစာလတ်'၊ 'ဟုကူမတ်' အာဏာစက်၊ ဓမ္မစက် ၂-ရပ်လုံးကို ချီးမြှင့်ထားတော်မူသည်။ ထိုအရှင်မြတ်က ကျွန်ုပ်အား ချီးမြှင့်ထားတော်မူသော ဓမ္မစက်နှင့် အာဏာစက်သည် အသင်တို့၏တိုင်းပြည်၊ ဥစ္စာ၊ ရွှေ၊ ငွေတို့ထက် အတိုင်းမသိ ပိုမိုကောင်းမြတ်သည်။ ကျွန်ုပ်သည် အစ္စလာမ်ကိုသာ လိုလားသည်။ ကျွန်ုပ်သည် ဤသည့်လောကီ ဥစ္စာပစ္စည်းများကို မလိုလား၊ အသင်တို့သည်သာလျှင် အသင်တို့၏ လက်ဆောင်ပဏ္ဏာများဖြင့် ပီတိဖြစ်ကြပေမည်။ အသင်တို့သည် မိမိတို့၏ လက်ဆောင်ပဏ္ဏာများကို ယူဆောင်၍ ပြန်ကြကုန်။ ကျွန်ုပ်သည် အသင်တို့ထံသို့ အလွန်ကြီးမားများပြားသော ဗိုလ်ခြေများနှင့်တကွ ချီတက်လာမည်။ အသင်တို့အား တိုင်းပြည်မှ နှင်ထုတ်မည်။ အသင်တို့သည် အနည်းငယ်စိုးစဉ်းမျှ ခုခံကာကွယ်နိုင်ကြမည် မဟုတ်။ အသင်တို့သည် အရှက်တကွဲ အကျိုးနည်းကြရတော့မည်' ဟု ကြုံးဝါးသံပ မိန့်ပွက်ဟလိုက်လေသည်။

قَالَ الَّذِي عِنْدَهُ عِلْمٌ مِّنَ الْكِتٰبِ اَنَا اٰتِيْكَ بِهٖ قَبْلَ اَنْ يَّرْتَدَّ اِلَيْكَ طَرْفُكَ ؕ فَلَمَّا رَاٰهُ مُسْتَقِرًّا عِنْدَهٗ قَالَ هٰذَا مِنْ فَضْلِ رَبِّيْ ۖ لِيَبْلُوَنِيْٓ ءَاَشْكُرُ اَمْ اَكْفُرُ ؕ وَمَنْ شَكَرَ فَاِنَّمَا يَشْكُرُ لِنَفْسِهٖ ۚ وَمَنْ كَفَرَ فَاِنَّ رَبِّيْ غَنِيٌّ كَرِيْمٌ ﴿٤٠﴾

၄၀။ ကျမ်းဂန်၏ အသိပညာရှိသူတစ်ဦးက ကျွန်တော်မျိုးသည် ထိုရာဇပလ္လင်ကို ကိုယ်တော်၏ မျက်စိတစ်မှိတ်အတွင်း၊ ကိုယ်တော်ထံသို့ ဆောင်ကြဉ်းခဲ့ပါမည်ဟု လျှောက်ထားခဲ့လေ၏။

ထို့နောက် ထိုစုလိုင်မာန်သည် ထိုရာဇပလ္လင်ကို မိမိအနီးတွင် တည်ရှိနေသည်ကို တွေ့မြင်ခဲ့သော အခါ (ဤသို့) ပြောကြားခဲ့လေ၏။ ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်တစ်ရပ်ပင်၊ ငါသည် ကျေးဇူးတင်လေသလော၊ သို့တည်းမဟုတ် ငါသည် ကျေးဇူးကန်းလေသလော၊ ဟု ထိုအရှင်မြတ်သည် ငါ့အားစမ်းသပ်တော်မူခြင်းငှာ ဖြစ်ပေသည်။

စင်စစ်သော်ကား၊ မည်သူမဆို ကျေးဇူးတင်ခဲ့လျှင် မိမိအကျိုးငှာ ကျေးဇူးတင်ခဲ့ခြင်းသာ ဖြစ်ပေမည်။ သို့ရာတွင် မည်သူမဆို ကျေးဇူးကန်းခဲ့လျှင် ဧကန်မလွဲ ငါ့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် လိုလားတောင့်တခြင်း၊ ကင်းမဲ့တော်မူသော၊ အလွန်တရာ ရက်ရောတော်မူသောအရှင်မြတ်ပင် ဖြစ်ပေသတည်း။ [၁]

---

① **ရှီဗာဘုရင်မ၏ ရာဇပလ္လင်ကို မျက်စိတစ်မှိတ်အတွင်း ယူဆောင်လာခြင်း။**

ရှီဗာဘုရင်မ၏ ကိုယ်စားလှယ်များသည် ပြန်သွားကြပြီးလျှင် တမန်တော်စုလိုင်မာန်၏ ကြုံဝါးပုံကို အစီရင်ခံခဲ့ကြလေသည်။ ရှီဗာဘုရင်မသည် စုလိုင်မာန်ဘုရင်ကား သာမန်ဘုရင်တစ်ပါးမဟုတ်၊ အလွှာဟ်အရှင်မြတ်ချီးမြှင့်ထားတော်မူသော ဓမ္မစက်၊ အာဏာစက်ရ စွမ်းရည်သတ္တိ တန်ခိုးဂုဏ်သိမ် အရှိန်အဝါကြီးမားသော တမန်တော်ကြီးတစ်ပါး ဖြစ်ကြောင်း၊ ထိုသို့သောတမန်တော်နှင့် ယှဉ်ပြိုင်ခြင်းဖြင့် မည်သို့မျှ အကျိုးရှိမည်မဟုတ်ကြောင်း၊ မိမိတို့မှာသာ ဆုံးရှုံးခြင်းကြီးမက ဆုံးရှုံးကြရမည် ဖြစ်ကြောင်းများကို ကောင်းစွာရိပ်စားမိကာ၊ နောက်ဆုံးတွင် ရှီဗာဘုရင်မသည် တမန်တော်စုလိုင်မာန်၏ စာချွန်တော်တွင် ပါရှိသည့်အတိုင်း မွတ်စ်လင်မ်ဖြစ်ကာ ခွေရံသင်းပင်းတို့နှင့်တကွ တမန်တော်စုလိုင်မာန်ထံ ဝင်ရောက်ရန်အလို့ငှာ ရှီဗာမှ ထွက်ခွာလာခဲ့လေသည်။

ရှီဗာဘုရင်မ ဆီးရီးယားပြည်အနီးသို့ ရောက်လာသောအခါ တမန်တော်စုလိုင်မာန်သည် မိမိအား ➤➤

قَالَ نَكِّرُوا۟ لَهَا عَرْشَهَا نَنظُرْ أَتَهْتَدِىٓ أَمْ تَكُونُ مِنَ ٱلَّذِينَ لَا يَهْتَدُونَ ﴿٤١﴾

၄၁။ ထိုစုလိုင်မာန်က သင်တို့သည် ထိုဘုရင်မ၏ ရာဇပလ္လင်ကို အသွင်ပြောင်းကြလေကုန်။ ထိုဘုရင်မသည် မှန်ကန်စွာ သိလေသလော၊ သို့တည်းမဟုတ် မှန်ကန်စွာ မသိသူတို့အနက်မှ ဖြစ်လေသလော၊ ဟု ကျွန်ုပ်တို့သည် ကြည့်ရှုကြပေမည်ဟူ၍ ပြောကြားခဲ့လေ၏။

فَلَمَّا جَآءَتْ قِيلَ أَهَٰكَذَا عَرْشُكِ ۖ قَالَتْ كَأَنَّهُۥ هُوَ ۚ وَأُوتِينَا ٱلْعِلْمَ مِن قَبْلِهَا وَكُنَّا مُسْلِمِينَ ﴿٤٢﴾

၄၂။ ထို့နောက် ထိုဘုရင်မသည် ရောက်ရှိ၍ လာသောအခါတစ်စုံတစ်ယောက်က အသင်၏ ရာဇပလ္လင်သည် ဤအတိုင်းပင် ဖြစ်ပါသလောဟု မေးရာ၊ ထိုဘုရင်မက 'ဤရာဇပလ္လင်မှာ ထိုရာဇပလ္လင်ပင် ဖြစ်ဟန်တူပါသည်။ [၁] စင်စစ်ကျွန်ုပ်တို့သည်ဤသည့် အလျင်ကပင် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံခဲ့ကြရပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် 'မွတ်စ်လင်မ်' အမိန့်ကို နာခံသူများပင် ဖြစ်ခဲ့ပေပြီ' ဟု ပြောဆိုဖြေကြားခဲ့လေ၏။

➤➤ အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော အချို့တန်ခိုးတော်များကို ထင်ရှားပြသရန်အလို့ငှာ မိမိ၏ မှူးမတ် များအား- 'ရှီဗာဘုရင်မ ကျွန်ုပ်ထံရောက်မလာမီ ၎င်း၏ရာဇပလ္လင်ကို ကျွန်ုပ်ထံ မည်သူ ယူဆောင်လာနိုင်သနည်း' မိန့်ဆိုရာ၊ ဂျင်(နှ်)တစ်ဦးက 'ကျွန်တော်မျိုးသည် ဘုရင်မင်းမြတ် ညီလာခံ မရုပ်သိမ်းမီ ထိုရာဇပလ္လင်ကို ရှေ့တော်မှောက်သို့ ယူဆောင်လာနိုင်ပါသည်'ဟု လျှောက်ထားလေသည်။

တမန်တော်စုလိုင်မာန်သည် ထို့ထက်ပင် အလျင်အမြန် အလိုရှိရာ၊ တမန်တော်စုလိုင်မာန်၏ တပည့်သာဝကများအနက်မှ ကောင်းကင်ကျကျမ်းဂန် အသိပညာရှိသော၊ ဝန်ကြီးလည်းဖြစ်သော အာဆိဖ် အစ်ဗ်နဗရ်ခိယာက 'ကျွန်တော်မျိုးသည် ထိုရာဇပလ္လင်ကို မျက်စိတစ်မှိတ်အတွင်း ယူဆောင်လာနိုင်ပါသည်' ဟုလျှောက်ထားကာ၊ အဆိုပါရာဇပလ္လင်ကို အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မျက်စိတစ်မှိတ်အတွင်းမှာပင် ယူဆောင်လာခဲ့လေသည်။ (ဤသည် တမန်တော်စုလိုင်မာန်၏ 'မုအ်ဂျိဇဟ်' တန်ခိုးတစ်ပါးပင်)။ ယင်းသည့် အခြင်းအရာကို တွေ့မြင်သောအခါ၊ တမန်တော်စုလိုင်မာန်က ဤသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သခင်၏ ကျေးဇူးတော်ပင် ဖြစ်သည်ဟု မြွက်ဆိုကာ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်လေသည်။

① **<u>ရှီဗာဘုရင်မ၏ ဉာဏ်အမြော်အမြင်ကို စမ်းသပ်ခြင်း။</u>**

တမန်တော်စုလိုင်မာန်သည် ရှီဗာဘုရင်မ၌ ဉာဏ်အမြော်အမြင်နှင့် တရားဓမ္မရရှိနိုင်ရန် စွမ်းရည်သတ္တိ အဘယ်မျှရှိသည်ကို စမ်းသပ်ရန်အလို့ငှာ ရှီဗာဘုရင်မ၏ ရာဇပလ္လင်ကို အသွင်အပြင် အဆင်အယင် ➤➤

وَصَدَّهَا مَا كَانَتْ تَّعْبُدُ مِنْ دُوْنِ اللّٰهِ ؕ اِنَّهَا كَانَتْ مِنْ قَوْمٍ كٰفِرِيْنَ ﴿۴۳﴾

၄၃။ စင်စစ်သော်ကား ထိုဘုရင်မအား အလွှာဟ် အရှင်မြတ်ကိုစွန့်၍ ၎င်းကိုးကွယ်လျက်ရှိခဲ့သော အရာများက တားဆီးထားခဲ့ခြင်း ဖြစ်ပေသည်။ (တနည်း) [၎င်းပြင် အလွှာဟ်အရှင်မြတ်က သို့မဟုတ် ထိုအရှင်မြတ်၏ အမိန့်တော်အရ တမန်တော် စုလိုင်မာန်က ထိုဘုရင်မအား အလွှာဟ်အရှင်မြတ်အား မကိုးကွယ်ဘဲနှင့် ၎င်းဆည်းကပ်ကိုးကွယ်နေခဲ့သော အရာများမှ တားဆီးလိုက်လေသည်။] ဧကန်စင်စစ်ထိုဘုရင်မသည် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြသော အမျိုးသားတို့အနက်မှပင် ဖြစ်ခဲ့ပေသည်။

قِيْلَ لَهَا ادْخُلِى الصَّرْحَ ۚ فَلَمَّا رَاَتْهُ حَسِبَتْهُ لُجَّةً وَّكَشَفَتْ عَنْ سَاقَيْهَا ؕ قَالَ اِنَّهٗ صَرْحٌ مُّمَرَّدٌ مِّنْ قَوَارِيْرَ ؕ قَالَتْ رَبِّ اِنِّىْ ظَلَمْتُ نَفْسِىْ وَ اَسْلَمْتُ مَعَ سُلَيْمٰنَ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿۴۴﴾

၄၄။ (ထို့နောက်) ထိုဘုရင်မအား အသင်သည် ဧည့်ခန်းတွင်းသို့ ဝင်ရောက်ပါလေဟု တစ်စုံတစ်ယောက်က ပြောကြားခဲ့လေ၏။ သို့ဖြစ်ပေရာ ထိုဘုရင်မသည် ယင်းဧည့်ခန်းကို မြင်လေသော်၊ ထိုဧည့်ခန်းကို နက်စွာသောရေဟု ထင်မှတ်၍ မိမိခြေသလုံးနှစ်ဘက်ကို ဖော်ခဲ့လေ၏။ (ထိုအခါ) ထိုစုလိုင်မာန်က ဧကန်စင်စစ် ဤသည် ဖန်များဖြင့် ချောမွတ်အောင် ပြုလုပ်ထားသော ဧည့်ခန်းပင်ဖြစ်သည်ဟု ပြောကြားခဲ့လေ၏။

ထိုဘုရင်မက အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးမသည် မိမိကိုယ်ကို မိမိနှိပ်စက်မိခဲ့ပါပြီ။

➢➢ အရောင်အဆင်း ပုံပန်းသဏ္ဌာန် တစ်နည်းတစ်ဖုံ ပြောင်းလဲပစ်စေတော်မူခဲ့သည်။ ထို့နောက် ရှီဗာဘုရင်မအား အဆင်အယင်ပြောင်းလဲထားသော ၎င်း၏ရာဇပလ္လင်ကိုပြ၍ 'အသင်မ၏ ရာဇပလ္လင်သည် ဤကဲ့သို့ပင်လော' ဟုမေးရာ၊ ရှီဗာဘုရင်မသည် ဉာဏ်အမြော်အမြင် ထက်မြက်လှသည့်အတွက် အဆင်အယင်ပြောင်းလဲ ထားသော မိမိ၏ရာဇပလ္လင်ကို ကောင်းစွာရိပ်စားမိပြီး၊ 'ဤရာဇပလ္လင်မှာ ကျွန်မ၏ ရာဇပလ္လင်ကဲ့သို့ပင် ဖြစ်ပါသည်'ဟု မလွန်မယုတ် ဖြေကြားခဲ့လေသည်။ ဤသည် ရှီဗာဘုရင်မ၏ ဉာဏ်အမြော်အမြင် ထက်မြက်မှု၏အကျိုးပင်။

وَلَقَدْ أَرْسَلْنَآ إِلَىٰ ثَمُودَ أَخَاهُمْ صَٰلِحًا أَنِ ٱعْبُدُوا۟ ٱللَّهَ فَإِذَا هُمْ فَرِيقَانِ يَخْتَصِمُونَ ﴿٤٥﴾

သို့ရာတွင် (ယခုသော်ကား) ကျွန်တော်မျိုးမသည် စုလိုင်မာန်နှင့်အတူ (အရှင်မြတ်၏)အမိန့်တော်ကိုလိုက်နာပါပြီဟု လျှောက်ထားခဲ့လေသတည်း။ [၁]

၄၅။ ထိုမှတပါး ဇကန်မလွဲ ငါအရှင်မြတ်သည် 'ဆမူဒ်' အမျိုးသားတို့ထံ ၎င်းတို့၏နောင်တော် 'ဆွာလိဟ်' [၂] အား အသင်တို့သည် အလွှာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရမည် (ဟူသော အမိန့်တော်နှင့်တကွ) စေလွှတ်တော်မူခဲ့၏။

➢➢ အရောင်အဆင်း ပုံပန်းသဏ္ဌာန် တစ်နည်းတစ်ဖုံ ပြောင်းလဲပစ်စေတော်မူခဲ့သည်။ ထို့နောက် ရှီဇာဘုရင်မအား အဆင်အယင်ပြောင်းလဲထားသော ၎င်း၏ရာဇပလ္လင်ကိုပြ၍ 'အသင်မ၏ ရာဇပလ္လင်သည် ဤကဲ့သို့ပင်လော' ဟုမေးရာ၊ ရှီဇာဘုရင်မသည် ဉာဏ်အမြော်အမြင် ထက်မြက်လှသည့်အတွက် အဆင်အယင်ပြောင်းလဲ ထားသော မိမိ၏ရာဇပလ္လင်ကို ကောင်းစွာရိပ်စားမိပြီး၊ 'ဤရာဇပလ္လင်မှာ ကျွန်မ၏ ရာဇပလ္လင်ကဲ့သို့ပင် ဖြစ်ပါသည်'ဟု မလွန်မယုတ် ဖြေကြားခဲ့လေသည်။ ဤသည် ရှီဇာဘုရင်မ၏ ဉာဏ်အမြော်အမြင် ထက်မြက်မှု၏အကျိုးပင်။

① **<u>ရှီဇာဘုရင်မအား မုန်ဗီမာန်ကိုပြသခြင်း။</u>**

တမန်တော်စုလိုင်မာန်သည် ရှီဇာဘုရင်မအား မိမိ၏ အချို့ဘုန်းတန်ခိုးများကို ပြသပြီးနောက်၊ မိမိ၏လောကီစည်းစိမ် အရှိန်အဝါ ထည်ဝါခန့်ညားမှုများကို ပြသရန်အလို့ငှာ ဘုရင်မအား မုန်ဗီမာန်အတွင်းသို့ ခေါ်ဆောင်သွားစေခဲ့၏။

မုန်ဗီမာန်မှာ လက်ရာမြောက်လှ၏။ အလွန်ကြည်လင်သော မုန်များဖြင့် စီမံပြုလုပ်ထား၏။ မုန်ဗီမာန်အောက်တွင် ရေများအယဉ်ထွေထွေ စီးထွေလျက်ရှိ၏။ ငါးများ သွားလာလှုပ်ရှားလျက်ရှိ၏။ လက်ရာ၏ပြောင်မြောက်မှုကြောင့် အမှုမဲ့ကြည့်သော် မုန်ကို မတွေ့ရ၊ ရေများစီးထွေနေသည်ကိုသာ တွေ့ရ၏။ ရှီဇာဘုရင်မသည် မုန်ဗီမာန်အတွင်းသို့ ကြွသွားသည့်အခါ ရေများစီးထွေနေသည်ကို တွေ့မြင်ပြီး၊ ရေစိုမည်ကို စိုးရိမ်သည့်အတွက် ခြေသလုံးမှ ထဘီစကို အနည်းငယ် မလိုက်လေသည်။ ထိုအခါ တမန်တော်စုလိုင်မာန်က ဘုရင်မအား ဤသည် မုန်ဖြင့်ပြုလုပ်ထားသော မုန်ဗီမာန်ဖြစ်သည်။ ရေစိုမည်မဟုတ်ပါဟု ပြောပြလိုက်လေသည်။

ရှီဇာဘုရင်မသည် ယင်းသို့ဖြင့် တမန်တော်စုလိုင်မာန်၏ ဓမ္မစက်၊ အာဏာစက်၊ လောကီလောကုတ္တရာ အရှိန်အဝါ ထည်ဝါခန့်ညား ကြီးမားမှုများကို အံ့ချီးမဆုံး တွေ့မြင်ရသောအခါ၊ မိမိ၏စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ 'အို- ကျွန်တော်မျိုးမ၏အရှင်၊ ကျွန်တော်မျိုးမသည် မိမိကိုယ်ကို မိမိ နှိပ်စက်ကလူ ပြုမိခဲ့ပါပြီ၊ (ယခုမူ) တမန်တော်စုလိုင်မာန်နှင့် အတူတကွ စကြဝဠာအဝှန်းကို ဖန်ဆင်းမွေးမြူတော်မူသော အလွှာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးပါပြီ'ဟု ရင်ဖွင့်၍ အီမာန် ယုံကြည်လာခဲ့လေသည်။

② တမန်တော် ဆွာလိဟ် (အလိုင်ဟစ္စလာမ်)နှင့် ဆမူဒ်အမျိုးသားများ၏အကြောင်း ကုရ်အာန်(၇:၇၃-၇၉)တွင် ပါရှိခဲ့ပေပြီ။ သက်ဆိုင်ရာအဖွင့်များလည်း ရေးသားခဲ့ပြီးဖြစ်သည်။

قَالَ يٰقَوْمِ لِمَ تَسْتَعْجِلُوْنَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ ۚ لَوْلَا تَسْتَغْفِرُوْنَ اللّٰهَ لَعَلَّكُمْ تُرْحَمُوْنَ ﴿٤٦﴾

၄၆။ ထို 'ဆွာလိဟ်' က အို-ငါ၏အမျိုးသားတို့။ အသင်တို့သည် အဘယ်ကြောင့် ကရုဏာတော်၏ အလျင် အပြစ်ဒဏ်ကို အလျင်လိုကြသနည်း။ အသင်တို့သည် ကရုဏာပြုတော်မူခြင်း ခံကြရအံ့သောငှာ အဘယ်ကြောင့် အလ္လာဟ်အရှင်မြတ် အထံတော်၌ ချမ်းသာခွင့်ကို တောင်းခံခြင်း မပြုကြသနည်းဟု ပြောကြားခဲ့လေ၏။

قَالُوا اطَّيَّرْنَا بِكَ وَبِمَنْ مَّعَكَ ۭ قَالَ طٰۗىِٕرُكُمْ عِنْدَ اللّٰهِ بَلْ اَنْتُمْ قَوْمٌ تُفْتَنُوْنَ ﴿٤٧﴾

၄၇။ ထိုအမျိုးသားတို့က ကျွန်ုပ်တို့သည် အသင်အားဖြင့်လည်းကောင်း၊ အသင်၏ အပေါင်းပါတို့အားဖြင့်လည်းကောင်း၊ နိမိတ်ဆိုးကောက်ကြသည်ဟု ပြောဆိုခဲ့ကြကုန်၏။ (ထိုအခါ) ထို 'ဆွာလိဟ်'က အသင်တို့၏နိမိတ်ဆိုး(၏အကြောင်းရင်း)မှာ အလ္လာဟ် အရှင်မြတ်အထံတော်၌ပင် ရှိပေသည်။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား အသင်တို့သည် စမ်းသပ်ခြင်းကို ခံကြရမည်ဖြစ်သော အမျိုးသားများပင် ဖြစ်ကြသည်ဟု ပြောကြားခဲ့ပေသတည်း။

وَكَانَ فِي الْمَدِيْنَةِ تِسْعَةُ رَهْطٍ يُّفْسِدُوْنَ فِي الْاَرْضِ وَلَا يُصْلِحُوْنَ ﴿٤٨﴾

၄၈။ ထို့ပြင် မြို့တွင်း၌ ယောကျ်ားကိုးယောက် ရှိခဲ့ကြရာ၊ ၎င်းတို့သည် တိုင်းပြည်ကို (စည်ကားသာယာအောင်)ပြုပြင်ကြခြင်းမရှိဘဲ၊ ဖျက်ဆီးမှုကိုသာ ပြုလုပ်လျက်ရှိ ကြကုန်၏။ [၁]

---

① အာယတ်တော်တွင်ပါရှိသော 'မဒီနဟ်မြို့ဟူသည် 'ဟိဂျ်ရ်မြို့ကို ဆိုလိုသည်။

အဆိုပါမြို့တွင် အကြောင်းအားလျော်စွာ လူကိုးယောက် ရှိခဲ့သည်။ ၎င်းတို့သည် တိုင်းပြည်တွင် ပြုပြင်မှုတစ်စုံတစ်ရာကိုမျှ မပြုလုပ်ခဲ့ကြပေ။ အမြဲတစေ ပျက်စီးရာ ပျက်စီးကြောင်းများကိုသာ ပြုလုပ်နေခဲ့ကြပေသည်။ တမန်တော်ဆွာလိဟ်၏ ကုလားအုတ်မကို သတ်ဖြတ်ရာတွင်လည်း၊ ထိုသူများသည် အများဆုံးကြိုးပမ်းခဲ့ကြပေသည်။ တမန်တော်ဆွာလိဟ်နှင့်တကွ ၎င်း၏နောက်လိုက် တပည့်သားတို့အား သတ်ဖြတ်ရန် အကြံကြီး ကြံခဲ့သူများမှာလည်း ဤသူများပင်ဖြစ်ကြပေသည်။ ထိုသို့ စိုးစဉ်းမျှ အကောင်းမဖက်၊ အဆိုးသက်သက်ကိုသာ ပြုလုပ်နေခဲ့ကြသည့်အတွက် ၎င်းတို့၏အကြောင်းကို အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်း ဖြစ်သည်။

قَالُوْا تَقَاسَمُوْا بِاللّٰهِ لَنُبَيِّتَنَّهٗ وَاَهْلَهٗ ثُمَّ لَنَقُوْلَنَّ لِوَلِيِّهٖ مَا شَهِدْنَا مَهْلِكَ اَهْلِهٖ وَاِنَّا لَصٰدِقُوْنَ ﴿٤٩﴾

၄၉။ ၎င်းတို့က ပြောဆို(တိုင်ပင်)ခဲ့ကြကုန်၏။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ထိုဆွာလိဟ်အား၊လည်းကောင်း၊ ထိုဆွာလိဟ်နှင့် ပတ်သက်သောသူတို့အား၊လည်းကောင်း၊ ညဉ့်အချိန်၌ သွားရောက်သတ်ဖြတ်ရန် ကျိန်ဆိုခဲ့ကြလေသည်။ ပြီးနောက် ထိုဆွာလိဟ်၏ အမွေစား၊အမွေခံတို့အား၎င်းနှင့်ပတ်သက်သောသူများ အသတ်ခံကြရသော အချိန်တွင် ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြသည် မဟုတ်ပေ။ ထို့ပြင် ဧကန်မလွဲ ကျွန်ုပ်တို့သည် သစ္စာဝါဒီများပင် ဖြစ်ကြသည်ဟု ပြောဆိုကြမည့်အကြောင်း အချင်းချင်း ပြောဆိုခဲ့ကြလေသည်။

وَمَكَرُوْا مَكْرًا وَّمَكَرْنَا مَكْرًا وَّهُمْ لَا يَشْعُرُوْنَ ﴿٥٠﴾

၅၀။ စင်စစ် ၎င်းတို့သည် အကြံအစည်တစ်ခုကို လျှို့ဝှက် ကြံစည်ခဲ့ကြကုန်၏။ ထိုနည်းတူစွာ ငါ အရှင်မြတ်သည်လည်း အကြံအစည်တစ်ခုကို ကြံစည်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် (ဤသည်ကို) မသိကြပေ။

فَانْظُرْ كَيْفَ كَانَ عَاقِبَةُ مَكْرِهِمْ ۙ اَنَّا دَمَّرْنٰهُمْ وَقَوْمَهُمْ اَجْمَعِيْنَ ﴿٥١﴾

၅၁။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့၏အကြံအစည်၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ဖြစ်ခဲ့သည်ကို ရှုပါလေ။ ဧကန်မုချ ငါအရှင်မြတ်သည် ထိုသူတို့အား၊လည်းကောင်း၊ ထိုသူတို့၏ အမျိုးသား၊တို့အား လည်းကောင်း၊ အားလုံးကိုပင် ဖျက်ဆီးတော်မူခဲ့ပေသည်။

فَتِلْكَ بُيُوْتُهُمْ خَاوِيَةً ۢ بِمَا ظَلَمُوْا ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّعْلَمُوْنَ ﴿٥٢﴾

၅၂။ ဤသည် ၎င်းတို့၏သွေဖည်မှုကြောင့် ပျက်စီးလျက်ရှိကြသော ၎င်းတို့၏ နေအိမ်များတည်း။ ဧကန်မလွဲ ဤသည့်(ဖြစ်ရပ်)၌ သိနားလည်ကြကုန်သောသူတို့အဖို့ (ကြီးကျယ်စွာသော) သက်သေလက္ခဏာသည် ရှိပေသည်။

وَأَنجَيْنَا الَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ ﴿٥٣﴾

၅၃။ ထိုမှတပါး၊ ငါအရှင်မြတ်သည် 'အီမာန်' သက်ဝင်ယုံကြည်ပြီး (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်ကြကုန်သော သူတို့အား ကယ်ဆယ်တော်မူခဲ့ပေသတည်း။

وَلُوطًا إِذْ قَالَ لِقَوْمِهِ أَتَأْتُونَ الْفَاحِشَةَ وَأَنتُمْ تُبْصِرُونَ ﴿٥٤﴾

၅၄။ ထိုမှတပါး၊ငါအရှင်မြတ်သည် 'လူတွ်'[၁] အား (လည်း၊နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏၊) အကြင်အခါဝယ် ထိုလူတွ်က မိမိအမျိုးသားတို့အား ပြောကြားခဲ့လေ၏။ အသင်တို့သည် သိမြင်ကြလျက် စက်ဆုပ်ဖွယ်ရာအမှုကို ကျူးလွန်ကြလေသလော။

أَئِنَّكُمْ لَتَأْتُونَ الرِّجَالَ شَهْوَةً مِّن دُونِ النِّسَاءِ ۚ بَلْ أَنتُمْ قَوْمٌ تَجْهَلُونَ ﴿٥٥﴾

၅၅။ အသင်တို့သည် မိန်းမတို့အား စွန့်၍ ယောကျ်ားများထံ ကာမဂုဏ်ခံစားရန် လာကြလေသလော။ စင်စစ်မှာကား အသင်တို့သည် မိုက်မဲသော အမျိုးသားများပင် ဖြစ်ကြကုန်၏။

فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا أَخْرِجُوا آلَ لُوطٍ مِّن قَرْيَتِكُمْ ۖ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ ﴿٥٦﴾

၅၆။ ထိုအခါ ထိုလူတွ်၏ အမျိုးသားတို့က မိမိတို့အချင်းချင်း အသင်တို့သည် လူတွ်နှင့်ပက်သက်သော သူတို့အား မိမိတို့မြို့ရွာမှနှင်ထုတ်ကြလေကုန်။ ဧကန်မလွဲ ၎င်းတို့သည် သန့်ရှင်းဟန်ဆောင်သူများပင် ဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြသည်မှတပါး၊ ၎င်းတို့၌ အခြား အဖြေမရှိခဲ့ပေ။

فَأَنجَيْنَاهُ وَأَهْلَهُ إِلَّا امْرَأَتَهُ قَدَّرْنَاهَا مِنَ الْغَابِرِينَ ﴿٥٧﴾

၅၇။ သို့ဖြစ်ပေရာငါအရှင်မြတ်သည် ထိုလူတွ်အား လည်းကောင်း၊ ထိုလူတွ်နှင့်ပက်သက်သော သူတို့အား လည်းကောင်း၊ ကယ်ဆယ်တော်မူခဲ့၏။ သို့ရာတွင် ထိုလူတွ်၏ဇနီးမှာမူ ငါအရှင်မြတ်သည် ၎င်းအား ကျန်ရစ်သူတို့တွင် သတ်မှတ်တော်မူခဲ့၏။

---

① တမန်တော် လူတွ်(အလိုင်ဟစ္စလာမ်)နှင့် ၎င်း၏ အမျိုးသားများအကြောင်း ကုရ်အာန် (၆း၈၇)တွင် အကျယ်ရေးသားခဲ့ပေပြီ။

وَأَمْطَرْنَا عَلَيْهِم مَّطَرًا ۖ فَسَاءَ مَطَرُ الْمُنذَرِينَ ﴿٥٨﴾

၅၈။ ၎င်းပြင် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးတစ်မျိုးကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် သတိပေးနှိုးဆော်ခြင်း ခံခဲ့ကြရသောသူတို့၏ မိုးမှာ အလွန်ဆိုးရွားခဲ့ပေသတည်း။

قُلِ الْحَمْدُ لِلَّهِ وَسَلَامٌ عَلَىٰ عِبَادِهِ الَّذِينَ اصْطَفَىٰ ۗ آللَّهُ خَيْرٌ أَمَّا يُشْرِكُونَ ﴿٥٩﴾

၅၉။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ချီးမွမ်းထောပနာအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့်သာထိုက်၏။ ၎င်းပြင် ငြိမ်းချမ်းသာယာမှုသည် ထိုအရှင်မြတ်ရွေးချယ်တော်မူခဲ့သော ကျွန်များအပေါ်၌ရောက်ပါစေသား။ အလ္လာဟ်အရှင်မြတ်သည် သာ၍ မြင့်မြတ်တော်မူပါသလော၊ သို့တည်းမဟုတ် ၎င်းတို့(အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ကြသောအရာများသည် (သာ၍ မြင့်မြတ်ကြလေသလော။)

أَمَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَأَنزَلَ لَكُم مِّنَ السَّمَاءِ مَاءً فَأَنبَتْنَا بِهِ حَدَائِقَ ذَاتَ بَهْجَةٍ ۚ مَّا كَانَ لَكُمْ أَن تُنبِتُوا شَجَرَهَا ۗ أَإِلَٰهٌ مَّعَ اللَّهِ ۚ بَلْ هُمْ قَوْمٌ يَعْدِلُونَ ﴿٦٠﴾

၆၀။ (ဤရုပ်တုများ မြင့်မြတ်သလော)။ သို့တည်းမဟုတ် အကြင်အရှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော)။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ မိုးကောင်းကင်မှ (မိုး)ရေကို ချပေးသနားတော်မူခဲ့၏။ တစ်ဖန် ငါအရှင်မြတ်သည် ထိုရေဖြင့် စိုပြည်သာယာသော ခြံဥယျာဉ်များကို ပေါက်ရောက်စေတော်မူခဲ့၏။

အသင်တို့၌မူကား ထိုခြံဥယျာဉ်များ၏ သစ်ပင်များကို ပေါက်ရောက်စေနိုင်စွမ်း မရှိပြီ။ အလ္လာဟ်အရှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ် ကိုးကွယ်ရာဟူ၍ ရှိပါသေးသလော။ ထိုသို့ အလျှင်း မဟုတ်။

စင်စစ်မှာကား(ငင်းတို့သည် အမှန်တရားမှသွေဖည်သူများပင် ဖြစ်ကြကုန်သတည်း။) [(တစ်နည်း) ငင်းတို့သည် (အခြားအရာများကို အလွှာဟ်အရှင်မြတ်နှင့်) ဂုဏ်ရည်တူ ပြုလုပ်သူများပင် ဖြစ်ကြကုန်သတည်း၊)]

اَمَّنْ جَعَلَ الْاَرْضَ قَرَارًا وَّجَعَلَ خِلٰلَهَآ اَنْهٰرًا وَّجَعَلَ لَهَا رَوَاسِيَ وَجَعَلَ بَيْنَ الْبَحْرَيْنِ حَاجِزًا ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿٦١﴾

၆၁။ (ဤရုပ်တုများ မြင့်မြတ်သလော)။ သို့တည်း မဟုတ် အကြင်အရှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအရှင်မြတ်သည် ပထဝီမြေကို မှီတင်းနေထိုင်ရာ ပြုလုပ်တော်မူခဲ့၏။ ငင်းပြင် ထိုအရှင်မြတ်သည် ယင်းပထဝီမြေ၏အကြား၌ ရေချောင်းများကို ဖန်ဆင်းတော်မူခဲ့၏။ ငင်းပြင် ထိုအရှင်မြတ်သည် ထိုပထဝီမြေ (တည်ငြိမ်စေရန်)အလို့ငှာ တောင်များကို (ကျောက်ဆူးများအဖြစ်)ဖန်ဆင်းတော်မူခဲ့၏၊ ထိုမှတပါး ထိုအရှင်မြတ်သည် မြစ်နှစ်ခု၏ အကြားဝယ် အတားအဆီးကို ပြုလုပ်တော်မူခဲ့၏။

အလွှာဟ်အရှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ် ကိုးကွယ်ရာဟူ၍ ရှိပါသေးသလော။ ထိုသို့အလျှင်း မဟုတ်။ စင်စစ်မှာကား ငင်းတို့အနက် မြောက်မြားစွာသောသူတို့သည် မသိနားမလည်ကြပေ။

اَمَّنْ يُّجِيْبُ الْمُضْطَرَّ اِذَا دَعَاهُ وَيَكْشِفُ السُّوْٓءَ وَيَجْعَلُكُمْ خُلَفَآءَ الْاَرْضِ ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ قَلِيْلًا مَّا تَذَكَّرُوْنَ ﴿٦٢﴾

၆၂။ (ဤရုပ်တုများ မြင့်မြတ်သလော)။ သို့တည်း မဟုတ် အကြင်အရှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအရှင်မြတ်သည် မိမိအား မလွဲမရှောင်သာသောသူ (ဒုက္ခသည်)က ဟစ်ခေါ်(တမ်းတ)လေသောအခါ ငင်းအားပြန်၍ ထူးတော်မူ၏။ ငင်းပြင် ထိုအရှင်မြတ်သည် ဘေးဒုက္ခကိုလည်း ဖယ်ရှားတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် ကမ္ဘာမြေ၌ အသင်တို့အား ကိုယ်စားလှယ်များ ပြုလုပ်တော်မူ

၏။ အလ္လာဟ်အရှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ်ကိုးကွယ်ရာဟူ၍ ရှိပါသေးသလော။ အသင်တို့သည်အနည်းငယ်မျှသာလျှင်စဉ်းစားကြကုန်သတည်း။

اَمَّنْ يَّهْدِيْكُمْ فِيْ ظُلُمٰتِ الْبَرِّ وَالْبَحْرِ وَمَنْ يُّرْسِلُ الرِّيٰحَ بُشْرًاۢ بَيْنَ يَدَيْ رَحْمَتِهٖ ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ تَعٰلَى اللّٰهُ عَمَّا يُشْرِكُوْنَ ﴿٦٣﴾

၆၃။ (ဤရုပ်တုများ မြင့်မြတ်သလော၊) သို့တည်း မဟုတ် အကြင်အရှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအရှင်မြတ်သည် အသင်တို့အား ကုန်းမြေနှင့်သမုဒ္ဒရာပင်လယ်၏အမှောင်ထုများ၌ လမ်းညွှန်တော်မူ၏။ ထိုမှတပါး အကြင်အရှင်မြတ်သည် မိမိကရုဏာတည်းဟူသောမိုးမရွာမီ လေများကို ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူ၏။

အလ္လာဟ်အရှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ် ကိုးကွယ်ရာဟူ၍ ရှိပါသေးသလော။ အလ္လာဟ်အရှင်မြတ်သည်ကား ၎င်းတို့ နှိုင်းယှဉ် ကိုးကွယ်ကြသည်များထက် (အတိုင်းမရှိ) မြင့်မြတ်တော်မူဘိသတည်း။

اَمَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ وَمَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ ؕ ءَاِلٰهٌ مَّعَ

၆၄။ (ဤရုပ်တုများ မြင့်မြတ်သလော၊) သို့တည်း မဟုတ် အကြင်အရှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော၊) ထိုအရှင်မြတ်သည် အဖန်ဆင်းခဲတို့ကို (ပထမအကြိမ်) စတင်ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည်ပင် ထိုအဖန်ဆင်းခဲတို့ကို တစ်ဖန်ထပ်မံ၍ ဖန်ဆင်းတော်မူပေသည်။ [၁] ထို့ပြင် အကြင်

---

① **အံ့ချီးမဆုံးနိုင်သည့် ဤစကြဝဠာကြီးကို မည်သူဖန်ဆင်းထားသနည်း။**

မြင့်စွင့်လှသောဤမိုးနှင့် ထူထည်ကြီးမားလှသော ဤကမ္ဘာမြေကြီးကို မည်သူဖန်ဆင်းထားသနည်း။ ကောင်းကင်မှမိုးရေများကို အံ့ဖွယ်သရဲ မည်သူရွာသွန်းချသနည်း။ စိမ်းစိုသာယာလှသော ဥယျာဉ်ပန်းမန်များကို အံ့ချီးမဆုံး မည်သူပေါက်ရောက်စေသနည်း။ ပထဝီမြေကြီးကို မှီခိုနေထိုင်ရာအဖြစ် မည်သူ ပြုလုပ်ထားသနည်း။ ချောင်းများ၊မြစ်များကို အယဉ်တွေတွေ မည်သူ စီးတွေစေသနည်း။ ကြီးမားလှသော တောင်ကြီးများကို ➤➤

اللَّهِ ۖ قُلْ هَاتُوا بُرْهَانَكُمْ إِن كُنتُمْ صَادِقِينَ ﴿٦٤﴾

အရှင်မြတ်သည်အသင်တို့အား မိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ စားနပ်ရိက္ခာချီးမြှင့်ပေးသနားတော်မူ၏။

အလ္လာဟ်အရှင်မြတ်နှင့်အတူ (အခြား) ဆည်းကပ် ကိုးကွယ်ရာဟူ၍ ရှိပါသေးသလော။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊)အကယ်၍ အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် (ဤသည်နှင့်စပ်လျဉ်း၍) မိမိတို့၏သက်သေသာဓကကို ယူဆောင်လာခဲ့ကြလေကုန်။

قُل لَّا يَعْلَمُ مَن فِي السَّمَاوَاتِ وَالْأَرْضِ الْغَيْبَ إِلَّا اللَّهُ ۚ وَمَا يَشْعُرُونَ أَيَّانَ

၆၅။ အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အကွယ်၌ရှိသော အရာများကို အလ္လာဟ်အရှင်မြတ်မှတပါး၊ မိုးကောင်းကင်၌ ရှိသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသူတို့သည်လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှပင် မသိချေ။ ထို့အတူ မိမိတို့သည်

➤➤ မည်သူတည်ထားသနည်း။ ပင်လယ်ကြီးများကို မည်သူခွဲထားသနည်း။ ဒုက္ခသည်၏ဒုက္ခကို မည်သူဖယ်ရှားပေး သနည်း။ ကမ္ဘာတွင် လူသားတို့အား ခြယ်လှယ်ခွင့် မည်သူပေးထားသနည်း။ ပင်လယ်ခရီး၊ ကုန်းကြောင်းခရီးများ တွင် မိုက်မှောင်သောအခါ မည်သူလမ်းညွှန်ပြသနည်း။ လေများကို မည်သူ တိုက်ခတ်စေသနည်း။ လူသားတို့အား ထက်အောက်မှ ရိက္ခာ မည်သူပေးသနည်း။ ဤသည်များကို လူသားများက ပြုလုပ်ထားသည်ဟူ၍ ဖြေမည်လော။ ကာဖိရ်၊ မုရှ်ရစ်က်တို့ မိမိတို့ကိုယ်တိုင် ပြုလုပ်ဆည်းကပ် ကိုးကွယ်နေကြသော ဘုရားများက ပြုလုပ်ထားသည်ဟူ၍ ဖြေမည်လော။ ဤသို့ကား မည်သူမျှ မဖြေဆိုခဲ့ပေ။ ဖြေဆိုကလည်း မှားမည်သာ။ အမှန်မှာ ဤသည်တို့ကို တစ်ဆူတည်းဖြစ်တော်မူသော ကြီးမားလှသော တန်ခိုးတော်ရှင် အလ္လာဟ်အရှင်မြတ်က ဖန်ဆင်းထားတော်မူခြင်းသာ ဖြစ်သည်။ ဤသည်တို့ကို ထိုအရှင်မြတ်သည်ပင် စတင်ဖန်ဆင်းတော်မူခဲ့ပေရာ၊ ဤသည်တို့သေကျေပျက်စီးသွားပြီး နောက်ပိုင်းတွင်လည်း ထိုအရှင်မြတ်သည်ပင် တစ်ဖန် ပြန်လည်ဖန်ဆင်းတော်မူမည် ဖြစ်သည်။ ပထဝီမြေကြီးကို တည်ငြိမ်စေရန်အလို့ငှာ တောင်များကို ကျောက်ဆူးသဖွယ် တည်ထား ➤➤

يُبۡعَثُونَ ﴿٦٥﴾

မည်သည့်အချိန်အခါ၌ ရှင်ပြန်ထစေခြင်း ခံကြရမည်ကိုလည်း ၎င်းတို့ မသိကြပေ။ [၁]

➤➤ တော်မူသည့် အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အများအပြားတွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၁၃း၃။ ၁၅း၁၉။ ၁၆း၁၅။ ၂၁း၃၁။ ၂၇း၆၁။ ၃၁း၁၀။ ၄၁း၁၀။ ၅၀း၇။ ၇၇း၂၅။ ၇၉း၃၂။) ဤအကြောင်းနှင့်စပ်လျဉ်း၍ (၁၃း၃။ ၁၅း၁၉။ ၁၆း၁၅။)၏ အဖွင့်များတွင် အကျယ်ရေးသားခဲ့ပေပြီ။

ပင်လယ်များကို အုံ့ဖွယ်သရဲ ခွဲခြားထားတော် မူသည့်အကြောင်း ကုရ်အာန်(၂၅း၅၃။ ၅၅း၁၉)များတွင် အကျယ်ရေးသားခဲ့ပေပြီ။

① <u>အလ္လာဟ်မှတစ်ပါး 'ယိုက်ဗ်' ကို မည်သူမျှမသိ။</u>

အထက်တွင် အလ္လာဟ်အရှင်မြတ်၏ အတိုင်းအဆမရှိ တန်ခိုးတော်၊ ကရုဏာတော်နှင့် အံ့မဆုံးဖန်ဆင်းမွေးမြူ စီမံခြယ်လှယ်ထားတော်မူသည့် အကြောင်းများကို မိန့်ဆိုထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းသည့် တန်ခိုးတော် ဂုဏ်တော်များတွင် ဂုဏ်ရည်တူမရှိ၊ ပြိုင်ဘက် ယှဉ်ဘက်မရှိ။ တစ်ဆူတည်း၊ တစ်ပါးတည်း ဖြစ်တော်မူပေရာ၊ ခဝပ်ကိုးကွယ်ခြင်းကိုလည်း ထိုအရှင်မြတ် တစ်ပါးတည်းသာလျှင် ခံထိုက်တော်မူပေသည်။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ်သည် အတိုင်းအဆမရှိ ဉာဏ်တော်ရှင်လည်း ဖြစ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိတော်မူသည်။ 'ယိုက်ဗ်' မျက်ကွယ်ရာ၌ ရှိသော အရာများကိုလည်း အကြွင်းမဲ့ သိတော်မူသည်။ အလ္လာဟ် မသိသောအရာဟူ၍ အလျှင်းမရှိ။ ဤသို့ အတိုင်းအဆမရှိ တန်ခိုးတော်၊ ဉာဏ်တော်အများနှင့် ပြည့်စုံတော်မူပေရာ၊ ခဝပ်ကိုးကွယ်ခြင်း အပေါင်းကိုလည်း အလ္လာဟ်အရှင်တစ်ပါးတည်း သာလျှင် ခံထိုက်တော်မူပေသည်။

'ယိုက်ဗ်' ကို အလ္လာဟ်မှတစ်ပါး အခြားမည်သူမျှ မသိ။ 'ယိုက်ဗ်' မျက်ကွယ်၌ရှိသော အရာများအနက် တစ်စိတ်တစ်ဒေသ အနည်းငယ်မျှကို အချို့ပုဂ္ဂိုလ်မွန်များ သိရှိကြခြင်းမှာလည်း မိမိတို့၏ အစွမ်းဖြင့် သိရှိကြသည် မဟုတ်ပေ၊ အလ္လာဟ်အရှင်မြတ်က အသိပေးတော်မူခြင်းကြောင့် သိရှိကြခြင်းသာလျှင် ဖြစ်ပေသည်။ ထိုသို့ အလ္လာဟ်အရှင်မြတ်၏ အသိပေးတော်မူခြင်းဖြင့် ယိုက်ဗ် တစ်စိတ်တစ်ဒေသမျှ သိရှိသော သူများကိုလည်း 'အာလိမုလ်ယိုက်ဗ်' ယိုက်ဗ်သိသူများဟူ၍ အသို့မျှမခေါ်ဆိုနိုင်ပေ။

'ယိုက်ဗ်'အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်(၂း၃)တွင်လည်းကောင်း၊ ကုရ်အာန်(၆း၅၉)တွင်လည်းကောင်း၊ ကုရ်အာန်(၇း၁၈၇-၁၈၈)တွင် လည်းကောင်း အကျယ်ဖွင့်ဆို ရေးသားခဲ့ပေပြီ။

မှတ်ချက်။ ။ 'ယိုက်ဗ်' သိခြင်းဟူသည် အတွေးအထင် အမှန်းအဆများကို ဆိုလိုသည်လည်း မဟုတ်၊ သက်သေသာဓက အထောက်အထားများဖြင့် ဆည်းပူးရရှိသော အသိကို ဆိုလိုသည်လည်းမဟုတ်။ သက်သေသာဓက အထောက်အထား လုံးဝမရှိသော အသိကိုသာ ဆိုလိုသည်။

بَلِ ادّٰرَكَ عِلْمُهُمْ فِي الْاٰخِرَةِ ۚ بَلْ هُمْ فِيْ شَكٍّ مِّنْهَا ۚ بَلْ هُمْ مِّنْهَا عَمُوْنَ ﴿٦٦﴾

၆၆။ စင်စစ်မှာကား 'အာခိရတ်' တမလွန်ဘဝနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အသိပညာမှာ ပျောက်ပျက်၍ သွားချေပြီ။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်မှာကား ၎င်းတို့သည် ထို'အာခိရတ်'တမလွန်ဘဝနှင့်စပ်လျဉ်း၍ ဒွိဟသံသယ၌ပင် ရှိနေကြကုန်၏။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား၎င်းတို့သည် ယင်း 'အာခိရတ်' တမလွန်ဘဝဘက်မှ မျက်စိကန်းနေသူများပင် ဖြစ်ကြကုန်သတည်း။

وَقَالَ الَّذِيْنَ كَفَرُوْٓا ءَاِذَا كُنَّا تُرٰبًا وَّاٰبَآؤُنَآ اَىِٕنَّا لَمُخْرَجُوْنَ ﴿٦٧﴾

၆၇။ စင်စစ် 'ကာဖိရ်' သွေဖည်ငြင်းပယ်ခဲ့ကြကုန်သောသူတို့က ကျွန်ုပ်တို့သည် မြေကြီးဖြစ်သွားခဲ့ကြသည့်အခါ အလားတူ ကျွန်ုပ်တို့၏အဘ၊ ဘိုးဘေးတို့သည်လည်း (မြေကြီး ဖြစ်သွားခဲ့ကြသည့်အခါ) ကျွန်ုပ်တို့သည် (သချိုင်းတွင်းမှ) ထွက်စေခြင်းကို ခံကြရဦးမည်လော။

لَقَدْ وُعِدْنَا هٰذَا نَحْنُ وَاٰبَآؤُنَا مِنْ قَبْلُ ۙ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿٦٨﴾

၆၈။ ဧကန်မလွဲ ဤသည်ကို ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့၏အဘ၊ ဘိုးဘေးတို့သည်လည်းကောင်း၊ ရှေးယခင်ကပင် ကတိပေး (ခြိမ်းခြောက်ပြောဆို)ခြင်းကို ခံခဲ့ကြရလေသည်။ ဤသည် ရှေးသူဟောင်းတို့၏ အခြေအမြစ်မရှိသော ပုံပြင်များသာ ဖြစ်ကြပေသည်။

قُلْ سِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِيْنَ ﴿٦٩﴾

၆၉။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ကမ္ဘာမြေ၌ လှည့်လည်သွားလာကြပြီးလျှင်၊ အပြစ်ထင်ရှားသောသူတို့၏ နောက်ဆုံးအကျိုးဆက် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုကြလေကုန်။

وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُنْ فِي ضَيْقٍ مِّمَّا يَمْكُرُونَ ﴿٧٠﴾

၇၀။ ထို့ပြင် အသင်သည် ၎င်းတို့နှင့် ပက်သက်၍ မပူဆွေးလေနှင့်။ ထိုမှတပါး အသင်သည် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုကြောင့် စိတ်ဆင်းရဲခြင်းလည်း မဖြစ်လေနှင့်။

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٧١﴾

၇၁။ ထိုမှတပါး ၎င်းတို့က အကယ်၍ အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြပါလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ပြီးမြောက်ပါမည်နည်းဟု ဆိုကြကုန်၏။

قُلْ عَسَىٰ أَن يَكُونَ رَدِفَ لَكُم بَعْضُ الَّذِي تَسْتَعْجِلُونَ ﴿٧٢﴾

၇၂။ (အို-နဗီတမန်တော်၊)အသင်ပြောကြားပါလေ၊ (အချင်းတို့၊) အသင်တို့ အလျင်စလို လိုလားလျက်ရှိကြသောပြစ်ဒဏ် တစ်စိတ်တစ်ဒေသသည် မဝေးတော့ပြီ။ အသင်တို့၏ နောက်မှပင် (ထပ်ကြပ်မကွာ) လိုက်လာခဲ့လေပြီ။

وَإِنَّ رَبَّكَ لَذُو فَضْلٍ عَلَى النَّاسِ وَلَٰكِنَّ أَكْثَرَهُمْ لَا يَشْكُرُونَ ﴿٧٣﴾

၇၃။ ၎င်းပြင် ဧကန်အမှန် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လူတို့အပေါ်၌ အလွန်ကျေးဇူးပြုတော်မူသောအရှင် အမှန်ပင်ဖြစ်တော်မူ၏။ သို့ရာတွင် ထိုလူတို့အနက် များစွာသောသူတို့မှာ ကျေးဇူးမသိတတ်ကြပေ။

وَإِنَّ رَبَّكَ لَيَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ ﴿٧٤﴾

၇၄။ ထိုမှတပါး အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုသူတို့၏ ရင်များက လျှို့ဝှက်ထားကြသည်တို့ကိုလည်းကောင်း၊ ထိုသူတို့ ထင်ရှားစေကြသည်တို့ကိုလည်းကောင်း၊ အမှန်ပင် သိရှိတော်မူ၏။

وَمَا مِنْ غَائِبَةٍ فِي السَّمَاءِ وَالْأَرْضِ إِلَّا فِي كِتَابٍ

၇၅။ စင်စစ်သော်ကား မိုးကောင်းကင်၌ လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ လျှို့ဝှက်သော အရာဟူ၍ မရှိချေ။ သို့ရာတွင် (ထိုအရာသည်)

ထင်ရှားစွာသော(မှတ်တမ်းတော်)စာအုပ်တွင် မှတ်သား ထားပြီး ဖြစ်ပေသတည်း။

مُّبِيْنٍ ﴿٧٥﴾

၇၆။ ဧကန်မလွဲ ဤကုရ်အာန်ကျမ်းမြတ်သည် အိစ်ရာအီလီ အမျိုးသားတို့ရှေ့ဝယ်၊ ၎င်းတို့ကွဲလွဲ နေကြကုန်သော အကြောင်းအရာများအနက်မှ များစွာ သော အကြောင်းအရာများကို ဖော်ပြလေ၏။ [၁]

إِنَّ هٰذَا الْقُرْاٰنَ يَقُصُّ عَلٰى بَنِيْٓ اِسْرَآءِيْلَ اَكْثَرَ الَّذِيْ هُمْ فِيْهِ يَخْتَلِفُوْنَ ﴿٧٦﴾

၇၇။ ၎င်းပြင် ဧကန်မလွဲ ယင်းကုရ်အာန်ကျမ်းမြတ် သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့ အဖို့ တရားလမ်းညွှန်သည်လည်းကောင်း၊ ကရုဏာတော် သည်လည်းကောင်း၊ ဖြစ်လေ၏။

وَاِنَّهٗ لَهُدًى وَّرَحْمَةٌ لِّلْمُؤْمِنِيْنَ ﴿٧٧﴾

၇၈။ မလွဲဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်သည် ၎င်းတို့၏ အကြားဝယ်၊ မိမိ အမိန့်တော်ဖြင့် စီရင်ဆုံးဖြတ်တော်မူပေမည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အလွန်တရာ လွမ်းမိုးတော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။

إِنَّ رَبَّكَ يَقْضِيْ بَيْنَهُمْ بِحُكْمِهٖ ۚ وَهُوَ الْعَزِيْزُ الْعَلِيْمُ ﴿٧٨﴾

---

① **ကုရ်အာန်ကျမ်းမြတ်၏ ကျေးဇူး။**

အစ္စရာအီလီမျိုးနွယ်ဝင် ပညာရှင်များသည် မိမိတို့၏ခေတ်တွင် အကျော်အမော်များဖြစ်ခဲ့ကြ၏။ သို့တစေလည်း ၎င်းတို့သည် ယုံကြည်ချက်၊ အမိန့်ပညတ်၊ အတိတ်ခေတ်ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ အမျိုးမျိုး ကွဲပြားနေခဲ့ကြ၏။ မိမိတို့၏ အာသာဆန္ဒအလျောက် ကျမ်းဂန်လာ တရားတော်များတွင် အချို့ကို နှုတ်ပယ်ထားခဲ့ကြ၏။ အချို့ကို ဖြည့်စွက်ထားခဲ့ကြ၏။ ကုရ်အာန်ကျမ်းမြတ်သည် ၎င်းတို့၏ ယင်းသည့် ကွဲပြားမှုများနှင့် ဖြည့်စွက်နှုတ်ပယ်မှုများအနက် များစွာသော အရာများကို မှန်ကန်တိကျပြတ်သားစွာ လင်းပြထားလေသည်။ ဤသည် ကုရ်အာန်ကျမ်းမြတ်၏ ကျေးဇူးပင်။

ဖြေရှင်းပေးသူသည် ဖြေရှင်းပေးခြင်း ခံရသူများထက် ပညာအရာတွင် သာပိုရမည်သာဖြစ်သည်။ ဖြေရှင်းပေးသူသည် ဖြေရှင်းပေးနိုင်ရန် လိုအပ်သည့် အသိပညာများကို အလွှာတ်အရှင်မြတ် ထံတော်မှသော်လည်းကောင်း၊ လူသားတို့ထံမှသော် လည်းကောင်း ရရှိရပေမည်။

တမန်တော်မြတ်သည် ယင်းသည့်အသိပညာများကို လူသားတို့မှ မရရှိခဲ့သည်မှာ အထင်အရှားပင်။ အမှန်မှာ တမန်တော်မြတ်သည် ယင်းသည့်အသိပညာများကို အလွှာတ်အရှင်မြတ်ထံတော်မှသာ ရရှိခဲ့ပေသည်၊ ➤➤

فَتَوَكَّلْ عَلَى اللَّهِ ۖ إِنَّكَ عَلَى الْحَقِّ الْمُبِينِ ﴿٧٩﴾

၇၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံပုံလွဲအပ်ပါလေ။ ဧကန်မလွဲ အသင်သည် ထင်ရှားစွာသောအမှန်တရား အပေါ်၌ပင် တည်ရှိနေပေသည်။

إِنَّكَ لَا تُسْمِعُ الْمَوْتَىٰ وَلَا تُسْمِعُ الصُّمَّ الدُّعَاءَ إِذَا وَلَّوْا مُدْبِرِينَ ﴿٨٠﴾

၈၀။ ဧကန်စင်စစ် အသင်သည် သူသေတို့အား ကြားစေနိုင်သည်မဟုတ်ပေ။ ထိုနည်းတူစွာ နားပင်းသူတို့အားလည်း ၎င်းတို့သည် ကျောခိုင်းကြလျက် ပြန်၍ လှည့်သွားကြသောအခါ အသင်သည် ကြားစေနိုင်သည် မဟုတ်ပေ။

وَمَا أَنْتَ بِهَادِي الْعُمْيِ عَنْ ضَلَالَتِهِمْ ۖ إِنْ تُسْمِعُ إِلَّا مَنْ يُؤْمِنُ بِآيَاتِنَا فَهُمْ مُسْلِمُونَ ﴿٨١﴾

၈၁။ ထိုမှတပါး အသင်သည် မျက်စိကန်းသူတို့အားလည်း ၎င်းတို့၏ လမ်းလွဲမှုမှ (တရားလမ်းမှန်သို့ ရောက်ရှိအံ့သောငှာ) လမ်းညွှန်နိုင်သူ မဟုတ်ပေ။ ငါ အရှင်မြတ်၏ အာယတ်တော်များကို ယုံကြည်ပြီး နောက် အမိန့်တော်ကို လိုက်နာသူတို့အားသာလျှင် အသင် ကြားစေနိုင်သည် ဖြစ်ပေသတည်း။

وَإِذَا وَقَعَ الْقَوْلُ عَلَيْهِمْ أَخْرَجْنَا لَهُمْ دَابَّةً مِنَ الْأَرْضِ تُكَلِّمُهُمْ أَنَّ النَّاسَ كَانُوا بِآيَاتِنَا لَا يُوقِنُونَ ﴿٨٢﴾

၈၂။ စင်စစ်သော်ကား ချိန်းဆိုချက်သည် ၎င်းတို့အပေါ်၌ကြုံကြိုက်လာသောအခါ ငါအရှင်မြတ်သည် ၎င်းတို့အဖို့ မြေကြီးမှ အကြင်တိရစ္ဆာန်ကို ထွက်စေတော်မူမည်။ [၁] ထိုတိရစ္ဆာန်သည် ၎င်းတို့နှင့် စကားပြောဆိုမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မယုံကြည်ခဲ့ကြသောကြောင့်ပင်။

➤➤ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း၊ ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များသည် အမှန်အကန်ချည်းသာဖြစ်ပေရာ၊ ကိယာမတ်နှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းလာ မိန့်ဆိုချက်များသည်လည်း လုံးဝမှန်ကန်ကြောင်း ကောင်းစွာသိရှိရပေသည်။

① **ကိယာမတ် ဖြစ်ခါနီး ထွက်ပေါ်လာမည့် အံ့ဖွယ်တိရစ္ဆာန်**

ကိယာမတ်ဖြစ်ရန် နီးကပ်လာသည့်အခါ ဖြစ်ပေါ်လာမည့် နိမိတ်လက္ခဏာများအကြောင်းကို ➤➤

وَيَوْمَ نَحْشُرُ مِنْ كُلِّ أُمَّةٍ فَوْجًا مِّمَّن يُكَذِّبُ بِآيَاتِنَا فَهُمْ يُوزَعُونَ ﴿٨٣﴾

၈၃။ ထိုမှတပါး အကြင်နေ့တွင် ငါအရှင်မြတ်သည် အုပ်စုအသီးသီးတို့အနက် ငါအရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့အား တစ်အုပ်စုစီကို စုရုံးစေတော်မူမည်။ တစ်ဖန် ၎င်းတို့သည် စီတန်းရပ်စေခြင်းကို ခံကြရပေမည်။

حَتَّىٰ إِذَا جَاءُوا قَالَ أَكَذَّبْتُم بِآيَاتِي وَلَمْ تُحِيطُوا بِهَا عِلْمًا أَمَّاذَا كُنتُمْ تَعْمَلُونَ ﴿٨٤﴾

၈၄။ နောက်ဆုံးတွင် ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့) ရောက်ရှိ၍ လာခဲ့ကြသောအခါ ထိုအရှင်မြတ်က အသင်တို့သည် ငါအရှင်မြတ်၏ အာယတ်တော်များကို မိမိတို့ အသိပညာအားဖြင့် ယင်းအာယတ်တော်များ ဝန်းခြံခြင်းမရှိကြသေးမီပင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေသလော။ သို့တည်းမဟုတ် အသင်တို့သည် မည်သည်တို့ကို ပြုလုပ်လျက်ရှိခဲ့ကြသနည်းဟု မိန့်ကြားတော်မူပေမည်။

وَوَقَعَ الْقَوْلُ عَلَيْهِم بِمَا ظَلَمُوا فَهُمْ لَا يَنطِقُونَ ﴿٨٥﴾

၈၅။ ၎င်းနောက် (ထိုအချိန်အခါတွင်) ၎င်းတို့၏ ကျူးလွန်ခဲ့ကြခြင်းကြောင့် ကတိချိန်းဆိုချက်သည် ၎င်းတို့အပေါ်၌ အတည်ဖြစ်ပြီး ဖြစ်ပေရာ၊ ၎င်းတို့မှာ စကား ပြောဆိုနိုင်ကြမည် မဟုတ်ပေ။

➤➤ ဟဒီးဆ်ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင် အများအပြား တွေ့ရှိရပေသည်။ ယင်းသည့် နိမိတ်လက္ခဏာများတွင် အနောက်မှနေထွက်ခြင်း၊ 'ဒဇ္ဇာန်' မီးခိုးထွက်ပေါ်ခြင်း၊ ယာဇူဇ်၊မာဇူဇ် ထွက်ပေါ်ခြင်း၊ တမန်တော်အီစာ ပြန်လည်ပွင့်ပေါ်ခြင်း၊ ဒဇ္ဇာလ် ပေါ်ခြင်း၊ မီးကြီးထွက်ပေါ်ခြင်း၊ အံ့ဖွယ်တိရစ္ဆာန် ထွက်ပေါ်ခြင်း များလည်း ပါဝင်ပေသည်။

ကိယာမတ်၏ နိမိတ်လက္ခဏာများအနက် ထူးခြားသော လက္ခဏာတစ်ရပ်မှာ ကိယာမတ်ဖြစ်အံ့ဆဲဆဲ အချိန်တွင် အံ့ဖွယ်သရဲ မြေမှ တိရစ္ဆာန်ကြီးတစ်ကောင်၊ (အချို့အဆိုအရ တိရစ္ဆာန်တစ်မျိုး) ထွက်ပေါ်လာပေမည်။ ပုံပန်းသဏ္ဌာန်မှာ အံ့မဆုံးဖြစ်ပေမည်။ လူများနှင့် စကားပြောပေမည်။ မုအ်မင်နှင့် ကာဖိရ်ကို အမှတ်အသားပြုလုပ်၍ ခွဲခြားပေးပေမည်။ အချို့အဆိုများအရ အဆိုပါတိရစ္ဆာန်သည် ကမ္ဘာနောက်ဆုံးအချိန်မှာ အနောက်မှနေထွက်သည့်နေ့တွင် ထွက်ပေါ်လာပေမည်။

أَلَمْ يَرَوْا أَنَّا جَعَلْنَا اللَّيْلَ لِيَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٨٦﴾

၈၆။ အသို့ပါနည်း။ဧကန်စင်စစ် ငါအရှင်မြတ်သည် ညဉ့်ကို ထိုသူတို့ ယင်းညဉ့်၌ အနားယူကြအံ့သောငှာ လည်းကောင်း၊ နေ့ကို မြင်နိုင်စွမ်းပေးသောအရာ အဖြစ်လည်းကောင်း၊ ပြုလုပ်တော်မူခဲ့သည်ကို ၎င်းတို့သည် မမြင်ခဲ့ကြလေသလော၊ ဧကန်မလွဲ ဤသည်၌ 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့အဖို့ (ကြီးကျယ်လှစွာသော) သက်သေလက္ခဏာများသည် အမှန်ပင် ရှိကုန်သတည်း။ ၁

① **နေ့ညဉ့်ဖြစ်ပုံ အံ့မကုန်။**

အလ္လာဟ်အရှင်မြတ်သည် လူသားတို့ စဉ်းစားဆင်ခြင် မြော်မြင်နိုင်ရန်အလို့ငှာ၊ လူသား၏ပတ်ဝန်းကျင်တွင် လူသား၏ ရှေ့မှောက်တွင်ပင် သက်သေလက္ခဏာ အမျိုးမျိုး၊အစားစား၊ အပြားပြား အမြောက်အမြား ပြထားတော်မူသည်။ လူသားတို့ မှီတင်းနေထိုင်ရာ ဤစကြာဝဠာကြီးကို စဉ်းစားဆင်ခြင် မြော်မြင်ကြည့်ရှုပါက ကမ္ဘာဝန်ထမ်းများ ဖြစ်ကြသည့် မိုး၊မြေ၊နေ၊လ၊နက္ခတ်တာရာ စသည်တို့သည် အံ့ဖွယ်သရဲ စံနစ်တကျ မနားမနေ လှုပ်ရှားသွားလာလျက် ရှိကြပေသည်။ မိုးနှင့်မြေ မရှိမဖြစ်၊ နေနှင့်လ မရှိမဖြစ်၊ မြေ၊ရေ၊လေ၊မီး မရှိမဖြစ်၊ နေ့နှင့်ညဉ့် မရှိမဖြစ်။

ယခုမူ ဤစကြာဝဠာကြီးတွင် လူသားတို့အဖို့ လိုအပ်သော အရာအားလုံးတို့သည် လိုလေသေးမရှိ အားလုံးရှိနေပေသည်။ လူသားတို့ စားသုံးရန်အလို့ငှာ ကမ္ဘာမြေကြီးသည် သီးပွင့်မျိုးစုံတို့ကိုလည်း သီးပွင့်ပေးလျက်ရှိပေသည်။ ကမ္ဘာအိမ်ထောင်စုကြီး တစ်ခုလုံးသည် လူသားအား ဝိုင်းဝန်းပြုစုလျက်ရှိပေသည်။ ဤသည်တို့ကား အလ္လာဟ်အရှင်မြတ် ပြုစီရင်ထားတော်မူသည့် ကျေးဇူးတော်များပင်၊ သက်သေလက္ခဏာတော်များပင်။

လူသားသည် အခြားအခြားသော သက်သေလက္ခဏာများကို ထားဘိဦး။ မိမိကိုယ်တိုင် နေ့စဉ်နှင့်အမျှ တွေ့မြင်နေရသော နေ့နှင့်ညဉ့် ဖြစ်ပေါ်ပြောင်းလဲနေပုံကိုပင် စဉ်းစားဆင်ခြင် မြော်မြင်ပါက တောင်ဟီဒ်၊ ရီစာလတ်နှင့် ကိယာမတ်ကို ကောင်းစွာ သဘောပေါက်နိုင်ပေသည်။ တရား၊ရနိုင်ပေသည်။ ကြည့်-ကုရ်အာန် (၂၅:၆၂။ ၃၆:၃၇-၄၀)။

လူသားတို့သည် ညဉ့်တွင် အပန်းဖြေကြသည်။ အိပ်စက်ကြသည်။ နေ့တွင်နိုးထကြသည်၊ သွားလာလှုပ်ရှားကြသည်။ စဉ်းစားဆင်ခြင်ပါက အိပ်စက်ခြင်းသည် တစ်နည်းအားဖြင့် သေခြင်းတစ်မျိုးပင်။ အိပ်စက်ရာမှ နိုးထခြင်းသည် တစ်နည်းအားဖြင့် ပြန်လည်ရှင်ခြင်းတစ်မျိုးပင်။ တစ်နည်းအားဖြင့် လူသားတို့သည် ညဉ့်တိုင်းသေ၍၊ နေ့တိုင်း ရှင်ထလျက်ရှိကြပေသည်။ ထို့အတူ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား သေစေပြီးနောက် ကိယာမတ်နေ့တွင် ရှင်ပြန်ထစေတော် မူမည်ဖြစ်သည်။ မရှိကို အရှိဖြစ်အောင် ပြုလုပ်တော်မူသော အရှင်သည်၊ အရှိကို မရှိဖြစ်အောင်လည်း ပြုလုပ်တော်မူနိုင်ပေသည်။ ထိုသို့သော အရှင်မြတ်အဖို့ မရှိဖြစ်သွားသော အရာကို တစ်ဖန် အရှိဖြစ်အောင်ပြုလုပ်ရန်မှာ အဘယ်မှာလျှင် အခက်အခဲရှိနိုင်အံ့နည်း။ စဉ်းစားဆင်ခြင် မြော်မြင်ကြည့်ရှုနားလည် ယုံကြည်လိုသူများအဖို့ ဤသည့်နေ့နှင့်ညဉ့်၏ ဖြစ်ပေါ်ပြောင်းလဲနေပုံတွင်ပင် တရားရရာ ရကြောင်း ဆေးနည်းကောင်း ရှိနေပေသည်။ ကိယာမတ်ကို တွေးမြင်နိုင်ပေသည်။

وَيَوْمَ يُنفَخُ فِي الصُّورِ فَفَزِعَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاءَ اللَّهُ ۚ وَكُلٌّ أَتَوْهُ دَاخِرِينَ ﴿٨٧﴾

၈၇။ ၎င်းပြင် တံပိုးခရာမှုတ်သောနေ့တွင် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောသူမှတပါး မိုးကောင်းကင်များ၌ ရှိသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ ထိတ်လန့်၍သွားကြပေမည်။ ထိုမှတပါး အားလုံးတို့သည် ဂုဏ်သိန်နိမ့်ကျလျက် ထိုအရှင်မြတ်အထံတော်သို့ ရောက်ရှိ၍ လာကြကုန်အံ့။

وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ ۚ صُنْعَ اللَّهِ الَّذِي أَتْقَنَ كُلَّ شَيْءٍ ۚ إِنَّهُ خَبِيرٌ بِمَا تَفْعَلُونَ ﴿٨٨﴾

၈၈။ ထိုမှတပါး အသင်သည် တောင်များကို တွေ့မြင်လေ၏။ အသင်သည် ယင်းတောင်များကို အစိုင်အခဲများဖြစ်သည် ထင်မှတ်ပေ၏။ သို့ရာတွင် (ထိုနေ့တွင်) ယင်းတောင်များမှာ မိုးတိမ်များ လွင့်ပါးဘိသကဲ့သို့ပင် လွင့်ပါး၍ သွားပေမည်။ (ဤသည်) အရာခပ်သိမ်းတို့ကို ခိုင်ခံ့အောင်ပြုလုပ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ လက်စွမ်းလက်စပင် ဖြစ်ပေသည်။ မလွဲဧကန် ထိုအရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှတို့ကို ကောင်းစွာ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

---

① **တံပိုးမှုတ်မည့်နေ့။**

ကိယာမတ်ဖြစ်ရန် အချိန်ကျရောက်သည့်အခါ ကောင်းကင်တမန် အစ္စရာဖီလ်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ တံပိုးမှုတ်လိုက်ပေမည်။ သို့ ပထမအကြိမ် တံပိုးမှုတ်လိုက်သည့်အခါ အလ္လာဟ်အရှင်မြတ် ချွင်းချန်ထားလိုတော်မူသော သူများမှတစ်ပါး ကမ္ဘာအဝှန်းအားလုံး ထိတ်လန့် သေဆုံးသွားကြပေမည်။ ထုထည်ကြီးမားလှသော တောင်ကြီးများသည်ပင် တိမ်များပမာ လွင့်စဉ်သွားပေမည်။ စကြာဝဠာကြီးတစ်ခုလုံး ပျက်ပြုန်းဆိတ်သုဉ်းသွားပေမည်။ များစွာသော အာလင်မ်ပညာရှင်များ၏ ယူဆချက်အရ တံပိုးမှုတ်ခြင်းမှာ (၂)ကြိမ်သာ ဖြစ်ပေမည်။ ကိယာမတ်နေ့တွင် ဖြစ်ပေါ်မည့် ဖြစ်ရပ်အားလုံးတို့သည်လည်း တံပိုး(၂)ကြိမ် အတွင်းမှာပင် ဖြစ်ပေါ်လာပေမည်။

အလ္လာဟ်အရှင်မြတ် ချွင်းချန်ထားလိုတော်မူသော ပုဂ္ဂိုလ်များမှာ ခိုင်လုံသော ဟဒီးဆ်တော်များအရ ကောင်းကင်တမန် ဂျစ်ဗရီလ်၊ ကောင်းကင်တမန် မီကာအီလ်၊ ကောင်းကင်တမန် အစ္စရာဖီလ်၊ ကောင်းကင်တမန် အစ္စရာအီလ်နှင့် 'အဇ်ရ်ရိ'ပလ္လင်တော်ကို ထမ်းရွက်ထားကြသော ကောင်းကင်တမန်များ ဖြစ်ကြပေသည်။ ထို့နောက်တွင်မူ ၎င်းတို့သည်လည်း (တံပိုးမှုတ်ခြင်း၏ဒဏ်ဖြင့် မဟုတ်ဘဲ) သေဆုံးသွားကြပေမည်။ ဤအတိုင်း ဒုရိရ်မန်ဆူရ်ကျမ်းတွင် လာရှိပေသည်။ ကြည့်-ထာနဝီ။ အ-(၈)။ စ-(၈၆)။

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ خَيْرٌ مِّنْهَا ۚ وَهُمْ مِّنْ فَزَعٍ يَّوْمَئِذٍ اٰمِنُوْنَ ﴿٨٩﴾

၈၉။ မည်သူမဆို ကောင်းမှု (အီမာန် သက်ဝင်ယုံကြည်မှု)နှင့်တကွ လာခဲ့ပါမူ ထိုသူ၏အဖို့ ထိုထက် ကောင်းမြတ် အကျိုးကျေးဇူးရှိသည့်ပြင် ၎င်းတို့သည် (ကြီးကျယ်သော)ထိတ်လန့်ခြင်းမှလည်း ကင်းလွတ်သူများပင် ဖြစ်ကြပေမည်။

وَمَنْ جَآءَ بِالسَّيِّئَةِ فَكُبَّتْ وُجُوْهُهُمْ فِى النَّارِ ۭ هَلْ تُجْزَوْنَ اِلَّا مَا كُنْتُمْ تَعْمَلُوْنَ ﴿٩٠﴾

၉၀။ သို့ရာတွင် မည်သူမဆို ဒုစရိုက် 'ကုဖ်ရ်' သွေဖည် ငြင်းပယ်မှုနှင့်တကွ ရောက်ရှိလာခဲ့မူ၊ ထိုသူတို့သည် မျက်နှာ မှောက်စေလျက် မီးထဲသို့ ပစ်ချခြင်းကို ခံကြရပေမည်။ (ထို့ပြင်) အသင်တို့သည် မိမိတို့ကျင့်မှုလျက် ရှိခဲ့ကြသော အပြုအမူများ၏အစားပေးခြင်းကို ခံကြရခြင်းသာလျှင် ဖြစ်သည်ဟု (ပြောဆိုခြင်းကို ခံကြရကုန်အံ့သတည်း)။

اِنَّمَآ اُمِرْتُ اَنْ اَعْبُدَ رَبَّ هٰذِهِ الْبَلْدَةِ الَّذِىْ حَرَّمَهَا وَلَهٗ كُلُّ شَىْءٍ وَّاُمِرْتُ اَنْ اَكُوْنَ مِنَ الْمُسْلِمِيْنَ ﴿٩١﴾

၉၁။ (အို-နဗီတမန်တော်၊ အသင်သည် ဤသို့ပြောကြားပါလေ)။ ငါသည် ဤ(မက္ကာ)မြို့တော်၏အရှင်သခင်(အစစ်အမှန်)အား ဆည်းကပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကို ခံရလေသည်။ ထိုအရှင်မြတ်သည် ဤမြို့တော်ကို ထူးမြတ်စေတော်မူခဲ့သည်။ အမှန်မှာအရာခပ်သိမ်းတို့သည် ထိုအရှင်မြတ် ပိုင်ဆိုင်သောအရာများပင် ဖြစ်ကြကုန်၏။ ၎င်းပြင် ငါသည် 'မွတ်စ်လင်မ်' အမိန့်တော်ကိုလိုက်နာသူများတွင် အပါအဝင်ဖြစ်ရန်အမိန့်ပေးတော်မူခြင်းလည်းခံရပေသည်။

وَاَنْ اَتْلُوَا الْقُرْاٰنَ ۚ فَمَنِ اهْتَدٰى فَاِنَّمَا يَهْتَدِىْ لِنَفْسِهٖ ۚ وَمَنْ ضَلَّ فَقُلْ اِنَّمَآ اَنَا مِنَ الْمُنْذِرِيْنَ ﴿٩٢﴾

၉၂။ ထိုမှတပါး၎င်းသည် ကုရ်အာန်ကျမ်းတော်မြတ်ကို (အသင်တို့ရွေ့ဝယ် အစွယ်လာမ်သာသနာတော်သို့ဖိတ်ခေါ်သောသူအနေနှင့်) ဖတ်ကြားရန် (အမိန့်ပေးတော်မူခြင်းကိုလည်း ခံရလေသည်)။ သို့ဖြစ်ပေရာ မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့ပါလျှင် ထိုသူသည် မိမိအဖို့သာလျှင် တရားလမ်းမှန်ကို ရရှိခဲ့ခြင်း:

ဖြစ်သည်။ သို့ရာတွင် မည်သူမဆိုလမ်းလွဲလျက်နေခဲ့မူ ငါသည် သတိပေးနှိုးဆော်သူ တစ်ဦးသာလျှင် ဖြစ်ပေသည်။

وَقُلِ الْحَمْدُ لِلَّهِ سَيُرِيكُمْ آيَاتِهِ فَتَعْرِفُونَهَا ۚ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ ﴿٩٣﴾

၉၃။ ထိုမှတပါး(အို-နဗီတမန်တော်၊) အသင်သည် (ဤသို့လည်း) ပြောကြားပါလေ။ ချီးမွမ်းထောပနာအပေါင်းတို့သည်အလျှာဟ်အရှင်မြတ်နှင့်သာသက်ဆိုင်ပေသည်။ ထိုအရှင်မြတ်သည်အသင်တို့အား မကြာမြင့်မီပင် မိမိ၏ သက်သေလက္ခဏာတော်များကို ပြသတော်မူပေမည်။ ထိုအခါ အသင်တို့သည် ယင်းသက်သေ လက္ခဏာတော်များကို သိရှိကြပေမည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြကုန်သော အကျင့်အမူတို့ကို မသိတော်မူသောအရှင် မဟုတ်ပေတကား။ [၁]

---

① **တမန်တော်မြတ်၏ ကြေညာချက်။**

တမန်တော်မြတ်အား ပွင့်လင်းစွာ ကြေငြာစေတော်မူသည်မှာ-

၁။ ကျွန်ုပ်သည် မက္ကာမြို့တော်၏ အရှင်သခင်ဖြစ်တော်မူသော၊ ထိုမြို့တော်ကို ထူးမြတ်စေတော်မူသော၊ အရာခပ်သိမ်းကုန်တို့ကို စိုးပိုင်တော်မူသော၊ တစ်ဆူတည်း ဖြစ်တော်မူသော အလျှာဟ်အရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်ရန် အမိန့်တော်ရရှိပါသည်။

၂။ အလျှာဟ်အရှင်မြတ်၏ အမိန့်တော်များကို မြေဝယ်မကျ ဦးထိပ်ရွက် ပန်ဆင်ကြကုန်သော မွတ်စ်လင်မ် သူတော်စင်အပေါင်းတွင် ပါဝင်နေရန်လည်း အမိန့်တော် ရရှိပါသည်။

၃။ ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ဖတ်၍ဖတ်၍ တရားဟောကြားရန်လည်း အမိန့်တော် ရရှိပါသည်။ ကျွန်ုပ်၏တရားကို ကြားနာပြီးနောက် အကြင်သူတစ်ဦးသည် တရားရရှိအံ့။ သို့ တရားရရှိခြင်းမှာ ၎င်း၏အကျိုးပင်။ အကြင်သူတစ်ဦးသည် ကျွန်ုပ်၏တရားကို ကြားနာပြီးနောက်တွင်လည်း လွဲမှားနေအံ့။ သို့လွဲမှားခြင်းမှာ ကျွန်ုပ်၏ ဆုံးရှုံးမှုမဟုတ်၊ ၎င်း၏ဆုံးရှုံးမှုပင်။ အကြောင်းသော် ကျွန်ုပ်သည် တမန်တော်သာဖြစ်သည်၊ ဟောကြားသူသာ ဖြစ်သည်၊ သတိပေးသူသာ ဖြစ်သည်။ ဤထက်ပို၍ကား ကျွန်ုပ်၌ တာဝန်မရှိပြီ။ ကျွန်ုပ်သည် တာဝန်အရ ဟောကြားပြီးပြီ၊ သတိပေးပြီးပြီ။ အမိန့်နာခံခြင်း၊ မနာခံခြင်းသည် အသင်တို့၏ တာဝန်သာလျှင် ဖြစ်ချေသည်။

၄။ အသင်တို့သည် ကိယာမတ် မဖြစ်သေးသည်ကို အကြောင်းပြု၍ ကိယာမတ်ကို ငြင်းပယ်နေကြသည်။ ကျွန်ုပ်ထံတွင် အလျင်စလို တောင်းဆိုနေကြသည်။ ဤသည် အသင်တို့၏အမှားပင်။ ➤➤

➢➢ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးမျှသာ ဖြစ်ပါသည်။ ကျွန်ုပ်သည် တန်ခိုးတော်ရှင်မဟုတ်။ ချီးမွမ်း ထောပနာခြင်း အပေါင်းကို အလ္လာဟ်အရှင်မြတ်သာလျှင် ခံထိုက်တော်မူသည်။ ထိုအရှင်မြတ်သာလျှင် အတိုင်းအဆမရှိ တန်ခိုးတော် ဉာဏ်တော်နှင့် ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်သည်ပင် ဖြစ်သင့်ဖြစ်အပ်သည့် အချိန်တွင် မိမိ၏တန်ခိုးတော်ဖြင့် မိမိ၏ဉာဏ်တော်ဖြင့် ကိယာမတ် ဖြစ်စေတော်မူမည်သာ ဖြစ်သည်။ ကိယာမတ်ကား မဝေးတော့ပြီ။ ထိုအရှင်မြတ်သည် မကြာမီအတွင်း အသင်တို့အား ကိယာမတ်၏ နိမိတ်လက္ခဏာများကို ပြတော်မူမည်။ အသင်တို့လည်း ဒိဋ္ဌမမ္မ ကိုယ်တွေ့မျက်မြင် မြင်ကြရတော့မည်။ အသင်တို့သည် ကိယာမတ်ကို မြင်တွေ့ရရုံမျှဖြင့် ကိစ္စကား ပြီးဆုံးသွားမည် မဟုတ်သေးချေ။ အသင်တို့သည် မိမိတို့ ပြုမူကျင့်ကြံ ဆည်းပူးခဲ့ကြ သည်များနှင့် စပ်လျဉ်း၍ ကျိုးပြစ်များကို တရားသဖြင့် အတိအကျ ခံစံကြရဦးမည်ဖြစ်သည်။ အကြောင်းသော်ကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ပြုမူ၊ ကျင့်ကြံဆည်းပူးကြသည်များကို အကြွင်းမဲ့ သိတော်မူသည်။ သို့ သိတော်မူသည့် အလျောက် ကျိုးပြစ်ပေးတော်မူမည်သာတည်း။

ဖြစ်ကြောင်းကုန်စင်ကဏ္ဍ

سُوْرَةُ الْقَصَصِ

ဤကဏ္ဍသည် 'အလ်ကဆွဆ်' ဖြစ်ကြောင်းကုန်စင်ကဏ္ဍ ဖြစ်သည်။
မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။
ဤကဏ္ဍတွင် (အာယတ်)တော် (၈၈)ပါး၊ ရုကူအ် အပိုဒ်(၉)ပိုဒ် အသီးသီးပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

طٰسٓمّٓ ①

تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ②

نَتْلُوْا عَلَيْكَ مِنْ نَّبَاِ مُوْسٰى
وَفِرْعَوْنَ بِالْحَقِّ لِقَوْمٍ
يُّؤْمِنُوْنَ ③

اِنَّ فِرْعَوْنَ عَلَا فِى الْاَرْضِ
وَجَعَلَ اَهْلَهَا شِيَعًا
يَّسْتَضْعِفُ طَآئِفَةً
مِّنْهُمْ يُذَبِّحُ اَبْنَآءَهُمْ
وَيَسْتَحْىٖ نِسَآءَهُمْ ؕ اِنَّهٗ
كَانَ مِنَ الْمُفْسِدِيْنَ ④

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အထူးကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

၁။ တွာ၊ စီန်၊ မီမ်။

၂။ ဤသည် ထင်ရှားလှစွာသော ကျမ်းဂန်၏ အာယတ်တော်များပင်။

၃။ ငါအရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်ကြကုန်သော အမျိုးသားတို့အကျိုးငှာ မူစာနှင့် ဖစ်ရ်အောင်န်၏ အတ္ထုပ္ပတ္တိအချို့ကို အသင်၏ ရှေ့ဝယ် တိကျမှန်ကန်စွာ ဖတ်ကြားတော်မူ၏။

၄။ ဖေကန်မလွဲ ဖစ်ရ်အောင်န်သည် တိုင်းပြည်တွင် လွန်စွာမောက်မာလာလေပြီ။ ထို့ပြင် ၎င်းသည် ထိုတိုင်းသူပြည်သားတို့အား အုပ်စုအသီးသီး(ဖြစ်အောင်) ပြုလုပ်၍ထားသည်။ ၎င်းသည် ထိုအုပ်စုများအနက် အုပ်စုတစ်ခုကို အားအင်လျော့နည်းပါးအောင် ပြုလုပ်ထားသည်။

၎င်းတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်၍၊ ၎င်းတို့၏(သမီး) မိန်းကလေးများကို မူကား သတ်ဖြတ်ခြင်းမပြုဘဲ အသက်နှင့်ထားသည်။ ဖေကန်စင်စစ်ထိုဖစ်ရ်အောင်န်သည် ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်သူတစ်ဦးပင်။

وَنُرِيدُ أَن نَّمُنَّ عَلَى الَّذِينَ اسْتُضْعِفُوا فِي الْأَرْضِ وَنَجْعَلَهُمْ أَئِمَّةً وَنَجْعَلَهُمُ الْوَارِثِينَ ﴿٥﴾

وَنُمَكِّنَ لَهُمْ فِي الْأَرْضِ وَنُرِيَ فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا مِنْهُم مَّا كَانُوا يَحْذَرُونَ ﴿٦﴾

၅။ သို့ရာတွင် ငါအရှင်မြတ်သည် တိုင်းပြည်တွင် အားအင်လျော့နည်းအောင် ပြုလုပ်ခြင်း ခံခဲ့ကြရသူ တို့အား ကျေးဇူးပြုတော်မူရန်လည်းကောင်း၊ ထိုသူ တို့အား ရှေ့ဆောင်ရှေ့ရပ်များ ပြုလုပ်တော်မူရန်လည်း ကောင်း၊ ထိုသူတို့အား အမွေစားအမွေခံများ ပြုလုပ် တော်မူရန်လည်းကောင်း၊ အလိုရှိတော်မူ၏။

၆။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် စိုးမိုးအုပ်ချုပ်သူများ ပြုတော်မူရန်လည်း ကောင်း၊ဖစ်ရိအောင်န်-ဟာမာန်နှင့် ထိုဖစ်ရိအောင်န်-ဟာမာန် [၁] နှစ်ဦး၏ ရဲမက်တို့အား ထို(အား)အင်လျော့ နည်းပါးသူတို့ဘက်မှ စိုးရိမ်လျက် ရှိကြသည်များကို (မျက်ဝါးထင်ထင်) ပြသတော်မူရန် လည်းကောင်း အလိုရှိတော်မူပေသတည်း)။ [၂]

---

① **ဟာမာန်။**

ကုရ်အာန်ကျမ်းမြတ်တွင် 'ဟာမာန်'ဟူသောအမည်ကို (၆)နေရာတွင် တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၂၈:၆။ ၂၈:၈။ ၂၈:၃၈။ ၂၉:၃၉။ ၄၀:၂၄။ ၄၀:၃၆)။ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်။

'ဟာမာန်'ကား အသူနည်း။ ဤတွင် အဆိုအမျိုးမျိုး တွေ့ရှိရသည်။ ဟာမာန်သည် ဖစ်ရိအောင်န်၏ ဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား ချေမှုန်းရာတွင် ဖစ်ရိအောင်န်အား အများဆုံး အထောက်အကူ ပြုခဲ့သော လက်ရုံးကြီးလည်း ဖြစ်ခဲ့ပေသည်။

② **တမန်တော်မူစာနှင့် ဖစ်ရိအောင်န်။**

အီဂျစ်ပြည်တွင် ဖစ်ရိအောင်န်၏ အမျိုးသားများဖြစ်သော (Copt)များလည်း နေထိုင်လျက်ရှိခဲ့ကြ၏။ အစ္စရာအီလီ မျိုးနွယ်ဝင်များလည်း နေထိုင်လျက် ရှိခဲ့ကြ၏။ ဖစ်ရိအောင်န်သည် အစ္စရာအီလီ မျိုးနွယ်ဝင်များအား တိုးတက်ကြီးပွားလာကြမည်ကို စိုးရိမ်သည့်အတွက် အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ထားခဲ့၏။ နှိမ်ထားခဲ့၏။

တစ်နည်းအားဖြင့် အစ္စရာအီလီ မျိုးနွယ်ဝင်များသည် ဖစ်ရိအောင်န်နှင့် ၎င်း၏အမျိုးသားများဖြစ်သော (Copt)တို့၏ ဖဝါးအောက်တွင် နင်းပြားများ ကျေးကျွန်များဖြစ်လျက် နေခဲ့ကြရ၏။ လူ့အခွင့်အရေးများပင် ဆုံးရှုံးခဲ့နေခဲ့ကြရ၏။ သေးသိမ်သော အလုပ်များ၊ အလုပ်ကြမ်းများကို အတင်းအဓမ္မ စေခိုင်းခြင်း ခံနေခဲ့ကြရ၏။ လူဖြစ်ခြင်းတူပါလျက် တိုင်းရင်းသားဖြစ်ချင်း တူပါလျက် (Copt)တို့သည် မျက်နှာကြီး အထက်လွှာများဖြစ်၍ အစ္စရာအီလီမျိုးနွယ်တို့မှာကား မျက်နှာငယ်အောက်လွှာ ဖြစ်၍နေခဲ့ကြရ၏။

ထိုအချိန်မှာပင် အဆိုတစ်ရပ်အရ ဖစ်ရိအောင်န်သည် အိပ်မက်တစ်ခု မြင်မက်၏။ ➤➤

➤➤ ထိုအိပ်မက်၏ တိတ္ထိုကို (ကာဟင်န်) ဗေဒင်ဆရာများက 'ဖစ်ရ်အောင်နှိ၏ ထီးနန်းသည် အစ္စရာအီလီမျိုးနွယ်ဝင် လူငယ်တစ်ဦးကြောင့် ပျက်စီးရမည်' ဟူ၍ဖတ်ခဲ့ကြ၏။

ထိုအခါ ဖစ်ရ်အောင်နှိသည် ယင်းသည့်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အစ္စရာအီလီမျိုးနွယ်တွင် မွေးဖွားသမျှသော ယောကျ်ားကလေးများကို တစ်ယောက်မကျန် သတ်ဖြတ်သုတ်သင်ရန် အမိန့်ထုတ်ခဲ့၏။ သမီးမိန်းကလေးများကိုမူ အန္တရာယ်မရှိသည်က တစ်ကြောင်း၊ ကြီးပြင်းလာသည့်အခါ မိမိတို့၏ အိုးအိမ်များတွင် ကျေးကျွန်အဖြစ် ခိုင်းစေနိုင်သည်က တစ်ကြောင်း ထိုအကြောင်းများကြောင့် မသတ်ဖြတ်ဘဲထားခဲ့၏။

အီဗ်နကဆီရ်ကျမ်းတွင် ဖော်ပြထားသည်မှာ တမန်တော်အီဗ်ရာဟင်မ် အီဂျစ်ပြည်နှင့် စပ်လျဉ်း၍ မိန့်ဆိုစကားတစ်ခု ပြောကြားခဲ့၏။ ထိုမိန့်ဆိုစကားတွင် အီဂျစ်ပြည်၏ ထီးနန်းသည် အစ္စရာအီလီမျိုးနွယ်ဝင် လူငယ်တစ်ဦး၏လက်တွင် ပျက်စီးရမည့်အကြောင်း ပါရှိ၏။ အစ္စရာအီလီ မျိုးနွယ်ဝင်များသည် ထိုမိန့်ဆိုစကားကို အချင်းချင်း ပြောဆိုမိခဲ့ကြ၏။ နောက်ဆုံးတွင် ထိုစကားသည် ဖစ်ရ်အောင်နှိ၏ နားသို့ပင် ပေါက်ကြားသွားခဲ့၏။ ထိုအခါ ဖစ်ရ်အောင်နှိသည် မိမိ၏ထီးနန်းကို ကာကွယ်ရန်အတွက် အထက်တွင် ဖော်ပြပါအတိုင်း မိုက်မဲရက်စက်စွာ လူသတ်စီမံကိန်း ပြုလုပ်ခဲ့လေသည်။

ဖစ်ရ်အောင်နှိသည် တစ်ဖက်တွင် အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား သုတ်သင်ရန် လူသတ်စီမံကိန်း ပြုလုပ်နေ၏။ တစ်ဖက်တွင် အလ္လာဟ်အရှင်မြတ်သည် အနှိမ်ခံ၊အစော်ကားခံ အနိုပ်စက်ခံ လူတန်းစားများအပေါ် ကရုဏာတော် ပြတော်မူလို၏။ နိမ့်ကျသော နင်းပြားများကို မြှင့်တင်ပေးတော်မူလို၏။ ဖစ်ရ်အောင်နှိက ကျေးကျွန်ပြုလုပ်ထားသော သူများအား သာသနာ့ရှေ့ဆောင်ရှေ့ရပ်များ၊ တိုင်းပြည်အုပ်ချုပ်သူများအဖြစ် မြှောက်စားတော်မူလို၏။ အာဏာစက်၊ မမွှစက် ၂ခုလုံးကို ချီးမြှင့်တော်မူလို၏။ သို့ချီးမြှင့်မြှောက်စားတော်မူလိုသည့် အတိုင်းလည်း ချီးမြှင့်မြှောက်စားတော်မူခဲ့ပေသည်။

ဖစ်ရ်အောင်နှိ၊ ဟာမာန်နှင့် ၎င်းတို့၏ နောက်လိုက်ငယ်သားတို့သည် အစ္စရာအီလီ မျိုးနွယ်ဝင်များဘက်မှ ဖြစ်ပေါ်လာမည့် အန္တရာယ်ကို စိုးရိမ်ကာ အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ အမျိုးမျိုးချုပ်ချယ်၊ ဖိနှိပ်၊ချိုးနှိမ်ထားခဲ့ကြ၏။ ထောင်ပေါင်းများစွာသော အစ္စရာအီလီမျိုးနွယ်ဝင် ယောကျ်ားကလေးများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ကြ၏။ သို့တစေလည်း နောက်ဆုံးတွင် ၎င်းတို့ စိုးရိမ်နေခဲ့ကြသော အန္တရာယ်သည် ၎င်းတို့ထံသို့ ရောက်ရှိလာခဲ့လေသည်။ ဖစ်ရ်အောင်နှိ၏ စိုးရိမ်နေခဲ့သော ကလေးသည် ဖစ်ရ်အောင်နှိ၏ ရင်ခွင်တွင်း၌ပင် ကြီးပြင်းလာခဲ့လေသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ အစီအစဉ်ပင်။ အလ္လာဟ်အရှင်မြတ် စီမံခန့်ခွဲတော်မူလိုသော အစီအစဉ်ကို မည်သည့်အင်အားမျှ မဖျက်ဆီးနိုင်ပေ။

တမန်တော်မူစာနှင့် ဖစ်ရ်အောင်နှိ၏ ဖြစ်စဉ်ဖြစ်ရပ်သည် တမန်တော်မြတ်နှင့် မက္ကာမြို့သား ကာဖိရ်များ၏ ဖြစ်စဉ်ဖြစ်ရပ်များနှင့် တူလှချေသည်။ တမန်တော်မူစာ၏ နောက်လိုက် တပည့်သားများဖြစ်သော အစ္စရာအီလီ မျိုးနွယ်ဝင်များသည် ဖစ်ရ်အောင်နှိ၏ အမျိုးသားများဖြစ်သော (Copt)တို့၏ ချုပ်ချယ်၊ဖိနှိပ် ချိုးနှိမ်မှုအမျိုးမျိုးကို အလူးအလိမ့် ခံနေကြရပေသည်။

ထို့အတူ တမန်တော်မြတ်၏ နောက်လိုက် တပည့်သား မွတ်စ်လင်မ်များသည်လည်း မက္ကာမြို့သား ကာဖိရ်များ၏ နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးကို အလူးအလိမ့် ခံစားလျက် နေခဲ့ကြရပေသည်။

နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် အချုပ်အချယ်ခံခဲ့ရသော၊ အဖိနှိပ်ခံနေခဲ့ရသော၊ အစော်ကားခံနေခဲ့ရသော အစ္စရာအီလီ မျိုးနွယ်ဝင်တို့ကို ၎င်းတို့အား အမျိုးမျိုး ကျူးကျော်စော်ကားခဲ့သူများအပေါ်၌ အနိုင်ပေးတော်မူခဲ့ပေသည်။ ထို့အတူပင် တမန်တော်မြတ်၏ နောက်လိုက်တပည့်သား ➤➤

وَأَوْحَيْنَآ إِلَىٰٓ أُمِّ مُوسَىٰٓ أَنْ
أَرْضِعِيهِ ۖ فَإِذَا خِفْتِ عَلَيْهِ
فَأَلْقِيهِ فِى ٱلْيَمِّ وَلَا تَخَافِى
وَلَا تَحْزَنِىٓ ۖ إِنَّا رَآدُّوهُ
إِلَيْكِ وَجَاعِلُوهُ
مِنَ ٱلْمُرْسَلِينَ ۝٧

၇။ ထို့မှတပါး၊ ငါအရှင်မြတ်သည် မူစာ၏ မိခင်ထံသို့ (ဤသို့) အသိပေးတော်မူခဲ့၏။ အသင်သည် ထိုမူစာအား နို့ရည်တိုက်ကျွေးလော့။ ထို့နောက် အသင်သည် ထိုမူစာနှင့်ပတ်သက်၍ ဘိုးရိမ်သောအခါ၎င်းအား မြစ်ထဲသို့ပစ်လေလော့။ ထို့ပြင် အသင်သည် ဘိုးရိမ်ခြင်းလည်း မရှိလေနှင့်၊ ပူဆွေးခြင်းလည်း မရှိလေနှင့်။ ဧကန်အမှန် ငါအရှင်မြတ်သည် ထိုမူစာအား အသင့်ထံသို့ ပြန်ပို့ပေးတော်မူမည့်အရှင် ထိုမှတပါး ထိုမူစာအား ရဋ္ဌာလတမန်တော်များတွင် တစ်ပါးအပါအဝင် ပြုလုပ်တော်မူမည့် အရှင် ဖြစ်တော်မူ၏။ [၁]

فَٱلْتَقَطَهُۥٓ ءَالُ فِرْعَوْنَ
لِيَكُونَ لَهُمْ عَدُوًّا وَحَزَنًا ۗ
إِنَّ فِرْعَوْنَ وَهَٰمَٰنَ
وَجُنُودَهُمَا كَانُوا۟ خَٰطِـِٔينَ ۝٨

၈။ ထို့နောက် ဖစ်ရဥ်အောင်နန်း၏ အိမ်သူအိမ်သား တို့သည် ထိုမူစာအား နောက်ဆုံးတွင် ထိုမူစာသည် မိမိတို့၏ ရန်သူဖြစ်ရန်နှင့် (မိမိတို့အား) ပူဆွေးစေအံ့သောသူဖြစ်ရန် ကောက်ယူခဲ့ကြကုန်၏။ ဧကန်စင်စစ်ဖစ်ရဥ်အောင်နန်းသည်လည်းကောင်း၊ဟာမာန်သည်လည်းကောင်း၊ ထိုဖစ်ရဥ်အောင်နန်းနှင့်ဟာမာန်၏ ရဲမက်တို့သည်လည်းကောင်း၊ ပြစ်မှု ကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။

➤➤ မွတ်စ်လင်မ်များကိုလည်း၎င်းတို့အား အမျိုးမျိုး ကျူးကျော်စော်ကားနေသူများ အပေါ်၌ အနိုင်ပေးတော်မူမည်သာတည်း။ အနိုင်လည်း ပေးတော်မူခဲ့ပေသည်။ ဤကား အထင်အရှားပင်။

① ဖစ်ရဥ်အောင်နန်းသည် မိမိ၏ထီးနန်းကို အန္တရာယ်ပြုမည့် အစ္စရာအီလီမျိုးနွယ်တွင် မွေးဖွားအံ့သော သားယောကျ်ားကလေးကို ကြိုတင်ကွပ်မျက်နိုင်ရန်အတွက် အစ္စရာအီလီမျိုးနွယ်တွင် မွေးဖွားသမျှသော သားယောကျ်ားကလေးများကို တစ်ယောက်မကျန် သတ်ဖြတ်ရန် အမိန့်ထုတ်ဆင့်ထားခဲ့၏။ အာဏာသားများသည်လည်း အစ္စရာအီလီမျိုးနွယ်တွင် မွေးဖွားသမျှသော သားယောကျ်ားကလေးများကို စေ့စပ်ရှာဖွေ၍ တစ်ယောက်မကျန် သတ်ဖြတ်လျက်ရှိခဲ့ကြ၏။

ထိုအချိန်မှာပင် တမန်တော်မူစာသည် ဖွားမြင်လာခဲ့၏။ တမန်တော်မူစာ၏ မိခင်သည် မိမိ၏ရင်သွေးအတွက် တွေးခေါတွေးခေါ ကြောက်ရွံ့စိုးရိမ်ကာ နေခဲ့ရ၏။

ထိုအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ၏ မိခင်အား ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း သားငယ်အား ဖုံးကွယ်ထားနိုင်သည့်အထိ နို့ရည်တိုက်ကျွေးနေရမည့် အကြောင်း၊ သားငယ်နှင့် ➤➤

وَقَالَتِ امْرَأَتُ فِرْعَوْنَ قُرَّتُ عَيْنٍ لِّي وَلَكَ ۖ لَا تَقْتُلُوهُ ۖ عَسَىٰ أَن يَنفَعَنَا أَوْ نَتَّخِذَهُ وَلَدًا وَهُمْ لَا يَشْعُرُونَ ۝٩

၉။ ထိုပြင် ဖစ်ရ်အောင်နိ၏ ကြင်ရာက ကျွန်ုပ်၏ အဖို့လည်းကောင်း၊ အသင်၏ အဖို့လည်းကောင်း၊ မျက်စိ အေးမြစေဖွယ်ဖြစ်ပေသည်။ (သို့ဖြစ်ပေရာ) အသင်တို့သည် ထိုမူစာအား မသတ်ဖြတ်ကြကုန်လင့်။ ၎င်းသည် ကျွန်ုပ်တို့အား အကျိုးပေးကောင်းပေးလိမ့်မည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် ၎င်းအား သားအဖြစ် မွေးစားထားကြမည်ဟု ပြောဆိုခဲ့လေ၏။ စင်စစ်သော်ကား ၎င်းတို့သည် (မိမိတို့မှာ ထိုသူငယ် လက်ချက်နှင့်ပျက်စီးကြရမည်ကို) မသိကြချေ။ [၁]

وَأَصْبَحَ فُؤَادُ أُمِّ مُوسَىٰ فَارِغًا ۖ إِن كَادَتْ لَتُبْدِي بِهِ لَوْلَا أَن رَّبَطْنَا عَلَىٰ قَلْبِهَا لِتَكُونَ مِنَ الْمُؤْمِنِينَ ۝١٠

၁၀။ ထိုမှတပါး မူစာ၏မိခင်စိတ်နလုံးမှာ (လွန်စွာ) ဟာသွားခဲ့လေရာ (တုန်လှုပ်ချောက်ချား ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ရာ)အကယ်၍သာ ငါအရှင်မြတ်သည် ၎င်းအား ယုံကြည်သူတို့တွင် အပါအဝင် ဖြစ်စေအံ့သောငှာ ၎င်း၏စိတ်နလုံးကို ခိုင်မြဲစေတော်မမူခဲ့ပါလျှင် ဧကန်စင်စစ် ၎င်းသည် ထိုမူစာ၏အကြောင်းကို ထုတ်ဖော် (ပြောဆို)အံ့ဆဲဆဲပင် ဖြစ်သွားခဲ့ပေသည်။

➤➤ ပတ်သက်၍ သတင်းပေါက်ကြားသွားမည်ကို စိုးရိမ်ရသောအခါ သားငယ်ကို ကြုတ်တွင်ထည့်၍ မြစ်ထဲမျှောရမည့်အကြောင်း၊ ယင်းသို့ မြစ်ထဲမျှောရသည့်အတွက် သားငယ် ရေနစ်မည်ကို စိုးရိမ်ရန်မလိုကြောင်း၊ ခေတ္တသားနှင့်အမိ ကွဲကွာနေရသည့်အတွက် ပူဆွေးနေရန် မလိုကြောင်း၊ မကြာမီအတွင်း သားငယ်ကိုမိခင်ထံ အံ့ဖွယ်သရဲ ပြန်လည်ပို့ထားတော် မူမည့်အကြောင်း၊ အချိန်တန်လျှင် သားငယ်အား တမန်တော်အဖြစ် မွေ့ာက်စားတော်မူမည့် အကြောင်းများ သိကြားစေတော်မူခဲ့လေ၏။ ဤအကြောင်း ကုရ်အာန် (၂၀း၃၇-၄၀) တွင် ပါရှိခဲ့ပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပြီ။

① ဖစ်ရ်အောင်နိ၏ကြင်ရာ အာစီယဟ်သခင်မက 'ဤသူငယ်မှာ အလွန်ချစ်ဖွယ်ကောင်းလှပါသည်၊ ကျွန်ုပ်တို့မှာ သားယောကျ်ားဟူ၍ တစ်ယောက်မျှမရှိ။ ဤသူငယ်နှင့်ပင် စိတ်ဖြေကြပါစို့၊ ဤသူငယ်သည် ကျွန်မအဖို့လည်းကောင်း၊ ရှင့်အဖို့လည်းကောင်း မျက်စိအေးမြကြည်လင်ဖွယ် ဖြစ်ပါလိမ့်မည်'ဟု ပြောဆို မေတ္တာရပ်ခံရာ ဖစ်ရ်အောင်နိက 'ဤသူငယ်သည် သင်မအဖို့ မျက်စိအေးမြကြည်လင်ဖွယ် ဖြစ်ကောင်းဖြစ်ပါလိမ့်မည်၊ ကျွန်ုပ်အဖို့ မဟုတ်ပါ' ဟု 'တက်ဒီရ်အဇလီ' အလ္လာဟ်၏ စီမံကိန်းတွင် ပါရှိသည့်အတိုင်း စကားဦး သန်းလိုက်လေသည်။ နောက်ဆုံးတွင် ထိုအတိုင်းပင် ဖြစ်လာခဲ့ပေသည်။ အာစီယဟ် သခင်မသည် တမန်တော် မူစာကို အကြောင်းပြု၍ တရားရခဲ့လေသည်။ ဖစ်ရ်အောင်နိသည် တမန်တော် မူစာလက်ထက်တွင် ပျက်စီးခြင်းကြီးမလှ ပျက်စီးသွားရလေသည်။

وَقَالَتْ لِأُخْتِهِۦ قُصِّيهِ ۖ فَبَصُرَتْ بِهِۦ عَن جُنُبٍ وَهُمْ لَا يَشْعُرُونَ ﴿١١﴾

၁၁။ ၎င်းပြင် ထို(မူစာ၏) မိခင်သည် ထိုမူစာ၏ အစ်မအား အသင်သည် ၎င်းမူစာ၏နောက်သို့ လိုက်၍ သွားလေဟု ပြောဆိုခဲ့၏။ သို့ဖြစ်ပေရာ ထို(မူစာ၏) အစ်မသည် ၎င်းမူစာအား အဝေးမှ (စောင့်၍)ကြည့်နေခဲ့လေ၏။ သို့ရာတွင် ၎င်း(ဖစ်ရအောင်နှိ၏ အိမ်သူအိမ်သား)တို့သည်(ထိုမူစာ၏အစ်မအား မူစာ၏အစ်မဖြစ်သည်ဟူ၍) မသိကြပေ။

وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِن قَبْلُ فَقَالَتْ هَلْ أَدُلُّكُمْ عَلَىٰ أَهْلِ بَيْتٍ يَكْفُلُونَهُ لَكُمْ وَهُمْ لَهُۥ نَٰصِحُونَ ﴿١٢﴾

၁၂။ စင်စစ်ငါအရှင်မြတ်သည် မူလကပင် ထိုမူစာ၏အပေါ်၌ နို့ထိန်းသည်တို့၏နို့ရည်ကို (မစို့ရန်) တားမြစ်ထားတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထို(မူစာ၏) အစ်မက ကျွန်ုပ်သည်အသင်တို့အား ထိုကလေးသူငယ်ကို အသင်တို့အဖို့ မွေးမြူစောင့်ရှောက်၍ ပေးကြမည်ဟုပြော၊ ထိုကလေးသူငယ်၏ကောင်းကျိုးကို လိုလားသူများဖြစ်ကြသော အိမ်ထောင်သားချင်းတို့ကို ညွှန်ပြရပါမည်လောဟု ဆိုခဲ့လေ၏။

فَرَدَدْنَٰهُ إِلَىٰٓ أُمِّهِۦ كَىْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَلِتَعْلَمَ أَنَّ وَعْدَ ٱللَّهِ حَقٌّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿١٣﴾

၁၃။ ထို့နောက်ထိုမိခင်၏မျက်စိ အေးမြကြည်လင်စေရန်လည်းကောင်း၊ ထိုမိခင် ပူဆွေးမနေရန်လည်းကောင်း၊ အမှန်မုချအလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် မှန်ကန်သည်ကို ထိုမိခင်(လက်တွေ့)သိရှိရန်လည်းကောင်း၊ ငါအရှင်မြတ်သည် (မိမိထားရှိတော်မူသော ကတိတော်အတိုင်း) ထိုသားငယ်အား ၎င်း၏မိခင်ထံ ပြန်ပို့ပေးတော်မူခဲ့လေသည်။ သို့ရာတွင် ၎င်းတို့အနက် များစွာသောသူများသည် မသိကြပေ။

وَلَمَّا بَلَغَ أَشُدَّهُۥ وَٱسْتَوَىٰٓ ءَاتَيْنَٰهُ حُكْمًا وَعِلْمًا ۚ

၁၄။ တစ်ဖန် ထိုမူစာသည် မိမိ လူလားမြောက်သောအရွယ်သို့ရောက်ရှိပြီး (အသိဉာဏ်) ရင့်သန်လာသောအခါ၊ ငါအရှင်မြတ်သည် ထိုမူစာအား ဉာဏ်

وَكَذَٰلِكَ نَجْزِي
الْمُحْسِنِينَ ﴿١٤﴾

အမြော်အမြင်ကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ စင်စစ်သော်ကား၊ ငါအရှင်မြတ်သည် သူတော်ကောင်းတို့အားဤနည်းအတိုင်းပင် အစားပေးတော်မူသည်။

وَدَخَلَ الْمَدِينَةَ عَلَىٰ حِينِ
غَفْلَةٍ مِّنْ أَهْلِهَا فَوَجَدَ فِيهَا
رَجُلَيْنِ يَقْتَتِلَانِ هَٰذَا مِن
شِيعَتِهِ وَهَٰذَا مِنْ عَدُوِّهِ ۖ
فَاسْتَغَاثَهُ الَّذِي مِن شِيعَتِهِ
عَلَى الَّذِي مِنْ عَدُوِّهِ ۖ فَوَكَزَهُ
مُوسَىٰ فَقَضَىٰ عَلَيْهِ ۖ قَالَ هَٰذَا
مِنْ عَمَلِ الشَّيْطَانِ ۖ إِنَّهُ عَدُوٌّ
مُّضِلٌّ مُّبِينٌ ﴿١٥﴾

၁၅။ ၎င်းပြင် ထိုမူစာသည် (အရွယ်ရောက်ပြီးနောက် တစ်နေ့သ၌) မြို့တွင်းသို့ ထိုမြို့သူမြို့သားတို့ အမှုမဲ့အမှတ်မဲ့ ဖြစ်နေချိန်ဝင်ရောက်ခဲ့ရာ ယင်းမြို့တွင်း၌စကားများရန်ဖြစ်နေကြသော လူနှစ်ယောက်အား တွေ့ရှိခဲ့ပေသည်။ (ထိုနှစ်ယောက်အနက်) ဤသူတစ်ယောက်မှာ ထိုမူစာ၏အုပ်စုထဲမှဖြစ်ပြီး၊ အခြားတစ်ယောက်မှာကား ထိုမူစာ၏ ရန်သူတို့အနက်မှ ဖြစ်ခဲ့ပေသည်။

သို့ဖြစ်ပေရာ ထိုမူစာ၏ အုပ်စုမှဖြစ်သော သူက ထိုမူစာ၏ရန်သူတို့အနက်မှ ဖြစ်သောသူနှင့် ဆန့်ကျင်၍ အပူတပြင်း အကူအညီ တောင်းခံခဲ့လေသည်။ ထိုအခါ မူစာသည် ၎င်းရန်သူအုပ်စုမှဖြစ်သောသူအား လက်သီးဖြင့် ထိုးပြီး ၎င်းအား အဆုံးစီရင်လိုက်လေသည်။ ထိုမူစာက ဤသည်ရှိုင်တွာန်မိစ္ဆာအပြုအမူပင် ဖြစ်သည်။ ဧကန်မလွဲထိုရှိုင်တွာန်မိစ္ဆာကောင်မှာ ထင်ရှားစွာလမ်းလွဲစေသောရန်သူပင် ဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။

قَالَ رَبِّ إِنِّي ظَلَمْتُ نَفْسِي
فَاغْفِرْ لِي فَغَفَرَ لَهُ ۚ إِنَّهُ هُوَ
الْغَفُورُ الرَّحِيمُ ﴿١٦﴾

၁၆။ ထိုမူစာသည် (အလ္လာဟ်အရှင်မြတ်အထံတော်တွင်) အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မိမိနှိပ်စက်မိပါပြီ၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါဟု လျှောက်ထားပန်ကြားခဲ့ရာ ထိုအရှင်မြတ်သည်

ငင်းအားခွင့်လွှတ်ချမ်းသာပေးသနားတော်မူခဲ့ပေသည်။ စင်စစ်ဧကန် ထိုအရှင်မြတ်သည်ပင်လျှင် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသော အလွန်တရာ ကြင်နာသနား ကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

قَالَ رَبِّ بِمَآ أَنۡعَمۡتَ عَلَيَّ فَلَنۡ أَكُونَ ظَهِيرٗا لِّلۡمُجۡرِمِينَ ١٧

၁၇။ (ထိုအခါ) ထိုမူစာသည် အို-ကျွန်တော်မျိုး အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့သည်ဖြစ်ရကား၊ ကျွန်တော်မျိုးသည်လည်း (နောင်တွင်)အပြစ်ရှိသူတို့အား မည်သည့်အခါမျှ အကူအညီပေးသူဖြစ်တော့မည်မဟုတ်ပါဟူ၍ လျှောက်ထားခဲ့ပေသတည်း။

فَأَصۡبَحَ فِي ٱلۡمَدِينَةِ خَآئِفٗا يَتَرَقَّبُ فَإِذَا ٱلَّذِي ٱسۡتَنصَرَهُۥ بِٱلۡأَمۡسِ يَسۡتَصۡرِخُهُۥۖ قَالَ لَهُۥ مُوسَىٰٓ إِنَّكَ لَغَوِيّٞ مُّبِينٞ ١٨

၁၈။ တစ်ဖန်(ထို)မူစာသည် မြို့ထဲတွင် ကြောက်ရွံ့စိုးရိမ်စွာစောင့်မျှော်လျက်နံနက်မိုးလင်းခဲ့ရာ ရုတ်တရက် ယမန်နေ့က မိမိထံ အကူအညီတောင်းခဲ့သောသူသည် (ယနေ့တစ်ဖန် ထပ်မံ၍) မိမိအား ဟစ်ခေါ်နေပြန်၏။ ထိုမူစာကငင်းအား ဧကန်အမှန် အသင်သည် ထင်ရှားစွာသော လမ်းလွဲသူတစ်ဦးပင် ဖြစ်သည်ဟု ပြောကြားခဲ့လေ၏။

فَلَمَّآ أَنۡ أَرَادَ أَن يَبۡطِشَ بِٱلَّذِي هُوَ عَدُوّٞ لَّهُمَا قَالَ يَٰمُوسَىٰٓ أَتُرِيدُ أَن تَقۡتُلَنِي كَمَا قَتَلۡتَ نَفۡسَۢا بِٱلۡأَمۡسِ إِن تُرِيدُ إِلَّآ أَن تَكُونَ جَبَّارٗا

၁၉။ တစ်ဖန်ထိုမူစာသည် မိမိတို့နှစ်ဦးလုံး၏ရန်သူဖြစ်သောသူ(ကစ်ဗ်တို့)အား လက်ရောက်ပြုရန် ကြံရွယ်ခဲ့လေရာထို(မိမိအုပ်စုထဲမှဖြစ်သော)သူက အို-မူစာ၊ အသင်သည်ယမန်နေ့ကလူတစ်ယောက်အားသတ်ဖြတ်ဘိသကဲ့သို့ (ယခုမူ) ကျွန်ုပ်အား သတ်ဖြတ်လိုသလော။ အသင်သည်တိုင်းပြည်တွင် ရက်စက်စွာ စိုးမိုး

فِي الْأَرْضِ وَمَا تُرِيدُ أَنْ تَكُونَ مِنَ الْمُصْلِحِينَ ﴿١٩﴾

အုပ်ချုပ်လိုသူဖြစ်ရန်သာလျှင်အလိုရှိပေသည်။ အသင်သည်စေ့စပ်၍ပေးသူမဟုတ်ဟု ပြောဆိုခဲ့ပေသတည်း။

وَجَاءَ رَجُلٌ مِّنْ أَقْصَا الْمَدِينَةِ يَسْعَىٰ قَالَ يَا مُوسَىٰ إِنَّ الْمَلَأَ يَأْتَمِرُونَ بِكَ لِيَقْتُلُوكَ فَاخْرُجْ إِنِّي لَكَ مِنَ النَّاصِحِينَ ﴿٢٠﴾

၂၀။ ၎င်းပြင် မြို့၏အစွန်မှ လူတစ်ယောက်သည် ပြေးလျက်လာပြီးလျှင်၊ အို-မူစာ၊ မှူးကြီးမတ်ရာတို့သည် အသင်နှင့် ပတ်သက်၍ အသင့်အား သတ်ပစ်ရန် ဆွေးနွေးတိုင်ပင်လျက် ရှိကြပေသည်။ သို့ပါ၍ အသင်သည်ထွက်သွားပါလေ။ ကျွန်ုပ်သည် အသင်၏ကောင်းကျိုးလိုလားသူတစ်ဦးဖြစ်သည်ဟု ပြောကြားခဲ့လေသတည်း။

فَخَرَجَ مِنْهَا خَائِفًا يَتَرَقَّبُ قَالَ رَبِّ نَجِّنِي مِنَ الْقَوْمِ الظَّالِمِينَ ﴿٢١﴾

၂၁။ ထိုအခါ ထိုမူစာသည် ထိုမြို့မှ ထွက်ခွာသွားခဲ့လေသည်။ ရန်သူများလိုက်လာမည်ကို စိုးရိမ်လျက် (အလ္လာဟ်အရှင်မြတ်၏ အကူအညီကို) စောင့်မျှော်လျက်၊ အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား မတရားသောသူတို့(၏ဘေးရန်ခပ်သိမ်းတို့)မှကယ်တော်မူပါဟု လျှောက်ထားပန်ကြားခဲ့လေသည်။

وَلَمَّا تَوَجَّهَ تِلْقَاءَ مَدْيَنَ قَالَ عَسَىٰ رَبِّي أَنْ يَهْدِيَنِي سَوَاءَ السَّبِيلِ ﴿٢٢﴾

၂၂။ တစ်ဖန် ထိုမူစာသည် 'မဒ်ယန်' မြို့ဘက်သို့ မျက်နှာလှည့်ခဲ့သောအခါ ငါ၏အရှင်မြတ်သည် ငါ့အား လမ်းမှန်ကို ညွှန်ပြတော်မူမည်ကို မျှော်လင့်ရပေသည်ဟု မြွက်ဆိုခဲ့လေသည်။ ၁

---

① **တမန်တော်မူစာ အိဂျစ်ပြည်မှ တိမ်းရှောင် ထွက်ခွာလာခဲ့ခြင်း။**

တမန်တော်မူစာသည် ဖစ်ရ်အောင်နှစ်၏ ဘေးရန်မှစိုးရိမ်၍ အီဂျစ်ပြည်မှ တိမ်းရှောင်၍ကား ထွက်ခွာလာခဲ့ချေပြီ။ သို့တစေလည်း ဘယ်ပုံဘယ်သို့ အဘယ်ဌာနသို့ ယွန်းရမည်ကိုမူ မသိချေ။ ထိုအခါ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ပြတော်မူပါမည့်အကြောင်း လျှောက်ထားပန်ကြားရာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား မဒ်ယန်(Midian)သို့ လမ်းညွှန်ပြတော်မူလိုက်လေသည်။

'မဒ်ယန်'အကြောင်း ကုရ်အာန်(၇:၈၅)တွင် အကျယ်ဖွင့်ဆို ရေးသားခဲ့ပေပြီ။

وَلَمَّا وَرَدَ مَآءَ مَدْيَنَ وَجَدَ عَلَيْهِ أُمَّةً مِّنَ النَّاسِ يَسْقُونَ ۖ وَوَجَدَ مِن دُونِهِمُ امْرَأَتَيْنِ تَذُودَانِ ۚ قَالَ مَا خَطْبُكُمَا ۖ قَالَتَا لَا نَسْقِي حَتَّىٰ يُصْدِرَ الرِّعَاءُ ۖ وَأَبُونَا شَيْخٌ كَبِيرٌ ﴿٢٣﴾

၂၃။ ထိုမှတပါး၊ ထိုမူစာသည် မဒ်ယန်မြို့၏ ရေတွင်းသို့ရောက်လတ်သော် ထိုရေတွင်း၏အနီးတွင် လူတစ်စုသည် (မိမိတို့မွေးမြူထားသော တိရစ္ဆာန်များကို) ရေတိုက်နေကြသည်ကို တွေ့ရှိခဲ့၏။ ထိုမှတပါး၊ ၎င်းတို့နှင့် သီးခြားအမျိုးသမီး ၂-ဦးအား (မိမိတို့၏ တိရစ္ဆာန်များကို) တားဆီးထိန်းသိမ်းလျက် ရှိကြသည်ကိုလည်း တွေ့ရှိခဲ့၏။

ထိုမူစာက အသင်တို့နှစ်ဦး၏ အဖြစ်သည် အသို့ပါနည်းဟု ပြောဆိုမေးမြန်းခဲ့ရာ ထိုမိန်းမနှစ်ဦးက (ဤ)သိုးထိန်းတို့သည် (မိမိတို့၏တိရစ္ဆာန်များကို)ပြန်လည်ဖယ်ထုတ်၍ မသွားသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် (မိမိတို့တိရစ္ဆာန်များကို) ရေတိုက်ကျွေးခြင်း မပြုနိုင်ပေ။ ၎င်းပြင် ကျွန်ုပ်တို့၏ ဖခင်မှာ သက်ရွယ် အလွန်အလွန် အိုးမင်းကြီးရင့်သူ ဖြစ်ပေသည်ဟု ဖြေကြားခဲ့ကြလေသည်။

فَسَقَىٰ لَهُمَا ثُمَّ تَوَلَّىٰ إِلَى الظِّلِّ فَقَالَ رَبِّ إِنِّي لِمَا أَنزَلْتَ إِلَيَّ مِنْ خَيْرٍ فَقِيرٌ ﴿٢٤﴾

၂၄။ ထိုအခါထိုမူစာသည် ၎င်းတို့နှစ်ဦးအား ငဲ့ညှာ၍ (၎င်းတို့၏တိရစ္ဆာန်များကို) ရေ(ငင်၍) တိုက်ခဲ့ပြီးနောက် အရိပ်ရှိရာသို့ (သွားရောက်ထိုင်နေခဲ့၏)။ ထို့နောက် ထိုမူစာသည် 'အို-ကျွန်တော်မျိုး၏အရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် အရှင်မြတ် ကျွန်တော်မျိုးထံ ချပေးသနားတော်မူသော မည်သည့်ကောင်းမြတ်သောအရာကိုမဆို လိုလားတောင့်တရသူ ဖြစ်ပါသည်' ဟု လျှောက်ထားပန်ကြားခဲ့ပေသတည်း။

فَجَآءَتْهُ إِحْدَاهُمَا تَمْشِي عَلَى اسْتِحْيَآءٍ ۖ قَالَتْ إِنَّ أَبِي يَدْعُوكَ

၂၅။ ထို့နောက် ၎င်း(မိန်းမ)နှစ်ယောက်အနက် တစ်ယောက်သည် ထိုမူစာ၏ထံသို့ ရှက်ကြောက်စွာ လျှောက်လာပြီး 'အသင်သည် ကျွန်ုပ်တို့အား ငဲ့ညှာ၍

لِيَجْزِيَكَ أَجْرَ مَا سَقَيْتَ لَنَا ۚ فَلَمَّا جَاءَهُ وَقَصَّ عَلَيْهِ الْقَصَصَ قَالَ لَا تَخَفْ ۖ نَجَوْتَ مِنَ الْقَوْمِ الظَّالِمِينَ ﴿٢٥﴾

(ကျွန်ုပ်တို့၏ တိရစ္ဆာန်များကို) ရေတိုက်ခဲ့သောအကျိုး ကျေးဇူးကို အသင်အား ပြန်ဆပ်အံ့သောငှာ ကျွန်ုပ်၏ ဖခင်သည် အသင့်အား ခေါ်နေပါသည်' ဟု ပြောဆိုလေ၏။ ထို့နောက်ထိုမူစာသည် ၎င်း၏ထံသို့ ရောက်လာခဲ့ပြီး ဖြစ်ကြောင်းကုန်စင်ကိုဂျင်း၏ ရှေ့ဝယ် ပြောပြခဲ့သောအခါ ၎င်းက 'အသင်သည် မစိုးရိမ်လေနှင့်။ အသင်သည် မတရားသောသူတို့(၏ ဘေးရန်)မှ လွတ်မြောက်ခဲ့လေပြီ' ဟုပြောဆိုလေ၏။ [၁]

---

② တမန်တော်မူစာ မဒ်ယန်သို့ ရောက်ရှိလာသော်၊

အီဂျစ်ပြည်မှ မဒ်ယန်အထိ ကုန်းကြောင်းခရီးမှာ (၁၀)ရက်ခန့် ခရီးဖြစ်သည်။ ခရီးကြမ်းဖြစ်သည်။ တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် လမ်းခရီးတွင် ဒုက္ခအမျိုးမျိုးကို ကျော်လွန်ကာ မဒ်ယန်သို့ရောက်ရှိလာခဲ့၏။ ဆာလောင် ငတ်မွတ်လျက်ရှိ၏။

မဒ်ယန်သို့ရောက်သော် တစ်နေရာတွင် ရေတွင်းတစ်ခု၌ တိရစ္ဆာန်များကို ရေတိုက်နေသော လူတစ်စုကို မြင်၏။ ၎င်းတို့နှင့် မလှမ်းမကမ်းတွင် ၎င်းတို့နှင့် သီးခြားတစ်နေရာ၌ ကာယိန္ဒြရ်စွာ မိမိတို့၏တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ဆိုင်းနေသော အမျိုးသမီး ၂ ဦးကိုလည်း တွေ့မြင်၏။ ကျိုးကြောင်း မေးကြည့်ရာ ထိုအမျိုးသမီး ၂ ဦးက 'ကျွန်မတို့သည် မိန်းမသားများ ဖြစ်ကြပါသည်။ အခြားသူများ အသီးသီး ၎င်းတို့၏ တိရစ္ဆာန်များကို ရေတိုက်၍ ပြန်သွားကြမှသာလျှင် ကျွန်မတို့သည် မိမိတို့၏ တိရစ္ဆာန်များကို ရေတိုက်ကြရပါသည်။ ယခုကဲ့သို့ ကျွန်မတို့ လာရခြင်းမှာလည်း ဖခင်ကြီးမှာ အသက်အရွယ် အလွန်ကြီးရင့်နေပြီ ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်'ဟု ပြောပြကြလေသည်။

ထိုအခါ တမန်တော်မူစာသည် အဆိုပါအမျိုးသမီးများအား သနားထောက်ထားကာ မိမိကိုယ်တိုင် ထ၍ရေငင်ပြီး အဆိုပါအမျိုးသမီး ၂ဦးတို့၏ တိရစ္ဆာန်များကို လျင်မြန်ဖျတ်လတ်စွာ ရေတိုက်လိုက်လေသည်။ ထို့နောက် တမန်တော်မူစာသည် ခရီးသည် အာဂန္တုတစ်ဦးပီပီ အနီးရှိ သစ်ပင်တစ်ပင်၏အရိပ်တွင် သွားရောက်ထိုင်ကာ ဆာလောင်မွတ်သိပ်လှသည့်အတွက် အလ္လာဟ်အရှင်မြတ် ထံတော်၌ 'အိုဘုရား... ကျွန်တော်မျိုး၏ အရှင်၊ ကျွန်တော်မျိုးသည် အရှင်မြတ် ကျွန်တော်မျိုးထံ ချမ်းသနားတော်မူသည့် မည်သည့်ကောင်းမြတ်သော အရာကိုမဆို အထူးလိုလား တောင့်တနေရသူ ဖြစ်ပါသည်'ဟု လျှောက်ထား ပန်ကြားလေသည်။

အဆိုပါ အမျိုးသမီး ၂ဦးတို့သည် တမန်တော်မူစာ၏ အပြုအမူနှင့် အရိပ်အာဝါသအောက်တွင် သွားရောက်ထိုင်နေသည်ကို ထောက်ချင့်၍ စေတနာ မြင့်မြတ်လှသော ရုပ်ဝေးမှ ရောက်ရှိလာသော ခရီးသည် အာဂန္တုတစ်ဦး ဖြစ်ကြောင်းကို ရိပ်မိသွားကြလေသည်။ အမျိုးသမီး ၂-ဦးတို့သည် မိမိတို့အိမ်သို့ ပြန်ရောက်ရှိလာကြပြီး ဖခင်ကြီးအား ကျိုးကြောင်းပြောပြကြရာ ဖခင်ကြီးသည် သမီးတစ်ဦးအားစေလွှတ်၍ တမန်တော်မူစာအား ဧည့်ခံ ကျွေးမွေးနိုင်ရန်အလို့ငှာ မိမိအိမ်သို့ကြွရောက်ရန် ဖိတ်ကြားခဲ့လေသည်။ (အဆိုပါ အမျိုးသမီး ၂-ဦး၏ ဖခင်ကြီးမှာအခြားမဟုတ်၊ အများမုဖတ်စိစစ်ရှိများ၏ယူဆချက်အရ တမန်တော် ရှုအိုက်ဗ်ပင်ဖြစ်သည်၊)➤➤

قَالَتْ إِحْدَاهُمَا يَا أَبَتِ اسْتَأْجِرْهُ إِنَّ خَيْرَ مَنِ اسْتَأْجَرْتَ الْقَوِيُّ الْأَمِينُ ﴿٢٦﴾

၂၆။ ထို(မိန်းမ)နှစ်ဦးအနက် မိန်းမတစ်ဦးက 'အို-ဖခင်၊ အသင်ဖခင်သည် ဤသူအား (သူရင်းငှား အဖြစ်) ငှားထားပါ။ ဧကန်မလွဲ အသင်ဖခင်သည် (သူရင်းငှားအဖြစ်) ငှားအံ့သောသူတို့တွင် ခွန်အား ရှိသူ၊ ယုံကြည်စိတ်ချအပ်သောသူသည် အကောင်း ဆုံးပင် ဖြစ်ပါသည်' ဟု ပြောဆိုလေ၏။

قَالَ إِنِّي أُرِيدُ أَنْ أُنْكِحَكَ إِحْدَى ابْنَتَيَّ هَاتَيْنِ عَلَىٰ أَنْ تَأْجُرَنِي ثَمَانِيَ حِجَجٍ فَإِنْ أَتْمَمْتَ عَشْرًا فَمِنْ عِنْدِكَ وَمَا أُرِيدُ أَنْ أَشُقَّ عَلَيْكَ سَتَجِدُنِي إِنْ شَاءَ اللَّهُ مِنَ الصَّالِحِينَ ﴿٢٧﴾

၂၇။ ထို(ဖခင်)က 'ဧကန်အမှန် ကျွန်ုပ်သည် အသင့်အား မိမိ၏သမီးနှစ်ယောက်အနက် တစ်ယောက်နှင့် အသင်သည် ကျွန်ုပ်ထံ ရှစ်နှစ် သူရင်းငှားလုပ်ရန် စည်းကမ်းချက်အပေါ်၌ ထိမ်းမြားပေးရန် ရည်စူး သည်။ သို့ရာတွင် အကယ်၍ အသင်သည် ဆယ်နှစ် ပြည့်အောင် လုပ်ခဲ့ပါလျှင် အသင့်ဘက်မှ (ကျေးဇူး ပြုခြင်း)ပင် ဖြစ်ပေမည်။ စင်စစ်သော်ကား ကျွန်ုပ် သည် အသင့်အပေါ်၌ ကျပ်တည်းစေရန် လိုလား သည်မဟုတ်ပေ။ အကယ်၍ အလွှာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် များမကြာမီ အသင်သည် ကျွန်ုပ်အား သူမွန်သူမြတ်တစ်ဦးဖြစ်ကြောင်း တွေ့ရှိ ပါလိမ့်မည်ဟု ပြောကြားခဲ့လေ၏။

➤➤ တမန်တော်ရှုအိုက်ဗ်၏ သမီးတော်တစ်ဦးသည် ဖခင်ကြီး၏ ညွှန်ကြားချက်အရ တမန်တော်မူစာထံသို့ ကာယိန္ဒေ အရှက်သိကျွာကြီးစွာဖြင့် ရောက်ရှိလာပြီး ဖခင်ကြီးက ဖိတ်ခေါ်ကြောင်း၊ ကျေးဇူးဆပ်လိုကြောင်း ပြောပြလေသည်။ ထိုအခါ တမန်တော်မူစာသည် သမီးတော်အား 'အသင်မ နောက်မှလိုက်ပါလေ၊ ကျွန်ုပ် ရှေ့ကသွားမည်' ဟုဆိုကာ တမန်တော်ရှုအိုက်ဗ်ထံသို့ ရောက်ရှိလာခဲ့လေသည်။ ထို့နောက် မိမိ၏ ဖြစ်ကြောင်း ကုန်စင်ကို ပြောပြရာ တမန်တော် ရှုအိုက်ဗ်က 'အသင် မစိုးရိမ်လင့်၊ အသင်သည် မတရား ကျူးကျော်စော်ကားသူ များ၏ ဘေးရန်မှလွတ်မြောက်ပြီ' ဟု ပြောဆိုလိုက်လေသည်။ ယင်းသို့ ပြောဆိုခြင်းမှာ မဒ်ယန်သည် ဖစ်ရ်အောင်နစ်စိုးမိုးသည့် အီဂျစ်နိုင်ငံ၏ လက်အောက်မဟုတ်ခြင်းကြောင့် ဖြစ်သည်။ ဤသို့ဖြင့် တမန်တော်မူစာသည် ဆုတောင်းပြည့် သွားခဲ့သည်သာမက တမန်တော်ရှုအိုက်ဗ်နှင့်အတူ နေထိုင်ခွင့်လည်း ရခဲ့ပေသည်။ ထိုမျှမက ရှေ့အာယတ်တော်တွင် ပါရှိသည့်အတိုင်း တမန်တော် ရှုအိုက်ဗ်၏ သမီးတော်တစ်ပါးနှင့် ထိမ်းမြားခွင့်လည်း ရရှိခဲ့ပေသည်။

قَالَ ذٰلِكَ بَيْنِيْ وَبَيْنَكَ ۖ اَيَّمَا
الْاَجَلَيْنِ قَضَيْتُ فَلَا
عُدْوَانَ عَلَيَّ ۖ وَاللّٰهُ عَلٰى
مَا نَقُوْلُ وَكِيْلٌ ﴿٢٨﴾

၂၈။ ထိုသူ(မူစာ)က 'ဤစည်းကမ်းချက်သည် အသင်နှင့်ကျွန်ုပ်၏စပ်ကြား (အတည်)ဖြစ်ခဲ့လေပြီ။ ကန့်သတ်ပြီးဖြစ်သောကာလအပိုင်းအခြားနှစ်ခုအနက် မည်သည့်ကာလအပိုင်းအခြားကိုမဆို ကျွန်ုပ် ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပါလျှင် ကျွန်ုပ်၏အပေါ်၌ မည်သို့မျှ အဓမ္မပြုလုပ်ရန် အကြောင်းမရှိတော့ပြီ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ ပြောဆို ကြကုန်သောအကြောင်းကိစ္စနှင့်စပ်လျဉ်း၍ သက်သေ ဖြစ်တော်မူပါသည်' ဟု ပြောဆိုခဲ့လေသတည်း။

فَلَمَّا قَضٰى مُوْسَى الْاَجَلَ
وَسَارَ بِاَهْلِهٖٓ اٰنَسَ مِنْ جَانِبِ
الطُّوْرِ نَارًا ۗ قَالَ لِاَهْلِهِ امْكُثُوْٓا
اِنِّيْٓ اٰنَسْتُ نَارًا لَّعَلِّيْٓ اٰتِيْكُمْ
مِّنْهَا بِخَبَرٍ اَوْ جَذْوَةٍ مِّنَ
النَّارِ لَعَلَّكُمْ تَصْطَلُوْنَ ﴿٢٩﴾

၂၉။ ထိုနောက်မူစာသည် ကန့်သတ်၍ထားခဲ့သော ကာလအပိုင်းအခြားကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီး၊ မိမိအိမ်သူအိမ်သားတို့နှင့်အတူ (ခရီး)သွားခဲ့လေရာ ထိုမူစာသည် 'တွူရ်' မည်သော တောင်ရိုရာဘက်တွင် မီးရောင်တစ်ခုကို တွေ့မြင်ခဲ့လေသည်။ (ထိုအခါ) ထိုမူစာက မိမိအိမ်သူအိမ်သားတို့အား 'အသင်တို့သည်(ဤနေရာ၌ပင်) စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ ဧကန်အမှန် ကျွန်ုပ် မီးရောင်တစ်ခုကို တွေ့မြင်ရလေပြီ။ ငါသည် ထိုမီးရှိရာမှ တစ်စုံတစ်ရာသတင်းကိုသော်လည်းကောင်း၊ မီးစ (မီးခဲ)တစ်ခုခုကိုသော်လည်းကောင်း၊ အသင်တို့ မီးလှုံနိုင်ကြရန် ယူဆောင်၍လာနိုင်မည်ဖြစ်သည်ဟု ပြေကြားလေ၏။

فَلَمَّآ اَتٰىهَا نُوْدِيَ مِنْ شَاطِئِ
الْوَادِ الْاَيْمَنِ فِي الْبُقْعَةِ
الْمُبٰرَكَةِ مِنَ الشَّجَرَةِ اَنْ
يّٰمُوْسٰٓى اِنِّيْٓ اَنَا اللّٰهُ رَبُّ
الْعٰلَمِيْنَ ﴿٣٠﴾

၃၀။ ထိုနောက်မူစာသည် ယင်းမီးရှိရာသို့ ရောက်ရှိလတ်သော် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေရာ၌ လက်ယာဘက်ဖြစ်သောတောင်ကြားအရပ်၏ အစွန်းရှိ သစ်ပင်(တစ်ပင်)မှ (ဤသို့) အသံကြားခဲ့ရလေ၏။ 'အို-မူစာ၊ ဧကန်မလွဲ ငါအရှင်မြတ်သည် စကြာဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်'။

وَأَنْ أَلْقِ عَصَاكَ ۖ فَلَمَّا رَآهَا تَهْتَزُّ كَأَنَّهَا جَانٌّ وَلَّىٰ مُدْبِرًا وَلَمْ يُعَقِّبْ ۚ يَا مُوسَىٰ أَقْبِلْ وَلَا تَخَفْ ۖ إِنَّكَ مِنَ الْآمِنِينَ ﴿٣١﴾

၃၁။ ထိုမှတပါး အသင်သည် မိမိတောင်ဝှေးကို ပစ်ချပါလေ။ တစ်ဖန် ထိုမူစာသည် ယင်းတောင်ဝှေးမှာ မြွေဖြစ်ဘိသကဲ့သို့ တွန့်လိမ် လှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ခဲ့လေသော်၊ ပြန်လှည့်၍ပင် မကြည့်တော့ဘဲ နောက်သို့လှည့်၍ ထွက်သွားခဲ့လေ၏။

(ထိုအခါ အလ္လာဟ်အရှင်မြတ်အထံတော်မှ ဤသို့အမိန့်တော်လာရှိခဲ့၏)။ အို-မူစာ၊ အသင်သည် ရှေ့သို့လာခဲ့ပါလေ။ ၎င်းပြင် အသင်သည် ကြောက်ရွံ့စိုးရိမ်ခြင်း မရှိပါလေနှင့်။ ဧကန်မလွဲ အသင်သည် ဘေးအန္တရာယ် ကင်းရှင်းသူတစ်ဦး ဖြစ်ပါသည်။

اسْلُكْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَاءَ مِنْ غَيْرِ سُوءٍ ۖ وَاضْمُمْ إِلَيْكَ جَنَاحَكَ مِنَ الرَّهْبِ فَذَانِكَ بُرْهَانَانِ مِنْ رَبِّكَ إِلَىٰ فِرْعَوْنَ وَمَلَئِهِ ۚ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ ﴿٣٢﴾

၃၂။ အသင်သည် မိမိလက်ကို မိမိရင်ကြားသို့ထည့်သွင်းပါလေ။ (ထိုအခါ)ထိုလက်မှာ အပြစ်အနာအဆာကင်းရှင်းစွာ လင်းဝင်းတောက်ပလျက် ထွက်၍လာပေမည်။ ၎င်းပြင် အသင်သည် ကြောက်ရွံ့စိုးရိမ်မှုကင်းအံ့သောငှာ မိမိလက်ကို မိမိကိုယ်နှင့် (ရင်နှင့်လည်းကောင်း၊ချိုင်းနှင့်လည်းကောင်း၊) (ပြန်၍)ပူးကပ်ထားပါလေ။

ဤနှစ်ခုသည် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ဖစ်ရှိအောင်နှိပ်၏ထံသို့လည်းကောင်း၊ ထိုဖစ်ရှိအောင်နှိပ်၏မှူးမတ်တို့ထံသို့လည်းကောင်း၊ (ဆောင်ကြဉ်းရန်)ထင်ရှားစွာသော သာဓကနှစ်ရပ်ပင် ဖြစ်ကြပေသည်။ ဧကန်မလွဲ ၎င်းတို့မှာ အမိန့်တော်ကို သွေဖည်ကြကုန်သော အမျိုးသားများပင် ဖြစ်ကြကုန်သတည်း။

قَالَ رَبِّ إِنِّي قَتَلْتُ مِنْهُمْ

၃၃။ ထိုမူစာသည်(ဤသို့) လျှောက်ထား ပန်ကြားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်

نَفْسًا فَأَخَافُ أَن يَقْتُلُونِ ﴿٣٣﴾

မူသောအရှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့အနက်လူတစ်ယောက်အား သတ်ဖြတ်မိခဲ့သည်ဖြစ်ရကား၊ ၎င်းတို့သည်ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကို ကျွန်တော်မျိုး စိုးရိမ်မိပါသည်။

وَأَخِي هَارُونُ هُوَ أَفْصَحُ مِنِّي لِسَانًا فَأَرْسِلْهُ مَعِيَ رِدْءًا يُصَدِّقُنِي إِنِّي أَخَافُ أَن يُكَذِّبُونِ ﴿٣٤﴾

၃၄။ စင်စစ် ကျွန်တော်မျိုး၏နောင်တော် ဟာရွန်မှာ မူကား၊ ၎င်းမှာ စကားပြောဆိုရာ၌ ကျွန်တော်မျိုးထက် ပို၍ပင် စကားပီသ အာစလျှာစ ကောင်းသူဖြစ်ပါ၏။ အရှင်မြတ်သည် ထိုနောင်တော်အားလည်း ကျွန်တော်မျိုးနှင့်အတူ ကျွန်တော်မျိုးအား ထောက်ခံ (ပြောဆိုနိုင်ရန်) ကူညီရှိင်းပင်းသူအဖြစ် စေလွှတ်တော်မူပါ။ ဧကန်မလွဲ ကျွန်တော်မျိုးသည် မိမိအား ၎င်းတို့က မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်။

قَالَ سَنَشُدُّ عَضُدَكَ بِأَخِيكَ وَنَجْعَلُ لَكُمَا سُلْطَانًا فَلَا يَصِلُونَ إِلَيْكُمَا ۚ بِآيَاتِنَا ۚ أَنتُمَا وَمَنِ اتَّبَعَكُمَا الْغَالِبُونَ ﴿٣٥﴾

၃၅။ ထိုအရှင်မြတ်က ယခုပင် ငါအရှင်မြတ်သည် အသင်၏နောင်တော်ဖြင့် အသင်၏ လက်ရုံးကိုတိုး၍ အားရှိစေတော်မူမည်။ ထိုမှတပါး၊ ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးအား ဂုဏ်အရှိန်တစ်မျိုးကို ချီးမြှင့်ပေးသနားတော်မူမည်ဖြစ်ရကား၊ ၎င်းတို့သည် အသင်တို့နှစ်ဦးအား မည်သို့မျှ ထိပါးနိုင်ကြမည်မဟုတ်ပေ။ (အသင်တို့နှစ်ဦးသည်) ငါအရှင်မြတ်၏ သက်သေလက္ခဏာတော် များနှင့်တကွ (သွားကြလေကုန်)။ အသင်တို့နှစ်ဦးနှင့်တကွ အသင်တို့နှစ်ဦး၏ နောက်သို့ လိုက်ကြသောသူတို့ပင် အောင်နိုင်သူများ ဖြစ်ကြကုန်အံ့သတည်း။ ၁

---

① တမန်တော်မူစာ၏ ပန်ကြားချက် ၂ ရပ်ကို ဖြည့်စွမ်းပေးတော်မူခြင်း။

အလ္လာဟ်အရှင်မြတ်သည် တမန်တော် မူစာအား ယင်းသို့ တန်ခိုးတော်၂ပါး ချီးမြှင့်၍ ဖစ်ရ်အောင်နှိုးဆော်ပြီး ၎င်း၏အကြီးအကဲများထံ တရားဓမ္မဟောကြားရန် စေလွှတ်တော်မူသည့်အခါ တမန်တော်မူစာက မိမိ၏ ➤➤

فَلَمَّا جَآءَهُم مُّوسَىٰ بِـَٔايَٰتِنَا بَيِّنَٰتٍ قَالُوا۟ مَا هَٰذَآ إِلَّا سِحْرٌ مُّفْتَرًى وَمَا سَمِعْنَا بِهَٰذَا فِىٓ ءَابَآئِنَا ٱلْأَوَّلِينَ ﴿٣٦﴾

၃၆။ ထို့နောက် မူစာသည် ၎င်းတို့ထံ ငါ အရှင်မြတ်၏ ထင်ရှားစွာသော သက်သေလက္ခဏာ တော်များကိုဆောင်ကြဉ်းခဲ့လေရာ ၎င်းတို့က 'ဤသည် အသစ် တီထွင်ဖန်တီးထားသော ပဋိလက်အတတ်မျှ သာ ဖြစ်သည်။ စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ ရှေးဟောင်း အဘ၊ဘိုးဘေးတို့(လက်ထက်)တွင် ဤသို့ သောစကား (ရှိခဲ့ဖူးသည်ဟူ၍လည်း) မကြားခဲ့ဖူး ကြပါဟု ဆိုကြကုန်၏။

وَقَالَ مُوسَىٰ رَبِّىٓ أَعْلَمُ بِمَن جَآءَ بِٱلْهُدَىٰ مِنْ عِندِهِۦ وَمَن تَكُونُ لَهُۥ عَٰقِبَةُ ٱلدَّارِ ۖ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٣٧﴾

၃၇။ ၎င်းပြင် မူစာက ပြောကြားခဲ့၏။ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိ အထံတော်မှ မည်သူတရားလမ်းညွှန်ကို ဆောင်ကြဉ်း ခဲ့သည်ကိုလည်းကောင်း၊ ဤလောကီဘဝ၏နောက်ဆုံး အကျိုးသည် မည်သူ့အဖို့ ရှိမည်ကိုလည်းကောင်း၊ အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။ ဧကန်အမှန် မတရားကျူးလွန်သော သူတို့သည် အောင်မြင်မှုကို ရရှိကြမည် မဟုတ်ပေတကား။

➢➢ အတိတ်ကို တွေးကာ အလ္လာဟ်အရှင်မြတ် ထံတော်၌ ကျွန်တော်မျိုးသည် ယခင်က (Copt)တစ်ဦးအား သတ်ဖြတ်မိခဲ့ရာ ဖစ်ရ်အောင်နှင့် ၎င်း၏အမျိုးသားများသည် မိမိအား ရောက်မဆိုက် သတ်ဖြတ်ကြမည်ကို စိုးရိမ်ကြောင်း၊ တန်ခိုးတော်များ အထင်အရှား ပြပါလျက် ဖစ်ရ်အောင်နှင့် ၎င်း၏နောက်ပါများ ဇွတ်မိုက် ငြင်းပယ်ကြပါက၊ သို့ ငြင်းပယ်ကြသည့်အတွက် စကားအချေအတင် ပြောဆိုရပါက မိမိမှာ သွက်လက်စွာ စကားမပြောဆိုနိုင်ရာ၊ မိမိထက် အာစ၊လျှာစကောင်း၍ သွက်လက်စွာ စကားပြောဆိုနိုင်သော နောင်တော်ဟာရွန်ကို မိမိအား ကူညီရိုင်းပင်းသူအဖြစ် မိမိနှင့်အတူတကွ စေလွှတ်ပေးတော် မူပါမည့်အကြောင်း လျှောက်ထားပန်ကြားရာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာ၏ ပန်ကြားချက် ၂ရပ်လုံးကို ဤအာယတ်တော်များတွင် လာရှိသည့် အတိုင်း လက်ခံဖြည့်စွမ်းပေးတော် မူလိုက်လေသည်။

ဤအကြောင်း ကုရ်အာန် (၂၀ : ၂၅ - ၃၆)တွင် ပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာ အဖွင့်များလည်း ရေးသားခဲ့ပေပြီ။

وَقَالَ فِرْعَوْنُ يَٰٓأَيُّهَا ٱلْمَلَأُ مَا عَلِمْتُ لَكُم مِّنْ إِلَٰهٍ غَيْرِى ۖ فَأَوْقِدْ لِى يَٰهَٰمَٰنُ عَلَى ٱلطِّينِ فَٱجْعَل لِّى صَرْحًا لَّعَلِّىٓ أَطَّلِعُ إِلَىٰٓ إِلَٰهِ مُوسَىٰ وَإِنِّى لَأَظُنُّهُۥ مِنَ ٱلْكَٰذِبِينَ ﴿٣٨﴾

၃၈။ ထို့ပြင် ဖစ်ရ်အောင်နှ်က ပြောဆိုလေ၏။ အို-မှူးမတ်တို့၊ ကျွန်ုပ်သည် မိမိအပြင် အသင်တို့၌ အခြားကိုးကွယ်ရာရှိသည်ဟူ၍မသိပေ။ သို့ဖြစ်ပေရာ အို-'ဟာမာန်'၊ အသင်သည် ကျွန်ုပ်၏အဖို့ ရွံ့မြေကို မီးဖြင့်ဖုတ်ပြီးလျှင် ကျွန်ုပ်၏အဖို့ မြင့်မားသော အဆောက်အအုံတစ်ခုကို ပြုလုပ်လော့။ သို့မှသာလျှင် ကျွန်ုပ်သည် မူစာ၏ကိုးကွယ်ရာ အရှင်အား ကြည့်ရှုနိုင်ပေမည်။ သို့ရာတွင်ဧကန်မလွဲ ကျွန်ုပ်သည် ထိုမူစာအား မုသာဝါဒီဖြစ်သည်ဟူ၍ ထင်မှတ်ပေသည်၊

---

① **ဖစ်ရ်အောင်နှ်၏ ဥာဏ်နီ။**

အတိတ်ခေတ် အီဂျစ်ပြည် နိုင်ငံရင်းသားများဖြစ်သော (Copt)တို့၏ ယုံကြည်စွဲလမ်းမှု တစ်ရပ်မှာ ဖစ်ရ်အောင်နှ်များသည် [အောင်တာရ] ဘုရားသခင် ဝင်စားသူများ ဖြစ်ခဲ့ကြသည်။ နေသည် [အောင်တာရ]များတွင် အကြီးဆုံးဖြစ်၍ ဘုရင်သည် နေ၏ အသက်ထင်ရှား ရှိနေသော [အောင်တာရ]ပင် ဖြစ်ခဲ့သည်။

တမန်တော်မူစာနှင့် ခေတ်ပြိုင်ဖြစ်သော ဖစ်ရ်အောင်နှ်သည်လည်း၊ ၎င်း၏ မျိုးနွယ်ဝင်များထဲတွင် ဘုရားတစ်ဆူ ဖြစ်ရှိနေခဲ့၏။ ဖစ်ရ်အောင်နှ်ကလည်း 'ငါသည်အသင်တို့၏ အကြီးဆုံးဘုရား ဖြစ်သည်'ဟု ကြွေးကြော်ခဲ့၏။ ကြည့်-ကုရ်အာန် (၇၉:၂၄)။ ဖစ်ရ်အောင်နှ် ဖြားယောင်း ကြွေးကြော်ခဲ့သည့်အတိုင်း ၎င်း၏ အမျိုးသားများကလည်း ၎င်းအား ဘုရားတစ်ဆူ ဟူ၍ပင် ထင်မှတ်ကိုးကွယ်နေခဲ့ကြ၏။ ကြည့်-ကုရ်အာန် (၄၃:၅၄)။

ထိုသည့်အခြေအနေတွင် တမန်တော်မူစာ ပွင့်ပေါ်လာပြီး၊ ဖစ်ရ်အောင်နှ်သည် ကိုးကွယ်ဆည်းကပ်ရာ အရှင်သခင် မဟုတ်ကြောင်း၊ အမှန်တကယ် ဆည်းကပ်ကိုးကွယ်ရာ အရှင်သခင်မှာ စကြာဝဠာအဝှန်းကို စတင်ဖန်ဆင်းတော်မူသော အတိုင်းအဆမရှိ တန်ခိုးတော်ဥာဏ်တော်နှင့် ပြည့်စုံတော်မူသော၊ ဂုဏ်ရည်တူကင်းသော၊ တစ်ဆူတည်း ဖြစ်တော်မူသော 'အလ္လာဟ်' အရှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်းကို ဟောကြား၍ ထိုအရှင်မြတ်၏ ထင်ရှားသော တန်ခိုးတော်များကို ပြသသောအခါ ဖစ်ရ်အောင်နှ်သည် မိမိ၏ (Copt) အမျိုးသားများ တမန်တော်မူစာ၏တရား လက်ခံနာယူသွားကြမည်ကို စိုးရိမ်မိ၏။

ထိုအခါ ဖစ်ရ်အောင်နှ်သည် မိမိ၏အမျိုးသားများကို လှည့်စား ဖြားယောင်းနိုင်ရန်အတွက် ဥာဏ်နီ၊ ဥာဏ်ဝါထုတ်၍ 'အို... မှူးမတ်တို့၊ ငါသည် မိမိအပြင် အသင်တို့၌ အခြားကိုးကွယ်ရာ အရှင်သခင် ရှိသည်ဟူ၍မသိ။ အို... ဟာမာန်။ အသင်သည် ငါ့အဖို့ ရွံ့မြေကိုမီးဖုတ်၍ အုတ်လုပ်ပြီး အလွန်မြင့်စွင့်သော အဆောက်အအုံတစ်ခု တည်ဆောက်လေ၊ ငါသည် ထိုအဆောက်အအုံပေါ်သို့ တက်၍ မူစာ၏ကိုးကွယ်ရာ အရှင်သခင်ကို ကြည့်ရှုမည်။ အမှန်မှာ မူစာသည် မုသာဝါဒီတစ်ဦး ဖြစ်သည်ဟူ၍သာ ငါထင်သည်'ဟု ပြက်ရယ် ပြောဆိုလိုက်လေသည်။

وَاسْتَكْبَرَ هُوَ وَجُنُودُهُ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَظَنُّوا أَنَّهُمْ إِلَيْنَا لَا يُرْجَعُونَ ﴿٣٩﴾

၃၉။ စင်စစ်သော်ကား ထိုဖစ်ရိအောင်နှင့်သည်လည်းကောင်း၊ ဖစ်ရိအောင်နှင့်၏ရဲမက်တို့သည်လည်းကောင်း၊ တိုင်းပြည်တွင် မတရားသဖြင့် မာန်မာနထောင်လွှားခဲ့ကြသည်သာမက၊ ၎င်းတို့သည် ငါအရှင်မြတ် အထံတော်သို့ ပြန်လည်ရောက်ရှိကြရမည် မဟုတ်ဟု ထင်မှတ်နေခဲ့ကြကုန်၏။

فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ ۖ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الظَّالِمِينَ ﴿٤٠﴾

၄၀။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို ဖစ်ရိအောင်နှင့်အားလည်းကောင်း၊ ထိုဖစ်ရိအောင်နှင့်၏ရဲမက်တို့အားလည်းကောင်း၊ ဖမ်းဆီးကာ သမုဒ္ဒရာပင်လယ်ထဲ၌ ပစ်ချတော်မူခဲ့၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) မတရားသောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို အသင်သည်ကြည့်ရှုပါလေ။

وَجَعَلْنَاهُمْ أَئِمَّةً يَدْعُونَ إِلَى النَّارِ ۖ وَيَوْمَ الْقِيَامَةِ لَا يُنْصَرُونَ ﴿٤١﴾

၄၁။ စင်စစ်ငါအရှင်မြတ်သည် ၎င်းတို့အား ငရဲသို့ဖိတ်ခေါ်ကြကုန်သော ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် ထိုသူတို့သည် ကူညီစောင်မခြင်းကို လုံးဝခံကြရမည်မဟုတ်ပေ။

وَأَتْبَعْنَاهُمْ فِي هَٰذِهِ الدُّنْيَا لَعْنَةً ۖ وَيَوْمَ الْقِيَامَةِ هُمْ مِنَ الْمَقْبُوحِينَ ﴿٤٢﴾

၄၂။ စင်စစ် ငါအရှင်မြတ်သည် ဤပစ္စုပ္ပန်လောကဌ္ဌလည်း၊ ကရဏာတော်မှ ကင်းဝေးမှုကို ၎င်းတို့၏နောက်မှ ထပ်ကြပ်မကွာ လိုက်ပါစေတော်မူခဲ့၏။ 'ကိယာမတ်'ရှင်ပြန်ထမည့်နေ့တွင်လည်း ၎င်းတို့သည် အခြေအနေ အလွန်ဆိုးရွားသူတို့အနက်မှပင် ဖြစ်ကြကုန်အံ့သတည်း။

وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ مِنْ بَعْدِ مَا أَهْلَكْنَا

၄၃။ ၎င်းပြင် မချွတ်မလွဲ ငါအရှင်မြတ်သည် ရှေးဟောင်းမျိုးဆက်များကို ဖျက်ဆီးတော်မူခဲ့ပြီးနောက်

الْقُرُوْنَ الْاُوْلٰى بَصَآىِٕرَ لِلنَّاسِ وَهُدًى وَّرَحْمَةً لَّعَلَّهُمْ يَتَذَكَّرُوْنَ ﴿٤٣﴾

وَمَا كُنْتَ بِجَانِبِ الْغَرْبِيِّ اِذْ قَضَيْنَآ اِلٰى مُوْسَى الْاَمْرَ وَمَا كُنْتَ مِنَ الشّٰهِدِيْنَ ﴿٤٤﴾

လူတို့အဖို့ တရားရကြအံ့သောငှာ ထင်ရှားစွာသော သက်သေခံများအဖြစ်လည်းကောင်း၊ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း၊ ငါအရှင်မြတ်သည် မူစာအား ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၃

၄၄။ စင်စစ်သော်ကား (အို-တမန်တော်၊) ငါအရှင်မြတ်သည် မူစာ၏ထံသို့ အမိန့်တော်(များ)ကို ထုတ်ပြန်တော်မူခဲ့စဉ်အခါ၌ အသင်သည် (တောင်၏) အနောက်ဘက်အရပ်၌ ရှိခဲ့သည်လည်းမဟုတ်ပေ။ ထိုနည်းတူစွာ အသင်သည် ကြည့်ရှုသောသူတို့တွင် အပါအဝင် ဖြစ်ခဲ့သည်လည်း မဟုတ်ပေ။ ၄

---

③ <u>တမန်တော်အသီးသီးတို့အား စေလွှတ်တော်မူ၍ နောက်ဆုံးတွင် တမန်တော်မြတ် မုဟမ္မဒ်အား စေလွှတ်တော်မူခြင်း။</u>

လူသားတို့အား တရားရအေးအမြဲက်ဆေး တိုက်ကျွေးရန်အလို့ငှာ ခေတ်တိုင်း လူမျိုးတိုင်းလိုလိုမှာပင် တမန်တော်များအသီးသီး ပွင့်ပေါ်လာခဲ့ကြ၏။ တမန်တော်နူဟ်၏ အမျိုးသားများ၊ တမန်တော်လူတ်၏ အမျိုးသားများ၊ တမန်တော်ဟူဒ်၏ အမျိုးသားများ၊ တမန်တော်ဆွာလိဟ်၏ အမျိုးသားများ ... အသီးသီး ကွပ်မျက်ခြင်း ခံကြရပြီးနောက်ပိုင်းတွင် သက်ဆိုင်ရာ တမန်တော်များ၏ တရားတော်များသည်လည်း ယိုယွင်း ပျောက်ပျက်သွားခဲ့၏။

လူသားတို့အဖို့ တရားဓမ္မ လိုအပ်လာခဲ့၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မူစာအား ပွင့်ပေါ်စေတော်မူ၍ တရားရဖွယ်ရာ၊ ဆင်ခြင်ဖွယ်ရာ သက်သေလက္ခဏာများ ပါရှိသော၊ တရားဓမ္မလည်းဖြစ်သော၊ ကရုဏာလည်းမည်သော 'တောင်ရာတ်'ကျမ်းကို ချပေးတော်မူခဲ့၏။

တမန်တော်မူစာ ကွယ်လွန်အနိစ္စ ရောက်ပြီးနောက် တောင်ရာတ် ကျမ်းသည်လည်း ယခင်နည်းတူ ယင်းကျမ်းကို လက်ခံနာယူ ကျင့်မူသူများ၏ ပေါ့လျော့မှု၊ ကပြောင်းကပြန် ပြုလုပ်မှုများကြောင့် ယိုယွင်း ပပျောက်သွားခဲ့ရပြန်၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မျိုးနွယ်ဆက် အသီးသီးကို ဖန်ဆင်းတော်မူ၍ သက်ဆိုင်ရာ တမန်တော်များအား ပွင့်ပေါ်စေတော်မူခဲ့ပြန်၏။ သက်ဆိုင်ရာ တရားတော်များကိုလည်း ချပေးတော်မူခဲ့၏။ ဤသို့အားဖြင့် နှစ်ပရိဿေဒ အတော်ကြာညောင်းခဲ့၏။ ယင်းသည့်တမန်တော်များ ကွယ်လွန်သေဆုံးသွားခဲ့ကြသောအခါ သက်ဆိုင်ရာ တရားတော်များသည်လည်း ယိုယွင်း ပျောက်ပျက်သွားခဲ့ပြန်၏။ လူသားတို့အဖို့ တရားဓမ္မသည် အထူးလိုအပ်လာပြန်ခဲ့၏။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား နောက်ဆုံး တမန်တော်အဖြစ် စေလွှတ်တော်မူ၍ ကမ္ဘာတစ်သက်တည်ရှိမည်ဖြစ်သော ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန် ချမှတ်တော်မူလိုက်လေသည်။

وَلَٰكِنَّآ أَنشَأْنَا قُرُونًا فَتَطَاوَلَ عَلَيْهِمُ ٱلْعُمُرُ ۚ وَمَا كُنتَ ثَاوِيًا فِىٓ أَهْلِ مَدْيَنَ تَتْلُوا۟ عَلَيْهِمْ ءَايَٰتِنَا وَلَٰكِنَّا كُنَّا مُرْسِلِينَ ﴿٤٥﴾

၄၅။ သို့ရာတွင် ငါအရှင်မြတ်သည် မြောက်မြားစွာသော မျိုးဆက်တို့ကို ပေါက်ပွားစေတော်မူခဲ့၏။ ၎င်းတို့အပေါ်၌ နှစ်ပရိဿေဒလည်း ကြာညောင်းခဲ့၏။ ထိုမှတပါး (အိုး-တမန်တော်၊) အသင်သည် မဒ်ယန်မြို့သားတို့တွင် နေထိုင်ကာ ၎င်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ အာယတ်တော်များကို ဖတ်ကြားလျက်ရှိခဲ့ဖူးသည်လည်းမဟုတ်ပေ။ သို့ရာတွင် ငါအရှင်မြတ်သည် (အသင့်အား ရာစုလတမန်တော်အဖြစ်) စေလွှတ်တော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَمَا كُنتَ بِجَانِبِ ٱلطُّورِ إِذْ نَادَيْنَا وَلَٰكِن رَّحْمَةً مِّن رَّبِّكَ لِتُنذِرَ قَوْمًا مَّآ أَتَىٰهُم

၄၆။ ၎င်းပြင် ငါအရှင်မြတ်သည် (မူစာအား) ဟစ်ခေါ်တော်မူခဲ့စဉ်အခါတွင် အသင်သည် 'တူရ်' တောင်၏နံဘေး၌ ရှိခဲ့သည်လည်းမဟုတ်ပေ။ သို့ရာတွင်အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကရုဏာတော်ဖြင့် အကြင်အမျိုးသားတို့

---

③ တမန်တော်မြတ် တမန်တော်ဖြစ်ကြောင်း အထောက်အထားတစ်ရပ်။

တမန်တော်မြတ်သည် အလွှာဟ်အရှင်မြတ်၏ တမန်တော် အစစ်အမှန်ဖြစ်ကြောင်း အထောက်အထား အမြောက်အမြားရှိသည်။ ယင်းသည့် အထောက်အထားများတွင် တမန်တော်မူစာ၏ ဖြစ်ကြောင်းကုန်စင်ကို တိကျမှန်ကန်စွာ ပြောပြတော်မူနိုင်ခြင်းသည်လည်း အထောက်အထားတစ်ရပ် အပါအဝင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မူစာအား အလွှာဟ်အရှင်မြတ်က တောင်ရာတ် ချီးမြှင့်တော်မူစဉ် တမန်တော်မြတ်သည် တူရ်၏ အနောက်ဘက်၌ ရှိနေခဲ့သည်လည်း မဟုတ်၊ တမန်တော်မြတ်သည် ထိုခေတ်ထိုအခါတွင် ရှိနေခဲ့ကြသူများတွင် ရှိနေခဲ့သည်လည်း မဟုတ်၊ တမန်တော်မြတ်သည် မဒ်ယန်မြို့သူမြို့သားများတွင် နေထိုင်ကာ တရားတော်များကို ဟောကြားနေခဲ့ဖူးသည်လည်း မဟုတ်။

အလွှာဟ်အရှင်မြတ်က တမန်တော်မူစာအား အသံပြုတော်မူခဲ့စဉ်ကလည်း တမန်တော်မြတ်သည် တူရ်၏နံဘေး၌ ရှိနေခဲ့သည်လည်း မဟုတ်။ ထို့ပြင်တစ်ဝ တမန်တော်မူစာနှင့် တမန်တော်မြတ်၏ စပ်ကြားတွင် နှစ်ပရိဿေဒလည်း အမြောက်အမြား ကွာခြားလျက်ရှိနေသည်။ နှစ်ပရိဿေဒကြာညောင်းလှပြီ ဖြစ်သည့်အတွက် အတိတ်ခေတ် ကျန်းဂန်များလည်း ယိုယွင်းပျောက်ပျက်လျက် ရှိချေပြီ။ ထို့ပြင်တစ်ဝ တမန်တော်မြတ်သည် 'အွန်မီ' ဖြစ်တော်မူသည်။ လူသားတို့အနက် မည်သူ့ထံ၌မျှ ချဉ်းကပ်၍ ပညာဆည်းပူးခဲ့သည် ဟူ၍လည်း အလျှင်းမရှိ။ သို့ဖြစ်ပါလျက် တမန်တော်မူစာ၏ ဖြစ်ကြောင်းကုန်စင်ကို တိကျမှန်ကန်စွာ ပြောပြနိုင်တော်မူခြင်းမှာ အလွှာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ ကျရောက်လာခဲ့သော 'ဝဟီ'အမိန့်တော်များ၏ကျေးဇူးပင်။

مِّن نَّذِيرٍ مِّن قَبْلِكَ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٤٦﴾

အား သတိပေးနှိုးဆော်အံ့သောငှာ (နဗီတမန်တော် အဖြစ် ချီးမြှင့်တော်မူခြင်းကို ခံခဲ့ရလေသည်)။ ထို အမျိုးသားတို့ထံ အသင့်အလျောင် သတိပေးနှိုးဆော်သူ တစ်ဦးမျှပင် ရောက်ရှိ၍လာခဲ့သည် မဟုတ်ပေ။ သို့မှသာလျှင် ၎င်းတို့သည် တရားရကြပေမည်။

وَلَوْلَا أَن تُصِيبَهُم مُّصِيبَةٌۢ بِمَا قَدَّمَتْ أَيْدِيهِمْ فَيَقُولُوا رَبَّنَا لَوْلَا أَرْسَلْتَ إِلَيْنَا رَسُولًا فَنَتَّبِعَ آيَاتِكَ وَنَكُونَ مِنَ الْمُؤْمِنِينَ ﴿٤٧﴾

၄၇။ စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့ အပေါ်၌ ၎င်းတို့ကြိုတင်ပို့နှင့်ခဲ့ကြသော(ပြစ်မှုများ) ကြောင့် ဒုက္ခတစ်စုံတစ်ရာ သက်ရောက်လာသောအခါ ၎င်းတို့က အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်၊ အရှင်မြတ်သည် အဘယ့်ကြောင့် ကျွန်တော်မျိုးတို့ထံ ရဿူလ်တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မမူခဲ့ပါသနည်း။

သို့စေလွှတ်တော်မူခဲ့ပါလျှင် ကျွန်တော်မျိုး တို့သည် အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာ ကြမည်ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည် သူများတွင် အပါအဝင် ဖြစ်ကြပါမည်ဟု မပြောဆိုကြပါလျှင် (ငါအရှင်မြတ် သည် ရဿူလ်တမန်တော်ကို စေလွှတ်တော်မူမည် မဟုတ်ပေ)။

فَلَمَّا جَاءَهُمُ الْحَقُّ مِنْ عِندِنَا قَالُوا لَوْلَا أُوتِيَ مِثْلَ مَا أُوتِيَ مُوسَىٰ ۚ أَوَلَمْ يَكْفُرُوا بِمَا أُوتِيَ مُوسَىٰ

၄၈။ သို့ရာတွင်၎င်းတို့ထံသို့ ငါအရှင်မြတ်ထံတော်မှ အမှန်တရားသည်ရောက်ရှိ၍လာသောအခါ ၎င်းတို့က အဘယ်ကြောင့် (ဤရဿူလ်တမန်တော်သည်) မူစာ ချီးမြှင့် ပေးသနားတော်မူခြင်း ခံခဲ့ရသကဲ့သို့သော အရာကို ချီးမြှင့်ပေးသနားတော်မူခြင်း မခံခဲ့ရပါ သနည်းဟု ပြောဆိုခဲ့ကြကုန်၏။

مِنْ قَبْلُهٖ هُمْ بِهٖ يُؤْمِنُوْنَ ﴿٥٢﴾ وَاِذَا يُتْلٰى عَلَيْهِمْ قَالُوْٓا اٰمَنَّا بِهٖٓ اِنَّهُ الْحَقُّ مِنْ رَّبِّنَآ اِنَّا كُنَّا مِنْ قَبْلِهٖ مُسْلِمِيْنَ ﴿٥٣﴾ اُولٰٓئِكَ يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ بِمَا صَبَرُوْا وَيَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿٥٤﴾ وَاِذَا سَمِعُوا اللَّغْوَ اَعْرَضُوْا عَنْهُ وَقَالُوْا لَنَآ اَعْمَالُنَا وَلَكُمْ اَعْمَالُكُمْ سَلٰمٌ عَلَيْكُمْ لَا نَبْتَغِي الْجٰهِلِيْنَ ﴿٥٥﴾ اِنَّكَ لَا تَهْدِيْ مَنْ اَحْبَبْتَ وَلٰكِنَّ اللّٰهَ يَهْدِيْ مَنْ يَّشَآءُ وَهُوَ اَعْلَمُ بِالْمُهْتَدِيْنَ ﴿٥٦﴾ وَقَالُوْٓا اِنْ نَّتَّبِعِ الْهُدٰى مَعَكَ نُتَخَطَّفْ مِنْ اَرْضِنَا اَوَلَمْ نُمَكِّنْ لَّهُمْ حَرَمًا اٰمِنًا يُّجْبٰٓى اِلَيْهِ ثَمَرٰتُ كُلِّ شَيْءٍ رِّزْقًا مِّنْ لَّدُنَّا وَلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿٥٧﴾ وَكَمْ اَهْلَكْنَا مِنْ قَرْيَةٍ بَطِرَتْ مَعِيْشَتَهَا فَتِلْكَ مَسٰكِنُهُمْ لَمْ تُسْكَنْ مِّنْۢ بَعْدِهِمْ اِلَّا قَلِيْلًا وَكُنَّا نَحْنُ الْوٰرِثِيْنَ ﴿٥٨﴾ وَمَا كَانَ رَبُّكَ مُهْلِكَ الْقُرٰى حَتّٰى يَبْعَثَ فِيْٓ اُمِّهَا رَسُوْلًا يَّتْلُوْا عَلَيْهِمْ اٰيٰتِنَا وَمَا كُنَّا مُهْلِكِي الْقُرٰٓى اِلَّا وَاَهْلُهَا ظٰلِمُوْنَ ﴿٥٩﴾ وَمَآ اُوْتِيْتُمْ مِّنْ شَيْءٍ فَمَتَاعُ الْحَيٰوةِ الدُّنْيَا وَزِيْنَتُهَا وَمَا عِنْدَ اللّٰهِ خَيْرٌ وَّاَبْقٰى اَفَلَا تَعْقِلُوْنَ ﴿٦٠﴾ اَفَمَنْ وَّعَدْنٰهُ وَعْدًا حَسَنًا فَهُوَ لَاقِيْهِ كَمَنْ مَّتَّعْنٰهُ مَتَاعَ الْحَيٰوةِ الدُّنْيَا ثُمَّ هُوَ يَوْمَ الْقِيٰمَةِ مِنَ الْمُحْضَرِيْنَ ﴿٦١﴾ وَيَوْمَ يُنَادِيْهِمْ فَيَقُوْلُ اَيْنَ شُرَكَآءِيَ الَّذِيْنَ كُنْتُمْ تَزْعُمُوْنَ ﴿٦٢﴾ قَالَ الَّذِيْنَ حَقَّ عَلَيْهِمُ الْقَوْلُ رَبَّنَا هٰٓؤُلَآءِ الَّذِيْنَ اَغْوَيْنَآ اَغْوَيْنٰهُمْ كَمَا غَوَيْنَا تَبَرَّاْنَآ اِلَيْكَ مَا كَانُوْٓا اِيَّانَا يَعْبُدُوْنَ ﴿٦٣﴾ وَقِيْلَ ادْعُوْا شُرَكَآءَكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيْبُوْا لَهُمْ وَرَاَوُا الْعَذَابَ لَوْ اَنَّهُمْ كَانُوْا يَهْتَدُوْنَ ﴿٦٤﴾ وَيَوْمَ يُنَادِيْهِمْ فَيَقُوْلُ مَاذَآ اَجَبْتُمُ الْمُرْسَلِيْنَ ﴿٦٥﴾ فَعَمِيَتْ عَلَيْهِمُ الْاَنْۢبَآءُ يَوْمَئِذٍ فَهُمْ لَا يَتَسَآءَلُوْنَ ﴿٦٦﴾ فَاَمَّا مَنْ تَابَ وَاٰمَنَ وَعَمِلَ صَالِحًا فَعَسٰٓى اَنْ يَّكُوْنَ مِنَ الْمُفْلِحِيْنَ ﴿٦٧﴾ وَرَبُّكَ يَخْلُقُ مَا يَشَآءُ وَيَخْتَارُ مَا كَانَ لَهُمُ الْخِيَرَةُ سُبْحٰنَ اللّٰهِ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿٦٨﴾

ဂင်းတို့သည် ယခင်ကတမန်တော်မူစာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရသောအရာကို ငြင်းပယ်ခဲ့ကြသည်မဟုတ်လော၊ [၁] ဂင်းတို့က (တောင်ရာတော်ကျမ်းနှင့်ကုရ်အာန်ကျမ်းမြတ်)နှစ်ခုလုံးပင် အချင်းချင်း တစ်ခုကိုတစ်ခု ရိုင်းပင်း ထောက်ခံသော ပဋ္ဌလက်အတတ်ဖြစ်သည်ဟု ပြောဆိုခဲ့ကြကုန်၏။ ထိုမှတပါး ဂင်းတို့က ဧကန်စင်စစ် ကျွန်ုပ်တို့သည် အားလုံးကို ငြင်းပယ်သူများပင် ဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြကုန်၏။

قُلْ فَاْتُوْا بِكِتٰبٍ مِّنْ عِنْدِ اللّٰهِ هُوَ اَهْدٰى مِنْهُمَآ اَتَّبِعْهُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٤٩﴾

၄၉။ (အို-နဗီတမန်တော်၊) အသင်သည် (ဂင်းတို့အား)(အချင်းတို့၊) အကယ်၍ အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြပါလျှင်အသင်တို့သည် အလွှာဟ်အရှင်မြတ်အထံတော်မှ ဤ(တောင်ရာတ်နှင့်ကုရ်အာန်)နှစ်စောင်လုံးထက် ပိုမို၍ တရားလမ်းညွှန်ဖြစ်သော ကျမ်းဂန်တစ်စောင်ကို ဆောင်ကြဉ်းခဲ့ကြလေကုန်။ ငါသည် ယင်းကျမ်းဂန်နှင့်အညီ လိုက်နာပါမည်ဟု ပြောကြားပါလေ။ [၂]

---

① အရဗ်ကာဖိရ်တို့ကား အဲ့ဖွယ်ပင်။ တမန်တော် စေလွှတ်တော်မူပါက အဘယ်ကြောင့် တမန်တော် စေလွှတ်တော်မူပါသနည်းဟု ဆိုကြသည်။ တမန်တော် ပွင့်လာတော်မူပြန်သည့်အခါ 'ဤတမန်တော်သည် တမန်တော်မူစာကဲ့သို့ တောင်ဓေး၊ လင်းဝင်းလောက်ပသည့် လက်၊ စသည့်တန်ခိုးများ အဘယ်ကြောင့် ချီးမြှင့်ခြင်း မခံရသနည်း။ ဤတမန်တော်သည် တမန်တော်မူစာကဲ့သို့ ကျမ်းတစ်စောင်လုံး တစ်ကြိမ်တည်း တစ်ပါတည်း အဘယ်ကြောင့် ချီးမြှင့်ခြင်း မခံရသနည်း...' စသည်ဖြင့် ဆင်ခြေကန်ခဲ့ကြပြန်လေသည်။

အရဗ်ကာဖိရ်များက ယင်းသို့ပြောဆိုခြင်းမှာ ရိုးသားစွာ ပြောဆိုခြင်းမဟုတ်။ အမှန်တရားကို မနာယူလိုသဖြင့် အပြစ်ရှာခြင်းသာ ဖြစ်သည်။ အမှန်မှာ ဂင်းတို့သည် လူသားထဲမှ တမန်တော်ဖြစ်သည်ကိုပင် မယုံကြည်ခဲ့ကြပေ။ တမန်တော် မူစာအားလည်း အားလုံး ယုံကြည်ခဲ့ကြသည် မဟုတ်ပေ။ တမန်တော်မူစာ၏ ကျမ်းကိုလည်း အားလုံးလက်ခံနာယူ ကျင့်မူခဲ့ကြသည် မဟုတ်ပေ။ ကြည့်-ကုရ်အာန် (၂၈:၃၆)။

အရဗ်ကာဖိရ်များသည် တမန်တော်မြတ်အား မနာခံလိုကြသည့်အခါ ပရိယာယ်သုံးကာ တမန်တော်မူစာအား ရှေ့ထား၍ ဤတမန်တော်သည် တမန်တော်မူစာ၏ တန်ခိုးများပြလျှင် ကျွန်ုပ်တို့သည် ဤတမန်တော်အား ယုံကြည်ကြပါမည်ဟု ဆိုခဲ့ကြလေသည်။

فَإِن لَّمْ يَسْتَجِيبُوا لَكَ فَاعْلَمْ أَنَّمَا يَتَّبِعُونَ أَهْوَاءَهُمْ ۚ وَمَنْ أَضَلُّ مِمَّنِ اتَّبَعَ هَوَاهُ بِغَيْرِ هُدًى مِّنَ اللَّهِ ۚ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿٥٠﴾

၅၀။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်၏ ပြောကြားချက်ကို သဘောမတူခဲ့ကြပါလျှင် ၎င်းတို့သည် မိမိတို့၏စိတ်အလိုဆန္ဒများကို လိုက်စားသူများသာလျှင် ဖြစ်ကြသည်ဟူ၍သာ အသင်သည် မှတ်ယူပါလေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်အထံတော်မှ တရားလမ်းညွှန်ခြင်း တစ်စုံတစ်ရာမျှ မရှိဘဲလျက် မိမိ၏စိတ်အလိုဆန္ဒကိုသာ လိုက်စားသောသူထက် ပိုမို၍လမ်းလွဲမှားသောသူဟူ၍ကား မည်သူရှိပါအံ့နည်း။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကျူးကျော်စော်ကားသော အမျိုးသားတို့အား တရားလမ်းမှန်ကို ညွှန်ပြတော်မူသည် မဟုတ်ပေ။

⑨ ကုရ်အာန်နှင့် တောင်ရာတ်ထက်သာသော ကောင်းကင်ကျ ကျမ်းရှိက တင်ပြကြ။

ကောင်းကင်ကျ ကျမ်းများတွင် ကုရ်အာန်နှင့်တောင်ရာတ်သည် အကျော်ကြားဆုံးပင် ဖြစ်ခဲ့၏။ (တောင်ရာတ်ကား ယိုယွင်းသွားခဲ့ချေပြီ။ ကုရ်အာန်ကား ယနေ့ထက်တိုင် မူရင်းအတိုင်း တည်ရှိလျက်ပင်၊ ကမ္ဘာတစ်သက် တည်ရှိနေမည်ပင်)။ အရဗ်ကာဖိရ်များက ကုရ်အာန်နှင့် တောင်ရာတ်ကျမ်း ၂-စောင်လုံးသည် ပဋ္ဌလက်ဖြစ်သည်ဟုဆိုခဲ့ကြရာ တမန်တော်မြတ်က သို့ဖြစ်လျှင်အသင်တို့သည် ထိုကျမ်း၂-စောင်ထက် ပိုမို၍ တရားမမှောက်သည့်ပြသော ကောင်းကင်ကျကျမ်းတစ်စောင်ကို ယူဆောင်လာကြကုန်။ အကယ်တန္ဆေ ထိုသို့သောကျမ်းကို အသင်တို့ ယူဆောင်လာနိုင်ခဲ့ကြလျှင် ကျွန်ုပ်သည် ထိုကျမ်းကိုလက်ခံနာယူကျင့်မူပါမည်ဟု ကြေညာခဲ့လေသည်။

ဤကား သဘာဝကျသော၊မျှတသော၊ လူတိုင်းလက်ခံနိုင်သော၊ လက်ခံရမည်ဖြစ်သော ကြေညာချက်ပင်။ သို့တစေလည်း အရဗ်ကာဖိရ်များသည် တမန်တော်မြတ်၏ ကြေညာချက်ကို အဘယ်မှာလျှင် ရင်ဆိုင်နိုင်ခဲ့ကြအံ့နည်း။ ကုရ်အာန်နှင့် တောင်ရာတ်ထက်သာသော ကောင်းကင်ကျကျမ်းကို အသို့လျှင် ယူဆောင်လာနိုင်ခဲ့ကြအံ့နည်း။ကမ္ဘာတစ်သက် ယူဆောင်လာနိုင်ကြမည် မဟုတ်ပေ။ အရဗ်ကာဖိရ်များ ပြောဆိုသကဲ့သို့ ကုရ်အာန်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပြုလုပ်ဖန်တီးထားသောပဋ္ဌလက်ဖြစ်ပါက ကမ္ဘာအဝှန်းရှိ ပဋ္ဌလက်များကို စုပေါင်း၍ ထိုထက်ကြီးမားသော ပဋ္ဌလက်ကို ပြုလုပ်နိုင်ကြရပေမည်။ ပဋ္ဌလက်ကား မယှဉ်ပြိုင်နိုင်သော အရာမဟုတ်ချေ။

အရဗ်ကာဖိရ်များသည် မိမိတို့ကိုယ်တိုင်လည်း ကုရ်အာန်နှင့် တောင်ရာတ်ထက်သာသော ကောင်းကင်ကျကျမ်းတစ်စောင်ကို ယူဆောင်လာနိုင်ခဲ့ကြသည်မရှိ။ မိမိတို့ထံရောက်လာသော ကောင်းကင်ကျကျမ်းကိုလည်း လက်ခံနာယူ ကျင့်မူခဲ့ကြသည် မရှိ။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ၎င်းတို့၌ အမှန်တရားကို လက်ခံနာယူကျင့်မူလိုစိတ် စိုးစဉ်းမျှပင် မရှိကြောင်း၊ မှား၊မှန်၊ဆိုး၊ကောင်း၊ သင့်၊မသင့် စိုးစဉ်းမျှမထောက်ချင့်ဘဲ မိမိတို့၏ စိတ်အလိုကိုသာ လိုက်ကာ စိတ်ထင်ရာ စိုင်းနေသူများသာဖြစ်ကြောင်း ကောင်းစွာသိနိုင်ပေသည်။ ထို့သို့ စိတ်ထင်ရာစိုင်းသူများထက် လွဲမှားသူကား အဘယ်မှာလျှင် ရှိနိုင်တော့အံ့နည်း။ ဤအကြောင်းနှင့် ဆက်စပ်၍ ကုရ်အာန် (၂း၂။ ၂း၃၃-၃၄)ကို ရှုပါကုန်။

وَلَقَدْ وَصَّلْنَا لَهُمُ الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٥١﴾

၅၁။ ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်တို့အဖို့ ၎င်းတို့တရားရကြအံ့သောငှာ (မိမိ) အာယတ်တော်များကို အဆက်မပြတ်(တဖြည်းဖြည်း) ပို့တော်မူခဲ့ပေသတည်း။

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ مِنْ قَبْلِهٖ هُمْ بِهٖ يُؤْمِنُوْنَ ﴿٥٢﴾

၅၂။ ဤ(ကုရ်အာန်ကျမ်းမြတ်)၏အလျင် ငါအရှင်ကျမ်းဂန်ချီးမြှင့်ပေးသနားတော်မူခဲ့သောသူတို့မှာကား ဤ(ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်ကြပေသည်။

وَاِذَا يُتْلٰى عَلَيْهِمْ قَالُوْٓا اٰمَنَّا بِهٖٓ اِنَّهُ الْحَقُّ مِنْ رَّبِّنَآ اِنَّا كُنَّا مِنْ قَبْلِهٖ مُسْلِمِيْنَ ﴿٥٣﴾

၅၃။ ထို့ပြင် ဤ(ကုရ်အာန်ကျမ်းမြတ်)ကို ၎င်းတို့ ရွတ်ဖတ်ကြားသောအခါ ၎င်းတို့က ကျွန်တော်မျိုးတို့သည် ဤ(ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်ပါပြီ။ ဧကန်မလွဲ ဤ(ကုရ်အာန်ကျမ်းမြတ်)သည် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ (ထုတ်ပြန်တော်မူသည့်) အမှန်တရားပင်ဖြစ်ပါသည်။ ဧကန်စင်စစ် ကျွန်တော်မျိုးတို့သည် ဤ(ကုရ်အာန်ကျမ်းမြတ် မကျရောက်မီ) အလျင်ကပင် 'မွတ်စ်လင်မ်' အမိန့်တော်ကိုလိုက်နာသူများ ဖြစ်ခဲ့ကြပါသည်ဟု ပြောဆိုခဲ့ကြကုန်၏။

اُولٰٓئِكَ يُؤْتَوْنَ اَجْرَهُمْ مَّرَّتَيْنِ بِمَا صَبَرُوْا وَيَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿٥٤﴾

၅၄။ ထိုသူတို့သည် ကြံ့ခိုင်စွာ ရှိခဲ့ကြခြင်းကြောင့်လည်းကောင်း၊ အဆိုးကို အကောင်းဖြင့် (တုံ့ပြန်) တွန်းလှန်ကြသောကြောင့်လည်းကောင်း၊ ၎င်းတို့အား ငါအရှင်မြတ်ကချီးမြှင့်ပေးသနားတော်မူခဲ့သော ပစ္စည်းဥစ္စာများအနက်မှ သုံးစွဲလှူဒါန်းကြသောကြောင့်လည်းကောင်း၊ မိမိတို့၏အကျိုးကို နှစ်ဆပေးသနားတော်မူခြင်းခံကြရပေမည်။

---

① မျှတစိတ်ရှိသော 'ကိတာဗီ' များ၏ ဂုဏ်ရည်များ။

အရဗ်ကာဖိရ်များသည် အတိတ်ခေတ် ကျမ်းဂန်များကိုလည်း မယုံကြည်ခဲ့ကြပေ။ နောက်ဆုံး ကျရောက်လာခဲ့သော ကျမ်းကိုလည်း မယုံကြည်ခဲ့ကြပေ။ ဤကားငင်းတို့၏ စိတ်ဓာတ်ခဲယဉ်းမှု၊ မိုက်မဲမှုပင်။ အရဗ်ကာဖိရ်များ ➤➤

وَإِذَا سَمِعُوا اللَّغْوَ أَعْرَضُوا عَنْهُ وَقَالُوا لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ سَلَامٌ عَلَيْكُمْ لَا نَبْتَغِي الْجَاهِلِينَ ﴿٥٥﴾

၅၅။ ထို့ပြင် ၎င်းတို့မှာ အချည်းနှီးသောစကားကို ကြားကြလေသောအခါ ထိုအချည်းနှီးသောစကားမျက်နှာလွှဲ ဆုတ်ခွာသွားကြသည့်ပြင် ကျွန်ုပ်တို့၏ အပြုအမူများသည် ကျွန်ုပ်တို့အဖို့ဖြစ်၍ အသင်တို့၏ အပြုအမူများမှာ အသင်တို့အဖို့ ဖြစ်သည်။ ငြိမ်းချမ်းမှုသည် အသင်တို့အပေါ်၌ ရှိပါစေ။ ကျွန်ုပ်တို့သည် အသိပညာ ကင်းမဲ့သူတို့အား အလိုမရှိကြပြီဟု ပြောဆိုခဲ့ကြကုန်သတည်း။

➤➤ မယုံကြည်ခဲ့ကြသော်လည်း အတိတ်ခေတ်ကျမ်းဂန် ချီးမွှင့်ခြင်းခံခဲ့ကြရသော 'အဟ်လိကိတာဗ်' ခေါ် 'ကိတာဗီ'များအနက် မျှတစိတ်ရှိသော၊ အမှန်တရားကို လိုလားသော ပုဂ္ဂိုလ်များသည် အလျင်ကတည်းကပင် တောင်ရာတ်၊ အင်နှ်ဂျီလ် ကျမ်းများကို ယုံကြည်ခဲ့ကြပေသည်။

ကုရ်အာန်ကျမ်းမြတ် ကျရောက်လာပြန်သည့်အခါ 'ဤကျမ်းသည်လည်း ကျွန်ုပ်တို့၏ အရှင်သခင်ထံတော်မှ ဖြစ်သည်။ မှန်ကန်သောကျမ်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤကျမ်းမြတ်ကိုလည်း ယုံကြည်ကြပါသည်။ ကျွန်ုပ်တို့သည် ယခင်ကတည်းကပင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံသော 'မွတ်စ်လင်မ်'များ ဖြစ်ခဲ့ကြပါသည်။ ယခုလည်း နာခံကြပါသည်။ ကျွန်ုပ်တို့သည် ယခုမှ မွတ်စ်လင်မ် ဖြစ်ကြသည်မဟုတ်။ ရှေးယခင်ကတည်းကပင် မွတ်စ်လင်မ် ဖြစ်ခဲ့ကြပါသည်'ဟု အတိအလင်းဖွင့်ဟ ပြောဆိုခဲ့ကြလေသည်။

အဘယ့်ကြောင့်ဆိုသော် ကိတာဗီများသည် အတိတ်ခေတ် ကျမ်းများကို ယုံကြည်ခဲ့ကြသည်။ ယင်းကျမ်းများတွင် နောက်ဆုံးပွင့်တော်မူမည့် တမန်တော်မြတ်အကြောင်း၊ ကုရ်အာန်ကျမ်းမြတ်အကြောင်း ကြိုတင်ဟောကြားချက်များ ပါရှိခဲ့သည်။ ကိတာဗီများသည် ယခင်က ယင်းဟောကြားချက်များကို ကြားရုံသာ ကြားခဲ့ကြရသည်။ ဖတ်ရုံသာ ဖတ်ခဲ့ကြရသည်။ ယခုမူ ယင်းဟောကြားချက်များကို မိမိတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ။

ကိတာဗီများသည် မိမိတို့၏ တမန်တော်များအား ယုံကြည်ခဲ့ကြရာတွင် တမန်တော်မြတ်အားလည်း ယုံကြည်ခဲ့ကြပေသည်။ တမန်တော်မြတ်အား ယုံကြည်ရာတွင် မိမိတို့၏ တမန်တော်များအားလည်း ယုံကြည်ခဲ့ကြပေသည်။ အဘယ့်ကြောင့်ဆိုသော် အတိတ်ခေတ် ပွင့်လေသမျှသော တမန်တော်တိုင်းသည် တမန်တော်မြတ် ပွင့်တော်မူမည့်အကြောင်း အသီးသီး ကောင်းချီးသတင်း ပေးသွားတော်မူခဲ့ကြပေသည်။ တမန်တော်မြတ် ပွင့်လာတော်မူသည့်အခါ တမန်တော်မြတ်ကလည်း အတိတ်ခေတ် ပွင့်လေသမျှသော တမန်တော်အပေါင်းတို့အား ခွဲခြားခြင်းမရှိ၊ ယုံကြည်ရမည့်အကြောင်း ဟောကြားတော်မူခဲ့သည်။ ဤသို့ဖြင့် ကိတာဗီများသည် ၂-ကြိမ်စီ အီမာန်ယုံကြည်ခဲ့ကြသည်ဖြစ်ရာ ကုသိုလ်အကျိုးလည်း ၂-ဆစီ ချီးမွှင့်တော်မူခြင်း ခံကြရပေမည်။

إِنَّكَ لَا تَهْدِي مَنْ
أَحْبَبْتَ وَلَٰكِنَّ اللَّهَ
يَهْدِي مَنْ يَشَاءُ ۚ وَهُوَ
أَعْلَمُ بِالْمُهْتَدِينَ ﴿٥٦﴾

၅၆။ ဧကန်အမှန် အသင်သည် မိမိနှစ်လိုသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သည် မဟုတ်ပေ။ စင်စစ်မှာကား အလ္လာဟ် အရှင်မြတ်သာလျှင် မိမိအလိုရှိတော်မူသောသူအားတရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူ၏။ [၁] ၎င်းပြင်ထိုအရှင်မြတ်သည်သာလျှင် တရားလမ်းမှန် ရရှိကြမည့်သူတို့အား ကောင်းစွာသိရှိတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။

وَقَالُوا إِنْ نَتَّبِعِ الْهُدَىٰ
مَعَكَ نُتَخَطَّفْ مِنْ أَرْضِنَا ۚ
أَوَلَمْ نُمَكِّنْ لَهُمْ حَرَمًا آمِنًا
يُجْبَىٰ إِلَيْهِ ثَمَرَاتُ كُلِّ شَيْءٍ
رِزْقًا مِنْ لَدُنَّا وَلَٰكِنَّ
أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٥٧﴾

၅၇။ ထိုမှတပါး၎င်းတို့က 'အကယ်၍ ကျွန်ုပ်တို့သည်အသင်နှင့်အတူ တရားလမ်းမှန်ကို လိုက်ကြလျှင် ကျွန်ုပ်တို့မှာ မိမိတို့၏ တိုင်းပြည်မှ နှင်ထုတ်ခြင်းကို ခံကြရပေမည်ဟု ပြောဆိုခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ၎င်းတို့အား ဘေးရန်ခပ်သိမ်းကင်းဝေးသောအကြင် 'ဟရမ်'အတွင်း၌ အတည်တကျ နေရာချပေးတော်မူခဲ့သည်မဟုတ်ပါလော။ ထိုဟရမ်သို့ အမျိုးမျိုးသောအသီးအနှံများသည် ငါအရှင်မြတ်၏အထံတော်မှ စားနပ်ရိက္ခာအဖြစ် သယ်ယူရောက်ရှိလာပေသည်။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့မှာ မသိ နားမလည်ကြပေတကား။ [၂]

---

① **တမန်တော်မြတ်၏ တာဝန်မှာ တရားလမ်းမှန် ညွှန်ပြခြင်းသာ။**

ဆိုလိုသည်ကား တမန်တော်မြတ်သည် အချို့ပုဂ္ဂိုလ်များအား သဘာဝအလျောက် ချစ်တော်မူ၏။ ထိုသို့သော ပုဂ္ဂိုလ်များအား အစွဲလာမ်အတွင်းသို့ ရောက်လာစေတော်မူလို၏။ ဤသို့ကား ဖြစ်ရကောင်းစေမဟုတ်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်၏ အဓိကတာဝန်မှာ တရားလမ်းမှန်သို့ အရောက်ပို့ဆောင်ခြင်းမဟုတ်။ တရားလမ်းမှန်သို့ ညွှန်ပြခြင်းသာဖြစ်သည်။ အလ္လာဟ်အရှင်မြတ် သည်သာလျှင် မိမိအလိုရှိတော်မူသောသူများအား တရားလမ်းမှန်သို့ အရောက် ပို့ဆောင်ပေးတော်မူနိုင်ပေသည်။ ကြည့်-ကုရ်အာန် (၂:၂၇၂။ ၁၃:၁၀၃)။

အချို့အဆိုအရ တမန်တော်မြတ်သည် မိမိ၏ဘကြီးတော် အဗူတွာလိပ်အား အစွဲလာမ်အတွင်းသို့ တစ်နည်းတစ်ဖုံ ရောက်ရှိလာစေရန် အထူးတလည် ကြိုးစားတော်မူခဲ့၏။ သို့တစေလည်း ဘကြီးတော်သည် (အမြင်အားဖြင့်) အစွဲလာမ်အတွင်းသို့ ရောက်ရှိမလာခဲ့ပေ။ ထိုအခါ ဤအာယတ်တော်များ ကျရောက်လာခဲ့ပေသည်ဟူ၏။

وَكَمْ أَهْلَكْنَا مِن قَرْيَةٍۭ بَطِرَتْ مَعِيشَتَهَا ۖ فَتِلْكَ مَسَٰكِنُهُمْ لَمْ تُسْكَن مِّنۢ بَعْدِهِمْ إِلَّا قَلِيلًا ۖ وَكُنَّا نَحْنُ ٱلْوَٰرِثِينَ ﴿٥٨﴾

၅၈။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မိမိတို့၏ စည်းစိမ်ဥစ္စာကြွယ်ဝမှုကြောင့် မော်ကြွားရွင်မြူးခဲ့ကြသော များစွာသော မြို့ရွာတို့ကို ဖျက်ဆီးတော်မူခဲ့၏။ ၎ သို့ဖြစ်ပေရာ ဤသည်တို့ကား၎ ၎င်းတို့၏ နေအိမ်များပင်။ ထိုနေအိမ်များမှာ ၎င်းတို့မရှိကြသည့် နောက်တွင် အနည်းငယ်မျှသော အချိန်ကာလမှအပ စည်ပင်သာယာခဲ့သည် မရှိချေ။ စင်စစ် ငါအရှင်မြတ်သည်ပင်လျှင် (၎င်းတို့၏အမွေပစ္စည်းတို့ကို) ပိုင်ဆိုင်တော်မူသောအရှင် ဖြစ်တော်မူခဲ့ပေသည်။

(၂) အရှင်ကာဖိရ် မုရှ်ရစ်များက တမန်တော်မြတ်အား 'အသင် အမှန်တရားအပေါ်၌ တည်ရှိသည်ကို ကျွန်ုပ်တို့သိကြပါသည်။ သို့ရာတွင် အကယ်၍ ကျွန်ုပ်တို့သည် အစွမ်းလာဓ်ကို လက်ခံနာယူ၍ အသင်နှင့် ပူးပေါင်းလိုက်ကြပါလျှင် ကျန် အရှင်တစ်မျိုးသားလုံးသည် ကျွန်ုပ်တို့၏ ရန်သူများ ဖြစ်သွားကြလိမ့်မည်။ ကျွန်ုပ်တို့အား တိုင်းပြည်မှ နှင်ထုတ်ကြလိမ့်မည်' ဟု ပြောဆိုခဲ့ကြ၏။

ဤအာယတ်တော်တွင် ဤသည်ကိုပင် ဖြေကြားတော်မူသည်မှာ ၎င်းတို့အား ယခု မည်သူကာကွယ်ထိန်းသိမ်းထားသနည်း။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကျောင်းတော်ပါး၌ နေရာချထားပေးတော်မူသည် မဟုတ်ပါလော။ ကျောင်းတော်၏ ကျေးဇူးကြောင့် ၎င်းတို့သည် ဘေးရန်ခပ်သိမ်းမှ ကင်းဝေးလျက် ရှိကြသည် မဟုတ်ပါလော။ သဲကန္တာရ လွင်တီးခေါင်၌ နေထိုင်ကြပါလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ကမ္ဘာအရပ်ရပ်မှ ရောက်ရှိလာသော သီးနှံမျိုးစုံကို စားသုံးနေကြရသည် မဟုတ်ပါလော။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကာဖိရ်၊ မုရှ်ရစ်အဖြစ်၌ ရှိနေကြစဉ်ပင် ကာကွယ် ထိန်းသိမ်းတော်မူခဲ့ပေရာ မွတ်စ်လင်မ်ဖြစ်လာကြသည့်အခါ ပို၍ပင် ထိန်းသိမ်း စောင့်ရှောက်တော်မူမည် မဟုတ်ပါလော။ အမှန်မှာ ၎င်းတို့သည် ဤသည့်အချက်ကိုပင် မစဉ်းစား မဆင်ခြင်ကြပေ။

(၁) **မနဂုဏ်မောက်က မှောက်တတ်သည်။**

မက္ကာမြို့သား ကာဖိရ်များသည် အရှင်တို့ရန်ကို စိုးရိမ်နေကြ၏။ အမှန်မှာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ကိုသာ စိုးရိမ်ကြရပေမည်။ ဤပစ္စက္ခတွင် ခေတ္တခဏရရှိထားသော ဥစ္စာဓနကား အထင်ကြီးဖွယ်ရာမဟုတ်၊ မောက်မာပလွား ဝါကြွားဖွယ်ရာမဟုတ်၊ ဥစ္စာဓနသည် သခ်ၤါရမျှသာ ဖြစ်သည်။ တစ်ရက် ပျက်စီးသွားမည်သာ။ အတိတ်ခေတ်များတွင် အချို့အမျိုးသားများသည် ဥစ္စာဓနကိုသာ အမိအဘ အဓိကဟု ထင်မှတ်ကာ မောက်မာပလွား ဝါကြွားခဲ့ကြ၏။ ဥစ္စာဂုဏ်၊ ဓနဂုဏ်မောက်ကာ သောင်းကျန်းခဲ့ကြ၏။ သက်ဆိုင်ရာ တမန်တော်များအား သွေဖည်ဆန့်ကျင်ခဲ့ကြ၏။ နောက်ဆုံးတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်ကာ ကမ္ဘာမြေပြင်မှ အပျောက်ကြီး ပျောက်ကွယ်သွားခဲ့ကြရလေသည်။ ၎င်းတို့ နေထိုင် သောင်းကျန်းခဲ့ကြသော မြို့၊ရွာဒေသများတွင် ဆွေးမြည့်နေသော တိုက်တာ၊ဂေဟာ အပျက်များသာ ကျန်ရှိပေတော့သည်။ အမွေဆက် အမွေခံဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပြီ။ ဤသို့သော မြို့ရွာများကား မနည်းလှပြီ။ ဓနဂုဏ် မောက်၍ မှောက်သွားခဲ့ကြသော လူမျိုးတို့၏ဘဝကို ညွှန်ပြလျက် ရှိပေသည်။ တရားရဖွယ် ကောင်းလှပေသည်။

وَمَا كَانَ رَبُّكَ مُهْلِكَ الْقُرٰى
حَتّٰى يَبْعَثَ فِيْٓ اُمِّهَا رَسُوْلًا يَّتْلُوْا
عَلَيْهِمْ اٰيٰتِنَا ۚ وَمَا كُنَّا
مُهْلِكِي الْقُرٰٓى اِلَّا وَاَهْلُهَا
ظٰلِمُوْنَ ﴿٥٩﴾

၅၉။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မြို့ရွာများကို ထိုမြို့ရွာများ၏ရာဇဝင်နေတွင် ငါအရှင်မြတ်၏အာယတ်တော်များကို ၎င်းတို့ရှေ့၌ဖတ်ကြားအံ့သော ရဏ္ဍလ်တမန်တော်တစ်ပါးပါးကို ပွင့်စေတော်မူခြင်း မရှိသမျှကာလပတ်လုံး ဖျက်ဆီးတော်မူသည့် အရှင်မဟုတ်ပေ။ ထိုမှတပါး ငါအရှင်မြတ်သည် မြို့ရွာများကို ထိုမြို့ရွာများ၌ နေထိုင်ကြသောသူတို့သည် (လွန်စွာ) မတရားသောသူများ မဖြစ်ကြသမျှ ကာလပတ်လုံး ဖျက်ဆီးတော်မူသောအရှင် မဟုတ်ပေ။ ၁

وَمَآ اُوْتِيْتُمْ مِّنْ شَيْءٍ فَمَتَاعُ
الْحَيٰوةِ الدُّنْيَا وَزِيْنَتُهَا ۚ وَمَا
عِنْدَ اللّٰهِ خَيْرٌ وَّاَبْقٰى ۗ
اَفَلَا تَعْقِلُوْنَ ﴿٦٠﴾

၆၀။ စင်စစ် အသင်တို့ပေးသနားတော်မူခြင်း ခံကြရသောအရာများမှာ ဤပစ္စုပ္ပန် လောကီဘဝ၏ အသုံးအဆောင်နှင့် ဤပစ္စုပ္ပန်လောကီဘဝ၏ တင့်တယ်မှုမျှသာဖြစ်ကြပေသည်။ သို့ရာတွင်အလ္လာဟ်အရှင်မြတ်အထံတော်၌ ရှိသောအရာများမှာမူကား အကောင်းဆုံးဖြစ်ကြသည့်ပြင် အခိုင်အမြဲဆုံးလည်းဖြစ်ကြကုန်၏။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိနားမလည်ကြလေသလော။ ၂

---

① **အကြောင်းမဲ့ ပြစ်ဒဏ်ခတ်တော်မမူ။**

အလ္လာဟ်အရှင်မြတ်သည် လူမျိုးတစ်မျိုးအား အကြောင်းမဲ့ ပြစ်ဒဏ်ခတ်တော်မမူ။ ကုဖ်ရ်၊ ရှစ်ရ်က် ပြုရုံမျှဖြင့်လည်း ပြစ်ဒဏ်ခတ်တော်မမူ။ အလ္လာဟ်အရှင်မြတ်သည် ဦးစွာပထမ အချက်အချာ မြို့ရွာများတွင် သက်ဆိုင်ရာ တမန်တော်များအား စေလွှတ်တော်မူ၍ တရားဓမ္မ ဟောကြွန်ပြစေတော်မူသည်။ သို့တရားဓမ္မ ဟောကြွန်ပြ၍ မနာခံကြလျှင်ချက်ချင်း ပြစ်ဒဏ်ခတ်တော် မမူသေးပေ။ အချိန် အတော်ကြာညောင်းသည်အထိ အကြိမ်ကြိမ်အခါခါ သတိပေးပါလျက် တရားဓမ္မကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ လွန်စွာဆိုးသွမ်း မိုက်မဲလာကြပြီး မည်သို့မျှ သွန်သင်ဆုံးမ၍ မရသည့်အခါကျမှသာလျှင် ဆက်လက်၍ လျစ်လျူပြုခြင်းဖြင့် မည်သို့မျှအကျိုးမရှိသောအဆုံးကျမှသာလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုက်သည့်အားလျော်စွာ ပြစ်ဒဏ်ခတ်တော်မူလေသည်။ ဤကား မည်သူမဟုပြု မိမိမှုပင်။

أَفَمَن وَعَدْنَٰهُ وَعْدًا حَسَنًا فَهُوَ لَٰقِيهِ كَمَن مَّتَّعْنَٰهُ مَتَٰعَ الْحَيَوٰةِ الدُّنْيَا ثُمَّ هُوَ يَوْمَ الْقِيَٰمَةِ مِنَ الْمُحْضَرِينَ ﴿٦١﴾

၆၁။ သို့ဖြစ်ပေရာအကြင်သူအား ငါအရှင်မြတ်သည်ကောင်းမြတ်သောကတိပေးတော်မူခဲ့၏။ တစ်ဖန် ထိုသူသည် ယင်းကတိပေးချက်အတိုင်း တွေ့ကြုံ(ခံစား)ရမည့်သူလည်းဖြစ်၏၊ ထိုသူသည် အကြင်သူကဲ့သို့ဖြစ်နိုင်မည်လော။ ငါအရှင်မြတ်သည် ထိုသူအား ဤမျက်မှောက် လောကီဘဝ၏ အကျိုးခံစားခွင့်ကို ပေးတော်မူခဲ့၏။ ထို့နောက် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် ထိုသူမှာ ဖမ်းဆီး၍ ရှေ့တော်မှောက်သွင်းခြင်းကို ခံကြရသောသူတို့အနက်မှ ဖြစ်ချေမည်။

وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَآءِىَ الَّذِينَ كُنتُمْ تَزْعُمُونَ ﴿٦٢﴾

၆၂။ အကြင်နေ့တွင်ထိုအရှင်မြတ်သည် ၎င်းတို့အား 'အသင်တို့ ထင်မှတ်(ကိုးကွယ်)လျက် ရှိခဲ့ကြကုန်သော ငါအရှင်မြတ်၏ တွဲဖက်များသည် အဘယ်မှာနည်း' ဟု ဟစ်ခေါ်မိန့်ကြားတော်မူပေမည်။

قَالَ الَّذِينَ حَقَّ عَلَيْهِمُ الْقَوْلُ رَبَّنَا هَٰٓؤُلَآءِ الَّذِينَ أَغْوَيْنَآ أَغْوَيْنَٰهُمْ كَمَا

၆၃။ (ထိုအခါ) အကြင်သူတို့က ထိုသူတို့အပေါ်၌ ငါအရှင်မြတ်၏အမိန့်တော်သည် သက်ရောက်ခဲ့လေပြီဟုလျှောက်ထားကြလေမည်။ အို–ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဤသူတို့ကိုပင် ကျွန်တော်မျိုးတို့သည် လမ်းလွဲစေခဲ့ကြပါသည်။

⑨ ပျက်စီးမှုနှင့် မြို့မူ။

စဉ်းစား ဆင်ခြင်အပ်သည်မှာ ကျွန်ုပ်တို့သည် ဤပစ္စက္ခတွင် အချိန်အဘယ်မျှအထိ အသက်နှင့် နေကြရမည်နည်း။ လောကီစည်းစိမ်များကို အချိန်အဘယ်မျှအထိ ခံစားနိုင်ကြမည်နည်း။ သက်တမ်းကား တိုတောင်းလှသည်။ လောကီစည်းစိမ်ကား အရိပ်ပမာ ပျက်စီးမှုမျှသာဖြစ်သည်။ အကယ်တန့် ဤပစ္စက္ခတွင် ပြစ်ဒဏ်တစ်စုံတစ်ရာ မသက်ရောက်သည်ပင်ထား၊ သို့တစေလည်း သေခြင်းတရားကိုမူ မည်သူမှ မလွန်ဆန်နိုင်ပေ။ သေခြင်းတရားရောက်ရှိလာသောအခါ ကျွန်ုပ်တို့သည် ဤသည့် လောကီစည်းစိမ်အားလုံးကို စွန့်ထားခဲ့ကြရမည်သာဖြစ်သည်။ ထို့နောက် ကိယာမတ်နေ့တွင် ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်၏ရှေ့တော်မှောက်သို့ ရောက်ရှိကြရပေမည်။ ဤပစ္စက္ခတွင်ရှိခဲ့ကြစဉ် မိမိတို့ကျင့်မူ ဆည်းပူးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ အသေးစိတ် စာရင်းအင်းရှင်းကြရပေမည်။ အသေးစိတ်ရှင်းက ထာဝရသုခကို ခံစားကြရပေမည်။ အသေးစိတ်မရှင်းက ငရဲသို့ လားကြရပေမည်။ သို့ဖြစ်ရာ အသိဉာဏ် အမြော်အမြင် ရှိသူတိုင်းသည် နောင်တမလွန်ဘဝ၏ ထာဝရသုခ ရရှိရေးကိုသာ အဓိကထားကာ ကြိုးပမ်းကြပေမည်။ ဤပစ္စက္ခ၏ မမြဲသောစည်းစိမ်တွင် နစ်မွန်း၍ နေကြမည်မဟုတ်ပေ။

غَوَيْنَا تَبَرَّأْنَا إِلَيْكَ مَا كَانُوا إِيَّانَا يَعْبُدُونَ ﴿٦٣﴾

(အမှန်မှာ) ကျွန်တော်မျိုးတို့သည် မိမိတို့ကိုယ်တိုင် လမ်းမှားခဲ့ကြသည့်နည်းတူငင်းတို့အားလည်း လမ်းလွဲစေခဲ့ကြခြင်းသာဖြစ်ပါသည်။ (ယခုသော်ကား) အရှင်မြတ်၏ရှေ့တော်မှောက်၌ (ငင်းတို့နှင့် ကျွန်တော်မျိုးတို့မှာ မည်သို့မျှ)မပက်သက်ကြောင်း လျှောက်ထားပါသည်။ (စင်စစ်) ငင်းတို့မှာ ကျွန်တော်မျိုးတို့အား ဆည်းကပ်ကိုးကွယ်ခဲ့ကြသည် မဟုတ်ပါ။

وَقِيلَ ادْعُوا شُرَكَاءَكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا لَهُمْ وَرَأَوُا الْعَذَابَ ۚ لَوْ أَنَّهُمْ كَانُوا يَهْتَدُونَ ﴿٦٤﴾

၆၄။ ထိုမှတပါး(ငင်းတို့မှာ) 'အသင်တို့သည် မိမိတို့ (ဆည်းကပ်ကိုးကွယ်ခဲ့ကြကုန်သော) တွဲဖက်များအား ခေါ်ယူကြလေကုန်'ဟု အမိန့်ပေးတော်မူခြင်းကို ခံကြရပေမည်။ ထိုအခါ ငင်းတို့သည် ထိုတွဲဖက်များအား ဟစ်ခေါ်ကြငြားလည်း ထိုတွဲဖက်များက ငင်းတို့အား ပြန်၍ထူးကြမည်မဟုတ်ပေ။ ထိုမှတပါး ငင်းတို့သည် ပြစ်ဒဏ်ကို (မျက်ဝါးထင်ထင်) တွေ့မြင်ကြပေမည်။ အကယ်၍သာ ငင်းတို့သည် (လောကီဘဝ၌ အသက်ထင်ရှားရှိခဲ့ကြစဉ်အခါ၌) တရားလမ်းမှန်ကိုရရှိသူများဖြစ်ခဲ့ကြပါလေသော် (ထိုပြစ်ဒဏ်ကို တွေ့မြင်ကြရမည် မဟုတ်ပေတကား)။

وَيَوْمَ يُنَادِيهِمْ فَيَقُولُ مَاذَا أَجَبْتُمُ الْمُرْسَلِينَ ﴿٦٥﴾

၆၅။ ထိုနည်းတူစွာ အကြင်နေ့တွင် ထိုအရှင်မြတ်သည် ငင်တို့ကို ဟစ်ခေါ်၍ 'အသင်တို့သည် ရာဇူလ်တမန်တော်တို့အား မည်သို့ ဖြေကြားခဲ့ကြသနည်း'ဟု မေးမြန်းတော်မူပေမည်။

فَعَمِيَتْ عَلَيْهِمُ الْأَنبَاءُ يَوْمَئِذٍ فَهُمْ لَا يَتَسَاءَلُونَ ﴿٦٦﴾

၆၆။ ထိုအခါ ငင်တို့အပေါ်၌ ထိုနေ့တွင် အလုံးစုံသော သတင်းစကားများသည် ဖုံးအုပ်ပျောက်ကွယ်သွားပေမည်။ ငင်တို့သည် အချင်းချင်း တစ်ဦးကို တစ်ဦး စုံစမ်း မေးမြန်းခြင်းကိုပင် ပြုနိုင်ကြမည် မဟုတ်ပေ။

فَأَمَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَعَسَىٰ أَن يَكُونَ مِنَ الْمُفْلِحِينَ ﴿٦٧﴾

၆၇။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် ဝန်ချတောင်းပန်ပြီးနောက် 'အီမာန်' သက်ဝင်ယုံကြည်ခဲ့သည်ရှိသော်၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်တည်ခဲ့သည်ရှိသော် ထိုသူသည် အောင်မြင်မှုကို ရရှိကြကုန်သောသူတို့တွင် အပါအဝင် ဖြစ်နိုင်ရန် မျှော်လင့်ရာချေသတည်း။

وَرَبُّكَ يَخْلُقُ مَا يَشَاءُ وَيَخْتَارُ ۗ مَا كَانَ لَهُمُ الْخِيَرَةُ ۚ سُبْحَانَ اللَّهِ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿٦٨﴾

၆၈။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိအလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော်မူသည်ကို) ရွေးချယ်တော်မူ၏။ ၎င်း(မှုရှုစက်)တို့၌ ရွေးချယ်ခွင့်ကား အလျှင်းမရှိချေ။ အလွန်ဟ်အရှင်မြတ်သည် ၎င်းတို့တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသည်တို့မှ (လုံး၀) စင်ကြယ် သန့်ရှင်းတော်မူသည့်ပြင်၊ (ထိုအရာတို့ထက် အတိုင်း မရှိ) မြင့်မြတ်လှတော်မူ၏။ [၁]

وَرَبُّكَ يَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ ﴿٦٩﴾

၆၉။ ထိုမှတပါး အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုသူတို့၏ စိတ်နှလုံးများ၌ ကိန်းအောင်းလျက်ရှိသည်တို့ကိုလည်းကောင်း၊ ထိုသူတို့ထင်ရှားစေကြသည်တို့ကိုလည်းကောင်း၊ (အလုံးစုံ) သိရှိတော်မူ၏။

---

① **ခပ်သိမ်းကုန်သော အာဏာသည် အလ္လာဟ်အရှင်မြတ်၌သာ တည်သည်။**

အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိရာကို ဖန်ဆင်းတော်မူသည်။ မိမိ အလိုတော်ရှိသော အမိန့်တော်များကို ရွေးချယ်သတ်မှတ် ပြဋ္ဌာန်းတော်မူသည်။ မိမိ အလိုတော်ရှိသော ပုဂ္ဂိုလ်အား မိမိအလိုတော်ရှိသော ဂုဏ်အင်ဒြပ်ဖြင့် ချီးမြှင့်တော်မူသည်။ အရေးကိစ္စ အဝဝတွင် မိမိအလိုတော်အတိုင်း ခြယ်လှယ်စီမံ ခန့်ခွဲတော်မူသည်။ ဤသည့်တန်ခိုးအာဏာများသည် အလ္လာဟ်အရှင်မြတ်၌သာ တည်ရှိသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်၌မျှ ဤသည့် တန်ခိုးအာဏာများသည် အလျှင်းမရှိချေ။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အစုံ၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပါဘိတကား။

وَهُوَ اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۖ لَهُ الْحَمْدُ فِي الْأُولَىٰ وَالْآخِرَةِ ۖ وَلَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ ﴿٧٠﴾

၇၀။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်ပင် (တစ်ဆူတည်း)သောဆည်းကပ်ကိုးကွယ်ရာ အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ် ကိုးကွယ်ရာဟူ၍ကား အလျှင်းမရှိပြီ။ ဤမျက်မှောက်လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ ထိုအရှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာအပေါင်းတို့ကို ခံယူထိုက်တော်မူ၏။ ၎င်းပြင် စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်း ထိုအရှင်မြတ်၌သာ ရှိ၏။ ထိုမှတပါး အသင်တို့သည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်သွားကြရကုန်အံ့သတည်း။

قُلْ أَرَأَيْتُمْ إِنْ جَعَلَ اللَّهُ عَلَيْكُمُ اللَّيْلَ سَرْمَدًا إِلَىٰ يَوْمِ الْقِيَامَةِ مَنْ إِلَٰهٌ غَيْرُ اللَّهِ يَأْتِيكُمْ بِضِيَاءٍ ۖ أَفَلَا تَسْمَعُونَ ﴿٧١﴾

၇၁။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် (ငါ့အား)ပြောပြကြလေကုန်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တိုင်အောင် ညဉ့်ကိုအသင်တို့အပေါ်၌အမြဲထာဝစဉ်တည်စေတော်မူခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ထံသို့ အလင်းရောင်ကို ဆောင်ကြဉ်းအံ့သော အခြားကိုးကွယ်ရာဟူ၍ မည်သူရှိပါသနည်း။ သို့ပါလျက် အသင်တို့သည် မကြားကြလေသလော။

قُلْ أَرَأَيْتُمْ إِنْ جَعَلَ اللَّهُ عَلَيْكُمُ النَّهَارَ سَرْمَدًا إِلَىٰ يَوْمِ الْقِيَامَةِ مَنْ إِلَٰهٌ غَيْرُ اللَّهِ يَأْتِيكُمْ بِلَيْلٍ تَسْكُنُونَ فِيهِ ۖ

၇၂။ (အို-နဗီတမန်တော်၊) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊) အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တိုင်အောင် နေ့ကိုအသင်တို့အပေါ်၌ အမြဲထာဝစဉ်တည်စေတော်မူခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ် အပြင် အသင်တို့ အနားယူကြအံ့သောငှာ ညဉ့်ကို အသင်တို့ထံသို့ ဆောင်ကြဉ်းအံ့သော အခြားကိုးကွယ်ရာဟူ၍

أَفَلَا تُبْصِرُونَ ﴿٧٢﴾

မည်သူရှိပါသနည်း။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော။

وَمِن رَّحْمَتِهِۦ جَعَلَ لَكُمُ ٱلَّيْلَ وَٱلنَّهَارَ لِتَسْكُنُوا۟ فِيهِ وَلِتَبْتَغُوا۟ مِن فَضْلِهِۦ وَلَعَلَّكُمْ تَشْكُرُونَ ﴿٧٣﴾

၇၃။ စင်စစ် ထိုအရှင်မြတ်သည် မိမိ ကရုဏာတော်ဖြင့်အသင်တို့အဖို့ ည၌နှင့်နေ့ကို၊ အသင်တို့သည် ည၌၌ အနားယူကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် (နေ့၌) ထိုအရှင်မြတ်၏ ကျေးဇူးတော်တည်း ဟူသော စားနပ်ရိက္ခာ ဖွေရှာကြအံ့သောငှာလည်းကောင်း၊ ပြုလုပ် ဖန်ဆင်းတော် မူခဲ့ပေသည်။ သို့မှသာလျှင် အသင်တို့သည် ကျေးဇူးသိတတ်ကြရာသတည်း။ ၁

وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَآءِىَ ٱلَّذِينَ كُنتُمْ تَزْعُمُونَ ﴿٧٤﴾

၇၄။ စင်စစ် အကြင်နေ့တွင် ထိုအရှင်မြတ်သည် ၎င်းတို့အား အသင်တို့သည် ငါ အရှင်မြတ်၏ တွဲဖက်များ ဖြစ်ကြသည်ဟု ထင်မှတ်(ကိုးကွယ်)လျက် ရှိခဲ့ကြသော တွဲဖက်များသည် အဘယ်မှာနည်းဟု ဟစ်ခေါ်မိန့်ကြားတော်မူမည်။

---

① **နေ့နှင့်ည၌၏အကျိုး။**

အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကရုဏာတော်ဖြင့် နေ့အချိန် လူသားတို့သွားလာလှုပ်ရှား စီးပွားရှာဖွေ၍ ည၌အချိန် အနားယူနိုင်ရန်အလို့ငှာ နေ့နှင့်ည၌ကို အဆင်ပြေပြေ စီမံထားတော်မူသည်။ လူသားတို့အဖို့ နေ့နှင့်ည၌မရှိက အခက်။ နေ့ချည်း ဖြစ်ရှိနေပါကလည်း အခက်၊ ည၌ချည်း ဖြစ်ရှိနေပါကလည်း အခက်။ ယင်းသို့ ဖြစ်ရှိနေပါက အလ္လာဟ်အရှင်မြတ်မှတစ်ပါး လူသားတို့ ပြုလုပ်ထားသည့် ကိုးကွယ်ရာများအနက် အဘယ်ကိုးကွယ်ရာသည် ထိုသည့် နေ့နှင့်ည၌ကို ယူဆောင်လာနိုင်အံ့နည်း။

ဤသည်ကိုပင် စဉ်းစားဆင်ခြင်ပါက အလ္လာဟ်အရှင်မြတ်သည် အတိုင်းအဆမရှိ တန်ခိုးတော်နှင့် ပြည့်စုံတော်မူကြောင်း၊ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူ မရှိကြောင်း၊ ကစ်ဆူတည်းသော ဆည်းကပ်ကိုးကွယ်ရာ အရှင်သခင် ဖြစ်တော်မူကြောင်း၊ အတိုင်းမသိ ကြီးမားလှသော ကျေးဇူးတော်ရှင် ဖြစ်တော်မူကြောင်း ကောင်းစွာ သိနိုင်ပေသည်။

وَنَزَعْنَا مِن كُلِّ أُمَّةٍ شَهِيدًا فَقُلْنَا هَاتُوا بُرْهَانَكُمْ فَعَلِمُوا أَنَّ الْحَقَّ لِلَّهِ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ ﴿٧٥﴾

၇၅။ ၎င်းပြင် ငါအရှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းမှ သက်သေတစ်ဦးစီကို ထုတ်ပြတော်မူပြီးလျှင် (ကာဖိရ် သွေဖည် ငြင်းပယ်ကြကုန်သော သူတို့အား) 'အသင်တို့သည် (ယှဉ်တွဲ ကိုးကွယ်မှု မှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍) မိမိတို့၏ သက်သေသာဓက အထောက်အထားကို တင်ပြကြလေကုန်'ဟု မိန့်ကြားတော်မူမည်။ ထိုအခါ ၎င်းတို့သည် မှန်ကန်မှုမှာ (အမှန်တရားမှာ) အလ္လာဟ်အရှင်မြတ်၌သာ ရှိကြောင်း ကောင်းစွာ သိရှိသွားကြပေမည်။ ၎င်းပြင် ၎င်းတို့လိမ်ဆယ် ဖန်တီးလေ့ရှိခဲ့ကြသော အရာများမှာ လည်း၎င်းတို့ထံမှပျောက်ပျက်၍သွားကြပေမည်။[၁]

---

① **ကိယာမတ်နေ့တွင် မုရှ်ရစ်က်တို့၏ ဖြစ်အင်။**

ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က မုရှ်ရစ်က်တို့အား အသင်တို့ ငါအရှင်မြတ်၏ တွဲဖက်ယှဉ်ဖက် ဖြစ်သည်ဟူ၍ ထင်မှတ် ကိုးကွယ်ခဲ့ကြသော ငါအရှင်မြတ်၏ တွဲဖက်များကား အဘယ်မှာနည်းဟု မေးမြန်းတော်မူမည်။ အလ္လာဟ်အရှင်မြတ်၌ တွဲဖက်ယှဉ်ဖက်ဟူ၍ အလျှင်းမရှိပေရာ၊ မုရှ်ရစ်က်များသည် မည်သို့မျှ အဖြေပေးနိုင်ကြမည် မဟုတ်ပေ။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အုပ်စုတိုင်းမှ တမန်တော်များအား သက်သေအဖြစ် ထုတ်ပြတော်မူမည်။ တမန်တော်များကလည်း မိမိတို့၏ မျိုးနွယ်များနှင့် ပတ်သက်၍ ဟုတ်တိုင်းမှန်ရာကို သက်သေထွက်ဆိုကြပေမည်။ မုရှ်ရစ်က်တို့ကား မည်သို့မျှ ငြင်းကွယ်နိုင်ကြမည် မဟုတ်ပေ။

ထို့နောက် အလ္လာဟ်အရှင်မြတ်က မုရှ်ရစ်က်တို့အား လူ့လောက၌ ရှိခဲ့ကြစဉ် မိမိတို့ လိုက်နာကျင့်သုံးခဲ့ကြသော ရှစ်ရိက် ယှဉ်တွဲကိုးကွယ်မှု၏ မှန်ကန်ကြောင်းနှင့် ၎ပ်လျဉ်း၍ အထောက်အထား ပြကြကုန်ဟု မိန့်ကြားတော်မူမည်။ မုရှ်ရစ်က်တို့ကား အသို့မျှ အထောက်အထား ပြနိုင်ကြမည် မဟုတ်ပေ။

ထိုအခါ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာလျှင် အမှန်တကယ်ကိုးကွယ်ရာ အရှင်သခင် ဖြစ်တော်မူကြောင်း၊ တမန်တော်များမှတစ်ဆင့် ဟောကြားတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်၏ တရားတော်များသာလျှင် မှန်ကန်ကြောင်း၊ မုရှ်ရစ်က်တို့ ကိုယ်တွေ့မျက်မြင် သိရှိသွားကြပေမည်။ ၎င်းတို့ လုပ်ကြံ ဖန်တီးထားခဲ့ကြသော စကားများ၊ တွေးထင်ခဲ့ကြသော အတွေးအခေါ်များ၊ အထင်ကြီးခဲ့သော ကိုးကွယ်ရာများသည် အပျောက်ကြီး ပျောက်သွားကြပေမည်။ ဤကား မုရှ်ရစ်က်တို့၏ ဖြစ်အင်တည်း။

إِنَّ قَٰرُونَ كَانَ مِن قَوْمِ مُوسَىٰ فَبَغَىٰ عَلَيْهِمْ ۖ وَآتَيْنَٰهُ مِنَ الْكُنُوزِ مَا إِنَّ مَفَاتِحَهُ لَتَنُوءُ بِالْعُصْبَةِ أُولِي الْقُوَّةِ إِذْ قَالَ لَهُ قَوْمُهُ لَا تَفْرَحْ ۖ إِنَّ اللَّهَ لَا يُحِبُّ الْفَرِحِينَ ﴿٧٦﴾

၇၆။ စင်စစ်ဧကန် 'ကာရွန်' သည် မူစာ၏ (သား ချင်း)တို့အနက်မှပင်ဖြစ်ခဲ့၏။ သို့ရာတွင် ထို 'ကာရွန်' သည်ထိုအမျိုးသားတို့အပေါ်၌ မာန်မာန ထောင်လွှား ခဲ့၏။ [၁] စင်စစ်သော်ကား၎င်းအရှင်မြတ်သည် ၎င်းအား အဘယ်မျှလောက် ရွှေငွေဘဏ္ဍာများကို ချီးမြှင့် ပေးသနားတော်မူခဲ့သည်ဟူမူ၊ ယင်းရွှေငွေ ဘဏ္ဍာများ၏ သော့များသည် ခွန်အားဗလနှင့် ပြည့်စုံသော လူ တစ်စုကိုပင် မနိုင်မနင်း ဖြစ်စေကြလေသည်။ တစ်ရံ ရောအခါ၀ယ် ထို'ကာရွန်' ၏(သားချင်း)တို့က ၎င်း အား (ဤသို့)ပြောဆို (ဆုံးမခဲ့)ကြကုန်၏။ 'အသင် သည် ဂုဏ်မမောက်လေနှင့်၊' ဧကန်အမှန် အလွန်ဟပ် အရှင်မြတ်သည် ဂုဏ်မောက်သောသူတို့အား နှစ်သက် တော်မူသည် မဟုတ်ပေ။

① **ကာရွန် မြေအမျိုခံရခြင်း။**

ကာရွန်၏အမည်ကို ကုရ်အာန်တွင် (၄)နေရာ၌ တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၂၈:၇၆။ ၂၈:၇၉။ ၂၉:၃၉။ ၄၀:၂၄)။

ကာရွန်သည် တမန်တော်မူစာ၏ မျိုးနွယ်မှဖြစ်သည်။ တမန်တော်မူစာ၏ ဘထွေး၏သား ဖြစ်သည်။

ကာရွန်သည် ဖစ်ရ်အောင်နံထံ ရင်းနှီးစွာ ဝင်ထွက်သွားလာလေ့ရှိခဲ့၏။ မင်းဆိုးများသည် လူမျိုးတစ်မျိုး ကို ဖိနှိပ်ချုပ်ချယ်နိုင်ရန်အတွက် ယင်းလူမျိုးတို့အနက်မှ အချို့ သစ္စာဖောက်များကို လက်သပ်မွေး၍ လက်ကိုင်တုတ် လုပ်ထားလေ့ရှိကြသကဲ့သို့ ဖစ်ရ်အောင်နံသည်လည်း အစ္စရာအီလီ မျိုးနွယ်ဝင်တို့အား ဖိနှိပ် ချုပ်ချယ်နိုင်ရန်အတွက် ၎င်းတို့အနက်မှ ကာရွန်ကို လက်ကိုင်တုတ် ပြုလုပ်ထားခဲ့လေသည်။ ကာရွန်သည် ထိုအချိန်တွင် ဖစ်ရ်အောင်နံထံမှ မင်းအာဏာလည်း ရရှိထားခဲ့၏။ ထိုသည့် မင်းအာဏာကို အကြောင်းပြု၍ ဥစ္စာပစ္စည်း အမြောက်အမြားကိုလည်း စုဆောင်းထားနိုင်ခဲ့၏။ ဖစ်ရ်အောင်နံ နှင့်တကွ ၎င်း၏ရဲမက်များ ရေနစ်သေကျေပျက်စီး သွားကြသည့်အခါ အစ္စရာအီလီ မျိုးနွယ်ဝင်များသည် တမန်တော်မူစာ၏ အာဏာစက်အောက်သို့ ရောက်ရှိလာခဲ့ကြ၏။

ထိုအခါ ကာရွန်သည် အာဏာမဲ့ ဖြစ်သွားခဲ့လေသည်။ ဥစ္စာမန စုဆောင်းရန် အခွင့်အလမ်းများလည်း ပိတ်၍ သွားခဲ့လေသည်။ ထို့အတွက် ကာရွန်သည် တမန်တော် မူစာအပေါ်၌ အမျက်ထွက်နေခဲ့၏။ မနာလိုစိတ် ပြင်းထန်နေခဲ့၏။ သို့တစေလည်း ကာရွန်သည် ပရိယာယ်ဖြင့် အမြင်တွင် အီမာန် သက်ဝင်ယုံကြည်သူ 'မုအ်မင်န်' အဖြစ်နှင့်ပင် နေနေခဲ့၏။ ကာရွန်သည် ထိုသို့ အရေးနိမ့်နေသည့်အခိုက်တွင် တောင်ရာတ်ကျမ်းကို များစွာရွတ်ဖတ်၍နေ၏။ ပညာဆည်းပူး၍ နေ၏။ စိတ်ကား မသန့်ရှင်းပေ။ တမန်တော်မူစာနှင့် တမန်တော်ဟာရွန် တို့အား အလွှာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော ဂုဏ်အင်ဒြပ်ကိုကြည့်၍ ကာရွန်သည် ဒေါသအမျက် ထွက်နေခဲ့၏။ ကာရွန်က မူစာနှင့်ဟာရွန်တို့သည် တမန်တော်များဖြစ်ကာ သာသနာရေးတွင် ရှေ့ဆောင်မူကို ➤➤

وَابْتَغِ فِيمَا آتَاكَ اللَّهُ الدَّارَ الْآخِرَةَ وَلَا تَنسَ نَصِيبَكَ مِنَ الدُّنْيَا وَأَحْسِن كَمَا أَحْسَنَ اللَّهُ إِلَيْكَ وَلَا تَبْغِ الْفَسَادَ فِي الْأَرْضِ إِنَّ اللَّهَ لَا يُحِبُّ الْمُفْسِدِينَ ﴿٧٧﴾

၇၇။ ၎င်းပြင် အသင်သည် မိမိအား အလ္လာဟ် အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (ရွှေငွေ ဥစ္စာပစ္စည်းတို့)တွင် တမလွန်ဘဝကိုလည်းရှာဖွေလော့။ ထို့ပြင် အသင်သည် လောကီဘဝမှ မိမိ၏ ဝေစုဝေပုံ၊ (နောင်တမလွန်ဘဝသို့ယူဆောင်သွားရန်) မမေ့မလျော့ လေနှင့်။ထိုမှတပါး အသင့်အား အလ္လာဟ်အရှင်မြတ်က ကျေးဇူးပြုတော်မူဘိသကဲ့သို့ပင် အသင်သည်လည်း (သူတစ်ပါးတို့အား) ကျေးဇူးပြုလော့၊ အသင်သည် တိုင်းပြည်တွင်ဖျက်ဆီးမှုကို မလိုလားလေနှင့်။ မချွတ် ဧကန် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးသူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေတကား။

➤➤ ရရှိထားကြ၏။ ငါကားမရ။ ဤကား အရေးမကြီးလှ၊ အဘယ်ကြောင့်ဆိုသော် မည်သူတစ်ဦးတစ်ယောက်၌မျှမရှိသော ဥစ္စာပစ္စည်းသည် ငါ့၌ရှိသည်၊ ငါသည် ဥစ္စာဓနအားဖြင့်အကြွယ်ဝဆုံး၊ အချမ်းသာဆုံး ဖြစ်သည်ဟု မောက်မာဝါကြွား ပြောဆိုနေခဲ့၏။ တစ်ခါသော် တမန်တော်မူစာက ဧကာတ်ပေးဆောင်ရန် မိန့်ကြား၏။ ထိုအခါ ကာရွန်က မိမိ၏ တပည့်များအား 'အသင်တို့ ငါတို့သည် (တမန်တော်)မူစာ ယူဆောင်လာသော တရားတော်များကို လက်ခံခဲ့ကြ သည်။ ယခုတစ်ဖန် မူစာသည် ငါတို့ထံမှ ငါတို့၏ ဥစ္စာပစ္စည်းများကိုပင် တောင်းဆိုလာပြန်ပြီ။ အသင်တို့သည် ဤတောင်းဆိုချက်ကို လက်ခံကြမည်လောဟု ဆိုရာ၊ အချို့က ကာရွန်အား ထောက်ခံသောအနေဖြင့် ကျွန်ုပ်တို့သည် ဤတောင်းဆိုချက်ကို လုံးဝ လက်ခံကြမည်မဟုတ် ပြောဆိုခဲ့ကြ၏။

ကာရွန်သည် နောက်ဆုံးတွင် တမန်တော်မူစာအား နာမည်ဖျက်ရန်အတွက် ညစ်ညမ်းသော အကြံအစည်တစ်ခုကို ကြံစည်တွေးဆကာ အမျိုးသမီး တစ်ဦးအား အမျိုးမျိုး သွေးဆောင်ဖြားယောင်းပြီး ပရိသတ်စုံညီရှေ့တွင် (ဇီနာ)တစ်ပါးသော မယားအား ဖျက်ဆီးခြင်းသည် ပြစ်ဒဏ် အဘယ်မျှ ကြီးလေးသည့်အကြောင်း တမန်တော်မူစာ ဟောကြားနေချိန်တွင် 'တမန်တော်မူစာသည် ကျွန်မအား ပြစ်မှားပါသည်'ဟု မတရားစွပ်စွဲပြောဆိုစေခဲ့လေသည်။ အဆိုပါ အမျိုးသမီးယုတ်သည်လည်း မိမိအား ကာရွန် သင်ပေးထားသည့်အတိုင်း တမန်တော်မူစာအား မတရား စွပ်စွဲပြောဆိုခဲ့လေသည်။

ထိုအခါ တမန်တော်မူစာသည် အဆိုပါအမျိုးသမီးအား သူတစ်ပါးကို မတရားစွပ်စွဲပြောဆိုပါက အလ္လာဟ်အရှင်မြတ်၏ ကြီးလေးသော ပြစ်ဒဏ်ကို ခံရမည့်အကြောင်း သတိပေး၍ ပြင်းပြင်းထန်ထန် ကျိန်ဆိုစေပြီး အမှန်အတိုင်း မှန်ကန်စွာပြောဆိုရန် ပြောကြားသောအခါ အဆိုပါအမျိုးသမီးက 'အမှန်မှာ တမန်တော်မူစာသည် ကျွန်မအား အလျင်း ပြစ်မှားတော်မူသည် မဟုတ်ပါ၊ ကာရွန်က သင်ကြားပေးသည့်အတိုင်း တမန်တော်မူစာအား မတရား စွပ်စွဲပြောဆိုမိခြင်းသာ ဖြစ်ပါသည်'ဟု ဖြစ်ရပ်မှန်ကို ဖွင့်ဟ ပြောဆိုသွားခဲ့လေသည်။ ထိုအခါ တမန်တော်မူစာ၏ ကျိန်ဆဲမှုကြောင့် ကာရွန်သည် ၎င်း၏ဘဏ္ဍာတော်တိုက်များနှင့်တစ်ကွ မြေမျိုခြင်းကို ခံလိုက်ရလေသည်။

قَالَ إِنَّمَآ أُوتِيتُهُۥ عَلَىٰ عِلْمٍ عِندِىٓ ۚ أَوَلَمْ يَعْلَمْ أَنَّ ٱللَّهَ قَدْ أَهْلَكَ مِن قَبْلِهِۦ مِنَ ٱلْقُرُونِ مَنْ هُوَ أَشَدُّ مِنْهُ قُوَّةً وَأَكْثَرُ جَمْعًا ۚ وَلَا يُسْـَٔلُ عَن ذُنُوبِهِمُ ٱلْمُجْرِمُونَ ﴿٧٨﴾

၇၈။ ထို 'ကာရူန်' က ငါသည် ဤ(ဥစ္စာပစ္စည်း ရွှေငွေဘဏ္ဍာများ)ကို မိမိအတတ်ပညာတစ်ခုကြောင့် ရရှိခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုခဲ့လေ၏။ မုချဇကန် အလ္လာဟ်အရှင်မြတ်သည် ၎င်း၏အလျင် ၎င်းထက် ပိုမိုပြင် ခွန်အားဗလအားဖြင့် ပြင်းထန်လှသည့်ပြင် အဆွေအရံအားဖြင့်လည်း ၎င်းထက်ပိုမိုပြီ များပြား သောမျိုးဆက်တို့အား ဖျက်ဆီးတော်မူခဲ့ကြောင်းကို ကာရူန်သည် မသိခဲ့ လေသလော။ အပြစ်ရှိသော သူတို့အား ၎င်းတို့၏ ပြစ်မှုများနှင့်စပ်လျဉ်း၍ (စုံစမ်းသည့်အနေဖြင့်)မေးမြန်းရန်ပင် လိုလိမ့်မည် မဟုတ်ပေ တကား။

فَخَرَجَ عَلَىٰ قَوْمِهِۦ فِى زِينَتِهِۦ ۖ قَالَ ٱلَّذِينَ يُرِيدُونَ ٱلْحَيَوٰةَ ٱلدُّنْيَا يَٰلَيْتَ لَنَا مِثْلَ مَآ أُوتِىَ قَٰرُونُ ۙ إِنَّهُۥ لَذُو حَظٍّ عَظِيمٍ ﴿٧٩﴾

၇၉။ ထို့နောက် ထို 'ကာရူန်' သည် မိမိအမျိုးသား တို့ရှေ့ဝယ် မိမိအခမ်းအနားနှင့်တကွ ထွက်ခဲ့လေ၏။ (ထိုအခါ) လောကီဘဝကို အလိုရှိသူတို့က 'ဩော်-ကာရူန်ရရှိခဲ့သောဥစ္စာပစ္စည်း (အခမ်းအနား)မျိုးသည် ကျွန်ုပ်တို့၌လည်းရှိခဲ့လျှင် ကောင်းလေစွ၊ ဇကန်မလွဲ ထိုကာရူန်မှာ ကြီးကျယ်စွာသော အကြောင်းလှခြင်းကို ပိုင်ဆိုင်သူ ဖြစ်ပေသည်တကား' ဟုဆိုခဲ့ကြကုန်၏။

وَقَالَ ٱلَّذِينَ أُوتُوا۟ ٱلْعِلْمَ وَيْلَكُمْ ثَوَابُ ٱللَّهِ خَيْرٌ لِّمَنْ ءَامَنَ وَعَمِلَ صَٰلِحًا ۚ وَلَا يُلَقَّىٰهَآ إِلَّا ٱلصَّٰبِرُونَ ﴿٨٠﴾

၈၀။ သို့ရာတွင် အသိပညာကို ချီးမြှင့်ပေးသနား တော်မူခြင်းခံကြရသောသူတို့ကမူကား 'အသင်တို့၌ (အကျိုးနည်းပါစေ၊) 'အီမာန်' သက်ဝင် ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူ ဆောက် တည်ကြကုန်သောသူတို့အဖို့ အလ္လာဟ်အရှင်မြတ် အထံတော်မှ(ချီးမြှင့်ပေးသနားတော်မူအံ့သော)အကျိုး 'ဆဝါဗ်' သည် အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့ရာတွင် ယင်းအကျိုး 'ဆဝါဗ်'ကို သည်းခံတရား ထားရှိသောသူတို့သည်သာလျှင် ရရှိကြပေသည်'ဟု ပြောဆိုခဲ့ကြကုန်သတည်း။

فَخَسَفْنَا بِهٖ وَبِدَارِهِ الْاَرْضَ فَمَا كَانَ لَهٗ مِنْ فِئَةٍ يَّنْصُرُوْنَهٗ مِنْ دُوْنِ اللّٰهِ ۚ وَمَا كَانَ مِنَ الْمُنْتَصِرِيْنَ ﴿٨١﴾ وَاَصْبَحَ الَّذِيْنَ تَمَنَّوْا مَكَانَهٗ بِالْاَمْسِ يَقُوْلُوْنَ وَيْكَاَنَّ اللّٰهَ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ ۚ لَوْلَآ اَنْ مَّنَّ اللّٰهُ عَلَيْنَا لَخَسَفَ بِنَا ۭ وَيْكَاَنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ ﴿٨٢﴾

تِلْكَ الدَّارُ الْاٰخِرَةُ نَجْعَلُهَا لِلَّذِيْنَ لَا يُرِيْدُوْنَ عُلُوًّا فِي الْاَرْضِ وَلَا فَسَادًا ۭ وَالْعَاقِبَةُ لِلْمُتَّقِيْنَ ﴿٨٣﴾

၈၁။ ထို့နောက်ငါအရှင်မြတ်သည် ထို'ကာရွန်'အား ၎င်း၏အိမ်နှင့်တကွ မြေမျိုစေတော်မူခဲ့ရာ၊ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ၎င်းအား ကူညီစောင့်မမည့် အစုလည်း မရှိခဲ့ပေ။ ၎င်းကိုယ်တိုင်လည်း (မိမိကိုယ်ကို) ကယ်တင်နိုင်ခဲ့သည် မဟုတ်ပေ။

၈၂။ ထိုမှတပါး ယမန်နေ့က၎င်းကဲ့သို့ဖြစ်ရန် တပ်မက်တောင့်တခဲ့ကြသော သူတို့က 'ဩော်-အံ့ပါဘိ၊ အလ္လာဟ်အရှင်မြတ်သည် မိမိ အလိုရှိတော်မူသော သူအား စားနပ်ရိက္ခာကိုကျယ်ပြန့်စွာ ချီးမြှင့်ပေးသနားတော်မူ၍(မိမိအလိုမရှိတော်မူသောသူအား) ကျပ်တည်းစေတော်မူပါသည်။အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးပြုတော်မမူခဲ့ပါလျှင် ကျွန်ုပ်တို့အားလည်း မြေမျိုစေတော်မူခဲ့မည်သာ ဖြစ်ပေသည်။ ဩော်-အကျိုးနည်းလေခြင်း၊ 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့မှာ အောင်မြင်ကြသည် မဟုတ်ပေတကား' ဟု ပြောဆိုကြကုန်သတည်း။

၈၃။ ဤသည် တမလွန်ဘဝ၏ဗိမာန်တည်း။ ၎င်းအရှင်မြတ်သည် ထိုဗိမာန်ကို အကြင်သူတို့အဖို့ သတ်မှတ်ပေးသနားတော်မူသည်။ ထိုသူတို့သည် တိုင်းပြည်တွင် မောက်မာပလွှားမှုကိုလည်း အလိုရှိကြသည် မဟုတ်ပေ။ ဖျက်ဆီးမှုကိုလည်း လိုလားကြသည်မဟုတ်ပေ။စင်စစ်သော်ကား (ကောင်းမြတ်သော) အကျိုးဆက်သည် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော သူတို့အဖို့သာ ဖြစ်ပေသည်။

---

① **နောင်တမလွန်ဘဝနှင့် ထိုက်တန်သူများ။**

ဤပစ္စက္ခဘဝသည် အရိပ်ပမာ သခ်ါရမျှသာ ဖြစ်သည်။ နောင်တမလွန်ဘဝသည် ထာဝရဖြစ်သည်၊ အဓိကဖြစ်သည်။ နောင်တမလွန်ဘဝ၏သုခသည် မွတ်စ်လင်မ်တို့၏ နောက်ဆုံးပန်းတိုင် ဖြစ်သည်။ ဤပစ္စက္ခဘဝသည် အဆိုပါပန်းတိုင်သို့ ချီတက်သွားရာတွင် ခေတ္တစခန်းချရာ အရိပ်ပမာဖြစ်သည်။ ကြည့်-ကုရ်အာန်(၂၉း၆၄)

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ خَيْرٌ مِّنْهَا ۚ وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزَى الَّذِيْنَ عَمِلُوا السَّيِّاٰتِ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿٨٤﴾

၈၄။ မည်သူမဆို ကောင်းမှုကို ဆောင်ကြဉ်းခဲ့သည် ရှိသော်၊ ထိုသူ၏အဖို့ ယင်းကောင်းမှုထက် ပိုမို ကောင်းမြတ်သော (အကျိုး)သည် ရှိပေသည်။ သို့ရာတွင် မည်သူမဆို မကောင်းမှု ဆောင်ကြဉ်းခဲ့မှု မကောင်းမှုများကို ကျင့်မူခဲ့ကြကုန်သော သူတို့ကား မိမိတို့ကျင့်မူခဲ့ကြကုန်သော ပြစ်မှုနှင့်အမျှသာလျှင် အစားပေးခြင်းကို ခံကြရကုန်အံ့သတည်း။

اِنَّ الَّذِيْ فَرَضَ عَلَيْكَ الْقُرْاٰنَ لَرَآدُّكَ اِلٰى مَعَادٍ ؕ قُلْ رَّبِّيْۤ اَعْلَمُ مَنْ جَآءَ بِالْهُدٰى وَمَنْ هُوَ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٨٥﴾

၈၅။ ဧကန်မလွဲ(အို-နဗီတမန်တော်၊) အသင့်အပေါ်၌ ကုရ်အာန်ကျမ်းတော်မြတ်ကို (ချမှတ်)ပြဋ္ဌာန်း၍ ပေးတော်မူခဲ့သော အရှင်မြတ်သည် အသင့်အား (အသင်၏)ဇာတိနေရပ်သို့ အမှန်ပင်ပြန်၍ ပို့ပေးတော်မူအံ့သော အရှင်ဖြစ်တော်မူ၏။ [3] (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တရားလမ်းမှန်ကို ဆောင်ကြဉ်းခဲ့သောသူအားလည်းကောင်း၊ ထင်ရှားစွာသော လမ်းမှား၌ရှိနေသောသူအားလည်းကောင်း၊ ကောင်းစွာ သိရှိတော်မူ၏။

---

③ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညား၍ မမောက်မာ၊မပလွားသော ဖျက်ဆီးမှုမပြုသော မွတ္တကီသူတော်စင်များသည် နောင်တမလွန်ဘဝ၏ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ခံစားကြရမည့်အကြောင်း၊ အထက်တွင်ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် ဤပစ္စက္ခဋ္ဌလည်း နောက်ဆုံးတွင် အောင်မြင်မှုကို ယင်းမွတ္တကီသူတော်စင်များပင် ရရှိကြမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

တမန်တော်မြတ်သည် မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်ကျမ်းများ၏ ကျူးကျော် စော်ကားမှုများ၏ ဒဏ်ကို မခံမရပ်နိုင်သည့် အဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ ညွှန်ကြားချက်အရ မက္ကာမြို့တော်မှ (ဟိဂျ်ရတ်) စွန့်ခွာ တိမ်းရှောင်နေတော်မူခဲ့ရရှာလေသည်။ ဤသို့ တိမ်းရှောင်နေတော်မူရခြင်းကား ယာဃီသာ။ တမန်တော်မြတ်အား တမန်တော်ဂုဏ်ဖြင့် ချီးမြှင့်တော်မူ၍ ကုရ်အာန်ကျမ်းမြတ် ကဲ့သို့သော ကျမ်းထူးကျမ်းမြတ်ကို ထုတ်ပြန်ချမှတ် ပြဋ္ဌာန်းပေးတော်မူသော အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မက္ကာမြို့တော်သို့ အောင်မြင်စွာ ပြန်လည် ပို့ဆောင်တော်မူမည်သာ။

တမန်တော်မြတ် မက္ကာမြို့မှ (ဟိဂျ်ရတ်) စွန့်ခွာသွားတော်မူသည့် အချိန်တွင် ဤအာယတ်တော်သည် ကျရောက်လာခဲ့ပေသည်။ ဆိုလိုသည်ကား တမန်တော်မြတ်သည် မက္ကာမြို့တော်မှ ခေတ္တခဏ တိမ်းရှောင် ➤➤

وَمَا كُنْتَ تَرْجُوْٓا اَنْ يُّلْقٰٓى اِلَيْكَ الْكِتٰبُ اِلَّا رَحْمَةً مِّنْ رَّبِّكَ فَلَا تَكُوْنَنَّ ظَهِيْرًا لِّلْكٰفِرِيْنَ ﴿٨٦﴾

၈၆။ စင်စစ် အသင်သည် မိမိထံသို့ (ဤကုရ်အာန်)ကျမ်းမြတ် ချပေးသနားတော်မူခြင်းခံရမည်ဟု မျှော်လင့်၍ နေခဲ့သည်ပင် မဟုတ်ပေ။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကရုဏာတော်ဖြင့် (ကျရောက်လာခဲ့လေပြီ)။ သို့ဖြစ်ပေရာ အသင်သည် (ဤ)'ကာဖိရ်' သွေဖည်ငြင်းပယ်ကြသော သူတို့အား ကူညီထောက်ခံသူ အလျှင်းမဖြစ်ပါလေနှင့်။

وَلَا يَصُدُّنَّكَ عَنْ اٰيٰتِ اللّٰهِ بَعْدَ اِذْ اُنْزِلَتْ اِلَيْكَ وَادْعُ اِلٰى رَبِّكَ وَلَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ﴿٨٧﴾

၈၇။ ထို့ပြင် အသင့်ထံသို့ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များ ကျရောက်လာခဲ့ပြီးနောက်၊ ၎င်းတို့သည် အသင့်အားထိုအမိန့်တော်များမှ လုံးဝ တားဆီးခြင်း မပြုကြစေနှင့်။ ထိုမှတပါး အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်သို့ (လူတို့အား) ဖိတ်ခေါ်လျက်ရှိပါလေ။ ၎င်းပြင် အသင်သည် 'မုရှ်ရစ်က်' တစ်စုံတစ်ရာကိုအလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ကြသော သူတို့တွင် အပါအဝင် အလျှင်း မဖြစ်ပါလေနှင့်။

➢➢ နေတော် မူရသော်လည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မကြာမီအတွင်း မက္ကာမြို့တော်သို့ ပြန်လည် ပို့ဆောင်ပေးတော်မူမည့်အကြောင်း ကြိုတင် အားပေးစကား မိန့်ကြားထားတော်မူခြင်း ဖြစ်လေသည်။ သို့မိန့်ကြား ထားတော်မူသည့်အတိုင်း တမန်တော်မြတ်သည် ဟဂျ်ရီသက္ကရာဇ် (၈)ခုနှစ်တွင် မက္ကာမြို့တော်ကို ပြန်လည် အောင်နိုင်တော် မူခဲ့သည်မှာ အစွယ်လာမ့်သမိုင်းစဉ်တွင် အထင်အရှားပင်။

⑥ **တမန်တော်ဖြစ်ရသည်မှာ အလ္လာဟ်၏ ကျေးဇူးတော်သာ။**

တမန်တော်မြတ်သည် မိမိအား အလ္လာဟ်အရှင်မြတ်က တမန်တော်၏ဂုဏ်ဖြင့် ချီးမြှင့်တော်မူ၍ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ် ပေးသနားတော် မူလိမ့်မည်ဟု မျှော်လင့်နေတော်မူခဲ့သည် မဟုတ်ပေ။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မျှသာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် တမန်တော်မြတ်အား ယင်းသို့ ချီးမြှင့်မြောက်စားတော် မူခဲ့ပေရာ ထိုအရှင်မြတ်သည်ပင် တမန်တော်မြတ်အား မိမိ၏ကျေးဇူးတော်ဖြင့် နှစ်ဘဝလုံးတွင် အောင်မြင်စေတော် မူမည်သာဖြစ်သည်။ သို့ဖြစ်ရာ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အားသာလျှင် အားထားတော်မူရပေမည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သူ့ကိုမျှ မမှီမှားရှိမျှ အားထားတော်မမူရာ။

وَلَا تَدْعُ مَعَ اللَّهِ إِلَٰهًا آخَرَ ۘ لَا إِلَٰهَ إِلَّا هُوَ ۚ كُلُّ شَيْءٍ هَالِكٌ إِلَّا وَجْهَهُ ۚ لَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ ﴿٨٨﴾

၈၈။ ထိုမှတပါး အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သည့်ကိုးကွယ်ရာကိုမျှပင် ဟစ်ခေါ်(တသ)ခြင်း မပြုပါလေနှင့်။ ထိုအရှင်မြတ်မှတပါး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ ထိုအရှင်မြတ်မှတပါး၊ *အခြားအရာခပ်သိမ်းကုန်တို့သည် ပျက်စီးဆုံးပါးမည့်အရာချည်းသာဖြစ်ကုန်၏။* [၁] အမိန့်အာဏာအလုံးစုံတို့သည် ထိုအရှင်မြတ်၌သာ ရှိကုန်၏။ ထိုမှတပါးအသင်တို့သည် ထိုအရှင်မြတ် အထံတော်သို့ သာလျှင် ပြန်သွားကြရမည်သာတည်း။ [၂]

---

① အလ္လာဟ်အရှင်မြတ်၌ အစမရှိ၊ အဆုံးမရှိ၊ ထိုအရှင်မြတ်သည် နိစ္စ ထာဝရ တည်ရှိတော်မူသောအရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြား အရာခပ်သိမ်းကုန်တို့သည် သခ်ါရမျှသာ ဖြစ်ကြပေရာ ပြောင်းလဲယိုယွင်း ပျက်စီးဆိတ်သုဉ်းသွားကြ မည်ချည်းသာ။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်မြတ်မှတစ်ပါး အခြားခပ်သိမ်းကုန်တို့ အပေါ်၌ ပြောင်းလဲယိုယွင်း ပျက်စီးမှုတည်းဟူသော (ဖနာ)မမြဲသောတရားသည် အမြဲတစေ ဖိစီးလျက် ရှိပေသည်။ ထို့ပြင်တဝ ထိုအရှင်မြတ်မှတစ်ပါး အခြား ခပ်သိမ်းကုန်တို့၌ ရှိနေသော ကိုယ်ခန္ဓာများသည် ကိုယ်ပိုင်မဟုတ်၊ အမြဲတစေ ပြောင်းလဲယိုယွင်း ပျက်စီးဆိတ်သုဉ်းလျက် ရှိကြပေသည်။ တစ်နည်းဆိုသော် ထိုအရှင်မြတ်မှတစ်ပါး အခြား ခပ်သိမ်းကုန်တို့၌ရှိသော ကိုယ်ခန္ဓာများသည် ကိုယ်ပိုင်မဟုတ်သည့် အတွက် ရှိခြင်းသည် မရှိခြင်းနှင့် မခြားပေ။

အလ္လာဟ်အရှင်မြတ်၏ မျက်နှာတော်ဟူသည် ထိုအရှင်မြတ်၏ 'ဇာတိ'တော်ကို ဆိုလိုသည်။ ကြည့်-မဒါရိုက်၊ ဗိုင်းသွာဝီ၊ ကရ်ရှာဖ်၊ ကဗီရ်၊ ဗဟ်ရ်၊ အီဗ်နူကဆီရ်၊ အီဗ်နူဂျရီရ်၊ ထာနဝီ၊ အွတ်(ဆ်)မာနီ၊ မာဂျီဒီ။

② အမိန့် အာဏာတော်သည် အမှန်စင်စစ် ထာဝရ တည်ရှိတော်မူသော အလ္လာဟ်အရှင်မြတ်၌သာ တည်ရှိပေသည်။ လူသားအားလုံးတို့သည် ထိုအရှင်မြတ်ထံတော်သို့ ပြန်လည် ရောက်ရှိကြရပေမည်။ စာရင်းရှင်းကြရပေမည်။ ကျိုးပြစ်ခံစံကြရပေမည်။

လူသားတို့သည် ဤသည့်အချက်ကို နှလုံးသွင်း၍ အချိန်ဧ မိမိတို့၏ စာရင်းများကို ရှင်းထားနိုင်ကြ ပါက (အင်ရှာ အလ္လာဟ်) ကိယာမတ်နေ့တွင် စာရင်းရှင်းကာ နောင်တမလွန်ဘဝ၏ သုခကိုခံစားခွင့် ရရှိနိုင်ကြပေမည်။

ပင့်ကူကောင်ကဏ္ဍ



ဤကဏ္ဍသည် 'အလ်အန်ကဗူတ်' ပင့်ကူကောင်အကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။
မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။
ဤကဏ္ဍတွင် အာယတ်တော် (၆၉)ပါး၊ ရုကူအ်အပိုဒ် (၇)ပိုဒ် အသီးသီးပါရှိသည်။

အလွန်တရာ သနားကြင်နာညှာတာတော်မူသော
အထူး ကရုဏာပြုတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

الٓمّٓ ①
اَحَسِبَ النَّاسُ اَنْ يُّتْرَكُوْٓا
اَنْ يَّقُوْلُوْٓا اٰمَنَّا وَهُمْ
لَا يُفْتَنُوْنَ ②
وَلَقَدْ فَتَنَّا الَّذِيْنَ مِنْ قَبْلِهِمْ
فَلَيَعْلَمَنَّ اللّٰهُ الَّذِيْنَ صَدَقُوْا
وَلَيَعْلَمَنَّ الْكٰذِبِيْنَ ③

၁။ အလိဖ်၊ လာမ်၊ မီမ်။

၂။ လူတို့သည် ၎င်းတို့က 'ကျွန်ုပ်တို့သည် 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြပါပြီ' ဟု ပြောကြသောကြောင့် မိမိတို့မှာ စမ်းသပ်ခြင်း မခံကြရဘဲ လွတ်ထားခြင်း ခံကြရမည်ဟု ထင်မှတ်ကြလေသလော။ [၁]

၃။ စင်စစ်သော်ကား မချွတ်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့အလျင် ရှိခဲ့ကြကုန်သော သူတို့အား စမ်းသပ်တော်မူခဲ့၏။ [၂] သို့ဖြစ်ပေရာ မုချကောန် အလ္လာဟ်အရှင်မြတ်သည် မှန်ကန်စွာ ပြောဆိုကြသော သူတို့အား ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။ ထိုမှတပါး ဧကန်မုချ ထိုအရှင်မြတ်သည် မုသာဝါဒီ တို့အားလည်း ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။ [၃]

---

① **အီမာန်ယုံကြည်ပါသည်ဟု ဆိုရုံမျှဖြင့် အေးမဲ့လွတ်ထားခြင်းခံရမည် မဟုတ်ပေ။**

အီမာန် ယုံကြည်ပါသည်ဟု ပြောဆိုခြင်းမှာ အမြင်အားဖြင့် လွယ်ကူသောကိစ္စ ဖြစ်သည်ဟု ထင်မှတ်ရသော်လည်း အမှန်မှာ မလွယ်ကူလှပေ။ ကျွန်ုပ် အီမာန် ယုံကြည်ပါသည်ဟု ပြောဆိုသူတစ်ဦးသည် မိမိထုတ်ဖော် ပြောဆိုလိုက်သော ယုံကြည်ချက် မှန်၊မမှန် အစစ်အဆည်ခံနိုင်ရမည်။ မှတ်ကျောက် အတင်ခံနိုင်ရမည်။

တမန်တော်မြတ်၏ ဩဝါဒတော်များတွင် လာရှိသည်မှာ တမန်တော်များအား စမ်းသပ်မှုမှာ ➤➤

➤➤ အပြင်းထန်ဆုံး ဖြစ်ခဲ့လေသည်။ ထို့နောက် သူတော်စင်များအားစမ်းသပ်မှုမှာ အပြင်းထန်ဆုံး ဖြစ်လေသည်။ ထို့နောက် ထိုသူတော်စင်များနှင့် နီးစပ်သူများအား စမ်းသပ်မှုမှာ သူ့အဆင့်နှင့်သူ ပြင်းထန်ခဲ့ပေသည်။ ပုဂ္ဂိုလ်တစ်ဦးအား စမ်းသပ်မှုမှာ ၎င်း၏သာသနာရေး ရင့်ကျက်မှုနှင့်အမျှ ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးသည် သာသနာရေးတွင် ရင့်ကျက်သည်နှင့်အမျှ ပြင်းထန်စွာ စမ်းသပ်ခြင်းကို ခံရပေမည်။

❑④ အတိတ်ဓေတ် မွတ်စ်လင်မ်များသည်လည်း အစမ်းအသပ်ခံခဲ့ရခြင်း။

အတိတ်ဓေတ်များတွင် တမန်တော်မြတ်နှင့်တကွ ၎င်းတို့၏ နောက်လိုက်တပည့်များသည်လည်း ကြောက်ဖွယ်လိလိ အစမ်းအသပ် ခံခဲ့ကြရပေသည်။ ဗုခါရီကျမ်းတွင် လာရှိသည်မှာ မက္ကာမြို့သား ကာဖိရ်များ၏ နှိပ်စက်မှုဒဏ်ကို မွတ်စ်လင်မ်များ အလူးအလိမ့် ခံစားနေကြရသည့်အချိန်တွင် တစ်နေ့ (ဆွဟာဗဟ်) သာဝကများသည် ထိတ်လန့်ကာ တမန်တော်မြတ်ထံတွင် 'တမန်တော်မြတ်... တမန်တော်မြတ်သည် အလွှာဟ်အရှင်မြတ်ထံတော်၌ ကျွန်တော်တို့အဖို့ အကူအညီပန်ကြားပေးတော်မူပါ' ဟုလျှောက်ထားခဲ့ကြ၏။

ထိုအခါ တမန်တော်မြတ် က 'အသင်တို့အလျင် ရှိခဲ့ကြသော မွတ်စ်လင်မ်များအနက် အချို့သည် အရှင်လတ်လတ် မြေမြှုပ်၍ ဦးခေါင်းထက်မှ လွှတင်ကာ ၂-ခြမ်းခွဲပြီး သတ်ဖြတ်ခြင်းကိုပင် ခံခဲ့ကြရရှာသည်။ အချို့ မွတ်စ်လင်မ်များသည် သံဘီးဖြင့်ခြစ်ပြီး သားရေများပင် အခွာခံခဲ့ကြရရှာပေသည်။ သို့တစေလည်း ယင်းသည့် လူမဆန်သော ရက်စက်ကြမ်းကြုတ်လှသော နှိပ်စက်မှုများသည် ထိုမွတ်စ်လင်မ်များအား အစွန်လာမ်မှ စိုးစဉ်းမျှပင် ယိမ်းယိုင်စေနိုင်ခဲ့သည်မရှိ' ဟု ဖြေကြားတော် မူလိုက်လေသည်။ စစ်မှန်သော 'အီမာန်' ယုံကြည်မှု၏ တာဝန်ကား မလွယ်လှပါဘိတကား။

⑤ စမ်းသပ်မှု၏ အကျိုး။

'ကျွန်ုပ်တို့ အီမာန် သက်ဝင်ယုံကြည်ကြပါသည်' ဟု ပြောဆိုသော ပုဂ္ဂိုလ်များအား စမ်းသပ်တော်မူခြင်းမှာ မည်သူမည်ဝါသည် စိတ်စေတနာ ဖြူစင်စွာဖြင့် အမှန်တကယ် အီမာန်သက်ဝင် ယုံကြည်ကြသည်။ မည်သူမည်ဝါသည် အခြေအနေအရ ပရိယာယ်ဖြင့် အမည်ခံ အီမာန်သက်ဝင်ယုံကြည် ကြသည်များကို အထင်အရှား ခွဲခြား သိမြင်စေတော်မူရန်နှင့် အမှန်နှင့်အမှား အစစ်နှင့်မစစ်ကို ခွဲခြား သိထားတော်မူရန်ပင် ဖြစ်သည်။

ယင်းသို့ အမှားနှင့်အမှန်၊ အစစ်နှင့်မစစ်ကို ခွဲခြားထားတော်မူခြင်းမှာ အမှန်နှင့်အစစ်များအဖို့ အမြတ်ပင်။ အဘယ့်ကြောင့်ဆိုသော် မွတ်စ်လင်မ် အစစ်အမှန်များနှင့် အမည်ခံများ အုတ်အရောရော၊ ကျောက် အရောရော ရောယှက်နေကြပါက အရေးကြုံသည့်အခါ ယင်းသည့်အမည်ခံများသည် မွတ်စ်လင်မ်တို့အား မည်သို့မျှ ကောင်းကျိုးမပေးကြသည့်အပြင် ဆိုးကျိုးသာ ပေးလေ့ရှိကြပေသည်။ ဤကား အစွန်လာမ် သမိုင်းစဉ်တွင် အထင်အရှားပင်။

စိတ်စေတနာ ဖြူစင်စွာဖြင့် အီမာန် သက်ဝင်ယုံကြည်သော မွတ်စ်လင်မ်တစ်ဦးသည် အစမ်းအသပ် ခံရသည်နှင့်အမျှ ၎င်း၏ ယုံကြည်မှုသည် ပို၍ပို၍ ရင့်ကျက်လာပေသည်။ ၎င်း၏ အရည်အသွေးမှာ ပို၍ပို၍ ပြောင်မြောက်လာပေသည်။ အမည်ခံ မွတ်စ်လင်မ်မှာမူ အစမ်းအသပ် ခံရသည့်အခါ အစွန်လာမ်ကို ကျောခိုင်းသွားလေသည်။ အမှန်နှင့်အမှား၊ အစစ်နှင့်မစစ် အသို့လျှင် တူနိုင်ကြအံ့နည်း၊ အသို့လျှင် ပေါင်းစပ်နေနိုင်ကြအံ့နည်း။

أَمْ حَسِبَ الَّذِينَ يَعْمَلُونَ السَّيِّئَاتِ أَن يَسْبِقُونَا ۚ سَاءَ مَا يَحْكُمُونَ ﴿٤﴾

၄။ သို့တည်းမဟုတ် မကောင်းမှု ဒုစရိုက်များကို ကျင့်မှု (ကျူးလွန်)နေကြကုန်သော သူတို့သည် မိမိတို့မှာ 'ငါအရှုံးမြတ် (ဖမ်းဆီးကွပ်မျက်တော်မူခြင်း)မှ ထွက်ပြေးလွတ်မြောက်သွားကြမည်' ဟု ထင်မှတ်ကြလေသလော။ ၎င်းတို့၏ အဆုံးအဖြတ်မှာ အလွန်ဆိုးရွားလှပေသည်တကား။

مَن كَانَ يَرْجُو لِقَاءَ اللَّهِ فَإِنَّ أَجَلَ اللَّهِ لَآتٍ ۚ وَهُوَ السَّمِيعُ الْعَلِيمُ ﴿٥﴾

၅။ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံရန်မျှော်လင့်လျက်ရှိခဲ့မူ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်း၍ ထားတော်မူသော ကာလအပိုင်းအခြားသည် မုချ ဆိုက်ရောက်လာမည်ဖြစ်၏။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ကြားတော်မူသော၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَمَن جَاهَدَ فَإِنَّمَا يُجَاهِدُ لِنَفْسِهِ ۚ إِنَّ اللَّهَ لَغَنِيٌّ عَنِ الْعَالَمِينَ ﴿٦﴾

၆။ အမှန်သော်ကား မည်သူမဆို ကြိုးပမ်းဆောင်ရွက်ခဲ့မူ ထိုသူသည် မိမိအကျိုးငှာ ကြိုးပမ်းဆောင်ရွက်သည်သာဖြစ်ချေသည်။ မုချဧကန်အလ္လာဟ်အရှင်မြတ်သည် စကြာဝဠာခပ်သိမ်းတို့ကို(မှ) လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

---

① **ကာဖိရ်များ၏ မိုက်မဲသော အဆုံးအဖြတ်။**

မွတ်စ်လင်မ်တို့အား ဒုက္ခပေးနေကြသော ကာဖိရ်များသည် မွတ်စ်လင်မ်တို့ ခံစားနေကြရသော ဒုက္ခများကို ကြည့်ပြီး 'ငါတို့သည် လှလှကြီး ဒုက္ခပေးနေနိုင်ကြသည်၊ ငါတို့သည် ဘေးဒုက္ခများမှလည်း လွတ်မြောက်၍ နေကြမည်'ဟု ထင်မှတ်နေကြသလော။ ဤသို့ မထင်မှတ်ကြရာ။ ယင်း ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ ဖမ်းဆီး ကွပ်မျက်တော်မူခြင်းမှ အသို့လျှင် လွတ်မြောက်သွားနိုင်ကြအံ့နည်း။ ၎င်းတို့သည် မကြာမီအတွင်း ကြီးလေးသော ပြစ်ဒဏ်များကို ခံစားကြရတော့မည်။ ၎င်းတို့ ခံစားကြရမည့် ပြစ်ဒဏ်များ ရှေ့မှောက်တွင် ယခုမွတ်စ်လင်မ်တို့ ခံစားနေကြရသော ဒုက္ခသည် ဘာမျှမဟုတ်သေးပေ။

ကာဖိရ်များသည် မိမိတို့အား ခေတ္တခဏ လျစ်လျူပြုထားတော် မူသည်ကိုကြည့်ပြီး ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ ဖမ်းဆီးကွပ်မျက်တော်မူခြင်းကို ဘယ်သောအခါမှ ခံကြရမည်မဟုတ်ဟု ကိုယ့်ဘာသာ ➤➤

وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَنُكَفِّرَنَّ عَنْهُمْ سَيِّئَاتِهِمْ وَلَنَجْزِيَنَّهُمْ أَحْسَنَ الَّذِي كَانُوا يَعْمَلُونَ ۝٧

၇။ သို့ရာတွင် အကြင်သူတို့သည် 'အီမာန်' သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြပါမူ၊ မလွဲဧကန် ငါအရှင်မြတ်သည် ၎င်းတို့၏ ပြစ်မှုဒုစရိုက်များကို ၎င်းတို့မှ ပယ်ဖျောက်စေတော်မူမည်။ ထိုမှတပါး မုချဧကန် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ကျင့်မူလျက် ရှိခဲ့ကြသည်တို့ထက် ကောင်းမြတ်သော အစားကို ချီးမြှင့်ပေးသနားတော် မူအံ့သတည်း။ ၁

➢➢ ကိုယ် ဆုံးဖြတ်ထားကြသည်။ ဤသည် အလွန်မိုက်မဲသော ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ ယင်းသို့သော ဆုံးဖြတ်ချက် သည် သက်ရောက်အံ့သော ပြစ်ဒဏ်ကို မည်သို့မျှ ကာကွယ်နိုင်မည်မဟုတ်ပေ။

① အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံရမည်ကို မျှော်လင့်သော မှတ်စ်လင်မ်တစ်ဦးသည် ဤပစ္စက္ခတွင် တွေ့ကြုံခံစားနေရသော ဒုက္ခကြီးငယ်များကြောင့် စိတ်ပျက်နေရန်ပင် မလိုပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံရန် အချိန်ပိုင်းသည်မှချ ရောက်ရှိလာတော့မည် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အားလုံးကြားတော်မူသည်၊ အားလုံးသိတော် မူသည်ဖြစ်ရာ မှတ်စ်လင်မ်များ ကိုယ်၊နှုတ်၊နှလုံး သုံးပါးလုံးဖြင့် ကြံဆပြောဆို ကျင့်မူခဲ့ကြသည်များ၏ ကုသိုလ်အကျိုးများကို ချီးမြှင့်တော်မူမည်သာဖြစ်သည်။

ထို့ပြင်တစ်ဝ သိထားအပ်သည်မှာ မည်သူမဆို မိမိအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သည်သာ၊ မိမိအကျိုးအတွက် အနစ်နာခံသည်သာ။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခြင်း၊ အနစ်နာခံခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၌ မည်သို့မျှအကျိုးမရှိ၊ ရှိရန်လည်းမလို။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝ ကင်းမဲ့တော်မူသောအရှင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ မှတ်စ်လင်မ်တစ်ဦးသည် မိမိအကျိုးအတွက် ကြိုးပမ်းရာတွင် ဒုက္ခတွေ့ကြုံပါက အပြုံးနှင့် ရဲရဲရင့်ဆိုင်ရမည်သာ ဒုက္ခကိုပင် သုခဟုထင်ရမည်သာ။

ထို့ပြင်တစ်ဝ အီမာန် သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်သော ပုဂ္ဂိုလ်များအား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အပြစ်များကို ဖုံးဖိပေးတော်မူမည်သာမက ၎င်းတို့ကျင့်မူခဲ့ကြသော ကောင်းမှုများ၏ ကုသိုလ်အကျိုးများကိုလည်း ထိုက်တန်သည်ထက်ပင် အတိုင်းမသိ ပိုမိုချီးမြှင့်တော်မူဦးမည်ဖြစ်သည်။ သို့ဖြစ်ပေရာ ဤပစ္စက္ခတွင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဒုက္ခကြီးငယ် ခံစားခဲ့ကြရသော မှတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံကြရသည့်အခါ ဘေးရန်ခပ်သိမ်း ကင်းဝေးခြင်း၌ ဝမ်းသာမဆုံးဖြစ်ကြရပေသည်။ ကြည့်-ကုရ်အာန် (၃၅:၃၄-၃၅)။ ဤကား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အနစ်နာခံခဲ့ခြင်း၏ အကျိုးပင်။ [ထာနဝီကို မှီးသည်]။

وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حُسْنًا ۖ وَإِن جَاهَدَاكَ لِتُشْرِكَ بِي مَا لَيْسَ لَكَ بِهِ عِلْمٌ فَلَا تُطِعْهُمَا ۚ إِلَيَّ مَرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿٨﴾

၈။ အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားအား (ဤသို့)အမိန့်ပေးတော်မူ၏။ အသင်သည် မိမိ၏ မိဘနှစ်ပါးတို့အား ကောင်းစွာပြုစုရမည်။ သို့ရာတွင် အကယ်၍အသင်၌ အသိပညာ (သက်သေအထောက် အထား) မည်သည့်တစ်စုံတစ်ရာမျှမရှိသော အရာကို အသင့်အား ငါအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ် ရန် ထိုမိဘနှစ်ပါးကကြိုးပမ်းအားထုတ်ခဲ့ကြလျှင် အသင်သည် (ယင်းတွဲဖက် ကိုးကွယ်မှုနှင့်စပ်လျဉ်း၍) ထိုမိဘနှစ်ပါး၏ စကားကို မလိုက်နာလေနှင့်။ [၁]

အသင်တို့အားလုံးသည် ငါအရှင်မြတ် အထံတော်သို့ ပြန်လာကြရပေမည်။ ထိုအခါ ငါအရှင်မြတ် သည် အသင်တို့အား အသင်တို့ ပြုမူလျက်ရှိခဲ့ကြကုန် သော အမှုကိစ္စ(အလုံးစုံ)တို့နှင့်စပ်လျဉ်း၍ အသိ ပေးတော်မူမည်။

① **မိဘကိုငဲ့ထောက်ကာ သာသနာကို မဆန့်ကျင်ရာ။**

ဤပစ္စက္ခတွင် မိဘနှစ်ပါးနှင့် ပတ်သက်၍ ထမ်းဆောင်ရမည့် တာဝန်သည်အကြီးဆုံးပင်။ သို့ပင်တစေ အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ထမ်းဆောင်ရမည့် တာဝန်ကား ထိုထက်ပင် ကြီးလေးလှပေသည်။ သို့ဖြစ်ရာ သားသမီးများသည် မိဘအား ငဲ့ညှာထောက်ထားကာ သာသနာကို မစွန့်လွှတ်ကြရာ၊ သာသနာရေးနှင့် ဆန့်ကျင်သည်များကို မကျူးလွန်ရာ။

တမန်တော်မြတ်၏ ဩဝါဒတော်များတွင် လာရှိသည်မှာ သာဝကကြီး စသဒ်အစ်ဗ်နုအဗီဝက္ကာဆ်၏ မိခင်ဟမ်နတ်မှာ (မုရှ်ရ်ကဟ်) တွဲဖက်ကိုးကွယ်သူ ဖြစ်ခဲ့၏။ ဟမ်နဟ်သည် မိမိ၏သား အစ္စလာမ်ကို သက်ဝင်ယုံကြည်သွားသည့် သတင်းကို ကြားသိသောအခါ 'ငါသည် မိမိ၏သား အစ္စလာမ်ကို မစွန့်လွှတ်သမျှ ကာလပတ်လုံး မည်သည့် အစာအာဟာရကိုမျှ စားသောက်မည်မဟုတ်၊ မည်သည့် အရိပ်အာဝါသအောက်တွင်မျှ နေမည်မဟုတ်ဟု သန္နိဋ္ဌာန်ချ၍ အစာငတ်ခံပြီး ဆန္ဒပြခဲ့၏။ သို့ အစာငတ်ခံ ဆန္ဒပြခဲ့သည့်အတွက် ဟမ်နဟ်မှာ အားအင်ဆုတ်ယုတ်ပြီး လွန်စွာ ပိန်ချုံးသွားခဲ့၏။ မိတ်ဆွေများသည် ဟမ်နဟ် သေဆုံးသွားမည်ကို စိုးရိမ်ကြသည့်အတွက် အတင်းအဓမ္မ ပါးစပ်ကိုဖြဲ၍ အာဟာရ ထည့်သွင်းပေးခဲ့ကြရ၏။ ယင်းသို့မိခင်က အကျပ်ကိုင်သော်လည်း သာဝကကြီး စသဒ်သည် အစ္စလာမ်မှစိုးစဉ်မျှပင် ယိမ်းယိုင်မသွားခဲ့ပေ။ ဤသည့်ဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။

ဤသို့ အစ္စလာမ်နှင့် ဆန့်ကျင်သည့် အမှုကိုပြုရန် မိဘများက အကျပ်ကိုင်ခြင်းမှာလည်း စမ်းသပ်မှု တစ်ရပ်ပင်။ အစ္စလာမ်နှင့် ဆင့်ကျင်သည့်အမှုကို ကျူးလွန်ရန် ကျေးဇူးရှင် မိဘများကပင် ➤➤

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُدْخِلَنَّهُمْ فِى الصّٰلِحِيْنَ ۝٩

وَمِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ فَاِذَآ اُوْذِىَ فِى اللّٰهِ جَعَلَ فِتْنَةَ النَّاسِ كَعَذَابِ اللّٰهِ ۭ وَلَىِٕنْ جَاۗءَ نَصْرٌ مِّنْ رَّبِّكَ لَيَقُوْلُنَّ اِنَّا كُنَّا مَعَكُمْ ۭ اَوَلَيْسَ اللّٰهُ بِاَعْلَمَ بِمَا فِيْ صُدُوْرِ الْعٰلَمِيْنَ ۝١٠

၉။ ၎င်းပြင် 'အီမာန်' သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သောသူတို့အား ဧကန်စင်စစ် ငါအရှင်မြတ်သည် သူမွန်သူမြတ်တို့တွင် ဝင်ရောက်စေတော်မူအံ့သတည်း။

၁၀။ လူတို့တွင် 'ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြပါပြီ' ဟု ပြောဆိုသူများလည်း ရှိကြပေသည်။ သို့ရာတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်(၏လမ်းတော်၌) ဒုက္ခပေးခြင်းကို ခံခဲ့ကြရသောအခါ ၎င်းတို့သည် လူတို့၏ဒုက္ခပေးမှုကို အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကဲ့သို့ပင် ထင်မှတ်ယူဆကြလေသည်။

သို့ရာတွင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ ကူညီစောင်မမူ တစ်စုံတစ်ရာ ရောက်ရှိလာခဲ့သည်ရှိသော် ၎င်းတို့က 'ကျွန်ုပ်တို့သည်လည်း ဧကန်အမှန် အသင်တို့နှင့် အတူရှိခဲ့ကြပေသည်' ဟု မုချဧကန် ပြောဆိုကြကုန်၏။အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းတို့၏ စိတ်နှလုံးများအတွင်း ရှိသည်တို့ကို အသိတော်မူဆုံးပင်မဟုတ်ပါလော။ ၃

➤➤ ခိုင်းစေကြလင့်ကစား- မွတ်စ်လင်မ်များသည် မကျူးလွန်ကြရာ။ အစွလာမ်နှင့် ဆန့်ကျင်သည့် ကိစ္စများတွင် မိဘ၂ပါး၏ စကားကိုပင် နားထောင်ရန် မလိုပေ။

③ အီမာန်ယုံကြည်မှု မခိုင်မြဲသူများ။

လူတို့တွင်အချို့ ဤသို့သောသူများလည်းရှိ၏။ ၎င်းတို့က ကျွန်ုပ်တို့သည် အီမာန် ယုံကြည်ကြပါသည်ဟု ဆိုကြ၏။ အမှန်မှာ အီမာန်ယုံကြည်မှုသည် ၎င်းတို့၏ စိတ်နှလုံးများတွင် မခိုင်မြဲပေ။ ထိုသို့သောသူများသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ တစ်စုံတစ်ရာ ဒုက္ခဖြစ်ကြလျှင် ယင်းသည့် သာမန်ဒုက္ခကိုပင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကြီးသဖွယ် ထင်မှတ်ကာ ယခင်ကမိမိတို့ အီမာန်ယုံကြည်ခဲ့သည်ကိုပင် မှားယွင်းကြောင်းဝန်ခံကြ၏။ သို့တည်းမဟုတ် အီမာန် မယုံကြည်ခဲ့ကြပါဟူ၍ပင် ငြင်းဆိုကြ၏။ ဤကား မွတ်စ်လင်မ်တို့ အရေးမလှသည့် အချိန်တွင် အီမာန်မခိုင်မြဲသူတို့၏ ဖြစ်အင်ပင်။ ➤➤

وَلَيَعْلَمَنَّ اللَّهُ الَّذِينَ آمَنُوا وَلَيَعْلَمَنَّ الْمُنَافِقِينَ ﴿١١﴾

၁၁။ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူမည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် 'မုနာဖစ်က်' အယောင်ဆောင်တို့အားလည်း ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူအံ့သတည်း။

وَقَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا اتَّبِعُوا سَبِيلَنَا وَلْنَحْمِلْ خَطَايَاكُمْ وَمَا هُم بِحَامِلِينَ مِنْ خَطَايَاهُم مِّن شَيْءٍ ۖ إِنَّهُمْ لَكَاذِبُونَ ﴿١٢﴾

၁၂။ စင်စစ် 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့က 'မုအ်မင်န်' သက်ဝင်ယုံကြည်သောသူတို့အား 'အသင်တို့သည် ကျွန်ုပ်တို့၏ လမ်းစဉ်လိုက်နာကြလေကုန်၊ ကျွန်ုပ်တို့သည် အသင်တို့၏ ပြစ်မှုများကို ထမ်းရွက်ကြမည်' [၁] ဟု ဆိုကြကုန်၏။ စင်စစ်သော်ကား၊ ၎င်းတို့သည်ထိုမုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ပြစ်မှုများအနက်မှ အနည်းငယ်(သောပြစ်မှု)ကိုမျှပင် ထမ်းရွက်နိုင်ကြမည့် သူများမဟုတ်ပေ။ စင်စစ်ဧကန် ၎င်းတို့သည် မုသာဝါဒီ များပင် ဖြစ်ကြကုန်၏။

---

[၁] တစ်ဖန် ၎င်းတို့သည် မွတ်စ်လင်မ်တို့ အရေးသာလာကြသည်ကို တွေ့မြင်ကြရပြန်သော်၊ သို့တည်းမဟုတ် ထိုသို့အီမာန်မခိုင်မြဲသော သူများသည် ကာဖိရ်များနှင့် ပူးပေါင်းတိုက်ခိုက်နေကြစဉ် မွတ်စ်လင်မ်တို့၏ လက်တွင်းသို့ သုံ့ပန်းအဖြစ် မိလာကြသော် 'ကျွန်ုပ်တို့သည် အသင်တို့နှင့် အတူတူ ဖြစ်ပါသည်၊ ညီနောင်များ ဖြစ်ကြပါသည်။ ကာဖိရ်များနှင့် ပေါင်းနေခြင်းမှာ အခြေအနေအရသာ ဂြစ်ပါသည်' စသည်ဖြင့် နှုတ်ချိုသွေးကြ၏၊ ခယ ဝယ ပြုကြ၏၊ ချောမော့ကြ၏၊ မြှောက်ပင့် လိမ်လည်ကြ၏။ ဤကား မွတ်စ်လင်မ်တို့ အရေးသာသည့်အချိန်တွင် အီမာန်မခိုင်မြဲသူတို့၏ ဖြစ်အင်ပင်။ ထိုသူများသည် မွတ်စ်လင်မ်တို့အား နှုတ်ဖြင့် အသိုပင် နှုတ်ချိုသွေးနေကြသော်လည်း ကမ္ဘာသူကမ္ဘာသား၏ စိတ်နလုံးများတွင် ရှိသည်များကိုပင် အကြွင်းမဲ့သိတော်မူသော အလ္လာဟ်အရှင်မြတ်အားမူ မိမိတို့၏ စိတ်တွင်းသဘောကို အသို့လျှင် ဖုံးကွယ်ထား နိုင်ကြအံ့နည်း။

② ကာဖိရ်များ၏ ဖြားယောင်းမှုတစ်ရပ်။

ကာဖိရ်များက မွတ်စ်လင်မ်တို့အား 'အသင်တို့သည် အစ္စလာမ်ကို စွန့်ပယ်ပြီး ငါတို့နှင့် ပြန်လည်ပူးပေါင်းကြ၊ ငါတို့၏လမ်းစဉ်ကို လိုက်နာကြ၊ အသင်တို့ ဒုက္ခအပေါင်းမှ လွတ်မြောက်ကြမည်။ အသင်တို့သည် အကြောင်းမဲ့ အဘယ့်ကြောင့် ဒုက္ခခံနေကြသနည်း။ ဤသို့ ပြုလုပ်ခြင်းမှာ အပြစ်ရှိသည်၊ အလ္လာဟ်အရှင်မြတ် အထံတော်၌ အရေးယူခြင်း ခံကြရမည်ကို စိုးရိမ်ကြလျှင် ထိုအရှင်မြတ်၏ ရှေ့တော်မှောက်တွင် ငါတို့ကဤသို့ အကြံပေးကြောင်း ထုတ်ဖော်လျှောက်ထားကြ။ အသင်တို့၌ မည်သို့မျှ တာဝန်မရှိစေရ။ အသင်တို့၏ အပြစ်များကို ခံကြမည်'ဟု သွေးဆောင် ဖြားယောင်းခဲ့ကြ၏။

وَلَيَحْمِلُنَّ أَثْقَالَهُمْ وَأَثْقَالًا مَّعَ أَثْقَالِهِمْ ۖ وَلَيُسْـَٔلُنَّ يَوْمَ الْقِيَامَةِ عَمَّا كَانُوا يَفْتَرُونَ ﴿١٣﴾

၁၃။ သို့ရာတွင် မုချစင်စစ် ၎င်းတို့သည် မိမိတို့၏ဝန်များကိုလည်းကောင်း၊ မိမိတို့၏ ဝန်များနှင့်အတူ အခြားသော ဝန်များကိုလည်းကောင်း၊ ထမ်းဆောင်ကြပေမည်။ ထိုမှတပါး၊ မချွတ်ဧကန် ၎င်းတို့သည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် မိမိတို့ လိဆယ်ဖန်တီးခဲ့ကြကုန်သောအရာများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းကိုလည်း ခံကြရကုန်အံ့သတည်း။

وَلَقَدْ أَرْسَلْنَا نُوحًا إِلَىٰ قَوْمِهِ فَلَبِثَ فِيهِمْ أَلْفَ سَنَةٍ إِلَّا خَمْسِينَ عَامًا فَأَخَذَهُمُ الطُّوفَانُ وَهُمْ ظَالِمُونَ ﴿١٤﴾

၁၄။ ထို့ပြင် မလွဲဧကန် ငါအရှင်မြတ်သည် 'နူဟ်' အား ၎င်း၏အမျိုးသားတို့ထံ (ရဂူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့ရာ ထိုနူဟ်သည် ၎င်းတို့တွင် နှစ်ပေါင်းကိုးရာ ငါးဆယ်တိုင်တိုင် နေထိုင်ခဲ့ငလေ၏။ ထို့နောက် ရေလွှမ်းမိုးခြင်း(ပြစ်ဒဏ်)သည် ၎င်းအမျိုးသားတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေ၏။ [၁] အမှန်သော်ကား ထိုအမျိုးသားတို့မှာ မတရားသောသူများပင် ဖြစ်ခဲ့ကြကုန်၏။

➤➤ အမှန်မှာ ယင်းသို့ပြောဆိုသော ကာဖိရ်များသည် လူလိမ်များသာ ဖြစ်ကြပေသည်။ ၎င်းတို့သည် သူတစ်ပါး၏ဝန်ပိုးဝန်ထုပ်များကို စိုးစဉ်းမျှပင် ပေါ့ပါးအောင် လုပ်နိုင်ကြသည်မဟုတ်။ သူတစ်ပါးအား ယင်းသို့သွေးဆောင်ဖြားယောင်းခြင်းဖြင့် ၎င်းတို့သည် မိမိတို့၏ ဝန်ပိုးဝန်ထုပ်များကို လေးသည်ထက်လေးအောင် ပြုလုပ်နေကြခြင်းသာ ဖြစ်သည်။ ကာဖိရ်များသည် မွတ်စ်လင်မ်တို့အား မိမိတို့ဘက်သို့ ပြန်လည် ဆွဲဆောင်နိုင်ရန် အတွက် အမျိုးမျိုး ဒုက္ခပေးခဲ့ကြ၏၊ အမျိုးမျိုး သွေးဆောင် ဖြားယောင်းခဲ့ကြ၏။ ခြောက်ခဲ့ကြ၏၊ မြောက်ခဲ့ကြ၏။ သို့တစေလည်း အီမာန်ယုံကြည်မှု ရင့်ကျက်သော မွတ်စ်လင်မ်များသည် ဒုက္ခကြီးငယ် အပေါင်းတို့ကို အပြုံးနှင့် ရဲရဲရင့်ဆိုင်ကာ အစွမ်းသတ္တိ မယိမ်းမယိုင် ကျောက်တိုင်ပမာ ကြံ့ခိုင်တည်ကြည်စွာ ရပ်တည်နေခဲ့ကြပေသည်။

① **တမန်တော် နူဟ်။**

ဆဟာဗီ သာဝကကြီး အစ်ဗ်နအဗ္ဗာစ်ထံမှတစ်ဆင့် ကြားသိရသည်မှာ 'တမန်တော်နူဟ် (အလိုင် ဟစ္စလာမ်)သည် သက်တော်(၄၀)တွင် နဗီတမန်တော်ဂုဏ်ဖြင့် ချီးမြှင့်တော်မူခြင်း ခံခဲ့ရ၏။ နှစ်ပေါင်း(၉၅၀)တိုင်တိုင် တရားဟောကြားခဲ့၏။ ထို့နောက် ရေဘေးကြီး ဆိုက်ရောက်လာခဲ့၏။ တမန်တော်နူဟ်သည် ရေဘေးကြီး ဆိုက်ရောက်လာပြီး နောက်တွင်လည်း အနှစ်(၆၀) တိုင် အသက်ရှင်လျက်ရှိခဲ့၏' ဤစာရင်းအရ တမန်တော်နူဟ်၏ အသက်မှာ(၁၀၅၀)ဖြစ်၏။ ထာနဝီ၊

တမန်တော်နူဟ်၏ သင်္ဘောအကြောင်း အကြိမ်ကြိမ် ပါရှိခဲ့ချေပြီ။ ကြည့်-ကုရ်အာန် (၃:၃၂။ ၄:၁၆၃။ ၆:၈၅။ ၇:၅၉။ ၉:၇၀။ ၁၁:၂၅-၄၉)။

فَأَنجَيْنَٰهُ وَأَصْحَٰبَ ٱلسَّفِينَةِ وَجَعَلْنَٰهَآ ءَايَةً لِّلْعَٰلَمِينَ ﴿١٥﴾

၁၅။ ထို့နောက် ငါအရှင်မြတ်သည် ထို နူဟ်' အားလည်းကောင်း၊ သင်္ဘော်၌ ပါရှိခဲ့သောသူတို့အားလည်းကောင်း၊ ကယ်တင်တော်မူခဲ့၏။ ထိုမှတပါး ငါအရှင်မြတ်သည် ထိုသင်္ဘော်ကို ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့ပေသတည်း။

وَإِبْرَٰهِيمَ إِذْ قَالَ لِقَوْمِهِ ٱعْبُدُوا۟ ٱللَّهَ وَٱتَّقُوهُ ۖ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿١٦﴾

၁၆။ ထိုမှတပါး အိဗ်ရာဟိမ်အား(လည်း ငါအရှင်မြတ်သည် ရဿုလ်တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။) အကြင်အခါဝယ် ထိုအိဗ်ရာဟိမ်သည် မိမိအမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေ၏။ (အချင်းတို့၊) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည်ထိုအရှင်မြတ်အား ခန့်ညား ကြောက်ရွံ့ကြလေကုန်။ အကယ်၍ အသင်တို့သည် သိရှိကြလေသော် ဤသည် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။

إِنَّمَا تَعْبُدُونَ مِن دُونِ ٱللَّهِ أَوْثَٰنًا وَتَخْلُقُونَ إِفْكًا ۚ إِنَّ ٱلَّذِينَ تَعْبُدُونَ مِن دُونِ ٱللَّهِ لَا يَمْلِكُونَ لَكُمْ رِزْقًا فَٱبْتَغُوا۟ عِندَ ٱللَّهِ ٱلرِّزْقَ وَٱعْبُدُوهُ وَٱشْكُرُوا۟ لَهُۥٓ ۖ

၁၇။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ ရုပ်တုများကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြကုန်၏။ ထိုမှတပါး အသင်တို့သည် မုသား (အယူဝါဒ)ကို လီဆယ်ဖန်တီးကြကုန်၏။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အားစွန့်၍ အသင်တို့သည် ဆည်းကပ်ကိုးကွယ်လျက် ရှိကြသည်တို့မှာ အသင်တို့၏ စားနပ်ရိက္ခာကို လုံးဝပိုင်ဆိုင်ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်တို့သည် (မိမိတို့အဖို့) စားနပ်ရိက္ခာကို အလ္လာဟ်အရှင်မြတ်အထံတော်၌ ရှာဖွေကြလေကုန်။ ထိုမှတပါး အသင်တို့သည် ထိုအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ဆည်းကပ်ကြလေကုန်။

إِلَيْهِ تُرْجَعُونَ ﴿٢١﴾

ထိုမှတပါး အသင်တို့သည် ထို အရှင်မြတ်၏ ကျေးဇူးတော်ကို သိတတ်ကြလေကုန်။ ထိုမှတပါး အသင်တို့အားလုံးတို့သည် ထိုအရှင်မြတ်အထံတော် သို့သာလျှင် ပြန်သွားကြရပေမည်။

وَإِن تُكَذِّبُوا۟ فَقَدْ كَذَّبَ أُمَمٌ مِّن قَبْلِكُمْ ۖ وَمَا عَلَى الرَّسُولِ إِلَّا الْبَلَٰغُ الْمُبِينُ ﴿١٨﴾

၁၈။ သို့ရာတွင် အကယ်၍ အသင်တို့သည် (ငါ အား)မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြလျှင် အသင်တို့အလျင် ရှိခဲ့ကြလေသော အုပ်စုများကလည်း (မိမိတို့၏ နဗီတမန်တော်များအား) မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ်မှာမူကား ရာသွယ်တမန်တော်များအပေါ်၌ (အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို လူသားတို့ထံ) ရှင်းလင်းထင်ရှားစွာပို့ဆောင်ရန်သာလျှင် တာဝန်ရှိပေသတည်း။

أَوَلَمْ يَرَوْا۟ كَيْفَ يُبْدِئُ اللَّهُ الْخَلْقَ ثُمَّ يُعِيدُهُۥ ۚ إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿١٩﴾

၁၉။ အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခဲတို့ကို မည်သို့ စတင်ဖန်ဆင်းတော်မူသည်ကို ၎င်းတို့သည် မတွေ့မမြင် မဆင်ခြင်ခဲ့ကြလေသလော။ ထို့နောက် တစ်ဖန် ထိုအရှင်မြတ်သည်ပင် ထိုအဖန်ဆင်းခဲတို့ကို ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ ဧကန်အမှန် ဤသည် အလ္လာဟ်အရှင်မြတ်အဖို့ လွန်စွာ လွယ်ကူလှပေသည်။

قُلْ سِيرُوا۟ فِى الْأَرْضِ فَٱنظُرُوا۟ كَيْفَ بَدَأَ الْخَلْقَ ثُمَّ اللَّهُ يُنشِئُ النَّشْأَةَ الْآخِرَةَ ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿٢٠﴾

၂၀။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာ၍ထိုအရှင်မြတ်သည် အဖန်ဆင်းခဲတို့ကို မည်သို့ စတင်ဖန်ဆင်းတော်မူသည်ကို ကြည့်ရှုလေ့လာကြလေကုန်။ ထို့နောက်တစ်ဖန်အလ္လာဟ်အရှင်မြတ်သည် (ထိုအဖန်ဆင်းခဲတို့အား) နောက်တစ်ကြိမ် ထပ်မံ၍ပင်ဖန်ဆင်းတော်မူမည်။စင်စစ်ဧကန်အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

يُعَذِّبُ مَنْ يَّشَآءُ وَيَرْحَمُ
مَنْ يَّشَآءُ ۚ وَاِلَيْهِ تُقْلَبُوْنَ ﴿٢١﴾

၂၁။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ပြစ်ဒဏ်ပေးတော်မူမည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား သနားကြင်နာတော်မူပေမည်။ ၎င်းပြင် အသင်တို့အားလုံးသည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်သွားကြရပေမည်။

وَمَآ اَنْتُمْ بِمُعْجِزِيْنَ فِى
الْاَرْضِ وَلَا فِى السَّمَآءِ ۫
وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ
مِنْ وَّلِىٍّ وَّلَا نَصِيْرٍ ﴿٢٢﴾

၂၂။ စင်စစ်သော်ကား အသင်တို့သည် ကမ္ဘာမြေ၌လည်း (အလ္လာဟ်အရှင်မြတ်က မိမိတို့အား ပြစ်ဒဏ်ပေးတော်မူခြင်းကို) မစွမ်းဆောင်နိုင်လေအောင် ပြုနိုင်ကြသည် မဟုတ်ပေ။ မိုးကောင်းကင်၌လည်း ပြုနိုင်ကြသည်မဟုတ်ပေ။ ထိုမှတပါး အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်အပြင် ကိစ္စအဝဝကို ပြီးစီးအောင် ပြုလုပ်ပေးမည့်သူဟူ၍လည်းကောင်း၊ ကူညီစောင်မမည့်သူဟူ၍လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှပင် မရှိချေ။

وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ
اللّٰهِ وَلِقَآئِهٖٓ اُولٰٓئِكَ
يَئِسُوْا مِنْ رَّحْمَتِىْ وَاُولٰٓئِكَ
لَهُمْ عَذَابٌ اَلِيْمٌ ﴿٢٣﴾

၂၃။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်နှင့်တွေ့ဆုံခြင်းကိုလည်းကောင်း ငြင်းပယ်ခဲ့ကြသော သူတို့သည်သာလျှင် ငါအရှင်မြတ်၏ ကရုဏာတော်ကို မျှော်လင့်အားထားခြင်းကင်းမဲ့ကြပေမည်။ ၎င်းပြင် ထိုသူတို့၌သာလျှင် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် သက်ရောက်အံ့သတည်း။

فَمَا كَانَ جَوَابَ قَوْمِهٖٓ
اِلَّآ اَنْ قَالُوا اقْتُلُوْهُ
اَوْ حَرِّقُوْهُ فَاَنْجٰىهُ اللّٰهُ مِنَ

၂၄။ ထိုအခါ ထိုအီဗ်ရာဟီမ်၏အမျိုးသားတို့မှာ 'အသင်တို့သည် ထိုအီဗ်ရာဟီမ်အား သတ်ပစ်ကြလေကုန်၊ သို့တည်းမဟုတ်အသင်တို့သည် ၎င်းအား မီးတင်ရှို့ကြလေကုန်' ဟု ပြောဆိုကြခြင်းမှတပါး အခြားမည်သည်ကိုမျှ အဖြေပေးနိုင်ခြင်းမရှိခဲ့ကြချေ။

النَّارُ ۖ إِنَّ فِي ذَٰلِكَ لَآيَاتٍ
لِّقَوْمٍ يُؤْمِنُونَ ﴿٢٤﴾

وَقَالَ إِنَّمَا اتَّخَذْتُم مِّن دُونِ
اللَّهِ أَوْثَانًا ۖ مَّوَدَّةَ
بَيْنِكُمْ فِي الْحَيَاةِ
الدُّنْيَا ۖ ثُمَّ يَوْمَ الْقِيَامَةِ
يَكْفُرُ بَعْضُكُم بِبَعْضٍ
وَيَلْعَنُ بَعْضُكُم بَعْضًا ۖ
وَمَأْوَاكُمُ النَّارُ وَمَا لَكُم
مِّن نَّاصِرِينَ ﴿٢٥﴾

သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုအိမ်ရာဟိမ်အား မီးမှ ကယ်ဆယ်တော်မူခဲ့လေသည်။ ၁ ဧကန်အမှန် ဤသည့်(ဖြစ်ရပ်)၌ သက်ဝင်ယုံကြည်ကုန်သော အမျိုးသားတို့အဖို့ သက်သေသာဓကများရှိပေသည်။ ၂

၂၅။ ၎င်းပြင် ထိုအိမ်ရာဟိမ်က (မိမိ၏ အမျိုးသားတို့အား) ပြောကြားခဲ့သေး၏။ အသင်တို့သည် ဤမျက်မှောက်လောကီဘဝ၌ မိမိတို့အချင်းချင်း မေတ္တာရှိကြသောကြောင့်သာလျှင် အလ္လာဟ်အရှင်မြတ်အား စွန့်၍ ရုပ်တုများကို ရွေးချယ်ပြုလုပ်ကြခြင်း ဖြစ်ပေသည်။ ထို့နောက် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင်မူကား၊ အသင်တို့အချင်းချင်း အချို့က အချို့ကို ငြင်းပယ်ကြမည်။ အချင်းချင်း အချို့က အချို့ကို ကျိန်ဆဲကြပေမည်။ ၎င်းပြင် ငရဲသည် အသင်တို့၏ ခိုလှုံရာဌာန ဖြစ်မည်။ ထိုမှတပါး အသင်တို့အဖို့ ကူညီစောင်မအံ့သော သူများဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေတကား။

---

① **တမန်တော် အစ်ဗ်ရာဟီမ်နှင့် မီးပုံ။**

တမန်တော်အီဗ်ရာဟိမ် ဟောကြားသော တရားဓမ္မ၊ တင်ပြသော သက်သေသာဓကများနှင့်စပ်လျဉ်း၍ ၎င်း၏အမျိုးသားများသည် မည်သို့မျှ ပြန်လည် မချေပနိုင်ကြသည့် အဆုံးတွင် တမန်တော်အီဗ်ရာဟိမ်အား မီးတင်ရှို့ရန် ကြိုးစားခဲ့ကြလေသည်။ သို့တစေလည်း တမန်တော် အီဗ်ရာဟိမ်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော် အဟုန်ကြောင့် မီးပုံအတွင်းမှ ဘေးမသီရန်မခဘဲ အေးချမ်းသာယာစွာ လွတ်မြောက်လာခဲ့ပေသည်။ ဤအကြောင်း ကုရ်အာန် (၂၁း၅၁-၇၀)တွင်ပါရှိသည်။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

② **ဆင်ခြင်ဖွယ်ရာများ။**

တမန်တော်အီဗ်ရာဟိမ်၏ အတ္ထုပ္ပတ္တိကို စဉ်းစားဆင်ခြင်ပါက (တောင်ဟီး၁)တစ်ဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ဆည်းကပ် ကိုးကွယ်ခြင်းသာလျှင် မှန်ကန်ကြောင်း၊ ကုဖ်ရ်၊ ရှရစ်က် မိစ္ဆာမှုများသည် မှားယွင်းကြောင်း၊ တမန်တော် အီဗ်ရာဟိမ်သည် နဗီတမန်တော် အစစ်အမှန်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် အရာရာကို ပြုစွမ်းတော်မူနိုင်ကြောင်း၊ ထိုအရှင်မြတ်သည် မိမိအား ယုံကြည်မြတ်နိုးသော သူတော်စင်များအား ရန်သူများ၏ လက်တွင်းမှပင် အံ့ဖွယ်သရဲ ကယ်တင်တော်မူကြောင်း၊ အမှန်တရားကို လက်ခံနာယူကျင့်မူသော ပုဂ္ဂိုလ်များသည် နောက်ဆုံးတွင် အောင်မြင်ကြသည်သာ ဖြစ်ကြောင်း၊ ➤➤

فَـَٔامَنَ لَهُۥ لُوطٞۘ وَقَالَ إِنِّي مُهَاجِرٌ إِلَىٰ رَبِّيٓۖ إِنَّهُۥ هُوَ ٱلۡعَزِيزُ ٱلۡحَكِيمُ ٢٦

၂၆။ ထို့နောက် 'လူတွ်' သည် ထိုအီဗ်ရာဟီမ်အား ယုံကြည် ထောက်ခံခဲ့လေ၏။ [၁] ထိုမှတပါး: ထိုအီဗ်ရာဟီမ်က 'ဧကန်မလွဲ ငါသည် နေရင်းအရပ်ဒေသကို စွန့်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(ညွှန်တော်မူရာ)သို့ ထွက်ခွာသွားမည်။ မလွဲဧကန် ထိုအရှင်မြတ်သည်ပင်လျှင် တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသည်' ဟု ပြောဆိုခဲ့လေ၏။

وَوَهَبۡنَا لَهُۥٓ إِسۡحَٰقَ وَيَعۡقُوبَ وَجَعَلۡنَا فِي ذُرِّيَّتِهِ ٱلنُّبُوَّةَ وَٱلۡكِتَٰبَ وَءَاتَيۡنَٰهُ أَجۡرَهُۥ فِي ٱلدُّنۡيَاۖ وَإِنَّهُۥ فِي ٱلۡأٓخِرَةِ لَمِنَ ٱلصَّٰلِحِينَ ٢٧

၂၇။ ထို့ပြင် ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား 'အစ်ဟာက်'ကိုလည်းကောင်း၊ 'ဟာအ်ကူဗ်' ကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် နဗီတမန်တော်ဖြစ်ခြင်းကို လည်းကောင်း၊ [၂] ကျမ်းဂန်ကိုလည်းကောင်း၊ထိုအင်္ဂ်ရာဟီမ်၏သားမြေးတို့၌တည်စေတော်မူခဲ့၏။ ထိုမှတပါး: ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား ၎င်း၏အကျိုးကို ဤပစ္စက္ခဘဝတွင်(လည်း) ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုမှတပါး: တမလွန်ဘဝ၌လည်း ထိုအီဗ်ရာဟီမ်သည်သူမွန်သူမြတ်တို့အနက်မှပင်ဖြစ်ပေအံ့သတည်း၊ [၃]

➤➤ အမှန်တရားကို သွေဖည်ဆန့်ကျင်သော ပုဂ္ဂိုလ်များမှာမူ နောက်ဆုံးတွင် ဆုံးရှုံးပျက်စီးကြရသည်သာဖြစ်ကြောင်း၊ ထို့ပြင်တစ်ဝ အရာရာ၌ရှိသော စွမ်းရည်သတ္တိသည်ပင် အလ္လာဟ်အရှင်မြတ်၏ အလိုတော်ရှိမှသာလျှင် စူးရှကြောင်း။ အလိုတော်မရှိပါက မီးသည်ပင် မလောင်ကျွမ်းနိုင်ကြောင်းများကို ကောင်းစွာသိရှိနိုင်ပေသည်။
ကြည့်-ထာနဝီ၊

① တမန်တော်လူတွ်သည် တမန်တော်အီဗ်ရာဟီမ်၏ တူတော်ဖြစ်သည်။ တမန်တော်အီဗ်ရာဟီမ်အား ၎င်း၏အမျိုးသားများအနက် တမန်တော်လူတွ်မှအပ မည်သည့်ယောကျ်ား တစ်ဦးတစ်ယောက်မျှ မယုံကြည်ခဲ့ပေ။ တမန်တော်လူတွ်မှာမူ တမန်တော်အီဗ်ရာဟီမ်အား မဆိုင်းမတွဘဲ ကြည်ဖြူစွာ ယုံကြည်ခဲ့ပေသည်။

② **တမန်တော် အီဗ်ရာဟီမ်၏သား မြေးတို့၏ ထူးခြားချက်။**

တမန်တော်အီဗ်ရာဟီမ် ပွင့်တော်မူပြီးနောက် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်ကျကျမ်းဂန်များနှင့် 'နူဗူဝါတ်' တမန်တော်၏ဂုဏ်ကို တမန်တော် အီဗ်ရာဟီမ်၏ သား မြေး မြစ်တို့အားသာလျှင် ချီးမြှင့်တော်➤➤

وَلُوطًا إِذْ قَالَ لِقَوْمِهِۦٓ إِنَّكُمْ لَتَأْتُونَ ٱلْفَٰحِشَةَ مَا سَبَقَكُم بِهَا مِنْ أَحَدٍ مِّنَ ٱلْعَٰلَمِينَ ﴿٢٨﴾

၂၈။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) 'လူတို့' အား(လည်း နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။) တစ်ရံရောအခါဝယ် ထို 'လူတို့' က မိမိအမျိုးသားတို့အား (ဤသို့)ပြောကြားခဲ့လေ၏။ ဧကန်စင်စစ် အသင်တို့သည် ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းအနက် မည်သူတစ်ဦးတစ်ယောက်မျှပင် အသင်တို့ အလျင် ကျူးလွန်ခဲ့ခြင်းမရှိသော အလွန့်အလွန် ဆိုးယုတ်လှစွာသောအမှုကို ကျူးလွန်ကြကုန်၏။

أَئِنَّكُمْ لَتَأْتُونَ ٱلرِّجَالَ وَتَقْطَعُونَ ٱلسَّبِيلَ ۖ وَتَأْتُونَ فِى نَادِيكُمُ ٱلْمُنكَرَ ۖ فَمَا كَانَ جَوَابَ قَوْمِهِۦٓ إِلَّآ

၂၉။ အသင်တို့သည် ယောကျ်ားများထံသို့ (ကာမဂုဏ် ခံစားရန်) လာကြလေသလော။ ၎င်းပြင် အသင်တို့သည် လမ်းကို ဖြတ်တောက်ကြလေသလော။ (တနည်း) အသင်တို့သည် လမ်း(တွင်) လုယက်တိုက်ခိုက်ကြလေသလော။ ထိုမှတပါး အသင်တို့သည် မိမိတို့၏ စုဝေးရာ၌ စက်ဆုပ်ရွံရှာဖွယ် ကိစ္စများကို ကျူးလွန်ကြလေသလော။

➤➤ မူခဲ့ပေသည်။ တမန်တော်အီဗ်ရာဟိမ် ပွင့်တော်မူပြီးနောက် ပွင့်လေသမျှသောတမန်တော်အပေါင်းတို့မှာလည်း တမန်တော် အီဗ်ရာဟိမ်၏ သားမြေး၊ စဉ်ဆက်မှပင် ဖြစ်ခဲ့ကြသည်မှာ အထင်အရှားပင်။

ထို့အတွက်ကြောင့်ပင် တမန်တော် အစ်ဗ်ရာဟိမ်အား 'အဗုလ်အန်ဗိယာအိ' တမန်တော်များ၏ဖခင်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

(၃) တမန်တော် အီဗ်ရာဟိမ် နှစ်ဘဝကောင်းကျိုး။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီဗ်ရာဟိမ်အား ဤပစ္စက္ခ မျက်မှောက်ဘဝတွင်လည်း ဥစ္စာပစ္စည်း၊သား၊သမီး၊ ဂုဏ်အင်ဒြိယနှင့် အမြဲတစေ နာမည်ကောင်းများကို ချီးမြှင့်တော်မူခဲ့သည်။ နောင်တမလွန်ဘဝတွင်လည်း အမြင့်မြတ်ဆုံးသော သူတော်စင်များတွင် အပါအဝင် ဖြစ်စေတော်မူမည်။ ဤကား အလ္လာဟ် အရှင်မြတ်၏ လမ်းတော်၌ သူမတူအောင်သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးပင်။

(၁) တမန်တော်လူတို့ သွားရောက် တရားမမူ ဟောကြားတော်မူခဲ့သော (SODOM) စုဒုမ် နယ်သားများသည် အဘယ်မျှ အရှက်ကင်းမဲ့လာခဲ့ကြသည်ဆိုသော် Sodomy (Homosexuality) [လိင်တူချင်း ကာမစပ်ယှက်မှုကို မိမိတို့ စုဝေးရာဌာနများ၌ပင် အထင်အရှား၊ ကျူး ယွန်နေခဲ့ကြလေသည်] သို့တည်းမဟုတ်၊ ၎င်းတို့သည် အဆိုပါ ယုတ်မာညစ်ညမ်းမှုအပြင် အခြားမြောက်မြားစွာသော ယုတ်မာညစ်ညမ်း ဆိုးသွမ်းမှုများကို သူငါ အများရှေ့မှောက်တွင် အထင်အရှား ကျူးလွန်နေခဲ့ကြပေသည်။

اَنْ قَالُوا ائْتِنَا بِعَذَابِ اللّٰهِ
اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿٢٩﴾

ထိုအခါ လူတို့၏ အမျိုးသားတို့က '(အိုလူတို့)၊ အကယ်၍ အသင်သည် သစ္စာဝါဒီတစ်ဦးဖြစ်ခဲ့ပါမူ ကျွန်ုပ်တို့ထံအလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို ဆောင်ယူခဲ့လော့' ဟု ပြောဆိုခဲ့ကြခြင်းမှတပါး အခြားမည်သည့်အဖြေမျှပင်ပေးနိုင်ခဲ့ကြသည်မရှိချေ။

قَالَ رَبِّ انْصُرْنِيْ عَلَى
الْقَوْمِ الْمُفْسِدِيْنَ ﴿٣٠﴾

၃၀။ ထိုရောအခါဝယ် ထို 'လူတို့' က 'အိုကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ဖျက်ဆီးမှုကို ကျူးလွန်ပြုလုပ်ကြကုန်သောအမျိုးသားတို့အပေါ်၌ အောင်နိုင်မှုကို ပေးသနားတော်မူပါ'ဟု လျှောက်ထား ပန်ကြားခဲ့လေသတည်း။

وَلَمَّا جَآءَتْ رُسُلُنَآ
اِبْرٰهِيْمَ بِالْبُشْرٰى ۙ قَالُوْٓا
اِنَّا مُهْلِكُوْٓا اَهْلِ هٰذِهِ
الْقَرْيَةِ ۚ اِنَّ اَهْلَهَا كَانُوْا
ظٰلِمِيْنَ ﴿٣١﴾

၃၁။ ၎င်းပြင် ငါအရှင်မြတ်၏စေတမန်များသည် ဝမ်းမြောက်ဖွယ်သတင်းကို အီဗရာဟီမ်၏ထံသို့ ဆောင်ကြဉ်းခဲ့ကြလေသောအခါ၊ ၎င်းတို့က '၎ကန်မလွဲ ကျွန်ုပ်တို့သည် ဤမြို့ရွာသားတို့အား ဖျက်ဆီးမည့်သူများပင် ဖြစ်ကြပေသည်။ ၎ကန်စင်စစ် ယင်းမြို့ရွာ၌ နေထိုင်သောသူတို့မှာ အလွန်တရာ ပြစ်မှုကျူးလွန်သူများပင် ဖြစ်ကြကုန်သည်' ဟု ပြောဆိုခဲ့ကြလေ၏။

قَالَ اِنَّ فِيْهَا لُوْطًا ۭ قَالُوْا
نَحْنُ اَعْلَمُ بِمَنْ فِيْهَا ۡ
لَنُنَجِّيَنَّهٗ وَاَهْلَهٗٓ
اِلَّا امْرَاَتَهٗ ۡ كَانَتْ
مِنَ الْغٰبِرِيْنَ ﴿٣٢﴾

၃၂။ (ထိုအခါ) ထိုအီဗရာဟီမ်က ထိုမြို့ရွာ၌ (နဗီတမန်တော်) 'လူတို့' သည်(လည်း) ရှိနေပေသည်ဟု ပြောကြားခဲ့လေရာ ထိုစေတမန်တို့က ပြောဆိုဖြေကြားခဲ့သည်မှာ ထိုမြို့ရွာ၌ မည်သူတို့ နေထိုင်ကြသည်ကို ကျွန်ုပ်တို့သည် ကောင်းစွာ သိရှိကြပေသည်။ အမှန်ပင် ကျွန်ုပ်တို့သည် 'လူတို့' ၏ဖန်းမှအပ ထို 'လူတို့' နှင့်တကွ ၎င်း၏အိမ်သူအိမ်သားသက်ဆိုင်သူများကိုပါ ကယ်ဆယ်ကြပေမည်။

ထို('လူတွဲ')၏ဇနီးမှာမူကား ကျန်ရစ်သူတို့တွင် အပါအဝင် ဖြစ်ပေမည်ဟု ပြောကြားခဲ့ကြကုန်၏။

وَلَمَّآ اَنْ جَآءَتْ رُسُلُنَا لُوْطًا سِيْٓءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَّقَالُوْا لَا تَخَفْ وَلَا تَحْزَنْ ۖ اِنَّا مُنَجُّوْكَ وَاَهْلَكَ اِلَّا امْرَاَتَكَ كَانَتْ مِنَ الْغٰبِرِيْنَ ﴿٣٣﴾

၃၃။ တစ်ဖန် ငါအရှင်မြတ်၏ စေတမန်တို့သည် 'လူတွဲ' ၏ထံသို့ရောက်ရှိ၍ လာခဲ့ကြလေသောအခါ ထို 'လူတွဲ' မှာငင်းတို့ကြောင့် စိတ်မချမ်းမြေ့ ဖြစ်ခဲ့ရသည်ပြင်၊ ငင်းတို့နှင့်ပက်သက်၍ လွန်စွာ စိတ်ကျဉ်းကျပ်မှုလည်း ဖြစ်ခဲ့လေ၏။ သို့ရာတွင် ထို စေတမန်တို့က (ဤသို့) ပြောဆို(နှစ်သိမ့်စေ)ခဲ့ကြလေသည်။

('အို-လူတွဲ'၊) အသင်သည် စိုးရိမ်ခြင်းလည်း မရှိပါလေနှင့်၊ ပူဆွေးခြင်းလည်း မရှိပါလေနှင့်။ ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်၏ဇနီးမှအပ အသင်နှင့်တကွအသင်၏အိမ်သူအိမ်သား သက်ဆိုင်သူ အားလုံးတို့အားကယ်ဆယ်အံ့သောသူများပင် ဖြစ်ကြပေသည်။ ထိုဇနီးမှာမူကား (ပြစ်ဒဏ်ခံစားရန်) ကျန်ရစ်ခဲ့ကြကုန်သောသူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ချိမ့်မည်။

اِنَّا مُنْزِلُوْنَ عَلٰٓى اَهْلِ هٰذِهِ الْقَرْيَةِ رِجْزًا مِّنَ السَّمَآءِ بِمَا كَانُوْا يَفْسُقُوْنَ ﴿٣٤﴾

၃၄။ ဧကန်အမှန် ကျွန်ုပ်တို့သည် ဤမြို့သူရွာသားတို့အပေါ်၌ ငင်းတို့သည် အမိန့်တော်ကိုဖီဆန်လျက်ရှိခဲ့ကြသောကြောင့် မိုးကောင်းကင်မှ ပြစ်ဒဏ်တစ်မျိုးကို ချပေးအံ့သောသူများပင် ဖြစ်ကြပေသည်။

وَلَقَدْ تَّرَكْنَا مِنْهَآ اٰيَةًۢ بَيِّنَةً لِّقَوْمٍ يَّعْقِلُوْنَ ﴿٣٥﴾

၃၅။ သို့ရာတွင်ငါအရှင်မြတ်သည် သိနားလည်ကြကုန်သော အမျိုးသားတို့အဖို့ ထိုမြို့ရွာမှ ထင်ရှားစွာသော သက်သေလက္ခဏာအချို့ကို ချန်လှပ်၍ ထားရှိတော်မူခဲ့ပေသတည်း။

وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا فَقَالَ يَا قَوْمِ اعْبُدُوا اللَّهَ وَارْجُوا الْيَوْمَ الْآخِرَ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿٣٦﴾

၃၆။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) မဒ်ယန်မြို့(သားတို့)ထံသို့ ၎င်းတို့၏နောင်တော် ရှူအိုက်ဗ်အား (နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။) သို့ဖြစ်ပေရာ ထို 'ရှူအိုက်ဗ်' က 'အို-ငါ၏အမျိုးသားတို့။ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် နောက်ဆုံးနေ့ကို စိုးရိမ်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် ဖျက်ဆီးသူများအဖြစ် တိုင်းပြည်တွင် သောင်းကျန်းမှုမပြုလုပ်ကြကုန်လင့်'ဟု ပြောကြားခဲ့၏။

فَكَذَّبُوهُ فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ ﴿٣٧﴾

၃၇။ သို့ရာတွင် ၎င်းတို့သည် ထို'ရှူအိုက်ဗ်'အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မြေငလျင်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေရာ၊ ၎င်းတို့မှာမိမိတို့ နေအိမ်များ၌ မှောက်လျက်လဲနေသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

وَعَادًا وَثَمُودَ وَقَدْ تَبَيَّنَ لَكُمْ مِنْ مَسَاكِنِهِمْ وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ وَكَانُوا مُسْتَبْصِرِينَ ﴿٣٨﴾

၃၈။ ထိုမှတပါး(ငါအရှင်မြတ်သည်) 'အာဒ်' အမျိုးသားတို့အား၎င်းကောင်း၊ 'ဆမူဒ်' အမျိုးသားတို့အား၎င်းကောင်း၊ (ကွပ်မျက်ဖျက်ဆီးတော်မူခဲ့၏။) ထို့ပြင်မချွတ်မလွဲ (၎င်းတို့ကွပ်မျက်ခြင်းခံခဲ့ရသည်မှာ) အသင်တို့အဖို့ ၎င်းတို့၏ နေအိမ်များကို (ကြည့်ရှုလေ့လာခြင်း)ဖြင့် ထင်ရှားခဲ့လေပြီ။

စင်စစ်သော်ကား 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်းတို့၏ လုပ်ကိုင် ဆောင်ရွက်ချက်များကို ၎င်းတို့၏ အမြင်၌ တင့်တယ်လှပအောင် ပြုလုပ်ပြီးလျှင် ၎င်းတို့အား(မှန်ကန်သော တရား)လမ်းမှ တားဆီး ပိတ်ပင်ခဲ့လေ၏။ စင်စစ် ၎င်းတို့မှာ အသိအမြင်ရှိသော သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَقَٰرُونَ وَفِرْعَوْنَ وَهَٰمَٰنَ ۖ وَلَقَدْ جَآءَهُم مُّوسَىٰ بِٱلْبَيِّنَٰتِ فَٱسْتَكْبَرُوا۟ فِى ٱلْأَرْضِ وَمَا كَانُوا۟ سَٰبِقِينَ ﴿٣٩﴾

၃၉။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) 'ကာရွန်' အားလည်းကောင်း၊ 'ဖစ်ရ်အောင်နှ်' အားလည်းကောင်း၊ 'ဟာမာန်' အားလည်းကောင်း၊ (ဖျက်ဆီးတော်မူခဲ့၏။) ထိုမှတပါး: မုချကေန်'မူစာ' သည် ၎င်းတို့ထံ ထင်ရှားစွာသော သက်သေ လက္ခဏာတော်များနှင့်တကွ ရောက်ရှိ၍လာခဲ့ပေသည်။ သို့ရာတွင် ၎င်းတို့မှာ တိုင်းပြည်၌ မောက်မာဆိုးသွမ်းခဲ့ကြကုန်၏။ အမှန်မှာ ၎င်းတို့သည်(ငါအရှင်မြတ်၏ပြစ်ဒဏ်မှ) လွတ်မြောက်သွားနိုင်ကြသူများ မဖြစ်ခဲ့ကြချေ။

فَكُلًّا أَخَذْنَا بِذَنۢبِهِۦ ۖ فَمِنْهُم مَّنْ أَرْسَلْنَا عَلَيْهِ حَاصِبًا ۚ وَمِنْهُم مَّنْ أَخَذَتْهُ ٱلصَّيْحَةُ ۚ وَمِنْهُم مَّنْ خَسَفْنَا بِهِ ٱلْأَرْضَ ۚ وَمِنْهُم مَّنْ أَغْرَقْنَا ۚ وَمَا كَانَ ٱللَّهُ لِيَظْلِمَهُمْ وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ يَظْلِمُونَ ﴿٤٠﴾

၄၀။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် (၎င်းတို့အနက်) အသီးသီးအား ၎င်း၏ပြစ်မှုကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ငါအရှင်မြတ်သည် ၎င်းတို့အနက် အချို့၏အပေါ်၌ ကျောက်ခဲများပါရှိသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။ ထိုနည်းတူစွာ ၎င်းတို့အနက်အချို့ကို ကျယ်လောင်ပြင်းထန်လှသောအသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေ၏။ ထို့ပြင် ၎င်းတို့အနက် အချို့ကို ငါအရှင်မြတ်သည် မြေမျိုစေတော်မူခဲ့၏။ ထိုမှတပါး: ၎င်းတို့အနက် အချို့ကို မူကားငါအရှင်မြတ်သည် ရေနစ်စေတော်မူခဲ့၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မတရားနှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ညှဉ်းပန်းလျက် ရှိခဲ့ကြကုန်သတည်း။ ②

---

② အာဒ်၊ ဆမူဒ်၊ ဖစ်ရ်အောင်နှ်၊ ဟာမာန်နှင့် ကာရွန်တို့သည် အာဏာဂုဏ်၊ ဓနဂုဏ်မောက်၍ အလ္လာဟ်အရှင်မြတ်၏ တရားတော်များကို သွေဖည်ဆန့်ကျင်ကာ တိုင်းပြည်တွင် ဆူပူသောင်းကျန်းလာခဲ့ကြသည့်အခါ ပြစ်ဒဏ်အမျိုးမျိုးသင့်ပြီး မရှုမလှသေကျေ ပျက်စီးသွားခဲ့ကြရလေသည်။ သတိသံဝေဂရဖွယ်ရာပင်၊ ၎င်းတို့၏လမ်းစဉ်ကို လိုက်နာကြသော သူများသည်လည်း နောက်ဆုံးတွင် ၎င်းတို့ကဲ့သို့ပင် မရှုမလှသေကျေ ပျက်စီးသွားကြရမည်သာတည်း။

مَثَلُ الَّذِيْنَ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اَوْلِيَآءَ كَمَثَلِ الْعَنْكَبُوْتِ ۚ اِتَّخَذَتْ بَيْتًا ؕ وَاِنَّ اَوْهَنَ الْبُيُوْتِ لَبَيْتُ الْعَنْكَبُوْتِ ۘ لَوْ كَانُوْا يَعْلَمُوْنَ ﴿٤١﴾

၄၁။ အလ္လာဟ်အရှင်မြတ်အား စွန့်၍ အခြား တစ်စုံတစ်ရာကို (မိမိတို့၏) ကိစ္စအဝဝကို ပြီးစီးအောင် ပြုလုပ်ဆောင်ရွက်ပေးသူများဟု ရွေးချယ်ပြုလုပ်ကြကုန်သောသူတို့၏ ဥပမာကား၊ ပင့်ကူ၏ ဥပမာအလားတူ၏။ ထိုပင့်ကူမှာ အိမ်တစ်ခုကို ပြုလုပ်၏။ သို့ရာတွင် ဧကန်မလွဲ နန့်နဲ့ဆုံး(အားအနည်းဆုံး) သောအိမ်မှာ ပင့်ကူ၏အိမ်ပင်ဖြစ်ကြောင်း၊ ၎င်းတို့ သိရှိကြလျှင် ကောင်းလေစွ။ ၁

اِنَّ اللّٰهَ يَعْلَمُ مَا يَدْعُوْنَ مِنْ دُوْنِهٖ مِنْ شَيْءٍ ؕ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٤٢﴾

၄၂။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိအား စွန့်၍၊ ၎င်းတို့ ဟစ်ခေါ်လျက်ရှိကြသော မည်သည့် အရာကိုမဆို ကောင်းစွာသိရှိတော်မူ၏။ အမှန်သော်ကား ထိုအရှင်မြတ်သည်တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ ۚ وَمَا يَعْقِلُهَآ اِلَّا الْعٰلِمُوْنَ ﴿٤٣﴾

၄၃။ ငါအရှင်မြတ်သည် ဤဥပမာ ပုံဆောင်ချက်များကို လူတို့၏အကျိုးငှာ ခိုင်းနှိုင်းတော်မူ၏။ သို့ရာတွင် 'အာလင်မ်' ပညာရှင်တို့သည်သာလျှင် ယင်းဥပမာ ပုံဆောင်ချက်တို့ကို သိနားလည်ကြကုန်သတည်း။ ၂

---

① **မှ၍ရစ်က်တို့၏ ကိုးကွယ်ရာ ပင့်ကူအိမ်ပမာ။**

အိမ်တည်ဆောက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ အသက်စည်းစိမ်ဥစ္စာ ပစ္စည်းများကို လုံခြုံစွာသိုလှောင်ထားရန်နှင့် အေးချမ်းသာယာစွာ နေနိုင်ရန် ပင်ဖြစ်သည်။ အိမ်သည် ခိုင်ခံ့ရမည်။ လုံခြုံရမည်။ အပူအအေးဒဏ် ခံနိုင်ရမည်။ ဘေးရန်ကာကွယ်နိုင်ရမည်။ မလုံခြုံသော၊ မခိုင်ခံ့သော၊ ဘေးရန်မကာကွယ်နိုင်သော နန့်နဲ့ချုချာသော ပင့်ကူအိမ်ကဲ့သို့သော အိမ်သည် အိမ်ပင်မဟုတ်ချေ။ ထိုသို့သော နန့်နဲ့ချုချာသော အိမ်ရှိခြင်းမှာ မရှိခြင်းနှင့်မထူးခြားပေ။ ထို့အတူကာဖိရ်၊ မုရ်ရစ်က်များ အလ္လာဟ်အရှင်မြတ်အား စွန့်၍ မျော်လင့်ကြီးစွာဖြင့် ဆည်းကပ်ကိုးကွယ်လျက် ရှိကြသော ၎င်းတို့၏အချည်းနှီးသော တစ်စုံတစ်ရာမပြုစွမ်းနိုင်သော ကိုးကွယ်ရာများသည်လည်း ပင့်ကူအိမ်ပမာ နန့်နဲ့ချုချာလှကြပေသည်။ ခိုလှုံရာ၊အားထားရာ၊ မှီခိုရာများကား အလျှင်းမဟုတ်ကြပေ။

خَلَقَ اللَّهُ السَّمٰوٰتِ وَالْأَرْضَ بِالْحَقِّ ۖ إِنَّ فِي ذٰلِكَ لَآيَةً لِّلْمُؤْمِنِينَ ﴿٤٤﴾

၄၄။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ တိကျမှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့ပေသည်။ ဧကန်မလွဲ ဤသည်၌ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ (ကြီးကျယ်လှစွာသော) သက်သေသည် အမှန်ပင် ရှိချေသတည်း။ ၁

---

① ဥပမာပုံဆောင်ခြင်း၏သဘော။

အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် ကာဖိရ်၊ မုရှ်ရစ်က်တို့၏ ကိုးကွယ်ရာများကို ယင်ကောင်၊ ပင့်ကူကောင်တို့ဖြင့် ပုံဆောင် နှိုင်းယှဉ်မိန့်ဆိုထားတော်မူသည်။ သို့ပုံဆောင် မိန့်ကြားတော်မူလိုက်သည့်အခါ ကာဖိရ်၊ မုရှ်ရစ်က်တို့၏ ကိုးကွယ်ရာများသည် မည်သို့မျှ တန်ဖိုးမရှိကြောင်း ပို၍ပို၍ ထင်ရှားလာခဲ့ပေသည်။ ထိုအခါ ကာဖိရ်၊ မုရှ်ရစ်က်များသည် မခံမရပ်နိုင်ဖြစ်ကာ၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ဂုဏ်သိက္ခာကို မထောက်ထားဘဲ ဤမျှသေးနုပ်သော ပိုးမွှားတိရစ္ဆာန်တို့ဖြင့် အဘယ်ကြောင့် ပုံဆောင်တော်မူပါသနည်းဟု ဝေဖန်ပြောဆိုလာခဲ့ကြပေသည်။

ပုံဆောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ တင်ပြလိုသော အရာဝတ္ထုတစ်ခု၏ ဖြစ်ရပ်မှန်ကို ပိုမိုထင်ရှားပြရန်ပင်ဖြစ်သည်။ သို့ပုံဆောင်ရာတွင် ဥပမာနှင့် ဥပမေယျ အချင်းချင်း စပ်မိဟပ်မိရန်သာ လိုသည်။ ပုံဆောင်ရာတွင် ကြီးသောအရာကို ကြီးသောအရာဖြင့်လည်းကောင်း၊ ငယ်သောအရာကို ငယ်သောအရာဖြင့် လည်းကောင်း၊ သေးသိမ်သောအရာကို သေးသိမ်သော အရာဖြင့်လည်းကောင်း၊ ပုံဆောင်ရသည်သာ ဖြစ်ပေသည်။ ပုံဆောင်သော ပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာကို ထည့်သွင်းစဉ်းစားရန်မလိုပေ။ ဤသည့်သဘောကို ပညာရှင်များ ကောင်းစွာသိကြပေသည်။

② အလ္လာဟ်အရှင်မြတ်သာ အမှန် ကိုးကွယ်ရာ။

အထက်တွင် ကာဖိရ်၊မုရှ်ရစ်က်တို့ ပြုလုပ်ထားသော ကိုးကွယ်ရာများသည် အမှန်ကိုးကွယ်ရာ မဟုတ်ကြောင်း ပါရှိခဲ့ပြီ။ ယခု ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည်သာ အမှန် ကိုးကွယ်ရာဖြစ်ကြောင်း မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် မိုးနှင့်မြေကို တစ်ပါးတည်း မိမိ၏အတိုင်းအဆမရှိ တန်ခိုးတော်ဖြင့် တော်တည့်လျော်ကန်၊ သင့်မြတ်၊မှန်ကန်၊တိကျစွာ အံ့မဆုံး၊ ဖန်ဆင်းထားတော်မူသည်။ သို့ဖန်ဆင်းတော်မူရာတွင် လည်း မည်သူတစ်ဦးတစ်ယောက်၏ အကူအညီမျှမပါချေ။

ထိုသို့ အတိုင်းအဆမရှိ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် တစ်ပါးတည်းသော အမှန်ကိုးကွယ်ရာ အရှင်သခင် ဖြစ်တော်မူသည်။ အဘယ် တစ်စုံတစ်ခုကိုမျှ မပြစ္ဈမ်းနိုင်သော ကာဖိရ်၊ မုရှ်ရစ်က်တို့ ပြုလုပ်ထားကြသည့် အမည်ခံ ကိုးကွယ်ရာများ မှာမူကား၊ အဘယ်မှာလျှင် အမှန်ကိုးကွယ်ရာများ ဖြစ်နိုင်ကြအံ့နည်း။

اُتْلُ مَآ اُوْحِیَ اِلَیْكَ مِنَ الْكِتٰبِ وَاَقِمِ الصَّلٰوةَ ؕ اِنَّ الصَّلٰوةَ تَنْهٰی عَنِ الْفَحْشَآءِ وَالْمُنْكَرِ ؕ وَلَذِكْرُ اللّٰهِ اَكْبَرُ ؕ وَاللّٰهُ یَعْلَمُ مَا تَصْنَعُوْنَ ﴿۴۵﴾

၄၅။ (အို-နဗီတမန်တော်) အသင်သည် မိမိထံ ထုတ်ပြန်ခြင်းခံရလေသော *ကျမ်းတော်မြတ်(ကုရ်အာန်)* ကို ရွတ်ဖတ်ပါလေ။[၁] ၎င်းအပြင် သင်သည် 'ဆွလာတ်' ဝတ်ပြုမှုကိုဆောက်တည်ပါလေ။ ဧကန်မလွဲ ဆွလာတ် ဝတ်ပြုမှုသည် အလွန် စက်ဆုပ်ဖွယ်ရာသော အမှုကိစ္စများမှလည်းကောင်း၊ မဖွယ်မရာသော အလွန့်အမှုကိစ္စများမှလည်းကောင်း၊ *ပိတ်ပင်တားဆီးလေ၏*။[၂] စင်စစ် မှာမူကား အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တ,သခြင်းသည် အကြီးကျယ်ဆုံး၊ (အမြင့်မြတ်ဆုံး)ပင်ဖြစ်ပေသည်။[၃] စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို ကောင်းစွာသိရှိတော်မူပေသတည်း။

---

① တရားဓမ္မဟောကြားရာတွင် ကုရ်အာန်ကျမ်းမြတ်သည် အချုပ်ဖြစ်သည်။ အဓိကဖြစ်သည်။ သို့ဖြစ်ရာ ကုရ်အာန်ကျမ်းမြတ်ကို မိမိကိုယ်တိုင်လည်း ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ သူတပါးတို့အားလည်း ကြားနာစေရမည်။ သို့မှသာလျှင် စိတ်ဓာတ်အင်အား သန်စွမ်းကြီးထွားလာပေမည်။ စိတ်ဓာတ်ကြွ့်ခိုင် တည်ကြည်ပေမည်။ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၏ ကုသိုလ်အကျိုးကိုလည်း ခံစားရပေမည်။ ကုရ်အာန်ကျမ်းမြတ်၏ အနက်သဘောများကိုလည်း ပို၍ပို၍ သဘောပေါက် သိနားလည်လာပေမည်၊ သူတပါးတို့သည်လည်း ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ကြားနာခွင့်ရရှိ၍ အကျိုးအမြိုးမြိုး ခံစားကြရပေမည်။ ဤသို့ဖြင့် မိမိနှင့်တကွ ပတ်ဝန်းကျင်ကိုပါ နှုတ်အားဖြင့် ကောင်းစွာတရားဓမ္မ ဟောကြားနိုင်ပေမည်။ ဤကား **'တဗ်လီဃ်ကောင်လီ'** ပင်။ (ကြည့်-အွတ်ဆ်မာနီ)။

② ဆွလာတ်သည် အလွန့်အလွန် စက်ဆုပ်ရွံရှာဖွယ်ရာ ပြစ်မှုများမှလည်းကောင်း၊ မဖွယ်မရာသော အမှုကိစ္စများမှလည်းကောင်း ပိတ်ပင်တားဆီးပေးသည်။

ဆွလာတ်က ပြစ်မှုများမှ ပိတ်ပင်တားဆီးပေးခြင်း၏ သဘောမှာ နှစ်မျိုးနှစ်စားဖြစ်နိုင်ပေသည်။

(က) အလ္လာဟ်အရှင်မြတ်သည် ဆွလာတ်တွင် သီးသန့်စွမ်းရည်သတ္တိတစ်မျိုးကို ထည့်သွင်းထားတော်မူသည်။ ယင်းစွမ်းရည်သတ္တိကြောင့် ဆွလာတ်သည် ဆွလာတ်ဆောက်တည်သူအား ပြစ်မှုများမှ ပိတ်ပင်တားဆီးကာကွယ်ပေးသည်။ ဥပမာ-ဆေးဝါး-မိုဝဲစားသုံးမှုသည် ရောဂါများကို ပိတ်ပင်တားဆီး ကာကွယ်ပေးသကဲ့သို့ပင်။ ဤတွင် သိထားအပ်သည်မှာ ဆေးတစ်ခွက်တည်း သောက်သုံးရုံမျှဖြင့် ရောဂါများကို ပိတ်ပင်တားဆီး ကာကွယ်နိုင်သည်မဟုတ်။ သက်ဆိုင်ရာသမားတော်၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားသည့် ဆေးပမာဏကို သတ်မှတ်ထားသည့် အချိန်ကာလအထိ စနစ်တကျ အချိန်မှန်မှန် စွဲမြဲစွာ မှီဝဲသောက်သုံးပါမှ၊ အဆိုပါဆေးကို မှီဝဲစားသုံးချိန်တွင်လည်း သမားတော်က ရှောင်ကြဉ်ရန်ညွှန်ပြထားသော အရာများကို ကောင်းစွာရှောင်ကြဉ်ပါမှ၊ ဆေးသည် မိမိ၏အစွမ်းသတ္တိကို ပြသပေသည်။ ထို့အတူပင် ဆွလာတ်သည် အလွန်ထက်မြက်သော ➤➤

➤➤ ဆေးတစ်လက်ဖြစ်သည်။ ဆွလာတ်ကို တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ညွှန်ပြထားတော်မူသော စည်းကမ်းချက်များနှင့်အညီ စနစ်တကျ အချိန်မှန်မှန်၊ စွဲမြဲစွာဆောက်တည်ပါက ဆွလာတ်နှင့်စပ်လျဉ်း၍ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က ရှောင်ကြဉ်ရန် တားမြစ်ထားတော်မူသော အရာများကိုလည်း ကောင်းစွာရှောင်ကြဉ်ပါက ဆွလာတ်သည် မိမိ၏ စွမ်းရည်သတ္တိများကို မုချပြသသည်သာတည်း။

(ခ) 'ဆွလာတ်သည် ပြစ်မှုများကို ပိတ်ပင်တားဆီးသည်'ဟူသည့် ဆွလာတ်ကို စနစ်တကျ တည်ဆောက်ပါက ဆွလာတ်တည်ဆောက်ခြင်း၏ အကျိုးဆက်မှာ ယင်းသို့ပင်ဖြစ်အပ်သည်ဟူ၏။ လင်းပြဦးအုံ-အမှန်မှာ ဆွလာတ်ဆောက်တည်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ (ရှေ့တော်မှောက်တွင် ကိုယ်၊နှုတ်၊ နှလုံး၊ သုံးပါးလုံးတို့ဖြင့်-

- ♦ အရှင်မြတ်သည် စကြာဝဠာအဝှန်း၏ အရှင်သခင်ဖြစ်တော်မူကြောင်း၊
- ♦ မိမိ၏အရှင်သခင် ဖြစ်တော်မူကြောင်း၊
- ♦ အရှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်ဖြစ်တော်မူကြောင်း၊
- ♦ စကြာဝဠာအဝှန်း၌ အရှင်မြတ်၏ အာဏာစက်သည်သာလျှင် တည်ရှိကြောင်း၊
- ♦ စကြာဝဠာအဝှန်းသည် အရှင်မြတ်ကိုသာလျှင် မှီခိုအားထားရကြောင်း၊
- ♦ မိမိသည် အရှင်မြတ်ညွှန်ပြတော်မူသော တရားလမ်းစဉ်ကိုသာ လိုက်နာကျင့်သုံးမည် ဖြစ်ပါကြောင်း

တို့ကို ကျိုးနွံစွာ ဝန်ခံကတိပြု၏။ သစ္စာဆို၏။

သို့ဝန်ခံကတိပြုပြီးနောက်၊ သစ္စာဆိုပြီးနောက် 'မတ်စ်ဂိုဒ်' ဗလီအပြင်သို့ ထွက်လာသည့်အခါတွင်လည်း ဗလီအတွင်း၌ မိမိ၏ ဝန်ခံကတိပြုခဲ့သည့်အတိုင်း ဗလီအပြင်တွင်လည်း နေထိုင်ကျင့်သုံး သွားရပေမည်။ ကတိမဖျက်ရာ၊ သစ္စာမဖောက်ရာ။ အမိန့်တော်ကို မသွေဖည်ရာ။ တစ်နည်းအားဖြင့် ဆွလာတ်ဆောက်တည်ရာတွင် လိုက်နာဆောင်ရွက်ရသော အပြုအမူ၊ အနေအထား၊ ပုံပန်းသဏ္ဌာန်၊ ဟန်ပန်အမူအရာအားလုံးတို့က ဆွလာတ်ဆောက်တည်သူအား...

"အို - ဆွလာတ်ဆောက်တည်သူ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်၌ ဝန်ခံကတိပြုသူ၊ သစ္စာဆိုသူ မိမိသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်ပါသည်ဟု ဝန်ခံသူ အသင်သည် မိမိကတိနှင့်အညီ နေရာမရွေး၊ ချိန်ခါမရွေး ကျွန်ပီပီနေထိုင်ပါလေ၊ အမိန့်တော်များကို နာခံပါလေ၊ ပြစ်မှုအပေါင်းကို ဝေးစွာရှောင်ပါလေ"ဟူ၍ တစ်နေ့လျှင် ငါးကြိမ်တိုင်တိုင် သတိပေးလျက်၊ တောင်းဆိုလျက် ရှိပေသည်။ သို့သတိပေး တောင်းဆိုနေပါလျက် မနာခံပါက မနာခံသူ၏အပြစ်ပင်၊ ဆွလာတ်မူကား ပြစ်မှုအပေါင်းကို ကြဉ်ရှောင်ရန် ပိတ်ပင်တားဆီးလျက်ပင်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ 'အကြင်သူအား ၎င်း၏ဆွလာတ်သည် ရုက်ဖွယ်အမှုနှင့် မကောင်းမှုများမှ ပိတ်ပင်တားဆီးခြင်းမရှိသော်၊ ထိုသူသည် ယင်းသို့သော ဆွလာတ်ဖြင့် အလ္လာဟ်အရှင်မြတ်နှင့်ပို၍ပင် ဝေးကွာသွားပေသည်။ (အီဗ်နူကဆီရ်၊ အ-၃၊ စ-၄၁၄)

④ <u>အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမှုသည် အမြင့်မြတ်ဆုံးပင်။</u>

ဆွလာတ်သည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရရန် အကောင်းဆုံးနည်းပင်ဖြစ်သည်။ ဆွလာတ်ဆောက်တည်မှု၏ အဓိကရည်ရွယ်ချက်မှာလည်း အလ္လာဟ်အရှင်မြတ်အား သတိရရန်ပင်ဖြစ်သည်။ (ကြည့်-ကုရ်အာန် ၂၀း၁၄)။

အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမှုသည် အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံးပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမှုကို ဆွလာတ်၊ ဂျိဟာဒ်စသည့် 'အိဗာဒတ်'➤➤

وَلَا تُجَادِلُوٓا۟ أَهْلَ ٱلْكِتَٰبِ إِلَّا بِٱلَّتِى هِىَ أَحْسَنُ إِلَّا ٱلَّذِينَ ظَلَمُوا۟ مِنْهُمْ وَقُولُوٓا۟ ءَامَنَّا بِٱلَّذِىٓ أُنزِلَ إِلَيْنَا وَأُنزِلَ إِلَيْكُمْ وَإِلَٰهُنَا

၄၆။ ၎င်းပြင် အသင်တို့သည် ကျမ်းဂန်ရရှိခဲ့ကြသောသူတို့နှင့် ကောင်းမွန်(ယဉ်ကျေးသိမ်မွေ့)လှသောနည်းဖြင့်သာလျှင် *အချေအတင်ပြောဆိုကြလေကုန်၊* [၁] သို့ရာတွင် ၎င်းတို့အနက် တရားလွန်ပြုမူသောသူတို့နှင့် မူကား ပြတ်သားစွာ အချေအတင်ပြောဆိုနိုင်ခွင့်ရှိ၏။ သို့တစေလည်း အသင့်မြတ်ဆုံးမှာ သိမ်မွေ့သောနည်းပင်ဖြစ်သည်။ ထိုမှတပါး အသင်တို့သည် (ဤသို့) ပြောကြားကြလေကုန်၊ "ကျွန်ုပ်တို့သည် မိမိတို့ထံ ကျရောက်ခဲ့သော (ကျမ်းမြတ်)ကိုလည်းကောင်း၊ အသင်တို့ထံ ကျရောက်ခဲ့ကြသော (ကျမ်းဂန်)တို့ကိုလည်းကောင်း၊ ယုံကြည်ကြကုန်၏။

➤➤ ခဝပ်ကိုးကွယ်မှုအပေါင်းတို့၏ အသက်၊ ဝိညာဉ်ဟူ၍ပင် ခေါ်ဆိုနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ သတိရမှုမပါရှိသော အိဗာဒတ် ခဝပ်ကိုးကွယ်မှုသည် အသက်ဝိညာဉ်မပါသော ကိုယ်ခန္ဓာ၊ အဓိပ္ပာယ်မရှိသော စာလုံးသာဖြစ်မည်။ ဤသည်သဘောပါရှိသော ဟဒီး်စ်ဩဝါဒတော်များလည်း အမြောက်အမြား ရှိပေသည်။ ယင်းသည့် ဩဝါဒတော်များကို ထောက်ချင့်ပြီး **'အာလင်မ်'**ပညာရှင်များက **'အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမှုထက် မြင့်မြတ်သော 'အိဗာဒတ်' ခဝပ်ကိုးကွယ်မှုမရှိ'** ဟူ၍ပင် အဆုံးအဖြတ်ပေးခဲ့ကြလေသည်။

သာဝကကြီးတစ်ပါးက တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် "တမန်တော်မြတ်၊ အစ္စလာမ်၏ အမိန့်ပညတ်တော်များသည် များပြားလှပါသည်။ သို့ဖြစ်ရာ တမန်တော်မြတ်သည် ကျွန်တော်မျိုးအား အဖက်ဖက်မှ ပြည့်ဝစုံလင်သော အပြည့်စုံဆုံးသော ကျင့်ဝတ်တစ်ရပ်ကို ညွှန်ပြတော်မူပါ"ဟု လျှောက်ထားရာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က (لايز ال لسانك رطبا من ذكر الله) 'အသင်၏လျှာသည် အမြဲထာဝစဉ် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်းဖြင့်စိုရွှဲ နေပါစေ'ဟု မိန့်ကြားတော်မူလိုက်လေသည်။ (ကြည့်-အွတ်ဆ်မာနီ)။

⑦ <u>အချေအတင်ပြောဆိုရာတွင် ချောင်ပြေပြစ်ရမည်။</u>

အထက်တွင် တရားဓမ္မဟောကြားရမည့် အကြောင်းပါရှိ၏။ သို့တရားဓမ္မ ဟောကြားသည့်အခါ သွေဖည်ငြင်းဆန်သော မနာခံသောသူများသည် အနှောင့်အယှက် ပြုလာကြပေမည်။ အငြင်းအခုံ ပြုလာကြပေမည်။ အချေအတင် ပြောဆိုလာကြပေမည်။ ဤသည် သဘာဝပင်။ ထို့အတွက် ဤအာယတ်တော်များတွင် အချေအတင်ပြောဆိုကြရာ၌ အတိုက်အခံအုပ်စု၏ ပညာရေး၊ သာသနာရေးများကိုထောက်၍ ကျိုးကြောင်းပြကာ၊ ချောင်ပြေပြစ်စွာ ပြောဆိုရမည့်အကြောင်း၊ အချေအတင် ပြောဆိုရာ၌ နိုင်လိုဇောတွင်မျောပါ၍ အလွန်အကျွံ မဖြစ်ရမည့်အကြောင်း၊ အမှန်တရားကို အဘယ်နေရာ၌ အဘယ်သူ၌ အဘယ်မျှပင်ရှိစေ ဝန်ခံရမည့်အကြောင်းများကို မိန့်ဆိုထားတော်မူသည်။

➤➤

وَإِلَٰهُكُمْ وَاحِدٌ وَنَحْنُ لَهُ مُسْلِمُونَ ﴿٤٦﴾

စင်စစ်သော်ကား ကျွန်ုပ်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အရှင်မြတ်သည်လည်းကောင်း၊ အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာ အရှင်မြတ်သည်လည်းကောင်း၊ တစ်ဆူတည်းသာဖြစ်တော်မူ၏။ ၎င်းပြင် ကျွန်ုပ်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာလျှင် လိုက်နာသူများ ဖြစ်ကြပေသတည်း"။ [၁]

➤➤ မှ၍ရစ်က်များတွင် အသိပညာလည်းမရှိ၊ ၎င်းတို့၏ ဘာသာအယူဝါဒမှာလည်း လုံးဝမှား၏။ (အဟ်လိကိတာဗ်) ကျမ်းဂန်ရသူများတွင်မူ ပညာရှင်များလည်း ရှိခဲ့ကြသည်။ ၎င်းတို့၏ သာသနာသည်လည်း အစမူလ၌ အမှန်ပင်ဖြစ်ခဲ့ပေသည်။ နောက်ပိုင်းတွင်မူ နှုတ်ပယ်ဖြည့်စွက်၍ အမျိုးမျိုး ကပြောင်းကပြန် ပြုလုပ်ခဲ့ကြသည့်အတွက် အုတ်အရောရော ကျောက်ရောရော ဖြစ်လာခဲ့ပေသည်။ သို့ဖြစ်၍ အဆိုပါအုပ်စုနှစ်ခုနှင့် အချေအတင် ပြောဆိုရာတွင် တမျိုးတစားတည်းမဖြစ်ရာ။ ၎င်းတို့၏ ပညာရေးနှင့် သာသနာရေးများကို ထောက်ထားရမည်သာ။ ကျိုးကြောင်းပြကာ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရမည်သာ။ သို့ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုပါလျက်၊ ၎င်းတို့အနက်မှ မလိုမုန်းတီးစိတ်ဖြင့် မတရားကျူးကျော် စော်ကားလာကြသောသူများကိုမူကား အခြေအနေရ တိကျပြတ်သားစွာပင် အချေအတင် ပြောဆိုပိုင်ခွင့်ရှိပေသည်။ သို့တိကျပြတ်သားစွာ ပြောဆိုရာတွင်လည်း ချေငံပြေပြစ်မှု၊ ယဉ်ကျေးသိမ်မွေ့မှုကိုမူကား လက်မလွတ်စေရာ။

မည်သို့မည်ပုံ တရားမမူ ဟောကြားရမည့်အကြောင်း ကုရ်အာန် (၁၆:၁၂၅)တွင် ပါရှိခဲ့သည်။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ၊ ပြန်လည်ရှုပါကုန်။

⑨ "အဟ်လိကိတာဗ်" အား ဖိတ်ခေါ်သံ။

မုစ်လင်မ်တို့သည် 'အဟ်လိကိတာဗ်'များအား ဖိတ်ခေါ်ရာတွင် ၎င်းတို့၏ပညာရေးနှင့် သာသနာရေးကို ထောက်ထား၍ ကျိုးကြောင်းပြကာ ယဉ်ကျေးသိမ်မွေ့စွာ ပြောကြားကြရမည်မှာ-

"အို-(အဟ်လိကိတာဗ်) ကျမ်းရသူအပေါင်းတို့၊ ငါတို့မုစ်လင်မ်များသည် မိမိတို့ထံ ကျရောက်လာသော ကုရ်အာန်ကျမ်းမြတ်ကိုလည်း ယုံကြည်မြတ်နိုးကြပါသည်။ အသင်တို့ထံ ကျရောက်ခဲ့သော ကျမ်းဂန်များကိုလည်း ယုံကြည်လက်ခံကြပါသည်။ ထို့ပြင်တဝ ငါတို့၏ ကိုးကွယ်ရာအရှင်နှင့် သင်တို့၏ ကိုးကွယ်ရာအရှင်မှာလည်း တစ်ပါးတည်းပင်။

ငါတို့သည် ပွင့်လေသမျှသော နဗီတမန်တော် အပေါင်းတို့အားလည်း ယုံကြည်ကြပါသည်။ ထိုအရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်အားလုံးတို့ကိုလည်း ယုံကြည်ကြပါသည်။ ထိုအရှင်မြတ်၏ နောက်ဆုံးတမန်တော်နှင့် နောက်ဆုံးကျမ်းဂန်တော်ကိုလည်း ယုံကြည်ကြပါသည်။ ကွဲပြားချက်မှာ ငါတို့သည် တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်ကြပါသည်။ ထိုအရှင်မြတ်၏ အမိန့်တော်များကိုသာလျှင် နာခံကြပါသည်။ အသင်တို့ကမူ ထိုအရှင်မြတ်နှင့် တုဖက်ယှဉ်တွဲ၍ အခြားအရာများကိုလည်း ဆည်းကပ်ကိုးကွယ်ကြသည်။ အခြားကိုးကွယ်ရာများ၏ အမိန့်များကိုလည်း နာခံကြသည်။ အသင်တို့သည် အချို့ကိုယုံကြည်ကြသည်။ အချို့ကိုငြင်းပယ်ကြသည်။ ထို့ပြင်တဝ အသင်တို့ရရှိခဲ့ကြသော ကျမ်းဂန်များသည် ယခင်မူလက လုံးဝမှန်ကန်ခဲ့သော်လည်း ယခုမူ အသင်တို့၏ လက်တွင်း၌ မူရင်းအတိုင်း မရှိတော့ပြီ➤➤

وَكَذٰلِكَ اَنْزَلْنَآ اِلَيْكَ الْكِتٰبَ ۭ فَالَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يُؤْمِنُوْنَ بِهٖ ۚ وَمِنْ هٰٓؤُلَاۗءِ مَنْ يُّؤْمِنُ بِهٖ ۭ وَمَا يَجْحَدُ بِاٰيٰتِنَآ اِلَّا الْكٰفِرُوْنَ ۝۴۷

၄၇။ စင်စစ် ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် အသင့်ထံသို့ ကျမ်းဂန်(ကုရ်အာန်ကျမ်းမြတ်)ကို ချပေးသနားတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ် ကျမ်းဂန် ချီးမြှင့်ပေးသနားတော်မူခဲ့သောသူတို့သည် ယင်း(ကုရ်အာန်)ကျမ်းမြတ်ကို ယုံကြည်ကြကုန်၏။ ထိုမှတပါး ဤ(မက္ကာမြို့သားတို့) အနက်မှလည်း *ယင်း(ကုရ်အာန်)ကျမ်းမြတ်ကို ယုံကြည်ကြသူများ* ရှိကြ၏။ [၃] စင်စစ်သော်ကား ငါအရှင်မြတ်၏ 'အာယတ်' တော်များကို 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့သည်သာလျှင် ငြင်းပယ်ကြကုန်၏။

وَمَا كُنْتَ تَتْلُوْا مِنْ قَبْلِهٖ مِنْ كِتٰبٍ وَّلَا تَخُطُّهٗ بِيَمِيْنِكَ اِذًا لَّارْتَابَ الْمُبْطِلُوْنَ ۝۴۸

၄၈။ အမှန်စင်စစ်သော်ကား အသင်သည် ဤကျမ်းဂန်(ကုရ်အာန်ကျမ်းတော်မြတ်)အလျင် မည်သည့်ကျမ်းကိုမျှပင် ဖတ်ရွတ်လျက်ရှိခဲ့သည်လည်း၊ မဟုတ်ပေ။ *မည်သည့်ကျမ်းကိုမျှပင် မိမိလက်ယာလက်ဖြင့် ရေးသားခဲ့သည်လည်း၊ မဟုတ်ပေ။* [၂] သို့ဖြစ်ခဲ့ပါလျှင် အမှားကိုလိုက်စားကြသော သူတို့သည် အမှန်ပင် ဒွိဟသံသယ ဖြစ်ကြပေမည်။

➤➤ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ အမှားများကို ပြုပြင်ကာ ကျွန်ုပ်တို့ကဲ့သို့ပင် တစ်ဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကြ။ ထိုအရှင်မြတ်နှင့်ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြလေနှင့်၊ ထိုအရှင်မြတ်၏ အမိန့်တော်များကိုသာ နာခံကြ၊ ပွင့်လေသမျှသော တမန်တော်အပေါင်းကို ယုံကြည်ကြ၊ ထိုအရှင်မြတ်၏ ကျမ်းဂန်အားလုံးကိုလည်း ယုံကြည်ကြ၊ ထိုအရှင်မြတ်၏ နောက်ဆုံးတမန်တော်နှင့် နောက်ဆုံးကျမ်းဂန်ကိုလည်း ယုံကြည်ကြဟူ၏။

③ အထက်တွင် ဖော်ပြထားသည့်အတိုင်း ဖိတ်ခေါ်လိုက်သည့်အခါ (အဟ်လိကိတာဗ်) ကျမ်းရရှိသူများအနက် မိမိတို့ထံ ကျရောက်လာခဲ့သော ကျမ်းများကို တိကျမှန်ကန်စွာယုံကြည်သော သမ္မာစိတ္တမျှတမှုရှိသော၊ ရိုးသားဖြောင့်မတ်တည်ကြည်သော ပုဂ္ဂိုလ်များသည် ဤကုရ်အာန်ကျမ်းမြတ်ကို ယုံကြည်လာခဲ့ကြပေသည်။ ကျမ်းဂန်ရသူများသာမက အတိတ်ခေတ် ကျမ်းဂန်များနှင့် မည်သို့မျှ မပတ်သက်သော အရဗ်အမျိုးသားများသည်ပင်လျှင် ကုရ်အာန်ကျမ်းမြတ်ကို ယုံကြည်လာခဲ့ကြပေသည်။ အမှန်မှာ ကုရ်အာန်ကျမ်းမြတ်၏ မှန်ကန်မှုမှာ ထင်ရှားလှသည်။ အထောက်အထားများ၊ သက်သေလက္ခဏာများမှာ ပြတ်သားလှသည်။ သို့ဖြစ်ရာ အမှန်တရားကို ဇွတ်မိုက်ငြင်းပယ်လိုသူများမှတပါး မည်သူမျှ ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းဆန်မည်မဟုတ်ပေ။

بَلْ هُوَ اٰيٰتٌۢ بَيِّنٰتٌ فِيْ صُدُوْرِ الَّذِيْنَ اُوْتُوا الْعِلْمَ ۗ وَمَا يَجْحَدُ بِاٰيٰتِنَآ اِلَّا الظّٰلِمُوْنَ ﴿٤٩﴾

၄၉။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာမူကား ဤကျမ်းဂန်(ကုရ်အာန်ကျမ်းမြတ်)သည် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်းခံခဲ့ကြရသောသူတို့၏ စိတ်နှလုံးများတွင် (ထိန်းသိမ်းထားသော) လွန်စွာထင်ရှားလှသည့် သက်သေ လက္ခဏာများပင်ဖြစ်ပေသည်။ စင်စစ်သော်ကား မတရားသော သူတို့သည် သာလျှင် ငါအရှင်မြတ်၏ အာယတ်တော်များကို ငြင်းပယ်ကြကုန်သတည်း။

---

④ ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ပင်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် တမန်တော်ဂုဏ်ဖြင့် ချီးမြှင့်တော်မူခြင်းမခံရမီ ကုရ်အာန်ကျမ်းမြတ် မကျရောက်မီ မက္ကာမြို့တွင် မက္ကာမြို့သားများနှင့်အတူ နှစ်ပေါင်း(၄၀)တိုင်တိုင် နေထိုင်တော်မူခဲ့သည်။ ထိုသည့်အချိန်ပိုင်းအတွင်း တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မည်သည့်ဆရာ တစ်ဦးတစ်ယောက်ထံတွင်မှ ချဉ်းကပ်၍ စာပေသင်ကြားခဲ့ဘူး သည်လည်းမရှိ၊ မည်သည့်စာပေကိုမျှ ရွတ်ဖတ်ခဲ့ဘူးသည်လည်းမရှိ၊ မည်သည့်အချိန်တွင်မျှ ကလောင်တံ ကိုင်ခဲ့ဘူးသည်လည်း မရှိသည်ကို အားလုံးအသိပင်။ အကယ်၍သာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် တစ်ဦးတစ်ယောက်ထံတွင် ချဉ်းကပ်၍ အနည်းငယ်စိုးစဉ်းမျှပင် ပညာဆည်းပူးမိခဲ့လျှင်၊ အရေးအဖတ် သင်ကြားမိခဲ့လျှင်၊ စာပေတစ်စုံတစ်ရာကို ရွတ်ဖတ်မိခဲ့လျှင် အပြစ်ရှာလိုသောသူများသည် ယင်းသည့်ကိစ္စကို ယိုးမယ်ဖွဲ့.ကာ ကလိမ်စေ့ငြိမ်းဆင်ပြီး (မပြောစကောင်း) (တမန်တော်မြတ်) "မုဟမ္မဒ်သည် အတိတ်ခေတ် ကျမ်းစာများကို ရွတ်ဖတ်၍ မှတ်သားထားခဲ့ဟန်ရှိသည်။ ထိုသည့် မှတ်သားချက်များကိုပင်၊ ယခုမိမိ၏ အသုံးအနှုန်းဖြင့် ပြောင်းလဲသုံးနှုံးကာ တရားဓမ္မဟောကြားနေဟန်ရှိသည်" စသည်ဖြင့် ဒွိဟသံသယ ဖြစ်လာကြပေမည်။ ယခုမူ ယင်းသို့ ဒွိဟသံသယဖြစ်ရန် အကြောင်းပင် မရှိတော့ပြီ။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် 'အွမ်မီ' ဖြစ်တော်မူခဲ့သည်။ စာမရေးတတ်၊ မဖတ်တတ်၊ သို့ပါလျက် အတိတ်တွင်လည်း ကမ္ဘာနှင့်အဝှန်း မစွမ်းနိုင်ခဲ့သော၊ ယခုပစ္စုပ္ပန်တွင်လည်း မစွမ်းနိုင်သော၊ အနာဂတ်တွင်လည်း အလျင်းပြုစွမ်းနိုင်မည်မဟုတ်သော ကုရ်အာန်ကျမ်းမြတ်ကို ယူဆောင်လာခဲ့တော်မူခြင်းကို ထောက်ရှုခြင်းအားဖြင့် ကုရ်အာန်ကျမ်းမြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဖန်တီးထားတော်မူသော ကျမ်းမဟုတ်ကြောင်း အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များသာလျှင်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်(၂း၂။ ၂း၂၃-၂၄။ ၁၆း၁၀၃။ ၂၅း၄-၆)တွင် အကျယ်ဖွင့်ဆိုရေးသားခဲ့ပေပြီ။

⑤ ဤအာယတ်တော်တွင် **(အလ္လဗီန အွတွလ်အစ်လ်မ)** 'အသိပညာ ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ်များ'ဟူသည် အဆိုတစ်ရပ်အရ မုစ်လင်မ်များကို ဆိုလိုသည်။ ဤယူဆချက်အရ 'ကုရ်အာန် ကျမ်းမြတ်သည် ဟာဖစ်၆၊ ➤➤

وَقَالُوْا لَوْلَآ اُنْزِلَ عَلَيْهِ اٰيٰتٌ مِّنْ رَّبِّهٖ ۭ قُلْ اِنَّمَا الْاٰيٰتُ عِنْدَ اللّٰهِ ۡ وَاِنَّمَآ اَنَا نَذِيْرٌ مُّبِيْنٌ ۝۵۰

၅၀။ ထိုမှတပါး၊ ၎င်းတို့က "အဘယ်ကြောင့် ဤ(တမန်တော်)၏အပေါ်၌ သက်သေလက္ခဏာများ ကျရောက်လာခြင်း မရှိပါသနည်း"ဟု ပြောဆိုကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလော၊ (အချင်းတို့) သက်သေလက္ခဏာများသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်၌သာ ရှိကုန်၏။ စင်စစ်မှာကား၊ ငါသည် ထင်ရှားစွာသတိပေးနှိုးဆော်သူ တစ်ဦးမျှသာ ဖြစ်ပေသည်။ [၁]

اَوَلَمْ يَكْفِهِمْ اَنَّآ اَنْزَلْنَا عَلَيْكَ الْكِتٰبَ يُتْلٰى عَلَيْهِمْ ۭ اِنَّ فِيْ ذٰلِكَ لَرَحْمَةً وَّذِكْرٰى لِقَوْمٍ يُّؤْمِنُوْنَ ۝۵۱

၅၁။ ငါအရှင်မြတ်သည် ၎င်းတို့၏ရှေ့ဝယ်ဖတ်ကြားခြင်းခံရလျက်ရှိသော (ကုရ်အာန်)ကျမ်းမြတ်ကို အသင့်အပေါ်၌ ချပေးသနားတော်မူခဲ့ခြင်းသည်ပင်လျှင် ၎င်းတို့အဖို့ လုံလောက်ပြီမဟုတ်ပါလော။ ဤသည့်(ကျမ်းမြတ်)၌ သက်ဝင်ယုံကြည်သူတို့အဖို့ ကရုဏာတော်သည်လည်းကောင်း၊ အဆုံးအမသည်လည်းကောင်း၊ အမှန်ပင် ရှိပေသည်။ [၂]

➤➤ ကာဂီရ်၊ အာလင်မ် အစရှိသည့် မုစ်လင်မ် ပညာရှင်များ၏ ရင်များ၊ နှလုံးသားများတွင် အာယတ်တော်များနှင့် တကွ အနက်အဓိပ္ပာယ် အဖွင့်များပါ တည်ရှိနေသည်'ဟူ၏။ ဤကား အထင်အရှားပင်။ (အတိတ်ခေတ်များတွင် ကောင်းကင်ကျကျမ်းဂန်များကို အာဂုံဆောင်ထားလေ့မရှိခဲ့ပေ။ ကုရ်အာန်ကျမ်းမြတ်ကိုမူ စတင်ကျရောက်သည့် အချိန်မှစ၍ ခေတ်တိုင်းခေတ်တိုင်းတွင် အာဂုံဆောင်ထားသော 'ဟာဖစ်ဇ်'များသည် ထောင်ပေါင်းများစွာ ရှိနေကြသည်။ ယနေ့အဖို့မှာကား မြို့ရွာတိုင်းလိုလိုမှာပင် ဟာဖစ်ဇ်များကို တွေ့ရှိနိုင်ပေသည်။ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားရန်အတွက် ဟာဖစ်ဇ်များသည်ပင် လုံလောက်ပေသည်။ ယခုမူ ကုရ်အာန်ကို စိတ်နှလုံးသားများအပေါ်တွင်သာမက စက္ကူများပေါ်တွင် ပုံနှိပ်၍တမျိုး၊ အသံဖမ်းစက်ဖြင့် အသံဖမ်း၍တဖုံ၊ နည်းမျိုးစုံဖြင့် ထိန်းသိမ်းထားကြသည်ဖြစ်ရာ ကုရ်အာန်ကျမ်းမြတ်အဖို့ ပျောက်ကွယ်ရန်အကြောင်း အလျင်းမရှိတော့ပြီ)။

① အမှန်အားဖြင့် သက်သေလက္ခဏာတော်များသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်၌သာရှိသည်။ ထိုအရှင်မြတ်သည် မိမိစေလွှတ်တော်မူသော တမန်တော်မုန်ကန်ကြောင်း ထင်ရှားစေရန်အလို့ငှာ မိမိဆန္ဒတော်အတိုင်း အလိုရှိရာ သက်သေလက္ခဏာတော်ကို ပြသတော်မူသည်။ ကာဖိရ်များ တောင်းဆိုသမျှသော သက်သေလက္ခဏာကိုပင် ပြသရကောင်းစေဟူ၍ တာဝန်လည်းမရှိ၊ တမန်တော်တစ်ပါးအား ယုံကြည်မှုသည် ဤသည့်အချက်ပေါ်၌သာ တည်နေသည်လည်းမဟုတ်။ တမန်တော်၏တာဝန်မှာ မှန်ကန်ပွင့်လင်းစွာ ဟောကြားသတိပေးရန်သာ ဖြစ်ပေသည်။

قُلْ كَفٰى بِاللّٰهِ بَيْنِيْ وَبَيْنَكُمْ شَهِيْدًا ۚ يَعْلَمُ مَا فِي السَّمٰوٰتِ وَالْاَرْضِ ۭ وَالَّذِيْنَ اٰمَنُوْا بِالْبَاطِلِ وَكَفَرُوْا بِاللّٰهِ ۙ اُولٰۗىِٕكَ هُمُ الْخٰسِرُوْنَ ۝

၅၂။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ၊ "(အချင်းတို့) အလ္လာဟ်အရှင်မြတ်သည်ပင် ငါနှင့် အသင်တို့၏အကြား၌ သက်သေအဖြစ် လုံလောက်တော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၌ရှိသမျှတို့ကိုလည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့ကိုလည်းကောင်း၊ ကောင်းစွာ သိရှိတော်မူ၏။ သို့ရာတွင် အမှားကို ယုံကြည်လက်ခံ၍ အလ္လာဟ် အရှင်မြတ်အား ငြင်းပယ်ကြသော သူတို့မှာမူကား ၎င်းတို့သည်သာလျှင် ဆုံးရှုံးပျက်စီးသူများ ဖြစ်ကြပေသတည်း"။

وَيَسْتَعْجِلُوْنَكَ بِالْعَذَابِ ۭ وَلَوْلَآ اَجَلٌ مُّسَمًّى لَّجَاۗءَهُمُ الْعَذَابُ ۭ وَلَيَاْتِيَنَّهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ۝

၅၃။ (အို-နဗီတမန်တော်) ဧကန်စင်စစ် ၎င်းတို့သည် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အသင့်ထံတွင် အဆောတလျင် တောင်းဆိုကြကုန်၏။ သို့ရာတွင် အကယ်၍သာ ကာလအပိုင်းအခြားတစ်ခုသည် သတ်မှတ်ပြဋ္ဌာန်းပြီး မဖြစ်ခဲ့ပါလျှင် ပြစ်ဒဏ်သည် ၎င်းတို့ထံ မုချ ဆိုက်ရောက်ခဲ့ပြီးဖြစ်ပေမည်။ စင်စစ်သော်ကား ထိုပြစ်ဒဏ်သည် ၎င်းတို့ထံ ရုတ်တရက်မုချ ဆိုက်ရောက်လာမည်ဖြစ်၏။ ၎င်းတို့သည် (အလျှင်း) သိရှိလိုက်ကြမည်ပင် မဟုတ်ပေ။ [၁]

---

(၂) အလ္လာဟ်အရှင်မြတ်သည် တမန်တော် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) အပေါ်သို့ ကုရ်အာန်ကျမ်းမြတ်ကို ချပေးထားတော်မူခဲ့သည်။ ထိုကျမ်းမြတ်သည် နေ့ညမပြတ် ဖတ်ကြားလျက်ရှိသည်။ ယုံကြည်သူများအဖို့ ကုရ်အာန်ကျမ်းမြတ်သည် ကရဏာလည်းမည်သည်၊ အဆုံးအမလည်း မည်သည်။ ကုရ်အာန်ကျမ်းမြတ်သည် ထာဝစဉ်တည်ရှိနေမည်။ ထာဝစဉ်အကျိုး သက်ရောက်စေမည့် အကြီးဆုံး သက်သေလက္ခဏာတော် တစ်ပါးပင်ဖြစ်သည်။ သက်သေလက္ခဏာ တောင်းဆိုကြသော သူများအဖို့ ဤကုရ်အာန်ကျမ်းမြတ်သည် ကောင်းစွာ လုံလောက်ပေသည်။

(၁) အပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုနေကြသော ကာဖိရ်များသည် ပူပင်ကြရန်မလို၊ အရာရာသည် သူ့အချိန်နှင့်သူ ဖြစ်ပေါ်လာသည်သာ။ အချိန်ကျက ပြစ်ဒဏ်သည် ရုတ်တရက် ဆိုက်ရောက်လာပေမည်၊ ထိုအခါ ကာဖိရ်များသည် ပြစ်ဒဏ်အကြောင်း ကောင်းကောင်း သိသွားကြပေမည်။

يَسْتَعْجِلُونَكَ بِالْعَذَابِ ۚ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ ﴿٥٤﴾

၅၄။ ၎င်းတို့သည် အသင့်ထံတွင် ပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုကြကုန်၏။ ၎င်းပြင် ဧကန်မလွဲ 'ဂျဟန္နမ်' ငရဲဘုံသည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့အား ဝန်းရံလျက်ပင်ရှိပေသည်။

يَوْمَ يَغْشَاهُمُ الْعَذَابُ مِن فَوْقِهِمْ وَمِن تَحْتِ أَرْجُلِهِمْ وَيَقُولُ ذُوقُوا مَا كُنتُمْ تَعْمَلُونَ ﴿٥٥﴾

၅၅။ အကြင်နေ့တွင် ပြစ်ဒဏ်သည် ထိုသူတို့အား၊ ထိုသူတို့၏အထက်မှလည်းကောင်း၊ ထိုသူတို့၏ခြေများအောက်မှလည်းကောင်း၊ (အဖက်ဖက်မှ) ဖုံးလွှမ်းဝန်းရံလျက် ရှိချေမည်။ ၎င်းပြင် ထိုအရှင်မြတ်က (၎င်းတို့အား) 'အသင်တို့သည် မိမိတို့ ကျင့်မူပြုလုပ်လျက် ရှိခဲ့ကြသည့် (ပြစ်မှုဒုစရိုက်)များ၏အရသာကို မြည်းစမ်းကြကုန်လော့'ဟု မိန့်ကြားတော်မူအံ့သတည်း။

يَا عِبَادِيَ الَّذِينَ آمَنُوا إِنَّ أَرْضِي وَاسِعَةٌ فَإِيَّايَ فَاعْبُدُونِ ﴿٥٦﴾

၅၆။ အို-မုအ်မင်န် သက်ဝင် ယုံကြည်ကြကုန်သော ငါအရှင်မြတ်၏ ကျွန်အပေါင်းတို့၊ ဧကန်စင်စစ် ငါအရှင်မြတ်၏ ကမ္ဘာမြေသည် လွန်စွာကျယ်ဝန်းလှပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်အားသာ ဆည်းကပ်ကိုးကွယ်ကြလေကုန်။

كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ ثُمَّ إِلَيْنَا تُرْجَعُونَ ﴿٥٧﴾

၅၇။ သက်ရှိသတ္တဝါတိုင်းသည် 'မရဏ' သေခြင်းတရား၏အရသာကို မြည်းစမ်းကြရမည်သာတည်း။ ထို့နောက် အသင်တို့သည် ငါအရှင်မြတ်အထံတော်သို့ပင် ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ③

---

③ **သာသနာရေး မလွတ်လပ်က တိုင်းပြည်ကိုပင် စွန့်ရမည်သာ။**

အကယ်၍ ကာဖိရ်၊ မုရှ်ရစ်ကဲများ၏ မတရား ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မုစ်လင်မ်တို့သည် အစွလာမ်သာသနာရေးများကို လွတ်လပ်စွာ မကျင့်သုံးနိုင်ကြလျှင် ယင်းသို့ ခမ္မန္တရာယ်များပြားသော သာသနာရေး လွတ်လပ်မှုမရှိသောတိုင်းပြည်တွင် နေထိုင်ရန်မလိုပေ။ အလ္လာဟ်အရှင်မြတ်၏ ကမ္ဘာမြေကြီးသည် ကျယ်ဝန်းလှသည်။ တိုင်းတပါးသို့ ရွှေ့ပြောင်းနေထိုင်ပြီးလျှင် သာသနာရေးရာများကို လွတ်လပ်စွာ ကျင့်သုံးကြရပေမည်၊ ➤➤

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُبَوِّئَنَّهُمْ مِّنَ الْجَنَّةِ غُرَفًا تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ۭ نِعْمَ اَجْرُ الْعٰمِلِيْنَ ۝۵۸

၅၈။ သို့ရာတွင် 'အီမာန်' သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သောသူတို့မှာမူကား အမှန်ပင် ငါအရှင်မြတ်သည် ၎င်းတို့အား ဂျန္နတ်သုခဘုံ၌ မြင့်စွင့်လှစွာသော အဆောင်များတွင် နေရာချပေးတော်မူမည်။ ယင်းအဆောင်များ၏အောက်၌ ရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ (၎င်းတို့သည်) ယင်းအဆောင်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြပေမည်။ ပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော (သူတော်ကောင်း)တို့၏ အကျိုးကား လွန်စွာကောင်းမြတ်လှပါဘိတကား။

الَّذِيْنَ صَبَرُوْا وَعَلٰي رَبِّهِمْ يَتَوَكَّلُوْنَ ۝۵۹

၅၉။ အကြင်(ပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ခဲ့ကြ)သူတို့သည် (မုရ်ရစ်က်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစွမ်းလမ်းသာသနာတော်ထွန်းကားစေခြင်းငှာ မိမိတို့၏ အိုးအိမ် စည်းစိမ်ခပ်သိမ်းတို့ကို စွန့်၍ ထွက်ခွာသွားကြရသည်နှင့် စပ်လျဉ်း၍လည်းကောင်း၊) သည်းခံခြင်းတရား ထားရှိခဲ့ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌ ယုံပုံလွဲအပ်ကြကုန်၏။

➤➤ တိုင်းတပါးသို့ ရွှေ့ပြောင်းနေထိုင်ကြရသဖြင့် မိမိတို့၏တိုင်းပြည်၊ မိမိတို့၏သားချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ အိုးအိမ်၊ တိုက်တာ ဂေဟာများ၊ ဥစ္စာပစ္စည်းများနှင့် ကင်းကွာကြရသည့်အတွက် သံယောဇဉ်ငြိကာ စိတ်နှလုံး မချမ်းမသာဖြစ်ကြမည်မှာ လူသဘာဝပင်။ သို့တစေလည်း ယင်းသည့်အရာများသည် ထာဝစဉ် တည်ရှိနေကြမည့် အရာများမဟုတ်၊ ယင်းသည့်အရာများနှင့် သံယောဇဉ်မဖြတ်လိုသော်လည်း တစ်နေ့မဟုတ်တစ်နေ့ ဖြတ်ရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းသည် တစ်နေ့ သေကြရမည်သာ၊ မိမိ၏တိုင်းပြည်ကို သာမက ဤကမ္ဘာကိုပင် စွန့်ခွာကြရမည်သာ၊ အလွှာဟ်အရှင်မြတ်ထံတော်ပါးသို့ ပြန်ကြရမည်သာ၊ သံယောဇဉ် အားလုံး ဖြတ်ကြရမည်သာ။

وَكَأَيِّن مِّن دَآبَّةٍ لَّا تَحْمِلُ رِزْقَهَا ۖ اللَّهُ يَرْزُقُهَا وَإِيَّاكُمْ ۖ وَهُوَ السَّمِيعُ الْعَلِيمُ ﴿٦٠﴾

၆၀။ စင်စစ်သော်ကား မြောက်မြားစွာသောတိရစ္ဆာန်တို့မှာ မိမိတို့၏စားနပ်ရိက္ခာကို သယ်ပိုးထားကြသည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည်ပင် ထိုတိရစ္ဆာန်တို့ကိုလည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။

စင်စစ်သော်ကား ထိုအရှင်မြတ်သည် အလုံးစုံတို့ကို အကြွင်းမဲ့ကြားတော်မူသော၊ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَسَخَّرَ الشَّمْسَ وَالْقَمَرَ لَيَقُولُنَّ اللَّهُ ۖ فَأَنَّىٰ يُؤْفَكُونَ ﴿٦١﴾

၆၁။ စင်စစ်သော်ကား အကယ်၍ အသင်သည် ထိုသူတို့အား 'မည်သူသည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းခဲ့သနည်း၊ ထိုနည်းတူစွာ မည်သူသည် လကိုလည်းကောင်း၊ လကိုလည်းကောင်း၊ ပိုင်နိုင်စွာ ခိုင်းစေသနည်း' ဟု မေးမြန်းခဲ့ပါလျှင် ၎င်းတို့သည် 'အလ္လာဟ်အရှင်မြတ်' ဟူ၍ပင် ဧကန်မလွဲ ပြောဆိုကြပေမည်။ သို့ပါလျက် ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ် တစ်ဆူတည်း ဖြစ်တော်မူကြောင်းကို ယုံကြည်လက်ခံခြင်းမပြုဘဲ) အဘယ်သို့ လှည့်သွားကုန်ကြသနည်း။

اللَّهُ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ مِنْ عِبَادِهِ وَيَقْدِرُ لَهُ ۚ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٦٢﴾

၆၂။ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့်ပေးသနားတော်မူ၏။ ထိုနည်းတူစွာ ထို အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား တိုင်းထွာ၍ပေးတော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူလေသည်။

وَلَئِن سَأَلْتَهُم مَّن نَّزَّلَ مِنَ السَّمَاءِ مَاءً فَأَحْيَا بِهِ الْأَرْضَ مِن بَعْدِ مَوْتِهَا لَيَقُولُنَّ اللَّهُ ۚ قُلِ الْحَمْدُ لِلَّهِ ۚ بَلْ أَكْثَرُهُمْ لَا يَعْقِلُونَ ﴿٦٣﴾

၆၃။ ထိုမှတပါး အကယ်၍ အသင်သည် ၎င်းတို့အား "မည်သူသည် မိုးကောင်းကင်မှမိုးရေကို ရွာသွန်းစေသနည်း၊ တဖန် သေပြီးသော (ဝါ) ခြောက်သွေ့လျက်ရှိပြီးနောက် ပထဝီမြေကို ထိုမိုးမြေဖြင့် မည်သူရှင်စေခဲ့သနည်း၊ (ဝါ) စိမ်းလန်းစိုပြေစေခဲ့သနည်း၊" ဟု မေးမြန်းခဲ့ပါလျှင်လည်း ၎င်းတို့သည် "အလ္လာဟ် အရှင်မြတ်" ဟူ၍ပင် ဧကန်မလွဲ ပြောဆိုကြပေမည်။ အို-နဗီတမန်တော် အသင်သည်ပြောပါလေ။ (အချင်းတို့၊) ချီးမွမ်းထောပနာအပေါင်းတို့ကို အလ္လာဟ် အရှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသောသူတို့မှာမူကား အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကြသည် မဟုတ်ပေ။

وَمَا هَٰذِهِ الْحَيَاةُ الدُّنْيَا إِلَّا لَهْوٌ وَلَعِبٌ ۚ وَإِنَّ الدَّارَ الْآخِرَةَ لَهِيَ الْحَيَوَانُ ۚ لَوْ كَانُوا يَعْلَمُونَ ﴿٦٤﴾

၆၄။ စင်စစ် ဤမျက်မှောက် လောကီဘဝသည် ပျော်မြူးဖွယ်ရာနှင့် ကစားခုန်စားဖွယ်ရာမှတပါး အခြားမဟုတ်ပြီ။ အမှန်မှာ နောင်တမလွန်ဘဝသည် သာလျှင် စစ်မှန်သော အစဉ်ထာဝရရှင်ခြင်း ဖြစ်ပေသည်။ (ဤသည်ကို)၎င်းတို့သိရှိကြလျှင် ကောင်းလေစွတကား၊

---

① **ပစ္စက္ခနှင့် နောင်တမလွန်ဘဝ။**

ဤပစ္စက္ခဘဝသည် ပျော်ရွှင်မြူးတူးဖွယ်ရာ၊ ကစားဖွယ်ရာမျှသာဖြစ်သည်။ အရိပ်ပမာ သခါရမျှသာဖြစ်သည်။ နောင်တမလွန် ဘဝသည်သာလျှင် စစ်မှန်သော၊ ထာဝရ တည်ရှိမည်ဖြစ်သော အဓိကဘဝဖြစ်သည်။ ဤခေတ္တခဏ သခါရမျှသော ပစ္စက္ခဘဝတွင် နစ်မွန်းခြင်းကြီးမက နစ်မွန်း၍ ထာဝရတည်ရှိမည်ဖြစ်သော အဓိကဖြစ်သော နောင်တမလွန်ဘဝကို လျစ်လျူပြုထားခြင်းမှာ အသိဉာဏ်ကင်းမဲ့ခြင်းပင်။

ဤပစ္စက္ခနှင့် နောင်တမလွန်ဘဝ၏ အခြေအနေအမှန်ကို ကောင်းစွာ စဉ်းစားဆင်ခြင် သိမြင်သောပေါက်သူများသည် လောကီရေးရာများတွင် နစ်မွန်း၍နေကြမည် မဟုတ်သည်သာမက ဤပစ္စက္ခဘဝမှာပင် နေထိုင်၍ နောင်တမလွန်ဘဝ၏ ကောင်းစားရေးအတွက် ကြိုတင်စိုင်းပြင်းကြပေမည်။ အသင့်ပြင်ဆင်ကြပေမည်။

အကယ်၍ ဤပစ္စက္ခဘဝသည် သာသနာရေးရာများကို လိုက်နာကျင့်သုံးရန် အကြောင်းဖြစ်သွားပါက ဤသည့် ပျော်ရွှင်မြူးတူးဖွယ်ရာမျှ ဖြစ်သည့် လောကီသက်တမ်းသည်ပင် နောင်တမလွန်ဘဝ၏ အစိတ်အပိုင်းဖြစ်သွားပေ မည်။ အကျိုးဆက်အားဖြင့် ဤပစ္စက္ခဘဝသည်လည်း နောင်တမလွန်ဘဝတွင် အကျုံးဝင်သွားပေမည်။

(ထာနဝီ၊ မာဂျိဒီ) ➤➤

فَإِذَا رَكِبُوا۟ فِى ٱلْفُلْكِ دَعَوُا۟ ٱللَّهَ مُخْلِصِينَ لَهُ ٱلدِّينَ ۖ فَلَمَّا نَجَّىٰهُمْ إِلَى ٱلْبَرِّ إِذَا هُمْ يُشْرِكُونَ ﴿٦٥﴾

၆၅။ စင်စစ် ၎င်းတို့သည် သင်္ဘော၌ စီးနင်းကြလေသောအခါ အလ္လာဟ်အရှင်မြတ်အား သာလျှင် စေတနာသဒ္ဓါဖြူစင်စွာနှင့် ဟစ်ခေါ်တ,သ ကြကုန်၏။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အား ကယ်တင်၍ ကုန်မြေသို့ ဆောင်ကြဉ်းတော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင်လျှင် (အခြားအရာများကို ထိုအရှင်မြတ်နှင့်) တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ကြကုန်၏။ [၁]

لِيَكْفُرُوا۟ بِمَآ ءَاتَيْنَٰهُمْ ۚ وَلِيَتَمَتَّعُوا۟ ۖ فَسَوْفَ يَعْلَمُونَ ﴿٦٦﴾

၆၆။ ၎င်းတို့သည် ငါအရှင်မြတ်မှ ၎င်းတို့အား ချီးမြှင့် ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များကို ငြင်းပယ် ကျေးဇူးကန်းကြအံ့သောငှာ (တွဲဖက်ကိုးကွယ်မှုကို ပြုလုပ်ကြကုန်၏)။ သို့ဖြစ်ပေရာ ၎င်းတို့သည် ခေတ္တခဏ အကျိုးခံစားကြပါစေ၊ ထို့နောက်တွင်မူ မကြာမြင့်မီပင် ၎င်းတို့သည် သိရှိကြကုန်အံ့သတည်း။

➤➤ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်(၆:၃၂)တွင်လည်းကောင်း၊ ကုရ်အာန်(၆:၇၀)တွင်လည်းကောင်း၊ ကုရ်အာန်(၇:၅၁)တွင် လည်းကောင်း ကြည့်ရှုပါကုန်။

① **<u>ဒုက္ခဖြစ်မှ အလ္လာဟ်,တ။</u>**

လူသားများသည် လောကီရေးရာများတွင်နစ်မွန်း၍ အလ္လာဟ်အရှင်မြတ်အား မမေ့ကြရာ၊ နောင်တမလွန်ဘဝကို လျစ်လျူမပြုကြရာ။ သို့တစေလည်း များသောအားဖြင့် လူသားတို့သည် ဒုက္ခဖြစ်မှသာလျှင် အလ္လာဟ်အရှင်မြတ်အား တ,သကြသည်။ သမုဒ္ဒရာတွင် သင်္ဘောလေမုန်တိုင်းမိ၍ ခိုကိုးရာမဲ့ဖြစ်ကြသောအခါမှ စိတ်စေတနာဖြူစင်စွာဖြင့် တစိတ်တလက်တည်း အလ္လာဟ်အရှင်မြတ်အား တ,သကြပေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ရေဘေးမှလွတ်မြောက်၍ ကုန်းပေါ်၌ ခြေချမိပြန်သော် 'ခွေးမြီးကောက် ကျည်တောက်စွပ်' ဆိုသောစကားကဲ့သို့ ယခင်အတိုင်းပင် ကျေးဇူးကန်းကြပြန်သည်။ ယုဉ်တွဲကိုးကွယ်ကြပြန်သည်။

ကျေးဇူးကန်းများသည် မိမိတို့၏ စိတ်အလိုလိုက်ကာ လောကီစည်းစိမ်များကို ခေတ္တခဏ စံစားနေနိုင်ကြမည်ဖြစ်သော်လည်း မကြာမီအတွင်း မိမိတို့၏ ကျေးဇူးကန်းမှု၊ သွေဖည်ဆန့်ကျင်မှု၊ ယုဉ်တွဲကိုးကွယ်မှုများ၏အကျိုးသည် အဘယ်မျှဆိုးရွားသည်ကို သိရှိကြရတော့မည် ဖြစ်သည်တည်း။ (အွတ်ဆ်မာနီ)

ဤအကြောင်းနှင့်ဆက်စပ်၍ ကုရ်အာန် (၁၀:၂၁-၂၃) (၁၇:၆၇-၆၉) (၃၀:၃၃-၃၄)တို့ကို ရှုပါကုန်။

أَوَلَمْ يَرَوْا أَنَّا جَعَلْنَا حَرَمًا آمِنًا وَيُتَخَطَّفُ النَّاسُ مِنْ حَوْلِهِمْ ۚ أَفَبِالْبَاطِلِ يُؤْمِنُونَ وَبِنِعْمَةِ اللَّهِ يَكْفُرُونَ ﴿٦٧﴾

၆၇။ ဧကန်မလွဲ ငါအရှင်မြတ်သည် (ငင်းတို့ နေထိုင်လျက်ရှိကြသောမက္ကာဟ်မြို့တော်ကို) ဘေးရန်ကင်းငြိမ်းသော 'ဟရမ်' ပြုလုပ်တော်မူခဲ့သည်ကို ငင်းတို့သည် မတွေ့မမြင်ခဲ့ကြလေသလော။ စင်စစ်သော်ကား ငင်းတို့၏ပတ်ဝန်းကျင်၌ လူတို့သည် လုယက်တိုက်ခိုက်(သတ်ဖြတ်)ခြင်းကို ခံနေခဲ့ကြရကုန်၏။ သို့ပါလျက် ငင်းတို့သည် အမှားကိုယုံကြည်လက်ခံ၍ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို ငြင်းပယ် ကျေးဇူးကန်းကြလေသလော။ [၁]

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ كَذَّبَ بِالْحَقِّ لَمَّا جَاءَهُ ۚ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْكَافِرِينَ ﴿٦٨﴾

၆၈။ အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လိမ်ဆယ်၍စွပ်စွဲသော၊ သို့မဟုတ် မိမိထံ အမှန်တရား ရောက်ရှိလာသောအခါ ယင်းအမှန်တရားကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သောသူထက် သာလွန်မတရားသော သူကား မည်သူရှိနည်း၊ 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သောသူတို့၏ နေထိုင်ရာဌာနသည် ဂျဟန္နမ်ငရဲဘုံ၌ပင်ရှိမည် မဟုတ်ပါလော။

---

① မက္ကာမြို့သား ကာဖိရ်မုရှ်ရစ်ကျားက အကယ်၍ ကျွန်ုပ်တို့သည် အစ္စလာမ်ကို လက်ခံနာယူကျင့်မူကြပါက ကျွန်အရပ် တမျိုးသားလုံးသည် ကျွန်ုပ်တို့အား ရန်မူကြမည်။ လုယက်တိုက်ခိုက်ကြမည်။ တိုင်းပြည်မှ နှင်ထုတ်ကြမည် စသည်ဖြင့် ဆင်ခြေကန်ခဲ့ကြ၏။ ဤကားမမှန်သော အကြောင်းပြခြင်းသာ။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့အား ရှေးဦးမဆွကပင် လုယက်တိုက်ခိုက် သတ်ဖြတ်လျက်ရှိသော ပတ်ဝန်းကျင်၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသော 'ဟရမ်' ကျောင်းတော်ပရဝဏ်၌ ထိန်းသိမ်းစောင့်ရှောက်ထားတော်မူခဲ့ပေသည်။ ထိုအရှင်မြတ်သည် ငင်းတို့အား ကာဖိရ်၊ မုရှ်ရစ်ကဲ့ဖြစ်နေခဲ့ ကြစဉ်မှာပင် ထိန်းသိမ်းတော်မူခဲ့ပေရာ အစ္စလာမ်ကို လက်ခံနာယူ ကျင့်မူလာခဲ့ကြသည့် အခါတွင်မူ ပို၍ပင် ထိန်းသိမ်းစောင့်ရှောက်တော်မူမည်မဟုတ်ပါလော၊ အမှန်မှာ ငင်းတို့သည် ကျေးဇူးရှင်မဟုတ်သော အဘယ်တစ်စုံတစ်ရာကို မပြုစွမ်းနိုင်သော ငင်းတို့၏ ကိုးကွယ်ရာများကိုသာ ကျေးဇူးဆပ်နေကြပေသည်။ အမှန်တကယ် ကျေးဇူးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကိုမူ ငြင်းပယ်နေကြပေသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၂၈း၅၇)ကို လည်းကောင်း၊ (၁၀၆း၁-၄)ကို လည်းကောင်း ရှုပါကုန်။

وَالَّذِينَ جَٰهَدُوا۟ فِينَا لَنَهْدِيَنَّهُمْ سُبُلَنَا ۚ وَإِنَّ اللَّهَ لَمَعَ الْمُحْسِنِينَ ﴿٦٩﴾

၆၉။ သို့ရာတွင် *ငါအရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြကုန်သောသူတို့မှာ* [၁] *မူကား ငါအရှင်မြတ်သည် မိမိလမ်းများကို ၎င်းတို့အား မချွတ်မလွဲ ပြသတော်မူပေမည်။ ထိုမှတပါး မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် သူတော်ကောင်းတို့နှင့် အတူတကွ အမှန်ပင်ရှိတော်မူပေသတည်း။* [၂]

---

① **အလ္လာဟ်၏လမ်း၌ ကြိုးပမ်းက အလ္လာဟ်လမ်းပြမည်။**

အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ကြိုးပမ်းဆောင်ရွက်ကြကုန်သော၊ ဒုက္ခခံကြကုန်သော (မုဂျာဟဒဟ်) တရားအားထုတ်ကြကုန်သော ပုဂ္ဂိုလ်မွန်တို့အား ထိုအရှင်မြတ်သည် မိမိထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန် ထူးခြားလှသည့် ဉာဏ်အလင်းတမျိုးကို ချီးမြှင့်တော်မူသည်။ မိမိနှင့်နီးစပ်မှု၊ မိမိ၏နှစ်သက်မှုနှင့် ဂျန္နတ်၏ လမ်းများကို မြင်စေတော်မူသည်။ ထိုအရှင်မြတ်၏ လမ်းတော်၌ (မုဂျာဟဒဟ်) တရားအားထုတ်သည်နှင့်အမျှ ထိုဉာဏ်အလင်းသည် ပို၍ပို၍ ပွင့်လင်းလာပေသည်။ ထိုသည့်ဉာဏ်အလင်း ပွင့်လင်းလာသည်နှင့်အမျှ ထိုပုဂ္ဂိုလ်မွန်တို့သည် နက်နဲသိမ်မွေ့လှသော အမှန်တရားများကို သိရှိလာကြပေသည်။ သူတပါးတို့ မတွေးမိသော အရာများကိုပင် မျက်ဝါးထင်ထင် တွေ့မြင်လာကြပေသည်။ (အွတ်ဆ်မာနီ)

② 'မုချဧကန် အလ္လာဟ်အရှင်မြတ်သည် သူတော်ကောင်းများနှင့် အတူတကွရှိတော်မူသည်' ဟူသည် 'ထိုအရှင်မြတ်သည် သူတော်ကောင်းတို့အား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကူညီတော် မူသည်'ဟူ၏။

(ကြည့်-အွတ်ဆ်မာနီ။ ရူဟ်၊ အဗူစုအူဒ်)။

မရ်ယမ်သခင်မ၏ သားတော် တမန်တော်အီစာက (ထိုသခင့်အပေါ်၌ ကောင်းချီးချမ်းသာအဖြာဖြာ သက်ရောက်ပါစေ) မိနဲ့ကြားတော်မူခဲ့သည်မှာ 'အိဟ်စာန်' ဟူသည် မိမိအား မကောင်းပြုသူအပေါ်၌ အကောင်းပြုခြင်းသာဖြစ်သည်။ မိမိအား အကောင်းပြုသူအပေါ်၌ အကောင်းပြုခြင်းသည် 'အိဟ်စာန်' မဟုတ်ချေ။

(အီဗ်နူကဆီရ်)၊ အ-၃။ စ-၄၂၂။

ရောမနိုင်ငံကဏ္ဍ



ဤကဏ္ဍသည် "အလ်ရူမ်" ရောမနိုင်ငံအကြောင်း ပါဝင်သော ကဏ္ဍဖြစ်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် (အာယတ်)တော် (၆၀)ပါး၊ (ရကူအ်)အပိုဒ် (၆)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

الٓمّٓ ①

၁။ အလစ်ဖ်၊ လာမ်၊ မီမ်။

غُلِبَتِ الرُّوْمُ ②

၂။ ရောမနိုင်ငံသားတို့သည် (စစ်ရေး)ရှုံးနိမ့်ကြရချေပြီ။

فِيْٓ اَدْنَى الْاَرْضِ وَهُمْ مِّنْۢ بَعْدِ غَلَبِهِمْ سَيَغْلِبُوْنَ ③

၃။ (အရေးဗျတိုင်းပြည်နှင့်)နီးကပ် ဆက်စပ်လျက်ရှိသောတိုင်းပြည်တွင်၊ သို့ရာတွင် ၎င်းတို့သည် မိမိတို့ ယခု(စစ်ရေး)ရှုံးနိမ့်ကြရပြီးနောက် မကြာမြင့်မီပင် ၎င်းတို့သည် အောင်နိုင်ကြပေမည်။

---

① **ရောမနိုင်ငံသားတို့နှင့် ပတ်သက်၍ ကြိုတင်ဟောကြားချက်။**

ဤအာယတ်တော်တွင် ပါရှိသော 'ရူမ်'ဟူသည် ရှေးဟောင်းရောမနိုင်ငံ၏ အရှေ့ပိုင်းကိုဆိုလိုသည်။ ထိုအပိုင်းသည် ခရစ်သက္ကရာဇ်(၃၉၅)ခုနှစ်တွင် ရောမနိုင်ငံပြည်မကြီးနှင့် ကွဲကွာပြီး သီးသန့်နိုင်ငံတစ်ခု ဖြစ်သွားခဲ့ပေသည်။ ဤနိုင်ငံသည် ခရစ်သက္ကရာဇ် (၁၄၅၃)ခုနှစ်တိုင် နဆွဲရာနီဘာသာဝင်တို့၏ စိုးမိုးအုပ်ချုပ်မှုအောက်တွင် တည်ရှိနေခဲ့ပေသည်။ ထို့နောက်တူရ်ကီနိုင်ငံ၏ လက်အောက်သို့ ရောက်ရှိသွားခဲ့ပေသည်။ ဤနိုင်ငံ၏မြို့တော်မှာ (ရှေးအမည်)ကွတ်စတွန်တီနီယပ် (ယခုအမည်) အစ္စတန်ဗူလ် ဖြစ်ပေသည်။ ဤနိုင်ငံ၏ရှေးအမည်မှာ 'ရောမသစ်' ဟူ၍လည်း ဖြစ်ခဲ့ပေသည်။ ဆီးရီးယားပြည်၊ ပယ်လက်စ်တိုင်းနှင့် (အာရဗိုင်းနားပြည်များ)သည် ဤနိုင်ငံတွင် အကျုံးဝင်ခဲ့ကြပေသည်။

ဤအာယတ်တော်တွင် ပါရှိသော "ဗီးအဒ်နလ်အရ်သ်ဖ်" တိုင်းပြည်အနီးတွင်ဟူသည့် အဆိုတစ်ရပ်အရ အာရေဗျတိုင်းပြည်နှင့် ဆက်စပ်လျက်ရှိသော ပြည်နယ်များ (၀၊) ဆီးရီးယားပြည်၊ ပယ်လက်စ်တိုင်း ပြည်နယ်များကို ဆိုလိုသည်။ ➤➤

➤➤ ဤအာယတ်တော် ကျရောက်ခဲ့သည့်ခုနှစ်မှာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဟိဂျရတ်ပြုတော်မမူမီ(၆)နှစ်သို့မဟုတ်(၇)နှစ်၊ (၀၊) ခရစ်သက္ကရာဇ်(၆၁၅)၊ သို့မဟုတ်(၆၁၆)နှင့် လုံးဝ ဆက်စပ်လျက်ရှိသည့် ခုနှစ် (၀၊) ခရစ်သက္ကရာဇ် (၆၁၄)ခုနှစ်ဖြစ်သည်။ အဆိုပါခုနှစ်တွင် ရောမနိုင်ငံသား အဟ်လိကိတာဗ် နာဆွရာနီဘာသာဝင်များသည် အီရာန် (ပါရှား) နိုင်ငံသား မဂျူစီများနှင့် စစ်ဖြစ်ရာတွင် မရှုမလှ စစ်ရေးရှုံးနိမ့်ခဲ့ကြရပေသည်။ ဤအာယတ်တော်တွင် ယင်းသည့် ဖြစ်ရပ်ကိုပင် ရည်ညွှန်းထားတော်မူသည်။

ကြည့်-မာဂျိဒီ၊(အုရ်ဒူ) အ--၅။ စ-၈၁၄။ အအ-၂။

ထိုခေတ်ထိုအခါတွင် ပါရှားနိုင်ငံနှင့် ရောမနိုင်ငံဟူ၍ အားအင်ကြီးမားသော နိုင်ငံကြီးနှစ်ခု ရှိခဲ့ပေသည်။ ထိုနိုင်ငံကြီး၂ခုသည် အချင်းချင်းမသင့်မြတ်ခဲ့ပေ။ ထိုနိုင်ငံကြီး၂ခုသည် (Encyclopaedia Britannica) တွင် ဖော်ပြပါရှိသည့်အတိုင်း ခရစ်သက္ကရာဇ် (၆၀၂)မှ(၆၁၄)အထိ အချင်းချင်း အကြီးအကျယ် တိုက်ခိုက်လျက် ရှိခဲ့ကြပေသည်။

ခရစ်သက္ကရာဇ် (၅၇၀)တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ ခရစ်သက္ကရာဇ်(၆၁၀)တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)သည် တမန်တော်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခြင်း ခံခဲ့ရပေသည်။ ရောမနိုင်ငံနှင့် ပါရှားနိုင်ငံတို့စပ်ကြား ဖြစ်ပွားနေသည့် စစ်ပွဲ၏သတင်းများသည် မက္ကာမြို့သားများထံသို့ ရောက်ရှိနေခဲ့ပေသည်။ ထိုသည့်အချိန်ပိုင်းအတွင်းမှာပင် မိမိတမန်တော်ဖြစ်ကြောင်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)၏ ကြေညာမှုနှင့် အစွမ်းလာမ်၏ လှုပ်ရှားမှုများသည် မက္ကာမြို့သားများအဖို့ အဆိုပါစစ်သတင်းများတွင် ပိုမိုရှုပ်ထွေး စိတ်ဝင်စွားဖွယ်ရာ ဖြစ်စေခဲ့လေသည်။

ပါရှားနိုင်ငံသား မဂျူစီများသည် မီးကိုးကွယ်ခဲ့ကြသည်။ ထို့အတွက် မက္ကာမြို့သား ကာဖိရ်များသည် ပါရှားနိုင်ငံသား မဂျူစီများကို ဘာသာအယူဝါဒအားဖြင့် မိမိတို့နှင့်နီးစပ်သည်ဟု ယူဆခဲ့ကြပေသည်။ ရောမနိုင်ငံသားများသည် နဆွရာနီများဖြစ်ခဲ့ကြပေသည်။ နဆွရာနီများသည် 'အဟ်လိကိတာဗ်' ကျမ်းဂန်ရသူများ ဖြစ်ခဲ့ကြပေသည်။ ထို့အတွက် မုစ်လင်မ်များသည် ရောမနိုင်ငံသား နဆွရာနီများကို ဘာသာအယူဝါဒအားဖြင့် မိမိတို့နှင့် နီးစပ်သည်ဟု ယူဆခဲ့ကြပေသည်။ သို့ယူဆကြသည့်အလျောက် မက္ကာမြို့သားကာဖိရ်များသည် ပါရှားနိုင်ငံသားများ၏ စစ်ရေးသာမှုကို လိုလားခဲ့ကြပေသည်။ မုစ်လင်မ်များကမူ ရောမနိုင်ငံသားများ၏ စစ်ရေးသာမှုကို လိုလားခဲ့ကြပေသည်။

ပါရှားနိုင်ငံက စစ်ရေးသာသည့်သတင်းကို ကြားရသောအခါ မက္ကာမြို့သားကာဖိရ်များသည် ဝမ်းသာခဲ့ကြပေသည်။ ဤသည့်အချက်ကိုပင် မက္ကာမြို့သားကာဖိရ်များက ၎င်းတို့အဖို့ မုစ်လင်မ်များနှင့် ပြိုင်ဆိုင်တိုက်ခိုက်ရာတွင် အောင်ရိပ်အောင်နိမိတ်ဖြစ်သည်ဟူ၍ နိမိတ်ကောက်ခဲ့ကြပေသည်။ မုစ်လင်မ်တို့သည် မိမိတို့နှင့်ဘာသာအယူဝါဒ နီးစပ်သော ရောမနိုင်ငံသား နဆွရာနီများ စစ်ရေးရှုံးနိမ့်ရသည့်အတွက် စိတ်မချမ်းမသာ ဖြစ်၍ နေခဲ့ကြလေသည်။ ထို့ပြင်တဝ မက္ကာမြို့သား ကာဖိရ်များ၏ စကားနာထိုးမှုများကိုလည်း ကြားနေခဲ့ကြရသည့်အတွက် ပို၍ပင် စိတ်ထိခိုက်နေခဲ့ကြလေသည်။

နောက်ဆုံး ခရစ်သက္ကရာဇ်(၆၁၄)ခုနှစ်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်) မီးရှူးသန့်စင် ဖွားမြင်တော်မူပြီးနောက် စန္ဒာမာသလ ထွက်ပေါ်ခြင်းဖြင့် ပိုင်းခြားသတ်မှတ်သော ခုနှစ်တွက်ချက်နည်းအရ (၄၅)နှစ်ခန့်တွင် (၀၊) တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်)သည် တမန်တော်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခြင်း ခံရပြီးနောက် (၅)နှစ်ခန့်တွင် ဒုတိယမြောက် ပါရှားဘုရင် ခွတ်ရိ(Chosroes) လက်ထက်၌ ➤➤

➤➤ ပါရှားနိုင်ငံသည် ရောမနိုင်ငံကို တိုက်ခိုက်၍ အပြတ်အသတ် ချေမှုန်းခဲ့လေသည်။

ရောမနိုင်ငံ၏ လက်အောက်နိုင်ငံများဖြစ်သည့် ဆီးရီးယား၊ အီဂျစ်၊ အာရှမိုင်းနားစသည့် နိုင်ငံများကိုလည်း သိမ်းပိုက်နိုင်ခဲ့လေသည်။ များစွာသော နဆွဲရာနီ ဘုန်းကြီးများကိုလည်း သတ်ပစ်ခဲ့လေသည်။ ယေရုရှလင်မြို့ရှိ နဆွဲရာနီတို့ အမြတ်တနိုးထားသော လက်ဝါးကပ်တိုင်ကိုလည်း ပါရှားစစ်သည်များသည် သိမ်းယူသွားခဲ့ကြလေသည်။ ရောမဘုရင် ဟိရတ်ဂ်လတ်စ် **(Heraclius)**သည်ပင် ကွတ်စ်တွန်တူနီယာသို့ တိမ်းရောင်နေခဲ့ရလေသည်။ ရောမနိုင်ငံမြို့တော်သည်ပင် စိုးရိမ်နေခဲ့ရလေသည်။ ရောမဘုရင်၏ တန်ခိုးအာဏာသည် လုံးဝမှေးမှိန်ပျောက်ကွယ်သွားခဲ့လေသည်။ အမြင်အားဖြင့် ရောမနိုင်ငံရပ်တည်၍ ပါရှားနိုင်ငံ၏ ကြီးစိုးမှုအောက်မှ လွတ်မြောက်နိုင်ရန် အကြောင်းပင် အလျှင်းမရှိတော့ပေ။

ဤသည့်အချင်းအရာများကို တွေ့မြင်ရသောအခါ မက္ကာမြို့သား ကာဖိရ်များသည် ဝမ်းသာမဆုံးဖြစ်ခဲ့ကြလေသည်။ အားတက်လာခဲ့ကြပေသည်။ မုစ်လင်မ်တို့အား အမျိုးမျိုး ရန်စလာခဲ့ကြပေသည်။ အမျိုးမျိုး စကားနာ ထိုးလာခဲ့ကြပေသည်။ အချို့ကာဖိရ်များက အတင်ရဲကာ သာဝကကြီး အဗူဗတ်ဂ်ရ် (ရသွေ့.ယလ္လာဟ်ဂို့ တအာလာအန်ဟု)အား "ယနေ့ ငါတို့၏နောင်တော်များဖြစ်သော ပါရှားနိုင်ငံသားများသည် အသင်တို့၏ နောင်တော်များဖြစ်သော ရောမနိုင်ငံသားများကို ချေမှုန်းလိုက်ကြပြီ။ ထို့အတူ နက်ဖြန် ငါတို့လည်း အသင်တို့အား ချေမှုန်းပစ်ကြမည်" ဟူ၍ပင် ပြောဆိုလာခဲ့ကြပေသည်။ ထိုအချိန်မျိုးတွင်ပင် ကုရ်အာန်ကျမ်းမြတ်က မျက်မှောက်ဖြစ်ပေါ်နေသော အကြောင်းတရားများနှင့် အခြေအနေများကို လုံးဝဆန့်ကျင်ကာ "ယခုမူ ရောမနိုင်ငံသားများ စစ်ရေးရှုံးနိမ့်ကြရပြီ၊ သို့ရာတွင် (၉)နှစ်အတွင်းမှာပင် ရောမနိုင်ငံသားများသည် ပြန်လည်အောင်နိုင်ကြရမည်။ တချိန်တည်းမှာပင် မုစ်လင်မ်တို့သည်လည်း စစ်ရေးသာ၍ ဝမ်းသာကြရမည် ဖြစ်သည်"ဟု အတည့်အလင်း ကြေညာလိုက်လေသည်။

ထိုအခါ သာဝကကြီး အဗူဗက္ကရ်ဆီဒ္ဒီက် (ရသွေ့.ယလ္လာဟု တအာလာအန်ဟု)သည် ကုရ်အာန်ကျမ်းမြတ်၏ အဆိုပါ ကြိုတင်ဟောကြားချက်ကို အကြောင်းပြု၍ မက္ကာမြို့သားအချို့ ကာဖိရ်အကြီးအကဲများနှင့် စာချုပ်ချုပ်ဆိုခဲ့သည်မှာ "အကယ်၍ (၉) နှစ်အတွင်း ရောမနိုင်ငံက ပြန်လည်မအောင်နိုင်ကြလျှင် ကျွန်ုပ်သည် အသင်တို့အား ကုလားအုတ် (၁၀၀)ပေးမည်။ ရောမနိုင်ငံသားများက ပြန်လည်အောင်နိုင်ကြလျှင် အသင်တို့သည် ကျွန်ုပ်အား ကုလားအုတ် (၁၀၀) ပေးကြရမည်" ဟူ၍ဖြစ်သည်။ (ထိုအချိန်တွင် ယင်းသို့) စာချုပ်ချုပ်ဆိုခြင်းကို ပိတ်ပင်တားမြစ်ခြင်း မရှိခဲ့သေးပေ။

ယင်းသို့ ဖြစ်ပျက်ပြီးနောက် မကြာမီအတွင်းမှာပင် စစ်ရေးရှုံးနိမ့်သွားခဲ့သော ရောမဘုရင် ဟိရတ်ဂ်လတ်စ်သည် မိမိဆုံးရှုံးခဲ့ရသော အာဏာကို ပြန်လည်ရယူရန် သန္နဋ္ဌာန်ချပြီး "အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးအား ပါရှားနိုင်ငံအပေါ်၌ အောင်နိုင်မှုပေးတော်မူပါက ကျွန်တော်မျိုးသည် 'ဟိမ်ဆ်' မှ ဇလီယာ (ဗိုင်တုလ်မုကဒ္ဒါစ်)သို့ ခြေကျင်လမ်းလျှောက်သွားပါမည်ဟု (မန္နတ်)ကိုးလိုက်လေသည်။

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ကုရ်အာန်ကျမ်းမြတ်၏ ကြိုတင်ဟောကြားချက်အတိုင်း (၉)နှစ်အတွင်း [တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္ဆလမ်) ဟိဂျရတ်ပြုလုပ်ပြီး တစ်နှစ် ကျော်သောအခါ] ဗဒ်ရ်စစ်ပွဲ ဖြစ်ပွားသည့်နေ့မှာပင် မုစ်လင်မ်တို့သည် ဗဒ်ရ်စစ်ပွဲတွင် စစ်ရေးသာ၍ အောင်လံလွှင့်ထူနေကြစဉ်၊ ရောမနိုင်ငံသား အဟ်လိကိတာဗ်များသည် ပါရှားနိုင်ငံသား မဂျူစီများအား ပြန်လည်အောင်နိုင် လိုက်ကြပြီဖြစ်ကြောင်း သတင်းကောင်းကို ကြားလိုက်ကြရပြန်ရာ အပျော်ပေါ် အပျော်ထပ်ကာ ဝမ်းသာမဆုံး ဖြစ်သွားခဲ့ကြပေသည်။ မက္ကာမြို့သား ကာဖိရ်များမှာမူကား ၎င်းတို့ကိုယ်တိုင် စစ်ရေးရှုံးနိမ့်ကြရသည်သာမက ၎င်းတို့၏ ➤➤

فِي بِضْعِ سِنِينَ ۗ لِلَّهِ الْأَمْرُ مِن قَبْلُ وَمِن بَعْدُ ۚ وَيَوْمَئِذٍ يَفْرَحُ الْمُؤْمِنُونَ ۝٤ بِنَصْرِ اللَّهِ ۚ يَنصُرُ مَن يَشَاءُ ۖ وَهُوَ الْعَزِيزُ الرَّحِيمُ ۝٥

၄။ နှစ်ကာလအနည်းငယ်တွင် အမိန့်အာဏာ ဟူသည် ယခင်ကလည်း အလွှာဟ်အရှင်မြတ်၌သာ ရှိခဲ့ပေသည်။ [၃] နောင်တွင်လည်း (ထိုအရှင်မြတ်၌သာ ရှိနေပေမည်။) ထိုနေ့တွင် "မုအ်မင်န်" သက်ဝင် ယုံကြည်သောသူတို့သည် ဝမ်းမြောက်ကြပေမည်။

၅။ အလွှာဟ်အရှင်မြတ်၏ ကူညီမှုကြောင့် ထို အရှင်မြတ်သည် မိမိ အလိုရှိတော်မူသော သူအား အောင်နိုင်စေတော်မူ၏။ စင်စစ်မှာမူကား ထိုအရှင်မြတ် သည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော် မူ၏။

➤➤မိတ်ဆွေများဖြစ်သော ပါရှားနိုင်ငံသားများလည်း စစ်ရေးရှုံးနိမ့်ကြရသည်ဖြစ်ရာ အပူပေါ်အပူထပ်ကာ ကြေကွဲခြင်းကြီးမက ကြေကွဲခဲ့ကြရလေသည်။ ဤကား ကုရ်အာန်ကျမ်းမြတ်၏ မှန်ကန်တိကျပြတ်သားလှသည့် အံ့မဆုံးသော ကြိုတင်ဟောကြားချက်တစ်ရပ်ပင်။

ဤသည့် ကြိုတင်ဟောကြားချက်၏ မှန်ကန်မှုကို အထင်အရှား တွေ့မြင်ကြရသောအခါ များစွာသော ပုဂ္ဂိုလ်များသည် အစွမ်းသတ္တိကို လက်ခံလာခဲ့ကြပေသည်။ သဘကြီး အဗူဗတ်က်ရ် (ရသွေ့ယလ္လာ ဟိုတာအာလာ အန်ဟု)သည်လည်း မက္ကာမြို့သား အချို့ကာဖိရ်များထံမှ ချုပ်ဆိုထားခဲ့သောစာချုပ်အရ၊ ကုလားအုတ် (၁၀၀)ကို ရယူခဲ့လေသည်။ ထို့နောက် တမန်တော်မြတ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ညွှန်ကြားချက်အရ အဆိုပါ ကုလားအုတ်များကို လူဒါန်းလိုက်လေသည်။

③ အလွှာဟ်အရှင်မြတ်သည် ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်သည် တဆူတည်းဖြစ်တော်မူသည်။ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူဟူ၍ အလျှင်းမရှိ။ ထိုအရှင်မြတ်သည် တောင့်တမှု၊ ကြောင့်ကြမှု၊ ချုပ်ချယ်မှုတို့နှင့် လုံးဝကင်းစင်တော်မူသည်။ စကြာဝဠာအဝန်းကို မိမိအလိုတော်အတိုင်း စီမံခန့်ခွဲတော်မူသည်။ ခြယ်လှယ်တော်မူသည်။ စကြာဝဠာခပ်သိမ်း၌ ဖြစ်ပျက်ပြောင်းလဲမှုအားလုံးသည် ထိုအရှင်မြတ်၏ အလိုတော်အတိုင်းသာလျှင် ဖြစ်နေပေသည်။

အောင်နိုင်မှု ရှုံးနိမ့်မှုတို့၏ မူရင်းအကြောင်းတရား များသည်လည်း ထိုအရှင်မြတ်၏ လက်တော်တွင်း၌ သာလျှင် ရှိပေသည်။ ထိုအရှင်မြတ်သည် မိမိအလိုတော်အတိုင်း အနိုင်ပေးလိုသူအား အနိုင်ပေးတော်မူသည်။ အရှုံးပေးလိုသူအား၊ အရှုံးပေးတော်မူသည်။ ပထမ ပါရှားနိုင်ငံ၏ စစ်ရေးသာမှု၊ ထို့နောက် ရောမနိုင်ငံ၏ ပြန်လည်စစ်ရေးသာမှုတို့သည်လည်း ထိုအရှင်မြတ်၏ အလိုတော်အတိုင်းသာလျှင် ဖြစ်ချေသည်။ သို့ပါသော်လည်း များစွာသော လူသားတို့သည် ဤသည့်သဘောတရားကို မသိနားမလည်ကြပေ။ ကြည့်-ကုရ်အာန် (၃၀:၁၉)။

وَعْدَ اللّٰهِ ؕ لَا يُخْلِفُ اللّٰهُ
وَعْدَهٗ وَلٰكِنَّ اَكْثَرَ النَّاسِ
لَا يَعْلَمُوْنَ ۝٦

၆။ (ဤသည်) အလ္လာဟ်အရှင်မြတ်၏ ကတိပင်၊ အလ္လာဟ်အရှင်မြတ်သည် မိမိထားရှိတော်မူသော ကတိကို ဖောက်ဖျက်တော်မူသည် မဟုတ်ပေ၊ သို့ရာတွင် အများဆုံးသော သူတို့မှာမူကား မသိကြပေ။

يَعْلَمُوْنَ ظَاهِرًا مِّنَ الْحَيٰوةِ
الدُّنْيَا ۖ وَهُمْ عَنِ الْاٰخِرَةِ
هُمْ غٰفِلُوْنَ ۝٧

၇။ ၎င်းတို့သည် လောကီဘဝ၏ အပေါ်ယံပုံပန်းကိုသာ သိရှိကြကုန်၏။ သို့ရာတွင် နောင်တမလွန်ဘဝကိုမူကား ၎င်းတို့သည် (လုံးဝ) မသိကြသူများသာလျှင် ဖြစ်ကြကုန်သတည်း။

اَوَلَمْ يَتَفَكَّرُوْا فِيْٓ اَنْفُسِهِمْ ؕ
مَا خَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ
وَمَا بَيْنَهُمَآ اِلَّا بِالْحَقِّ وَاَجَلٍ
مُّسَمًّى ؕ وَاِنَّ كَثِيْرًا مِّنَ النَّاسِ
بِلِقَآئِ رَبِّهِمْ لَكٰفِرُوْنَ ۝٨

၈။ ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် မစဉ်းစားခဲ့ကြလေသလော။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ထို(မိုးကောင်းကင်များနှင့်ပထဝီမြေ) နှစ်ခုအကြားရှိ သမျှတို့ကို လည်းကောင်း၊ တိကျမှန်ကန်သောကျိုးကြောင်းနှင့်သာဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း များစွာသောသူတို့မှာမူကား မိမိတို့အား ဖန်ဆင်းတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို *အမှန်ပင် ငြင်းပယ်သူများသာဖြစ်ကြကုန်၏*။ [၁]

---

① **ဤစကြာဝဠာကြီးသည်လည်း တနေ့ဆိတ်သုဉ်းသွားမည်သာ။**

အလ္လာဟ်အရှင်မြတ်သည် ဤစကြာဝဠာကြီးကို ရည်ရွယ်ချက်မရှိ၊ အချိန်အကန့်အသတ်မရှိ၊ အကျိုးမဲ့အကြောင်းမဲ့၊ အချည်းနှီး ဖန်ဆင်းထားတော် မူသည်မဟုတ်။ ဤစကြာဝဠာကြီးကို ဖန်ဆင်းတော်မူရာ၌လည်း ရည်ရွယ်ချက်ရှိသည်။ အချိန်အကန့်အသတ်လည်း ရှိသည်။ အကြောင်းနှင့် အကျိုးလည်းရှိသည်။ ထိုအရှင်မြတ်ဖန်ဆင်းထားတော်မူသော အရာများတွင် အကျိုးမဲ့၊ အကြောင်းမဲ့၊ အချည်းနှီးဟူ၍ တစ်စုံတစ်ရာမျှမရှိပေ။

စဉ်းစားဆင်ခြင်အပ်သည်မှာ ဤစကြာဝဠာကြီးသည် တစ်စုံတစ်ရာ ပြောင်းလဲမှုမရှိပဲ အမြဲထာဝရ ရပ်တည်နေသည်မဟုတ်၊ အခြားအရာများနည်းတူ ပြောင်းလဲလျက်ရှိပေသည်။ ဤသည့် ပြောင်းလဲမှုများကို စဉ်းစားဆင်ခြင်ပါက ပြောင်းလဲလျက်ရှိသော အရာအသီးသီးတို့သည် ၎င်းတို့၏သက်တမ်း ကုန်ဆုံးသည့်အခါ ဆိတ်သုဉ်းသွားသကဲ့သို့ ဤစကြာဝဠာကြီးသည်လည်း ၎င်းအဖို့ သတ်မှတ်ထားတော်မူသည့် သက်တမ်းကုန်ဆုံးသွားသည့်အခါ ဆိတ်သုဉ်းသွားမည် ဖြစ်သည်ကို နားလည်သဘောပေါက်နိုင်ပေသည်။ (လူသားများသည် မိမိတို့၏ဘဝ၊ ဖြစ်စဉ်ကိုပင် စဉ်းစားဆင်ခြင်ပါက ဤသည့်သဘောကို ကောင်းစွာနားလည်နိုင် ကြပေသည်၊) သို့ ဆိတ်သုဉ်းသွားသည့်အခါ ဤစကြာဝဠာကြီး၏ အကျိုးဆက်ဖြစ်သော ဒုတိယကမ္ဘာ (၀၀) နောင်တမလွန် ➤➤

أَوَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَيَنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلَّذِينَ مِن قَبْلِهِمْ ۖ كَانُوٓا۟ أَشَدَّ مِنْهُمْ قُوَّةً وَأَثَارُوا۟ ٱلْأَرْضَ وَعَمَرُوهَآ أَكْثَرَ مِمَّا عَمَرُوهَا وَجَآءَتْهُمْ رُسُلُهُم بِٱلْبَيِّنَٰتِ ۖ فَمَا كَانَ ٱللَّهُ لِيَظْلِمَهُمْ وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ يَظْلِمُونَ ﴿٩﴾

၉။ ၎င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည် သွားလာခြင်း မပြုခဲ့ကြလေသလော၊ သို့လှည့်လည် သွားလာကြလျှင်၊ ၎င်းတို့သည် မိမိတို့အလျင်ရှိခဲ့ကြသော ရှေးလူဟောင်းတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ဖြစ်ခဲ့သည်ကို တွေ့မြင်ကြပေမည်။

ထိုရှေးလူဟောင်းတို့သည် ၎င်းတို့ထက် ခွန်အားဗလ ကြီးမားတောင့်တင်းသူများဖြစ်ခဲ့ကြသည့်ပြင် ၎င်းတို့သည် မြေကို ဤသူများ စည်ပင်သာယာအောင် ပြုလုပ်ကြသည်ထက် အလွန်များပြားစွာ ပိုမိုထွန်ယက်စိုက်ပျိုး၍ စည်ပင်သာယာအောင် ပြုလုပ်ခဲ့ကြကုန်၏။ ထိုမှတပါး ၎င်းတို့ထံသို့(လည်း) ၎င်းတို့၏ ရဿဲတမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာ တန်ခိုးပြာဋိဟာများနှင့်တကွ ရောက်ရှိလာခဲ့ကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား မတရား နှိပ်စက်ညှဉ်းဆဲတော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို မတရား နှိပ်စက်ညှဉ်းပမ်းခဲ့ကြပေသည်။

ثُمَّ كَانَ عَٰقِبَةَ ٱلَّذِينَ أَسَٰٓـُٔوا۟ ٱلسُّوٓأَىٰٓ أَن كَذَّبُوا۟ بِـَٔايَٰتِ ٱللَّهِ وَكَانُوا۟ بِهَا يَسْتَهْزِءُونَ ﴿١٠﴾

၁၀။ ထို့နောက် ဆိုးယုတ်သောအမှုကိစ္စကို ပြုမူပွားများခဲ့ကြကုန်သောသူတို့၏ နောက်ဆုံးအကျိုးမှာ အဆိုးဆုံးပင် ဖြစ်ခဲ့လေ၏။ အကြောင်းသော်ကား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာမက ယင်းသက်သေ လက္ခဏာများကိုပင် ပြက်ရယ် ပြောင်လှောင်သမှု ပြုခဲ့ကြပေသေးသည်။

➤➤ ဘဝသည် ဖြစ်ပေါ်လာပေမည်။ ထိုအခါ စကြာဝဠာကြီးကို ဖန်ဆင်းတော်မူသည့် ရည်ရွယ်ချက်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပေမည်။ ဤပစ္စက္ခဘဝတွင် ရှိခဲ့ကြစဉ် ပြုမူဆည်းပူးခဲ့ကြသောကောင်းမှု၊ မကောင်းမှု အကြောင်းနှစ်ခု၏ ကျိုးပြစ်များကိုလည်း ခံစံကြရပေမည်။

اَللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ثُمَّ اِلَيْهِ تُرْجَعُوْنَ ⑪

၁၁။ အလ္လာဟ်အရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့ကိုစတင်ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည်ပင် ယင်းအဖန်ဆင်းခံတို့ကို တဖန် ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ ထို့နောက် အသင်တို့ (အားလုံး) သည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရပေမည်။

وَيَوْمَ تَقُوْمُ السَّاعَةُ يُبْلِسُ الْمُجْرِمُوْنَ ⑫

၁၂။ စင်စစ် "ကိယာမတ်" ရှင်ပြန်ထရမည့် အချိန်ကာလ ဆိုက်ရောက်လာသောနေ့တွင် အပြစ်ရှိသူတို့မှာ မျှော်လင့်ချက်ကင်းမဲ့ကာ စိတ်ပျက်၍သွားကြပေမည်။

وَلَمْ يَكُنْ لَّهُمْ مِّنْ شُرَكَآئِهِمْ شُفَعٰٓؤُا وَكَانُوْا بِشُرَكَآئِهِمْ كٰفِرِيْنَ ⑬

၁၃။ ၎င်းပြင် (ထိုနေ့တွင်) ၎င်းတို့၏ တွဲဖက်နှိုင်းယှဉ်ဘက်တို့အနက် ၎င်းတို့အား ကြားဝင်အသနားခံ၍ ပေးမည့်သူများဟူ၍ ရှိလိမ့်မည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့ကိုယ်တိုင်ပင် မိမိတို့၏ တွဲဖက်နှိုင်းယှဉ်ဘက်များအား ငြင်းပယ်ကြပေမည်။

وَيَوْمَ تَقُوْمُ السَّاعَةُ يَوْمَئِذٍ يَّتَفَرَّقُوْنَ ⑭

၁၄။ ထိုမှတပါး "ကိယာမတ်" ရှင်ပြန်ထရမည့် ကာလ ဆိုက်ရောက်လာသောနေ့တွင် (ခပ်သိမ်းကုန်သောလူတို့သည်) သီးခြားဖြစ်သွားကြပေမည်။ အစားစား ဖြစ်သွားကြပေမည်။ ကွဲပြားသွားကြပေမည်။

فَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَهُمْ فِيْ رَوْضَةٍ يُّحْبَرُوْنَ ⑮

၁၅။ သို့ဖြစ်ပေရာ အီမာန် သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်ဟည်ခဲ့ကြကုန်သောသူတို့သည် ဥယျာဉ်တော်၌ ဂုဏ်ပြုဧည့်ခံခြင်းကို ခံကြရပေမည်။ ဝမ်းသာကြရပေမည်။

وَاَمَّا الَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَا وَلِقَآئِ الْاٰخِرَةِ فَاُولٰٓئِكَ فِي الْعَذَابِ مُحْضَرُوْنَ ⑯

၁၆။ သို့ရာတွင် သွေဖည်ငြင်းပယ်၍ ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန် စွပ်စွဲခဲ့ကြကုန်သော သူတို့မှာမူကား၊ ပြစ်ဒဏ်၌ အဆင်သင့် ရောက်ရှိစေခြင်းကို ခံကြရပေအံ့သတည်း။

فَسُبْحٰنَ اللّٰهِ حِيْنَ تُمْسُوْنَ وَحِيْنَ تُصْبِحُوْنَ ﴿١٧﴾

၁၇။ သို့ဖြစ်ပေရာ အသင်တို့သည် ညနေအချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း၊ နံနက်အချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြလေကုန်။

وَلَهُ الْحَمْدُ فِي السَّمٰوٰتِ وَالْاَرْضِ وَعَشِيًّا وَّحِيْنَ تُظْهِرُوْنَ ﴿١٨﴾

၁၈။ စင်စစ်သော်ကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ မွန်းတိမ်းပြီးနောက်တွင်လည်းကောင်း၊ အသင်တို့သည် နေ့လယ်အချိန်သို့ ဝင်ရောက်ကြသောအခါ၌လည်းကောင်း၊ ထိုအရှင်မြတ်သာလျှင် (အခါခပ်သိမ်း) ချီးမွမ်းထောပနာမှုကို ခံယူလျက် ရှိတော်မူ၏။

يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيِّتَ مِنَ الْحَيِّ وَيُحْيِ الْاَرْضَ بَعْدَ مَوْتِهَا ؕ وَكَذٰلِكَ تُخْرَجُوْنَ ﴿١٩﴾

၁၉။ ထိုအရှင်မြတ်သည် သက်ရှိကို သက်မဲ့မှထုတ်တော်မူ၏။ ထိုနည်းတူစွာ သက်မဲ့ကိုသက်ရှိမှထုတ်တော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် ပထဝီမြေကို ယင်းပထဝီမြေ သေ(သွေ့ခြောက်)ပြီးနောက် ပြန်ရှင်(စိုပြည်စိမ်းလန်း)စေတော်မူ၏။ စင်စစ်သော်ကား အသင်တို့သည်လည်း ဤနည်းနှင်နှင် ထွက်စေခြင်းကို ခံကြရကုန်အံ့သတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် သက်မဲ့မှသက်ရှိကိုလည်းကောင်း၊ သက်ရှိမှ သက်မဲ့ကိုလည်းကောင်း၊ သုတ်ရည်မှ လူသားကိုလည်းကောင်း၊ လူသားမှ သုတ်ရည်ကိုလည်းကောင်း၊ ကာဖိရ်မှ မုအ်မင်ခ်ကိုလည်းကောင်း၊ မုအ်မင်ခ်မှ ကာဖိရ်ကိုလည်းကောင်း ဖန်ဆင်းတော်မူသည်။ ထိုအရှင်မြတ်သည်ပင် မြေသေကို မြေရှင်ဖြစ်စေတော်မူသည်။ ခြောက်သွေ့နေသော မြေသေကို မိုးရေဖြင့် စိုပြေစိမ်းလန်းစေတော်မူသည်။ အချုပ်အားဖြင့် သေခြင်း၊ရှင်ခြင်း တရားများသည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ သို့ဖြစ်ပေရာ သေနေသော လူသားတို့အား သခ်ျိုင်းများမှ ရှင်ပြန်ထစေရန်ကိစ္စမှာ ထိုအရှင်မြတ်အဖို့ အသို့လျှင် အခက်အခဲရှိနိုင်အံ့နည်း။

ဤအာယတ်တော်နှင့်ဆက်စပ်၍ ကုရ်အာန် (၃၊၂၆။ ၆၊၉၆။ ၁၀၊၃၁) တို့ကို ဆင်ခြင်ပါကုန်။

وَمِنْ اٰيٰتِهٖۤ اَنْ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ اِذَاۤ اَنْتُمْ بَشَرٌ تَنْتَشِرُوْنَ ﴿٢٠﴾

၂၀။ စင်စစ် (ဤသည်) ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များတွင် အပါအဝင် ဖြစ်သည်။ ထိုအရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် အသင်တို့သည် ရုတ်တရက် လူသားများဖြစ်လာပြီး (ကမ္ဘာမြေဝယ်) ပျံ့နှံ့လျက် ရှိကြကုန်၏။ [၁]

وَمِنْ اٰيٰتِهٖۤ اَنْ خَلَقَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا لِّتَسْكُنُوْۤا اِلَيْهَا وَجَعَلَ بَيْنَكُمْ مَّوَدَّةً وَّرَحْمَةً ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ﴿٢١﴾

၂၁။ ထို့နည်းတူစွာ (ဤသည်လည်း) ထိုအရှင်ပြတ်၏ သက်သေလက္ခဏာတော်များတွင် အပါအဝင် ဖြစ်ပေသည်။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏အမျိုးအစားအနက်မှပင် ကြင်ရာကြင်ဖက်များကို ၎င်းတို့ထံတွင် အသင်တို့ အနားယူ စိတ်ချမ်းသာမှု ရရှိကြအံ့သောငှာ ဖန်ဆင်းတော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့စပ်ကြား၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ အကြင်နာတရားကိုလည်းကောင်း၊ စီမံပြုလုပ်၍ ပေးသနားတော်မူခဲ့၏။ ဧကန်မလွဲ ဤသည်၌ ဆင်ခြင်သုံးသပ် စဉ်းစားကြကုန်သော သူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိပေသတည်း။ [၂]

---

① **သက်သေလက္ခဏာတော် (က)၊**

အလ္လာဟ်အရှင်မြတ်သည် အာဒမ်ကို မြေဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ၎င်းမှပင် ၎င်း၏ကြင်ရာဟောင်းကို ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအာဒမ်၏သားသမီးများဖြစ်သော လူသားတို့အား ပွားများစေတော်မူခဲ့၏။ မြေမှ စတင်ဖြစ်ပေါ်လာခဲ့သော အာဒမ်၏ သားသမီးများသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ကာ ကမ္ဘာဇာတ်ခုံပေါ်တွင် အမျိုးမျိုး ဇာတ်ခင်းလျက်ရှိကြပေသည်။ ကြည့်-ကုရ်အာန် (၄:၁)။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၏ သက်သေလက္ခဏာတော် တစ်ပါးပင်။

② **သက်သေလက္ခဏာတော် (ခ)၊**

အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ဘဝသက်တမ်းကို သာယာစေရန်အလို့ငှာ အမျိုးသားတို့အဖို့ ၎င်းတို့နှင့်မျိုးတူဘဝတူ ကြင်ဘက်များကို ဖန်ဆင်းပေးထားတော်မူ၍ ဇနီးမောင်နှံတို့စပ်ကြားတွင် ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာ ထောက်ထားစာနာ လေးစားခင်မင်ရင်းနှီးမှုများကို ထည့်သွင်းပေးထားတော်မူသည်။ ➤➤

وَمِنْ اٰيٰتِهٖ خَلْقُ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافُ اَلْسِنَتِكُمْ وَاَلْوَانِكُمْ ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّلْعٰلِمِيْنَ ۝۲۲

၂၂။ ထိုမှတပါး ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ [၁] အသင်တို့၏ ဘာသာစကားနှင့် အသွေးအရောင်တို့ကွဲပြားခြားနားခြင်းသည်လည်းကောင်း၊ [၂] စင်စစ်ဤသည် ပညာရှိ သုခမိန်တို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိချေသည်။

➤➤ ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် (၁) အမျိုးသမီးများသည် အမျိုးသားတို့နှင့် မျိုးတူဘဝတူဖြစ်ကြောင်း၊ (၂) အမျိုးသမီးများသည် အမျိုးသားတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း၊ (၃) အမျိုးသမီးများနှင့် အမျိုးသားတို့၏ ဆက်ဆံရေးများသည် ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာ ထောက်ထားစာနာ လေးစားခင်မင်ရင်းနှီးမှုများ ၊အပေါ်၌တည်ရှိနေကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ အမျိုးသမီးများသည် အချို့သူများထင်မှတ်နေကြသကဲ့သို့ အမျိုးသားတို့၏ အစေခံခိုင်းဖတ် မဟုတ်ကြပေ။ အမှန်မှာ အမျိုးသမီးများသည် အမျိုးသားတို့အဖို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းရမည့် မျိုးတူဘဝတူ ကြင်ဖက်များဖြစ်ကြပေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော် သက်သေလက္ခဏာတပါးပင်။

① သက်သေလက္ခဏာတော် (၁)၊

ကမ္ဘာ့တန်ဆာပလာများအနက် မိုးနှင့်မြေမှာ လူသားတိုင်းအဖို့ အမြဲတစေတွေ့မြင်နေရသော အရာများပင်ဖြစ်သည်။ မိုးနှင့်မြေ၏အကျိုးကား များပြားလှ၏။ သူငါအသိပင်။ ဤမျှမြင့်စွင့်သောမိုးနှင့် ဤမျှထူထည်ကြီးမားသော ပထဝီမြေကိုလည်း အလ္လာဟ်အရှင်မြတ်ပင် ဖန်ဆင်းထားတော်မူခြင်း ဖြစ်သည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၏ သက်သေလက္ခဏာတော် တစ်ပါးပင်။

② သက်သေလက္ခဏာတော် (၂)၊

လူသားအားလုံးတို့သည် တစ်ဖတစ်မိတည်းမှပင် ဆင်းသက်ပေါက်ပွားလာခဲ့ကြ၏။ အစပထမတွင် အတူနေထိုင်ခဲ့ကြ၏။ လူဦးရေ များပြားလာသောအခါ ရေကြည်ရာ-မြက်နုရာသို့ ရွှေ့ပြောင်းကာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ကာလာခဲ့ကြ၏။ ပြောဆိုသုံးနှုန်းသော ဘာသာစကားများသည်လည်း ကွဲပြားလာခဲ့ကြ၏။ ကမ္ဘာအစမှ ယနေ့တိုင်တိုးပွားလာခဲ့သော လူဦးရေမှာ အသခ်ျေအသခ်ျာပင်။ ပုံသဏ္ဌာန်လည်း အမျိုးမျိုးပင်။ ဘာသာစကားလည်း အစားစားပင်၊ အသွေးအရောင် အပြားပြားပင်။

သို့တစေလည်း ဤမျှများပြားလှသော လူသားတို့တွင် ပြောပုံ၊ဆိုပုံ၊ အသံနေအသံထား၊ အသွေးအရောင်၊ ပုံပန်းသဏ္ဌာန် အမူအရာစသည်တို့တွင် လုံးဝတမျိုးတစားတည်း တထေရာတည်း တူနေသူနှစ်ဦးမျှပင် မတွေ့ရှိရပေ။ လူသားအားလုံးတို့သည် ပြောပုံဆိုပုံ၊ အသံနေအသံထား၊ အသွေးအရောင်၊ ပုံပန်းသဏ္ဌာန် အမူအရာစသည်တို့တွင် တစ်ဦးနှင့်တစ်ဦးမတူ။ တစ်နည်းတဖုံ ကွဲပြား ခြားနားကြသည်သာ ဖြစ်ပေသည်။ ဤကား မျက်မြင်ဒိဋ္ဌပင်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၏ သက်သေလက္ခဏာတော် တစ်ပါးပင်။

وَمِنْ اٰيٰتِهٖ مَنَامُكُمْ بِالَّيْلِ وَالنَّهَارِ وَابْتِغَآؤُكُمْ مِّنْ فَضْلِهٖ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّسْمَعُوْنَ ﴿٢٣﴾

၂၃။ ၎င်းပြင် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင် ညနှင့်နေ့၌ အသင်တို့ အိပ်စက်ခြင်းသည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကျေးဇူးတည်းဟူသော စားနပ်ရိက္ခာကို အသင်တို့ ဆည်းပူးရှာဖွေခြင်းသည်လည်းကောင်း၊ ဓကန်မုချ ဤသည်၌ ကြားနာသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိကုန်သတည်း။ ၁

وَمِنْ اٰيٰتِهٖ يُرِيْكُمُ الْبَرْقَ خَوْفًا وَّطَمَعًا وَّيُنَزِّلُ مِنَ السَّمَآءِ مَآءً فَيُحْيٖ بِهِ الْاَرْضَ بَعْدَ مَوْتِهَا ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ﴿٢٤﴾

၂၄။ ထို့ပြင် (ဤသည်လည်း) ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင်ဖြစ်၏။ ထိုအရှင်မြတ်သည် အသင်တို့အား လျှပ်စစ်ပြက်ခြင်းကို ကြောက်ရွံ့စေသောအားဖြင့်လည်းကောင်း၊ မျှော်လင့်စေသောအားဖြင့်လည်းကောင်း၊ ပြသတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူ၏။ တဖန် ထိုအရှင်မြတ်သည် ထိုမိုးရေဖြင့် ပထဝီမြေကို ယင်းပထဝီမြေ သေပြီးနောက် (သွေ့ခြောက်စေပြီးနောက်) ရှင်ပြန်(စိမ်းလန်းစိုပြည်)စေတော်မူ၏။ ဓကန်စင်စစ် ဤသည်၌ သိနားလည်ကြသောသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိပေသည်။ ၂

---

① **သက်သေလက္ခဏာတော် (၈)၊**

အလ္လာဟ်အရှင်မြတ်သည် နေ့နှင့်ညကို ဖန်ဆင်းထားတော်မူသည်။ လူသားတို့သည် နေ့တွင် လှုပ်ရှားသွားလာ၍ စားနပ်ရိက္ခာ ရှာဖွေကြသည်။ ညတွင် အိပ်စက်ကြသည်။ လူသားတို့အဖို့ နေ့နှင့်ညသည် မရှိမဖြစ်သော အရာများပင်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၂၅:၄၇)၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၏ သက်သေလက္ခဏာတော်တစ်ပါးပင်။

② **သက်သေလက္ခဏာတော် (၉)၊**

အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်မှ အံ့ဖွယ်သရဲ၊ မိုးရွာသွန်းစေတော်မူ၏။ မြေသေကို ရှင်စေတော်မူ၏။ မိုးမရွာသွန်းမီ လျှပ်ပြက်စေတော်မူ၏။ လျှပ်ပြက်သည်ကို တွေ့မြင်ရသောအခါ လူသားသည် မိုးရွာမည်ကို တွေး၍ ဝမ်းသာ၏။ မိုးကြိုးလောင်မီးကျမည်ကိုလည်း စိုးရိမ်၏။ မိုးတိမ်များ တက်လာသည်ကို တွေ့မြင်ရသောအခါ လယ်ယာ ထွန်ယက်စိုက်ပျိုးရမည်ကို တွေး၍ဝမ်းသာ၏။ သို့ဝမ်းသာသည်နှင့်အမျှ မိုးသည်းထန်စွာ ရွာသွန်းပြီး ➤➤

وَمِنْ اٰيٰتِهٖٓ اَنْ تَقُوْمَ السَّمَآءُ وَالْاَرْضُ بِاَمْرِهٖ ۭ ثُمَّ اِذَا دَعَاكُمْ دَعْوَةً ۖ مِّنَ الْاَرْضِ ۡ اِذَآ اَنْتُمْ تَخْرُجُوْنَ ۝۲۵

၂၅။ ထိုမှတပါး ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက်မှပင်၊ မိုးကောင်းကင်နှင့် ပထဝီမြေ၏ ရပ်တည်နေခြင်းသည်လည်း ဖြစ်ပေသည်။ [၁] ထို့နောက် ထိုအရှင်မြတ်သည် အသင်တို့အား ပထဝီမြေမှ (ထွက်လာကြအံ့သောငှာ) တစ်ကြိမ်မျှ ဟစ်ခေါ်တော်မူသောအခါ ရုတ်တရက် အသင်တို့သည် ထွက်လာကြကုန်အံ့သတည်း။ [၂]

وَلَهٗ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ ۭ كُلٌّ لَّهٗ قٰنِتُوْنَ ۝۲۶

၂၆။ ထိုမှတပါး မိုးကောင်းကင်များ၌ ရှိကြသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကြသူတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသောသူများချည်းသာ ဖြစ်ကြကုန်၏။ (၎င်းတို့)အသီးသီးတို့မှာ ထိုအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြကုန်၏။

وَهُوَ الَّذِيْ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ وَهُوَ اَهْوَنُ عَلَيْهِ ۭ وَلَهُ الْمَثَلُ الْاَعْلٰى

၂၇။ အမှန်သော်ကား ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခံတို့အား စတင်ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည်ပင် ယင်းအဖန်ဆင်းခံတို့ကို ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ စင်စစ်သော်ကား ဤသည် ထိုအရှင်မြတ်အဖို့ သာ၍ပင် လွယ်ကူလှပေသည်။ [၃]

➤➤ ရေဘေးသင့်မည်ကိုလည်း စိုးရိမ်ကြောင့်ကြ၏။ ကြည့်–ကုရ်အာန် (၁၃း၁၂)။ ဤသည်ကိုထောက်ချင့်၍ လူသားများသည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို မျှော်ကိုးရာ၏။ ထို့အတူ ထိုအရှင်မြတ်၏ ပြစ်ဒဏ်ကိုလည်း စိုးရိမ်ရာ၏။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၏ သက်သေလက္ခဏာတော်တစ်ပါးပင်။

① **သက်သေလက္ခဏာတော် (ဆ)၊**

အထက်တွင် မိုးကောင်းကင်နှင့်မြေကို ဖန်ဆင်းတော်မူသည့်အကြောင်းပါရှိ၏။ ယခု ဤအာယတ်တော်တွင် ထိုမိုးနှင့်မြေများ ရပ်တည်နေခြင်းမှာလည်း ထိုအရှင်မြတ်၏ အမိန့်တော်အရသာလျှင် ဖြစ်ကြောင်း မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်ကား အရာခပ်သိမ်းကုန်တို့၏ ဖြစ်ပေါ်မှု၊ ရပ်တည်မှု၊ ဆိတ်သုဉ်းမှုအစုစုတို့သည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၏ သက်သေလက္ခဏာတော်တပါးပင်။

فِى السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ
الْعَزِيْزُ الْحَكِيْمُ ﴿٢٧﴾

ထိုမှတပါး မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ထိုအရှင်မြတ်၌သာလျှင် ထူးကဲမြင့်မြတ်လှစွာသော ဝိသေသဂုဏ်ထူးသည် ရှိပေသည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

ضَرَبَ لَكُمْ مَّثَلًا مِّنْ
اَنْفُسِكُمْ ۭ هَلْ لَّكُمْ مِّنْ
مَّا مَلَكَتْ اَيْمَانُكُمْ مِّنْ
شُرَكَاۗءَ فِيْ مَا رَزَقْنٰكُمْ فَاَنْتُمْ

၂၈။ ထိုအရှင်မြတ်သည် အသင်တို့၏ ဖြစ်ရပ်များမှပင် အသင်တို့အဖို့ ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းတော်မူ၏။ အသင်တို့၌ မိမိတို့ကျွန်များ အနက်မှ အသင်တို့အား ငါအရှင်မြတ်ချီးမြှင့်ပေးသနားတော်မူခဲ့သော (စားနပ်ရိက္ခာ) ဥစ္စာပစ္စည်းများတွင် ဖက်စပ်ပါဝင်သူများ ရှိကြပြီး အသင်တို့သည် ယင်းဥစ္စာပစ္စည်းတွင် ညီတူညီမျှဖြစ်ကြသည် ရှိသလော။

---

(၂) ခေါ်တော်မူသည့်အခါ မြေမှ ထွက်လာကြရမည်သာ၊

ဆိုလိုသည်ကား မိုး၊ မြေတို့သည် ရပ်တည်နေရန် အလွှာဟ်အရှင်မြတ် အမိန့်တော်ရှိသည်နှင့်အမျှ ရပ်တည်နေပေမည်။ ဤစကြာဝဠာ၏ သက်တမ်း ကုန်ဆုံးသွားသည့်အခါ အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ဖြင့်ပင် ဆိတ်သုဉ်းသွားပေမည်။ ဒုတိယစကြာဝဠာ ပေါ်လာပေမည်။ ထိုအခါ ထိုအရှင်မြတ် တစ်ကြိမ်ခေါ်တော်မူရုံဖြင့် လူသားအားလုံးတို့သည် မြေမှအသီးသီး ထွက်ပေါ်လာကြပေမည်။

(၃) အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်အနန္တ၏ ရှေ့မှောက်တွင် တစ်စုံတစ်ရာကို စတင်ဖန်ဆင်းခြင်း၊ ပြန်လည်ဖန်ဆင်းခြင်းသည် အတူတူပင်။ လူသားတို့အဖို့မှာမူ အရာတစ်ခုကို စတင်ပြုလုပ်ခြင်းသည် ခက်ခဲသည်၊ ထိုအရာကို ပြန်လည်ပြုလုပ်ခြင်းသည် လွယ်ကူသည်။ အရဗ် ကာဖိရ်မုရ်ရစ်က်တို့သည် အလွှာဟ်အရှင်မြတ်အား ဤစကြာဝဠာကို စတင်ဖန်ဆင်းတော်မူသော အရှင်အဖြစ်လက်ခံကြသည်။ သို့ရာတွင် ဤစကြာဝဠာကြီး ဆိတ်သုဉ်းသွားပြီးနောက် ဒုတိယတစ်ဖန် ပြန်လည်ဖန်ဆင်းမည်ကိုမူ လက်မခံကြပေ။ အရဗ်ကာဖိရ် မုရ်ရစ်က်တို့၏ စကားသည် ရှေ့နောက်မညီပေ။ အမှန်မှာ စကြာဝဠာအဝှန်းကို စတင်ဖန်ဆင်းတော်မူသော အရှင်မြတ်အဖို့ ပြန်လည်ဖန်ဆင်းတော်မူခြင်းမှာ လူသား၏အမြင်မှာပင် ပို၍လွယ်ကူသည် မဟုတ်ပါလော။

فِيهِ سَوَآءٌ تَخَافُونَهُمْ كَخِيفَتِكُمْ أَنفُسَكُمْ كَذَٰلِكَ نُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْقِلُونَ ﴿٢٨﴾

(ငင်းပြင်) အသင်တို့သည် မိမိတို့အချင်းချင်းနှင့် ပတ်သက်၍ စိုးရိမ်ကြောင်သကဲ့သို့ပင်၊ ငင်းတို့နှင့် ပတ်သက်၍လည်း *စိုးရိမ်ကြသည်(ဟူ၍ရှိပါသလော၊)*[၁] ငါအရှင်မြတ်သည် အသိဉာဏ်ရှိသူတို့အဖို့ သက်သေသာဓက အထောက်အထားများကို ဤနည်းအတိုင်းပင် ရှင်းလင်းထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူ၏။

---

① 'ရှိရ်က်' ၏ မှားယွင်းမှု၏ ပုံဆောင်ချက်တစ်ရပ်၊

'ရှရစ်က်'၏ မှားယွင်းမှုကို ထင်ရှားစေရန်အတွက် ဤအာယတ်တော်တွင် လူသားတို့၏ဖြစ်ရပ်များမှ ကောက်နှုတ်၍ ပုံဆောင်ချက်တစ်ရပ် ဤသို့ မိန့်ဆိုထားတော်မူသည်။ အသင်တို့၌ ကျေးကျွန်များရှိသည်။ အသင်တို့သည် ထိုကျေးကျွန်များ၏ သခင်များဖြစ်ကြသည်။ (ကျွန်သည် အမှန်ကျွန်မဟုတ်၊ သခင်သည် အမှန်သခင်မဟုတ်၊ ဤသည် 'မုချ'မဟုတ်၊ 'ဥပစာ'မျှသာဖြစ်သည်။ သာမန်အကြောင်းများကြောင့် 'ကျွန်'၊ 'သခင်' စသည်ဖြင့် ခေါ်ဝေါ်နေကြခြင်းသာ ဖြစ်သည်။) ထိုကျေးကျွန်များသည် အသင်တို့အား အလွှာဟ်အရှင်မြတ် ပေးသနားထားတော်မူသော ဥစ္စာပစ္စည်းများတွင် မိမိတို့နှင့် တန်းတူ၊ရည်တူ၊ ဖက်စပ်ပါဝင်သူများအဖြစ် လက်ခံကြသလော။ ဖက်စပ်ပိုင်ဆိုင်သော ပစ္စည်းများကို ခွဲဝေသုံးစွဲရာတွင် ဖက်စပ်ပါဝင်သူများ၏ မကျေနပ်မှု၊ ကန့်ကွက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြရသကဲ့သို့ အသင်တို့သည် မိမိတို့၏ ကျေးကျွန်များဘက်မှ ယင်းသို့ မကျေနပ်မှု၊ကန့်ကွက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ် ကြသလော။

ထိုသို့အလျှင်းမဟုတ်၊ အသင်တို့သည် မိမိတို့၏ ပစ္စည်းများတွင် မိမိတို့၏ ကျေးကျွန်များကို ဖက်စပ်ပါဝင်သူများအဖြစ် လက်ခံကြသည်လည်း မဟုတ်၊ ထိုကျေးကျွန်များဘက်မှ တစ်စုံတစ်ရာ ကန့်ကွက်မှု၊ မကျေနပ်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြသည်လည်း မဟုတ်၊ သာမန်သခင်များသည်ပင် မိမိတို့၏ ဥစ္စာပစ္စည်းတွင် မိမိတို့၏ကျေးကျွန်များကို ဖက်စပ်ပါဝင်ကြသူများ အဖြစ် လက်မခံကြလျှင်၊ ကျေးကျွန်များဘက်မှ ဖြစ်ပေါ်လာမည့် မကျေနပ်မှု၊ ကန့်ကွက်မှုများကို ဂရုမမူကြလျှင် အမှန်တကယ် အရှင်သခင်ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်သည် မိမိ၏ အဖန်ဆင်းခံကျွန်များအား မိမိ၏ပိုင်ဆိုင်မှုတွင် ဖက်စပ်ပါဝင်သူများအဖြစ်၊ တွဲဖက်ယှဉ်ဖက်များအဖြစ် အသို့လျှင် လက်ခံတော်မူမည်နည်း။ ယင်းအဖန်ဆင်းခံ ကျေးကျွန်တို့ဘက်မှ ဖြစ်ပေါ်လာမည့်အန္တရာယ်များကို အသို့လျှင် ဂရုပြုတော်မူမည်နည်း။

အမှန်မှာ လူကျွန်နှင့်လူသခင် နှစ်ဦးလုံးတို့သည်ပင် အလွှာဟ်အရှင်မြတ်၏ အဖန်ဆင်းခံကျွန်များသာ ဖြစ်ကြပေသည်။ ထိုအရှင်မြတ် ကျေးမွေးထားတော်မူသော စားနပ်ရိက္ခာများကိုသာ စားသုံးနေကြရသည်။ သို့ပါလျက် သာမန်ကျွန်ကစ်ယောက်သည် သာမန်သခင်တစ်ယောက်၏ ပစ္စည်းတွင် ဖက်စပ်ပါဝင်နိုင်ခြင်းမရှိပေရာ၊ အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းတော်မူသော အလွှာဟ်အရှင်မြတ်၏ ပိုင်ဆိုင်မှုတွင် ထိုအရှင်မြတ်၏ အဖန်ဆင်းခများသာ ဖြစ်သောကျွန်များသည် အသို့လျှင် ဖက်စပ်ပါဝင်နိုင်သူများ ဖြစ်နိုင်ကြအုံးနည်း။ ဤသည့်အချက်ကို စဉ်းစားဆင်ခြင်ပါက 'ရှရစ်က်' ယှဉ်တွဲကိုးကွယ်မှုသည် အဘယ်မျှမှားယွင်းကြောင်း စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်ကြောင်းကို ကောင်းစွာသိနိုင်ပေသည်။

بَلِ اتَّبَعَ الَّذِيْنَ ظَلَمُوْٓا
اَهْوَآءَهُمْ بِغَيْرِ عِلْمٍ ۚ فَمَنْ
يَّهْدِيْ مَنْ اَضَلَّ اللّٰهُ ؕ
وَمَا لَهُمْ مِّنْ نّٰصِرِيْنَ ﴿٢٩﴾

၂၉။ သို့ပါလျက် မတရားပြုလုပ်ကြသော သူတို့မှာ မူကား၊ သက်သေအထောက်အထား မရှိဘဲလျက် မိမိတို့၏စိတ်အလိုဆန္ဒများကိုသာ လိုက်နာလိုက်စားခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်က လမ်းမှားစေတော်မူခဲ့သောသူအား တရားလမ်းမှန်ကို မည်သူ ညွှန်ကြားပြသနိုင်မည်နည်း။ ထိုမှတပါး ၎င်းတို့၌ ယိုင်းပင်းကူညီသူများဟူ၍လည်း ရှိကြမည် မဟုတ်ပေတကား။

فَاَقِمْ وَجْهَكَ لِلدِّيْنِ
حَنِيْفًا ؕ فِطْرَتَ اللّٰهِ الَّتِيْ
فَطَرَ النَّاسَ عَلَيْهَا ؕ
لَا تَبْدِيْلَ لِخَلْقِ اللّٰهِ ؕ ذٰلِكَ
الدِّيْنُ الْقَيِّمُ ۙ وَلٰكِنَّ اَكْثَرَ
النَّاسِ لَا يَعْلَمُوْنَ ﴿٣٠﴾

၃၀။ သို့ဖြစ်ပေရာ အသင်(လူသား)သည် လူသားတို့အား အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူခဲ့သော သဘာဝမူနှင့်အညီ [၁] မိမိ၏မျက်နှာကို (မှန်ကန်သော) "ဒီန်" သာသနာအပေါ်၌ အာရုံစူးစိုက်လျက် ခိုင်ခံ့တည်တံ့စွာထားရှိလေ။ အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလွဲမှုမျှ အလျှင်းမရှိပြီ။ ဤသည်ပင်လျှင် ဖြောင့်မတ်မှန်ကန်သော "ဒီန်" သာသနာဖြစ်၏။ [၂] သို့တစေလည်း အများဆုံးသော သူတို့မှာ မူကား မသိနားမလည်ကြပေ။

---

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား စတင်ဖန်ဆင်းတော်မူရာတွင် ၎င်း၏ မူလဖီဇသဘာဝ၌ သီးသန့် အရည်အချင်းတစ်ရပ်ကို ထည့်သွင်းထားတော်မူသည်။ အကယ်၍ ထိုလူသားသည် အမှန်တရားကို သိနားလည်လိုက၊ နာယူကျင့်မူလိုက ထိုသည့်အရည်အချင်းဖြင့် သိနားလည်နိုင်ပေသည်။ နာယူကျင့်မူနိုင်ပေသည်။ ထိုအရှင်မြတ်သည် မူလအစကပင် လူသား၏စိတ်နှလုံး၌ မိမိအား အကျဉ်းအားဖြင့် သိရှိနိုင်ရန်အတွက် လင်းရောင်ခြည်ကို ဓမ္မဖီဇအဖြစ် ထည့်သွင်းပေးသနားတော် မူထားသည်။ အကယ်၍ လူသားသည် မိမိပတ်ဝန်းကျင်၏ ဂယက်များ၏ မကောင်းသောအကျိုးဆက်များနှင့် ကင်းစင်သည်ရှိသော်၊ မိမိ၏မူလသဘာဝ ဖီဇအပေါ်၌ပင် တည်ရှိနေသော် ထိုလူသားသည် အမှန်ပင်အမှန်တရားကို လက်ခံနာယူကျင့်မှုမည်သာ ဖြစ်သည်။ အမှန်တရားမှအပ အခြားသို့ တိမ်းစောင်းသွားမည် မဟုတ်ပေ၊ ဝိညာဉ်လောကတွင် လူသားတို့ထံမှ အလ္လာဟ်အရှင်မြတ် ယူတော်မူခဲ့သည့် ကတိဝန်ခံချက်မှာလည်း ဤသည်ကိုပင် ရည်ညွှန်းပေသည်။ ကြည့်-ကုရ်အာန် (၇:၁၇၂)။

ဟဒီးဆ်ဩဒါဒတော်များတွင်လည်း ကလေးတိုင်းသည် (အစ္စလာမ်)၏သဘာဝမူပေါ်၌ပင် မွေးဖွားလာသည်ဖြစ်ကြောင်း၊ ထို့နောက် ၎င်း၏မိဘနှစ်ပါးသည် ၎င်းအားယဟူဒီ၊ နဆ္ဆရာနီ၊ မဂျူစီ ဖြစ်စေကြသည်ဖြစ်ကြောင်း လာရှိပေသည်။ 'ဟဒီးဆ်ကုဒ်စီ'၌ "ငါအရှင်မြတ်သည် မိမိ၏ကျွန်များအား (ဟုနဖာ) အမှားရှောင်၍ အမှန်၏ ➤➤

مُنِيبِينَ إِلَيْهِ وَاتَّقُوهُ وَأَقِيمُوا الصَّلَاةَ وَلَا تَكُونُوا مِنَ الْمُشْرِكِينَ ﴿٣١﴾

၃၁။ ထိုအရှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်ကြသူများအဖြစ် (အစွယ်လာမ်၏ သဘာဝဓမ္မကို နာယူကျင့်မူကြကုန်)။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြလေကုန်။ ထိုမှတပါး အသင်တို့သည် "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် "မုရ်ရစ်က်" တစ်စုံတစ်ရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သူတို့အနက်မှ မဖြစ်ကြကုန်လင့်။ [၁]

➤➤ တရားပေါ်၌ပင် ရပ်တည်သူများအဖြစ် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ရှိင်တွာန်များသည် ၎င်းတို့အား သွေးဆောင်ဖြားယောင်းပြီး အမှန်တရားမှ လွဲမှားစေကြသည်" ဟူ၍လာရှိသည်။

အသို့ပင်ရှိစေ၊ လူသားတစ်ဦးသည် မိမိ၏ မူလ၊ဓမ္မဗီဇအပေါ်၌ ရပ်တည်နေပါက ထိုလူသားသည် မိမိ၏ သဘာဝအလျောက် အမှန်တရားကို လက်ခံနာယူကျင့်မူမည်သာ ဖြစ်သည်။ အလျှာဟ်အရှင်မြတ်သည် လူသားအားလုံးတို့အား ဤသည့်မှန်ကန်သည့် သဘာဝဓမ္မအပေါ်၌ပင် ဖန်ဆင်းတော်မူသည်။ ဤသည် သဘာဝဓမ္မတွင် မည်သို့မျှ အပြောင်းအလဲမရှိ။ အကယ်တန္ဆာ ဖိရ်အောင်နှင့်အဇူဂျဟ်လ်၌ ယင်းသည့် သဘာဝဓမ္မမရှိပါက အသက်မဲ့များနှင့် တိရစ္ဆာန်တို့၌ တရားဓမ္မ ကိုနာယူရန် တာဝန်မရှိသကဲ့သို့ ၎င်းတို့၌လည်း တာဝန်ရှိမည်မဟုတ်ပေ။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် လူသားတိုင်းသည် ယင်းသည့် သဘာဝဓမ္မအပေါ်၌ မွေးဖွားလာကြောင်း၊ လူတိုင်း၌ ယင်းသည့် သဘာဝဓမ္မရှိကြောင်း ကောင်းစွာ သိရှိရပေသည်။ ဤသည့် သဘာဝဓမ္မရှိမှုကြောင့်ပင် အစွယ်လာမ်၏ များစွာသော အခြေခံမူ သဘောတရားများကို လူတိုင်းလိုလိုပင် တိကျမှန်ကန်စွာ နာယူကျင့်မူခြင်း မရှိသော်လည်း တနည်းတဖုံ လက်ခံကြပေသည်။

မှတ်ချက်

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် အစွယ်လာမ်သည် သဘာဝဓမ္မနှင့် လုံးဝကိုက်ညီကြောင်း၊ သဘာဝဓမ္မတွင် အပြောင်းအလဲလုံးဝမရှိကြောင်း၊ သို့ဖြစ်ရာ အစွယ်လာမ်တွင်အပြောင်းအလဲပြုလုပ်ရန် ကြိုးစားခြင်းသည် အသိဉာဏ်ကင်းမဲ့သူတို့၏ အကျိုးမဲ့အပြုအမူသာဖြစ်မည် ဖြစ်ကြောင်းကို ကောင်းစွာ သိရှိနိုင်ပေသည်။ (ကြည့်-မာဂျိဒီ။)

① ဤအာယတ်တော်သည် လူသားအသီးသီးတို့အား ရည်ညွှန်း မိန့်ဆိုထားတော်မူသော အာယတ်တော်ဖြစ်သည်။ ဆိုလိုသည်ကား စိတ်နောက်ကိုယ်ပါဖြစ်ကာ လွဲမှားမှုများတွင် အနစ်မွန်းကြီးနစ်မွန်းကာ လွဲမှားမှုမှ မည်သို့မျှ မထွက်လိုသော သူများအား လျစ်လျူရှုထားရမည်သာ။ မိမိမှာမူ လွဲမှားမှုအားလုံးကို လွှဲဖယ်ကာ တစ်ဆူတည်း ဖြစ်တော်မူသော အလျှာဟ်အရှင်မြတ်အား ဓဃ၊ရိုကျိုး၊ရိုရိုး၍ ထိုအရှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော သာသနာကို သာလျှင် လုံလဝီရိယကြီးစွာဖြင့် တစ်စိတ်တလက်တည်း ဆုပ်ကိုင်ထားရမည်သာ။

② အစွယ်လာမ်သည် သဘာဝဓမ္မနှင့် လုံးဝကိုက်ညီသည်။ ဤသည်နှင့် စပ်လျဉ်း၍ အစွယ်လာမ်၏ အချို့အဓိကကျသော တာဝန်များကို အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။ ➤➤

مِنَ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا ۖ كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ ﴿٣٢﴾

၃၂။ အကြင် (မုရ်ရစ်က်) တို့အနက်မှ ထိုသူတို့သည် မိမိတို့၏ "ဒီန်"သာသနာကို အစိတ်စိတ် အပိုင်းပိုင်း ပြုလုပ်ခဲ့ကြပြီးလျှင် ဂိုဏ်းဂဏအမျိုးမျိုး ဖြစ်သွားခဲ့ကြကုန်၏။ (ၦင်းတို့အနက်) ဂိုဏ်းဂဏအသီးသီး အသက်အသကတို့သည် မိမိတို့၌ရှိသော (ဝါဒလမ်းစဉ်များ)နှင့်ပင် ကျေနပ်ဝမ်းမြောက်လျက်ရှိကြပေသတည်း။ [၁]

➤➤ ၁။ တစ်ဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် ထံတော်သို့လှည့်ကာ အစွမ်းသတ္တိဝဓမ္မကို နာယူကျင့်ကြံရမည်။

၂။ အလ္လာဟ်အရှင်မြတ်အား အခါခပ်သိမ်း ကြောက်ရွံ့ရိုသေ ခန့်ညားကြရမည်။

၃။ စနစ်တကျ ဆွေးလာတ်ဆောက်တည်ကြရမည်။

၄။ မုရ်ရစ်က်တို့နှင့် ဝေးစွာ ရှောင်ကြဉ်ကြရမည်။

၅။ သာသနာရေးတွင် ဂိုဏ်းဂဏ မခွဲကြရ။

(၁) အစွမ်းသတ္တိဝဓမ္မကိုဆန့်ကျင်၍ ရှရစ်က်အမှုအစုစုတွင် နစ်မွန်းနေကြသော မုရ်ရစ်က်တို့တွင် အခြေခံယုံကြည်ချက်၊ ကိုးကွယ်ရာ အမျိုးမျိုးအစားစား အပြားပြားဖြစ်လာကာ အောက်ခြေမူထိပ်ဖျားအထိ အတောမသတ်ခြားနားခဲ့ကြသည်။ သာသနာရေးတွင် ဂိုဏ်းဂဏအမျိုးမျိုး ခွဲခဲ့ကြသည်။ ယုံကြည်ချက်အမျိုးမျိုး လုပ်ငန်းစဉ်အစားစား ပုံပန်းသဏ္ဌာန် အပြားပြား ဖြစ်လာခဲ့ကြသည်။ ယင်းသည့်အထဲတွင် တစ်ဦးတစ်ယောက်က စိတ်ကူးပေါက်၍ ယုံကြည်ချက်အသစ်ထွင်ကာ လုပ်ငန်းစဉ်အသစ်တစ်ရပ် သတ်မှတ်လိုက်ပြန်သော် ကွဲပြားနေသော ဂိုဏ်းဂဏများထဲမှပင် အချို့သူများသည် ထိုပုဂ္ဂိုလ်နောက်သို့ လိုက်ကြပြန်သည်။ ဤသို့ဖြင့်ကွဲရာမှ အဆင့်ဆင့် ကွဲကာ အတောမသတ် ကွဲခဲ့ကြလေသည်။

ထို့ပြင်တဝ အဆိုပါ ဂိုဏ်းဂဏအသီးသီးတို့သည် မိမိတို့၏ယုံကြည်ချက် လုပ်ငန်းစဉ်များကို အဘယ်မျှပင် မှားယွင်းနေလင့်ကစား၊ အဘယ်မျှပင် ရယ်ဖွယ်ရာဖြစ်နေလင့်ကစား ဇွတ်မှိတ်၍ ဆုပ်ကိုင်ထားကြသည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေကြသည်။ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်၊ ကိုယ့်လုပ်ငန်းစဉ်နှင့်ကိုယ်၊ ကိုယ့်ဂိုဏ်းနှင့်ကိုယ် အပျော်ကြီးပျော်နေကြသည်။ အမှားကြီး မှားနေကြသည်။ ဤကား ရှရစ်က်၏ အကျိုးဆက်ပင်။

အစွမ်းသတ္တိကား ထိုသို့မဟုတ်၊ အစွမ်းသတ္တိသည် ညီညွတ်မှုကို အထူးလိုလားသည်။ ကွဲပြားမှုကို အလွန်စက်ဆုပ်သည်။ အဘယ်ကြောင့်ဆိုသော် အစွမ်းသတ္တိ၏ အဓိက အခြေခံယုံကြည်ချက်မှာ (တောင်ဟီးဒ်) တဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်ခြင်းပင်ဖြစ်သည်။ တစ်ဆူတည်း ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်း ပေးထားတော်မူသော အစွမ်းသတ္တိ၏ ကျင့်စဉ်ကျင့်ရပ်အားလုံးတို့သည်လည်း တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် ထံတော်သို့သာဦးတည်ကာ ညီညွတ်မှုကို ရှေ့ရှုထားသည်။ အစွမ်းသတ္တိကိုရိုးသားစွာ ဆုပ်ကိုင်ထားပါက ကွဲရန်အကြောင်းပင် မရှိပေ။

وَإِذَا مَسَّ النَّاسَ ضُرٌّ دَعَوْا رَبَّهُم مُّنِيبِينَ إِلَيْهِ ثُمَّ إِذَا أَذَاقَهُم مِّنْهُ رَحْمَةً إِذَا فَرِيقٌ مِّنْهُم بِرَبِّهِمْ يُشْرِكُونَ ﴿٣٣﴾

၃၃။ စင်စစ်သော်ကား လူတို့၌ ဘေးဥပဒ်တစ်စုံတစ်ရာ သက်ရောက်လေသောအခါ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်တော်သို့ ပြန်လှည့်ကြလျက် ထိုအရှင်မြတ်အား ဟစ်ခေါ်တသကြကုန်၏။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိအထံတော်မှ အနည်းငယ်ကျေးဇူးတော်ရသောကို မြည်းစမ်းစေတော်မူသောအခါ ၎င်းတို့အနက် လူတစ်စုသည် မဆိုင်းမငံ့ ရုတ်တရက် ချက်ချင်းပင်လျှင် (အခြားအရာများကို) မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်နှင့် တွဲဖက်ရှိုင်းယှဉ် ကိုးကွယ်ကြလေ၏။ [၁]

لِيَكْفُرُوا بِمَا آتَيْنَاهُمْ فَتَمَتَّعُوا فَسَوْفَ تَعْلَمُونَ ﴿٣٤﴾

၃၄။ ၎င်းတို့သည် ငါအရှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များကို ငြင်းပယ် ကျေးဇူးကန်းကြအံ့သောငှာ (တွဲဖက်ကိုးကွယ်မှုကို ပြုကြကုန်၏)။ သို့ဖြစ်ပေရာ အသင်တို့သည် (အခိုက်အတန့်အားဖြင့်) အကျိုးကျေးဇူး ခံစားကြလေကုန်။ ထို့နောက် မကြာမြင့်မီပင် အသင်တို့သည် သိရှိကြရပေမည်။

أَمْ أَنزَلْنَا عَلَيْهِمْ سُلْطَانًا فَهُوَ يَتَكَلَّمُ بِمَا كَانُوا بِهِ يُشْرِكُونَ ﴿٣٥﴾

၃၅။ အသို့ပါနည်း ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ သက်သေအကိုးအကား အထောက်အထား တစ်စုံတစ်ရာကို ချပေးတော်မူခဲ့၍ ယင်းသက်သေအထောက်အထားက ပြောဆိုသောကြောင့် ၎င်းတို့သည် တွဲဖက်ရှိုင်းယှဉ်ကိုးကွယ်ကြလေသလော။

---

① ဤအာယတ်တော်နှင့် အနက်သဘောတူ အာယတ်တော်များသည် ကုရ်အာန် (၁၀း၁၂။ ၁၇း၆၇)တွင် လာရှိခဲ့ချေပြီ၊ သက်ဆိုင်ရာအဖွင့်များကိုလည်း ရေးသားခဲ့ချေပြီ၊ ပြန်လည်ရှုကြပါကုန်။

وَإِذَآ أَذَقْنَا ٱلنَّاسَ رَحْمَةً فَرِحُوا۟ بِهَا ۖ وَإِن تُصِبْهُمْ سَيِّئَةٌۢ بِمَا قَدَّمَتْ أَيْدِيهِمْ إِذَا هُمْ يَقْنَطُونَ ﴿٣٦﴾

၃၆။ ထိုမှတပါး ငါအရှင်မြတ်သည် လူသားတို့အား အနည်းငယ်သော ကျေးဇူးတော်၏ အရသာကို မြည်းစမ်းစေတော်မူသောအခါ ၎င်းတို့သည် ယင်းကျေးဇူးတော်နှင့် စပ်လျဉ်း၍ ဝမ်းမြောက်လေ့ ရှိကြကုန်၏။ သို့ရာတွင် အကယ်၍ ၎င်းတို့၏လက်များက ကြိုတင်ပို့နှင့်ခဲ့ကြသော (ပြစ်မှုဒုစရိုက်)များကြောင့် ၎င်းတို့၌ ဘေးဒုက္ခ တစ်စုံတစ်ရာ သက်ရောက်သည်ရှိသော် ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင် မျှော်လင့်ချက်ကင်းမဲ့၍ သွားကြလေ၏။

أَوَلَمْ يَرَوْا۟ أَنَّ ٱللَّهَ يَبْسُطُ ٱلرِّزْقَ لِمَن يَشَآءُ وَيَقْدِرُ ۚ إِنَّ فِى ذَٰلِكَ لَـَٔايَٰتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٣٧﴾

၃၇။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ပြန့်စွာ ချီးမြှင့်ပေးသနားတော်မူ၍ (မိမိအလိုရှိတော်မမူသောသူအား ထိုစားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူသည်ကို ၎င်းတို့သည် မမြင်ခဲ့ကြလေသလော။ [၁] ဇကန်မှချဉ်းသည်၌ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ (များစွာသော) သက်သေလက္ခဏာများသည် ရှိပေသတည်း။

---

① လူ၂–ယောက်သည် တစ်ချိန်တည်းတွင် တမျိုးတစားတည်း စီးပွားရှာဖွေကြသည်။ ထို၂–ဦး၏ ပညာအရည်အချင်း၊ လုပ်ရည်ကိုင်ရည်၊ ကြံရည်ဖန်ရည် တို့သည်လည်း တူညီသည်။ သို့တစေလည်း ထို–၂–ဦးအနက် တစ်ဦးသည် ချမ်းသာကြွယ်ဝသည်။ အခြားတစ်ဦးမှာ ခဲလေသမျှ သဲရေကျဖြစ်ရသည်။ အသို့ပါနည်း၊ အကြောင်းကား လူ့လောကတွင် တွေ့ကြုံနေရသော သုခ၊ ဒုက္ခ၊ ကြွယ်ဝမှု၊ ဆင်းရဲမှု၊ အောင်မြင်မှု၊ ဆုံးရှုံးမှု အစုစုတို့၏ အကြောင်းတရားများသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် မိမိ၏အလိုတော်အတိုင်း ကြွယ်ဝစေလိုသူအား ကြွယ်ဝစေတော်မူသည်။ ဆင်းရဲစေလိုသူအား ဆင်းရဲစေတော်မူသည်။

သို့ဖြစ်ရာ လူသားတို့သည် အခါခပ်သိမ်း အလ္လာဟ်အရှင်မြတ် စီမံပြုလုပ်တော်မူသည်များကို ကျေနပ်ကြရမည်သာ။ ဥပမာ– သုခဖြစ်လျှင် ထိုအရှင်မြတ်အား ကျေးဇူးတင်ရမည်သာ။ ထိုသုခ ပပျောက်မသွားစေရန် အတွက် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားနေရမည်သာ။ ထို့အတူ ဒုက္ခဖြစ်လျှင်လည်း ခံရမည်သာ၊ ထိုဒုက္ခ ကင်းဝေးသွား စေရန်အတွက် အရှင်မြတ်ထံတော်၌ မျှော်ကိုးအားထားရမည်သာ။

فَاٰتِ ذَا الْقُرْبٰى حَقَّهٗ
وَالْمِسْكِيْنَ وَابْنَ السَّبِيْلِ ؕ
ذٰلِكَ خَيْرٌ لِّلَّذِيْنَ يُرِيْدُوْنَ
وَجْهَ اللّٰهِ ۫ وَاُولٰٓئِكَ
هُمُ الْمُفْلِحُوْنَ ﴿٣٨﴾

၃၈။ သို့ဖြစ်ပေရာ အသင်သည် သွေးရင်းသားရင်းတို့၏ အခွင့်အရေးကို ပေးဆောင်လော့။ ထို့ပြင် သူဆင်းရဲအားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း၊ (ပေးကမ်းလှူဒါန်းလေ)။ ဤသည်ကား အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလားကြသောသူတို့အဖို့ အကောင်းဆုံးပင်ဖြစ်၏။ စင်စစ်သော် ယင်းကဲ့သို့သော သူတို့သည်သာလျှင် အောင်မြင်မှု ရရှိကြအံ့သောသူများ ဖြစ်ကြကုန်၏။ [၁]

وَمَآ اٰتَيْتُمْ مِّنْ رِّبًا لِّيَرْبُوَا۟
فِيْٓ اَمْوَالِ النَّاسِ فَلَا يَرْبُوْا
عِنْدَ اللّٰهِ ۚ وَمَآ اٰتَيْتُمْ مِّنْ
زَكٰوةٍ تُرِيْدُوْنَ وَجْهَ اللّٰهِ
فَاُولٰٓئِكَ هُمُ الْمُضْعِفُوْنَ ﴿٣٩﴾

၃၉။ စင်စစ်မှာမူကား အသင်တို့သည် လူတို့၏ပစ္စည်းများတွင် (ရောစပ်၍) တိုးပွားပြီးလျှင် အသင်တို့ထံ ရောက်လာရန် ပေးခဲ့ကြသော လက်ဆောင်ပစ္စည်းမှာ အလ္လာဟ်အရှင်မြတ် အထံတော်တွင် တိုးပွားသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလား၍ တစုံတရာ အလှူဒါနကို ပေးကမ်းလှူဒါန်းကြပါမူ၊ ယင်းကဲ့သို့ (ပေးကမ်းလှူဒါန်းကြ)သောသူတို့သာလျှင် (မိမိတို့ပေးကမ်းလှူဒါန်းခဲ့ကြသည်များကို အလ္လာဟ်အရှင်မြတ် အထံတော်၌) တိုးပွားစေကြသူများဖြစ်ကြကုန်၏။ [၂]

---

① သဘာဝဓမ္မအရလည်း အရာခပ်သိမ်းကုန်တို့ကို အမှန်တကယ် စိုးပိုင်တော်မူသော အရှင်မှာ အလ္လာဟ် အရှင်မြတ်ပင် ဖြစ်ကြောင်း၊ လောကီသုခချမ်းသာ အဖြာဖြာတို့မှာလည်း ထိုအရှင်မြတ် ပေးသနားတော်မူသော အရာများချည်းသာဖြစ်ကြောင်း ထင်ရှားပေရာ၊ ထိုအရှင်မြတ်၏ နှစ်သက်မှုကို လိုလားသူများ၊ ထိုအရှင်မြတ်အား ဖူးတွေ့လိုသူများသည် ထိုအရှင်မြတ်၏ လမ်းတော်တွင် ထိုအရှင်မြတ်ပေးသနားတော်မူသော အရာများအနက်မှ အချို့အဝက်ကို စားဝတ်နေရေး အဆင်မပြေသော ဆွေဆင်းရဲ၊ မျိုးဆင်းရဲ၊ သူဆင်းရဲ၊ စရိတ်ပြတ်ခရီးသည် စသည်တို့အား ပေးကမ်းလှူဒါန်း ကြရပေမည်။ ဤသို့ အချင်းချင်း ထောက်ထား၊စာနာ၊ သနားကြင်နာကာ ကူညီထောက်ပံ့သော သူမွန်သူမြတ်တို့သည် ၂-ဘဝလုံးတွင် အောင်မြင်ကြမည်သာတည်း။

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် ချမ်းသာကြွယ်ဝသူများ၏ ဥစ္စာပစ္စည်းများတွင် ဆင်းရဲနွမ်းပါးသူများ ရသင့်ရထိုက်သော အခွင့်အရေးများ သတ်မှတ်ပြီးဖြစ်ကြောင်း၊ ချမ်းသာကြွယ်ဝသူများက ဆင်းရဲနွမ်းပါးသူတို့အား ပေးခြင်းမှာ ကျေးဇူးပြုခြင်းမဟုတ်၊ တာဝန်ချခြင်းသာဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။ ဤသည့်သဘောကို 'ဟတ်ကွဟူ' ဟူသောပုဒ်က အထူးထောက်ပြလျက်ရှိသည်။(ကြည့်-မာဂျိဒီ)။

(၂) အတိုးအညွှန့် စားသုံးခြင်းဖြင့် ပစ္စည်းဥစ္စာမတိုးပွား၊
ဇကာတ်ပေးခြင်းဖြင့်သာ ပစ္စည်းဥစ္စာ တိုးပွားသည်။

အတိုးအညွှန့်စားသုံးခြင်းဖြင့် ပစ္စည်းဥစ္စာသည် အမြင်အားဖြင့် တိုးပွားသည်ဟူ၍ ထင်ရပေသည်။ အမှန်မှာ အတိုးအညွှန့်စားသုံးခြင်းဖြင့် ဥစ္စာပစ္စည်း မတိုးပွားသည်သာမက ဆုတ်ယုတ်ပေသည်။ အတိုးအညွှန့် စားသုံးခြင်းဖြင့် ဥစ္စာပစ္စည်းတိုးပွားခြင်းမှာ အတွင်းဓာတ်ပျက်၍ ကိုယ်ခန္ဓာဖောရောင်နေသော လူမမာ၏ ဖောင်းပွခြင်းမျိုးပင်။ ကိုယ်ခန္ဓာဖောရောင်နေသော လူမမာသည် အမြင်အားဖြင့်ဝနေသည်ဟု ထင်ရသော်လည်း ၎င်း၏ဝခြင်းမှာ ရိုးရိုးဝခြင်းမဟုတ်၊ ဖောရောင်နေခြင်း မျှသာဖြစ်ပေသည်။ ဖောရောင်ခြင်းသည် သေမင်းကို လက်ယပ်ခေါ်နေခြင်း မျှသာဖြစ်သည်။

ဇကာတ်ပေးခြင်းအားဖြင့် ဥစ္စာပစ္စည်းသည် အမြင်အားဖြင့် ယုတ်လျော့သွားသည်ဟူ၍ ထင်ရသည်။ အမှန်မှာ ဇကာတ်ပေးခြင်းအားဖြင့် ဥစ္စာပစ္စည်း မယုတ်လျော့သည်သာမက တိုးပွား၍ပင်လာပေသည်။ ဇကာတ် ပေးခြင်းဖြင့် ဥစ္စာပစ္စည်းယုတ်လျော့ခြင်းမှာ ဝမ်းနှုတ်ဆေးစားသည့်အတွက် အနည်းငယ် ကိုယ်ခန္ဓာ စစ်သွေးခြင်းမျိုးပင်။ ယင်းသို့ ကိုယ်ခန္ဓာစစ်သွေးခြင်းမှာ ကျန်းမာခြင်း၊ ပိုမိုသန့်စွမ်းလာမည်ဖြစ်ခြင်း၏ လက္ခဏာပင်။

ကြည့်-ကုရ်အာန် (၂း၂၇၅-၂၇၆)။

ဇကာတ်၏ အကျိုးကို နောင်တမလွန်ဘဝတွင် ခံစားရမည်ကားအမှန်ပင်။ ထိုမှတစ်ပါး ဤပစ္စက္ခ ဘဝတွင် ဇကာတ်၏ များစွာသော အကျိုးများကို ခံစားရသည်မှာလည်း မျက်ဝါးထင်ထင်ပင်။

ဥပမာ- ဇကာတ်ပေးခြင်းအားဖြင့် ဇကာတ်ပေးသောပုဂ္ဂိုလ်၏ စိတ်နှလုံးသည် အလွန် သန့်ရှင်းသွား သည်။ ကြည်းနူးသည်။ ပီတိဖြစ်သည်။ ဆထက်ထမ်းပိုး တိုး၍တိုး၍ ဇကာတ်ပေးနိုင်ရန် ကြိုးစားသည်။ စိတ်ဓါတ်အင်အား တက်ကြွလာသည်။ ဇကာတ်ပေးသူအား ဆင်းရဲသားများသည်လည်း ကျေနပ်နှစ်သက်ကြသည်။ မေတ္တာပို့ကြသည်။ထိုသူ့အတွက် ဆုမွန်ကောင်းတောင်းကြသည်။ ထိုသို့သောသူအား သူငါအများကလည်း ကြည်ညိုလေးစားကြသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း ထိုသို့သောပုဂ္ဂိုလ်၏ ဥစ္စာပစ္စည်းကို တိုးပွားစေတော်မူသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒတော်တွင် လာရှိသည်မှာ-

> အလ္လာဟ်အရှင်မြတ်က "အိုအာဒမ်၏သား၊ အသင်သည် (ငါအရှင်မြတ်၏ ဆင်းရဲနွမ်းပါးသော ကျွန်များအား ပေးလှူရာတွင်လည်းကောင်း၊ အခြားကောင်းမြတ်သော ကုသိုလ်ရေးကိစ္စများတွင်လည်းကောင်း) ငါအရှင်မြတ် ပေးသနားထားတော်မူသော ဥစ္စာပစ္စည်းများကို သုံးစွဲနေပါက ငါအရှင်မြတ်သည် အသင့်အား အမြဲတစေပေးသနား၍ နေတော်မူမည်သာဖြစ်သည်"
>
> ဟု မိန့်ကြားထားတော်မူသည်။

အချို့ပညာရှင်များက ဤအာယတ်တော်တွင်ပါရှိသော "ရိဗာ" ဟူသောပုဒ်သည် အတိုးအညွှန့်၏ အနက်၌မဟုတ်၊ သူတစ်ပါးက မိမိအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပိုမို၍လက်ဆောင်ပေးစေလိုသည့် ရည်ရွယ်ချက်ဖြင့် မိမိကသူတစ်ပါးအား စတင်လက်ဆောင်ပေးခြင်း အနက်၌ဖြစ်သည်ဟု ဖွင့်ဆိုကြသည်။ ထိုသို့ စေဘနာမဖြူစင်သော လက်ဆောင်များသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ တိုးပွားသည်မရှိပေ။ ယခုခေတ် အချို့သော မင်္ဂလာအခမ်းအနားများ၌ ပေးကြသောလက်ဆောင်များတွင် ဤသို့သောလက်ဆောင်များ မပါဟု အသူဆိုနိုင်အံ့နည်း။

اللَّهُ الَّذِي خَلَقَكُمْ ثُمَّ رَزَقَكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يُحْيِيكُمْ ۖ هَلْ مِنْ شُرَكَائِكُمْ مَنْ يَفْعَلُ مِنْ ذَٰلِكُمْ مِنْ شَيْءٍ ۚ سُبْحَانَهُ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿٤٠﴾

၄၀။ အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည်ပင် အသင်တို့အား စားနပ်ရိက္ခာ ပေးသနားတော်မူခဲ့၏။ ထို့နောက် ထို အရှင်မြတ်သည်ပင် အသင်တို့အား သေစေတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည်ပင် အသင်တို့အား ရှင်စေ တော်မူမည်။ (အသင်တို့ ထိုအရှင်မြတ်နှင့် နှိုင်းယှဉ်တွဲ ဖက် ကိုးကွယ်လျက် ရှိကြကုန်သော) အသင်တို့၏ တွဲဖက်များတွင် ဤသည်တို့အနက် မည်သည့် တစ်စုံ တစ်ရာကိုမဆို ပြုစွမ်းနိုင်သောသူဟူ၍ တစ်ဦး တစ်ယောက်မျှပင် ရှိလေသလော။ ထိုအရှင်မြတ်သည် ၎င်းကို့ တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ကြသည်များမှ စင်ကြယ်သန့်ရှင်း မြင့်မြတ်လှတော်မူပေသည်တကား။

ظَهَرَ الْفَسَادُ فِي الْبَرِّ وَالْبَحْرِ بِمَا كَسَبَتْ أَيْدِي النَّاسِ لِيُذِيقَهُمْ بَعْضَ الَّذِي عَمِلُوا لَعَلَّهُمْ يَرْجِعُونَ ﴿٤١﴾

၄၁။ လူတို့၏လက်များက ဆည်းပူးခဲ့ကြသော (မကောင်းမှုဒုစရိုက်တို့)ကြောင့် ကုန်းမြေ၌လည်း ကောင်း၊ သမုဒ္ဒရာပင်လယ်၌လည်းကောင်း၊ ပျက်စီးမှု (ဘေးဥပါဒ်များ)သည် ဖြစ်ပေါ်၍နေချေပြီ။ နောက်ဆုံး တွင် ထိုအရှင်မြတ်သည် ၎င်းတို့ကျင့်မူခဲ့ကြသော ပြစ်မှုအချို့၏ရသာကို ၎င်းတို့အား မြည်းစမ်းစေတော် မူမည် ဖြစ်ပေသည်။ သို့မှသာလျှင် ၎င်းတို့သည် (မိမိတို့၏ ပြစ်မှုများမှ) ပြန်လှည့်ကြပေမည်။ [၁]

---

① လူသားတို့သည် အစွလာမ်၏မှန်ကန်သော သဘာဝခမ္မလမ်းစဉ်ကို ကျော်ခိုင်း၍ ကုဖ်ရ်၊ ရှရစ်က် အမှုများတွင် နစ်မွန်းပြီး အမျိုးမျိုး ဆိုးသွမ်းမိုက်မဲလာကြသည့်အခါ ကမ္ဘာ့မြေပြင်တွင်လည်းကောင်း၊ ကမ္ဘာ့ရေပြင်တွင်လည်းကောင်း၊ ကမ္ဘာ့အဝှန်းတွင်လည်းကောင်း ကပ်အမျိုးမျိုး၊ ပျက်စီးခြင်းအဖုံဖုံ ဆိုက်ရောက်လာပေမည်။ အေးချမ်းသာယာမှုသည် အပျောက်ကြီး ပျောက်သွားပေသည်။ ဤကား မည်သူမပြုမိမိမှုပင်။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ၎င်းတို့၏ အချို့ဆိုသွမ်းမှုများ၏ ပြစ်ဒဏ်ကို ဤပစ္စက္ခဘဝတွင်ပင် အနည်းငယ် မြည်းစမ်းစေတော်မူသည်၊ ဤပစ္စက္ခတွင်ပင် လက်ငင်းခံစားကြပြီး သတိသံဝေဂ နောင်တရနိုင်ကြပေသည်။

قُلْ سِيرُوا۟ فِى ٱلْأَرْضِ فَٱنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلَّذِينَ مِن قَبْلُ ۚ كَانَ أَكْثَرُهُم مُّشْرِكِينَ ﴿٤٢﴾

၄၂။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည် သွားလာကြပြီးလျှင် ယခင်က ရှိခဲ့ဖူးကြသောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံရှိခဲ့သည်ကို ကြည့်ရှု(လေ့လာ)ကြလေကုန်၊ ငင်းတို့အနက် အများစုမှာမူကား "မုရှိရစ်က" အခြားအရာများကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်ရှိုင်းယှဉ် ကိုးကွယ်ကြသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

فَأَقِمْ وَجْهَكَ لِلدِّينِ ٱلْقَيِّمِ مِن قَبْلِ أَن يَأْتِىَ يَوْمٌ لَّا مَرَدَّ لَهُۥ مِنَ ٱللَّهِ ۖ يَوْمَئِذٍ يَصَّدَّعُونَ ﴿٤٣﴾

၄၃။ သို့ဖြစ်ပေရာ အသင်သည် မိမိ၏မျက်နှာကို (ဤသို့) ဖြောင့်မတ်သော 'ဒီန်' သာသနာပေါ် မြဲမြံတည်တံ့စွာ ထားရှိလော့၊ [1] အလွှာဟ်အရှင်မြတ်အထံတော်မှ ရွှေ့ပြောင်းမှု အလျှင်းရှိမည် မဟုတ်သောနေ့ဆိုက်ရောက်မလာမီ ထိုနေ့တွင် လူတို့သည် တကွဲစီရှိကြပေမည်။

مَن كَفَرَ فَعَلَيْهِ كُفْرُهُۥ ۖ وَمَنْ عَمِلَ صَٰلِحًا فَلِأَنفُسِهِمْ يَمْهَدُونَ ﴿٤٤﴾

၄၄။ မည်သူမဆို သွေဖည်ငြင်းပယ်ခဲ့မူ ၎င်း၏သွေဖည်မှုသည် ၎င်း၏အပေါ်၌သာ ကျရောက်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို ကောင်းမြတ်သော အကျင့်သီလကိုဆောက်တည်ခဲ့မူ ၎င်းတို့သည် မိမိတို့အကျိုးငှာ စီမံဆောင်ရွက်နေကြခြင်းသာဖြစ်သည်။

---

① လူသားတို့၏ အကျင့်ပျက်မှုများကြောင့် ကမ္ဘာတွင် ပျက်စီးမှုအမျိုးမျိုး၊ ကပ်အဖုံဖုံ ဆိုက်ရောက်သည့်အခါ ယင်းသည့်ဘေးအန္တရာယ် အပေါင်းမှ လွတ်မြောက်ရန် တစ်ခုတည်းသော ဆေးနည်းကောင်းမှာ ဖြောင့်မတ်မှန်ကန်သော အစ္စလာမ်လမ်းစဉ်အပေါ်၌ တိကျမှန်ကန်စွာ ရပ်တည်နေခြင်းပင် ဖြစ်ပေသည်။

لِيَجْزِيَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْ فَضْلِهٖ ۭ اِنَّهٗ لَا يُحِبُّ الْكٰفِرِيْنَ ۝۴۵

၄၅။ သို့မှသာလျှင် ထိုအရှင်မြတ်သည် 'အီမာန်' သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကုတည်ဆောက် ခဲ့ကြကုန်သောသူများအား မိမိကျေးဇူးတော်ဖြင့် (ကောင်းမြတ်သော) အစားကို ပေးတော်မူအံ့။ ဓကန်စင်စစ် ထိုအရှင်မြတ်သည် သွေဖည်ငြင်းပယ်သောသူတို့အား နှစ်သက်တော်မူသည် မဟုတ်ပေတကား။

وَمِنْ اٰيٰتِهٖٓ اَنْ يُّرْسِلَ الرِّيٰحَ مُبَشِّرٰتٍ وَّلِيُذِيْقَكُمْ مِّنْ رَّحْمَتِهٖ وَلِتَجْرِيَ الْفُلْكُ بِاَمْرِهٖ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ۝۴۶

၄၆။ စင်စစ် ထိုအရှင်မြတ်၏ သက်သေလက္ခဏာများအနက်မှ ထိုအရှင်မြတ်သည် ရေ့ပြေးသတင်းကောင်းအဖြစ်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကရုဏာတော်၏ရသာကို အသင်တို့အား မြည်းစမ်းစေတော်မူအံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ရွက်သင်္ဘောများသည် (ပင်လယ်သမုဒ္ဒရာ)၌ သွားလာနိုင်ကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် ထိုအရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို ရှာဖွေနိုင်ကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြအံ့သောငှာလည်းကောင်း (မိုးမရွာမီ) လေများကို စေလွှတ်တော်မူခြင်းပင် ဖြစ်ပေသည်။

وَلَقَدْ اَرْسَلْنَا مِنْ قَبْلِكَ رُسُلًا اِلٰى قَوْمِهِمْ فَجَاۗءُوْهُمْ بِالْبَيِّنٰتِ فَانْتَقَمْنَا مِنَ الَّذِيْنَ اَجْرَمُوْا ۭ وَكَانَ

၄၇။ ထို့ပြင် မချွတ်မလွဲ ငါအရှင်မြတ်သည် အသင့်အလျောင် ရဏ္ဍာလ်တမန်တော်များအား ၎င်းတို့၏အမျိုးသားတို့ထံ စေလွှတ်ခဲ့တော်မူခဲ့ရာ ထိုရဏ္ဍာလ်တမန်တော်များသည် ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓကများနှင့်တကွ ရောက်ရှိလာခဲ့ကြကုန်၏။ ထို့နောက် ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်ကြကုန်သော သူတို့အား လက်စားချေတော်မူခဲ့၏။

حَقًّا عَلَيْنَا نَصْرُ
الْمُؤْمِنِيْنَ ﴿٤٧﴾

اَللّٰهُ الَّذِيْ يُرْسِلُ
الرِّيٰحَ فَتُثِيْرُ سَحَابًا
فَيَبْسُطُهٗ فِي السَّمَآءِ كَيْفَ
يَشَآءُ وَيَجْعَلُهٗ كِسَفًا فَتَرَى
الْوَدْقَ يَخْرُجُ مِنْ خِلٰلِهٖ ۚ
فَاِذَآ اَصَابَ بِهٖ مَنْ يَّشَآءُ
مِنْ عِبَادِهٖٓ اِذَا هُمْ
يَسْتَبْشِرُوْنَ ﴿٤٨﴾

وَاِنْ كَانُوْا مِنْ قَبْلِ اَنْ
يُّنَزَّلَ عَلَيْهِمْ مِّنْ قَبْلِهٖ
لَمُبْلِسِيْنَ ﴿٤٩﴾

စင်စစ် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့အား ကူညီစောင်မတော်မူခြင်းသည် ငါအရှင်မြတ်၏ တာဝန်ပင် ဖြစ်ပေသတည်း။ ၁

၄၈။ အလ္လာဟ်သည် အကြင်အရှင်မြတ်ပင်၊ ထို အရှင်မြတ်သည် လေများကို စေလွှတ်တော်မူ၏။ ထိုအခါ ထိုလေများသည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြ၏။ ထို့နောက် ထိုအရှင်မြတ်သည် (တခါတရံ) ယင်းမိုးတိမ်များကို မိမိ အလိုရှိတော်မူသည့်အတိုင်း မိုးကောင်းကင်၌ ဖြန့်တော်မူ၏။ (တခါတရံ) ထိုအရှင်မြတ်သည် ယင်းမိုးတိမ်များကို အစိတ်စိတ်အပိုင်းပိုင်း ပြုလုပ်တော်မူ၏။ ထို့နောက် အသင်သည် ယင်းမိုးကိမ်များ၏အကြားမှ မိုးရေ (ကျလာသည်)ကို တွေ့မြင်လေ၏။

ထို့နောက် ထိုအရှင်မြတ်သည် ယင်းမိုးရေကို မိမိကျွန်များအနက် မိမိအလိုရှိတော်မူသောသူ၏ထံသို့ သက်ရောက်စေတော်မူသောအခါ ၎င်းတို့သည် ရတ်ဟရက် ချက်ချင်းပင် ဝမ်းမြောက်ပျော်ရွှင်ကြကုန်၏။

၄၉။ အမှန်စင်စစ်သော်ကား ၎င်းတို့သည် ယင်းသို့ဝမ်းမမြောက်မီ ထိုမိုးမရွာမီက အမှန်ပင် မျှော်လင့်ချက် ကင်းမဲ့လျက် ရှိခဲ့ကြကုန်၏။

---

① အထက်တွင် ကိယာမတ်နေ့၌ မုအ်မင်နဲ်သူတော်စင်များနှင့် ကာဖိရ်လူယုတ်မာတို့သည် အသီးသီးတခြားစီ ဖြစ်သွားကြရမည့်အကြောင်း၊ အမိန့်တော်ကို သွေဖည်သောသူများသည် အမိန့်တော် သွေဖည်မှု၏ဒဏ် ခံကြရမည့်အကြောင်းပါရှိ၏။ ယခုဤအာယတ်တော်တွင် ယင်းသည့် ဖြစ်ရပ်များသည် ဤပစ္စက္ခတွင်လည်း နည်းများမဆို ပေါ်လွင်လာမည်ဖြစ်ကြောင်း မိန့်ဆိုထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ် အရှင်မြတ်သည် အပြစ်ရှိသူတို့အား ထိုက်သည့်အားလျော်စွာ အပြစ်ပေးတော်မူရန်နှင့် မုအ်မင်နဲ်သူတော်စင်တို့အား ကာကွယ်စောင့်ရှောက် ကူညီတော်မူရန် တာဝန်ယူထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်၏ 'စွန္နတ်' တော်မှာလည်း ဤအတိုင်းပင်ဖြစ်သည်။

فَانْظُرْ إِلَىٰ آثَارِ رَحْمَتِ اللَّهِ كَيْفَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا ۚ إِنَّ ذَٰلِكَ لَمُحْيِي الْمَوْتَىٰ ۖ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٥٠﴾

၅၀။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်(တည်းဟူသော မိုးရွာသွန်းခြင်း)၏ အမှတ်လက္ခဏာများကို ကြည့်လေ။ ထိုအရှင်မြတ်သည် ပထဝီမြေကို ယင်းပထဝီမြေ (သွေ့ခြောက်) သေပြီးနောက် မည်သို့ ရှင်စေတော်မူခဲ့ပါသနည်း။ ဧကန်မလွဲ ထိုအရှင်မြတ်သည်ပင် သူသေတို့အား ရှင်စေတော်မူမည့် အရှင်ဖြစ်တော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَئِنْ أَرْسَلْنَا رِيحًا فَرَأَوْهُ مُصْفَرًّا لَّظَلُّوا مِن بَعْدِهِ يَكْفُرُونَ ﴿٥١﴾

၅၁။ သို့ရာတွင် အမှန်ပင် အကယ်၍ ငါအရှင်မြတ်သည် (အခြားသော)လေတမျိုးကို စေလွှတ်တော်မူ၍ ၎င်းတို့သည် ထိုလယ်ယာကို ဝါ၍နေသည်ကို တွေ့မြင်ခဲ့ကြလျှင် ၎င်းတို့သည် ထို(သို့ဝါသွားသည့်) နောက်တွင် အမှန်ပင် ကျေးဇူးကန်းကြကုန်အံ့သတည်း။ [၁]

فَإِنَّكَ لَا تُسْمِعُ الْمَوْتَىٰ وَلَا تُسْمِعُ الصُّمَّ الدُّعَاءَ إِذَا وَلَّوْا مُدْبِرِينَ ﴿٥٢﴾

၅၂။ သို့ဖြစ်ပေရာ (အို–နဗီတမန်တော်) ဧကန်အမှန် အသင်သည် သူသေတို့အား ကြားစေနိုင်သည် မဟုတ်ပေ။ ထိုနည်းတူစွာ အသင်သည် နားပင်းသူတို့အား လည်း ၎င်းတို့ ကျောခိုင်းလှည့် ပြန်သွားကြသောအခါ ဟစ်ခေါ်သံကို ကြားစေနိုင်သည် မဟုတ်ပေ။

---

① လူသားသည် ပထမသော် မျှော်လင့်ချက်ကင်းကာ စိတ်အပျက်ကြီးပျက်၍ နေခဲ့၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မိုးကျလာခဲ့၏။ မြေသေသည် ရှင်လာခဲ့၏။ စိုပြည်သာယာလာခဲ့၏။ ထိုအခါ လူသားသည် အပျော်ကြီးပျော်နိုင်ခဲ့၏။ ထိုသည့်နောက်ပိုင်းတွင် လေပူလေကြမ်း တိုက်ခတ်သဖြင့် စိုပြည်နေသော လယ်ယာများ ခြောက်သွေ့ပြီး၊ ဝါကြန့်ကြန့် ဝါဖန့်ဖန့်ဖြစ်နေသည်ကို တွေ့မြင်ရပြန်သော်၊ လူသားသည် စိတ်ပြောင်းကာ အလ္လာဟ်အရှင်မြတ်၏ ယခင်ကျေးဇူးတော်အားလုံးကို အမေ့ကြီးမေ့၍ ကျေးဇူးကန်းသွားလေသည်။ လူ၏စိတ်ကား အပြောင်းအလဲမြန်ဘိသည်။ ယခုကျေးဇူးတင် ယခုကျေးဇူးကန်း။ အမှန်မှာ လူသား၏ကျေးဇူးတင်မှု၊ ကျေးဇူးကန်းမှုများသည် ကိုယ်ကျိုးနှင့် ဆက်စပ်နေသည်။ ကိုယ်ကျိုးရှိက ကျေးဇူးတင်သည်။ ကိုယ်ကျိုးမရှိက ကျေးဇူးကန်းသည်။

ဤအာယတ်တော်များကို ထောက်ခြင့်၍ လူသားတို့သိထားအပ်သည်မှာ အလ္လာဟ်အရှင်မြတ်၏ ➤➤

وَمَآ أَنتَ بِهَٰدِ ٱلْعُمْىِ عَن ضَلَٰلَتِهِمْ ۖ إِن تُسْمِعُ إِلَّا مَن يُؤْمِنُ بِـَٔايَٰتِنَا فَهُم مُّسْلِمُونَ ﴿٥٣﴾

ဣ၃။ ထိုမှတပါး အသင်သည် မျက်စိကန်းသူတို့ အားလည်း ၎င်းတို့၏လမ်းလွဲခြင်းမှ (ကယ်တင်ခြင်းငှာ) တရားလမ်းကို ပြသနိုင်မည်မဟုတ်ပေ။ အသင်သည် ငါအရှင်မြတ်၏ အာယတ်တော်များကို ယုံကြည်၍ (အမိန့်တော်များကို) နာခံသော သူတို့အားသာလျှင် ကြားစေနိုင်ပေသတည်း။ ၁

ٱللَّهُ ٱلَّذِى خَلَقَكُم مِّن ضَعْفٍ ثُمَّ جَعَلَ مِنۢ بَعْدِ ضَعْفٍ قُوَّةً ثُمَّ جَعَلَ مِنۢ بَعْدِ قُوَّةٍ ضَعْفًا وَشَيْبَةً ۚ يَخْلُقُ مَا يَشَآءُ ۖ وَهُوَ ٱلْعَلِيمُ ٱلْقَدِيرُ ﴿٥٤﴾

ဣ၄။ အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အား အားနည်းရာမှ ဖန်ဆင်းတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည် (ယင်း)အားနည်းမှု၏ နောက်တွင် ခွန်အားကို ပြုလုပ်၍ ပေးတော်မူ၏။ ထို့နောက်တဖန် ထိုအရှင်မြတ်သည် (ထို)ခွန်အား၏ နောက်တွင် အားနည်းမှုကိုလည်းကောင်း၊ အသက်အရွယ် အိုမင်းရင့်ရော်မှုကိုလည်းကောင်း၊ ပြုလုပ်တော်မူ၏။ ၂

ထိုအရှင်မြတ်သည် မိမိ အလိုရှိတော်မူသော အရာကို ဖန်ဆင်းတော်မူ၏။ အမှန်သော်ကား ထို အရှင်မြတ်သည် (အရာခပ်သိမ်းတို့ ကို) အလွန်တရာသိတော်မူသော (အရာခပ်သိမ်းတို့ကို) စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ တန်ခိုးတော်များကား ဆန်းကြယ်ဘိ၏။ ထိုအရှင်မြတ်သည် မိမိချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များကို ရုပ်သိမ်းတော်မူလိုပါက အခါခပ်သိမ်း ပြန်လည်ရုပ်သိမ်းတော်မူနိုင်သည်။ သို့ဖြစ်ရာ လူသားသည် မိမိရရှိထားသော သုခချမ်းသာကို ထာဝရတည်ရှိမည်ဟု ထင်မှတ်ကာ စိတ်ချလက်ချမနေရာ၊ အတင့်မရဲရာ။

① ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ အရာခပ်သိမ်းကို ပြုစွမ်းတော်မူနိုင်သည်။ တမန်တော်မြတ်၌ ဤသည့်စွမ်းရည်သတ္တိများမရှိ။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အထူးသဖြင့် ကျောခိုင်းနေသော၊ အမှန်တရားကို မကြားလိုသောသူသေများ၊ နားပင်းများအား ကြားစေနိုင်သည်မဟုတ်၊ အမှန်တရားကို မမြင်လိုသော မျက်ကန်းများအား လမ်းပြနိုင်သည်လည်းမဟုတ်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ထိုသို့သော သူယုတ်မာများ၏ သွေဖည်ငြင်းဆန်မှု ကျေးဇူးကန်းမှုများကြောင့် စိတ်ပျက်နေတော်မူရန် မလိုပေ။ အဘယ်ကြောင့်ဆိုသော် ➤➤

وَيَوْمَ تَقُوْمُ السَّاعَةُ يُقْسِمُ الْمُجْرِمُوْنَ ۙ مَا لَبِثُوْا غَيْرَ سَاعَةٍ ۭ كَذٰلِكَ كَانُوْا يُؤْفَكُوْنَ ۝۵۵

၅၅။ ၎င်းပြင် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့၏ အချိန်အခါ ဆိုက်ရောက်လာသောနေ့တွင် ပြစ်မှုကျူးလွန်ခဲ့ကြကုန်သော သူတို့သည် မိမိတို့မှာ တနာရီထက်ပို၍ နေခဲ့ကြသည် မဟုတ်ဟု (ကျိန်တွယ်၍ ပြောဆို) ကြပေမည်။ ၎င်းတို့သည် ဤနည်းအတိုင်းပင် (လောကီဘဝ၌)လှည့်စားလျက် ရှိခဲ့ကြကုန်၏။ ၁

➢➢ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အဓိကတာဝန်မှာ တရားဓမ္မ ဟောညွှန်ပြရန်သာ ဖြစ်သည်။ နာခံခြင်း၊မနာခံခြင်းမှာ ၎င်းတို့၏အရေးသာဖြစ်သည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ယုံကြည်၍ အမိန့်တော်ကို နာခံလိုစိတ်ရှိသော မုစ်လင်မ်များသည်သာလျှင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ တရားဓမ္မကို ကြည်ဖြူစွာ နာခံကြပေမည်။

ဤအာယတ်တော်နှင့် အနက်သဘောတူ အာယတ်တော်များ ယခင်ကပါရှိခဲ့ချေပြီ။

ကြည့်-ကုရ်အာန် (၂၇း၈၀-၈၁)။

① ကလေးသူငယ်သည် မွေးဖွားခါစအချိန်တွင် အားအင်မရှိ၊ တစ်စုံတစ်ရာမပြုစွမ်းနိုင်။ ထို့နောက်တဖြည်းဖြည်း အားအင်များ၍များ၍လာပြီး၊ လူလားမြောက်သည့်အခါ အားအင်များသည် အဖက်ဖက်မှပြည့်ဝလာသည်။ သို့ပျိုရွယ်သန်စွမ်းပြီး နောက်တစ်ဖန် အားအင်များသည် တဖြည်းဖြည်း ဆုတ်ယုတ်ပြန်သည်။ အိုမင်းရင့်ရော်လာသည်။ နောက်ဆုံးတွင် အိုမင်းသောအရွယ်သို့ရောက်ပြီး တစုံတရာ မပြုစွမ်းနိုင်သောဘဝသို့ ပြန်လည်ရောက်ရှိသွားပေသည်။ ဤသို့ လူဘဝသက်တမ်းတွင်ပင် အားအင်မရှိရာမှ အားအင်ရှိလာခြင်း၊ အားအင်ရှိရာမှ အားအင်ဆုတ်ယုတ်ခြင်းစသည့် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းများသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် အရာတစ်ခုကို မိမိအလိုတော်အဘိုင်း ပြုလုပ်တော်မူ၍ အားအင်တိုးတက်မှု၊ အားအင်ဆုတ်ယုတ်မှု၏ အမျိုးမျိုးသောဘဝများတွင် လည်ပတ်စေတော်မူသည်။ ထိုအရှင်မြတ်သည် မည်သည့်အရာကို မည်သည့်အချိန်ထိ မည်သည့်အခြေအနေများတွင် ထားသင့်ထားအပ်သည်ကို ကောင်းစွာသိတော်မူသည်။ သို့ဖြစ်ပေရာ လူသားတို့သည် ထိုသို့သော အရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်ကြရာသည်။ ထိုအရှင်မြတ် စေလွှတ်တော်မူလိုက်သော တမန်တော်များ၏ ဩဝါဒတော်များကိုသာ နာခံကြရာသည်။

② ကိယာမတ် ဖြစ်ပေါ်လာသည့်နေ့တွင် ကာဖိရ်များသည် အကြောက်ကြီးကြောက်၊ အလန့်ကြီးလန့်ပြီး "ကျွန်ုပ်တို့သည် လူ့လောကတွင် သို့မဟုတ် သချိုင်းများတွင် သို့မဟုတ် "ဗရ်ဇခ်" ကြားကာလတွင် တစ်နာရီထက်ပို၍ မနေခဲ့ကြရပါဟု ကျိန်တွယ်ပြောဆိုကြပေမည်။ "ကိယာမတ်သည် အချိန်မကျရောက်မီစောလျှင် ဖြစ်ပေါ်လာသည်။ ၎င်းတို့အဖို့ အနည်းငယ်စိုးစဉ်မျှပင် အားလပ်ခွင့်ဟူ၍ မရှိခဲ့ပါ" ဟု ဆိုလိုကြခြင်းပင်။ ကာဖိရ်များက ယင်းသို့ဆိုခြင်းမှာ အမှားသက်သက်သာ၊ အတွေးအခေါ်အယူအဆ မှားယွင်းခြင်းသာ။ ယင်းကာဖိရ်များအဖို့ အတွေးအခေါ်အယူအဆ မှားယွင်းခြင်းမှာ အထူးအဆန်းမဟုတ်ပေ။ ၎င်းတို့သည် ဤပစ္စက္ခတွင် ရှိနေခဲ့ကြစဉ်ကလည်း အစစအရာရာတွင် အတွေးအခေါ်အမြော်အမြင် အယူအဆ တိမ်းစောင်းမှောက်မှားခဲ့ကြသည်သာဖြစ်သည်။

وَقَالَ الَّذِيْنَ اُوْتُوا الْعِلْمَ وَالْاِيْمَانَ لَقَدْ لَبِثْتُمْ فِيْ كِتٰبِ اللّٰهِ اِلٰى يَوْمِ الْبَعْثِ ۚ فَهٰذَا يَوْمُ الْبَعْثِ وَلٰكِنَّكُمْ كُنْتُمْ لَا تَعْلَمُوْنَ ﴿٥٦﴾

၅၆။ သို့ရာတွင် အသိပညာကိုသော်လည်းကောင်း၊ "အီမာန်" ယုံကြည်မှုကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော သူတို့မှာမူကား "မချွတ်ဧကန် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ မှတ်တမ်းတော်တွင် ပါရှိသည်နှင့်အညီ ရှင်ပြန်ထမည့်နေ့(အထိ) နေခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ဤသည်ပင် လျှင် ရှင်ပြန်ထသည့်နေ့ ဖြစ်ပေသည်။ သို့သော် အသင်တို့သည် မယုံကြည်ခဲ့ကြပေ" [၁] ဟု ပြောဆိုကြကုန်အံ့၊

فَيَوْمَئِذٍ لَّا يَنْفَعُ الَّذِيْنَ ظَلَمُوْا مَعْذِرَتُهُمْ وَلَا هُمْ يُسْتَعْتَبُوْنَ ﴿٥٧﴾

၅၇။ သို့ဖြစ်ပေရာ ထိုနေ့တွင် မတရား ပြုလုပ်ခဲ့ကြသော သူတို့အား ၎င်းတို့၏ အကြောင်းပြချက်သည် အကျိုးပေးလိမ့်မည်မဟုတ်ပေ။ ထိုမှတပါး ၎င်းတို့သည် အမှားကိုပြုပြင်ရန်လည်း တောင်းဆိုခြင်းကို ခံကြရမည် မဟုတ်ပေတကား။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِيْ هٰذَا الْقُرْاٰنِ مِنْ كُلِّ مَثَلٍ ۭ وَلَىِٕنْ جِئْتَهُمْ بِاٰيَةٍ لَّيَقُوْلَنَّ الَّذِيْنَ كَفَرُوْٓا اِنْ اَنْتُمْ اِلَّا مُبْطِلُوْنَ ﴿٥٨﴾

၅၈။ စင်စစ်သော်ကား ဧကန်မလွဲ ငါအရှင်မြတ်သည် လူတို့အကျိုးငှာ ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ဥပမာပုံဆောင်ချက်အမျိုးစုံတို့ကို ခိုင်းနှိုင်းထားတော်မူ၏။ သို့ရာတွင် အကယ်၍ အသင်သည် ၎င်းတို့ထံ သက်သေလက္ခဏာ တစုံတရာကို ဆောင်ယူလာပါလျှင် ဧကန်အမုန် သွေဖည်ငြင်းပယ်ကြသောသူတို့က "အသင်တို့သည် လူလိမ်များသာလျှင်ဖြစ်ကြသည်" ဟု ပြောဆိုကြပေမည်။

---

① ကိယာမတ်နေ့တွင် ကာဖိရ်များက ယင်းသို့ကြောက်လန့်ပြီး အမှားမှားအယွင်းယွင်း ပြောဆိုလာကြသည့်အခါ အသိပညာနှင့် ယုံကြည်ခြင်းသဒ္ဓါတရား ပေးသနားတော်မူခြင်း ခံခဲ့ကြရသော ပုဂ္ဂိုလ်များက ယင်းကာဖိရ်များအား ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ချေပဖြေဆိုကြပေမည်။

ဖော်ပြပါ ချေပဖြေဆိုကြမည့် ပုဂ္ဂိုလ်များကား မည်သူများနည်း။ ဤတွင် အဆိုများ ပြားလျက်ရှိပေသည်။ အချို့အဆိုအရ ယင်းသို့ချေပဖြေဆိုကြမည့် ပုဂ္ဂိုလ်များမှာ ကောင်းကင်တမန်များ အချို့အဆိုအရ နဗီတမန်တော်များဖြစ်ကြမည်။ အချို့အဆိုအရ အာလင်မ် ပညာရှင်များဖြစ်ကြမည်။ အချို့အဆိုအရ မုအ်မင််နမ်များဖြစ်ကြမည်။ ကြည့်-ကုရ်တုဗီ။

كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى قُلُوْبِ الَّذِيْنَ لَا يَعْلَمُوْنَ ﴿٥٩﴾

၅၉။ အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သောသူတို့၏ စိတ်နှလုံးများအပေါ်၌ ဤအတိုင်းပင် တံဆိပ်ခတ်နိုပ်တော်မူသည်။

فَاصْبِرْ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّلَا يَسْتَخِفَّنَّكَ الَّذِيْنَ لَا يُوْقِنُوْنَ ﴿٦٠﴾

၆၀။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ခန္တီတရားထားရှိပါလေ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် မှန်ကန်သော ကတိတော်ပင်ဖြစ်သည်။ ၎င်းပြင် မယုံကြည်သောသူတို့သည် အသင့်အား သည်းမခံနိုင်အောင် မပြုကြစေရ။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် လူသားတို့အကျိုးငှာ၊ အဖိုးမဖြတ်နိုင်သော အကြောင်းများကို ဥပမာဥပမေယျပြု၍တနည်း၊ ကျိုးကြောင်းပြု၍တဖုံ နည်းမျိုးစုံဖြင့် လင်းပြထားတော်မူသည်။ သို့တစေလည်း အချို့လူသားတို့သည် နားမလည်လိုကြပေ။ ၎င်းတို့အား အဘယ်မျှသော အာယတ်တော်များကို ရွတ်ဖတ်ပြလင့်ကစား၊ အဘယ်မျှသော တန်ခိုးပြာဋိဟာများကို ပြလင့်ကစား အကျိုးရှိမည်ကားမဟုတ်။

အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် ယင်းသည့်အာယတ်တော်များကို ကြားပြီး ယင်းသည့်ပြာဋိဟာများကို မြင်ပြီးသည့် နောက်ပိုင်းတွင်လည်း တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် မုစ်လင်မ်တို့အား "အသင်တို့သည် အချင်းချင်း ပူးပေါင်း၍ နားလည်မှုယှက်ကာ အပေးအယူပြုလုပ်ပြီး လိမ်လည်ဝါဒဖြန့်နေကြသော လူလိမ်များသာ ဖြစ်ကြသည်" ဟုပြောဆိုကြမည်သာဖြစ်သည်။ ထိုသို့သောသူများသည်-ပထမသော် အမှန်တရားကို နားမလည်ကြပေ။ ဒုတိယ နားလည်ရန်လည်း မကြိုးစားကြပေ။ တတိယ၌ မလိုမုန်းတီးမှု၊ ဇွတ်မိုတ်ဆန့်ကျင်မှုများကြောင့် စကားတိုင်းကို လက်မခံငြင်းဆန်ကြသည်။

အမှန်မှာ ၎င်းတို့သည် အမှန်တရားကို မကြားလိုကြ၊ မမြင်လိုကြ၊ မစဉ်စားလိုကြ။ ထိုသို့သောသူများ၏ စိတ်နှလုံးများသည် တစ်နေ့တစ်ခြား ခက်ထန်လာသည်။ မာကျောလာသည်။ နောက်ဆုံးတွင် အမှန်တရားကို လက်ခံနိုင်သည့် စွမ်းရည်သတ္တိသည် လုံးဝ ဆိတ်သုဉ်းသွားလေတော့သည်။ ထိုသည့်ဘဝသို့ ရောက်နေသော ပုဂ္ဂိုလ်များအား တရားဓမ္မဟောကြား၍ မရသည့်အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် စိတ်ပျက်ရန်မလိုပေ။ တမန်တော်ပီပီ ကြံ့ခိုင်တည်ကြည်စွာ မိမိ၌တာဝန်ရှိသည့်အတိုင်း တရားဓမ္မဟောဆွေးနွေးပြသနေရမည်သာဖြစ်သည်။ အနည်းငယ်စိုးစဉ်းမျှ တွေဝေငေးငိုင်၊ ယိမ်းယိုင်ခြင်းမရှိရာ၊ အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် မှန်သည်။ သို့ဖြစ်ရာ နောက်ဆုံးတွင် အမှန်တရားသည် အောင်မြင်ရမည်သာ။

လွတ်ကိမာန်သုခမိန်ကဏ္ဍ



ဤကဏ္ဍသည် သုခမိန်ကြီး လွတ်မာန်၏အကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၃၄)ပါး၊ ရကူအ်အပိုဒ်(၄)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်သနားတော်မူသော၊ အထူးသနားတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

الٓمّٓ ①

၁။ အလစ်ဖ်၊ လာမ်၊ မီမ်။

تِلْكَ اٰيٰتُ الْكِتٰبِ الْحَكِيْمِ ②

၂။ ဤသည် ဉာဏ်ပညာနှင့် ပြည့်စုံသော ကျမ်းဂန်၏ (အကြင်) အာယတ်တော်များပင်။

هُدًى وَّرَحْمَةً لِّلْمُحْسِنِيْنَ ③

၃။ (ယင်း အာယတ်တော်များသည် အကြင်) သူမွန် သူမြတ်တို့အဖို့ တရားလမ်းညွှန်သည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ဖြစ်ကြပေသည်။

الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ④

၄။ (ထိုသူမွန်သူမြတ်တို့သည်) "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ၎င်းပြင် "ဇကာတ်" ပေးဆောင်ကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် တမလွန်ဘဝကို ယုံကြည်ကြကုန်၏။

اُولٰٓئِكَ عَلٰى هُدًى مِّنْ رَّبِّهِمْ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ⑤

၅။ ထိုသူတို့ကား မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ တရားလမ်းမှန်ပေါ်၌ (ရပ်တည်လျက်) ရှိကြပေသည်။ ထိုသူတို့သည်သာလျှင် အောင်မြင်မှုရရှိသောသူများ ဖြစ်ကြကုန်သတည်း။ [၁]

---

① ဤအာယတ်တော်များနှင့် အနက်သဘောတူ အာယတ်တော်များသည် ဂါဝီကဏ္ဍ၏ အစတွင်ပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

وَمِنَ النَّاسِ مَنْ يَّشْتَرِيْ لَهْوَ الْحَدِيْثِ لِيُضِلَّ عَنْ سَبِيْلِ اللّٰهِ بِغَيْرِ عِلْمٍ ۖ وَّيَتَّخِذَهَا هُزُوًا ۭ اُولٰۗىِٕكَ لَهُمْ عَذَابٌ مُّهِيْنٌ ۝

၆။ စင်စစ်သော်ကား လူတို့အနက် အသိပညာသက်သေအထောက်အထားမရှိဘဲ (သူတပါးတို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ချွတ်ချော် တိမ်းပါးစေအံ့သောငှာလည်းကောင်း၊ ယင်းလမ်းတော်ကို ပြက်ရယ်ပြောင်လှောင်ဖွယ်ရာ ပြုလုပ်အံ့သောငှာလည်းကောင်း၊ အချည်းနှီး အကျိုးမဲ့သောစကားကို ဝယ်ယူသောသူလည်းရှိ၏။ ယင်းကဲ့သို့သောသူတို့၌ ဂုဏ်အသရေ ပျက်စေသောပြစ်ဒဏ်ရှိချေမည်။ ၁

وَاِذَا تُتْلٰى عَلَيْهِ اٰيٰتُنَا وَلّٰى مُسْتَكْبِرًا كَاَنْ لَّمْ يَسْمَعْهَا كَاَنَّ فِيْٓ اُذُنَيْهِ وَقْرًا ۚ فَبَشِّرْهُ بِعَذَابٍ اَلِيْمٍ ۝

၇။ ၎င်းပြင် ထိုသူ၏ရှေ့၌ ငါအရှင်မြတ်၏ "အာယတ်" တော်များ ဖတ်ကြားသောအခါ ထိုသူသည် ယင်း(အာယတ်တော်)များကို မကြားဘိသကဲ့သို့လည်းကောင်း၊ ထိုသူ၏ နားနှစ်ဖက်သည် ပင်းနေဘိသကဲ့သို့လည်းကောင်း မျက်နှာလွှဲ၍ သွားလေ၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းအား ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်နှင့်စပ်လျဉ်းသော သတင်းကို ပြောကြားပါလေ။

---

① အထက်တွင်အလ္လာဟ်အရှင်မြတ်၏ တရားမမှအပေါ်၌ ရပ်တည်လျက် သာသနာ့ကျင့်စဉ်ကျင့်ရပ်များကို လိုက်နာကျင့်သုံးသော၊ အမှန်တကယ် အောင်မြင်ကြသော သူတော်စင်များ၏အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ယခုဤအာယတ်တော်တွင် အဆိုပါသူတော်စင်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် သူယုတ်မာများ၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။ ထိုသူယုတ်မာများသည်မိမိတို့၏ မိုက်မဲမှု၊ နောင်ရေး မတွေးတောမှုများကြောင့် ကုရ်အာန်ကျမ်းမြတ်ကိုပယ်ပြီး ပွဲလမ်းသဘင်၊ အကအခုန်၊ အလောင်းကစား၊ အပျော်အပါး၊အစရှိသည့် အဓိပ္ပာယ်မရှိသော၊ အချည်းနှီးသော၊ အချိန်ဖြုန်းတီးသော၊ သိမ်ဖျင်းသော၊ အဟောသိက်ဖြစ်သော အလုပ်များတွင် မိမိတို့ကိုယ်တိုင် နစ်မွန်းနေကြသည်သာမက သူတစ်ပါးကိုလည်း နစ်မွန်းစေပြီး အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ ဖယ်ရှားကြသည်။ သာသနာရေးရာများကို ပြက်ရောသမ္မ ပြုကြသည်။ ဤသူယုတ်မာများသည် မိမိတို့ကိုယ်ကိုမိမိတို့ ပျက်စီးအောင် ပြုလုပ်ကြသည်သာမက သူတစ်ပါးတို့ကိုလည်း ဖျက်ဆီးကြသည်။

ဤအာယတ်တော်တွင်ပါရှိသည့် (لَهْوَ الْحَدِيْثِ)'လဟ်ဝလ်ဟဒီဆ်' ဟူသောအပုဒ်ကို မှုဖတ်စိစစ်ရှင်များသည် အမျိုးမျိုးအနက်ဖွင့်ကြသည်။ ဟုစနက ယင်းပုဒ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

"လဟ်ဝလ်ဟဒီဆ်" ဟူသည် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုခြင်း အောက်မေ့တသသတိရခြင်းများမှ အသင့်အား အတားအဆီး ဖြစ်စေသည့် အရာအားလုံးကို ဆိုလိုသည်။ ဥပမာ- အကျိုးမရှိသော ပုံပြင်ဒဏ္ဍာရီ ➤➤

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتُ النَّعِيمِ ﴿٨﴾

၈။ ဧကန်မလွဲ "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်ကူဆောက်တည်ကြကုန်သော သူတို့အဖို့ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသောဥယျာဉ်များ ရှိပေသည်။ ၁

خَالِدِينَ فِيهَا ۖ وَعْدَ اللَّهِ حَقًّا ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٩﴾

၉။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ အမြဲထာဝစဉ် နေထိုင်စံမြန်းကြပေမည်။ (ဤသည်) အလ္လာဟ်အရှင်မြတ်က မှန်ကန်စွာ ကတိထားရှိတော်မူခြင်းပင် ဖြစ်ပေသည်။ အမှန်စင်စစ်သော်ကား ထိုအရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

خَلَقَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا وَأَلْقَىٰ فِي الْأَرْضِ رَوَاسِيَ أَنْ تَمِيدَ بِكُمْ وَبَثَّ فِيهَا مِنْ كُلِّ دَابَّةٍ ۚ وَأَنْزَلْنَا مِنَ السَّمَاءِ مَاءً فَأَنْبَتْنَا فِيهَا مِنْ كُلِّ زَوْجٍ كَرِيمٍ ﴿١٠﴾

၁၀။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို (အသင်တို့ မမြင်နိုင်ကြသောတိုင်များနှင့်) ဖန်ဆင်းတော်မူခဲ့၏။ (တနည်း) အသင်တို့ မြင်နေကြသည့် အတိုင်း တိုင်များမပါဘဲ ဖန်ဆင်းတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ပထဝီမြေ၌ ယင်းပထဝီမြေသည် အသင်တို့နှင့်တကွ ယိမ်းယိုင်မသွားစေရန် လေးလံသောတောင်များကို (ကျောက်ဆူးများသဖွယ်) ချထားတော်မူ၏။ ထို့ပြင် ထိုအရှင်မြတ်သည် ယင်းပထဝီမြေဝယ် သတ္တဝါအမျိုးမျိုးတို့ကို ပြန့်ပွားစေတော်မူ၏။

➤➤ ပြောခြင်း ပြက်ချော်ပြောင်လောင်သော စကားများ ပြောဆိုနားထောင်ခြင်း၊ အချည်းနှီးသော အလုပ်များတွင် နစ်မွန်းခြင်း၊ တေးသီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း-- စသည်များ။ ရူဟုလ်မအာနီ။

① အထက်တွင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ မိမိကိုယ်တိုင် တိမ်းယိမ်းလွဲမှားသည်သာမက သူတစ်ပါးတို့အား လွဲမှားစေသော သူယုတ်တို့ခံစားကြရမည့် ပြစ်ဒဏ်အကြောင်း မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် အီမာန်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလ ဆောက်တည်ကြသည့် သူတော်စင်များ စံစားကြရမည့် သုခဘုံများအကြောင်း မိန့်ဆိုထားတော်မူသည်။

ထိုမှတပါး ငါအရှင်မြတ်သည် မိုးကောင်းကင်မှ (မိုး) ရေကို ချပေးသနားတော်မူပြီးနောက် ယင်းပထဝီမြေ၌ ကောင်းမြတ်သော (သစ်ပင်၊ ဝါးပင်) အမျိုးမျိုး အစားစားတို့ကို ပေါက်ရောက်စေတော်မူပေသည်။

هٰذَا خَلْقُ اللّٰهِ فَاَرُوْنِیْ مَاذَا خَلَقَ الَّذِیْنَ مِنْ دُوْنِهٖ ؕ بَلِ الظّٰلِمُوْنَ فِیْ ضَلٰلٍ مُّبِیْنٍ ﴿۱۱﴾

၁၁။ ဤသည်(တို့)ကား အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံများ/ဖန်ဆင်းမှုများပင်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အပြင် ရှိကြသောသူတို့က မည်သည့်အရာများ ဖန်ဆင်းခဲ့ကြသည်ကို ငါ့အား ပြသကုန်လော့။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာမူကား မတရားသောသူတို့သည် ထင်ရှားစွာသောလမ်းမှား၌ ပင် ရှိကြကုန်သတည်း။ [၁]

وَلَقَدْ اٰتَیْنَا لُقْمٰنَ الْحِكْمَةَ اَنِ اشْكُرْ لِلّٰهِ ؕ وَمَنْ یَّشْكُرْ فَاِنَّمَا

၁၂။ ထို့ပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် 'လွတ်ကျမာန်' အား ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ [၂] (၎င်းပြင်) အသင်သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ပါလေ။ [၃]

---

① အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားတော်မူသော အရာများကား အနန္တော၊အနန္တတည်း။ အံ့မဆုံးတည်း။ အဓါဝပ်သိမ်း တွေ့မြင်နေရပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်မှအပ ကာဖိရ်မုရ်ရစ်ဂ်ိတို့ ဆည်းကပ်ကိုးကွယ်နေကြသော ဘုရားများသည် အဘယ်တစ်စုံတစ်ရာကို ဖန်ဆင်းထားကြသနည်း။ ဤမေးခွန်းကား ထိထိမိမိ ရှိလှ၏။ အမှန်မှာ ယင်းဘုရားများ ဖန်ဆင်းထားသောအရာဟူ၍ တစ်စုံတစ်ရာမျှမရှိ၊ ၎င်းတို့၌ တစုံတစ်ရာကို ဖန်ဆင်းနိုင်သည့် စွမ်းရည်သတ္တိလည်း စိုးစဉ်းမျှမရှိ။ သို့ပါသော်လည်း မိမိတို့ကိုယ်ကိုမိမိတို့ ကျူးကျော်စော်ကားနေကြသော မုရ်ရစ်ဂ်တို့သည် အထင်အရှား လွဲမှားလျက်ပင် ရှိကြပေသည်။ ဤအာယတ်တော်တွင် ပါရှိသော ကျူးကျော်စော်ကားသူများဟူသည် မုရ်ရစ်ဂ်များကို ဆိုလိုသည်။ (ကြည့်- အိဗ်နုကဆီရ်)

② **ပညာရှင်ကြီး 'လွတ်ကျမာန်'။**

ပညာရှင်ကြီး လွတ်ကျမာန်သည် မည်သည့်နိုင်ငံသားဖြစ်သည်၊ မည်သည့်ခေတ်တွင် ပေါ်ထွန်းခဲ့သည်၊ ဤတွင် အဆိုကွဲပြားလျက်ရှိသည်။ အတိအကျ ပိုင်းခြားသတ်မှတ်ပြဋ္ဌာန်းရန် မဖြစ်နိုင်သေးပေ။ ပညာရှင်အများစု၏ ယူဆချက်အရ လွတ်ကျမာန်သည် အီသီယိုပီးယား နိုင်ငံသားဖြစ်သည်။ တမန်တော်ဒါဝူဒ် (အလိုင်ဟစ္စလာမ်)၏ ခေတ်တွင် ထွန်းကားခဲ့သည်။ တဖိစီကျမ်းကြီးများတွင် ပညာရှင်ကြီးလွတ်ကျမာန်၏ များစွာသောအထူးပုတ္တိများနှင့် စကားများကို တွေ့ရှိရပေသည်။ (ယင်းသည့် အထူးပုတ္တိများနှင့်စကားများသည် မည်ရွေ့မည်မျှ မှန်ကန်သည်ကိုမူ အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။)

➤➤

يَشْكُرُ لِنَفْسِهِۦ ۖ وَمَن كَفَرَ فَإِنَّ اللَّهَ غَنِىٌّ حَمِيدٌ ﴿١٢﴾

စင်စစ်သော်ကား မည်သူမဆို ကျေးဇူးတင်ရှိပါမူ ထိုသူသည် မိမိအကျိုးငှာသာလျှင် ကျေးဇူးတင်လေသည်။ သို့ရာတွင် မည်သူမဆို ကျေးဇူးကန်းခဲ့မူ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော၊ အလွန်တရာ ချီးမွမ်းခြင်း ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူသည်ဟူ၍ (အမိန့်တော် ထုတ်ပြန်တော်မူခဲ့ပေသတည်း)။

وَإِذْ قَالَ لُقْمَٰنُ لِٱبْنِهِۦ وَهُوَ يَعِظُهُۥ يَٰبُنَىَّ لَا تُشْرِكْ بِٱللَّهِ ۖ إِنَّ ٱلشِّرْكَ لَظُلْمٌ عَظِيمٌ ﴿١٣﴾

၁၃။ ၎င်းပြင် တရံရောအခါဝယ် "လွတ်ကိုမာန်" သည် မိမိသားကို ဆုံးမသြဝါဒပေးရာ၌ (ဤ)သို့ပြောကြားခဲ့လေ၏။ အို-ချစ်သား၊ အသင်သည် (မည်သည့်တစ်စုံတစ်ရာကိုမျှပင်) အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်မှုကို မပြုလေနှင့်။

➤➤ အာလင်မ်ပညာရှင် အများစု၏ယူဆချက်အရ လွတ်ကိုမာန်သည် နဗီတမန်တော်တစ်ပါးမဟုတ်၊ အလ္လာဟ်အရှင်မြတ်အား အလွန်ချစ်ကြောက်ရိုသေခန့်ညားသော သူတော်စင်ကြီးတပါးဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ဉာဏ်ပညာအမြော်အမြင်ကို အထူးတလည် ချီးမြှင့်တော်မူခဲ့ပေသည်။ ပညာရှင်ကြီး လွတ်ကိုမာန်သည် မိမိ၏ပညာဉာဏ်စွမ်းဖြင့် တမန်တော်များ၏ ဩဝါဒတော်များနှင့် လျော်ညီသည့် များစွာသော စကားများကိုပင် ဖွင့်ဟပြောဆိုနိုင်ခဲ့ပေသည်။ အသိဉာဏ်နှင့်ယှဉ်သော၊ အမြော်အမြင်နှင့်ပြည့်ဝသော၊ ပညာပါသော၊ ၎င်း၏များစွာသော စကားများသည်လည်း ကျော်ကြားလျက်ရှိပေသည်။

လွှာဟ်အရှင်မြတ်သည် ယင်းသည့် စကားရပ်များအနက် အချို့ကို ကုရ်အာန်ကျမ်းမြတ်တွင်ပင် ထည့်သွင်းဖော်ပြတော်မူပြီး၊ ပညာရှင်ကြီး လွတ်ကိုမာန်၏ အဆင့်အတန်းနှင့် ဂုဏ်အင်ဒြပ်ကို ပို၍မြင့်မားစေတော်မူလေသည်။ ယင်းသို့မြင့်မားစေတော်မူခြင်း၏ အလိုသဘောမှာ ကုဖ်ရ်၊ ရှရစ်က်စသည့်ပြစ်မှုများသည် လူသဘာဝဓမ္မအရ လည်းကောင်း၊ တမန်တော်များ၏ ဟောပြောချက်များအရလည်းကောင်း၊ အလွန်ဆိုးရွားကြောင်း သိရှိရသကဲ့သို့ ကမ္ဘာ့လက်ရွေးစင် ပညာရှင်ကြီးများ သည်လည်း ဤသည့်အချက်ကို မိမိတို့၏ပညာဉာဏ်စွမ်းဖြင့် ထောက်ခံလျက် ရှိကြသည်ကို ထင်ရှားပြရန်လည်း ဖြစ်နိုင်ပေသည်။ သို့ဖြစ်ရာ 'တောင်ဟီဒ်' ကိုစွန့်ပယ်ပြီး ရှရစ်က်အမှုတွင် နစ်မွန်းနေခြင်းသည် လွဲမှားခြင်းကြီးမက လွဲမှားခြင်းပင် မဟုတ်တုံလော။

⑫ အလ္လာဟ်အရှင်မြတ်သည် လွတ်ကိုမာန်အား မိမိ၏ကျေးဇူးတော်နှင့် အထူးသဖြင့် အသိဉာဏ်အမြော်အမြင်၊ မှန်ကန်သောအတွေးအခေါ်နှင့် မှန်ကန်သော အကျင့်အမူများကို ချီးမြှင့်တော်မူပြီး၊ မိမိ(အလ္လာဟ်အရှင်မြတ်)အား ကျေးဇူးတင်ရန် မိန့်ကြားထားတော်မူသည်။

(အကြောင်းမူကား) မချွတ်ဧကန် တွဖက်နှိုင်းယှဉ် (ကိုးကွယ်)မှုသည် အမှန်ပင် ကြီးလေးလှစွာသော မတရားမှု ဖြစ်သောကြောင့်တည်း။ ၃

وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ حَمَلَتْهُ أُمُّهُ وَهْنًا عَلَىٰ وَهْنٍ وَفِصَالُهُ فِي عَامَيْنِ أَنِ اشْكُرْ لِي وَلِوَالِدَيْكَ إِلَيَّ الْمَصِيرُ ﴿١٤﴾

၁၄။ ထိုမှတပါး ငါ(အလ္လာဟ်)အရှင်မြတ်သည် "မနုဿ" လူသားအား ၎င်း၏မိဘနှစ်ပါးနှင့် ပတ်သက်၍ (ဤသို့)လေးနက်စွာ အမိန့်ပေးတော်မူခဲ့၏။ ၎င်း၏မိခင်မှာ အားအင်ချည့်နဲ့မှုအပေါ်၌ အားအင်ချည့်နဲ့မှုကို ခံစားလျက် ၎င်းအား (မိမိဝမ်းတွင်း၌) လွယ်ပိုက်ခဲ့လေ၏။ ထိုမှတပါး နှစ်နှစ်မြောက်သောအခါ၌သာလျှင် ၎င်းအား နို့ဖြတ်လေ၏။ (သို့ဖြစ်ပေရာ) အသင်သည် ငါအရှင်မြတ်အားလည်းကောင်း၊ အသင်၏မိဘနှစ်ပါးတို့အားလည်းကောင်း၊ ကျေးဇူးတင်လော့၊ (အသင်လူသား၏) ပြန်လည်ရာဌာနသည် ငါအရှင်မြတ်အထံတော်၌ပင် ဖြစ်လေသည်။ ၄

---

③ လွတ်မာန်က မိမိ၏သားအားဆုံးမသည့်စကား၊

(၁) ပညာရှင်ကြီး လွတ်ကျမာန်က မိမိသားအား "သား- အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာလျှင် ကိုးကွယ်ပါလေ။ ထိုအရှင်မြတ်နှင့် တွဖက်၍ မည်သည့်အရာကိုမျှ မကိုးကွယ်နှင့်၊ သို့တွဖက်ကိုးကွယ်ခြင်းသည် အလွန်ကြီးမားသော မတရားပြုမှုခြင်းပင်" ဟူ၍ ဦးစွာပထမ သွန်သင်ဆုံးမ ဩဝါဒပေးခဲ့လေသည်။

အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူတွဖက်ယှဉ်ဖက်ဟူ၍ အလျှင်းမရှိ။ သို့ပါလျက် အချို့လူသားသည် ကိုယ်ပိုင်စွမ်းရည်သတ္တိ စိုးစဉ်းမျှမရှိသော ဘဝတူအဖန်ဆင်းခံတစ်ဦးကို သို့မဟုတ် အဖန်ဆင်းခံတစ်စုံတစ်ရာကို ထိုသို့သော အနန္တတန်ခိုးတော်ရှင်နှင့် ဂုဏ်ရည်တူထား၍ ကိုးကွယ်ရက်သည်။ ဤထက်ကြီးမားသော မတရားပြုမှုခြင်းသည် အဘယ်မှာရှိနိုင်အံ့နည်း။ ထို့ပြင်တဝ လူသားသည် အဖန်ဆင်းခံတို့တွင် အမြတ်ဆုံးသတ္တဝါဖြစ်သည်။ သို့ပါလျက် အချို့လူသားသည် မိမိ၏ဂုဏ်သိက္ခာကိုမျှ မထောက်ထားပဲ မိမိထက်နိမ့်ကျသော၊ အညံ့ဆုံးဖြစ်သော အရာများရှေ့မှောက်၌ ဦးချရက်သည်။ ဤထက်ကြီးမားသော မိုက်မှားမှု၊ မိမိကိုယ်ကိုမိမိ ဤထက်ဆိုးရွားသော စော်ကားမှုသည် အဘယ်မှာ ရှိနိုင်တော့အုံနည်း။"

④ မိဘနှစ်ပါးနှင့် ပတ်သက်သော တာဝန်၊

လူသားတို့ လိုက်နာထမ်းဆောင်ရမည့် တာဝန်အပေါင်းတွင် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်များကား အကြီးဆုံးပင်။ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်များ၏နောက်တွင် မိဘနှစ်ပါးနှင့် ပတ်သက်သော တာဝန်များမှာ အကြီးဆုံးပင်ဖြစ်ပေသည်။ မိဘနှစ်ပါးတွင် မိခင်နှင့်ပတ်သက်သော ➤➤

وَإِنْ جَٰهَدَاكَ عَلَىٰٓ أَنْ تُشْرِكَ بِى مَا لَيْسَ لَكَ بِهِۦ عِلْمٌ فَلَا تُطِعْهُمَا وَصَاحِبْهُمَا فِى ٱلدُّنْيَا مَعْرُوفًا ۖ وَٱتَّبِعْ سَبِيلَ مَنْ أَنَابَ إِلَىَّ ۚ ثُمَّ إِلَىَّ

၁၅။ သို့ရာတွင် အကယ်၍သာ ထိုမိဘနှစ်ပါးတို့သည် အသင်၌ သက်သေအထောက်အထား အသိပညာတစုံတရာမရှိသော အရာတခုခုကို ငါအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ရန် အသင့်အား အနိုင်အထက် ပြုခဲ့ကြသည်ရှိသော် အသင်သည် ထိုမိဘနှစ်ပါး၏ အမိန့်ကိုပင် မလိုက်နာလေနှင့်။ [3] သို့ရာတွင် အသင်သည် ဤလောကီဘဝ၌မူ ထိုမိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံလော့။ ထိုမှတပါး အသင်သည် ငါအရှင်မြတ်ဘက်သို့ စိတ်စေတနာ ဖြူစင်စွာ ပြန်လှည့်သောသူ၏ လမ်းစဉ်ကို လိုက်နာလော့။

➤➤ တာဝန်များသည် ဖခင်နှင့်ပတ်သက်သော တာဝန်များထက်ပင် ကြီးမားလှပေသည်။ အဘယ်ကြောင့်ဆိုသော် မိခင်သည် အားအင် ချည့်နဲ့စွာဖြင့်၊ ပင်ပန်းကြီးစွာဖြင့် ကိုယ်ဝန်ကို လပေါင်းများစွာ ဆောင်ထားရရှာသည်။ သို့ပင်ပန်းကြီးစွာနှင့် ဆောင်ထားရသော ကိုယ်ဝန်ကို ဒုက္ခကြီးစွာဖြင့် မွေးဖွားရရှာသည်။ သို့မွေးဖွားပြီးနောက်တွင်လည်း မိမိ၏ ရင်သွေးအား ဒုက္ခကြီးငယ် အမျိုးမျိုးကိုခံစားပြီး၊ အစားပျက်၊အသောက်ပျက်၊ အအိပ်ပျက်၊အနေပျက်ဖြစ်ကာ ယုယပိုက်ထွေး နို့ရည်တိုက်ကျွေးရှာသည်။ လူလားမြောက်သည်အထိ မွေးမြူပြုစုရှာသည်။ သို့ဖြစ်ပေရာ လူသားသည် ပထမသော် အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်များကို သိရမည်။ ထမ်းဆောင်ရမည်။ ဒုတိယတွင် မိဘနှစ်ပါးနှင့် ပတ်သက်သော တာဝန်များ အထူးသဖြင့် မိခင်နှင့်ပတ်သက်သော တာဝန်များကို သိရမည်။ ထမ်းဆောင်ရမည်။ (၀၁)လူသားသည် အလွှာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ရမည်။ ထို့နောက် မိဘနှစ်ပါးအား အတတ်နိုင်ဆုံး၊ အကောင်းဆုံးပြုစုရမည်။ မိဘနှစ်ပါးအား ပြုစုရာတွင် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို မဆန့်ကျင်မိစေရာ၊ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်နှင့် ပတ်သက်သော တာဝန်များသည် အကြီးဆုံးပင်ဖြစ်သည်။ ထို့ပြင်တဝ လူသားသည် တနေ့ထိုအရှင်မြတ်၏ အထံတော်သို့ ပြန်လည် ရောက်ရှိီးမည်ဖြစ်သည်။

အလွှာဟ်အရှင်မြတ်၏နောက် မိဘနှစ်ပါး၏ ကျေးဇူးများကား များပြားလှဘိသည်။ တာဝန်ကြီးများကား ကြီးလေးလှဘိသည်။ ထိုသို့ကျေးဇူးများပြားလှသော၊ တာဝန်ကြီးမားလှသော မိဘနှစ်ပါးကပင် အကယ်တန္တွ တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ရန်၊ အစွလာမ်နှင့်ဆန့်ကျင်သော အမှုများကို ကျူးလွန်ရန် အတင်းအဓမ္မ တိုက်တွန်းကြလင့်ကစား လိုက်နာရန်မလို။ အစွလာမ်နှင့် ဆန့်ကျင်၍ ပြုလုပ်ရမည့် ကိစ္စများတွင် မိဘနှစ်ပါး၏စကားများကို မနာခံရသော်လည်း လောကီရေးရာများတွင်မူ မိဘနှစ်ပါးအား အသက်ထက် ဆုံးနာခံကာ ကောင်းမွန်စွာပြုစု၍ နေရမည်သာ။ ဤအကြောင်း ကုရ်အာန်(၂၉း၈)၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

⑨ သားသမီးများသည် အစွလာမ်နှင့်ဆန့်ကျင်သည့် ကိစ္စများတွင် မိဘများအား အတုမခိုးရ၊ မိဘများ၏ စကားများကို မနာခံရ၊ အလွှာဟ်အရှင်မြတ်ထံတော်သို့ လှည့်ကြသော (၀၁) ငါ့အား ယုံကြည်မြတ်နိုး၍ ငါ၏အမိန့်တော်များကို စိတ်စေတနာ ဖြူစင်စွာဖြင့် လိုက်နာကျင့်မူသော တမန်တော်များနှင့် သူတော်စင်များ၏ လမ်းစဉ်ကိုသာ လိုက်နာကြရပေမည်။

مَّرْجِعُكُمْ فَأُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿١٥﴾

အသင်တို့ (အားလုံး)မှာ ငါအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လှည့်၍ လာကြရပေမည်။ ထိုအခါ ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူပြုလုပ်ခဲ့ကြသည်တို့ကို အသင်တို့အား သိစေတော်မူအံ့သတည်း။

يَٰبُنَيَّ إِنَّهَآ إِن تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ فَتَكُن فِى صَخْرَةٍ أَوْ فِى ٱلسَّمَٰوَٰتِ أَوْ فِى ٱلْأَرْضِ يَأْتِ بِهَا ٱللَّهُ ۚ إِنَّ ٱللَّهَ لَطِيفٌ خَبِيرٌ ﴿١٦﴾

၁၆။ အို-ချစ်သား၊ မုချဧကန် အပြုအမူတစုံတရာသည် မုန်ညင်းစေ့ခန့်မျှဖြစ်ပြီး၊ ကျောက်ဆောင်တခုခု၌ ရှိနေသည်ဖြစ်စေ၊ မိုးကောင်းကင်များ၌ ရှိနေသည်ဖြစ်စေ၊ ပထဝီမြေအတွင်း၌ရှိနေသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် ယင်းအပြုအမူကို (ရှေ့တော်မှောက်ဝယ်) အသင့်ရောက်စေတော်မူမည်ဖြစ်သည်။ [၁] စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် နက်နဲသိမ်မွေ့သော အရာတို့ကို အလွန်တရာ သိမြင်တော်မူသောအရှင်၊ အလွန်တရာ ကြားသိတော်မူသောအရှင် ဖြစ်တော်မူ၏။

---

① **လွတ်မာန်က မိမိ၏သားအားဆုံးမသည့် စကား။**

(၂) ဆိုလိုသည်ကား၊ "သား- အဘယ်အရာမဆို အဘယ်အကျင့်အမူမဆို ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ မုန်ညင်းစေ့ခန့်မျှပင် ရှိသည်ဖြစ်စေ၊ အလွန်လေးလံမာကျောသော ကျောက်ဆောင်တစ်ခုခု၏ အတွင်း၌ရှိနေသည်ဖြစ်စေ၊ အလွန်မြင့်စွင့်ဝေးလံသော မိုးကောင်းကင်များ၏ အထက်၌ ရှိနေသည်ဖြစ်စေ၊ အလွန်ထူထည်ကြီးမားသောမြေ၏ အမှောင်ထုအတွင်း၌ ရှိနေသည်ဖြစ်စေ၊ မည်သည့်နေရာ၌ပင် ရှိနေသည်ဖြစ်စေ၊ မည်သို့မည်ပုံ မည်ရွေ့မည်မျှပင် ရှိနေသည်ဖြစ်စေ၊ ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်၊ ဉာဏ်တော်အောက်မှ လွတ်မြောက်နေနိုင်သည်မဟုတ်။ အချိန်ကျလာသည့်အခါ ထိုအရှင်မြတ်သည် ထိုအရာကို ရှေ့တော်မှောက် ယူဆောင်လာတော် မူမည်သာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အတိုင်းမသိ နက်နဲသိမ်မွေ့သော အရာများကို အကြွင်းမဲ့ သိမြင်တော်မူသည်။ အရာခပ်သိမ်းကို အကြွင်းမဲ့ကြားသိတော်မူသည်။ ထိုအရှင်မြတ်၏ တန်ခိုးတော်နှင့် ဉာဏ်တော်များကား အနန္တောအနန္တပါတကား။ သို့ဖြစ်ရာ သား၊တစုံတခုကို ပြုလုပ်ရန် ကြံရွယ်တိုင်း ကြံရွယ်တိုင်း ကန့်လန့်ကာပေါင်းထောင်သောင်းကာရံပြီး အလွန့်အလွန် ပိရိသိပ်သည်း လျှို့ဝှက်စွာ ပြုမူသော အပြုအမူသည်လည်း အလ္လာဟ်အရှင်မြတ်အဖို့မှာ အထင်သား၊အမြင်သား၊ အထင်အရှားဖြစ်နေသည်ကို သိထားပါလေ"။

يٰبُنَيَّ اَقِمِ الصَّلٰوةَ وَاْمُرْ بِالْمَعْرُوْفِ وَانْهَ عَنِ الْمُنْكَرِ وَاصْبِرْ عَلٰى مَآ اَصَابَكَ ؕ اِنَّ ذٰلِكَ مِنْ عَزْمِ الْاُمُوْرِ ﴿۱۷﴾

၁၇။ အို-ချစ်သား၊ အသင်သည် 'ဆွလာတ်' ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ ၎င်းပြင် အသင်သည် (သူတပါး၏အားလည်း) ကောင်းမှု(ပြုလုပ်ကြရန်)နှင့် စပ်လျဉ်း၍ အမိန့်ပေးပါလေ။ ထို့ပြင် အသင်သည် မကောင်းမှုမှ (ကြဉ်ရှောင်ကြရန်) တားမြစ်ပါလေ။ ထိုမှတပါး အသင်သည် မိမိ၌ သက်ရောက်အံ့သော ဘေးဒုက္ခနှင့်စပ်လျဉ်း၍ ကြံ့ခိုင်စွာရှိပါလေ။ ဧကန်မလွဲဤ(ကြံ့ခိုင်စွာရှိခြင်း)သည် ဇွဲသတ္တိနှင့်သက်ဆိုင်သော အမှုကိစ္စတို့အနက်မှပင် ဖြစ်ချေသည်။

وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ وَلَا تَمْشِ فِى الْاَرْضِ مَرَحًا ؕ اِنَّ اللّٰهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرٍ ﴿۱۸﴾

၁၈။ ၎င်းပြင် (အို-ချစ်သား) အသင်သည် လူတို့ရှေ့ဝယ် မိမိမျက်နှာကို ရှုံ့မဆထားလေနှင့်။ (လူတို့ဘက်မှ မိမိမျက်နှာကို မလွှဲပါလေနှင့်၊) ထို့ပြင် အသင်သည် ပထဝီမြေဝယ် မော်ကြွားလျက်လမ်းမလျှောက်လေနှင့်။ ဧကန်အမှန် အလွန်ဟန်အရှင်မြတ်သည် မည်သည့်စိတ်နေမြင့်သူ၊ အထင်ကြီးသူ၊ ဝါကြွားသူ၊ ဂုဏ်မောက်သူတို့ကို နှစ်သက်တော်မူသည် မဟုတ်ပေ။

وَاقْصِدْ فِىْ مَشْيِكَ وَاغْضُضْ مِنْ صَوْتِكَ ؕ اِنَّ اَنْكَرَ الْاَصْوَاتِ لَصَوْتُ الْحَمِيْرِ ﴿۱۹﴾

၁၉။ ထို့ပြင် အသင်သည် မိမိလမ်းလျှောက်မှု၌ အလယ်အလတ်ပြုလုပ်ပါလေ။ ကျွန်ုပ်စောင့်စည်းပါလေ။ ထိုမှတပါး အသင်သည် မိမိအသံကို နိမ့်ချပါလေ။ မလွဲဧကန် စက်ဆုပ်ဖွယ်အဖြစ်ဆုံး အသံကား မြည်းသတ္တဝါတို့၏အသံပင် ဖြစ်ချေသတည်း။ ၁

---

① **လွတ်ကျမာန် မိမိ၏သားအား ဆုံးမသည့်စကား။**

(၃) ဆိုလိုသည်ကား၊ သား- စနစ်တကျ 'ဆွလာတ်'ပြုပါလေ။ ဆွလာတ်သည်ဝတ်ပြုမှု အပေါ်ရှင်းတွင် အချုပ်ဖြစ်သည်။

(၄) သား၊ အသင်သည် မိမိကိုယ်တိုင် တရားလမ်းမှန်အပေါ်၌ ရပ်တည်ပြီး သူတစ်ပါးတို့အားလည်း ကောင်းရာကို ညွှန်ပြပါလေ။ မကောင်းရာမှ တားမြစ်ပါလေ။

(၅)သား၊ သူတစ်ပါးအား တရားမမှု ဖောက်ညှဉ်းပြရေးတွင် မိမိ၌ ဘေးဒုက္ခတစုံတရာ သက်ရောက်ပါက သည်းခံပါလေ၊ ကြံ့ခိုင်စွာရပ်တည်ပါလေ။ ဤသည် ဇွဲသတ္တိတရပ်ပင်။ ➤➤

اَلَمْ تَرَوْا اَنَّ اللّٰهَ سَخَّرَ لَكُمْ مَّا فِي
السَّمٰوٰتِ وَمَا فِي الْاَرْضِ وَاَسْبَغَ
عَلَيْكُمْ نِعَمَهٗ ظَاهِرَةً وَّبَاطِنَةً ؕ
وَمِنَ النَّاسِ مَنْ يُّجَادِلُ
فِي اللّٰهِ بِغَيْرِ عِلْمٍ وَّلَا هُدًى
وَّلَا كِتٰبٍ مُّنِيْرٍ ﴿٢٠﴾

၂၀။ အသင်တို့သည် မမြင်ခဲ့ကြလေသလော၊ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အကျိုးငှာ မိုးကောင်းကင်၌ရှိသည်တို့ကိုလည်းကောင်း၊ ပထဝီမြေ၌ရှိသည်တို့ကိုလည်းကောင်း၊ *အသုံးချနိုင်စေတော်မူ၏*။ [၁] ထိုမှတပါး၊ ထိုအရှင်မြတ်သည် *မိမိ၏ထင်ရှားသော ကျေးဇူးတော်များကို*လည်းကောင်း၊ *မထင်ရှားသော ကျေးဇူးတော်များကို*လည်းကောင်း၊ [၂] အသင်တို့အပေါ်ဝယ် အပြည့်အစုံ ချပေးသနားတော်မူ၏။

➤➤ (၆) သား၊ လူများရှေ့တွင် မျက်နှာစူမထားပါနှင့်၊ သူတစ်ပါးအား အထင်မသေးပါနှင့် မောက်မာစွာ မဆက်ဆံပါနှင့်၊ ခင်မင်ရင်းနှီး လေးစားစွာ ဆက်ဆံပါလေ။

(၇) သား၊ ပထဝီမြေပေါ်မှာ မော်ကြွားစွာ လမ်းမလျှောက်ပါနှင့်၊ အလ္လာဟ်အရှင်မြတ်သည် မောက်မာမှု၊ မော်ကြွားမှုဟူသမျှကို နှစ်သက်တော်မမူ။

(၈) သား၊ သွားလာရာတွင် မမြန်လွန်းပါနှင့်၊ မဖြည်းလွန်းပါနှင့်၊ အလယ်အလတ် ကွန်ဒြေရှင်းသိက္ခာရှိရှိ သိမ်သိမ်မွေ့မွေ့ သွားလာပါလေ။

(၉) သား၊ ပြောဆိုရာတွင် မိမိ၏အသံကို နှိမ့်ချပါ။ အကြောင်းမဲ့ အော်ဟစ်၍ မပြောဆိုလေနှင့်။ အော်ကြီးဟစ်ကျယ် ပြောဆိုခြင်းသည် နှစ်မြို့ဖွယ်ရာမဟုတ်၊ အလွန် စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်သည်။ မြည်း၏အသံကို ဆင်ခြင်ပါလေ။ မြည်း၏အသံသည် အသံများတွင် သူငါအများ အများဆုံး စက်ဆုပ်ရွံမုန်းသော အသံပင်ဖြစ်သည်။

ဤတွင် ပညာရှင်ကြီးလွတ်ကိုမာန်က မိမိ၏သားအား သွန်သင်ဆုံးမခဲ့သော စကားကြီး(၉)ခွန်းပြီးဆုံးသည်။ ရှေ့တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏တန်ခိုးတော်များနှင့် ကျေးဇူးတော်များကို ထုတ်ဖော်ပြီး 'တောင်ဟီဒ်'စသည့် အကြောင်းများကိုပင် ဆက်လက်မိန့်ကြား ထားတော်မူသည်။

① <u>ကမ္ဘာအိမ်ထောင်စုကြီး တခုလုံးသည် လူသား၏ အသုံးအဆောင်သာ။</u>

အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအိမ်ထောင်စုကြီး တစ်ခုလုံးကို လူသားတို့အားအကျိုးပြုသည့် လုပ်ငန်းများတွင် အသုံးပြုထားတော်မူသည်။ ဤကား အထင်အရှားပင်။ သို့ဖြစ်ရာ လူသားတို့သည် မိမိတို့ကိုယ်ကို အလ္လာဟ်အရှင်မြတ် အလိုတော်၌ အသုံးပြုထားကြရမည်သာ ဖြစ်သည်။

② ထင်ရှားသော ကျေးဇူးတော်များဟူသည် အာရုံဖြင့်သိမြင်နိုင်သော ကျေးဇူးတော်များကို ဆိုလိုသည်။ မထင်ရှားသော ကျေးဇူးတော်များဟူသည် အသိဉာဏ်နှင့်ယှဉ်၍ တွေးဆဆင်ခြင်သိရှိနိုင်သော ကျေးဇူးတော်များကို ဆိုလိုသည်။ သို့တည်းမဟုတ်၊ ထင်ရှားသော ကျေးဇူးတော်များဟူသည် ရုပ်လောကနှင့်ဆိုင်သော ကျေးဇူးတော်များကို ဆိုလိုသည်။ မထင်ရှားသော ကျေးဇူးတော်များဟူသည် နာမ်လောကနှင့်ဆိုင်သော ကျေးဇူးတော်များကိုဆိုလိုသည်။

သို့ရာတွင် လူတို့အနက် အချို့မှာမူကား မည်သည့်ပညာ သက်သေအထောက်အထားမျှလည်း ကောင်း၊ မည်သည့် တရားလမ်းညွှန်မှုမျှလည်းကောင်း၊ မည်သည့် ထွန်းလင်းသောကျမ်းဂန်မျှလည်းကောင်း၊ မရှိပါဘဲလျက် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အငြင်းအခုံ ပြုလုပ်လေ့ရှိကြ၏။ ၁

وَإِذَا قِيلَ لَهُمُ اتَّبِعُوا مَا أَنزَلَ اللَّهُ قَالُوا بَلْ نَتَّبِعُ مَا وَجَدْنَا عَلَيْهِ آبَاءَنَا ۗ أَوَلَوْ كَانَ الشَّيْطَانُ يَدْعُوهُمْ إِلَىٰ عَذَابِ السَّعِيرِ ﴿٢١﴾

၂၁။ ထိုမှတပါး၊ ၎င်းတို့အား၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူသည်ကို လိုက်နာကြလေကုန်ဟု ပြောကြားခဲ့သည်ရှိသော်၊ ၎င်းတို့က ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာမူကား၊ ကျွန်ုပ်တို့သည် မိမိတို့ အဘ၊ ဘိုး၊ ဘေးတို့ လိုက်နာခဲ့ကြသည်ကို တွေ့ရှိကြရသော လမ်းစဉ်ကိုသာ ကျွန်ုပ်တို့ လိုက်နာကြမည်ဟု ပြောဆိုဖြေကြားခဲ့ကြကုန်၏။ ထိုအဘ၊ ဘိုး၊ ဘေး တို့အား ' ရှိုင်တွာန် ' မိစ္ဆာကောင်သည် ငရဲဘုံ၏ ပြစ်ဒဏ်ကို ဖိတ်ခေါ်လျက်ရှိငြားအံ့လည်း (၎င်းတို့သည် ထိုအဘ၊ ဘို၊ ဘေးတို့၏လမ်းစဉ်ကို လိုက်နာကြဦးမည်လော။)

وَمَن يُسْلِمْ وَجْهَهُ إِلَى اللَّهِ وَهُوَ مُحْسِنٌ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقَىٰ ۗ وَإِلَى اللَّهِ عَاقِبَةُ الْأُمُورِ ﴿٢٢﴾

၂၂။ စင်စစ်သော်ကား၊ မည်သူမဆို မိမိကိုယ်ကို အလ္လာဟ်အရှင်မြတ် အထံတော်သို့ လုံးဝအပ်နှင်းလွှဲအပ်သည့်ပြင်၊ ထိုသူသည် ကောင်းမှုပြုသူလည်း ဖြစ်ပါမူ၊ မလွဲမကန် ထိုသူသည် လွန်စွာခိုင်မြဲသော ကြိုးကွင်းကို ဆွဲကိုင်၍ ထားရှိပြီဖြစ်၏။ စင်စစ် အမှုကိစ္စအလုံးစုံတို့၏ အဆုံးသတ်ခြင်းမှာ အလ္လာဟ်အရှင်မြတ် အထံတော်၌ပင်ဖြစ်၏။ ၂

---

① အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်များနှင့် ကျေးဇူးတော်များကား ထင်ရှားလှ၏။ များပြားလှ၏။ သို့ပါလျက် အချို့လူသားများသည် ထိုအရှင်မြတ်နှင့် ပတ်သက်၍သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ ဂုဏ်တော်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ ထိုအရှင်မြတ်၏ ဒေသနာတော်များနှင့် ပတ်သက်၍ ➤➤

وَمَنْ كَفَرَ فَلَا يَحْزُنْكَ كُفْرُهٗ ؕ اِلَيْنَا مَرْجِعُهُمْ فَنُنَبِّئُهُمْ بِمَا عَمِلُوْا ؕ اِنَّ اللّٰهَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿۲۳﴾

၂၃။ သို့ရာတွင် မည်သူမဆို သွေဖည်ငြင်းပယ်ခဲ့ပါမူ၊ ထိုသူ၏ သွေဖည်မှုသည် အသင့်အား ပူဆွေးစေခြင်း မဖြစ်စေရ။ ၎င်းတို့သည် ငါအရှင်မြတ်အထံတော်သို့ သာလျှင် ပြန်လည် ရောက်ရှိကြရပေမည်။ ထိုအခါ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ကျင့်မူပြုလုပ်ခဲ့ကြသည်များကို သိစေတော်မူမည်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသည်တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

نُمَتِّعُهُمْ قَلِيْلًا ثُمَّ نَضْطَرُّهُمْ اِلٰى عَذَابٍ غَلِيْظٍ ﴿۲۴﴾

၂၄။ ငါအရှင်မြတ်သည် နေ့ရက်အနည်းငယ်မျှပင်၊ ၎င်းတို့အား အကျိုးခံစားခွင့်ပေးတော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်သို့ အတင်းအကြပ်မောင်းနှင် ပို့ဆောင်တော်မူအံ့သတည်း။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ اللّٰهُ ؕ

၂၅။ စင်စစ်သော်ကား အကယ်၍ အသင်သည် ထိုသူတို့အား မိုးကောင်းကင်များနှင့် ပထဝီမြေကို မည်သူဖန်ဆင်းခဲ့သနည်းဟု မေးမြန်းခဲ့ပါလျှင် မုချဧကန် ၎င်းတို့က အလ္လာဟ်အရှင်မြတ်ပင် (ဖန်ဆင်းတော်မူခဲ့သည်)ဟု ပြောဆိုကြမည်သာ။

➤➤ သော်လည်းကောင်း၊ အသိဉာဏ်အမြော်အမြင် တရားဓမ္မ၊ကျမ်းဂန်၊ ဓမ္မကွန် တစုံတရာမရှိပါပဲလျက် အငြင်းအခုံ ပြုကြပေသည်။ ဤသည်ကား မိဘရိုးရာထုံးတမ်းစဉ်လာကို ဇွတ်မိုတ်လိုက်နာမှု၏ အကျိုးပင်။ ⓙ အကြင်သူတဦးသည် မိမိကိုယ်ကို အလ္လာဟ်အရှင်မြတ်အား လုံးဝလွှဲအပ်ပြီး စိတ်စေတနာဖြူစင်စွာဖြင့် ကောင်းမြတ်သော အကျင့်သီလများကို ဆည်းပူးပါက ထိုသူသည် အလွန်ခိုင်ခံ့သော ကြိုးကွင်းကို ဆုပ်ကိုင်ထားသူနှင့် အလားသဏ္ဌာန်တူသည်။ ထိုလူသည် ထိုကြိုးကွင်းကြီးကို ဆုပ်ကိုင်ထားသည်နှင့်အမျှ အောက်သို့ ပြုတ်မကျနိုင်သကဲ့သို့ အစွန်လာမ်တည်းဟူသော ကြိုးကွင်းကို ဆုပ်ကိုင်ထားသော ထိုမုစ်လင်မ်တစ်ဦးသည်လည်း အောက်သို့ပြုတ်မကျနိုင်ပေ။ ထိုပြင်တဂကြိုးကွင်းကို ဆုပ်ကိုင်၍ အထက်သို့ တက်နိုင်သကဲ့သို့ မုစ်လင်မ်တစ်ဦးသည်လည်း အစွန်လာမ့်ကြိုးကွင်းကိုဆုပ်ကိုင်ကာ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးသို့ပင် တက်ရောက်နိုင်လေသည်။

قُلِ الْحَمْدُ لِلّٰهِ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿۲۵﴾

(အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ ချီးမွမ်းထောပနာ အပေါင်းတို့ကို အလ္လာဟ် အရှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူ၏။ သို့ရာတွင် ၎င်းတို့အနက် အများစုမှာမူကား မသိကြပေ။

لِلّٰهِ مَا فِي السَّمٰوٰتِ وَالْاَرْضِ ؕ اِنَّ اللّٰهَ هُوَ الْغَنِيُّ الْحَمِيْدُ ﴿۲۶﴾

၂၆။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်း ကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာချည်း သာဖြစ်ကုန်၏။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ် သည်သာလျှင် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူ သော၊ ချီးမွမ်းခြင်းခံရတော်မူသော အရှင်ဖြစ်တော်မူပေ သတည်း။

وَلَوْ اَنَّمَا فِي الْاَرْضِ مِنْ شَجَرَةٍ اَقْلَامٌ وَّالْبَحْرُ يَمُدُّهٗ مِنْۢ بَعْدِهٖ سَبْعَةُ اَبْحُرٍ مَّا نَفِدَتْ كَلِمٰتُ اللّٰهِ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿۲۷﴾

၂၇။ စင်စစ်သော်ကား၊ အကယ်၍ အမှန်ဧကန် ပထဝီမြေ၌ ရှိကုန်သော သစ်ပင် အသီးသီးတို့သည် ကလောင်များဖြစ်၍ သမုဒ္ဒရာပင်လယ်သည် (မင်ဖြစ်ပြီး၊ ယင်းပင်လယ် ကုန်ခန်းပြီးနောက်) သမုဒ္ဒရာ ပင်လယ် ခုနစ်ခုသည် ယင်း(ခန်းခြောက်ပြီးဖြစ်သော) ပင်လယ်ကို ထပ်မံ၍ ဖြည့်အုံးငြားလည်း အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကား ကုန်ဆုံးမည် မဟုတ်ပေ။ [၁] မချွတ်မလွဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံ တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

---

① အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကား အနန္တောအနန္တတည်း။ ကမ္ဘာအဝှန်းရှိ သမုဒ္ဒရာများအပြင် အခြားသမုဒ္ဒရာခုနစ်စင်းရှိအံ့၊ ထိုသမုဒ္ဒရာများသည် မင်ရည်ဖြစ်အံ့၊ ကမ္ဘာအဝှန်းရှိ သစ်ပင်များသည် ကလောင်ဖြစ်အံ့၊ ကမ္ဘာအဝှန်းရှိ ရေးမှတ်သူများသည် အဆိုပါကလောင်များ၊ မင်ရည်များဖြင့် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို ရေးမှတ်ကြပါကလည်း မင်ရည်များသည်သာ ကုန်သွားပေမည်၊ ကလောင်များသည်သာ တုံးသွားပေမည်၊ ရေးမှတ်သူများသာ သေဆုံးသွားကြပေမည်၊ သို့တစေလည်း အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကား ကုန်ဆုံးသွားမည်မဟုတ်ပေ။ ထိုအရှင်မြတ်၏ ဂုဏ်တော်များကား အတိုင်းမသိ များပြားလှပါဘိတကား။

مَا خَلْقُكُمْ وَلَا بَعْثُكُمْ إِلَّا كَنَفْسٍ وَاحِدَةٍ ۗ إِنَّ اللَّهَ سَمِيعٌ بَصِيرٌ ﴿٢٨﴾

၂၈။ အသင်တို့အား ဖန်ဆင်းတော်မူခြင်းနှင့် အသင်တို့အား (သေပြီးနောက်တဖန်) ရှင်ပြန်ထစေတော်မူခြင်းသည် လူတယောက်(ကို ဖန်ဆင်းတော်မူခြင်း၊ သို့မဟုတ် လူတယောက်အား ရှင်ပြန်ထစေတော်မူခြင်း) ကဲ့သို့သာ ဖြစ်သည်။ အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာကြားတော်မူသော၊ အလွန်တရာမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

أَلَمْ تَرَ أَنَّ اللَّهَ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي إِلَىٰ أَجَلٍ مُسَمًّى وَأَنَّ اللَّهَ بِمَا تَعْمَلُونَ خَبِيرٌ ﴿٢٩﴾

၂၉။ အသင်သည် မသိမမြင်ခဲ့လေသလော၊ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် ည(၏ အစိတ်အပိုင်းများ)ကို နေ့တွင်လည်းကောင်း၊ နေ့(၏ အစိတ်အပိုင်းများ)ကို ညတွင်လည်းကောင်း ဝင်စေတော်မူ၏။ ထို့ပြင်၊ ထိုအရှင်မြတ်သည် 'နေ' ကိုလည်းကောင်း၊ 'လ' ကိုလည်းကောင်း နိုင်နင်းစေတော်မူ၏။ ယင်း ('နေ' နှင့်'လ') အသီးသီးတို့သည် သတ်မှတ်ပြဋ္ဌာန်းအပ်သော အချိန်ကာလတိုင်အောင် သွားလာလှုပ်ရှားလျက်ပင် ရှိပေမည်။ ထိုမှတပါး အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြသည်တို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

ذَٰلِكَ بِأَنَّ اللَّهَ هُوَ الْحَقُّ وَأَنَّ مَا يَدْعُونَ مِن دُونِهِ الْبَاطِلُ وَأَنَّ اللَّهَ هُوَ الْعَلِيُّ الْكَبِيرُ ﴿٣٠﴾

၃၀။ ဤသည်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် အမှန်အကန်(ထာဝရ တည်ရှိနေတော်မူမည်) ဖြစ်သောကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှတပါး၊ ထိုသူတို့ဟစ်ခေါ် တမ်းတကြကုန်သော အရာများသည် အမှားပင်(ဖြစ်၍ ပျက်စီးသွားကြမည်) သာဖြစ်သောကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် လွန်စွာမြင့်မြတ်တော်မူသော၊ လွန်စွာကြီးကဲတော်မူသော အရှင် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်ချေသတည်း။

اَلَمْ تَرَ اَنَّ الْفُلْكَ تَجْرِیْ فِی
الْبَحْرِ بِنِعْمَتِ اللّٰهِ لِیُرِیَكُمْ مِّنْ
اٰیٰتِهٖ ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ لِّكُلِّ
صَبَّارٍ شَكُوْرٍ ﴿۳۱﴾

၃၁။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် သမုဒ္ဒရာပင်လယ်၌ ရွက်သင်္ဘောများ သွားလာလှုပ်ရှားလျက် ရှိကြခြင်းမှာ ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏ အချို့သက်သေသာဓကများကို ပြသတော်မူရန်ဖြစ်ကြောင်း အသင်သည် မမြင်ခဲ့လေသလော။

ဧကန်မလွဲ ဤသည်တွင် ကျေးဇူးသိတတ်သော သည်းခံခြင်းတရား ထားရှိသူတိုင်း၏အဖို့ အမှန်ပင် သက်သေသာဓကများ ရှိကြပေသည်။

وَاِذَا غَشِیَهُمْ مَّوْجٌ كَالظُّلَلِ
دَعَوُا اللّٰهَ مُخْلِصِیْنَ لَهُ
الدِّیْنَ ۚ فَلَمَّا نَجّٰىهُمْ اِلَى
الْبَرِّ فَمِنْهُمْ مُّقْتَصِدٌ ؕ
وَمَا یَجْحَدُ بِاٰیٰتِنَاۤ اِلَّا كُلُّ
خَتَّارٍ كَفُوْرٍ ﴿۳۲﴾

၃၂။ စင်စစ် ၎င်းတို့အား လှိုင်းတံပိုးသည် အမိုးများပမာ ဖုံးလွှမ်းခဲ့သောအခါ၊ ၎င်းတို့သည် ကိုးကွယ်မှုကို အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်အဖို့သာ စေတနာ သဒ္ဓါတရား ဖြူစင်စွာထားကာ ဟစ်ခေါ်တသကြကုန်၏။

သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အား ကယ်တင်၍ ကုန်းမြေသို့ ပို့ဆောင်တော်မူသောအခါ ၎င်းတို့အနက်အချို့သည် မချိမဆံ့ပဒါစနစ်ကိုလိုက်၏။ စင်စစ်သော်ကား ငါအရှင်မြတ်၏ သက်သေလက္ခဏာများကိုကျေးဇူးကန်းသော ကတိသစ္စာ ဖောက်ဖျက်သူတိုင်းသာလျှင် ငြင်းပယ်လေ့ရှိကြပေသတည်း။

یٰۤاَیُّهَا النَّاسُ اتَّقُوْا رَبَّكُمْ
وَاخْشَوْا یَوْمًا لَّا یَجْزِیْ
وَالِدٌ عَنْ وَّلَدِهٖ ۫ وَلَا مَوْلُوْدٌ
هُوَ جَازٍ عَنْ وَّالِدِهٖ شَیْـًٔا ؕ

၃၃။ အို-လူသားအပေါင်းတို့ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် မည်သည့် ဖခင်တဦးတယောက်မျှပင် မိမိသားအဖို့ အသုံးမဝင်သည့်အပြင်၊ မည်သည့် သားတဦးတယောက်မျှသည်လည်း မိမိဖခင်အဖို့ လုံးဝအသုံးဝင်မည် မဟုတ်

إِنَّ وَعْدَ اللَّهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا وَلَا يَغُرَّنَّكُمْ بِاللَّهِ الْغَرُورُ ﴿٣٣﴾

သော နေ့ကို စိုးရိမ်ကြလေကုန်။ ၁ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိသည် မှန်ကန်သောကတိပင်ဖြစ်၏။ သို့ဖြစ်ပေရာ လောကီဘဝ၌ အသက်ရှင်ခြင်းသည် အသင်တို့အား လှည့်ဖြားခြင်း မပြုစေရ၊ ထိုနည်းတူစွာ၊ ထိုလှည့်စားသူ (ရှိုင်တွာန်)သည်လည်း အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ လှည့်ဖြားခြင်း မပြုစေရ။

إِنَّ اللَّهَ عِنْدَهُ عِلْمُ السَّاعَةِ وَيُنَزِّلُ الْغَيْثَ وَيَعْلَمُ مَا فِي الْأَرْحَامِ

၃၄။ ဧကန်မလွဲ ရှင်ပြန်ထမည့်အချိန်ကို သိမြင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၌ သာရှိပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် မိုးရေကို ချပေးတော်မူ၏။ ထိုမှတပါး (မိခင်များ၏) သားအိမ်များ၌ မည်သည့်အရာ ရှိသည်ကိုလည်း ထိုအရှင်မြတ်သာလျှင် သိတော်မူ၏။

---

① **သားသမီးနှင့် မိဘများသည်ပင် တစ်ဦးကိုတစ်ဦး မကယ်တင်နိုင်မည့်နေ့၊**

သမုဒ္ဒရာပင်လယ်ပြင်တွင် ရေလှိုင်းမိုကြသည့်အခါ ခရီးသည်များသည် အလွန်ထိတ်လန့်ကာ လူတိုင်းလူတိုင်းသည် မိမိလွတ်မြောက်ရန် အသီးသီးကြိုးစားကြသည်။ သို့တစေလည်း ထိုအချိန်မျိုးမှာပင်လျှင် သားသမီးသံယောဇဉ် ကြီးမားသောမိဘများသည် မိမိတို့၏သားသမီးများကို မမေ့ကြပေ။ ထို့အတူ မိဘသံယောဇဉ်ကြီးမားသော သားသမီးများသည်လည်း မိမိတို့၏မိဘများကို မမေ့ကြပေ။ တစ်ဦးကိုတစ်ဦး ကယ်တင်ရန် ကြိုးစားကြပေသည်။ အချို့သော မိဘများသည် မိမိတို့ကိုယ်တိုင် အသက်စွန့်ကာ မိမိ၏ရင်သွေးများကို ကယ်တင်ကြပေသည်။

သို့ရာတွင်ကိယာမတ်နေ့တွင်ကား သံယောဇဉ်များပင် အပြတ်ကြိုးပြတ်သွားပေမည်။ သားသမီးများသည်လည်း မိဘများကိုပင် ကယ်တင်ကြမည်မဟုတ်၊ မိဘများသည်လည်း သားသမီးများအား ကယ်တင်ကြမည်မဟုတ်။ ကယ်တင်လိုပါကလည်း အကျိုးရှိမည်မဟုတ်၊ လူတိုင်းလူတိုင်းသည် မိမိကိုယ်ကိုမိမိ လွတ်မြောက်ရန် သောကများလျက်ရှိပေမည်။ ကြည့်-ကုရ်အာန်(၈၀း၃၃-၃၇)

ယနေ့ရေလှိုင်းဘေးမှ လွတ်မြောက်ခဲ့သော်လည်း နက်ဖြန်ကိယာမတ်နေ့၏ ဘေးမှကား အသို့လျှင် လွတ်မြောက်နိုင်အံ့နည်း။ ကိယာမတ်သည် မုချဖြစ်မည်၊ အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည်မှန်သည်၊ သို့ဖြစ်ရာ လူသားသည် ထိုနေ့ကိုမျက်မှောက်ပြုကာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှလွတ်မြောက်နိုင်ရန် ယခုကပင် ကြိုတင်စီစဉ်ရပေမည်။ လောကီဘဝတွင် သာယာ၍မနေရာ၊ လောကီရေးရာများတွင် နစ်မွန်း၍မနေရာ၊ ရှိုင်တွာန်၏ဖြားယောင်းမှုတွင် မသက်ရောက်ရာ။

وَمَا تَدْرِي نَفْسٌ مَّاذَا تَكْسِبُ غَدًا ۖ وَمَا تَدْرِي نَفْسٌ بِأَيِّ أَرْضٍ تَمُوتُ ۚ إِنَّ اللَّهَ عَلِيمٌ خَبِيرٌ ﴿٣٤﴾

စင်စစ်သော်ကား မည်သူတဦးတယောက်မျှပင် ၎င်းမှာ နက်ဖြန်မည်သည့်အမှုကိစ္စ ပြုလုပ်မည်ကို မသိနိုင်ပေ။ ထိုနည်းတူစွာ မည်သူတဦးတယောက်မျှပင် ၎င်းမှာ မည်သည့်မြေ (အရပ်ဒေသ)၌ သေဆုံးမည်ကို မသိနိုင်ပေ။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။ ၁

---

① ဤအာယတ်တော်တွင် အချက်ငါးချက်ပါရှိသည်။ ဤသည့်ငါးချက်ကို ဟဒီးဆ်တော်တွင် **'မဖာဟီဟုလ် ဃိုက်ဗ်' မျက်ကွယ်၏သော့များ** ဟု သုံးနှုန်းထားတော်မူသည်။ ဤသည်တို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်နိုင်တိကျအပြည့်အဝ သိတော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သူမျှ အတိအကျမသိချေ။

(၁) ကိယာမတ်သည် မုချဖြစ်မည်။ သို့ရာတွင် အဘယ်နေ့ အဘယ်အချိန်တွင် ဖြစ်မည်ကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သူမျှ မသိချေ။

(၂) မိုးရည်ကို အလ္လာဟ်အရှင်မြတ် ရွာသွန်းချပေးတော်မူသည်။ မည်သည့်အချိန်အခါတွင် မည်သည့်နေရာ၌ မည်ရွေ့မည်မျှ မိုးရွာမည်ကိုလည်း အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အခြားမည်သူမျှ အတိအကျမသိချေ။

(၃) ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ သားအိမ်များတွင် သားယောကျ်ားကလေးဖြစ်သည်၊ သမီး မိန်းကလေး ဖြစ်သည်၊ မွေးဖွားလာပြီးနောက် ထိုကလေး၏ အသက်သည်မည်မျှရှိမည်၊ စားဝတ်နေရေး အဆင်ပြေမည်၊ အဆင်မပြေမည်၊ အကြောင်းလှမည်၊ အကြောင်းမလှမည် — စသည်များကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သူမျှမသိချေ။

(၄) မည်သူမျှ နက်ဖြန်မည်သည့်အရာ ပြုလုပ်မည်ကို မိမိပင်အတိအကျမသိ။

(၅) မည်သူမျှ မည်သည့်ဌာနတွင်သေမည်ကို မိမိပင်အတိအကျမသိ။

အလ္လာဟ်အရှင်မြတ်မှသည် 'ဃိုက်ဗ်' မျက်ကွယ်၌ရှိသော အရာခပ်သိမ်းကုန်တို့ကို လည်းကောင်း၊ 'ရှဟာဒတ်' မျက်မှောက်၌ရှိသော အရာခပ်သိမ်းကုန်တို့ကိုလည်းကောင်း၊ အကြွင်းမဲ့သိတော်မူသည်။ ဤအာယတ်တော်တွင် ငါးခုသောအရာကို အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းမှာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား မေးမြန်းသူတစ်ဦးက ဤသည့်အရာငါးခုနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည့်အတွက်သော်လည်းကောင်း၊ အများအားဖြင့် လူများသည် ဤသည့်ငါးချက်ကို အထူးသိလိုကြသည့်အတွက် သော်လည်းကောင်း၊ ဤသည့်အချက်ငါးချက်ကိုသာ ထုတ်ဖော်မိန့် ဆိုထားတော်မူခြင်းဖြစ်သည်။

သာဝကကြီး အစ်ဗ်နုအုမရ် (ရ)သွေ့ ယလ္လာဟုအန်ဟု)ထံမှ တဆင့်ကြားသိရ၏။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လာမ်)က မိန့်ကြားတော်မူခဲ့သည်မှာ ဃိုက်ဗ်၏ သော့များသည် ငါးခုရှိသည်၊ ထိုအရာများကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားမည်သူမျှ မသိချေ။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကုရ်အာန်ကျမ်းမြတ်လာ အာယတ်တော် (၃၁:၃၄)ကို ရွတ်ဖတ်တော်မူခဲ့လေသည်။

(အစ်ဗ်နုကဆီရ်၊ အတွဲ-၃၊ စ-၄၅၄)။

ပျပ်ဝပ်ဦးချခြင်းကဏ္ဍ



ဤကဏ္ဍသည် "စဂျဒဟ် ပျပ်ဝပ်ဦးချခြင်း ကဏ္ဍ" မည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၃၀)ပါး၊ ရုကူအ်အပိုဒ်(၃)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော
အနန္တကရုဏာရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

الٓمّٓ ①

၁။ အလိဖ်၊ လာမ်၊ မီမ်။

تَنْزِيْلُ الْكِتٰبِ لَا رَيْبَ فِيْهِ
مِنْ رَّبِّ الْعٰلَمِيْنَ ②

၂။ (ဤသည်) ချပေးတော်မူသောကျမ်းဂန်ဖြစ်၏။ ဤကျမ်းဂန်နှင့် စပ်လျဉ်း၍ ဒွိဟသံသယဟူ၍ အလျှင်းမရှိပြီ။ (ဤသည်) စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှဖြစ်သည်။

(တနည်း)

ဤကျမ်းဂန်သည် စကြာဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ ချပေးတော်မူခြင်းဖြစ်၏။ ယင်းကျမ်းဂန်နှင့်စပ်လျဉ်း၍ ဒွိဟသံသယ ဟူ၍ အလျှင်းမရှိပြီ။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ۚ بَلْ هُوَ
الْحَقُّ مِنْ رَّبِّكَ لِتُنْذِرَ قَوْمًا
مَّآ اَتٰىهُمْ مِّنْ نَّذِيْرٍ مِّنْ
قَبْلِكَ لَعَلَّهُمْ يَهْتَدُوْنَ ③

၃။ ၎င်းတို့က တမန်တော်မြတ်သည် ဤကျမ်းတော်မြတ်ကို ကြံစည်၊ ဖန်တီး(စီကုံးရေးသား)ခဲ့သည်ဟု ဆိုကြလေသလော။ ထိုသို့ အလျှင်းမဟုတ် စင်စစ်မှာကား ယင်းကျမ်းဂန်သည် အသင့်အလျင် သတိပေးနှိုးဆော်သူတဦးတယောက်မျှ လာရောက်ခဲ့ခြင်း မရှိသေးသော အမျိုးသားတို့အား ၎င်းတို့တရားလမ်းမှန် ရရှိကြအံ့သောငှာ အသင် သတိပေးနှိုးဆော်ရန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံ

ကောမ့ (ချပေးသနားတော်မူသော မှန်ကန်သောကျမ်းဂန်ပင်) ဖြစ်ပေသတည်း။ ၁

اَللّٰهُ الَّذِیْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَمَا بَیْنَهُمَا فِیْ سِتَّةِ اَیَّامٍ ثُمَّ اسْتَوٰی عَلَی الْعَرْشِ ؕ مَا لَكُمْ مِّنْ دُوْنِهٖ مِنْ وَّلِیٍّ وَّلَا شَفِیْعٍ ؕ اَفَلَا تَتَذَكَّرُوْنَ ۝٤

၄။ အလ္လာဟ်အရှင်မြတ်ပင် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏အကြားဌာန ရှိသမျှတို့ကိုလည်းကောင်း၊ ခြောက်ရက်တွင် ဖန်ဆင်းတော်မူပြီးနောက် "အရ်ရှ်" ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။ အသင်တို့အဖို့ ထိုအရှင်မြတ်အပြင် ကူညီစောင်မမည့်သူ၊ ကြားဝင် အသနားခံပေးမည့်သူ ဟူ၍လည်း တဦးတယောက်မျှပင် မရှိပြီ။ သို့ပါလျက် အသင်တို့ သတိမမူ နားမလည်ကြလေသလော။

یُدَبِّرُ الْاَمْرَ مِنَ السَّمَآءِ اِلَی الْاَرْضِ ثُمَّ یَعْرُجُ اِلَیْهِ فِیْ یَوْمٍ كَانَ مِقْدَارُهٗۤ اَلْفَ سَنَةٍ مِّمَّا تَعُدُّوْنَ ۝٥

၅။ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ ပထဝီမြေအထိ *အမှုကိစ္စအရပ်ရပ်တို့ကို* စီမံခန့်ခွဲတော်မူ၏။ ၂ ထို့နောက် ယင်းအမှုကိစ္စတို့မှာ အသင်တို့ရေတွက်ကြကုန်သော အရေအတွက်ဖြင့် အနှစ်တထောင်အတိုင်း အတာရှိသော နေ့တနေ့တွင် ၃ ထိုအရှင်မြတ် အထံတော်သို့ တက်သွားပေမည်။ ၄

---

① "အကြင်သူများအား အသင်သတိပေးရန်ဖြစ်သည်။ ၎င်းတို့ထံသို့ အသင့်အလျင် သတိပေးနှိုးဆော်သူ တဦးတယောက်မျှ မလာခဲ့ဘူးချေ။" သတိပေးနှိုးဆော်သူ တဦးတစ်ယောက်မျှ မလာရောက်ခဲ့ဘူးသော ထိုအမျိုးသားများကား မည်သူများနည်း။

အဆိုတရပ်အရ အဆိုပါအမျိုးသားများသည် အကြင်အမျိုးသားများပင် ဖြစ်ကြသည်။ ၎င်းတို့သည် တမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလ္လမ်)နှင့် တမန်တော် အစ္စမာအီလ်(အလိုင်ဟစ္စလ္လမ်)၏ သာသနာကိုမွန်မြိုပြီးနောက် အာရေဗျတိုင်းပြည်တွင် လာရောက်နေထိုင်ကာ ကုဖ်ရ်၊ရှရစ်က် အမှုများတွင် နစ်မွန်းသွားခဲ့ကြလေသည်။ အေမာမ်ရာဇီ၏ အဆိုမှာလည်း ဤအတိုင်းပင် ဖြစ်သည်။

အခြားအဆိုတစ်ရပ်အရ အဆိုပါအမျိုးသားများသည် တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)နှင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏စပ်ကြားတွင် တမန်တော်တစ်ပါးမျှ မပွင့်ခဲ့ဘူးသည့် စပ်ကြားခေတ်ရှိ အရဗ်အမျိုးသားများကို ဆိုလိုသည်။

② စကြာဝဠာအဝှန်းရှိ အရာခပ်သိမ်းကုန်တို့ကို ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ပြုစုပျိုးထောင်မှု၊ ➤➤

ذَٰلِكَ عَٰلِمُ ٱلْغَيْبِ وَٱلشَّهَٰدَةِ ٱلْعَزِيزُ ٱلرَّحِيمُ ۝٦

၆။ ထိုအရှင်မြတ်သည်ပင် ဖုံးကွယ်လျက်ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူသော၊ တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော၊ အလွန်တရာသနားကြင်နာတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

ٱلَّذِىٓ أَحْسَنَ كُلَّ شَىْءٍ خَلَقَهُۥ وَبَدَأَ خَلْقَ ٱلْإِنسَٰنِ مِن طِينٍ ۝٧

၇။ အကြင် အရှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သောအရာဝတ္ထုတိုင်းကို ကောင်းမွန်စွာ ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။ [၃] ၎င်းပြင် ထိုအရှင်မြတ်သည် လူသားအား ဖန်ဆင်းခြင်းကို ရွံ့ညွန်ဖြင့်အစပြုတော်မူခဲ့၏။

ثُمَّ جَعَلَ نَسْلَهُۥ مِن سُلَٰلَةٍ مِّن مَّآءٍ مَّهِينٍ ۝٨

၈။ ထို့နောက် ထိုအရှင်မြတ်သည် ထိုလူသား၏ အဆက်အနွယ်တို့ကို ညှစ်ထုတ်ထားသော အဖိုးမတန်သော ရေဖြင့် ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။

ثُمَّ سَوَّىٰهُ وَنَفَخَ فِيهِ مِن رُّوحِهِۦ

၉။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းအား နေထားကျနစွာ ပြုလုပ်တော်မူ၍ ၎င်း(၏ ခန္ဓာကိုယ်အတွင်း)၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။

➢➢ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုအစုစုတို့သည် အလွှာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာရှိပေသည်။ ထိုအရှင်မြတ်သည် စကြာဝဠာအဝှန်းကို တစ်ခါဖန်ဆင်းတော်မူပြီးနောက် ဘေးမဲ့ လျစ်လျူပြုထားတော်မူသည် မဟုတ်ပေ။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကြီးကြပ်တော်မူလျက်၊ စီမံခန့်ခွဲတော်မူလျက်၊ ခြယ်လှယ်တော်မူလျက် ရှိတော်မူပေသည်။

(၃) ဤအာယတ်တော်တွင်ပါရှိသော (ဖီယောင်မင်နဲ်) "တနေ့တွင်" ဟူသည် ကိယာမတ်နေ့ကိုပင် ဆိုလိုသည်။ ထို့နေ့တွင် စီမံခန့်ခွဲမှုအစုစု၊ အပြုအမူ ဟူသမျှတို့သည် အလွှာဟ်အရှင်မြတ်၏ ရှေ့မှောက်သို့ ရောက်လာပေမည်။ ကိယာမတ်နေ့သည့် ပြင်းထန်လှသည့်အတွက်၊ ကြောက်ရွံ့ဖွယ်ကောင်းလှသည့်အတွက် အချို့လူများအဖို့ နှစ်ပေါင်းတထောင်မက နှစ်ပေါင်းငါးသောင်းတမျှ ရှည်လျားနေသည်ဟူ၍ပင် ထင်မှတ်ရပေမည်။ (မာဂျိဒီ၊ထာနဝီ)

(၄) ထို့နောက် ကမ္ဘာသက်တမ်း ကုန်ဆုံးသွားသည့် တနေ့တွင် (ဝါ)ကိယာမတ်နေ့တွင် ထိုသည့် စီမံခန့်ခွဲမှုအစုစုတို့သည် အရှင်မြတ် ထံတော်ပါးသို့ ပြန်လည်ရောက်ရှိသွားပေမည်။

(၅) အလွှာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသမျှသော အရာအားလုံးတို့သည် သူ့နေရာနှင့်သူ သူ၏ ရည်ရွယ်ချက်နှင့်သူ၊ ပုံပန်းသဏ္ဌာန်အနေအထား၊ အချိုးအစား အဆင်ပြေလှသည်သာ ဖြစ်သည်။

وَجَعَلَ لَكُمُ السَّمْعَ وَالْأَبْصَارَ وَالْأَفْـِٔدَةَ ۖ قَلِيلًا مَّا تَشْكُرُونَ ﴿٩﴾

ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အဖို့ နားကိုလည်းကောင်း၊ မျက်စိများကိုလည်းကောင်း၊ စိတ်နှလုံးများကိုလည်းကောင်း၊ ပြုလုပ်ပေးသနားတော်မူခဲ့၏။ (သို့ပါလျက်) အသင်တို့သည် အနည်းငယ်သာလျှင် ကျေးဇူးတင်ကြကုန်သတည်း။ [၁]

وَقَالُوٓا۟ أَءِذَا ضَلَلْنَا فِى الْأَرْضِ أَءِنَّا لَفِى خَلْقٍ جَدِيدٍ ۢ بَلْ هُم بِلِقَآئِ رَبِّهِمْ كَٰفِرُونَ ﴿١٠﴾

၁၀။ စင်စစ် ၎င်းတို့က "အသို့ပါနည်း၊ ကျွန်ုပ်တို့သည် မြေထဲ၌ ဆွေးမြည့်ပျောက်ပျက် သွားခဲ့ကြသော အခါ အသစ်ပြန်၍ ဖန်ဆင်းခြင်းကို ခံကြရဦးမည်လော" ဟုဆိုကြကုန်၏။ စင်စစ်မှာမူကား၊ ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် တွေ့ဆုံမှုကိုပင် ငြင်းပယ်သူများ ဖြစ်ကြကုန်၏။

قُلْ يَتَوَفَّىٰكُم مَّلَكُ ٱلْمَوْتِ ٱلَّذِى وُكِّلَ بِكُمْ ثُمَّ إِلَىٰ رَبِّكُمْ تُرْجَعُونَ ﴿١١﴾

၁၁။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့နှင့်ပတ်သက်၍ ခန့်အပ်ထားခြင်းခံရလေသော သေမင်းတမန်သည် အသင်တို့၏အသက်ဇီဝိန်ကို နှုတ်သိမ်းလေသည်။ ထို့နောက် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ပင် ပြန်ရောက်စေခြင်းကို ခံကြရကုန်အံ့သတည်း။

---

① **နား၊ မျက်စိ၊ နှလုံး၊**

အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ ဖခင်ကြီးအာဒမ်အား မြေဖြင့်ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ဖခင်ကြီးအာဒမ်၏ မျိုးနွယ် (လူအဆက်)ကို ရေဖြင့်ဖန်ဆင်းတော်မူ၏။ လူသားအဖို့ အရာရာကို ကြားနာ၍မြင်၊ ဆင်ခြင်နိုင်ရန်အတွက် နား၊မျက်စိနှင့် နှလုံးများကို ဖန်ဆင်းပေးထားတော်မူ၏။

လူသားသည် နားဖြင့် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်လာဒေသနာတော်များကို ကြားနာရမည်။ မျက်စိဖြင့် သဘာဝသက်သေလက္ခဏာတော်များကို ရှုမြင်ရမည်။ ထို့နောက် မိမိကြားနာ ရှုမြင်ထားသည့် အချက်များကို စိတ်နှလုံးဖြင့် တိကျမှန်ကန်စွာ စဉ်းစားဆင်ခြင်မြော်မြင်ရမည်။ နားလည်သဘောပေါက်ရမည်။ ဝေဖန်ပိုင်းခြား ဆုံးဖြတ်ရမည်။ လိုက်နာကျင့်သုံးရမည်။ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ရမည်။

وَلَوْ تَرَىٰٓ إِذِ ٱلْمُجْرِمُونَ نَاكِسُوا۟ رُءُوسِهِمْ عِندَ رَبِّهِمْ رَبَّنَآ أَبْصَرْنَا وَسَمِعْنَا فَٱرْجِعْنَا نَعْمَلْ صَٰلِحًا إِنَّا مُوقِنُونَ ﴿١٢﴾

၁၂။ အကယ်၍ အသင်တွေ့မြင်ပါလျှင် ထူးဆန်းစွာ တွေ့မြင်ရပေမည်။ အကြင်အခါဝယ် အပြစ်ရှိသူတို့သည် (လွန်စွာ ရှက်ကြောက်၍) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်တွင် မိမိတို့၏ဦးခေါင်းများကို စိုက်ချလျက် (ရပ်ကြကာ) "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် (ယခုသော်)ကျွန်တော်မျိုးတို့သည် မြင်လည်း မြင်ကြပါပြီ၊ ကြားလည်း ကြားကြပါပြီ။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ကမ္ဘာလောကသို့) ပြန်၍ ပို့ပေးတော်မူပါ။ (ယခုတကြိမ်သော်ကား) ကျွန်တော်မျိုးတို့သည် ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြပါတော့မည်။ (ယခုသော်) ကျွန်တော်မျိုးတို့သည် ဧကန်မလွဲ ကောင်းစွာ ယုံကြည်သူများပင် ဖြစ်ကြပါပြီ" (ဟု လျှောက်ထားအသနားခံကြပေမည်၊)

وَلَوْ شِئْنَا لَءَاتَيْنَا كُلَّ نَفْسٍ هُدَىٰهَا وَلَٰكِنْ حَقَّ ٱلْقَوْلُ مِنِّى لَأَمْلَـَٔنَّ جَهَنَّمَ مِنَ ٱلْجِنَّةِ وَٱلنَّاسِ أَجْمَعِينَ ﴿١٣﴾

၁၃။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် လူတိုင်းလူတိုင်းအား ၎င်းတို့၏ တရားလမ်းမှန်ကို ပေးတော်မူခဲ့မည်ဖြစ်၏။ သို့ရာတွင် မုချဧကန် ငါအရှင်မြတ်သည် ဂျင်္ကန်သတ္တဝါများဖြင့်လည်းကောင်း၊ လူသတ္တဝါများဖြင့်လည်းကောင်း၊ တပြိုင်နက်တည်း "ဂျဟန္နမ်" ငရဲဘုံကို ဖြည့်တော်မူမည်ဟူသောအမိန့်တော်သည် ငါအရှင်မြတ်အထံတော်မှ အတည်ပြုပြီးဖြစ်၏။ ②

---

② ဤအကြောင်း ကုရ်အာန် (၃၂း၇၁မှစ၍)တွင် လာရှိဦးမည်။

ဤအာယတ်တော်နှင့်အနက်တူ အာယတ်တော်များသည် ကုရ်အာန် (၁၁း၁၁၈နှင့်၁၁၉) တွင်လည်း ပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း ရေးသားခဲ့ချေပြီ။ ပြန်လည်ရှုပါကုန်။

فَذُوقُوا بِمَا نَسِيتُمْ لِقَاءَ يَوْمِكُمْ هَٰذَا إِنَّا نَسِينَاكُمْ وَذُوقُوا عَذَابَ الْخُلْدِ بِمَا كُنتُمْ تَعْمَلُونَ ﴿١٤﴾

၁၄။ (သို့ဖြစ်ပေရာ ၎င်းတို့သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ဤသို့ပြောဆိုခြင်းကို ခံကြရပေမည်။) "ယခုသော် အသင်တို့သည် မိမိတို့၏ ဤနေ့ဤရက်နှင့် တွေ့ဆုံကြရမည်ကို မေ့ပျောက်ခဲ့ခြင်း၏ အရသာကို မြည်းစမ်းကြကုန်လော့။ ငါ အရှင်မြတ်သည်လည်း အသင်တို့အား မေ့ထားတော်မူပြီ။ ၎င်းပြင် အသင်တို့သည် မိမိတို့ကျင့်မူလျက်ရှိခဲ့ကြကုန်သော အကျင့်အမူများကြောင့် ထာဝရပြစ်ဒဏ်၏အရသာကို (မြိန်ရှက်စွာ) မြည်းစမ်းကြကုန်လော့။

إِنَّمَا يُؤْمِنُ بِآيَاتِنَا الَّذِينَ إِذَا ذُكِّرُوا بِهَا خَرُّوا سُجَّدًا وَسَبَّحُوا بِحَمْدِ رَبِّهِمْ وَهُمْ لَا يَسْتَكْبِرُونَ ﴿١٥﴾ ۩

၁၅။ ငါအရှင်မြတ်၏ အာယတ်တော်များကို အကြင်သူတို့သည်သာလျှင် သက်ဝင်ယုံကြည်ကြကုန်၏။ ထိုသူတို့သည် ယင်းအာယတ်တော်များဖြင့် သတိပေးခြင်းကိုခံခဲ့ကြရသောအခါ ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်ဝယ်) "စဂျဒဟ်" ပျပ်ဝပ်ဦးချလျက်ကျလာကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အရှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုကြသည့်ပြင် ၎င်းတို့သည် မာနထောင်လွှားခြင်းလည်း မရှိကြပေ။ (စဂျဒဟ်)

تَتَجَافَىٰ جُنُوبُهُمْ عَنِ الْمَضَاجِعِ يَدْعُونَ رَبَّهُمْ خَوْفًا وَطَمَعًا وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿١٦﴾

၁၆။ ထိုသူတို့၏ နံဘေးများသည် အိပ်ရာများမှ ခွဲခွာလျက်ရှိကြပေသည်။ ထိုသူတို့သည် မိမိတို့၏ အရှင်မြတ်အား ကြောက်ရွံ့စွာလည်းကောင်း၊ မျှော်လင့်စွာလည်းကောင်း၊ ဟစ်ခေါ် တ,သကြသည့်ပြင် ၎င်းတို့အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲလှူဒါန်းခြင်းကိုလည်း ပြုလုပ်ကြသည်။

فَلَا تَعْلَمُ نَفْسٌ مَّآ أُخْفِيَ لَهُم مِّن قُرَّةِ أَعْيُنٍ جَزَآءًۢ بِمَا كَانُوا يَعْمَلُونَ ﴿١٧﴾ أَفَمَن كَانَ مُؤْمِنًا كَمَن كَانَ فَاسِقًا لَّا يَسْتَوُۥنَ ﴿١٨﴾ أَمَّا ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ فَلَهُمْ جَنَّٰتُ ٱلْمَأْوَىٰ نُزُلًۢا بِمَا كَانُوا۟ يَعْمَلُونَ ﴿١٩﴾

၁၇။ စင်စစ်သော်ကား မိမိတို့အဖို့ မိမိတို့ ကျင့်မှုလျက်ရှိခဲ့ကြသည်များ၏ အကျိုးကျေးဇူးအဖြစ် လျှို့ဝှက်စွာထားရှိပြီးဖြစ်သော မျက်စိအေးမြကြည်လင်မှုကို မည်သူတဦးတယောက်မျှပင် မသိပြီတကား။ ၁

၁၈။ သို့ဖြစ်ပေရာ မုအ်မင်န် သက်ဝင်ယုံကြည်သူသည် အမိန့်တော်ကို ဖီဆန်သောသူကဲ့သို့ ဖြစ်ပါသလော။ (အလျှင်းမဟုတ်)၊ ၎င်းတို့သည် မတူကြပေ။

၁၉။ မည်သို့ပင်ဖြစ်စေ၊ "အီမာန်" သက်ဝင်ယုံကြည်မှုထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့အဖို့ ၎င်းတို့ကျင့်မှုလျက်ရှိခဲ့ကြသည့် (ကောင်းမြတ်သော) အကျင့်အမူများကြောင့် ဇည့်ခံသောအားဖြင့် ခိုလှုံနေထိုင်ရာ ဥယျာဉ်များ ရှိကြပေမည်။

---

① **<u>မုအ်မင်န်တို့၏ ဂုဏ်ရည်များနှင့် အကျိုးဆက်၊</u>**

မုအ်မင်န်သူတော်စင်များသည်-

(၁) အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ကြားနာကြရသောအခါ၊ ထိုအရှင်မြတ်အား ပျပ်ဝပ်ဦးချကြသည်။

(၂) နှုတ်ဖြင့် ထိုအရှင်မြတ်အား ဂုဏ်တော်မွမ်းကြသည်။

(၃) စိတ်နှလုံးများတွင် မောက်မာပလွား ဝါကြွားမှုကို စိုးစဉ်းမျှမထားရှိကြပေ။

(၄) ၎င်းတို့သည် နေ့အချိန်များတွင် မဆိုထားဘိ၊ ညအချိန်သန်းခေါင်ယံတွင်ပင် နိုးကြားလျှက် 'တဟဂ်ဂျုဒ်'ဆွလာတ် ဝတ်ပြုကြသည်။

(၅) မိမိတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသည့် ဥစ္စာပစ္စည်းများအနက် အချို့အဝက်ကို ထိုအရှင်မြတ်၏ လမ်းတော်၌လှူဒါန်းကြသည်။

(၆) ၎င်းတို့သည် အခါခပ်သိမ်း ထိုအရှင်မြတ်ထံတော်၌သာ ဆိုးကျိုးကိုကြောက်ရွံ့စွာဖြင့် လည်းကောင်း၊ ကောင်းကျိုးကိုမျှော်လင့်စွာဖြင့် လည်းကောင်း၊ ဆုပန်ကြားကြသည်။

ထိုသို့အလ္လာဟ် အရှင်မြတ်အား စိတ်စေတနာ ဖြူစင်စွာဖြင့် ပရိယာယ်မဖက်၊ အလ္လာဟ်အတွက်သက်သက် ဝတ်ပြုကြသည့်အတွက် အလ္လာဟ်အရှင်မြတ်ကလည်း ယင်းသို့သော မုအ်မင်န်သူတော်စင်များအဖို့ ဂျန္နတ်တွင် မည်သည့်မျက်စိကမျှ မမြင်ဘူးသော၊ မည်သည့်နားကမျှ မကြားဘူးသော၊ မည်သူတစ်ဦးတယောက်၏ စိတ်နှလုံးတွင်မျှ အတွေးမသက်ရောက်ဘူးသော အမတသုခများကို အသင့်စီစဉ်ထားတော်မူသည်။

وَأَمَّا الَّذِينَ فَسَقُوا فَمَأْوَاهُمُ النَّارُ ۖ كُلَّمَا أَرَادُوا أَنْ يَخْرُجُوا مِنْهَا أُعِيدُوا فِيهَا وَقِيلَ لَهُمْ ذُوقُوا عَذَابَ النَّارِ الَّذِي كُنْتُمْ بِهِ تُكَذِّبُونَ ﴿٢٠﴾

၂၀။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အမိန့်တော်ကို ဖီဆန်ခဲ့ကြကုန်သော သူတို့၏ခိုလှုံရန်ဌာနမှာမူကား ငရဲပင်ဖြစ်လေ၏။ ၎င်းတို့သည် မည်သည့်အခါမျိုးမဆို ယင်းငရဲမှထွက်ရန် ကြံရွယ်ခဲ့ကြလျှင် ထိုငရဲမီးထဲသို့ပင် ပြန်လည်တွန်းပို့ခြင်းကို ခံကြရပေမည်။ ဆိုမှတပါး၊ ၎င်းတို့မှာ "အသင်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲခြင်းပယ်လျက် ရှိခဲ့ကြကုန်သော ငရဲမီး၏ ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်" ဟု ပြောဆိုခြင်းကိုလည်း ခံကြရပေမည်။

وَلَنُذِيقَنَّهُمْ مِنَ الْعَذَابِ الْأَدْنَىٰ دُونَ الْعَذَابِ الْأَكْبَرِ لَعَلَّهُمْ يَرْجِعُونَ ﴿٢١﴾

၂၁။ ထိုမှတပါး၊ ၎င်းတို့သည် (မိမိတို့၏သွေဖည်မှု တွဖက်ရှိုင်းယှဉ် ကိုးကွယ်မှုများကို စွန့်ပြီး) ပြန်လှည့်၍လာကြအံ့သောငှာ မုချစင်စစ် ငါအရှင်မြတ်သည် ၎င်းတို့အား ထိုကြီးစွာသောပြစ်ဒဏ်အပြင် ဤပစ္စက္ခတွင်ပင် သေးငယ်သော ပြစ်ဒဏ်ကိုလည်း မြည်းစမ်းစေအုံးမည်။ [၁]

وَمَنْ أَظْلَمُ مِمَّنْ ذُكِّرَ بِآيَاتِ رَبِّهِ ثُمَّ أَعْرَضَ عَنْهَا ۚ إِنَّا مِنَ الْمُجْرِمِينَ مُنْتَقِمُونَ ﴿٢٢﴾

၂၂။ အကြင်သူထက်ပို၍ မတရားသောသူသည် မည်သူရှိအုံနည်း။ ထိုသူသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အာယတ်တော်များအားဖြင့် သတိပေးခြင်းခံခဲ့ရသည်။ ထို့နောက် ထိုသူသည် ယင်းအာယတ်တော်များမှ မျက်နှာလွှဲခဲ့၏။ ဧကန်မလွဲ ငါအရှင်မြတ်သည် အပြစ်ရှိသူတို့အား တုံ့ပြန်လက်စားချေတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① ကာဖိရ်များသည် နောင်တမလွန်ဘဝတွင် အတိုင်းမသိ အလွန်ကြီးမားသော ပြစ်ဒဏ်ကို ခံစားကြရမည်မှာ အမှန်ပင်။ သို့ပင်တစေ အလျှာဟ်အရှင်မြတ်သည် ၎င်းတို့အား နောင်တတရားရစိမ့်သောငှာ နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ကြီးအလျင် ဤပစ္စက္ခမှာပင် ထိုပြစ်ဒဏ်ကြီးတမျှ မကြီးလေးလှသည့် ပြစ်ဒဏ်ငယ်များကို ဥပမာ-ရောဂါကပ်ခြင်း၊အသတ်ခံရခြင်း။ အချုပ်အနောင်ခံရခြင်း၊ ဥစ္စာပစ္စည်း၊ သားသမီးပျက်စီးခြင်းစသည့် ➤➤

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَلَا تَكُنْ فِيْ مِرْيَةٍ مِّنْ لِّقَآئِهٖ وَجَعَلْنٰهُ هُدًى لِّبَنِيْٓ اِسْرَآءِيْلَ ﴿٢٣﴾

၂၃။ ၎င်းပြင် မလွဲဧကန် ငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာအားလည်း ကျမ်းဂန် ဓမ္မကွန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ရာ အသင်သည် ဤ(ကုရ်အာန်)ကျမ်းတော်ကို ရရှိခြင်းနှင့်စပ်လျဉ်း၍ မည်သို့မျှ ဒွိဟသံသယ မရှိလေနှင့်။ ထိုမှတပါး၊ ငါအရှင်မြတ်သည် (နဗီတမန်တော်မူစာအား ချီးမြှင့်တော်မူခဲ့သော) ယင်းကျမ်းဂန်ဓမ္မကွန်ကို အစ္စရာအီလီမျိုးနွယ်တို့အဖို့ တရားလမ်းညွှန်ပြုလုပ်တော်မူခဲ့၏။

وَجَعَلْنَا مِنْهُمْ اَئِمَّةً يَّهْدُوْنَ بِاَمْرِنَا لَمَّا صَبَرُوْا ؕ وَكَانُوْا بِاٰيٰتِنَا يُوْقِنُوْنَ ﴿٢٤﴾

၂၄။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ထိုအစ္စရာအီလီမျိုးနွယ်တို့အနက် ၎င်းတို့သည် သည်းခံခဲ့ကြသောအခါ၊ ရှေ့ဆောင်ရှေ့ရပ်များ ပြုလုပ်ခန့်အပ်တော်မူခဲ့၏။ ထိုရှေ့ဆောင်ရှေ့ရပ်တို့သည် ငါအရှင်မြတ်၏အမိန့်တော်နှင့် တရားလမ်းညွှန်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ငါအရှင်မြတ်၏ အာယတ်တော်များကို ယုံကြည်သူများလည်း ဖြစ်ခဲ့ကြကုန်၏။

اِنَّ رَبَّكَ هُوَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ﴿٢٥﴾

၂၅။ ဧကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ("မုအ်မင်န်" သက်ဝင်ယုံကြည်သူများနှင့် "မုရှ်ရစ်က်" တွဲဖက်ရှိုင်းယှဉ်ကိုးကွယ်) သူတို့၏အကြားဝယ် ၎င်းတို့ သဘောကွဲလွဲလျက် ရှိခဲ့ကြကုန်သောအရေးကိစ္စနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူအံ့သတည်း။ ②

➤➤ လောကီဆိုင်ရာ ဒုက္ခကြီးငယ်များကိုလည်း ခံစားစေတော် မူဦးမည်ဖြစ်သည်။ စဉ်းစားဆင်ခြင်ကြည့်ပါက နောင်တတရား ရလိုသူများအဖို့ ဤမျက်မှောက်ဘဝတွင် တွေ့ကြုံခံစားကြရသော ဒုက္ခကြီးငယ်များသည် ကြိုတင်သတိပေး နိုးဆော်ချက်များပင်။ ပြစ်ဒဏ်ကြီးမှ လွတ်မြောက်စေသည့် ပြစ်ဒဏ်ငယ်များပင်။ တနည်းဆိုသော် ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ပင်။

② **တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လမ်)အား နှစ်သိမ့်စေတော်မူခြင်း၊**

အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ➤➤

➢➢ ဝစလွမ်)နှင့် နောက်လိုက်တပည့်သား မုစ်လင်မ်တို့အား တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)နှင့် နောက်လိုက်တပည့်သား အစ္စရာအီလီမျိုးနွယ်ဝင်များ၏ အကြောင်းကို ထုတ်ဖော်မိန့်ကြားတော်မူပြီး နှစ်သိမ့်စေထားတော်မူသည်။

အလိုသဘောမှာ အလွှာဟ်အရှင်မြတ်သည်

(၁) တမန်တော်မူစာ(အလိုင်ဟဝစ္စလာမ်)အား 'တောင်ရာတ်ကျမ်း' ကို ချီးမြှင့်တော်မူခဲ့သည်။ တမန်တော်မူစာသည် တောင်ရာတ်ကျမ်းကို ဖြန့်ချီရာတွင် ဒုက္ခကြီးငယ်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလွမ်)သည်လည်း ထိုသို့ပင် ရင်ဆိုင်ရမည်သာ ဖြစ်သည်။ စိတ်အားငယ်ရန်မဟုတ်။

(၂) အလွှာဟ်အရှင်မြတ်သည် တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)အား တောင်ရာတ်ကျမ်း ချီးမြှင့်ထားတော်မူသကဲ့သို့ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလွမ်)ကိုလည်း ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှင့်ထားတော်မူသည်။ တမန်တော်ဒေဝသည် ကျမ်းဂန်ရ တမန်တော်တပါး ဖြစ်ပေရာ၊ အချို့သူမိုက်များ၏ သွေဖည်ကျောခိုင်းမှုများကြောင့် စိတ်အားမလျော့ရာ။

(၃) အလွှာဟ်အရှင်မြတ်သည် တောင်ရာတ်ကျမ်းကို အစ္စရာအီလီ မျိုးနွယ်ဝင်များအဖို့ တရားလမ်းညွှန် ပြုလုပ်ထားတော်မူသကဲ့သို့ တမန်တော်မြတ် ချီးမြှင့်တော်မူခြင်းခံရသော ကုရ်အာန်ကျမ်းမြတ်ကိုလည်း ကမ္ဘာတဝန်းအဖို့ တရားလမ်းညွှန် ပြုလုပ်ထားတော်မူသည်။ ကုရ်အာန်ကျမ်းမြတ်၏ ကျေးဇူးတော်ဖြင့် မြောက်မြားစွာသောကမ္ဘာသူ၊ ကမ္ဘာသားများ တရားရကြပေမည်။ ဤကား ဝမ်းသာဖွယ်ရာပင်။

(၄) အစ္စရာအီလီမျိုးနွယ်ဝင်များသည် အလွှာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ယုံကြည်မြတ်နိုး၍ သာသနာ့ရေးရာတွင် ဒုက္ခကြီးငယ်များအပေါ်၌ သည်းခံခဲ့ကြသည့်အခါ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့တွင် များစွာသော ရှေ့ဆောင်ရှေ့ရပ်များ ခန့်အပ်တော်မူခဲ့သည်။ ထို့အတူ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလွမ်)၏ နောက်လိုက်တပည့်သား တို့အားလည်း ဒေသနာတော်များကို ယုံကြည်မြတ်နိုးကြ၊ သည်းခံကြလျှင်၊ ရှေ့ဆောင်ရှေ့ရပ်များ ခန့်အပ်တော်မူမည်သာဖြစ်သည်။ ဤသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလွမ်)၏ တပည့်သားတို့အဖို့ ဝမ်းသာဖွယ်ရာပင်။

(၅) ထို့ပြင်တဝ ဤမျက်မှောက်ကာလတွင် လူသားတို့ကွဲလွဲနေကြသော ပြဿနာအရပ်ရပ်နှင့်စပ်လျဉ်း၍ အလွှာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် လက်တွေ့အဆုံးအဖြတ်ပေးတော်မူမည်ဖြစ်သည်။ (၀၊) မုအ်မင်နှတို့အား ဂျန္နတ်တွင် စံစားစေတော်မူ၍ ကာဖိရ်တို့အား ဂျဟန္နမ်သို့ လားစေတော်မူမည်။ ကိယာမတ်ကား မဝေးလှပြီ။ ဤသည်လည်း မုအ်မင်နှတို့အဖို့ ဝမ်းသာဖွယ်ရာပင်။ (ကြည့်-ထာနဝီ)။

ခုတ်ချက်။

ဤအာယတ်တော် (၃၂:၂၃) ၌ လာရှိသော "လိကာအိဟီ"ဟူသော ပုဒ်တွင် ပါရှိသည့် "ဟီ"ဟူသော နာမ်စားသည် ကျမ်းဂန်ကိုရည်ညွှန်းသည်။ တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)အား ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလွမ်)သည် "မိအ်ရာဂျ်" ညတွင် တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)နှင့်လည်း တွေ့ဆုံတော်မူခဲ့ပေသည်။

أَوَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّنَ الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ ۖ أَفَلَا يَسْمَعُونَ ﴿٢٦﴾

၂၆။ ငါအရှင်မြတ်သည် ၎င်းတို့အလျင် မြောက်မြားစွာသောမျိုးနွယ်တို့ကို (သွေဖည်မှု၊ တွဲဖက်နှိုင်းယှဉ်ကိုးကွယ်မှုများကြောင့်) ဖျက်ဆီးတော်မူခဲ့၍၊ ၎င်းတို့သည် (ဖျက်ဆီးခြင်းခံခဲ့ကြရသော)သူတို့၏ နေထိုင်ရာဒေသများ၌ (ဖြတ်သန်း) သွားလာလျက် ရှိကြသည်။ ဤသည် ၎င်းတို့အဖို့ တရားလမ်းညွှန် မဖြစ်လေသလော။ ဧကန်စင်စစ် ဤ(ဖြစ်ရပ်)၌ အမှန်ပင် သက်သေ အထောက်အထားများသည် ရှိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် မကြားကြလေသလော။ ①

أَوَلَمْ يَرَوْا أَنَّا نَسُوقُ الْمَاءَ إِلَى الْأَرْضِ الْجُرُزِ فَنُخْرِجُ بِهِ زَرْعًا تَأْكُلُ مِنْهُ أَنْعَامُهُمْ وَأَنْفُسُهُمْ ۖ أَفَلَا يُبْصِرُونَ ﴿٢٧﴾

၂၇။ ၎င်းတို့သည် စဉ်းစားဆင်ခြင်တွေးခေါ်မြင်ကြသည်မဟုတ်လော၊ ဧကန်အမှန် ငါအရှင်မြတ်သည် (မိုး)ရေကို ခြောက်သွေ့လျက်ရှိသောမြေယာသို့ မောင်းနှင်ပို့ပေးတော်မူ၏။ ထို့နောက် ငါအရှင်မြတ်သည် ထိုမိုးရေဖြင့် ကောက်ပဲသီးနှံများကို ထွက်စေတော်မူ၏။ ထို(ပေါက်ရောက်သော) ကောက်ပဲသီးနှံတို့မှ ၎င်းတို့၏ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း စားကြကုန်၏။ ၎င်းတို့ကိုယ်တိုင်လည်း စားသုံးကြကုန်၏။ သို့ပါလျက် ၎င်းတို့သည် မမြင်ကြလေသလော။

---

① **သတိမမူ ဝူမမြင်။**

အမှန်နှင့်အမှား၊ မှုအမင်နှံနှင့်ကာဖိရ်တို့စပ်ကြား၊ ကိယာမတ်နေ့တွင် ထင်ရှားပြတ်သားစွာ အဆုံးအဖြတ်ကျမည်ကား အမှန်ပင်။ သို့ပင်တစေ ဤပစ္စက္ခတွင်လည်း စဉ်းစားဆင်ခြင် မြော်မြင်လိုသူများအဖို့ စဉ်းစားဆင်ခြင်နိုင်ရန် ဖြစ်ရပ်များကား မနည်းပေ။ အာဒံ၊ ဆမူဒ်စသည့် အမျိုးသားများသည် ကုဖ်ရ်၊ ရှရစ်က်မှုများတွင် နစ်မွန်းနေခဲ့ကြသည့်အတွက် ဤပစ္စက္ခ၌ပင် ပြစ်ဒဏ်သင့်၍ မရှုမလှသေကြေ ပျက်စီးသွားခဲ့ကြရချေပြီ။ ဤကား ကမ္ဘာသမိုင်းစဉ်တွင် အထင်အရှားပင်။ အထူးသဖြင့် အရဗ်အမျိုးသားတို့သည် ထိုသို့ သေကြေပျက်စီးသွားခဲ့ကြသော အာဒံ၊ ဆမူဒ် စသည့် အမျိုးသားတို့ နေထိုင်ရာဒေသများကို နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာလျက် ရှိကြပေသည်။ သင်ခန်းစာ ယူနိုင်ကြပေသည်။ သတိမမူ၍ ဝူမမြင်က သတိမမူသူ၏ အပြစ်သာ ဖြစ်ချိမ့်မည်။

وَيَقُولُونَ مَتَىٰ هَٰذَا الْفَتْحُ إِن كُنتُمْ صَادِقِينَ ﴿٢٨﴾

၂၈။ ထိုမှတပါး၊ ၎င်းတို့က "အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြပါလျှင် ဤစီရင် ဆုံးဖြတ်မှုသည် မည်သည့်အခါ၌ ဖြစ်အံ့နည်း" ဟု ပြောဆိုကြကုန်၏။

قُلْ يَوْمَ الْفَتْحِ لَا يَنفَعُ الَّذِينَ كَفَرُوا إِيمَانُهُمْ وَلَا هُمْ يُنظَرُونَ ﴿٢٩﴾

၂၉။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) ထို စီရင်ဆုံးဖြတ်ကြမည့်နေ့တွင် "ကာဖိရ်" သွေဖည ငြင်းပယ်ခဲ့ကြကုန်သော သူတို့၏ယုံကြည်မှုသည် ၎င်းတို့အား အကျိုးပေးမည် မဟုတ်ပေ။ ထိုမှတပါး၊ ၎င်းတို့သည် ရွှေ့ဆိုင်းခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

فَأَعْرِضْ عَنْهُمْ وَانتَظِرْ إِنَّهُم مُّنتَظِرُونَ ﴿٣٠﴾

၃၀။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့(၏)ပြောဆိုမှု)ကို လျစ်လျူရှု၍ (အလွှာဟ် အရှင်မြတ် ချိန်းချက်ထားတော်မူသော အဆုံးအဖြတ်ကိုသာ) စောင့်ဆိုင်းလျက်ရှိပါလေ။ ၎င်းတို့သည်လည်း (မိမိတို့ယူဆချက်အရ အသင့်အား အန္တရာယ်ပြုရန်) စောင့်ဆိုင်း၍နေကြသူများပင်ဖြစ်ကြကုန်သတည်း၊ [၁]

---

① ကိယာမတ်နေ့တွင် အတိအကျ အဆုံးအဖြတ်ကျမည် ဖြစ်ကြောင်းကို ကာဖိရ်များ ကြားသိသောအခါ ကာဖိရ်များသည် သတိသံဃ နောင်တရကာ ကိယာမတ်နေ့၏ ပြစ်ဒဏ်မှလွတ်မြောက်ရန် ကြိုးစားကြရမည့် အစား "ဤအဆုံးအဖြတ်သည် မည်သည့်အခါ ကျအံ့နည်း" ဟူ၍ပင် ပြက်ရယ်သည့်သဘောဖြင့် ပြောဆိုကြသည်။ ကာဖိရ်များကား မိုက်တွင်းနက်ကြပါဘိတကား။ ကိယာမတ်ကား မုချဖြစ်မည်။ ထိုနေ့တွင် အဆုံးအဖြတ် မုချကျမည်။ ထိုနေ့ဆိုက်ရောက်လာသည့်အခါမှ အီမာန်ယုံကြည်ခြင်းသည် ကာဖိရ်များအဖို့ အသို့မျှအကျိုးရှိမည်လည်း မဟုတ်၊ ၎င်းတို့သည် ဆိုင်းငံ့ခွင့် ရရှိကြမည်လည်းမဟုတ်၊ သို့ဖြစ်ပေရာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဤမျှ စိတ်ဓာတ်ခဲယဉ်းသော၊ ဆိုးသွမ်းမိုက်မဲသော၊ ပြစ်ဒဏ်ကို လက်ယပ်ခေါ်နေသော၊ ငရဲတွင်းသို့ ဇွတ်အတင်းဆင်းလိုသော သူမိုက်တို့အား လျစ်လျူပြုကာ ချိန်းချက်ထားတော်မူသည့် အဆုံးအဖြတ်ကို စောင့်ဆိုင်းရန်သာ ရှိပေတော့သည်။ ယင်းကာဖိရ် သူမိုက်များသည်လည်း ၎င်းတို့၏ ထင်မြင်ချက်အရ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၌ ဘေးသင့်မည်ကို စောင့်ဆိုင်းလျက်ပင် ရှိကြပေမည်။ မည်သူ၏စောင့်ဆိုင်းမှုသည် ဖြစ်ရပ်မှန်နှင့်ကိုက်ညီမည်။ မည်သူ နာခေါင်းကျည်ပွေ့. တွေ့ရမည်ကို မကြာမီသိကြရတော့မည်။

မဟာမိတ်များကဏ္ဍ



ဤကဏ္ဍသည် "အဟ်ဇာဗ်" မဟာမိတ်များအကြောင်း ပါဝင်သော ကဏ္ဍမည်၏။
မဒီနာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၇၃)ပါး၊ ရကူအ်အပိုဒ်(၉)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

يٰٓاَيُّهَا النَّبِيُّ اتَّقِ اللّٰهَ وَلَا تُطِعِ الْكٰفِرِيْنَ وَالْمُنٰفِقِيْنَ ۭ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ۝۱

၁။ အို-နဗီတမန်တော်၊ အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့၍ပင် နေပါလေ၊ ထို့ပြင် အသင်သည် "ကာဖိရ်" သွေဖည် ငြင်းပယ်သော သူတို့၏ ပြောဆိုချက်ကို လည်းကောင်း၊ "မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်တို့၏ပြောဆိုချက်ကိုလည်း ကောင်း၊ မလိုက်နာပါလေနှင့်။

ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَّاتَّبِعْ مَا يُوْحٰٓى اِلَيْكَ مِنْ رَّبِّكَ ۭ اِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ۝۲

၂။ သို့ရာတွင် အသင်သည် မိမိထံသို့ မိမိအရှင်မြတ်အထံတော်မှ ထုတ်ပြန်ခြင်းခံရသောအမိန့်တော်များကိုသာလျှင် လိုက်နာ ဆောင်ရွက်ပါလေ။

ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်များကို ကောင်းစွာ ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَّتَوَكَّلْ عَلَى اللّٰهِ ؕ وَكَفٰى بِاللّٰهِ وَكِيْلًا ۝٣

၃။ ထိုမှတပါး အသင်သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံပုံလွဲအပ်ပါလေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အရှင်မြတ်အဖြစ် လုံလောက်တော်မူပေသတည်း။ [၁]

مَا جَعَلَ اللّٰهُ لِرَجُلٍ مِّنْ قَلْبَيْنِ فِيْ جَوْفِهٖ ۚ وَمَا جَعَلَ اَزْوَاجَكُمُ الّٰٓـِٔيْ تُظٰهِرُوْنَ مِنْهُنَّ اُمَّهٰتِكُمْ ۚ وَمَا جَعَلَ اَدْعِيَآءَكُمْ اَبْنَآءَكُمْ ؕ

၄။ အလ္လာဟ်အရှင်မြတ်သည် မည်သည့် လူတစ်ဦး တစ်ယောက်အဖို့မျှ ၎င်း၏ခန္ဓာကိုယ်၌ စိတ်နှလုံးနှစ်ခု ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ အကြင်ဇနီးကြင်ရာများကို အသင်တို့၏ မိခင်(အရင်းအခြာ)များ ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ အသင်တို့ ထိုဇနီးမိန်းမတို့အား "အသင်မသည် ကျွန်ုပ်အပေါ်၌ မိခင်ကဲ့သို့ 'ဟရာမ်' ဖြစ်သည်" ဟု ပြောဆို(၍ "ဇိဟာရ်" ပြုလုပ်)ကြကုန်၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့၏မွေးစားသားများကိုလည်း အသင်တို့၏ *သား(အရင်းအခြာ)များ ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။* [၂]

---

① ဆိုလိုသည်ကား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် နောက်နောင်တွင်လည်း ယခင်နည်းတူပင်၊ အလ္လာဟ်အရှင်မြတ်အားသာ ကြောက်ရွံ့ ရိုသေခန့်ညားစွာ နေပါလေ။ ကာဖိရ်နှင့်မုနာဖစ်က်တို့သည် အဘယ်မျှပင် လူအင်အား စုထားကြလင့်ကစား၊ မည်သို့ပင် ကြံစည်ကြလင့်ကစား မိမိတို့၏ မမှန်ကန်သောတောင်းဆိုချက်များကို လိုက်လျောရန် ကြိုးစားကြလင့်ကစား၊ ဉာဏ်နီဉာဏ်နက်ဖြင့် အသို့ပင် အကြံဉာဏ်ပေးကြလင့်ကစား၊ မိမိတို့ဘက်သို့ တနည်းတဖုံ ယိမ်းယိုင်လာအောင် အစွမ်းကုန် ကြိုးစားကြလင့်ကစား ဘမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ၎င်းတို့ကို စိုးစဉ်းမျှပင် ကြောက်ရန်မလို၊ ထောက်ထားရန်မလို၊ ဂရုမူရန်မလို။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်အားသာလျှင် ယခင်နည်းတူ အခါခပ်သိမ်း ကြောက်ရွံ့ရိုသေ ခန့်ညားရန်သာလိုသည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်သော အမိန့်တော်များကိုသာ နာယူကျင့် မူရန်လိုသည်။ အရေးကိစ္စအဝဝတွင် အလ္လာဟ်အရှင်မြတ်အားသာ ယုံပုံလွဲအပ်ထားရန်လိုသည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော၊ အရေးကိစ္စအဝဝကို ပြီးမြောက်ပြည့်စုံအောင် ပြုလုပ်တော်မူနိုင်သောအရှင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အရေးကိစ္စလိုအင်ဆန္ဒအဝဝကို ပြီးပြည့်စုံစေတော်မူမည်သာတည်း။

ذَٰلِكُمْ قَوْلُكُم بِأَفْوَاهِكُمْ ۖ وَاللَّهُ يَقُولُ الْحَقَّ وَهُوَ يَهْدِي السَّبِيلَ ﴿٤﴾

ထိုသည်တို့ကား အသင်တို့ မိမိတို့နှုတ်များဖြင့် ပြောဆိုကြသော အသင်တို့၏ ပြောဆိုချက်မျှပင် ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်မှာမူကား အမှန်ကို မိန့်ကြားတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည်သာလျှင် (ဖြောင့်မတ်သော)လမ်းကို ညွှန်ပြတော်မူ၏။

---

④ အမိုက်ခေတ်၏ မှားယွင်းချက် သုံးရပ်၊

အမိုက်ခေတ်တွင် တစ်ဦးတစ်ယောက်က မိမိ၏ဇနီးအား 'အသင်မသည် ကျွန်ုပ်၏ မိခင်ဖြစ်သည်'ဟု ဆိုလိုက်လျှင် ထိုဇနီးသည် မိခင်အရင်းအခြာ ဖြစ်သွားသည်ဟု ထင်မှတ်ခဲ့ကြ၏။ သို့ထင်မှတ်ခဲ့ကြသည့်အလျောက် ထိုဇနီးသည်ထိုသူအဖို့ တသက်တာလုံး ဟရာမ်ဖြစ်သွားခဲ့၏။ ဤသည် အမှားပင်။

ထို့အတူ အမိုက်ခေတ်တွင် တစ်ဦးတစ်ယောက်အား သားအဖြစ် မွေးစားလိုက်လျှင် မွေးစားသားသည် သားအရင်းအခြာ ဖြစ်သွားသည်ဟု ထင်မှတ်ခဲ့ကြ၏။ သို့ထင်မှတ်ခဲ့ကြသည့်အလျောက် ထိုမွေးစားသားသည် သားအရင်းအခြာဖြစ်ကာ သားအရင်းအခြားတစ်ယောက် ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိသွားခဲ့၏။ ဤသည်လည်း အမှားပင်။

ထို့အတူ အမိုက်ခေတ်တွင် အသိဉာဏ်ထက်မြက်သူ၊ အမြော်အမြင်ကြီးသူ၌ စိတ်နလုံးနှစ်ခုရှိသည်ဟု ထင်မှတ်ခဲ့ကြ၏။ ဤသည်လည်း အမှားပင်။

လူတစ်ဦး၌ စိတ်နလုံးနှစ်ခုမရှိသကဲ့သို့ နှုတ်ဖြင့်ပြောဆိုရုံမျှဖြင့် ဇနီးသည်မိခင်အရင်းအခြာ ဖြစ်မသွားကြောင်း၊ မွေးစားသားသည် သားအရင်းအခြာ ဖြစ်မသွားကြောင်းများကို ဤအာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

မှတ်ချက်။

မိမိ၏ဇနီးအား "ဇိဟာရ်"လုပ်သူများ (၀၊)မိမိ၏ဇနီးအား မိမိ၏မိခင်၏ လျှို့ဝှက်ထားအပ်သော အစိတ်အပိုင်းတစ်ခုခုနှင့် နှိုင်းယှဉ်၍ ဥပမာ- "အသင်မသည် ကျွန်ုပ်၏မိခင်၏ ကျောက်ကုန်းနှင့်တူသည်"ဟု ပြောဆိုသူများ မည်သို့မည်ပုံ လိုက်နာဆောင်ရွက်ကြရမည့်အကြောင်း ကုရ်အာန် (၅၈း၃-၄)တွင် အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။

မှတ်ချက်။

အမိုက်ခေတ်၏သားအဖြစ် မွေးစားခြင်းမျိုးကိုသာလျှင် အစွဲလာမ်က ပိတ်ပင်ခြင်းဖြစ်သည်။ အမိုက်ခေတ်၏ အယူအဆသဘောထားမပါဘဲ တစ်ဦးတစ်ယောက်အား တင်စားသည့်သဘောဖြင့် လည်းကောင်း၊ ချစ်ကြင်သနားသောအားဖြင့်သော် လည်းကောင်း 'သား'ဟု ဆိုခြင်း၊ သားအဖြစ် မွေးစားခြင်း၊ မိမိ၏ပစ္စည်းကို အမွေသဘောမျိုးဖြင့် မဟုတ်ဘဲ(ဟိဗဟ်-Gift) ရိုးရိုးပေးခြင်းများကိုမူ အစွဲလာမ်က မပိတ်ပင်ပေ။

ادْعُوهُمْ لِآبَائِهِمْ هُوَ أَقْسَطُ عِندَ اللَّهِ ۚ فَإِن لَّمْ تَعْلَمُوا آبَاءَهُمْ فَإِخْوَانُكُمْ فِي الدِّينِ وَمَوَالِيكُمْ ۚ وَلَيْسَ عَلَيْكُمْ جُنَاحٌ فِيمَا أَخْطَأْتُم بِهِ وَلَٰكِن مَّا تَعَمَّدَتْ قُلُوبُكُمْ ۚ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۝

၅။ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ ဖခင်များနှင့် ဆက်စပ်ကာ (မည်သူမည်ဝါ၏ သားဖြစ်သည်)ဟု ခေါ်ဝေါ်ကြလေကုန်။ ဤသည်သာလျှင် *အလ္လာဟ်အရှင်မြတ်အထံတော်၌ တရားအမျှတဆုံးဖြစ်၏။* [၁] သို့ရာတွင် အကယ်၍ အသင်တို့သည် ၎င်းတို့၏ဖခင်များကို မသိခဲ့ကြလျှင် ၎င်းတို့သည် အသင်တို့၏ သာသနာဝင်ညီအစ်ကိုများ ဖြစ်ကြသည့်ပြင်၊ အသင်တို့၏ အဆွေခင်ပွန်းများလည်း ဖြစ်ကြကုန်၏။

စင်စစ်သော်ကား အသင်တို့အပေါ်၌ အသင်တို့ မေ့မှား၍ပြုမူခဲ့ကြကုန်သော အမှုကိစ္စနှင့်စပ်လျဉ်း၍ အပြစ်တစုံတရာ မရှိပေ။ သို့ရာတွင် အသင်တို့၏ စိတ်က ကြံရွယ်ပြုလုပ်ခဲ့ကြကုန်သော အမှုကိစ္စ၌မူ (အပြစ်)ရှိသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အသင့်မြတ်ဆုံးမှာ လူတိုင်းအား ၎င်း၏ဖခင်ကိုထုတ်ဖော်ပြီး မည်သူသည် မည်သူ၏သားဖြစ်သည်။ မောင်ဖြူသည် မောင်မည်း၏သားဖြစ်သည်ဟူ၍ ခေါ်ဝေါ်သုံးနှုန်းခြင်းသာ ဖြစ်သည်။ တစ်ဦးတစ်ယောက်ကို သားအဖြစ်မွေးစားရုံမျှဖြင့် မွေးစားသူသည် မွေးစားသား၏ ဖခင်အရင်းအခြာ ဖြစ်သွားသည်မဟုတ်ပေ။ (ချစ်မြတ်နိုးသည့်အတွက် တစ်ဦးတစ်ယောက်ကိုတင်စား၍ သားသို့မဟုတ် 'အဘ'ဟု ခေါ်ဝေါ်သုံးနှုန်းထားခြင်းမှာ တဘာသာပင်။) ဆိုလိုသည်ကား သွေးအားဖြင့် တော်စပ်သောသားချင်း ဆွေမျိုးတော်စပ်မှုများနှင့် ၎င်းတို့၏ စည်းကမ်းချက်များတွင် သို့လောသို့လော မဖြစ်စေရာ။

အစ္စလာမ်သာသနာ ထွန်းကားခါစအချိန်တွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လမ်)သည် ဟာရိဆဟ်၏သား ဇိုက်ဒ်ကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေပြီး သားအဖြစ် မွေးစားတော်မူခဲ့၏။ ထိုအခါ လူများသည် မိမိတို့၏ထုံးတမ်းစဉ်လာအရ ဇိုက်ဒ်အား "ဇိုက်ဒ်အစ်ဗ်နု မုဟမ္မဒ်" (တမန်တော်မြတ်) မုဟမ္မဒ်၏သား ဇိုက်ဒ်ဟု ခေါ်ဝေါ်ခဲ့ကြ၏။ ဤအာယတ်တော် ကျရောက်လာသည့်အခါ လူများသည် ဇိုက်ဒ်အား ၎င်း၏ဖခင်အရင်းအခြာကို ထုတ်ဖော်ပြီး 'ဇိုက်ဒ်အစ်ဗ်နုဟာရိဆဟ်" ဟာရိဆဟ်၏သားဇိုက်ဒ်ဟု ခေါ်ဆိုခဲ့ကြလေသည်။

اَلنَّبِيُّ اَوۡلٰى بِالۡمُؤۡمِنِيۡنَ مِنۡ اَنۡفُسِهِمۡ وَاَزۡوَاجُهٗۤ اُمَّهٰتُهُمۡ ؕ

၆။ နဗီတမန်တော်မြတ်သည် "မုအ်မင်နိ်" သက်ဝင်ယုံကြည်သူတို့နှင့် ၎င်းတို့ ကိုယ်တိုင်ထက်ပင် ပို၍ နီးစပ်၏။ [၁] ၎င်းပြင် ထိုနဗီတမန်တော်မြတ်၏ ကြင်ရာတော်များသည် "မုအ်မင်နိ်" သက်ဝင်ယုံကြည်သူတို့၏ မိခင်များပင် ဖြစ်ကြကုန်၏။ [၂]

ⓘ တမန်တော်မြတ်၏ မြင့်မြတ်လှသော ဂုဏ်ရည်၊

စဉ်းစားဆင်ခြင်ပါက မုအ်မင်နိ်တစ်ဦး ရရှိထားသော 'အီမာန်'ယုံကြည်မှုသည် 'နဗုဝါတ်' တမန်တော်ဖြစ်မှုတည်းဟူသော သူရိယ၏ အရောင်ဟပ်မှုသာ ဖြစ်ကြောင်းကို သိရှိရပေသည်။ 'နဗုဝါတ်'တည်းဟူသော သူရိယကား အခြားမဟုတ်၊ နဗီတမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ပင်။ သို့ဖြစ်ရာ မုအ်မင်နိ်တစ်ဦးသည် (မုအ်မင်နိ်တစ်ဦးအနေဖြင့်) အကယ်၍ မိမိ၏ဖြစ်ရပ်မှန်ကို စဉ်းစားဆင်ခြင်လိုပါက မိမိ၏အီမာန်၊ ယုံကြည်မှုအလျင် တမန်တော်မြတ်အား သိရှိရပေမည်။ နဗီတမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား မသိရှိပါက မိမိ၏ယုံကြည်မှုကိုပင် သိရှိနိုင်မည်မဟုတ်ပေ။ ဤသို့ဖြင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် ရူဟာနီယတ် နာမ်ဝိညာဉ်သဘောအရ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ထက်ပင် ပို၍နီးစပ်တော်မူလျက် ရှိပေသည်။ ဤသည့်သဘောကို အကြောင်းပြု၍ "တမန်တော်မြတ်သည် မုအ်မင်နိ်တို့အဖို့ ဖခင်အရာ၌၊ သို့မဟုတ် ဖခင်၏အရာထက်ပင် ပိုမိုထူးကဲ မြင့်မြတ်သောအဆင့်၌ ရှိတော်မူသည်"ဟု ဆိုပါက လုံးဝမှန်ကန်သင့်မြတ်လှပေသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ကိုယ်တော်တိုင်ကလည်း "မုချ ငါသည်အသင်တို့အဖို့ ဖခင်အရာ၌ဖြစ်သည်"ဟု အတည့်အလင်း မိန့်ကြားတော်မူခဲ့ပေသည်။

(ကြည့်-အဗူဒါဝူဒ်)။

သားနှင့်အဖ၏ ဆက်စပ်မှုကို စဉ်းစားဆင်ခြင်ပါလျှင် အချုပ်အားဖြင့် သားသည် ဖခင်၏ခန္ဓာကိုယ်မှ ဖြစ်ပေါ်လာသည်။ ဖခင်သည် မိမိ၏သားကို သူတပါးတို့ထက် ပြုစုသည်။သနားကြင်နာသည်။ ဤသို့ပင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)နှင့် နောက်လိုက်တပည့်သား၏ ဆက်စပ်မှုကို ဆင်ခြင်ရာသည်။ တပည့်သားတစ်ဦးကို တမန်တော်၏ ပြုစုမှု၊ သနားကြင်နာမှုသည် မိမိ၏သားကို ဖခင်တစ်ဦး၏ပြုစုမှု၊ သနားကြင်နာမှုထက် နိမ့်သည်မရှိ၊ နည်းသည်မရှိ၊ သာသည်သာဖြစ်ပေသည်။ တမန်တော်မြတ်၏ပြုစုမှု သနားကြင်နာမှုမျိုးကို မိဘများတွင် မဆိုထားနှင့်၊ စကြာဝဠာအဝှန်းရှိ အဖန်ဆင်းခံအားလုံးတို့၌ပင် မတွေ့ရှိရပေ။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကို ဖခင်များအား အကြောင်းပြု၍၊ ဤပစ္စက္ခဘဝတွင် ယာယီအသက်ရှင်မှုကိုသာ ချီးမြှင့်ထားတော်မူသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား အကြောင်းပြု၍ကား ကျွန်ုပ်တို့အား ထာဝရအသက်ရှင်မှုကို ချီးမြှင့်ထားတော်မူပေသည်။ သို့ဖြစ်ရာ တပည့်သားတစ်ဦး၏ ယုံကြည်မှုဆိုင်ရာ (ရူဟာနီယတ်) နာမ်ဝိညာဉ်သဘောဆိုင်ရာအဖြစ် အနေသည်၊ တမန်တော်မြတ်၏ (ရူဟာနီယတ်ကဗ်ရာ) အကြီးဆုံးသော နာမ်ဝိညာဉ်သဘောဆိုင်ရာ အဖြစ်အနေ၏ အရိပ်အရောင်မျှသာဖြစ်သည်မှာ ထင်ရှားလှပေသည်။

ကျွန်ုပ်တို့အား တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ပြုစုတော်မူသကဲ့သို့၊ သနားကြင်နာတော်မူသကဲ့သို့ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ပင် မပြုစုနိုင်ကြပေ။ မသနား ➤➤

وَأُولُوا الْأَرْحَامِ بَعْضُهُمْ أَوْلَىٰ بِبَعْضٍ فِي كِتَابِ اللَّهِ مِنَ الْمُؤْمِنِينَ وَالْمُهَاجِرِينَ إِلَّا أَنْ تَفْعَلُوا إِلَىٰ أَوْلِيَائِكُمْ مَعْرُوفًا ۚ كَانَ ذَٰلِكَ فِي الْكِتَابِ مَسْطُورًا ﴿٦﴾

ထိုမှတပါး အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်၌ သွေးရင်းသားရင်း တော်စပ်သူတို့မှာ အချင်းချင်း တဦးနှင့်တဦး အခြား "မုအ်မင်န်" သက်ဝင်ယုံကြည်သူ တို့ထက်လည်းကောင်း၊ "မုဟာဂိျရိန်" မိမိတို့၏ အိုးအိမ် စည်းစိမ်များကိုစွန့်ကာ (မက္ကာမြို့မှ) ရွှေ့ပြောင်းခဲ့ကြ ကုန်သောသူတို့ထက်လည်းကောင်း၊ ပိုမို၍ နီးစပ် သူများ ဖြစ်ကြကုန်၏။ [၁] သို့ရာတွင် အသင်တို့သည် မိမိတို့၏ အဆွေခင်ပွန်းများအား တစုံတရာ ကျေးဇူး ပြုလိုကြသည်ရှိသော် (ပြုနိုင်ခွင့်ရှိ၏။) ဤသည်ကား အလ္လာဟ်အရှင်မြတ်၏ မှတ်တမ်းတော်၌ ရေးသားပြီး ဖြစ်ချေသတည်း။

➤➤ မကြင်နာနိုင်ကြပေ။ ကျွန်ုပ်တို့အား တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အကျိုးပြုတော် မူသကဲ့သို့ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ပင် အကျိုးမပြုနိုင်ကြပေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၌ ကျွန်ုပ်တို့၏ အသက်နှင့် ဥစ္စာပစ္စည်းများတွင် ခြယ်လှယ်ပိုင်ခွင့်ရှိပေသည်။ ယင်းသည့် ခြယ်လှယ်ပိုင်ခွင့်သည် ကမ္ဘာ့အဂုန်းတွင် မည်သူ၌မျှပင်မရှိပေ။

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ အတိုင်းမသိ မြင့်မြတ်လှသော ဂုဏ်ရည်၊ အဆင့်အတန်းကို သိရှိရသည်ဖြစ်ရာ ကျွန်ုပ်တို့သည် တမန်တော်မြတ်အား အနှုံးအညွတ် ရိုသေလေးစားကြရပေမည်။ တမန်တော်မြတ်၏ ဩဝါဒများကို ဦးလည်မသုန်နှာခံ၍ တမန်တော်မြတ် ချမှတ်တော်မူခဲ့သည့် လမ်းစဉ်များကိုဖဝါးခြေထပ် လိုက်နာကျင့်သုံးကြရပေမည်။

(၂) <u>တမန်တော်မြတ်၏ ကြင်ရာတော်များ၏ အဆင့်အတန်း၊</u>

တမန်တော်မြတ်သည် (ရှုဟာနီယတ်) နာမ်ပညာဉ်သဘောအရ နောက်လိုက်တပည့်သား မုစ်လင်မ်များ၏ဖခင် ဖြစ်တော်မူပေရာ တမန်တော်မြတ်၏ ကြင်ရာတော်များသည်လည်း မုစ်လင်မ်တို့၏ မိခင်များပင် ဖြစ်ကြပေသည်။ ၎င်းတို့အား အထူးရိုသေလေးစားကြရပေမည်။

လေးစားမှုများတွင် ထိမ်းမြားခြင်းမပြုပိုင်မှုလည်း ပါဝင်သည်ဖြစ်ရာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) မရှိတော်မူသည့်နောက်၊ နောက်လိုက် တပည့်သားတို့အဖို့ ကြင်ရာတော်များနှင့် ထိမ်းမြားခြင်း သည် လုံးဝ ဟရာမ်ဖြစ်သည်။ အလျှင်းမပြုနိုင်ပေ။ ကြည့်-ကုရ်အာန် (၃၃:၅၃)။

လေးစားမှုများတွင် (ဟိဂျာဗ်) 'ပရ်ဒဟ်' ထားရှိခြင်းသည်လည်း ပါဝင်သည်ဖြစ်ရာ မုစ်လင်မ်တို့သည် ကြင်ရာတော်များနှင့်ဆက်ဆံရာတွင် 'ပရ်ဒဟ်'ကို အထူးရိုသေ လေးစားကြရပေမည်။

(၃) <u>သားချင်းအရင်းအခြာများ အမွေဆက်ခံပိုင်ခွင့်၊</u>

မက္ကာမြို့သား၊ကာဖိရ်များ၏ နှိပ်စက်ညှဉ်းပန်းမှုများ၊ တစ်နေ့တစ်ခြား ပိုမိုများပြား ပြင်းထန်လာသည့် အခါ မုစ်လင်မ်များသည် နောက်ဆုံးတွင် တမန်တော်မြတ်၏ ညွှန်ကြားချက်အရ မဒီနာမြို့သို့ ရွှေ့ပြောင်း➤➤

وَإِذْ أَخَذْنَا مِنَ النَّبِيِّينَ مِيثَاقَهُمْ وَمِنكَ وَمِن نُّوحٍ وَإِبْرَاهِيمَ وَمُوسَىٰ وَعِيسَى ابْنِ مَرْيَمَ ۖ وَأَخَذْنَا مِنْهُم مِّيثَاقًا غَلِيظًا ﴿٧﴾

၇။ ၎င်းပြင် (ပြန်လည်သတိရပါလေ၊) တရံရောအခါဝယ် ငါအရှင်မြတ်သည် နဗီတမန်တော်တို့ထံမှ ပဋိညာဉ် ဝန်ခံချက်ကို ယူတော်မူခဲ့၏။ (ထိုတမန်တော်များတွင် အသင့်ထံမှလည်းကောင်း၊ "နူဟ်" ထံမှလည်းကောင်း၊ "အီဗ်ရာဟီမ်" ၏ထံမှလည်းကောင်း၊ "မူစာ" ၏ထံမှလည်းကောင်း၊ "မရ်ယမ်" ၏သားတော် "အီစာ" ၏ထံမှလည်းကောင်း၊ (ပဋိညာဉ်ဝန်ခံချက်ကို ယူတော်မူခဲ့၏)။ စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့ထံမှ ခိုင်မာသော ဝန်ခံချက်ကို ယူတော်မူခဲ့၏။

لِّيَسْأَلَ الصَّادِقِينَ عَن صِدْقِهِمْ ۚ وَأَعَدَّ لِلْكَافِرِينَ عَذَابًا أَلِيمًا ﴿٨﴾

၈။ (ယင်းကဲ့သို့ ပဋိညာဉ်ယူခဲ့တော်မူခြင်းမှာ) ထိုအရှင်မြတ်သည် သစ္စာဝါဒီတို့အား ("ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင်) ၎င်းတို့၏ သစ္စာရှိမှုနှင့် စပ်လျဉ်း၍ စစ်ဆေး မေးမြန်းတော်မူအံ့သောငှာ ဖြစ်ပေသည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် "ကာဖိရ်" သွေဖည် ငြင်းပယ်ကြကုန်သော သူတို့အဖို့ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပေသတည်း။

➤➤ နေထိုင်ခဲ့ကြ၏။ သားကွဲ၊မယားကွဲ၊ ဆွေကွဲ၊မျိုးကွဲ၊ အိမ်မဲ့၊အိုးမဲ့ဖြစ်နေခဲ့ကြ၏။ စားဝတ်နေရေးတွင် ကသီလင်တ ဖြစ်နေခဲ့ကြ၏။ တမန်တော်မြတ်ကိုယ်တော်တိုင် နောက်ဆုံးတွင် မဒီနာမြို့သို့ ရွှေ့ပြောင်းလာပြီး ကသီလင်တ ဖြစ်နေရရှာသော မုစ်လင်မ်တို့အား တွေ့မြင်တော်မူသည့်အခါ မက္ကာမြို့မှ ရွှေ့ပြောင်းလာသော 'မုဟာဂျိရ်' များနှင့် မဒီနာမြို့ခံ 'အန်ဆာရ်'များ စပ်ကြားတွင် 'မုဝါခါတ်' ညီနောင်ဖွဲ့ပေးတော်မူခဲ့လေသည်။

② အဟ်ဇာဗ်စစ်ပွဲ

'နသွိရ်' မျိုးနွယ်စုသည် မဒီနာမြို့မှ နယ်နှင်ဒဏ်ခံရပြီး၊ 'ခိုင်ဗရ်'သို့ ရောက်သွားသည့်အခါ အစွယ်လာမ်ကို လုံးဝချေမှုန်းရန် အကြီးအကျယ် ကြံစည်အားထုတ်လာခဲ့၏။ ထိုမျိုးနွယ်စု၏ ခေါင်းဆောင်များဖြစ်သော စလာမ် အစ်ဗ်နု အဗီဟုကိုက်၊ ဟိုင်ယ် အစ်ဗ်နုအခ်တွာဗ်၊ ကိနာနဟ်၊ အစ်ဗ်နုရဗီအ်စသည်တို့သည် မက္ကာမြို့သို့ ရောက်ရှိလာပြီး ကုရိုက်ရှ်မျိုးနွယ်ဝင်များအား စည်းရုံးခဲ့ကြ၏။ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစွယ်လာမ်ကိုချေမှုန်းရန် ယခင်ကတည်းကပင် စိတ်ဓာတ်ပြင်းပြနေခဲ့ကြ၏။ ထို့နောက် အဆိုပါခေါင်းဆောင်များသည် 'ဃတ်ဖာန်' မျိုးနွယ်စုကိုလည်း 'ခိုင်ဗရ်' နယ်ထွက်ပစ္စည်းများ ထက်ဝက်ပေးမည်ဟု လာဘ်ပေးပြီး သိမ်းသွင်းခဲ့ကြ၏။ ဗနူအစဒ်မျိုးနွယ်သည်လည်း ဃတ်ဖာန်မျိုးနွယ်၏ မဟာမိတ်ဖြစ်သည့်အလျောက် အစွယ်လာမ်ချေမှုန်းရေးတွင် ➤➤

➤➤ ပါဝင်လာခဲ့၏။ စုလိုင်မ်မျိုးနွယ်သည်လည်း ကုရိုက်ရှ်မျိုးနွယ်နှင့် နီးစပ်သည့်အလျောက် အစွမ်လာမ် ချေမှုန်းရေးတွင် ပါဝင်လာခဲ့၏။ ထို့အတူ ဗနူအစဒ်မျိုးနွယ်သည်လည်း ယဟူဒီများ၏ မဟာမိတ်ဖြစ်သည့် အလျောက် ပါဝင်လာခဲ့၏။ ဤသို့ဖြင့် ယဟူဒီများနှင့်အရင်းမျိုးနွယ်စု အားလုံးလိုလိုပင် အချင်းချင်းစည်းရုံးမိပြီး၊ မဟာမိတ်တပ်မတော်ကြီးဖွဲ့ကာ အစွမ်လာမ်ကို ချေမှုန်းရန်အကြံနှင့် အရပ်လေးမျက်နှာမှ မဒီနာမြို့သို့ ဦးတည်ချီတက်လာခဲ့ကြ၏။ အဆိုပါ မဟာမိတ်တပ်မတော်၏ ဦးစီးဗိုလ်ချုပ်မှာ အဗူစုဖ်ယာန် အစ်ဗ်နုဟ်ရဲဗ်ဖြစ်ခဲ့၏။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အထက်ဖော်ပြပါ ကာဖိရ်များ၏ အကြံအစည်ကို သိတော်မူသည့်အခါ မိမိ၏ဆွဟာဗဟ် သာဝကကြီးများနှင့် တိုင်ပင်တော်မူ၏။ ထိုအခါ ပါရှားမြို့သား သာဝကကြီး စလ်မာန်ဖာရိစီက "ဤအရေးတွင် မြို့ပြင်ထွက်ပြီး ကွင်းပြင်၌ ခုခံတိုက်ခိုက်ရန်မသင့်၊ ကျုံးတူးပြီး ခုခံတိုက်ခိုက်ရန် သင့်ပါသည်"ဟု အကြံပေးခဲ့၏။

'ခန်ဒတ်က်' ဟူသောပုဒ်သည် 'ကန်ဒဟ်'ဟူသော ပါရှားစကားပင်ဖြစ်သည်။ 'ကန်ဒဟ်'ဟူသော ပါရှားစကားသည် အရဗီစာပေတွင် 'ခန်ဒတ်က်'ဟူ၍ ဖြစ်လာခဲ့၏။ 'ကန်ဒဟ်'ဟူသော ပုဒ်၏အနက်မှာ တူးထားသောအရာ (၀ါ) ကျုံးဟူ၍ဖြစ်သည်။ ဤသည်ကို အကြောင်းပြု၍ ဤစစ်ပွဲကို 'ခန်ဒတ်က်' စစ်ပွဲဟုလည်း ခေါ်ဆိုကြသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) နှင့်တကွ သာဝကကြီးများသည် သာဝကကြီး စလ်မာန်ဖာရိစီ၏ အကြံပေးချက်ကို လက်ခံသဘောတူပြီး ကျုံးကို စတင်တူးခဲ့ကြ၏။ ထိုနေ့မှာ ဟိဂျ်ရီသက္ကရာဇ် (၅)ခုနှစ်၊ ဇီကအ်ဒဟ်လ (၈)ရက်နေ့ဖြစ်သည်။

ကျုံးတူးရန်အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ကိုယ်တော်တိုင် နေရာများကို သတ်မှတ်ပေးတော်မူခဲ့၏။ ကျုံးတူးရာတွင် (၁၀) ယောက်တတွဲ အဖွဲ့များဖွဲ့ပေးပြီး (၁၀)ကိုက်စီ တူးစေတော်မူခဲ့၏။ ကျုံး၏အနက်မှာ (၅)ကိုက်ဖြစ်ခဲ့သည်။ သာဝကကြီး (၃၀၀၀)သည် အဆိုပါကျုံးကို တူးရာတွင် ရက်ပေါင်း(၂၀) ကြာခဲ့ကြ၏။ ဤကျုံးကို မဒီနာမြို့၏မြောက်ဘက် (အနောက်သို့ အနည်းငယ်ယွန်းသည့်ဘက်)တွင် တူးဖော်ခဲ့ခြင်း ဖြစ်သည်။ ကျုံး၏အလျားမှာ သုံးမိုင်ခွဲခန့်ဖြစ်သည်။ (မာဂျိဒီ)။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မဒီနာမြို့တွင် မတ်စ်ဂျိဒ်နဗဝီကို တည်ဆောက်ရာတွင် ကိုယ်တော်တိုင် ပါဝင်လုပ်အားပေးတော်မူသကဲ့သို့ ဤကျုံးတူးရာတွင်လည်း ပါဝင်လုပ်အားပေးတော်မူခဲ့လေသည်။ အချိန်ကား ဆောင်းရာသီဖြစ်ခဲ့၏။ စားနပ်ရိက္ခာကား အဆင်မပြေခဲ့၊ သာဝကကြီးများသည် တခါတခါသော် သုံးရက်အထိ နပ်ကျော်ထမင်းစား၍ နေခဲ့ကြရ၏။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် 'စလအ်'တောင်ကို ကျောထောက်နောက်ခံထားပြီး မုစ်လင်မ်စစ်သည်တို့အား နေရာချထားပေးတော်မူခဲ့၏။ အမျိုးသမီးများအား မြို့တွင်းရှိလုံခြုံသောရဲတိုက်များတွင် နေရာချထားပေးတော်မူခဲ့၏။ စစ်ပွဲဖြစ်ပွားနေစဉ် နောက်ကျောမှ ကုရိုက်ရှ်မျိုးနွယ်ဝင်များဝင်ရောက် တိုက်ခိုက်မည်ကို စိုးရိမ်ရသည့်အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သာဝကကြီး စလမဟ် အစ်ဗ်နုအတ်စ်လမ်အား စစ်သည် (၂၀၀)နှင့်အတူ အစောင့်ချထားတော်မူခဲ့၏။

ကုရိုင်ဇော်မျိုးနွယ်ဝင် ယဟူဒီများသည် တမန်တော်မြတ်နှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုထားခဲ့ကြသည့် အလျောက် ပထမသော် ကာဖိရ်မဟာမိတ်များတွင် မပါဝင်ခဲ့ကြပေ။ သို့တစေလည်း နာသွိရ်မျိုးနွယ်၏ခေါင်းဆောင် ဟွတ်ယ်အစ်ဗ်နု အခ်တွာဗ်၏ ကြိုးစားမှုကြောင့် ကုရိုင်ဇွာဟ်မျိုးနွယ်ဝင်များသည်လည်း နောက်ဆုံးတွင် မိမိတို့၏ ချစ်ကြည်ရေးစာချုပ်ကို ဖောက်ဖျက်ပြီး ကာဖိရ်မဟာမိတ်များနှင့် ပူးပေါင်းသွားခဲ့ကြလေသည်။ မုစ်လင်မ် ➤➤

➢➢ စစ်သည်များတွင် (မုနာဖစ်ဂ်) အရေခြုံများသည်လည်း ရှိနေခဲ့ကြ၏။ ဥတုရာသီကား မကောင်း၊ စားနပ်ရိက္ခာကား မလုံလောက်၊ မုစ်လင်မ်စစ်သည်များသည် နေ့စဉ်နှင့်အမျှ အငတ်ပြဿနာနှင့် ရင်ဆိုင်နေခဲ့ကြရ၏။ ညစဉ်ညဆက် အိပ်ရေးပျက်ခဲ့ကြရ၏။ ရန်သူစစ်သည်အင်အားကား အဆမတန် ကြီးမားများပြား၏။ မုနာဖစ်ဂ်များသည် ဤသည့်အခြင်းအရာများကို တွေ့မြင်ကြရသောအခါ မိမိတို့၏ အရေခြုံမှုကိုပင် ဖုံးဖိမထားနိုင်ကြတော့ပဲ "နောက်ပိုင်းတွင် အိုးအိမ်များမလုံပါ"ဟု လိမ်လည်အကြောင်း ပြကာ၊ စစ်မြေပြင်မှ အိမ်သို့ပြန်ရန် တမန်တော်မြတ်ထံ ခွင့်ပန်ခဲ့ကြ၏။ မုနာဖစ်ဂ်များသည် ယင်းသည့်အခြေအနေမျိုးတွင် သစ္စာဖောက် သွားခဲ့ကြသော်လည်း အီမာန် ယုံကြည်မှု ရင့်ကျက်သော မုအ်မင်န်တို့မှာမူကား အနည်းငယ်စိုးစဉ်းမျှ တုန်လှုပ် ခြောက်ခြားခြင်း မရှိခဲ့ကြသည် သာမက ယုံကြည်မှုသည်ပင် ပိုမိုရင့်ကျက် ခိုင်မြဲလာခဲ့ကြပေသည်။

ကာဖိရ်များသည် မဒီနာမြို့ကို တစ်လနီးပါး ဝိုင်းဝန်းထားခဲ့ကြ၏။ မုစ်လင်မ်များသည် အငတ်ပြဿနာနှင့် ရင်ဆိုင်နေခဲ့ကြရ၏။ ကာဖိရ်များသည် ကျုံးကိုကျော်နိုင်ခဲ့ ကြသည်လည်းမရှိ။ မုစ်လင်မ်များသည် ကာဖိရ်များအား မောင်းထုတ်နိုင်ခဲ့သည်လည်းမရှိ။ ထိုသည့်အခြေအနေတွင် တစ်နေ့သော် သာဝကကြီးများက စားနပ်ရိက္ခာ ပြတ်သည့်အတွက်၊ မိမိတို့၏ဝမ်းဗိုက်များတွင် ချည်ထားသော ကျောက်ခဲများကို တမန်တော်မြတ်အား ပြကြရာ တမန်တော်မြတ်က မိမိဝမ်းဗိုက်တွင်ချည်ထားသော ခဲနှစ်လုံးကိုပြတော်မူလိုက်လေသည်။

ကာဖိရ် စစ်သည်များသည် ကျုံးကို မကျော်နိုင်ကြသည့်အတွက် အဝေးမှပင် မြားမိုး၊ ခဲမိုးများ ရွာသွန်းချနေကြ၏။ မုစ်လင်မ်စစ်သည်များသည် ကျုံးကိုအကာအကွယ်ယူ၍ ခုခံနေခဲ့ကြ၏။ ဤသို့ဖြင့် နေ့အတော်ကြာညောင်းလာခဲ့၏။ သို့တစေလည်း ရန်သူများသည် ကျုံးကိုမကျော်နိုင်ခဲ့ကြပေ။

နောက်ဆုံးတွင် ရန်သူများသည် တပြိုင်တည်း စုပေါင်း၍တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြ၏။ အကြောင်းအားလျော်စွာ ကျုံးတစ်နေရာတွင် အနံအနည်းငယ် ကျဉ်းနေ၏။ ရန်သူများသည် အခွင့်ကောင်းရပြီး ထိုနေရာတွင် စုပေါင်း၍ တိုက်ခိုက်ကြလေတော့၏။ ရန်သူစစ်ဗိုလ်များသည် မြင်းများကို ကျုံးတွင်းသို့ အတင်းအဓမ္မ မောင်းနှင်ချခဲ့ကြ၏။ အကြောင်းအားလျော်စွာ ရန်သူစစ်ဗိုလ်များတွင် မြင်းစီးသူရဲတစ်ထောင် (၁၀၀၀)နှင့်ညီမျှသော အာရေဗျတိုင်းပြည်တွင် သတ္တိဗလ၌ အထူးကျော်ကြားသော စစ်သူကြီး အမ်ရ်အစ်ဗ်နဝဒ္ဒသည် ကျုံးကို ဖြတ်ကျော်လာခဲ့၏။ သို့ကျုံးကိုဖြတ်ကျော်လာ နိုင်ခဲ့သော်လည်း နောက်ဆုံးတွင် အမ်ရ်အစ်ဗ်နဝဒ္ဒသည် သာဝကကြီးအလီ (ရသွေ့.ယလ္လာဟုဲ့အန်ဟု)၏ဓားချက်ဖြင့် မရှုမလှသေဆုံးသွားခဲ့ရ၏။ ထိုနေ့သည် အပြင်းထန်ဆုံးနေ့ ဖြစ်ခဲ့၏။ နှစ်ဘက်တိုက်ခိုက်မှု ပြင်းထန်လှသည့်အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်ပင် ဆွလာတ်လေးကြိမ်တိုင်တိုင် ဆောက်တည်တော် မမူနိုင်ခဲ့ပေ။

ရန်သူများသည် နေ့ရက်ကြာညောင်း လာသည်နှင့်အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့ကြ၏။ စစ်သည်တသောင်း(၁၀၀၀၀)၏ ရိက္ခာပြဿနာနှင့် ချက်ပြုတ်ရေးမှာ လွယ်ကူလှသည်မဟုတ်၊ ဥတုရာသီက မကောင်း၊ ထိုသည့် အခြေအနေမျိုးတွင် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မုန်တိုင်းကျလာခဲ့၏။ ရန်သူများ၏ တဲများ ပြိုလဲခဲ့ကုန်၏။ အိုးခွက်များ မှောက်ကုန်ခဲ့၏။ ထိုသည့်အထဲ အစ္စလာမ်ကို လျှို့ဝှက်စွာ လက်ခံယုံကြည်ထားသော နအီမ်အစ်ဗ်နု မဘ်စ်အူဒ်အရှ်ဂျအီ၏ ပရိယာယ်စကားကြောင့် ကုရိုင်ဈာဟ်မျိုးနွယ်ဒှင့် အခြားကာဖိရ်များစပ်ကြားတွင် သံသယဖြစ်ပေါ်လာခဲ့၏။ အဆိုပါ အကြောင်းများကြောင့် ကာဖိရ်စစ်သည်များသည် ရပ်တည်မနေနိုင်ကြတော့ပဲ နောက်ဆုံးတွင် ကာဖိရ်တို့၏ စစ်ဦးစီးချုပ် အဗူစွဖ်ယာန်က 'စားနပ်ရိက္ခာကုန်ပြီ၊ ရာသီဥတုမှာ မကောင်း၊ ကုရိုင်ဈာဟ် မျိုးနွယ်ဝင်များသည် တပ်ခေါက်၍ ပြန်သွားကြပြီ ထို့အတွက် ဆက်လက်တိုက်ခိုက်ခြင်းဖြင့် အကျိုးမမြင်' ဟုဆိုကာ တပ်ခေါက်ရန် အမိန့်ပေးခဲ့လေသည်။➢➢

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱذۡكُرُواْ نِعۡمَةَ ٱللَّهِ عَلَيۡكُمۡ إِذۡ جَآءَتۡكُمۡ جُنُودٞ فَأَرۡسَلۡنَا عَلَيۡهِمۡ رِيحٗا وَجُنُودٗا لَّمۡ تَرَوۡهَاۚ وَكَانَ ٱللَّهُ بِمَا تَعۡمَلُونَ بَصِيرًا ٩

၉။ အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အရှင်မြတ် (ပြုတော်မူခဲ့သော) ကျေးဇူးတော်ကို ပြန်လည် သတိရရှိကြလေကုန်။ အခါတပါး၌ အသင်တို့ထံသို့ များစွာသော စစ်တပ်များသည် (တိုက်ခိုက်ရန်) ချီတက်၍ လာခဲ့ကြကုန်၏။ ထို့နောက် ငါအရှင်မြတ်သည်စစ်တပ်များအပေါ်၌ လေပြင်းတခုကိုလည်းကောင်း၊ အသင်တို့ မမြင်ကြရသော စစ်တပ်များကိုလည်းကောင်း၊ [၁] စေလွှတ်တော်မူခဲ့၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်လျက်ရှိခဲ့ကြသည်တို့ကို ကောင်းစွာ ရှုမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

إِذۡ جَآءُوكُم مِّن فَوۡقِكُمۡ وَمِنۡ أَسۡفَلَ مِنكُمۡ وَإِذۡ زَاغَتِ ٱلۡأَبۡصَٰرُ وَبَلَغَتِ ٱلۡقُلُوبُ ٱلۡحَنَاجِرَ وَتَظُنُّونَ بِٱللَّهِ ٱلظُّنُونَا ١٠

၁၀။ အကြင်အခါဝယ် ထိုစစ်တပ်များသည် အသင်တို့၏ အထက်ဘက်မှလည်းကောင်း၊ အသင်တို့၏ အောက်ဘက်မှလည်းကောင်း၊ (စုရုံး) ချီတက်လာခဲ့ကြကုန်၏။ ထိုမှတပါး အကြင်အခါဝယ် မျက်စိများသည် (ကြောက်ရွံ့ထိတ်လန့်မှုကြောင့်) ပြူး၍ သွားခဲ့ကြကုန်၏။ ထို့ပြင် နှလုံးများမှာလည်း လည်မျိုသို့ ရောက်ရှိ၍ သွားခဲ့ကြ၏။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ အမျိုးမျိုးသောထင်မြင်ယူဆချက်များကို ထင်မြင်ယူဆခဲ့ကြကုန်သတည်း။

➤➤ ဤသို့ဖြင့် ရန်သူများသည် အကြံအစည်မအောင်မြင်ပဲ တပ်လန်သွားခဲ့ကြလေသည်။ မဒီနာမြို့သည်လည်း အလ္လာဟ်အရှင်မြတ် ၏ကျေးဇူးတော်ဖြင့် ရက်ပေါင်း (၂၀)(၂၂)ရက်တိုင်တိုင် ရန်သူများ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရပြီးနောက်တွင် ရန်သူတို့၏စစ်ဘေးမှ လွတ်မြောက်သွားခဲ့လေသည်။

ကြည့်-စီရတွန္နဗီ၊ အတွဲ-၁။ စ-(၄၁၉-၄၃၃)။

ဤအကြောင်းကိုပင် ကုရ်အာန် (၃၃း၉-၂၇)တွင် မိန့်ဆိုထားတော်မူသည်။

① ဤအာယတ်တော်တွင် "အသင်တို့ မမြင်ကြရသော စစ်တပ်များ"ဟူသည် ကောင်းကင်တမန်များကို ဆိုလိုသည်။ ယင်းကောင်းကင်တမန်များကား ကာယကံမြောက် တိုက်ခိုက်ရန်မဟုတ်၊ ကာဖိရ်များ၏ စိတ်နှလုံးများကို ချောက်ချားစေရန်အတွက်သာ စေလွှတ်တော်မူခြင်းဖြစ်သည်။ (ကြည့်-ထာနဝီ)

هُنَالِكَ ابْتُلِيَ الْمُؤْمِنُونَ وَزُلْزِلُوا زِلْزَالًا شَدِيدًا ﴿١١﴾

၁၁။ ထိုရောအခါဝယ် "မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူတို့မှာ စမ်းသပ်ခြင်း ခံခဲ့ကြရသည့်ပြင်၊ ပြင်းထန်စွာ တုန်လှုပ်ချောက်ချားစေခြင်းကိုလည်း ခံခဲ့ကြရကုန်၏။

وَإِذْ يَقُولُ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ مَّا وَعَدَنَا اللَّهُ وَرَسُولُهُ إِلَّا غُرُورًا ﴿١٢﴾

၁၂။ ထိုမှတပါး အကြင်အခါဝယ် "မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်များနှင့် စိတ်နှလုံးများတွင် ရောဂါရှိသူတို့က "အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ရာဇူလ်တမန်တော်သည်လည်းကောင်း၊ ကျွန်ုပ်တို့အား ဖြားယောင်းခြင်းမှ တပါး မှန်ကန်သော ကတိကို ပေးခဲ့ကြသည်မဟုတ်" ဟု ပြောဆိုလျက် ရှိခဲ့ကြကုန်၏။

وَإِذْ قَالَت طَّائِفَةٌ مِّنْهُمْ يَا أَهْلَ يَثْرِبَ لَا مُقَامَ لَكُمْ فَارْجِعُوا ۚ وَيَسْتَأْذِنُ فَرِيقٌ مِّنْهُمُ النَّبِيَّ يَقُولُونَ إِنَّ بُيُوتَنَا عَوْرَةٌ ۛ وَمَا هِيَ بِعَوْرَةٍ ۛ إِن يُرِيدُونَ إِلَّا فِرَارًا ﴿١٣﴾

၁၃။ ၎င်းပြင် အကြင်အခါဝယ် ထိုသူတို့အနက် လူတစုက "အို-ယတ်ဆရစ်ဗ်"[၁] မြို့သားတို့၊ အသင်တို့အဖို့ ရပ်တည်ရာဌာနမှာ၍ အလျှင်းမရှိပြီဖြစ်ရာ အသင်တို့သည် ပြန်သွားကြကုန်လော့" ဟု ပြောဆိုခဲ့ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့အနက် လူတစုသည် "ဧကန်အမှန် ကျွန်ုပ်တို့၏အိမ်များမှာ လုံခြုံမှုမရှိပါ" ဟုပြောဆိုကာ နဗီတမန်တော်မြတ်ထံမှ ခွင့်ပန်လျက် ရှိကြကုန်၏။ စင်စစ်သော်ကား ယင်းအိမ်များမှာ လုံခြုံမှု ကင်းမဲ့စွာ ရှိနေကြသည် မဟုတ်ပေ၊ ၎င်းတို့မူကား ထွက်ပြေးရန်သာ ကြံရွယ်နေကြကုန်သတည်း။

---

① "ယတ်ဆရစ်ဗ်။"

ယတ်ဆရစ်ဗ်သည် မဒီနာမြို့၏ ရှေးအမည်ဖြစ်သည်။ အဆိုပါမြို့သို့ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ရွှေ့ပြောင်းနေထိုင်တော်မူသည့်အခါ အဆိုပါမြို့ကို 'မဒီနတွန္နဗီ' တမန်တော်၏မြို့ဟု ခေါ်ဆိုခဲ့ကြ၏။ ထို့နောက် မဒီနတွန္နဗီကို အတိုကောက်အားဖြင့် မဒီနဟ်ဟူ၍သာ ခေါ်ဆိုခဲ့ကြလေသည်။

وَلَوْ دُخِلَتْ عَلَيْهِم مِّنْ
أَقْطَارِهَا ثُمَّ سُئِلُوا الْفِتْنَةَ
لَآتَوْهَا وَمَا تَلَبَّثُوا بِهَآ
إِلَّا يَسِيرًا ﴿١٤﴾

၁၄။ စင်စစ်သော်ကား၊ ၎င်းတို့ထံ ယင်း "ယတ်ဆရစ်ဗ်" မြို့၏ ဘေးပတ်ဝန်းကျင်များမှ (ကာဖိရ် စစ်သည်တို့သည်) ဝင်ရောက်ခဲ့ကြသော် ထို့နောက် ၎င်းတို့သည် ဖျက်ဆီးမှုပြုရန် (မုစ်လင်မ်တို့နှင့် တိုက်ခိုက်ရန်) တောင်းဆိုခြင်းကို ခံခဲ့ကြရသော် ၎င်းတို့သည် ထိုအိမ်များ၌ အနည်းငယ်မျှသာ ဆိုင်းငံ့ပြီး ရုတ်တရက် ချက်ချင်းပင်လျှင် ယင်းဖျက်ဆီးမှု (တိုက်ခိုက်မှု)ကို အမှန်ပင်လက်ခံပြုလုပ်ကြမည်သာ၊[၁]

وَلَقَدْ كَانُوا عَاهَدُوا اللَّهَ مِن
قَبْلُ لَا يُوَلُّونَ الْأَدْبَارَ ۚ وَكَانَ
عَهْدُ اللَّهِ مَسْئُولًا ﴿١٥﴾

၁၅။ မချုတ်မလွဲ ၎င်းတို့သည် ရှေးဦးမဆွက "ကျောခိုင်း၍ထွက်ပြေးကြမည်မဟုတ်ပါ" ဟု *အလ္လာဟ်အရှင်မြတ်နှင့် ကတိထားခဲ့ပြီး ဖြစ်ကြကုန်၏။* [၂] အမှန်သော်ကား အလ္လာဟ်အရှင်မြတ်နှင့်ထားခဲ့သော ကတိဝန်ခံချက်မှာ စစ်ဆေးမေးမြန်းခံရအံ့သော ကတိဝန်ခံချက်ပင် ဖြစ်ချေသည်။

قُل لَّن يَنفَعَكُمُ الْفِرَارُ إِن
فَرَرْتُم مِّنَ الْمَوْتِ أَوِ الْقَتْلِ
وَإِذًا لَّا تُمَتَّعُونَ إِلَّا قَلِيلًا ﴿١٦﴾

၁၆။ အို-နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ၊ ("အို-အချင်းတို့၊) အကယ်၍ အသင်တို့သည် သေဘေးမှသော်လည်းကောင်း၊ အသတ်ခံရမည့်ဘေးမှသော်လည်းကောင်း၊ ထွက်ပြေးခဲ့ကြလေသော် အသင်တို့အား ယင်းထွက်ပြေးခြင်းသည် အလျှင်း အကျိုးရှိစေမည်မဟုတ်ပေ။ ၎င်းပြင် ထိုအခါ အသင်တို့သည် (ထွက်ပြေးခြင်းဖြင့်) အနည်းငယ်မျှမှအပ အကျိုးခံစားရမည်လည်း မဟုတ်ပေ"

---

① မုနာဖစ်က်များသည် အခြေအနေအရ မုစ်လင်မ်များနှင့် ပူးပေါင်းနေကြသော အရေခြံအခွင့်အရေးသမားများသစ္စာဖောက်များသာ ဖြစ်ကြပေသည်။ ၎င်းတို့သည် မုစ်လင်မ်တို့၏ကောင်းကျိုးကို စိုးစဉ်းမျှပင်မလိုလားကြပေ။ ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်နေသည့် အချိန်မျိုးမှာပင် "အိုးအိမ်မလုံ"ဟု လိမ်လည် အကြောင်းပြကာ စစ်မြေပြင်မှပင် ပြန်သွားကြသည်။ မုနာဖစ်က်များသည် မြို့တွင်း၌ရှိနေကြခိုက် အကယ်တန္တ ရန်သူများ ဝင်လာကြပြီး၊ ၎င်းတို့အား ၎င်းတို့အမြင်အားဖြင့် လက်ခံထားကြသော အစ္စလာမ်ကို စွန့်လွှတ်ရန်၊ သို့မဟုတ် မုစ်လင်မ်တို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် ဆူပူသောင်းကျန်းရန် တောင်းဆိုကြပါက၊ ယင်းမုနာဖစ်က်များသည် ထိုသည့် ➤➤

قُلْ مَنْ ذَا الَّذِي يَعْصِمُكُمْ مِنَ اللَّهِ إِنْ أَرَادَ بِكُمْ سُوءًا أَوْ أَرَادَ بِكُمْ رَحْمَةً ۚ وَلَا يَجِدُونَ لَهُمْ مِنْ دُونِ اللَّهِ وَلِيًّا وَلَا نَصِيرًا ﴿١٧﴾

၁၇။ အို-နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ၊ (အချင်းတို့) အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ ဘေးအန္တရာယ်တစုံတရာကို ရည်စူးတော်မူခဲ့သည်ရှိသော် မည်သူသည် အသင်တို့အား ထိုအရှင်မြတ်၏(ပြစ်ဒဏ်)မှ ကာကွယ်စောင့်ရှောက်နိုင်အုံးနည်း။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် အသင်တို့နှင့် ပတ်သက်၍ ကျေးဇူးတစုံတရာကို ရည်စူးတော်မူခဲ့ပါလျှင် (မည်သူသည် ဒိတ်ပင်တားဆီးနိုင်အုံးနည်း)။

ထိုမှတပါး၊ ငင်းတို့သည် အလ္လာဟ်အရှင်မြတ်အပြင် မိမိတို့အဖို့ ကူညီအားပေးသူတစ်ဦးတစ်ယောက်ကိုမျှလည်း တွေ့ရှိကြမည် မဟုတ်ပေ။ ကာကွယ်သူတဦးတယောက်ကိုမျှလည်း တွေ့ရှိကြမည် မဟုတ်ပေတကား။

قَدْ يَعْلَمُ اللَّهُ الْمُعَوِّقِينَ مِنْكُمْ وَالْقَائِلِينَ لِإِخْوَانِهِمْ هَلُمَّ إِلَيْنَا ۖ وَلَا يَأْتُونَ الْبَأْسَ إِلَّا قَلِيلًا ﴿١٨﴾

၁၈။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အနက် နှောင့်ယှက် တားဆီးကြသောသူတို့အား လည်းကောင်း၊ မိမိတို့၏ညီအစ်ကိုများအား "အသင်တို့သည် ကျွန်ုပ်တို့ထံလာခဲ့ကြကုန်လော့" ဟု ပြောဆိုကြကုန်သော သူတို့အားလည်းကောင်း၊ ကောင်းစွာသိရှိတော်မူ၏။ စင်စစ်သော်ကား ငင်းတို့သည် အမည်ခံအားဖြင့်သာလျှင် စစ်တိုက်ရာသို့ လာကြကုန်၏။

➤➤ တောင်းဆိုချက်များကို မဆိုင်းမတွလိုက်နာ ဆောင်ရွက်ကြမည်သာ ဖြစ်သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မုနာဖစ်ကျိများ ၏ အကြောင်းပြချက်မှာ လိမ်လည်မှုသာဖြစ်ကြောင်း၊ ၎င်းတို့သည် ကာဖိရ်များနှင့် တစိတ်တလက်တည်းပင် ဖြစ်ကြောင်း မုစ်လင်မ်များကို မုန်းတီးကြောင်း ကောင်းစွာသိနိုင်ပေသည်။

Ⓙ 'အုဟုဒ်' စစ်ပွဲဖြစ်ပွားပြီးနောက်တွင် မုနာဖစ်ကျိများက "ကျွန်ုပ်တို့သည် နောက်နောင်စစ်မြေပြင်မှ ကျောခိုင်း ထွက်ခွာသွားကြမည် မဟုတ်ပါ"ဟု အတိအလင်း ဝန်ခံကတိပြုခဲ့ကြပေသည်။ သို့တစေလည်း မုနာဖစ်ကျိများသည် အရေခြုံပီပီ သစ္စာဖောက်မြဲ ဖောက်ကြသည်သာ။

أَشِحَّةً عَلَيْكُمْ ۖ فَإِذَا جَاءَ
الْخَوْفُ رَأَيْتَهُمْ يَنظُرُونَ
إِلَيْكَ تَدُورُ أَعْيُنُهُمْ
كَالَّذِي يُغْشَىٰ عَلَيْهِ مِنَ
الْمَوْتِ ۖ فَإِذَا ذَهَبَ الْخَوْفُ
سَلَقُوكُم بِأَلْسِنَةٍ حِدَادٍ
أَشِحَّةً عَلَى الْخَيْرِ ۚ أُولَٰئِكَ لَمْ
يُؤْمِنُوا فَأَحْبَطَ اللَّهُ أَعْمَالَهُمْ ۚ
وَكَانَ ذَٰلِكَ عَلَى اللَّهِ يَسِيرًا ﴿١٩﴾

၁၉။ အသင်တို့အပေါ်၌ တွန့်တိုကြလျက် တဖန် စိုးရိမ်မှုတစုံတရာ ပေါ်ပေါက်လာခဲ့သည်ရှိသော် ၎င်းတို့သည် သေခြင်းတရား ဆိုက်ရောက်လာသဖြင့် မေ့မြောနေသောသူကဲ့သို့ မျက်စိများမူးဝေလျက်ရှိပြီး အသင့်ဘက်သို့ ကြည့်ရှုနေကြသည်ကို အသင်သည် တွေ့မြင်ရလေသည်။

တဖန် စိုးရိမ်မှု ပပျောက်သွားလေသောအခါ ဝယ် ၎င်းတို့သည် (လက်ရဲ)ပစ္စည်းများအပေါ်၌ လောဘရမ္မက်ထားရှိကြလျက် ထက်မြက်သောနှုတ်သီးများဖြင့် အသင်တို့အား နာကြည်းစေရန် စောင်းမြောင်းပြောဆိုကြကုန်၏။

ထိုသူတို့ကား သက်ဝင် ယုံကြည်ခဲ့ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူခဲ့၏။ စင်စစ်သော်ကား ဤသည် အလ္လာဟ် အရှင်မြတ်အဖို့ (လွန်စွာ) လွယ်ကူလှပေတကား။

يَحْسَبُونَ الْأَحْزَابَ لَمْ
يَذْهَبُوا ۖ وَإِن يَأْتِ الْأَحْزَابُ
يَوَدُّوا لَوْ أَنَّهُم بَادُونَ فِي
الْأَعْرَابِ يَسْأَلُونَ عَنْ
أَنبَائِكُمْ ۖ وَلَوْ كَانُوا فِيكُم

၂၀။ ၎င်းတို့သည် "သွေးစည်းထားသော (ကာဖိရ် မဟာမိတ်)အုပ်စုတို့မှာ (ယခုတိုင်အောင်) မသွားကြသေး" ဟု ထင်မှတ်နေကြကုန်၏။ သို့ရာတွင် ထိုသွေးစည်းထားသောအုပ်စုများ ရောက်ရှိ၍ လာကြလျှင်၊ ၎င်းတို့မှာ "အကယ်၍ ကျွန်ုပ်တို့သည် ကျေးလက်တောရွာများ၌ နေထိုင်ခဲ့ကြပြီး အသင်တို့၏ သတင်းများ စုံစမ်းမေးမြန်းလျက်ရှိကြသော် ကောင်းလေစွ" ဟု နှစ်သက်လိုလားကြပေမည်။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်တို့နှင့်အတူ ရှိနေခဲ့ကြ

مَّا قَتَلُوٓاْ إِلَّا قَلِيلًا ﴿٢٠﴾

لَّقَدْ كَانَ لَكُمْ فِى رَسُولِ اللَّهِ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُواْ اللَّهَ وَالْيَوْمَ الْءَاخِرَ وَذَكَرَ اللَّهَ كَثِيرًا ﴿٢١﴾

လျှင်လည်း အနည်းငယ်မျှသာလျှင် တိုက်ခိုက်ကြပေမည်။ ၁

၂၁။ ဧကန်မလွဲ အသင်တို့အဖို့ (၀၀) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ကြောက်ရွံ့သည့်ပြင် အလ္လာဟ်အရှင်မြတ်အား များစွာ အောက်မေ့တ,သ, သတိရလျက်ရှိသူ၏ အဖို့ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ ၂

---

① မုနာဖစ်ဂ်များသည် အဘယ်မျှ သူရဲဘောနည်းသည်၊ အဘယ်မျှ သတ္တိကြောင်သည်ဆိုသော် ကာဖိရ် မဟာမိတ်စစ်သည်များ အကြံအစည်မအောင်မြင်ပဲ တပ်ခေါက်ပြန်သွားကြရသည်ကိုပင် မယုံကြည်နိုင်ပဲ ရှိနေခဲ့ကြပေသည်။ မုနာဖစ်ဂ်များသည် တဘက်တွင် အခြေအနေအရ မုစ်လင်မ်များနှင့်ပူးပေါင်း၍ နေကြသည်။ အခြားတဘက်တွင် ကာဖိရ်မဟာမိတ်စစ်သည်များ ပြန်လာကြသည်ကိုပင် လိုလားနေကြပေသည်။ အကယ်တန္တ ကာဖိရ်မဟာမိတ်စစ်သည်များ ရောက်ရှိလာကြပါက ၎င်းတို့သည် မြို့တွင်း၌ပင်မနေပဲ ကျေးလက်တောရွာများတွင် သွားရောက်နေထိုင်ပြီး ခြံစည်းရိုးပေါ်တွင်ထိုင်ကာ စစ်သင်းကို နားစွင့်နေကြပေမည်။ စစ်ရေးသာသည့်ဘက်သို့ ယိမ်းယိုင်ကြပေမည်။ ဤကား မုနာဖစ်ဂ်တို့၏ ဟန်ဆောင်မှု၊ သတ္တိကြောင်မှု၊ အချောင်ဆန်မှု၊ မုစ်လင်မ် မုန်းတီးမှုနှင့် ကာဖိရ်လိုလားမှု၏ သရုပ်သကန်ပင်။

② <u>အတုယူဖွယ်ရာ စံနမူနာ၊</u>

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဘဝသက်တမ်းတစ်ခုလုံးသည် လူသားတို့အဖို့၊ အထူးသဖြင့် ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်နှင့် တွေ့ရမည်ကိုမျှော်ကာ ထိုအရှင်မြတ်အား မပြတ်ခါခါ အောက်မေ့တသ, သတိရလျက်ရှိသော သူမွန်သူမြတ်တို့အဖို့ အလွန်ကောင်းမြတ်လှသည့် စံနမူနာပင်ဖြစ်ပေသည်။ အခြား အေးချမ်းသော၊ သာယာသော အချိန်အခါမျိုးတွင်မဆိုထားနှင့်၊ စစ်မြေပြင်တွင် စစ်သည်အင်အားချင်း မမျှတသော ရန်သူများနှင့် ရင်ဆိုင်နေရသည့် အချိန်အခါမျိုးတွင်လည်း တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မယိမ်းမယိုင် ကျောက်တိုင်ပမာ ရပ်တည်နေတော်မူခဲ့သည်။ အနည်းငယ်စိုးစဉ်းမျှပင် တုန်လှုပ်ချောက်ချားတော်မမူခဲ့ပေ။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် လောကီရေး၊ လောကုတ္တရာရေး၊ စားဝတ်နေရေး၊ ပြောရေးဆိုရေး၊ နေရေးထိုင်ရေးစသည့် အရေးကိစ္စအဝဝတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ချမှတ်တော်မူခဲ့သည့် လမ်းစဉ်များကိုသာ ဖဝါးခြေထပ် လိုက်နာကျင့်သုံးကြရမည်။ အထူးသဖြင့် ခွဲသတ္တိ၊ ကြုံခိုင်တည်ကြည်စွာ ရပ်တည်မှုတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကိုပင် စံနမူနာ ထားကြရပေမည်။

وَلَمَّا رَاَ الْمُؤْمِنُوْنَ الْاَحْزَابَ قَالُوْا هٰذَا مَا وَعَدَنَا اللّٰهُ وَرَسُوْلُهٗ وَصَدَقَ اللّٰهُ وَرَسُوْلُهٗ ۫ وَمَا زَادَهُمْ اِلَّاۤ اِيْمَانًا وَّتَسْلِيْمًا ﴿٢٢﴾

၂၂။ အမှန်စင်စစ်သော်ကား "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူတို့သည် သွေးစည်းထားသောအုပ်စုတို့အား တွေ့မြင်ခဲ့ကြသောအခါ "ဤသည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ်တမန်မြတ်သည်လည်းကောင်း၊ ချိန်းချက်တော်မူခဲ့သောကိစ္စပင် ဖြစ်သည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ် တမန်တော်မြတ်သည်လည်းကောင်း၊ ခှန်ကန်စွာ (သတင်းပေး) မိန့်ကြားတော်မူခဲ့သည်" ဟု ပြောဆိုကြကုန်၏။ ထိုမှတပါး၊ ယင်းကိစ္စသည် ၎င်းတို့၌ အီမာန်ယုံကြည်မှုနှင့်လိုက်နာမှုကိုသာ တိုးပွားများပြားစေခဲ့လေသတည်း။ [၁]

مِنَ الْمُؤْمِنِيْنَ رِجَالٌ صَدَقُوْا مَا عَاهَدُوا اللّٰهَ عَلَيْهِ ۚ فَمِنْهُمْ مَّنْ قَضٰى نَحْبَهٗ وَمِنْهُمْ مَّنْ يَّنْتَظِرُ ۖ وَمَا بَدَّلُوْا تَبْدِيْلًا ﴿٢٣﴾

၂၃။ "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အနက် အလ္လာဟ်အရှင်မြတ်နှင့် မိမိတို့ ထားရှိခဲ့ကြသော ပဋိညာဉ်နှင့်အညီ မှန်ကန်စွာ ပြုလုပ်ခဲ့ကြသူများလည်း ရှိကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့အနက် မိမိတို့၏ အဓိဋ္ဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ခဲ့သူများလည်း ရှိကြ၏။ ထို့ပြင် ၎င်းတို့အနက် (မိမိတို့၏ အဓိဋ္ဌာန်ကို ပြီးစီးအောင်ဆောင်ရွက်ရန်) စောင့်စားနေသူများလည်း ရှိကြကုန်၏။ ၎င်းတို့သည် အနည်းငယ် စိုးစဉ်းမျှပင် မပြောင်းလဲခဲ့ကြပေ။ [၂]

---

① မုအ်မင်န်များသည် ကာဖိရ်မဟာမိတ်စစ်သည်များအား လေးဘက်လေးတန်မှ အင်အားကြီးမားစွာဖြင့် စစ်ချီတက်လာကြသည်ကို တွေ့ကြရသောအခါ 'ဤသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်က ယခင်က ကျွန်ုပ်တို့အား ချိန်းချက်ထားတော်မူသော အရာသာဖြစ်သည်'ဟု ဆိုကြလေသည်။ ဤသည့်ချိန်းချက်သည် ကုရ်အာန်ကျမ်းမြတ် (၃:၁၁၄။ ၃၈:၁၁)တွင် ပါရှိသည်။ ထို့ပြင်တဝ မုအ်မင်န်များသည် ယင်းသို့ ကာဖိရ်စစ်သည်များအား တွေ့မြင်ကြရသောအခါ တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားခြင်း၊ မရှိသည့်အပြင် ၎င်းတို့၏ ယုံကြည်ချက်နှင့် နာခံမှုသည် ပိုမိုခိုင်မာ၍ ရင့်ကျက်တိုးပွား များပြားလာခဲ့ပေသည်။ ဤသည် မုအ်မင်န်တို့၏ သရုပ်သကန်ပင်။ ဤသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ချမှတ်ထားတော်မူခဲ့သည့် လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးမှုပင်။

لِّيَجْزِيَ اللَّهُ الصَّٰدِقِينَ بِصِدْقِهِمْ وَيُعَذِّبَ الْمُنَٰفِقِينَ إِن شَآءَ أَوْ يَتُوبَ عَلَيْهِمْ ۚ إِنَّ اللَّهَ كَانَ غَفُورًا رَّحِيمًا ﴿٢٤﴾

၂၄။ (ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် သစ္စာဝါဒီတို့အား ထိုသူတို့၏ သစ္စာရှိမှုကြောင့် အစားပေးတော်မူအံ့သောငှာလည်းကောင်း၊ အကယ်၍ အလိုရှိတော်မူခဲ့ပါလျှင် မုနာဖစ်က် အယောင်ဆောင် မုစ်လင်မ်တို့အား ပြစ်ဒဏ် ပေးတော်မူအံ့သောငှာ သို့မဟုတ် (အလိုရှိတော်မူပါလျှင်) ထိုသူတို့၏ ဝန်ချတောင်းပန်ချက်ကို သဘောတူ လက်ခံတော်မူအံ့သောငှာလည်းကောင်း၊ ဖြစ်၏။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသော၊ အလွန်တရာ ကရုဏာပြုတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

㉑ မုအ်မင်နဲ်တို့၏ ကတိတည်မှု၊ စွန့်စားမှု၊

အထက်တွင် မုနာဖစ်က်များသည် "နောက်နောင် ကျွန်ုပ်တို့သည် စစ်မြေပြင်မှ ကျောခိုင်းသွားကြမည် မဟုတ်ပါ" ဟု ဝန်ခံကတိပြုကြ ပြီးနောက်သော်မှပင် မိမိတို့၏ကတိကို ချိုးဖောက်ခဲ့ကြသည့် အကြောင်းပါရှိသည်။ [ကြည့်-ကုရ်အာန် (၃၃း၁၄-၁၅)] ဤအာယတ်တော်တွင် မုအ်မင်နဲ်များ ကတိတည်ခဲ့ကြသည့် အကြောင်းကို မိန့်ဆိုထားတော်မူသည်။ မုအ်မင်နဲ်များသည် ကတိတည်ခဲ့ကြသည်။ ကတိပြုကြသည့်အတိုင်း လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခကြီးငယ်နှင့် ရင်ဆိုင်ရသည့် အချိန်အခါမျိုးမှာပင် အစွန့်လာမ်နှင့်တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကို အသက်ပေး၍ ကာကွယ်ခဲ့ကြသည်။ အနည်းငယ်စိုးစဉ်းမျှပင် မသွေဖည်ခဲ့ကြပေ။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ထံတွင် ဆိုထားကြသည့် သစ္စာအမိဋ္ဌာန်အပေါ်၌ သေသည့်တိုင်အောင် မယိမ်းမယိုင် ကျောက်တိုင်ပမာ ရပ်တည်နေခဲ့ကြပေသည်။

"မုအ်မင်နဲ်တို့အနက် အချို့သည် မိမိတို့၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပြီးချေပြီ" (၀ါ) စစ်ပွဲတွင် အသက်ပေး၍ 'ရှဟီးဒ်' ဖြစ်သွားခဲ့ချေပြီ။ ဥပမာ-(ဗဒ်ရ်၊ အုဟုဒ်စစ်ပွဲများတွင် သေဆုံးသွားခဲ့ကြချေပြီ)။ ၎င်းတို့တွင် (ဆွဟာဗီ) သာဝကကြီးအနက်စ် အစ်ဗ်နု နဿရ်သည် အထူးပင် ကျော်ကြားခဲ့ပေသည်။

မုအ်မင်နဲ်တို့တွင် အချို့တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ရှဟီးဒ်ဖြစ်ရန်၊ အသက်စွန့်ရန်၊ အခွင့်အလမ်းကို ဆန္ဒပြင်းပြစွာဖြင့် စောင့်မျှော်လျက် ရှိကြပေသည်။

အထက်ဖော်ပြပါ မုအ်မင်နဲ် နှစ်မျိုးနှစ်စားလုံးသည် မိမိတို့ထားရှိခဲ့ကြသော ကတိများကို ကောင်းစွာထိန်းသိမ်း နိုင်ခဲ့ကြပေသည်။ အနည်းငယ်စိုးစဉ်းမျှပင် မပြောင်းလဲခဲ့ကြပေ။

وَرَدَّ اللَّهُ الَّذِينَ كَفَرُوا بِغَيْظِهِمْ لَمْ يَنَالُوا خَيْرًا ۚ وَكَفَى اللَّهُ الْمُؤْمِنِينَ الْقِتَالَ ۚ وَكَانَ اللَّهُ قَوِيًّا عَزِيزًا ﴿٢٥﴾

၂၅။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့အား ၎င်းတို့သည် မည်သည့် ကောင်းကျိုးကိုမျှ မရရှိခဲ့ကြဘဲ၊ ၎င်းတို့၏ အမျက်ဒေါသနှင့်တကွ ပြန်သွားစေတော်မူခဲ့၏။ [၁] ၎င်းပြင် စစ်မက်တိုက်ခိုက်ရာတွင် အလ္လာဟ်အရှင်မြတ်သည်ပင် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ လုံလောက်တော်မူခဲ့၏။ စင်စစ်မှာကား အလ္လာဟ် အရှင်မြတ်သည် အလွန်တရာ အားအင်ပြည့်စုံတော်မူသော၊ အလွန်တရာ လွှမ်းမိုးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَأَنزَلَ الَّذِينَ ظَاهَرُوهُم مِّنْ أَهْلِ الْكِتَابِ مِن صَيَاصِيهِمْ وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ فَرِيقًا تَقْتُلُونَ وَتَأْسِرُونَ فَرِيقًا ﴿٢٦﴾

၂၆။ ထိုမှတပါး: ထိုအရှင်မြတ်သည် ၎င်းတို့အား ကူညီထောက်မခဲ့ကြကုန်သော ကျမ်းဂန်ရရှိသူတို့အား ၎င်းတို့၏ ခံတပ်များမှ ထွက်စေတော်မူခဲ့သည့်ပြင် ၎င်းတို့၏ စိတ်နှလုံးများတွင် ကြောက်ရွံ့ထိတ်လန့်မှုကို ထည့်သွင်းတော်မူခဲ့ရာ အသင်တို့သည် ၎င်းတို့အနက် လူတစုကို သတ်ဖြတ်လျက် ရှိကြပြီး၊ လူတစုကိုမူကား (သုံ့ပန်းများအဖြစ်) ဖမ်းဆီးချုပ်နှောင်ကြကုန်၏။ [၂]

---

① ကာဖိရ်များသည် စစ်သည်အင်အား ကြီးမားစွာဖြင့် ရက်ပေါင်းများစွာ မုစ်လင်မ်တို့အား ဝိုင်းဝန်းတိုက်ခိုက်ကြသော်လည်း နောက်ဆုံးတွင် စစ်ရေးလည်းမသာ၊ ဥစ္စာပစ္စည်း တစ်စုံတစ်ရာလည်းမရရှိပဲ၊ ခဲလေသမျှသဲရေကျဖြစ်ကာ၊ ကြိတ်မနိုင်ခဲမရဖြစ်ကာ တပ်ခေါက်ပြန်သွားခဲ့ကြရပေသည်။ သို့ဖြစ်ကြရသည့်အထဲတွင် ၎င်းတို့၏ အကျော်အမော် စစ်ဗိုလ်တစ်ဦးဖြစ်သူ အမ်ရ်အစ်ဗ်န် ဝဒ္ဒသည် သာဝကကြီးအလီ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရလေသည်။

ကာဖိရ်များက "၎င်းတို့အား ၎င်းတို့၏စစ်ဗိုလ်၏ အသုဘအလောင်းကို ပြန်ပေးပါက ငွေတစ်သောင်းတိတိပေးပါမည်"ဟုဆိုရာ၊ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)က "အသင်တို့သည် အသုဘအလောင်းကို ယူသွားကြ၊ ငါတို့သည် အသုဘအလောင်း၏ အဖိုးအခ စားသုံးသူများမဟုတ်"ဟု မိန့်ကြားတော်မူလိုက်လေသည်။

② **ကုရိုင်ဇွာဟ် မျိုးနွယ်ဝင်များအား ဒဏ်ခတ်ခြင်း၊**

ကုရိုင်ဇွာဟ် မျိုးနွယ်ဝင်များသည် မဒီနာမြို့၏အရှေ့ဘက်တွင် ခိုင်ခံ့သောခံတပ်များ၌ ➤➤

➤➤ နေထိုင်ခဲ့ကြ၏။ ၎င်းတို့သည် မုစ်လင်မ်များနှင့် ချစ်ကြည်ရေး စာချုပ်ချုပ်ဆိုထားခဲ့၏။ သို့ချစ်ကြည်ရေး စာချုပ် ချုပ်ဆိုထားပါလျက်၊ ၎င်းတို့သည် နာသွီရ်မျိုးနွယ်၏ခေါင်းဆောင် ဟွတ်ယ်အစ်ဗ်နုအခ်တွာဗ်၏ သွေးဆောင်မှုကြောင့် မုစ်လင်မ်တို့နှင့် ချုပ်ဆိုထားသော ချစ်ကြည်ရေးစာချုပ်ကို ချိုးဖောက်ကာ အဟ်ဇာဗ် စစ်ပွဲတွင် ကာဖိရ်မဟာမိတ် စစ်သည်များနှင့် ပူးပေါင်းသွားခဲ့ကြ၏။ အဟ်ဇာဗ် စစ်ပွဲဖြစ်ပွားနေစဉ် ကုရိုင်ဇွာဟ် မျိုးနွယ်ဝင်အချို့တို့သည် မုစ်လင်မ်အမျိုးသမီးများ အား တိုက်ခိုက်ရန်ပင် ကြိုးစားခဲ့ကြသေး၏။ ဆွဖိယဟ် သခင်မသည်ပင် ၎င်းတို့အား ဇွဲသတ္တိပြောင်မြောက်စွာ ခုခံနိုင်ခဲ့ပေသည်။

ကာဖိရ်မဟာမိတ် စစ်သည်များသည် အဟ်ဇာဗ်စစ်ပွဲမှ အကြံအစည်မအောင်မြင်ပဲ တပ်လန်ပြန်ကြ ရသည့်အခါ ကုရိုင်ဇွာဟ် မျိုးနွယ်ဝင်များသည်လည်း မိမိတို့၏ ခံတပ်များတွင် ခိုအောင်းနေခဲ့ကြလေသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အဟ်ဇာဗ်စစ်ပွဲ ပြီးဆုံးသွားသည့်အခါ ရေချိုးနေတော်မူစဉ် ကောင်းကင်တမန် ဂျိဗ်ရီလ်ရောက်ရှိလာပြီး ကုရိုင်ဇွာဟ် မျိုးနွယ်ဝင်များအား တိုက်ခိုက်ရန် အမိန့်တော် ပါလာကြောင်းလျှောက်ထားရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့်တကွ မုစ်လင်မ် စစ်သည်များသည် ဆက်လက်စစ်ချီ၍ ကုရိုင်ဇွာဟ်မျိုးနွယ်ဝင်များအား ဝိုင်းဝန်းထားလိုက်ကြလေသည်။ သို့ဝိုင်းဝန်းထားခြင်းမှာ ရက်ပေါင်း (၂၄)၊ (၂၅) ရက်ခန့်ကြာခဲ့သည်။ နောက်ဆုံးတွင် ကုရိုင်ဇွာဟ်မျိုးနွယ်ဝင်များသည် ဝိုင်းဝန်းထားခြင်းဒဏ်ကို မခံနိုင်ကြသည့်အခါ "ကျွန်ုပ်တို့သည် မိမိတို့ခံတပ်များမှ ထွက်လာကြပါမည်။ (အောက်စ်မျိုးနွယ်၏ခေါင်းဆောင်ဖြစ်သော သာဝကကြီး စအ်ဒ်အစ်ဗ်နုမုအာဇ်အား ခုံသမာဓိအဖြစ် တင်မြှောက်ကြပါမည်။ ၎င်း၏အဆုံးအဖြတ်ကို နာခံကြပါမည့်"အကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ စာရေးမေတ္တာရပ်ခံခဲ့ကြ၏။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည်လည်း ၎င်းတို့၏ မေတ္တာရပ်ခံချက်ကို လက်ခံတော်မူခဲ့၏။

ကုရိုင်ဇွာဟ်မျိုးနွယ်ဝင်များက အောက်စ်မျိုးနွယ်၏ခေါင်းဆောင်အား ခုံတင်ခြင်းမှာ ကုရိုင်ဇွာဟ်နှင့် အောက်စ်တို့သည် အချင်းချင်း မဟာမိတ်များ ဖြစ်ကြသည့်အတွက် ဆုံးဖြတ်ရာတွင် ၎င်းတို့အား ထောက်ထားမည်ကို မျှော်ကိုး၍ ခုံတင်ခဲ့ကြခြင်းဖြစ်သည်။

သာဝကကြီး စအ်ဒ်သည် မိမိ၏မဟာမိတ်ဖြစ်သော ကုရိုင်ဇွာဟ်မျိုးနွယ်အား လူသဘာဝအလျောက် အထူးပင်ငဲ့ညှာထောက်ထား လိုခဲ့ပေသည်။ သို့တစေလည်း တရားမျှတမှုကိုမူ အသို့လျှင် ကျောခိုင်းနိုင်ခဲ့အံ့နည်း။ နောက်ဆုံးတွင် သာဝကကြီးစအ်ဒ်သည် အောက်ပါအတိုင်း အဆုံးအဖြတ်ပေးခဲ့ပေသည်။

"ကုရိုင်ဇွာဟ်မျိုးနွယ်တွင် တိုက်ခိုက်သော ယောကျ်ားအားလုံးကို ကွပ်မျက်ရမည်။ အမျိုးသမီးများနှင့် ကလေးများကို ကျွန်အဖြစ် သိမ်းပိုက်ရမည်။ ကုရိုင်ဇွာဟ်မျိုးနွယ်၏ ဥစ္စာပစ္စည်းအားလုံးကိုလည်း လက်ရပစ္စည်း အဖြစ် သိမ်းယူရမည်။ ဤသည် ၎င်းတို့၏ သစ္စာဖောက်မှု၏ အကျိုးပင်ဖြစ်သည်"။

အထက်ပါ ဆုံးဖြတ်ချက်သည် "တောင်ရာတ်" ကျမ်းချက်နှင့်လည်း ညီသည်။

သာဝကကြီး စအ်ဒ်၏ အထက်ပါဆုံးဖြတ်ချက်အရ အကြိမ်ကြိမ် သစ္စာဖောက်ခဲ့ကြသော ကုရိုင်ဇွာဟ် မျိုးနွယ်ဝင်များအနက် ယောကျ်ားများ ကွပ်မျက်ခြင်းခံခဲ့ကြရသည်။ အမျိုးသမီးများနှင့် ကလေးများမှာ ဖမ်းဆီး ချုပ်နှောင်ခြင်း ခံခဲ့ကြရသည်။ ၎င်းတို့၏ ဥစ္စာပစ္စည်းများလည်း သိမ်းပိုက်ခြင်းခံခဲ့ရသည်။ ဤသည် သစ္စာဖောက်မှု၏ အကျိုးပင်။

ဤအကြောင်းကို စီရတွန်နဗီကျမ်း အစောင်(၁)၊ စာမျက်နှာ(၄၃၃-၄၄၀) တွင် အကျယ်တွေ့ရှိနိုင်ပေသည်။

وَأَوْرَثَكُمْ أَرْضَهُمْ وَدِيَارَهُمْ وَ
أَمْوَالَهُمْ وَأَرْضًا لَّمْ تَطَئُوهَا ۚ
وَكَانَ اللَّهُ عَلَىٰ كُلِّ شَيْءٍ
قَدِيرًا ﴿٢٧﴾

၂၇။ ထိုမှတပါး၊ ထိုအရှင်မြတ်သည် ထိုသူတို့၏ မြေကိုလည်းကောင်း၊ ထိုသူတို့၏ နေအိမ်များကိုလည်းကောင်း၊ ထိုသူတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း၊ ထိုပြင် အသင်တို့ ခြေမချရသေးသော မြေကိုလည်းကောင်း၊ [၁] အသင်တို့အား အမွေဆက်ခံစေတော်မူခဲ့၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

يَا أَيُّهَا النَّبِيُّ قُل لِّأَزْوَاجِكَ
إِن كُنتُنَّ تُرِدْنَ الْحَيَاةَ
الدُّنْيَا وَزِينَتَهَا فَتَعَالَيْنَ
أُمَتِّعْكُنَّ وَأُسَرِّحْكُنَّ سَرَاحًا
جَمِيلًا ﴿٢٨﴾

၂၈။ အိုး-နဗီတမန်တော်၊ အသင်သည် မိမိ ကြင်ရာတော်များအား ပြောကြားပါလေ။ အကယ်၍ အသင်မတို့သည် လောကီဘဝကိုလည်းကောင်း၊ ယင်းလောကီဘဝ၏ လှပတင့်တယ်မှုကိုလည်းကောင်း အလိုရှိကြပါလျှင်၊ အသင်မတို့လာကြပါကုန်၊ ငါသည် အသင်မတို့အား ကျေနပ်အောင်အကျိုးခံစားစေ၍ ကောင်းမွန်စွာ စွန့်လွှတ်လိုက်မည်။

وَإِن كُنتُنَّ تُرِدْنَ اللَّهَ
وَرَسُولَهُ وَالدَّارَ الْآخِرَةَ
فَإِنَّ اللَّهَ أَعَدَّ لِلْمُحْسِنَاتِ
مِنكُنَّ أَجْرًا عَظِيمًا ﴿٢٩﴾

၂၉။ သို့ရာတွင် အကယ်၍ အသင်မတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာသုလ်တမန်တော်မြတ်အားလည်းကောင်း၊ တမလွန်ဘဝကိုလည်းကောင်း၊ ရည်စူးကြပါလျှင် မလွဲမကန် အလ္လာဟ်အရှင်မြတ်သည် အသင်မတို့အနက် ကောင်းမြတ်သောအကျင့်သီလကို ဆောက်တည်ကြကုန်သော သူမတို့အဖို့ ကြီးကျယ်လှစွာသောအကျိုးကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူသည်။ [၂]

---

① ဤအာယတ်တော်တွင် "အသင်တို့ ခြေမချရသေးသောမြေ" ဟူသည် 'ခိုင်ဗရ်'မြေကို ဆိုလိုသည်။ မုစ်လင်မ်တို့သည် ကုရိုင်စွာဟ်မျိုးနွယ်ကို ဒဏ်ခတ်ပြီးနောက် (၂)နှစ်ရှိသောအခါ ခိုင်ဗရ်ကို သိမ်းပိုက်နိုင်ခဲ့ကြပေသည်။

အချို့အဆိုအရ အဆိုပါမြေသည် မက္ကာမြေကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ အချို့က ပါရှား၊ ရောမ တိုင်းပြည်များကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ အချို့က ကိယာမတ်တိုင် မုစ်လင်မ်တို့ အောင်နိုင် ➤➤

➤➤ သိမ်းပိုက်ကြမည့် မြေများကိုဆိုလိုသည်ဟူ၍ လည်းကောင်း အဆိုအမျိုးမျိုး ရှိပေသည်။

ⓙ <u>ကြင်ရာတော်များအား ကြိုက်နှစ်သက်ရာ လမ်းတစ်သွယ်ကို ရွေးချယ်ရန်၊</u>

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် မိမိ၏ အာသာဆန္ဒအလျောက် စားဝတ်နေရေး တွင် အသုံးအစွဲကို ခြိုးခြံနိုင်သမျှ ခြိုးခြံတော်မူခဲ့၏။ ချို့တဲ့မှု၊ ပင်ပန်းမှု၊ ဆင်းရဲမှုတို့ကို သည်းခံတော်မူခဲ့၏။ အိမ်တော်သို့ရောက်ရှိလာသော ဥစ္စာပစ္စည်းနှင့် စားဖွယ်ရာများကိုလည်း မဆိုင်းမငဲ့ ချက်ချင်းပင် လှူဒါန်းပေးကမ်းလေ့ ရှိတော်မူခဲ့၏။ တစ်ခါတစ်ရံ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် ကြွေးမြီပင်ယူငင်၍ အိမ်တော်သူ၊ အိမ်တော်သားများ၏ စားဝတ်နေရေးကို ဖန်တီးတော်မူခဲ့ရရှာ၏။

(ခိုင်ဗရ်... စသည့်နယ်မြေများကို အောင်နိုင်သိမ်းပိုက်ပြီး နောက်ပိုင်းတွင်) မုစ်လင်မ်တို့၏ စားဝတ်နေရေးသည် အတော်ပင် အဆင်ပြေလာခဲ့၏။ ယင်းသည့်အခြေအနေကို တွေ့မြင်ကြရသောအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ ကြင်ရာတော်များသည်လည်း လူသဘာဝအလျောက် စားဝတ်နေရေး အဆင်ပြေလိုခဲ့ကြ၏။ ထိုအခါ အချို့ကြင်ရာတော်များက တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)ထံတွင် စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ယခင်ကထက် စားနပ်ရိက္ခာ အသုံးစရိတ်များကို ပိုမိုပေးတော်မူရန် မေတ္တာရပ်ခံခဲ့ကြ၏။ တောင်းဆိုခဲ့ကြ၏။

ယင်းသို့ စားဝတ်နေရေးနှင့်စပ်လျဉ်း၍ ကြင်ရာတော်များ၏ တောင်းဆိုချက်ကို ကြားရသောအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လလ်မ်)သည် စိတ်မကောင်း ဖြစ်တော်မူခဲ့၏။ စိတ်ထိခိုက်တော်မူခဲ့၏။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လလ်မ်)သည် "တစ်လတိုင်တိုင် အိမ်တော်သို့ ငါသွားမည် မဟုတ်"ဟု ကျိန်ဆို၍ ဗလီကျောင်းတော်အနီးရှိ အဆောင်တစ်ခု၏ လသာဆောင်တွင် တကိုယ်ရည်၊ တကာယတည်း စံနေတော်မူခဲ့၏။ အိမ်တော်၏ အိမ်တွင်းရေးမပြေလည်မှုကို သိရှိကြသော တပည့်သာဝကများသည်လည်း ပူပန်သောကဖြစ်ခဲ့ကြ၏။

သာဝကကြီး အဗူဗတ်ဂ်ရ်နှင့် သာဝကကြီး အုမ်ရ်နှစ်ပါးတို့သည် ဤပြဿနာ တနည်းတဖုံ ပြေလည်သွားစေရန် ကြံစည်နေခဲ့ကြ၏။ အထူးသဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏ ကြင်ရာတော်များတွင် အပေါအဝင်ဖြစ်နေသော မိမိတို့၏သမီးနှစ်ဦး (အာအိရှ်ဟ်၊ ဟဖ်ဆွဟ်) တို့နှင့် ပတ်သက်၍ ထိုသမီးနှစ်ဦးသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)အား စိတ်ဒုက္ခဖြစ်စေပြီး မိမိတို့၏နောင်ရေး ဖျက်ဆီးပစ်ကြမည်ကို စိုးရိမ်ပူပန်နေခဲ့ကြ၏။ ထိုအခါ သာဝကကြီးအဗူဗတ်ဂ်ရ်နှင့် သာဝကကြီးအုမ်ရ်သည် မိမိတို့၏သမီးများကို အသီးသီးနားချခဲ့ကြ၏။ ဆုံးမခဲ့ကြ၏။ ကြံ့မ်မောင်းခဲ့ကြ၏။ ထို့နောက် အဆိုပါ သာဝကကြီးနှစ်ပါးသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)ထံသွားပြီး ခင်မင်ရင်းနှီးစွာ စကားစမြည် ပြောဆိုခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)သည် အနည်းငယ် စိတ်နလုံး ကြည်ရွှင်လာတော်မူခဲ့၏။ တလကြာသော် ကြင်ရာတော်များသည် လမ်းနှစ်သွယ်အနက် ကြိုက်နှစ်သက်ရာ လမ်းတသွယ်ကို ရွေးချယ်ကြရမည့်အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းလာ ဤအာယတ်တော် (၃၃း၂၈-၂၉) ကျရောက်လာခဲ့ပေသည်။

အဆိုပါ အာယတ်တော်များ၏အလိုသဘောမှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)က ကြင်ရာတော်များအား ၎င်းတို့သည် လမ်းနှစ်သွယ်အနက် ကြိုက်နှစ်သက်ရာ လမ်းတသွယ်ကို ရွေးချယ်ကြရမည့် အကြောင်း၊ ကြင်ရာတော်များသည် ဓလေ့ကိစ္စဝိစ်မကို ခုမင်မက်မောကြပါက မိမိနှင့်ဆက်လက် ပေါင်းသင်း➤➤

يَٰنِسَآءَ ٱلنَّبِيِّ مَن يَأۡتِ مِنكُنَّ بِفَٰحِشَةٖ مُّبَيِّنَةٖ يُضَٰعَفۡ لَهَا ٱلۡعَذَابُ ضِعۡفَيۡنِۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرٗا ٣٠

၃၀။ အို-နဗီတမန်တော်မြတ်၏ ကြင်ရာတော်အပေါင်းတို့၊ အသင်မတို့အနက် မည်သူမဆို ထင်ရှားစွာသော မဖွယ်မရာအမှုကိစ္စ တစ်စုံတစ်ခုကို ပြုလုပ်သည်ရှိသော် ၎င်းမှာ နှစ်ဆတိုး၍ ပြစ်ဒဏ်ပေးခြင်းကို ခံရပေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၌ ယင်းကဲ့သို့ ပြုလုပ်ရန် လွယ်ကူပေသတည်း။

➤➤ နေထိုင်ရန် မဖြစ်နိုင်ကြောင်း၊ (လင်ခန်းမယားခန်း ဖြတ်ခြင်းခံရသော အမျိုးသမီးများအား ဝတ်စုံစသည်များ ပေးရသည့် စည်းကမ်းချက်နှင့်အညီ) အနည်းငယ် အကျိုးခံစားခွင့်ပေးပြီး ကောင်းမွန်စွာ စွန့်လွှတ်မည်ဖြစ်ကြောင်း၊ (၀၁) တရားတော်နှင့်အညီ လင်ခန်းမယားခန်း ဖြတ်မည်ဖြစ်ကြောင်း၊ အကယ်၍ ကြင်ရာတော်များသည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ နှစ်သက်ကျေနပ်မှုကို လိုလားကြလျှင်၊ နောင်တမလွန်ဘဝ၏ ကောင်းမွန်မြင့်မြတ်သော သုခချမ်းသာများကို လိုလားကြလျှင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်တွင် ပိုနေမြဲကျားနေမြဲ ယခင်နည်းတူပင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတော်တွင် ကောင်းမွန်စွာ နေထိုင်ကြသော ကြင်ရာတော်များအဖို့ အလ္လာဟ်အရှင်မြတ်သည် ကြီးကဲမြင့်မြတ်သော ကုသိုလ်အကျိုးကို အသင့်စီစဉ်ထားတော်မူကြောင်းများကို အတည့်အလင်း ပြောကြားရန်ပင်ဖြစ်သည်။

ဤအာယတ်တော် ကျရောက်လာသည့်အခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အိမ်တော်သို့ ကြွလာပြီး ဦးစွာပထမ ကြင်ရာတော် အာအိရှဟ်အား ဤအာယတ်တော်ကို ပြောပြတော်မူ၏။ အာအိရှဟ်သခင်မသည် ဤအာယတ်တော်ကို ကြားနာရသည့်အခါ မဆိုင်းမငဲ့ပဲ၊ "ကျွန်မသည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ နှစ်သက်မှုကိုသာ လိုလားပါသည်"ဟု လျှောက်ထားခဲ့လေသည်။ ထို့နောက် ကျန်ကြင်ရာတော် အားလုံးတို့ကလည်း အာအိရှဟ်သခင်မကဲ့သို့ပင် အသီးသီး လျှောက်ထားခဲ့ကြလေသည်။

ဤသို့ဖြင့် တမန်တော်မြတ်အိမ်တော်၏ အိမ်တွင်းရေး ပြဿနာပြေလည်သွားခဲ့လေသည်။ ကြင်ရာတော်များသည်လည်း လောကီစည်းစိမ် ခံစားရန် အတွေးကို အမှေကြီး မှေသွားခဲ့ကြပြီး တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် အတူတကွ ခြိုးခြံစွာ စားဝတ်နေထိုင်ခဲ့ကြလေသည်။ ဤသို့ ခြိုးခြံစွာ စားဝတ်နေကြရသည်ကိုပင် အကျေနပ်ကြီးကျေနပ်၍ နေခဲ့ကြလေသည်။

ကြင်ရာတော်များ၏ အဆင့်အတန်းမြင့်မားမှုနှင့် တာဝန်ကြီးလေးမှု၊

၁ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ကြင်ရာတော်များသည်၊ "တမန်တော်မြတ်၏ ကြင်ရာတော်များ"ဟူသော ဂုဏ်ပုဒ်နှင့်အညီ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ အတွင်းသဘောထား ဂုဏ်သိက္ခာများသည် အခြားအမျိုးသမီးများနှင့်မတူ၊ တမူထူးခြားကြရပေမည်။ မြင့်မားကြရပေမည်။ ကြင်ရာတော်များသည် မုအ်မင်နိ်တို့၏မိခင်များလည်း ဖြစ်ကြပြန်ရာ မိခင်များ၌ သားသမီးတို့အား ထိန်းသိမ်းကွပ်ကဲရန် တာဝန်ရှိသည်နှင့်အညီ အပြောအဆို၊ အနေအထိုင်၊ အကျင့်အမူ စသည်တို့တွင် စံနမူနာများဖြစ်ကြရပေမည်။

တာဝန်ရှိသူတစ်ဦး၏ ချွတ်ချော်မှားယွင်းမှုသည် တာဝန်မရှိသူတစ်ဦး၏ ချွတ်ချော်မှားယွင်းမှုနှင့်မတူ၊ ပို၍ကြီးလေးသည်။ ရှေ့ဆောင်၏အပြစ်သည် အပြစ်တကာတို့၏ ရှေ့ဆောင်ပင်ဖြစ်သည်။ ➤➤

وَمَن يَّقْنُتْ مِنكُنَّ لِلَّهِ وَرَسُولِهِۦ وَتَعْمَلْ صَٰلِحًا نُّؤْتِهَآ أَجْرَهَا مَرَّتَيْنِ ۙ وَأَعْتَدْنَا لَهَا رِزْقًا كَرِيمًا ﴿٣١﴾

၃၁။ ထိုနည်းတူစွာ မည်သူမဆို အသင်မတို့အနက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ လိုက်နာသည်ရှိသော်၊ ၎င်းပြင်ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်သော ငါအရှင်မြတ်သည် ၎င်းအား ၎င်း၏အကျိုးကို နှစ်ဆ ချီးမြှင့် ပေးသနားတော်မူပေမည်။ ထိုမှတပါး ငါအရှင်မြတ်သည် ၎င်း၏အဖို့ မြင့်မြတ်လှစွာသော ရိက္ခာကိုလည်း အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်ချေသတည်း။ [၁]

يَٰنِسَآءَ ٱلنَّبِىِّ لَسْتُنَّ كَأَحَدٍ مِّنَ ٱلنِّسَآءِ إِنِ ٱتَّقَيْتُنَّ فَلَا تَخْضَعْنَ بِٱلْقَوْلِ فَيَطْمَعَ ٱلَّذِى فِى قَلْبِهِۦ مَرَضٌ وَقُلْنَ قَوْلًا مَّعْرُوفًا ﴿٣٢﴾

၃၂။ အို-နဗီတမန်တော်မြတ်၏ *ကြင်ရာတော်အပေါင်းတို့၊ အသင်တို့သည် အခြားအမျိုးသမီးများကဲ့သို့ မဟုတ်ကြချေ။* [၂] သို့ဖြစ်ပေရာ အကယ်၍ အပြစ်မှကြဉ်ရှောင်ကြပါလျှင် အသင်တို့သည် စကားပြောဆိုရာတွင် ကန့်ကလဲ့ မရှိကြကုန်လင့်။ သို့ရှိခဲ့ကြပါလျှင် စိတ်တွင်း၌ ရောဂါရှိသောသူသည် ရမ္မက်ထားရှိလာပေမည်။ သို့ရာတွင် အသင်တို့သည် *ထုံးစံအတိုင်းသာလျှင် စကားပြောဆိုမှုကိုပြုကြလေကုန်၊* [၃]

➤➤ ဥက္ကဋ္ဌ၏အပြစ်သည် အပြစ်တကာတို့၏ ဥက္ကဋ္ဌပင်ဖြစ်သည်။ သို့ဖြစ်ပေရာ တာဝန်ရှိသော၊ တာဝန်ကြီးလေးသော ကြင်ရာတော်များသည် အကယ်တန္တ မှားယွင်းချွတ်ချော်မိကြပါက အခြားအမျိုးသမီးများနှင့်မတူ ပြစ်ဒဏ်နှစ်ဆ ခံကြရပေမည်။ အလ္လာဟ်အရှင်မြတ်အထံတော်၌ မျက်နှာကြီး၊ မျက်နှာငယ်မရှိ၊ မျက်နှာကြီးမှုသည် ထိုအရှင်မြတ်အား ပြစ်ဒဏ်ခတ်တော်မူရာတွင် မည်သို့မျှ အဟန့်အတား မဖြစ်နိုင်ပေ။ ကြင်ရာတော်များသည် အပြောအဆို၊ အနေအထိုင်၊ အကျင့်အမူစသည်တို့တွင် စံနမူနာအဖြစ်နေထိုင်ကျင့်သုံးသွားခဲ့ကြသည်မှာ အစွန်းလွန်သမိုင်းစဉ်တွင် အထင်အရှားပင်။ ကြင်ရာတော်များ၏ အတ္ထုပ္ပတ္တိများကို မိခင်မွန်ကျမ်းတွင် တွေ့ရှိနိုင်ပေသည်။

① ကြင်ရာတော်များသည် အကယ်တန္တ ချွတ်ချော်မှားယွင်းမိပါက ပြစ်ဒဏ်နှစ်ဆ ခံကြရမည်ဖြစ်သကဲ့သို့ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝဓလ္လမ်)၏ အမိန့်တော်များကို မြေဝယ်မကျ လိုက်နာကြပါက၊ အခြားကောင်းမြတ်သော အကျင့်သီလများကိုလည်း ဆောက်တည်ကြပါက၊ ကုသိုလ်အကျိုးကို လည်း နှစ်ဆပင် စံစားကြရပေမည်။ ထိုမျှမက အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဂျန္နတ်အမတသုခဘုံဘွင် ထူးခြားမြင့်မြတ်လှသော သီးသန့်ရိက္ခာတော်ကိုလည်း ချီးမြှင့်တော်မူဦးမည်ဖြစ်ပေသည်။ ကြည့်-ထာနဝီ။

وَقَرْنَ فِي بُيُوتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْأُولَىٰ وَأَقِمْنَ الصَّلَاةَ وَآتِينَ الزَّكَاةَ وَأَطِعْنَ اللَّهَ وَرَسُولَهُ

၃၃။ ထို့မှတပါး အသင်တို့သည် မိမိတို့နေအိမ်များ၌ပင်တည်ငြိမ်စွာနေကြလေကုန်၊ [၁] ထို့ပြင် ရှေးဟောင်း အမိုက်ခေတ်တွင် မိမိတို့ကိုယ်ကို ပြကြသကဲ့သို့ အသင်တို့သည် မိမိတို့ကိုယ်ကို မပြကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် 'ဆွလာတ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် 'ဇကာတ်' ပေးဆောင်ကြလေကုန်။ ထို့မှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာသုလ်တမန်တော်မြတ် အမိန့်တော်ကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ [၂]

---

① **ကြင်ရာတော်များသည် အခြားအမျိုးသမီးများနှင့်မတူ၊**

ကြင်ရာတော်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ကြင်ရာတော်များ ဖြစ်ကြသည်။ မုအ်မင်နှ်တို့၏မိခင်များဖြစ်ကြသည်။ ကြင်ရာတော်များသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကြပါက (ကြောက်ရွံ့ရိုသေ ခန့်ညားခဲ့ကြသည်လည်း ဖြစ်ပေသည်) ထိုအရှင်မြတ်ထံတော်၌ ၎င်းတို့၏ အဆင့်အတန်းသည် မြင့်မားလှပေမည်။ အကယ်တန့္ခူ ကြင်ရာတော်များသည် ကြင်ရာတော်များ ဖြစ်ကြပါလျက်၊ ချွတ်ချော်မှားယွင်းကြပါက ပြစ်ဒဏ် နှစ်ဆခံကြရပေမည်။ ထို့အတူ ကြင်ရာတော်များသည် ကောင်းမှုကုသိုလ် ဖြည့်ဆည်းကြပါက ကုသိုလ်အကျိုး နှစ်ဆရရှိကြပေမည်။ အချုပ်ဆိုသော် ကြင်ရာတော်များသည် အကောင်းပြုကြသည်ဖြစ်စေ၊ မကောင်းပြုမိကြသည်ဖြစ်စေ၊ သာမန်အမျိုးသမီးတို့နှင့်မတူ၊ တမူထူးခြားကြပေသည်။

② **ကန္ဓဲ့ကလျ မပြောဆိုကြရ၊**

ကြင်ရာတော်များသည် သူစိမ်းယောကျ်ားများနှင့် စကားစမြည် ပြောဆိုရန် အကြောင်းကြုံကြိုက်လာပါက ကန္ဓဲ့ကလျ ပျော့ပျော့ပျောင်းပျောင်း၊ မူရာမာယာနှင့် မပြောဆိုကြရ၊ အမျိုးသမီးတို့ဘဝ၊ မူမူရာရာ ပြောဆိုကြပါက စိတ်တွင်း၌ရောဂါရှိသော အတွင်းသဘော မဖြူစင်သောသူများသည် စိတ်ဖောက်ပြန်ကာ မလျော်ကန်သော ရမ္မက်များထားမိကြပေမည်။ မိမိတို့၏နောင်ရေးကို ဖျက်ဆီးကြပေမည်။ ထို့အတွက် ကြင်ရာတော်များသည် အထူးသဖြင့် သူစိမ်းယောကျ်ားများနှင့် စကားစမြည်ပြောဆိုရာတွင် မိခင်များကသားများကို ပြောဆိုသကဲ့သို့ သိက္ခာရှိစွာ၊ တည်ကြည်စွာ ပြောဆိုကြရပေမည်။

③ **အမျိုးသမီးများ အကြောင်းမဲ့ အိမ်ပြင်မထွက်ရာ။**

အစ္စလာမ်သာသနာမထွန်းကားမီ၊ အမိုက်ခေတ်တွင် အမျိုးသမီးများသည် (ဟိဂျာဗ်)၊ (ပရ်ဒဟ်) Veil, Cover အဖုံးအအုပ်၊ အကာအကွယ် ထားရှိလေ့ မရှိခဲ့ကြသည်သာမက မိမိတို့၏ကိုယ်ခန္ဓာနှင့် အဝတ်အစားများ၏အလှကိုပင် အရှက်ကင်းမဲ့စွာဖြင့် အထင်အရှား ပြသလေ့ရှိခဲ့ကြပေသည်။ အစ္စလာမ်ထွန်းကားလာသည့်အခါ ဤသည့်အရှက်ကင်းမဲ့မှုကို အသိုလျှင်လျစ်လျူပြုထားနိုင်အံ့နည်း။ ထို့အတွက် အစ္စလာမ်က အမျိုးသမီးများအား အိမ်ပြင်သို့သွားလာရန် အကြောင်းထူးမရှိပါက အိမ်မှာပင်နေထိုင်ကြရန်၊ အိမ်ပြင်သို့ ➤➤

إِنَّمَا يُرِيدُ اللَّهُ لِيُذْهِبَ عَنكُمُ الرِّجْسَ أَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيرًا ﴿٣٣﴾

အို-(နဗီတမန်တော်မြတ်၏) အိမ်တော်သူ အိမ်တော်သားတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့မှ မစင်ကြယ်မှုကို ပယ်ဖျောက်စေတော်မူရန်နှင့် အသင်တို့အား ကောင်းမွန်စွာ စင်ကြယ် သန့်ရှင်းတော်မူရန် ကိုသာလျှင် ရည်စူးတော်မူ၏၊ [၁]

➤➤ သွားလာရန်အကြောင်းထူးရှိ၍ မသွားမဖြစ်ပါက ဟိဂျာဗ်၊ ပရဒ်ဟ်နှင့် ဖုံးဖုံးဖိဖိ သိက္ခာရှိရှိ၊ ကာယိန္ဒြေရှိရှိ သွားလာကြရန် ပညတ်ထားသည်။ ဤသည့်ပညတ်တော်ကို မုစ်လင်မ်အမျိုးသမီးတိုင်း လိုက်နာကြရမည်ဖြစ်ရာ ကြင်ရာတော်များသည် ပိုမိုရှုလိုက်နာကြရမည်သာ ဖြစ်ပေသည်။

မုစ်လင်မ်အမျိုးသမီးများသည် သာသနာရေးကိစ္စအတွက်ဖြစ်စေ၊ သဘာဝကိစ္စအတွက်ဖြစ်စေ၊ အပြင်သို့ သွားရန် အကြောင်းပေါ်က အနောင့်အယှက်၊ အန္တရာယ်လည်းမရှိက ဖြိုးလိမ်းပြင်ဆင်မှု မရှိပဲ၊ ဟိဂျာဗ်၊ပရဒ်ဟ်နှင့် ဖုံးဖိလုံခြုံစွာ သွားလာနိုင်ကြပေသည်။ ဤသည့်ခွင့်ပြုချက်သည် ကျမ်းဂန်များတွင် အတည့်အလင်းပါရှိပေသည်။ အထက်ပါစည်းကမ်းချက်နှင့်အညီ ကြင်ရာတော်များသည်ပင်လျှင် အိမ်ပြင်သို့သွားလာခဲ့ကြသည့် အစဉ်အလာများ ရှိခဲ့ပေသည်။ ပိတ်ပင်ချက်မရှိခဲ့ပေ၊ သို့ပင်တစေ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒတော်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အမျိုးသမီးများ အကြောင်းမဲ့ အိမ်ပြင်ထွက်ခြင်းကို နှစ်သက်တော်မမူကြောင်း၊ အိမ်ရှင်မပီပီ၊ အိမ်တွင်းမှာ တည်ငြိမ်စွာနေထိုင်၍ အိမ်တွင်းရေးရာများ ဆောင်ရွက်ကြသည်ကိုသာ နှစ်သက်တော်မူကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

အမျိုးသမီးများ၏ "စတ်ရ်" လုံးဝဖုံးဖိထားအပ်သည့် ကိုယ်ဇင်္ဂါအစိတ်အပိုင်းများအကြောင်း ကုရ်အာန် (၂၄:၃၁)တွင် ပါရှိခဲ့ချေပြီ။

④ ကြင်ရာတော်များသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ကြင်ရာတော်များဖြစ်ကြပေရာ တပည့်သားတို့အဖို့ စံနမူနာဖြစ်ကြသည့်အလျောက် ဆွလာတ်ဆောက်တည်မှု၊ ဇကာတ်ပေးဆောင်မှု၊ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်နာခံမှုများတွင် အခြားမုစ်လင်မ် အမျိုးသမီးများထက်ပင် အထူးတလည် ပိုမိုရှုဂရုမူကြရပေမည်။

** ဤအာယတ်တော်များတွင် ကြင်ရာတော်များအား တိုက်ရိုက်ရည်ညွှန်း မိန့်ဆိုထားတော်မူသော်လည်း ကျန်မုစ်လင်မ် အမျိုးသမီးအားလုံး တို့သည်လည်း ယင်းတွင်အကျုံးဝင်ပေသည်။

⑤ "အဟ်လိဗိုက်တ်" အိမ်တော်သူအိမ်တော်သားများ၏ စင်ကြယ်သန့်ရှင်းမှု၊

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အိမ်တော်သူ၊ အိမ်တော်သားများအား အမိန့်ပညတ်တော်များကို အထူးတလည် လိုက်နာကျင့်သုံးစေတော်မူလိုပြီး ၎င်းတို့၏ ဂုဏ်အင်ဒြပ်များနှင့် လျော်ညီစွာ ၎င်းတို့၏စိတ်နှလုံးနှင့် ကိုယ်ကျင့်တရားများကို သူမတူအောင် စင်ကြယ်သန့်ရှင်းစေတော်မူလိုသည်။

ဤအာယတ်တော်တွင်ပါရှိသော စင်ကြယ်သန့်ရှင်းမှုသည် ကုရ်အာန် (၅:၆)တွင် 'ဝုဿူ' အကြောင်း၌ ပါရှိသော ခြေ၊လက်သန့်ရှင်းမှုမျိုးကိုလည်း ဆိုလိုသည်မဟုတ်၊ ကုရ်အာန် (၈:၁၁)တွင် ဗဒ်ရ်အကြောင်း၌ပါရှိသော ကိုယ်ခန္ဓာ သန့်ရှင်းမှုမျိုးကို ဆိုလိုသည်လည်းမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ 'ဝလီ'၊ 'အောင်လိယာ' ➤➤

وَاذْكُرْنَ مَا يُتْلَىٰ فِي بُيُوتِكُنَّ مِنْ آيَاتِ اللَّهِ وَالْحِكْمَةِ ۚ إِنَّ اللَّهَ كَانَ لَطِيفًا خَبِيرًا ﴿٣٤﴾

၃၄။ ထိုမှတပါး အသင်တို့သည် မိမိတို့အိမ်များတွင် ဖတ်ကြားခြင်းခံရလေသော အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကိုလည်းကောင်း၊ ဉာဏ်ပညာများကိုလည်းကောင်း၊ ကျက်မှတ်ကြလေကုန်။ စင်စစ်ဇကန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ သိမ်မွေ့တော်မူသောအရှင်၊ အလွန်တရာ ကြားသိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ အချစ်တော်များ ရရှိထားကြသော စိတ်နလုံးစင်ကြယ် သန့်ရှင်းမှု၊ အတွင်းသဘောဖြူစင်မှုကိုသာဆိုလိုသည်။ ယင်းသို့ စိတ်နလုံး စင်ကြယ်သန့်ရှင်းမှု၊ အတွင်းသဘော ဖြူစင်မှုကိုရရှိကြသော သူတော်စင်များသည် နဗီ၊ ရစူလ်တမန်တော်များကဲ့သို့ 'မအ်ဆူမ်' လုံးဝအပြစ်ကင်းသူများ မဟုတ်ကြသော်လည်း "မဟ်ဖူဇ်" အလ္လာဟ် အရှင်မြတ်၏ ထိန်းသိမ်း စောင့်ရှောက်တော်မူခြင်းကို အထူးတလည် ခံကြရမည်မှာ အမှန်ပင်ဖြစ်ပေသည်။

"အဟ်လိဗိုက်တ်"

ကုရ်အာန်ကျမ်းလာ အာယတ်တော်များ၏ အစီအစဉ်၊ အနေအထား၊ အသွားအလာ အသုံးအနှုန်းများကို အထူးလေ့လာ လိုက်စားသူများအဖို့ ဤအာယတ်တော်တွင် ပါရှိသည့် "အဟ်လိဗိုက်တ်"တွင် ကြင်ရာတော်များ ပါဝင်ကြသည်မှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယတ်တော်နှင့်တကွ ဤအာယတ်တော်၏ ရှေ့နောက်ရှိ အာယတ်တော်များသည် ကြင်ရာတော်များအား တိုက်ရိုက်ရည်ညွှန်း မိန့်ဆိုထားတော်မူသော အာယတ်တော်များသာ ဖြစ်ပေသည်။

အာယတ်တော် (၃၃း၃၃-၃၄)၌ (بيوتكن) "ဗုယူတိကွန္နဲ" "အသင်မတို့၏အိမ်များ" တွင်ပါရှိသော 'အသင်မတို့'ဟူသော နာမ်စားသည် ကြင်ရာတော်များကိုပင် ရည်ညွှန်းပေသည်။ ထို့ပြင်တဝ ကုရ်အာန်ကျမ်းမြတ်တွင် ဤသည့် 'အဟ်လိဗိုက်တ်' ဟူသော အသုံးအနှုန်းကို များသောအားဖြင့် ဤသည့်အနက်၌ပင် သုံးနှုန်းထားတော် မူသည်ကိုသာ တွေ့ရှိရပေသည်။ ကြည့်-ကုရ်အာန် (၁၁း၇၃၊ ၁၂း၂၃၊ ၆၅း၁)။

ဤအာယတ်တော်များတွင် ကြင်ရာတော်များအား အဓိကရည်ညွှန်း မိန့်ဆိုထားတော်မူပေရာ 'အလ်လိဗိုက်တ်' တွင် ကြင်ရာတော်များ အမှန်မုချပါဝင်ကြသည်မှာ ထင်ရှားလှပေသည်။ ထို့အတူ 'အဟ်လိဗိုက်တ်'တွင် သားတော်၊ သမီးတော်များ၊ သားမက်တော်များလည်း ပါဝင်ကြပေသည်။ အချို့သဘောတရား အဖြစ်အနေများအရဆိုသော် သားတော်၊ သမီးတော်များနှင့် သားမက်တော်များသည် 'အဟ်လိဗိုက်တ်' ဟူသော အသုံးအနှုန်းနှင့်ပို၍ပင် ထိုက်တန်ကြပေသည်။

တမန်တော်မြတ်က သမီးတော် ဖာတိမဟ်၊ သားမက်တော်အလီ၊ မြေးတော်ဟစန်နှင့် မြေးတော် ဟူစိုင်န်တို့အား မိမိ၏ဝတ်ရုံတော်ဖြင့်ရုံ၍ (اللّٰهم هؤلاء أهل بيتى) "အိုအလ္လာဟ် ဤပုဂ္ဂိုလ်များသည် ကျွန်တော်မျိုး၏အိမ်သူအိမ်သားများ ဖြစ်ကြပါသည်"ဟု လျှောက်ထားခြင်း၊ သမီးတော်အိမ်အနီးမှ ဖြတ်သန်းသွားတော်မူစဉ် (الصلوة يا أهل البيت يريد الله ليذهب عنكم الرجس) "အိမ်တော်သူ အိမ်တော်သားများ၊ ဆွလာတ်....." စသည်ဖြင့် အသံပြုတော်မူခဲ့ခြင်းမှာလည်း ဤသည့်သဘောကို ထင်ရှားစေတော်မူရန်ပင် ဖြစ်ပေသည်။

إِنَّ الْمُسْلِمِينَ وَالْمُسْلِمَاتِ
وَالْمُؤْمِنِينَ وَالْمُؤْمِنَاتِ
وَالْقَانِتِينَ وَالْقَانِتَاتِ
وَالصَّادِقِينَ وَالصَّادِقَاتِ
وَالصَّابِرِينَ وَالصَّابِرَاتِ
وَالْخَاشِعِينَ وَالْخَاشِعَاتِ
وَالْمُتَصَدِّقِينَ وَ
الْمُتَصَدِّقَاتِ وَالصَّائِمِينَ
وَالصَّائِمَاتِ وَالْحَافِظِينَ
فُرُوجَهُمْ وَالْحَافِظَاتِ
وَالذَّاكِرِينَ اللَّهَ كَثِيرًا
وَّ الذَّاكِرَاتِ أَعَدَّ اللَّهُ
لَهُمْ مَّغْفِرَةً

၃၅။ မုချဖကန် "မုစ်လင်မ်" ယောကျ်ားများသည်လည်းကောင်း၊ "မုစ်လင်မ်" မိန်းမများသည်လည်းကောင်း၊ "မုအ်မင်န်" ယောကျ်ားများသည်လည်းကောင်း၊ "မုအ်မင်န်" မိန်းမများသည်လည်းကောင်း၊ အမိန့်တော်ကို လိုက်နာကြသည့် ယောကျ်ားများသည်လည်းကောင်း၊ အမိန့်တော်ကိုလိုက်နာသည့်မိန်းမများသည်လည်းကောင်း၊ သစ္စာဝါဒီယောကျ်ားများသည်လည်းကောင်း၊ သစ္စာဝါဒီ မိန်းမများသည်လည်းကောင်း၊ သည်းခံကြကုန်သောယောကျ်ားများသည်လည်းကောင်း၊ သည်းခံကြကုန်သောမိန်းမများသည်လည်းကောင်း၊ နိဝါတတရားထားရှိကြသော ယောကျ်ားများသည်လည်းကောင်း၊ နိဝါတတရားထားရှိကြသောမိန်းမများသည်လည်းကောင်း၊ အလှူဒါနပြုကြကုန်သော ယောကျ်ားများသည်လည်းကောင်း၊ အလှူဒါနပြုကြကုန်သော မိန်းမများသည်လည်းကောင်း၊ ဆွိယာမ် ဥပုသ်သီလ ဆောက်တည်ကြကုန်သော ယောကျ်ားများသည်လည်းကောင်း၊ ဆွိယာမ် ဥပုသ်သီလ ဆောက်တည်ကြကုန်သော မိန်းမများသည်လည်းကောင်း၊ မိမိတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းကြကုန်သော ယောကျ်ားများသည်လည်းကောင်း၊ မိမိတို့၏အရှက်အင်္ဂါများကို စောင့်ထိန်းကြကုန်သောမိန်းများသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား များစွာ အောက်မေ့တသ၊ သတိရကြကုန်သောယောကျ်ားများသည်လည်းကောင်း၊ အောက်မေ့တသ သတိရကြကုန်သောမိန်းများသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့(အားလုံးတို့)အဖို့ (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသောအကျိုးကို အဆင်သင့်ပြုလုပ်စီမံ၍

وَّاَجۡرًا عَظِيۡمًا ﴿۳۵﴾

ထားရှိပြီး ဖြစ်တော်မူပေသတည်း။ ၁

① ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း၊

တခါသော် အချို့မုစ်လင်မ် အမျိုးသမီးများသည် ကြင်ရာတော်များဆဲလာပြီး "ကုရ်အာန်ကျမ်းမြတ်တွင် ရှင်တို့အကြောင်း ပါရှိသည်၊ ကျွန်မတို့အကြောင်း မပါရှိပါ"ဟု ပြောဆိုကြ၍ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။ ကြည့်-ထာနဝီ။ အချို့ (ရိဝါယတ်)ကျမ်းချက်များအရ၊ ကြင်ရာတော် စလမဟ်သခင်မက တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတွင် "တမန်တော်မြတ်၊ ကုရ်အာန်ကျမ်းမြတ်တွင် အမျိုးသားများ၏ အကြောင်းများ ပါရှိပါသည်၊ အမျိုးသမီးများ၏ အကြောင်းမပါရှိပါ၊ အသို့ပါနည်း" ဟု လျှောက်ထားသည်တွင် ဤအာယတ်တော် ကျရောက်ခဲ့ပေသည်။ ကြည့်-အစ်ဗ်နူကဆီရ်။

မုစ်လင်အမျိုးသား အမျိုးသမီးတိုင်း၌ ရှိအပ်သည့် ဂုဏ်ရည်များ၊

ကုရ်အာန်ကျမ်းမြတ်တွင် အမျိုးသားများ နှင့်ပတ်သက်၍ ကျရောက်ခဲ့သော အမိန့်ပညတ်တော်များသည် များသောအားဖြင့် အမျိုးသမီးများနှင့်လည်း သက်ဆိုင်ပေသည်။ အမျိုးသမီးများအဖို့ ခွဲခြားပြီး အမိန့်ထုတ်ရန်ပင် မလိုပေ။ အမျိုးသမီးများအား နှစ်သိမ့်စေတော်မူရန် အလို့ငှာသာ၊ ဤအာယတ်တော်ကို ထုတ်ပြန်ပို့ချတော်မူခြင်း ဖြစ်သည်။ အမျိုးသမီးများနှင့်သာ သက်ဆိုင်သော အမိန့်ပညတ်တော်များကိုမူ ၎ထုတ်ပြန်ထားတော် မူပြီးဖြစ်ပေသည်။

ဆိုလိုသည်ကား အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ မည်သူ၏ ကြိုးပမ်းဆောင်ရွက်မှုမျှ အလွှာဟ် အရှင်မြတ်ထံတော်၌ အချည်းနီးဖြစ်သည်မရှိ။ ကြည့်-ကုရ်အာန် (၃:၁၉၄။ ၄:၁၂၄။ ၁၆:၉၇။ ၄၀:၄၀) အစ္စလာမ်သာသနာရေးရာများတွင် တိုးတက်ပွားများ ဆောက်တည်နိုင်ရန် အမျိုးသားများအတွက် အခွင့်အလမ်းများကို ဖွင့်ပေးထားတော်မူသကဲ့သို့ အမျိုးသမီးများအဖို့လည်း ဖွင့်ပေးထားတော်မူပေသည်။

ဤအရေးတွင် အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားလျက် အလျှင်းမရှိပေ။

မုစ်လင်မ် အမျိုးသား၊ အမျိုးသမီးတိုင်း၌ ရှိအပ်သည့် ဂုဏ်ရည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အစ္စလာမ်၏ကျင့်စဉ်များဖြစ်သည့် ဆွလာတ်၊ ဆွိယာမ်၊ ဇကာသ်၊ဟဂ်ျ စသည်များကို ဆောက်တည်ခြင်း၊

(၂) မှန်ကန်သော ယုံကြည်ချက်များအပေါ်၌ ရပ်တည်နေခြင်း၊

(၃) ကြည်ဖြူစွာနာခံခြင်း၊

(၄) အရေးကိစ္စအဝဝတွင် မှန်ကန်စွာပြောဆိုကျင့်မူခြင်း၊

(၅) သည်းခံခြင်း၊ ခံနိုင်ရည်ရှိခြင်း၊

(၆) ကျိုးနွံခြင်း၊ နိဝါတတရားလက်ကိုင်ထားခြင်း၊

(၇) ပေးကမ်းလှူဒါန်းခြင်း၊

(၈) (ဆွိယာမ်) ဥပုသ်ဆောက်တည်ခြင်း၊

(၉) ကာယိန္ဒြေထိန်းသိမ်းခြင်း၊

(၁၀) အလွှာဟ်အရှင်မြတ်အား များစွာအောက်မေ့ တသ သတိရခြင်း။

အထက်ပါဂုဏ်ရည်များသည် ကျား/မမရွေး မုစ်လင်မ်တိုင်း၌ရှိအပ်သော ဂုဏ်ရည်များပင် ဖြစ်ပေသည်။ ယင်းသည့် ဂုဏ်ရည်များနှင့် ပြည့်စုံကြကုန်သော မုစ်လင်မ်အမျိုးသား၊ အမျိုးသမီးတို့အဖို့ အလွှာဟ်အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသော ကုသိုလ်အကျိုးများသည် အသင့်ရှိပေသည်။

وَمَا كَانَ لِمُؤْمِنٍ وَّلَا مُؤْمِنَةٍ
إِذَا قَضَى اللَّهُ وَرَسُولُهُ أَمْرًا أَن
يَكُونَ لَهُمُ الْخِيَرَةُ مِنْ أَمْرِهِمْ ۗ
وَمَن يَعْصِ اللَّهَ وَرَسُولَهُ فَقَدْ
ضَلَّ ضَلَٰلًا مُّبِينًا ﴿٣٦﴾

၃၆။ မည်သည့် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ ယောကျ်ားတစ်ဦးဦး၌ဖြစ်စေ၊ မည်သည့် သက်ဝင်ယုံကြည်သူ မိန်းမတစ်ဦးတစ်ယောက်၌ဖြစ်စေ၊ အရေးကိစ္စ တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်သည်လည်းကောင်း၊ အမိန့် ချမှတ်တော်မူလိုက်ပါလျှင် ၎င်းတို့၏ (ထို)အရေးကိစ္စနှင့်စပ်လျဉ်း၍ ၎င်းတို့၌ ရွေးချယ်ပိုင်ခွင့်သည် (လုံးဝ)မရှိတော့ပြီ။ ၁

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ဖီဆန်သည်ရှိသော် ဧကန်မလွဲ ထိုသူသည် ထင်ရှားလှစွာသောလမ်းလွဲခြင်းသို့ ရောက်ရှိခဲ့ချေပြီတကား။

---

① လောကီရေးကိစ္စပင်ဖြစ်စေ၊ လောကုတ္တရာရေး ကိစ္စပင်ဖြစ်စေ၊ အရေးကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က အတိအကျ အမိန့်ချမှတ်တော်မူလိုက်ပြီးသည့်နောက်ပိုင်းတွင် မည်သည့်မုအ်မင်န်မိန်းမဖြစ်စေ မည်သည့်မုအ်မင်န်မိန်းမဋ္ဌမျှပင် မိမိကြိုက်နှစ်သက်ရာကို ပြုပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် အလျင်းမရှိတော့ပေ။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ချမှတ်တော်မူသည့် အမိန့်တော်ကိုသာ ဦးလည်မသုံ လိုက်နာကျင့်သုံး ကြရမည်သာဖြစ်သည်။

၎ါအာယတ်တော်သည် ဓမ္မဓိဋ္ဌာန်ဖြစ်သည်။ အရေးကိစ္စအဝဝနှင့်သက်ဆိုင်သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ လက်ထက်တော်တွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာတစ်ရပ်ကိုလည်း ရည်ညွှန်းထားသည်။ ထိုပြဿနာကား အခြားမဟုတ်၊ သာဝကကြီးဇိုက်ဒ်နှင့်ဇိုင်နဗ် သဓင်မတို့၏ ထိမ်းမြားရေးပင်။

သာဝကကြီးဇိုက်ဒ်နှင့် ဇိုင်နဗ်သဓင်မ။

ဇိုင်နဗ်သဓင်မသည် အဗ်ဒုလ်မွတ္တလိဗ်၏ သမီးဖြစ်သူ အုမိုင်မဟ်၏ သမီးလည်း ဖြစ်သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ တာဝမ်းကွဲနှမလည်းဖြစ်သည်။ ကုရိုက်ရှ်မျိုးနွယ်ဝင် မျက်နှာကြီးတစ်ဦးလည်းဖြစ်သည်။ စိတ်လည်းထက်မြက်သည်။ တမန်တော်မြတ်သည် ဇိုင်နဗ်သဓင်မအား သာဝကကြီး ဇိုက်ဒ်နှင့် ထိမ်းမြားပေးလိုတော်မူခဲ့ပေသည်။

သာဝကကြီးဇိုက်ဒ်သည် အမှန်မှာ မျိုးရိုးဇာတိ ကောင်းမြတ်သော အရဗ်တစ်ဦးပင် ဖြစ်ခဲ့သည်။ သို့ပင်တစေ ငယ်ရွယ်စဉ်အခါတွင် မတရားကျူးကျော်စော်ကားသူတစ်ဦးသည် ၎င်းအားဖမ်းဆီးပြီး မက္ကာမြို့၏ ဈေးတွင် ကျေးကျွန်အဖြစ် ရောင်းစားခဲ့လေသည်။ ခဒီဂျာဟ်သဓင်မသည် ၎င်းအား ဝယ်ထားလိုက်ပြီး များမကြာမီပင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား (ဟီဗာဟ်)အဖြစ် ပေးလှူခဲ့လေသည်။ ➤➤

➤➤ ဇိုက်ဒ်သည် လူလားမြောက်သော် တစ်နေ့ အရောင်းအဝယ်ကိစ္စနှင့် မိမိ၏နေရင်းဌာန၏ အနီးမှ ဖြတ်သွားခဲ့ရာ ၎င်း၏ဆွေမျိုးများ သိသွားခဲ့ကြ၏။ နောက်ဆုံးတွင် ဇိုက်ဒ်၏ဖခင်၊ ဦးရီးနှင့်ညီနောင်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ ရောက်ရှိလာကြကာ အခကြေးငွေယူပြီး ဇိုက်ဒ်ကို ၎င်းတို့အား ပြန်လည်ပေးအပ်တော်မူပါမည်အကြောင်း မေတ္တာရပ်ခံကြ၏။ တမန်တော်မြတ်က "အခကြေးငွေကိုမလို၊ ဇိုက်ဒ်သည် အသင်တို့နှင့်အတူ ပြန်လည်လိုက်ပါလိုပါက အသင်တို့သည် ဇိုက်ဒ်ကို ဝမ်းသာစွာ ခေါ်ဆောင်သွားနိုင်ကြသည်"ဟု ပြောကြားတော်မူလိုက်လေသည်။ ဇိုက်ဒ်၏ဆွေမျိုးများက ဇိုက်ဒ်အား မိမိတို့နှင့်အတူလိုက်ပါရန် ပြောဆိုကြသောအခါ ဇိုက်ဒ်က "ကျွန်တော်သည် တမန်တော်မြတ်ထံမှ ခွဲခွာ၍ မသွားလိုပါ၊ တမန်တော်မြတ်သည် ကျွန်တော့်ကို မိမိ၏သားသမီးများထက်ပင် ပို၍ချစ်တော်မူပါသည်။ မိဘများထက်ပင် ပို၍သနားကြင်နာတော်မူပါသည်" ဟု ဖြေကြားလိုက်လေသည်။ ထိုအခါ တမန်တော်မြတ်သည် ဇိုက်ဒ်အား ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေတော်မူပြီး မိမိ၏သားအဖြစ် မွေးစားထားတော်မူလိုက်လေသည်။ ဇိုက်ဒ်အား တမန်တော်မြတ်က ယင်းသို့ သားအဖြစ် မွေးစားတော်မူလိုက်သည့်အခါ၊ လူအများသည် ထိုခေတ် အရဗ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ဇိုက်ဒ်အား (ဇိုက်ဒ် အစ်ဗ်နမုဟမ္မဒ်) "မုဟမ္မဒ်၏သား ဇိုက်ဒ်"ဟု ခေါ်ဝေါ်နေခဲ့ကြ၏။ ထို့နောက် ကုရ်အာန်ကျမ်းလာ အာယတ်တော် (၃၃း၅) ကျရောက်လာပြီး၊ သားသမီးများကို ၎င်းတို့၏ဖခင် အရင်းအခြာများကို အကြောင်းပြုပြီး ခေါ်ဝေါ်ကြရမည့်အကြောင်း အမိန့်တော်ကျရောက်လာသောအခါ လူအများသည် သာဝကကြီးဇိုက်ဒ်အား "ဇိုက်ဒ်အစ်ဗ်နမုဟမ္မဒ်"ဟု ခေါ်ဝေါ်ခြင်းမပြုတော့ပဲ ၎င်း၏ဖခင်အား အကြောင်းပြု၍ "ဇိုက်ဒ်အစ်ဗ်နု ဟာရိဆဟ်" ဟူ၍သာ ခေါ်ဝေါ်ခဲ့ကြလေတော့သည်။

သာဝကကြီး ဇိုက်ဒ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က သားအဖြစ် မွေးစားတော်မူခဲ့သည်ကို အကြောင်းပြု၍ "ဇိုက်ဒ်အစ်ဗ်နမုဟမ္မဒ်"ဟု ခေါ်ဝေါ်ခြင်း ခံနေခဲ့ရာမှ ကုရ်အာန်ကျမ်းလာ အမိန့်တော်အရ၊ "ဇိုက်ဒ်အစ်ဗ်နမုဟမ္မဒ်" ဟူသော ဂုဏ်ထူးဝိသေသ ဆုံးပါးရသည့်အတွက် ဤသည့်နစ်နာချက်ကို ဖြည့်စွက် (ဖြည့်စွမ်း)ပေးတော်မူရန်အလို့ငှာ ကုရ်အာန်ကျမ်းမြတ်တွင် ဆွဟာဗဟ် သာဝကကြီးများအနက် မည်သည့်သာဝက၏ အမည်နာမကိုမျှ ထုတ်ဖော်ထားခြင်းမပြုပဲ သာဝကကြီးဇိုက်ဒ်၏ အမည်နာမကိုသာ ထူးထူးခြားခြား ထုတ်ဖော်သုံးနှုန်း ထားတော်မူခြင်းဖြစ်တန်ရာသည်။ ကြည့်-ကုရ်အာန် (၃၃း၃၇)။

အသို့ပင်ဖြစ်စေ၊ ဇိုင်နဗ်သခင်မ၏ မျိုးနွယ်ဂုဏ်မှာ အလွန်မြင့်နေခဲ့၏။ သာဝကကြီးဇိုက်ဒ်မှာမူ၊ မျိုးရိုးဇာတိ ကောင်းမြတ်ပါလျက် အမြင်အားဖြင့် ကျေးကျွန်ဘဝသို့ ရောက်ခဲ့ရသည်။ အမည်းစက် စွန်းထင်းပြီးကာမှ လွတ်မြောက်ခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်နေခဲ့၏။ ထို့အတွက် ဇိုင်နဗ်သခင်မသည် သာဝကကြီး ဇိုက်ဒ်နှင့်ထိမ်းမြားရေးကို မနှစ်သက်ခဲ့ပေ။ ထို့အတူ ဇိုင်နဗ်သခင်မ၏မောင်ကလည်း မနှစ်သက်ခဲ့ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်သည် ထိမ်းမြားရေးတွင် ယင်းသည့် မျိုးနွယ်ခွဲခြားမှု၊ လူတန်းစားခွဲခြားမှုစသည့် အဓိပ္ပာယ်ကင်းမဲ့သော အတွေးအခေါ် အဟင်္အတားများကို အလျင်း လိုလားတော်မမူပေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဇိုင်နဗ်သခင်မနှင့် ၎င်း၏မောင်အား သာဝကကြီး ဇိုက်ဒ်နှင့် ထိမ်းမြားရေးကို လက်ခံကြရန် လေးလေးပင်ပင် တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချိန်မှာပင် ဤအာယတ်တော်လည်း ကျရောက်လာခဲ့ပေသည်။

ထိုအခါ ဇိုင်နဗ်သခင်မနှင့် ၎င်း၏မောင်သည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အာသာဆန္ဒရှေ့မှောက်တွင် မိမိတို့၏ အာသာဆန္ဒကို စွန့်လွှတ်ခဲ့ကြလေသည်။ ဇိုင်နဗ်သခင်မသည်လည်း နောက်ဆုံးတွင် သာဝကကြီး ဇိုက်ဒ်နှင့် ထိမ်းမြားခြင်းကို လက်ခံသဘောတူခဲ့လေသည်။

وَإِذْ تَقُولُ لِلَّذِي أَنْعَمَ اللَّهُ
عَلَيْهِ وَأَنْعَمْتَ عَلَيْهِ أَمْسِكْ
عَلَيْكَ زَوْجَكَ وَاتَّقِ اللَّهَ
وَتُخْفِي فِي نَفْسِكَ مَا اللَّهُ
مُبْدِيهِ وَتَخْشَى النَّاسَ ۖ
وَاللَّهُ أَحَقُّ أَنْ تَخْشَاهُ ۖ فَلَمَّا
قَضَىٰ زَيْدٌ مِنْهَا وَطَرًا
زَوَّجْنَاكَهَا لِكَيْ لَا يَكُونَ عَلَى
الْمُؤْمِنِينَ حَرَجٌ فِي أَزْوَاجِ
أَدْعِيَائِهِمْ إِذَا قَضَوْا مِنْهُنَّ
وَطَرًا ۚ وَكَانَ أَمْرُ اللَّهِ مَفْعُولًا ﴿٣٧﴾

၃၇။ ၎င်းပြင် (အို-နဗီတမန်တော် ပြန်လည်၍ သတိရပါလေ) အကြင်အခါဝယ် အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ အသင်ကိုယ်တိုင်သည်လည်းကောင်း၊ ကျေးဇူးပြုခဲ့သောသူအား အသင်က "အသင်သည် မိမိဇနီးကို (ကွာရှင်းခြင်းမပြုပဲ) မိမိထံ၌ပင် (တရားဝင်ဇနီးအဖြစ်) ထားရှိပါလေ။ ၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါလေ၊" ဟု ပြောဆို ဆုံးမလျက်ရှိခဲ့၏။ ထို့ပြင် အသင်သည် မိမိစိတ်တွင်းဝယ် အကြင်ကိစ္စကို လျှို့ဝှက်ဖုံးအုပ်၍ ထားလေ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုကိစ္စကို (နောက်ဆုံးတွင်) ထင်ရှားစေတော်မူမည်သာ ဖြစ်သည်။ ထိုမှတပါး အသင်သည် လူတို့အား စိုးရိမ်လျက်ရှိခဲ့၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်အားသာလျှင် အသင်သည် ပိုမိုစိုးရိမ်ထိုက်၏။

ထို့နောက် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၌ ၎င်းတို့၏ မွေးစားသားများ၏ ဇနီးမိန်းမများနှင့် ပတ်သက်၍ ထိုမွေးစားသားများသည် ၎င်းတို့အား အလိုမရှိတော့သည့်အခါ တစ်စုံတရာ ကျပ်တည်းမှုမရှိရန် "ဇိုက်ဒ်" သည် ထိုမိန်းမအားအလိုမရှိတော့သည့်အခါ ငါအရှင်မြတ်သည် အသင့်အား ထိုမိန်းမနှင့် ထိမ်းမြား၍ ပေးတော်မူလိုက်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည် ပြီးမြောက်အောင်မြင်မည်သာတည်း။ ①

---

① **သာဝကကြီး ဇိုက်ဒ်နှင့် ဇိုင်နဗ်သခင်မတို့၏ အိမ်တွင်းရေးမပြေလည်မှု၊ မွေးစားသားများ၏ ဇနီးမိန်းမများ ပြဿနာဖြေရှင်းမှု၊**

သာဝကကြီး ဇိုက်ဒ်နှင့်ဇိုင်နဗ်သခင်မတို့ ထိမ်းမြားကြပြီးသည့်နောက်ပိုင်းတွင် ၎င်းတို့၏အိမ်တွင်းရေးမှာ စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အတွက် အဆင်မပြေခဲ့ပေ။ မကြာခဏဆိုသလို ဇနီးမောင်နှံနှစ်ဦးတို့သည် ကတောက်ကဆဖြစ်နေခဲ့ကြ၏။ ခိုက်ရန်ဖြစ်ပွားနေခဲ့ကြ၏။ ယင်းသို့ ခိုက်ရန်ဖြစ်ပွားတိုင်း သာဝကကြီး ➤➤

➤➤ ဇိုက်ဒ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံ ဝင်ရောက်တိုင်တန်းခဲ့၏။ "ဤသို့သာ တကျက်ကျက် ဖြစ်နေပါက မိမိသည် မိမိ၏ဇနီးနှင့် ဆက်လက်ပေါင်းသင်းရန် ဖြစ်နိုင်တော့မည် မဟုတ်တော့ကြောင်း" လျှောက်ထားခဲ့၏။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က သာဝကကြီး ဇိုက်ဒ်အား "ဇိုင်နဗ်သည် ငါ့အားငဲ့ညှာ၍ မိမိ၏အာသာဆန္ဒကို ဆန့်ကျင်ပြီး အသင်နှင့်ထိမ်းမြားခဲ့ခြင်း ဖြစ်သည်၊ ယခုတဖန် အသင်က ဇိုင်နဗ်အား ကွာရှင်းလိုက်မည်ဆိုပါက ဇိုင်နဗ်နှင့် ငင်း၏သားချင်းများအဖို့ နစ်နာကျိုးယုတ် ဖွယ်ရာ ဖြစ်သွားပေမည်၊ ထို့အတွက် အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားပါ၊ သာမန်ကိစ္စများကို အကြောင်းပြုပြီး အိမ်ထောင်ရေးကို မပျက်ပါစေနှင့်၊ ဖြစ်နိုင်သမျှကြိုးစား၍ အိမ်တွင်းရေးကို ပြေလည်အောင်ပြုလုပ်ပါ၊ မိမိ၏ဇနီးအား မကွာရှင်းပါနှင့်၊ အေးအတူ၊ ပူအမျှ သည်းခံ၍နေပါ" စသည်ဖြင့် ကျိုးကြောင်းပြကာ နားချနေတော်မူခဲ့၏။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သာဝကကြီးဇိုက်ဒ်နှင့် ဇိုင်နဗ်သခင်မတို့၏ အိမ်တွင်းရေးအဆင်ပြေစေရန် ကြိုးစားတော်မူခဲ့သော်လည်း အဆိုပါ ဇနီးမောင်နှံတို့၏ အိမ်တွင်းရေးမှာ မပြေလည်သည်သာမက တစ်နေ့တခြား ပို၍ပင် ဆိုးရွားလာခဲ့ပေသည်။ လင်ခန်းမယားခန်း ပြတ်စဲမည့်အခြေသို့ပင် ဆိုက်ရောက်လာခဲ့လေသည်။

ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏စိတ်တွင် 'ငါသည် ဤဇနီးမောင်နှံ နှစ်ဦးတို့အား ၎င်းတို့၏ အိမ်တွင်းရေးအဆင်ပြေစေရန် အမျိုးမျိုးနားချခဲ့၏။ အမျိုးမျိုးကြိုးစားခဲ့၏။ သို့တစေ ပြဿနာသည် မပြေလည်၊ တစ်နေ့တစ်ခြား ပို၍ပင် ဆိုးရွားလာသည်။ အကယ်တန္တ ဇိုက်ဒ်သည် မဖြစ်သာသည့် အဆုံး ဇိုင်နဗ်အား ပြတ်စဲလိုက်ပါက ဇိုင်နဗ်အဖို့ နစ်နာဖွယ်ရာပင်၊ သို့ဖြစ်လျှင် ဇိုင်နဗ်အား တနည်းတဖုံ နှစ်သိမ့်စေရန်လိုသည်။ ဇိုင်နဗ်အား နှစ်သိမ့်စေရန်မှာ မိမိကိုယ်တိုင်က ဇိုင်နဗ်နှင့် ထိမ်းမြားရမည်၊ သို့မိမိကိုယ်တိုင်က ဇိုင်နဗ်နှင့်ထိမ်းမြားပါက လူများသည် ငါ့အား မိမိ၏မွေးစားသား၏ ဇနီးနှင့်ထိမ်းမြားသည်ဟု ကဲ့ရဲ့ပြစ်တင်ကြမည်' စသည်ဖြင့် အတွေးအခေါ် ပေါက်လာခဲ့ဟန် ရှိခဲ့ပေသည်။

အမှန်မှာ မွေးစားသားသည် သားအရင်းအခြာမဟုတ်၊ မွေးစားသား၏ ဇနီးသည် မွေးစားသောဖခင်၏ ချွေးမအရင်းအခြာလည်း မဟုတ်၊ သို့ရာတွင် အရဗ်တို့သည် ထုံးတမ်းစဉ်လာအရ မွေးစားသားကို သားအရင်း အခြာဟု ထင်မှတ်ယူဆနေခဲ့ကြသည့်အတွက် မွေးစားသားများ၏ ဇနီးများနှင့်ထိမ်းမြားရေးမှာ ပြဿနာကြီးတစ်ရပ် ဖြစ်နေခဲ့၏။ ဤသည့်မှားယွင်းသော အတွေးအခေါ်နှင့် ယင်းသည့် အတွေးအခေါ်မှဖြစ်ပေါ်နေသော အခက်အခဲကို အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အားဖြင့် လက်တွေ့တော်လှန်ဖြေရှင်း ပေးတော်မူလို၏။ သို့မှသာလျှင် နောက်နောင် မုဒ်လင်မိတို့အဖို့ ဤပြဿနာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ နောက်ဆံငင်မှု၊ ဇဝေဇဝါဖြစ်မှု၊ သံသယရှိမှုများသည် ထာဝစဉ် ကင်းရှင်းသွားပေမည်။ ထိုအခါ အလ္လာဟ်အရှင်မြတ် သည် နောက်နောင် မုဒ်လင်မိတို့၌ မွေးစားသားများ၏ ဇနီးများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကျပ်တည်းမှုမရှိစေရန် အတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား ဇိုင်နဗ်သခင်မနှင့် ထိမ်းမြားပေးတော်မူမည့် အကြောင်း ကြိုတင် အသိပေးထားတော်မူခဲ့၏။ (ကြည့်-ဖတ်ဟုလ်ဗာရီ)။

ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဤသည့်အရေးနှင့်စပ်လျဉ်း၍ လူများကဲ့ရဲ့ပြစ်တင်ကြမည်ကို တွေး၍တွေး၍ မိမိ၏စိတ်တွင် စိုးရိမ်နေခဲ့၏။ သို့စိုးရိမ်တော်မူသည့်အတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဤအကြောင်းကို မျှသိပ်ထားတော်မူခဲ့လေသည်။ သို့တစေလည်း အမှန်တရားသည် လူများ၏ကဲ့ရဲ့ပြစ်တင်မှုကြောင့် တိမ်မြုပ်နေမည်မဟုတ်။ ➤➤

مَا كَانَ عَلَى النَّبِيِّ مِنْ حَرَجٍ فِيمَا فَرَضَ اللَّهُ لَهُ ۖ سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِنْ قَبْلُ ۚ وَكَانَ أَمْرُ اللَّهِ قَدَرًا مَقْدُورًا ﴿٣٨﴾

၃၈။ အလ္လာဟ်အရှင်မြတ်က နဗီတမန်တော်မြတ်အပေါ်၌ သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သော ကိစ္စနှင့် စပ်လျဉ်း၍ ထိုနဗီတမန်တော်မြတ်အပေါ်၌ မည်သို့မျှ *အပြစ်တင်ခြင်း မရှိပေ။* [၁] (ဤသည်) ရှေးယခင်က လွန်ခဲ့ကြသောသူတို့ (တမန်တော်တို့)နှင့် ပတ်သက်သည့် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းအတိုင်းပင် ဖြစ်၏။ စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည်ကား ကောင်းမွန်စွာ စီမံပြီးသားဖြစ်ပေသတည်း။

➤➤ အမှန်တရားကို ဖော်ထုတ်ရာတွင် လူများ၏ကဲ့ရဲ့ပြစ်တင်မှုကို မူနေရန်လည်းမလို။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် အတည်ဖြစ်သည်သာ။ နောက်ဆုံးတွင် သာဝကကြီးဇိုက်ဒ်သည် ဇိုင်နဗ်သခင်မအား လင်ခန်းမဃားခန်းကို လုံးဝ ဖြတ်လိုက်လေသည်။

သို့လင်ခန်း မဃားခန်းဖြတ်ပြီးနောက် လင်ခန်းမဃားခန်း ဖြတ်ခြင်းခံရသော အမျိုးသမီးများ စောင့်ဆိုင်းရသည့် "အစ်ဒ္ဒတ်" အချိန်ပိုင်း ကုန်ဆုံးသွားသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ဇိုင်နဗ်သခင်မအား တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် ထိမ်းမြားပေးတော်မူလိုက်လေသည်။ ဤသို့ဖြင့် မွေးစားသားများ၏ ဇနီးများနှင့်ပတ်သက်၍ ဖြစ်ပေါ်နေခဲ့သည့် ပြဿနာသည် မုစ်လင်မ်တို့အဖို့ အမြဲထာဝစဉ် ရှင်းသွားခဲ့လေသည်။

ဤအကြောင်းမှာ ဤမျှသာဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ အချို့ကျမ်းဆရာများနှင့် ရာဇဝင်ဆရာများ၏ အဓိပ္ပာယ်ကင်းမဲ့သော၊ ယုတ္တိယုတ္တာမရှိသော အရေးအသားများကြောင့် ဖြစ်ရပ်မှန် မသိကြသော ပုဂ္ဂိုလ်များအဖို့ သို့လော သို့လောနှင့် တွေးတောစရာ ဖြစ်လာခဲ့ရပေသည်။အမှန်မှာ ၎င်းတို့၏အရေးအသားများမှာ ဖြစ်ရပ်မှန်နှင့် မည်သို့မျှ မပတ်သက်သဖြင့် ၎င်းတို့၏ အရေးအသားများကို ထုတ်ဖော်ရေးသားရန်လည်း မလိုပေ။ ဖြေရှင်းနေရန်လည်း မလိုပေ။

① အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် အတည်ဖြစ်သည်သာ။ ထိုအရှင်မြတ် ကြိုတင်စီမံထားတော်မူသော အရာသည် အကောင်အထည် ဖြစ်ပေါ်လာရသည်ချည်းသာ။ သို့ဖြစ်ရာ ယင်းသို့ကြိုတင်စီမံ ထားတော်မူသော ကိစ္စတစ်ရပ်ကို တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ဆောင်ရွက်တော်မူသည့်အတွက် တမန်တော်မြတ်၌ အသို့လျှင် အပြစ်ဆိုဖွယ်ရှိအံ့နည်း။

အတိတ်ခေတ်တွင်လည်း အလ္လာဟ်အရှင်မြတ်၏ "စွန့်တ်" ကျင့်စဉ်မှာ ဤအတိုင်းပင်။ အတိတ်ခေတ်များတွင် ပွင့်တော်မူခဲ့သော တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ဟောကြားခဲ့ကြသည်။ အမိန့်တော်များကို လိုက်နာကျင့်သုံးခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်မှတပါး မည်သူ့ကိုမျှ မကြောက်ခဲ့ကြပေ။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သည်လည်း အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို စံမတူအောင် ဟောကြားတော်မူသည်။ အမိန့်တော်များကို စွန်းလွန်းတမန် လိုက်နာကျင့်သုံးတော်မူသည်။ မည်သူ့ကိုမျှ ကြောက်တော်မမူ၊ သို့ဖြစ်ရာ ဇိုင်နဗ်သခင်မနှင့် ထိမ်းမြားရေးကိစ္စတွင် မည်သို့မျှ နောက်ဆုံးငင်ရန် မလိုပေ။ သူမိုက်တို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို မူနေရန်လည်း မလိုပေ။

الَّذِيْنَ يُبَلِّغُوْنَ رِسٰلٰتِ اللّٰهِ
وَيَخْشَوْنَهٗ وَلَا يَخْشَوْنَ اَحَدًا
اِلَّا اللّٰهَ ؕ وَكَفٰى بِاللّٰهِ حَسِيْبًا ﴿٣٩﴾

၃၉။ (ထိုသူတို့ကား) အကြင်သူများပင်၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ မိန့်မှာချက်များကို (တိကျမှန်ကန်စွာ) ပို့ဆောင်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အားသာလျှင်ကြောက်ရွံ့ကြကုန်၏။ အလ္လာဟ်အရှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ကြောက်ရွံ့ကြသည် မဟုတ်ပေ။ စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် စောကြော စစ်ဆေးတော်မူမည့် အရှင်မြတ်အဖြစ် လုံလောက်တော်မူ၏။

مَا كَانَ مُحَمَّدٌ اَبَآ اَحَدٍ مِّنْ
رِّجَالِكُمْ وَلٰكِنْ رَّسُوْلَ اللّٰهِ
وَخَاتَمَ النَّبِيّٖنَ ؕ وَكَانَ اللّٰهُ
بِكُلِّ شَيْءٍ عَلِيْمًا ﴿٤٠﴾

၄၀။ *"မုဟမ္မဒ်" သည် အသင်တို့ ယောကျ်ားများအနက်မည်သူတစ်ဦးတစ်ယောက်၏ ဖခင်မျှမဟုတ်ပေ၊*[1] စင်စစ်မှာမူကား (မုဟမ္မဒ်သည်) အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်သည်လည်းကောင်း၊ *နဗီတမန်တော်အပေါင်းတို့(၏နဂုဝါတ်)ကို အဆုံးသတ်သူသည်* ၂ လည်းကောင်း၊ ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဇိုက်ဒ်ကို သားအဖြစ် မွေးစားတော်မူခဲ့သည်မှာမှန်၏။ သို့ရာတွင် ယင်းသို့မွေးစားလိုက်ရုံမျှဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဇိုက်ဒ်၏ ဖခင် (အရင်းအခြာ) ဖြစ်သွားတော်မူသည်လည်းမဟုတ်၊ ဇိုက်ဒ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ သား(အရင်းအခြာ) ဖြစ်သွားသည်လည်း မဟုတ်၊ ဇိုက်ဒ်ကိုထားဘိဦး၊ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ယောကျ်ားများအနက် မည်သည့်ယောကျ်ား တစ်ဦးတစ်ယောက်၏ ဖခင်မျှပင် မဟုတ်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၌ ဖွားမြင်သမျှသော သားယောကျ်ားကလေးများသည် ငယ်ရွယ်စဉ်မှာပင် သေဆုံးသွားခဲ့ကြသည်သာ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အဖို့ မိမိ၏ သား၏ဇနီး (ဝါ)မိမိ၏ချွေးမနှင့် ထိမ်းမြားရန် ပြဿနာအသို့လျှင် ပေါ်ပေါက်နိုင်ခဲ့အံ့နည်း။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ယောကျ်ားများအနက် မည်သူတစ်ဦးတစ်ယောက်မျှ၏ ဖခင်မျှမဟုတ်၊ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်တော်မူသည်။ တမန်တော်အပေါင်းတို့တွင် အကြီးဆုံး၊ အမြတ်ဆုံး ဖြစ်တော်မူသည်၊ တမန်တော်အပေါင်းတို့၏ တမန်တော်ဖြစ်မှုကို ပြည့်စုံစေတော်မူသော အဆုံးသတ်တော်မူသော တမန်တော် ဖြစ်တော်မူသည်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱذْكُرُواْ ٱللَّهَ ذِكْرًا كَثِيرًا ﴿٤١﴾

၄၁။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား အလွန်များပြားစွာ အောက်မေ့တသ သတိရကြလေကုန်။

➤➤ ဤအကြောင်းကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ဤသို့ဖြင့် တမန်တော်မြတ်သည် နောက်လိုက်တပည့်သားတို့အဖို့ သွေးသားဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဖခင်ဟုတ်တော်မမူသော်လည်း နာမ်ပိုင်းဆိုင်ရာ ဖခင်ကြီးကား အမှန်ဖြစ်တော် မူပေသည်။ ဤအကြောင်းကုရ်အာန် (၃၃း၆)တွင် ရေးသားခဲ့ပေပြီ။

⑷ ခါတမွန္နဗီယီန

အလ္လာဟ်အရှင်မြတ်သည် လူ့လောကကို စတင်ဖန်တင်းတော်မူသည့်အချိန်မှစ၍ လူသားတို့အား တရားဓမ္မ ဟောညွှန်ပြရန်အလို့ငှာ လူသားတို့အနက်မှပင် အချိန်အခါ အားလျော်စွာ တမန်တော်များအား စေလွှတ်တော်မူခဲ့၏။ ယင်းသို့ဖြင့် ထိုအရှင်မြတ်သည် မြောက်မြားစွာသော တမန်တော်များအား စေလွှတ်တော်မူခဲ့၏။နောက်ဆုံးတွင် တမန်တော်အပေါင်းတို့၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား စေလွှတ်တော်မူ၍ အစွမ်လာမ်ကို အဖက်ဖက်မှ ပြည့်စုံစေတော်မူပြီး တမန်တော်စေလွှတ်မှုကို အဆုံးသတ်တော်မူလိုက်လေသည်။ တမန်တော်စေလွှတ်မှုအပေါ်၌ တံဆိပ်ခတ်နှိပ်တော် မူလိုက်လေပြီ။ထို့အတွက် တမန်တော်မြတ်၏ အကြီးဆုံးဂုဏ်ထူးတစ်ရပ်မှာ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း (ခါတမွန္နဗီယီန) တမန်တော်အပေါင်းတို့တွင် အဆုံးစွန်၌ ပွင့်တော်မူသော တမန်တော်၊ တမန်တော်အပေါင်းတို့၏ တမန်တော်ဖြစ်မှုကို အဆုံးသတ်တော်မူသော တမန်တော်၊ တမန်တော်အပေါင်းတို့၏ တမန်တော်ဖြစ်မှုအပေါ်၌ ခတ်နှိပ်ထားသော တံဆိပ်တော်ဟူ၍ဖြစ်သည်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ လက်ထက်တော်တွင် အစွမ်လာမ်သည် အဖက်ဖက်မှ ပြည့်စုံသွားခဲ့ချေပြီ။ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ရန် အလျင်းမရှိပြီ။ ဤသည့် ပြည့်စုံသော အစွမ်လာမ်သည် ကိယာမတ်တိုင် တည်ရှိနေမည်သာဖြစ်သည်။ တမန်တော်မြတ်၏ (နုဗုဝါတ်) တမန်တော်ဖြစ်မှု၏ အရိုန်အဝါသည်လည်း ကိယာမတ်တိုင် တည်ရှိနေမည်သာဖြစ်သည်။

တမန်တော်မြတ် ကိုယ်တော်တိုင်ကလည်း **"ငါ့နောက် တမန်တော်တပါးမျှပွင့်ရန် မရှိပြီ"** ဟု အတည့်အလင်း မိန့်ကြားတော်မူခဲ့လေပြီ။ သို့ဖြစ်ပေရာ တမန်တော်မြတ်ပွင့်တော်မူပြီးနောက် အခြားတမန်တော် ပွင့်ရန်အကြောင်း အလျှင်းမရှိတော့ပြီ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မုစ်လင်မ်အားလုံး အဆိုညီကြသည်။ အကွဲအလွဲ စိုးစဉ်းမျှမရှိ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်၊ ဟဒီဆ် အစ်ဂျ်မာအ်စသည်တို့ကို ကိုးကား၍ ရေးသားထားသောကျမ်းပေါင်း အမြောက်အမြားလည်း ရှိနေပေသည်။ သို့ပါလျက် ဤအကြောင်းနှင့်စပ်လျဉ်း၍ **ကုရ်အာန်ကျမ်းမြတ်၊ ဟဒီဆ်ဩဝါဒတော်နှင့် "အစ်ဂျ်မာအ်" မုစ်လင်မ်တို့၏ တညီတညွတ်တည်း ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ကို သွေဖည်ဆန့်ကျင်ပါက သို့သွေဖည်ဆန့်ကျင်သူသည် ကာဖိရ်ဖြစ်သည်။ အစွမ်လာမ်ဘောင် အပြင်သို့ရောက်ရှိသွားသည်။**

وَّسَبِّحُوْهُ بُكْرَةً وَّاَصِيْلًا ﴿٤٢﴾

၄၂။ ထို့ပြင် အသင်တို့သည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊ (အမြဲတစေ) ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြလေကုန်။

هُوَالَّذِيْ يُصَلِّيْ عَلَيْكُمْ وَمَلٰٓئِكَتُهٗ لِيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ۭ وَكَانَ بِالْمُؤْمِنِيْنَ رَحِيْمًا ﴿٤٣﴾

၄၃။ ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ "မလာအိကဟ်" ကောင်းကင်တမန်များသည် လည်းကောင်း၊ အသင်တို့အပေါ်၌ ကောင်းချီးမင်္ဂလာ ပို့လျက်ရှိကြကုန်၏။ (သို့ပို့တော်မူခြင်းမှာ) ထိုအရှင်မြတ်သည် အသင်တို့အား အမှောင်ထုများမှ အလင်းသို့ ထွက်စေတော်မူအံ့သောငှာဖြစ်၏။

စင်စစ်သော်ကား ထိုအရှင်မြတ်သည် "မုအ်မင်နဲ" သက်ဝင်ယုံကြည်သူတို့ အပေါ်၌ အလွန်တရာသနားကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهٗ سَلٰمٌ ۚ وَاَعَدَّ لَهُمْ اَجْرًا كَرِيْمًا ﴿٤٤﴾

၄၄။ ၎င်းတို့သည် ထိုအရှင်မြတ်နှင့် တွေ့ဆုံကြသောနေ့တွင် (ထိုအရှင်မြတ်၏) ၎င်းတို့အား နှုတ်ခွန်းဆက်တော်မူမည့် စကားမှာ "စလာမ်" ဟူ၍ပင် ဖြစ်ပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ မြင့်မြတ်လှစွာသော အကျိုးကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပေသတည်း။

يٰٓاَيُّهَا النَّبِيُّ اِنَّآ اَرْسَلْنٰكَ شَاهِدًا وَّمُبَشِّرًا وَّنَذِيْرًا ﴿٤٥﴾

၄၅။ အို-နဗီတမန်တော်၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား သက်သေအဖြစ်လည်းကောင်း၊ သတင်းကောင်းပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေး နှိုးဆော်သူအဖြစ်လည်းကောင်း၊ စေလွှတ်တော်မူ၏။

وَدَاعِيًا إِلَى اللَّهِ بِإِذْنِهِ وَسِرَاجًا مُّنِيرًا ﴿٤٦﴾

၄၆။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ဖိတ်ခေါ်သူအဖြစ် လည်းကောင်း၊ လင်းဝင်းတောက်ပသော မီးရှူးမီးတိုင် (သူရိယ)အဖြစ်လည်းကောင်း၊(စေလွှတ်တော်မူ၏၊) ၁

وَبَشِّرِ الْمُؤْمِنِينَ بِأَنَّ لَهُم مِّنَ اللَّهِ فَضْلًا كَبِيرًا ﴿٤٧﴾

၄၇။ ထိုမှတပါး အသင်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အား ၎င်းတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကြီးကျယ်လှစွာသောကျေးဇူးတော်ရှိကြောင်း သတင်းကောင်း ပြောကြားပါလေ။

---

① **တမန်တော်မြတ်၏ ဂုဏ်ပုဒ်များ၊**

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား အမျိုးမျိုးသော ဂုဏ်ပုဒ်များဖြင့် ချီးမြှင့်ထားတော်မူသည်။တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် "ရှာဟိဒ်" သက်သေလည်း ဖြစ်တော်မူသည်။ ကိယာမတ်နေ့တွင် နောက်လိုက်တပည့်သားတို့နှင့် စပ်လျဉ်း၍အဆုံးအဖြတ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ သက်သေထွက်ဆိုချက်အပေါ်၌ တည်ရှိမည်ဖြစ်သည်။ အခြား အဆိုတရပ်အရ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည် မိမိတို့၏တာဝန်အရ သက်ဆိုင်ရာ နောက်လိုက်တပည့်သားတို့ထံ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို အသီးသီး ပို့ချတော်မူခဲ့ကြပြီး ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က သက်သေခံတော်မူမည်ဖြစ်သည်။ ကြည့်-ရှုဟ်။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် **"မုဗရ္ရွစ်ရ်"** လည်း ဖြစ်တော်မူသည်။ မုစ်လင်မ်တို့အား ကောင်းချီးသတင်းလည်း ပေးတော်မူသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) သည် **"နဇီရ်"** လည်း ဖြစ်တော်မူသည်။ ကာဖိရ်၊ မုရ်ရစ်က်များအား သတိပေး နှိုးဆော်တော်မူသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် **"ဒါအိ"** လည်း ဖြစ်တော်မူသည်။ လူသား အားလုံးတို့အား အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ကြားတော်မူသည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် **"စီရာဇ်မုနီရန်"** လင်းဝင်းတောက်ပသော သူရိယလည်း ဖြစ်တော်မူသည်။ လူသားထုကြီး တစ်ရပ်လုံးအား အမှောင်ခွင်း၍ အလင်းဆောင်တော်မူသည်။ သူရိယနေ ထွက်ပေါ်လာသည့်အခါ အခြားအလင်းရောင်များသည် ကွယ်ပျောက်သွားသကဲ့သို့ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဓမ္မသူရိယ ရှေ့မှောက်တွင် အခြား ဓမ္မရောင်ခြည်များသည် ကွယ်ပျောက်သွားချေပြီ။ (မလိုတော့ပြီ)။

ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား အကြောင်းပြု၍ နောက်လိုက်တပည့်သားတို့အား ကျန်အုပ်စုအားလုံးတို့ထက် ထူးကဲမြင့်မြတ်မှုကို ချီးမြှင့်ထားတော်မူသည်။

وَلَا تُطِعِ الْكٰفِرِيْنَ وَالْمُنٰفِقِيْنَ وَدَعْ اَذٰىهُمْ وَتَوَكَّلْ عَلَى اللّٰهِ ۗ وَكَفٰى بِاللّٰهِ وَكِيْلًا ﴿٤٨﴾

၄၈။ ထို့ပြင် အသင်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သောသူတို့၏ ပြောဆိုချက်ကိုလည်းကောင်း၊ "မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ်တို့၏ ပြောဆိုချက်ကိုလည်းကောင်း၊ မလိုက်နာလေနှင့်။ ထို့ပြင် အသင်သည် ၎င်းတို့၏ ထိပါးပြောဆိုမှုကို လျစ်လျူရှုရှု၍ အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွဲအပ်ထားပါလေ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ကိစ္စအဝဝကို ပြီးစီးအောင်ဆောင်ရွက်ပေးတော်မူသောအရှင်မြတ်အဖြစ် လုံလောက်တော်မူပေသတည်း။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نَكَحْتُمُ الْمُؤْمِنٰتِ ثُمَّ طَلَّقْتُمُوْهُنَّ مِنْ قَبْلِ اَنْ تَمَسُّوْهُنَّ فَمَا لَكُمْ عَلَيْهِنَّ مِنْ عِدَّةٍ تَعْتَدُّوْنَهَا ۚ فَمَتِّعُوْهُنَّ وَسَرِّحُوْهُنَّ سَرَاحًا جَمِيْلًا ﴿٤٩﴾

၄၉။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အမျိုးသမီးများနှင့် 'နီကာဟ်' ပြုထိမ်းမြားခဲ့ပြီးနောက် ၎င်းတို့အား ထိတွေ့ခြင်းမပြုကြသေးမီ အသင်တို့သည် တွလာက်ပေး ကွာရှင်းခဲ့ကြလျှင်၊ အသင်တို့နှင့်ပတ်သက်၍ ၎င်းတို့အပေါ်၌ မည်သည့် "အစ်ဒ္ဒတ်" ရက်ဆိုင်းငံ့ခြင်းကိုမျှပင် အသင်တို့ရေတွက်ကြရန် မရှိတော့ပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အား အကျိုးကျေးဇူး ခံစားစေပြီး ကောင်းမွန်စွာ စွန့်လွှတ်ကြလေကုန်။ [၁]

---

① မုအ်မင်န်ယောကျ်ားတစ်ဦးသည် မုအ်မင်န် အမျိုးသမီးနှင့် ထိမ်းမြားပြီးနောက် ထိတွေ့ခြင်းမရှိပဲ လင်ခန်းမယားခန်းကို ဖြတ်လိုက်ပါက အကယ်၍ (မဟရ်) ထိမ်းမြားကြေး သတ်မှတ်ပြီး ဖြစ်နေပါလျှင် သတ်မှတ်ထားသော ထိမ်းမြားကြေး၏ တဝက်ပေးရမည်။ သို့မဟုတ်လျှင် အတော်အသင့် အကျိုးခံစားစေ၍ (ဝါ) ထုံးတမ်းစဉ်လာအရ ဝတ်စုံတစ်စုံပေး၍ ကောင်းမွန်စွာ စွန့်လွှတ်လိုက်ရမည်။ ထိုသို့သော အမျိုးသမီးတစ်ဦးသည် ထိုအချိန်မှာပင် ထိမ်းမြားလိုက ထိမ်းမြားနိုင်သည်။ 'အစ်ဒ္ဒတ်' ရက်ဆိုင်းငံ့ရန် မလိုပေ။ ဤအကြောင်းနှင့်ဆက်စပ်၍ ကုရ်အာန် (၂:၂၃၆-၂၃၇)ကို ဆင်ခြင်ပါကုန်။

يَٰٓأَيُّهَا ٱلنَّبِيُّ إِنَّآ أَحۡلَلۡنَا
لَكَ أَزۡوَٰجَكَ ٱلَّٰتِيٓ ءَاتَيۡتَ
أُجُورَهُنَّ وَمَا مَلَكَتۡ يَمِينُكَ
مِمَّآ أَفَآءَ ٱللَّهُ عَلَيۡكَ وَبَنَٰتِ
عَمِّكَ وَبَنَٰتِ عَمَّٰتِكَ وَبَنَٰتِ
خَالِكَ وَبَنَٰتِ خَٰلَٰتِكَ ٱلَّٰتِي
هَاجَرۡنَ مَعَكَ ۖ وَٱمۡرَأَةً
مُّؤۡمِنَةً إِن وَهَبَتۡ نَفۡسَهَا
لِلنَّبِيِّ إِنۡ أَرَادَ ٱلنَّبِيُّ أَن
يَسۡتَنكِحَهَا خَالِصَةً لَّكَ مِن
دُونِ ٱلۡمُؤۡمِنِينَ ۗ قَدۡ عَلِمۡنَا
مَا فَرَضۡنَا عَلَيۡهِمۡ فِيٓ

၅၀။ အို-နဗီတမန်တော်၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင် "မဟရ်" ထိမ်းမြားကြေးပေးခဲ့သော အသင်၏ကြင်ရာများကိုလည်းကောင်း၊ အသင့်အား အလ္လာဟ်အရှင်မြတ်က လက်ရပစ္စည်းအဖြစ် ချီးမြှင့်တော်မူခဲ့၍ အသင်ပိုင်ဆိုင်ခဲ့သော ကျွန်မများကိုလည်းကောင်း၊ အသင်နှင့်အတူ ရွှေ့ပြောင်းခဲ့ကြလေသော အသင့် ဘကြီး၊ ဘထွေး၏ သမီးများကိုလည်းကောင်း၊ အသင့် မိကြီး၊ မိထွေးများ၏ သမီးများကိုလည်းကောင်း၊ အသင့် ဦး၊ ဦးရီးများ၏ သမီးများကိုလည်းကောင်း၊ အသင့် အရီးကြီး၊ အရီးလေးများ၏ သမီးများကိုလည်းကောင်း၊ အသင့်အဖို့ ဟလာလ်တရားဝင် ပြုလုပ်တော်မူ၏။ ထိုနည်းတူစွာ "မုအ်မင်နဲ" သက်ဝင်ယုံကြည်သော အမျိုးသမီးတစ်ဦးသည် မိမိကိုယ်ကို အကယ်၍ နဗီတမန်တော်မြတ်အား (မဟရ် ထိမ်းမြားကြေးမယူဘဲ) သက်သက်ပေးအပ်ခဲ့၍ ထိုနဗီတမန်တော်မြတ်သည်လည်း ထိုအမျိုးသမီးနှင့် ထိမ်းမြားရန် ရည်စူးခဲ့ပါလျှင် ထိုအမျိုးသမီးအားလည်း (တရားဝင်ပြုလုပ်တော်မူ၏။ ဤခွင့်ပြုချက်မှာ) အခြား "မုအ်မင်နဲ" သက်ဝင်ယုံကြည်သူတို့အဖို့ မဟုတ်ဘဲ သက်သက် အသင်၏အဖို့ *အထူး(ခွင့်ပြုခြင်းပင်)ဖြစ်၏*။ [၁]

---

① **ထိမ်းမြားရေးနှင့်စပ်လျဉ်း၍ တမန်တော်မြတ်၏ အခွင့်ထူးများ၊**

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၌ တစုံတရာအကျပ်အတည်း မရှိစေရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ထိမ်းမြားရေးနှင့်စပ်လျဉ်း၍ အချို့အခွင့်ထူးများကို ချီးမြှင့်ထားတော်မူသည်။

(၁) အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၏ လက်ရှိကြင်ရာတော်များအား တမန်တော်မြတ်သည် ၎င်းတို့အား (မဟရ်) ထိမ်းမြားကြေးလည်း ပေးတော်မူပြီးဖြစ်၍ (ဟလာလ်) တရားဝင် ပြုလုပ်ထားတော်မူသည်။

(၂) အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား လက်ရပစ္စည်းအဖြစ် ချီးမြှင့်ထားတော်မူသော တမန်တော်မြတ် ပိုင်ဆိုင်ထားတော်မူသော ကျွန်မများကိုလည်း ထိုအရှင်မြတ်သည် တမန်တော်မြတ်အဖို့ (ဟလာလ်) ပြုလုပ်ထားတော်မူသည်။ ➤➤

أَزْوَاجِهِمْ وَمَا مَلَكَتْ
أَيْمَانُهُمْ لِكَيْلَا يَكُونَ
عَلَيْكَ حَرَجٌ ۗ وَكَانَ اللَّهُ
غَفُورًا رَّحِيمًا ﴿٥٠﴾

ငါအရှင်မြတ်သည် ထိုမုအ်မင်နှ် သက်ဝင်ယုံကြည်သူတို့အပေါ်၌ ၎င်းတို့၏ဇနီးမိန်းမများ၊ ၎င်းတို့၏ ကျွန်မများနှင့်ပတ်သက်၍ ထုတ်ပြန်သတ်မှတ်တော်မူခဲ့သော အမိန့်ပညတ်တော်များကို ဧကန်စင်စစ် ငါအရှင်မြတ်သည် သိရှိတော်မူ၏။ (အသင့်အဖို့ ယင်းအထူးအမိန့်တော် ထုတ်ပြန်တော်မူခြင်းမှာ) အသင့်အပေါ်၌ ကျပ်တည်းမှု တစ်စုံတစ်ရာမရှိရန် (ထုတ်ပြန်တော်မူခြင်း)ပင် ဖြစ်ပေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

تُرْجِي مَنْ تَشَاءُ مِنْهُنَّ
وَتُؤْوِي إِلَيْكَ مَنْ تَشَاءُ ۖ وَمَنِ
ابْتَغَيْتَ مِمَّنْ عَزَلْتَ فَلَا جُنَاحَ

၅၁။ အသင်သည် ထိုကြင်ရာများအနက် မိမိအလိုမရှိသူအားခွဲထား၍ မိမိအလိုရှိသူအား မိမိအပါးဌ်ထားရှိနိုင်ပေသည်။ ထိုနည်းတူစွာ အသင်သည် ဘေးဖယ်ထားခဲ့သူအား အလိုရှိခဲ့လျှင်လည်း ပြန်လည်ထားနိုင်သည်။ အသင့်အပေါ်၌ အပြစ်တစ်စုံတရာမျှ မရှိချေ။

➤➤ (၃) အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အဖို့ တမန်တော်မြတ်၏ဘကြီး၊ ဘထွေး၊ မိကြီး၊ မိထွေး၊ ဦးရီး၊ ဦးလေး၊ အရီးကြီး၊ အရီးလေးတို့၏ သမီးများကိုလည်း အကယ်၍ ၎င်းတို့သည် တမန်တော်မြတ်နှင့်အတူ(ဟိဂျ်ရတ်) ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်ရှိသော် (ဟလာလ်) တရားဝင် ပြုလုပ်ထားတော်မူသည်။

(၄) မုစ်လင်မ် အမျိုးသမီး တစ်ဦးသည် အကယ်၍ မိမိကိုယ်ကို တမန်တော်မြတ်အား (မဟရ်) ထိမ်းမြားကြေးမယူပဲ ပေးအပ်သော် တမန်တော်မြတ်ကလည်း ထိုအမျိုးသမီးနှင့် ထိမ်းမြားရန်ရည်စူးတော်မူသော်၊ အလ္လာဟ်အရှင်မြတ်သည် ထိုသို့သောအမျိုးသမီးကိုလည်း တမန်တော်မြတ်အဖို့ (ဟလာလ်) တရားဝင် ပြုလုပ်ထားတော်မူသည်။ (သို့တစေလည်း တမန်တော်မြတ်သည် ဤသည့်အခွင့်အရေးကို အသုံးပြုတော်မမူခဲ့ပေ။ (၀၁) ထိမ်းမြားကြေးမပေးပဲ ထိမ်းမြားခြင်း ပြုတော်မမူခဲ့ပေ။)

ဤသည့် အခွင့်ထူးများသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အဖို့သာ ဖြစ်သည်။ အခြားမုစ်လင်မ်များအဖို့မဟုတ်၊ ၎င်းတို့အဖို့ အမိန့်ပညတ်များ သီးခြားရှိသည်။ ဥပမာ– မုစ်လင်မ်များအဖို့ မိန်းမ (၄)ယောက် ထက်ပို၍ ထိမ်းမြားပိုင်ခွင့်မရှိ၊ ထိမ်းမြားရာတွင်လည်း (မဟရ်) ထိမ်းမြားကြေးပေးကြရသည်သာ ဖြစ်သည်။ ကြည့်–ကုရ်အာန် (၄း၂၄)။

عَلَيْكَ ذٰلِكَ اَدْنٰٓى اَنْ تَقَرَّ
اَعْيُنُهُنَّ وَلَا يَحْزَنَّ
وَيَرْضَيْنَ بِمَآ اٰتَيْتَهُنَّ
كُلُّهُنَّ ۭ وَاللّٰهُ يَعْلَمُ مَا
فِيْ قُلُوْبِكُمْ ۭ وَكَانَ اللّٰهُ
عَلِيْمًا حَلِيْمًا ۝۵۱

ဤသည် ထိုကြင်ရာတို့၏ မျက်စိအေးရန်၊ ထိုကြင်ရာတို့သည် သောကမဖြစ်ကြရန်၊ ထိုကြင်ရာအားလုံးတို့သည် အသင်ပေးသမျှနှင့် နှစ်သိမ့်ကျေနပ်ကြရန် ပို၍ပင်နီးစပ်၏။ [၁] ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ စိတ်နလုံးများ၌ ရှိသမျှတို့ကို ကောင်းစွာ သိရှိတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော၊ အလွန်တရာ သည်းခံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَا يَحِلُّ لَكَ النِّسَاۗءُ مِنْۢ بَعْدُ
وَلَآ اَنْ تَبَدَّلَ بِهِنَّ مِنْ
اَزْوَاجٍ وَّلَوْ اَعْجَبَكَ
حُسْنُهُنَّ اِلَّا مَا مَلَكَتْ
يَمِيْنُكَ ۭ وَكَانَ اللّٰهُ عَلٰي كُلِّ
شَيْءٍ رَّقِيْبًا ۝۵۲

၅၂။ ဤသည့်နောက်တွင် (အထက် ဖော်ပြပါ အင်္ဂါရုပ်များနှင့်မညီသော) အခြား အမျိုးသမီးများသည် အသင့်အဖို့တရားမဝင်တော့ပြီ။ ထိုနည်းတူစွာ လက်ရှိကြင်ရာများ၏အစား အခြား အမျိုးသမီးများကို ၎င်းတို့၏လှပမှုသည် အသင့်အား နှစ်သက်စေခဲ့သော်လည်း အသင်သည် ပြောင်းလဲ(ထိမ်းမြား)နိုင်ခွင့်မရှိချေ။ [၂] သို့ရာတွင် အသင်ပိုင်ဆိုင်သောကျွန်မများကိုမူကား (ပြောင်းလဲနိုင်ခွင့်/ယူပိုင်ခွင့်ရှိ၏)။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် (ကောင်းစွာ) စောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ကြင်ရာတော်များအနက် အလိုရှိသူအား အလိုရှိသမျှ မိမိထံပါးတွင် ထားတော်မူနိုင်သည်။ မိမိထံပါးမှ ခွဲထားလိုသူအား အလိုရှိသမျှ ခွဲထားတော်မူနိုင်သည်။ မိမိထံပါးမှ ခွဲထားသူကိုလည်း အလိုရှိက မိမိထံပါးတွင် ပြန်လည် ခေါ်ထားတော်မူနိုင်သည်။ ဆိုလိုသည်ကား ဇနီးမောင်နှံတို့ အပြန်အလှန် စောင့်သိရှိသော လေးစားအပ်သော အိမ်တွင်းရေးတာဝန်များအနက် အချို့တာဝန်များနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား အစွမ်းလမ်းရေးရာများကို ဆောင်ရွက်ရာ၌ တစ်စုံတစ်ရာ အနှောင့်အယှက်၊ အကျပ်အတည်း မရှိစေရန်အလို့ငှာ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ အာသာဆန္ဒအလျောက် ပြုလုပ်ပိုင်ခွင့် ပြုထားတော်မူသည်။ သို့ခွင့်ပြုထားတော်မူသည်ဖြစ်ရာ ကြင်ရာတော်များ၌ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ထံတောင်းဆိုပိုင်ခွင့်လည်း မရှိတော့ပေ။ တောင်းဆိုပိုင်ခွင့် ရှိသူတစ်ဦးမှာ တောင်းဆိုပိုင်ခွင့် ရှိသည့်အလျောက် ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَدۡخُلُواْ بُيُوتَ ٱلنَّبِيِّ إِلَّآ أَن يُؤۡذَنَ لَكُمۡ إِلَىٰ طَعَامٍ غَيۡرَ نَٰظِرِينَ إِنَىٰهُ وَلَٰكِنۡ إِذَا دُعِيتُمۡ فَٱدۡخُلُواْ فَإِذَا طَعِمۡتُمۡ فَٱنتَشِرُواْ وَلَا مُسۡتَـٔۡنِسِينَ لِحَدِيثٍۚ

၅၃။ အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အစားအစာ စားသုံးရန် ခွင့်ပြုခြင်း ခံကြရသည်မှတပါး နဗီတမန်တော်မြတ်၏ အိမ်များတွင် မဝင်ကြကုန်လင့်။ (သို့ခွင့်ပြုခြင်း ခံကြရသော်လည်း အသင်တို့သည်) စားသောက်ရန် အချိန်ကို စောင့်မျှော်သူများ မဖြစ်ကြဘဲ ဖိတ်ခေါ်ခြင်းခံကြရသောအခါမျိုးဌ်သာလျှင် ဝင်ရောက်ကြလေကုန်။ ထို့နောက် စားသောက်၍ ပြီးကြသောအခါ အသင်တို့သည် လူစုခွဲ၍ (ပြန်ခဲ့)ကြလေကုန်။ ထို့ပြင် (အသင်တို့သည်) စကားစမြည် ပြောဆိုခြင်းဌ် စိတ်ဝင်စား၍ ထိုင်မနေကြကုန်လင့်။

➤➤ တောင်းဆိုပါလျက် အခွင့်အရေးမရလျှင် နစ်နာဆုံးရှုံးမှုဖြစ်ရသည်ပင်။ ယခုမူကြင်ရာတော်များဌ် ယင်းသို့တောင်းဆိုပိုင်ခွင့် မရှိတော့၍ နစ်နာဆုံးရှုံးမှုပြဿနာလည်း မပေါ်ချေ။ ကြင်ရာတော်များသည် ဤသည့်အချက်ကို သိနားလည်ခဲ့ကြသည့် အတွက်ကြောင့်ပင်၊ မိမိတို့အား တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ပေးတော်မူသမျှ၊ ပြုစုတော်မူသမျှကို အကျေနပ်ကြီးကျေနပ်၍ နေခဲ့ကြပေသည်။

ⓙ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အဖို့ အထက်ကုရ်အာန် (၃၃း၅၀)၌ ဖော်ပြပါရှိသည့် အင်္ဂါရပ်များနှင့်ညီသော အမျိုးသမီးများမှအပ အခြားအမျိုးသမီးများနှင့် ထိမ်းမြားပိုင်ခွင့် မရှိချေ။ လက်ရှိကြင်ရာတော်များကို ပြောင်းလဲခြင်း (ဝါ) အခြားအမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားနိုင်ရန်အတွက် လက်ရှိကြင်ရာတော် တစ်ပါးပါးကို ကွာရှင်းပိုင်ခွင့်လည်း မရှိချေ။

တမန်တော်မြတ်သည် ဤအာယတ်တော် ကျရောက်လာပြီးနောက်ပိုင်းတွင် အိမ်ထောင်သစ် ပြုတော်မူခဲ့သည်လည်း မရှိပေ။ လက်ရှိကြင်ရာတော် တစ်ပါးပါးကို ကွာရှင်း၍ အခြားအမျိုးသမီးတစ်ဦးဦးနှင့် ထိမ်းမြားတော်မူခဲ့သည်လည်း မရှိပေ။ ဤအာယတ်တော် ကျရောက်စဉ်က ရှိနေခဲ့ကြသော တမန်တော်မြတ်၏ လက်ရှိကြင်ရာတော်များသည်ပင် တမန်တော်မြတ်(ဝဖာတ်)ကွယ်လွန်အနိစ္စ ရောက်တော်မူသည့်အချိန်တွင် အသက်ထင်ရှားရှိနေခဲ့ကြပေသည်။ ၎င်းတို့မှာ (၁) ကြင်ရာတော် အာအိရှာဟ်၊ (၂) ကြင်ရာတော် ဟင်ဆွဟ်၊ (၃) ကြင်ရာတော် စောင်ဒဟ်၊ (၄)ကြင်ရာတော် ဆွန်မိစလမဟ်၊ (၅) ကြင်ရာတော်ဇိုင်နဗ်၊ (၆) ကြင်ရာတော် ဆွန်မိဟာဗီဗတ်၊ (၇) ကြင်ရာတော် ဂျွဝိုင်ရိယဟ်၊ (၈) ကြင်ရာတော် ဆွဖီယဟ်၊ (၉) ကြင်ရာတော် မိုင်မူနဟ်။

ကုရ်အာန် (၃၃း၅၀-၅၂) နှင့်စပ်လျဉ်း၍ ထာနဝီသခင်သည် မိမိ၏ကျမ်းတွင် အသေးစိတ်ဖွင့်ဆိုရေးသားထားသည်။ ကျမ်းလေးမည်စိုး၍ မရေးပြီ။ သုတေသီများ ထာနဝီ၊ အစောင် (၉)၊ စာမျက်နှာ (၅၆-၆၀)တွင် ရှုပါကုန်။

إِنَّ ذَٰلِكُمْ كَانَ يُؤْذِي النَّبِيَّ فَيَسْتَحْيِي مِنكُمْ ۖ وَاللَّهُ لَا يَسْتَحْيِي مِنَ الْحَقِّ ۚ وَإِذَا سَأَلْتُمُوهُنَّ مَتَاعًا فَاسْأَلُوهُنَّ مِن وَرَاءِ حِجَابٍ ۚ

ဧကန်စင်စစ် ဤသည် နဗီတမန်တော်မြတ်အား စိတ်ဒုက္ခဖြစ်စေ၏။ သို့ပါသော်လည်း နဗီတမန်တော်မြတ်သည် အသင်တို့ကို အားနာတော်မူ၏။ သို့ရာတွင် အလွှာဟ်အရှင်မြတ်မှာမူကား မှန်ကန်သောစကား ပြောကြားတော်မူရန် အားနာတော်မူသည် မဟုတ်ပေ။ [၁] ၎င်းအပြင် အသင်တို့သည် ထိုနဗီတမန်တော်မြတ်၏ကြင်ရာတော်များထံ ဝတ္ထုပစ္စည်းတစ်စုံတစ်ရာကို တောင်းကြသောအခါ ကန့်လန့်ကာ၏နောက်ကွယ်မှ တောင်းကြလေကုန်။ [၂]

---

① သူတစ်ပါးအိမ်သို့ သွားလာရာတွင် စောင့်စည်းအပ်သည့် ယဉ်ကျေးမှုများ၊

အီမာန် သက်ဝင် ယုံကြည်သော မုစ်လင်မ်များသည် အခွင့်မရှိပဲ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ အိမ်များတွင် ဝင်ထွက်သွားလာခြင်း မပြုကြရာ။ ထမင်းစားသုံးရန်အတွက် ဖိတ်ကြားတော်မူပါက သွားလာနိုင်ကြပေသည်။ သို့သွားကြရာတွင်လည်း အချိန်စောလျှ မသွားကြရာ။ အချိန်စောလျှသွားကြပါက တမန်တော်မြတ်၏ အိမ်များတွင် စားဖွယ်သောက်ဖွယ်များ အသင့်ဖြစ်သည်အထိ ထိုင်၍စောင့်မျှော်နေကြရပေမည်။ ဤသို့ကား မဖြစ်ရာ။ စားသောက်ပြီးပါကလည်း ပြန်ကြရာသည်။ ထိုင်၍ စကားလက်ဆုံ ကျမနေရာ။ ဤသို့ ပြုလုပ်ခြင်းများဖြင့် တမန်တော်မြတ်၏ အိမ်တော်သူ၊ အိမ်တော်သားများအား အနှောင့်အယှက်ပြုရာကျသည်။ တမန်တော်မြတ်အား စိတ်ဒုက္ခပေးရာရောက်သည်။ တမန်တော်မြတ်သည် ကိုယ်ရေးကိုယ်တာကိစ္စများတွင် အလွန်အားနာတော်မူသည်။ မိမိမှာ ဒုက္ခဖြစ်ရသော်လည်း ဖွင့်ဟ၍မပြောရက်ရှာပေ။ သို့အတွက် အလွှာဟ်အရှင်မြတ်က ဖွင့်ဟမိန့်ကြားထားတော် မူခြင်းဖြစ်သည်။

မှတ်ချက်။ ဤအာယတ်တော်များသည် တမန်တော်မြတ်၏ အိမ်တော်များသို့ မုစ်လင်မ်များ ဝင်ထွက်သွားလာစားသောက်မှုများနှင့်ပတ်သက်၍ ကျရောက်လာခဲ့သော အာယတ်တော်များဖြစ်သော်လည်း အလိုသဘောမှာ မုစ်လင်မ်အားလုံးတို့အား သူတပါးအိမ်သို့ သွားလာလည်ပတ် စားသောက်ရာတွင် လိုက်နာစောင့်စည်းအပ်သည့် ယဉ်ကျေးမှုများကို သင်ကြားပြသတော်မူရန်ပင် ဖြစ်သည်။ ဆိုလိုသည်ကား သူတပါးအိမ်သို့ အခွင့်မရှိပဲမဝင်ရာ။ ဖိတ်ကြားချက်မရှိပဲ အလှူအိမ်သို့မသွားရာ၊ ဧည့်မြောင်မလုပ်ရာ၊ ဖိတ်ကြားချက်ရှိ၍ သွားလာရာတွင်လည်း အချိန်နှင့်သွားလာရပေမည်။ အချိန်မကျမီ ကြိုတင်သွားရောက်ကာ ထိုင်၍ အစည်းအဝေးပြုလုပ်မနေရာ။ စားသောက်ပြီးပါကလည်း ပြန်ရမည်သာ။ ထိုင်၍စကားလက်ဆုံ ကျမနေရာ။ အိမ်ရှင်အားမည်သို့မျှ ဒုက္ခမပေးရာ။

② မွတ်စ်လင်မ် အမျိုးသမီးများ ဟိဂျာဗ် ထားကြရမည်၊

အထက်တွင် မုစ်လင်မ်များ တမန်တော်မြတ်၏အိမ်တော်များသို့ ဝင်ထွက်လိုကြသည့်အခါ စောင့်စည်းအပ်သည့် ယဉ်ကျေးမှုများအကြောင်း ပါရှိခဲ့၏။ ယခုဤအာယတ်တော်တွင် မုစ်လင်မ်များ ကြင်ရာတော်များထံမှ တစ်စုံတစ်ရာတောင်းကြသည့်အခါ မည်သို့မည်ပုံ တောင်းကြရမည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။ မုစ်လင်မ်များသည် ကြင်ရာတော်များထံမှ ဝတ္ထုပစ္စည်းတစ်စုံတစ်ရာ တောင်းခံကြသည့်အခါ (ဟိဂျာဗ်) ➤➤

ذَٰلِكُمْ أَطْهَرُ لِقُلُوبِكُمْ وَقُلُوبِهِنَّ ۚ وَمَا كَانَ لَكُمْ أَن تُؤْذُوا رَسُولَ اللَّهِ وَلَا أَن تَنكِحُوا أَزْوَاجَهُ مِن بَعْدِهِ أَبَدًا ۚ إِنَّ ذَٰلِكُمْ كَانَ عِندَ اللَّهِ عَظِيمًا ﴿٥٣﴾

ဤသည် အသင်တို့၏ စိတ်နလုံးများကို လည်းကောင်း၊ ထို ကြင်ရာတော်များ၏ စိတ်နလုံးများကိုလည်းကောင်း၊ ပိုမို၍ပင် သန့်စင်စေ၏။ စင်စစ်သော်ကား အသင်တို့၌ အလ္လာဟ်အရှင်မြတ်၏ ရာဇူလ်တမန်တော်မြတ်အား *စိတ်ဒုက္ခပေးပိုင်ခွင့်လည်းမရှိချေ*၊ [၁] ထိုနဗီတမန်တော်မြတ် မရှိသည့်နောက်တွင် ထိုနဗီတမန်တော်မြတ်၏ *ကြင်ရာတော်များနှင့် မည်သည့်အခါ၌မျှ ထိမ်းမြားပိုင်ခွင့်လည်းမရှိပေ။* [၂] ဧကန်မလွဲ ဤသည် အလ္လာဟ်အရှင်မြတ်အထံတော်၌ အလွန်ကြီးလေးသော၊ အပြစ်ဖြစ်သောအမှုပင် ဖြစ်ပေသည်။

➤➤ အကာအကွယ်၏နောက်မှနေ၍ တောင်းကြရမည်။ ဤသို့ အကာအကွယ်၏နောက်မှနေ၍ တောင်းခြင်းဖြင့် နှစ်ဦးနှစ်ဘက်လုံး စိတ်နလုံးပို၍ သန့်ရှင်းနိုင်ပေသည်။ သို့လော်သို့လော တွေးထင်ဖွယ်ရာများလည်း လုံးဝသန့်ရှင်းသွားပေမည်။

ဤအာယတ်တော်သည် တမန်တော်မြတ်၏ ကြင်ရာတော်များနှင့်သာ သက်ဆိုင်သည်မဟုတ်၊ မုစ်လင်မ်အမျိုးသမီးများ အားလုံးနှင့်လည်း သက်ဆိုင်ပေသည်။(ကြည့်-ကုရ်တုဗီ)။

ဤအာယတ်တော်ဖြင့် မုစ်လင်မ်အမျိုးသမီးတို့အဖို့ (ဟိဂျာဗ်) အကာအကွယ်ထားခြင်းသည် ဖရသ်တာဝန်ဖြစ်လာခဲ့ပေသည်။ ဤအာယတ်တော်သည် ဟိဂျာဗ်အကြောင်း ပါရှိသော ကုရ်အာန်ကျမ်းလာ အာယတ်တော် (၃၃:၃၃)အလျောင် ကျရောက်ခဲ့ပေသည်။ ယင်းအာယတ်တော်သည် ဤအာယတ်တော်ကို ထောက်ခံလေးနက်စေသည်။ ဟိဂျာဗ်အကြောင်း ကုရ်အာန် (၃၃:၃၃)တွင် အကျယ်ရေးသားခဲ့ပေပြီ။

① <u>တမန်တော်မြတ်အား စိတ်ဒုက္ခ မပေးရာ၊</u>

ကာဖိရ်၊ မုရှ်ရစ်က်၊ မုနာဖစ်က်တို့သည် တမန်တော်မြတ်အား မည်သို့ပင် စိတ်ဒုက္ခပေးကြစေကာမူ မုစ်လင်မ်တို့သည် ထင်ရှားသော သက်သေလက္ခဏာ၊ ခိုင်မာသော အထောက်အထားများဖြင့် တမန်တော်မြတ်၏ လွန်စွာဖြူစင်သန့်ရှင်းမှု၊ အတိုင်းမသိ မှန်ကန်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ကြပြီးဖြစ်ပေရာ မိမိတို့လွန်စွာ ချစ်ကြည်ရိုသေ မြတ်နိုးကြသောတမန်တော်မြတ်အား သက်တော်ထင်ရှား ရှိတော်မူစဉ်အချိန်တွင်လည်းကောင်း၊ ကွယ်လွန်အနိစ္စ ရောက်တော်မူပြီး နောက်တွင်လည်းကောင်း၊ တမန်တော်မြတ်အား စိတ်ဒုက္ခဖြစ်စေမည့် မည်သည့်အကြံအစည်၊ မည်သည့်အပြောအဆို၊ မည်သည့်အပြုအမူကိုမျှ မည်သည့်အဆင့်အတန်း၌မျှ မေ့မှား၍မျှ မကျူးလွန်မိကြရာ။

② <u>ကြင်ရာတော်များနှင့် မထိမ်းမြားရာ၊</u>

အထက်တွင် တမန်တော်မြတ်အား မည်သို့မျှ မေ့မှား၍မျှ စိတ်ဒုက္ခမပေးရမည့်အကြောင်းပါရှိခဲ့၏။ တမန်တော်မြတ်အား စိတ်ဒုက္ခဖြစ်စေမည့်အရာများတွင် တမန်တော်မြတ်သက်တော်ထင်ရှားရှိစဉ် တမန်တော်မြတ်၏ ကြင်ရာတော်တပါးပါးနှင့် ထိမ်းမြားလိုကြောင်း တနည်းတဖုံ ပြောဆိုမိခြင်း၊ တမန်တော်မြတ် ➤➤

إِن تُبْدُوا۟ شَيْـًٔا أَوْ تُخْفُوهُ فَإِنَّ ٱللَّهَ كَانَ بِكُلِّ شَىْءٍ عَلِيمًا ﴿٥٤﴾

၅၄။ အကယ်၍ အသင်တို့သည် တစုံတရာကို ထုတ်ဖော်ကြသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသင်တို့သည် ထိုအရာကို (စိတ်တွင်းဝယ်) ထိမ်ချန် လျှို့ဝှက်ထားကြသည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لَا جُنَاحَ عَلَيْهِنَّ فِىٓ ءَابَآئِهِنَّ وَلَآ أَبْنَآئِهِنَّ وَلَآ إِخْوَٰنِهِنَّ وَلَآ أَبْنَآءِ إِخْوَٰنِهِنَّ وَلَآ أَبْنَآءِ أَخَوَٰتِهِنَّ وَلَا نِسَآئِهِنَّ وَلَا مَا مَلَكَتْ أَيْمَٰنُهُنَّ ۚ وَٱتَّقِينَ ٱللَّهَ ۚ إِنَّ ٱللَّهَ كَانَ عَلَىٰ كُلِّ شَىْءٍ شَهِيدًا ﴿٥٥﴾

၅၅။ ထိုကြင်ရာတော်များအပေါ်ဝယ် မိမိတို့ ဖခင်များ(၏) ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ မိမိတို့သားများ(၏)ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ မိမိတို့အစ်ကိုများ၊ မောင်များ(၏)ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ မိမိတို့၏အစ်ကိုများ၊ မောင်များ၏သားများ(၏)ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ ထိုနည်းတူစွာ မိမိတို့၏အစ်မများ၊ ညီမများ၏သားများ(၏)ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ မိမိတို့ (သာသနာဝင်) မိန်းမချင်းတို့(၏) ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ မိမိတို့၏လက်ယာလက်များက ပိုင်ဆိုင်ကြသော ကျွန်များ(၏) ရှေ့သို့ထွက်ခြင်း)၌လည်းကောင်း၊ မည်သို့မျှ အပြစ်မရှိချေ။ [၁]

➤➤ ကွယ်လွန်အနိစ္စ ရောက်တော်မူပြီးနောက် ကြင်ရာတော်တပါးပါးနှင့် ထိမ်းမြားရန် ကြံစည်အားထုတ်ခြင်းသည်လည်း ပါဝင်နေသည်ဖြစ်ရာ၊ ဤအာယတ်တော်တွင် တပည့်သားတို့၌ တမန်တော်မြတ်၏ ကြင်ရာတော်များနှင့် မည်သည့်အခါ၌မျှ ထိမ်းမြားနိုင်ခွင့်မရှိကြောင်း အတိအလင်း ပိတ်ပင် တားဆီးထားတော်မူခြင်းဖြစ်သည်။

ဤအကြောင်းနှင့်ဆက်စပ်၍ ကုရ်အာန် (၃၃:၆) ကို ပြန်လည်ရှုပါကုန်။

① အထက်တွင်ကြင်ရာတော်များ "ဟိဂျာဗ်" ထားကြရမည့်အကြောင်း ပါရှိ၏။ ယခု ဤအာယတ်တော်တွင် "ဟိဂျာဗ်"မထားပဲ သွားနိုင်သော (မဟ်ရမ်) သားချင်းအရင်းအချာများကို ဖော်ပြထားတော်မူသည်။ ဤအာယတ်တော်တွင် ပါရှိသော ဟိဂျာဗ်ထားရန်မလိုသော သားချင်းများအရေအတွက်မှာ အပြည့်အဝ မဟုတ်ပေ။ အခြား မုစ်လင်မ်အမျိုးသမီးများ "ဟိဂျာဗ်" မထားပဲ သွားလာနိုင်သော (မဟ်ရမ်) သားချင်းများ၏အကြောင်း ကုရ်အာန် (၂၄:၃၁)တွင် ပါရှိခဲ့ချေပြီ။ ဤ "ဟိဂျာဗ်"ဆိုင်ရာ အမိန့်ပညတ်တွင် အခြားမုစ်လင်မ် အမျိုးသမီးများနှင့် ကြင်ရာတော်များသည် အတူတူပင် ဖြစ်ကြပေသည်။

ထိုမှတပါး (အို-ကြင်ရာတော်အပေါင်းတို့၊) အသင်မတို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်ဝယ် အသိသက်သေဖြစ်တော်မူပေသတည်း။

إِنَّ اللَّهَ وَمَلَٰٓئِكَتَهُۥ يُصَلُّونَ عَلَى النَّبِيِّۚ يَٰٓأَيُّهَا الَّذِينَ ءَامَنُواْ صَلُّواْ عَلَيْهِ وَسَلِّمُواْ تَسْلِيمًا ٥٦

၅၆။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ "မလာအိကဟ်" ကောင်းကင်တမန်များသည်လည်းကောင်း၊ နဗီတမန်တော်မြတ်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သကြကုန်၏။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည်လည်း ထိုနဗီတမန်တော်မြတ်အပေါ်ဝယ် ကောင်းချီးမင်္ဂလာ ပို့သခြင်းကိုလည်းကောင်း၊ လွန်စွာ "စလာမ်" *မေတ္တာပို့သခြင်းကိုလည်းကောင်း ပြုကြလေကုန်။* [၁]

---

① **တမန်တော်မြတ်အပေါ် မေတ္တာပို့ကြကုန်လော့။**

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ချီးမြှင့်မွှောက်စားတော်မူရန် အလိုငှာ အထက်တွင်လည်း တမန်တော်မြတ်၏ ဂုဏ်ရည်များကို အမျိုးမျိုး ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်တွင် တမန်တော်မြတ်အပေါ်သို့ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် မေတ္တာပို့သတော် မူသည့်အကြောင်း၊ ထိုအရှင်မြတ်၏ ကောင်းကင်တမန်များကလည်း တမန်တော်မြတ်အပေါ်သို့ မေတ္တာပို့သကြကြောင်း၊ သို့ဖြစ်၍ အီမာန်သက်ဝင် ယုံကြည်သော မုစ်လင်မ်အပေါင်းတို့သည်လည်း တမန်တော်မြတ်အပေါ်သို့ မေတ္တာပို့သကြရမည့် အကြောင်း မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်၏ မေတ္တာပို့သမှု၊ ကောင်းကင်တမန်တို့၏ မေတ္တာပို့သမှု၊ မုစ်လင်မ်တို့၏ မေတ္တာပို့သမှုများသည် အမည်အားဖြင့် အချင်းချင်းတူညီသည်ဟု ထင်မှတ်ရသော်လည်း အမှန်မှာ အသို့လျှင် တူနိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်၏ မေတ္တာသည် ထိုအရှင်မြတ်၏ ဂုဏ်တော်နှင့်လျော်ကန်သော မေတ္တာသာဖြစ်ချိမ့်မည်။ ထို့အတူ ကောင်းကင်တမန်များနှင့် မုစ်လင်မ်များ၏ မေတ္တာသည်လည်း ၎င်းတို့နှင့်ထိုက်တန်သော မေတ္တာသာဖြစ်ချိမ့်မည်။

ထို့အတွက်ကြောင့်ပင် အာလင်မ်ပညာရှင်များက "အလ္လာဟ်အရှင်မြတ်၏ မေတ္တာပို့သတော် မူခြင်းမှာ ကရုဏာတော် သက်ရောက်စေတော်မူခြင်း၊ ကျေနပ်နှစ်သက်တော်မူခြင်းကို ဆိုလိုသည်။ ကောင်းကင် တမန်များ၏ မေတ္တာပို့သခြင်းမှာ ဆုပန်ခြင်း၊ လွတ်ငြိမ်းခွင့် ပန်ကြားခြင်းကို ဆိုလိုသည်။ မုစ်လင်မ်များ၏ မေတ္တာပို့သခြင်းမှာ ဆုမွန်တောင်းခြင်း၊ ရိုသေလေးစားမြတ်နိုးခြင်းကို ဆိုလိုသည်" ဟူ၍ အနက်ဖွင့်ကြပေသည်။ ➤➤

إِنَّ الَّذِينَ يُؤْذُونَ اللَّهَ وَرَسُولَهُ لَعَنَهُمُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ وَأَعَدَّ لَهُمْ عَذَابًا مُّهِينًا ﴿٥٧﴾

၅၇။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်မြတ်အားလည်းကောင်း၊ စိတ်ဒုက္ခပေးကြကုန်သော သူတို့အား အလ္လာဟ်အရှင်မြတ်သည် လောကီဘဝ၌လည်းကောင်း၊ "အာခိရတ်" တမလွန်ဘဝ၌လည်းကောင်း၊ ကရဏာတော်မှ ကင်းဝေးစေတော်မူသည့်အပြင် ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ ဂုဏ်ရည်သေးသိမ်စေသောပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူ၏။ ၁

الصلٰوة من الله رحمته ورضوانه ومن الملٰئكة الدعاء والاستغفار ومن الأمة الدعاء والتعظيم لأمره (قرطبى) ➤➤

ဤအာယတ်တော် ကျရောက်လာသည့်အခါ (ဆွဟာဗဟ်) သာဝကကြီးများက တမန်တော်မြတ်၊ တမန်တော်မြတ်အပေါ်သို့ မည်သို့မည်ပုံ "စလာမ်" ပို့သရသည်အကြောင်း ကျွန်တော်များ သိပြီးဖြစ်ပါသည်။ (ဆွာလတ်ဝက်ပြုရာတွင်) "တရှဟ်ဟွဒ်" ၌ ရွတ်ဖတ်ရသော

(السلام عليك أيها النبى ورحمة الله وبركاته)

ဟူသော စာတမ်းသည် စလာမ်မေတ္တာ ဖြစ်ပါသည်။

"ဆွလာတ်" ပို့သနည်းကား အသို့ပါနည်း၊ ဟု လျှောက်ထားမေးမြန်းကြရာ တမန်တော်မြတ်က အောက်ပါ အတိုင်း ဆွလာတ်ပို့သကြရန် သင်ကြားပြသတော်မူခဲ့လေသည်။

اللّٰهم صلّ على محمد وعلى ال محمد كما صلّيت على ابراهيم وعلى ال ابراهيم انك حميد مجيد
اللّٰهم بارك على محمد وعلى ال محمد كما باركت على ابراهيم وعلى ال ابراهيم انك حميد مجيد

၁ အထက်တွင် မှစ်လင်မ်များသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား မည်သည့်အခါ၌မျှ မည်သို့မျှ စိတ်ဒုက္ခ မပေးကြရမည့်အကြောင်း၊ တမန်တော်မြတ်အား လွန်စွာ ချစ်ကြည်မြတ်နိုးကြရမည့်အကြောင်း၊ တမန်တော်မြတ် အပေါ်သို့ မေတ္တာပို့သကြရမည့်အကြောင်းများ ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် တမန်တော်မြတ်အား စိတ်ဒုက္ခပေးသော သူယုတ်တို့သည် နှစ်ဘဝလုံးတွင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် ကင်းဝေးကြရမည့်အကြောင်း၊ အလွန်ဆိုးရွားသော ဂုဏ်ရည်သေးသိမ်စေသော ပြစ်ဒဏ်ခံစားကြရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူသော တမန်တော်ဖြစ်ပေရာ တမန်တော်မြတ်အား ဒုက္ခပေးခြင်းသည် တမန်တော်မြတ်ကို စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ဒုက္ခပေးရာ ရောက်ခြင်းကြောင့်ဖြစ်သည်။ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်အား ဒုက္ခပေးခြင်းဟူသည် ထိုအရှင်မြတ်နှင့် ပတ်သက်၍ မလျော်ကန်သောစကားများ သုံးနှုန်းပြောဆိုခြင်းကိုလည်း ဆိုနိုင်ပေသည်။

وَالَّذِينَ يُؤْذُونَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ بِغَيْرِ مَا اكْتَسَبُوا فَقَدِ احْتَمَلُوا بُهْتَانًا وَإِثْمًا مُبِينًا ﴿٥٨﴾

يَا أَيُّهَا النَّبِيُّ قُلْ لِأَزْوَاجِكَ وَبَنَاتِكَ وَنِسَاءِ الْمُؤْمِنِينَ يُدْنِينَ عَلَيْهِنَّ مِنْ جَلَابِيبِهِنَّ ذَٰلِكَ أَدْنَىٰ أَنْ يُعْرَفْنَ فَلَا يُؤْذَيْنَ وَكَانَ اللَّهُ غَفُورًا رَحِيمًا ﴿٥٩﴾

၅၈။ "မုအ်မင်္ဂန်" သက်ဝင်ယုံကြည်သူ ယောကျ်ား၊ မိန်းမများအား၊ ၎င်းတို့တစုံတရာကို ကျူးလွန်ကြသည် မရှိဘဲလျက် စိတ်ဒုက္ခပေးကြသောသူတို့မှာမူကား မတရားယိုးစွပ်မှုကိုလည်းကောင်း၊ ထင်ရှားစွာသော ပြစ်မှုကိုလည်းကောင်း၊ ထမ်းဆောင်ခဲ့ကြကုန်သတည်း၊ [၁]

၅၉။ အို-နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ရာတော်များအားလည်းကောင်း၊ မိမိ၏သမီးတော်များအားလည်းကောင်း၊ "မုအ်မင်္ဂန်" သက်ဝင်ယုံကြည်သူတို့၏ ဇနီးမိန်းမများအားလည်းကောင်း၊ "ထိုသူတို့သည် မိမိတို့၏အပေါ်ရုံ (စောင်/ခြုံထည်)များကို မိမိတို့အပေါ်၌ အနည်းငယ် ဆွဲချ/တွဲလွဲချ ထားကြရမည်" ဟု ပြောကြားပါလေ။ ဤသည် ၎င်းတို့အား ခွဲခြားမှတ်မိရန် ပိုမို၍ နီးစပ်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် နှောင့်ယှက်ခြင်းခံကြရမည် မဟုတ်ပေ။ [၂] ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

---

① အချို့သူယုတ်မာများသည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) နှင့် ပတ်သက်၍လည်းကောင်း၊ ကြင်ရာတော်များနှင့် ပတ်သက်၍လည်းကောင်း မဟုတ်မမှန်လုပ်ကြံ၍ ထိပါးပုတ်ခတ်ပြောဆိုလေ့ ရှိခဲ့ကြပေသည်။ ဤသည်ကား အပြစ်မရှိသူအား မတရားစွပ်စွဲပြောဆိုခြင်း၊ ထင်ရှားသောပြစ်မှုကို ကျူးလွန်ခြင်းသာဖြစ်သည်။ ဤပြစ်မှုတွင် မုနာဖစ်ဂ်များသည် ရှေ့ဆုံးမှ ပါဝင်ခဲ့ကြလေသည်။ ဤအကြောင်း ကုရ်အာန်(၂၄:၄-၂၆)တွင် ပါရှိခဲ့ချေပြီ။

ယင်းသို့သော သူယုတ်မာတို့၏ ဘေးအန္တရာယ်မှ မုစ်လင်မ်အမျိုးသမီးတို့အား ကာကွယ်နိုင်ရန်အတွက် မည်သို့မည်ပုံ စီစဉ်ရမည့်အကြောင်း ရှေ့အာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

② **မွတ်စ်လင်မ်အမျိုးသမီးများသည် အန္တရာယ်ရှိက မျက်နှာကိုပါ ဖုံးဖိထားရသည်၊**

(ရိဝါယာတ်) ကျမ်းချက်များတွင် လာရှိသည်မှာ မုစ်လင်မ်အမျိုးသမီးများ ကျင်ကြီးကျင်ငယ် သွားရန်အတွက် အပြင်သို့ထွက်ကြသည့်အခါ မုနာဖစ်က် သူယုတ်မာများသည် ချောင်းမြောင်းစောင့်စားငုံမျှော်၍ အနှောင့်အယှက်ပေးလေ့ ရှိခဲ့ကြသည်။ သို့နှောင့်ယှက်ကြသည်ကို လက်ပူးလက်ကြပ် ဖမ်းဆီးမိသောအခါ ➤➤

لَئِن لَّمْ يَنتَهِ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ وَالْمُرْجِفُونَ فِي الْمَدِينَةِ لَنُغْرِيَنَّكَ بِهِمْ ثُمَّ لَا يُجَاوِرُونَكَ فِيهَا إِلَّا قَلِيلًا ﴿٦٠﴾

၆၀။ အမှန်စင်စစ်သော်ကား အကယ်၍ မုနာဖစ်က် အယောင်ဆောင် မုစ်လင်မ်တို့သည်လည်းကောင်း၊ စိတ်တွင်းဝယ် ရောဂါဝေဒနာ ရှိသူတို့သည်လည်းကောင်း၊ မဒီနာမြို့တွင်း၌ ထိတ်လန့်ဖွယ် သတင်းလွှင့်သူတို့သည်လည်းကောင်း၊ (မိမိတို့၏ အပြုအမူများကို) မရပ်စဲခဲ့ကြလျှင် ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ်ဝယ် လွှမ်းမိုးစေတော်မူမည်။ ထို့နောက် ၎င်းတို့သည် အသင့်ထံတွင် "မဒီနာ" မြို့၌ အနည်းငယ်မျှသော ကာလမှတပါး နေကြရမည် မဟုတ်ပေ။

مَّلْعُونِينَ ۖ أَيْنَمَا ثُقِفُوا أُخِذُوا وَقُتِّلُوا تَقْتِيلًا ﴿٦١﴾

၆၁။ (ယင်းကဲ့သို့ အနည်းငယ်မျှသော ကာလတိုင်အောင် နေပင်နေကြရငြားသော်လည်း ၎င်းတို့မှာ) ကရုဏာတော်မှကင်းဝေးစေခြင်း ခံကြရသူများအဖြစ် (နေကြရသည့်ပြင်) မည်သည့်နေရာ၌မဆို တွေ့ရှိခဲ့ကြရလျှင် ၎င်းတို့သည် ဖမ်းဆီးခြင်းခံကြရပေမည်။ ထို့ပြင် ၎င်းတို့သည် ပြင်းထန်စွာ သတ်ဖြတ်ခြင်းကို ခံကြရပေမည်။

➤➤ ၎င်းတို့က "ကျွန်ုပ်တို့သည် ဂုဏ်သရေရှိအမျိုးသမီးဟူ၍ မထင်မိကြပါ၊ ကျေးကျွန်များထင်မှတ်ကာ အနှောင့်အယှက်ပေးမိခြင်းသာ ဖြစ်ပါသည်"ဟု ဖြေဆိုလေ့ရှိခဲ့ကြသည်။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။ ဤအာယတ်တော်၏ အလိုသဘောမှာ မုစ်လင်မ်အမျိုးသမီးများသည် အကြောင်းကိစ္စရှိ၍ အပြင် ထွက်ကြသည့်အခါ ကိုယ်ခန္ဓာကို ဖုံးဖိကြရန်သာမက ခြံထည်များကို ဦးခေါင်းပေါ်မှ မျက်နှာပေါ်သို့လည်း ဆွဲချထားကြရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဂုဏ်သရေရှိ မုစ်လင်မ် အမျိုးသမီးများ ဖြစ်ကြသည်ကို အလွယ်တကူ ခွဲခြားသိရှိနိုင်ပေမည်။ သို့သိရှိရလျှင် သူယုတ်မာများသည် အနှောင့်အယှက် ပေးဝံ့ကြမည် မဟုတ်ပေ။ ဤအာယတ်တော် ကျရောက်လာသည့်အခါ မုစ်လင်မ်အမျိုးသမီးများသည် ကိုယ်ခန္ဓာကို ဖုံးဖိကြသည်သာမက ဦးခေါင်းပေါ်မှ ခြံထည်စကို မျက်နှာပေါ်သို့လည်း ဆွဲချကာ လုံခြုံစွာ သွားလာလေ့ရှိခဲ့ကြလေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မုစ်လင်မ်အမျိုးသမီးများသည် မျက်နှာကိုပါ ဖုံးအုပ်ထားကြရမည့် အကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

ဤအာယတ်တော်တွင် ပါရှိသော "ဂျလာဗီဗ်" ဟူသောပုဒ်သည် "ဂျိလ်ဗာဗ်"၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ "ဂျိလ်ဗာဗ်"ဟူသည် ကိုယ်ခန္ဓာတစ်ခုလုံးကို ခြုံရုံနိုင်သော စောင်ကြီးကို ဆိုလိုသည်။ (ကြည့်-ကုရ်တုဗီ)

سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِن قَبْلُ ۖ وَلَن تَجِدَ لِسُنَّةِ اللَّهِ تَبْدِيلًا ﴿٦٢﴾

يَسْأَلُكَ النَّاسُ عَنِ السَّاعَةِ ۖ قُلْ إِنَّمَا عِلْمُهَا عِندَ اللَّهِ ۚ وَمَا يُدْرِيكَ لَعَلَّ السَّاعَةَ تَكُونُ قَرِيبًا ﴿٦٣﴾

၆၂။ ဤသည် ရှေးအထက်ကျော်ကာလ၌ လွန်လေခဲ့ကြသောသူတို့နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ ဥပဒေစည်းကမ်းပင်။ စင်စစ် အသင်သည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေစည်းကမ်း၌ မည်သည့်ပြောင်းလဲမှုကိုမျှပင် အလျှင်းတွေ့ရှိလိမ့်မည် မဟုတ်ပေတကား။

၆၃။ လူတို့သည် "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ အသင့်အား မေးမြန်းကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါဧေ။ (အချင်းတို့၊) ယင်း"ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်းသော အသိပညာကား အလ္လာဟ်အရှင်မြတ်၌သာရှိ၏။ အသင်သည် အသို့လျှင် သိနိုင်ပါအံ့နည်း။ စင်စစ် ရှင်ပြန်ထမည့် အချိန်ကာလသည် နီးကပ်လျက် ရှိတန်ရာသည်။ [၁၀]

---

⑩ **ကိယာမတ်၊**

အထက်ပါ ကုရ်အာန်(၃၃း၅၇)၌ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ဒုက္ခပေးသူများသည် ဤပစ္စုပ္ပန်တွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် ကင်းဝေးကြရမည့်အကြောင်း၊ ဂုဏ်အသရေ သေးသိမ်စေမည့် ပြစ်ဒဏ်ခံကြရမည့်အကြောင်း ပါရှိ၏။ အဆိုပါ အာယတ်တော်တွင် ကိယာမတ်ဖြစ်မည့်အကြောင်း၊ နောင်တမလွန်ဘဝရှိသည့်အကြောင်းများ ပါရှိ၏။ တမန်တော်မြတ်အား စိတ်ဒုက္ခပေးကြသူများတွင် အချို့သူများသည် ဤသည်တို့ကို မယုံကြည်ခဲ့ကြပေ။ ထို့အတွက် ၎င်းတို့က "ကိယာမတ် ဘယ်တော့ဖြစ်မည်နည်း" ဟု ပြက်ရယ်ပြောင်လှောင်သည့် သဘောဖြင့်မေးကြ၏။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့လေသည်။

ကိယာမတ်သည် တစ်ရက်မှချဖြစ်မည်။ သို့ရာတွင် ကိယာမတ်ဖြစ်မည့် အချိန်ပိုင်းအတိအကျကိုမူ အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ ကိယာမတ်ဖြစ်မည့်အချိန်သည် ယခင်ထက်စာလျှင် အလွန်နီးကပ်လာချေပြီ။ ဤသည်ကို ရည်ညွှန်း၍ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ကလည်း "ကျွန်ုပ်နှင့် ကိယာမတ်သည် ဤလက်ညှိုးနှင့် လက်ခလယ်ကဲ့သို့ ဖြစ်သည်"ဟု နှိုင်းယှဉ် မိန့်ကြားတော်မူခဲ့သည်။

إِنَّ اللَّهَ لَعَنَ الْكَافِرِينَ وَأَعَدَّ لَهُمْ سَعِيرًا ﴿٦٤﴾

၆၄။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြသော သူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုသူတို့အဖို့ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံကို အဆင်သင့် ပြုလုပ်၍ ထားတော်မူ၏။

خَالِدِينَ فِيهَا أَبَدًا ۖ لَا يَجِدُونَ وَلِيًّا وَلَا نَصِيرًا ﴿٦٥﴾

၆၅။ ၎င်းတို့သည် ယင်းမီးဌာန အမြဲမပြတ် နေထိုင်လျက်ရှိကြပေမည်။ ၎င်းတို့သည် မည်သည့် စောင့်ရှောက်သောသူကိုမျှလည်း တွေ့ရှိကြမည်မဟုတ်ချေ။ မည်သည့်ကာကွယ်မည့် သူကိုမျှလည်း တွေ့ရှိကြမည် မဟုတ်ပေ။

يَوْمَ تُقَلَّبُ وُجُوهُهُمْ فِي النَّارِ يَقُولُونَ يَا لَيْتَنَا أَطَعْنَا اللَّهَ وَأَطَعْنَا الرَّسُولَا ﴿٦٦﴾

၆၆။ ၎င်းတို့၏ မျက်နှာများသည် မီးထဲ၌ လှည့်ပြောင်းခြင်းခံကြရသောနေ့တွင် ၎င်းတို့က "သြော်-ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို လိုက်နာခဲ့ကြလျှင်လည်းကောင်း၊ ရစူလ်တမန်တော်မြတ်၏အမိန့်တော်ကို လိုက်နာခဲ့ကြလျှင်လည်းကောင်း၊ ကောင်းလေစွတကား" ဟု ပြောဆို (ညည်းညူ)ကြပေမည်။

وَقَالُوا رَبَّنَا إِنَّا أَطَعْنَا سَادَتَنَا وَكُبَرَاءَنَا فَأَضَلُّونَا السَّبِيلَا ﴿٦٧﴾

၆၇။ ထိုမှတပါး ၎င်းတို့သည် လျှောက်ထားကြပေမည်။ "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုးတို့သည် မိမိတို့၏ခေါင်းဆောင်များနှင့် မိမိတို့၏အကြီးအကဲများ၏စကားကို နာခံမိခဲ့ကြပါသည်။ ၎င်းတို့သည် ကျွန်တော်မျိုးတို့အား လမ်းလွဲမှားစေခဲ့ကြပါသည်။

رَبَّنَآ ءَاتِهِمْ ضِعْفَيْنِ مِنَ الْعَذَابِ وَالْعَنْهُمْ لَعْنًا كَبِيرًا ﴿٦٨﴾

၆၈။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ၎င်းတို့အား ပြစ်ဒဏ်နှစ်ဆပေးတော်မူပါ။ ထိုမှတပါး အရှင်မြတ်သည် ၎င်းတို့အား ကရဏာတော်မှ အလွန်အလွန် ကင်းဝေးစေတော်မူပါ။"

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَكُونُوا۟ كَٱلَّذِينَ ءَاذَوْا۟ مُوسَىٰ فَبَرَّأَهُ ٱللَّهُ مِمَّا قَالُوا۟ ۚ وَكَانَ عِندَ ٱللَّهِ وَجِيهًا ﴿٦٩﴾

၆၉။ အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်။ ထိုသူတို့သည် မူစာအား စိတ်ဒုက္ခပေးခဲ့ကြကုန်၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထိုမူစာအား ၎င်တို့၏ ပြောဆိုစွပ်စွဲချက်များမှ အပြစ်ကင်းကြောင်း ထင်ရှားစေတော်မူခဲ့၏။ စင်စစ် ထိုမူစာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌ ဂုဏ်ကျက်သရေနှင့် အလွန်ပြည့်စုံသူပင် ဖြစ်ခဲ့ပေသတည်း။ [၁]

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ وَقُولُوا۟ قَوْلًا سَدِيدًا ﴿٧٠﴾

၇၀။ အို-"မုအ်မင်နဲ်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတပါး အသင်တို့သည် တည်ကြည်ဖြောင့်မတ်သောစကားကို ပြောဆိုကြလေကုန်။ [၂]

---

① မုစ်လင်မ်များသည် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)အား ထိခိုက်နစ်နာစေမည့် မည်သည့်အကြံအစည်၊ အပြောအဆို၊ အပြုအမူကိုမျှ မကြံစည်ရာ၊ မပြောဆိုရာ၊ မပြုမူရာ။ သို့ကြံစည်ပြောဆိုပြုမူခြင်းဖြင့်လည်း တမန်တော်မြတ်၌ မည်သို့မျှ နစ်နာဆုံးရှုံးမှုမဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ အလွန်တရာမျှ ဂုဏ်အသရေရှိသည်။ ထိုအရှင်မြတ်သည် တမန်တော်မြတ်အား အမြဲတစေ ကာကွယ်ထိန်းသိမ်း ကူညီတော်မူသည်။ တမန်တော်မြတ်နှင့် ပတ်သက်၍ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ပြောဆိုသော စကားများကိုလည်း ပယ်ဖျက်၍ တမန်တော်မြတ်သည် ယင်းသည့်စကားရပ်များနှင့် မည်သို့မျှမပတ်သက်ကြောင်းကို ထင်ရှားပြတော်မူသည်သာ ဖြစ်သည်။ သို့အတွက် တမန်တော်မြတ်အား ထိပါး ပုတ်ခတ် ပြောဆိုကြသောသူများသည် တမန်တော်မြတ်၌ တစ်စုံတစ်ရာ ထိခိုက်နစ်နာစေ ကြသည်မဟုတ်ပဲ မိမိတို့ကိုယ်ကိုသာ မိမိတို့ဆုံးရှုံးနစ်နာအောင် ပြုလုပ်ကြခြင်းသာ ဖြစ်သည်။

အတိတ်ခေတ်တွင် တမန်တော်မူစာ (အလိုင်ဟစ္စလာမ်)နှင့် ပတ်သက်၍လည်း သူယုတ်မာတို့က မဟုတ်မမှန်လုပ်ကြံစွပ်စွဲ ပြောဆိုခဲ့ကြသည်။ သို့ရာတွင် တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ➤➤

يُصْلِحْ لَكُمْ أَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوبَكُمْ ۗ وَمَن يُطِعِ اللَّهَ وَرَسُولَهُ فَقَدْ فَازَ فَوْزًا عَظِيمًا ﴿٧١﴾

၇၁။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်ကို့၏ ပြုမူကျင့်ဆောင်ချက်များကို ပြုပြင်၍ ပေးသနားတော် မူပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာ္ဇူလ်တမန်တော်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ လိုက်နာပါမူ မလွဲဧကန် ထိုသူသည် ကြီးကျယ်စွာ အောင်မြင်ပြီး ဖြစ်မည်တကား။ [၁]

➤➤ အလွန် ဂုဏ်အသရေရှိလေရာ ထိုအရှင်မြတ်သည် တမန်တော်မူစာနှင့်ပတ်သက်၍ ယိုးစွပ် ပြောဆိုကြသော စကားများကို ပယ်ဖျက်၍ ယင်းစကားများသည် တမန်တော်မူစာနှင့် မည်သို့မျှမပတ်သက်ကြောင်း၊ တမန်တော်မူစာသည် အပြစ်ကင်းစင်ကြောင်းကို ထင်ရှားပြတော် မူခဲ့လေသည်။

③ **'တက္ကဝါ' နှင့် သစ္စာ၊**

မုအ်မင်နဲ်တို့သည် -

(၁) မိမိတို့၏ သက်တမ်းတစ်လျှောက်လုံး၌ အရေးကိစ္စအဝဝတွင် အခါခပ်သိမ်း အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြရမည်။

(၂) ပြောဆိုရာတွင် အပိုအလိုမပါ၊ တိကျမှန်ကန်စွာ ပြောဆိုကြရပေမည်။ မုအ်မင်နဲ်တို့သည် ဤသည့်အရည်အချင်း နှစ်ရပ်ကိုသာ ခါးဝတ်ပုဆိုးပမာ၊ ထိန်းသိမ်းထားနိုင်ကြပါက၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အပြုအမူများကို ပြုပြင်ပေးတော် မူမည်သာမက၊ ၎င်းတို့၏ ပြစ်မှုများကိုလည်း ခွင့်လွှတ်တော်မူမည်။ ဤကား တာက္ကဝါနှင့် သစ္စာ၏အကျိုးပင်။

④ **အောင်မြင်မှု၏ သော့ချက်၊**

အောင်မြင်မှု၏ သော့ချက်မှာ အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏အမိန့်နာခံမှုပင်၊ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏အမိန့်နာခံပါက အောင်မြင်ရမည်ပင်။

إِنَّا عَرَضْنَا الْأَمَانَةَ عَلَى
السَّمٰوٰتِ وَالْأَرْضِ وَالْجِبَالِ
فَأَبَيْنَ أَنْ يَحْمِلْنَهَا وَأَشْفَقْنَ
مِنْهَا وَحَمَلَهَا الْإِنْسَانُ
إِنَّهُ كَانَ ظَلُومًا جَهُولًا ﴿٧٢﴾

၇၂။ ဧကန်စင်စစ် ငါအရှင်မြတ်သည် အပ်နှံသော (ဤတာဝန်ကို မိုးကောင်းကင်များ ရှေ့ဝယ်လည်းကောင်း၊ ပထဝီမြေ၏ ရှေ့ဝယ်လည်းကောင်း၊ တောင်များ၏ ရှေ့ဝယ်လည်းကောင်း၊ ဖော်ပြတော်မူခဲ့ရာ ၎င်းတို့သည် ယင်းတာဝန်ကို ငြင်းဆန်ခဲ့ကြကုန်၏။ ထို့ပြင် ယင်းတာဝန်ကို ထမ်းဆောင်ရန် ကြောက်ရွံ့ စိုးရိမ်ခဲ့ကြကုန်၏။ သို့ရာတွင် လူသားမှာမူကား ယင်းတာဝန်ကို ထမ်းဆောင်ခဲ့၏။ ဧကန်အမှန် ထိုလူသားသည် လွန်စွာ ရက်စက်သူ၊ လွန်စွာ အသိတရားကင်းမဲ့သူပင် ဖြစ်ပေသည်။

لِّيُعَذِّبَ اللّٰهُ الْمُنٰفِقِيْنَ
وَالْمُنٰفِقٰتِ وَالْمُشْرِكِيْنَ
وَالْمُشْرِكٰتِ وَيَتُوْبَ
اللّٰهُ عَلَى الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ
وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿٧٣﴾

၇၃။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် "မုနာဖစ်က်" အယောင်ဆောင်မုစ်လင်မ် ယောကျ်ားမိန်းမတို့အားလည်းကောင်း၊ "မုရှ်ရစ်က်' တစုံတရာကို အလ္လာဟ်အရှင်မြတ်နှင့်တွဲဘက်ကိုးကွယ်သူ ယောကျ်ားမိန်းမတို့အားလည်းကောင်း၊ ပြစ်ဒဏ်ပေးတော်မူပေမည်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ ယောကျ်ားမိန်းမတို့ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူပေမည်။

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာ သနားညှာတာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

ရှီဟာကဏ္ဍ



ဤကဏ္ဍသည် ရှီဟာကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၅၄)ပါး၊ ရကူအ်အပိုဒ်(၆)ပိုဒ် အသီးသီးပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ အန္တနကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

١ ။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ရှိရှိသမျှသော (သက်ရှိသက်မဲ့)အရာဝတ္ထု အလုံးစုံတို့ကို ပိုင်ဆိုင်တော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ချီးမွမ်း ထောပနာခြင်း အပေါင်းတို့ကို ခံယူထိုက်တော်မူ၏။ ထိုနည်းတူစွာ တမလွန်ဘဝ၌လည်း ထိုအရှင်မြတ်သည်သာလျှင် ချီးမွန်ထောပနာခြင်း အလုံးစုံတို့ကို ခံယူထိုက်တော်မူ၏။ အမှန်စင်စစ် ထိုအရှင်မြတ်သည်ပင် ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူ၏။

اَلْحَمْدُ لِلّٰهِ الَّذِيْ لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ وَلَهُ الْحَمْدُ فِي الْاٰخِرَةِ ۭ وَهُوَ الْحَكِيْمُ الْخَبِيْرُ ۝١

၂ ။ ထိုအရှင်မြတ်သည် ပထဝီမြေအတွင်းသို့ဝင်သောအရာများကိုလည်းကောင်း၊ ယင်းပထဝီမြေအတွင်းမှ ထွက်သောအရာများကို လည်းကောင်း၊ မိုးကောင်းကင်မှ သက်ဆင်းသောအရာများကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်သို့ တက်သွားသောအရာများကိုလည်းကောင်း၊ (အလုံးစုံတို့ကို) ကောင်းမွန်စွာ သိရှိတော်မူ၏။ [၁]

يَعْلَمُ مَا يَلِجُ فِي الْاَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنْزِلُ مِنَ السَّمَاۗءِ وَمَا يَعْرُجُ فِيْهَا ۭ وَهُوَ الرَّحِيْمُ الْغَفُوْرُ ۝٢

① အလ္လာဟ်အရှင်မြတ်သည် "မြေ၌ဝင်သောအရာ" ဥပမာ- သက်ရှိသတ္တဝါ၊ ပိုးမွှား၊ မျိုးစေ့၊ မိုးရည်၊ သူသေအလောင်း .... စသည်တို့ကိုလည်း သိတော်မူသည်။ "မြေမှထွက်သော အရာ" ဥပမာ- ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သတ္တု စသည်တို့ကိုလည်း သိတော်မူသည်။ "မိုးကောင်းကင်မှ ကျသောအရာ" ဥပမာ ➤➤

ငင်းပြင် ထိုအရှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ် ချမ်းသာပေးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း၊ ၁

وَقَالَ الَّذِينَ كَفَرُوا لَا تَأْتِينَا السَّاعَةُ ۖ قُلْ بَلَىٰ وَرَبِّي لَتَأْتِيَنَّكُمْ ۙ عَالِمِ الْغَيْبِ ۚ لَا يَعْزُبُ عَنْهُ مِثْقَالُ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَلَا أَصْغَرُ مِنْ ذَٰلِكَ وَلَا أَكْبَرُ إِلَّا فِي كِتَابٍ مُبِينٍ ۝٣

၃။ စင်စစ်သော်ကား ကာဖိရ်သွေဖည်ငြင်းပယ် သောသူတို့က "ရှင်ပြန်ထရမည့် အချိန်ကာလသည် ကျွန်ုပ်တို့ထံ ဆိုက်ရောက်လာမည်မဟုတ်" ဟု ဆိုကြ ကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့၊) ငါ့အား မွေးမြူဖန်ဆင်းတော် မူသော၊ အကွယ်၌ရှိသည်တို့ကို သိမြင်တော်မူသော၊ အရှင်မြတ်၏ "ကစမ်"၊ ယင်းရှင်ပြန်ထမည့် အချိန် ကာလသည် အသင်တို့ထံ အမှန်ပင် ဆိုက်ရောက်လာ မည်။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ ၌လည်းကောင်း၊ အဏုမြူခန့်မျှသောဝတ္ထုပစ္စည်းသည် ပင်လျှင် ထိုအရှင်မြတ်၏ အသိပညာမှ ကွယ်ပျောက် နေသည်ဟူ၍ မရှိပေ။ စင်စစ်သော်ကား ယင်းအဏုမြူ ထက်သေးငယ်သော အရာဝတ္ထုပင် ဖြစ်စေ၊ (ယင်း အဏုမြူထက်) ကြီးသော အရာဝတ္ထုပင် ဖြစ်စေ၊ ထင်ရှားစွာသော မှတ်တမ်းစာအုပ်တွင် (ရေးသားပြီး) ဖြစ်ပေသည်။ ၂

➤➤ မိုးရည်၊ ဝဟီအာဃတ်တော်၊ "တတ်ကဒိရ်" စီမံခန့်ခွဲမှု ကောင်းကင်တမန် စသည်တို့ကိုလည်းသိတော်မူသည်။ "မိုးကောင်းကင်သို့ တက်သောအရာ" ဥပမာ- အသက်ဇီဝိန်၊ ဆုပန်ကြားမှု၊ အကျင့်အမူ၊ ကောင်းကင်တမန် စသည်တို့ကိုလည်း သိတော်မူသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် သိမြင်နှံ့စပ်သောဉာဏ်တော်ရှင် ဖြစ်တော်မူသည်။ မိုး၊မြေ၊ စကြဝဠာအဝှန်း၌ ဖြစ်ပျက်သမျှကိစ္စအဝဝကို ကြွင်းမဲ့ဉဿုံ အလုံးစုံကို သိတော်မူသည်ဟူ၏။

① အလ္လာဟ်အရှင်မြတ်သည် အလွန်သနားကြင်နာတော်မူသည်။ အလွန်လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသည်။ ယနေ့လူလောကကြီး စည်ပင်သာယာဝပြောနေသည်မှာ ထိုအရှင်မြတ်၏ ကျေးဇူးတော်ကြောင့်ပင်ဖြစ်သည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ၎င်းတို့ပြုမူ ကျင့်ကြံနေသည်များကို တိကျပြတ်သားစွာ အရေးယူတော်မူပါလျှင်၊ ကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် သတ္တဝါတစ်ဦးမျှပင် ကျန်ရှိနိုင်မည်မဟုတ်ပေ။

[ကြည့်- ကုရ်အာန် (၃၅:၄၅)]

لِيَجْزِيَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُولَٰئِكَ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٤﴾

၄။ (ရှင်ပြန်ထမည့်အချိန်ကာလ ဆိုက်ရောက်စေခြင်းမှာ) ထိုအရှင်မြတ်သည် "အီမာန်" သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသောသူတို့အား အစားပေးတော်မူရန်ပင်ဖြစ်၏။ ထိုကဲ့သို့သော သူတို့အဖို့မှာကား လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ မြင့်မြတ်စွာသော စားနပ်ရိက္ခာသည်လည်းကောင်း၊ ရှိပေသည်။

وَالَّذِينَ سَعَوْ فِي آيَاتِنَا مُعَاجِزِينَ أُولَٰئِكَ لَهُمْ عَذَابٌ مِّن رِّجْزٍ أَلِيمٌ ﴿٥﴾

၅။ သို့ရာတွင် ငါအရှင်မြတ်၏ အာယတ်တော်များကို ပျက်ပြားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသူတို့မှာမူကား ၎င်းတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ဘေးအန္တရာယ်တည်းဟူသော ပြစ်ဒဏ်သည် ရှိပေမည်။

---

④ ကိယာမတ် မျက်ဖြစ်မည်၊

လူ့လောကတွင် အလ္လာဟ်အရှင်မြတ်အား ယုံကြည်သူများလည်းရှိကြ၏။ မယုံကြည်သူများလည်းရှိကြ၏။ ထို့အတူကောင်းမြတ်သော အကျင့်သီလများကို ဖြည့်ကျင့်ဆည်းပူး သူများလည်းရှိကြ၏။ ဒုစရိုက်မှုကို ကျူးလွန်သူများလည်းရှိကြ၏။ အလ္လာဟ်အရှင်မြတ်သည် ကောင်းသူများအား ကောင်းကျိုးပေးတော်မူသည်။ ဆိုးသူများကို ဆိုးကျိုးပေးတော်မူမည်။ သို့မသာ မျှတရာကျမည်။ သို့မဟုတ်ပါမူ ဤစကြာဝဠာကြီးသည် အဓိပ္ပါယ်မရှိ၊ ကျိုးကြောင်းမရှိ၊ အချည်းနှီးဖြစ်သွားချိမ့်မည်။

ကိယာမတ်ကို ငြင်းပယ်သော ကာဖိရ်များက

(၁) ကိယာမတ်ဖြစ်မည်ဆိုပါက မည်သည့်နေ့ရက်၊ အချိန်တွင် ဖြစ်မည်နည်း။

(၂) သေကြေဆွေးမြည့် ပျက်စီး၍ အစိတ်စိတ်အမွှာမွှာ ပျံ့လွင့် ပျောက်ပျက်နေသော သူသေများကို ပြန်လည် ပေါင်းစပ်၍ ရှင်ပြန်ထစေခြင်းမှာ အသို့လျှင် ဖြစ်နိုင်အံ့နည်း။

(၃) ကောင်းကျိုးဆိုးကျိုးပေးရန် အသို့လျင်ဖြစ်နိုင်အံ့နည်း စသည်ဖြင့်ပြောဆိုကြ၏။

ဤသို့ပြောဆိုကြခြင်းမှာ ကျိုးကြောင်းဆင်ခြင်တုံ တရားမရှိမှု၊ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို မသိမှု၏အကျိုးပင်။

ဤစကြာဝဠာတွင် ဖြစ်ပျက်နေသည်များကို တွေးဆဆင်ခြင် မြော်မြင်ကြည့်ရှုပါက အရာရာ၌ ကျိုးကြောင်းတရား နှစ်ပါးဆက်စပ်နေသည်ကို တွေ့ရှိရသည်သာဖြစ်သည်။ ဤပစ္စက္ခသည် အကြောင်းဖြစ်သည်၊ နောင်တမလွန်ဘဝသည် အကျိုးဖြစ်သည်။

وَيَرَى الَّذِيْنَ اُوْتُوا الْعِلْمَ الَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ هُوَ الْحَقَّ ۙ وَيَهْدِيْٓ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ۝٦

၆။ စင်စစ်မှာကား အသိပညာကို ချီးမြှင့်ပေးသနား တော်မူခြင်း ခံခဲ့ကြရသော သူတို့သည် အသင့်ထံ ချပေးခြင်းခံခဲ့ရသော (ကုရ်အာန်ကျမ်းတော်)သည် မှန်ကန်သည်ဟူ၍ လည်းကောင်း၊ ထို(ကုရ်အာန် ကျမ်းတော်)သည် အလွန်တရာ နိုင်နင်းလွန်းမိုးတော် မူသော၊ ချီးမွမ်းထောပနာခြင်းအပေါင်းကို အလွန်တရာ ခံယူထိုက်တော်မူသော၊ အရှင်မြတ်၏လမ်းကို ညွှန်ပြ သည်ဟူ၍လည်းကောင်း၊ (သိ)မြင်ကြကုန်သတည်း။

وَقَالَ الَّذِيْنَ كَفَرُوْا هَلْ نَدُلُّكُمْ عَلٰى رَجُلٍ يُّنَبِّئُكُمْ اِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ ۙ اِنَّكُمْ لَفِيْ خَلْقٍ جَدِيْدٍ ۝٧

၇။ ထိုမှတပါး "ကာဖိရ်"သွေဖည်ငြင်းပယ်သော သူတို့က (အချင်းချင်း) ပြောဆိုကြကုန်၏။ ကျွန်ုပ်တို့ သည် အသင်တို့အား အကြင်ယောကျ်ားတစ်ယောက် ကို ညွှန်ပြကြရမည်လော။ ထိုသူသည် အသင်တို့အား "အသင်တို့သည် လုံးဝမွမွကြေအောင် ချေပစ်ခြင်းခံခဲ့ ကြရလေသောအခါ ဧကန်မလွဲ အသင်တို့သည် အသစ်ပြန်၍ ဖန်ဆင်းခြင်းကို ခံကြရမည်" ဟု သတင်းပေး၏။

اَفْتَرٰى عَلَى اللّٰهِ كَذِبًا اَمْ بِهٖ جِنَّةٌ ۭ بَلِ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ فِي الْعَذَابِ وَالضَّلٰلِ الْبَعِيْدِ ۝٨

၈။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို ကြံဖန်စွပ်စွဲခဲ့လေသလော၊ သို့တည်းမဟုတ် ထိုသူ၌ ရူးသွပ်ခြင်းဝေဒနာ ရှိနေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား "အာခိရတ်" တမလွန် ဘဝကို မယုံကြည်သောသူတို့သည်သာလျှင် ပြစ်ဒဏ် ၌လည်းကောင်း၊ ဝေးလံသော လမ်းမှားမှု၌လည်း ကောင်း၊ ရှိနေကြကုန်၏။

اَفَلَمْ يَرَوْا اِلٰى مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ مِّنَ السَّمَاۗءِ

၉။ ထိုသူတို့သည် မိမိတို့ ရှေ့နောက် (ထက် အောက်)ရှိနေသော မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ မမြင်ကြလေသလော။

وَٱلْأَرْضَ ۖ إِن نَّشَأْ نَخْسِفْ بِهِمُ
ٱلْأَرْضَ أَوْ نُسْقِطْ عَلَيْهِمْ كِسَفًا
مِّنَ ٱلسَّمَآءِ ۚ إِنَّ فِى ذَٰلِكَ
لَءَايَةً لِّكُلِّ عَبْدٍ مُّنِيبٍ ﴿٩﴾

وَلَقَدْ ءَاتَيْنَا دَاوُۥدَ مِنَّا فَضْلًا ۖ
يَٰجِبَالُ أَوِّبِى مَعَهُۥ وَٱلطَّيْرَ ۚ
وَأَلَنَّا لَهُ ٱلْحَدِيدَ ﴿١٠﴾

အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့အား မြေမျိုစေတော်မူပေမည်။ သို့တည်းမဟုတ် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးကောင်းကင်၏ အပိုင်းအစများကို ကျရောက်စေတော်မူပေမည်။ ဧကန်စင်စစ် ဤသည်၌ (ငါအရှင်မြတ်ဘက်သို့)ပြန်လှည့်ကြသော ကျွန်တိုင်းအဖို့ (လုံလောက်သော) သက်သေသာဓကရှိပေသတည်း။ ၁

၁၀။ မလွဲဧကန် ငါအရှင်မြတ်သည် (နဗီတမန်တော်) "ဒါဝူဒ်" အား မိမိအထံတော်မှ ကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

(ထို့ပြင် ငါအရှင်မြတ်သည် တောင်များကို) "အို-တောင်တို့ အသင်တို့သည် "ဒါဝူဒ်" နှင့်အတူ (ငါအရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြကုန်လော့" (ဟု မိန့်ကြားတော်မူခဲ့၏)။ ထိုနည်းတူစွာ ငှက်တိရစ္ဆာန်များကိုလည်း (ငါအရှင်မြတ်သည် ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့၏။) ထိုမှတပါး ငါအရှင်မြတ်သည် "ဒါဝူဒ်" အဖို့ သံကို ပျော့ပျောင်းစေတော်မူခဲ့၏။

---

၁ အသိဉာဏ်နှင့် မျှတမှုကို အသုံးပြု၍ အလွှာဟ်အရှင်မြတ် ဘက်တော်သို့ပြန်လှည့်သော၊ ယိမ်းညွတ်သော သူတိုင်းအဖို့ ဤသည်မှိုး၊မြေ၌ ကြီးမားလှသော သက်သေသာဓကရှိပေသည်။ ယင်းသို့သော ပုဂ္ဂိုလ်မွန်တို့သည် မိုးမြေ၏ အနေအထား၊ စနစ်တကျသွားလာ လှုပ်ရှားမှုများကိုကြည့်ပြီး၊ တရက် ဤစကြဝဠာ၏ အကျိုးဆက်သည် မုချပေါ်ထွက်လာမည်။ ထိုသည့်အကျိုးဆက်ကာ အခြားမဟုတ်၊ 'အာခိရတ်' နောင်တမလွန်ဘဝပင်ဖြစ်သည်ကို သိနားလည်ကြပေသည်၊ ယုံကြည်ကြပေသည်။

သို့ယုံကြည်ကြသည်နှင့်အမျှ အခါခပ်သိမ်း အလွှာဟ်အရှင်မြတ် ဘက်တော်သို့ ပြန်လှည့်နေကြပေသည်။ မိုး၊မြေမှ မိမိတို့ရရှိခံစားနေကြသော ကျေးဇူးတော်များအတွက် ထိုအရှင်မြတ်အား ကျေးဇူးတင်လျက်ရှိကြလေသည်။ ရှေ့တွင် ယင်းသို့သော ပုဂ္ဂိုလ်မွန်တို့အနက် ပုဂ္ဂိုလ်မွန်နှစ်ပါး အကြောင်းကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

أَنِ اعْمَلْ سَٰبِغَٰتٍ وَقَدِّرْ فِي السَّرْدِ وَاعْمَلُوا صَٰلِحًا ۖ إِنِّي بِمَا تَعْمَلُونَ بَصِيرٌ ﴿١١﴾

၁၁။ (ထိုမှတပါး ငါအရှင်မြတ်သည် "ဒါဝူဒ်" အား မိန့်ကြားတော်မူခဲ့၏။) "အသင်သည် ပြည့်စုံသော သံချပ်အင်္ကျီရှည်များကို ပြုလုပ်ပါလေ။ ၎င်းပြင် အသင်သည် (ကွင်းဆက်များကို) ဆက်ရာတွင် သင့်မြတ်အောင် ချိန်ဆ ခန့်မှန်း၍ ပြုလုပ်ပါလေ။ ထို့ပြင် (အို-"ဒါဝူဒ်"၏သားမြေးတို့) အသင်တို့သည် (ထို"ဒါဝူဒ်"နှင့်အတူ) ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူပြုလုပ်သမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေသတည်း"။

وَلِسُلَيْمَٰنَ الرِّيحَ غُدُوُّهَا شَهْرٌ وَرَوَاحُهَا شَهْرٌ ۖ وَأَسَلْنَا لَهُۥ عَيْنَ الْقِطْرِ ۖ وَمِنَ الْجِنِّ مَن يَعْمَلُ بَيْنَ يَدَيْهِ بِإِذْنِ رَبِّهِۦ ۖ وَمَن يَزِغْ مِنْهُمْ عَنْ أَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيرِ ﴿١٢﴾

၁၂။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) လေကို "စုလိုင်မာန်"၏(အမိန့်ကို နာခံစေတော်မူခဲ့၏။) ယင်းလေ၏ နံနက်လမ်းခရီးမှာ တလခရီးလမ်းဖြစ်၍ ညနေလမ်းခရီးမှာလည်း တလခရီးလမ်းပင်ဖြစ်ခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ထိုစုလိုင်မာန်၏အကျိုးငှာ ကြေးနီချောင်းများကို စီးဆင်းစေတော်မူခဲ့၏။

ထိုမှတပါး ဂျင်နီတို့အနက် အချို့မှာ ထိုစုလိုင်မာန်၏ရှေ့မှောက်ဝယ် ထိုစုလိုင်မာန်၏အရှင်မြတ်အမိန့်တော်နှင့် (၎င်းခိုင်းစေသမျှတို့ကို) လုပ်ကိုင်ဆောင်ရွက်ပေးလျက်သာ ရှိနေခဲ့ကြ၏။ စင်စစ်သော်ကား ထိုဂျင်နီများအနက် မည်သူမဆို ငါအရှင်မြတ်၏အမိန့်တော်မှ သွေဖည် တိမ်းယိမ်းသည်ရှိသော် ငါအရှင်မြတ်သည် ၎င်းအား အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံ၏ အရသာကို မြည်းစမ်းစေတော်မူမည်။

يَعْمَلُونَ لَهُۥ مَا يَشَآءُ مِن مَّحَٰرِيبَ وَتَمَٰثِيلَ وَجِفَانٍ كَٱلْجَوَابِ وَقُدُورٍ رَّاسِيَٰتٍ ۚ ٱعْمَلُوٓا۟ ءَالَ دَاوُۥدَ شُكْرًا ۚ وَقَلِيلٌ مِّنْ عِبَادِىَ ٱلشَّكُورُ ﴿١٣﴾

၁၃။ ထိုဂျင်နီတို့သည် ထိုစုလိုင်မာန်၏ အကျိုးငှာ ၎င်းအလိုရှိသော ကြီးကျယ်သောအဆောက်အအုံများကို လည်းကောင်း၊ (ကျောက်၊ ကြေးနီ၊ ဖန် စသည်များဖြင့် ပြီးသော) ရုပ်တုများကိုလည်းကောင်း၊ ရေကန်ကြီးများ တမျှရှိ ဇလုံ၊ အင်တုံများကိုလည်းကောင်း၊ မပြောင်း မရွေ့နိုင်သော အိုးကြီးများကိုလည်းကောင်း၊ ပြုလုပ်ပေးကြကုန်၏။

(ထိုပြင် ငါအရှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏) အို-"ဒါဝူဒ်" ၏သား၊မြေး၊ အိမ်သူအိမ်သားတို့၊ အသင်တို့သည် ကျေးဇူးသိတတ်သော အနေနှင့် ကောင်းမှုပြုကြလေကုန်။ စင်စစ်သော်ကား ငါအရှင်မြတ်၏ ကျွန်တို့အနက် ကျေးဇူးသိတတ်ကြသောသူတို့မှာ နည်းပါးလှပေသတည်း။

فَلَمَّا قَضَيْنَا عَلَيْهِ ٱلْمَوْتَ مَا دَلَّهُمْ عَلَىٰ مَوْتِهِۦٓ إِلَّا دَآبَّةُ ٱلْأَرْضِ تَأْكُلُ مِنسَأَتَهُۥ ۖ فَلَمَّا خَرَّ تَبَيَّنَتِ ٱلْجِنُّ أَن لَّوْ كَانُوا۟ يَعْلَمُونَ ٱلْغَيْبَ مَا لَبِثُوا۟ فِى ٱلْعَذَابِ ٱلْمُهِينِ ﴿١٤﴾

၁၄။ ထို့နောက် ငါအရှင်မြတ်သည် ထိုစုလိုင်မာန်၏ အပေါ်၌ "မရဏာ" သေခြင်းတရားကို ပြဋ္ဌာန်းတော်မူခဲ့လေသောအခါ ၎င်း၏လှုပ်ကန်တောင်ဝှေးကို စားလျက်ရှိသည့် မြေကြီး၌နေသောပိုးကောင်မှတပါး ၎င်း ကွယ်လွန်သေဆုံးပြီးဖြစ်ကြောင်းကို ထိုဂျင်နီများအား မည်သူကမျှ သိစေခဲ့သည်မဟုတ်ပေ။ ထို့နောက် ထိုစုလိုင်မာန်သည် လဲ၍ ကျသွားခဲ့သောအခါ ဂျင်နီများသည် "ဧကန်စင်စစ် အကယ်၍ မိမိတို့မှာ အကွယ်၌ရှိသည်များကို သိရှိကြလျှင် ဤသည့် ဂုဏ်ရည်သေးသိမ်စေသောဒုက္ခ၌ ဆက်လက်၍ နေခဲ့ကြမည် မဟုတ်ကြောင်း သိသွားခဲ့ကြကုန်သတည်း။

---

① တမန်တော် စုလိုင်မာန်သည် "ဗိုင်တွလ်မုကဒ္ဒတ်စ်" ဗလီကျောင်းတော်ကို မွမ်းမံတည်ဆောက်ရာတွင် 'ဂျင်နီ' သတ္တဝါများကို လုပ်သားအဖြစ် စေခိုင်းနေတော်မူခဲ့၏။ ထိုသည့်အချိန်အတွင်းမှာပင် မိမိသေဆုံးရန်အချိန် ကျရောက်လာပြီကိုသိသောအခါ တမန်တော်စုလိုင်မာန်သည် လုပ်သားဂျင်နီများအား တည်ဆောက်ရမည့် ➤➤

لَقَدْ كَانَ لِسَبَإٍ فِي مَسْكَنِهِمْ
ءَايَةٌ ۖ جَنَّتَانِ عَن يَمِينٍ وَشِمَالٍ ۖ
كُلُوا مِن رِّزْقِ رَبِّكُمْ وَاشْكُرُوا
لَهُ ۚ بَلْدَةٌ طَيِّبَةٌ وَرَبٌّ
غَفُورٌ ﴿١٥﴾

၁၅။ ဇကန်မုချ "စဗာ" မျိုးနွယ်ဝင်တို့အဖို့ ၎င်းတို့၏ နေထိုင်ရာဒေသ၌ပင် သက်သေလက္ခဏာသည် ရှိခဲ့၏။ ထိုမျိုးနွယ်ဝင်တို့နေထိုင်ရာ မြို့ရွာများ၏ လက်ယာဘက်၌ လည်းကောင်း၊ လက်ဝဲဘက်၌ လည်းကောင်း၊ ဥယျာဉ်နှစ်ခုရှိခဲ့၏။

(၎င်းတို့မှာ မိမိတို့၏ နဗီတမန်တော်များမှတဆင့် ဤသို့မိန့်ကြားခြင်းကို ခံခဲ့ကြကုန်၏။) "အသင်တို့သည် မိမိတို့၏ အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော စားနပ်ရိက္ခာကို စားသုံးကြလေကုန်။ ထိုမှတပါး အသင်တို့သည် ထိုအရှင်မြတ်အား ကျေးဇူးတင်ရှိကြလေကုန်။ (အသင်တို့၏ မြို့ရွာမှာ) ကောင်းမွန် သန့်ပြန့်သောမြို့ရွာဖြစ်၍ (အသင်တို့၏ အရှင်မြတ်မှာလည်း) လွန်စွာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

➢➢ ဗလီကျောင်းတော်၏ပုံစံကို ပေးပြီး မှန်ဆောင်တွင်ဝင်၍ မိမိ၏ ယခင်အလေ့အထအတိုင်း အလွှာဟ် အရှင်မြတ်အား တကိုယ်တကာယတည်း ဝတ်ပြုနေလေတော့၏။ ထိုအချိန်တွင် သေမင်းတမန် ရောက်ရှိလာပြီး တမန်တော်စုလိုင်မာန်၏ အသက်ဝိညာဉ်ကို နှုတ်သိမ်းလိုက်၏။ တမန်တော်စုလိုင်မာန်၏ ရုပ်ကလာပ်သည် တောင်ဝှေးကိုမှီကာ အနေမျက် မတ်တပ်ရပ်လျက်ပင်ရှိနေခဲ့၏။ တမန်တော်စုလိုင်မာန် ကွယ်လွန်သေဆုံးသွားသည်ကို မည်သူမျှ မရိပ်စားမိခဲ့ပေ။ သို့ဖြင့်တမန်တော်စုလိုင်မာန် ကွယ်လွန်သေဆုံးသွားပြီး နောက်တွင်လည်း ဂျင်နသတ္တဝါများသည် ပင်ပန်းကြီးစွာဖြင့် အလုပ်လုပ်မြဲ လုပ်လျက်ပင်ရှိနေခဲ့ကြ၏။ နောက်ဆုံးတွင် ဗလီကျောင်းတော်သည် ပြီးစီးသွားခဲ့၏။ ထိုအခါ တမန်တော်စုလိုင်မာန် မိုလျက်နေခဲ့သော တောင်ဝှေးသည် ပိုးစားခြင်း လဲကျသွားရာ တမန်တော်စုလိုင်မာန်၏ ရုပ်ကလပ်သည်လည်း လဲကျသွားခဲ့၏။ ထိုအခါကျမှ တမန်တော်စုလိုင်မာန် ကွယ်လွန်သေဆုံးသည်မှာ အတော်ပင်ကြာနေပြီဖြစ်ကြောင်း အားလုံးသိသွားခဲ့ကြလေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဂျင်နသတ္တဝါများသည် "ဃိုက်ဗ်" မျက်ကွယ်၌ရှိသည်တို့ကို မသိကြောင်း၊ သိပါက တမန်တော်စုလိုင်မာန် ကွယ်လွန်သေဆုံးပြီးနောက်ပိုင်းတွင် ပင်ပန်းကြီးစွာဖြင့် အချိန်ကြာမြင့်စွာ အလုပ်လုပ်နေကြမည် မဟုတ်ကြောင်း ကောင်းစွာသိသာပေသည်။ ထို့ပြင်တဝ အလွှာဟ်အရှင်မြတ်သည် မိမိဖြစ်စေတော်မူလိုသော အရာကို အံ့ဖွယ်သရဲ ပြီးစီးစေတော်မူကြောင်းကိုလည်း ကောင်းစွာသိရှိနိုင်ပေသည်။

فَأَعْرَضُوا۟ فَأَرْسَلْنَا عَلَيْهِمْ سَيْلَ ٱلْعَرِمِ وَبَدَّلْنَٰهُم بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَىْ أُكُلٍ خَمْطٍ وَأَثْلٍ وَشَىْءٍ مِّن سِدْرٍ قَلِيلٍ ﴿١٦﴾

၁၆။ သို့ရာတွင် ၎င်းတို့သည် (အမိန့်တော်ကို လိုက်နာခြင်းမရှိကြဘဲ) မျက်နှာလွှဲခဲ့ကြပေရာ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ "အရင်မ်" ရေကာတာမှ ပြင်းစွာစီးဆင်းသော ရေကို လွှတ်ပေးတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ဥယျာဉ်နှစ်ခု၏အစား အခြားဥယျာဉ်နှစ်ခုကို လဲလှယ်၍ ပေးတော်မူခဲ့၏။ ထိုဥယျာဉ်နှစ်ခုမှာ ဖန်သော၊ ခါးသော၊ အရသာမကောင်းသော၊ သစ်သီးဝလံများ၊ ထင်းရှူးပင်များနှင့် အနည်းငယ်မျှသောဆီးပင်များရှိသော ဥယျာဉ်နှစ်ခုပင် ဖြစ်ခဲ့ကြ၏။

ذَٰلِكَ جَزَيْنَٰهُم بِمَا كَفَرُوا۟ ۖ وَهَلْ نُجَٰزِىٓ إِلَّا ٱلْكَفُورَ ﴿١٧﴾

၁၇။ ဤကား ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ကျေးဇူးကန်းမှုကြောင့် ပေးတော်မူခဲ့သော အပြစ်ဒဏ်ပင်ဖြစ်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် အလွန်ကျေးဇူးကန်းသော သူတို့အားသာလျှင် (ယင်းကဲ့သို့သော)အပြစ်ပေးလေ့ရှိတော်မူပေသတည်း။

وَجَعَلْنَا بَيْنَهُمْ وَبَيْنَ ٱلْقُرَى ٱلَّتِى بَٰرَكْنَا فِيهَا قُرًى ظَٰهِرَةً وَقَدَّرْنَا فِيهَا ٱلسَّيْرَ سِيرُوا۟ فِيهَا لَيَالِىَ وَأَيَّامًا ءَامِنِينَ ﴿١٨﴾

၁၈။ ထို့မှတပါး ငါအရှင်မြတ်သည် ထိုသူတို့နှင့် ငါအရှင်မြတ် သုခချမ်းသာနှင့် ပြည့်စုံစေတော်မူခဲ့သော မြို့ရွာများ၏အကြားဌ မြင်လွယ်သော မြို့ရွာများကို စည်ကားစေတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုမြို့ရွာများ၌ ခရီးထောက်များကိုလည်း သတ်မှတ်၍ ပေးတော်မူခဲ့၏။

(၎င်းပြင် ငါအရှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။) အသင်တို့သည် ယင်းမြို့ရွာများတွင် ဘေးအန္တရာယ် ကင်းငြိမ်းစွာ နေ့ရော ညဉ့်ပါ ခရီးသွားလာကြလေကုန်။

فَقَالُوْا رَبَّنَا بٰعِدْ بَيْنَ
اَسْفَارِنَا وَظَلَمُوْٓا اَنْفُسَهُمْ
فَجَعَلْنٰهُمْ اَحَادِيْثَ وَمَزَّقْنٰهُمْ
كُلَّ مُمَزَّقٍ ۭ اِنَّ فِيْ ذٰلِكَ
لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ۝١٩

၁၉။ ထိုအခါ ၎င်းတို့က "အို-ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ခရီးလမ်းများကို ကွာဝေးစေတော်မူပါ" ဟု လျှောက်ထားကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့ကိုယ်ကိုပင် နှိပ်စက်ကလူ ပြုခဲ့ကြပေရာ ငါအရှင်မြတ်သည် ၎င်းတို့(၏ အကြောင်းအထွာပြုတို့)ကို ယုံတမ်းစကားများပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား လုံးဝ အစိတ်စိတ် အမြွှာမြွှာ ကစဉ့်ကလျား ဖြစ်စေတော်မူခဲ့၏။ ဧကန်မလွဲ ဤသည့် (ဖြစ်ရပ်)၌ လွန်စွာ ကျေးဇူးသိတတ်သော၊ သည်းခံခြင်းတရား ထားရှိသူ တိုင်းအဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိကုန်သတည်း။

وَلَقَدْ صَدَّقَ عَلَيْهِمْ اِبْلِيْسُ
ظَنَّهٗ فَاتَّبَعُوْهُ اِلَّا فَرِيْقًا
مِّنَ الْمُؤْمِنِيْنَ ۝٢٠

၂၀။ စင်စစ်ဧကန် "အီဗ်လိစ်" သည် ၎င်းတို့(အာဒမ်၏သားသမီးများ)နှင့်ပတ်သက်သော မိမိ၏ ထင်မြင်ယူဆချက်ကို မှန်ကန်ကြောင်း တွေ့ရှိခဲ့၏။ အကြောင်းမူကား "မုအ်မင်နဲ" သက်ဝင်ယုံကြည်သူများဖြစ်ကြသောလူစုမှအပ ၎င်းတို့မှာ ထို "အီဗ်လိစ်"၏နောက်သို့ လိုက်ခဲ့ကြသောကြောင့်ပင်။

وَمَا كَانَ لَهٗ عَلَيْهِمْ مِّنْ سُلْطٰنٍ
اِلَّا لِنَعْلَمَ مَنْ يُّؤْمِنُ بِالْاٰخِرَةِ
مِمَّنْ هُوَ مِنْهَا فِيْ شَكٍّ ۭ

၂၁။ စင်စစ်သော်ကား ထို "အီဗ်လိစ်" သည် ၎င်းတို့အပေါ်၌ လွှမ်းမိုးနိုင်ခဲ့ခြင်းမှာ ငါအရှင်မြတ်သည် "အာခိရတ်" တမလွန်ဘဝကို ယုံကြည်သော သူတို့အား ယင်း"အာခိရတ်" တမလွန်ဘဝနှင့် စပ်လျဉ်း၍ ဒွိဟသံသယ၌ ရှိနေသောသူတို့နှင့် ခွဲခြား၍ သိတော်မူရန်သာလျှင်ဖြစ်ခဲ့၏။ [၁]

---

① အစ်ဗ်လိစ်သည် လူသားတို့နှင့်ပတ်သက်၍ ပထမနေ့ကပင် မိမိသည် လူသားတို့အား အစွမ်းရှိသမျှ သွေးဆောင်ဖြားယောင်း လွဲမှားစေမည့်အကြောင်းပြောကြားခဲ့၏။ [ကြည့်-ကုရ်အာန်(၇း၁၁-၁၈၊၁၇း၆၁-၆၅)]

وَرَبُّكَ عَلَىٰ كُلِّ شَيْءٍ حَفِيظٌ ﴿٢١﴾

စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ ထိန်းသိမ်း စောင့်ရှောက်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

قُلِ ادْعُوا الَّذِينَ زَعَمْتُم مِّن دُونِ اللَّهِ ۖ لَا يَمْلِكُونَ مِثْقَالَ ذَرَّةٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ وَمَا لَهُمْ فِيهِمَا مِن شِرْكٍ وَمَا لَهُ مِنْهُم مِّن ظَهِيرٍ ﴿٢٢﴾

၂၂။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် အလွှာဟ် အရှင်မြတ်အပြင် (ကိုးကွယ်ရာ ဘုရားများ ဖြစ်ကြသည်ဟု) မိမိတို့ ထင်မှတ် ကိုးကွယ်ခဲ့ကြသောသူတို့အား ဟစ်ခေါ်ကြလေကုန်။ ထိုသူတို့သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ နှမ်းစေ့ခန့်မျှပင် ပိုင်ဆိုင်ကြသည် မဟုတ်ပေ။ ထိုမှတပါး ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၌ ၎င်းတို့၏ ဖက်စပ်မှုဟူ၍လည်း လုံးဝ မရှိပေ။ ထိုနည်းတူစွာ ၎င်းတို့အနက် ထိုအရှင်မြတ်အား ယိုင်းပင်းကူညီသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိချေ။

➢➢ သို့ပြောကြားခဲ့သည့်အတိုင်း အစ်ဗ်လီစ်သည် လူသားတို့အနက်၊ အလွှာဟ်အရှင်မြတ်အား အမှန်တကယ် ယုံကြည်ကြသော မုအ်မင်န်များမှတစ်ပါး အခြားများစွာသောလူသားတို့အား သွေးဆောင်ဖြားယောင်း၍ လွဲမှားစေနိုင်ခဲ့လေသည်။ ဤကိစ္စတွင် အစ်ဗ်လီစ်၏ တွေးထင်ချက်မှာ မှန်ကန်လျက်ရှိနေချေပြီ။

အစ်ဗ်လီစ်သည် လူသားတို့အား အတင်းအဓမ္မနည်းဖြင့် လွဲမှားစေနိုင်ခဲ့သည်မဟုတ်၊ သို့လွဲမှားစေနိုင်ရန် ၎င်း၌ တစ်စုံတစ်ရာ စွမ်းရည်သတ္တိလည်းမရှိ။ အမှန်မှာ အစ်ဗ်လီစ်သည် လူသားတို့အား သွေးဆောင်ဖြားယောင်း ခြင်းသာဖြစ်သည်။ အစ်ဗ်လီစ်အား သို့သွေးဆောင် ဖြားယောင်းနိုင်စွမ်း ပေးထားတော်မူခြင်းမှာလည်း အကြောင်းမဲ့မဟုတ်၊ လူသားတို့အား စမ်းသပ်တော်မူရန်သာ ဖြစ်သည်။ လူသားတို့အနက် မည်သူမည်ဝါသည် နောင်တမလွန်ကိုယုံကြည်၍ အလွှာဟ်အရှင်မြတ်အား အောက်မေ့တသသတိရသည်၊ မည်သူမည်ဝါသည် လောကီစည်းစိမ်များတွင် နစ်မွန်း၍ နောင်ရေးကိုမေ့နေသည်၊ နောင်တမလွန်ဘဝနှင့် စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်နေသည် စသည်များကို အထင်အရှား ခွဲခြားသိတော်မူရန်ဖြစ်သည်။

وَلَا تَنفَعُ الشَّفَاعَةُ عِندَهُۥٓ إِلَّا لِمَنْ أَذِنَ لَهُۥ ۖ حَتَّىٰٓ إِذَا فُزِّعَ عَن قُلُوبِهِمْ قَالُوا۟ مَاذَا قَالَ رَبُّكُمْ ۖ قَالُوا۟ ٱلْحَقَّ ۖ وَهُوَ ٱلْعَلِىُّ ٱلْكَبِيرُ ﴿٢٣﴾

၂၃။ ၎င်းပြင် ထိုအရှင်တော်မြတ် အထံတော်တွင် ထိုအရှင်မြတ် ခွင့်ပြုတော်မူသောသူ၏အဖို့မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်အဖို့မျှပင် ကြားဝင် အသနားခံပေးမှုသည် အကျိုးရှိစေမည်မဟုတ်ပေ။ [၁] နောက်ဆုံးတွင် ကြောက်ရွံ့ထိတ်လန့်မှုသည် ၎င်းတို့၏ စိတ်နှလုံးများမှ ပပျောက်သွားလေသောအခါ "အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မည်သည်ကို မိန့်ကြားတော်မူပါသနည်း" ဟု ၎င်းတို့သည် (အချင်းချင်း) မေးမြန်းကြပေမည်။ (ထိုအခါ) ၎င်းတို့က အမှန်ကို (မိန့်ကြားတော်မူခဲ့သည်)ဟု ပြန်ကြားကြပေမည်။ [၂] စင်စစ်သော်ကား ထိုအရှင်မြတ်သည် လွန်စွာ မြင့်မြတ်ကြီးကဲတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အထက်တွင် မက္ကာမြို့သားများနှင့် မဝေးလှသော ရှီဈာမျိုးနွယ်ဝင်များအကြောင်း မိန့်ဆိုထားတော်မူ၏။ ယခု ဤအာယတ်တော်များတွင် မက္ကာမြို့သား မုရှ်ရစ်ကျမ်းအား ရည်ညွှန်း၍ အလ္လာဟ်အရှင်မြတ်အပြင် ၎င်းတို့ကိုးကွယ်ရာအဖြစ် ထင်မှတ်ကိုးကွယ်နေကြသော ၎င်းတို့၏ ကိုးကွယ်ရာများသည် မည်သို့မျှ အသုံးမဝင်ကြသည့် အကြောင်းကို အကျယ်တဝင့် မိန့်ဆိုထားတော်မူသည်။

အမှန်မှာ မုရှ်ရစ်ကိုတို့၏ ကိုးကွယ်ရာများသည် ဤစကြာဝဠာကြီးကို စတင်ဖန်ဆင်းတော်မူရာတွင် ပါဝင်ခဲ့ကြသည်လည်း မဟုတ်ပေ။ ဤစကြာဝဠာကြီးဖြစ်ရှိလာပြီး နောက်တွင်လည်း ယင်းကိုးကွယ်ရာများသည် စိုးစဉ်းမျှ ပိုင်ဆိုင်ခဲ့ကြသည်လည်း မဟုတ်ပေ။ ယင်းကိုးကွယ်ရာများသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် ဝင်ရောက်၍ 'ရှဖာအတ်' အသနားခံပေးနိုင်ကြသည်လည်း မဟုတ်ပေ။ သို့ဖြစ်ရာ ယင်းကိုးကွယ်ရာများသည် အချည်းနှီးသာ ဖြစ်ကြပေသည်။

မုရှ်ရစ်ကိုတို့၏ ကိုးကွယ်ရာများသည် 'ရှဖာအတ်'နှင့် လားလားမျှ မအပ်စပ်ကြပေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါး၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိက မည်သူမျှ 'ရှဖာအတ်' အသနားခံပေးဝံ့မည် မဟုတ်ပေ။

② ဤအာယတ်တော်သည် ကောင်းကင်တမန်များကို ရည်ညွှန်းပေသည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်တော်တပါးပါး ကျရောက်လာသည့်အခါ၊ ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိကြီးမားသော ဘုန်းတန်ခိုး၊ တေဇော်၏ အရှိန်အဝါကြောင့် အထိတ်ကြီးထိတ်၊ အလန့်ကြီးလန့်ကြလေသည်။ ထိုထိတ်လန့်မှုကြောင့် ကျရောက်လာသော အမိန့်တော်နှင့်စပ်လျဉ်း၍ မိမိတို့၏ ကြားနာမှု၊ နားလည်မှုကိုပင် အားကိုးအားထားမပြုနိုင်ပဲ ထိတ်လန့်မှု ပြေပျောက်သွားသောအခါ၊ အချင်းချင်း "အသင်တို့၏ အရှင်မြတ်က မည်သို့မိန့်ကြားတော် မူပါသနည်း" ဟူ၍ပင် ပြန်လည်မေးမြန်း၍ အမိန့်တော်ကို နာခံကြရလေသည်။ ➤➤

قُلْ مَنْ يَّرْزُقُكُمْ مِّنَ السَّمٰوٰتِ وَالْاَرْضِ ؕ قُلِ اللّٰهُ ۙ وَ اِنَّاۤ اَوْ اِيَّاكُمْ لَعَلٰى هُدًى اَوْ فِيْ ضَلٰلٍ مُّبِيْنٍ ﴿۲۴﴾

၂၄။ (အို-နဗီတမန်တော်) အသင်သည် မေးမြန်းပါလေ။ (အချင်းတို့၊) မိုးကောင်းကင်များမှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ မည်သူသည် အသင်တို့အား စားနပ်ရိက္ခာ ချီးမြှင့်ပါသနည်း။ (ထို့နောက်) "အသင်သည် အလ္လာဟ်အရှင်မြတ်ပင် ချီးမြှင့်ပေးသနားတော်မူ၏" ဟု ဖြေကြားပါလေ။ ၎င်းပြင် ငါတို့သည် သို့မဟုတ် အသင်တို့သည်ပင် တရားလမ်းမှန်ပေါ်၌သော်လည်းကောင်း၊ ထင်ရှားစွာ သောလမ်းမှားမှု၌သော်လည်းကောင်း၊ ရှိကြပေသည်။

قُلْ لَّا تُسْـَٔلُوْنَ عَمَّاۤ اَجْرَمْنَا وَلَا نُسْـَٔلُ عَمَّا تَعْمَلُوْنَ ﴿۲۵﴾

၂၅။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါဦးလေ၊ (အချင်းတို့၊) "အသင်တို့သည်လည်း ငါတို့ကျူးလွန်ခဲ့ကြသော ပြစ်မှုများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းခံကြရမည် မဟုတ်ပေ၊ ငါတို့သည် အသင်တို့ ကျင့်မူကြသည်တို့နှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံကြရမည် မဟုတ်ပေ။" ၁

➤➤ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးရှိ ကောင်းကင်တမန်များသည်ပင် ဤရွေ့ဤမျှ ထိတ်လန့်နေကြရပေရာ၊ မုရ်ရစ်တို့၏ ကိုးကွယ်ရာများနှင့် ရှိုင်တွာန်များသည် ထိုအရှင်ထံတော်ပါးသို့ အသို့လျှင် ချဉ်းကပ်နိုင်ကြအံ့နည်း။

ဤအာယတ်တော်နှင့် စပ်လျဉ်း၍ အခြားအဖွင့်များလည်းရှိသည်။ အကျယ်သိလိုက အစ်ဗ်နကဆီရ်ကျမ်း၊ အစ်ဗ်နကျရီရ်ကျမ်းများကို ရှုပါကုန်။

① ဤအာယတ်တော်များတွင် "မုချဇကန် ငါတို့သည် သို့မဟုတ် အသင်တို့သည် တရားလမ်းမှန်ပေါ်၌လည်းကောင်း၊ ထင်ရှားသော လမ်းမှားမှုပေါ်၌ လည်းကောင်းရှိကြသည်။ အသင်ပြောလေ၊ အသင်တို့သည်လည်း ငါတို့ကျူးလွန်ကြသော ပြစ်မှုများနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းခံကြရမည်မဟုတ်၊ ငါတို့သည်လည်း အသင်တို့ ပြုမူကြသည်များနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းခံကြရမည်မဟုတ်" ဟု မိန့်ကြားထားတော်မူသည်။

အထက်ပါ အာယတ်တော်များတွင် တရားလမ်းမှန်ပေါ်၌ ရှိသောအုပ်စုနှင့် လမ်းမှားပေါ်၌ရှိသော အုပ်စုမှာ ထင်ရှားနေပါလျက် ငါတို့မှန်သည်၊အသင်တို့မှားသည်ဟု ယတိပြတ်ခွဲခြားသတ်မှတ်ခြင်း ပြုတော်မမူပဲ လုံး၍သုံးထားတော်မူသည်။ ထို့အတူ မုစ်လင်မ်တို့၏ အကျင့်သီလများကို ငါတို့ကျူးလွန်သော အပြစ်ဟူ၍ လည်းကောင်း၊ ကာဖိရ်တို့၏ ပြစ်မှုများကို "အသင်တို့၏အကျင့်အမူ" ဟူ၍လည်းကောင်း တဆင့်လျော့၍ သုံးထားတော်မူသည်။ ဤသည်ဆန့်ကျင်ဘက်များနှင့် ဆက်ဆံပြောဆိုရာ၌ သာယာနာပျော်အောင်၊ မိမိတို့၏ စကားကို လက်ခံစဉ်စားလာအောင် နူးညံ့သိမ်မွေ့စွာ ဆက်ဆံပြောဆိုရမည် ပရိယာယ်ဖြင့် ဆွဲဆောင်ရမည်ကို ➤➤

قُلْ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ بَيْنَنَا بِالْحَقِّ ۚ وَهُوَ الْفَتَّاحُ الْعَلِيمُ ﴿٢٦﴾

၂၆။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါဦးလေ။ (အချင်းတို့၊) ငါတို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်သည် ငါတို့အား ("ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင်) စုရုံးတော်မူပေမည်။ ထို့နောက် ထိုအရှင်မြတ်သည် ငါတို့၏အကြား၌ မှန်ကန်စွာစီရင် ဆုံးဖြတ်တော်မူပေမည်။ စင်စစ် ထိုအရှင်မြတ်သည် လွန်စွာ စီရင်ဆုံးဖြတ်တော်မူသော၊ လွန်စွာ သိတော် မူသောအရှင် ဖြစ်တော်မူ၏။

قُلْ أَرُونِيَ الَّذِينَ أَلْحَقْتُم بِهِ شُرَكَاءَ كَلَّا ۚ بَلْ هُوَ اللَّهُ الْعَزِيزُ الْحَكِيمُ ﴿٢٧﴾

၂၇။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါဦးလေ။ (အချင်းတို့၊) အသင်တို့သည် တွဲဖက်များ အဖြစ် ထိုအရှင်မြတ်နှင့် ပေါင်းဖက်(ကိုးကွယ်)ခဲ့ကြ သောသူတို့ကို ငါ့အား ပြသကြလေကုန်၊ အလျှင်း မဟုတ်ပေ၊ စင်စစ်မှာ ထိုကိုးကွယ်ရာ အစစ်ဖြစ်သည့် အရှင်မြတ်မှာကား အလွန်တရာ နိုင်နင်းလွှမ်းမိုးတော် မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော၊ အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَمَا أَرْسَلْنَاكَ إِلَّا كَافَّةً لِّلنَّاسِ بَشِيرًا وَنَذِيرًا وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٢٨﴾

၂၈။ (အို-နဗီတမန်တော်) အမှန်သော်ကား ငါ အရှင်မြတ်သည် အသင့်အား ခပ်သိမ်းကုန်သောလူတို့ အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း ပြောကြားသူအဖြစ် လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း၊ စေလွှတ်တော်မူခဲ့၏။ [၁] သို့ရာတွင် များစွာသောသူတို့ မှာ မသိ နားမလည်ကြပေ။

➤➤ သင်ကြားပြသထားတော်မူခြင်းပင်။ ဓမ္မကထိကများ၊ တရားဟောဆရာများ၊ အာလင်မ်ပညာရှင်များသည် ဤသည့်သဘောကို အထူးသတိပြုရာသတည်း။

① **ကမ္ဘာ့တမန်တော်၊**

ဤအာယတ်တော်တွင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၊ ခေတ်တခေတ်အဖို့သာမဟုတ်ပဲ တိုင်းပြည်မရွေး၊ လူမျိုးမရွေး၊ ခေတ်မရွေး၊ စကြာဝဠာအဝန်းအဖို့ နောက်ဆုံးတမန်တော်၊ ကမ္ဘာ့တမန်တော်အဖြစ် ပွင့်လာတော်မူကြောင်း အတိအလင်း ကြေငြာထားတော်မူသည်၊➤➤

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٢٩﴾

၂၉။ ထို့ပြင် ၎င်းတို့က "အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ခဲ့ကြလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်အုံနည်း" ဟု မေးမြန်းကြကုန်၏။

قُل لَّكُم مِّيعَادُ يَوْمٍ لَّا تَسْتَأْخِرُونَ عَنْهُ سَاعَةً وَلَا تَسْتَقْدِمُونَ ﴿٣٠﴾

၃၀။ အသင်သည် ဖြေကြားပါလော၊ (အချင်းတို့၊) အသင်တို့အား အထူးနေ့တစ်နေ့ကို ချိန်းချက်ထားသည် ဖြစ်ပေရာ၊ အသင်တို့သည် ယင်းချိန်းချက်ထားသော နေ့မှ အချိန် အနည်းငယ်ခန့်မျှပင် နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ၊ ရှေ့တိုးနိုင်ကြမည်လည်း မဟုတ်ပေ။

وَقَالَ الَّذِينَ كَفَرُوا لَن نُّؤْمِنَ بِهَٰذَا الْقُرْآنِ وَلَا بِالَّذِي بَيْنَ يَدَيْهِ ۗ وَلَوْ تَرَىٰ إِذِ الظَّالِمُونَ مَوْقُوفُونَ عِندَ رَبِّهِمْ يَرْجِعُ بَعْضُهُمْ إِلَىٰ بَعْضٍ الْقَوْلَ ۖ يَقُولُ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا لَوْلَا أَنتُمْ لَكُنَّا مُؤْمِنِينَ ﴿٣١﴾

၃၁။ ၎င်းပြင် "ကာဖိရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့က "ကျွန်ုပ်တို့သည် ဤကုရ်အာန်ကျမ်းမြတ်ကိုလည်းကောင်း၊ ဤကုရ်အာန်ကျမ်းမြတ်အလျင်ရှိခဲ့သော (တောင်ရာတ်၊ အင်နှ်ဂျီလ်စသည့်)ကျမ်းများကိုလည်းကောင်း၊ အလျှင်းယုံကြည်မည်မဟုတ်" ဟု ပြောဆိုကြကုန်၏။ စင်စစ်သော်ကား မတရားကျူးလွန်ကြကုန်သောသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်တွင် မတ်တတ်ရပ်စေခြင်းကို ခံကြရ၍ အချင်းချင်း တစ်ဦးသည် တစ်ဦး၏အပေါ်သို့ အပြစ်လှည့်ချကြသည်ကို အသင် တွေ့မြင်ရလျှင် ကောင်းလေစွ။ (ထိုအခါ) နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား "အကယ်၍သာ အသင်တို့မရှိခဲ့ကြလျှင် ကျွန်ုပ်တို့သည် အမှန်ပင် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများဖြစ်ကြမည်" ဟု ပြောဆိုကြပေမည်။

➢➢ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္မ်)သည် ကမ္ဘာအဝှန်းအတွက် ပွင့်လာတော်မူသကဲ့သို့ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္မ်) ယူဆောင်လာသည့် အစ္စလာမ် သာသနာတော်သည်လည်း ကမ္ဘာအဝှန်း အတွက်ပင် ဖြစ်ပေသည်။

قَالَ الَّذِينَ اسْتَكْبَرُوا لِلَّذِينَ اسْتُضْعِفُوا أَنَحْنُ صَدَدْنَاكُمْ عَنِ الْهُدَىٰ بَعْدَ إِذْ جَاءَكُمْ بَلْ كُنتُم مُّجْرِمِينَ ﴿٣٢﴾

وَقَالَ الَّذِينَ اسْتُضْعِفُوا لِلَّذِينَ اسْتَكْبَرُوا بَلْ مَكْرُ اللَّيْلِ وَالنَّهَارِ إِذْ تَأْمُرُونَنَا أَن نَّكْفُرَ بِاللَّهِ وَنَجْعَلَ لَهُ أَندَادًا ۚ وَأَسَرُّوا النَّدَامَةَ لَمَّا رَأَوُا الْعَذَابَ ۚ وَجَعَلْنَا الْأَغْلَالَ فِي أَعْنَاقِ الَّذِينَ كَفَرُوا ۚ هَلْ يُجْزَوْنَ إِلَّا مَا كَانُوا يَعْمَلُونَ ﴿٣٣﴾

၃၂။ (ထိုအခါ) အကြီးအကဲတို့က နောက်လိုက်ငယ်သားတို့အား ပြောဆိုကြပေမည်။ (အချင်းတို့၊) "အသင်တို့ထံ တရားလမ်းမှန် ရောက်ရှိ၍လာပြီးနောက် ကျွန်ုပ်တို့သည် အသင်တို့အား ယင်းတရားလမ်းမှန်မှ ပိတ်ပင်တားဆီးခဲ့ကြပါသလော၊ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား အသင်တို့သည်ပင်လျှင် ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြကုန်၏"

၃၃။ ထိုအချိန်တွင် နောက်လိုက်ငယ်သားတို့က အကြီးအကဲတို့အား "ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား နေ့ညခွဲမပြတ်(ကြံစည်လျက်ရှိခဲ့ကြသောအသင်တို့၏) ကြံစည်မှုများကပင် (ပိတ်ပင်တားမြစ်ခဲ့၏)။ အကြင်အခါဝယ် ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်အား မယုံကြရန်လည်းကောင်း၊ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်၌ ဂုဏ်ရည်တူများကို ပြုလုပ်ကြရန်လည်းကောင်း၊ အသင်တို့သည် ကျွန်ုပ်တို့အား အမိန့်ပေးတိုက်တွန်းလျက် ရှိခဲ့ကြသည်" ဟု ပြောဆိုကြပေမည်။

အမှန်သော်ကား ၎င်းတို့သည် ပြစ်ဒဏ်ကို မြင်ကြသောအခါ (မိမိတို့၏) နောင်တရမှုကို လျှို့ဝှက်ဖုံးအုပ်ထားကြပေမည်။ ထိုအခါ ငါအရှင်မြတ်သည် "ကာဖိရ်" မယုံမကြည် သွေဖည် ငြင်းပယ်ကြကုန်သောသူတို့၏ လည်ကုပ်များ၌ လည်ကွင်းများကို စွပ်ပေးတော်မူပေမည်။

(စင်စစ်သော်ကား) ၎င်းတို့သည် မိမိတို့ ကျင့်မှုလျက် ရှိခဲ့ကြသည်နှင့်အညီ အစားပေးခြင်းကိုသာ ခံကြရမည် ဖြစ်ပေသတည်း။

وَمَآ أَرۡسَلۡنَا فِي قَرۡيَةٖ مِّن نَّذِيرٍ إِلَّا قَالَ مُتۡرَفُوهَآ إِنَّا بِمَآ أُرۡسِلۡتُم بِهِۦ كَٰفِرُونَ ٣٤

၃၄။ စင်စစ်သော်ကား၊ ငါအရှင်မြတ်သည် မည်သည့်မြို့ရွာ၌မဆို သတိပေးနှိုးဆော်သူတပါးပါးကို စေလွှတ်တော်မူခဲ့သည့်အခါ ထိုမြို့ရွာရှိ စည်းစိမ်ရှင်တို့က "ဧကန်အမှန် ကျွန်ုပ်တို့သည် အသင်တို့ပေး၍ စေလွှတ်ခြင်းခံကြရသည့် (ဒီန်သာသနာ)ကို ငြင်းပယ်သူများပင် ဖြစ်ကြသည်" ဟု ပြောဆိုခဲ့ကြသည်သာ။

وَقَالُواْ نَحۡنُ أَكۡثَرُ أَمۡوَٰلٗا وَأَوۡلَٰدٗا وَمَا نَحۡنُ بِمُعَذَّبِينَ ٣٥

၃၅။ ထိုမှတပါး၊ ၎င်းတို့က "ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း၊ သားသမီးအားဖြင့်လည်းကောင်း၊ (အသင်တို့ထက်) ပေါများကြွယ်ဝသူများဖြစ်ကြပေရာ ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်း ခံကြရမည့်သူများမဟုတ်ပေ" ဟု ပြောဆိုခဲ့ကြကုန်၏။ [၁]

قُلۡ إِنَّ رَبِّي يَبۡسُطُ ٱلرِّزۡقَ لِمَن يَشَآءُ وَيَقۡدِرُ وَلَٰكِنَّ أَكۡثَرَ ٱلنَّاسِ لَا يَعۡلَمُونَ ٣٦

၃၆။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ပြောဆို)ဖြေကြားပါလေ။ (အချင်းတို့၊) ဧကန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းပေါများစွာ ချီးမြှင့်ပေးသနားတော်မူ၍ (မိမိအလိုရှိတော်မူသောသူအား) ကျပ်တည်းစေတော်မူ၏။ သို့ရာတွင် အများဆုံးသော သူတို့မှာ သိရှိကြသည် မဟုတ်ပေ။

---

① ချမ်းသာကြွယ်ဝသူများက "အလ္လာဟ်အရှင်မြတ်သည် ငါတို့အား ကျေနပ်နှစ်သက်တော် မူ၍သာလျှင် ငါတို့အား ဤရွေ့ဤမျှများပြားစွာ၊ ဥစ္စာပစ္စည်း၊ သားသမီးများကို ချီးမြှင့်ထားတော် မူခြင်းဖြစ်သည်။ သို့မဟုတ်ပါမူ ထိုအရှင်မြတ်သည် ငါတို့အား ဤရွေ့ဤမျှ ဥစ္စာပစ္စည်း သားသမီးများကို ချီးမြှင့်တော်မူမည်မဟုတ်၊ သို့ဖြစ်ရာ ငါတို့သည် မည်သည့်ပြစ်ဒဏ်ကိုမျှ ခံကြရမည်မဟုတ်။ စိုးရိမ်ကြရန်လည်းမလို"ဟု ပြောဆိုလေ့ရှိခဲ့ကြပေသည်။ ဤကားအမှားတည်း။

အဘယ်ကြောင့်ဆိုသော် ချမ်းသာမှုဆင်းရဲမှုသည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှု မနှစ်သက်မှု၏ သက်သေလက္ခဏာ မဟုတ်ပေ။ လူ့လောကတွင် များစွာသောလူဆိုး၊ လူမိုက်၊ အလဇ္ဇီ၊ သီလကြောင်၊ လူဗာလ၊ သာသနာပ၊ သာသနာ့ရန်စွယ်၊ ဓမ္မန္တရာယ်များသည် ချမ်းသာကြွယ်ဝလျက် ရှိကြပေသည်။ များစွာသော အလ္လာဟ်အရှင်မြတ်အား ကြည်ညိုမြတ်နိုးသော သာသနာကိုလေးစားသော သူတော်စင်များ၊ လူကောင်း ➤➤

وَمَآ أَمۡوَٰلُكُمۡ وَلَآ أَوۡلَٰدُكُم
بِٱلَّتِي تُقَرِّبُكُمۡ
عِندَنَا زُلۡفَىٰٓ إِلَّا مَنۡ ءَامَنَ
وَعَمِلَ صَٰلِحٗا فَأُوْلَٰٓئِكَ لَهُمۡ
جَزَآءُ ٱلضِّعۡفِ بِمَا عَمِلُواْ
وَهُمۡ فِي ٱلۡغُرُفَٰتِ ءَامِنُونَ ٣٧

၃၇။ စင်စစ်သော်ကား အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း၊ အသင်တို့အား မည်သည့် အဆင့်အတန်း၌မျှ ငါအရှင်မြတ်၏အထံတော်သို့ နီးကပ်စေအံ့သော အရာများ မဟုတ်ပေ။ သို့ရာတွင် မည်သူမဆို “အီမာန်” သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့မူ ၎င်းတို့အဖို့ ၎င်းတို့ ကျင့်မူဆောက်တည်ခဲ့ကြကုန်သော အကျင့်သီလများ၏ တိုးသောအကျိုးရှိသည့်အပြင် ၎င်းတို့သည် မြင့်စွင့်သောအဆောင်များ၌ ဘေးရန်ခပ်သိမ်းကင်းငြိမ်းစွာ ရှိကြပေမည်။

وَٱلَّذِينَ يَسۡعَوۡنَ فِيٓ ءَايَٰتِنَا
مُعَٰجِزِينَ أُوْلَٰٓئِكَ فِي ٱلۡعَذَابِ
مُحۡضَرُونَ ٣٨

၃၈။ သို့ရာတွင် ငါအရှင်မြတ်၏ အာယတ်တော်များကို ပျက်ပြားအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော သူတို့မှာမူကား ပြစ်ဒဏ်၌ အဆင်သင့်ရောက်ရှိစေခြင်းခံကြရမည့်သူများပင် ဖြစ်ကြကုန်၏။

قُلۡ إِنَّ رَبِّي يَبۡسُطُ ٱلرِّزۡقَ
لِمَن يَشَآءُ مِنۡ عِبَادِهِۦ
وَيَقۡدِرُ لَهُۥۚ وَمَآ أَنفَقۡتُم
مِّن شَيۡءٖ فَهُوَ يُخۡلِفُهُۥۖ

၃၉။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါဦးလေ။ (အချင်းတို့) ဧကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိကျွန်များအနက် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းပေါများစွာ ချီးမြှင့်ပေးသနားတော်မူ၍ (မိမိအလိုရှိတော်မူသော) သူအား (စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။

➢➢ လူတော်များ၊ ပညာရှိများသည် ဆင်းရဲလျက် ရှိကြပေသည်။ ဤကားမျက်မြင်ပင်၊ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ချမ်းသာမှု၊ ဆင်းရဲမှုသည် အလွှာဟ်အရှင်မြတ် ထံတော်၌ နှစ်သက်မှု မနှစ်သက်မှု လက်ခံမှု၊လက်မခံမှု၏ သက်သေလက္ခဏာ မဟုတ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။ အမှန်မှာဤသည် အလွှာဟ်အရှင်မြတ်၏ နက်နဲလှသော စီမံဖန်ဆင်းမှုသာဖြစ်သည်။ ဤသည့်နက်နဲလှသော သဘောတရားကို များစွာသော လူသားတို့သည် မသိနားလည်ကြပေ။

وَهُوَ خَيْرُ الرَّٰزِقِينَ ﴿٣٩﴾

ဒင်းပြင် အသင်တို့သည် မည်သည့် တစုံတရာ ကိုမဆို (ထိုအရှင်မြတ် နှစ်လိုတော်မူရာ၌) သုံးစွဲ လှူဒါန်းခဲ့ကြလျှင် ထိုအရှင်မြတ်သည် ဒင်း၏အစားကို ပေးတော်မူပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် စားနပ်ရိက္ခာ ချီးမြှင့်သူတို့အနက် အကောင်းဆုံးပင် ဖြစ်တော်မူပေသတည်း။

وَيَوْمَ يَحْشُرُهُمْ جَمِيعًا ثُمَّ يَقُولُ لِلْمَلَٰٓئِكَةِ أَهَٰٓؤُلَآءِ إِيَّاكُمْ كَانُوا۟ يَعْبُدُونَ ﴿٤٠﴾

၄၀။ ဒင်းပြင် အကြင်နေ့တွင် ထိုအရှင်မြတ်သည် ဒင်းတို့အားလုံးကို စုရုံးတော်မူပြီးနောက် "မလာအိကဟ်" ကောင်းကင်တမန်တို့အား "ဤသူတို့သည် အသင်တို့အား ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသည်လော" ဟု မေးမြန်းတော်မူပေမည်။

قَالُوا۟ سُبْحَٰنَكَ أَنتَ وَلِيُّنَا مِن دُونِهِم ۖ بَلْ كَانُوا۟ يَعْبُدُونَ ٱلْجِنَّ ۖ أَكْثَرُهُم بِهِم مُّؤْمِنُونَ ﴿٤١﴾

၄၁။ ထို "မလာအိကဟ်" ကောင်းကင်တမန်တို့က (ဤသို့)လျှောက်ထားခဲ့ကြပေမည်။ (အို-အရှင်မြတ်၊) အရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူပါ၏။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်နှင့်သာ ပတ်သက်ကြပါသည်။ ဒင်းတို့နှင့် မပတ်သက်ကြပါ။ စင်စစ်မှာကား ဒင်းတို့သည် ဂျင်နသတ္တဝါများကိုသာ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြပါသည်။ ဒင်းတို့အနက် အများဆုံးသောသူတို့မှာ ဂျင်နသတ္တဝါများကိုပင် ယုံကြည်သူများ ဖြစ်ခဲ့ကြပါသည်။ ၁

---

① များစွာသော မုရှ်ရစ်ကများသည် ကောင်းကင်တမန်များအား အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဟု ခေါ်ဆိုခဲ့ကြသည်။ ပုံတူများပြုလုပ်၍ ကိုးကွယ်ခဲ့ကြသည်။ သို့မုရှ်ရစ်ကများက ကောင်းကမင်တမန်များအား ကိုးကွယ်နေခဲ့ကြခြင်းမှာ မုရှ်ရစ်ကတို့၏ အပြုအမူသာလျှင် ဖြစ်ချေသည်။ ကောင်းကင်တမန်များက မိမိတို့အား ကိုးကွယ်ရန် ညွှန်ကြားခဲ့ကြသည်လည်း မဟုတ်။ မိမိတို့အား ဤသို့ကိုးကွယ်နေခဲ့ကြသည်ကို ကျေနပ်ခဲ့ကြသည်လည်းမဟုတ်၊ ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုန်လိုက်နာနေကြသော ဖြူစင်သန့်ရှင်း အပြစ်ကင်းသော အဖန်ဆင်းခံများသာ ဖြစ်ကြပေသည်။ မုရှ်ရစ်ကတို့၏ ကိုးကွယ်မှုနှင့် မည်သို့မျှ မပတ်သက်ကြပေ။

➤➤ ဂျင်နရှိုင်တွာန်များမှာမူကား၊ မုရှ်ရစ်ကတို့ကို ၎င်းတို့အား ကိုးကွယ်စေခဲ့ကြသည်။ ကြည့်ကုရ်အာန် ➤➤

فَٱلْيَوْمَ لَا يَمْلِكُ بَعْضُكُمْ لِبَعْضٍ نَّفْعًا وَلَا ضَرًّا ۚ وَنَقُولُ لِلَّذِينَ ظَلَمُوا۟ ذُوقُوا۟ عَذَابَ ٱلنَّارِ ٱلَّتِى كُنتُم بِهَا تُكَذِّبُونَ ﴿٤٢﴾

၄၂။ သို့ဖြစ်ပေရာ ယနေ့သော်ကား အသင်တို့အနက် အချို့သည် အချို့ကို အကျိုးပြုရန်လည်း၊ ပိုင်ဆိုင်ခွင့် မရှိပြီ။ အကျိုးယုတ်စေရန်လည်း၊ ပိုင်ဆိုင်ခွင့် မရှိတော့ပြီ။ ထိုမှတပါး၊ ငါအရှင်မြတ်သည် (မိမိကိုယ်မိမိ) နှိပ်စက် ညှဉ်းပမ်းခဲ့ကြသော သူတို့အား "အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသောငရဲမီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်" ဟု မိန့်ကြားတော်မူအံ့သတည်း။

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايَٰتُنَا بَيِّنَٰتٍ قَالُوا۟ مَا هَٰذَآ إِلَّا رَجُلٌ يُرِيدُ أَن يَصُدَّكُمْ عَمَّا كَانَ يَعْبُدُ ءَابَآؤُكُمْ ۚ وَقَالُوا۟ مَا هَٰذَآ إِلَّآ إِفْكٌ مُّفْتَرًى ۚ وَقَالَ ٱلَّذِينَ كَفَرُوا۟ لِلْحَقِّ لَمَّا جَآءَهُمْ إِنْ هَٰذَآ إِلَّا سِحْرٌ مُّبِينٌ ﴿٤٣﴾

၄၃။ စင်စစ်သော်ကား၊ ငါအရှင်မြတ်၏ ထင်ရှားစွာသော အာယတ်တော်များသည် ၎င်းတို့၏ ရှေ့မှောက်ဝယ် ဖတ်ကြားခြင်းခံခဲ့ကြရလေသောအခါ ၎င်းတို့က "ဤသူသည် အသင်တို့အား အသင်တို့၏ အဘဘိုးဘေးတို့ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသည်များကို (ဆည်းကပ်ကိုးကွယ်ခြင်း)မှ ပိတ်ပင် တားဆီးလိုသူတစ်ဦးသာလျှင်ဖြစ်သည်" ဟု ပြောဆိုခဲ့ကြသည့်ပြင် ဤ"(ကုရ်အာန်)သည် ကြံဖန်လိမ်ဆယ်ထားသော မုသားစကားတရပ်သာလျှင် ဖြစ်သည်" ဟူ၍လည်း ပြောဆိုခဲ့ကြကုန်၏။ ထိုမှတပါး၊ "ကာဖိရ်" သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့က မိမိတို့ထံ အမှန်တရားရောက်ရှိ၍ လာသောအခါ ယင်းအမှန်တရားနှင့် စပ်လျဉ်း၍ "ဤသည် ထင်ရှားစွာသော ပဋ္ဌလက် အတတ် ပညာတရပ်သာလျှင် ဖြစ်သည်" ဟု ဆိုကြကုန်၏။

➤➤ (၇း၆)။ သို့ကိုးကွယ်ရန် ဂျင်နီရှိုင်တွာန်များ ကိုယ်တိုင်ကလည်း ညွှန်ကြားခဲ့ကြသည်။ မိမိတို့အား မုရ်ရစ်ဂ်များက ကိုးကွယ်ခဲ့ကြသည်ကိုလည်း ကျေနပ်ခဲ့ကြသည်။ ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က မုရ်ရစ်ဂ်များအား ရှေ့တော်သို့သွင်း၍ ကောင်းကင်တမန်များအား မေးမြန်းတော်မူခြင်းမှာ ကုရ်အာန် (၅း၁၁၆–၁၁၇)တွင် လာရှိသည့်အတိုင်း တမန်တော်အီစာအား မေးမြန်းတော်မူခြင်းမျိုးသာ ဖြစ်ချိမ့်မည်။ မုရ်ရစ်ဂ်တို့၏ ထင်မြင်ယူဆချက်များမှားယွင်းကြောင်း ထင်ရှားစေရန်နှင့် မုရ်ရစ်ဂ်များ ခံလေသမျှသဲရေကျစေရန်သာ ဖြစ်ပေမည်။

وَمَآ اٰتَيْنٰهُمْ مِّنْ كُتُبٍ يَّدْرُسُوْنَهَا وَمَآ اَرْسَلْنَآ اِلَيْهِمْ قَبْلَكَ مِنْ نَّذِيْرٍ ۝٤٤

၄၄။ စင်စစ်မှာမူကား ငါအရှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်များကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်လည်း မဟုတ်။ ၎င်းတို့သည် ယင်းကျမ်းဂန်များကို ဖတ်ရွတ်သင်ကြားလျက် ရှိကြသည်(လည်း မဟုတ်ပေ)၊ ငါအရှင်မြတ်သည် အသင့်အလျောင် ၎င်းတို့ထံသတိပေး နှိုးဆော်သူတစ်ဦးတစ်ယောက်ကိုမျှ စေလွှတ်တော်မူခဲ့သည်လည်း မဟုတ်ပေ။

وَكَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ ۙ وَمَا بَلَغُوْا مِعْشَارَ مَآ اٰتَيْنٰهُمْ فَكَذَّبُوْا رُسُلِيْ ۫ فَكَيْفَ كَانَ نَكِيْرِ ۝٤٥

၄၅။ ၎င်းတို့အလျောင် ရှိခဲ့ကြသောသူများသည်လည်း မဟုတ်မမှန်ဟူ၍ ငွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ်ဤ(လက်ရှိ)သူတို့မှာ ထို(ရှေး)သူတို့အား ငါအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည့် (စည်းစိမ်ချမ်းသာ)၏ ဆယ်ပုံတစ်ပုံကိုမျှ ရရှိကြသည် မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ၊ ထို(ရှေး)သူတို့သည် ငါအရှင်မြတ်၏ ရာထူးလတမန်တော်များအား မုသာဝါဒီများဟူ၍ ငွပ်စွဲ ငြင်းပယ်ခဲ့ကြပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်ကား မည်သို့ရှိခဲ့ချေသနည်း။

قُلْ اِنَّمَآ اَعِظُكُمْ بِوَاحِدَةٍ ۚ اَنْ تَقُوْمُوْا لِلّٰهِ مَثْنٰى وَفُرَادٰى ثُمَّ تَتَفَكَّرُوْا ۚ مَا بِصَاحِبِكُمْ مِّنْ جِنَّةٍ ۝٤٦

၄၆။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) "ငါသည် အသင်တို့အား ကိစ္စတခုကိုသာ တိုက်တွန်းနှိုးဆော်လို၏။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ရည်သန်၍ တစ်ယောက်စီ နှစ်ယောက်စီ ထကြပြီးလျှင် မိမိတို့၏အဖော်ဖြစ်သူ (ငါ)၌ ရူးသွပ်ခြင်းဝေဒနာရှိပါသလော" ဟု စဉ်းစားဆင်ခြင်ကြလေကုန်။ ③

---

③ **တမန်တော်ဟုတ်မဟုတ် လက်တွေ့စဉ်းစားဆင်ခြင်ရန် တခုတည်းသော အကြံ၊**

ဤအာယတ်တော်၏အလိုသဘောမှာ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)က ကျွန်ုပ်တမန်တော် ဟုတ်မဟုတ် ဝေဖန်သုံးသပ်နိုင်ရန် တစ်ခုတည်းသော အကြံပေးလိုသည်မှာ အသင်တို့သည် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမပါဘဲ၊ ပရိယာယ်မဖက်၊ အလ္လာဟ်အရှင်မြတ်အတွက် သက်သက် စိတ်စေတနာ ဖြူစင်စွာနှင့် မျှတသောစိတ်ထားဖြင့် အမှန်တရားကို ဆည်းပူးလိုသောစေတနာနှင့် လက်တွေ့စဉ်းစား ဆင်ခြင်ကြည့်ကြပါ၊ ➤➤

إِنْ هُوَ إِلَّا نَذِيرٌ لَّكُم بَيْنَ يَدَيْ عَذَابٍ شَدِيدٍ ﴿٤٦﴾

ထိုအသင်တို့၏ အဖော်ဖြစ်သူ (ငါ)သည် အသင်တို့အား ပြင်းထန်စွာသော ပြစ်ဒဏ် မကျရောက်မီ (ကြိုတင်) သတိပေး နှိုးဆော်သူတစ်ဦးသာလျှင် ဖြစ်ချေသတည်း။

قُلْ مَا سَأَلْتُكُم مِّنْ أَجْرٍ فَهُوَ لَكُمْ ۖ إِنْ أَجْرِيَ إِلَّا عَلَىٰ

၄၇။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ "(အချင်းတို့၊) ငါသည် အသင်တို့ထံ (အဖိုးအခ) တစုံတရာ တောင်းခဲ့သည် ရှိလျှင် ယင်းအဖိုးအခမှာ အသင်တို့အဖို့သာလျှင် ဖြစ်၏။

➤➤ အချင်းချင်း တိုင်ပင်ဆွေးနွေးကြပါ၊ တစ်ဦးချင်းလည်း စဉ်းစားကြည့်ကြပါ၊ အသင်တို့၏ အဆွေ(ကျွန်ုပ် တမန်တော်မြတ် မုဟမ္မဒ်)သည် အသင်တို့နှင့်အတူ နှစ်ပေါင်း (၄၀) ကျော်ကျော်နေထိုင်ခဲ့သည်။ အသင်တို့ မျက်စိအောက်မှာပင် ငယ်ရာမှကြီးပြင်းလာခဲ့သည်။ အသင်တို့၏အဆွေ၏ ဘဝဖြစ်စဉ်တစ်လျှောက်လုံးကို စလယ်ဆုံး အသင်တို့ သိကြသည်။

အသင်တို့သည် သူ၏သစ္စာရှိမှု၊ ကတိတည်မှု၊ ရိုးသားမှု၊ ဖြောင့်မတ်မှုနှင့်ကန်မှု ကာကွယ်ခြေ ထိန်းသိမ်းမှု၊ ကိုယ်ကျင့်တရား ကောင်းမြတ်မှု၊ အသိဉာဏ်အမြော်အမြင် ရှိမှုများကို အသင်တို့ကိုယ်တိုင် ထုတ်ဖော်ဝန်ခံကြသည်၊ သူသည် အသင်တို့ထံမှ တစ်စုံတရာအဖိုးအခ အကျိုးကျေးဇူးတစ်စုံတရာ အခွင့်အရေး တစ်စုံတရာ တောင်းသည်လည်း မရှိ၊ အသင်တို့သည် သူနှင့်ပတ်သက်၍ မည်သည့်အရေးကိစ္စတွင်မျှ သူသည်မိမိ၏ စိတ်အလိုဆန္ဒဘက်သို့ ယိမ်းညွှတ်ခဲ့ဖူးသည်။ သို့မဟုတ် သူသည် ကိုယ်ကျိုးရှာခဲ့ဖူးသူဟူ၍လည်း ယိုးစွပ် ပြောဆိုနိုင်ခဲ့ ကြသည်လည်းမရှိ။

သို့ဖြစ်ပေရာ (မပြောစကောင်း) အသင်တို့၏အဆွေ၌ နေယင်း၊ ထိုင်ယင်း၊ ရူးသွပ်ခြင်းဓေနာဘွဲ့ကပ်ပြီး အကြောင်းမဲ့၊ အကျိုးမဲ့ အားလုံးတို့အား ရန်သူပြုလုပ်ထားသည်ဟု ထင်မှတ်နိုင်ကြမည်လော။ ရူးသွပ်သူတစ်ဦးသည် ဤကဲ့သို့ အဖိုးထိုက်တန်သော ပညာအပြည့်အဝပါသော သူမတူသော စကားများကို ပြောဆိုနိုင်ပါသလော။ သူရူးတဦးသည် မိမိ၏အမျိုးသားများ၏ ကောင်းစားရေးကို ဤရွေ့ဤမျှ လိုလားပါသလော၊ သူရူးတဦးသည် မိမိ၏အမျိုးသားများ၏ နှစ်ဘဝကောင်းစားရေးအတွက် ဤရွေ့ဤမျှ ပြည့်ဝစုံလင်သော၊ မှန်ကန်တိကျသော အစီအစဉ်များကို တင်ပြနိုင်ပါသလော။

သူသည် အသင်တို့အား အနာဂတ်၌ သက်ရောက်အံ့သော ဘေးအန္တရာယ်များကို ကြိုတင် သတိပေးနေသူ တစ်ဦးသာ ဖြစ်သည်။ အတိတ်ဖြစ်ရပ်များကို တိကျစွာ ပြောပြလျက်ရှိသည်။ အကောင်းနှင့်အဆိုးကို ကျိုးကြောင်းပြ၍ ပြောပြလျက်ရှိသည်။ ဤသည်တို့သည် သူရူးတို့၏ အလုပ်မဟုတ်၊ တမန်တော်များ၏ အလုပ်သာဖြစ်သည်။ အသင်တို့သည် ရိုးသားစွာ စဉ်းစားဆင်ခြင်ကြပါက အသင်တို့၏အဆွေသည် သူရူး မဟုတ်ကြောင်း၊ တမန်တော် အစစ်သာလျှင်ဖြစ်သည်ကို ကောင်းစွာ နားလည်သဘောပေါက် ကြပေမည်"။

اللَّهِ ۚ وَهُوَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿٤٧﴾

အဘယ်ကြောင့်ဟူမူ ငါ့(အား) အကျိုးကျေးဇူး(ပေးသနားတော်မူရန် တာဝန်)မှာကား အလွှာဟ် အရှင်မြတ်အပေါ်၌သာ ရှိသောကြောင့်ပင်။ အမှန်သော်ကား ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ်၌ အသိသက်သေပင် ဖြစ်တော်မူ၏။" [၁]

قُلْ إِنَّ رَبِّي يَقْذِفُ بِالْحَقِّ ۚ عَلَّامُ الْغُيُوبِ ﴿٤٨﴾

၄၈။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါဦးလေ။ "(အချင်းတို့) ဧကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (အမှားကို) အမှန်တရားဖြင့် နှိမ်နင်းတော်မူ၏။ (ထိုအရှင်မြတ်သည်) အကွယ်၌ရှိသမျှတို့ကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။"

قُلْ جَاءَ الْحَقُّ وَمَا يُبْدِئُ الْبَاطِلُ وَمَا يُعِيدُ ﴿٤٩﴾

၄၉။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါဦးလေ။ "(အချင်းတို့၊) အမှန်တရားသည် ရောက်ရှိ၍လာခဲ့ချေပြီ။ စင်စစ်သော်ကား အမှားသည် (တစုံတရာကို) ဖြစ်ပေါ်စေသည်လည်းမဟုတ်ပေ။ (တစုံတရာ)ကို ပြန်၍ ယူလာသည်လည်း မဟုတ်ပေ။ (ယိုယွင်း ပျက်စီးချေပြီ)။" [၂]

---

① **တမန်တော်မြတ် လိုလားတော်မူသောအရာ၊**

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိမိ၏အမျိုးသားများအား အတည့်အလင်းဖွင့်ဟပြောကြားတော်မူခဲ့သည်မှာ "ကျွန်ုပ်သည် အသင်တို့ထံမှ တစုံတစ်ရာအဖိုးအခ၊ အကျိုးကျေးဇူး၊ ရာထူးဌာနန္တရအလိုမရှိပါ။ အကယ်တန္တု ကျွန်ုပ်သည်အသင်တို့ထံမှ တစ်စုံတရာအဖိုးအခ တောင်းခဲ့သည်ဟု အသင်တို့ထင်မြင်ယူဆခဲ့ပါလျှင် ထိုသည့်အဖိုးအခသည် အသင်တို့အဖို့သာ ဖြစ်ပါသည်။ မိမိတို့ထံ၌ပင်၊ ထားရှိကြပါ။ ကျွန်ုပ်မလိုပါ။ အသင်တို့ထံမှ ကျွန်ုပ်လိုလားသောအရာမှာ အဖိုးအခလည်းမဟုတ်၊ ရာထူးဌာနန္တရလည်းမဟုတ်၊ အီမာန်နှင့် အစွမ်းသတ္တိဖြစ်ပါသည်။ ဤသည်လည်း အသင်တို့အကျိုးငှာဖြစ်ပါသည်။ ဤမှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ အလိုမရှိပါ။"

② **အမှန်ရောက်၍ အမှားပျောက်ပြီ၊**

ဆိုလိုသည်ကား အစွမ်းသတ္တိပင်ဟူသော အမှန်တရားရောက်ရှိလာပြီ၊ ယခုဤအမှန်တရားကို မည်သည့်အင်အားစုကမျှ ပိတ်ပင်တားဆီးနိုင်သည်မရှိပြီ၊ အမှန်တရားသည် ရှေ့သို့တောက်လျှောက်ချီတက်သွားတော့မည်ဖြစ်သည်။ အားလုံးကို လွှမ်းမိုးတော့မည်ဖြစ်သည်။ အမှားဟူသမျှကို ချေမှုန်းတော့မည် ➤➤

قُلْ إِنْ ضَلَلْتُ فَإِنَّمَآ أَضِلُّ عَلَىٰ نَفْسِى ۖ وَإِنِ ٱهْتَدَيْتُ فَبِمَا يُوحِىٓ إِلَىَّ رَبِّىٓ ۚ إِنَّهُۥ سَمِيعٌ قَرِيبٌ ﴿٥٠﴾

၅၀။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ "(အချင်းတို့၊) အကယ်၍ ငါသည် လမ်းမှား ခဲ့မူ၊ ငါသည် မိမိကိုယ်နှင့်ဆန့်ကျင်၍သာ လမ်းမှား ခဲ့ခြင်းဖြစ်မည်။ (ငါ၏အမှားဒဏ်ကို ငါသာခံရမည်၊) သို့ရာတွင် အကယ်၍ ငါသည် တရားလမ်းမှန် ရရှိခဲ့သည်ဖြစ်မူ ငါ့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်က ငါ့ထံသို့ "ဝဟီ" အမိန့်တော် ထုတ်ပြန်တော်မူသောကြောင့်ပင်ဖြစ်၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အလွန်တရာကြားသိတော်မူသော၊ အလွန်တရာ နီးကပ်စွာရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَلَوْ تَرَىٰٓ إِذْ فَزِعُوا۟ فَلَا فَوْتَ وَأُخِذُوا۟ مِن مَّكَانٍ قَرِيبٍ ﴿٥١﴾

၅၁။ စင်စစ် အကယ်၍ အသင်သည် (ငင်းတို့အား) ငင်းတို့ ထိတ်လန့် ကြောက်ရွံ့ကြသည့်အခါတွင် တွေ့ မြင်ပါလျှင် (အံ့သြသွားပေမည်)။ ထိုအခါ ငင်းတို့ သည် ထွက်ပြေး လွတ်မြောက်နိုင်ခြင်းမရှိဘဲ အနီးအနား မှာပင် ဖမ်းဆီးခြင်းကို ခံကြရပေမည်။

وَقَالُوٓا۟ ءَامَنَّا بِهِۦ ۖ وَأَنَّىٰ لَهُمُ ٱلتَّنَاوُشُ مِن مَّكَانٍۭ بَعِيدٍ ﴿٥٢﴾

၅၂။ ထိုအခါ ငင်းတို့က "ကျွန်တော်မျိုးတို့သည် ဤ(မှန်ကန်သော "ဒီန်" သာသနာ)ကို ယုံကြည် ကြပါပြီ" ဟု ပြောဆိုကြပေမည်။ သို့ရာတွင် ငင်းတို့ သည် ဤမျှ ဝေးလံစွာသောနေရာမှ ("အီမာန်" သက်ဝင်ယုံကြည်မှုကို) အဘယ်မှာလျှင် ရယူနိုင်ကြ အံ့နည်း။

➤➤ ဖြစ်သည်။ အမှားသည် အမှန်၏ရှေ့မောက်တွင် မည်သို့မျှ ရပ်တည်နိုင်တောမည်မဟုတ်ပေ။ အမှားသည် အမှားသာဖြစ်သည်။ ယိုယွင်းပျက်စီးချေပြီ။

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင် သိမ်းပိုက် တော်မူသည့်နေ့တွင် ဤအာယတ်တော်ကို ရွတ်ဖတ်တော်မူလျက် ရှိတော်မူခဲ့ပေသည်။

② ကာဖိရ်များသည် ဤပစ္စက္ခဘဝတွင် စကားကြီးစကားကျယ် ပြောဆိုနေကြ၏။ သို့ရာတွင် ကိယာမတ်နေ့တွင် ငင်းတို့၏အဖြစ်ကား အလွန်ကြည့်ဖွယ်၊ အံ့သြဖွယ်ကောင်းပေမည်။ ကိယာမတ်နေ့တွင် ကာဖိရ်များသည် ➤➤

وَقَدْ كَفَرُوا۟ بِهِۦ مِن قَبْلُ ۖ وَيَقْذِفُونَ بِٱلْغَيْبِ مِن مَّكَانٍۭ بَعِيدٍ ﴿٥٣﴾

၅၃။ စင်စစ်ဧကန် ၎င်းတို့သည် ရှေးဦးမဆွကပင် ယင်းမှန်ကန်သော "ဒီန်" သာသနာတော်ကို ငြင်းပယ်လျက် ရှိခဲ့ကြသည်သာမက မသိမမြင်ဘဲလျက် ဝေးစွာသော နေရာမှ ရမ်းဆပြောဆို စွပ်စွဲလျက်ပင် ရှိခဲ့ကြကုန်၏။

وَحِيلَ بَيْنَهُمْ وَبَيْنَ مَا يَشْتَهُونَ كَمَا فُعِلَ بِأَشْيَاعِهِم مِّن قَبْلُ ۚ إِنَّهُمْ كَانُوا۟ فِى شَكٍّ مُّرِيبٍ ﴿٥٤﴾

၅၄။ ၎င်းပြင် (ထိုနေ့တွင်) ရှေးယခင်က ၎င်းတို့ကဲ့သို့သောသူတို့အား ပြုလုပ်ခဲ့သည့်နည်းတူ ၎င်းတို့နှင့် ၎င်းတို့ အာသာဆန္ဒရှိကြသောအရာများ၏ အကြားခံ့ အကာအဆီးတခု ပြုလုပ်ခြင်း ခံရပေမည်။ ဧကန်အမှန် ၎င်းတို့သည် ယုံမှား သံသယဖြစ်စေသော ဒွိဟ သံသယ၌ပင် ရှိခဲ့ကြပေသတည်း။

➤➤ ကိယာမတ်၏ကြောက်မက်ဖွယ်၊ အံ့ဩဖွယ်ဖြစ်ရပ်များကို တွေ့မြင်ကြရသောအခါ အကြောက်ကြီးကြောက်ကြ ပေမည်၊ လွတ်မြောက်ရန် ကြိုးစားကြပေမည်၊ သို့ရာတွင် ၎င်းတို့သည် အသို့လျှင် ထွက်ပြေးလွတ်မြောက်သွားနိုင် အံ့နည်း၊ နေရာမထ ဖမ်းဆီးခြင်းခံကြရပေမည်။ ထိုအခါ ကာဖိရ်များက "ကျွန်တော်တို့သည် အီမာန်ယုံကြည်ကြပါပြီ"ဟု ပြောဆိုကြပေမည်။ အလာကောင်းသော်လည်း အခါကား နောင်းချေပြီ ဆိုသကဲ့သို့ ၎င်းတို့၏ ထိုအီမာန်ယုံကြည်မှုသည် မည်သို့မျှ အကျိုးပေးနိုင်တော့မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် နောင်တမလွန် ဘဝသည် ကျိုးပြစ်ပေးရာဘဝဖြစ်သည်။ ပစ္စက္ခဘဝသည်သာလျှင် အဆိုးအကောင်းဆည်းပူးရာဘဝဖြစ်သည်။ ပစ္စက္ခဘဝကား ဝေးစွာကျန်ရစ်ခဲ့ပေပြီ။ ပစ္စက္ခဘဝတွင် ပြုလုပ်ရမည့် အလုပ်ကို နောင်တမလွန်ဘဝတွင် ပြုလုပ်လိုခြင်းမှာ မိုးကုန်မှထွန်ချ လိုခြင်းမျိုးသာ ဖြစ်ပေသည်။

စတင်ဖန်ဆင်းတော်မူသောအရှင်ကဏ္ဍ

سُوْرَةُ فَاطِر

ဤကဏ္ဍသည် အလ်ဖာတွစ်ရ် စတင်ဖန်ဆင်းတော်မူသောအရှင် အကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။ မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။
ဤကဏ္ဍတွင် အာယတ်တော်(၄၅)ပါး ရကူအ်အပိုဒ်(၅)ပိုဒ် အသီးသီးပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

اَلْحَمْدُ لِلّٰهِ فَاطِرِ السَّمٰوٰتِ
وَالْاَرْضِ جَاعِلِ الْمَلٰٓئِكَةِ
رُسُلًا اُولِيْٓ اَجْنِحَةٍ مَّثْنٰى
وَثُلٰثَ وَرُبٰعَ ؕ يَزِيْدُ فِي الْخَلْقِ
مَا يَشَآءُ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ
قَدِيْرٌ ①

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

၁။ ချီးမွမ်း ထောပနာ အပေါင်းတို့သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ တီထွင်ဖန်ဆင်းတော်မူသော၊ *အတောင်ပံ နှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီရှိသော* [၃] *"မလာအိကဟ်" ကောင်းကင်တမန်တို့အား စေတမန်များအဖြစ် ခန့်အပ်တော်မူသော* [၂] အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်သင့်၏။ ထိုအရှင်မြတ်သည် ဖန်ဆင်းမှုခွဲ မိမိအလိုရှိတော်မူသည့်အရာကို တိုးပွားများပြား ပိုမိုစေတော်မူ၏။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အချို့ကောင်းကင်တမန်များ၌ အတောင်ပံနှစ်ဘက် အချို့၌ အတောင်ပံသုံးဘက်၊ အချို့၌ အတောင်ပံ လေးဘက်စီ၊ အသီးသီးရှိပေသည်။ ယင်းအတောင်ပံများသည် မည်သို့မည်ပုံရှိသည်ကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။ သို့မဟုတ် မြင်ဖူးသော ပုဂ္ဂိုလ်များသည် အနည်းငယ် ပြောပြနိုင်ကြပေမည်။

အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသော မည်သည့် အဖန်ဆင်းခံခွဲမဆို မည်သည့် အင်္ဂါအစိတ်အပိုင်းကိုမဆို၊ မည်သည့်အရည်အသွေး စွမ်းရည်သတ္တိကိုမဆို၊ မည်သည့် လုပမှုကိုမဆို၊ မည်သည့် ကောင်းမြတ်မှုကိုမဆို၊ ပိုမိုဖန်ဆင်းတော်မူနိုင်သည်။ အချို့ကောင်းကင်တမန်များ၌ ရှိသော အတောင်ပံနှစ်ဘက်၊ သုံးဘက်၊ လေးဘက်စီသည်လည်း အလ္လာဟ်အရှင်မြတ်ကပင် ဖန်ဆင်းပေးထားတော်မူခြင်းဖြစ်သည်။ ထိုထက် ပိုမို၍လည်း ဖန်ဆင်းတော်မူနိုင်သည်။ ကောင်းကင်တမန် ဂျစ်ဗရီလ်၌ အတောင်ပံပေါင်း (၆၀၀)ရှိကြောင်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ဩဝါဒတော်များတွင် လာရှိပေသည်။

مَا يَفْتَحِ اللَّهُ لِلنَّاسِ مِن رَّحْمَةٍ فَلَا مُمْسِكَ لَهَا ۖ وَمَا يُمْسِكْ فَلَا مُرْسِلَ لَهُ مِن بَعْدِهِ ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٢﴾

၂။ အလ္လာဟ်အရှင်မြတ်က လူတို့အဖို့ ဖွင့်ပေးတော်မူသော ကရုဏာတော်ကို ပိတ်ပင်တားဆီးနိုင်သူဟူ၍ အလျင်းမရှိချေ။ ထိုနည်းတူစွာ ထိုအရှင်မြတ် ပိတ်ပင်တားဆီးတော်မူသော အရာကိုလည်း ထိုအရှင်မြတ် ပိတ်ပင် တားဆီးတော်မူပြီးနောက် ပို့ပေးနိုင်သောသူဟူ၍ အလျင်းမရှိပြီ။ [၁] စင်စစ် ထိုအရှင်မြတ်သည်ပင် အလွန်တရာ လွှမ်းမိုးတော်မူသောအရှင်၊ အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

يَا أَيُّهَا النَّاسُ اذْكُرُوا نِعْمَتَ اللَّهِ عَلَيْكُمْ ۚ هَلْ مِنْ خَالِقٍ غَيْرُ اللَّهِ يَرْزُقُكُم مِّنَ السَّمَاءِ وَالْأَرْضِ ۚ لَا إِلَٰهَ إِلَّا هُوَ ۖ فَأَنَّىٰ تُؤْفَكُونَ ﴿٣﴾

၃။ အို-လူခပ်သိမ်းတို့၊ အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်က ပြုတော်မူခဲ့သော ကျေးဇူးတော်များကို ပြန်လည်အောက်မေ့ သတိရကြလေကုန်။ အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့အား မိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေမှလည်းကောင်း၊ စားနပ်ရိက္ခာပေးသည့် ဖန်ဆင်းသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရှိပါသေးသလော၊ ထို အရှင်မြတ်မှတပါး ဆည်းကပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြလေသနည်း။

---

(၂) အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များအား အမျိုးမျိုး စေခိုင်းတော်မူသည်။ အချို့ကောင်းကင်တမန်များအား စေတမန်များအဖြစ် ခန့်အပ်ထားတော်မူသည်။ အချို့ကောင်းကင်တမန်များအား ရုပ်လောကနာမ်လောကတို့၏ စီမံခန့်ခွဲမှုများတွင် ခိုင်းစေထားတော်မူသည်။ ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံ၊အစေခံ သတ္တဝါများသာ ဖြစ်ကြပေသည်။ ကောင်းကင်တမန်များအကြောင်း ကုရ်အာန် (၂၃၀)တွင် အကျယ်ရေးသားခဲ့ပေပြီ။

(၁) အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကို လွှမ်းမိုးတော်မူသည်။ အရာရာကို ဆင်ခြင်တုံတရားနှင့် စီမံဖန်ဆင်းတော်မူသည်။ ဤအာယတ်တော်တွင် ပါရှိသော 'ရဟ်မတ်' ကရုဏာတော်သည် ရုပ်နှင့်လည်းဆိုင်သည်။ မိုးရေ၊ စားနပ်ရိက္ခာ စသည်များကိုလည်း ဆိုနိုင်သည်။ နာမ်နှင့်ဆိုင်သည့် ကျမ်းဂန်များချပေးမှု၊ တမန်တော်များအား စေလွှတ်မှုများကိုလည်း ဆိုနိုင်သည်။ အသို့ပင်ရှိစေ၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကရုဏာတော်တည်းဟူသော တံခါးကို ဖွင့်ပေးတော်မူပါက မည်သူမျှ ➤➤

وَإِن يُكَذِّبُوكَ فَقَدْ كُذِّبَتْ رُسُلٌ مِّن قَبْلِكَ ۚ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ ﴿٤﴾

၄။ (အို-နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် အသင့်အား မုသာဝါဒီဟု စွပ်စွဲငြင်းပယ်ကြပါလျှင် (အသင်သည် စိတ်ငြိုငြင်မှုမရှိပါလေနှင့်၊) ဧကန်အမှန် အသင့်အလျင် ရှေးရှုလိုတမန်တော်များသည်လည်း မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခြင်း ခံခဲ့ကြရလေ၏။ အမှန်သော်ကား အရေးကိစ္စ အလုံးစုံတို့မှာ အလ္လာဟ်အရှင်မြတ်ထံတော်သို့သာလျှင် ပြန်လည် ရောက်ကြရပေမည်။

يَا أَيُّهَا النَّاسُ إِنَّ وَعْدَ اللَّهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا وَلَا يَغُرَّنَّكُم بِاللَّهِ الْغَرُورُ ﴿٥﴾

၅။ အို-လူအပေါင်းတို့၊ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်ထားရှိတော်မူသောကတိသည် မှန်ကန်၏။ သို့ဖြစ်ပေရာ လောကီဘဝ၌ အသက်ရှင်ခြင်းသည်လည်း အသင်တို့အား လှည့်ဖြားခြင်းမပြုစေရ၊ လှည့်စားသူ "ရှိုင်တွာန်"(မိစ္ဆာကောင်)သည်လည်း အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ လှည့်ဖြားခြင်း မပြုစေရ။

إِنَّ الشَّيْطَانَ لَكُمْ عَدُوٌّ فَاتَّخِذُوهُ عَدُوًّا ۚ إِنَّمَا يَدْعُو حِزْبَهُ لِيَكُونُوا مِنْ أَصْحَابِ السَّعِيرِ ﴿٦﴾

၆။ မလွဲဧကန် 'ရှိုင်တွာန်' မိစ္ဆာကောင်သည် အသင်တို့၏ ရန်သူပင်ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထို 'ရှိုင်တွာန်' မိစ္ဆာကောင်အား (မိမိတို့၏) ရန်သူဟူ၍ပင် အသိအမှတ်ပြုကြလေကုန်။ (စင်စစ်သော်ကား) ထို 'ရှိုင်တွာန်' မိစ္ဆာကောင်သည် မိမိဘက်သားများအား (ငရဲဘုံ၏) မီးတောက်မီးလျှံ၌ လားကြရသူတို့တွင် အပါအဝင် ဖြစ်ကြစေရန်သာလျှင် ဖိတ်ခေါ်လေသတည်း။

➤➤ ပြန်လည်ပိတ်နိုင်သည်မရှိ၊ ထိုအရှင်မြတ် ပိတ်လိုက်တော်မူပါက မည်သူမျှ ပြန်လည်ဖွင့်နိုင်သည်မရှိ၊ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကား ကြီးမားလှပါဘိတကား။ ဤသည့်သဘောကို ကုရ်အာန် (၆း၁၇) တွင်လည်း မိန့်ဆိုထားတော်မူသည်။

၇။ 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သောသူတို့၌ ပြင်းထန်စွာသောပြစ်ဒဏ်သည် ရှိချေသည်။ သို့ရာတွင် 'အီမာန်' သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အဖို့မှာမူကား လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည်လည်းကောင်း၊ ရှိပေသည်။

اَلَّذِيْنَ كَفَرُوْا لَهُمْ عَذَابٌ شَدِيْدٌ ۬ؕ وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ۝٧

၈။ သို့ဖြစ်ပေရာ အသို့ပါနည်း။ မိမိ၏ မကောင်းမှုများသည် မိမိအမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ခြင်းခံရသောကြောင့် ယင်းမကောင်းသောကျင့်မှုများကို အကောင်းဟူ၍ ထင်မြင်လာသောသူသည် အမှားကို အမှန်ဟု ထင်မြင်သောသူနှင့်တူလေသည်။ စင်စစ်မှာကား ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား လမ်းမှား၌ ထားတော်မူ၏။ ထိုနည်းတူစွာ မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်ကို ပြတော်မူ၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်၏ အသက်ဇီဝိန်သည် ၎င်းတို့နှင့် ပတ်သက်၍ ဆွေးကာတွေးကာ မဆုံးပါးစေရ။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူသမျှတို့ကို ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

أَفَمَنْ زُيِّنَ لَهُ سُوْٓءُ عَمَلِهٖ فَرَاٰهُ حَسَنًا ؕ فَاِنَّ اللّٰهَ يُضِلُّ مَنْ يَّشَآءُ وَيَهْدِيْ مَنْ يَّشَآءُ ۫ فَلَا تَذْهَبْ نَفْسُكَ عَلَيْهِمْ حَسَرٰتٍ ؕ اِنَّ اللّٰهَ عَلِيْمٌۢ بِمَا يَصْنَعُوْنَ ۝٨

---

① **အမြင်မှန်သူနှင့် အမြင်မှားသူ၊**

အကြင်သူတစ်ဦးသည် ရှိုင်တွာန်၏ သွေးဆောင်ဖြားယောင်းမှုကြောင့် မိမိ၏မကောင်းမှုကိုပင် အကောင်းဟူ၍ ထင်မြင်နေ၏။ အမြင်မှားနေ၏။ အခြားတစ်ဦးမှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်၏။ အကောင်းကို အကောင်းဟူ၍ပင်မြင်၏။ အဆိုးကို အဆိုးဟူ၍ပင်မြင်၏။ အမြင်မှန်၏။ ထိုသူနှစ်ဦးသည် အသို့လျှင် တူနိုင်ကြအံ့နည်း။ ထိုသူနှစ်ဦးသည် အချင်းချင်း အမြင်မတူကြလျှင် ၎င်းတို့၏အကျိုးဆက်မှာ– အသို့လျှင် တူညီနိုင်အံ့နည်း၊ အလျှင်းမတူနိုင်။

အလ္လာဟ်အရှင်မြတ်သည် အကြင်သူတစ်ဦးအား ၎င်း၏ ကောင်းမြတ်သော အရည်အချင်း၊ သင့်မြတ်သော ဆည်းပူးမှုများကြောင့် တရားလမ်းမှန်ကို ပြတော်မူပါလျှင်၊ ထိုသို့သောသူအား မည်သည့်ရှိုင်တွာန်ကမျှ ➤➤

وَاللّٰهُ الَّذِیْۤ اَرْسَلَ الرِّیٰحَ فَتُثِیْرُ سَحَابًا فَسُقْنٰهُ اِلٰى بَلَدٍ مَّیِّتٍ فَاَحْیَیْنَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا ؕ كَذٰلِكَ النُّشُوْرُ ۝۹

၉။ စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် လေများကို စေလွှတ်တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ ထို့နောက် ယင်းလေများသည် မိုးတိမ်များကို သယ်ဆောင်၍ သွားကြလေ၏။ ထို့နောက် ငါအရှင်မြတ်သည် ယင်းမိုးတိမ်များကို (သွေ့ခြောက်) သေလျက်ရှိသော နယ်မြေဒေသများသို့ မောင်းနှင်တော်မူ၏။ ထို့နောက် ငါအရှင်မြတ်သည် ထို(မိုးတိမ်များမှရွာသွန်းသော)ရေဖြင့် (သွေ့ခြောက်)သေနေသောမြေကို ပြန်လည် စိမ်းလန်းစိုပြည်စေတော်မူ၏။ ရှင်ပြန်ထခြင်းသည်လည်း ဤနည်းအတိုင်းပင် ဖြစ်ချေသည်။

مَنْ كَانَ یُرِیْدُ الْعِزَّةَ فَلِلّٰهِ الْعِزَّةُ جَمِیْعًا ؕ اِلَیْهِ یَصْعَدُ الْكَلِمُ الطَّیِّبُ وَالْعَمَلُ الصَّالِحُ یَرْفَعُهٗ ؕ وَالَّذِیْنَ یَمْكُرُوْنَ السَّیِّاٰتِ

၁၀။ မည်သူမဆို ဂုဏ်အသရေကို အလိုရှိလျှင် (အလ္လာဟ်အရှင်မြတ်ထံတော်၌ သာလျှင် လျှောက်ထားရပေမည်။) အကြောင်းမူကား အလုံးစုံသော ဂုဏ်အသရေတို့မှာ အလ္လာဟ်အရှင်မြတ်၌သာ ရှိသောကြောင့်ပင်။ စင်ကြယ်သန့်ပြန့်သောစကားရပ်များသည် ထိုအရှင်မြတ်အထံတော်သို့ပင် တက်သွားကြပေသည်။

➤➤ သွေးမဆောင်နိုင်၊ မဖြူးယောင်းနိုင်၊ လွဲမှားယိမ်းပါးစေရန် အလျှင်းမပြုနိုင်။ သို့ရာတွင် အကြင်သူတစ်ဦးသည် ရှိုင်တွာန်၏ သွေးဆောင်ဖြူးယောင်းမှုကြောင့် အဆိုးကိုအကောင်း၊ အမှားကိုအမှန်၊ အဆိပ်ကိုအဟာရဟူ၍ ထင်မှတ်နေပါလျှင်၊ ထိုသို့သောသူသည် အမှန်တရားကို အသို့လျှင် မြင်နိုင်တော့အံ့နည်း။

ထိုသို့သောသူများသည် အမှန်တရားကို မကြားလိုကြ၊ မမြင်လိုကြ၊ သို့ဖြစ်ရာ ဤရွေ့ဤမျှ မှောက်မှားနေကြသူများ အမှန်တရားနှင့် ကင်းကွာနေကြသူများအတွက် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ဆွေးကာတွေးကာ၊ တွေးကာဆွေးကာ၊ စိတ်ဒုက္ခဖြစ်နေရန် မလိုပေ။ ၎င်းတို့၏အရေးကို အလ္လာဟ်အရှင်မြတ်ထံသို့သာ လွှဲထားရမည်သာ။ ထိုအရှင်မြတ်သည် ၎င်းတို့အကြောင်း၊ ကောင်းစွာ သိတော်မူသည်ဖြစ်ရာ၊ ထိုက်သည့်အားလျော်စွာ စီရင်တော်မူမည်သာ။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် လူသားတို့တရားရရှိရေးကို သူမတူအောင် အတိုင်းထက်အလွန် လိုလားတော် မူခဲ့သည့်မှာ ထင်ရှားလှပေသည်။

[ကြည့်-ကုရ်အာန် (၂၆း၃)]

لَهُمْ عَذَابٌ شَدِيدٌ ۖ وَمَكْرُ أُولَٰئِكَ هُوَ يَبُورُ ﴿١٠﴾

ငင်းပြင် ကောင်းမြတ်သော အကျင့်သီလဟူသည် ထိုစင်ကြယ်သန့်ပြန်သော စကားများကို ပင့်မြှောက်ပို့ဆောင်၍ ပေးလေသည်။ [၃] သို့ရာတွင် မကောင်းသော အကြံအစည်များကို ကြံစည်သော သူတို့၌မူကား ပြင်းထန်စွာသော ပြစ်ဒဏ်သည် ရှိပေမည်။ ထိုမှတပါး *ငင်းတို့၏ အကြံအစည်တို့မှာလည်း ပျက်ပြား၍ သွားကြပေမည်။* [၂]

وَاللَّهُ خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ جَعَلَكُمْ أَزْوَاجًا ۚ وَمَا تَحْمِلُ مِنْ أُنثَىٰ

၁၁။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထိုနောက် ကလလရေကြည်ဖြင့်(ဖန်ဆင်းတော်မူခဲ့၏)။ ထိုနောက် ထိုအရှင်မြတ်သည် အသင်တို့အား စုံတွဲများ ပြုလုပ်တော်မူခဲ့၏။

---

① <u>ဂုဏ်သိမ် မည်သို့ ရယူရသနည်း၊</u>

"ကောင်းမြတ်သောစကား" ဟူသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရခြင်း၊ ထိုအရှင်မြတ်ထံတော်၌ ဆုပန်ကြားခြင်း၊ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သွန်သင်ဆုံးမ ဩဝါဒပေးခြင်းများကို ဆိုလိုသည်။ ဤသည့်ကောင်းမြတ်သော စကားများသာလျှင် အလ္လာဟ်အရှင်မြတ်၏ အထံတော်သို့ တက်ရောက်ကြသည်။ ထိုအရှင်မြတ်ထံတော်မှ လက်ခံသဘောတူတော်မူခြင်း၊ အလေးထားခြင်း၊ ဂရုပြုတော်မူခြင်း တည်းဟူသော ဂုဏ်သိန်ကိုရယူကြသည်။

ကောင်းမြတ်သော စကားများသည် မူလဗီဇသဘာဝအလျောက် အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့တက်ကြသည်။ အကယ်၍ ကောင်းမြတ်သော စကားနှင့်အတူ ကောင်းမြတ်သော အကျင့်သီလရှိပါက ထိုကောင်းမြတ်သော အကျင့်သီလသည် ထိုသည့် ကောင်းမြတ်သောစကားကို ပို၍ပင် မ,တင်ပေးလေသည်။ အလ္လာဟ်ထံတော်ပါးသို့ တက်ရာတွင် အထောက်အကူ ဖြစ်စေသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ကောင်းမြတ်သောစကားနှင့် ကောင်းမြတ်သော အကျင့်သီလသည် အဘယ်မျှ အရေးကြီးကြောင်း၊ ကောင်းစွာ သိရှိနိုင်ပေသည်။ သို့ဖြစ်ရာ မည်သူမဆို အလ္လာဟ်အရှင်မြတ် ထံတော်ပါးမှ ဂုဏ်သိန်အလိုရှိက ကောင်းမြတ်သော စကားများကိုဆို၍ ကောင်းမြတ်သော အကျင့်သီလများကို ဆည်းပူးရမည်သာတည်း။

② အမှန်တရားကို ဆန့်ကျင်ရန် ကြံစည်အားထုတ်သူများသည် နောက်ဆုံးတွင် ငင်းတို့ကိုယ်တိုင် ပျက်ဆီးဆိတ်သုဉ်း သွားကြသည်သာဖြစ်သည်။ ကုရိုက်ရှိမျိုးနွယ်ဝင်များသည် အစွလာမ်ကို ချေမှုန်းနိုင်ရန်အတွက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ဖမ်းချုပ်ချည်နှောင်ထားရန်၊ ပြည်နှင်ဒဏ်ပေးရန်၊ သတ်ဖြတ်ရန် အမျိုးမျိုး ကြံစည်ခဲ့ကြ၏။ သို့ရာတွင် နောက်ဆုံး၌ 'ဗဒ်ရ်' စစ်ပွဲဖြစ်ပွားသည့်အခါ ငင်းတို့ကိုယ်တိုင်ပင် အရပ်တစ်ပါးသို့ ထွက်ခွာသွားခဲ့ကြရ၏။ မုစ်လင်မ်တို့၏လက်ချက်ဖြင့် သတ်ဖြတ်ခြင်း ➤➤

وَلَا تَضَعُ إِلَّا بِعِلْمِهِۦ ۚ وَمَا يُعَمَّرُ مِن مُّعَمَّرٍ وَلَا يُنقَصُ مِنْ عُمُرِهِۦٓ إِلَّا فِى كِتَٰبٍ ۚ إِنَّ ذَٰلِكَ عَلَى ٱللَّهِ يَسِيرٌ ﴿١١﴾

စင်စစ် မည်သည့် မိန်းမတစ်ဦး တစ်ယောက်မျှပင် ထိုအရှင်မြတ်မသိတော်မူပဲ ကိုယ်ဝန်ဆောင်ခြင်းလည်းမရှိ၊ သားဖွားခြင်းလည်းမရှိပေ။ ထိုနည်းတူစွာ မည်သည့်အသက်ရှည်သောသူ တစ်ဦးတစ်ယောက်၏ အသက်ကိုမျှ ပို၍သတ်မှတ်သည်လည်းမရှိ။ မည်သူတဦးတယောက်၏ အသက်ကိုမျှလျော့၍ သတ်မှတ်သည်လည်းမရှိ။ သို့ရာတွင် ဤသည် ထိုသည့် မှတ်တမ်းတော်၌ ရေးမှတ်ပြီး ဖြစ်သည်။ ဇကန်မလွဲ ဤသည်ကား အလ္လာဟ်အရှင်မြတ်၌ လွန်စွာ လွယ်ကူလှပေသတည်း။ [၁]

وَمَا يَسْتَوِى ٱلْبَحْرَانِ هَٰذَا عَذْبٌ فُرَاتٌ سَآئِغٌ شَرَابُهُۥ وَهَٰذَا مِلْحٌ أُجَاجٌ ۖ وَمِن كُلٍّ تَأْكُلُونَ لَحْمًا طَرِيًّا وَتَسْتَخْرِجُونَ حِلْيَةً تَلْبَسُونَهَا ۖ وَتَرَى ٱلْفُلْكَ فِيهِ مَوَاخِرَ لِتَبْتَغُوا۟ مِن

၁၂။ ၎င်းပြင် သမုဒ္ဒရာပင်လယ်နှစ်ခုသည် မတူကြပေ။ ဤ(ပင်လယ်တစ်ခု၏) ရေမှာ ချိုမြိန်၏။ ရေငတ်ပြေစေ၏။ ထိုရေကို သောက်သုံးရာ၌လည်း လွယ်ကူ၍ အဝင်ကောင်းလှ၏။ သို့ရာတွင် ဤ(ပင်လယ်တစ်ခု၏ ရေ)မှာမူကား ငံ၏။ ခါး၏။ သို့ရာတွင် အသင်တို့သည် (ထိုပင်လယ်)အသီးသီးမှ လတ်ဆတ်သော အသား(ငါ) ငါးများကို စားသုံးကြကုန်၏။ ၎င်းပြင် အသင်တို့သည် (ထိုပင်လယ်များမှ) မိမိတို့ဝတ်ဆင်ကြကုန်သော လက်ဝတ်လက်စားတန်ဆာများကို ထုတ်ယူကြကုန်၏။

➤➤ ခံခဲ့ကြရ၏၊ ရေတွင်းတစ်ခုတည်းတွင် အစုလိုက်အပြုံလိုက် အမြဲပ်ခံခဲ့ကြရ၏။ ဤကား အမှန်တရားကို ဆန့်ကျင်ရန် ကြံစည်သူများ ဤပစ္စက္ခမျက်မှောက်ဘဝတွင် ခံစားကြရသည့်ဆိုးကျိုးသာ၊ နောင်တမလွန်ဘဝတွင် ခံစားကြရမည့် ပြစ်ဒဏ်ကား ထို့ထက်ပင် အတိုင်းမသိ ပိုမိုဆိုးရွားလှပေမည်။

[၁] မည်သူမည်ဝါ၏ ဇင်ဒဂီသက်တမ်းသည် မည်ရွေ့မည်မျှဖြစ်သည်ကို အလ္လာဟ်အရှင်မြတ်၏ "လောင်ဝ်ဟ် မဟ်ဖုဇ်" မှတ်တမ်းတော်တွင် အတိအကျ ရေးမှတ်ထားပြီး ဖြစ်သည်။ ထိုအရှင်မြတ်သည် သက်တမ်းရှည်ခြင်း၊ သက်တမ်းတိုခြင်း၏ အကြောင်းများကို သိတော်မူသည်။ မည်သူမည်ဝါသည် သတ်မှတ်ထားပြီးဖြစ်သည့် သက်တမ်းသို့ ရောက်မည်မရောက်မည်ကိုလည်း အတိအကျသိတော်မူသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် စကြဝဠာခပ်သိမ်း၌ ဖြစ်ပျက်သမျှတို့ကို ခရေစေ့တွင်းကျ အသေးစိတ် သိမြင်တော်မူသည်ဟူ၏။

فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ⑫

ထိုမှတပါး အသင်တို့သည် ထိုအရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို ရှာဖွေဆည်းပူးကြအံ့သောငှာ ထိုပင်လယ်၌ သင်္ဘောများ ရေကိုခွဲ၍ သွားလာလျက် ရှိကြသည်ကိုလည်း အသင်သည် တွေ့မြင်ရပေမည်။ သို့မှာသာလျှင် အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြအံ့သတည်း။

يُوْلِجُ الَّيْلَ فِى النَّهَارِ وَيُوْلِجُ النَّهَارَ فِى الَّيْلِ ۗ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ۗ كُلٌّ يَّجْرِىْ لِاَجَلٍ مُّسَمًّى ۗ ذٰلِكُمُ اللّٰهُ رَبُّكُمْ لَهُ الْمُلْكُ ۗ وَالَّذِيْنَ تَدْعُوْنَ مِنْ دُوْنِهٖ مَا يَمْلِكُوْنَ مِنْ قِطْمِيْرٍ ⑬

၁၃။ ထိုအရှင်မြတ်သည် (အချို့သောရာသီဥတု၌) ညဉ့်၏(အစိတ်အပိုင်းအချို့ကို) နေ့၏အတွင်းသို့ ဝင်စေတော်မူ၍ (အချို့သောရာသီဥတု၌မူ) နေ့၏(အချို့သော အစိတ်အပိုင်း)ကို ညဉ့်၏အတွင်းသို့ ဝင်စေတော်မူ၏။ ထိုမှတပါး ထိုအရှင်မြတ်သည် "သူရိယ" နေကိုလည်းကောင်း၊ လ 'စန္ဒာ' ကိုလည်းကောင်း၊ ပိုင်နိုင်စွာ ခိုင်းစေထားတော်မူရာ/အကျိုးပြုထားစေတော်မူရာ (ယင်း 'သူရိယ' နေနှင့် လ 'စန္ဒာ') အသီသီးတို့မှာ သတ်မှတ်ပြဋ္ဌာန်းထားသော အချိန်ကာလတိုင်အောင် လှုပ်ရှားသွားလာလျက်ပင် ရှိကြပေသည်။

ဤသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။ စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ သို့ရာတွင် ထိုအရှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ်တသလျက် ရှိကြကုန်သော သူတို့မှာမူကား စွန်ပလွံစေ့၌ကပ်လျက်ရှိသော အမြွှေးခန့်မျှပင် ပိုင်ဆိုင်ကြသည် မဟုတ်ပေ။

اِنْ تَدْعُوْهُمْ لَا يَسْمَعُوْا دُعَآءَكُمْ ۚ وَلَوْ سَمِعُوْا مَا

၁၄။ အသင်တို့သည် အကယ်၍ ၎င်းတို့အား ဟစ်ခေါ်ကြပါလျှင် ၎င်းတို့သည် ကြားကြမည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍ ကြားခဲ့ကြငြားသော်လည်း အသင်တို့အား ပြန်၍ထူးကြမည် မဟုတ်ပေ။

(ပြုလုပ်ဖြည့်စွမ်းပေးနိုင်ကြမည်မဟုတ်ပေ)။ ထိုမှတပါး "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင်မူ ၎င်းတို့သည် အသင်တို့၏ တွဲဖက်ကိုးကွယ်မှုကိုပင် ငြင်းပယ်ကြပေမည်။ စင်စစ်သော်ကား အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်ကဲ့သို့ မည်သူတစ်ဦး တစ်ယောက်မျှပင် အသင့်အား ထုတ်ဖော်၍ ပြောကြားမည် မဟုတ်ပြီ။

اسْتَجَابُوا لَكُمْ وَيَوْمَ الْقِيَامَةِ يَكْفُرُونَ بِشِرْكِكُمْ ۚ وَلَا يُنَبِّئُكَ مِثْلُ خَبِيرٍ ﴿١٤﴾

၁၅။ အိုဝ်-လူအပေါင်းတို့၊ အသင်တို့သည်(သာလျှင်)(မိမိတို့၏ကိစ္စအရပ်ရပ်တွင်) အလွှာဟ်အရှင်မြတ်အား လိုလား တောင့်တကြရသူများပင် ဖြစ်ကြကုန်၏။ သို့ရာတွင် အလွှာဟ်အရှင်မြတ်မှာမူကား လိုလားတောင့်တခြင်း လုံးဝ ကင်းမဲ့သောအရှင်၊ ချီးမွမ်းအပ်သော "ဝိသေသ" ဂုဏ်ထူးနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူ၏။

يَا أَيُّهَا النَّاسُ أَنْتُمُ الْفُقَرَاءُ إِلَى اللَّهِ ۖ وَاللَّهُ هُوَ الْغَنِيُّ الْحَمِيدُ ﴿١٥﴾

၁၆။ အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား ပယ်ရှားတော်မူ၍ အဖန်ဆင်းခံအသစ်ကို ယူလာတော်မူနိုင်၏။

إِنْ يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيدٍ ﴿١٦﴾

၁၇။ စင်စစ်သော်ကား ဤသည် အလွှာဟ်အရှင်မြတ်၌ (လုံးဝ) ခဲယဉ်းသည် မဟုတ်ပြီ။ [၁]

وَمَا ذَٰلِكَ عَلَى اللَّهِ بِعَزِيزٍ ﴿١٧﴾

---

① အလွှာဟ်အရှင်မြတ် အလိုတော်ရှိပါက သင်တို့အား ဖယ်ရှား၍ အသင်တို့နေရာ၌ အခြားအဖန်ဆင်းခံအသစ်များကို ဖန်ဆင်းတော်မူနိုင်ပေသည်။ ထိုအဖန်ဆင်းခံ အသစ်များသည် ထိုအရှင်မြတ်၏ အမိန့်တော်များကို ကောင်းကင်တမန်များပမာ မြေဝယ်မကျနှာခံကြပေမည်။ ဤသို့ပြုလုပ်ရန် အလွှာဟ်အရှင်မြတ်၌ မည်သို့မျှ အခက်အခဲမရှိ၊ သို့ရာတွင် ထိုအရှင်မြတ်သည် ဤစကြာဝဠာ၌ အဆိုးအကောင်းအားလုံးတို့အား နေထိုင်ခွင့်ပြုထားတော်မူခြင်းမှာ ကောင်းသူများ ကောင်းကျိုးစီ၍ မကောင်းသူများ ဆိုးကျိုးခံရန်ပင်ဖြစ်သည်။ ဤသို့ဖြင့် အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်များသည် ထင်ရှားလာပေသည်။ [ကြည့်-ကုရ်အာန်(၅:၅၄)]

وَ لَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ؕ وَ اِنْ تَدْعُ مُثْقَلَةٌ اِلٰى حِمْلِهَا لَا يُحْمَلْ مِنْهُ شَيْءٌ وَّ لَوْ كَانَ ذَا قُرْبٰى ؕ اِنَّمَا تُنْذِرُ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ وَ اَقَامُوا الصَّلٰوةَ ؕ وَ مَنْ تَزَكّٰى فَاِنَّمَا يَتَزَكّٰى لِنَفْسِهٖ ؕ وَ اِلَى اللّٰهِ الْمَصِيْرُ ﴿۱۸﴾

၁၈။ အမှန်စင်စစ်သော်ကား မည်သည့် ဝန်ထုပ်ထမ်းသောသူ (အပြစ်ရှိနေသူ) တစ်စုံတစ်ယောက်မျှပင် သူတပါး၏ ဝန်ထုပ်ကိုသယ်ပိုး ထမ်းဆောင်မည်မဟုတ်ပေ။ ၎င်းပြင် အကယ်၍ ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးလျက်ရှိသူ တစ်ဦးတစ်ယောက်သည် တစ်စုံတစ်ယောက်အား မိမိဝန်ထုပ်ကို သယ်ပိုး ထမ်းဆောင်ခြင်းငှာ ဟစ်ခေါ်ငြားသော်လည်း ထိုဟစ်ခေါ်ခြင်းခံရသောသူသည် ၎င်း၏ ဆွေရင်းသားရင်း ဖြစ်ခဲ့သည့်တိုင်အောင် ထိုဝန်ထုပ်မှ အနည်းငယ် စိုးစဉ်းကိုမျှပင် သယ်ပိုးထမ်းဆောင်မည် မဟုတ်ပေ။

(အို-နဗီတမန်တော်၊) အသင်သည် မိမိတို့၏ အရှင်မြတ်အား မမြင်ဘဲလျက် ကြောက်ရွံ့ကြကုန်သော၊ "ဆွာလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြကုန်သောသူတို့အားသာလျှင် သတိပေး နှိုးဆော်နိုင်ပေသည်။ အမှန်သော်ကား မည်သူမဆို စင်ကြယ်သန့်ရှင်းခဲ့ပါမူ ထိုသူသည် မိမိအကျိုးငှာ စင်ကြယ်သန့်ရှင်းခဲ့သည်သာဖြစ်၏။ ထိုမှတပါး အလွှာဟ် အရှင်မြတ်အထံတော်သို့သာလျှင် နောက်ဆုံး ပြန်ကြရကုန်အံ့သတည်း။

وَ مَا يَسْتَوِي الْاَعْمٰى وَ الْبَصِيْرُ ﴿۱۹﴾ۙ

၁၉။ ၎င်းပြင် မျက်စိကန်းသူနှင့် မျက်စိမြင်သောသူသည် မတူပေ။

وَ لَا الظُّلُمٰتُ وَ لَا النُّوْرُ ﴿۲۰﴾ۙ

၂၀။ ထိုနည်းတူစွာ အမှောင်ထုနှင့် အလင်းရောင်သည်လည်း မတူပေ။

وَ لَا الظِّلُّ وَ لَا الْحَرُوْرُ ﴿۲۱﴾ۚ

၂၁။ ထို့ပြင် အရိပ်အာဝါသနှင့် နေ၏ အပူရှိန်သည်လည်း မတူပေ။

وَمَا يَسْتَوِي الْأَحْيَاءُ وَلَا
الْأَمْوَاتُ ۚ إِنَّ اللَّهَ يُسْمِعُ
مَنْ يَشَاءُ ۖ وَمَا أَنْتَ بِمُسْمِعٍ
مَنْ فِي الْقُبُورِ ﴿٢٢﴾
إِنْ أَنْتَ إِلَّا نَذِيرٌ ﴿٢٣﴾

إِنَّا أَرْسَلْنَاكَ بِالْحَقِّ
بَشِيرًا وَنَذِيرًا ۚ وَإِنْ مِنْ
أُمَّةٍ إِلَّا خَلَا فِيهَا نَذِيرٌ ﴿٢٤﴾

၂၂။ ထိုမှတပါး အသက်ရှင်သူများနှင့် သေသူများ သည်လည်း မတူကြချေ။ [၁] ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် မိမိအလိုရှိတော်မူသေသူအား ကြားစေ တော်မူ၏။ သို့ရာတွင် အသင်သည် သချိုင်းများတွင် ရှိသူတို့အား ကြားစေနိုင်သည် မဟုတ်ပေ။ [၂]

၂၃။ အသင်သည် သတိပေးနှိုးဆော်သူ တစ်ဦးမျှ သာ ဖြစ်၏။

၂၄။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား အမှန်တရားနှင့်တကွ ဝမ်းမြောက်ဖွယ် သတင်း ပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော် သူအဖြစ်လည်းကောင်း၊ စေလွှတ်တော်မူခဲ့၏။ စင်စစ် သော်ကား သာသနာဝင်အုပ်စုတိုင်း၌ပင် သတိပေး နှိုးဆော်သူတစ်ဦး ပွင့်ရောက်ခဲ့သည်သာ ဖြစ်၏။

---

① "မျက်ကန်းနှင့် မျက်စိမြင်သူမတူ" (၀၊၁) ကာဖိရ်နှင့် မုအ်မင်နှ်မတူ၊ "အမှောင်နှင့်အလင်းမတူ" (၀၊၁) အမှားနှင့်အမှန်မတူ၊ "အရိပ်နှင့် နေပူမတူ" (၀၊၁) ကောင်းကျိုးနှင့် ဆိုးကျိုးမတူ၊ အသက်ရှင်သူနှင့် သေသူမတူ (၀၊၁) မုအ်မင်နှ်နှင့်ကာဖိရ် မတူ၊ တနည်း ပညာရှိသူနှင့် ပညာမဲ့သူမတူ၊

ဆိုလိုသည်ကား မုအ်မင်နှ်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် စိတ်၏အလင်းရ၏။ အမှန်တရား၏ အလင်းရောင်တွင် သွားလာ၏။ ဂျန္နတ်၏ အရိပ်ကိုခို၏။ ကာဖိရ်မူကား စိတ်နလုံးကန်း၏။ မိစ္ဆာမှောင်များတွင် တဝဲလည်လည်ဖြစ်နေ၏။ ဂျဟန္နမ်၏ မီးအပူခံရ၏။ သို့ဖြစ်ရာ မုအ်မင်နှ်နှင့် ကာဖိရ်သည် အသို့လျှင် တူနိုင်အံ့နည်း။

စစ်မှန်သော ထာဝစဉ်တည်ရှိမည်ဖြစ်သော အသက်ရှင်မှုသည် "အီမာန်" တည်းဟူသော အသက်ဝိညာဉ်ဖြင့်သာလျှင် ရရှိနိုင်ပေသည်။ အီမာန်တည်းဟူသော အသက်ဝိညာဉ်မရှိပါက လူသားသည် ထောင်ပေါင်းများစွာသော သူသေများထက်ပင် ဆိုးရွားပေသည်။

② အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူပါက သချိုင်းများတွင် မြုပ်နှံထားသော သူသေများကိုပင် ကြားသိစေတော်မူနိုင်သည်။ ဤသည့် စွမ်းရည်သတ္တိသည် အလ္လာဟ်အရှင်မြတ်၌သာရှိသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သူ၌မျှ ယင်းသည့် စွမ်းရည်သတ္တိအလျှင်းမရှိ။

တမန်တော်များ၏ တာဝန်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ မိမိတို့ထံကျရောက်လာသော ဒေသနာတော်များကို သက်ဆိုင်ရာအမျိုးသားတို့ထံ ပို့ပေးရန်သာဖြစ်သည်။ စိတ်နလုံးသေနေသော ကာဖိရ်တစ်ဦးက တမန်တော်၏စကားကို နားမထောင်သည်ကို နားထောင်လာစေရန် ထိုတမန်တော် မည်သို့မျှမပြုစွမ်းနိုင်ပေ။

وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَ
الَّذِينَ مِن قَبْلِهِمْ ۚ جَاءَتْهُمْ
رُسُلُهُم بِالْبَيِّنَاتِ وَبِالزُّبُرِ
وَبِالْكِتَابِ الْمُنِيرِ ﴿٢٥﴾

၂၅။ ထို့ပြင် အကယ်၍ ၎င်းတို့သည် အသင့်အား မုသာဝါဒီဟူ၍ စွပ်စွဲငြင်းပယ်ကြလျှင် အမှန်စင်စစ် ၎င်းတို့အလျင် ရှိခဲ့ဘူးကြသော ရှေးသူဟောင်းတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထို(ရှေးသူဟောင်း)တို့ထံ ၎င်းတို့၏ ရဏ္ဍလ တမန်တော်များသည် ထင်ရှားစွာသော သက်သေလက္ခဏာများကိုလည်းကောင်း၊ ကျမ်းငယ်များကိုလည်းကောင်း၊ ကျမ်းကြီးများကိုလည်းကောင်း၊ ယူဆောင်၍ လာခဲ့ကြကုန်၏။

ثُمَّ أَخَذْتُ الَّذِينَ كَفَرُوا
فَكَيْفَ كَانَ نَكِيرِ ﴿٢٦﴾

၂၆။ ထိုနောက် ငါအရှင်မြတ်သည် သွေဖည်ငြင်းပယ်ခဲ့ကုန်သောသူတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့ရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ရှိခဲ့ပေသနည်း။

أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ
السَّمَاءِ مَاءً فَأَخْرَجْنَا بِهِ
ثَمَرَاتٍ مُّخْتَلِفًا أَلْوَانُهَا ۚ
وَمِنَ الْجِبَالِ جُدَدٌ بِيضٌ
وَحُمْرٌ مُّخْتَلِفٌ أَلْوَانُهَا
وَغَرَابِيبُ سُودٌ ﴿٢٧﴾

၂၇။ အသင်သည် မမြင်ခဲ့လေသလော၊ ဧကန်မလွဲ ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ထိုရေဖြင့် အရောင်အသွေး အမျိုးမျိုး ကွဲပြားခြားနားသော သစ်သီးဝလံများကို ထွက်(ဖူး၊ ပွင့်၊ သီး) စေတော်မူခဲ့၏။

ထိုနည်းတူစွာ တောင်များ၌လည်း တောင်ကြားလမ်းများရှိကြပေရာ အချို့မှာအဖြူများဖြစ်၍ အချို့မှာ အနီများဖြစ်ကြသည့်ပြင်၊ ၎င်းတို့၏ အရောင်များမှာ အထူးထူး အပြားပြား ဖြစ်ကြ၏။ အချို့မှာလည်း အလွန်မည်းနက်၏။

وَمِنَ النَّاسِ وَالدَّوَابِّ
وَالْأَنْعَامِ مُخْتَلِفٌ أَلْوَانُهُ

၂၈။ ထိုမှတပါး လူတို့တွင်လည်းကောင်း၊ သက်ရှိသတ္တဝါတို့တွင်လည်းကောင်း၊ ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တို့တွင်လည်းကောင်း၊ ထိုနည်းအတိုင်းပင် အရောင်အဆင်းအမျိုးမျိုးရှိကြပေသည်။

كَذَٰلِكَ إِنَّمَا يَخْشَى اللَّهَ مِنْ عِبَادِهِ الْعُلَمَاءُ ۗ إِنَّ اللَّهَ عَزِيزٌ غَفُورٌ ﴿٢٨﴾

အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်၏ ကျွန်တို့အနက် 'အာလင်မ်' ပညာရှင်များသာလျှင် ကြောက်ရွံ့ကြကုန်၏။[၁] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ နိုင်နင်းလွန်းမိုးတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

إِنَّ الَّذِينَ يَتْلُونَ كِتَابَ اللَّهِ وَأَقَامُوا الصَّلَاةَ وَأَنْفَقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً يَرْجُونَ تِجَارَةً لَنْ تَبُورَ ﴿٢٩﴾

၂၉။ ဧကန်အမှန် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော် ကျမ်းဂန်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ၎င်းပြင် "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ထိုမှတပါး ထိုသူတို့အား ငါအရှင်မြတ် ချီးမြှင့် ပေးသနားတော်မူခဲ့သည့် (ပစ္စည်းဥစ္စာ)များအနက်မှ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ပေါ်စွာသော်လည်းကောင်း၊ လှူဒါန်းကြကုန်၏။ ထိုသူတို့ကား အလျှင်း ဆုံးရှုံး ပျက်စီးမည် မဟုတ်သော ရောင်းဝယ်ဖောက်ကားမှုမျိုးကို မျှော်လင့်တောင့်တလျက် ရှိကြကုန်၏။ [၂]

---

① **အလ္လာဟ်အရှင်မြတ်အား "အာလင်မ်" ပညာရှင်များသာ ကြောက်ရွံ့ခန့်ညားသည်၊**

လူသားတို့တွင် အလ္လာဟ်အရှင်မြတ်အား မကြောက်ရွံ့ မခန့်ညားသူများလည်းရှိ၏။ ကြောက်ရွံ့ခန့်ညားသူများလည်းရှိ၏။ အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိ ကြီးကဲမြင့်မြတ်မှု၊ တန်ခိုးကြီးမားမှု၊ နောင်တမလွန်ဘဝ၏ ထာဝရတည်ရှိမှုနှင့် ဤပစ္စက္ခဘဝ၏သခ်ါရဖြစ်မှု၊ မတည်မြဲမှုများကို နားလည်သဘောပေါက်ကြသော၊ မိမိတို့အရှင်သခင်၏ ဒေသနာတော်များဆိုင်ရာ အသိပညာများကို ဆည်းပူး၍ နောင်ရေးအတွက်ပူပန်ကြသော ပုဂ္ဂိုလ်များသာလျှင် ထိုအရှင်မြတ်အား ကြောက်ရွံ့ခန့်ညားကြပေသည်။ လူသားတစ်ဦးသည် ဤသည့်နားလည်မှုအသိပညာရှိသည်နှင့်အမျှသာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခန့်ညားသည်။သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်အား မကြောက်ရွံ့မခန့်ညားသော ပညာရှင်တစ်ဦးအား "အာလင်မ်" ပညာရှင်ဟူ၍ပင် မခေါ်အပ်ပေ။

② ဤအာယတ်တော်တွင် လာရှိသည့် "အလျှင်းဆုံးရှုံး ပျက်စီးမည်မဟုတ်သော ရောင်းဝယ်ဖောက်ကားမှု" ဟူသည် ဂျန္နတ်၏ ထာဝရအမတသုခများကို ဆိုလိုသည်။ကြည့်-မာဂျီဒီ။

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသော ပုဂ္ဂိုလ်များသည် ထိုအရှင်မြတ်၏ ကျမ်းဂန်ကို ရိုသေလေးမြတ်စွာ ရွတ်ဖတ်ကြသည်။ ဆွလာတ်ဝတ်ပြုမှုကို စနစ်တကျအခါမပြတ် ဆောက်တည်ကြသည်။ ၎င်းတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းများကိုလည်း လျှို့ဝှက်စွာတနည်း၊ ➤➤

لِيُوَفِّيَهُمْ أُجُورَهُمْ وَيَزِيدَهُم مِّن فَضْلِهِ ۚ إِنَّهُ غَفُورٌ شَكُورٌ ﴿٣٠﴾

၃၀။ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏အကျိုးများ ပြည့်စုံစွာ ချီးမြှင့် ပေးသနားတော်မူသည့်အပြင် မိမိကျေးဇူးတော်နှင့် ၎င်းတို့အား ပိုမို၍ပင် ချီးမြှင့်တော်မူပေမည်။

စင်စစ်ဧကန် ထိုအရှင်မြတ်သည် အလွန်တရာခွင့်လွှတ် ချမ်းသာပေးတော်မူသော၊ အလွန်တရာရက်ရောစွာ ကျေးဇူးတုံ့ပြန်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَالَّذِيٓ أَوْحَيْنَآ إِلَيْكَ مِنَ الْكِتَٰبِ هُوَ الْحَقُّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ ۗ إِنَّ اللَّهَ بِعِبَادِهِۦ لَخَبِيرٌۢ بَصِيرٌ ﴿٣١﴾

၃၁။ စင်စစ်သော်ကား အသင့်ထံ ငါအရှင်မြတ်ထုတ်ပြန်တော်မူသော (ဤ)ကျမ်းဂန်သည် လုံးဝအမှန်ဖြစ်၏။ (ထိုကျမ်းဂန်သည်) မိမိအလျင် (ကျရောက်ခဲ့ဖူးသော) ကျမ်းဂန်များကိုလည်း မှန်ကန်သည်ဟု ထောက်ခံလျက်ရှိ၏။

မုချအမှန် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန်တို့နှင့် ပတ်သက်၍ အလွန်တရာ ကြားသိတော်မူသော၊ အလွန်တရာ သိမြင်တော်မူသော၊ အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

➤➤ ထင်ရှားစွာတဖုံ ပေးကမ်းလှူဒါန်းကြသည်။ ယင်းသို့သော ပုဂ္ဂိုလ်မွန်များသည် မည်သည့်အခါ၌မျှ အလျှင်း ဆုံးရှုံးမည်မဟုတ်သော ရောင်းဝယ်ဖောက်ကားမှု (၀၊) ဂျန္နတ်၏ ထာဝရအမတသုခများကို မျှော်ကိုးစောင့်စားလျက် ရှိကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ ကုသိုလ်အကျိုးများကို အပြည့်အဝ ချီးမြှင့်တော်မူသည်သာမက မိမိ၏ကျေးဇူးတော်ဖြင့် ပိုမို၍ချီးမြှင့်တော်မူဦးမည်ဖြစ်သည်။

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ အခြေအနေအရပ်ရပ်ကို ကြွင်းမဲ့ညဿဲအလုံးစုံကို သိတော်မူသည်၊ မြင်တော်မူသည်။ သို့သိမြင်တော်မူသည့် အလျောက် လျော်ကန်သင့်မြတ်သော အချိန်တွင် လျော်ကန်သင့်မြတ်သော၊ မှန်ကန်တိကျသော ကုရ်အာန်ကျမ်းတော်မြတ်ကို တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ထံ ထုတ်ပြန်ပို့ချတော် မူခြင်းဖြစ်သည်။ ဤကျမ်းမြတ်သည် မိမိအလျင် ကျရောက်ခဲ့သော ဟောင်ရာတ်၊ အင်နဂျီလ်၊ ဇဗူရ် -- စသည့်ကျမ်းဂန်များ၏ မှန်ကန်သော မူများကိုလည်း မှန်ကန်ကြောင်း ထောက်ခံလျက်ရှိသည်။

ثُمَّ أَوْرَثْنَا الْكِتَٰبَ الَّذِينَ اصْطَفَيْنَا مِنْ عِبَادِنَا ۖ فَمِنْهُمْ ظَالِمٌ لِّنَفْسِهِ ۖ وَمِنْهُمْ مُّقْتَصِدٌ ۖ وَمِنْهُمْ سَابِقٌۢ بِالْخَيْرَٰتِ بِإِذْنِ اللَّهِ ۚ ذَٰلِكَ هُوَ الْفَضْلُ الْكَبِيرُ ﴿٣٢﴾

၃၂။ ထို့နောက် ငါအရှင်မြတ်သည် မိမိကျွန်များအနက်မှ ငါအရှင်မြတ် ရွေးချယ်တော်မူသောသူတို့အား (ဤ)ကျမ်းဂန်ကို အမွေအဖြစ် ချီးမြှင့်ပေးသနားတော်မူ၏။ သို့ရာတွင် ၎င်းတို့အနက်အချို့မှာ မိမိကိုယ်ကို မိမိရက်စက်သောသူရှိ၏။ အချို့မှာ မဇ္ဈိမဋ္ဌိပဒါစနစ်ကို လိုက်နာသူရှိ၏။ အချို့မှာကား အလွှာဟ် အရှင်မြတ်၏အမိန့်တော်ဖြင့် ကောင်းမှုများနှင့်တကွ ရှေ့မသွားသူရှိ၏။ ဤသည်ကား ကြီးကျယ်စွာသော ကျေးဇူးတော်ပင်ဖြစ်ပေသတည်း။ ၁

---

① **ကုရ်အာန်၏ အမွေခံအုပ်စု။**

အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း အလွှာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဦးစွာသထမ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား ချီးမြှင့်တော်မူ၏။ ကိုယ်တော်မြတ်၏နောက် ထိုအရှင်မြတ်သည် မိမိ၏ကျွန်များအနက်၊ မုစ်လင်မ်အုပ်စုကြီးအား ကုရ်အာန်ကျမ်းမြတ်၏ အမွေဆက်အမွေခံအဖြစ် ချီးမြှင့်မြောက်စားထားတော်မူ၏။ ဤကားကြီးကဲမြင့်မြတ်လှသော ကျေးဇူးတော်ပင်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့်၊ ကုရ်အာန်ကျမ်းမြတ်၏ အမွေဆက်၊ အမွေခံဖြစ်သော မုစ်လင်မ်အုပ်စုကြီးသည် အခြားအုပ်စုများထက် ထူးကဲမြင့်မြတ်သည်မှာ ထင်ရှားလှပေသည်။ သို့ပင်တစေ၊ မုစ်လင်မ်အုပ်စုကြီးတွင် မုစ်လင်မ်အားလုံးတို့သည် တမျိုးတစားတည်း မဟုတ်ကြပေ။ မှန်ကန်တိကျသော အီမာန်ယုံကြည်မှုတွင် တူညီကြသော်လည်း၊ ၎င်းတို့တွင်၊

၁။ ပြစ်မှုများတွင် နစ်မွန်း၍ မိမိတို့ကိုယ်ကို မိမိတို့ကျူးကျော်စော်ကား သူများလည်းရှိကြပေသည်။

၂။ ပြစ်မှုများတွင် နစ်မွန်းကြသည်လည်းမဟုတ်၊ သူတော်စင်ကြီးများလည်းမဟုတ်၊ အလယ်အလတ် လမ်းစဉ်ကို လိုက်နာကျင့်သုံး သူများလည်း ရှိကြပေသည်။

၃။ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ပါပ၊ ညစ်ကျူးမကောင်းမှုအစုစုကို အရှောင်ကြီးရှောင်၍ ကုသိုလ်ကောင်းမှုအစုစုကို သူတစ်ပါးတို့ထက်သာအောင် ကြိုးပမ်းသယ်ပိုးသူများလည်း ရှိကြပေသည်။ ဤမည်သော မုစ်လင်မ်တို့ကား မုစ်လင်မ်တို့တွင် အကောင်းဆုံးနှင့် အမြင့်မြတ်ဆုံးပင် ဖြစ်ကြပေသည်။

ဖော်ပြပါ မုစ်လင်မ်သုံးမျိုးသုံးစားတွင် အကောင်းဆုံးသည် အကောင်းဆုံးပင်၊ အလတ်သည် အလတ်ပင်၊ အညံ့သည် အညံ့ပင်။ အညံ့စား မုစ်လင်မ်များသည်လည်း တိကျမှန်ကန်သော အီမာန်ယုံကြည်မှုကြောင့် မုစ်လင်မ်များပင်ဖြစ်ကြပေရာ၊ နောက်ဆုံးတွင် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ဂျန္နတ်သို့ ဝင်ရောက်စံမြန်းကြရမည်သာတည်း။ (تَوَفَّنِي مُسْلِمًا وَأَلْحِقْنِي بِالصَّالِحِينَ)

(အလွှာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးဝို့အား မုစ်လင်မ်အုပ်စုကြီးတွင် အသက်ထက်ဆုံး ပါဝင်တွဲဘက် ထားတော်မူပါစေသတည်း)။

جَنَّٰتُ عَدۡنٖ يَدۡخُلُونَهَا يُحَلَّوۡنَ فِيهَا مِنۡ أَسَاوِرَ مِن ذَهَبٖ وَلُؤۡلُؤٗاۖ وَلِبَاسُهُمۡ فِيهَا حَرِيرٞ ٣٣

၃၃။ ထာဝစဉ် နေထိုင်ရအံ့သော ဥယျာဉ်များပင်၊ ၎င်းတို့သည် ယင်းဥယျာဉ်များ၌ ဝင်ရောက်ကြပေမည်။ ထိုသူတို့သည် ယင်းဥယျာဉ်များ၌ ရွှေလက်ကောက်များဖြင့်လည်းကောင်း၊ ပုလဲများဖြင့်လည်းကောင်း၊ တန်ဆာ ဆင်ယင်ပေးခြင်းကို ခံကြရပေမည်။ ထိုမှတပါး ယင်းဥယျာဉ်များ၌ ၎င်းတို့၏ ဝတ်စားတန်ဆာမှာ ပိုးအဝတ်အထည်ပင် ဖြစ်ပေမည်။

وَقَالُواْ ٱلۡحَمۡدُ لِلَّهِ ٱلَّذِيٓ أَذۡهَبَ عَنَّا ٱلۡحَزَنَۖ إِنَّ رَبَّنَا لَغَفُورٞ شَكُورٌ ٣٤

၃၄။ ထိုမှတပါး ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ "ချီးမွမ်းခြင်း ထောပနာအပေါင်းတို့သည် ကျွန်တော်မျိုးတို့မှ ပူပင်သောကကို ပယ်ဖျောက်စေတော်မူသော အလ္လာဟ်အရှင်မြတ်နှင့် သာသက်ဆိုင်၏။ မလွဲဧကန် ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုံ့ပြန်တော်မူသော အရှင်အမှန်ပင် ဖြစ်တော်မူ၏။"

ٱلَّذِيٓ أَحَلَّنَا دَارَ ٱلۡمُقَامَةِ مِن فَضۡلِهِۦ لَا يَمَسُّنَا فِيهَا نَصَبٞ وَلَا يَمَسُّنَا فِيهَا لُغُوبٞ ٣٥

၃၅။ အကြင် အရှင်မြတ်သည် မိမိကျေးဇူးတော်နှင့် ကျွန်တော်မျိုးတို့အား အမြဲထာဝရ နေရအံ့သော ဌာန၌ နေရာချပေးတော်မူ၏။ ထိုဌာနတွင် ကျွန်တော်မျိုးတို့၌ မည်သည့်ပင်ပန်းမှုမျှလည်း သက်ရောက်မည်မဟုတ်ပေ။ ထိုမှတပါး ကျွန်တော်မျိုးတို့၌ ထိုဌာနတွင် မည်သည့်ငြီးငွေ့မှုမျှလည်း သက်ရောက်မည်မဟုတ်ပေတကား။

وَٱلَّذِينَ كَفَرُواْ لَهُمۡ نَارُ جَهَنَّمَۖ لَا يُقۡضَىٰ عَلَيۡهِمۡ

၃၆။ သို့ရာတွင် "ကာဖိရ်" သွေဖည်ငြင်းပယ်သူတို့အဖို့ "ဂျဟန္နမ်" ငရဲဘုံ၏ မီးသည်ရှိပေမည်။ ၎င်းတို့အပေါ်၌ ၎င်းတို့ သေဆုံးနိုင်ကြအံ့သောငှာ အမိန့်တော် ပြဋ္ဌာန်းခြင်းခံရမည်လည်း မဟုတ်ပေ၊

فَيَمُوتُوا۟ وَلَا يُخَفَّفُ عَنْهُم مِّنْ عَذَابِهَا ۚ كَذَٰلِكَ نَجْزِى كُلَّ كَفُورٍ ﴿٣٦﴾

ယင်းငရဲဘုံ၏ပြစ်ဒဏ်သည် ၎င်းတို့မှ ပေါ့လျော့စေခြင်း ခံရမည်လည်း မဟုတ်ပေ။ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် သွေဖည်သူတိုင်းကို အစားပေးတော်မူသည်။

وَهُمْ يَصْطَرِخُونَ فِيهَا رَبَّنَآ أَخْرِجْنَا نَعْمَلْ صَٰلِحًا غَيْرَ ٱلَّذِى كُنَّا نَعْمَلُ ۚ أَوَلَمْ نُعَمِّرْكُم مَّا يَتَذَكَّرُ فِيهِ مَن تَذَكَّرَ وَجَآءَكُمُ ٱلنَّذِيرُ ۖ فَذُوقُوا۟ فَمَا لِلظَّٰلِمِينَ مِن نَّصِيرٍ ﴿٣٧﴾

၃၇။ ထို့ပြင် ၎င်းတို့သည် ယင်း "ဂျဟန္နမ်" ငရဲဘုံ၌ "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (ဤငရဲဘုံမှ)ထုတ်တော်မူပါ၊ ကျွန်တော်မျိုးတို့သည် မိမိတို့ ပြုလုပ်လျက် ရှိခဲ့ကြသော အပြုအမူများမှ တပါး၊ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ကြပါမည်" ဟု ဟစ်အော်(လျှောက်ထား)ကြပေမည်။

ထိုအခါ) ၎င်းတို့သည် ဤသို့ ပြန်ကြားတော်မူခြင်းကို ခံကြရပေမည်)၊ ငါအရှင်မြတ်သည် စဉ်းစား ဆင်ခြင်လိုသောသူများ စဉ်းစားဆင်ခြင်နိုင်လောက်သော သက်တမ်းကို အသင်တို့အား ပေးတော်မူခဲ့သည် မဟုတ်ပါလော။ ထိုမှတပါး၊ အသင်တို့ထံသတိပေး နှိုးဆော်သူလည်း ရောက်ရှိခဲ့သည် (မဟုတ်ပါလော)။ သို့ဖြစ်ပေရာ (ယခုမူ) အသင်တို့သည် (ပြစ်ဒဏ်၏အရသာကို) မြည်စမ်းကြလေကုန်။ စင်စစ်မတရားသော သူတို့၏အဖို့ ကူညီယိုင်းပင်းမည့်သူ ဟူ၍ အလျှင်းမရှိပြီတကား။

إِنَّ ٱللَّهَ عَٰلِمُ غَيْبِ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ

၃၈။ မလွဲမသွေကန် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များ၌ ဖုံးအုပ်လျက်ရှိသည်တို့ကိုလည်းကောင်း၊ ပထဝီမြေ၌ဖုံးအုပ်လျက်ရှိသည်တို့ကိုလည်းကောင်း၊ သိတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။

إِنَّهُۥ عَلِيمٌۢ بِذَاتِ ٱلصُّدُورِ ﴿٣٨﴾

ဧကန်စင်စစ် ထိုအရှင်မြတ်သည် စိတ်နှလုံးများ၌ ရှိသည်တို့ကို ကောင်းစွာ သိရှိတော်မူသော အရှင် ဖြစ်တော်မူ၏။

هُوَ ٱلَّذِى جَعَلَكُمْ خَلَٰٓئِفَ فِى ٱلْأَرْضِ ۚ فَمَن كَفَرَ فَعَلَيْهِ كُفْرُهُۥ ۖ وَلَا يَزِيدُ ٱلْكَٰفِرِينَ كُفْرُهُمْ عِندَ رَبِّهِمْ إِلَّا مَقْتًا ۖ وَلَا يَزِيدُ ٱلْكَٰفِرِينَ كُفْرُهُمْ إِلَّا خَسَارًا ﴿٣٩﴾

၃၉။ ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ကမ္ဘာမြေ၌ ရိုက်ရာဆက်ခံသူများအဖြစ် ပြုလုပ်တော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ မည်သူမဆို ကျေးဇူးကန်းခဲ့ပါမူ ၎င်း၏ ကျေးဇူးကန်းမှု(၏ အပြစ်)သည် ၎င်း၏ အပေါ်၌သာ ကျရောက်ပေမည်။

စင်စစ်သော်ကား "ကာဖိရ်" သွေဖည်ငြင်းပယ်သူတို့အပေါ်၌ ၎င်းတို့၏သွေဖည်မှုသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်တွင် မုန်းတီး စက်ဆုပ်မှုကိုသာလျှင် တိုးပွားစေမည်ဖြစ်၏။ ထိုနည်းတူစွာ "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့၌ ၎င်းတို့၏ သွေဖည်မှုသည် ဆုံးရှုံးမှုကိုသာလျှင် ပိုမို တိုးပွားစေအံ့သတည်း။

قُلْ أَرَءَيْتُمْ شُرَكَآءَكُمُ ٱلَّذِينَ تَدْعُونَ مِن دُونِ ٱللَّهِ ۖ أَرُونِى مَاذَا خَلَقُوا۟ مِنَ ٱلْأَرْضِ أَمْ لَهُمْ شِرْكٌ فِى ٱلسَّمَٰوَٰتِ ۚ أَمْ ءَاتَيْنَٰهُمْ كِتَٰبًا فَهُمْ عَلَىٰ بَيِّنَتٍ مِّنْهُ ۚ بَلْ إِن يَعِدُ ٱلظَّٰلِمُونَ بَعْضُهُم

၄၀။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် အလွှာဟ် အရှင်မြတ်အားစွန့်၍ ဟစ်ခေါ် တသကြကုန်သော မိမိတို့၏ တွဲဖက်ကိုးကွယ်ရာတို့အား မြင်ခဲ့ကြလေသလော။

အသင်တို့သည် ငါ့အားပြသကြလေကုန်။ ထို(အသင်တို့၏ တွဲဖက် ကိုးကွယ်ရာ)တို့သည် ပထဝီမြေ၏ မည်သည့်အစိတ်အပိုင်းကို ဖန်ဆင်းခဲ့ကြသနည်း။ သို့တည်းမဟုတ် မိုးကောင်းကင်များ၌ ၎င်းတို့၏ ဖက်စပ်မှုတစုံတရာ ရှိလေသလော။

بَعْضًا اِلَّا غُرُوْرًا ﴿٤٠﴾

သို့တည်းမဟုတ် ငါအရှင်မြတ်သည် ၎င်းတို့အား ကျမ်းဂန်တစ်စောင်စောင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သဖြင့် ၎င်းတို့သည် ယင်းကျမ်းဂန်၏ အထောက်အထား တရပ်ရပ်အပေါ်၌ ရပ်တည်၍ နေကြသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား မတရားသောသူတို့သည် မိမိတို့ အချင်းချင်း တစ်ဦးကို တစ်ဦး လိမ်လည် လှည့်ဖြားခြင်းမှတပါး အခြားမည်သည်ကိုမျှပင် ကတိပေးကြသည် မဟုတ်ပြီ။

اِنَّ اللّٰهَ يُمْسِكُ السَّمٰوٰتِ وَالْاَرْضَ اَنْ تَزُوْلَا ۚ وَلَئِنْ زَالَتَآ اِنْ اَمْسَكَهُمَا مِنْ اَحَدٍ مِّنْۢ بَعْدِهٖ ۚ اِنَّهٗ كَانَ حَلِيْمًا غَفُوْرًا ﴿٤١﴾

၄၁။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ရွေ့လျားတိမ်းပါးမသွားရန် ထိန်းထားတော်မူ၏။ သို့ရာတွင် ဧကန်စင်စစ် အကယ်၍သာ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့သည် ရွေ့လျားတိမ်းပါး၍ သွားခဲ့ကြသော် ထိုအရှင်မြတ်မှတပါး မည်သူတစ်ဦးတစ်ယောက်မျှကပင် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့ကို ထိန်းနိုင်မည် မဟုတ်ပေ။ ဧကန်အမှန် ထိုအရှင်မြတ်သည် ခန္တီတရားနှင့်အလွန်ပြည့်စုံတော်မူထသော၊ အလွန်တရာ ခွင့်လွှတ်တော်မူထသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَاَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ لَئِنْ جَآءَهُمْ نَذِيْرٌ لَّيَكُوْنُنَّ اَهْدٰى مِنْ اِحْدَى الْاُمَمِ ۚ فَلَمَّا

၄၂။ စင်စစ်သော်ကား၊ ၎င်းတို့က "အမှန်ပင် အကယ်၍ သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်သည် မိမိတို့ထံ လာခဲ့ပါလျှင် မုချဧကန် မိမိတို့မှာ သာသနာဝင် အုပ်စုတိုင်းထက် ပိုမို၍ပင် တရားလမ်းမှန်ကို လိုက်နာသူများ ဖြစ်ကြပေမည်" ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ အစွမ်းကုန် ကျိန်ဆိုခဲ့ကြကုန်၏။

جَآءَهُمْ نَذِيرٌ مَّا زَادَهُمْ
إِلَّا نُفُورًا ﴿٤٢﴾

သို့တစေလည်း (ထို)သတိပေးနှိုးဆော်သူသည် ၎င်းတို့ထံသို့ ရောက်ရှိ၍လာသောအခါ ထို(သို့ရောက်ရှိ၍လာခြင်း)သည် ၎င်းတို့၌ စက်ဆုပ်မှုကိုသာလျှင် တိုးပွားစေခဲ့၏။ ၁

إِسْتِكْبَارًا فِى ٱلْأَرْضِ
وَمَكْرَ ٱلسَّيِّئِ ۚ وَلَا يَحِيقُ
ٱلْمَكْرُ ٱلسَّيِّئُ إِلَّا بِأَهْلِهِۦ ۚ
فَهَلْ يَنظُرُونَ إِلَّا سُنَّتَ
ٱلْأَوَّلِينَ ۚ فَلَن تَجِدَ
لِسُنَّتِ ٱللَّهِ تَبْدِيلًا ۖ
وَلَن تَجِدَ لِسُنَّتِ ٱللَّهِ
تَحْوِيلًا ﴿٤٣﴾

၄၃။ မိမိတို့ကိုယ်ကို ကမ္ဘာမြေ၌ အထင်ကြီးခဲ့ကြသောကြောင့် ထိုမှတပါး မကောင်းသော ကြံစည်မှုကို(လည်း တိုးပွားစေခဲ့၏)။ အမှန်စင်စစ်သော်ကား မကောင်းသောအကြံအစည်၏ အကျိုးသည် ယင်းမကောင်းသောအကြံအစည်ကို ကြံစည်သောသူတို့၏ အပေါ်၌သာလျှင် သက်ရောက်ပေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ရှေးသူဟောင်းတို့၏ ကျင့်ရိုးကျင့်စဉ်ကို သာလျှင် စောင့်မျှော်၍နေကြကုန်၏။ စင်စစ်မှာကား အသင်သည် အလ္လာဟ်အရှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်၌ မည်သည့်ပြောင်းလဲမှုကိုမျှပင် အလျှင်း တွေ့ရှိမည်မဟုတ်ပေ။ ထိုမှတပါး အသင်သည် အလ္လာဟ်အရှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်၌ မည်သည့်လဲလှယ်မှုကိုလည်း အလျှင်းတွေ့ရှိမည် မဟုတ်ပေတကား။ ၂

---

① ယဟူဒီ၊နဆ္ဆရာနီ-- စသည့်ဘာသာဝင်များသည် မိမိတို့ထံပွင့်လာခဲ့ကြသော တမန်တော်များအား သွေဖည်ခဲ့ကြသည့် အကြောင်းများကို အရဗ်လူမျိုးများ သိသောအခါ ၎င်းတို့က "အကယ်၍သာ ငါတို့ထံတမန်တော်တပါးပါး ပွင့်လာခဲ့ပါလျှင် ငါတို့သည် ထိုထိုသော ဘာသာဝင်အုပ်စု အသီးသီးထက်ပို၍ တရားမမှုကို နာယူကျင့်မူကြမည်"ဟု အလ္လာဟ်အရှင်မြတ်အား အကြီးအကျယ်တိုင်တည် ပြောဆိုနေခဲ့ကြ၏။ ယင်းသို့ပြောဆိုနေခဲ့ကြသော အရဗ်အမျိုးသားများထံသို့ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အပေါင်းတို့၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား စေလွှတ်တော်မူခဲ့လေသည်။ သို့စေလွှတ်ပေးတော်မူလိုက်သည့်အခါ၊ ယင်းအရဗ်လူမျိုးတို့သည် မောက်မာပလွား ဝါးကြွားနေခဲ့ကြသည့်အတွက် မိမိတို့ထံပွင့်လာသော တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ကြည်ညိုရုန်ဝေးစွ၊ စက်ဆုပ်မုန်းတီးခဲ့ကြသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား ချေမှုန်းရန်ပင် မကောင်းသော အကြံစည်များနှင့် ကြံစည်လာခဲ့ကြသည်။ သို့ရာတွင် သိထားအပ်သည်မှာ မကောင်းသောကြံစည်မှု၏ မကောင်းကျိုးသည် သို့မကောင်းကြံစည်သူများ အပေါ်သို့ သက်ရောက်သည်သာ ဖြစ်သည်။ သူတစ်ပါးအား မတရားကြံစည်သူများသည် ခေတ္တခဏ ပျော်ရိုင်ကြမည်ဖြစ်သော်လည်း နောက်ဆုံးတွင် ၎င်းတို့သည်သာလျှင် ➤➤

أَوَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَيَنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلَّذِينَ مِن قَبْلِهِمْ وَكَانُوٓا۟ أَشَدَّ مِنْهُمْ قُوَّةً ۚ وَمَا كَانَ ٱللَّهُ لِيُعْجِزَهُۥ مِن شَىْءٍ فِى ٱلسَّمَٰوَٰتِ وَلَا فِى ٱلْأَرْضِ ۚ إِنَّهُۥ كَانَ عَلِيمًا قَدِيرًا ﴿٤٤﴾

၄၄။ ၎င်းတို့သည် ကမ္ဘမြေဝယ် လှည့်လည်မသွားလာခဲ့ကြသလော။ သို့သွားလာခဲ့ကြလျှင် ၎င်းတို့သည် မိမိတို့အလျင်ရှိခဲ့ကြသောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့ရှိခဲ့သည်ကို တွေ့မြင်ကြပေမည်။ စင်စစ်မှာကား ထို(ရှေး)သူ(ဟောင်း)တို့သည် ခွန်အားဗလအရာ၌ ၎င်းတို့ထက် ပိုမိုသန်စွမ်းပြင်းထန်သူများပင် ဖြစ်ခဲ့ကြကုန်၏။ သို့ရာတွင် မိုးကောင်းကင်များ၌ဖြစ်စေ၊ ပထဝီမြေ၌ဖြစ်စေ၊ မည်သည့်အရာမျှပင်၊ အလွှာဟ်အရှင်မြတ်အား အရေးရှုံးနိမ့်အောင် ပြုစွမ်းနိုင်သည်မရှိပေ။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိရှိတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသောအရှင်၊ ဖြစ်တော်မူ၏။ ၁

➤➤ ကိုယ့်လုံ ကိုယ်စူးကာ ပျက်စီးခြင်းမက ပျက်စီးခြင်းဖြင့် နိဂုံးချုပ်သွားရသည်သာ ဖြစ်သည်။ ဤကား အထင်အရှားပင်။

① အလွှာဟ်အရှင်မြတ်၏ "စွန့်တော်"ကျင့်ရိုးကျင့်စဉ်မှာ ပြစ်မှုကျူးလွန်သူတို့အား အပြစ်ရှိသည့်အလျောက် သတ်မှတ်ထားတော်မူသည့် အချိန်တွင် ပြစ်ဒဏ်ခတ်တော် မူခြင်းပင်ဖြစ်သည်။ ထိုအရှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်တွင် အပြောင်းအလဲမရှိ လဲလှယ်မှုလည်းမရှိ၊ ဆိုလိုသည်ကား– ထိုအရှင်မြတ်သည် ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ခတ်တော်မူရမည့်အစား ကျေးဇူးပြုတော်မူသည်ဟူ၍ လည်းမရှိ၊ ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ခတ်တော်မူရမည့်အစား အခြားအပြစ်မဲ့သူတို့အား ပြစ်ဒဏ်ခတ်တော်မူသည် ဟူ၍လည်းမရှိ၊ အလွှာဟ်အရှင်မြတ်၏ ကျင့်ရိုးကျင့်စဉ်မှာ အတိတ်တွင်လည်း ဤအတိုင်းဖြစ်ခဲ့ပေသည်။ ယခုပစ္စုပ္ပန်တွင်လည်း ဤအတိုင်းပင်ဖြစ်ပေသည်။ နောင်အနာဂတ်တွင်လည်း ဤအတိုင်းပင်ဖြစ်ပေမည်။ သို့ဖြစ်ရာ၊ အလွှာဟ်အရှင်မြတ်အား သွေဖည်နေကြသော လူပါပီများသည် ထိုအရှင်မြတ်၏ ဤသည့် "စွန့်တော်" ကျင့်ရိုးကျင့်စဉ်ကို သတိပြုကြရာသတည်း။

② လက်ရှိကာဖိရ်၊ မုရှ်ရစ်များသည် ကမ္ဘာအရပ်ရပ်သို့လှည့်လည်၍ အတိတ်ခေတ်ရှိ ၎င်းတို့၏ နောင်တော်ကြီးများဖြစ်သော ကာဖိရ်၊ မုရှ်ရစ်တို့သည် မည်သို့မည်ပုံ ဇာတ်သိမ်း သွားခဲ့ကြသည်များကို မကြည့်ကြလေသလော။ အမှန်မှာ အတိတ်ခေတ်ကာဖိရ်၊ မုရှ်ရစ်များသည် လက်ရှိကာဖိရ်၊ မုရှ်ရစ်များထက် ခွန်အားဗလ ကြီးထွားခဲ့ကြပေသည်။ အာဒ်၊ဆမူဒ် စသည့်မျိုးနွယ်များသည် ကမ္ဘာမြေပြင်တွင် ထင်တိုင်းသောင်းကျန်း သွားခဲ့ကြပေသည်။ ယင်းသို့သော မျိုးနွယ်များသည်ပင် အလွှာဟ်အရှင်မြတ်၏ ဖမ်းဆီးကွပ်မျက်တော်မူခြင်းမှ မလွတ်မြောက်နိုင်ခဲ့ကြလျှင် လက်ရှိ ကာဖိရ်၊ မုရှ်ရစ်များသည် အသို့လျှင် လွတ်မြောက်နိုင်ကြအံ့နည်း။ ကာဖိရ်၊မုရှ်ရစ်အားလုံး သိအပ်ထားကြသည်မှာ မိုး၊မြေအတွင်း၌ မည်သည့်အင်အားစုမျှ အလွှာဟ် ➤➤

وَلَوْ يُؤَاخِذُ اللّٰهُ النَّاسَ
بِمَا كَسَبُوْا مَا تَرَكَ عَلٰى
ظَهْرِهَا مِنْ دَآبَّةٍ
وَّلٰكِنْ يُّؤَخِّرُهُمْ
اِلٰٓى اَجَلٍ مُّسَمًّى ۚ
فَاِذَا جَآءَ اَجَلُهُمْ فَاِنَّ
اللّٰهَ كَانَ بِعِبَادِهٖ بَصِيْرًا ﴿٤٥﴾

၄၅။ အမှန်စင်စစ်သော်ကား အကယ်၍သာအလ္လာဟ် အရှင်မြတ်သည် လူတို့အား၊ ၎င်းတို့ရှာဖွေဆည်းပူးခဲ့ကြလေသော ပြစ်မှုများကြောင့် ဖမ်းဆီးအရေးယူတော်မူသည်ရှိသော် ကမ္ဘာမြေ၏ ကျောက်ကုန်းထက်ဝယ် လှုပ်ရှားသွားလာသော မည်သည့်သတ္တဝါကိုမျှပင် ချန်ထားတော်မူမည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ဆိုင်းငံ့၍ထားတော်မူ၏။ ထို့နောက် ၎င်းတို့၏ အချိန်ကာလ ဆိုက်ရောက်လာသောအခါ (၎င်းတို့၏ အကျင့်အမူတို့နှင့် စပ်လျဉ်း၍ အကျိုးအပြစ် ပေးတော်မူပေမည်)။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်တို့အား ကောင်းစွာသိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ ၁

➤➤ အရှင်မြတ်အား အရေးနိမ့်အောင် ပြုစွမ်းနိုင်သည်မရှိ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်ကား အပြောကျယ်လှ၏။ ထိုအရှင်မြတ်၏ တန်ခိုးတော်တွင် အဆုံးဟူ၍မရှိ။ အနန္တောအနန္တတည်း။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်ကို အကြွင်းမဲ့သိတော်မူသည်။ အရာခပ်သိမ်းကို ပြုစွမ်းတော်မူနိုင်သည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်၏ အာဏာစက်အတွင်းမှ၊ မည်သူလွတ်မြောက်သွားနိုင်အံ့နည်း။

① အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အပြစ်ရှိသည့်အလျောက် အတိအကျ အရေးယူတော်မူပါက၊ ကမ္ဘာမြေပြင်တွင် သတ္တဝါဟူ၍ တဦးတစ်ယောက်မျှပင် ကျန်ရှိမည်မဟုတ်ပေ။ အပြစ်ရှိသူများသည် အပြစ်ရှိသည့်အလျောက်၊ ကွပ်မျက်ဖျက်ဆီးခြင်း ခံကြရပေမည်။ အပြစ်မရှိသောသူများ၏ အရေအတွက်မှာလည်း လွန်စွာနည်းပါးလှသည့်အတွက် ကမ္ဘာမြေပြင်တွင် လက်တဆုပ်စာမျှသော သူတော်ကောင်းများအား ဆက်လက်ထားရှိရန်လည်း မလိုတော့ပေ။ လူလောကၠ်၌ လူသားတို့မရှိပြီးနောက် လူသားတို့အား၊ အကျိုးပြုနေကြသော အခြားသတ္တဝါများနှင့် ကမ္ဘာအိမ်ထောင်စုကြီး တစ်ခုလုံးသည်ပင် မလိုတော့ပေ။ ဤသို့ဖြင့် ကမ္ဘာအိမ်ထောင်စုကြီး တခုလုံး ဆိတ်သုဉ်းသွားပေမည်။ ယခုမူအလ္လာဟ်အရှင်မြတ်သည် လူသားတို့အား သတ်မှတ်ထားတော်မူသည့်အချိန်အထိ၊ လျစ်လျူရှုထားတော် မူခြင်းသာဖြစ်သည်။ သို့သတ်မှတ်ထားတော်မူသည့် အချိန်ကာလ ဆိုက်ရောက်လာသည့်အခါ ကောင်းသူအား ကောင်းသည့်အလျောက်၊ ဆိုးသူအား ဆိုးသည့်အလျောက် ကျိုးပြစ်စီရင်တော်မူမည်ပင်ဖြစ်သည်။

ယာစိန် ကဏ္ဍ

ဤကဏ္ဍသည် "ယာစိန်" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၈၃)ပါး၊ ရုကူအ်အပိုဒ်(၅)ပိုဒ် အသီးသီးရှိ၏။

ဤကဏ္ဍ၏ မြင့်မြတ်ပုံ။

ဤကဏ္ဍ၏မြင့်မြတ်ပုံ၊ ထူးကဲပုံများနှင့် စပ်လျဉ်း၍ 'ဟဒီးစ်' ဩဝါဒတော်အမြောက်အမြား လာရှိပေသည်။ တဖစီရှိကျမ်းရှင်များကလည်း ယင်းသည့် ဟဒီးစ်ဩဝါဒတော်များကို အထူးတလည်ရေးသားဖော်ပြကြသည်။ ဤတွင်အနည်းငယ်ဖော်ပြပါအံ့။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ-

"အရာရာ၌ စိတ်နလုံးရှိသည်။ ကုရ်အာန်၏ စိတ်နလုံးမှာ "ယာစိန်" ဖြစ်သည်။ အကြင်သူသည် အလ္လာဟ်အရှင်မြတ်အား ရည်စူး၍ ယာစိန်ကို ရွတ်ဖတ်အံ့။ ထိုသူသည် လွတ်ငြိမ်းချမ်းသာခွင့်ရရှိအံ့။ ထို့ပြင်တဝ ကုရ်အာန်ကျမ်းမြတ်ကို အကြိမ်ပေါင်း (၂၂) ကြိမ် ရွတ်ဖတ်သည်နှင့်အမျှ ကုသိုလ်အကျိုးရရှိအံ့"။

အဗူစုအူဒ်၊

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) က မိန့်ကြားတော်မူခဲ့သည်မှာ

မည်သည့်မုစ်လင်မ်မဆို ၎င်းသေအံ့ဆဲဆဲ အသက်ငင်နေချိန်တွင် (၎င်း၏အနီးဌ) ယာစိန်ကဏ္ဍကို ရွတ်ဖတ်အံ့၊ သေမင်းတမန်သည် ထိုသူ၏ အသက်ကိုနှုတ်သိမ်းခြင်းမပြုပဲ ဆိုင်းငံ့နေအံ့၊ ဂျန္နတ်မျူး ကောင်းကင်တမန် 'ရိဿ်ဝါန်' သည် ထိုသူထံ ဂျန္နတ်မှ ရေကြည်တစ်ခွက် ယူဆောင်၍လာအံ့၊ ထိုသူသည် ထိုရေကြည်ကို မိမိအိပ်ရာ၌ပင် သောက်အံ့၊ ထိုအခါတွင်မှ သေမင်းတမန်သည်ထိုသူ၏ အသက်နှုတ်အံ့၊ ထိုအချိန်တွင် ထိုသူသည် ရေငတ်ပြေလျက်ရှိအံ့၊ ထိုသူသည် သချိုင်းတွင် ရှိနေအံ့၊ ထိုအချိန်တွင်လည်း ရေငတ်ပြေလျက်ရှိအံ့၊ ထိုသူသည် တမန်တော်များ၏ မည်သည့်ရေကန်ကိုမျှ တောင့်တနေရ မည်မဟုတ်၊ နောက်ဆုံးတွင် ထိုသူသည် ဂျန္နတ်သို့ဝင်ရအံ့၊ ထိုအချိန်တွင်လည်း ထိုသူသည် ရေငတ်ပြေလျက်ရှိအံ့။ အဗူစုအူဒ်၊

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က

"ကုရ်အာန်ကျမ်းတော်မြတ်တွင် ကဏ္ဍတစ်ခုရှိသည်။ ယင်းကဏ္ဍသည် မိမိအား ရွတ်ဖတ်သရဇ္ဈာယ်သူကို (ရှဖာအတ်) ပြုလုပ်ပေးမည်။ မိမိအား နားထောင်သူအဖို့ လွတ်ငြိမ်းခွင့် ပန်ကြားပေးမည်။ ထိုကဏ္ဍကား အခြားမဟုတ်၊ ယာစိန်ကဏ္ဍပင်ဖြစ်သည်" ဟု မိန့်ကြားတော်မူခဲ့လေသည်။ အဗူစုအူဒ်၊

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

يٰسٓ ۝١

၁။ ယာစီန်။ [၁]

وَالْقُرْاٰنِ الْحَكِيْمِ ۝٢

၂။ (ငါအရှင်မြတ်သည်) ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော (ဤ)ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေ ထူထောင်တော်မူသည်။

اِنَّكَ لَمِنَ الْمُرْسَلِيْنَ ۝٣

၃။ မလွဲဧကန် အသင်သည် ရာစူလ်တမန်တော် အပေါင်းတို့တွင် အမှန်ပင် တစ်ပါး အပါအဝင် ဖြစ်သည်။

عَلٰى صِرَاطٍ مُّسْتَقِيْمٍ ۝٤

၄။ ဖြောင့်မတ်သော တရားလမ်းပေါ်၌ တည်ရှိနေပေသည်။ [၂]

---

① **ယာစီန်၊**

"ယာစီန်" ဟူသော သင်္ကေတအက္ခရာစုကို မုဖတ်စ်စစ်ရ်များသည် အောက်ပါအတိုင်း အမျိုးမျိုးအနက် ဖွင့်ဆိုထားသည်။ -အချို့ကို ဤတွင်ဖော်ပြအံ့။

အချို့က "ယာစီန်"သည် 'ယာ-မုဟမ္မဒ်'-(အို-မိုဟမ္မဒ်)ဟူသော အနက်၌ ဖြစ်သည်' ဟုဆိုကြသည်။ (ဒုရ်ရိမန်ဆူရ်)။

"ယာစီန်"သည် ကုရ်အာန်ကျမ်းမြတ်၏ အချို့ကဏ္ဍများ၏ အစ၌ပါရှိသော အခြားသင်္ကေတ အက္ခရာစုများကဲ့သို့ သင်္ကေတအက္ခရာစု တခုပင်ဖြစ်သည်။ ယင်းသင်္ကေတအက္ခရာစု၏ အလိုသဘောကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။ ထာနဝီ။

② ကုရ်အာန်ကျမ်းလာ အာယတ်တော်များသည် ပညာဉာဏ် အမြော်အမြင်ဆင်ခြင်တုံတရားနှင့် ပြည့်နှက်လျက်ရှိသည်။ တိုတုပ်၊ သိပ်သည်းနက်နဲ သိမ်မွေ့လှသည်။ အဓိပ္ပါယ်ကြွယ်ဝလှသည်။ မှန်ကန်တိကျသည်။ သာယာနာဖွယ်ရှိလှသည်။ ထိမိလှသည်။ ပြိုင်ဘက်ကင်းသည်။ ဤသည့် ဝိသေသဂုဏ်ထူးများနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းမြတ်သည်ပင် "မိမိအား ယူဆောင်လာသော ပုဂ္ဂိုလ်မြတ်မှာ အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူသော တမန်တော်တစ်ပါးဖြစ်ကြောင်း၊ ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်အပေါ်၌ ရပ်တည်လျက်ရှိနေကြောင်း၊ ဤလမ်းစဉ်ကို လိုက်နာသူအပေါင်းတို့သည်လည်း လိုရာပန်းတိုင်သို့ ရောက်ရှိကြမည်ဖြစ်ကြောင်း" ကို သက်သေခံလျက် ရှိပေသည်။

تَنزِيلَ الْعَزِيزِ الرَّحِيمِ ﴿٥﴾

၅။ (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) တန်ခိုးအာနုဘော်ဖြင့် နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော၊ အရှင်မြတ်၏ အထံတော်မှ ချပေးတော်မူ(သော ကျမ်းဂန်တော်ဖြစ်)သည်။ [၁]

لِتُنذِرَ قَوْمًا مَّا أُنذِرَ آبَاؤُهُمْ فَهُمْ غَافِلُونَ ﴿٦﴾

၆။ (ယင်း ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခြင်းမှာ) အသင်သည် (ဦးစွာ ပထမသော်) အကြင်အမျိုးသားတို့အား သတိပေးနှိုးဆော်ရန်ဖြစ်သည်။ [၂] ထိုအမျိုးသားတို့၏ အဘ၊ ဘိုး၊ ဘေးတို့မှာ သတိပေးနှိုးဆော်ခြင်းမခံခဲ့ရကြပေ၊ သို့ဖြစ်ပေရာ ထိုအမျိုးသားတို့သည် (တရားလမ်းမှန်ကို) မသိသူများပင် ဖြစ်ကြကုန်သည်။

---

① ကုရ်အာန်ကျမ်းမြတ်သည် အလွှာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းဂန်ဖြစ်သည်။ ထိုအရှင်မြတ်သည် ဘုန်းတန်ခိုးတေဇော် အာနုဘော်ဖြင့် အရာရာကို နိုင်နင်းလွှမ်းမိုးတော် မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် အမိန့်တော်ကို သွေဖည်ငြင်းဆန်မနာခံသူများအား ထိုက်သည့်အားလျော်စွာ ပြစ်ဒဏ်ပေးတော်မူသည်။ အမိန့်တော်ကို နာခံသူများအား သနားကြင်နာတော်မူသည်။ ဆုလာဘ်များ ချီးမြှင့်တော်မူသည်။

ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းလာ အချို့အာယတ်တော်များတွင် ကရုဏာတော်အရောင်သန်းလျက်၊ အချို့အာယတ်တော်များတွင် ဘုန်းတန်ခိုးတေဇော်ရောင် သန်းလျက်ရှိသည်ကို တွေ့ရှိရပေသည်။ (သို့ဖြစ်ရာ ထိုအရှင်မြတ်၏ အမျက်တော်ကို ကြောက်ရာသည်၊ ထိုအရှင်မြတ်၏ ကရုဏာတော်ကို မျှော်ကိုးရာသည်။)

② **တမန်တော်မြတ်၏ တာဝန်၊**

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏တာဝန်မှာ ကုရ်အာန်ကျမ်းမြတ်ဖြင့် ဦးစွာပထမ အရဗ်အမျိုးသားတို့အား သတိပေး နှိုးဆော်ရန်ဖြစ်သည်။ အရဗ်အမျိုးသားတို့အား သတိပေး နှိုးဆော်ရမည့် တာဝန်ကား မသေးငယ်ပေ။ အလွန်ကြီးလေးလှပေသည်။ အဘယ်ကြောင့်ဆိုသော် အရဗ်အမျိုးသားတို့ထံ နှစ်ပရိဏ္ဍေဒ မြောက်မြားစွာကတည်းက သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်မျှပင် မလာရောက်ခဲ့ဘူးသေးချေ။ အရဗ်အမျိုးသားတို့သည် တရားမမှန်ခြင်း ကင်းကွာလျက် ဆိုးမိုက်နေခဲ့ကြ၏။ ၎င်းတို့သည် အလွှာဟ်အရှင်မြတ်ကို လည်း မသိခဲ့ကြပေ။ နောင်တမလွန်ဘဝကိုလည်း မသိခဲ့ကြပေ။ ၎င်းတို့သည် အတိတ်ဖြစ်ရပ်များမှလည်း သင်ခန်းစာ မယူခဲ့ကြပေ။ နောင်ရေးကိုလည်း မတွေးခဲ့ကြပေ။ ၎င်းတို့၌ ဆင်ခြင်တုံတရားလည်း မရှိ၊ ထို့အတွက် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်ကိုလည်း ခွဲခြားမသိခဲ့ကြပေ။ ➤➤

لَقَدْ حَقَّ الْقَوْلُ عَلَىٰ أَكْثَرِهِمْ فَهُمْ لَا يُؤْمِنُونَ ﴿٧﴾

၇။ ဇကန်မလွဲ ၎င်းတို့အနက် များစွာသောသူတို့အပေါ်၌ အမိန့်တော်သည် အတည်ဖြစ်ခဲ့ပေရာ ၎င်းတို့မှာ "အီမာန်" သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေတကား။

إِنَّا جَعَلْنَا فِي أَعْنَاقِهِمْ أَغْلَالًا فَهِيَ إِلَى الْأَذْقَانِ فَهُم مُّقْمَحُونَ ﴿٨﴾

၈။ ဇကန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့၏ လည်ကုပ်များ၌ လည်ကွင်းများကိုစွပ်ထားတော်မူခဲ့ရာ ယင်းလည်ကွင်းများမှာ (၎င်းတို့၏) မေးစေ့များအထိ ရောက်ရှိ၍ နေကုန်၏။ ထို့ကြောင့် ၎င်းတို့သည် ဦးခေါင်းမော့လျက်ပင် ရှိနေကုန်၏။

وَجَعَلْنَا مِن بَيْنِ أَيْدِيهِمْ سَدًّا وَمِنْ خَلْفِهِمْ سَدًّا فَأَغْشَيْنَاهُمْ فَهُمْ لَا يُبْصِرُونَ ﴿٩﴾

၉။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသူတို့ရှေ့၌ အကာအဆီးတစ်ခုကိုလည်းကောင်း၊ ထိုသူတို့၏ နောက်၌ အကာအဆီးတစ်ခုကိုလည်းကောင်း၊ ပြုလုပ်တော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့အား (အထက်မှလည်း) ဖုံးလွှမ်းထားတော်မူခဲ့ရာ **[(တနည်း)** ထိုသို့အားဖြင့် ငါအရှင်မြတ်သည် ၎င်းတို့အား (အဖက်ဖက်မှ) ဝိုင်းဝန်းထားတော်မူခဲ့ရာ] ၎င်းတို့မှာ မြင်နိုင်ကြတော့သည် မဟုတ်ပြီ။

➤➤ မိဘရိုးရာ ထုံးတမ်းစဉ်လာများတွင်သာ နစ်မွန်း၍ အလွဲလွဲ အမှားများ ဖြစ်နေခဲ့ကြသည်။ ယင်းကဲ့သို့ ခေတ်အဆက်ဆက်မှ အမိုက်မှောင် အထပ်ထပ်တွင် နစ်မွန်းနေခဲ့ကြသော အရဗ်အမျိုးသားတို့အား ကုရ်အာန် ကျမ်းမြတ်ဖြင့် အမှောင်ခွင်း၍ အလင်းသို့ဆောင်ရမည့် အရေးကား လွယ်ကူသော အလုပ်မဟုတ်ပေ။ သို့ပင်တစေ၊ တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ကမ္ဘာသမိုင်းစဉ်တွင် မတွေ့ကြုံခဲ့ရဘူးသော ဘေးအန္တရာယ်အပေါင်းကို ကျော်လွှန်ကာ ယင်းအမိုက်မှောင်ကြီးများတွင် နစ်မွန်းနေခဲ့ကြသော အရဗ်တို့အား အလင်းသို့ ဆောင်တော်မူနိုင်ခဲ့သည်။ အဖက်ဖက်တွင် နိမ့်ကျနေခဲ့သော အရဗ်တို့အား လူဘဝ အထွဋ်အထိပ်သို့ တင်ဆောင်ပေးတော်မူနိုင်ခဲ့သည်။

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အရဗ်တို့အား တရားဓမ္မ ပေးတော်မူနိုင်ခဲ့သည် သာမက ကမ္ဘာအဝှန်းသို့ အစွမ်းလာမ့်ရောင်ခြည် ပေးစွမ်းနိုင်စေသည့် အစွမ်းလာမ့်မီးရှူးတန်ဆောင်ကြီးများ ဖြစ်ကြစေရန်လည်း ကျိုးပမ်း ဆောင်ရွက်တော်မူနိုင်ခဲ့လေသည်။ ဤကား တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ တာဝန်နှင့် တာဝန်ကျေမှုပင်။

وَسَوَآءٌ عَلَيْهِمْ ءَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لَا يُؤْمِنُونَ ﴿١٠﴾

၁၀။ စင်စစ် (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သည်ဖြစ်စေ၊ သတိပေးနှိုးဆော်ခြင်း မပြုခဲ့သည်ဖြစ်စေ၊ ၎င်းတို့အဖို့ အကြောင်းမထူးပြီ၊ ၎င်းတို့သည် *"အီမာန်"* သက်ဝင်ယုံကြည်ကြမည် *မဟုတ်ပေ။* [၁]

---

① ဤအာယတ်တော်များတွင် အီမာန်ယုံကြည်ကြမည်မဟုတ်သော ကာဖိရ်များအား ပုံဆောင်ချက် ၂-ရပ်ဖြင့် ပုံဆောင်မိန့်ဆို ထားတော်မူသည်။ ပုံဆောင်ချက်တရပ်မှာ ကာဖိရ်တစ်ဦး၏ လည်ကုပ်တွင် လည်ကွင်းကြိုး စွပ်ထားသည်။ စွပ်ထားသော လည်ကွင်းကြိုးမှာ မေးစေ့အထိဖြစ်သည်။ ထို့အတွက် ဦးခေါင်းသည် မော့လျက်သာရှိသည်။ အောက်သို့ မည်သို့မျှ မငုံ့နိုင်ချေ။

ထိုသို့ဖြစ်ရှိနေသော ကာဖိရ်တဦးသည် လမ်းကို အသို့လျှင် မြင်နိုင်တော့အုံနည်း။ အခြားပုံဆောင်ချက် တရပ်မှာ ကာဖိရ်တဦး၌ ၎င်း၏ရှေ့တွင်လည်း အုတ်တံတိုင်းကြီး တစ်ခု ကာဆီးလျက်ရှိသည်။ ၎င်း၏နောက်တွင်လည်း အုတ်တံတိုင်းကြီးတစ်ခု ကာဆီးလျက်ရှိသည်။ ထို့ပြင်တဝ ထိုကာဖိရ်အား အကာအကွယ်များသည်လည်း အဖက်ဖက်မှ ဝန်းခြံဖုံးအုပ်လျက်ရှိသည်။ သို့ဖြစ်ရှိနေသော ကာဖိရ်တစ်ဦးသည် တစုံတစ်ရာကို အသို့လျှင် မြင်နိုင်တော့အုံနည်း။ ကြည့်-ထာနဝီ။

အထက်ပါ ပုံဆောင်ချက်တွင်ပါရှိသော လည်ကွင်းကြိုးများကား အခြားမဟုတ်။ မိဘရိုးရာ၊ ထုံးတမ်းစဉ်လာ၊ ဥစ္စာဓန၊ ခင်မင်မှု၊ ရာထူးဌာနန္တရမက်မောမှု၊ ဘိုးဘေးတို့၏ စကားကို မစဉ်းစားမဆင်ခြင်ဘဲ မျက်စိမှိတ်၍ လိုက်နာမှုတည်းဟူသော လည်ကွင်းကြိုးများပင်။ ယင်းသည့် လည်ကွင်းကြိုးများသည် လည်ပင်းများကို တအားဖြစ်ညစ်ထားသည်။ မောက်မာ ပလွားဝါကြွားမှုကြောင့် ဦးခေါင်းသည် အထက်သို့မော့လျက်သာရှိသည်။ အောက်သို့ စိုးစဉ်းမျှ မငုံ့နိုင်၊ မည်သို့မျှ မလှည့်နိုင်။

ထို့ပြင်တဝ၊ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား မလိုမုန်းတီးမှုများသည်လည်း တရားဓမ္မကို လက်ခံရာတွင် အုတ်တံတိုင်းကြီးများပမာ ရှေ့နောက် ဝဲယာမှ ကာဆီးထားသည်။ ဆိုးရွားသော အလိုဆန္ဒ၊ မှားယွင်းသောအတွေး၊ မိုက်မှားသော ရိုးရာစဉ်လာတည်း ဟူသော အမိုက်မှောင်များသည်လည်း အဖက်ဖက်မှ ဝန်းရံ ဖုံးအုပ်လျက်ရှိသည်။ သို့ဖြစ်ရာ ယင်းသို့သော ကာဖိရ်တစ်ဦးသည် တစ်စုံတစ်ရာကို အသို့လျှင် မြင်နိုင်တော့အုံနည်း။

ယင်းသို့သော ကာဖိရ်များအား သတိပေးခြင်း၊ သတိမပေးခြင်းသည် ၎င်းတို့အဖို့ မထူးခြားပေ။ အတူတူပင်။ ယုံကြည်ကြတော့မည်လည်း မဟုတ်ပေ။ ယင်းကာဖိရ်များအဖို့ အကြောင်းသည် မထူးသော်လည်း တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အဖို့မှာကား အကြောင်းထူးသည်။ ယင်းသို့သော ကာဖိရ်များကိုပင် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် ဖြူစင်သောစေတနာ၊ ကြီးမားသော သဘောထား၊ အံ့မဆုံးသော ခန္တီဖြင့် တရားဓမ္မဟောကြားတော် မူခဲ့သည်ဖြစ်ရာ တာဝန်ကျေပွန်လှသည့်အတွက် အကျိုးထူးများကို မုချခံစားရမည်သာဖြစ်သည်။ တခါတရံ ဤသည့်မြင့်မြတ်လှသော ဂုဏ်ရည်များသည် အခြားသူများ တရားရစေမည့် အကြောင်းလည်းဖြစ်သွားပေမည်။

إِنَّمَا تُنذِرُ مَنِ اتَّبَعَ الذِّكْرَ وَخَشِيَ الرَّحْمَٰنَ بِالْغَيْبِ ۖ فَبَشِّرْهُ بِمَغْفِرَةٍ وَأَجْرٍ كَرِيمٍ ﴿١١﴾

၁၁။ အသင်သည် ဆုံးမသြဝါဒကို လိုက်နာသည့်အပြင် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်အား အကွယ်မှ ကြောက်ရွံ့ရိုသေသော သူကိုသာလျှင် သတိပေး နှိုးဆော်နိုင်၏။ [၁] သို့ဖြစ်ပေရာ အသင်သည် ထိုသူအား လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြင့်မြတ်လှစွာသော အကျိုးကျေးဇူးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝမ်းမြောက်ဖွယ်ရာသတင်းကို ပြောကြားပါလေ။ [၂]

إِنَّا نَحْنُ نُحْيِي الْمَوْتَىٰ وَنَكْتُبُ مَا قَدَّمُوا وَآثَارَهُمْ ۚ وَكُلَّ شَيْءٍ أَحْصَيْنَاهُ فِي إِمَامٍ مُّبِينٍ ﴿١٢﴾

၁၂။ မလွဲမကန် ငါအရှင်မြတ်သည်သာလျှင် သူသေတို့အားရှင်စေတော်မူပေမည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသူတို့ ကြိုတင် ပို့ခဲ့ကြသည်များကိုလည်းကောင်း၊ ထိုသူတို့၏ ခြေရာများကိုလည်းကောင်း၊ **(တနည်း)** ထိုသူတို့သည်နောက်တွင် ချန်ရစ်ခဲ့ကြသည်များကိုလည်းကောင်း၊ ရေးသားထားတော်မူ၏။ ထိုမှတပါး ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ထင်ရှားစွာသော *မှတ်တမ်းစာအုပ်တွင် တိကျစွာ ရေတွက် မှတ်သားတော်မူခဲ့ပြီး ဖြစ်ပေသတည်း။* [၃]

---

① ဆိုလိုသည်ကား တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အဆုံးအမကို နာယူကျင့်မူသော၊ အလ္လာဟ်အရှင်မြတ်အား မမြင်ရဘဲလျက် ကြောက်ရွံ့ရိုသေ ခန့်ညားသော သူများကိုသာလျှင် သတိပေး နှိုးဆော်နိုင်ပေသည်။ ယင်းသို့သောသူများအား သတိပေး နှိုးဆော်ခြင်းဖြင့် အကျိုးလည်း သက်ရောက်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကြောက်ရွံ့ခန့်ညားမှုရှိမှ သာလျှင် အမှန်တရားကို ရှာဖွေလိုသည်။ အမှန်တရားကို ရှာဖွေလို၊ ရှာဖွေမှသာလျှင် လိုရာပန်းတိုင်သို့ ရောက်နိုင်ပေသည်။ ကြည့်-ထာနဝီ။

② တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် ယင်းသို့ အလ္လာဟ်အရှင်မြတ်အား ခန့်ညား၍ အဆုံးအမကို နာယူကျင့်မူသူကိုသာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်လှသော အကျိုးစံစားရမည့်အကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းစကားပြောကြားတော်မူရပေသည်။ ဤသည်ကို ထောက်ရှုခြင်းဖြင့် အလ္လာဟ်အရှင်မြတ်အား မခန့်ညားသော အဆုံးအမကို မနာခံသောသူများသည် လွတ်ငြိမ်းချမ်းသာခွင့်၊ မြင့်မြတ်လှသော အကျိုးနှင့် ကင်းဝေးကြရပြီး ပြစ်ဒဏ်ခံရမည်သာဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

③ ဤပစ္စက္ခတွင် ကျိုးပြစ်ခံ၊ စံရမှုသည် မထင်ရှားသော်လည်း သေပြီးသည့်နောက်၊ ပြန်လည်ရှင်ပြန်ထကြရသော အခါတွင်မူ ကျိုးပြစ်ခံ၊ စံမှုသည် လုံးဝထင်ရှား ပေါ်လွင်လာပေမည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ် ➤➤

وَاضْرِبْ لَهُمْ مَّثَلًا
أَصْحٰبَ الْقَرْيَةِ إِذْ
جَآءَهَا الْمُرْسَلُوْنَ ﴿١٣﴾

၁၃။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား ထိုမြို့သူမြို့သားတို့၏ အတ္ထုပ္ပတ္တိတစ်ခုကို ပြောပြပါလေ။ အခါတပါး၌ ထိုမြို့သူမြို့သားတို့ထံ ရဒူလ်တမန်တော်များသည် ရောက်ရှိ၍လာခဲ့ကြကုန်၏။

إِذْ أَرْسَلْنَآ إِلَيْهِمُ اثْنَيْنِ
فَكَذَّبُوْهُمَا فَعَزَّزْنَا بِثَالِثٍ
فَقَالُوْٓا إِنَّآ إِلَيْكُمْ
مُّرْسَلُوْنَ ﴿١٤﴾

၁၄။ အကြင်အခါဝယ် ငါအရှင်မြတ်သည် ထိုမြို့သူမြို့သားတို့ထံ (ရဒူလ်တမန်တော်)နှစ်ပါးကို စေလွှတ်တော်မူခဲ့ရာ ၎င်းတို့က ထိုနှစ်ပါးလုံးအား မုသာဝါဒီများဟူ၍ ဖွပ်စွပ်ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် တတိယ(ရဒူလ်တမန်တော်)တပါးကို (စေလွှတ်တော်မူခြင်းအား)ဖြင့် (အားအင်တိုးတက်စေ)တော်မူခဲ့၏။ ထိုအခါ ထိုရဒူလ်တမန်တော်တို့က "စင်စစ်ဧကန် ငါတို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံကြရသော (ရဒူလ်တမန်တော်များပင်) ဖြစ်ကြသည်" ဟု ပြောကြားခဲ့ကြကုန်၏။

قَالُوْا مَآ أَنْتُمْ إِلَّا بَشَرٌ
مِّثْلُنَا ۙ وَمَآ أَنْزَلَ
الرَّحْمٰنُ مِنْ شَيْءٍ ۙ
إِنْ أَنْتُمْ إِلَّا تَكْذِبُوْنَ ﴿١٥﴾

၁၅။ ထိုမြို့သူမြို့သားတို့က "အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများပင် ဖြစ်ကြပေသည်။ စင်စစ် "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် အသင်တို့အပေါ်၌ မည်သည့်တစုံတရာကိုမျှ ချပေးတော်မူသည် မဟုတ်ပေ၊ အသင်တို့သည် မုသားပြောဆိုနေကြသည်သာ ဖြစ်သည်" ဟု ပြောဆိုခဲ့ကြကုန်၏။

➤➤ အရှင်မြတ်သည် (တရက်တွင်) သူသေအားလုံးတို့အား ရှင်စေတော်မူမည်ဖြစ်သည်။ ထို့ပြင်တဝ၊ ထိုအရှင်မြတ်သည် လူသားတို့ ကြိုတင်ပို့နှင့်ထားကြသော ကောင်းမှုမကောင်းမှုများနှင့် မိမိတို့နောက်တွင် ချန်ထားခဲ့ကြသော ခြေရာလက်ရာများ (ဝါ) ကောင်းမှုမကောင်းမှုတို့၏ အကျိုးဆက်များကို အတိအကျရေးမှတ်ထားတော်မူသည်။ သို့ဖြစ်၍လည်း ထိုအရှင်မြတ်သည် လူသားတို့အား ထိုက်တန်သည့် အားလျော်စွာ အတိအကျအကျိုးပေး အပြစ်တော်မူမည်သာတည်း။

قَالُوا رَبُّنَا يَعْلَمُ إِنَّا إِلَيْكُمْ لَمُرْسَلُونَ ﴿١٤﴾

၁၆။ ထိုရဏ္ဍလ်တမန်တော်တို့က ပြောကြားခဲ့ကြကုန်၏။ "ဧကန်မလွဲ ငါတို့သည် အသင်တို့ထံ စေလွှတ်ခြင်းခံကြရသော (ရဏ္ဍလ်တမန်တော်များ) ဖြစ်ကြောင်းကို ငါတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် ကောင်းစွာ သိရှိတော်မူ၏။

وَمَا عَلَيْنَا إِلَّا الْبَلَاغُ الْمُبِينُ ﴿١٧﴾

၁၇။ သို့ရာတွင် ငါတို့အပေါ်၌မူကား (အလွှာဟ် အရှင်မြတ်၏ အကြောင်းကြားချက်များကို အသင်တို့ထံ) ထင်ရှားစွာ ပို့ဆောင်ရန်တာဝန်မှတပါး အခြားတာဝန်မရှိပြီ။

قَالُوا إِنَّا تَطَيَّرْنَا بِكُمْ لَئِن لَّمْ تَنتَهُوا لَنَرْجُمَنَّكُمْ وَلَيَمَسَّنَّكُم مِّنَّا عَذَابٌ أَلِيمٌ ﴿١٨﴾

၁၈။ ထိုမြို့သူမြို့သားတို့က ပြောဆိုခဲ့ကြကုန်၏။ "အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား အမင်္ဂလာဟု ယူဆကြကုန်၏။ (သို့ဖြစ်ပေရာ) အကယ်၍ အသင်တို့သည် (ဆုံးမဩဝါဒပေးခြင်းကို) ရပ်စဲခြင်းမပြုကြပါလျှင် မုချအမှန် ကျွန်ုပ်တို့သည် အသင်တို့အား ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြပေမည်။ ထိုမှတပါး ကျွန်ုပ်တို့ထံမှ အသင်တို့၌ ပြင်းပြနာကျင်ဖွယ် ဖြစ်သောပြစ်ဒဏ်သည်လည်း မလွဲဧကန် သက်ရောက်မည် ဖြစ်၏။" [၁]

---

① အတိတ်ခေတ်များတွင် သူမိုက်တို့၌ အတိတ်နိမိတ်ကောက်မှုသည် အထူးခေတ်စားခဲ့သည်။ ဤဖြစ်ရပ်သည်လည်း အဆိုပါ မြို့ပတ်ဝန်းကျင်၌ပင် ဖြစ်ပေါ်နေခဲ့ပေသည်။ အဆိုပါ မြို့သူမြို့သားများသည် သက်ဆိုင်ရာ တမန်တော်များ၏ အဆုံးအမများကို သွေဖည်ငြင်းဆန်မနာခံကြသည့်အခါ ၎င်းတို့၌ ကပ်ဆိုက်ခဲ့ဟန်ရှိသည်။ သို့တည်းမဟုတ် တမန်တော်များ၏ အဆုံးအမများနှင့် စပ်လျဉ်း၍ အချင်းချင်း သဘောထား ကွဲလွဲခဲ့ကြဟန်ရှိသည်။ ယင်းသို့ဖြစ်ရသည်ကို အကြောင်းပြု၍ အဆိုပါ မြို့သူမြို့သားများက၊ တမန်တော်များအား "ငါတို့သည် ယခင်က အေးချမ်းသာယာစွာ ရှိနေခဲ့ကြသည်။ အသင်တို့ရောက်ရှိလာပြီ၊ တရားဟောကြားသည့်အတွက် ယခု ငါတို့၌ ကပ်ဆိုက်ပြီ၊ ငါတို့အချင်းချင်းလည်း သဘောကွဲကုန်ကြရပြီ။ ဤသည်မကောင်းသော အတိတ်နိမိတ်ပင်။ သို့ဖြစ်ရာ အသင်တို့သည် တရားဟောပြောခြင်းကို ပိတ်လိုက်ကြ၊ ဆက်လက်ဟောပြောကြလျှင် ငါတို့သည် အသင်တို့အား အကြီးအကျယ် ဒုက္ခပေးကြမည်။ နောက်ဆုံးခဲများနှင့် ပေါက်၍သတ်ကြမည်"ဟု ကြိမ်းမောင်းခဲ့ကြလေသည်။

قَالُوا طَآئِرُكُمْ مَّعَكُمْ ۚ أَئِن ذُكِّرْتُم ۚ بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ ﴿١٩﴾

၁၉။ (ထိုအခါ) ရဏ္ဍလ်တမန်တော်တို့က (ဤသို့) ပြောဆို(ဖြေကြား)ခဲ့ကြကုန်၏။ "အချင်းတို့၊ အသင်တို့၏ မကောင်းသော အတိတ်နိမိတ်သည် အသင်တို့၌ပင် ရှိနေပေသည်။ အသင်တို့ ဆုံးမဩဝါဒ ပေးခြင်းကို ခံခဲ့ကြရခြင်းသည် (မကောင်းသောအတိတ်နိမိတ်ပင်) ဖြစ်လေသလော။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား အသင်တို့သည်သာလျှင် စည်းကမ်းဖောက်ဖျက်သူများ ဖြစ်ကြကုန်သတည်း။" [၁]

وَجَآءَ مِنْ أَقْصَا الْمَدِينَةِ رَجُلٌ يَسْعَىٰ قَالَ يَٰقَوْمِ اتَّبِعُوا الْمُرْسَلِينَ ﴿٢٠﴾

၂၀။ ထိုအခါမြို့၏အစွန်အဖျားမှ လူတစ်ယောက်သည် ပြေး၍လာခဲ့ပြီးလျှင် (ဤသို့) ပြောကြားခဲ့လေ၏။ "အို-ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့သည် ရဏ္ဍလ်တမန်တော်များ၏လမ်းကို လိုက်ကြလေကုန်၊ [၂]

اتَّبِعُوا مَن لَّا يَسْـَٔلُكُمْ أَجْرًا وَهُم مُّهْتَدُونَ ﴿٢١﴾

၂၁။ အသင်တို့ထံမှ မည်သည့်အကျိုး (မည်သည့်အစား)ကိုမျှ တောင်းဆိုခြင်း မပြုကြသည့်ပြင် မိမိတို့ကိုယ်တိုင်လည်း တရားလမ်းမှန်ကို ရရှိသူများ ဖြစ်ကြကုန်သော (ရဏ္ဍလ်တမန်တော်)တို့၏လမ်းကို အသင်တို့လိုက်ကြလေကုန်။

---

① အဆိုပါမြို့သားများက တမန်တော်များအား ယင်းသို့ကြိမ်မောင်းကြသည့်အခါ တမန်တော်များက ထိုမြို့သားများအား "အသင်တို့၌ ယခုကဲ့သို့ဖြစ်ရခြင်းမှာ အသင်တို့၏ သွေဖည်ငြင်းဆန် မနာခံမှုကြောင့်သာဖြစ်သည်။ အကယ်၍ အသင်တို့ အားလုံးသည် တညီတညွတ်တည်း ကျွန်ုပ်တို့ဟောပြောသော တရားဒေသနာတော်ကို လက်ခံနာယူ ကျင့်မူကြပါက၊ ယခုကဲ့သို့ ကပ်လည်းဆိုက်မည်မဟုတ်ပေ။ အသင်တို့အချင်းချင်း သဘောကွဲလွဲကြမည်လည်း မဟုတ်ပေ။ သို့ဖြစ်ရာ အသင်တို့ ယခု ကျွန်ုပ်တို့အား စွပ်စွဲပြောဆိုနေကြသော အမင်္ဂလာသည် ကျွန်ုပ်တို့၌ မရှိ၊ အသင်တို့၌သာ ရှိသည်။ ကျွန်ုပ်တို့သည် အသင်တို့အား အသင်တို့အကျိုးငှာ သွန်သင်ဆုံးမ ဩဝါဒပေးနေကြခြင်းသာ ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် ငါတို့အား အမင်္ဂလာ ဟုဆိုလိုကြသည်လော။ မိမိတို့အကျိုးငှာ မိမိတို့အား သွန်သင် ဆုံးမဩဝါဒပေးကြသော မိမိတို့၏ မိတ်ဆွေများကိုပင် သတ်ဖြတ်ရန် ကြိမ်းမောင်းလိုကြသလော" ဟု ပြန်လည်ချေပ နားချခဲ့ကြသည်။

② **ဟဒီဗ်၊**

မြို့စွန်မှပြေးလာသော ပုဂ္ဂိုလ်မှာ ဆာဟိဗ်ယာစီန်ဟဒီဗ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သူတော်စင်ဖြစ်သည်။ မြို့စွန်၌နေထိုင်သည်။ တရားသဖြင့် စားနပ်ရိက္ခာ ရှာဖွေစားသုံးသည်။ အလ္လာဟ်အရှင်မြတ်အား ခဝပ် ➤➤

وَمَا لِيَ لَآ أَعْبُدُ الَّذِي فَطَرَنِي وَإِلَيْهِ تُرْجَعُونَ ﴿٢٢﴾

၂၂။ ကျွန်ုပ်တွင် မိမိအား ဖန်ဆင်းတော်မူခဲ့သော အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမပြုရန် မည်သည့်အကြောင်း ရှိပါသနည်း။ အမှန်သော်ကား အသင်တို့(အားလုံး)သည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရပေမည်။

ءَأَتَّخِذُ مِن دُونِهِ آلِهَةً إِن يُرِدْنِ الرَّحْمَٰنُ بِضُرٍّ لَّا تُغْنِ عَنِّي شَفَاعَتُهُمْ شَيْئًا وَلَا يُنقِذُونِ ﴿٢٣﴾

၂၃။ ကျွန်ုပ်သည် ထိုအရှင်မြတ်အား စွန့်၍ အခြားအကြင်ကဲ့သို့သော ကိုးကွယ်ရာများကို (ကိုးကွယ်)ရမည်လော၊ အကယ်၍ "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် ကျွန်ုပ်တွင် ဘေးအန္တရာယ် တစ်စုံတစ်ရာသက်ရောက်စေရန် ရည်စူးတော်မူပါလျှင် ယင်းကိုးကွယ်ရာများ၏ ကြားဝင် အသနားခံပေးမှုသည်လည်း ကျွန်ုပ်၏အဖို့ အနည်းငယ်မျှပင် အသုံးကျမည်မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့သည် ကျွန်ုပ်အားလွတ်မြောက်စေနိုင်ကြမည်လည်း မဟုတ်ပေ။

إِنِّي إِذًا لَّفِي ضَلَٰلٍ مُّبِينٍ ﴿٢٤﴾

၂၄။ ထိုသို့ဖြစ်ခဲ့လျှင် ဧကန်မလွဲ ကျွန်ုပ်သည် ထင်ရှားစွာသော လမ်းမှားမှုဌ္ဌ (သက်ရောက်သွားပေမည်)။

إِنِّي آمَنتُ بِرَبِّكُمْ فَاسْمَعُونِ ﴿٢٥﴾

၂၅။ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ပြီဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်(၏စကား)ကို နားထောင်ကြလေကုန်။

➤➤ ကိုးကွယ်လျက်ရှိသည်။ အဆိုပါ မြို့သူမြို့သားများက တမန်တော်များအား သတ်ဖြတ်ရန် ကြိမ်းမောင်းသည့်သတင်းကိုကြားသိသောအခါ၊ တမန်တော်များအား ထောက်ခံရန်နှင့် မြို့သူမြို့သားများ ခြေချော်လက်ချော်ခြေလွန်လက်လွန်ဖြစ်ကုန်ကြမည်ကိုစိုး၍ အချိန်မီ သွန်သင်ဆုံးမနားချနိုင်ရန် ပြေးလာခဲ့ခြင်းဖြစ်သည်။ ထို့နောက် ရှေ့အာယတ်တော်များတွင် လာရှိသည့်အတိုင်းမိမိ၏ အမျိုးသားများအား သွန်သင်ဆုံးမနားချခဲ့လေသည်။

قِيلَ ادْخُلِ الْجَنَّةَ قَالَ يَا لَيْتَ قَوْمِي يَعْلَمُونَ ﴿٢٦﴾

၂၆။ အသင်သည် "ဂျန္နတ်" သုခဘုံသို့ ဝင်ရောက်လေလော့ဟု မိန့်ကြားတော်မူခြင်း ခံရလေသောအခါ ထိုသူက ပြောဆိုခဲ့လေ၏။ ဩော်-ကျွန်ုပ်၏အမျိုးသားတို့သည် သိရှိကြလျှင် ကောင်းလေစွ။

بِمَا غَفَرَ لِي رَبِّي وَجَعَلَنِي مِنَ الْمُكْرَمِينَ ﴿٢٧﴾

၂၇။ ကျွန်ုပ်၏အရှင်မြတ်သည် ကျွန်ုပ်အား ခွင့်လွှတ်ချမ်းသာ ပေးတော်မူခဲ့သည်ကိုလည်းကောင်း၊ ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်သိန်ရှိသူတို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့သည်ကို လည်းကောင်း၊ (ကျွန်ုပ်၏အမျိုးသားတို့သည် သိရှိကြလျှင် ကောင်းလေစွတကား၊ ဟု ပြောဆိုခဲ့လေသတည်း)။ [၁]

---

① **ဟဗီးဗ်၏ ဆုံးမစကား၊**

သူတော်စင်ကြီးဟဗီးဗ်က မိမိ၏အမျိုးသားများအား ဆက်လက်ဟောကြားခဲ့သည်မှာ "မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား အဘယ့်ကြောင့် မကိုးကွယ်ရမည်နည်း၊ ကိုးကွယ်ရမည်သာ၊ ထိုအရှင်မြတ်သည် လူသားတို့အား ဖန်ဆင်းတော်မူပြီးနောက် ဘေးမဲ့လွတ်ထားတော်မူသည်မဟုတ်၊ တစ်ရက်သင်တို့၊ငါတို့ အားလုံးသည် ထိုအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိကြရမည်သာ၊ ထိုအရှင်မြတ်ထံတော် ပြန်လည်ရောက်ရှိကြသည့်အခါ စာရင်းအင်းရှင်းဖို့ အရေးကြီးလှသည်။ ထိုအရှင်မြတ်အားစွန့်၍ အဓိပ္ပာယ်မရှိသော အရာများကို ကိုးကွယ်ရမည်လော၊ အလ္လာဟ်အရှင်မြတ် ထံတော်မှ ပြစ်ဒဏ်တစ်စုံတစ်ရာ သက်ရောက်လာခဲ့သည်ရှိသော် ထိုအရာများသည် မိမိတို့ကိုယ်တိုင် ကယ်တင်နိုင်ကြမည်လည်းမဟုတ်၊ ကြားဝင်အသနားခံ ပေးနိုင်ကြသည်လည်း မဟုတ်၊ ထိုသို့အဓိပ္ပာယ်မရှိသော အရာများကိုကိုးကွယ်မိပါက ကျွန်ုပ်သည် လမ်းအမှားကြီးမှားသွားပေမည်"။ သို့ ဆုံးမစကား ပြောကြားပြီးနောက် သူတော်စင်ကြီး ဟဗီးဗ်က တမန်တော်များနှင့် မိမိ၏အမျိုးသားများအား "အသင်တို့ အားလုံး နားထောင်ကြ၊ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ပါသည်" ဟု အတိအလင်း ကြေညာခဲ့လေသည်။

ယင်းသို့ သူတော်စင်ကြီးဟဗီးဗ်က အလ္လာဟ်အရှင်မြတ်အား မိမိယုံကြည်ကြောင်း အတိအလင်း ကြေညာလိုက်သည့်အခါ ယုတ်မာကြမ်းကြုတ်သော အမျိုးသားများသည် သူတော်စင်ကြီး ဟဗီးဗ်အား ကျောက်ခဲများဖြင့် ရက်စက်စွာ ပစ်ပေါက်ကြလေတော့သည်။ ဤသို့ဖြင့် သူတော်စင်ကြီး ဟဗီးဗ်သည် မိမိအမျိုးသားတို့၏ လက်ချက်ဖြင့် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ "ရှဟီးဒ်" ဖြစ်သွား ခဲ့ရရှာလေသည်။ ကွယ်လွန်သေဆုံးသွားခဲ့ရရှာလေသည်။ ထိုသို့ သူတော်စင်ကြီးဟဗီးဗ် ကွယ်လွန်သေဆုံးသွားလျှင်သွားခြင်းပင် အလ္လာဟ်အရှင်မြတ် ထံတော်မှ "အသင် ဂျန္နတ်ဝင်စေ" ဟူသော အမိန့်တော်လည်း ကျရောက်လာခဲ့ပေသည်။

(တမန်တော်မြတ်၏ ဟဒီးစ်ဩဝါဒတော်များတွင် လာရှိသည်မှာ၊ ရှဟီးဒ်- အစွမ်းလမ်း အာဇာနည်တို့၏ ဝိညာဉ်များသည် "မဟ်ရှ်ရ်" အလျှင် ဂျန္နတ်သို့ ဝင်ကြရပေသည်။) ➤➤

وَمَآ أَنزَلْنَا عَلَىٰ قَوْمِهِۦ مِنۢ بَعْدِهِۦ مِن جُندٍ مِّنَ السَّمَآءِ وَمَا كُنَّا مُنزِلِينَ ﴿٢٨﴾

၂၈။ "ထို့နောက် ငါအရှင်မြတ်သည် ထိုသူ(သေဆုံးပြီး)နောက်တွင် ထိုသူ၏ အမျိုးသားတို့အပေါ်ဝယ် မိုးကောင်းကင်မှ မည်သည့်စစ်တပ်ကိုမျှပင် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ ၎င်းပြင် ငါအရှင်မြတ်မှာ စေလွှတ်တော်မူရန်လည်း မလိုပေ။

إِن كَانَتْ إِلَّا صَيْحَةً وَٰحِدَةً فَإِذَا هُمْ خَٰمِدُونَ ﴿٢٩﴾

၂၉။ (စင်စစ် ထိုမြို့သူမြို့သားတို့၌ သက်ရောက်ခဲ့သောပြစ်ဒဏ်မှာ) ပြင်းထန်စွာသော ဟစ်အော်သံတစ်ခုသာလျှင် ဖြစ်ခဲ့၏။ ထိုအခါ ၎င်းတို့မှာ ရုတ်တရက် ဇီဝိန်ချုပ်ငြိမ်းသွားသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။

يَٰحَسْرَةً عَلَى الْعِبَادِ ۚ مَا يَأْتِيهِم مِّن رَّسُولٍ إِلَّا كَانُوا بِهِۦ يَسْتَهْزِءُونَ ﴿٣٠﴾

၃၀။ သြော်-အကြင်ကျွန်များ(၏ အခြေအနေမှာ) ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှဘိ၏တကား၊ ၎င်းတို့ထံ မည်သည့် "ရာသုလ်" တမန်တော်တစ်ပါးမဆို ရောက်ရှိ၍လာသည်ရှိသော် ၎င်းတို့သည် ထို"ရာသုလ်" တမန်တော်အား ပြက်ရယ် ပြောင်လှောင်ခဲ့ကြသည်ချည်းသာဖြစ်၏။

➤➤ ယုတ်မာကြမ်းကြုတ်သော အမျိုးသားများသည် သူတော်စင်ကြီးဟဗီးဗ်အား ရက်စက်စွာ သတ်ဖြတ်ခဲ့ကြလင့်ကစား သူတော်စင်ကြီး ဟဗီးဗ်မှာမူကား ဂျန္နတ်သို့ ဝင်ရောက်ပြီးနောက်သော်မှပင် "သြော် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား အိမာန်ယုံကြည်မှု၊ တမန်တော်များ၏ အမိန့်နာခံမှုကြောင့် မည်သို့မည်ပုံ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူ၍ မည်သို့မည်ပုံ ဂုဏ်အင်ဒြပ် ချီးမြှင့်တော်မူသည်များကို ကျွန်ုပ်၏အမျိုးသားများ သိကြပါလျှင်ကောင်းလေစွတကား" ဟူ၍ သံယောဇဉ်ကြီးစွာဖြင့် ပြောကြားရှာလေသေးသည်။

③ ဟဗီးဗ်၏အမျိုးသားများ ပျက်စီးဆိတ်သုဉ်းကြရပြီ။

ကျိုးကြောင်းပြ၍ သွန်သင်ဆုံးမသော သူတော်စင်ကြီး ဟဗီးဗ်အားပင် ၎င်း၏အမျိုးသားများက ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်လိုက်ကြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ယင်းအမျိုးသားများအား ၎င်းတို့၏ သွေဖည်ငြင်းဆန်မှု၊ ပြက်ရောမှု၊ ကျူးကျော်စော်ကားမှုများကြောင့် ကွပ်မျက်တော်မူလိုက်လေသည်။ ယင်းသို့သော သူယုတ်မာများအား ကွပ်မျက်တော်မူရန် အလ္လာဟ်အရှင်မြတ်သည် အထူးအစီအစဉ်များ ပြုလုပ်နေတော်မူရသည်မရှိ။ ကောင်းကင်တမန် စစ်သည်တော်များကို စေလွှတ်တော်မူရန်လည်းမလို၊ အကြောင်းထူးတစ်စုံတစ်ရာ မရှိပါဘဲလျက် ထိုအရှင်မြတ်သည် ကောင်းကင်တမန် စစ်သည်တော်များကို စေလွှတ်တော်မူလေ့လည်းမရှိ၊ အလ္လာဟ်အရှင်မြတ်အဖို့မှာ အလွန့်အလွန်ဆိုးရွားသော လူယုတ်မာအဓိပတိကြီးများကို ကွပ်မျက်တော်မူရန် ➤➤

أَلَمْ يَرَوْا كَمْ أَهْلَكْنَا قَبْلَهُم مِّنَ الْقُرُونِ أَنَّهُمْ إِلَيْهِمْ لَا يَرْجِعُونَ ﴿٣١﴾

၃၁။ ငါအရှင်မြတ်သည် ၎င်းတို့အလျင် မြောက်မြားစွာသောလူမျိုးဆက်တို့ကို ဖျက်ဆီးတော်မူခဲ့ရာ ထိုဖျက်စီးခဲ့ကြရသော လူမျိုးဆက်တို့မှာ ၎င်းတို့ထံ ပြန်လာကြမည် မဟုတ်သည်ကို ၎င်းတို့သည် မမြင်ခဲ့ကြလေသလော။

وَإِن كُلٌّ لَّمَّا جَمِيعٌ لَّدَيْنَا مُحْضَرُونَ ﴿٣٢﴾

၃၂။ ထိုမှတစ်ပါး (၎င်းတို့)အားလုံးတို့သည် ငါအရှင်မြတ်အထံတော်သို့ အဆင်သင့် ရောက်ရှိစေခြင်းကို ခံကြရမည့်သူများသာ ဖြစ်ကြကုန်သတည်း။

وَآيَةٌ لَّهُمُ الْأَرْضُ الْمَيْتَةُ أَحْيَيْنَاهَا وَأَخْرَجْنَا مِنْهَا حَبًّا فَمِنْهُ يَأْكُلُونَ ﴿٣٣﴾

၃၃။ စင်စစ်သော်ကား ၎င်းတို့အဖို့ သက်သေ လက္ခဏာတစ်ရပ်မှာ (သွေ့ခြောက်လျက်ရှိသော) မြေသေပင်ဖြစ်၏။ ငါအရှင်မြတ်သည် ယင်းမြေသေကို ရှင်စေတော်မူပြီးနောက် ယင်းမြေမှ ကောက်ပဲသီးနှံကို ထွက်စေတော်မူခဲ့ရာ ၎င်းတို့သည် ယင်းကောက်ပဲသီးနှံများကို စားသုံးလျက် ရှိကြကုန်၏။ [၁]

وَجَعَلْنَا فِيهَا جَنَّاتٍ مِّن نَّخِيلٍ وَأَعْنَابٍ وَفَجَّرْنَا فِيهَا مِنَ الْعُيُونِ ﴿٣٤﴾

၃၄။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်းမြေ၌ စွန်ပလွံခြံများကိုလည်းကောင်း၊ စပျစ်ခြံများကိုလည်းကောင်း၊ စီရင်ပြုလုပ်တော်မူခဲ့သည်သာမက ယင်းမြေ၌ စိမ့်စမ်းများကိုလည်း စီးဆင်းစေတော်မူခဲ့၏။

➤➤ အသို့မျှ တာဝန်မကြီးလေးပေ၊ သာမန်အသံ တစ်ခုတည်းနှင့်ပင် ကွပ်မျက်တော်မူနိုင်ပေသည်။ သူတော်စင်ကြီး ဟဇီးဗ်၏ အမျိုးသားများသည်လည်း ကြုံးဝါးသံတစ်ခုတည်းဖြင့်ပင် ဇီဝိန်ချုပ်ငြိမ်း၍ အငြိမ်ကြီး ငြိမ်သွားခဲ့ကြလေသည်။

① <u>မြေသေ ရှင်သကဲ့သို့ လူသေရှင်မည်။</u>

အထက်တွင် တစ်ရက်လူသားအားလုံးတို့ ပြန်လည်ရှင်ထ၍ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်သို့ ခေါ်ဆောင်ခြင်းခံကြရမည့်အကြောင်း ပါရှိ၏။ ဤအာယတ်တော်တွင် ထိုအရှင်မြတ်သည် မြေသေကို အံ့ဖွယ်သရဲ ရှင်စေတော်မူသည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် မြေသေကို ရှင်စေတော်မူသကဲ့သို့ မြေဖြင့်ပြီးသော လူသေများကိုလည်း ရှင်စေတော်မူမည်ဖြစ်သည်။

ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ် ပါရှိခဲ့ချေပြီ။ ကြည့်-(၁၆း၆၅။ ၂၂း၅-၇။ ၃၀း၁၉။ ၃၀း၄၈။ ၃၀း၅၀။ ၃၅း၉။)

لِيَأْكُلُوا۟ مِن ثَمَرِهِۦ وَمَا عَمِلَتْهُ أَيْدِيهِمْ ۖ أَفَلَا يَشْكُرُونَ ﴿٣٥﴾

၃၅။ ၎င်းတို့သည် ယင်းစွန်ပလွံပင် သို့မဟုတ် စပျစ်ပင်၏ အသီးများမှစား သုံးအံ့သောငှာ စင်စစ် ထိုအသီးများကို (ကောက်ပဲသီးနှံများကို) ၎င်းတို့၏ လက်များက [(တစ်နည်း) ၎င်းတို့ ကိုယ်တိုင်က] ပြုလုပ်ခဲ့သည် မဟုတ်ပေ။ သို့ပါလျက် ၎င်းတို့သည် ကျေးဇူးမတင်ကြလေသလော။

سُبْحَٰنَ ٱلَّذِى خَلَقَ ٱلْأَزْوَٰجَ كُلَّهَا مِمَّا تُنۢبِتُ ٱلْأَرْضُ وَمِنْ أَنفُسِهِمْ وَمِمَّا لَا يَعْلَمُونَ ﴿٣٦﴾

၃၆။ မြေ၌ ပေါက်ရောက်သော အရာများတွင်လည်းကောင်း၊ ထိုသူတို့ကိုယ်များတွင်လည်းကောင်း၊ ထိုသူတို့မသိကြသောအရာများတွင်လည်းကောင်း၊ ဖို၊မများ၊ စုံတွဲများ အမျိုးမျိုး အစားစား ဖန်ဆင်းထားတော်မူသော အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းတို့မှ စင်ကြယ်သန့်ရှင်းတော်မူပါ၏တကား။

وَءَايَةٌ لَّهُمُ ٱلَّيْلُ ۖ نَسْلَخُ مِنْهُ ٱلنَّهَارَ فَإِذَا هُم مُّظْلِمُونَ ﴿٣٧﴾

၃၇။ ၎င်းပြင် ထိုသူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်မှာ ညဉ့်ပင်ဖြစ်၏။ ငါအရှင်မြတ်သည် ထိုညဉ့်မှ နေ့ကို ချွတ်ခွာ၍ ယူတော်မူ၏။ ထိုအခါ ၎င်းတို့သည် အမှောင်ထဲ၌ ရှိနေကြရကုန်၏။ ၁

① <u>နေ့နှင့်ည၊</u>

ဤအာယတ်တော်တွင် ပါရှိသော (نَسْلَخُ) "နတ်စ်လခု" ဟူသောပုဒ်သည် (سَلْخٌ) "စလ်ခ်" ဟူသောပုဒ်မှ ဆင်းသက်လာ၏။ "စလ်ခ်" ၏ မူရင်းအနက်မှာ ကိရဏ္ဍာန်၏ သားရေ (အရေ)ဆုတ်ခြင်း၊ ခွာခြင်း၊ လွာခြင်း၊ လှန်ခြင်းဟူ၍ ဖြစ်သည်။ သားရေခွာလိုက်သည့်အခါ အောက်မှ အသားပေါ်လာသည်။ ထို့အတူ နားလည်သိထားအပ်သည်မှာ ညဉ့်၏အမှောင်သည် မူလပထမဖြစ်သည်။ ယင်းသည့်ညဉ့်၏ အမှောင်တည်းဟူသော အသားပေါ်၌ နေ့၏ အလင်းရောင်တည်းဟူသော သားရေက ဖုံးလွှမ်းထားလိုက်သည့်အခါ အလင်းရောင် ပေါ်လာချေသည်၊ နေ့ဖြစ်ပေါ်လာသည်။ တစ်ဖန် အလင်းရောင်တည်းဟူသော သားရေကို ခွာလိုက်သည့်အခါ အောက်မှ အသားတည်းဟူသော အမှောင်သည် ပြန်လည်ပေါ်လာလေသည်။ ညဉ့်ဖြစ်ပေါ်လာသည်။ လူသားတို့သည် အမှောင်တွင်းသို့ သက်ရောက်ကြရသည်။ ဤသို့ဖြင့် နေ့နှင့်ညဉ့်သည် အဆင်ပြေပြေဖြစ်ပေါ်လျက်ရှိပေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော် တစ်ပါးပင်။

နေ့နှင့်ညဉ့်၏ စနစ်တကျ ပြောင်းလဲမှုများကို စဉ်းစားဆင်ခြင်ပါက ယင်းသို့နေ့နှင့်ညဉ့်ကို ပြောင်းလဲပေးတော်မူသော အရှင်မြတ်သည် တစ်ရက် ဤစကြာဝဠာကြီးကိုလည်း ရုပ်သိမ်းပြီး ပြန်လည်ဖြစ်ပေါ်စေတော်မူနိုင်သည်ကို နားလည်ရာသည်။ နေ့နှင့်ညဉ့်သည် သူ့အချိန်နှင့်သူ ဖြစ်ပေါ်နေသကဲ့သို့ အရာရာသည်လည်း သူ့အချိန်နှင့်သူ ဖြစ်ပေါ်နေသည်ကိုလည်း သိရာသည်။

وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ۚ ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ ﴿٣٨﴾

၃၈။ ၎င်းပြင် နေသည်(လည်း သက်သေလက္ခဏာတစ်ရပ်)ပင်။ ထိုနေသည် မိမိ(သွားလာရာ)လမ်းအတိုင်း သွား(လာ)လျက် ရှိနေလေ၏။ ဤသည်ကား အလွန်တရာ နိုင်နင်း လွှမ်းမိုးတော်မူသော အကြွင်းမဲ့သိရှိတော်မူသော အရှင်မြတ်၏ တိုင်းတာ သတ်မှတ်ချက်ပင် ဖြစ်၏။ [၁]

وَالْقَمَرَ قَدَّرْنَاهُ مَنَازِلَ حَتَّىٰ عَادَ كَالْعُرْجُونِ الْقَدِيمِ ﴿٣٩﴾

၃၉။ ထိုနည်းတူစွာ လသည်(လည်း သက်သေလက္ခဏာတစ်ရပ်)ပင်။ ငါအရှင်မြတ်သည် ထိုလ၏အဖို့ ခရီးစဉ်များကို သတ်မှတ်တော်မူခဲ့ရာ နောက်ဆုံးတွင်မူ ထိုလမှာ ခြောက်သွေ့လျက်ရှိသော စွန်ပလွံကိုင်းကဲ့သို့ ပြန်၍ဖြစ်လာလေ၏။ [၂]

---

① **နေ၊**

နေသည် မိမိအဖို့ အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် လမ်းကြောင်းတွင် သတ်မှတ်ထားတော်မူသည့် ခရီးနှုန်းထားအတိုင်း တိကျမှန်ကန်စွာ သွားလာလှုပ်ရှားလျက် ရှိပေသည်။ သတ်မှတ်ထားတော်မူသည့် လမ်းကြောင်းမှ တစ်လက်မခန့်မျှ တိမ်းစောင်းသည်လည်းမရှိ၊ သတ်မှတ်ထားတော်မူသည့် အချိန်မှ တစ်မိနစ်ခန့်မျှ စောသည်၊နေးသည် ဟူ၍လည်း မရှိ။ ဤသည် အတိုင်းမသိ ဉာဏ်တော်၊တန်ခိုးတော် ကြီးမားတော်မူသော အလ္လာဟ်အရှင်မြတ်၏ စီမံခန့်ခွဲမှု တစ်ရပ်ပင်။

နေသည် ကိယာမတ် ဖြစ်ခါနီးအချိန်ထိ ဤအတိုင်းပင် သွားလာလှုပ်ရှားလျက် ရှိပေမည်။ ကိယာမတ်ဖြစ်ရန် အချိန် လုံးဝနီးကပ်လာသောအခါ နေသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အရ နေဝင်ရာအနောက်အရပ်မှ ပြောင်းပြန်ပြန်လည်ထွက်လာပေမည်။ ထိုသည့်အချိန်မှစ၍ (တောင်ဗဟ်) ဝန်ချတောင်းပန်ခြင်း၏ တံခါး ပိတ်သွားပေမည်။ (ဝါ) ဝန်ချတောင်းပန်ခွင့် ရှိတော့မည်မဟုတ်ပေ။

② **လ၊**

လသည်နေကဲ့သို့ပင် သွားလာလှုပ်ရှားလျက်ရှိသည်။ သို့ရာတွင် လသည် နေကဲ့သို့ အမြဲတစေ တစ်မျိုးတစ်စားတည်း တွေ့မြင်နေရသည် မဟုတ်ပေ။ လသည် လဆန်းပက္ခ၌ တရွေ့ရွေ့ကြီး၍ လဆုတ်ပက္ခ၌ တရွေ့ရွေ့ငယ်လာသည်။ ယင်းသို့ နေရာအမျိုးမျိုး ပြောင်းလဲနေရသဖြင့် အသွင်လည်း အစဉ်ပြောင်းလဲလျက် ရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် လအတွက် ခရီးစဉ်း (၂၈)ခုကို သတ်မှတ်ထားတော်မူသည်။ လသည် ထိုသည့် ခရီးစဉ်းများသို့ အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့်အတိုင်း တိကျမှန်ကန်စွာ အဆင့်ဆင့် သွားလာလှုပ်ရှားလျက် ရှိပေသည်။

နေနှင့်လသည် (အချိန်ပိုင်းဖြစ်သော) လ၏အဆုံးတွင် တွေ့ဆုံကြသည်။ [နေနှင့်ကမ္ဘာကြားသို့ လရောက်လာသောအခါ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်အပိုင်းသည် မှောက်လျက်ရှိသဖြင့် လကွယ်ဖြစ်နေသည်။ လူထုသိပ်ပွက်မှ်း]။ ထိုအခါ လသည် ကွယ်နေသည်။ လသည် နေ၏ရှေ့သို့ ကျော်လာသည့်အခါ မြင်ရသည်၊➤➤

لَا الشَّمْسُ يَنۢبَغِي لَهَآ أَن تُدْرِكَ الْقَمَرَ وَلَا الَّيْلُ سَابِقُ النَّهَارِ ۚ وَكُلٌّ فِي فَلَكٍ يَسْبَحُونَ ﴿٤٠﴾

၄၀။ နေသည် လကို မမီနိုင်ပေရာ ထိုနည်းတူစွာ ည၌်သည်လည်း နေ့ကို ကျော်လွန်နိုင်သည်မဟုတ်ပေ။ စင်စစ်မှာကား အသီးသီးတို့သည် ဂြိုဟ်နက္ခတ်သွားလာရာလမ်းကြောင်းတစ်ခုစီ၌ ကူးခတ်သွားလာ၍ နေကြကုန်သတည်း။ [၁]

وَآيَةٌ لَّهُمْ أَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِي الْفُلْكِ الْمَشْحُونِ ﴿٤١﴾

၄၁။ ထိုမှတစ်ပါး၊ ၎င်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ်မှာ ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့၏ သားမြေးတို့အား ဝန်ကုန်အပြည့် တင်ထားသော သင်္ဘောပေါ်၌ တင်ဆောင်စီးနင်း စေတော်မူခြင်းပင် ဖြစ်၏။ [၂]

وَخَلَقْنَا لَهُم مِّن مِّثْلِهِ مَا يَرْكَبُونَ ﴿٤٢﴾

၄၂။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ၎င်းတို့အဖို့ ထိုသင်္ဘောကဲ့သို့သော ၎င်းတို့စီးနင်းကြသော အခြားအရာ (အစီးအနင်း)များကိုလည်း ဖန်ဆင်းထားတော်မူခဲ့၏။

➤➤ လဆန်းလာသည်။ အဆင့်ဆင့် ကြီးလာသည်။ (၁၄)ရက်နေ့ည၌်တွင် လဝန်းသည် ပြည့်လာသည်။ လပြည့်ကြီး ဖြစ်လာလေသည်။ ထို့နောက်တစ်ဖန် လသည် အဆင့်ဆင့်ငယ်လာပြန်သည်။ နောက်ဆုံးတွင် လသည် စွန်ပလွံကိုင်းခြောက်ပမာ သေးသွယ်သွားလေသည်။ အရောင်လည်း ဖျော့သွားလေသည်။ မှေးမှိန်သွားလေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ် ပြထားတော်မူသည့် လက္ခဏာတော်များအနက် လက္ခဏာတော် ဘစ်ပါးပင်။ ဤအကြောင်းနှင့် ဆက်စပ်၍ ကုရ်အာန်(၁၀း၅)၏ အဖွင့်ကို ပြန်လည်ရှုပါကုန်။

① **ဂြိုလ်များ စနစ်တကျ သွားလာလျက်ရှိခြင်း၊**

နေသည်လကိုမှီသည်မဟုတ်၊ ည၌်သည် နေ့ကိုကျော်သည်မရှိ။ နေ့သည်ကျော်၍ ည၌်တွင် ဝင်လာသည်လည်း မရှိ။ နေ့မကုန်မီ ည၌်ရောက်လာသည်လည်း မရှိ။ နေနှင့်လ၊ နေ့နှင့်ညသည် သူ့ကဏ္ဍနှင့်သူ့၊ သူ့အချိန်နှင့်သူ့၊ စနစ်တကျ တိကျမှန်ကန်စွာ သွားလာဝင်ထွက် လှုပ်ရှားလျက် ရှိကြပေသည်။ ထို့အတူ ဂြိုဟ်နက္ခတ် အားလုံးတို့သည်လည်း ကိုယ့်အချိန်နှင့်ကိုယ်၊ ကိုယ့်နေရာနှင့်ကိုယ်၊ ကိုယ့်လမ်းနှင့်ကိုယ် စနစ်တကျ သွားလာဝင်ထွက် လှုပ်ရှားလျက်ရှိကြပေသည်။ ဂြိုဟ်များသည် ကျယ်ဝန်းလှသော လဟာပြင်၌ လျင်မြန်စွာ သွားလာ လှုပ်ရှားနေကြပါလျက် တစ်ခုနှင့်တစ်ခု တိုက်ခိုက်မိသည်ဟူ၍ကား အလျှင်းမရှိ။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ လက္ခဏာတော်တစ်ပါးပင်။ နေ့နှင့်ည၌်၊ နေနှင့်လကို ယင်းသို့ ပြောင်းလဲပေးနေတော်မူသော အရှင်မြတ်အဖို့ လူသားတို့အား သေစေတော်မူပြီးနောက် တစ်ဖန် ပြန်လည်ရှင်ထစေတော်မူရန်မှာ အသို့လျှင် အခက်အခဲရှိနိုင်အံ့နည်း။

وَإِن نَّشَأْ نُغْرِقْهُمْ فَلَا صَرِيخَ لَهُمْ وَلَا هُمْ يُنقَذُونَ ﴿٤٣﴾

၄၃။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့အား နှစ်မြှုပ်တော်မူပေမည်။ သို့နှစ်မြှုပ်တော်မူခဲ့လျှင် ၎င်းတို့အား ကူညီရှိုင်းပင်းမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် လွတ်မြောက်စေခြင်း ခံကြရမည်လည်း မဟုတ်ပေ။

إِلَّا رَحْمَةً مِّنَّا وَمَتَاعًا إِلَىٰ حِينٍ ﴿٤٤﴾

၄၄။ (စင်စစ်) ငါအရှင်မြတ်သည် မိမိကရုဏာတော်အားဖြင့်လည်းကောင်း၊ သတ်မှတ်ပြီးဖြစ်သောအချိန်ကာလတိုင်အောင် အကျိုးခံစားစေခြင်းအားဖြင့်လည်းကောင်း၊ (ကယ်တင်ထားတော်မူခြင်းသာလျှင်) ဖြစ်ပေသတည်း။ (တစ်နည်း) သို့ရာတွင် (ဤသည်) ငါအရှင်မြတ်၏ ကရုဏာတော်ပင်ဖြစ်၏။ ထိုမှတစ်ပါး (၎င်းတို့အား) သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် အကျိုးခံစားစေခြင်းလည်းဖြစ်ပေသတည်း။

---

(၂) သင်္ဘော၊

ဆိုလိုသည်ကား- တမန်တော် နူးဟ်လက်ထက်တွင် ရေဘေးကြီး ဆိုက်ရောက်လာခဲ့သည့်အခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်နူးဟ်အား သင်္ဘောဆောက်လုပ်စေတော်မူပြီး ယင်းသင်္ဘောပေါ်တွင် မိမိတင်ဆောင်စေတော်မူလိုသော လူသားတို့အား တင်ဆောင်စေတော်မူခဲ့သည်။ သို့မဟုတ်ပါက လူဆက်သည် ပြတ်သွားခဲ့မေမည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် လူသားတို့ စီးနင်းသွားလာနိုင်ကြရန်အလို့ငှာ ထိုသင်္ဘောကဲ့သို့ပင် အခြားသင်္ဘောများကို ပြုလုပ်ပေးတော်မူခဲ့ပေသည်။ သို့တည်းမဟုတ် လူသားတို့ စီးနင်းသွားလာနိုင်ကြရန်အလို့ငှာ ထိုသင်္ဘောအလား အခြားအစီးအနင်းများကို ပြုလုပ်ပေးတော်မူခဲ့ပေသည်။ ဥပမာ-ကုလားအုတ်၊ ယင်းသည့် ကုလားအုတ်များကို အရဗ်တို့သည် "စဖာအ်နဲ-အလ်ဗရ်ရိ" ကြည်းသင်္ဘောများဟု ခေါ်ဝေါ်သမုတ်လေ့ရှိကြပေသည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်တစ်ပါးပင် ။

ရေကြောင်းခရီးများတွင် စီးနင်းသွားလာနိုင်ရန်အလို့ငှာ လူသားတို့နှင့် လျော်ကန်သင့်မြတ်သော သင်္ဘောများဆောက်လုပ် မောင်းနှင်ရန်အသိဉာဏ်ကို အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ထည့်သွင်းပေးထားတော်မူခြင်း ဖြစ်သည်။

ဤအာယတ်တော်တွင် ပါရှိသော "ကုန်စည်အပြည့် တင်ဆောင်ထားသောသင်္ဘော" ဟူသည် ရေကြောင်းကုန်သွယ်ရေးကို ဆိုလိုသည်။ "ထိုသင်္ဘောကဲ့သို့သော အရာများ"ဟူသော စကားတွင် သင်္ဘောအမျိုးအစား အားလုံး အကျုံးဝင်သည်သာမက မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ စသည့် အစီးအနင်းအားလုံးတို့သည်လည်း အကျုံးဝင်ပေသည်။ ကြည့်-မာဂျိဒီ။

وَإِذَا قِيلَ لَهُمُ اتَّقُوا مَا بَيْنَ أَيْدِيكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُونَ ﴿٤٥﴾

၄၅။ သို့ရာတွင် ၎င်းတို့အား အသင်တို့သည် ကရုဏာပြုတော်မူခြင်း ခံကြရအံ့သောငှာ မိမိတို့၏ ရှေ့မှောက်၌ရှိသော (ပြစ်ဒဏ်)ကိုလည်းကောင်း၊ မိမိတို့၏ နောက်၌ရှိသော ပြစ်ဒဏ်ကိုလည်းကောင်း၊ ကြောက်ရွံ့ စိုးရိမ်ကြလေကုန်ဟု ပြောခဲ့သောအခါ (၎င်းတို့သည် မျက်နှာလွှဲခဲ့ကြကုန်၏)။

وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ ﴿٤٦﴾

၄၆။ စင်စစ် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်များအနက် အမိန့်တော် တစ်ပါးပါးသည် ၎င်းတို့ထံ ရောက်ရှိ၍ လာတိုင်းပင်၊ ၎င်းတို့သည် ယင်းအမိန့်တော်ဘက်မှ မျက်နှာလွှဲခဲ့ကြသည်သာ ဖြစ်၏။

وَإِذَا قِيلَ لَهُمْ أَنفِقُوا مِمَّا رَزَقَكُمُ اللَّهُ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَنُطْعِمُ مَن لَّوْ يَشَاءُ اللَّهُ أَطْعَمَهُ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ مُّبِينٍ ﴿٤٧﴾

၄၇။ ထိုမှတစ်ပါး၊ ၎င်းတို့အား အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲ လှူဒါန်းကြလေကုန်ဟု ပြောဆိုသောအခါ "ကာဖိရ်" သွေဖည်ငြင်းပယ်သော သူတို့က "အလ္လာဟ်အရှင်မြတ်သည် အကယ်၍ အလိုရှိတော်မူပါလျှင် ကိုယ်တော်တိုင် ကျွေးမွေးတော်မူမည်ဖြစ်သောသူတို့အား ကျွန်ုပ်တို့က ကျွေးမွေးကြရမည်လော၊ အသင်တို့သည် ထင်ရှားစွာသောလမ်းမှား မှု၌ ရှိနေကြသည်" ဟု မုအ်မင်နှင့်သက်ဝင်ယုံကြည်သူတို့အား ပြောဆို(ဖြေကြား)ကြကုန်သတည်း။ [1]

---

① **ကာဖိရ်တို့၏ ယုတ်မာရိုင်းပြမှု၊**

ကာဖိရ်များအား အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့် ပေးသနားထားတော်မူသော ဥစ္စာပစ္စည်းများအနက်မှ အချို့အဝက်ကို ထိုအရှင်မြတ်၏ လမ်းတော်၌ ဆင်းရဲသူ၊ ဆင်းရဲသားများအား ပေးကမ်း လှူဒါန်းကြပါဟု ပြောဆိုလျှင် ယင်းကာဖိရ်များက (ယင်းသို့ ပေးကမ်းလှူဒါန်းခြင်းကို ၎င်းတို့ကိုယ်တိုင် ကောင်းမြတ်သော အလုပ်ဟူ၍ လက်ခံကြပါလျက်၊ လက်ခံကြသည်သာမက ယင်းသို့ ပေးကမ်းလှူဒါန်းခြင်းကိုပင် ဂုဏ်ယူဝါကြွားကြပါလျက်) ထိုသို့ ပေးကမ်းလှူဒါန်းရန် လာရောက်ပြောဆိုကြသော မုစ်လင်မ်တို့အား ➤➤

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَٰدِقِينَ ﴿٤٨﴾

၄၈။ ထို့ပြင် ၎င်းတို့က "အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ၌ ဖြစ်မြောက်လတ္တံ့ဟု မေးမြန်းကြကုန်၏။

مَا يَنظُرُونَ إِلَّا صَيْحَةً وَٰحِدَةً تَأْخُذُهُمْ وَهُمْ يَخِصِّمُونَ ﴿٤٩﴾

၄၉။ (စင်စစ်သော်ကား) ၎င်းတို့သည် မိမိတို့အား ဖမ်းဆီးကွပ်မျက်အံ့သော ပြင်းထန်စွာ ဟစ်အော်သံ တစ်ခုကိုသာလျှင် စောင့်မျှော်၍ နေကြကုန်၏။ ထိုအခါ၌ ၎င်းတို့သည် မိမိတို့ အချင်းချင်း အငြင်းပွားလျက်ပင် ရှိကြပေမည်။

فَلَا يَسْتَطِيعُونَ تَوْصِيَةً وَلَا إِلَىٰ أَهْلِهِمْ يَرْجِعُونَ ﴿٥٠﴾

၅၀။ သို့ဖြစ်ရာ ၎င်းတို့သည် တစ်စုံတစ်ရာသော သေတမ်းစကားကို မှာကြားနိုင်ကြမည် မဟုတ်ပေ။ မိမိတို့၏ အိမ်သူအိမ်သားတို့ထံ ပြန်သွားနိုင်ကြမည်လည်း မဟုတ်ပေ။ ၁

وَنُفِخَ فِي الصُّورِ فَإِذَا هُم مِّنَ الْأَجْدَاثِ إِلَىٰ رَبِّهِمْ يَنسِلُونَ ﴿٥١﴾

၅၁။ ထို့ပြင် တံပိုးခရာမှုတ်သောအခါ ရုတ်တရက် ၎င်းတို့သည် သင်္ချိုင်းများမှထွက်၍ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်သို့ လျင်မြန်စွာ လာကြပေမည်။

➤➤ "အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါလျှင် ထိုအရှင်မြတ်ကိုယ်တော်တိုင် ကျွေးမွေးတော်မူနိုင်သော သူများအား ကျွန်ုပ်တို့က ကျွေးမွေးကြရမည်လော၊ အသင်တို့သည် အထင်အရှား လွဲမှားနေကြပြီ" ဟူ၍ပင် ယုတ်မာရိုင်းပြစွာ ပြောဆိုကြပေသည်။ ကြည့်-ထာနဝီ။

① **ကိယာမတ်သည် ရုတ်တရက် ဆိုက်ရောက်လာမည်၊**

ကာဖိရ်များက မုစ်လင်မ်တို့အား အသင်တို့ ပြောဆိုခြိမ်းခြောက်နေကြသည့် ကိယာမတ်နှင့်ပြစ်ဒဏ်သည် အဘယ်အခါဖြစ်အံ့နည်းဟု မိုက်မဲစွာ မေးကြပေသည်။ အမှန်မှာ ကိယာမတ်သည် ရုတ်တရက် ဆိုက်ရောက်လာပေမည်။ ထိုအချိန်တွင်၎င်းတို့သည် မိမိတို့၏ လုပ်ငန်းဆောင်တာများတွင် လုံးပန်းလျက် ရှိကြပေမည်။ အချင်းချင်း အငြင်းပွားလျက် ရှိကြပေမည်။ ပထမတံပိုး မှုတ်လိုက်သည့်အခါ အားလုံးသေသွားကြပေမည်။ တစ်စုံတစ်ရာ ပြောဆိုမှာကြားခွင့်ပင် ရရှိလိုက်ကြမည် မဟုတ်ပေ။ အိမ်အပြင်သို့ ရောက်ရှိနေကြပါက မိမိတို့၏ အိမ်သ အိမ်သားများ ထံသို့ပင် ပြန်လာနိုင်ကြမည် မဟုတ်ပေ။

قَالُوا۟ يَٰوَيْلَنَا مَنۢ بَعَثَنَا مِن مَّرْقَدِنَا ۜ هَٰذَا مَا وَعَدَ ٱلرَّحْمَٰنُ وَصَدَقَ ٱلْمُرْسَلُونَ ﴿٥٢﴾

၅၂။ ၎င်းတို့က "သြော်-ငါတို့သည် အကျိုးနည်း ကြရလေခြင်း။ မည်သူသည် ငါတို့အား ငါတို့၏ အိမ်ရာမှ ထစေသနည်း" ဟု ပြောဆိုညည်းညူကြပေမည်။ (ထိုအခါ "မလာအိကဟ်" ကောင်းကင်တမန်များက ဖြေကြားကြပေမည်။) ဤသည် "ရဟ်မာန်" အနန္တကရုဏာတော်ရှင် ချိန်းချက်ထားတော်မူခဲ့သော ချိန်းချက်ပင်ဖြစ်၏။ စင်စစ် ရစူလ်တမန်တော်များသည် မှန်ကန်စွာ ပြောကြားခဲ့ကြပေသည်။

إِن كَانَتْ إِلَّا صَيْحَةً وَٰحِدَةً فَإِذَا هُمْ جَمِيعٌ لَّدَيْنَا مُحْضَرُونَ ﴿٥٣﴾

၅၃။ ယင်း(တပိုးခရာမှုတ်ခြင်း)မှာ ပြင်းထန်စွာ ဟစ်အော်သံတစ်ခုမျှသာလျှင် ဖြစ်ပေမည်။ ထိုအခါ ရုတ်တရက် ၎င်းတို့အားလုံးသည် (တစ်ယောက်မကျန်) ငါအရှင်မြတ်အထံတော်သို့ ခေါ်ဆောင်လာခြင်းကို ခံကြရပေမည်။

فَٱلْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْـًٔا وَلَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ ﴿٥٤﴾

၅၄။ သို့ဖြစ်ရာ ယနေ့သော်ကား မည်သူတစ်ဦး တစ်ယောက်မျှပင် အနည်းငယ် စိုးစဉ်းမျှပင် မတရားပြုမူခြင်းကို ခံရမည်မဟုတ်ပေ။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြသော အမှုကိစ္စတို့၏ အစားပေးခြင်းကိုသာလျှင် ခံကြရကုန်အံ့သတည်း။ ②

---

② **ကိယာမတ်နေ့တွင် ကာဖိရ်တို့၏ဖြစ်အင်၊**

ဒုတိယအကြိမ် တံပိုးမှုတ်လိုက်သည့်အခါ အားလုံးတို့သည် သချိုင်းများမှ အသီးသီး ရှင်ပြန်ထပြီး စာရင်းအင်းရှင်းရန် အလျှာဟ်အရှင်မြတ်ထံတော်သို့ လျင်မြန်စွာ ထွက်လာကြရပေမည်။ ထိုအခါကာဖိရ်များသည် "သြော်- ငါတို့ ပျက်စီးကြရပြီ၊ ငါတို့အား သချိုင်းများမှ မည်သူနှိုးသနည်း" ဟု ညည်းညူကြပေမည်။ ထိုအခါ ကောင်းကင်တမန်များက ဤသည် မဟာကရုဏာရှင် ချိန်းချက်ထားတော်မူသည့် ကိယာမတ်ပင်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်များကလည်း အသီးသီး အမှန်အကန် ပြောဆိုသတိပေးခဲ့ကြပေသည်။ သို့သော် အသင်တို့သည် မနာခံခဲ့ကြပေ။ ယနေ့မူကား အသင်တို့သည် မိမိတို့ ပြုမူခဲ့ကြသည်များနှင့် အမျှသာ အစားပေးခြင်း ခံကြရပေမည်။ မည်သူ တစ်ဦးတစ်ယောက်မျှ မတရားပြုမူခြင်း ခံရမည်မဟုတ်ဟု ပြောဆိုကြပေမည်။

ဤကား ကိယာမတ်နေ့တွင် ကာဖိရ်တို့၏ ဖြစ်အင်တည်း။ ကိယာမတ်နေ့တွင် မုအ်မင်န်တို့၏ ဖြစ်အင်များကို ရှေ့တွင် မိန့်ဆိုထားတော်မူသည်။

إِنَّ أَصْحَٰبَ ٱلْجَنَّةِ ٱلْيَوْمَ فِى شُغُلٍ فَٰكِهُونَ ﴿٥٥﴾

၅၅။ ဧကန်မလွဲ "ဂျန္နတ်" သုခဘုံသားတို့သည် ယနေ့ (မိမိတို့၏)အရေးကိစ္စများမှ မွေ့လျော် ရွှင်ပျော်လျက် ရှိကြပေမည်။

هُمْ وَأَزْوَٰجُهُمْ فِى ظِلَٰلٍ عَلَى ٱلْأَرَآئِكِ مُتَّكِـُٔونَ ﴿٥٦﴾

၅၆။ ၎င်းတို့နှင့် ၎င်းတို့၏ ကြင်ရာကြင်ဖက်တို့သည် အရိပ်အာဝါသများအောက်တွင် သလွန်များထက်ဝယ် မှီအုံးများကို မှီအုံးလျက် ထိုင်နေကြပေမည်။

لَهُمْ فِيهَا فَٰكِهَةٌ وَلَهُم مَّا يَدَّعُونَ ﴿٥٧﴾

၅၇။ ၎င်းတို့အဖို့ ယင်း"ဂျန္နတ်"သုခဘုံ၌ (အမျိုးမျိုးသော) သစ်သီးဝလံများလည်း ရှိကြပေမည်။ ၎င်းတို့အဖို့ ၎င်းတို့တောင်းသမျှသော အရာများလည်း ရှိကြပေမည်။

سَلَٰمٌ قَوْلًا مِّن رَّبٍّ رَّحِيمٍ ﴿٥٨﴾

၅၈။ ဖန်ဆင်းမွေးမြူတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အရှင်မြတ်အထံတော်မှ "စလာမ်" (ချမ်းမြေ့သာယာစေ)ဟူ၍ မိန့်ကြားတော်မူအံ့သတည်း။ [၁]

وَٱمْتَٰزُوا۟ ٱلْيَوْمَ أَيُّهَا ٱلْمُجْرِمُونَ ﴿٥٩﴾

၅၉။ ၎င်းပြင် (အလ္လာဟ်အရှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူပေမည်) အို-အပြစ်ရှိသူအပေါင်းတို့၊ အသင်တို့သည် ယနေ့ တသီးတခြားနေကြကုန်လော့။

---

① ဂျန္နတ်သည် အမတသုခဘုံဖြစ်သည်။ "ဂျန္နတ်"တွင် သုခချမ်းသာရှိသည်။ ဒုက္ခဟူ၍ အလျှင်းမရှိ။ ဂျန္နတ်သားတို့သည် ဂျန္နတ်တွင် မိမိတို့၏ မွေ့လျော်ဖွယ်ရာများ၌ အမြဲထာဝစဉ် ပျော်ရွှင်ကြည်နူးလျက် ရှိကြပေမည်။ ဂျန္နတ်သားတို့သည် မိမိတို့၏ ကြင်ရာများနှင့်အတူ အရိပ်အာဝါသများအောက်တွင် ပလ္လင်များထက်ဝယ် မှီအုံးများ မှီလျက်ရှိကြပေမည်။ ဂျန္နတ်တွင် သီးနှံမျိုးစုံလည်း ရှိပေမည်။ ထို့ပြင်တစ်ဝ အလိုရှိသမျှ လိုတရရှိကြပေမည်။ ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် ဂျန္နတ်သားတို့အား "စလာမ်" ချမ်းမြေ့သာယာအဖြာဖြာ သက်ရောက်ပါစေဟူ၍ မေတ္တာပို့သတော် မူဦးမည်လည်း ဖြစ်ပေသည်။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်း မိမိ၏ကျေးဇူးတော်ဖြင့် မိမိ၏ဂျန္နတ်တော်တွင် ဝင်ခွင့်ပြုတော်မူပါစေသတည်း)။

أَلَمْ أَعْهَدْ إِلَيْكُمْ يَٰبَنِىٓ ءَادَمَ أَن لَّا تَعْبُدُوا۟ ٱلشَّيْطَٰنَ ۖ إِنَّهُۥ لَكُمْ عَدُوٌّ مُّبِينٌ ﴿٦٠﴾

၆၀။ အို-"အာဒမ်"၏သားသမီးအပေါင်းတို့၊ ငါအရှင်မြတ်သည် အသင်တို့အား (ကြပ်ကြပ်) သတိပေးတော်မူခဲ့သည်မဟုတ်လော။ အသင်တို့သည် "ရှိုင်တွာန်" မိစ္ဆာကောင်အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်၊ ဧကန်မလွဲ "ရှိုင်တွာန်" မိစ္ဆာကောင်သည် အသင်တို့၏ ထင်ရှားသော ရန်သူပင် ဖြစ်ပေသည်။

وَأَنِ ٱعْبُدُونِى ۚ هَٰذَا صِرَٰطٌ مُّسْتَقِيمٌ ﴿٦١﴾

၆၁။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်အား သာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်၊ ဤသည် သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းဖြစ်၏။

وَلَقَدْ أَضَلَّ مِنكُمْ جِبِلًّا كَثِيرًا ۖ أَفَلَمْ تَكُونُوا۟ تَعْقِلُونَ ﴿٦٢﴾

၆၂။ ထို့ပြင် မချွတ်မလွဲ ထို "ရှိုင်တွာန်" မိစ္ဆာကောင်သည် အသင်တို့အနက် မြောက်များစွာသော အဖန်ဆင်းခံတို့အား လမ်းလွဲစေခဲ့လေပြီ။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) မသိ နားမလည်ခဲ့ကြလေသလော။ ၁

هَٰذِهِۦ جَهَنَّمُ ٱلَّتِى كُنتُمْ تُوعَدُونَ ﴿٦٣﴾

၆၃။ ဤသည် အသင်တို့ ကတိပေးချိန်းဆိုခြင်း ခံခဲ့ကြရကုန်သော "ဂျဟန္နမ်" ငရဲဘုံပင် ဖြစ်၏။

---

① **မုအ်မင်နှ်နှင့် ကာဖိရ်၏ တသီးတခြား၊**

မုအ်မင်နှ်တို့သည် ဂျန္နတ်တွင်စံမြန်းကြရမည်။ ကာဖိရ်တို့သည် ဂျဟန္နမ်သို့လားကြရမည်။ မုအ်မင်နှ်နှင့်ကာဖိရ်သည် အတူမနေအပ်၊ တခြားစီ ဖြစ်ကြရမည်သာ။ ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က အို-ပြစ်မှုကျူးလွန်သူ အပေါင်းတို့၊ အသင်တို့သည် (မုအ်မင်နှ်များနှင့်) တစ်သီးတခြားနေကြ၊ (အို-လူသားတို့) ငါအရှင်မြတ်သည် အသင်တို့အား ရှိုင်တွာန်ကို မကိုးကွယ်ကြရမည့်အကြောင်း၊ ရှိုင်တွာန်သည် အသင်တို့၏ ထင်ရှားသော ရန်သူဖြစ်ကြောင်း၊ သူသည် များစွာသောလူသားတို့အား လွဲမှားစေခဲ့ပြီးဖြစ်ကြောင်း၊ ငါအရှင်မြတ်အားသာ ကိုးကွယ်ကြရမည့်အကြောင်း၊ ဤသည်သာ ဖြောင့်မတ်သော လမ်းစဉ်ဖြစ်ကြောင်း သတိပေးတော်မူခဲ့သည် မဟုတ်ပါသလော၊ အသင်တို့သည် ဤမျှပင် အသိမရှိကြလေသလောဟု မိန့်ကြားတော်မူပေမည်။ ယင်းသို့အကြိမ်ကြိမ် သတိပေးတော်မူပါလျက် ကာဖိရ်များသည် ရှိုင်တွာန်အား ကိုးကွယ်ခဲ့ကြသည်ဖြစ်ရာ ရှိုင်တွာန်နှင့်အတူ ဂျဟန္နမ်သို့ လားကြရမည်သာ ဖြစ်ပေသည်။ ဤကား မည်သူမပြုမိမိမှုပင်။ (ရှေ့တွင် ကာဖိရ်များ ဂျဟန္နမ်သို့လားကြရမည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။)

اِصْلَوْهَا الْيَوْمَ بِمَا كُنْتُمْ تَكْفُرُوْنَ ﴿٦٤﴾

၆၄။ အသင်တို့သည် မိမိတို့ မယုံမကြည် သွေဖည်ငြင်းပယ်လျက်ရှိခဲ့ကြသောကြောင့် ယနေ့ ထို"ဂျဟန္နမ်"ငရဲဘုံသို့ လားကြကုန်လော့။

اَلْيَوْمَ نَخْتِمُ عَلٰٓى اَفْوَاهِهِمْ وَتُكَلِّمُنَآ اَيْدِيْهِمْ وَتَشْهَدُ اَرْجُلُهُمْ بِمَا كَانُوْا يَكْسِبُوْنَ ﴿٦٥﴾

၆၅။ ယနေ့သော်ကား ငါအရှင်မြတ်သည် ၎င်းတို့၏ နှုတ်များပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူမည်။ ထို့ပြင် ၎င်းတို့၏ လက်များသည် ငါအရှင်မြတ်နှင့် စကားပြောဆိုကြပေမည်။ ထိုမှတစ်ပါး၊ ၎င်းတို့၏ ခြေများသည် ၎င်းတို့ ပြုလုပ်ဆည်းပူးခဲ့သမျှတို့ကို သက်သေခံကြပေမည်။ (တစ်နည်း) ထိုအခါ ၎င်းတို့ဆည်းပူးခဲ့သမျှတို့ကို ၎င်းတို့၏လက်များက ငါအရှင်မြတ်အားလျှောက်ထားကြ၍ ၎င်းတို့၏ ခြေများက သက်သေခံကြပေမည်။

وَلَوْ نَشَآءُ لَطَمَسْنَا عَلٰٓى اَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَاَنّٰى يُبْصِرُوْنَ ﴿٦٦﴾

၆၆။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် (လူ့လောကၦပင်) ၎င်းတို့၏ မျက်စိများကို ကွယ်ပျောက်စေတော်မူခဲ့ပေမည်။ ထိုအခါ ၎င်းတို့သည် လမ်းသို့ ပြေးကြပေမည်။ သို့ရာတွင် ၎င်းတို့သည် အဘယ်မှာလျှင် မြင်ကြပေမည်နည်း။ ①

---

① ဆိုလိုသည်ကား ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ဂရုမမူခဲ့ကြပေ။ မျက်စိမှိတ်ထားခဲ့ကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူပါက ယင်းသို့ မျက်စိပိတ်ထားခဲ့ကြသော ကာဖိရ်များအား ပြစ်ဒဏ်ခတ်တော် မူသည့်အနေဖြင့် ဤပစ္စက္ခမှာပင် ၎င်းတို့၏ မျက်စိများကို ဖျက်ဆီးပစ်တော်မူနိုင်သည်။ ထို့အတူ ကာဖိရ်များသည် ရှိုင်တွာန်၏လမ်းပေါ်၌သာ လျှောက်ခဲ့ကြပေသည်။ အလ္လာဟ်အရှင်မြတ်၏ လမ်းပေါ်၌ မလျှောက်ခဲ့ကြပေ။ ထိုအရှင်မြတ်သည် အလိုတော်ရှိတော်မူပါက ၎င်းတို့အား ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုလုပ်တော်မူနိုင်ပေသည်။ လုံးဝမသန်စွမ်းအောင် ပြုလုပ်တော်မူနိုင်ပေသည်။ သို့ပြုလုပ်တော်မူလိုက်ပါလျှင် ၎င်းတို့သည် မျက်ကန်းများ၊ ရုပ်ပျက်ဆင်းပျက်များ၊ လုံးဝမသန်စွမ်းသူများ ဖြစ်သွားကြပေမည်။ မည်သို့မျှ သွားလာလှုပ်ရှားနိုင်ကြမည် မဟုတ်ပေ။ လူညွှန့်လူစ တုံးသွားကြပေမည်။ အလ္လာဟ်အရှင်မြတ်သည် သို့ ပြစ်ဒဏ်ခတ်တော် မူနိုင်ပါလျက် ပြစ်ဒဏ်ခတ်တော်မမူသေးခြင်းမှာ သတ်မှတ်ထားတော်မူသည့် အချိန်အထိ ခေတ္တခွင့်ပြုထားတော်မူခြင်းသာ ဖြစ်သည်။ ➤➤

وَلَوْ نَشَآءُ لَمَسَخْنَٰهُمْ عَلَىٰ مَكَانَتِهِمْ فَمَا ٱسْتَطَٰعُوا۟ مُضِيًّا وَلَا يَرْجِعُونَ ﴿٦٧﴾

၆၇။ ထိုနည်းတူစွာ အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ၎င်းတို့၏နေရာ၌ပင် ၎င်းတို့အား ပုံသဏ္ဌာန်ပြောင်းလဲပစ်တော်မူခဲ့ပေမည်။ ထိုအခါ ၎င်းတို့သည် ရှေ့သို့သွားနိုင်ကြမည်လည်း မဟုတ်ပေ။ နောက်သို့ ပြန်လာနိုင်ကြမည်လည်း မဟုတ်ပေတကား။

وَمَن نُّعَمِّرْهُ نُنَكِّسْهُ فِى ٱلْخَلْقِ ۖ أَفَلَا يَعْقِلُونَ ﴿٦٨﴾

၆၈။ စင်စစ်သော်ကား ငါအရှင်မြတ်သည် သက်ရွယ်ကြီးရင့် အိုမင်းစေတော်မူသောသူအား ၎င်း၏ဖန်ဆင်းမှုဌာန ပြောင်းပြန်ဖြစ်စေတော်မူ၏။ သို့ပါလျက် ၎င်းတို့သည် (ဤမျှပင်) မသိနားမလည်ကြလေသလော။

➤➤ ကာဖိရ်များသည် ဤပစ္စက္ခတွင် အကယ်တန္ဆာ ပြစ်ဒဏ်မှ လွတ်မြောက်သွားခဲ့ကြသော်လည်း ကိယာမတ်နေ့တွင်မူ အသို့လျှင် လွတ်မြောက် နိုင်ကြအံ့နည်း၊ ကိယာမတ်နေ့တွင် ၎င်းတို့၏ ခြေ၊လက်စသည့် အင်္ဂါအစိတ်အပိုင်းများကပင်လျှင် ၎င်းတို့နှင့်ပတ်သက်၍ ၎င်းတို့သည် ကျွန်တော်မျိုးတို့အား ဤသို့၊ထိုသို့ အလွဲသုံးစား ပြုလုပ်ကြပါသည်ဟု အတိအကျ သက်သေ ထွက်ဆိုကြဦးမည် ဖြစ်သည်။

① အထက်တွင် အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူပါက ဤပစ္စက္ခမှာပင် ကာဖိရ်များအား မျက်ကန်းများ၊ ရုပ်ပျက်ဆင်းပျက်များ၊ မသန်စွမ်းသူများ ပြုလုပ်ပစ်တော်မူနိုင်ကြောင်း ပါရှိသည်။ ဤသည်ကို ကာဖိရ်များသည် မဖြစ်နိုင်ရာဟူ၍ ထင်မှတ်မနေကြရာ။ မိမိတို့၏ ဘဝသက်တမ်းကို စဉ်းစားဆင်ခြင် ကြည့်ရှုကြရာသည်။

လူသားသည် ရေကြည်တစ်စက်မှ စတင်ဖြစ်ပေါ်လာခဲ့သည်။ အမိဝမ်းတွင်း၌ ကိန်းအောင်းခဲ့သည်။ အချိန်စေ့သောအခါ မွေးဖွားလာခဲ့သည်။ နို့စို့အရွယ် လူမမယ်ဖြစ်ခဲ့သည်။ ထိုမှတစ်ဆင့် ကြီးထွားလာခဲ့သည်၊ နုပျိုလာခဲ့သည်၊ သန်စွမ်းလာခဲ့သည်၊ လှပတင့်တယ် ခဲ့ညားလာခဲ့သည်။ စိတ်တိုင်းကျ သွားလာလှုပ်ရှားလာခဲ့သည်။ ထိုမှတစ်ဆင့် အိုမင်းရင့်ရော်လာခဲ့သည်။ အားအင်ဆုတ်ယုတ်လာခဲ့သည်။ ရုပ်ပျက်ဆင်းပျက် ဖြစ်လာခဲ့သည်။ စိတ်တိုင်းကျ သွားလာလှုပ်ရှားခြင်း မပြုနိုင်တော့ပေ။ လူ၏ဘဝကား ပြောင်းပြန်ဖြစ်သွားပေပြီ။ ဤသည် အလ္လာဟ်အရှင်မြတ်၏ စီမံဖန်တီးမှု ခြယ်လှယ်မှုပင်။ သို့ဖြစ်ပေရာ ယင်းသို့ တိုတောင်းလှသော လူဘဝသက်တမ်းအတွင်းမှာပင် အမျိုးမျိုးအပြန်အလှန် ပြောင်းလွဲစီမံ၊ ဖန်တီးခြယ်လှယ်တော်မူနိုင်သော အရှင်မြတ်သည် အလိုတော်ရှိပါက အချိန်မရွေး၊ အရွယ်မရွေး၊ မျက်စိကန်းအောင်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုံးဝ မသန်စွမ်းအောင် ပြုလုပ်တော်မမူနိုင်ဘဲ အသို့လျှင်ရှိနိုင်အံ့နည်း။ အိုမင်းရင့်ရော်သည့်အရွယ်၌ မသန်စွမ်းအောင် ပြုလုပ်တော်မူနိုင်သော အရှင်သည် နုပျိုနေသည့်အချိန်တွင်လည်း မသန်စွမ်းအောင် ပြုလုပ်တော်မူနိုင်သည် မဟုတ်ပါလော။ ကာဖိရ်များသည် ဤမျှပင် မသိနားမလည်ကြလေသလော။

وَمَا عَلَّمْنٰهُ الشِّعْرَ وَمَا يَنْۢبَغِيْ لَهٗ ؕ اِنْ هُوَ اِلَّا ذِكْرٌ وَّقُرْاٰنٌ مُّبِيْنٌ ﴿۶۹﴾

၆၉။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ထို(တမန်တော်မြတ် မုဟမ္မဒ်)အား လက်ာ (ဖွဲ့စပ်သီကုံးခြင်း)ကို သင်ကြားပို့ချ၍ ပေးတော်မူခဲ့သည် မဟုတ်ပေ။ ၎င်းပြင် ယင်းလက်ာ(စပ်ဆိုသီကုံးခြင်း)သည် ထို(တမန်တော်မြတ်)နှင့် အပ်စပ်သည်လည်း မဟုတ်ပေ။ ထို(တမန်တော်မြတ်ယူဆောင်လာသော) တရားဒေသနာမှာ ဆုံးမသြဝါဒနှင့် ထင်ရှားသော ကုရ်အာန်ကျမ်းမြတ်သာလျှင် ဖြစ်ပေသည်။ [၁]

لِّيُنْذِرَ مَنْ كَانَ حَيًّا وَّيَحِقَّ الْقَوْلُ عَلَى الْكٰفِرِيْنَ ﴿۷۰﴾

၇၀။ (ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခြင်းမှာ)ထိုတမန်တော်မြတ်သည် (စိတ်နလုံး)ရှင်သူတို့အား သတိပေးနှိုးဆော်အံ့သောငှာလည်းကောင်း၊ "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့အပေါ် စွပ်စွဲချက်အတည်ဖြစ်အံ့သောငှာလည်းကောင်း၊ ဖြစ်ချေသတည်း၊[၂]

---

① အထက်တွင် ဖော်ပြပါ စကားရပ်များသည် ဖြစ်ရပ်မှန် အကြောင်းမှန်များသာ ဖြစ်သည်။ (ရှာအိရ်)လက်ာဆရာ၊ ကဗျာဆရာ၏လက်ာ၊ ကဗျာများမဟုတ်။ အတွေးယဉ်မှုများမဟုတ်။ တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော ကုရ်အာန်ကျမ်းမြတ်မှာ အဆုံးအမ သြဝါဒတော်များ၊ ဒေသနာတော်များသာ ဖြစ်ချေသည်။ တွေးတောကြံဆ၊ စပ်ဆိုထားသည့် ပျို့၊ကဗျာ၊လက်ာမဟုတ်။

ရှာအိရ်-ပျို့၊ကဗျာ၊လက်ာ စသည်များ၊ အထူးသဖြင့် အရပ်လောကတွင် ယုတ္တိမရှိသော ကြံဆ၊တွေးတော စပ်ဆိုထားသော စိတ်ကူးယဉ်မှုများသာ ဖြစ်ချေသည်။ ဖြစ်ရပ်မှန်နှင့် မည်သို့မျှ မအပ်စပ်ပေ။ အရပ်လောကတွင် အကောင်းဆုံးသော ပျို့၊ကဗျာ၊လက်ာများမှာ အများဆုံး မုသားစကားသုံး၍ ကြံကြိုးစည်ရာ တွေးတော စပ်ဆိုထားသော ပျို့၊ ကဗျာ၊ လက်ာပင် ဖြစ်သည်။ ယင်းသို့သော ပျို့၊ ကဗျာ၊ လက်ာများသည် တမန်တော်မြတ်နှင့် မည်သို့မျှ မအပ်စပ်ပေ။ "ကုရိုက်ရှ်" မျိုးနွယ်ဝင်များတွင် သာမန်မိန်းကလေးများသည်ပင် ပျို့၊ ကဗျာ၊ လက်ာများကို သီကုံးစပ်ဆိုလေ့ ရှိခဲ့ကြသော်လည်း တမန်တော်မြတ်သည် မိမိ၏ သက်တမ်းတစ်လျှောက်လုံးတွင် လက်ာတစ်ပုဒ်မျှပင် စပ်ဆိုတော်မူခဲ့သည်ဟူ၍ အလျှင်းမရှိခဲ့ပေ။

ပျို့၊ကဗျာ၊လက်ာ၏ ထူးခြားချက်တစ်ရပ်မှာ တစ်ဖက်သား၏ စိတ်ဓာတ်ကို ဆွဲဆောင်မှုပင်ဖြစ်သည်။ ဤသည့်စွမ်းရည်သတ္တိသည် စကားပြေနှင့်ဖြစ်သော ကုရ်အာန်ကျမ်းမြတ်တော်တွင် အပြည့်အဝပါရှိသည်။

လက်ာဆရာ၊ ကဗျာဆရာများသည် မိမိတို့၏ လက်ာ၊ကဗျာများဖြင့် ရုပ်ပိုင်းတွင်ဖြစ်စေ၊ နာမ်ပိုင်းတွင် ဖြစ်စေ၊ အုပ်စုတစ်ခု၊ ဝါဒတစ်ခု၊ လမ်းစဉ်တစ်ရပ်ကို တည်ထောင်နိုင်ခဲ့ကြသည်မရှိပေ။ ဤသည် တမန်တော်များ၏ အလုပ်သာ ဖြစ်ခဲ့ပေသည်။ တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် သေနေသော စိတ်နလုံးများကို ရာသက်ပန် ရှင်သန်စေခဲ့ကြပေသည်။

أَوَلَمْ يَرَوْا أَنَّا خَلَقْنَا لَهُم مِّمَّا عَمِلَتْ أَيْدِينَا أَنْعَامًا فَهُمْ لَهَا مَالِكُونَ ﴿٧١﴾

၇၁။ စင်စစ်ဧကန် ငါအရှင်မြတ်သည် ၎င်းတို့အကျိုးငှာ မိမိလက်တော်ဖြင့် ပြုလုပ်တော်မူခဲ့သော အရာတို့တွင် ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်တို့ကို ဖန်ဆင်းတော်မူခဲ့ရာ၊ ၎င်းတို့သည် ယင်းကုလားအုတ်၊ ကျွဲ၊ နွားတိရစ္ဆာန်များကို ပိုင်ဆိုင်သူများ ဖြစ်သွားခဲ့ကြသည်ကို ၎င်းတို့ မမြင်ခဲ့ကြလေသလော။

وَذَلَّلْنَاهَا لَهُمْ فَمِنْهَا رَكُوبُهُمْ وَمِنْهَا يَأْكُلُونَ ﴿٧٢﴾

၇၂။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းတိရစ္ဆာန်များကို အည့ံခံစေတော်မူခဲ့ရာ ယင်းတိရစ္ဆာန်များအနက် အချို့မှာ ၎င်းတို့၏ အစီးအနင်းဖြစ်ကြ၏။ ထိုမှတစ်ပါး ယင်းတိရစ္ဆာန်များအနက် အချို့ကို ၎င်းတို့သည် စားသုံးကြကုန်၏။

وَلَهُمْ فِيهَا مَنَافِعُ وَمَشَارِبُ أَفَلَا يَشْكُرُونَ ﴿٧٣﴾

၇၃။ ထိုမှတစ်ပါး ထိုသူတို့အဖို့ ယင်းတိရစ္ဆာန်များ၌ (အခြား) အကျိုးကျေးဇူးများသည် လည်းကောင်း၊ သောက်သုံးဖွယ်ရာများသည်လည်းကောင်း၊ ရှိကြပေသည်။ သို့ပါလျက် ၎င်းတို့သည် ကျေးဇူးမတင်ကြလေသလော။

وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لَّعَلَّهُمْ يُنصَرُونَ ﴿٧٤﴾

၇၄။ ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့မှာ ကူညီရိုင်းပင်းခြင်းကို ခံကြရမည်ဟု မျှော်လင့်ကြလျက် အလ္လာဟ်အရှင်မြတ်အပြင် အခြားကိုးကွယ်ရာများကို သတ်မှတ်ခဲ့ကြကုန်၏။

---

(၂) ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မူခြင်းမှာ တမန်တော်မြတ်သည် ယင်းကုရ်အာန်ကျမ်းလာဒေသနာတော်ဖြင့် စိတ်နှလုံးရှင်နေသူများအား သတိပေး နှိုးဆော်တော်မူနိုင်ရန်နှင့် ကာဖိရ်များအပေါ်၌ စွပ်စွဲချက်၊ အတည်ဖြစ်စေရန် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် စိတ်နှလုံးရှင်သူသာ အကျိုးခံစားမည်။ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ချမှတ်တော်မမူပါက ကာဖိရ်များသည် ကျမ်းဂန်မရရှိသည်ကို အကြောင်းပြု၍ ထုချေကြပေမည်။ ယခုမူ ကုရ်အာန်ကျမ်းမြတ် ကျရောက်လာခဲ့ပေပြီ။ တမန်တော်မြတ်လည်း ပွင့်လာတော်မူခဲ့ချေပြီ။ တရားဒေသနာတော်များကို နာယူကျင့်မူရန်သာ ရှိပေတော့သည်။ သို့ပါလျက် သွေဖည်ငြင်းဆန် မနာခံက မနာခံသူ၏အပြစ်သာ ဖြစ်ချိမ့်မည်၊ အကြောင်းပြရန်မရှိပြီ။

لَا يَسْتَطِيعُونَ نَصْرَهُمْ وَهُمْ لَهُمْ جُندٌ مُّحْضَرُونَ ﴿٧٥﴾

၇၅။ (အမှန်စင်စစ်သော်ကား) ထိုကိုးကွယ်ရာများသည် ၎င်းတို့အား (အနည်းငယ် စိုးစဉ်းမျှပင်) ယိုင်းပင်း ကူညီနိုင်ကြသည် မဟုတ်သည့်ပြင် စင်စစ်ယင်းကိုးကွယ်ရာများမှာ (ရှေ့တော်မှောက်သို့) အဆင်သင့် ရောက်ရှိစေခြင်း ခံကြရသော ၎င်းတို့၏ဆန့်ကျင်ဖက် အုပ်စုပင် ဖြစ်သွားကြပေမည်။

فَلَا يَحْزُنكَ قَوْلُهُمْ ۘ إِنَّا نَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ﴿٧٦﴾

၇၆။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) ထိုသူတို့၏ပြောဆိုမှုသည် အသင့်အား စိတ်နလုံးမချမ်းမြေ့မဖြစ်စေရ။ ဧကန်အမှန် ထိုသူတို့ လျှို့ဝှက်သမျှတို့ကိုလည်းကောင်း၊ ထိုသူတို့ ထင်ရှားစေသမျှတို့ကိုလည်းကောင်း၊ ငါအရှင်မြတ်သည် (အကြွင်းမဲ့) သိရှိတော်မူပေသတည်း။ [၁]

أَوَلَمْ يَرَ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ ﴿٧٧﴾

၇၇။ "မနုဿ" လူသားသည် မစဉ်းစား မဆင်ခြင်မမြင်ခဲ့လေသလော။ ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်းအား ကလလရေကြည် တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။ သို့ရာတွင် ရုတ်တရက် ၎င်းမှာ ထင်ရှားစွာသော အငြင်းအခုံ ပြုလုပ်သူဖြစ်လာခဲ့၏။

وَضَرَبَ لَنَا مَثَلًا وَنَسِيَ خَلْقَهُ ۖ قَالَ مَن يُحْيِي الْعِظَامَ وَهِيَ رَمِيمٌ ﴿٧٨﴾

၇၈။ ထိုမှတစ်ပါး ထို "မနုဿ" လူသားသည် ငါအရှင်မြတ်နှင့်ပတ်သက်၍ (လွန်စွာရိုင်းပြသော) ဥပမာတစ်ခုကို ခိုင်းနှိုင်း ပြောဆိုခဲ့လေ၏။ ထို့ပြင် ၎င်းသည် မိမိဖန်ဆင်းခြင်းခံခဲ့ရသောအဖြစ်ကို မေ့သွားခဲ့၏။ ၎င်းက (ခိုင်းနှိုင်းပြောဆိုခဲ့သည်မှာ) အရိုးများဆွေးမြည့်သွားခဲ့သောအခါ မည်သူသည် ယင်းအရိုးများကို ရှင်စေအံ့နည်းဟု ပြောဆိုခဲ့လေ၏။

---

① ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များနှင့် ကျေးဇူးတော်များကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပါလျက် ထိုအရှင်မြတ်အား သွေဖည်ကျောခိုင်းလျက်ရှိပေရာ တမန်တော်မြတ်သည် မိမိနှင့်ပတ်သက်၍ ကာဖိရ်များက လက်ံဆရာ၊ ကဗျာဆရာ စသည်ဖြင့် ထိပါးပုတ်ခတ် ➤➤

قُلْ يُحْيِيهَا الَّذِي أَنشَأَهَا أَوَّلَ مَرَّةٍ ۖ وَهُوَ بِكُلِّ خَلْقٍ عَلِيمٌ ﴿٧٩﴾

၇၉။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) ပထမအကြိမ် ယင်းအရိုးများကို ဖန်ဆင်းတော်မူခဲ့သော အရှင်မြတ်သည်ပင်လျှင် ယင်းအရိုးများကို ရှင်(ပြန်)စေတော်မူမည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အလုံးစုံသောဖန်ဆင်းပုံဖန်ဆင်းနည်းတို့ကို ကောင်းစွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၁]

الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ ﴿٨٠﴾

၈၀။ အကြင် အရှင်မြတ်သည် စိမ်းစိုသော သစ်ပင်မှပင် အသင်တို့၏အကျိုးငှာ မီးကို ဖန်ဆင်းတော်မူခဲ့ရာ ယခုသော်ကား အသင်တို့သည် ထိုသစ်ပင်မှပင် မီးမွေးနေကြကုန်သတည်း။

➤➤ ပြောဆိုကြသည်များ အတွက် စိတ်ပျက်ရန်မလိုပေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကြံသမျှ၊ ပြောသမျှ၊ပြုသမျှ၊ အတွင်းအပြင် အားလုံးကို ကြွင်းမဲ့ဉဿုံအလုံးစုံ သိတော်မူသည်ဖြစ်ရာ အချိန်တန်သည့်အခါ တိကျစွာ အရေးယူတော်မူမည်သာ။

① အလ္လာဟ်အရှင်မြတ်သည် လူသားအား ကလလ ရေကြည်တစ်စက်ဖြင့် ဖန်ဆင်းထားတော်မူခြင်း ဖြစ်သည်။ ထိုအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ထိုရေကြည်တစ်စက်သည် ယခု လူတစ်လုံး သူတစ်လုံးဖြစ်လျက် ရှိချေပြီ။ စွမ်းရည်သတ္တိ အမျိုးမျိုးကိုလည်း ရရှိချေပြီ။ ကောင်းမွန်စွာ သွားလာလှုပ်ရှားလျက် ရှိချေပြီ။ သွက်သွက်လက်လက် ပြောဆိုလျက်ရှိချေပြီ။ နေရာတိုင်းတွင် စွာကျယ် စွာကျယ်လုပ်လျက်ရှိချေပြီ။ စကားကြီးစကားကျယ် ပြောဆိုလျက် ရှိချေပြီ။

ယခုမူ လူသားသည်နယ်လွန်ကာ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ပင် မပြောအပ်၊ မဆိုအပ်သည်များကို ပြောဆိုလာခဲ့ချေပြီ။ အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာ မပြုနိုင်စွမ်းသော သာမန်အဖန်ဆင်းခံများကဲ့သို့ ထင်မှတ်ကာ သေကြေပျက်စီး၍ ဆွေးမြည့်ကြေမွနေသော အရိုးများကို မည်သူပြန်လည်ရှင်စေနိုင်အုံးနည်းဟူ၍ပင် မေးခွန်းထုတ်လာခဲ့ချေပြီ။ လူသားသည် မိမိ၏ဘဝဖြစ်စဉ်ကို မေ့နေသည်။ အကယ်၍ လူသားသည် မိမိ၏ဘဝဖြစ်စဉ်ကို မမေ့ပါက ယင်းသို့ မေးခွန်းထုတ်ဝံ့မည် မဟုတ်ပေ။ မေးခွန်းထုတ်ရန်လည်း မလိုပေ။ လူသားထုတ်ထားသော မေးခွန်း၏အဖြေမှာ အထင်သား၊ အမြင်သား၊ အထင်အရှားပင်။ ယင်းသည့် အရိုးများတွင် ဦးစွာပထမ အသက်သွင်းပေးတော်မူသော အရှင်မြတ်သည်ပင် ဒုတိယအကြိမ် ပြန်လည် အသက်သွင်းပေးတော်မူမည်ဖြစ်သည်။ ပထမအကြိမ် အသက်သွင်းပေးတော်မူသော အရှင်မြတ်အဖို့ ဒုတိယအကြိမ် အသက်သွင်းတော်မူခြင်းမှာ အသို့လျှင် အခက်အခဲရှိနိုင်အုံးနည်း။ ပို၍ပင် လွယ်ကူမည် မဟုတ်ပါလော။

ကြည့်-ကုရ်အာန် (၃၀း၂၇)။

أَوَلَيْسَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِقَادِرٍ عَلَىٰ أَن يَخْلُقَ مِثْلَهُم ۚ بَلَىٰ وَهُوَ الْخَلَّاقُ الْعَلِيمُ ﴿٨١﴾

၈၁။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့သောအရှင်မြတ်သည် ၎င်းတို့ကဲ့သို့သောသူတို့အား (ဒုတိယအကြိမ် ထပ်မံ၍) ဖန်ဆင်းတော်မူရန် စွမ်းနိုင်တော်မူသောအရှင်မဟုတ်ပါလော။

အဘယ်ကြောင့်မဟုတ်ပါသနည်း။ [၁] မုချမလွဲ (စွမ်းနိုင်တော်မူသော အရှင်မြတ်ပင်) ဖြစ်တော်မူ၏။ စင်စစ်မူကား ထိုအရှင်မြတ်သည် အလွန်တရာ ဖန်ဆင်းတော်မူသောအရှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့သိတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

إِنَّمَا أَمْرُهُ إِذَا أَرَادَ شَيْئًا أَن يَقُولَ لَهُ كُن فَيَكُونُ ﴿٨٢﴾

၈၂။ ထိုအရှင်မြတ်၏ အမိန့်တော်ကား တစ်စုံတစ်ရာကို ထိုအရှင်မြတ်သည် (ဖန်ဆင်းတော်မူရန်) ရည်စူးတော်မူသောအခါ ထိုအရာကို ဖြစ်စေဟု မိန့်ကြားတော်မူခြင်းမျှဖြစ်၏။ ထိုအခါ ယင်းအရာသည် ဖြစ်လာလေ၏။ [၂]

---

① အတိုင်းမသိ မြင့်စွင့်သော မိုးကောင်းကင်များနှင့် ထုထည်ကြီးမားလှဘိသော ပထဝီမြေကြီးကို စတင်ဖန်ဆင်းထားတော်မူသော အရှင်မြတ်အဖို့ ယင်းကာဖိရ်များကဲ့သို့ သေးငယ်လှသော လူသားတို့အား ပြန်လည်ဖန်ဆင်းတော်မူရန်မှာ အသို့လျှင် အခက်အခဲရှိနိုင်အံ့နည်း။ အသို့မျှ အခက်အခဲမရှိ။

② အလွှာဟ်အရှင်မြတ်အဖို့ မည်သည့်အရာကိုမဆို ဖန်ဆင်းတော်မူရာ၌ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ပထမ စတင်ဖန်ဆင်းခြင်းဖြစ်စေ၊ ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းခြင်းဖြစ်စေ၊ မည်သို့မျှ အခက်အခဲမရှိပေ။ အဘယ့်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည် ဉာဏ်တော်အနန္တရှင်၊ တန်ခိုးတော်အနန္တရှင် ဖန်ဆင်းပုံအလုံးစုံကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် တစ်စုံတစ်ရာကို ဖန်ဆင်းတော်မူလိုပါလျှင် "ဖြစ်စေ"ဟု မိန့်ကြားတော်မူလိုက်ရုံမျှဖြင့် ထိုအရာသည် ချက်ချင်းဖြစ်ပေါ်လာပေသည်။

ဤအကြောင်း ကုရ်အာန် (၂:၁၁၇)၊တွင် ပါရှိခဲ့ချေပြီ။

فَسُبْحٰنَ الَّذِیْ بِیَدِهٖ مَلَكُوْتُ كُلِّ شَیْءٍ وَّاِلَیْهِ تُرْجَعُوْنَ ﴿۸۳﴾

၈၃။ သို့ဖြစ်ပေရာ အကြင် အရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူ၏။ အရာခပ်သိမ်းတို့ကို စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာရှိ၏။ ထိုမှတစ်ပါး အသင်တို့ (အားလုံး)သည် ထိုအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည်၍ သွားကြရကုန်အံ့သတည်း။ ③

---

③ အထက်ပါ ဒေသနာတော်များဖြင့် အရာခပ်သိမ်းကုန်တို့ကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် အခါခပ်သိမ်း အလွန်ဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိကြောင်း၊ အားလုံးတို့သည် တစ်ရက် ထိုအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိ ကြရမည်ဖြစ်ကြောင်း၊ ထိုအရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ လုံးဝသန့်ရှင်း အပြစ်ကင်းတော်မူကြောင်း၊ ကိုးကွယ်ရာအစစ် ဖြစ်တော်မူကြောင်း ထင်ရှားပါဘိတကား။

စီတန်းနေသူများကဏ္ဍ

سُوْرَةُ الصَّافَّاتِ

ဤကဏ္ဍသည် "ဆွာဖ်ဖာတ်" "စီတန်းနေသူများ" အကြောင်း ပါဝင်သောကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၈၂)ပါး ရကူအ်အပိုဒ်(၅)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالصّٰٓفّٰتِ صَفًّا ۝١

၁။ (ငါအရှင်မြတ်သည်) အနေအထားကျနစွာ တန်းစီ မတ်တတ်ရပ်ကြသူတို့အား သက်သေထူတော်မူ၏။

فَالزّٰجِرٰتِ زَجْرًا ۝٢

၂။ တစ်ဖန် (ငါအရှင်မြတ်သည်) ငေါက်ငမ်းလျက် မောင်းနှင်သူတို့အား သက်သေထူတော်မူ၏။

فَالتّٰلِيٰتِ ذِكْرًا ۝٣

၃။ ထို့နောက်တစ်ဖန် (ငါအရှင်မြတ်သည်) "ဇစ်က်ရ်" ကမ္ဘာန်းကို စီးဖြန်းသရဇ္ဈာယ်ကြသူတို့အား (တစ်နည်း) ကျက်မှတ်ရွတ်ဖတ်သရဇ္ဈာယ်သူတို့အား သက်သေထူတော်မူ၏။

اِنَّ اِلٰهَكُمْ لَوَاحِدٌ ۝٤

၄။ မလွဲဧကန် အသင်တို့၏ ဆည်းကပ်ကိုးကွယ်ရာအရှင်ကား တစ်ဆူတည်းသာလျှင် ဖြစ်တော်မူ၏။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا وَرَبُّ الْمَشَارِقِ ۝٥

၅။ (ထိုအရှင်မြတ်သည်) မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုလုံး၏အကြားရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်း စိုးပိုင်တော်မူသောအရှင်၊ ထိုမှတစ်ပါး နေထွက်ရာ အရပ်များကို

ဖန်ဆင်း စိုးပိုင်တော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ [၁]

إِنَّا زَيَّنَّا السَّمَاءَ الدُّنْيَا بِزِينَةٍ الْكَوَاكِبِ ۝٦

၆။ ဧကန်စင်စစ် ငါအရှင်မြတ်သည် အောက်ဆုံးဖြစ်သော မိုးကောင်းကင်ကို ကြယ်နက္ခတ်များတည်းဟူသော အဆင်အယင်ဖြင့် တန်ဆာဆင်ယင်တော်မူခဲ့၏။

وَحِفْظًا مِّن كُلِّ شَيْطَانٍ مَّارِدٍ ۝٧

၇။ ၎င်းပြင် (ငါအရှင်မြတ်သည်) "ရိုင်တွာန်" မိစ္ဆာကောင်အသီးသီးမှ အကာအကွယ် ပြုလုပ်တော်မူခဲ့၏။

لَا يَسَّمَّعُونَ إِلَى الْمَلَإِ الْأَعْلَىٰ وَيُقْذَفُونَ مِن كُلِّ جَانِبٍ ۝٨

၈။ ထို "ရိုင်တွာန်" မိစ္ဆာကောင်များသည် အထက်ကောင်းကင်ရှိ ပရိပတ်မြို့တော်သို့ (သွားရောက်) နားစွင့်နိုင်ခြင်း မရှိကြသည့်ပြင် ၎င်းတို့သည် အဖက်ဖက်မှ (မီးတောက်ကြယ်ပျံဖြင့်) ပစ်ပေါက်ခြင်းကို ခံကြရကုန်၏။ [၂]

---

① အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်များတွင်-

(၁) စီတန်းလျက် ဝတ်ပြုကြသော သို့မဟုတ် အမိန့်တော်များကိုနာခံရန် ကိုယ့်အဆင့်အတန်းနှင့်ကိုယ် မိမိတို့၏နေရာများတွင် အသီးသီးစီတန်းကာ အသင့်စောင့်မျှော်လျက်ရှိကြသော ကောင်းကင်တမန်များ၊ သို့မဟုတ် ဆွေလာတ်၊ ဂျီဟာဒ် စသည်တို့တွင် စီတန်းလျက်ရှိကြသော လူပုဂ္ဂိုလ်တို့အား လည်းကောင်း။

(၂) ရိုင်တွာန်များကို ခိုးဝှက်၍ နားမထောင်နိုင်ရန်၊ မောင်းနှင်ထုတ်လျက်ရှိသော ကောင်းကင်တမန်များ၊ သို့တည်းမဟုတ် လူသားတို့အား ကောင်းရာကိုပြု၍ မကောင်းမှုများမှ တားမြစ်ကြသော ကောင်းကင်တမန်များ၊ သို့မဟုတ် မိမိ၏စိတ်ကို မကောင်းမှုများမှတားမြစ်၍ သူတစ်ပါးတို့အားလည်း မကောင်းမှုများကို ကျူးလွန်ရာတွင် ငေါက်ငမ်းသော လူပုဂ္ဂိုလ်များအားလည်းကောင်း။

(၃) ဒေသနာတော်များကို ကြားနာပြီးနောက် ယင်းဒေသနာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသော၊ ကျက်မှတ်ကြသော ကောင်းကင်တမန်များ၊ သို့မဟုတ် လူပုဂ္ဂိုလ်များအား လည်းကောင်း၊ ကျိန်ဆိုတော်မူပြီး ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသာ ဖြစ်တော်မူကြောင်း၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ထိုနှစ်ခုစပ်ကြားရှိ အရာခပ်သိမ်းကုန်တို့ကို လည်းကောင်း၊ နေထွက်ရာအရပ်များကို လည်းကောင်း စိုးမိုးတော်မူကြောင်း မိန့်ဆိုထားတော်မူသည်။ ဤသည်ကို ကောင်းကင်တမန်များနှင့် ပထဝီမြေရှိ သူတော်စင်ပုဂ္ဂိုလ်များသည် အခါခပ်သိမ်း ကာယကံအားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း သက်သေခံလျက် ရှိကြပေသည်။

دُحُورًا وَّلَهُمْ عَذَابٌ وَّاصِبٌ ۝٩

၉။ နှင်ထုတ်ခြင်းခံကြရလျက်၊ ထိုမှတစ်ပါး ၎င်းတို့၌ ထာဝစဉ်ခံကြရအံ့သောပြစ်ဒဏ်သည်လည်း ရှိပေဦးမည်။

اِلَّا مَنْ خَطِفَ الْخَطْفَةَ فَاَتْبَعَهٗ شِهَابٌ ثَاقِبٌ ۝١٠

၁၀။ သို့ရာတွင် အကြင်"ရှိုင်တွာန်" မိစ္ဆာကောင်သည် (သတင်းတစ်စုံတစ်ရာကို) ရုတ်တရက် သုတ်ယူခဲ့မူ တောက်လောင်သော မီးတောက်တစ်ခုသည် ၎င်း၏ နောက်သို့ ထက်ကြပ်မကွာလိုက်ခဲ့လေတော့သတည်း။

فَاسْتَفْتِهِمْ اَهُمْ اَشَدُّ خَلْقًا اَمْ مَّنْ خَلَقْنَا ؕ اِنَّا خَلَقْنٰهُمْ مِّنْ طِيْنٍ لَّازِبٍ ۝١١

၁၁။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား မေးမြန်းပါလေ။ ၎င်းတို့အား ဖန်ဆင်းခြင်းသည် ပို၍ခဲယဉ်းလေသလော၊ သို့မဟုတ် ငါအရှင်မြတ် ဖန်ဆင်းတော်မူခဲ့သည့် (ကြယ်နက္ခတ်၊ မိုးကောင်းကင်၊ ပထဝီမြေ၊ အဖန်ဆင်းခံများအား ဖန်ဆင်းတော်မူခြင်းသည် ပို၍ ခဲယဉ်းလေသလော)။ ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့အား စေးကပ်သော မြေကြီးမြေစေးဖြင့် ဖန်ဆင်းတော်မူခဲ့၏။

بَلْ عَجِبْتَ وَيَسْخَرُوْنَ ۝١٢

၁၂။ စင်စစ်မှာကား (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့၏ ငြင်းပယ်မှုကြောင့်) အံ့သြ၍ နေပေသည်။ သို့ရာတွင် ၎င်းတို့မှာမူကား (အသင့်အား) ပြက်ရယ်သမူ ပြုကြကုန်၏။

وَاِذَا ذُكِّرُوْا لَا يَذْكُرُوْنَ ۝١٣

၁၃။ ၎င်းပြင် သတိပေးဆုံးမခြင်းကို ခံကြရသော အခါ ၎င်းတို့သည် တရားရကြသည် မဟုတ်ပေ။

---

(၂) မိုးကောင်းကင်ကို ကြယ်များဖြင့် ဆင်ယင်ထားတော် မူသည့်အကြောင်း အထက်ကောင်းကင်ကမ္ဘာ၏ သတင်းများကို ခိုးဝှက်နားထောင်သော ရှိုင်တွာန်များကို မီးတောက်မီးလွှဲဖြင့် ပစ်ပေါက်တော် မူသည့်အကြောင်း ကုရ်အာန် (၁၅း၁၆-၁၈)တွင် ပါရှိခဲ့ပေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

وَإِذَا رَأَوْا آيَةً يَسْتَسْخِرُونَ ﴿١٤﴾

၁၄။ ထို့ပြင် ၎င်းတို့သည် သက်သေလက္ခဏာ တစ်ရပ်ရပ်ကို တွေ့မြင်ကြသောအခါ၊ ပြက်ရယ် ပြောင်လှောင်ကြကုန်၏။

وَقَالُوا إِنْ هَٰذَا إِلَّا سِحْرٌ مُبِينٌ ﴿١٥﴾

၁၅။ ထိုမှတစ်ပါး ၎င်းတို့က ပြောဆိုကြကုန်၏။ ဤသည် ထင်ရှားစွာသော ပဉ္စလက်အတတ်ပညာမျှသာ ဖြစ်ပေသည်။

أَإِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَإِنَّا لَمَبْعُوثُونَ ﴿١٦﴾

၁၆။ မည်သို့နည်း ကျွန်ုပ်တို့သည် သေဆုံးကြပြီး မြေကြီးဖြစ်သွားကြသောအခါ ကျွန်ုပ်တို့သည် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။

أَوَآبَاؤُنَا الْأَوَّلُونَ ﴿١٧﴾

၁၇။ ၎င်းပြင် ရှေးသူဟောင်းများဖြစ်ကြသော ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးတို့သည်လည်း (ရှင်ပြန်ထကြရဦးမည်လော)။

قُلْ نَعَمْ وَأَنْتُمْ دَاخِرُونَ ﴿١٨﴾

၁၈။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ "ဟုတ်ပေသည်" (အသင်တို့သည် အမှန်ပင် ရှင်ပြန်ထကြရပေမည်)။ ၎င်းပြင် အသင်တို့သည် ဂုဏ်ရည် သေးသိမ်သူများလည်း ဖြစ်ကြရပေဦးမည်။

فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ فَإِذَا هُمْ يَنْظُرُونَ ﴿١٩﴾

၁၉။ စင်စစ်မှာကား ယင်းသည် ပြင်းထန်စွာသော အသံတစ်ခုမျှသာလျှင် ဖြစ်ပေမည်။ ထိုအခါ ရုတ်တရက် ၎င်းတို့သည် (ကြောက်ရွံ့ထိတ်လန့်စွာ) ကြည့်ရှုလျက် ရှိကြကုန်အံ့သတည်း။

وَقَالُوا يَا وَيْلَنَا هَٰذَا يَوْمُ الدِّينِ ﴿٢٠﴾

၂၀။ ထိုမှတစ်ပါး ၎င်းတို့က "ဩော်-ငါတို့သည် အကျိုးနည်း ပျက်စီးကြရလေခြင်း၊ ဤသည် အစားပေးမည့်နေ့ပါတကား"ဟု ပြောဆိုညည်းညူကြပေမည်။

هَٰذَا يَوْمُ الْفَصْلِ الَّذِي كُنْتُمْ بِهِ تُكَذِّبُونَ ﴿٢١﴾

၂၁။ ဤကား မဟုတ်မမှန်ဟူ၍ အသင်တို့ ငြင်းပယ်လျက်ရှိခဲ့ကြသော စီရင်ဆုံးဖြတ်မည့်နေ့ပင်ဖြစ်ပေသည်။

اُحْشُرُوا الَّذِيْنَ ظَلَمُوْا وَاَزْوَاجَهُمْ وَمَا كَانُوْا يَعْبُدُوْنَ ﴿٢٢﴾

၂၂။ (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များအား မိန့်ကြားတော်မူပေမည်)။ အသင်တို့သည် (မိမိတို့ကိုယ်ကို) နှိပ်စက်ကလူပြုခဲ့ကြသော သူတို့အားလည်းကောင်း၊ ထိုသူတို့နှင့် ဝါဒတူဖြစ်ကြသော အဖော်အဖက်တို့အားလည်းကောင်း၊ ထိုသူတို့ဆည်းကပ်ကိုးကွယ်ခဲ့ကြသည်တို့အားလည်းကောင်း၊ စုရုံးကြလေကုန်။

مِنْ دُوْنِ اللّٰهِ فَاهْدُوْهُمْ اِلٰى صِرَاطِ الْجَحِيْمِ ﴿٢٣﴾

၂၃။ အလ္လာဟ်အရှင်မြတ်အားစွန့်၍၊ တစ်ဖန် အသင်တို့သည် ၎င်းတို့အားလုံးကိုပင် "ဂျဟန္နမ်" ငရဲဘုံ၏ လမ်းအတိုင်း ခေါ်ဆောင်သွားကြလေကုန်။

وَقِفُوْهُمْ اِنَّهُمْ مَّسْئُوْلُوْنَ ﴿٢٤﴾

၂၄။ ထိုမှတစ်ပါး အသင်တို့သည် ၎င်းတို့အား (အနည်းငယ်) ဆိုင်းငုံ၍ထားကြလေကုန်။ ဧကန်မလွဲ ၎င်းတို့သည် စစ်ဆေးမေးမြန်းခြင်း ခံကြရမည့်သူများပင် ဖြစ်ကြကုန်၏။

مَا لَكُمْ لَا تَنَاصَرُوْنَ ﴿٢٥﴾

၂၅။ အသင်တို့သည် မည်သည့်အကြောင်းကြောင့် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီယိုင်းပင်းခြင်း မပြုကြပေသနည်း။

بَلْ هُمُ الْيَوْمَ مُسْتَسْلِمُوْنَ ﴿٢٦﴾

၂၆။ စင်စစ်မှာကား ၎င်းတို့သည် ထိုနေ့တွင် ဦးခေါင်း ညွှတ်ချ အညံ့ခံကြပေမည်။

وَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَسَآءَلُوْنَ ﴿٢٧﴾

၂၇။ ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့အချင်းချင်း တစ်ဦးဖက်သို့ တစ်ဦးလှည့်ကာ အပြန်အလှန် မေးမြန်းကြပေမည်။

قَالُوْٓا اِنَّكُمْ كُنْتُمْ تَاْتُوْنَنَا عَنِ الْيَمِيْنِ ﴿٢٨﴾

၂၈။ ၎င်းတို့ (အနက်မှ နောက်လိုက်များ)က (ခေါင်းဆောင်များအား) "ဧကန်စင်စစ် အသင်တို့သည် အရှိန်အစော်ကြီးစွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်လေ့ရှိခဲ့ကြသည်" ဟု ပြောဆိုကြပေမည်။

قَالُوا بَلْ لَّمْ تَكُونُوا مُؤْمِنِينَ ﴿٢٩﴾

၂၉။ (ထိုအခါ) ၎င်းတို့(အား ခေါင်းဆောင်များ)က ပြောဆို ဖြေကြားကြပေမည်။ ထိုသို့အလျှင်းမဟုတ်။ စင်စစ်မှာကား အသင်တို့ကိုယ်တိုင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူများ မဖြစ်ခဲ့ကြပေ။

وَمَا كَانَ لَنَا عَلَيْكُم مِّن سُلْطَانٍ ۚ بَلْ كُنتُمْ قَوْمًا طَاغِينَ ﴿٣٠﴾

၃၀။ ထိုမှတစ်ပါး ကျွန်ုပ်တို့၌ အသင်တို့အပေါ် ဝယ် ဩဇာအာဏာ တစ်စုံတစ်ရာမျှလည်း မရှိခဲ့ပေ။ စင်စစ်မှာကား အသင်တို့ ကိုယ်တိုင်ပင် လွန်စွာ သောင်းကျန်းဆိုးသွမ်းများ ဖြစ်ခဲ့ကြပေသည်။

فَحَقَّ عَلَيْنَا قَوْلُ رَبِّنَا ۖ إِنَّا لَذَائِقُونَ ﴿٣١﴾

၃၁။ အမှန်သော်ကား "ကျွန်ုပ်တို့သည် ဧကန်အမှန် (ပြစ်ဒဏ်၏) အရသာကို မြည်းစမ်းမည့်သူများ ဖြစ်ကြသည်" ဟူသော ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏ မိန့်ကြားချက်သည် ကျွန်ုပ် တို့အားလုံးအပေါ်၌ မှန်ကန်ကြောင်း ထင်ရှားလေသည်။

فَأَغْوَيْنَاكُمْ إِنَّا كُنَّا غَاوِينَ ﴿٣٢﴾

၃၂။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် အသင်တို့အား လမ်းလွဲစေခဲ့ကြကုန်၏။ ဧကန်အမှန် ကျွန်ုပ်တို့ ကိုယ်တိုင်လည်း လမ်းလွဲသူများပင် ဖြစ်ခဲ့ကြကုန်၏။

فَإِنَّهُمْ يَوْمَئِذٍ فِي الْعَذَابِ مُشْتَرِكُونَ ﴿٣٣﴾

၃၃။ သို့ဖြစ်သောကြောင့် စင်စစ်ဧကန် ၎င်းတို့ အားလုံးသည် ထိုနေ့တွင် ပြစ်ဒဏ်၌ (ခံစား)သူများ ပင် ဖြစ်ကြပေမည်။

إِنَّا كَذَٰلِكَ نَفْعَلُ بِالْمُجْرِمِينَ ﴿٣٤﴾

၃၄။ မလွဲဧကန် ငါအရှင်မြတ်သည် အပြစ်ရှိသူ တို့အား ဤအတိုင်းပင် ပြုလုပ်လေ့ရှိတော်မူ၏။

إِنَّهُمْ كَانُوا إِذَا قِيلَ لَهُمْ لَا إِلَٰهَ إِلَّا اللَّهُ يَسْتَكْبِرُونَ ﴿٣٥﴾

၃၅။ မုချဧကန် ၎င်းတို့မှာ အလ္လာဟ်အရှင်မြတ်မှ တစ်ပါး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိဟု ၎င်းတို့အား ပြောဆိုခဲ့သောအခါ ၎င်းတို့သည် မာန်မာန ထောင်လွှားလေ့ရှိခဲ့ကြကုန်၏။

وَيَقُولُونَ أَئِنَّا لَتَارِكُوٓا۟ ءَالِهَتِنَا لِشَاعِرٍ مَّجْنُونٍ ﴿٣٦﴾

၃၆။ ထိုမှတစ်ပါး၊ ငင်းတို့က ကျွန်ုပ်တို့သည် ရူးသွပ်သောကဗျာဆရာတစ်ဦး၏ ပြောဆိုမှုကြောင့် မိမိတို့၏ ဆည်းကပ် ကိုးကွယ်ရာများကို စွန့်လွှတ်ကြရမည်လောဟု ပြောဆိုလေ့ရှိကြကုန်၏။

بَلْ جَآءَ بِٱلْحَقِّ وَصَدَّقَ ٱلْمُرْسَلِينَ ﴿٣٧﴾

၃၇။ စင်စစ်မှာကား ထို(တမန်တော်မြတ်)သည် အမှန်တရားကို ယူဆောင်ခဲ့သည့်ပြင် (အခြားသော) "ရဿူလ်"တမန်တော် အပေါင်းတို့အားလည်း (ဟုတ်မှန်ကြောင်း) ယုံကြည် ထောက်ခံခဲ့ပေသတည်း။

إِنَّكُمْ لَذَآئِقُوا۟ ٱلْعَذَابِ ٱلْأَلِيمِ ﴿٣٨﴾

၃၈။ ဇကန်မလွဲ အသင်တို့အားလုံးသည် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မြည်းစမ်းကြရမည့်သူများ အမှန်ပင် ဖြစ်ကြကုန်၏။

وَمَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ ﴿٣٩﴾

၃၉။ သို့ရာတွင် အသင်တို့သည် မိမိတို့ကျင့်မူလျက် ရှိခဲ့ကြသောအမှုကိစ္စများ၏ အစားပေးခြင်းကိုသာလျှင် ခံကြရပေမည်။

إِلَّا عِبَادَ ٱللَّهِ ٱلْمُخْلَصِينَ ﴿٤٠﴾

၄၀။ သို့ရာတွင် ရွေးခြယ်ခြင်းကို ခံခဲ့ကြရသော အလ္လာဟ်အရှင်မြတ်၏ ကျွန်များသည်၊

أُو۟لَٰٓئِكَ لَهُمْ رِزْقٌ مَّعْلُومٌ ﴿٤١﴾

၄၁။ ထိုသူတို့အဖို့မှာမူကား သတ်မှတ်ပြီးဖြစ်သော အစာအာဟာရသည် ရှိပေသည်။

فَوَٰكِهُ ۖ وَهُم مُّكْرَمُونَ ﴿٤٢﴾

၄၂။ သစ်သီးဝလံများပင်၊ ထိုမှတစ်ပါး ငင်းတို့သည် ဂုဏ်အင် ချီးမြှင့်ခံကြရသူများ ဖြစ်ကြပေမည်။

فِى جَنَّٰتِ ٱلنَّعِيمِ ﴿٤٣﴾

၄၃။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသောဥယျာဉ်များ၌၊

عَلَىٰ سُرُرٍ مُّتَقَٰبِلِينَ ﴿٤٤﴾

၄၄။ သလွန်များထက်ဝယ် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြပေမည်။

يُطَافُ عَلَيْهِم بِكَأْسٍ
مِّن مَّعِينٍ ﴿٤٥﴾

၄၅။ ၎င်းတို့ရှေ့ဝယ် သွင်သွင်စီးလျက်ရှိသော အရက်ဖြင့်ပြည့်လျှံနေသော ဖလားသည် လှည့်ပတ် လျက်ရှိချေမည်။

بَيْضَآءَ لَذَّةٍ لِّلشَّٰرِبِينَ ﴿٤٦﴾

၄၆။ အရောင်အသွေးဖြူသော၊ သောက်သုံးသူအဖို့ အရသာနှင့်ပြည့်စုံသော၊

لَا فِيهَا غَوْلٌ وَلَا هُمْ عَنْهَا
يُنزَفُونَ ﴿٤٧﴾

၄၇။ ထိုအရက်ကြောင့် မူးဝေခြင်း-ခေါင်းခဲခြင်း လည်း ရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ ယင်းအရက် ကြောင့် ၎င်းတို့သည် သတိလစ်ကြရမည်လည်း မဟုတ်ပေ။

وَعِندَهُمْ قَٰصِرَٰتُ الطَّرْفِ عِينٌ ﴿٤٨﴾

၄၈။ ထိုမှတစ်ပါး ၎င်းတို့ထံတွင် မျက်စိကို အောက် သို့ နှိမ့်ချထားသော၊ မျက်စိပြူး၍လှပသောကြင်ဘက် များလည်း ရှိကြပေမည်။

كَأَنَّهُنَّ بَيْضٌ مَّكْنُونٌ ﴿٤٩﴾

၄၉။ ထိုကြင်ဘက်များမှာကား လျှို့ဝှက်ဖုံးအုပ် လျက် ထားရှိသော ဥများပမာ ဖြစ်ကြကုန်အံ့သတည်း။

فَأَقْبَلَ بَعْضُهُمْ عَلَىٰ بَعْضٍ
يَتَسَآءَلُونَ ﴿٥٠﴾

၅၀။ ထို့နောက် ၎င်းတို့သည် မိမိတို့အချင်းချင်း တစ်ဦးဘက်သို့ တစ်ဦးလှည့်ကာ အပြန်အလှန် မေးမြန်းကြပေမည်။

قَالَ قَآئِلٌ مِّنْهُمْ إِنِّى كَانَ
لِى قَرِينٌ ﴿٥١﴾

၅၁။ ၎င်းတို့အနက် ပြောဆိုသူတစ်ဦးက (ဤသို့) ပြောဆိုပေမည်။ ကျွန်ုပ်တွင် အဖော်တစ်ယောက် ရှိခဲ့ဖူး၏။

يَقُولُ أَئِنَّكَ لَمِنَ
ٱلْمُصَدِّقِينَ ﴿٥٢﴾

၅၂။ ထိုအဖော်သည် ကျွန်ုပ်အား ပြောဆို(မေးမြန်း) လေ့ရှိ၏။ အသင်သည်လည်း (“ကိယာမတ်” ရှင်ပြန် ထမည့်နေ့ကို) ယုံကြည်ထောက်ခံသူတစ်ဦး ဖြစ်လေ သလော။

ءَإِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا ءَإِنَّا لَمَدِينُونَ ﴿٥٣﴾

၅၃။ ကျွန်ုပ်တို့သည် သေဆုံး၍(အသားအရေတို့မှာ) မြေကြီးဖြစ်သွားပြီးလျှင် အရိုးများသာလျှင် ကျန်ရစ်သောအခါ အမှန်ပင် ကျွန်ုပ်တို့သည် အစားပေးခြင်း ခံကြရသူများ ဖြစ်ကြရမည်လော။

قَالَ هَلْ أَنتُم مُّطَّلِعُونَ ﴿٥٤﴾

၅၄။ (ထိုအခါ) ထိုအရှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ (တစ်နည်း) ["ဂျန္နတ်" သုခဘုံ၌ အတူရှိနေသောအဖော်တစ်ဦးက ပြောဆိုပေမည်။] အသင်တို့သည် (ထိုအဖော်အား)ချောင်း၍ ကြည့်လိုကြလေသလော။

فَاطَّلَعَ فَرَآهُ فِي سَوَاءِ الْجَحِيمِ ﴿٥٥﴾

၅၅။ ထို့နောက် ထိုသူသည် ချောင်း၍ကြည့်သောအခါ ထိုအဖော်အား "ဂျဟန္နမ်" ငရဲဘုံ၏အလယ်၌ တွေ့မြင်ပေမည်။

قَالَ تَاللَّهِ إِن كِدتَّ لَتُرْدِينِ ﴿٥٦﴾

၅၆။ (ထိုအခါ) ၎င်းသည် ထိုအဖော်အား (ဤသို့) ပြောဆိုပေမည်။ အလ္လာဟ်အရှင်မြတ်၏ "ကစမ်" ဓကန်စင်စစ် အသင်သည် ကျွန်ုပ်အား ဖျက်ဆီးလုနီးနီး ဖြစ်ခဲ့ပေသည်။

وَلَوْلَا نِعْمَةُ رَبِّي لَكُنتُ مِنَ الْمُحْضَرِينَ ﴿٥٧﴾

၅၇။ အမှန်သော်ကား အကယ်၍သာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကျေးဇူးတော်သာလျှင် မရှိခဲ့မူ အမှန်ပင် ကျွန်ုပ်သည်လည်း ဖမ်းဆီးအရေးယူခြင်းခံခဲ့ကြရသောသူတို့တွင် အပါအဝင် ဖြစ်မည်သာ။

أَفَمَا نَحْنُ بِمَيِّتِينَ ﴿٥٨﴾

၅၈။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် သေဆုံးကြအံ့သောသူများ မဟုတ်တော့ပြီလော။

إِلَّا مَوْتَتَنَا الْأُولَىٰ وَمَا نَحْنُ بِمُعَذَّبِينَ ﴿٥٩﴾

၅၉။ ကျွန်ုပ်တို့သည် ပထမအကြိမ် သေဆုံးခဲ့ကြခြင်းမှအပ၊ ၎င်းပြင် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်းခံကြရမည့်သူများလည်း မဟုတ်ပြီ။

إِنَّ هَٰذَا لَهُوَ الْفَوْزُ الْعَظِيمُ ﴿٦٠﴾

၆၀။ ဧကန်မလွဲ ဤသည်ပင်လျှင် ကြီးကျယ်စွာသော အောင်မြင်မှုတည်း။

لِمِثْلِ هَٰذَا فَلْيَعْمَلِ الْعَامِلُونَ ﴿٦١﴾

၆၁။ (ကောင်းမြတ်သော အကျင့်သီလများကို) ကျင့်မူ ဆောက်တည်ကြသောသူတို့သည် ဤကဲ့သို့သော (အောင်မြင်မှုရယူရန်) အလို့ငှာ ကျင့်မူ ဆောက်တည်ကြရာသတည်း။

أَذَٰلِكَ خَيْرٌ نُّزُلًا أَمْ شَجَرَةُ الزَّقُّومِ ﴿٦٢﴾

၆၂။ ဤသည့်ဧည့်ခံပွဲသည် ပိုမိုး၍ကောင်းမြတ်လေသလော၊ သို့တည်းမဟုတ် ရှားစောင်းကြီး ဆူးပင်သည် ပိုမိုး၍ ကောင်းမြတ်လေသလော။

إِنَّا جَعَلْنَاهَا فِتْنَةً لِّلظَّالِمِينَ ﴿٦٣﴾

၆၃။ ဧကန်အမှန် ငါအရှင်မြတ်သည် ယင်းသစ်ပင်ကို မတရားကျူးလွန်ကြသော သူတို့အဖို့ စမ်းသပ်မှုတစ်ရပ်ပင် ပြုလုပ်တော်မူခဲ့၏။

إِنَّهَا شَجَرَةٌ تَخْرُجُ فِي أَصْلِ الْجَحِيمِ ﴿٦٤﴾

၆၄။ ဧကန်စင်စစ် ငင်းမှာ "ဂျဟန္နမ်" ငရဲဘုံ၏ အရင်းခံပေါက်ရောက်သော သစ်ပင်တစ်ပင်ဖြစ်လေ၏။

طَلْعُهَا كَأَنَّهُ رُءُوسُ الشَّيَاطِينِ ﴿٦٥﴾

၆၅။ ယင်းသစ်ပင်၏အသီးမှာ "ရှိုင်တွာန်" မိစ္ဆာကောင်များ၊ မြွေများ၏ပါးပျဉ်းများကဲ့သို့ပင်ဖြစ်မေ၏။

فَإِنَّهُمْ لَآكِلُونَ مِنْهَا فَمَالِئُونَ مِنْهَا الْبُطُونَ ﴿٦٦﴾

၆၆။ သို့ဖြစ်ပေရာ ဧကန်အမှန် ငင်းတို့သည် ယင်းသစ်ပင်မှ အမှန်ပင် စားသုံးကြပေမည်။ ထို့နောက် ငင်းတို့သည် ယင်းသစ်ပင်ဖြင့် ဝမ်းဗိုက်များကို ဖြည့်ကြပေမည်။

---

① **ငရဲဘုံတွင် "ဇက္ကူမ်" ပင်၊**

အထက်တွင် ဂျန္နတ် အမတသုခဘုံသားတို့အား အမတသုခများနှင့် မည်သို့မည်ပုံ ဧည့်ခံထားတော်မူမည့်အကြောင်း ပါရှိသည်။ ဤအာယတ်တော်များတွင် ငရဲသားတို့အား အတိုင်းမသိ ကြီးမားဆိုးရွားလှသော ဒုက္ခများဖြင့် မည်သို့မည်ပုံ ဧည့်ခံထားတော်မူမည့်အကြောင်းကို မိန့်ဆိုထားတော်မူသည်။

ငရဲဘုံတွင် သုခဟူ၍ အဘယ်မှာလျှင် ရှိအံ့နည်း။ ငရဲဘုံတွင် အစစအရာရာအားလုံးမှာ ဒုက္ခချည်းသာ။ ငရဲဘုံတွင် အပင်တစ်မျိုးရှိသည်။ "ဇက္ကူမ်"ဟုခေါ်သည်။ ပါရှားဘာသာတွင် "ဟန်ဇွာလ်"ဟုခေါ်သည်။ ➤➤

ثُمَّ إِنَّ لَهُمْ عَلَيْهَا لَشَوْبًا مِّنْ حَمِيمٍ ﴿٦٧﴾

၆၇။ ထို့နောက် ထိုသူတို့သည် ၎င်း၏အပေါ်၌ ဝါ(ထိုအပင်ကို စားသုံးဖြည့်တင်းပြီးနောက်) ကျိုက်ကျိုက်ဆူပွက်သောရေနွေးကို ရောစပ်(၍သောက်စေ)ခြင်းကို ခံကြရပေမည်။

ثُمَّ إِنَّ مَرْجِعَهُمْ لَإِلَى الْجَحِيمِ ﴿٦٨﴾

၆၈။ ထို့နောက် ဧကန်မုချ ၎င်းတို့သည် "ဂျဟန္နမ်" ငရဲဘုံသို့ အမှန်ပင် ပြန်ကြရပေမည်။

إِنَّهُمْ أَلْفَوْا آبَاءَهُمْ ضَالِّينَ ﴿٦٩﴾

၆၉။ ဧကန်စင်စစ် ၎င်းတို့သည် မိမိတို့၏အဘ၊ ဘိုး၊ ဘေးတို့အား လမ်းမှားသူများအဖြစ် တွေ့ရှိခဲ့ကြကုန်၏။

فَهُمْ عَلَىٰ آثَارِهِمْ يُهْرَعُونَ ﴿٧٠﴾

၇၀။ သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုအဘ၊ ဘိုး၊ ဘေးတို့၏ခြေရာများပေါ်၌ လျင်မြန်စွာ ပြေးလျှောက်ခဲ့ကြလေသတည်း။

وَلَقَدْ ضَلَّ قَبْلَهُمْ أَكْثَرُ الْأَوَّلِينَ ﴿٧١﴾

၇၁။ အမှန်သော်ကား မုချဧကန် ၎င်းတို့အလျင်လည်း ရှေးသူဟောင်းတို့အနက် များစွာသောသူတို့မှာ လမ်းမှားခဲ့ကြကုန်၏။

➤➤ အူရ်ၡဘာသာတွင် "ထိုဟရ်" ဟုခေါ်သည်။ ပုံပန်းသဏ္ဌာန်မှာ အလွန်ဆိုးရွားသည်။ အသီးမှာ မြွေပါးပျဉ်းနှင့် တူသည်။ အမြိန့်အရသာ လွန်စွာခါးသည်။ အဆိပ် အလွန်ပြင်းသည်။ ငရဲသားတို့သည် မနေနိုင်အောင် ဆာလောင်မွတ်သိပ်ကြသည့်အခါ ထိုအပင်ကိုပင် မဖြစ်သာသည့်အဆုံး၌ စားကြရမည်။ ယင်းအပင်ကို စားကြသည့်အခါ တစ်စုံတစ်ရာအဆာပြေခြင်း မရှိသည်သာမက အတိုင်းမသိ ဆိုးရွားသော ခံစားမှုဒဏ်ကို မလွှမလွှ ခံစားကြရမည်။ ယင်းအပင်ကို စားရခြင်းလည်းတစ်ဒုက္ခ။ စားပြီးနောက် ခံစားရမည့် ခံစားချက်မှာ လည်း တစ်ဒုက္ခ။ ငရဲဘုံမှာ ဒုက္ခချည်းသာ။

ငရဲဘုံတွင် "ဇက္ကူမ်"ပင် ပေါက်လျက်ရှိကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသည်ကို ကြားသိရသော အခါ အချို့ကာဖိရ်များက ငရဲမီးတွင် စိမ်းစိုလတ်ဆတ်သောအပင် အသို့လျှင် ပေါက်နိုင်အံ့နည်းဟု ဆိုကြသည်။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တရှင် ဖြစ်တော်မူသည်။ အမျိုးမျိုး အစားစား၊ အဆန်းဆန်းအပြားပြား ဖန်ဆင်းတော်မူသည်။ လူကို မြေနှင့်ဖန်ဆင်းတော်မူသည်။ ကောင်းကင်တမန်တို့အား လင်းရောင်ခြည်ဖြင့် ဖန်ဆင်းတော်မူသည်။ "ဂျင်န်"များကို မီးဖြင့် ဖန်ဆင်းတော်မူသည်။ အခြားအရာခပ်သိမ်းတို့ကို ရေဖြင့် ဖန်ဆင်းတော်မူသည်။ ထိုသို့သော အရှင်မြတ်အဖို့ ငရဲဘုံတွင် "ဇက္ကူမ်"ပင် စိုက်ထားခြင်းမှာ အသို့လျှင် အခက်အခဲ ရှိအံ့နည်း။

وَلَقَدْ اَرْسَلْنَا فِيْهِمْ مُّنْذِرِيْنَ ﴿٧٢﴾

၇၂။ စင်စစ်သော်ကား ဇကန်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့တွင် သတိပေးနှိုးဆော်သူတို့အား စေလွှတ်တော်မူခဲ့၏။

فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنْذَرِيْنَ ﴿٧٣﴾

၇၃။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် သတိပေး နှိုးဆော်ခြင်းခံခဲ့ကြရသောသူတို့၏ နောက်ဆုံးအကျိုးမှာ မည်ကဲ့သို့ဖြစ်ခဲ့သည်ကိုရှုပါလေ။

اِلَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ﴿٧٤﴾

၇၄။ သို့ရာတွင် ရွေးချယ်ခြင်း ခံခဲ့ကြရသော အလ္လာဟ်အရှင်မြတ်၏ ကျွန်များမှာမူကား (လွတ်မြောက်ခဲ့ကြပေသတည်း)။

وَلَقَدْ نَادٰىنَا نُوْحٌ فَلَنِعْمَ الْمُجِيْبُوْنَ ﴿٧٥﴾

၇၅။ ၎င်းပြင် ဇကန်မလွဲ (နဗီတမန်တော်) "နူးဟ်" သည် ငါအရှင်မြတ်အား ဟစ်ခေါ်ခဲ့လေရာ ငါအရှင်မြတ်သည် (နူးဟ်၏ပန်ကြားချက်ကို) အဘယ်မျှလောက် ကောင်းစွာ နားထောင်တော်မူသောအရှင်မြတ်ဖြစ်တော်မူဘိသနည်း။

وَنَجَّيْنٰهُ وَاَهْلَهٗ مِنَ الْكَرْبِ الْعَظِيْمِ ﴿٧٦﴾

၇၆။ ထို့ပြင် ငါအရှင်မြတ်သည် ထိုနူးဟ်အားလည်းကောင်း၊ ထိုနူးဟ်၏ အိမ်သူအိမ်သားများအားလည်းကောင်း၊ ကြီးကျယ်လှစွာသောပူပင်သောကမှ လွတ်မြောက်စေတော်မူခဲ့သည်။

وَجَعَلْنَا ذُرِّيَّتَهٗ هُمُ الْبَاقِيْنَ ﴿٧٧﴾

၇၇။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုနူးဟ်၏ အဆက်အနွယ်ကိုသာလျှင် (မသေမကြေ မပျောက်မပျက်) ကျန်ရစ်စေတော်မူခဲ့၏။

وَتَرَكْنَا عَلَيْهِ فِى الْاٰخِرِيْنَ ﴿٧٨﴾

၇၈။ ၎င်းပြင် ငါအရှင်မြတ်သည် နောင်လာနောက်သားတို့တွင် ထို"နူးဟ်"နှင့်ပတ်သက်၍ (၎င်းအားကောင်းမွန်စွာ သတိရစေခြင်းကို) ရှိစေတော်မူခဲ့၏။

سَلَٰمٌ عَلَىٰ نُوحٍ فِي الْعَٰلَمِينَ ﴿٧٩﴾

၇၉။ ခပ်သိမ်းကုန်သော ကမ္ဘာသူ ကမ္ဘာသားများတွင် "နူးဟ်" ၏အပေါ်ဝယ် "စလာမ်" ချမ်းမြေ့သာယာမှုသည် ကျရောက်ပါစေ။

إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿٨٠﴾

၈၀။ ဧကန်မလွဲ ငါအရှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးတော်မူ၏။

إِنَّهُۥ مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿٨١﴾

၈၁။ ဧကန်စင်စစ် ထိုနူးဟ်သည် ငါအရှင်မြတ်၏ "မုအ်မင်န်" သက်ဝင်ယုံကြည်ကုန်သောကျွန်တို့တွင် အပါအဝင်ဖြစ်၏။

ثُمَّ أَغْرَقْنَا الْءَاخَرِينَ ﴿٨٢﴾

၈၂။ ထို့နောက် ငါအရှင်မြတ်သည် အခြားသော သူတို့အား နှစ်မြှုပ်တော်မူခဲ့ပေသတည်း။

وَإِنَّ مِنْ شِيعَتِهِۦ لَإِبْرَٰهِيمَ ﴿٨٣﴾

၈၃။ ထို့ပြင် ဧကန်မလွဲ ထို(နဗီတမန်တော်) နူးဟ်၏လမ်းစဉ်ကိုလိုက်သူတို့တွင် (နဗီတမန်တော် "အီဗ်ရာဟီမ်" သည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။

إِذْ جَآءَ رَبَّهُۥ بِقَلْبٍ سَلِيمٍ ﴿٨٤﴾

၈၄။ (ပြန်လည်သတိရကြလေကုန်၊) အကြင်အခါဝယ် ထိုအီဗ်ရာဟီမ်သည် (ဒွိဟသံသယ စသောရောဂါများ) ကင်းရှင်းသော စိတ်နှလုံးနှင့်တကွ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့ လှည့်ခဲ့လေ၏။

إِذْ قَالَ لِأَبِيهِ وَقَوْمِهِۦ مَاذَا تَعْبُدُونَ ﴿٨٥﴾

၈၅။ တစ်ရံရောအခါဝယ် ထို (နဗီတမန်တော်) အီဗ်ရာဟီမ်သည် မိမိဖခင်အားလည်းကောင်း၊ မိမိအမျိုးသားတို့အားလည်းကောင်း၊ ပြောဆို (မေးမြန်း) ခဲ့၏။ အသင်တို့သည် မည်သည့်အရာကို ကိုးကွယ်နေကြသနည်း။

أَئِفْكًا ءَالِهَةً دُونَ اللَّهِ

၈၆။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားစွန့်၍ (မိမိတို့ကိုယ်တိုင်) ကြံဖန်ပြုလုပ်ထားသောကိုးကွယ်ရာ

تُرِيدُونَ ﴿٨٦﴾

များကို (ဆည်းကပ်ကိုးကွယ်ရန်) လိုလားကြလေသလော။

فَمَا ظَنُّكُمْ بِرَبِّ الْعَٰلَمِينَ ﴿٨٧﴾

၈၇။ သို့ဖြစ်လျှင် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် ပတ်သက်၍ အသင်တို့သည် မည်သို့ ယူဆကြပေသနည်း။

فَنَظَرَ نَظْرَةً فِى النُّجُومِ ﴿٨٨﴾

၈၈။ ထို့နောက် အီဗ်ရာဟီမ်သည် ကြယ်နက္ခတ်များကို တစ်ချက်စူးစိုက်၍ ကြည့်ခဲ့လေ၏။

فَقَالَ إِنِّى سَقِيمٌ ﴿٨٩﴾

၈၉။ ထို့နောက် "ဧကန်အမှန် ငါသည် စိတ်ထိခိုက်သူ ဖြစ်သည်" ဟု ပြောဆိုခဲ့လေ၏။

فَتَوَلَّوْا عَنْهُ مُدْبِرِينَ ﴿٩٠﴾

၉၀။ ထို့နောက် ၎င်းတို့သည် ထိုအီဗ်ရာဟီမ်၏ထံမှ ကျောခိုင်းလျက် လှည့်ပြန်ခဲ့ကြကုန်၏။

فَرَاغَ إِلَىٰٓ ءَالِهَتِهِمْ فَقَالَ أَلَا تَأْكُلُونَ ﴿٩١﴾

၉၁။ ထို့နောက် ထိုအီဗ်ရာဟီမ်သည် ထိုအမျိုးသားတို့၏ ကိုးကွယ်ရာ(ဆင်းတု)များထံ ဝင်ရောက်ခဲ့ပြီးလျှင် (ဤသို့)ပြောဆိုခဲ့၏။ အသင်တို့သည် အဘယ်ကြောင့် မစားကြသနည်း။

مَا لَكُمْ لَا تَنطِقُونَ ﴿٩٢﴾

၉၂။ အသင်တို့သည် မည်သည့်အကြောင်းကြောင့် စကားမပြောကြသနည်း။

فَرَاغَ عَلَيْهِمْ ضَرْبًۢا بِٱلْيَمِينِ ﴿٩٣﴾

၉၃။ တစ်ဖန် ထိုအီဗ်ရာဟီမ်သည် ယင်းဆင်းတုတော်များအပေါ်သို့ အရှိန်ပြင်းစွာ သွားရောက်၍ လက်ယာလက်ဖြင့် ရိုက်ခတ်လေတော့၏။ ၁

---

① **တမန်တော် အီဗ်ရာဟီးမ်၏ မာယာကာရ၊**

တမန်တော်အီဗ်ရာဟီမ်၏ အမျိုးသားများသည် (Astronomy)နက္ခတ်တာရာ အတတ်ပညာကို အထူးလိုက်စားခဲ့ကြသည်။ တစ်နေ့သော် တမန်တော်အီဗ်ရာဟီမ်၏ အမျိုးသားများသည် မြို့ပြင်ဘက်၌ ကျင်းပလေ့ရှိသော မိမိတို့၏ ရိုးရာပွဲလမ်းသဘင်သို့ သွားရန်စီစဉ်နေခဲ့ကြ၏။ တမန်တော် အီဗ်ရာဟီမ်အားလည်း ခေါ်သွားလိုခဲ့ကြ၏။ ထိုအခါ တမန်တော်အီဗ်ရာဟီမ်က နက္ခတ်တာရာများကို စူးစိုက်ကြည့်၍ ➤➤

فَأَقْبَلُوٓا۟ إِلَيْهِ يَزِفُّونَ ﴿٩٤﴾

၉၄။ ထို့နောက် ၎င်းအမျိုးသားတို့သည် ထို အီဗ်ရာဟီမ်၏ထံသို့ အပြေးအလွှားလာခဲ့ကြလေသည်။

قَالَ أَتَعْبُدُونَ مَا تَنْحِتُونَ ﴿٩٥﴾

၉၅။ ထိုအခါ ထိုသူ(အီဗ်ရာဟီမ်)က (ဤသို့) ပြောကြားခဲ့၏။ အသင်တို့သည် မိမိတို့ကိုယ်တိုင် ထုလုပ်ထားကြသောအရာများကို ဆည်းကပ်ကိုးကွယ်ကြလေသလော။

وَٱللَّهُ خَلَقَكُمْ وَمَا تَعْمَلُونَ ﴿٩٦﴾

၉၆။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် သာလျှင် အသင်တို့အားလည်းကောင်း၊ အသင်တို့ ပြုလုပ်ကျင့်မူကြသောအရာဝတ္ထုများကိုလည်းကောင်း၊ (အားလုံးကိုပင်) ဖန်ဆင်းတော်မူခဲ့၏။

قَالُوا۟ ٱبْنُوا۟ لَهُۥ بُنْيَٰنًا فَأَلْقُوهُ فِى ٱلْجَحِيمِ ﴿٩٧﴾

၉၇။ ထို(အခါ) အမျိုးသားတို့က "အသင်တို့သည် ထိုအီဗ်ရာဟီမ်၏အဖို့ အဆောက်အအုံတစ်ခုကို တည်ဆောက်ပြီးလျှင်၊ ၎င်းအား မီးတောက်မီးလျှံအတွင်းသို့ ပစ်ချကြလေကုန်" ဟု ပြောဆိုခဲ့ကြကုန်၏။

➤➤ "ကျွန်ုပ် နေမကောင်းပါ" ဟုပြောဆိုခဲ့၏။ (လူသားတို့၏ ကျန်းမာရေးသည် အခါခပ်သိမ်း အဖက်ဖက်မှ လုံးဝကောင်းသည် ဟူ၍ကား ရှားလှပေသည်။ ရုပ်ပိုင်းကောင်းသည်ထား စိတ်ပိုင်းမကောင်း၊ စိတ်ပိုင်းကောင်းသည်ထား ရုပ်ပိုင်း မကောင်း၊ နည်းများမဆို တစ်နည်းတစ်ဖုံ ကျန်းမာရေးသည် ချို့တဲ့သည်သာ ဖြစ်သည်။ ထို့ပြင်တစ်ဝ တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏အမျိုးသားများ၏ အယူဝါဒ လွဲမှားမှုကို တွေး၍ တွေး၍ ဆွေးလျက်ရှိသည်။ တမန်တော် အီဗ်ရာဟီမ်၏ စိတ်နှလုံးသားသည် အဘယ်မှာလျှင် ကြည်လင်ရွှင်လန်း နိုင်အံ့နည်း။)

အသို့ပင်ရှိစေ၊ တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏အမျိုးသားများ၏ ကိုးကွယ်ရာများ၌ တစ်ခုံတစ်ရာ စွမ်းရည်သတ္တိ မရှိသည်ကို မျက်ဝါးထင်ထင် လက်တွေ့ပြသနိုင်ရန် မြို့တွင်း၌တစ်ကိုယ်တည်း နေခဲ့လိုသည့်အတွက် မာယာကာရ၊ ဒွါဒိပွယ အားဖြင့် ပရိယာယ်သုံးကာ "ကျွန်ုပ် နေမကောင်းပါ" ဟုဆိုကာ တစ်ဦးတည်း နေခဲ့လေသည်။ တမန်တော် အီဗ်ရာဟီမ်၏ အမျိုးသားများသည်လည်း တမန်တော်အီဗ်ရာဟီမ်အား ထား၍ မိမိတို့၏ ပွဲလမ်းသဘင်သို့ ထွက်ခွာသွားခဲ့ကြလေသည်။ ထိုအခါ တမန်တော်အီဗ်ရာဟီမ်သည် အခွင့်ကောင်းရကာ မိမိတို့၏အမျိုးသားများ၏ ကိုးကွယ်ရာများကို ဖျက်ဆီးပစ်ခဲ့လေသည်။

ဤအကြောင်း ကုရ်အာန် (၂၁း၅၁-၇၀)တွင် ပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

فَأَرَادُوا بِهِۦ كَيْدًا فَجَعَلْنَٰهُمُ ٱلْأَسْفَلِينَ ﴿٩٨﴾

၉၈။ အချုပ်မှာ ၎င်းတို့သည် ထိုအီဗ်ရာဟီမ်နှင့် ပတ်သက်၍ မကောင်းသောအကြံအစည်ကို ကြံရွယ်ခဲ့ကြသော်လည်း ငါအရှင်မြတ်သည် ၎င်းတို့အား (အရေး)နိမ့်စေတော်မူခဲ့ပေသတည်း။

وَقَالَ إِنِّى ذَاهِبٌ إِلَىٰ رَبِّى سَيَهْدِينِ ﴿٩٩﴾

၉၉။ ထို့နောက် ထိုအီဗ်ရာဟီမ်သည် (ဤသို့) ပြောကြားခဲ့လေ၏။ ဧကန်အမှန် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ သွားတော့မည်။ ထိုအရှင်မြတ်သည် ငါ့အား (လိုရာပန်းတိုင်သို့) အမှန်ပင် ပို့ဆောင်တော်မူပေမည်။

رَبِّ هَبْ لِى مِنَ ٱلصَّٰلِحِينَ ﴿١٠٠﴾

၁၀၀။ အို-ကျွန်တော်မျိုးအား ဖန်ဆင်း မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်အား သူတော်ကောင်း (သား)တစ်ယောက် ချီးမြှင့်ပေးသနားတော်မူပါ။ [၁]

فَبَشَّرْنَٰهُ بِغُلَٰمٍ حَلِيمٍ ﴿١٠١﴾

၁၀၁။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား ခန္ဓိတရားနှင့် ပြည့်စုံသောသားတော်တစ်ပါး၊ (ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း) ဝမ်းမြောက်ဖွယ်သတင်းပေးတော်မူခဲ့၏။

---

① တမန်တော်အီဗ်ရာဟီမ်သည် အစွယ်လာမ်အတွက် မီးတင်ရှိခြင်းကိုပင် ခံခဲ့ရဖူးပြီ။ သို့ပင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မီးပုံတွင်းမှ ဘေးမသီရန်မခဘဲ အေးချမ်းစွာ ထွက်လာခဲ့ပေပြီ။ ယခုမူ တမန်တော်အီဗ်ရာဟီမ်သည် မိမိ၏အမျိုးသားများဘက်မှ မက်ကင်းချေပြီ။ ဖခင်ကြီးကလည်း မိမိအပေါ်၌ ယခင်ကထက်ပင် ပိုမို၍ ပြင်းပြင်းထန်ထန် အကျပ်ကိုင်လာချေပြီ။ တမန်တော်အီဗ်ရာဟီမ်အဖို့ တိုင်းပြည်စွန့်ရန်ပင် ရှိတော့သည်။ တမန်တော် အီဗ်ရာဟီမ်သည် မိမိ၏တိုင်းပြည်ကိုစွန့်၍ တိုင်းတစ်ပါးသို့ ထွက်ခွာသွားရန် ရည်ရွယ်သည့်အခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်ကြီးအား ဆီးရီးယားပြည်သို့ ရွှေ့ပြောင်းနေထိုင်ရန် ညွှန်ပြတော်မူခဲ့လေသည်။

တမန်တော် အီဗ်ရာဟီမ်သည် ယင်းသို့ တိုင်းပြည်ကိုစွန့်ရသဖြင့် ဆွေကွဲမျိုးကွဲ ဖြစ်ရသည့်အခါ မိမိ၏ "အစွယ်လာမ်" သာသနာ့လမ်းစဉ်ကို အစဉ်တစိုက် ဆက်လက် ထိန်းသိမ်းသွားနိုင်ရန်အလို့ငှာ သားဆုပန်ခဲ့လေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် တမန်တော်ကြီးအား ဦးစွာပထမ ခန္ဓိတရားနှင့် ပြည့်စုံသော သားတော်တစ်ပါးကို ပေးသနားတော်မူခဲ့လေသည်။ ထိုသားတော်ကား အခြားမဟုတ်။ ကုရ်ဗာနီပြုလုပ်ရန် မိမိ၏အသက်ကို အံ့ဖွယ်သရဲ ပုံအပ်ခဲ့သော သားတော်အစွယ်မာအီလ်ပင်။

فَلَمَّا بَلَغَ مَعَهُ السَّعْيَ قَالَ يَٰبُنَيَّ إِنِّيٓ أَرَىٰ فِي الْمَنَامِ أَنِّيٓ أَذْبَحُكَ فَانظُرْ مَاذَا تَرَىٰ ۚ قَالَ يَٰٓأَبَتِ افْعَلْ مَا تُؤْمَرُ ۖ سَتَجِدُنِيٓ إِن شَآءَ اللَّهُ مِنَ الصَّٰبِرِينَ ﴿١٠٢﴾

၁၀၂။ ၎င်းနောက် ထိုသားတော်သည် ထိုအဖိဇရာဟီမ်နှင့်အတူ သွားလာပြေးလျှောက်နိုင်သော အရွယ်သို့ ရောက်သောအခါ ထိုအဖိဇရာဟီမ်သည် (ဤသို့) ပြောကြားခဲ့လေ၏။ "အို-ချစ်သား ငါသည် ဇကန်မလွဲ အသင့်အား လိုးဖြတ်နေသည်ကို အိပ်မက်တွင် ဇကန်အမှန် မြင်မက်သည်။ သို့ဖြစ်ပေရာ အသင်သည် မည်သို့ ထင်မြင်ယူဆသနည်း" စဉ်းစားပါလေ။

ထို(အခါ) သားတော်က "အို-ခမည်းတော်၊ ခမည်းတော်သည် ပေးတော်မူခြင်းခံရသော အမိန့်တော်ကို သာ လိုက်နာဆောင်ရွက်ပါ၊ "အင်န်ရှာအလ္လာဟ်" (အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင်) ခမည်းတော်သည် ကျွန်တော့်အား ခန္တီတရား ထားရှိသူ တစ်ဦးအဖြစ် အမှန်ပင် တွေ့ရှိပါလိမ့်မည်ဟု ပြန်ကြားခဲ့လေ၏။ [၁]

---

① **ကုရ်ဗာနီပြုလုပ်ခြင်း ခံရသော သားတော်ကား မည်သူနည်း။**

"တောင်ရာတ်" ကျမ်းသည် ယဟူဒီများ၏ မထိန်းသိမ်းမှု၊ ကိုယ်ကျိုးရှာမှု၊ ခေတ်၏ပြောင်းလဲမှုများကြောင့် မူရင်းအတိုင်းမရှိတော့ပေ။ ရုပ်ပျက်ဆင်းပျက် ဖြစ်လျက်ရှိ၏။ အထူးသဖြင့် တမန်တော်မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)နှင့် ပတ်သက်သည့် ဗျာဒိတ်စကားများ၊ စကားရိပ် စကားမြွက်များကိုမူ ယဟူဒီများသည် လုံးဝဖျောက်ဖျက်၍ ထားကြလေပြီ။

သို့တစေလည်း ယခုထက်တိုင် အဆိုပါကျမ်းတွင် အချို့မှန်ကန်သော အချက်အလက်များကို တွေ့ရှိရပေသေးသည်။ "တောင်ရာတ်"ကျမ်းတွင် ကုရ်ဗာနီ ပြုလုပ်ခြင်းခံရသော သားတော်မှာ တမန်တော်အစ်စဟာက်ပင် ဖြစ်သည်ဟူ၍ပါရှိ၏။ သို့ရာတွင် ကျမ်းလာစကားများ၏ ရှေ့နောက်အနေအထား၊ အသုံးအနှုန်းများကို ထောက်ရှုခြင်းအားဖြင့် တမန်တော်အစ်စဟာက်သည် ကုရ်ဗာနီ အပြုမခံခဲ့ရကြောင်း၊ ကုရ်ဗာနီ အပြုခံခဲ့ရသော သားတော်မှာ သားတော်အိစ်စမာအိလ်သာ ဖြစ်ကြောင်း၊ သားတော်အစ်စဟာက် လုံးဝမဖြစ်နိုင်ကြောင်း ကောင်းစွာသိရှိရပေသည်။

တမန်တော်မြတ်လက်ထက်တွင် မရ၀ဟ်၌ ကုရ်ဗာနီပြုလုပ်ခြင်း မရှိခဲ့ပေ။ မက္ကာမြို့တော်နှင့် သုံးမိုင်ကွာဝေးသော "မိနာ" တွင် ကုရ်ဗာနီ ပြုလုပ်ခဲ့ကြ၏။ သို့ပင်တစေလည်း တမန်တော်မြတ်က ကုရ်ဗာနီပြုလုပ်ရာ ဌာနသည် မရ၀ဟ်ပင် ဖြစ်သည်ဟူ၍ မိန့်ကြားတော်မူခဲ့လေသည်။ ဤသို့ မိန့်ကြားတော်မူခြင်းမှာ တမန်တော် အိဗ်ရာဟီမ်သည် သားတော်အား ဤနေရာ၌ပင် ကုရ်ဗာနီပြုရန် ဆန္ဒထားရှိတော် မူခဲ့ခြင်းကြောင့် ပင်တည်း။

➤➤

فَلَمَّآ أَسۡلَمَا وَتَلَّهُۥ لِلۡجَبِينِ ﴿١٠٣﴾

၁၀၃။ ထို့နောက် ထို(သားအဖ) နှစ်ပါးလုံးသည် အမိန့်တော်ကို လိုက်နာပြီး ထိုအီဗရာဟိမ်သည် (လှီးဖြတ်ရန်) ထိုသားထောက်အား မှောက်လျက် လဲခဲ့လေသောအခါ။

وَنَٰدَيۡنَٰهُ أَن يَٰٓإِبۡرَٰهِيمُ ﴿١٠٤﴾

၁၀၄။ ငါအရှင်မြတ်သည် ၎င်းအား (ဤသို့) အသံပြုတော်မူခဲ့၏။ အို–အီဗရာဟိမ်၊

قَدۡ صَدَّقۡتَ ٱلرُّءۡيَآۚ إِنَّا كَذَٰلِكَ نَجۡزِي ٱلۡمُحۡسِنِينَ ﴿١٠٥﴾

၁၀၅။ ဧကန်မလွဲ အသင်သည် အိပ်မက်ကို အမှန်အကန် ဆောင်ရွက်ခဲ့လေပြီ။ ဧကန်အမှန် ငါအရှင်မြတ်သည် သူကောင်းကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးလေ့ရှိတော်မူ၏။

إِنَّ هَٰذَا لَهُوَ ٱلۡبَلَٰٓؤُاْ ٱلۡمُبِينُ ﴿١٠٦﴾

၁၀၆။ ဧကန်မလွဲ ဤသည် ထင်ရှားစွာသောစမ်းသပ်မှုတစ်ရပ် အမှန်ပင်ဖြစ်၏။

وَفَدَيۡنَٰهُ بِذِبۡحٍ عَظِيمٖ ﴿١٠٧﴾

၁၀၇။ ၎င်းပြင် ငါအရှင်မြတ်သည် ကြီးကျယ်မြင့်မြတ်လှစွာသော သတ်ဖြတ်အပ်သည့်သားကောင်တစ်ကောင်ဖြင့် (အစားထိုး၍) ထိုသားတော်အား ရွေးယူတော်မူခဲ့၏။

وَتَرَكۡنَا عَلَيۡهِ فِي ٱلۡأٓخِرِينَ ﴿١٠٨﴾

၁၀၈။ ၎င်းပြင် ငါအရှင်မြတ်သည် နောင်လာနောက်သားတို့တွင် ထိုအီဗရာဟိမ်နှင့်ပတ်သက်၍ (၎င်းအားကောင်းမွန်စွာ သတိရခြင်းကို) ရှိစေတော်မူခဲ့၏။

سَلَٰمٌ عَلَىٰٓ إِبۡرَٰهِيمَ ﴿١٠٩﴾

၁၀၉။ အီဗရာဟိမ်၏အပေါ်ဝယ် "စလာမ်" ချမ်းမြေ့သာယာမှုသည် ကျရောက်ပါစေ။

➤➤ ဟဂ်ျပြုလုပ်ရာတွင် ကုရ်ဗာနီပြုလုပ်ခြင်းသည် "ရွတ်ကန်" အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်၏။ ဤသည်လည်း တမန်တော် အီစ္မာအီလ်၏ ကုရ်ဗာနီကို အမှတ်ရစေသော ကျင့်စဉ်တစ်ရပ်ပင် ဖြစ်ပေသည်။ ဤသည်ကို ရည်ညွှန်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း လာရှိသည်။

ငါအရှင်မြတ်သည် ထို(သားတော် အီစ္မာအီလ်)၏အစား ကြီးသော သားကောင် တစ်ကောင်ကို ပေးတော်မူခဲ့၏။ ကုရ်အာန် (၃၇း၁၀၇)။

كَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿١١٠﴾

၁၁၀။ ဧကန်မလွဲ ငါအရှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးလေ့ရှိတော်မူ၏။

إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿١١١﴾

၁၁၁။ ဧကန်စင်စစ် ထိုအီဗ်ရာဟီမ်သည် ငါအရှင်မြတ်၏ "မုအ်မင်န်" သက်ဝင်ယုံကြည်ကြကုန်သော ကျွန်တို့အနက် အပါအဝင်ဖြစ်၏။

وَبَشَّرْنَاهُ بِإِسْحَاقَ نَبِيًّا مِّنَ الصَّالِحِينَ ﴿١١٢﴾

၁၁၂။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်အား "အစ်ဟာက်"နှင့်ပတ်သက်၍ နဗီတမန်တော်တစ်ပါး၊ သူတော်ကောင်းတစ်ပါးဖြစ်မည့်အကြောင်း ဝမ်းမြောက်ဖွယ်သတင်း မိန့်ကြားတော်မူခဲ့၏။

وَبَارَكْنَا عَلَيْهِ وَعَلَىٰ إِسْحَاقَ ۚ وَمِن ذُرِّيَّتِهِمَا مُحْسِنٌ وَظَالِمٌ لِّنَفْسِهِ مُبِينٌ ﴿١١٣﴾

၁၁၃။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုအီဗ်ရာဟီမ်၏အပေါ်၌လည်းကောင်း၊ "အစ်ဟာက်"၏အပေါ်၌လည်းကောင်း၊ ချမ်းသာကြောင်းကို ချပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့နှစ်ဦး၏သားမြေးတို့အနက် သူတော်ကောင်းလည်းရှိ၏။ မိမိကိုယ်ကို မိမိ အထင်အရှား နှိပ်စက်ကလူ ပြုသူလည်းရှိချေသတည်း။

وَلَقَدْ مَنَنَّا عَلَىٰ مُوسَىٰ وَهَارُونَ ﴿١١٤﴾

၁၁၄။ ထိုမှတစ်ပါး မလွဲဧကန် ငါအရှင်မြတ်သည် (နဗီတမန်တော်)"မူစာ" ၏အပေါ်၌လည်းကောင်း၊ (နဗီတမန်တော်)"ဟာရွန်" ၏အပေါ်၌လည်းကောင်း၊ ကျေးဇူးပြုတော်မူခဲ့၏။

وَنَجَّيْنَاهُمَا وَقَوْمَهُمَا مِنَ الْكَرْبِ الْعَظِيمِ ﴿١١٥﴾

၁၁၅။ ထို့ပြင် ငါအရှင်မြတ်သည် ထို"မူစာ"နှင့် "ဟာရွန်" နှစ်ဦးတို့အားလည်းကောင်း၊ ထိုနှစ်ဦးတို့၏အမျိုးသားတို့အား လည်းကောင်း၊ ကြီးကျယ်စွာသော ပူပင်သောကမှ ကယ်တင်တော်မူခဲ့၏။

وَنَصَرْنَاهُمْ فَكَانُوا هُمُ الْغَالِبِينَ ﴿١١٦﴾

၁၁၆။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ကူညီစောင်မတော်မူခဲ့ရာ ၎င်းတို့သည်ပင်လျှင် အောင်မြင်သူများ ဖြစ်ခဲ့ကြကုန်၏။

وَاٰتَيْنٰهُمَا الْكِتٰبَ الْمُسْتَبِيْنَ ﴿١١٧﴾

၁၁၇။ ထို့ပြင် ငါအရှင်မြတ်သည် ထိုမူစာနှင့်ဟာရွန်နှစ်ဦးစလုံးကို ရှင်းလင်းပြတ်သားသော(တောင်ရာတ်)ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

وَهَدَيْنٰهُمَا الصِّرَاطَ الْمُسْتَقِيْمَ ﴿١١٨﴾

၁၁၈။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုမူစာနှင့် ဟာရွန်နှစ်ဦးစလုံးအား ဖြောင့်မတ်မှန်ကန်သောတရားလမ်းကို ညွှန်ကြားပြသတော်မူခဲ့၏။

وَتَرَكْنَا عَلَيْهِمَا فِى الْاٰخِرِيْنَ ﴿١١٩﴾

၁၁၉။ ၎င်းပြင် ငါအရှင်မြတ်သည် နောက်လာနောက်သားတို့တွင် ၎င်းတို့နှစ်ဦးစလုံးနှင့်ပတ်သက်၍ (၎င်းတို့နှစ်ဦးစလုံးအား ကောင်းမွန်စွာ သတိရခြင်းကို) ရှိစေတော်မူခဲ့၏။

سَلٰمٌ عَلٰى مُوْسٰى وَهٰرُوْنَ ﴿١٢٠﴾

၁၂၀။ "စလာမ်" ငြိမ်းချမ်းသာယာမှုသည် မူစာ၏အပေါ်၌လည်းကောင်း၊ ဟာရွန်၏အပေါ်၌လည်းကောင်း၊ ကျရောက်ပါစေ။

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿١٢١﴾

၁၂၁။ ဧကန်မလွဲ ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် သူတော်ကောင်းတို့အား အစားပေးလေ့ရှိတော်မူ၏။

اِنَّهُمَا مِنْ عِبَادِنَا الْمُؤْمِنِيْنَ ﴿١٢٢﴾

၁၂၂။ ဧကန်စင်စစ် ထိုနှစ်ဦးစလုံးသည် ငါအရှင်မြတ်၏ "မုအ်မင်န်" သက်ဝင်ယုံကြည်ကြကုန်သောကျွန်တို့တွင် အပါအဝင် ဖြစ်ကြကုန်သတည်း။

وَاِنَّ اِلْيَاسَ لَمِنَ الْمُرْسَلِيْنَ ﴿١٢٣﴾

၁၂၃။ ထိုမှတစ်ပါး ဧကန်စင်စစ် "အီလ်ယာစ်" သည် "ရစူလ်" တမန်တော်တို့တွင် အမှန်ပင် တစ်ဦး အပါအဝင်ဖြစ်၏။

اِذْ قَالَ لِقَوْمِهٖٓ اَلَا تَتَّقُوْنَ ﴿١٢٤﴾

၁၂၄။ တစ်ရံရောအခါဝယ် "အီလ်ယာစ်"သည် မိမိအမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေ၏။ (အချင်းတို့၊) အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။

أَتَدْعُونَ بَعْلًا وَتَذَرُونَ أَحْسَنَ الْخَالِقِينَ ﴿١٢٥﴾

၁၂၅။ အသင်တို့သည် အကောင်းဆုံး ဖန်ဆင်းတော်မူသော အရှင်မြတ်အား စွန့်ထားကြ၍ "ဗအ်လ်" (ဟုမည်တွင်သော ဆင်းတု)ကို ဟစ်ခေါ်(တသ ကိုးကွယ်ဆည်းကပ်)ကြလေသလော။

اللَّهَ رَبَّكُمْ وَرَبَّ آبَائِكُمُ الْأَوَّلِينَ ﴿١٢٦﴾

၁၂၆။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ထိုနည်းတူစွာ အသင်တို့၏ ရှေးဟောင်းအဘ၊ ဘိုး၊ ဘေးများအား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား (စွန့်ထားကြ၍)။

فَكَذَّبُوهُ فَإِنَّهُمْ لَمُحْضَرُونَ ﴿١٢٧﴾

၁၂၇။ သို့တစေလည်း ၎င်းတို့သည် ထို(နဗီတမန်တော်) အီလ်ယာစ်အား မုသာဝါဒီဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ၊ ဧကန်စင်စစ် ၎င်းတို့သည် (ငါအရှင်မြတ်၏) ရှေ့တော်မှောက်သို့ သွင်းခြင်းခံကြရမည့်သူများ အမှန်ပင် ဖြစ်ကြကုန်၏။

إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿١٢٨﴾

၁၂၈။ သို့ရာတွင် ရွေးချယ်ခြင်း ခံခဲ့ကြရလေသော အလ္လာဟ်အရှင်မြတ်၏ ကျွန်တို့မှာမူကား (ကောင်းမြတ်သော အကျိုးကျေးဇူးကို ခံစားကြရပေမည်)။

وَتَرَكْنَا عَلَيْهِ فِي الْآخِرِينَ ﴿١٢٩﴾

၁၂၉။ စင်စစ် ငါအရှင်မြတ်သည် ထိုအီလ်ယာစ်နှင့်ပတ်သက်၍ နောင်လာနောက်သားတို့တွင် (၎င်းအား ကောင်းမွန်စွာ သတိရခြင်းကို) ရှိစေတော်မူခဲ့၏။

سَلَامٌ عَلَىٰ إِلْ يَاسِينَ ﴿١٣٠﴾

၁၃၀။ "စလာမ်" ငြိမ်းချမ်း သာယာမှုသည် "အီလ်ယာစီန်" ၏အပေါ်ဝယ် ကျရောက်ပါစေ။ ②

① **တမန်တော်အီလ်ယာစ်၊**

အချို့ပညာရှင်များ၏ ယူဆချက်အရ တမန်တော်အီလ်ယာစ်သည် တမန်တော်ဟာရွန်၏ မျိုးနွယ်ဆက်မှ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အီလ်ယာစ်အား ဆီရီးယားပြည်ရှိ ဗအ်လဗက္ကမြို့သို့ စေလွှတ်တော်မူခဲ့သည်။ ယင်းမြို့သားများသည် "ဗအ်လ" မည်တွင်သော ဆင်းတုကို ကိုးကွယ်နေခဲ့ကြသည်။ ➤➤

إِنَّا كَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿١٣٧﴾

၁၃၁။ ဒီကန်မလွဲ ငါအရှင်မြတ်သည် သူတော်ကောင်းတို့အား ဤနည်းအတိုင်းပင် အစားပေးလေ့ရှိတော်မူ၏။

إِنَّهُ مِنْ عِبَادِنَا الْمُؤْمِنِينَ ﴿١٣٨﴾

၁၃၂။ စင်စစ်ဒီကန် ထို"အီလ်ယာစီန်"သည် ငါအရှင်မြတ်၏ သက်ဝင်ယုံကြည်ကုန်သောကျွန်တို့တွင် တစ်ဦး အပါအဝင် ဖြစ်ချေသတည်း။

وَإِنَّ لُوطًا لَّمِنَ الْمُرْسَلِينَ ﴿١٣٩﴾

၁၃၃။ ထိုမှတစ်ပါး ဒီကန်မလွဲ"လူတ်"သည်လည်း "ရစူလ်" တမန်တော်တို့တွင် အပါအဝင်ဖြစ်လေ၏။

إِذْ نَجَّيْنَاهُ وَأَهْلَهُ أَجْمَعِينَ ﴿١٤٠﴾

၁၃၄။ အကြင်အခါဝယ် ငါအရှင်မြတ်သည် ထို"လူတ်"အားလည်းကောင်း၊ ထို"လူတ်"၏ အိမ်သူအိမ်သား အားလုံးတို့ကိုလည်းကောင်း၊ ကယ်တင်တော်မူခဲ့၏။

إِلَّا عَجُوزًا فِي الْغَابِرِينَ ﴿١٤١﴾

၁၃၅။ သို့ရာတွင် အမယ်အိုတစ်ဦးမှာ ကျန်ရစ်ခဲ့သူတို့တွင် ပါဝင်ခဲ့၏။

ثُمَّ دَمَّرْنَا الْآخَرِينَ ﴿١٤٢﴾

၁၃၆။ ထို့နောက် ငါအရှင်မြတ်သည် အခြားသောသူတို့အား ဖျက်ဆီးတော်မူခဲ့၏။

➤➤ တမန်တော် အီလ်ယာစ်သည် ဗအ်လဗက္ကမြို့သားများကို အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြရမည့်အကြောင်း၊ ဆင်းတုကိုးကွယ်မှုကို ရှောင်ကြဉ်ကြရမည့်အကြောင်း ကျိုးကြောင်းပြ၍ တရားဓမ္မဟောကြွန်ပြတော်မူခဲ့သည်။ အဆိုပါ မြို့သူမြို့သားများအနက် အများစုက မနာခံခဲ့ကြပေ။ အချို့က နာခံခဲ့ကြသည်။ မနာခံသူများသည် ငရဲဘုံသို့ လားကြရမည်။ နာခံသူများသည် ဂျန္နတ်သို့ လားကြရမည်ဖြစ်သည်။

မှတ်ချက်။

"စီနာ" တောင်ကို "စီနိန်"တောင်ဟု ခေါ်ဆိုသကဲ့သို့ တမန်တော် အီလ်ယာစ်အား "အီလ်ယာစီန်"ဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။

အချို့၏ ယူဆချက်အရ "အီလ်ယာစီန်" သည် တမန်တော် အီလ်ယာစ်၏ နောက်လိုက်တပည့်သားများကို ဆိုလိုသည်။

အချို့က ယင်းပုဒ်ကို (إل ياسين) "အာလိယာစီန်" ဟူ၍ ရွတ်ဖတ်ကြသည်။ ဤရွတ်ဖတ်နည်းအရ ဆိုသော် "အာလိယာစီန်"၏ အဓိပ္ပာယ်မှာ ယာစိန်၏ သားသမီးများဟူ၍ ဖြစ်သွားပေမည်။ "ယာစိန်"သည် ၎င်းတို့၏ဖခင်၏အမည်၊ တစ်နည်း တမန်တော် အီလ်ယာစ်၏အမည် ဖြစ်သွားပေမည်။

وَإِنَّكُمْ لَتَمُرُّونَ عَلَيْهِم مُّصْبِحِينَ ﴿١٣٧﴾

၁၃၇။ စင်စစ်ဆိုသော် မုချဧကန် အသင်တို့သည် နေ့အခါ၌ ၎င်းတို့၏(ပျက်စီးနေသောမြို့ရွာ)အနီးမှ ဖြတ်သန်း သွားလာလျက်ပင် ရှိကြကုန်၏။

وَبِاللَّيْلِ ۗ أَفَلَا تَعْقِلُونَ ﴿١٣٨﴾

၁၃၈။ ထိုနည်းတူစွာ (အသင်တို့သည်) ည၌အခါ၌ လည်း (ဖြတ်သန်းသွားလာလျက် ရှိကြပေသည်၊) သို့ပါလျက် အသင်တို့သည် (မစဉ်းစားမဆင်ခြင်) မသိ နားမလည်ကြလေသလော။

وَإِنَّ يُونُسَ لَمِنَ الْمُرْسَلِينَ ﴿١٣٩﴾

၁၃၉။ ထိုမှတစ်ပါး ဧကန်အမှန် "ယူနုတ်စ်"သည် လည်း "ရစူလ်" တမန်တော်တစ်ဦးဖြစ်ခဲ့၏။

إِذْ أَبَقَ إِلَى الْفُلْكِ الْمَشْحُونِ ﴿١٤٠﴾

၁၄၀။ အခါတစ်ပါး၌ ထို"ယူနုတ်စ်"သည် ကုန်စည် အပြည့်တင်ထားသော သင်္ဘော၏အနီးသို့ ပြေး၍ သွားခဲ့လေ၏။

فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِينَ ﴿١٤١﴾

၁၄၁။ ထို့နောက် ထို"ယူနုတ်စ်"သည် (သင်္ဘော သားများ) မဲစာရေးတံချရာတွင် ပါဝင်မဲချစေခဲ့ရာ၊ ၎င်းမှာ အရေးရှုံးနိမ့်သူ ဖြစ်ခဲ့ရလေ၏။

فَالْتَقَمَهُ الْحُوتُ وَهُوَ مُلِيمٌ ﴿١٤٢﴾

၁၄၂။ ထို့နောက် ထိုယူနုတ်စ်သည် မိမိကိုယ်ကို မိမိအပြစ်တင်လျက်ရှိနေစဉ် ငါးသည် ၎င်းအား မျိုခဲ့လေ၏။

فَلَوْلَا أَنَّهُ كَانَ مِنَ الْمُسَبِّحِينَ ﴿١٤٣﴾

၁၄၃။ စင်စစ်သော်ကား အကယ်၍သာ ထို"ယူနုတ်စ်" သည် (ငါအရှင်မြတ်)စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုသူ မဖြစ်ခဲ့မူ။

لَلَبِثَ فِي بَطْنِهِ إِلَىٰ يَوْمِ يُبْعَثُونَ ﴿١٤٤﴾

၁၄၄။ အမှန်ပင် ထို"ယူနုတ်စ်" သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တိုင်အောင် ထိုငါး၏ ဝမ်းဗိုက်ထဲ၌ သာ နေခဲ့ရပေမည်။

فَنَبَذْنٰهُ بِالْعَرَآءِ وَهُوَ سَقِيْمٌ ﴿١٤٥﴾

၁၄၅။ ထို့နောက် ငါအရှင်မြတ်သည် ထို"ယူနှတ်စ်" အား လွင်တီးပြင်၌ချတော်မူခဲ့ရာ ၎င်းမှာ နွမ်းရိလျက် ရှိခဲ့၏။

وَاَنْۢبَتْنَا عَلَيْهِ شَجَرَةً مِّنْ يَّقْطِيْنٍ ﴿١٤٦﴾

၁၄၆။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏အပေါ်၌ နွယ်တက်သော အပင်တစ်ပင်ကို ပေါက်ရောက်စေတော်မူခဲ့၏။

وَاَرْسَلْنٰهُ اِلٰى مِائَةِ اَلْفٍ اَوْ يَزِيْدُوْنَ ﴿١٤٧﴾

၁၄၇။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းအား (လူဦးရေ)တစ်သိန်း သို့မဟုတ် တစ်သိန်းကျော်ရှိ အမျိုးသားတို့ထံ (ရစူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့၏။

فَاٰمَنُوْا فَمَتَّعْنٰهُمْ اِلٰى حِيْنٍ ﴿١٤٨﴾

၁၄၈။ ထိုအခါ ၎င်းအမျိုးသားတို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် အကျိုးကျေးဇူးခံစားခွင့်ပေးသနားတော်မူခဲ့ပေသတည်း။

فَاسْتَفْتِهِمْ اَلِرَبِّكَ الْبَنَاتُ وَلَهُمُ الْبَنُوْنَ ﴿١٤٩﴾

၁၄၉။ ယခုသော် အသင်သည် ၎င်းတို့အား မေးမြန်းပါလေ။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၌ သမီးမိန်းကလေးများရှိကြ၍၊ ၎င်းတို့၌မူကား သားယောကျ်ားကလေးများ ရှိကြလေသလော။

اَمْ خَلَقْنَا الْمَلٰٓئِكَةَ اِنَاثًا وَّهُمْ شٰهِدُوْنَ ﴿١٥٠﴾

၁၅၀။ သို့တည်းမဟုတ် ငါအရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား မိန်းမများအဖြစ် ဖန်ဆင်းတော်မူခဲ့သည်ကိုလည်းကောင်း၊ သို့ ကြည့်ရှုလျက် ရှိခဲ့ကြလေသလော။ ၁

---

① **အလ္လာဟ်အရှင်မြတ်၌ မည်သည့်သံယောဇဉ်မျှ မရှိ၊**

အရဗ်ကာဖိရ်များက ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ သမီးများ ဖြစ်ကြသည်ဟု ဆိုခဲ့ကြ၏။ တစ်ဖန် ၎င်းတို့အား အသင်တို့ ပြောဆိုကြသည့်အတိုင်း ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ သမီးများဖြစ်ကြလျှင် ၎င်းတို့၏မိခင်များကား မည်သူများပါနည်းဟု မေးလျှင် ၎င်းတို့က ➤➤

أَلَآ إِنَّهُم مِّنْ إِفْكِهِمْ لَيَقُولُونَ ﴿١٥١﴾

၁၅၁။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဇကန်အမှန် ၎င်းတို့သည် မိမိတို့၏ လိဆယ်မှုဖြင့်သာ ပြောဆို နေကြသည်။

وَلَدَ ٱللَّهُ وَإِنَّهُمْ لَكَٰذِبُونَ ﴿١٥٢﴾

၁၅၂။ "အလ္လာဟ်အရှင်မြတ်သည် (သားသမီး) မွေးဖွားတော်မူသည်" ဟု။ သို့ရာတွင် စင်စစ်ဇကန် ၎င်းတို့သည် မုသာဝါဒီများပင် ဖြစ်ကြကုန်၏။

أَصْطَفَى ٱلْبَنَاتِ عَلَى ٱلْبَنِينَ ﴿١٥٣﴾

၁၅၃။ အလ္လာဟ်အရှင်မြတ်သည် သမီးမိန်းကလေး များအား သားယောကျ်ားကလေးများထက် ဦးစားပေး တော်မူခဲ့သလော။

مَا لَكُمْ كَيْفَ تَحْكُمُونَ ﴿١٥٤﴾

၁၅၄။ အသင်တို့၌ မည်သို့သော အကြောင်းပြချက် ရှိသနည်း။ အသင်တို့သည် မည်သို့ အဆုံးအဖြတ် ပေးကြသနည်း။

أَفَلَا تَذَكَّرُونَ ﴿١٥٥﴾

၁၅၅။ အသင်တို့သည် ဆင်ခြင်သုံးသပ်ခြင်း မပြုကြ လေသလော။

أَمْ لَكُمْ سُلْطَٰنٌ مُّبِينٌ ﴿١٥٦﴾

၁၅၆။ သို့တည်းမဟုတ် အသင်တို့၌ ထင်ရှားစွာ သောသက်သေ အထောက်အထား တစ်စုံတစ်ရာ ရှိလေသလော။

فَأْتُوا۟ بِكِتَٰبِكُمْ إِن كُنتُمْ صَٰدِقِينَ ﴿١٥٧﴾

၁၅၇။ သို့ရှိခဲ့လျှင် အကယ်၍ အသင်တို့သည် သစ္စာ ဝါဒီများ ဖြစ်ကြပါမူ မိမိတို့၏ကျမ်းဂန်ကို ယူလာ (တင်ပြ)ကြလေကုန်။

➤➤ ကြီးမားသော ဂျင်နီများ၏သမီးများ ဖြစ်ကြသည်ဟု ဖြေဆိုခဲ့ကြ၏။ ဤသို့ဖြင့် ကာဖိရ်များသည် (မပြောအပ် မဆိုအပ်) အလ္လာဟ်အရှင်မြတ်နှင့် ကောင်းကင်တမန်များ၊ ဂျင်နီများစပ်ကြားတွင် ဆွေမျိုးတော်စပ်ပေးထားခဲ့ကြ၏။ အမှန်မှာ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော တစ်ဆူတည်း ဖြစ်တော်မူသော၊ ပြိုင်ဘက်၊ ယှဉ်ဘက် ကင်းတော်မူသော၊ ကြောင့်ကြမှုကင်းသော၊ သံယောဇဉ်ကင်းတော်မူသော အလ္လာဟ်အရှင်မြတ်၌ သားသမီး သံယောဇဉ်၊ ဆွေမျိုးသံယောဇဉ် အသို့လျှင်ရှိနိုင်အံ့နည်း။

وَجَعَلُوا بَيْنَهُ وَبَيْنَ الْجِنَّةِ نَسَبًا ۚ وَلَقَدْ عَلِمَتِ الْجِنَّةُ إِنَّهُمْ لَمُحْضَرُونَ ﴿١٥٨﴾

၁၅၈။ ထိုမှတစ်ပါး၊ ၎င်းတို့သည် (မိမိတို့၏ စိတ်ကူးဖြင့်) ထိုအရှင်မြတ်နှင့် ဂျင်န်(နှ်)သတ္တဝါတို့၏ အကြားဝယ် ဆွေမျိုးတော်စပ်မှုကို ဖန်တီးခဲ့ကြကုန်၏။ အမှန်စင်စစ်သော်ကား ဂျင်န်(နှ်)သတ္တဝါတို့ ကိုယ်တိုင် မိမိတို့မှာ (ပြစ်ဒဏ်၌) အမှန်ပင် အဆင်သင့် ရောက်ရှိစေခြင်း ခံကြရမည့်သူများ ဖြစ်ကြသည်ကို ကောင်းစွာ သိရှိပြီး ဖြစ်ကြကုန်၏။

سُبْحَانَ اللَّهِ عَمَّا يَصِفُونَ ﴿١٥٩﴾

၁၅၉။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ ကြံဖန် ပြောဆိုကြသည်တို့မှ လုံးဝ ကင်းရှင်းစင်ကြယ်တော်မူ၏။

إِلَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿١٦٠﴾

၁၆၀။ သို့ရာတွင် ရွေးချယ်ပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ ကျွန်များမှာမူကား (ပြစ်ဒဏ်မှ ကင်းလွတ်ကြကုန်အံ့သတည်း)။

فَإِنَّكُمْ وَمَا تَعْبُدُونَ ﴿١٦١﴾

၁၆၁။ သို့ဖြစ်ရာ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ ဆည်းကပ် ကိုးကွယ်ရာတို့သည်လည်းကောင်း။

مَا أَنْتُمْ عَلَيْهِ بِفَاتِنِينَ ﴿١٦٢﴾

၁၆၂။ အသင်တို့သည် (အားလုံးစုရုံးလျက်ပင်) ထိုအရှင်မြတ်ဘက်မှ သွေးဆောင်နိုင်ကြသူများ မဟုတ်ကြပေ။ (တစ်နည်း) ထိုအသင်တို့၏ ကိုးကွယ်ရာဘက်သို့ သွေးဆောင်နိုင်ကြသူများမဟုတ်ကြပေ။ ③

---

③ **ဂျင်နှ်နှင့် ကောင်းကင်တမန်များသည် ကောင်းကျိုးဆိုးကျိုး မပေးနိုင်၊**

ကာဖိရ်များက ဂျင်နှ်များသည် မကောင်းကျိုးပေးနိုင်ကြသည်။ လွဲမှားစေနိုင်ကြသည်။ ကောင်းကင်တမန်များသည် ကောင်းကျိုးပေးနိုင်ကြသည်။ အမှန်တရားကို ညွှန်ပြနိုင်ကြသည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့ထင်မှတ်ခဲ့ကြသည့်အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်နှင့် ဂျင်နှ်များ ကောင်းကင်တမန်များ စပ်ကြားတွင် ဆွေမျိုးစပ်ပေးခဲ့ ကြဟန်တူသည်။ အမှန်မှာ ဂျင်နှ်များနှင့် ကောင်းကင်တမန်များသည်လည်း အခြား အဖန်ဆင်းခံများကဲ့သို့ အဖန်ဆင်းခံများသာ ဖြစ်ကြပေသည်။ ၎င်းတို့၌ ကောင်းကျိုး၊ဆိုးကျိုးပေးရန် အသို့မျှစွမ်းရည်သတ္တိမရှိ။ အလ္လာဟ်အရှင်မြတ် အလိုတော်မရှိပါက ၎င်းတို့အားလုံး စုပေါင်း၍ပင် တစ်ဦးတစ်ယောက်ကိုမျှ လွဲမှားတိမ်းပါးစေနိုင်ကြသည် မရှိ။ ဤသည့်အချက်ကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်း မိန့်ဆိုထားတော်မူသည်။

إِلَّا مَنْ هُوَ صَالِ الْجَحِيمِ ﴿١٦٣﴾

၁၆၃။ "ဂျဟန္နမ်" ငရဲဘုံ၌ ကျရောက်အံ့သောသူမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှပင်။

وَمَا مِنَّا إِلَّا لَهُ مَقَامٌ مَّعْلُومٌ ﴿١٦٤﴾

၁၆၄။ (ကောင်းကင်တမန်များ)က စင်စစ်သော်ကား ကျွန်ုပ်တို့အနက် အသီးသီးအဖို့ အဆင့်အတန်း တစ်ခုစီ သတ်မှတ်ပြီး ဖြစ်သည်။

وَّإِنَّا لَنَحْنُ الصَّآفُّونَ ﴿١٦٥﴾

၁၆၅။ ၎င်းပြင် ဧကန်မလွဲ ကျွန်ုပ်တို့သည် စီတန်း၍ နေကြသူများပင် ဖြစ်ကြကုန်သည်။

وَإِنَّا لَنَحْنُ الْمُسَبِّحُونَ ﴿١٦٦﴾

၁၆၆။ ထိုမှတစ်ပါး ဧကန်စင်စစ် ကျွန်ုပ်တို့သည် (အလ္လာဟ်အရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူ ကြောင်း မြွက်ဆိုသူများပင် ဖြစ်ကြကုန်သည်။ (ဟု ဆိုကြသည်)။

وَإِن كَانُوا لَيَقُولُونَ ﴿١٦٧﴾

၁၆၇။ စင်စစ်သော်ကား ဧကန်မလွဲ ထို(မုရ်ရစ်က်)တို့သည် (ဤသို့)ပြောဆိုလျက် ရှိခဲ့ကြကုန်၏။

لَوْ أَنَّ عِندَنَا ذِكْرًا مِّنَ الْأَوَّلِينَ ﴿١٦٨﴾

၁၆၈။ ဧကန်အမှန် အကယ်၍သာ ကျွန်ုပ်တို့ထံ၌ ရှေးသူဟောင်းတို့၏ ဆုံးမဩဝါဒ တစ်စုံတစ်ရာရှိခဲ့မူ။

لَكُنَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿١٦٩﴾

၁၆၉။ အမှန်ပင် ကျွန်ုပ်တို့သည် ရွေးချယ်ခြင်း ခံကြရသော အလ္လာဟ်အရှင်မြတ်၏ ကျွန်များပင် ဖြစ်ကြမည်။

فَكَفَرُوا بِهِ فَسَوْفَ يَعْلَمُونَ ﴿١٧٠﴾

၁၇၀။ သို့ပါလျက် ၎င်းတို့သည် ယင်းဆုံးမဩဝါဒကို ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမြင့်မီပင် သိရှိကြရမည်။ [၁]

---

① **ကာဖိစ်ရိတို့၏ စကားသည် ရွေးနှောက်မည်၊**

အရဗ် ကာဖိရ်များသည် အတိတ်ခေတ် တမန်တော်များ၏ အမည်များကို ကြားသိနေခဲ့ကြရသော်လည်း ယင်းတမန်တော်များ၏ ဒေသနာတော်များကိုမူ အတိအကျ မသိခဲ့ကြရပေ။ ထိုသည့်အခြေအနေတွင် ၎င်းတို့က အကယ်၍သာငါတို့သည် အတိတ်ခေတ် ရှေးသူဟောင်းများ ရရှိခဲ့ကြသော တရားဒေသနာတော်များကို အတိအကျ သိရှိကြရပါက၊ ကျမ်းဂန်တစ်စောင်စောင် ရရှိပါက ငါတို့သည် ကောင်းမွန်စွာလိုက်နာကျင့်သုံးပြီး အလ္လာဟ် အရှင်မြတ်၏ ရွေးချယ်မြှောက်စားတော်မူခြင်း ခံကြရသော သူတော်စင်များတွင် မုချအပါအဝင် ဖြစ်ကြမည် ➤➤

وَلَقَدْ سَبَقَتْ كَلِمَتُنَا لِعِبَادِنَا الْمُرْسَلِينَ ﴿١٧١﴾

၁၇၁။ အမှန်သော်ကား ငါအရှင်မြတ်၏ ရဿုလ် တမန်တော်များဖြစ်ကြသော ကျွန်တို့နှင့်ပတ်သက်၍ ငါအရှင်မြတ်၏ အမိန့် ဗျာဒိတ်တော်သည် ရှေးဦးမဆွကပင် သတ်မှတ်ပြီးဖြစ်ခဲ့ပြီ။

إِنَّهُمْ لَهُمُ الْمَنْصُورُونَ ﴿١٧٢﴾

၁၇၂။ ဇကန်အမှန် ၎င်းတို့သည်သာလျှင် ကူညီစောင်မခြင်း ခံကြရမည့်သူများ ဖြစ်ကြောင်း။

وَإِنَّ جُنْدَنَا لَهُمُ الْغَالِبُونَ ﴿١٧٣﴾

၁၇၃။ စင်စစ်သော်ကား ဇကန်အမှန် ငါအရှင်မြတ်၏ တပ်မတော်သည်သာလျှင် လွှမ်းမိုးမည်ပင်။ [၁]

فَتَوَلَّ عَنْهُمْ حَتَّىٰ حِينٍ ﴿١٧٤﴾

၁၇၄။ သို့ဖြစ်ပေရာ (အို–နဗီတမန်တော်) အသင်သည် ၎င်းတို့အား အချိန်ကာလ အနည်းငယ်တိုင်အောင် လျစ်လျူရှု၍ နေပါလေ။

وَأَبْصِرْهُمْ فَسَوْفَ يُبْصِرُونَ ﴿١٧٥﴾

၁၇၅။ ထို့မှတစ်ပါး အသင်သည် ၎င်းတို့အား ကြည့်နေပါလေ။ ထို့နောက် မကြာမြင့်မီပင် ၎င်းတို့သည် လည်း မြင်ကြရပေမည်။

أَفَبِعَذَابِنَا يَسْتَعْجِلُونَ ﴿١٧٦﴾

၁၇၆။ ၎င်းတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုကြလေသလော။ [၂]

➤➤ ဟူ၍ပင် အသံကောင်းဟစ်နေခဲ့ကြပေသည်။ သို့ပင်တစေ၊ ၎င်းတို့တွင် တမန်တော်အပေါင်းတို့၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ် ပွင့်လာတော်မူသည့်အခါ မိမိတို့ အသံကောင်းဟစ်ခဲ့ကြသည်ကိုပင် အမေ့ကြီးမေ့ပြီး တမန်တော်မြတ်အား သွေဖည် ကျောခိုင်း သွားခဲ့ကြလေသည်။ သို့ဖြစ်ရာ ၎င်းတို့သည် မကြာမီအတွင်း အကြောင်းသိကြရမည်။

① **အလ္လာဟ်အရှင်မြတ်၏ တပ်မတော်သည် အောင်မြင်လွှမ်းမိုးသည်သာ၊**

တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ တပ်မတော်သားများ ဖြစ်ခဲ့ကြပေသည်။ ထိုအရှင်မြတ်သည် မိမိ၏တပ်မတော်အား ကူညီရန် ရှေးဦးမဆွကပင် ဆုံးဖြတ်ထားတော် မူပြီးဖြစ်သည်။ ထို့အတွက် တမန်တော်များသည် မိမိတို့၏ ဘဝသက်တမ်းများတွင် အခြေအနေအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရသော်လည်း နောက်ဆုံး၌ အလ္လာဟ်အရှင်မြတ်၏ အကူအညီဖြင့် အဘက်ဘက်တွင် လွှမ်းမိုး အောင်မြင်ခဲ့ကြသည်သာတည်း။

ကြည့်–ကုရ်အာန် (၁၀း၁၀၃။ ၄၀း၅၁။ ၅၈း၂၁။)

فَإِذَا نَزَلَ بِسَاحَتِهِمْ فَسَاءَ صَبَاحُ الْمُنذَرِينَ ﴿١٧٧﴾

၁၇၇။ စင်စစ်သော်ကား ယင်းပြစ်ဒဏ်သည် ၎င်းတို့၏အိမ်ဝင်းထဲ၌ ကျရောက်လာသောအခါ သတိပေးနှိုးဆော်ခြင်းခံကြရသောသူများ၏ နံနက်အချိန်ပင် အချိန်မှာ အလွန်ဆိုးရွားလှသော နံနက်အချိန်ပင် ဖြစ်ချိမ့်မည်။

وَتَوَلَّ عَنْهُمْ حَتَّىٰ حِينٍ ﴿١٧٨﴾

၁၇၈။ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား အချိန်ကာလ အနည်းငယ်တိုင်အောင် လျစ်လျူရှု၍ နေပါလေ။

وَأَبْصِرْ فَسَوْفَ يُبْصِرُونَ ﴿١٧٩﴾

၁၇၉။ ထို့ပြင် အသင်သည် ကြည့်၍သာနေပါလေ။ ထို့နောက် ၎င်းတို့သည်လည်း မကြာမြင့်မီပင် မြင်ကြရကုန်အံ့သတည်း။

سُبْحَانَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُونَ ﴿١٨٠﴾

၁၈၀။ အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော၊ အနန္တဂုဏ်ထူးရှင် ဖြစ်တော်မူသော အရှင်မြတ်သည် ၎င်းတို့ ကြံဖန်ပြောဆိုကြသည်တို့မှ လုံးဝ ကင်းရှင်းစင်ကြယ်တော်မူပါဘိတကား။

وَسَلَامٌ عَلَى الْمُرْسَلِينَ ﴿١٨١﴾

၁၈၁။ ၎င်းပြင် ချမ်းမြေ့သာယာမှုသည် "ရာဇူလ်" တမန်တော်တို့အပေါ်ဝယ် ကျရောက်ပါစေသော်။

وَالْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ ﴿١٨٢﴾

၁၈၂။ ထိုမှတစ်ပါး ချီးမွမ်းထောပနာ အလုံးစုံတို့သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်သာ အပ်စပ်ပေသတည်း။ ③

---

① ကာဖိရ်များသည် ပြက်ရယ်သည့်သဘောဖြင့် အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို အလျင်စလို လိုလားနေခဲ့ကြသည်။ သို့လိုလားနေခဲ့ကြသည့် အလျောက် မက္ကာမြို့တော်ကို မုစ်လင်မ်များ ပြန်လည်အောင်နိုင်ခဲ့ကြသည့်နေ့တွင် ကာဖိရ်များသည် မရှုမလှ အရေးရှုံးနိမ့်သွားခဲ့ကြရပြီ မဟုတ်လော။ ဤကား ဤပစ္စက္ခဘဝတွင် သာမန်ပြစ်ဒဏ်မျှသာ ဖြစ်ပေသည်။ နောင်တမလွန်ဘဝတွင် ခံစားကြရမည့် အတိုင်းမသိ ကြီးလေးလှသည့် ပြစ်ဒဏ်ကား သီးခြား ရှိပေသေးသည်။

② ဤကတ္ထာ၏ အဆုံးတွင် ဤကတ္ထာ၏ အချုပ်သဘောကို မိန့်ဆိုထားတော်မူသည်။ ➤➤

ဆွာဒ် ကဏ္ဍ

سُوْرَةُ صٓ

ဤကဏ္ဍသည် "ဆွာဒ်"ကဏ္ဍမည်၏။ မက္ကာမြို့တော်တွင် ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၈၈)ပါး၊ ရကူအ်အပိုဒ် (၅)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

صٓ وَالْقُرْاٰنِ ذِى الذِّكْرِ ①

၁။ "ဆွာဒ်"။ (ငါအရှင်မြတ်သည်) ကျော်စောကိုတို့ရှိသော အဆုံးအမနှင့်ပြည့်နှက်သော၊ မြင့်မြတ်သော ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူ၏။

بَلِ الَّذِيْنَ كَفَرُوْا فِىْ عِزَّةٍ وَّشِقَاقٍ ②

၂။ ("ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏သွေဖည်ငြင်းပယ်မှုသည် မည်သည့်သက်သေအထောက်အထားကိုမျှ အခြေခံပြုထားခြင်း) အလျှင်းမဟုတ်၊ စင်စစ်မှာကား (ထို)"ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့မှာ အယူသည်းမှုဒ္ဒလည်းကောင်း၊ ဆန့်ကျင်ဖီလာပြုမှုဒ္ဒလည်းကောင်း၊ ရှိနေကြကုန်၏။

➤➤ အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ ချို့တဲ့မှုအပေါင်းမှလုံးဝကင်းစင်တော်မူသည်။ ထိုသို့သော တန်ခိုးတော်ရှင်၏ တမန်တော်များအပေါ်၌ (စလာမ်) ငြိမ်းချမ်းသာယာမှုအစုစုသည် သက်ရောက်သည်သာ ဖြစ်သည်။ သို့ဖြစ်ရာ ချီးမွမ်းထောပနာခြင်း အပေါင်းသည် စကြာဝဠာအဝန်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာလျှင် အပ်စပ်ပေသတည်း။

(ဟဒီးဆ်) ဩဝါဒတော်များတွင် ဤကဏ္ဍ၏ နောက်ဆုံးအာယတ်တော်ကို ဆွလာတ်အပြီးတွင် လည်းကောင်း၊ အစည်းအဝေးများအပြီးတွင် လည်းကောင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ကုသိုလ်အကျိုးများပြားကြောင်းလာရှိသည်။

كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ فَنَادَوا وَّلَاتَ حِينَ مَنَاصٍ ۝٣

၃။ ငါအရှင်မြတ်သည် ၎င်းတို့အလျင် မြောက်မြားစွာသောလူမျိုးဆက်ကို ဖျက်ဆီးတော်မူခဲ့၏။ (ပျက်စီးသည့်အချိန်တွင်) ၎င်းတို့သည် ဟစ်အော်မြည်တမ်းခဲ့ကြကုန်၏။ သို့ရာတွင် အကျိုးမရှိပြီ၊ အဘယ်ကြောင့်ဆိုသော် ထိုအချိန်မှာ လွတ်မြောက်ရန်အချိန်မဟုတ်တော့ပြီ။ [၁]

وَعَجِبُوٓا أَن جَآءَهُم مُّنذِرٌ مِّنْهُمْ ۖ وَقَالَ ٱلْكَٰفِرُونَ هَٰذَا سَٰحِرٌ كَذَّابٌ ۝٤

၄။ စင်စစ်မှာမူကား၊ ၎င်းတို့သည် မိမိတို့အနက်မှပင် သတိပေး နှိုးဆော်သူတစ်ဦး ရောက်ရှိ၍လာခဲ့ခြင်းကို အံ့သြခဲ့ကြကုန်၏။ ၎င်းပြင် "ကာဖိရ်"သွေဖည်ငြင်းပယ်သောသူတို့က ဤသည် လွန်စွာ မုသားပြောဆိုသူ ပဋိလက်ဆရာတစ်ဦးပင်ဖြစ်သည်ဟု ဆိုခဲ့ကြကုန်၏။ [၂]

---

① ကုရ်အာန်ကျမ်းမြတ်သည် အတိုင်းမသိ ကြီးကျယ်၏၊ မြင့်မြတ်၏၊ ကျော်ကြား၏။ တရားဓမ္မ အဆုံးအမနှင့် ပြည့်ဝလှ၏။ လူသားတို့အား အမှန်တရားကို ညွှန်ပြလျက်ရှိ၏။ သို့ပါလျက် ကာဖိရ်များသည် ကုရ်အာန်ကျမ်းမြတ်နှင့် တမန်တော်မြတ်အား လက်မခံကြပေ။ ယင်းသို့ လက်မခံခြင်းမှာ မပြောစကောင်း၊ ကုရ်အာန်ကျမ်းမြတ်၏ တရားဓမ္မတွင် တစ်စုံတစ်ရာ ချွတ်ယွင်းမှုရှိ၍လည်းမဟုတ်၊ တမန်တော်မြတ်၏ သွန်သင်ဆုံးမမှုတွင် တစ်စုံတစ်ရာ ချို့တဲ့မှုရှိ၍လည်းမဟုတ်။ လက်မခံခြင်း၏ အကြောင်းရင်းမှာ ယင်းကာဖိရ်များသည် မောက်မာမှု၊ ဘဝင်မြင့်မှု၊ အထင်ကြီးမှု၊မိုက်မဲမှု၊ ဆန့်ကျင်မှုအယူသည်းမှု စသည့် မိစ္ဆာမှောင်များတွင် နစ်မွန်းနေခြင်းပင်ဖြစ်သည်။ ဤသည့် မိစ္ဆာမှောင်အတွင်းမှ ထွက်လာခဲ့ကြသော် ၎င်းတို့သည် ကုရ်အာန်နှင့် တမန်တော်မြတ်၏ မှန်ကန်မှုကို အထင်အရှား တွေ့မြင်ကြရပေမည်။ လက်ခံကြပေမည်။

ယင်းသို့သော ကာဖိရ်များ သိထားအပ်ကြသည်မှာ အတိတ်ခေတ်များတွင်လည်း ၎င်းတို့ကဲ့သို့ပင် ကာဖိရ်များ ရှိခဲ့ကြပေသည်။ မောက်မာမှု၊ အယူသည်းမှုများကြောင့် တမန်တော်များအား သွေဖည်ဆန့်ကျင်နေခဲ့ကြသည်။ နောက်ဆုံးတွင် မလွှမလှ ကွပ်မျက်ခြင်း ခံသွားခဲ့ကြရပေသည်။ ထိုအခါကျမှ ဟစ်အော်မြည်တမ်းခဲ့ကြသည်။ သို့ရာတွင် အချိန်ကာနောင်ချေပြီ။ အကျိုးမရှိပြီ။ သို့ဖြစ်ရာ လက်ရှိကာဖိရ်များသည် ဆက်လက် ဆိုးမိုက်နေကြပါက အတိတ်ခေတ် ကာဖိရ်များကဲ့သို့ပင် နောက်ဆုံးတွင် ကွပ်မျက်ခြင်း ခံကြရမည်သာတည်း။

② လူသားတို့အား တရားဓမ္မ ဟောကြားရန်အတွက် လူသားတမန်တော်သာ ပွင့်ပေါ်ရပေမည်။ ကောင်းကင်တမန်မဖြစ်နိုင်။ ဤသည့်အချက်ကိုပင် ကာဖိရ်များသည် နားမလည်ကြသည့်အတွက် တမန်တော်မြတ်နှင့် ပတ်သက်၍ အခြေအမြစ်မရှိသော စကားများပြောဆို၍ သွေဖည်သွားခဲ့ကြလေသည်။

أَجَعَلَ الْآلِهَةَ إِلَٰهًا وَاحِدًا ۖ إِنَّ هَٰذَا لَشَيْءٌ عُجَابٌ ۝٥

၅။ ဤသူသည် များစွာသော ကိုးကွယ်ရာများ နေရာတွင် ကိုးကွယ်ရာ တစ်ဆူတည်းသာ ပြုလုပ် ချန်ထားလေသလော။ ဧကန်မလွဲ ဤသည် လွန်စွာ အံ့ဖွယ်ရာ တစ်ခုပင်ဖြစ်၏။

وَانْطَلَقَ الْمَلَأُ مِنْهُمْ أَنِ امْشُوا وَاصْبِرُوا عَلَىٰ آلِهَتِكُمْ ۖ إِنَّ هَٰذَا لَشَيْءٌ يُرَادُ ۝٦

၆။ ထို့ပြင် ၎င်းတို့အနက် အကြီးအကဲများက (ငယ်သားများအား ဤသို့)(ပြောဆို)ထွက်သွားခဲ့ ကြ၏။ အသင်တို့သည် သွားကြလေကုန်၊ [၃] (တစ် နည်း) သွားကြစို့၊ ၎င်းပြင် အသင်တို့သည် မိမိတို့၏ (မိရိုးဖလာ)ကိုးကွယ်ရာများကိုသာ ကြံ့ခိုင်စွာ(ကိုးကွယ် လျက်) ရှိနေကြကုန်။ ဧကန်အမှန် ဤသည်၌ ၎င်း၏ ရည်ရွယ်ချက် တစ်ခုခု အမှန်ပင်ရှိ၏။ (တစ်နည်း) ဧကန်အမှန် ဤသည်အမှန်ပင် ရည်ရွယ်ချက် တစ်ခုခု ရှိ၏။ [၄]

---

① ကာဖိရ်များက ငါတို့၏ ဘိုးဘေးများသည် ဘုရားအများအပြား ကိုးကွယ်ခဲ့ကြသည်။ ဤမျှကြီးမားသော စကြာဝဠာတွင် များမြောင်လှသော လုပ်ငန်းများကို ဆောင်ကြဉ်းနိုင်ရန် ဘုရားအများအပြားပင် ရှိရပေမည်။ ဘုရားတစ်ပါးတည်း မဖြစ်နိုင်။ ယခုမူ (တမန်တော်မြတ်) မုဟမ္မဒ်သည် များစွာသော ဘုရားများကို ဖယ်ရှား၍ တစ်ဆူတည်းသော ဘုရားတစ်ပါးကိုသာ ကိုးကွယ်ရမည်ဟု ဆိုနေသည်။ ဤသည် အလွန်အံ့သြဖွယ်ရာ ဖြစ်သည်ဟု ဆိုခဲ့ကြလေသည်။

(ရိဝါယက်) ကျမ်းချက်များတွင် လာရှိသည်မှာ တစ်ရက် တမန်တော်မြတ်၏ ဘကြီးတော် အဗူတွာလိဗ် မမာမကျန်း ဖြစ်သည့်အခါ အဗူဂျဟ်လ်နှင့် ကုရိုက်ရှ်မျိုးနွယ်၏ အကြီးအကဲများသည် လူမမာမေးရန် အဗူတွာလိဗ်ထံသို့ ရောက်ရှိလာခဲ့ကြ၏။ တမန်တော်မြတ်သည် အကြောင်းအရာလျော်စွာ အဗူတွာလိဗ်ထံတွင် အသင့်ရောက်ရှိနေခဲ့၏။ ထိုအခါ ကုရိုက်ရှ်မျိုးနွယ်၏ အကြီးအကဲများက အဗူတွာလိဗ်အား မုဟမ္မဒ်သည် ငါတို့၏ကိုးကွယ်ရာများကို ဝေဖန်ပြစ်တင် ပြောဆိုနေသည်။ ငါတို့အား လူအူ၊ လူအ၊ များ ပြုလုပ်နေသည်။ ဆုံးမပေးပါဟု တိုင်တမ်းပြောဆိုခဲ့ကြ၏။

ထိုအခါ တမန်တော်မြတ်က ဘကြီး၊ ကျွန်တော်သည် ဤပုဂ္ဂိုလ်များထံမှ စကားတစ်ခွန်းသာ အလိုရှိပါသည်။ ထိုစကားကို ဤပုဂ္ဂိုလ်များ လက်ခံကြလျှင် အရဗ်တစ်မျိုးသားလုံးသည် ၎င်းတို့၏စကားကို နာခံလာကြမည်။ ထိုမျှမက အရဗ် မဟုတ်သူများသည်လည်း ၎င်းတို့ထံ အခွန်ဆက်သကြမည် ဖြစ်သည်ဟု ပြောပြတော်မူခဲ့၏။ ထိုအခါ ကုရိုက်ရှ်အကြီးအကဲများက ဝမ်းသာစွာဖြင့် ထိုစကားတစ်ခွန်းကား အဘယ်နည်း၊ အသင်သည် စကားတစ်ခွန်းအတွက်သာ ပြောနေသည်။ ငါတို့သည် စကား(၁၀)ခွန်းလက်ခံရန် အသင့်ရှိကြ ပါသည်ဟု ပြောဆိုခဲ့ကြ၏။ ထိုအခါတမန်တော်မြတ်က ကျွန်တော်သည် စကားများများအလိုမရှိပါ။ ➤➤

مَا سَمِعْنَا بِهٰذَا فِي الْمِلَّةِ الْآخِرَةِ ۖ إِنْ هٰذَا إِلَّا اخْتِلَاقٌ ۝٧

၇။ ကျွန်ုပ်တို့သည် လွန်လေခဲ့ပြီးဖြစ်သောသာသနာတွင် ဤမည်သော စကားမျိုးကို ကြားခဲ့ဘူးကြသည် မရှိပေ။ ဤသည် လီဆယ်ဖန်တီးမှုမှအပ အခြားမဟုတ်ပြီ။ [၁]

➤➤ ထိုစကားမှာ အခြားမဟုတ် (لَا إِلٰهَ إِلَّا اللهُ) (လာအိလာဟာအိလ္လလ္လာဟ်) **"အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိ"** ဟူသောစကားပင်။ ထိုအခါ ကုရိုက်ရှိအကြီးအကဲများသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ မုဟမ္မဒ်သည် ဤရွေ့ဤမျှ များများမြောင်လှသော ကိုးကွယ်ရာဘုရားများကိုဖယ်ရှားပြီး တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ကိုးကွယ်ရမည်ဟူ၍ပင် ပြောဆိုနေသည်။ အသင်တို့ထပြန်ကြ၊ ဤသူသည် မိမိ၏ဝါဒလမ်းစဉ်ကို ဘယ်သောအခါမှ စွန့်လွှတ်မည်မဟုတ်၊ သို့ဖြစ်ရာ ငါတို့သည် မုဟမ္မဒ်နှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ငါတို့၏ကိုးကွယ်ရာများကို ယခင်ကထက်ပို၍ ခွဲသတ္တိကြီးမားဖြင့် ကိုးကွယ်ကြရမည်။ မိမိတို့၏ ဘိုး၊ ဘေးတို့၏ ရိုးရာလမ်းစဉ်ပေါ်၌ မယိမ်းမယိုင် ကျောက်တိုင်ပမာ ရပ်တည်နေကြရမည်ဟု ပြောဆိုထွက်ခွာသွားခဲ့ကြလေသည်။

① (إِنَّ هٰذَا لَشَيْءٌ يُرَادُ) (ဤအာယတ်တော်နှင့်စပ်လျဉ်း၍ မုဖတ်စ်စိရ်များသည် အောက်ပါအတိုင်း အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။)

(၁) ကာဖိရ်များက (တမန်တော်မြတ်) မုဟမ္မဒ်သည် ငါတို့၏ကိုးကွယ်ရာများကို အကြီးအကျယ်ဆန့်ကျင်ကာ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာ ဆည်းကပ်ကိုးကွယ်ရမည့် အကြောင်းကို ဤရွေ့ဤမျှ ဒုက္ခခံ၍တင်ပြနေခြင်းမှာ အကြောင်းမဲ့မဟုတ်၊ သူ၌ ရည်ရွယ်ချက်တစ်ခုခုရှိမည်။ သူသည် အလ္လာဟ်အရှင်မြတ်၏ နာမတော်ကိုသုံး၍ ငါတို့အပေါ်၌ စိုးမိုးရန် ရည်ရွယ်ချက်ရှိသည်။ သို့ဖြစ်ရာ ငါတို့သည် သူ၏အကြံမအောင်မြင်ရန် ကြိုးစားကြရမည်ဟု ဆိုခဲ့ကြသည်ဟူ၏။

(၂) ဤအရေးသည် (တမန်တော်မြတ်)မုဟမ္မဒ် သန့်ရှင်းချဲထားပြီးဖြစ်သော အရေးအခင်းနှင့်တူသည်၊ သူသည် ဤအရေးတွင် အနည်းငယ်စိုးစဉ်းမျှ အလျှော့ပေးမည်မဟုတ် ဟူ၏။

(၃) ဤအရေးသည် မုချဖြစ်ပေါ်လာတော့မည့် အရေးနှင့်တူသည်။ ကမ္ဘာတွင် ပြောင်းလဲမှု မုချဖြစ်တော့မည်။ အလ္လာဟ်အရှင်မြတ်ကလည်း ဤအတိုင်း သဘောဟူထားတော်မူပြီ ဟူ၏။

(၄) တစ်နည်း ကာဖိရ်များက ပြက်ရယ်သည့်သဘောဖြင့် ဤသည် (တမန်တော်မြတ်)မုဟမ္မဒ်၏ ရည်မှန်းချက်ဖြစ်သည်ကား မှန်၏။ သို့ရာတွင် ရည်မှန်းချက်အတိုင်း အောင်မြင်သည်မရှိဟူ၍ ဆိုခဲ့ကြသည်ဟူ၏။

တစ်နည်း ကာဖိရ်များက "အသင်တို့သည် မိမိတို့၏ ကိုးကွယ်ရာများကို ဆည်းကပ်ကိုးကွယ်ရာ၌ ကြံခိုင်မှုရှိကြကုန်၊ ဤသည့် ကြံခိုင်မှုသည် မုချ လိုလားအပ်သော အရာပင်ဖြစ်သည်" ဟူ၍ ဆိုခဲ့ကြသည်။ (ဃာဇီ)။

② ဤအာယတ်တော်တွင် ပါရှိသော "အလ်မိလ္လတိလ်အာခိရဟ်" ဟူသည်အဘယ်နည်း။ အချို့က အရဗ်လူမျိုးတို့အတိတ်ခေတ်အဆက်ဆက်က လက်ခံလာခဲ့ကြသလို အရဗ်တို့၏ မိဘရိုးရာဘာသာကိုပင် ဆိုလိုကြသည်။ အချို့က အီစာအီဘာသာကို ဆိုလိုကြသည်။ အဆို ၂-ရပ်လုံးဖြစ်နိုင်သည်။ ဆိုလိုသည်ကား ကာဖိရ်များက ➤➤

ءَأُنزِلَ عَلَيْهِ الذِّكْرُ مِنۢ بَيْنِنَا ۖ بَلْ هُمْ فِى شَكٍّ مِّن ذِكْرِى ۖ بَل لَّمَّا يَذُوقُوا۟ عَذَابِ ۝٨

၈။ ကျွန်ုပ်တို့အားလုံးတို့အနက်မှ ၎င်း၏အပေါ်၌ သာလျှင် ဆုံးမသြဝါဒသည် ချပေးခြင်း ခံရလေသလော။ [၁] စင်စစ်မှာကား၊ ၎င်းတို့သည် ငါအရှင်မြတ်၏ ဆုံးမသြဝါဒ (တစ်နည်း) ငါအရှင်မြတ်၏ "ဝဟ်ယ်" အမိန့်တော်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ဂွိဟသံသယ၌ပင် ရှိနေကြကုန်၏။ စင်စစ်မှာကား၊ ၎င်းတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို မြည်းစမ်းခြင်း မပြုခဲ့ကြရသေးပေ။ [၂]

➤➤ ငါတို့သည် ယခု(တမန်တော်မြတ်)မုဟမ္မဒ် တင်ပြနေသော ယုံကြည်ချက်ကို ငါတို့မိဘရိုးရာ လက်ခံလာခဲ့ကြသည့် ဘာသာတွင်လည်း တစ်ခါမျှ မကြားဘူးခဲ့ကြပေ။ ငါတို့၏ ဘိုးဘေးများကလည်း တစ်ခါမျှ ပြောကြားသွားခဲ့ကြ သည်မရှိပေ။ တစ်နည်း၊ ငါတို့သည် ဤသည့် ယုံကြည်ချက်ကို အီစာအီဘာသာတွင်လည်း မကြားဘူးကြပေ။ အီစာအီများသည်ပင် ဘုရားသုံးဆူကို ကိုးကွယ်ခဲ့ကြသည် ဟူ၏။ ကြည့်-မာဂျိဒီ။

① ကာဖိရ်များက "အကယ်တန္တ၊ (ရိစာလတ်) တမန်တော်ဖြစ်မှသည် အမှန်တကယ်ဖြစ်ရှိသည် မှန်ပါက ယင်းသည့်တမန်တော်ဂုဏ်ကို ငါတို့အတွင်းမှ ဥစ္စာဓန ကုလုံကြွယ်ဝသော ရာထူးဌာနန္တရရှိသော သြဇာအာဏာ ရှိသော ဆွေမျိုးမိတ်သင်္ဂဟပေါများသော သင်္ဃးကြီးအရာရှိကြီး၊ မျက်နှာကြီးတစ်ဦးဦးသာလျှင် ရသင့်ပေသည်။ (တမန်တော်မြတ်) မုဟမ္မဒ်ကဲ့သို့သော မိဘမဲ့ဆင်းရဲသားတစ်ဦးသည် တမန်တော် အသို့လျှင် ဖြစ်နိုင်အံ့နည်းဟု ဆိုခဲ့ကြလေသည်။ ဥစ္စာဂုဏ်၊ ရာထူးဂုဏ်၊ ဆွေမျိုးဂုဏ်သည် လူသားတို့အား ယခုခေတ်တွင်မှ ဖျက်ဆီးနေသည် မဟုတ်။ အတိတ်ခေတ်များတွင်လည်း လူသားတို့အား အဖျက်ကြီးဖျက်ဆီးခဲ့ကြပေပြီ၊ အမှားကြီးမှားစေခဲ့ပြီ။ ကြည့်-ကုရ်အာန်(၂:၂၄၆-၂၄၇)။ (၄၃:၃၁)။

② ကာဖိရ်များသည်

(၁) လူသားအတွင်းမှ တမန်တော် ပွင့်ပေါ်လာခဲ့သည်ကိုလည်း မယုံကြည်ခဲ့ကြ၊

(၂) တမန်တော်မြတ်အားလည်း (စာဟိရ်) ပဋ္ဌလက်ဆရာဟု ကင်ပွန်းတပ်ခဲ့ကြသည်။

(၃)များစွာသော ကိုးကွယ်ရာများကို ဖယ်ရှား၍ တစ်ဆူတည်းသော အလ္လာဟ်အား ကိုးကွယ်ရမည်ဟု (တမန်တော်မြတ်) မုဟမ္မဒ်သည် တင်ပြသည်မှာလည်း အလွန်အံ့ဖွယ်ရာဖြစ်သည်ဟု ဆိုခဲ့ကြသည်။

(၄) (တမန်တော်မြတ်) မုဟမ္မဒ်သည် တစ်ဆူတည်းသော အလ္လာဟ်အကြောင်း ဟောပြောပြီး ငါတို့အပေါ်၌ စိုးမိုးလိုသည်ဟုလည်း ဆိုခဲ့ကြသည်။

(၅) (တမန်တော်မြတ်) မုဟမ္မဒ် တင်ပြနေသော အယူဝါဒကို ငါတို့ မကြားဖူးခဲ့ကြပေဟုလည်း ဆိုခဲ့ကြသည်။

(၆) အကယ်တန္တ၊ တမန်တော်ပွင့်ပေါ်ရန်ရှိက ငါတို့အတွင်းမှ မျက်နှာကြီးတစ်ဦးဦးသာလျှင် တမန်တော်အဖြစ် ပွင့်ပေါ်သင့်သည်၊ (တမန်တော်မြတ်) မုဟမ္မဒ်ကဲ့သို့ ဆင်းရဲသားတစ်ဦးသည် တမန်တော်ဂုဏ်ထူးနှင့် မသင့်ဟုလည်း ဆိုခဲ့ကြပေသည်။ ယင်းသို့ အခြေအမြစ်မရှိသော စကားများကို ကာဖိရ်များ ➤➤

أَمْ عِندَهُمْ خَزَآئِنُ رَحْمَةِ رَبِّكَ ٱلْعَزِيزِ ٱلْوَهَّابِ ﴿٩﴾

၉။ ငင်းတို့ထံ၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အလွန်တရာ ရက်ရောစွာ ပေးကမ်းတော်မူသော အရှင်မြတ်၏ ကရုဏာတော်၏ ဘဏ္ဍာတော်များသည် ရှိလေသလော။

أَمْ لَهُم مُّلْكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَمَا بَيْنَهُمَا ۖ فَلْيَرْتَقُوا۟ فِى ٱلْأَسْبَٰبِ ﴿١٠﴾

၁၀။ သို့တည်းမဟုတ် ထိုသူတို့၌ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ကမ္ဘာမြေ နှစ်ခုလုံး၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုအာဏာသည် ရှိလေသလော။ သို့ရှိခဲ့လျှင် ငင်းတို့သည် ကြိုးများ၊ လှေကားများ တပ်ဆင်လျက် (မိုးကောင်းကင်သို့) တက်ကြရာကုန်၏။

جُندٌ مَّا هُنَالِكَ مَهْزُومٌ مِّنَ ٱلْأَحْزَابِ ﴿١١﴾

၁၁။ (ငင်းတို့သည်) ထိုနေရာတွင် (မက္ကာမြို့တော်တွင်) အုပ်စုများအနက်မှ အုပ်စုကလေးတစ်ခုပင် ဖြစ်သည်။ မကြာမီ ရှုံးနိမ့်ရတော့မည်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَفِرْعَوْنُ ذُو ٱلْأَوْتَادِ ﴿١٢﴾

၁၂။ ငင်းတို့အလျင်လည်း (နဗီတမန်တော်) "နူးဟ်"၏ အမျိုးသားတို့သည်လည်းကောင်း၊ "အာဒ်"အမျိုးသားတို့သည်လည်းကောင်း၊ သံဝှိုင်းများရှင်ဖြစ်သော "ဖစ်ရ်အောင်န်" သည်လည်းကောင်း၊ (နဗီတမန်တော်များအား) မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

➤➤ ပြောဆိုနေခဲ့ကြခြင်းမှာ အခြားအကြောင်းကြောင့်မဟုတ်၊ အမှန်မှာ ငင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်နှင့်စပ်လျဉ်း၍ပင် ဒွိဟဖြစ်နေခဲ့ကြသည်။ အနာဂတ်တွင် မုချဖြစ်ပေါ်လာမည့် အန္တရာယ်ကို မယုံကြည်ခဲ့ကြပေ။ သို့မယုံကြည်ကြခြင်း မှာလည်း ယင်းကဲ့သို့ရှိများသည် ယခုထက်တိုင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို မခံစားရသေးခြင်းကြောင့် ဖြစ်သည်။ ပြစ်ဒဏ်ကို မျက်မျက်သက်သက် ခံစားကြရသည့်အခါ အကြောင်းသိသွားကြပေမည်။ အဖြောင့်ကြီး ဖြောင့်သွားကြပေမည်။

وَثَمُودُ وَقَوْمُ لُوطٍ وَّأَصْحٰبُ لْـَٔيْكَةِ ۖ أُولٰٓئِكَ الْأَحْزَابُ ﴿١٣﴾

၁၃။ ထိုနည်းတူစွာ "ဆမူဒ်" အမျိုးသားတို့သည်လည်းကောင်း၊ (နဗီတမန်တော် "လူတ်"၏ အမျိုးသားတို့သည်လည်းကောင်း၊ "အိုက်ကဟ်" တောအုပ်၌နေကြသောသူတို့သည်လည်းကောင်း (တမန်တော်များအား မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏)။ ထိုသူတို့ကား အုပ်စုကြီးများပင်။

إِن كُلٌّ إِلَّا كَذَّبَ الرُّسُلَ فَحَقَّ عِقَابِ ﴿١٤﴾

၁၄။ (ယင်းအုပ်စုကြီးများအနက်) အသီးသီးတို့သည် ရစူလ် တမန်တော်တို့အား မုသာဝါဒီများဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် (၎င်းတို့အပေါ်၌) သက်ရောက်ခဲ့လေ၏။

وَمَا يَنظُرُ هٰٓؤُلَآءِ إِلَّا صَيْحَةً وَّاحِدَةً مَّا لَهَا مِن فَوَاقٍ ﴿١٥﴾

၁၅။ စင်စစ်သော်ကား ဤသူတို့သည် စက္ကန့်ပိုင်းမျှပင် ဆိုင်းငံ့ခြင်းမရှိ(ဘဲ အဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်)သော ပြင်းထန်လှသည့် ဟစ်အော်သံတစ်ခုကိုသာလျှင် စောင့်စား၍ နေကြကုန်၏။

وَقَالُوا رَبَّنَا عَجِّل لَّنَا قِطَّنَا قَبْلَ يَوْمِ الْحِسَابِ ﴿١٦﴾

၁၆။ ထို့မှတစ်ပါး ၎င်းတို့သည် (တမန်တော်မြတ်အား ပြက်ရယ် ပြောင်လှောင်သောအားဖြင့်) အိုး-ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် စစ်ဆေးမေးမြန်းမည့်နေ့မတိုင်မီပင် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့၏ ဝေစုဝေပုံကို အလျင်အမြန် ပေးတော်မူပါဟု လျှောက်ထားခဲ့ကြကုန်သတည်း။

اصْبِرْ عَلٰى مَا يَقُولُونَ وَاذْكُرْ عَبْدَنَا دَاوٗدَ ذَا الْأَيْدِ ۖ إِنَّهٗٓ أَوَّابٌ ﴿١٧﴾

၁၇။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့၏ ပြောဆိုချက်များအပေါ်၌ သည်းခံပါလေ။ ၎င်းပြင် အသင်သည် ငါအရှင်မြတ်၏ ကျွန် စွမ်းအားသတ္တိရှင်ဖြစ်သူ (နဗီတမန်တော်) "ဒါဝူဒ်"(၏ အကြောင်းအထူးပုတ္တိ)ကို ပြန်လည်စဉ်းစားသတိရပါလေ၊

ဇကန်မလွဲ ထို "ဒါဂူဒ်" သည် (ငါအရှင်မြတ်ဘက်သို့) လွန်စွာ ပြန်လှည့်သူဖြစ်ခဲ့၏။ ၁

إِنَّا سَخَّرْنَا الْجِبَالَ مَعَهُ يُسَبِّحْنَ بِالْعَشِيِّ وَالْإِشْرَاقِ ﴿١٨﴾

၁၈။ ဇကန်အမှန် ငါအရှင်မြတ်သည် တောင်များအား ထို "ဒါဂူဒ်"နှင့်အတူ လိုက်နာစေတော်မူခဲ့ရာ ယင်းတောင်များမှာ (ထိုဒါဂူဒ်နှင့်အတူ) ညနေချမ်း၌လည်းကောင်း၊ နံနက်ယံ၌လည်းကောင်း၊ (ငါအရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူကြောင်း ဘာဝနာစီးဖြန်း မြွက်ဆိုလျက် ရှိခဲ့ကြကုန်၏။

وَالطَّيْرَ مَحْشُورَةً ۖ كُلٌّ لَّهُ أَوَّابٌ ﴿١٩﴾

၁၉။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) ငှက်တိရစ္ဆာန်များကိုလည်း စုရုံးစေလျက် (လိုက်နာစေတော်မူခဲ့ရာ ယင်းငှက်တိရစ္ဆာန်များမှာ) ထို"ဒါဂူဒ်"နှင့်အတူ (အလွှာဟ်ဘက်တော်သို့) လွန်စွာ ပြန်လှည့်သူများ (ဘာဝနာစီးဖြန်းသူများ)ပင် ဖြစ်ခဲ့ကြကုန်၏။

② တမန်တော် ဒါဂူဒ်၊

တမန်တော်မြတ်သည် ကာဖိရ်များပြောဆိုကြသည့် စိတ်နာကြည်းဖွယ် စကားများအပေါ်၌ သည်းခံတော်မူမည်သာ။ အဘယ်ကြောင့်ဆိုသော် သည်းခံမှု၏ အကျိုးမှာ နောက်ဆုံးတွင် အောင်မြင်မှုသာဖြစ်သည်။

တမန်တော်ဒါဂူဒ်သည် တမန်တော်လည်းဖြစ်ခဲ့၏။ ဘုရင်လည်းဖြစ်ခဲ့၏။ အထူးထူးသော စွမ်းရည်သတ္တိများနှင့်လည်း ပြည့်စုံခဲ့၏။ ဓမ္မစက်၊အာဏာစက်၊ နှစ်ခုစလုံးလည်း ရရှိခဲ့၏။ တမန်တော်ဒါဂူဒ်သည် "တွာလူတ်" လက်ထက်တွင်၊ အံ့ဖွယ်သရဲသည်းခံခဲ့၏။ နောက်ဆုံးတွင် ရန်သူဖြစ်သော 'ဂျာလူတ်'နှင့် အပေါင်းပါတို့အား နှိမ်နင်း၍ တိုင်းပြည်ကို ကောင်းမွန်စွာ စိုးမိုးအုပ်ချုပ်ခဲ့၏။ တမန်တော်မြတ်သည်လည်း စံမတူအောင် သည်းခံတော်မူခဲ့ပေရာ နောက်ဆုံးတွင် အောင်မြင်ခြင်းကြီးမက အောင်မြင်တော်မူခဲ့ပေသည်။

တမန်တော်ဒါဂူဒ်၏ ဂုဏ်ထူးဝိသေသတစ်ရပ်မှာ "ဇာလ်အိုက်ဒ်" ဟူ၍ဖြစ်သည်။ ဤပုဒ်ကို အချို့က စွမ်းရည်သတ္တိရှင် (၀၊) အုပ်ချုပ်မှု အာဏာစက်ရှင်ဟူ၍ အနက်ဖွင့်ကြသည်။ အချို့ကဤပုဒ်ကို လက်များရှင် (၀၊) တမန်တော်ဒါဂူဒ်သည် ပြည်သူ့ဘဏ္ဍာတော်ကို အသုံးမပြုဘဲ သံကိုပျော့ပျောင်းစေပြီး သံချပ်အင်္ကျီ၊ သံကွင်းဆက်များကို ပိုင်နိုင်စွာပြုလုပ်၍ မိမိ၏လက်ရုံးရည်ဖြင့် အသက်မွေးဝမ်းကျောင်းရှာခဲ့သူဟူ၍ အနက်ဖွင့်ကြပေသည်။

တမန်တော်ဒါဂူဒ်၏ ဩဇာအာဏာသည် တောင်များနှင့် ငှက်တိရစ္ဆာန်များပေါ်၌လည်း ညောင်းခဲ့သည့်အကြောင်း၊ တမန်တော်ဒါဂူဒ်သည် သံကိုပျော့ပျောင်းစေပြီး သံချပ်အင်္ကျီ၊ သံကွင်းဆက်များကို ပိုင်နိုင်စွာပြုလုပ်ခဲ့သည့်အကြောင်း ကုရ်အာန်(၃၄း၁၀-၁၁)တွင်လည်း ပါရှိသည်။ တမန်တော် ဒါဂူဒ်၏အကြောင်း ယခင်က အကြိမ်ကြိမ်ပါရှိခဲ့ပေပြီ။ ကြည့်-ကုရ်အာန်(၂း၂၅၁။ ၄း၁၆၃။ ၆း၈၅။ ၁၇း၅၅။ ၂၁း၇၈-၈၀)။

وَشَدَدْنَا مُلْكَهُۥ وَءَاتَيْنَٰهُ ٱلْحِكْمَةَ وَفَصْلَ ٱلْخِطَابِ ﴿٢٠﴾

၂၀။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထို(နဗီတမန်တော်)"ဒါဝူဒ်"၏ နိုင်ငံကို ခိုင်ခဲ့စေတော်မူခဲ့သည့်ပြင် ထိုဒါဝူဒ်အား ဆင်ခြင်တုံတရားကိုလည်းကောင်း၊ စကားအဆုံးအဖြတ်ပေးနိုင်သော ဉာဏ်စွမ်းကိုလည်းကောင်း၊ ချီးမြှင့် ပေးသနားတော်မူခဲ့ပေသတည်း။

وَهَلْ أَتَىٰكَ نَبَؤُا۟ ٱلْخَصْمِ إِذْ تَسَوَّرُوا۟ ٱلْمِحْرَابَ ﴿٢١﴾

၂၁။ ၎င်းပြင် (အို-နဗီတမန်တော်) အသင့်ထံ ပဋိပက္ခဖြစ်သူများ၏အကြောင်းသတင်းသည် ရောက်လာလေသလော။ တစ်ရံရောအခါဝယ် ထိုပဋိပက္ခဖြစ်သူတို့သည် နံရံကိုကျော်တက်၍ ဝတ်ပြုဆောင်ထဲသို့ ခုန်ချခဲ့ကြလေ၏။

إِذْ دَخَلُوا۟ عَلَىٰ دَاوُۥدَ فَفَزِعَ مِنْهُمْ ۖ قَالُوا۟ لَا تَخَفْ ۖ خَصْمَانِ بَغَىٰ بَعْضُنَا عَلَىٰ بَعْضٍ فَٱحْكُم بَيْنَنَا بِٱلْحَقِّ وَلَا تُشْطِطْ وَٱهْدِنَآ إِلَىٰ سَوَآءِ ٱلصِّرَٰطِ ﴿٢٢﴾

၂၂။ ၎င်းတို့သည် (နဗီတမန်တော်) "ဒါဝူဒ်"၏ ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ ထို"ဒါဝူဒ်"သည် ၎င်းတို့အား ကြောက်ရွံ့စိုးရိမ်ခဲ့လေ၏။ (ထိုအခါ) ၎င်းတို့က ပြောဆိုခဲ့ကြသည်မှာ အသင် မစိုးရိမ်မကြောက်ရွံ့ပါလေနှင့်။ (ကျွန်ုပ်တို့သည်) နှစ်ဖက်သော အမှုသည်များ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့အနက် တစ်ဦးသည် တစ်ဦး၏အပေါ်၌ မတရားကျူးလွန်ခဲ့ပါသည်။ သို့ဖြစ်ပေရာ အသင်သည် ကျွန်ုပ်တို့၏အကြား၌ မတရားပြုလုပ်ခြင်းမရှိဘဲ မှန်ကန်စွာစီရင်ဆုံးဖြတ်၍ ပေးပါလေ။ ထိုမှတစ်ပါး အသင်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်သောလမ်းကို ညွှန်ပြပါလေ။

إِنَّ هَٰذَآ أَخِى لَهُۥ تِسْعٌ وَتِسْعُونَ نَعْجَةً وَلِىَ نَعْجَةٌ وَٰحِدَةٌ فَقَالَ أَكْفِلْنِيهَا وَعَزَّنِى فِى ٱلْخِطَابِ ﴿٢٣﴾

၂၃။ ဧကန်စင်စစ် ဤသူသည် ကျွန်ုပ်နှင့်ညီအစ်ကိုတော်စပ်သူဖြစ်ပါသည်။ ၎င်း၌ သိုးမ ကိုးဆယ့်ကိုးကောင်ရှိ၍ ကျွန်ုပ်တွင်မူ သိုးမတစ်ကောင်တည်းသာ ရှိပါသည်။ သို့ပါလျက် ဤသူသည် "ယင်းသိုးမကိုလည်း ကျွန်ုပ်အား လွှဲအပ်လော့"ဟု ပြောဆိုပါသည်။ ထိုမှတစ်ပါး ၎င်းသည် စကားပြောရာ၌လည်း ကျွန်ုပ်အား နိုင်ပါသည်။

قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ
نَعْجَتِكَ إِلَىٰ نِعَاجِهِ ۖ وَإِنَّ كَثِيرًا
مِّنَ الْخُلَطَاءِ لَيَبْغِي بَعْضُهُمْ
عَلَىٰ بَعْضٍ إِلَّا الَّذِينَ آمَنُوا
وَعَمِلُوا الصَّالِحَاتِ وَقَلِيلٌ
مَّا هُمْ ۗ وَظَنَّ دَاوُودُ أَنَّمَا فَتَنَّاهُ
فَاسْتَغْفَرَ رَبَّهُ وَخَرَّ رَاكِعًا
وَأَنَابَ ﴿٢٤﴾

၂၄။ (ထိုအခါ) ထို(နဗီတမန်တော်) "ဒါဝူဒ်"သည် (ဤသို့)ပြောကြားခဲ့လေ၏။ ဤသူသည် အသင်၏ သိုးမကို ၎င်း၏သိုးမများနှင့် ပေါင်းရန်တောင်းဆိုခြင်း အားဖြင့် မုချမလွဲ အသင့်အား မတရားပြုလုပ်ခဲ့လေ၏။ စင်စစ်မှာကား "အီမာန်" သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသောသူတို့မှအပ များစွာသောစီးပွားဘက်တို့မှာ တစ်ဦးအပေါ်တစ်ဦး အမှန်ပင် မတရားကျူးလွန်လေ့ရှိကြ၏။ သို့ရာတွင် ထို(သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသော) သူတို့မှာမူကား လွန်စွာနည်းပါးလှ၏။

ထို့ပြင် (နဗီတမန်တော်)"ဒါဝူဒ်" သည် ၎င်းအား ငါအရှင်မြတ် စမ်းသပ်တော်မူခြင်းသာဖြစ်ကြောင်း ရိပ်မိခဲ့လေ၏။ သို့ဖြစ်ပေရာ ထို"ဒါဝူဒ်" သည် မိမိအရှင်မြတ်အထံတော်တွင် ခွင့်လွှတ်ချမ်းသာ ပေးတော်မူပါမည့်အကြောင်း တောင်းပန် အသနားခံ၍ ဦးညွှတ်ကျလာခဲ့၏။ ထိုမှတစ်ပါး (မိမိအရှင်မြတ် အထံတော်သို့) စိတ်ထားဖြူစင်စွာ ပြန်လှည့်ခဲ့လေ၏။ ၁

① **တမန်တော်ဒါဝူဒ် အစမ်းအသပ်ခံရခြင်း၊**

တမန်တော်ဒါဝူဒ်သည် လုပ်ငန်းသုံးရပ်အတွက် (၃)ရက်ကို ခွဲခြားထားခဲ့၏။ အမှုအခင်းများကို စီရင်ဆုံးဖြတ်ရန်အတွက် တစ်ရက်သတ်မှတ်ထားခဲ့၏။ မိမိအိမ်သူအိမ်သားများနှင့် အတူနေထိုင်ရန် တစ်ရက်သတ်မှတ်ထားခဲ့၏။ အလွှာဟ်အရှင်မြတ်အား တစ်စိတ်တစ်လက်တည်း ဝတ်ပြုနိုင်ရန်အတွက် တစ်ရက်သတ်မှတ်ထားခဲ့၏။ တမန်တော်ဒါဝူဒ်သည် ဝတ်ပြုရန်သတ်မှတ်ထားသည့်နေ့တွင် တစ်ကိုယ်တည်းနေလေ့ရှိခဲ့၏။ တံခါးစောင့်တို့အား မည်သူ့ကိုမျှ ဝင်ခွင့်မပြုရန် အမိန့်ထုတ်ထားခဲ့၏။

တစ်ရက် တမန်တော်ဒါဝူဒ်သည် ဝတ်ပြုဆောင်တွင် တစ်ကိုယ်တည်း ဝတ်ပြုလျက်ရှိခဲ့၏။ ထိုအချိန်တွင် ရုတ်တရက် မမျှော်လင့်ဘဲ ပုဂ္ဂိုလ်အချို့သည် နံရံကိုကျော်တက်ပြီး တမန်တော်ဒါဝူဒ်ထံသို့ ရောက်ရှိလာခဲ့ကြ၏။ တမန်တော်ဒါဝူဒ်သည် တန်ခိုးဂုဏ်သိန် ကြီးမားသော ဘုရင်တစ်ပါး၊ တမန်တော်တစ်ပါး ဖြစ်ခဲ့သည်။ သို့ပါလျက် ရုတ်တရက် မမျှော်လင့်ဘဲ ယင်းသည့် ဖြစ်ရပ်ကို တွေ့မြင်ရသည့်အခါ ➤➤

➤➤ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့၏။ ဤပုဂ္ဂိုလ်များသည် လူသားများလော၊ သို့မဟုတ် အခြားသတ္တဝါများလော။ လူသားများဖြစ်ပါက ကျွန်ုပ်ထံအချိန်မဟုတ်ဘဲ အသို့လျှင်ဝင်ရောက် လာခဲ့ကြသနည်း။ တံခါးစောင့်များသည် အဘယ်ကြောင့် မတားမြစ်ကြသနည်း။ ဤပုဂ္ဂိုလ်များသည် တံခါးပေါက်မှ ရိုးရိုးဝင်လာကြသည် မဟုတ်ပါက ဤမျှမြင့်မားသော တံတိုင်းကို မည်သို့မည်ပုံ ကျော်တက်ဝင်ရောက်လာ ကြသနည်း၊ စသည်ဖြင့် တွေးတောကာ တစ်စိတ်တစ်လက်တည်း အလွှာဟ်အရှင်မြတ်အား ဝတ်ပြုနေရာမှ ထိုပုဂ္ဂိုလ်များဘက်သို့ ယိမ်းယိုင်သွားခဲ့လေသည်။

ဝတ်ပြုဆောင်အတွင်းသို့ ဝင်လာသူများက တမန်တော်ဒါဝူဒ်အား "အသင်မစိုးရိမ်ပါနှင့်၊ ကျွန်ုပ်တို့အား မကြောက်ပါနှင့်၊ ကျွန်ုပ်တို့သည် အချင်းချင်း အငြင်းပွားနေသော အမှုသည်များ ဖြစ်ကြပါသည်။ အဆုံးအဖြတ် ခံယူရန် အသင့်ထံရောက်ရှိလာခြင်း ဖြစ်ပါသည်။

အသင်သည် ကျွန်ုပ်တို့၏ အငြင်းပွားမှုကို တရားသဖြင့် စီရင် ဆုံးဖြတ်ပေးပါ၊ မတရား မပြုလုပ်ပါနှင့်၊ အချိန်မဆွဲပါနှင့်၊ ကျွန်ုပ်တို့အား မှန်ကန်မျှတသော လမ်းစဉ်ကိုသာ ညွှန်ပြပါ" ဟု ပြောဆိုခဲ့ကြ၏။ (ယင်းသို့ ပြောဆိုကြသည်များကို ကြားရ၍ တမန်တော်ဒါဝူဒ်သည် ပို၍ပင် အံ့သြသွားခဲ့ပေမည်)။

ထို့နောက် ဝင်ရောက်လာသူများအနက် တစ်ဦးကပြောပြသည်မှာ ဤပုဂ္ဂိုလ်သည် ကျွန်ုပ်၏နောင်တော် ဖြစ်ပါသည်။ သူ့ထံ၌ သိုးမ(၉၉)ကောင် ရှိပါသည်။ ကျွန်ုပ်ထံမှာ သိုးမ(၁)ကောင်သာ ရှိပါသည်။ ဤသူသည် မိမိသိုးများကို ကောင်ရေ (၁၀၀)တိတိ ဖြစ်စေရန်အတွက် ကျွန်ုပ်၌ရှိသော သိုးမ(၁)ကောင်ကိုပင် ကျွန်ုပ်ထံမှ အနိုင်အထက် ရယူလိုပါသည်။

ဤသူသည် ဥစ္စာပစ္စည်းတွင် ကျွန်ုပ်ထက် ပိုမိုကြွယ်ဝသကဲ့သို့ စကားအရာတွင် လည်း ပိုမိုကြွယ်ဝပါသည်။ စကားပြောဆိုရာတွင် ကျွန်ုပ်ကို နိုင်သည်သာ ဖြစ်ပါသည်။ လူများသည်လည်း သူ၏ စကားကိုပင် အမှန်ဟူ၍ ထင်မှတ်ကြပါသည်။ အချုပ်မှာ ဤသူသည် ကျွန်ုပ်ပိုင်ဆိုင်သော ပစ္စည်းကို အတင်းအဓမ္မ ရယူရန် ကြိုးစားနေပါသည်ဟု တင်ပြလေသည်။

တမန်တော်ဒါဝူဒ်သည် တရားဥပဒေအရ နှစ်ဦးနှစ်ဖက်မှ တင်ပြချက်များနှင့် သက်ဆိုင်ရာ အထောက်အထားများကို ကြားနာပြီးနောက် "အသင်၏ နောင်တော်သည် ဤသို့ ပြုမူကျင့်ကြံပါက ဤသည် သူ၏မတရား ကျူးကျော်စော်ကားမှုသာ ဖြစ်သည်။

ထိုသူသည် ဤသို့ဖြင့် မိမိ၏ဆင်းရဲသားညီနောင်၏ ပစ္စည်းကို အပိုင်စီးလိုသည်။ စီးပွားဘက်များသည် အများအားဖြင့် တစ်ဦးကိုတစ်ဦး ကျူးကျော်စော်ကားလေ့ ရှိကြသည်။ ကြွယ်ဝချမ်းသာသူများသည် ဆင်းရဲသားများကို ဝါးမျိုလေ့ရှိကြသည်။ အလွှာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူတော်စင်များမှာကား ဤသို့ မတရားမပြုကြပေ။

ထိုသို့သော သူတော်စင်များမှာလည်း အလွန်တရာမျှ နည်းပါးလှသည်။ အချုပ်မှာ ကျွန်ုပ်သည် ဤသို့ မတရား ပြုမူကျင့်ကြံသည်ကို ခွင့်ပြုမည်မဟုတ်" ဟု မိန့်ကြားလိုက်လေသည်။

တမန်တော်ဒါဝူဒ်သည် ယင်းသည်ဖြစ်ရပ်ကို တွေ့မြင်ပြီးနောက် ဤသည် အလွှာဟ်အရှင်မြတ်က မိမိအား စမ်းသပ်တော်မူခြင်း ဖြစ်သည်ကို ရိပ်စားမိလေသည်။ ယင်းသို့ ရိပ်စားမိသည့်အခါ မိမိ၏အမှားကို ဝန်ချတောင်းပန်ရန် အသနားခံနိုင်ရန်အလို့ငှာ အလွန်ကျူးနွံစွာဖြင့် အလွှာဟ်အရှင်မြတ်၏ ရှေ့တော်၌ ဦးညွတ် ချခဲ့လေသည်။ နောက်ဆုံးတွင် အလွှာဟ်အရှင်မြတ်သည် တမန်တော်ဒါဝူဒ်အား ချမ်းသာခွင့် ပြုတော်မူခဲ့လေသည်။

فَغَفَرْنَا لَهُ ذٰلِكَ ۖ وَإِنَّ لَهُ عِنْدَنَا لَزُلْفٰى وَحُسْنَ مَـَٔابٍ ﴿٢٥﴾

၂၅။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို"ဒါဂူဒ်" အား ယင်းကိစ္စကို ခွင့်လွှတ်တော်မူခဲ့၏။ စင်စစ်သော်ကား ထို"ဒါဂူဒ်" အဖို့ ငါအရှင်မြတ်အထံတော်၌ (ထူးကဲ မြင့်မြတ်သော) အဆင့်အတန်းသည်လည်းကောင်း၊ ကောင်းမြတ်သော နောက်ဆုံးအကျိုးဆက်သည်လည်းကောင်း၊ အမှန်ပင် ရှိပေသတည်း။

يٰدَاوٗدُ إِنَّا جَعَلْنٰكَ خَلِيفَةً فِى الْأَرْضِ فَاحْكُمْ بَيْنَ النَّاسِ بِالْحَقِّ وَلَا تَتَّبِعِ الْهَوٰى فَيُضِلَّكَ عَنْ سَبِيلِ اللَّهِ ۚ إِنَّ الَّذِينَ يَضِلُّونَ عَنْ سَبِيلِ اللَّهِ لَهُمْ عَذَابٌ شَدِيدٌ بِمَا نَسُوا يَوْمَ الْحِسَابِ ﴿٢٦﴾

၂၆။ အို-"ဒါဂူဒ်"၊ ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာမြေဝယ် ကိုယ်စားလှယ် ခန့်အပ်တော်မူခဲ့ပေရာ အသင်သည် လူတို့၏အကြား၌ မှန်ကန်စွာ တရားစီရင် ဆုံးဖြတ်ပါလေ။ ၎င်းပြင် အသင်သည် စိတ်၏အလိုဆန္ဒကို မလိုက်စားလေနှင့်၊ သို့ လိုက်စားခဲ့မူ ယင်းစိတ်၏အလိုဆန္ဒသည် အသင့်အား အလ္လာဟ်အရှင်မြတ်၏လမ်းမှ လွဲမှားစေပေလိမ့်မည်။ [၁] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ လွဲမှားကြကုန်သောသူများ၌မူကား၊ ၎င်းတို့သည် စစ်ဆေးမေးမြန်းသောနေ့ကို မေ့လျော့ခဲ့ကြခြင်းကြောင့် ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် ရှိချေအံ့သတည်း။ [၂]

---

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်ဒါဂူဒ်အား ကမ္ဘာမြေပြင်တွင် "ခလီဖဟ်" ကိုယ်စားလှယ်တော်အဖြစ် လည်း ခန့်အပ်ထားတော်မူရာ၊ တမန်တော် ဒါဂူဒ်သည် တမန်တော်အဖြစ်နှင့် တရားမမှောကြား၍ ခလီဖဟ်အဖြစ်နှင့် တိုင်းပြည်ကို အုပ်ချုပ်စီမံကွပ်ကဲရပေသည်။ အမှုအခင်းများကို စီရင်ဆုံးဖြတ်ပေးရမည်။ ဆိုလိုသည်ကား အာဏာစက်နှင့်ခမ္မစက်သည် အချင်းချင်း အညမညဖြစ်ရပေမည်။ အထောက်အကူ ဖြစ်စေရပေမည်။ စိတ်၏ အလိုဆန္ဒနောက်သို့ မလိုက်ပါရာ။ စိတ်၏ အလိုဆန္ဒနောက်သို့ လိုက်ပါမိပါက၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်နှင့် ကင်းကွာသွားရပေမည်။

② များသောအားဖြင့် လူသားတို့သည် စာရင်းအင်းရှင်းမည့်နေ့ကို မေ့နေကြသည့်အတွက် စိတ်၏ အလိုဆန္ဒကို လိုက်ကာ၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်နှင့် ကင်းကွာနေကြသည်။ အလွဲလွဲအမှားများ ဖြစ်နေကြသည်။ အကယ်၍ လူသားတို့သည် စာရင်းအင်းရှင်းရမည့်နေ့ကို သတိရကာ တစ်ရက် ငါတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်၍ မိမိတို့၏ စာရင်းများ ရှင်းကြရမည့်အရေးကို နလုံးပိုက်ကြပါက၊ မည်သူမျှ ထိုအရှင်မြတ်အား ဆန့်ကျင်ဝံ့မည် မဟုတ်ပေ၊ အလွဲလွဲအမှားများ ဖြစ်မည်မဟုတ်ပေ။

وَمَا خَلَقْنَا السَّمَاءَ وَالْأَرْضَ وَمَا بَيْنَهُمَا بَاطِلًا ۚ ذَٰلِكَ ظَنُّ الَّذِينَ كَفَرُوا ۚ فَوَيْلٌ لِّلَّذِينَ كَفَرُوا مِنَ النَّارِ ﴿٢٧﴾

၂၇။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေနစ်ခု၏အကြားဌာန ရှိသည်တို့ကိုလည်းကောင်း၊ အချည်းနှီးအကြောင်းမဲ့ ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပေ။ ဤသည် (ဝါ) (အကြောင်းမဲ့ဟူ၍ယူဆခြင်းမှာ) "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့၌ ငရဲမီးဖြင့် ပျက်စီးခြင်းရှိပေသည်။

أَمْ نَجْعَلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَالْمُفْسِدِينَ فِي الْأَرْضِ أَمْ نَجْعَلُ الْمُتَّقِينَ كَالْفُجَّارِ ﴿٢٨﴾

၂၈။ ငါအရှင်မြတ်သည် "အီမာန်" သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသောသူတို့အား တိုင်းပြည်ဝယ် သောင်းကျန်းဖျက်ဆီးမှုကို ပြုလုပ်ကြသောသူတို့ကဲ့သို့ ပြုလုပ်တော်မူပါမည်လော၊ သို့တည်းမဟုတ် ငါအရှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သောသူတော်စင်တို့အား သွေဖည်ဆိုးသွမ်းသောသူတို့ကဲ့သို့ ပြုလုပ်တော်မူပါမည်လော။

كِتَابٌ أَنزَلْنَاهُ إِلَيْكَ مُبَارَكٌ لِّيَدَّبَّرُوا آيَاتِهِ وَلِيَتَذَكَّرَ أُولُو الْأَلْبَابِ ﴿٢٩﴾

၂၉။ (ဤသည်) အသင့်ထံသို့ ငါအရှင်မြတ် ချပေးတော်မူခဲ့သောကျမ်းဂန်တစ်စောင်ဖြစ်၏။ "ဗရ်ကတ်" မင်္ဂလာနှင့်ပြည့်စုံ၏။ (ယင်းကျမ်းဂန်ကို ချပေးတော်မူခြင်းကား) လူတို့သည် ယင်းကျမ်းဂန်၏ အာယတ်တော်များကို စဉ်းစားဆင်ခြင်ကြအံ့သောငှာ လည်းကောင်း၊ အသိအမြင်ရှိသောသူတို့သည် တရားရယူကြအံ့သော အကျိုးငှာလည်းကောင်း၊ ဖြစ်ပေသတည်း။

وَوَهَبْنَا لِدَاوُودَ سُلَيْمَانَ ۖ نِعْمَ الْعَبْدُ ۖ إِنَّهُ أَوَّابٌ ﴿٣٠﴾

၃၀။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် (နဗီတမန်တော်) "ဒါဝူဒ်" အား (နဗီတမန်တော်)"စုလိုင်မာန်"ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ဧကန်မလွဲ ထို "စုလိုင်မာန်" သည် (ငါအရှင်မြတ် အထံတော်သို့) လွန်စွာ ပြန်လှည့်သူပင် ဖြစ်ခဲ့လေ၏။

إِذْ عُرِضَ عَلَيْهِ بِالْعَشِيِّ الصَّٰفِنَٰتُ الْجِيَادُ ﴿٣١﴾

၃၁။ တစ်ရံရောအခါဝယ် လျင်မြန်ပေါ့ပါးသော မျိုးကောင်းမြင်းများသည် ညနေချမ်းအချိန်၌ ထို "စုလိုင်မာန်" ၏ရှေ့ဝယ် တင်ပြခြင်းကို ခံခဲ့ကြရလေ၏။

فَقَالَ إِنِّيٓ أَحْبَبْتُ حُبَّ الْخَيْرِ عَن ذِكْرِ رَبِّي ۖ حَتَّىٰ تَوَارَتْ بِالْحِجَابِ ﴿٣٢﴾

၃၂။ ထိုအခါ ထို"စုလိုင်မာန်"က ငါသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်ကြောင့် မြော်က်မြားစွာသောပစ္စည်းများကို(ဝါ) မြင်းများကို ခုံမင်မြတ်နိုးခြင်းကို နှစ်သက် တာဝန်ယူဆောင်ရွက်ခဲ့သည်ဟုပြောဆိုခဲ့လေ၏။ နောက်ဆုံးတွင် ထိုမြင်းများမှာ အကွယ်၌ ကွယ်ပျောက်၍ သွားခဲ့ကြလေ၏။

رُدُّوهَا عَلَيَّ ۖ فَطَفِقَ مَسْحًۢا بِالسُّوقِ وَالْأَعْنَاقِ ﴿٣٣﴾

၃၃။ (ထိုအခါ နဗီတမန်တော် "စုလိုင်မာန်"သည် မြင်းထိန်းတို့အား) အသင်တို့သည် ထိုမြင်းများကို ငါ၏ရှေ့မှောက်ဝယ် ပြန်လည်၍ သွင်းခဲ့ကြလေကုန် (ဟု အမိန့်ပေးခဲ့လေ၏)။ ထို့နောက် (ထိုမြင်းများမှာ နဗီတမန်တော် စုလိုင်မာန်၏ရှေ့ဝယ် ပြန်လည်၍ ရောက်ရှိလာကြလေသော်) ထို "စုလိုင်မာန်"သည် (ထိုမြင်းများ၏) ခြေသလုံးများ (ခြေထောက်များ)ကို လည်းကောင်း၊ လည်ကုပ်များကိုစတင်ပွတ်သပ်ခြင်းကို ပြုလုပ်ခဲ့ပေသတည်း။ ၁

---

① **တမန်တော်စုလိုင်မာန်၊**

တမန်တော်စုလိုင်မာန်နှင့် မြင်းများအကြောင်း ပါရှိသော ကုရ်အာန်ကျမ်းလာ အာယတ်တော် (၃၈း၃၁-၃၃)ကို ဖွင့်ဆိုရာတွင် အဆိုသုံးရပ်ကို တွေ့ရှိရပေသည်။

(၁) တစ်ကြိမ်သော် တမန်တော်စုလိုင်မာန်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင်(ဂျိဟာဒ်) စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် အရေးကြုံလာသည့်အတွက်၊ မြင်းဇောင်းများမှ စစ်မြင်းများကို ထုတ်ပြရန် ဆင့်ဆိုခဲ့၏။ တမန်တော်စုလိုင်မာန်သည် အဆိုပါစစ်မြင်းများကို ကြည့်ရှုနေခဲ့ရာ၊ "အဆွရ်"ဆွလာတ် ဝတ်ပြုချိန်ကုန်လွန်သွားခဲ့၏။ နောက်ဆုံး နေပင်ဝင်သွားခဲ့၏။ တမန်တော် စုလိုင်မာန်သည် ထိုသည့်ဖြစ်ရပ်ကို ဆင်ခြင်မိသောအခါ၊ ဥစ္စာပစ္စည်း၏ အချစ်သည် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုမှုကို လွှမ်းမိုးသွားခဲ့လေပြီဟု ➤➤

وَلَقَدْ فَتَنَّا سُلَيْمٰنَ وَاَلْقَيْنَا عَلٰى كُرْسِيِّهٖ جَسَدًا ثُمَّ اَنَابَ ﴿٣٤﴾

၃၄။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်သည် (နဗီတမန်ကော်) "စုလိုင်မာန်" အား စမ်းသပ်တော်မူခဲ့၏။ စင်စစ် ငါအရှင်မြတ်သည် ၎င်း၏ပလ္လင်ပေါ် ဝယ် ခန္ဓာကိုယ်တစ်ခုကို ချပေးတော်မူခဲ့၏။ သို့ရှိရာ ထို"စုလိုင်မာန်" သည် ပြန်လှည့်ခဲ့လေ၏။

قَالَ رَبِّ اغْفِرْ لِيْ وَهَبْ لِيْ مُلْكًا لَّا يَنْۢبَغِيْ لِاَحَدٍ مِّنْۢ بَعْدِيْ ۚ اِنَّكَ اَنْتَ الْوَهَّابُ ﴿٣٥﴾

၃၅။ ထို"စုလိုင်မာန်"သည် လျှောက်ထားပန်ကြားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ၎င်းအပြင် အရှင်မြတ်သည် ကျွန်တော်မျိုးမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှပင်မရထိုက်သော စိုးမိုးအုပ်ချုပ်မှုမျိုးကို ကျွန်တော်မျိုးအား ချီးမြှင့်တော်မူပါ၊ ဧကန်စင်စစ် အရှင်မြတ်သည် လွန်စွာ ရက်ရောစွာ ပေးကမ်းတော်မူသော အရှင်ပင် ဖြစ်တော်မူပါသည်။ [၁]

➤➤ ဝန်ခံပြောဆို၍ ယူကြုံးမရ ဖြစ်ခဲ့လေသည်။ အလွှာဟ်အရှင်မြတ်အား ဝတ်ပြုရာတွင် အဆိုပါ မြင်းများကြောင့် ကြန့်ကြာနောင့်နေးရသည့်အတွက်၊ အမျက်ထွက်ကာ အဆိုပါမြင်းများကို ပြန်လည်ထုတ်စေပြီး မြင်းအားလုံးကို လိုးဖြတ်ပစ်ခဲ့လေသည်။

ဤဖွင့်ဆိုချက်အရ (اَحْبَبْتُ حُبَّ الْخَيْرِ عَنْ ذِكْرِ رَبِّيْ) ဟူသော အာယတ်တော်၏ အဓိပ္ပာယ်မှာ "ကျွန်ုပ်သည် မိမိ၏အရှင်အား အောက်မေ့တသ သတိရခြင်းမှ မေ့လျော့ကာ ဥစ္စာပစ္စည်းကို ခုံမင်ခဲ့သည်" ဟူ၍ ဖြစ်သွားပေမည်။ ထို့နောက် (حَتّٰى تَوَارَتْ بِالْحِجَابِ) ဟူသော အာယတ်တော်၏ အဓိပ္ပာယ်မှာ "ဤမှုဟိုင် ထိအရာ(ဝါ)နေသည် အကွယ်၌ ပျောက်ကွယ်သွားခဲ့လေသည်" ဟူ၍ ဖြစ်သွားပေမည်။ ထို့ပြင် (فَطَفِقَ مَسْحًا بِالسُّوْقِ وَ الْاَعْنَاقِ) ဟူသော အာယတ်တော်၏ အဓိပ္ပာယ်မှာ "ထိုတမန်တော် စုလိုင်မာန်သည် (မြင်းများ၏) ခြေထောက်များနှင့် လည်ကုပ်များကို ဖြတ်တောက်လိုက်လေတော့သည်" ဟူ၍ ဖြစ်သွားပေမည်။

ကျမ်းနကဆရိရ်ကျမ်းရှင်သည် အထက်ဖော်ပြပါ အဆိုကို နှစ်သက်ခဲ့သည်။ အတိတ်ခေတ် မုဖတ်စိစိရ် အများစုကြီး၏ ယူဆချက်မှာလည်း ဤအတိုင်းပင် ဖြစ်သည်ဟု ဆိုခဲ့လေသည်။

① တမန်တော်စုလိုင်မာန်က အရှင်မြတ်သည် ကျွန်တော်မျိုးအား အကြင်သို့သော စိုးမိုးမှုကို ပေးသနားတော်မူပါ၊ ထိုစိုးမိုးမှုကို ကျွန်တော်မျိုးမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မရရှိပါစေနှင့်၊ ထိုက်တန်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပါစေနှင့်၊ သို့မဟုတ် ထိုစိုးမိုးမှုကို ကျွန်တော်မျိုးထံမှ မည်သူတစ်ဦးတစ်ယောက်မျှ ပြန်လည်သိမ်းပိုက်နိုင်ငံ့သည် မရှိပါစေနှင့်ဟူ၍ ဆုပန်ကြားခဲ့လေသည်။ အလွှာဟ်အရှင်မြတ်ကလည်း ဆုတောင်းပြည့်စေတော်မူခဲ့သည်၊ ➤➤

فَسَخَّرْنَا لَهُ الرِّيحَ تَجْرِي بِأَمْرِهِ رُخَآءً حَيْثُ أَصَابَ ﴿٣٦﴾

၃၆။ သို့ဖြစ်၍ ငါအရှင်မြတ်သည် ထို"စုလိုင်မာန်"၏အဖို့ လေကို ၎င်း၏လက်အောက်ခံအဖြစ် ဆောင်ရွက်စေတော်မူခဲ့ရာ ထိုလေသည် ထို"စုလိုင်မာန်"အလိုရှိရာအရပ်သို့ ၎င်း၏အမိန့်နှင့် ညင်သာစွာ တိုက်ခတ် သွားလာနေခဲ့သည်။

وَالشَّيَٰطِينَ كُلَّ بَنَّآءٍ وَغَوَّاصٍ ﴿٣٧﴾

၃၇။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) ဆိုးသွမ်းသော ဂျင်န်(နှ်)များ (ဝါ) အဆောက်အအုံ ဆောက်သူတိုင်းကိုလည်းကောင်း၊ ရေငုပ်သူတိုင်းကိုလည်းကောင်း။

وَءَاخَرِينَ مُقَرَّنِينَ فِي ٱلْأَصْفَادِ ﴿٣٨﴾

၃၈။ သံကြိုးများဖြင့် ပူးတွဲတုပ်နှောင်ထားခြင်းခံကြရသော အခြားဂျင်န်(နှ်)တို့ကိုလည်းကောင်း၊ (ထို"စုလိုင်မာန်"၏ လက်အောက်ခံများအဖြစ် ဆောင်ရွက်စေတော်မူခဲ့၏)။

هَٰذَا عَطَآؤُنَا فَٱمْنُنْ أَوْ أَمْسِكْ بِغَيْرِ حِسَابٍ ﴿٣٩﴾

၃၉။ (၎င်းပြင် ငါအရှင်မြတ်သည် "စုလိုင်မာန်"အား မိန့်ကြားတော်မူခဲ့၏။) ဤသည် ငါအရှင်မြတ်၏ဆု၊ကျေးဇူးတော်ပင်ဖြစ်၏။ သို့ရာတွင် အသင်သည် (တစ်ဦးတစ်ယောက်အား) ပေးကမ်းသည် ဖြစ်စေ၊ မပေးဘဲနေသည်ဖြစ်စေ မည်သို့မျှ စာရင်းရှင်းရန် မလိုပေ။

➤➤ တမန်တော် စုလိုင်မာန်၏ ဆုပန်ကြားမှုတွင် ဘုရင်ယောင် သန်းလျက်ရှိသည်။ အကြောင်းကား တမန်တော် စုလိုင်မာန်သည် တမန်တော်တစ်ပါးသာမက ဘုရင်တစ်ပါးလည်း ဖြစ်ခဲ့သည်။ ထို့ပြင်တစ်ဝ၊ တမန်တော်စုလိုင်မာန်၏ခေတ်တွင် ဘုရင်ဆိုးများ ကြီးစိုးလျက် ရှိခဲ့ကြပေသည်။ ထို့အတွက် တမန်တော်စုလိုင်မာန်က ယင်းသို့ ဆုပန်ကြားခဲ့ခြင်းဖြစ်သည်။

ဟဒီးဆ်ဩဝါဒတော်များတွင် လာရှိသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အသီးသီးအား၊ ဆုမွန်တစ်ပါးနှင့်စပ်လျဉ်း၍ လက်ခံသဘောတူတော်မူမည့် အကြောင်း၊ ဆုတောင်းပြည့် ဖြစ်စေတော်မူမည့်အကြောင်း ကတိပြုထားတော်မူသည်။ တမန်တော်စုလိုင်မာန်၏ အထက်ပါဆုမွန်မှာ အဆိုပါဆုတောင်းပြည့်ပင် ဖြစ်တန်ရာသည်။ တိုင်းပြည်ကိုစိုးမိုး၍ အာဏာတန်ခိုးပြခြင်းသည် တမန်တော်များ၏ ရည်ရွယ်ချက်မဟုတ်၊ တမန်တော်များ၏ အဓိကရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ကို ဖြန့်ချိရန်နှင့် ထိုသာသနာကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန်သာဖြစ်သည်။ ဓမ္မစက်သည်အဓိကဖြစ်သည်။ အာဏာစက်သည် အထိန်းသာဖြစ်သည်။

وَإِنَّ لَهُۥ عِندَنَا لَزُلْفَىٰ وَحُسْنَ مَـَٔابٍ ﴿٤٠﴾

၄၀။ စင်စစ်သော်ကား ထို"စုလိုင်မာန်"၌ ငါ့အရှင်မြတ်အထံတော်တွင်၊ (အထူး)အဆင့်အတန်းနှင့် ကောင်းမြတ်သော နောက်ဆုံးအကျိုးဆက်သည် အမှန်ပင် ရှိပေသတည်း။

وَٱذْكُرْ عَبْدَنَآ أَيُّوبَ إِذْ نَادَىٰ رَبَّهُۥٓ أَنِّى مَسَّنِىَ ٱلشَّيْطَٰنُ بِنُصْبٍ وَعَذَابٍ ﴿٤١﴾

၄၁။ ၎င်းပြင် "(အို-နဗီတမန်တော်) အသင်သည် ငါ့အရှင်မြတ်၏ကျွန်(နဗီတမန်တော်)"အိုက်ယူဗ်"(၏)အကြောင်း အထူးပွတ္တိ)ကို ပြန်လည်စဉ်းစားသတိရပါလေ။ တစ်ရံရောအခါဝယ် ထို "အိုက်ယူဗ်" သည် မိမိအရှင်မြတ်အား "စင်စစ်ဧကန် ရှိုင်တွာန်မိစ္ဆာကောင်သည် ကျွန်တော်မျိုး၌ ရောဂါဝေဒနာကို လည်းကောင်း၊ ဘေးဒုက္ခကိုလည်းကောင်း၊ သက်ရောက်စေခဲ့ပါသည်"ဟုဟစ်အော်(လျှောက်ထား)ခဲ့လေ၏၊ [၁]

ٱرْكُضْ بِرِجْلِكَ هَٰذَا مُغْتَسَلٌۢ بَارِدٌ وَشَرَابٌ ﴿٤٢﴾

၄၂။ (ထိုရောအခါဝယ် ငါ့အရှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏။ အို-အိုက်ယူဗ်) အသင်သည် မိမိခြေထောက်ဖြင့် (မြေကြီးကို)ဆောင့်ပါလေ၊ ဤသည် (အသင့်အဖို့) အေးမြသောချိုးရေသည်လည်းကောင်း၊ သောက်ရေသည်လည်းကောင်း၊ ဖြစ်ပါ၏။

---

① **တမန်တော်အိုက်ယူဗ်။**

ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို လေ့လာခြင်းအားဖြင့်၊ တစ်စုံတစ်ရာ မကောင်းမှုအန္တရာယ်ဖြစ်ပေါ်လာသည်ကိုလည်းကောင်း၊ ကောင်းမွန်သော လုပ်ငန်းစဉ်တစ်ရပ် ပျက်ပြားရသည်ကိုလည်းကောင်း၊ ရှိုင်တွာန်၏ အမှောင့်ပရောဂကြောင့် ဖြစ်ရသည်ဟု မိန့်ဆိုထားတော်မူသည်ကို တွေ့ရှိရပေသည်။ ဥပမာ-ကုရ်အာန်ကျမ်းမြတ်(၁၈း၆၃)တွင် တမန်တော်မူစာ၏အကြောင်း (وَمَآ أَنسَىٰنِيهُ إِلَّا ٱلشَّيْطَٰنُ أَنْ أَذْكُرَهُۥ) (ကျွန်ုပ်အား ထိုအရာကို ရှိုင်တွာန်ကပင် မေ့လျော့စေခဲ့ပါသည်) ဟူ၍ မေ့လျော့မှုကို ရှိုင်တွာန်၏ ပရောဂဟု မိန့်ဆိုထားတော်မူသည်။ အဘယ့်ကြောင့်ဆိုသော ယင်းသို့ မေ့မှားမှုများတွင် တစ်နည်းတစ်ဖုံ ရှိုင်တွာန်၏ ပရောဂပါရှိသည်သာဖြစ်သည်။ ဤသည့်သဘောအရ တမန်တော်အိုက်ယူဗ်ကလည်း မိမိ၌သက်ရောက်ခဲ့သော ဘေးဒုက္ခနှင့် စပ်လျဉ်း၍ ရှိုင်တွာန်ကို အကြောင်းပြုပြီး "ရှိုင်တွာန်သည် ကျွန်တော်မျိုး၌ ရောဂါဝေဒနာနှင့် ဘေးဒုက္ခ သက်ရောက်စေခဲ့ပါသည်"ဟု အလွှာဟ်အရှင်မြတ်ထံတော်၌ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

တမန်တော်အိုက်ယူဗ်အကြောင်း ကုရ်အာန်(၄း၁၆၃။ ၆း၈၅။ ၂၁း၈၃)တွင် ပါရှိခဲ့ပေပြီ။ ➤➤

وَوَهَبْنَا لَهٗۤ اَهْلَهٗ وَمِثْلَهُمْ مَّعَهُمْ رَحْمَةً مِّنَّا وَذِكْرٰى لِاُولِی الْاَلْبَابِ ﴿۴۳﴾

၄၃။ ထို့ပြင် ငါအရှင်မြတ်သည် မိမိအထံတော်မှ ကရုဏာတော်ဖြင့်လည်းကောင်း၊ အသိဉာဏ်ရှိသူတို့ သတိရစေခြင်းငှာလည်းကောင်း၊ ထို "အိုက်ယူဗ်" အား ၎င်း၏ အိမ်သူအိမ်သားတို့ကို ချီးမြှင့်တော်မူသည့် အပြင် ထိုအိမ်သူအိမ်သားတို့နှင့် အညီအမျှ(ဖြစ်သော ဦးရေ)ကိုလည်း ၎င်းတို့နှင့်အတူ (ထပ်လောင်း၍) ချီးမြှင့် ပေးသနားတော်မူခဲ့၏။

وَخُذْ بِيَدِكَ ضِغْثًا فَاضْرِبْ بِّهٖ وَلَا تَحْنَثْ ؕ اِنَّا وَجَدْنٰهُ صَابِرًا ؕ نِعْمَ الْعَبْدُ ؕ اِنَّهٗۤ اَوَّابٌ ﴿۴۴﴾

၄၄။ ထို့ပြင် (ငါအရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူခဲ့၏)။ အသင်သည် မိမိလက်တွင်းဝယ် အခက်အလက် လက်တစ်ဆုပ်ကိုယူပြီးလျှင် ၎င်းဖြင့် ရိုက်လော့။ ထို့ပြင် အသင်သည် (မိမိ ကျိန်ဆိုချက်ကို ချိုးဖျက်ခြင်းမပြုပါလေနှင့်၊ ဧကန်စင်စစ် ငါအရှင်မြတ်သည် ထို "အိုက်ယူဗ်" အား သည်းခံသူအဖြစ် တွေ့ရှိတော်မူခဲ့၏။ အထူးကောင်းမွန်သော ကျွန်တစ်ပါးဖြစ်ခဲ့၏။ ဧကန်မလွဲ ထို "အိုက်ယူဗ်" သည် (ငါအရှင်မြတ်အထံတော်သို့) လွန်စွာပြန်လှည့်သူလည်း ဖြစ်ခဲ့ပေသတည်း။

وَاذْكُرْ عِبٰدَنَاۤ اِبْرٰهِيْمَ وَاِسْحٰقَ وَيَعْقُوْبَ اُولِی الْاَيْدِیْ وَالْاَبْصَارِ ﴿۴۵﴾

၄၅။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် စွမ်းရည် သတ္တိရှိသူများ၊ ဉာဏ်အမြော်အမြင်ရှိသူများဖြစ်ကြသော၊ (နဗီတမန်တော်) "အီဗ်ရာဟီမ်" (နဗီတမန်တော်) "အီစ်ဟာက်" နှင့် (နဗီတမန်တော်) "ယအ်ကူဗ်" တို့(၏အကြောင်း အတ္ထုပ္ပတ္တိများ)ကို ပြန်လည်စဉ်းစား သတိရပါလေ။

➤➤ တမန်တော် အိုက်ယူဗ်၌ ဘေးဒုက္ခအမျိုးမျိုး ရောက်ခဲ့သည်မှာမှန်၏။ သို့ရာတွင် ယင်းသည့်ဘေးဒုက္ခများကို အချို့ကျမ်းများတွင် စက်ဆုပ်ရွံရှာဖွယ် ဖြစ်လာရသည်အထိ ပုံကြီးချဲ့ရေးသားထားကြသည်မှာ တမန်တော်တစ်ပါး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ မှန်လည်းမမှန်ပေ။ ဤအကြောင်း ကုရ်အာန် (၂၁း၈၃-၈၄)တွင် ရေးသားခဲ့ပေပြီ။

إِنَّآ أَخۡلَصۡنَٰهُم بِخَالِصَةٖ ذِكۡرَى ٱلدَّارِ ۝٤٦

၄၆။ ဇကန်မလွဲ ငါအရှင်မြတ်သည် တမလွန်ဘဝကို သတိရခြင်းတည်းဟူသော ထူးခြားချက်တစ်ရပ်ဖြင့်၊ ၎င်းတို့အား ထူးခြားစေတော်မူခဲ့၏။

وَإِنَّهُمۡ عِندَنَا لَمِنَ ٱلۡمُصۡطَفَيۡنَ ٱلۡأَخۡيَارِ ۝٤٧

၄၇။ ထိုမှတစ်ပါး မလွဲဇကန် ၎င်းတို့သည် ငါအရှင်မြတ် အထံတော်တွင် အကောင်းဆုံးသော ရွေးချယ်ခြင်း ခံခဲ့ကြရသော သူတို့အနက်မှပင် ဖြစ်ကြကုန်၏။

وَٱذۡكُرۡ إِسۡمَٰعِيلَ وَٱلۡيَسَعَ وَذَا ٱلۡكِفۡلِۖ وَكُلّٞ مِّنَ ٱلۡأَخۡيَارِ ۝٤٨

၄၈။ ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် (နဗီတမန်တော်)"အီစ်မာအီလ်"၊ (နဗီတမန်တော်) "အလ်ယစအ်"နှင့် (နဗီတမန်တော်)"ဇုလ်ကိဖ်လ်"တို့(၏အကြောင်း အတ္ထုပ္ပတ္တိများ)ကိုလည်း စဉ်းစားသတိရပါလေ။ စင်စစ်သော်ကား (၎င်းတို့) အသီးသီးတို့မှာလည်း အကောင်းဆုံးသော သူတို့အနက်မှပင် ဖြစ်ခဲ့ကြကုန်သတည်း။

هَٰذَا ذِكۡرٞۚ وَإِنَّ لِلۡمُتَّقِينَ لَحُسۡنَ مَـَٔابٖ ۝٤٩

၄၉။ ဤသည် ဆုံးမသြဝါဒတစ်မျိုးပင်၊ (ဤသည် အဆုံးအမ သြဝါဒတစ်ပါးပင်)၊ ၎င်းပြင် ဇကန်မလွဲသူတော်စင်တို့ အဖို့ ကောင်းမြတ်သော နောက်ဆုံးအကျိုးဆက်သည် အမှန်ပင်ရှိ၏။

جَنَّٰتِ عَدۡنٖ مُّفَتَّحَةٗ لَّهُمُ ٱلۡأَبۡوَٰبُ ۝٥٠

၅၀။ ထာဝစဉ်နေထိုင်ရန် ဥယျာဉ်များသည် ရှိကြပေသည်။ (ယင်းဥယျာဉ်များ၏)တံခါးမှာ ၎င်းတို့အဖို့ (အသင့်) ဖွင့်လှစ်၍ထားပြီး ဖြစ်ပေသည်။

مُتَّكِـِٔينَ فِيهَا يَدۡعُونَ فِيهَا بِفَٰكِهَةٖ كَثِيرَةٖ وَشَرَابٖ ۝٥١

၅၁။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ မိုအုံးများကိုမှီလျက် ရှိကြပေမည်။ များစွာသော သစ်သီးဝလံများကိုလည်းကောင်း၊ သောက်သုံးဖွယ်ရာများကိုလည်းကောင်း၊ ယင်းဥယျာဉ်များတွင် မှာယူကြပေမည်။

وَعِندَهُمْ قٰصِرٰتُ الطَّرْفِ أَتْرَابٌ ﴿٥٢﴾

၅၂။ ထိုမှတစ်ပါး၊ ၎င်းတို့ထံတွင် မျက်စိကို အောက်သို့ နှိမ့်ထားလေ့ရှိကြသော မိန်းမများလည်း ရှိကြပေမည်။

هٰذَا مَا تُوعَدُونَ لِيَوْمِ الْحِسَابِ ﴿٥٣﴾

၅၃။ ဤသည် စစ်ဆေးမေးမြန်းမည့်နေ့နှင့် စပ်လျဉ်း၍ အသင်တို့ ကတိပေးခြင်း ခံကြရလေသောအရာပင်၊ (ကျေးဇူးတော်ပင်)။

إِنَّ هٰذَا لَرِزْقُنَا مَا لَهُ مِن نَّفَادٍ ﴿٥٤﴾

၅၄။ ဇကန်မလွဲ ဤသည် ငါအရှင်မြတ်၏ ဆုကျေးဇူးတော်ပင် ဖြစ်ပေသည်။ ယင်း ဆုကျေးဇူးတော်မှာ ကုန်ခန်းခြင်းသည် အလျှင်း မရှိပြီတကား။

هٰذَا ۚ وَإِنَّ لِلطَّاغِينَ لَشَرَّ مَآبٍ ﴿٥٥﴾

၅၅။ ဤသည်(တွင် သူတော်ကောင်းတို့၏ အကြောင်း) ပြီးဆုံးခဲ့လေပြီ။ ၎င်းပြင် ဇကန်စင်စစ် ဆိုးသွမ်းသောသူယုတ်မာ (အကြီးအကဲ)တို့အဖို့ ဆိုးရွားလှစွာသော ပြန်လည်ရာ စခန်းသည် အမှန်ပင် ရှိ၏။

جَهَنَّمَ يَصْلَوْنَهَا ۖ فَبِئْسَ الْمِهَادُ ﴿٥٦﴾

၅၆။ (ယင်းဆိုးရွားလှသော ပြန်လည်ရာစခန်းမှာ) "ဂျဟန္နမ်" ငရဲဘုံပင်ဖြစ်၏။ ၎င်းတို့သည် ယင်း "ဂျဟန္နမ်" ငရဲဘုံသို့ ဝင်ရောက်ကြရပေမည်။ စင်စစ် ယင်းအပန်းဖြေရာ စခန်းမှာ လွန်စွာဆိုးရွားလှ၏။

هٰذَا فَلْيَذُوقُوهُ حَمِيمٌ وَغَسَّاقٌ ﴿٥٧﴾

၅၇။ ဤသည် ကျိုက်ကျိုက်ဆူပွက်လျက်ရှိသော ရေပူ နှင့် ပြည်ပုပ်ဖြစ်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤသည်ကို မြည်းစမ်းကြပါစေ။

وَآخَرُ مِن شَكْلِهِ أَزْوَاجٌ ﴿٥٨﴾

၅၈။ ထိုမှတစ်ပါး ဤသည့်အမျိုးအစားထဲမှပင် အခြားသော (မြည်းစမ်းဖွယ်ရာ) အမျိုးမျိုးလည်း ရှိချိမ့်မည်။

هَٰذَا فَوْجٌ مُّقْتَحِمٌ مَّعَكُمْ ۖ لَا مَرْحَبًا بِهِمْ ۚ إِنَّهُمْ صَالُو النَّارِ ﴿٥٩﴾

၅၉။ (သူယုတ်မာ အကြီးအကဲတို့က ပြောဆိုကြသည်မှာ) ဤသည် အသင်တို့နှင့်အတူ တိုးဝင်လျက်ရှိသော(အခြား)တပ်ဖွဲ့တစ်ဖွဲ့ပင်ဖြစ်၏။ ၎င်းတို့သည် ခုံမင်စွာ နှုတ်ဆက်ခြင်းနှင့် ကင်းဝေးကြစေသား၊ ဧကန်အမှန် ၎င်းတို့သည်လည်း ငရဲမီးထဲသို့ ဝင်ရောက်လျက်ရှိကြပေသည်။

قَالُوا بَلْ أَنتُمْ لَا مَرْحَبًا بِكُمْ ۖ أَنتُمْ قَدَّمْتُمُوهُ لَنَا ۖ فَبِئْسَ الْقَرَارُ ﴿٦٠﴾

၆၀။ ထိုအခါ နောက်လိုက်ငယ်သားတို့က "ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား အသင်တို့သည်သာလျှင် ခုံမင်စွာ နှုတ်ဆက်ခြင်းနှင့် ကင်းဝေးနေကြစေသား။ အသင်တို့သည်ပင်လျှင် ဤဒုက္ခကို ကျွန်ုပ်တို့၏ရှေ့ဝယ် ယူဆောင်ခဲ့ကြလေသည်"ဟု ပြောဆိုကြပေမည်။ စင်စစ်မှာကား ယင်းနေရာထိုင်ခင်းသည် လွန်စွာဆိုးရွားလှသော နေရာထိုင်ခင်းပင်ဖြစ်၏။

قَالُوا رَبَّنَا مَن قَدَّمَ لَنَا هَٰذَا فَزِدْهُ عَذَابًا ضِعْفًا فِي النَّارِ ﴿٦١﴾

၆၁။ ၎င်းကို က "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့ရှေ့ဝယ် ဤဒုက္ခကို ယူဆောင်ခဲ့သောသူ၌ အရှင်မြတ်သည် ငရဲဘုံတွင် ပြစ်ဒဏ်ကို နှစ်ဆတိုးစေတော်မူပါ" ဟု လျှောက်ထားကြပေမည်။

وَقَالُوا مَا لَنَا لَا نَرَىٰ رِجَالًا كُنَّا نَعُدُّهُم مِّنَ الْأَشْرَارِ ﴿٦٢﴾

၆၂။ ထိုမှတစ်ပါး ၎င်းတို့သည် (ဤသို့)ပြောဆိုကြပေမည်။ ဆိုးသွမ်းသောသူတို့တွင် အပါအဝင်ဖြစ်ကြသည်ဟု ကျွန်ုပ်တို့ ရေတွက် မှတ်ယူလျက်ရှိခဲ့ကြသော ပုဂ္ဂိုလ်များ (ဝါ) (မုစ်လင်မ်တို့အား ငရဲဘုံတွင်) မည်သည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် မတွေ့မြင်ကြရသနည်း။

أَتَّخَذْنَاهُمْ سِخْرِيًّا أَمْ زَاغَتْ

၆၃။ ကျွန်ုပ်တို့သည်ပင် ၎င်းတို့အား ပြက်ရယ်ပြောင်လှောင်ဖွယ်ရာများ ပြုလုပ်မိခဲ့ကြလေသလော။

عَنْهُمُ الْاَبْصَارُ ﴿٦٣﴾

သို့တည်းမဟုတ် (ကျွန်ုပ်တို့၏) မျက်စိများပင် ၎င်းတို့ (အား မြင်နိုင်ခြင်း)မှ လွဲချော် တိမ်းမှောက်ကြလေသလော။

اِنَّ ذٰلِكَ لَحَقٌّ تَخَاصُمُ اَهْلِ النَّارِ ﴿٦٤﴾

၆၄။ ဇကန်မလွဲ ("ဂျဟန္နမ်" ငရဲဘုံ၌) ငရဲသားတို့ အချင်းချင်း ထို(ကဲ့သို့) ပဋိပက္ခဖြစ်ခြင်းကား လုံးဝ အမှန်ပင် ဖြစ်ချေသတည်း။

قُلْ اِنَّمَآ اَنَا مُنْذِرٌ ۖ وَّمَا مِنْ اِلٰهٍ اِلَّا اللّٰهُ الْوَاحِدُ الْقَهَّارُ ﴿٦٥﴾

၆၅။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ငါသည် သတိပေးနှိုးဆော်သူ တစ်ဦးသာလျှင်ဖြစ်၏။ ၎င်းပြင် တစ်ဆူတည်း ဖြစ်တော်မူသော လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ မရှိပေ။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الْعَزِيْزُ الْغَفَّارُ ﴿٦٦﴾

၆၆။ (ထိုအရှင်မြတ်သည်သာလျှင်) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏အကြားဌာန ရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသောအရှင် ဖြစ်တော်မူ၏။

قُلْ هُوَ نَبَؤٌا عَظِيْمٌ ﴿٦٧﴾

၆၇။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ("ကိယာမတ်" ရှင်ပြန်ထမည့်နေ့၏အကြောင်းသတင်း)သည် ကြီးကျယ်လှစွာသော အကြောင်းသတင်းပင်။

اَنْتُمْ عَنْهُ مُعْرِضُوْنَ ﴿٦٨﴾

၆၈။ အသင်တို့သည် ယင်းအကြောင်းသတင်းကို လျစ်လျူရှုနေသူများပင် ဖြစ်ကြကုန်၏။

مَا كَانَ لِيَ مِنْ عِلْمٍۭ بِالْمَلَإِ الْأَعْلَىٰٓ إِذْ يَخْتَصِمُونَ ﴿٦٩﴾

၆၉။ ငါသည် အထက်ကောင်းကင်ရှိ ပရိသတ်နှင့် ပတ်သက်၍၊ ၎င်းတို့အချင်းချင်း ပြောဆို အငြင်းပွားလျက်ရှိကြစဉ် မည်သည်ကိုမျှ မသိခဲ့ပေ။

إِن يُوحَىٰٓ إِلَيَّ إِلَّآ أَنَّمَآ أَنَا۠ نَذِيرٌ مُّبِينٌ ﴿٧٠﴾

၇၀။ ငါထံသို့ ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးဖြစ်ခြင်းကြောင့်သာလျှင် "ဝဟ်ယ်" အမိန့်တော် ထုတ်ပြန်ခြင်းခံရပေသတည်း။

إِذْ قَالَ رَبُّكَ لِلْمَلَٰٓئِكَةِ إِنِّى خَٰلِقٌۢ بَشَرًا مِّن طِينٍ ﴿٧١﴾

၇၁။ (ပြန်လည်အောက်မေ့ သတိရပါလေ)။ တစ်ရံရောအခါဝယ် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား မိန့်ကြားတော်မူခဲ့၏။ ဧကန်စင်စစ် ငါအရှင်မြတ်သည် လူသားတစ်ဦးအား ရွံ့မြေဖြင့် ဖန်ဆင်းတော်မူမည်။

فَإِذَا سَوَّيْتُهُۥ وَنَفَخْتُ فِيهِ مِن رُّوحِى فَقَعُوا۟ لَهُۥ سَٰجِدِينَ ﴿٧٢﴾

၇၂။ ထို့နောက် ငါအရှင်မြတ်သည် ထိုလူသားအား နေထားကျနစုံလင်စွာ ပြုလုပ်တော်မူပြီးလျှင် ၎င်း(၏ ခန္ဓာကိုယ်) အတွင်းဝယ် မိမိအထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့သောအခါ အသင်တို့သည် ၎င်း၏ရှေ့ဝယ် 'စဂျဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်။

فَسَجَدَ ٱلْمَلَٰٓئِكَةُ كُلُّهُمْ أَجْمَعُونَ ﴿٧٣﴾

၇၃။ ဆိုခဲ့ပြီးအတိုင်း "မလာအိကဟ်" ကောင်းကင်တမန်အပေါင်းတို့သည် အားလုံးပင် "စဂျဒဟ်" ပျပ်ဝပ်ဦးချကြကုန်၏။

إِلَّآ إِبْلِيسَ ٱسْتَكْبَرَ وَكَانَ مِنَ ٱلْكَٰفِرِينَ ﴿٧٤﴾

၇၄။ သို့ရာတွင် "ကျဗလီစ်" မှာမူကား မောက်မာပလွားလျက် "ကာဖိရ်" သွေဖည်ငြင်းပယ်သူတို့တွင် အပါအဝင် ဖြစ်သွားခဲ့လေ၏။

قَالَ يَٰٓإِبْلِيسُ مَا مَنَعَكَ أَن

၇၅။ (ထိုအခါ) ထိုအရှင်မြတ်သည် "အို-ကျဗလီစ်"၊ ငါအရှင် မိမိလက်တော်နှစ်ဖက်ဖြင့် ပြုလုပ်တော်မူခဲ့

تَسْجُدَ لِمَا خَلَقْتُ بِيَدَيَّ ۖ أَسْتَكْبَرْتَ أَمْ كُنتَ مِنَ الْعَالِينَ ﴿٧٥﴾

သောသူ၏ ရှေ့ဝယ် "စဂျဒဟ်" ပျပ်ဝပ်ဦးချခြင်းမှ အသင့်အား မည့်သည့်အရာက တားမြစ်ခဲ့သနည်း။ အသင်သည် မာန်မာနထောင်လွှားလေသလော၊ သို့တည်းမဟုတ် အသင်သည် (အကယ်စင်စစ်) မြင့်မြတ်သောသူတစ်ဦး ဖြစ်လေသလော" ဟု မိန့်ကြားတော်မူခဲ့၏။

قَالَ أَنَا خَيْرٌ مِّنْهُ ۖ خَلَقْتَنِي مِن نَّارٍ وَخَلَقْتَهُ مِن طِينٍ ﴿٧٦﴾

၇၆။ ထို"ကွဗ်လီစ်"က "(အို-အရှင်မြတ်၊)ကျွန်တော်မျိုးသည် ထိုလူသားထက် မြင့်မြတ်ပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား မီးဖြင့် ဖန်ဆင်းတော်မူ၍ ထိုလူသားကိုမူကား ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်"ဟု လျှောက်ထားခဲ့လေသည်။

قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ ﴿٧٧﴾

၇၇။ ထိုအရှင်မြတ်က မိန့်ကြားတော်မူခဲ့၏။ သို့ဖြစ်လျှင် (အို-"ကွဗ်လီစ်"၊) အသင်သည် ဤကောင်းကင်ဘုံမှ ထွက်၍သွားလော့၊ အကြောင်းမူကား အသင်သည် နှင်ထုတ်ခြင်း-ကရဏာတော်မှကင်းဝေးစေခြင်းခံရသူဖြစ်သောကြောင့်ပင်။

وَإِنَّ عَلَيْكَ لَعْنَتِي إِلَىٰ يَوْمِ الدِّينِ ﴿٧٨﴾

၇၈။ ထိုမှတစ်ပါး ဓကန်မလွဲ အသင့်အပေါ်၌ ငါအရှင်မြတ်၏ စက်ဆုပ်မှုသည် အစားပေးမည့်နေ့တိုင်အောင်ပင် ရှိနေပေမည်။

قَالَ رَبِّ فَأَنظِرْنِي إِلَىٰ يَوْمِ يُبْعَثُونَ ﴿٧٩﴾

၇၉။ ထို "ကွဗ်လီစ်" က "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ပါလျှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား (လူသတ္တဝါအပေါင်း) ရှင်ပြန်ထစေခြင်း ခံကြရမည့်နေ့တိုင်အောင် (သေခြင်းမှ-ပြစ်ဒဏ်စီရင်တော်မူခြင်းမှ) ရွှေ့ဆိုင်း၍ထားတော်မူပါ" ဟု လျှောက်ထားခဲ့လေ၏။

قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ ﴿٨٠﴾

၈၀။ ထိုအရှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏။ သို့ဆိုလျှင် ဇကန်မလွဲ အသင်သည် ရွှေ့ဆိုင်းထားခြင်းခံရသူတစ်ဦးပင်ဖြစ်၏။

إِلَىٰ يَوْمِ الْوَقْتِ الْمَعْلُومِ ﴿٨١﴾

၈၁။ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ (ဆိုက်ရောက်အံ့သော) နေ့တိုင်အောင်။

قَالَ فَبِعِزَّتِكَ لَأُغْوِيَنَّهُمْ أَجْمَعِينَ ﴿٨٢﴾

၈၂။ (ထိုအခါ) ထို"ကြဗ်လီစ်"က လျှောက်ထားခဲ့လေ၏။ သို့ဖြစ်ပါလျှင် (ကျွန်တော်မျိုးသည်) အရှင်မြတ်၏ တန်ခိုးအာနုဘော်ကို တိုင်တည်(၍ လျှောက်ထား)အပ်ပါသည်။ မုချမလွဲ ကျွန်တော်မျိုးသည် ထိုလူသားအားလုံးကိုပင် လွဲချော် မှောက်မှားအောင် ပြုလုပ်မည်ဖြစ်ပါသည်။

إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ﴿٨٣﴾

၈၃။ သို့ရာတွင် ၎င်းတို့အနက် ရွေးချယ်ပြီးဖြစ်သောအရှင်မြတ်၏ ကျွန်များကိုမူကား (ကျွန်တော်မျိုးသည် လွဲချော် မှောက်မှားစေနိုင်မည်မဟုတ်ပါ)။

قَالَ فَالْحَقُّ وَالْحَقَّ أَقُولُ ﴿٨٤﴾

၈၄။ ထိုအရှင်မြတ်သည် မိန့်ကြားတော်မူခဲ့၏။ ငါအရှင်မြတ် အမှန်ကို မိန့်ကြားတော်မူမည်။ စင်စစ် ငါအရှင်သည် အမှန်ကိုသာ ပြောကြားတော်မူလေ့ရှိသည်။

لَأَمْلَأَنَّ جَهَنَّمَ مِنكَ وَمِمَّن تَبِعَكَ مِنْهُمْ أَجْمَعِينَ ﴿٨٥﴾

၈၅။ ဇကန်မလွဲ ငါအရှင်မြတ်သည် အသင်အားဖြင့် လည်းကောင်း၊ ထိုလူသားတို့အနက် အသင်၏နောက် လိုက်ကြသောသူတို့အားဖြင့်လည်းကောင်း၊ "ဂျဟန္နမ်" ငရဲဘုံကို ဖြည့်တော်မူအံ့သတည်း။

قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ

၈၆။ (အို-နဗီတမန်တော်)၊ အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ထံ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)နှင့်စပ်လျဉ်း၍ မည်သည့်

أَجْرٍ وَّمَآ أَنَا۠ مِنَ الْمُتَكَلِّفِينَ ﴿٨٦﴾

အကျိုးကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ထိုမှတစ်ပါး ငါသည် ဟန်ဆောင်ပြောဆိုသူ (ဤကုရ်အာန်ကျမ်းတော်မြတ်ကို) ကြံဖန် စီကုံးသူတစ်ဦးလည်းမဟုတ်ပေ။

إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَٰلَمِينَ ﴿٨٧﴾

၈၇။ (စင်စစ်) ထို(ကုရ်အာန်ကျမ်းတော်မြတ်)သည် ကမ္ဘာသူ ကမ္ဘာသားခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒ တစ်ပါးသာလျှင်ဖြစ်၏။

وَلَتَعْلَمُنَّ نَبَأَهُۥ بَعْدَ حِينٍۭ ﴿٨٨﴾

၈၈။ ထိုမှတစ်ပါး မုချဇကန် အသင်တို့သည် အနည်းငယ်သော အချိန်ကာလနောက်တွင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)၏ အကြောင်းသတင်းမှန်ကန်ကြောင်းကို သိရှိကြကုန်အံ့သတည်း။ [၁]

---

① **နိဂုံးချုပ်၊**

ဤအာယတ်တော်၏ အလိုသဘောမှာ ကျွန်ုပ်သည် အသင်တို့အား အသင်တို့အကျိုးငှာ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို တင်ပြနေခြင်းဖြစ်သည်။ သို့ တင်ပြသည့်အတွက် ကျွန်ုပ်သည်အသင်တို့ထံမှ တစ်စုံတစ်ရာ အဘိုးအခ၊ တောင်းဆိုသည်မရှိ။ ဤကုရ်အာန်ကျမ်းမြတ်မှာ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များသာဖြစ်သည်။ ကျွန်ုပ်ကြံဖန်စီကုံး ထားသည်မဟုတ်၊ ကြံဖန်စီကုံး နိုင်သည်လည်းမဟုတ် ကြံဖန်စီကုံးရန် အကြောင်းလည်းမရှိ။ ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာသူ၊ကမ္ဘာသား အားလုံးတို့အဖို့ အဆုံးအမသြဝါဒ တစ်ပါးသာဖြစ်သည်။ ကျွန်ုပ်သည် တာဝန်အရ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို အသင်တို့အား စ၊လယ်၊ဆုံး သုံးပါးစလုံး တိကျမှန်ကန်စွာ ဟောကြားပြီးပြီ။ ဟောကြားရန်မှာ မိမိ၏တာဝန်။ လက်ခံနာယူကျင့်ဖွဲခြင်းမှာ အသင်တို့၏ တာဝန်။ ကုရ်အာန်ကျမ်း၏ ဟောကိန်းများသည် အဘယ်မျှမှန်ကန်သည်၊ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များသည် အဘယ်မျှ အကျိုးသက်ရောက်သည်ကို အသင်တို့ကိုယ်တိုင် မကြာမီ သိကြရတော့မည်။ ဤကား နိဂုံးချုပ်တည်း။

အုပ်စုများကဏ္ဍ



ဤကဏ္ဍသည် "ဇုမရ်"- အုပ်စုများကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၇၅)ပါး၊ ရုကူအ်အပိုဒ်(၈)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တကရုဏာရှင် ဖြစ်တော်မူသော
မပြတ်မစဲသနားကြင်နာ ညှာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ①

၁။ ဤသည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်အထံတော်မှ ချပေးသနားတော်မူသော (ကုရ်အာန်) ကျမ်းတော်မြတ်ပင်။ [၁]

اِنَّآ اَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ فَاعْبُدِ اللّٰهَ مُخْلِصًا لَّهُ الدِّيْنَ ②

၂။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်ထံသို့ ဤ(ကုရ်အာန်)ကျမ်းတော်မြတ်ကို တိကျမှန်ကန်စွာ ချပေးသနားတော်မူခဲ့ရာ၊ အသင်သည် အလ္လာဟ်အရှင်မြတ်အား သာလျှင် ဆည်းကပ်ကိုးကွယ်မှုကို သက်သက် ထိုအရှင်အတွက် သဒ္ဓါဖြူစင်စေလျက် ဆည်းကပ်ကိုးကွယ်ပါလေ။ [၂]

---

① ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် (အလ်အဇီဇ်) တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အရှင်၊ (အလ်ဟကီမ်) ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်ဟူ၍ ဂုဏ်တော်နှစ်ပါးကို အထူးတလည် ထုတ်ဖော် သုံးနှုန်းထားတော်မူသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူပေရာ၊ ထိုအရှင်မြတ်၏ ကျမ်းဂန်လာ ဒေသနာတော်များသည် ကမ္ဘာအဝှန်းသို့ ပျံ့နှံ့အတည်ဖြစ်မည်။ မည်သူမျှ ပိတ်ပင် တားဆီးနိုင်မည်မဟုတ်ဟူ၏။ ထို့အရှင်မြတ်သည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေရာ၊ ထိုအရှင်မြတ်၏ ကျမ်းဂန်လာ ဒေသနာတော်များကို မည်သည့်ကျမ်းကမျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟူ၏။

② အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ရာတွင်၊ (ရှရစ်ဂ်) ယှဉ်တွဲကိုးကွယ်မှု၊ (ရိယာ) ပြစားမှု၊ ဟန်ဆောင်မှု၊ အလျှင်းမရှိစေရ။ ထိုအရှင်မြတ်သည် မိမိအား မိမိအတွက် ပရိယာယ်မဖက်၊ယှဉ်တွဲမှုမပါ၊ ဟန်ဆောင်မှုမပါ၊စိတ်စေတနာ ဖြူစင်စွာဖြင့် ဆည်းကပ်ကိုးကွယ်သူ၏ ကိုးကွယ်မှုကိုသာ လက်ခံတော်မူသည်။ စေတနာမဖြူစင်သော ကိုးကွယ်မှုသည် ထိုအရှင်မြတ်ထံတော်၌ အသို့မျှ အချိန်မစီးပေ။

أَلَا لِلَّهِ الدِّينُ الْخَالِصُ ۚ وَالَّذِينَ اتَّخَذُوا مِن دُونِهِ أَوْلِيَاءَ مَا نَعْبُدُهُمْ إِلَّا لِيُقَرِّبُونَا إِلَى اللَّهِ زُلْفَىٰ إِنَّ اللَّهَ يَحْكُمُ بَيْنَهُمْ فِي مَا هُمْ فِيهِ يَخْتَلِفُونَ ۗ إِنَّ اللَّهَ لَا يَهْدِي مَنْ هُوَ كَاذِبٌ كَفَّارٌ ﴿٣﴾

၃။ သတိပြုကြလေကုန်။ သန့်သန့်ဖြစ်သော ဆည်းကပ် ကိုးကွယ်မှုသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ သို့ရာတွင် အကြင်သူတို့သည် ထိုအရှင်မြတ်အပြင် အခြား ကာကွယ်စောင့်ရှောက်သူများ ပြုလုပ်ခဲ့ကြပြီးလျှင် ၎င်းတို့သည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ နီးကပ်စေကြရန်သာလျှင် ကျွန်ုပ်တို့သည် ၎င်းတို့အား ဆည်းကပ် ကိုးကွယ်ကြသည်(ဟု ဆိုကြကုန်၏)။ [၁]

၄ကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ကိယာမတ်နေ့တွင်) ၎င်းတို့အချင်းချင်း သဘောကွဲလွဲ ငြင်းခုံလျက်ရှိကြသော အရေးကိစ္စနှင့်စပ်လျဉ်း၍ ၎င်းတို့အကြား၀ယ် စီရင် ဆုံးဖြတ်တော်မူပေမည်။ စင်စစ် ၄ကန် အလ္လာဟ်အရှင်မြတ်သည် မုသာ၀ါဒီဖြစ်သူ လွန်စွာ ကျေးဇူးကန်းသူအား တရားလမ်းမှန်သို့ ပို့ပေးတော်မူမည် မဟုတ်ပေ။

---

① မှ၍ရစ်ကမ်များက ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် ကာကွယ်စောင့်ရှောက်သူများအဖြစ် ပြုလုပ်ခြင်းမှာ၊ ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ နီးကပ်စေရန်သာ ဖြစ်ပါသည်ဟု ပြောဆိုခဲ့ကြသည်။ ဤသည် အဓိပ္ပာယ်မရှိသော ဆင်ခြေလဲမှုသာဖြစ်သည်။ ခေတ်ဟောင်း မှ၍ရစ်ကမ်များကဲ့သို့ ခေတ်သစ် မှ၍ရစ်ကမ်များသည်လည်း ဤနည်းနှင်နှင် အကြောင်းပြလျက် ရှိကြပေသည်။

ယခုခေတ် အချို့မုစ်လင်မ်များသည် လည်း ၀လီ၊အောင်လိယာ၊ သူတော်စင်များအား အကြည်ညိုလွန်ကာ ယင်းသူတော်စင်များသည် စားနပ်ရိက္ခာ ပြေလည်မှု၊ ရောဂါပျောက်ကင်းမှု၊ အမှုအခင်းနိုင်မှု စသည်တို့တွင် အဓေးပါ အရာရောက်ကြသည်၊ စွမ်းဆောင် နိုင်ကြသည်ဟူ၍ ထင်မှတ်နေကြသည်။ မနှိုင်းစကောင်းလူလောကတွင် နိုင်ငံတော်သမ္မတထံ ချဉ်းကပ်လိုက၊ သက်ဆိုင်ရာ အကွင်း၀န်များမှတစ်ဆင့် ချဉ်းကပ်ရသကဲ့သို့ အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ သက်ဆိုင်ရာ ၀လီ၊ အောင်လိယာ၊ သူတော်စင်ကြီးများမှတစ်ဆင့် ချဉ်းကပ်နေကြသည်။ ဤသည် ရှရစ်ပင်။

ကြည့်-မာဂျိဒီ။

لَوْ أَرَادَ اللَّهُ أَنْ يَتَّخِذَ وَلَدًا لَّاصْطَفَىٰ مِمَّا يَخْلُقُ مَا يَشَاءُ ۚ سُبْحَانَهُ ۖ هُوَ اللَّهُ الْوَاحِدُ الْقَهَّارُ ﴿٤﴾

၄။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် သားတော်တစ်ပါးပါး ရွေးချယ်ပြုလုပ်တော်မူရန် ရည်စူးတော်မူခဲ့ပါလျှင်၊ အမှန်ပင် ထိုအရှင်မြတ်သည် မိမိဖန်ဆင်းတော်မူခဲ့သော အဖန်ဆင်းခံတို့အနက်မှ မိမိအလိုရှိတော်မူသောသူအား ရွေးချယ်တော်မူခဲ့မည်သာ။ ထိုအရှင်မြတ်သည် (သားသမီးအလိုရှိခြင်းမှ) သန့်ရှင်းစင်ကြယ်တော်မူ၏။ ထိုအရှင်မြတ်သည် သာလျှင် တစ်ဆူတည်းသော၊ လွန်စွာ နိုင်နင်းလွမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ ۖ يُكَوِّرُ اللَّيْلَ عَلَى النَّهَارِ وَيُكَوِّرُ النَّهَارَ عَلَى اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ۖ كُلٌّ يَجْرِي لِأَجَلٍ مُّسَمًّى ۗ أَلَا هُوَ الْعَزِيزُ الْغَفَّارُ ﴿٥﴾

၅။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ကျွန်သေချာစွာ ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည် ညဉ့်ကို နေ့၏အပေါ်၌ ဖုံးအုပ်လွှမ်းခြုံတော်မူ၏။ ထိုနည်းတူစွာ နေ့ကို ညဉ့်၏အပေါ်၌ ဖုံးအုပ်လွှမ်းခြုံတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ မလွဲမရှောင်သာ အမိန့်တော်ကို လိုက်နာစေတော်မူခဲ့ရာ (ယင်းနေသည်လည်းကောင်း၊ လသည်လည်းကောင်း၊) သတ်မှတ်ပြီးဖြစ်သောအချိန်ကာလတိုင်အောင် အသီးသီး လှုပ်ရှားသွားလာလျက်ပင် ရှိကြပေမည်။ သတိပြုကြလေကုန်၊ ထိုအရှင်မြတ်သည် နိုင်နင်းလွမ်းမိုးတော်မူသော အရှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အရှင် ဖြစ်တော်မူ၏။

خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ ثُمَّ جَعَلَ مِنْهَا زَوْجَهَا وَأَنزَلَ

၆။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ယင်း(တစ်ခုတည်းသော) အသက်ဇီဝန်မှပင် ၎င်း၏ကြင်ရာကြင်ဖက်ကို ဖန်ဆင်းတော်

لَكُمْ مِّنَ الْاَنْعَامِ ثَمٰنِيَةَ اَزْوَاجٍ ؕ يَخْلُقُكُمْ فِيْ بُطُوْنِ اُمَّهٰتِكُمْ خَلْقًا مِّنْۢ بَعْدِ خَلْقٍ فِيْ ظُلُمٰتٍ ثَلٰثٍ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ لَهُ الْمُلْكُ ؕ لَاۤ اِلٰهَ اِلَّا هُوَ ۚ فَاَنّٰى تُصْرَفُوْنَ ۝٦

မူခဲ့၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ ခြေလေးချောင်းတိရစ္ဆာန်များမှ (အထီးအမစုံတွဲ) ရှစ်မျိုးကို ချပေးတော်မူခဲ့၏။

ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့၏ မိခင်များ၏ဝမ်းဗိုက်တွင် [၁] အမိုက်မှောင်သုံးထပ်အတွင်းဝယ် [၂] ဖန်ဆင်းမှု တစ်မျိုးပြီး တစ်မျိုးသို့ (ပြောင်းလွှဲ၍) ဖန်ဆင်းတော်မူ၏။ ထို(အရှင်မြတ်)သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလွှာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ စိုးမိုးအုပ်ချုပ်မှုသည် ထိုအရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြကုန်သနည်း။

اِنْ تَكْفُرُوْا فَاِنَّ اللّٰهَ غَنِيٌّ عَنْكُمْ ۚ وَلَا يَرْضٰى لِعِبَادِهِ الْكُفْرَ ۚ وَاِنْ تَشْكُرُوْا يَرْضَهُ لَكُمْ ؕ

၇။ အကယ်၍ အသင်တို့သည် သွေဖည်ငြင်းပယ်ကြလျှင် ဧကန်မလွဲ အလွှာဟ်အရှင်မြတ်သည် အသင်တို့အား လိုလားတောင်းတခြင်း၊ မှီခိုအားထားခြင်း ကင်းရှင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ စင်စစ်ထိုအရှင်မြတ်သည် မိမိကျွန်များနှင့်ပတ်သက်၍ သွေဖည်ငြင်းပယ်မှုကို နှစ်မြို့တော်မူသည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြလျှင် အသင်တို့နှင့်ပတ်သက်၍ ယင်းကျေးဇူးသိတတ်ခြင်းကို နှစ်သက်တော်မူ၏။

---

① အလွှာဟ်အရှင်မြတ်သည် လူသားအား အမိဝမ်းဗိုက်တွင် တဖြည်းဖြည်း အဆင့်ဆင့်၊ ဖန်ဆင်းမှုအမျိုးမျိုးပြောင်းလွှဲ၍ အံ့ဖွယ်သရဲ ဖန်ဆင်းထားတော်မူသည်။ ဥပမာ-သုက်ရည်မှသွေးခဲ၊ သွေးခဲမှအသားတုံး၊ ထို့နောက်အရိုး၊ ထို့နောက်အသား၊ ထို့နောက် အသက်ဇီဝိန်ကို ဖန်ဆင်းတော်မူသည်။ ကြည့်-အွတ်ဆ်မာနီ။
② အမှောင်သုံးထပ်ဟူသည် (၁)အမိ၏ဝမ်းဗိုက် (၂) သားအိမ် (၃) သားငယ်ကို ရစ်ပတ်လွှမ်းခြုံထားသည့် အမြွေးပါးကို ဆိုလိုသည်။

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ۚ ثُمَّ اِلٰى رَبِّكُمْ مَّرْجِعُكُمْ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۚ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝٧

စင်စစ်သော်ကား မည်သည့် ဝန်ထမ်း တစ်ဦး တစ်ယောက်မျှပင် သူတစ်ပါး၏ဝန်ထုပ်ကို ထမ်းဆောင် မည်မဟုတ်ပေ။ ထို့နောက် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံသို့ပင် ပြန်လည်သွားကြရပေမည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိခဲ့သမျှသောကိစ္စများကို အသင်တို့အား ထုတ်ဖော် ပြသတော်မူပေမည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသမျှတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَاِذَا مَسَّ الْاِنْسَانَ ضُرٌّ دَعَا رَبَّهٗ مُنِيْبًا اِلَيْهِ ثُمَّ اِذَا خَوَّلَهٗ نِعْمَةً مِّنْهُ نَسِيَ مَا كَانَ يَدْعُوْٓا اِلَيْهِ مِنْ قَبْلُ وَجَعَلَ لِلّٰهِ اَنْدَادًا لِّيُضِلَّ عَنْ سَبِيْلِهٖ ۚ قُلْ تَمَتَّعْ بِكُفْرِكَ قَلِيْلًا ۖ اِنَّكَ مِنْ اَصْحٰبِ النَّارِ ۝٨

၈။ စင်စစ်သော်ကား (မုရ်ရစ်က်)လူသား၌ ဘေး အန္တရာယ် တစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သောအခါ ထိုလူသားမှာ ၎င်းဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်ဘက်သို့ စိတ်ရောကိုယ်လှည့်၍ ထိုအရှင်မြတ်အား ဟစ်ခေါ်(တသ)လေ၏။ ထို့နောက် ၎င်းအား ထို အရှင်မြတ်သည် မိမိအထံတော်မှ ကျေးဇူးတော်တစ်စုံ တစ်ရာကို ချီးမြှင့်တော်မူသောအခါ ၎င်းမှာ ယခင်က ထိုအရှင်မြတ်အား မိမိဟစ်ခေါ် (တသ)လျက် ရှိခဲ့သည် ကို မေ့လျော့သွား၏။ ထိုမှတစ်ပါး၊ ၎င်းသည် (သူ တစ်ပါးတို့အား) ထိုအရှင်မြတ်၏လမ်းတော်မှလွဲချော် တိမ်းပါးစေရန် ထိုအရှင်မြတ်၌ ဂုဏ်ရည်တူများကို ပြုလုပ်သတ်မှတ်လေ၏။

(အို-နဗီတမန်တော်) အသင်သည် (ထိုလူသား အား ဤသို့)ပြောကြားပါလေ။ "အသင်သည် မိမိ၏ သွေဖည်မှုဖြင့် (နေ့ရက်)အနည်းငယ်မျှ အကျိုးကျေးဇူး ခံစားလေလော့၊ ဧကန်မလွဲ အသင်သည် ငရဲသား တို့တွင် အပါအဝင် ဖြစ်ပေသတည်း။

أَمَّنْ هُوَ قَانِتٌ آنَاءَ اللَّيْلِ سَاجِدًا وَقَائِمًا يَحْذَرُ الْآخِرَةَ وَيَرْجُو رَحْمَةَ رَبِّهِ ۗ قُلْ هَلْ يَسْتَوِي الَّذِينَ يَعْلَمُونَ وَالَّذِينَ لَا يَعْلَمُونَ ۗ إِنَّمَا يَتَذَكَّرُ أُولُو الْأَلْبَابِ ﴿٩﴾

၉။ အကြင်သူသည် ညဉ့်ဦးယံများတွင် "စဂျဒဟ်" ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ မတ်တတ်ရပ်လျက်လည်းကောင်း၊ ဝတ်ပြုလျက်ရှိကြ၏။ "အာခိရတ်" တမလွန်ဘဝကို(လည်း) ကြောက်ရွံ့စိုးရိမ်လေ၏။ မိမိအရှင်မြတ်၏ ကရုဏာတော်ကိုလည်း မျှော်လင့်၏။ (ထိုသူသည် အထက်တွင်ဖော်ပြခဲ့သော မုရ်ရစ်က်နှင့် တူပါသလော)။ (အို-နဗီတမန်တော်၊) (အသင်ပြောကြားပါလေ။) (အချင်းတို့၊) အသိအလိမ္မာ ဉာဏ်ပညာရှိသောသူတို့နှင့် အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့သောသူတို့သည် တူကြပါသလော။ (စင်စစ်မှာကား) ဉာဏ်ရှင်များသာလျှင် တရားရယူကြပေသတည်း။

قُلْ يَا عِبَادِ الَّذِينَ آمَنُوا اتَّقُوا رَبَّكُمْ ۚ لِلَّذِينَ أَحْسَنُوا فِي هَٰذِهِ الدُّنْيَا حَسَنَةٌ ۗ وَأَرْضُ اللَّهِ وَاسِعَةٌ ۗ إِنَّمَا يُوَفَّى الصَّابِرُونَ أَجْرَهُمْ بِغَيْرِ حِسَابٍ ﴿١٠﴾

၁၀။ (အို-နဗီတမန်တော်၊) အသင်သည် (တစ်ဆင့်) ပြောကြားပါလေ။ အို-ငါအရှင်မြတ်၏ သက်ဝင်ယုံကြည်သူ ကျွန်အပေါင်းတို့၊ အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အားကြောက်ရွံ့ကြလေကုန်။ ဤမျက်မှောက်လောကီဘဝတွင် မကောင်းမှုပြုလုပ်ခဲ့ကြသော သူတို့အဖို့ ကောင်းမြတ်သော အကျိုးရှိ၏။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ပထဝီမြေသည်လည်း ကျယ်ဝန်းလှ၏။ စွဲမြဲကြံ့ခိုင်စွာရှိကြသော သူတို့သည်သာလျှင် မိမိတို့၏အကျိုးကို အသရေ်ျ အသရ်ျာ ပေးဆပ်ခြင်းခံကြရပေမည်။

قُلْ إِنِّي أُمِرْتُ أَنْ أَعْبُدَ اللَّهَ مُخْلِصًا لَهُ الدِّينَ ﴿١١﴾

၁၁။ (အို-နဗီတမန်တော်၊) အသင်ပြောကြားပါလေ၊ ဧကန်စင်စစ် ကျွန်ုပ်သည် သက်သက် အလ္လာဟ်အရှင်မြတ်အဖို့သာလျှင် ဆည်းကပ်ကိုးကွယ်မှုကို သဒ္ဓါဖြူစင်စေလျက် ထိုအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်း ခံရသည်။

وَأُمِرْتُ لِأَنْ أَكُونَ أَوَّلَ الْمُسْلِمِينَ ﴿١٢﴾

၁၂။ ထို့မှတစ်ပါး ကျွန်ုပ်သည် အဦးဆုံး မုစ်လင်မ် ဖြစ်ရန်လည်း အမိန့်ပေးတော်မူခြင်း ခံရသည်။

قُلْ إِنِّي أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ ﴿١٣﴾

၁၃။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို ဖီဆန်ခဲ့သည်ရှိသော်၊ အမှန်ပင် ငါသည် ကြီးကျယ်လှသော ("ကိယာမတ်" ရှင်ပြန်ထမည့်)နေ့၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်သည်။

قُلِ اللَّهَ أَعْبُدُ مُخْلِصًا لَهُ دِينِي ﴿١٤﴾

၁၄။ (အို-နဗီတမန်တော်)၊ အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ငါသည် အလွှာဟ်အရှင်မြတ်အား သာလျှင် မိမိဆည်းကပ်ကိုးကွယ်မှုကို သက်သက်ထိုအရှင်မြတ်အဖို့ စေတနာ ဖြူစင်စွာ ဆည်းကပ်ကိုးကွယ်သည်။

فَاعْبُدُوا مَا شِئْتُمْ مِنْ دُونِهِ ۗ قُلْ إِنَّ الْخَاسِرِينَ الَّذِينَ خَسِرُوا أَنْفُسَهُمْ وَأَهْلِيهِمْ يَوْمَ الْقِيَامَةِ ۗ أَلَا ذَٰلِكَ هُوَ الْخُسْرَانُ الْمُبِينُ ﴿١٥﴾

၁၅။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အား စွန့်လွှတ်၍ မိမိတို့အလိုရှိရာကို ဆည်းကပ်ကိုးကွယ်ကြလေကုန်။ ဧကန်မလွဲ မိမိတို့ကိုယ်တိုင်နှင့် ပတ်သက်၍လည်းကောင်း၊ (မိမိတို့အိမ်သူအိမ်သားများနှင့် ပတ်သက်၍လည်းကောင်း၊) "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ဆုံးရှုံးကြသော သူတို့သည် သာလျှင် (လုံးဝ) ဆုံးရှုံးသူများ ဖြစ်ကြကုန်၏။ သတိပြုကြလေကုန်။ ဤသည်သာလျှင် ထင်ရှားလှစွာသော ဆုံးရှုံးမှုပင်။

لَهُمْ مِنْ فَوْقِهِمْ ظُلَلٌ مِنَ النَّارِ وَمِنْ تَحْتِهِمْ ظُلَلٌ ۚ

၁၆။ ၎င်းတို့သည် ၎င်းတို့၏အထက်တွင်လည်း မီးဖြင့်ပြီးသော အိုးများရှိကြပေမည်။ ၎င်းတို့၏ အောက်တွင်လည်း (မီးဖြင့်ပြီးသော) အခင်းများရှိကြပေမည်။

ذٰلِكَ يُخَوِّفُ اللّٰهُ بِهٖ عِبَادَهٗ ؕ يٰعِبَادِ فَاتَّقُوْنِ ﴿١٦﴾

ဤသည် အကြင်(ပြစ်ဒဏ်)ပင်၊ အလ္လာဟ် အရှင်မြတ်သည် မိမိကျွန်တို့အား ပြစ်ဒဏ်ကို ကြောက်ရွံ့စေတော်မူ၏။ သို့ဖြစ်ပေရာ အို-ငါအရှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် ငါအရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။

وَالَّذِيْنَ اجْتَنَبُوا الطَّاغُوْتَ اَنْ يَّعْبُدُوْهَا وَاَنَابُوْٓا اِلَى اللّٰهِ لَهُمُ الْبُشْرٰى ۚ فَبَشِّرْ عِبَادِ ﴿١٧﴾

၁၇။ သို့ရာတွင် မဟုတ်မမှန်သော ကိုးကွယ်ရာများကို ဆည်းကပ်ကိုးကွယ်ခြင်းမှ ဝေးစွာ ကြဉ်ရှောင်ခဲ့ကြ၍ အလ္လာဟ်အရှင်မြတ်ဖက်သို့ လှည့်ခဲ့ကြသော သူတို့အဖို့မှာကား ဝမ်းမြောက်ဖွယ်ရာ သတင်းရှိ၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ငါအရှင်မြတ်၏ အကြင်ကျွန်တို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကို ပြောကြားပါလေ။

الَّذِيْنَ يَسْتَمِعُوْنَ الْقَوْلَ فَيَتَّبِعُوْنَ اَحْسَنَهٗ ؕ اُولٰٓئِكَ الَّذِيْنَ هَدٰىهُمُ اللّٰهُ وَاُولٰٓئِكَ هُمْ اُولُوا الْاَلْبَابِ ﴿١٨﴾

၁၈။ ထိုကျွန်တို့သည် (ဤ)အာယတ်တော်ကို အာရုံစိုက်၍ နားထောင်ကြကုန်၏။ ထို့နောက် ထိုအာယတ်တော်၏ အကောင်းဆုံးသော အချက်များကို လိုက်နာကြကုန်၏။ ထိုသူတို့ကား အကြင်သူတို့ပင်၊ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ ထိုမှတစ်ပါး ထိုသူတို့သည်ပင်လျှင် ဉာဏ်ရှင်များ ဖြစ်ကြကုန်သတည်း။

اَفَمَنْ حَقَّ عَلَيْهِ كَلِمَةُ الْعَذَابِ ؕ اَفَاَنْتَ تُنْقِذُ مَنْ فِى النَّارِ ﴿١٩﴾

၁၉။ (အို-နဗီတမန်တော်) ပြစ်ဒဏ်စီရင်မှု အမိန့်တော် အတည်ဖြစ်ခဲ့သောသူအား(အသင်သည် အကျိုးပြုနိုင်ပါသလော)။ အသို့ပါနည်း၊ အသင်သည် ငရဲမီး၌ ရှိသူအား လွတ်မြောက်စေနိုင်ပါသလော။ (တစ်နည်း) အကြင်သူသည် ထိုသူ၏အပေါ်၌ ပြစ်ဒဏ်စီရင်မှု အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီ၊ သို့ပါလျက် (အို-နဗီတမန်တော်၊) အသင်သည် ငရဲမီး၌ရှိသူအား လွတ်မြောက်စေနိုင်ပါသလော။

لَٰكِنِ ٱلَّذِينَ ٱتَّقَوْا۟ رَبَّهُمْ لَهُمْ غُرَفٌ مِّن فَوْقِهَا غُرَفٌ مَّبْنِيَّةٌ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ ۖ وَعْدَ ٱللَّهِ ۖ لَا يُخْلِفُ ٱللَّهُ ٱلْمِيعَادَ ﴿٢٠﴾

၂၀။ သို့ရာတွင် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့သောသူတို့အဖို့မှာ မူကား မြင့်စွင့်သော အဆောင်များ ရှိနေကြပေသည်။ ယင်း မြင့်စွင့်သောအဆောင်များထက်ဝယ် (အခြား) ပြုလုပ်တည်ဆောက်ထားသော မြင့်စွင့်သောအဆောင်များ ရှိကြပေသည်။ ယင်းမြင့်စွင့်သောအဆောင်များအောက်၌ ရေချောင်းများသည် စီးတွေလျက် ရှိကြပေသည်။ (ဤသည်) အလ္လာဟ်အရှင်မြတ်၏ ကတိတော်ပင်၊ အလ္လာဟ်အရှင်မြတ်သည် ကတိကို ဖောက်ဖျက်တော်မူသည် မဟုတ်ပေတကား။

أَلَمْ تَرَ أَنَّ ٱللَّهَ أَنزَلَ مِنَ ٱلسَّمَآءِ مَآءً فَسَلَكَهُۥ يَنَٰبِيعَ فِى ٱلْأَرْضِ ثُمَّ يُخْرِجُ بِهِۦ زَرْعًا مُّخْتَلِفًا أَلْوَٰنُهُۥ ثُمَّ يَهِيجُ فَتَرَىٰهُ مُصْفَرًّا ثُمَّ يَجْعَلُهُۥ حُطَٰمًا ۚ إِنَّ فِى ذَٰلِكَ لَذِكْرَىٰ لِأُو۟لِى ٱلْأَلْبَٰبِ ﴿٢١﴾ ع

၂၁။ (အို-မနုဿလူသား) အသင်သည် မမြင်ခဲ့လေသလော။ စင်စစ်ဗဟုသုတအရှင်မြတ်သည် မိုးကောင်းကင်မှရေကို ချပေးတော်မူခဲ့၏။ ထို့နောက် ထိုရေကို မြေ၌ရှိသော ရေကြောများဝယ် ဝင်သွားစေတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ထိုရေဖြင့် အမျိုးမျိုး အစားစားဖြစ်သော ကောက်ပဲသီးနှံကို ထွက်စေတော်မူ၏။ ထို့နောက် ယင်းကောက်ပဲသီးနှံမှာ သွေ့ခြောက်၍သွားလေသောအခါ အသင်သည် ယင်းကောက်ပဲသီးနှံများ ဝါ၍နေသည်ကို တွေ့မြင်လေ၏။ ထို့နောက် ထိုအရှင်မြတ်သည် ထိုကောက်ပဲသီးနှံကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေတော်မူ၏။ ဗဟုသုတမလွဲ ဤသည်၌ ဉာဏ်ရှင်တို့အဖို့ အဆုံးအမသည် အမှန်ပင် ဖြစ်ပေသည်။

أَفَمَن شَرَحَ ٱللَّهُ صَدْرَهُۥ لِلْإِسْلَٰمِ فَهُوَ عَلَىٰ نُورٍ مِّن رَّبِّهِۦ ۚ

၂၂။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် အကြင်သူ၏ ရင်ကို အစွဲလာမ်သာသနာတော်နှင့် စပ်လျဉ်း၍ ဖွင့်ပေးတော်မူခဲ့၏။ တစ်ဖန် ထိုသူသည်

فَوَيْلٌ لِّلْقَٰسِيَةِ قُلُوبُهُم مِّن ذِكْرِ اللَّهِ ۚ أُولَٰئِكَ فِي ضَلَٰلٍ مُّبِينٍ ﴿٢٢﴾

မိမိ အရှင်မြတ်အထံတော်မှ အလင်းပေါ်၌ လျှောက်သွား လျက်ရှိ၏။ (ထိုသူနှင့် စိတ်နှလုံးမာမြင်းသောသူသည် တူနိုင်ပါသလော)။ [၁] စင်စစ်သော်ကား အလွှာဟ်အရှင် မြတ်အား အောက်မေ့၊ တသ၊ သတိရခြင်းမရှိဘဲ စိတ်နှလုံး မာမြင်းခဲယဉ်းလျက်ရှိသောသူတို့၌ ပျက်စီးခြင်းသည် ရှိပေသည်။ ထိုသူတို့ကား ထင်ရှားစွာ သော လမ်းမှားမှု၌ပင် ရှိနေကြကုန်သတည်း။

اللَّهُ نَزَّلَ أَحْسَنَ الْحَدِيثِ كِتَٰبًا مُّتَشَٰبِهًا مَّثَانِيَ تَقْشَعِرُّ مِنْهُ جُلُودُ الَّذِينَ يَخْشَوْنَ رَبَّهُمْ ثُمَّ تَلِينُ جُلُودُهُمْ وَقُلُوبُهُمْ إِلَىٰ ذِكْرِ اللَّهِ

၂၃။ အလွှာဟ်အရှင်မြတ်သည် အကောင်းဆုံးသော အာယတ်တော်၊ အချင်းချင်းတစ်ခုနှင့်တစ်ခု ဆင်တူ ယိုးမှားဖြစ်သော၊ အကြိမ်ကြိမ် မိန့်ကြားထားသော၊ ဒွန်တွဲလျက်ရှိသော ကျမ်းဂန်တစ်စောင်ကို ချပေးတော်မူ၏။ ယင်းအာယတ်တော်ကို ကြားနာရသောကြောင့် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေသောသူတို့၏ အသားအရေ တို့မှာ ကြက်သီးမွေးညင်းထလာလေ၏။ ထို့နောက် ထိုသူတို့၏ အသားအရေများသည်လည်းကောင်း၊ ထိုသူတို့၏စိတ်နှလုံးများသည်လည်းကောင်း၊ အလွှာဟ် အရှင်မြတ်အား အောက်မေ့တသ သတိရအံ့သောငှာ နူးညံ့သိမ်မွေ့ ပျော့ပျောင်း၍ လာလေတော့၏။

① **အလင်းရသူနှင့် အလင်းမဲ့သူတို့ချင်း မတူနိုင်။**

ပုဂ္ဂိုလ်တစ်ဦးကား အလွှာဟ်အရှင်မြတ်သည် ၎င်း၏ရင်ကို(စိတ်နှလုံးကို) အစွမ်းလာမ်အား သက်ဝင် ယုံကြည်ရန် ဖွင့်ပေးထားတော်မူ၏။ ထိုသူ၌ အစွမ်းလာမ်နှင့် စပ်လျဉ်း၍ စိုးစဉ်းမျှပင် ဒွိဟသံသယ မရှိ။ အစွမ်းလာမ်၏ အမိန့်ပညတ်များကို လိုက်နာကျင့်သုံးရာတွင်လည်း အနည်းငယ်မျှပင် ငြိုငြင်မှုမရှိ။ အလွှာဟ် အရှင်မြတ်သည် ထိုသူ့အား (တောင်ဖစ်ဂ်) အကောင်း ပြုစွမ်းနိုင်စေသည့် အကြောင်းညီညွတ်မှု၊ အခြေအနေ သင့်မြတ်မှု၊ (ဖဆွီရတ်) အမှန်တရား မြင်မှုတည်းဟူသော ထူးဆန်းလှသည့် အလင်းရောင်တစ်မျိုးကို ချီးမြှင့်ထားတော်မူ၏။ ထိုသူသည် ထိုသည့် အလင်းရောင်တွင် အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ ငြိမ်းချမ်း သာယာစွာ သွားလာလှုပ်ရှားနေ၏။ အခြား ပုဂ္ဂိုလ်တစ်ဦးမှာကား ၎င်း၏စိတ်နှလုံးသည် ကျောက်ခဲပမာ မာမြင့်၏။ ခဲယဉ်း၏။ ခက်ထန်၏။ ထိုသူသည် မည်သည့်အဆုံးအမကိုမျှ လက်မခံ။ မည်သည့် ကောင်းမှုကိုမျှ မတွေး။ မေ့မှား၍မျှ အလွှာဟ်အရှင်မြတ်အား အောက်မေ့သတ သတိရဘူးသည်ဟူ၍လည်း မရှိ။ ➤➤

ذٰلِكَ هُدَى اللّٰهِ يَهْدِيْ بِهٖ مَنْ يَّشَآءُ ۭ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ۝٢٣

ဤသည်ကား အလ္လာဟ်အရှင်မြတ်၏ တရားလမ်းညွှန်ပင်၊ အလ္လာဟ်အရှင်မြတ်သည် ယင်းသည့် တရားလမ်းညွှန်ဖြင့် မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သူ့အားမဆို လမ်းမှား၌ ရှိစေတော်မူပါလျှင် ထိုသူအား မည်သူတစ်ဦးတစ်ယောက်မျှပင် တရားလမ်းမှန်သို့ ပို့ဆောင်သူဟူ၍ မရှိတော့ပြီတကား။

اَفَمَنْ يَّتَّقِيْ بِوَجْهِهٖ سُوْۗءَ الْعَذَابِ يَوْمَ الْقِيٰمَةِ ۭ وَقِيْلَ لِلظّٰلِمِيْنَ ذُوْقُوْا مَا كُنْتُمْ تَكْسِبُوْنَ ۝٢٤

၂၄။ သို့ဖြစ်ပေရာ အကြင်သူသည် 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် ပြင်းထန်သော ပြစ်ဒဏ်များကို မိမိမျက်နှာဖြင့် ကာကွယ်မည်ဖြစ်၏။ ၎င်းပြင် (ထိုကဲ့သို့သော) မတရားပြုလုပ်သူတို့အား "အသင်တို့သည် မိမိတို့ ဆည်းပူးလျက် ရှိခဲ့ကြသည်တို့၏ ရသာကို မြည်းစမ်းကြလေကုန်"ဟု ပြောဆိုခြင်းခံရမည်ဖြစ်၏။ (ထိုကဲ့သို့သောသူတို့နှင့် ပြစ်ဒဏ်မှ လွတ်ကင်းကြသောသူတို့သည် တူကြပါသလော)။

كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ فَاَتٰىهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُوْنَ ۝٢٥

၂၅။ ၎င်းတို့အလျင် ရှိခဲ့ကြသော သူတို့သည်လည်း (အမှန်တရားကို) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ပြစ်ဒဏ်သည် ၎င်းတို့ထံ ၎င်းတို့မထင်မမြင်ကြသောနည်းဖြင့် ရောက်ရှိ၍ လာခဲ့လေသည်။

➤➤ အခါခပ်သိမ်း အဓိပ္ပာယ်ကင်းမဲ့သော၊ အချည်းနှီးသော အတွေးအခေါ်များ၊ မိဘရိုးရာ၊ ဓလေ့ထုံးစံများတွင် သာ နစ်မွန်း၍နေ၏။ အထက်တွင်ဖော်ပြပါ အလင်းရသူနှင့်အလင်းမဲ့သူ၊ အမြင်မှန်ရသူနှင့် အမြင်မှားသူ၊ သူတော်စင်နှင့် သူယုတ်မာတို့သည် အချင်းချင်း အသို့လျှင် တူနိုင်ကြအံ့နည်း။

فَأَذَاقَهُمُ اللَّهُ الْخِزْيَ فِي الْحَيَاةِ الدُّنْيَا ۖ وَلَعَذَابُ الْآخِرَةِ أَكْبَرُ ۚ لَوْ كَانُوا يَعْلَمُونَ ﴿٢٦﴾

၂၆။ တစ်ဖန် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ပစ္စုပ္ပန်လောကီဘဝတွင် ကျိုးယုတ်ရှက်ရ၊ ဂုဏ်ရည်နိမ့်ကြခြင်း၏ ရသာကို မြည်းစမ်းစေတော်မူခဲ့၏။ တမလွန်ဘဝ၏ ပြစ်ဒဏ်သည် အမှန်ပင် သာ၍ကြီးမားလေးလုပေသည်၊ ၎င်းတို့သည် (ဤသည်ကို) သိကြပါလျှင် ကောင်းစွ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِي هَٰذَا الْقُرْآنِ مِن كُلِّ مَثَلٍ لَّعَلَّهُمْ يَتَذَكَّرُونَ ﴿٢٧﴾

၂၇။ ၎င်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် လူတို့အဖို့ ၎င်းတို့တရားရကြအံ့သောငှာ အလုံးစုံသော ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်း မိန့်ကြားတော်မူခဲ့၏။

قُرْآنًا عَرَبِيًّا غَيْرَ ذِي عِوَجٍ لَّعَلَّهُمْ يَتَّقُونَ ﴿٢٨﴾

၂၈။ ၎င်းတို့သည် (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်နိုင်ကြအံ့သောငှာ (ငါအရှင်မြတ်သည်) စကားအသုံးအနှုန်း အဖွဲ့အနွဲ့ကောင်းသော၊ အကွေ့အကောက်ကင်းမဲ့သော ကုရ်အာန်ကျမ်းတော်မြတ် (ချပေးသနားတော်မူခဲ့၏)။

ضَرَبَ اللَّهُ مَثَلًا رَّجُلًا فِيهِ شُرَكَاءُ مُتَشَاكِسُونَ وَرَجُلًا سَلَمًا لِّرَجُلٍ هَلْ يَسْتَوِيَانِ مَثَلًا ۚ

၂၉။ အလ္လာဟ်အရှင်မြတ်သည် ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းတော်မူ၏။ ကျွန်ယောကျ်ားတစ်ယောက်ရှိ၏။ ၎င်း၌ အချင်းချင်း သဘောကွဲလွဲမသင့်မြတ်သော ဖက်စပ်ပါဝင်ပိုင်ဆိုင်သူများ(လည်း) ရှိကြကုန်၏။ ထိုမှတစ်ပါး အခြားကျွန်ယောကျ်ားတစ်ယောက်မှာကား လုံးလုံးလျားလျား လူတစ်ဦးတည်းပိုင်ဖြစ်၏။ *ထိုယောကျ်ားနှစ်ဦးတို့မှာ အခြေအနေအားဖြင့် တူနိုင်ကြလေသလော။* [၁]

---

① **မှ၍ရစ်ကန့် မုဝတ်ဟီဒ်၏ ဥပမာ၊**

ကျွန်တစ်ယောက်ရှိ၏။ ထိုကျွန်ကိုပိုင်ဆိုင်သူ အမြောက်အမြားရှိ၏။ ထိုပိုင်ဆိုင်သူများသည်လည်း အကြောင်းအားလျော်စွာ စိတ်နေသဘောထား မတွေ့ဆုံစင်းကြပေ။ အချင်းချင်း မထောက်ထား၊ မလေးစားကြပေ။ အချင်းချင်း မသင့်မြတ်ကြပေ။ အချင်းချင်း အငြင်းပွားလျက်ရှိကြပေသည်။ ဆန့်ကျင်လျက် ရှိကြပေသည်၊ ➤➤

اَلْحَمْدُ لِلّٰهِ ؕ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿٢٩﴾

ချီးမွမ်းထောပနာ အပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင် ၏။ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသော သူတို့မှာကား သိရှိကြသည်မဟုတ်ပေ။

اِنَّكَ مَيِّتٌ وَّ اِنَّهُمْ مَّيِّتُوْنَ ﴿٣٠﴾

၃၀။ (အို-နဗီတမန်တော်) ဧကန်မလွဲ အသင်သည်လည်း သေဆုံးရအံ့သောသူဖြစ်၏။ ထိုနည်းတူစွာ ၎င်းတို့သည်လည်း ဧကန်အမှန် သေဆုံးကြရအံ့သော သူများပင်။

ثُمَّ اِنَّكُمْ يَوْمَ الْقِيٰمَةِ عِنْدَ رَبِّكُمْ تَخْتَصِمُوْنَ ﴿٣١﴾

၃၁။ ထို့နောက် အသင်တို့သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဧကန်အမှန် အငြင်းအခုံ ပြုကြကုန်အံ့သတည်း။

➤➤ ပိုင်ဆိုင်သူများအနက် လူတိုင်းသည် အဆိုပါကျွန်ကို မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လိုသည်။ မိမိ၏ အလုပ်ကိုသာ လုပ်စေချင်သည်။ အခြားပိုင်ဆိုင်သူများနှင့် မည်သို့မျှ မဆက်ဆံစေလိုပေ။ သို့ဖြစ်လျှင် အဆိုပါ အများပိုင်ကျွန်သည် မသင့်မြတ်သောသခင်များ၏စပ်ကြားတွင် စိတ်အပျက်ကြီးပျက်လျက် ရှိနေပေမည်။ မည်သည့်သခင်၏ အလိုဆန္ဒကိုမျှ ဖြည့်စွမ်းပေးနိုင်မည် မဟုတ်ပေ။

အခြားကျွန်တစ်ယောက်ရှိ၏။ ထိုကျွန်မှာ ပိုင်ဆိုင်သူ အများအပြား မရှိ။ တစ်ဦးတည်းပိုင်ဖြစ်၏။ သို့ဖြစ်ရာထိုကျွန်သည် မိမိတစ်ဦးတည်းသော သခင်အား တစ်စိတ်တစ်လက်တည်း ကျေနပ်နှစ်သက်စေရန်သာရှိသည်။ အများပိုင် ကျွန်ကဲ့သို့ စိတ်များရန်မလိုပေ။ အထက်ဖော်ပြပါ အများပိုင်ကျွန်နှင့် တစ်ဦးတည်းပိုင်ကျွန်သည် အချင်းချင်း အသို့လျှင်တူနိုင်အံ့နည်း။ အလျှင်းမတူ။ ထို့အတူ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အားသာ ယုံကြည်ကိုးကွယ်သော "မုဝ်ဟ်ဒ်ဒ်" နှင့် ကိုးကွယ်ရာ အများအပြားကို ကိုးကွယ်သော "မုရှ်ရစ်က်" သည်လည်း အချင်းချင်း မတူနိုင်ပေ။

① ကာဖိရ်များသည် ဤရွေ့ဤမျှ ထင်ရှားပြတ်သားသော၊ ကျိုးကြောင်းပြ၍ အထပ်ထပ်အခါခါ သတိပေးနှိုးဆော်နေသော ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဤပစ္စက္ခတွင်မနာခံကြပါက တမန်တော်မြတ်သည် ၎င်းတို့အတွက် စိတ်ဆင်းရဲနေတော်မူရန် မလိုပေ။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်သည်လည်း တစ်ရက် ကွယ်လွန်သေဆုံးတော်မူရမည်သာ ဖြစ်သည်။ ကာဖိရ်များသည်လည်း တစ်ရက် သေကြရမည်သာ ဖြစ်သည်။ ထို့နောက် ကိယာမတ်နေ့တွင် အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ မလွဲဧကန် ရောက်ကြရမည်ဖြစ်သည်။ မိမိတို့၏ ပြဿနာများကို အသီးသီး တင်ပြကြရမည်သာဖြစ်သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် လက်ထွေ့တိုက်ပြတ်သားစွာ အဆုံးအဖြတ်ပေးတော်မူမည်သာ ဖြစ်သည်တည်း။ မည်သို့မည်ပုံ အဆုံးအဖြတ် ပေးတော်မူမည့်အကြောင်း ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

فَمَنْ أَظْلَمُ مِمَّنْ كَذَبَ عَلَى اللَّهِ وَكَذَّبَ بِالصِّدْقِ إِذْ جَاءَهُ ۚ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْكَافِرِينَ ﴿٣٢﴾

၃၂။ စင်စစ်သော်ကား အကြင်သူထက်ပို၍ မတရားသောသူသည် မည်သူရှိအံ့နည်း၊ ထိုသူသည် အလွန်ဟ အရှင်မြတ်အပေါ်၌ မုသားစကားကို ပြောဆိုခဲ့၏။ ထိုမှတစ်ပါး အမှန်တရားသည် ၎င်း၏ထံသို့ ရောက်ရှိ၍ လာလေသောအခါ ၎င်းသည် ယင်းအမှန်တရားကို မဟုတ်မမှန်ဟူ၍ပင် ငြင်းပယ်ခဲ့၏။ ထို(ကဲ့သို့သော) "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏ နေရာထိုင်ခင်းမှာ "ဂျဟန္နမ်" ငရဲဘုံ၌ပင် ရှိသည် မဟုတ်လော။ [၁]

وَالَّذِي جَاءَ بِالصِّدْقِ وَصَدَّقَ بِهِ أُولَٰئِكَ هُمُ الْمُتَّقُونَ ﴿٣٣﴾

၃၃။ သို့ရာတွင် အကြင်သူသည် အမှန်တရားကို ဆောင်ယူခဲ့၏။ ထိုမှတစ်ပါး ယင်းအမှန်တရားကို ဟုတ်မှန်ကြောင်း ယုံကြည်ထောက်ခံခဲ့၏။ ထိုသူတို့ပင်လျှင် "မွတ္တကီ" ပြစ်မှုများမှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်များဖြစ်ကြကုန်၏။

لَهُم مَّا يَشَاءُونَ عِندَ رَبِّهِمْ ۚ ذَٰلِكَ جَزَاءُ الْمُحْسِنِينَ ﴿٣٤﴾

၃၄။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ၎င်းတို့ အလိုရှိသမျှတို့သည် ရှိကြကုန်၏။ ဤသည်ကား အကောင်းပြုသူတို့၏ အကျိုးပင်။

---

① **အများဆုံး ကျူးကျော်စော်ကားသူ၊**

အကြင်သူသည် အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မုသားစကားပြောဆို၏။ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူရှိသည်။ ထိုအရှင်မြတ်၌ သားသမီးရှိသည်ဟု ပြောဆို၏။ ထိုအရှင်မြတ်နှင့် လားလားမျှ မထိုက်တန်သော ဂုဏ်ပုဒ်များသည် ထိုအရှင်မြတ်၌ ရှိသည်ဟူ၍ ပြောဆို၏။ ထို့ပြင်တစ်ဝ တမန်တော်များမှ တစ်ဆင့် မိမိထံသို့ ရောက်ရှိလာသော အမှန်တရားကိုလည်း စဉ်းစားဆင်ခြင်ခြင်းပင် မပြုဘဲ ကြားလျှင်ကြားခြင်း မဟုတ်မမှန်ဟူ၍ ပြောဆိုငြင်းပယ်၏။ လူတစ်ဦးသည် အမှန်တရားကို ဤရွေ့ဤမျှဆန့်ကျင်နေပါက ထိုသူထက်ပို၍ ကျူးကျော်စော်ကားသူ မည်သူရှိအံ့နည်း။ ယင်းသို့ ကျူးကျော်စော်ကားသူများ လားရာဘုံမှာ ဂျဟန္နမ်ငရဲဘုံ အပြင် အခြား အဘယ်ဘုံ ဖြစ်နိုင်အံ့နည်း။

لِيُكَفِّرَ اللّٰهُ عَنْهُمْ اَسْوَاَ الَّذِىْ عَمِلُوْا وَيَجْزِيَهُمْ اَجْرَهُمْ بِاَحْسَنِ الَّذِىْ كَانُوْا يَعْمَلُوْنَ ﴿٣٥﴾

၃၅။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့မှ ထိုသူတို့ ကျင့်မူခဲ့ကြသော အဆိုးများကို ပယ်ဖျောက်စေသည့်ပြင်၊ ၎င်းတို့အား ၎င်းတို့ ကျင့်မူလေ့ရှိခဲ့ကြသော အကောင်းများ၏ အစားကို (အပြည့်အစုံ) ချီးမြှင့်ပေးသနားတော်မူအံ့နည်း။

اَلَيْسَ اللّٰهُ بِكَافٍ عَبْدَهٗ ۚ وَيُخَوِّفُوْنَكَ بِالَّذِيْنَ مِنْ دُوْنِهٖ ۗ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿٣٦﴾

၃၆။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန် (နဗီတမန်တော်မုဟမ္မဒ်)အဖို့ လုံလောက်တော်မူသည် မဟုတ်ပါလော။ သို့ဖြစ်လင့်ကစား(အို-နဗီတမန်တော်) ၎င်းတို့သည် အသင့်အား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားသော သူတို့အားဖြင့် ခြိမ်းခြောက်၍နေကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အကြင်သူအား လမ်းမှား၌ပင် ရှိစေတော်မူပါလျှင် ထိုသူအား တရားလမ်းမှန်သို့ ပို့ဆောင်အံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပြီ။ ၁

وَمَنْ يَّهْدِ اللّٰهُ فَمَا لَهٗ مِنْ مُّضِلٍّ ۗ اَلَيْسَ اللّٰهُ بِعَزِيْزٍ ذِى انْتِقَامٍ ﴿٣٧﴾

၃၇။ ထိုနည်းတူစွာ အကြင်သူအား အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်သို့ ပို့ပေးတော်မူပါလျှင် ထိုသူအား လမ်းမှားစေအံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ပြီ။ အလ္လာဟ်အရှင်မြတ်သည် လွန်စွာနိုင်နင်း လွှမ်းမိုးတော်မူသောအရှင်၊ လက်စားချေတော်မူသောအရှင်၊ ဖြစ်တော်မူသည် မဟုတ်ပါလော။

---

① အထက်၌ ကုရ်အာန်ကျမ်းမြတ် (၃၉း၂၉)တွင် (ရှုရစ်က်)ယှဉ်တွဲကိုးကွယ်မှု မှားယွင်းကြောင်း၊ မုရှ်ရစ်က်တို့၏ မိုက်မဲမှုအကြောင်းကို ပုံဆောင်မိန့်ဆိုထားတော်မူသည်။ ထိုသည့်အကြောင်းကို မုရှ်ရစ်က်များ ကြားသိသောအခါ မုရှ်ရစ်က်များက တမန်တော်မြတ်အား အသင်သည်ငါတို့၏ ကိုးကွယ်ရာများကို ကဲ့ရဲ့ပြစ်တင်ဝေဖန်ခြင်း ပြုလုပ်ပြီး ဒေါသထွက်အောင်မပြုလင့်၊ ငါတို့၏ ကိုးကွယ်ရာများသည် ဒေါသထွက်လာကြပါက အသင့်အား ရူးသွပ်သွားအောင် ပြုလုပ်ကြလိမ့်မည်ဟု ပြောဆိုခြိမ်းခြောက်ခဲ့ကြလေသည်။ ဤအာယတ်တော်တွင် မုရှ်ရစ်များ၏ ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ ဖြေဆိုထားတော်မူသည်မှာ တမန်တော်မြတ်သည် အရာရာကို နိုင်နင်းလွှမ်းမိုးတော်မူသော၊ တုံ့ပြန်လက်စားချေတော်မူနိုင်သော၊ တန်ခိုးတော်အနန္တရှင်၏ ကျွန်တော်ရင်း ဖြစ်တော်မူပေရာ မုရှ်ရစ်တို့၏ အချည်းနီးသော ကိုးကွယ်ရာများကို အသိုလျှင် ကြောက်ရွံ့စိုးရိမ်နေအံ့နည်း။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏တမန်တော်အား ကာကွယ်ထိန်းသိမ်းတော်မူရန် လုံလောက်တော်မူသည် မဟုတ်ပါလော။

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ
السَّمَٰوَٰتِ وَالْأَرْضَ
لَيَقُولُنَّ اللَّهُ ۚ قُلْ
أَفَرَءَيْتُم مَّا تَدْعُونَ
مِن دُونِ اللَّهِ إِنْ أَرَادَنِىَ
اللَّهُ بِضُرٍّ هَلْ هُنَّ كَٰشِفَٰتُ
ضُرِّهِۦٓ أَوْ أَرَادَنِى بِرَحْمَةٍ هَلْ
هُنَّ مُمْسِكَٰتُ رَحْمَتِهِۦ ۚ قُلْ
حَسْبِىَ اللَّهُ ۖ عَلَيْهِ يَتَوَكَّلُ
ٱلْمُتَوَكِّلُونَ ﴿٣٨﴾

၃၈။ စင်စစ်သော်ကား (အို-နဗီတမန်တော်) အသင်သည် အကယ်၍ ထိုသူတို့အား မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ မည်သူဖန်ဆင်းခဲ့သနည်းဟု မေးမြန်းခဲ့ပါမူ၊ မလွဲဧကန်ငင်းတို့က အလ္လာဟ်အရှင်မြတ်(ဖန်ဆင်းတော်မူခဲ့သည်)ဟူ၍ပင် ပြော(ဆိုဖြေ)ကြားကြပေမည်။

အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) သို့ဖြစ်လျှင် အသင်တို့သည် (ငါ့အား)ပြောကြလေကုန်။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ငါ့အား တစ်စုံတစ်ရာ ဘေးဒုက္ခပေးလိုတော်မူခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်အားစွန့်၍ အသင်တို့ဟစ်ခေါ်တသလျက် ရှိကြသည်တို့က ထိုအရှင်မြတ်သက်ရောက်စေတော်မူသော ဘေးဒုက္ခကို ဖယ်ရှားပေးနိုင်ကြမည်လော။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် ငါ့အား ကရုဏာ တစ်စုံတစ်ရာ ပြုလိုတော်မူခဲ့ပါလျှင် ငင်းတို့သည် ထိုအရှင်မြတ်၏ ကရုဏာတော်ကို တားဆီးနိုင်ကြမည်လော။ (အို-နဗီတမန်တော်၊) အသင်သည် (ငင်းတို့အား)ပြောကြားပါလေ။ (အချင်းတို့၊) အလ္လာဟ်အရှင်မြတ်သည်ပင် ငါ၏အဖို့ လုံလောက်တော်မူ၏။ ယုံပုံလွဲအပ်သူတို့သည် (မိမိတို့၏ အမူကိစ္စအဝဝတို့ကို) ထိုအရှင်မြတ်အပေါ်၌ပင် ယုံပုံလွဲအပ်ကြကုန်၏။ ①

① တစ်ဖက်တွင် အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်။ တန်ခိုးတော် အနန္တရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် မိုးမြေများကို ဖန်ဆင်းတော်မူသော အရှင် ဖြစ်တော်မူသည်ကို မုရှ်ရစ်ဂ်များကပင်လျှင် ဝန်ခံပြောဆိုထားကြသည်။ အခြားတစ်ဖက်တွင် မုရှ်ရစ်ဂ်တို့၏ အချည်းနှီးသော ကိုးကွယ်ရာများ ဖြစ်ကြသည်။ ထို ကိုးကွယ်ရာများသည် အလ္လာဟ်အရှင်မြတ် သက်ရောက်စေတော်မူလိုသည့် မည်သည့် ဒုက္ခနှင့်သုခကိုမျှ ကာကွယ် ဟန့်တားနိုင်ကြသည်မရှိ။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်အား ယုံပုံလွဲအပ်ရမည်လော။ သို့တည်းမဟုတ် မုရှ်ရစ်ဂ်တို့၏ ကိုးကွယ်ရာများကိုပင် ယုံပုံလွဲအပ်ရမည်လော။ မည်သူအား ကိုးစား အားထားရမည်လော။ အလ္လာဟ်အရှင်မြတ်အား သာလျှင် ယုံပုံလွဲအပ် ကိုးစားအားထားရမည်ပင်။

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّيْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ ۙ﴿٣٩﴾

၃၉။ (အို-နဗီတမန်တော်) အသင်သည် (ငင်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် မိမိတို့၏ (လက်ရှိ)အခြေအနေအတိုင်းပင် (ဆက်လက်၍) ကျင့်မူလျက် ရှိကြလေကုန်၊ ငါသည်လည်း (မိမိလက်ရှိအခြေအနေအတိုင်း) ကျင့်မူလျက်ပင် ရှိနေမည်။ မကြာမြင့်မီပင် အသင်တို့သည် သိရှိကြပေမည်။

مَنْ يَّاْتِيْهِ عَذَابٌ يُّخْزِيْهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيْمٌ ﴿٤٠﴾

၄၀။ (ဤပစ္စက္ခတွင်) မည်သူ၏ထံသို့ ငင်းအား ဂုဏ်ရည်သေးသိမ်စေသော ပြစ်ဒဏ်ရောက်ရှိလာ၍ (နောင်တမလွန်ဘဝတွင်) မည်သူ၏အပေါ်၌ ထာဝစဉ် တည်ရှိနေမည်ဖြစ်သော ပြစ်ဒဏ် သက်ရောက်မည်ကို။

اِنَّآ اَنْزَلْنَا عَلَيْكَ الْكِتٰبَ لِلنَّاسِ بِالْحَقِّ ۚ فَمَنِ اهْتَدٰى فَلِنَفْسِهٖ ۚ وَمَنْ ضَلَّ فَاِنَّمَا يَضِلُّ عَلَيْهَا ۚ وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ﴿٤١﴾

၄၁။ (အို-နဗီတမန်တော်) ဧကန်အမှန် ငါအရှင်မြတ်သည် အသင့်အပေါ် (ဤကုရ်အာန်)ကျမ်းတော်မြတ်ကို လူတို့အကျိုးငှာ တိကျမှန်ကန်စွာ ချပေးသနား တော်မူခဲ့၏။ သို့ဖြစ်ပေရာ မည်သူမဆို တရားလမ်းမှန်ကို ရယူခဲ့လျှင် (ယင်းတရားလမ်းမှန် ရရှိခြင်း၏ အကျိုးမှာ) ငင်း၏အဖို့ဖြစ်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို လမ်းလွဲခဲ့မူ၊ (ယင်းလမ်းလွဲမှု၏ ဆုံးရှုံးမှုမှာလည်း) ထိုသူ၏အပေါ်၌သာလျှင် ကျရောက်ပေမည်။ စင်စစ်သော်ကား အသင်သည် ငင်းတို့အပေါ်၌တာဝန်ရှိသူအဖြစ် (စေလွှတ်ခြင်းခံခဲ့ရသည်) မဟုတ်ပေ။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့အကျိုးငှာ တမန်တော်မြတ်ထံသို့ ကုရ်အာန်ကျမ်းမြတ်ကို တိကျမှန်ကန်စွာ ချပေးသနားတော်မူပြီးဖြစ်၏။ တမန်တော်မြတ်သည်လည်း ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ပွင့်လင်းစွာ ဟောကြားတော်မူပြီးဖြစ်၏။ သို့ဖြစ်ရာယခုမူ လူတိုင်းလူတိုင်းသည် မိမိအဖို့ အရှုံးနှင့်အမြတ် လမ်းနှစ်ရပ်ကို စဉ်းစား ရွေးချယ်ရန်သာရှိသည်။ ကုရ်အာန်၏ ဒေသနာတော်များနှင့်အညီ နေထိုင်ကျင့်သုံးပါက မိမိအဖို့ အမြတ်ထွက်မည်သာ။ သို့မဟုတ်ပါမူ မိမိအဖို့ အရှုံးပေါ်မည်သာ။ ပျက်စီးရမည်သာ။ တမန်တော်မြတ်၏တာဝန်မှာ လူသားတို့အား အတင်းအဓမ္မ တရားလမ်းမှန်ပေါ်သို့ အရောက်ဆွဲခေါ်ရန်မဟုတ်၊ ဒေသနာတော်များကို ဟောကြား တော်မူရန်သာဖြစ်ပေသည်။ တမန်တော်မြတ်သည် ဤသည့်တာဝန်ကို ကျေပွန်စွာ ရွက်ဆောင်တော်မူပြီးဖြစ်ရာ ➤➤

اَللّٰهُ يَتَوَفَّى الْاَنْفُسَ حِيْنَ
مَوْتِهَا وَالَّتِيْ لَمْ تَمُتْ فِيْ
مَنَامِهَا ۚ فَيُمْسِكُ الَّتِيْ
قَضٰى عَلَيْهَا الْمَوْتَ وَ
يُرْسِلُ الْاُخْرٰٓى اِلٰٓى اَجَلٍ
مُّسَمًّى ۭ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ
لِّقَوْمٍ يَّتَفَكَّرُوْنَ ۝٤٢

၄၂။ အလ္လာဟ်အရှင်မြတ်သည်ပင် (သေဆုံးရန် အချိန်ရောက်သော) အသက်ဇီဝိန်များကို ၎င်းတို့ သေဆုံးချိန်၌ နုတ်သိမ်းတော်မူ၏။ ထိုနည်းတူစွာ သေဆုံးရန် အချိန်မရောက်သေးသော အသက်ဇီဝိန်များကိုလည်း ၎င်းတို့အိပ်စက်ရာ၌ (နုတ်သိမ်းတော်မူ၏)။ ထို့နောက် သေဆုံးရန် စီရင်ဆုံးဖြတ်တော်မူ(ပြီးဖြစ်)သော အသက်ဇီဝိန်များကို ထိုအရှင်မြတ်သည် တားဆီး၍ ထားတော်မူ၏။ သို့ရာတွင် ကျန်အသက်ဇီဝိန်တို့ကိုမူ ထိုအရှင်မြတ်သည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် လွှတ်ထားတော်မူ၏။ ဧကန်မလွဲ ဤသည်တွင် စဉ်းစားဆင်ခြင်ကြကုန်သော အမျိုးသားတို့အဖို့ သက်သေလက္ခဏာရပ်များသည် အမှန်ပင် ရှိကြပေသတည်း။ [၁]

➢➢ သွေဖည်ငြင်းဆန် မနာခံသူများကို အလ္လာဟ်အရှင်မြတ်အား လွဲအပ်ထားတော် မူရန်သာရှိသည်။ လူသားတို့၏ သေခြင်း၊ ရှင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်းများသည် ထိုအရှင်မြတ်၏ လက်တော်အတွင်း၌သာရှိသည်။ ထိုအရှင်မြတ်သည် ထိုက်သည့်အားလျော်စွာ စီရင်တော်မူပေမည်။

① (نَفْس) "နဖ်စ်" ဟူသောပုဒ်သည် အနက်အဓိပ္ပာယ် အလွန်ကြွယ်သည်။ အသက်ဇီဝိန် ဝိညာဉ်၊ကိုယ်ခန္ဓာ၊ စိတ်နှလုံး: (Physical life- Psychical life) စသည့် အနက်များဟောသည်။

လူတိုင်း၌ "နဖ်စ်" နှစ်ခုရှိသည်။ (၁) (နဖ်စုလ်ဟယာတ်) ရှင်သန်စေသောအသက်၊ လူသေဆုံးသည့်အခါ ဤအသက်သည် ထွက်ခွါသွားသည်။ ဤအသက် ထွက်ခွါသွားသည့်အခါ လူသည် သေဖကြပျက်စီးသွားလေသည်။ (၂) (နဖ်စုလ်တမ်ယီဇ်) ခွဲခြားသိမြင်စေသော ဝိညာဉ်၊ ဤ ဝိညာဉ်သည် လူအိပ်စက်နေချိန်တွင် လူနှင့် ကင်းကွာနေသည်။ အိပ်စက်ရာမှ နိုးထလာသောအခါ ဤဝိညာဉ်သည် ပြန်လည် ရောက်ရှိလာသည်။ မအာလင်မ်၊ မဒါရိုက်။

ဤအာယတ်တော်၏ အလိုသဘောမှာ-အလ္လာဟ်အရှင်မြတ်သည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ သေမူ၊ ရှင်မူအစုစုသည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည်ပင် သေဆုံးရန် အချိန်စေ့သောသူများ၏ အသက်များကို ၎င်းတို့သေဆုံးချိန်တွင် လုံးဝ အပြည့်အဝ နှုတ်သိမ်းတော်မူသည်။ သို့ အသက်များကို နှုတ်သိမ်းတော်မူလိုက်သည့်အခါ အသက်နှုတ်သိမ်းခြင်း ခံရသူများ၌ ရှင်သန်စေသော အသက်၊ ခွဲခြားသိမြင်စေသောဝိညာဉ် နှစ်ခုစလုံး ဆိတ်သုဉ်းသွားလေသည်။ သေဆုံးရန် အချိန်မစေ့သေးသော သူများ၏ အသက်များကိုလည်း အလ္လာဟ်အရှင်မြတ်သည်ပင် ၎င်းတို့ အိပ်စက်နေချိန်၌ နှုတ်သိမ်းထားတော်မူသည်။ သို့ အသက်နှုတ်သိမ်းထားတော်မူသော်လည်း ရှင်သန်စေသော အသက်များ ကျန်ရှိနေပေရာ ကိုယ်ခန္ဓာများသည် ရှင်သန်လျက်ပင် ရှိနေပေသည်။ နိုးထလာကြသည့်အခါ ခွဲခြားသိမြင်စေသော ဝိညာဉ်များသည် ➢➢

أَمِ اتَّخَذُوا مِن دُونِ اللَّهِ شُفَعَاءَ ۚ قُلْ أَوَلَوْ كَانُوا لَا يَمْلِكُونَ شَيْئًا وَلَا يَعْقِلُونَ ﴿٤٣﴾

၄၃။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အပြင် သူတစ်ပါးတို့အား ကြားဝင် အသနားခံပေးအံ့သော သူများ ပြုလုပ်သတ်မှတ်ခဲ့ကြလေသလော၊ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား (အချင်းတို့) ၎င်းတို့သည် မည်သည့်တစ်စုံတစ်ရာကိုမျှ ပိုင်ဆိုင်ခြင်း မရှိကြသည့်အပြင် မည်သည့်တစ်စုံတစ်ရာကိုမျှ မသိနားမလည်ကြသော်လည်း (ကြားဝင်အသနားခံ၍ ပေးနိုင်ကြမည်လော)ဟု ပြောဆို(မေးမြန်း)ပါလေ။

قُل لِّلَّهِ الشَّفَاعَةُ جَمِيعًا ۖ لَّهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۖ ثُمَّ إِلَيْهِ تُرْجَعُونَ ﴿٤٤﴾

၄၄။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) ကြားဝင်အသနားခံမှု အာဏာအလုံးစုံကား အလ္လာဟ်အရှင်မြတ်၌သာရှိ၏။ [၁] မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း၊ ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှု အာဏာသည်လည်းကောင်း၊ ထို အရှင်မြတ်၌သာရှိ၏။ ထို့နောက် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့သာလျှင် ပြန်ကြရပေမည်။

➤➤ တစ်မုဟုတ်ခြင်း ရုတ်တရက်ချက်ချင်း ပြန်လည်ရောက်ရှိလာပေသည်။ ဆိုလိုသည်ကား သို့အသက်နှုတ်သိမ်းပြီးနောက် သေချိန်စေ့သော၊ သေဆုံးရန် ဆုံးဖြတ်ထားတော်မူသော သူများထံသို့ အလ္လာဟ်အရှင်မြတ်သည် နှုတ်သိမ်းထားတော်မူသော အသက်များကို ပြန်လွှတ်ပေးတော်မူသည်မရှိ၊ သေချိန်မစေ့သေးသော သူများထံသို့မူ သတ်မှတ်ထားတော်မူသော ၎င်းတို့၏ သက်တမ်းကုန်ဆုံးသည်အထိ နှုတ်သိမ်းထားတော်မူသော သက်ဆိုင်ရာ ဝိညာဉ်များကို ပြန်လွှတ်ပေးတော်မူသည်။ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ကျေးဇူးတော်ကား ကြီးမားလှပါဘိတကား။

① မှ၍ရစ်ဂ်များက-အလ္လာဟ်အရှင်မြတ်မှတစ်ပါး၊ ၎င်းတို့ ပြုလုပ်ထားကြသော ၎င်းတို့၏ ကိုးကွယ်ရာများသည် အလ္လာဟ်အရှင်မြတ် ထံတော်၌ ၎င်းတို့အား အသနားခံကြပေလိမ့်မည်။ ၎င်းတို့၏ အသနားခံပေးမှုကြောင့် လုပ်ငန်းများ ထမြောက်အောင်မြင်ကြသည်။ ထို့အတွက်ကြောင့် ယင်းကိုးကွယ်ရာများကို ဆည်းကပ်ကိုးကွယ်ကြခြင်း ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ဤစကားသည် အမှားတည်း၊ အဘယ်ကြောင့်ဆိုသော် ပထမသော် အသနားခံပေးသူ ဖြစ်ရုံမျှဖြင့် ကိုးကွယ်ရာအရှင် မဖြစ်နိုင်။ ဒုတိယမိ-အသနားခံပေးသူသည် (၁) အလ္လာဟ်အရှင်မြတ်ထံတော်မှ အသနားခံပေးနိုင်ရန် ခွင့်ပြုချက်ရရှိသူလည်း ဖြစ်ရပေမည်။ (၂)အသနားခံပေးခြင်း ခံရမည့် သက်ဆိုင်ရာပုဂ္ဂိုလ်မှာလည်း အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူသော ပုဂ္ဂိုလ်မျိုး ဖြစ်ရပေမည်။ ယခုမူ မှ၍ရစ်ဂ်တို့၏ ➤➤

وَإِذَا ذُكِرَ اللَّهُ وَحْدَهُ اشْمَأَزَّتْ
قُلُوبُ الَّذِينَ لَا يُؤْمِنُونَ
بِالْآخِرَةِ ۖ وَإِذَا ذُكِرَ الَّذِينَ
مِن دُونِهِ إِذَا هُمْ
يَسْتَبْشِرُونَ ﴿٤٥﴾

၄၅။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းသာလျှင် အောက်မေ့တသ သတိရခြင်းကို ခံရတော်မူသောအခါ "အာခိရတ်"တမလွန်ဘဝကို သက်ဝင်ယုံကြည်ခြင်းမရှိကြသော သူတို့၏စိတ်နှလုံးများသည် စက်ဆုပ်ကြကုန်၏။ သို့ရာတွင် ထိုအရှင်မြတ်မှတစ်ပါး: အခြားသူများ အောက်မေ့တသ သတိရခြင်းခံကြရသောအခါ၌မူကား: ၎င်းတို့သည် ရုတ်တရက် ဝမ်းမြောက် သွားကြကုန်သတည်း။ [၁]

قُلِ اللَّهُمَّ فَاطِرَ السَّمَاوَاتِ
وَالْأَرْضِ عَالِمَ الْغَيْبِ
وَالشَّهَادَةِ أَنتَ تَحْكُمُ بَيْنَ
عِبَادِكَ فِي مَا كَانُوا
فِيهِ يَخْتَلِفُونَ ﴿٤٦﴾

၄၆။ (အို-နဗီတမန်တော်၊) အသင်သည် (ဤသို့) လျှောက်ထားပန်ကြားပါလေ၊ အို-မိုးကောင်းကင်များကို လည်းကောင်း၊ ကမ္ဘာမြေကို လည်းကောင်း၊ ဖန်ဆင်းတော်မူသော၊ အကွယ်၌ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားသည်ကိုလည်း သိတော်မူသော အလ္လာဟ်အရှင်မြတ်သည်၊ အရှင်မြတ်သည်ပင် မိမိကျွန်တို့၏အကြားဝယ် ၎င်းတို့အချင်းချင်း သဘောကွဲလွဲလျက် ရှိခဲ့ကြကုန်သော အရေးကိစ္စတို့နှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်ပါသည်။ [၂]

➤➤ ကိုးကွယ်ရာများကို အလ္လာဟ်အရှင်မြတ်သည် အသနားခံပေးခွင့် ပြုထားတော်မူသည်လည်းမရှိ၊ အသနားခံပေးခြင်း ခံကြရမည့် မုရ်ရစ်ဂ်များအား အလ္လာဟ်အရှင်မြတ်သည် နှစ်သက်တော်မူသည်လည်းမရှိ။ သို့ဖြစ်ရာ မုရ်ရစ်ဂ်တို့၏ စကားသည် အသို့လျှင် မှန်ကန်နိုင်အံ့နည်း။

① မုရ်ရစ်ဂ်များ၏ ထူးခြားချက်တစ်ရပ်မှာ ၎င်းတို့သည် တစ်ခါတစ်ရံ အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးကြသည့်အကြောင်း ထုတ်ဖော်ပြောဆိုတတ်ကြ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းအား အောက်မေ့တသ သတိရခြင်း၊ ထောပနာပြုခြင်းဖြင့် ၎င်းတို့သည် ဝမ်းမသာကြပေ။ သို့ရာတွင် ၎င်းတို့၏ မမှန်ကန်သော၊ အချည်းနှီးသော ကိုးကွယ်ရာများကို ထောပနာပြုလျှင် ၎င်းတို့သည် ဝမ်းသာရွှင်လန်းကြသည်။ ယခုခေတ်တွင်လည်း အချို့အမည်ခံ မုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်၊ ဉာဏ်တော်များအကြောင်း ထုတ်ဖော်ပြောဆိုပါက ၎င်းတို့သည် ဝမ်းသာကြသည် မရှိပေ။ ၎င်းတို့ ယုံကြည်မြတ်နိုးသော၊ ကြည်ညိုလေးစားသော သခင့် သခင်ကြီးများ၏အကြောင်း၊ ၎င်းတို့၏ ယုတ္တိ၊ ယုတ္တာ မရှိသော 'ကရာမတ်' အစွမ်းအကြောင်းများကို ထုတ်ဖော်ပြောဆိုပါက အလွန်အမင်း ဝမ်းသာကြပေသည်။ မျက်နှာ ရွှင်လန်းကြပေသည်။ ဤသည် 'ရှုရစ်ဂ်'ဘက်သို့ ယိမ်းယိုင်နေသော အပြုအမူပင်။ အချိန်မီပြုပြင်ကြရာသတည်း။

وَلَوْ اَنَّ لِلَّذِيْنَ ظَلَمُوْا مَا فِى الْاَرْضِ جَمِيْعًا وَّمِثْلَهٗ مَعَهٗ لَافْتَدَوْا بِهٖ مِنْ سُوْٓءِ الْعَذَابِ يَوْمَ الْقِيٰمَةِ ؕ وَبَدَا لَهُمْ مِّنَ اللّٰهِ مَا لَمْ يَكُوْنُوْا يَحْتَسِبُوْنَ ﴿٤٧﴾

၄၇။ အမှန်စင်စစ်သော်ကား တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်မှုကို ကျူးလွန်ခဲ့ကြကုန်သောသူတို့၌ ကမ္ဘာမြေဝယ်ရှိရှိသမျှသော ပစ္စည်းဥစ္စာ အလုံးစုံတို့အပြင် ၎င်းနှင့်အတူ ထိုမျှလောက် နောက်ထပ်ရှိငြားအံ့လည်း အမှန်ပင် ထိုသူတို့သည် ယင်းဥစ္စာပစ္စည်း(အလုံးစုံ)တို့ကို "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ဆိုးရွားပြင်းထန်လှသော ပြစ်ဒဏ်မှလွတ်မြောက်ရန် လျော်ကြေးပေးကြမည်သာ။ ထို့ပြင် ၎င်းတို့ရှေ့ဝယ် ၎င်းတို့မထင်မှတ်ခဲ့ကြသော အကြောင်းကိစ္စများသည် အလ္လာဟ်အရှင်မြတ် အထံတော်မှ ထင်ရှားပေါ်လွင်လာခဲ့ပေမည်။

وَبَدَا لَهُمْ سَيِّاٰتُ مَا كَسَبُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٤٨﴾

၄၈။ ထို့မှတစ်ပါး ၎င်းတို့ဆည်းပူးခဲ့ကြကုန်သော ပြစ်မှုဒုစရိုက်များ၏ အန္တရာယ်များလည်း ၎င်းတို့ရှေ့ဝယ် ပေါ်လွင်ထင်ရှားလာခဲ့ပေမည်။ ထို့မှတစ်ပါး ၎င်းကိုပြက်ရောသမ္မ ပြုလျှက်ရှိကြကုန်သော ပြစ်ဒဏ်သည်လည်း ၎င်းတို့အား ဝိုင်းဝန်းလျက် ရှိချေအံ့သတည်း။

---

(၂) ဤဆုမွန်တွင် "တောင်ဟီး၁" အကြောင်းကို အလွန်တိုတောင်းသိပ်သည်းစွာ မိန့်ဆိုထားတော်မူသည်။ ဤဆုမွန်၏ အချုပ်သဘောမှာ-

(၁) အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိုးမြေကို စတင်ဖန်ဆင်းတော်မူသော အရှင် ဖြစ်တော်မူသည်။ ဤတွင်လည်း ထိုအရှင်မြတ်၌ ဂုဏ်ရည်တူမရှိ။

(၂) အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။ ဤတွင်လည်း ထိုအရှင်မြတ်၌ ဂုဏ်ရည်တူမရှိ။

(၃) အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရေးကိစ္စအဝဝကို စီရင်ဆုံးဖြတ်ပေးတော်မူသော အရှင်ဖြစ်တော်မူသည်။ ဤတွင်လည်း ထိုအရှင်မြတ်၌ ဂုဏ်ရည်တူမရှိ။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် တစ်ပါးတည်းသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တရှင်၊ တစ်ပါးတည်းသော စီရင်ဆုံးဖြတ်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ ဤသည့် ဂုဏ်တော်သုံးပါးမှာ တောင်ဟီး၁၏ အဓိက အခြေခံအချက်များပင် ဖြစ်သည်။ များသောအားဖြင့် ဤသည့် ဂုဏ်တော်သုံးပါးကို တိကျမှန်ကန်စွာ နားမလည်၊ သဘောမပေါက်ကြသည့် အတွက် လူများသည် အမှားမှား အယွင်းယွင်း ဖြစ်နေကြပေသည်။ ကြည့်-မာဂျိဒီ။

فَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَانَا ثُمَّ إِذَا خَوَّلْنَاهُ نِعْمَةً مِّنَّا قَالَ إِنَّمَا أُوتِيتُهُ عَلَىٰ عِلْمٍ ۚ بَلْ هِيَ فِتْنَةٌ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٤٩﴾

၄၉။ အမှန်စင်စစ်သော်ကား မနုဿလူသား၌ ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့သောအခါ ထိုလူသားသည် ငါအရှင်မြတ်အား ဟစ်ခေါ်တမ်းတ၏။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းအား မိမိအထံတော်မှ ကျေးဇူးတော်တစ်စုံတစ်ရာကို ချီးမြှင့်ပေးသနားကော်မူသောအခါ ထိုလူသားက "*ငါသည် ဤသည့်ကျေးဇူးတော်ကို (မိမိ)အကြံအစည် တစ်ခုကြောင့်သာလျှင် ရရှိခဲ့ခြင်းဖြစ်သည်*" [၁] ဟု ပြောဆို၏။

ထိုသို့ အလျှင်း မဟုတ်၊ စင်စစ် ဤသည့် ကျေးဇူးတော်မှာကား စမ်းသပ်မှုတစ်ရပ်ပင်တည်း။ သို့ရာတွင် ထိုလူသားတို့အနက် အများဆုံးသောသူတို့မှာ သိရှိကြသည် မဟုတ်ပေ။

قَدْ قَالَهَا الَّذِينَ مِن قَبْلِهِمْ فَمَا أَغْنَىٰ عَنْهُم مَّا كَانُوا يَكْسِبُونَ ﴿٥٠﴾

၅၀။ ၎ကန်စင်စစ် ဤသည့်ပြောဆိုမှုကို ၎င်းတို့အလျှင်ရှိခဲ့ကြသောသူများကလည်း ပြောဆိုခဲ့ဘူးကြကုန်၏။ သို့တစ်စေလည်း ၎င်းတို့၏ဆည်းပူးချက်တို့မှာ (ပြစ်ဒဏ်ကာကွယ်ရန်) ၎င်းတို့အဖို့ အသုံးဝင်ခဲ့သည် မရှိပေ။

---

① မှ၍ရစ်က်သည် ကျေးဇူးကန်းလှဘိတကား။ အလွှာဟ်အရှင်မြတ်သည် မှ၍ရစ်က်အား တစ်စုံတစ်ရာ ကျေးဇူးပြုတော်မူပါလျှင် မှ၍ရစ်က်သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို လျစ်လျူပြုကာ ကျွန်ုပ်၏ကျွမ်းကျင်မှု၊ ကြံရည်ဖန်ရည်ကောင်းမှုကြောင့် ဤကျေးဇူးကို ရရှိခြင်းဖြစ်သည်ဟူ၍ပင် ကျေးဇူးကန်းစကား ပြောဆိုလေသည်။ အမှန်မှာ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်မှာ စမ်းသပ်မှုတစ်ရပ်ပင်။ သို့ ကျေးဇူးချီးမြှင့်ခြင်း ခံရသောသူတစ်ဦးသည် ကျေးဇူးတော်ရှင် အစစ်အမှန်အား သိသည်မသိသည်၊ ကျေးဇူးသိတတ်သည်၊ ကျေးဇူးကန်းသည်ကို စမ်းသပ်ခြင်းပင်။ ကျေးဇူးတော်ရှင်ကိုသိက၊ ကျေးဇူးသိတတ်က မိမိအဖို့အမြတ်ပင်။ ကျေးဇူးတော်ရှင် အစစ်အမှန်အား မသိက ကျေးဇူးကန်းက မိမိအဖို့အရှုံးပင်။

ခေတ်သစ် မှ၍ရစ်က်များသာ ကျေးဇူးကန်းစကား ပြောဆိုကြသည်မဟုတ်။ ကာရွန်၊ ဖီရ်အောင်န်၊ နမ်ရဒ် စသည့်ခေတ်ဟောင်း ကာဖိရ်၊ မှ၍ရစက်များသည်လည်း ဤကဲ့သို့ ကျေးဇူးကန်းစကား ပြောဆိုခဲ့ကြသည်သာ ဖြစ်သည်။

فَأَصَابَهُمْ سَيِّئَاتُ
مَا كَسَبُوا ۚ وَالَّذِينَ ظَلَمُوا
مِنْ هَٰؤُلَاءِ سَيُصِيبُهُمْ سَيِّئَاتُ
مَا كَسَبُوا ۚ وَمَا هُم بِمُعْجِزِينَ ﴿٥١﴾

၅၁။ ထို့နောက် ၎င်းတို့၌ ၎င်းတို့၏ ဆည်းပူးချက်များ၏ ဆိုးရွားသောအန္တရာယ်များသည် သက်ရောက်ခဲ့လေ၏။ ထိုနည်းတူစွာ ဤ(လက်ရှိသွေဖည်ငြင်းပယ်)သူတို့အနက် မတရားကျူးလွန်ခဲ့ကြသော သူတို့အပေါ်၌လည်း မကြာမြင့်မီပင် ၎င်းတို့၏ဆည်းပူးချက်များ၏ အန္တရာယ်များသည် သက်ရောက်မည်ဖြစ်၏။ စင်စစ်မှာကား၊ ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် ပြုစွမ်းနိုင်ကြသူများမဟုတ်ပေ။

أَوَلَمْ يَعْلَمُوا أَنَّ اللَّهَ يَبْسُطُ
الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ
إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ
يُؤْمِنُونَ ﴿٥٢﴾

၅၂။ ၎င်းတို့သည် သိရှိခဲ့ကြသည်မဟုတ်လော။ ဇကန်စင်စစ် အလ္လာဟ်အရှင်သည် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို တိုးပွားစေတော်မူ၏။ ထိုနည်းတူစွာ အရှင်မြတ်သည်ပင် (မိမိ အလိုတော်ရှိတော်မူသော သူအား စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။ မလွဲဇကန် ဤသည်၌ သက်ဝင်ယုံကြည်ကြကုန်သောအမျိုးသားတို့အဖို့ သက်သေ အထောက်အထားများ အမှန်ပင် ရှိကြပေသတည်း။ ၃

قُلْ يَا عِبَادِيَ الَّذِينَ أَسْرَفُوا
عَلَىٰ أَنفُسِهِمْ لَا تَقْنَطُوا مِن
رَّحْمَةِ اللَّهِ ۚ

၅၃။ (အို-နဗီတမန်တော်) အသင်သည် (ငါအရှင်မြတ်၏ကိုယ်စား) ပြောကြားပါလေ။ အို-မိမိတို့အပေါ်၌ အလွန်အမင်း လွန်ကျူးခဲ့ကြကုန်သော ငါအရှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်မကင်းမဲ့ကြကုန်လင့်။

---

③ လူလောကတွင် အချို့သည် စားဝတ်နေရေး ချောင်လည်သည်၊ အချို့သည် စားဝတ်နေရေး ကျပ်တည်းသည်။ စားဝတ်နေရေး ချောင်လည်မှုသည် အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူခြင်း၏ လက္ခဏာလည်းမဟုတ်၊ စားဝတ်နေရေး ကျပ်တည်းမှုသည် ထိုအရှင်မြတ် ဖဲကြဉ်ထားတော်မူခြင်း၏ လက္ခဏာလည်း မဟုတ်။ စားဝတ်နေရေး ချောင်လည်မှုသည် အမြော်အမြင်ရှိမှု၊ ကျွမ်းကျင်မှု၊ လိမ္မာပါးနပ်မှု၊ ကြံရည်ဖန်ရည် ကောင်းမှုတို့အပေါ်၌သာ တည်နေသည်မဟုတ်၊ လူလောကတွင် ပညာမဲ့များ၊ လူရွှပ်လူပွေများသည်လည်း ချမ်းသာကြွယ်ဝလျက် ရှိကြပေသည်။ ပညာတတ်၊ အမြော်အမြင်ရှိ၊ ကြံရည်ဖန်ရည် ကောင်းသော၊ ➤➤

إِنَّ اللَّهَ يَغْفِرُ الذُّنُوبَ جَمِيعًا ۚ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ ﴿٥٣﴾

ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုအလုံးစုံတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေမည်။ စင်စစ်ဧကန် ထိုအရှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသောအရှင် အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။ [၁]

وَأَنِيبُوا إِلَىٰ رَبِّكُمْ وَأَسْلِمُوا لَهُ مِن قَبْلِ أَن يَأْتِيَكُمُ الْعَذَابُ ثُمَّ لَا تُنصَرُونَ ﴿٥٤﴾

၅၄။ ၎င်းပြင် အသင်တို့သည် မိမိတို့ထံ ပြစ်ဒဏ်ဆိုက်ရောက်၍မလာမီပင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်တော်သို့ ပြန်လှည့်ခြင်းကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်းကိုလည်းကောင်း၊ ပြုကြလေကုန်။ ထို (ပြစ်ဒဏ်ဆိုက်ရောက်၍လာပြီး) နောက်တွင် အသင်တို့သည် (မည်သည့်) အကူအညီ(ကိုမျှ) ရရှိကြမည်မဟုတ်ပေ။

➤➤ များစွာသော လူတော်လူကောင်းများသည်လည်း ဆင်းရဲနွမ်းပါးလျက် ရှိကြပေသည်။ ဤသည်မျက်မြင်ပင်။ အမှန်မှာဤသည် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှုပင်။ ဤသည့်သဘောကို မှန်ရစ်ဂ်များသည် မသိကြပေ။

① **<u>အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မည်သူမျှ မျှော်လင့်ချက် မကင်းရာ၊</u>**

မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် မိမိ၏ကရုဏာတည်းဟူသော တံခါးကို အမြဲတစေ ဖွင့်ထားတော်မူသည့် အကြောင်း အတိုအလင်း ကြေညာထားတော်မူသည်။ ဤအာယတ်တော်သည် ပြစ်မှုဒုစရိုက်များတွင် နစ်မွန်း၍ မျှော်လင့်ချက်ပင် ကင်းမဲ့နေကြသော သူများအဖို့ အလွန်ကြီးမားသော မျှော်လင့်ချက်ကြီးတစ်ရပ်ပင်။

ကာဖိရ်၊ မုရှ်ရစ်ဂ်၊ ဖာစစ်ဂ်၊ အသူပင်ဖြစ်စေ၊ အဘယ်မျှ ကြီးမားသောပြစ်မှုကို ကျူးလွန်မိခဲ့လင့်ကစား ဤအာယတ်တော်ကို ကြားနာရပြီးသည့် နောက်ပိုင်းတွင်မူ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ လုံးလုံးလျားလျား မျှော်လင့်ချက်ကင်းသွားရန် အကြောင်းမရှိတော့ပြီ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါက အဘယ်မျှကြီးလေးသော အပြစ်ကိုမဆို ကျူးလွန်ထားသူအားလည်း လုံးလုံးလျားလျား ချမ်းသာခွင့် ပေးတော်မူနိုင်ပေသည်။ ဤအာယတ်တော်တွင်လည်း ပြစ်မှုကျူးလွန်ထားမိကြသော မိမိ၏ကျွန်များအား မိမိ၏ကရုဏာတော်မှ မျှော်လင့်ချက် မကင်းကြကုန်လင့်ဟု အတိအလင်း ကြေညာထားတော်မူသည်။

သို့ရာတွင် ဤနေရာ၌ အထူးသိထားအပ်သည်မှာ–အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ကပင် 'ရှရစ်ဂ်' ယှဉ်တွဲကိုးကွယ်မှုကို ချမ်းသာခွင့် ပေးတော်မူမည် မဟုတ်ကြောင်း၊ ထိုမှတစ်ပါး အခြားပြစ်မှုများကိုမူ အလိုတော်ရှိကာ ချမ်းသာခွင့် ပေးတော်မူမည့်အကြောင်း အတိအလင်း ကြေညာထားတော်မူသည်။ ကြည့်–ကုရ်အာန်(၄:၁၁၄) ➤➤

وَاتَّبِعُوْٓا اَحْسَنَ مَآ اُنْزِلَ
اِلَيْكُمْ مِّنْ رَّبِّكُمْ مِّنْ قَبْلِ اَنْ
يَّاْتِيَكُمُ الْعَذَابُ بَغْتَةً
وَّاَنْتُمْ لَا تَشْعُرُوْنَ ﴿٥٥﴾
اَنْ تَقُوْلَ نَفْسٌ يّٰحَسْرَتٰى عَلٰى
مَا فَرَّطْتُّ فِيْ جَنْۢبِ اللّٰهِ
وَاِنْ كُنْتُ لَمِنَ
السّٰخِرِيْنَ ﴿٥٦﴾
اَوْ تَقُوْلَ لَوْ اَنَّ اللّٰهَ هَدٰىنِيْ
لَكُنْتُ مِنَ الْمُتَّقِيْنَ ﴿٥٧﴾
اَوْ تَقُوْلَ حِيْنَ تَرَى
الْعَذَابَ لَوْ اَنَّ لِيْ كَرَّةً
فَاَكُوْنَ مِنَ الْمُحْسِنِيْنَ ﴿٥٨﴾

၅၅။ ထိုမှတစ်ပါး: အသင်တို့သည် မိမိတို့ထံ ပြစ်ဒဏ်သည် အသင်တို့မသိခိုက်၊ ရုတ်တရက် ဆိုက်ရောက်၍မလာမီပင် မိမိတို့၏ အရှင်မြတ်အထံတော်မှ မိမိတို့ထံ ထုတ်ပြန်တော်မူခြင်း ခံခဲ့ရလေသော အကောင်းဆုံး အမိန့်တော် (ကုရ်အာန်ကျမ်းတော်မြတ်) ကို လိုက်နာ(ကျင့်သုံး)ကြလေကုန်။

၅၆။ (ဤသည့်အမိန့်တော်ကို ထုတ်ပြန်တော်မူခြင်းမှာ) မည်သူတစ်ဦးတစ်ယောက်မျှပင် "သြော်-ငါသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာခြင်းနှင့်စပ်လျဉ်း၍ ပျက်ကွက်လစ်ဟင်း ပေါ့ဆခဲ့သောကြောင့် ဝမ်းနည်းရလေခြင်း" ဟူ၍ မပြောဆိုနိုင်ရန်လည်းကောင်း။

၅၇။ သို့တည်းမဟုတ် (မည်သူမဆို) "ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ငါ့အား အကယ်၍သာ တရားလမ်းမှန်သို့ ပို့ပေးတော်မူခဲ့ပါလျှင် ငါသည် "မွတ္တကီ" ပြစ်မှုများမှ ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့အနက် အမှန်ပင် အပါအဝင်ဖြစ်ခဲ့ပေမည်" ဟူ၍ မပြောဆိုနိုင်ရန်လည်းကောင်း။

၅၈။ သို့တည်းမဟုတ် (မည်သူမဆို) ပြစ်ဒဏ်ကို တွေ့မြင်လေသောအချိန်အခါ၌ "ဧကန်မလွဲ ငါသည် အကယ်၍သာ (ကမ္ဘာလောကသို့) တဖန်ပြန်၍ သွားနိုင်လျှင်ကောင်းလေစွ။ သို့ဖြစ်ခဲ့လျှင် ငါသည် သူတော်ကောင်းတို့အနက် အပါအဝင်ဖြစ်ပေမည်" ဟူ၍ မပြောဆိုနိုင်ရန်လည်းကောင်း၊ (ထုတ်ပြန်တော်မူခြင်းဖြစ်၏၊)

➤➤ သို့ဖြစ်ရာ မည်သူမဆို (ရှရစ်ဂ်)ယှဉ်တွဲ ကိုးကွယ်မှုကို ဝေးစွာကြဉ်ရှောင်ကာ၊ ကျူးလွန်မိက အချိန်မီ စန်ချတောင်းပန်ကာ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို အသက်ထက်ဆုံး လိုက်နာကျင့်မူပါက ထိုအရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံရမည်သာတည်း။

بَلٰى قَدْ جَآءَتْكَ اٰيٰتِيْ فَكَذَّبْتَ بِهَا وَاسْتَكْبَرْتَ وَكُنْتَ مِنَ الْكٰفِرِيْنَ ۝٥٩

၅၉။ အဘယ်ကြောင့်မဟုတ်သနည်း။ ငါအရှင်မြတ်၏ အမိန့်-အာယတ်တော်များသည် အသင့်ထံသို့ ၈ကန်မလွဲ ရောက်ရှိလာခဲ့ပေသည်။ သို့ရာတွင် အသင်သည် ယင်းအမိန့်အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ပေသည်။ ထို့ပြင် အသင်သည် မာန်မာန ထောင်လွှားခဲ့ပေသည်။ ထိုမှတစ်ပါး အသင်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့တွင် အပါအဝင် ဖြစ်ခဲ့ပေသတည်း။

وَيَوْمَ الْقِيٰمَةِ تَرَى الَّذِيْنَ كَذَبُوْا عَلَى اللّٰهِ وُجُوْهُهُمْ مُّسْوَدَّةٌ ؕ اَلَيْسَ فِيْ جَهَنَّمَ مَثْوًى لِّلْمُتَكَبِّرِيْنَ ۝٦٠

၆၀။ စင်စစ်သော်ကား (အို-နဗီတမန်တော်၊) အသင်သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားပြောဆို စွပ်စွဲခဲ့ကြကုန်သောသူတို့အား၊ ၎င်းတို့၏ မျက်နှာတို့မှာ မည်း၍နေကြသည်ကို တွေ့မြင်ပေမည်။ မာန်မာန ထောင်လွှားကြသောသူတို့၏ နေထိုင်ရာဌာနသည် "ဂျဟန္နမ်" ငရဲဘုံ၌ ရှိသည်မဟုတ်လော။

وَيُنَجِّي اللّٰهُ الَّذِيْنَ اتَّقَوْا بِمَفَازَتِهِمْ ۚ لَا يَمَسُّهُمُ السُّوْٓءُ وَلَا هُمْ يَحْزَنُوْنَ ۝٦١

၆၁။ ၎င်းပြင် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်သော "မွတ္တကီ" သူတော်စင်တို့ကိုမူကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အောင်မြင်မှုနှင့်တကွ လွတ်မြောက်စေတော်မူပေမည်။ ၎င်းတို့တွင် ဘေးဒုက္ခသည်လည်း ဆိုက်ရောက်မည် မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေတကား။

اَللّٰهُ خَالِقُ كُلِّ شَيْءٍ ۫ وَّهُوَ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ۝٦٢

၆၂။ အလ္လာဟ်အရှင်မြတ်သည်ပင် အရာရာကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူသည့်ပြင် ထို အရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ အပေါ်ဝယ် ထိန်းသိမ်းတော်မူသော အရှင်ဖြစ်တော်မူ၏။

لَهٗ مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ ؕ وَ الَّذِيْنَ كَفَرُوْا بِاٰيٰتِ اللّٰهِ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿٦٣﴾

၆၃။ မိုးကောင်းကင်များ၏ သော့များသည်လည်းကောင်း၊ ကမ္ဘာမြေ၏ သော့များသည်လည်းကောင်း၊ ထိုအရှင်မြတ်(၏ လက်တော်တွင်း)၌သာ ရှိကြကုန်၏။ [၁] သို့ပါလျက် အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ "အာယတ်" အမိန့်တော်များကို ငြင်းပယ်ခဲ့ကြသည်ရှိသော် ထိုသူတို့သည်သာလျှင် ဆုံးရှုံးသောသူများ ဖြစ်ကြပေမည်။

قُلْ اَفَغَيْرَ اللّٰهِ تَاْمُرُوْٓنِّيْٓ اَعْبُدُ اَيُّهَا الْجٰهِلُوْنَ ﴿٦٤﴾

၆၄။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောဆို (မေးမြန်း)ပါလေ။ အို-အသိပညာ ကင်းမဲ့သူတို့၊ သို့ပါလျက် ငါသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကို ဆည်းကပ်ကိုးကွယ်ရန် အသင်တို့သည် ငါ့အား တိုက်တွန်းကြလေသလော။ [၂]

وَلَقَدْ اُوْحِيَ اِلَيْكَ وَاِلَى الَّذِيْنَ مِنْ قَبْلِكَ ۚ لَئِنْ اَشْرَكْتَ لَيَحْبَطَنَّ عَمَلُكَ وَلَتَكُوْنَنَّ مِنَ الْخٰسِرِيْنَ ﴿٦٥﴾

၆၅။ အမှန်စင်စစ်သော်ကား အသင့်ထံသို့လည်းကောင်း၊ အသင့်အလျင် (ပွင့်ခဲ့ကြလေသောနဗီတမန်တော်များ)ထံသို့လည်းကောင်း၊ မုချမလွဲ (ဤသို့) "ဝဟ်ယ်" အမိန့်တော်ထုတ်ပြန်ခြင်း ခံခဲ့ရလေ၏။ "အမှန်ပင် အကယ်၍ အသင်သည် (တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်) နှိုင်းယှဉ် တွဲဖက်ကိုးကွယ်မှုကို ကျူးလွန်မိခဲ့ပါလျှင် မုချစင်စစ် အသင်၏ ပြုမူကျင့်ဆောင်ချက်တို့သည် အချည်းနှီးဖြစ်သွားမည့်ပြင် ဧကန်မလွဲ အသင်သည် ဆုံးရှုံးကြကုန်သော သူတို့တွင်လည်း အပါအဝင် ဖြစ်ချေမည်။

---

① အလ္လာဟ်အရှင်မြတ်သည်ပင် အရာခပ်သိမ်းကုန်တို့ကို စတင်ဖန်ဆင်းတော်မူသည်။ သို့ ဖန်ဆင်းတော်မူပြီးနောက် ယင်းအဖန်ဆင်းခံ အရာများကို ထိုအရှင်မြတ်သည်ပင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားတော်မူသည်။ အရာခပ်သိမ်းကုန်တို့တွင် ထိုအရှင်မြတ်သည်ပင် အလိုရှိတော်မူသည့်အတိုင်း ချယ်လှယ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကို ထိုအရှင်မြတ်သည်ပင် ပိုင်ဆိုင်တော်မူသည်။ မြေနှင့်မိုးများ၏ သော့များသည်လည်း ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ သို့ဖြစ်ရာ ဤရွေ့ဤမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာဟ် အရှင်မြတ်အား သာ ဆည်းကပ် ကိုးကွယ်အပ်ပေသည်။ ထိုသို့သော အရှင်မြတ်၏ အမျက်တော်ကို ➤➤

بَلِ اللَّهَ فَاعْبُدْ وَكُنْ مِّنَ الشَّاكِرِينَ ﴿٦٦﴾

၆၆။ သို့ဖြစ်ပေရာ အသင်သည် ထိုသို့ အလျင်းမပြုဘဲ အလ္လာဟ်အရှင်မြတ်အား သာလျှင် ဆည်းကပ်ကိုးကွယ်ပါလေ။ ထိုမှတစ်ပါး အသင်သည် ကျေးဇူးတော်ကို သိတတ်သောသူတို့တွင် အပါအဝင် ဖြစ်ပါလေ။

وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ وَالْأَرْضُ جَمِيعًا قَبْضَتُهُ يَوْمَ الْقِيَامَةِ وَالسَّمَاوَاتُ مَطْوِيَّاتٌ بِيَمِينِهِ ۚ سُبْحَانَهُ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿٦٧﴾

၆၇။ စင်စစ်သော်ကား ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား ကြည်ညိုလေးစားအပ်သည့် နည်းအတိုင်း *ကြည်ညိုလေးစားခြင်း မပြုခဲ့ကြပေ။* [၁] စင်စစ်မှာကား "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ကမ္ဘာမြေတစ်ခုလုံးမှာ ထိုအရှင်မြတ်၏ လက်တစ်ဆုပ်စာပင် ရှိမည်သာမက၊ မိုးကောင်းကင်များမှာလည်း ထိုအရှင်မြတ်၏ လက်ယာလက်တော်တွင်းဝယ် လိပ်ထားလျက်ပင် ရှိကြပေမည်။ [၂] ထိုအရှင်မြတ်မှာမူကား ငင်းတို့ တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ကြသည်တို့မှ (လုံးဝ) စင်ကြယ်သန့်ရှင်းတော်မူသည့်ပြင် ထိုအရှင်မြတ်သည် (ထိုအရာတို့ထက် အတိုင်းမရှိ) မြင့်မြတ်လှတော်မူပေသတည်း။

➤➤ ကြောက်အပ်ပေသည်။ ထိုသို့သော အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံရာသည်။

[၁] အလ္လာဟ်အရှင်မြတ်အား စွန့်ပယ်၍ အခြားအချည်းနီးသော အရာများကို ဆည်းကပ်ကိုးကွယ်ခြင်းသည် အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့ခြင်း၊ မိုက်မဲခြင်းပင်။ ထိုမျှမကသေး အချို့မုဂ္ဂရစ်ကျွှားသည် တမန်တော်မြတ်အားပင် ငင်းတို့၏လမ်းစဉ်ပေါ်သို့ ရောက်ရှိလာရန်ကိုးကားခဲ့ကြ၏။ အချို့ (ရိဝါယတ်) ကျမ်းချက်များတွင် မုဂ္ဂရစ်များသည် တမန်တော်မြတ်အား ငင်းတို့၏အချည်းနီးသော အရုပ်များကို ဆည်းကပ်ကိုးကွယ်ရန် ဖိတ်ကြားခဲ့သည်ဟူ၍ လာရှိသည်။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။

[၂] အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်နှင့် လျော်ကန်သည့် ကြည်ညိုလေးစားခြင်းမျိုးကိုမူ မည်သူမျှမပြုနိုင်ပေ။ သို့ရာတွင် လူသားတို့သည် မိမိတို့အနေဖြင့် မိမိတို့၌ တာဝန်ရှိသည်နှင့်အညီ အစွမ်းရှိသမျှ ကြည်ညိုလေးစားကြရမည်သာဖြစ်သည်။ ထို မုဂ္ဂရစ်များသည် ထိုအရှင်မြတ်အား ဤမျှပင် မလေးစားခဲ့ကြပေ။

[၂] ကမ္ဘာသက်တမ်း ကုန်ဆုံး၍ ကမ္ဘာကြီးကို လက်ရှိပစ္စက္ခမှ နောင်တမလွန်ဘဝသို့ ပြောင်းလဲရန် အချိန်ကျရောက်လာသောအခါ အလ္လာဟ်အရှင်မြတ်သည် အတိုင်းမသိ ကြီးမားမြင့်မွတ်သော မိုးကောင်းကင်များကိုပင် စက္ကူပမာ လိပ်ခေါက်၍ ထားတော်မူမည်ဖြစ်သည်။ အတိုင်းမသိ ထူထည်ကြီးမားလှသော ကမ္ဘာမြေကြီးသည် ➤➤

وَنُفِخَ فِي الصُّورِ فَصَعِقَ مَن
فِي السَّمَٰوَٰتِ وَمَن فِي الْأَرْضِ
إِلَّا مَن شَآءَ اللَّهُ ۖ ثُمَّ نُفِخَ فِيهِ
أُخْرَىٰ فَإِذَا هُمْ قِيَامٌ يَنظُرُونَ ﴿٦٨﴾

وَأَشْرَقَتِ الْأَرْضُ بِنُورِ رَبِّهَا
وَوُضِعَ الْكِتَٰبُ وَجِاْىٓءَ بِالنَّبِيِّـۧنَ
وَالشُّهَدَآءِ وَقُضِىَ بَيْنَهُم
بِالْحَقِّ وَهُمْ لَا يُظْلَمُونَ ﴿٦٩﴾

၆၈။ ထိုမှတစ်ပါး တံပိုး ခရာမှုတ်သောအခါ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောသူမှတစ်ပါး မိုးကောင်းကင်များ၌ ရှိကြကုန်သောသူတို့သည်လည်း ကောင်း၊ ပထဝီမြေ၌ရှိကြကုန်သောသူတို့သည်လည်း ကောင်း၊ သတိမေ့၍ သွားကြပေမည်။ ထို့နောက် တဖန် ယင်းတံပိုးကိုမှုတ်ခဲ့ပြန်သော် ၎င်းတို့မှာ ရုတ်တရက် မတ်တပ်ရပ်လျက် ကြည့်နေကြပေမည်။ [၁]

၆၉။ ၎င်းပြင် ပထဝီမြေမှာ ၎င်းကို ဖန်ဆင်းတော်မူသောအရှင်မြတ်၏ ရောင်ခြည်တော်ကြောင့် လင်းထိန်၍သွားပေမည်။ ထို့ပြင် မှတ်တမ်းစာအုပ်များသည်လည်း (အဆင်သင့်)ထားရှိပြီး ဖြစ်ကြပေမည်။ ထိုမှတစ်ပါး နဗီတမန်တော်တို့သည်လည်းကောင်း၊ "ရှဟီဒ်" (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ကျဆုံးခဲ့ကြရသောသူ)တို့သည်လည်းကောင်း၊ (ရှေ့တော်မှောက်သို့) ရောက်လာကြရပေမည်။ ထို့ပြင် ၎င်းတို့၏ အကြားဝယ် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီး ဖြစ်ချေမည်။ သို့ရာတွင် ၎င်းတို့မှာ (အနည်းငယ်စိုးစဉ်းမျှပင်) မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။ [၂]

➤➤ အလ္လာဟ်အရှင်မြတ်၏ လက်တစ်ဆုပ်အတွင်း၌ပင် ရောက်ရှိနေပေမည်။ စကြာဝဠာကြီးတစ်ခုလုံးကို ပြောင်းလဲရန်ကိစ္စမှာ အလ္လာဟ်အရှင်မြတ်အဖို့ အသို့မျှ အခက်အခဲမရှိ။ လက်တွင်းရှိစက္ကူပမာ၊ လွယ်ကူစွာ လိပ်ခေါက်ထားတော်မူနိုင်သည်။ လက်တွင်းရှိရေပမာ လွယ်ကူစွာ မှောက်လှန်တော်မူနိုင်သည်။ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ဂုဏ်တော်များကား အတိုင်းမသိ ကြီးမားပါဘိတကား။

① အများ၊ မုဖတ်စိစိရ်များ၏ ယူဆချက်အရ ကိယာမတ်ဖြစ်သည့်အခါ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ သက်ဆိုင်ရာ ကောင်းကင်တမန်သည် တံပိုးနှစ်ကြိမ်မှုတ်မည်။ ပထမတစ်ကြိမ် တံပိုးမှုတ်လိုက်သည့်အခါ အားလုံးတို့သည် သတိလစ်သွားကြပေမည်။ ထို့နောက် အသက်ရှင်နေသူ အားလုံးတို့သည် သေသွားကြပေမည်။ သေနှင့်ပြီးဖြစ်သောသူ အားလုံးတို့၏ အသက်ဇီဝိန်များသည် မေ့မြော်သွားကြပေမည်။ ဒုတိယအကြိမ် တံပိုးမှုတ်လိုက်သည့်အခါ သူသေများ၏ အသက်ဇီဝိန်များသည် ကိုယ်ခန္ဓာများနှင့် ပြန်လည် ဆက်စပ်သွားကြပေမည်။ မေ့မြောနေသူများသည် ပြန်လည် သတိရရှိလာပေမည်။ ထိုအခါ အသီးသီး သချိုင်းများမှ ထွက်လာကြပြီးလျှင် "မဟ်ရှရ်" ခေါ် ကမ္ဘာပြန်လည်စုရုံးရာ ကွင်းပြင်ကြီး၏ အံ့ဖွယ်သရဲ မြင်ကွင်းများကို အံ့သြကြီးစွာဖြင့် ➤➤

وَوُفِّيَتْ كُلُّ نَفْسٍ مَّا عَمِلَتْ وَهُوَ أَعْلَمُ بِمَا يَفْعَلُونَ ﴿٧٠﴾

၇၀။ ထိုမှတစ်ပါး လူတိုင်းလူတိုင်းသည် မိမိတို့ကျင့်မူပြုလုပ်ခဲ့ကြသည်တို့၏အစားကို အပြည့်အစုံပေးဆပ်ခြင်းကို ခံကြရပေမည်။ အမှန်စင်စစ်သော်ကား ထိုအရှင်မြတ်သည် ၎င်းတို့ပြုလုပ်သမျှတို့ကို အသိတော်မူဆုံးပင် ဖြစ်တော်မူပေသတည်း။

وَسِيقَ الَّذِينَ كَفَرُوا إِلَىٰ جَهَنَّمَ زُمَرًا ۖ حَتَّىٰ إِذَا جَاءُوهَا فُتِحَتْ أَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ رُسُلٌ مِّنكُمْ يَتْلُونَ عَلَيْكُمْ آيَاتِ رَبِّكُمْ وَيُنذِرُونَكُمْ لِقَاءَ يَوْمِكُمْ هَٰذَا ۚ

၇၁။ စင်စစ်သော်ကား "ကာဖိရ်" သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့သည် "ဂျဟန္နမ်" ငရဲဘုံသို့ အုပ်စုလိုက် မောင်းနှင်ခြင်းကို ခံကြရပေမည်။ နောက်ဆုံးတွင် ၎င်းတို့သည် ယင်း "ဂျဟန္နမ်" ငရဲဘုံသို့ ရောက်ရှိလာခဲ့ကြသောအခါ ယင်း "ဂျဟန္နမ်" ငရဲဘုံ၏ တံခါးများသည် ဖွင့်ပေးခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ယင်း "ဂျဟန္နမ်" ငရဲဘုံကို စောင့်ကြပ်သူ (ကောင်းကင်တမန်)တို့က ၎င်းတို့အား "အသင်တို့ထံ အသင်တို့အနက်မှပင် အကြင် "ရစူလ်" တမန်တော်များ ရောက်ရှိလာခဲ့ကြသည် မဟုတ်လော၊ ထိုရစူလ်တမန်တော်များသည် အသင်တို့ ရှေ့ဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အာယတ်တော်များကိုလည်း ဖတ်ကြားခဲ့ကြလေ၏။ ထိုမှတစ်ပါး အသင်တို့အား ဤနေ့နှင့် အသင်တို့ဆုံစည်းကြရမည်ကိုလည်း သတိပေးနှိုးဆော်ကြကုန်၏။" ဟု ပြောဆိုကြပေမည်။

➢➢ ငေးငိုင်ကြည့်နေကြပေမည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ လျင်မြန်စွာ ခေါ်ဆောင် သွတ်သွင်းခြင်းကို ခံကြရပေမည်။

Ⓙ ထို့နောက် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် မိမိဂုဏ်တော်နှင့် လျော်ညီစွာ ကြွရောက်လာတော်မူပေမည်။ ထိုအခါ 'မဟ်ရှ်ရ်' ကွင်းပြင်ကြီးသည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ဖြင့် လင်းဝင်းသွားပေမည်။ မှတ်တမ်းများ အသင့်ရောက်ရှိလာပေမည်။ တမန်တော်မြတ်များနှင့် သက်ဆိုင်ရာ သက်သေများလည်း အသင့်ရောက်ရှိလာကြပေမည်။ အားလုံးတို့သည် တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူခြင်းကို ခံကြရပေမည်။ မတရားပြုမူခြင်းကို အနည်းငယ် စိုးစဉ်းမျှပင် ခံကြရမည် မဟုတ်ပေ။

قَالُوا بَلَىٰ وَلَٰكِنْ حَقَّتْ كَلِمَةُ الْعَذَابِ عَلَى الْكَافِرِينَ ﴿٧١﴾

(ထိုအခါ) ၎င်းတို့က ဟုတ်ပေသည်။ သို့ရာတွင် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အပေါ်၌ ပြစ်ဒဏ်၏ အမိန့်တော်သည် အတည်ဖြစ်ခဲ့ချေပြီ" ဟု ပြောဆို (ပြန်ကြား)ခဲ့ကြပေမည်။

قِيلَ ادْخُلُوا أَبْوَابَ جَهَنَّمَ خَالِدِينَ فِيهَا ۖ فَبِئْسَ مَثْوَى الْمُتَكَبِّرِينَ ﴿٧٢﴾

၇၂။ (ထိုရောအခါဝယ် ၎င်းတို့မှာ) အသင်တို့သည် "ဂျဟန္နမ်ငရဲဘုံ၏ တံခါးများအတွင်းသို့ အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများအဖြစ် ဝင်ရောက်ကြလေကုန်" ဟူ၍ ပြောဆိုခြင်းကို ခံကြရပေမည်။ စင်စစ်မှာကား မာန်မာန ထောင်လွှားကြကုန်သောသူတို့၏ နေထိုင်ရာဌာနသည် လွန်စွာ ဆိုးရွားလှပေသတည်း။

وَسِيقَ الَّذِينَ اتَّقَوْا رَبَّهُمْ إِلَى الْجَنَّةِ زُمَرًا ۖ حَتَّىٰ إِذَا جَاءُوهَا وَفُتِحَتْ أَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا سَلَامٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوهَا خَالِدِينَ ﴿٧٣﴾

၇၃။ ထိုမှတစ်ပါး မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ကြကုန်သူတို့မှာ "ဂျန္နတ်" သုခဘုံသို့ အုပ်စုလိုက်၊ အုပ်စုလိုက် ပို့ပေးခြင်းကို ခံကြရပေမည်။ [၁] နောက်ဆုံးတွင် ထိုသူတို့သည် ယင်း "ဂျန္နတ်" သုခဘုံသို့ ရောက်ရှိလာခဲ့ကြပေမည်။ ယင်း "ဂျန္နတ်" သုခဘုံ၏ တံခါးများသည် (ယခင်ကတည်းက) ပွင့်လျက်ရှိပေမည်။ ၎င်းနောက် ယင်း "ဂျန္နတ်" သုခဘုံကို စောင့်ကြပ်သူ (ကောင်းကင်တမန်)တို့က ၎င်းတို့အား "ချမ်းမြေ့သာယာမှုသည် အသင်တို့အပေါ်ဝယ် ကျရောက်ပါစေသတည်း။ အသင်တို့သည် စင်ကြယ်သန့်ရှင်းခဲ့ကြပြီး ဖြစ်ပေရာ ယင်း "ဂျန္နတ်" သုခဘုံသို့ အမြဲထာဝစဉ် နေထိုင်ကြရမည့်သူများအဖြစ် ဝင်ရောက်ကြလေကုန်" ဟု ပြောဆိုခဲ့ကြပေမည်။ [၂]

---

① အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကြကုန်သော မုစ်လင်မ်သူတော်စင်များသည် ကိယာမတ် နေ့တွင် ဂုဏ်အသရေရှိ ဇည့်သည်တော်များနှယ်၊ အုပ်စုလိုက်အုပ်စုလိုက် ဂျန္နတ် အမတသုခဘုံသို့ ပင့်ဖိတ်ခေါ်ဆောင်သွားခြင်းကို ခံကြရပေမည်။ "အီမာန်"ယုံကြည်မှုနှင့် 'တာက္ကဝါ' ကြောက်ရွံ့ရိုသေ ခန့်ညားမှုတွင် ➤➤

وَقَالُوا الْحَمْدُ لِلَّهِ الَّذِي صَدَقَنَا وَعْدَهُ وَأَوْرَثَنَا الْأَرْضَ نَتَبَوَّأُ مِنَ الْجَنَّةِ حَيْثُ نَشَاءُ ۚ فَنِعْمَ أَجْرُ الْعَامِلِينَ ﴿٧٤﴾

၇၄။ (ထိုရောအခါဝယ်) ထို(သူတော်စင်)တို့က ချီးမွမ်းထောပနာအပေါင်းတို့သည် အကြင် အလ္လာဟ်အရှင်မြတ်နှင့်သာသက်ဆိုင်၏။ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့နှင့်ပတ်သက်၍ မိမိထားရှိတော်မူခဲ့သောကတိကို မှန်ကန်စေတော်မူခဲ့သည့်ပြင် ဤ(“ဂျန္နတ်” သုခဘုံ၏)မြေကို ကျွန်တော်မျိုးတို့အား အမွေအဖြစ် ပိုင်ဆိုင်စေတော်မူပြီးဖြစ်ရာ ကျွန်တော်မျိုးတို့မှာ “ဂျန္နတ်” သုခဘုံတွင် မိမိတို့အလိုရှိရာ နေရာများ၌ နေထိုင်နိုင်ကြပေသည်”ဟု (ဝမ်းမြောက်စွာ) ပြောဆိုကြပေမည်။ စင်စစ်မှာကား အားထုတ်သူတို့၏ အကျိုးကျေးဇူးသည် လွန်စွာ ကောင်းမြတ်လှပေတကား။ [၁]

➢➢ အဆင့်အတန်း အမျိုးမျိုးအစားစား ရှိပေရာ၊ မုစ်လင်မ်များသည်လည်း သူ့အဆင့်နှင့်သူ အုပ်စုအသီးသီး ဖြစ်ကာ ကိုယ့်အုပ်စုနှင့်ကိုယ် ပျော်ရွှင်စွာ ဂျန္နတ်သို့ ဝင်စံမြန်းကြပေမည်။

(၂) လူလောကတွင် ဇည့်ခံမဏ္ဍပ်သို့ ကြွရောက်လာကြသော ဧည့်သည်တော်များအား သက်ဆိုင်ရာ ဇည့်ခံကြိုဆိုရေးအဖွဲ့များက ရွှင်ပြုံးသောမျက်နှာဖြင့် နူတ်ခွန်းဆက်သ၍ ခရီးဦးကြိုပြုကြသကဲ့သို့ ကိယာမတ်နေ့တွင် မုစ်လင်မ်သူတော်စင်များ ဂျန္နတ်သို့ ဝင်ကြသည့်အခါ ဂျန္နတ်မှူးများဖြစ်ကြသော ကောင်းကင်တမန်များက ခရီးဦးကြိုပြုကာ မေတ္တာပို့သကြမည်၊ နူတ်ခွန်း ဆက်သကြမည်၊ ချီးမွမ်းစကား ပြောကြားကြမည်၊ ဂျန္နတ်တွင် အမြဲထာဝစဉ် စံမြန်းကြပါကုန်ဟူ၍ ကောင်းချီးသတင်းပေးကြမည်။

(၁) မုစ်လင်မ် သူတော်စင်များသည် လူလောကတွင် ရှိနေခဲ့ကြစဉ်က တမန်တော်များမှတစ်ဆင့် အလ္လာဟ်အရှင်မြတ် ထားရှိတော်မူခဲ့သော ကတိတော်များကို ယခု ဂျန္နတ်တွင် မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် မှန်ကန်ပါဘိတကား၊ အလ္လာဟ်အရှင်မြတ်သည် ကတိတော်အတိုင်း ကျွန်တော်မျိုးတို့အား ဂျန္နတ်တွင် စံမြန်းခွင့်ပြုတော်မူလေပြီတကား၊ ကျွန်တော်မျိုးတို့သည် ဂျန္နတ်တွင် အလိုရှိရာဌာနများ၌ လွတ်လပ်စွာ နေနိုင်ကြပါပြီတကားဟု ကျေးရင့်ကာ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုကြပေမည်။ အူလိုက်သည်းလိုက် ကျေးဇူးတင်ကြပေမည်။

وَتَرَى الْمَلٰٓئِكَةَ حَآفِّيْنَ مِنْ حَوْلِ الْعَرْشِ يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ ۚ وَقُضِيَ بَيْنَهُمْ بِالْحَقِّ وَقِيْلَ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ۝٧٥

၇၅။ ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား "အရ်ရှ်" ပလ္လင်တော်၏ပတ်လည်၌ ဝန်းရံလျက် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြသည်ကို တွေ့မြင်ရပေမည်။

ထို့ပြင် ထို(လူသား)တို့၏ အကြားဝယ် တိကျမှန်ကန်စွာ (စစ်ဆေး)စီရင်ဆုံးဖြတ်ပြီး ဖြစ်ပေမည်။ ထိုမှတစ်ပါး "ချီးမွမ်းထောပနာ အပေါင်းတို့သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်သာ သက်ဆိုင်သည်" ဟူ၍ ပြောဆို (ချီးကျူးသြဘာပေး)ခြင်းကို ကြားရပေအံ့သတည်း။

အီမာန်ယုံကြည်သူကဏ္ဍ

سُورَةُ الْمُؤْمِنِ

ဤကဏ္ဍသည် 'မုအ်မင်န်' အီမာန် ယုံကြည်သူ ကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၈၅)ပါး၊ (ရကူအ်) အပိုဒ် (၉)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၁။ ဟာ၊ မီမ်။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْعَلِيْمِ ②

၂။ ဤသည် လွန်စွာ နိုင်နင်းလွမ်းမိုးတော်မူသော အလွန်တရာ အသိပညာနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင် ဖြစ်ပေသည်။

غَافِرِ الذَّنْۢبِ وَقَابِلِ التَّوْبِ شَدِيْدِ الْعِقَابِ ذِى الطَّوْلِ ؕ لَآ اِلٰهَ اِلَّا هُوَ ؕ اِلَيْهِ الْمَصِيْرُ ③

၃။ (ထိုအရှင်မြတ်သည်) ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူသောအရှင်၊ ဝန်ချတောင်းပန်ခြင်းကို သဘောတူ လက်ခံတော်မူသော အရှင်၊ ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသော အရှင်၊ စွမ်းရည်သတ္တိနှင့်ပြည့်စုံတော်မူသော (ရက်ရောစွာ ပေးကမ်းစွန့်ကြဲတော်မူသော)အရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင် ဟူ၍ အလျင်းမရှိပေ။ နောက်ဆုံး ပြန်လည်ရာစခန်း သည် ထိုအရှင်မြတ်အထံတော်၌ပင်ဖြစ်ပေသတည်း၊[၁]

---

① ဤကျမ်းဂန်မှာ သာမန်ကျမ်းဂန်မဟုတ်။ အရာရာကို နိုင်နင်းလွမ်းမိုးတော်မူသော၊ အရာရာကို အကြွင်းမဲ့ သိတော်မူသော၊ ပြစ်မှုများကို ခွင့်လွှတ်တော်မူသော၊ ဝန်ချတောင်းပန်မှုကို လက်ခံသဘောတူတော်မူသော၊ ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသော၊ အရာရာကို ပြုစွမ်းတော်မူနိုင်သော၊ အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ အားလုံးတို့သည် ➤➤

مَا يُجَٰدِلُ فِىٓ ءَايَٰتِ ٱللَّهِ إِلَّا ٱلَّذِينَ كَفَرُوا۟ فَلَا يَغُرُرْكَ تَقَلُّبُهُمْ فِى ٱلْبِلَٰدِ ﴿٤﴾

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَٱلْأَحْزَابُ مِنۢ بَعْدِهِمْ ۖ وَهَمَّتْ كُلُّ أُمَّةٍۭ بِرَسُولِهِمْ لِيَأْخُذُوهُ ۖ وَجَٰدَلُوا۟ بِٱلْبَٰطِلِ لِيُدْحِضُوا۟ بِهِ ٱلْحَقَّ فَأَخَذْتُهُمْ ۖ فَكَيْفَ كَانَ عِقَابِ ﴿٥﴾

၄။ အလ္လာဟ်အရှင်မြတ်၏ အာယတ် အမိန့်တော်များနှင့်စပ်လျဉ်း၍ "ကာဖိရ်" သွေဖည်ငြင်းပယ်သော သူတို့သည်သာလျှင် အငြင်းအခုံ ပြုလေ့ရှိကြကုန်၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) တိုင်းပြည်နိုင်ငံများတွင် ၎င်းတို့၏ လှည့်ပတ်သွားလာ လှုပ်ရှားမှုသည် အသင့်အား ဖြားယောင်းခြင်း မရှိစေရ။ [၁]

၅။ ဤသူတို့အလျင် (နဗီတမန်တော်) "နူးဟ်"၏အမျိုးသားတို့သည်လည်းကောင်း၊ ထို "နူးဟ်"၏အမျိုးသားတို့၏နောက်တွင် (ပေါက်ဖွားခဲ့သော)အုပ်စုများသည်လည်းကောင်း၊ (ရစူလ်တမန်တော်များအား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေသည်။ ထို့ပြင် အုပ်စုတိုင်းသည် မိမိတို့(ထံ ပွင့်ရောက်ခဲ့သော) ရစူလ်တမန်တော်အား ဖမ်းဆီးရန် ကြံရွယ်ခဲ့ကြသည့်ပြင် ၎င်းတို့သည် အမှားကို လက်ကိုင်ထား၍ ယင်းအမှားဖြင့် အမှန်ကို တိမ်းပါးစေအံ့သောငှာ (ရစူလ်တမန်တော်များနှင့်) အငြင်းအခုံ ပြုခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့ပေသည်။ ထို့နောက် ငါအရှင်မြတ်၏ အပြစ်ဒဏ်သည် မည်သို့ရှိခဲ့ဘိသနည်း။

➤➤ ထိုအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ကြရမည် ဖြစ်သည်။ သို့ဖြစ်ရာ ထိုသို့သော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်၍ ထိုအရှင်မြတ်၏ ကျမ်းဂန်လာ ဒေသနာတော်များကို ဦးထိပ် ပန်ဆင်ရန်သာ ရှိသည်။ ငြင်းခုံရန်အကြောင်း အလျှင်းမရှိပြီ။

① အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များနှင့် စပ်လျဉ်း၍ ကာဖိရ်များသာလျှင် အငြင်းအခုံ ပြုကြပေသည်။ ယင်းသို့ အငြင်းအခုံပြုသော ကာဖိရ်များသည် နောက်ဆုံးတွင် ပျက်စီးဆုံးရှုံးကြရမည်သာ ဖြစ်သည်။ ၎င်းတို့သည် မြို့ရွာများတွင် သွားလာလှုပ်ရှားနေကြသည်။ ဤသည်ကိုကြည့်၍ အဆင်မမှားရာ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ခေတ္တလျစ်လျူပြုထားတော် မူခြင်းသာလျှင်ဖြစ်သည်။ ၎င်းတို့သည် သွားလာလှုပ်ရှား၍ ခေတ္တခဏလောကီစည်းစိမ်များကို ခံစားကြပါစေ၊ အမှန်တရားကို ဆန့်ကျင်ရန် ကြံစည်ကြပါစေ။ ဤသည့် အဖျက်လုပ်ငန်းများတွင်ပင် နစ်မွန်း၍နေကြပါစေ။ တစ်ရက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ထိရောက်စွာ ➤➤

وَكَذٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى
الَّذِيْنَ كَفَرُوْٓا اَنَّهُمْ
اَصْحٰبُ النَّارِ ۝٦

၆။ စင်စစ်သော်ကား ဤနည်းအတိုင်းပင် "ကာဖိရ်" သွေဖည်ငြင်းပယ်သူတို့နှင့်ပတ်သက်၍ "ဧကန်အမှန် ၎င်းတို့သည် ငရဲသားများ ဖြစ်ကြသည်" ဟူသော အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် (မိန့်ကြားတော်မူခဲ့သော) အမိန့်တော်သည် အတည် ဖြစ်ခဲ့ချေပြီတကား။ [၁]

اَلَّذِيْنَ يَحْمِلُوْنَ الْعَرْشَ
وَمَنْ حَوْلَهٗ يُسَبِّحُوْنَ بِحَمْدِ
رَبِّهِمْ وَيُؤْمِنُوْنَ بِهٖ
وَيَسْتَغْفِرُوْنَ لِلَّذِيْنَ اٰمَنُوْا ۝٧

၇။ "အရ်ရှ်" ပလ္လင်တော်ကို ထမ်းဆောင်လျက် ရှိကြကုန်သော ("မလာအိကဟ်"ကောင်းကင်တမန်) တို့သည်လည်းကောင်း၊ ယင်း "အရ်ရှ်" ပလ္လင်တော်၏ ပတ်လည်ဝန်းကျင်၌ရှိကြကုန်သော ("မလာအိကဟ်" ကောင်းကင်တမန်)တို့သည်လည်းကောင်း၊ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်း ထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက် ရှိကြကုန်၏။ ထို့ပြင် ထိုကောင်းကင်တမန်တို့သည် ထိုအရှင်မြတ်အား သက်ဝင်ယုံကြည်ကြကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့သည် မုအ်မင်န် သက်ဝင်ယုံကြည်သောသူတို့အဖို့ (ဤသို့) လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားလျက်ရှိကြကုန်၏။

➤➤ အရေးယူတော်မူမည်မှာ အမှန်ပင်။ အတိတ်ခေတ် ကာဖိရ်များသည်လည်း အစပထမတွင် ဆိုးသွမ်းမိုက်မဲ နေခဲ့ကြပေသည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ အရေးယူတော်မူခြင်းကို ခံကြရပြီး မရှုမလှ ပျက်စီး ဆိတ်သုဉ်းသွားခဲ့ကြ ပေသည်။ လက်ရှိ ကာဖိရ်များသည်လည်း အချိန်မီ နောင်တမရကြပါက အတိတ်ခေတ် ကာဖိရ်များကဲ့သို့ပင် နောက်ဆုံးတွင် ပျက်စီးဆိတ်သုဉ်းသွားကြရမည်မှာ အမှန်ပင်။

၁ ကာဖိရ်အုပ်စုတိုင်းသည် မိမိတို့ထံပွင့်လာသော တမန်တော်အား အမျိုးမျိုး အနှောင့်အယှက် ပေးခဲ့ကြသည် သာမက သတ်ဖြတ်ရန်ပင် ကြံစည်ခဲ့ကြသည်။ မမှန်ကန်သော ဝါဒများဖြန့်၍ အမှန်တရားကို ပျောက်ပျက်သွားရန် ကြိုးပမ်းခဲ့ကြသည်။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အကြံအစည်၊ ကြိုးပမ်းမှုများကို ဘယ်သောအခါမှ အောင်မြင် ထမြောက်စေတော်မူခဲ့သည်မရှိ။ ၎င်းတို့သည် တမန်တော်များအား လုပ်ကြံ သတ်ဖြတ်နိုင်ရန် ဝေးစွ။ ၎င်းတို့သည်သာလျှင် ကွပ်မျက်ခြင်း ခံသွားခဲ့ကြရပေသည်။ အတိတ်ခေတ် ကာဖိရ်များ သည် မိမိတို့၏ မသမာမှုများကြောင့် ဤပစ္စက္ခတွင် ပြစ်ဒဏ်ကြီးငယ်ခံ၍ နောင်တမလွန်ဘဝတွင် ဂျဟန္နမ်ငရဲသို့ လားကြရမည်ဖြစ်သကဲ့သို့ ၎င်းတို့၏လမ်းစဉ်ကို ဖဝါးခြေထပ်လိုက်နာနေကြသော လက်ရှိ ➤➤

رَبَّنَا وَسِعْتَ كُلَّ شَيْءٍ رَّحْمَةً وَّعِلْمًا فَاغْفِرْ لِلَّذِيْنَ تَابُوْا وَاتَّبَعُوْا سَبِيْلَكَ وَقِهِمْ عَذَابَ الْجَحِيْمِ ۝٧

အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကရုဏာတော်အားဖြင့်လည်းကောင်း၊ အသိပညာအားဖြင့် လည်းကောင်း၊ ဝန်းခြုံလျက်ရှိတော်မူပါ၏။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် အကြင်သူတို့အား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။

ထိုသူတို့သည် ဝန်ချတောင်းပန်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အရှင်မြတ်၏လမ်းကိုလည်း လိုက်ကြကုန်၏။ ထိုမှတစ်ပါး အရှင်မြတ်သည် ၎င်းတို့အား "ဂျဟန္နမ်" ငရဲဘုံ၏ ပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူပါ။

رَبَّنَا وَاَدْخِلْهُمْ جَنّٰتِ عَدْنِ ِالَّتِيْ وَعَدْتَّهُمْ وَمَنْ صَلَحَ مِنْ اٰبَآئِهِمْ وَ اَزْوَاجِهِمْ وَذُرِّيّٰتِهِمْ ۭ اِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ ۝٨

၈။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ၎င်းပြင် အရှင်မြတ်သည် ထိုသူတို့အား အရှင်မြတ် ၎င်းတို့အား ကတိပြုတော်မူခဲ့သည့် အမြဲထာဝရ နေထိုင်ရအံ့သော ဥယျာဉ်များသို့လည်း ဝင်ရောက်စေတော်မူပါ။ ထို့ပြင် ထိုသူတို့၏ ဖခင်တို့ အနက်မှလည်းကောင်း၊ ထိုသူတို့၏ သား၊ မြေး၊ မြစ်တို့ အနက်မှလည်းကောင်း၊ (ဂျန္နတ်နှင့်) သင့်လျော်ကြကုန်သောသူတို့အားလည်း (ယင်း အမတ သုခဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပါ၊) ဧကန်မလွဲ အရှင်မြတ်သည်ပင် လွန်စွာနိုင်နင်းလွမ်းမိုးတော်မူသော အရှင်၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပါ၏။

➤➤ ကာဖိရ်များသည်လည်း မိမိတို့၏ ဆရာ ဆရာများကဲ့သို့ပင် နှစ်ဘဝစလုံးတွင် ဆုံးရှုံးကြရမည်မှာ အမှန်ပင်။

وَقِهِمُ السَّيِّاٰتِ ۚ وَمَنْ تَقِ
السَّيِّاٰتِ يَوْمَئِذٍ فَقَدْ
رَحِمْتَهٗ ۚ وَذٰلِكَ هُوَ الْفَوْزُ
الْعَظِيْمُ ۝٩

၉။ ထိုမှတစ်ပါး အရှင်မြတ်သည် ၎င်းတို့အား ဘေးဒုက္ခတို့မှလည်း လွတ်ကင်းစေတော်မူပါ။ စင်စစ် သော်ကား အရှင်မြတ်သည် ထိုနေ့တွင် အကြင်သူအား ဘေးဒုက္ခတို့မှ ကင်းလွတ်စေတော်မူခဲ့ပါလျှင် အရှင်မြတ်သည် အမှန်စင်စစ် ထိုသူအား သနားကရုဏာပြုတော်မူခဲ့သည်သာ စင်စစ်သော်ကား ဤသည်သာလျှင် ကြီးကျယ်မြင့်မြတ်လှစွာသော အောင်မြင်မှုတည်း။

اِنَّ الَّذِيْنَ كَفَرُوْا
يُنَادَوْنَ لَمَقْتُ اللّٰهِ اَكْبَرُ
مِنْ مَّقْتِكُمْ اَنْفُسَكُمْ
اِذْ تُدْعَوْنَ اِلَى الْاِيْمَانِ
فَتَكْفُرُوْنَ ۝١٠

၁၀။ ဧကန်စင်စစ် ("ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင်) "ကာဖိရ်" သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့သည် (ဤသို့) ဟစ်ခေါ်(ပြောဆို)ခြင်းကို ခံကြရပေမည်။ "အသင်တို့သည် (ယခု) မိမိတို့ကိုယ်ကို မုန်းတီးစက်ဆုပ်၍ နေကြသည်ထက် အသင်တို့သည် "အီမာန်" သက်ဝင်ယုံကြည်မှုသို့ ဖိတ်ခေါ်ခြင်းကို ခံခဲ့ကြရစဉ် အသင်တို့ ငြင်းပယ်ခဲ့ကြသောအခါ၌ အမှန်ပင် (အသင်တို့အား) အလ္လာဟ်အရှင်မြတ်သည်သာ ပို၍ပင် မုန်းတီးစက်ဆုပ်တော်မူခဲ့၏"။

---

① အလ္လာဟ်အရှင်မြတ်၏ ပလ္လင်တော်ကို ထမ်းဆောင်လျက်ရှိကြကုန်သော၊ ထိုပလ္လင်တော်၏ ပတ်ဝန်းကျင်၌ ရှိကြကုန်သော ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်အား အခါခပ်သိမ်း ဂုဏ်တော်မွမ်းလျက် ရှိကြကုန်၏။ ထို့သို့ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါး၌ အမြဲထာဝစဉ် ခံစားလျက် ရှိကြကုန်သော ကောင်းကင်တမန်များကပင်လျှင် အလ္လာဟ်အရှင်မြတ်ထံတော်၌ အီမာန် သက်ဝင်ယုံကြည်ကြကုန်သော မုအ်မင်န်များအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားလျက် ရှိကြကုန်၏။

ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုန် နာခံကြသည်သာ ဖြစ်ကြပေရာ ယင်းသို့ မုအ်မင်န်သူတော်စင်များအဖို့ လွတ်ငြိမ်းခွင့် လျှောက်ထားကြခြင်းမှာလည်း ထိုအရှင်မြတ်၏ ခွင့်ပြုချက်အရသာလျှင် ဖြစ်ရပေမည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မုအ်မင်န်သူတော်စင်များ၏ ဂုဏ်အင်ဒြပ်ကား အဘယ်မျှ ကြီးကဲမြင့်မြတ်သည်ကို ကောင်းစွာသိနိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်ထံတော်၌ မုအ်မင်န်များအဖို့ ကောင်းကင်တမန်များ မည်သို့မည်ပုံ ဆုပန်ကြသည့်အကြောင်း၊ ဤအာယတ်တော်များတွင် တိုတုပ် သိပ်သည်းစွာ ပါရှိပေသည်။

قَالُوْا رَبَّنَآ اَمَتَّنَا اثْنَتَيْنِ وَاَحْيَيْتَنَا اثْنَتَيْنِ فَاعْتَرَفْنَا بِذُنُوْبِنَا فَهَلْ اِلٰى خُرُوْجٍ مِّنْ سَبِيْلٍ ⑪

၁၁။ (ထိုရောအခါဝယ်) ၎င်းတို့သည် (ဤသို့) လျှောက်ထားပန်ကြားကြပေမည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား နှစ်ကြိမ်တိုင်တိုင် သူသေများအဖြစ်နှင့်ထားရှိတော်မူခဲ့ပါသည်၊ ထိုနည်းတူစွာ အရှင်မြတ်သည် နှစ်ကြိမ်တိုင်တိုင် ကျွန်တော်မျိုးတို့အား အသက်ရှင်စေတော်မူခဲ့ပါသည်။ [၁] ယခုသော်ကား ကျွန်တော်မျိုးသည် မိမိတို့၏ အပြစ်များကို ဝန်ခံကြပါပြီ။ သို့ဖြစ်ပါ၍ (ဤဒုက္ခမှ) လွတ်မြောက်ရန် နည်းလမ်း တစ်စုံတစ်ရာ ရှိပါ၏လော။

ذٰلِكُمْ بِاَنَّهٗٓ اِذَا دُعِيَ اللّٰهُ وَحْدَهٗ كَفَرْتُمْ ۚ وَاِنْ يُّشْرَكْ بِهٖ تُؤْمِنُوْا ۭ فَالْحُكْمُ لِلّٰهِ الْعَلِيِّ الْكَبِيْرِ ⑫

၁၂။ ယင်း(ကဲ့သို့ ထာဝရ ပြစ်ဒဏ်ခံကြရခြင်း)၏ အကြောင်းမှာ အလွှာဟ်အရှင်မြတ် တစ်ဆူတည်းသာ လျှင် ဟစ်ခေါ်တမ်းတခြင်း ခံရတော်မူသောအခါ၊ အသင်တို့သည် ငြင်းပယ်လေ့ရှိခဲ့ကြကုန်၏။ သို့ရာတွင် (တစ်စုံတစ်ရာကို) ထိုအရှင်မြတ်နှင့် တွဲဖက်ခိုင်းယှဉ်ပါသော် အသင်တို့သည် ယုံကြည်လက်ခံလေ့ ရှိကြကုန်၏။ သို့ဖြစ်ပေရာ (ယခုသော်) စီရင်ဆုံးဖြတ်မှု (အာဏာ)သည် လွန်စွာမြင့်မြတ်ကြီးကဲလှတော်မူသော အလွှာဟ်အရှင်မြတ်၌သာ ရှိချေသည်။

---

① ကာဖိရ်များသည် လူ့လောကဌ ရှိနေခဲ့ကြစဉ် သေပြီးနောက် ပြန်လည်ရှင်ထကြရမည်ဟူသော အချက်ကို ငြင်းပယ်ခဲ့ကြသည်။ ကိယာမတ်နေ့တွင် ပြန်လည်ရှင်ထကြရသည်ကို မိမိတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ မိမိတို့၏အမှားကို ဝန်ခံပြောဆိုကြပေမည်။

ဤအာယတ်တော်တွင် ပါရှိသော သေခြင်းနှစ်ရပ်၊ ရှင်ခြင်းနှစ်ရပ် ဟူသည် လူသားတို့သည် အစပထမတွင် မြေ၊ သို့မဟုတ် သုတ်ရည်ဘဝ၌ ရှိခဲ့ကြပေသည်။ အသေများပင် ဖြစ်ခဲ့ကြပေသည်။ ထို့နောက် အသက်ဇီဝိန် သက်ဝင်လာသောအခါ ရှင်လာခဲ့ကြပေသည်။ ထို့နောက်တစ်ဖန် သေခဲ့ကြရသည်။ ထို့နောက် ယခုတစ်ဖန် ရှင်ပြန်ထခဲ့ကြရပြီ။ ဤသည် သေခြင်းနှစ်ရပ်၊ ရှင်ခြင်းနှစ်ရပ်ပင်။ ဤသည့် သဘောကို ကုရ်အာန်ကျမ်းမြတ် (၂:၂၈)တွင်လည်း မိန့်ဆိုထားတော်မူသည်။

هُوَ الَّذِي يُرِيكُمْ آيَاتِهِ وَيُنَزِّلُ لَكُم مِّنَ السَّمَاءِ رِزْقًا ۚ وَمَا يَتَذَكَّرُ إِلَّا مَن يُنِيبُ ﴿١٣﴾

၁၃။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား မိမိသက်သေလက္ခဏာတော်များကို ပြသတော်မူ၏။ ထိုမှတစ်ပါး: ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ မိုးကောင်းကင်မှ စားနပ်ရိက္ခာကို ချပေးသနားတော်မူ၏။ သို့ရာတွင် (ထိုအရှင်မြတ်ဘက်သို့) ပြန်လှည့်သော သူသည်သာလျှင် စဉ်းစားဆင်ခြင်တရား ရယူလေ့ရှိပေသည်။ ၁

فَادْعُوا اللَّهَ مُخْلِصِينَ لَهُ الدِّينَ وَلَوْ كَرِهَ الْكَافِرُونَ ﴿١٤﴾

၁၄။ သို့ဖြစ်ပေရာ "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့သည် မနှစ်မြို့ကြောင်းသော်လည်း အသင်တို့သည် ဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အရှင်မြတ်အတွက် သန့်သန့်ပြုကြလျက် ထိုအရှင်မြတ်အားသာလျှင် တသကြလေကုန်။

رَفِيعُ الدَّرَجَاتِ ذُو الْعَرْشِ يُلْقِي الرُّوحَ مِنْ أَمْرِهِ عَلَىٰ مَن يَشَاءُ مِنْ عِبَادِهِ لِيُنذِرَ يَوْمَ التَّلَاقِ ﴿١٥﴾

၁၅။ (ထိုအရှင်မြတ်သည်) ဂုဏ်ရည်အဆင့်အတန်းများကို မြှင့်ပေးတော်မူသော မြင့်မြတ်သော ဂုဏ်ရည်အဆင့်အတန်းများနှင့် ပြည့်စုံတော်မူသော "အရ်ရှ်" ပလ္လင်တော်ကို စိုးပိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် "ဝဟ်ယ်" ထုတ်ပြန်ချက်တည်းဟူသော မိမိအမိန့်တော်ကို မိမိကျွန်တို့အနက်မှ မိမိအလိုရှိတော်မူသောသူ၏ အပေါ်ဝယ် ချပေးတော်မူ၏။ (ယင်းသို့ ချပေးတော်မူခြင်းမှာ) ထိုကျွန်သည် စုရုံးမည့်နေ့ (ဝါ) "ကိယာမတ်" ရှင်ပြန်ထမည့်နေ့နှင့်စပ်လျဉ်း၍ (လူတို့အား) သတိပေးနှိုးဆော်အံ့သောငှာ ဖြစ်ပေသည်။

---

① အလ္လာဟ်အရှင်မြတ်သည် မိမိတစ်ပါးတည်း ရှိတော်မူကြောင်း၊ မိမိသည် အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူကြောင်းနှင့် စပ်လျဉ်း၍ လူသားတို့အား အရာရာတွင် သက်သေလက္ခဏာများကို ပြထားတော်မူသည်။ လူသားသည် ယုတ်စွအဆုံး နေ့စဉ်နှင့်အမျှ မိမိမှီဝဲစားသုံးနေသော အစာအာဟာရကိုပင် စေ့စေ့ငင စဉ်းစားဆင်ခြင်ပါက ဤပြဿနာကို အလွယ်တကူ နားလည်သဘောပေါက်နိုင်ယေသည်။ သို့ရာတွင် အချို့လူသားသည် သို့ စဉ်းစားဆင်ခြင်ရန် ဝေးစွ၊ မေ့မှား၍မျှ အိပ်မက်တွင်မျှ မမြင်မက်ခဲ့ပေ။ ဤသို့ မိမိ၏အာရုံအရပ်ရပ်ကို ➤➤

يَوْمَ هُم بَٰرِزُونَ ۖ لَا يَخْفَىٰ عَلَى ٱللَّهِ مِنْهُمْ شَىْءٌ ۗ لِّمَنِ ٱلْمُلْكُ ٱلْيَوْمَ ۖ لِلَّهِ ٱلْوَٰحِدِ ٱلْقَهَّارِ ﴿١٦﴾

၁၆။ အကြင်နေ့တွင် ၎င်းတို့သည် (မိမိတို့၏ သခ်ိုင်းများအတွင်းမှ ထိုအရှင်မြတ်၏)ရှေ့တော်မှောက်သို့ ထွက်လာကြရပေမည်။ (ထိုနေ့တွင်) ၎င်းတို့နှင့် ပတ်သက်၍ မည်သည့်တစ်စုံတစ်ရာမျှပင် အလွှာဟ် အရှင်မြတ်၌ ဖုံးကွယ်၍ နေမည်မဟုတ်ပေ။ (ထိုနေ့တွင် ထိုအရှင်မြတ်က) "စိုးမိုးအုပ်ချုပ်သည့် အာဏာသည် ယနေ့ မည်သူ၌ ရှိချေသနည်း"(ဟု မိန့်ကြားတော်မူပေမည်။ တဖန် မိမိကိုယ်တော်တိုင်) တစ်ဆူတည်းဖြစ်တော်မူသော၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အလွှာဟ်အရှင်မြတ်၌သာရှိသည် (ဟု မိန့်ကြားတော်မူပေမည်)။ [၁]

ٱلْيَوْمَ تُجْزَىٰ كُلُّ نَفْسٍۭ بِمَا كَسَبَتْ ۚ لَا ظُلْمَ ٱلْيَوْمَ ۚ إِنَّ ٱللَّهَ سَرِيعُ ٱلْحِسَابِ ﴿١٧﴾

၁၇။ ယနေ့သော်ကား လူတိုင်းလူတိုင်းသည် မိမိတို့ရွာဖွေဆည်းပူးခဲ့သမျှနှင့်စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရပေမည်။ ယနေ့ မတရားပြုလုပ်မှုဟူ၍ကား အလျင်းမရှိပြီ။ ဧကန်အမှန် အလွှာဟ်အရှင်မြတ် သည် လျင်မြန်စွာ စောကြောစစ်ဆေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ အဖက်ဖက်မှပိတ်ထားသော လူသားသည် အလွှာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို အသိုလျှင် မြင်နိုင်အုံ့နည်း။ အမှန်မှာ အလွှာဟ်အရှင်မြတ် ဘက်တော်သို့ ပြန်လှည့်သော၊ အာရုံပြုသော သူများသာလျှင် စဉ်းစားဆင်ခြင် တရားမြင်ကြပေသည်။

① အမှန်မှာ စိုးမိုးအုပ်ချုပ်မှု အာဏာသည် လက်ရှိ ဤပစ္စက္ခတွင်လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ အခါခပ်သိမ်း အလွှာဟ်အရှင်မြတ် တစ်ပါးတည်း၌သာ ရှိသည်။ ဤပစ္စက္ခတွင် မုချမဟုတ်သည့်တိုင် ဥပစာအားဖြင့် ငါ့အိမ်၊ ငါ့အိုး၊ ငါ့မင်း၊ ငါ့ချင်းဟု ပြောဆိုဝင့်ဝါသူများ ရှိကြသော်လည်း၊ ကိယာမတ်နေ့တွင်မူ ဥပစာအားဖြင့်ပင်လျှင် ပြောဆိုဝင့်ဝါနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှပင် ရှိမည်မဟုတ်ပေ။ ခပ်သိမ်းကုန်သော စိုးမိုးအုပ်ချုပ်မှု အာဏာသည် အလွှာဟ်အရှင်မြတ် တစ်ပါးတည်း၌သာ တည်ရှိပေမည်။ အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်၏ ရှေ့တော်မှောက်တွင် ပျပ်ဝပ်ရိုကျိုးလျက် ရှိကြပေမည်။

وَأَنْذِرْهُمْ يَوْمَ الْآزِفَةِ إِذِ الْقُلُوبُ لَدَى الْحَنَاجِرِ كَاظِمِينَ ۚ مَا لِلظَّالِمِينَ مِنْ حَمِيمٍ وَلَا شَفِيعٍ يُطَاعُ ﴿١٨﴾

၁၈။ ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား နီးကပ်၍လာအံ့သော(ကိယာမတ်) နေ့နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ထိုရောအခါဝယ် စိတ်နှလုံးများမှာ လွန်စွာ ပူဆွေးသောကကို ချုပ်တည်းမျိုသိပ်လျက် လည်မျိုများသို့ ဆို့၍ လာကြပေမည်။

(ထိုနေ့တွင်) မတရားကျူးလွန်သူတို့၌ ရင်းနှီးသော မိတ်ဆွေဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။ ဩဇာညောင်းသော ကြားဝင်အသနားခံပေးအံ့သော သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေ။

يَعْلَمُ خَائِنَةَ الْأَعْيُنِ وَمَا تُخْفِي الصُّدُورُ ﴿١٩﴾

၁၉။ ထိုအရှင်မြတ်သည် မျက်စိများ၏ သစ္စာဖောက်မှု ခိုးဝှက်မှုကိုလည်းကောင်း၊ စိတ်နှလုံးများက လျှို့ဝှက်ထားရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူ၏။

وَاللَّهُ يَقْضِي بِالْحَقِّ ۖ وَالَّذِينَ يَدْعُونَ مِنْ دُونِهِ لَا يَقْضُونَ بِشَيْءٍ ۗ إِنَّ اللَّهَ هُوَ السَّمِيعُ الْبَصِيرُ ﴿٢٠﴾

၂၀။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူပေမည်။ သို့ရာတွင် ထိုအရှင်မြတ်အား စွန့်၍လည်းကောင်း၊ ("ကာဖိရ်" သွေဖည်ငြင်းပယ်သောသူ)တို့ဟစ်ခေါ် တသကြကုန်သော (၎င်းတို့၏) ကိုးကွယ်ရာတို့မှာမူကား မည်သို့မျှ စီရင်ဆုံးဖြတ်နိုင်ကြမည် မဟုတ်ပေ။

ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ မြင်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

أَوَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَيَنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلَّذِينَ كَانُوا۟ مِن قَبْلِهِمْ ۖ كَانُوا۟ هُمْ أَشَدَّ مِنْهُمْ قُوَّةً وَءَاثَارًا فِى ٱلْأَرْضِ فَأَخَذَهُمُ ٱللَّهُ بِذُنُوبِهِمْ ۖ وَمَا كَانَ لَهُم مِّنَ ٱللَّهِ مِن وَاقٍ ﴿٢١﴾

၂၁။ ထိုသူတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာခြင်း မပြုခဲ့ကြလေသလော၊ သို့ပြုခဲ့ကြလျှင်၊ ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ဘူးကြသောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို မြင်ကြရပေမည်။

ထိုရှေးသူဟောင်းတို့သည် ထိုသူတို့ထက်ပင် သူရဿတ္တိ၊ ခွန်အားဗလအားဖြင့်လည်းကောင်း၊ ပထဝီမြေဝယ် ချန်ရစ်ခဲ့ကြသော ခြေရာလက်ရာအားဖြင့် လည်းကောင်း၊ ပိုမို ထူးကဲသူများ ဖြစ်ခဲ့ကြပေသည်။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ၎င်းတို့၏ ပြစ်မှုဒုစရိုက်တို့ကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ၎င်းတို့၌ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ လွတ်မြောက်စေမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိခဲ့ပေ။ [၁]

ذَٰلِكَ بِأَنَّهُمْ كَانَت تَّأْتِيهِمْ رُسُلُهُم بِٱلْبَيِّنَٰتِ فَكَفَرُوا۟ فَأَخَذَهُمُ ٱللَّهُ ۖ إِنَّهُۥ قَوِىٌّ شَدِيدُ ٱلْعِقَابِ ﴿٢٢﴾

၂၂။ ထိုသို့ (ဖမ်းဆီး ကွပ်မျက်ခြင်းခံခဲ့ကြရသည်မှာ) ၎င်းတို့၏ရှုလ်တမန်တော်များသည် ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓက အထောက်အထားများ ဆောင်ယူခဲ့လေ့ ရှိကြသော်လည်း၊ ၎င်းတို့မှာမူကား ငြင်းပယ်လျက်ပင် ရှိခဲ့ကြသောကြောင့် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အလွန်တရာ ခွန်အားဗလနှင့် ပြည့်စုံတော်မူသော ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

---

① (ကုဖ်ရ်) သွေဖည်မှု (ရှရစ်က်) ယှဉ်တွဲ ကိုးကွယ်မှုများ၏ ပြစ်ဒဏ်များမှာ မည်ရွေ့မည်မျှ ကြီးလေးသည်များကို ကြားနာရပြီးသည့်နောက်သော်မှပင် အမှုမဲ့ အမှတ်မဲ့နေကြသော ကာဖိရ်၊ မုရှ်ရစ်က်များသည် ကမ္ဘာတွင်လှည့်လည်၍ လေ့လာဆည်းပူးကြပါက ၎င်းတို့အလျင် အတိတ်ခေတ်များ၌ အဘက်ဘက်တွင် ၎င်းတို့ထက်သာခဲ့ကြသော ကာဖိရ်၊မုရှ်ရစ်က်တို့သည်ပင် သက်ဆိုင်ရာတမန်တော်များ၏ ဒေသနာတော်များကို သွေဖည်ငြင်းဆန်ခဲ့ကြ ➤➤

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَا وَسُلْطٰنٍ مُّبِيْنٍ ﴿٢٣﴾

၂၃။ ထို့ပြင် မလွဲဧကန် ငါအရှင်မြတ်သည် မူစာအား ငါအရှင်မြတ်၏ အမိန့်ပညတ်တော်များအပြင် ထင်ရှားစွာသော သက်သေ လက္ခဏာတော်နှင့်တကွ စေလွှတ်တော်မူခဲ့၏။

اِلٰى فِرْعَوْنَ وَهَامٰنَ وَقَارُوْنَ فَقَالُوْا سٰحِرٌ كَذَّابٌ ﴿٢٤﴾

၂၄။ "ဖစ်ရ်အောင်န်"၊ "ဟာမာန်" နှင့် "ကာရွန်" တို့ထံ။ ထိုအခါ ၎င်းတို့က (ထိုမူစာသည်) ပဉ္စလက် ဆရာတစ်ဦးသည်လည်းကောင်း၊ လွန်စွာ မုသားပြော ဆိုသူ တစ်ဦးသည်လည်းကောင်း၊ ဖြစ်သည်ဟု ပြော ဆိုခဲ့ကြ၏။

فَلَمَّا جَآءَهُمْ بِالْحَقِّ مِنْ عِنْدِنَا قَالُوا اقْتُلُوْٓا اَبْنَآءَ الَّذِيْنَ اٰمَنُوْا مَعَهٗ وَاسْتَحْيُوْا نِسَآءَهُمْ ؕ وَمَا كَيْدُ الْكٰفِرِيْنَ اِلَّا فِيْ ضَلٰلٍ ﴿٢٥﴾

၂၅။ ထို့နောက် ထိုမူစာသည် ငါအရှင်မြတ် အထံတော်မှ အမှန်တရားကိုဆောင်ယူ၍ ၎င်းတို့ထံ ရောက်ရှိ လာသောအခါ ၎င်းတို့က "အသင်တို့သည် ထို မူစာနှင့်အတူ 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ကြ၍ ၎င်းတို့၏မိန်းမတို့ကိုမူကား သတ်ဖြတ်ခြင်းမပြုဘဲ အသက်ရှင်စွာ ထားရှိကြလေကုန်"ဟု ပြောဆိုခဲ့ကြ ကုန်၏။ သို့တစေလည်း "ကာဖိရ်" သွေဖည်ငြင်းပယ် ကြလေသောသူတို့၏အကြံအစည်မှာ လွဲမှားခဲ့သည်သာ။

وَقَالَ فِرْعَوْنُ ذَرُوْنِيْٓ اَقْتُلْ مُوْسٰى وَلْيَدْعُ رَبَّهٗ ۚ اِنِّيْٓ اَخَافُ اَنْ يُّبَدِّلَ دِيْنَكُمْ

၂၆။ ထိုမှတစ်ပါး: "ဖစ်ရ်အောင်န်" သည် (ဤသို့) ပြောဆိုခဲ့လေ၏။ "အသင်တို့သည့် ငါ့အား မတားဆီး ကြကုန်လင့်။ ငါသည် မူစာအား သတ်ဖြတ်မည်။ ထို့ပြင် ထိုမူစာသည် ၎င်းကို ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်အား ဟစ်ခေါ်ပါစေ"။

➤➤ သည့်အခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကွပ်မျက်တော်မူခဲ့သည့် အတိတ်ဖြစ်ရပ်များကို တွေ့မြင်ကြရပေမည်။ လက်ရှိ ကာဖိရ်၊ မုရှ်ရစ်က်များသည် ဤသည့် အတိတ်ဖြစ်ရပ်များမှ သင်ခန်းစာ မရယူကြပါက အတိတ်ခေတ် ကာဖိရ်၊ မုရှ်ရစ်က်များကဲ့သို့ပင် ကွပ်မျက်ခြင်းခံကြရမည်မှာ အမှန်မုချပင်။ ကြည့်-ကုရ်အာန် (၃၀း၉-၁၀)။

أَوْ أَن يُظْهِرَ فِي الْأَرْضِ الْفَسَادَ ﴿٢٦﴾

(တစ်နည်း) "အသင်တို့သည် ငါ့အား မူစာကို သတ်ဖြတ်ခြင်းမှ မတားဆီးကြကုန်လင့်၊ ထိုမူစာအား လည်း ၎င်း၏အရှင်မြတ်အား ဟစ်ခေါ်(အကူအညီ တောင်းခံ)ပါစေ၊ အမှန်စင်စစ်သော်ကား ထိုမူစာသည် အသင်တို့၏သာသနာကို ပြောင်းလဲ(ဖျက်ဆီး)ပစ်မည် ကိုသော်လည်းကောင်း၊ တိုင်းပြည်၌ ပျက်စီးရာပျက်စီး ကြောင်းကို ဖြစ်ပေါ်စေမည်ကိုသော်လည်းကောင်း၊ ငါသည် စိုးရိမ်မိ၏။

وَقَالَ مُوسَىٰ إِنِّي عُذْتُ بِرَبِّي وَرَبِّكُم مِّن كُلِّ مُتَكَبِّرٍ لَّا يُؤْمِنُ بِيَوْمِ الْحِسَابِ ﴿٢٧﴾

၂၇။ သို့ရာတွင် မူစာသည် (ဤသို့) ပြောကြား ခဲ့လေ၏။ ဧကန်စင်စစ် ငါသည် စောကြော မေးမြန်း မည့်နေ့ကို သက်ဝင်ယုံကြည်ခြင်းမရှိသော ဘဝင်မြင့် မာန်မာန ထောင်လွှားသူတိုင်း(၏) ဘေးရန်ခပ်သိမ်း တို့)မှ (ကင်းလွတ်အံ့သောငှာ) ငါ့အား လည်းကောင်း၊ အသင်တို့အား လည်းကောင်း၊ (အားလုံးတို့အား) ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ အကာအကွယ်ယူထားပြီး ဖြစ်သည်။

وَقَالَ رَجُلٌ مُّؤْمِنٌ مِّنْ آلِ فِرْعَوْنَ يَكْتُمُ إِيمَانَهُ أَتَقْتُلُونَ رَجُلًا أَن يَقُولَ رَبِّيَ اللَّهُ وَقَدْ جَاءَكُم بِالْبَيِّنَاتِ مِن رَّبِّكُمْ ۖ وَإِن يَكُ كَاذِبًا فَعَلَيْهِ كَذِبُهُ ۖ وَإِن يَكُ صَادِقًا يُصِبْكُم

၂၈။ ထိုပြင် "ဖစ်ရ်အောင်န်" ၏ ဆွေမျိုးသားချင်း တို့အနက်မှ မိမိ "အီမာန်" ယုံကြည်မှုကို လျှို့ဝှက်၍ ထားရှိလေသော "မုအ်မင်န်" ယောကျ်ားတစ်ဦးက (ဤသို့)ပြောဆိုခဲ့လေ၏။ "အသင်တို့သည် လူ တစ်ယောက်အား ထိုသူက ငါ့အား ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်မှာ အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော် မူသည်"ဟု ပြောဆိုမှုကြောင့် သတ်ဖြတ်ကြမည်လော၊ အမှန်စင်စစ်သော်ကား ထိုသူသည် အသင်တို့ထံ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ ထင်ရှားစွာသော သက်သေ အထောက် အထားများကိုလည်း ယူဆောင်လာခဲ့လေ၏။

بَعْضُ الَّذِیْ یَعِدُكُمْ ؕ اِنَّ اللّٰهَ لَا یَهْدِیْ مَنْ هُوَ مُسْرِفٌ كَذَّابٌ ﴿۲۸﴾

စင်စစ်သော်ကား အကယ်၍သာ ထိုသူသည် မုသားဝါဒီဖြစ်မူ ထိုသူ၏မုသားဝါဒသည် ၎င်း၏ အပေါ်၌သာကျရောက်ပေမည်။ သို့ရာတွင် အကယ်၍ ထိုသူသည် သစ္စာဝါဒီ ဖြစ်လျှင် အသင်တို့အား ထိုသူ ကြိုတင် ဗျာဒိတ် ပေးလျက်ရှိသည်တို့အနက် (ပြစ်ဒဏ်) တစိတ်တဒေသမှာ အသင်တို့၌ သက်ရောက်မည် ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းကျူးလွန်သော လွန်စွာမုသားပြောဆိုသောသူအား တရားလမ်းမှန်ကို ညွှန်ပြတော်မူသည်မဟုတ်ပေ။ ၁

یٰقَوْمِ لَكُمُ الْمُلْكُ الْیَوْمَ ظٰهِرِیْنَ فِی الْاَرْضِ ۫ فَمَنْ یَّنْصُرُنَا مِنْۢ بَاْسِ اللّٰهِ اِنْ جَآءَنَا ؕ قَالَ

၂၉။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ ယနေ့ အသင်တို့၌ သြဇာ၊ တိကျွမ စိုးမိုးအုပ်ချုပ်မှုရှိနေ၍ အသင်တို့သည် တိုင်းပြည်အတွင်း လွှမ်းမိုးကြီးစိုးလျက်ရှိနေကြပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ အကယ်၍ ယင်းပြစ်ဒဏ်သည် ကျွန်ုပ်တို့၌ ဆိုက်ရောက်လာခဲ့သည်ရှိသော် ကျွန်ုပ်တို့အား မည်သူလွတ်မြောက်စေပါမည်နည်း။

① ဖိရ်အောင်နှ်၏မျိုးနွယ်မှ မုအ်မင်နှ်သူတော်စင်၊

ဖိရ်အောင်နှ်သည် တမန်တော်မူစာနှင့် တမန်တော်မူစာ တင်ပြနေသောဝါဒကို ဖျက်ဆီးရန် အမျိုးမျိုး ကြံစည်ခဲ့သော်လည်း မအောင်မြင်သည့်အဆုံး၌ လက်နက်အားကိုးဖြင့် တမန်တော်မူစာအား သတ်ဖြတ်ရန် ကြံးဝါးခဲ့လေသည်။ ထိုအခါ ဖိရ်အောင်နှ်၏ အမျိုးနွယ်မှပင် မိမိ၏ အီမာန်ယုံကြည်မှုကို အခြေအနေအရ လျှို့ဝှက်ထားခဲ့သော မုအ်မင်နှ် သူတော်စင်တစ်ဦးသည် မုအ်မင်နှ် တစ်ဦးပီပီ၊ မနေသာသည့်အဆုံး၌ ဖိရ်အောင်နှ်နှင့် ၎င်း၏ အမျိုးသားများအား "အသင်တို့သည် ပုဂ္ဂိုလ်တစ်ဦးအား မိမိ၏အရှင်မှာ အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူပါသည်ဟုဆိုခြင်းကြောင့် သတ်ဖြတ်ကြတော့မည်လော၊ အမှန်မှာ ထိုပုဂ္ဂိုလ်သည် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ထံတော်မှ ထင်ရှားသော သက်သေလက္ခဏာတော်များကိုလည်း ယူဆောင်လာခဲ့ချေပြီ။ အကယ်တန္တ ထိုပုဂ္ဂိုလ်သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မဟုတ်မမှန်သော စကားကိုဆိုပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအား လျစ်လျူပြုထားတော် မူမည်မဟုတ်၊ အရေးယူတော်မူမည်သာ ဖြစ်သည်။ ထိုပုဂ္ဂိုလ်အား သတ်ဖြတ်ရန်ပင်မလိုပေ။ အကယ်၍ထိုပုဂ္ဂိုလ်သည် မှန်ကန်သူဖြစ်နေပါက အသင်တို့သည် ထိုပုဂ္ဂိုလ်၏စကားကို သွေဖည်မိကြပါက အသင်တို့၌ပင် ဘေးအန္တရာယ် သက်ရောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ ထိုပုဂ္ဂိုလ်အား သွေဖည်ဆန့်ကျင်ရန်လည်းမလို၊ သတ်ဖြတ်ရန်လည်းမလို" ဟု ကျိုးကြောင်းပြကာ ဝင်ရောက်ပြောဆိုခဲ့လေသည်။

فِرْعَوْنُ مَآ اُرِيْكُمْ اِلَّا مَآ
اَرٰى وَمَآ اَهْدِيْكُمْ اِلَّا سَبِيْلَ
الرَّشَادِ ﴿٢٩﴾

(ထိုအခါ) "ဖစ်ရ်အောင်နိုက (အချင်းတို့၊) ငါသည် မိမိ ထင်မြင်ယူဆချက်ကိုသာ အသင်တို့အား အကြံပေးခြင်းဖြစ်သည်။ ထိုမှတစ်ပါး ငါသည် အသင်တို့အား သင့်လျော်မှန်ကန်သော နည်းလမ်းမှတစ်ပါး တခြားမည်သည်ကိုမှ ညွှန်ပြသည်မဟုတ်" ဟု ပြောဆိုခဲ့ပေသည်။ ①

وَقَالَ الَّذِيْٓ اٰمَنَ يٰقَوْمِ
اِنِّيْٓ اَخَافُ عَلَيْكُمْ مِّثْلَ
يَوْمِ الْاَحْزَابِ ﴿٣٠﴾

၃၀။ ထိုမှတစ်ပါး (ထို)"မုအ်မင်န်" သက်ဝင်ယုံကြည်သူသည် (ဤသို့) ပြောကြားခဲ့ပြန်လေ၏။ အို-ကျွန်ုပ်၏ အမျိုးသားတို့၊ ဧကန်စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ်၌(ရှေးအထက်ကျော်ကာလက) ဘာသာဝင် အုပ်စုများနည်းတူ (ဆိုးရွားသော)နေ့(ဆိုက်ရောက်လာမည်)ကို စိုးရိမ်မိ၏။

مِثْلَ دَاْبِ قَوْمِ نُوْحٍ وَّعَادٍ
وَّثَمُوْدَ وَالَّذِيْنَ مِنْۢ
بَعْدِهِمْ ۭ وَمَا اللّٰهُ يُرِيْدُ
ظُلْمًا لِّلْعِبَادِ ﴿٣١﴾

၃၁။ (နဗီတမန်တော်) "နူးဟ်" ၏အမျိုးသားတို့၏အခြေအနေကဲ့သို့လည်းကောင်း၊ "အာဒ်" အမျိုးသားတို့အခြေအနေကဲ့သို့လည်းကောင်း၊ "ဆမူဒ်" အမျိုးသားတို့၏အခြေအနေကဲ့သို့လည်းကောင်း၊ ထိုသို့သော အမျိုးသားတို့၏ နောက်ရှိခဲ့ဘူးကြသောသူတို့၏ အခြေအနေကဲ့သို့လည်းကောင်း၊ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (မိမိ) ကျွန်တို့ အပေါ်ဝယ် မည်သို့မျှမတရား ပြုလုပ်တော်မူသည် မဟုတ်ပေ။

---

① ထိုမုအ်မင်န် သူတော်စင်က ဆက်လက်၍ "အို-ကျွန်ုပ်၏ အမျိုးသားများ၊ ယနေ့အသင်တို့သည် မိမိတို့၏ဥစ္စာဓန၊ ခြွေရံသင်းပင်း၊ စစ်သည်အင်အား ကြီးမားများပြားသည်ကိုအကြောင်းပြု၍ မာန်မာန ထောင်လွှားလျက် ရှိကြပေသည်။ အမှန်မှာ ဤသည်တို့ကို အကြောင်းပြု၍ ကြွားဝါရန်မဟုတ်။ အသင်တို့၏ ပြစ်မှုများကြောင့် နက်ဖြန် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သည် အသင်တို့၌ သက်ရောက်လာခဲ့သည်ရှိသော်၊ အသင်တို့အား မည်သူမျှ ကာကွယ်နိုင်မည်မဟုတ်ပေ။ ထိုအခါ အသင်တို့သည် ကျိုးယုတ်ရှက်ရ ပျက်စီးခြင်းကြီးမလှပျက်စီးကြရပေမည်ဟု သတိပေးခဲ့လေသည်။ ထိုအခါ ဖိရ်အောင်နိုက ငါသည် မိမိကိုယ်တိုင် လျော်ကန်သင့်မြတ်သည်ဟု ထင်မြင်ယူဆသောအရာကိုသာ အသင်တို့အားဘင်ပြခြင်းဖြစ်သည်။ ငါ့ထံမှာ အကောင်းဆုံး လမ်းစဉ်မှာ ဤသူ(တမန်တော်မူစာ)အား သတ်ဖြတ်၍ လုံးဝသန့်ရှင်းလိုက်ခြင်းပင်ဖြစ်သည်"ဟု လူမိုက်စကားပြောကြားခဲ့လေ၏။

وَيٰقَوْمِ إِنِّيٓ أَخَافُ عَلَيْكُمْ يَوْمَ التَّنَادِ ﴿٣٢﴾

၃၂။ ထိုမှတစ်ပါး အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့နှင့်ပတ်သက်၍ ဟစ်အော်မည့်နေ့(၏အပြစ်ဒဏ်)ကိုလည်းစိုးရိမ်၏။ ①

يَوْمَ تُوَلُّونَ مُدْبِرِينَ مَا لَكُم مِّنَ اللَّهِ مِنْ عَاصِمٍ ۗ وَمَن يُضْلِلِ اللَّهُ فَمَا لَهُۥ مِنْ هَادٍ ﴿٣٣﴾

၃၃။ အကြင်နေ့တွင် အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးကြပေမည်။ (ထိုနေ့တွင်) အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်၍ ကာကွယ်စောင့်ရှောက်အံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် အသင်တို့၌ ရှိလိမ့်မည်မဟုတ်ပေ။ စင်စစ်သော်ကား မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည် လမ်းမှား၌ (ဆက်လက်၍) ထားရှိတော်မူပါလျှင် ထိုသူ၌ လမ်းမှန်သို့ ပို့ပေးအံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပေ။

وَلَقَدْ جَآءَكُمْ يُوسُفُ مِن قَبْلُ بِالْبَيِّنَٰتِ فَمَا زِلْتُمْ فِى شَكٍّ مِّمَّا جَآءَكُم بِهِۦ ۖ حَتَّىٰٓ إِذَا هَلَكَ قُلْتُمْ لَن يَبْعَثَ اللَّهُ مِنۢ بَعْدِهِۦ رَسُولًا ۚ كَذَٰلِكَ يُضِلُّ اللَّهُ مَنْ هُوَ مُسْرِفٌ مُّرْتَابٌ ﴿٣٤﴾

၃၄။ ထိုမှတစ်ပါး ဧကန်မလွဲ (နဗီတမန်တော်) ယူစွဖ်သည် အသင်တို့ထံ ရှေးဦးမဆွက သက်သေအထောက်အထားများ ယူဆောင်ခဲ့လေ၏။ သို့ရာတွင် အသင်တို့သည် ထို(နဗီတမန်တော်)ယူစွဖ် ယူဆောင်ခဲ့သည်တို့နှင့်စပ်လျဉ်း၍ ဒွိဟသံသယ၌ပင် ရှိမြဲရှိနေခဲ့ကြကုန်၏။ နောက်ဆုံးတွင် အသင်တို့သည် ထို(နဗီတမန်တော်)ယူစွဖ် ကွယ်လွန်ခဲ့လေသောအခါ အလ္လာဟ်အရှင်မြတ်သည် ထို(နဗီတမန်တော်)ယူစွဖ်၏နောက်တွင် မည်သည့်ရာစုလ်တမန်တော်တပါးကိုမျှပင် အလျင်း စေလွှတ်တော်မူမည်မဟုတ်ဟု ပြောဆိုခဲ့ကြကုန်၏။ ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းကျူးလွန်သူ၊ ဒွိဟသံသယ၌ရှိနေသူအား လမ်းမှား၌ပင် ရှိနေစေတော်မူ၏။

---

① အဆိုပါမုအ်မင်၌ သူတော်စင်က ဆက်လက်၍ မိမိ၏ အမျိုးသားများအား-အကယ်၍ အသင်တို့သည် ယခုအတိုင်းပင် သွေဖည်ဆန့်ကျင်နေပါက အတိတ်ခေတ်များတွင် သက်ဆိုင်ရာ တမန်တော်များအား သွေဖည်ဆန့်ကျင်ခဲ့ကြသည့်အတွက် ပြစ်ဒဏ်သက်ရောက်သည့် နေ့ဆိုး၊ ရက်ဆိုးများနှင့် တွေ့ကြုံသွားခဲ့ကြ ➤➤

إِنَّ الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ كَبُرَ مَقْتًا عِندَ اللَّهِ وَعِندَ الَّذِينَ آمَنُوا كَذَٰلِكَ يَطْبَعُ اللَّهُ عَلَىٰ كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ ﴿٣٥﴾

၃၅။ အကြင် (စည်းကမ်းကျူးလွန်သူ၊ ဒို့ဟ သံသယ၌ရှိနေ)သူတို့သည် မိမိတို့ထံ မည်သည့် သက်သေအထောက်အထား၊ အကြောင်းပြချက် တစ်စုံတစ်ရာမျှပင် ရောက်လာခဲ့သည် မရှိဘဲလျက် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များ နှင့် စပ်လျဉ်း၍ အငြင်းအခုန် ပြုကြကုန်၏။ (ဤသည်) အလ္လာဟ်အရှင်မြတ်အထံ၌လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့၏ထံတော်၌လည်းကောင်း၊ စက်ဆုပ်မှုအားဖြင့် လွန်စွာကြီးကျယ်လှ၏။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် ဘဝင်မြင့် မာန်မာန ထောင်လွှားသူ၊ လွန်စွာ ဆိုးသွမ်းသူ၏ စိတ်နှလုံးတစ်ခုလုံးပေါ်ဝယ် တံဆိပ်ခတ်နှိပ်တော်မူပေသတည်း။

وَقَالَ فِرْعَوْنُ يَا هَامَانُ ابْنِ لِي صَرْحًا لَّعَلِّي أَبْلُغُ الْأَسْبَابَ ﴿٣٦﴾

၃၆။ ထို့နောက် "ဖစ်ရ်အောင်န်" မှာ (ဤသို့) ပြောဆိုခဲ့၏။ အို-"ဟာမာန်" ငါသည် လမ်းများသို့ ရောက်ရှိအံ့သောငှာ အသင်သည် ငါ၏အဖို့ မြင့်စွင့်သော အဆောက်အအုံတစ်ခု တည်ဆောက်လော့။

➤➤ ရသည့် အလား အသင်တို့၌လည်း ဤပစ္စက္ခ၌ပင် ထိုသို့သော နေ့ဆိုးရက်ဆိုးများ ဆိုက်ရောက်လာမည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။ အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ မတရားပြုမူရန် ရည်ရွယ်တော်မူသည်မရှိ။ လူသားတို့သည်သာလျှင် မိမိတို့ကိုယ်ကို မိမိတို့ပင် ကျူးကျော်စော်ကားလျက် ရှိကြပေသည်။ ထို့ပြင်တစ်ဝ အို-ကျွန်ုပ်၏ အမျိုးသားများ ကျွန်ုပ်သည် အသင်တို့နှင့် ပတ်သက်၍ နောင်တမလွန်ဘဝတွင် ဟစ်အော်ရမည့်နေ့၏ ပြစ်ဒဏ်ကိုလည်း အထူးပင် စိုးရိမ်မိပါသည်။ ထိုနေ့တွင် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ ကာကွယ်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရှိမည်မဟုတ်ပေဟု သတိပေးခဲ့လေသည်။

"ယောင်မွတ္တနာဒ်" ဟစ်အော်ရမည့်နေ့ဟူသည် ကိယာမတ်နေ့ကို ဆိုလိုသည်။ ဤသည်အများမှတ်စိစိရိများဓ၏ ယူဆချက်ပင်။ ရှာဟ်ဆွာဟိဗ်၏ ယူဆချက်မှာမူ ဟစ်အော်ရမည့်နေ့ဟူသည် ဖိရ်အောင်န်နှင့်တကွ ၎င်း၏နောက်လိုက်ငယ်သားများ ပင်လယ်နီတွင် နစ်မြုပ်ခြင်းခံခဲ့ကြရသည့်နေ့ကို ဆိုလိုသည်။

ကိယာမတ်နေ့တွင် တစ်ဦးနှင့်တစ်ဦး၊ အုပ်စုတစ်စုနှင့်တစ်စု ဟစ်အော်ကြမည့်အကြောင်း ကုရ်အာန် (၇:၄၃-၅၁)တွင်ပါရှိသည်။

أَسْبَابَ السَّمٰوٰتِ فَأَطَّلِعَ
إِلٰى إِلٰهِ مُوسٰى وَإِنِّي لَأَظُنُّهُ
كَاذِبًا ۚ وَكَذٰلِكَ زُيِّنَ لِفِرْعَوْنَ
سُوٓءُ عَمَلِهِۦ وَصُدَّ عَنِ السَّبِيلِ ۚ
وَمَا كَيْدُ فِرْعَوْنَ إِلَّا
فِي تَبَابٍ ﴿٣٧﴾

၃၇။ (ငါသည်) မိုးကောင်းကင်(ပေါ်တက်နိုင်ရန်) လမ်းများသို့ (တက်ရောက်နိုင်အံ့သောငှာ၊) သို့ (တက်ရောက်နိုင်ခဲ့)လျှင် ငါသည် မူစာ၏ကိုးကွယ်ရာ အရှင်မြတ်အား မြင်ပေမည်။ အမှန်စင်စစ်သော်ကား ငါသည် မူစာအား မုသားဝါဒီတစ်ဦးဟုပင် ထင်မြင်ယူဆပေသည်။ စင်စစ်သော်ကား ထိုနည်းအတိုင်းပင် "ဖစ်ရ်အောင်န်"၏အမြင်၌ ၎င်း၏ မကောင်းမှုသည် လှပ တင့်တယ်အောင် ပြုလုပ်ခြင်းခံခဲ့ရလေ၏။ ထိုမှတစ်ပါး၊ ၎င်းသည် (ဖြောင့်မှန်သော)လမ်းမှလည်း တားဆီးခြင်းခံခဲ့ရလေ၏။ အမှန်သော်ကား "ဖစ်ရ်အောင်န်"၏အကြံအစည်မှာ ပျက်စီးခဲ့သည်သာတည်း။

وَقَالَ الَّذِيٓ ءَامَنَ يٰقَوْمِ
اتَّبِعُونِ أَهْدِكُمْ سَبِيلَ
الرَّشَادِ ﴿٣٨﴾

၃၈။ ထို့ပြင် (ထို)"မုအ်မင်န်" သက်ဝင်ယုံကြည်သူသည် (ဤသို့)ပြောဆိုခဲ့လေ၏။ အို-ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ကြလေကုန်၊ ကျွန်ုပ်သည် အသင်တို့အား တရားလမ်းမှန်သို့ ပို့ဆောင်အံ့။

يٰقَوْمِ إِنَّمَا هٰذِهِ الْحَيٰوةُ
الدُّنْيَا مَتَاعٌ ۖ وَإِنَّ الْءَاخِرَةَ
هِيَ دَارُ الْقَرَارِ ﴿٣٩﴾

၃၉။ အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဤမျက်မှောက်လောကီဘဝသည် အနည်းငယ်မျှ အကျိုးကျေးဇူးခံစားမှုသာ ဖြစ်ပေသည်။ သို့ရာတွင် အာခိရတ်တမလွန်ဘဝမှာမူကား ယင်းသည်သာလျှင် ဇကန်စင်စစ် အမြဲ နေထိုင်ရန်ဌာနဖြစ်၏။

---

① ဖိရ်အောင်န်ကလည်း မိမိ၏ အမျိုးသားများအား "ငါသည် အသင်တို့အား မုန်ကန်သောလမ်းကိုသာ ညွှန်ပြနေခြင်းဖြစ်သည်" ဟု လိမ်လည်ပြောဆိုခဲ့၏။ ထိုသည့်စကားကို ချေပရန်အတွက် မုအ်မင်န်သူတော်စင်က ဖြောင့်မတ်မှန်ကန်သောလမ်းမှာ ဖိရ်အောင်န် ပြောပြသောလမ်းမဟုတ်။ အသင်တို့သည် အမှန်တကယ် ဖြောင့်မတ်မှန်ကန်သော လမ်းကိုလိုလားကြပါက ကျွန်ုပ်၏စကားကို နားထောင်ကြ။ ကျွန်ုပ်၏နောက်သို့လိုက်ကြ၊ ကျွန်ုပ်ကိုယ်တိုင် လိုက်နာကျင့်မူလျက်ရှိသော (တမန်တော်မူစာ ဟောကြားနေတော်မူသည့်) လမ်းသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော လမ်းဖြစ်သည်ဟု ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ဟောညွှန်ပြသခဲ့လေသည်။

مَنْ عَمِلَ سَيِّئَةً فَلَا يُجْزَىٰٓ إِلَّا مِثْلَهَا ۖ وَمَنْ عَمِلَ صَٰلِحًا مِّن ذَكَرٍ أَوْ أُنثَىٰ وَهُوَ مُؤْمِنٌ فَأُو۟لَٰٓئِكَ يَدْخُلُونَ ٱلْجَنَّةَ يُرْزَقُونَ فِيهَا بِغَيْرِ حِسَابٍ ﴿٤٠﴾

၄၀။ မည်သူမဆို မကောင်းမှုဒုစရိုက် တစ်စုံတစ်ရာကို ကျင့်မူခဲ့လျှင် ယင်းမကောင်းမှုနှင့် ညီမျှသည့် (ပြစ်ဒဏ်)ကိုသာ အစားပေးခြင်း ခံရပေမည်။ သို့ရာတွင် မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့မူ ထိုမှတစ်ပါး ထိုသူသည် မုအ်မင်န် သက်ဝင်ယုံကြည်သူလည်း ဖြစ်ပါမူ၊ ထိုကဲ့သို့သောသူတို့မှာ "ဂျန္နတ်" သုခဘုံသို့ ဝင်ရောက်ကြပေမည်။ ထိုသူတို့သည် ယင်း "ဂျန္နတ်" သုခဘုံတွင် ရေတွက်ခြင်းမရှိဘဲ စားနပ်ရိက္ခာကို ချီးမြှင့်ကျွေးမွေးခြင်းကို ခံကြရကုန်အံ့သတည်း။

وَيَٰقَوْمِ مَا لِىٓ أَدْعُوكُمْ إِلَى ٱلنَّجَوٰةِ وَتَدْعُونَنِىٓ إِلَى ٱلنَّارِ ﴿٤١﴾

၄၁။ သို့မှတစ်ပါး၊ အို - ကျွန်ုပ်၏ အမျိုးသားတို့၊ အသို့ပါနည်း၊ ကျွန်ုပ်သည် အသင်တို့အား (ပြစ်ဒဏ်မှ) ကင်းလွတ်ရာသို့ ဖိတ်ခေါ်နေပါသည်။ သို့သော် အသင်တို့သည်မူ ကျွန်ုပ်အား ငရဲမီးသို့ ဖိတ်ခေါ်နေကြပါသည်။

تَدْعُونَنِى لِأَكْفُرَ بِٱللَّهِ وَأُشْرِكَ بِهِۦ مَا لَيْسَ لِى بِهِۦ عِلْمٌ ۖ وَأَنَا۠ أَدْعُوكُمْ إِلَى ٱلْعَزِيزِ ٱلْغَفَّٰرِ ﴿٤٢﴾

၄၂။ အသင်တို့သည် ကျွန်ုပ်အား ကျွန်ုပ် အလွှာဟ် အရှင်မြတ်အား သွေဖည်ငြင်းပယ်ရန်လည်းကောင်း၊ ကျွန်ုပ်တွင် မည်သည့် အသိပညာ၊ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာမျှမရှိသောအရာကို ကျွန်ုပ် ထိုအရှင်မြတ်နှင့် တွဲဖက်ရှိုင်းယှဉ်ကိုးကွယ်ရန်လည်းကောင်း၊ ဖိတ်ခေါ်ကြကုန်၏။ အမှန်စင်စစ်သော်ကား ကျွန်ုပ်သည် အသင်တို့အား လွန်စွာနှိုင်နင်း၊ လွှမ်းမိုးတော်မူသော၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသော အရှင်မြတ်အထံတော်သို့ပင် ဖိတ်ခေါ်လျက်ရှိပေသည်။

لَا جَرَمَ أَنَّمَا تَدْعُونَنِي إِلَيْهِ لَيْسَ لَهُ دَعْوَةٌ فِي الدُّنْيَا وَلَا فِي الْآخِرَةِ وَأَنَّ مَرَدَّنَا إِلَى اللَّهِ وَأَنَّ الْمُسْرِفِينَ هُمْ أَصْحَابُ النَّارِ ﴿٤٣﴾

၄၃။ မချွတ်မလွဲ ကျွန်ုပ်အား၊ အသင်တို့ ဖိတ်ခေါ်နေသောအရာသည် ဤပစ္စုပ္ပန်လောကဌာန၌လည်း ဟစ်ခေါ်ဘသရန်မထိုက်ပေ။ အာခိရတ်တမလွန်ဘဝ၌လည်း ဟစ်ခေါ်တသရန်မထိုက်ပေ။ [၁] ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ ပြန်ကြရပေမည်။ ထိုမှတစ်ပါး စည်းကမ်းကျူးလွန်သောသူတို့သည် ငရဲသားများပင် ဖြစ်ကြကုန်၏။

فَسَتَذْكُرُونَ مَا أَقُولُ لَكُمْ ۚ وَأُفَوِّضُ أَمْرِي إِلَى اللَّهِ ۚ إِنَّ اللَّهَ بَصِيرٌ بِالْعِبَادِ ﴿٤٤﴾

၄၄။ စင်စစ်သော်ကား မကြာမြင့်မီ အသင်တို့သည် ကျွန်ုပ်တို့ အသင်တို့အား ပြောဆိုသောစကားများကို ပြန်လည်၍ သတိရရှိကြပေမည်။ ထို့ပြင် ကျွန်ုပ်မှာကား မိမိအရေးကိစ္စကို အလ္လာဟ်အရှင်မြတ် အထံတော်သို့ လွှဲအပ်လိုက်ပြီ။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် (မိမိ)ကျွန်တို့အား ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

فَوَقَاهُ اللَّهُ سَيِّئَاتِ مَا مَكَرُوا وَحَاقَ بِآلِ فِرْعَوْنَ سُوءُ الْعَذَابِ ﴿٤٥﴾

၄၅။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထို("မုအ်မင်န်" သက်ဝင်ယုံကြည်သူအား ၎င်းတို့ ကြံစည်ခဲ့ကြကုန်သောအကြံအစည်၏ ဘေးအန္တရာယ်တို့မှ ဖယ်ရှားပေးတော်မူခဲ့၏။ သို့ရာတွင် 'ဖစ်ရ်အောင်န်'၏ ခြွေရံသင်းပင်တို့ကိုမူကား ဆိုးယုတ်သော ပြစ်ဒဏ်သည် ဝန်းဝိုင်းခဲ့ပေသည်။

---

① ဤအာယတ်တော်၏ အလိုသဘောမှာ-အဆိုပါ မုအ်မင်န်သူတော်စင်က-မိမိ၏ အမျိုးသားများအား အသင်တို့သည် ကျွန်ုပ်အား အကြင်အရာကို ကိုးကွယ်ရန် ဖိတ်ခေါ်နေကြသည်။ အမှန်မှာ ထိုအရာသည် ဤပစ္စက္ခတွင် လောကီရေးရာ တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ ကူညီရန် ဟစ်ခေါ်တသထိုက်သည်လည်းမဟုတ်၊ နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်တစ်စုံတစ်ရာကို ကာကွယ်ဖယ်ရှားပေးရန် ဟစ်ခေါ်တသထိုက်သည်လည်းမဟုတ်။ ဆိုလိုသည်ကား အသင်တို့၏ ကိုးကွယ်ရာများသည် ဤပစ္စက္ခတွင်လည်း အသုံးမဝင်၊ နောင်တမလွန်ဘဝတွင်လည်း အသုံးမကျ၊ အချည်းနှီးမျှသာဖြစ်သည်။ အချည်းနှီးမျှသာဖြစ်သော အရာများဘက်သို့ မည်သူ့အားမျှ မဖိတ်ခေါ်ရာဟုတုံ့ပြန်ဖြေကြားခဲ့လေသည်။ ကြည့်-ထာနဝီ။

တစ်နည်း အသင်တို့၏ ကိုးကွယ်ရာများသည် ဤပစ္စက္ခတွင်လည်း တစ်ဦးတစ်ယောက်အား ➤➤

اَلنَّارُ يُعْرَضُوْنَ عَلَيْهَا غُدُوًّا
وَّعَشِيًّا ۚ وَيَوْمَ تَقُوْمُ
السَّاعَةُ ۫ اَدْخِلُوْٓا اٰلَ
فِرْعَوْنَ اَشَدَّ الْعَذَابِ ﴿٤٦﴾

၄၆။ ထိုသူတို့မှာ နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊ ငရဲမီး၏ရှေ့ဝယ် ထုတ်ဆောင်ပြသခြင်းကို ခံကြရကုန်၏။ ထိုမှတစ်ပါး၊ ကိယာမတ် အချိန် ဆိုက်ရောက်၍လာသောနေ့၌မူကား၊ အသင်တို့သည် "ဖစ်ရ်အောင်နိ"၏ခြွေရံသင်းပင်းတို့အား ပြင်းထန်လှစွာသောပြစ်ဒဏ်တွင် ဝင်ရောက်စေကြလေကုန်(ဟု အလ္လာဟ်အရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်တို့အား မိန့်တော်မူအံ့သတည်း။)

وَاِذْ يَتَحَآجُّوْنَ فِى النَّارِ
فَيَقُوْلُ الضُّعَفٰٓؤُا لِلَّذِيْنَ
اسْتَكْبَرُوْٓا اِنَّا كُنَّا لَكُمْ
تَبَعًا فَهَلْ اَنْتُمْ مُّغْنُوْنَ
عَنَّا نَصِيْبًا مِّنَ النَّارِ ﴿٤٧﴾

၄၇။ ထို့ပြင် ပြန်လည်သတိရပါလေ။ ၎င်းတို့သည် ငရဲမီး၌ အငြင်းအခုံပြုလုပ်ကြသောအခါဝယ် အောက်လက်ငယ်သားတို့က အကြီးအကဲတို့အား "ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့၏ နောက်လိုက်များပင် ဖြစ်ခဲ့ကြပေရာ၊ အသင်တို့သည် ကျွန်ုပ်တို့မှ ငရဲမီးတစ်စိတ်တစ်ဒေသကို ဖယ်ရှားပေးနိုင်ကြလေသလော" ဟုပြောဆိုကြပေမည်။

قَالَ الَّذِيْنَ اسْتَكْبَرُوْٓا اِنَّا
كُلٌّ فِيْهَآ اِنَّ اللّٰهَ قَدْ حَكَمَ
بَيْنَ الْعِبَادِ ﴿٤٨﴾

၄၈။ (ထိုအခါ) အကြီးအကဲတို့က "ဧကန်စင်စစ် ကျွန်ုပ်တို့အားလုံးတို့သည်ပင် ယင်းငရဲမီး၌ ရှိနေကြကုန်၏။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် (မိမိ) ကျွန်တို့၏အကြားဝယ် (ယတိပြတ်) စီရင်ဆုံးဖြတ်တော်မူလိုက်လေပြီ" ဟု ပြောဆိုဖြေကြား)ကြပေမည်။ ၁

➤➤ ဖိတ်ခေါ်ခဲ့သည်မရှိ။ နောင်တမလွန်ဘဝတွင်လည်း ဖိတ်ခေါ်မည်မဟုတ်။ ဆိုလိုသည်ကား အသင်တို့၏ကိုးကွယ်ရာများသည် မိမိတို့အား ကိုးကွယ်ရန် သူတစ်ပါးကို ဖိတ်ခေါ်ရန်ဝေးစွ၊ ၎င်းတို့၌ ဖိတ်ခေါ်နိုင်စွမ်းပင်မရှိဟူ၍ အချို့က အနက်ဖွင့်ကြပေသည်။

① ဆိုလိုသည်ကား-ကာဖိရ်များသည် ငရဲဘုံသို့လားကြသောအခါ ငရဲဘုံတွင် နောက်လိုက်ငရဲသားများက အကြီးအကဲများအား-လူ့လောကတွင် အသင်တို့သည် ကျွန်ုပ်တို့၏ အကြီးအကဲများ ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့အား ရှေ့ဆောင်ခဲ့ကြသည်။ အမျိုးမျိုး စေခိုင်းခဲ့ကြသည်။ ကျွန်ုပ်တို့သည်လည်း အသင်တို့စေသမျှ ခိုင်းသမျှကို လိုက်နာခဲ့ကြသည်။ သို့လိုက်နာခဲ့ကြသည့်အတွက်ကြောင့် ယခုငရဲသို့လားကြရပြီ။ သို့ဖြစ်ရာ အသင်တို့သည် မိမိတို့၏ နောက်လိုက်ငယ်သားတို့အား သနားညှာတာ ထောက်ထားသောအားဖြင့် ယခု ကျွန်ုပ်တို့ ➤➤

وَقَالَ الَّذِينَ فِي النَّارِ لِخَزَنَةِ جَهَنَّمَ ادْعُوا رَبَّكُمْ يُخَفِّفْ عَنَّا يَوْمًا مِّنَ الْعَذَابِ ﴿٤٩﴾

قَالُوا أَوَلَمْ تَكُ تَأْتِيكُمْ رُسُلُكُم بِالْبَيِّنَاتِ ۖ قَالُوا بَلَىٰ ۚ قَالُوا فَادْعُوا ۗ وَمَا دُعَاءُ الْكَافِرِينَ إِلَّا فِي ضَلَالٍ ﴿٥٠﴾

၄၉။ ထို့နောက် ငရဲမီးခဲ့ရှိကြသူ(အားလုံး)တို့သည် "ဂျဟန္နမ်" ငရဲဘုံကိုစောင့်ကြပ်သော ("မလာအိကဟ်" ကောင်းကင်တမန်)တို့အား "အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ဆုတောင်းပတ္ထနာပြုကြပါလျှင် ထိုအရှင်မြတ်သည် တစ်နေ့တလေမျှပင် ပြစ်ဒဏ်ကို ကျွန်ုပ်တို့မှ ပေါ့လျော့စေတော်မူမည်" ဟု ပြောဆို (အသနားခံ)ကြပေမည်။

၅၀။ (ထိုရောအခါဝယ်) ထိုအစောင့်အကြပ်တို့က "အသင်တို့၏ရှုလ်တမန်တော်များသည် အသင်တို့ထံ ထင်ရှားစွာသော သက်သေ လက္ခဏာတော်များကို ယူဆောင်လာလေ့ ရှိခဲ့ကြသည် မဟုတ်လော" ဟု ပြောဆို(မေးမြန်း)လေသော်၊ ၎င်းတို့က "အဘယ်ကြောင့် မဟုတ်ပါသနည်း။" (အမှန်ပင် ယူဆောင်ခဲ့ကြပေသည်)ဟု ပြောဆို(ဖြေကြား)ကြပေမည်။ (ထိုအခါ) ထိုအစောင့်အကြပ်တို့က "သို့ဖြစ်လျှင် အသင်တို့ကိုယ်တိုင်ပင် ဆုတောင်းပတ္ထနာ ပြုကြကုန်လော့။" ဟု ပြန်ကြားကြပေမည်။ စင်စစ်သော်ကား (နောင်တမလွန်ဘဝ၌) "ကာဖိရ်" သွေဖည်ငြင်းပယ်သော သူတို့၏ ဆုတောင်းပတ္ထနာသည် အချည်းနှီးပင် ဖြစ်ပေသတည်း။

➤➤ ခံစားနေကြရသော ပြစ်ဒဏ်တစ်စိတ်တစ်ဒေသကို ဖယ်ရှားပေးကြပါဟု မေတ္တာရပ်ခံကြပေမည်။ ထိုအခါ အကြီးအကဲများက-နောက်လိုက်ငယ်သားများအား-အသင်တို့သာ ငရဲလားနေကြသည်မဟုတ်၊ ငါတို့သည်လည်း ငရဲလားလျက် ရှိကြပေသည်။ အလွှာဟ်အရှင်မြတ်သည် ငါတို့အနက် လူတိုင်းလူတိုင်းနှင့်ပတ်သက်၍ ထိုက်သည့်အားလျော်စွာ စီရင်ဆုံးဖြတ်တော်မူပြီးဖြစ်သည်။ ထိုအရှင်မြတ်၏ အဆုံးအဖြတ်တွင် အပြောင်းအလဲမရှိ၊ အတည်ဖြစ်တော်မူသည်။ ယခုမူမည်သူကမျှ မည်သူ့ကိုမျှ တစ်စုံတစ်ရာ အကျိုးပြုနိုင်သည်မရှိ။ ငါတို့သည် မိမိတို့ကိုယ်တိုင် မိမိတို့ခံစားနေကြရသော ဒုက္ခကိုမျှ မဖယ်ရှားနိုင်ကြသည်ဖြစ်ရာ အသင်တို့၏ဒုက္ခကို အသို့လျှင် ဖယ်ရှားပေးနိုင်ကြအံ့နည်းဟု ဖြေကြားကြပေမည်။ ယင်းသို့ဖြင့် နောက်လိုက်ငယ်သားများသည် မိမိတို့၏ အကြီးအကဲများဘက်မှ မျှော်လင့်ချက်ကင်းသွားကြပေမည်။

إِنَّا لَنَنصُرُ رُسُلَنَا وَالَّذِينَ
آمَنُوا فِي الْحَيَاةِ الدُّنْيَا
وَيَوْمَ يَقُومُ الْأَشْهَادُ ﴿٥١﴾

၅၁။ မလွဲမသွေကန် ငါအရှင်မြတ်သည် မိမိရဏူလ် တမန်တော်တို့အားလည်းကောင်း၊ "မုအ်မင်နိ်" သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း၊ ၎င်းမျက်မှောက် လောကီဘဝ၌လည်း ကူညီစောင့်မလျက်ရှိတော်မူ၏။ သက်သေများရပ်ကြမည့် ("ကိယာမတ်" ရှင်ပြန်ထမည့်) နေ့တွင်လည်း (ကူညီစောင့်မတော်မူမည်။)

يَوْمَ لَا يَنفَعُ الظَّالِمِينَ
مَعْذِرَتُهُمْ وَلَهُمُ اللَّعْنَةُ
وَلَهُمْ سُوءُ الدَّارِ ﴿٥٢﴾

၅၂။ အကြောင်နေ့တွင် ကျူးလွန်သူတို့အား ၎င်းတို့၏ အကြောင်းပြချက်သည် အကျိုးမပေးမည်သာမက၊ ၎င်းတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည်လည်း ရှိပေမည်။ ထိုမှတစ်ပါး၊ ၎င်းတို့၌ ဆိုးရွားလှသော ဌာနလည်းရှိပေမည်။ ၃

---

① အလ္လာဟ်အရှင်မြတ်သည် မိမိ၏တမန်တော်များနှင့် အီမာန် သက်ဝင်ယုံကြည်ကြကုန်သော မုအ်မင်နိ်တို့အား ဤပစ္စက္ခတွင်လည်း စောင့်ရှောက် ကူညီတော်မူသည်သာဖြစ်သည်။ တမန်တော်များနှင့် မုအ်မင်နိ်များသည် အစွလာမ်ရေးရာများကို ဆောင်ရွက်ရာတွင် အဘယ်မျှ အနှောင့်အယှက်များနှင့် တွေ့ကြုံခဲ့ကြရလင့်ကစား နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ အကူအညီဖြင့် အောင်မြင်ကြသည်သာ ဖြစ်ပေသည်။ တမန်တော်များနှင့် မုအ်မင်နိ်များသည် အသိပညာဆိုင်ရာများတွင် လည်းကောင်း၊ ကျိုးကြောင်းပြရာများတွင် လည်းကောင်း အမြဲတစေ အောင်မြင်ခဲ့ကြသည်သာမက ရုပ်ပိုင်းဆိုင်ရာများတွင်လည်း နောက်ဆုံးတွင် ၎င်းတို့သည်သာ အောင်မြင်ခဲ့ကြသည်သာ ဖြစ်ပေသည်။ အမှန်တရားကို ဆန့်ကျင်နေသော ရန်သူများသည် တစ်ခါတစ်ရံ ခေတ္တခဏ ရေမြုပ်ပမာ အသာရရှိနေခဲ့ကြသည်ဟု ထင်မှတ်ရသော်လည်း နောက်ဆုံးတွင် ၎င်းတို့သည် ရှုံးနိမ့်ခဲ့ကြရသည်သာ ဖြစ်ပေသည်။ ဤကား အစွလာမ်သမိုင်းတွင် အထင်အရှားပင်။ ဤအာယတ်တော်တွင် ဖော်ပြပါရှိသော မုအ်မင်နိ်များဟူသည် မုအ်မင်နိ်ဂုဏ်ရည်များနှင့် ပြည့်စုံသော၊ တိကျမှန်ကန်သော မုအ်မင်နိ် အစစ်အမှန်များကိုသာ ဆိုလိုသည်။ ကြည့်-ကုရ်အာန် (၃၊၁၃၈)။

စစ်မှန်သော မုအ်မင်နိ်များ၏ ဂုဏ်ရည်များကို ကုရ်အာန်ကျမ်းမြတ်တွင် နေရာအနှံ့အပြား၌ တွေ့ရှိရပေသည်။ ဤအကြောင်းကို ကုရ်အာန် (၃၀း၄၇)တွင်လည်း မိန့်ဆိုထားတော်မူသည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်များနှင့် မုအ်မင်နိ်များအား ဤပစ္စက္ခတွင်လည်း ကူညီတော်မူ၏။ နောင်တမလွန်ဘဝတွင်လည်း ကူညီတော်မူမည်ဖြစ်၏။ ဤပစ္စက္ခတွင် ကူညီတော်မူရာ၌ သို့လော သို့သော တွေးတောစရာ ကျန်ရှိနေနိုင်သော်လည်း နောင်တမလွန်ဘဝတွင်မူ အလ္လာဟ်အရှင်မြတ်သည် တမန်တော်များနှင့် စစ်မှန်သော မုအ်မင်နိ်တို့အား ကမ္ဘာအိမ်ထောင်စုကြီး တစ်ခုလုံး၏ရှေ့မှောက်၌ ပြတ်သားထင်ရှားစွာ ကူညီတော်မူမည်ဖြစ်သည်။ မြှောက်စားတော်မူမည်ဖြစ်သည်။ အမှန်တရား၏ ရန်သူများဖြစ်ကြသော ကာဖိရ်၊ မုန်ဖ်ရုစ်ကိုသည်လည်း နောင်တမလွန်ဘဝတွင် ကမ္ဘာအိမ်ထောင်စုကြီး တစ်ခုလုံး၏ရှေ့မှောက်၌ အထင်အရှား ➤➤

وَلَقَدْ اٰتَيْنَا مُوْسَى الْهُدٰى وَاَوْرَثْنَا بَنِيْٓ اِسْرَآءِيْلَ الْكِتٰبَ ﴿٥٣﴾

၅၃။ ထို့ပြင် မလွဲမကန် ငါအရှင်မြတ်သည် "မူစာ" အား တရားလမ်းညွှန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပြီး ဖြစ်၏။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် အီစ်ရာအီလီ အမျိုးသားတို့အား ကျမ်းဂန်ကို အမွေပေးတော်မူခဲ့၏။

هُدًى وَّذِكْرٰى لِاُولِى الْاَلْبَابِ ﴿٥٤﴾

၅၄။ အသိဉာဏ်ရှိသူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ဆုံးမသြဝါဒအဖြစ်လည်းကောင်း၊

فَاصْبِرْ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّاسْتَغْفِرْ لِذَنْۢبِكَ وَسَبِّحْ بِحَمْدِ رَبِّكَ بِالْعَشِيِّ وَالْاِبْكَارِ ﴿٥٥﴾

၅၅။ သို့ဖြစ်ရပေရာ (အို-နဗီတမန်တော်) အသင်သည် သည်းခံပါလေ၊ မလွဲမကန် အလ္လာဟ်အရှင်မြတ်၏ ကတိပြုချက်သည် မှန်ကန်သော ကတိပြုချက်ပင် ဖြစ်၏။ ၎င်းပြင် အသင်သည် မိမိ၏ ချို့တဲ့မှုနှင့် စပ်လျဉ်း၍ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါလေ။ ထိုမှတစ်ပါး၊ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ညနေချမ်း၌လည်းကောင်း၊ နံနက်ယံ၌လည်းကောင်း၊ မြွက်ဆိုပါလေ။

اِنَّ الَّذِيْنَ يُجَادِلُوْنَ فِيْٓ اٰيٰتِ اللّٰهِ بِغَيْرِ سُلْطٰنٍ اَتٰىهُمْ ۙ اِنْ فِيْ صُدُوْرِهِمْ اِلَّا كِبْرٌ مَّا هُمْ بِبَالِغِيْهِ ۚ فَاسْتَعِذْ بِاللّٰهِ ۭ اِنَّهٗ هُوَ

၅၆။ ဧကန်စင်စစ် မိမိတို့ထံ မည်သည့်သက်သေအထောက်အထား တစ်စုံတစ်ရာမျှ ရောက်လာခဲ့သည် မရှိဘဲလျက်ပင် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များ၌ အငြင်းပွားလျက် ရှိကြကုန်သောသူတို့၏ စိတ်နလုံးများတွင် မာန်မာနကြီးခြင်းမှတစ်ပါး၊ အခြားတစ်စုံတစ်ရာမျှမရှိပေ။ (စင်စစ်သော်ကား) ၎င်းတို့သည်ယင်း မာန်မာနကြီးနိုင်သော အဆင့်အတန်းသို့ ရောက်ရှိနိုင်ကြမည့်သူများမဟုတ်ပြီ။

➢➢ အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရပေမည်။ ၎င်းတို့၏ မည်သည့်အကြောင်းပြချက်၊ ဆင်ခြေကန်ချက်၊ အသနားခံချက်မျှ ၎င်းတို့အား မည်သို့မျှ အကျိုးပေးမည် မဟုတ်ပေ။ ၎င်းတို့သည် ကရုဏာတော်နှင့် ဝေးခြင်းကြီးမကဝေးကာ ငရဲဘုံသို့ ထာဝစဉ်လားကြပေမည်။

السَّمِيعُ الْبَصِيرُ ﴿٥٦﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ အကာအကွယ်ပေးမှုကို တောင်းခံပါလေ။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

لَخَلْقُ السَّمٰوٰتِ وَالْأَرْضِ أَكْبَرُ مِنْ خَلْقِ النَّاسِ وَلٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٥٧﴾

၅၇။ အမှန်ပင် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းခြင်းသည် လူတို့အား ဖန်ဆင်းခြင်းထက် ပို၍ ကြီးကျယ်(ခက်ခဲလှ)ပေသည်။ သို့ရာတွင် အများဆုံးသောသူတို့မှာမူကား သိနားလည်ကြသည် မဟုတ်ပေ။ [၁]

وَمَا يَسْتَوِي الْأَعْمٰى وَالْبَصِيرُ وَالَّذِينَ آمَنُوا وَعَمِلُوا الصّٰلِحٰتِ وَلَا الْمُسِيءُ ۚ قَلِيلًا مَّا تَتَذَكَّرُونَ ﴿٥٨﴾

၅၈။ ထို့ပြင် မျက်မမြင်နှင့် စက္ခုအလင်းရသော သူတို့သည် မတူကြပြီ။ ထိုနည်းတူစွာ "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသောသူတို့နှင့် မကောင်းမှုကို ကျူးလွန်သောသူတို့သည်လည်း မတူကြပေ။ (စင်စစ်မှာကား) အသင်တို့သည် အနည်းငယ်မျှသာ ဆင်ခြင်ကြပေသည်။

---

① အထက်တွင် အချို့ကာဖိရ်များသည် အထင်ကြီးမှု၊ ဘဝင်မြင့်မှုရောဂါကြောင့် အမှန်တရားကို မနာခံကြသည့် အကြောင်းပါရှိ၏။ ယင်းသို့ မနာခံကြရာတွင် အခြားအကြောင်း တစ်ရပ်လည်းရှိသေး၏။ ထိုအကြောင်းကား သေပြီးနောက် ပြန်လည်ရှင်ထကြရမည်ကို မယုံကြည်ခြင်းပင်။ (၀၊)နောင်ရေးအတွက် ပူပန်သောက မရှိခြင်းပင်။ ထို့အတွက် ဤအာယတ်တော်တွင် ပြန်လည်ရှင်ထရမည့် အကြောင်းကိုပင် ဆက်စပ် မိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်၏ အလိုသဘောမှာ မိုးမြေကို ဖန်ဆင်းခြင်းသည် လူသားတို့အား ဖန်ဆင်းခြင်းထက် ပို၍ကြီးကျယ်သည်။ ခက်ခဲသည်။ ဤသည် အထင်အရှားပင်။ မိုးမြေများကိုလည်း အလ္လာဟ်အရှင်မြတ်ပင် ဖန်ဆင်းထားတော်မူသည်။ ဤသည်ကို ကာဖိရ်များသည်လည်း လက်ခံကြသည်။ သို့ဖြစ်ရာ အလွန်မြင့်စွင့်သော၊ ထူထည်အလွန်ကြီးမားသော မိုးမြေများကို စတင်ဖန်ဆင်းတော်မူနိုင်သော အလ္လာဟ်အရှင်မြတ်အဖို့ လူသားတို့အား ပြန်လည်ဖန်ဆင်းခြင်းမှာ အသို့လျှင် အခက်အခဲရှိနိုင်အုံးနည်း။ ပို၍ပင်လွယ်ကူမည် မဟုတ်ပါလော။ နောင်တမလွန်ဘဝ မရှိပါက ကျူးပြစ်ခံစံရမည် မဟုတ်ပါက တမန်တော်များအား စေလွှတ်၍ ဒေသနာတော်များကို ဟောကြားစေခြင်းသည် အဓိပ္ပာယ်ရှိတော့မည် မဟုတ်ပေ။ လူ့လောကတွင် လူတော်လူကောင်း ဖြစ်နေကြရန်လည်း မလိုတော့ပေ။ ဤသို့ကား အလျှင်းမဖြစ်နိုင်ပေ။

إِنَّ السَّاعَةَ لَآتِيَةٌ لَّا رَيْبَ فِيهَا وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يُؤْمِنُونَ ﴿٥٩﴾

وَقَالَ رَبُّكُمُ ادْعُونِي أَسْتَجِبْ لَكُمْ ۚ إِنَّ الَّذِينَ يَسْتَكْبِرُونَ عَنْ عِبَادَتِي سَيَدْخُلُونَ جَهَنَّمَ دَاخِرِينَ ﴿٦٠﴾

၅၉။ ဧကန်မလွဲ "ကိယာမတ်" ရှင်ပြထမည့် (အချိန်ကာလ)သည် မုချ ဆိုက်ရောက်လာတော့မည်သာ။ ယင်း "ကိယာမတ်"နှင့်စပ်လျဉ်း၍ ဩဟသံသယ အလျှင်းမရှိ။ သို့ရာတွင် မြောက်မြားစွာသော သူတို့ကား သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။

၆၀။ ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို လက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ မောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေယုတ်ညံ့စွာနှင့် "ဂျဟန္နမ်" ငရဲဘုံသို့ ဝင်ရောက်ကြကုန်အံ့သတည်း။ ၁

---

① ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း တည်ရှိတော်မူသည့်အကြောင်းနှင့် စပ်လျဉ်း၍လည်း အထောက်အထားမရှိ။ အငြင်းအခုံပြုကာ ထိုအရှင်မြတ်နှင့်တွဲဖက်၍ အခြားအရာများကို ဆည်းကပ်ကိုးကွယ်နေခဲ့ကြ၏။ ထို့အတွက် အလ္လာဟ်အရှင်မြတ်က ဤအာယတ်တော်တွင် မိမိထံတော်၌သာ ဆုပန်ကြားရမည့်အကြောင်း၊ မိမိသည် (မလိုလားအပ်သော၊ မလျော်ကန်သော ပန်ကြားချက်များမှတစ်ပါး အခြား) ဆုပန်ကြားချက်အားလုံးကို လက်ခံတော်မူမည်ဖြစ်ကြောင်း၊ မောက်မာပလွားလျှံ၍ မိမိအား သွေဖည်သူများသည် မကြာမီအတွင်း အရှက်တကွဲ အကျိုးနည်းဖြစ်ကာ ငရဲသို့လားကြရမည့်အကြောင်း မိန့်ဆို သတိပေးထားတော်မူသည်။

ကြည့်-ထာနဝီ။

လူသားတို့သည် အမှန်မှာ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံ ကျွန်များသာ ဖြစ်ကြပေသည်။ ကျွန်များသည် ကျွန်ပိုပိ မိမိတို့၏ အရှင်သခင်ထံတော်၌ ပန်ကြားရမည်သာဖြစ်သည်။ မိမိ၏ အရှင်သခင်ထံ၌ ဆုပန်ကြားခြင်းသည် ကျွန်ပီသမှုဖြစ်သည်။ ဆုမပန်ကြားခြင်းသည် မောက်မာမှုဖြစ်သည်။

ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျွန်များ၏ ပန်ကြားချက်များကို ကြားသိတော်မူကြောင်း သိရှိရပေသည်။ သို့ရာတွင် ထိုအရှင်မြတ်၌ ကြားနာတော်မူသမျှသော ပန်ကြားမှုအရပ်ရပ်ကို ချွင်းချက်မရှိ လက်ခံတော်မူရကောင်းစေ ဟူ၍လည်း တာဝန်မရှိ၊ ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိပါက-ကျော်ကန်သင့်မြတ်သော ပန်ကြားချက်များကို လက်ခံ ဖြည့်စွမ်းပေးတော်မူသည်။ ကြည့်-ကုရ်အာန်(၆း၄၁)။ အချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ် ထံတော်၌ ဆုပန်ကြားခြင်းသည် ထိုအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်မှုတစ်ရပ်ပင်။ ဆည်းကပ်ကိုးကွယ်မှုတစ်ရပ်သာမက ဆည်းကပ်ကိုးကွယ်မှု၏ဦးနှောက်(ဝါ)အချုပ်ပင်။

اَللّٰهُ الَّذِیْ جَعَلَ لَكُمُ الَّیْلَ لِتَسْكُنُوْا فِیْهِ وَالنَّهَارَ مُبْصِرًا ؕ اِنَّ اللّٰهَ لَذُوْ فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا یَشْكُرُوْنَ ﴿٦١﴾

၆၁။ အလ္လာဟ်အရှင်မြတ်သည်ပင် အကြင်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ ညဉ့်ကို ထိုညဉ့်၌အနားယူကြအံ့သောငှာ ပြုလုပ်တော်မူခဲ့သည့်ပြင်၊ နေ့ကို မြင်နိုင်စွမ်းပေးသောအရာ အဖြစ် ပြုလုပ်ထားတော်မူ၏။

ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် လူတို့အပေါ်ဝယ် အမှန်ပင် ကျေးဇူးတော်ရှင်ဖြစ်တော်မူ၏။ သို့တစေလည်း မြောက်မြားစွာသော သူတို့မှာ ကျေးဇူးတော်ကို သိတတ်ကြသည် မဟုတ်ပေ။

ذٰلِكُمُ اللّٰهُ رَبُّكُمْ خَالِقُ كُلِّ شَیْءٍ ۫ لَاۤ اِلٰهَ اِلَّا هُوَ ۫ فَاَنّٰى تُؤْفَكُوْنَ ﴿٦٢﴾

၆၂။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိချေ။ သို့ဖြစ်ပေရာ အသင်တို့သည် အဘယ်သို့ ပြန်လှည့်ခြင်းခံကြရသနည်း။

كَذٰلِكَ یُؤْفَكُ الَّذِیْنَ كَانُوْا بِاٰیٰتِ اللّٰهِ یَجْحَدُوْنَ ﴿٦٣﴾

၆၃။ ထိုနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်၏ သက်သေ လက္ခဏာတော်များကို ငြင်းပယ်လေ့ရှိခဲ့ကြသောသူတို့သည်လည်း ပြန်လှည့်ခြင်း ခံခဲ့ကြရ၏။

اَللّٰهُ الَّذِیْ جَعَلَ لَكُمُ الْاَرْضَ قَرَارًا وَّالسَّمَآءَ بِنَآءً وَّصَوَّرَكُمْ فَاَحْسَنَ صُوَرَكُمْ وَرَزَقَكُمْ مِّنَ الطَّیِّبٰتِ ؕ

၆၄။ အလ္လာဟ်အရှင်မြတ်သည်ပင် အကြင်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေကို မိုတင်း နေထိုင်ရာအဖြစ်လည်းကောင်း၊ မိုးကောင်းကင်ကို အမိုးအဖြစ်လည်းကောင်း၊ ပြုလုပ်၍ ပေးတော်မူခဲ့၏။ ထို့ပြင်ထိုအရှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကိုပြုလုပ်တော်မူခဲ့ရာ အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ကောင်းမွန်လှပစွာ ပြုလုပ်

ذَٰلِكُمُ اللَّهُ رَبُّكُمْ فَتَبَارَكَ اللَّهُ رَبُّ الْعَالَمِينَ ﴿٦٤﴾

တော်မူခဲ့၏။ ထိုမှတစ်ပါး အသင်တို့အား စင်ကြယ်ကောင်းမွန်သောအရာများကို ကျွေးမွေးတော်မူခဲ့၏၊ [၁]

ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ စင်စစ်သော်ကား စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်သည် မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံလှတော်မူ၏။

هُوَ الْحَيُّ لَا إِلَٰهَ إِلَّا هُوَ فَادْعُوهُ مُخْلِصِينَ لَهُ الدِّينَ ۗ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ ﴿٦٥﴾

၆၅။ ထိုအရှင်မြတ်သည်ပင် (အမြဲထာဝရ) ရှင်နေတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်မှုကို ထိုအရှင်မြတ်အတွက် သန့်သန့်ပြုကြလျက် ဟစ်ခေါ်တသကြလေကုန်၊ ချီးမွမ်းထောပနာအပေါင်းတို့သည် စကြာဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်သင့်ပေသတည်း။

قُلْ إِنِّي نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِنْ

၆၆။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) ဧကန်မလွဲ ငါ၏ထံသို့ ငါ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေလက္ခဏာတော်များ

---

① သက်ရှိအပေါင်းတွင် လူသား၏ပုံပန်းသဏ္ဌာန်သည် အလှဆုံးပင်ဖြစ်သည်။ ယနေ့ထက်တိုင် လူသား၏ပုံပန်းသဏ္ဌာန်ထက် အချိုးကျသော၊ ပြေပြစ်သော၊ လှပခန့်ညားသော ပုံပန်းသဏ္ဌာန်ကို မည်သည့် ပန်းချီဆရာမျှလည်း မရေးဆွဲနိုင်ခဲ့ပေ။ နောင်ကို မည်သူမျှ ပြစ္စမ်းနိုင်မည်လည်း မဟုတ်ပေ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၉၅:၄)၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည် ရှုပါကုန်။ သက်ရှိအပေါင်းတွင် လူသား၏ပုံပန်းသဏ္ဌာန်သည် အလှဆုံးဖြစ်သကဲ့သို့၊ သက်ရှိအပေါင်းတို့ မှီဝဲစားသုံးနေကြသော အစာအာဟာရများတွင်လည်း လူသားတို့ မှီဝဲစားသုံးသော အစာအာဟာရသည် အကောင်းဆုံးပင်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ပင်။

ရောက်လာခဲ့ပြီဖြစ်ရာ၊ ငါသည် အလွှာဟ်အရှင်မြတ်မှ တစ်ပါး အသင်တို့ ဟစ်ခေါ်တသကြကုန်သောသူတို့အား ဆည်းကပ်ကိုးကွယ်ခြင်းမပြုရန် တားမြစ်တော်မူခြင်းကိုခံရ၏။ ထိုမှတစ်ပါး၊ ငါသည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်ကိုသာလျှင် လိုက်နာရန် အမိန့်ပေးတော်မူခြင်းကိုခံရ၏။

دُوْنِ اللّٰهِ لَمَّا جَآءَنِيَ
الْبَيِّنٰتُ مِنْ رَّبِّيْ ۫
وَاُمِرْتُ اَنْ اُسْلِمَ لِرَبِّ
الْعٰلَمِيْنَ ﴿٦٦﴾

၆၇။ ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ကလလရေကြည်ဖြင့် ထို့နောက် သွေးခဲဖြင့်၊ ထို့နောက် ထိုအရှင်မြတ်သည် အသင်တို့အား ကလေးသူငယ်များအဖြစ် ထွက်စေတော်မူ၏။ ထို့နောက် အသင်တို့သည် မိမိတို့၏ လူလားမြောက်အရွယ်ရောက်သော အချိန်ကာလတိုင်အောင် ရောက်ရှိကြအံ့သောငှာ(အသက်ရှင်စေတော်မူ၏)။ ထို့နောက်တစ်ဖန် အသင်တို့သည် ဇရာအိုများအရွယ်သို့ ရောက်ရှိကြအံ့သောငှာ (အသက်ရှင်စေတော်မူ၏)။

هُوَ الَّذِيْ خَلَقَكُمْ مِّنْ تُرَابٍ
ثُمَّ مِنْ نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ
ثُمَّ يُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوْٓا
اَشُدَّكُمْ ثُمَّ لِتَكُوْنُوْا شُيُوْخًا ۚ
وَمِنْكُمْ مَّنْ يُّتَوَفّٰى مِنْ قَبْلُ
وَلِتَبْلُغُوْٓا اَجَلًا مُّسَمًّى وَّلَعَلَّكُمْ
تَعْقِلُوْنَ ﴿٦٧﴾

ဎင်းပြင် အသင်တို့အနက်(လူလားမြောက်ခြင်း အရွယ်သို့လည်းကောင်း၊ ဇရာအိုအရွယ်သို့လည်းကောင်း၊ မရောက်မီ) ရှေးဦးမဆွဋ်ပင် သေဆုံးကြရသူများလည်း ရှိကြပေသည်။ [၁] ထိုပြင် အသင်တို့သည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရောက်ရှိအံ့သောငှာလည်းကောင်း၊ အသင်တို့သည် သိနားလည်ကြအံ့သောငှာလည်းကောင်း၊ (ထိုအရှင်မြတ်သည် အသင်တို့အား ရွေ့ဆိုင်းထားတော်မူ၏။)

---

① အလွှာဟ်အရှင်မြတ်သည် လူသားအား ပထမမြေမှ၊ ဒုတိယ သုတ်ရည်မှ၊ တတိယ သွေးခဲမှ အဆင့်ဆင့်အဲ့ဖွယ်သရဲ ဖန်ဆင်းထားတော်မူသည်။ ဤအာယတ်တော်တွင် လူသားတို့အား မြေမှ ဖန်ဆင်းထားတော် ➤➤

هُوَ الَّذِي يُحْيِي وَيُمِيتُ ۖ فَإِذَا قَضَىٰ أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ ﴿٦٨﴾

၆၈။ ထိုအရှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ အသက်သေစေတော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည် အရေးကိစ္စတစ်စုံတစ်ရာကို ပြဋ္ဌာန်းလိုတော်မူသောအခါ ဖြစ်စေဟု မိန့်ကြားတော်မူရုံဖြင့် ယင်းအရေးကိစ္စမှာ (ချက်ချင်း) ဖြစ်ပေါ်လာလေသတည်း။

أَلَمْ تَرَ إِلَى الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ ۖ أَنَّىٰ يُصْرَفُونَ ﴿٦٩﴾

၆၉။ (အို-နဗီတမန်တော်) အသင်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များ၌ အငြင်းပွားလျက်ရှိကြသောသူတို့အား မမြင်လေသလော။ ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်သွားနေကြသနည်း။

الَّذِينَ كَذَّبُوا بِالْكِتَابِ وَبِمَا أَرْسَلْنَا بِهِ رُسُلَنَا ۖ فَسَوْفَ يَعْلَمُونَ ﴿٧٠﴾

၇၀။ အကြင်သူတို့သည် (ဤကုရ်အာန်)ကျမ်းတော်မြတ်ကိုလည်းကောင်း၊ ငါအရှင်မြတ် မိမိ ရှုလ်တမန်တော်များအား ပေး၍ စေလွှတ်တော်မူသော (အယူဝါဒ အမိန့်ပညတ်စသည်တို့)ကိုလည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မကြာမီပင် ၎င်းတို့သည် သိရှိကြရပေမည်။

إِذِ الْأَغْلَالُ فِي أَعْنَاقِهِمْ وَالسَّلَاسِلُ يُسْحَبُونَ ﴿٧١﴾

၇၁။ အကြင်အခါဝယ် ထိုသူတို့၏ လည်ကုပ်များ၌ လည်ကွင်းများနှင့် သံကြိုးများသည် ရှိနေကြပေမည်။ (ထို့ပြင်) ၎င်းတို့သည် ဒရွတ်တိုက်ဆွဲချခြင်းကို ခံကြရပေမည်၊

➢➢ မူသည်ဟူ၍ ပါရှိ၏။ အချို့အာယတ်တော်များတွင် သုတ်ရည်မှ ဖန်ဆင်းထားတော်မူသည်ဟူ၍ပါရှိ၏။ ကွဲပြားသည်မဟုတ်။ အမှန်မှာ သုတ်ရည်ကို ဖြစ်ပွားစေသည့် အစာအာဟာရများသည် မြေမှပင် ပေါက်ပွားကြသည်သာဖြစ်သည်။

လူ၏ဘဝသက်တမ်းကား အံ့မဆုံးတည်း။ လူသည် မြေမှသုတ်ရည်၊ သုတ်ရည်မှ သွေးခဲ၊ သွေးခဲမှ အသားတုံး အဆင့်ဆင့် တိုးတက်ကာ အဓိဝမ်းတွင်းမှ အံ့ဖွယ်သရဲ မွေးဖွားလာ၏။ နှနယ်သော ကလေးဖြစ်၏။ နှနယ်ရာမှ ပျိုရွယ်လာ၏။ သန်စွမ်းလာ၏။ အရွယ်ရောက်၏။ လူလားမြောက်၏။ ထို့နောက် အိုမင်းရင့်ရော်၏။ သတ်မှတ်ထားတော်မူသည့် သက်တမ်းအထိ အသက်ရှင်နေ၏။ ထို့နောက် သေဆုံးရပြန်၏။ သတ္တဝါအပေါင်းတွင် လူသည်အလှဆုံး၊ အံ့ဖွယ်ရာ အကောင်းဆုံးနှင့် အမြတ်ဆုံးဖြစ်သည်။ လူသည် မိမိ၏ဘဝသက်တမ်းကို စဉ်းစားဆင်ခြင်ပါက အလ္လာဟ်အရှင်မြတ်အား တွေ့မြင်လာမည်ပင်။ ကျေးဇူးအထူးတင်မည်ပင်။

فِي الْحَمِيمِ ثُمَّ فِي النَّارِ يُسْجَرُونَ ﴿٧٢﴾

၇၂။ ကျိုက်ကျိုက်ဆူလျက်ရှိသော ရေနွေးပူ၌။ ထို့နောက် ၎င်းတို့သည် ငရဲမီးထဲသို့ တွန်းထိုးခြင်းကို ခံကြရပေမည်။

ثُمَّ قِيلَ لَهُمْ أَيْنَ مَا كُنْتُمْ تُشْرِكُونَ ﴿٧٣﴾

၇၃။ ထို့နောက် ၎င်းတို့သည် (ဤသို့) ပြောဆို (မေးမြန်း)ခြင်းကို ခံကြရပေမည်။ အသင်တို့ တွဲဖက်နှိုင်းယှဉ်(ကိုးကွယ်)လေ့ရှိကြသော အရာများသည် အဘယ်မှာနည်း။

مِنْ دُونِ اللَّهِ ۖ قَالُوا ضَلُّوا عَنَّا بَلْ لَمْ نَكُنْ نَدْعُو مِنْ قَبْلُ شَيْئًا ۚ كَذَٰلِكَ يُضِلُّ اللَّهُ الْكَافِرِينَ ﴿٧٤﴾

၇၄။ အလ္လာဟ်အရှင်မြတ်နှင့်အတူ ၎င်းတို့က လျှောက်ထားကြပေမည်။ ၎င်းတို့မှာ ကျွန်တော်မျိုးတို့ထံမှ ပျောက်သွားကြပါပြီ။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ကျွန်တော်မျိုးသည် ယခင်က မည်သည့် တစ်စုံတစ်ရာမျှပင် *ဟစ်ခေါ်တသ (ဆည်းကပ် ကိုးကွယ်)ခြင်း မပြုခဲ့ကြပါ။* [၁] အလ္လာဟ်အရှင်မြတ်သည် ထိုနည်းအတိုင်းပင် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြသော သူတို့အား လမ်းမှားခွဲပင် နေမြဲနေစေတော်မူ၏။

ذَٰلِكُمْ بِمَا كُنْتُمْ تَفْرَحُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنْتُمْ تَمْرَحُونَ ﴿٧٥﴾

၇၅။ ထို(ပြစ်ဒဏ်ကို ခံစားကြရခြင်း)မှာ အသင်တို့သည် ကမ္ဘာလောကၭ မတရားသဖြင့် ရွှင်မြူးလျက်ရှိခဲ့ကြသောကြောင့်လည်းကောင်း၊ ဝင့်ကြွားလျက်ရှိခဲ့ကြသောကြောင့်လည်းကောင်း၊ (ခံစားကြရခြင်း) ဖြစ်၏။

---

① ကိယာမတ်နေ့တွင် ကာဖိရ်၊ မုရှ်ရစ်က်များသည် မိမိတို့ လူ့လောကၭ ရှိခဲ့ကြစဉ် အလ္လာဟ်အရှင်မြတ်မှတစ်ပါး မိမိတို့ ယှဉ်တွဲကိုးကွယ်ခဲ့ကြသော ကိုးကွယ်ရာများသည် မည်သို့မျှအသုံးမဝင်ကြောင်း၊ အချည်းနှီးမျှသာဖြစ်ကြောင်း၊ မိမိတို့သည် အချည်းနှီးသော ကိုးကွယ်မှုတွင် မိမိတို့၏ အသက်များကို ဖြုန်းတီးခဲ့ကြောင်းကို အထင်အရှားသိရှိသွားကြသောအခါ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း "ကျွန်တော်မျိုးတို့သည် ယခင်က အဘယ်တစ်စုံတစ်ရာကိုမျှ ကိုးကွယ်ခဲ့ကြသည်ပင် မဟုတ်ပါ" ဟု လျှောက်ထား၍ မိမိတို့၏ကိုးကွယ်မှု မှားယွင်းကြောင်းကို ဝန်ခံကြပေမည်။ ကြည့်-ကုရ်တုဗီ။

أُدْخُلُوٓا۟ أَبْوَٰبَ جَهَنَّمَ خَٰلِدِينَ فِيهَا ۖ فَبِئْسَ مَثْوَى ٱلْمُتَكَبِّرِينَ ﴿٧٦﴾

၇၆။ (ယခုမူကား) အသင်တို့သည် "ဂျဟန္နမ်" ငရဲဘုံ၏ တံခါးပေါက်များသို့ ယင်းဂျဟန္နမ် ငရဲဘုံ၌ အမြဲထာဝရ နေထိုင်ကြသူတို့အဖြစ် ဝင်ရောက်ကြကုန်လော့။ စင်စစ် ဘဝင်မြင့် မာန်မာန ထောင်လွှားကြကုန်သောသူတို့၏ နေထိုင်ရာဌာနမှာမူကား လွန်စွာ ဆိုးရွား လှပေသတည်း။

فَٱصْبِرْ إِنَّ وَعْدَ ٱللَّهِ حَقٌّ ۚ فَإِمَّا نُرِيَنَّكَ بَعْضَ ٱلَّذِى نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا يُرْجَعُونَ ﴿٧٧﴾

၇၇။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် သည်းခံပါလေ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်၏ ကတိပြုတော်မူချက်သည် မှန်ကန်သော ကတိပြုချက်ပင်ဖြစ်၏။ ထို့နောက် အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ် ချိန်းချက်တော်မူသည်များအနက် အချို့ကို အသင့်အား ပြသတော်မူသည်ဖြစ်စေ၊ အသင့်အား သေဆုံးစေတော်မူသည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ၊ ၎င်းတို့မှာမူကား ငါအရှင်မြတ် အထံတော်သို့ ပြန်လာကြရမည်သာတည်း။

وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ مِنْهُم مَّن قَصَصْنَا عَلَيْكَ وَمِنْهُم مَّن لَّمْ نَقْصُصْ عَلَيْكَ ۗ وَمَا كَانَ لِرَسُولٍ أَن يَأْتِىَ بِـَٔايَةٍ إِلَّا بِإِذْنِ ٱللَّهِ ۚ فَإِذَا جَآءَ أَمْرُ ٱللَّهِ قُضِىَ بِٱلْحَقِّ

၇၈။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အလျင် (မြောက်မြားစွာသော) ရာဏုလ်တမန်တော်များအား စေလွှတ်တော်မူခဲ့၏။ ၎င်းတို့အနက် အချို့သော ရာဏုလ်တမန်တော်များ၏ အတ္ထုပ္ပတ္တိကို ငါအရှင်မြတ်သည် အသင့်အား ပြောပြတော်မူခဲ့၍အချို့၏အတ္ထုပ္ပတ္တိကို ငါအရှင်မြတ်သည် အသင့်အား ပြောပြတော်မူခဲ့သည်မရှိချေ။ စင်စစ်သော်ကား၊ မည်သည့် ရာဏုလ်တမန်တော် တစ်ပါးအဖို့မျှပင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်မရှိဘဲ တန်ခိုးပြာဋိဟာ တစ်စုံတစ်ရာမျှ ပြနိုင်စွမ်းမရှိကြို။ ၁

---

① အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား တရားမမှ ဟောညွှန်ပြရန်အတွက် မြောက်မြားစွာသော တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ ယင်းတမန်တော်များအနက် အချို့တို့၏အကြောင်းကို ➤➤

وَخَسِرَ هُنَالِكَ الْمُبْطِلُونَ ﴿٧٨﴾

ထို့နောက် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ရောက်ရှိ၍လာသောအခါ၌မူကား တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီးသည့်ပြင် အမှားကို လိုက်စားသောသူတို့သည် ထိုနေရာ၌ပင် ပျက်စီး ဆုံးရှုံးခဲ့ကြအံ့သတည်း။

اَللّٰهُ الَّذِیْ جَعَلَ لَكُمُ الْاَنْعَامَ لِتَرْكَبُوْا مِنْهَا وَمِنْهَا تَاْكُلُوْنَ ﴿٧٩﴾

၇၉။ အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အဘို့ ခြေလေးချောင်းတိရစ္ဆာန်(များဖြစ်သော ကုလားအုပ်၊ နွား၊သိုး၊ ဆိတ်)တို့ကို ဖန်ဆင်းတော်မူခဲ့၏။ အသင်တို့သည် ၎င်းတို့အနက် အချို့ကို စီးနင်းကြကုန်၏။ ထို့ပြင် အသင်တို့သည် ၎င်းတို့အနက် အချို့ကို စားသုံးကြကုန်၏။

وَلَكُمْ فِيْهَا مَنَافِعُ وَلِتَبْلُغُوْا عَلَيْهَا حَاجَةً فِیْ صُدُوْرِكُمْ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُوْنَ ﴿٨٠﴾

၈၀။ ထို့ပြင် အသင်တို့အဖို့ ယင်းတိရစ္ဆာန်များ၌ များစွာသော အကျိုးကျေးဇူးများသည်လည်း ရှိကုန်၏။ ထိုမှတစ်ပါး အသင်တို့သည် ယင်းတိရစ္ဆာန်ပေါ်၌(စီးနင်းလျက်) မိမိတို့၏ စိတ်တွင်းဝယ် အလိုရှိရာသို့ ရောက်ရှိနိုင်ကြအံ့သောငှာ (ဖန်ဆင်းတော်မူခဲ့၏။) ထိုမှတစ်ပါး အသင်တို့သည် ယင်းတိရစ္ဆာန်များပေါ်၌လည်းကောင်း၊ သင်္ဘောများပေါ်၌လည်းကောင်း၊ တင်ဆောင်ခြင်းကို ခံကြရကုန်၏။

➤➤ ပြောပြထားတော်မူသည်။ အချို့တို့၏အကြောင်းကို ပြောပြထားတော်မူသည်မရှိ။ ကျွန်ုပ်တို့သည် ပွင့်လေသမျှသော အလ္လာဟ်အရှင်မြတ်၏တမန်တော်အပေါင်းတို့အား ကျွန်ုပ်တို့သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ခွဲခြားမှုအလျှင်းမထားဘဲ ယုံကြည်ကြရမည်သာ ဖြစ်သည်။ ကြည့်-ကုရ်အာန် (၂:၁၃၆)။

စကြာဝဠာအဝန်းတွင် တမန်တော်များသည် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြပေသည်။ ယင်းတမန်တော်များအနက် မည်သည့်တမန်တော်မျှပင် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ၊ "မုအ်ဂျိဇေဟ်" တန်ခိုးပြာဋိဟာ သက်သေလက္ခဏာ တစ်စုံတစ်ရာကိုမျှပင် မပြနိုင်ခဲ့ကြပေ။ ဆိုလိုသည်ကား သာမန် သတ္တဝါများကို မဆိုထားနှင့်။ တမန်တော်များသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်အား မှီခိုအားထားနေရကြရသည်သာတည်း။

وَيُرِيكُمْ اٰيٰتِهٖ ۗ فَاَيَّ اٰيٰتِ اللّٰهِ تُنْكِرُوْنَ ﴿٨١﴾

၈၁။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အသင်တို့အား မိမိသက်သေ လက္ခဏာတော်များကို ပြသတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ မည်သည့် သက်သေလက္ခဏာတော်များကို ငြင်းပယ်ကြအုံးနည်း။

اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۗ كَانُوْٓا اَكْثَرَ مِنْهُمْ وَاَشَدَّ قُوَّةً وَّاٰثَارًا فِى الْاَرْضِ فَمَآ اَغْنٰى عَنْهُمْ مَّا كَانُوْا يَكْسِبُوْنَ ﴿٨٢﴾

၈၂။ သို့ဖြစ်ပေရာ (၎င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာခြင်း မပြုခဲ့ကြလေသလော။ သို့ပြုခဲ့ကြလျှင် ၎င်းတို့သည် မိမိတို့အလျင်ရှိခဲ့ဘူးကြသောသူတို့၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံရှိခဲ့သည်ကို တွေ့မြင်ကြပေမည်။

ထိုရှေးသူဟောင်းတို့သည် ထိုသူတို့ထက်ပင် လူဦးရေများခဲ့ကြသည့်ပြင် သူရသတ္တိ၊ ခွန်အားဗလအားဖြင့်လည်းကောင်း၊ ပထဝီမြေဝယ်ချန်ရစ်ခဲ့သော ခြေရာလက်ရာများအားဖြင့် လည်းကောင်း၊ ပိုမိုထူးကဲသူများ ဖြစ်ခဲ့ကြကုန်၏။ သို့တစေလည်း ၎င်းတို့အဖို့ ၎င်းတို့ ဆည်းပူးခဲ့ကြသည်တို့သည် အသုံးမဝင် အကျိုးပေးသည် မဟုတ်ပေ။

فَلَمَّا جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ فَرِحُوْا بِمَا عِنْدَهُمْ مِّنَ الْعِلْمِ وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٨٣﴾

၈၃။ စင်စစ်သော်ကား ၎င်းတို့၏ရာဇလ်တမန်တော်များ ၎င်းတို့ထံ ထင်ရှားစွာသော သက်သေလက္ခဏာတော်များကို ယူဆောင်၍လာခဲ့ကြသောအခါ ၎င်းတို့သည် မိမိတို့ထံရှိလေသော (လောကီ)ပညာနှင့် စပ်လျဉ်း၍ မြူးတူးရွင်ပျော်၊ မော်ကြွားခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့သည် ပျက်ချော်ပြောင်လှောင်လျက်ရှိခဲ့ကြသော (ပြစ်ဒဏ်)မှာ ၎င်းတို့အား ဝန်းဝိုင်းခဲ့လေ၏။

فَلَمَّا رَأَوْا بَأْسَنَا قَالُوٓا۟ ءَامَنَّا بِاللَّهِ وَحْدَهُۥ وَكَفَرْنَا بِمَا كُنَّا بِهِۦ مُشْرِكِينَ ﴿٨٤﴾

၈၄။ ထို့နောက် ၎င်းတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို မြင်ခဲ့ကြသောအခါ "ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းကိုသာ သက်ဝင် ယုံကြည်ပါပြီ၊ ၎င်းပြင် ကျွန်တော်မျိုးတို့သည် မိမိတို့ ထိုအရှင်မြတ်နှင့် တွဲဖက်ရှိုင်းယှဉ်ကိုးကွယ်လျက် ရှိခဲ့ကြသည်တို့ကို ငြင်းပယ်ကြပါပြီ" ဟု ပြောဆိုခဲ့ကြကုန်၏။

فَلَمْ يَكُ يَنفَعُهُمْ إِيمَٰنُهُمْ لَمَّا رَأَوْا بَأْسَنَا ۖ سُنَّتَ ٱللَّهِ ٱلَّتِى قَدْ خَلَتْ فِى عِبَادِهِۦ ۖ وَخَسِرَ هُنَالِكَ ٱلْكَٰفِرُونَ ﴿٨٥﴾

၈၅။ သို့တစေလည်း ၎င်းတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို မြင်တွေ့ခဲ့ကြပြီးဖြစ်ရာ ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုသည် ၎င်းတို့အား အကျိုးပေးခဲ့သည်မဟုတ်ပေ။

(ဤသည်) အလ္လာဟ်အရှင်မြတ်၏ အကြင်စည်းကမ်းအတိုင်းဖြစ်၏။ ထိုစည်းကမ်းသည် ထိုအရှင်မြတ်၏ ကျွန်တို့နှင့်ပတ်သက်၍ လွန်လေပြီးဖြစ်၏။ ထိုမှတစ်ပါး: "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့သည် ထိုနေရာ၌ပင် ပျက်စီးဆုံးရှုံးခဲ့ကြကုန်သတည်း။

ဟာမီမ်-စဂျဒဟ်ကဏ္ဍ



ဤကဏ္ဍသည် "ဟာမီမ်စဂျဒဟ်" မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် (အာယတ်)တော် (၅၄)ပါး၊ (ရကူအ်)အပိုဒ်(၆)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၁။ ဟာ၊မီမ်။ [၁]

تَنْزِيْلُ مِّنَ الرَّحْمٰنِ الرَّحِيْمِ ②

၂။ (ဤအာယတ်တော်သည်) အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော် အရှင်၏ အထံတော်မှ ချပေးတော်မူခြင်းဖြစ်၏။

كِتٰبٌ فُصِّلَتْ اٰيٰتُهٗ قُرْاٰنًا عَرَبِيًّا لِّقَوْمٍ يَّعْلَمُوْنَ ③

၃။ (ဤသည်) အကြင်ကျမ်းဂန်ပင်ဖြစ်၏။ ယင်းကျမ်းဂန်၏ အာယတ်တော်များသည် သိနားလည်ကြသော အမျိုးသားတို့အဖို့ ရှင်းလင်းစွာ ဖော်ပြထားတော်မူသော (၀၀) အရစ်ဘာသာစကားဖြင့်ထုတ်ပြန်သော) ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်သည်။ [၂]

---

① ကုရ်အာန်ကျမ်းမြတ်၏ ကဏ္ဍများ၏အစတွင်ပါရှိသော သန်ဗေ အက္ခရာစုများ၏အနက်ကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိဆုံးဖြစ်တော်မူသည်။ ကြည့်-ထာနဝီ။

② **ကုရ်အာန်၊**

ကုရ်အာန်သည် အလွန်သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင်၏ ကျမ်းမြတ်ဖြစ်သည်။ ဤကျမ်းမြတ်သည် အထူးအထူးသော ဂုဏ်ထူး ဝိသေသများနှင့် ပြည့်စုံလှသည်။ ဤကျမ်းမြတ်လာဒေသနာတော်များသည် အထူးရှင်းလင်း ပြတ်သားလှသည်။ ဤကျမ်းမြတ်တွင် သုံးနှုန်းထားတော်မူသည့် အသုံးအနှုန်းများမှာ စံမတူအောင် စာပေမြောက်လှသည်။ ဤကျမ်းမြတ်၏ ဘာသာစကားမှာ အရစ်ဘာသာစကား ဖြစ်သည်။ ဤကျမ်းမြတ်ကို အရစ်ဘာသာစကားဖြင့် ထုတ်ပြန်ချမှတ်ထားတော်မူခြင်းမှာ ဤကျမ်းမြတ်ကို ဦးစွာပထမ ကြားနာခဲ့ကြရသော ပုဂ္ဂိုလ်များမှာအရစ်များ ဖြစ်ခဲ့ကြသည်။ ထို့ပြင်တစ်ဝ အရစ်ဘာသာ စကားသည် စာပေဂုဏ်မြောက်လှသည်။ အရစ်စာပေသည် စတင်ထွန်းကားလာခဲ့သည့်အချိန်မှ ယနေ့ထက်တိုင် မှေးမှိန်သွားခဲ့သည်မရှိ။ တိုး၍တိုး၍သာ ထွန်းကားလာခဲ့ပေသည်။ ယနေ့ကမ္ဘာတွင် အရစ်ဘာသာစကားကို ➤➤

بَشِيْرًا وَّنَذِيْرًا ۚ فَاَعْرَضَ
اَكْثَرُهُمْ فَهُمْ لَا يَسْمَعُوْنَ ۝٤

၄။ သတင်းကောင်း ပြောကြားသည်၊ သတိပေးနှိုးဆော်သည်၊ သို့ရာတွင် ၎င်းတို့အနက် အများဆုံးသောသူတို့မှာ မျက်နှာလွှဲခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် နားထောင်ကြသည်ပင် မဟုတ်ပေ။

وَقَالُوْا قُلُوْبُنَا فِيْٓ اَكِنَّةٍ مِّمَّا
تَدْعُوْنَآ اِلَيْهِ وَفِيْٓ اٰذَانِنَا
وَقْرٌ وَّمِنْۢ بَيْنِنَا وَبَيْنِكَ
حِجَابٌ فَاعْمَلْ اِنَّنَا عٰمِلُوْنَ ۝٥

၅။ ထိုမှတစ်ပါး၊ ၎င်းတို့က ပြောဆိုခဲ့ကြကုန်၏။ ကျွန်ုပ်တို့၏ စိတ်နလုံးများမှာ အသင်ဖိတ်ခေါ်လျက် ရှိသောတရားကို (နားလည်ခြင်း)မှ ဖုံးအုပ်လျက် ရှိကြပေသည်။ ထို့ပြင် ကျွန်ုပ်တို့၏ နားများသည်လည်း ပင်းလျက် ရှိကြသည်။ ထိုမှတစ်ပါး၊ ကျွန်ုပ်တို့နှင့် အသင်၏အကြား၀ယ် အကွယ်အကာတစ်ခု ရှိနေပေသည်။ သို့ဖြစ်ပေရာ အသင်သည် (မိမိအလုပ်ကို) လုပ်ကိုင်ပါလေ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် (မိမိတို့အလုပ်ကို) လုပ်ကိုင်နေသူများပင် ဖြစ်ကြကုန်သတည်း။

قُلْ اِنَّمَآ اَنَا بَشَرٌ مِّثْلُكُمْ يُوْحٰٓى
اِلَيَّ اَنَّمَآ اِلٰهُكُمْ اِلٰهٌ وَّاحِدٌ
فَاسْتَقِيْمُوْٓا اِلَيْهِ وَاسْتَغْفِرُوْهُ ۗ

၆။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) ငါသည် အသင်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာလျှင် ဖြစ်ပေသည်။ [ငါ၏]ထူခြားချက်မှာ (အသင်တို့၏) ကိုးကွယ်ရာ အရှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်း ငါထံသို့

➤➤ ခေါ်ဝေါ်သုံးနှုန်းနေသော တိုင်းပြည်များသည် အမြောက်အများရှိပေသည်။ ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာတစ်သက် တည်ရှိနေမည်ဖြစ်ရာ အရဗ်ဘာသာစာပေသည်လည်း ကမ္ဘာတစ်သက် တည်ရှိနေမည်သာ ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်သည် ထိုထို့ဤ့ဤ့ ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံပါသော်လည်း အသိဉာဏ် အမြော်အမြင်ရှိသော၊ ဆင်ခြင်တုံတရားရှိသော ပုဂ္ဂိုလ်များသာလျှင် ဤကျမ်းမြတ်ဖြင့် အကျိုးခံစားကြပေသည်။ အသိဉာဏ် အမြော်အမြင်မရှိသော လူဗာလတို့သည် သတိမမူဂူမမြင် ဆိုသကဲ့သို့ ကုရ်အာန်ကျမ်းမြတ်ဖြင့် မည်သို့မျှ အကျိုးမခံစားကြပေ။ ဤကား ကုရ်အာန်၏ အပြစ်မဟုတ်။ ကုရ်အာန်ကျမ်းမြတ်ကို အသုံးမချသော သူများ၏ အပြစ်သာတည်း။ ရောဂါပျောက်ကြောင်း ဆေးကောင်းရှိလျက် မစားရက် ဆေးထွက်မဟုတ်ချေ။ မစင်လူးလျှင် အေးကြည်လင်သည့် ရေစင်ရှိလျက်မဆေးရက် ကန်ထွက်မဟုတ်ချေ။

وَوَيْلٌ لِّلْمُشْرِكِينَ ۝٦

"ဝဟ်ယ်" အမိန့်တော်ကျရောက်လာ (ခြင်းသည်သာလျှင် ငါ၏ထူးခြားချက်ဖြစ်၏။) သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်ဘက်သို့သာလျှင် ဖြောင့်မတ်စွာ လှည့်ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ထိုအရှင်မြတ်အထံတော်၌သာလျှင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံကြလေကုန်။ စင်စစ်မှာမူကား မှုရှုရစ်က် (တစ်စုံတစ်ရာကို ထိုအရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်)သူတို့၌ (ကြီးစွာသော) ပျက်စီးခြင်းသည်ရှိပေသည်။ ၁

الَّذِينَ لَا يُؤْتُونَ الزَّكٰوةَ وَهُم بِالْءَاخِرَةِ هُمْ كٰفِرُونَ ۝٧

၇။ အကြင်သူတို့သည် "ဇကာတ်" ပေးဆောင်ကြသည် မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့သည်ပင်လျှင် "အာခိရတ်" တမလွန်ဘဝကို ငြင်းပယ်သူများ ဖြစ်ကြကုန်၏။

إِنَّ الَّذِينَ ءَامَنُوا وَعَمِلُوا الصَّٰلِحَٰتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ۝٨

၈။ ဇကာတ်မလွဲ "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြသည့်ပြင် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်သော သူတို့အဖို့ကား ကုန်ခန်းခြင်းမရှိသော အကျိုးသည် ရှိပေသတည်း။

① ဤအာယတ်တော်၏ အလိုသဘောမှာ တမန်တော်မြတ်က ကျွန်ုပ်သည် ကိုးကွယ်ရာအရှင်လည်းမဟုတ်၊ အသင်တို့၏ စိတ်နလုံးများကို အမှားဘက်မှ အမှန်ဘက်သို့ အတင်းအဓမ္မ လှည့်ပစ်နိုင်သည်လည်းမဟုတ်၊ ကျွန်ုပ်သည် အသင်တို့တောင်းဆိုနေကြသော ကောင်းကင်တမန်လည်းမဟုတ်၊အမှန်မှာ ကျွန်ုပ်သည် အသင်တို့ကဲ့သို့ လူသားတစ်ဦးသာဖြစ်သည်။ သို့ရာတွင် ထူးခြားချက်တစ်ရပ်မှာ-အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျွန်ုပ်ထံသို့ "ဝဟ်ယ်" အမိန့်တော်များ ကျရောက်လာပေသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား မိမိ၏တမန်တော်အဖြစ် မြှောက်စားထားတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အဘယ်မျှပင် သွေဖည်ကျောခိုင်းကြလင့်ကစား အဘယ်မျှစိတ်နာကြည်းစေသည့် စကားများကို ပြောဆိုကြလင့်ကစား ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ "ဝဟ်ယ်" အမိန့်တော်များကို အသင်တို့ထံ အရောက်ပို့ဆောင်မည်သာဖြစ်သည်။ ကျွန်ုပ်ထံ "ဝဟ်ယ်" အမိန့်တော် ကျရောက်လာခဲ့သည်မှာ အသင်တို့အားလုံး ဆည်းကပ်ကိုးကွယ်ကြရမည့် အရှင်မှာ တစ်ပါးတည်းသာဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ရာ အသင်တို့သည် မိမိတို့၏ အရေးကိစ္စအဝဝတွင် ထိုအရှင်မြတ်ဘက်တော်သို့သာ ဖြောင့်မတ်တည်ကြည်စွာ ရှေးရှုတူရူမျက်နှာမူကြကုန်၊ ထိုအရှင်မြတ်၏လမ်းတော်မှ စိုးစဉ်မျှပင် မတိမ်းစောင်းကြကုန်လင့်။ တစ်ချိန်ကတိမ်းစောင်းမိခဲ့ကြလျှင်လည်း ထိုအရှင်မြတ်ထံတော်၌ပင် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားကြကုန်ဟူ၍ ပြောကြားတော်မူခဲ့လေသည်။

قُلْ أَئِنَّكُمْ لَتَكْفُرُونَ بِالَّذِي خَلَقَ الْأَرْضَ فِي يَوْمَيْنِ وَتَجْعَلُونَ لَهُ أَندَادًا ۚ ذَٰلِكَ رَبُّ الْعَالَمِينَ ﴿٩﴾

၉။ (အို-နဗီတမန်တော်၊) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ၊ (အချင်းတို့၊) အသင်တို့သည် ကမ္ဘာမြေကို နှစ်ရက်နှင့် ဖန်ဆင်းတော်မူခဲ့သောအရှင်မြတ်အား သွေဖည်ငြင်းပယ်ကြလေသလော။ ထိုမှတစ်ပါး အသင်တို့သည် အရှင်မြတ်နှင့် ဂုဏ်ရည်တူများကို ပြုလုပ်ထားကြလေသလော။ ထိုအရှင်မြတ်သည်ပင် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။

وَجَعَلَ فِيهَا رَوَاسِيَ مِن فَوْقِهَا وَبَارَكَ فِيهَا وَقَدَّرَ فِيهَا أَقْوَاتَهَا فِي أَرْبَعَةِ أَيَّامٍ ۖ سَوَاءً لِّلسَّائِلِينَ ﴿١٠﴾

၁၀။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းပထဝီမြေဝယ် တည်ငြိမ်ကြံ့ခိုင်သော တောင်များကို ယင်းပထဝီမြေ၏ ထက်ဝယ် ပြုလုပ်ထားတော်မူခဲ့၏။ ထို့ပြင် ယင်းပထဝီမြေ၌ အကျိုးကျေးဇူးများကို ပွားများစေတော်မူခဲ့၏။ ထိုမှတစ်ပါး ယင်းပထဝီမြေ၌ပင် ၎င်းမှထွက်သော အစာအဟာရများကို တိုင်းတာချင့်ချိန် သတ်မှတ်ထားတော်မူခဲ့၏။ (ယင်းအမှုကိစ္စ အလုံးစုံတို့မှာ) လေးရက်နှင့်(ပြီးမြောက်ခဲ့၏)။ (ဤသည်) မေးမြန်းသူတို့အဖို့ ညီမျှ(သော အဖြေ)ဖြစ်၏။

ثُمَّ اسْتَوَىٰ إِلَى السَّمَاءِ وَهِيَ دُخَانٌ فَقَالَ لَهَا وَلِلْأَرْضِ ائْتِيَا طَوْعًا أَوْ كَرْهًا قَالَتَا أَتَيْنَا طَائِعِينَ ﴿١١﴾

၁၁။ ထို့နောက် ထိုအရှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူခဲ့၏။ ထိုအချိန်တွင် ယင်းမိုးကောင်းကင်သည် မီးခိုးအခိုးအငွေ့သာ ဖြစ်နေခဲ့၏။ ထိုအခါ အရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ အသင်တို့ကျေနပ်စွာဖြစ်စေ၊ မကျေနပ်ပဲဖြစ်စေ၊ လာကြလေကုန်ဟု မိန့်ကြားတော်မူခဲ့ရာ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေတို့က ကျွန်တော်မျိုးတို့သည် ကျေနပ်စွာလာခဲ့ကြပါပြီဟု လျှောက်ထားခဲ့ကြလေ၏။

فَقَضٰىهُنَّ سَبْعَ سَمٰوٰتٍ فِيْ يَوْمَيْنِ وَاَوْحٰى فِيْ كُلِّ سَمَآءٍ اَمْرَهَا ۗ وَزَيَّنَّا السَّمَآءَ الدُّنْيَا بِمَصَابِيْحَ ۖ وَحِفْظًا ۗ ذٰلِكَ تَقْدِيْرُ الْعَزِيْزِ الْعَلِيْمِ ﴿١٢﴾

၁၂။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို နှစ်ရက်နှင့် မိုးခုနစ်ထပ်ပြုလုပ်တော်မူခဲ့၏။ ထိုမှတစ်ပါး မိုးကောင်းကင် အသီးသီး၌ ၎င်းနှင့် သက်ဆိုင် သင့်မြတ်သော အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။ ထို့ပြင်တစ်ဝ ငါအရှင်မြတ်သည် အနီးဆုံး (ဖြစ်သော အောက်ဆုံး)မိုးထပ်ကို ကြယ်နက္ခတ်ဖြင့် တင့်တယ်စွာ တန်ဆာဆင်ယင်တော်မူခဲ့၏။ ထိန်းသိမ်းတော်မူခဲ့၏။ ဤသည် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ်၏ စီမံခန့်ခွဲသတ်မှတ်ပြဋ္ဌာန်းခြင်းပင် ဖြစ်ပေသတည်း။ [၁]

فَاِنْ اَعْرَضُوْا فَقُلْ اَنْذَرْتُكُمْ صٰعِقَةً مِّثْلَ صٰعِقَةِ عَادٍ وَّثَمُوْدَ ﴿١٣﴾

၁၃။ သို့ပါလျက် (အို-နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် မျက်နှာလွှဲသွားခဲ့ကြလျှင် အသင်သည် ၎င်းတို့အား (ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) ငါသည် အသင်တို့အား "အာဒ်" အမျိုးသားတို့(၌ ဆိုက်ရောက်ခဲ့သော) ပြစ်ဒဏ်မျိုးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ "ဆမူဒ်" အမျိုးသား(တို့၌ ဆိုက်ရောက်ခဲ့သော) ပြစ်ဒဏ်မျိုးနှင့် စပ်လျဉ်း၍လည်းကောင်း၊ သတိပေး နှိုးဆော်၏။

---

① အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာမြေကြီးကို နှစ်ရက်နှင့် ဖန်ဆင်းတော်မူခဲ့သည်။ ကမ္ဘာမြေကြီး မယိမ်းယိုင်ရန်အတွက် ၎င်းအပေါ်တွင် တောင်ကြီးများကို တည်ထားတော်မူသည်။ လူသားတို့အကျိုးငှာ ဓာတ်သတ္တုအမျိုးမျိုး၊ သစ်ပင်အစားစား၊ သစ်သီးဝလံအပြားပြား၊ တိရစ္ဆာန်အစုံစုံတို့ကိုလည်း ဖြစ်ပွားစေထားတော်မူသည်။ လူသားတို့မှီဝဲစားသုံးနိုင်ကြရန်အလို့ငှာ အစာအာဟာရများကိုလည်း စနစ်တကျ စီမံထားတော်မူသည်။ ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူရာတွင် နှစ်ရက်၊ ကမ္ဘာမြေကြီးနှင့် ဆက်စပ်လျက်ရှိသည်များကို ဖန်ဆင်းတော်မူရာတွင် နှစ်ရက်၊ လေးရက်ကြာခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်သို့ လှည့်တော်မူခဲ့သည်။ ထိုအချိန်တွင် မိုးကောင်းကင်သည် အခိုးအငွေ့သာ ဖြစ်ရှိနေခဲ့ပေသည်။ ထိုအရှင်မြတ်သည် နှစ်ရက်နှင့် မိုးကောင်းကင်ခုနစ်ထပ်ကို ဖန်ဆင်းတော်မူသည်။ မိုးကောင်းကင်တိုင်း၌ သက်ဆိုင်ရာ အမိန့်တော်များကိုလည်း ထုတ်ပြန်တော်မူခဲ့သည်။ ထို့ပြင်တဝ ဤကမ္ဘာမြေကြီးနှင့် အနီးစပ်ဆုံးဖြစ်သော မိုးကောင်းကင်ကို ကြယ်နက္ခတ်တို့ဖြင့် လှပတင့်တယ် ရွှေချင်စဖွယ် တန်ဆာဆင်ယင်ထားတော်မူသည်။ မည်သူမျှ မဖျက်ဆီးနိုင်ရန်အတွက် စနစ်တကျ အကာအကွယ်များလည်း ပြုလုပ်ထားတော်မူသည်။ ကျွန်ုပ်တို့တွေ့မြင် နေကြရသော မိုး၊ မြေနှင့်တကွ ➤➤

إِذْ جَآءَتْهُمُ الرُّسُلُ مِنۢ بَيْنِ
أَيْدِيهِمْ وَمِنْ خَلْفِهِمْ
أَلَّا تَعْبُدُوٓا۟ إِلَّا ٱللَّهَ ۖ قَالُوا۟
لَوْ شَآءَ رَبُّنَا لَأَنزَلَ مَلَٰٓئِكَةً
فَإِنَّا بِمَآ أُرْسِلْتُم بِهِۦ كَٰفِرُونَ ﴿١٤﴾

၁၄။ အကြင်အခါဝယ် ၎င်း("အာဒ်"နှင့် "ဆမူဒ်" အမျိုးသား)တို့ထံ ၎င်းတို့၏ ရှေ့နောက် (ဝဲယာ)မှ ရစူလ်တမန်တော်များ ရောက်ရှိလာပြီးလျှင် "အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး: အခြား တစ်စုံတစ်ရာကိုမျှ ဆည်းကပ်ကိုးကွယ်ခြင်း: မပြုကြကုန်နှင့်(ဟု ဟောကြားခဲ့ကြကုန်၏။) (ထိုအခါ) ၎င်းတို့က ကျွန်ုပ်တို့အား: ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အမှန်ပင် "မလာအိကဟ်" ကောင်းကင်တမန်များအား: စေလွှတ်တော်မူခဲ့ပေမည်။ သို့ဖြစ်ပေရာ ဧကန်မလွဲ ကျွန်ုပ်တို့သည် အသင်တို့(ပေး၍) စေလွှတ်ခြင်းခံခဲ့ရသော အကြောင်းအရာတို့ကို ငြင်းပယ်ကြသည်ဟု ပြောဆိုခဲ့ကြကုန်၏။

فَأَمَّا عَادٌ فَٱسْتَكْبَرُوا۟ فِى
ٱلْأَرْضِ بِغَيْرِ ٱلْحَقِّ وَقَالُوا۟ مَنْ
أَشَدُّ مِنَّا قُوَّةً ۖ أَوَلَمْ يَرَوْا۟ أَنَّ ٱللَّهَ
ٱلَّذِى خَلَقَهُمْ هُوَ أَشَدُّ مِنْهُمْ
قُوَّةً ۖ وَكَانُوا۟ بِـَٔايَٰتِنَا يَجْحَدُونَ ﴿١٥﴾

၁၅။ မည်သို့ပင်ဖြစ်စေ၊ "အာဒ်" အမျိုးသားတို့မှာမူကား: တိုင်းပြည်တွင် မတရားသဖြင့် ဘဝင်မြင့်မောက်မာ ပလွှားခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့ထက် သူရသတ္တိ ခွန်အားဗလကြီးမားသူမည်သူရှိသနည်းဟု ပြောဆို(ဝင့်ကြွား)ခဲ့ကြကုန်၏။ ဧကန်မလွဲ ၎င်းတို့အား: ဖန်ဆင်းတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ထက် ခွန်အား: ဗလကြီးမားတော်မူသည်ကို ၎င်းတို့သည် မဆင်ခြင် မစဉ်းစား: မမြင်ခဲ့ကြလေသလော။ ထိုမှတစ်ပါး: ၎င်းတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်လျက်ပင် ရှိခဲ့ကြကုန်၏။

➤➤ ကမ္ဘာတန်ဆာပလာများမှာ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော အရာများသာလျှင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မိုးမြေနှင့်တကွ စကြာဝဠာအဝန်းကို ဖန်ဆင်းတော်မူသော ပြုစုပျိုးထောင်ပေးတော်မူသော စီမံကွပ်ကဲတော်မူသော၊ စိုးပိုင်တော်မူသော တစ်ဆူတည်းသာ အရှင်သခင်ဖြစ်တော်မူသည်။ သို့ပါလျက် ကာဖိရ်၊ မုရှ်ရစ်က်တို့သည် ထိုသို့သော အလ္လာဟ်အရှင်မြတ်အား: သွေဖည်ငြင်းပယ်နေကြသည်လော။ ထိုသို့သော အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်များထားနေကြသည်လော။

فَأَرْسَلْنَا عَلَيْهِمْ رِيحًا صَرْصَرًا فِي أَيَّامٍ نَّحِسَاتٍ لِّنُذِيقَهُمْ عَذَابَ الْخِزْيِ فِي الْحَيَاةِ الدُّنْيَا ۖ وَلَعَذَابُ الْآخِرَةِ أَخْزَىٰ وَهُمْ لَا يُنصَرُونَ ﴿١٦﴾

၁၆။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် (ၚင်းတို့အဖို့) ကျက်သရေ မင်္ဂလာကင်းမဲ့သော နေ့ရက်များတွင် ကြမ်းတန်းလှစွာသောလေမုန်တိုင်းကို ၚင်းတို့အပေါ်၌ စေလွှတ်တော်မူခဲ့၏။ (ယင်းသို့ လေမုန်တိုင်းကို စေလွှတ်တော်မူခြင်းမှာ) ငါအရှင်မြတ်သည် ၚင်းတို့အား ဤမျက်မှောက်လောကီဘဝ၌ပင် ဂုဏ်အသရေ နိမ့်ကျစေသော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူအံ့သောငှာ (စေလွှတ်တော်မူခြင်း) ဖြစ်၏။

ထို့ပြင် "အာခိရတ်" တမလွန်ဘဝ၏ပြစ်ဒဏ်မှာ သာ၍ပင် ဂုဏ်အသရေ နိမ့်ကျစေသော ပြစ်ဒဏ်ဖြစ်မည်။ ထိုအခါ ၚင်းတို့မှာ ကူညီစောင်မခြင်း ခံကြရမည်လည်း မဟုတ်ပေ။

وَأَمَّا ثَمُودُ فَهَدَيْنَاهُمْ فَاسْتَحَبُّوا الْعَمَىٰ عَلَى الْهُدَىٰ فَأَخَذَتْهُمْ صَاعِقَةُ الْعَذَابِ الْهُونِ بِمَا كَانُوا يَكْسِبُونَ ﴿١٧﴾

၁၇။ ထို့ပြင် "ဆမူဒ်" အမျိုးသားတို့မှာမူကား အမှန်စင်စစ် ငါအရှင်မြတ်သည် ၚင်းတို့အား တရားလမ်းမှန်ကို ညွှန်ပြတော်မူခဲ့သော်လည်း ၚင်းတို့မှာ တရားလမ်းမှန်ကို မြင်ခြင်းထက် မျက်စိကန်းခြင်းကိုသာ နှစ်သက်မြတ်နိုးခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၚင်းတို့အား ၚင်းတို့၏ဆည်းပူးခဲ့ကြသည်များကြောင့် ဂုဏ်အသရေ ပျက်ပြားနိမ့်ကျစေသောပြစ်ဒဏ်၏ လောင်မီးသည် ဖမ်းဆီးကွပ်မျက်ခဲ့လေ၏။

وَنَجَّيْنَا الَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ ﴿١٨﴾

၁၈။ သို့ရာတွင် ငါအရှင်မြတ်သည် သက်ဝင်ယုံကြည်၍ (ငါအရှင်မြတ်အား) ကြောက်ရွံ့လျက်ရှိခဲ့ကြကုန်သော သူတို့ကိုမူကား လွတ်မြောက်စေတော်မူခဲ့ပေသတည်း။

وَيَوْمَ يُحْشَرُ أَعْدَاءُ اللَّهِ

၁၉။ ထိုမှတစ်ပါး: (အို-နဗီတမန်တော်၊ အသင်သည် ၚင်းတို့အား ထိုနေ့ကို သတိရစေပါလေ)။ အကြင်နေ့

إِلَى النَّارِ فَهُمْ يُوزَعُونَ ﴿١٩﴾

တွင် အလ္လာဟ်အရှင်မြတ်၏ ရန်သူများသည် ငရဲမီး၏ အနီးသို့ စုရုံးခေါ်ဆောင်ခြင်းခံကြရပေမည်။ ထို့နောက် ၎င်းတို့သည် တားဆီးခြင်းကို ခံကြရပေမည်။

حَتَّىٰ إِذَا مَا جَاءُوهَا شَهِدَ عَلَيْهِمْ سَمْعُهُمْ وَأَبْصَارُهُمْ وَجُلُودُهُم بِمَا كَانُوا يَعْمَلُونَ ﴿٢٠﴾

၂၀။ နောက်ဆုံးတွင် ထိုသူတို့သည် ယင်းငရဲမီး၏ အနီးရောက်ရှိကြသောအခါ ထိုသူတို့၏ နားများသည် လည်းကောင်း၊ ထိုသူတို့၏ မျက်စိများသည်လည်း ကောင်း၊ ထိုသူတို့၏ သားရေများသည်လည်းကောင်း၊ ထိုသူတို့နှင့်ဆန့်ကျင်ကာ ထိုသူတို့ကျင့်မူလျက် ရှိခဲ့ကြသည်တို့နှင့် စပ်လျဉ်း၍ သက်သေခံကြပေမည်။

وَقَالُوا لِجُلُودِهِمْ لِمَ شَهِدتُّمْ عَلَيْنَا ۖ قَالُوا أَنطَقَنَا اللَّهُ الَّذِي أَنطَقَ كُلَّ شَيْءٍ وَهُوَ خَلَقَكُمْ أَوَّلَ مَرَّةٍ وَإِلَيْهِ تُرْجَعُونَ ﴿٢١﴾

၂၁။ (ထိုအခါ) ၎င်းတို့က မိမိတို့၏(အသား) အရေများကို "အသင်တို့သည် ကျွန်ုပ်တို့နှင့်ဆန့်ကျင်၍ အဘယ်ကြောင့် သက်သေ ထွက်ဆိုကြသနည်း" ဟု ပြောဆိုကြပေမည်။

(ထိုအခါ) ယင်း(နား၊ မျက်စိနှင့်သားရေ)တို့က (ဤသို့) ပြောဆို (ပြန်ကြား)ကြပေမည်။ ကျွန်ုပ်တို့အား အကြင်အလ္လာဟ်အရှင်မြတ်သည်ပင် စကားပြောဆို စေတော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စကားပြောဆိုစေတော်မူခဲ့၏။ စင်စစ်သော်ကား ထို အရှင်မြတ်သည်ပင် အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့၏။ ထို့အပြင် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်လည် ရောက်စေခြင်းကို ခံကြရလေသည်။ ၁

---

၁ ဟဒီးဆ်ဩဝါဒတော်များတွင် လာရှိသည်မှာ- ကာဖိရ်များသည် ကိယာမတ်နေ့တွင် စစ်ဆေးမေးမြန်းရာဌာနသို့ ခေါ်ဆောင်လာခြင်း ခံကြရသောအခါ ပထမသော် မိမိတို့ကျူးလွန်ခဲ့ကြသော အပြစ်များကို ငြင်းကွယ်ကြပေမည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ ၎င်းတို့၏နား၊မျက်စိ၊ သားရေ စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများက ၎င်းတို့နှင့် ဆန့်ကျင်၍ ဖြစ်ရပ်မှန်များကို ထုတ်ဖော်သက်သေထွက်ဆိုကြပေမည်။ ယင်းသို့ သက်သေထွက်ဆို ကြသည့်အခါ ကာဖိရ်များက မိမိတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အသင်တို့သည် ➤➤

وَمَا كُنْتُمْ تَسْتَتِرُوْنَ
اَنْ يَّشْهَدَ عَلَيْكُمْ
سَمْعُكُمْ وَلَآ اَبْصَارُكُمْ
وَلَا جُلُوْدُكُمْ وَلٰكِنْ ظَنَنْتُمْ
اَنَّ اللّٰهَ لَا يَعْلَمُ كَثِيْرًا
مِّمَّا تَعْمَلُوْنَ ﴿٢٢﴾

၂၂။ စင်စစ်သော်ကား မိမိတို့၏ နားများသည်လည်းကောင်း၊ မိမိတို့၏မျက်စိများသည်လည်းကောင်း၊ မိမိတို့၏ (အသား)အရေများသည်လည်းကောင်း၊ မိမိတို့နှင့်ဆန့်ကျင်၍ သက်သေခံကြမည်ကို စိုးရိမ်ကာ သက်သေမခံနိုင်ကြရန် အသင်တို့ ဖုံးကွယ်နိုင်ကြသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် မိမိတို့ကျင့်မူကြသည်တို့အနက် များစွာတို့ကို အလျှာဟ် အရှင်မြတ် သိတော်မူသည်မဟုတ်ဟု ထင်မှတ်ခဲ့ကြကုန်၏။ [၁]

وَذٰلِكُمْ ظَنُّكُمُ الَّذِيْ
ظَنَنْتُمْ بِرَبِّكُمْ اَرْدٰىكُمْ
فَاَصْبَحْتُمْ مِّنَ الْخٰسِرِيْنَ ﴿٢٣﴾

၂၃။ စင်စစ်သော်ကား အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်ပတ်သက်၍ ထင်မြင်ယူဆခဲ့ကြသော ထိုထင်မြင်ယူဆချက်သည် ပင်လျှင် အသင်တို့အား ဖျက်ဆီးခဲ့လေ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ပျက်စီးဆုံးရှုံးသူများပင် ဖြစ်ခဲ့ကြပေသည်။

➤➤ ငါတို့နှင့်ဆန့်ကျင်၍အဘယ်ကြောင့် သက်သေထွက်ဆိုကြသနည်း။ ငါတို့သည် အသင်တို့ကို ကာကွယ်နေခဲ့ကြသည်။ အသင်တို့ဘက်မှ ပြစ်မှုများကို ငြင်းကွယ်နေကြသည်။ ယခုမူ အသင်တို့ကိုယ်တိုင်က မိမိတို့အပြစ်များကို ဝန်ခံနေကြသည်ဟု အံ့သြကြီးစွာဖြင့် ကဲ့ရဲ့ပြစ်တင်ကြပေမည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများက-အရာရာကို ပြောဆိုနိုင်စွမ်းပေးတော်မူသော အရှင်က ငါတို့အားလည်း ပြောဆိုနိုင်စွမ်းပေးတော်မူရာ ငါတို့သည် ထိုအရှင်မြတ်၏ ရှေ့တော်၌ ဟုတ်မှန်ရာကို ထွက်ဆိုသက်သေခံကြရခြင်း ဖြစ်သည်။ ငါတို့သည် ထိုသို့သော အရှင်မြတ်၏ ရှေ့တော်၌ ဟုတ်မှန်ရာကို အသို့လျှင် ဖုံးကွယ်နိုင်ကြအံ့နည်းဟု ဖြေကြားကြပေမည်။ထိုအခါ ကာဖိရ်များသည် မည်သို့မျှ မငြင်းကွယ်နိုင်ကြတော့ဘဲ နှုတ်ပိတ်သွားကြပေမည်။

① အလျှာဟ်အရှင်မြတ်သည် ဉာဏ်တော်အနန္တရှင် ဖြစ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသည်။ သို့ရာတွင် ကာဖိရ်များကမူ ငါတို့သည် မိမိတို့အလိုရှိသလို ပြောဆိုကျင့်မူနိုင်ကြသည်။ မည်သူမျှကြည့်နေသည်မဟုတ်၊ သိနေသည်လည်း မဟုတ်ဟု ထင်မှတ်နေခဲ့ကြသည်။ ဤသည် အလျှာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ၎င်းတို့၏အထင်လွဲမှားမှုပင်။ ယင်းသို့ အထင်လွဲမှားမှုကြောင့်ပင် ၎င်းတို့သည် စိတ်ထင်ရာစိုင်းခဲ့ကြသည့်အတွက် ပျက်စီးဆုံးရှုံးခဲ့ကြရလေပြီ။ အကယ်၍ အလျှာဟ်အရှင်မြတ်သည် ငါတို့၏ ပြောဆိုကျင့်ကြံမှုအစုစုကို အကြွင်းမဲ့သိတော်မူသည်။ အရာရာကိုလည်း မှတ်တမ်းတင်ထားတော်မူသည်၊ မှတ်သားထားတော်မူသည်ကို သိရှိကြပါက ယင်းကာဖိရ်များသည် ဤရွေ့ဤမျှ မိုက်မှားပုံခဲ့ကြမည်မဟုတ်ပေ။

فَإِنْ يَّصْبِرُوْا فَالنَّارُ مَثْوًى لَّهُمْ ۚ وَإِنْ يَّسْتَعْتِبُوْا فَمَا هُمْ مِّنَ الْمُعْتَبِيْنَ ﴿٢٤﴾

၂၄။ သို့ဖြစ်ရာ အကယ်၍ ၎င်းတို့သည် (ဤသည့် ပျက်စီးဆုံးရှုံးမှု အပေါ်၌) သည်းခံနေကြလျှင်လည်း ငရဲမီးသည် ၎င်းတို့၏ နေထိုင်ရာဌာနပင် ဖြစ်၏။ ထိုနည်းတူစွာ အကယ်၍ ၎င်းတို့သည် နှစ်သက်မှုကို ရယူလိုငြားအံ့လည်း ၎င်းတို့သည် နှစ်သက်မှုကို ရရှိကြမည်မဟုတ်ပေတကား။

وَقَيَّضْنَا لَهُمْ قُرَنَآءَ فَزَيَّنُوْا لَهُمْ مَّا بَيْنَ أَيْدِيْهِمْ وَمَا خَلْفَهُمْ وَحَقَّ عَلَيْهِمُ الْقَوْلُ فِيْٓ أُمَمٍ قَدْ خَلَتْ مِنْ قَبْلِهِمْ مِّنَ الْجِنِّ وَالْإِنْسِ ۚ إِنَّهُمْ كَانُوْا خٰسِرِيْنَ ﴿٢٥﴾

၂၅။ အမှန်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အဖို့ အပေါင်းအဖော်များ ပြုလုပ်တော်မူခဲ့ရာ ထိုအပေါင်းအဖော်တို့သည် ၎င်းတို့၏ရှေ့နောက် အပြုအမူများကို ၎င်းတို့အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ခဲ့ကြပေသည်။ ထို့ပြင် (အလ္လာဟ်အရှင်မြတ်၏) အမိန့်တော်သည် "ဂျင်န်(နဲ့)" သတ္တဝါများအနက်မှလည်းကောင်း၊ လူသားတို့အနက်မှလည်းကောင်း၊ ရှေးလွန်လေပြီးသော အမျိုးသားတို့နှင့်အတူ ၎င်းတို့နှင့် ပတ်သက်၍လည်း အမှန်ဖြစ်ခဲ့ပြီ။ ဧကန်စင်စစ် ၎င်းတို့(အားလုံး)သည် ဆုံးရှုံး ပျက်စီးသူများပင် ဖြစ်ကြကုန်၏။ ၂

وَقَالَ الَّذِيْنَ كَفَرُوْا لَا تَسْمَعُوْا لِهٰذَا الْقُرْاٰنِ وَالْغَوْا فِيْهِ لَعَلَّكُمْ تَغْلِبُوْنَ ﴿٢٦﴾

၂၆။ စင်စစ်သော်ကား "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့က "အသင်တို့သည် ကုရ်အာန်ကို နားပင် မထောင်ကြကုန်လင့်။ ထို့ပြင် အသင်တို့သည် ယင်းကုရ်အာန် (ဖတ်ကြားနေသောအချိန်) စပ်ကြားတွင် ဆူညံကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် (မိမိတို့ အသံများဖြင့် မုဟမ္မဒ်၏အသံကို) လွှမ်းမိုးနိုင်ကြမည်။ ၂

---

② ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို သွေဖည်ကျောခိုင်းလာခဲ့ကြ၏။ ထို့အတွက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ်၌ ရှိုင်တွာန်များကို အပေါင်းအဖော်များအဖြစ် ခန့်အပ်ပေးတော်မူခဲ့၏။ ယင်းရှိုင်တွာန်များသည် ၎င်းတို့၏ ရှေ့၊နောက်၊ အပြုအမူများကို ၎င်းတို့၏အမြင်တွင် တင့်တယ်အောင် ပြုလုပ်ထားခဲ့ကြ၏။ သို့ဖြစ်ရာ ၎င်းတို့သည် မိမိတို့၏ အမှားများကိုပင် အမှန်ဟူ၍မြင်ကာ မှားခြင်းကြီးမက ➤➤

فَلَنُذِيقَنَّ الَّذِينَ كَفَرُوا عَذَابًا شَدِيدًا وَلَنَجْزِيَنَّهُمْ أَسْوَأَ الَّذِي كَانُوا يَعْمَلُونَ ﴿٢٧﴾

၂၇။ သို့ဖြစ်ပေရာ အမှန်စင်စစ် ငါအရှင်မြတ်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့အား ပြင်းထန်လှစွာသော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေမည်။ ထို့ပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ကျင့်မူလျက်ရှိခဲ့ကြသော အဆိုးဆုံးသောကျင့်မူချက်များ၏ မကောင်းကျိုးကို ပေးတော်မူမည်ဖြစ်၏။

ذَٰلِكَ جَزَاءُ أَعْدَاءِ اللَّهِ النَّارُ ۖ لَهُمْ فِيهَا دَارُ الْخُلْدِ ۖ جَزَاءً بِمَا كَانُوا بِآيَاتِنَا يَجْحَدُونَ ﴿٢٨﴾

၂၈။ ထိုသည်(ဝါ)၎ရဲမီးသည် အလ္လာဟ်အရှင်မြတ်၏ရန်သူတို့၏ဆိုးကျိုးပင် ၎င်းတို့အဖို့ ၎ရဲမီးၭိ အစဉ်ထာဝရ နေထိုင်ရာဌာနသည် ရှိပေသည်။ (ဤသည်) ငါအရှင်မြတ်၏အာယတ်တော်များကို ၎င်းတို့ ငြင်းပယ်လေ့ရှိခဲ့ကြသောကြောင့် အစားပေးခြင်းပင်ဖြစ်ပေသည်။

➤➤ မှား၍ လာခဲ့ကြ၏။ သွေဖည်ခြင်းကြီးမက သွေဖည်လာခဲ့ကြ၏။ နောက်ဆုံးတွင် အတိတ်ခေတ်၌ အမှားကြီးမှားခဲ့ကြသော သွေဖည်ခြင်းကြီးမက သွေဖည်ခဲ့ကြသောလူများ၊ ဂျင်န်များနည်းတူ ပြစ်ဒဏ်ခတ်ရန် အမိန့်တော်သည် ၎င်းတို့အပေါ်၌လည်း အတည်ဖြစ်သွားခဲ့ပေသည်။ ဒေသနာတော်ကို သွေဖည်ကျောခိုင်းသူများအပေါ်၌ ရှိင်တွာန်များကို အပေါင်းအဖော်အဖြစ် သတ်မှတ်ခန့်အပ် ပေးတော်မူသည့်အကြောင်း ကုရ်အာန်(၄၃း၃၆) တွင်လည်း မိန့်ဆိုထားတော်မူသည်။

Ⓙ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များသည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များဖြစ်ရာ "ကိရာအတ်" ပညာဖြင့် ဌာန၊ကရိဏ်း ကျနစွာ ရွတ်ဖတ်သရဇ္ဈာယ်ပါက ကြားနာရသူများ၌ ကဏ္ဍသုခဖြစ်စေလ့၏။ အနက် အဓိပ္ပာယ်ပြည့်ဝ လေးနက်လှသည်ဖြစ်ရာ ကြားနာရသူများ၏ စိတ်နလုံးသားများကို ထိမိစွဲငြိစေ၏။ ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြားနာရသူများသည် ကုရ်အာန်ကျမ်းမြတ်ကို အစွဲကြီးစွဲသွားကြ၏။ ထို့အတွက် ကာဖိရ်များက မိမိတို့အချင်းချင်း ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်သော အခါ အသင်တို့သည် ဆူဆူညံညံပြုလုပ်ကြ။ အသင်တို့လည်း နားမထောင်ကြနှင့် သူတစ်ပါးတို့အားလည်း နားထောင်ခွင့်မပြုကြနှင့်။ ဤသို့ဆူညံစွာ ပြုလုပ်ကြလျှင် အသင်တို့၏အသံများသည် လွှမ်းမိုးသွားမည်။ ကုရ်အာန်၏အသံသည် ပျောက်ကွယ်သွားမည်ဟု ဗြောဆိုခဲ့ကြသည်။ သို့ရာတွင် ကာဖိရ်များ သိထားအပ်သည်မှာ ကုရ်အာန်၏အသံသည် မှန်ကန်သော အသံဝင်ဖြစ်သည်။ ကာဖိရ်များသည် အဘယ်မျှပင် ကြိုးစားကြလင့်ကစား ကုရ်အာန်အသံသည် တိမ်မြုပ်သွားမည်မဟုတ်၊ ထွက်ပေါ်လာမည်ပင်၊ စိတ်နလုံးသားများအတွင်းသို့ သက်ရောက်၊ ထိမိစွဲငြိသွားမည်ပင်။

အမှန်တရားကို မိမိကိုယ်တိုင်လည်း နားမထောင်၊ သူတပါးကိုလည်း နားထောင်ခွင့်မပေး၊ ထို့ထက်ဆိုးရွားသော ပြစ်မှုသည် အဘယ်မှာလျှင် ရှိနိုင်အုံးနည်း။ အလ္လာဟ်အရှင်မြတ်သည် ထိုသည့်ပြစ်မှုကို ကျူးလွန်သူများအား ထိုက်သည့်အားလျော်စွာ ကြီးလေးသောပြစ်ဒဏ် ခတ်တော်မူမည်သာတည်း။

وَقَالَ الَّذِيْنَ كَفَرُوْا رَبَّنَآ اَرِنَا الَّذَيْنِ اَضَلّٰنَا مِنَ الْجِنِّ وَالْاِنْسِ نَجْعَلْهُمَا تَحْتَ اَقْدَامِنَا لِيَكُوْنَا مِنَ الْاَسْفَلِيْنَ ﴿٢٩﴾

၂၉။ ထိုအခါ "ကာဖိရ်" သွေဖည်ငြင်းပယ်သော သူတို့က လျှောက်ထားကြပေမည်။ "အို-ကျွန်တော်မျိုး တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဂျင်န်(နှ်) သတ္တဝါတို့အနက်မှလည်းကောင်း၊ လူသားတို့အနက်မှ လည်းကောင်း၊ ကျွန်တော်မျိုးတို့အား လမ်းလွဲစေခဲ့ ကြသူ နှစ်ဦးလုံးကို အရှင်မြတ်သည် ကျွန်တော်မျိုး တို့အား ပြတော်မူပါ။ ၎င်းတို့သည် ဂုဏ်အသရေ အညံ့ဆုံးသောသူများ (ငရဲမီးတွင်) အောက်ဆုံး၌ ရှိသူများ ဖြစ်ကြစေရန် ၎င်းတို့နှစ်ဦးအား ကျွန်တော် မျိုးသည် မိမိတို့၏ ခြေများအောက်တွင် ထားရှိကြ ပါမည်။

اِنَّ الَّذِيْنَ قَالُوْا رَبُّنَا اللّٰهُ ثُمَّ اسْتَقَامُوْا تَتَنَزَّلُ عَلَيْهِمُ الْمَلٰٓئِكَةُ اَلَّا تَخَافُوْا وَلَا تَحْزَنُوْا وَاَبْشِرُوْا بِالْجَنَّةِ الَّتِيْ كُنْتُمْ تُوْعَدُوْنَ ﴿٣٠﴾

၃၀။ ၎ကန်အမှန် အကြင်သူတို့သည် "ကျွန်တော် မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် ကား အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်" ဟု ပြောခဲ့ ဆိုခဲ့ကြပြီးနောက် (ယင်းယုံကြည်ချက်ပေါ် ၌ပင်) ဖြောင့်မတ်ကြွံ့ခိုင်စွာ တည်ရှိနေခဲ့ကြကုန်၏။ "မလာအိကဟ်" ကောင်းကင်တမန်များသည် ထိုသူ ဘို့ထံ ဆင်းသက်လာ၍ ဤသို့ ပြောဆို နှစ်သိမ့်စေကြ ပေမည်။ "အသင်တို့သည် စိုးရိမ်ခြင်းလည်း မရှိကြ ကုန်လင့်။ ပူဆွေးခြင်းလည်း မရှိကြကုန်လင့်။ ထိုမှ တစ်ပါး အသင်တို့သည် မိမိတို့ ကတိပေးခြင်း ခံခဲ့ ကြသော "ဂျန္နတ်" သုခဘုံရရှိသည့်အတွက် ဝမ်းမြောက် ကြလေကုန်။

نَحْنُ اَوْلِيٰٓؤُكُمْ فِي الْحَيٰوةِ الدُّنْيَا وَفِي الْاٰخِرَةِ ۚ وَلَكُمْ فِيْهَا

၃၁။ ကျွန်ုပ်တို့သည် လောကီဘဝ၌တွင်လည်း အသင်တို့၏ အဆွေခင်ပွန်းများပင် ဖြစ်ခဲ့ကြကုန်၏။ ထိုနည်းတူစွာ "အာခိရတ်" တမလွန်ဘဝ၌လည်း အဆွေခင်ပွန်းများ ဖြစ်ကြမည်။

مَا تَشْتَهِيٓ أَنفُسُكُمْ وَلَكُمْ فِيهَا مَا تَدَّعُونَ ﴿٣١﴾

ထို့ပြင် အသင်တို့ အဖို့ ယင်း"ဂျန္နတ်" သုခဘုံ၌ အသင်တို့ အလိုဆန္ဒရှိသော အရာဟူသမျှ ရှိကြမည့်ပြင် အသင်တို့အဖို့ ယင်း"ဂျန္နတ်" သုခဘုံ၌ အသင်တို့ တောင်းဆိုသော အရာဟူသမျှတို့သည်လည်း ရှိကြပေမည်။ ၁

نُزُلًا مِّنْ غَفُورٍ رَّحِيمٍ ﴿٣٢﴾

၃၂။ (ဤသည်) အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ လွန်စွာ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်အထံတော်မှ ဧည့်ခံတော်မူခြင်းပင် ဖြစ်ပေသတည်း။

وَمَنْ أَحْسَنُ قَوْلًا مِّمَّن دَعَآ إِلَى اللَّهِ وَعَمِلَ صَالِحًا وَقَالَ إِنَّنِي مِنَ الْمُسْلِمِينَ ﴿٣٣﴾

၃၃။ စင်စစ်သော်ကား အကြင်သူထက် စကားအရာ၌ ကောင်းမြတ်သူကား အဘယ်သူနည်း။ ထိုသူသည် (သူတစ်ပါးတို့အား) အလွှာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သည့်ပြင် (မိမိကိုယ်တိုင်လည်း) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်၏။ ထိုမှတစ်ပါး ဇကန်မလွဲ ကျွန်ုပ်သည် (မုစ်လင်မ်) အမိန့်တော်ကို နာခံသောသူတစ်ဦးဖြစ်သည်ဟု ပြော၏။

---

① ဆိုလိုသည်ကား အကြင်မုအ်မင်နိ်များသည် အလွှာဟ်အရှင်မြတ်အား စိတ်နှလုံးသားအတွင်းမှ နှစ်နှစ်ကာကာယုံကြည်ကြ၏။ သို့ယုံကြည်ကြသည့်အတိုင်း နှုတ်မှလည်း ဖွင့်ဟဝန်ခံပြောဆိုကြ၏။ ယင်းသည့် ယုံကြည်ချက်အပေါ်၌ပင် အသက်ထက်ဆုံး တည့်မတ်စွာ ရပ်တည်နေကြ၏။ "ရှရစ်က်" တွဖက်ကိုးကွယ်မှုကို ဝေးစွာရှောင်ကြဉ်ကြ၏။ အစ္စလာမ်၏ ကျင့်ရန်တရားများကိုလည်း ရိုးသားစွာကျင့်ကြ၏။ ကြဉ်ရန်တရားများကိုလည်း ကြည်ဖြူစွာကြဉ်ကြ၏။ အချုပ်အားဖြင့် အကြင်မုအ်မင်နိ်များသည် အလွှာဟ်အရှင်မြတ်အား နှစ်နှစ်ကာကာယုံကြည်မြတ်နိုး ရိုကျိုးကြ၏။ ထိုအရှင်မြတ်၏ တရားလမ်းပေါ်၌ပင် အသက်ထက်ဆုံး တည့်မတ်စွာရပ်တည်ကာနေထိုင်ကျင့်သုံးကြ၏။

ယင်းသို့သော မုအ်မင်နိ်ထဲသို့ သေခါနီးအချိန်တွင်လည်းကောင်း၊ သင်္ချိုင်းတွင်း၌ လည်းကောင်း၊ သင်္ချိုင်းမှ ရှင်ပြန်ထသည့်အချိန်တွင် လည်းကောင်း၊ ကောင်းကင်တမန်များ ဆင်းသက်လာပြီးလျှင် အသင်တို့သည် နောင်ရေးများအတွက် မစိုးရိမ်ကြလင့်၊ လောကီရေးရာများကို စွန့်ခွဲကြရသည့်အတွက် မပူပန်ကြနှင့်၊ အသင်တို့ကတိပေးခြင်းခံခဲ့ကြရသော ဂျန္နတ်သည် ရရှိတော့မည်ဖြစ်ရာ စိတ်ကြည်၊ ကိုယ်ချမ်း၊ ရွှင်လန်းကြကုန်။ ကျွန်ုပ်တို့သည် လူ့လောကတွင်လည်း အသင်တို့၏ မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ နောင်တမလွန်ဘဝတွင်လည်း အသင်တို့၏ မိတ်ဆွေများပင်ဖြစ်ကြပေမည်။ ➤➤

وَلَا تَسْتَوِي الْحَسَنَةُ وَلَا السَّيِّئَةُ ۚ ادْفَعْ بِالَّتِي هِيَ أَحْسَنُ فَإِذَا الَّذِي بَيْنَكَ وَبَيْنَهُ عَدَاوَةٌ كَأَنَّهُ وَلِيٌّ حَمِيمٌ ﴿٣٤﴾

၃၄။ အမှန်စင်စစ်သော်ကား ကောင်းမှုနှင့်မကောင်းမှုတို့မှာ တူကြသည်မဟုတ်ပေ၊ (သို့ဖြစ်ပေရာ) အသင်သည် (မကောင်းမှုကို) ကောင်းမှုဖြင့် ခုခံတွန်းလှန်ပါလေ။ သို့ဖြစ်လျှင် အကြင်သူနှင့် အသင်၏အကြား၌ ရန်ငြိုးရှိ၏။ ထိုသူသည် မိတ်ဆွေအရင်းကဲ့သို့ ဖြစ်လာပေမည်။ [၁]

➤➤ ဣန္ဒြေတ်တွင် အသင်တို့သည် စိတ်အာသာဆန္ဒရှိသမျှ၊ တောင်းဆိုသမျှ လိုလေသေးသည်မရှိ အသင့်ရရှိကြမည်။ ဤသည် အလွန် လွတ်ငြိမ်းခွင့်ပေးတော်မူသော၊ အလွန် သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ဧည့်ခံမှုပင်၊ အသင်တို့သည် ထိုအရှင်မြတ်၏ ဧည့်သည်တော်များပင် ဖြစ်ကြသည်ဟု အားပေးစကား ပြောကြားကြပေမည်။ ကောင်းချီးပေးကြပေမည်။ ကာဖိရ်နှင့် မုအ်မင်နှ်၏ အကျိုးဆက်ချင်းကား ကွာခြားပါဘိတကား။

① အထက်တွင် အလ္လာဟ်အရှင်မြတ်အား နလုံးသည်းပွတ်တွင်းမှ နှစ်နှစ်ကာကာယုံကြည်၍ ယင်းသည့် ယုံကြည်ချက်ပေါ်၌ပင် အသက်ထက်ဆုံး တည့်မတ်စွာ ရပ်တည်နေခဲ့ကြသော မုအ်မင်နှ်သူတော်စင်များ၏ အကျိုးဆက်ကို မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်များတွင် ယင်းသည့် မုအ်မင်နှ်သူတော်စင်များ၏ မြင့်မြတ်လှသော ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်။

လူလောကတွင် အကောင်းမြတ်ဆုံးသော ပုဂ္ဂိုလ်ကား အခြားမဟုတ်၊ အကြင်ပုဂ္ဂိုလ်သည် လူသားတို့အား အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ ဖိတ်ခေါ်၏။ မိမိကိုယ်တိုင်လည်း ထိုအရှင်မြတ်၏ ဒေသနာတော်များနှင့်အညီ ကောင်းမြတ်သော အကျင့်သိလများကို ဆောက်တည်ကျင့်မူ၏။ ထို့ပြင်တဝ ကျွန်ုပ်သည် "မုစ်လင်မ်" တစ်ဦး ဖြစ်ပါသည်ဟု ဂုဏ်ယူပြောဆို၏ ထိုသူကား အကောင်းမြတ်ဆုံးပင်။ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့သည် အထက်ပါအတိုင်း ဖိတ်ခေါ်ခဲ့ကြ၏။ တမန်တော်မြတ်သည်လည်း ဤအတိုင်းပင် ဖိတ်ခေါ်တော်မူခဲ့၏။ တမန်တော်မြတ်၏ (ဆွေဟာဗဟ်) သာဝကကြီးများသည်လည်း တမန်တော်မြတ်၏ လမ်းစဉ်ကိုပင် အသက်ထက်ဆုံး ဖဝါးခြေထပ် လိုက်နာကျင့်သုံးခဲ့ကြ၏။

အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သောပုဂ္ဂိုလ်များ၌ ကောင်းမြတ်သောကိုယ်ကျင့်တရားများ မုချရှိရပေမည်။ အကောင်းဆုံးနှင့် အဆိုးသည်မတူ။ အကျိုးဆက်ခြင်းလည်း မတူ။ အကောင်းသည် ကောင်းကျိုးပေး၏။ အဆိုးသည် ဆိုးကျိုးပေး၏။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ ဖိတ်ခေါ်သော ပုဂ္ဂိုလ်မှန်တစ်ဦးသည် အဆိုးကို အဆိုးဖြင့်မတုံ့ပြန်ရာ။ အဆိုးကိုအကောင်းဖြင့်သာ တုံ့ပြန်ရာသည်။ ဥပမာ သူတပါးက မိမိအား မကောင်းပြုပါကလည်း မိမိကမူ ထိုသူအား အကောင်းပင်ပြုရမည်။ သူတပါးက မိမိအား ရိုင်းပြစွာ ဆက်ဆံပါကလည်း မိမိကမူ ယဉ်ကျေးသိမ်မွေ့စွာပင် ဆက်ဆံရမည်။ သူတပါးက မိမိအား ဆဲဆိုရေရွတ်ပါကလည်း မိမိကမူ ချိုအေးယဉ်ကျေးသော စကားကိုပင်ဆိုရမည်။ သူတပါးက မိမိအပေါ်၌ ဒေါသထားပါကလည်း မိမိကမူ ထိုသူ့အပေါ်၌ မေတ္တာပင်ထားရမည်။

သို့ဖြစ်လျှင် မိမိအပေါ်၌ ရန်ငြိုးထားသော ရန်သူ၏ ရန်ငြိုးသည်ပင်လျှင် ပြေလာပေမည်။ ရန်သူသည်ပင်လျှင် မိတ်ဆွေသဖွယ်ဖြစ်လာပေမည်။ နောက်ဆုံးတချိန် ရန်ငြိုးပြေကာ အမှန်တကယ် ➤➤

وَمَا يُلَقَّىٰهَآ إِلَّا ٱلَّذِينَ صَبَرُوا۟ وَمَا يُلَقَّىٰهَآ إِلَّا ذُو حَظٍّ عَظِيمٍ ﴿٣٥﴾

၃၅။ သို့တစေလည်း ယင်းကောင်းမြတ်သောနည်းဟူသည် သည်းခံသောသူတို့သာလျှင် ပေးသနားခြင်းခံကြရပေသည်။ ထိုနည်းတူစွာ ယင်းကောင်းမြတ်သောနည်းဟူသည် ကြီးကျယ်စွာသော ဝေစုဝေပုံကို ပိုင်ဆိုင်သောသူသည်သာ ပေးသနားခြင်းကို ခံရလေသည်။

وَإِمَّا يَنزَغَنَّكَ مِنَ ٱلشَّيْطَٰنِ نَزْغٌ فَٱسْتَعِذْ بِٱللَّهِ ۖ إِنَّهُۥ هُوَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿٣٦﴾

၃၆။ ၎င်းပြင် အကယ်၍ အသင့်အား "ရှိုင်တွာန်" ခိစ္စာကောင်၏ဘက်မှ တစ်စုံတစ်ရာ နှောင့်ယှက်ဖျက်ဆီးခြင်း ရှိပါလျှင်၊ အသင်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အကာအကွယ်ကို တောင်းခံပါလေ။ ဧကန်မလွဲ ထိုအရှင်မြတ်သည်သာလျှင် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။

وَمِنْ ءَايَٰتِهِ ٱلَّيْلُ وَٱلنَّهَارُ وَٱلشَّمْسُ وَٱلْقَمَرُ ۚ لَا تَسْجُدُوا۟ لِلشَّمْسِ وَلَا لِلْقَمَرِ وَٱسْجُدُوا۟ لِلَّهِ ٱلَّذِى خَلَقَهُنَّ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ ﴿٣٧﴾

၃၇။ အမှန်သော်ကား "ညဉ့်" သည်လည်းကောင်း၊ "နေ့" သည်လည်းကောင်း၊ "နေ" သည်လည်းကောင်း၊ "လ" သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်တို့အနက်မှ ဖြစ်ကုန်၏။

(သို့ဖြစ်ပေရာ) အသင်တို့သည် "နေ" ကိုလည်း "စဂျဒဟ်" ပျိပ်ဝပ်ဦးချ (ပူဇော်ဆည်းကပ်) ခြင်း မပြုကြကုန်လင့်။ ထိုနည်းတူစွာ အသင်တို့သည် "လ"ကိုလည်း ပျိပ်ဝပ်ဦးချ (ပူဇော်ဆည်းကပ်) ခြင်း မပြုကြကုန်လင့်။

➢➢ ခင်မင်ရင်းနှီးသော မိတ်ဆွေရင်းခြာပင် ဖြစ်လာနိုင်ပေသည်။ ဤကား အဆိုးကို အကောင်းနှင့် တုံ့ပြန်ခြင်း၏ အကျိုးပင်။ကြည့်-ကုရ်အာန် (၆၀း၇)။ ဤသည့်အချက်ကို အထူးသဖြင့် တမန်တော်မြတ်၏ ထေရပ္ပတ္တိတွင် လယ်ပြင်မှာ ဆင်သွားသည့်အလား အထင်အရှား တွေ့ရပေမည်။

သို့ရာတွင် ယင်းသက်သေ လက္ခဏာတော် (လေးပါး)ကို ဖန်ဆင်းတော်မူသောအလ္လာဟ်အရှင်မြတ် အားသာလျှင် "စဂျဒဟ်" ပျပ်ဝပ် ဦးချလေကုန်။ အကယ်၍ အသင်တို့သည် အကယ်စင်စစ် ထို အရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်သူများ ဖြစ်ကြလျှင်၊ ၁

فَإِنِ اسْتَكْبَرُوا۟ فَٱلَّذِينَ عِندَ رَبِّكَ يُسَبِّحُونَ لَهُۥ بِٱلَّيْلِ وَٱلنَّهَارِ وَهُمْ لَا يَسْـَٔمُونَ ﴿٣٨﴾ السجدة

၃၈။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် (ဤ အမိန့်တော်ကို လိုက်နာကျင့်သုံးခြင်းမရှိဘဲ) မာန်မာန ထောင်လွှားခဲ့ကြလျှင်၊ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်၏ထံတော်ပါး၌ ရှိကြသော "မလာအိကဟ်" ကောင်းကင်တမန်တို့မူ နေ့ရောညဉ့်ပါ ထိုအရှင်မြတ်စင်ကြယ် သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက်ရှိကြကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့သည် ငြီးငွေ့ကြသည်ပင် မဟုတ်ပေ။

---

① အထက်တွင် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်မှုအကြောင်း ပါရှိ၏။ ဤအာယတ်တော်များတွင် ယင်းသို့ အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ ဖိတ်ခေါ်ရာ၌ အလ္လာဟ်အရှင်မြတ် တပါးတည်း တည်ရှိတော်မူကြောင်း၊ ထိုအရှင်မြတ်သည် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တရှင် ဖြစ်တော်မူကြောင်း၊ သေပြီးနောက် ရှင်ပြန်ထကြရမည့်အကြောင်းများကို တင်ပြရာတွင် အထောက်အကူဖြစ်စေရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်၏ အချို့သက်သေ လက္ခဏာတော်များကို မိန့်ဆိုထားတော်မူသည်။ ဤသို့ မိန့်ဆိုထားတော်မူခြင်းမှာ တဖက်တွင် တမန်တော်များနှင့် မုအ်မင်န် သူတော်စင်များသည် ဝစီကံအားဖြင့်လည်းကောင်း၊ ကာယကံအားဖြင့်လည်းကောင်း လူသားတို့အား အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်လျက်ရှိကြောင်းနှင့် အခြားတဖက်တွင် မိုး၊ မြေ၊ နေ၊ လစသည့် ကမ္ဘာတန်ဆာပလာများ၏ စနစ်တကျ လှုပ်ရှားသွားလာ ရပ်တည်နေမှုများသည်လည်း ထွေးဆဆင်ခြင် မြော်မြင်သူတို့အား အလ္လာဟ်အရှင်မြတ် ဘက်တော်သို့ ပင့်ဖိတ်ခေါ်လျက်ရှိကြောင်းကို ရည်ညွှန်း ပြထားတော် မူခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော် များကို စဉ်းစားဆင်ခြင်မြော်မြင်၍ မိုး၊မြေ၊နေ၊လနှင့်တကွ ကမ္ဘာစကြာဝဠာကြီးကို စတင်ဖန်ဆင်း စီမံကွပ်ကဲ ထားတော်မူသော တန်ခိုးတော် အနန္တရှင်၊ ဉာဏ်တော်အနန္တရှင် အားသာလျှင် ဆည်းကပ်ကိုးကွယ်ကြရာသည်။

မိုး၊မြေ၊နေ၊လ စသည်တို့သည် ကိုးကွယ်ရာများမဟုတ်၊ ယင်းတို့ကို စတင်ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကိုးကွယ်ရာဖြစ်တော်မူသည်။ မိုး၊မြေ၊နေ၊လ စသည်တို့သည် အခြား အဖန်ဆင်းခံများကဲ့သို့ လူသားတို့ အကျိုးငှာ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော အဖန်ဆင်းခံများသာ ဖြစ်သည်။ အဖန်ဆင်းခံများတွင် လူသားသည် အမြတ်ဆုံးဖြစ်ပေရာ မိမိအကျိုးအတွက် ဖန်ဆင်းထားသော ➤➤

وَمِنْ اٰيٰتِهٖٓ اَنَّكَ تَرَى الْاَرْضَ خَاشِعَةً فَاِذَآ اَنْزَلْنَا عَلَيْهَا الْمَآءَ اهْتَزَّتْ وَرَبَتْ ۭ اِنَّ الَّذِيْٓ اَحْيَاهَا لَمُحْيِ الْمَوْتٰى ۭ اِنَّهٗ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ۝۳۹

၃၉။ ထိုမှတစ်ပါး: (ဤသည်လည်း:) ထိုအရှင်မြတ်၏ သက်သေ လက္ခဏာတော်တို့ အနက်မှပင်ဖြစ်၏။ အသင်သည် ပထဝီမြေကို အခြေအနေညံ့ဖျင်းစွာ တွေ့မြင်ရ၏။ ထို့နောက် ငါအရှင်မြတ်သည် ပထဝီမြေ၏ အပေါ်၌ ရေကို ရွာသွန်းစေတော်မူသောအခါ၊ ယင်း ပထဝီမြေမှာ တိုးတက်ထွန်းကား စိမ်းစိုရွှင်လန်းကောင်း၊ (သစ်ပင် အစရှိသည်တို့) ပေါက်ရောက်ဖွံ့ဖြိုးရွှင်လန်းကောင်း၊ လာလေသည်။

(သို့ဖြစ်ပေရာ) ဧကန်မလွဲ ယင်းပထဝီမြေကို ရှင်စေတော်မူသော အရှင်မြတ်သည်ပင်လျှင် ဧကန် အမှန် သူသေတို့အား ရှင်စေတော်မူမည့် အရှင် ဖြစ်တော်မူ၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် အရာ ခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

اِنَّ الَّذِيْنَ يُلْحِدُوْنَ فِيْٓ اٰيٰتِنَا لَا يَخْفَوْنَ عَلَيْنَا ۭ اَفَمَنْ يُّلْقٰى فِي النَّارِ خَيْرٌ اَمْ مَّنْ يَّاْتِيْٓ اٰمِنًا يَّوْمَ الْقِيٰمَةِ ۭ اِعْمَلُوْا مَا شِئْتُمْ ۙ اِنَّهٗ بِمَا تَعْمَلُوْنَ بَصِيْرٌ ۝۴۰

၄၀။ ဧကန်စင်စစ် ငါအရှင်မြတ်၏ အာယတ်တော်များနှင့်စပ်လျဉ်း၍ မူရင်းအဓိပ္ပာယ်မှ သွေဖည်ကာ အမှားမှား အယွင်းယွင်း ကောက်ယူကြသောသူတို့မှာ ငါအရှင်မြတ်အပေါ်၌ ဖုံးကွယ်၍ နေကြသည်မဟုတ်ပေ။

သို့ဖြစ်ပေရာ ငရဲမီးထဲ၌ ပစ်ချခြင်းခံရအံ့သော သူသည် ပို၍ မြင့်မြတ်လေသလော။ သို့တည်းမဟုတ် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ပူပင်သောက ကင်းစွာ လာရောက်အံ့သောသူသည် ပို၍ မြင့်မြတ် လေသလော။

➤➤ မိမိထက် နိမ့်ကျသောအရာများကို အသို့လျှင် ကိုးကွယ်အပ်သနည်း။ သခင်ဖြစ်ပါလျက် မိမိ၏ဘဝကိုမေ့ကာ မိမိ၏ကျွန်ကိုပင် ကိုးကွယ်ပါက မိမိ၏သိက္ခာကို မိမိကိုယ်တိုင်ချခြင်းပင်။

အသင်တို့သည် မိမိတို့ အလိုရှိရာကို ကျွင့်မူကြလေကုန်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အသင်တို့ကျွင့်မူသမျှကို အကြွင်းမဲ့မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ၁

إِنَّ الَّذِينَ كَفَرُوا بِالذِّكْرِ لَمَّا جَاءَهُمْ ۖ وَإِنَّهُ لَكِتَابٌ عَزِيزٌ ﴿٤١﴾

၄၁။ စင်စစ်ဧကန် အကြင်သူတို့သည် (ဤ)ဆုံးမသြဝါဒ(ကျမ်း)ကို ယင်း ဆုံးမသြဝါဒ(ကျမ်း)သည် ၎င်းတို့ထံ ရောက်ရှိ၍လာသောအခါ ငြင်းပယ်ကြကုန်၏။ (ငါအရှင်မြတ်သည် ၎င်းတို့အား အပြစ်ပေးတော်မူမည်။) အမှန်စင်စစ်သော်ကား ယင်းသည် မြင့်မြတ်လှစွာသော ကျမ်းဂန်ပင် ဖြစ်ပေသည်။

---

၁ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ကြကုန်သော သူတော်စင်များထံမှ ကောင်းကင်ကျကျမ်းဂန်လာဒေသနာတော်များကို ကြားနာပြီး စကြာဝဠာအဝန်း၌ ပျံ့နှံ့လျက်ရှိသော အလ္လာဟ်အရှင်မြတ်၏ သဘာဝသက်သေလက္ခဏာတော်များကို တွေ့မြင်ရပြီး နောက်သော်မှပင် အချို့သူများသည် ဖြောင့်မတ်သော တရားလမ်းစဉ်ကို ဖြောင့်မတ်တည်ကြည်စွာ မလိုက်နာကြပေ။ ဖြောင့်မတ်မှန်ကန်သော စကားများတွင်ပင် အမိပ္ပာယ်မရှိသော၊ အချည်းနှီးသော သို့လော သို့လော ဒွိဟသံသယမူများ လုပ်ကြံဖန်တီးကြ၏။ အဖြောင့်ကို အကောက်၊ အတည့်ကို အစောင်းဖြစ်စေရန် ကြံစည်အားထုတ်ကြ၏။ အနက်အဓိပ္ပာယ် ရှင်းလင်းပြတ်သားသော ဒေသနာတော်များကိုပင် မူရင်းအနက်အဓိပ္ပာယ်မှ တိမ်းစောင်းမှောက်မှားသွားစေရန် အမှားမှားအယွင်းယွင်း အနက်ကောက်ကြ၏။ အဓိပ္ပာယ်ကင်းမဲ့သော၊ မမှန်ကန်သော အကြောင်းအမျိုးမျိုးပြကာ ဒေသနာတော်များကို နာခံခြင်းမှ သွေဖည်ကြ၏။ အမှန်မှာ ၎င်းတို့၏ စိတ်နေသဘောထားသည်ပင် မဖြူစင်ပေ၊ မဖြောင့်မတ်ပေ။ ကွေ့ကောက်လျက်ရှိ၏။ တိမ်းစောင်းလျက်ရှိ၏။ ထိုသို့သော သွေဖည်ရေးသမားများကို အလ္လာဟ်အရှင်မြတ်သည် ကောင်းစွာသိတော်မူသည်။ ယင်းသွေဖည်ရေးသမားများသည် မိမိတို့၏ ထင်မြင်ယူဆချက်အရ ငါတို့သည် လွန်စွာလိမ္မာပါးနပ်ကြသည်။ ငါတို့၏အကြံအစည်သည် လွန်စွာပိရိလှသည်ဟု ငါတကော ကောကောင်းကော နေကြပေမည်။ မိမိတို့ကိုယ်ကို မိမိတို့ အထင်ကြီးကောင်း ကြီးနေကြပေမည်။ သို့ရာတွင် ၎င်းတို့ ထွေးထောက်စည်ပြုမူကြသည်များကိုမူ အလ္လာဟ်အရှင်မြတ်သည် ကြွင်းမဲ့ဥဿုံအလုံးစုံ သိတော်မူသည်။ ထိုအရှင်မြတ်သည် ၎င်းတို့အား ခေတ္တလျစ်လျူရှုထားတော် မူခြင်းသာဖြစ်သည်။ မကြာမီအတွင်း ၎င်းတို့သည် မိမိတို့သွေဖည်တိမ်းစောင်း မှောက်မှားခဲ့ကြသည်များ၏ ပြစ်ဒဏ်ကို လှလှကြီး ခံကြရပေမည်။ ငရဲတွင် ပစ်ချခြင်း ခံကြရပေမည်။ ပုဂ္ဂိုလ်တစ်ဦးသည် ကိယာမတ်နေ့တွင် မိမိ၏ သွေဖည်မှု၊ ဆိုးသွမ်းမှု၊ ကောက်ကျစ်လဲမှုများကြောင့် ငရဲလားရမည့် အခြားတစ်ဦးသည် မိမိ၏ သဘောဖြူအစွင်းမှု၊ ရိုးသားဖြောင့်မတ်မှု၊ အမိန့်နာခံမှု၊ အကျင့်သီလ ကောင်းမြတ်မှုတို့ကြောင့် ဘေးမသီ၊ ရန်မခဘဲ ဂျန္နတ်၏ အမတသုခကို ထာဝရ ခံစားရမည်။ ထိုသူနှစ်ဦးအနက် မည်သူကောင်းသည်၊ မည်သူ၏လမ်းစဉ်ကို လိုက်နာကျင့်မူအပ်သည်ကို ယင်းကာဖိရ်များ စဉ်းစားဆုံးဖြတ်ကြရပေမည်။

لَّا يَأْتِيهِ الْبَاطِلُ مِنۢ بَيْنِ يَدَيْهِ وَلَا مِنْ خَلْفِهِۦ ۖ تَنزِيلٌ مِّنْ حَكِيمٍ حَمِيدٍ ﴿٤٢﴾

၄၂။ အမှားသည် ယင်းကျမ်းမြတ်တွင် ၎င်း၏ရှေ့မှလည်း၊ လာရောက်စွက်ဖက်နိုင်ခြင်း မရှိချေ။ ၎င်း၏နောက်လည်း၊ လာရောက်စွက်ဖက်နိုင်ခြင်းမရှိပေ။ ဤကျမ်းမြတ်မှာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော ချီးမွမ်းထောပနာကို ခံယူထိုက်တော်မူသောအရှင်မြတ်အထံတော်မှ ချပေးတော်မူသော ကျမ်းမြတ်ပင် ဖြစ်ပေသည်။ [၁]

مَا يُقَالُ لَكَ إِلَّا مَا قَدْ قِيلَ لِلرُّسُلِ مِن قَبْلِكَ ۚ إِنَّ رَبَّكَ لَذُو مَغْفِرَةٍ وَذُو عِقَابٍ أَلِيمٍ ﴿٤٣﴾

၄၃။ အသင့်အလျောင် ပွင့်ကြလေကုန်သော ရှေ့လ်တမန်တော်များ ပြောဆို(စွပ်စွဲ)ခြင်း ခံခဲ့ကြရသည့်အတိုင်းပင် အသင်လည်း ပြောဆို (စွပ်စွဲ)ခြင်းကို ခံရ၏။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသောအရှင်၊ ပြင်းပြနာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို ပိုင်ဆိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

وَلَوْ جَعَلْنَٰهُ قُرْءَانًا أَعْجَمِيًّا لَّقَالُوا۟ لَوْلَا فُصِّلَتْ ءَايَٰتُهُۥٓ ۖ ءَا۬عْجَمِىٌّ وَعَرَبِىٌّ ۗ قُلْ هُوَ لِلَّذِينَ ءَامَنُوا۟ هُدًى

၄၄။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် ယင်းကျမ်းမြတ်ကို အရဗီဘာသာစကား မဟုတ်သော လူမျိုးခြား ဘာသာစကားဖြင့် (ကျရောက်သော) ကုရ်အာန် ကျမ်းတော်မြတ်အဖြစ် ထုတ်ပြန်တော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့က ယင်းကုရ်အာန်ကျမ်းတော်မြတ်၏ အာယတ်တော်များသည် မည်သည့်အတွက်ကြောင့် ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါသနည်း။

① ကုရ်အာန်ကျမ်းမြတ်သည် ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော၊ ချီးမွမ်းထောပနာမူအစုစုကို ခံထိုက်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းဂန်ဓမ္မကျွန်ဖြစ်သည်။ ယင်းကျမ်းဂန်ကို ထိန်းသိမ်းရန် မိမိကိုယ်တော်တိုင် တာဝန်ယူထားတော်မူသည်။ ထိုကျမ်းဂန်တွင် မည်သူမျှ၊ မည်သို့မျှ၊ မည်သည့်ဘက်ကမျှ နှုတ်ပယ် ဖြည့်စွက်နိုင်သည်မရှိ။ အမှားအယွင်းသည် ထိုကျမ်းဂန်၌ရှိရန်ဝေးစွ၊ ထိုကျမ်းဂန်၏အနီးသို့ပင် မချဉ်းကပ်နိုင်ပေ။ သို့ပါလျက် ကာဖိရ်များသည် ယင်းသို့သော ကျမ်းဂန်ကိုပင် ငြင်းပယ်ကြ၏။ ဤကား ၎င်းတို့၏ မိုက်မဲမှုပင်။

وَشِفَآءٌ ۖ وَالَّذِينَ لَا يُؤْمِنُونَ
فِىٓ ءَاذَانِهِمْ وَقْرٌ وَهُوَ عَلَيْهِمْ
عَمًى ۚ أُو۟لَٰٓئِكَ يُنَادَوْنَ مِن
مَّكَانٍۭ بَعِيدٍ ﴿٤٤﴾

"ရဖ္ရဲလ်"တမန်တော်သည် 'အရဗ်'အမျိုးသား ဖြစ်ပြီး (ကုရ်အာန်ကျမ်းတော်မြတ်သည်) လူမျိုးခြား ဘာသာစကားဖြင့် ကျရောက်လာသည်လော ဟူ၍ ပြောဆိုခဲ့ကြမည်သာ။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်နှင့် ရောဂါဝေဒနာ ပျောက်ကင်းစေသောဆေးပင် ဖြစ်ပေသည်။

သို့ရာတွင် သက်ဝင်ယုံကြည်ခြင်းမရှိကြသော သူတို့၏နားများ၌မူကား နားပင်မူ ဝေဒနာသည် ရှိနေပေရာ ယင်း ကုရ်အာန်ကျမ်းတော်မြတ်မှာလည်း ၎င်းတို့နှင့် ပတ်သက်၍ မျက်မမြင်(မမြင်ဖွယ်ရာ မထင်မရှား) ဖြစ်နေချေသည်။ ၎င်းတို့မှာ ရပ်ဝေးမှ ဟစ်ခေါ်ခြင်းခံကြရသူများပင် ဖြစ်ကြကုန်၏။ [၁]

---

① အပြစ်ပင် ရှာလိုသူတစ်ဦးရှေ့၌ အကြောင်းပြခြင်းသည် အချည်းအနှီးပင်။ မနာခံလိုသူတစ်ဦးသည် ဆင်ခြေအမျိုးမျိုးလဲမည်ပင်။ မက္ကာမြို့သား ကာဖိရ်များသည် ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ အပြစ်ရှာ၍ မရသည့်အဆုံး၌ တမန်တော်မြတ်သည် အရဗ် အမျိုးသားတစ်ဦးဖြစ်နေသဖြင့် တမန်တော်မြတ်အပေါ်၌ ကျရောက်သောကျမ်းသည် အရဗ်ဘာသာစကားဖြင့် မဟုတ်ဘဲ လူမျိုးခြားဘာသာစကားဖြင့် ကျရောက်ပါက တမန်တော်မြတ်၏ 'မုအ်ဂျိဇေဟ်' တန်ခိုးပြာဋိဟာသည် ပိုမို၍ ထင်ရှားလာပေမည်ဟု ပြောဆိုခဲ့ကြ၏။ ကြက်တွန်တက်ခဲ့ကြ၏။ ဤသည် အခြေအမြစ်မရှိသောစကားပင်၊ ဆင်ဝေ့ရန်ရှောင်စကားပင်။

အကယ်တန္တ ကုရ်အာန်ကျမ်းမြတ်သည် အရဗ်ဘာသာစကားမဟုတ်သော အခြားဘာသာစကားဖြင့် ဖြစ်ပါသော် ယင်းကာဖိရ်များသည် သွေဖည် ငြင်းဆန်ရန်အတွက် တမန်တော်မြတ်သည် အရဗ် လူမျိုး၊ ကုရ်အာန်ကို ဦးစွာပထမ ကြားနာရသော ကျွန်ုပ်တို့သည်လည်း အရဗ်လူမျိုး၊ ကျရောက်လာသောကျမ်း၏ ဘာသာစကားမှာ အရဗ်ဘာသာစကားမဟုတ်၊ လူမျိုးခြားစကားဖြစ်နေသည်။ ကျွန်ုပ်တို့သည် လူမျိုးခြား ဘာသာစကား တစ်လုံးတစ်ပါဒမျှ နားမလည်ကြပါဟူ၍ ဆင်ခြေလဲကြဦးမည်ပင်ဖြစ်သည်။

တမန်တော်မြတ်သည် အရဗ်လူမျိုးဖြစ်တော်မူသည်။ တမန်တော်မြတ် စတင်ဟောကြားရမည့် အမျိုးသားများမှာလည်း အရဗ်လူမျိုးဖြစ်သည်။ အရဗ် စာပေသည်လည်း စံမတူအောင် စာပေဂုဏ်မြောက်လှသည်။ ပွင့်လေသမျှသော တမန်တော်များသည်လည်း သက်ဆိုင်ရာမျိုးနွယ်မှပင် ဖြစ်ခဲ့ကြသည်။ သက်ဆိုင်ရာမျိုးနွယ်၏ စကားကိုပင် ပြောဆိုခဲ့ကြသည်။ ကျရောက်ခဲ့သမျှသော ကောင်းကင်ကျ ကျမ်းဂန်များမှာလည်း ဤအတိုင်းပင်။ သို့ဖြစ်ပေရာ စတင်ဟောကြားရမည့် အရဗ်အမျိုးသားများထံသို့ စတင်ပွင့်လာတော်မူခဲ့သော အရဗ်အမျိုးသား ➤➤

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَاخْتُلِفَ فِيْهِ ۗ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ ۗ وَاِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿٤٥﴾

၄၅။ ထိုမှတစ်ပါး မလွဲစေကန် ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာအား လည်း ကျမ်းဂန်ဒေသနာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့တစေလည်း ယင်းကျမ်းဂန်နှင့်စပ်လျဉ်း၍လည်း သဘောကွဲလွဲမှုဖြစ်ခဲ့ရလေသည်။

အမှန်စင်စစ်သော်ကား အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ အမိန့်တော်တစ်ရပ်သည် ရှိနှင့်ပြီး မဖြစ်ခဲ့ပါလျှင် အမှန်ပင် ၎င်းတို့၏အကြား၌ စီရင်ဆုံးဖြတ်ပြီးဖြစ်ခဲ့မည်သာ။ ထို့ပြင် ဧကန်အမှန် ၎င်းတို့သည် ယင်းအဆုံးအဖြတ် (ဝါ)ချိန်းချက်ထားသောပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ဝိစိကိစ္ဆာ ဖြစ်စေသော ဒွိဟသံသယ၌ပင် ရှိနေကြကုန်သတည်း။

➢➢ ဖြစ်သော တမန်တော်မြတ်အပေါ်သို့ အရဗီ ဘာသာစာပေဖြင့် ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူခြင်းမှာ လျော်ကန်သင့်မြတ်လှပေသည်။ သဘာဝကျလှပေသည်။

အမှန်မှာ ကုရ်အာန်ကျမ်းမြတ်သည် မိမိအပေါ်၌ (အီမာန်) သက်ဝင်ယုံကြည်၍ လက်တွေ့လိုက်နာကျင့်မူသူများအား အံ့ဖွယ်သရဲ တရားဓမ္မတော် ညွှန်ပြသည်။ အနှစ်နှစ်က စွဲငြိနေသော ဒွိဟသံသယတည်းဟူသော အတွင်းရောဂါများကိုလည်း ပျောက်ကင်းစေသည်။ ဤကား လက်တွေ့မျက်မြင်ပင်။ အမှန်တရားကို ကြားပင်မကြားလိုသော ကြည့်ပင်မကြည့်လိုသော မျက်ကန်းများ၊ နားပင်းများအဖို့မှာကား ကုရ်အာန်၏ အသံသည် အဘယ်မျှပင် သာယာကြည်နူးဖွယ် ဖြစ်လင့်ကစား ကုရ်အာန်၏ တရားဓမ္မ ရောင်ခြည်သည် အဘယ်မျှပင် ထွန်းလင်းတောက်ပလင့်ကစား ထူးမည် မဟုတ်ပေ။ ဤကား ကုရ်အာန်၏ အပြစ်မဟုတ်။ "ညဉ့်အခါမမြင် နေ့တွင်ဝိုးဝါး၊ ယုံမှားလုစ်တွင့်၊ ကြက်မျက်သင့်သို့" သက်ဆိုင်ရာ အမှန်တရားကို မမြင်သော၊ မကြားသောသူများ၏ အပြစ်သာ ဖြစ်ချေသည်။ ၎င်းတို့သည် မိမိတို့၏ နားကိုကြားအောင်၊ မျက်စိကိုမြင်အောင် ကုစားကြရပေမည်။ ဤသည့်သဘောကို ကုရ်အာန် (၁၇း၈၂) တွင်လည်း မိန့်ဆိုထားတော်မူသည်။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ ۚ وَمَنْ اَسَآءَ فَعَلَيْهَا ۗ وَمَا رَبُّكَ بِظَلَّامٍ لِّلْعَبِيْدِ ﴿٤٦﴾

၄၆။ မည်သူမဆို ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ပါလျှင် မိမိအကျိုးငှာ ကျင့်မူဆောက်တည်ခြင်းပင် ဖြစ်ပေသည်။ ထိုနည်းတူစွာ မည်သူမဆို မကောင်းမှုကို ပြုလုပ်သည်ရှိသော် (ယင်း မကောင်းမှု၏ဆိုးကျိုးမှာ) ၎င်း၏အပေါ်၌သာ ကျရောက်မည်ဖြစ်၏။

အမှန်စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်တို့အပေါ် ဝယ် နှိပ်စက်ကလူ ပြုတော်မူသောအရှင် မဟုတ်ပေတကား။ ၁

---

① ကာဖိရ်များသည် အထောက်အထား၊ သက်သေလက္ခဏာများ အထင်အရှား ရှိနေပါလျက်နှင့်ပင် အဆိုပါ အဆုံးအဖြတ် (၀၊) ချိန်းချက်ထားတော်မူသော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ယခုထက်တိုင် သံသယဖြစ်နေကြပေသေးသည်။ အမှန်မှာ အဆိုပါ ဆုံးဖြတ်ချက်မှာ မုချ အတည်ဖြစ်မည်ပင်။ အဆိုပါ ဆုံးဖြတ်ချက်၏ အချုပ်မှာ မည်သူမဆို ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ပါက မိမိအကျိုးငှာ ဆောက်တည်ခြင်းသာ ဖြစ်သည်။ နောင်တမလွန်ဘဝတွင် ကောင်းမြတ်သော ကုသိုလ်အကျိုးကို ခံစားရပေမည်။ မည်သူမဆို မကောင်းမှုကို ပြုကျင့်ပါမူ ထိုမကောင်း မှု၏ ဆိုးကျိုးကို ထိုသူသာလျှင် ခံစားရပေမည်။ အလျှာ်အရှင်မြတ်သည် မည်သူ့ကိုမျှ မတရားပြုတော်မူသည်မရှိ။ ကောင်းသူအား ကောင်းကျိုး၊ မကောင်းသူအား မကောင်းကျိုးကို ပေးတော်မူ မည်သာ။ ကောင်းသူ၏ ကောင်းကျိုးလည်း အချည်းအနှီးဖြစ်စေတော် မူမည်မဟုတ်။ မကောင်းသူ၏ မကောင်းကျိုးကိုလည်း ပို၍ပေးတော်မူမည်မဟုတ်။ တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူမည်သာ။

إِلَيْهِ يُرَدُّ عِلْمُ السَّاعَةِ ۚ وَمَا تَخْرُجُ مِن ثَمَرَاتٍ مِّنْ أَكْمَامِهَا وَمَا تَحْمِلُ مِنْ أُنثَىٰ وَلَا تَضَعُ إِلَّا بِعِلْمِهِ ۚ وَيَوْمَ يُنَادِيهِمْ أَيْنَ شُرَكَائِي قَالُوا آذَنَّاكَ مَا مِنَّا مِن شَهِيدٍ ﴿٤٧﴾

၄၇။ "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်းသော အသိသည် ထိုအရှင်မြတ်အထံတော်သို့ပင် လွှဲအပ်ရပေသည်။ [၁] ၎င်းပြင် မည်သည့် သစ်သီးဝလံများမဆို မိမိတို့၏(အဖူးဖုံးများမှ) (ထိုအရှင်မြတ်သိတော်မမူဘဲ) ထွက်ပေါ်လာသည် မဟုတ်ပေ။ ထိုမှတစ်ပါး: မည်သည့် မိန်းမတစ်ဦးမျှပင် ထိုအရှင်မြတ်သိတော်မမူဘဲ ကိုယ်ဝန်ဆောင်ခြင်းလည်း: မရှိပေ။ သားဖွားခြင်းလည်း: မရှိချေ။

ထို့ပြင် အကြင်နေ့တွင် ထိုအရှင်မြတ်သည် ၎င်းတို့အား "ငါအရှင်မြတ်၏တွဲဖက်များသည် အဘယ်မှာနည်း" ဟု ဟစ်ခေါ် မေးမြန်းတော်မူသောအခါ ၎င်းတို့က "(ယနေ့) ကျွန်တော်မျိုးအနက်(ဤသည်နှင့် စပ်လျဉ်း၍) သက်သေခံအံ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိတော့သည်ကို ကျွန်တော်မျိုးသည် အရှင်မြတ်အထံတော်၌ ဖြောင့်ချက်ဝန်ခံ လျှောက်ထားကြပါသည်၊" [၂] ဟု ပြောဆိုကြပေမည်။

---

① အထက်တွင် ကောင်းကျိုးဆိုးကျိုးများကို နောင်တမလွန်ဘဝ၌ အတိအကျ ခံ၊ စံကြရမည့်အကြောင်း ပါရှိခဲ့၏။ ယခု ဤအာယတ်တော်တွင် ကိယာမတ်နှင့် စပ်လျဉ်းသည့် အသိသည် အလွှာဟ်အရှင်မြတ်၌သာ ရှိကြောင်းကို မိန့်ဆိုထားတော်မူသည်။

ကာဖိရ်များက ငြင်းပယ်သည့်သဘောဖြင့် ကိယာမတ်သည် ဘယ်သောအခါဖြစ်မည်နည်းဟု မေးမြန်းလေ့ရှိခဲ့ကြသည်။ ယင်းသို့သော ကာဖိရ်များအား ရည်ညွှန်း၍ ဖြေကြားထားတော်မူသည်မှာ ကိယာမတ်သည် တစ်ရက်မုချဖြစ်မည်။ သို့ရာတွင် ကိယာမတ်ဖြစ်မည့်နေ့ရက်၊ အချိန်အတိအကျကိုမူ အလွှာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး: အခြားမည်သူ တစ်ဦးတစ်ယောက်မျှ အတိအကျမသိပေ။ ကောင်းကင်တမန် ဂျိဗ်ရီလ်က တမန်တော်မြတ်အား ကိယာမတ်ဖြစ်မည့် အချိန်နှင့်စပ်လျဉ်း၍ မေးမြန်းသောအခါ တမန်တော်မြတ်က (ما المسؤول عنها بأعلم من السائل) "ကိယာမတ်ဖြစ်မည့်အချိန်နှင့် စပ်လျဉ်း၍ မေးမြန်းခြင်း: ခံရသောပုဂ္ဂိုလ်သည် မေးမြန်းသောပုဂ္ဂိုလ်ထက် ပို၍မသိပါ။ (ဝါ) ကိယာမတ်ဖြစ်မည့် အချိန်အတိအကျကို ကျွန်ုပ်လည်း: မသိ၊ အသင်လည်း: မသိ" ဟု ဖြေကြားတော်မူခဲ့လေသည်။ ကြည့်-(မစ်ရှ်ကာတ်)။

လူ့လောကတွင် လူသားတို့မသိသောအရာ အမြောက်အမြားရှိပေသည်။ အရာတစ်ခုနှင့်စပ်လျဉ်း၍ မိမိမသိသည့်အတွက် ထိုအရာသည်မရှိဟူ၍ မဆိုနိုင်ချေ။ ➤➤

وَضَلَّ عَنْهُم مَّا كَانُوا يَدْعُونَ مِن قَبْلُ وَظَنُّوا مَا لَهُم مِّن مَّحِيصٍ ﴿٤٨﴾

၄၈။ စင်စစ်သော်ကား (ထိုနေ့တွင်) ၎င်းတို့ ယခင်က ဟစ်ခေါ်တသ (ရှိခိုးပူဇော်)ခဲ့ကြသည်တို့မှာ ၎င်းတို့ထံမှ ပျောက်ကွယ်၍ သွားကြပေမည်။ ထိုမှတစ်ပါး၊ ၎င်းတို့သည် မိမိတို့၌ ထွက်ပြေး(လွတ်မြောက်)ရာဟူ၍လည်း မရှိတော့ကြောင်း ယုံကြည်သွားကြပေမည်။

لَا يَسْـَٔمُ الْإِنسَانُ مِن دُعَآءِ الْخَيْرِ وَإِن مَّسَّهُ الشَّرُّ فَيَـُٔوسٌ قَنُوطٌ ﴿٤٩﴾

၄၉။ လူသားသည် ကောင်းကျိုး ချမ်းသာကို တောင်းဆိုခြင်းမှ ငြီးငွေ့သည်ဟူ၍ မရှိပေ။ [၁] သို့ရာတွင် အကယ်၍ ၎င်း၌ ဘေးအန္တရာယ်တစ်စုံတစ်ရာ သက်ရောက်ခဲ့သည်ရှိသော် ထိုအခါ (၎င်းမှာ) စိတ်အားလျော့သူ၊ မျှော်လင့်ချက်လုံးဝကင်းသူ ဖြစ်လာလေ၏။

➤➤ ကိယာမတ်အကြောင်း အကြိမ်ကြိမ်ပါရှိခဲ့ပေပြီ။ ကြည့်-ကုရ်အာန်(၇:၁၈၇။ ၁၅:၈၅။ ၁၈:၂၁။ ၂၀:၁၅။ ၂၂:၁။ ၃၁:၇။ ၃၃:၆၃။ ၃၄:၂၄။ ၃၄:၂၉-၃၀။ ၄၀:၅၉)။

① ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က မုရ်ရစ်က်တို့အား လူ့လောကတွင် ငါအရှင်မြတ်နှင့်တွဲဖက်၍ အသင်တို့ဆည်းကပ် ကိုးကွယ်နေခဲ့ကြသော ငါ၏တွဲဖက်များ အဘယ်မှာနည်းဟု မေးမြန်းတော်မူပေမည်။ ထိုအခါ မုရ်ရစ်က်များက ကျွန်တော်မျိုးတို့တွင် ဤပြစ်မှုကို မိမိကျူးလွန်ခဲ့ပါသည်ဟု ဝန်ခံဖြောင့်ချက်ပေးမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါဟု မုသားလိမ်လည်လျှောက်ထား ကြပေမည်။

[မုရ်ရစ်က်များသည် ကိယာမတ်နေ့တွင် မိမိတို့၏အပြစ်များကို အသို့လျှင် ဖုံးကွယ်ထားနိုင်ကြအုံနည်း။ ၎င်းတို့၏နှုတ်များက လိမ်လည်ထွက်ဆိုသော်လည်း ၎င်းတို့၏ ကျန်ကိုယ်အင်္ဂါ အစိတ်အပိုင်းများကမူ ဟုတ်မှန်ရာကို ထွက်ဆိုကြမည်သာဖြစ်သည်။ ကြည့်-ကုရ်အာန်(၄၁:၂၀-၂၂)]။

② ဤအာယတ်တော်တွင်ပါရှိသော (အင်္ဂန်စာန်) လူသားဟူသည် ကာဖိရ်ကို ဆိုလိုသည်။ ကြည့်-မာဂျိဒီ၊ ထာနဒီ၊ ကုရ်တုဗီ၊ မအာလင်မ်။

(ကုဖ်ရ်) သွေဖည်ငြင်းပယ်မှု၊ (ရှရစ်က်) တွဲဖက်ကိုးကွယ်မှုများသည် သက်ဆိုင်ရာ ကာဖိရ်၊ မုရ်ရစ်က်များ၏ စိတ်နေသဘောထားနှင့် အကျင့်အမူများတွင် ယုတ်မာသော လက္ခဏာများကို ပေါ်လွင်ထင်ရှားလာစေပေသည်။ ဤသည့်သဘောကိုပင် ဤအာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

ကာဖိရ်သည် အလ္လာဟ်အရှင်မြတ်အား မယုံကြည်ပေရာ၊ ကိယာမတ်ကို မယုံကြည်ပေရာ မျက်မှောက်ဘဝကိုသာ အဓိကထားကာ လောကီရေးရာများတွင် အနစ်နာမခံကြိုးစားမှုများ၍ နေပေသည်။ လောကီရေးရာများတွင် အဘယ်မျှပင် တိုးတက်ကြီးပွားနေလင့်ကစား မိမိ၏လောဘကို မသတ်နိုင်ပေ။ မိမိ၏စိတ်ကို မချုပ်တည်းနိုင်ပေ။ တိုး၍တိုး၍သာ ကြီးပွားလိုသည်။ ကမ္ဘာ့အိမ်ထောင်စုကြီး တစ်ခုလုံးကိုပင် ဖြစ်နိုင်ပါက ပိုင်ဆိုင်လိုသည်။ ဤကား ကာဖိရ်၏ အတောမသတ် လောဘကြီးမှုပင်။

وَلَئِنْ أَذَقْنٰهُ رَحْمَةً مِّنَّا مِنْۢ بَعْدِ ضَرَّآءَ مَسَّتْهُ لَيَقُولَنَّ هٰذَا لِيْ وَمَآ أَظُنُّ السَّاعَةَ قَآئِمَةً وَّلَئِنْ رُّجِعْتُ إِلٰى رَبِّيْٓ إِنَّ لِيْ عِنْدَهُ لَلْحُسْنٰى ۚ فَلَنُنَبِّئَنَّ الَّذِيْنَ كَفَرُوْا بِمَا عَمِلُوْا وَلَنُذِيْقَنَّهُمْ مِّنْ عَذَابٍ غَلِيْظٍ ﴿٥٠﴾

၅၀။ သို့တစေလည်း၊ ငင်းခွဲသက်ရောက်ခဲ့သော ဘေးဒုက္ခတစ်စုံတစ်ရာ၏နောက်တွင် ငါအရှင်မြတ်သည် ငင်းအား မိမိကရုဏာတော်(၏ အရသာ)ကို မြည်းစမ်းစေတော်မူခဲ့ပါလျှင် ဧကန်အမှန် ငင်းသည် (ဤသို့)ပြောဆိုလေတော့၏။ "ဤသည် ကျွန်ုပ်နှင့် ထိုက်သောကိစ္စပင် ဖြစ် သည်။ ငင်းပြင် "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလ ဆိုက်ရောက်မည်ဟု ကျွန်ုပ် မယူဆပေ။ သို့တစေလည်း၊ ကျွန်ုပ်သည် အကယ်၍ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်သို့ ပြန်သွားခဲ့ရသည့်တိုင်အောင် ဧကန်မလွဲ ကျွန်ုပ်အဖို့ ထိုအရှင်မြတ်အထံတော်တွင် သာ၍ ကောင်းသော အကျိုးကျေးဇူးသည် အမှန်ပင် ရှိချေမည်၊"

သို့ဖြစ်ပေရာ ဧကန်မလွဲ ငါအရှင်မြတ်သည် "ကာဖိရ်" သွေဖည် ငြင်းပယ်သောသူတို့အား ငင်းတို့ကျင့်မူခဲ့သမျှတို့ကို သိစေတော်မူပေသည်။ ထိုမှတစ်ပါး ဧကန်မုချ ငါအရှင်မြတ်သည် ငင်းတို့အား ပြင်းထန်သောပြစ်ဒဏ်၏ရသာကို မြည်းစမ်းစေတော်မူပေမည်။

وَإِذَآ أَنْعَمْنَا عَلَى الْإِنْسَانِ أَعْرَضَ وَنَا بِجَانِبِهٖ ۚ وَإِذَا مَسَّهُ الشَّرُّ فَذُوْ دُعَآءٍ عَرِيْضٍ ﴿٥١﴾

၅၁။ စင်စစ်မှာကား၊ ငါအရှင်မြတ်သည် လူသားတို့၏အပေါ်၌ ကျေးဇူးပြုတော်မူသောအခါ ငင်းမှာ မျက်နှာလွှဲကာ အဝေးသို့ ရှောင်ဖယ်၍သွားလေ့ရှိ၏။ သို့တစေလည်း၊ ငင်းခွဲ ဘေးဒုက္ခသက်ရောက်သော အခါ (ငင်းမှာ) ကျယ်ဝန်းစွာ (တစ်နည်း) ရှည်လျားစွာ ဆုတောင်းပတ္ထနာ ပြုလေ့ရှိပေသတည်း။

قُلْ أَرَءَيْتُمْ إِنْ كَانَ مِنْ عِنْدِ اللّٰهِ ثُمَّ كَفَرْتُمْ بِهٖ مَنْ أَضَلُّ

၅၂။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလော။ (အချင်းတို့၊) အသင်တို့သည်ပင် ပြောပြကြလေကုန်။ အကယ်၍ ယင်း(ကုရ်အာန်ကျမ်းမြတ်)သည် အလ္လာဟ်အရှင်မြတ်အထံတော်မှ (ကျရောက်ခဲ့သည်)

مِمَّنْ هُوَ فِىْ شِقَاقٍۭ بَعِيْدٍ ﴿٥٢﴾

ဖြစ်ခဲ့အံ့၊ ထို့နောက်တစ်ဖန် အသင်တို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်)ကို ငြင်းပယ်ခဲ့ကြသည်ရှိအံ့၊ သို့ဖြစ်လျှင် ဝေးကွာလှသော ကွဲပြားမှုဌ် ရှိနေသောသူထက် ပိုမို၍လမ်းမှားသောသူ မည်သူရှိအံ့နည်း။ ၁

سَنُرِيْهِمْ اٰيٰتِنَا فِى الْاٰفَاقِ وَفِىْٓ اَنْفُسِهِمْ حَتّٰى يَتَبَيَّنَ لَهُمْ اَنَّهُ الْحَقُّ ؕ اَوَلَمْ يَكْفِ بِرَبِّكَ اَنَّهٗ عَلٰى كُلِّ شَىْءٍ شَهِيْدٌ ﴿٥٣﴾

၅၃။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် ထိုသူတို့အား မိုးကုပ်စက်ဝိုင်းများဌ်လည်းကောင်း၊ ထိုသူတို့၏ ကိုယ်များဌ်လည်းကောင်း၊ မိမိသက်သေလက္ခဏာတော်များကို ပြတော်မူမည်။ နောက်ဆုံးတွင် ၎င်းတို့ဌ် ဇကန်စင်စစ် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်) မှန်ကန်ကြောင်း သိသာထင်ရှား၍ လာပေမည်။ ၂

(အို-နဗီတမန်တော်၊) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်ပင် (အသင့်အဖို့) လုံလောက်တော်မူသည် မဟုတ်လော။ ဇကန်မလွဲ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို မြင်တော်မူသော အသိသက်သေပင် ဖြစ်တော်မူ၏။

---

① အထက်တွင် ကာဖိရ်များ၏ စိတ်နေသဘောထား သေးနုတ်သိမ်ဖျင်းပုံကို ကွင်းကွင်းကွက်ကွက် သရုပ်ပေါ်လာအောင် မိန့်ဆိုထားတော်မူသည်။ ယခု ဤအာယတ်တော်များတွင် ယင်းသို့သောကာဖိရ်များ၏ စိတ်နေသဘောထား သေးနုတ်သိမ်ဖျင်းပုံများကို ထောက်ပြပြီး၊ ၎င်းတို့အား သတိပေးနေသော ဤကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ သတိပေးထားတော်မူသည်မှာ အကယ်၍ ဤကျမ်းမြတ်သည် အလ္လာဟ်ထံတော်မှ ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းမြတ်ဖြစ်နေပါသော် (အမှန်မှာလည်း ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်ပင်ဖြစ်သည်) သို့ပါလျက် အသင်တို့သည် ထိုကုရ်အာန်ကျမ်းမြတ်ကို သွေဖည်ငြင်းဆန်လက်မခံကြသော်၊ ကုရ်အာန်ကျမ်းလာဒေသနာတော်များကို သွေဖည်၍ မိမိတို့၏နောင်ရေးကို မစဉ်းစားကြသော်၊ အမှန်တရားနှင့် ဝေးသည်ထက်ဝေး၍ နေကြသော် အသင်တို့ထက် လမ်းမှားသူ၊ပျက်စီးဆုံးရှုံးသူ အသူရှိအံ့နည်း။

② ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်ထားတော်မူသော ကျမ်းဂန်အစစ်အမှန်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အတွင်း၊အပြင် သက်သေသာဓက အထောက်အထား အမြောက်အမြားရှိချေသည်။ တွေးဆဆင်ခြင် မြော်မြင်ကြသည့် မြောက်မြားစွာသော ပုဂ္ဂိုလ်များကလည်း လက်ခံထားကြပေသည်။

သို့ပါလျက် ဇွတ်မိုက်၍ငြင်းဆန်နေသော ပုဂ္ဂိုလ်များအား အလ္လာဟ်အရှင်မြတ်က သတိပေးထားတော်မူသည်မှာ- ငါအရှင်မြတ် သည် မိမိ၏တန်ခိုးတော်ဆိုင်ရာ သက်သေလက္ခဏာတော်များကို မကြာမီအတွင်း ၎င်းတို့၏ကိုယ်များတွင် လည်းကောင်း၊ ၎င်းတို့၏ပတ်ဝန်းကျင်ရှိ အာရေဗျပြည်တွင်လည်းကောင်း၊ ➤➤

أَلَآ إِنَّهُمْ فِى مِرْيَةٍ مِّن لِّقَآءِ رَبِّهِمْ ۗ أَلَآ إِنَّهُۥ بِكُلِّ شَىْءٍ مُّحِيطٌ ﴿٥٤﴾

၅၄။ သတိပြုကြလေကုန်။ ဧကန်အမှန် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် တွေ့ဆုံကြရမည်နှင့်စပ်လျဉ်း၍ အရာခပ်သိမ်းရှိနေကြကုန်၏။ သတိပြုကြလေကုန်။ မလွဲဧကန် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဝန်းခြုံလျက်ရှိတော်မူပေသတည်း။

➤➤ အာရေဗျပြည်တွင်းသာမက ကမ္ဘာအဝှန်းတွင်လည်းကောင်း၊ ပြသတော်မူမည်။

ယင်းသည့် သက်သေလက္ခဏာတော်များကို ထောက်ရှုခြင်းအားဖြင့် ကုရ်အာန်ကျမ်းမြတ်နှင့် ကုရ်အာန်ကျမ်းမြတ်ကို ယူဆောင်လာသော တမန်တော်မြတ်၏ မှန်ကန်မှုသည် "လယ်ပြင်ဆင်သွားသည့်အလား" ထင်ရှားသွားပေမည်၊ ထိုသည့် သက်သေလက္ခဏာတော်များကား အခြားမဟုတ်။ ကုရ်အာန်ကျမ်းမြတ်၏ ကြိုတင်ဟောကြားချက်အရ ဖြစ်ပါလာခဲ့သော ကမ္ဘာ့သမိုင်းစဉ်တွင် ဖြစ်ရိုးဖြစ်စဉ် အကြောင်းတရားများနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော၊ ဉာဏ်နှင့်ယှဉ်၍ စဉ်းစားရန်ခဲယဉ်းလှသော ကြီးမားလှသော အစွယ်လာမ်၏ အံ့ဖွယ်သရဲအောင်နိုင်မှုများပင်။

ယင်းသည့် သက်သေလက္ခဏာတော်များအနက် အချို့သက်သေလက္ခဏာတော်များကို မက္ကာမြို့သားကာဖိရ်များသည် "ဗဒ်ရ်"စစ်ပွဲ၌ မိမိတို့၏ကိုယ်များတွင် လည်းကောင်း၊ မက္ကာမြို့တော်ကို မုစ်လင်မ်များ ပြန်လည်သိမ်းပိုက်ကြသည့်အခါ အာရေဗျပြည်၏ မြို့တော်တွင်လည်းကောင်း၊ "ခလီဖဟ်" သမ္မတကြီး လေးပါးလက်ထက်၌ ကမ္ဘာအရပ်ရပ်တွင်လည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရလေပြီမဟုတ်ပါလော။

ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍ

سُورَةُ الشُّورَىٰ

ဤကဏ္ဍသည် "ရွာရာ"ဆွေးနွေးတိုင်ပင်ခြင်း အကြောင်းပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၅၃)ပါး၊ ရကူအ်အပိုဒ်(၅)ပိုဒ် အသီးသီးပါရှိသည်။

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

၁။ ဟားမီမ်၊

حٰمٓ ۝١

၂။ အိုင်န်၊ စီန်၊ ကာဖ်။

عٓسٓقٓ ۝٢

၃။ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်သည် အသင့်ထံသို့လည်းကောင်း၊ အသင့်အလျင်ပွင့်ခဲ့ကြလေသော တမန်တော်များထံသို့ လည်းကောင်း၊ ဤနည်းအတိုင်းပင် ဝဟ်ယ်တော် ထုတ်ပြန်လေ့ရှိတော်မူခဲ့၏။ [၁]

كَذٰلِكَ يُوْحِيْٓ اِلَيْكَ وَاِلَى
الَّذِيْنَ مِنْ قَبْلِكَ ۙ
اللّٰهُ الْعَزِيْزُ الْحَكِيْمُ ۝٣

၄။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ကမ္ဘာမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများပင် ဖြစ်ကုန်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အလွန်မြင့်မြတ်လှတော်မူသော၊ ထူးကဲ ကြီးမြင့်လှတော်မူသောအရှင် ဖြစ်တော်မူ၏။

لَهٗ مَا فِى السَّمٰوٰتِ
وَمَا فِى الْاَرْضِ ۭ وَهُوَ
الْعَلِيُّ الْعَظِيْمُ ۝٤

---

① တမန်တော်မြတ်ထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ အာယတ်တော်များကို ထုတ်ပြန်ပို့ချပေးတော်မူခြင်းမှာ အထူးအဆန်းမဟုတ်ပေ၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ထံ အာယတ်တော်များကို ထုတ်ပြန်ပို့ချတော်မူသကဲ့သို့ တမန်တော်မြတ်အလျင် ပွင့်လေခဲ့ကြကုန်သော တမန်တော်များထံသို့လည်း အာယတ်တော်များကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်သာ ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် အရာရာကို လွှမ်းမိုးတော်မူလျက်ရှိသည်။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အရာရာကို လွှမ်းခြုံလျက်ရှိပေသည်။

تَكَادُ السَّمٰوٰتُ يَتَفَطَّرْنَ مِنْ
فَوْقِهِنَّ وَالْمَلٰٓئِكَةُ يُسَبِّحُوْنَ
بِحَمْدِ رَبِّهِمْ وَيَسْتَغْفِرُوْنَ
لِمَنْ فِي الْاَرْضِ ۭ اَلَآ اِنَّ
اللّٰهَ هُوَ الْغَفُوْرُ الرَّحِيْمُ ۝

၅။ မိုးကောင်းကင်များသည် မိမိတို့အပေါ်မှ အက်ကွဲပြိုကျအံ့ဆဲဆဲ ဖြစ်ကုန်၏။ [၁] ၎င်းပြင် "မလာအိကဟ်" ကောင်းကင်တမန်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြသည့်ပြင် ၎င်းတို့သည် ကမ္ဘာမြေ၌ရှိသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားလျက်ရှိကြကုန်၏။ သတိပြုကြလေကုန်၊ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်တော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏။

وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ
اَوْلِيَاۗءَ اللّٰهُ حَفِيْظٌ عَلَيْهِمْ ڮ
وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ۝

၆။ ထိုအရှင်မြတ်မှတစ်ပါး အခြားကို ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်ပြုလုပ်ခဲ့ကြသောသူတို့အား အလ္လာဟ်အရှင်မြတ်သည် ကြည့်ရှုစောင့်ကြပ်တော်မူလျက်ရှိ၏။ စင်စစ်သော်ကား အသင်သည် ၎င်းတို့နှင့်ပတ်သက်၍ တာဝန်ခံ မဟုတ်ပေတကား။ [၂]

---

① "မိုးကောင်းကင်များသည် ၎င်းတို့အပေါ်သို့ အက်ကွဲပြိုကျအုံ့ဆဲဆဲဖြစ်သည်"။ ဆိုလိုသည်ကား မိုးကောင်းကင်များသည် အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိ အလွန့်အလွန်ကြီးမားသော ဘုန်းအရိပ်ကြောင့်သော်လည်းကောင်း၊ အသရော်အသရှံသော ကောင်းကင်တမန်တို့၏ ဝန်ရိုန်ကြောင့်သော်လည်းကောင်း၊ အသရော်အသရှံသော ကောင်းကင်တမန်တို့၏ အသရော်၊ အသရှံသော ဂုဏ်တော်မွမ်းခြင်းများကြောင့်သော်လည်းကောင်း၊ အက်ကွဲပြိုကျလုဘနန်း ဖြစ်ပေသည်ဟူ၏။ တမန်တော်မြတ်၏ ဩဝါဒတော်များတွင် လာရှိသည်မှာ မိုးကောင်းကင်များသည် အလ္လာဟ်အရှင်မြတ်အား ပျပ်ဝပ်ဦးချလျက် ရှိသော ကောင်းကင်တမန်တော်များနှင့် လုံးဝပြည့်နှက်လျက်ရှိသည်။ လက်လေးသစ်မျှပင် နေရာလပ်မရှိ။

② ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် မှုရှုရစ်က်တို့အား ဤပစ္စက္ခတွင် ခေတ္တခဏ လျစ်လျူပြုထားတော်မူသည်။ သို့ရာတွင် မှုရှုရစ်က်များသည် ယင်းသို့ ခေတ္တခဏ လျစ်လျူပြုထားတော် မူသည်ကိုအကြောင်းပြု၍ ငါတို့သည် ရာသက်ပန် လွတ်မြောက်ကြပြီဟူ၍ကား အထင်မမှားကြရာ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ အပြုအမူ အားလုံးကို သိတော်မူသည်။ မှတ်သားထားတော်မူသည်။ မှတ်တမ်းတော်တွင် စေ့စပ်စွာ ရေးမှတ်ထားတော်မူသည်။ အချိန်ကျသည့်အခါ ဖွင့်ပြတော်မူပေမည်။

وَكَذٰلِكَ اَوۡحَيۡنَاۤ اِلَيۡكَ قُرۡاٰنًا عَرَبِيًّا لِّتُنۡذِرَ اُمَّ الۡقُرٰى وَمَنۡ حَوۡلَهَا وَتُنۡذِرَ يَوۡمَ الۡجَمۡعِ لَا رَيۡبَ فِيۡهِ ؕ فَرِيۡقٌ فِى الۡجَنَّةِ وَفَرِيۡقٌ فِى السَّعِيۡرِ ۝٧

၇။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် အသင်တို့ထံသို့ အသင်သည် (ဦးစွာပထမ) မက္ကာမြို့(သားတို့)ကိုလည်းကောင်း၊ ယင်းမက္ကာမြို့၏ ပတ်ဝန်းကျင်(၌နေထိုင်သူတို့)ကိုလည်းကောင်း၊ သတိပေး နှိုးဆော်အံ့သောငှာ၊ ထို့ပြင် ဒွိဟသံသယ အလျှင်းမရှိသော (“ကိယာမတ်” ရှင်ပြန်ထမည့်)နေ့နှင့် စပ်လျဉ်း၍ အသိပေး နှိုးဆော်အံ့သောငှာလည်းကောင်း၊ အရဗီဘာသာစကားဖြင့်ဖြစ်သော (ဤ)ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခဲ့၏။ (ငင်းတို့အနက်) အုပ်စုတစ်စုမှာ “ဂျန္နတ်” သုခဘုံသို့ (လား၍) အုပ်စုတစ်စုမှာကား “ဂျဟန္နမ်” ငရဲဘုံသို့ (လားကြပေမည်)။ ၁

وَلَوۡ شَآءَ اللّٰهُ لَجَعَلَهُمۡ اُمَّةً وَّاحِدَةً وَّلٰكِنۡ يُّدۡخِلُ مَنۡ يَّشَآءُ فِىۡ رَحۡمَتِهٖ ؕ وَالظّٰلِمُوۡنَ مَا لَهُمۡ مِّنۡ وَّلِىٍّ وَّلَا نَصِيۡرٍ ۝٨

၈။ စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့အား သာသနာဝင်အုပ်စုတစ်စုတည်း ပြုလုပ်တော်မူခဲ့မည်သာ။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူတို့အားသာလျှင် မိမိကရုဏာတော်သို့ ဝင်ရောက်စေတော်မူ၏။ စင်စစ်သော်ကား မတရားကျူးလွန်သူတို့အား ကာကွယ်စောင့်ရှောက်အံ့သောသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေ၊ ကူညီ စောင်မအံ့သောသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ချေ။

---

① ဤအာယတ်တော်တွင် ပါရှိသော “အွန်မူလ်ကုရာ” မြို့ရွာအပေါင်းတို့၏ အမိဟူသည် မက္ကာမြို့တော်ကို ဆိုလိုသည်။ မက္ကာမြို့တော်သည် အာရေဗျပြည်၏မြို့တော်လည်းဖြစ်သည်။ အရဗီ အမျိုးသားများသည်လည်း မက္ကာမြို့တော်၌ပင် စုရုံးကြသည်။ ကမ္ဘာအဝှန်းတွင် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်မှာလည်း မက္ကာမြို့တော်၌ပင် တည်ရှိပေသည်။ အဆိုပါအိမ်တော်သည် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် ပထမဦးဆုံး ဝတ်ပြုရာဌာနလည်း ဖြစ်ခဲ့ပေသည်။ (ရိဝါယာတ်) ကျမ်းချက်များအရ ကမ္ဘာမြေကို စတင်ဖန်ဆင်းတော်မူရာတွင် အလ္လာဟ်အရှင်မြတ်သည် အဆိုပါအိမ်တော်တည်ရှိရာ နေရာမှာပင် ပထဝီမြေကြီးကို ဖြန့်တော်မူခဲ့ပေသည်။

အဆိုပါမြို့တော်၏ ပတ်ဝန်းကျင်ဟူသည် ပထမသော် အာရေဗျတိုင်းပြည်၊ ထို့နောက်သော် ➤➤

أَمِ اتَّخَذُوا مِن دُونِهِۦٓ أَوْلِيَآءَ ۖ فَٱللَّهُ هُوَ ٱلْوَلِىُّ وَهُوَ يُحْىِ ٱلْمَوْتَىٰ وَهُوَ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ۝٩

၉။ ၎င်းတို့သည် ထိုအရှင်မြတ်မှတစ်ပါး အခြားသူတို့အား ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်ပြုလုပ် ထားခဲ့ကြလေသလော။ အမှန်စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သာလျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အရှင်ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် သူသေတို့အား ရှင်စေတော်မူမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်သာလျှင် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

وَمَا ٱخْتَلَفْتُمْ فِيهِ مِن شَىْءٍ فَحُكْمُهُۥٓ إِلَى ٱللَّهِ ۚ ذَٰلِكُمُ ٱللَّهُ رَبِّى عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ ۝١٠

၁၀။ ၎င်းပြင် အကြင်ကိစ္စသည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့သည် (မုစ်လင်မ်တို့နှင့်) ကွဲပြားလျက်ရှိကြကုန်၏။ စင်စစ်သော်ကား ယင်းကိစ္စ၏ အဆုံးအဖြတ်မှာ အလ္လာဟ်အရှင်မြတ်အထံတော်၌သာ ရှိ၏။ ဤသည်ပင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ ငါသည် ထိုအရှင်မြတ်အပေါ်၌ပင် ယုံပုံလွဲအပ်ပေသည်။ ၎င်းပြင် ငါသည် ထိုအရှင်မြတ်ဘက်သို့သာလျှင် ပြန်လှည့်၏။

فَاطِرُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ جَعَلَ لَكُم مِّنْ أَنفُسِكُمْ

၁၁။ (ထိုအရှင်မြတ်သည်ပင်) မိုးကောင်းကင်များကို လည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။

➤➤ ကမ္ဘာအဝှန်း ကိုဆိုလိုသည်။ အလ္လာဟ်အရှင်မြတ်သည် အတိတ်ခေတ် တမန်တော်များထဲသို့ (ဝဟ်ယ်) အမိန့်တော်များ ပို့ချတော်မူခဲ့သည့်အလား တမန်တော်မြတ်ထဲသို့လည်း အရစ်ဘာသာစာပေဖြင့် ဖြစ်သော ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချ ပေးသနားတော်မူခဲ့သည်။

ယင်းသို့ ကုရ်အာန်ကျမ်းမြတ်ကို ပို့ချပေးသနားတော်မူခြင်းမှာ- တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ဖြင့် ဦးစွာပထမ မက္ကာဟ်မြို့တော်သူ မြို့တော်သားများအား လည်းကောင်း၊ ထို့နောက် အာရေဗျတိုင်းသူပြည်သားများနှင့် ကမ္ဘာအဝှန်းအားလည်းကောင်း၊ သတိပေးနှိုးဆော်တော် မူရန်ပင်ဖြစ်ပေသည်။ အထူးသဖြင့် စုရုံးရမည့်နေ့ (၀ါ) ကိယာမတ်နေ့နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်တော် မူရန်ဖြစ်သည်။ ထိုနေ့တွင် လူသားအားလုံးတို့ စုရုံးကြရမည်ဖြစ်သည်။ ကြည့်-ကုရ်အာန် (၆၄း၉)။

أَزْوَاجًا وَّمِنَ الْأَنْعَامِ أَزْوَاجًا يَذْرَؤُكُمْ فِيهِ ۚ لَيْسَ كَمِثْلِهِ شَيْءٌ ۖ وَهُوَ السَّمِيعُ الْبَصِيرُ ﴿١١﴾

ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ အသင်တို့၏အမျိုးအစားထဲမှပင် ကြင်ရာကြင်ဖက်များကို ဖန်ဆင်းတော်မူခဲ့၏။ ထိုနည်းတူစွာ ခြေလေးချောင်း တိရစ္ဆာန်တို့၏ စုံတွဲများကိုလည်း ဖန်ဆင်းတော်မူခဲ့၏။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် ထိုအရှင်မြတ်သည် အသင်တို့အား ပြန့်ပွားစေတော်မူ၏။ ထိုအရှင်မြတ်နှင့် တူသောအရာဟူ၍ကား မည်သည့် တစ်စုံတစ်ရာမျှပင် မရှိပြီ။ ထိုအရှင်မြတ်သည်ပင် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ မြင်တော်မူသောအရှင်ဖြစ်တော်မူ၏။ [၁]

لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ ۖ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٢﴾

၁၂။ *မိုးကောင်းကင်များနှင့်ပထဝီမြေ၏ သော့များ* သည် ထိုအရှင်မြတ်၌သာ ရှိကုန်၏။ [၂] ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ချီးမြှင့်တော်မူ၏။ ထိုနည်းတူစွာ (မိမိအလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို) ကျပ်တည်းစေတော်မူ၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တရှင်၊ ဉာဏ်တော်အနန္တရှင် ဖြစ်တော်မူသည်၊ တစ်ဆူတည်း၊ တစ်ပါးတည်း ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၌ အစမရှိ၊အဆုံးမရှိ၊ ပြိုင်ဖက်၊ယှဉ်ဖက်မရှိ၊ ထိုအရှင်မြတ်၏ ဇာတိတော်တွင်လည်းတူသူမရှိ၊ ဂုဏ်တော်များတွင်လည်း တူသူမရှိ။ ထိုအရှင်မြတ်၏ဇာတိတော်၊ ဂုဏ်တော်များတွင် သာမက ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များ၊ အဆုံးအဖြတ်တော်များတွင်လည်း တူသောသာသနာလည်းမရှိ။ ထိုအရှင်မြတ်၏ဇာတိတော်ကို တွေးတောကြံဆ၍ မဖြစ်နိုင်ရကား ထိုအရှင်မြတ်နှင့်တူသောအရာသည် အသို့လျှင် ရှိနိုင်အံ့နည်း။

② ဘဏ္ဍာတော်တိုက် အားလုံးတို့၏ သော့များသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်၌သာ ရှိပေသည်။ ဆိုလိုသည်ကား အခွင့်အာဏာအားလုံးသည် အလ္လာဟ်အရှင်မြတ်၏လက်တော်တွင်၌သာရှိပေသည်။ ထိုအရှင်မြတ်သည် မိမိ၏အာသာဆန္ဒတော်အတိုင်း စီမံခန့်ခွဲတော်မူသည်။ ခြယ်လှယ်တော်မူသည်။ သတ္တဝါအပေါင်းတို့အား စားနပ်ရိက္ခာကို ထိုအရှင်မြတ်သည်ပင် ပေးသနားတော်မူသည်။ မည်သူ့အား မည်ရွေ့မည်မျှ ပေးအပ်သင့်သည်ကို ထိုအရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသည်။ ထို့အတူ အရေးကိစ္စအဝဝတွင် ထိုက်တန်သူအား ထိုက်တန်သည်နှင့်အမျှ ပေးသနားတော်မူသည်သာဖြစ်သည်။

ဤသည့်သဘောကို ကုရ်အာန် (၃၉း၆၃)တွင်လည်း မိန့်ဆိုထားတော်မူသည်။

شَرَعَ لَكُمْ مِّنَ الدِّيْنِ
مَا وَصّٰى بِهٖ نُوْحًا وَّالَّذِيْٓ
اَوْحَيْنَآ اِلَيْكَ وَمَا وَصَّيْنَا
بِهٖٓ اِبْرٰهِيْمَ وَمُوْسٰى وَعِيْسٰٓى
اَنْ اَقِيْمُوا الدِّيْنَ وَلَا
تَتَفَرَّقُوْا فِيْهِ ۭ كَبُرَ عَلَى
الْمُشْرِكِيْنَ مَا تَدْعُوْهُمْ
اِلَيْهِ ۭ اَللّٰهُ يَجْتَبِيْٓ اِلَيْهِ
مَنْ يَّشَاۗءُ وَيَهْدِيْٓ اِلَيْهِ

၁၃။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ အကြင် သာသနာတော်ကိုပင် သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့၏၊ ထိုအရှင်မြတ်သည် (နဗီတမန်တော်) "နူဟ်"အား ယင်းသာသနာတော်ကိုပင် နာယူကျင့်မူရန် အမိန့်ပေးတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ယင်းသာသနာတော်ကိုပင် အသင့်ထံသို့ ထုတ်ပြန်တော်မူခဲ့၏။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ယင်းသာသနာတော်ကိုပင် နာယူကျင့်မူရန် (နဗီတမန်တော်) "အီဗ်ရာဟီမ်" အား၊လည်းကောင်း၊ (နဗီတမန်တော်) "မူစာ" အား၊လည်းကောင်း၊ (နဗီတမန်တော်) "အီစာ" အား၊လည်းကောင်း၊ *အမိန့်ပေးတော်မူခဲ့၏*။ [၁] အသင်တို့သည် "ဒီန်"သာသနာတော်ကို ခိုင်မြဲ တည်ရှိစေကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ယင်းသာသနာတော်နှင့်စပ်လျဉ်း၍ ကွဲပြားခြင်း၊ အုပ်စုကွဲခြင်း၊ မရှိကြကုန်လင့်ဟူ၍ အမိန့်ပေးတော်မူခဲ့၏။

---

① **တမန်တော်အပေါင်းတို့၏ တစ်ခုတည်းသော (ဒီန်)သာသနာ၊**

ဖခင်ကြီးအာဒမ်နောက် ပထမဦးဆုံးသော (ရစူလ်)တမန်တော်မှာ တမန်တော် နူဟ်ပင်ဖြစ်ခဲ့ပေသည်။ (ရှရီအတ်) တရားဥပဒေ၊ အမိန့်ပညတ်ချက်များသည် တမန်တော် နူဟ်လက်ထက်တွင်မှ စတင်ဖြစ်ပေါ်လာခဲ့ပေသည်။ နောက်ဆုံးတမန်တော်မှာ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ပင် ဖြစ်တော်မူပေသည်။ တမန်တော်အဖြစ် စေလွှတ်မူသည်မှာလည်း တမန်တော်မြတ်၌ပင် ဆုံးခန်းတိုင်သွားခဲ့ပေပြီ။ တမန်တော်မြတ်နောက် တမန်တော်ပွင့်ရန် အလျင်းမရှိပြီ။ ပွင့်ရန်လည်းမလိုပြီ တမန်တော်မြတ်နှင့် တမန်တော် နူဟ်၏စပ်ကြားတွင် တမန်တော်အမြောက်အမြား ပွင့်တော်မူခဲ့ကြပေသည်။ ယင်းတမန်တော်များတွင် တမန်တော် အီဗ်ရာဟီမ်၊ တမန်တော်မူစာ တမန်တော်အီစာတို့သည် အထူး ကျော်ကြားခဲ့ကြပေသည်။

ဤတွင် အလ္လာဟ်အရှင်မြတ်က အတိအလင်း ဖွင့်ဟမြွက်ကြားထားတော်မူသည်မှာ (ဒီန်)သာသနာသည် တစ်ခုတည်းပင် အမြဲတစေ တည်ရှိခဲ့ပေသည်။ ပွင့်လေသမျှသော တမန်တော်အပေါင်းတို့၏ (ဒီန်)သာသနာသည်လည်း တစ်ခုတည်းပင်ဖြစ်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ပွင့်လေသမျှသော တမန်တော်အပေါင်းတို့၏ (ဒီန်)သာသနာသည် ယုံကြည်ချက်၊ ကိုယ်ကျင့်တရား၊ သာသနာရေးရာ အခြေခံသဘောတရားများတွင် အားလုံးတညီတညွတ်တည်းပင် ဖြစ်ခဲ့ပေသည်။ အသေးစိတ်များတွင်သာ ခေတ်အခါ၊ ပတ်ဝန်းကျင် အခြေအနေအရ ခြားနားမှုရှိခဲ့ပေသည်။ ကြည့်-ကုရ်အာန် (၅:၄၈)။

مَنْ يُّنِيْبُ ﴿١٣﴾

(အို-နဗီတမန်တော်) "မုရှ်ရစ်က်" တွဖက်နှိုင်းယှဉ်ကိုးကွယ်ကြကုန်သော သူတို့၌ အသင် ၎င်းတို့အား ဖိတ်ခေါ်လျက်ရှိသော(တောင်ဟီဒ်)တရားတော်မှာ လွန်စွာခက်ခဲကြီးလေးလှ၏၊ (စင်စစ်မှာကား) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား မိမိအထံတော်သို့ ရွေးချယ်တော်မူ၏၊ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိမိဘက်တော်သို့ ပြန်လှည့်သောသူအား လမ်းညွှန်တော်မူ၏။ [၁]

وَمَا تَفَرَّقُوْٓا اِلَّا مِنْۢ بَعْدِ مَا جَآءَهُمُ الْعِلْمُ بَغْيًاۢ بَيْنَهُمْ ۭ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ اِلٰٓى اَجَلٍ مُّسَمًّى لَّقُضِيَ بَيْنَهُمْ ۭ وَاِنَّ الَّذِيْنَ اُوْرِثُوا الْكِتٰبَ مِنْۢ بَعْدِهِمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿١٤﴾

၁၄။ အမှန်စင်စစ်သော်ကား၊ ၎င်းတို့မှာ မိမိတို့ထံသို့ (တိကျမှန်ကန်သော) အသိပညာ ရောက်ရှိ၍လာပြီးနောက်သော်မှပင် မိမိတို့အချင်းချင်း မနာလိုမှုကြောင့် အုပ်စုကွဲခဲ့ကြကုန်၏။ စင်စစ်မှာကား၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ သတ်မှတ်ထားသည့်အချိန်ထိ (လျစ်လျူပြုထားရန် ရှေးဦးမဆွကပင် အမိန့်တော်တစ်ရပ် အတည်မဖြစ်ခဲ့ပါလျှင် ၎င်းတို့အကြား၀ယ် အမှန်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်မည်သာ။

ထိုမှတစ်ပါး ဧကန်စင်စစ် ၎င်းတို့နောက်တွင် ကျမ်းဂန်ကို ပိုင်ဆိုင်စေခြင်းခံခဲ့ကြရသော သူတို့မှာမူကား ယင်းသာသနာတော်နှင့်စပ်လျဉ်း၍ ဝိစိကိစ္ဆာဖြစ်စေသော ဒွိဟသံသယ၌ ရှိနေကြကုန်သတည်း။

---

① တမန်တော်မြတ်သည် လူသားတို့အား (တောင်ဟီး၁) တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာဆည်းကပ်ကိုးကွယ်ရန် ဖိတ်ခေါ်တော်မူခဲ့၏။ တောင်ဟီး၁သည် ပွင့်လေသမျှသော တမန်တော်အပေါင်းတို့၏ အခြေခံ ယုံကြည်ချက်တရားပင်ဖြစ်သည်။ ယုတ္တိလည်းရှိသည်။ ဉာဏ်နှင့် ယှဉ်ကြည့်ကလည်း မှန်ကန်နေသည်။ သို့ပါလျက် ယင်းသည့်တောင်ဟီး၁သည်ပင် မုရှ်ရစ်က်များအဖို့မှာ ခက်ခဲကြီးလေးနေပေသည်။

ၚင်းတို့သည် ဤမည်သော တောင်ဟီး၁နှင့်စပ်လျဉ်း၍ ငြင်းခုန်နေကြသည်။ ဤသည် ကမ်းကုန်အောင် မိုက်မဲခြင်းပင်။ အမှန်မှာ တရားရခြင်း စသည်များသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ထိုအရှင်မြတ်သည် မိမိ၏ကျွန်များအနက် မိမိအလိုရှိတော်မူသော ပုဂ္ဂိုလ်များအား ရွေးချယ်၍ ➤➤

فَلِذَٰلِكَ فَادْعُ ۚ وَاسْتَقِمْ كَمَآ
أُمِرْتَ ۚ وَلَا تَتَّبِعْ أَهْوَآءَهُمْ ۚ
وَقُلْ ءَامَنتُ بِمَآ أَنزَلَ ٱللَّهُ
مِن كِتَٰبٍ ۖ وَأُمِرْتُ لِأَعْدِلَ
بَيْنَكُمُ ۖ ٱللَّهُ رَبُّنَا وَرَبُّكُمْ ۖ لَنَآ
أَعْمَٰلُنَا وَلَكُمْ أَعْمَٰلُكُمْ ۖ
لَا حُجَّةَ بَيْنَنَا وَبَيْنَكُمُ ۖ
ٱللَّهُ يَجْمَعُ بَيْنَنَا ۖ
وَإِلَيْهِ ٱلْمَصِيرُ ﴿١٥﴾

၁၅။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) ထိုသည့်အတွက်ကြောင့်ပင် အသင်သည် (ငင်းတို့အား မှန်ကန်သော "ဒီန်" သာသနာတော်သို့) ဖိတ်ခေါ်လျက်ရှိပါလေ။ ၎င်းပြင် အသင်သည် မိမိအမိန့်ပေးခြင်း ခံခဲ့ရသည့်အတိုင်း ဖြောင့်မတ်စွာ ရှိနေပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့၏အလိုဆန္ဒများကို မလိုက်နာလေနှင့်၊ ထိုမှတစ်ပါး အသင်သည် ဤသို့ပြောကြားပါလေ။ ငါသည် အလ္လာဟ်အရှင်မြတ် ချပေးတော်မူခဲ့သော မည်သည့်ကျမ်းဂန်ကိုမဆို သက်ဝင်ယုံကြည်ပြီးဖြစ်၏။

၎င်းပြင် ငါသည် အသင်တို့အကြား၌ တရားမျှတရန် အမိန့်ပေးခြင်းကို ခံရ၏။ အလ္လာဟ်အရှင်မြတ်သည် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်လည်းဖြစ်တော်မူ၏။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူ၏။ ငါတို့၏ အကျင့်အမူတို့မှာ ငါတို့အဖို့ ဖြစ်၍ အသင်တို့၏ အကျင့်အမူတို့ကား အသင်တို့အဖို့ ဖြစ်၏။ ငါတို့နှင့်အသင်တို့၏အကြား၌ မည်သို့မျှ အငြင်းအခုံပြုရန်မရှိပြီ။ အလ္လာဟ်အရှင်မြတ်သည်ပင် ငါတို့အားလုံးကို စုရုံးတော်မူပေမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်ကြရပေမည်။ [၁]

➤➤ မြောက်စားတော်မူသည်။ ထို့အတူ မိမိတို့၏ကောင်းမြတ်သော အရည်အချင်းများဖြင့် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ပြန်လှည့်ကြသော ပုဂ္ဂိုလ်မွန်တို့အားလည်း ထိုအရှင်မြတ်သည် ကူညီတော်မူမည်သာဖြစ်သည်။ အောင်မြင်စေတော်မူသည်သာဖြစ်သည်။ ကြည့်-ကုရ်အာန် (၂၂:၇၅။ ၂၈:၆၈။ ၂၉:၆၉)။

① **<u>အမိန့်တော် (၁၀) ပါး၊</u>**

အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း အမှန်တရားနှင့်စပ်လျဉ်း၍ **အမျိုးမျိုး** ငြင်းခုံကွဲပြားနေခဲ့ကြပေရာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း အမိန့်တော်(၁၀)ပါး မိန့်ကြားထားတော်မူသည်။

ဆိုလိုသည်ကား - တမန်တော်မြတ်သည် -- ➤➤

وَالَّذِينَ يُحَآجُّونَ فِي اللَّهِ مِنۢ بَعۡدِ مَا اسۡتُجِيبَ لَهُۥ حُجَّتُهُمۡ دَاحِضَةٌ عِندَ رَبِّهِمۡ وَعَلَيۡهِمۡ غَضَبٞ وَلَهُمۡ عَذَابٞ شَدِيدٞ ١٦

၁၆။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ထိုအရှင်မြတ်အား ဟုတ်မှန်ကြောင်း ဝန်ခံပြီးဖြစ်သည့်နောက်သော်မှပင် အငြင်းအခုံပြုကြကုန်သောသူတို့၏ အငြင်းအခုံပြုခြင်းမှာ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ အလွဲအချော်ပင် ဖြစ်ပေသည်။ ထိုပြင် ၎င်းတို့အပေါ်၌ အမျက်တော်ကျရောက်မည့်အပြင် ၎င်းတို့၌ ပြင်းထန်လှစွာသော အပြစ်ဒဏ်သည်လည်း ရှိချိမ့်မည်။

➤➤ (၁) ဖခင်ကြီးအာဒမ်၊ တမန်တော်နူဟ်၊ တမန်တော်အီဗရာဟီမ်၊ တမန်တော်မူစာ၊ တမန်တော်အီစာ စသည့် ပွင့်လေကုန်သောတမန်တော်များကဲ့သို့ပင် လူသားတို့အား "တောင်ဟီးဒ်"ဘက်သို့ပင် ဖိတ်ခေါ်နေရမည်သာ။

(၂) မိမိနှင့်တကွ နောက်လိုက်ငယ်သားတို့သည် ယင်းသည့် တောင်ဟီးဒ်အပေါ်၌ပင် အမိန့်တော်နှင့်အညီ မယိမ်းမယိုင်တည့်မတ်ကြွံ့ခိုင်စွာ နေရမည်သာ။

(၃) အမှန်တရားကို သွေဖည်နေကြသော သာသနာ့ရန်သူများ၏ စိတ်အာသာဆန္ဒကို စိုးစဉ်းမျှပင် လိုက်နာရန်မလို။ တမန်တော်မြတ်သည် အတိအလင်း ကြေညာအပ်သည်မှာ-

(၄) ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူခဲ့သော ကျမ်းဂန်အားလုံးကို ယုံကြည်သည်။ ယင်းကျမ်းဂန်များတွင် တောင်ရာတ်၊ ဣန်ဂျီလ်၊ ဇဗူရ်၊ ကုရ်အာန်စသည့် ကျမ်းများအားလုံး အကျုံးဝင်သည်။

(၅) ကျွန်ုပ်သည် အသင်တို့၏ပြဿနာများကို ချိန်ခွင်ပမာ တရားမျှတစွာ စီရင်ဆုံးဖြတ်မည်။

(၆) အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ အရှင်လည်းဖြစ်တော်မူသည်။ ဤသည်ကို ကျွန်ုပ်တို့သည် ကြည်ဖြူစွာ ဝန်ခံကြသည်။ ထိုအရှင်မြတ်သည် အသင်တို့၏ အရှင်လည်းဖြစ်တော်မူသည်။ သို့ရာတွင် အသင်တို့သည် ကြည်ဖြူစွာ ဝန်မခံကြပေ။

(၇) ကျွန်ုပ်တို့၏ အပြုအမူများသည် ကျွန်ုပ်တို့နှင့် အတူပါမည်သာ။ အသင်တို့၏ အပြုအမူများသည် အသင်တို့နှင့် အတူပါမည်သာ။ ကိုယ့်ဝန် ကိုယ်ထမ်းကြရမည်သာ။

(၈) သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အချင်းချင်း အငြင်းအခုံ ပြုနေကြရန်မလို။

(၉) တစ်ရက် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အားလုံးတို့အား စုရုံးတော်မူမည်သာ။

(၁၀) ကျွန်ုပ်တို့အားလုံးသည် ထိုအရှင်မြတ် ရှေ့တော်မှောက်သို့ ပြန်လည်ရောက်ရှိကြပြီး စာရင်းရှင်းကြရမည်။ ထိုအခါ မည်သူမှန်သည်၊ မည်သူမှားသည်၊ မည်သူကောင်းသည်၊ မည်သူဆိုးသည်၊ မည်သူမြတ်သည်၊ မည်သူရွဲ့သည်၊ မည်သူမည်သို့စ်၍ မည်သူမည်သို့ခံရမည်ကို ကောင်းစွာသိရှိသွားကြရပေမည်။

ကြည့်-အီဗ်နုကဆီရ်။

اَللّٰهُ الَّذِیْۤ اَنْزَلَ الْكِتٰبَ بِالْحَقِّ وَالْمِیْزَانَ ؕ وَمَا یُدْرِیْكَ لَعَلَّ السَّاعَةَ قَرِیْبٌ ﴿۱۷﴾

یَسْتَعْجِلُ بِهَا الَّذِیْنَ لَا یُؤْمِنُوْنَ بِهَا ۚ وَالَّذِیْنَ اٰمَنُوْا مُشْفِقُوْنَ مِنْهَا ۙ وَیَعْلَمُوْنَ اَنَّهَا الْحَقُّ ؕ اَلَاۤ اِنَّ الَّذِیْنَ یُمَارُوْنَ فِی السَّاعَةِ لَفِیْ ضَلٰلٍۢ بَعِیْدٍ ﴿۱۸﴾

၁၇။ အလ္လာဟ်အရှင်မြတ်သည်ပင် ကျမ်းဂန်ဒေသနာတော်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း၊ *တိကျမှန်ကန်စွာ* ချပေးတော်မူသောအရှင် ဖြစ်တော်မူ၏။ [၁] စင်စစ်သော်ကား (အို-နဗီတမန်တော်) အသင် မသိ၊ "ကိယာမတ် ရှင်ပြန်ထမည့် အချိန်ကာလသည် နီးကပ်စွာ ရှိတန်ရာသည်။"

၁၈။ ယင်း "ကိယာမတ်" ရှင်ပြန်ထမည့်အချိန်နှင့် စပ်လျဉ်း၍ ၎င်းကို မယုံကြည်သောသူတို့သည်သာ လျှင် အလျင်စလို ပြုလျက်ရှိကြကုန်၏။ သို့ရာတွင် "မုအ်မင်န်" သက်ဝင် ယုံကြည်သူတို့မှာမူကား ယင်း "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလကို စိုးရိမ်၍ နေကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ၎င်းကို မှန်ကန်သည်ဟု ယုံကြည်ကြကုန်၏။ သတိပြုကြလေကုန်။ "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ အငြင်းအခုံပြုကြသော သူတို့မှာမူကား လွန်စွာ ဝေးကွာလှသော လမ်းမှား၌ ရှိနေကြကုန်သတည်း။

---

① ဤအာယတ်တော်တွင် ပါရှိသော "မီဇာန်"ဟူသောပုဒ်သည် "ဝဇန်"ဟူသောမူရင်းပုဒ်မှ ဆင်းသက်လာ၏။ 'မီဇာန်'သည် ချိန်တွယ်ရန် ပြုလုပ်ထားသော ကိရိယာ (ဝါ)ချိန်ခွင်ကိုဆိုလိုသည်။

အလ္လာဟ်အရှင်မြတ်သည် အရာဝတ္ထုပစ္စည်းများကို ချိန်တွယ်နိုင်ရန် ဝတ္ထုပစ္စည်းနှင့်ပြုလုပ်ထားသည့် ချိန်ခွင်ကိုလည်း ချပေးထားတော်မူသည်။ ထို့အတူ အသိဉာဏ်အမြော်အမြင်ဆိုင်ရာ ချိန်ခွင်ကိုလည်း ချပေးထားတော်မူသည်။ ဤသည့်ချိန်ခွင်ကား အခြားမဟုတ်။ ဖြောင့်မတ်မှန်ကန်စွာ တွေးတောဆင်ခြင်တတ်သော အသိဉာဏ်ပင်။

ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်သည် ကိုယ်ကျင့်တရားဆိုင်ရာ ချိန်ခွင်ကိုလည်း ချပေးထားတော်မူသည်။ ဤကား အခြားမဟုတ်။ တရားမျှတမှုပင်။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် (ဒီန်) မှန်ကန်သော သာသနာတော်ကိုလည်း ချပေးထားတော်မူသည်။ ယင်းသာသနာတော်သည် ဖန်ဆင်းတော်မူသော အရှင်နှင့် အဖန်ဆင်းခံတို့၏စပ်ကြားတွင် အပြန်အလှန် စောင့်သိရိုသေအပ်သော တာဝန်ဝတ္တရားများကို တိကျမှန်ကန်စွာ ရှင်းလင်းညွှန်ပြထားသည်။ ဖော်ပြပါ ချိန်ခွင်များအနက် သာသနာတော်တည်းဟူသော ချိန်ခွင်သည် အကြီးဆုံးပင်ဖြစ်သည်။

اَللّٰهُ لَطِيْفٌۢ بِعِبَادِهٖ يَرْزُقُ مَنْ يَّشَآءُ ۚ وَهُوَ الْقَوِيُّ الْعَزِيْزُ ﴿١٩﴾

၁၉။ အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်တို့၏အလွန်နက်နဲသိမ်မွေ့သော အရေးကိစ္စတို့ကိုပင် ကောင်းစွာသိတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (မိမိအလိုရှိတော်မူသရွေ့) စားနပ်ရိက္ခာကို ပေးသနားတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် စွမ်းရည်သတ္တိနှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်ဖြစ်တော်မူ၏။ [၁]

مَنْ كَانَ يُرِيْدُ حَرْثَ الْاٰخِرَةِ نَزِدْ لَهٗ فِيْ حَرْثِهٖ ۚ وَمَنْ كَانَ يُرِيْدُ حَرْثَ الدُّنْيَا نُؤْتِهٖ مِنْهَا ۚ وَمَا لَهٗ فِي الْاٰخِرَةِ مِنْ نَّصِيْبٍ ﴿٢٠﴾

၂၀။ မည်သူမဆို "အာခိရတ်" တမလွန်ဘဝ၏လယ်ယာစိုက်ပျိုးမှုကို လိုလားသည်ရှိသော် ငါအရှင်မြတ်သည် ၎င်းအား ၎င်း၏လယ်ယာစိုက်ပျိုးမှုတွင် တိုးပွားစေတော်မူပေမည်။ သို့ရာတွင် မည်သူမဆို (ဤမျက်မှောက်)လောက၏ လယ်ယာစိုက်ပျိုးမှု လိုလားပါမူ ငါအရှင်မြတ်သည် ၎င်းအား(လည်း) ဤ(မျက်မှောက်) လောကမှ အနည်းငယ်ပေးတော်မူမည်။ သို့ရာတွင် "အာခိရတ်" တမလွန်ဘဝ၌မူကား ၎င်း၏အဖို့ မည်သည့် ဝေစုဝေပုံမျှပင် ရှိလိမ့်မည်မဟုတ်။

---

① ထိုအရှင်မြတ်သည် မိမိ၏ကျွန်များ၏ နက်နဲသိမ်မွေ့မှုများကို သိတော်မူသည်။ ထောက်ထားတော်မူသည်။ အလွန်နူးညံ့သိမ်မွေ့စွာဖြင့် လူသားတို့အား မွေးမြူတော်မူသည်။ မိမိအလိုတော် ရှိတော်မူသောသူအား အလိုတော်ရှိသမျှ ချီးမြှင့်တော်မူသည်။ ထိုအရှင်မြတ်သည် လူသားတို့အား သနားတော်မူသည် မှန်၏။ မွေးမြူတော်မူသည်မှန်၏။

ဤသည့်ဂုဏ်တော်များကိုကြည့်၍ ငါတို့သည် အဘယ်မျှပင် အမိန့်တော်ကို ဖီဆန်ကြလင့်ကစား၊ ထိုအရှင်မြတ်သည် ငါတို့အား အရေးယူတော်မူမည် မဟုတ်ဟူ၍ကား အထင်မမှားရာ။ ထိုအရှင်မြတ်သည် အတိုင်းမသိ ကြီးမားသော စွမ်းရည်သတ္တိနှင့်လည်း ပြည့်စုံတော်မူသည်။ အရာရာကိုလည်း နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်လည်း ဖြစ်တော်မူသည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် အမိန့်တော်ဖီဆန်သူများအား ထိုက်သည့်အားလျော်စွာ ပြစ်ဒဏ်ခတ်တော် မူနိုင်သည်ကိုလည်း မမေ့ရာ။ သို့ဖြစ်ရာ လူသားတို့သည် သခ်ါရမ္မသာဖြစ်သော လောကီစည်းစိမ်များတွင်သာ နစ်မွန်း၍မနေဘဲ နောင်တမလွန်ဘဝ၏ အမတသုခကို ရရှိရန် ကြိုးစားရာသည်။

أَمْ لَهُمْ شُرَكَٰٓؤُا۟ شَرَعُوا۟ لَهُم مِّنَ ٱلدِّينِ مَا لَمْ يَأْذَنۢ بِهِ ٱللَّهُ ۚ وَلَوْلَا كَلِمَةُ ٱلْفَصْلِ لَقُضِىَ بَيْنَهُمْ ۗ وَإِنَّ ٱلظَّٰلِمِينَ لَهُمْ عَذَابٌ أَلِيمٌ ﴿٢١﴾

၂၁။ ၎င်းတို့၌ အလ္လာဟ်အရှင်မြတ်က ခွင့်ပြုတော်မူခြင်းမရှိသော "ဒီန်" သာသနာမျိုးကို ၎င်းတို့အဖို့ သတ်မှတ်ပြဋ္ဌာန်း၍ပေးခဲ့ကြသော တွဲဖက်(ကိုးကွယ်ရာ)များ ရှိကြသလော။ ① အမှန်စင်စစ်သော်ကား စီရင်ဆုံးဖြတ်ရန် အမိန့်တော်တစ်ရပ်သည် (ရှေးဦးမဆွက) မရှိခဲ့ပါလျှင် ၎င်းတို့အကြား၌ စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်မည်သာ။ သို့တစေလည်း မတရားသောသူတို့၌ မူကား ပြင်းပြ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဧကန်မလွဲ ရှိချေအံ့သတည်း။

تَرَى ٱلظَّٰلِمِينَ مُشْفِقِينَ مِمَّا كَسَبُوا۟ وَهُوَ وَاقِعٌۢ بِهِمْ ۗ وَٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ فِى رَوْضَٰتِ ٱلْجَنَّٰتِ ۖ لَهُم مَّا يَشَآءُونَ عِندَ رَبِّهِمْ ۚ ذَٰلِكَ هُوَ ٱلْفَضْلُ ٱلْكَبِيرُ ﴿٢٢﴾

၂၂။ (အို-နဗီတမန်တော်) အသင်သည် မတရားသော သူတို့အား မိမိတို့၏ ဆည်းပူးချက်တို့ကြောင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်လျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။ စင်စစ်သော်ကား ယင်းဆည်းပူးချက်တို့၏ဆိုးကျိုးမှာ ၎င်းတို့၌ ကျရောက်မည် ဖြစ်ပေသည်။ ထို့ပြင် "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြသောသူတို့မှာ "ဂျန္နတ်" သုခဘုံများ၏ဥယျာဉ်များ၌ ရှိကြပေမည်။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ၎င်းတို့အလိုရှိသမျှသောအရာများသည်ရှိကုန်၏။ ဤသည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်ပေသတည်း။

၂၃။ ၎င်းသည်ကား အလ္လာဟ်အရှင်မြတ်က ခွင့်ပြုတော်မူခြင်းမရှိသော "ဒီန်" သာသနာမျိုးကို ၎င်းတို့အဖို့ သတ်မှတ်ပြဋ္ဌာန်း၍ပေးခဲ့ကြသော တွဲဖက်(ကိုးကွယ်ရာ)များ ရှိကြသလော။ ② အမှန်စင်စစ်သော်ကား စီရင်ဆုံးဖြတ်ရန် အမိန့်တော်တစ်ရပ်သည် (ရှေးဦးမဆွက) မရှိခဲ့ပါလျှင် ၎င်းတို့အကြား၌ စီရင်ဆုံးဖြတ်ခဲ့ပြီးဖြစ်မည်သာ။ သို့တစေလည်း မတရားသောသူတို့၌ မူကား ပြင်းပြ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဧကန်မလွဲ ရှိချေအံ့သတည်း။

၂၂။ (အို-နဗီတမန်တော်) အသင်သည် မတရားသော သူတို့အား မိမိတို့၏ ဆည်းပူးချက်တို့ကြောင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်လျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။ စင်စစ်သော်ကား ယင်းဆည်းပူးချက်တို့၏ဆိုးကျိုးမှာ ၎င်းတို့၌ ကျရောက်မည် ဖြစ်ပေသည်။ ထို့ပြင် "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြသောသူတို့မှာ "ဂျန္နတ်" သုခဘုံများ၏ဥယျာဉ်များ၌ ရှိကြပေမည်။ ၎င်းတို့အဖို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်တွင် ၎င်းတို့အလိုရှိသမျှသောအရာများသည်ရှိကုန်၏။ ဤသည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ပင် ဖြစ်ပေသတည်း။

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်များအား စေလွှတ်တော်မူ၍ နှစ်ဘဝ၏ ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းသည့် သာသနာ့လမ်းစဉ်များကို ညွှန်ပြထားတော် မူပြီးဖြစ်သည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်မှတပါး သာသနာ့လမ်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းနိုင်သူ အသူရှိအံ့နည်း။ အလ္လာဟ်အရှင်မြတ်က (ဟလာလ်) တရားဝင်ဖြစ်သည်ဟူ၍ သတ်မှတ်ထားတော်မူသော အရာတစ်ခုကို (ဟရာမ်)တရားမဝင်ဟူ၍ အသူသတ်မှတ်နိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ မှုရှုရစ်က်တို့ ဆည်းကပ်ကိုးကွယ်နေကြသော ၎င်းတို့၏ ကိုးကွယ်ရာများ၌ သာသနာ့လမ်းစဉ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းပိုင်သည့် အခွင့်အာဏာတစ်စုံတစ်ရာ ရှိပါသလော။ အလျင်းမရှိ။ သို့ဖြစ်ရာ မုရှုရစ်က်များသည် တမန်တော်များ ဟောညွှန်ပြသခဲ့ကြသည့် အလ္လာဟ်အရှင်မြတ်၏ သာသနာ့လမ်းစဉ်များကို ကျောခိုင်းပြီး လမ်းစဉ်အသစ်များကို အသို့လျှင်သတ်မှတ်နိုင်ကြအံ့နည်း။ ➤➤

ذَٰلِكَ الَّذِي يُبَشِّرُ اللَّهُ عِبَادَهُ
الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ
قُل لَّا أَسْأَلُكُمْ عَلَيْهِ أَجْرًا إِلَّا
الْمَوَدَّةَ فِي الْقُرْبَىٰ وَمَن
يَقْتَرِفْ حَسَنَةً نَّزِدْ لَهُ فِيهَا
حُسْنًا إِنَّ اللَّهَ غَفُورٌ شَكُورٌ ﴿٢٣﴾

၂၃။ ဤသည်ပင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အကြင်ကျွန်တို့အား ပြောကြားတော်မူသော ဝမ်းမြောက်ဖွယ်သတင်း ဖြစ်ပေသည်။ ထိုကျွန်တို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြသည့်ပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။

(အို-နဗီတမန်တော်) အသင်သည် (ၦင်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) ငါသည် အသင်တို့ထံ ဤ(တရားဓမ္မပို့ဆောင်မှု)နှင့်စပ်လျဉ်း၍ ဆွေမျိုးသားချင်းတော်စပ်မှုကြောင့်ချစ်မြတ်နိုးခြင်းမှတစ်ပါး [၁] မည်သည့် အကျိုးကိုမျှ တောင်းဆိုသည် မဟုတ်ပေ။ စင်စစ်သော်ကား မည်သူမဆို ကောင်းမှု တစ်စုံတစ်ရာကို ရှာဖွေဆည်းပူးသည်ရှိသော် ငါအရှင်မြတ်သည် ၎င်း၏အဖို့ ယင်းကောင်းမှုၭ ကောင်းမြတ်မှုကို တိုးပွားစေတော်မူအံ့။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ အလွန်တရာ ရက်ရောစွာ ကျေးဇူးတုံ့ပြန်တော်မူသော အရှင် ဖြစ်တော်မူ၏။

➤➤ လူသားတို့၏ အကျိုးအပြစ်များနှင့်စပ်လျဉ်း၍ နောက်ဆုံးအဆုံးအဖြတ်သည် ကိယာမတ်နေ့တွင် ဖြစ်မည်ဟူသော အဆုံးအဖြတ် တော်သာ မရှိခဲ့ပါက ယင်းမှ၍ရစ်က်တို့၏ပြဿနာသည် ဤပစ္စက္ခၭပင် ရှင်းသွားပြီးဖြစ်ချိမ့်မည်။

① အချို့က ဤအာယတ်တော်၌ လာရှိသော (မဝဒ္ဒတ် ဖိလ်ကုရ်ဗာ)၏ အလိုသဘောမှာ အသင်တို့သည် အချင်းချင်း ချစ်ကြည်မြတ်နိုးကြ၊ ဆွေမျိုးသားချင်းတော်စပ်မှုကို ထောက်ထားကြဟူ၍ အနက်ဖွင့်ကြပေသည်။

အချို့က (قربىٰ) "ကုရ်ဗာ"ဟူသည် အလ္လာဟ်အရှင်မြတ်နှင့်နီးစပ်မှုကို ဆိုလိုကြသည်။ (ဝါ) အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်စေသော အကျင့်အမူများကို ချစ်မြတ်နိုးကြဟူ၍ အနက်ဖွင့်ကြပေသည်။

အချို့ပညာရှင်များက "မဝဒ္ဒတ် ဖိလ်ကုရ်ဗာ" ဟူသည် "အဟ်လိဗိုက်တိနဗီ" တမန်တော်မြတ်၏ အိမ်တော်သူ အိမ်တော်သားများအား ချစ်ကြည်မြတ်နိုးကြဟူ၍ အနက်ဖွင့်ကြသည်။

ဤအာယတ်တော်၏အဖွင့်နှင့် စပ်လျဉ်း၍ အီဗ်နုကဆီရ်ကျမ်း၊ အ-(၄)၊ စ-(၁၁၁-၁၁၄)တွင် အကျယ်တဝင့် ဖွင့်ဆိုရေးသားထားသည်။

أَمْ يَقُولُونَ افْتَرَىٰ عَلَى اللَّهِ كَذِبًا ۖ فَإِن يَشَإِ اللَّهُ يَخْتِمْ عَلَىٰ قَلْبِكَ ۗ وَيَمْحُ اللَّهُ الْبَاطِلَ وَيُحِقُّ الْحَقَّ بِكَلِمَاتِهِ ۚ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٢٤﴾

၂၄။ ၎င်းတို့က ထို(မုဟမ္မဒ်)သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲခဲ့သည်ဟု ပြောဆိုကြလေသလော။ သို့ဖြစ်လျှင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်၏စိတ်နှလုံးပေါ်၌ တံဆိပ်ခတ်နိုပ်တော်မူပေမည်။

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိ၏အာယတ်တော်များဖြင့် အမှားကို ဖျောက်ဖျက်တော်မူ၍ အမှန်ကို အခိုင်အမာဖြစ်အောင် ပြုလုပ်တော်မူလေ့ရှိ၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် ရင်များ၏အတွင်း၌ ရှိသည်များတို့ကို အကြွင်းမဲ့သိတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

وَهُوَ الَّذِي يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَعْفُو عَنِ السَّيِّئَاتِ وَيَعْلَمُ مَا تَفْعَلُونَ ﴿٢٥﴾

၂၅။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိမိကျွန်များ၏ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်တော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှတို့ကို သိတော်မူ၏။ [၁]

---

① တမန်တော်များ၏တာဝန်မှာ အလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်များကို ဟောကြားရန်သာဖြစ်သည်။ လူသားတို့သည် တမန်တော်များ၏ တရားများကို နာခံကြသည်ဖြစ်စေ၊ သွေဖည်ကြသည်ဖြစ်စေ၊ ဤသည်တမန်တော်များနှင့်မဆိုင်။ တမန်တော်များ တရားဓမ္မဟောကြားကြပြီးနောက် လူသားတို့၏ အရေးကိစ္စအဝဝသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ပေတော့သည်။ ထိုအရှင်မြတ်သည် လူသားတိုင်းအား ဤပစ္စက္ခတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း၊ ၎င်း၏အခြေအနေ အရည်အချင်းနှင့် လျော်ညီစွာ စီမံခန့်ခွဲပေးတော်မူသည်။

ထိုအရှင်မြတ်သည် ဝန်ချတောင်းပန်သူ၏ တောင်းပန်မှုကို လက်ခံတော်မူသည်။ ထိုအရှင်မြတ်သည် အကြွင်းမဲ့ ဥသုံးသုံးစုံကို သိတော်မူပါလျက် မြောက်မြားစွာသောပြစ်မှုများကို ခွင့်လွှတ်တော်မူသည်။ ထိုအရှင်မြတ်သည် မိမိအား ယုံကြည်မြတ်နိုး၍ မိမိ၏ဒေသနာတော်များကို နာယူကျင့်မူကြသော မုအ်မင်န် သူတော်စင်များ၏ပန်ကြားချက်များကို လက်ခံဖြည့်စွမ်းပေးတော်မူသည်။ ချီးမြှင့်သင့်က ချီးမြှင့်အပ်သည်ထက် ပိုမို၍ပင် ချီးမြှင့်တော်မူသည်။ ➤➤

وَيَسْتَجِيبُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَيَزِيدُهُم مِّن فَضْلِهِ ۚ وَالْكَافِرُونَ لَهُمْ عَذَابٌ شَدِيدٌ ﴿٢٦﴾

၂၆။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူ ဆောက်တည်ကြကုန်သော သူတို့၏ ဆုတောင်းပတ္ထနာပြုချက်ကို သဘောတူ လက်ခံတော်မူ၏။ ထို့ပြင် ၎င်းတို့အား မိမိကျေးဇူးတော်ဖြင့် တိုး၍ပင် ချီးမြှင့်ပေးသနားတော်မူ၏။ သို့ရာတွင် "ကာဖိရ်" သွေဖည် ငြင်းပယ်သောသူတို့၌မူ ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် ရှိချေမည်။

وَلَوْ بَسَطَ اللَّهُ الرِّزْقَ لِعِبَادِهِ لَبَغَوْا فِي الْأَرْضِ وَلَٰكِن يُنَزِّلُ بِقَدَرٍ مَّا يَشَاءُ ۚ إِنَّهُ بِعِبَادِهِ خَبِيرٌ بَصِيرٌ ﴿٢٧﴾

၂၇။ စင်စစ်မှာကား အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်(အပေါင်း)တို့အား စားနပ်ရိက္ခာကို ကျယ်ဝန်းပေါများစွာ ချီးမြှင့်တော်မူခဲ့ပါလျှင် အမှန်ပင် ထိုကျွန်(အပေါင်း)တို့သည် ကမ္ဘာမြေဝယ် ဆိုးသွမ်းသောင်းကျန်းခဲ့ကြမည်သာ။ သို့ရာတွင် အရှင်မြတ်သည် (စားနပ်ရိက္ခာကို တဖြည်းဖြည်း) မိမိအလိုရှိတော်မူသောအတိုင်းအတာနှင့်အမျှ ချပေးတော်မူ၏။ စင်စစ် ဧကန် ထိုအရှင်မြတ်သည် မိမိကျွန်အပေါင်းတို့နှင့် ပတ်သက်၍ ကောင်းစွာသိတော်မူသောအရှင်၊ ကောင်းစွာ မြင်တော်မူသောအရှင် ဖြစ်တော်မူ၏။ [၁]

➤➤ သို့ရာတွင် အကြင်ကာဖိရ်၊ မုရ်ရစ်က်များသည် ထိုအရှင်မြတ်ထံတော်၌ အချိန်မီ ဝန်ချတောင်းပန်ကြသည် မရှိသည့်အပြင်၊ အသက်ထက်ဆုံး ကုဖ်ရ်၊ ရှရစ်က် အမှုများ၌ပင် နစ်မွန်းနေကြပါသော်၊ ယင်းသို့သော ကာဖိရ်၊ မုရ်ရစ်က်တို့မှာမူကား ကြီးလေးသောပြစ်ဒဏ်ကို အမှန်ခံစားကြရပေမည်သာတည်း။

① အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များတွင် တစ်စုံတစ်ရာ လျော့နည်းသည်ဟူ၍မရှိ။ ထိုအရှင်မြတ်သည် အလိုတော်ရှိပါက လူသားအားလုံးတို့အား ဥစ္စာဓနကြွယ်ဝသူများ ပြုလုပ်တော်မူနိုင်သည်။ သို့ပြုလုပ်တော်မူပါက လူသားတို့သည် လောကီစည်းစိမ်များတွင် အနှစ်မွန်းကြီး နစ်မွန်းပြီး၊ အလ္လာဟ်အရှင်မြတ်အားလည်း ကြောက်ရွံ့ရိုသေ ခန့်ညားကြမည်မဟုတ်။ လူအချင်းချင်းလည်း လေးစားကြမည်မဟုတ်၊ မှီခိုကြမည်မဟုတ်။ ဓနဂုဏ်မောက်ကာ မောက်မာပလွား ဝါကြွားလာကြပေမည်။ တစ်ဦးနှင့်တစ်ဦး ပြိုင်လာကြပေမည်။ သူ့ထက်ငါ ကြီးလာကြပေမည်။ နောက်ဆုံးတွင် ဆူပူသောင်းကျန်း လာကြပေမည်။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့ကို စတင်ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူသည်။ လူ၏အကြောင်းကို စ-လယ်-ဆုံး အတိအကျအပြည့်အဝ သိတော်မူသည်။ ထို့အတွက်ကြောင့် ➤➤

وَهُوَ الَّذِي يُنَزِّلُ الْغَيْثَ مِنْ بَعْدِ مَا قَنَطُوا وَيَنْشُرُ رَحْمَتَهُ ۚ وَهُوَ الْوَلِيُّ الْحَمِيدُ ﴿٢٨﴾

၂၈။ ထိုမှတစ်ပါး၊ ထိုအရှင်မြတ်သည်ပင် လူတို့မျှော်လင့်ချက်ကင်းခဲ့ကြသည့်နောက်တွင် မိုးရေကို ရွာသွန်းစေတော်မူ၏။ ထို့ပြင် မိမိကရုဏာတော်ကို ပြန့်စေတော်မူ၏။ စင်စစ်မှာကား၊ ထိုအရှင်မြတ်သည် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အရှင်၊ ချီးမွမ်းအပ်သည့် အထူးထူးသော ဂုဏ်၊ ဝိသေသအပေါင်းတို့နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَمِنْ آيَاتِهِ خَلْقُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَثَّ فِيهِمَا مِنْ دَابَّةٍ ۖ وَهُوَ عَلَىٰ جَمْعِهِمْ إِذَا يَشَاءُ قَدِيرٌ ﴿٢٩﴾

၂၉။ ၎င်းပြင် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်တို့အနက် အပါအဝင်ဖြစ်၏။ မိုးကောင်းကင်များကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ ပထဝီမြေကို ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ ယင်း *မိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုလုံး၌* ဖြန့်ထားတော်မူသော သက်ရှိအပေါင်းတို့အား [၁] ဖန်ဆင်းတော်မူခြင်းသည်လည်းကောင်း၊ ထိုမှတစ်ပါး၊ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောအခါ ၎င်းတို့အား စုရုံးခြင်းကိုလည်းကောင်း၊ ပြုစွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

➤➤ အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးတို့အား ကြွယ်ဝသူများ ပြုလုပ်တော်မမူဘဲ၊ ပတ်ဝန်းကျင်အခြေအနေ အရည်အချင်းအလိုက် ထိုက်တန်သူအား ထိုက်သည့်အားလျော်စွာ အချင့်အချိန် အတိုင်းအတာနှင့် ပေးထားတော် မူခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိကြားသိမြင်တော်မူသော ဉာဏ်တော်ရှင် ဖြစ်တော်မူသည်။ လူသားတို့၏ အကြောင်းကို အကြွင်းမဲ့သိတော်မူသည်။ မြင်တော်မူသည်။ မည်သူ့အား မည်မျှ ချီးမြှင့်ထိုက်သည်ကို ထိုအရှင်မြတ်သည် အသိဆုံး ဖြစ်တော်မူသည်။

① **<u>မိုးကောင်းကင်တွင် သက်ရှိ ရှိသည်။</u>**

အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေကြီးနှင့်မိုးကောင်းကင်များကို ဖန်ဆင်းထားတော်မူသည်။ ထိုပထဝီမြေကြီးနှင့် မိုးကောင်းကင်များတွင် သက်ရှိ သတ္တဝါများကိုလည်း အံ့ဖွယ်သရဲ ပြန့်ပွားစေတော်မူထားသည်။ ထိုအရှင်မြတ်သည် မိမိပြန့်ပွားစေထားတော်မူသော သက်ရှိသတ္တဝါအပေါင်းတို့ကို အလိုတော်ရှိတော်မူသည့်အခါ ပြန်လည် စုပေါင်းတော်မူနိုင်သည်။ ဤသည် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော် တစ်ပါးပင်။ ဤအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် ပထဝီမြေ၌ သက်ရှိသတ္တဝါများရှိသကဲ့သို့ မိုးကောင်းကင်များတွင်လည်း သက်ရှိသတ္တဝါများရှိကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။

وَمَآ أَصَٰبَكُم مِّن مُّصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُوا۟ عَن كَثِيرٍ ﴿٣٠﴾

၃၀။ စင်စစ်သော်ကား အသင်တို့၌ သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့သည် အသင်တို့၏ လက်များက ဆည်းပူးခဲ့ကြသော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့သည်သာ။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် များစွာသောပြစ်မှုများကိုမူကား ခွင့်လွှတ်တော်မူ၏။ [၁]

وَمَآ أَنتُم بِمُعْجِزِينَ فِى ٱلْأَرْضِ ۖ وَمَا لَكُم مِّن دُونِ ٱللَّهِ مِن وَلِىٍّ وَلَا نَصِيرٍ ﴿٣١﴾

၃၁။ ၎င်းပြင် အသင်တို့သည် ထို(အရှင်မြတ်အား) ကမ္ဘာမြေ၏ မည်သည့်အစိတ်အပိုင်း မည်သည့်နေရာ၌ (မျှပင်) မတတ်စွမ်းနိုင်အောင် ပြုစွမ်းနိုင်ကြသူများ မဟုတ်ပေ။ ထိုမှတစ်ပါး အသင်တို့၌ အလွှာဟ် အရှင်မြတ်အပြင် ကာကွယ် စောင့်ရှောက်အုံ့သောသူ ဟူ၍လည်း အလျှင်းမရှိပြီ။ ကူညီစောင်မအုံ့သောသူ ဟူ၍လည်း အလျှင်း မရှိပြီတကား။

وَمِنْ ءَايَٰتِهِ ٱلْجَوَارِ فِى ٱلْبَحْرِ كَٱلْأَعْلَٰمِ ﴿٣٢﴾

၃၂။ ထိုမှတစ်ပါး သမုဒ္ဒရာပင်လယ်၌ တောင်များပမာ (လူပ်ရှားသွားလာလျက် ရှိနေကြသော) ရွက်သင်္ဘောများမှာလည်း ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်တို့တွင် အပါအဝင် ဖြစ်ကြကုန်၏။

---

① လူ့လောကတွင် ဒုက္ခကြီးငယ်များ ဆိုက်ရောက်နေခြင်းမှာ အကြောင်းမဲ့မဟုတ်။ လူသားတို့၏ အချို့အပြုအမူများ ကြောင့်သာလျှင် ဖြစ်သည်။ လူတစ်ယောက်သည် အစားမဆင်ခြင်လျှင် ဖျားနာတတ်သည်။ တစ်ခါတစ်ရံ အသက်ကိုပင် အန္တရာယ်ဖြစ်စေတတ်သည်။ မိခင်သည် အစားမဆင်ခြင်လျှင် ကလေးဒုက္ခဖြစ်သည်။ တစ်ခါတစ်ရံ ရွာသူရွာသားများ၏ မဆင်ခြင်မှုကြောင့် တစ်ရွာလုံး၊တစ်မြို့လုံး ဒုက္ခဖြစ်ရသည်။ ရပ်လောကတွင် မဆင်ခြင်လျှင် ဒုက္ခဖြစ်ရသကဲ့သို့ နာမ်လောကတွင်လည်း မဆင်ခြင်လျှင် ဒုက္ခဖြစ်ရမည်။ အချုပ်ဆိုရသော် လူ့လောကတွင် ဆိုက်ရောက်သမျှသော ဒုက္ခများသည် လူသားတို့၏ အပြုအမူများ၏ အကျိုးဆက်သာလျှင် ဖြစ်ပေသည်။

လူ့လောကတွင် ဆိုက်ရောက်နေသော ဒုက္ခများသည် အကုန်အစင်မဟုတ်သေးချေ။ အဘယ်ကြောင့် ဆိုသော် အလွှာဟ်အရှင်မြတ်သည် လူသားတို့၏ များစွာသော အပြစ်များကို ချမ်းသာခွင့် ပြုထားတော်မူသည်။ လူသားတို့အား အပြစ်ရှိသည်နှင့်အမျှ အလွှာဟ်အရှင်မြတ် အရေးယူတော်မူပါက ဤကမ္ဘာတွင် သက်ရှိသတ္တဝါတစ်ဦးမျှပင် ကျန်ရှိမည်မဟုတ်ပေ။ ကြည့်-ကုရ်အာန် (၃၅:၄၅)။

إِن يَشَأْ يُسْكِنِ الرِّيحَ فَيَظْلَلْنَ رَوَاكِدَ عَلَىٰ ظَهْرِهِ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ﴿٣٣﴾

၃၃။ အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် လေကိုငြိမ်သက်စေတော်မူမည်သာ။ ထိုအခါ ယင်းသင်္ဘောမှာ သွားလာလှုပ်ရှားနိုင်ခြင်း မရှိတော့ဘဲ၊ သမုဒ္ဒရာပင်လယ်၏ မျက်နှာပြင်ဝယ် ရပ်တန့်လျက်ပင် ရှိနေကြပေမည်။ [၁] ဧကန်မလွဲ ဤတွင် အလွန်တရာ ကျေးဇူးသိတတ်သော၊ အလွန်တရာ သည်းခံတရား ရှိသူတိုင်းအဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိကြကုန်၏။

أَوْ يُوبِقْهُنَّ بِمَا كَسَبُوا وَيَعْفُ عَن كَثِيرٍ ﴿٣٤﴾

၃၄။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် (အလိုရှိတော်မူပါလျှင်) ထိုသင်္ဘော(သား)တို့အား ၎င်းတို့၏ ပြုမူဆည်းပူးချက်တို့ကြောင့် ဖျက်ဆီးတော်မူပေမည်။ သို့တစေလည်း ထိုအရှင်မြတ်သည် များစွာတို့အား ခွင့်လွှတ်တော်မူလေ့ရှိ၏။

وَيَعْلَمَ الَّذِينَ يُجَادِلُونَ فِي آيَاتِنَا ۚ مَا لَهُم مِّن مَّحِيصٍ ﴿٣٥﴾

၃၅။ ငါအရှင်မြတ်၏ အာယတ်တော်များ၌ အငြင်းပွားလေ့ရှိကြသောသူတို့သည် မိမိတို့၌ ထွက်ပြေးလွတ်မြောက်ရာဟူ၍ အလျှင်းမရှိတော့ပြီဟု သိရှိကြအံ့သောငှာ၊

فَمَا أُوتِيتُم مِّن شَيْءٍ فَمَتَاعُ

၃၆။ မည်သို့ပင်ဖြစ်စေ အသင်တို့ ပေးသနားတော်မူခြင်းခံခဲ့ကြရသော ဥစ္စာပစ္စည်းဟူသမျှတို့သည် လောကီဘဝ၏ အသုံးအဆောင်ပစ္စည်းမျှသာ ဖြစ်ကုန်၏။

① လေ၏တိုက်ခတ်မှုမှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင် လေ၏တိုက်ခတ်မှုကို အကြောင်းပြု၍ သူသားတို့သည် အကျိုးအမြိုးမြိုး ခံစားနေကြပေသည်။ သမုဒ္ဒရာရေပြင်တွင် သွားလာလှုပ်ရှားနေသော ရေယာဉ်များနှင့် ကောင်းကင်တွင် ပျံသန်းသွားလာနေသော လေယာဉ်များသည် လေ၏အကျိုးပင်။

အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက ယင်းသည့်လေကိုလည်း တိုက်ခတ်ခြင်းမှ ရပ်တန့်ငြိမ်သက်သွားအောင် ပြုလုပ်နိုင်ပေသည်။ သို့လေကို ရပ်တန့်ငြိမ်သက်အောင် ပြုလုပ်ထားတော်မူလိုက်ပါက လက်ရှိ သွားလာလှုပ်ရှားနေသော ရေယာဉ်များနှင့် လေယာဉ်များသည် ရပ်ဆိုင်းသွားကြပေမည်။

ဆိုလိုသည်ကား ရေ၊လေနှင့်တကွ စကြာဝဠာကြီးတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်အတွင်း၌သာရှိပေသည်။

الْحَيٰوةِ الدُّنْيَا ۚ وَمَا عِنْدَ اللّٰهِ
خَيْرٌ وَّاَبْقٰى لِلَّذِيْنَ اٰمَنُوْا
وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿٣٦﴾

သို့ရာတွင် အလ္လာဟ်အရှင်မြတ်ထံတော်၌ ရှိသမျှတို့မှာမူကား အကောင်းဆုံး၊ အမြဲဆုံးပင်ဖြစ်ကုန်၏။ (ယင်းတို့မှာ) အကြင်သူတို့အဖို့ဖြစ်၏။ ထိုသူတို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြသည့်ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌ ယုံကြည်ကိုးစား အားထားကြကုန်၏။

وَالَّذِيْنَ يَجْتَنِبُوْنَ كَبٰٓئِرَ
الْاِثْمِ وَالْفَوَاحِشَ وَاِذَا
مَا غَضِبُوْا هُمْ يَغْفِرُوْنَ ﴿٣٧﴾

၃၇။ ၎င်းပြင် အကြင်သူတို့အဖို့ဖြစ်၏။ ထိုသူတို့သည် ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှလည်းကောင်း၊ ညစ်ညမ်းသော အမှုကိစ္စတို့မှလည်းကောင်း ကြဉ်ရှောင်ကြကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့သည် မည်သည့်အခါမျိုးမဆို ဒေါသအမျက်ထွက်ကြသည်ရှိသော် ခွင့်လွှတ်လေ့ရှိကြကုန်၏။

وَالَّذِيْنَ اسْتَجَابُوْا لِرَبِّهِمْ
وَاَقَامُوا الصَّلٰوةَ ۪ وَاَمْرُهُمْ
شُوْرٰى بَيْنَهُمْ ۪ وَمِمَّا رَزَقْنٰهُمْ
يُنْفِقُوْنَ ﴿٣٨﴾

၃၈။ ၎င်းပြင် အကြင်သူတို့အဖို့ဖြစ်၏။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(၏ ဖိတ်ခေါ်ချက်၊ အမိန့်တော်)ကို နာယူကြကုန်၏။ ထို့ပြင် ၎င်းတို့သည် "ဆွလာတ်" ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့၏ (အရေးကြီးသော) အမှုကိစ္စတို့မှာ မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့သည် ငါအရှင်မြတ် ၎င်းတို့အား ချီးမြှင့် ပေးသနားတော်မူသော ဥစ္စာပစ္စည်းများမှ သုံးစွဲလှူဒါန်းကြကုန်၏။

وَالَّذِيْنَ اِذَآ اَصَابَهُمُ
الْبَغْيُ هُمْ يَنْتَصِرُوْنَ ﴿٣٩﴾

၃၉။ ထိုမှတစ်ပါး၊ အကြင်သူတို့အဖို့ဖြစ်၏။ ထိုသူတို့သည် မတရားသဖြင့် နှိပ်စက်မှုကို ခံကြရသောအခါ ၎င်းတို့သည် မိမိတို့ခံကြရသည်နှင့်အမျှ လက်စားချေလေ့ရှိကြကုန်သတည်း။ ②

---

② **အမတသုခကို ခံစားကြမည့် ပုဂ္ဂိုလ်မွန်တို့၏ ဂုဏ်ရည်များ၊**

အထက်တွင်ဖော်ပြပါ ဒေသနာတော်များကို ကြားနာရုံဖြင့်နောက်ပိုင်းတွင် လူသားတို့သည် ➤➤

وَجَزَٰٓؤُاْ سَيِّئَةٖ سَيِّئَةٞ مِّثۡلُهَاۖ فَمَنۡ عَفَا وَأَصۡلَحَ فَأَجۡرُهُۥ عَلَى ٱللَّهِۚ إِنَّهُۥ لَا يُحِبُّ ٱلظَّٰلِمِينَ ٤٠

၄၀။ စင်စစ်သော်ကား မကောင်းပြုခြင်း၏အစား ယင်းမကောင်းပြုခြင်းနှင့် အညီအမျှ မကောင်းပြုခြင်းပင်။ သို့တစေလည်း မည်သူမဆို ခွင့်လွှတ်ခဲ့ပါမူ ၎င်းပြင် (မိမိတို့အချင်းချင်း၏ အရေးကိစ္စများကို ပြေလည်)ကောင်းမွန်အောင် ပြုပြင်ခဲ့ပါမူ ထိုသူအား အကျိုးပေးခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ တာဝန်ပင်ဖြစ်၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် မတရားသောသူတို့အား နှစ်မြို့တော်မူသည် မဟုတ်ပေ။ [၁]

➤➤ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိရန် ကြိုးစားသင့်ကြပေသည်။ သခိါရမျှသာဖြစ်သော ဤပစ္စက္ခ၏ စည်းစိမ်များတွင် နစ်မွန်း၍ မနေသင့်ကြပေ။ လူသားတို့သည် ကောင်းကောင်းကြီး သိထားအပ်သည်မှာ အလ္လာဟ်အရှင်မြတ် ထံတော်၌ရှိသော သုခချမ်းသာများသည် လောကီစည်းစိမ်များနှင့်မတူ၊ အဘက်ဘက်မှ ထူးသည်၊ သာသည်၊ မြတ်သည်၊ အမတဖြစ်သည်။

ယင်းသည့် အမတသုခများကို ခံစားကြရမည့် ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်ရည်များမှာ-

(၁) အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကြခြင်း။

(၂) အရေးကိစ္စအဝဝတွင် မိမိတို့၏ အရှင်မြတ်အပေါ်၌ ယုံပုံကိုးစားကြခြင်း။

(၃) ကြီးလေးသောပြစ်မှုများ၊ ညစ်ညမ်းသောအမှုများမှ ဝေးဖွာရှောင်ကြဉ်ကြခြင်း။

(၄) ဒေါသအမျက်ထွက်ကြသည့်အခါ ခွင့်လွှတ်ကြခြင်း။

(၅) အခါခပ်သိမ်း မိမိတို့ အရှင်မြတ်၏ အမိန့်တော်ကို နာခံကြခြင်း။

(၆) ဆွေးနွေးတိုင်ပင်ကြခြင်း။

(၇) အရေးကြီးသောကိစ္စများကို ဆောင်ရွက်ရာတွင် အချင်းချင်းတိုင်ပင်ဆွေးနွေးကြခြင်း။

(၈) အလ္လာဟ်အရှင်မြတ်က မိမိတို့အားချီးမြှင့်ထားတော်မူသော အရာများအနက် အချို့တဝက်ကို သုံးစွဲလှူဒါန်းကြခြင်းနှင့်၊

(၉) သူတပါးတို့အား အမြဲတစေ ခွင့်လွှတ်လေ့ရှိကြသော်လည်း တုံ့ပြန်လက်စားချေသင့်က လက်စားချေကြခြင်း၊

ဤသည်တို့ကား နောင်တမလွန်ဘဝတွင် အလ္လာဟ်အရှင်မြတ်၏ အမတသုခများကို ခံစားကြမည့် ပုဂ္ဂိုလ်မွန်တို့၏ အချို့ဂုဏ်ရည်များတည်း။

① အဆိုး၏အစားသည် အဆိုးပင်ဖြစ်သည်။ ဥပမာ- မောင်နက်သည် မောင်ဖြူအပေါ်၌ အဆိုးပြု၏။ မောင်ဖြူသည် တုံ့ပြန်သည့်အနေဖြင့် မိမိအပြုခံရသော အဆိုးနှင့်အမျှ အဆိုးပြုပိုင်သည်။ တရားသဖြင့် တုံ့ပြန် လက်စားချေပိုင်ခွင့်ရှိသည်။ သို့တုံ့ပြန် လက်စားချေပိုင်ခွင့်ရှိသော်လည်း ခွင့်လွှတ်ပါက ပြဿနာကို ပြေလည်ကောင်းမွန်စေပါက ထိုသို့သော ပုဂ္ဂိုလ်မွန်တို့အား အလ္လာဟ်အရှင်မြတ်သည် မုချ ကောင်းကျိုးပေးသနားတော် မူမည်သာဖြစ်သည်။

وَلَمَنِ انْتَصَرَ بَعْدَ ظُلْمِهٖ فَاُولٰٓئِكَ مَا عَلَيْهِمْ مِّنْ سَبِيْلٍ ﴿٤١﴾

၄၁။ သို့ရာတွင် မည်သူမဆို မိမိမတရားနှိပ်စက်ခြင်းခံခဲ့ရပြီးနောက် (ယင်းခံစားခဲ့ရသည်နှင့်အညီအမျှ) လက်စားချေခဲ့သည်ရှိသော် ထိုကဲ့သို့သောသူတို့အပေါ်၌ အပြစ်တင်ရန်နည်းလမ်းဟူ၍ အလျှင်းမရှိတော့ပေ။ [၁]

اِنَّمَا السَّبِيْلُ عَلَى الَّذِيْنَ يَظْلِمُوْنَ النَّاسَ وَيَبْغُوْنَ فِى الْاَرْضِ بِغَيْرِ الْحَقِّ ؕ اُولٰٓئِكَ لَهُمْ عَذَابٌ اَلِيْمٌ ﴿٤٢﴾

၄၂။ အပြစ်တင်ရန်နည်းလမ်းမှာကား လူတို့အပေါ်၌ နှိပ်စက်ကြသော တိုင်းပြည်၌ မတရားသဖြင့် ဆူပူသောင်းကျန်း ဆိုးသွမ်းကြသော သူတို့အပေါ်၌သာလျှင် ရှိပေသည်။ ယင်းကဲ့သို့သောသူတို့၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်ရှိချေမည်။ [၂]

وَلَمَنْ صَبَرَ وَغَفَرَ اِنَّ ذٰلِكَ لَمِنْ عَزْمِ الْاُمُوْرِ ﴿٤٣﴾

၄၃။ သို့ရာတွင် မည်သူမဆို သည်းခံခြင်းကိုလည်းကောင်း၊ ခွင့်လွှတ်ခြင်းကိုလည်းကောင်း၊ ပြုခဲ့ပါလျှင် ဧကန်မလွဲ ဤသို့ပြုလုပ်ခြင်းကား သတ္တိနှင့်သက်ဆိုင်သော အမူကိစ္စတို့တွင် အမှန်ပင် အပါအဝင်ဖြစ်ချေသတည်း။ [၃]

---

① ကျူးကျော်စော်ကားခြင်း ခံရသူတစ်ဦးသည် မိမိအားကျူးကျော် စော်ကားသူတစ်ဦးအား တုံ့ပြန်သည့်အနေဖြင့် လက်စားချေပိုင်ခွင့်ရှိသည်။ ယင်းသည့် လက်စားချေခြင်းမှာ-တစ်စုံတစ်ရာ အပြစ်ဆိုဖွယ်ရာမရှိ။ သို့ပင်တစေ ခွင့်လွှတ်ခြင်းသည် ပို၍ကောင်းသည်။ မြတ်သည်။

② အချို့သူများသည် ကမ္ဘာမြေတွင် မတရားသဖြင့် စတင် ကျူးကျော် စော်ကားကြသည်။ ဆူပူ သောင်းကျန်းကြသည်။ သို့တည်းမဟုတ် လက်စားချေရာတွင် စည်းကမ်း လွန်ကဲလာကြသည်။ ထိုသို့သောသူများ၏ အပြုအမူများသာလျှင် အပြစ်ဆိုဖွယ်ရာ ဖြစ်သည်။ ထိုသို့သောသူများသည် ကြီးလေးသော ပြစ်ဒဏ်ခံကြရမည် ဖြစ်သည်။

③ ဒေါသကို ချုပ်တည်းထားနိုင်ခြင်း၊ နှိပ်စက်ညှဉ်းပန်းမှုများကို သည်းခံ၍ ကျူးကျော်စော်ကားသူအား ခွင့်လွှတ်နိုင်ခြင်းသည် အလွန်ကြီးမားသော ရဲစွမ်းသတ္တိပင်။ အဓိဋ္ဌာန်ပါရမီပင်။ တမန်တော်မြတ်၏ ဩဝါဒတော်များတွင် လာရှိသည်မှာ အကြင်သူတစ်ဦးသည် မတရားကျူးကျော် စော်ကားခြင်းခံရအံ့။ တုံ့ပြန်လက်စားချေနိုင်ပါလျက် အလွှာဟ်အရှင်မြတ်အတွက် သက်သက် ခွင့်လွှတ်အံ့။ အလွှာဟ်အရှင်မြတ်သည် မုချ ထိုသူအား ဂုဏ်သိရ် ချီးမြှင့်တော်မူအံ့။ ကူညီရိုင်းပင်းတော်မူအံ့။

وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ وَّلِيٍّ مِّنْۢ بَعْدِهٖ ؕ وَتَرَى الظّٰلِمِيْنَ لَمَّا رَاَوُا الْعَذَابَ يَقُوْلُوْنَ هَلْ اِلٰى مَرَدٍّ مِّنْ سَبِيْلٍ ﴿٤٤﴾

၄၄။ စင်စစ်သော်ကား အကြင်သူအား အလ္လာဟ် အရှင်မြတ်သည် လမ်းမှား၌ပင် ရှိစေတော်မူပါလျှင် ထိုသူ၏အဖို့ ထိုအရှင်မြတ်မှတစ်ပါး (ဤပစ္စက္ခတွင်လည်း) အမှားကိုပြုပြင်၍ ပေးအံ့သောသူဟူ၍ အလျှင်းမရှိတော့ပြီ။ ထိုမှတစ်ပါး (အိုနဗီတမန်တော် နောင်တမလွန်ဘဝတွင်လည်း) အသင်သည် မတရားသောသူတို့အား ၎င်းတို့သည် ပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ "(ကမ္ဘာလောကသို့) ပြန်သွားရန် နည်းလမ်းတစ်စုံတစ်ရာ ရှိပါသလော"ဟု ပြောဆိုနေကြမည်ကို တွေ့မြင်ရပေမည်။

وَتَرٰىهُمْ يُعْرَضُوْنَ عَلَيْهَا خٰشِعِيْنَ مِنَ الذُّلِّ يَنْظُرُوْنَ مِنْ طَرْفٍ خَفِيٍّ ؕ وَقَالَ الَّذِيْنَ اٰمَنُوْۤا اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْۤا اَنْفُسَهُمْ وَاَهْلِيْهِمْ يَوْمَ الْقِيٰمَةِ ؕ اَلَاۤ اِنَّ الظّٰلِمِيْنَ فِيْ عَذَابٍ مُّقِيْمٍ ﴿٤٥﴾

၄၅။ ထိုမှတစ်ပါး အသင်သည် ထိုသူတို့အား ယင်းငရဲမီးရှေ့ဝယ် အရှက်တကွ အကျိုးနည်းမှုကြောင့် အောက်ကြို့လျက် ယူဆောင်လာစေခြင်း ခံကြရသည်ကို တွေ့မြင်ပေမည်။ ၎င်းတို့မှာ (ရဲရဲမကြည့်ဝံ့ကြဘဲ) ခိုးဝှက်စွာ ကြည့်နေကြပေမည်။ ၎င်းပြင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့သည် (ဤသို့) ပြောဆိုကြပေမည်။

အမှန်စင်စစ် "ကိယာမတ်"ရှင်ပြန်ထမည့်နေ့တွင် မိမိတို့နှင့်တကွ မိမိတို့နှင့်ပတ်သက်သော သူများကိုပါ ဆုံးရှုံး ပျက်စီးစေသူတို့သာလျှင် ပျက်စီးဆုံးရှုံးသူ (အစစ်အမှန်)များဖြစ်ကုန်၏။ သတိထားကြလေကုန်။ ဧကန်မလွဲ မတရားသောသူတို့သည် အမြဲထာဝရ ခံကြအံ့သော ပြစ်ဒဏ်၌ ရှိကြပေမည်။

وَمَا كَانَ لَهُمْ مِّنْ اَوْلِيَآءَ يَنْصُرُوْنَهُمْ مِّنْ دُوْنِ اللّٰهِ ؕ

၄၆။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်မှလွဲ၍ ၎င်းတို့အား ကူညီစောင်မကြအံ့သော ကာကွယ်စောင့်ရှောက်မည့်သူများဟူ၍လည်း ၎င်းတို့၌ရှိကြမည်မဟုတ်ပေ။

وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ سَبِيْلٍ ﴿٤٦﴾

စင်စစ်သော်ကား အကြင်သူအား အလ္လာဟ်အရှင်မြတ်သည် လမ်းမှား၌ပင် ရှိစေတော်မူပါလျှင် ထိုသူ၌ (လွတ်မြောက်ရန်ဟူ၍) မည်သည့်နည်းလမ်းမျှပင် မရှိတော့ပြီတကား။

اِسْتَجِيْبُوْا لِرَبِّكُمْ مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا مَرَدَّ لَهٗ مِنَ اللّٰهِ ؕ مَا لَكُمْ مِّنْ مَّلْجَاٍ يَّوْمَئِذٍ وَّمَا لَكُمْ مِّنْ نَّكِيْرٍ ﴿٤٧﴾

၄၇။ အသင်တို့သည် အကြင်နေ့မရောက်မီ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို နာယူကြလေကုန်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ယင်းနေ့ကို လွှဲဖယ်ခြင်း၊ ရွှေ့ဆိုင်းခြင်း၊ ဟူ၍ အလျှင်းရှိလိမ့်မည် မဟုတ်ပေ။ **(တနည်း)** (အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်ကို အလ္လာဟ်အရှင်မြတ် အထံတော်မှ အကြင်နေ့ ရောက်မလာမီ နာယူကြလေကုန်။ ယင်းနေ့ကို မည်သူတစ်ဦးတစ်ယောက်မျှပင် ရွှေ့ဆိုင်းနိုင်မည်မဟုတ်ပေ။)

ထို့နေ့တွင် အသင်တို့၌ ခိုလှုံရာဌာနဟူ၍လည်း အလျှင်းရှိမည် မဟုတ်ပေ။ အသင်တို့နှင့်ပတ်သက်၍ ဟန့်တားအံ့သောသူဟူ၍ (အသင်တို့အား မမှတ်မိနိုင်ရန် အကြောင်းဟူ၍ အသင်တို့၌ ငြင်းဆိုနိုင်ခြင်းဟူ၍) လည်း ရှိလိမ့်မည် မဟုတ်ပေ။

فَاِنْ اَعْرَضُوْا فَمَاۤ اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ؕ اِنْ عَلَيْكَ اِلَّا الْبَلٰغُ ؕ وَاِنَّاۤ اِذَاۤ اَذَقْنَا الْاِنْسَانَ مِنَّا رَحْمَةً فَرِحَ بِهَا ۚ وَاِنْ تُصِبْهُمْ سَيِّئَةٌ

၄၈။ သို့ပါလျှက် ၎င်းတို့သည် မျက်နှာလွှဲခဲ့ကြလျှင် (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်အား ၎င်းတို့အပေါ် စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ အသင်၏တာဝန်မှာ အမိန့်တော်များကို ပို့ဆောင်ခြင်းသာဖြစ်၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် (ထိုသို့သော)လူသားအား ကျေးဇူးတော် တစ်စုံတစ်ရာ(၏ရသာ)ကို မြည်းစမ်းစေတော်မူသောအခါ ထိုလူသားသည် ယင်းကျေးဇူးတော်ကြောင့်

بِمَا قَدَّمَتْ أَيْدِيهِمْ فَإِنَّ الْإِنسَانَ كَفُورٌ ﴿٤٨﴾

ဝမ်းမြောက်လေ့ရှိ၏။ သို့ရာတွင် အကယ်၍ ၎င်းတို့၌ ၎င်းတို့၏လက်များက ကြိုတင်ပို့နှင့်သော အပြုအမူကြောင့် ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်ပါလျှင် ဧကန်မလွဲ ထိုလူသားမှာ လွန်စွာ ကျေးဇူးကန်းသူ ဖြစ်သွားလေသတည်း။

لِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۚ يَخْلُقُ مَا يَشَاءُ ۚ يَهَبُ لِمَن يَشَاءُ إِنَاثًا وَيَهَبُ لِمَن يَشَاءُ الذُّكُورَ ﴿٤٩﴾

၄၉။ မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း၊ ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောအရာကို ဖန်ဆင်းတော်မူ၏။ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား (သမီး)မိန်းကလေးများကို ချီးမြှင့်တော်မူ၍ မိမိအလိုရှိတော်မူသောသူအား (သား) ယောကျ်ားကလေးများကို ချီးမြှင့်တော်မူ၏။

أَوْ يُزَوِّجُهُمْ ذُكْرَانًا وَإِنَاثًا ۖ وَيَجْعَلُ مَن يَشَاءُ عَقِيمًا ۚ إِنَّهُ عَلِيمٌ قَدِيرٌ ﴿٥٠﴾

၅၀။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် ၎င်းတို့အား သားယောကျ်ားကလေးများနှင့် သမီးမိန်းကလေးများကို ပေါင်းစပ်၍ပေးတော်မူ၏။ စုံတွဲ၍ ပေးတော်မူ၏။ ထိုမှတစ်ပါး မိမိအလိုရှိတော်မူသော သူအား (သားသမီးမထွန်းကားသော) အမြဲ ပြုလုပ်ထားတော်မူ၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ လွန်စွာ ပြုစွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ ③

---

③ စကြာဝဠာအနန္တကို အလ္လာဟ်အရှင်မြတ်သည်ပင် ဖန်ဆင်းထားတော်မူသည်။ စကြာဝဠာအနန္တ၌ ထိုအရှင်မြတ်၏ အာဏာစက်သည်ပင် တည်လျက်ရှိသည်။ ထိုအရှင်မြတ်သည် တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသည်။ မည်သူမည်ဝါသည် မည်သည့်အရာနှင့် မည်ရွေ့မည်မျှ ထိုက်တန်သည်ကို သိတော်မူသည်။ သို့သိတော်မူသည့်အလျောက် ထိုက်သူအား ထိုက်သည့်အားလျော်စွာ အမျိုးမျိုး၊ အစားစား၊ အပြားပြား ချီးမြှင့်တော်မူသည်။

ဥပမာ-အလ္လာဟ်အရှင်မြတ်သည် အချို့အား သမီးမိန်းကလေးများ ချီးမြှင့်ထားတော်မူသည်။ အချို့အား သားယောကျ်ားကလေးများ ချီးမြှင့်ထားတော်မူသည်။ အချို့အား သားရောသမီးပါ ဒွန်တွဲပြီး ချီးမြှင့် ➤➤

وَمَا كَانَ لِبَشَرٍ أَن يُكَلِّمَهُ اللَّهُ إِلَّا وَحْيًا أَوْ مِن وَرَاءِ حِجَابٍ أَوْ يُرْسِلَ رَسُولًا فَيُوحِيَ بِإِذْنِهِ مَا يَشَاءُ ۚ إِنَّهُ عَلِيٌّ حَكِيمٌ ﴿٥١﴾

၅၁။ မည်သည့်လူသား တစ်ဦးတစ်ယောက်နှင့်မျှ အလ္လာဟ်အရှင်မြတ်သည် "ဝဟ်ယ်" အမိန့်တော် ထုတ်ပြန်တော်မူခြင်းမှတစ်ပါး၊ အရိပ်အခြည် ပြတော်မူခြင်းမှတစ်ပါး၊ သို့တည်းမဟုတ် အကွယ်အကာ တစ်ခုတစ်ရာ၏နောက်မှတစ်ပါး စကားပြောတော်မူသည် မဟုတ်ပေ။ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် စေတမန်တစ်ပါးပါးကို စေလွှတ်တော်မူ၏။

ထိုအခါ ထိုစေတမန်သည် ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ထိုအရှင်မြတ် အလိုရှိတော်မူသော "ဝဟ်ယ်"ထုတ်ပြန်ချက်ကို ပို့ပေးလေ၏။ ဧကန်စင်စစ် ထိုအရှင်မြတ်သည် လွန်စွာ မြင့်မြတ်တော်မူသော အရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ [၁]

➤➤ ထားတော်မူသည်၊ အချို့အား အမြဲပြုလုပ်ထားတော်မူသည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ စီမံဖန်တီးမှုပင်။ ထိုအရှင်မြတ်၏ စီမံဖန်တီးမှုတွင် မည်သူ၌မျှ ဝင်ရောက်စွက်ဖက်ပြောဆိုပိုင်ခွင့်မရှိ။ ထိုအရှင်မြတ် စီမံဖန်တီးထားတော်မူသည့်အပေါ်၌ အခါခပ်သိမ်း ကျေနပ်နှစ်သက် ရောင့်ရဲတင်းတိမ်နေရမည်သာတည်း။ ကျေးဇူးတင်နေရမည် သာတည်း။ မေ့မှား၍မျှ ကျေးဇူးမကန်းရာ။ မမောက်မာ မပလွားရာ။

① **အလ္လာဟ်အရှင်မြတ်နှင့် လူသား စကားပြောပုံ၊**

လူသားသည် လက်ရှိအခြေအနေတွင် လက်ရှိကိုယ်ခန္ဓာဖြင့် လက်ရှိစွမ်းရည်သတ္တိဖြင့်ပင် ရှိနေစဉ် ဤပစ္စက္ခတွင် ၎င်းနှင့်မျက်နှာချင်းဆိုင် အလ္လာဟ်အရှင်မြတ် စကားပြောဆိုတော်မူပါက လူသား၌ ဤသည့်ဒဏ်ကို ခံနိုင်ရည်စွမ်း အလျင်းမရှိပေ။ ထို့အတွက် လူသားတစ်ဦးနှင့် အလ္လာဟ်အရှင်မြတ် စကားပြောတော်မူပုံမှာ သုံးမျိုးသာ ရှိသည်။

(၁) စပ်ကြားတွင် အဆက်အသွယ်တစ်ခုတစ်ရာ မပါရှိဘဲ (ဟီဂျာဗ်) အကာအကွယ်၏နောက်မှ စကားပြောတော်မူခြင်း။

ဆိုလိုသည်ကား (နဗီ)တမန်တော်၏ ကြားသောအာရုံသည်သာ အလ္လာဟ်အရှင်မြတ် ပြောကြားတော်မူသည်ကို ကြားနာနိုင်ပေသည်။ ဤသည့် ပြောကြားတော်မူပုံတွင် တမန်တော်၏မျက်စိများသည် ထိုအရှင်မြတ်အား ဖူးမြင်နိုင်သည်မရှိ။

ဥပမာ- တမန်တော်မူစာသည် "တူရ်" တောင်ထိပ်တွင်လည်းကောင်း၊ တမန်တော်မြတ်သည် "မိအ်ရာဂ်" ညဉ့်တွင်လည်းကောင်း၊ ဤနည်းအတိုင်းပင် အလ္လာဟ်အရှင်မြတ်၏ စကားပြောကြားတော်မူခြင်းကို ကြားနာခဲ့ကြရပေသည်။ ➤➤

وَكَذَٰلِكَ أَوْحَيْنَآ إِلَيْكَ رُوحًا مِّنْ أَمْرِنَا ۚ مَا كُنتَ تَدْرِى مَا ٱلْكِتَٰبُ وَلَا ٱلْإِيمَٰنُ

၅၂။ ထိုနည်းအတိုင်းပင် ငါအရှင်မြတ်သည် မိမိအမိန့်တော်များအနက်မှ "ရူဟ်"တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခဲ့၏။ အသင်သည် ကျမ်းဂန်ဒေသနာတော်ဟူသည် အဘယ်နည်းဟူ၍လည်းကောင်း၊ "အီမာန်"သက်ဝင်ယုံကြည်မှုဟူသည် အဘယ်နည်းဟူ၍လည်းကောင်း၊ သိရှိခဲ့သည်မဟုတ်ပေ။

➢➢ (၂) ကောင်းကင်တမန်မှတဆင့် စကားပြောကြားတော်မူခြင်း။

သို့တစေလည်း ကောင်းကင်တမန်သည် မိမိ၏ကိုယ်ခန္ဓာထင်ရှားပြပြီး မျက်စိရှေ့မှောက်တွင် ရောက်ရှိလာသည်မဟုတ်ဘဲ၊ သက်ဆိုင်ရာ တမန်တော်၏ စိတ်နှလုံးသားအပေါ်တွင် တိုက်ရိုက်သက်ရောက်သည်။

တမန်တော်သည် မိမိ၏စိတ်နှလုံးသားဖြင့်ပင် ကောင်းကင်တမန် သက်ရောက်သည်ကို သိသည်။ ကောင်းကင်တမန်၏ အသံကိုကြားသည်။ ကုရ်အာန်ကျမ်းလာ အာယတ်တော်များသည် များသောအားဖြင့် ဤနည်းအတိုင်းပင် ကျရောက်လာခဲ့ပေသည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၂၆း၁၉၃-၁၉၄။ ၂း၉၇) တွင်လည်း ညွှန်ပြထားတော် မူသည်။

ဤသည့် စကားပြောကြားတော်မူပုံသည် စိတ်နှလုံးသားနှင့်သာ သက်ဆိုင်သည်။ အလွန်အလွန် လျှို့ဝှက်သည်။ သိပ်သည်းသည်။ ထို့အတွက် ယင်းသို့ စကားပြောကြားနေတော်မူသည့်အချိန်တွင် သက်ဆိုင်ရာ တမန်တော်မှတပါး အခြား တစ်ဦးတစ်ယောက် တစ်စုံတစ်ရာ မတွေ့ရ။ မကြားရ။ ထို့အတွက်ကြောင့် ဤ အာယတ်တော်တွင် ဤသည့် စကားပြောကြားတော်မူပုံကို "ဝဟ်ယ်"ဟူ၍ ရည်ညွှန်းသုံးနှုံး ထားတော်မူခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "ဝဟ်ယ်" ဟူသောပုဒ်သည် လျှို့ဝှက်ခြင်း၊ လျင်မြန်စွာ ညွှန်ပြခြင်း အနက်ဟောသည်။

(၃) ကောင်းကင်တမန်သည် သက်ဆိုင်ရာ တမန်တော်၏ ရှေ့မှောက်တွင် ကိုယ်ထင်ပြပြီး အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို ပြောပြခြင်း။

ကောင်းကင်တမန် ဂျိဗ်ရီလ်သည် မိမိ၏မူလ ရုပ်ဆင်းသဏ္ဌာန်နှင့် တမန်တော်မြတ်ထံသို့ တစ်ကြိမ်၊ နှစ်ကြိမ် ကြွလာခဲ့ဖူးသည်။ များသောအားဖြင့် ကောင်းကင်တမန် ဂျိဗ်ရီလ်သည် တမန်တော်မြတ်ထံသို့ (ဆွဟာဗီ) သာဝကကြီး ဒိဟ်ယဟ်ကလ်ဗီသခင်၏ ရုပ်ဆင်းသဏ္ဌာန်ဖြင့် ကြွလာလေ့ရှိခဲ့သည်။ တစ်ခါတစ်ရံ မထင်ရှားသော ပုံသဏ္ဌာန်ဖြင့်လည်း ကြွလာလေ့ရှိခဲ့ပေသည်။

ထိုအခါ တမန်တော်မြတ်နှင့်တကွ အနီးပတ်ဝန်းကျင်တွင်ရှိသော သာဝကကြီးများသည် ကောင်းကင်တမန်၏ ရုပ်ဆင်းသဏ္ဌာန်ကိုလည်း တွေ့မြင်ခဲ့ကြရပေသည်။ အသံကိုလည်း ကြားခဲ့ကြရပေသည်။ အထက်တွင် ဖော်ပြပါ စကားပြောကြားတော်မူပုံ သုံးရပ်လုံးကို ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

(အလွှာဟ်အရှင်မြတ်သည် အလွန်မြင့်မြတ်တော်မူသည်။ (ဟိုက်မတ်) ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသည်။ မည်သူမည်ဝါတို့သည် (ဝဟ်ယ်)နှင့် ထိုက်တန်ကြသည်ကို ကောင်းစွာသိတော်မူသည်။ ကာဖိရ်များသည် (ဝဟ်ယ်)နှင့် လားလားမျှ မထိုက်တန်ကြပေ)။

وَلَٰكِن جَعَلْنَٰهُ نُورًا نَّهْدِى بِهِۦ مَن نَّشَآءُ مِنْ عِبَادِنَا ۚ وَإِنَّكَ لَتَهْدِىٓ إِلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿٥٢﴾

သို့ရာတွင် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို လင်းရောင်ခြည်ပြုလုပ်တော်မူ၍ ထိုလင်းရောင်ခြည်ဖြင့် ငါအရှင်မြတ်သည် မိမိကျွန်တို့အနက်မှ မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်ကို ညွှန်တော်မူ၏။ ② ၎င်းပြင် ဧကန်မလွဲ သင်သည် ဖြောင့်မတ်သောတရားလမ်းကို အမှန်ပင် ညွှန်ပြလျက်ရှိ၏။ ③

صِرَٰطِ ٱللَّهِ ٱلَّذِى لَهُۥ مَا فِى ٱلسَّمَٰوَٰتِ وَمَا فِى ٱلْأَرْضِ ۗ أَلَآ إِلَى ٱللَّهِ تَصِيرُ ٱلْأُمُورُ ﴿٥٣﴾

၅၃။ အကြင်အလ္လာဟ်အရှင်မြတ်၏ တရားလမ်းကို၊ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသောအရာများ ဖြစ်ကြကုန်၏။ သတိပြုကြလေကုန်။ အရေးကိစ္စ အလုံးစုံတို့သည် ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည်ရောက်ကြကုန်သတည်း။

---

② ကုရ်အာန်ကျမ်းမြတ်သည် တရားရောင်ခြည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းရောင်ခြည်ဖြင့် မိမိအလိုရှိတော်မူသော ပုဂ္ဂိုလ်များအား နှစ်ဘဝ၏ အောင်မြင်ရာအောင်မြင်ကြောင်း နည်းလမ်းကောင်းကို ပြသတော်မူသည်။

③ တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ဖြင့် လူသားအားလုံးတို့အား အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့ ချဉ်းကပ်နိုင်သည့် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကို အမှန်ပင် ညွှန်ပြလျက်ရှိတော်မူသည်။ ယင်းသည့် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်နှင့်အညီ ကျင့်သုံးမှု၊ မကျင့်သုံးမှုသည် သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏ တာဝန်သာဖြစ်သည်။ တမန်တော်မြတ်၏ တာဝန်မဟုတ်။

ရွေ ကဏ္ဍ



ဤကဏ္ဍသည် "ဇုခ်ရုဖ်" ရွေအကြောင်းပါသော ကဏ္ဍဖြစ်သည်။ မက္ကာမြို့တော်တွင် ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၈၉)ပါး၊ ရုကူအ်အပိုဒ်(၇)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်အမြဲ သနားကြင်နာညှာတာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၁။ ဟာ၊ မီမ်။

وَالْكِتٰبِ الْمُبِيْنِ ②

၂။ (ငါအရှင်မြတ်သည်) ရှင်းလင်းထင်ရှားစွာသော ကျမ်းဂန် ဓမ္မက္ခန်ကို သက်သေထူတော်မူ၏။

اِنَّا جَعَلْنٰهُ قُرْءٰنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُوْنَ ③

၃။ စင်စစ်ဧကန် ငါအရှင်မြတ်သည် အသင်တို့ (ကောင်းမွန်စွာ) သိနားလည်ကြအံ့သောငှာ ယင်းကျမ်းဂန်ကို အရဗ်ဘာသာစကားဖြင့် *(ထုတ်ပြန်အပ်သော)ကုရ်အာန်ကျမ်းတော်မြတ် ပြုလုပ်တော်မူ၏။* [၁]

وَاِنَّهٗ فِيْٓ اُمِّ الْكِتٰبِ لَدَيْنَا لَعَلِيٌّ حَكِيْمٌ ④

၄။ ၎င်းပြင် ဧကန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်သည် မူရင်းကျမ်း(ဖြစ်သော "လောင်ဟုမဟ်ဖူဇ်" သင်ပုန်း)တွင် ငါအရှင်မြတ်ထံတော်၌ အမှန်ပင် လွန်စွာမြင့်မြတ်လှ၏။ ဉာဏ်ပညာရပ်နှင့် ပြည့်စုံလှ၏။ [၂]

---

① ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဦးစွာပထမ ကြားနာရသော ပဂိုလ်များမှာ အရဗ်အမျိုးသားများဖြစ်ခဲ့ကြပေရာ၊ အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို ၎င်းတို့၏ အမိဘာသာစကားဖြစ်သော အရဗ်ဘာသာစကားဖြင့်ပင် ထုတ်ပြန်ချမှတ်ပေးတော်မူခဲ့သည်။ သို့မှသာလျှင် အရဗ်လူမျိုးတို့သည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို မိမိတို့ကိုယ်တိုင် ကောင်းမွန်စွာ နားလည်သဘောပေါက်ကြပေမည်။ ထို့နောက် ၎င်းတို့မှတဆင့် ကမ္ဘာသူကမ္ဘာသား အားလုံးတို့သည် ယင်းကျမ်းလာဒေသနာတော်များကို သင်ကြားယူကြပေမည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၄၁း၄၄၊ ၄၂း၇)၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

أَفَنَضْرِبُ عَنكُمُ الذِّكْرَ صَفْحًا أَن كُنتُمْ قَوْمًا مُّسْرِفِينَ ﴿٥﴾

၅။ သို့ဖြစ်ပေရာ အသင်တို့သည် စည်းကမ်းကျူးလွန်သူများဖြစ်သောကြောင့် (ဤ)ဆုံးမသြဝါဒကျမ်းကို ငါအရှင်မြတ်သည် အသင်တို့ထံမှ လွှဲဖယ်တော်မူရမည်လော။

وَكَمْ أَرْسَلْنَا مِن نَّبِيٍّ فِي الْأَوَّلِينَ ﴿٦﴾

၆။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ရှေးသူဟောင်းတို့တွင် မြောက်မြားစွာသော နဗီတမန်တော်များကို စေလွှတ်တော်မူခဲ့၏။

وَمَا يَأْتِيهِم مِّن نَّبِيٍّ إِلَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٧﴾

၇။ သို့တစေလည်း ၎င်းတို့သည် မိမိတို့ထံရောက်ရှိလာသော နဗီတမန်တော်တိုင်းကိုပင် ပြက်ရယ်ပြောင်လှောင်ခဲ့ကြသည်သာ။

فَأَهْلَكْنَا أَشَدَّ مِنْهُم بَطْشًا وَمَضَىٰ مَثَلُ الْأَوَّلِينَ ﴿٨﴾

၈။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် လက်ရှိ ဤသူတို့ထက် ခွန်အားဗလ ရဲစွမ်းသတ္တိအရာ၌ ပိုမိုပြင်းထန်သောသူတို့ကိုပင် ဖျက်စီးတော်မူခဲ့ပေသည်။ စင်စစ်သော်ကား ရှေးဟောင်းသူတို့၏ (ဤ)အကြောင်းမှာ လွန်လေခဲ့ပြီး ဖြစ်ပေသတည်း။

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ السَّمَاوَاتِ وَالْأَرْضَ لَيَقُولُنَّ

၉။ စင်စစ် အကယ်၍ (အို-နဗီတမန်တော်၊) အသင်သည် ထိုသူတို့အား "မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ မည်သူ

---

(၂) ကုရ်အာန်ကျမ်းလာ ဒေသနာတော်များသည် အလွန့်အလွန် နက်နဲသည်။ သိမ်မွေ့သည်။ ဖြောင့်မတ်မှန်ကန်သည်။ ပညာအပြည့်အဝပါသည်။ ကုရ်အာန်ကျမ်းလာ အဓိန့်တော်များသည် (မန်ဈုခ်)-ပလပ်သည်ဟူ၍ အလျင်း မရှိ။ ခိုင်လုံလှသည်။ အမြဲထာဝစဉ်တည်မည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူသောအရှင်မှာ အလွှာဟ်အရှင်မြတ် ကိုယ်တော်တိုင် ဖြစ်တော်မူသည်။

ထိုအရှင်မြတ်ထံတော်မှ ယူဆောင်လာသော ကောင်းကင်တမန်တော်မှာ ကောင်းကင်တမန် ဂျိဗ်ရီလ် ဖြစ်တော်မူသည်။ ပို့ချခြင်းခံရသော တမန်တော်မှာ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဖြစ်တော်မူသည်။ မူရင်းကျမ်းထားရာဌာနမှာ အလွှာဟ်အရှင်မြတ်၏ ထံတော်ပါးရှိ "လောင်ဟုမဟ်ဖူဇ်"ခေါ် မှတ်တမ်းတော်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်ကား ခိုင်လုံလှပါဘိတကား။ မြင့်မြတ်လှပါဘိတကား။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၈၀း၁၁-၁၆)၏ အဖွင့်ကို ဆင်ခြင်ပါကုန်။

خَلَقَهُنَّ الْعَزِيزُ الْعَلِيمُ ﴿٩﴾

သည် ဖန်ဆင်းခဲ့သနည်း"ဟု မေးမြန်းခဲ့ပါလျှင် ထိုသူတို့က ယင်း(မိုးကောင်းကင်များနှင့်ပထဝီမြေ)တို့ကို အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ် ဖန်ဆင်းတော်မူခဲ့သည်ဟူ၍ပင် ဧကန်မလွဲ ဖြေဆိုကြပေမည်။

الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَجَعَلَ لَكُمْ فِيهَا سُبُلًا لَعَلَّكُمْ تَهْتَدُونَ ﴿١٠﴾

၁၀။ အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ ပထဝီမြေကို အခင်းပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အဖို့ ယင်းပထဝီမြေ၌ အသင်တို့သည် (မိမိတို့လိုရာခရီးများကို လွယ်ကူစွာသွားနိုင်ရန်) လမ်းမှန်ကို ရရှိကြအံ့သောငှာ လမ်းပမ်းများကို ပြုလုပ်၍ ပေးတော်မူခဲ့၏။

وَالَّذِي نَزَّلَ مِنَ السَّمَاءِ مَاءً بِقَدَرٍ فَأَنْشَرْنَا بِهِ بَلْدَةً مَّيْتًا كَذَٰلِكَ تُخْرَجُونَ ﴿١١﴾

၁၁။ ထိုမှတစ်ပါး အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှမိုးရေကို အတိုင်းအတာအချိန်အဆနှင့် ရွာသွန်းစေတော်မူခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုမိုးရေဖြင့် (သွေ့ခြောက်)သေလွန်ပြီးဖြစ်သော မြို့ရွာ(မြေယာ)များကို ရှင်ပြန်(စိမ်းစို)စေတော်မူခဲ့၏။ ဤနည်းအတိုင်းပင် အသင်တို့သည်လည်း (မိမိတို့သချိုင်းတွင်းမှ ရှင်ပြန်)ထွက်စေခြင်းကို ခံကြရပေမည်။

وَالَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا وَجَعَلَ لَكُم مِّنَ الْفُلْكِ وَالْأَنْعَامِ مَا تَرْكَبُونَ ﴿١٢﴾

၁၂။ ၎င်းပြင် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် အလုံးစုံသော ဖိုမ-စုံတွဲအမျိုးအစားများကို ဖန်ဆင်းတော်မူခဲ့၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့ စီးနင်းကြကုန်သော သင်္ဘောများကိုလည်းကောင်း၊ ခြေလေးချောင်းတိရစ္ဆာန်များကိုလည်းကောင်း ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။

لِتَسْتَوٗا عَلٰى ظُهُوْرِهٖ ثُمَّ تَذْكُرُوْا نِعْمَةَ رَبِّكُمْ اِذَا اسْتَوَيْتُمْ عَلَيْهِ وَتَقُوْلُوْا سُبْحٰنَ الَّذِيْ سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهٗ مُقْرِنِيْنَ ﴿١٣﴾

၁၃။ အသင်တို့သည် ယင်း(အစီးအနင်းတို့)၏ ကျောက်ကုန်းများထက်ဝယ် ကျနမြဲမြံစွာ တက်စီးကြအံ့သောငှာလည်းကောင်း၊ ထို့နောက် အသင်တို့သည် ယင်း(အစီးအနင်း)ပေါ်၌ ကျနမြဲမြံစွာ တက်စီးခဲ့ကြသောအခါ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကျေးဇူးတော်ကို အောက်မေ့တသ သတိရကြအံ့သောငှာလည်းကောင်း၊ (ဤသို့) ပြောဆိုအံ့သောငှာလည်းကောင်း၊ "ကျွန်တော်မျိုးတို့အဖို့ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သောအရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူပါ၏။ အမှန်စင်စစ်သော်ကား ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းကြသူများ မဟုတ်ခဲ့ပေ။

وَاِنَّآ اِلٰى رَبِّنَا لَمُنْقَلِبُوْنَ ﴿١٤﴾

၁၄။ ၎င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်သို့ အမှန်ပင် ပြန်သွားကြအံ့သောသူများပင် ဖြစ်ကြပေသတည်း။ [၁]

---

① ထိုအရှင်မြတ်သည်ပင် အရာရာကို အံ့ဖွယ်သရဲ အစုံစုံ ဖန်ဆင်းထားတော်မူသည်။ ထိုအရှင်မြတ်သည်ပင် လူသားတို့ လွယ်လင့်တကူ စီးနင်းသွားလာနိုင်ရန်အလို့ငှာ အခြေလေးချောင်း တိရစ္ဆာန်များနှင့် ရေယာဉ်များကို ဖန်ဆင်းထားတော်မူသည်။

ဤသို့ လိုလေသေးသည်မရှိ ဖန်ဆင်းထားတော်မူခြင်းမှာ အကြောင်းမဲ့မဟုတ်။ လူသားတို့သည် အစီးအနင်းများကို မိမိတို့ပိုင်နိုင်စွာ တက်စီးကြသည့်အခါ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလွန်ဟ အရှင်မြတ်၏ အံ့မဆုံးသော ကျေးဇူးတော်များကို တွေးဆဆင်ခြင်မြော်မြင်၍ ထိုအရှင်မြတ်အား အောက်မေ့တသ သတိရကြရန်နှင့် (سُبْحٰنَ الَّذِيْ سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهٗ مُقْرِنِيْنَ وَاِنَّآ اِلٰى رَبِّنَا لَمُنْقَلِبُوْنَ) "ဤသည်ကို ကျွန်ုပ်တို့၏ အခိုင်းအစေအဖြစ် ပြုလုပ်ပေးတော်မူသော အရှင်မြတ်ကား စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူလှပါဘိတကား။ အမှန်မှာ ကျွန်ုပ်တို့သည် ဤသည်ကို အသို့မျှ ချုပ်ကိုင်နိုင်ကြသည်မဟုတ်။ မုချဧကန် ကျွန်ုပ်တို့သည် မိမိ၏အရှင်သခင်ထံတော်သို့ ပြန်လည်ရောက်ရှိ ကြရမည့်သူများပါတကား" ဟု ကာယကံမြောက် ရင်ဖွင့်ထုတ်ဖော် ပြောဆိုကြရန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ လူသားတို့သည် လောကီရေးခရီးသွားတိုင်း တစ်ရက် ငါတို့သည် မိမိတို့၏အရှင်သခင်မြတ် ဖြစ်တော်မူသော အလွန်ဟအရှင်မြတ် ထံတော်သို့ ပြန်လည်ရောက်ရှိကြရမည် ဖြစ်သည်ဟူသော တမလွန်ခရီးကို လည်း သတိရကြရာသည်။ အစီးအနင်းများကို စီးနင်းသည့်အခါတိုင်း၌ ဤသို့စီးနင်းနိုင်ခြင်းမှာ မိမိတို့၏ ➤➤

وَجَعَلُوا لَهُۥ مِنْ عِبَادِهِۦ جُزْءًا ۚ إِنَّ ٱلْإِنسَٰنَ لَكَفُورٌ مُّبِينٌ ﴿١٥﴾

၁၅။ သို့သော်လည်း ၎င်းတို့သည် ထိုအရှင်မြတ်၏ ကျွန်များအနက် (အချို့ကို) ထိုအရှင်မြတ်၏ အစိတ်အပိုင်းတစ်ခုဟူ၍ သတ်မှတ်ခဲ့ကြကုန်၏။ ဧကန်အမှန် လူသားသည် ထင်ရှားစွာသော ကျေးဇူးကန်းသူပင် ဖြစ်ချေသည်။ [၁]

أَمِ ٱتَّخَذَ مِمَّا يَخْلُقُ بَنَٰتٍ وَأَصْفَىٰكُم بِٱلْبَنِينَ ﴿١٦﴾

၁၆။ ထိုအရှင်မြတ်သည် မိမိ အဖန်ဆင်းခံတို့အနက် မိမိအဖို့ သမီးမိန်းကလေးများကို ရွေးချယ်တော်မူ၍ အသင်တို့ကိုမူကား သားယောကျ်ားကလေးတို့ဖြင့် ချီးမြှောက်တော်မူခဲ့ပါသလော။

➢➢ စွမ်းရည်ကြောင့်မဟုတ်။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်သာ ဖြစ်သည်ကို နလုံးပိုက်ကာ ကုရ်အာန်ကျမ်းလာ အောက်ပါဆုဒိုအာကို ပန်ကြားကြရာသတည်း။

(سُبْحَانَ الَّذِي سَخَّرَ لَنَا هَٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ وَإِنَّا إِلَىٰ رَبِّنَا لَمُنقَلِبُونَ)

(၁) အထက်တွင် မိန့်ကြားထားတော်မူသည့်အတိုင်း လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ကြရမည်သာဖြစ်သည်။ ယခုမူ အချို့လူသားတို့သည် ထိုအရှင်မြတ်အား ကျေးဇူးကန်းကြသည်သာမက ထိုအရှင်မြတ်နှင့်ပတ်သက်၍ပင် အရိုအသေကင်းမဲ့စွာဖြင့် မလျော်ကန်သောစကားများကိုပင် ပြောဆိုကြပေသည်။

အချို့လူသားများသည် အလ္လာဟ်အရှင်မြတ်၌ သားသမီးများရှိကြသည်ဟု (မပြောစကောင်း) ပြောဆိုကြသည်။ သို့ပြောဆိုရာတွင်လည်း ထိုအရှင်မြတ်၌ သားမဟုတ်၊ သမီးများရှိသည်ဟု ဆိုကြသည်။ ဤသို့ကား အလျင်းမဆိုအပ်။

အဘယ်ကြောင့်ဆိုသော်....

(၁) သားသမီးသည် ဖခင်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၌ သားသမီးရှိသည်ဟုဆိုခြင်းမှာ ထိုအရှင်မြတ်သည် အစိတ်အပိုင်းများဖြင့် စုပေါင်းတည်ရှိတော်မူသည်။ အစိတ်အပိုင်းများဖြင့် စုပေါင်းတည်ရှိသောအရာသည် သခ်ါဇာဖြစ်သည်။ သခ်ါဇာသည် ပျက်စီးရမည်သာတည်းဟု ဆိုရာ ရောက်သည်။

(၂) ဖခင်နှင့်သားသမီးသည် တစ်မျိုးတစ်စားတည်းဖြစ်သင့်သည်။ တစ်မျိုးတစ်စားတည်းမဖြစ်ပါက ဖခင်အဖို့သော်လည်းကောင်း၊ သားသမီးအဖို့သော် လည်းကောင်း အပြစ်ဆိုဖွယ်ရာဖြစ်သည်။ ဤတွင်ဖန်ဆင်းတော်မူသော အရှင်နှင့် အဖန်ဆင်းခံ၌ တစ်မျိုးတစ်စားတည်းဖြစ်ရှိရန် ပြဿနာသည် စဉ်းစား၍ပင် မဖြစ်နိုင်ပေ။

(၃) သမီးသည် သားနှင့်စာလျှင် ကာယအားဖြင့်သော်လည်းကောင်း၊ ဉာဏအားဖြင့်သော်လည်းကောင်း နိမ့်ကျသည်။ အလ္လာဟ်အရှင်မြတ်၌ သားသမီးရှိသည်ဟု ဆိုရာတွင်လည်း မိမိတို့အဖို့ မိမိတို့ကိုယ်တိုင် မနှစ်ခြိုက်သော ကာယ၊ ဉာဏအားဖြင့် နိမ့်ကျသော သမီးများရှိသည်ဟု ရှက်ဖွယ်လိလိဆိုကြသည်။ ဤထက် ကျေးဇူးကန်းမှု၊ အရိုအသေကင်းမဲ့မှု၊ မခန့်ညားမှုသည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။ ကာဖိရ်၊ မုရ်ရစ်က်တို့ကား ကျေးဇူးကန်းလှဘိတကား။

وَإِذَا بُشِّرَ أَحَدُهُم بِمَا ضَرَبَ لِلرَّحْمَٰنِ مَثَلًا ظَلَّ وَجْهُهُ مُسْوَدًّا وَهُوَ كَظِيمٌ ﴿١٧﴾

၁၇။ စင်စစ်သော်ကား၊ ၎င်းတို့အနက် တစ်စုံတစ်ယောက်သည် မိမိကိုယ်တိုင် အနန္တကရုဏာတော်ရှင်အား ခိုင်းနှိုင်းဖော်ပြ စော်ကားခဲ့သောအရာဖြင့် သတင်းကောင်းပြောကြားခြင်းကို ခံရလေသောအခါ ထိုသူသည် စိတ်တွင်းခံစားမှုကို ချုပ်တည်း မျိုသိပ်လျက် ရှိသည်သာမက ၎င်း၏မျက်နှာမှာလည်း တစ်နေကုန် ညှိုးနွမ်းမည်းမှောင်၍ပင် နေလေတော့၏။

أَوَمَن يُنَشَّأُ فِي الْحِلْيَةِ وَهُوَ فِي الْخِصَامِ غَيْرُ مُبِينٍ ﴿١٨﴾

၁၈။ မည်သို့နည်း။ လက်ဝတ်လက်စား အလှဆင်ယင်မှု၌ ပေါက်ဖွားကြီးပြင်းလာရသည့်ပြင် အချေအတင်ပြောဆိုရာ၌လည်း ရှုပ်ထွေးပွေလီစေသောသူသည် (အလ္လာဟ်အရှင်မြတ်) သမီးဖြစ်နိုင်ရန် အရည်အချင်း ရှိပါသလော။

وَجَعَلُوا الْمَلَائِكَةَ الَّذِينَ هُمْ عِبَادُ الرَّحْمَٰنِ إِنَاثًا ۚ أَشَهِدُوا خَلْقَهُمْ ۚ سَتُكْتَبُ شَهَادَتُهُمْ وَيُسْأَلُونَ ﴿١٩﴾

၁၉။ ထိုမှတစ်ပါး၊ ၎င်းတို့သည် အနန္တကရုဏာတော်ရှင်၏ ကျွန်များ ဖြစ်ကြကုန်သော "မလာအိကဟ်" ကောင်းကင်တမန်တို့အား မိန်းမများဟူ၍ သတ်မှတ်ခဲ့ကြကုန်၏။ ၎င်းတို့သည် ထို "မလာအိကဟ်" ကောင်းကင်တမန်တို့အား ဖန်ဆင်းရာ၌ ရှေ့မှောက်ဝယ် ရှိခဲ့ကြလေသလော။ (မည်သို့ပင်ဖြစ်စေ) ၎င်းတို့၏ သက်သေထွက်ချက်သည် ရေးသား(မှတ်တမ်းတင်)ပြီး ဖြစ်ချေသည်။ ထိုမှတစ်ပါး၊ ၎င်းတို့သည် ("ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင်) စစ်ဆေးမေးမြန်းခြင်းကိုလည်း ခံကြရပေဦးမည်။

وَقَالُوا لَوْ شَاءَ الرَّحْمَٰنُ مَا عَبَدْنَاهُم ۗ مَّا لَهُم بِذَٰلِكَ مِنْ عِلْمٍ ۖ

၂၀။ ထိုမှတစ်ပါး၊ ၎င်းတို့က ပြောဆိုခဲ့ကြကုန်၏။ အကယ်၍သာ အနန္တကရုဏာတော်ရှင်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည် ထို "မလာအိကဟ်" ကောင်းကင်တမန်တို့အား ဆည်းကပ် ကိုးကွယ်ခဲ့ကြမည်မဟုတ်ပေ။ ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့၌

إِنْ هُمْ إِلَّا يَخْرُصُونَ ﴿٢٠﴾

အသိပညာ လုံးဝမရှိပြီ။ (စင်စစ်မှာကား) ၎င်းတို့မှာ ရမ်းဆ ပြောဆိုနေကြသည်သာတည်း။

أَمْ آتَيْنَاهُمْ كِتَابًا مِّن قَبْلِهِ فَهُم بِهِ مُسْتَمْسِكُونَ ﴿٢١﴾

၂၁။ ငါအရှင်မြတ်သည် ၎င်းတို့အား ဤ(ကုရ်အာန်ကျမ်းတော်မြတ်)အလျင် ကျမ်းဂန်တစ်စောင်စောင်ကို ချီးမြှင့် ပေးသနားတော်မူခဲ့လေသလော။ သို့ဖြစ်ရာ ၎င်းတို့သည် ယင်းကျမ်းကို အားကိုးအားထားပြုလျက် ရှိကြသည်(လော)။ ၁

بَلْ قَالُوا إِنَّا وَجَدْنَا آبَاءَنَا عَلَىٰ أُمَّةٍ وَإِنَّا عَلَىٰ آثَارِهِم مُّهْتَدُونَ ﴿٢٢﴾

၂၂။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ၎င်းတို့သည် (ဤသို့) ပြောဆိုကြကုန်၏။ ဧကန်အမှန် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား သာသနာ့လမ်းစဉ် တစ်ခုပေါ်၌ တွေ့ရှိခဲ့ကြပါ၏။ ဧကန်မလွဲ ကျွန်ုပ်တို့သည် ထိုအဘ၊ အဘိုး၊ ဘေးတို့၏နောက်သို့ပင် ဖဝါးခြေထပ် လိုက်နာသူများပင် ဖြစ်ကြပါ၏။

وَكَذَٰلِكَ مَا أَرْسَلْنَا مِن قَبْلِكَ فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا إِنَّا وَجَدْنَا آبَاءَنَا عَلَىٰ أُمَّةٍ وَإِنَّا عَلَىٰ آثَارِهِم مُّقْتَدُونَ ﴿٢٣﴾

၂၃။ ၎င်းပြင် ထိုနည်းတူစွာ ငါအရှင်မြတ်သည် မည်သည့်မြို့ရွာ၌မဆို သတိပေးနှိုးဆော်သူ (နဗီတမန်တော်)တစ်ပါးပါးကို စေလွှတ်တော်မူခဲ့တိုင်း ယင်းမြို့ရွာမှ စည်းစိမ်ရှင်တို့က (ဤသို့) ပြောဆိုခဲ့ကြသည်သာ၊ "စင်စစ်ဧကန် ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား သာသနာ့ လမ်းစဉ်တစ်ခုပေါ်၌ တွေ့ရှိခဲ့ကြပါ၏။ မုချဧကန် ကျွန်ုပ်တို့သည် ၎င်းတို့၏ ခြေရာများပေါ်၌ လိုက်ကြသူများပင် ဖြစ်ကြပါ၏။

---

① မှုရှစ်ကျမ်းဤ ၎င်းတို့၏ယုဒတွဲကိုးကွယ်မှုနှင့် စပ်လျဉ်း၍ အသိဉာဏ်ယုံပြိုင်နိုင်သော ယုတ္တိဒဋ္ဌိရှိလည်း ရှိသည်မဟုတ်၊ ယုဒတွဲကိုးကွယ်မှုသည် ကောင်းမြတ်သော ကိစ္စတစ်ရပ်ဖြစ်သည်ဟူ၍ ရေးသားပါရှိသော ကောင်းကင်ကျကျမ်းဂန်လည်းမရှိ။ ယုဒတွဲကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့ထံ၌ ယုတ္တိဒဋ္ဌိလည်း မရှိ၊ အာဂမဒဋ္ဌိလည်းမရှိ။ ➤➤

قُلْ أَوَلَوْ جِئْتُكُمْ بِأَهْدَىٰ مِمَّا وَجَدْتُمْ عَلَيْهِ آبَاءَكُمْ ۖ قَالُوا إِنَّا بِمَا أُرْسِلْتُمْ بِهِ كَافِرُونَ ﴿٢٤﴾

၂၄။ ထိုသတိပေးနှိုးဆော်သူ (နဗီတမန်တော်)က "(အချင်းတို့၊) အကယ်၍ ငါသည် အသင်တို့ထံ အသင်တို့ မိမိတို့ အဘ၊ ဘိုး၊ ဘေးတို့ (လိုက်ခဲ့ကြသည်)ကို တွေ့ရှိခဲ့ကြလေသော လမ်းစဉ်ထက် ပိုမို (တိကျမှန်ကန်သော) တရားလမ်းမှန်ကို ညွှန်ပြအံ့သော တရားဓမ္မကို အသင်တို့ထံ ဆောင်ကြဉ်းခဲ့ပါလျက် (အသင်တို့သည် မိမိတို့၏ ရိုးရာဓလေ့များကိုသာ လိုက်စားကြမည်လော)"ဟု ပြောဆို(မေးမြန်းခဲ့)လေ၏။ (ထိုအခါ) ၎င်းတို့က "စင်စစ်ဧကန် ကျွန်ုပ်တို့သည် အသင်တို့ယူဆောင်ခဲ့ကြသော တရားဓမ္မကို ယုံကြည်သူများမဟုတ်" ဟု ပြောဆိုခဲ့ကြကုန်၏။

فَانْتَقَمْنَا مِنْهُمْ ۖ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿٢٥﴾

၂၅။ သို့ဖြစ်သောကြောင့်ပင် ငါအရှင်မြတ်သည် ၎င်းတို့အား တုံ့ပြန်လက်စားချေတော်မူခဲ့၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မဟုတ်မမှန် ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်သောသူတို့၏ နောက်ဆုံး အကျိုးသည် မည်သို့မည်ပုံ ရှိခဲ့သည်ကို (လေ့လာ) ကြည့်ရှုပါလေ။

وَإِذْ قَالَ إِبْرَاهِيمُ لِأَبِيهِ وَقَوْمِهِ إِنَّنِي بَرَاءٌ مِمَّا تَعْبُدُونَ ﴿٢٦﴾

၂၆။ ထိုမှတစ်ပါး: (ပြန်လည်သတိရရှိကြလေကုန်၊) တစ်ရံရောအခါဝယ် "တမန်တော်အီဗရာဟင်မ်"သည် မိမိဘခင်အား၊လည်းကောင်း၊ မိမိအမျိုးသားအား၊လည်းကောင်း၊ ပြောကြားခဲ့လေ၏။ "မုချဧကန် ငါသည် အသင်တို့ ဆည်းကပ် ကိုးကွယ်ကြသည်တို့မှ ကင်းလွတ်၏။"

➤➤ အမှန်မှာ ၎င်းတို့သည် အသိဉာဏ်ကို အနည်းငယ်စိုးစဉ်းမျှပင် အသုံးမပြုဘဲ မိဘရိုးရာကိုသာ ဇွတ်မိုတ်ကာ လိုက်နာနေကြသော လူအ၊ လူအနွှ၊ လူဗာလ၊ လူဥမ္မတ္တကများသာ ဖြစ်ကြပေသည်။ ဤသည့်အကြောင်းကိုပင် ရှေ့အာယတ်တော်များတွင် မိန့်ဆိုထားတော်မူပေသည်။

إِلَّا الَّذِي فَطَرَنِي فَإِنَّهُ سَيَهْدِينِ ﴿٢٧﴾

၂၇။ အကြင် အရှင်မြတ်မှတစ်ပါး "(တစ်နည်း) သို့ရာတွင် (ငါသည်) အကြင်အရှင်မြတ်အား သာလျှင် (ဆည်းကပ်ကိုးကွယ်၏)" ထိုအရှင်မြတ်သည် ငါ့အား ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည်ပင် ငါ့အား တရားလမ်းမှန်ကို ပြသတော်မူ၏။

وَجَعَلَهَا كَلِمَةً بَاقِيَةً فِي عَقِبِهِ لَعَلَّهُمْ يَرْجِعُونَ ﴿٢٨﴾

၂၈။ ထိုမှတစ်ပါး ထိုအီဗရာဟီမ်သည် ယင်း ("တောင်ဟီဒ်" တည်းဟူသောအယူဝါဒ)ကို ထို(မက္ကာ မြို့သား၊ မုရ်ရစ်က်)တို့ (အနာဂတ်ကာလ၌လည်း "တောင်ဟီဒ်" ဘက်သို့ ပြန်လှည့်ကြအံ့သောငှာ မိမိ နောက်တွင် ဆက်လက်တည်ရှိခဲ့သော စကားမွန်တစ်ရပ် ဖြစ်စေခဲ့၏။

بَلْ مَتَّعْتُ هَٰؤُلَاءِ وَآبَاءَهُمْ حَتَّىٰ جَاءَهُمُ الْحَقُّ وَرَسُولٌ مُّبِينٌ ﴿٢٩﴾

၂၉။ စင်စစ်မှာကား ငါအရှင်မြတ်သည် ဤသူတို့အား လည်းကောင်း၊ ဤသူတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား လည်းကောင်း၊ စည်းစိမ်ချမ်းသာကို ချီးမြှင့်တော်မူခဲ့၏။ နောက်ဆုံးတွင် ထိုသူထံသို့ (ကုရ်အာန် ကျမ်းတော်မြတ် တည်းဟူသော) အမှန်တရားသည် လည်းကောင်း၊ (အမိန့်ပညတ်တော်များကို) ဖော်ပြ ထင်ရှားစေသော ရဿူလ်တမန်တော်တစ်ပါးသည် လည်းကောင်း၊ ရောက်ရှိ၍လာခဲ့၏။

وَلَمَّا جَاءَهُمُ الْحَقُّ قَالُوا هَٰذَا سِحْرٌ وَإِنَّا بِهِ كَافِرُونَ ﴿٣٠﴾

၃၀။ သို့ရာတွင် ၎င်းတို့ထံ (ကုရ်အာန်ကျမ်းတော် မြတ်တည်းဟူသော) အမှန်တရားသည် ရောက်ရှိလာခဲ့ သောအခါ ၎င်းတို့က "ဤသည် စုန်းအတတ် ပညာ ဖြစ်၏။ ၎င်းပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် ဤသည်ကို ငြင်းပယ်သူများပင် ဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြကုန်၏။

وَقَالُوا لَوْلَا نُزِّلَ هٰذَا الْقُرْاٰنُ عَلٰى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيْمٍ ﴿٣١﴾

أَهُمْ يَقْسِمُوْنَ رَحْمَتَ رَبِّكَ ۚ نَحْنُ قَسَمْنَا بَيْنَهُمْ مَّعِيْشَتَهُمْ فِي الْحَيٰوةِ الدُّنْيَا ۚ وَرَفَعْنَا بَعْضَهُمْ فَوْقَ بَعْضٍ دَرَجٰتٍ لِّيَتَّخِذَ بَعْضُهُمْ بَعْضًا سُخْرِيًّا ۗ وَرَحْمَتُ رَبِّكَ خَيْرٌ مِّمَّا يَجْمَعُوْنَ ﴿٣٢﴾

၃၁။ ထိုမှတစ်ပါး: ၎င်းတို့က ဤကုရ်အာန်ကျမ်းမြတ်သည် ('မက္ကာဟ်မြို့' နှင့် 'သွာအစ်ဖ်မြို့') နှစ်မြို့မှ လူကြီးလူကောင်း တစ်ဦးတစ်ယောက်၏ အပေါ်၌ အဘယ်ကြောင့် ချပေးခြင်းမခံခဲ့ရသနည်း"ဟု ပြောဆိုခဲ့ကြကုန်၏။ [၁]

၃၂။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကရုဏာတည်းဟူသော နဗီတမန်တော်အဖြစ် ချီးမြှောက်ခြင်းကို ၎င်းတို့သည်ပင် ခွဲဝေပေးကြသလော။ (စင်စစ်သော်ကား:) ငါအရှင်မြတ်သည် လောကီဘဝ၌ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ပရိသေသနကိစ္စ စားနပ်ရိက္ခာကိုပင် ၎င်းတို့၏အကြား၌ ခွဲဝေပေးထားတော်မူခဲ့၏။

ထိုမှတစ်ပါး: ငါအရှင်မြတ်သည် ၎င်းတို့အနက် အချို့သည် အချို့အား လက်အောက်ခံ အခိုင်းအစေ ပြုအံ့သောငှာ ၎င်းတို့အနက် အချို့ကို အချို့ထက် အဆင့်အတန်းများစွာ မြှင့်ပေးတော်မူခဲ့၏။ စင်စစ်မှာကား: အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကရုဏာတော်သည် ၎င်းတို့ ဆည်းပူးစုဆောင်းလျက် ရှိကြသည်တို့ထက် သာလွန်ကောင်းမြတ်လှပေသည်။

---

① အရဗ်မှရှ်ရစ်က်တို့သည် လူဂုဏ်ရည်ကို ဥစ္စာဓန ရှိမရှိ၊ သြဇာအာဏာ ရှိမရှိကို ကြည့်၍ ဆုံးဖြတ်လေ့ရှိခဲ့ကြပေသည်။ ၎င်းတို့ထံ၌ လူကြီးလူကောင်းဟူသည် ဥစ္စာဓန ကုလုံကြွယ်ဝသူ၊ သြဇာအာဏာရှိသူသာလျှင် ဖြစ်ခဲ့ပေသည်။ လူကြီးလူကောင်းဖြစ်မှု၏ မှတ်ကျောက်မှာ-ဥစ္စာနှင့်အာဏာသာ ဖြစ်ခဲ့ပေသည်။ ၎င်းတို့က ဥစ္စာနှင့်အာဏာမှအပ အခြား အဖိုးမဖြတ်နိုင်သော သစ္စာသမာဓိရှိမှု၊ ရိုးသားမှု၊ မှန်ကန်မှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်တရား ကောင်းမြတ်မှု၊ နှလုံးရည်ပြည့်ဝမှုစသည့် ဂုဏ်ရည်များကိုမူ မသိခဲ့ကြပေ။

ထို့အတွက်ကြောင့်လည်း: ၎င်းတို့က "ကုရ်အာန်ကျမ်းမြတ်သည် ကျရောက်ပါကလည်း: ဤမြို့ရွာကြီးနှစ်ခုဖြစ်သော မက္ကာမြို့တော်သို့မဟုတ် တွာအိဖ်မြို့မှ ဥစ္စာဓနကုလုံကြွယ်ဝသော သြဇာအာဏာရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်၌သာကျရောက်သင့်ပေသည်ဟု အမြော်အမြင်ကျဉ်းမြောင်းစွာဖြင့် ဝေဖန်ပြောဆိုခဲ့ကြပေသည်၊ ➤➤

وَلَوْلَآ أَن يَكُونَ ٱلنَّاسُ أُمَّةً وَٰحِدَةً لَّجَعَلْنَا لِمَن يَكْفُرُ بِٱلرَّحْمَٰنِ لِبُيُوتِهِمْ سُقُفًا مِّن فِضَّةٍ وَمَعَارِجَ عَلَيْهَا يَظْهَرُونَ ﴿٣٣﴾

၃၃။ စင်စစ်မှာကား အကယ်၍သာ လူခပ်သိမ်းတို့သည် (မိစ္ဆာ)သာသနာဝင် အုပ်စုတစ်စုတည်းသာ ဖြစ်သွားကြရန် အကြောင်းမရှိခဲ့ပါလျှင် အမှန်ပင် ငါအရှင်မြတ်သည် အနန္တ ကရုဏာတော်ရှင်အား သွေဖည် ငြင်းပယ်ကြကုန်သော သူတို့အဖို့ ၎င်းတို့နေအိမ်များ၏အမိုးတို့ကို ငွေဖြင့်ပြုလုပ်၍ ပေးတော်မူခဲ့မည်သာ၊ ၎င်းပြင် လှေကားများကိုလည်း (ငွေဖြင့်ပြုလုပ်၍ ပေးတော်မူခဲ့မည်သာ၊) ၎င်းတို့သည် ယင်း(လှေကားများဖြင့်) အမိုးများသို့ တက်ကြပေမည်။

وَلِبُيُوتِهِمْ أَبْوَٰبًا وَسُرُرًا عَلَيْهَا يَتَّكِـُٔونَ ﴿٣٤﴾

၃၄။ ထို့မှတစ်ပါး ထိုသူတို့နေအိမ်များ၏ တံခါးများကိုလည်းကောင်း၊ ထိုသူတို့မှီ၍ ထိုင်ကြကုန်သော ခုတင်များကိုလည်းကောင်း၊ (ငွေဖြင့် ပြုလုပ်၍ ပေးတော်မူခဲ့ပေမည်)။ [၁]

➢➢ ဆိုလိုသည်ကား (တမန်တော်မြတ်) မုဟမ္မဒ်၌ ဥစ္စာဓနလည်းမရှိ၊ သြဇာအာဏာလည်းမရှိ။ အလ္လာဟ်အရှင်မြတ်သည် မက္ကာမြို့တော်နှင့်တွဂအိမ်မြို့တွင် ဥစ္စာဓန ကုဋေကြွယ်ဝသော၊ သြဇာအာဏာရှိသော ပုဂ္ဂိုလ်ကြီးများ ရှိနေပါလျက်၊ ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုမျှ ရွေးချယ်တော်မမူဘဲ ဥစ္စာဓနမရှိသော၊ သြဇာအာဏာမရှိသော (တမန်တော်မြတ်) မုဟမ္မဒ်အား ရွေးချယ်၍ ကုရ်အာန်ကျမ်းမြတ်ကို ချီးမြှောက်တော်မူသည်ကို ငါတို့လက်မခံ၊ မယုံကြဟူ၏။ ဤကား မထူးဆန်းပေ။ ယခုခေတ်တွင်သော်မှပင် ဥစ္စာရှိသူ၊ အာဏာရှိသူကိုမှပင် လူထင်နေသူများ အများအပြား တွေ့ရှိရပေသည်။

① အလ္လာဟ်အရှင်မြတ်ထံတော်၌ လောကီစည်းစိမ်သည် စိုးစဉ်းမျှပင် တန်ဖိုးမရှိပေ။ လောကီဆိုင်ရာ ရွေ့ွေ့စသည့် ဥစ္စာဓနသည် အဘယ်မျှ တန်ဖိုးမရှိသည်ဆိုသော် အလိုတော်နှင့်ဆန့်ကျင်သည့် အကြောင်းမရှိပါက-အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်တို့၏အိမ်များ၊ အမိုး၊ အခင်း၊ လှေကား၊ တံခါး၊ အိပ်ရာစသည်များကို ရွှေသား၊ ငွေသားဖြင့် မုချပြုလုပ်ပေးတော်မူအံ့။ သို့ကာဖိရ်များအား ရွှေအိမ်၊ ငွေအိမ်များ ပြုလုပ်ပေးတော်မူလိုက်ပါက ဤပစ္စက္ခတွင် ကာဖိရ်များသာလျှင် ရွှေအိမ် ငွေအိမ်များနှင့် နေထိုင်ကြရသည်ကိုကြည့်ပြီး လူများသည် များသောအားဖြင့် ကာဖိရ်ဖြစ်ကုန်ကြပေမည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့်ဆန့်ကျင်သည်။ ထို့အတွက်ကြောင့်ပင် ယင်းသို့ပြုလုပ်ပေးတော် မမူခြင်းဖြစ်သည်။

တမန်တော်မြတ်၏ သြဝါဒတော်များတွင် လာရှိသည်မှာ "အကယ်၍သာ ဤပစ္စက္ခသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ ယင်ကောင်တစ်ကောင်၏ အတောင်မျှပင် တန်ဖိုးရှိပါက ထိုအရှင်မြတ်သည် ကာဖိရ်ကို ရေတစ်စက်မျှပင် တိုက်ကျွေးတော်မူမည် မဟုတ်ပေ။" ကြည့်-အီဗ်နုကဆီရ်။

وَزُخْرُفًا ۚ وَإِن كُلُّ ذَٰلِكَ لَمَّا
مَتَاعُ الْحَيَاةِ الدُّنْيَا ۚ
وَالْآخِرَةُ عِندَ رَبِّكَ
لِلْمُتَّقِينَ ﴿٣٥﴾

၃၅။ ထိုမှတစ်ပါး (ယင်းပစ္စည်းများကို) ရွှေဖြင့်လည်း (ပြုလုပ်၍ပေးတော်မူခဲ့ပေမည်၊) သို့ရာတွင် ထို(ပစ္စည်း)အလုံးစုံတို့မှာ မျက်မှောက်လောကီဘဝ၏ အသုံးအဆောင်မျှသာလျှင် ဖြစ်ကုန်၏။ အမှန်စင်စစ် သော်ကား "အာခိရတ်" တမလွန်ဘဝမှာ အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ သူတော်စင်တို့အဖို့သာလျှင် ဖြစ်ပေသတည်း။ ①

وَمَن يَعْشُ عَن ذِكْرِ الرَّحْمَٰنِ
نُقَيِّضْ لَهُ شَيْطَانًا فَهُوَ لَهُ قَرِينٌ ﴿٣٦﴾

၃၆။ စင်စစ်သော်ကား မည်သူမဆို အနန္တကရုဏာတော်ရှင်အား အောက်မေ့တသခြင်းကို မမြင်ဟန်မသိဟန်ဆောင်သည်ရှိသော် ငါအရှင်မြတ်သည် ထိုသူ၌ "ရှိုင်တွာန်" မိစ္ဆာကောင်တစ်ကောင်ကို သတ်မှတ်၍ပေးတော်မူ၏။ ထိုအခါ ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်မှာ ထိုသူ၏အဖော် ဖြစ်သွား၏။

وَإِنَّهُمْ لَيَصُدُّونَهُمْ عَنِ
السَّبِيلِ وَيَحْسَبُونَ
أَنَّهُم مُّهْتَدُونَ ﴿٣٧﴾

၃၇။ ၎င်းပြင် ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်တို့မှာ ထိုသူတို့အား (ဖြောင့်မတ်မှန်ကန်သောတရား) လမ်းမှပိတ်ပင် တားဆီးလေ့ရှိကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် မိမိတို့မှာ လမ်းမှန်ကို ရရှိသူများ ဖြစ်ကြသည်ဟူ၍ပင် ထင်မှတ်လေ့ရှိကြကုန်၏။

حَتَّىٰ إِذَا جَاءَنَا قَالَ يَا لَيْتَ

၃၈။ နောက်ဆုံးတွင် ထိုမသိဟန်ဆောင်သောသူသည် ငါအရှင်မြတ်အထံတော်သို့ ရောက်လေသောအခါ (ယင်း "ရှိုင်တွာန်" မိစ္ဆာကောင်အား ဤသို့)

---

① လောကီစည်းစိမ်များသည် အဘယ်မျှပင် များပြားလင့်ကစား၊ တကမ္ဘာလုံးကိုပင် ပိုင်ဆိုင်ထားလင့်ကစား သခ်ါရမျှသာဖြစ်သည်။ တစ်ရက် ထားခဲ့ရမည်သာဖြစ်သည်။ တန်ဖိုးထားရာ မဟုတ်၊ မက်မောစရာမဟုတ်။
တန်ဖိုးထားရာ မက်မောရာကား နောင်တမလွန်ဘဝသာလျှင် ဖြစ်သည်။ နောင်တမလွန်ဘဝသည် သခ်ါရမဟုတ်။ နောင်တမလွန်ဘဝ၏ အမတသုခများသည်လည်း သခ်ါရမဟုတ်၊ ယင်းသည့် နောင်တမလွန်ဘဝ၏ အမတသုခများသည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသော၊ အမိန့်တော်ကို နာယူကျင့်မူသော မုအ်မင်န် သူတော်စင်များအဖို့သာဖြစ်သည်။ (ကာဖိရ်များအဖို့ မဟုတ်ပါချေ။)

ပြောဆိုအံ့၏။ ညြော်-ကျွန်ုပ်နှင့် အသင်၏အကြား၌ "အရှေ့" နေထွက်ရာအရပ်နှင့် "အနောက်" နေဝင်ရာအရပ်မျှ ဝေးကွာခဲ့လျှင် ကောင်းလေစွတကား။ စင်စစ်မှာကား ယင်း"ရှိုင်တွာန်" မိစ္ဆာကောင်သည် လွန်စွာဆိုးယုတ်လှသော အဖော်ဖြစ်၏။

بَيْنِي وَبَيْنَكَ بُعْدَ الْمَشْرِقَيْنِ فَبِئْسَ الْقَرِينُ ﴿٣٨﴾

၃၉။ ထိုမှတစ်ပါး အသင်တို့ကိုယ်တိုင် မတရားကျူးလွန်ခဲ့ကြသောကြောင့် ယင်း(ယူကျုံးမရဖြစ်ခြင်း)သည် ယနေ့ အသင်တို့အဖို့ အလျှင်းအကျိုးပေးမည်မဟုတ်ပေ။ ဧကန်မလွဲ အသင်တို့သည် (ထိုအဖော်များဖြစ်ကြသော "ရှိုင်တွာန်" မိစ္ဆာကောင်တို့နှင့်အတူ) ပြစ်ဒဏ်၌ ဖက်စပ်ပါဝင်သူများပင် ဖြစ်ကြကုန်၏။

وَلَن يَنفَعَكُمُ الْيَوْمَ إِذ ظَّلَمْتُمْ أَنَّكُمْ فِي الْعَذَابِ مُشْتَرِكُونَ ﴿٣٩﴾

၄၀။ သို့ဖြစ်ပေရာ(အို-နဗီတမန်တော်) အသင်သည် နားပင်းသူတို့အား (ဓမ္မသြဝါဒကို) ကြားစေနိုင်ပါသလော။ သို့တည်းမဟုတ် အသင်သည် မျက်စိကန်းသူတို့အားလည်းကောင်း၊ ထင်ရှားလှစွာသောလမ်းမှား၌ ရှိနေသူတို့အားလည်းကောင်း၊ တရားလမ်းမှန်ကို ညွှန်ပြနိုင်ပါသလော။

أَفَأَنتَ تُسْمِعُ الصُّمَّ أَوْ تَهْدِي الْعُمْيَ وَمَن كَانَ فِي ضَلَالٍ مُّبِينٍ ﴿٤٠﴾

၄၁။ တစ်ဖန် အကယ်၍ ငါအရှင်မြတ်သည် အသင့်အား(ဤလောကမှ)ဆောင်ယူသွားတော်မူပါလျှင်လည်း ဧကန်မလွဲ ငါအရှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူအံ့သော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

فَإِمَّا نَذْهَبَنَّ بِكَ فَإِنَّا مِنْهُم مُّنتَقِمُونَ ﴿٤١﴾

၄၂။ သို့တည်းမဟုတ် ငါအရှင်မြတ်သည် ၎င်းတို့အား ချိန်းချက်တော်မူခဲ့သောပြစ်ဒဏ်ကို အသင်အား(အသင်သည် ဤလောကီဘဝ၌ ရှိနေစဉ်) ပြသတော်မူအံ့လည်း မလွဲဧကန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ (ပြစ်ဒဏ်သက်ရောက်စေခြင်းကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

أَوْ نُرِيَنَّكَ الَّذِي وَعَدْنَاهُمْ فَإِنَّا عَلَيْهِم مُّقْتَدِرُونَ ﴿٤٢﴾

فَاسْتَمْسِكْ بِالَّذِيٓ أُوحِيَ إِلَيْكَ ۖ إِنَّكَ عَلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿٤٣﴾

၄၃။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိမိထံ "ဝဟ်ယ်" ထုတ်ပြန်ခြင်းခံရလေသော ကုရ်အာန်ကျမ်းတော်မြတ်ကိုပင် အထောက်အထားပြုလျက် ရှိပါလေ။ ဧကန်မလွဲ အသင်သည် ဖြောင့်မတ်သော လမ်းပေါ်၌ ရှိ၏။

وَإِنَّهُۥ لَذِكْرٌ لَّكَ وَلِقَوْمِكَ ۖ وَسَوْفَ تُسْـَٔلُونَ ﴿٤٤﴾

၄၄။ ထိုမှတစ်ပါး: *မုချဧကန် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် အသင်အဖို့လည်းကောင်း၊ အသင်၏ အမျိုးသားအဖို့လည်းကောင်း၊ (ထူးကဲမြင့်မြတ်လှစွာသော) ဂုဏ်ကျက်သရေပင် ဖြစ်၏။* [၁] ထိုမှတစ်ပါး: အသင်တို့အားလုံးသည် မကြာမြင့်မီပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

وَسْـَٔلْ مَنْ أَرْسَلْنَا مِن قَبْلِكَ مِن رُّسُلِنَآ أَجَعَلْنَا مِن دُونِ ٱلرَّحْمَٰنِ ءَالِهَةً يُعْبَدُونَ ﴿٤٥﴾

၄၅။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် မိမိအလျင် ငါအရှင်မြတ် စေလွှတ်တော်မူခဲ့သော ရစူလ် တမန်တော်တို့အား "ငါအရှင်မြတ်သည် အနန္တကရုဏာတော်ရှင်မှတစ်ပါး: ဆည်းကပ်ကိုးကွယ်ခြင်း ခံကြရန် အခြားကိုးကွယ်ရာများကို ပြဋ္ဌာန်း၍ ပေးတော်မူခဲ့ပါသလော" ဟု မေးမြန်းစုံစမ်း၍ ကြည့်ပါလေ။

---

(၁) ကုရ်အာန်ကျမ်းမြတ်သည် အမှန်မှာ တမန်တော်မြတ်အဖို့ လည်းကောင်း၊ တမန်တော်မြတ်၏ အမျိုးသားများအဖို့ လည်းကောင်း၊ အတိုင်းမသိ ကြီးကဲလှသော မြင့်မြတ်မှု ဂုဏ်တစ်ပါးပင်။ တမန်တော်မြတ်အဖို့မှာ နစ်ဘဝ၏ သုခချမ်းသာဆောင်သော၊ ကမ္ဘာတစ်သက် တည်ရှိမည်ဖြစ်သော ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို တမန်တော်မြတ်သည် တိုက်ရိုက်ကြားနာတော်မူခဲ့ရသည်။ တမန်တော်မြတ်၏ အမျိုးသားများအဖို့မှာကား တမန်တော်မြတ်မှတဆင့် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို နာကြားရာ၌ ကမ္ဘာတဝှန်းတွင် ၎င်းတို့သည် ဦးစွာပထမ ကြားနာခဲ့ကြရပေသည်။ ကြားနာရာတွင်လည်း ကုရ်အာန်ကျမ်းမြတ်သည် ၎င်းတို့၏ အရဗ်ဘာသာစာပေဖြင့် ကျရောက်လာခဲ့သည့်အတွက် ကောင်းစွာသဘောပေါက် နားလည်ခဲ့ကြပေသည်။ ကျန်လူသားတို့မှာ ၎င်းတို့မှတဆင့် ကြားနာကြရပေသည်။

ဤသို့ဖြင့် ကုရ်အာန်ကျမ်းမြတ်သည် တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ အမျိုးသားများအဖို့ ကိယာမတ်တိုင် မွေးကြိုင်လျက်ရှိမည့် အတိုင်းမသိ ကောင်းမြတ်လှသည့် ဂုဏ်သတင်းပင်။ အရဗ်အမျိုးသားများသည် အသိဉာဏ်ရှိပါက ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဦးစွာပထမ ကြားနာကြရသူများ ➤➤

وَلَقَدْ أَرْسَلْنَا مُوسَىٰ بِآيَاتِنَا إِلَىٰ فِرْعَوْنَ وَمَلَئِهِ فَقَالَ إِنِّي رَسُولُ رَبِّ الْعَالَمِينَ ﴿٤٦﴾

၄၆။ ၎င်းပြင် စင်စစ်ကောန် ငါအရှင်မြတ်သည် မူစာအား မိမိသက်သေလက္ခဏာ တန်ခိုးပြာဋိဟာများနှင့် တကွ "ဖစ်ရ်အောင်န်" ၏ထံသို့လည်းကောင်း၊ "ဖစ်ရ်အောင်န်" ၏မျူးမတ်ထံသို့လည်းကောင်း၊ စေလွှတ်တော်မူခဲ့ရာ ထိုမူစာက ("ဖစ်ရ်အောင်န်နှင့်တကွၔင်း၏ မျူးမတ်တို့အား) ငါသည် စကြာဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူသောအရှင်မြတ်၏ ရာဇလ်တမန်တော်ဖြစ်သည်ဟု ပြောကြားခဲ့၏။

فَلَمَّا جَاءَهُمْ بِآيَاتِنَا إِذَا هُمْ مِنْهَا يَضْحَكُونَ ﴿٤٧﴾

၄၇။ သို့ရာတွင် ထိုမူစာသည် ၎င်းတို့ထံ ငါအရှင်မြတ်၏သက်သေလက္ခဏာ တန်ခိုးပြာဋိဟာများကို ယူဆောင်ခဲ့လေသောအခါ ရုတ်တရက် ၎င်းတို့သည် ယင်းသက်သေလက္ခဏာ တန်ခိုးပြာဋိဟာများကို မြင်၍ ပြက်ရယ်သောအားဖြင့် ရယ်မောကြကုန်၏။

وَمَا نُرِيهِمْ مِنْ آيَةٍ إِلَّا هِيَ أَكْبَرُ مِنْ أُخْتِهَا وَأَخَذْنَاهُمْ بِالْعَذَابِ لَعَلَّهُمْ يَرْجِعُونَ ﴿٤٨﴾

၄၈။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား ပြသတော်မူသော သက်သေလက္ခဏာ တန်ခိုးပြာဋိဟာတိုင်းမှာ ၎င်း၏အလျင်ပြခဲ့သော အခြားတန်ခိုးပြာဋိဟာထက် ပိုမိုကြီးကျယ်သော တန်ခိုးပြာဋိဟာသာလျှင် ဖြစ်ခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား (သွေဖည်ငြင်းပယ်မှုကို စွန့်၍) ပြန်လှည့်လာကြအံ့သောငှာ ပြစ်ဒဏ်၌ ဖမ်းဆီးအရေးယူတော်မူခဲ့၏။

وَقَالُوا يَا أَيُّهَ السَّاحِرُ ادْعُ

၄၉။ ထိုမှတစ်ပါး၊ ၎င်းတို့သည် (မူစာအား ဤသို့) ပြောဆိုခဲ့ကြ၏။ အို-စုန်းအတတ်ကို ကျွမ်းကျင်သော ဆရာ၊ အသင်သည် ကျွန်ုပ်တို့အဖို့ အသင့်အားဖန်ဆင်း

➤➤ ဖြစ်ကြသည်နှင့် လျော်ညီစွာ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဦးလည်မသုန် လိုက်နာကျင့်၍ နှစ်ဘဝ၏ အမတ သုခများကိုလည်း ဦးစွာစံစားနိုင်ရန် ကြိုးစားကြရာသတည်း။

لَنَا رَبُّكَ بِمَا عَهِدَ عِندَكَ ۖ إِنَّنَا لَمُهْتَدُونَ ﴿٤٩﴾

မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အသင့်ထံ ကတိထားတော်မူခဲ့သည်နှင့်အညီ ဆုတောင်း၍ပေးပါ။ (ယခုသော်) မလွဲဧကန် ကျွန်ုပ်တို့သည် တရားလမ်းမှန်ကို လိုက်နာကြပါတော့မည်။

فَلَمَّا كَشَفْنَا عَنْهُمُ الْعَذَابَ إِذَا هُمْ يَنكُثُونَ ﴿٥٠﴾

၅၀။ သို့တစေလည်း ငါအရှင်မြတ်သည် ပြစ်ဒဏ်ကို ၎င်းတို့မှဖယ်ရှား၍ ပေးတော်မူသောအခါ ၎င်းတို့သည် ရုတ်တရက် ချက်ချင်းပင် ကတိကို ဖျောက်ဖျက်ကြလေသတည်း။

وَنَادَىٰ فِرْعَوْنُ فِي قَوْمِهِ قَالَ يَا قَوْمِ أَلَيْسَ لِي مُلْكُ مِصْرَ وَهَٰذِهِ الْأَنْهَارُ تَجْرِي مِن تَحْتِي ۖ أَفَلَا تُبْصِرُونَ ﴿٥١﴾

၅၁။ ၎င်းပြင် ဖစ်ရိအောင်နသည် မိမိအမျိုးသားတို့တွင် ကြေညာခဲ့၏။ ၎င်းက (ဤသို့)ပြောဆို(ကြေညာ)ခဲ့လေ၏။ အို-ငါ၏အမျိုးသားတို့ အီဂျစ်နိုင်ငံကို ငါသာလျှင် စိုးမိုးအုပ်ချုပ်သည်မဟုတ်ပါလော၊ ထိုမှတစ်ပါး ဤသည့် ရေချောင်းတို့မှာ ငါ၏(ဘုံနန်း)အောက်မှ စီးတွေလျက် ရှိကြသည် (မဟုတ်လော)။ သို့ပါလျက် အသင်တို့သည် (ဤသည့် ဘုန်းတန်ခိုးများကို) မမြင်ကြလေသလော။

أَمْ أَنَا خَيْرٌ مِّنْ هَٰذَا الَّذِي هُوَ مَهِينٌ وَلَا يَكَادُ يُبِينُ ﴿٥٢﴾

၅၂။ သို့တည်းမဟုတ် ငါသည် ဤဂုဏ်အသရေသေးသိမ်သူထက် မြင့်မြတ်သည်(ကို အသင်တို့သည် မမြင်ကြလေသလော)။ ၎င်းပြင် ဤသူသည် ရှင်းလင်းစွာ (စကား)ပြောဆိုနိုင်သည်လည်း မရှိပြီ။ ①

---

① ဆိုလိုသည်ကား ဖစ်ရိအောင်နသည် မိမိ၏ငယ်သားများနှင့် ပတ်သက်၍ ပြစ်ဒဏ်သဘောပါရှိသော ဘန်ခိုး ပြာဋိဟာများကို တွေ့မြင်ခံစားရပြီး တမန်တော်မူစာအား တပည့်ခံသွားကြမည်ကို စိုးရိမ်လာခဲ့၏။
ထိုအခါ ဖစ်ရိအောင်နက မိမိငယ်သားများအား လှည့်စားဖြားယောင်းရန်အတွက် "အီဂျစ်ပြည်၏ အုပ်ချုပ်မှု အာဏာစက်သည် ငါ၏လက်တွင်း၌ရှိသည် မဟုတ်လော၊ ငါ၏စီမံမှုဖြင့် ငါ့နန်းတော် ဥယျာဉ်များ အောက်များတွင် အယဉ်ထွေထွေ စီးတွေလျက်ရှိသော တူးမြောင်းများကို အသင်တို့ မမြင်ကြလေသလော။ ငါ၌ လိုလေသေးသည်မရှိ ဥစ္စာဓနရှိသည်။ တိုင်းပြည်မင်းလုပ် အုပ်ချုပ်သည့် အာဏာစက်လည်းရှိသည်။ (တမန်တော်)မူစာ၌ ဥစ္စာဓနလည်းမရှိ၊ အာဏာလည်းမရှိ၊ ဂုဏ်အသရေလည်းမရှိ၊ ထို့ပြင်တဝ စကားပင် ➤➤

فَلَوْلَآ أُلْقِيَ عَلَيْهِ أَسْوِرَةٌ مِّن ذَهَبٍ أَوْ جَآءَ مَعَهُ الْمَلَٰٓئِكَةُ مُقْتَرِنِينَ ﴿٥٣﴾

၅၃။ တစ်ဖန် ၎င်း၏(လက်များတွင်) ရွှေလက်ကောက်၊ လက်မောင်းပတ်၊ လက်ကြပ်များ အဘယ်ကြောင့် ဆင်ယင်ပေးခြင်းကို မခံရသနည်း။ သို့တည်း မဟုတ် "မလာအိကဟ်" ကောင်းကင်တမန်များသည် အဘယ်ကြောင့် ၎င်းနှင့်အတူ အစဉ်မပြတ် လိုက်ပါလာခြင်း မရှိကြသနည်း။

فَٱسْتَخَفَّ قَوْمَهُۥ فَأَطَاعُوهُ ۚ إِنَّهُمْ كَانُوا۟ قَوْمًا فَٰسِقِينَ ﴿٥٤﴾

၅၄။ ဆိုလိုရင်းမှာ ထိုဖစ်ရ်အောင်နသည် မိမိ၏အမျိုးသားတို့အား လူဗာလများ ပြုလုပ်ခဲ့ပေရာ ထိုအမျိုးသားတို့မှာ ၎င်းတို့၏စကားကို နာယူခဲ့ကြကုန်၏။ ဧကန်အမှန် ၎င်းတို့သည် စည်းကမ်းကျူးလွန်သော လေလွင့်သောအမျိုးသားများပင်ဖြစ်ခဲ့ကြကုန်၏။

فَلَمَّآ ءَاسَفُونَا ٱنتَقَمْنَا مِنْهُمْ فَأَغْرَقْنَٰهُمْ أَجْمَعِينَ ﴿٥٥﴾

၅၅။ ထို့နောက် ၎င်းတို့သည် ငါအရှင်မြတ်အား အမျက်ထွက်စေခဲ့ကြသောအခါ ငါအရှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အားလုံးကိုပင် နစ်မြုပ်စေတော်မူခဲ့၏။

فَجَعَلْنَٰهُمْ سَلَفًا وَمَثَلًا لِّلْءَاخِرِينَ ﴿٥٦﴾

၅၆။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူတို့အား နောင်လာနောက်သားတို့အဖို့ ဦးစီးရှေ့ဆောင်နှင့် သင်ခန်းစာ ဖြစ်စေတော်မူခဲ့ပေသတည်း။ ၁

➤➤ သွက်လက်စွာ မပြောနိုင်ရှာ၊ အမှန်မှာ ငါသည်အဘက်ဘက်၌ (တမန်တော်)မူစာထက် ထူးကဲမြင့်မြတ်သည်။ သို့ပါလျက် ငါကဲ့သို့ ဘုရင်တစ်ပါးသည် (တမန်တော်)မူစာကဲ့သို့ သာမန်ပုဂ္ဂိုလ်တစ်ဦးအား အည့ဲခံရမည်လောဟု ဖြီးဖျန်း၍ ပြောဆို ဟိန်းဟောက်ခဲ့လေသည်။

တမန်တော်မူစာ သွက်လက်စွာ စကားမပြောနိုင်သည့်အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂၀း၂၇-၂၈)တွင် ပါရှိခဲ့ပေပြီ။

၁ ဖစ်ရ်အောင်နှင့်တကွ ၎င်း၏နောက်လိုက်ငယ်သားတို့သည် တမန်တော်မူစာ ဟောကြားသော ဒေသနာတော်များကို အမြဲတစေ သွေဖည်ငြင်းဆန်၍ အလွှာဟ်အရှင်မြတ်၏ အမျက်တော်ကို လက်ယပ်ခေါ်နေကြပေရာ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ၎င်းတို့အား နှစ်မြုပ်ကွပ်မျက်တော် မူခဲ့လေသည်။ နောင်လာ နောက်သားတို့သည် ၎င်းတို့၏ အကြောင်းကိုကြည့်ပြီး နောင်တ သံဝေဂရနေရန် ၎င်းတို့အား နောက်လူဆက်တို့အဖို့ ➤➤

وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا إِذَا قَوْمُكَ مِنْهُ يَصِدُّونَ ﴿٥٧﴾

وَقَالُوا ءَأَلِهَتُنَا خَيْرٌ أَمْ هُوَ ۚ مَا ضَرَبُوهُ لَكَ إِلَّا جَدَلًا ۚ بَلْ هُمْ قَوْمٌ خَصِمُونَ ﴿٥٨﴾

၅၇။ ၎င်းပြင် မရ်ယမ်၏သား(နဗီတမန်တော်အီစာ) သည် စံနမူနာအဖြစ် ခိုင်းနှိုင်းတင်ပြခြင်းကို ခံရလေသောအခါ၊ အသင်၏အမျိုးသားတို့မှာ ယင်းဥပမာကြောင့် နှစ်ထောင်းအားရ ရွှင်ပြဟစ်အော်ခဲ့ကြကုန်၏။

၅၈။ ထိုမှတစ်ပါး၊ ၎င်းတို့က ကျွန်ုပ်တို့၏ ကိုးကွယ်ရာများက မြင့်မြတ်လေသလော။ သို့တည်းမဟုတ် ထိုမရ်ယမ်၏သား (အီစာ)က မြင့်မြတ်လေသလောဟု ပြောဆိုခဲ့ကြကုန်၏။ ၎င်းတို့သည် ဤသည်ကို အသင့်ရှေ့ဝယ် အငြင်းအခုံပြု၍ တင်ပြခဲ့ခြင်းသာလျှင် ဖြစ်ပေသည်။ စင်စစ်မှာကား၊ ၎င်းတို့သည် အငြင်းအခုံပြုလေ့ရှိသော အမျိုးသားများပင် ဖြစ်ကြကုန်၏။ ၃

➤➤ တရားရဖွယ်ရာ အတိတ်အုပ်စု တစ်စုအဖြစ်လည်း ပြုလုပ်ထားတော်မူခဲ့လေသည်။ ဤကား မောက်မာပလွားဝါကြွားသော ဖစ်ရ်အောင်နှိပ်တို့၏ နောက်ဆုံးအကျိုးဆက်ပင်။

③ တမန်တော်အီစာ၏အကြောင်း ပါရှိလာသည့်အခါ အရဗ်မှုရှရစ်ကများသည် လက်ခုပ်တီးလေ့ရှိကြသည်။ ဆူဆူညံညံ ပြုလုပ်လေ့ရှိခဲ့ကြသည်။ ဟစ်အော်လေ့ရှိခဲ့ကြသည်။ အမျိုးမျိုး ဝေဖန်ပြောဆိုလေ့ရှိခဲ့ ကြသည်။

ရီဝါယတ် ကျမ်းချက်များတွင် လာရှိသည်မှာ တစ်ခါသော် တမန်တော်မြတ်သည် ကုရ်အာန် ကျမ်းလာ အာယတ်တော်(၂၁း၉၈)(إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ ۖ أَنتُمْ لَهَا وَارِدُونَ)ကို ရွတ်ဖတ်တော်မူခဲ့၏။

ထိုအာယတ်တော်၏ အနက်အဓိပ္ပာယ်မှာ "မုချဧကန် အသင်တို့သည် လည်းကောင်း၊ အသင်တို့ဆည်းကပ်ကိုးကွယ်ကြသော ကိုးကွယ်ရာများသည် လည်းကောင်း ဂျဟန္နမ်၏ ထင်းပင်ဖြစ်ကြသည်။ အသင်တို့သည် ထိုဂျဟန္နမ်အတွင်းသို့ ဝင်ကြရမည်"ဟူ၏။

ထိုအခါ အရဗ်မှုရှရစ်ကများက (နဆွာရာ)ခေါ် ခရစ်ယာန်ဘာသာဝင်များသည် တမန်တော်အီစာအား ဆည်းကပ် ကိုးကွယ်ကြသည်။ ယခု အသင်တို့ပြောကြ၊ အသင်တို့၏ ထင်မြင်ယူဆချက်အရ ငါတို့၏ ကိုးကွယ်ရာများ ကောင်းသလော၊ သို့မဟုတ် တမန်တော်အီစာ ကောင်းသလော၊ အသင်တို့သည် တမန်တော်အီစာအား ကောင်းသည်ဟူ၍ပင် ပြောဆိုကြပေမည်။

ဤသည် အထင်အရှားပင်။ တမန်တော်အီစာသည်ပင် အဆိုပါ အာယတ်တော်တွင် အကျုံးဝင်နေသည်ဖြစ်ရာ၊ ငါတို့၏ ကိုးကွယ်ရာများသည်လည်း အဆိုပါ အာယတ်တော်တွင် အကျုံးဝင်ကြပါစေဟု အမှားမှားအယွင်းယွင်း အနက်ကောက်၍ ဝေဖန်ကဲ့ရဲ့ ပြစ်တင်ပြောဆိုခဲ့ကြလေသည်။

အချို့ ကျမ်းချက်များတွင် လာရှိသည်မှာ

တစ်ခါသော် တမန်တော်မြတ်က (ليس أحد يعبد من دون الله فيه خير) ➤➤

إِنْ هُوَ إِلَّا عَبْدٌ أَنْعَمْنَا
عَلَيْهِ وَجَعَلْنَاهُ مَثَلًا
لِّبَنِيٓ إِسْرَآءِيلَ ﴿٥٩﴾
وَلَوْ نَشَآءُ لَجَعَلْنَا مِنكُم
مَّلَٰٓئِكَةً فِى ٱلْأَرْضِ يَخْلُفُونَ ﴿٦٠﴾

၅၉။ ထိုမရ်ယမ်၏သား (အီစာ)ကား ကျွန်တစ်ပါးမျှ ဖြစ်၏။ ငါအရှင်မြတ်သည် ၎င်း၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့သည့်ပြင် ၎င်းအား အီစ္စရာအီလီအမျိုးသား တို့အဖို့ စံနမူနာတစ်ခု ပြုလုပ်တော်မူခဲ့၏။

၆၀။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် အသင်တို့မှ "မလာအိကဟ်" ကောင်းကင်တမန်များကို ဖန်ဆင်းတော်မူခဲ့မည် ဖြစ်ရာ ထိုကောင်းကင်တမန်တို့မှာ ကမ္ဘာမြေဝယ် (အသင်တို့၏) အရိုက်အရာကို ဆက်ခံကြမည်ဖြစ်၏။

وَإِنَّهُۥ لَعِلْمٌ لِّلسَّاعَةِ فَلَا
تَمْتَرُنَّ بِهَا وَٱتَّبِعُونِ ۚ
هَٰذَا صِرَٰطٌ مُّسْتَقِيمٌ ﴿٦١﴾

၆၁။ ထိုမှတစ်ပါး ဧကန်မလွဲ ထိုမရ်ယမ်၏သား (အီစာ)မှာ "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ လက္ခဏာ၊ စည်းကမ်းချက်၊ သတ်မှတ်ချက် "ကိယာမတ်" *ရှင်ပြန်ထမည့်နေ့ကို ယုံကြည်ရန် အကြောင်းတစ်ရပ်ပင်ဖြစ်၏။*[၃] သို့ဖြစ်ပေရာ အသင်တို့သည် ယင်းကိယာမတ်နှင့်စပ်လျဉ်း၍ ယုံမှားသံသယ မဖြစ်ကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် ငါ၏ နောက်သို့ လိုက်ခဲ့ကြလေကုန် ဤသည် ဖြောင့်မတ်သော တရားလမ်းပင် ဖြစ်ပေသည်။

➤➤ "အလ္လာဟ်အရှင်မြတ်မှတပါး: အခြားကိုးကွယ်ခြင်းခံရသူ တစ်ဦးတစ်ယောက်၌မျှ ကောင်းကျိုးချမ်းသာ တစ်စုံတစ်ရာမရှိ"ဟု မိန့်ကြားတော်မူခဲ့၏။

ထိုအခါ အရဗ်မုရ်ရစ်များက "တမန်တော်အီစာ၌လည်း ကောင်းကျိုးချမ်းသာ တစ်စုံတစ်ရာ မရှိပါသလော"ဟု ပြောဆိုခဲ့ကြလေသည်။

အမှန်မှာ အထက်တွင်ဖော်ပြပါ ကုရ်အာန်ကျမ်းလာ အာယတ်(၂း၉၈)နှင့် တမန်တော်မြတ်၏ အထက်ပါ ဩဝါဒတော်သည် တမန်တော်အီစာနှင့် မည်သို့မျှမပတ်သက်ပေ။ လူသားတို့ လုပ်ကြံဖန်တီး၍ ကိုးကွယ်နေကြသော၊ ကျိုးပြစ်တစ်စုံတစ်ရာ မပြုစွမ်းနိုင်သော ယင်းသို့ မိမိအား ကိုးကွယ်နေကြသည်ကို မတားဆီးနိုင်သော သို့ကိုးကွယ်မှုသည် မိမိနှင့်မည်သို့မျှ မပတ်သက်ကြောင်း ဖွင့်ဟမပြောဆိုနိုင်သော အရာများကိုလည်း ရည်ညွှန်းထားခြင်းသာဖြစ်သည်။

③ ဤအာယတ်တော်တွင်ပါရှိသော (ဟု)ဟူသော နာမ်စားသည် တမန်တော်အီစာကို ရည်ညွှန်းသည်။ ဆိုလိုသည်ကား: တမန်တော်အီစာသည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် ဖခင်မပါဘဲ ➤➤

وَلَا يَصُدَّنَّكُمُ الشَّيْطٰنُ ۚ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ﴿٦٢﴾

၆၂။ ထိုမှတစ်ပါး "ရှိုင်တွာန်" မိစ္ဆာကောင်သည် အသင်တို့အား (တရားလမ်းမှ) တားဆီးပိတ်ပင်ခြင်း မပြုစေရ။ ဧကန်မလွဲ ၎င်းသည် အသင်တို့၏ ထင်ရှားစွာသော ရန်သူပင်ဖြစ်ပေ၏။

وَلَمَّا جَآءَ عِيْسٰى بِالْبَيِّنٰتِ قَالَ قَدْ جِئْتُكُمْ بِالْحِكْمَةِ وَلِاُبَيِّنَ لَكُمْ بَعْضَ الَّذِيْ تَخْتَلِفُوْنَ فِيْهِ ۚ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿٦٣﴾

၆၃။ ၎င်းပြင် အီစာသည် ထင်ရှားစွာသောသက်သေလက္ခဏာများနှင့်တကွ လာခဲ့သောအခါ (ဤသို့) ပြောကြားခဲ့လေ၏။ ဧကန်စင်စစ် ငါသည် အသင်တို့ထံ နက်နဲသိမ်မွေ့သော ဉာဏ်ပညာကို ယူဆောင်ခဲ့သည်။ ၎င်းပြင် ငါသည် အသင်တို့ သဘောကွဲလွဲကြသော အချို့အရေးကိစ္စတို့ကို အသင်တို့အား ရှင်းလင်းဖော်ပြရန်လာခဲ့သည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့လေကြကုန်၊ ၎င်းပြင် ငါ၏စကားကို လိုက်နာကြလေကုန်။

اِنَّ اللّٰهَ هُوَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٦٤﴾

၆၄။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်လည်းကောင်း၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်လည်းကောင်း၊ ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အားသာလျှင် ဆည်းကပ် ကိုးကွယ်ကြလေကုန်။ ဤသည်ဖြောင့်မတ်သော တရားလမ်းပင် ဖြစ်ချေသည်။

➤➤ မွေးဖွားလာခဲ့သည် ဖခင်မပါဘဲ မွေးဖွားခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မရှိ၊ ဖြစ်လေ့ဖြစ်ထမရှိ၊ သို့တစေလည်း အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက ယင်းသို့ ဖြစ်ရိုးဖြစ်စဉ်မရှိသော အရာကိုပင် ပြုစွမ်းတော်မူနိုင်ပေသည်။ အရဗ်မှုရှရစ်များသည် တောင်ဟီးဒ်နှင့်စပ်လျဉ်း၍ အငြင်းအခုံပြုလေ့ရှိသကဲ့သို့၊ ကိယာမတ်နေ့နှင့် စပ်လျဉ်း၍လည်း ငြင်းခုံလေ့ရှိကြပေသည်။ ထို့အတွက် ဤအာယတ်တော်တွင် တမန်တော်အီစာသည် အစ္စရာအီလ်အမျိုးအနွယ်ဝင်များအဖို့ နာယူ ကျင့်မူရန် စံနမူနာဖြစ်သကဲ့သို့ ကိယာမတ်နေ့၏ သက်သေသာဓက တစ်ပါးလည်းဖြစ်ပေသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ဖြစ်ရိုးဖြစ်စဉ်နည်းမျိုးဖြင့် မဟုတ်ဘဲ တမန်တော်အီစာအား ဖန်ဆင်းတော်မူခဲ့ပေရာ ဖြစ်ရိုးဖြစ်စဉ်မရှိသော ပြန်လည်ရှင်ပြန်ထမည့် ကိယာမတ်နေ့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်မှာ ထင်ရှားလှပေသည်။ ကြည့်-ထာနဝီ။

فَاخْتَلَفَ الْاَحْزَابُ مِنْۢ
بَيْنِهِمْ ۚ فَوَيْلٌ لِّلَّذِيْنَ ظَلَمُوْا
مِنْ عَذَابِ يَوْمٍ اَلِيْمٍ ﴿٦٥﴾
هَلْ يَنْظُرُوْنَ اِلَّا السَّاعَةَ
اَنْ تَاْتِيَهُمْ بَغْتَةً وَّهُمْ
لَا يَشْعُرُوْنَ ﴿٦٦﴾
اَلْاَخِلَّآءُ يَوْمَئِذٍۢ بَعْضُهُمْ
لِبَعْضٍ عَدُوٌّ اِلَّا الْمُتَّقِيْنَ ﴿٦٧﴾
يٰعِبَادِ لَا خَوْفٌ عَلَيْكُمُ الْيَوْمَ
وَلَآ اَنْتُمْ تَحْزَنُوْنَ ﴿٦٨﴾
اَلَّذِيْنَ اٰمَنُوْا بِاٰيٰتِنَا
وَكَانُوْا مُسْلِمِيْنَ ﴿٦٩﴾
اُدْخُلُوا الْجَنَّةَ اَنْتُمْ وَاَزْوَاجُكُمْ
تُحْبَرُوْنَ ﴿٧٠﴾

၆၅။ သို့ပါလျက် ၎င်းတို့၏အကြားမှ အုပ်စု(ဂိုဏ်းဂဏ) အသီးသီးကွဲခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မတရားကျူးလွန်သူများ၌ ပြင်းပြနာကျင်ဖွယ်သောနေ့၏ ပြစ်ဒဏ်ကြောင့် ပျက်စီးခြင်းသည် ရှိပေအံ့သတည်း။

၆၆။ ၎င်းတို့သည် မိမိတို့ထံ "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလ ၎င်းတို့အမှုမဲ့ အမှတ်မဲ့ ရှိနေခိုက် ရုတ်တရက် ရောင်တခင် ရောက်လာရန်ကိုသာလျှင် စောင့်စား၍ နေကြကုန်၏။

၆၇။ ထိုနေ့တွင် "မွတ္တကီ" သူတော်စင်တို့မှတပါး အခြားမိတ်ဆွေရင်းချာတို့မှာ အချို့သည် အချို့၏ ရန်သူများပင် ဖြစ်ကြပေမည်။

၆၈။ (ထိုရောကာလ အလွှာဟ်အရှင်မြတ်အထံတော်မှ သူတော်စင်တို့နှင့် ပတ်သက်၍ ဤသို့ အမိန့်တော် ထုတ်ပြန်တော်မူမည်၊) "အို-ငါအရှင်မြတ်၏ကျွန်တို့ ယနေ့သော်ကား အသင်တို့၌ မည်သည့် စိုးရိမ်မှုမျှ မရှိပြီ။ ထိုမှတစ်ပါး အသင်တို့သည် စိတ်သောက ဖြစ်ရန်လည်း မရှိပြီ။

၆၉။ (ထိုသူတို့ကား) အကြင်သူတို့ပင်၊ ၎င်းတို့သည် ငါအရှင်မြတ်၏အာယတ်တော် လက္ခဏာတော်များကို သက်ဝင်ယုံကြည်ခဲ့ကြသည်သာမက ၎င်းတို့သည် "မုစ်လင်မ်" အမိန့်တော်ကို (လက်တွေ့) လိုက်နာသူများလည်း ဖြစ်ခဲ့ကြကုန်၏။

၇၀။ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ဇနီးကြင်ရာတို့သည်လည်းကောင်း၊ "ဂျန္နတ်" သုခဘုံတွင် ဝင်ရောက်ကြလေကုန်၊ (ယင်းသုခဘုံ၌) အသင်တို့ (အားလုံးတို့)သည် ဝမ်းမြောက်စေခြင်း၊ ရှိသေခြင်းကို ခံကြရပေမည်။

يُطَافُ عَلَيْهِم بِصِحَافٍ مِّن ذَهَبٍ وَأَكْوَابٍ ۖ وَفِيهَا مَا تَشْتَهِيهِ الْأَنفُسُ وَتَلَذُّ الْأَعْيُنُ ۖ وَأَنتُمْ فِيهَا خَالِدُونَ ﴿٧١﴾

၇၁။ ထိုသူတို့၏ရှေ့ဝယ် ရွှေပန်းကန်ပြားများသည်လည်းကောင်း၊ သောက်ရေဖလားများသည်လည်းကောင်း၊ လည်ပတ်လျက် ရှိကြပေမည်။ ထိုမှတစ်ပါး ယင်းသုခဘုံ၌ စိတ်အလိုဆန္ဒရှိသမျှတို့သည်လည်းကောင်း၊ မျက်စိအရသာခံစားအံ့သော အကြောင်းအရာတို့သည်လည်းကောင်း၊ ရှိကြပေမည်။ ၎င်းပြင် အသင်တို့သည် ယင်းသုခဘုံ၌ အမြဲထာဝရ နေထိုင်ကြမည်ပင် ဖြစ်ကုန်၏။

وَتِلْكَ الْجَنَّةُ الَّتِي أُورِثْتُمُوهَا بِمَا كُنتُمْ تَعْمَلُونَ ﴿٧٢﴾

၇၂။ စင်စစ်သော်ကား ဤသည်ပင် အကြင်"ဂျန္နတ်" သုခဘုံဖြစ်၏။ အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြကုန်သော ကောင်းမှုသုစရိုက်များကြောင့် ယင်း"ဂျန္နတ်" သုခဘုံကို အမွေအဖြစ် ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံကြရပြီ။

لَكُمْ فِيهَا فَاكِهَةٌ كَثِيرَةٌ مِّنْهَا تَأْكُلُونَ ﴿٧٣﴾

၇၃။ အသင်တို့အဖို့ ယင်းသုခဘုံ၌ မြောက်မြားစွာသော သစ်သီးဝလံများ ရှိကြပေသည်။ ယင်း သစ်သီးဝလံများမှ အသင်တို့သည် စားသုံးကြလေကုန်။

إِنَّ الْمُجْرِمِينَ فِي عَذَابِ جَهَنَّمَ خَالِدُونَ ﴿٧٤﴾

၇၄။ ဧကန်အမှန် ပြစ်မှုကျူးလွန်သော သူတို့ကား "ဂျဟန္နမ်" ငရဲဘုံ၏ပြစ်ဒဏ်၌ အမြဲထာဝရ နေထိုင်(ခံစား)ကြမည့်သူများပင် ဖြစ်ကြကုန်၏။

لَا يُفَتَّرُ عَنْهُمْ وَهُمْ فِيهِ مُبْلِسُونَ ﴿٧٥﴾

၇၅။ ယင်းပြစ်ဒဏ်မှာ ၎င်းတို့မှ ပေါ့လျော့စေခြင်း ခံရမည်လည်း မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် ယင်းပြစ်ဒဏ်၌ပင် မျှော်လင့်ချက်ကင်းစွာဖြင့် ရှိနေကြရပေမည်။ ၁

---

① ဤအာယတ်တော်တွင်ပါရှိသော "မွဂျ်ရိမိန်"- ပြစ်မှုကျူးလွန်သူများဟူသည် ကာဖိရ်၊ မုရှ်ရစ်ကများကို ဆိုလိုသည်။ ကြည့်-ရှုဟ်၊ မအာလင်မ်၊ မာဂျီဒီ။ ကာဖိရ်၊ မုရှ်ရစ်ကများသည် ဂျဟန္နမ်ငရဲဘုံတွင် ရုပ်နာမ်ဆိုင်ရာ ကြီးလေးလှသော ပြစ်ဒဏ်များကို အမြဲထာဝစဉ် ခံစားနေကြရပေမည်။ ငရဲ၏ပြစ်ဒဏ်သည် မည်သည့် ➤➤

وَمَا ظَلَمْنٰهُمْ وَلٰكِنْ كَانُوْا هُمُ الظّٰلِمِيْنَ ﴿٧٦﴾

၇၆။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်း တို့၏အား မတရား နှိပ်စက်တော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ကိုယ်တိုင်ပင် မတရား သောသူများ ဖြစ်ခဲ့ကြကုန်၏။ [၁]

وَنَادَوْا يٰمٰلِكُ لِيَقْضِ عَلَيْنَا رَبُّكَ ۭ قَالَ اِنَّكُمْ مّٰكِثُوْنَ ﴿٧٧﴾

၇၇။ ထိုမှတစ်ပါး၊ ၎င်းတို့သည် (ဂျဟန္နမ်" ငရဲဘုံကို ကွပ်ကဲအုပ်ချုပ်သူအား) အို-"မာလစ်က်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်ုပ်တို့အား အဆုံးစီရင်တော်မူပါစေ" ဟု ဟစ်အော်(ပြောဆို)ကြပေမည်။ (ထိုအခါ) ထို "မာလစ်က်" သည် (ဤသို့)ပြောဆို (ဖြေကြား)ပေမည်။ ဧကန်မလွဲ အသင်တို့ကား (ဤအခြေအနေ၌ပင် အမြဲထာဝစဉ်) နေမြဲ နေကြရမည့်သူများ ဖြစ်ကြကုန်၏။

➤➤ အချိန်တွင်မျှ ခေတ္တခဏမျှပင် ရွှေ့ဆိုင်းရပ်သိမ်းထားသည် ဟူ၍လည်း အလျင်းရှိမည်မဟုတ်။ လျော့ပါးသွားမည်လည်း မဟုတ်။ ကာဖိရ်၊ မုရ်ရစ်က်များသည် ငရဲဘုံမှ ဘယ်သောအခါမျှ ထွက်ကြရမည်လည်း မဟုတ်၊ ၎င်းတို့သည် လွတ်မြောက်ရန်အတွက် မျှော်လင့်ချက် အကင်းကြီးကင်းလျက် ရှိကြပေမည်။ မျှော်လင့်ချက်ကင်းမဲ့ရခြင်းသည် စိတ်၏ဒုက္ခဖြစ်သည်။ စိတ်၏ဒုက္ခသည် ကိုယ်ခန္ဓာ၏ ဒုက္ခထက်ဆိုးရွားသည်။ ဤသည် ငရဲလားရာတွင် ဒုက္ခပေါ်၌ ဒုက္ခထပ်ဆင့် ခံစားရခြင်းပင်။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ယင်းသည့်ငရဲမှ ဝေးစွာဖယ်ရှားပေးတော်မူပါစေသတည်း။ အာမီန်။

① ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ဤသည် မှန်သည်။ ဤသည် မှားသည်။ ဤသည် ကောင်းသည်။ ဤသည် မကောင်းစသည်ဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး လမ်းစဉ်နှစ်ရပ်စလုံးကို အထင်အရှား ဟောကြွန်ပြထားတော်မူသည်။ တမန်တော်များကို စေလွှတ်၍ သတိပေးတော်မူသည်။ လူသားတို့၌ အမှန်ကိုလက်ခံ၍ အကောင်းကို ဆည်းပူးရန်သာ ရှိသည်။ အမှားကိုလက်ခံ၍ မကောင်းမှုကို ဆည်းပူးရန် အကြောင်းပင်မရှိပေ။

သို့ပါလျက် ကာဖိရ်၊ မုရ်ရစ်က်များသည် မနာခံခဲ့ကြပေ။ သွေဖည်ခဲ့ကြပေသည်။ မိုက်မှားခဲ့ကြပေသည်။ ရပ်တန်းက မရပ်တန့်ခဲ့ကြပေ။ အချိန်မီ နောင်တမရခဲ့ကြပေ။ ဤသို့သော ကာဖိရ်၊ မုရ်ရစ်က်များအား ထိုက်သည့်အားလျော်စွာ ပြစ်ဒဏ်ခတ်ခြင်းကို မတရားဟူ၍ အသို့လျှင် ဆိုနိုင်အံ့နည်း။ ထို့အတွက် အလ္လာဟ်အရှင်မြတ်က "ငါအရှင်မြတ်သည် ထိုသူများအား ကျူးကျော်စော်ကားတော် မူမည်မဟုတ်။ သို့ရာတွင် ထိုသူများသာလျှင် ကျူးကျော်စော်ကားသူများ ဖြစ်ကြသည်"ဟု မိန့်ကြားထားတော်မူခြင်း ဖြစ်သတည်း။

لَقَدْ جِئْنٰكُمْ بِالْحَقِّ وَلٰكِنَّ اَكْثَرَكُمْ لِلْحَقِّ كٰرِهُوْنَ ﴿٧٨﴾

၇၈။ ဧကန်မလွဲ ငါအရှင်မြတ်သည် (နဗီတမန်တော်မှတစ်ဆင့်) မှန်ကန်သော "ဒီန်" သာသနာတော်ကို အသင်တို့ထံ ပို့ဆောင်တော်မူခဲ့သော်လည်း အသင်တို့အနက် အများစုမှာ မှန်ကန်သော "ဒီန်" သာသနာတော်ကို စက်ဆုပ်သူများပင် ဖြစ်ခဲ့ကြကုန်၏။

اَمْ اَبْرَمُوْٓا اَمْرًا فَاِنَّا مُبْرِمُوْنَ ﴿٧٩﴾

၇၉။ ၎င်းတို့သည် အရေးကိစ္စ တစ်စုံတစ်ရာကို စီမံပြဋ္ဌာန်းပြီး ဖြစ်ခဲ့ကြလေသလော၊ သို့ဖြစ်လျှင် မလွဲဧကန် ငါအရှင်မြတ်သည်လည်း စီမံပြဋ္ဌာန်းတော်မူမည်ဖြစ်၏။

اَمْ يَحْسَبُوْنَ اَنَّا لَا نَسْمَعُ سِرَّهُمْ وَنَجْوٰىهُمْ ؕ بَلٰى وَرُسُلُنَا لَدَيْهِمْ يَكْتُبُوْنَ ﴿٨٠﴾

၈၀။ သို့တည်းမဟုတ် ငါအရှင်မြတ်သည် ထိုသူတို့၏ လျှို့ဝှက်ချက်များကိုလည်းကောင်း၊ ထိုသူတို့၏ တီးတိုး ဆွေးနွေးချက်များကိုလည်းကောင်း၊ ကြားတော်မူသည်မဟုတ်ဟု ၎င်းတို့ ထင်မှတ်ကြလေသလော။ အမှန်ပင် (ငါအရှင်မြတ်သည် ကြားတော်မူ၏၊) ထိုမှတစ်ပါး ငါအရှင်မြတ်၏ စေတမန်များသည်လည်း (ထိုသည်တို့ကို) ၎င်းတို့ထံ၌ ရေးမှတ်လျက် ရှိကြကုန်သတည်း။

قُلْ اِنْ كَانَ لِلرَّحْمٰنِ وَلَدٌ ۖ فَاَنَا اَوَّلُ الْعٰبِدِيْنَ ﴿٨١﴾

၈၁။ (အို-နဗီတမန်တော်) အသင်ပြောကြားပါလေ။ (အချင်းတို့၊) အကယ်၍ အလွန်ဟ်အရှင်မြတ်၌ သားတစ်ဦးတစ်ယောက် ရှိပါအုံ။ ငါသည် ရှေးဦးပထမ (ထိုသားကို) ဆည်းကပ် ကိုးကွယ်သူဖြစ်အုံ။

سُبْحٰنَ رَبِّ السَّمٰوٰتِ وَالْاَرْضِ رَبِّ الْعَرْشِ عَمَّا يَصِفُوْنَ ﴿٨٢﴾

၈၂။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်၊ "အရ်ရှ်" ပလ္လင်တော်ကိုလည်း ဖန်ဆင်းတော်မူသော အရှင် ဖြစ်တော်မူသည်။ (မုရှ်ရစ်က်)တို့ ကြံဖန်(စွပ်စွဲ)ပြောဆိုကြသော စွပ်စွဲချက်တို့မှ (လုံး၀)ကင်းရှင်း စင်ကြယ်တော်မူသည်။

فَذَرْهُمْ يَخُوضُوا وَيَلْعَبُوا حَتَّىٰ يُلَاقُوا يَوْمَهُمُ الَّذِي يُوعَدُونَ ﴿٨٣﴾

၈၃။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) ထိုသူတို့သည် မိမိတို့ ချိန်းဆိုခြင်း ခံကြရလေသောနေ့နှင့် တွေ့ဆုံရင်ဆိုင်ကြရသည့်တိုင်အောင် ထိုသူတို့အား အချည်းနှီး အကျိုးမဲ့ဖြစ်သောစကားများ ပြောဆိုလျက်ရှိကြရန် ကစားခုန်စား ပျော်မြူးလျက်ရှိကြရန် စွန့်ထားပါလေ။

وَهُوَ الَّذِي فِي السَّمَاءِ إِلَٰهٌ وَفِي الْأَرْضِ إِلَٰهٌ ۚ وَهُوَ الْحَكِيمُ الْعَلِيمُ ﴿٨٤﴾

၈၄။ အမှန်သော်ကား ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်၌လည်း ဆည်းကပ်ကိုးကွယ်ရာအရှင် ဖြစ်တော်မူသည်။ ကမ္ဘာမြေ၌လည်း ဆည်းကပ်ကိုးကွယ်ရာအရှင် ဖြစ်တော်မူသည်။

ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ (အလုံးစုံတို့ကို) အကြွင်းမဲ့ သိတော်မူသော အရှင် ဖြစ်တော်မူသည်။

وَتَبَارَكَ الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا ۚ وَعِندَهُ عِلْمُ السَّاعَةِ ۚ وَإِلَيْهِ تُرْجَعُونَ ﴿٨٥﴾

၈၅။ ထိုမှတစ်ပါး အကြင်အရှင်မြတ်သည် ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသည်။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုသည် ထိုအရှင်မြတ်၌သာ ရှိသည်။

ထိုမှတစ်ပါး "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလကိုလည်း ထိုအရှင်မြတ်ပင် သိမြင်တော်မူ၏။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်သွားကြရမည်။

وَلَا يَمْلِكُ الَّذِينَ يَدْعُونَ مِن دُونِهِ الشَّفَاعَةَ

၈၆။ စင်စစ်မှာကား ထိုအရှင်မြတ်အားစွန့်၍ ၎င်းတို့ဟစ်ခေါ်တသကြကုန်သောသူတို့၌ ကြားဝင်အသနား

إِلَّا مَن شَهِدَ بِالْحَقِّ وَهُمْ يَعْلَمُونَ ﴿٨٦﴾

ခံပေးနိုင်ခွင့် အလျှင်းမရှိချေ။ သို့ရာတွင် တရားကို သိရှိကြ၍ ဝန်ခံကြကုန်သောသူတို့မှာမူကား (ကြားဝင် အသနားခံ ပေးနိုင်ကြပေမည်)။ [၁]

وَلَئِن سَأَلْتَهُم مَّنْ خَلَقَهُمْ لَيَقُولُنَّ اللَّهُ فَأَنَّىٰ يُؤْفَكُونَ ﴿٨٧﴾

၈၇။ စင်စစ်သော်ကား (အို-နဗီတမန်တော်) အကယ်၍သာ အသင်သည် ၎င်းတို့အား အသင်တို့ကို မည်သူဖန်ဆင်းခဲ့သနည်းဟု စုံစမ်းမေးမြန်းခဲ့ပါလျှင် ၎င်းတို့က အလ္လာဟ်အရှင်မြတ်ပင် (ဖန်ဆင်းတော်မူခဲ့သည်)ဟု ဧကန်မလွဲ ပြောဆို(ဖြေကြား)ကြပေမည်။ သို့ပါလျက် ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်သွားနေကြသနည်း။

وَقِيلِهِ يَا رَبِّ إِنَّ هَٰؤُلَاءِ قَوْمٌ لَّا يُؤْمِنُونَ ﴿٨٨﴾

၈၈။ ၎င်းပြင် အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤအမျိုးသားတို့မှာ "အီမာန်" သက်ဝင်ယုံကြည်ခြင်း မရှိကြသော အမျိုးသားတို့ပင် ဖြစ်ကြပါသည်ဟူသော ရစူလ်တမန်တော် လျှောက်ထားချက်ကိုလည်း (ထိုအရှင်မြတ်သည် သိရှိတော်မူသည်)။

فَاصْفَحْ عَنْهُمْ وَقُلْ سَلَامٌ ۚ فَسَوْفَ يَعْلَمُونَ ﴿٨٩﴾

၈၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့ဘက်မှ လျစ်လျူရှုခြင်းကို နေပါလေ။ ထိုမှဘစ်ပါး အသင်သည် ၎င်းတို့အား "စလာမ်" ဆိုပါလေ။ ထို့နောက် မကြာမြင့်မီပင် ၎င်းတို့သည် သိရှိကြကုန်အံ့သတည်း။

---

① ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်ထံတော်၌ 'ရှဖာအတ်' အသူပြုနိုင်အံ့နည်း။ အစ္စလာမ်၏ အမှန်တရားကို အမှန်အတိုင်း သိနားလည်သော၊ သိနားလည်သည့်အတိုင်း နှစ်နှစ်ကာကာ စွဲယူယုံကြည်သော သူတော်စင်များ သည်ပင် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ရမှသာလျှင် ရှဖာအတ်ပြုနိုင်ကြပေမည်။ ကာဖိရ်၊ မုရှ်ရစ်ဂ်တို့၏ ကိုးကွယ်ရာများကား သူတပါးတို့အား ကယ်တင်နိုင်ရန်ဝေးစွ၊ မိမိတို့ကိုယ်တိုင်ပင် မိမိတို့ကယ်နိုင်ကြမည် မဟုတ်ပေ။

အခိုးအငွေ့ကဏ္ဍ

سُوْرَةُ الدُّخَانِ

ဤကဏ္ဍသည် 'ဒုခါန်' အခိုးအငွေ့အကြောင်းပါဝင်သော ကဏ္ဍ ဖြစ်သည်။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၅၉)ပါး၊
ရကူအ်အပိုဒ်(၃)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊
အစဉ်သနားကြင်နာ ညှာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၁။ ဟာ၊ မီမ်။

وَالْكِتٰبِ الْمُبِيْنِ ②

၂။ (ငါအရှင်မြတ်သည်) ရှင်းလင်းထင်ရှားသော (ဤ)ကျမ်းဂန်ကို သက်သေထူတော်မူ၏။

اِنَّآ اَنْزَلْنٰهُ فِيْ لَيْلَةٍ مُّبٰرَكَةٍ اِنَّا كُنَّا مُنْذِرِيْنَ ③

၃။ မုချဧကန် ငါအရှင်မြတ်သည် ယင်းကျမ်းဂန်ကို *ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညဉ့်တစ်ညဉ့်တွင်* ချပေးသနားတော်မူခဲ့၏။ [၉] ဧကန်စင်စစ် ငါအရှင်မြတ်သည် သတိပေးတော်မူမည့်အရှင် ဖြစ်တော်မူ၏။

فِيْهَا يُفْرَقُ كُلُّ اَمْرٍ حَكِيْمٍ ④

၄။ ယင်းညဉ့်တွင် နက်နဲသိမ်မွေ့သောအရေးကိစ္စများဟူသမျှတို့သည် အသေးစိတ် သတ်မှတ် အတည်ပြုခြင်း ခံကြရလေ၏။

---

① **မင်္ဂလာရှိသော ညဉ့်၊**

အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို မင်္ဂလာရှိသောညဉ့်တွင် စတင်ထုတ်ပြန် ချမှတ်တော်မူခဲ့သည်။ မင်္ဂလာရှိသောညဉ့်ဟူသည် 'ကဒ်ရ်' ညဉ့်ကိုဆိုလိုသည်။ 'ကဒ်ရ်' ညဉ့်တွင် ကုရ်အာန်ကျမ်းမြတ်ကို စတင်ထုတ်ပြန် ချမှတ်တော်မူသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အတိအလင်း မိန့်ဆိုထားတော်မူသည်။
ကြည့်-ကုရ်အာန် (၉၇:၁-၅)။

'ကဒ်ရ်' ညဉ့်သည် 'ရမဿွာန်' လမြတ်တွင်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်သည် ရမဿွာန် လမြတ်တွင် စတင်ကျရောက်လာခဲ့လေသည်။ ကြည့်-ကုရ်အာန် (၂:၁၈၅)။

တမန်တော်မြတ်ထံသို့ ဦးစွာပထမ ကျရောက်လာခဲ့သော ကုရ်အာန်ကျမ်းလာ အာယတ်တော်များမှာ ကုရ်အာန်ကျမ်းမြတ်ကဏ္ဍစဉ် (၉၆)၏ အစပထမ အာယတ်တော်ငါးပါးပင် ဖြစ်ပေသည်။ ဤအကြောင်း ကုရ်အာန် (၉၆:၁-၅)၏အဖွင့်တွင် အကျယ်ရေးသားပေမည်။ ➤➤

أَمْرًا مِّنْ عِندِنَا ۚ إِنَّا كُنَّا
مُرْسِلِينَ ۝٥

၅။ ငါအရှင်မြတ်အထံတော်၌ ပြဋ္ဌာန်းတော်မူခြင်းအားဖြင့် ဧကန်မလွဲ ငါအရှင်မြတ်သည် (အသင့်အား ရာဇူလ်တမန်တော်အဖြစ်) စေလွှတ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

رَحْمَةً مِّن رَّبِّكَ ۚ إِنَّهُ
هُوَ السَّمِيعُ الْعَلِيمُ ۝٦

၆။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကရုဏာတော်အားဖြင့် စင်စစ်ဧကန်ထိုအရှင်မြတ်သည်ပင် အလွန်တရာ ကြားတော်မူသော အရှင်၊ အလွန်တရာ သိတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

رَبِّ السَّمَاوَاتِ وَالْأَرْضِ
وَمَا بَيْنَهُمَا ۖ إِن كُنتُم مُّوقِنِينَ ۝٧

၇။ မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏အကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင်။ အကယ်၍ အသင်တို့သည် ယုံကြည်သောသူများ ဖြစ်ကြသော်။

لَا إِلَٰهَ إِلَّا هُوَ يُحْيِي وَيُمِيتُ ۖ رَبُّكُمْ
وَرَبُّ آبَائِكُمُ الْأَوَّلِينَ ۝٨

၈။ ထိုအရှင်မြတ်မှတစ်ပါး: ခဃရိုကျိုးဆည်းကပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပြီ။ ထိုအရှင်မြတ်သည် ရှင်စေတော်မူ၏။ ထိုအရှင်မြတ်သည်ပင် သေဆုံးစေတော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ရှေးသူဟောင်းများဖြစ်ကြသော အသင်တို့၏ အဘ ဘိုး ဘေးတို့အားလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသော အရှင်ပင် ဖြစ်တော်မူပေသတည်း။

➤➤ ဆိုလိုသည်ကား အလွှာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ရမဿွန်လမြတ်၊ ကဒ်ရ် ညဉ့်တွင် "လောင်ဟ်မဟ်ဖုဇ်" မှတ်တမ်းတော်မှ တမန်တော်မြတ်ထံသို့ စတင်ထုတ်ပြန် ချမှတ်ပေးတော်မူခဲ့သည်။ ထို့နောက် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို အခြေအနေအရ အခါကာလ အားလျော်စွာ တမန်တော်မြတ်ထံသို့ တဖြည်းဖြည်းချင်း ချပေးတော်မူခဲ့ရာ (၂၃) နှစ်ရှိသောအခါ ကုရ်အာန်ကျမ်းလာ အာယတ်တော်များသည် ပြီးပြည့်စုံသွားခဲ့လေသည်။

بَلْ هُمْ فِي شَكٍّ يَلْعَبُونَ ﴿٩﴾

၉။ စင်စစ်မှာကား ၎င်းတို့သည် ဒွိဟသံသယ၌ ကစားခုန်စားလျက်ပင် ရှိကြကုန်၏။ [၁]

فَارْتَقِبْ يَوْمَ تَأْتِي السَّمَاءُ بِدُخَانٍ مُبِينٍ ﴿١٠﴾

၁၀။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိုးကောင်းကင်မှ ထင်ရှားစွာသော အခိုးအငွေ့ဖြစ်ပေါ်လာမည့် နေ့ကိုသာလျှင် စောင့်စား၍နေပါလေ။

يَغْشَى النَّاسَ هَٰذَا عَذَابٌ أَلِيمٌ ﴿١١﴾

၁၁။ ယင်းအခိုးအငွေ့သည် (ဤ)သူအားလုံးတို့ကို ဖုံးလွှမ်း၍သွားပေမည်။ ဤသည် အလွန်တရာ နာကျင်ဖွယ်ကောင်းသော ပြစ်ဒဏ်ပင်ဖြစ်မည်။

رَبَّنَا اكْشِفْ عَنَّا الْعَذَابَ إِنَّا مُؤْمِنُونَ ﴿١٢﴾

၁၂။ (ထိုရောကာလ ၎င်းတို့သည် ဤသို့ လျှောက်ထားပေမည်)။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ပြစ်ဒဏ်ကို ကျွန်တော်မျိုးမှ ဖယ်ရှား၍ ပေးသနားတော်မူပါ။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် သက်ဝင်ယုံကြည်ကြပါတော့မည်။ [၂]

---

① တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ဆည်းကပ်ကိုးကွယ်ရမည့် အကြောင်းနှင့် စပ်လျဉ်း၍ ဤရွေ့ဤမျှ များပြားထင်ရှားသော သက်သေလက္ခဏာ၊ အထောက်အထားများ ရှိနေပါလျက်နှင့်လည်း ကာဖိရ်၊ မုနာဖိရ်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ဒွိဟသံသယ၌ပင် ရှိနေကြပေသည်။ လောကီရေးရာများတွင်ပင် နစ်မွန်းနေကြပေသည်။ နောင်တမလွန်အရေးကို အနည်းငယ်စိုးစဉ်းမျှပင် ဦးနှောက်တွင် ထည့်သွင်းမစဉ်းစားကြပေ။ ထို့အတွက်ကြောင့်ပင် အဆုံးအမသြဝါဒများကို ပြက်ချော်သမှု ပြုနေကြပေသည်။

② အထက်တွင် ရေးသားဖော်ပြခဲ့သော ကုရ်အာန်ကျမ်းလာ အာယတ်တော် (၄၄:၁၀-၁၁)၏ အနက်ကို ဖွင့်ဆိုရာတွင် နှစ်မျိုးနှစ်စား ဖွင့်ဆိုသကဲ့သို့ ဤအာယတ်တော်များကိုလည်း နှစ်မျိုးနှစ်စားပင် ဖွင့်ဆိုရပေမည်။

၁။ ဆိုလိုသည်ကား ကိယာမတ်နီးသည့်အခါ အခိုးအငွေ့တစ်ခု ထွက်ပေါ်လာပေမည်။ လူသားတို့သည် ထိုသည့်အခိုးအငွေ့၏ဒဏ်ကို ခံစားကြရသောအခါ အို-အရှင်၊ ကျွန်တော်မျိုးတို့အား ဤပြစ်ဒဏ်မှ ဖယ်ရှားပေးတော်မူပါ၊ ကျွန်တော်မျိုးတို့ ယုံကြည်ကြပါပြီဟု လျှောက်ထားအသနားခံကြပေမည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ယခုမူ သတိသံဝေဂနောင်တရဖို့ အဘယ်မှာအချိန်ရှိတော့သနည်း။

တမန်တော်မြတ်သည် အသင်တို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာတော်များနှင့် ထင်ရှားသော တရားဒေသနာတော်များကို ယူဆောင်လာခဲ့ချေပြီ။ ထိုအချိန်က အသင်တို့သည် မနာခံခဲ့ကြပေ။ မနာခံခဲ့ကြသည် သာမက အသင်တို့က တမန်တော်မြတ်သည် သူတပါးထံမှသင်ကြား၍ ဤကျမ်းကို မိမိကိုယ်တိုင် ➤➤

أَنَّىٰ لَهُمُ الذِّكْرَىٰ وَقَدْ جَاءَهُمْ رَسُولٌ مُّبِينٌ ﴿١٣﴾

၁၃။ ၎င်းတို့အဖို့ သတိရခြင်းသည် အဘယ်မှာလျှင် ရှိတော့သနည်း။ အမှန်စင်စစ်သော်ကား ၎င်းတို့ထံ ရဿူလ်တမန်တော်သည် ထင်ရှားစွာသော (သက်သေလက္ခဏာများနှင့်တကွ) ၎ကန်အမှန် ရောက်ရှိ၍ လာခဲ့ချေပြီ။

ثُمَّ تَوَلَّوْا عَنْهُ وَقَالُوا مُعَلَّمٌ مَّجْنُونٌ ﴿١٤﴾

၁၄။ ထို့နောက်သော်မှပင် ၎င်းတို့သည် ထိုရဿူလ်တမန်တော်ဘက်မှ မျက်နှာလွှဲခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့က (ရဿူလ်တမန်တော်အား သူတစ်ပါး) သင်ကြား ပို့ချ၍ပေးခြင်းကို ခံရသောသူ(ဟူ၍လည်းကောင်း၊) ရူးသွပ်နေသောသူ(ဟူ၍လည်းကောင်း၊) စွပ်စွဲပြောဆိုခဲ့ကြကုန်၏။

إِنَّا كَاشِفُو الْعَذَابِ قَلِيلًا إِنَّكُمْ عَائِدُونَ ﴿١٥﴾

၁၅။ ၎ကန်အမှန် ငါအရှင်မြတ်သည် အနည်းငယ်မျှကာလတိုင်အောင် ပြစ်ဒဏ်ကို ဖယ်ရှား၍ ပေးတော်မူမည်ဖြစ်သည်။ သို့တစေလည်း ၎ကန်မလွဲ အသင်တို့သည် (မူလအခြေအနေသို့) ပြန်ပြောင်း၍လာကြအုံ့သောသူတို့ပင် ဖြစ်ကြကုန်၏။

➤➤ လုပ်ကြံထားသည်။ တမန်တော်မြတ်သည် ရူးသွပ်နေသည်ဟူ၍ပင် စွပ်စွဲပြောဆိုခဲ့ကြသည်။ ထိုအချိန်က သတိသံဝေဂမရခဲ့ကြဘဲ ယခုသော်မှ သတိသံဝေဂ နောင်တရခြင်းမှာ အသို့လျှင်ဖြစ်နိုင်အုံ့နည်းဟူ၍ ဖြေကြားတော်မူပေမည်။ (ဤကား အီဗ်နုအဗ္ဗား၏ ဖွင့်ဆိုချက်တစ်ရပ်ပင်)။

၂။ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မက္ကာမြို့သားများသည် ဒုဇ္ဇိကန္ဓရကပ်ဆိုက်၍ အငတ်ပြဿနာနှင့် ရင်ဆိုင်ကြရသောအခါ ဤအာယတ်တော်များတွင် လာရှိသည့်အတိုင်း အလွှာဟ်အရှင်မြတ်ထံတော်၌ လျှောက်ထားပန်ကြားခဲ့ကြလေသည်။

အချို့ (ရိဝါယတ်) ကျမ်းချက်များတွင် လာရှိသည်မှာ မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်က်တို့၏ ခေါင်းဆောင်ဖြစ်သော အဗူစုဖ်ယာန်နှင့် အခြားအကြီးအကဲများသည် တမန်တော်မြတ်ထံ လာရောက်ပြီး "တမန်တော်မြတ်သည် မိမိမှာ ကရဏာရှင်ဖြစ်သည်ဟု ဆိုပါသည်။ ယခုမူ တမန်တော်၏ အမျိုးသားများသည် ဒုဇ္ဇိကန္ဓရကပ်ဆိုက်၍ ပျက်စီးနေကြပါသည်။ တမန်တော်မြတ်သည် ကရဏာရှင်ဖြစ်ပါသည်။ ကျွန်တော်များသည် တမန်တော်မြတ်၏ သားချင်းများဖြစ်ကြပါသည်။

يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرٰى ۚ إِنَّا مُنْتَقِمُونَ ﴿١٦﴾

၁၆။ အကြင်နေ့တွင် ငါအရှင်မြတ်သည် အကြီးအကျယ် ဖမ်းဆီးအရေးယူတော်မူအံ့၊ မလွဲဧကန် (ထိုနေ့တွင်) ငါအရှင်မြတ်သည် လက်စားချေတော်မူမည် ဖြစ်ပေသတည်း။

وَلَقَدْ فَتَنَّا قَبْلَهُمْ قَوْمَ فِرْعَوْنَ وَجَاءَهُمْ رَسُولٌ كَرِيمٌ ﴿١٧﴾

၁၇။ ၎င်းပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့အလျင် ဖစ်ရှိအောင်နှိ၏ အမျိုးသားတို့အား စမ်းသပ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့ထံ မြင့်မြတ်သော ရဿူလ်တမန်တော်တစ်ပါးသည် ရောက်ရှိ၍လာခဲ့၏။

أَنْ أَدُّوا إِلَيَّ عِبَادَ اللَّهِ ۖ إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٨﴾

၁၈။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျွန်တို့ကို ငါ့အား အပ်ကြလေကုန်၊ စင်စစ်ဧကန် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရဿူလ်တမန်တော်တစ်ပါးပင် ဖြစ်သည်(ဟူ၍လည်းကောင်း)၊

وَأَنْ لَا تَعْلُوا عَلَى اللَّهِ ۖ إِنِّي آتِيكُمْ بِسُلْطَانٍ مُبِينٍ ﴿١٩﴾

၁၉။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ဆန့်ကျင်၍ ဆိုးသွမ်းသောင်းကျန်းမှုကို မပြုကြကုန်လင့်၊ ဧကန်မလွဲ ငါသည် အသင်တို့ထံ ရှင်းလင်းထင်ရှားစွာသော သက်သေအထောက်အထားကို ယူဆောင်ခဲ့သည် (ဟူ၍လည်းကောင်း)၊

وَإِنِّي عُذْتُ بِرَبِّي وَرَبِّكُمْ أَنْ تَرْجُمُونِ ﴿٢٠﴾

၂၀။ (ထိုအခါ ၎င်းတို့သည် ကျောက်ခဲများဖြင့် ပစ်ပေါက်၍သတ်ကြရန် ခြိမ်းခြောက်ရာ ထိုရဿူလ်တမန်တော်က ဤသို့ပြောကြားခဲ့၏) ၎င်းပြင် ဧကန်အမှန် ငါသည် အသင်တို့ ငါ့အား ကျောက်ခဲများဖြင့် ပစ်ပေါက်၍ သတ်ကြမည်ကိုစိုး၍ ငါ့အား လည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ အကွယ်အကာယူထားပြီး ဖြစ်သည်။

وَإِن لَّمْ تُؤْمِنُوا لِي فَاعْتَزِلُونِ ﴿٢١﴾

၂၁။ ထို့ပြင် အကယ်၍ အသင်တို့သည် ငါ့အား မယုံကြည်ကြလျှင် ငါနှင့်ခွဲခွာ ရှောင်ရှား၍ နေကြလေကုန် (ဟူ၍လည်းကောင်း)၊

فَدَعَا رَبَّهُ أَنَّ هَٰؤُلَاءِ قَوْمٌ مُّجْرِمُونَ ﴿٢٢﴾

၂၂။ ထို့နောက် ထိုရဿုလ်တမန်တော်(မူစာ)သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်တွင် အမှန်ဧကန် ဤသူတို့သည် ပြစ်မှုကျူးလွန်ကြကုန်သော အမျိုးသားများ ဖြစ်ကြပါသည်ဟူ၍ လျှောက်ထား ပန်ကြားခဲ့လေသည်။

فَأَسْرِ بِعِبَادِي لَيْلًا إِنَّكُم مُّتَّبَعُونَ ﴿٢٣﴾

၂၃။ (ထိုအခါ အရှင်မြတ်သည် ဤသို့ မိန့်ကြားတော်မူခဲ့၏။ အို-မူစာ) အသင်သည် ငါအရှင်မြတ်၏ကျွန်တို့အား ညဉ့်အချိန်အခါဝယ် ခေါ်ဆောင်သွားပါလေ။ မလွဲဧကန် အသင်တို့သည် မိမိတို့နောက်မှ (ဖစ်ရ်အောင်နန့် ၎င်း၏စစ်တပ်၏) လိုက်လံခြင်းခံကြရပေမည်။

وَاتْرُكِ الْبَحْرَ رَهْوًا ۖ إِنَّهُمْ جُندٌ مُّغْرَقُونَ ﴿٢٤﴾

၂၄။ ၎င်းပြင် အသင်သည် ပင်လယ်ကို ရှိရင်းအတိုင်း ငြိမ်သက်စွာ ထားရစ်ခဲ့ပါလေ၊ မုချဧကန် ၎င်းတို့သည် နှစ်မြှုပ်ခြင်းခံကြရအံ့သော စစ်တပ်ပင်ဖြစ်ကြကုန်၏။

كَمْ تَرَكُوا مِن جَنَّاتٍ وَعُيُونٍ ﴿٢٥﴾

၂၅။ ထို(ဖစ်ရ်အောင်နန့် ၎င်း၏အမျိုးသား)တို့သည် မြောက်မြားစွာသောဥယျာဉ်များကိုလည်းကောင်း၊ စမ်းချောင်းများကိုလည်းကောင်း၊

وَزُرُوعٍ وَمَقَامٍ كَرِيمٍ ﴿٢٦﴾

၂၆။ လယ်ယာများကိုလည်းကောင်း၊ ကောင်းမွန်သော နေအိမ်များကိုလည်းကောင်း၊

وَنَعْمَةٍ كَانُوا فِيهَا فَاكِهِينَ ﴿٢٧﴾

၂၇။ မိမိတို့ မွေ့လျော်စံပျော်လျက် ရှိခဲ့ကြသော စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း၊ စွန့်ထားခဲ့ကြကုန်၏။

كَذَٰلِكَ ۖ وَأَوْرَثْنَاهَا قَوْمًا
آخَرِينَ ﴿٢٨﴾

၂၈။ (ဤအဖြစ်အပျက်သည်) ဤအတိုင်းပင်ဖြစ်၏။ သို့ရာတွင် ငါအရှင်သည် ယင်းစည်းစိမ်ချမ်းသာများကို အခြားသောအမျိုးသားတို့အား အမွေဆက်ခံစေတော်မူခဲ့၏။

فَمَا بَكَتْ عَلَيْهِمُ السَّمَاءُ
وَالْأَرْضُ وَمَا كَانُوا مُنظَرِينَ ﴿٢٩﴾

၂၉။ သို့တစေလည်း (ယင်းဖစ်ရ်အောင်နှ၏အမျိုးသား)တို့နှင့် ပတ်သက်၍ မိုးကောင်းကင်သည်လည်း ဝိုကြွေး (ဝမ်းနည်းကြေကွဲ)သည် မရှိခဲ့ပေ။ ပထဝီမြေသည်လည်း ဝိုကြွေး(ဝမ်းနည်း)သည် မရှိခဲ့ချေ၊ ထိုမှတစ်ပါး၎င်းတို့မှာ ရွှေ့ဆိုင်းခွင့်လည်း မရခဲ့ကြပေ။

وَلَقَدْ نَجَّيْنَا بَنِي إِسْرَائِيلَ مِنَ
الْعَذَابِ الْمُهِينِ ﴿٣٠﴾

၃၀။ ထိုမှတစ်ပါး မလွဲမကန် ငါအရှင်မြတ်သည် အစ္စရာအီလီအမျိုးသားတို့အား ကျိုးယုတ်ရှက်ရခြင်းဖြစ်စေသော ပြစ်ဒဏ်မှ လွတ်မြောက်စေခဲ့တော်မူ၏။

مِن فِرْعَوْنَ ۚ إِنَّهُ كَانَ عَالِيًا
مِّنَ الْمُسْرِفِينَ ﴿٣١﴾

၃၁။ ဖစ်ရ်အောင်နှ၏ထံမှဖြစ်သော။ မုချစင်စစ်၊ ထိုဖစ်ရ်အောင်နှသည် ဆိုးသွမ်းသောင်းကျန်းသူ၊ စည်းကမ်းကျူးလွန်သူ တစ်ဦးပင်ဖြစ်ခဲ့၏။

وَلَقَدِ اخْتَرْنَاهُمْ عَلَىٰ عِلْمٍ عَلَى
الْعَالَمِينَ ﴿٣٢﴾

၃၂။ စင်စစ်သော်ကား ဧကန်အမှန် ငါအရှင်မြတ်သည် သိတော်မူလျက် ထိုအစ္စရာအီလီအမျိုးသားတို့အား ကမ္ဘာသူကမ္ဘာသားတို့ ထက်ဝယ် ရွေးချယ်မြောက်စားတော်မူခဲ့၏။

وَآتَيْنَاهُم مِّنَ الْآيَاتِ مَا فِيهِ بَلَاءٌ
مُّبِينٌ ﴿٣٣﴾

၃၃။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား ထင်ရှားစွာသော ကျေးဇူးတော်ပါရှိလေသော သက်သေလက္ခဏာတော်များကို ချီးမြှင့် ပေးသနားတော်မူခဲ့ပေသတည်း။

إِنَّ هَٰؤُلَاءِ لَيَقُولُونَ ﴿٣٤﴾

၃၄။ ဧကန်မလွဲ ဤသူတို့သည် အမှန်ပင် (ဤသို့) ပြောဆိုကြကုန်၏။

إِنْ هِيَ إِلَّا مَوْتَتُنَا الْأُولَىٰ وَمَا نَحْنُ بِمُنشَرِينَ ﴿٣٥﴾

၃၅။ ထိုသေဆုံးခြင်းဟူသည် ကျွန်ုပ်တို့၏ ပထမ သေဆုံးခြင်းပင် ဖြစ်၏။ ၎င်းပြင် ကျွန်ုပ်တို့သည် (ဒုတိယအကြိမ်) ရှင်ပြန်ထစေခြင်းကို ခံကြရမည် မဟုတ်ပေ။

فَأْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ ﴿٣٦﴾

၃၆။ သို့ဖြစ်ပေရာ (အို-မုစ်လင်မ်အပေါင်းတို့၊) အကယ်၍ အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် သေဆုံးခဲ့ကြပြီးဖြစ်သော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (တစ်ဖန် ရှင်စေပြီး) ခေါ်ယူခဲ့ကြလေကုန်။

أَهُمْ خَيْرٌ أَمْ قَوْمُ تُبَّعٍ وَالَّذِينَ مِن قَبْلِهِمْ ۚ أَهْلَكْنَاهُمْ ۖ إِنَّهُمْ كَانُوا مُجْرِمِينَ ﴿٣٧﴾

၃၇။ ထိုသူတို့ကား "တွဗ္ဗအ်"၏အမျိုးသားတို့ထက် လည်းကောင်း၊ ထိုအမျိုးသားတို့အလျင် ရှိခဲ့ကြသော သူတို့ထက်လည်းကောင်း၊ သာ၍ကောင်းကြလေ သလော။ [၁] ငါအရှင်မြတ်သည် ထိုသို့သော သူတို့ကို ပင် ၎င်းတို့သည် ပြစ်မှုကိုကျူးလွန်သူများ ဖြစ်ခဲ့ ကြသောကြောင့် ဖျက်ဆီးတော်မူခဲ့ပေသည်။

---

① ဆိုလိုသည်ကား မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်များသည် ဥစ္စာဂုဏ်၊ ဓနဂုဏ်၊ အာဏာဂုဏ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်မောက်ကာ အမှန်တရားကို သွေဖည်နေခဲ့ကြ၏။ ပြစ်မှုအမျိုးမျိုးကို ကျူးလွန်နေခဲ့ကြ၏။ အမှန်မှာ မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်များသည် ၎င်းတို့၏ အိမ်နီးချင်းဖြစ်သော 'တွဗ္ဗအ်' အမျိုးသားများ၊ 'တွဗ္ဗအ်'အမျိုးသားများ အလျင်ရှိခဲ့ကြသော အာဒ်၊ဆမူဒ်စသည့် အမျိုးသားများထက် သာခဲ့ကြသည်မဟုတ်။ တွဗ္ဗအ်၊ဆမူဒ်စသည့် အမျိုးသားများသည် ဥစ္စာဂုဏ်၊ အာဏာဂုဏ်၊ ကာယဗလဂုဏ်စသည့် လောကီရေးရာ ဂုဏ်များတွင် မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်များထက် အသာကြီး သာခဲ့ကြပေသည်။ ဤသည်ကို မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်များ အသိပင်ဖြစ်ခဲ့ကြပေသည်။

အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော အမျိုးသားများကိုပင် မောက်မာပလွှား၍ ပြစ်မှုကျူးလွန်ကြသည့်အတွက် ကွပ်မျက်တော်မူခဲ့ပေရာ၊ မက္ကာမြို့သား ကာဖိရ်၊ မုရ်ရစ်များကိုမူ အသို့လျှင် လျစ်လျူပြုထားတော်မူအံ့နည်း။

"တွဗ္ဗအ်" အမျိုးသား၊

"တွဗ္ဗအ်" (TUBBA)သည် (YEMEN)ယမန်ပြည်ဘုရင်၏ ဘွဲ့နာမည်ဖြစ်သည်။ ၎င်း၏ အုပ်ချုပ်မှုအာဏာစက်သည် ရှီဗာ၊ ဟသ္ဇရမောက်တ်စသည့် ပြည်များအထိ ပျံ့နှံ့ခဲ့သည်။ "တွဗ္ဗအ်" ဘွဲ့အမည်ဖြင့် ဘုရင်အမြောက်အများ ရှိခဲ့ကြသည်။ ဤအာယတ်တော်တွင် အဘယ်"တွဗ္ဗအ်" ဘုရင်အား ရည်ညွှန်းတော်မူသည်ကို အတိအကျမသိ။ ➤➤

وَمَا خَلَقْنَا السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَا لٰعِبِيْنَ ﴿٣٨﴾

၃၈။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစ၏ အကြားခံရှိသမျှတို့ကိုလည်းကောင်း၊ ကစားခုန်စားသောအားဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်ပေ။ [၁]

مَا خَلَقْنٰهُمَآ اِلَّا بِالْحَقِّ وَلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿٣٩﴾

၃၉။ (အမှန်စင်စစ်) ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခုစလုံးကို နက်နဲသိမ်မွေ့ တိကျမှန်ကန်သော အကြောင်းနှင့်တကွ ဖန်ဆင်းတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့အနက် များစွာသောသူတို့မှာ သိရှိကြသည် မဟုတ်ပေ။

اِنَّ يَوْمَ الْفَصْلِ مِيْقَاتُهُمْ اَجْمَعِيْنَ ﴿٤٠﴾

၄၀။ ဇကန်အမှန် စီရင်ဆုံးဖြတ်မည့် နေ့သည် ၎င်းတို့အားလုံးအဖို့ သတ်မှတ်ပြီးဖြစ်သော အချိန်ကာလပင် ဖြစ်၏။

يَوْمَ لَا يُغْنِيْ مَوْلًى عَنْ مَّوْلًى شَيْـًٔا وَّلَا هُمْ يُنْصَرُوْنَ ﴿٤١﴾

၄၁။ ထိုနေ့တွင် မည်သည့်ပတ်သက်သောသူတစ်ဦးတစ်ယောက်မျှပင်၊ မည်သည့်ပတ်သက်သောသူတစ်ဦးတစ်ယောက်အဖို့မျှ လုံးဝ အသုံးဝင်မည်မဟုတ်ပေ၊ ထိုမှတစ်ပါး၊ ၎င်းတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

➤➤ အသို့ပင်ရှိစေ အဆိုပါ "တွဗွအ်"၏ အမျိုးသားများသည် လောကီရေးရာများတွင် အထူးကျော်ကြား၍ တန်ခိုးအာဏာ အလွန်ကြီးထွားခဲ့ပေသည်။ အီဗ်နုကဆီရ်၏ ယူဆချက်အရ တွဗွအ်၏ အမျိုးသားများသည် အခြားမဟုတ်၊ ကုရ်အာန်ကျမ်းမြတ် ရှီဇာကဏ္ဍတွင် ပါရှိသော ရှီဇာပြည်သားများပင် ဖြစ်ကြပေသည်။

① ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ဤမိုး၊မြေနှင့်တကွ စကြာဝဠာခပ်သိမ်းကို အကြောင်းမဲ့၊အကျိုးမဲ့ အချည်းနှီး၊အလဟဿ ဖန်ဆင်းထားတော် မူသည်မဟုတ်၊ အကြောင်းနှင့်အကျိုးနှင့် ဖန်ဆင်းထားတော်မူခြင်းသာဖြစ်သည်။

အကျိုးတစ်ရပ်မှာ အရာရာတွင် အကြောင်း၏နောက်တွင် အကျိုးရှိသကဲ့သို့ ဤစကြာဝဠာကြီး၏ အကျိုးသည်လည်း တစ်ရက်မုချထွက်ပေါ်လာပေမည်။ ထိုနေ့ကား ကိယာမတ်နေ့ပင်။ ထိုနေ့တွင် ➤➤

إِلَّا مَن رَّحِمَ اللَّهُ ۚ إِنَّهُ هُوَ الْعَزِيزُ الرَّحِيمُ ﴿٤٢﴾

၄၂။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် ကရုဏာပြုတော်မူသောသူမှာမူကား (ကြားဝင်အသနားခံပေးခြင်းကို ခံရပေမည်)။ စင်စစ်ဧကန် ထိုအရှင်မြတ်သည် အလွန်တရာ နိုင်နင်းလွန်မြတ်မိုးတော်မူသော အရှင်၊ အလွန်တရာ ကြင်နာသနားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

إِنَّ شَجَرَتَ الزَّقُّومِ ﴿٤٣﴾ طَعَامُ الْأَثِيمِ ﴿٤٤﴾

၄၃။ ဧကန်မလွဲ "ဇက္ကူမ်" ရှားစောင်းကြီးပင်မှာ။

၄၄။ လွန်စွာ ပြစ်မှုကျူးလွန်သူ၏ အစားအစာဖြစ်၏။ [၁]

كَالْمُهْلِ يَغْلِي فِي الْبُطُونِ ﴿٤٥﴾ كَغَلْيِ الْحَمِيمِ ﴿٤٦﴾

၄၅။ ဆီအနည်ကဲ့သို့၊ ကြေးနီ၊ ကြေးဝါ၊ကြောင်းငွေစသော အရည်ကျိုထားသောတွင်းထွက်သတ္တုကဲ့သို့။ ဝမ်းဗိုက်များတွင် ကျိုက်ကျိုက်ဆူလျက် ရှိပေမည်။

၄၆။ ရေနွေးပူ ပွက်ပွက်ဆူသကဲ့သို့ပင်။

خُذُوهُ فَاعْتِلُوهُ إِلَىٰ سَوَاءِ الْجَحِيمِ ﴿٤٧﴾

၄၇။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းအား ဖမ်းဆီးပြီးလျှင် "ဂျဟန္နမ်" ငရဲဘုံ ဗဟိုအလယ်သို့ တရွတ်တိုက် ဆွဲခေါ်ကြလေကုန်။

➤➤ အလ္လာဟ်အရှင်မြတ်သည် အားလုံးတို့၏ စာရင်းရှင်းတော်မူမည်။ ကျိုးပြစ်ပေးတော်မူမည်။ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံကြရသူများမှတပါး မည်သူမျှ မည်သူအားမျှ၊ စိုးစဉ်းမျှ အကျိုးပြုနိုင်မည် မဟုတ်ပေ။

① ဂျဟန္နမ်ငရဲတွင် ငရဲသားတို့သည် "ဇက္ကူမ်" ရှားစောင်းကြီးပင်ကိုပင် စားမျိုကြရပေမည်။ ဤမျက်မှောက်ရှိ ရှားစောင်းကြီးပင်၏ ပုံပန်းသဏ္ဌာန်၊ အရသာမှာ ဆိုးရွားလှပြီဖြစ်ရာ ဂျဟန္နမ်ငရဲတွင်ရှိသော ရှားစောင်းကြီးပင်ကား အတိုင်းမသိ ဆိုးရွားပေမည်။

ဂျဟန္နမ်ငရဲတွင်ရှိသော ရှားစောင်းကြီးပင်သည် ဤပစ္စက္ခရှိ ရှားစောင်းကြီးပင်နှင့် ပုံပန်းသဏ္ဌာန်၊ အနံ့အရသာ လုံးဝတစ်မျိုးတစ်စား တည်းဟူ၍ မထင်မှတ်ရာ၊ ထိုနည်းအတူ ဂျန္နတ် အမတသုခဘုံတွင်ရှိသော သစ်သီးဝလံများသည်လည်း ဤပစ္စက္ခရှိ သစ်သီးဝလံများနှင့် တစ်မျိုးတစ်စားတည်းဟူ၍ မထင်မှတ်ရာ။ လူသားတို့ ခန့်မှန်းသိရှိနိုင်ရန်အတွက် သာမန်ဆင်တူဖြစ်သည်ကို အကြောင်းပြု၍ ယင်းသို့ သုံးနှုန်းထားတော်မူခြင်းသာဖြစ်သည်။

ثُمَّ صُبُّوا فَوْقَ رَأْسِهِ مِنْ عَذَابِ الْحَمِيمِ ﴿٤٨﴾

၄၈။ ထို့နောက် အသင်တို့သည် ၎င်း၏ဦးခေါင်းထက်ဝယ် ပွက်ပွက်ဆူနေသော ရေနွေးပူ၏ပြစ်ဒဏ်ကို သွန်းလောင်းကြလေကုန်။

ذُقْ إِنَّكَ أَنْتَ الْعَزِيزُ الْكَرِيمُ ﴿٤٩﴾

၄၉။ (ထိုအခါ ၎င်းမှာ ဤသို့ပြောဆိုခြင်းကို ခံရပေမည်။) အသင်သည် (ဤပြစ်ဒဏ်၏ အရသာကို) မြည်းစမ်းလေ၊ မလွဲဧကန် အသင်သည် အလွန်မြင့်မြတ်သူ၊ ဂုဏ်မြင့်သူ ဖြစ်ပေသည်။

إِنَّ هَٰذَا مَا كُنْتُمْ بِهِ تَمْتَرُونَ ﴿٥٠﴾

၅၀။ ဧကန်မလွဲ ဤသည်ကား အသင်တို့ ယုံမှားသံသယဖြစ်လျက်ရှိခဲ့ကြသောအရာပင်ဖြစ်ချေသတည်း။

إِنَّ الْمُتَّقِينَ فِي مَقَامٍ أَمِينٍ ﴿٥١﴾

၅၁။ ဧကန်အမှန် "မွတ္တကီ" သူတော်စင်တို့မှာ ငြိမ်းချမ်းသာယာသောနေရာဌာနတွင် ရှိကြပေမည်။

فِي جَنَّاتٍ وَعُيُونٍ ﴿٥٢﴾

၅၂။ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း။

يَلْبَسُونَ مِنْ سُنْدُسٍ وَإِسْتَبْرَقٍ مُتَقَابِلِينَ ﴿٥٣﴾

၅၃။ ၎င်းတို့သည် ပိုးထည်အပါးစားကိုလည်းကောင်း၊ ပိုးထည်အထူစားကိုလည်းကောင်း၊ ဝတ်ဆင်၍ မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြပေမည်။

كَذَٰلِكَ وَزَوَّجْنَاهُمْ بِحُورٍ عِينٍ ﴿٥٤﴾

၅၄။ (ဤဖြစ်ရပ်မှာ) ဤအတိုင်းဖြစ်၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား ဖြူ၍ လှပတင့်တယ်သော၊ မျက်စိပြူး၍လှပသော၊ မိန်းမများနှင့် ထိမ်းမြား၍ ပေးတော်မူပေမည်။

يَدْعُونَ فِيهَا بِكُلِّ فَاكِهَةٍ آمِنِينَ ﴿٥٥﴾

၅၅။ ၎င်းတို့သည် ယင်းဥယျာဉ်များ၌ အလုံးစုံသော သစ်သီးဝလံတို့ကို အေးချမ်းစွာ မှာယူကြပေမည်။

لَا يَذُوقُونَ فِيهَا الْمَوْتَ

၅၆။ ၎င်းတို့သည် ပထမအကြိမ် သေဆုံးခဲ့ကြသည်မှတစ်ပါး ယင်းဥယျာဉ်များတွင် "မရဏာ" သေခြင်း

إِلَّا الْمَوْتَةَ الْأُولَىٰ وَوَقَاهُمْ عَذَابَ الْجَحِيمِ ﴿٥٦﴾

တရား၏ ရသာကို မြည်းစမ်းကြရမည် မဟုတ်ပြီ၊ ထိုမှတစ်ပါး၊ ၎င်းတို့အား ထိုအရှင်မြတ်သည် "ဂျဟန္နမ်" ငရဲဘုံ၏ ပြစ်ဒဏ်မှ(လည်း) လွတ်ကင်းစေတော်မူပေမည်။

فَضْلًا مِّن رَّبِّكَ ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿٥٧﴾

၁၇။ (ဤသည်တို့ကား) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ဖြစ်ပေမည်။ ဤသည်ပင်လျှင် ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။

فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٥٨﴾

၁၈။ ၎င်းပြင် ဗကန်မလွဲ ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်ကို ၎င်းတို့ တရားရယူကြအံ့သောငှာ အသင်၏ဘာသာစကားဖြင့်ပင် လွယ်ကူစေတော်မူခဲ့၏။

فَارْتَقِبْ إِنَّهُم مُّرْتَقِبُونَ ﴿٥٩﴾

၁၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည်လည်း စောင့်စား၍နေပါလေ။ ၎င်းတို့သည်လည်း စောင့်စား၍နေကြသူများပင် ဖြစ်ကြကုန်သတည်း။ ①

---

① ဆိုလိုသည်ကား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ဦးစွာပထမ နာခံကြရသူများမှာ အရဗ်အမျိုးသားများ ဖြစ်ခဲ့ကြသည်။ အရဗ်အမျိုးသားများသည် ကုရ်အာန်ကျမ်းလာဒေသနာ တော်များကို လွယ်လင့်တကူ နားလည်သဘောပေါက်၍ တရားရယူ နာယူကျင့်မူနိုင်ကြရန်အလို့ငှာ ကုရ်အာန်ကျမ်းမြတ်ကို တမန်တော်မြတ်၏ အမိဘာသာစာပေဖြစ်သော အရဗ်ဘာသာစာပေ၌ ထုတ်ပြန်ချမှတ် ပေးတော်မူခဲ့ပေသည်။

သို့ပါလျက် ၎င်းတို့သည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို မနာခံကြပါက တမန်တော်မြတ်သည် ၎င်းတို့၌ ဘေးဒုက္ခသက်ရောက်မည်ကို စောင့်စား၍သာနေပါလေ၊ ၎င်းတို့သည်လည်း တမန်တော်မြတ်၌ ဘေးဒုက္ခသက်ရောက်မည်ကို စောင့်စား၍နေကြသည်။ အလ္လာဟ်အရှင်မြတ်သည် မကြာမီ စီရင်တော်မူမည် ဖြစ်သည်။ ထိုအခါ မည်သူသည် အရေးသာ၍ မည်သူသည် အရေးရှုံးနိမ့်မည်ကို သိသွားကြပေမည်။

ပုဆစ်ဒူးထောက်လျက်နေခြင်းကဏ္ဍ



ဤကဏ္ဍသည် "ဂျာဆိယဟ်" ပုဆစ်ဒူးထောက်လျက် နေကြရမည့်အကြောင်း ပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၃၇)ပါး၊ ရုကူအ် အပိုဒ်(၄)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်သနားကြင်နာညှာတာတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

حٰمٓ ۝١

၁။ ဟာ၊ မီမ်။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ۝٢

၂။ (ဤသည်) အလွန်တရာ နိုင်နင်းလွမ်းမိုးတော်မူသော၊ နက်နဲသိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏အထံတော်မှ ချပေးတော်မူသောကျမ်းဂန်ပင်။ [၁]

اِنَّ فِي السَّمٰوٰتِ وَالْاَرْضِ لَاٰيٰتٍ لِّلْمُؤْمِنِيْنَ ۝٣

၃။ ဧကန်စင်စစ် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ "မုအ်မင်ဒ်" သက်ဝင်ယုံကြည်ကြကုန်သောသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများ ရှိကုန်၏။

وَفِيْ خَلْقِكُمْ وَمَا يَبُثُّ مِنْ دَآبَّةٍ اٰيٰتٌ لِّقَوْمٍ يُّوْقِنُوْنَ ۝٤

၄။ ထို့ပြင် အသင်တို့အား ဖန်ဆင်းခြင်း၌လည်းကောင်း၊ ထိုအရှင်မြတ် ပျံ့နှံ့စေတော်မူသော တိရစ္ဆာန်တို့ကို ဖန်ဆင်းခြင်း၌လည်းကောင်း၊ ယုံကြည်ကြကုန်သောသူတို့အဖို့ သက်သေလက္ခဏာများသည် ရှိကုန်၏။

---

① ဆိုလိုသည်ကား ဤကျမ်းဂန်သည် အလွန်တရာ နိုင်နင်းလွမ်းမိုးတော်မူသော အတိုင်းမသိ နက်နဲသိမ်မွေ့သော၊ ဆင်ခြင်တုံတရားရှိတော်မူသော၊ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်ဝတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ချပေးတော်မူသော ကျမ်းဂန်ဓမ္မကွန်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ ဤကျမ်းဂန်လာ ဒေသနာတော်များကို အထူးတလည် ဂရုမူ၍ နာခံကြရာသတည်း။ ကြည့်-ထာနဝီ။

وَاخْتِلَافِ الَّيْلِ وَالنَّهَارِ وَمَآ اَنْزَلَ اللّٰهُ مِنَ السَّمَآءِ مِنْ رِّزْقٍ فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَتَصْرِيْفِ الرِّيٰحِ اٰيٰتٌ لِّقَوْمٍ يَّعْقِلُوْنَ ۝٥

၅။ ထိုမှတစ်ပါး၊ ည၌်နှင့်နေ့တို့ကို ပြောင်းလဲခြင်း၌လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်မှ (မိုးရေကို ရွာသွန်းစေတော်မူ၍) စားနပ်ရိက္ခာကို ချပေးတော်မူခြင်း၊ တဖန် ယင်းမိုးရေဖြင့် ပထဝီမြေကို သွေ့ခြောက် သေလွန်ပြီးနောက် ရှင်ပြန်(စိမ်းလန်း) စေတော်မူခြင်း၌လည်းကောင်း၊ လေများကို (ဒိသာအရာခပ်သိမ်းသို့) ပြောင်းလဲတိုက်ခတ်စေခြင်း၌လည်းကောင်း၊ သိနားလည်ကြသောသူတို့အဖို့ သက်သေလက္ခဏာများသည် ရှိကြကုန်သတည်း။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ۚ فَبِاَيِّ حَدِيْثٍۢ بَعْدَ اللّٰهِ وَاٰيٰتِهٖ يُؤْمِنُوْنَ ۝٦

၆။ ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များပင် ငါအရှင်သည် ယင်းသက်သေလက္ခဏာတော်များကို အသင်၏ရှေ့ဝယ် တိကျ မှန်ကန်စွာ ဖတ်ကြားပြတော်မူ၏။ သို့ဖြစ်ပေရာ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်(မှတစ်ပါး ထိုအရှင်မြတ်)၏ သက်သေလက္ခဏာတော်များမှတစ်ပါး မည်သည့်စကားကို ယုံကြည်ကြအုံနည်း။ [၁]

وَيْلٌ لِّكُلِّ اَفَّاكٍ اَثِيْمٍ ۝٧

၇။ အကြင် လွန်စွာမုသားပြောဆိုသူ၊ လွန်စွာပြစ်မှုကျူးလွန်သူတိုင်း၌ အကြီးအကျယ် ပျက်စီးခြင်းသည် ရှိပေမည်။

---

① အထက်တွင်ဖော်ပြပါ သက်တော်လက္ခဏာတော်များသည် အလ္လာဟ်အရှင်မြတ်၏ အနန္တတန်ခိုးတော်၊ အနန္တဉာဏ်တော်များကို ထင်ရှားစွာ ညွှန်ပြနေသော သက်သေလက္ခဏာတော်များ ဖြစ်ပေသည်။ ယင်းသည့် သက်သေလက္ခဏာတော်များကို အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ကုရ်အာန်ကျမ်းမြတ်တွင် ဘိကျမှန်ကန်စွာ ဖတ်ကြားပြထားတော်မူသည်။ ဤရွေ့ဤမျှ ထင်ရှားသော သက်သေလက္ခဏာတော်များအထင်အရှားရှိနေပါလျက် ကာဖိရ်များ၊ မယုံကြည်ပါက ၎င်းတို့ယုံကြည်ရန် အလ္လာဟ်အရှင်မြတ်အပြင် အခြားအသူရိသေးသနည်း။ ၎င်းတို့နာခံကြရန် ထိုအရှင်မြတ်၏ အာယတ်တော်များအပြင် အခြားမည်သူ၏ စကားရှိသေးသနည်း။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဤရွေ့ဤမျှ တိကျမှန်ကန် ထင်ရှားသော အာယတ်တော်များကိုပင် မနာခံကြပေရာ၊ အဘယ်အရာကိုနာခံရန် စောင့်မျှော်နေကြသနည်း။ ကြည့်-အွတ်ဆ်မာနီ။

يَّسْمَعُ اٰيٰتِ اللّٰهِ تُتْلٰى عَلَيْهِ ثُمَّ يُصِرُّ مُسْتَكْبِرًا كَاَنْ لَّمْ يَسْمَعْهَا ۚ فَبَشِّرْهُ بِعَذَابٍ اَلِيْمٍ ۝٨

၈။ ထိုသူသည် မိမိရှေ့ဝယ် ဖတ်ကြားပြသော အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို နားထောင်လေ၏။ သို့ပါလျက် ၎င်းမှာ ယင်းအာယတ်တော်များကို မကြားခဲ့ဘိသကဲ့သို့ပင် (မိမိ၏ဝါဒ လမ်းစဉ်ပေါ်၌ သာလျှင်) မာန်မာန ထောင်လွှားကာ ဆက်လက်တင်းမာ၍သာ နေလေ၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းအား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတင်းကောင်း ပြောကြားပါလေ။

وَاِذَا عَلِمَ مِنْ اٰيٰتِنَا شَيْـًٔا اتَّخَذَهَا هُزُوًا ؕ اُولٰٓئِكَ لَهُمْ عَذَابٌ مُّهِيْنٌ ۝٩

၉။ ၎င်းပြင် ထိုသူသည် ငါအရှင်မြတ်၏ အာယတ်တော်များအနက် အာယတ်တော် တစ်စုံတစ်ရာကို သိရှိခဲ့သောအခါ ၎င်းသည် ယင်းအာယတ်တော်ကိုပင် ပြက်ရယ်ပြောင်လှောင်ဖွယ်ရာ ပြုလုပ်လေ့ရှိ၏။ ထိုကဲ့သို့သောသူတို့၌ ကျိုးယုတ်ရှက်ရဖြစ်စေသော ပြစ်ဒဏ်သည် ရှိချေမည်။

مِنْ وَّرَآئِهِمْ جَهَنَّمُ ۚ وَلَا يُغْنِىْ عَنْهُمْ مَّا كَسَبُوْا شَيْـًٔا وَّلَا مَا اتَّخَذُوْا مِنْ دُوْنِ اللّٰهِ اَوْلِيَآءَ ۚ وَلَهُمْ عَذَابٌ عَظِيْمٌ ۝١٠

၁၀။ ၎င်း၏ရှေ့မှောက်ဝယ် "ဂျဟန္နမ်" ငရဲဘုံသည် ရှိနေလေ၏။ ထို့ပြင် ထိုသူတို့ ရှာဖွေ ဆည်းပူးခဲ့သမျှတို့သည်လည်းကောင်း၊ ထိုသူတို့က အလ္လာဟ်အရှင်မြတ်အပြင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးသူများဟူ၍ ပြုလုပ်သတ်မှတ်ထားသူတို့သည်လည်းကောင်း၊ ထိုသူအဖို့ အနည်းငယ် စိုးစဉ်းမျှပင် အသုံးဝင်ကြမည် မဟုတ်ပေ။ ထိုမှတစ်ပါး၊ ၎င်းတို့၌ ကြီးလေးလှစွာသော ပြစ်ဒဏ်သည် ရှိပေမည်။

هٰذَا هُدًى ۚ وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ

၁၁။ (ဤကုရ်အာန်ကျမ်းတော်မြတ်)သည် တရားလမ်းညွှန်ပင် ဖြစ်ပေသည်။ သို့ဖြစ်ရာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အာယတ်တော်များကို ငြင်းပယ်ကြကုန်သောသူတို့၌ ပြင်းထန်

لَهُمْ عَذَابٌ مِّن رِّجْزٍ أَلِيمٌ ﴿١١﴾

သော ပြစ်ဒဏ်အနက်မှ အလွန်တရာ နာကျင်ဖွယ် ဖြစ်သော ပြစ်ဒဏ်သည် ရှိပေအံ့သတည်း။

اللَّهُ الَّذِي سَخَّرَ لَكُمُ الْبَحْرَ لِتَجْرِيَ الْفُلْكُ فِيهِ بِأَمْرِهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ ﴿١٢﴾

၁၂။ အလ္လာဟ်အရှင်မြတ်သည်ပင် ပင်လယ်သမုဒ္ဒရာကို ယင်းပင်လယ်သမုဒ္ဒရာ၌ သင်္ဘောများ ထိုအရှင်မြတ်၏အမိန့်တော်နှင့် လှုပ်ရှားသွားလာအံ့သောငှာလည်းကောင်း၊ အသင်တို့သည် ထိုအရှင်မြတ်၏ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကို ဆည်းပူးရှာဖွေကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် ကျေးဇူးတင်ကြအံ့သောငှာလည်းကောင်း၊ အသင်တို့၏ လက်အောက်ခံ ဖြစ်စေတော်မူခဲ့၏။

وَسَخَّرَ لَكُم مَّا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ جَمِيعًا مِّنْهُ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ ﴿١٣﴾

၁၃။ ထိုမှတစ်ပါး၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၌ရှိသမျှကိုလည်းကောင်း၊ ကမ္ဘာမြေဝယ် ရှိသမျှကိုလည်းကောင်း၊ အလုံးစုံတို့ကို မိမိအထံတော်မှ အသင်တို့၏လက်အောက်ခံ ဖြစ်စေတော်မူခဲ့၏။ ဧကန်မလွဲထိုသည်တို့၌ စဉ်းစားဆင်ခြင်ကြသော သူတို့အဖို့ အမှန်သက်သေ လက္ခဏာများသည် ရှိကုန်၏။

قُل لِّلَّذِينَ آمَنُوا يَغْفِرُوا لِلَّذِينَ لَا يَرْجُونَ أَيَّامَ اللَّهِ لِيَجْزِيَ قَوْمًا بِمَا كَانُوا يَكْسِبُونَ ﴿١٤﴾

၁၄။ (အို-နဗီတမန်တော်) အသင်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ပြုလုပ်တော်မူအံ့သောကိစ္စများကို [၁] ယုံကြည် (စိုးရိမ်)ခြင်း မရှိကြသောသူတို့အား ခွင့်လွှတ်ကြရန် ပြောကြားပါလေ။ ထိုမှသာလျှင် ထိုအရှင်မြတ်သည် လူမျိုးတစ်မျိုးအား ၎င်းတို့ ရှာဖွေဆည်းပူးခဲ့ကြသည်များနှင့်စပ်လျဉ်း၍ အစားပေးတော်မူအံ့။

---

① **အလ္လာဟ်အရှင်မြတ်၏နေ့များ၊**

"အလ္လာဟ်အရှင်မြတ်၏နေ့များ"ဟူသည် အကြင်နေ့များကို ဆိုလိုသည်။ ယင်းနေ့များတွင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်မနာခံသော သာသနာ့ရန်သူများကို ပြစ်ဒဏ်တစ်စုံတစ်ရာ ခတ်တော်မူသည်။ သို့မဟုတ် အမိန့်တော်နာခံသော သူတော်စင်များအား တစ်စုံတစ်ရာ ကျေးဇူးအထူးပြုတော်မူသည်။ ➤➤

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ ۚ وَمَنْ اَسَآءَ فَعَلَيْهَا ۗ ثُمَّ اِلٰى رَبِّكُمْ تُرْجَعُوْنَ ﴿١٥﴾

၁၅။ မည်သူမဆို ကောင်းမှုပြုခဲ့လျှင် ၎င်း၏အကျိုးငှာ ဖြစ်ပေမည်။ ထိုနည်းတူစွာ မည်သူမဆို မကောင်းမှုပြုခဲ့သော် ၎င်း၏အပေါ်၌သာ သက်ရောက်ပေမည်။ ထို့နောက် အသင်တို့အားလုံးတို့မှာ ထိုအရှင်မြတ်အထံတော်သို့သာလျှင် ပြန်သွားကြရမည်။

وَلَقَدْ اٰتَيْنَا بَنِيْٓ اِسْرَآءِيْلَ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ وَرَزَقْنٰهُمْ مِّنَ الطَّيِّبٰتِ وَفَضَّلْنٰهُمْ عَلَى الْعٰلَمِيْنَ ﴿١٦﴾

၁၆။ ၎င်းပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ကျွန်ုပ်ရာအမိလီအမျိုးသားတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ စီရင်ဆုံးဖြတ်မှုကိုလည်းကောင်း၊ နဗီတမန်တော်အဖြစ်ကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား သန့်ပြန့်စင်ကြယ်သော အစားအစာကို စားနပ်ရိက္ခာအဖြစ် ပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါး၊ ၎င်းတို့အား ငါအရှင်မြတ်သည် ကမ္ဘာသူ ကမ္ဘာသားတို့ထက် ထူးကဲစေတော်မူခဲ့၏။

وَاٰتَيْنٰهُمْ بَيِّنٰتٍ مِّنَ الْاَمْرِ ۚ

၁၇။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ၎င်းတို့အား သာသနာ့အရေးနှင့် စပ်လျဉ်း၍ ထင်ရှားစွာသော သက်သေသာဓကများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

➢➢ သို့ဖြစ်ရာ "အလ္လာဟ်အရှင်မြတ်၏ နေ့များကို မမျှော်သောသူများ"ကား အကြင်ကာဖိရ်များပင်၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကိုလည်း မမျှော်လင့်ကြပေ၊ ထိုအရှင်မြတ်၏ ပြစ်ဒဏ်ကိုလည်း မစိုးရိမ်ကြပေ။

အချို့က "အလ္လာဟ်အရှင်မြတ်၏ နေ့များ"ဟူသည် အတိတ်ခေတ်များတွင် သက်ဆိုင်ရာ အမျိုးသားတို့အပေါ်၌ ထိုအရှင်မြတ်၏ ပြစ်ဒဏ်များ၊ ကျေးဇူးတော်များ သက်ရောက်ခဲ့သည့် အဖြစ်အပျက်ကြီးများကို ဆိုလိုကြသည်။

အချို့က "အလ္လာဟ်အရှင်မြတ်၏နေ့များ" ဟူသည် ကိယာမတ်နေ့တွင် လူသားတို့နှင့်ပတ်သက်၍ အထူးတလည် စီမံဖန်တီးတော်မူမည့် အစီအမံများကို ဆိုလိုကြသည်။ ဥပမာ-ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်နာခံသော သူတော်စင်များအား အထူးမြှောက်စားတော်မူ၍ အမိန့်တော် မနာခံသော သူယုတ်တို့အား ကြီးလေးသော ပြစ်ဒဏ်များကို ခတ်တော်မူသည်။

"အလ္လာဟ်အရှင်မြတ်၏ နေ့များ"ဟူသော အသုံးအနှုန်းသည် ကုရ်အာန်(၁၄:၅)တွင်လည်း ပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာအဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

فَمَا اخْتَلَفُوٓا إِلَّا مِنۢ بَعْدِ مَا جَآءَهُمُ الْعِلْمُ بَغْيًۢا بَيْنَهُمْ ۗ إِنَّ رَبَّكَ يَقْضِى بَيْنَهُمْ يَوْمَ الْقِيٰمَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١٧﴾ ثُمَّ جَعَلْنٰكَ عَلٰى شَرِيعَةٍ مِّنَ الْأَمْرِ فَاتَّبِعْهَا وَلَا تَتَّبِعْ أَهْوَآءَ الَّذِينَ لَا يَعْلَمُونَ ﴿١٨﴾

သို့ပါလျက် ၎င်းတို့သည် မိမိတို့ထံ အသိပညာ ရောက်လာပြီးနောက်သော်မှပင် မိမိတို့အချင်းချင်း တုပြိုင်သောအားဖြင့် ကွဲလွဲခဲ့ကြကုန်၏။ ၎ကန်မလွဲ အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်းတို့၏ အကြားဝယ် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့ ကွဲပြားလျက်ရှိခဲ့ကြသောအရေးကိစ္စနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်တော်မူပေမည်။

၁၈။ ထို့နောက် (အို-နဗီတမန်တော်) ထိုအရှင်မြတ်သည် အသင့်အား သာသနာ့အရေးနှင့် စပ်လျဉ်း၍ အထူးလမ်းစဉ် တစ်ရပ်ပေး၌ ရပ်တည်စေတော်မူခဲ့၏။ သို့ဖြစ်ပေရာ အသင်သည် ထိုလမ်းစဉ်ကိုသာ လိုက်ပါလေ။ အသင်သည် အသိပညာ ကင်းမဲ့သောသူတို့၏ အလိုဆန္ဒများကို မလိုက်ပါလေနှင့်။ ၁

إِنَّهُمْ لَن يُغْنُوا عَنكَ مِنَ اللَّهِ شَيْـًٔا ۚ وَإِنَّ الظّٰلِمِينَ بَعْضُهُمْ أَوْلِيَآءُ بَعْضٍ ۖ وَاللَّهُ وَلِىُّ الْمُتَّقِينَ ﴿١٩﴾

၁၉။ ၎ကန်စင်စစ် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ အနည်းငယ်မျှပင် အသင့်အဖို့ အလျှင်းအသုံးဝင်ကြမည် မဟုတ်ပေ။ ၎င်းပြင် ၎ကန်အမှန်မတရားသောသူတို့သည် ၎င်းတို့အနက် အချို့မှာအချို့၏အဆွေခင်ပွန်းများပင် ဖြစ်ကြကုန်၏။ အလ္လာဟ်အရှင်မြတ်မူကား "မွတ္တကီ" သူတော်စင်တို့၏ အဆွေခင်ပွန်း ဖြစ်တော်မူ၏။

---

၁ အထက်၌ ပါရှိသည့်အတိုင်း အစ္စရာအီလီ မျိုးနွယ်ဝင်များသည် အသိတရားရရှိပါလျက် စိတ်အလိုလိုက်ကာ အချင်းချင်းသဘောကွဲလွဲပြီး အုပ်စုအမျိုးမျိုး ကွဲပြားအငြင်းပွားနေချိန်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား အစ္စလာမ်၏ 'ရှရီအတ်'လမ်းစဉ်ကို အထူးတလည် ချီးမြှင့်တော်မူခဲ့သည်ဖြစ်ရာ၊ တမန်တော်မြတ်နှင့်တကွ တမန်တော်မြတ်၏ 'အွမ္မတ်' နောက်လိုက်တပည့်သားတို့သည် အစ္စလာမ်၏ ယင်းရှရီအတ်လမ်းစဉ်ကို တိကျမှန်ကန်စွာ လိုက်နာကြရမည်သာ။

အစ္စရာအီလီ မျိုးနွယ်ဝင်များ၏ စိတ်အလိုကို မမှားရှိမျှမလိုက်နာကြရာ ၎င်းတို့သည် တမန်တော်မြတ်နှင့်တကွ မုစ်လင်မ်တို့အား အမျိုးမျိုးကဲ့ရဲ့ပြစ်တင်၍ အမျိုးမျိုး ကျူးကျော်စော်ကားရှိ စိတ်ဓာတ်ကျဆင်းစေပြီး အစ္စလာမ်၏ တရားဓမ္မဟောကြားမှုကို စွန့်ပယ်သွားကြရန်ကိုပင် လိုလားခဲ့ကြပေသည်။ ယုတ်စွအဆုံး ➤➤

هَٰذَا بَصَآئِرُ لِلنَّاسِ وَهُدًى وَّرَحْمَةٌ لِّقَوْمٍ يُّوْقِنُوْنَ ﴿٢٠﴾

၂၀။ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် လူတို့အဖို့ ထင်ရှားစွာသော သက်သေသာဓကများလည်း ဖြစ်သည်။ ယုံကြည်သောသူတို့အဖို့ တရားလမ်းညွှန်လည်း ဖြစ်သည်၊ ကရုဏာတော်လည်း မည်သည်။

اَمْ حَسِبَ الَّذِيْنَ اجْتَرَحُوا السَّيِّاٰتِ اَنْ نَّجْعَلَهُمْ كَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَوَآءً مَّحْيَاهُمْ وَمَمَاتُهُمْ ۭ سَاۗءَ مَا يَحْكُمُوْنَ ﴿٢١﴾

၂၁။ မကောင်းမှုများကို ကျူးလွန်ကြသောသူတို့က ငါအရှင်မြတ်သည် ထိုသူတို့အား "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမှုများကို ကျင့်မူခဲ့ကြကုန်သော သူတို့ကဲ့သို့ ထိုသူတို့၏အသက်ရှင်ခြင်းကို လည်းကောင်း၊ ထိုသူတို့၏အသက်သေဆုံးခြင်းကို ပြုလုပ်တော်မူမည်ဟု ထင်မှတ်ကြလေသလော။ ၎င်းတို့၏စီရင်ဆုံးဖြတ်ချက်မှာ လွန်စွာ ဆိုးရွားလှပေ၏။

وَخَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ وَلِتُجْزٰى كُلُّ نَفْسٍۢ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُوْنَ ﴿٢٢﴾

၂၂။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ နက်နဲသိမ်မွေ့သောဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် လူတိုင်း လူတိုင်း မိမိတို့ ရှာဖွေဆည်းပူးခဲ့သော (ကောင်းမှု၊ မကောင်းမှု)နှင့်စပ်လျဉ်း၍ အစားပေးခြင်းခံရအံ့သော ဌာ(ဖန်ဆင်းတော်မူခဲ့၏၊) သို့ရာတွင် ၎င်းတို့သည် မတရားမှု ပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။

➤➤ ၎င်းတို့နည်းတူ မုစ်လင်မ်များအချင်းချင်း· အုပ်စုကွဲကြရန်ကိုလည်း လိုလားခဲ့ကြပေသည်။ သို့ဖြစ်ရာ တမန်တော်မြတ် နှင့်တကွ တမန်တော်၏ နောက်လိုက်တပည့်တို့သည် ၎င်းတို့၏အလိုကို မေမှားရ်၍မှ မလိုက်နာမိကြရာ။ တရားခမ္မဟောကြားမှုကို မစွန့်လွှတ်ကြရာ၊ အချင်းချင်း မကွဲကြရာ။

① တစ်ခါသော် မက္ကာမြို့သား အချို့မုရ်ရစ်ကများက မုစ်လင်မ်တို့အား "အသင်တို့ ပြောဆိုသော နောင်တမလွန်ဘဝသည် အကယ်ပင် ဖြစ်ရှိနေပါကလည်း ငါတို့သည် ဤပစ္စက္ခတွင် အသင်တို့ထက် သာကြသကဲ့သို့ နောင်တမလွန်ဘဝတွင်လည်း အသင်တို့ထက် မချသာကြဦးမည်ပင်ဖြစ်သည်"ဟု ဆိုခဲ့ကြလေသည်။

ကြည့်-ခါဇိင်န်။

ဆိုလိုသည်ကား- အကောင်းနှင့်မကောင်းသည်၊ မတူသကဲ့သို့ ကောင်းကျိုးနှင့် ဆိုးကျိုးလည်း မတူနိုင်ပေ။ အုပ်စုတစ်ခုသည် အလ္လာဟ်အရှင်မြတ်အား သွေဖည်ခဲ့၏။ မကောင်းမှု ဒုစရိုက်များတွင် ➤➤

أَفَرَءَيْتَ مَنِ ٱتَّخَذَ إِلَٰهَهُۥ هَوَىٰهُ وَأَضَلَّهُ ٱللَّهُ عَلَىٰ عِلْمٍ وَخَتَمَ عَلَىٰ سَمْعِهِۦ وَقَلْبِهِۦ وَجَعَلَ عَلَىٰ بَصَرِهِۦ غِشَٰوَةً فَمَن يَهْدِيهِ مِنۢ بَعْدِ ٱللَّهِ ۚ أَفَلَا تَذَكَّرُونَ ﴿٢٣﴾

၂၃။ (အို-နဗီတမန်တော်) မိမိစိတ်အလိုဆန္ဒကို မိမိဆည်းကပ်ကိုးကွယ်ရာ ပြုလုပ်ထားသောသူအား အသင်မမြင်လေသလော။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် သိတော်မူပါလျက်နှင့်ပင် ၎င်းအား လမ်းမှား၌ရှိစေတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုသူ၏နားပေါ်၌လည်းကောင်း၊ ထိုသူ၏ စိတ်နှလုံးပေါ်၌လည်းကောင်း၊ တံဆိပ်ခတ်နှိပ်တော်မူခဲ့၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ၎င်း၏မျက်စိပေါ်ဝယ် အကာအဖုံးကို ပြုလုပ်ထားတော်မူခဲ့၏။

သို့ဖြစ်ပေရာ ထိုသူအား အလ္လာဟ်အရှင်မြတ်မှ လွဲ၍ မည်သူ တရားလမ်းမှန်ကို ညွှန်ပြအံ့နည်း။ သို့ပါလျက် အသင်တို့သည် တရားရယူကြသည် မရှိလေသလော။

وَقَالُوا۟ مَا هِىَ إِلَّا حَيَاتُنَا ٱلدُّنْيَا نَمُوتُ وَنَحْيَا وَمَا يُهْلِكُنَآ إِلَّا ٱلدَّهْرُ ۚ وَمَا لَهُم بِذَٰلِكَ مِنْ عِلْمٍ ۖ إِنْ هُمْ إِلَّا يَظُنُّونَ ﴿٢٤﴾

၂၄။ ထို့ပြင် ၎င်းတို့က အသက်ရှင်ခြင်းဟူသည် (ဤ)လောကီဘဝ၌ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းမှတစ်ပါးအခြားမရှိပြီ။ ကျွန်ုပ်တို့သည် (တစ်ကြိမ်တစ်ခါသာလျှင်) အသက်သေဆုံးကြ၍ (တစ်ကြိမ်တစ်ခါသာလျှင်) အသက်ရှင်ကြကုန်၏။ စင်စစ် ကျွန်ုပ်တို့အား ခေတ်ကာလသည်သာလျှင် ပျက်စီးစေ၏။ အမှန်စင်စစ် မှာမူကား ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့် အသိပညာမျှပင် မရှိချေ။ ၎င်းတို့သည် ရမ်းဆ(ပြောဆို)နေကြသည်သာ ဖြစ်သည်။

➤➤ နစ်မွန်းနေခဲ့၏။ အခြားအုပ်စုတစ်ခုသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်၏။ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်၏။ ထိုအုပ်စုနှစ်ခုသည် အချင်းချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိပေရာ၊ ယင်းဆန့်ကျင်ဘက်အုပ်စု နစ်ခု၏ အကျိုးဆက်သည် အသို့လျှင် တူညီနိုင်အံ့နည်း။ မက္ကာမြို့သား မုရှ်ရစ်မ်များ၏ ပြောဆိုချက်သည် မှားခြင်းကြီးမကမှား၏။ ၎င်းတို့၏ ဆုံးဖြတ်ချက်မှာ ဆိုးရွားခြင်းကြီးမက ဆိုးရွား၏။

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايَٰتُنَا بَيِّنَٰتٍ مَّا كَانَ حُجَّتَهُمْ إِلَّآ أَن قَالُوا۟ ٱئْتُوا۟ بِـَٔابَآئِنَآ إِن كُنتُمْ صَٰدِقِينَ ﴿٢٥﴾

၂၅။ ထိုမှတစ်ပါး၊ ငင်းတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားစွာသော အာယတ်တော်များ ဖတ်ကြားခြင်း ခံရလေသောအခါ ငင်းတို့က "အသင်တို့သည် သစ္စာ ဝါဒီများဖြစ်ကြလျှင် ကျွန်ုပ်တို့၏(သေဆုံးလေပြီးသော) အဘ၊ ဘိုး၊ ဘေးတို့အား (တစ်ဖန် ရှင်ပြန်ထစေပြီး) ခေါ်ယူခဲ့ကြလေကုန်" ဟု ပြောဆိုခြင်းမှတစ်ပါး မည်သို့မျှ ဆင်ခြေတက်နိုင်ကြသည် မရှိပေ။

قُلِ ٱللَّهُ يُحْيِيكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يَجْمَعُكُمْ إِلَىٰ يَوْمِ ٱلْقِيَٰمَةِ لَا رَيْبَ فِيهِ وَلَٰكِنَّ أَكْثَرَ ٱلنَّاسِ لَا يَعْلَمُونَ ﴿٢٦﴾

၂၆။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့၊) အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား ရှင်စေတော်မူသည်။ ထို့နောက် ထို အရှင်မြတ်သည်ပင် အသင်တို့အား သေစေတော်မူမည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဒွိဟ သံသယ အလျှင်းမရှိသော "ကိယာမတ်" ရှင်ပြန်ထမည့် နေ့တွင် စုရုံးတော်မူပေမည်။ သို့ရာတွင် အများဆုံးသော သူတို့မှာမူကား သိရှိကြသည် မဟုတ်ပေ။

وَلِلَّهِ مُلْكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ وَيَوْمَ تَقُومُ ٱلسَّاعَةُ يَوْمَئِذٍ يَخْسَرُ ٱلْمُبْطِلُونَ ﴿٢٧﴾

၂၇။ ငင်းပြင် မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ် မှုသည်လည်းကောင်း၊ ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မှု သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌သာ ရှိ၏။ ထိုမှတစ်ပါး "ကိယာမတ်" ရှင်ပြန်ထမည့် အချိန်ကာလ ဆိုက်ရောက်လာမည့်နေ့တွင်မူ အမှားကို လိုက်စားကြ ကုန်သောသူတို့မှာ ပျက်စီးဆုံးရှုံးကြပေမည်။ ၁

---

① အထက်တွင် ကိယာမတ်နေ့၌ အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးတို့အား ရှင်ပြန်ထစေပြီး စုရုံးတော်မူမည့်အကြောင်း ပါရှိ၏။ ဤသည် ထိုအရှင်မြတ်အဖို့ အသို့မျှ အခက်အခဲမရှိ။ အဘယ်ကြောင့်ဆိုသော် မိုးမြေနှင့်တကွ စကြာဝဠာအဝှန်းကို စိုးမိုးအုပ်ချုပ်သည့် အာဏာစက်သည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ အလိုတော်ရှိသလို ခြယ်လှယ်တော်မူနိုင်ပေသည်။ သို့ဖြစ်ရာ ကိယာမတ်နေ့နှင့် စပ်လျဉ်း၍ လွဲမှားနေသော၊ ကိယာမတ်ကို မယုံကြည်သောသူများသည် ကိယာမတ်ဖြစ်သည့်နေ့တွင် အကြီးအကျယ် ဆုံးရှုံးပျက်စီးကြရပေမည်။

وَتَرَىٰ كُلَّ أُمَّةٍ جَاثِيَةً ۚ كُلُّ أُمَّةٍ تُدْعَىٰ إِلَىٰ كِتَابِهَا ۖ الْيَوْمَ تُجْزَوْنَ مَا كُنْتُمْ تَعْمَلُونَ ﴿٢٨﴾

၂၈။ ထိုမှတစ်ပါး: (အို-နဗီတမန်တော်) အသင်သည် ("ကိယာမတ်" နေ့တွင်) သာသနာဝင် အုပ်စုတိုင်းအား ခွူးထောက်လျက် ရှိကြမည်ကို တွေ့မြင်ရပေမည်။ သာသနာဝင် အုပ်စုတိုင်းမှ ၎င်းတို့၏ မှတ်တမ်းစာအုပ် (ရှိရာ)သို့ ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။ "ယနေ့ သော်ကား အသင်တို့သည် မိမိတို့၏ ကျင့်မူချက်များနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရပေမည်"။

هَٰذَا كِتَابُنَا يَنْطِقُ عَلَيْكُمْ بِالْحَقِّ ۚ إِنَّا كُنَّا نَسْتَنْسِخُ مَا كُنْتُمْ تَعْمَلُونَ ﴿٢٩﴾

၂၉။ ဤသည် ငါအရှင်မြတ်၏ မှတ်တမ်းစာအုပ်ပင်။ ယင်းမှတ်တမ်းစာအုပ်သည် အသင်တို့နှင့်ပတ်သက်၍ တိကျမှန်ကန်စွာ ပြောပြနေပေသည်။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူခဲ့ကြသည်ကို ရေးမှတ်စေလျက် ရှိတော်မူခဲ့ပေသတည်း။ ၁

فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَيُدْخِلُهُمْ رَبُّهُمْ فِي رَحْمَتِهِ ۚ ذَٰلِكَ هُوَ الْفَوْزُ الْمُبِينُ ﴿٣٠﴾

၃၀။ သို့ဖြစ်ပေရာ သက်ဝင်ယုံကြည်၍ ကောင်းမှုများကို ကျင့်မူကြကုန်သောသူတို့အား ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိမိကရုဏာတော်တွင်းသို့ ဝင်ရောက်စေတော်မူပေသည်။ ဤသည်ပင် လျှင် ထင်ရှားစွာသော အောင်မြင်မှု ဖြစ်ပေသည်။

وَأَمَّا الَّذِينَ كَفَرُوا أَفَلَمْ تَكُنْ آيَاتِي تُتْلَىٰ عَلَيْكُمْ

၃၁။ သို့ရာတွင် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့မှာမူကား: (ဤသို့ပြောဆိုခြင်းကို ခံကြရပေမည်)။ ငါအရှင်မြတ်၏ အာယတ်တော်များသည် အသင်တို့ ရှေ့ဝယ် ဖတ်ကြားခြင်း ခံခဲ့ရသည် မဟုတ်လော။

---

① အလ္လာဟ်အရှင်မြတ်၏ မှတ်တမ်းတော်သည် သက်ဆိုင်ရာတို့အား အပိုအလိုမပါ၊ တိကျမှန်ကန်စွာ ဖော်ပြပေမည်။ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိမြင်နိုင်စွမ်းရှိသော ဉာဏ်တော်ရှင် ဖြစ်တော်မူသည်။ အစအဆုံး: အကြွင်းမဲ့သိတော်မူသည်။ ထိုအရှင်မြတ်အဖို့ကား: လူသားတို့အား ကျိုးပြစ်ပေးတော်မူရန်အတွက် စစ်ဆေးနေတော်မူရန်ပင် မလိုပေ။ အစအဆုံး: သိပြီးဖြစ်တော်မူသည်။ သို့တစေလည်း: ဥပဒေစည်းကမ်းအရ အထောက်အထား ခိုင်လုံပြည့်စုံ ထင်ရှားစေရန်အလို့ငှာ ကောင်းကင်တမန်များအား: ရေးမှတ်ထားစေတော်မူခဲ့သည်။ ကောင်းကင်တမန်များ၏ မှတ်တမ်းများသည် တစ်နည်းအားဖြင့် (မနှိုင်းစကောင်း) ပုလိပ်မှတ်တမ်းမျိုးပင်။

فَاسْتَكْبَرْتُمْ وَكُنْتُمْ قَوْمًا مُّجْرِمِينَ ﴿٣١﴾

သို့တစေလည်း အသင်တို့သည် မာနထောင်လွှားခဲ့ကြကုန်၏။ ၎င်းပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။ **(တစ်နည်း)** အမှန်သော်ကား အသင်တို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَإِذَا قِيلَ إِنَّ وَعْدَ اللَّهِ حَقٌّ وَالسَّاعَةُ لَا رَيْبَ فِيهَا قُلْتُم مَّا نَدْرِي مَا السَّاعَةُ إِن نَّظُنُّ إِلَّا ظَنًّا وَمَا نَحْنُ بِمُسْتَيْقِنِينَ ﴿٣٢﴾

၃၂။ ထို့ပြင် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်၏ ချိန်းဆိုချက်သည် မှန်ကန်သည် ဟူ၍လည်းကောင်း၊ ရှင်ပြန်ထမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ မည်သည့် ဒွိဟသံသယမျှပင် မရှိပြီဟူ၍လည်းကောင်း၊ ပြောဆိုခြင်းခံခဲ့ရလေသောအခါ အသင်တို့က "ရှင်ပြန်ထမည့် အချိန်ကာလသည် အဘယ်နည်းဟူ၍ ကျွန်ုပ်တို့သည် မသိကြပြီ။ ကျွန်ုပ်တို့၌ (ယင်းရှင်ပြန်ထမည့်အချိန်နှင့် စပ်လျဉ်း၍) ရမ်းဆတွေးထင်ခဲ့သော ထင်မြင်ယူဆချက် တစ်ခုသာလျှင်ရှိပေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ယုံကြည်သူများ မဟုတ်ပေ" ဟု ပြောဆိုခဲ့ကြသည်။

وَبَدَا لَهُمْ سَيِّئَاتُ مَا عَمِلُوا وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٣٣﴾

၃၃။ ၎င်းပြင် (ထိုနေ့တွင်) ၎င်းတို့ရှေ့ဝယ် ၎င်းတို့ပြုမူခဲ့ကြကုန်သောမကောင်းမှုများ၏ ဆိုးယုတ်မှုများသည် ပေါ်လွင်၍ လာခဲ့ပေမည်။ ထို့ပြင် ၎င်းတို့ ပြက်ရယ်ပြောင်လှောင်ခဲ့ကြသော အရာများသည်လည်း ၎င်းတို့အား ဝန်းဝိုင်းလျက် ရှိပေမည်။

وَقِيلَ الْيَوْمَ نَنسَاكُمْ كَمَا نَسِيتُمْ لِقَاءَ يَوْمِكُمْ هَٰذَا وَمَأْوَاكُمُ النَّارُ وَمَا لَكُم مِّن نَّاصِرِينَ ﴿٣٤﴾

၃၄။ ထိုမှတစ်ပါး (၎င်းတို့သည် ဤသို့)ပြောဆိုခြင်း ခံရပေမည်။ အသင်တို့သည် မိမိတို့၏ ဤနေ့နှင့်တွေ့ဆုံခြင်းကို မေ့လျော့ခဲ့ကြသည့်နည်းတူ ငါ အရှင်မြတ်သည်လည်း ယနေ့ အသင်တို့အား မေ့လျော့တော်မူမည်။ ထို့ပြင် အသင်တို့၏ ခိုလှုံရာဌာနမှာ ငရဲမီးပင်ဖြစ်သည်။ ထိုမှတစ်ပါး အသင်တို့၌ ကူညီစောင်မအံ့သောသူများဟူ၍လည်း မရှိတော့ပြီ။

ذَٰلِكُمْ بِأَنَّكُمُ اتَّخَذْتُمْ آيَاتِ اللَّهِ هُزُوًا وَغَرَّتْكُمُ الْحَيَاةُ الدُّنْيَا ۚ فَالْيَوْمَ لَا يُخْرَجُونَ مِنْهَا وَلَا هُمْ يُسْتَعْتَبُونَ ﴿٣٥﴾

၃၅။ ထိုသို့ဖြစ်ရခြင်းမှာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို ပြက်ရယ်ပြောင်လှောင်ဖွယ်များ ပြုလုပ်ခဲ့ကြသောကြောင့်လည်းကောင်း၊ လောကီဘဝသည် အသင်တို့အား ဖြားယောင်းခဲ့သောကြောင့်လည်းကောင်း၊ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ ယနေ့သော်ကား ၎င်းတို့သည် ယင်းငရဲမီးမှ ထွက်စေခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ (အလ္လာဟ်အရှင်မြတ်အား) နှစ်သက်စေကြရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည် မဟုတ်ချေ။

فَلِلَّهِ الْحَمْدُ رَبِّ السَّمَاوَاتِ وَرَبِّ الْأَرْضِ رَبِّ الْعَالَمِينَ ﴿٣٦﴾

၃၆။ စင်စစ်မှာကား ချီးမွမ်းထောပနာအပေါင်းတို့သည် မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသောအရှင်၊ ကမ္ဘာမြေကို ဖန်ဆင်းတော်မူသောအရှင်၊ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူသည့် အလ္လာဟ်အရှင်မြတ်နှင့်သာလျှင် ဆက်စပ်ပေသည်။

وَلَهُ الْكِبْرِيَاءُ فِي السَّمَاوَاتِ وَالْأَرْضِ ۖ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٣٧﴾

၃၇။ ထိုမှတစ်ပါး မိုးကောင်းကင်များ၌လည်းကောင်း၊ ကမ္ဘာမြေ၌လည်းကောင်း၊ ထူးကဲကြီးမြတ်ခြင်းသည် ထိုအရှင်မြတ်၌သာရှိပေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်သာလျှင် လွန်စွာ နိုင်နင်းလွမ်းမိုးတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသည်။

သဲတောင်များကဏ္ဍ



ဤကဏ္ဍသည် "အဟ်ကာဖ်" သဲတောင်များအကြောင်း ပါဝင်သောကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၃၅)ပါး၊
ရကူအ် အပိုဒ်ပေါင်း(၄)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ○

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်
သနားကြင်နာ ညှာတာတော်မူသော၊
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

حٰمٓ ①

၁။ ဟာ၊ မီမ်။

تَنْزِيلُ الْكِتٰبِ مِنَ اللَّهِ الْعَزِيزِ الْحَكِيمِ ②

၂။ (ဤသည်) လွန်စွာနိုင်နင်းလွှမ်းမိုးတော်မူသော နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်အထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ပင်ဖြစ်၏။

مَا خَلَقْنَا السَّمٰوٰتِ وَالْأَرْضَ وَمَا بَيْنَهُمَآ إِلَّا بِالْحَقِّ وَأَجَلٍ مُّسَمًّى ۚ وَالَّذِينَ كَفَرُوا عَمَّآ أُنْذِرُوا مُعْرِضُونَ ③

၃။ ငါအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ကမ္ဘာမြေ နှစ်ခု၏အကြားတွင် ရှိသမျှတို့ကိုလည်းကောင်း၊ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့သည့်အပြင် အချိန်ကာလတစ်ခု သတ်မှတ်ပိုင်းခြား၍ ဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း သွေဖည်ငြင်းပယ်သောသူတို့မှာမူ မိမိတို့ သတိပေးနှိုးဆော်ခြင်း ခံကြရသည်များမှ မျက်နှာလွှဲလျက်ပင် ရှိကြကုန်၏။

قُلْ أَرَءَيْتُم مَّا تَدْعُونَ مِن دُونِ اللَّهِ ۖ أَرُونِى مَاذَا خَلَقُوا مِنَ الْأَرْضِ

၄။ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား (ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ပြောပြကြလေကုန်။ အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အသင်တို့ ဟစ်ခေါ်တသကြသော အရာ

أَمْ لَهُمْ شِرْكٌ فِي السَّمٰوٰتِ ۖ
ائْتُونِي بِكِتٰبٍ مِّن قَبْلِ هٰذَآ
أَوْ أَثٰرَةٍ مِّنْ عِلْمٍ إِن كُنتُمْ
صٰدِقِينَ ۝٤

များသည် မည်သည့်မြေကို ဖန်ဆင်းခဲ့ကြသည်ကို၊ သို့တည်းမဟုတ် ၎င်းတို့အဖို့ မိုးကောင်းကင်များ၌ ဖက်စပ်ပါဝင်ခြင်းရှိသည်ကို ငါ့အား အသင်တို့ ပြကြလေကုန်။

အသင်တို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် ဤကျမ်းဂန်၏အလျင် ကျရောက်ခဲ့သော ကျမ်းဂန်တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ (ရှေးအဆက်ဆက်မှ လာရှိသော) အသိပညာမှ အရပ်အမြွှက်ပြသော အကြောင်းအချက် တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ ငါ့ထံ ယူခဲ့ကြလေကုန်။

وَمَنْ أَضَلُّ مِمَّن يَدْعُوا مِن
دُونِ اللَّهِ مَن لَّا يَسْتَجِيبُ لَهُ
إِلَىٰ يَوْمِ الْقِيٰمَةِ وَهُمْ عَن
دُعَآئِهِمْ غٰفِلُونَ ۝٥

وَإِذَا حُشِرَ النَّاسُ كَانُوا لَهُمْ
أَعْدَآءً وَكَانُوا بِعِبَادَتِهِمْ
كٰفِرِينَ ۝٦

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايٰتُنَا
بَيِّنٰتٍ قَالَ الَّذِينَ كَفَرُوا
لِلْحَقِّ لَمَّا جَآءَهُمْ هٰذَا
سِحْرٌ مُّبِينٌ ۝٧

၅။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်အပြင် အခြားသူများကို ဟစ်ခေါ်သောသူထက် ပို၍ လမ်းမှားသောသူ မည်သူရှိအံ့နည်း။ ၎င်းတို့သည် ထိုသူ၏ စကားကို 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တိုင်အောင် ဖြေကြားကြမည် မဟုတ်သည်သာမက ၎င်းတို့မှာ ဤသူတို့၏ဟစ်ခေါ်ခြင်းကိုပင် သိကြရှာသူများမဟုတ်ပြီ။

၆။ ထိုမှတပါး လူတို့သည် စုရုံးခြင်းခံကြရသော အခါ ၎င်းတို့မှာ ထိုသူတို့၏ရန်သူများပင် ဖြစ်သွားကြပေမည်။ ထိုမှတပါး၊ ၎င်းတို့သည် ထိုသူတို့၏ ဆည်းကပ် ကိုးကွယ်မှုကိုပင် ငြင်းပယ်ကြပေမည်။

၇။ ထို့ပြင် ၎င်းတို့၏ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားစွာသော အာယတ်တော်များ ဖတ်ကြားခြင်း ခံရလေသောအခါ သွေဖည်ငြင်းပယ်သောသူတို့က အမှန်တရားတည်းဟူသော (ကုရ်အာန်ကျမ်းတော်)နှင့် စပ်လျဉ်း၍ ယင်းအမှန်တရားသည် ၎င်းတို့ထံ ရောက်လာသောအခါ ဤသည် ထင်ရှားစွာသောပဉ္စလက် အတတ်ပညာ ဖြစ်သည်ဟူ၍ ပြောဆိုကြကုန်၏။

أَمْ يَقُولُونَ افْتَرَىٰهُ ۖ قُلْ إِنِ افْتَرَيْتُهُ فَلَا تَمْلِكُونَ لِي مِنَ اللَّهِ شَيْـًٔا ۖ هُوَ أَعْلَمُ بِمَا تُفِيضُونَ فِيهِ ۖ كَفَىٰ بِهِ شَهِيدًا بَيْنِي وَبَيْنَكُمْ ۖ وَهُوَ الْغَفُورُ الرَّحِيمُ ﴿٨﴾

၈။ ၎င်းတို့က ဤသူ(မုဟမ္မဒ်)သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို ကြံစည်ဖန်တီးထားသည်ဟု ပြောဆိုကြလေသလော။ (သို့ဖြစ်လျှင် အို-နဗီတမန်တော်၊) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊) အကယ်၍ ငါသည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ကြံစည်ဖန်တီးထားပါလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ ငါ့အား လုံးဝကယ်နိုင်ကြသည် မရှိချေ။ယင်းကုရ်အာန်ကျမ်းတော်မြတ်နှင့်စပ်လျဉ်း၍ အသင်တို့ ပြောဆိုလျက်ရှိကြသည်တို့ကို ထိုအရှင်မြတ်သည် အသိဆုံးပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်ပင် အသင်တို့နှင့် ငါ၏အကြားဝယ် လုံလောက်သောသက်သေဖြစ်တော်မူ၏။ သက်သေအဖြစ် လုံလောက်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

قُلْ مَا كُنْتُ بِدْعًا مِّنَ الرُّسُلِ وَمَا أَدْرِي مَا يُفْعَلُ بِي وَلَا بِكُمْ ۖ إِنْ أَتَّبِعُ إِلَّا مَا يُوحَىٰ إِلَيَّ وَمَا أَنَا إِلَّا نَذِيرٌ مُّبِينٌ ﴿٩﴾

၉။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) ငါသည် ရာဇူလ်တမန်တော်တို့အနက် အသစ်အဆန်းမဟုတ်ပြီ။ ထို့ပြင် ငါသည် မိမိနှင့်ပတ်သက်၍လည်းကောင်း၊ အသင်တို့နှင့်ပတ်သက်၍လည်းကောင်း၊ မည်သို့ ပြုလုပ်ခြင်းခံရမည်ကို သိရှိသည်မဟုတ်ပြီ။ ငါသည် မိမိထံ ထုတ်ပြန်ခြင်းခံရလေသော 'ဝဟ်ယ်' အမိန့်တော်ကိုသာလျှင် လိုက်နာ၏။ ထို့မှတပါး ငါသည် ရှင်းလင်းထင်ရှားစွာသတိပေးနှိုးဆော်သူတစ်ဦးမှအပ အခြားမဟုတ်ပြီ။

---

① ဆိုလိုသည်ကား တမန်တော်မြတ်က ပြောကြားခဲ့သည်မှာ အချင်းတို့-ကျွန်ုပ်ကား တမန်တော်အသစ်အဆန်းမဟုတ်၊ တရားသစ် တရားဆန်းကို ယူဆောင်လာသည်လည်းမဟုတ်၊အတိတ်ကာလများ၌ ကမ္ဘာတစ်ခွင်တွင် တမန်တော်အမြောက်အမြား ပွင့်ခဲ့ကြချေပြီ။ ထိုထိုသောတမန်တော်များ ဟောကြားတော်မူခဲ့ကြကုန်သော ➤➤

قُلْ أَرَءَيْتُمْ إِن كَانَ مِنْ عِندِ ٱللَّهِ وَكَفَرْتُم بِهِۦ وَشَهِدَ شَاهِدٌ مِّنۢ بَنِىٓ إِسْرَٰٓءِيلَ عَلَىٰ مِثْلِهِۦ فَـَٔامَنَ وَٱسْتَكْبَرْتُمْ ۖ إِنَّ ٱللَّهَ لَا يَهْدِى ٱلْقَوْمَ ٱلظَّٰلِمِينَ ﴿١٠﴾

၁၀။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့၊) အသင်တို့သည် ငါ့အား ပြောပြ ကြလေကုန်။ အကယ်၍ ဤကုရ်အာန်ကျမ်းတော်မြတ် သည် အလ္လာဟ်အရှင်မြတ် အထံတော်မှ (ထုတ်ပြန် သော) ကျမ်းဂန်ဖြစ်အုံ့။ သို့ရာတွင် အသင်တို့သည် ယင်း ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်လျက် ရှိအုံ့။ (သို့ဖြစ်လျှင် အသင်တို့၏ အခြေအနေသည် မည်သို့ဖြစ်အုံ့နည်း။) အမှန်စင်စစ်သော်ကား ယင်း ကုရ်အာန်ကျမ်းတော်ကဲ့သို့သောကျမ်းဂန်(တောင်ရာတ်) ကို အီစ်ရာအီလီ အမျိုးသားတို့အနက် သက်သေ တစ်ဦးသည် သက်သေခံခဲ့ပြီးနောက် သက်ဝင်ယုံကြည် ခဲ့ပြီးဖြစ်၏။ သို့ပါလျက် အသင်တို့မှာမူကား (သက်ဝင် ယုံကြည်ကြသည်မရှိ၊) မောက်မာ၍သာ နေခဲ့ကြကုန် ၏။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မတရား သောသူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။

وَقَالَ ٱلَّذِينَ كَفَرُوا۟ لِلَّذِينَ ءَامَنُوا۟ لَوْ كَانَ خَيْرًا مَّا سَبَقُونَآ إِلَيْهِ ۚ

၁၁။ စင်စစ်သော်ကား သွေဖည်ငြင်းပယ်သောသူတို့ သည် 'မုအ်မင်နဲ့' သက်ဝင် ယုံကြည်သောသူတို့နှင့် ပတ်သက်၍ (ဤသို့)ပြောဆိုကြကုန်၏။ အကယ်၍ ထိုကုရ်အာန်သည် ကောင်းမြတ်သော အရာတစ်စုံတစ်ခု

➤➤ တရားကိုပင် ကျွန်ုပ် ဟောပြောနေခြင်း ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အား တမန်တော်အပေါင်းတွင် နောက်ဆုံးတမန်တော်အဖြစ် စေလွှတ်တော်မူခြင်းဖြစ်သည်။ ဤသည့်အကြောင်းကိုလည်း ပွင့်လေသမျှသော တမန်တော်အပေါင်းသည် အသီးသီး ဗာဒိတ်ပေးသွားခဲ့ကြသည်။ ကျွန်ုပ်မည်သို့ ပြုမူခြင်းခံရမည်ကိုလည်း ကျွန်ုပ်မသိ၊ အသင်တို့ မည်သို့ပြုမူခြင်းခံကြရမည်ကိုလည်း ကျွန်ုပ်မသိ။ ကျွန်ုပ်သည် အသင်တို့ကဲ့သို့ လူသားတစ်ဦးမျှသာ ဖြစ်သည်။ ထူးခြားချက်တစ်ရပ်မှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်ထံသို့ (ဝဟ်ယ်) အမိန့်တော်များကို ထုတ်ပြန်ချမှတ် ပေးတော်မူသည်။ ကျွန်ုပ်သည် ထိုသည့်အမိန့်တော်များကို ဦးလည်မသုန် နာယူကျင့်မူသည်။ ထိုသည့်အမိန့်တော် များအရ ကျွန်ုပ်သည် အသင်တို့အား အထင်အရှား သတိပေး နှိုးဆော်သည်။ သို့ပါလျက် အသင်တို့သည် ကျွန်ုပ်၏ တရားများကို နာယူကျင့်မူရာတွင် အဘယ်ကြောင့် ရွံ့တွန့်ဆုတ်ဆိုင်းနေကြသနည်း။

وَإِذْ لَمْ يَهْتَدُوا بِهِ فَسَيَقُولُونَ هَٰذَا إِفْكٌ قَدِيمٌ ﴿١١﴾

ဖြစ်ခဲ့မူ ထို 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့မှာ ငါတို့ထက်ဦးစွာ ယင်းကုရ်အာန်ကို သက်ဝင်ယုံကြည်နိုင်ကြမည်မဟုတ်ပေ။ တစ်ဖန် ၎င်းတို့သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ဖြင့် တရားလမ်းမှန်ကို မရခဲ့ကြသောအခါ ၎င်းတို့က ဤသည် ရှေးဟောင်းမုသားပင် ဖြစ်သည်ဟူ၍ ပြောဆိုကြကုန်၏။

وَمِن قَبْلِهِ كِتَابُ مُوسَىٰ إِمَامًا وَرَحْمَةً ۚ وَهَٰذَا كِتَابٌ مُصَدِّقٌ لِّسَانًا عَرَبِيًّا لِّيُنذِرَ الَّذِينَ ظَلَمُوا وَبُشْرَىٰ لِلْمُحْسِنِينَ ﴿١٢﴾

၁၂။ အမှန်စင်စစ်မှာမူကား ဤကုရ်အာန်ကျမ်းတော်မြတ်အလျင် မူစာ၏ကျမ်းဂန် (တောင်ရာတ်)သည် ရှေ့ဆောင်လမ်းပြအဖြစ်လည်းကောင်း၊ ကရုဏာအဖြစ်လည်းကောင်း၊ ရှိခဲ့၏။ [၁] ထို့ပြင် ဤကျမ်းဂန်မှာ (ယင်းတောင်ရာတ်ကျမ်းကို) ထောက်ခံသော ကျမ်းဂန်ဖြစ်၏။ မတရားကျူးလွန်သော (မက္ကာမြို့သား)တို့အား သတိပေးနှိုးဆော်ရန် အရဗီဘာသာစကားဖြင့် ထုတ်ပြန်ထား၏။ ၎င်းပြင် ကောင်းမှုပြုသူတို့အဖို့ သတင်းကောင်းလည်းဖြစ်၏။ [၂]

إِنَّ الَّذِينَ قَالُوا رَبُّنَا اللَّهُ ثُمَّ اسْتَقَامُوا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿١٣﴾

၁၃။ ဧကန်မလွဲ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်မှာ အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောကြပြီးနောက် (ယင်းယုံကြည်ချက်ပေါ်၀ယ်) ကြံ့ခိုင်စွာ တည်ရှိကြကုန်သော သူတို့၌ မည်သည့်စိုးရိမ်မှုလည်း ရှိလိမ့်မည်မဟုတ်ပေ။ ထိုမှတပါး၊ ၎င်းတို့သည် ပူပင်သောကဖြစ်ကြရမည်လည်း မဟုတ်ပေ။

---

① ဆိုလိုသည်ကား ယနေ့ကုရ်အာန်က တင်ပြနေသော အခြေခံသဘောတရားများသည် အသစ်အဆန်းမဟုတ်။ ကုရ်အာန်မကျရောက်မီ နှစ်ပရိဏ္ဍေဒ ထောင်ပေါင်းများစွာ အလျင်ကပင် တမန်တော် မူစာချီးမြှင့်တော်မူခြင်းခံခဲ့ရသော တောင်ရာတ်ကျမ်းသည် ယင်းသည့်အခြေခံသဘောတရားများကို တင်ပြခဲ့ပေသည်။ တောင်ရာတ်ကျမ်းသည် မိမိ၏ ဒေသနာတော်ဗျာဒိတ်တော်များဖြင့် အမှန်တရားကို ညွှန်ပြခဲ့သည်သာမက၊ ကရုဏာတော်တည်းဟူသော တံခါးကိုလည်း ဖွင့်ပေးခဲ့ပေသည်။

② ဆိုလိုသည်ကား ဤကုရ်အာန်ကျမ်းမြတ်သည် အဆိုပါ တောင်ရာတ်ကျမ်းလာ ဒေသနာတော်များနှင့် ➤➤

أُولَٰئِكَ أَصْحَابُ الْجَنَّةِ
خَالِدِينَ فِيهَا جَزَاءً بِمَا كَانُوا
يَعْمَلُونَ ﴿١٤﴾
وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ
إِحْسَانًا ۖ حَمَلَتْهُ أُمُّهُ كُرْهًا
وَوَضَعَتْهُ كُرْهًا ۖ وَحَمْلُهُ
وَفِصَالُهُ ثَلَاثُونَ شَهْرًا ۚ حَتَّىٰ إِذَا
بَلَغَ أَشُدَّهُ وَبَلَغَ أَرْبَعِينَ سَنَةً

၁၄။ ထိုသူတို့မှာ 'ဂျန္နတ်'သုခ ဘုံသားများပင် ဖြစ်ကြကုန်၏။ ယင်းသုခဘုံ၌ အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ (ဤသည်) ၎င်းတို့ကျင့်ကြံခဲ့ကြသော အကျင့်အကြံတို့၏ အစားပေးခြင်းပင် ဖြစ်ပေသတည်း။

၁၅။ စင်စစ်သော်ကား ငါအရှင်မြတ်သည် 'မနုဿ' လူသားအား ၎င်း၏မိဘနှစ်ပါးနှင့်ပတ်သက်၍ ကောင်းစွာပြုစုရန် လေးနက်စွာအမိန့်ပေးတော်မူခဲ့၏။ ၎င်း၏ မိခင်မှာ ၎င်းအား ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာနှင့် (မိမိဝမ်းတွင်းဝယ်) သယ်ပိုးလွယ်ပိုက်ခဲ့၏။ ထို့ပြင် ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာနှင့်ပင် ၎င်းအားမွေးဖွားခဲ့၏။ [၁] ထို့ပြင် ၎င်းအား သယ်ပိုးလွယ်ပိုက်ခြင်းနှင့် ၎င်းအားနို့ဖြတ်ခြင်း(၏ အချိန်ကာလမှာ) လပေါင်း သုံးဆယ်ဖြစ်၏။ နောက်ဆုံးတွင် ထိုလူသားသည် မိမိ အရွယ်ရောက် လူလားမြောက်ခြင်းသို့ ရောက်ရှိ၍ အနှစ်လေးဆယ် (အရွယ်)သို့ရောက်လေသောအခါ (ဤသို့) ပန်ကြားလျှောက်ထားလေ၏။ [၂]

➤➤ ဗျာဒိတ်တော်များကို ထောက်ခံလျက်၊ သရုပ်ဖော်လျက်ရှိသည်။ တောင်ရာတန့် ကုရ်အာန်သည် အညမညဖြစ်သည်။ တောင်ရာတန့် ကုရ်အာန်သည် အညမည ဖြစ်သည်။ ကောင်းကင်ကျ ကျမ်းဂန်အားလုံးသည် ဤအတိုင်းပင်။ ကုရ်အာန်သည် စည်းကမ်းကျူးလွန်နေသူများအား သတိပေးသည်။ သူတော်ကောင်းများအား ကောင်းချီးသတင်းပေးသည်။

① သားသမီးများအား လူလားမြောက်သည်အထိ ပြုစုပျိုးထောင်ပေးကြသော မိဘနှစ်ပါး၏ ကျေးဇူးကား ကြီးမားလှပေသည်။ မိဘနှစ်ပါးတွင် မိခင်ဖြစ်သူသည် ကိုယ်ဝန်ဆောင်သည့်အချိန်မှစ၍ သားငယ်အား ပင်ပန်းကြီးစွာဖြင့် လပေါင်းများစွာ လွယ်ပိုး သယ်ပိုက်ထားခဲ့ရရှာသည်။ ပင်ပန်းကြီးစွာဖြင့်ပင် ဖွားမြင်ခဲ့ရရှာသည်။ ပင်ပန်းကြီးစွာဖြင့် ဖွားမြင်ပြီးပြန်သော် ဖဝါးလက်နှစ်လုံး ပခုံးလက် နှစ်သစ် ဘဝကစ၍ လပေါင်းများစွာ ယုယပိုက်ထွေး နို့ချိုတိုက်ကျွေးခဲ့ရရှာသည်။ သားငယ်အား ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှပြုစုခဲ့ရှာသည်။ သားငယ်အတွက် မိမိ၏ချမ်းသာမှုအစုစုကို စွန့်ခဲ့ရှာသည်။ ဒုက္ခအဝဝကို ပျော်ရွှင်စွာ ခံခဲ့ရှာသည်။

မိခင်သည် ကျန်သံယောဇဉ်အားလုံးကို ဖြတ်နိုင်သော်လည်း သားသမီးသံယောဇဉ်ကိုမူ မဖြတ်နိုင်ရှာပေ။ ထို့အတွက် သားသမီးများသည် မိဘနှစ်ပါး၏ကျေးဇူးကို အထူးသိကြရာသည်။ မိဘနှစ်ပါးအား အထူးရိုသေလေးစားကြရာသည်။ အသက်ထက်ဆုံး ကောင်းစွာ ပြုစုကြရာသည်။ ➤➤

قَالَ رَبِّ أَوْزِعْنِيٓ أَنْ أَشْكُرَ نِعْمَتَكَ ٱلَّتِيٓ أَنْعَمْتَ عَلَيَّ وَعَلَىٰ وَٰلِدَيَّ وَأَنْ أَعْمَلَ صَٰلِحًا تَرْضَىٰهُ وَأَصْلِحْ لِي فِي ذُرِّيَّتِيٓ ۖ إِنِّي تُبْتُ إِلَيْكَ وَإِنِّي مِنَ ٱلْمُسْلِمِينَ ﴿١٥﴾

အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏မိဘနှစ်ပါးအပေါ်၌လည်းကောင်း၊ မိမိပြုတော်မူခဲ့သောကျေးဇူးတော်နှင့်စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲတစေကျေးဇူးသိတတ်စေတော်မူပါ။ ၎င်းပြင် မိမိနှစ်သက်တော်မူသော ကောင်းမှုများကို ကျွန်တော်မျိုးအား အမြဲကျင့်မူနိုင်စွမ်း ပေးသနားတော်မူပါ။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးအဖို့ ကျွန်တော်မျိုး၏သားမြေးတို့၌လည်း အကျိုးဖြစ်စေတော်မူပါ။ (အရှည်အချင်းဖန်တီးပေးတော်မူပါ။) ဧကန်အမှန် ကျွန်တော်မျိုးသည် အရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ပါ၏။ ၎င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးသည် အလ္လာဟ်အမိန့်တော်ကို လိုက်နာသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါ၏။ [၁]

➤➤ တစ်ဖန် မိဘနှစ်ပါးတွင် မိခင်ဖြစ်သူသည် ဖခင်နှင့်စာလျှင် အစစအရာရာတွင် ပျော့ပျောင်းနွဲ့နောင်း၍ ချို့တဲ့ရာသည်ဖြစ်ရာ၊ သားသမီးများသည် မိခင်အား ပို၍ပင် သနားကြင်နာထောက်ထားကြရာသည်။ တမန်တော်မြတ်ကလည်း အောက်ပါအတိုင်း မိန့်မှာတော်မူခဲ့လေသည်။

သာဝကကြီး အဗူဟုရိုင်ရဟ်သခင်ထံမှ တစ်ဆင့်ကြားသိရသည်မှာ တပည့်သားတစ်ဦးသည် တမန်တော်မြတ်ထံ လာရောက်၍ တမန်တော်မြတ်မည်သူအား ပို၍ပြုစုရပါမည်နည်းဟုလျှောက်ထားရာ တမန်တော်မြတ်က 'သင့်မိခင်' ဟု ဖြေကြားတော်မူခဲ့၏။ ထိုတပည့်သားက ထို့နောက် မည်သူအား ပြုစုရပါမည်နည်းဟု မေးလျှောက်ပြန်ရာ တမန်တော်မြတ်က 'သင့်မိခင်'ဟု ဖြေကြားတော်မူခဲ့၏။ တပည့်သားက ထို့နောက် မည်သူအား ပြုစုရပါမည်နည်းဟု လျှောက်ထားပြန်ရာ၊ တမန်တော်မြတ်က 'သင့်မိခင်' ဟုပင် ဖြေကြားတော်မူခဲ့၏။ ထိုတပည့်သားက ထို့နောက် မည်သူအား ပြုစုရပါမည်နည်းဟု လျှောက်ထားပြန်ရာ၊ တမန်တော်မြတ်က သင့်ဖခင်ဟု ဖြေကြားတော်မူခဲ့၏။ (ဖုခါရီ၊ မွတ်စ်လင်မ်)

① လူသားတို့သည် များသောအားဖြင့် အသက် (၄၀) ရွယ်တွင် အသိဉာဏ် အမြော်အမြင်အတွေးအခေါ်၌ ပြည့်ဝစုံလင်လေ့ရှိကြပေသည်။ ထို့အတွက်ကြောင့် တမန်တော်များသည် သက်တော် (၄၀) အလျင် တမန်တော်အဖြစ် စေလွှတ်တော်မူခြင်းကို ခံခဲ့ကြရသည် မရှိပေ။

② အသက်(၄၀)ရွယ်သို့ ရောက်ကြပြီးနောက် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် အခြေအနေ အဆင်ပြေသော အကြောင်းလှသောသူတော်စင်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အရှင်မြတ် ကျွန်တော်မျိုးအပေါ်၌ ➤➤

أُولَٰئِكَ الَّذِينَ نَتَقَبَّلُ عَنْهُمْ أَحْسَنَ مَا عَمِلُوا وَنَتَجَاوَزُ عَن سَيِّئَاتِهِمْ فِي أَصْحَابِ الْجَنَّةِ ۖ وَعْدَ الصِّدْقِ الَّذِي كَانُوا يُوعَدُونَ ﴿١٦﴾

၁၆။ ထိုသူတို့သည်ပင် အကြင်သူများ ဖြစ်ကြကုန်၏။ ငါအရှင်မြတ်သည် ၎င်းတို့ထံမှ ၎င်းတို့၏ ကောင်းမြတ်လှသော ကျင့်မှုချက်များကို သဘောတူလက်ခံတော်မူပေမည်။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ၎င်းတို့၏ပြစ်မှုများကို (အရေးမယူ) လျစ်လျူရှုတော်မူပေမည်။ (၎င်းတို့မှာ) 'ဂျန္နတ်' သုခဘုံသားတို့တွင် အပါအဝင် ဖြစ်ကြပေမည်။ (ဤသည်) ၎င်းတို့ကတိပေးခြင်းခံခဲ့ကြရသော မှန်ကန်သော ကတိပြုချက်ပင် ဖြစ်ချေသတည်း။

➤➤ လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအပေါ်၌လည်းကောင်း၊ အရှင်မြတ် ပြုထားတော်မူသော ကျေးဇူးတော်များကို အမြဲတစေ၊ တုံ့ပြန်ကျေးဇူးတင်နိုင်ရန်နှင့် အရှင်မြတ် နှစ်သက်တော်မူသော အကျင့်သီလများကို အမြဲတစေ ဆောက်တည်နိုင်ရန် အရှင်မြတ်သည်ပင်၊ ကျွန်တော်မျိုးအား စွမ်းအားပေးသနားတော်မူပါ။ မိမိ၏ သားသမီးများကို ကောင်းစွာ သွန်သင်ပဲ့ပြင်ပေးနိုင်သည့် အရည်အချင်းကိုလည်း၊ ပေးသနားတော်မူပါ။

ကျွန်တော်မျိုးသည် မိမိ၏ မှားယွင်းမှု ချို့တဲ့မှုများနှင့် စပ်လျဉ်း၍လည်း အရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန် အသနားခံပါသည်။ ကျွန်တော်မျိုးသည် အမိန့်တော်နာခံသော မွတ်စ်လင်မ်တစ်ဦးဖြစ်ပါသည်ဟု ကျိုးနွံစွာ ဆုပန်ကြားလေ့ရှိသည်။ ဤကား အကြောင်းလှသော သူတော်စင်များ၏ ဂုဏ်ရည်များပင်။

ဆွဟာဗဟ် သာဝကကြီးများတွင် အဗူဗတ်က်ရ်၏ ထူးခြားချက်တစ်ရပ်မှာ သာဝကကြီးကိုယ်တိုင်လည်း အစ္စလာမ်ကို သက်ဝင်ယုံကြည်ခဲ့သည်။ သာဝကကြီး အဗူဗတ်က်ရ်၏ မိဘနှစ်ပါးတို့သည်လည်း အစ္စလာမ်ကို သက်ဝင်ယုံကြည်ခဲ့ကြပေသည်။ သာဝကကြီး အဗူဗတ်က်ရ်၏ သားသမီးများသည်လည်း အစ္စလာမ်ကို သက်ဝင်ယုံကြည်ခဲ့ကြပေသည်။

ထို့ပြင်တစ်ဝ သာဝကကြီး အဗူဗတ်က်ရ်၊ သာဝကကြီး အဗူဗတ်က်ရ်၏ မိဘနှစ်ပါးနှင့် သားသမီးများသည် အစ္စလာမ်ကို သက်ဝင် ယုံကြည်ခဲ့ကြသည်သာမက၊ တမန်တော်မြတ်၏ တပည့်သား 'ဆွဟာဗီ'များ ဖြစ်ရသည့် အခွင့်ထူးကိုလည်း ရရှိခဲ့ကြပေသည်။ တမန်တော်မြတ်၏ တပည့်သာဝက လောကတွင် ဤသည့် အခွင့်အလမ်းကို သာဝကကြီး အဗူဗတ်က်ရ်တစ်ပါးသာလျှင် ထူးထူးခြားခြား ရရှိခဲ့ပေသည်။

အလ္လာဟ်အရှင်မြတ်သည် ထိုသို့သော သူတော်စင်များ၏ ကုသိုလ် ကောင်းမှုများကို လက်ခံတော်မူသည်။ ၎င်းတို့၏ မေ့မှားမှုများကိုလည်း ခွင့်လွှတ်တော်မူသည်။ ထိုသို့သော သူတော်စင်များသည် ဂျန္နတ်၏ အမတသုခများကို အမြဲထာဝစဉ် ခံစားကြရမည်ဖြစ်သည်။ ဤကား ဤပစ္စက္ခတွင် လူသားတို့အား ကတိပြုထားတော်မူသည့် မှန်ကန်သော ကတိတော်၏ အကျိုးဆက်ပင်။

وَالَّذِي قَالَ لِوَالِدَيْهِ أُفٍّ لَّكُمَا أَتَعِدَانِنِي أَنْ أُخْرَجَ وَقَدْ خَلَتِ الْقُرُونُ مِن قَبْلِي وَهُمَا يَسْتَغِيثَانِ اللَّهَ وَيْلَكَ آمِنْ إِنَّ وَعْدَ اللَّهِ حَقٌّ فَيَقُولُ مَا هَٰذَا إِلَّا أَسَاطِيرُ الْأَوَّلِينَ ﴿١٧﴾

၁၇။ ၎င်းပြင် အကြင်သူသည် မိမိ၏ မိဘနှစ်ပါးအား (ဤသို့)ပြောဆို၍၏။ 'အသင်တို့နှစ်ဦးအဖို့ ရွက်ဖွယ်ပင် ကောင်းလှ၏။ အသင်တို့နှစ်ဦးသည် ကျွန်ုပ်အား (သခ်ျိုင်းထဲမှ) ကျွန်ုပ် ပြန်ထွက်စေခြင်းကို ခံရမည်ဟု ခြိမ်းခြောက်ကြလေသလော။ အမှန်စင်စစ် မှာမူကား၊ ကျွန်ုပ်၏အလျင် (မြောက်မြားစွာသော) လူမျိုးဆက်တို့သည် လွန်လေခဲ့လေပြီ'၊ [၁]

သို့တစေလည်း ထိုမိဘနှစ်ပါးတို့မှာ အလ္လာဟ်အရှင်မြတ်အထံတော်၌ ဟစ်အော်ငိုကြွေး အကူအညီတောင်းခံလျက်ရှိကြကုန်၏။ [၂] (တစ်ဖန် ထိုသို့သော သားသမီးအား ဤသို့ပြောဆိုကြလေ၏။) အသင်သည်ပျက်စီးရလေခြင်း၊ အသင်သည် သက်ဝင်ယုံကြည်ပါလော၊ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်၏ချိန်းချက်မှာကား မှန်ကန်သောချိန်းချက်မှုပင် ဖြစ်ပေ၏။ ထိုအခါ ၎င်းက 'ဤသည် ရှေးသူဟောင်းတို့၏ ယုံတမ်းစကားများသာလျှင် ဖြစ်သည်' ဟု ဆိုပြန်လေ၏။

---

① အထက်တွင် အရွယ်ရောက်၍ အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်သော၊ ထိုအရှင်မြတ်၏ ကျေးဇူးတော် သိတတ်သော၊ ကျေးဇူးတုံ့ပြန် လိုစိတ်ရှိသော၊ ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ရိုသေမြတ်နိုးသော .အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူသည့် အကျင့်သီလများကို ဆောက်တည်လိုသော မိမိ၏သားသမီးများကိုပါ လူတော်လူကောင်းတွေ ဖြစ်စေလိုသော၊မိမိ၏ ချို့တဲ့မှုများကို ဝန်ခံလိုသော မိမိ 'မွတ်စ်လင်မ်' ဖြစ်ရသည်ကို ဂုဏ်ယူသော သူတော်စင်များအကြောင်းပါရှိသည်။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်အား မယုံကြည်သော၊ သေပြီးနောက် ပြန်လည်ရှင်ထရမည်ကို မယုံကြည်သော၊ မိဘနှစ်ပါးအား မရိုသေမလေးစား မခန့်ညားသော မိဘနှစ်ပါးနှင့်ပင် မိုက်ရိုင်းစွာ စကားပြောဆိုသော ကာဖိရ် သားမိုက်အကြောင်းကို မိန့်ဆိုထားတော်မူသည်။

② ဆိုလိုသည်ကား - မိဘနှစ်ပါးတို့သည် မွတ်စ်လင်မ်များဖြစ်ကြပေရာ၊ ကာဖိရ် သားမိုက်၏ စကားများကို ကြားရပြီး ဝမ်းနည်းကြေကွဲကာ အလ္လာဟ်အရှင်မြတ်ထံတော်၌ အကူအညီကောင်းကြသည်။

သားမိုက်ကို အသင်ပျက်စီးရတော့မည်။ အသင်ယုံကြည်ပါ။ အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် မှန်ကန်သည်။ သေပြီးနောက်၊ အမှန်ရှင်ပြန်ထရမည်ဖြစ်သည်ဟု သံယောဇဉ် ကြီးစွာဖြင့် သွန်သင်ဆုံးမရာကြလေသည်။ ယခုခေတ်တွင်လည်း ဤသို့သော သားမိုက်များကြောင့် ပူဆွေးဒုက္ခ စိတ်သောကဖြစ်နေကြရရှာသော မိဘများကား မနည်းလှပေ။

أُولَٰئِكَ الَّذِينَ حَقَّ عَلَيْهِمُ الْقَوْلُ فِي أُمَمٍ قَدْ خَلَتْ مِن قَبْلِهِم مِّنَ الْجِنِّ وَالْإِنسِ ۖ إِنَّهُمْ كَانُوا خَاسِرِينَ ﴿١٨﴾

၁၈။ ထိုသူတို့ကား အကြင်သူတို့ပင်၊ ဂျင်နီအမျိုးသား တို့အနက်မှလည်းကောင်း၊ လူသားတို့အနက်မှလည်း ကောင်း၊ လွန်လေပြီးဖြစ်သောအမျိုးသားတို့နှင့်အတူ ၎င်းတို့နှင့်ပတ်သက်သော အလ္လာဟ်အရှင်မြတ်၏အမိန့် တော်မှာ အမှန်ဖြစ်ခဲ့လေပြီ။ ဧကန်မလွဲ ၎င်းတို့မှာ ဆုံးရှုံးသူများပင် ဖြစ်ကြကုန်၏။

وَلِكُلٍّ دَرَجَاتٌ مِّمَّا عَمِلُوا ۚ وَلِيُوَفِّيَهُمْ أَعْمَالَهُمْ وَهُمْ لَا يُظْلَمُونَ ﴿١٩﴾

၁၉။ စင်စစ်သော်ကား (မုအ်မင်န်၊ကာဖိရ်) အသီးသီး တို့၌ ၎င်းတို့ ကျင့်မူခဲ့ကြကုန်သော အကျင့်အမူများ အလိုက် အဆင့်အတန်းများ ရှိကြလေ၏။ ၎င်းပြင် (အလ္လာဟ်အရှင်မြတ်သည် ဤသို့ အကျိုးပေးတော် မူခဲ့ခြင်းမှာ) ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့၏ အကျင့်အမူများ၏အစားကို အပြည့်အစုံ ပေးတော်မူအံ့ သောငှာ ဖြစ်ပေသည်။ သို့ရာတွင် ၎င်းတို့မှာ (မည် သို့မျှ) မတရားပြုမူခြင်းကို ခံကြရမည် မဟုတ်ပေ။

وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ ۖ أَذْهَبْتُمْ طَيِّبَاتِكُمْ فِي حَيَاتِكُمُ الدُّنْيَا وَاسْتَمْتَعْتُم بِهَا ۖ فَالْيَوْمَ تُجْزَوْنَ عَذَابَ الْهُونِ بِمَا كُنتُمْ تَسْتَكْبِرُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنتُمْ تَفْسُقُونَ ﴿٢٠﴾

၂၀။ ၎င်းပြင် ကာဖိရ် သွေဖည်ငြင်းပယ်ကြသော သူတို့သည် ငရဲမီး၏ရှေ့သို့ယူလာခြင်းကို ခံကြရသော အခါ (ဤသို့မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်၊) အသင်တို့သည် မိမိတို့၏လောကီဘဝ၌ပင် မိမိတို့၏ ကောင်းမြတ်သောအရာများ (ဝါ) စည်းစိမ်ချမ်းသာ များကို ဖြုန်းတီးခဲ့ကြပြီ။ ယင်းစည်းစိမ်ချမ်းသာများ ဖြင့် အကျိုးလည်းခံစားခဲ့ကြပြီ။ သို့ဖြစ်ပေရာ ယနေ့ သော်ကား အသင်တို့သည် ကမ္ဘာမြေဝယ် မိမိတို့ မတရားသဖြင့် ဘဝင်မြင့်မောက်မာလျက် ရှိခဲ့ကြသော ကြောင့်လည်းကောင်း၊ အမိန့်တော်ကို သွေဖည်လျက် ရှိခဲ့ကြသောကြောင့်လည်းကောင်း၊ ကျိုးယုတ်ရွက်ရ ဖြစ်စေအံ့သော ပြစ်ဒဏ်ကိုအစားပေးခြင်း ခံကြရကုန် အံ့သတည်း။

وَاذْكُرْ أَخَا عَادٍ ۘ إِذْ أَنذَرَ قَوْمَهُ بِالْأَحْقَافِ وَقَدْ خَلَتِ النُّذُرُ مِن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ أَلَّا تَعْبُدُوا إِلَّا اللَّهَ ۖ إِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ ﴿٢١﴾

၂၁။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'အာဒ်' အမျိုးသားတို့၏နောင်တော် (တမန်တော်ဟူဒ်)၏ အကြောင်းပြောပြပါလေ။ တစ်ရံ ရောအခါဝယ် ထိုနောင်တော်သည် မိမိအမျိုးသားတို့အား 'အဟ်ကာဖ်' အမည်ရှိ သဲတောင်များ (ရွာ)၌ သတိပေးနှိုးဆော်ခဲ့၏။ [၁]

ထို့ပြင် ထိုနောင်တော်အလျင်လည်းကောင်း၊ ထိုနောင်တော် နောက်တွင်လည်းကောင်း၊ သတိပေးနှိုးဆော်သူများသည် လွန်လေခဲ့ပြီး ဖြစ်ကြကုန်၏။ (ထိုနောင်တော်က) အသင်တို့သည် အလွှာဟ်အရှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။ ဧကန်စင်စစ် ငါသည် အသင်တို့နှင့်ပတ်သက်၍ ကြီးကျယ်လှစွာသောနေ့၏ ပြစ်ဒဏ်ကို စိုးရိမ်သည်ဟူ၍(သတိပေးနှိုးဆော်ခဲ့၏၊)

قَالُوا أَجِئْتَنَا لِتَأْفِكَنَا عَنْ آلِهَتِنَا ۖ فَأْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الصَّادِقِينَ ﴿٢٢﴾

၂၂။ ၎င်းတို့က (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ 'အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ကိုးကွယ်ရာတို့မှ လွှဲဖယ်ရန် ကျွန်ုပ်တို့ထံ လာခဲ့လေသလော။ သို့ဖြစ်လျှင် အသင်သည် သစ္စာဝါဒီတစ်ဦး ဖြစ်ပါမူ အသင် ကျွန်ုပ်တို့အား ခြိမ်းခြောက်လျက်ရှိသော (ပြစ်ဒဏ်)ကို ကျွန်ုပ်တို့ထံ ယူဆောင်ခဲ့လော့'။

---

① တမန်တော်ဟူဒ်သည် မိမိ၏ အမျိုးသားများအား အဟ်ကာဖ်တွင် သတိပေးခဲ့၏။ 'အဟ်ကာဖ်' ဟူသောဟုဒ်၏ မူရင်းအနက်မှာ ရှည်လျားသော သဲတောင်များဟူ၍ဖြစ်သည်။ 'အဟ်ကာဖ်' သည် အာဃယ်မှာနည်း။

ယမာမတ်၊ အွမ္မာန်၊ ဗဟ်ရိုင်န်၊ ဟဿရမောက်တ်နှင့် အနောက် ယမန်၏ စပ်ကြားတွင် 'ဒဟ်နာ'၊ 'ရဗ်အုခါလီ' မည်တွင်သော အလွန်ကြီးမားသော သဲကန္တာရကြီးရှိသည်။ ထိုကန္တာရကြီးမှာ နေထိုင်ရန် မလျော်ကန်ခဲ့ပေ။

သို့တစေလည်း ထိုသဲကန္တာရကြီး၏ အစွန်အဖျားတွင် အချို့အချို့သောဒေသများမှာ လူများနေနိုင်ကြလောက်အောင် မြေဩဇာကောင်းပေသည်။ အထူးသဖြင့် ဟဿရမောက်တ်နှင့် နဂျ်ရာန်စပ်ကြားရှိဒေသမှာ မြေဩဇာ အထောပင်ကောင်းလှပေသည်။ 'အာဒ်အိရမ်'အမျိုးသားများသည် ထိုဒေသ၌ပင်နေထိုင်ခဲ့ကြပေသည် ➤➤

قَالَ إِنَّمَا الْعِلْمُ عِندَ اللَّهِ وَأُبَلِّغُكُم مَّا أُرْسِلْتُ بِهِ وَلَٰكِنِّي أَرَاكُمْ قَوْمًا تَجْهَلُونَ ﴿٢٣﴾

၂၃။ ထိုနောင်တော်က (ဤသို့)ပြောကြားခဲ့လေ၏။ (အပြစ်ဒဏ်နှင့် စပ်လျဉ်း၍ တိကျသော)အသိပညာကား အလ္လာဟ်အရှင်မြတ်အထံတော်၌သာရှိ၏။ စင်စစ်သော်ကား ငါသည် အသင်တို့ထံ အကြင် အမိန့်တော်များကိုသာ ပို့ဆောင်၏။ ငါသည် ယင်းအမိန့်တော်များနှင့်တကွ စေလွှတ်ခြင်းခံခဲ့ရလေ၏။ သို့ရာတွင် ငါသည် အသင်တို့အား အသိပညာကင်းမဲ့သော အမျိုးသားများအဖြစ် တွေ့မြင်ရပေသည်။

فَلَمَّا رَأَوْهُ عَارِضًا مُّسْتَقْبِلَ أَوْدِيَتِهِمْ قَالُوا هَٰذَا عَارِضٌ مُّمْطِرُنَا ۚ بَلْ هُوَ مَا اسْتَعْجَلْتُم بِهِ ۖ رِيحٌ فِيهَا عَذَابٌ أَلِيمٌ ﴿٢٤﴾

၂၄။ ထို့နောက် ၎င်းတို့သည် ယင်းပြစ်ဒဏ်ကို မိမိတို့ (နေထိုင်ရာ)တောင်ကြားအရပ်ဒေသများသို့ ရွှေ့တူရွှလာသော မိုးတိမ်အဖြစ် တွေ့မြင်ခဲ့ကြလေသောအခါ ဤသည် ကျွန်ုပ်တို့အပေါ်၌ ရွာသွန်းအံ့သော မိုးတိမ်ပင်ဖြစ်သည်ဟု ဆိုခဲ့ကြကုန်၏။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ယင်းသည် အသင်တို့အလျင်စလို တောင်းဆိုခဲ့ကြသော(ပြစ်ဒဏ်ပင်)ဖြစ်၏။ (ယင်းသည်) လေပြင်းမုန်တိုင်း တစ်ခုဖြစ်၏။ ယင်းလေပြင်းမုန်တိုင်း၌ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေသည်။

تُدَمِّرُ كُلَّ شَيْءٍ بِأَمْرِ رَبِّهَا فَأَصْبَحُوا لَا يُرَىٰ إِلَّا مَسَاكِنُهُمْ ۚ كَذَٰلِكَ نَجْزِي

၂၅။ ထိုလေကား မိမိအား ဖန်ဆင်းတော်မူသော အရှင်မြတ်၏အမိန့်တော်နှင့် အရာခပ်သိမ်းတို့ကို ဖျက်ဆီးပေမည်။ ထို့နောက် ထိုသူတို့မှာ ၎င်းတို့နေအိမ်များမှတပါး အခြားတစ်စုံတစ်ရာကိုမျှ မမြင်ရလေသောအဖြစ်သို့ ရောက်သွားခဲ့ကြကုန်၏။

➢➢ (အဆိုပါ ဒေသသည်ပင် 'အဟ်ကာဖ်') မည်၏။ ကြည့်-အရ်ဿွလ်ကုရ်အာန်၊ အစောင်-၁၊ စာမျက်နှာ(၉၅)၊ အွမ္မာန်မှ ယမန်အထိ၊ နဂျ်ဒ်မှ ဟာဿရမောက်တ်အထိ ကျယ်ပြန့်လျက်ရှိသော အဆိုပါသဲကန္တာရကြီးသည် စတုရန်းမိုင်ပေါင်း သုံးသိန်းခန့်ရှိသည်။ ထိုကန္တာရကြီး၏ အနောက်ဘက်ပိုင်းတွင် နီမြန်းသောသဲများရှိသည်။ ထိုဒေသကိုပင် 'အဟ်ကာဖ်' ဟူ၍ ခေါ်ဆိုကြသည်။ကြည့်-မာဂျိဒီ။ အ-၆၊ စ-၁၀၀၈။ အအ-၂၄

الْقَوْمَ الْمُجْرِمِيْنَ ﴿٢٥﴾

ငါအရှင်မြတ်သည် အပြစ်ရှိသူတို့အား ထိုနည်း အတိုင်းပင် အစားပေးတော်မူပေသတည်း။

وَلَقَدْ مَكَّنّٰهُمْ فِيْمَآ اِنْ مَّكَّنّٰكُمْ فِيْهِ وَجَعَلْنَا لَهُمْ سَمْعًا وَّاَبْصَارًا وَّاَفْـِٕدَةً ۖ فَمَآ اَغْنٰى عَنْهُمْ سَمْعُهُمْ وَلَآ اَبْصَارُهُمْ وَلَآ اَفْـِٕدَتُهُمْ مِّنْ شَيْءٍ اِذْ كَانُوْا يَجْحَدُوْنَ بِاٰيٰتِ اللّٰهِ وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٢٦﴾ وَلَقَدْ اَهْلَكْنَا مَا حَوْلَكُمْ مِّنَ الْقُرٰى وَصَرَّفْنَا الْاٰيٰتِ لَعَلَّهُمْ يَرْجِعُوْنَ ﴿٢٧﴾

၂၆။ ထိုမှတပါး: ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ပေးတော်မမူခဲ့သော ဆောင်ရွက်နိုင်ရန် စွမ်းရည်သတ္တိကိုပင် ၎င်းတို့အား ပေးတော်မူခဲ့၏။ ထိုမှတပါး: ငါအရှင်မြတ်သည် ထိုသူတို့အား နား၊ မျက်စိနှင့် စိတ်နှလုံးများကိုလည်း ပေးသနားတော်မူခဲ့၏။ သို့တစေလည်း: ထိုသူတို့၏ နားများသည် ထိုသူတို့အဖို့ လုံးဝ အသုံးဝင်ခဲ့သည် မဟုတ်ပေ။ ထိုနည်းတူစွာ ထိုသူတို့၏ မျက်စိများလည်း: အသုံးမဝင်ခဲ့ပေ။ ထိုသူတို့၏ စိတ်နှလုံးများလည်း: အသုံးဝင်ခဲ့သည် မဟုတ်ပေ။ အကြောင်းသော်ကား: ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်လျက် ရှိခဲ့ကြသောကြောင့်ပင်။ ထို့ပြင် ၎င်းတို့ ပြက်ရယ် ပြောင်လှောင်လျက် ရှိခဲ့ကြသော ပြစ်ဒဏ်သည် ၎င်းတို့အား ဝန်းဝိုင်းခဲ့လေ၏။

၂၇။ ထိုမှတပါး: ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့၏ပတ်ဝန်းကျင်၌ရှိခဲ့သော မြို့ရွာ(သား)တို့အား(လည်း) ဖျက်ဆီးတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့ (တွဖက် ကိုးကွယ်မှုကို စွန့်၍) ပြန်လှည့်ကြအံ့သောငှာ (မိမိ၏) သက်သေလက္ခဏာတော်များကို အမျိုးမျိုး ပြောင်းလဲ မိန့်ကြားပြသတော်မူခဲ့၏။

فَلَوْلَا نَصَرَهُمُ الَّذِيْنَ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ قُرْبَانًا اٰلِهَةً ۭ

၂၈။ ထို့နောက် ၎င်းတို့ အလ္လာဟ်အရှင်မြတ်အား စွန့်၍ (မိမိတို့) ချဉ်းကပ်ရန်အလို့ငှာ ကိုးကွယ်ရာများအဖြစ် သတ်မှတ်ခဲ့ကြသော ဘုရားများသည် ၎င်းတို့အား အဘယ်ကြောင့် မကူညီခဲ့ကြသနည်း။

بَلْ ضَلُّوْا عَنْهُمْ ۚ وَذٰلِكَ
اِفْكُهُمْ وَمَا كَانُوْا
يَفْتَرُوْنَ ﴿٢٨﴾
وَاِذْ صَرَفْنَآ اِلَيْكَ نَفَرًا مِّنَ
الْجِنِّ يَسْتَمِعُوْنَ الْقُرْاٰنَ ۚ
فَلَمَّا حَضَرُوْهُ قَالُوْٓا اَنْصِتُوْا ۚ
فَلَمَّا قُضِيَ وَلَّوْا اِلٰى
قَوْمِهِمْ مُّنْذِرِيْنَ ﴿٢٩﴾

စင်စစ်မှာကား ယင်းကိုးကွယ်ရာများသည် ၎င်းတို့ထံမှ ပျောက်ကွယ်၍ သွားခဲ့ကြကုန်၏။ အမှန်စင်စစ် ဤသည် ထိုသူတို့၏လိမ်ဆယ်မှုနှင့် ထိုသူတို့ကြံစည်ဖန်တီးခဲ့သောအရာပင် ဖြစ်ပေသတည်း။

၂၉။ (အို-နဗီတမန်တော်၊ ပြန်လည်၍ ပြောပြပါလေ။) တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် ဂျင်နီတစ်စုကို အသင်ရှိရာသို့ ရောက်ရှိစေတော်မူခဲ့ရာ ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုတမန်တော်မြတ်ရှိရာသို့ ရောက်ရှိခဲ့ကြသောအခါ ၎င်းတို့က (မိမိတို့အချင်းချင်း) အသင်တို့သည် ဆိတ်ဆိတ်နေကြလေကုန်ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် ယင်းကုရ်အာန်ကျမ်းတော်မြတ် (ဖတ်ကြား၍) ပြီးဆုံးသွားသောအခါ ၎င်းတို့သည် မိမိတို့အမျိုးသားတို့ထံ သတိပေးနှိုးဆော်သူတို့အဖြစ် လှည့်ပြန်ခဲ့ကြကုန်၏။ ③

---

③ **အချို့ဂျင်နီများ ကုရ်အာန်ကိုကြားနာ၍ အီမာန်ယုံကြည်ခဲ့ခြင်း။**

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္ဆလ္လမ်) မပွင့်ပေါ်မီ ဂျင်နီများသည် အထက်ကောင်းကင်၏ အချို့သတင်းများကို အနည်းငယ် ကြားသိ နေခဲ့ကြ၏။ တမန်တော်မြတ်ထံသို့ ဝဟီစတင်ကျရောက်လာခဲ့သည့် အချိန်မှစပြီး၊ ဂျင်နီများသည် အထက်ကောင်းကင်၏ သတင်းများကို ကြားသိခွင့်လုံးဝ မရရှိခဲ့ကြတော့ပေ။ ခိုးဝှက်နားထောင်ရန် ကြိုးစားကြသည့်အခါ မီးတောက်မီးလွှဲများဖြင့် အကြီးအကျယ်ပစ်ပေါက်ခြင်း ခံခဲ့ကြရပေသည်။ကြည့် - ကုရ်အာန် (၁၅:၁၆-၁၈၊ ၃၇:၆-၁၀။ ၇၂:၈-၉)။

ယင်းသို့ဖြစ်ရသောအခါ ဂျင်နီများသည် ဤကမ္ဘာတွင် ဖြစ်ရပ်သစ် တစ်ရပ်ရပ် မုချပေါ်ပြီဟု တွေးတောမိပြီး၊ ယင်းသည့် ဖြစ်ရပ်သစ်ကို စူးစမ်းရန်အတွက် ကမ္ဘာအရပ်ရပ်သို့ အုပ်စုအသီးသီးဖြန့်၍ ထွက်ခဲ့ကြ၏။

ဂျင်နီအုပ်စုတစ်ခုသည် 'ဗတ္တနုန်နလ်ဟ်' အမည်ရှိသော နေရာမှ ဖြတ်သန်းသွားခဲ့၏။ အကြောင်းအားလျော်စွာ တမန်တော်မြတ်သည်လည်း မိမိ၏ အချို့တပည့်သာဝကများနှင့်အတူ 'ဆွလာတုလ် ဖဂျ်ရ်' နံနက်ချိန် ဆွလာတ်ဝတ်ပြုနေတော်မူခဲ့၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် အဆိုပါဂျင်နီအုပ်စုအား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ကြားနာစေရန်အလို့ငှာ တမန်တော်မြတ်ရှိရာသို့ လှည့်ပေးတော်မူလိုက်၏။

အဆိုပါ ဂျင်နီအုပ်စုသည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ကြားနာရသည့်အခါ၊ လွန်စွာပီတိဖြစ်ကာ အချင်းချင်း - အသင်တို့ ဆိတ်ဆိတ်နေကြ၊ ကောင်းစွာနားထောင်ကြဟူ၍ပင် ပြောဆိုခဲ့၏၊ ➤➤

قَالُوا۟ يَٰقَوْمَنَآ إِنَّا سَمِعْنَا كِتَٰبًا أُنزِلَ مِنۢ بَعْدِ مُوسَىٰ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ يَهْدِىٓ إِلَى ٱلْحَقِّ وَإِلَىٰ طَرِيقٍ مُّسْتَقِيمٍ ﴿٣٠﴾

၃၀။ ၎င်းတို့က ပြောဆိုခဲ့ကြသည်မှာ "အို-ကျွန်ုပ်တို့၏အမျိုးသားတို့၊ ဧကန်မလွဲ ကျွန်ုပ်တို့သည် (နဗီတမန်တော်)မူစာ၏နောက်တွင် ချပေးခြင်းခံခဲ့ရလေသော ကျမ်းဂန်တစ်စောင်ကို ကြားနာခဲ့ကြရကုန်၏။ (ယင်းကျမ်းဂန်သည်) ၎င်း၏အလျင်ရှိခဲ့သောကျမ်းဂန်တို့ကို ထောက်ခံလျက်ရှိ၏။ အမှန်တရားကိုလည်းကောင်း၊ ဖြောင့်မတ်သောတရားလမ်းကိုလည်းကောင်း၊ ညွှန်ပြ၏။

➤➤ အဆိုပါဂျင်နအုပ်စုသည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ကြားနာပြီးသောအခါ၊ ဤသည်ပင် ငါတို့ စူးစမ်းနေကြသော အကြောင်းထူးဖြစ်ရပ်သစ်ဖြစ်သည်။ ဤသည်ကြောင့်ပင် ငါတို့သည် ကောင်းကင်သတင်းများ မကြားရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့၏။

ထို့နောက် အဆိုပါ ဂျင်နအုပ်စုသည် တမန်တော်မြတ်အား အီမာန် သက်ဝင်ယုံကြည်ခဲ့၏။ ထို့နောက် မိမိတို့၏ အမျိုးသားများကိုလည်း တမန်တော်မြတ်အား အီမာန်သက်ဝင်ယုံကြည်ကြရန် တရားဓမ္မဟောကြားခဲ့လေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၇၂း၁-၁၉)တွင် အကျယ် မိန့်ဆိုထားတော်မူသည်။

ဟဒီးဆ်ဩဝါဒတော်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် မိမိထံ ယင်းသို့ ဂျင်များ ရောက်ရှိလာပြီး၊ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များ ကြားနာ၍ အီမာန် သက်ဝင်ယုံကြည် သွားခဲ့ကြသည်ကို သိတော်မူခဲ့ပေ။

အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ သစ်ပင်တစ်ပင်က ယင်းသည့်အကြောင်းနှင့်စပ်လျဉ်း၍ အမြွက်မျှ လျှောက်ထားခဲ့လေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ယင်းသည့်အကြောင်းနှင့် စပ်လျဉ်းပြီး ကုရ်အာန်ကျမ်းလာ အာယတ်တော်(၇၂း၁-၁၉)ကို ထုတ်ပြန်ချမှတ်ပြီး၊ တမန်တော်မြတ်အား အကျယ်တဝင့် အသိပေးတော်မူခဲ့လေသည်။

ထို့နောက် မြောက်မြားစွာသော ဂျင်များသည် တမန်တော်မြတ်အား အီမာန် သက်ဝင်ယုံကြည်လာခဲ့ကြပေသည်။ တမန်တော်မြတ်အား ဖူးတွေ့ရန်နှင့် သာသနာရေးရာများကို ဆည်းပူးရန် အလို့ငှာ တမန်တော်မြတ်ထံသို့ အကြိမ်ကြိမ် လာခဲ့ကြပေသည်။

ပညာရှင်ကြီး ခဖ်ဖာဂျီက - သက်ဆိုင်ရာ ဟဒီးဆ် ဩဝါဒတော်များကို လေ့လာဆည်းပူးပြီးနောက် တမန်တော်မြတ်သည် ခြောက်ကြိမ်တိတိ ဂျင်များကို လက်ခံတွေ့ဆုံတော်မူခဲ့သည်ဟု အတိအလင်း ရေးသားသည်။

တမန်တော်မြတ်ထံသို့ ဂျင်များ လာရောက် တရားနာယူခဲ့ကြသည့် အကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကို သိလိုပါက အီဗ်နူကဆီရ်ကျမ်း အစောင် (၄)၊ စာမျက်နှာ - (၁၆၂-၁၇၁) တွင် ရှုပါကုန်။

يَٰقَوْمَنَآ أَجِيبُوا۟ دَاعِىَ ٱللَّهِ وَءَامِنُوا۟ بِهِۦ يَغْفِرْ لَكُم مِّن ذُنُوبِكُمْ وَيُجِرْكُم مِّنْ عَذَابٍ أَلِيمٍ ﴿٣١﴾

၃၁။ အို-ကျွန်ုပ်တို့၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို နာယူလက်ခံကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုဖိတ်ခေါ်သူအား သက်ဝင်ယုံကြည်ကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ပြစ်မှုတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေမည်။ ထို့မှတပါး: ထိုအရှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှလည်း: ကာကွယ်စောင့်ရှောက်တော်မူပေမည်။

وَمَن لَّا يُجِبْ دَاعِىَ ٱللَّهِ فَلَيْسَ بِمُعْجِزٍ فِى ٱلْأَرْضِ وَلَيْسَ لَهُۥ مِن دُونِهِۦٓ أَوْلِيَآءُ ۚ أُو۟لَٰٓئِكَ فِى ضَلَٰلٍ مُّبِينٍ ﴿٣٢﴾

၃၂။ သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ချက်ကို နာယူလက်ခံခြင်းမပြုခဲ့မူ ထိုသူသည် (အလ္လာဟ်အရှင်မြတ်အား) ကမ္ဘာမြေဝယ် မစွမ်းဆောင်နိုင်အောင် ပြုစွမ်းနိုင်သူမဟုတ်ပြီ။ ထို့မှတပါး: အလ္လာဟ်အရှင်မြတ်အပြင် ထိုသူ၌ ကာကွယ်စောင့်ရှောက်အံ့သောသူဟူ၍လည်း: တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပြီ။ ထိုသူတို့ကား ဆင်ရှားစွာသောလမ်းမှားမှုဌ၌ပင်ရှိနေကြကုန်သတည်း။

أَوَلَمْ يَرَوْا۟ أَنَّ ٱللَّهَ ٱلَّذِى خَلَقَ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ وَلَمْ يَعْىَ بِخَلْقِهِنَّ بِقَٰدِرٍ عَلَىٰٓ أَن يُحْۦِىَ ٱلْمَوْتَىٰ ۚ بَلَىٰٓ إِنَّهُۥ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ﴿٣٣﴾

၃၃။ မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့သည်သာမကယင်းမိုးကောင်းကင်များနှင့် ပထဝီမြေတို့ကို ဖန်ဆင်းတော်မူသောကြောင့် ညောင်းညာမောပန်းတော်မူခြင်းမရှိခဲ့သော အလ္လာဟ်အရှင်မြတ်သည် သူသေတို့အား ရှင်စေခြင်းကို စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူကြောင်း၊ ၎င်းတို့သည် မစဉ်းစား မဆင်ခြင် မတွေ့မမြင်ခဲ့ကြလေသလော။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَيَوْمَ يُعْرَضُ الَّذِينَ كَفَرُوا عَلَى النَّارِ أَلَيْسَ هَٰذَا بِالْحَقِّ ۖ قَالُوا بَلَىٰ وَرَبِّنَا ۚ قَالَ فَذُوقُوا الْعَذَابَ بِمَا كُنتُمْ تَكْفُرُونَ ﴿٣٤﴾

၃၄။ ၎င်းပြင် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြ ကုန်သောသူတို့သည် ငရဲမီး၏ရှေ့သို့ ယူဆောင်လာခြင်းကို ခံကြရသောအခါ ဤသည် အဟုတ်အမှန်ပင် မဟုတ်ပါလော (ဟုမေးမြန်းခြင်းကို ခံကြရပေမည်။) ထိုအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကစမ်၊ ဟုတ်ပါသည်' ဟု လျှောက်ထားကြပေမည်။ ထိုအရှင်မြတ်က 'သို့ဖြစ်လျှင် အသင်တို့သည် မိမိတို့ သွေဖည် ငြင်းပယ်ခဲ့ကြသောကြောင့် ပြစ်ဒဏ်ကို မြည်းစမ်းကြလေကုန်' ဟု မိန့်ကြားတော်မူပေမည်။

فَاصْبِرْ كَمَا صَبَرَ أُولُو الْعَزْمِ مِنَ الرُّسُلِ وَلَا تَسْتَعْجِل لَّهُمْ ۚ كَأَنَّهُمْ يَوْمَ يَرَوْنَ مَا يُوعَدُونَ لَمْ يَلْبَثُوا إِلَّا سَاعَةً مِّن نَّهَارٍ ۚ بَلَاغٌ ۚ فَهَلْ يُهْلَكُ إِلَّا الْقَوْمُ الْفَاسِقُونَ ﴿٣٥﴾

၃၅။ သို့ဖြစ်ပေရာ (အို–နဗီတမန်တော်) အသင်သည် စိတ်ဓာတ်ခိုင်မာသော (ဖွဲ့သတ္တိရှိကြသော) ရာဇဝင်တမန်တော်များနည်းတူ ခန္တီတရား ထားရှိပါလေ။ ထို့ပြင် အသင်သည် ၎င်းတို့နှင့်ပတ်သက်၍ အလျင်စလို မပြုပါလေနှင့်။ ၎င်းတို့သည် မိမိတို့ ချိန်းချက်ခြင်းခံကြရလေသော ပြစ်ဒဏ်ကို တွေ့မြင်ကြသောနေ့တွင် မိမိတို့မှာ (လောကီဘဝ၌) နေ့အချိန်၏ တစ်နာရီခန့်မျှ အချိန်ထက်ပိုမို၍ နေထိုင်ခဲ့ကြသည် မဟုတ်ဘိသကဲ့သို့ပင် (ထင်မှတ်ကြပေမည်။) (ဤသည် အလ္လာဟ်အရှင်မြတ်အထံတော်မှ အသင်တို့ထံ အမိန့်တော်များ) ပို့ဆောင်ခြင်းပင်။ သို့ဖြစ်ပေရာ သွေဖည်သောသူတို့သည်သာလျှင် ဖျက်ဆီးခြင်းကို ခံကြရကုန်အံ့သတည်း။ ③

---

③ အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ဆိုး၊ ကောင်း၊ မှား၊ မှန်၊ လမ်း ၂–တန်ကို ပြတော်မူပြီးပြီ။ တရားဓမ္မ ဟောပြန်ပြတော်မူပြီးပြီ။ ထိုအရှင်မြတ်၌ တာဝန်ကုန်ပြီ။ ထိုအရှင်မြတ်သည် မည်သူကိုမျှ အကြောင်းမဲ့ အရေးယူတော်မူသည်မရှိ။ မိမိကိုယ်ကို မိမိစော်ကားသော၊ မိမိကိုယ်မိမိပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်သူများကိုသာလျှင် ထိုက်သည့်အားလျော်စွာ အရေးယူတော်မူသည်သာ ဖြစ်သည်။ သို့ဖြစ်ရာ အမိန့်တော်များကို သွေဖည်ငြင်းဆန် မနာခံသောသူများမှအပ အသူအရေးယူတော်မူခြင်းကို ခံရအံ့နည်း။

မုဟမ္မဒ်ကဏ္ဍ



ဤကဏ္ဍသည် တမန်တော် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)၏အကြောင်း ပါဝင်သော ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်ပေါင်း (၃၈)ပါး၊ ရကူအ် အပိုဒ်ပေါင်း(၄)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တ ကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်သနားကြင်နာ ညှာတာတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

اَلَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ اَضَلَّ اَعْمَالَهُمْ ①

၁။ အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ ထိုအရှင်မြတ်သည် ၎င်းတို့၏ ကျင့်မှု ဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူမည်။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَاٰمَنُوْا بِمَا نُزِّلَ عَلٰى مُحَمَّدٍ وَّهُوَ الْحَقُّ مِنْ رَّبِّهِمْ ۙ كَفَّرَ عَنْهُمْ سَيِّاٰتِهِمْ وَاَصْلَحَ بَالَهُمْ ②

၂။ သို့ရာတွင် အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြ၏။ ကောင်းမှုများကို ကျင့်မှု ဆောက်တည်ခဲ့ကြ၏။ (နဗီတမန်တော်)မုဟမ္မဒ်၏အပေါ်၌ ချပေးတော်မူခြင်းခံခဲ့ရသည့်အရာကို စင်စစ် ထိုအရာသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်မှ (ချပေးခြင်းခံရသော) အမှန်တရားပင် ဖြစ်သည်ဟု ယုံကြည်ခဲ့ကြ၏။ ထိုအရှင်မြတ်သည် ၎င်းတို့၏မကောင်းမှုများကို ၎င်းတို့မှ ပယ်ဖျောက်စေတော်မူမည့်ပြင် ၎င်းတို့၏ အခြေအနေကိုလည်း ကောင်းအောင် ပြုပြင်ပေးတော်မူပေမည်။

ذٰلِكَ بِاَنَّ الَّذِيْنَ كَفَرُوا اتَّبَعُوا الْبَاطِلَ وَاَنَّ الَّذِيْنَ اٰمَنُوْا

၃။ ဤသို့ဖြစ်ရခြင်းမှာ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့သည် အမှားကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့

اتَّبَعُوا الْحَقَّ مِن رَّبِّهِمْ كَذَٰلِكَ يَضْرِبُ اللَّهُ لِلنَّاسِ أَمْثَالَهُمْ ﴿٣﴾

မှာ အမှန်တရားကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း၊ ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် လူတို့၏အကျိုးငှာ ၎င်းတို့၏အခြေအနေများကို ခိုင်းနှိုင်း မိန့်ကြားထားတော်မူပေသတည်း။

فَإِذَا لَقِيتُمُ الَّذِينَ كَفَرُوا فَضَرْبَ الرِّقَابِ حَتَّىٰ إِذَا أَثْخَنتُمُوهُمْ فَشُدُّوا الْوَثَاقَ فَإِمَّا مَنًّا بَعْدُ وَإِمَّا فِدَاءً

၄။ ယခုသော် အသင်တို့သည် 'ကာဖိရ်'သွေဖည်ငြင်းပယ်သော သူတို့နှင့်ရင်ဆိုင် တွေ့ကြသောအခါ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ နောက်ဆုံးတွင် အသင်တို့သည် ၎င်းတို့အား ကောင်းစွာသတ်ဖြတ်ခဲ့ကြပြီးသောအခါ သုံ့ပန်းများကို ကြိုးများဖြင့် ကောင်းစွာ တုပ်နှောင်ကြလေကုန်။ ထို့နောက် တစ်ဖန် (အသင်တို့သည်) ကျေးဇူးပြုခြင်းအားဖြင့် (လျော်ကြေးမယူဘဲ ပြန်လွှတ်ခြင်းကို)သော်လည်းကောင်း၊ လျော်ကြေးယူ၍ (ပြန်လွှတ်)ခြင်းကိုသော်လည်းကောင်း၊ (ပြုနိုင်ခွင့်ရှိ၏၊) ၃

---

② ဆိုလိုသည်ကား - အမှန်နှင့် အမှားသည် ပြိုင်ဆိုင်နေခဲ့သည်သာ ဖြစ်သည်။ အစဉ် ပြိုင်ဆိုင်နေမည်သာ ဖြစ်သည်။ သို့ဖြစ်ရာ မွတ်စ်လင်မ်များသည် မလွဲမရှောင်သာသည့်အဆုံး၌ ကာဖိရ်များနှင့် ဂျိဟာဒ် ပြိုင်ဆိုင်တိုက်ခိုက်ကြလျှင် ဇွဲသတ္တိရှိစွာဖြင့် တိုက်ခိုက်ကြရမည်။

ကာဖိရ်အကြီးအကဲများကို မသုတ်သင် မရှင်းလင်းနိုင်သမျှ ကာလပတ်လုံး ကာဖိရ်အုပ်စုကို မဖြိုခွဲနိုင်သမျှ ကာလပတ်လုံး၊ ဓမ္မန္တရယ်များ၏ရန်စွယ် ကျိုးမည် မဟုတ်ရာ။မွတ်စ်လင်မ်များသည် ကာဖိရ်များကို တိုက်ခိုက်ရာတွင် စိုးစဉ်မျှ တာဝန်မဲ့ကျက်ကွက်ကြရာ သတ္တိမကြောင်ကြရာ၊ မတွေဝေကြရာ၊ သို့လော သို့လော မဖြစ်ကြရာ။

ကာဖိရ်များအား ကောင်းစွာ တိုက်ခိုက်ချေမှုန်းပြီးနောက် ကာဖိရ်များ၏အင်အားစု ပြိုကွဲပြီး မွတ်စ်လင်မ်တို့၏ အရှိန်အဝါ လွှမ်းမိုးလာသည့်အခါတွင် ကာဖိရ်များအား ဖမ်းဆီးချုပ်နှောင်ထားခြင်းသည်ပင် လုံလောက်ပေသည်။ ဤအကြောင်းကို ကုရ်အာန် (၈း၆၇) တွင်လည်း မိန့်ဆိုထားတော်မူသည်။ ယင်းသို့ ဖမ်းဆီးချုပ်နှောင်ထားခြင်းအားဖြင့် ကာဖိရ်များအဖို့ သတိသံဝေဂလည်း ဖြစ်နိုင်လေသည်။

မွတ်စ်လင်များထဲတွင် နီးကပ်စွာ နေထိုင်ကြရသည့်အတွက် ကာဖိရ်များသည် မွတ်စ်လင်မ်တို့၏ ဘဝအခြေအနေနှင့် အစ္စလာမ်၏ အဆုံးအမသြဝါဒများကို လေ့လာခွင့်လည်း ရရှိကြပေမည်။

ယင်းသို့ဖြင့် တဖြည်းဖြည်း အမြင်မှန်ရကာ၊ နောက်ဆုံးတွင် အစ္စလာမ်၏အမှန်တရားကို လက်ခံလာကြပေမည်။ သို့တည်းမဟုတ် မွတ်စ်လင်မ်များသည် အခြေအနေအရ သင့်လျော်သည်ဟု ထင်မြင် ➤➤

حَتَّىٰ تَضَعَ الْحَرْبُ أَوْزَارَهَا ۚ ذَٰلِكَ وَلَوْ يَشَاءُ اللَّهُ لَانتَصَرَ مِنْهُمْ وَلَٰكِن لِّيَبْلُوَ بَعْضَكُم بِبَعْضٍ ۗ وَالَّذِينَ قُتِلُوا فِي سَبِيلِ اللَّهِ فَلَن يُضِلَّ أَعْمَالَهُمْ ﴿٤﴾

စစ်မက်တိုက်ခိုက်မှုသည် လက်နက်ချသည့် တိုင်အောင် (ငင်းတို့နှင့်ပတ်သက်၍ အမိန့်တော်သည်) ဤအတိုင်း ဖြစ်၏။ စစ်စစ်သော်ကား အကယ်၍သာ အလွှာဟ်အရှင်မြတ် အလိုရှိတော်မူပါလျှင် (စစ်မက် တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ခြင်း ပြုတော်မမူဘဲ ကိုယ်တော်တိုင်) ငင်းတို့အား လက်စားချေ အပြစ်ပေး တော်မူခဲ့မည်သာ။ သို့ရာတွင် ထိုအရှင်မြတ်သည် အသင်တို့အနက် အချို့ကို အချို့ဖြင့် စမ်းသပ်တော် မူအံ့သောငှာ (စစ်တိုက်ရန်အမိန့်တော်ကို ထုတ်ပြန်တော် မူခဲ့၏။) အမှန်သော်ကား အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ သတ်ဖြတ်ခြင်းခံခဲ့ကြရသော သူတို့၏ ဆောင်ရွက်ချက်များကို ထိုအရှင်မြတ်သည် အလျှင်း အချည်းနှီး ဖြစ်စေတော်မူမည် မဟုတ်ပေ။

سَيَهْدِيهِمْ وَيُصْلِحُ بَالَهُمْ ﴿٥﴾

၅။ ထိုအရှင်မြတ်သည် အမှန်ပင် ငင်းတို့အား လမ်း မှန်သို့ ပို့ပေးတော်မူသည့်ပြင် ငင်းတို့၏ အခြေအနေကို လည်း ကောင်းအောင်ပြုပြင်၍ ပေးတော်မူပေမည်။

وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ ﴿٦﴾

၆။ ထိုမှတပါး ထိုအရှင်မြတ်သည် ငင်းတို့အား 'ဂျန္နတ်' သုခဘုံသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုအရှင်မြတ်သည် ယင်း 'ဂျန္နတ်' သုခဘုံကို ငင်းတို့ အား (ကောင်းစွာ) သိထားစေတော်မူမည် ဖြစ်၏။

➤➤ ယူဆကြပါက လျော်ကြေးတစ်စုံတစ်ရာမယူဘဲ ကျေးဇူးပြုသည့်အနေဖြင့် ဖမ်းဆီးချုပ်နှောင်ထားသည့် ကာဖိရ် စစ်သုံ့ပန်းများအား ချုပ်နှောင်ထားခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်လည်း ပေးနိုင်ကြပေသည်။

သို့ကျေးဇူးပြုသောအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးကြပါက များစွာသော ကာဖိရ်များသည် မွတ်စ်လင်မ်တို့၏ကျေးဇူးနှင့် ကောင်းမြတ်သော စိတ်နေသဘောထားကို ရှုမြင်ပြီး မွတ်စ်လင်မ်တို့ဘက်သို့ ယိမ်းညွှတ်ကောင်း ယိမ်းညွှတ်လာကြပေမည်။ အစွန်လာမ်ကို မြတ်နိုးကောင်း မြတ်နိုးလာကြပေမည်။ သို့တည်း မဟုတ်၊ မွတ်စ်လင်မ်များသည် လျော်ကြေးယူ၍သော်လည်းကောင်း၊ စစ်သုံ့ပန်းချင်းလဲလှယ်သည့် အနေဖြင့်သော်လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ထားသော ကာဖိရ် စစ်သုံ့ပန်းများကို လွှတ်ပေးလိုကလည်း လွှတ်ပေးနိုင်ကြပေသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့်လည်း အကျိုးအမြိုးမြိုး ထွက်နိုင်ပေသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِن تَنصُرُوا۟ ٱللَّهَ يَنصُرْكُمْ وَيُثَبِّتْ أَقْدَامَكُمْ ۝٧

၇။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်(၏သာသနာကိုလည်းကောင်း ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်)အား(လည်းကောင်း၊) ကူညီကြလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ကူညီတော်မူမည်။ ထိုမှတပါး: ထိုအရှင်မြတ်သည် အသင်တို့၏ခြေများကို (စစ်မက်တိုက်ခိုက်ရာ၌) မြဲမြံကြံ့ခိုင်စေတော်မူပေမည်။

وَٱلَّذِينَ كَفَرُوا۟ فَتَعْسًا لَّهُمْ وَأَضَلَّ أَعْمَٰلَهُمْ ۝٨

၈။ 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့၌မူ ပျက်စီးခြင်းသာလျှင် ရှိပေမည်။ ထိုမှတပါး: ၎င်းတို့၏ကျင့်မူ ဆောင်ရွက်ချက်များကိုလည်း ထိုအရှင်မြတ်သည် အချည်းနှီး ဖြစ်စေတော်မူပေမည်။

ذَٰلِكَ بِأَنَّهُمْ كَرِهُوا۟ مَآ أَنزَلَ ٱللَّهُ فَأَحْبَطَ أَعْمَٰلَهُمْ ۝٩

၉။ ဤသည် အလ္လာဟ်အရှင်မြတ် ချပေးတော်မူသော (အမိန့်ပညတ်တို့)ကို ၎င်းတို့ စက်ဆုပ်ခဲ့ကြသောကြောင့်ပင်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့၏ ကျင့်မူ ဆောင်ရွက်ချက်များကို အချည်းနှီး ဖြစ်စေတော်မူခဲ့ပေသတည်း။

أَفَلَمْ يَسِيرُوا۟ فِى ٱلْأَرْضِ فَيَنظُرُوا۟ كَيْفَ كَانَ عَٰقِبَةُ ٱلَّذِينَ مِن قَبْلِهِمْ ۖ دَمَّرَ ٱللَّهُ عَلَيْهِمْ ۖ وَلِلْكَٰفِرِينَ أَمْثَٰلُهَا ۝١٠

၁၀။ ၎င်းတို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာမှုကို မပြုခဲ့ကြလေသလော။ သို့ပြုခဲ့ကြလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ကြသော သူတို့၏နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံဖြစ်ခဲ့သည်ကို မြင်ကြပေမည်။

အလ္လာဟ်အရှင်မြတ်သည် ထိုရှေးသူဟောင်းတို့အား ဖျက်ဆီးတော်မူခဲ့၏။ စင်စစ်သော်ကား (ဤ) 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့၌(လည်း)ယင်းကဲ့သို့သော အဖြစ်အပျက်များပင် ဖြစ်ပေါ်အံ့သတည်း။

ذَٰلِكَ بِأَنَّ اللَّهَ مَوْلَى الَّذِينَ آمَنُوا وَأَنَّ الْكَافِرِينَ لَا مَوْلَىٰ لَهُمْ ﴿١١﴾

၁၁။ ယင်းသို့ဖြစ်ခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသော အရှင်ဖြစ်တော်မူသော ကြောင့်လည်းကောင်း၊ 'ကာဖိရ်' သွေဖည် ငြင်းပယ်သောသူတို့၌ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသောအရှင်ဟူ၍ အလျှင်းမရှိသောကြောင့်လည်းကောင်း၊ ဖြစ်ပေသည်။

إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۖ وَالَّذِينَ كَفَرُوا يَتَمَتَّعُونَ وَيَأْكُلُونَ كَمَا تَأْكُلُ الْأَنْعَامُ وَالنَّارُ مَثْوًى لَّهُمْ ﴿١٢﴾

၁၂။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် 'အီမာန်' သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အား ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်၌ ရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။

သို့ရာတွင် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့မှာကား ခြေလေးချောင်းတိရစ္ဆာန်တို့ စား(သောက်)ကြသကဲ့သို့ပင် (လောကီဘဝ၌သာလျှင်) စည်းစိမ်ခံခြင်းကိုလည်းကောင်း၊ စား(သောက်၊ နေထိုင်)ခြင်းကိုလည်းကောင်း၊ ပြုလုပ်၍နေကြကုန်၏။ စင်စစ်မှာမူကား (ငရဲ)မီးသာလျှင် ၎င်းတို့၏ နေရာထိုင်ခင်း (အစစ်အမှန်) ဖြစ်ပေသည်။

وَكَأَيِّن مِّن قَرْيَةٍ هِيَ أَشَدُّ قُوَّةً مِّن قَرْيَتِكَ الَّتِي أَخْرَجَتْكَ أَهْلَكْنَاهُمْ فَلَا نَاصِرَ لَهُمْ ﴿١٣﴾

၁၃။ စင်စစ်သော်ကား မြောက်မြားစွာသော မြို့ရွာများမှာ၊ ခွန်အားဗလအားဖြင့် အသင့်အား နှင်ထုတ်ခဲ့သော အသင်၏မြို့ရွာထက်ပိုမို (ကြီးမား) ပြင်းထန်ခဲ့ကြကုန်၏။ ငါအရှင်မြတ်သည် ထိုမြို့ရွာများကို ဖျက်ဆီးတော်မူခဲ့၏။ ၎င်းတို့အား ကူညီစောင်မမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိခဲ့ပေတကား။

أَفَمَنْ كَانَ عَلَىٰ بَيِّنَةٍ مِّن رَّبِّهِۦ
كَمَن زُيِّنَ لَهُۥ سُوٓءُ عَمَلِهِۦ وَ
ٱتَّبَعُوٓا۟ أَهْوَآءَهُمْ ﴿١٤﴾

၁၄။ သို့ဖြစ်ပေရာ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေလက္ခဏာပေါ်၌ ရပ်တည်လျက်ရှိကြသော သူတို့သည် အကြင်သူတို့ကဲ့သို့ ဖြစ်ကြပါမည်လော။ ထိုသူတို့၏ မကောင်းမှုများမှာ ၎င်းတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ခြင်းခံခဲ့ရလေ၏။ ထိုမှတပါး ထိုသူတို့သည် မိမိတို့၏စိတ်အလိုဆန္ဒများကို လိုက်နာခဲ့ကြကုန်၏။

مَّثَلُ ٱلْجَنَّةِ ٱلَّتِى وُعِدَ
ٱلْمُتَّقُونَ ۖ فِيهَآ أَنْهَٰرٌ مِّن مَّآءٍ
غَيْرِ ءَاسِنٍ ۖ وَأَنْهَٰرٌ مِّن لَّبَنٍ
لَّمْ يَتَغَيَّرْ طَعْمُهُۥ ۚ وَأَنْهَٰرٌ مِّنْ
خَمْرٍ لَّذَّةٍ لِّلشَّٰرِبِينَ ۚ وَأَنْهَٰرٌ
مِّنْ عَسَلٍ مُّصَفًّى ۖ وَلَهُمْ
فِيهَا مِن كُلِّ ٱلثَّمَرَٰتِ
وَمَغْفِرَةٌ مِّن رَّبِّهِمْ ۖ كَمَنْ
هُوَ خَٰلِدٌ فِى ٱلنَّارِ وَسُقُوا۟ مَآءً
حَمِيمًا فَقَطَّعَ أَمْعَآءَهُمْ ﴿١٥﴾

၁၅။ 'မွတ္တကီ' သူတော်စင်များ ကတိပေးခြင်းကို ခံကြရသော 'ဂျန္နတ်' သုခဘုံ၏အခြေအနေမှာ(ဤသို့ ဖြစ်၏။) ယင်း'ဂျန္နတ်' သုခဘုံ၌ အနံ့ အရသာ မပျက်သော ရေချောင်းများသည်လည်းကောင်း၊ အရသာ ပြောင်းလဲသွားခြင်းမရှိသော နို့ချောင်းများသည်လည်းကောင်း၊ သောက်သုံးသူတို့အဖို့ အထူးအနံ့ အရသာကောင်းသော အရက်ချောင်းများသည်လည်းကောင်း၊ ကြည်လင်သန့်ရှင်းစင်ကြယ်သော ပျားရည်ချောင်းများသည်လည်းကောင်း၊ ရှိကြပေမည်။

ထိုမှတပါး၊ ၎င်းတို့အဖို့ ယင်း'ဂျန္နတ်'သုခဘုံ၌ သစ်သီးဝလံမျိုးစုံတို့သည်လည်း ရှိပေမည်။ ထိုမှတပါး ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်း ရှိပေမည်။ (သို့ဖြစ်ပေရာ ထိုသူတို့သည်) အကြင်သူတို့ကဲ့သို့ (ဖြစ်နိုင်ကြပါမည်လော။) ထိုသူတို့သည် မီးထဲ၌ အမြဲထာဝရ နေထိုင်ကြအံ့သော သူများပင် ဖြစ်ကြကုန်၏။ ထိုမှတပါး၊ ၎င်းတို့သည် ကျိုက်ကျိုက် ဆူလျက်ရှိသောရေ တိုက်ကျွေးခြင်းကို ခံကြရမည် ဖြစ်ပေရာ ထိုရေမှာမူကား၊ ၎င်းတို့၏ အူသိမ်၊ အူမများကို အပိုင်းပိုင်း ဖြတ်စေအံ့သတည်း။

وَمِنْهُمْ مَّنْ يَّسْتَمِعُ اِلَيْكَ ۚ حَتّٰٓى اِذَا خَرَجُوْا مِنْ عِنْدِكَ قَالُوْا لِلَّذِيْنَ اُوْتُوا الْعِلْمَ مَاذَا قَالَ اٰنِفًا ۭ اُولٰۗىِٕكَ الَّذِيْنَ طَبَعَ اللّٰهُ عَلٰي قُلُوْبِهِمْ وَاتَّبَعُوْٓا اَهْوَاۗءَهُمْ ⑯

၁၆။ စင်စစ်သော်ကား၊ ငင်းတို့တွင် အသင့်ဘက်သို့ နားစွင့်၍နေကြသူများလည်း ရှိကြကုန်၏။ နောက်ဆုံးတွင် အသင့်ထံမှ ထွက်ခဲ့ကြသောအခါ ငင်းတို့သည် အသိပညာကို ချီးမြှင့်ခံကြရသောပုဂ္ဂိုလ်တို့အား ယခုဤသူ(တမန်တော်မြတ်သည်) မည်သည့်စကား ပြောဆိုခဲ့ပါသနည်းဟု မေးမြန်းကြကုန်၏။ ထိုသူတို့သည် ပင်လျှင် အကြင်သူများတည်း။ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏ စိတ်နလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူ၏။ ထို့ပြင် ငင်းတို့သည် မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်နာကြကုန်၏။ ၁

وَالَّذِيْنَ اهْتَدَوْا زَادَهُمْ هُدًى وَّاٰتٰىهُمْ تَقْوٰىهُمْ ⑰

၁၇။ သို့ရာတွင် တရားလမ်းမှန်ကို ရရှိခဲ့ကြသောသူတို့ကိုမူကား ထိုအရှင်မြတ်သည် ပိုမို၍ပင် တရားလမ်းမှန်ကို ပြသတော်မူ၏။ ထိုမှတပါး၊ ငင်းတို့အား တာက်ဝါတရားကိုလည်း ချီးမြှင့်ပေးသနားတော်မူ၏။

---

① အထက်တွင် မုအ်မင်န်များနှင့် ကာဖိရ်များအကြောင်း ပါရှိ၏။ ဤအာယတ်တော်တွင် မုနာဖစ်က်များအကြောင်းကို မိန့်ဆိုထားတော်မူသည်။ မုနာဖစ်က်များသည် အပေါ်ရံအားဖြင့် မွတ်စ်လင်မ် အယောင်ဆောင်ကာ အတွင်းသဘောအားဖြင့် အစ္စလာမ်ကို သွေဖည်သော ကာဖိရ်များသာ ဖြစ်ကြပေသည်။

မုနာဖစ်က်များသည် အပြင်ပန်းအားဖြင့် တမန်တော်မြတ် ရွတ်ဖတ်တော်မူသော အာယတ်တော်များနှင့် ဟောကြားတော်မူသော ဒေသနာတော်များကို နားထောင်ကြ၏။ ငင်းတို့၏ နားထောင်ခြင်းမှာ အမြင်ခံနားထောင်ခြင်းသာဖြစ်သည်။ စိတ်ရောကိုယ်ပါ နားထောင်ကြသည်မဟုတ်၊ နားလည် သဘောပေါက်ကြသည်လည်း မဟုတ်၊ မှတ်သားထားကြသည်လည်းမဟုတ်။ ထို့အတွက် ငင်းတို့သည် တမန်တော်မြတ်ထံမှ ပြန်ကြသောအခါ သက်ဆိုင်ရာ ပညာရှင်များအား 'ယခု ဤပုဂ္ဂိုလ် (တမန်တော်မြတ်)က အဘယ်စကား ပြောကြားပါသနည်း' ဟု ပြောဆိုမေးမြန်းကြ၏။

ဤသို့ ပြောဆိုမေးမြန်းခြင်းမှာ ကျွန်ုပ်တို့သည် တမန်တော်မြတ်၏ တရားများကို စိတ်ဝင်စားစွာ နားထောင်ကြသည်မဟုတ်၊ တမန်တော်မြတ်၏ တရားများမှာလည်း လေးစားဖွယ်ရာ မဟုတ်ဟူသော အတွင်းသဘောကို သရုပ်ဖော်ပြခြင်းပင်ဖြစ်သည်။ မုနာဖစ်က်များသည် အမှန်တရားကို သိပါလျက် မိမိတို့၏ စိတ်အလိုဆန္ဒများကိုသာ လိုက်နာကာ တမန်တော်မြတ်အား အတွင်းမှ သွေဖည်ကြသည်။ ယင်းသို့ ဆိုးမိုက်ကြခြင်းကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏ စိတ်နလုံးသားများအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူခြင်းဖြစ်သည်။ ဤကား မည်သူမပြု မိမိမူပင်။

فَهَلْ يَنظُرُونَ إِلَّا السَّاعَةَ
أَن تَأْتِيَهُم بَغْتَةً ۖ فَقَدْ جَاءَ
أَشْرَاطُهَا ۚ فَأَنَّىٰ لَهُمْ
إِذَا جَاءَتْهُمْ ذِكْرَاهُمْ ﴿١٨﴾

၁၈။ စင်စစ် ၎င်းတို့သည် ရုတ်တရက် မိမိတို့ထံ 'ကိယာမတ်' ရှင်ပြန်ထမည့်အချိန်ကာလ ဆိုက်ရောက်လာခြင်းကိုသာလျှင် မျှော်လင့်စောင့်ဆိုင်း၍ နေကြကုန်၏။ သို့ဖြစ်လျှင် ဧကန်မလွဲ ယင်းရှင်ပြန်ထမည့်အချိန်ကာလ၏ နိမိတ်လက္ခဏာများမှာမူကား ရောက်လာခဲ့ချေပြီ။ သို့ဖြစ်ပေရာ ယင်းရှင်ပြန်ထမည့် အချိန်ကာလသည် ၎င်းတို့ထံ ရောက်လာသောအခါ ၎င်းတို့၌ သတိရခြင်းသည် အဘယ်မှာလျှင်အကျိုးရှိတော့အံ့နည်း။

فَاعْلَمْ أَنَّهُ لَا إِلَٰهَ إِلَّا اللَّهُ
وَاسْتَغْفِرْ لِذَنبِكَ وَلِلْمُؤْمِنِينَ
وَالْمُؤْمِنَاتِ ۗ وَاللَّهُ يَعْلَمُ
مُتَقَلَّبَكُمْ وَمَثْوَاكُمْ ﴿١٩﴾

၁၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အလ္လာဟ်အရှင်မြတ်မှတပါး၊ ဆည်းကပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်း မရှိကြောင်း ကောင်းစွာ သိရှိယုံကြည်ထားပါလေ။ [၁] ထို့ပြင် အသင်သည် မိမိ၏ ချို့တဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ 'မုအ်မင်နဲ' သက်ဝင် ယုံကြည်သူ ယောကျ်ားများ၊ မိန်းမတို့အဖို့လည်းကောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံပါလေ။ [၂] အမှန်စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့(အားလုံးတို့)၏လှုပ်လှည့်လည်သွားလာမှုကိုလည်းကောင်း၊ အသင်တို့၏ ခိုလှုံရာကိုလည်းကောင်း၊ ကောင်းစွာ သိရှိတော်မူပေသတည်း။

---

① 'အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိသည်ကို အသင်ယုံကြည်လေ' ဟူသော အာယတ်တော်သည် လူသားတိုင်းအား ရည်ညွှန်းမိန့်ဆိုထားတော်မူသော အာယတ်တော် ဖြစ်သည်။

အကယ်၍ ဤအာယတ်တော်သည် တမန်တော်မြတ်အား သီးသန့်ရည်ညွှန်းမိန့်ကြားထားတော်မူသော အာယတ်တော်ဖြစ်ပါက ဤအာယတ်တော်၏ အလိုသဘောမှာ တမန်တော်မြတ်သည် ယခု ယုံကြည်ထားသည့် အတိုင်း (အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာဟူ၍ အလျှင်းမရှိ ဟူသော) ဤသည့် ယုံကြည်ချက်အပေါ်၌ပင် ထာဝစဉ် ရပ်တည်နေပါလေဟူ၍ ဖြစ်ပေမည်။

ဤအာယတ်တော်နှင့် ဤအာယတ်တော် အလျင်လာရှိသော အာယတ်တော်ကို ဆက်စပ်အနက်ကောက်သည်ရှိသော် ကိယာမတ်ဖြစ်ပေါ်လာပြီးသည့်နောက်ပိုင်းတွင် မည်သည့်အီမာန် ယုံကြည်မှု ဝန်ချတောင်းပန်မှုမျှ မည်သူ့အားမျှ အကျိုးပြုမည် မဟုတ်တော့ပေ။ သို့ဖြစ်ရာ လူတိုင်းလူတိုင်းသည် ကိယာမတ် မဖြစ်ပေါ်မီ အလျင်၊ မှန်ကန်သောအသိတရား၊ မှန်ကန်သောယုံကြည်ချက်ကို ရယူထားရမည်သာတည်း။

وَيَقُولُ الَّذِينَ آمَنُوا لَوْلَا
نُزِّلَتْ سُورَةٌ ۖ فَإِذَا أُنزِلَتْ سُورَةٌ
مُّحْكَمَةٌ وَذُكِرَ فِيهَا الْقِتَالُ ۙ
رَأَيْتَ الَّذِينَ فِي قُلُوبِهِم
مَّرَضٌ يَنظُرُونَ إِلَيْكَ نَظَرَ
الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ ۖ
فَأَوْلَىٰ لَهُمْ ﴿٢٠﴾
طَاعَةٌ وَقَوْلٌ مَّعْرُوفٌ ۚ فَإِذَا عَزَمَ
الْأَمْرُ ۚ فَلَوْ صَدَقُوا اللَّهَ لَكَانَ
خَيْرًا لَّهُمْ ﴿٢١﴾

၂၀။ စင်စစ်သော်ကား 'မုအ်မင်န်' သက်ဝင် ယုံကြည်သူတို့က 'စူရဟ်' ကဏ္ဍတစ်ခုခု အဘယ်ကြောင့် မကျရောက်ပါသနည်းဟု ပြောဆို (တောင့်တ)ခဲ့ကြကုန်၏။ သို့ရာတွင် ရှင်းလင်းပြတ်သားသော 'စူရဟ်' ကဏ္ဍတစ်စုံတစ်ရာသည် ချပေးခြင်းကိုခံရ၍ ယင်း'စူရဟ်' ကဏ္ဍ၌ စစ်မက်တိုက်ခိုက်ရန်အကြောင်း ဖော်ပြပါရှိသောအခါ စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိသော သူတို့သည် သေဘေးကို စိုးရိမ်သောကြောင့် မိန်းမောနေသူများ၏အကြည့်မျိုးနှင့် အသင့်ဘက်သို့ ကြည့်နေကြသည်ကို အသင်တွေ့မြင်ရပေမည်။ သို့ဖြစ်ပေရာ ၎င်းတို့၌ ပျက်စီးမှုရှိပေမည်။

၂၁။ (၎င်းတို့၏) လိုက်နာမှုသည်လည်းကောင်း၊ ပြောဆိုမှုသည်လည်းကောင်း၊ သိရှိပြီးဖြစ်၏။ [၁] သို့တစေလည်း ၎င်းတို့သည် အရေးကိစ္စအလုံးစုံပြဋ္ဌာန်းပြီး ဖြစ်သောအခါ၌လည်း အကယ်၍ အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍ သစ္စာစောင့်သိကြလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။ [၂]

---

(၂) တမန်တော်မြတ်သည် 'မအ်ဆူမ်' ဖြစ်တော်မူသည်။ အပြစ်ဟူဟူသမျှနှင့် ကင်းစင်တော်မူသည်။ သို့ပါသော်လည်း နေ့စဉ်နှင့်အမျှ အကြိမ်ပေါင်း (၁၀၀)တိတိ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားလေ့ ရှိတော်မူသည်။

တမန်တော်မြတ်အား 'မအ်ဆူမ်' ဖြစ်တော်မူပါလျက်၊ မိမိ၏ ချို့တဲ့မှုနှင့်စပ်လျဉ်း၍ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန် မိန့်ကြားထားတော်မူခြင်းမှာ တမန်တော်မြတ်၏ နောက်လိုက်တပည့်သား တို့သည် တမန်တော်မြတ်အားကြည့်၍ တမန်တော်မြတ်၏လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးကြရန်ပင် ဖြစ်သည်။

တမန်တော်မြတ်သည် ဆုတောင်းပြည့် တမန်တော် ဖြစ်တော်မူသည်။ ယင်းသို့သော တမန်တော်မြတ်အား မိမိနှင့်တကွ မုအ်မင်န်အမျိုးသား၊ အမျိုးသမီးအားလုံးတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားရန် မိန့်ကြားထားတော်မူခြင်းမှာ၊ တမန်တော်မြတ်၏ နောက်လိုက်တပည့်သားတို့အပေါ်၌ အလွှာဟ်အရှင်မြတ်ဘက်တော်မှ အထူးမြှောက်စားတော်မူခြင်း တစ်ရပ်ပင်။

(၁) မုနာဖစ်က်များသည် စေတနာမပါဘဲ အခြေအနေအရ အယောင်ဆောင်နေကြသော မွတ်စ်လင်မ်များသာ ဖြစ်ကြရာ အခြေအနေအရ စေတနာမပါ၊ အယောင်ဆောင်ကာ မွတ်စ်လင်မ်များနှင့် ရေလိုက်ငါးလိုက် အလိုက်အထိုက် ပြောဆိုနေခဲ့ကြ၏။ ပရိယာယ်အမျိုးမျိုး သုံးနေခဲ့ကြ၏။ ➤➤

فَهَلْ عَسَيْتُمْ إِنْ تَوَلَّيْتُمْ أَنْ تُفْسِدُوا فِي الْأَرْضِ وَتُقَطِّعُوا أَرْحَامَكُمْ ﴿٢٢﴾

၂၂။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (စစ်မက်တိုက်ခိုက်ခြင်းမှ) လွှဲရှောင်ခဲ့ကြသည်ရှိသော် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းနိုင်ကြမည်ဟူ၍လည်းကောင်း၊ မိမိတို့အချင်းချင်း သားချင်းတော်စပ်မှုကို ဖြတ်တောက်နိုင်ကြမည်ဟူ၍လည်းကောင်း၊ မျှော်လင့်ကြလေသလော။

أُولَٰئِكَ الَّذِينَ لَعَنَهُمُ اللَّهُ فَأَصَمَّهُمْ وَأَعْمَىٰ أَبْصَارَهُمْ ﴿٢٣﴾

၂၃။ ထိုသူတို့သည် အကြင်သူများပင်။ အလွန်ဟ အရှင်မြတ်သည် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့၏။ တစ်ဖန် ၎င်းတို့အား နားပင်းစေတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့၏မျက်စိများကို ကန်းစေတော်မူခဲ့၏။

أَفَلَا يَتَدَبَّرُونَ الْقُرْآنَ أَمْ عَلَىٰ قُلُوبٍ أَقْفَالُهَا ﴿٢٤﴾

၂၄။ သို့ပါလျက် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို စေ့စပ်စွာ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။ သို့တည်းမဟုတ် (၎င်းတို့၏) *စိတ်နှလုံးများပေါ်၌ သော့ခလောက်များ(ခတ်ထားလျက်)* ရှိနေသလော။ [၁]

➤➤ သို့ရာတွင်၎င်းတို့၏စကားနှင့် ၎င်းတို့၏ နာခံမှုများသည် မရိုးသားသည်မှာ၊ စေတနာမပါသည်မှာ သိရှိပြီးပင် ဖြစ်ခဲ့ပေသည်။ အထူးသဖြင့် ဂျိဟာဒ်ပြုရန် အမိန့်တော် ကျရောက်လာသည့်အခါတွင်မူ မုနာဖစ်ဂ်တို့၏ အယောင်ဆောင်မှုသည် ဘွင်းဘွင်းကြီးပေါ်လာခဲ့လေသည်။

(၂) ဂျိဟာဒ်ပြုလုပ်ရန် အမိန့်တော်ကျရောက်လာပြီးနောက် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အစစအရာရာ အသင့်ဖြစ်သွားသည့် အချိန်တွင်လည်း အကယ်၍ မုနာဖစ်ဂ်များသည် မိမိတို့နှတ်မှ ကျွန်ုပ်တို့သည် အလွှာဟ အရှင်မြတ်အား ယုံကြည်ပါသည်ဟု ဖွင့်ဟပြောဆိုနေကြသည့်အတိုင်း စိတ်တွင်းမှလည်း အမှန်တကယ် ယုံကြည်လာကြပါက၊ ထိုအရှင်မြတ်၏ အမိန့်တော်များကိုလည်း အထူးသဖြင့် ဂျိဟာဒ်ပြုလုပ်ရန် အမိန့်တော်ကို စိတ်ရောကိုယ်ပါ လိုက်နာကျင့်သုံးကြပါက ၎င်းတို့အဖို့ အကောင်းဆုံးပင်ဖြစ်ပေသည်။

(၃) ပထမသော် မုနာဖစ်ဂ်များသည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ရိုးသားစွာပင် မစဉ်းစားမဆင်ခြင်ခဲ့ကြပေ။ သို့တည်းမဟုတ်၊ ၎င်းတို့၏ ဆိုးသွမ်း၊ ယုတ်မာမှုများကြောင့် ၎င်းတို့၏ စိတ်နှလုံးသားများ အပေါ်၌ သော့ခလောက်များ ခတ်လျက်ရှိခဲ့ပေသည်။ ထို့အတွက်ကြောင့် ၎င်းတို့သည် မည်သည့်အမှန်တရားကိုမျှ ထွင်းဖောက်မမြင်နိုင်ခဲ့ကြပေ။

အကယ်၍သာ မုနာဖစ်ဂ်များသည် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များကို ရိုးသားစွာ➤➤

إِنَّ الَّذِينَ ارْتَدُّوا عَلَىٰ أَدْبَارِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى ۙ الشَّيْطَانُ سَوَّلَ لَهُمْ وَأَمْلَىٰ لَهُمْ ﴿٢٥﴾

၂၅။ ဧကန်စင်စစ် အကြင်သူတို့သည် ၎င်းတို့အဖို့ တရားလမ်းမှန် ထင်ရှားခဲ့ပြီးနောက်တွင် ကျောခိုင်း၍ ပြန်လှည့်သွားကြကုန်၏။ 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ထိုသူတို့အား ဖြားယောင်းခဲ့လေ၏။ ထိုမှတပါး ယင်း'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်းတို့အား မက်လုံးပြခဲ့လေ၏။

ذَٰلِكَ بِأَنَّهُمْ قَالُوا لِلَّذِينَ كَرِهُوا مَا نَزَّلَ اللَّهُ سَنُطِيعُكُمْ فِي بَعْضِ الْأَمْرِ ۖ وَاللَّهُ يَعْلَمُ إِسْرَارَهُمْ ﴿٢٦﴾

၂၆။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အလ္လာဟ် အရှင်မြတ် ချပေးသနားတော်မူခဲ့သော အမိန့်တော်များကို စက်ဆုပ်ကြသောသူတို့အား ဧကန်အမှန် ကျွန်ုပ်တို့သည် အချို့သောအရေးကိစ္စများ၌ အသင်တို့၏စကားကို လိုက်နာကြမည်ဟု ပြောဆိုခဲ့ကြသောကြောင့်ပင်။ စစ်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏လျှို့ဝှက်စွာပြောဆိုမှုကို ကောင်းစွာသိရှိတော်မူ၏။

فَكَيْفَ إِذَا تَوَفَّتْهُمُ الْمَلَائِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ ﴿٢٧﴾

၂၇။ သို့ရာတွင် 'မလာအိကဟ်' ကောင်းကင်တမန်များသည် ထိုသူတို့၏မျက်နှာများကိုလည်းကောင်း၊ ထိုသူတို့၏ကျောက်ကုန်းများကိုလည်းကောင်း၊ ရိုက်ကြလျက် ထိုသူတို့၏ အသက်ဇီဝိန် နှုတ်သိမ်းကြသောအခါ (ထိုသူတို့သည်) မည်သည့်အဖြစ်သို့ (ရောက်ရှိကြအံ့နည်း)။

ذَٰلِكَ بِأَنَّهُمُ اتَّبَعُوا مَا أَسْخَطَ اللَّهَ وَكَرِهُوا رِضْوَانَهُ فَأَحْبَطَ

၂၈။ ထိုသို့ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ် မနှစ်မြို့သောနည်းလမ်းကို လိုက်နာခဲ့ကြသောကြောင့်လည်းကောင်း၊ ထိုအရှင်မြတ်၏ နှစ်မြို့မှုကို စက်ဆုပ်ခဲ့သောကြောင့်လည်းကောင်း၊ ဖြစ်ပေသည်။

➤➤ စဉ်းစားဆင်ခြင် မြော်မြင်နိုင်ခဲ့ကြပါက၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ် ပြုလုပ်ခြင်းအားဖြင့် နှစ်ဘဝလုံးတွင် အသို့အကျိုးရှိသည်များကို အလွယ်တကူ သိရှိသဘောပေါက်ခဲ့ကြပေမည်။

أَعْمَالَهُمْ ﴿٢٨﴾

သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့၏ အပြုအမူ ဆောင်ရွက်ချက်တို့ကို အချည်းနှီးပင် ဖြစ်စေတော်မူခဲ့ပေသတည်း။

أَمْ حَسِبَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ أَن لَّن يُخْرِجَ اللَّهُ أَضْغَانَهُمْ ﴿٢٩﴾

၂၉။ စိတ်နလုံးများတွင် ရောဂါဝေဒနာရှိသော သူတို့သည် ၎င်းတို့၏ ရန်ငြိုးထားမှုများကို ငါအရှင်မြတ်သည် အလျှင်း ထုတ်ဖော်တော်မူမည်မဟုတ်ဟု ထင်မှတ်နေကြလေသလော။

وَلَوْ نَشَاءُ لَأَرَيْنَاكَهُمْ فَلَعَرَفْتَهُم بِسِيمَاهُمْ ۚ وَلَتَعْرِفَنَّهُمْ فِي لَحْنِ الْقَوْلِ ۚ وَاللَّهُ يَعْلَمُ أَعْمَالَكُمْ ﴿٣٠﴾

၃၀။ စင်စစ်သော်ကား အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ငါအရှင်မြတ်သည် အသင့်အား ၎င်းတို့ကို (သိစေအံ့သောငှာ) အမှန်ပင် ပြသတော်မူပေမည်။ ထိုအခါ အသင်သည် မုချဧကန် ၎င်းတို့အား ၎င်းတို့၏ ရုပ်ရည်လက္ခဏာအမူအရာဖြင့် မုချ အတိအကျ သိရှိပေမည်။ ထိုမှတပါး: အသင်သည် ၎င်းတို့အား (၎င်းတို့၏) စကားပြောဆိုပုံ စကား အသွားအလာဖြင့် (ယခုလည်း) အမှန်ပင် သိရှိပေမည်။ အမှန်စင်စစ်သော်ကား: *အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်တို့ကို ကောင်းစွာ သိရှိတော်မူ၏။* [၁]

---

① အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက တမန်တော်မြတ်အား မည်သူမည်ဝါသည် မုနာဖစ်ဂ်ဖြစ်သည်ဟူ၍ အမည်နာမနှင့်တကွ အတိအကျ ပြသတော်မူနိုင်ပေသည်။ သို့ရာတွင် ယင်းသို့ အတိအကျ အထင်အရှား လက်တွေ့ ပြသတော်မူရန် မလိုသေး၍ ပြသတော်မမူခြင်းသာဖြစ်သည်။

သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မျက်နှာရိပ်၊ မျက်နှာကဲ့ ခတ်နိုင်သော အလွန့်အလွန် ထက်မြက်ထွင်းဖောက် သိမြင်နိုင်သော အသိဉာဏ်အမြော်အမြင်ကို ချီးမြှင့်ထားတော်မူသည်ဖြစ်ရာ၊ တမန်တော်မြတ်သည် မုနာဖစ်ဂ်များအား ၎င်းတို့၏ ရုပ်ရည်ကို ကြည့်တော်မူခြင်းဖြင့်ပင် သိရှိတော်မူနိုင်ပေသည်။

ထို့နောက် ၎င်းတို့၏ စကားပြောဆိုပုံကို ကြည့်တော်မူခြင်းအားဖြင့် ပို၍ပင် ပိုင်နိုင်စွာ သိရှိတော်မူပေမည်။ အဘယ်ကြောင့်ဆိုသော် မုနာဖစ်ဂ်အယောင်ဆောင်ထားသူနှင့် 'မုခ်လိဆွ်' ရိုးသားဖြောင့်မတ်သော၊ အတွင်းသဘောဖြူစင်သော၊ စိတ်စေတနာ သန့်ရှင်းသော မွတ်စ်လင်မ်တို့၏ ပြောပုံဆိုပုံသည် မိုးမြေတမျှ ကွာခြားလှပေသည်။ ➤➤

وَلَنَبْلُوَنَّكُمْ حَتّٰى نَعْلَمَ الْمُجٰهِدِيْنَ مِنْكُمْ وَالصّٰبِرِيْنَ ۙ وَنَبْلُوَا۟ اَخْبَارَكُمْ ﴿٣١﴾

၃၁။ ငင်းပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အနက်မှ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူတို့ကို သိရှိတော်မူသည့်တိုင်အောင်လည်းကောင်း၊ အသင်တို့၏အခြေအနေများကို စမ်းသပ် (ကြည့်ရှု)တော်မူသည့် တိုင်အောင်လည်းကောင်း၊ အသင်တို့အား စမ်းသပ်တော်မူအံ့သတည်း။ [၁]

إِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ وَشَآقُّوا الرَّسُوْلَ مِنْۢ بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدٰى ۙ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ۭ وَسَيُحْبِطُ اَعْمَالَهُمْ ﴿٣٢﴾

၃၂။ ဧကန်အမှန် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းမှ(လည်း) တားဆီးခဲ့ကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် ရာဇူလ်တမန်တော်မြတ်အား ဆန့်ကျင်ဘက် ပြုလုပ်ခဲ့ကြကုန်၏။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်စိုးစဉ်းမျှပင် အကျိုးယုတ်စေနိုင်ကြမည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် အမှန်ပင် ၎င်းတို့၏ ပြုလုပ်ဆောင်ရွက်ချက်တို့ကို အချည်းနှီး ဖြစ်စေတော်မူပေမည်။

➤➤ ဟဒီးဆ်ဩဝါဒတော်များတွင် တမန်တော်မြတ်သည် တစ်ရက် မြောက်မြားစွာသော မုနာဖစ်ဂ်များအား ၎င်းတို့၏ အမည်နာမများကို ထုတ်ဖော်ပြောဆိုတော်မူပြီး၊ ပရိသတ်အတွင်းမှ နှင်ထုတ်တော်မူသည့်အကြောင်း လာရှိသည်။

ယင်းသို့ မုနာဖစ်ဂ်များကို အမည်နာမ ထုတ်ဖော်၍ ပရိသတ်အတွင်းမှ နှင်ထုတ်တော်မူခြင်းမှာ ၎င်းတို့၏ ရုပ်ရည်နှင့် အပြောအဆိုကိုကြည့်ပြီး၊ မုနာဖစ်ဂ်ဖြစ်ကြောင်း တမန်တော်မြတ် သိတော်မူ၍လည်း ဖြစ်နိုင်ပေသည်။

သို့တည်းမဟုတ် ဣဗ္ဗာအာယတ်တော် ကျရောက်ပြီးနောက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား အချို့ မုနာဖစ်ဂ်များကို အမည်နာမနှင့်တကွ အတိအကျ အသိပေးတော်မူခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။

① ဆိုလိုသည်ကား - ဂျိဟာဒ်စသည့် အမိန့်တော်များကို ထုတ်ပြန်သတ်မှတ်တော်မူခြင်း၏ ရည်ရွယ်ချက်မှာ စမ်းသပ်တော်မူရန်ပင်ဖြစ်သည်။ သို့စမ်းသပ်တော်မူခြင်းဖြင့် မည်သူမည်ဝါတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ကြသည်၊ မပြုလုပ်ကြသည်၊ မည်သူမည်ဝါတို့သည် ဒုက္ခအမျိုးမျိုးနှင့်တွေ့ဆုံရာ၌ ရပ်တည်နေနိုင်ကြသည်၊ မနေနိုင်ကြသည်မှာ ပေါ်လွင် ထင်ရှားလာပေသည်။ တစ်နည်း - ရွေ စစ် မစစ် မှတ်ကျောက် တင်ကြည့်တော်မူခြင်းပင်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ أَطِيعُوا۟ ٱللَّهَ وَأَطِيعُوا۟ ٱلرَّسُولَ وَلَا تُبْطِلُوٓا۟ أَعْمَٰلَكُمْ ﴿٣٣﴾

၃၃။ 'အို-မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာကြလေကုန်။ ထို့ပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏အမိန့်တော်ကို(လည်း) လိုက်နာကြလေကုန်။ ထိုမှတပါး အသင်တို့သည် မိမိတို့၏ အပြုအမူဆောင်ရွက်ချက်များကို အချည်းနှီးမဖြစ်စေကြကုန်လင့်။

إِنَّ ٱلَّذِينَ كَفَرُوا۟ وَصَدُّوا۟ عَن سَبِيلِ ٱللَّهِ ثُمَّ مَاتُوا۟ وَهُمْ كُفَّارٌ فَلَن يَغْفِرَ ٱللَّهُ لَهُمْ ﴿٣٤﴾

၃၄။ ဧကန်စင်စစ် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းမှ တားဆီး ပိတ်ပင်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် ကာဖိရ် သွေဖည်ငြင်းပယ်သူတို့အဖြစ်နှင့်ပင် သေဆုံးသွားခဲ့ကြကုန်၏။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အလျှင်းခွင့်လွှတ်ချမ်းသာပေးတော်မူမည် မဟုတ်ပေ။

فَلَا تَهِنُوا۟ وَتَدْعُوٓا۟ إِلَى ٱلسَّلْمِ وَأَنتُمُ ٱلْأَعْلَوْنَ وَٱللَّهُ مَعَكُمْ وَلَن يَتِرَكُمْ أَعْمَٰلَكُمْ ﴿٣٥﴾

၃၅။ သို့ဖြစ်ပေရာ (အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊) အသင်တို့သည် အားလျော့ခြင်းလည်း မပြုကြကုန်လင့်၊ (၎င်းတို့အား) စစ်ပြေငြိမ်းရေးသို့ ဖိတ်ခေါ်ခြင်းလည်း မပြုကြကုန်လင့်၊ အမှန်သော်ကား အသင်တို့သည်သာလျှင် အောင်မြင်သူများ ဖြစ်ကြကုန်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့်အတူ ရှိတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ ပြုမူဆောင်ရွက်ချက်များ(၏အကျိုး)ကို အလျှင်းလျော့နည်းစေတော်မူမည် မဟုတ်ပေတကား။ [၁]

---

① **အောက်ကျိုးကာ စစ်ပြေငြိမ်းရေး မပြုရာ။**

ဆိုလိုသည်ကား မွတ်စ်လင်မ်များသည် ကာဖိရ်များနှင့် ယှဉ်ပြိုင်ရာတွင် လျော့ရိလျော့ရဲ မဖြစ်ကြရာ၊ အားမလျော့ကြရာ၊ စိတ်ဓာတ် မကျကြရာ၊ သတ္တိမကြောင်ကြရာ။ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရခြင်း၏ ➤➤

إِنَّمَا الْحَيَوٰةُ الدُّنْيَا لَعِبٌ وَلَهْوٌ ۚ وَإِن تُؤْمِنُوا وَتَتَّقُوا يُؤْتِكُمْ أُجُورَكُمْ وَلَا يَسْـَٔلْكُمْ أَمْوَٰلَكُمْ ﴿٣٦﴾

၃၆။ (ဤ) ပစ္စုပ္ပန်လောကီဘဝမှာ ကစားပွဲ၊ ပျော်ရွှင်ပွဲမျှသာ ဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် သက်ဝင် ယုံကြည်ကြသည်ရှိသော် ၎င်းပြင် (ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်ကြသည်ရှိသော် ထို အရှင်မြတ်သည် အသင်တို့၏ကုသိုလ်အကျိုးများကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထိုမှတပါး ထို အရှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ ပစ္စည်းများကို တောင်းဆိုမည်လည်း မဟုတ်ပေ။ [၃]

➤➤ ဘေးဒုက္ခများကို ကြောက်လန့်ပြီး စစ်ပြေငြိမ်းရန် လက်မလှမ်းကြရာ။ သို့မဟုတ်ပါမူ ကာဖိရ်ရန်သူများသည် ရဲတင်းလာကြပေမည်။ အတင့်ရဲလာကြပေမည်။ မွတ်စ်လင်မ်များကို လွှမ်းမိုးသွားကြပေမည်။

တစ်ချိန် အစ္စလာမ်အတွက်၊ မွတ်စ်လင်မ်များအတွက် အကျိုးရှိမည်ဖြစ်ပါက စစ်ပြေငြိမ်းရာတွင် တစ်စုံတစ်ရာ အပြစ်မရှိချေ။ ရှေ့ကဏ္ဍတွင် 'ဟုဒိုင်ဗိယဟ်' စစ်ပြေငြိမ်းရေး စာချုပ်အကြောင်း အကျယ်ပါရှိသည်။ အသို့ပင်ဖြစ်စေ၊ မွတ်စ်လင်မ်များသည် စိတ်ဓာတ်ကျဆင်းမှု၊ သတ္တိကြောင်မှုများကြောင့်ကား ဘယ်သောအခါမျှ စစ်ပြေငြိမ်းရေးကို အောက်ကျိုက်ကာ မပြုကြရာ။

မွတ်စ်လင်မ်များသည် စိုးရိမ်ရန်မလိုပေ။ အကယ်၍ မုအ်မင်နဲ့ပီပီ ခွဲသတ္တိရှိရှိနှင့် ကြံ့ခိုင်စွာရပ်တည်နေကြပါက၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို ဦးလည်မသုန် လိုက်နာကျင့်သုံးနေကြပါက ထိုအရှင်မြတ်သည် မွတ်စ်လင်မ်တို့နှင့် အတူတကွ ရှိနေတော်မူမည်ဖြစ်သည်။ ထိုအရှင်မြတ်သည် နောက်ဆုံးတွင် မွတ်စ်လင်မ်တို့အား အောင်နိုင်စေတော်မူမည်သာ ဖြစ်သည်။ ထိုအရှင်မြတ်သည် မွတ်စ်လင်မ်တို့အား မည်သည့်နည်းနှင့်မျှ ဆုံးရှုံးနစ်နာစေတော်မူမည် မဟုတ်ပေ။ ဤသည့်သဘောကို ကုရ်အာန်(၃း၁၃၉)တွင်လည်း မိန့်ဆိုထားတော်မူသည်။

① ဤပစ္စက္ခဘဝသည် ခေတ္တခဏ သခါရမျှသာဖြစ်သည်။ နောင်တမလွန်ဘဝသည် အမြဲထာဝစဉ် နေထိုင်ခံစားရမည့်ဘဝဖြစ်သည်။ နောင်တမလွန်ဘဝနှင့်စာလျှင် ဤပစ္စက္ခသည် ပျော်ပွဲရွှင်ပွဲ ကစားပွဲတမျှသာဖြစ်သည်။

အကယ်၍ လူသားတို့သည် 'အီမာန်' နှင့် 'တာက်ဝါ' ကို လက်ကိုင်ထားပြီးလျှင် ဤသည့် ပစ္စက္ခ၏ ပျော်ပွဲ၊ ရွှင်ပွဲ၊ ကစားပွဲကို ကြဉ်ရှောင်နိုင်ပါက အလ္လာဟ်အရှင်မြတ်သည် ယင်းသည့်အကျိုးကို အပြည့်အဝ ချီးမြှင့်တော်မူပေမည်။

ထိုသို့သော လူသားတို့ထံမှ ၎င်းတို့၏ ဥစ္စာပစ္စည်းများကို တောင်းဆိုတော်မူမည်လည်း မဟုတ်ပေ။ ထိုအရှင်မြတ်၌ ယင်းသို့တောင်းဆိုတော်မူရန် အကြောင်းလည်းမရှိပေ။ ထိုအရှင်မြတ်သည် တောင်းတော်မူသော အရှင်မဟုတ်၊ ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ ကြည့်-ကုရ်အာန် (၁၁း၆၊ ၂၉း၆၀၊ ၅၁း၅၇-၅၈)။

အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူသားတို့ထံမှ ဥစ္စာပစ္စည်းကို တောင်းဆိုတော်မူပါလည်း ထိုအရှင်မြတ်၌ တောင်းဆိုပိုင်ခွင့်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် ပိုင်ရှင်အစစ် ဖြစ်တော်မူသည်။ လူသားတို့နှင့်တကွ လူသားတို့ပိုင်ဆိုင်သမျှသော အရာအားလုံးတို့လည်း အမှန်မှာ ထိုအရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြပေသည်။ ➤➤

إِن يَسْـَٔلْكُمُوهَا فَيُحْفِكُمْ تَبْخَلُوا۟ وَيُخْرِجْ أَضْغَٰنَكُمْ ﴿٣٧﴾

၃၇။ အကယ်၍ ထိုအရှင်မြတ်သည် အသင်တို့ထံမှ ယင်းပစ္စည်းဥစ္စာများကို တောင်းဆိုတော်မူသည်ရှိသော်၊ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့ထံ အပူတပြင်း တောင်းဆိုတော်မူသည်ရှိသော်၊ အသင်တို့သည် စေးနဲကြပေမည်။ ၎င်းပြင် ထိုအရှင်မြတ်သည်လည်း အသင်တို့၏ စက်ဆုပ်မှုများကို ထုတ်ဖော်တော်မူပေမည်။

هَٰٓأَنتُمْ هَٰٓؤُلَآءِ تُدْعَوْنَ لِتُنفِقُوا۟ فِى سَبِيلِ ٱللَّهِ ۚ فَمِنكُم مَّن يَبْخَلُ ۖ وَمَن يَبْخَلْ فَإِنَّمَا يَبْخَلُ عَن نَّفْسِهِۦ ۚ وَٱللَّهُ ٱلْغَنِىُّ وَأَنتُمُ ٱلْفُقَرَآءُ ۚ وَإِن تَتَوَلَّوْا۟ يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ثُمَّ لَا يَكُونُوٓا۟ أَمْثَٰلَكُم ﴿٣٨﴾

၃၈။ ဟယ်-(အချင်းတို့၊) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်း၌ သုံးစွဲရန် ဖိတ်ခေါ်ခြင်းကို ခံကြရသောသူများပင်။ သို့ရာတွင် အသင်တို့အနက် အချို့မှာ စေးနဲသောသူများဖြစ်ကြကုန်၏။ အမှန်သော်ကား မည်သူမဆို စေးနဲပါမူ ထိုသူသည် မိမိကိုယ်နှင့် ပတ်သက်၍ စေးနဲသည်သာတည်း။

စင်စစ်သော်မူကား အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ရာတွင် အသင်တို့သည် လိုလားတောင့်တသူများပင် ဖြစ်ကြကုန်၏။ ၎င်းပြင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲကြပါမူ ထိုအရှင်မြတ်သည် (အသင်တို့အား) အသင်တို့၏နေရာတွင် အခြားသောအမျိုးသားတို့ဖြင့် လဲလှယ်တော်မူပေမည်။ ထိုအမျိုးသားတို့မှာကား အသင်တို့နှင့် တူကြမည်မဟုတ်ပေ။ ➊

➤➤ သို့ပင်တစေ ထိုအရှင်မြတ်သည် သာသနာရေးတွင် သုံးစွဲရန် မိန့်ကြားတော်မူသည့်အခါ ဥစ္စာပစ္စည်းအားလုံးကို သုံးစွဲရန် မိန့်ကြားတော်မူသည်မဟုတ်။ အနည်းငယ်မျှသော ဥစ္စာပစ္စည်းကို သုံးစွဲရန်သာလျှင် မိန့်ကြားတော်မူပေသည်။ သို့သုံးစွဲရန် မိန့်ကြားတော်မူခြင်းမှာလည်း မိမိအကျိုးအတွက်မဟုတ်၊ လူသားတို့အကျိုးအတွက်သာလျှင် ဖြစ်ချေသည်။

➊ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများအနက် အချို့အဝက်ကိုသာ မိမိတို့၏ အကျိုးငှာသာ လှူဒါန်း သုံးစွဲရန် မိန့်ကြားထားတော်မူသည်။ သို့ပါလျက် အချို့လူသားတို့သည် မိမိတို့အကျိုးအတွက် ဥစ္စာပစ္စည်း အချို့အဝက် လှူဒါန်းရာ၌ပင် ➤➤

အောင်နိုင်ခြင်းကဏ္ဍ



ဤကဏ္ဍသည် "စူရဟ်တုလ်ဖတ်ဟ်" အောင်နိုင်ခြင်း ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်ပေါင်း (၂၉)ပါး၊ ရကူအ် အပိုဒ်ပေါင်း(၄)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ်သနားကြင်နာ ညှာတာတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

إِنَّا فَتَحْنَا لَكَ فَتْحًا مُّبِيْنًا ۝١

၁။ (အို-နဗီတမန်တော်၊) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား ထင်ရှားစွာသော အောင်မြင်မှုတစ်ခုကို ချီးမြှင့် ပေးသနားတော်မူပြီ။

لِّيَغْفِرَ لَكَ اللّٰهُ مَا تَقَدَّمَ مِنْ ذَنْۢبِكَ وَمَا تَاَخَّرَ وَيُتِمَّ نِعْمَتَهٗ عَلَيْكَ وَيَهْدِيَكَ صِرَاطًا مُّسْتَقِيْمًا ۝٢

၂။ (ယင်းသို့ အောင်မြင်မှု ချီးမြှင့်တော်မူခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် အသင်၏ရှေးကာလ ချို့တဲ့မှုများနှင့် အနာဂတ်ကာလ ချို့တဲ့မှုတို့ကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူအံ့သောငှာလည်းကောင်း၊ မိမိကျေးဇူးတော်များကို အသင့်အပေါ်၌ စုံလင်စေတော်မူအံ့သောငှာလည်းကောင်း၊ အသင့်အား ဖြောင့်မတ်သော တရားလမ်းကို ညွှန်ကြားပြသတော်မူအံ့သောငှာလည်းကောင်း၊

➤➤ စေးနဲ့တွန့်တို ဆုတ်ဆိုင်းနေကြပေသည်။

သို့စေးနဲ့သူများသည် အမှန်မှာ သူတစ်ပါးနှင့်ပတ်သက်၍ စေးနဲ့နေကြသည်မဟုတ်၊ မိမိတို့ကိုယ်ကို မိမိတို့ စေးနဲ့နေကြခြင်းသာ ဖြစ်သည်။ သို့လှူဒါန်းလိုက်ခြင်းအားဖြင့် ထာဝစဉ် ရရှိအံ့သောအကျိုးမှ မိမိတို့ကိုယ်ကို မိမိတို့ ဖယ်ရှားထားခြင်းသာဖြစ်သည်။

ဤတွင် လူသားတို့ သိထားအပ်သည်မှာ အလ္လာဟ်အရှင်မြတ်သည် တောင့်တကြောင့်ကြမှု အပေါင်းမှ လုံးဝ ကင်းစင်တော်မူသည်။ မည်သည့်အရာကိုမျှ တောင့်တ ကြောင့်ကြရတော်မူသည်ဟူ၍ အလျှင်းမရှိ။ လူသားများသာလျှင် အရာရာ၌ တောင့်တ ကြောင့်ကြနေကြရပေသည်။

وَّيَنْصُرَكَ اللّٰهُ نَصْرًا عَزِيْزًا ۝٣

هُوَ الَّذِيْٓ اَنْزَلَ السَّكِيْنَةَ فِيْ قُلُوْبِ الْمُؤْمِنِيْنَ لِيَزْدَادُوْٓا اِيْمَانًا مَّعَ اِيْمَانِهِمْ ۗ وَلِلّٰهِ جُنُوْدُ السَّمٰوٰتِ وَالْاَرْضِ ۗ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ۝٤

၃။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကြံ့ခိုင်သော၊ ဘုန်းကျက်သရေရှိသော၊ အောင်မြင်မှုကို ချီးမြှင့်တော်မူအံ့သောငှာလည်းကောင်း၊ ဖြစ်ပေသတည်း။

၄။ ထိုအရှင်မြတ်သည်ပင် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့၏စိတ်နှလုံးများတွင် ၎င်းတို့၏ရှိရင်းစွဲယုံကြည်မှုအပေါ်၌ ထပ်မံ၍ ယုံကြည်မှု တိုးပွားစေရန် စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။ [၃] စင်စစ်သော်ကား မိုးကောင်းကင်များ၌ရှိကုန်သော စစ်တပ်တို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော စစ်တပ်တို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော စစ်တပ်များပင်ဖြစ်ကုန်၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။ [၄]

---

① ဆိုလိုသည်ကား – ဟုဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်စဉ် အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့၏ စိတ်နှလုံးသားအပေါ်၌ (စကီနတ်) တည်ငြိမ်မှုကို ချပေးတော်မူခဲ့၏။ ယင်းသို့ တည်ငြိမ်မှု ချပေးတော်မူခြင်းကြောင့်ပင် မွတ်စ်လင်မ်တို့သည် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရာတွင် ကာဖိရ်များ၏ တစ်ဖက်စီးနင်းကျလွန်းလှသည့် တောင်းဆိုချက်များကို လိုက်လျောခဲ့ကြရသည့်အတွက် မကျေမနပ် ဖြစ်နေခဲ့ကြရသော်လည်း တမန်တော်မြတ်၏ အဆုံးအဖြတ်ကိုပင် လိုက်နာခဲ့ကြ၏။ တစ်ဖက်စီးနင်း ပြောဆိုကျင့်မူခဲ့ကြသော ကာဖိရ်များအား တုံ့ပြန်ချေပ မနေခဲ့ကြပေ။ ယင်းသို့ မိမိတို့၏ စိတ်အလိုဆန္ဒကို မလိုက်နာဘဲ တမန်တော်မြတ်၏ အဆုံးအဖြတ်ကို ဦးထိပ်ရွက် ပန်ဆင်ခဲ့ကြသည့် ကျေးဇူးကြောင့် ၎င်းတို့၏ ရှိရင်းစွဲ (အီမာန်) ယုံကြည်မှု၏ အဆင့်အတန်းသည် ပိုမိုပွားများ မြင့်မားရင့်ကျက်လာခဲ့ပေသည်။

မွတ်စ်လင်မ်များသည် ပထမသော် တမန်တော်မြတ်ထံတော်၌ (ဂျိဟာဒ်) ပြုလုပ်ပါမည့်အကြောင်း (ဗိုင်အတ်)သစ္စာအဓိဋ္ဌာန် ဆိုပြီး၊ မိမိတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် အသက်စွန့်လှူရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြသခဲ့ကြ၏။ ဤသည်လည်း ယုံကြည်မှုတစ်မျိုးပင်။

ထို့နောက် တမန်တော်မြတ်က မွတ်စ်လင်မ်တို့၏ စိတ်အလိုဆန္ဒကို ဆန့်ကျင်ကာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုတော်မူလိုက်သည့်အခါ၊ မွတ်စ်လင်မ်တို့သည် မိမိတို့၏ ပြင်းပြတက်ကြွနေသော စိတ်ဓာတ်များကို ချိုးနှိမ်ပြီး၊ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်၏ အဆုံးအဖြတ်ကိုပင် ကြည်ဖြူစွာ နာခံခဲ့ကြ၏။ ဤသည်လည်း (အီမာန်)ယုံကြည်မှု တစ်နည်းပင်။ ဆွဟာဗဟ်သာဝကကြီးများ၏ အမိန့်နာခံမှုမှာ နမူနာပြုဖွယ်ရာပင်။

لِّيُدْخِلَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَيُكَفِّرَ عَنْهُمْ سَيِّئَاتِهِمْ ۚ وَكَانَ ذَٰلِكَ عِندَ اللَّهِ فَوْزًا عَظِيمًا ۝

၅။ (ထိုသို့ဖြစ်ရခြင်းမှာ) ထိုအရှင်မြတ်သည် သက်ဝင်ယုံကြည်သော ယောကျ်ားများအား၎င်း၊ သက်ဝင်ယုံကြည်သောမိန်းမများအား၎င်း၊ အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူအံ့သောငှာဖြစ်၏။ ၎င်းတို့သည် ထိုဥယျာဉ်များထဲတွင် ထာဝစဉ်နေကြရမည်ဖြစ်သည်။ ယင်းဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေ့ျက်ရှိကြပေမည်။ ထိုမှတပါး ထိုအရှင်မြတ်သည် ၎င်းတို့မှ ၎င်းတို့၏ပြစ်မှု၊ ဒုစရိုက်တို့ကို ပပျောက်စေတော်မူအံ့သောငှာဖြစ်၏။

---

(၂) အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။ အတိုင်းမသိ ဆင်ခြင်တုံတရားနှင့် ပြည့်ဝတော်မူသည်။ မည်သည့်အချိန်တွင် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန်သင့်သည်။ မည်သည့်အချိန်တွင် စစ်မက်ပြိုင်ဆိုင်ရန် တိုက်ခိုက်ရန်မသင့်၊ စစ်ပြေငြိမ်းရေး ပြုသင့်သည်များကို ထိုအရှင်မြတ် အသိဆုံးပင် ဖြစ်တော်မူသည်။

သို့ဖြစ်ရာ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူပါက၊ မွတ်စ်လင်မ်များသည် ကာဖိရ်စစ်သည်အင်အား များပြားသည်ကိုကြည့်ပြီး သို့လော သို့လော ဖြစ်နေကြရန်မလို။ ဆုတ်ဆိုင်းနေကြရန် မလို။ အမိန့်တော်အတိုင်း စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြရမည်သာဖြစ်သည်။ မိုးမြေရှိ စစ်သည်အင်အား အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌ရှိသည်။ ထိုအရှင်မြတ်သည် စစ်သည်အင်အား နည်းပါးနေသော မွတ်စ်လင်မ်များအား မိမိ၏စစ်သည်တော်များဖြင့် ကူညီတော်မူနိုင်ပေသည်။ ဗဒ်ရ်၊ အဟ်ဇာဗ်၊ ဟုနိုင်နစသည့် စစ်ပွဲများတွင် ထိုအရှင်မြတ်သည် မွတ်စ်လင်မ်တို့အား မိမိ၏ စစ်သည်တော်များဖြင့် အံ့ဖွယ်သရဲကူညီတော်မူခဲ့ပြီးဖြစ်သည်။

ထို့အတူ အကယ်၍ အလ္လာဟ်အရှင်မြတ်က စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းမပြုဘဲ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန် မိန့်ကြားတော်မူပါက မွတ်စ်လင်မ်များသည် ကာဖိရ်များအား ချေမှုန်းနိုင်သည်ကို ကြည့်ပြီး ကာဖိရ်များသည် ဤစစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုလိုက်သဖြင့် ငါတို့၏ လက်တွင်းမှ လွတ်မြောက်သွားကြပြီး၊ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်သာ အမိန့်တော်ရှိပါက၊ ငါတို့သည် ကာဖိရ်များအား ချေမှုန်းပစ်ကြမည်ဖြစ်သည်ဟု တွေးထင်ကာ ဝမ်းနည်းမနေကြရာ။

အမိန့်တော်အတိုင်း ဦးလည်မသုန် လိုက်နာကြရမည်သာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား ချေမှုန်းတော်မူလိုပါက မွတ်စ်လင်မ်စစ်သည်များမပါဘဲနှင့် မိမိ၏စစ်သည်တော်များနှင့် မိမိနည်းနှင့်လည်း ချေမှုန်းတော်မူနိုင်ပေသည်။

အသို့ပင်ရှိစေ၊ ထိုအရှင်မြတ်က စစ်ပြေငြိမ်းရန် အမိန့်တော်ရှိပါက ယင်းသည့် အမိန့်တော်ကိုနာခံရာ၌ မွတ်စ်လင်မ်တို့အဖို့ တစ်နည်းမဟုတ်တစ်နည်း အကျိုးရှိမည်မှာ မုချမလွဲတည်း။

စင်စစ်သော်ကား ထိုသည်ပင်လျှင် အလွှာဟ် အရှင်မြတ်အထံတော်၌ ကြီးကျယ်လှစွာသောအောင်မြင်မှု ဖြစ်၏။ [၁]

وَّيُعَذِّبَ الْمُنٰفِقِيْنَ وَالْمُنٰفِقٰتِ وَالْمُشْرِكِيْنَ وَالْمُشْرِكٰتِ الظَّآنِّيْنَ بِاللّٰهِ ظَنَّ السَّوْءِ ؕ عَلَيْهِمْ دَآئِرَةُ السَّوْءِ ۚ وَغَضِبَ اللّٰهُ عَلَيْهِمْ وَلَعَنَهُمْ وَاَعَدَّ لَهُمْ جَهَنَّمَ ؕ وَسَآءَتْ مَصِيْرًا ۝٦

၆။ ထိုမှတပါး: ထိုအရှင်မြတ်သည် အလွှာဟ် အရှင်မြတ်နှင့်ပတ်သက်၍ မကောင်းသော ထင်မြင်ယူဆချက်ကို ထင်မြင်ယူဆကြကုန်သော 'မုနာဖစ်က်' မုစ်လင်မ်အယောင်ဆောင် ယောကျ်ား၊ မိန်းမတို့အား လည်းကောင်း၊ 'မုရှ်ရစ်က်' တစ်စုံတစ်ရာကို အလွှာဟ် အရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ကြသော ယောကျ်ား၊ မိန်းမတို့အား လည်းကောင်း၊ ပြစ်ဒဏ် ပေးတော်မူအံ့သောငှာဖြစ်၏။

ဂင်းတို့၌ ဘေးဆိုးသည် ဆိုက်ရောက်တော့မည်ဖြစ်၏။ ထို့ပြင် အလွှာဟ်အရှင်မြတ်သည် ဂင်းတို့၏ အပေါ်၌ အမျက်ထွက်တော်မူမည်။ ထို့ပြင် ဂင်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ထိုမှတပါး: ထိုအရှင်မြတ်သည် ဂင်းတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံကို အဆင်သင့်ပြုလုပ်၍ ထားတော်မူ၏။ စင်စစ်မှာမူကား: ယင်းငရဲဘုံသည် လွန်စွာ ဆိုးရွားလှသော နေရာထိုင်ခင်းပင် ဖြစ်ပေသည်။

---

① တမန်တော်မြတ်က ဤကဏ္ဍလာအာယတ်တော်(၁-၄)ကို မိမိ၏ တပည့်သာဝကများအား: ဖတ်ကြား ပြတော်မူရာ တပည့်သာဝကများက တမန်တော်မြတ်အား: ကောင်းချီးသြဘာပေးကာ-'တမန်တော်မြတ်၊ တမန်တော်မြတ်အဖို့ မင်္ဂလာရှိလှပါသည်။ ဤအာယတ်တော်များတွင် အလွှာဟ်အရှင်မြတ်က တမန်တော်မြတ်အား ဤသို့ ထိုသို့ချီးမြှင့် မြှောက်စားတော်မူသည့်အကြောင်းများ ပါရှိပါသည်။ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ အသို့စီရင်တော်မူပါသနည်း' ဟု မေးလျှောက်ကြရာ၊ ဤအာယတ်တော် (၄း၄-၅) ကျရောက်လာခဲ့ပေသည်။

ဆိုလိုသည်ကား - အလွှာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အပေါ်၌ (စကီနတ်) တည်ငြိမ်မှုကို ချပေးတော်မူပြီးလျှင်၎င်းတို့၏ အီမာန်ယုံကြည်မှုကို တိုးပွားများပြား ရင့်ကျက်စေတော်မူခဲ့သည်။ သို့ယုံကြည်မှုကို တိုးပွားများပြား ရင့်ကျက်စေတော်မူခြင်းမှာ မွတ်စ်လင်မ်တို့အား ၎င်းတို့၏ မှုပြစ်များကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူ၍၊ ၎င်းတို့အား ဂျန္နတ်တွင်ထာဝစဉ် စံမြန်းစေတော်မူရန်ပင် ဖြစ်သည်ဟူ၏။ ➤➤

وَلِلّٰهِ جُنُوْدُ السَّمٰوٰتِ وَالْاَرْضِ ؕ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ۝٧

၇။ အမှန်စင်စစ်သော်ကား မိုးကောင်းကင်များ၌ ရှိကုန်သော စစ်တပ်များသည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကုန်သောစစ်တပ်များသည်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ် ပိုင်ဆိုင်တော်မူသော စစ်တပ်ပင် ဖြစ်ကုန်၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်မှာမူကား ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသောအရှင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

اِنَّاۤ اَرْسَلْنٰكَ شَاهِدًا وَّمُبَشِّرًا وَّنَذِيْرًا ۝٨

၈။ (အို-နဗီတမန်တော်၊) ဧကန်မလွဲ ငါအရှင်မြတ်သည် အသင့်အား သက်သေအဖြစ်လည်းကောင်း၊ သတင်းကောင်း ပြောကြားသူ အဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း၊ စေလွှတ်တော်မူခဲ့၏။

لِّتُؤْمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَتُعَزِّرُوْهُ وَتُوَقِّرُوْهُ ؕ وَتُسَبِّحُوْهُ بُكْرَةً وَّاَصِيْلًا ۝٩

၉။ (ယင်းသို့ စေလွှတ်တော်မူခြင်းမှာ) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်အား သက်ဝင် ယုံကြည်ကြအုံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ်(၏သာသနာတော် ရာဇလ်တမန်တော်)ကို ကူညီကြအုံ့သောငှာ လည်းကောင်း၊ ထိုအရှင်မြတ်(၏ရာဇလ်တမန်တော်အား ရိုသေကိုင်းရှိုင်းကြအုံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း၊ နံနက်ယံနှင့် ညနေချမ်းတို့၌ မြွက်ဆိုကြအုံ့သောငှာလည်းကောင်း၊ ဖြစ်ပေသည်။

>> ဟုဒိုင်ဗီယဟ်တွင် တမန်တော်မြတ်နှင့်အတူ လိုက်ပါ၍တမန်တော်မြတ်ထံ ဂျိဟာဒ်ပြုလုပ်ပါမည့်အကြောင်း သစ္စာအဓိဋ္ဌာန် ပြုသူများအနက် တစ်ဦးတစ်ယောက်မျှ ဂျဟန္နမ် ငရဲသို့လားမည် မဟုတ်ကြောင်း တမန်တော်မြတ်၏ ဩဝါဒတော်များတွင် လာရှိပေသည်။

إِنَّ الَّذِينَ يُبَايِعُونَكَ إِنَّمَا
يُبَايِعُونَ اللَّهَ يَدُ اللَّهِ فَوْقَ
أَيْدِيهِمْ ۚ فَمَن نَّكَثَ فَإِنَّمَا يَنكُثُ
عَلَىٰ نَفْسِهِ ۖ وَمَنْ أَوْفَىٰ بِمَا عَاهَدَ
عَلَيْهُ اللَّهَ فَسَيُؤْتِيهِ أَجْرًا
عَظِيمًا ﴿١٠﴾

၁၀။ (အို-နဗီတမန်တော်၊) စင်စစ်ဧကန် အသင်နှင့် 'ဗိုင်အတ်' (ပဋိညာဉ်) ပြုကြကုန်သော သူတို့မှာ အလ္လာဟ်အရှင်မြတ်နှင့် ဗိုင်အတ်ပဋိညာဉ် ပြုကြသည်သာတည်း။ [၁] အလ္လာဟ်အရှင်မြတ်၏ လက်တော်ကား ၎င်းတို့၏လက်များပေါ်၌ ရှိတော်မူ၏။

သို့ဖြစ်ပေရာ မည်သူမဆို ပဋိညာဉ်ကို ချိုးဖျက်ခဲ့ပါလျှင် ထိုသူသည် မိမိကိုယ်နှင့် ဆန့်ကျင်၍ ပဋိညာဉ်ကို ချိုးဖျက်ခြင်းပင်ဖြစ်ပေသည်။ သို့ရာတွင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် ပဋိညာဉ်ပြုခဲ့သော အချက်တို့ကို ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါလျှင် မကြာမြင့်မီပင် ထိုအရှင်မြတ်သည် ၎င်းအား ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့် ပေးသနားတော်မူအံ့သတည်း။

سَيَقُولُ لَكَ الْمُخَلَّفُونَ مِنَ
الْأَعْرَابِ شَغَلَتْنَا أَمْوَالُنَا
وَأَهْلُونَا فَاسْتَغْفِرْ لَنَا ۚ يَقُولُونَ
بِأَلْسِنَتِهِم مَّا لَيْسَ فِي
قُلُوبِهِمْ ۚ قُلْ فَمَن يَمْلِكُ

၁၁။ (အို-နဗီတမန်တော်၊) မကြာမီပင် နောက်ကျန်ရစ်ခဲ့ကြလေသော ကန္တာရတွင် လှည့်လည်နေထိုင်ကြသော အရဗ် တောကျေးသားတို့သည် အသင့်အား (လာရောက်) ပြောဆိုကြပေမည်။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ ကျွန်ုပ်တို့၏ အိမ်ထောင်စုသားများသည်လည်းကောင်း၊ အလုပ်များစေခဲ့ကြပါသည်။ သို့ပါ၍ အသင် တမန်တော်မြတ်သည် ကျွန်ုပ်တို့အဖို့ (အရှင်မြတ်အထံတော်တွင်) လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ပေးပါလေ။

---

① ဟုဒိုင်ဗိယဟ်တွင် ဆွဟာဗဟ်သာဝကကြီးများသည် တမန်တော်မြတ်နှင့် လက်ချင်းထပ်၍ ဗိုင်အတ်ပြုခဲ့ကြ၏။ ယင်းသို့ တမန်တော်မြတ်နှင့်လက်ချင်းထပ်၍ ဗိုင်အတ်ပြုခဲ့ကြသည်ကိုပင် အလ္လာဟ်အရှင်မြတ်ထံတော် ဗိုင်အတ်ပြုခဲ့ကြသည်ဟူ၍ မိန့်ဆိုထားတော်မူသည်။

အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သည် အမှန်မှာ အလ္လာဟ်အရှင်မြတ်၏ဘက်တော်မှပင် ဗိုင်အတ် ယူတော်မူခဲ့ခြင်းဖြစ်သည်။ ထိုအရှင်မြတ်၏ အမိန့်တော်၌ နာခံမှုကိုလည်း ယင်းဗိုင်အတ်ဖြင့် ပိုမိုလေးနက်စေခဲ့ခြင်းပင်ဖြစ်သည်။ ➤➤

لَكُمْ مِّنَ اللّٰهِ شَيْـًٔا اِنْ اَرَادَ بِكُمْ ضَرًّا اَوْ اَرَادَ بِكُمْ نَفْعًا ۭ بَلْ كَانَ اللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرًا ⑪

(စင်စစ်မှာကား) ၎င်းတို့သည် မိမိတို့စိတ်တွင်း၌မရှိသော အရာများကို မိမိတို့၏ နှုတ်လျှာများဖြင့် ပြောဆိုနေကြကုန်၏။

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောဆို (မေးမြန်း)ပါလေ။ (အချင်းတို့) သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် အကယ်၍ ထိုအရှင်မြတ်သည် အသင်တို့၌ ဘေးအန္တရာယ်တစ်စုံတစ်ရာကို သက်ရောက်စေရန် ကြံရွယ်တော်မူပါလျှင်၊ သို့တည်းမဟုတ် ထိုအရှင်မြတ်သည် အကျိုးအာနိသင် တစ်စုံတစ်ရာကို အသင်တို့၌ သက်ရောက်စေရန် ကြံရွယ်တော်မူပါလျှင် မည်သူသည် အသင်တို့နှင့်ပတ်သက်၍ အခွင့်အာဏာ တစ်စုံတစ်ရာကို ပိုင်ဆိုင်ပါသနည်း။ စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

➤➤ ကုရ်အာန် (၄:၈၀) တွင် တမန်တော်၏ အမိန့်နာခံလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရမည်သည်ဟူသော အသုံးအနှုန်း၊ ကုရ်အာန် (၈:၁၇) တွင် အသင်ပစ်ခတ်သည် မဟုတ်၊ အလ္လာဟ်အရှင်မြတ် ပစ်ခတ်တော်မူခြင်းဖြစ်သည် ဟူသော အသုံးအနှုန်းများမှာလည်း ဤသည့်သဘောပင်။

တမန်တော်မြတ်ထံ ဗိုင်အတ်ပြုခဲ့ကြသော ပုဂ္ဂိုလ်များသည် အမှန်မှာ အလ္လာဟ်အရှင်မြတ်အထံတော်၌ ဗိုင်အတ် ပြုခဲ့ကြသည်ပင်ဖြစ်ရာ၊ ထိုအရှင်မြတ်၏ သနားကြင်နာခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကူညီရိုင်းပင်းခြင်းတည်းဟူသော လက်တော်သည် ယင်းပုဂ္ဂိုလ်တို့၏ လက်များအပေါ်၌ ရှိနေတော်မူမည်သာတည်း။

⓫ တမန်တော်မြတ် အွမ်ရဟ်ပြုရန် မက္ကာမြို့တော်သို့ ကြွသွားတော်မူခဲ့စဉ် အရဗ် တောကျေးသားများသည် တမင် နောက်ချန်နေခဲ့ကြ၏။ သို့နောက်ချန်နေခဲ့ခြင်းမှာလည်း မက္ကာမြို့တော်သို့ အွမ်ရဟ် ပြုရန် ကြွသွားနေသော တမန်တော်မြတ်နှင့် မွတ်စ်လင်မ်များသည် မက္ကာမြို့သား မုရှ်ရစ်ဂ်များ၏ လက်တွင်းမှ မည်သို့မျှ လွတ်မြောက်နိုင်ကြမည်မဟုတ်ဟု ထင်မြင်နေခဲ့ခြင်းကြောင့်ဖြစ်၏။

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်များသည် ဟုဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုပြီး၊ ဟုဒိုင်ဗိယဟ်မှ မဒီနာသို့ ကောင်းမွန်စွာ ပြန်လာခဲ့ကြ၏။ လမ်းခရီးမှာပင် အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်များကို ထုတ်ပြန်ချမှတ်တော်မူပြီး၊ တမန်တော်မြတ် မဒီနာသို့➤➤

بَلْ ظَنَنتُمْ أَن لَّن يَنقَلِبَ الرَّسُولُ وَالْمُؤْمِنُونَ إِلَىٰ أَهْلِيهِمْ أَبَدًا وَزُيِّنَ ذَٰلِكَ فِي قُلُوبِكُمْ وَظَنَنتُمْ ظَنَّ السَّوْءِ ۖ وَكُنتُمْ قَوْمًا بُورًا ﴿١٢﴾

၁၂။ စင်စစ်မှာမူကား ရာဇူလ်တမန်တော်မြတ်သည်လည်းကောင်း၊ 'မုအ်မင်နဲ့' သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း၊ မည်သည့်အခါမျှပင် မိမိတို့၏ အိမ်သူအိမ်သားတို့ထံ အလျှင်းပြန်လာကြမည် မဟုတ်ဟူ၍ အသင်တို့ ထင်မှတ်နေခဲ့ကြကုန်၏။ ထို့ပြင် ယင်းအတွေးအထင်သည် အသင်တို့၏ စိတ်နလုံးများကို လှပတင့်တယ်လျက် ရှိနေစေခဲ့၏။ ၎င်းပြင် အသင်တို့သည် မကောင်းသော ထင်မြင်ချက်ကို ထင်မြင်ခဲ့ကြကုန်၏။ ထိုမှတပါး အသင်တို့သည် ပျက်စီးသော သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَمَن لَّمْ يُؤْمِن بِاللَّهِ وَرَسُولِهِ فَإِنَّا أَعْتَدْنَا لِلْكَافِرِينَ سَعِيرًا ﴿١٣﴾

၁၃။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ခြင်းမရှိခဲ့မူ ဧကန်မလွဲ ငါအရှင်မြတ်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြကုန်သောသူတို့အဖို့ 'ဂျဟန္နမ်' ငရဲဘုံကို အဆင်သင့် ပြုလုပ်ထားတော်မူ၏။

وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۚ يَغْفِرُ لِمَن يَشَاءُ وَيُعَذِّبُ مَن يَشَاءُ ۚ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ﴿١٤﴾

၁၄။ စင်စစ်တမူကား မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်မူအာဏာသည်လည်းကောင်း၊ ကမ္ဘာမြေကို စိုးမိုးအုပ်ချုပ်မူအာဏာသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူ၍ မိမိအလိုရှိတော်မမူသောသူအား ပြစ်ဒဏ် ပေးတော်မူသည်။

➤➤ ပြန်လည်ရောက်ရှိသည့်အခါ အဆိုပါ အရာဇ်တောကျေးသားများ တမန်တော်မြတ်ထံလာပြီး၊ တမန်တော်မြတ်နှင့်အတူ မက္ကာမြို့တော်သို့ မိမိတို့ မလိုက်ပါနိုင်ခဲ့ကြသည့်အကြောင်း၊ မိမိတို့အဖို့ အလ္လာဟ်အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းခွင့် ပန်ကြားပေးတော်မူပါမည့်အကြောင်း ဟန်ဆောင်ကာ မျက်နှာချို့သွေး၍ လိမ်လည်ပြောဆိုကြမည် ဖြစ်သည်ကို ကြိုတင် ဗျာဒိတ်ပေးထားတော်မူသည်။

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

سَيَقُولُ الْمُخَلَّفُونَ إِذَا انْطَلَقْتُمْ إِلَىٰ مَغَانِمَ لِتَأْخُذُوهَا ذَرُونَا نَتَّبِعْكُمْ ۖ يُرِيدُونَ أَنْ يُبَدِّلُوا كَلَامَ اللَّهِ ۚ قُلْ لَنْ تَتَّبِعُونَا كَذَٰلِكُمْ قَالَ اللَّهُ مِنْ قَبْلُ ۖ فَسَيَقُولُونَ بَلْ تَحْسُدُونَنَا ۚ بَلْ كَانُوا لَا يَفْقَهُونَ إِلَّا قَلِيلًا ﴿١٥﴾

၁၅။ မကြာမီပင် နောက်ကျစ်ရစ်ခဲ့ကြသော သူတို့သည် လက်ရပစ္စည်းများကိုယူရန် အသင်တို့သွားကြသောအခါ 'အသင်တို့သည် ကျွန်ုပ်တို့အား မိမိတို့နှင့်အတူလိုက်ရန် ခွင့်ပြုကြလေကုန်' ဟူ၍ ပြောဆိုကြပေမည်။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ကျွန်ုပ်တို့နှင့်အတူ အလျှင်း မလိုက်နိုင်ကြပေ။ ဤအတိုင်း ရှေးဦးမဆွကပင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားထားတော်မူ၏။ ထိုအခါ ၎င်းတို့က အလျှင်းမဟုတ်၊ စင်စစ်မှာမူကား အသင်တို့သည် ကျွန်ုပ်တို့အား မနာလိုကြသည်ဟု အမှန်ပင် ပြောဆိုကြပေမည်။ အမှန်စင်စစ် သော်ကား ၎င်းတို့သည် အနည်းငယ်မျှသာလျှင် နားလည်ကြကုန်သတည်း။

---

⑤ ဟုဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုပြီး တမန်တော်မြတ် မဒီနာသို့ ပြန်ကြွလာသည့်အခါ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ခိုင်ဗရ်ရှိ ယဟူဒီ သစ္စာဖောက်များကို နှိမ်နှင်းရန်အမိန့်ပေးတော်မူခဲ့၏။ ခိုင်ဗရ်ရှိ ယဟူဒီများသည် အဟ်ဇာဗ်စစ်ပွဲ ဖြစ်ပွားစဉ်က မွတ်စ်လင်မ်တို့အား သစ္စာဖောက်ပြီး မဒီနာမြို့ကို ချေမှုန်းနိုင်ရန် ကာဖိရ်များကိုပင် သွေးဆောင်ခေါ်ယူလာခဲ့ကြ၏။

အရဗ်တောကျေးသားမုနာဖစ်က်များသည် ဟုဒိုင်ဗိယဟ် ခရီးတွင် မွတ်စ်လင်မ်အဖို့ အန္တရာယ်ကြီးမားလှသည်ဟု တွေးထင်ခဲ့ကြသဖြင့် နောက်ချန်နေခဲ့ကြ၏။

ယခုခိုင်ဗရ် စစ်ပွဲတွင် မွတ်စ်လင်မ်တို့ အရေးသာကြမည်။ လက်ရပစ္စည်းအမြောက်အမြားရကြမည်ကို တွေ့မြင်ကြသည့်အခါ မွတ်စ်လင်မ်တို့နှင့်အတူ ခိုင်ဗရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲလိုခဲ့ကြ၏။ သို့ပါဝင်ဆင်နွှဲလိုခဲ့ကြသည့်အတိုင်း၊ တမန်တော်မြတ်ထံ လာရောက်မေတ္တာရပ်ခံကြရမည့်အကြောင်း အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ကြိုတင် အသိပေးထားတော်မူခဲ့၏။

သို့လာရောက် မေတ္တာရပ်ခံသည့်အခါ တမန်တော်မြတ်က ယင်းအရဗ် တောကျေးသားတို့အား 'အသင်တို့သည် ခိုင်ဗရ်ခရီးတွင် ငါတို့နှင့်အတူ အလျှင်းလိုက်ပါဆင်နွှဲနိုင်ကြမည် မဟုတ်ကြောင်း၊ အသင်တို့ ➤➤

قُلْ لِّلْمُخَلَّفِيْنَ مِنَ الْاَعْرَابِ سَتُدْعَوْنَ اِلٰى قَوْمٍ اُولِيْ بَاْسٍ شَدِيْدٍ تُقَاتِلُوْنَهُمْ اَوْ يُسْلِمُوْنَ ۚ فَاِنْ تُطِيْعُوْا يُؤْتِكُمُ اللّٰهُ اَجْرًا حَسَنًا ۚ وَاِنْ تَتَوَلَّوْا كَمَا تَوَلَّيْتُمْ مِّنْ قَبْلُ يُعَذِّبْكُمْ عَذَابًا اَلِيْمًا ﴿١٦﴾

၁၆။ (အို-နဗီတမန်တော်၊) အသင်သည် နောက်ကျန်ရစ်ခဲ့ကြလေသော၊ ကန္တာရတွင် လှည့်လည်နေထိုင်ကြကုန်သော အရဗ်တောကျေးသားတို့အား ပြောကြားပါလေ။ '(အချင်းတို့၊) မကြာမြင့်မီပင် အသင်တို့သည် အလွန်အမင်း တိုက်ခိုက်မှုပြုခဲ့ကြသော အမျိုးသားတို့နှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် ဖိတ်ခေါ်ခြင်းကို ခံကြရပေမည်။ အသင်တို့သည် ၎င်းတို့နှင့် တိုက်ခိုက်ကြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့သည် (လက်နက်ချအည့်ခံ၍ အစွမ်းလာမ်သာသနာတော်၏ အမိန့်ကို) နာခံကြရပေမည်။

ထိုအခါ အကယ်၍ အသင်တို့သည် အမိန့်တော်ကို လိုက်နာကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ကောင်းမြတ်သောအကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယခင်နည်းတူ မျက်နှာလွဲကြပါမူ ထိုအရှင်မြတ်သည် အသင်တို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို ပေးတော်မူပေမည်။' [၁]

➤➤ ယခုကဲ့သို့ လာရောက်မေတ္တာမရပ်ခံကြမီ အလျင်ကတည်းကပင် အလ္လာဟ်အရှင်မြတ်က ကြိုတင်မိန့်ကြားထားတော်မူသည်။ ဤအခြေအနေတွင် အသင်တို့သည် ငါတို့နှင့်အတူ အသို့လျှင် လိုက်ပါနိုင်ကြအုံးနည်း။ အကယ်၍ အသင်တို့သည် ငါတို့နှင့်အတူ လိုက်ပါလာကြမည်ဆိုပါက တနည်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ဗျာဒိတ်တော်ကို ကပြောင်းကပြန်ပြုလုပ်ရာ ရောက်ပေမည်။ ဤသို့ကား အလျှင်းမဖြစ်နိုင်ကြောင်း ပြောပြတော်မူခဲ့လေသည်။

ထိုအခါ အရဗ်တောကျေးသား မုနာဖစ်က်များက မွတ်စ်လင်မ်တို့အား 'အလ္လာဟ်အရှင်မြတ်က ဤကိစ္စတွင် အသို့မျှ မိန့်ကြားတော်မူသည်မဟုတ်၊ လက်ရပစ္စည်းအားလုံးတို့ကို အသင်တို့ လက်ဝါးကြီးအုပ်လိုကြသည်၊ အသင်တို့သည် ငါတို့၏ အကျိုးကို လားလားမျှ မလိုလားကြ၊ အမှန်မှာ အသင်တို့သည် ငါတို့အား မနာလိုကြပေ' ဟု ပြောဆိုခဲ့ကြပေသည်။

① ဆိုလိုသည်ကား အရဗ် တောကျေးသား မုနာဖစ်က်များသည် ဟုဒိုင်ဗိယဟ်ခရီးတွင် အန္တရာယ်မြင်ခဲ့ကြသည့်အခါ တမန်တော်မြတ်နှင့်အတူ မလိုက်ပါခဲ့ကြပေ။ နောက်ချန်နေခဲ့ကြ၏။ ခိုင်ဗရ် ခရီးတွင် အကျိုးမြင်ခဲ့ကြသည့်အခါ တမန်တော်မြတ်နှင့်အတူ လိုက်ပါလိုကြပါသည့်အကြောင်း မေတ္တာရပ်ခံခဲ့ကြ၏ ➤➤

لَيْسَ عَلَى الْأَعْمَىٰ حَرَجٌ وَلَا عَلَى
الْأَعْرَجِ حَرَجٌ وَلَا عَلَى الْمَرِيضِ
حَرَجٌ وَمَن يُطِعِ اللَّهَ وَرَسُولَهُ
يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا
الْأَنْهَارُ وَمَن يَتَوَلَّ يُعَذِّبْهُ
عَذَابًا أَلِيمًا ﴿١٧﴾

၁၇။ (သို့ရာတွင်) မျက်စိကွယ်သော သူ၏အပေါ်၌ (စစ်တိုက်ရန် မလိုက်နိုင်သောကြောင့်) အပြစ် တစ်စုံတစ်ရာမရှိချေ။ ၎င်းပြင် ခြေကျိုး၏အပေါ်၌လည်း မည်သည့်အပြစ်မျှ မရှိချေ။ ထိုနည်းတူစွာ ဝေဒနာရှင်၏အပေါ်၌လည်း အပြစ် တစ်စုံတစ်ရာမျှ မရှိချေ။

စင်စစ်တမူကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်၏ အမိန့်တော်ကိုလည်းကောင်း၊ လိုက်နာသည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းအား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏အောက်၌ ချောင်းများ၊ စီဆင်းလျက်ရှိကြပေမည်။ သို့ရာတွင် မည်သူမဆို (အမိန့်တော်ကို လိုက်နာခြင်းမရှိဘဲ) မျက်နှာလွှဲသည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းအား ပြင်းပြ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို စီရင်တပ်ရိုက်တော်မူအံ့သတည်း။

➤➤ သို့ရာတွင် ယင်းသို့ ထမင်းရေပူလာ လျှာလွှဲခဲ့ကြသော၊ အနုကြီး ကြိုက်သော၊ ကိုယ်ကျိုးကိုသာကြည့်သော အယောင်ဆောင် အရာဗတောကျေးသားတို့သည် ခိုင်ဗရ်ခရီးတွင် လိုက်ပါခွင့် အလျှင်းမရခဲ့ကြပေ။

ဤအာယတ်တော်တွင် ယင်းအရာဗ် တောကျေးသားတို့အား ရည်ညွှန်းကာ နောက်ဆုံးတစ်ကြိမ် ထပ်မံခွင့်ပြုသည့်အနေဖြင့် 'အသင်တို့သည် ဤစစ်ပွဲတွင်မူ မလိုက်ပါနိုင်ကြပေ။ သို့တစေလည်း နောက်နောင် ဆင်နွှဲရမည့် စစ်ပွဲအမြောက်အမြား ရှိပေသေးသည်။ စစ်မက်ရေးရာ အလွန်ကျွမ်းကျင် လိမ္မာပါးနပ်သော၊ စစ်မက်အင်အားအလွန်ကြီးမားသော လူမျိုးများနှင့် ယင်းအမျိုးသားများသည် မွတ်စ်လင်မ်ဖြစ်လာကြသည်အထိ သို့မဟုတ် အစွန်လာမ်အစိုးရသို့ အောက်ကျို့ လာကြရသည်အထိ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် ရှိပေသေးသည်။

'အကယ်၍ အသင်တို့သည် ဂျီဟာဒ် ပြုလုပ်ရန် ဆန္ဒ အလွန်ပြင်းပြနေကြပါက ထိုအချိန်တွင် မိမိတို့ဆန္ဒအလျောက် ဂျီဟာဒ် ပြုနိုင်ကြပေသည်။ ထိုအခါ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ကြည်ဖြူစွာ နာခံကြပါက၊ ထိုအရှင်မြတ်သည် အသင်တို့အား အလွန်ကောင်းမြတ်သော အကျိုးကို ချီးမြှင့်တော်မူပေမည်။ အကယ်၍ အသင်တို့သည် ယခင်ကကဲ့သို့ပင် ဖောက်ပြန်သွေဖည် ကျောခိုင်းကြမည်ဆိုပါက ထိုအရှင်မြတ်သည် အသင်တို့အား အတိုင်းမသိ ကြီးလေးသော ပြစ်ဒဏ်ခတ်တော်မူပေမည်'ဟု မိန့်ကြားထားတော်မူသည်။

لَقَدْ رَضِيَ اللَّهُ عَنِ الْمُؤْمِنِينَ
إِذْ يُبَايِعُونَكَ تَحْتَ الشَّجَرَةِ
فَعَلِمَ مَا فِي قُلُوبِهِمْ فَأَنْزَلَ
السَّكِينَةَ عَلَيْهِمْ وَأَثَابَهُمْ فَتْحًا
قَرِيبًا ﴿١٨﴾

၁၈။ (အို-နဗီတမန်တော်၊) 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့သည် သစ်ပင်အောက်တွင် အသင်နှင့် ဗိုင်အတ်ပြုနေကြစဉ်အခါ၌ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် *ဂင်းတို့အပေါ်ဝယ်ကျေနပ်တော်မူခဲ့၏။* [၁] တစ်ဖန် ထိုအရှင်မြတ်သည် ဂင်းတို့၏ စိတ်တွင်း၌ ရှိသည်ကို သိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ဂင်းတို့အပေါ်ဝယ် *စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့၏။* [၂] ထို့ပြင် ဂင်းတို့အား ထိုအရှင်မြတ်သည် နီးကပ်စွာသော အောင်မြင်မှုကိုလည်း ချီးမြှင့်တော်မူခဲ့၏။

---

① အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဟုဒိုင်ဗိယဟ်တွင် မုအ်မင်နဲ်များသည် တမန်တော်မြတ်ထံ၌ သစ်ပင်တစ်ပင်အောက်တွင် ဂျိဟာဒ်ပြုလုပ်ကြပါမည့်အကြောင်း ဗိုင်အတ်ပြုခဲ့ကြ၏။ ယင်းသို့ ဗိုင်အတ်ပြုခဲ့ကြသော မုအ်မင်များအား အလ္လာဟ်အရှင်မြတ်သည် အထူးကျေနပ်နှစ်သက်တော်မူခဲ့၏။ ထိုသို့ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူခဲ့သည့်အတွက် အဆိုပါ ဗိုင်အတ်ကို (بيعة الرضوان) 'ဗိုင်အတုရ်ရိုသွဝါန်' အလွန် ကျေနပ်နှစ်သက်ဖွယ်ရာဖြစ်သော ဗိုင်အတ်ဟူ၍ ခေါ်ဝေါ် သမုတ်ကြပေသည်။

ဤအကြောင်း ဤကဏ္ဍ၏အစတွင် အကျယ်ရေးသားခဲ့ပေပြီ။

② ဟုဒိုင်ဗိယဟ်တွင် တမန်တော်မြတ်ထံ၌ မွတ်စ်လင်မ်များ ဗိုင်အတ်ပြုနေကြစဉ် ဂင်းတို့၏ စိတ်နလုံးများတွင် ရှိနေသောအရာကို အလ္လာဟ်အရှင်မြတ်သည် သိတော်မူ၏။ ဂင်းတို့၏ စိတ်နလုံးများတွင်ရှိနေသော အရာကား အဘယ်နည်း။

ဤတွင် အများမုဖတ်စ်စစ်ရ်များက ဂင်းတို့၏ စိတ်နလုံးများတွင်ရှိနေသော အရာကား အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်အပေါ်၌ ဂင်းတို့၏ ယုံပုံ လွဲအပ်မှု၊ စိတ်စေတနာ ဖြူစင်မှု၊ သာသနာချစ်မှုဖြစ်သည်ဟူ၍ ဖွင့်ဆိုကြသည်။

သို့ရာတွင် ပညာရှင်ကြီး အဗူဟိုင်ယာန်ကမူ၊ ဂင်းတို့၏ စိတ်နလုံးများတွင် ဖြစ်ပေါ်နေသောအရာကား အခြားမဟုတ်။ ဟုဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရာတွင် မက္ကာမြို့သား မုရှ်ရစ်များဘက်မှ တောင်းဆိုထားသော စည်းကမ်းချက်များကို ကြည့်ပြီး၊ ဂင်းတို့၏ စိတ်နလုံးများတွင် ဖြစ်ပေါ်နေသည့် စိုးရိမ်ပူပန်မှု၊ စိတ်မတည်ငြိမ်မှုကို ဆိုလိုသည်ဟု ဖွင့်ဆိုထားသည်။

ဤအဆိုသည် ကုရ်အာန်ကျမ်းလာ နောက်အာယတ်တော်နှင့် ပို၍ စပ်ဟပ်မိသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ဂင်းတို့၏ စိတ်တွင်း၌ ဖြစ်ပေါ်နေသော စိုးရိမ်မှုကို သိရှိတော်မူရာ၊ ဂင်းတို့အပေါ်၌ တည်ငြိမ်မှုကို ချပေးတော်မူခဲ့လေသည်။

وَّمَغَانِمَ كَثِيرَةً يَّأْخُذُونَهَا ۗ وَكَانَ اللَّهُ عَزِيزًا حَكِيمًا ﴿١٩﴾

၁၉။ ထိုမှတပါး များကြောက်များစွာသော လက်ရပစ္စည်းများကိုလည်း (ချီးမြှင့်တော်မူခဲ့ပေရာ) ၎င်းတို့သည် ယင်းလက်ရပစ္စည်းများကို ယူငင်လျက် ရှိကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် လွန်စွာ နိုင်နင်းလွန်းမိုးတော်မူသောအရှင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

وَعَدَكُمُ اللَّهُ مَغَانِمَ كَثِيرَةً تَأْخُذُونَهَا فَعَجَّلَ لَكُمْ هَٰذِهِ وَكَفَّ أَيْدِيَ النَّاسِ عَنكُمْ وَلِتَكُونَ آيَةً لِّلْمُؤْمِنِينَ وَيَهْدِيَكُمْ صِرَاطًا مُّسْتَقِيمًا ﴿٢٠﴾

၂၀။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အခြားများစွာသောလက်ရပစ္စည်းများကိုလည်း အသင်တို့ ယူငင်ကြဦးမည် ဖြစ်သည်ဟု ကတိပေးတော်မူခဲ့၏။ [၁] သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ဤသည့် (အောင်မြင်မှု)ကို အသင်တို့အား လတ်တလော ချီးမြှင့်တော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် လူတို့၏ လက်များကို အသင်တို့(အား အန္တရာယ်ပြုနိုင်ခြင်း)မှ တားဆီးတော်မူခဲ့၏။ [၂]

(ထိုသို့ပြုတော်မူခြင်းမှာ) ယင်း(လတ်တလော ရရှိခဲ့သော) အောင်မြင်မှုသည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ နမူနာတစ်ရပ် ဖြစ်အံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ်သည် အသင်တို့အား ဖြောင့်မတ်သောလမ်းကို ပြတော်မူအံ့သောငှာလည်းကောင်း၊ ဖြစ်ချေသည်။

---

① ဆိုလိုသည်ကား -အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား မြောက်များစွာသော လက်ရပစ္စည်းများ ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း၊ ကတိပြုထားတော်မူသည်။ ယင်းသည့် လက်ရပစ္စည်းများ အနက် ခိုင်ဗရ် အောင်နိုင်မှုသည် လက်ငင်းပင်ဖြစ်သည်။

② ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ဟုဒိုင်ဗိယဟ် သို့မဟုတ် ခိုင်ဗရ်တွင် ကာဖိရ်များ၏လက်များကို မွတ်စ်လင်မ်တို့အား အန္တရာယ်မပြုနိုင်ရန် တားဆီးထားတော်မူခဲ့ပေသည်။ (၀၁) အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မွတ်စ်လင်မ်တို့နှင့် ကာဖိရ်များ စပ်ကြားတွင် အကြီးအကျယ် စစ်မဖြစ်ပွားခဲ့ပေ။ မွတ်စ်လင်မ်တို့ ခရီးသွားနေခိုက်၊ မြို့ရွာတွင် ကျန်ရှိနေခဲ့ကြသော အိမ်သူအိမ်သားများ ကိုလည်း မည်သူမျှ မကျူးကျော်မစော်ကားနိုင်ခဲ့ပေ။

وَّاُخْرٰى لَمْ تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ؕ وَكَانَ اللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرًا ﴿٢١﴾

၂၁။ ထိုမှတပါး အသင်တို့ စွမ်းနိုင်ခြင်း မရှိခဲ့ကြသေးသော အခြားအောင်မြင်မှုတစ်ရပ်လည်း ရှိပေသေး၏။ [၁] ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ယင်းအောင်မြင်မှုကို ဝန်းဝိုင်းလျက် ရှိတော်မူ၏။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَوْ قَاتَلَكُمُ الَّذِيْنَ كَفَرُوْا لَوَلَّوُا الْاَدْبَارَ ثُمَّ لَا يَجِدُوْنَ وَلِيًّا وَّلَا نَصِيْرًا ﴿٢٢﴾

၂၂။ စင်စစ်တမူကား အကယ်၍သာ 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့သည် အသင်တို့နှင့် ယှဉ်ပြိုင် တိုက်ခိုက်ခဲ့ကြပါလျှင် ၎င်းတို့သည် ကျောခိုင်း၍ထွက်ပြေးခဲ့ကြမည်သာ။ ထို့နောက် ၎င်းတို့သည် အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိကြမည် မဟုတ်ပေ။ ကူညီစောင်မခဲ့သောသူဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိကြမည် မဟုတ်ပေ။

سُنَّةَ اللّٰهِ الَّتِىْ قَدْ خَلَتْ مِنْ قَبْلُ ۚ وَلَنْ تَجِدَ لِسُنَّةِ اللّٰهِ تَبْدِيْلًا ﴿٢٣﴾

၂၃။ (ဤသည်) ရှေးအထက်ကျော်ကာလက လွန်လေခဲ့ပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏စည်းကမ်းပင် ဖြစ်၏။ ၎င်းပြင် (အို-နဗီတမန်တော်၊) အသင်သည် အလ္လာဟ်အရှင်မြတ်၏စည်းကမ်း၌ မည်သည့် ပြောင်းလဲမှုကိုမျှ အလျှင်းတွေ့ရှိမည် မဟုတ်ပေ။

---

① 'အသင်တို့ မစွမ်းဆောင်နိုင်ကြသော အခြား အောင်မြင်မှု' ဟူသည် မက္ကာမြို့တော်ကို အောင်နိုင်ခြင်းကို ဆိုလိုသည်။ မွတ်စ်လင်မ်တို့သည် ယခုလတ်တလော မက္ကာမြို့တော်ကို မအောင်နိုင်ကြ သေးသော်လည်း အလ္လာဟ်အရှင်မြတ်က ကတိပြုထားတော်မူပြီးဖြစ်ရာ၊ မွတ်စ်လင်မ်တို့သည် မကြာမီအတွင်း မက္ကာမြို့တော်ကို မုချအောင်နိုင်ကြရတော့မည်ဖြစ်သည်။

وَهُوَ الَّذِي كَفَّ أَيْدِيَهُمْ عَنكُمْ وَأَيْدِيَكُمْ عَنْهُم بِبَطْنِ مَكَّةَ مِن بَعْدِ أَنْ أَظْفَرَكُمْ عَلَيْهِمْ ۚ وَكَانَ اللَّهُ بِمَا تَعْمَلُونَ بَصِيرًا ﴿٢٤﴾

၂၄။ ထို့ပြင် ထိုအရှင်မြတ်သည်ပင် ထို('ကာဖိရ်' သွေဖည်ငြင်းပယ်သော)သူတို့၏လက်များကို အသင်တို့(အား အန္တရာယ်ပြုခြင်း)မှလည်းကောင်း၊ အသင်တို့၏လက်များကို ထိုသူတို့(အား အန္တရာယ်ပြုခြင်းမှလည်းကောင်း၊) မက္ကာမြို့တွင်း၌ အသင်တို့အား ထိုသူတို့အပေါ်ဝယ် အောင်မြင်စေတော်မူပြီး နောက်သော်မှပင် တားဆီးထားတော်မူခဲ့၏။ [၁] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ပြုမူချက်တို့ကို ကောင်းစွာ ရှုမြင်တော်မူလျက် ရှိတော်မူခဲ့ပေသတည်း။

هُمُ الَّذِينَ كَفَرُوا وَصَدُّوكُمْ عَنِ الْمَسْجِدِ الْحَرَامِ وَالْهَدْيَ مَعْكُوفًا أَن يَبْلُغَ مَحِلَّهُ ۚ وَلَوْلَا رِجَالٌ مُّؤْمِنُونَ وَنِسَاءٌ مُّؤْمِنَاتٌ

၂၅။ ထိုသူတို့သည်ပင် အကြင်သူများတည်း။ ထိုသူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ထိုသူတို့သည် အသင်တို့အား 'မတ်စ်ဂျစ်ဒ်ဟရာမ်' ရှိသေအပ်သော ဗလီကျောင်းတော်မှ တားဆီးခဲ့ကြ၏။ ထို့ပြင် (ဟုဒိုင်ဗိယဟ်၌) တားဆီးခြင်းခံနေခဲ့ရသော ကုရ်ဗာနီ သားကောင်ကိုလည်း ယင်း၏ ရောက်ရှိရန် နေရာသို့ မရောက်စေရန် (တားဆီးခဲ့ကြကုန်)။

---

① ဆိုလိုသည်ကား - ဟုဒိုင်ဗိယဟ်တွင် တမန်တော်မြတ် ခေတ္တဆိုင်းငံ့နေတော်မူစဉ်၊ တမန်တော်မြတ်အား အန္တင့်သင့်က လုပ်ကြံရန်အတွက် မက္ကာမြို့တော်၌ ကာဖိရ်၊ မုရ်ရစ်ကျများ၏ တပ်စိတ်ကလေးများသည် ဟုဒိုင်ဗိယဟ်သို့ ရောက်ရှိလာခဲ့ကြ၏။ သို့ရောက်ရှိလာပြီး မွတ်စ်လင်မ်များအား ရန်စခဲ့ကြ၏။ မွတ်စ်လင်မ်တစ်ဦးကိုပင် သတ်ဖြတ်ခဲ့ကြသေး၏။ မွတ်စ်လင်မ်တို့အား မခံချိမခံသာဖြစ်စေသည့် စကားများကို ပြောဆိုကလိသွားခဲ့ကြသေး၏။ နောက်ဆုံးတွင် မွတ်စ်လင်မ်များသည် ယင်းကာဖိရ်တပ်စိတ်ကလေးကို အရှင်လတ်လတ် ဖမ်းဆီးပြီး တမန်တော်မြတ်ရှေ့တော်သို့ သွင်းခဲ့ကြ၏။ သို့တစေလည်း တမန်တော်မြတ်သည် သဘောထားကြီးစွာဖြင့် တစ်စုံတစ်ရာ အရေးယူတော်မမူဘဲ ၎င်းတို့အား လွတ်ငြိမ်းခွင့် ပေးတော်မူခဲ့လေသည်။ ဤအာယတ်တော်တွင် ယင်းသည့် ဖြစ်ရပ်များကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

အဆိုတစ်ရပ်အရ အထက်ဖော်ပြပါ ဖြစ်ရပ်သည် မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်သည့်နေ့တွင် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ကြည့် - အဗူစုအူဒ်။

لَمْ تَعْلَمُوْهُمْ اَنْ تَطَـُٔوْهُمْ فَتُصِيْبَكُمْ مِّنْهُمْ مَّعَرَّةٌۢ بِغَيْرِ عِلْمٍ ۚ لِيُدْخِلَ اللّٰهُ فِيْ رَحْمَتِهٖ مَنْ يَّشَاۤءُ ۚ لَوْ تَزَيَّلُوْا لَعَذَّبْنَا الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابًا اَلِيْمًا ﴿٢٥﴾

စင်စစ်သော်ကား အကယ်၍သာ အသင်တို့မသိခဲ့ကြသော (မြော်က်မြားစွာသော)'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူ ယောကျ်ား မိန်းမတို့အား တက်နင်းမိကြသဖြင့် ၎င်းတို့ကြောင့် အသင်တို့၌ အပြစ်သက်ရောက်မည်ကို မစိုးရိမ်ရပါလျှင် (အလုံးစုံသောကိစ္စတို့မှာ စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့မည်သာ။ သို့ရာတွင် ယင်းကဲ့သို့ မဖြစ်ခဲ့သည်မှာ) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား မိမိကရုဏာတော်တွင်းသို့ ဝင်ရောက်စေတော်မူရန်ပင် ဖြစ်ခဲ့ပေသည်။ [၁]

အကယ်၍သာ ထို(မုစ်လင်မ် ယောကျ်ားမိန်းမတို့မှာ ကာဖိရ်များနှင့်) ခွဲခြား သိသာနိုင်ခဲ့ကြပါလျှင် ငါအရှင်မြတ်သည် ၎င်းတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့အား ပြင်းပြစွာသော ပြစ်ဒဏ်ကို အမှန်ပင် ပေးတော်မူခဲ့မည်သာ။

---

① ဟုဒိုင်ဗိယဟ်တွင် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်စဉ် မွတ်စ်လင်မ်တို့အား ဂျိဟာဒ်ပြုလုပ်ခွင့် ပြုတော်မမူဘဲ စစ်ဖြစ်ပွားမှုကို တားဆီးတော်မူခဲ့ခြင်း၏ အကြောင်းမှာ - ထိုအချိန်တွင် မက္ကာမြို့၌ ဖိနှိပ်ချုပ်ချယ်ခြင်းခံနေကြရရှာသော မွတ်စ်လင်မ်အမျိုးသမီး၊ အမျိုးသားများ ရှိနေခဲ့ကြ၏။ မွတ်စ်လင်မ်များသည် ၎င်းတို့အားကောင်းစွာ မသိခဲ့ကြပေ။ ထိုသို့သော အခြေအနေတွင် စစ်ဖြစ်ပွားခဲ့ပါက မွတ်စ်လင်မ်များသည် မွတ်စ်လင်မ်များကို အချင်းချင်း မသိကြသည့်အတွက် ချေမှုန်းမိကြပေမည်။ သို့ဖြစ်ရပါက မွတ်စ်လင်မ်များသည်ပင် ဝမ်းနည်းကြေကွဲကြရပေမည်။ ထို့ပြင်တစ်ဝ ကျောင်းတော်ကိုလည်း မရှိမသေပြုရာ ရောက်ကြပေမည်။ ၎င်းနောက် ကာဖိရ်များကလည်း မွတ်စ်လင်မ်များသည် ၎င်းတို့အချင်းချင်းပင် မထောက်ထား မညှာတာဘဲ သတ်ဖြတ်ရက်ကြသည်ဟူ၍ ကဲ့ရဲ့ပြစ်တင် ပြောဆိုကြပေဦးမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် စစ်ဖြစ်ပွားမှုကို ပိတ်ပင်တားဆီးထားတော်မူခဲ့ခြင်း ဖြစ်ပေသည်။သို့စစ်မဖြစ်ပွားခဲ့သည့်အတွက် မက္ကာမြို့တွင်းရှိ မွတ်စ်လင်မ်များသည်လည်း အသက်ဘေးမှလွတ်မြောက်သွားခဲ့ကြရပေသည်။

တမန်တော်မြတ်နှင့် အတူတကွ လိုက်ပါလာခဲ့ကြသော မွတ်စ်လင်မ်များသည်လည်း သူမတူအောင်သည်းခံချုပ်တည်းနိုင်ခဲ့ ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံခဲ့ကြရပေသည်။ ထို့ပြင်တစ်ဝ ကာဖိရ်များအနက် မွတ်စ်လင်မ်ဖြစ်ရန် (တတ်ကဒီရ်) ခေါ် အလ္လာဟ်အရှင်မြတ်၏ စီမံကိန်း၌ ပါရှိပြီးဖြစ်သော သူများသည်လည်း စစ်၏ဘေးဒဏ်မှ လွတ်မြောက်ပြီး အစွန်းအတွင်းသို့ ဝင်လာနိုင်ကြပေမည်။

إِذْ جَعَلَ الَّذِينَ كَفَرُوا فِي قُلُوبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَأَنزَلَ اللَّهُ سَكِينَتَهُ عَلَىٰ رَسُولِهِ وَعَلَى الْمُؤْمِنِينَ وَأَلْزَمَهُمْ كَلِمَةَ التَّقْوَىٰ وَكَانُوا أَحَقَّ بِهَا وَأَهْلَهَا ۚ وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ﴿٢٦﴾

၂၆။ (ပြန်လည် သတိရကြလေကုန်။) အကြင် အခါဝယ် 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် အမိုက်ခေတ်၏ အစွဲအလမ်းကြီးမှုကို ထားရှိခဲ့ကြကုန်၏။ ထိုအခါ အလ္လာဟ် အရှင်မြတ်သည် မိမိရာဇာလ်တမန်တော်၏ အပေါ်၌လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့၏ အပေါ်၌လည်းကောင်း၊ *မိမိအထံတော်မှ စိတ်တည်ငြိမ်မှု (သည်းခံမှု)ကို ချပေးသနားတော်မူခဲ့၏*။ [၁] ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ကြဉ်ရှောင်ရန် ဟူသောစကားကို အတည်ပြုတော်မူခဲ့၏။(၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား (တာက်ဝါ) တရားအပေါ်၌ ရပ်တည်စေတော်မူခဲ့၏။)

စင်စစ်သော်ကား ထိုသူတို့သည် ယင်းစကားနှင့် ထိုက်တန်သူများသည်လည်းကောင်း၊ ကိုက်ညီသူများသည်လည်းကောင်း၊ ဖြစ်ခဲ့ကြကုန်၏။ အမှန်စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ကောင်းစွာသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① ဆိုလိုသည်ကား - မက္ကာမြို့သား ကာဖိရ်များ၏ စိတ်နှလုံးများတွင် (ဟမီယတုလ် ဂျာဟီလီယဟ်) အမိုက်ခေတ်၏ အစွဲအလမ်းကြီးမှု၊ မောက်မာမှု၊ ဇွတ်တရွတ်ပြုမှုသည် ယခုထက်တိုင် ငြိတွယ်လျက်ရှိ၏။ ယင်းသည့် မောက်မာ၊ ဇွတ်တရွတ်ပြုမှုကြောင့်ပင် ကာဖိရ်များက စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရာတွင် တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်များသည် ယခုနှစ်တွင် အွမ်ရာ်မပြုကြရ။ မက္ကာမြို့မှ မွတ်စ်လင်မ် တစ်ဦးတစ်ယောက်သည် (ဟစ်ဂျရတ်) ရွှေ့ပြောင်းသွားခဲ့ပါသော် တမန်တော်မြတ် ပြန်လည်ပို့ပေးရမည်။

မွတ်စ်လင်မ်များသည် နောင်နှစ် အွမ်ရာ်ပြုရန် လာကြပါက မက္ကာမြို့တော်တွင် သုံးရက်သာလျှင် နေကြရမည်။ သို့လာရာတွင်လည်း လက်နက်များကို တပ်ဆင်ဆွဲကိုင် မလာကြရ။ စစ်ပြေငြိမ်းရေးစာချုပ်တွင်လည်း (بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ) 'ဗစ်မိလ္လာဟိရ်ရဟ္မာနိရ်ရဟီမ်' ဟူ၍ မရေးကြရ။ တမန်တော်မြတ်၏ အမည်နှင့်တွဲ၍ (رسول الله) 'ရစူလ်လုလ္လာဟ်' အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဟူ၍ မရေးကြရ။ (ابن عبد الله) 'အစ်ဗ်နု အဗ်ဒုလ္လာဟ်' အဗ်ဒုလ္လာဟ်၏သား ဟူ၍သာ ရေးကြရမည် စသည်ဖြင့် တစ်ဖက်သတ်ကျလွန်းလှသော စည်းကမ်းများကို မတရား တောင်းဆို ခဲ့ကြခြင်းဖြစ်သည်။ ➤➤

لَقَدْ صَدَقَ اللَّهُ رَسُولَهُ الرُّؤْيَا
بِالْحَقِّ ۖ لَتَدْخُلُنَّ الْمَسْجِدَ
الْحَرَامَ إِنْ شَاءَ اللَّهُ آمِنِينَ ۙ
مُحَلِّقِينَ رُءُوسَكُمْ وَمُقَصِّرِينَ ۙ
لَا تَخَافُونَ ۖ فَعَلِمَ مَا لَمْ تَعْلَمُوا
فَجَعَلَ مِنْ دُونِ ذَٰلِكَ فَتْحًا

၂၇။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိ ရဿူလ်တမန်တော်၏ အိပ်မက်ကို အဖြစ်မှန်နှင့်အညီ မှန်ကန်စေတော်မူခဲ့၏။ [၃] (ယင်းအိပ်မက်မှာ) 'မလွဲ ဧကန် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် အသင်တို့သည် မိမိတို့၏ဦးခေါင်းများကို ရိတ်ကြ လျက်၊ ဆံပင်များကို ညှပ်ကြလျက် (မည်သည့် တစ်စုံ တစ်ရာကိုမျှပင်) စိုးရိမ်ကြောက်ရွံ့ခြင်း မရှိကြဘဲ ဘေးရန်ကင်းငြိမ်းစွာ 'မတ်စ်ဂျစ်ဒ်ဟရာမ်' ရှိသေအပ် သော ပလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ကြမည်' (ဟု ဖြစ်ခဲ့၏။)

➤➤ တမန်တော်မြတ်သည် ယင်းသည့် တောင်းဆိုချက် အားလုံးကို လက်ခံတော်မူခဲ့၏။ မွတ်စ်လင်မ်များသည် လုံးဝမကျေနပ်ခဲ့ကြသော်လည်း တမန်တော်မြတ်၏ အဆုံးအဖြတ်ရှေ့တွင် ဦးညွှတ်ခဲ့ကြ၏။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် မိမိထံတော်မှ စိတ်တည်ငြိမ်မှုကို ချပေးတော်မူရာ မွတ်စ်လင်မ်များသည် တမန်တော်မြတ်၏ အဆုံးအဖြတ်ကို ကြည်ဖြူစွာကျေနပ်သွားခဲ့ကြလေသည်။

③ ဤကဏ္ဍ၏ ပထမ အာယတ်တော်၏ အဖွင့်တွင် ရေးသားဖော်ပြပြီးဖြစ်သည့်အတိုင်း တမန်တော်မြတ်သည် မဒီနာမြို့တွင် 'ငါတို့သည် မက္ကာမြို့တော်သို့ အေးချမ်းသာယာစွာ သွားရောက်၍ အွမ်ရဟ် ပြုလုပ်ကြသည်'ဟူ၍ အိပ်မက် မြင်မက်တော်မူခဲ့၏။ မက္ကာမြို့တော်သို့ သွားရောက်ကြရမည့် အချိန်ကာလကိုမူ သတ်မှတ်ပြတော်မူခဲ့သည် မဟုတ်ပေ။ထိုသည့် အိမ်မက်အရ များစွာသော တပည့်သာဝကများက ငါတို့သည် ဤနှစ်အတွင်းမှာပင် မက္ကာမြို့တော်သို့ သွားရောက် အွမ်ရဟ်ပြုကြရတော့မည်ဟု ထင်မှတ်နေခဲ့ကြ၏။

အကြောင်းအားလျော်စွာ တမန်တော်မြတ်၌လည်း ဤနှစ်အတွင်းပင် အွမ်ရဟ်ပြုလုပ်ရန် ဆန္ဒ ဖြစ်ပေါ်လာခဲ့၏။ သို့နှင့် ဟုဒိုင်ဗိယဟ်တွင် စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုပြီး ပြန်လာကြသည့်အခါ အချို့တပည့်သားများက တမန်တော်မြတ်ထံတွင် 'ငါတို့သည် မက္ကာမြို့တော်သို့ အေးချမ်းသာယာစွာ သွားရောက်ကြပြီး၊ အွမ်ရဟ်ပြုလုပ်ကြမည်ဟူ၍ တမန်တော်မြတ် မိန့်ကြားတော်မူခဲ့သည် မဟုတ်ပါလောဟု မေးလျှောက်ကြရာ၊ တမန်တော်မြတ်က 'ယင်းသို့ပြောခဲ့သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤနှစ်အတွင်းမှာပင်ဟူ၍ ငါကပြောခဲ့ပါသလော' ဟု မေးမြန်းတော်မူရာ တပည့်သာဝကများက ထိုသို့ မိန့်ကြားတော်မူခဲ့သည် မရှိပါဟု လျှောက်ထားခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်က သို့ဖြစ်လျှင် ငါ၏အိမ်မက်အရ တစ်ရက် အသင်တို့သည် အေးချမ်းစွာ မက္ကာမြို့တော်သို့ မုချသွားရောက်ကြရမည်ဖြစ်သည်ဟု မိန့်တော်မူခဲ့လေသည်။ သို့မိန့်ကြားတော်မူခဲ့သည့်အတိုင်း တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်များသည် နောက်နှစ်တွင် ဟိဂျ်ရီသက္ကရာဇ် (၇)ခုနှစ်၊ ဇူကအ်ဒဟ်လ၌ မက္ကာမြို့တော်သို့ အေးချမ်းစွာ သွားရောက်၍ အွမ်ရဟ်ပြုခဲ့ကြလေသည်။ ဤသည်ကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

قَرِيبًا ﴿٢٧﴾

စင်စစ်မှာမူကား ထိုအရှင်မြတ်သည် အသင်တို့မသိခဲ့ကြသောအရာကို သိရှိတော်မူခဲ့၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ယင်းမကြာမြို့တော်၏ အလျင်နီးကပ်စွာသောအောင်မြင်မှုတစ်ရပ်ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ၁

هُوَ الَّذِيٓ أَرْسَلَ رَسُولَهُۥ بِالْهُدَىٰ وَدِينِ الْحَقِّ لِيُظْهِرَهُۥ عَلَى الدِّينِ كُلِّهِۦ ۚ وَكَفَىٰ بِاللَّهِ شَهِيدًا ﴿٢٨﴾

၂၈။ ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် မိမိရဏ္ဍုလ်တမန်တော် 'မုဟမ္မဒ်' (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား တရားလမ်းညွှန်နှင့်တကွလည်းကောင်း၊ မှန်ကန်သော 'ဒီန်' သာသနာတော်နှင့်တကွလည်းကောင်း၊ ယင်းသာသနာတော်ကို အားလုံးသော သာသနာတို့ထက်ဝယ် လွှမ်းမိုးစေတော်မူအံ့သောငှာ စေလွှတ်တော်မူခဲ့၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည်ပင် သက်သေအဖြစ်လုံလောက်တော်မူပေသတည်း။

مُّحَمَّدٌ رَّسُولُ اللَّهِ ۚ وَالَّذِينَ مَعَهُۥٓ أَشِدَّآءُ عَلَى الْكُفَّارِ رُحَمَآءُ بَيْنَهُمْ تَرَىٰهُمْ رُكَّعًا سُجَّدًا يَبْتَغُونَ فَضْلًا مِّنَ اللَّهِ وَرِضْوَٰنًا ۖ سِيمَاهُمْ

၂၉။ မုဟမ္မဒ် ၂ သည် အလ္လာဟ်အရှင်မြတ်၏ ရဏ္ဍုလ်တမန်တော် ဖြစ်သည်။ ၎င်းပြင် ထို 'မုဟမ္မဒ်' နှင့်အတူတကွ ရှိကြကုန်သော သူတို့သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သူတို့နှင့်ပတ်သက်လျှင် ပြင်းထန်သူများဖြစ်ကြပြီး မိမိတို့အချင်းချင်း(ဆက်ဆံရာတွင်) သနားကြင်နာသူများပင် ဖြစ်ကြကုန်၏။ ၃

---

① တမန်တော်မြတ်၏ အိမ်မက်အရ ချက်ချင်း အွမ်ရဟ်ပြုခွင့် မရရှိဘဲ တစ်နှစ်ကြာပြီးနောက်မှ အွမ်ရဟ်ပြုလုပ်ခွင့်ရခြင်း၌လည်း အကျိုးအမြတ်များရှိသည်။ ယင်းတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ လူသားတို့မသိကြပေ။ အိမ်မက်အရ ချက်ချင်းအွမ်ရဟ် မပြုခဲ့ကြရသည်ကို ပြန်လည် ဖြည့်တင်းနိုင်ရန် အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တို့အား ခိုင်ဗရဲကို အောင်နိုင်စေတော်မူခဲ့လေသည်။ ဤအာယတ်တော်တွင် ပါရှိသည့် နီးကပ်လျက်ရှိသော အောင်မြင်မှုဟူသည် ခိုင်ဗရဲအောင်မြင်မှုကိုပင် ဆိုလိုသည်။ ကြည့်-မာဂျိဒီ။

② **တမန်တော်မြတ် မုဟမ္မဒ်။**

တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးသည် တမန်တော်မြတ်အပေါ်၌ ကျခဲ့ပေရာ၊ ➤➤

فِي وُجُوهِهِم مِّنْ أَثَرِ السُّجُودِ ۚ ذَٰلِكَ مَثَلُهُمْ فِي التَّوْرَاةِ ۚ وَمَثَلُهُمْ فِي الْإِنجِيلِ كَزَرْعٍ أَخْرَجَ شَطْأَهُ فَآزَرَهُ فَاسْتَغْلَظَ فَاسْتَوَىٰ عَلَىٰ سُوقِهِ يُعْجِبُ الزُّرَّاعَ لِيَغِيظَ بِهِمُ الْكُفَّارَ ۗ وَعَدَ اللَّهُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنْهُم مَّغْفِرَةً وَأَجْرًا عَظِيمًا ﴿٢٩﴾

အသင်သည် ၎င်းတို့အား (ရဲဖန်ရဲခါ) 'ရူကူအ်' ဦးညွှတ်ကြလျက် (ရဲဖန်ရဲခါ) 'စဂျဒဟ်' ပျပ်ဝပ်ဦးချကြလျက်၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကိုလည်းကောင်း၊ (ထိုအရှင်မြတ်၏)နှစ်သက်ကျေနပ်မှုကိုလည်းကောင်း၊ ဖွေရှာဆည်းပူးလျက် ရှိကြသည်ကို တွေ့မြင်ရပေမည်။

၎င်းတို့၏ အမှတ်လက္ခဏာကား 'စဂျဒ်ဟ်' ပျပ်ဝပ်ဦးချခြင်းကြောင့် ၎င်းတို့၏ မျက်နှာများတွင် ထင်ပေါ်လျက် ရှိနေပေ၏။ ထိုသည်ကား 'တောရာတ်' ကျမ်းတော်၌လာရှိသော ၎င်းတို့၏ထူးခြားချက်ပင်။ ထိုမှတစ်ပါး 'အင်နဂျီလ်' ကျမ်းတော်၌ လာရှိသော ၎င်းတို့၏ ထူးခြားချက်မှာကား (ဤသို့တည်း။) မျိုးစေ့နှင့်ပမာတူ၏။ ယင်းမျိုးစေ့သည် မိမိ၏ အစို့အညှောက်ကို ထွက်စေခဲ့၏။ ထို့နောက် မိမိအစို့အညှောက်ကို သန်စွမ်းစေခဲ့၏။

➤➤ ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးသည်ပင် တမန်တော်မြတ်နှင့် ဆက်စပ်လျက်ရှိပေသည်။

တမန်တော်မြတ်၌ ဘွဲ့နာမည်များသည် အများအပြားရှိပေသည်။ တမန်တော်မြတ်၏ ကျော်ကြားသော နာမ်တော်များမှာ 'မုဟမ္မဒ်' နှင့် 'အဟ်မဒ်' ပင်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်တွင် 'မုဟမ္မဒ်' ဟူသော နာမ်တော်ကို (၄)နေရာတွင် တွေ့ရှိသည်။

(၃) ဆိုလိုသည်ကား သာသနာရေးတွင် လျော့လျည်းမဖြစ်ရာ။ တမန်တော်မြတ်နှင့်အတူ ရှိခဲ့ကြသော (ဆွဟာဗဟ်) တပည့်သား မွတ်စ်လင်မ်များသည် ကာဖိရ်များနှင့် မှားမှန်ပြိုင်ဆိုင်ရာတွင် အလွန်ပြတ်သားခဲ့ကြပေသည်။ လျော့လျည်း မဖြစ်ခဲ့ကြပေ။ မပျော့ခဲ့ကြပေ။ ကြည့်-ကုရ်အာန် (၉း၁၂၃။ ၉း၇၃။ ၅း၅၄)

မွတ်စ်လင်မ် အချင်းချင်း ဆက်ဆံရာတွင် အလွန်နှုးညံ့ သိမ့်မွေ့ခဲ့ကြပေသည်။

(الحبُّ فى الله والبغض فى الله)

'အလ္လာဟ်အရှင်မြတ်အတွက်ပင် ချစ်၊ အလ္လာဟ်အရှင်မြတ်အတွက်ပင် မုန်း' ဟူသော ဩဝါဒတော်၏ အနက်သဘော မှာလည်း ဤသည်ပင်။

ဤဒေသနာတော်သည် မွတ်စ်လင်မ်တိုင်းနှင့် သက်ဆိုင်ပေသည်။ ဤဒေသနာတော်ပါ ဂုဏ်ရည်များကို တမန်တော်မြတ်၏ တပည့်သားများတွင် အထူးသဖြင့် ဟုဒိုင်ဗိယဟ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရာ၌ ပါဝင်ခဲ့ကြသော တပည့်သားများတွင် အပြည့်အဝ တွေ့ရှိရပေသည်။

ထို့နောက် ထိုအညောက်အစို့မှာ တုတ်ခိုင်၍ လာပြီးလျှင် မိမိပင်ရိုး၊ ပင်တံ၊ ပင်စည်၊ ပင်မပေါ်၌ တည့်မတ်စွာ ထောင်တက် လာခဲ့ပေရာ လယ်သမားတို့အား အထူးနှစ်မြို့ အကြည်ဆိုက်စေခဲ့၏။ (ယင်းသို့ဖြစ်စေတော်မူခြင်းမှာ) ထို(မုဟမ္မဒ်၏အပေါင်းအဖော်)တို့ဖြင့် 'ကာဖိရ်' သွေဖည်ငြင်းပယ်သူတို့အား အမျက်ဒေါသထွက်စေရန် ဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်မှာမူကား 'အီမာန်' သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူ ဆောက်တည်ကြကုန်သောသူတို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူရန်နှင့် *ကြီးကျယ်လှစွာသော အကျိုးကို ချီးမြှင့်ပေးသနားတော်မူရန်ကတိပေးတော်မူခဲ့ပေသတည်း။* [၁]

---

① **အလ္လာဟ်အရှင်မြတ်၏ ကတိတော်။**

အလ္လာဟ်အရှင်မြတ်အား စိတ်စေတနာ ဖြူစင်စွာဖြင့် အီမာန်သက်ဝင်ယုံကြည်၍ ထိုအရှင်မြတ်၏ အမိန့်တော်နှင့် လျော်ညီစွာ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူမွန်သူမြတ်တို့အား အလ္လာဟ်အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည့်အကြောင်း၊ မြင့်မြတ်သော ဆုလာဘ်တော်များကို ချီးမြှင့်တော်မူမည့် အကြောင်း ဤအာယတ်တော်တွင် အတိအလင်း ကတိပြုထားတော်မူသည်။ တမန်တော်မြတ်၏ တပည့်သားအားလုံးတို့သည် ဤအာယတ်တော်လာ ဂုဏ်ရည်များနှင့် ကိုက်ညီခဲ့ကြသည်သာ ဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်၏ ကတိတော်သည် မှန်ကန်သည်ချည်းသာဖြစ်ပေရာ၊ ကျွန်ုပ်တို့သည် ဉာဏ်စွမ်းရှိသမျှ၊ ကိုယ်စွမ်းရှိသမျှ ဤအာယတ်တော်နှင့် လျော်ညီစွာ လိုက်နာကျင့်မူကြရာသတည်း။

အတွင်းဆောင်များကဏ္ဍ

سُورَةُ الحُجُرَاتِ

ဤကဏ္ဍသည် "စူရဟ်တုလ် ဟုဂျုရာတ်" အတွင်းဆောင်များ ကဏ္ဍမည်၏။
မဒီနာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၈)ပါး၊ ရကူအ် အပိုဒ်(၂)ပိုဒ်၊ အသီးသီးပါရှိ၏။

အနန္တ ကရုဏာတော်ရှင် ဖြစ်တော်မူသော၊
အစဉ်သနားကြင်နာ ညှာတာတော်မူသော၊
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُقَدِّمُوْا
بَيْنَ يَدَيِ اللّٰهِ وَرَسُوْلِهٖ
وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ سَمِيْعٌ
عَلِيْمٌ ①

၁။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မည်သည့်ကိစ္စ၌မဆို) အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်၏ရှေ့၌လည်းကောင်း၊ ရှေ့သို့ *မကျော်တက်ကြကုန်လင့်*။ [1] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် (အလုံးစုံသော ပြောဆိုမှုတို့ကို) အကြွင်းမဲ့ကြားတော်မူသောအရှင်၊ (အလုံးစုံသော အခြေအနေ၊ အပြုအမူ၊ အတွင်းအပြင်တို့ကို) အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသည်။

---

① ဆိုလိုသည်ကား - အကြင်ကိစ္စတစ်ရပ်တွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ဘမန်တော်မြတ်ထံတော်မှ အမိန့်၊ အဆုံးအဖြတ် ရဖွယ်ရှိပါက ယင်းကိစ္စမျိုးတွင် အလျင်စလို မပြုရာ၊ ရှေ့မရောက်ရာ၊ ကြိုတင်၍ အဆုံးအဖြတ် မပေးရာ။ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်ဆော်ကို စောင့်မျှော်ရမည်။

ဘမန်တော်မြတ်က တစ်စုံတစ်ရာ မိန့်ကြားတော်မူပါလျှင် ဆိတ်ငြိမ်စွာ နားထောင်ရမည်။ ဘမန်တော်မြတ် မိန့်ကြားတော်မမူမီ အလျင် တစ်စုံတစ်ရာ မပြောဆိုရာ။ ဘမန်တော်မြတ်က တစ်စုံတစ်ရာ မိန့်ကြားတော်မူပါလျှင် ထိုအမိန့်ကို ကြည်ဖြူစွာ နာယူရမည်။ ကြက်တွန်မတက်ရာ၊ ဆုတ်ဆိုင်း ဖင့်နွှဲခြင်း အလျင်းမရှိစေရာ။ မိမိ၏ အလိုဆန္ဒ၊ မိမိ၏အကြံဉာဏ်များကို ဘမန်တော်မြတ်၏ အမိန့်တော်များထက် မေ့မှား၍မျှ ဦးစားမပေးရာ၊ ရှေ့မထားရာ။ မိမိ၏ အာသာဆန္ဒများကို အခါခပ်သိမ်း အလ္လာဟ်အရှင်မြတ်နှင့် ဘမန်တော်မြတ်၏ အမိန့်တော်များ၏ နောက်လိုက်သာ ဖြစ်စေရာသတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَرۡفَعُوٓاْ
أَصۡوَٰتَكُمۡ فَوۡقَ صَوۡتِ ٱلنَّبِيِّ
وَلَا تَجۡهَرُواْ لَهُۥ بِٱلۡقَوۡلِ كَجَهۡرِ
بَعۡضِكُمۡ لِبَعۡضٍ أَن تَحۡبَطَ
أَعۡمَٰلُكُمۡ وَأَنتُمۡ لَا تَشۡعُرُونَ ٢

၂။ အို-မုအ်မင်န် သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏အသံများကို နဗီတမန်တော်၏အသံထက် မကျယ်မမြင့် စေကြကုန်လင့်။ ထိုမှတပါး အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ဟစ်အော်ကျယ်လောင်စွာ ပြောဆိုသကဲ့သို့ ထိုနဗီတမန်တော်နှင့် စကားပြောဆိုရာ၌ ဟစ်အော်ကျယ်လောင်စွာ ပြောဆိုခြင်းကို မပြုကြကုန်လင့်။ (သို့ပြုကြလျှင်) အသင်တို့ မသိကြဘဲလျက် အသင်တို့၏အပြုအမူများသည် အချည်းနှီးဖြစ်သွားပေမည်။ ၁

إِنَّ ٱلَّذِينَ يَغُضُّونَ
أَصۡوَٰتَهُمۡ عِندَ رَسُولِ ٱللَّهِ
أُوْلَٰٓئِكَ ٱلَّذِينَ ٱمۡتَحَنَ ٱللَّهُ
قُلُوبَهُمۡ لِلتَّقۡوَىٰۚ لَهُم مَّغۡفِرَةٞ
وَأَجۡرٌ عَظِيمٌ ٣

၃။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်၏ ရှေ့ဝယ် မိမိတို့၏အသံများကို နှိမ့်ချကြကုန်သောသူတို့သည်အကြင်သူများပင်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်နလုံးများကို ပြစ်မှုများမှ ကြဉ်ရှောင်ခြင်းငှာ ရွေးချယ်တော်မူခဲ့၏။ ထိုသူတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်သည်လည်းကောင်း၊ ကြီးကျယ်လှစွာသောအကျိုးသည်လည်းကောင်း၊ ရှိချေသတည်း။

---

① ဆိုလိုသည်ကား - တမန်တော်မြတ်၏ ရှေ့မှောက်တွင် ဆူဆူညံညံမပြုရာ ဟစ်အော် ကျယ်လောင်စွာ မပြောဆိုရာ။ အချင်းချင်း အားမနာတမ်း ပြောဆိုသကဲ့သို့ တမန်တော်မြတ်နှင့် ဆက်ဆံရာတွင် ယင်းသို့ ပြောဆိုခြင်းသည် မရိုသေ၊ မလေးစား၊ မခန့်ညားရာ ရောက်သည်။

တမန်တော်မြတ်နှင့် ပြောဆိုရာတွင် ရိုသေခန့်ညားစွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာဖြင့် နူးညံ့သိမ်မွေ့သော အသံဖြင့် ပြောဆိုရာသည်။ လိမ္မာသော သားသည် ဖခင်နှင့်စကားပြောဆိုရာတွင်၊ သိမ်မွေ့သော တပည့်သည် ဆရာနှင့် စကားပြောဆိုရာတွင် အဘယ်မျှ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုကြသည်ကို သူငါအများ အသိပင်။ တမန်တော်မြတ်၏ အဆင့်အတန်းသည် ထိုထိုသော ဖခင်၊ ဆရာ စသည်တို့ထက် အတိုင်းမသိမြင့်မားလှသည်ဖြစ်ရာကား၊ တမန်တော်မြတ်နှင့် စကားပြောဆိုရာတွင် အထူး သတိဝီရိယကြီးစွာဖြင့် ရိုသေခန့်ညားကာ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရပေမည်။ မရိုသေမလေးစားသော အမူအရာ အနည်းငယ် စိုးစဉ်မျှပင် မပေါ်စေရာ။ သို့မရိုသေ။ မလေးစားသောအမူအရာ ပေါ်ရှိသွားပါက တမန်တော်မြတ် စိတ်ဆင်းရဲတော်မူပေမည်။ တမန်တော်မြတ် စိတ်ဆင်းရဲရတော်မူပါက သို့တမန်တော်မြတ်အား စိတ်ဆင်းရဲတော်မူရသည်အထိ ရိုင်းပြစွာ ပြောဆိုသောသူ၏ အပြစ်ကား ကြီးမားလှပါဘိတကား။ ထိုသို့သောသူ၏ ကောင်းမှုကုသိုလ်များသည်ပင် အချည်းနှီး ဖြစ်သွားနိုင်ပေ သည်။ သို့ဖြစ်ရာ တမန်တော်မြတ်အား အထူးချစ်ကြည်လေးစားမြတ်နိုးရာသတည်း၊ မေ့မှားရှိမျှ မရိုမသေ၊ မလေးမစား၊ မခန့်မညားမပြုရာ။

إِنَّ الَّذِينَ يُنَادُونَكَ مِن وَرَاءِ الْحُجُرَاتِ أَكْثَرُهُمْ لَا يَعْقِلُونَ ﴿٤﴾

၄။ ဇကန်စင်စစ် အသင့်အား အခန်းများ၏ အပြင်ဘက်မှ ဟစ်ခေါ်ကြကုန်သော သူတို့အနက် အများစုမှာ မသိ နားမလည်ကြပေ။

وَلَوْ أَنَّهُمْ صَبَرُوا حَتَّىٰ تَخْرُجَ إِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٥﴾

၅။ စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့သည် အသင် ၎င်းတို့ထံ ထွက်လာသည်အထိ သည်းခံခဲ့ကြပါလျှင် ၎င်းတို့အဖို့ အကောင်းဆုံးပင် ဖြစ်ခဲ့ပေမည်။ [၁] အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် လွန်စွာခွင့်လွှတ်ချမ်းသာပေးတော်မူသော အရှင်၊ လွန်စွာသနားကရုဏာပြုတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① တစ်နေ့သော် ဗနီတမီမ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်နှင့်တွေ့ဆုံရန် တမန်တော်မြတ်ထံ ရောက်ရှိလာခဲ့ကြ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် အဆောင်တော်တွင်း ရှိနေတော်မူခဲ့၏။ ဗနီတမီမ် မျိုးနွယ်ဝင်များသည် တမန်တော်မြတ်နှင့်တွေ့လိုသည့် စိတ်ဖောဖြင့် အဆောင်တော်အပြင်မှ (یامحمد اخرج الینا) 'ယာ-မုဟမ္မဒ်၊ အွခ်ရဂျ်အေ့ လိုင်နာ' 'အိုး-မုဟမ္မဒ် ကျွန်ုပ်တို့ထံ အပြင်သို့လာပါ'ဟု အော်ဟစ်ခဲ့ကြ၏။ ဤသည် အသိဉာဏ်ကင်းမှုပင်၊ မရိုသေ မလေးစား မခန့်ညားမှုပင်၊ ရိုင်းစိုင်းမှုပင်။ ၎င်းတို့သည် တမန်တော်မြတ်၏ ကြီးကဲမြင့်မြတ်လှသော အဆင့်အတန်းကို မသိခဲ့ကြပေ။

ထိုအချိန်တွင် တမန်တော်မြတ်အပေါ်သို့ (ဝဟီ) အာယတ်တော်များ ကျရောက်နေသည်လည်း ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ် အလွန်အရေးကြီးသော ကိစ္စတစ်ခုခုတွင် လုံးပန်းနေတော်မူသည်လည်း ဖြစ်နိုင်ပေသည်။

တမန်တော်မြတ်သည် မွတ်စ်လင်မ် တစ်မျိုးသားလုံး၏ မိုခိုအားထားရာ ဖြစ်တော်မူပေရာ၊ လောကီ၊ လောကုတ္တရာဆိုင်ရာ ပြဿနာ အဖြာဖြာကို ဆောင်ရွက်တော်မူနိုင်ရန် အချိန်ဇယား ပြုလုပ် ထားတော်မူ၏။ သို့မဟုတ်ပါမူ တမန်တော်မြတ်အဖို့ မဆိုထားနှင့်၊ သာမန် တာဝန်ရှိသော ပုဂ္ဂိုလ်တစ်ဦးအဖို့ပင် အလုပ်လုပ်ရန် လွန်စွာအခက်အခဲ ဖြစ်ပေမည်။

ဗနီတမီမ် မျိုးနွယ်ဝင်များသည် ယင်းသို့ တမန်တော်မြတ်အား အဆောင်တော်အပြင်မှ အော်ကြီးဟစ်ကျယ်မပြုဘဲ တစ်ဦးတစ်ယောက်အား အဆောင်တော်အတွင်းသို့ စေလွှတ်၍ မိမိတို့ ရောက်ရှိနေကြောင်း အသိပေးသင့်ကြပေသည်။ တမန်တော်မြတ်အပြင်သို့ ကြွလာတော်မူသည်အထိ သည်းခံ၍ စောင့်ဆိုင်းနေသင့်ကြပေသည်။ တမန်တော်မြတ်အပြင်သို့ ကြွလာပြီး မိမိတို့ဘက်သို့ အာရုံပြုတော်မူသည့်အခါကျမှ မိမိတို့ တင်ပြလိုသည်များကို ယဉ်ကျေးသိမ်မွေ့စွာ လျှောက်ထားသင့်ကြပေသည်။ ဤသို့ ပြုလုပ်ခြင်းသည် ၎င်းတို့အဖို့ ပို၍ပင် သင့်မြတ်ပေမည်။

အစ္စလာမ်၏ စုစည်းမှုသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားမှုနှင့် ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِن جَآءَكُمْ فَاسِقٌۢ بِنَبَإٍ فَتَبَيَّنُوٓا۟ أَن تُصِيبُوا۟ قَوْمًۢا بِجَهَٰلَةٍ فَتُصْبِحُوا۟ عَلَىٰ مَا فَعَلْتُمْ نَٰدِمِينَ ۝٦

၆။ အို-'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ စာရိတ္တဖောက်ပြန်သူ တစ်ဦးတစ်ယောက်သည် အသင်တို့ထံ တစ်စုံတစ်ရာ သတင်းကို ယူဆောင်လာခဲ့သည်ရှိသော် အသင်တို့သည် မသိဘဲလျက် လူမျိုးတစ်မျိုးကို အန္တရာယ် မပြုမိကြရန် (ယင်းသတင်း)မှန်မမှန်ကို (စူးစမ်း) စစ်ဆေးကြလေကုန်။ (သို့မဟုတ်လျှင်) အသင်တို့သည် မိမိတို့ပြုမိခဲ့ကြသောကိစ္စကြောင့် ကြေကွဲကြရပေမည်။ ၁

➤➤ တမန်တော်မြတ်အား ချစ်ကြည်လေးစားမှု၌ တည်ရှိနေပေရာ မွတ်စ်လင်မ်တို့သည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညား၍ တမန်တော်မြတ်အား ချစ်ကြည် လေးစားကြရမည်သာတည်း။

ဤအာယတ်တော်တွင် ပါရှိသော (ဟုဂျုရာတ်)အခန်းများ၊ အဆောင်များဟူသည် တမန်တော်မြတ်၏ ကြင်ရာတော်များ နေထိုင်ကြသော အဆောင်များကို ဆိုလိုသည်။ ကြည့်-အဗူစုအုဒ်။

① များစွာသော အငြင်းပွားမှု ခိုက်ရန်ဖြစ်မှု၊ ကွဲပြားမှုများသည် မမှန်သတင်းများမှ စတင်ဖြစ်ပေါ်လာသည်မှာများသည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ယင်းအငြင်းပွားမှု၊ ခိုက်ရန်ဖြစ် ပွားမှု၊ ကွဲပြားမှုများဖြစ်ပေါ်စေမည့် ရေသောက်မြစ်ကို ဖြတ်တောက်ပိတ်ပင်ထားတော်မူသည်။

ဆိုလိုသည်ကား - မည်သည့်သတင်းစကားကိုမျှ မစုံစမ်း၊ မဆင်ခြင်ပဲ လက်မခံရာ၊ ဥပမာ-လူရွှပ်၊ လူပွေ တစ်ယောက်က လူတစ်စုနှင့်ပတ်သက်၍ မိမိမကျေနပ်မှုတစ်ခုခုကြောင့် မမှန်သတင်းလွှင့်ခဲ့သော်၊ အသင်တို့သည်လည်း ထိုသူ၏ စကားကို ယုံ၍ အဆိုပါ လူတစ်စုအား စိတ်လိုက် မာန်ပါ တိုက်ခိုက်ကြသော်၊ သို့ ကိုယ်ထိလက်ရောက် တိုက်ခိုက်ပြီးနောက်မှ အဆိုပါသတင်းမမှန်ကြောင်း သိရှိကြသော်၊ ထိုအချိန်တွင် အသင်တို့သည် တစ်ယောက်စကားကို မစုံစမ်းမဆင်ခြင်ဘဲ ယုံစား၍ လက်ရောက် ပြုမိကြသည့်အတွက် ကြေကွဲကြရပေမည်။ ဝမ်းနည်းကြရပေမည်။ ဤသို့ဖြင့် မေတ္တာပျက်ပြားမည်။ အစ္စလာမ်၏ စုစည်းမှုကြီးသည်လည်း ပြိုကွဲသွားပေမည်။ ဤသို့ကား အလျှင်းမဖြစ်စေရာ။

(ဖကဟာ) မမှသတ်ရှင်များသည် ဤအာယတ်တော်ကို အကြောင်းပြု၍ အောက်ပါအတိုင်း မမှသတ်များပင် ရေးမှတ်ထားခဲ့ကြပေသည်။

(၁) မည်သူမည်ဝါသည် 'မုရ်တဒ်' ဖြစ်နေသည်။ မည်သူမည်ဝါသည် သူတစ်ပါး၏အား လုပ်ကြံနေသည် - စသည်ဖြင့် သတင်းစကားကို (ခလီဖဟ်) မွတ်စလင်မ်သမ္မတက ကြားရသည်ရှိသော် ယင်းသတင်းစကားကို စုံစမ်း ထောက်လှမ်းခြင်းသည် ဝါဂျိဗ် ဖြစ်သည်။ အချိန်မီ မစုံစမ်း မထောက်လှမ်းပါက ဝါဂျိဗ် တာဝန်ကို ပျက်ကွက်ရာရောက်သည်။

(၂) မည်သူမည်ဝါသည် မိမိ၏ ဥစ္စာပစ္စည်းကိုသော်လည်းကောင်း၊ ကိုယ်ခန္ဓာကိုသော်လည်းကောင်း၊ အန္တရာယ်ပြုလိုသည်ဟု ကြားသော်၊ အန္တရာယ်ကို ကာကွယ်ရန်အတွက် အဆိုပါသတင်းနှင့်စပ်လျဉ်း၍ စုံစမ်း ထောက်လှမ်းခြင်းသည် (ဂျာအဇ်) ပြုပိုင်သည်။ ➤➤

وَاعْلَمُوْٓا اَنَّ فِيْكُمْ رَسُوْلَ اللّٰهِ ۭ لَوْ يُطِيْعُكُمْ فِيْ كَثِيْرٍ مِّنَ الْاَمْرِ لَعَنِتُّمْ وَلٰكِنَّ اللّٰهَ حَبَّبَ اِلَيْكُمُ الْاِيْمَانَ وَزَيَّنَهٗ فِيْ قُلُوْبِكُمْ وَكَرَّهَ اِلَيْكُمُ الْكُفْرَ وَالْفُسُوْقَ وَالْعِصْيَانَ ۭ اُولٰۗىِٕكَ هُمُ الرّٰشِدُوْنَ ۙ

၇။ ၎င်းပြင် အသင်တို့သည် မိမိတို့၌ အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်ရှိနေတော်မူသည်ကို (ကောင်းစွာ) သိထားကြလေကုန်။

အကယ်၍ ထိုရဿူလ်တမန်တော်မြတ်သည် များစွာသော အရေးကိစ္စတို့၌ အသင်တို့၏ ပြောဆို ချက်ကို လိုက်နာပါလျှင် အမှန်ပင် အသင်တို့သာလျှင် ဒုက္ခတွေ့ကြမည်သာ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား 'အီမာန်' သက်ဝင်ယုံကြည်မှုကို နှစ်သက်မြတ်နိုးစေတော်မူခဲ့၏။ ထို့ပြင် ယင်း 'အီမာန်' ယုံကြည်မှုကို အသင်တို့၏စိတ်နှလုံးများတွင် မြတ်နိုးစေတော်မူခဲ့၏။ လှပ တင့်တယ်စေတော်မူခဲ့၏။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင်တို့အား 'ကုဖ်ရ်' သွေဖည်မှုကိုလည်းကောင်း၊ ပြစ်မှု ကျူးလွန်ခြင်းကိုလည်းကောင်း၊ အမိန့်မနာခံမှုကိုလည်းကောင်း၊ စက်ဆုပ်စေတော်မူခဲ့၏။

ယင်းကဲ့သို့သော သူတို့သည်သာလျှင် လမ်းမှန်ကို ရရှိသူများ ဖြစ်ကြကုန်၏။

فَضْلًا مِّنَ اللّٰهِ وَنِعْمَةً ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝

၈။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူတော်ကြောင့်လည်းကောင်း၊ ဆုချီးမြှင့်တော်မူခြင်းကြောင့်လည်းကောင်း၊ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့သိတော်မူသော အရှင်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

➤➤ (၃) မည်သူမည်ဝါသည် လျှို့ဝှက်စွာ သေရည်အရက်သောက်သည်ဟု သတင်းကြားသော် ယင်းသတင်းစကားနှင့် စပ်လျဉ်း၍ မစုံစမ်း မထောက်လှမ်းပါက မိမိ၌ တစ်စုံတစ်ရာနစ်နာသည်မရှိ။ စုံစမ်းထောက်လှမ်းပါက တစ်ဖက်သားသည် အရှက်တကွဲ အကျိုးနည်းဖြစ်ရမည်။ ဤအခြေအနေတွင် သတင်းစုံစမ်းထောက်လှမ်းခြင်းသည် (ဟရာမ်) ဖြစ်သည်။ အလျှင်းမပြုပိုင်။ ကြည့် - မာဂျီဒီ၊ ထာနဝီ။

وَإِن طَآئِفَتَانِ مِنَ
الْمُؤْمِنِينَ اقْتَتَلُوا فَأَصْلِحُوا
بَيْنَهُمَا فَإِنْ بَغَتْ إِحْدَىٰهُمَا عَلَى
الْأُخْرَىٰ فَقَاتِلُوا الَّتِي تَبْغِي حَتَّىٰ
تَفِيءَ إِلَىٰ أَمْرِ اللَّهِ فَإِن فَآءَتْ
فَأَصْلِحُوا بَيْنَهُمَا بِالْعَدْلِ
وَأَقْسِطُوا إِنَّ اللَّهَ يُحِبُّ
الْمُقْسِطِينَ ۝٩

၉။ ၎င်းပြင် အကယ်၍ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အနက်မှ အုပ်စုနှစ်စုသည် အချင်းချင်း စစ်တိုက်ခဲ့ကြလျှင် အသင်တို့သည် ယင်းအုပ်စုနှစ်စု၏ အကြားဝယ် စစ်ပြေငြိမ်းအောင် ပြုလုပ်ဆောင်ရွက်ကြလေကုန်။ သို့ရာတွင် အကယ်၍ ယင်းအုပ်စုနှစ်စုအနက်မှ အုပ်စုတစ်စုသည် (စစ်ပြေငြိမ်းမှုကို လက်မခံဘဲ ဆက်လက်၍) အခြားအုပ်စုအပေါ်၌ မတရားကျူးကျော်လာခဲ့လျှင် အသင်တို့သည် ယင်းကျူးကျော်လျက် ရှိသောအုပ်စုကို ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဘက်သို့ ပြန်၍ လှည့်လာကြသည်အထိ ပြိုင်ဆိုင် တိုက်ခိုက်ကြလေကုန်။

တစ်ဖန် အကယ်၍ ထိုအုပ်စုသည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဘက်သို့) ပြန်လှည့်လာခဲ့လျှင် အသင်တို့သည် ယင်းအုပ်စုနှစ်စု၏ အကြား၌ တရားသဖြင့် စေ့စပ်၍ပေးကြလေကုန်။ ထိုမှတပါး အသင်တို့သည် တရားမျှတစွာ ဆောင်ရွက်ကြလေကုန်။ ဧကန်အမှန် *အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူတို့အား ချစ်မြတ်နိုးတော်မူ၏။* [၁]

---

① **အချင်းချင်း ရန်မီးငြိမ်းသတ်နည်း။**

အထက်တွင် မွတ်စ်လင်မ်တို့၏ စုစည်းမှု၊ ညီညွတ်မှု၊ ချစ်ကြည်မှု မပျက်ပြားစေရန် အလို့ငှာ စည်းကမ်းချက် အမျိုးမျိုး သတ်မှတ်ထားတော်မူသည်။ ဘောင်ခတ်ထားတော်မူသည်။ ထိုသည့် အထဲမှပင် အကြောင်းအားလျော်စွာ မမျှော်လင့်ဘဲ မွတ်စ်လင်မ် အုပ်စု ၂-ခုသည် အချင်းချင်း တိုက်ခိုက်ကြသော် ကျန်မွတ်စ်လင်မ်များသည် မိမိတို့၏ ညီနောင်များဖြစ်သော ထိုမွတ်စ်လင်မ်အုပ်စု ၂-ခုစပ်ကြားတွင် ပြေလည်စေရန် အစွမ်းကုန် ကြိုးစားကြရမည်။ သို့ကြိုးစားပါလျက် မအောင်မြင်သော်၊ အုပ်စုတစ်စုသည် အခြားအုပ်စုအပေါ်၌ မတရားကျူးကျော်စော်ကားလာခဲ့သော်၊ ကျန်မွတ်စ်လင်မ်များသည် လက်ပိုက်၍ ပွဲကြည့်မနေကြရာ၊ ဘေးထိုင်မနေကြရာ။ မွတ်စ်လင်မ် အားလုံးတို့သည် စုပေါင်း၍ မတရားကျူးကျော်စော်ကားလာသော အုပ်စုကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဘက်သို့ ပြန်လည် ယိမ်းယိုင်လာသည်အထိ တိုက်ခိုက်ကြရမည်။

သို့တိုက်ခိုက်၍ ကျူးကျော်စော်ကားလာသောအုပ်စုသည် အမြင်မှန်ရကာ စစ်ပြေငြိမ်းရန် ပြောဆိုလာသည့်အခါ၊ ကျန်မွတ်စ်လင်မ်များသည် အဆိုပါ အုပ်စု ၂-ခုကြားတွင် အနည်းငယ်စိုးစဉ်မျှ ဘက်မလိုက်ပဲ၊ တရားမျှတစွာဖြင့် ပြန်လည် စေ့စပ်ပေးကြရမည်။ ဤကား မွတ်စ်လင်မ် အချင်းချင်း ရန်မီးငြိမ်းသတ်နည်းပင်။

إِنَّمَا الْمُؤْمِنُونَ إِخْوَةٌ فَأَصْلِحُوا بَيْنَ أَخَوَيْكُمْ وَاتَّقُوا اللَّهَ لَعَلَّكُمْ تُرْحَمُونَ ﴿١٠﴾

၁၀။ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့မှာ (အချင်းချင်း) ညီအစ်ကိုများသာဖြစ်ကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ညီအစ်ကိုနှစ်ယောက်၏ စပ်ကြားဝယ် ရန်ငြိမ်းအောင်(စေ့စပ်မှုကို) ပြုလုပ်ဆောင်ရွက်ကြလေကုန်။ ထိုမှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် သနားကရုဏာပြုတော်မူခြင်းကို ခံကြရကုန်အံ့သတည်း။ [၁]

---

① **မွတ်စ်လင်မ်များသည် ညီနောင်များသာ ဖြစ်ကြသည်။**

မွတ်စ်လင်မ်များသည် အစွဲလာမ့်ညီနောင်များသာလျှင် ဖြစ်ကြပေသည်။တမန်တော်မြတ်က -

'မွတ်စ်လင်မ်များသည် မွတ်စ်လင်မ်၏ ညီနောင်ဖြစ်သည်။ အချင်းချင်း မကျူးကျော်မစော်ကားရ၊ ဒုက္ခမပေးရ' ဟူ၍လည်းကောင်း၊

'လူတစ်ယောက်သည် မိမိ၏ ညီနောင်အား ကူညီရိုင်းပင်နေသမျှ ကာလပတ်လုံး အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ကူညီ ရိုင်းပင်းတော်မူသည်သာ ဖြစ်သည်' ဟူ၍လည်းကောင်း၊

မွတ်စ်လင်မ်တစ်ဦးသည် မိမိ၏ ညီနောင်အတွက် နောက်ကွယ်ရာတွင် ဆုပန်ကြားပါက ကောင်းကင်တမန်က (အာမီန်)ဤအတိုင်းဖြစ်ပါစေ၊ အသင်သည်လည်း မိမိ ထိုဆုပန်ကြားသည်နှင့်အမျှ ရသည်ဖြစ်ပါစေဟု ဆိုလေသည်' ဟူ၍လည်းကောင်း၊

'မွတ်စ်လင်မ်တို့သည် အချင်းချင်း မေတ္တာ၊ ကရုဏာ၊ ဆက်ဆံရာတွင် ကိုယ်ခန္ဓာတစ်ခုတည်းကဲ့သို့ ဖြစ်ကြသည်။ ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခု နာကျင်လျှင် ခန္ဓာတစ်ခုလုံးနာကျင်သည်သာ ဖြစ်သည်' ဟူ၍လည်းကောင်း၊

'မွတ်စ်လင်မ်များသည် အုတ်နံရံနှင့် တူသည်။ အုတ်နံရံရှိ အချို့အစိတ်အပိုင်းများသည် အချို့အစိတ်အပိုင်းများကို ခိုင်မာ တောင့်တင်းစေလျက်ရှိသည်' ဟူ၍လည်းကောင်း၊

အမျိုးမျိုးပုံဆောင်ကာ လေးနက်စွာ မိန့်ကြားတော်မူခဲ့ပေသည်။ မွတ်စ်လင်မ်များသည် အချင်းချင်း ညီနောင်များဖြစ်ကြပေရာ၊ ရန်ခိုက် ဒေါသဖြစ်ရန်ပင် အကြောင်းမရှိပေ။

ထိုသို့သော မွတ်စ်လင်မ်ညီနောင်များသည် အကယ်တည့် ခိုက်ရန်ဖြစ်ပွားကြပါက ညီနောင်ချင်း ခိုက်ရန် ဖြစ်ပွားခြင်းသာ ဖြစ်ပေရာ၊ ကျန် မွတ်စ်လင်မ်များသည် လျစ်လျူပြုမနေကြရာ၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ပြေလည်အောင် ဆောင်ရွက်ပေးကြရမည်။ စေ့စပ်ပေးကြရမည်။ သို့စေ့စပ်ပေးရာတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကာ တရားမျှတမှုကို ရှေးရှုကြရမည်။ အနည်းငယ်စိုးစဉ်းမျှ တစ်ဘက်ဘက်သို့ မယိမ်းယိုင်ကြရာ ဘက်မလိုက်ကြရာ။ သို့ဖြစ်လျှင်၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာကောင်းကို အားလုံး ခံစားကြရပေမည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا يَسْخَرْ قَوْمٌ مِّن قَوْمٍ عَسَىٰٓ أَن يَكُونُوا۟ خَيْرًا مِّنْهُمْ وَلَا نِسَآءٌ مِّن نِّسَآءٍ عَسَىٰٓ أَن يَكُنَّ خَيْرًا مِّنْهُنَّ ۖ وَلَا تَلْمِزُوٓا۟ أَنفُسَكُمْ وَلَا تَنَابَزُوا۟ بِٱلْأَلْقَٰبِ ۖ بِئْسَ ٱلِٱسْمُ ٱلْفُسُوقُ بَعْدَ ٱلْإِيمَٰنِ ۚ وَمَن لَّمْ يَتُبْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿١١﴾

၁၁။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ယောကျ်ားများသည် ယောကျ်ားအား သရော်သမူမပြုရ။ (အကြောင်းသော်ကား) ထို(သရော်သမူပြုခြင်းခံကြရသော) ယောကျ်ားများသည် ထို(သရော်သောယောကျ်ား)တို့ထက်ပို၍ ကောင်းမြတ်သူများဖြစ်တန်ကြရာကုန်၏။ ထိုနည်းတူစွာ မိန်းမများသည်လည်း မိန်းမများအား သရော်သမူ မပြုကြရ။ ထို(သရော်သမူပြုခြင်းကို ခံကြရသော)မိန်းမများသည် ထို(သရော်ကြသော မိန်းမ)များထက် ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ကြရာကုန်၏။

၎င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ငြူစူစောင်းမြောင်း ကဲ့ရဲ့ပြစ်တင်ခြင်းလည်း မပြုကြကုန်လင့်။ ထိုမှတပါး အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး *သရော်သမူပြုကြသော အမည်နာမများဖြင့်လည်း မှည့်ခေါ်ခြင်း မပြုကုန်လင့်။* [၁] 'အီမာန်' သက်ဝင်ယုံကြည်ပြီးနောက် ပြစ်မှုတည်းဟူသော အမည်နာမသည် လွန်စွာဆိုးရွားလှ၏။ သို့ပါလျက် မည်သူမဆို ဝန်ချတောင်းပန်ခြင်း မပြုခဲ့သော် ယင်းကဲ့သို့ သူတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပေသတည်း။

---

① **သူတပါး၏အား အထင်မသေးရာ။**

များသောအားဖြင့် လူနှစ်ယောက် သို့မဟုတ် အဖွဲ့နှစ်ဖွဲ့၊ သို့မဟုတ် အုပ်စုနှစ်ခုတွင် သဘောကွဲလွဲမှုဖြစ်ပေါ်သည့်အခါ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်အုပ်စုနှင့် တစ်အုပ်စု အချင်းချင်း အထင်အမြင်သေးကာ ပြက်ရောဲ ပြောင်လောင်လေ့ရှိကြသည်။ သရော်လေ့ရှိကြသည်။ ငြူစူ စောင်းမြောင်းလေ့ရှိကြသည်။ ကဲ့ရဲ့ပြစ်တင် ရှုတ်ချ ပြောဆိုလေ့ရှိကြသည်။ မကောင်းသော မဖွယ်ရာသော ဘွဲ့နာမည်များဖြင့် ခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသည်။

သို့ရာတွင် သိထားအပ်သည်မှာ မိမိကိုယ်မိမိ ခြောက်ပစ်ကင်း သဲလဲစင်ဟု ထင်မှတ်ကာ သူတစ်ပါးအား ကဲ့ရဲ့ပြစ်တင်နေသူသည် တွင်း၊ ပြင် အားလုံး သိတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်၌ မိမိသာလျှင် ကဲ့ရဲ့ပြစ်တင်ဖွယ်ရာ ဖြစ်နေတတ်ပေသည်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱجْتَنِبُواْ كَثِيرًا مِّنَ ٱلظَّنِّ إِنَّ بَعْضَ ٱلظَّنِّ إِثْمٌ وَلَا تَجَسَّسُواْ وَلَا يَغْتَب بَّعْضُكُم بَعْضًا أَيُحِبُّ أَحَدُكُمْ أَن يَأْكُلَ لَحْمَ أَخِيهِ مَيْتًا

၁၂။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် များစွာသော ထင်မြင်ယူဆချက်များမှ ကြဉ်ရှောင်ကြလေကုန်။ စင်စစ်ဇကန် အချို့သောထင်မြင်ယူဆချက်များမှာ အပြစ်ပင်ဖြစ်ပေသည်။ ၎င်းပြင် အသင်တို့သည် (သူတစ်ပါးတို့၏ ချွတ်ယွင်းမှုများကို) ထောက်လှမ်းစူးစမ်းခြင်း မပြုကြကုန်လင့်။ ထို့ပြင် အသင်တို့အနက် တစ်ဦးသည်တစ်ဦး၏ နောက်ကွယ်၌ *အတင်းပြောဆိုခြင်းကို မပြုရ*။ [1]

➤➤ ဥပမာ- အလ္လာဟ်အရှင်မြတ်ထံတော်၌ ကဲ့ရဲ့ ပြစ်တင်သူထက် ကဲ့ရဲ့ပြစ်တင်ခြင်း ခံရသူက ပို၍ကောင်းနေတတ်ပေသည်။ သို့ဖြစ်လျှင် သူတစ်ပါးအား ကဲ့ရဲ့ပြစ်တင်သူသည်သာလျှင် အရှက်တကွဲ အကျိုးနည်းဖြစ်ပေမည်။

တစ်ခါတစ်ရံ မိမိကိုယ်တိုင်က လက်ခံနှစ်ခြိုက်ခဲ့သော အချက်ကို အချင်းချင်း သဘောကွဲလွဲပြီး နောက်ပိုင်းတွင် ယင်းအချက်ကိုပင် တစ်ဖက်သားက ပြောဆိုလာသည့်အခါ မလိုမုန်းတီးမှု၊ ဇွတ်တရွတ်ပြုလိုမှု၊ သူဖြူလျှင် ငါမည်းမည်ဟူသော မတရား ဆန့်ကျင်လိုမှုများကြောင့် မျက်စိမှိတ်၍ ဆန့်ကျင်တတ်ကြပေသည်။ သူတစ်ပါး၏ သေးငယ်သော အပြစ်ကို မြင်တတ်ကြသည်။ မိမိ၌ရှိသော အပြစ်ကြီးများကိုမူ မမြင်တတ်ကြပေ။ ဤသို့ဖြင့် အချင်းချင်း တစ်ဦးနှင်တစ်ဦး ပို၍ပို၍ ကင်းကွာလာတတ်ကြသည်။ ပို၍ပို၍ မုန်းတီးလာတတ်ကြသည်။ အမုန်းလွန်လာသည့်အခါ ပြန်လည်စေ့စပ်မှု၊ သင့်မြတ်မှု လမ်းစသည်ပင် ပျောက်ခြင်းခြင်းမလှ ပျောက်ကွယ်သွားပြီး တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့် တစ်ဖွဲ့ တစ်အုပ်စုနှင့် တစ်အုပ်စု အသက်ထက်ဆုံး မုန်းသွားတတ်ကြပေသည်။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် ယင်းသို့ မဖြစ်စေရန် အလိုငှာ - သူတစ်ပါးအား အထင်မသေးရ၊ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုရသူတစ်ပါး၏ အပြစ်ကိုမရှာရသူတစ်ပါးအားမဖွယ်ရာသော အမည်များနှင့် မခေါ်ရဟူ၍ ပိတ်ပင်တားမြစ်ထားတော်မူခြင်းဖြစ်သည်။

အကယ်၍ ယခုခေတ်မွတ်စ်လင်မ်များသည် ဤကဏ္ဍလာ ဒေသနာတော်များကိုပင် လက်တွေ့လိုက်နာကျင့်သုံးကြပါက ယနေ့ ၎င်းတို့၌ ခွဲကပ်နေသော ရောဂါကြီးငယ်များသည် ပျောက်ကင်းသွားနိုင်ပေသည်။

'လူတစ်ယောက်သည် မိမိ၌ရှိသော အပြစ်များကို သတိပြုမိပါမူ သူတစ်ပါးအား ကဲ့ရဲ့ပြစ်တင်ရန် နူတ်ပင် ဖွင့်ဟဝံ့မည် မဟုတ်ပေ'။ ကြည့်-မာဂျီဒီ။

① များသောအားဖြင့် အချင်းချင်း သဘောကွဲလွဲမှုများ များပြားပြီး ပြင်းထန်လာသောအခါ၊ အုပ်စုတစ်ခုသည် အခြားအုပ်စုတစ်ခုနှင့်ပတ်သက်၍ ကောင်းသော အတွေးအထင်များကို မတွေးမထင်တော့ပေ။ မကောင်းသော အတွေးအထင်များကိုသာ တွေးထင်တတ်တော့၏။

မိမိနှင့်ဆန့်ကျင်ဘက်အုပ်စုမှ ပြောဆိုသည့်စကားရပ်တစ်ခုတွင် ကောင်းမြတ်သည့် အနက်သဘောကို ဆောင်သည့် ရှုထောင့် အမြောက်အမြား ရှိနေသော်လည်း ယင်းသည့် ရှုထောင့်များကို မမြင်နိုင်တော့ဘဲ၊ ➤➤

فَكَرِهْتُمُوهُ ۚ وَاتَّقُوا اللَّهَ ۚ إِنَّ اللَّهَ تَوَّابٌ رَّحِيمٌ ﴿١٢﴾

အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကို စားသုံးရန် နှစ်သက်ပါမည်လော။ စင်စစ် အသင်တို့သည် ထို(*အသေသားစားခြင်း*)*ကို စက်ဆုပ်ကြမည်သာ*။ [၁] ထို့မှတပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း၊

➤➤ မကောင်းသည့် ရွာထောင့်တစ်ခုကိုသာ မြင်တတ်တော့၏။ ထိုသည့် မကောင်းသည့် သာမန်ရွာထောင့်ကိုသာ ပုံကြီးချဲ့ကာ၊ အမှန်တကယ် ပြုလုပ်ကာ တစ်ဘက်အုပ်စုအား ယိုးမယ်ဖွဲ့ကာ အမျိုးမျိုး သွားပုပ်လေလွင့်စွပ်စွဲပြောဆိုလေတော့၏။

ဆန့်ကျင်ဘက်အုပ်စုနှင့်ပတ်သက်၍ စကားတစ်ခုရရှိလိုက်လျှင် ပထမသော် ထိုစကားကို မကောင်းသော အနက်ပေးရုံမျှမက ဆန့်ကျင်ဘက်အုပ်စု၏ အတွင်းရေးများကိုပင် ပင်ပန်းကြီးစွာဖြင့် နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းရှာဖွေသေး၏။ သို့စူးစမ်းရှာဖွေပြီးနောက် မိမိတို့ရရှိလာသည့် တစ်ဖက်သား၏ အတွင်းရေးကို (မှားသည်မှန်သည် အပထား) အရောင်အမျိုးမျိုးဆိုးပြီး၊ မိမိတို့၏ အသိုင်းအဝန်းတွင် မြိန်မြိန်ရှက်ရှက် ပြော၏။ နောက်ကွယ်ရာတွင် အတင်းဆို၏။ ဤသို့ပြုလုပ်ခြင်းဖြင့် သဘောကွဲလွဲမှုသည် ပိုမို၍ ကြီးထွားလာတတ်ပေသည်။ ဤသည် အလွန်ယုတ်မာသော အကျင့်အကြံပင်။ ဤအာယတ် တော်တွင် ဤသည့် ယုတ်မာသော အကျင့်အကြံကို မကျင့်ကြံမိရန် လေးနက်စွာ ပိတ်ပင်တားမြစ်ထားတော်မူသည်။

မွတ်စ်လင်မ်များသည် ဤအာယတ်တော်လာ ဒေသနာတော်များအရ အချင်းချင်း မကောင်းသော အတွေးအထင် မတွေးထင်ကြလျှင် သူတစ်ပါး၏ အတွင်းရေးများကို မရှာဖွေကြလျှင်၊ နောက်ကွယ်ရာတွင် အတင်းမဆိုကြလျှင် ယနေ့ဖြစ်ပေါ်နေသည့် စိတ်မချမ်းမြေ့ဖွယ်ရာ ကွဲလွဲမှု၊ မလိုမုန်းတီးမှု၊ အာဃာတထားမှု၊ ရန်ငြိုးထားမှု၊ ဆန့်ကျင်မှု၊ ခိုက်ရန် ဖြစ်ပွားမှုများသည် ပျောက်ကွယ်သွားနိုင်ပေသည်။

③ မိမိ၏ ညီနောင်၏ အသေသား စားရက်ပါသလား၊

မိမိညီနောင်တစ်ဦးအား ၎င်း၏နောက်ကွယ်ရာတွင် အတင်းဆိုခြင်းသည် သေနေသော မိမိညီနောင်၏ အသေသားကို စားမျိုခြင်းပင်။ ဤသည်ကို အသူနှစ်ခြိုက်အံ့နည်း။။ အတင်းဆိုခြင်းသည် ဤသည်ထက်ပင် ဆိုးရွားရုံမုန်းဖွယ်ရာတည်း။ တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ ၎င်း၏ နောက်ကွယ်ရာတွင် ဖြစ်ရပ်မှန်အတိုင်း ပြောဆိုခြင်းသည် ဖြစ်ရပ်မှန်အတိုင်း ပြောဆိုခြင်းဖြစ်သည့်အတွက် အတင်းဆိုရာမရောက်ဟူ၍ အချို့က ထင်မှတ်ကြသည်။ ဤသည် မမှန်၊ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်က အတင်းဆိုခြင်းနှင့်စပ်လျဉ်း၍ (ذكرك أخاك بما يكره) 'အသင်၏ညီနောင် မနှစ်ခြိုက်သောအရာကို ၎င်း၏နောက်ကွယ်ရာတွင် အသင် ပြောဆိုခြင်းသည်လည်း အတင်း ပြောဆိုခြင်းပင်ဖြစ်သည်' ဟု မိန့်ကြားတော်မူခဲ့ပေသည်။ ➤➤

يَٰٓأَيُّهَا ٱلنَّاسُ إِنَّا خَلَقْنَٰكُم مِّن ذَكَرٍ وَأُنثَىٰ وَجَعَلْنَٰكُمْ شُعُوبًا وَقَبَآئِلَ لِتَعَارَفُوٓا۟ ۚ إِنَّ أَكْرَمَكُمْ عِندَ ٱللَّهِ أَتْقَىٰكُمْ ۚ إِنَّ ٱللَّهَ عَلِيمٌ خَبِيرٌ ﴿١٣﴾

၁၃။ အို-လူခပ်သိမ်းတို့။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်မှ (စတင်)ဖန်ဆင်းတော်မူခဲ့၏။ [၁] ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း တစ်ဦးကို တစ်ဦး ခွဲခြားသိမြင်မှတ်မိကြအံ့သောငှာ လူမျိုးစု အသီးသီး၊ မျိုးနွယ်အသွယ်သွယ်ပြုလုပ်တော်မူခဲ့၏။ ဧကန်စင်စစ် အသင်တို့အနက် (အလ္လာဟ်အရှင်မြတ်အား) *အကြောက်ရွံ့ဆုံး၊ အပြစ်များမှ အများဆုံး ကြဉ်ရှောင်သောသူသည်သာလျှင် အလ္လာဟ်အရှင်မြတ် အထံတော်၌ အမြင့်မြတ်ဆုံးသောသူဖြစ်၏။* [၂] စင်စစ် တစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသိတော်မူဆုံး၊ အကြားတော်မူဆုံးအရှင် ဖြစ်တော်မူပေသတည်း။

➤➤ တမန်တော်မြတ်က (الغيبة أشد من الزنا) 'ဃီဗတ်' အတင်းဆိုခြင်းသည် 'ဇိနာ' သူတစ်ပါးသားမယားအား ပြစ်မှားခြင်းထက်ပင် ပိုမိုး၍ ဆိုးရွားသည်ဟု မိန့်ကြားတော်မူခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် မည်သူအားမျှ မည်သည့်အခါမျှ အတင်းအလျှင်း မဆိုကြရာ။

① **တစ်မိ တစ်ဘတည်းမှ ဆင်းသက်လာသော ညီနှင့်အစ်ကို၊ မောင်နှင့် နှမများသာ။**

များသောအားဖြင့် သူတစ်ပါးအား အထင်သေးခြင်း၊ အပြစ်ရှာခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းများ၏ အကြောင်းရင်းမှာ မိမိကိုယ်ကို မိမိ၊ အထင်ကြီးခြင်းပင်ဖြစ်သည်။ လူသားသည် များသောအားဖြင့် မိမိကိုယ်ကို အထင်ကြီးသည်။ သူတစ်ပါးကို အထင်သေးသည်။ ထိုသို့သော အမြင်မှားနေသော လူသားများအား ဤ အာယတ်တော်တွင် ရည်ညွှန်းမိန့်ကြား ထားတော်မူသည်မှာ - လူတစ်ဦး၏ ကြီးခြင်း၊ ငယ်ခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်မဲ့ခြင်းများသည် မျိုးရိုးဇာတိနှင့်မဆိုင်။

မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညား၍ ထိုအရှင်မြတ်၏ ဒေသနာတော်များနှင့်အညီ အကျင့်စာရိတ္တ ကောင်းမွန်သည်နှင့်အမျှ ယဉ်ကျေး သိမ်မွေ့သည်နှင့်အမျှ အလ္လာဟ်အရှင်မြတ် ထံတော်၌ ကောင်းသည်၊ မွန်ရည်သည် ဂုဏ်ရှိသည်သာ ဖြစ်ပေသည်။

မျိုးရိုးဇာတိကား လူတစ်ဦးတစ်ယောက်၏ ကောင်းမှု၊ မကောင်းမှု၊ ဂုဏ်ရှိမှု၊ ဂုဏ်မရှိမှုများကို ခွဲခြားသိစေနိုင်သည့် မှတ်ကျောက်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားအားလုံးတို့သည် တစ်မိ၊ တစ်ဖတည်းမှ ဖခင်ကြီး အာဒမ်နှင့် မိခင်ကြီး ဟောင်ဝါမှ ဆင်းသက်ပေါက်ဖွားလာခဲ့ကြသော ညီနှင့်အစ်ကို၊ မောင်နှင့်နှမများသာဖြစ်ကြပေသည်။

② ဆိုလိုသည်ကား - 'တာက်ဝါ' သည် အမှန်စင်စစ် စိတ်နှလုံးနှင့်သာ ဆိုင်သည်။ စိတ်နှလုံးတွင်းကိစ္စကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ သို့ဖြစ်ရာ မည်သူမည်ဝါသည် မွတ္တကီ ဖြစ်သည်။ မဖြစ်သည်ကို အပေါ်ရံကြည့်ဆုံးဖြတ်ရန် မဖြစ်နိုင်ပေ။ ➤➤

قَالَتِ الْأَعْرَابُ آمَنَّا ۖ قُلْ لَّمْ تُؤْمِنُوا وَلَٰكِن قُولُوا أَسْلَمْنَا وَلَمَّا يَدْخُلِ الْإِيمَانُ فِي قُلُوبِكُمْ ۖ وَإِن تُطِيعُوا اللَّهَ وَرَسُولَهُ لَا يَلِتْكُم مِّنْ أَعْمَالِكُمْ

၁၄။ ကျေးတောသားအရဗ်တို့က 'ကျွန်ုပ်တို့သည် 'အီမာန်'သက်ဝင်ယုံကြည်ခဲ့ကြပါပြီ' ဟု ပြောဆိုကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် သက်ဝင်ယုံကြည်ကြသည် မရှိသေးပေ။ သို့ရာတွင် 'ကျွန်ုပ်တို့သည် အမိန့်ကိုနာခံကြပါပြီ' ဟူ၍သာ ပြောဆိုကြလေကုန်။ စင်စစ်တမူကား: 'အီမာန်' ယုံကြည်မှုသည် အသင်တို့၏ စိတ်နလုံးများတွင် မဝင်သေးပေ။ [၃]

➤➤ အချို့ပုဂ္ဂိုလ်သည် အမြင်အားဖြင့် မွတ္တကီဟု တွေ့မြင်ရာသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်သည် အမှန်တကယ် မွတ္တကီဖြစ်သည်၊ မဖြစ်သည်၊ မည်သို့ရှိသည်၊ နောက်နောင်မည်သို့ရှိမည်များကို အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိဆုံးဖြစ်တော်မူပေသည်။ ထို့ပြင်တစ်ဝ ပုဂ္ဂိုလ်တဦးနှင့် ပတ်သက်၍ ၎င်း၏ ယနေ့လက်ရှိ အခြေအနေကို ကြည့်ပြီး ကောင်းသည် မကောင်းသည်ဟု ဆုံးဖြတ်ရန်လည်း မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် လူတစ်ဦးသည် ယနေ့ကောင်းသော်လည်း သေခါနီးနောက်ဆုံးအချိန်ဆိုးသွားသည်လည်း ရှိသည်။ ထို့အတူ အချို့သည် ယနေ့ဆိုးနေသော်လည်း သေခါနီးတွင် ကောင်းသွားသည်လည်း ရှိသည်။ ဆိုးကောင်း အဆုံးအဖြတ်ပေးရမည့် အဓိက အခြေအနေသည် သေခါနီးနောက်ဆုံးအခြေအနေသာလျှင် ဖြစ်သည်။ (إنما العبرة بالخواتيم) သို့ဖြစ်ရာ လူတိုင်း လူတိုင်းသည် သေခါနီးနောက်ဆုံးအချိန်တွင် အီမာန်နှင့် တာက်ဝါအပေါ်၌ ရပ်တည်နေနိုင်ရန် ကြိုးစားရပေမည်။

အလ္လာဟ်အရှင်မြတ်သည် အားလုံးသိတော်မူသည်၊ အားလုံးကြားတော်မူသည်။ မည်သူမည်ဝါ၌ 'တာက်ဝါ' ရှိသည်။ မရှိသည်ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သူမျှ မသိနိုင်ပေ။ သို့ဖြစ်ရာ မိမိ၌ 'တာက်ဝါ' ရှိသည်ကို အကြောင်းပြု၍ အထင်မကြီးရာ။

③ <u>အီမာန်နှင့် အစ္စလာမ်</u>။

ဤအာယတ်တော်တွင် ပါရှိသော အရဗ်တောကျေးသားများ ဟူသည် ဗနုအစဒ်စသည့် အရဗ်တောကျေးသားများကို ဆိုလိုသည်။ ကြည့်-ထာနဝီ။

တစ်ရက် အဆိုပါ အရဗ်တောကျေးသားများသည် တမန်တော်မြတ်ထံ လာရောက်ပြီးလျှင် 'ကျွန်တော်တို့သည် အီမာန် သက်ဝင်ယုံကြည်ကြပါပြီ'ဟု ပြောဆိုခဲ့ကြ၏။ အမှန်မှာ ၎င်းတို့သည် စိတ်နလုံးသားအတွင်းမှ ကြည်ဖြူစွာ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည် မဟုတ်သေးပေ။ အပေါ်ယံ နှုတ်လျှာမှ အီမာန်သက်ဝင်ယုံကြည်ပါပြီဟု ပြောဆိုခြင်းမျှသာ ဖြစ်ခဲ့ပေသည်။

ထို့အတွက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား အဆိုပါ အရဗ်တောကျေးသားများကို 'အသင်တို့သည် အီမာန် သက်ဝင်ယုံကြည်ကြသည် မဟုတ်သေးပေ။ ကျွန်တော်တို့သည် (ဆန့်ကျင်မှုကို စွန့်လွှတ်ပြီး) အမိန့်တော် နာခံကြပါပြီ' ဟူ၍သာ ပြောဆိုကြကုန်။ အဘယ်ကြောင့်ဆိုသော် အီမာန်သက်ဝင်ယုံကြည်မှုသည် ယခုထက်တိုင် အသင်တို့၏ နှလုံးသားများအတွင်းသို့ မသက်ရောက်သေးပေ' ဟူ၍ ဖြစ်ရပ်မှန်ကို ဆုတ်ဖော် ပြောကြားစေတော်မူခဲ့ပေသည်။ ➤➤

شَيْءٍ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٤﴾

သို့ရာတွင် အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဂူလ်တမန်တော်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ (အကယ်စင်စစ်) လိုက်နာကြလျှင် ထိုအရှင်မြတ်သည် အသင်တို့၏ ကျင့်မူဆောင်ရွက်ချက်တို့အနက်မှ မည်သည့် တစုံတရာကိုမျှပင် အသင်တို့၌ လျော့နည်းစေတော်မူမည် မဟုတ်ပေ။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် လွန်စွာခွင့်လွှတ်တော်မူသောအရှင်၊ လွန်စွာကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူ၏။

إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ ثُمَّ لَمْ يَرْتَابُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللَّهِ ۚ أُولَٰئِكَ هُمُ الصَّادِقُونَ ﴿١٥﴾

၁၅။ အကြင်သူတို့သည်သာလျှင် (ပြည့်ဝစုံလင်သော) 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဂူလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ခဲ့ကြသည်။ ပြီးနောက် ၎င်းတို့သည် သံသယ ဖြစ်ခဲ့ကြသည် မရှိချေ။ ထိုမှတပါး ထိုသူတို့သည် မိမိတို့၏ ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကုန်၏။ ထိုသူတို့သည်သာလျှင် *သစ္စာဝါဒီများ ဖြစ်ကြကုန်၏။* [၁]

➤➤ ဆိုလိုသည်ကား အမှန်တကယ် စိတ်နလုံးသားအတွင်းမှ နှစ်နှစ်ကာကာ ကြည်ဖြူစွာ အီမာန် သက်ဝင်ယုံကြည်မှု မရှိသေးပါဘဲလျက် ကျွန်တော်တို့သည် 'အီမာန်' သက်ဝင်ယုံကြည်ကြပါပြီ။ 'မုအ်မင်န်' များဖြစ်ကြပါပြီဟူ၍ကား၊ လိမ်လည်ကာ ဂုဏ်ဖော် မပြောကြားရာ။ ကြည့်-ထာနဝီ။

① **စစ်မှန်သော မုအ်မင်န်တို့၏ ဂုဏ်ရည်များ။**

စစ်မှန်သော မုအ်မင်န်များမှာ-

(၁) အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်မြတ်အားလည်းကောင်း ယုံကြည်ကြသည်။ ယင်းသည့် ယုံကြည်ချက်အပေါ်၌ပင် အသက်ထက်ဆုံး တည့်မတ်စွာ ရပ်တည်နေကြပေသည်။➤➤

قُلْ أَتُعَلِّمُونَ اللَّهَ بِدِينِكُمْ وَاللَّهُ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٦﴾

၁၆။ (အို-နဗီတမန်တော်)။ အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် မိမိတို့၏ 'ဒီန်'သာသနာကို အလ္လာဟ်အရှင်မြတ်အား အသိပေးကြလေသလော။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များ၌ရှိသမျှတို့ကိုလည်းကောင်း၊ ပထဝီမြေများ၌ ရှိသမျှတို့ကိုလည်းကောင်း၊ ကောင်းစွာသိရှိတော်မူ၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

يَمُنُّونَ عَلَيْكَ أَنْ أَسْلَمُوا ۖ قُلْ لَا تَمُنُّوا عَلَيَّ إِسْلَامَكُمْ ۖ بَلِ اللَّهُ يَمُنُّ عَلَيْكُمْ أَنْ هَدَاكُمْ لِلْإِيمَانِ إِنْ كُنْتُمْ صَادِقِينَ ﴿١٧﴾

၁၇။ (အို-နဗီတမန်တော်)၊ ၎င်းတို့သည် (အမိန့်ကို) နာခံခဲ့ကြကြောင်း အသင့်ရှေ့ဝယ် ဂုဏ်ဖော်၍ နေကြကုန်၏။ အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် ငါ၏ရှေ့ဝယ် မိမိတို့ အမိန့်နာခံမှုကို ဂုဏ်ဖော်ခြင်း မပြုကြကုန်လင့်။ စင်စစ်မှာမူကား အကယ်၍ အသင်တို့သည် သစ္စာဝါဒီများ ဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အီမာန်သက်ဝင်ယုံကြည်နိုင်ရန် တရားလမ်းကို ပြသတော်မူခဲ့သောကြောင့် ထိုအရှင်မြတ်ကသာလျှင် အသင်တို့အပေါ် ကျေးဇူးပြုထားတော်မူခြင်း ဖြစ်ပေသည်။ [၁]

➤➤ (၂) အနည်းငယ်စိုးစဉ်းမျှ ဒွိဟသံသယမဖြစ်ကြပေ။ စိတ်နလုံးတွင်းမှ နှစ်နှစ်ကာကာ ကြည်ဖြူစွာယုံကြည်ကြပေသည်။ ထို့ပြင်တဝ-

(၃) အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မိမိတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း၊ အသက် ဇီဝိန်များကိုလည်းကောင်း ရက်ရောစွာ လှူဒါန်းကြပေသည်။ အနည်းငယ် စိုးစဉ်းမျှ တွန့်တိုဆုတ်ဆိုင်းကြသည် မရှိပေ။ ယင်းသို့သော ဂုဏ်ရည်များနှင့်ပြည့်စုံသော သူများသာလျှင် စစ်မှန်သော မုအ်မင်န်များဖြစ်ကြပေသည်။

① ယင်းသို့သော အရဗ်တောကျေးသားတို့ကို 'အသင်တို့သည် မိမိတို့ အစ္စလာမ်ကို လက်ခံကြသည့်အတွက် ကျွန်ုပ်ရှေ့တွင် ဂုဏ်မဖော်ကြနှင့်၊ အမှန်မှာ အလ္လာဟ်အရှင်မြတ်ကသာ အသင်တို့အား အီမာန် သက်ဝင်ယုံကြည်နိုင်ရန် တရားပြတော်မူ၍ အသင်တို့အပေါ်၌ ကျေးဇူးပြုထားတော်မူခြင်းသာ ဖြစ်သည်'ဟု တမန်တော်မြတ်အား ဖြေကြားစေတော်မူခြင်းဖြစ်သည်။ ➤➤

إِنَّ اللَّهَ يَعْلَمُ غَيْبَ
السَّمَٰوَٰتِ وَالْأَرْضِ ۚ وَاللَّهُ
بَصِيرٌ بِمَا تَعْمَلُونَ ﴿١٨﴾

၁၈။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့်ပထဝီမြေ၌ရှိကုန်သော လျှို့ဝှက်ချက်တို့ကို ကောင်းစွာ သိရှိတော်မူ၏။ ထိုမှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူဆောင်ရွက်လျက် ရှိကြသည်တို့ကို ကောင်းစွာ မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ အမှန်မှာ မည်သူမဆို ကောင်းမှုတစ်ရပ်ကို မိမိ၏လက်ဖြင့် ပြုလုပ်ထားသည်ပင်ဆိုစေ။ သို့ပြုလုပ်နိုင်ခြင်း အတွက် မိမိကိုယ်ကို မိမိချီးမွမ်းရန်မဟုတ်။ ယင်းသို့ ကောင်းမှု ပြုနိုင်စွမ်း ချီးမြှင့်တော်မူသော အလ္လာဟ်အရှင်မြတ်အားသာ ချီးမွမ်းရမည်သာ။

အချုပ်အားဖြင့်ဆိုသော် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များနှင့် အစ္စလာမ်၏ အဆုံးအမများကို လိုက်နာကျင့်သုံးခွင့်ရရှိပါက ဂုဏ်ဖော်ရန်မဟုတ်၊ မိမိတို့အား ယင်းသို့ လိုက်နာကျင့်သုံးနိုင်စွမ်း ချီးမြှင့်တော်မူသော အလ္လာဟ်အရှင်မြတ်အားသာလျှင် ကျေးဇူးတင်ကြရပေမည်။ အစ္စလာမ်ရေးရာများကို ဆောင်ရွက်ရသည့်အတွက် မိမိတို့က ဂုဏ်ဖော်ရန်ဝေးစွ၊ အလ္လာဟ်အရှင်မြတ်က မိမိတို့အား သာသနာရေးရာများကို ဆောင်ရွက်ရန် အသုံးပြုထားတော်မူသည့်အတွက် ထိုအရှင်မြတ်အား ကျေးဇူးတင်ရဦးမည်သာ။

ကာဖ် ကဏ္ဍ



ဤကဏ္ဍသည် "ကာဖ်" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၄၅)ပါး၊ ရကူအ် အပိုဒ်(၃)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော၊ အစဉ် သနားကြင်နာ ညှာတာတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

قٓ ۚ وَالْقُرْآنِ الْمَجِيدِ ﴿١﴾

၁။ 'ကာဖ်' [၁] (ငါအရှင်မြတ်သည်) အထူးဂုဏ်ဝိသေသနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူ၏။ [၂]

بَلْ عَجِبُوا أَنْ جَاءَهُمْ مُنْذِرٌ مِنْهُمْ فَقَالَ الْكَافِرُونَ هَٰذَا شَيْءٌ عَجِيبٌ ﴿٢﴾

၂။ စင်စစ်မှာကား ၎င်းတို့သည် မိမိတို့ထံ မိမိတို့အနက်မှပင် သတိပေးနှိုးဆော်သူတစ်ဦး ရောက်ရှိ၍ လာခဲ့သည်ကိုပင် အံ့သြလျက်ရှိနေကြကုန်၏။ သို့ဖြစ်ပေရာ 'ကာဖိရ်' သွေဖည်ငြင်းပယ်သော သူတို့က ပြောဆိုခဲ့ကြသည်မှာ ဤသည်လွန်စွာ အံ့ဖွယ်အကြောင်းပင် ဖြစ်သည်။

---

① 'ကာဖ်' ဟူသော အက္ခရာသည် ကုရ်အာန်ကျမ်းမြတ်၏ အချို့ကဏ္ဍများ၏ အစတွင် ပါရှိသည့် အနက် အဓိပ္ပာယ် လျို့ဝှက်ထားသည့် သင်္ကေတအက္ခရာများနည်းတူ ဤကဏ္ဍ၏အစတွင် ပါရှိသော သင်္ကေတ အက္ခရာပင်ဖြစ်သည်။ 'ကာဖ်' ဟူသော သင်္ကေတအက္ခရာသည် ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးတွင် ဤတစ်နေရာတည်း၌သာ လာရှိပေသည်။

အမှန်မှာ ဤသင်္ကေတ အက္ခရာစုများ၏ အနက်ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူပေသည်၊ ကြည့်- ထာနဝီ၊ အိဗ်နုကဆီရ်။

② **ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော ကုရ်အာန်။**

ကုရ်အာန်ကျမ်းမြတ်၏ ဂုဏ်ထူးဝိသေသကား ထင်ရှားလှပေသည်။ အထူးထုတ်ဖော်ရေးသားနေရန်ပင် မလိုပေ။ ကုရ်အာန်ကျမ်းမြတ်သည် ကောင်းကင်ကျ ကျမ်းဂန်အပေါင်းတွင် နောက်ဆုံး ကျရောက်သောကျမ်း ဖြစ်သည်။ အတိတ်ခေတ် ကျမ်းဂန်အပေါင်းတွင် ပါရှိခဲ့သော အနှစ်သာရအားလုံးနှင့် ပြည့်စုံသည်သာမက၊ ကမ္ဘာတသက် တည်ရှိမည့် ကျမ်းကြီးတဆူလည်း ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းမြတ်သည် အဘက်ဘက်မှ ပြည့်စုံသည်။ ချို့တဲ့မှု၊ ချွတ်ယွင်းမှုဟူ၍ အလျင်းမရှိ။ လက်ညှိုးညွှန်ပြဖွယ်ရာ အပြစ်ဟူ၍ တစ်ကွက်မျှမရှိ။ ကုရ်အာန်ကျမ်းမြတ်၏ ဂုဏ်ထူးဝိသေသများနှင့် ➤➤

ءَإِذَا مِتْنَا وَكُنَّا تُرَابًا ۖ ذَٰلِكَ رَجْعٌ بَعِيدٌ ﴿٣﴾

၃။ ကျွန်ုပ်တို့ သေဆုံးခဲ့ကြပြီးနောက် မြေကြီးဖြစ်သွားခဲ့ကြသောအခါ (ရှင်ပြန်ထကြရဦးမည်လော၊) ထိုသည်ကား အလွန်တရာဝေးလံစွာသော ပြန်လည်ခြင်းပင်။ [ထိုသို့ ပြန်လည်ရှင်ထခြင်းသည် (အသိဉာဏ်နှင့်) အလွန်ဝေးလံပေသည်။]

قَدْ عَلِمْنَا مَا تَنقُصُ الْأَرْضُ مِنْهُمْ ۖ وَعِندَنَا كِتَابٌ حَفِيظٌ ﴿٤﴾

၄။ မြေကြီးက ၎င်းတို့(၏ ကိုယ်ခန္ဓာများ)အနက်မှ (စား၍) လျော့နည်းစေမည့် အစိတ်အပိုင်းကို ဧကန်မလွဲ ငါအရှင်မြတ်သည် သိရှိတော်မူ၏။ စင်စစ်မှာကား ငါအရှင်မြတ်အထံတော်တွင် ထိန်းသိမ်း စောင့်ရှောက်ထားသောမှတ်တမ်းစာအုပ်သည်လည်းရှိနေပေသည်။ [၁]

بَلْ كَذَّبُوا بِالْحَقِّ لَمَّا جَاءَهُمْ فَهُمْ فِي أَمْرٍ مَّرِيجٍ ﴿٥﴾

၅။ စင်စစ်မှာကား ထိုသူတို့သည် ၎င်းတို့ထံ အမှန်တရား ရောက်ရှိ၍ လာခဲ့သောအခါ ယင်းအမှန်တရားကိုပင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ စင်စစ်မှာကား၊ ၎င်းတို့သည် မတည်ငြိမ်သော အခြေအနေ၌ပင် ရှိနေကြကုန်သတည်း။

➤➤ စပ်လျဉ်း၍ အထူးသက်သေထူရန် မလို။ (သူရိယ)နေ၏ ထွန်းလင်းတောက်ပမှုနှင့်စပ်လျဉ်း၍ နေကိုယ်တိုင် သက်သေဖြစ်သကဲ့သို့၊ ကုရ်အာန်၏ ဂုဏ်ထူးဝိသေသနှင့်စပ်လျဉ်း၍ ကုရ်အာန်သည်ပင် မိမိကိုယ်တိုင် သက်သေဖြစ်ပေသည်။

သို့ပါသော်လည်း ကာဖိရ်များသည် ကုရ်အာန်ကို လက်မခံကြပေ။ ကုရ်အာန်ကို ၎င်းတို့ လက်မခံခြင်းမှာ ၎င်းတို့၌ ကုရ်အာန်နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာ အထောက်အထားရှိ၍ မဟုတ်။ ၎င်းတို့၏ မိုက်မဲမှု၊ အစွဲအလမ်းကြီးမှု၊ ဇွတ်တရွတ်ပြုမှု၊ မောက်မာမှုများကြောင့်သာဖြစ်ပေသည်။ ကြည့်-အွတ်ဆ်မာနီ။

① ဆိုလိုသည်ကား လူသားများ သေပြီးနောက် ၎င်းတို့၏ ကိုယ်ခန္ဓာများသည် အားလုံးမြေဖြစ်သွားသည်မဟုတ်၊ (ရှဟ်) အသက်ဇီဝိန်သည် ကြွင်းကျန်လျက်ရှိပေသည်။ ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများသည် မြေတွင်ရောယှက်၍ အသို့ပင်ပျုံ့လွင့်သွားလင့်ကစား ပျုံ့လွင့်သွားသော ယင်းအစိတ်အပိုင်း အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ အသိတော်အတွင်း၌ပင် ရှိနေပေသည်။

အလ္လာဟ်အရှင်မြတ်သည် အရေးကိစ္စအဝဝနှင့်စပ်လျဉ်း၍ အသေးစိတ် အကြွင်းမဲ့ သိတော်မူသည်သာမက၊ အရာရာနှင့် စပ်လျဉ်း၍ အသေးစိတ် အတိအကျ ရေးမှတ်ထားတော်မူသည့် 'လောင်ဟ်မဟ်ဖူဇ်' ခေါ် မှတ်တမ်းတော်သည်လည်း ထိုအရှင်မြတ်၏ ရှေ့တော်၌ အသင့်ရှိနေပေသည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်အဖို့ ပျုံ့လွင့်နေသော အစိတ်အပိုင်းများကို စုပေါင်း၍ ပြန်လည်အသက်သွင်းပြီး ရှင်ထစေတော် မူခြင်းမှာ အသို့လျှင် အခက်အခဲ ရှိနိုင်အံ့နည်း။

أَفَلَمْ يَنظُرُوٓا۟ إِلَى ٱلسَّمَآءِ فَوْقَهُمْ كَيْفَ بَنَيْنَٰهَا وَزَيَّنَّٰهَا وَمَا لَهَا مِن فُرُوجٍ ﴿٦﴾

၆။ ၎င်းတို့သည် မိမိတို့၏အထက်၌ မိုးကောင်းကင်ကို မကြည့်မမြင်ခဲ့ကြလေသလော။ ငါအရှင်မြတ်သည် ယင်းမိုးကောင်းကင်ကို မည်သို့ပြုလုပ်ထားတော်မူသနည်း။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုမိုးကောင်းကင်ကို မည်သို့လှပစွာ ဆင်ယင်ထားတော်မူသနည်း။ ထိုမှတပါး ယင်းမိုးကောင်းကင်၌ အဟာ၊ အကွဲ၊ အအက်များဟူ၍လည်း အလျှင်းမရှိပြီတကား။

وَٱلْأَرْضَ مَدَدْنَٰهَا وَأَلْقَيْنَا فِيهَا رَوَٰسِىَ وَأَنۢبَتْنَا فِيهَا مِن كُلِّ زَوْجٍۭ بَهِيجٍ ﴿٧﴾

၇။ ထိုမှတပါး ငါအရှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းထားတော်မူ၏။ ၎င်းပြင် ယင်းပထဝီမြေ၌ တောင်များကို စိုက်ထူထားတော်မူ၏။ ထို့ပြင် ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ လှပတင့်တယ် ရွှေချင်စဖွယ်ကောင်းသော အရာဝတ္ထုမျိုးစုံတို့ကို ပေါက်ရောက်စေထားတော်မူ၏။

تَبْصِرَةً وَذِكْرَىٰ لِكُلِّ عَبْدٍ مُّنِيبٍ ﴿٨﴾

၈။ (ထိုအလုံးစုံတို့မှာ) သံဝေဂရသော ကျွန်တိုင်းအဖို့ ဆင်ခြင်သုံးသပ်အပ်သောအရာသည်လည်းကောင်း၊ တရားရယူအပ်သောအရာသည်လည်းကောင်း၊ ဖြစ်ပေသည်။

وَنَزَّلْنَا مِنَ ٱلسَّمَآءِ مَآءً مُّبَٰرَكًا فَأَنۢبَتْنَا بِهِۦ جَنَّٰتٍ وَحَبَّ ٱلْحَصِيدِ ﴿٩﴾

၉။ ထိုမှတပါး ငါအရှင်မြတ်သည် မိုးကောင်းကင်မှ ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံသော (မိုး)ရေကို ရွာသွန်းစေတော်မူ၏။ တစ်ဖန် ထိုရေဖြင့် ငါအရှင်မြတ်သည် ဥယျာဉ်များကိုလည်းကောင်း၊ ရိတ်သိမ်းပြီးဖြစ်သော ကောက်ပင်မျိုးနွယ်များကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူ၏။

وَٱلنَّخْلَ بَاسِقَٰتٍ لَّهَا طَلْعٌ نَّضِيدٌ ﴿١٠﴾

၁၀။ ထိုနည်းတူစွာ ရှည်လျားမြင့်မားသော စွန်ပလွံပင်များကို (ပေါက်ရောက်စေတော်မူရာ) ယင်းစွန်ပလွံပင်များ၌ ပြွတ်၍ သီးနေသော အခိုင်များရှိနေပေသည်။

رِّزْقًا لِّلْعِبَادِ ۙ وَأَحْيَيْنَا بِهِ بَلْدَةً مَّيْتًا ۚ كَذَٰلِكَ الْخُرُوجُ ﴿١١﴾

၁၁။ ကျွန်များအဖို့ စားနပ်ရိက္ခာအဖြစ် ထိုမှတပါး ငါအရှင်မြတ်သည် ထိုမိုးရေဖြင့် သေလွန်ခြောက်သွေ့လျက်ရှိသော မြေကို ရှင်စေတော်မူ၏။ (လူအပေါင်းတို့ ရှင်၍) ပြန်ထွက်ခြင်းမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ချေအံ့သတည်း။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَأَصْحَابُ الرَّسِّ وَثَمُودُ ﴿١٢﴾

၁၂။ ထိုသူတို့အလျင် 'နူဟ်'၏အမျိုးသားတို့သည်လည်းကောင်း၊ ရတ်စ်(စ်)၌ နေထိုင်သူတို့သည်လည်းကောင်း၊ 'ဆမူဒ်' အမျိုးသားတို့သည်လည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲခဲ့ကြကုန်၏။

وَعَادٌ وَفِرْعَوْنُ وَإِخْوَانُ لُوطٍ ﴿١٣﴾

၁၃။ ထိုမှတပါး 'အာဒ်' အမျိုးသားတို့သည်လည်းကောင်း၊ 'ဖစ်ရ်အောင်န်' သည်လည်းကောင်း၊ 'လူတ်'၏ ညီအစ်ကိုတို့သည်လည်းကောင်း၊

وَأَصْحَابُ الْأَيْكَةِ وَقَوْمُ تُبَّعٍ ۖ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيدِ ﴿١٤﴾

၁၄။ ထို့ပြင် (အိုက်ကဟ်)တောအုပ်၌ နေထိုင်သူတို့သည်လည်းကောင်း၊ 'သွဗ္ဗအ်' အမျိုးသားသည်လည်းကောင်း၊ အားလုံးတို့သည်ပင် ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ စွပ်စွဲခဲ့ကြပေရာ ငါအရှင်မြတ်၏ချိန်းချက်မှုသည် (၎င်းတို့အပေါ်၌) သက်ရောက်ခဲ့၏။ [၁]

---

① ဆိုလိုသည်ကား အရဗ်ကာဖိရ်များ သိထားအပ်သည်မှာ ၎င်းတို့ ယနေ့ တောင်ဟီးဒ်၊ ရိစာလတ်နှင့် ကိယာမတ်ကို သွေဖည်ငြင်းဆန် မဟုတ်မမှန်ဟု ပြောဆိုနေကြသကဲ့သို့၊ ၎င်းတို့အလျင်က တမန်တော်နူဟ်၏ အမျိုးသားများ၊ 'ရတ်စ်' ၌ နေထိုင်သူများ၊ ဆမူဒ်၊ အာဒ်၊ ဖိရ်အောင်န်နှင့် တမန်တော် လူတ်၏ အမျိုးသားများ၊ 'အိုင်ကဟ်' တောအုပ်၌ နေထိုင်သူများ၊ 'တုဗ္ဗအ်' အမျိုးသားများသည်လည်း အသီးသီး ဤသည့် တောင်ဟီးဒ်၊ ရိစာလတ်နှင့် ကိယာမတ်ကို သွေဖည်ငြင်းဆန် မဟုတ်မမှန်ဟု ဆိုခဲ့ကြပေသည်။

နောက်ဆုံးတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်၍ ပျက်စီးသွားခဲ့ကြရပေသည်။ အရဗီကာဖိရ်များသည်လည်း အချိန်မီ သတိသံဝေဂ ရရှိကြပါက ၎င်းတို့အလျင်ရှိခဲ့ကြသော ၎င်းတို့၏ ဆရာ့ ဆရာများကဲ့သို့ပင် အနှေးနှင့်အမြန် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သင့်ကြရပေမည်။

أَفَعَيِينَا بِالْخَلْقِ الْأَوَّلِ ۚ بَلْ هُمْ فِي لَبْسٍ مِّنْ خَلْقٍ جَدِيدٍ ﴿١٥﴾

၁၅။ ငါအရှင်မြတ်သည် ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သောကြောင့် ပင်ပန်း နွမ်းနယ်တော်မူခဲ့လေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ၎င်းတို့သည် အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ ယုံမှားသံသယ၌ ရှိနေကြကုန်သတည်း။

وَلَقَدْ خَلَقْنَا الْإِنسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهِ نَفْسُهُ ۖ وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ ﴿١٦﴾

၁၆။ ထိုမှတပါး၊ ဧကန်မလွဲ ငါအရှင်မြတ်သည် မနုဿလူသားအား ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၌ ၎င်း၏စိတ်က မသိမသာ ပေါ်ပေါက်စေသောအရာကိုလည်း သိတော်မူ၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်း၏လည်ချောင်း သွေးကြောထက်ပင် ၎င်းနှင့် ပိုမိုနီးကပ်စွာ ရှိနေတော်မူ၏။

إِذْ يَتَلَقَّى الْمُتَلَقِّيَانِ عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ ﴿١٧﴾

၁၇။ (အို-နဗီတမန်တော် သတိပေးပါလေ။) အကြင် အခါဝယ် အကြင်အခါ၌ မှတ်သားသူနှစ်ဦးသည် (ထို မနုဿလူသား၏) လယ်ယာဘက်မှလည်းကောင်း၊ လက်ဝဲဘက်မှလည်းကောင်း၊ ထိုင်၍ မှတ်သားလျက် ရှိကြ၏။ ②

---

② **မှတ်တမ်းရေး ကောင်းကင်တမန် ၂-ပါး။**

လူသားတိုင်း၌ အလွှာဟ်အရှင်မြတ်သည် ကောင်းကင်တမန် ၂-ပါးကို အထူးခန့်အပ်ထားတော်မူ၏။ ကောင်းကင်တမန်တစ်ပါးသည် ညာဘက်၌ရှိ၏။ အခြားတစ်ပါးသည် ဝဲဘက်၌ရှိ၏။ ညာဘက်၌ရှိသော ကောင်းကင်တမန်သည် ကောင်းမှုများကို မှတ်သား၏။ ဝဲဘက်၌ရှိသော ကောင်းကင်တမန်သည် မကောင်းမှုများကို မှတ်သား၏။

ဆိုလိုသည်ကား လူသားတစ်ဦး၏ အကျင့်အကြံ၊ အပြုအမူများကို အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင် အကြွင်းမဲ့ သိတော်မူသည်သာမက၊ ကောင်းကင်တမန်များကလည်း လူတိုင်းနှင့်ပတ်သက်၍ အမှုတွဲဖွင့်ထားပြီး၊ မှတ်တမ်းများလည်း အသေးစိတ် ရေးထားကြသည်။

သို့ဖြစ်ပေရာ လူသားအား ကျိုးပြစ်ပေးရာတွင် အလွှာဟ်အရှင်မြတ်အဖို့ အသို့လျှင် အခက်အခဲ ရှိနိုင်အံ့နည်း။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၁၃း၁၁။ ၈၂း၁၀-၁၂)တွင်လည်း မိန့်ဆိုထား တော်မူသည်။

လူသားတစ်ဦးသည် ဤသည့်အချက်ကို နလုံးသွင်းထားပါက ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ဝံ့မည် မဟုတ်ပေ။

مَا يَلْفِظُ مِن قَوْلٍ إِلَّا لَدَيْهِ رَقِيبٌ عَتِيدٌ ﴿١٨﴾

၁၈။ ထိုမနုဿလူသားသည် (နှုတ်ဖြင့်) မည်သည့်စကားကိုမျှ မြွက်ဟသည်ဟူ၍မရှိချေ။ သို့ရာတွင် ချောင်းမြောင်း၍ နေသူတစ်ဦးသည် ၎င်း၏အနီး၌ပင် အသင့်ရှိနေ၏။

وَجَاءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ۖ ذَٰلِكَ مَا كُنتَ مِنْهُ تَحِيدُ ﴿١٩﴾

၁၉။ စင်စစ်သော်ကား 'မရဏ' သေခြင်းတရား၏ မိန်းမောမှုသည် မှန်ကန်စွာ ရောက်လာခဲ့ချေပြီ။ [၁] ထိုသည်ပင် အကြင်အရာတည်း။ အသင်သည် ၎င်းမှ (လွတ်မြောက်ရန်) တိမ်းရှောင်လျက် ရှိခဲ့၏။

وَنُفِخَ فِي الصُّورِ ۚ ذَٰلِكَ يَوْمُ الْوَعِيدِ ﴿٢٠﴾

၂၀။ ထိုမှတပါး: တံပိုးခရာမှုတ်ခြင်း ခံရပေမည်။ ထိုသည်ပင် ချိန်းချက်ထားသောနေ့ ဖြစ်၏။ [၂]

وَجَاءَتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ وَشَهِيدٌ ﴿٢١﴾

၂၁။ ထိုမှတပါး: လူတိုင်းသည် 'မဟ်ရှရ်' (စုရုံးရာဌာနသို့) လာရပေမည်။ (ထိုအခါ) ၎င်းနှင့်အတူ မောင်းနှင်သူတစ်ဦးနှင့် သက်သေတစ်ဦးရှိကြပေမည်။

لَّقَدْ كُنتَ فِي غَفْلَةٍ مِّنْ هَٰذَا فَكَشَفْنَا عَنكَ غِطَاءَكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ ﴿٢٢﴾

၂၂။ ဧကန်မလွဲ အသင်သည် ဤနေ့နှင့် စပ်လျဉ်း၍ ပေါ့ဆမှုဌ္ဌ ရှိနေခဲ့ပေသည်။ သို့ဖြစ်ပေရာ (ယခုမူ) ငါအရှင်မြတ်သည် အသင့်အပေါ်မှ အကွယ်အကာကို ဖယ်ရှား၍ ပေးတော်မူလိုက်ပြီ။ ထို့ကြောင့် ယနေ့သော်ကား အသင်၏မြင်နိုင်သောသတ္တိမှာ ထိုးဖောက်၍ မြင်နိုင်စွမ်းရှိနေပြီ ဖြစ်ပေသတည်း။

---

① သေခြင်းတရားနှင့် တစ်ရက်ရင်ဆိုင်ရမည်ကို မည်သူမျှ မငြင်းနိုင်ပေ။ သို့တစေလည်း များသောအားဖြင့် ကိယာမတ်ကို လက်မခံခြင်း၏ အကြောင်းတစ်ရပ်မှာ သေခြင်းတရားကို မေ့ပျောက်နေတတ်ခြင်းကြောင့်ပင် ဖြစ်သည်။ ထို့အတွက် ကိယာမတ်အကြောင်း အလျင်၊ ကိယာမတ်၏ ရှေ့ပြေးဖြစ်သော သေခြင်းအကြောင်းကို မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

② ကိယာမတ်အငယ်သည် သေချိန်၌ပင် ဖြစ်ပေါ်ခဲ့ချေပြီ။ ထို့နောက် ကိယာမတ်အကြီးသည် ရှေ့မှောက်တွင် အသင့်ရောက်ရှိနေချေပြီ။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ သက်ဆိုင်ရာ ကောင်းကင်တမန်က တံပိုးခရာမှုတ်လိုက်သည်နှင့် တပြိုင်တည်း ကြောက်မက်ဖွယ်ကောင်းလှသော ကိယာမတ်ကြီးဖြစ်လာချေမည်။ ဤကား အခြားမဟုတ်၊ ပွင့်လေသမျှသော တမန်တော်အသီးသီး သတိပေးခဲ့ကြသည့် ရက်ချိန်နေ့ကြီးပင်။

وَقَالَ قَرِينُهُۥ هَٰذَا مَا لَدَىَّ عَتِيدٌ ﴿٢٣﴾

၂၃။ ထို့ပြင် ၎င်း၏အဖော် (ကောင်းကင်တမန်) ကပြောဆိုပေမည်။ ဤသည် ကျွန်ုပ်၏ထံ၌ အဆင်သင့်ရှိသော (နေ့စဉ်မှတ်တမ်း) ဖြစ်၏။

أَلْقِيَا فِى جَهَنَّمَ كُلَّ كَفَّارٍ عَنِيدٍ ﴿٢٤﴾

၂၄။ (ထိုအရှင်မြတ်သည် ကောင်းကင်တမန် နှစ်ပါးတို့အား မိန့်ကြားတော်မူပေမည်။) အသင်တို့ နှစ်ဦးသည် အကြင်သူတိုင်းအား 'ဂျဟန္နမ်' ငရဲဘုံထဲသို့ ပစ်ချကြလေကုန်။ ထိုသူသည် ကျေးဇူးကန်းသော၊ ဇွတ်တရွတ်နိုင်သော၊

مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيبٍ ﴿٢٥﴾

၂၅။ ကောင်းမှု(ပြုခြင်း)မှ တားမြစ်သော စည်းကမ်းကျူးလွန်သော၊ ဒွိဟသံသယဖြစ်သော၊

ٱلَّذِى جَعَلَ مَعَ ٱللَّهِ إِلَٰهًا ءَاخَرَ فَأَلْقِيَاهُ فِى ٱلْعَذَابِ ٱلشَّدِيدِ ﴿٢٦﴾

၂၆။ အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားသော ကိုးကွယ်ရာကို တွဲဖက်သတ်မှတ်သောသူဖြစ်သည်။ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ထို(ကဲ့သို့သော)သူအား *ပြင်းထန်စွာသောပြစ်ဒဏ်၌ပစ်ချကြလေကုန်။* ①

قَالَ قَرِينُهُۥ رَبَّنَا مَآ أَطْغَيْتُهُۥ وَلَٰكِن كَانَ فِى ضَلَٰلٍۭ بَعِيدٍ ﴿٢٧﴾

၂၇။ ၎င်း၏အဖော် (ရှိုင်တွာန် မိစ္ဆာကောင်) ကပြောဆို (လျှောက်ထား)ပေမည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ကျွန်တော်မျိုးသည် ၎င်းအား ဆိုးသွမ်းမိုက်ကန်းစေခဲ့သည်မဟုတ်ပါ။ စင်စစ်မှာ ၎င်းကိုယ်တိုင်သည်ပင်လျှင် ဝေးလံစွာသော လမ်းမှားမှု၌ ရှိနေခဲ့ပါသည်။

---

① **ကာဖိရ်များနှင့်ပတ်သက်သည့် စီရင်ချက်။**

ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်ခြတ်သည် ကာဖိရ်များနှင့်ပတ်သက်၍ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း အဆိုပါ ကောင်းကင်တမန် ၂-ပါးအား 'အသင်တို့ ၂-ဦးသည် ဇွတ်တရွတ်နိုင်သော၊ ကောင်းမှုမှ ပိတ်ပင်သော၊ စည်းကမ်း ကျူးလွန်သော၊ သံသယဖြစ်သော၊ ယှဉ်တွဲကိုးကွယ်သော ကာဖိရ်တိုင်းကို ဂျဟန္နမ်ငရဲဘုံအတွင်းသို့ ပစ်ချကြ'ဟု မိန့်ကြားကာ စီရင်ချက် ချမှတ်တော်မူပေမည်။

قَالَ لَا تَخْتَصِمُوا لَدَيَّ وَقَدْ قَدَّمْتُ إِلَيْكُمْ بِالْوَعِيدِ ﴿٢٨﴾

၂၈။ ထိုအရှင်မြတ်သည် မိန့်ကြားတော်မူပေမည်။ အသင်တို့သည် ငါအရှင်မြတ်၏အထံတော်၌ အငြင်းအခုံ မပြုကြကုန်လင့်။ အမှန်စင်စစ်မှာမူကား ငါအရှင်မြတ်သည် (ပြစ်ဒဏ်နှင့်စပ်လျဉ်း၍) ချိန်းဆိုချက်ကို အသင်တို့ထံသို့ တင်ကြို ပို့နှင့်တော်မူခဲ့ပြီးဖြစ်၏။

مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَا أَنَا بِظَلَّامٍ لِّلْعَبِيدِ ﴿٢٩﴾

၂၉။ ငါအရှင်မြတ်အထံတော်၌ စကားပြောင်းလဲသည် ဟူ၍မရှိပြီ။ ထိုမှတပါး ငါအရှင်မြတ်သည် ကျွန်တို့အား *မတရားပြုလုပ်တော်မူသော* အရှင်လည်း *မဟုတ်ပြီ*။ [၁]

يَوْمَ نَقُولُ لِجَهَنَّمَ هَلِ امْتَلَأْتِ وَتَقُولُ هَلْ مِن مَّزِيدٍ ﴿٣٠﴾

၃၀။ (အို-နဗီတမန်တော် အသင်သည် သတိရစေပါလေ။) အကြင်နေ့တွင် ငါအရှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံကို အသင်သည် ပြည့်လေပြီလောဟု မိန့်ကြားတော်မူမည်။ ထိုအခါ *ယင်းဂျဟန္နမ်ငရဲဘုံက 'နောက်ထပ် ရှိပါသေးသလော' ဟုလျှောက်ထားပေမည်*။ [၂]

---

① ကိယာမတ်နေ့တွင် ကာဖိရ်များနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ စီရင်ချက် ကျသောအခါ၊ ကာဖိရ်များသည် မိမိတို့ကိုယ်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့အား သွေးဆောင် ဖြားယောင်း လွဲမှားစေခဲ့ကြသော သူများအပေါ်၌ အပြစ်ဖို့ကြပေမည်။ ဤအကြောင်းကို ကုရ်အာန် (၃၄:၃၁-၃၃)တွင်လည်း မိန့်ဆိုထားတော်မူသည်။

ယင်းသွေးဆောင်ဖြားယောင်းသူများတွင် ရှိုင်တွာန်များလည်း ပါဝင်နေကြပေရာ၊ ကာဖိရ် လူသား၏ အဖော်ဖြစ်သော ရှိုင်တွာန်က ဤအာယတ်တော်တွင် ပါရှိသည့်အတိုင်း ကျွန်တော်မျိုးသည် ဤလူသားအား အတင်းအဓမ္မ လွဲမှားစေခဲ့သည် မဟုတ်ပါ။ ကျွန်တော်မျိုးသည် ဤသူ့အား သာမန်အားဖြင့် ဖြားယောင်းခဲ့ခြင်းသာ ဖြစ်ပါသည်။ အတင်းအဓမ္မမဟုတ်ပါ။ အမှန်မှာ ဤသူကိုယ်တိုင် ၎င်း၏ စေတနာအလျောက် အကြီးအကျယ် လွဲမှားနေခဲ့ပါသည်။ ထို့အတွက် ဤသူ၏ လွဲမှားမှုဒဏ် ကျွန်တော်မျိုး မခံထိုက်ပါဟု လျှောက်ထားပေမည်။

ထိုအခါ အလ္လာဟ်အရှင်မြတ်က အသင်တို့သည် ငါ့ထံတော်၌ ငြင်းခုံမနေကြနှင့်။ သွေဖည်ငြင်းဆန်မနာခံသူများနှင့်ပတ်သက်၍ မည်သို့မည်ပုံ အရေးယူတော်မူမည့်အကြောင်း အသင်တို့အားလုံးကို အသိပေးထားပြီးဖြစ်သည်။ ငါ၏ထံတော်၌ စကားအပြောင်းအလဲမရှိ။

ဤသို့ ဆုံးဖြတ်ရာတွင် ငါအရှင်မြတ်သည် မည်သူအားမျှ မတရားပြုတော်မူသည်လည်းမဟုတ်၊ တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူခြင်းသာဖြစ်သည်ဟု မိန့်ကြားတော်မူပေမည်။

وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ غَيْرَ بَعِيدٍ ﴿٣١﴾

၃၁။ ထိုမှတပါး 'ဂျန္နတ်' သုခဘုံသည် မွတ္တကီသူတော်စင်များအနီးသို့ ယူလာခြင်းကို ခံရပေမည်။ (ယင်း'ဂျန္နတ်' သုခဘုံမှာ) ဝေးကွာလှမည် မဟုတ်ပေ။

هَٰذَا مَا تُوعَدُونَ لِكُلِّ أَوَّابٍ حَفِيظٍ ﴿٣٢﴾

၃၂။ ဤသည် (အလ္လာဟ်အရှင်မြတ်ဘက်သို့) ပြန်လှည့်သူ (ထိုအရှင်မြတ်၏ စည်းကမ်းသတ်မှတ်ချက်များကို)စောင့်စည်းသူတိုင်းအဖို့ ဖြစ်သည်ဟူ၍ အသင်တို့ ကတိပေးခြင်းခံကြရသောအရာပင် ဖြစ်ပေသည်။

مَّنْ خَشِيَ الرَّحْمَٰنَ بِالْغَيْبِ وَجَاءَ بِقَلْبٍ مُّنِيبٍ ﴿٣٣﴾

၃၃။ ထိုသူသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား မမြင်ဘဲလျက် ကြောက်ရွံ့ခဲ့၏။ ထိုမှတပါး ထိုသူသည် ပြန်လှည့်သော စိတ်နှလုံးကို ယူဆောင်လာခဲ့၏။

ادْخُلُوهَا بِسَلَامٍ ذَٰلِكَ يَوْمُ الْخُلُودِ ﴿٣٤﴾

၃၄။ (ထိုကဲ့သို့သော သူတို့သည် ဤသို့ မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) အသင်တို့သည် ယင်း'ဂျန္နတ်' သုခဘုံသို့ငြိမ်းချမ်းစွာ ဝင်ရောက်ကြလေကုန်။ ဤသည် အမြဲထာဝရ နေထိုင်ရမည့်နေ့ ဖြစ်၏။ [၁]

---

① **'ဂျဟန္နမ်' ၏ အကျယ်အဝန်း။**

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား ဂျဟန္နမ်အတွင်းသို့ ထည့်သွင်းပြီးနောက် ဂျဟန္နမ်ကို 'အသင် ပြည့်ပြီလော' ဟု မေးတော်မူပေမည်။ ထိုအခါ ဂျဟန္နမ်က 'နောက်ထပ် ရှိပါသေးသလော' ဟု လျှောက်ထားပေမည်။ ဂျဟန္နမ်ကား ကျယ်ဝန်းပါဘိတကား၊ ကြောက်လန့်ဖွယ်ပါဘိတကား။

(အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဂျဟန္နမ်မှ ဖယ်ရှားတော်မူပါစေသတည်း)။

② ဆိုလိုသည်ကား၊ ကိယာမတ်နေ့တွင် ဂျန္နတ်သည် မွတ္တကီ သူတော်စင်များအနီးသို့ပင် ယူဆောင်လာပြီးလျှင်၊ ယင်းမွတ္တကီများအား သက်ဆိုင်ရာ ကောင်းကင်တမန်များက ဤသည် အသင်တို့အား ကတိပြုထားသည့်အတိုင်း၊ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ပြန်လှည့်သော၊ အမိန့်တော်များကို စောင့်စည်းသော၊ ထိုအရှင်မြတ်အား မမြင်ဘဲလျက် ကြောက်ရွံ့ခန့်ညားသော၊ ထိုအရှင်မြတ်ဘက်တော်သို့ ပြန်လှည့်သည့် စိတ်နှလုံးကို ယူဆောင်လာသော၊ သူမွန်သူမြတ်များ အဖို့သာလျှင်ဖြစ်သည်။ အသင်တို့သည် အေးချမ်းသာယာစွာဖြင့် ဤဂျန္နတ်တွင် ဝင်ရောက် စံမြန်းကြလော့။ ဤသည် အမြဲထာဝစဉ်ဖြစ်သည်ဟု ကောင်းချီးစကား ပြောဆိုကြပေမည်။

لَهُمْ مَّا يَشَآءُوْنَ فِيْهَا وَلَدَيْنَا مَزِيْدٌ ﴿٣٥﴾

၃၅။ ၎င်းတို့အဖို့ ယင်း'ဂျန္နတ်' သုခဘုံ၌ ၎င်းတို့အလိုရှိကြသော အရာဟူ၍ ရှိရုံမျှမက ငါအရှင်မြတ်အထံတော်၌ (ထိုထက်) အပိုကျေးဇူးတော်များလည်း ရှိချေသတည်း။

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ هُمْ اَشَدُّ مِنْهُمْ بَطْشًا فَنَقَّبُوْا فِى الْبِلَادِ هَلْ مِنْ مَّحِيْصٍ ﴿٣٦﴾

၃၆။ ၎င်စစ်သော်ကား ငါအရှင်မြတ်သည် ထိုသူတို့အလျင် မြောက်မြားစွာသောလူမျိုးဆက်တို့ကို ဖျက်ဆီးတော်မူခဲ့၏။ ၎င်းတို့မှာ ထိုသူတို့ထက် ရဲစွမ်းသတ္တိခွန်အားဗလ ကြီးမားကြံ့ခိုင်သူများ ဖြစ်ခဲ့ကြကုန်၏။ ထိုအခါ ၎င်းတို့သည် အမြို့မြို့ အရွာရွာ၌ (ခိုလှုံရာ နေရာများကို)လိုက်လံ ရှာဖွေခဲ့ကြကုန်၏။ (သို့တစေလည်း ၎င်းတို့သည်) ထွက်ပြေး တိမ်းရှောင်ရာ နေရာဟူ၍ ရှာဖွေတွေ့ရှိခဲ့ကြလေသလော။

اِنَّ فِىْ ذٰلِكَ لَذِكْرٰى لِمَنْ كَانَ لَهٗ قَلْبٌ اَوْ اَلْقَى السَّمْعَ وَهُوَ شَهِيْدٌ ﴿٣٧﴾

၃၇။ ၎င်စစ်ဧကန် ဤသည်၌ စိတ်နှလုံးရှိသော သူတို့အဖို့ သို့မဟုတ် စိတ်ပါဝင်စားစွာ အသင့်ရောက်ရှိ၍ နားစိုက်သော သူတို့အဖို့ အမှန်ပင် သင်ခန်းစာရှိ၏။

وَلَقَدْ خَلَقْنَا السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَا فِىْ سِتَّةِ اَيَّامٍ ۖ وَّمَا مَسَّنَا مِنْ لُّغُوْبٍ ﴿٣٨﴾

၃၈။ ထိုမှတပါး ဧကန်မလွဲ ငါအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ထိုမိုးများနှင့်မြေကြီးရှိ အရာများကို လည်းကောင်း၊ ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူခဲ့၏။ သို့တစေလည်း ငါအရှင်မြတ်၌ ပင်ပန်းနွမ်းနယ်မှုဟူ၍ အလျှင်း သက်ရောက်ခဲ့သည်မရှိချေ။

فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ

၃၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)၊ အသင်သည် ၎င်းတို့၏ ပြောဆိုမှုများနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် နေမထွက်မီလည်းကောင်း၊ နေမဝင်မီလည်းကောင်း၊ အသင့်အား

وَقَبْلَ الْغُرُوبِ ﴿٣٩﴾

ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက် ရှိပါလေ။

وَمِنَ اللَّيْلِ فَسَبِّحْهُ وَأَدْبَارَ السُّجُودِ ﴿٤٠﴾

၄၀။ ထိုမှတပါး အသင်သည် ညဉ့်အချိန်၌လည်းကောင်း၊ 'ဆွလာတ်' [၁] ဝတ်ပြုမှုများ၏ နောက်တွင်လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။ [၂]

وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِن مَّكَانٍ قَرِيبٍ ﴿٤١﴾

၄၁။ ထို့ပြင် (အို-ကြားနာသူ) အသင်သည် နားထောင်လော့၊ အကြင်နေ့တွင် ဟစ်အော်သူ (တစ်ဦး) သည် နီးကပ်စွာသော နေရာမှ ဟစ်အော်မည်။

يَوْمَ يَسْمَعُونَ الصَّيْحَةَ بِالْحَقِّ ۚ ذَٰلِكَ يَوْمُ الْخُرُوجِ ﴿٤٢﴾

၄၂။ အကြင်နေ့တွင် ယင်း(ကြောက်မက်ဖွယ်ကောင်းသော) ဟစ်အော်သံကို (အားလုံးတို့ပင်) မှုချေကန် မှန်ကန်စွာ ကြားကြရပေမည်။ ထိုနေ့သည် (သချိုင်းများမှ) ထွက်ကြရမည့်နေ့ပင်။ [၃]

---

① ဤအာယတ်တော်တွင် 'စုဇ္ဇူဒ်' ဟူသည် ဆွလာတ်ကိုပင် ဆိုလိုသည်။ ဆိုလိုသည်ကား ဝတ်ပြုပြီးနောက်တွင် (တတ်စ်ဗီဟ်) အလွှာဟ်အရှင်မြတ်အား ဂုဏ်တော်များ မွမ်းရသည်။ အဆို တစ်ရပ်အရ ဤအာယတ်တော်တွင် ပါရှိသော တတ်စ်ဗီဟ်သည် ဖရ်စ်ဆွလာတ်များနောက် အပိုအဖြစ် ဆောက်တည်ရသော နဖ်လ် ဆွလာတ်များကို ဆိုလိုသည်။ ကြည့်- မာဂျီဒီ၊ ရာဃိဗ်။

② ဤကဲ့သို့ ရှင်းလင်းပြတ်သားသော အချက်များကိုပင် မက္ကာမြို့သား ကာဖိရ်များ နားမလည်ကြပါက နားမလည်သူများ၏အပြစ်ပင်။ တမန်တော်မြတ်သည် ထိုသို့သောသူများနှင့်ပတ်သက်၍ စိတ်ဆင်းရဲရန် မလိုပေ။ ၎င်းတို့ သွားပုပ်လေလွင့် ပြောဆိုနေသည်များအပေါ်၌သည်းခံကာ မိမိ၏အရှင်သခင်အားသာ အမြဲတစေအော်မွေတသ သတိရကာ ဂုဏ်တော်မွမ်း၍ နေရမည်သာ။ ဤအာယတ်တော်တွင် ဖော်ပြပါရှိသော အချိန်များသည် အလွှာဟ်အရှင်မြတ်အား အော်မွေတသ သတိရရန်အတွက် အထူးလျော်ကန်သင့်မြတ်သော အချိန်များဖြစ်သည်။ ထိုအချိန်များတွင် ဆုပန်ကြားခြင်း၊ ဝတ်ပြုခြင်းများကို အလွှာဟ်အရှင်မြတ်သည် အထူးတလည်လက်ခံတော်မူသည်။

အချို့ (ရိဝါယတ်) ကျမ်းချက်များအရ အစပထမတွင် တမန်တော်မြတ်အပေါ်၌ ဆွလာတ်သုံးကြိမ်သာ 'ဖရ်ဿ်' တာဝန်ရှိခဲ့သည်။ (၁) ဖဂျ်ရ် ဆွလာတ်။ (၂) အတ်ဆ်ရ် ဆွလာတ်။ (၃) တဟဂျ်ဒ် ဆွလာတ်။ ယခုလည်း ဤအချိန် သုံးချိန်တွင် ဆွလာတ်ဝတ်ပြုမှု၊ ဆုပန်ကြားမှုများသည် ထူးကဲမြင့်မြတ်လှပေသည်။ အချို့က ဤအာယတ်တော်တွင် နေမထွက်မီအချိန်သည် ဖဂျ်ရ်ဆွလာတ်ကိုရည်ညွှန်းသည်။ နေမဝင်မီအချိန်သည် ဇုဟ်ရ်ဆွလာတ်နှင့် အတ်ဆ်ရ်ဆွလာတ်ကို ရည်ညွှန်းသည်။ ညဉ့်အချိန်ဟူသည် မဃ်ရိဗ်နှင့် အိရှာဆွလာတ်ကို ရည်ညွှန်းသည်ဟု ဆိုလိုသည်။

إِنَّا نَحْنُ نُحْيِۦ وَنُمِيتُ وَإِلَيْنَا ٱلْمَصِيرُ ﴿٤٣﴾

၄၃။ ဧကန်မလွဲ ငါအရှင်မြတ်သည်ပင် ရှင်စေတော်မူ၏။ ငင်းပြင် ငါအရှင်မြတ်သည်ပင် သေဆုံးစေတော်မူ၏။ ထိုမှတပါး ငါအရှင်မြတ်အထံတော်သို့ပင် ပြန်လာကြရပေမည်။

يَوْمَ تَشَقَّقُ ٱلْأَرْضُ عَنْهُمْ سِرَاعًا ۚ ذَٰلِكَ حَشْرٌ عَلَيْنَا يَسِيرٌ ﴿٤٤﴾

၄၄။ အကြင်နေ့တွင် (ငင်းတို့) ပြေးလျက်ရှိကြစဉ် မြေသည် ငင်းတို့အပေါ်မှ ပွင့်ထွက်သွားပေမည်။ ဤသည် ငါအရှင်မြတ်အဖို့ လွယ်ကူသောစုရုံးခြင်းပင်။

نَّحْنُ أَعْلَمُ بِمَا يَقُولُونَ وَمَآ أَنتَ عَلَيْهِم بِجَبَّارٍ ۖ فَذَكِّرْ بِٱلْقُرْءَانِ مَن يَخَافُ وَعِيدِ ﴿٤٥﴾

၄၅။ ငါအရှင်မြတ်သည် ငင်းတို့ပြောဆိုသမျှတို့ကို အသိတော်မူဆုံးပင်ဖြစ်တော်မူ၏။ စင်စစ်သော်ကား (အို-နဗီတမန်တော်) အသင်သည် ငင်းတို့အပေါ်၌ အနိုင်အထက်ပြုသူမဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ငါအရှင်မြတ်၏ ချိန်းဆိုချက်ကို ကြောက်ရွံ့သူအား ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် ဩဝါဒပေးလျက်နေပါလေ။ [၁]

---

(၃) ကိယာမတ်ဖြစ်စေရန် ဟစ်အော်တံပိုးမှုတ်ရန် တာဝန်မှာ ကောင်းကင်တမန် အိစ်ရာဖီလ်၏ တာဝန်ဖြစ်သည်။ ကောင်းကင်တမန် အိစ်ရာဖီလ်၏အသံကို လူတိုင်းလူတိုင်းသည် အနီးမှပင် ကြားရပေမည်။ ကောင်းကင်တမန် အိစ်ရာဖီလ်၏ ဟစ်အော်သံကို ကြားကြရသည့်နေ့သည် သန်းပြိုင်များမှ ထွက်ကြရမည့်နေ့ပင်။

ဟဒီးဆ် ဩဝါဒတော်များတွင် လာရှိသည်မှာ ကောင်းကင်တမန် အိစ်ရာဖီလ် ပထမအကြိမ် တံပိုးမှုတ်လိုက်သည့်အခါ အားလုံးသေကြေ ပျက်စီးသွားကြပေမည်။ ဒုတိယအကြိမ် တံပိုးမှုတ်လိုက်သည့်အခါ အားလုံး ရှင်ပြန်ထလာကြပေမည်။ ဆိုလိုသည်ကား ဖန်ဆင်းသောအရှင်၊ ပြုစုပျိုးထောင်သောအရှင်၊ ကွပ်မျက်သောအရှင်၊ ကမ္ဘာပျက်ပြုန်း နိဂုံးနေ့ နောက်ဆုံးတွင် စီရင်ချက်ချမည့်အရှင်သည် အပြောမဟုတ်၊ အများမဟုတ်၊ အလွှာဟ်အရှင်မြတ် တပါးတည်းပင်။

(၄) ဆိုလိုသည်ကား လူတိုင်းလူတိုင်းအား မိမိ၏ တရားများကို အတင်းအဓမ္မ အကျပ်ကိုင်၍ နာခံစေခြင်းမှာ တမန်တော်မြတ်၏ တာဝန်မဟုတ်။ ယင်းသို့ အကျပ်ကိုင်၍ နာခံစေခြင်းမှ ဖြစ်ပေါ်လာမည့် နာခံမှုသည်လည်း စေတနာမပါသော အယောင်ဆောင် နာခံမှုသာဖြစ်ပေမည်။ တရားမဝင်။ အချည်းအနီးပင်။

သို့ဖြစ်ရာ အလွှာဟ်အရှင်မြတ်၏ ချိန်းချက်သတိပေးချက်ကို ကြောက်ရွံ့သောသူများအား ကုရ်အာန်ကျမ်းလာ ဒေသနာတော်များဖြင့် အထူးတလည် သွန်သင်ဆုံးမ တရားချ၍နေရမည်သာ။ ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာသူကမ္ဘာသား အားလုံးတို့အား တရားပြသည်ကားမှန်၏။ သို့ရာတွင် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားသော စိတ်နှလုံးရှိသောသူများသာလျှင် ကုရ်အာန်ကျမ်းလာ ဒေသနာတော်များဖြင့် လက်တွေ့အကျိုးခံစားကြပေသည်။ ဤအချက်ကို ဤအာယတ်တော်တွင် ရည်ညွှန်းထားတော်မူသည်။

လွင့်ပါးစေသောလေများ ကတ္တာ



ဤကတ္တာသည် "ဇာရိယာတ်" လွင့်ပါးစေသော လေများ ကတ္တာမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကတ္တာတွင် အာယတ်တော် (၆၀)ပါး၊ ရုကူအ် အပိုဒ်(၃)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အစဉ် သနားကြင်နာ ညှာတာတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالذّٰرِيٰتِ ذَرْوًا ۝١

၁။ (ငါအရှင်မြတ်သည်) လွင့်ပါးစေခြင်းအားဖြင့် ကစဉ့်ကလျား ဖြစ်စေသောလေများကို သက်သေထူတော်မူ၏။

فَالْحٰمِلٰتِ وِقْرًا ۝٢

၂။ တစ်ဖန် ဝန်ကို တင်ဆောင်ကြကုန်သော လေများ၊ တိမ်များကို သက်သေထူတော်မူ၏။

فَالْجٰرِيٰتِ يُسْرًا ۝٣

၃။ တစ်ဖန် ညင်သာစွာတိုက်ခတ်ကြသော သွားလာလှုပ်ရှားကြသော လေ၊ လှေများကို သက်သေထူတော်မူ၏။

فَالْمُقَسِّمٰتِ اَمْرًا ۝٤

၄။ တစ်ဖန် အမိန့်တော်အရ ခွဲဝေပေးသော လေများကို၊ အရာဝတ္ထုများကို ခွဲဝေပေးသော 'မလာအိကဟ်' ကောင်းကင်တမန်များကို သက်သေထူတော်မူ၏။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် ဤကတ္တာ၏အစ အာယတ်တော် (၄) ပါးတွင် လေးမျိုးလေးစားသော လေများကို ဆင်ခြင်ရန်အလေးအနက် မိန့်ဆိုထားတော်မူသည်။ (၁) လွင့်ပါးစေသောလေများ၊ (၂) တိမ်များကို သယ်သော လေများ၊ (၃) မိုးမရွာသွန်းမီ ညင်သာစွာတိုက်ခတ်သော လေများ၊ (၄) မိုးရေများကို ခွဲဝေဖြန့်ဖြူးသောလေများ၊ ဤသို့ဖြင့် ကမ္ဘာမြေပြင်တွင် အံ့ဖွယ်သရဲ မိုးများ ရွာသွန်းလျက် ရှိသည်။ ဤသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှု၏ အကျိုးပင်။ ဤသည်တို့ကိုပင် စဉ်းစားဆင်ခြင်မြော်မြင်ပါက အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော် အနန္တကို သိမြင်နိုင်ပေသည်။ ➤➤

إِنَّمَا تُوعَدُونَ لَصَادِقٌ ۝٥

၅။ ဧကန်မလွဲ အသင်တို့ ချိန်းဆိုခြင်းခံကြရလေသော ချိန်းဆိုချက်မှာ အမှန်ပင် မှန်ကန်သော ချိန်းဆိုချက် ဖြစ်၏။

وَإِنَّ الدِّينَ لَوَاقِعٌ ۝٦

၆။ ၎င်းပြင် ဧကန်စင်စစ် အစားပေးမည့်နေ့မှာ အမှန်ပင် ဆိုက်ရောက်လာအံ့သော နေ့ဖြစ်၏။

وَالسَّمَاءِ ذَاتِ الْحُبُكِ ۝٧

၇။ (ငါအရှင်မြတ်သည်) လမ်းကြောင်းများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။ [၁]

إِنَّكُمْ لَفِي قَوْلٍ مُّخْتَلِفٍ ۝٨

၈။ မလွဲဧကန် အသင်တို့သည် ကွဲပြားခြားနားသော ပြောဆိုမှုများ၌ ရှိနေကြကုန်၏။

يُؤْفَكُ عَنْهُ مَنْ أُفِكَ ۝٩

၉။ ထို('ကိယာမတ်' ရှင်ပြန်ထမည့်နေ့ကို ယုံကြည်ခြင်း)မှ သွေဖည်သူသည်(ကောင်မြတ်ခြင်းအားလုံးမှ) သွေဖည်သူသာ ဖြစ်သည်။ [၂]

➤➤ အချို့ (အာလင်မ်) ပညာရှင်များက ဤအာယတ်တော်တွင် (ဇာရိယာတ်) တိုက်ခတ်သောအရာများဟူသည် လေများကို ရည်ညွှန်းသည်။ (ဟာမိလာတ်) သယ်ဆောင်သောအရာများဟူသည် တိမ်များကိုရည်ညွှန်းသည်။ (ဂျာရိယာတ်) စီးတွေသွားလာနေသော အရာများသည် ကြယ်များကို ရည်ညွှန်းသည်။ (မုကတ်စ်စိမာတ်) ခွဲဝေဖြန့်ဖြူးပေးသော အရာများဟူသည် ကောင်းကင်တမန်များကို ရည်ညွှန်းသည်ဟု ဆိုကြသည်။

ဤအာယတ်တော်နှင့်စပ်လျဉ်း၍ သာဝကကြီး အလီသခင်ထံမှတဆင့် ကြားသိရသည်မှာ (ဇာရိယာတ်) သည် လေများကို ဆိုလိုသည်။ (ဟာမိလာတ်)သည် တိမ်များကို ဆိုလိုသည်။(ဂျာရိယာတ်)သည် လှေများကို ဆိုလိုသည်။(မုကတ်စ်စိမာတ်)သည် ကောင်းကင်တမန်များကို ဆိုလိုသည်။

① ဆိုလိုသည်ကား မိုးကောင်းကင်သည် မြင့်စွင့်လှ၏။ ကြည်လင်လှ၏။ ကြယ်တာရာအပေါင်းနှင့် ဆင်ယင်ထားသည်မှာလည်း ရှုမငြီးပင်။ ယင်းမိုးကောင်းကင်တွင် လမ်းကြောင်းများရှိသည်မှာလည်း အံ့မဆုံးပင်။ ဤသည်လည်း အလွှာဟ်အရှင်မြတ်၏ စီရင်ဖန်တီးမှု၏ အကျိုးပင်။

ကောင်းကင်၌ရှိသော လမ်းများကား အဘယ်နည်း။ ဤတွင် အဆို ၂-ရပ်ရှိ၏။ (၁) အချို့က မိုးကောင်းကင်ရှိ လမ်းကြောင်းများဟူသည် ကြယ်တာရာများကို အကြောင်းပြု၍ တွေ့မြင်နေရသော လမ်းများကို ရည်ညွှန်းသည်ဟု ဆိုကြသည်။ (၂) အချို့က အသိဉာဏ်နှင့်ယှဉ်၍ သိရှိရသော အသိဉာဏ်ဆိုင်ရာ လမ်းများကို ရည်ညွှန်းသည်ဟု ဆိုကြသည်။ ဤသည့်သဘောကို ကုရ်အာန် (၃၁၁၉-၁၉၀) တွင်လည်း မိန့်ဆိုထားတော်မူသည်။ ကြည့်-ရာဃိဗ်။

② ဆိုလိုသည်ကား- အချို့သူများသည် ကိယာမတ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ စဉ်းစားဆင်ခြင်ခြင်း➤➤

قُتِلَ الْخَرّٰصُوْنَ ﴿١٠﴾

၁၀။ (သာသနာ့ရေးရာများနှင့် စပ်လျဉ်း၍) ရမ်းဆပြောဆိုကြကုန်သောသူတို့သည် ပျက်စီးကြရပေမည်။

الَّذِيْنَ هُمْ فِيْ غَمْرَةٍ سَاهُوْنَ ﴿١١﴾

၁၁။ အကြင်သူတို့သည် မသိမိုက်မဲမှုဌ မေ့လျော့လျက် ရှိနေကြကုန်၏။

يَسْـَٔلُوْنَ اَيَّانَ يَوْمُ الدِّيْنِ ﴿١٢﴾

၁၂။ ၎င်းတို့သည် (မထီမဲ့မြင်ပြုသောအားဖြင့်) အစားပေးမည့်နေ့သည် မည်သည့်အခါဌ ဆိုက်ရောက်ပါမည်နည်း ဟု မေးမြန်းကြကုန်၏။

يَوْمَ هُمْ عَلَى النَّارِ يُفْتَنُوْنَ ﴿١٣﴾

၁၃။ အကြင်နေ့တွင် ၎င်းတို့သည် မီးထဲဌချခြင်းကို ခံကြရပေမည်။

ذُوْقُوْا فِتْنَتَكُمْ ۗ هٰذَا الَّذِيْ كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ﴿١٤﴾

၁၄။ (ထိုနေ့တွင် ၎င်းတို့မှာ) အသင်တို့သည် မိမိတို့၏ ပြစ်ဒဏ်၏ရသာကို မြည်းစမ်းကြလေကုန်။ ဤသည်ပင်လျှင် အသင်တို့ အလျင်စလို တောင်းဆိုခဲ့ကြသောနေ့ဖြစ်သည်။ (ဟုပြောဆိုခြင်းကို ခံကြရကုန်အံ့သတည်း။)

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّعُيُوْنٍ ﴿١٥﴾

၁၅။ ဧကန်မလွဲ 'မွတ္တကီ' သူတော်စင်တို့မှာ ဥယျာဉ်များနှင့် စမ်းချောင်းများဌ ရှိနေကြပေမည်။

اٰخِذِيْنَ مَآ اٰتٰىهُمْ رَبُّهُمْ ۗ اِنَّهُمْ كَانُوْا قَبْلَ ذٰلِكَ مُحْسِنِيْنَ ﴿١٦﴾

၁၆။ (၎င်းတို့သည်) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူသည်တို့ကို ယူငင်လျက် ရှိကြပေမည်။ စင်စစ်ဧကန် ၎င်းတို့မှာ ထိုသည့်အလျင် ကောင်းမှုပြုသူများပင် ဖြစ်ခဲ့ကြကုန်၏။

➤➤ မပြုဘဲ အကြောင်းမဲ့ ငြင်းခုံနေကြသည်။ ထိုသို့သောသူများသည် စကြာဝဠာကြီး၏ အခြားအစိတ်အပိုင်းများကို ထားဘိဦး။ မိုးကောင်းကင်၏ ရုပ်တည်နေပုံကိုပင် စဉ်းစားဆင်ခြင် မြော်မြင်ပါက၊ အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်အနန္တနှင့် ကိယာမတ်ကို ကောင်းစွာ တွေ့မြင်လာနိုင်ပေသည်။ သို့ပါလျက် ကိယာမတ်အကြောင်းကို သွေဖည်ငြင်းဆန်ပါက ထိုသူသည် ကောင်းခြင်းအဖြာဖြာမှ ကင်းဝေးရမည်သာတည်း။

كَانُوا قَلِيلًا مِّنَ اللَّيْلِ مَا يَهْجَعُونَ ﴿١٧﴾

၁၇။ ၎င်းတို့သည် ညဉ့်တွင် အနည်းငယ်မျှသော အချိန်၌သာ အိပ်စက်လေ့ ရှိခဲ့ကြကုန်၏။

وَبِالْأَسْحَارِ هُمْ يَسْتَغْفِرُونَ ﴿١٨﴾

၁၈။ ထို့ပြင် ၎င်းတို့သည် ညဉ့်၏နောက်ဆုံးယံများတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား အသနားခံလေ့ရှိခဲ့ကြကုန်၏။

وَفِي أَمْوَالِهِمْ حَقٌّ لِّلسَّائِلِ وَالْمَحْرُومِ ﴿١٩﴾

၁၉။ ထိုမှတပါး ထိုသူတို့၏ ပစ္စည်းဥစ္စာများတွင် တောင်းရမ်းသော သူဆင်းရဲအဖို့လည်းကောင်း၊ (သိက္ခာစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်းမပြုသော သူဆင်းရဲအဖို့လည်းကောင်း၊ ဝေစုဝေပုံ (အခွင့်အရေး) ရှိခဲ့၏။ ①

وَفِي الْأَرْضِ آيَاتٌ لِّلْمُوقِنِينَ ﴿٢٠﴾

၂၀။ စင်စစ်သော်ကား ယုံကြည်လိုသောသူတို့အဖို့ ပထဝီမြေ၌ များစွာသောသက်သေ လက္ခဏာများ ရှိကုန်၏။

---

① ဆိုလိုသည်ကား မွတ္တကီသူတော်စင်များသည် ဂျန္နတ်တွင် အေးချမ်းသာယာစွာ စံစားလျက် ရှိကြပေမည်။ မိမိတို့၏ အရှင်သခင်က မိမိတို့အား ချီးမြှင့်တော်မူမည့် သုခချမ်းသာအဖြာဖြာ ကိုလည်း ကြည်ဖြူစွာ လက်ခံလျက် ရှိကြပေမည်။

ဤသို့ ဂျန္နတ်၏ အမတသုခများကို စံစားရခြင်းမှာ အကြောင်းမဲ့မဟုတ်။ ယင်းမွတ္တကီ သူတော်စင်များသည် ပစ္စက္ခဘဝတွင် ရှိခဲ့ကြစဉ်က ကောင်းမှုများ ပြုခဲ့ကြပေသည်။ နေ့အချိန်များတွင် မဆိုထားနှင့်၊ ညဉ့်၌ပင် နိုးထကာ အလွှာဟ်အရှင်မြတ်အား ဝတ်ပြုလေ့ရှိခဲ့ကြသည်။ ယင်းသို့ ဝတ်ပြုခဲ့ကြသည့်အတွက် အထင်မကြီးခဲ့ကြပေ။ ညဉ့်၏ နောက်ဆုံးယံများ၌ မိမိတို့၏ ချို့တဲ့မှုများနှင့် စပ်လျဉ်း၍ ချမ်းသာခွင့် ပန်ကြားလေ့ရှိခဲ့ကြပေသည်။

ထိုသူတော်စင်များသည် ဇကာတ်အပြင် မိမိတို့၏ ဥစ္စာပစ္စည်းများတွင် တောင်းရမ်းစားသုံးရရှာသော သူဆင်းရဲများအဖို့ လည်းကောင်း၊ တောင်းရမ်း မစားသုံးဝံ့ရှာသော သူဆင်းရဲအဖို့ လည်းကောင်း၊ ဆင်းရဲသူဆင်းရဲသား အားလုံးတို့အဖို့ ဝေစုဝေပုံများ၊ အခွင့်အရေးများ ရှိသည်ဟူ၍ပင် စေတနာအလျောက် သတ်မှတ်၍ ထားခဲ့ကြပေသည်။

မွတ္တကီသူတော်စင်များသည် ယင်းသို့ ကောင်းမှုများကို ဆည်းပူးခဲ့ကြသည့်အတွက် ယင်းကောင်းမှုတို့၏ သီးပွင့်များဖြစ်သော ဂျန္နတ်၏ အမတသုခများကို နောင်တမလွန်ဘဝတွင် စံစားကြရခြင်း ဖြစ်ပေသည်။

وَفِيٓ أَنفُسِكُمۡۚ أَفَلَا تُبۡصِرُونَ ٢١

၂၁။ ထိုနည်းတူစွာ အသင်တို့ကိုယ်များတွင်လည်း (သက်သေလက္ခဏာများ) ရှိကုန်၏။ သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော။

وَفِي ٱلسَّمَآءِ رِزۡقُكُمۡ وَمَا تُوعَدُونَ ٢٢

၂၂။ ထို့ပြင် မိုးကောင်းကင်၌ အသင်တို့၏ စားနပ်ရိက္ခာသည်လည်းကောင်း၊ အသင်တို့ကတိပေးခြင်းခံကြရလေသောအရာသည်လည်းကောင်း၊ ရှိပေသည်။ [၁]

فَوَرَبِّ ٱلسَّمَآءِ وَٱلۡأَرۡضِ إِنَّهُۥ لَحَقّٞ مِّثۡلَ مَآ أَنَّكُمۡ تَنطِقُونَ ٢٣

၂၃။ သို့ဖြစ်ပေရာ မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင်မြတ်၏ 'ကစမ်'၊ ယင်း ('ကိယာမတ်' ဖြစ်ခြင်း၊ စားနပ်ရိက္ခာရရှိခြင်း၊ တမလွန်ဘဝ ဆိုက်ရောက်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ကတိတော်အတိုင်း စံစား၊ ခံစားရခြင်းတို့)သည် အသင်တို့ စကားပြောဆိုကြဘိသကဲ့သို့ပင် မှန်ကန်လှပေသတည်း။ [၂]

هَلۡ أَتَىٰكَ حَدِيثُ ضَيۡفِ إِبۡرَٰهِيمَ ٱلۡمُكۡرَمِينَ ٢٤

၂၄။ (အို-နဗီတမန်တော်၊) အသင့်ထံသို့ (နဗီတမန်တော်) အီဗရာဟီမ်၏ ဂုဏ်သရေရှိ ဧည့်သည်တော်များ၏အကြောင်း ရောက်ရှိခဲ့လေသလော။

---

① ဆိုလိုသည်ကား မိမိတို့၏ ဥစ္စာပစ္စည်းများကို ဆင်းရဲသူဆင်းရဲသားများအား ပေးကမ်းသည့်အတွက် မိမိတို့ကိုယ်ပိုင် စား၊ ဝတ်၊ နေရေးတွင် ကသီလင်တ ဖြစ်သွားကြလိမ့်မည်ဟူ၍ ပူပန်ရန် လည်းမလို၊ ဆင်းရဲသူ ဆင်းရဲသားများအား လှူဒါန်းပြီးနောက် ဂုဏ်ဖော်ရန်လည်းမလို။ အဘယ်ကြောင့်ဆိုသော် အားလုံးတို့၏ ရိက္ခာနှင့် ကျိုးပြစ်များသည် ကောင်းကင်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိပေသည်။ ရိက္ခာသည် သူ့အချိန်နှင့်သူ သက်ဆိုင်ရာထံသို့ ရောက်ရှိလာမည်သာဖြစ်သည်။ မည်သူမျှမပိတ်ပင်မတားဆီးနိုင်။ သူတပါးအား လှူဒါန်းပါက လှူဒါန်းသည့် အတွက် ကုသိုလ်အကျိုး သီးခြားရရှိဦးမည်ပင်။

② ဆိုလိုသည်ကား လူသားတို့သည် မိမိတို့အချင်းချင်း စကားပြောဆိုကြ၏။ သို့စကားပြောဆိုရာတွင် တစ်စုံတစ်ရာ ဒွိဟသဲသယ မဖြစ်ကြပေ။ စကားပြောဆိုရာတွင် ဒွိဟသဲသယ မရှိသကဲ့သို့၊ ဤအာယတ်တော်တွင်လည်း တစ်စုံတစ်ရာ ဒွိဟသဲသယ အလျင်းမရှိပေ။ (၀၊) ရိက္ခာသည် သက်ဆိုင်ရာထံသို့ သူ့အချိန်နှင့်သူ မုချ ရောက်ရှိလာမည်။ ကိယာမတ် မုချဖြစ်မည်။ နောင်တမလွန်ဘဝတွင် ကျိုးပြစ်ခံ စံကြရမည်။ အလ္လာဟ်အရှင်မြတ်၏ ကတိတော်များသည် အားလုံးအတည်ဖြစ်မည်သာတည်း။

إِذْ دَخَلُوا عَلَيْهِ فَقَالُوا سَلَامًا ۖ قَالَ سَلَامٌ قَوْمٌ مُّنكَرُونَ ﴿٢٥﴾

၂၅။ အကြင်အခါဝယ် ထိုဧည့်သည်တော်တို့သည် ထိုအီဗရာဟီမ်၏ထံသို့ ဝင်ရောက်ခဲ့၍ 'စလာမ်' (ငြိမ်းချမ်းစွာ ရှိပါစေသား)ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ ထိုအီဗရာဟီမ်ကလည်း 'စလာမ်'ဟူ၍ ပြန်ကြားခဲ့၏။ (တစ်ဖန် မိမိစိတ်ထဲတွင် ဤသူတို့မှာ ငါ)မသိသော သူစိမ်းများပင် ဖြစ်ကြသည်(ဟု မှတ်ချက်ချခဲ့လေ၏၊)

فَرَاغَ إِلَىٰ أَهْلِهِ فَجَاءَ بِعِجْلٍ سَمِينٍ ﴿٢٦﴾

၂၆။ တစ်ဖန် ထိုအီဗရာဟီမ်သည် မိမိအိမ်(ထဲ)သို့ ဝင်ပြီးလျှင် (ကင်ထားသော) ဝဖြိုးသည့် နွားကလေး တစ်ကောင်ကို ယူလာခဲ့လေ၏။

فَقَرَّبَهُ إِلَيْهِمْ قَالَ أَلَا تَأْكُلُونَ ﴿٢٧﴾

၂၇။ ပြီးနောက် (ကင်ထားသော) ထိုနွားကလေးကို ထိုဧည့်သည်တို့အပါး၌ နေရာတကျ တည်ခင်း(ဧည့်ခံ)ခဲ့လေ၏။ (ထို့နောက် ဧည့်သည်တို့အား) အသင်တို့သည် အဘယ်ကြောင့် မစားကြပါသနည်းဟု မေးမြန်းခဲ့၏။

فَأَوْجَسَ مِنْهُمْ خِيفَةً ۖ قَالُوا لَا تَخَفْ ۖ وَبَشَّرُوهُ بِغُلَامٍ عَلِيمٍ ﴿٢٨﴾

၂၈။ ထို့နောက် (ငင်းတို့စားသုံးခြင်း မပြုကြသောကြောင့်) ထိုအီဗရာဟီမ်သည် မိမိစိတ်ထဲတွင် ငင်းတို့ဘက်မှ စိုးရိမ်လာခဲ့လေ၏။ (ထိုအခါ) ငင်းတို့က အသင်သည် မစိုးရိမ်ပါလေနှင့်ဟု ပြောဆိုကြ၏။ ထို့ပြင် ငင်းတို့သည် ထိုအီဗရာဟီမ်အား အလွန်တရာ အသိပညာနှင့်ပြည့်စုံသော သားရတနာတစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်း ပြောကြားခဲ့ကြ၏။

فَأَقْبَلَتِ امْرَأَتُهُ فِي صَرَّةٍ فَصَكَّتْ وَجْهَهَا وَقَالَتْ عَجُوزٌ عَقِيمٌ ﴿٢٩﴾

၂၉။ ထိုရောကာလ ထိုအီဗရာဟီမ်၏ ဇနီးကြင်ရာသည် အသံကျယ်စွာ ပြောဆိုညည်းညူလျက် ရှေ့သို့ရောက်ရှိ၍လာပြီးလျှင် မိမိနဖူးကို လက်ဝါးဖြင့်ရိုက်ကာ အသက်အရွယ် ကြီးရင့်အိုမင်းလျက်ရှိသော မြို၍နေသော မိန်းမတစ်ဦးသည် (သားဖွားဦးမည်လော)ဟု ပြောဆိုခဲ့လေ၏။

قَالُوا۟ كَذَٰلِكِ قَالَ رَبُّكِ ۖ إِنَّهُۥ هُوَ ٱلْحَكِيمُ ٱلْعَلِيمُ ﴿٣٠﴾

၃၀။ (ထိုအခါ) ထိုဧည့်သည်တို့က 'အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့သည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် နက်နဲသိမ်မွေ့သောအသိပညာနှင့် ပြည့်စုံတော်မူသောအရှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်'ဟူ၍ ပြန်ကြားခဲ့ကြကုန်သတည်း။ [၁]

---

① တမန်တော် အီဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)ထံသို့ ကောင်းကင်တမန်များ ရောက်ရှိလာပြီး 'စလာမ်' ဆိုသည့်အကြောင်း၊ တမန်တော် အီဗ်ရာဟီမ်က 'စလာမ်' ပြန်သည့်အကြောင်း၊ ဧည့်ခံ ကျွေးမွေးသည့်အကြောင်း၊ ကောင်းကင်တမန်များ မစားသုံးကြသည်ကို တွေ့မြင်သောအခါ တမန်တော် အီဗ်ရာဟီမ် စိုးရိမ်မကင်းဖြစ်ခဲ့သည့်အကြောင်း၊ ကောင်းကင်တမန်များက တမန်တော်အီဗ်ရာဟီမ်အား မစိုးရိမ်ရန် ပြောခဲ့ကြသည့်အကြောင်း၊ သားတော်တစ်ပါး ထွန်းကားမည်ဟူ၍ ကောင်းချီးသတင်းပေး ခဲ့ကြသည့်အကြောင်း၊ အသက်အရွယ် ကြီးရင့်ခါမှ သားတော်တစ်ပါး ထွန်းကားမည်ဟူသော စကားနှင့်စပ်လျဉ်း၍ တမန်တော် အီဗ်ရာဟီမ်၏ ကြင်ရာတော် စာရဟ်သခင်မက အံ့သြခဲ့သည့်အကြောင်း၊ ကောင်းကင်တမန်များက ဤအတိုင်းပင်ဖြစ်မည် ဟူ၍ ထပ်ဆင့်ပြောကြားခဲ့သည့် အကြောင်းများသည် ကုရ်အာန် (၁၁:၆၉–၇၆။ ၁၅:၅၁–၆၀)တွင် ပါရှိခဲ့ပေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

قَالَ فَمَا خَطْبُكُمْ أَيُّهَا الْمُرْسَلُونَ ﴿٣١﴾

၃၁။ (ထိုအခါ) ထိုအီဗရာဟီမ်က သို့ဖြစ်လျှင် အသင်တို့၌ မည်သည့် အရေးကိစ္စ ရှိသနည်းဟု မေးမြန်းခဲ့လေ၏။

قَالُوا إِنَّا أُرْسِلْنَا إِلَىٰ قَوْمٍ مُجْرِمِينَ ﴿٣٢﴾

၃၂။ ငင်းတို့က ပြောကြားခဲ့ကြလေသည်။ ဧကန် အမှန် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြကုန်သော အမျိုးသားတို့ထံ စေလွှတ်ခြင်း ခံခဲ့ကြရကုန်၏။

لِنُرْسِلَ عَلَيْهِمْ حِجَارَةً مِّن طِينٍ ﴿٣٣﴾

၃၃။ ကျွန်ုပ်တို့သည် ငင်းတို့အပေါ်၌ ရွှံ့စေးဖြင့် ပြီးသော (ကျောက်)ခဲများကို ရွာသွန်းချစေရန် (စေလွှတ်ခြင်း ခံခဲ့ကြရလေသည်)။

مُسَوَّمَةً عِندَ رَبِّكَ لِلْمُسْرِفِينَ ﴿٣٤﴾

၃၄။ (ယင်းကျောက်ခဲများမှာ) တရားစည်းကမ်းကျူးလွန်သူတို့အဖို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ မှတ်သားပြီးဖြစ်၏။

فَأَخْرَجْنَا مَن كَانَ فِيهَا مِنَ الْمُؤْمِنِينَ ﴿٣٥﴾

၃၅။ ထိုအခါ ငါအရှင်မြတ်သည် ယင်းမြို့ရွာ၌ ရှိကုန်သော 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား ထုတ်ယူ လွှတ်မြောက်စေတော်မူခဲ့၏။

فَمَا وَجَدْنَا فِيهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِينَ ﴿٣٦﴾

၃၆။ သို့ရာတွင် ငါအရှင်မြတ်သည် ထိုမြို့ရွာ၌ မုစ်လင်မ်အိမ်တစ်အိမ်သာလျှင် တွေ့ရှိတော်မူခဲ့၏။

---

① **'မုအ်မင်န်'၊ 'မွတ်စ်လင်မ်'**

ဤအာယတ်တော်[ကုရ်အာန်(၅၁း၃၅-၃၆)]တွင် တမန်တော်နူဟ်၏ အိမ်သူအိမ်သားတပည့်သားများနှင့် ပတ်သက်၍ 'မုအ်မင်န်' များဟူ၍ လည်းကောင်း၊ 'မွတ်စ်လင်မ်' များ ဟူ၍လည်းကောင်း သုံးနှုန်းထားတော်မူသည်။ ဤသည်ကိုအကြောင်းပြု၍ အချို့မုဖတ်စ်စစ်ရိပညာရှင်များက မုအ်မင်န်နှင့် မွတ်စ်လင်မ်၊ အီမာန်နှင့် အစ္စလာမ်သည် အနက်ကူ၊ အဓိပ္ပာယ်တူပုဒ်များဖြစ်သည်ဟု ယူဆကြသည်။

သို့ရာတွင် အများမုဖတ်စ်စစ်ရိများ၏ ယူဆချက်အရမူ မုအ်မင်န်နှင့် မွတ်စ်လင်မ်၊ အီမာန်နှင့် အစ္စလာမ် မတူ အနည်းငယ်ခြားနားသည်။ 'မွတ်စ်လင်မ်'ဟူသော ပုဒ်သည် မုအ်မင်န်၊ မွတ်စ်လင်မ် အားလုံးနှင့် ပတ်သက်၍ သုံးနိုင်သောပုဒ် ဖြစ်သည်။ မုအ်မင်န်ဟူသောပုဒ်မှာကား စိတ်နှလုံးသည်းပွတ်အတွင်းမှ နှစ်နှစ်ကာကာ (အီမာန်) စွဲယူယုံကြည်သော ပုဂ္ဂိုလ်များနှင့် ပတ်သက်၍သာ သုံးနှုန်းရသော သီးသန့်ပုဒ်ဖြစ်သည်။ 'မုအ်မင်န်'ကို 'မွတ်စ်လင်မ်' ဟု သုံးနှုန်းခေါ်ဝေါ်လိုက်ရုံမျှဖြင့် မုအ်မင်န်နှင့် မွတ်စ်လင်မ်သည် အဓိပ္ပါယ်တူ၊ အနက်တူ ➤➤

وَتَرَكْنَا فِيهَآ ءَايَةً لِّلَّذِينَ يَخَافُونَ ٱلْعَذَابَ ٱلْأَلِيمَ ﴿٣٧﴾

၃၇။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုမြို့ရွာတွင် နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်သောသူတို့အကျိုးငှာ သက်သေလက္ခဏာတစ်ပါးကို ကျန်ရစ်စေတော်မူခဲ့ပေသတည်း။

وَفِى مُوسَىٰٓ إِذْ أَرْسَلْنَٰهُ إِلَىٰ فِرْعَوْنَ بِسُلْطَٰنٍ مُّبِينٍ ﴿٣٨﴾

၃၈။ ၎င်းပြင် မူစာ(၏အကြောင်း အတ္ထုပ္ပတ္တိ)တွင်လည်း (သက်သေလက္ခဏာ)ရှိ၏။ အကြင်အခါဝယ် ငါအရှင်မြတ်သည် ထိုမူစာအား 'ဖစ်ရုအောင်န်'၏ထံသို့ ထင်ရှားစွာသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်မူခဲ့၏။

فَتَوَلَّىٰ بِرُكْنِهِۦ وَقَالَ سَٰحِرٌ أَوْ مَجْنُونٌ ﴿٣٩﴾

၃၉။ သို့ရာတွင် 'ဖစ်ရုအောင်န်'မှာ မိမိစွမ်းအင်ကိုအားကိုး၍ မျက်နှာလွှဲခဲ့၏။ (မိမိ၏အခြွေအရံ အသင်းအပင်းများနှင့်အတူ သွေဖည် ကျောခိုင်းသွားခဲ့၏။) ထို့ပြင် ၎င်းက တမန်တော်(မူစာအား) ပဉ္စလက်ဆရာသို့မဟုတ် ရူးသွပ်သူဖြစ်သည်ဟူ၍ ပြောဆိုခဲ့လေ၏။

فَأَخَذْنَٰهُ وَجُنُودَهُۥ فَنَبَذْنَٰهُمْ فِى ٱلْيَمِّ وَهُوَ مُلِيمٌ ﴿٤٠﴾

၄၀။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ထို 'ဖစ်ရုအောင်န်' အားလည်းကောင်း၊ ထို 'ဖစ်ရုအောင်န်'၏စစ်သည်တို့အားလည်းကောင်း၊ ဖမ်းဆီး၍ သမုဒ္ဒရာပင်လယ်ထဲသို့ပစ်ချတော်မူခဲ့၏။ စင်စစ် ထိုဖစ်ရုအောင်နမှာ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချအပ်သောသူ ဖြစ်ခဲ့၏။

وَفِى عَادٍ إِذْ أَرْسَلْنَا عَلَيْهِمُ ٱلرِّيحَ ٱلْعَقِيمَ ﴿٤١﴾

၄၁။ ထို့ပြင် 'အာဒ်' အမျိုးသားတို့(၏ အဖြစ်အပျက်)၌လည်း (သင်ခန်းစာ)ရှိပေသည်။ တစ်ရံရောအခါဝယ် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ မင်္ဂလာကင်းမဲ့သော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။

➤➤ ဖြစ်မသွားပေ။ ဤအတိုင်း ကဗီရ်၊ ရူဟ်၊ ဗိုင်ဿွာဝီ၊ အစ်ဗ်နုကဆီရ် ကျမ်းကြီးများတွင် ဖွင့်ဆိုရေးသားထားကြသည်ကို တွေ့ရှိရပေသည်။

مَا تَذَرُ مِنْ شَيْءٍ أَتَتْ عَلَيْهِ إِلَّا جَعَلَتْهُ كَالرَّمِيمِ ﴿٤٢﴾

၄၂။ ယင်းလေပြင်းမုန်တိုင်းသည် မည်သည့်တစ်စုံတစ်ရာပေါ်၌မဆို သက်ရောက်ခဲ့သည်ရှိသော် ထိုအရာဝတ္ထုကို ဆွေးမြည့်ပြီး အပိုင်းပိုင်းအစစ ဖြစ်ဘိသကဲ့သို့ ပြုလုပ်ခဲ့သည်ချည်းသာ။

وَفِي ثَمُودَ إِذْ قِيلَ لَهُمْ تَمَتَّعُوا حَتَّىٰ حِينٍ ﴿٤٣﴾

၄၃။ ထိုမှတစ်ပါး 'ဆမူဒ်' အမျိုးသားတို့(၏)အဖြစ်အပျက်)၌လည်း (သင်ခန်းစာ)ရှိ၏။ အခါတစ်ပါး၌ငင်းတို့သည် ပြောကြားခြင်းကို ခံခဲ့ကြရလေ၏။ 'အသင်တို့သည် အနည်းငယ်မျှ ကာလတိုင်အောင် အကျိုးကျေးဇူး ခံစားကြလေကုန်'

فَعَتَوْا عَنْ أَمْرِ رَبِّهِمْ فَأَخَذَتْهُمُ الصَّاعِقَةُ وَهُمْ يَنْظُرُونَ ﴿٤٤﴾

၄၄။ သို့ရာတွင် ငင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို ပုန်ကန်ခဲ့ကြပေရာ ပြစ်ဒဏ်သည် ငင်းတို့အား ငင်းတို့ရှုမြင်ရှိနေကြစဉ်မှာပင် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

فَمَا اسْتَطَاعُوا مِنْ قِيَامٍ وَمَا كَانُوا مُنْتَصِرِينَ ﴿٤٥﴾

၄၅။ ထိုအခါ ငင်းတို့မှာ မတ်တပ်ရပ်နေရန်ပင် မတတ်စွမ်းနိုင်ခဲ့ကြပေ။ ထိုမှတစ်ပါး ငင်းတို့သည် လက်စားချေနိုင်ခဲ့ကြသည်လည်း မရှိချေ။

وَقَوْمَ نُوحٍ مِنْ قَبْلُ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ ﴿٤٦﴾

၄၆။ ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) (ငင်းတို့) အလျင် နူဟ်၏အမျိုးသားတို့အားလည်း (ဖျက်ဆီးတော်မူခဲ့၏)။ ဧကန်မလွဲ ငင်းတို့မှာကား အမိန့်တော်ကို ဖောက်ဖျက်ကျူးလွန်သော အမျိုးသားတို့ပင် ဖြစ်ခဲ့ကြကုန်သတည်း။

وَالسَّمَاءَ بَنَيْنَاهَا بِأَيْدٍ وَإِنَّا لَمُوسِعُونَ ﴿٤٧﴾

၄၇။ ငင်းပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ စင်စစ်သော်ကား ဧကန်မလွဲ ငါအရှင်မြတ်သည် ကျယ်ဝန်းစွာသော တန်ခိုးတော်ရှင် ဖြစ်တော်မူ၏။

وَالْأَرْضَ فَرَشْنٰهَا فَنِعْمَ الْمٰهِدُوْنَ ﴿٤٨﴾

၄၈။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် ပထဝီမြေကို ခင်းကျင်းတော်မူခဲ့၏။ စင်စစ်မှာကား (ငါအရှင်မြတ်သည်) လွန်စွာကောင်းမြတ်သော ခင်းကျင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

وَمِنْ كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ لَعَلَّكُمْ تَذَكَّرُوْنَ ﴿٤٩﴾

၄၉။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့တရားရယူကြအံ့သောငှာ အရာဝတ္ထုတိုင်းကို နှစ်မျိုးနှစ်စား ဖန်ဆင်းတော်မူခဲ့၏။ [၁]

فَفِرُّوْٓا اِلَى اللّٰهِ ۭ اِنِّىْ لَكُمْ مِّنْهُ نَذِيْرٌ مُّبِيْنٌ ﴿٥٠﴾

၅၀။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ ပြေးလွှားကြလေကုန်။ ဧကန်စင်စစ် ငါသည် အသင်တို့အဖို့ ထိုအရှင်မြတ်၏အထံတော်မှ ထင်ရှားစွာ သတိပေးနှိုးဆော်သူဖြစ်၏။

وَلَا تَجْعَلُوْا مَعَ اللّٰهِ اِلٰهًا اٰخَرَ ۭ اِنِّىْ لَكُمْ مِّنْهُ نَذِيْرٌ مُّبِيْنٌ ﴿٥١﴾

၅၁။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာ ကိုးကွယ်ရာကို ဖက်စပ်သတ်မှတ်ခြင်း မပြုကြကုန်လင့်။ ဧကန်အမှန် ငါသည် အသင်တို့အဖို့ ထိုအရှင်မြတ်အထံတော်မှ ထင်ရှားစွာ သတိပေး နှိုးဆော်သူပင် ဖြစ်ပေသတည်း။

كَذٰلِكَ مَآ اَتَى الَّذِيْنَ مِنْ قَبْلِهِمْ مِّنْ رَّسُوْلٍ اِلَّا قَالُوْا سَاحِرٌ اَوْ مَجْنُوْنٌ ﴿٥٢﴾

၅၂။ ထိုနည်းတူစွာ ၎င်းတို့အလျင် ရှိခဲ့ကြသော သူတို့ထံသို့ ရဿူလ်တမန်တော်တစ်ပါးပါး လာရောက်ခဲ့တိုင်း ထိုသူတို့သည် (ရဿူလ်တမန်တော်)အား ပဋ္ဌလက်ဆရာဖြစ်သည် ဟူ၍သော်လည်းကောင်း၊ ရူးသွပ်သောသူဖြစ်သည် ဟူ၍သော်လည်းကောင်း၊ ပြောဆိုခဲ့ကြကုန်၏။

---

① ဤအာယတ်တော်တွင် ပါရှိသော 'ဇောင်ဂျိုင်' ဟူသော ပုဒ်၏အနက်မှာ အဖို့-အမဟူ၍လည်း ဖြစ်၏။ ဆန့်ကျင်ဘက် နှစ်မျိုးနှစ်စားဟူ၍လည်းရ၏။

ဆိုလိုသည်ကား- အလ္လာဟ်အရှင်မြတ်သည် အရာရာ၌ အဖိုနှင့်အမ ဖန်ဆင်းထားတော်မူသည်။ ဤသည် မျက်မြင်ပင်၊ ထို့အတူအလ္လာဟ်အရှင်မြတ်သည် မိုးနှင့်မြေ၊ နေ့နှင့်ည၊ နေနှင့်လ၊ အလင်းနှင့်အမှောင်၊ ➤➤

أَتَوَاصَوْا بِهِۦ ۚ بَلْ هُمْ قَوْمٌ طَاغُونَ ﴿٥٣﴾

၅၃။ ၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး ဤအတိုင်း ပြောဆိုကြရန် မှာကြားခဲ့ကြလေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ် ၎င်းတို့(အားလုံး)မှာ ကား ဆိုးသွမ်းသူတို့ပင် ဖြစ်ခဲ့ကြကုန်၏။

فَتَوَلَّ عَنْهُمْ فَمَآ أَنتَ بِمَلُومٍ ﴿٥٤﴾

၅၄။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား လျစ်လျူရှုနေပါလေ။ အကြောင်းသော်ကား အသင်သည် ပြစ်တင်ခြင်းခံရမည် မဟုတ်သောကြောင့်ပင်။

وَذَكِّرْ فَإِنَّ ٱلذِّكْرَىٰ تَنفَعُ ٱلْمُؤْمِنِينَ ﴿٥٥﴾

၅၅။ ထိုမှတစ်ပါး အသင်သည် ဆုံးမသြဝါဒပေးလျက်ရှိပါလေ။ အဘယ်ကြောင့်ဆိုသော် ဆုံးမသြဝါဒသည် 'မုအ်မင်န်' သက်ဝင် ယုံကြည်သူတို့အား အကျိုးရှိစေသောကြောင့်ပင်။ [၁]

➤➤ အဖြူနှင့်အမည်း၊ အကောင်းနှင့်အဆိုး အမျိုးမျိုးလည်း ဖန်ဆင်းထားတော်မူသည်။ ဤသည်လည်း မျက်မြင်ပင်။ ဤသည်ကို စဉ်စားဆင်ခြင် မြော်မြင်ပါက အလွှာဟ်အရှင်မြတ်၏ အတိုင်းအဆမရှိ တန်ခိုးတော်ကို သိမြင် နိုင်ပေသည်။ ဤသည့်သဘောကို ကုရ်အာန် (၁၃း၃၊ ၃၆း၃၆၊ ၅၁း၄၉၊ ၅၃း၄၅၊ ၅၅း၅၂၊ ၇၅း၃၉) တွင်လည်း မိန့်ဆိုထားတော်မူသည်။ (၃၆း၃၆) တွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

① ဆိုလိုသည်ကား - တမန်တော်မြတ်သည် မိမိ၌ အဓိက တာဝန်ဖြစ်သော (တဗ်လီဃ်) တရားဟောကြားမှုကို ကျေပွန်စွာ ဆောင်ရွက်ပြီးတော်မူချေပြီ။ သို့ဖြစ်ရာ သွေဖည်ငြင်းဆန်နေကြသော ကာဖိရ်များနှင့် ပတ်သက်၍ စိတ်ပူပင်နေတော်မူရန် မလိုပေ။ တရားဟောကြားပါလျက်၊ မနာခံပါက၊ မနာခံသူ၏ အပြစ်သာဖြစ်သည်။ တမန်တော်မြတ်၌ မည်သို့မျှ အပြစ်ဆိုဖွယ်ရာမရှိချေ။

တမန်တော်မြတ်၏ အဓိကတာဝန်မှာ တရားဟောကြားရန်ဖြစ်ပေရာ၊ တမန်တော်မြတ်သည် တာဝန်အရ ဆက်လက်၍ တရားဟောကြားနေတော်မူရမည်သာဖြစ်သည်။

သို့ တရားဟောကြားခြင်းသည် နောင်တစ်ချိန်၊ အီမာန်၊ သက်ဝင်ယုံကြည်လာကြမည့် ပုဂ္ဂိုလ်များအဖို့လည်း၊ အသုံးဝင်ပေမည်။ အီမာန်ယုံကြည်ပြီးသော မုအ်မင်န်များ၌လည်း အကျိုးထူးဖြစ်စေမည်။ ထို့ပြင်တစ်ဝ၊ သို့တရားဟောကြားတော်မူခြင်းဖြင့် သွေဖည်ငြင်းဆန်မနာခံသော ကာဖိရ်များသည်လည်း တစ်စုံတစ်ရာ ငြင်းချက်ထုတ်နိုင်ကြတော့မည် မဟုတ်ပေ။

وَمَا خَلَقْتُ الْجِنَّ وَالْإِنسَ إِلَّا لِيَعْبُدُونِ ﴿٥٦﴾

၅၆။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်နီသတ္တဝါတို့အား လည်းကောင်း၊ မနုဿလူသားတို့အား လည်းကောင်း၊ ငါအရှင်မြတ်အား ဆည်းကပ် ကိုးကွယ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။ [၁]

مَا أُرِيدُ مِنْهُم مِّن رِّزْقٍ وَمَا أُرِيدُ أَن يُطْعِمُونِ ﴿٥٧﴾

၅၇။ ငါအရှင်မြတ်သည် ၎င်းတို့ထံမှ စားနပ်ရိက္ခာကိုလည်း အလိုရှိတော်မူသည် မဟုတ်ပေ။ ငါအရှင်မြတ်အား ၎င်းတို့ ကျွေးမွေးကြရန်ကိုလည်း ငါအရှင်မြတ်သည် အလိုရှိတော်မူသည် မဟုတ်ပေ။

---

① ဤအာယတ်တော်တွင်ပါရှိသော 'အိဗာဒတ်' ၏ အနက်ကား ကျယ်ဝန်းလှသည်။ ဤနေရာ၌ 'အိဗာဒတ်'သည် အရေးကိစ္စအဝဝကို အလွှာဟ်အရှင်မြတ်၏ အလိုတော်ကျ ဆောင်ရွက်ခြင်း အနက်၌ဖြစ်သည်။

သုခမိန်ကြီး အေမာမ် ရာဇီက 'အိဗာဒတ်' အရပ်ရပ်၏ အချုပ်မှာ -

(၁) အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို ရိုသေလေးစားခြင်းနှင့်

(၂) ထိုအရှင်မြတ် ဖန်ဆင်းထားတော်မူသည့် အဖန်ဆင်းခံတို့အား သနားကြင်နာခြင်းပင်ဖြစ်သည်။ ဟု ဖွင့်ဆိုရေးသားခဲ့သည်။

တစ်နည်းဆိုသော် 'အိဗာဒတ်' ဟူသည် (ဟုကူကုလ္လာဟ်) အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်များနှင့် (ဟုကူကုလ် အိဗာဒ်) သတ္တဝါအပေါင်းတို့နှင့် ပတ်သက်သော တာဝန်များကို ထမ်းဆောင်ခြင်းပင်ဖြစ်သည်။ ကြည့်- မာဂျိဒီ၊

အလွှာဟ်အရှင်မြတ်သည် လူသားနှင့် ဂျင်နီတို့အား 'အိဗာဒတ်' အတွက်သာလျှင် ဖန်ဆင်းထားတော်မူခြင်းဖြစ်သည်ဟု ဆိုထားတော်မူရာ၊ အိဗာဒတ်ကား အဘယ်နည်း၊ အိဗာဒတ်ဟူသည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ကို လေးစားခန့်ညား နာယူကျင့်မှုခြင်းနှင့်၊ ထိုအရှင်မြတ် ဖန်ဆင်းထားတော်မူသော အရာခပ်သိမ်းကုန်တို့ အပေါ်ဝယ်၊ သနားကြင်နာခြင်းကို ဆိုလိုသည်။ ဤသည့်ဂုဏ်ရည် နှစ်ရပ်သည် သာသနာတိုင်းတွင် ပါရှိသည်သာ ဖြစ်သည်။ ကဗီရ်။

ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ်က 'ငါအရှင်မြတ်သည် ဂျင်နီနှင့် လူသားအား ဖန်ဆင်းထားတော်မူခြင်းမှာ ငါ့အား အိဗာဒတ်ပြုကြရန်အတွက်သာ ဖြစ်သည်' ဟူ၍ ဂျင်နီနှင့် လူသားအား အိဗာဒတ်ပြုရန် အထူးတလည်တာဝန်ပေးထားတော်မူခြင်းမှာ အဖန်ဆင်းခံအပေါင်းတွင် ဂျင်နီနှင့်လူသားသာ အလွှာဟ်အရှင်မြတ်သည် မိမိစေတနာအလျောက် ရွေးချယ်ပြုလုပ်နိုင်သည့် စွမ်းရည်သတ္တိကို ချီးမြှင့်ထားတော်မူသည်။ သို့ချီးမြှင့်ထားတော်မူသည့်အလျောက် ဂျင်နီနှင့် လူသားအား စမ်းသပ်တော်မူခြင်းကိုလည်း ပြုလုပ်တော်မူသည်။

ကောင်းကင်တမန်များတွင် စမ်းသပ်မှုမရှိ။

တိရိစ္ဆာန်များတွင် မိမိစေတနာအလျောက် ရွေးချယ်ပြုလုပ်နိုင်သည့် စွမ်းရည်သတ္တိမရှိ။

ထို့အတွက်ကြောင့် အလွှာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် ဂျင်နီနှင့် လူသားအား အပြည့်အဝ တာဝန်ရှိသူများအဖြစ် ထုတ်ဖော်မိန့် ဆိုထားတော်မူခြင်းဖြစ်သည်။ ➤➤

إِنَّ اللَّهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِينُ ﴿٥٨﴾

၅၈။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်ပင် စားနပ်ရိက္ခာ ချီးမြှင့် ပေးသနားတော်မူသောအရှင်၊ စွမ်းအားကို ပိုင်ဆိုင်တော်မူသောအရှင်၊ ကြံ့ခိုင်တော်မူသောအရှင်၊ ဖြစ်တော်မူ၏။

فَإِنَّ لِلَّذِينَ ظَلَمُوا ذَنُوبًا مِّثْلَ ذَنُوبِ أَصْحَابِهِمْ فَلَا يَسْتَعْجِلُونِ ﴿٥٩﴾

၅၉။ သို့ဖြစ်ပေရာ မတရားမှုကို ကျူးလွန်ကြကုန်သောသူတို့၌ ၎င်းတို့နှင့် ဝါဒတူဖြစ်ခဲ့ကြသော သူတို့၌ ရှိခဲ့သော ပြစ်ဒဏ်၏ ဝေစုဝေပုံကဲ့သို့ ၎င်းတို့၌လည်း ပြစ်ဒဏ်၏ ဝေစုဝေပုံ ရှိချေမည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ငါအရှင်မြတ်အထံတော်တွင် (ပြစ်ဒဏ်)ကို အဆောတလျင် တောင်းဆိုခြင်း မပြုကြရ။

فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن يَوْمِهِمُ الَّذِي يُوعَدُونَ ﴿٦٠﴾

၆၀။ အချုပ်မှာကား 'ကာဖိရ်' သွေဖည် ငြင်းပယ်သောသူတို့၌ ၎င်းတို့ ချိန်းဆိုခြင်းခံကြရသောနေ့တွင် ပျက်စီးခြင်းသည် ရှိချေအံ့သတည်း။

➤➤ သို့ဖြစ်ရာ ဂျင်နီနှင့် လူသားများသည် မိမိတို့အား အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသည့် ရည်ရွယ်ချက်ကို အမြဲတစေ ရှေးရှုကြရပေမည်။ ဟုကူကုလ္လာဟ်နှင့် ဟုကူကုလ်အိဗာဒ်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပေမည်။ ကြည့် - မာဂျိဒီ။

တူရ်တောင်ကဏ္ဍ

سُوْرَةُ الطُّوْرِ

ဤကဏ္ဍသည် 'တူရ်' တောင် ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၄၉) ပါး၊ ရုကူအ်အပိုဒ် (၂) ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊
အထူး ကရုဏာတော်ပြုတော်မူသော၊
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالطُّوْرِ ①

၁။ (ငါအရှင်မြတ်သည်)တောင်ကို-တူရ်တောင် [၁] ကို သက်သေထူတော်မူ၏။

وَكِتٰبٍ مَّسْطُوْرٍ ②

၂။ ၎င်းပြင် (ငါအရှင်မြတ်သည်) ရေးသားပြီး ဖြစ်သော (ဤ)ကျမ်းဂန် (မှတ်တမ်း)တော်ကို [၂] သက်သေထူတော်မူ၏။

فِيْ رَقٍّ مَّنْشُوْرٍ ③

၃။ ဖြန့်ထားသော စာရွက်ပေါ်၌၊

وَّالْبَيْتِ الْمَعْمُوْرِ ④

၄။ ၎င်းပြင် စည်ပင်သာယာသော အိမ်တော် 'ဗိုက်တိမအ်မူရ်' [၃] အိမ်တော်ကိုသက်သေထူတော်မူ၏။

---

① 'တူရ်' ဟူသောပုဒ်၏ မူရင်းအနက်မှာ (Mountain)တောင်ဟူ၍ ဖြစ်သည်။ (Syriac) ရှရိယပြည် ဘာသာစကားတွင်လည်း တောင်၏ အနက်၌ပင် ဖြစ်သည်။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ပါရှိသော 'တူရ်' ဟူသည် ကမ္ဘာပေါ်ရှိ တောင်များကို ဆိုလိုသည်ဟု အချို့က ဆိုကြသည်။

အချို့ပညာရှင်များကမူ ဤအာယတ်တော်တွင်ပါရှိသော 'တူရ်' ဟူသည် အလ္လာဟ်အရှင်မြတ် တမန်တော်မူစာနှင့် စကားပြောကြားတော်မူခဲ့သော သိနကျွန်းစွယ်ရှိ တူရ်မည်သော တောင်ကို ရည်ညွှန်းသည်ဟု ဆိုကြသည်။

(အဆိုပါတောင်၏ အကြောင်းကို ကုရ်အာန် (၂:၆၃။ ၂:၉၃။ ၄:၁၅၄။၁၉:၅၂။ ၂၀:၈၀။ ၂၃:၂၀။ ၂၈:၂၉။ ၂၈:၄၆။ ၅၂:၁။၉၅:၂)တွင်ပါရှိသည်။

② ဤအာယတ်တော်တွင် 'ရေးသားထားသော စာအုပ်' ဟူသည် 'လောင်ဟ်မဟ်ဖူဇ်' မှတ်တမ်းတော်ကိုလည်း ဆိုနိုင်ပေသည်။ လူသားတို့၏ မှတ်တမ်းကိုလည်း ဆိုနိုင်ပေသည်။ ကုရ်အာန်ကျမ်းမြတ် ကိုလည်း ဆိုနိုင်ပေသည်။ 'တူရ်' တောင် အကြောင်းနှင့် ဆက်စပ်လျက်ရှိသည်ကိုအကြောင်းပြု၍ တောင်ရာတ်ကျမ်းကိုလည်း ဆိုနိုင်ပေသည်။ ကောင်းကင်ကျကျမ်းဂန်များကိုလည်း ဆိုနိုင်ပေသည်။

وَالسَّقْفِ الْمَرْفُوعِ ﴿٥﴾

၅။ ထို့ပြင် (ငါအရှင်မြတ်သည်) မြင့်စွင့်သော အမိုးကို သက်သေထူတော်မူ၏။

وَالْبَحْرِ الْمَسْجُورِ ﴿٦﴾

၆။ ထို့ပြင် (ငါအရှင်မြတ်သည်) လျှံတက်လျက်ရှိသော သမုဒ္ဒရာပင်လယ်ကို သက်သေထူတော်မူ၏။

إِنَّ عَذَابَ رَبِّكَ لَوَاقِعٌ ﴿٧﴾

၇။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်ဖြစ်၏။

مَّا لَهُ مِن دَافِعٍ ﴿٨﴾

၈။ ယင်းပြစ်ဒဏ်ကို ပယ်ရှားအံ့သော သူဟူ၍ အလျှင်း မရှိပြီ။

يَوْمَ تَمُورُ السَّمَاءُ مَوْرًا ﴿٩﴾

၉။ (ယင်းပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်ပေမည်)၊ ထိုနေ့တွင် မိုးကောင်းကင်မှာ တုန်လှုပ်အက်ကွဲ၍ သွားပေမည်။

وَتَسِيرُ الْجِبَالُ سَيْرًا ﴿١٠﴾

၁၀။ ၎င်းပြင် တောင်များသည် ရွေ့လျား၍သွားကြပေမည်။

فَوَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿١١﴾

၁၁။ သို့ဖြစ်ပေရာ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ကြကုန်သောသူတို့၌ ပျက်စီးခြင်းသည် ရှိချေမည်။

الَّذِينَ هُمْ فِي خَوْضٍ يَلْعَبُونَ ﴿١٢﴾

၁၂။ အကြင်သူတို့သည် အချည်းနှီးသော ပြောဆိုမှု၌ မွေ့လျော်လျက် ရှိကြကုန်၏။

---

(၃) ဤအာယတ်တော်တွင် 'စည်ပင်သာယာသော အိမ်တော်' ဟူသည် 'ကအ်ဗဟ်' ကျောင်းတော်ကိုလည်း ဆိုနိုင်ပေသည်။ သို့တည်းမဟုတ်၊ ကအ်ဗဟ်ကျောင်းတော်၏ အထက်တည့်တည့် သတ္တမ မိုးကောင်းကင်၌ တည်ရှိသော ကောင်းကင်တမန်များ၏ ကအ်ဗဟ်ဖြစ်သော 'ဗိုက်တ်မအ်မူရ်' ကိုလည်း ဆိုနိုင်ပေသည်။
'ဗိုက်တ်မအ်မူရ်' အကြောင်း ဟဒီးဆ်ဩဂါဒတော်များတွင် အများအပြား တွေ့ရှိရစေသည်။

يَوْمَ يُدَعُّوْنَ اِلٰى نَارِ جَهَنَّمَ دَعًّا ﴿١٣﴾

၁၃။ အကြင်နေ့တွင် ၎င်းတို့သည် 'ဂျဟန္နမ်' ငရဲ၏ မီးရှိရာသို့ တွန်းပို့ခြင်းကို ခံကြရပေမည်။

هٰذِهِ النَّارُ الَّتِيْ كُنْتُمْ بِهَا تُكَذِّبُوْنَ ﴿١٤﴾

၁၄။ ဤသည်ပင် မဟုတ်မမှန်ဟူ၍ အသင်တို့ငြင်းပယ်လျက်ရှိခဲ့ကြသော ငရဲမီးပင် ဖြစ်၏။

اَفَسِحْرٌ هٰذَآ اَمْ اَنْتُمْ لَا تُبْصِرُوْنَ ﴿١٥﴾

၁၅။ သို့ဖြစ်ပေရာ ဤသည် စုန်းပယောဂ ဖြစ်လေသလော၊ သို့တည်းမဟုတ် အသင်တို့သည် (ယခုတိုင်) မမြင်ကြလေသလော။

اِصْلَوْهَا فَاصْبِرُوْٓا اَوْ لَا تَصْبِرُوْا ۚ سَوَآءٌ عَلَيْكُمْ ۭ اِنَّمَا تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ﴿١٦﴾

၁၆။ အသင်တို့သည် ယင်းငရဲမီးထဲသို့ ဝင်ရောက်ကြလေကုန်။ ထို့နောက် အသင်တို့သည် သည်းခံကြသည်ဖြစ်စေ၊ သည်းမခံကြသည်ဖြစ်စေ၊ အသင်တို့အဖို့ အကြောင်းမထူးပြီ။ အသင်တို့သည် မိမိတို့ကျင့်မူခဲ့ကြသော အမှုကိစ္စများနှင့်စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရသည်သာတည်း။

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّنَعِيْمٍ ﴿١٧﴾

၁၇။ ဧကန်မလွဲ 'မွတ္တကီ' သူတော်စင်တို့မှာကား ဥယျာဉ်များ၌လည်းကောင်း၊ အဲ့မခန်းသုခ၌လည်းကောင်း၊ ရှိကြပေမည်။

فٰكِهِيْنَ بِمَآ اٰتٰىهُمْ رَبُّهُمْ ۚ وَوَقٰىهُمْ رَبُّهُمْ عَذَابَ الْجَحِيْمِ ﴿١٨﴾

၁၈။ ၎င်းတို့သည် ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော သစ်သီးဝလံများကို စားသုံးလျက်ရှိကြပေမည်။ (တစ်နည်း:) [ချီးမြှင့်ပေးသနားတော်မူခဲ့သော စည်းစိမ်များကြောင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြပေမည်။]

ထိုမှတစ်ပါး၊ ၎င်းတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲမီး ပြစ်ဒဏ်မှလည်း လွတ်ကင်းစေတော်မူပေမည်။

كُلُوا۟ وَٱشْرَبُوا۟ هَنِيٓـًٔۢا بِمَا كُنتُمْ تَعْمَلُونَ ﴿١٩﴾

၁၉။ (ထိုမှတစ်ပါး: ငင်းတို့သည် ဤသို့ မိန့်ကြား တော်မူခြင်းကို ခံကြရပေမည်)။ အသင်တို့သည် မိမိတို့ ကျင့်မူလျက် ရှိခဲ့ကြလေသော ကောင်းမှုတို့၏ အစား အရသာခံစားကြလျက် (မြိန်ရွှင်စွာ) စားသောက်ကြ လေကုန်။

مُتَّكِـِٔينَ عَلَىٰ سُرُرٍ مَّصْفُوفَةٍ ۖ وَزَوَّجْنَٰهُم بِحُورٍ عِينٍ ﴿٢٠﴾

၂၀။ (ငင်းတို့သည်) စနစ်တကျ ခင်းကျင်း၍ထားရှိ သော သလွန်များထက်ဝယ် မှီအုံးများ မှီလျက်ရှိကြ ပေမည်။ ထိုမှတစ်ပါး: ငါအရှင်မြတ်သည် ငင်းတို့အား လွန်စွာဖြူ၍ လှပတင့်တယ်သော၊ မျက်စိလှပသော မိန်းမများနှင့် ထိမ်းမြား၍ ပေးတော်မူအံ့သတည်း။

وَٱلَّذِينَ ءَامَنُوا۟ وَٱتَّبَعَتْهُمْ ذُرِّيَّتُهُم بِإِيمَٰنٍ أَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَآ أَلَتْنَٰهُم مِّنْ عَمَلِهِم مِّن شَىْءٍ ۚ كُلُّ ٱمْرِئٍۭ بِمَا كَسَبَ رَهِينٌ ﴿٢١﴾

၂၁။ ထိုမှတစ်ပါး: အကြင်သူတို့သည် သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ငင်းတို့၏သားမြေး တို့သည်လည်း: 'အီမာန်' သက်ဝင်ယုံကြည်မှုနှင့်တကွ ငင်းတို့၏နောက်သို့ လိုက်ခဲ့ကြကုန်၏။ ငါအရှင်မြတ် သည် ငင်းတို့၏သားမြေးတို့အား ငင်းတို့နှင့်အတူ ပူးပေါင်းထားတော်မူပေမည်။ ထို့ပြင် ငါအရှင်မြတ် သည် ငင်းတို့၏ ကျင့်မူဆောင်ရွက်ချက်တို့ အနက်မှ လည်း မည်သည့် တစ်စုံတစ်ရာကိုမျှ လျော့နည်းစေ တော်မူမည် မဟုတ်ပြီ။ [၁] လူတိုင်းမှာ မိမိရွာဖွေ ဆည်းပူးမှုဌ် ပေါင်နှံ ချုပ်နှောင်ထားပြီး ဖြစ်၏။ [၂]

---

① **မိဘ၏ဂုဏ်ကျေးဇူး။**

ဆိုလိုသည်ကား – မွတ္တကီ သူတော်စဉ်များ၏ သားသမီး၊ တပည့်သားများသည် အီမာန်သက်ဝင် ယုံကြည်၍ အဆိုပါ သူတော်စင်များ၏ လမ်းစဉ်ကို လိုက်နာကြပါက၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူး တော်ဖြင့် အဆိုပါ သားသမီး တပည့်သားများကိုလည်း တကယ်တန္တ ငင်းတို့၏အကျင့်သီလများသည် မိဘတို့၏အကျင့်သီလများထက် နိမ့်ကျ၍နေလင့်ကစား၊ ငင်းတို့၏ မိဘများနှင့်အတူတူ ဂျန္နတ်တွင် စံစားခွင့်ပြု တော်မူပေမည်။ ဤသည် မိဘများ၏ ဂုဏ်ကျေးဇူးကြောင့် သားသမီးများအား မြှောက်စားတော်မူခြင်းပင်။

အလ္လာဟ်အရှင်မြတ်သည် သားသမီးများအား မိဘများနှင့် အတူတူ ခံစားခွင့်ပြုတော်မူရာတွင် မိဘများ၏ အကျင့်သီလ၊ ကုသိုလ် အကျိုးကို စိုးစဉ်းမျှ လျော့နည်းစေတော်မူမည်မဟုတ်၊ မြင့်သူကို ➤➤

وَأَمْدَدْنٰهُمْ بِفَٰكِهَةٍ وَّلَحْمٍ مِّمَّا يَشْتَهُوْنَ ﴿٢٢﴾

၂၂။ ထိုမှတစ်ပါး: ငါအရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့ အလိုဆန္ဒရှိကြလေသော အမျိုးအစားမှ သစ်သီးဝလံများကိုလည်းကောင်း၊ အသားများကိုလည်းကောင်း၊ အစဉ်မပြတ် တိုး၍ပေးသနားတော်မူပေမည်။

يَتَنَٰزَعُوْنَ فِيْهَا كَأْسًا لَّا لَغْوٌ فِيْهَا وَلَا تَأْثِيْمٌ ﴿٢٣﴾

၂၃။ ၎င်းတို့မှာ ယင်း 'ဂျန္နတ်' သုခဘုံ၌ အရက်အပြည့်ရှိသော ခွက်များကို လုယက်ယူငင်ကြပေမည်။ ယင်းအရက်(ကို သောက်သုံးခြင်း)၌ အချည်းနှီးသော စကားပြောဆိုမှု ရှိလိမ့်မည်မဟုတ်ပေ။ အပြစ်ဖြစ်ရန် အကြောင်းလည်း ရှိချိမ့်မည် မဟုတ်ပေ။

وَيَطُوْفُ عَلَيْهِمْ غِلْمَانٌ لَّهُمْ كَأَنَّهُمْ لُؤْلُؤٌ مَّكْنُوْنٌ ﴿٢٤﴾

၂၄။ ထိုမှတစ်ပါး: ၎င်းတို့ထံ ၎င်းတို့ ပိုင်ဆိုင်ကြကုန်သော လုလင်တို့သည် (ထိုမှ-ဤမှ) လှည့်ပတ် သွားလာလျက် ရှိကြပေမည်။ ထို ကံကျွေးလုလင်တို့မှာ လုံခြုံစွာထားရှိသော ပုလဲများကဲ့သို့ပင် ရှိကြပေမည်။

وَأَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَسَآءَلُوْنَ ﴿٢٥﴾

၂၅။ ထို့ပြင် ၎င်းတို့အနက် တစ်ဦးသည်တစ်ဦး၏ ဘက်သို့လှည့်ကာ အချင်းချင်းစုံစမ်းမေးမြန်းကြပေမည်။

قَالُوْٓا إِنَّا كُنَّا قَبْلُ فِيْٓ أَهْلِنَا مُشْفِقِيْنَ ﴿٢٦﴾

၂၆။ ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် ယခင်က မိမိတို့အိမ်သူအိမ်သားတို့နှင့်ရှိနေစဉ် ကြောက်ရွံ့စိုးရိမ်လျက် ရှိခဲ့ကြကုန်၏။

➤➤ နိမ့်စေတော်မူမည်မဟုတ်။ နိမ့်သူကို မြှင့်၍ မြင့်သူနှင့်အတူတူ ထားရှိတော်မူပေမည်။
ဤသည် မိဘ၏ ဂုဏ်ကျေးဇူးပင်၊ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

Ⓙ အထက်တွင် အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူသည့် အကြောင်းပါရှိ၏။ ဤအာယတ်တော်တွင် ထိုအရှင်မြတ်၏ တရားမျှတမှု အကြောင်းပါရှိ၏။ ဆိုလိုသည်ကား လူတိုင်းသည် မိမိ ဆိုးကောင်း ဆည်းပူးသည်နှင့်အမျှ၊ ခံစံရသည်သာဖြစ်သည်။ မည်သူမျှ အခြားသူ၏ ဒဏ်ကို မျှခံရမည်မဟုတ်ပေ။ လူတိုင်းသည် မိမိ၏ ကောင်းကျိုးကို မိမိစံရမည်ပင်။ မိမိ၏ ဆိုးကျိုးကို မိမိခံရမည်ပင်။ ဤကား တရားမျှတမှုပင်။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် တစ်ဦး တစ်ယောက်အား ခွင့်လွှတ်တော်မူပါက၊ သို့တည်းမဟုတ်၊ တစ်ဦးတစ်ယောက်အား ထိုက်တန်သည်ထက်ပိုမို၍ ချီးမြှင့်တော်မူပါက၊ ထိုအရှင်မြတ်၏ ကျေးဇူးတော်ပင်။ ထိုက်တန်သည်ထက်ပိုမို၍ ချီးမြှင့် တော်မူသည်ကို အဘယ်သူက မတရားဟုဆိုအံ့နည်း။

فَمَنَّ اللَّهُ عَلَيْنَا وَوَقَانَا عَذَابَ السَّمُومِ ﴿٢٧﴾

၂၇။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား အပူအရှိန် ပြင်းလှစွာသော 'ဂျဟန္နမ်' ငရဲ၏ပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူခဲ့၏။

إِنَّا كُنَّا مِن قَبْلُ نَدْعُوهُ إِنَّهُ هُوَ الْبَرُّ الرَّحِيمُ ﴿٢٨﴾

၂၈။ ဧကန်အမှန် ကျွန်ုပ်တို့သည် ရှေးအထက်ကျော်ကာလ၌ ထိုအရှင်မြတ်အထံတော်တွင် ဆုတောင်းလျက်ရှိခဲ့ကြကုန်၏။ ဧကန်မလွဲ ထိုအရှင်မြတ်မှာကား လွန်စွာကျေးဇူးပြုတော်မူသောအရှင်၊ လွန်စွာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။

فَذَكِّرْ فَمَا أَنتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَلَا مَجْنُونٍ ﴿٢٩﴾

၂၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် သတိပေးဆုံးမလျက် ရှိပါလေ။ စင်စစ်သော်ကား အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကျေးဇူးတော်အားဖြင့် အနာဂတ်ဟောဆရာလည်း မဟုတ်ပေ၊ ရူးသွပ်သူလည်း မဟုတ်ပေ။

أَمْ يَقُولُونَ شَاعِرٌ نَّتَرَبَّصُ بِهِ رَيْبَ الْمَنُونِ ﴿٣٠﴾

၃၀။ သို့တည်းမဟုတ် ၎င်းတို့က (ဤမုဟမ္မဒ်) (ဆွလွလွာဟု အလိုင်ဟိဝစလွမ်)သည် ကဗျာဆရာဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းနှင့်ပတ်သက်၍ ကံအားလျော်စွာ ဆိုက်ရောက်လာအံ့သော ခေတ်ကာလ၏ဘေးအန္တရာယ်ကို ဆိုက်ရောက်လာအံ့သော သေဘေးကိုစောင့်ဆိုင်း၍နေကြသည်ဟု ပြောဆိုကြလေသလော။

قُلْ تَرَبَّصُوا فَإِنِّي مَعَكُم مِّنَ الْمُتَرَبِّصِينَ ﴿٣١﴾

၃၁။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အသင်တို့သည် စောင့်ဆိုင်း၍နေကြလေကုန်။ သို့ဖြစ်လျှင် ဧကန်အမှန် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူတို့တွင် အပါအဝင်ဖြစ်၏။

أَمْ تَأْمُرُهُمْ أَحْلَامُهُم بِهَٰذَا أَمْ هُمْ قَوْمٌ طَاغُونَ ﴿٣٢﴾

၃၂။ သို့တည်းမဟုတ် ၎င်းတို့၏ အသိဉာဏ်များက ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့အား အမိန့်ပေးလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင်ပင် ဆိုးသွမ်းသူများ ဖြစ်ကြလေသလော။

أَمْ يَقُولُونَ تَقَوَّلَهُ ۚ بَل لَّا يُؤْمِنُونَ ﴿٣٣﴾

၃၃။ သို့တည်းမဟုတ် ၎င်းတို့က ထိုသူ(တမန်တော်မြတ်)သည် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)ကို ကြံစည်ဖန်တီးခဲ့သည်ဟု ပြောဆိုကြလေသလော။ ထိုသို့အလျှင်း မဟုတ်၊ စင်စစ်မှာကား ၎င်းတို့ ကိုယ်တိုင် သက်ဝင်ယုံကြည်ခြင်း မရှိကြပေ။

فَلْيَأْتُوا بِحَدِيثٍ مِّثْلِهِ إِن كَانُوا صَادِقِينَ ﴿٣٤﴾

၃၄။ သို့ဖြစ်လျှင် အကယ်၍ ၎င်းတို့သည် သစ္စာဝါဒီများဖြစ်ကြလျှင် ယင်း(ကုရ်အာန်ကျမ်းမြတ်)ကဲ့သို့သော အာယတ်တော် တစ်စုံတစ်ရာကို ၎င်းတို့ ယူဆောင်၍ လာကြရပေမည်။

أَمْ خُلِقُوا مِنْ غَيْرِ شَيْءٍ أَمْ هُمُ الْخَالِقُونَ ﴿٣٥﴾

၃၅။ သို့တည်းမဟုတ် ၎င်းတို့သည် (ဖန်ဆင်းသူ) တစ်စုံတစ်ယောက်မျှ မရှိဘဲ ဖန်ဆင်းခြင်း ခံခဲ့ကြရလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် (မိမိတို့ကိုယ်ကို) ဖန်ဆင်းသူများ ဖြစ်လေသလော။

أَمْ خَلَقُوا السَّمَاوَاتِ وَالْأَرْضَ ۚ بَل لَّا يُوقِنُونَ ﴿٣٦﴾

၃၆။ သို့တည်းမဟုတ် ထိုသူတို့သည် မိုးကောင်းကင်များနှင့်ပထဝီမြေကို ဖန်ဆင်းခဲ့ကြလေသလော။ စင်စစ်မှာကား ၎င်းတို့သည် ယုံကြည်ကြသည် မဟုတ်ပေ။

أَمْ عِندَهُمْ خَزَائِنُ رَبِّكَ أَمْ هُمُ الْمُصَيْطِرُونَ ﴿٣٧﴾

၃၇။ သို့တည်းမဟုတ် ၎င်းတို့ထံ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ဘဏ္ဍာတော်များ ရှိလေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် ကွပ်ကဲ အုပ်ချုပ်သူများပင် ဖြစ်ကြလေသလော။

أَمْ لَهُمْ سُلَّمٌ يَسْتَمِعُونَ فِيهِ ۚ فَلْيَأْتِ مُسْتَمِعُهُمْ بِسُلْطَانٍ مُبِينٍ ﴿٣٨﴾

၃၈။ သို့တည်းမဟုတ် ၎င်းတို့၌ လှေကား တစ်စုံတစ်ခုရှိနေ၍ ၎င်းတို့သည် ထိုလှေကားဖြင့် (မိုးကောင်းကင်မှ စကားများကို) နားထောင်ကြလေသလော။ သို့ဖြစ်လျှင် ၎င်းတို့အနက်မှ နားထောင်သောသူသည် ထင်ရှားစွာသော သက်သေသာဓကကို ဆောင်ယူခဲ့ရပေမည်။

أَمْ لَهُ الْبَنَاتُ وَلَكُمُ الْبَنُونَ ﴿٣٩﴾

၃၉။ သို့တည်းမဟုတ် ထိုအရှင်မြတ်၌ သမီး မိန်းကလေးများ ရှိကြပြီး၊ ၎င်းတို့၌မူ သားယောကျ်ားကလေးများ ရှိကြလေသလော။

أَمْ تَسْأَلُهُمْ أَجْرًا فَهُمْ مِنْ مَغْرَمٍ مُثْقَلُونَ ﴿٤٠﴾

၄၀။ သို့တည်းမဟုတ် အသင်သည် ၎င်းတို့ထံ အခကျေးဇူးတစ်စုံတစ်ရာကို တောင်းဆိုသောကြောင့် ၎င်းတို့သည် ကြွေးမြီပေးဆပ်ရန် တာဝန်၌ပိလျက် ရှိနေကြလေသလော။

أَمْ عِنْدَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ﴿٤١﴾

၄၁။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် အကွယ်၌ ရှိသည်တို့ကို (သိစွမ်းနိုင်သော အသိပညာရှိသောကြောင့်) ၎င်းတို့သည် ရေးမှတ်ထားကြလေသလော။

أَمْ يُرِيدُونَ كَيْدًا ۖ فَالَّذِينَ كَفَرُوا هُمُ الْمَكِيدُونَ ﴿٤٢﴾

၄၂။ သို့တည်းမဟုတ် ၎င်းတို့သည် တစ်စုံတစ်ရာ မကောင်း ကြံစည်ရန် ရည်ရွယ်ကြလေသလော။ သို့ဖြစ်လျှင် 'ကာဖိရ်' သွေဖည် ငြင်းပယ်ကြကုန်သော သူတို့သည်ပင်လျှင် မကောင်းသော အကြံအစည်၌ မိနေကြကုန်၏။ ①

---

① ဆိုလိုသည်ကား - ကာဖိရ်များ ယင်းသို့ ဆိုးသွမ်းမိုက်မဲနေကြခြင်းမှာ ၎င်းတို့သည် မိမိတို့ကိုယ်တိုင် မိုးမြေများကို ဖန်ဆင်းထားကြလေသလော။ ဤသို့လည်း မဟုတ်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များကို ပိုင်ဆိုင်၍ ကွပ်ကဲအုပ်ချုပ်နေကြသလော။ ဤသို့လည်းမဟုတ်။ ၎င်းတို့သည် မိုးကောင်းကင်သို့ လှေကားထောင်၍ တက်ရောက်ပြီး၊ အထက်ကမ္ဘာ၏ စကားများ နားထောင်ကြလေသလော။ ဤသို့လည်းမဟုတ်။ ၎င်းတို့၌ ၎င်းတို့ နှစ်ခြိုက်သော သားယောကျ်ားကလေးများရှိပြီး၊ အလ္လာဟ်အရှင်မြတ်၌ ၎င်းတို့ မနှစ်ခြိုက်သော သမီးမိန်းကလေးများ ရှိသည်ဟူ၍ ၎င်းတို့ ထင်မှတ်နေကြသလော။ ဤသို့လည်းမဟုတ်။ ➤➤

أَمْ لَهُمْ إِلَٰهٌ غَيْرُ اللَّهِ ۚ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ ﴿٤٣﴾

၄၃။ သို့တည်းမဟုတ် ၎င်းတို့၌ အလ္လာဟ်အရှင်မြတ်အပြင် ကိုးကွယ်ရာအရှင်မြတ်တစ်ပါးပါးရှိလေသလော။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ တွဲဖက် ကိုးကွယ်ကြသည်တို့မှ လုံးဝစင်ကြယ် သန့်ရှင်းတော်မူပေသတည်း။

وَإِن يَرَوْا كِسْفًا مِّنَ السَّمَاءِ سَاقِطًا يَقُولُوا سَحَابٌ مَّرْكُومٌ ﴿٤٤﴾

၄၄။ စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့သည် မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခု ကျလာသည်ကိုတွေ့မြင်ကြသည် ရှိအုံငြားလည်း (ဤသည်)အထပ်ထပ်ဆင့်ထားသောမိုးတိမ်သာလျှင် ဖြစ်သည်ဟု ဆိုကြဦးပေမည်။

فَذَرْهُمْ حَتَّىٰ يُلَاقُوا يَوْمَهُمُ الَّذِي فِيهِ يُصْعَقُونَ ﴿٤٥﴾

၄၅။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား ၎င်းတို့၏အကြင်နေ့နှင့် တွေ့ကြုံကြရသည်အထိ စွန့်လွှတ်၍ ထားရှိပါလေ၊ ထိုနေ့တွင် ၎င်းတို့သေဆုံးကြပေမည်။

يَوْمَ لَا يُغْنِي عَنْهُمْ كَيْدُهُمْ شَيْئًا وَلَا هُمْ يُنصَرُونَ ﴿٤٦﴾

၄၆။ အကြင်နေ့တွင် ၎င်းတို့အဖို့ ၎င်းတို့၏အကြံအစည်သည် လုံးဝအသုံးမဝင်မည့်အပြင် ၎င်းတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ ③

➤➤ တမန်တော်မြတ်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာ အဖိုးအခ တောင်းဆိုသဖြင့် ၎င်းတို့သည် ကြွေးမြီ ပေးဆပ်ရန် တာဝန်လေးနေကြသလော။ ဤသို့လည်းမဟုတ်။ ၎င်းတို့သည် အကွယ်၌ ရှိသည်တို့ကို သိစွမ်းနိုင်သော အသိပညာ တစ်စုံတစ်ရာ ရှိသဖြင့်၊ ရေးမှတ်ထားကြလေသလော။ ဤသို့လည်း မဟုတ်။

အထက်ပါ စကားရပ်များအနက် မည်သည့်စကားရပ်မျှ မဟုတ်ပေရာ၊ ၎င်းတို့သည် တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည် နေကြလေသလော။ သို့ကြံစည်အားထုတ်ကြပါက ၎င်းတို့သည်ပင် ကိုယ့်ရွး ကိုယ်ပတ် ဆိုသကဲ့သို့ ကိုယ့်တွင်းကိုယ်တူး၊ ကိုယ့်ခုက္ခ ကိုယ်ရှာရာ ရောက်ကြပေမည်။ ၎င်းတို့၌ အလ္လာဟ်အရှင်မြတ်အပြင် အခြားကိုးကွယ်ရာ ရှိနေသလော။ ဤသို့လည်းမဟုတ။ အမှန်မှာ ၎င်းတို့၌ ဆိုးသွမ်းမိုက်မဲနေကြရန် တစ်စုံတစ်ရာ အကြောင်းမရှိပါဘဲလျက်၊ ယင်းသို့ ဆိုးသွမ်းမိုက်မဲနေကြခြင်းမှာ တမင် ဆိုးသွမ်းလို၍ ဆိုးသွမ်းနေခြင်းသာဖြစ်သည်။ ဆိုးသွမ်းမိုက်မဲမှုသည် ၎င်းတို့၏ အသားထဲ၊ အသွေးထဲ၊ အရိုးခြင်ဆီထဲ အစွဲကြီးစွဲလျက် ရှိချေပြီ။ ယင်းသို့သော သူမိုက်တို့အား မည်သို့မည်ပုံ အရေးယူ ကွပ်မျက်တော်မူမည့်အကြောင်း ရှေ့အာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

③ ဆိုလိုသည်ကား- ကာဖိရ်များ ယင်းသို့ဆိုးသွမ်း မိုက်မဲနေကြခြင်းမှာ အခြားအကြောင်းကြောင့် မဟုတ်၊ ➤➤

وَإِنَّ لِلَّذِينَ ظَلَمُوا عَذَابًا دُونَ ذَٰلِكَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٤٧﴾

၄၇။ ထိုမှတစ်ပါး: မတရားမှုကို ကျူးလွန်ခဲ့ကြသော သူတို့၌ ယင်းသည့်အလျင်လည်း ပြစ်ဒဏ်(ကျရောက်မည်ဖြစ်၏။) သို့ရာတွင် ၎င်းတို့အနက် အများစုသော သူတို့မှာ သိရှိကြသည်မဟုတ်ပေ။

وَاصْبِرْ لِحُكْمِ رَبِّكَ فَإِنَّكَ بِأَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ ﴿٤٨﴾

၄၈။ (သို့ဖြစ်ပေရာ) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို သည်းခံ၍စောင့်ဆိုင်းပါလေ။ အကြောင်းသော်ကား အသင်သည် ငါအရှင်မြတ်၏ ကြည့်ရှုစောင့်ရှောက်မှုအောက်တွင် ရှိနေသောကြောင့်ပင်။ ထိုမှတစ်ပါး: အသင်သည် (ထိုင်ရာမှပြန်)ထသောအခါ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။

وَمِنَ اللَّيْلِ فَسَبِّحْهُ وَإِدْبَارَ النُّجُومِ ﴿٤٩﴾

၄၉။ ထိုမှတစ်ပါး: အသင်သည် ညဉ့်၌လည်းကောင်း၊ ကြယ်များ (ကွယ်ပျောက်သွားသည့်) နောက်ပိုင်းတွင်လည်းကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။

➤➤ ဇွတ်တရွတ် ပြုလိုမှု၊ မလိုမုန်းတီးမှုကြောင့်ပင် ဖြစ်သည်။ ထိုသည့် ဇွတ်တရွတ်ပြုလိုမှု၊ မလိုမုန်းတီးမှုကြောင့်ပင် ၎င်းတို့သည် အမှန်တရားမှန်သမျှကို ဇွတ်မှိတ်၍ ဆွေဖည် ဆန့်ကျင်နေခဲ့ကြပေသည်။ ကာဖိရ်များသည် အဘယ်မျှ ဆိုးသွမ်း မိုက်မဲနေခဲ့ကြသည်ဆိုသော်၊ အကယ်တန်ဆို ၎င်းတို့ တောင်းဆိုချက်အရ၊ ၎င်းတို့အား ကွပ်မျက်ရန်၊ ၎င်းတို့ထံ မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုကို ပို့လိုက်သော် (ကြည့်-ကုရ်အာန် ၁၇:၉၂။ ၂၆:၁၈၇) ၎င်းတို့သည် မိမိတို့ထံ စိုက်စိုက်လာနေသော ထိုအစိတ်အပိုင်းကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသော်၊ ထိုသည့်အခြေအနေမျိုးမှာပင်၊ ထိုသည့်အစိတ်အပိုင်းကိုပင် 'ဤသည် ထပ်ဆင့်လျက်ရှိသော မိုးတိမ်သာဖြစ်သည်' ဟူ၍ပင် မိုက်မဲစွာ ပြောဆိုကြပေဦးမည်။

ဤရွေ့ဤမျှ ဇွတ်တရွတ်နိုင်လှသော၊ ကမ်းကုန်အောင် ဖောက်ပြန်နေသော သူမိုက်များသည် အမှန်တရားကို အသိုလျှင် လက်ခံကြတော့မည်နည်း။ ၎င်းတို့အဖို့ တရားရရန် မျှော်လင့်ချက် အဘယ်မှာလျှင် ရှိနိုင်တော့အုံနည်း။ သို့ဖြစ်ရာ တမန်တော်မြတ်သည် ထိုရွေ့ထိုမျှ ဆိုးသွမ်း မိုက်ကန်းနေသူများအား လျစ်လျူပြုထားတော်မူရမည်သာ။ ၎င်းတို့သည် ပြစ်ဒဏ်ကို ကိုယ်ထိလက်ရောက်၊ မြက်မြက်သက်သက် မခံစားကြရသမျှ ကာလပတ်လုံး၊ ဆိုးသွမ်းမိုက်မဲနေကြမည်ပင်။ ➤➤

ကြယ်တာရာကဏ္ဍ



ဤကဏ္ဍသည် ကြယ်တာရာ ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၆၂)ပါး၊ ရုကူအ် အပိုဒ် (၃)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အထူး ကရုဏာတော် ပြုတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالنَّجْمِ اِذَا هَوٰى ۝١

၁။ (ငါအရှင်မြတ်သည်) ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍သွားလေ၏။

مَا ضَلَّ صَاحِبُكُمْ وَمَا غَوٰى ۝٢

၂။ အသင်တို့၏အဖော် (တမန်တော်မြတ် မုဟမ္မဒ်) သည် လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်ခဲ့သည်လည်း မဟုတ်ပေ။

وَمَا يَنْطِقُ عَنِ الْهَوٰى ۝٣

၃။ ထိုမှတစ်ပါး ထိုအဖော် (တမန်တော်မြတ် မုဟမ္မဒ်)သည် (မိမိ) စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ။ ၃

➤➤ နောက်ဆုံးတွင် တစ်ရက် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်တည်းဟူသော မိုးကြိုးလောင်မီးသည် ၎င်းတို့အား ကွပ်မျက်ပေမည်။ ထိုအခါ ၎င်းတို့အား ၎င်းတို့၏ အကြံအစည်များသည် အသို့မျှ အကျိုးပေးနိုင်မည် မဟုတ်ပေ။ ၎င်းတို့သည် မည်သည့် အကူအညီကိုမျှလည်း ရရှိကြမည် မဟုတ်ပေ။ မိမိတို့ ဆိုးမိုက်ခဲ့ကြသမျှ ဒဏ်ကို လှလှကြီး ခံကြရပေမည်။ ထိုနေ့ကား အခြားမဟုတ်၊ ကိယာမတ်နေ့ပင်။

② ဤအာယတ်တော်တွင်ပါရှိသော (ဆွာဟိဗုကွန်မ်) 'အသင်တို့၏အဖော်' ဟူသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကို ဆိုလိုသည်။တမန်တော်မြတ်သည် နားလည်လွဲမှား၍ တရားလမ်းမှ တိမ်းစောင်းတော်မူခဲ့သည်လည်း မရှိ၊ စေတနာအလျောက် သိပါလျက် လမ်းမှားကို လိုက်တော်မူခဲ့သည်လည်းမရှိ၊ မိုးကောင်းကင်ရှိ ကြယ်တာရာများသည် ထွက်သည့်အချိန်မှ ဝင်သည့်အချိန်အထိ သတ်မှတ်ထားသည့် လမ်းကြောင်းများတွင် သတ်မှတ်ထားသည့် ခရီးနှုန်းထားအတိုင်း အနည်းငယ် စိုးစဉ်းမျှ တိမ်းစောင်းသည်မရှိဘဲ၊ တိကျမှန်ကန်စွာ သွားလာလှုပ်ရှားလျက် ရှိသည့်အလား၊ တမန်တော်မြတ်တည်းဟူသော သူရိယနေမင်းကြီးသည်လည်း အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် တရားလမ်းကြောင်းပေါ်တွင် တိကျမှန်ကန်စွာ သွားလာလျက် ရှိတော်မူပေသည်။ ➤➤

إِنْ هُوَ إِلَّا وَحْيٌ يُوحَىٰ ﴿٤﴾

၄။ ယင်းပြောဆိုမှုကား (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်း ခံရလေသော ထုတ်ပြန်ချက် သာလျှင်ဖြစ်ပေသည်။

عَلَّمَهُ شَدِيدُ الْقُوَىٰ ﴿٥﴾

၅။ (အသင်တို့၏) ထိုအဖော်အား အလွန်အားအင် ကြီးမားသူ (ကောင်းကင်တမန်)သည် သင်ကြားပို့ချ၍ ပေးခဲ့လေ၏။

ذُو مِرَّةٍ ۖ فَاسْتَوَىٰ ﴿٦﴾

၆။ စွမ်းအင်နှင့်ပြည့်စုံသူဖြစ်သော လွန်စွာလှပ တင့်တယ်သူဖြစ်သော၊ ထို့နောက် ထို(ကောင်းကင်တမန်)သည် နဂိုမူလ ရုပ်သဏ္ဌာန်နှင့် အထင်အရှား ပေါ်လာခဲ့၏။

وَهُوَ بِالْأُفُقِ الْأَعْلَىٰ ﴿٧﴾

၇။ ထိုစဉ်အခါဝယ် ထို(ကောင်းကင်တမန်)သည် မြင့်စွင့်လှစွာသော မိုးကုပ်စက်ဝိုင်း၌ ရှိနေခဲ့၏။

ثُمَّ دَنَا فَتَدَلَّىٰ ﴿٨﴾

၈။ ထို့နောက် ထို(ကောင်းကင်တမန်)သည် ချဉ်းကပ်၍ လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်ခဲ့ပေရာ၊

فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَىٰ ﴿٩﴾

၉။ လေးနှစ်ပြန်မျှသာ ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏။

➤➤ ပွင့်လေသမျှသော တမန်တော်အပေါင်းသည် ကြယ်တာရာများနှင့် တူကြသည်။ လူသားတို့အား မိမိတို့၏ အလင်းရောင်ခြည်ဖြင့်လည်းကောင်း၊ သွားလာလှုပ်ရှားမှုဖြင့်လည်းကောင်း အကျိုးပြုကြသည်၊ လမ်းပြကြသည်။ ကြယ်တာရာအပေါင်း ဝင်သွားပြီးနောက် သူရိယနေမင်း ထွက်လာသည့်အလား၊ တမန်တော်အပေါင်း အသီးသီး ပြန်ကြွသွားပြီးနောက်တွင် တမန်တော်မြတ်တည်းဟူသော သူရိယနေမင်းကြီးသည် ထွက်ပေါ်လာတော်မူခဲ့ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ရုပ်လောကရှိ ကြယ်တာရာအပေါင်းကိုပင် အံ့မကုန်စနစ်တကျ ခိုင်ခံ့စွာ ပြုစီရင်ထားတော်မူပေရာ၊ လူသားထုကြီး တစ်ရပ်လုံးနှင့် ပတ်သက်သည့် နာမ်လောကဆိုင်ရာ ကြယ်တာရာအပေါင်းနှင့် နေလတို့ကိုမူ ပို၍ပင် စနစ်တကျ ခိုင်ခံ့စွာ အံ့ဖွယ်သရဲ ပြုစီရင်ထားတော်မူသည် မဟုတ်ပါလော။ ဤသည့်သဘောကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

فَأَوْحَىٰٓ إِلَىٰ عَبْدِهِۦ مَآ أَوْحَىٰ ﴿١٠﴾

၁၀။ ထိုအခါ ထိုအရှင်မြတ်သည် မိမိ၏ ကျွန် (မုဟမ္မဒ်)ထံသို့ မိမိထုတ်ပြန်(လိုသော)ထုတ်ပြန်ချက် များကို ထုတ်ပြန်တော်မူခဲ့လေ၏။

مَا كَذَبَ ٱلْفُؤَادُ مَا رَأَىٰٓ ﴿١١﴾

၁၁။ (ထိုအသင်တို့အဖော်၏) စိတ်နလုံးသည် တွေ့ မြင်ခဲ့သော အရာများနှင့်စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ပေ။ [၁]

أَفَتُمَٰرُونَهُۥ عَلَىٰ مَا يَرَىٰ ﴿١٢﴾

၁၂။ သို့ပါလျက် အသင်တို့သည် ထိုအဖော်နှင့် ၎င်းတွေ့မြင်ခဲ့သောအရာများတွင် အငြင်းအခုံ ပြုနေကြ လေသလော။

وَلَقَدْ رَءَاهُ نَزْلَةً أُخْرَىٰ ﴿١٣﴾

၁၃။ ထိုမှတစ်ပါး ထိုအဖော်သည် ထို(ကောင်းကင် တမန်)အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဧကန် တွေ့မြင်ခဲ့၏။

عِندَ سِدْرَةِ ٱلْمُنتَهَىٰ ﴿١٤﴾

၁၄။ နယ်စွန်နယ်ဖျား၌ရှိသော ဆီးပင် 'စစ်ဒ်ရတုလ် မွန်တဟာ' ဆီးပင်၏အနီးတွင်၊ [၂]

---

① ဆိုလိုသည်ကား- တမန်တော်မြတ်သည် ကောင်းကင်တမန် ဂျစ်ဗရီလ်အား မိမိ၏ မျက်စိများဖြင့် တပ်အပ်သေချာ မြင်တော်မူခဲ့၏။ ယင်းသို့ ကောင်းကင်တမန်အား တမန်တော်မြတ်က မျက်စိဖြင့် တပ်အပ်သေချာ မြင်နေတော်မူသည်မှာ၊ အမှန်တကယ် ဖြစ်သည်ကို တမန်တော်မြတ်၏ စိတ်နလုံးသားအတွင်းမှ ခြေခြေမြစ်မြစ် ပိုင်ပိုင်နိုင်နိုင် ထောက်ခံနေပေသည်။

ဆိုလိုသည်ကား-တမန်တော်မြတ်သည် ကောင်းကင်တမန် ဂျစ်ဗရီလ်အား အမှန်တကယ် မြင်တော်မူခဲ့ သည်။ ယင်းသို့ မြင်တော်မူခဲ့သည်ကို တမန်တော်မြတ်၏ စိတ်နလုံးကလည်း အလေးအနက် ယုံကြည်ခဲ့ပေသည်။ ဤသို့ဖြင့် အလ္လာဟ်အရှင်မြတ်သည် သက်ဆိုင်ရာ တမန်တော်များ၏ စိတ်နလုံးများတွင် ကောင်းကင်တမန် ဂျစ်ဗရီလ်အား သိကျွမ်းမှုကို ထည့်သွင်းပေးတော်မူပေသည်။

② တမန်တော်မြတ်သည် ကောင်းကင်တမန် ဂျစ်ဗရီလ်အား ၎င်း၏မူရင်း ရုပ်ဆင်းသဏ္ဌာန်၌ မိအ်ရာဂျ်ညဉ့်တွင် မိုးကောင်းကင် ခုနစ်ထပ်အထက် 'စစ်ဒ်ရတုလ်မွန်တဟာ' အနီး၌ ဒုတိယတစ်ကြိမ် တွေ့မြင်တော်မူခဲ့သည်။

'စစ်ဒ်ရဟ်' ၏အဓိပ္ပာယ်မှာ အဘိဓာန်အရ ဆီးပင် ဟူ၍ဖြစ်သည်။ 'စစ်ဒ်ရတုလ်မွန်တဟာ'သည် ဤကမ္ဘာရှိ အပင်များနှင့် အမည်အားဖြင့် တူငြားသော်လည်း၊ အထက်ကွင် အကြိမ်ကြိမ် ရေးသားထားခဲ့သကဲ့သို့၊ အရည်အချင်းအားဖြင့်ကား အလျှင်းတူမည် မဟုတ်ပေ။

စစ်ဒ်ရတုလ်မွန်တဟာသည် သတ္တမ မိုးကောင်းကင်အထက်၌ တည်ရှိသည်။ အချို့အဆိုအရ ➤➤

عِنْدَهَا جَنَّةُ الْمَأْوٰى ﴿١٥﴾

၁၅။ ယင်းဆီးပင်၏ အနီးဌာပင် 'ဂျန္နတုလ်မအ်ဝါ' သုခဘုံ ရှိ၏။

إِذْ يَغْشَى السِّدْرَةَ مَا يَغْشٰى ﴿١٦﴾

၁၆။ အကြင်အခါဝယ် ဆီးပင်ကို ဖုံးလွှမ်းလျက် ရှိသောအရာများသည် ဖုံးလွှမ်းလျက်ရှိ၏။ [၁]

مَا زَاغَ الْبَصَرُ وَمَا طَغٰى ﴿١٧﴾

၁၇။ (ထိုအဖော်၏) မျက်စိသည် သွေချော်ခဲ့သည် လည်းမရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။

لَقَدْ رَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى ﴿١٨﴾

၁၈။ ဧကန်မလွဲ ထိုအဖော်သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပေတည်း။

➤➤ ဆဋ္ဌမ မိုးကောင်းကင်၏ အထက်၌ တည်ရှိသည်။ အဆိုတစ်ရပ်အရ ဆဋ္ဌမ မိုးကောင်းကင်နှင့် သတ္တမ မိုးကောင်းကင် ၂ ခုလုံး၌ တည်ရှိသည်။ စစ်ဒ်ရတုလ်မွန်တဟာ အထက်ကမ္ဘာနှင့် အောက်ကမ္ဘာ အဆုံးစွန်ဌာနဖြစ်သည်။ အထက်ကမ္ဘာမှ ဆင်းသက်သော တရားတော် စသည်များသည် စစ်ဒ်ရတုလ်မွန်တဟာတွင် ပထမ ဆုံးခန်းတိုင်သည်။ ထိုမှတစ်ဆင့် ကောင်းကင်တမန်များသည် အောက်ကမ္ဘာသို့ ယူဆောင်လာကြရသည်။ ထိုနည်းအတူ အောက်ကမ္ဘာမှအထက်ကမ္ဘာသို့တက်သောအကျင့်အမူ စသည်များသည်လည်း စစ်ဒ်ရတုလ်မွန်သဟာ တွင်ပင် ပထမဆုံးခန်းတိုင်သည်။ ထိုမှတစ်ဆင့် အထက်ကမ္ဘာသို့ ယူဆောင်သွားရပေသည်။

ကြည့်-မာဂျိဒီ၊ မဒါရိုက်၊ ဗိုင်ဿွဝီ၊ ကဗီရ်။

① 'စစ်ဒ်ရတုလ်မွန်တဟာ' ကို ဖုံးအုပ်လွှမ်းခြုံလျက်ရှိသော အရာကား အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်များပင်။ ထို့ပြင်တစ်ဝ စစ်ဒ်ရတုလ်မွန်တဟာပေါ်၌ ကောင်းကင်တမန်များသည် အဘယ်မျှများပြားစွာ ရှိနေကြသည်ဆိုသော်- အရွက်တိုင်းအပေါ်၌ ကောင်းကင်တမန်တစ်ပါးကို တွေ့မြင်ရပေမည်။ အဆိုတစ်ရပ်အရ ဖုံးအုပ် လွှမ်းခြုံလျက်ရှိသော အရာဟူသည် ရွှေရောင်တောက်ပလျက်ရှိသော ပိုးဖလံများကို ဆိုလိုသည်။ ဆိုလိုသည်ကား-စစ်ဒ်ရတုလ်မွန်တဟာသည် ပြောရှပင် မဖြစ်နိုင်အောင်ပင် လှပတင့်တယ်ရွှစဖွယ် ဖြစ်ပေသည်။

အမှန်မှာ 'စစ်ဒ်ရတုလ်မွန်တဟာ' ကို အဘယ်အရာများက ဖုံးအုပ် လွှမ်းခြုံထားသည်၊ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များအနက် မည်ရွေ့မည်မျှ မည်သို့မည်ပုံ တွေ့မြင်တော်မူခဲ့သည်များကို အလ္လာဟ်အရှင်မြတ်နှင့် ကာယကံရှင် ဖြစ်တော်မူသော တမန်တော်မြတ်သာလျှင် အတိအကျ သိရှိတော်မူကြပေမည်။

أَفَرَءَيْتُمُ اللَّٰتَ وَالْعُزَّىٰ ﴿١٩﴾

၁၉။ သို့ဖြစ်ပေရာ အသင်တို့သည် 'လားတ်'နှင့် စပ်လျဉ်း၍လည်းကောင်း၊ 'အွဇ္ဇာ' နှင့်စပ်လျဉ်း၍လည်းကောင်း၊

وَمَنَوٰةَ الثَّالِثَةَ الْأُخْرَىٰ ﴿٢٠﴾

၂၀။ အခြား တတိယမြောက်ဖြစ်သော 'မနားတ်'နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆင်ခြင်သုံးသပ်ခြင်းကို ပြုခဲ့ကြလေသလော။

أَلَكُمُ الذَّكَرُ وَلَهُ الْأُنثَىٰ ﴿٢١﴾

၂၁။ အသင်တို့၌ သားယောကျ်ားကလေးများ ရှိကြ၍ ထိုအရှင်မြတ်၌ သမီးမိန်းကလေးများ ရှိကြလေသလော။

تِلْكَ إِذًا قِسْمَةٌ ضِيزَىٰ ﴿٢٢﴾

၂၂။ ဤသည်ကား လွန်စွာမမျှတသောခွဲဝေမှုပင်၊ [၁]

إِنْ هِيَ إِلَّا أَسْمَآءٌ سَمَّيْتُمُوهَآ أَنتُمْ وَءَابَآؤُكُم مَّآ أَنزَلَ اللَّهُ بِهَا مِن سُلْطَٰنٍ ۚ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَمَا تَهْوَى الْأَنفُسُ ۖ وَلَقَدْ جَآءَهُم مِّن رَّبِّهِمُ الْهُدَىٰ ﴿٢٣﴾

၂၃။ ယင်း(ဆိုခဲ့ပြီးသော ရုပ်တု)တို့မှာ အသင်တို့ ကိုယ်တိုင်သည်လည်းကောင်း၊ အသင်တို့၏ အဘ၊ ဘိုး ဘေးတို့သည်လည်းကောင်း၊ မှည့်ခေါ်ထားသော အမည်နာမများသာလျှင် ဖြစ်ကြကုန်၏။ အလ္လာဟ် အရှင်မြတ်သည် ယင်းတို့(ကိုကိုးကွယ်ရန်)နှင့် စပ်လျဉ်း၍ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာကိုမျှပင် ချပေးတော်မူခဲ့သည် မဟုတ်ပေ။ ထိုသူတို့ကား ရမ်းဆ ထင်မြင်ချက်နှင့် စိတ်အလိုဆန္ဒများကိုသာလျှင် လိုက် နာလျက် ရှိကြကုန်၏။ အမှန်မှာ ၎င်းတို့ထံသို့ ၎င်းတို့ ၏အရှင်ထံမှ အမှန်တရားသည် ရောက်ရှိလာခဲ့ချေပြီ။

---

[၁] ကာဖိရ်၊ မုရှ်ရစ်ကျများက လားတ်၊ အွဇ္ဇာနှင့် မနားတ်သည် မပြောစကောင်း၊ အလ္လာဟ်အရှင်မြတ်၏ သမီးများဖြစ်သည်ဟု ဆိုခဲ့ကြ၏။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် မိဘ သားသမီးနှင့် လုံးဝ ကင်းစင်တော်မူသည်။ ကြည့်-ကုရ်အာန် (၁၁၂း၁-၄)

အကယ်တန္တီ မပြောကောင်း မဆိုအပ် အလ္လာဟ်အရှင်မြတ်၌ သားသမီးရှိသည်ဟူ၍ပင် ဆိုပါဦးစို့။ သို့လင့်ကစား မိမိတို့အဖို့ မိမိတို့ နှစ်ခြိုက်သော သားယောကျ်ားများ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အဖို့ မိမိတို့ မနှစ်ခြိုက်သော သမီးမိန်းကလေးများဖြစ်သည် ဟူသော ခွဲဝေမှုမှာကား နည်းလမ်းမကျလှပေ။

أَمْ لِلْإِنسَٰنِ مَا تَمَنَّىٰ ﴿٢٤﴾

၂၄။ 'မနုဿ'လူသား၌ ၎င်းအာသာဆန္ဒရှိသမျှ ရရှိလေသလော။

فَلِلَّهِ ٱلْءَاخِرَةُ وَٱلْأُولَىٰ ﴿٢٥﴾

၂၅။ စင်စစ်မှာကား တမလွန်ဘဝသည် လည်းကောင်း၊ လောကီဘဝသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်(၏ လက်တော်တွင်း)၌သာရှိ၏။

وَكَم مِّن مَّلَكٍ فِى ٱلسَّمَٰوَٰتِ لَا تُغْنِى شَفَٰعَتُهُمْ شَيْـًٔا إِلَّا مِنۢ بَعْدِ أَن يَأْذَنَ ٱللَّهُ لِمَن يَشَآءُ وَيَرْضَىٰٓ ﴿٢٦﴾

၂၆။ စင်စစ်သော်ကား မိုးကောင်းကင်များ၌ မြောက်မြားစွာသော ကောင်းကင်တမန်တို့သည် ရှိကြကုန်၏။ (သို့ရာတွင်) ၎င်းတို့၏ ကြားဝင်အသနားခံပေးမှုသည်ပင် အလ္လာဟ်အရှင်မြတ်က မိမိအလိုရှိတော်မူ၍ ကျေနပ်တော်မူသောသူနှင့် ပတ်သက်၍ ခွင့်ပြုတော်မူပြီး နောက်မှသာလျှင် အသုံးဝင်နိုင်အံ့သတည်း။ [၁]

إِنَّ ٱلَّذِينَ لَا يُؤْمِنُونَ بِٱلْءَاخِرَةِ لَيُسَمُّونَ ٱلْمَلَٰٓئِكَةَ تَسْمِيَةَ ٱلْأُنثَىٰ ﴿٢٧﴾

၂၇။ ဇကနစင်စစ် 'အာခိရတ်'တမလွန်ကို မယုံကြည်သော သူတို့သည် 'မလာအိကဟ်' ကောင်းကင်တမန်တို့အား မိန်းမများ၏ အမည်နာမများဖြင့် မှည့်ခေါ်ကြကုန်၏။

---

① ကာဖိရ်၊ မုရှ်ရစ်ကများသည် မိမိတို့၏ ရုပ်တုများကို အထူးတလည် အားကိုးနေခဲ့ကြ၏။ ယင်းရုပ်တုများသည် မိမိတို့အား ချွတ်ကယ်ကြလိမ့်မည်ဟု ထင်မှတ်နေခဲ့ကြ၏။ အပါးတော်၌ ခစားလျက် ရှိကြကုန်သော ကောင်းကင်တမန်များ၏ အသနားခံပေးမှုသည်ပင်လျှင် အသို့မျှ အကျိုးပြုနိုင်သည် မဟုတ်ပေ။

သို့ရာတွင် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်က အကြင်သူ တစ်ဦးတစ်ယောက်နှင့် ပတ်သက်၍ အသနားခံပေးရန် ခွင့်ပြုတော်မူပါသော်၊ ထိုသူအားလည်း ကျေနပ်တော်မူပါသော်၊ အသနားခံပေးမှုသည် အကျိုးသက်ရောက်နိုင်ပေသည်။

ယခုသော် အလ္လာဟ်အရှင်မြတ်သည် ရုပ်တုများကို အသနားခံပေးရန် ခွင့်ပြုထားတော်မူသည်လည်း မဟုတ်၊ ကာဖိရ်၊ မုရှ်ရစ်ကများကို ကျေနပ်တော်မူသည်လည်း မဟုတ်၊ သို့ဖြစ်ပေရာ ကျိုးပြစ် တစ်စုံတစ်ရာ မပြုစွမ်းနိုင်သော အဆိုပါ ရုပ်တုများ၏ အသနားခံပေးမှုကို မျှော်ကိုးနေခြင်းမှာ ကိုယ့်ကိုယ်ကို လှည့်စားခြင်းသာ ဖြစ်သည်။

وَمَا لَهُمْ بِهِۦ مِنْ عِلْمٍ ۖ إِن يَتَّبِعُونَ إِلَّا الظَّنَّ ۖ وَإِنَّ الظَّنَّ لَا يُغْنِى مِنَ الْحَقِّ شَيْـًٔا ﴿٢٨﴾

၂၈။ စင်စစ်သော်ကား ဤသည်နှင့်စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့် သက်သေ အထောက်အထား အသိပညာမျှ မရှိပြီ။ ၎င်းတို့သည် ရမ်းဆထင်မြင်မှုကိုသာ လျှင် လိုက်နာကြကုန်၏။ သို့ရာတွင် ရမ်းဆ ထင်မြင်မှုမှာ အမှန်တရားနှင့် ယှဉ်ပြိုင်၍ လုံးဝ အသုံးဝင်သည် မဟုတ်ပေ။

فَأَعْرِضْ عَن مَّن تَوَلَّىٰ عَن ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَوٰةَ الدُّنْيَا ﴿٢٩﴾

၂၉။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် အကြင်သူတို့အား လျစ်လျူရှု၍ နေပါလေ။ ထိုသူတို့သည် ငါအရှင်မြတ်၏ ဆုံးမသြဝါဒတော်မှ မျက်နှာလွှဲ၍ နေခဲ့ကြကုန်၏။ ထိုမှတစ်ပါး၊ ၎င်းတို့သည် လောကီဘဝမှတစ်ပါး၊ အခြား တစ်စုံတစ်ရာကို ရည်ရွယ်ကြသည် မဟုတ်ပေ။

ذَٰلِكَ مَبْلَغُهُم مِّنَ الْعِلْمِ ۚ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِۦ وَهُوَ أَعْلَمُ بِمَنِ اهْتَدَىٰ ﴿٣٠﴾

၃၀။ ဤသည် ၎င်းတို့၏ အမြင့်ဆုံးသော အသိပညာပင်။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင်လျှင် ထိုအရှင်မြတ်၏လမ်းမှ လွဲချော်သူအား အသိတော်မူဆုံး ဖြစ်တော်မူ၏။ ထိုမှတစ်ပါး၊ ထိုအရှင်မြတ်သည်သာလျှင် တရားလမ်းရရှိသောသူအား အသိတော်မူဆုံး ဖြစ်တော်မူပေသတည်း။

---

② ဆိုလိုသည်ကား - ကာဖိရ်များသည် (အာခိရတ်) နောင်တမလွန်ဘဝကို မယုံကြည်ကြသည့်အတွက်၊ နောင်တမလွန်ဘဝတွင် ခံစားရမည့်ပြစ်ဒဏ်ကို အမှေကြီးမှေနေကြ၏။ စိတ်အလိုလိုက်ကာ ဆိုးမိုက်နေကြ၏။ မပြောသင့် မပြောအပ် မပြုသင့် မပြုအပ်သည်များကို ပြောဆိုပြုလုပ်ကြ၏။ ဥပမာ-ယင်း ကာဖိရ်များက ကောင်းကင်တမန်များသည် အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဖြစ်သည် ဟူ၍ပင် အထောက်အထား တစ်စုံတစ်ရာ မရှိပါဘဲလျက် ပြောဆိုကြ၏။ ဤသည် ၎င်းတို့၏ မိုက်မဲမှုပင်။

အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်တူမရှိ၊ သားလည်းမရှိ၊ သမီးလည်းမရှိ၊ မည်သည့် သံယောဇဉ်မျှလည်း မရှိ။ အမှန်မှာ ကာဖိရ်များသည် ဤပစ္စက္ခဘဝကိုပင် အဓိကဟူ၍ ထင်မှတ်ကာ လောကီရေးရာများတွင် လုံးဝနစ်မွန်းနေကြ၏။ နောင်တမလွန်ဘဝကို အမှေကြီးမှေနေကြ၏။ ဤပစ္စက္ခဘဝမှ ကျော်လွန်၍ တစ်စုံတစ်ရာမျှ မြော်မြင်နိုင်ကြသည်လည်း မရှိ။ ထို့အတွက် ၎င်းတို့သည် စိတ်၏တွေးထင်ရာနောက်သို့သာ အခေါက်ခေါက် ➤➤

وَلِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْأَرْضِ ۚ لِيَجْزِيَ الَّذِينَ أَسَاءُوا بِمَا عَمِلُوا وَيَجْزِيَ الَّذِينَ أَحْسَنُوا بِالْحُسْنَىٰ ﴿٣١﴾

၃၁။ ထိုမှတစ်ပါး: မိုးကောင်းကင်များ၌ ရှိသမျှတို့ သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့သည်လည်း ကောင်း၊ အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြကုန်၏။ နောက်ဆုံးတွင် ထိုအရှင်မြတ်သည် ဒုစရိုက်မှုကို ကျူးလွန်ခဲ့ကြသော သူတို့အား ၎င်းတို့ကျူးလွန်ခဲ့ကြသည်၏ အကျိုးကို ပေးတော်မူအံ့၊ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ကောင်းမှု ပြုခဲ့ကြသောသူတို့အား ကောင်းမြတ်သော အကျိုးကို ပေးတော်မူအံ့။

ٱلَّذِينَ يَجْتَنِبُونَ كَبَٰٓئِرَ ٱلْإِثْمِ وَٱلْفَوَٰحِشَ إِلَّا ٱللَّمَمَ ۚ إِنَّ

၃၂။ (ထိုကောင်းမှုပြုသူတို့မှာ) အသေးအဖွဲပြစ်မှု များကို (မတော်တဆ) ပြုမိကြသော်လည်း ကြီးလေး သောပြစ်မှုတို့မှလည်းကောင်း၊ ညစ်ညမ်းမှုတို့မှလည်း ကောင်း၊ (အထူး)ကြဉ်ရှောင်ကြကုန်၏။ ၁

➤➤ လိုက်နေကြ၏။ ၎င်းတို့၏ အသိဉာဏ်ကား တိမ်ဘိ၏။ သိမ်ဖျင်းဘိ၏။ သို့ဖြစ်ရာ တမန်တော်မြတ်သည် ထိုသို့ အတွေးတိမ်သော၊ စိတ်ထင်ရာစိုင်းနေသော၊ လောကီရေးရာများတွင် နစ်မွန်းနေသော၊ နောင်တမလွန်ဘဝကို မေ့ကာ အလ္လာဟ်အရှင်မြတ်အား သွေဖည်ကျောခိုင်းနေသော ကာဖိရ်များနှင့် ပတ်သက်၍ တမန်တော်မြတ်သည် စိတ်သောက ဖြစ်နေတော်မူရန် မလိုပေ။ ၎င်းတို့အား လျစ်လျူပြုထားတော်မူရမည်သာတည်း။

① အထက်တွင် ကောင်းမှုပြုသူများအား ကောင်းကျိုးပေးတော်မူမည့်အကြောင်း ပါရှိ၏။ ကောင်းမှုပြုသော သူတော်စင်များသည် ကြီးလေးသော အပြစ်များ၊ ရှက်ဖွယ်ရာ ညစ်ညမ်းမှုများမှ အထူးရှောင်ကြဉ်ကြပေသည်။ သို့ရာတွင် လူသဘာဝအလျောက် ယင်း သူတော်စင်များ၌ပင် (လမမ်)ခေါ် သာမန်အသေးအဖွဲ ပြစ်မှုများ မတော်တဆ ဖြစ်ပေါ်တတ်ပေသည်။

'လမမ်' ဟူသော အပြစ်ကား အဘယ်နည်း။ 'လမမ်' ဟူသည် ကိုယ်ထိလက်ရောက် ပြုလုပ်သည့် အဖြစ်သို့ မရောက်သေးသည့် မကောင်းသောအကြံအစည် အတွေးအခေါ်များကို ဆိုလိုသည်ဟု အချို့က ဖွင့်ဆိုကြသည်။ အချို့က 'လမမ်' ဟူသည် သေးငယ်သော အပြစ်များကို ဆိုလိုသည်ဟု ဖွင့်ဆိုကြသည်။

အချို့ကမူ 'လမမ်' ဟူသည် အကြင်သို့သော အပြစ်ကို ဆိုလိုသည်။ ယင်း အပြစ်ကို ကျူးလွန်မိပြီး နောက် ထိုအပြစ်ကို ဆက်လက်၍ အစဉ်တစိုက် မကျူးလွန်တော့ပေ။ သို့တည်းမဟုတ် အပြစ်ကို ဆက်လက် ကျူးလွန်ရန် အကျင့်ပြုလုပ်မထားပေ။ သို့တည်းမဟုတ် အပြစ်တစ်ခုကို ကျူးလွန်မိပြီးနောက် အချိန်မီ ဝန်ချ တောင်းပန်၏။ ထိုထိုသော အပြစ်များသည် 'လမမ်' တွင် အကျုံးဝင်သည်ဟု ဖွင့်ဆိုကြပေသည်။

رَبُّكَ وَاسِعُ الْمَغْفِرَةِ ۚ هُوَ أَعْلَمُ بِكُمْ إِذْ أَنشَأَكُم مِّنَ الْأَرْضِ وَإِذْ أَنتُمْ أَجِنَّةٌ فِي بُطُونِ أُمَّهَاتِكُمْ ۖ فَلَا تُزَكُّوا أَنفُسَكُمْ ۖ هُوَ أَعْلَمُ بِمَنِ اتَّقَىٰ ﴿٣٢﴾

၎င်းမလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျယ်ဝန်းလှစွာသော လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အား မြေဖြင့် ဖန်ဆင်းတော်မူခဲ့စဉ်အခါ၌ အသင်တို့အား ကောင်းစွာသိရှိတော်မူ၏။ အသင်တို့သည် မိမိတို့၏ မိခင်များ၏ ဝမ်းဗိုက်များတွင် သန္ဓေတည်စ ကလေးဘဝ၌ရှိခဲ့စဉ်အခါ၌လည်း အသင်တို့အား ကောင်းစွာ သိရှိတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ မြင့်မြတ်သည် စင်ကြယ် သန့်ရှင်းသည်ဟု မထင်ကြကုန်လင့်၊ ထိုအရှင်မြတ်သည်သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသတည်း။ [၁]

---

① ဆိုလိုသည်ကား-အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တစ်ဦးတစ်ယောက်သည် 'တာက်ဝါ' သူတော်ကောင်းတရားကို လက်ခံနာယူကျင့်မှုခွင့် ရရှိထားပါသော်၊ ထိုသူသည် မိမိကိုယ်ကို အထင်မကြီးရာ၊ ဘဝင်မမြင့်ရာ၊ မကြွားဝါရာ။ အလ္လာဟ်အရှင်မြတ်သည် မည်သူ မည်ဝါ မည်မျှ သူတော်ကောင်းတရား ထားရှိသည်၊ အဘယ်မျှ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည်များကို အသိဆုံး ဖြစ်တော်မူသည်။ ယနေ့ သူတော်ကောင်းသည် နက်ဖြန် ဖောက်ပြန်သွားနိုင်သည်။ ယနေ့ဖောက်ပြန်နေသူတစ်ဦးသည် နက်ဖြန် သူတော်ကောင်းလည်းဖြစ်သွားနိုင်သည်။ ဤသည်ကို သူ ငါမသိ၊ အလ္လာဟ်အရှင်မြတ်သိတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှ သိတော်မူသည်ဆိုသော်၊ လူဘဝတွင် ခြေမချမီ အလျင်ကတည်းက ထိုသူ၏ အကြောင်းကို စ၊ လယ်၊ ဆုံး သိတော်မူသည်။

သို့ဖြစ်ရာ လူသားသည် မိမိ၏ မူလဘူတ အစကို မမေ့ရာ။ လူသားသည် မြေမှ စတင်ဖြစ်ပေါ်လာခဲ့သည်။ (ဖခင်ကြီး အာဒမ်သခင်သည် မြေမှ ဖန်ဆင်းခြင်း ခံခဲ့ရပေသည်)။ ထို့နောက် လူသားတို့သည် ကလလရေကြည် တစ်စက်မှ စတင်ခဲ့သည်။ အဓိဝမ်းဗိုက်တွင် လပေါင်းများစွာ နေခဲ့ရသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ရုပ်နာမ်ဆိုင်ရာ ဘဝအမျိုးမျိုးကို ကျော်လွန်ကာ၊ နောက်ဆုံးတွင် လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့သည်။ သို့ဖြစ်ရာ ထိုသို့သော လူသားတစ်ဦးသည် စကားကြီး စကားကျယ် မပြောဆိုရာ။

စစ်မှန်သော သူတော်စင်များသည်ပင် မိမိတို့ကိုယ်ကို မိမိတို့ သူတော်စင်များပါဟူ၍ ပြောဆိုရန် ရုတ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် သူတော်စင်များသည် အဘယ်မျှပင် သူတော်စင်များ ဖြစ်လင့်ကစား၊ ပြစ်မှုအပေါင်းမှ လုံးဝစင်ကြယ်သန့်ရှင်း အပြစ်ကင်းခြင်း မဖြစ်နိုင်သည်ကို သိနားလည်ကြပေသည်။ ➤➤

أَفَرَءَيْتَ ٱلَّذِى تَوَلَّىٰ ﴿٣٣﴾

၃၃။ (အို-နဗီတမန်တော်)၊ အသင်သည် အကြင်သူအား မမြင်ခဲ့လေသလော။ ထိုသူသည် မျက်နှာလွှဲသွားခဲ့၏။

وَأَعْطَىٰ قَلِيلًا وَأَكْدَىٰٓ ﴿٣٤﴾

၃၄။ ၎င်းပြင် ထိုသူသည် အနည်းငယ်မျှ (ပစ္စည်း) ကိုပေး၍ (ယခု) ပိတ်ပင်ခဲ့၏။ [၁]

أَعِندَهُۥ عِلْمُ ٱلْغَيْبِ فَهُوَ يَرَىٰٓ ﴿٣٥﴾

၃၅။ ၎င်း၏ထံတွင် အကွယ်၌ရှိသည်ကို သိစွမ်းနိုင်သော အသိပညာရှိနေသောကြောင့် ၎င်းသည် တွေ့မြင်လေသလော။

أَمْ لَمْ يُنَبَّأْ بِمَا فِى صُحُفِ مُوسَىٰ ﴿٣٦﴾

၃၆။ ၎င်းသည် 'မူစာ'၏ ကျမ်းများ၌ လာရှိသည်ကိုလည်းကောင်း၊

وَإِبْرَٰهِيمَ ٱلَّذِى وَفَّىٰٓ ﴿٣٧﴾

၃၇။ (အမိန့်တော်များကို) ကျေပွန်စွာဆောင်ရွက်ခဲ့သော 'အီဗရာဟီမ်'၏ ကျမ်းတော်များ၌ လာရှိသည်ကိုလည်းကောင်း၊ သတင်းပေးခြင်း မခံခဲ့ရလေသလော။

➤➤ လူသားတို့၌ လူသဘာဝအလျောက် အနည်းနှင့်အများ အပြစ်ရှိသည်သာ ဖြစ်သည်။ တစ်ဦး တစ်ယောက်အား အလွှာဟ်အရှင်မြတ် ကိုယ်တော်တိုင်က မိမိကျေးဇူးတော်ဖြင့် စင်ကြယ်သန့်ရှင်း အပြစ်ကင်းအောင် ကာကွယ်ထိန်းသိမ်းထားတော်မူပါသော်၊ ဤကား တစ်ဘာသာပင်။

① အထက်တွင် သူတော်စင်များ၏ အချို့ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်။

ဤအာယတ်တော်တွင် သူယုတ်မာများ၏ အချို့အကျင့်ကို မိန့်ဆိုထားတော်မူသည်။

ဆိုလိုသည်ကား- အချို့သူယုတ်မာများသည် ဤသို့လည်း ရှိကြသည်။ ပထမသော် အနည်းငယ် အီမာန် သက်ဝင်ယုံကြည်လာခဲ့၏။ ထို့နောက်တွင်သော် သူ၏ စိတ်ဓာတ်သည် ခဲယဉ်းသွားပြန်၏။

မုဂျာဟိဒ်စသည့် ပညာရှင်များ၏ ဖွင့်ဆိုချက်အရ ဤ အာယတ်တော်သည် ဝလီဒ် အစ်ဗ်နုမုဃီရဟ်နှင့် ပတ်သက်၍ ကျရောက်လာခဲ့ခြင်းဖြစ်သည်။ ဝလီဒ်သည် တမန်တော်မြတ်၏ တရားတော်များကို ကြားနာ၍၊ ပထမသော် အစွမ်းဘက်သို့ အနည်းငယ် တိမ်းညွတ်လာခဲ့၏။ 'ကုဖ်ရ်' သွေဖည် ငြင်းဆန်မှု၏ ပြစ်ဒဏ်များကို ကြောက်ရွံ့ပြီး အစွမ်းဘောင်အတွင်းသို့ ကူးပြောင်းလာအံ့ဆဲဆဲပင် ဖြစ်လာခဲ့၏။

ထိုအချိန်တွင် ကာဖိရ်တစ်ယောက်က ဝလီဒ်အား အသင် ဤသို့ မပြုလုပ်လေနှင့်။ အသင်၏ အပြစ်အားလုံးကို ကျွန်ုပ် ထမ်းဆောင်ပါမည်။ အသင့်ကိုယ်စား ကျွန်ုပ် အပြစ်ဒဏ်ခံပါမည်။ သို့ရာတွင် အသင်သည် ကျွန်ုပ်အား ဤရွေ့ဤမျှ ငွေပေးရမည်ဟု ပြောဆိုသောအခါ၊ ဝလီဒ်က ကောင်းပါပြီ၊ အသင်တောင်းဆိုသောငွေကို ကျွန်ုပ် အရစ်ကျ ပေးသွားပါမည်ဟု ကတိပြုကာ၊ ပထမသော်- တစ်ရစ်၊ နှစ်ရစ်၊ ငွေများ ပေးခဲ့သေး၏။ ထို့နောက်သော် ကျန်ငွေများကို ပေးခြင်းမှ ငြင်းပယ်ခဲ့လေသည်။

أَلَّا تَزِرُ وَازِرَةٌ وِّزْرَ أُخْرَىٰ ﴿٣٨﴾

၃၈။ ဇကန်စင်စစ် မည်သည့်သယ်ပိုးသူ တစ်ဦး တစ်ယောက်မျှပင် သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုးရွက်ဆောင်မည် မဟုတ်ဟူ၍လည်းကောင်း။ [၁]

وَأَن لَّيْسَ لِلْإِنسَانِ إِلَّا مَا سَعَىٰ ﴿٣٩﴾

၃၉။ ဇကန်မလွဲ မနုဿလူသား၌ ၎င်း၏ကြိုးပမ်းဆောင်ရွက်ချက်သာလျှင် ရှိမည်ဟူ၍လည်းကောင်း၊

وَأَنَّ سَعْيَهُ سَوْفَ يُرَىٰ ﴿٤٠﴾

၄၀။ မုချဇကန် ထိုမနုဿလူသား၏ ကြိုးပမ်းဆောင်ရွက်ချက်မှာ မကြာမြင့်မီပင် တွေ့မြင်ရမည်ဟူ၍လည်းကောင်း၊

ثُمَّ يُجْزَاهُ الْجَزَاءَ الْأَوْفَىٰ ﴿٤١﴾

၄၁။ ထို့နောက် ထိုမနုဿ လူသားသည် ယင်းကြိုးပမ်းမှုနှင့်စပ်လျဉ်း၍ လွန်စွာပြည့်စုံသော အစားပေးခြင်းကို ခံရမည်ဟူ၍ လည်းကောင်း၊ (သတင်းပေးခြင်း မခံခဲ့ရလေသလော)။

وَأَنَّ إِلَىٰ رَبِّكَ الْمُنتَهَىٰ ﴿٤٢﴾

၄၂။ ၎င်းပြင် (အို-နဗီတမန်တော်၊) ဇကန်အမှန်လမ်းဆုံးမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ဖြစ်သည်ဟူ၍လည်းကောင်း၊ [၂]

وَأَنَّهُ هُوَ أَضْحَكَ وَأَبْكَىٰ ﴿٤٣﴾

၄၃။ စင်စစ်ဇကန် ထိုအရှင်မြတ်သည်ပင် ရယ်စေတော်မူသည်၊ ငိုကြွေးစေတော်မူသည်ဟူ၍လည်းကောင်း၊

---

① ဆိုလိုသည်ကား- လူတိုင်းသည် မိမိဆည်းပူးသမျှကို ရရှိမည်သာဖြစ်သည်။ မိမိ ဆည်းပူးထားသည့်ကောင်းကျိုးကို သူတစ်ပါးက ယူနိုင်သည်မရှိ။ သို့ရာတွင် တစ်ဦးတစ်ယောက်သည် မိမိ ဆည်းပူးထားသည့် အချို့ကောင်းကျိုးကို မိမိစေတနာအလျောက် သူတစ်ပါးအား လွှဲပြောင်းပေးသော်၊ အလ္လာဟ်အရှင်မြတ်ကလည်း ယင်းသို့ ပြောင်းလွှဲပေးခြင်းကို သဘောတူတော်မူပါသော်၊ ဤကား တစ်ဘာသာပင်။ ဤအကြောင်း ဟဒီးဆ်သြဝါဒတော်များတွင်လည်းကောင်း၊ ဖိက်ဟ် ဓမ္မသတ်ကျမ်းကြီးများတွင်လည်းကောင်း အကျယ်လာရှိပေသည်။

② **အလ္လာဟ်အရှင်မြတ်ထံ ပြန်လည်ရောက်ရမည်သာ။**

ဆိုလိုသည်ကား - အချို့လူသားများသည် ယနေ့ အလ္လာဟ်အရှင်မြတ်အား အဘယ်မျှပင် သွေဖည်ကျောခိုင်းနေကြလင့်ကစား၊ နက်ဖြန် ကိယာမတ်နေ့တွင် အားလုံးတို့သည် ထိုအရှင်မြတ် ရှေ့တော်မှောက်သို့ ပြန်လည်ရောက်ရှိကြရမည်သာ။ ကျိုး-ပြစ် ခံ-စံ ကြရမည်သာ။ လူသားတို့သည် ဤသည့် တစ်ခုတည်းသော အချက်ကိုပင် နှလုံးသွင်းထားနိုင်ပါက အရေးကိစ္စ အဝဝတွင် အလိုအလျောက် ဖြောင့်မတ်သွားကြပေမည်။

وَاَنَّهٗ هُوَ اَمَاتَ وَاَحۡیَا ﴿۴۴﴾

၄၄။ ထိုအရှင်မြတ်သည် မချွတ်မလွဲ သေစေတော်မူသည်၊ ရှင်စေတော်မူသည်ဟူ၍လည်းကောင်း၊

وَاَنَّهٗ خَلَقَ الزَّوۡجَیۡنِ الذَّكَرَ وَالۡاُنۡثٰی ﴿۴۵﴾

၄၅။ ဧကန်စင်စစ် ထိုအရှင်မြတ်သည်ပင် ဖိနှင့်မနှစ်မျိုးနှစ်စားလုံးကို ဖန်ဆင်းတော်မူခဲ့သည် ဟူ၍လည်းကောင်း၊

مِنۡ نُّطۡفَةٍ اِذَا تُمۡنٰی ﴿۴۶﴾

၄၆။ ကလလရေကြည်ဖြင့်၊ ယင်းကလလရေကြည်သည် သွန်းလောင်းခြင်းခံရသောအခါ၊

وَاَنَّ عَلَیۡهِ النَّشۡاَةَ الۡاُخۡرٰی ﴿۴۷﴾

၄၇။ ထိုမှတစ်ပါး မုချစင်စစ် ဒုတိယအကြိမ် ဖန်ဆင်းမူသည် ထိုအရှင်မြတ်၏တာဝန်ပင် ဖြစ်သည်ဟူ၍လည်းကောင်း၊

وَاَنَّهٗ هُوَ اَغۡنٰی وَاَقۡنٰی ﴿۴۸﴾

၄၈။ အမှန်ဧကန် ထိုအရှင်မြတ်သည် ကုလုံကြွယ်ဝစေတော်မူသည်၊ ဆင်းရဲနွမ်းပါးစေ- ဥစ္စာပစ္စည်းချီးမြှင့်ပေးသနား တည်မြဲစေတော်မူသည်ဟူ၍ လည်းကောင်း၊ ၁

وَاَنَّهٗ هُوَ رَبُّ الشِّعۡرٰی ﴿۴۹﴾

၄၉။ အမှန်စင်စစ် ထိုအရှင်မြတ်သည်ပင် 'ရုစ်အ်ရာ' (လုဒ္ဓက)ကြယ်ကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဖြစ်တော်မူသည် ဟူ၍လည်းကောင်း၊ ၂

---

① ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည်ပင် ကုလုံကြွယ်ဝစေတော်မူသည်။ ထိုအရှင်မြတ်သည်ပင် ဥစ္စာပစ္စည်း ချီးမြှင့်၍ တိုးပွားစေတော်မူသည်။ တည်မြဲစေတော်မူသည်။ အချို့က ဤအာယတ်တော်တွင်ပါရှိသည့် (اَقۡنٰی) 'အာက်နာ' ဟူသော ပုဒ်ကို 'ထိုအရှင်မြတ်သည် ဆင်းရဲနွမ်းပါးစေတော်မူသည်' ဟူ၍ အနက် ပြန်ကြသည်။

ဆိုလိုသည်ကား- ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲနွမ်းပါးမှုသည်လည်း ထိုအရှင်မြတ်၏ စီရင် ဖန်တီးမှုသာလျှင် ဖြစ်ချေသည်ဟူ၏။ အထက်တွင် ဆန့်ကျင်ဘက်ပစ္စည်း အမျိုးမျိုး အစားစားကို ဖန်ဆင်းထားတော်မူသည့် အကြောင်း ပါရှိခဲ့ပေရာ၊ ဤအနက်သည်လည်း သင့်မြတ်လှပေသည်။

② ရှေ့တွင် သွေဖည်သောင်းကျန်းခဲ့ကြသည့် ဓနရှင်၊ အာဏာရှင်၊ မာနရှင်များကို ကွပ်မျက်တော်မူသည့် အကြောင်း ပါရှိနေပေရာ၊ အထက်ပါ ပထမအနက်သည်လည်း သူနေရာနှင့်သူ သင့်မြတ်သည်သာ ဖြစ်ပေသည်။

وَأَنَّهُۥٓ أَهْلَكَ عَادًا ٱلْأُولَىٰ ﴿٥٠﴾

၅၀။ မလွဲဧကန်ထိုအရှင်မြတ်သည်ပင် ပထမ'အာဒ်' အမျိုးသားတို့အား ဖျက်ဆီးတော်မူခဲ့သည်ဟူ၍ လည်းကောင်း၊

وَثَمُودَا۟ فَمَآ أَبْقَىٰ ﴿٥١﴾

၅၁။ (ထိုအရှင်မြတ်သည်ပင်) 'ဆမူဒ်' အမျိုးသားတို့အားလည်း (ဖျက်ဆီးတော်မူခဲ့ပေရာ) တစ်ဦးတစ်ယောက်ကိုမျှ ခြွင်းချန်တော်မူခဲ့သည် မဟုတ်ပေ။

وَقَوْمَ نُوحٍ مِّن قَبْلُ ۖ إِنَّهُمْ كَانُوا۟ هُمْ أَظْلَمَ وَأَطْغَىٰ ﴿٥٢﴾

၅၂။ ထိုနည်းတူစွာ ရှေးအထက်ကျော်ကာလ၌ 'နူဟ်'၏အမျိုးသားတို့အားလည်း (ဖျက်ဆီးတော်မူခဲ့၏)။ ဧကန်စင်စစ် ထို 'နူဟ်' ၏ အမျိုးသားတို့မှာ ပိုမို၍ပင် မတရားသောသူများ၊ ပိုမို၍ပင် ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြကုန်၏။

وَٱلْمُؤْتَفِكَةَ أَهْوَىٰ ﴿٥٣﴾

၅၃။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် ထက်အောက် ပြောင်းပြန်လှန်ပြီးဖြစ်သော ရွာများကိုလည်း ကိုင်ပေါက်တော်မူခဲ့၏။

فَغَشَّىٰهَا مَا غَشَّىٰ ﴿٥٤﴾

၅၄။ ထို့နောက် ယင်းရွာများကို ဝန်းဝိုင်း ဖုံးလွှမ်းခဲ့သောအရာသည် ဝန်းဝိုင်း ဖုံးလွှမ်းခဲ့၏။

فَبِأَىِّ ءَالَآءِ رَبِّكَ تَتَمَارَىٰ ﴿٥٥﴾

၅၅။ သို့ဖြစ်ပေရာ (အို-ကြားနာသူ၊) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်လျက် ရှိသည်နည်း။

ⓙ 'ရှစ်အ်ရာ' သည် ကြယ်ကြီးတစ်လုံး၏ အမည်ဖြစ်သည်။ (Sirius; Dog - Star) လုဒ္ဒကကြယ်၊ မုဆိုးပုံရှိ လုဒ္ဒက ခေါ် ကောင်းကင်တွင် အတောက်ဆုံးကြယ်ဖြစ်သည်။ အရဗ်၊ မုရ်ရစ်က်တို့သည် ယင်းကြယ်ကို ကိုးကွယ်လေ့ ရှိခဲ့ကြသည်။ ဤကမ္ဘာ၏ ပြောင်းလဲမှုများတွင် ထိုကြယ်ကြီး၏ အရှိန်အဝါ ပါဝင်သည်ဟုလည်း ယူဆခဲ့ကြပေသည်။ ဤအာယတ်တော်တွင် ဖော်ပြမိန့်ဆိုထားတော်မူသည်မှာ 'ရှစ်အ်ရာ' ကြယ်သည် အာယ်မျှပင် ကြီးလင့်ကစား၊ အာယ်မျှပင် တောက်ပလင့်ကစား၊ ယင်းကြယ်ကြီး၏ အရှင်သခင်မှာလည်း အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ 'ရှစ်အ်ရာ' သည် အခြား အဖန်ဆင်းခံများကဲ့သို့၊ အဖန်ဆင်းခံ တစ်ခုသာလျှင်ဖြစ်ပေသည်။ ကိုးကွယ်ရာမဟုတ်။ အကယ်စင်စစ်ကိုးကွယ်ရာမှကား အလွှာဟ်အရှင်မြတ်သာလျှင်ဖြစ်တော်မူပေသည်။

هٰذَا نَذِيرٌ مِّنَ النُّذُرِ الْأُولَىٰ ﴿٥٦﴾

၅၆။ ဤ(တမန်တော်)သည် ရှေးဟောင်း သတိပေးနှိုးဆော်သူတို့တွင် တစ်ပါးအပါအဝင်ဖြစ်၏။

أَزِفَتِ الْآزِفَةُ ﴿٥٧﴾

၅၇။ နီးကပ်၍လာသောအရာသည် နီးကပ်၍လာခဲ့လေပြီ။

لَيْسَ لَهَا مِن دُونِ اللَّهِ كَاشِفَةٌ ﴿٥٨﴾

၅၈။ ထိုနီးကပ်၍လာသောအရာကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး၊ ဖယ်ရှားအံ့သောသူဟူ၍ အလျင်းမရှိပြီ။

أَفَمِنْ هٰذَا الْحَدِيثِ تَعْجَبُونَ ﴿٥٩﴾

၅၉။ အသင်တို့သည် ဤအာယတ်တော်ကြောင့် အံ့သြ၍ နေကြလေသလော။

وَتَضْحَكُونَ وَلَا تَبْكُونَ ﴿٦٠﴾

၆၀။ ထို့ပြင် အသင်တို့သည် ငိုကြွေးခြင်းမရှိကြသည့်ပြင် ရယ်မော၍ နေကြလေသလော။

وَأَنتُمْ سَامِدُونَ ﴿٦١﴾

၆၁။ ထိုမှတစ်ပါး၊ အသင်တို့သည် ဂရုမစိုက်ဘဲ ကစားခုန်စား မာန်မာနထောင်လွှားလျက် ရှိကြလေသလော။

فَاسْجُدُوا لِلَّهِ وَاعْبُدُوا ﴿٦٢﴾

၆၂။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်ဝယ် 'စဂျဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်။ ထိုမှတစ်ပါး၊ အသင်တို့သည် (ထိုအရှင်မြတ်အား သာလျှင်) ကိုးကွယ်ကြလေကုန်။ ၁

---

① ဆိုလိုသည်ကား- ကိယာမတ်နှင့် ယင်းကိယာမတ်ဖြစ်ပေါ်ရန် အချိန်နီးကပ်လာပြီဖြစ်ကြောင်း၊ ကြားသိရသောအခါ၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသောအားဖြင့် ငိုကြွေးကြရမည်သာ ဖြစ်သည်။ မိမိတို့၏ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြရမည်သာဖြစ်သည်။ ယခုမူ အသင်တို့သည် ဤအကြောင်းကိုပင် အံ့သြနေကြသည်၊ ပြက်ရယ်ပြုနေကြသည်၊ ရယ်မောနေကြသည်။ အမှန်မှာ အမြော်အမြင်ရှိသူများသည် ဖြစ်ပေါ်လာမည့် အန္တရာယ်ကို လျစ်လျူပြုကာ သွန်သင်ဆုံးမတရားချသည့် စကားများကို ပြက်ချော်သမူ မပြုကြရာ၊ ကျိုးနွံကြရာသည်၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကာ ဦးချကြရာသည်၊ ကိုးကွယ်ကြရာသည်။

မှတ်ချက်။ တမန်တော်မြတ်သည် ဤကြယ်တာရာကဏ္ဍကို ရွတ်ဖတ်ပြီးနောက် စဂျဒဟ် ပျပ်ဝပ် ဦးချတော်မူခဲ့၏။ မွတ်စ်လင်မ်၊ မုရှ်ရစ်က်၊ ဂျင်နနှင့် လူသား အားလုံးတို့သည်လည်း ဦးချခဲ့ကြလေသည်။

စန်းသော်တာ လ ကဏ္ဍ

سُورَةُ الْقَمَرِ

ဤကဏ္ဍသည် လကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၅၅)ပါး၊ (ရကူအ်) အပိုဒ်သုံးပိုဒ် အသီးသီး ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

အလွန်တရာ သနားကြင်နာညှာတာတော်မူသော၊
အထူး ကရုဏာပြုတော်မူသော၊
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

اقْتَرَبَتِ السَّاعَةُ وَانشَقَّ الْقَمَرُ ①

၁။ 'ကိယာမတ်' ရှင်ပြန်ထရန် အချိန်ကာလသည် နီးကပ်၍လာခဲ့ချေပြီ။ ၎င်းပြင် 'လ'သည် (နှစ်ခြမ်း) ကွဲခဲ့လေပြီ။ [1]

---

① ဆိုလိုသည်ကား - ကိယာမတ်ဖြစ်ရန် အချိန် နီးကပ်လာချေပြီ။ ကိယာမတ်ကို မယုံကြည်က ဒုက္ခကြီးစွာ တွေ့ရမည်။ မကြာမီ ကိယာမတ်ဖြစ်မည့် အကြောင်းနှင့် စပ်လျဉ်း၍ အထောက်အထားလည်း ရှိနေချေပြီ။ ထိုအရာကားအခြားမဟုတ်၊ လ အက်ကွဲသွားခဲ့ခြင်းပင်ဖြစ်သည်။ လင်းပြဉီးအံ့ - လကို နှစ်ခြမ်းခွဲပြခြင်းမှာ တမန်တော်မြတ်၏ (မုအ်ဂျိဇာ)တန်ခိုးတော်ဖြစ်သည်။ ထိုတန်ခိုးတော်ကို ကြည့်ခြင်းအားဖြင့် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါး ဖြစ်ကြောင်း ထင်ရှားသည်။ တမန်တော်၏ စကားတိုင်းသည် မှန်ကန်သည်သာဖြစ်သည်။ သို့ဖြစ်ရာ 'ကိယာမတ်ဖြစ်ရန်အချိန်သည် နီးကပ်လာပြီဖြစ်သည်' ဟူသော ဘမန်တော်မြတ်၏ စကားသည်လည်း မလွဲမသွေ မှန်ကန်သည်သာဖြစ်သည်။ ကြည့်-ထာနဝီ။

လကို နှစ်ခြမ်းခွဲပြသည့် တန်ခိုးတော်။

တမန်တော်မြတ်သည် မဒီနာသို့ (ဟိဂျ်ရတ်) ရွှေ့ပြောင်းမသွားမီ၊ မိနာ၌ တစ်နေ့ ရောက်ရှိနေတော်မူခဲ့၏။ အနီး၌ ကာဖိရ်များလည်း ရှိနေခဲ့ကြ၏။ ကာဖိရ်များက တမန်တော်မြတ်ထံ တန်ခိုး တစ်မျိုးမျိုးပြရန် တောင်းဆိုကြ၏။ ထိုအခါ တမန်တော်မြတ်က ကာဖိရ်များအား အသင်တို့သည် မိုးကောင်းကင်သို့ ကြည့်ရှုကြကုန်ဟု ပြောကြားတော်မူ၏။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် လသည် ရုတ်တရက် နှစ်ခြမ်းကွဲသွားခဲ့၏။ လတစ်ခြမ်းသည် အနောက်ဘက်သို့ ရွှေ့လျားသွားခဲ့၏။ အခြားတစ်ခြမ်းသည် အရှေ့ဘက်သို့ ရွှေ့လျားသွားခဲ့၏။ ယင်းသို့ လနှစ်ခြမ်းကွဲသွားသည်ကို အားလုံးတို့ တပ်အပ်သေချာ တွေ့မြင်လိုက်ကြပြီးသည့်နောက်တွင်၊ အဆိုပါ လနှစ်ခြမ်းသည် ပြန်လည် ပေါင်းစပ်သွားခဲ့၏။

ကာဖိရ်များသည် ယင်းသို့ လနှစ်ခြမ်းခွဲပြသည့် တန်ခိုးတော်ကို မိမိတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တပ်အပ်သေချာ တွေ့မြင်ခဲ့ကြရသော်လည်း၊ 'ကျားကျား မီးယပ်' ဆိုသကဲ့သို့၊ ဤသည် ရှေးအစဉ်အလာ ပဋိလက်အတတ်သာ ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။

ဤတန်ခိုးတော်ကို 'ရှက္ကလ်ကမရ်' လနှစ်ခြမ်းခွဲပြသော တန်ခိုးတော်ဟုခေါ်သည်။ ဤတန်ခိုးတော်သည် ကိယာမတ်၏ နိမိတ်လက္ခဏာတစ်ပါးပင်ဖြစ်သည်။ ဆိုလိုသည်ကား-လနှစ်ခြမ်းကွဲသွားသည့်အလား၊ ➤➤

وَإِن يَرَوْا آيَةً يُعْرِضُوا وَيَقُولُوا سِحْرٌ مُّسْتَمِرٌّ ﴿٢﴾

၂။ သို့ရာတွင် ၎င်းတို့သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် ကျောခိုင်း၍သွားကြသည့်ပြင် (ဤသည်) အဓွန့်ရှည်သော ရှေးအစဉ်အလာဖြစ်သော ပဋိလက်အတတ်ပညာဖြစ်သည် ဟူ၍ ပြောဆိုလေ့ ရှိခဲ့ကြကုန်၏။ [၁]

وَكَذَّبُوا وَاتَّبَعُوا أَهْوَاءَهُمْ وَكُلُّ أَمْرٍ مُّسْتَقِرٌّ ﴿٣﴾

၃။ ထို့ပြင် ၎င်းတို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ၍ မိမိတို့၏ အလိုဆန္ဒများကိုသာ လိုက်နာခဲ့ကြကုန်၏။ စင်စစ်သော်ကား အရေးကိစ္စတိုင်းမှာ (သတ်မှတ်ထားသော အချိန်ကာလတွင်) ဆုံးဖြတ်ပြီး ဖြစ်၏။

وَلَقَدْ جَاءَهُم مِّنَ الْأَنبَاءِ مَا فِيهِ مُزْدَجَرٌ ﴿٤﴾

၄။ ထို့ပြင် ၎င်းတို့ထံ ဧကန်မလွဲ သင်ခန်းစာလုံလောက်စွာပါရှိသော သတင်းများသည် ရောက်ရှိခဲ့ပေပြီ။

➤➤ ကိယာမတ်ဖြစ်သည့်အခါ အားလုံး ကွဲအက်သွားမည်ဖြစ်သည်။

ဤလနှစ်ခြမ်း ကွဲသွားခဲ့သည့်အကြောင်း ဟဒီးဆ်ကျမ်းကြီးအားလုံးတွင် အခိုင်အမာ လာရှိပေသည်။ တွဟာဝီ၊ အစ်ဗ်နုကဆီရ် စသည့် ပညာရှင်ကြီးများက လနှစ်ခြမ်း ကွဲခဲ့သည့်အကြောင်းနှင့် စပ်လျဉ်း၍ ဟဒီးဆ် ဩဝါဒတော်သည် 'မုတဝါတိရ်' ဖြစ်သည်။ ခေတ်တိုင်းတွင် မြောက်မြားစွာသော ပညာရှင်များက အဆက်မပြတ် ဖွင့်ဟ ဟောပြောခဲ့ကြသည်ဟု အခိုင်အမာ ဆိုထားကြသည်။

② ဤ အာယတ်တော်တွင် ပါရှိသော (مُسْتَمِرٌّ) 'မွတ်စ်တမိရ်ရ်' ဟူသောပုဒ်ကို ပညာရှင်များသည် အမျိုးမျိုး ဘာသာပြန်ဆိုကြသည်။

(၁) မကြာမီ ပြီးဆုံးသွားမည့် အရာ။ ထာနဝီ။

(၂) ရှေးအစဉ်အလာ ဖြစ်သော။ အွတ်ဆ်မာနီ။

(၃) ပျက်စီး ပပျောက်သွားမည့်အရာ၊ မတည်မြဲသောအရာ။ အစ်ဗ်နုကဆီရ်။

(၄) တည်မြဲသော၊ ခိုင်မာသော။ ခါဇင်န်။

ဆိုလိုသည်ကား-လ နှစ်ခြမ်းခွဲပြခဲ့သည့် တန်ခိုးတော်ကို တွေ့မြင်ကြရသောအခါ ကာဖိရ်များက 'အတိတ်ခေတ်များတွင်လည်း ပဋိလက်ဆရာများ ပေါ်ခဲ့ကြသည်။ ပဋိလက်အတတ်များကို ပြသခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့၏ ပဋိလက်သည် မတည်မြဲပေ၊ ပျက်စီးသွားခဲ့သည်သာဖြစ်သည်။ ထို့အတူ တမန်တော်မြတ် မုဟမ္မဒ်၏ ပဋိလက်သည်လည်း မကြာမီအတွင်း ပျက်စီးသွားမည်သာဖြစ်သည်' ဟု ဆိုခဲ့ကြပေသည်။ တမန်တော်မြတ်သည် ပဋိလက်ဆရာမဟုတ်၊ တမန်တော်တစ်ပါး ဖြစ်တော်မူသည်။ တမန်တော်မြတ် ပြသတော်မူခဲ့သော အရာသည် ပဋိလက် မဟုတ်၊ တန်ခိုးတော်ဖြစ်သည်။ ဤကား အထင်အရှားပင်။

حِكْمَةٌۢ بَٰلِغَةٌ ۖ فَمَا تُغْنِ النُّذُرُ ۝٥

၅။ (ဤကုရ်အာန် ကျမ်းတော်မြတ်သည်) ပြည့်စုံသော နက်နဲသိမ်မွေ့သည့် ဉာဏ်ပညာပင် ဖြစ်ချေသည်။ သို့တစေလည်း (ယင်းသို့သော သူများအား) သတိပေးနှိုးဆော်သော အကြောင်းအရာများသည် အကျိုးရှိစေမည် မဟုတ်ပေတကား။ [၁]

فَتَوَلَّ عَنْهُمْ ۘ يَوْمَ يَدْعُ ٱلدَّاعِ إِلَىٰ شَىْءٍ نُّكُرٍ ۝٦

၆။ သို့ဖြစ်ပေရာ (အိုဗ်-နဗီတမန်တော်၊) အသင်သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲ၍ နေပါလေ။ အကြင်နေ့တွင် ဆင့်ခေါ်သူ (ကောင်းကင်တမန်)သည် (၎င်းတို့အား) မနှစ်မြို့ဖွယ်ဖြစ်သော ကိစ္စတစ်ခုသို့ ဆင့်ခေါ်ပေမည်။

خُشَّعًا أَبْصَٰرُهُمْ يَخْرُجُونَ مِنَ ٱلْأَجْدَاثِ كَأَنَّهُمْ جَرَادٌ مُّنتَشِرٌ ۝٧

၇။ (ထိုနေ့တွင်) ၎င်းတို့၏မျက်စိများမှာ အောက်သို့စိုက်လျက် ရှိကြပေမည်။ ၎င်းတို့သည် ပျံ့နှံ့လျက်ရှိသော ကျိုင်းကောင်များကဲ့သို့ပင် သင်္ချိုင်းများမှ ထွက်လာကြပေမည်။

مُّهْطِعِينَ إِلَى ٱلدَّاعِ ۖ يَقُولُ ٱلْكَٰفِرُونَ هَٰذَا يَوْمٌ عَسِرٌ ۝٨

၈။ ဆင့်ခေါ်သူ(ရှိရာ)သို့ ပြေးလျက်လာကြပေမည်။ 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့မှာ 'ဤနေ့ကား လွန်စွာ ခက်ထန်သောနေ့ဖြစ်သည်' ဟု ပြောဆိုလျက် ရှိကြကုန်အံ့သတည်း။ [၂]

---

① ဆိုလိုသည်ကား- ကုရ်အာန်ကျမ်းမြတ်သည် နက်နဲသိမ်မွေ့သောဆင်ခြင်တုံတရား၊ ဉာဏ်ပညာ၊ အမြော်အမြင်များနှင့် ပြည့်နက်လျက်ရှိပေသည်။ ပုဂ္ဂိုလ်တစ်ဦးသည် ဖြူစင်သောစိတ်ထားဖြင့် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ဖတ်ရှုလေ့လာဆင်ခြင်ပါက အလွယ်တကူ နားလည်သဘောပေါက်လာနိုင်ပေသည်။ သို့တစေလည်း ဤကာဖိရ်များသည် စိတ်ဓာတ်လွန်စွာခဲယဉ်းနေသည့်အတွက် မည်သည့် အဆုံးအမ၊ မည်သည့် သတိပေးချက်ကိုမျှ ဂရုမမူကြပေ။ ဤရွေ့ဤမျှ စိတ်ဓာတ်ခဲယဉ်းနေသူများနှင့် ပတ်သက်၍၊ တမန်တော်မြတ်သည် တာဝန်ရှိသည့်အတိုင်း ဟောသင့်ဟောအပ်သည်များကို ဟောကြားတော်မူပြီးဖြစ်ပေရာ၊ နောက်ထပ် စိတ်ဒုက္ခခံနေရန် မလိုတော့ပြီ။ ၎င်းတို့အား လျစ်လျူပြုထားတော်မူရမည်သာ။ ၎င်းတို့သည် ကိယာမတ်နေ့တွင် ယခု မောက်မာ ခက်ထန်နေကြသည့် အကျိုးများကို လှလှကြီး ခံစားကြရပေမည်။ ဤသည့်သဘောကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ فَكَذَّبُوا عَبْدَنَا وَقَالُوا مَجْنُونٌ وَازْدُجِرَ ﴿٩﴾

၉။ ၎င်းတို့အလျင် 'နူဟ်'၏ အမျိုးသားတို့သည်လည်း မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။ အမှန်သော်ကား၊ ၎င်းတို့သည် ငါအရှင်မြတ်၏ 'ကျွန်တော်' (နူဟ်)အား မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြသည့်ပြင် 'သူရူး' ဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြကုန်၏။ ထိုမှတစ်ပါး၊ ထို 'နူဟ်'သည် ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရလေ၏။

فَدَعَا رَبَّهُ أَنِّي مَغْلُوبٌ فَانْتَصِرْ ﴿١٠﴾

၁၀။ ထိုအခါ ထို'နူဟ်'သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်၌ (အို-အရှင်) ဧကန်စင်စစ် ကျွန်တော်မျိုးသည် အရေးမလှသူ (ဖိနှိပ်ခြင်းခံရသူ) ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် လက်စားချေတော်မူပါဟု ပန်ကြားခဲ့လေ၏။

فَفَتَحْنَا أَبْوَابَ السَّمَاءِ بِمَاءٍ مُنْهَمِرٍ ﴿١١﴾

၁၁။ ထိုအခါ ငါအရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကိုဖွင့်၍ မိုးသည်းထန်စွာရွာသွန်းစေတော်မူ၏။

وَفَجَّرْنَا الْأَرْضَ عُيُونًا فَالْتَقَى الْمَاءُ عَلَى أَمْرٍ قَدْ قُدِرَ ﴿١٢﴾

၁၂။ ၎င်းပြင် ငါအရှင်မြတ်သည် ပထဝီမြေမှ စမ်းများကို ပန်း၍ထွက်စေတော်မူခဲ့ရာ (ထက်အောက်) ရေသည် တင်ရင်စီမံထားသော အရေးကိစ္စ (ပြည့်ဝစေရန်) ရောစပ်၍ သွားခဲ့လေ၏။

---

(၂) ဆိုလိုသည်ကား-ယနေ့ ခက်ထန်နေကြသော ကာဖိရ်များသည် နက်ဖြန် ကိယာမတ်နေ့တွင် အပျော့ကြီးပျော့သွားပေမည်။ ယနေ့ ဖိတ်ခေါ်ရာသို့ မလိုက်နာသော ကာဖိရ်များသည်၊ ကိယာမတ်နေ့တွင် အပြေးအလွှားလိုက်ကြပေမည်။ ယနေ့ မောက်မာ ခက်ထန်နေသော ကာဖိရ်များသည် ကိယာမတ်နေ့တွင် အကြောက်ကြီးကြောက်ကာ မော့၍ပင် ကြည့်ဝံ့ကြမည် မဟုတ်ပေ။ မိမိတို့ တစ်သက်တာလုံး သွေဖည် ငြင်းဆန်နေခဲ့ကြသည်များကို မျက်ဝါးထင်ထင် တွေ့မြင်၍၊ လွတ်မြောက်ရန်လမ်း မရှိသည်ကို သိရှိကြသောအခါ၊ ဤနေ့သည် လွန်စွာ ခက်ထန်ပါဘိတကားဟု ပြောဆို ညည်းညူကြပေမည်။ ဤကား မည်သူမပြု မိမိမူပင်။

ကာဖိရ်များသည် မိမိတို့ သွေဖည်ခဲ့ကြသည့်အတွက် ကိယာမတ်နေ့တွင် ပြစ်ဒဏ်များကို မလွဲမသွေခံစားကြရမည်ဖြစ်သည်။ ဤအကြောင်း အထက်တွင် မိန့်ဆိုထားတော်မူသည်။ သို့ရာတွင် အချို့ များစွာသော ကာဖိရ်များသည် ကိယာမတ်အလျင် ဤပစ္စက္ခမှာပင် ကွပ်မျက်ဖျက်ဆီးခြင်း ခံသွားခဲ့ကြရပေသည်။ ဤအကြောင်းကို ရှေ့အာယတ်တော်များတွင် မိန့်ဆိုထားတော်မူသည်။

وَحَمَلْنٰهُ عَلٰى ذَاتِ اَلْوَاحٍ وَّدُسُرٍ ﴿١٣﴾

၁၃။ ထိုမုတစ်ပါး ငါအရှင်မြတ်သည် ထို 'နူဟ်' အား ပျဉ်ချပ်များဖြင့်လည်းကောင်း၊ သံများဖြင့်လည်းကောင်း၊ ပြုလုပ်၍ထားသော (သင်္ဘော)ပေါ်သို့ စီးနင်းစေတော်မူခဲ့၏။

تَجْرِيْ بِاَعْيُنِنَا جَزَآءً لِّمَنْ كَانَ كُفِرَ ﴿١٤﴾

၁၄။ ယင်းသင်္ဘောမှာ ငါအရှင်မြတ်၏ စောင့်ရှောက်မှုအောက်တွင် သွားလာ လှုပ်ရှားလျက် ရှိနေခဲ့၏။ (ထိုသည်ကား) ငြင်းပယ်ခြင်း ခံခဲ့ရသောသူ(နူဟ်)နှင့် ပတ်သက်၍ လက်စားချေတော်မူခြင်းပင် ဖြစ်ပေသည်။

وَلَقَدْ تَّرَكْنٰهَآ اٰيَةً فَهَلْ مِنْ مُّدَّكِرٍ ﴿١٥﴾

၁၅။ ထို့ပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် ယင်းအဖြစ်အပျက်ကို (သင်ခန်းစာ ရယူနိုင်ရန်) သက်သေလက္ခဏာတစ်ပါးအဖြစ် ကျန်ရစ်စေတော်မူခဲ့ရာ၊ သင်ခန်းစာရယူအံ့သောသူ တစ်ဦးတစ်ယောက် ရှိလေသလော။ [၁]

فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿١٦﴾

၁၆။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည်လည်းကောင်း၊ မည်သို့မည်ပုံ ရှိခဲ့သည်ကို (ဆင်ခြင်သုံးသပ်ကြလေကုန်)။

---

① ဆိုလိုသည်ကား- တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများ၏ဖြစ်ရပ်တွင် စဉ်းစားဆင်ခြင်မြော်မြင်တတ်သူများအဖို့ သင်ခန်းစာ အမြောက်အမြား ပါရှိပေသည်။ တစ်နည်း- ယနေ့ကမ္ဘာအရပ်ရပ်တွင် ရှိနေသော သင်္ဘောသားများသည် တမန်တော်နူဟ်၏သင်္ဘောကို ညွှန်ပြလျက်ရှိပေသည်။ တစ်နည်း- အချို့၏ ယူဆချက်အရ ဤအာယတ်တော်တွင်ပါရှိသည့် သက်သေလက္ခဏာဟူသည် တမန်တော်နူဟ်၏ သင်္ဘောကိုပင် ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်နူဟ်၏သင်္ဘောသည် တမန်တော်နူဟ်၏နောက်တွင်လည်း နှစ်ပရိစ္ဆေဒ အတော်အတန် ကြာသည်အထိ ဂျူဒီတောင်ထိပ်တွင် တည်ရှိနေခဲ့ပေသည်။ ယင်းသည့် ဖြစ်ရပ်ကို ရည်ညွှန်း၍ အလ္လာဟ်အရှင်မြတ်က 'သင်ခန်းစာယူမည့်သူ တစ်ဦးတစ်ယောက်ရှိသည်လော' ဟူ၍ သတိပေးမေးထားတော်မူသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် (၁၁:၃၆-၄၉) တွင် အကျယ် ရေးသားထားခဲ့ပေပြီ။

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ﴿١٧﴾

၁၇။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိသည်လော။ ၁

---

① **ကုရ်အာန်သည် လွယ်၏။ နက်၏။**

ကုရ်အာန်သည် လွယ်လည်း လွယ်လှ၏။ နက်လည်း နက်လှ၏။ ဆိုလိုသည်ကား ကုရ်အာန်ကျမ်းမြတ်မှ တရားရယူလိုသူ တစ်ဦးအဖို့ တရားရယူရန် အလွန် လွယ်ကူလှပေသည်။ အဘယ်ကြောင့်ဆိုသော် ညွှန်ပြမှု၊ လှုံ့ဆော်မှု၊ ကောင်းချီးသတင်းပေးမှု၊ သတိပေးမှုများနှင့် စပ်လျဉ်းသည့် အာယတ်တော်များသည် အလွန်တရာမျှပင် ရှင်းလှ၏။ လင်းလှ၏။ လွယ်ကူလှ၏။ ထိမိလှ၏။ သို့တစေ ဤသည် တရားယူလိုသူအဖို့သာ၊ တရား မယူလိုသူအဖို့မှာကား အလွယ်လည်း အခက်ပင်။ ဆင်ခြင်အမျိုးမျိုး တက်ဦးမည်ပင်။

'ငါအရှင်မြတ်သည် မုချဧကန် ကုရ်အာန်ကျမ်းမြတ်ကို တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူထားသည်' ဟူသော အာယတ်တော်ကို သာမန်ကြည့်ပြီး ကုရ်အာန် ကျမ်းမြတ်သည် အလွန်လွယ်ကူသည်၊ မပြောကောင်း မဆိုအပ်၊ ကုရ်အာန်ကျမ်းမြတ်သည် သာမန်ကျမ်းတစ်စောင်မျှဖြစ်သည်၊ သူငါအများ အလွယ်တကူ နားလည်နိုင်သည်၊ ကုရ်အာန်ကျမ်းမြတ်တွင် အလွန်နက်နဲသော အလွန်သိမ်မွေ့သော အဓိပ္ပာယ်၊ အလွန်နက်သော အကြောင်းများ၊ သဘောတရားများ မပါဟူ၍ကား မေ့များ၍မျှ မတွေးအပ်၊ မထင်အပ်၊ မပြောအပ်။

အလ္လာဟ်အရှင်မြတ်သည် အတိုင်းအဆမရှိ တန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ အားလုံးသိတော်မူသည်၊ အားလုံး စွမ်းတော်မူသည်၊ အံ့မဆုံးသည့် စကြာဝဠာကြီးကို အံ့ဖွယ်သရဲ ဖန်ဆင်းထားတော်မူသည်။ စကြာဝဠာကြီး တစ်ခုလုံးကို မဆိုထားနှင့်၊ စကြာဝဠာအတွင်းရှိ အလွန်သေးငယ်လှသော အရာဝတ္ထု ပစ္စည်းတစ်ခု၏ အံ့ဖွယ်သရဲ ရုပ်တည်နေပုံ၊ နက်နဲပုံ၊ သိမ်မွေ့ပုံ၊ ဆန်းကျယ်ပုံများကို သုတေသီများသည် သုတေသန ပြုလုပ်ကြသည်နှင့်အမျှ ပို၍ပို၍ ဆန်းကြယ်လာသည်ကိုသာ တွေ့နေရသည်ဖြစ်ရကား၊ ထိုသို့သော အရှင်မြတ်၏ ကျမ်းမြတ်သည် အခြားကျမ်းများနှင့် အသို့လျှင် တူနိုင်အံ့နည်း။ ထိုအရှင်မြတ်၏ အာယတ်တော်များတွင် အလွန့်အလွန်နက်သော၊ အလွန့်အလွန် သိမ်မွေ့သော အကြောင်းများ၊ သဘောတရားများ၊ အသို့လျှင် မပါမရှိ ဖြစ်နိုင်အံ့နည်း။ မုချပါသည်၊ မလွဲမသွေရှိသည်။

ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်က (لاتنقضى عجائبه) 'ကုရ်အာန်ကျမ်းမြတ်၏ အံ့ဖွယ်နက်နဲသိမ်မွေ့မှုများသည် ဘယ်သောအခါမျှ ကုန်ဆုံးမည်မဟုတ်' ဟူ၍ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။ တမန်တော်မြတ်၏မိန့်ကြားချက်ကား မှန်ကန်တိကျလှ၏။ ဤကားမျက်မြင်ပင်။ ကုရ်အာန်ကျမ်းမြတ် စတင် ကျရောက်ခဲ့သည့်အချိန်မှ ယနေ့တိုင် မြောက်မြားစွာသော ပညာရှင် အကျော်အမော်တို့သည် ခေတ်တိုင်းခေတ်တိုင်းတွင် ကုရ်အာန်ကျမ်းမြတ်ကို ရှုထောင့်အမျိုးမျိုးမှ သုတေသန ပြုနေခဲ့ကြ၏။ လေ့လာ ဆည်းပူးနေခဲ့ကြ၏။ ယခုလည်း ဆည်းပူးလျက်ပင်၊ နောင်တွင်လည်း ကိယာမတ်တိုင် ဆည်းပူးနေကြဦးမည်ပင်။

သို့တစေလည်း မဟာသမုဒ္ဒရာဝယ် ယုန်သူငယ် မထောက်နိုင်သကဲ့သို့၊ ကုရ်အာန်ကျမ်းမြတ်၏ အလွန့်အလွန် နက်သည့် နောက်ဆုံးစွန်အနက်ကိုမူ မည်သူမျှ မထောက်နိုင်ခဲ့သေးပေ။

كَذَّبَتْ عَادٌ فَكَيْفَ كَانَ عَذَابِي وَنُذُرِ ﴿١٨﴾

၁၈။ 'အာဒ်' အမျိုးသားတို့သည်လည်း မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ပေရာ ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေး နှိုးဆော်မှုများသည် မည်သို့ရှိခဲ့ပေသနည်း။

إِنَّا أَرْسَلْنَا عَلَيْهِمْ رِيحًا صَرْصَرًا فِي يَوْمِ نَحْسٍ مُّسْتَمِرٍّ ﴿١٩﴾

၁၉။ စင်စစ်ဧကန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ်၌ အဓွန့်ရှည်စွာ မင်္ဂလာကင်းမဲ့သောနေ့တွင် ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။

تَنزِعُ النَّاسَ كَأَنَّهُمْ أَعْجَازُ نَخْلٍ مُّنقَعِرٍ ﴿٢٠﴾

၂၀။ ယင်းလေပြင်းမုန်တိုင်းမှာ လူတို့အား ဆွဲနှုတ်ခဲ့ရာ ၎င်းတို့သည် အမြစ်မှ ပြုတ်ထွက်ပြိုလဲခဲ့လေသော စွန်ပလွံပင်၏ပင်မကြီးများကဲ့သို့ ဖြစ်သွားခဲ့ကြ၏။ [၃]

فَكَيْفَ كَانَ عَذَابِي وَنُذُرِ ﴿٢١﴾

၂၁။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည်လည်းကောင်း၊ မည်သို့ရှိခဲ့သနည်း။

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ﴿٢٢﴾

၂၂။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူအံ့သောငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိလေသလော။

كَذَّبَتْ ثَمُودُ بِالنُّذُرِ ﴿٢٣﴾

၂၃။ 'ဆမူဒ်'အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူတို့အား မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ [၄]

---

③ အာဒ်အမျိုးသားများသည်လည်း မိမိတို့၏တမန်တော်အား သွေဖည်ဆန့်ကျင်ခဲ့ကြသည့်အတွက် ဤပစ္စက္ခတွင်ပင် ပြစ်ဒဏ်သင့်၍ ထန်းဆစ်လည်ကျိုး အသေဆိုးနှင့် မရှုမလှ သေကျေ ပျက်စီးသွားခဲ့ကြပေသည်။ အာဒ် အမျိုးသားများအကြောင်း အကြိမ်ကြိမ် ပါရှိခဲ့ပေပြီ။ ကုရ်အာန် (၇:၆၅)တွင် အကျယ်ရေးသားခဲ့ပေပြီ။

④ ဆမူဒ်အမျိုးသားများသည်လည်း မိမိတို့၏တမန်တော်အား သွေဖည် ဆန့်ကျင်ခဲ့ကြသည့်အတွက် ဤပစ္စက္ခမှာပင် ပြစ်ဒဏ်သင့်၍ မရှုမလှ သေကြေပျက်စီးသွားခဲ့ကြရပေပြီ။ ဆမူဒ် အမျိုးသားများအကြောင်း အကြိမ်ကြိမ် ပါရှိခဲ့ပေပြီ။ ကုရ်အာန် (၇:၇၃-၇၉) ၏ အဖွင့်များတွင် အကျယ် ရေးသားခဲ့ပေပြီ။

فَقَالُوٓا۟ أَبَشَرًا مِّنَّا وَٰحِدًا نَّتَّبِعُهُۥٓ إِنَّآ إِذًا لَّفِى ضَلَٰلٍ وَسُعُرٍ ﴿٢٤﴾

၂၄။ ထို့ပြင် ၎င်းတို့က ကျွန်ုပ်တို့သည် မိမိတို့အမျိုးအစားထဲမှဖြစ်သော လူသားတစ်ဦး၏နောက်သို့ လိုက်ကြရမည်လော။ သို့ဖြစ်လျှင် ဧကန်မလွဲ ကျွန်ုပ်တို့သည် လမ်းလွဲမှု၌၊ ထိုမျှမက ရူးသွပ်မှု၌ ကျရောက်သွားကြပေမည်။

ءَأُلْقِىَ ٱلذِّكْرُ عَلَيْهِ مِنۢ بَيْنِنَا بَلْ هُوَ كَذَّابٌ أَشِرٌ ﴿٢٥﴾

၂၅။ ကျွန်ုပ်တို့အနက်မှ ၎င်း၏အပေါ်၌သာ (ရွေးကောက်၍) 'ဝဟ်ယ်' အမိန့်တော် ဆုံးမညြဝါဒတော် ချပေးခြင်း ခံခဲ့ရလေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာကား ၎င်းသည် လွန်စွာမုသားပြောဆိုသူ၊ ဝင့်ကြွားသူပင် ဖြစ်ပေသည်။

سَيَعْلَمُونَ غَدًا مَّنِ ٱلْكَذَّابُ ٱلْأَشِرُ ﴿٢٦﴾

၂၆။ ၎င်းတို့သည် မည်သူ လွန်စွာမုသားပြောဆိုသူ၊ ဝင့်ကြွားသူ၊ ဖြစ်ကြောင်း မကြာမြင့်မီ နက်ဖြန်ပင် သိရှိကြရပေမည်။

إِنَّا مُرْسِلُوا۟ ٱلنَّاقَةِ فِتْنَةً لَّهُمْ فَٱرْتَقِبْهُمْ وَٱصْطَبِرْ ﴿٢٧﴾

၂၇။ ဧကန်အမှန် ငါအရှင်မြတ် ၎င်းတို့အား စမ်းသပ်တော်မူရန် ကုလားအုတ်မကို စေလွှတ်တော်မူအံ့၊ သို့ဖြစ်ပေရာ (အို-နဗီတမန်တော် 'ဆွာလစ်ဟ်') အသင်သည် ၎င်းတို့အား သည်းခံ၍ စောင့်စားပါလေ။

وَنَبِّئْهُمْ أَنَّ ٱلْمَآءَ قِسْمَةٌۢ بَيْنَهُمْ ۖ كُلُّ شِرْبٍ مُّحْتَضَرٌ ﴿٢٨﴾

၂၈။ ထို့ပြင် အသင်သည် ၎င်းတို့အား ၎င်းတို့(၏တိရစ္ဆာန်များနှင့်ကုလားအုတ်မ)၏အကြား၌(အလှည့်ကျသောက်သုံးရန်) ရေခွဲဝေပြီးဖြစ်ကြောင်း၊ အလှည့်အတိုင်း အသီးသီး လာရောက်ကြရမည်ဖြစ်ကြောင်း သတင်းပေးပါလေ။

فَنَادَوْا۟ صَاحِبَهُمْ فَتَعَاطَىٰ فَعَقَرَ ﴿٢٩﴾

၂၉။ ထိုအခါ၎င်းတို့သည် မိမိတို့အဖော်အား ဟစ်ခေါ်ခဲ့ရာ ထိုအဖော်သည် လာရောက်ပြီးလျှင် ကုလားအုတ်မ၏ ခြေများကို ဖြတ်တောက်ခဲ့လေ၏။

فَكَيْفَ كَانَ عَذَابِي وَنُذُرِ ﴿٣٠﴾

၃၀။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် မည်သို့ ရှိခဲ့ပေသနည်း။

إِنَّا أَرْسَلْنَا عَلَيْهِمْ صَيْحَةً وَاحِدَةً فَكَانُوا كَهَشِيمِ الْمُحْتَظِرِ ﴿٣١﴾

၃၁။ စင်စစ်ဧကန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ် ၌ ပြင်းထန်လှစွာသော အသံတစ်ခုကိုသာလျှင် စေလွှတ်တော်မူခဲ့ရာ ၎င်းတို့သည် ကျွဲ၊ နွား၊ တိရိစ္ဆာန်များ နေထိုင်ရန် ခြံခတ်သူ၏ သွေ့ခြောက်ကြေမွနေသော သစ်ကိုင်းသစ်လက်များကဲ့သို့ ဖြစ်သွားခဲ့ကြကုန်၏။

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ﴿٣٢﴾

၃၂။ ၎င်းပြင် မလွဲဧကန် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ် တရားရယူအံ့သော ၄ာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ် တရားရယူသူ တစ်ဦးတစ်ယောက် ရှိလေသလော။

كَذَّبَتْ قَوْمُ لُوطٍ بِالنُّذُرِ ﴿٣٣﴾

၃၃။ 'လူတွံ'၏အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူတို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆိုငြင်းပယ်ခဲ့ကြကုန်၏။

إِنَّا أَرْسَلْنَا عَلَيْهِمْ حَاصِبًا إِلَّا آلَ لُوطٍ نَّجَّيْنَاهُم بِسَحَرٍ ﴿٣٤﴾

၃၄။ ဧကန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့အပေါ် ၌ ခဲမိုးကို ရွာသွန်းစေတော်မူခဲ့၏။ သို့ရာတွင် လူတွံ၏နောက်လိုက်တပည့်သား မျိုးနွယ်တို့ကိုမူကား ငါအရှင်မြတ်သည် ညဥ့်၏ နောက်ဆုံးယံ၌ပင် လွတ်ကင်းစေတော်မူခဲ့၏။

نِّعْمَةً مِّنْ عِندِنَا كَذَٰلِكَ نَجْزِي مَن شَكَرَ ﴿٣٥﴾

၃၅။ ငါအရှင်မြတ် အထံတော်မှ ကျေးဇူးပြုတော်မူသောအားဖြင့် ကျေးဇူးသိတတ်သောသူအား ငါအရှင်မြတ်သည် ထိုနည်းအတိုင်းပင် အစားပေးလေ့ ရှိတော်မူ၏။

وَلَقَدْ أَنذَرَهُم بَطْشَتَنَا فَتَمَارَوْا بِالنُّذُرِ ﴿٣٦﴾

၃၆။ စင်စစ်သော်ကား ဧကန်မလွဲ ထို 'လူတွဲ'က ငါအရှင်မြတ် ဖမ်းဆီးအရေးယူတော်မူမည် ဖြစ်ကြောင်း ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သော်လည်း ၎င်းတို့မှာ (ယင်း)သတိပေးနှိုးဆော်မှုများနှင့် စပ်လျဉ်း၍ အငြင်းအခုံ ပြုခဲ့ကြကုန်၏။

وَلَقَدْ رَاوَدُوهُ عَن ضَيْفِهِ فَطَمَسْنَا أَعْيُنَهُمْ فَذُوقُوا عَذَابِي وَنُذُرِ ﴿٣٧﴾

၃၇။ ထိုမှတစ်ပါး၊ ၎င်းတို့သည် ထိုလူတွဲ၏ ဧည့်သည်များကို ၎င်း၏ထံ၌ (မကောင်းသော ရည်ရွယ်ချက်နှင့်) တောင်းဆိုခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ငါအရှင်မြတ်သည် ၎င်းတို့၏မျက်စိများကို ကန်းစေတော်မူခဲ့၏။ ထို့နောက် ၎င်းတို့အား) အသင်တို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်၏ရသာကိုလည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများ၏ ရသာကိုလည်းကောင်း၊ မြည်းစမ်းကြလေကုန်(ဟု မိန့်ကြားတော်မူခဲ့၏)။ [1]

وَلَقَدْ صَبَّحَهُم بُكْرَةً عَذَابٌ مُّسْتَقِرٌّ ﴿٣٨﴾

၃၈။ ထိုမှတစ်ပါး၊ ဧကန်မလွဲ အခွန့်ရှည်စွာ တည်မြဲအံ့သောငှာ ပြစ်ဒဏ်သည် ၎င်းတို့၌ နံနက်စောစော အချိန်တွင်ပင် သက်ရောက်ခဲ့လေ၏။

فَذُوقُوا عَذَابِي وَنُذُرِ ﴿٣٩﴾

၃၉။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကိုလည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုများကို လည်းကောင်း၊ မြည်းစမ်းကြလေကုန်(ဟု မိန့်ကြားတော်မူခဲ့၏။)

---

① တမန်တော် လူတွဲ(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများသည်လည်း တမန်တော် လူတွဲအား သွေဖည်ဆန့်ကျင်ခဲ့ကြသည့်အတွက် ပြစ်ဒဏ်သင့်၍ မျက်ကန်းများ ဖြစ်သွားခဲ့ကြရ၏။ ထို့နောက် ၎င်းတို့၏ မြို့ရွာများ ထက်အောက် ပြောင်းပြန် ဖြစ်သွားခဲ့ကြရ၏။ ထို့ပြင်တစ်ဝ ခဲမိုးများ ရွာသွန်းခြင်းကိုလည်း ခံခဲ့ကြရ၏။

သို့ရာတွင် တမန်တော် လူတွဲနှင့်တကွ တမန်တော် လူတွဲအား သက်ဝင်ယုံကြည်သော နောက်လိုက်တပည့်သားတို့သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ပြစ်ဒဏ်မှ လွတ်မြောက်သွားခဲ့ကြလေသည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ် ပါရှိပြီးဖြစ်သည်။

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ﴿٤٠﴾

၄၀။ မလွဲကန် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ် တရားရယူအံ့သောငှာ လွယ်ကူစေတော်မူခဲ့ပေရာ ကျက်မှတ်တရားရယူသူ တစ်ဦးတစ်ယောက် ရှိလေသလော။

وَلَقَدْ جَاءَ آلَ فِرْعَوْنَ النُّذُرُ ﴿٤١﴾

၄၁။ ထိုမှတစ်ပါး မုချဧကန် 'ဖစ်ရ်အောင်န်' ၏ ခြွေရံသင်းပင်းတို့ထံလည်း သတိပေးနှိုးဆော်ချက်များ ရောက်ရှိလာခဲ့၏။

كَذَّبُوا بِآيَاتِنَا كُلِّهَا فَأَخَذْنَاهُمْ أَخْذَ عَزِيزٍ مُّقْتَدِرٍ ﴿٤٢﴾

၄၂။ ၎င်းတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာအလုံးစုံတို့ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား နိုင်နင်းလွန်မိုးတော်မူသော တန်ခိုးနှင့် ပြည့်စုံတော်မူသောအရှင်၏ ဖမ်းဆီးပုံမျိုးနှင့် ဖမ်းဆီးအရေးယူတော်မူခဲ့၏။

أَكُفَّارُكُمْ خَيْرٌ مِّنْ أُولَٰئِكُمْ أَمْ لَكُم بَرَاءَةٌ فِي الزُّبُرِ ﴿٤٣﴾

၄၃။ အသင်တို့ခေတ်၌ရှိကုန်သော 'ကာဖိရ်'သွေဖည်ငြင်းပယ်သူတို့သည် ၎င်းတို့ထက် သာလွန် မြင့်မြတ်ကြလေသလော၊ သို့တည်းမဟုတ် ကျမ်းဂန်များ၌ အသင်တို့အဖို့ လွတ်ငြိမ်းခွင့်ရှိသည်ဟူ၍ လာရှိလေသလော။

أَمْ يَقُولُونَ نَحْنُ جَمِيعٌ مُّنتَصِرٌ ﴿٤٤﴾

၄၄။ သို့တည်းမဟုတ် ၎င်းတို့က 'ကျွန်ုပ်တို့သည် အောင်နိုင်မှု ရရှိကြအံ့သောအုပ်စုဖြစ်သည်' ဟု ပြောဆိုကြလေသလော။

سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ ﴿٤٥﴾

၄၅။ ယင်းအုပ်စုမှာ မကြာမြင့်မီမှာပင် အရေးရှုံးနိမ့်ကြပြီး ကျောခိုင်း၍ ထွက်ပြေးကြရပေမည်။

بَلِ السَّاعَةُ مَوْعِدُهُمْ وَالسَّاعَةُ أَدْهَىٰ وَأَمَرُّ ﴿٤٦﴾

၄၆။ စင်စစ်မှာကား 'ကိယာမတ်' ရှင်ပြန်ထမည့် အချိန်ကာလသည် ၎င်းတို့အား ချိန်းချက်ထားသော ချိန်းချက်မှုဖြစ်၏။ ထိုမှတစ်ပါး 'ကိယာမတ်' ရှင်ပြန်

ထမည့်အချိန်ကာလသည် ပို၍ပင် ပြင်းထန်သည့်ပြင် ပို၍ပင် နာကြည်းဖွယ် ဖြစ်ပေသတည်း။

إِنَّ الْمُجْرِمِينَ فِي ضَلَالٍ وَسُعُرٍ ﴿٤٧﴾

၄၇။ ဧကန်အမှန် ပြစ်မှုကျူးလွန်သူတို့သည် လမ်းလွဲမှု၌လည်းကောင်း၊ ဉာဏ်ကင်းမဲ့မှု၌ လည်းကောင်း၊ ရှိနေကြကုန်၏။

يَوْمَ يُسْحَبُونَ فِي النَّارِ عَلَىٰ وُجُوهِهِمْ ذُوقُوا مَسَّ سَقَرَ ﴿٤٨﴾

၄၈။ ၎င်းတို့သည် မှောက်လျက် ငရဲမီး၌ တရွတ်တိုက် ဆွဲချခြင်းကို ခံကြရသောနေ့တွင် 'အသင်တို့သည်ငရဲမီး ထိရောက်ခြင်း၏ ရသာကို မြည်းစမ်းကြကုန်'ဟု မိန့်ကြားတော်မူခြင်းကို ခံကြရလတ္တံ့)။ [၁]

إِنَّا كُلَّ شَيْءٍ خَلَقْنَاهُ بِقَدَرٍ ﴿٤٩﴾

၄၉။ ဧကန်မလွဲ ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။

وَمَا أَمْرُنَا إِلَّا وَاحِدَةٌ كَلَمْحٍ بِالْبَصَرِ ﴿٥٠﴾

၅၀။ စင်စစ်သော်ကား ငါအရှင်မြတ်၏ အမိန့်တော်မှာ တစ်ကြိမ်တည်း အမိန့်ပေးရုံကာမျှဖြင့် မျက်စိတစ်မှိတ်အတွင်း ဖြစ်မြောက်သွားပေမည်။ [၂]

---

① ဆိုလိုသည်ကား– အထက်တွင် အတိတ်ခေတ် ကာဖိရ်များကဲ့သို့ပင် လက်ရှိ ကာဖိရ်များလည်း ဤပစ္စက္ခမှာပင် ပြစ်ဒဏ်သင့်ကြရမည့်အကြောင်း၊ ကိယာမတ်နေ့တွင်မူ မလွဲဧကန် ပြစ်ဒဏ် လှလှကြီး ခံကြရမည့်အကြောင်း သတိပေးထားတော်မူ၏။ သို့တစေလည်း ပြစ်မှု ကျူးလွန်လျက်ရှိသော ကာဖိရ်များသည် အဆိုပါ သတိပေးချက်နှင့် စပ်လျဉ်း၍ အမှားကြီးမှားလျက်ရှိနေကြပေသည်။ အသိတုံးအမြင်တုံး ဉာဏ်တုံးလျက် ရှိကြပေသည်။ အမိုက်မှောင်များတွင် နစ်မွန်းကာ ကမူးရှူးထိုးဖြစ်လျက်၊ မူးမော်လျက် ယစ်မူးလျက် ရှိကြပေသည်။ တုံးတိုက်တိုက် ကမ်းတိုက်တိုက် ရူးမူးဆိုးမိုက်လျက်ရှိကြပေသည်။ သို့ရာတွင် ငရဲမီးတွင်မှောက်လျက် တရွတ်ဆွဲခြင်း ခံကြရပြီး၊ ငရဲမီး၏ရသာကို မြည်းစမ်းကြရသောအခါ၊ မိမိတို့ ဆိုးမိုက်ခဲ့ကြသည့် အမှားများကို ကောင်းကောင်း သိရှိသွားကြပေမည်။

② ဆိုလိုသည်ကား–အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်တည်ရာတွင် အတိုင်းမသိ လျင်မြန်လွန်းလှပေသည်။ ထိုအရှင်မြတ်သည် မိမိဖြစ်စေတော်မူလိုသောအရာကို 'ဖြစ်' ဟု တစ်ကြိမ်တစ်ခါတည်း မိန့်ကြားတော်မူရုံကာမျှဖြင့်၊ ထိုအရာသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း တစ်မှဟုတ်ပြင်း ဖြစ်ရှိလာပေသည်။ ဒုတိယအကြိမ် ထပ်မံ မိန့်ကြားတော်မူရန် မလိုပြီ။ သို့ဖြစ်ရာ ထိုသို့သော အရှင်မြတ်အဖို့ ကိယာမတ် ဖြစ်စေတော်မူရာတွင် အသို့လျှင် အခက်အခဲ ရှိနိုင်အံ့နည်း။

وَلَقَدْ اَهْلَكْنَآ اَشْيَاعَكُمْ فَهَلْ مِنْ مُّدَّكِرٍ ﴿٥١﴾

၅၁။ မချွတ်ဧကန် ငါအရှင်မြတ်သည် အသင်တို့နှင့်ဝါဒတူတို့အား ကွပ်မျက်ဖျက်ဆီးတော်မူခဲ့ရာ တရားရယူသူများဟူ၍ ရှိကြပါသလော။ ③

وَكُلُّ شَيْءٍ فَعَلُوْهُ فِى الزُّبُرِ ﴿٥٢﴾

၅၂။ စင်စစ်သော်ကား၎င်းတို့ပြုမူခဲ့သမျှတို့သည် မှတ်တမ်းများ၌လည်း ရှိကုန်၏။

وَ كُلُّ صَغِيْرٍ وَّ كَبِيْرٍ مُّسْتَطَرٌ ﴿٥٣﴾

၅၃။ ထိုမှတစ်ပါး အကြီးအသေး ဟူသမျှတို့သည် ရေးသား၍ထားရှိပြီး ဖြစ်ကုန်၏။

اِنَّ الْمُتَّقِيْنَ فِىْ جَنّٰتٍ وَّنَهَرٍ ﴿٥٤﴾

၅၄။ မလွဲဧကန် 'မွတ္တကီ' သူတော်စင်တို့မှာ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း၊ ရှိကုန်အံ့။

فِىْ مَقْعَدِ صِدْقٍ عِنْدَ مَلِيْكٍ مُّقْتَدِرٍ ﴿٥٥﴾

၅၅။ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဘုရင်၏ ထံတော်ပါး၌ မြင့်မြတ်မှန်ကန်သော နေရာဌာနတွင် ရှိကုန်အံ့သတည်း။

---

③ ဆိုလိုသည်ကား -ကာဖိရ်များသည် မိမိတို့ ယခုလက်တွေ့ ကျင့်သုံးနေသော ဝါဒလမ်းစဉ်မှာ အလ္လာဟ်အရှင်မြတ် မနှစ်သက်တော်မူသော လမ်းစဉ်မဟုတ်၊ ကိယာမတ် အကယ်စင်စစ်ဖြစ်လင့်ပင်ကစား ငါတို့သည် ပြစ်ဒဏ်ခံကြရမည်မဟုတ်ဟူ၍ကား ထင်မှားမနေကြရာ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် လက်ရှိ ကာဖိရ်များနှင့် ဝါဒတူလမ်းစဉ်တူ အတွေးတူအကျင့်တူ ကာဖိရ်များကို ကွပ်မျက်တော်မူခဲ့ချေပြီ။ ဤသည်ကိုထောက်ရှုခြင်းအားဖြင့် လက်ရှိကာဖိရ်များ၏ ဝါဒလမ်းစဉ်ကို အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မမူကြောင်း၊ ယင်း ဝါဒလမ်းစဉ်ကို လိုက်နာသူများမှာ ပြစ်ဒဏ် ခံကြရမည်ဖြစ်ကြောင်း ထင်ရှားနေပေသည်။ တရားရယူဖွယ်ရာပင်။ ကြည့်-ကုရ်အာန်(၃၄:၅၄)။

အထူးကရုဏာတော်ရှင်ကဏ္ဍ



ဤ ကဏ္ဍသည် 'အရ်-ရဟ်မာန်' အထူး ကရုဏာတော်ရှင်ကဏ္ဍ မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၇၈) ပါး၊ ရုကူအ်အပိုဒ် (၃)ပိုဒ် အသီးသီး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

اَلرَّحْمٰنُ ۙ﴿۱﴾
عَلَّمَ الْقُرْاٰنَ ؕ﴿۲﴾

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အထူး ကရုဏာတော်ပြုတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

၁။ 'ရဟ်မာန်' အထူး ကရုဏာတော်ရှင်ပင်။ [၁]

၂။ 'ကုရ်အာန်'ကျမ်းတော်မြတ်ကို သင်ကြားပို့ချတော်မူခဲ့၏။ [၂]

---

① ကုရ်အာန်ကျမ်းမြတ်၏ အစပထမတွင်ပင် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကို ဖွင့်ရာ၌ ပထမဆုံး ဂုဏ်တော်မှာ ဤ 'ရဟ်မာန်' အထူးကရုဏာတော်ရှင်တည်းဟူသော ဂုဏ်တော်ပင် ဖြစ်သည်။ 'ရဟ်မာန်' ဟူသော ပုဒ်သည် အတိုင်းမသိ သနားကြင်နာတော်မူသော၊ အလွန်အလွန် ကရုဏာသက်တော်မူသော၊ ဖြူနက် မခြား အားလုံးတို့အား ထောက်ထား ညှာတာတော်မူသောအရှင်၏ အနက်ကိုဟောသည်။ အလ္လာဟ်အရှင်မြတ်၌ ကြီးကျယ်မြင့်မြတ်တော်မူသော ဂုဏ်တော်များရှိသည်။ ယင်းသည့် ဂုဏ်တော်များအနက် ဤသည့် အထူး ကရုဏာတော်ရှင် တည်းဟူသော ဂုဏ်တော်ကို အထူးတလည် ဖွင့်ဟ မြွက်ကြားတော်မူခြင်းမှာလည်း အတိုင်းမသိ ကြီးမားလှဘိသော ကရုဏာတော်တစ်ပါးပင်။

② အလ္လာဟ်အရှင်မြတ်သည် (ရဟ်မာန်) အထူးကရုဏာတော်ရှင် ဖြစ်တော်မူသည်။ ဤကဏ္ဍတွင် မိမိ၏ ကျေးဇူးတော်များကို ဖွင့်ဟ မြွက်ကြားထားတော်မူသည်။ ယင်းသည့် ကျေးဇူးတော်များအနက် အကြီးဆုံးနှင့် အမြင့်မြတ်ဆုံး ကျေးဇူးတော်မှာ ကုရ်အာန်ကျမ်းမြတ်ပင်ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်သည် အစမှ အဆုံးတိုင် ကရုဏာတော်ချည်းသာဖြစ်သည်။ လောကီလောကုတ္တရာ နှစ်ဘဝဆိုင်ရာ အကောင်းမြတ်ဆုံးတရားဖြစ်သည်၊ အပြည့်အစုံဆုံး တရားဥပဒေလည်းဖြစ်သည်၊ ကောင်းကင်ကျ ကျမ်းဂန်အပေါင်းတို့၏ အချုပ်လည်းဖြစ်သည်။ ဤကျမ်းမြတ်နောက် ကျမ်းဂန်သစ် ကျရောက်ရန် မရှိပြီ၊ မလိုပြီ။

ဤကျမ်းမြတ်သည် ကမ္ဘာတစ်သက် တည်ရှိမည်ဖြစ်သည်။ ယင်းသို့သော ကျမ်းထူး ကျမ်းမြတ်ကို သင်ကြားပို့ချ ပေးတော်မူခြင်းထက် ကြီးကဲမြင့်မြတ်သော ကရုဏာတော်သည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။ ထို့အတွက်ကြောင့်ပင် ကျေးဇူးတော်များကို ဖွင့်ဟ မြွက်ကြားတော်မူရာတွင်၊ ဤသည့် အမြင့်မြတ်ဆုံးနှင့် အကြီးဆုံး ကျေးဇူးတော်ကို ဦးစွာပထမ စတင်ဖွင့်ဟ မြွက်ကြားတော်မူခြင်းဖြစ်သည်။

خَلَقَ الْإِنسَانَ ﴿٣﴾

၃။ ထိုအရှင်မြတ်သည်ပင် 'မနုဿ' လူသားအား ဖန်ဆင်းတော်မူခဲ့၏။ ၁

عَلَّمَهُ الْبَيَانَ ﴿٤﴾

၄။ ထိုအရှင်မြတ်သည်ပင် ထိုလူသားအား စကားပြောဆိုမှုကို သင်ပေးတော်မူခဲ့၏။ ၂

الشَّمْسُ وَالْقَمَرُ بِحُسْبَانٍ ﴿٥﴾

၅။ 'သူရိယ'နေသည်လည်းကောင်း၊ 'စန္ဒာ' လသည်လည်းကောင်း၊ အတွက်အချက် အချိန်နှင့်ကိုက်ညီစွာ (သွားလာ လှုပ်ရှားလျက်) ရှိကြ၏။ ၃

وَالنَّجْمُ وَالشَّجَرُ يَسْجُدَانِ ﴿٦﴾

၆။ ကြယ်-ပင်စည်မပါသော အပင်ငယ်များသည်လည်းကောင်း၊ ပင်စည်ပါသော အပင်များသည်လည်းကောင်း၊ အမိန့်နာခံ ပျပ်ဝပ်ဦးချလျက်ရှိကုန်၏။ ၄

---

① အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံ အပေါင်းတို့တွင် လူသားကို အမြင့်မြတ်ဆုံး၊ အပြည့်အစုံဆုံး၊ အစုံလင်ဆုံး ဖန်ဆင်းထားတော်မူသည်။ ကမ္ဘာ အိမ်ထောင်စုကြီးတွင် မိမိ၏ခလီဖဟ်(ကိုယ်စားလှယ်) အဖြစ် ခန့်အပ်ထားတော်မူသည်။ ယင်းသို့ လူသားအား မြှောက်စားတော်မူရာတွင် လူသား၏ ကြိုးပမ်းမှုတစ်စုံတစ်ရာ အလျှင်း မပါရှိပေ။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သာလျှင် အရင်းခံဖြစ်ပေသည်။ လူဘဝသည် အလွန်ရခဲလှသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

② အလ္လာဟ်အရှင်မြတ်သည် လူသားအား မိမိ၏စိတ်တွင်း၌ရှိသည်တို့ကို သူတစ်ပါးအား နားလည်သဘော ပေါက်အောင် ကောင်းမွန် ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ဖွင့်ဟ ပြောဆိုနိုင်သည့် အံ့မဆုံးသည့် စွမ်းရည်သတ္တိကိုလည်း အထူးတလည် ချီးမြှင့်ထားတော်မူသည်။ ယင်းသည့် စွမ်းရည်သတ္တိဖြင့် လူသားသည် အလ္လာဟ်အရှင်မြတ်၏ တရားတော်များကို မိမိကိုယ်တိုင် သင်ယူသည်၊ သူတစ်ပါးအား သင်ကြားပို့ချသည်။ အဆိုးအကောင်း အမှားအမှန် ယုံကြည်မှု သွေဖည်မှု၊ လောကီ လောကုတ္တရာဆိုင်ရာ စကားများကိုလည်း ကောင်းမွန်စွာ နားလည်သည်၊ နားလည်အောင် ပြောပြနိုင်သည်။

'ဗယာန်' ဟူသောဗုဒ်တွင် ဖွင့်ဟ ပြောကြားမှု၊ ရေးသားပြသမှု၊ ညွှန်ပြမှု အားလုံး အကျုံးဝင်ပေသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

③ ကမ္ဘာအိမ်ထောင်စုကြီးတွင် အထက်ကောင်းကင်၌ လူသားတို့ နေ့၊ ည၌ တွေ့မြင်နေရသော ဝတ္ထုကြီး ၂ ခုမှာ၊ နေနှင့် လပင် ဖြစ်ပေသည်။ နေနှင့် လသည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် အချင့်အချိန် အတိုင်းအတာနှင့်အညီ စနစ်တကျ အချိန်မှန်မှန် ဝင်ထွက်သွားလာ လှုပ်ရှားလျက်၊ ကမ္ဘာ အိမ်ထောင်စုကြီးအား အကျိုး အမြိုးမြိုးပေးလျက် ရှိကြပေသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသည့် ကျေးဇူးတော်တစ်ပါးပင်။ (ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၃၆:၃၈-၄၀)တွင် အကျယ်ရေးသားခဲ့ပေပြီ။

④ ကမ္ဘာအိမ်ထောင်စုကြီးတွင် မြေမျက်နှာပြင်၌ ပင်စည်ရှိသော၊ ပင်စည်မရှိသော အပင်ကြီးငယ် ➤➤

وَالسَّمَآءَ رَفَعَهَا وَوَضَعَ
الْمِيْزَانَ ۝٧

اَلَّا تَطْغَوْا فِى الْمِيْزَانِ ۝٨

وَاَقِيْمُوا الْوَزْنَ بِالْقِسْطِ
وَلَا تُخْسِرُوا الْمِيْزَانَ ۝٩

وَالْاَرْضَ وَضَعَهَا لِلْاَنَامِ ۝١٠

၇။ မိုးကောင်းကင်များကို ထိုအရှင်မြတ်သည်ပင် မြင့်စွင့်စေတော်မူခဲ့၏။ [၃] ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။

၈။ အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမပြုကြရန်၊ [၂]

၉။ ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန်လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိစေကြရန်လည်းကောင်း၊

၁၀။ ထိုမှတစ်ပါး ပထဝီမြေကို ထိုအရှင်မြတ်သည်ပင် အဖန်ဆင်းခဲ့တို့၏ အကျိုးငှာ ထားရှိတော်မူခဲ့၏။

➤➤ အသွယ်သွယ်တို့သည်လည်း အလ္လာဟ်အရှင်မြတ်အား ဦးချလျက်ရှိကြပေသည်။ ထိုအရှင်မြတ်၏ စီမံဖန်တီးမှုနှင့်အညီ စနစ်တကျ ပေါက်ရောက်သီးပွင့်လျက် ရှိကြပေသည်။ လူသားတို့အား အကျိုး အမြိုးမြိုး ပေးလျက်ရှိကြပေသည်။ လူသားတို့သည် ယင်းအပင်ကြီးငယ်တို့ကို အမြိုးမြိုး အသုံးပြုလျက်ရှိကြပေသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှပဘိသော ကျေးဇူးတော်တစ်ပါးပင်။

① မိုးကောင်းကင် အတိုင်းမသိ မြင့်စွင့်လှ၏။ အဘယ်မျှ ကျယ်ဝန်းမြင့်စွင့်သည်ကို မည်သူမျှမသိ၊ ယင်း မိုးကောင်းကင်များတွင် မြားမြောင်လှသော ဂြိုဟ်တာရာများ အံ့ဖွယ်သရဲသွားလာ လှုပ်ရှားနေသည်မှာလည်း ရှုမငြီးပင်။ ယနေ့လူသားတို့သည် အထက်ကောင်းကင်တွင် လေယာဉ်ပျံကြီးငယ်များဖြင့် ပျံသန်းသွားလာလျက် ရှိကြ၏။ ဂြိုလ်တု ကြီးငယ်များကို ပစ်လွှတ်လျက်ရှိကြ၏။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ခြယ်လှယ်စီမံမှုပင်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှပဘိသော ကျေးဇူးတော်တစ်ပါးပင်။

② 'မီဇာန်' ၏မူရင်းအနက်မှာ ချိန်တွယ်ရသော ကိရိယာ ချိန်ခွင်ဟူ၍ ဖြစ်၏။ အများအားဖြင့် အတိတ်ခေတ် အာလင်မ်ပညာရှင်များက ဤအာယတ်တော်တွင် 'မီဇာန်' ကို တရားမျှတစွာပြုလုပ်ခြင်းအနက်၌ ယူဆခဲ့ကြသည်။

ဆိုလိုသည်ကား - အလ္လာဟ်အရှင်မြတ်သည် မိုးမြေတွင်ရှိ အရာခပ်သိမ်းတို့ကို တရားမျှတမှု၏ အခြေခံပေါ်၌ အတိုင်းမသိ ကြီးကဲမြင့်မြတ်လှသည့် အတိုင်းအတာ အချိန်အတွယ်အမှန်ဖြင့် စီမံဖန်တီးထားတော်မူသည်။ ဤသည့်တရားမျှတမှုအပေါ်၌ပင် စကြာဝဠာကြီးတစ်ခုလုံး ရပ်တည်လျက်ရှိပေသည်။ ဤသည့် တရားမျှတမှု မရှိပါက စကြာဝဠာကြီးတစ်ခုလုံးသည် ပျက်ပြုန်းဆိတ်သုဉ်းသွားပေမည်။ ဤသည်ကို ရည်၍ တမန်တော်မြတ်ကလည်း 'ဤမိုး ဤမြေများသည် ဤသည့်မျှတမှုကြောင့်ပင် ရပ်တည်လျက်ရှိပေသည်' ဟု မိန့်ကြားတော်မူခဲ့ပေသည်။

فِيهَا فَاكِهَةٌ وَّالنَّخْلُ ذَاتُ الْأَكْمَامِ ﴿١١﴾

၁၁။ ယင်းပထဝီမြေ၌ သစ်သီးဝလံများသည်လည်းကောင်း၊ အစွပ်များဖြင့် ငုံ-ညှာတံများဖြင့်အုပ်လျက်ရှိသော စွန်ပလွံပင်များသည်လည်းကောင်း၊

وَالْحَبُّ ذُو الْعَصْفِ وَالرَّيْحَانُ ﴿١٢﴾

၁၂။ ဖွဲနုပါသော ကောက်ပဲသီးနှံများသည်လည်းကောင်း၊ အရွက်ရှိသောအစေ့များသည်လည်းကောင်း၊ မွေးကြိုင်လျက်ရှိသော ပန်းများ အစာအာဟာရများသည်လည်းကောင်း၊ ရှိကုန်၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿١٣﴾

၁၃။ သို့ပါလျက် (အို-ဂျင်နနှင့်လူသတ္တဝါအပေါင်းတို့)၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်အံ့နည်း။ [၁]

خَلَقَ الْإِنْسَانَ مِنْ صَلْصَالٍ كَالْفَخَّارِ ﴿١٤﴾

၁၄။ ထိုအရှင်မြတ်သည်ပင် 'မနုဿ' လူသားအား မြေအိုး-အိုးခြမ်းကွဲပမာ အသံမည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။

---

(၁) အထက်ပါ အာယတ်တော်များတွင်အလွှာဟ်အရှင်မြတ်သည် မိမိ၏ အလွန့်အလွန်ကြီးကျယ်မြင့်မြတ်သော၊ အံ့မဆုံးနိုင်သော အချို့ ကျေးဇူးတော်များနှင့် တန်ခိုးတော်များကို မိန့်ဆိုထားတော်မူသည်။ သို့မိန့်ဆိုတော်မူပြီးနောက် လူနှင့် ဂျင်နအုပ်စုကြီး ၂-ခုလုံးအား အသင်တို့ အုပ်စု-၂ခုသည် မိမိတို့အရှင်သခင်၏ ကျေးဇူးတော်များအနက် အာယ်မည်သော ကျေးဇူးတော်ကို ငြင်းပယ်ဝံ့ကြအံ့နည်း' ဟု မေးမြန်းထားတော်မူသည်။ ဆိုလိုသည်ကား အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်များအနက် အာယ်ကျေးဇူးတော်မျှပင် ငြင်းပယ်ဖွယ်ရာ အလျှင်းမရှိပြီ။

တမန်တော်မြတ်သည် ဂျင်နများရှေ့တွင် ဤကဏ္ဍကို ရွတ်ဖတ်ပြတော်မူသည့်အခါ ဤအာယတ်တော်ကို ရွတ်ဖတ်တော်မူသည့် အခါတိုင်းတွင် ဂျင်နများက (لابشيء من نعمك ربنا نكذب فلك الحمد) 'အို-ကျွန်တော်မျိုး၏အရှင်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ ကျေးဇူးတော်များအနက် အာယ်တစ်စုံတစ်ရာကိုမျှ ငြင်းပယ်ဝံ့ကြသည်မရှိပါ။ ခပ်သိမ်းကုန်သော ချီးမွမ်းထောမနာခြင်းအပေါင်းသည် အရှင်မြတ်နှင့်သာလျှင် ထိုက်တန်ပါဘိသည်' ဟု ဖွင့်ဟဝန်ခံလျှောက်ထားခဲ့ကြလေသည့်အကြောင်း၊ ဟဒီးဆ်ဩဝါဒတော်တစ်ပါးတွင် လာရှိပေသည်။

ဤသည့် ဩဝါဒတော်ကို ထောက်ချင့်၍ မည်သူမဆို ဤအာယတ်တော်ကို ရွတ်ဖတ်သည့်အခါ ကြားနာရသည့်အခါ အထက်တွင် ဖော်ပြပါ ဂျင်နများနည်းတူ ဖွင့်ဟဝန်ခံလျှောက်ထားအပ်ကြောင်း အာလင်မ်ပညာရှင်များက ဖွင့်ဆိုရေးသားခဲ့ကြလေသည်။ (ကြည့်-အွတ်ဆ်မာနီ၊ အစ်ဗ်နကဆီရ်)

وَخَلَقَ الْجَآنَّ مِنْ مَّارِجٍ مِّنْ نَّارٍ ﴿١٥﴾

၁၅။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် ဂျင်နီသတ္တဝါတို့ကို ဂျင်နီသတ္တဝါတို့၏ဖခင် 'အစ်ဗ်လီစ်'ကို မီးခဲမီးခိုးမရှိသောမီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٦﴾

၁၆။ သို့ပါလျက် (အို-ဂျင်နီနှင့် လူသတ္တဝါတို့)၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။

رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ ﴿١٧﴾

၁၇။ (ထိုအရှင်မြတ်သည်ပင်) နေထွက်ရာအရပ် နှစ်ခုလုံးကို ဖန်ဆင်းတော်မူသောအရှင်၊ နေဝင်ရာအရပ် နှစ်ခုလုံးကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူ၏၊ ③

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٨﴾

၁၈။ သို့ပါလျက် (အို-ဂျင်နီနှင့် လူသတ္တဝါတို့)၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။

مَرَجَ الْبَحْرَيْنِ يَلْتَقِيٰنِ ﴿١٩﴾

၁၉။ ထိုအရှင်မြတ်သည်ပင် သမုဒ္ဒရာပင်လယ်နှစ်ခုကို လွှတ်တော်မူခဲ့ရာ ထိုသမုဒ္ဒရာ ပင်လယ်နှစ်ခုမှာ ဆုံဆည်း ဆက်စပ်လျက်ရှိကြ၏။ (တစ်နည်း) ထိုအရှင်မြတ်သည်ပင် ဆက်စပ် စီးဆင်းလျက်ရှိသော သမုဒ္ဒရာနှစ်ခုကို လွှတ်တော်မူခဲ့၏။

---

③ ဆောင်းဥတု၊ နွေဥတုများတွင် နေထွက်ရာအရပ် ၂-ခု၊နေဝင်ရာအရပ် ၂-ခု ပြောင်းလဲလျက်ဖြစ်ရှိနေသည်မှာ အထင်အရှားပင် ဤသည်ကိုရည်၍ ဤအာယတ်တော်တွင် နေထွက်ရာ အရပ်၂-ခု၏အရှင်၊ နေဝင်ရာအရပ် ၂-ခု၏အရှင်ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

အချို့က ဤအာယတ်တော်တွင်ပါရှိသော အရှေ့ ၂-ခု၊ အနောက်၂-ခု ဟူသည် နေနှင့်လထွက်ရာ အရပ် ၂-ခုနှင့် နေနှင့်လ ဝင်ရာအရပ် ၂-ခုကို ဆိုလိုသည်ဟု ဖွင့်ဆိုကြသည်။ (ကြည့်မာဂျီဒီ၊ ကဗီရ်)။

အသို့ရိုစေ ယင်းသို့ နေ၊ သို့မဟုတ် နေနှင့်လ ထွက်ဝင်သွားလာလှုပ်ရှားရာတွင် အရပ်ဒိသာ ပြောင်းလဲနေသည့်အတွက် ဥတုရာသီ အမျိုးမျိုး ပြောင်းလဲလျက်ရှိပေသည်။အပူအအေးအမျိုးမျိုးပြောင်းလဲလျက်ရှိပေသည်။ ယင်းသို့ ဥတုရာသီ ပြောင်းလဲနေသည့်အလျောက် လူသားတို့သည် အကျိုးအမျိုးမျိုး ခံစားလျက်ရှိကြပေသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားဘိသော တန်ခိုးတော်နှင့် ကျေးဇူးတော်ပင်။

بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيَانِ ﴿٢٠﴾

၂၀။ ယင်းပယ်လယ်နှစ်ခု၏အကြား၌ အဆီးအတား တစ်ခု ရှိနေပေရာ ၎င်းတို့နှစ်ခုလုံး ပိုင်နက်ကျူးလွန်နိုင်ကြသည် မရှိပေ။ ၁

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢١﴾

၂၁။ သို့ပါလျက် (အို-ဂျင်နီနှင့် လူသတ္တဝါတို့၊) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ ﴿٢٢﴾

၂၂။ ယင်းပင်လယ်နှစ်ခုမှ ပုလဲရတနာများသည် လည်းကောင်း၊ သန္တာ ပင်လယ်ထွက် ကျောက်နီများသည်လည်းကောင်း၊ ထွက်ကြပေသည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٣﴾

၂၃။ သို့ပါလျက် (အို-ဂျင်နီနှင့် လူသတ္တဝါတို့) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။

وَلَهُ الْجَوَارِ الْمُنْشَآتُ فِي الْبَحْرِ كَالْأَعْلَامِ ﴿٢٤﴾

၂၄။ သမုဒ္ဒရာပင်လယ်၌ တောင်များပမာ(မားမား မတ်မတ်) ရပ်တည်နေကြသော၊ အထင်အရှား ရှိနေကြသော၊ သင်္ဘောများမှာလည်း ထိုအရှင်မြတ်၏ အာဏာစက်အတွင်း၌ ရှိကုန်၏။ ၂

---

① အလ္လာဟ်အရှင်မြတ်သည် အရောင် အရသာမတူသော ပင်လယ်များဖြစ်များကို အံ့ဖွယ်သရဲ ပေါင်းစပ်ထားတော်မူသည်။ သို့ပေါင်းစပ်ထားတော်မူရာတွင် အမြင်၌ ရေပြင် -၂ခု ပေါင်းစပ်နေသည်ဟု ထင်မြင်ရသော်လည်း၊ ရေပြင် ၂-ခုဆုံမိရာ၌ အလ္လာဟ်အရှင်မြတ်သည် သေးသွယ်သော အရံအတားတစ်ခုကို အံ့ဖွယ်သရဲ ပြုလုပ်ထားတော်မူသည်။ ထို့အတွက်ကြောင့်ပင် ရေကြည်သည် ကြည်လျက်ပင်၊ ရေနောက်သည် နောက်လျက်ပင်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော တန်းခိုတော်နှင့်ကျေးဇူးတော်ပင်။

ဤအကြောင်းကို ကုရ်အာန် (၂၅း၅၃၊ ၂၇း၆၁) တွင် ပါရှိခဲ့လေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

② သမုဒ္ဒရာပင်လယ်များတွင် သင်္ဘောများသည် တောင်ကြီးများပမာ သွားလာ လှုပ်ရှားလျက်ရှိသည်။ သင်္ဘောများဖြင့် လူသားတို့သည် အကျိုးအမြိုးမြိုး ခံစားလျက်ရှိကြသည်။ ➤➤

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۲۵﴾

၂၅။ သို့ပါလျက် (အို-ဂျင်နှင့် လူသတ္တဝါတို့)၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။

كُلُّ مَنْ عَلَيْهَا فَانٍ ﴿۲۶﴾

၂၆။ ယင်းပထဝီမြေပေါ်၌ ရှိသမျှတို့သည် (မမြဲ) ပျက်စီးဆိတ်သုဉ်းအံ့သောအရာများပင် ဖြစ်ကုန်၏။

وَّيَبْقٰى وَجْهُ رَبِّكَ ذُو الْجَلٰلِ وَالْاِكْرَامِ ﴿۲۷﴾

၂၇။ စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော၊ *အရှင်မြတ်(တစ်ပါး တည်း)သာလျှင် (ထာဝရ)ကျန်ရှိတော်မူပေမည်။* [၁]

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۲۸﴾

၂၈။ သို့ပါလျက် (အို-ဂျင်နှင့် လူသတ္တဝါတို့)၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။

➤➤ သာမန်အမြင်အားဖြင့် သဘော်များကို လူသားတို့က ပြုလုပ်ကြသည်။ သို့ရာတွင် ထိုလူသားကိုလည်း အလွှာဟ်အရှင်မြတ်ကပင် ဖန်ဆင်းထားတော်မူသည်။ လူသားအား အသိညဏ်နှင့် စွမ်းရည် သတ္တိများကိုလည်း အလွှာဟ်အရှင်မြတ်ကပင် ချီးမြှင့်ထားတော်မူသည်။ ယင်းသည့် အသိညဏ်နှင့်စွမ်းရည်သတ္တိများဖြင့် လူသားတို့သည် သဘော်များကို ဆောက်လုပ်ကြည်ဖြစ်ရာ၊ လူသားတိုနှင့် တကွ၊ လူသားတို့ ပြုလုပ်သမျှသော ပစ္စည်းများကိုလည်း အလွှာဟ်အရှင်မြတ်သည်ပင် ပိုင်ဆိုင်တော်မူသည် မဟုတ်ပါလော။ ဤသည်လည်း အတိုင်းမသိ ကြီးမားဘိသော တန်ခိုးတော်နှင့် ကျေးဇူးတော်ပင်။

① အလွှာဟ်အရှင်မြတ်၏ အတိုင်းမသိ ကြီးမားဘိသော ကျေးဇူးတော်များကို ခံစားနေကြရသော လူသားတို့သည် ယင်းသည့် ကျေးဇူးတော်များကိုကြည့်ပြီး ငါတို့သည် ကမ္ဘာမြေပေါ်တွင် အမြဲထာဝစဉ် နေကြရတော့မည်ဟူ၍ကား မထင်မှတ်ကြရာ။ ဤကမ္ဘာရှိ သက်ရှိ သက်မဲ့အရာဝတ္ထုအစုစုတို့သည် သခါရမျှသာ ဖြစ်ကြသည်။ ပျက်စီးဆိတ်သုဉ်းသွားကြရမည်သာ ဖြစ်သည်။ အလွှာဟ်အရှင်မြတ်တစ်ပါး တည်းသာလျှင် အမြဲထာဝရ တည်ရှိနေတော်မူမည်ဖြစ်သည်။ အရှင်မြတ်သည် အတိုင်းမသိ ကြီးမားလှဘိသော တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူသည်။ အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်ရှင်လည်း ဖြစ်တော်မူသည်။ ထိုသည့် ဂုဏ်တော် ၂-ပါးကို ဆောက်ချင့်၍ အချို့ပညာရှင်များက တန်ခိုးတော်သည် ကမ္ဘာဆိတ်သုဉ်းမှုကို ရည်ညွှန်းသည်၊ ကျေးဇူးတော်သည် ပြန်လည်ရှင်ထမှုကို ရည်ညွှန်းသည်ဟု အနက်ဖွင့်ကြပေသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။ ကြည့် -မာဂျီဒီ။

يَسْـَٔلُهُۥ مَن فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ كُلَّ يَوْمٍ هُوَ فِى شَأْنٍ ﴿٢٩﴾

၂၉။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည် လည်းကောင်း၊ ထိုအရှင်မြတ်ထံတော်၌သာလျှင် (မိမိတို့၏ အလိုဆန္ဒများကို) တောင်းခံ ကြကုန်၏။ ထိုအရှင်မြတ်သည် နေ့စဉ် အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက် ရှိနေတော်မူ၏။ [၁]

فَبِأَىِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ﴿٣٠﴾

၃၀။ သို့ပါလျက် (အို-ဂျင်နှင့် လူသတ္တဝါတို့)၊ အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။

سَنَفْرُغُ لَكُمْ أَيُّهَ ٱلثَّقَلَانِ ﴿٣١﴾

၃၁။ အို-ဂျင်နှင့် လူသတ္တဝါအပေါင်းတို့၊ မကြာမြင့်မီပင် *ငါ*အရှင်မြတ်သည် အသင်တို့ဘက်သို့ လှည့်တော်မူမည်။ [၂]

فَبِأَىِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ﴿٣٢﴾

၃၂။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။

---

① မိုးမြေရှိ သက်ရှိ၊သက်မဲ့ ခပ်သိမ်းကုန်တို့သည် အလွှာဟ်အရှင်မြတ်အား တောင့်တ ကြောင့်ကြနေကြရကုန်သည်။ ထိုအရှင်မြတ်ထံတော်၌ပင် မိမိတို့၏ လိုအင်ဆန္ဒအဝဝကို ပန်ကြားလျက် ရှိကြကုန်သည်။ ထိုအရှင်မြတ်သည်လည်း မိမိ၏ ကျေးဇူးတော်ဖြင့် အားလုံးတို့အား ထိုက်တန်သည့် အားလျော်စွာ ဖြည့်တင်းပေးတော်မူလျက်ပင် ရှိတော်မူသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားဘိသော ကျေးဇူးတော်တစ်ပါးပင်။

② ဆိုလိုသည်ကား - အလွှာဟ်အရှင်မြတ်က အို-လူနှင့် ဂျင်နှံများ *ငါ*အရှင်မြတ်သည် မကြာမီအတွင်း ဤပစ္စက္ခဘဝ၏ အရေးကိစ္စအဝဝကို နိဂုံးချုပ်တော်မူအံ့။ နောင်တမလွန်ဘဝကို စတင်တော်မူအံ့။ စာရင်းရှင်းတော်မူအံ့။ ကျိုးပြစ်ပေးတော်မူအံ့ဟု သတိပေးထားတော်မူသည်။ ပြစ်မှုကျူးလွန်လျက်ရှိသူများအား မိမိတို့၏ ပြစ်ဒဏ်မလွဲမသွေ မုချခံကြရမည့် အကြောင်းကို ကြိုတင် သတိပေးတော်မူခြင်းဖြင့် အလွန်ကြီးမားသော ကျေးဇူးတော်ပင်၊ အဘယ့်ကြောင့်ဆိုသော် ယင်းသို့ ကြိုတင် သတိပေးတော်မူခြင်းဖြင့် ပြစ်မှုကျူးလွန်လျက်ရှိသော ပုဂ္ဂိုလ်များသည် မိမိတို့၏ အမှားများကို အချိန်မီပြုပြင်နိုင်ကြပေသည်။ ဝန်ချတောင်းပန်နိုင်ကြပေသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اِنِ اسْتَطَعْتُمْ اَنْ تَنْفُذُوْا مِنْ اَقْطَارِ السَّمٰوٰتِ وَالْاَرْضِ فَانْفُذُوْا ؕ لَا تَنْفُذُوْنَ اِلَّا بِسُلْطٰنٍ ﴿۳۳﴾ فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۳۴﴾

၃၃။ အို-ဂျင်နှင့်လူပရိသတ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များအတွင်းမှ ထွက်သွားနိုင်ကြလျှင် ထွက်သွားကြကုန်လော့။ (စင်စစ်သော်ကား) စွမ်းအားမရှိဘဲလျက် အသင်တို့သည် ထွက်သွားနိုင်ကြမည်မဟုတ်ပေ။

၃၄။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။

يُرْسَلُ عَلَيْكُمَا شُوَاظٌ مِّنْ نَّارٍ ۙ وَّنُحَاسٌ فَلَا تَنْتَصِرٰنِ ﴿۳۵﴾

၃၅။ အသင်တို့နှစ်ဦး၏ အပေါ်ဝယ် မီးခိုးမပါသော မီးတောက်မီးလျှံသည်လည်းကောင်း၊ (မီးမပါသော)အခိုးများသည်လည်းကောင်း၊ စေလွှတ်ခြင်းခံရလတ္တံ့။ ထို အခါ အသင်တို့သည် ဖယ်ရှားနိုင်ကြမည်မဟုတ်။ [၁]

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۳۶﴾

၃၆။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအံ့နည်း။

فَاِذَا انْشَقَّتِ السَّمَآءُ فَكَانَتْ وَرْدَةً كَالدِّهَانِ ﴿۳۷﴾

၃၇။ စင်စစ်သော်ကား အကြင်အခါဝယ် မိုးကောင်းကင်သည်အက်ကွဲ၍ အသားနီကဲ့သို့နီရဲလာပေမည်။ [၂]

---

① ဆိုလိုသည်ကား ကိယာမတ်နေ့တွင် အပြစ်ရှိသော ဂျင်နှင့် လူသားတို့သည် မိမိတို့အပေါ်သို့ အခိုးအငွေ့များ မီးတောက်မီးလျှံများ လွှတ်ခြင်းကိုပင် ခံကြရပေမည်။ အနည်းဆိုးစဉ်းမျှ ဖယ်ရှားနိုင်ကြမည်မဟုတ်ပေ။ တုံ့ပြန်လက်စား ချေနိုင်ကြမည်လည်း မဟုတ်ပေ။

အပြစ်ရှိသူကို အပြစ်ရှိသည့်အလျောက် ပြစ်ဒဏ်ခတ်ခြင်းသည်၊ အမိန့်တော်ကို ရိုသေလေးစားကာ ပြစ်မှုကို ကြဉ်ရှောင်သူများအား ကျေးဇူးပြုရာမည်သည်။ ပြစ်ဒဏ်ခတ်သည့် အကြောင်းကို ပြောပြခြင်းသည်လည်း ကျေးဇူးတော်တစ်ပါးပင်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ပြစ်ဒဏ်ခတ်သည့်အကြောင်းကို ကြားသိရသော သူများသည် မိမိတို့ကိုယ်တိုင် အပြစ်ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ကြပေမည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۴۸﴾

၃၈။ သို့ဖြစ်ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံ့နည်း။

فَیَوْمَىِٕذٍ لَّا یُسْـَٔلُ عَنْ ذَنْۢبِهٖۤ اِنْسٌ وَّلَا جَآنٌّ ﴿۳۹﴾

၃၉။ စင်စစ် ထိုနေ့တွင် မည်သည့်လူ တစ်ဦးတစ်ယောက်မျှလည်းကောင်း၊ မည်သည့်ဂျင်န် တစ်ဦးတစ်ယောက်မျှလည်းကောင်း၊ မိမိအပြစ်နှင့်စပ်လျဉ်း၍ မေးမြန်းခြင်းခံရမည် မဟုတ်ပေ။ ၁

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿۴۰﴾

၄၀။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံ့နည်း။

یُعْرَفُ الْمُجْرِمُوْنَ بِسِیْمٰهُمْ فَیُؤْخَذُ بِالنَّوَاصِیْ وَ الْاَقْدَامِ ﴿۴۱﴾

၄၁။ အပြစ်ရှိသူများမှာ မိမိတို့၏ ရုပ်ရည်လက္ခဏာဖြင့် သိရှိခြင်း ခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် (နဖူးများ)ဦးထိပ်များနှင့် ခြေများကို ဆွဲကိုင် ဖမ်းဆီးခြင်းကို ခံကြရပေမည်။

---

၁ ကိယာမတ်ဖြစ်သည့်အခါ အလွန်သာယာရွှင်ပျပ်ရာသော မိုးသည် အက်ကွဲသွားပြီး၊ နီရဲနေသော သားရေကဲ့သို့ ကြောက်ဖွယ်လိလိ ရဲရဲနီ အနီချင်းချင်း ဖြစ်သွားပေမည်။ ကမ္ဘာတွင် အလေ့များ ဖြစ်ခြင်းကြီးမက ဖြစ်သွားချိမ့်မည်။ ဤအကြောင်း ကုရ်အာန် (၂၅:၂၅၊ ၆၉:၁၆၊ ၈၄:၁) တွင်လည်း ပါရှိသည်။ ကိယာမတ်နေ့၏ ဖြစ်အင်ကား အတိုင်းမသိ ကြောက်ရွံ့ဖွယ် ကောင်းလှ ဘိတော့၏။ ဤသည်ကို ကြုံတွေ့ သိရှိရခြင်းမှာလည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

၂ ကိယာမတ်နေ့တွင် အလွှာဟ်အရှင်မြတ်သည် ကျိုးပြစ်ပေးတော်မူရာ၌ ဖြစ်ရပ်မှန်ကို သိရှိရန်အတွက် မည်သူ့ကိုမျှ မေးမြန်းစုံစမ်းနေတော်မူမည်မဟုတ်ပေ။ ထိုအရှင်မြတ်အဖို့ မေးမြန်း စုံးစမ်းနေတော်မူရန်လည်း မလိုပေ။ အကြောင်းသော် ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိရှိတော်မူပြီး ဖြစ်သည်။ မေးမြန်းတော်မူခြင်းမှာ- သက်ဆိုင်ရာပုဂ္ဂိုလ်အား သိစေတော်မူရန် အခြားပုဂ္ဂိုလ်များအား သိရှိတော်မူရန် သက်ဆိုင်ရာပုဂ္ဂိုလ်က ပြန်လည်ဝေဒနာကမဝင်နိုင်ရန် သို့တည်းမဟုတ်၊ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ပြစ်မှု ထင်ရှားသည်ထက် ထင်ရှားစေရန်သာဖြစ်သည်။ (ကြည့် - မာဂျိဒီ)။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٢﴾

၄၂။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

هَٰذِهِ جَهَنَّمُ الَّتِي يُكَذِّبُ بِهَا الْمُجْرِمُونَ ﴿٤٣﴾

၄၃။ (ထိုမှတစ်ပါး၎င်းတို့သည် မိန့်ကြားတော်မူ ခြင်းကို ခံကြရပေမည်)။ ဤသည်ပင်လျှင် အပြစ်ရှိ သူများ၊ မဟုတ်မမှန်ဟူ၍ ငြင်းပယ်လျက် ရှိခဲ့ကြ သော 'ဂျဟန္နမ်' ငရဲ ဖြစ်သည်။

يَطُوفُونَ بَيْنَهَا وَبَيْنَ حَمِيمٍ آنٍ ﴿٤٤﴾

၄၄။ ထိုအပြစ်ရှိသူတို့ကား ယင်း'ဂျဟန္နမ်'ငရဲနှင့် ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူ၏အကြား၌ လှည့် ပတ်လျက် နေကြရပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٥﴾

၄၅။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

وَلِمَنْ خَافَ مَقَامَ رَبِّهِ جَنَّتَانِ ﴿٤٦﴾

၄၆။ ထိုမှတစ်ပါး မိမိအား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တပ်ရပ်ရန် စိုးရိမ်သောသူ၏အဖို့မှာကား ဥယျာဉ်နှစ်ခုရှိပေမည်၊[၁]

---

① 'တစ်ရက် ငါသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် မတ်တက်ရပ်ရမည်။ မိမိပြောဆိုကျင့်မူခဲ့သည် များနှင့် စပ်လျဉ်း၍ တစ်ခုတစ်ခုစီ စာရင်းရှင်းရမည်။ ကျိုးပြစ်ခံစံရမည်' ဖြစ်သည်ဟု တွေးဆဆင်ခြင်ပြီး၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကာ၊ ထိုအရှင်မြတ်၏ တရားတော်များကို ဦးထိပ်ရွက်ပန်ဆင်ကာ၊ ကောင်းမှုများကို ဆည်းပူး၍ မကောင်းမှု များကို ဝေးစွာရှောင်ကြဉ်သောသူများ အဖို့မှာကား၊ သုခချမ်းသာ အဖြာဖြာနှင့် ပြည့်ဝစုံလင်လှသော ဥယျာဉ် ၂-ခုရှိမေမည်။ ထိုဥယျာဉ် ၂ ခု၏ ဝိသေသများကား အံ့ချီးမခံဆုံးတည်း။ ရှေ့တွင် ယင်းဥယျာဉ် ၂-ခု၏ အတိုင်းမသိ ကောင်းမွန်မြင့်မြတ်လှသည့် အချို့ဝိသေသများကို မိန့်ဆို ထားတော်မူသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٤٧﴾

၄၇။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

ذَوَاتَآ اَفْنَانٍ ﴿٤٨﴾

၄၈။ အကိုင်းအလက်များ ပေါများဝေဆာလျက် ရှိကြသော၊

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٤٩﴾

၄၉။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

فِيْهِمَا عَيْنٰنِ تَجْرِيٰنِ ﴿٥٠﴾

၅၀။ ယင်းဥယျာဉ်နှစ်ခုလုံး၌ စမ်းချောင်းနှစ်ခုသည် စီးတွေလျက် ရှိကြပေမည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥١﴾

၅၁။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

فِيْهِمَا مِنْ كُلِّ فَاكِهَةٍ زَوْجٰنِ ﴿٥٢﴾

၅၂။ ယင်းဥယျာဉ်နှစ်ခုလုံးတွင် သစ်သီးတိုင်းသည် နှစ်မျိုးနှစ်စား ရှိကြပေမည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٥٣﴾

၅၃။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

مُتَّكِـِٕيْنَ عَلٰى فُرُشٍۭ بَطَآئِنُهَا مِنْ اِسْتَبْرَقٍ ؕ وَجَنَا الْجَنَّتَيْنِ دَانٍ ﴿٥٤﴾

၅၄။ (ၦင်းတို့သည်) ရွှေခြည်များဖြင့် ပန်းထိုးထား သောပိုးဖဲအတွင်းခံထားသည့် မွေ့ရာများပေါ် (ထိုင်၍ မှီအုံးများကို)မှီလျက် ရှိကြပေမည်။

ငင်းပြင် ဥယျာဉ်နှစ်ခုလုံး၏အသီးများမှာလည်း နီးကပ်စွာပင် ရှိကြပေမည်။ [၁]

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٥﴾

၅၅။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

فِيهِنَّ قَاصِرَاتُ الطَّرْفِ لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ ﴿٥٦﴾

၅၆။ ယင်း(ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အအုံ)တို့တွင် မျက်စိကို အောက်သို့နှိမ့်ချထားသော မိန်းမပျိုများသည်လည်း ရှိကြပေမည်။ ၎င်းတို့အလျင် မည်သည့် လူသား တစ်ဦးတစ်ယောက်မျှလည်း ထိမိန်းမပျိုတို့အား ထိတွေ့ခဲ့ဖူးသည်မရှိပေ။ မည်သည့် ဂျင်န် တစ်ဦးတစ်ယောက်မျှလည်း ထိတွေ့ခဲ့ဖူးသည် မရှိချေ။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٧﴾

၅၇။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

كَأَنَّهُنَّ الْيَاقُوتُ وَالْمَرْجَانُ ﴿٥٨﴾

၅၈။ ထိုမိန်းမပျိုတို့မှာ ပတ္တမြားကဲ့သို့လည်းကောင်း၊ သန္လာကျောက်ကဲ့သို့လည်းကောင်း၊ ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٩﴾

၅၉။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

---

① ဂျန္နတ်၌ မွတ္တကီ သူတော်စင်များ စံစားကြရမည့် သုခများကို ထောက်ရှုခြင်း အားဖြင့် ယင်းသုခများတွင် နာမ်ပိုင်းဆိုင်ရာ သုခများသာမက ရုပ်ပိုင်းဆိုင်ရာ သုခအဖြာဖြာ ပါဝင်နေသည်ကိုလည်း အထင်အရှား သိရှိနိုင်ပေသည်။

ကြည့်-မာဂျီဒီ

هَلْ جَزَآءُ الْإِحْسَانِ إِلَّا الْإِحْسَانُ ﴿٦٠﴾

၆၀။ အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏အကျိုးကား ကျေးဇူးပြုတော်မူခြင်းမှတစ်ပါး အခြားမရှိပြီ။ ①

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦١﴾

၆၁။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံ့နည်း။

وَمِن دُونِهِمَا جَنَّتَانِ ﴿٦٢﴾

၆၂။ ထိုမှတစ်ပါး ဥယျာဉ်နှစ်ခု-အပြင်လည်း ဥယျာဉ်နှစ်ခု ရှိ၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٣﴾

၆၃။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံ့နည်း။

مُدْهَامَّتَانِ ﴿٦٤﴾

၆၄။ ယင်း(ဥယျာဉ်)နှစ်ခုလုံးမှာ အစိမ်းရင့် ကျောက်မီးသွေးနုရောင် ဖြစ်၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٥﴾

၆၅။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံ့နည်း။

---

① ' အစ်ဟ်စာန် ' ၏ အဓိပ္ပာယ်မှာ ကောင်းမွန်စွာ ပြုလုပ်ခြင်းဟုဖြစ်သည်။ ဆိုလိုသည်ကား - ကျွန်များသည် ဤပစ္စက္ခဋ္ဌ အဓိန့်တော်များကို နာခံရာတွင် ကောင်းမွန်စွာ ပြုလုပ်ပြသကြသည်ဖြစ် ရာ၊ နောင်တမလွန်ဘဝ၌ အရှင်သခင်ဘက်တော်မှ ဆုလာဘ်ချီးမြှင့်တော်မူရာတွင်လည်း ကောင်းမွန်စွာ ပြုလုပ်ပြသတော်မူမည်သာ။ အတိုင်းမသိ ကြီးမားသော ဆုလာဘ်များကိုပင်ထပ်မံဖြည့်စွက် ချီး မြှင့်တော်မူဦးမည်သာ။ ဤသည့်သဘောကို ကုရ်အာန် (၁၀း၂၆) တွင်လည်း မိန့်ဆိုထားတော်မူသည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

فِيهِمَا عَيْنَانِ نَضَّاخَتَانِ ﴿٦٦﴾

၆၆။ ယင်းဥယျာဉ်နှစ်ခု၌ ပန်းထွက်လျက်ရှိသော စမ်းနှစ်ခုသည် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٧﴾

၆၇။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

فِيهِمَا فَاكِهَةٌ وَنَخْلٌ وَرُمَّانٌ ﴿٦٨﴾

၆၈။ ယင်းဥယျာဉ်နှစ်ခု၌ သစ်သီးဝလံများသည် လည်းကောင်း၊ စွန်ပလွံပင်များသည် လည်းကောင်း၊ သလဲသီးများသည် လည်းကောင်း၊ ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٩﴾

၆၉။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြ အံ့နည်း။

فِيهِنَّ خَيْرَاتٌ حِسَانٌ ﴿٧٠﴾

၇၀။ ယင်း(ဥယျာဉ်များနှင့်ဥယျာဉ်များရှိ အဆောက် အအုံ)တို့တွင် စာရိတ္တအားဖြင့် မွန်မြတ်သော၊ ရုပ်ရည် အားဖြင့် လှပတင့်တယ်သော မိန်းမများသည် ရှိကြ ပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧١﴾

၇၁။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကိုမဟုတ်မမှန်ဟူ၍ငြင်းပယ်ကြအံ့နည်း။

حُورٌ مَقْصُورَاتٌ فِي الْخِيَامِ ﴿٧٢﴾

၇၂။ လွန်စွာဖြူ၍လှပသော၊ မဏ္ဍပ်ကနားဖျင်းများ တွင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသော၊ မိန်းမ များသည် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٣﴾

၇၃။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကိုမဟုတ်မမှန်ဟူ၍ငြင်းပယ်ကြအံ့နည်း။

لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ ﴿٧٤﴾

၇၄။ ၎င်းတို့အလျင် ထိုမိန်းမတို့အား မည်သည့် လူသားတစ်ဦးတစ်ယောက်မျှလည်းကောင်း၊ မည်သည့် ဂျင်နီတစ်ဦးတစ်ယောက်မျှလည်းကောင်း၊ ထိတွေ့ခဲ့ဖူးသည် မရှိပြီ။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٥﴾

၇၅။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။

مُتَّكِئِينَ عَلَىٰ رَفْرَفٍ خُضْرٍ وَعَبْقَرِيٍّ حِسَانٍ ﴿٧٦﴾

၇၆။ (၎င်းတို့သည်) အစိမ်းရောင် ကော်ဇောများပေါ်၌ လည်းကောင်း၊ လွန်စွာ အံ့ဖွယ်ကောင်းသော အခင်းအကျင်းပေါ်၌ လည်းကောင်း၊ (ထိုင်၍ မှီအုံးများကို) မှီလျက် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٧﴾

၇၇။ သို့ပါလျက် အသင်တို့နှစ်ဦးသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့် ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြအုံးနည်း။

تَبَارَكَ اسْمُ رَبِّكَ ذِي الْجَلَالِ وَالْإِكْرَامِ ﴿٧٨﴾

၇၈။ (အို-နဗီတမန်တော်)၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောတန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏ နာမ်တော်သည် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါပေသည်တကား။ [၁]

---

① အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကား အတိုင်းမသိ ထက်မြက်ပါဘိတကား။ ထိုအရှင်မြတ်၏ ကရုဏာတော်ကား အတိုင်းမသိ များပြားကြီးမားပါဘိတကား။ ထိုအရှင်မြတ်၏ နာမ်တော်ကား အတိုင်းမသိ မင်္ဂလာရှိလှပါဘိတကား။ ထိဣျ်များမြောင်လှသော ကျေးဇူးတော်များသည် ထိုနာမ်တော်ကို အောက်မေ့တသ သတိရခြင်း၏ အကျိုးပင် ဖြစ်ပေရာ၊ ကျွန်ုပ်တို့သည် အခါ ခပ်သိမ်း ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကာ၊ အောက်မေ့ တသ သတိရကာ၊ ထိုအရှင်မြတ်၏ အမိန့်တော်များကို နာယူကျင့်မူကြပါက၊ ထိုအရှင်မြတ်၏ အတိုင်းမသိ များပြားလှသော ကျေးဇူးတော်များကို ခံစားကြရမည်မှာ အမှန်မုချပါ။

အဖြစ်အပျက်ကဏ္ဍ



ဤကဏ္ဍသည် 'ဝါကိအဟ်' အဖြစ်အပျက် ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် (အာယတ်တော်) (၉၆)ပါး (ရကူအ်) အပိုဒ် (၃)ပိုဒ် အသီးသီးပါရှိ၏။

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အထူး ကရုဏာပြုတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ အကြင်အခါဝယ် အဖြစ်အပျက် (ကိယာမတ် ရှင်ပြန်ထမည့်နေ့)သည် ဖြစ်ခဲ့အံ့။

إِذَا وَقَعَتِ الْوَاقِعَةُ ①

၂။ ယင်းအဖြစ်အပျက် (ကိယာမတ်) ဖြစ်မှုနှင့် စပ်လျဉ်း၍ မမှန်ဟူ၍မရှိပြီ။

لَيْسَ لِوَقْعَتِهَا كَاذِبَةٌ ②

၃။ (ယင်းအဖြစ်အပျက်သည် အချို့အား) နိမ့်စေ၍ (အချို့အား) မြင့်စေမည်။ ①

خَافِضَةٌ رَّافِعَةٌ ③

၄။ အကြင်အခါဝယ် ကမ္ဘာမြေသည် ပြင်းထန်စွာ တုန်လှုပ်စေခြင်းကို ခံရပေမည်။

إِذَا رُجَّتِ الْأَرْضُ رَجًّا ④

၅။ ၎င်းပြင် တောင်များသည် ညက်ညက်ကြေ အောင်ကြေမွစေခြင်းကို ခံကြရမည်။

وَبُسَّتِ الْجِبَالُ بَسًّا ⑤

၆။ ထိုအခါ ယင်းတောင်များမှာ ဖြန့်ကြဲထားသော မြူမှုန့် ဖြစ်သွားကြပေမည်။

فَكَانَتْ هَبَاءً مُّنْۢبَثًّا ⑥

---

① ကိယာမတ်သည် အချို့ကိုနိမ့်ကျစေသည်။ အချို့ကိုမြှင့်တင်ပေမည်။ ဆိုလိုသည်ကား ဤပစ္စက္ခတွင် မောက်မာပလွား ဝါကြွား၍ အမိန့်တော်ကို သွေဖည်ဆန့်ကျင်နေခဲ့ကြသော သူယုတ်မာများသည် ကိယာမတ်နေ့တွင် အရှက်တကွဲ အကျိုးနည်းဖြစ်ကြရပေမည်။ ဂျာန္နမ်ငရဲ၏ အောက်ဆုံး အနိမ့်ဆုံးအဆင့်တွင် လားကြရပေမည်။
ဤပစ္စက္ခတွင် အမိန့်တော်ကို နာခံကာ ကျိုးနွံ့ စွာနေထိုင်ခဲ့ကြသော မုအ်မင်န်သူတော်စင်များမှာကား၊ မိမိတို့၏ မှန်ကန်သောအီမာန်ယုံကြည်မှုနှင့် ကောင်းမြတ်သောအကျင့်သီလများ၏ ကျေးဇူးကြောင့် ဘေးမသီ ရန်မခဘဲ အရှက်တကွဲ အကျိုးနည်းမဖြစ်ရဘဲ၊ ဂုဏ်သိက္ခာရှိစွာဖြင့် ဂျန္နတ်၏ အလွန်မြင့်စွင့်သော ဘုံများတွင် အမြဲထာဝစဉ် စံစားလျက်ရှိကြပေမည်။

وَكُنتُمْ أَزْوَاجًا ثَلَاثَةً ﴿٧﴾

၇။ ထိုမှတစ်ပါး အသင်တို့သည် သုံးမျိုးသုံးစား ဖြစ်သွားကြပေမည်။ [၁]

فَأَصْحَابُ الْمَيْمَنَةِ مَا أَصْحَابُ الْمَيْمَنَةِ ﴿٨﴾

၈။ မည်သို့ပင်ဖြစ်စေ လက်ယာဘက်သားတို့မှာ၊ ထိုလက်ယာဘက်သားတို့ကား အဘယ်မျှလောက် ကောင်းမြတ်ပေသနည်း။ [၂]

وَأَصْحَابُ الْمَشْأَمَةِ مَا أَصْحَابُ الْمَشْأَمَةِ ﴿٩﴾

၉။ သို့ရာတွင် လက်ဝဲဘက်သားတို့မှာ၊ လက်ဝဲဘက်သားတို့ကား အဘယ်မျှလောက် ဆိုးရွားလှဘိသနည်း။ [၃]

---

① **သုံးမျိုးသုံးစား၊**

ကိယာမတ်နေ့တွင် လူသားအားလုံးတို့သည် အောက်ပါအတိုင်း သုံးမျိုးသုံးစား ဖြစ်သွားကြပေမည်။

(၁) (မုကရ်ရဗီန်) အလွှာဟ်အရှင်မြတ်နှင့် အထူးတလည်နီးစပ်သော သူတော်စင်ကြီးများ

(၂) ရိုးရိုး မွတ်စ်လင်မ် သူတော်စင်များ၊

(၃) ဂျဟန္နမ်ငရဲသို့ လားကြရမည့် ကာဖိရ်သူယုတ်မာများ၊

ကုရ်အာန်ကျမ်းမြတ်တွင် ယင်းသုံးမျိုးသုံးစားအနက် ပထမအုပ်စုကို 'မုကရ်ရဗီန်' ဟူ၍ လည်းကောင်း၊ ဒုတိယအုပ်စုကို 'အတ်ဆ်ဟာဗုလ်မိုင်မနဟ်' လက်ယာဘက်သားများ ဟူ၍လည်းကောင်း၊ တတိယအုပ်စုကို 'အတ်ဆ်ဟာဗုလ်မရှ်အမဟ်' လက်ဝဲဘက်သားများဟူ၍လည်းကောင်း၊ အသီးသီးအမည် ပညတ် ထားတော်မူသည်။

ရှေ့တွင် အထက်ပါ သုံးမျိုးသုံးစား၏အကြောင်းနှင့် ၎င်းတို့ ခံ-စံကြရမည့်ကျိုးပြစ်များကို မိန့်ဆို ထားတော်မူသည်။ ယင်း သုံးမျိုးသုံးစား၏ အကြောင်း ယခင်ကဏ္ဍတွင်လည်း ပါရှိခဲ့ချေပြီ။

② လက်ယာဘက်သားများ ဟူသည်ကား အကြင်သူတော်စင်များတည်း။ ၎င်းတို့သည် 'အရ်ရှ်' ပလ္လင်တော်၏ လက်ယာဘက်တွင်နေကြရပေမည်။ 'မီဆာက်' ပဋိညာဉ်ယူခဲ့စဉ်က ၎င်းတို့သည် ဖခင်ကြီးအာဒမ်၏ လက်ယာနံဘေးမှ ထုတ်ယူခြင်း ခံခဲ့ကြရပေသည်။ ၎င်းတို့၏မှတ်တမ်းများသည်လည်း ၎င်းတို့၏ လက်ယာဘက် လက်များ၌ပင် ပေးအပ်ခြင်း ခံကြရပေမည်။ ကောင်းကင်တမန်များသည်လည်း ၎င်းတို့အား လက်ယာဘက်မှပင် လာရောက်ခေါ်ဆောင်ကြပေမည်။ ဤအုပ်စုကား မင်္ဂလာရှိလှပါဘိတကား။

တမန်တော်မြတ် မိအ်ရာဂျ်သို့ ကြွမြန်းသွားတော်မူခဲ့စဉ် ဖခင်ကြီးအာဒမ်နှင့်လည်း တွေ့တော်မူခဲ့သည်။ ဖခင်ကြီးအာဒမ်သည် မိမိ၏လက်ယာဘက်သို့ကြည့်၍ ပြုံးရွှင်တော်မူ၏။ လက်ဝဲဘက်သို့ကြည့်၍ ငိုတော်မူ၏။ ယင်းသည်ဖြစ်ရပ်သည်လည်း အထက်တွင်ဖော်ပြပါ လက်ယာဘက်သားများနှင့် လက်ဝဲဘက်သားများကိုပင် ရည်ညွှန်းခြင်း ဖြစ်၏။

ဝိညာဉ်လောကတွင် အလ္လာဟ်အရှင်မြတ်သည် လူသားတို့ထံမှ 'မီဆာက်' ပဋိညာဉ် ယူထားတော်မူခဲ့သည့် အကြောင်းကုရ်အာန် (၇း၁၇၂) တွင်ပါရှိသည်။

وَالسّٰبِقُوْنَ السّٰبِقُوْنَ ﴿١٠﴾

၁၀။ ထိုမှတစ်ပါး အသာဆုံးသောသူတို့မှာ အသာဆုံးသောသူများပင် ဖြစ်ကြကုန်၏။

اُولٰٓئِكَ الْمُقَرَّبُوْنَ ﴿١١﴾

၁၁။ ထိုသူတို့ကား (အလွန်ဟ်အရှင်မြတ်နှင့်) အထူးနီးစပ်သောသူများပင်။ [၁]

فِيْ جَنّٰتِ النَّعِيْمِ ﴿١٢﴾

၁၂။ (ငင်းတို့မှာကား) ထာဝရစည်းစိမ်နှင့် ပြည့်စုံသောဥယျာဉ်များ၌ ရှိကြကုန်အံ့သတည်း။

ثُلَّةٌ مِّنَ الْاَوَّلِيْنَ ﴿١٣﴾

၁၃။ (ယင်းဥယျာဉ်များတွင်) ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမားများပြားသော အုပ်စုကြီးတစ်ခု ရှိပေမည်။

وَقَلِيْلٌ مِّنَ الْاٰخِرِيْنَ ﴿١٤﴾

၁၄။ ငင်းပြင် နောင်လာနောင်သားတို့ အနက်မှ အနည်းငယ် ရှိကြပေမည်။ [၂]

---

(၃) လက်ဝဲဘက်သားများ ဟူသည်ကား - အကြင်သူယုတ်မာများတည်း။ ငင်းတို့သည် 'မိဆာက်' ပဋိညာဉ်ယူခဲ့စဉ်က ဖခင်ကြီး အာဒမ်၏ လက်ဝဲနံဘေးမှ ထုတ်ယူခြင်းခံခဲ့ကြရပေသည်။ ငင်းတို့သည် 'အရ်ရှ်' ပလ္လင်တော်၏ လက်ဝဲဘက်၌ မတ်တက်ရပ်စေခြင်းခံကြရပေမည်။ ငင်းတို့၏ မှတ်တမ်းများသည်လည်း ငင်းတို့၏ လက်ဝဲလက်များ၌ပင် ပေးအပ်ခြင်း ခံကြရပေမည်။ ကောင်းကင် တမန်များသည်လည်း ငင်းတို့အား လက်ဝဲဘက်မှပင် လာရောက်ဖမ်းဆီးကြပေမည်။ ဤအုပ်စုကား မင်္ဂလာမဲ့လှပါဘိတကား။

(၄) ရှေ့ဆုံး အသာဆုံးသူများ ဟူသည်ကား အကြင်သူတော်စင်ကြီးများတည်း။ ငင်းတို့သည် အလွှာဟ်အရှင်မြတ်၏လမ်းတော်၌ ပညာအရာတွင်လည်းကောင်း၊ အကျင့်သီလအရာတွင်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားရာတွင်လည်းကောင်း၊ အားလုံးထက် ရှေ့ဆုံးက ဖြစ်ခဲ့ကြပေသည်။ အသာဆုံး ဖြစ်ခဲ့ကြပေသည်။ ထိုသူတော်စင်ကြီးများသည် အလွှာဟ်အရှင်မြတ်၏ ကရုဏာတော်များကိုလည်း အများဆုံး ခိုလှုံကြရပေမည်။ အလွှာဟ်အရှင်မြတ်၏ ထံတော်ပါး၌ 'အရ်ရှ်' ပလ္လင်တော်၏အနီးတွင် အနီးစပ်ဆုံး ခံစားခွင့်၊ ခစားခွင့်လည်းရရှိကြပေမည်။ ယင်းသူ တော်စင်ကြီးများတွင် (နဗီ၊ ရစူလ်)တမန်တော်များ၊ သစ္စာဝါဒီများ၊ အစွမ်းအာဇာနည် စသည့် သူတော်စင်ကြီးများ ပါဝင်ကြပေသည်။

(၅) 'ရှေး သူဟောင်းတို့ အနက်မှ အလွန်ကြီးကျယ်များပြားသော အုပ်စုကြီးတစ်ခု ရှိပေမည်။ ငင်းပြင် နောင်လာနောင်သားတို့အနက်မှ အနည်းငယ်သာ ရှိကြပေမည်'။ ဤအာယတ်တော်၏ အနက်သဘောကား အသို့ပါနည်း။ ဤတွင် အဖွင့်အမျိုးမျိုး တွေ့ ရှိရပေသည်။

(၁) ရှေးသူဟောင်းများဟူသည် အတိတ်ခေတ်အုပ်စုများကို ဆိုလိုသည်။ နောင်လာနောင်သားတို့ ဟူသည် တမန်တော်မြတ်အုပ်စုကို ဆိုလိုသည်။

(၂) ရှေးနောင်းဟူသည် အခြားမဟုတ်၊ တမန်တော်မြတ်၏ အုပ်စုကိုပင်ဆိုလိုသည်။ ဆိုလိုသည်ကား အလွန်အဆင့်အတန်းမြင့်မားသော ပုဂ္ဂိုလ်မွန်များသည် ရှေးယခင်က အများအပြား ပေါ်ထွန်းခဲ့ကြပေပြီ၊ ➤➤

عَلٰى سُرُرٍ مَّوْضُوْنَةٍ ۙ﴿١٥﴾

၁၅။ (ငင်းတို့မှာ) ကျောက်သံပတ္တမြားစီ၍ မြှုပ်ထားသော သလွန်များထက်ဝယ်၊

مُّتَّكِـِٕيْنَ عَلَيْهَا مُتَقٰبِلِيْنَ ﴿١٦﴾

၁၆။ (မိုအုံးများကို)မှီလျက် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိနေကြပေမည်။

يَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ ۙ﴿١٧﴾

၁၇။ ငင်းတို့ထံ အသက်သေဆုံးခြင်းမရှိဘဲ၊ အမြဲထာဝရ နငယ်လျက် ရှိနေကြရအံ့သော သူငယ်တို့သည်ပတ် သွားလာလျက် ရှိကြပေမည်။

بِاَكْوَابٍ وَّاَبَارِيْقَ ۙ وَكَاْسٍ مِّنْ مَّعِيْنٍ ۙ﴿١٨﴾

၁၈။ သောက်ရေဖလားများ၊ ရေတကောင်းများနှင့် သွင်သွင်စီးသော အရက်ဖြင့် ပြည့်လျှံလျက်ရှိသော ခွက်များကို ယူဆောင်၍၊

لَّا يُصَدَّعُوْنَ عَنْهَا وَلَا يُنْزِفُوْنَ ۙ﴿١٩﴾

၁၉။ ငင်းတို့မှာ ထိုအရက်ကြောင့် ခေါင်းခဲခြင်းကိုလည်း ခံစားကြရမည် မဟုတ်ပေ။ သတိလစ်ကြမည်လည်း မဟုတ်ချေ။

➤➤ ထိုသို့သောပုဂ္ဂိုလ်များသည် နောင်းခေတ်များတွင်အလွန် နည်းကြပေသည်ဟူ၏။

မှတ်ချက်။ အထက်ပါ အာယတ်တော်တွင် ဖော်ပြပါ အဆို - ၂ရပ်လုံး အကျုံး ဝင်နိုင်ပေသည်။ အစ်ဗ်နကဆီရ်သည် ဒုတိယအဆိုကို ပိုမိုနှစ်ခြိုက်သည်။

(၃) သာသနာဝင်အုပ်စုတိုင်း၌ ပထမပိုင်းအုပ်စုတွင် သက်ဆိုင်ရာတမန်တော်နှင့် အတူတကွ လက်ပွန်းတတီးနေထိုင်၍ တရားတော်များကို ကြားနာရသည့် ကျေးဇူးကြောင့်သော်လည်းကောင်း၊ သက်ဆိုင်ရာတမန်တော်နှင့် အချိန်ကာလ နီးစပ်မှု၏ ကျေးဇူးကြောင့်သော်လည်းကောင်း၊ အဆင့်အတန်း အလွန်မြင့်မားသော သူတော်စင်များ အများအပြား ပေါထွန်းလေ့ရှိခဲ့ပေသည်။ နောက်ပိုင်းအုပ်စုများတွင်မူကား ထိုသို့ အဆင့်အတန်း မြင့်မားသော သူတော်စင်များ အများအပြား ပေါထွန်းလေ့မရှိခဲ့ပေ။ အနည်းငယ်သာ ပေါထွန်းလေ့ရှိခဲ့ပေသည်။ ဤသည့်သဘောကိုပင် ရည်ညွှန်း၍ တမန်တော်မြတ်ကလည်း

(خير القرون قرنى ثم الذين يلونهم ثم الذين يلونهم)

'အကောင်းဆုံးခေတ်သည် ကျွန်ုပ်တို့ခေတ်ဖြစ်သည်။ ထို့နောက်သော် ငင်းတို့နှင့် နီးကပ်လျက်ရှိသော ပုဂ္ဂိုလ်များ၊ ထို့နောက်သော် ထိုသူများနှင့် နီးကပ်လျက်ရှိသော ပုဂ္ဂိုလ်များ ဖြစ်သည်'ဟု မိန့်ကြားတော်မူခဲ့ပေသည်။ မောင်လာနာ အွတ်ဆ်မာနီသည် ဤတတိယအဆိုကို ပိုမိုနှစ်ခြိုက်သည်။ ကြည့်-အွတ်ဆ်မာနီ။ အစ်ဗ်နကဆီရ်။

③ ဤပစ္စက္ခနှင့်ဂျန္နတ်သည် မည်သို့မျှမနှိုင်းယှဉ်အပ်သည့်အလား ဤပစ္စက္ခရှိအရက်နှင့် ဂျန္နတ်ရှိအရက်သည်လည်း အလျှင်း မနှိုင်းယှဉ်အပ်ပေ။ ဤပစ္စက္ခရှိ အရက်ကို သောက်သုံးပါက ဦးခေါင်းခဲသည်။ သတိလစ်သည်။ ဂျန္နတ်ရှိ အရက်ကို သောက်သုံးခြင်းဖြင့် ဦးခေါင်းခဲမည်မဟုတ်ပေ။ သတိလစ်မည်လည်း မဟုတ်ပေ။ ➤➤

وَفَٰكِهَةٍ مِّمَّا يَتَخَيَّرُونَ ﴿٢٠﴾

၂၀။ ထို့ပြင် ၎င်းတို့နှစ်လိုကြသော သစ်သီးဝလံများ(ကို ယူဆောင်၍)၊

وَلَحْمِ طَيْرٍ مِّمَّا يَشْتَهُونَ ﴿٢١﴾

၂၁။ ထို့မှတစ်ပါး၊ ၎င်းတို့နှစ်သက်ကြသော ငှက်သားများ(ကို ယူဆောင်၍)၊

وَحُورٌ عِينٌ ﴿٢٢﴾

၂၂။ ထို့မှတစ်ပါး၊ (၎င်းတို့အဖို့) လွန်စွာဖြူ၍ တင့်တယ်သော၊ မျက်စိပြူး၍လှပသော၊ မိန်းမများလည်း ရှိကြပေမည်။

كَأَمْثَالِ اللُّؤْلُؤِ الْمَكْنُونِ ﴿٢٣﴾

၂၃။ လျှို့ဝှက်၍ထားရှိသော ပုလဲများပမာ။

جَزَآءً بِمَا كَانُوا يَعْمَلُونَ ﴿٢٤﴾

၂၄။ (ဤသည်) ၎င်းတို့ ကျင့်မူဆောက်တည်လျက် ရှိခဲ့ကြလေသော ကောင်းမှုများ၏ အစားပေးတော်မူခြင်းပင်။

لَا يَسْمَعُونَ فِيهَا لَغْوًا وَلَا تَأْثِيمًا ﴿٢٥﴾

၂၅။ ထိုသူတို့သည် ယင်းဥယျာဉ်များ၌ မည်သည့် မရေမရာသော စကားလုံးမျှ လည်းကောင်း၊ မည်သည့် အပြစ်ဖြစ်စေသော စကားကိုမျှ လည်းကောင်း၊ ကြားရမည် မဟုတ်ပေ။

إِلَّا قِيلًا سَلَٰمًا سَلَٰمًا ﴿٢٦﴾

၂၆။ 'စလာမ်' 'စလာမ်' (ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ)ဟူ၍ပြောဆိုခြင်းကိုသာလျှင် (ကြားကြရကုန်အံ့သတည်း။) [၁]

➤➤ ဂျန္နတ်ရှိအရက်သည် အတိုင်းမသိ ကောင်းမွန်လှသော ရသာအထူးထူးတို့ဖြင့် ပြည့်စုံလှပေမည်။ အန္တရာယ်ဟူ၍ စိုးစဉ်မျှပင် အလျှင်းရှိမည် မဟုတ်ပေ။ ဂျန္နတ်ရှိအရက်ကား ဂျန္နတ်၏အရက်ပင်။ လူသားတို့ မှန်းဆနိုင်ရန် အမည်တူ သုံးထားမှုခြင်းသာဖြစ်သည်။ ရသာချင်းကား မိုးမြေတမျှ ကွာခြားပေမည်။ အလျှင်းမနှိုင်းယှဉ်ရာ။

① **စလာမ်၊ စလာမ်၊**

ဂျန္နတ်သုခဘုံတွင် ဤပစ္စက္ခလူ့လောကမှာကဲ့သို့ စကားသိမ်၊ စကားဖျင်း ကုန်းချောစကား၊ မုသားစကားစသည့် မလျော်ကန်သော စကားများကို အလျှင်းကြားရမည် မဟုတ်ပေ။ ဂျန္နတ်သုခဘုံတွင် သုခချည်းတည်ရှိသည်ဖြစ်ရာ၊ သုခကို ဆောင်သည့် သာယာနာပျော်ဖွယ် စကားများကိုသာ ကြားရပေမည်။ ➤➤

وَأَصْحَٰبُ ٱلْيَمِينِ ۙ مَآ أَصْحَٰبُ ٱلْيَمِينِ ﴿٢٧﴾

၂၇။ ထို့ပြင် လက်ယာဘက်သား တို့ကား၊ ထို လက်ယာဘက်သား တို့မှာ အဘယ်မျှ ကောင်းမြတ်ကြပေသနည်း။

فِى سِدْرٍ مَّخْضُودٍ ﴿٢٨﴾

၂၈။ (ၚင်း တို့မှာ) ဆူးများရှင်းထားပြီးဖြစ်သော ဆီးပင်ရှိရာ၌ ရှိကြပေမည်။

وَطَلْحٍ مَّنضُودٍ ﴿٢٩﴾

၂၉။ ၚင်းပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များ ရှိရာ၌ ရှိကြပေမည်။

وَظِلٍّ مَّمْدُودٍ ﴿٣٠﴾

၃၀။ ထို့ပြင် ကျယ်ဝန်းပြန့်ပြူး၍ မြဲသောအရိပ် အာဝါသ၌ ရှိကြပေမည်။

وَمَآءٍ مَّسْكُوبٍ ﴿٣١﴾

၃၁။ ထိုမှတစ်ပါး (မြေပေါ်)၌ အမြဲစီးတွေလျက် ရှိသော ရေရှိရာ၌ ရှိကြပေမည်။

وَفَٰكِهَةٍ كَثِيرَةٍ ﴿٣٢﴾

၃၂။ ထို့ပြင် မြောက်မြားစွာသော သစ်သီးဝလံများ ရှိရာ၌ ရှိနေကြပေမည်။

لَّا مَقْطُوعَةٍ وَلَا مَمْنُوعَةٍ ﴿٣٣﴾

၃၃။ (ထိုသစ်သီးဝလံများမှာ မည်သည့် ဥတုရာသီ၌မျှ) ကုန်ခန်းသော သစ်သီးဝလံများလည်း မဟုတ်ပေ၊ (မည်သို့မျှ) ပိတ်ပင်တားမြစ်ခြင်းခံရအံ့သော သစ်သီးဝလံများလည်း မဟုတ်ချေ။

➢➢ 'စလာမ်'၊ 'စလာမ်'၊ 'ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ'၊ 'ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ' ဟူသော သံသာယာကို အခါခပ်သိမ်းကြားရပေမည်။ ဂျန္နတ်သားအချင်းချင်း တွေ့ဆုံကြသည့်အခါတွင်လည်း စလာမ်၊ စလာမ်ဟူ၍ပင် ပြောဆိုမေတ္တာပို့သကြပေမည်။ ကောင်းကင်တမန်များကလည်း ဂျန္နတ်သားတို့အား စလာမ်၊ စလမ်ဟူ၍ပင် ပြောဆိုမေတ္တာပို့ကြပေမည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှလည်း ဂျန္နတ်သားတို့အား ယင်း စလာမ်၊ စလာမ်တည်းဟူသော သံသာထူးဖြင့်ပင် ဩဘာပေးတော်မူပေမည်။ ချီးမြှင့်မြောက်စားတော်မူပေမည်။

ဤသို့ဖြင့် ဂျန္နတ်တစ်ခုလုံးသည် စလာမ် တည်းဟူသော သံသာယာဖြင့် အခါခပ်သိမ်းငြိမ်းချမ်းလျက် ရှိပေမည်။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ယင်းသို့သောသုခဘုံတွင် ဝင်ရောက်စံစားခွင့် ပြုတော်မူသည် ဖြစ်ပါစေ)။

وَّ فُرُشٍ مَّرۡفُوۡعَةٍ ﴿۳۴﴾

၃၄။ ထိုမှတစ်ပါး (ငင်းတို့သည်) မြင့်မွှင့်လှစွာသော သလွန်များ၊ အခင်းအကျင်းများ၊ မွေ့ရာများပေါ်၌ ရှိနေကြပေမည်။

اِنَّاۤ اَنۡشَاۡنٰهُنَّ اِنۡشَآءً ﴿۳۵﴾

၃၅။ ဧကန်မလွဲ ငါအရှင်မြတ်သည် (ဂျန္နတ်သုခဘုံ၌ ရှိကုန်သော) ထိုမိန်းမတို့အား အထူးဖန်ဆင်းတော်မူခဲ့၏။

فَجَعَلۡنٰهُنَّ اَبۡكَارًا ﴿۳۶﴾

၃၆။ တစ်ဖန် ငါအရှင်မြတ်သည် ငင်းတို့အား ပျိုကညာများ ပြုလုပ်တော်မူခဲ့၏။

عُرُبًا اَتۡرَابًا ﴿۳۷﴾

၃၇။ (လင်ယောကျ်ားတို့အား) ချစ်ခင် စုံမက်ကြသော၊ သက်တူရွယ်တူများဖြစ်ကြသော၊

لِّاَصۡحٰبِ الۡيَمِيۡنِ ﴿۳۸﴾

၃၈။ လက်ယာဘက်သားတို့အဖို့၊ ၁

ثُلَّةٌ مِّنَ الۡاَوَّلِيۡنَ ﴿۳۹﴾

၃၉။ (ထိုလက်ယာဘက်သားတို့တွင်) ရှေးသူဟောင်းတို့အနက် ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်ခုသည်လည်းကောင်း၊

وَ ثُلَّةٌ مِّنَ الۡاٰخِرِيۡنَ ﴿۴۰﴾

၄၀။ နောင်လာနောက်သားတို့အနက်မှ ကြီးကျယ်လှသော အုပ်စုကြီးတစ်ခုသည်လည်းကောင်း၊ ပါဝင်ကြကုန်အံ့သတည်း။ ၂

وَاَصۡحٰبُ الشِّمَالِ ۙ مَاۤ اَصۡحٰبُ الشِّمَالِ ﴿۴۱﴾

၄၁။ သို့ရာတွင် လက်ဝဲဘက်သားတို့မှာ၊ လက်ဝဲဘက်သားတို့သည် အဘယ်မျှလောက် ဆိုးရွားလှဘိသနည်း။

---

① ဤအာယတ်တော်များ (၅၆း၂၇-၄၀) တွင် လက်ယာဘက်သား၊ ရိုးရိုးမွတ်စ်လင်မ်သူတော်စင်များ စံစားကြရမည့် အံ့မခန်းသုခများကို မိန့်ဆိုထားတော်မူသည်။ ငင်းတို့စံစားကြရမည့် သုခများသည် 'မုကရ်ရဗီန်' သူတော်စင်ကြီးများ စံစားကြရမည့် သုခများနှင့် အနည်းငယ်ခြားနားသော်လည်း သူ့နေရာနှင့်သူ အံ့ချီးမဆုံးပင်။

② ရိုးရိုးသူတော်စင်များသည် အလွန်အလွန် အဆင့်အတန်း မြင့်မားသော သူတော်စင်ကြီးများနှင့်မတူ၊ ငင်းတို့သည် ရှေးသူဟောင်းတို့တွင်လည်း အမြောက်အမြား ရှိခဲ့ကြပေသည်။ နောင်လာ နောက်သားတို့တွင်လည်း များစွာပင် ထွန်းကားကြပေမည်။

فِي سَمُومٍ وَحَمِيمٍ ﴿٤٢﴾

၄၂။ (ထိုလက်ဝဲဘက်သားတို့မှာ) ခြစ်ခြစ်ပူလောင်သောလေပူခြင်္လည်းကောင်း၊ ပွက်ပွက်ဆူလျက်ရှိသောရေနွေးပူခြင်္လည်းကောင်း၊

وَظِلٍّ مِّن يَحْمُومٍ ﴿٤٣﴾

၄၃။ လွန်စွာနက်မှောင်သော အခိုးအငွေ့၏ အရိပ်ခြင်္လည်းကောင်း၊ ရှိကြပေမည်။

لَّا بَارِدٍ وَلَا كَرِيمٍ ﴿٤٤﴾

၄၄။ (ယင်းအရိပ်မှာ) အေးမြသည်လည်း မဟုတ်ပေ၊ ပြန်၍ လန်းဆန်းစေသည်လည်း မရှိပေ။

إِنَّهُمْ كَانُوا قَبْلَ ذَٰلِكَ مُتْرَفِينَ ﴿٤٥﴾

၄၅။ စင်စစ်ဧကန် ၎င်းတို့သည် ထိုသည့်အလျင်စည်းစိမ်ကြီးသူများပင် ဖြစ်ခဲ့ကြကုန်၏။

وَكَانُوا يُصِرُّونَ عَلَى الْحِنثِ الْعَظِيمِ ﴿٤٦﴾

၄၆။ ထို့ပြင် အလွန်အမင်း ကြီးလေးသော ပြစ်မှုဒုစရိုက်ကို ဇွတ်တိုး၍ ကျူးလွန်လျက် ရှိခဲ့ကြကုန်၏။

وَكَانُوا يَقُولُونَ أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَإِنَّا لَمَبْعُوثُونَ ﴿٤٧﴾

၄၇။ ထိုမှတစ်ပါး၎င်းတို့သည် (ဤသို့) ပြောဆိုလျက်ရှိခဲ့ကြကုန်၏။ 'ကျွန်ုပ်တို့သည် သေပြီးနောက် အရိုးများ ဖြစ်ခဲ့ကြသောအခါ ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော'။

أَوَآبَاؤُنَا الْأَوَّلُونَ ﴿٤٨﴾

၄၈။ 'ငင်းပြင် ရှေးသူဟောင်းများ ဖြစ်ကြသောကျွန်ုပ်တို့၏ အဘ ဘိုးဘေးတို့သည်လည်း (ရှင်ပြန်ထကြဦးမည်လော)'။

قُلْ إِنَّ الْأَوَّلِينَ وَالْآخِرِينَ ﴿٤٩﴾

၄၉။ (အို-နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ဧကန်မလွဲ လူဟောင်းတို့သည်လည်းကောင်း၊ နောင်လာနောက်သားတို့သည်လည်းကောင်း။

لَمَجْمُوعُونَ إِلَىٰ مِيقَاتِ يَوْمٍ مَّعْلُومٍ ﴿٥٠﴾

၅၀။ အမှန်ပင် သတ်မှတ်ပြီးဖြစ်သောနေ့ ဆိုက်ရောက်လာသောအချိန်တွင် စုရုံးခြင်း ခံကြရပေမည်။

ثُمَّ إِنَّكُمْ أَيُّهَا الضَّالُّونَ الْمُكَذِّبُونَ ﴿٥١﴾

၅၁။ ထို့နောက် အို-လမ်းလွဲသူတို့၊ မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်သူတို့၊ အသင်တို့သည် ဧကန်မလွဲ

لَآكِلُونَ مِن شَجَرٍ مِّن زَقُّومٍ ﴿٥٢﴾

၅၂။ 'ဇက္ကူမ်' ရှားစောင်းခါးပင် စားကြရမည်ဖြစ်၏။

فَمَالِـُٔونَ مِنْهَا الْبُطُونَ ﴿٥٣﴾

၅၃။ တစ်ဖန် (အသင်တို့သည်) ယင်း ရှားစောင်းခါး ပင်(မှ စားသုံးခြင်း)ဖြင့် ဝမ်းဗိုက်များကို ဖြည့်ကြရ မည်ဖြစ်၏။

فَشَٰرِبُونَ عَلَيْهِ مِنَ الْحَمِيمِ ﴿٥٤﴾

၅၄။ တစ်ဖန် (အသင်တို့သည်) ယင်းရှားစောင်းခါး ပင် စားပြီးနောက် ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူကို သောက်ကြရမည်ဖြစ်၏။

فَشَٰرِبُونَ شُرْبَ الْهِيمِ ﴿٥٥﴾

၅၅။ ထိုအခါ (အသင်တို့သည် ထိုပွက်ပွက်ဆူလျက် ရှိသောရေနွေးပူကို) လွန်စွာ ရေမွတ်သိပ်လျက် ရှိကုန် သော ကုလားအုတ်များ သောက်သကဲ့သို့ပင် သောက် ကြရပေမည်။

هَٰذَا نُزُلُهُمْ يَوْمَ الدِّينِ ﴿٥٦﴾

၅၆။ ဤသည်ကား ၎င်းတို့အား အစားပေးသော နေ့တွင် ဧည့်ခံကျွေးမွေးခြင်းပင် ဖြစ်အံ့သတည်း။ [၁]

نَحْنُ خَلَقْنَٰكُمْ فَلَوْلَا تُصَدِّقُونَ ﴿٥٧﴾

၅၇။ ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ဟုတ်မှန်ကြောင်း ဝန်မခံ ကြလေသနည်း။

أَفَرَءَيْتُم مَّا تُمْنُونَ ﴿٥٨﴾

၅၈။ အသင်တို့ ပြောပြကြကုန်။ အသင်တို့သည် မိမိတို့သုတ်ရည် အစက်ချကြသည်။

---

① အထက်တွင် အလွန်အလွန် မြင့်မြတ်သော သူတော်စင်ကြီးများနှင့် ရိုးရိုးသူတော်စင်များ၏ အကြောင်းပါရှိ၏။ ဤအာယတ်တော်များ (၅၆:၄၁-၅၆) တွင် လက်ဝဲဘက်သား ကာဖိရ်သူယုတ်မာများ၏ အကြောင်းပါရှိ၏။ နောင်တမလွန်ဘဝတွင် ကာဖိရ်သူယုတ်မာများ ခံကြရမည့် ပြစ်ဒဏ်များကား အတိုင်းမသိ ကြောက်မက်ဖွယ် ကောင်းလှဘိတော့၏။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဂျဟန္နမ်ငရဲမှ ဖယ်ရှားတော်မူသည် ဖြစ်ပါစေသတည်း။)

ءَأَنتُمْ تَخْلُقُونَهُۥٓ أَمْ نَحْنُ ٱلْخَٰلِقُونَ ﴿٥٩﴾

၅၉။ ယင်းသုတ်ရည်ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်းကြလေသလော။ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ဖန်ဆင်းတော်မူပါသလော။ [၁]

نَحْنُ قَدَّرْنَا بَيْنَكُمُ ٱلْمَوْتَ وَمَا نَحْنُ بِمَسْبُوقِينَ ﴿٦٠﴾

၆၀။ ငါအရှင်မြတ်သည်ပင်လျှင် အသင်တို့ကြား၌ 'မရဏ' သေဆုံးခြင်းကို တင်ရှင်စီမံတော်မူခဲ့၏။ [၂] ထိုမှတစ်ပါး: ငါအရှင်မြတ်သည် မစွမ်းနိုင်တော်မူသော အရှင် မဟုတ်ပြီ၊

عَلَىٰٓ أَن نُّبَدِّلَ أَمْثَٰلَكُمْ وَنُنشِئَكُمْ فِى مَا لَا تَعْلَمُونَ ﴿٦١﴾

၆၁။ ငါအရှင်မြတ်သည် အသင်တို့ကဲ့သို့သော (အခြား)သူတို့အား ပြောင်းလဲ(ဖန်ဆင်းတော်မူ)ရန် လည်းကောင်း၊ အသင်တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုး၌ ဖန်ဆင်းတော်မူရန်လည်းကောင်း။ [၃]

وَلَقَدْ عَلِمْتُمُ ٱلنَّشْأَةَ ٱلْأُولَىٰ فَلَوْلَا تَذَكَّرُونَ ﴿٦٢﴾

၆၂။ ထို့ပြင် ဧကန်စင်စစ် အသင်တို့သည် ပထမအကြိမ် ဖန်ဆင်းတော်မူခြင်းကို ကောင်းမွန်စွာ သိရှိပြီး ဖြစ်ကြလျက် မည်သည့်အတွက်ကြောင့် နားမလည်ကြသနည်း။

---

① **အသုဖန်ဆင်းသနည်း၊**

ဆိုလိုသည်ကား သာမန်အမြင်အားဖြင့် ယောကျ်ားများသည် သားအိမ်များတွင် သုတ်ရည်သွင်းကြသည်။ သို့ရာတွင် သုတ်ရည်တစ်စက်မှ လူဖြစ်လာအောင် အသူပြုလုပ်သနည်း။ သုတ်ရည်တစ်စက်မှ လူဖြစ်အောင် အကြောင်းတရားများကို အသူစီမံဖန်တီးသနည်း။ ဒ လ္လာဟ်အရှင်မြတ်ပင်။

② ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည်ပင် မရှိရာမှ ရှိရာသို့ စတင်ဖန်ဆင်းတော်မူသည်။ သို့ဖန်ဆင်းတော်မူပြီးနောက် အဓွန့်ရှည်စွာ ရပ်တည်နေနိုင်ရန်အတွက် လိုအပ်သည့် အကြောင်းတရားများကိုလည်း ထိုအရှင်မြတ်သည်ပင် စီစဉ်ဖန်တီးထားတော်မူသည်။ ရပ်တည်နေရာမှ သေဆုံး ဆိတ်သုဉ်းသွားအောင် ပြုလုပ်တော်မူခြင်းမှာလည်း ထိုအရှင်မြတ်၏ အစီအစဉ်ပင်။ တစ်နည်းဆိုသော် စတင်ဖန်ဆင်းမှု၊ ရပ်တည်နေစေမှု၊ သေဆုံးစေမှု အစုစုသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌ပင် ရှိပေသတည်း။

③ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါက အသင်တို့၏နေရာတွင် အသင်တို့ကဲ့သို့သော အခြားသူများကို ပြောင်းလဲ၍လည်း ဖန်ဆင်းတော်မူနိုင်ပေသည်။ ထို့ပြင်တစ်ဝ အသင်တို့၏ လက်ရှိ ရုပ်ဆင်းသဏ္ဌာန်များကိုလည်း အလိုတော်ရှိတော်မူပါက ပုံပျက်ပန်းပျက်၊ ဥပမာ တိရစ္ဆာန်ရုပ်များ ပြုလုပ်တော်မူနိုင်ပေသည်။ သို့ပြုလုပ်တော်မူနိုင်ပါလျက်၊ ပြုလုပ်တော်မမူခြင်းမှာ ထိုအရှင်မြတ်၏ ကျေးဇူးတော်ပင်။

ကြည့်-ကုရ်အာန်(၃၆း၆၆-၆၇)

أَفَرَءَيْتُم مَّا تَحْرُثُونَ ﴿٦٣﴾

၆၃။ အသင်တို့သည် မိမိတို့စိုက်ပျိုးကြသည်များကို မြင်ခဲ့ကြလေသလော။

ءَأَنتُمْ تَزْرَعُونَهُۥٓ أَمْ نَحْنُ ٱلزَّٰرِعُونَ ﴿٦٤﴾

၆၄။ ထိုစိုက်ပျိုးထားကြသည့် မျိုးစေ့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြလေသလော။ သို့တည်းမဟုတ်၊ ငါအရှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသောအရှင်မြတ် ဖြစ်တော်မူပါသလော။

لَوْ نَشَآءُ لَجَعَلْنَٰهُ حُطَٰمًا فَظَلْتُمْ تَفَكَّهُونَ ﴿٦٥﴾

၆၅။ အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ယင်းစိုက်ပျိုးခင်းကို စဉ်းထားသောကောက်ရိုးများ၊ မြက်ခြောက်များ ဖြစ်စေတော်မူခဲ့ပေမည်။ ထိုအခါ အသင်တို့သည် တွေဝေ ငေးမှိုင်လျက်ရှိကြပေမည်။ ၁

إِنَّا لَمُغْرَمُونَ ﴿٦٦﴾

၆၆။ ကောန်စင်စစ် ကျွန်ုပ်တို့သည် ကြွေးမြီတင်ခြင်း ဒဏ်ဆောင်စေခြင်း ခံကြရလေပြီ။

بَلْ نَحْنُ مَحْرُومُونَ ﴿٦٧﴾

၆၇။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ကျွန်ုပ်တို့သည် လက်မဲ့ဖြစ်စေခြင်းကိုပင် ခံကြရလေပြီ(ဟုပြောဆို ညည်းညူကြပေမည်)။

أَفَرَءَيْتُمُ ٱلْمَآءَ ٱلَّذِى تَشْرَبُونَ ﴿٦٨﴾

၆၈။ အသင်တို့သည် မိမိတို့ သောက်သုံးကြသောရေကို မြင်ခဲ့ကြလေသလော။

ءَأَنتُمْ أَنزَلْتُمُوهُ مِنَ ٱلْمُزْنِ أَمْ نَحْنُ ٱلْمُنزِلُونَ ﴿٦٩﴾

၆၉။ ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှရွာသွန်းစေကြလေသလော၊ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ရွာသွန်းစေတော်မူသောအရှင်ဖြစ်တော်မူပါသလော။ ၂

---

① ဆိုလိုသည်ကား -အလွှာဟ်အရှင်မြတ်သည် ပင်မျိုးစေ့များကို အံ့ဖွယ်သရဲ ပေါက်ရောက်စေတော်မူ၏။ ရှင်သန်စေတော်မူ၏။ ထွားကျိုင်းကြီးပြင်းစေတော်မူ၏။ သီးပွင့်စေတော်မူ၏။ အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါက၊ ဝေဆာလျက်ရှိသော ယင်းသည့်စိုက်ပျိုးခင်းများကို အစိတ်စိတ် အမြွာမြွာအချည်းနှီးဖြစ်စေတော်မူနိုင်ပေသည်။ သို့ဖြစ်စေတော်မူပါက သက်ဆိုင်ရာပုဂ္ဂိုလ်များသည် တွေဝေငေးမှိုင်ကြရပေမည်၊ အရှုံးကြီးရှုံးကြရပေမည်၊ လက်မဲ့ဖြစ်ကြရပေမည်။

لَوْ نَشَآءُ جَعَلْنَٰهُ أُجَاجًا فَلَوْلَا تَشْكُرُونَ ﴿٧٠﴾

၇၀။ အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ထိုရေကို ရေငန်ရေခါး ပြုလုပ်တော်မူခဲ့မည်သာ။ သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ကျေးဇူးမတင်ကြပေသနည်း။

أَفَرَءَيْتُمُ ٱلنَّارَ ٱلَّتِى تُورُونَ ﴿٧١﴾ ءَأَنتُمْ أَنشَأْتُمْ شَجَرَتَهَآ أَمْ نَحْنُ ٱلْمُنشِـُٔونَ ﴿٧٢﴾

၇၁။ အသင်တို့သည် မိမိတို့မွေးကြသော မီးကို မြင်ခဲ့ကြလေသလော။

၇၂။ ထိုမီးထွက်သော သစ်ပင်ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေခဲ့ကြလေသလော။ သို့တည်း မဟုတ် ငါအရှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသောအရှင် ဖြစ်တော်မူပါသလော။

---

(၂) အသုမိုးရေရွာသွန်းစေသနည်း။

လူဖြစ်ရာတွင် သာမန်အမြင်အားဖြင့် မိဘနှစ်ပါးသည် တစ်စိတ်တစ်ဒေသ ဆက်စပ်ပါဝင်နေသည်ဟု ထင်မှတ်ရသော်၏။ လယ်ယာစိုက်ပျိုးရာတွင် သက်ဆိုင်ရာ တောင်သူလယ်သမားများ တစ်စိတ်တစ်ဒေသ ပါဝင်နေသည်ဟု ထင်မှတ်ရသော်၏။ မိုးရွာသွန်းရာတွင်မူ အသူမျှ မည်သည့်အဆင့်အတန်းတွင်မျှ မည်သည့် အစိတ်အပိုင်းတွင်မျှ မည်သို့မျှမပါဝင်ချေ။

ဥတုရာသီအလိုက် သူ့အချိန်နှင့်သူ မိုးရွာသွန်းနိုင်ရန်အတွက် လိုအပ်သည့် အပူဓာတ်ကို သမုဒ္ဒရာပင်လယ်တွင် အသူထည့်သွင်းပေးသနည်း။ သမုဒ္ဒရာပင်လယ်များမှ လိုအပ်သည့် ရေခိုးရေငွေ့များကို မိုးကောင်းကင်သို့ အသူတင်ဆောင်သနည်း။ ယင်းသည့် ရေခိုးရေငွေ့များမှလိုအပ်သည့် မိုးတိမ်များကို အသူဖန်တီးသနည်း။ ယင်းသည့်မိုးတိမ်များကို လိုအပ်သောဒေသများသို့ သယ်ဆောင်သွားရန် လေထုအား အသူစေခိုင်းသနည်း။ ယင်းသည့်မိုးတိမ်များမှ လိုအပ်သည့် ရေစိုင်ရေခဲများကို အသူဖန်တီးသနည်း။ ယင်းသည့် ရေစိုင်ရေခဲများမှ လိုအပ်သည့် မိုးသီးမိုးပေါက်ကလေးများအဖြစ် အံ့ဖွယ်သရဲ အသူရွာသွန်းစေသနည်း။ လူမဟုတ်၊ အသူမျှမဟုတ်၊ အလွှာဟ်အရှင်မြတ်ပင်။ ထိုအရှင်မြတ်၏ ကျေးဇူးတော်ကြောင့်ပင် သက်ရှိသက်မဲ့ အပေါင်းတို့သည် ရေကို သောက်သုံးလျက်ရှိကြသည်။ အမျိုးမျိုး အသုံးပြုကြသည်။ ဤသည်လည်း အလွှာဟ်အရှင်မြတ်၏ အတိုင်းမသိကြီးမားလှဘိသော ကျေးဇူးတော်တစ်ပါးပင်။

(၁) ရေသည်ကြည်လင်သည်၊ ချိုသည်၊ အေးသည်၊ ရသာရှိလှသည်။ အကျိုးများဘိသည်။ ဤသည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။ အကယ်တန်ဘီ အလွှာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူပါက ဤသည့် ချိုအေးလှသည့် ရေကြည်ရေစင်ကို ရေငန်၊ ရေခါးပြုလုပ်ထားတော်မူသည် ရှိပါသော်၊ ရေချိုကို မှီဝဲနေကြရသော သက်ရှိသက်မဲ့ အပေါင်းသည် ပျက်ပြုန်း ဆိတ်သုဉ်းသွားကြရပေမည်။ ယခုမူ အလွှာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် ရေချိုသည် ချိုလျက်ပင်ရှိပေသည်။ ထိုအရှင်မြတ်၏ ကျေးဇူးတော်ကား အတိုင်းမသိကြီးမားလှဘိတကား။

نَحْنُ جَعَلْنٰهَا تَذْكِرَةً وَّمَتَاعًا لِّلْمُقْوِيْنَ ﴿٧٣﴾

၇၃။ ငါအရှင်မြတ်သည်ပင် ထိုသစ်ပင်ကို သတိရစေသော၊ တရားရစေသောအရာအဖြစ်လည်းကောင်း၊ ခရီးသည်တို့အဖို့ အကျိုးကျေးဇူးရှိစေသောအရာအဖြစ်လည်းကောင်း၊ ပြုလုပ်တော်မူခဲ့၏။ [၁]

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيْمِ ﴿٧٤﴾

၇၄။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ ကြီးကျယ်မြင့်မြတ်လှတော်မူသော အရှင်မြတ်(၏ နာမံတော်၊ စင်ကြယ် သန့်ရှင်းတော်မူကြောင်း) ချီးမွမ်းမြွက်ဆိုပါလော။ [၂]

فَلَآ اُقْسِمُ بِمَوٰقِعِ النُّجُوْمِ ﴿٧٥﴾

၇၅။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ကြယ်နက္ခတ်တို့၏ဝင်ရာ၊ စခန်းချရာများကို သက်သေထူ(ကျိန်ဆို)တော်မူ၏။ [၃]

---

① ဆိုလိုသည်ကား - မီးသည် အထူးသဖြင့် အိမ်နေ၊ မြို့ခံ၊ ဧည့်သည်၊ ခရီးသွား လူတန်းစားအလွှာလွှာအတွက် အကျိုးများလှ၏။ သတိတရား၊ ရဖွယ်ရာလည်း ကောင်းလှ၏။ ဆိုလိုသည်ကား ဤသည့် ပစ္စက္ခမီးကိုကြည့်၍ နောင်တမလွန်ဘဝ၏ ငရဲမီးကို မြင်ရာ၏။ စိမ်းစိုလတ်ဆတ်သော အပင်မှ မီးကို ဖြစ်စေနိုင်တော်မူသော အရှင်သည် သူသေများအား ပြန်လည်ရှင်ထစေတော်မူနိုင်သည်ကိုလည်း ဆင်ခြင်ရာ၏။

② အထက်ပါ အာယတ်တော်များကို ထောက်ရှုခြင်းအားဖြင့် အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်များနှင့် ကျေးဇူးတော်များအား အတိုင်းမသိ ကြီးမားများပြားလှသည်များကို ကောင်းစွာ သိရှိရပေသည်။ ယင်းသည့် တန်ခိုးတော်များနှင့် ကျေးဇူးတော်များကို ထောက်ရှုခြင်းအားဖြင့် အလွှာဟ်အရှင်မြတ်သည် တစ်ပါးတည်း ရှိတော်မူကြောင်း ပြန်လည်ရှင်ထစေတော်မူမည့် အကြောင်းကိုလည်း ကောင်းစွာ သိရှိရပေသည်။

ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်၏ အတိုင်းမသိ ကြီးမာလှဘိသော တန်ခိုးတော်များနှင့် ကျေးဇူးတော်များကို သိကြရပြီ၊ ယင်းသည့် ကျေးဇူးတော်များကိုလည်း အပြည့်အဝ ခံစားလျက်ရှိကြပြီ၊ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်အား လှိုက်လှိုက်လဲ့လဲ့ ကြည်ညိုမြတ်နိုးကြရာသည်။ လှိုက်လှိုက်လဲ့လဲ့ ကျေးဇူးတင်ကြရာသည်။ ထိုအရှင်မြတ်၏ တရားတော်များကို ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးဖြင့် နာယူကျင့်မူကြရသည်။ ထိုအရှင်မြတ်နှင့်ပတ်သက်၍ အချို့ သူယုတ်မာများ အမှားမှား အယွင်းယွင်း ထင်မြင်ယူဆထားခဲ့ကြသည်များမှာ လုံးဝမှားယွင်းကြောင်း၊ ထိုအရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ လုံးဝစင်ကြယ် သန့်ရှင်းအပြစ်ကင်းတော်မူကြောင်း၊ အတိုင်းမသိ ကြီးကျယ်မြင့်မြတ်တော်မူကြောင်း လှိုက်လှိုက်လဲ့လဲ့ ဂုဏ်တော်မွမ်းကြရာသည်။

③ ဤအာယတ်တော်၏အစတွင်ပါရှိသော 'လာ' အက္ခရာသည် မဟုတ်၊ မဖြစ်၊ မရှိ ဟူသောအနက်၌ မဟုတ်၊ မုချဇကန်၊ မလွဲမသွေဟူသော အနက်၌ဖြစ်သည်။ ➤➤

وَإِنَّهُۥ لَقَسَمٌ لَّوْ تَعْلَمُونَ عَظِيمٌ ﴿٧٦﴾

၇၆။ စင်စစ်ဆိုသော် ယင်းသို့သက်သေထူခြင်း (ကျိန်ဆိုခြင်း)မှာ အကယ်၍ အသင်တို့သိရှိကြလျှင် ကြီးကျယ်စွာသော သက်သေထူမှု ကျိန်ဆိုမှု)ပင်။

إِنَّهُۥ لَقُرْءَانٌ كَرِيمٌ ﴿٧٧﴾

၇၇။ ဧကန်မလွဲ ယင်းသည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင်။

فِى كِتَٰبٍ مَّكْنُونٍ ﴿٧٨﴾

၇၈။ မှတ်တမ်းစာအုပ်တစ်ခု၌ ထိန်းသိမ်း စောင့်ရှောက်၍ ထားရှိပြီးဖြစ်သော၊

لَّا يَمَسُّهُۥٓ إِلَّا ٱلْمُطَهَّرُونَ ﴿٧٩﴾

၇၉။ ယင်း မှတ်တမ်းစာအုပ်ကို စင်ကြယ်သန့်ရှင်း ကြသောသူတို့မှတစ်ပါး မည်သူမျှ ထိတွေ့ကြသည် မရှိပြီ။ [၁]

➤➤ ဤအာယတ်တော်၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်းပြန်ဆိုကြသည်။

(၁) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ကြယ်တာရာများ ဝင်သွားခြင်းကို/ ပျောက်ကွယ်သွားခြင်းကို/ ကြယ်တာရာများ သက်ရောက်ရာ နေရာဌာနများကို သက်သေထူတော်မူ၏။

(၂) သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် တမန်တော်များ၏ စိတ်နှလုံးများတွင် အာယတ်တော်များ သက်ရောက်ခြင်းကို သက်သေထူတော်မူ၏။

(၃) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို မိုးကောင်းကင်မှ ကမ္ဘာမြေသို့ တဖြည်းဖြည်း အနည်းငယ်စီ ကျရောက်ခြင်းကို သက်သေထူတော်မူ၏။

ဖော်ပြပါ အဓိပ္ပါယ် အရပ်ရပ်သည် သင့်မြတ်သည်သာဖြစ်သည်။ ဖော်ပြပါ အဓိပ္ပါယ်သုံးရပ်အနက် ပထမနှင့် ဒုတိယအဓိပ္ပါယ်ကို ကောက်ယူပါက ယင်းသည့် အနက်သဘောကို ကုရ်အာန် (၅၃း၁-၂)၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။ တတိယအဓိပ္ပါယ်ကို ကောက်ယူပါက ယင်းသည့် အနက်သဘောကို ကုရ်အာန်(၁၇း၁၀၆)၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ၊ ပြန်လည်ရှုပါကုန်။ 'အာယတ်တော်များ သက်ရောက်ရာ ဌာနများ' ဟူသောအဓိပ္ပါယ်ကို ကောက်ယူပါက ဤသည့်သဘောနှင့် စပ်လျဉ်း၍ ကုရ်အာန်(၂၆း၇။၆း၁၅။ ၂၆း၁၉၂-၁၉၄)၏ အဖွင့်များကို ပြန်လည်ရှုပါကုန်။

မည်သည့်အနက် အဓိပ္ပါယ်၌ရှိစေ၊ တွေးတောဆင်ခြင် မြော်မြင်တတ်သူများအဖို့ သိရှိနားလည် သဘောပေါက်သူများအဖို့မှာကား၊ ဤသက်သေထူမှုသည် အလွန်ကြီးကျယ်လှပါဘိတကား။

① ကုရ်အာန်ကျမ်းမြတ်သည် ကျက်သရေ မင်္ဂလာပေါင်းနှင့်ပြည့်စုံလှဘိသည်။ 'လောင်ဟ်မဟ်ဖူ' မှတ်တမ်းတော်တွင် လုံခြုံစွာထိန်းသိမ်းထားတော်မူသည်။ ယင်းမှတ်တမ်းတော်ကို အလွန်စင်ကြယ်သန့်ရှင်းသော ကောင်းကင်တမန်များမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ထိတွေ့ရသည်မရှိပေ။

အချို့က 'လယမတ်စ္စူဟူ' ၌ ပါရှိသော 'ဟူ' ဟူသော နာမ်စားသည် ကုရ်အာန်ကျမ်းမြတ်ကိုပင် ရည်ညွှန်းသည်ဟု ဆိုကြသည်။ ဆိုလိုသည်ကား ဤကုရ်အာန်ကျမ်းမြတ်ကို စိတ်နှလုံးသားဖြူစင်သော ➤➤

تَنْزِيلٌ مِّن رَّبِّ الْعَالَمِينَ ﴿٨٠﴾

၈၀။ စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ချမှတ်ပေးတော်မူခြင်း ခံရလေသော၊

أَفَبِهَٰذَا الْحَدِيثِ أَنتُم مُّدْهِنُونَ ﴿٨١﴾

၈၁။ သို့ပါလျက် အသင်တို့သည် ဤအာယတ်တော်ကို မထီမဲ့မြင်ပြုကြလေသလော/ ပျင်းရိနေကြသလော။

وَتَجْعَلُونَ رِزْقَكُمْ أَنَّكُمْ تُكَذِّبُونَ ﴿٨٢﴾

၈၂။ ထို့မှတစ်ပါး အသင်တို့သည် မဟုတ်မမှန်ဟူ၍ ငြင်းပယ်မှုကိုပင် မိမိတို့၏အစားအစာ ပြုလုပ်ကြလေသလော။ (တစ်နည်း) ထို့မှတစ်ပါး အသင်တို့သည် မိမိတို့ စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ကြမည့်အစား၊ မဟုတ်မမှန်ဟူ၍ငြင်းပယ်ကြလေသလော၊[၁]

فَلَوْلَا إِذَا بَلَغَتِ الْحُلْقُومَ ﴿٨٣﴾

၈၃။ သို့ဖြစ်လျှင် အသက်ဇီဝိန်သည် လည်မျိုသို့ ရောက်ရှိလာသောအခါ အသင်တို့သည် မည်သည့် အတွက်ကြောင့် (မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်း) မပြုကြသနည်း။

➢➢ ကိုယ်ကျင့်တရား ကောင်းမြတ်သော ပုဂ္ဂိုလ်များသာလျှင် ထိတွေ့ကြသည်။ ထိသို့သော ပုဂ္ဂိုလ်များသာလျှင် ကုရ်အာန်ကျမ်းမြတ်၏ အလွန်နက်နဲသိမ်မွေ့သော အနက်သဘောများကို မြော်မြင်နိုင်ကြပေသည်။ ပေါက်ရောက်နိုင်ကြပေသည်။

အချို့က 'လာယမတ်စ္စုဟူ' ဟူသော ဝါကျကို 'ထိကုရ်အာန်ကျမ်းမြတ်ကို မကိုင်မတွယ်ရ' ဟု ဘာသာပြန်ကြ၏။ ဆိုလိုသည်ကား ကုရ်အာန်ကျမ်းမြတ်ကို သန့်ရှင်းစင်ကြယ်သူများမှတစ်ပါး အခြားမည်သူမျှ မကိုင်မတွယ်ရ။ (ဝါ) 'ဝုသ္စူ' မရှိသော၊ ကိုယ်ခန္ဓာ မသန့်စင်သောသူများ မကိုင်မတွယ်ရ။ တမန်တော်မြတ်၏ (ဟဒီးဆ်)ဩဝါဒတော်များတွင်လည်း ဤသို့သောပညတ်ချက်များ ပါရှိပေသည်။ ဤဖွင့်ဆိုချက်အရ (လာယမတ်စ္စုဟူ)၌ပါရှိသော 'လာ' ဟူသော အက္ခရာသည် တားမြစ်ခြင်းအနက်၌ ဖြစ်သွားပေမည်။

① အထက်ဖော်ပြပါ ကုရ်အာန်ကျမ်းမြတ်သည် စကြဝဠာအဝှန်းကို ဖန်ဆင်းတော်မူသော၊ ပြုစုပျိုးထောင်တော်မူသော၊ ရပ်တည်စေတော်မူသော၊ ပိုင်ဆိုင်တော်မူသော၊ စိုးမိုးတော်မူသော အလွှာဟ်အရှင်မြတ်ထံတော်ပါးမှ ထုတ်ပြန်ပို့ချထားတော်မူသော ကျမ်းမြတ်တည်း။ ယင်းသို့သော အတိုင်းမသိ ကြီးကျယ်လှာဘိသော၊ မြင့်မြတ်လှာဘိသော၊ ကုရ်အာန်ကျမ်းမြတ်လာ တရားတော်များကို နာယူကျင့်မှု၍ အကျိုး အမြတ်ခံစားရာတွင်ပင် အသင်တို့သည် ပျင်းရိနေကြသေးသလော၊ ဖင့်နွဲ့နေကြသေးသလော၊ အထီမဲ့မြင် ပြုနေကြသေးသလော။ ပေါ့ပေါ့ဆဆ ပြုလုပ်နေကြသေးသလော။ အမှန်တရားဟူသမျှကို ဇွတ်မိုတ်ကာ အမှားဟူ၍ ငြောဆိုရန် အသင်တို့သည် တစ်ဦးတည်း မူပိုင်ပြုထားကြလေသလော။ ဤသည် အမိုက်အပေါင်းတို့တွင် အကြီးဆုံးအမိုက်ပင်၊ အမိုက်အပေါင်းတို့၏ ဘုရင်ပင်၊ ကျေးဇူးကန်းမှု အပေါင်းတို့၏ အဓိပတိပင်။

وَأَنتُمْ حِينَئِذٍ تَنظُرُونَ ﴿٨٤﴾

၈၄။ စင်စစ် အသင်တို့သည် ထိုရောအခါဝယ် ကြည့်၍ နေကြကုန်၏။

وَنَحْنُ أَقْرَبُ إِلَيْهِ مِنكُمْ وَلَٰكِن لَّا تُبْصِرُونَ ﴿٨٥﴾

၈၅။ စင်စစ်သော်ကား၊ ငါအရှင်မြတ်သည် အသင်တို့ထက် ပိုမို၍ပင် ထိုသူနှင့် နီးကပ်လျက် ရှိနေတော်မူ၏။ သို့ရာတွင် အသင်တို့သည် မြင်ကြသည် မဟုတ်ပေ။

فَلَوْلَا إِن كُنتُمْ غَيْرَ مَدِينِينَ ﴿٨٦﴾

၈၆။ သို့ဖြစ်ပေရာ အသင်တို့သည် အစားပေးခြင်း ခံရအံ့သောသူများ မဟုတ်(ဟု ဆိုရာ၌) အမှန်ကို ပြောဆိုသူများဖြစ်ကြလျှင် မည်သည့်အတွက်ကြောင့်

تَرْجِعُونَهَا إِن كُنتُمْ صَٰدِقِينَ ﴿٨٧﴾

၈၇။ ယင်းအသက်ဇီဝိန်ကို ပြန်လည်၍ ယူမထားကြပေသနည်း။ [၁]

---

① ဆိုလိုသည်ကား ကာဖိရ်များသည် ကုရ်အာန်ကျမ်းလာ တရားတော်များကိုလည်း မယုံကြည်ကြ၊ သေပြီးနောက် ပြန်လည်ရှင်ပြန်ထကြရမည်ကိုလည်း မယုံကြည်ကြ၊ နောင်တမလွန်ဘဝတွင် ကျိုးပြစ်ခံ၊ စံကြရမည်ကိုလည်း မယုံကြည်ကြ၊ တစ်ရက်ငါတို့သည် သေကြရမည်။ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ကြရမည် ကိုလည်း မယုံကြည်ကြ။

တစ်နည်းအားဖြင့် မိမိတို့သည် မည်သူတစ်ဦးတစ်ယောက်၏ အုပ်ချုပ်မှုအာဏာစက်အောက်တွင်မျှ ရှိနေကြသည်မဟုတ်သူဟူ၍ ထင်မှတ်နေကြ၏။ သို့ထင်မှတ်နေကြလျှင်၊ ယင်းသို့သော ကာဖိရ်များတွင် ၎င်းတို့၏ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးသည် သေအံ့ဆဲဆဲ ဖြစ်နေ၏။ အသက်ဇီဝိန်သည် လည်မျိုသို့ ရောက်ရှိနေ၏။ သေခြင်းတရား၏ဒုက္ခကို အကြီးအကျယ် ခံစားနေရ၏။ အသင်တို့ကိုယ်တိုင် မိမိတို့၏ မိတ်ဆွေ၏ သေခြင်း၏ဒုက္ခကို ရင်တမမ ဝိုင်းအုံကြည့်နေကြ၏။ ထိုအချိန်မှာပင် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ကောင်းကင်တမန်များသည် အသင်တို့၏ မိတ်ဆွေထံ၌ အသင်တို့ထက်ပင် ပိုမိုနီးကပ်စွာရှိနေကြ၏။ အသင်တို့ကား မမြင်ကြပေ။

အကယ်၍ အသင်တို့ထင်မြင်ယူဆထားကြသကဲ့သို့၊ အသင်တို့သည် မည်သူ၏ အာဏာစက်အောက်တွင်မျှ ရှိနေကြသည်မဟုတ်ပါသော်၊ အသင်တို့သည် မိမိတို့၏ မိတ်ဆွေ၏ အသက်ဇီဝိန်ကို အဘယ်ကြောင့် အထွက်ခံကြသနည်း။ အဘယ်ကြောင့် တားဆီးမထားကြသနည်း။ ယင်းသည့် အသက်ဇီဝိန်ကို ထိုမိတ်ဆွေထံ ပြန်လည်ယူဆောင်လာပြီးလျှင် ထိုမိတ်ဆွေအား ကျိုးပြစ်ခံစံခြင်းမှ အဘယ့်ကြောင့် မကာကွယ်ကြသနည်း။ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြပါက ဤသို့ ပြုလုပ်ပြကြရာသည်။

(ကြည့်-အုတ်ဆ်မာနီ၊ထာနဝီ)။

فَأَمَّآ إِن كَانَ مِنَ ٱلْمُقَرَّبِينَ ﴿٨٨﴾

၈၈။ တစ်ဖန် မည်သို့ပင်ဖြစ်စေ၊ အကယ်၍ ထို (သေဆုံးသော) သူသည် နီးကပ်သောသူတို့တွင် ပါဝင်ခဲ့သည်ရှိသော်၊

فَرَوْحٌ وَرَيْحَانٌ وَجَنَّتُ نَعِيمٍ ﴿٨٩﴾

၈၉။ သို့ဖြစ်လျှင် (ထိုသူ၏အဖို့) ချမ်းသာမှုသည်လည်းကောင်း၊ အစားအစာသည်လည်းကောင်း၊ မွေ့လျော် စံပျော်ရာ 'ဂျန္နတ်' သုခဘုံသည်လည်းကောင်း၊ ရှိချေမည်။

وَأَمَّآ إِن كَانَ مِنْ أَصْحَٰبِ ٱلْيَمِينِ ﴿٩٠﴾

၉၀။ ၎င်းပြင် အကယ်၍ ထိုသူသည် လက်ယာဘက်သားတို့တွင် ပါဝင်ခဲ့သူ၊

فَسَلَٰمٌ لَّكَ مِنْ أَصْحَٰبِ ٱلْيَمِينِ ﴿٩١﴾

၉၁။ သို့ဖြစ်လျှင် (အသင်သည်) လက်ယာဘက်သားတို့တွင် ပါဝင်သောကြောင့် အသင့်အဖို့ ငြိမ်းချမ်းမှုသည် ရှိပေမည်(ဟု သတင်းပြောကြားခြင်းကို ခံရပေမည်။)

وَأَمَّآ إِن كَانَ مِنَ ٱلْمُكَذِّبِينَ ٱلضَّآلِّينَ ﴿٩٢﴾

၉၂။ သို့ရာတွင် အကယ်၍ ထိုသူသည် လမ်းမှားကြကုန်သော၊ မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သော၊ သူတို့အနက်တွင် အပါအဝင် ဖြစ်ခဲ့သည်ရှိသော်၊

فَنُزُلٌ مِّنْ حَمِيمٍ ﴿٩٣﴾

၉၃။ (ထိုသူအား) ပွက်ပွက်ဆူ၍နေသော ရေနွေးဖြင့် ဧည့်ခံခြင်းသည်လည်းကောင်း၊

وَتَصْلِيَةُ جَحِيمٍ ﴿٩٤﴾

၉၄။ အလျှံပြောင်ပြောင် တောက်လောင်လျက် ရှိသော မီးထဲသို့ ဝင်ရောက်စေခြင်းသည်လည်းကောင်း၊ ရှိပေမည်။

إِنَّ هَٰذَا لَهُوَ حَقُّ ٱلْيَقِينِ ﴿٩٥﴾

၉၅။ ဧကန်မလွဲ ဤသည် ထင်ရှားသော အမှန်ပင် ဖြစ်၏။ [၁]

---

① ဆိုလိုသည်ကား- ကာဖိရ်များ၏ ထင်မြင်ချက်များသည် အားလုံးအမှားချည်းသာ။ လူတိုင်းသည် အချိန်ကျရောက်လာသည့်အခါ သေရမည်သာဖြစ်၏။ ကိယာမတ်နေ့တွင် ပြန်လည်ရှင် ထရမည်သာ ဖြစ်၏။ ကျိုးပြစ်၊ ခံ၊ စံရမည်သာဖြစ်၏။ အုပ်စုသုံးခုအနက်၊ တစ်ခုခုတွင် အပါအဝင်ဖြစ်မည်သာဖြစ်၏။ ➤➤

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ ﴿٩٦﴾

၉၆။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)၊ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် (၏နာမ်တော်-စင်ကြယ် သန့်ရှင်းတော်မူကြောင်း) ချီးမွမ်းမြွက်ဆိုပါလေ။ [၁]

➤➤ (အုပ်စုသုံးခုအကြောင်း၊ ကုရ်အာန်(၅၆း၇-၅၆) တွင် အကျယ်တဝင့်ပါရှိ၏။)

အကယ်၍ ထိုသူသေသည် (မုကရ်ရဗီန်) သူတော်စင်ကြီးများ အုပ်စုတွင်အပါအဝင် ဖြစ်သော်၊ အတိုင်းမသိ၊ ကြီးမားလှာဘိသော ရုပ်-နာမ်ဆိုင်ရာ အံ့မခန်းသော သုခအဖြာဖြာကို အမြဲထာဝရ ခံစားရမည်ဖြစ်၏။ အကယ်၍ ထိုသူသေသည် ရိုးရိုးသူတော်စင်များတွင်အပါအဝင် ဖြစ်သော်၊ သို့တစေလည်း ပူပန် သောကစိုးရိမ်ဖွယ်ရာမရှိ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းမည်သာ ဖြစ်၏။

အကယ်၍ ထိုသူသေသည် မဟုတ်မမှန်ဟူ၍ ငြင်းပယ်ပြောဆိုသူများ၊လမ်းလွဲမှားသူများတွင် အပါအဝင်ဖြစ်သော်၊ ထိုသူမှာကား ပွက်ပွက်ဆူလျက်ရှိသော ရေပူဖြင့် ဧည့်ခံခြင်း ခံရပေမည်။ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲသို့ အမြဲထာဝစဉ် လားရပေမည်။ ဤကား မလွဲဧကန် အမှန်တည်း။

① သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်၌ ချဉ်းကပ်ကြရမည်သာ ၊ ထိုအရှင်မြတ်အား ဂုဏ်တော်မွမ်းကြရမည်သာ၊ ဤသည်ပင် နောင်တမလွန်ဘဝ၏ ကောင်းစားရေး အတွက် ကြိုတင်ပြင်ဆင်မှုပင်။

ဤတွင် ဂုဏ်တော်မွမ်းနိုင်ရန်အလို့ငှာ အကြောင်းအားလျော်စွာ အေမာမ် ဗုခါရီသခင်က မိမိ၏ကျမ်း၏ နိဂုံးချုပ်တွင်ဖော်ပြထားသည့် တမန်တော်မြတ်၏ ဩဝါဒတော် တစ်ပါးကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

သာဝကကြီး အဗူဟုရိုင်ရဟ်သခင်ထံမှ တစ်ဆင့် ကြားသိရ၏။ တမန်တော်မြတ်က (အလ္လာဟ် အရှင်မြတ်သည် တမန်တော်မြတ်အပေါ်သို့ ကောင်းချီး ချမ်းသာမဂ်လာအဖြာဖြာ ချီးမြှင့်တော်မူပါစေ) မိန့်ကြားတော်မူခဲ့သည်မှာ - စကားကြီးနှစ်ခွန်းရှိ၏။ ထိုစကားကြီး နှစ်ခွန်းသည် နှုတ်လျှာအပေါ်တွင်ပေါ့ပါး၏။ 'မီဇာန်' ချိန်ခွင်တွင် လေး၏။ 'ရဟ်မာန်' အထူးကရုဏာတော်ရှင် ထံတော်ပါးတွင် နှစ်မြို့ဖွယ်ရာဖြစ်၏။ ထိုစကားကြီး နှစ်ခွန်းကား ဤသို့တည်း စုဗ်ဟာနလ္လာဟိ ဝဗိယမ်ဒိဟိ၊ စုဗ်ဟာနလ္လာဟိလ်အဇီမ်။(ဗုခါရီကျမ်း)။

သံကဏ္ဍ



ဤကဏ္ဍသည် "အလ်ဟဒီဒ်" သံကဏ္ဍမည်၏။ မဒီနာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၂၉)ပါး၊ ရကူအ်အပိုဒ် (၄)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ○

အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အထူး ကရုဏာပြုတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ ۖ وَهُوَ الْعَزِيزُ الْحَكِيمُ ①

၁။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့သည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆို ချီးမွမ်းကြကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် အလွန်တရာ နိုင်နင်း လွှမ်းမိုးတော်မူသော အရှင်၊ လွန်စွာ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူ၏။

لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۚ يُحْيِي وَيُمِيتُ ۚ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ②

၂။ မိုးကောင်းကင်များကို လည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ ထိုအရှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် အသက်သေဆုံးစေတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို စွမ်းနိုင်တော်မူသော အရှင်၊ ဖြစ်တော်မူ၏။

هُوَ الْأَوَّلُ وَالْآخِرُ وَالظَّاهِرُ وَالْبَاطِنُ ۖ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ ③

၃။ ထိုအရှင်မြတ်သည်ပင် အဦးဆုံး ဖြစ်တော်မူသောအရှင်မြတ်သည် လည်းကောင်း၊ နောက်ဆုံး၌ရှိနေတော်မူအံ့သော အရှင်မြတ်သည် လည်းကောင်း၊ ထင်ရှားစွာ ရှိနေတော်မူသောအရှင်မြတ်သည် လည်းကောင်း၊ ကွယ်၍နေတော်မူသော အရှင်မြတ်သည်

လည်းကောင်း၊ ဖြစ်တော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ ၃

هُوَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ فِيْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ ؕ يَعْلَمُ

၄။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူခဲ့သော အရှင်မြတ်ဖြစ်တော်မူ၏။ ထို့နောက် ထိုအရှင်မြတ်သည် 'အရ်ရှ်' ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။

---

① <u>ဂုဏ်တော်များ(က)</u>

အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကား အတိုင်းမသိ ကြီးမားဘိ၏။ မရေတွက်နိုင်အောင် များပြားဘိ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို နိုင်နင်းလွှမ်မိုးတော်မူ၏။ ထိုအရှင်မြတ်၌ ချုပ်ချယ်မှု၊ ဖိနှိပ်မှု၊ အဟန့်အတားဟူ၍ တစ်စုံတစ်ရာမျှ အလျှင်းမရှိ၊

ထိုအရှင်မြတ်သည် အတိုင်းမသိ နူးညံ့တော်မူ၏။ သိမ်မွေ့တော်မူ၏။ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူ၏။ ထိုအရှင်မြတ်သည် ပြုစီရင်တော်မူသမျှသည် ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံလှသည်သာဖြစ်၏။

မိုးမြေနှင့်တကွ စကြဝဠာအပေါင်းကို ထိုအရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ ထိုအရှင်မြတ်သည်ပင် ရှင်စေတော်မူ၏။ ထိုအရှင်မြတ်သည်ပင် သေစေတော်မူ၏။ ထိုအရှင်မြတ်သည်ပင် အရာရာကိုပြုစွမ်းတော်မူနိုင်၏။ ထိုအရှင်မြတ်သည်ပင် အစဉထမဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်ပင် အဆုံးအဖြတ်ဖြစ်တော်မူ၏။

ထိုအရှင်မြတ်သည်ပင် တစ်စုံတစ်ရာမရှိမီအလျှင်ကလည်း တည်ရှိနေတော်မူ၏။ ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းပျက်ပြုန်း ဆိတ်သုဉ်းသွားပြီးနောက်တွင်လည်း တည်ရှိနေတော်မူမည်ဖြစ်၏။ ထာဝရ ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ထင်ရှားစွာရှိတော်မူ၏။ ထိုအရှင်မြတ်သည် ဖုံးကွယ်လျက်ရှိတော်မူ၏။ အကြောင်းသော်ကား အရာခပ်သိမ်းတို့၏ ဖြစ်ရှိမှုသည် ထိုအရှင်မြတ်၏ တည်ရှိမှု၏အကျိုးပင်ဖြစ်၏။

ထိုအရှင်မြတ်သည် ဖြစ်ရှိမှုအကြောင်းအစုစု၏ (Ultimate Cause) အဆုံးစွန်အကြောင်းပင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ သက်သေအထောက်အထား နိမိတ်လက္ခဏာများသည် အထင်သား အမြင်သားဖြစ်၏။

သို့ရာတွင် ထိုအရှင်မြတ်၏ မူလဇာတိတော်နှင့် ဂုဏ်တော်များကိုမူကား အတိအကျ အသူမျှ မသိနိုင်ပေ။ ဤသို့ဖြင့် ထိုအရှင်မြတ်သည် ထင်ရှားလျက်လည်းရှိတော်မူ၏။ ဖုံးကွယ် လျက်လည်းရှိတော်မူ၏။

ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိတော်မူ၏။ ထိုအရှင်မြတ်၏ အသိဉာဏ်တော်မှ ဖုံးကွယ် လွတ်ကင်းနေသောအရာဟူ၍အလျှင်းမရှိ၊ တန်ခိုးတော် ဂုဏ်တော်များကြောင့်ပင် မိုး၊ မြေ၊ စကြဝဠာအဝှန်းရှိ အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်အား ကိုယ့်နည်းကိုယ့်ဟန်နှင့် ဂုဏ်တော်မွှမ်းလျက်ရှိကြကုန်၏။ အလ္လာဟ်အရှင်မြတ်ကား အတိုင်းမသိ ဂုဏ်တော်မွှမ်းအပ်ပါတကား။

مَا يَلِجُ فِي الْأَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنْزِلُ مِنَ السَّمَاءِ وَمَا يَعْرُجُ فِيهَا ۚ وَهُوَ مَعَكُمْ أَيْنَ مَا كُنْتُمْ ۚ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٤﴾

ထိုအရှင်မြတ်သည် ပထဝီမြေ၌ဝင်သောအရာကိုလည်းကောင်း၊ ယင်းပထဝီမြေမှထွက်သောအရာကိုလည်းကောင်း၊ မိုးကောင်းကင်မှ ဆင်းသက်လာသောအရာကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်သို့ တက်သောအရာကိုလည်းကောင်း၊ သိရှိတော်မူ၏။

ၔင်းပြင် ထိုအရှင်မြတ်သည် အသင်တို့ရှိကြသော မည်သည့်နေရာ၌မဆို အသင်တို့နှင့်အတူ ရှိနေတော်မူ၏။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۚ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ ﴿٥﴾

၅။ မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအရှင်မြတ်၌သာရှိ၏။ ထိုမှတစ်ပါး အရေးကိစ္စအလုံးစုံတို့မှာ ထိုအရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြရပေမည်။

يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ ۚ وَهُوَ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٦﴾

၆။ ထိုအရှင်မြတ်သည်ပင် (အချို့သောရာသီဥတု၌) ညဉ့်(၏ အစိတ်အပိုင်းအချို့)ကို နေ့၏အတွင်း ဝယ် ထည့်သွင်းတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည်ပင် (အချို့သောရာသီဥတု၌) နေ့(၏အစိတ်အပိုင်းအချို့)ကို ညဉ့်၏အတွင်းဝယ် ထည့်သွင်းတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ရှိသည်တို့ကိုပင် အကြွင်းမဲ့သိရှိတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။

---

① ဂုဏ်တော်များ(၉)

အလ္လာဟ်အရှင်မြတ်သည်ပင် မိုးများနှင့်မြေကို ဖြရက်အာ့ဘွင်း ဖန်ဆင်းတော်မူ၏။
ကြည့်-ကုရ်အာန် (၇:၅၄။၁၀:၃။၁၃:၇။၂၅:၅९။၃၀:၃၈)။
ထိုအရှင်မြတ်သည် 'အရ်ရှ်' ပလ္လင်တော်ပေါ်၌စံမြန်းတော်မူလျက်ရှိတော်မူ၏။ (ထိုအရှင်မြတ်၏ ➤➤

اٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَاَنْفِقُوْا مِمَّا جَعَلَكُمْ مُّسْتَخْلَفِيْنَ فِيْهِ ؕ فَالَّذِيْنَ اٰمَنُوْا مِنْكُمْ وَاَنْفَقُوْا لَهُمْ اَجْرٌ كَبِيْرٌ ۝٧

၇။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ် အားလည်းကောင်း၊ သက်ဝင်ယုံကြည် ကြလေကုန်။ ထို့ပြင် အသင်တို့သည် အကြင်ဥစ္စာပစ္စည်းအနက်မှ သုံးစွဲ လှူဒါန်းကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား ယင်းပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူခဲ့၏။ စင်စစ် အသင်တို့အနက်မှ အကြင်သူတို့သည် သက်ဝင်ယုံ ကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် သုံးစွဲ လှူဒါန်းခဲ့ကြကုန်၏။ ထိုသူတို့အဖို့ ကြီးကျယ်လှစွာ သောအကျိုးသည် ရှိပေမည်။ [၁]

➤➤ အာဏာစက်သည် အရာခပ်သိမ်းကုန်တို့တွင် တည်လျက်ရှိ၏။) ကြည့် ကုရ်အာန်(၇:၅၄။၁၀:၃။ ၁၃:၂။၂၀:၅။၂၅:၅၉။၃၂:၄။၅၇:၄)

ထိုအရှင်မြတ်သည် မြေတွင်းသို့ဝင်သည်တို့ကိုလည်းကောင်း၊ မြေမှထွက်သည်တို့ကိုလည်းကောင်း၊ မိုးမှ သက်ဆင်းသည်တို့ကိုလည်းကောင်း၊ မိုးသို့ တက်ရောက်သည်တို့ကိုလည်းကောင်း၊ အကြင်းမဲ့သိတော်မူ၏။ ကြည့်-ကုရ်အာန်(၃၄:၂)။

ထိုအရှင်မြတ်သည် အဘယ်မှာမဆို အသင်တို့ရှိကြသည့်နေရာတွင် အသင်တို့နှင့်အတူပင်ရှိတော်မူ၏။ အသင်တို့ပြုမူကြသည်များကိုလည်း သိမြင်တော်မူ၏။ မိုးမြေနှင့်တကွ စကြဝဠာအဝှန်းကို ပိုင်ဆိုင်တော်မူ၏။ အရေးကိစ္စအဝဝသည် နောက်ဆုံးတွင် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိမည်ဖြစ်၏။ (ထိုအရှင်မြတ်သည်ပင် အဆုံးအဖြတ်ပေးတော်မူမည်ဖြစ်၏)။ ထိုအရှင်မြတ်သည် ဥတုရာသီအလိုက် နေ့နှင့်ညဉ့်ကို ပြောင်းလဲ၍၊ တိုစေတော်မူ၏။ ရှည်စေတော်မူ၏။ ကြည့်-ကုရ်အာန်(၂၂:၆၁။၃၁:၂၉။၃၅:၁၃)။ ထိုအရှင်မြတ်သည် စိတ်နှလုံးသားများတွင် ဖြစ်ပေါ်နေသည့် အတွေးအခေါ် အကြံအစည်များကိုပင် အကြွင်းမဲ့ အလုံးစုံ သိရှိတော်မူ၏။ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကား ကြီးကျယ်မြင့်မြတ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်ကား အတိုင်းမသိ ဂုဏ်တော်မွမ်းအပ်ပါဘိတကား။

① အထက်တွင် 'တောင်ဟီး၁' နှင့် စပ်လျဉ်းသည့် သက်သေခံ အထောက်အထားများ ထင်ရှားလျက်ရှိချေပြီ၊ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်၏ အာယတ်တော်များကို ထိုအရှင်မြတ်စေလွှတ်တော်မူသော တမန်တော်များမှတစ်ဆင့် ကြားနာကြရသည်မှာလည်း အထင်အရှားပင်။ ထို့အတွက်ကြောင့် 'အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏တမန်တော်အားလည်းကောင်း၊ (အဲမာန်)သက်ဝင်ယုံကြည်ကြကုန်လော့' ဟု အတိအလင်း အမိန့်ပေးထားတော်မူခြင်း ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ် စေလွှတ်တော်မူသော တမန်တော်အား သက်ဝင်ယုံကြည်ပါက ယင်းယုံကြည်မှုကို လက်တွေ့ အထောက်အထားပြနိုင်ရန် အလို့ငှာ ထိုအရှင်မြတ်က မိမိတို့ထံ ခေတ္တခဏ ➤➤

وَمَا لَكُمْ لَا تُؤْمِنُونَ بِاللَّهِ ۚ وَالرَّسُولُ يَدْعُوكُمْ لِتُؤْمِنُوا بِرَبِّكُمْ وَقَدْ أَخَذَ مِيثَاقَكُمْ إِنْ كُنْتُمْ مُؤْمِنِينَ ۝٨

၈။ စင်စစ်သော်ကား အသင်တို့ သက်ဝင်ယုံကြည်ခြင်းမရှိကြသည်မှာ အသင်တို့၌ မည်သည့်အကြောင်းရှိပေသနည်း။ အမှန်စင်စစ်သော်ကား အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သက်ဝင်ယုံကြည်ကြရန် ရာရွလ်တမန်တော်မြတ်သည် အသင်တို့အား ဖိတ်ခေါ်လျက်ရှိပေသည်။ ထိုမှတစ်ပါး မလွဲဧကန် ထိုအရှင်မြတ် ကိုယ်တော်တိုင်ပင် အသင်တို့ထံမှ ကတိဝန်ခံချက်ကို ယူထားတော်မူပြီး ဖြစ်ပေသည်။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်အံ့သောသူများ ဖြစ်ကြပါလျှင်၊ [၁]

➤➤ ထိန်းသိမ်းရန် အပ်နှင်းထားတော်မူသည့် ဥစ္စာပစ္စည်းများအနက် အချို့အဝက်ကို ထိုအရှင်မြတ်၏ လမ်းတော်တွင် ရက်ရောစွာ လှူဒါန်းကြရပေမည်။ သို့မဟုတ်ပါမူ ကျွန်တော်မျိုးသည် အလွှာဟ်အရှင်မြတ်အား ယုံကြည် မြတ်နိုးပါသည်' ဟု နှုတ်မှ ဖွင့်ဟပြောဆိုသော ယုံကြည်ချက်မှာ အသိုလျှင် အဓိပ္ပာယ်ရှိနိုင်အံ့နည်း။

ဤတွင် အထူးတလည် သတိပြုအပ်သည့် အချက်တစ်ရပ်မှာ၊ ယခုမိမိတို့၏ လက်ဝယ်၌ ရှိနေသော ဥစ္စာပစ္စည်းသည် တစ်ချိန်က သူတစ်ပါးတို့၏လက်ဝယ်၌ ရှိနေခဲ့၏။ သူတစ်ပါးတို့လက်ဝယ်မှ အဆင့်ဆင့် ပြောင်းကာ မိမိတို့လက်ဝယ်သို့ ရောက်ရှိခြင်းသာဖြစ်၏။

ယင်းသို့ သူတစ်ပါးတို့လက်ဝယ်မှ မိမိတို့လက်ဝယ်သို့ အဆင့်ဆင့် ရောက်ရှိလာသော ဥစ္စာပစ္စည်းသည် တစ်ချိန် မိမိတို့လက်ဝယ်မှ သူတစ်ပါးတို့လက်ဝယ်သို့ ပြန်လည်ရောက်ရှိသွားဦးမည်ပင် ဖြစ်၏။ 'ဥစ္စာပစ္စည်းကား မျက်နှာများလှပါဘိတကား' ကျွန်ုပ်တို့သည် သူတစ်ပါးတို့၏ အမွေဆက်ခံသူများ ဖြစ်ကြပေရာ၊ မကြာမီ ကျွန်ုပ်တို့၏ အမွေကို ဆက်ခံမည့်သူများလည်း ပေါ်လာကြမည်ဖြစ်၏။ အမှန်မှာ မိမိတို့လက်ဝယ်ရှိ ဥစ္စာပစ္စည်း(နှင့်တကွ အရာခပ်သိမ်းကုန်တို့ကိုပါ) ပိုင်ဆိုင်တော်မူသော အရှင်မှာ အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့မူ ခေတ္တခဏ ဆက်ခံထိန်းသိမ်းထားကြရသော ဥစ္စာထိန်း ဘဏ္ဍာထိန်းများသာလျှင် ဖြစ်ကြ၏။ ပိုင်ရှင်ကား မဟုတ်ကြပေ။ ထို့ပြင်တစ်ဝ မိမိတို့လက်ဝယ်ရောက်ရှိနေသော ဥစ္စာပစ္စည်းသည်လည်း မကြာမီအတွင်း သူတစ်ပါးလက်ဝယ်သို့ ရွှေ့ပြောင်းရောက်ရှိသွားမည့် အာဂန္တုမျှသာ ဖြစ်၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် မိမိတို့လက်ဝယ်ရှိနေသေးသော ဥစ္စာပစ္စည်းများကို ထိုအရှင်မြတ် ညွှန်ကြားတော်မူရာတွင် ရိုးသားစွာ ရက်ရောစွာ သုံးစွဲလှူဒါန်းကြရပေမည်။ ထိုမှတစ်ပါးတုံ့ ယင်းသို့ သုံးစွဲလှူဒါန်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် မြင့်မြတ်လှသော ကုသိုလ်အကျိုးများကိုလည်း ခိုးမြှင့်တော်မူခြင်းခံကြရ ဦးမည်ဖြစ်ရာ ကျွန်ုပ်တို့၌ ယင်းသို့ မလှူဒါန်းရန်အကြောင်းပင် မရှိတော့ပေ။ အဆောတလျင် လှူဒါန်းကြရမည်သာတည်း။

① အထက်တွင် အလွှာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်၍ ထိုအရှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းကြသော မုအမ်မိန်များ အကြောင်းပါရှိ၏။ ဤ အာယတ်တော်တွင် အီမာန် သက်ဝင်ယုံကြည်ခြင်း မရှိသေးသောသူများအား ရည်ညွှန်း မိန့်ကြားထားတော်မူသည်မှာ အလွှာဟ်အရှင်မြတ်အား အသင်တို့ ➤➤

هُوَ الَّذِيْ يُنَزِّلُ عَلٰى عَبْدِهٖٓ اٰيٰتٍۢ بَيِّنٰتٍ لِّيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ۭ وَاِنَّ اللّٰهَ بِكُمْ لَرَءُوْفٌ رَّحِيْمٌ ۝

၉။ ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်။ ထိုအရှင်မြတ်သည် အသင်တို့အား အမှောင်ထုမှအလင်းသို့ ထွက်စေအံ့သောငှာ မိမိကျွန်တော်(တမန်တော်မြတ်မုဟမ္မဒ်)၏အပေါ်၌ ထင်ရှားစွာသော အာယတ်တော်များကို ချပေးတော်မူ၏။ စင်စစ်မှာကား ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသော၊ အလွန်တရာ ကြင်နာသနားတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။

وَمَا لَكُمْ اَلَّا تُنْفِقُوْا فِيْ سَبِيْلِ اللّٰهِ وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ۭ لَا يَسْتَوِيْ مِنْكُمْ مَّنْ اَنْفَقَ مِنْ قَبْلِ الْفَتْحِ وَقٰتَلَ ۭ اُولٰۗىِٕكَ اَعْظَمُ دَرَجَةً مِّنَ الَّذِيْنَ اَنْفَقُوْا مِنْۢ بَعْدُ

၁၀။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းခြင်း မပြုကြရန် အသင်တို့၌ မည်သည့်အကြောင်း ရှိချေသနည်း။ စင်စစ်သော်ကား မိုးကောင်းကင်များ၌ ရှိကုန်သော ပစ္စည်းဥစ္စာတို့သည် လည်းကောင်း၊ ပထဝီမြေဝယ် ရှိကုန်သော ပစ္စည်းဥစ္စာတို့သည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ အသင်တို့အနက် (မက္ကာမြို့တော်ကို) မအောင်မြင်မီ သုံးစွဲ လှူဒါန်းခဲ့ကြသော၊ ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသောသူတို့သည် (မက္ကာမြို့တော်ကို အောင်မြင်ပြီးနောက်တွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသောသူတို့နှင့်) တူကြသည်မဟုတ်ပေ။

➤➤ အဘယ်ကြောင့် မယုံကြည်ကြသနည်း။ ယင်းသို့ မယုံကြည်ရန် အသင်တို့၌ အဟန့်အတား တစ်စုံတစ်ရာ ရှိသလော။ အလ္လာဟ်အရှင်မြတ်အား မယုံကြည်ရန် အဟန့်အတား တစ်စုံတစ်ရာ မရှိသည်သာမက၊ ထိုအရှင်မြတ်အား ယုံကြည်ရန်သာလျှင် အကြောင်းများအလုံအလောက် ရှိနေပေသည်။ ဥပမာ (၁) တမန်တော်မြတ်မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကိုယ်တော်တိုင် အသင်တို့အား ဖိတ်ခေါ်တော်မူလျက် ရှိသည်။ (၂) ထို့ပြင်တစ်ဝ အလ္လာဟ်အရှင်မြတ် ကိုယ်တိုင်ပင်လျှင်၊ ဝိညာဉ်လောကတွင် အသင်တို့ထံမှ ပဋိညာဉ်ဝန်ခံချက်ကို ယူထားတော် မူခဲ့ပေသည်။ ယင်းသည့် ပဋိညာဉ် ဝန်ခံချက်ကို ပွင့်လေသမျှသော တမန်တော်များနှင့်တကွ တမန်တော်မြတ် ကိုယ်တော်တိုင်ကပါ အသီးသီးပြန်လည် သတိပေးခဲ့ကြပြီးလည်း ဖြစ်သည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် အီမာန် သက်ဝင်ယုံကြည်လိုပါက သက်ဝင်ယုံကြည်နိုင်ရန် အကြောင်းများ အလုံအလောက် ရှိနေချေပြီ။ ကြည့် - ထာနဝီ။

وَقَاتَلُوْا۟ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ۝١٠

ထို(မအောင်မြင်မီ လှူဒါန်း တိုက်ခိုက်ခဲ့ကြသောသူတို့မှာကား နောက်ပိုင်းတွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင် တိုက်ခိုက်ခြင်း ပြုခဲ့ကြသောသူတို့ထက် ဂုဏ်ရည်အဆင့်အတန်းအားဖြင့် ထူးကဲမြင့်မြတ်လှကြကုန်၏၊ [၁] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အားလုံးကိုပင် ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့၏။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို စုံလင်စွာသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

---

① အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ လှူဒါန်းခြင်းသည် ကောင်း၏။ ထိုအရှင်မြတ်၏လမ်းတော်၌ ရန်သူများနှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းသည် ကောင်း၏။ နှစ်ဘဝလုံးတွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကုသိုလ်အကျိုးများကို ချီးမြှင့်တော်မူခြင်း ခံရမည်သာဖြစ်၏။

သို့ရာတွင် ဤနေရာ၌ သတိပြုအပ်သည့် အချက်တစ်ရပ်မှာ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ လှူဒါန်းခြင်း၊ စွန့်စားခြင်းများသည် တစ်ခါတစ်ရံ အမည်ပညတ်အားဖြင့် အချင်းချင်းတူငြားသော်လည်း အချိန်ကာလ အခြေအနေ ပတ်ဝန်းကျင် ကွဲပြားသည့်အပေါ်တွင် ကုသိုလ်အကျိုးများမှာ ကွဲပြားခြားနားသွားတတ်ပေသည်။ ဥပမာ-မက္ကာမြို့တော် မအောင်နိုင်မီ အလျင်က အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ လှူဒါန်းသူများနှင့် မက္ကာမြို့တော် အောင်နိုင်ပြီးနောက်ပိုင်းတွင် လှူဒါန်းသူများသည် အဘယ်မှာလျှင် အကျိုးချင်းတူနိုင်ကြအံ့နည်း။ ထိုနည်းအတူ မက္ကာမြို့တော် မအောင်နိုင်မီအလျင်က အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ် ပြုလုပ်သူများနှင့် မက္ကာမြို့တော်အောင်နိုင်ပြီး နောက်ပိုင်းကာလတွင် ဂျိဟာဒ် ပြုလုပ်သူများသည် အဘယ်မှာလျှင် အကျိုးချင်းတူနိုင်ကြအံ့နည်း။

မက္ကာမြို့တော် မအောင်နိုင်မီအလျင်က လှူဒါန်းခဲ့ကြသော ဂျိဟာဒ်ပြုခဲ့ကြသော ပုဂ္ဂိုလ်များသည် မက္ကာမြို့တော်အောင်နိုင်ပြီး နောက်ပိုင်းကာလမှ လှူဒါန်းခဲ့ကြသော ဂျိဟာဒ် ပြုလုပ် ကြသောပုဂ္ဂိုလ်များထက် ဂုဏ်ရည်အဆင့်အတန်း အလွန်မြင့်မားခဲ့ကြပေသည်။ အကြောင်းသော် မက္ကာမြို့တော် မအောင်နိုင်မီ အလျင်က အစွလာမ်ကို လက်ခံသူများမှာ အလွန်တရာမျှ နည်းခဲ့၏။ အစွလာမ်အတွက် အသက်ပေး၍ ဂျိဟာဒ်ပြုလုပ်သူများမှာလည်း အလွန်နည်းခဲ့၏။ ရန်သူများကား များပြားခဲ့ကြ၏။ ၎င်းတို့၏ အင်အားမှာလည်း ကြီးမားခဲ့၏။ ဂျိဟာဒ်ပြုလုပ်ခြင်းဖြင့် စစ်မြေပြင်မှ လက်ရပစ္စည်း သုံ့ပန်းစသည့် လောကီအကျိုးအမြတ်ရရန်လည်း မျှော်လင့်ချက်မရှိခဲ့ပေ။ ထိုသို့သောအချိန်အခါမျိုးတွင် ထိုသို့သောပတ်ဝန်းကျင်၌ ဥစ္စာပစ္စည်းလှူဒါန်းခြင်း သက်စွန့်ကြွပမ်းခန်းတိုက်ခိုက်ခြင်းသည် အထူးလို၏။ အထူးအရေးကြီး၏။ ထိုသို့သောအချိန်ကာလ အခြေအနေမျိုးတွင် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ထိုအရှင်မြတ်၏လမ်းတော်တွင် ဥစ္စာပစ္စည်းနှင့်တကွ အသက်စည်းစိမ်ကိုပါ စွန့်လှူခြင်းမှာ လူသာမန်တို့၏ အလုပ်မဟုတ်၊ သာသနာ့သူရဲကောင်းတို့၏ အလုပ်သာလျှင် ဖြစ်ချေသည်။

ကြည့်-ထာနဝီ၊ အွတ်ဆ်မာနီ။

مَنْ ذَا الَّذِي يُقْرِضُ اللَّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ وَلَهُ أَجْرٌ كَرِيمٌ ﴿١١﴾

၁၁။ အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ကြွေးမြီချေးငှားအံ့သောသူသည် မည်သူရှိသနည်း။ သို့ချေးငှားခဲ့သည်ရှိသော် ထိုအရှင်မြတ်သည် ယင်းကြွေးမြီကို ထိုသူ၏အဖို့ ဆတက်တိုးပွားစေတော်မူသည့်ပြင် ထိုသူ၏အဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း ရှိချေအံ့သတည်း။ ၁

يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَىٰ نُورُهُمْ بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِمْ بُشْرَاكُمُ الْيَوْمَ جَنَّاتٌ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿١٢﴾

၁၂။ (အို-နဗီတမန်တော်၊) အကြင်နေ့တွင် အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူ ယောကျ်ားမိန်းမတို့အား တွေ့မြင်ရပေမည်။ ထိုသူတို့၏ ရောင်ခြည်သည် ထိုသူတို့၏ရှေ့၌လည်းကောင်း၊ ထိုသူတို့၏ လက်ယာဘက်များ၌ လည်းကောင်း၊ ပြေးလျက်ရှိပေမည်။ ၂ (ငင်းတို့သည် ဤသို့ပြောကြားခြင်း ခံကြရပေမည်။) ယနေ့ အသင်တို့အဖို့ သတင်းကောင်းပင်၊ (အသင်တို့အဖို့) အကြင်ဥယျာဉ်များ ရှိပေသည်။ ယင်းဥယျာဉ်များ၏အောက်မှချောင်းများသည် စီးတွေလျက်ရှိကြပေသည်။ ယင်းဥယျာဉ်များဝယ် (အသင်တို့သည်) အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ထိုသည်ပင်လျှင် ကြီးကျယ်လှသော အောင်မြင်မှုပင်။

---

① ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်အား ကြွေးမြီး ချေးငှားခြင်းဟူသည် ထိုအရှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းခြင်းကို တင်စားသုံးနှုန်းထားတော်မူခြင်းဖြစ်သည်။ ဤသည့်အသုံးအနှုန်းကို ထောက်ရှုခြင်းအားဖြင့် အကြွေးသည် မြီစားက မြီရှင်အား ပြန်လည်ပေးဆပ်ရသည့် အလား အလ္လာဟ်အရှင်မြတ်သည် မိမိ၏လမ်းတော်၌ သုံးစွဲလှူဒါန်းသူများအား မုချ ကုသိုလ်အကျိုးချီးမြှင့်တော်မူမည့် အကြောင်းကိုလည်း ကောင်းစွာသိရှိနိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် မိမိ၏လမ်းတော်၌ ကောင်းမြတ်သောစေတနာဖြင့် သုံးစွဲလှူဒါန်းသူများအား ကုသိုလ်အကျိုးကို အဆပေါင်း မြောက်မြားစွာ များပြားစေတော်မူမည်။ ထို့ပြင်တစ်ဝ မြင့်မြတ်သော ကုသိုလ်အကျိုးကိုလည်း ချီးမြှင့်တော်မူဦးပေမည်။ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ပြန်လည်ချီးမြှင့်တော်မူမည့် ကုသိုလ်အကျိုးသည် ထိုအရှင်မြတ်၏လမ်းတော်၌ ကျွန်ုပ်တို့ သုံးစွဲလှူဒါန်းကြသော အလှူဒါနထက် အရေအတွက်အားဖြင့်လည်းကောင်း၊ အရည်အသွေးအားဖြင့်လည်းကောင်း၊ အဘက်ဘက်မှ အတိုင်းမသိ ကောင်းမြတ်လှပေမည်။ အတိုင်း မသိ များပြားလှပေမည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ကိုယ်စွမ်းရှိသမျှ ညှစ်စွမ်းရှိသမျှ သုံးစွဲလှူဒါန်းကြရန်သာ ရှိပေတော့သတည်း။ ➤➤

يَوْمَ يَقُولُ الْمُنٰفِقُونَ
وَالْمُنٰفِقٰتُ لِلَّذِينَ اٰمَنُوا
انْظُرُونَا نَقْتَبِسْ مِنْ نُّورِكُمْ ۚ
قِيلَ ارْجِعُوا وَرَآءَكُمْ فَالْتَمِسُوا
نُورًا ۖ فَضُرِبَ بَيْنَهُمْ بِسُورٍ لَّهُ
بَابٌ ۖ بَاطِنُهُ فِيهِ الرَّحْمَةُ

၁၃။ အကြင်နေ့တွင် 'မုနာဖစ်က်' အယောင်ဆောင် မုစ်လင်မ်ယောကျ်ား မိန်းမတို့သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား (ဤသို့) ပြောဆိုကြပေမည်။ (အချင်းတို့)၊ အသင်တို့၏အလင်းရောင်မှ (အနည်းငယ်မျှ) ရယူနိုင်ကြရန် အသင်တို့သည် ကျွန်ုပ်တို့အား လှည့်၍ ကြည့်ကြလေကုန်၊ စောင့်ဆိုင်းကြလေကုန်။ (ထိုအခါ ၎င်းတို့သည် ဤသို့)ပြောဆို ပြန်ကြားခြင်းကို ခံကြရပေမည်။ အသင်တို့သည် နောက်သို့ပြန်သွားပြီးလျှင် အလင်းရောင်ကို ရှာဖွေကြလေကုန်။ [၁]

➤➤ ဤသည့်သဘောကို ကုရ်အာန်(၂း၂၄၅။၅း၁၂။၅၇း၁၈။၆၄း၁၇။၇၃း၂၀)တွင် မိန့်ဆိုထားတော်မူသည်။

(၂) ဤအာယတ်တော်တွင် ကိယာမတ်နေ့၌ 'မဟ်ရှရ်' ကွင်းပြင်ကြီး၏ ရှုမျှော်ခင်းတစ်ရပ်ကို မိန့်ဆိုထားတော်မူသည်။ အီမာန် သက်ဝင်ယုံကြည်သော မုအ်မင်န် အမျိုးသားအမျိုးသမီးများသည် 'ဆွိရာတ်' တံတားကို ဖြတ်ကျော်ကြသည့် အချိန်တွင် ၎င်းတို့နှင့်အတူ ၎င်းတို့၏ (အီမာန်) ယုံကြည်မှု၊ (အမလ်) အကျင့်သီလနှင့်အမျှ လင်းရောင်ခြည် ပါရှိပေမည်။

(၁) ကိယာမတ်နေ့တွင် မုအ်မင်န်များသည် မိမိတို့၏ (အီမာန်) ယုံကြည်မှု၊ (အမလ်) အကျင့်သီလများ၏ ကျေးဇူးဖြင့် 'ဆွိရာတ်'တံတားကို လွယ်ကူစွာ ဖြတ်ကျော်သွားကြသောအခါ မုနာဖစ်က်များသည် (၀ါ) အခြေအနေအရ မလွဲမရှောင်သာ ဟန်ဆောင်ကာ မိမိတို့ကိုယ်ကို မိမိတို့ မွတ်စ်လင်မ်ပါဟု ထုတ်ဖော်ပြောဆိုနေခဲ့ကြသော ကာဖိရ်များသည် အမှောင်ထုအတွင်း၌ ကျန်ရစ်နေခဲ့ကြပေမည်။

ကိယာမတ်နေ့တွင် မုနာဖစ်က်များ၌ အစကတည်းကပင် လင်းရောင်ခြည် လုံး၀မရှိဘဲလည်း ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ် မုနာဖစ်က်များသည် လူ့လောကၘ်၌ရှိခဲ့ကြစဉ်က ပြင်ပကိစ္စများတွင် မွတ်စ်လင်မ်များနှင့်အတူ ဟန်ဆောင်ကာ ပါ၀င်နေခဲ့ကြသည့်အားလျော်စွာ၊ ကိယာမတ်နေ့တွင်လည်း ယင်းမုနာဖစ်က်များ၌ အစပထမတွင် သာမန်ဟန်ဆောင် လင်းရောက်ခြည် ရှိကောင်းရှိပေမည်။ သို့ရာတွင် ၎င်းတို့၌ မှန်ကန်သော (အီမာန်)ယုံကြည်မှု မရှိခဲ့သည့်အတွက်၊ ၎င်းတို့ရရှိကြမည့် ဟန်ဆောင် လင်းရောင်ခြည်သည်လည်း အမှန်တကယ် လိုအပ်သည့်အချိန်တွင်မူ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပေမည်။ အယောင်ဆောင် မွတ်စ်လင်မ်များအား အယောင်ဆောင်မှု၏ ပြစ်ဒဏ်ပေးသည့်အနေဖြင့် အစပထမတွင် ၎င်းတို့၌ သာမန်လင်းရောက်ခြည်ရှိစေပြီး၊ ထို့နောက်တွင် သော် ရုတ်တရက် လင်းရောင်ခြည် လုံး၀ကွယ်ပျောက်စေခြင်းသည် ပို၍ သဘာ၀ကျလှပေသည်။ ကြည့် - အာဂျီဒီ။

ယင်းသို့ မုနာဖစ်က်များ လင်းရောင်ခြည် ပျောက်ခြင်းမလှ ပျောက်၍ အမှောင်ထုတွင် ကျန်ရစ်ခဲ့ကြရသောအခါ၊ မုနာဖစ်က်များက မုအ်မင်န်တို့အား အချင်းတို့၊ ကျွန်ုပ်တို့အား ကြည့်ကြပါကုန်။ စောင့်ဆိုင်းကြပါကုန်။ ကျွန်ုပ်တို့ အသင်တို့၏လင်းရောင်ခြည်မှ အနည်းငယ်သော လင်းရောင်ခြည် ယူကြပါရစေဟု ➤➤

وَظَاهِرُهُۥ مِن قِبَلِهِ ٱلْعَذَابُ ﴿١٣﴾

ထိုအချိန်၌ပင် ၎င်းတို့၏အကြား၌ တံတိုင်းတစ်ခု စိုက်ထူလိုက်ပေမည်။ [၃] ယင်းတံတိုင်းတွင် တံခါးတစ်ခု ရှိပေမည်။ ယင်းတံခါး၏ အတွင်းဘက်၌ ကရုဏာသည်ရှိ၍၊ ၎င်း၏အပြင်ဘက်၌မူကား ပြစ်ဒဏ်သည်ရှိပေမည်။

يُنَادُونَهُمْ أَلَمْ نَكُن مَّعَكُمْ ۖ قَالُوا۟ بَلَىٰ وَلَٰكِنَّكُمْ فَتَنتُمْ أَنفُسَكُمْ وَتَرَبَّصْتُمْ وَٱرْتَبْتُمْ وَغَرَّتْكُمُ ٱلْأَمَانِىُّ حَتَّىٰ جَآءَ أَمْرُ ٱللَّهِ وَغَرَّكُم بِٱللَّهِ ٱلْغَرُورُ ﴿١٤﴾

၁၄။ ထို 'မုနာဖစ်က်' အယောင်ဆောင် မုစ်လင်မ်တို့သည် ထိုမုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ကျွန်ုပ်တို့သည် (လောကီဘဝတွင်) အသင်တို့နှင့်အတူ ရှိခဲ့ကြသည် မဟုတ်လောဟု ဟစ်အော် ပြောဆိုကြပေမည်။ (ထိုအခါ) ထိုမုအ်မင်န် သက်ဝင် ယုံကြည်သူတို့က (ဤသို့) ဖြေကြားကြပေမည်။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ (အမှန်ပင်) အတူရှိခဲ့ကြပေသည်။ သို့ရာတွင် အသင်တို့သည် မိမိတို့ကိုယ်ကို ဖြားယောင်းခဲ့ကြပေသည်။ ၎င်းပြင် အသင်တို့သည် (အစ္စလာမ်သာသနာတော် ပျက်စီးရန်) စောင့်ဆိုင်း၍ နေခဲ့ကြပေသည်။ ထို့ပြင် အသင်တို့သည် အစ္စလာမ်သာသနာတော်နှင့်စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်နေခဲ့ကြပေသည်။ အချည်းနှီးသော အာသာဆန္ဒများသည်လည်း အသင်တို့အား သွေးဆောင် ဖြားယောင်းခဲ့ပေသည်။

➤➤ ပြောကြားပေမည်။ ထိုအခါ သက်ဆိုင်ရာ ကောင်းကင်တမန်များက သို့မဟုတ် အဆိုပါ မုအ်မင်န်များက အသင်တို့ နောက်သို့ပြန်သွားပြီးလျှင် လင်းရောင်ခြည်ကို ရှာဖွေကြကုန်ဟု ပြန်လည်ဖြေကြားကြပေမည်။ ဆိုလိုသည်ကား - ဤသည့် လင်းရောင်ခြည်သည် လူ့လောကတွင် ကျင့်မူ ဆည်းပူးခဲ့ကြသော အကျင့်သီလ၏ အကျိုးသာဖြစ်သည်။ အကျင့်သီလ ဆည်းပူးရာဌာနကား ဤဌာနမဟုတ်။ အသင်တို့ထားခဲ့သော လူ့လောက ဖြစ်သည်။ ဤဌာနကား ကျိုးပြစ်ခံစံရာ ဌာနသာဖြစ်သည်ဟူ၏။ ကြည့်-မာဂျီဒီ။

③ မုနာဖစ်က်များသည် မုအ်မင်န်များထံ ဝင်ရောက်ရန် ဝေးစွ မုအ်မင်န်များထံမှ လင်းရောင်ခြည်ရရန်ဝေးစွ၊ ၎င်းတို့နှင့် မုအ်မင်န်တို့၏ စပ်ကြားတွင် တံတိုင်းကြီးတစ်ခု စိုက်ထူကာ မုအ်မင်န်များနှင့် မုနာဖစ်က်များကို အခွဲကြီးခွဲပစ်လိုက်ပေမည်။ မုနာဖစ်က်များသည် ဤမှာဘက်တွင် လင်းရောင်ခြည်မျောက်ကာ အမှောင်ထု အတွင်း၌ပင် ကျန်ရှိနေခဲ့ကြပေမည်။ ဤကား အယောင်ဆောင်မှု၏ အကျိုးပင်။

နောက်ဆုံးတွင် ('မရဏ'သေခြင်းတရားတည်း ဟူသော) အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည် ရောက်ရှိ၍ လာခဲ့ပေသည်။ ထိုမှတစ်ပါး လွန်စွာ ဖြားယောင်းသူ(ဖြစ်သော 'ရှိုင်တွာန်' မိစ္ဆာကောင်)သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ သွေးဆောင် ဖြားယောင်းခဲ့ပေသည်။ [၁]

فَٱلْيَوْمَ لَا يُؤْخَذُ مِنكُمْ فِدْيَةٌ وَلَا مِنَ ٱلَّذِينَ كَفَرُوا۟ ۚ مَأْوَىٰكُمُ ٱلنَّارُ ۖ هِىَ مَوْلَىٰكُمْ ۖ وَبِئْسَ ٱلْمَصِيرُ ﴿١٥﴾

၁၅။ သို့ဖြစ်ပေရာ ယနေ့သော်ကား အသင်တို့ထံမှလည်း မည်သည့်လျော်ကြေးမျှ လက်ခံယူမည်မဟုတ်ပေ၊ 'ကာဖိရ်' သွေဖည်ငြင်းပယ် သူတို့ထံမှလည်း လက်ခံမည် မဟုတ်ပေ၊ အသင်တို့ (အားလုံးတို့)၏ နေရာထိုင်ခင်းများမှာ (ငရဲ)မီးပင်ဖြစ်၏။ ယင်း(ငရဲ)မီးသည်ပင်လျှင် အသင်တို့၏အဖော်ဖြစ်၏။ စင်စစ်မှာမူကား ယင်းပြန်လည်ရာစခန်းမှာ ဆိုးယုတ်လှပေစွတကား။

---

① မုနာဖစ်ဂ်များသည် မုအ်မင်နှ်များထံမှ လင်းရောင်ခြည် တစ်စုံတစ်ရာ မရရှိကြသည့်အခါ၊ မုနာဖစ်ဂ်များက မုအ်မင်နှ်တို့အား 'ကျွန်ုပ်တို့သည် လူ့လောကတွင် အသင်တို့နှင့် အတူပင် ရှိနေခဲ့ကြသည် မဟုတ်ပါလော' ဟု ဟစ်အော် ပြောဆိုကြပေမည်။ ထိုအခါ မုအ်မင်များက အသင်တို့သည် လူ့လောကတွင် ကျွန်ုပ်တို့နှင့်အတူ ရှိနေခဲ့ကြသည်မှန်၏။

သို့ရာတွင် အသင်တို့သည် မိမိတို့ကိုယ်ကို ဖြားယောင်းခဲ့ကြသည်။ အစ္စလာမ်နှင့် အစ္စလာမ်၏ တမန်တော်၏ ရန်သူများဖြစ်ခဲ့ကြသည်။ အစ္စလာမ်၏ ပျက်စီးမှုကို စောင့်မျှော်နေခဲ့ကြသည်။ အစ္စလာမ်နှင့် စပ်လျဉ်း၍ ဒွိဟ သံသယ အမျိုးမျိုးဖြစ် ခဲ့ကြသည်။ စိတ်အလိုဆန္ဒများတွင် နစ်မွန်းနေခဲ့ကြသည်။

နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော် (၀ါ) သေခြင်းတရားသည် အသင်တို့၌ ဆိုက်ရောက်လာခဲ့သည်။ အသက်သေဆုံးသည်အထိ ဝန်ချတောင်းပန်ခြင်းပင် မပြုခဲ့ကြပေ။ အမှန်မှာ ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အသင်တို့အား ကောင်းစွာ ဖြားယောင်းခဲ့ပေသည်ဟု ပြန်လည် ဖြေကြားကြပေမည်။

အယောင်ဆောင်မှုသည် အဘယ်မှာလျှင် အကျိုးပေးနိုင်အုံးနည်း။ လွတ်မြောက်ရန်အတွက် အဘယ်မှာလျှင် ခိုင်လုံသောအကြောင်း ဖြစ်နိုင်အုံးနည်း။

اَلَمْ يَاْنِ لِلَّذِيْنَ اٰمَنُوْٓا اَنْ
تَخْشَعَ قُلُوْبُهُمْ لِذِكْرِ اللّٰهِ وَمَا
نَزَلَ مِنَ الْحَقِّ ۙ وَلَا يَكُوْنُوْا
كَالَّذِيْنَ اُوْتُوا الْكِتٰبَ مِنْ قَبْلُ
فَطَالَ عَلَيْهِمُ الْاَمَدُ فَقَسَتْ
قُلُوْبُهُمْ ۭ وَكَثِيْرٌ مِّنْهُمْ فٰسِقُوْنَ ۝۱۶

၁၆။ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အဖို့ အလ္လာဟ်အရှင်မြတ်၏ဆုံးမညြဝါဒ သတိပေး နှိုးဆော်ချက်၏ ရှေ့ဝယ်လည်းကောင်း၊ ကျရောက်လာပြီး ဖြစ်သော အမှန်တရား၏ ရှေ့ဝယ်လည်းကောင်း၊ စိတ်နလုံးများ ကိုင်းညွတ်ရန် အချိန်တန်ပြီ မဟုတ်လော။ ထိုမှတစ်ပါး၊ ၎င်းတို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြရန်။ ထိုသူတို့သည်ကျမ်းဂန်ကို ချီးမြှင့် ပေးသနားတော်မူခြင်း ခံခဲ့ရလေ၏။ သို့ရာတွင် ၎င်းတို့အပေါ်ဝယ် ကာလ ပရိစ္ဆေဒသည် အဓွန့်ရှည်ခဲ့သောအခါ၊ ၎င်းတို့၏ စိတ်နလုံးမှာ ခက်ထန်မာမြင်း၍ လာခဲ့လေ၏။ ထိုမှတစ်ပါး၊ ၎င်းတို့တွင် မြောက်မြားစွာတို့မှာ သွေဖည်သူများပင် ဖြစ်ကြကုန်၏။ ②

اِعْلَمُوْٓا اَنَّ اللّٰهَ يُحْيِ الْاَرْضَ
بَعْدَ مَوْتِهَا ۭ قَدْ بَيَّنَّا لَكُمُ الْاٰيٰتِ
لَعَلَّكُمْ تَعْقِلُوْنَ ۝۱۷

၁၇။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေကို သေလွန် သွေ့ခြောက်ပြီးနောက် ပြန်လည်၍ ရှင်စေတော်မူကြောင်း အသင်တို့သည် ကောင်းစွာ သိရှိထားကြလေကုန်။ ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ သိနားလည်ကြအံ့သောငှာ သက်သေ လက္ခဏာတော်များကို ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်ပေသတည်း။

---

② **အချိန်တန်ပြီ၊**

အထက်တွင် မုအ်နာဖစ်က်များ ဂျဟန္နမ် ငရဲသို့ လားကြရသည့် အကြောင်း မိန့်ဆိုထားတော်မူ၏။ ရှေ့တွင် အကျင့်သီလ၌ လျော့ရဲဖြစ်နေကြသော မုအ်မင်န်တို့အား သတိပေးထားတော်မူသည်မှာ မုအ်မင်န်များအဖို့ အလ္လာဟ်အရှင်မြတ်၏ အဆုံးအမညြဝါဒနှင့် ကျရောက်လာသော အမှန်တရားရှေ့ဝယ်တွင် ၎င်းတို့၏ စိတ်နလုံးများ နူးညံ့တ်ရန် အချိန်တန်ပြီ မဟုတ်ပါလော။

မုအ်မင်များသည် အတိတ်ခေတ်ကျမ်းဂန်များ ရရှိခဲ့ကြသော ယဟူဒီ၊ နဿရာနီများကဲ့သို့ မဖြစ်ကြရာ၊ သို့ ကျမ်းဂန်များ ရရှိခဲ့ကြပါလျက်၊ နှစ်ပရိစ္ဆေဒ အတန်ကြာလာခဲ့သောအခါ၊ ၎င်းတို့၏ စိတ်နလုံးများသည် ခက်ထန်မာမြင်းခဲယဉ်းလာခဲ့ပေသည်။ ၎င်းတို့အနက် မြောက်မြားစွာသောသူများ သွေဖည်လာခဲ့ကြပေသည်။ ယင်းသို့ကား မဖြစ်ကြရာ၊ ဆိုလိုသည်ကား - မုအ်မင်န်များ အဖို့ စိတ်နလုံး နူးညံ့တ်ရန် အချိန်တန်ပြီ၊ မိမိတို့၏အမှားများကို ပြုပြင်ဖို့ အချိန်တန်ပြီ။

إِنَّ الْمُصَّدِّقِينَ وَالْمُصَّدِّقَاتِ وَأَقْرَضُوا اللَّهَ قَرْضًا حَسَنًا يُضَاعَفُ لَهُمْ وَلَهُمْ أَجْرٌ كَرِيمٌ ﴿١٨﴾

၁၈။ ဧကန်စင်စစ် လျူဒါန်းကြကုန်သော ယောကျ်ား မိန်းမတို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ကြွေးမြီ ချေးငှားခဲ့ကြကုန်၏။ ယင်းအလျူဒါနသည် ၎င်းတို့အဖို့ ဆထက်တိုးစေခြင်း ခံရသည့်ပြင် ၎င်းတို့အဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း ရှိချိမ့်မည်။

وَالَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ أُولَٰئِكَ هُمُ الصِّدِّيقُونَ ۖ وَالشُّهَدَاءُ عِندَ رَبِّهِمْ ۖ لَهُمْ أَجْرُهُمْ وَنُورُهُمْ ۖ وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ الْجَحِيمِ ﴿١٩﴾

၁၉။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်များအား လည်းကောင်း၊ ယုံကြည်ကြကုန်သောသူတို့မှာကား ထိုသူတို့သည်ပင်လျှင် ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ သစ္စာဝါဒီများသည်လည်းကောင်း၊ 'ရှဟီးဒ်' အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသက်စွန့်ခဲ့ကြသောသူများသည်လည်းကောင်း၊ ဖြစ်ကြကုန်၏။ [၁]

ထိုသူတို့အဖို့ ထိုသူတို့၏(ထူးကဲသော)အကျိုးသည်လည်းကောင်း၊ ထိုသူတို့၏(ထူးကဲသော) ရောင်ခြည်သည်လည်းကောင်း၊ ရှိပေမည်။ သို့ရာတွင် အကြင်သူတို့သည် သွေဖည ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့မှာမူကား 'ဂျဟန္နမ်'ငရဲသားများပင် ဖြစ်ကြကုန်သတည်း။

---

① အကြင်သူများသည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ တမန်တော်များအားလည်းကောင်း၊ စိတ်စေတနာ ဖြူစင်စွာဖြင့် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ကြ၏။ တရားတော်များကိုလည်း တာဝန်သိသိ သစ္စာရှိရှိ စွမ်းစွမ်းတမံ နာယူကျင့်မူခဲ့ကြ၏။ တစ်နည်းဆိုသော် ကိုယ်၊ နှတ်၊ နှလုံးအားဖြင့် မုအ်မင်နိ်ပီသကြ၏။ ထိုသို့သောမုအ်မင်နိ်များသည် အလ္လာဟ်အရှင်မြတ်၏အထံတော်၌ 'ဆွစ်ဒ်ဒီက်' သစ္စာဝါဒီ၊ 'ရှဟီးဒ်' အစ္စလာမ့်အာဇာနည်များအဆင့်သို့ ရောက်ရှိသွားကြကုန်၏။ ထိုသို့သော မုအ်မင်နိ်များသည် အထူးထူးသော ကုသိုလ်အကျိုးကိုလည်း ရရှိကြပေမည်ဖြစ်၏။ ထူးထွေဆန်းပြားလှသော လင်းရောင်ခြည်ကိုလည်း ရရှိကြမည်ဖြစ်၏။

➤➤

اِعْلَمُوْٓا اَنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ
وَّلَهْوٌ وَّزِيْنَةٌ وَّتَفَاخُرٌۢ بَيْنَكُمْ
وَتَكَاثُرٌ فِى الْاَمْوَالِ
وَالْاَوْلَادِ ۭ كَمَثَلِ غَيْثٍ اَعْجَبَ
الْكُفَّارَ نَبَاتُهٗ ثُمَّ يَهِيْجُ فَتَرٰىهُ
مُصْفَرًّا ثُمَّ يَكُوْنُ حُطَامًا ۭ وَفِى
الْاٰخِرَةِ عَذَابٌ شَدِيْدٌ ۙ وَّمَغْفِرَةٌ
مِّنَ اللّٰهِ وَرِضْوَانٌ ۭ وَمَا الْحَيٰوةُ
الدُّنْيَآ اِلَّا مَتَاعُ الْغُرُوْرِ ۝۲۰

၂၀။ အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။ လောကီဘဝသည် ကစားခုန်စားမှု သက်သက်သည်လည်းကောင်း၊ အလဟဿ (ပျော်ရွှင်ခြင်းအားဖြင့်) အချိန်ဖြုန်းတီးမှုသည်လည်းကောင်း၊ မျက်စိပသာဒဖြစ်ခြင်းသည်လည်းကောင်း၊ အသင်တို့ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဂုဏ်ပြိုင်ခြင်းသည် လည်းကောင်း၊ ပစ္စည်းဥစ္စာနှင့် သားသမီးပေါများမှုနှင့် စပ်လျဉ်း၍ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်ခြင်းသည် လည်းကောင်း၊ ဖြစ်ပေသည်။

အကြင် မိုးရေကဲ့သို့ပင် ထိုမိုးရေကြောင့် ပေါက်ရောက်သောမျိုးပင်များသည် တောင်သူလယ်သမားတို့အား နှစ်သက်ရွှင်ပျော်စေ၏။ ထို့နောက် ယင်းမျိုးပင်များသည် သွေ့ခြောက်၍ သွားလေသော အခါ အသင်သည် ယင်းမျိုးပင်များ ဝါ၍နေသည်ကို တွေ့မြင်ရ၏။ ထို့နောက်သော်ကား ယင်းမျိုးပင်မှာ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားလေ၏။

➤➤ 'ဆွစ်ဒ်ဒီက်' ဟူသည် ဤအာယတ်တော်တွင် 'ဝလီ' သူတော်စင်အနက်၌ဖြစ်၏။ အဘိဓာန်အရဆိုသော် 'ဆွစ်ဒီက်'သည် မုန်ကန်မှုကို အလွန့်အလွန် ကျင့်သူကို ဆိုလိုသည်။ အမြဲတစေ အမှန်ကိုသာ တွေးသည်။ အမှန်ကိုသာပြောသည်။ အမှန်ကိုသာကျင့်သည်။ ကြည့်-ရာသီဗ်၊ မဿလင်မ်၊ ဂျလာလိုင်န်။

ဤအာယတ်တော်တွင် 'ရှဟီးဒ်' ဟူသည် သက်သေအနက်၌ဖြစ်သည်။ ၎င်းတို့သည် ကိယာမတ် နေ့တွင် သူတစ်ပါးနှင့်ပတ်သက်၍ သက်သေထွက်ဆိုကြပေမည်။ ကုရ်အာန် (၂:၁၄၃)၊ကြည့်-မာဂျီဒီ၊ မဒါရိုက်။

စိတ်စေတနာ ဖြူစင်သော မုအ်မင်နိ်၏ အနက်၌လည်း ကောက်ယူနိုင်၏။ ကြည့်-မဿလင်မ်။

အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ အသက်စွန့်သွားသော အစ္စလာမ့်အာဇာနည် သူရဲကောင်း အနက်၌လည်း ကောက်ယူနိုင်၏။ အကယ်၍ ဤအာယတ်တော်တွင် 'ရှဟီးဒ်' ကို အစ္စလာမ့် အာဇာနည် သူရဲကောင်းအနက်၌ ကောက်ယူပါက အလိုသဘောမှာ ပြည့်ဝစုံလင်သော မုအ်မင်နိ်များသည် အခါခပ်သိမ်း မိမိတို့၏ ဥစ္စာပစ္စည်းနှင့်တကွ အသက်ကိုပါ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စွန့်လှူထားပြီးသား ဖြစ်ကြပေသည်။ သို့စွန့်လှူထားကြပြီး နောက်ပိုင်းတွင် အသက်စွန့်လှူခွင့်ရကြသည် မရကြသည်မှာကား ၎င်းတို့အရေးပိုင်သောကိစ္စ မဟုတ်ချေ။ ဆိုလိုသည်ကား ၎င်းတို့သည် ကိုယ်ထိလက်ရောက် အသက်စွန့်လှူ မရရှိခဲ့ကြသည်ပင် ဖြစ်စေကာမူ၊ မိမိတို့၏ ဥစ္စာပစ္စည်းနှင့် အသက်ကို စွန့်လှူထားကြပြီးဖြစ်သည့်အတွက် အလ္လာဟ်အရှင်မြတ်၏အထံတော်၌ အဆင့်အတန်းအားဖြင့် 'ရှဟီးဒ်' အဆင့်အတန်းတွင်ရှိကြပေမည်ဟူ၏။ မာဂျီဒီ၊ ထာနဝီ။

သို့ရာတွင် 'အာခိရတ်' တမလွန်ဘဝ၌မူကား ပြင်းထန်လှစွာသောပြစ်ဒဏ်သည်လည်းရှိ၏။ အလ္လာဟ်အရှင်မြတ်အထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နှစ်မြို့မှုလည်း ရှိပေသည်။ စင်စစ်သော်ကား လောကီဘဝသည် အမြင်မှောက်မှားစေသော ဝတ္ထုပစ္စည်းမျှသာ ဖြစ်ပေသတည်း။

سَابِقُوٓا۟ إِلَىٰ مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ ٱلسَّمَآءِ وَٱلْأَرْضِ أُعِدَّتْ لِلَّذِينَ ءَامَنُوا۟ بِٱللَّهِ وَرُسُلِهِۦ ۚ ذَٰلِكَ فَضْلُ ٱللَّهِ يُؤْتِيهِ مَن يَشَآءُ ۚ وَٱللَّهُ ذُو ٱلْفَضْلِ ٱلْعَظِيمِ ﴿٢١﴾

၂၁။ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို လည်းကောင်း၊ မိုးနှင့်မြေ၏ အကျယ်အဝန်းပမာ ကျယ်ဝန်းသော 'ဂျန္နတ်'သုခဘုံသို့ လည်းကောင်း၊ ပြိုင်ဆိုင် ပြေးကြလေကုန်။ ယင်း'ဂျန္နတ်' သုခဘုံမှာ အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်တို့အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြကုန်သောသူတို့အဖို့ အဆင်သင့် ပြုလုပ်ထားရှိပြီးဖြစ်၏။ [၁] ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ပင်၊ ထိုအရှင်မြတ်သည် ယင်းကျေးဇူးတော်ကို မိမိအလိုရှိတော်မူသောသူအား ချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသတည်း။

---

① **ဤပစ္စက္ခသည် သခ်ၤါရနောင်တမလွန်ဘဝသည်အဓိက။**

လူသည် ပထမအရွယ်တွင် ကစားခုန်စားမှု၊ ဘာသာဘာဝ မြူးပျော်မှုများတွင် နစ်မွန်းနေ၏။ ဒုတိယအရွယ်တွင် လုပမှု၊ ဆင်ယင်မှု၊ ချစ်ကြိုက်မှု၊ စားဝတ်နေရေး၊ ဖန်တီးမှုများတွင် နစ်မွန်းနေ၏။ တတိယအရွယ်တွင် ဥစ္စာပစ္စည်း၊ သားသမီး၊ ရာထူးဌာနန္တရများနှင့်စပ်လျဉ်း၍ ကြွားဝါးမှု၊ ဂုဏ်ပြိုင်မှုများတွင် နစ်မွန်းနေ၏။ သေခါနီးသည့်အခါ ဥစ္စာပစ္စည်း၊ သားသမီးသံယောဇဉ်နောင်ကြိုးများတွင် ရစ်ပတ်ကာ ပူပန်သောကဖြစ်နေရပြန်သည်။ သေခြင်းပင်မဖြောင့်ပေ။ ဤသို့ဖြင့် လူသည် မိမိ၏ဘဝသက်တမ်း၊ တစ်လျှောက်လုံးတွင် လောကီရေးရာများတွင်ပင် နစ်မွန်းနေ၏။ အမှန်မှာ ဤပစ္စက္ခဘဝကား၊ အရိပ်ပမာ သခ်ၤါရမျှသာ ဖြစ်၏။ မကြာမီ အတွင်း ချုပ်ငြိမ်းသွားမည်သာဖြစ်၏။ ➤➤

مَآ أَصَابَ مِن مُّصِيبَةٍ فِى ٱلْأَرْضِ وَلَا فِىٓ أَنفُسِكُمْ إِلَّا فِى كِتَٰبٍ مِّن قَبْلِ أَن نَّبْرَأَهَآ ۚ إِنَّ ذَٰلِكَ عَلَى ٱللَّهِ يَسِيرٌ ﴿٢٢﴾

၂၂။ မည်သည့် ဘေးဒုက္ခမျှပင် ကမ္ဘာမြေ၌ လည်းကောင်း၊ အသင်တို့ကိုယ်၌ လည်းကောင်း၊ ဆိုက်ရောက်သည် မဟုတ်ပေ။ သို့ရာတွင် ငါအရှင်မြတ်သည် ယင်းဘေးဒုက္ခ၊ ကမ္ဘာမြေနှင့်အသင်တို့၏ ဇီဝိန်များကို ဖန်ဆင်းတော်မမူမီကပင်လျှင် မှတ်တမ်းစာအုပ်တွင် (ရေးသား၍ထားတော်မူပြီး ဖြစ်၏)။ ဧကန်အမှန် ဤသည် အလွှာဟ်အရှင်မြတ်၌ လွယ်ကူလှပေသည်။

➢➢ ဤပစ္စက္ခဘဝသည် ခေတ္တခဏ စိမ်းစိုသာယာနေသော လယ်ယာနှင့် တူ၏။ လယ်ရှင် ယာရှင်သည် စိမ်းစိုသာယာလျက်ရှိသော မိမိ၏ လယ်ယာကို ကြည့်ပြီး ဝမ်းသာ၏၊ ကြည်နူး၏ သို့ရာတွင် ယင်းလယ်ယာသည် မကြာမီအတွင်းမှာပင် ခြောက်သွေ့သွား၏ ဝါတာတာဖြစ်လာ၏။ နောက်ဆုံးတွင် အစိတ် စိတ်အမြွှာမြွှာ ဖြစ်ကာ၊ ပျက်စီးယိုယွင်းသွား၏။ ဤကား မျက်မြင်ပင်။

အမှန်မှာ ဤပစ္စက္ခဘဝမှာ အမြင်မှောက်မှားစေသည့် လှည့်စား ဖြားယောင်းရာ ပစ္စည်းမျှသာဖြစ်သည်။ လူသည် ဤပစ္စက္ခ ဘဝ၏ ယာယီသာယာမှုကို ကြည့်ပြီး မှောက်မှားကာ မိမိ၏ နောင်ရေးကို ဖျက်ဆီးပစ်သည်။ အမှန်မှာ လောကီရေးရာများသည် သေပြီးသည့် နောက်ပိုင်းတွင် အသို့မျှ အသုံးဝင်သည်မရှိ။

နောင်တမလွန်ဘဝတွင် အသုံးဝင်မည့် အရာကား (အီမာန်) ယုံကြည်မှုနှင့် (အမလ်ဆွာလိဟ်) ကောင်းမြတ်သော အကျင့်သီလပင် ဖြစ်သည်။ အကြင်သူသည် ဤယုံကြည်ချက်နှင့် ကောင်းမြတ်သော အကျင့်သီလကို ယူဆောင်သွားနိုင်ပါက ထိုသူသည် အောင်မြင်မည်။ နောင်တမလွန်ဘဝတွင် အလွှာဟ်အရှင်မြတ်၏ လွတ်ငြိမ်းခွင့်နှင့် ကျေနပ်မှုကို ခံစားရမည်။

အကြင်သူသည် (အီမာန်) ယုံကြည်မှုလည်းမပါ။ (အမလ်ဆွာလိဟ်) ကောင်းမြတ်သော အကျင့်သီလကိုလည်း မဆောင်၊ သွေဖည်ငြင်းဆန်မှုနှင့် ယုတ်မာ ဆိုးသွမ်းသော ဒုစရိုက်များကိုသာ ယူဆောင်သွားသော်၊ ထိုသူသည် နောင်တမလွန်ဘဝတွင် အရှုံးကြီး ရှုံးရပေမည်။ ကြီးလေးသောပြစ်ဒဏ် ခံရပေမည်။

သို့ဖြစ်ရာ ယာယီမျှသာဖြစ်သော ဤပစ္စက္ခဘဝကို မိမိ၏နောက်ဆုံးပန်းတိုင်ဟု မထင်မှတ်ရာ၊ လောကီရေးရာများတွင် နစ်မွန်းကာ၊ မိမိ၏နောင်ရေးကို မဖျက်ဆီးရာ၊ အမြဲထာဝစဉ် တည်နေမည့် နောင်တမလွန်ဘဝ၏ ကောင်းစားရေးကိုသာ ရှေးရှုရာသည်။ အလွှာဟ်အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ရရှိကာ၊ မိုးမြေတမျှ အတိုင်းမသိ ကြီးမားလှဘိသည့် အံ့မခန်းသော ဂျန္နတ်သုခဘုံတွင် စံမြန်းနိုင်ရန်သာ သူထက်ငါ ကြိုးစားရာသည်။ ဤသည့်သဘောကို ကုရ်အာန် (၃း၁၉၅-၁၉၇၊ ၆း၃၂၊ ၂၉း၆၄၊ ၄၇း၃၆-၃၈)တွင်လည်း တွေ့ရှိရပေသည်။

لِّكَيْلَا تَأْسَوْا عَلَىٰ مَا فَاتَكُمْ وَلَا تَفْرَحُوا بِمَا آتَاكُمْ ۗ وَاللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ ﴿٢٣﴾

၂၃။ အသင်တို့သည် မိမိတို့ထံမှ လွတ်သွားသော အရာနှင့် စပ်လျဉ်း၍ ပူဆွေးခြင်းမရှိကြရန် လည်းကောင်း၊ မိမိတို့အား ထိုအရှင်မြတ်က ချီးမြှင့်ပေးသနား တော်မူသောအရာနှင့်စပ်လျဉ်း၍ ဝမ်းမြောက် မော်ကြွားခြင်းမပြုကြရန်လည်းကောင်း၊ (ထိုအရှင်မြတ်သည် အသင်တို့အား ဤသည်ကို သိစေတော်မူခြင်းဖြစ်၏)။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သည့် မာန်မာနထောင်လွှားသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မူသည် မဟုတ်ပေ။ [1]

الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ ۗ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ﴿٢٤﴾

၂၄။ (၎င်းတို့ကား) အကြင်သူများပင်။ ထိုသူတို့သည် မိမိတို့ကိုယ်တိုင် စေးနဲကြသည်သာမက၊ သူတပါးတို့အားလည်း စေးနဲကြရန် အမိန့်ပေးကြကုန်၏။

စင်စစ်သော်ကား မည်သူမဆို (သုံးစွဲလှူဒါန်းခြင်းမပြုဘဲ) မျက်နှာလွဲ၍ ထွက်သွားလျှင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းအပ်သော ဝိသေသဂုဏ်ထူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။

---

① အထက်တွင် မိန့်ဆိုထားတော်မူသည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် ဤလောကဓာတ်ကြီးကို ဖန်ဆင်းတော်မမူမီ အလျင်ကတည်းကပင်၊ ဤလောကဓာတ်ကြီးတွင် ဖြစ်ပျက်သက်ရောက်အံ့သော ကိစ္စအဝဝကို ကြိုတင်သိရှိတော်မူသည်။ သို့ သိရှိတော်မူသည့်အတိုင်း 'လောင်ဟ်မဟ်ဖူဇ်' မှတ်တမ်းတော်တွင် မှတ်သားထားတော်မူခဲ့သည်။ သို့မှတ်သားထားတော်မူခဲ့သည့်အတိုင်း အပိုအလိုမရှိ ဖြစ်ပျက်လျက်ရှိသည်။ ဤသည့်အကြောင်းကို လူသားတို့အား အသိပေးတော်မူခြင်းမှာ လူသားတို့သည် မိမိတို့ထံမှ ဖိတ်စဉ် ဆုံးပါးသွားသော အရာများနှင့် စပ်လျဉ်း၍ မပူဆွေးရန် မိမိတို့ထံသို့ ရောက်ရှိလာ သော သုခချမ်းသာများကို အကြောင်းပြု၍ မဝါကြွားရန်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မှတ်တမ်းတော်တွင် မိမိ၌ တစ်စုံတစ်ရာ ဒုက္ခဖြစ်ရန် ပါရှိနေပါက မုချဒုက္ခဖြစ်ရမည်သာ၊ မရောင်ကွင်းသာ၊ မှတ်တမ်းတော်တွင် မိမိ၌ တစ်စုံတစ်ရာ သုခဖြစ်ရန် ပါရှိနေပါက မုချ သုခဖြစ်ရမည်သာ။ သို့ဖြစ်ရာ ဒုက္ခဖြစ်က မပူပန်ရာ သည်းခံရမည်သာ။ သုခဖြစ်က မဝါကြွားရာ အလ္လာဟ်အရှင်မြတ်အား ကျေးဇူး ်တင်ရမည်သာ။ ➤➤

لَقَدْ أَرْسَلْنَا رُسُلَنَا بِالْبَيِّنَٰتِ
وَأَنزَلْنَا مَعَهُمُ الْكِتَٰبَ
وَالْمِيزَانَ لِيَقُومَ النَّاسُ
بِالْقِسْطِ ۖ وَأَنزَلْنَا الْحَدِيدَ
فِيهِ بَأْسٌ شَدِيدٌ وَمَنَافِعُ
لِلنَّاسِ وَلِيَعْلَمَ اللَّهُ مَن
يَنصُرُهُ وَرُسُلَهُ بِالْغَيْبِ ۚ
إِنَّ اللَّهَ قَوِيٌّ عَزِيزٌ ﴿٢٥﴾

၂၅။ ဧကန်မလွဲ ငါအရှင်မြတ်သည် မိမိ ရဏ္ဍာလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ထိုရဏ္ဍာလ်တမန်တော်များနှင့်အတူလူတို့သည် တရားမျှတမှုပေါ်၌ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။

ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် သံသတ္ထုကို ချပေးတော်မူခဲ့၏။ ယင်းသံသတ္ထု၌ ကြီးကျယ် ပြင်းထန်လှသော စွမ်းအင်ရှိပေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများလည်း ရှိသည်။ [၁]

➤➤ အကြင်သူတစ်ဦးသည် ဒုက္ခဖြစ်သည်တွင်သည်းခံ၏။ ကြံ့ခိုင်၏။ မတုန်လှုပ်၊ မချောက်ချား၊ သုခဖြစ်သည်တွင်လည်း မဝါကြွား။ သို့ဖြစ်လျှင် ထိုသူသည်အမြဲ တဲ့ စိတ်ချမ်းသာမှု ရရှိနေမည်သာဖြစ်သည်။ အကြင်သူတစ်ဦးသည် ဒုက္ခဖြစ်သည်တွင် သည်းခံနိုင်သည်မရှိ။ တုန်လှုပ်၏။ ချောက်ချား၏။ စိတ်ဓာတ်ကျဆင်း၏။ သုခဖြစ်ရာတွင် မိမိကိုယ်ကို အထင်ကြီး၏။ မော်ကြွား၏။ ထိုသူသည် အမြဲတစေ စိတ်ဆင်းရဲနေရမည်သာဖြစ်သည်။

① **တမန်တော်များ၊ ကျမ်းဂန်၊ ချိန်ခွင်၊ သံ၊**

အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် တမန်တော်များအား ထင်ရှားသော သက်သေလက္ခဏာတော်များကို ချီးမြှင့်၍ စေလွှတ်တော်မူခဲ့၏။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် လူသားတို့ တရားမျှတမှုအပေါ်၌ ရပ်တည်နေနိုင်ကြရန် အလို့ငှာ၊ တမန်တော်များနှင့်အတူတကွ (ကိတာဗ်)ကျမ်းဂန်ကိုလည်း ချပေးတော်မူခဲ့၏။ (မီဇာန်)ချိန်ခွင်ကိုလည်း ချပေးတော်မူခဲ့၏။ ထိုမှတစ်ပါး၊ သံသတ္ထုကိုလည်း ချပေးတော်မူခဲ့၏။

တမန်တော်များအား စေလွှတ်တော်မူခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ တရားတော်များကို ဟောကြား၍ စံနမူနာအဖြစ် လက်တွေ့ကျင့်သုံးကြရန် ဖြစ်သည်။ ကျမ်းဂန်ကို ချပေးတော်မူခြင်းမှာ၊ လူသားတို့သည် ယုံကြည်ချက်များ ကိုယ်ကျင့်တရားများတွင် အလွန်အကျွံမဖြစ်ဘဲ၊ တစ်ဖက်စွန်းသို့ ရောက်ရှိမသွားဘဲ၊ ဖြောင့်မတ်၊ မှန်ကန်စွာ လိုက်နာကျင့်သုံးကြရန် ဖြစ်သည်။

ချိန်ခွင်ကို ချပေးတော်မူခြင်းမှာ ရောင်းဝယ်ဖောက်ကားမှုများတွင် ယိမ်းယိုင်တိမ်းစောင်းခြင်းမရှိဘဲ၊ ချိန်ခွင်လျှာပမာ တည့်မတ်စွာ လိုက်နာကျင့်သုံးကြရန်ပင်ဖြစ်သည်။ ဆိုလိုသည်ကား (ဟုကူကုလ္လာဟ်) အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သော တာဝန်များကို ဆောက်ရွက် ရာတွင်လည်းကောင်း၊ (ဟုကူကုလ်အိဗာဒ်) လူသားတို့အချင်းချင်းနှင့် ပတ်သက်သော တာဝန်များကို ဆောင်ရွက်ရာ တွင်လည်းကောင်း၊ လူသားတို့သည် အမြဲတစေ ဖြောင့်မတ်မှန်ကန်ကြရပေမည်။ တရားမျှတစွာ ဆောင်ရွက်ကြရပေမည်။ ➤➤

ထိုမှတစ်ပါး မည်သူသည် မမြင်ဘဲလျက် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်များအား လည်းကောင်း၊ ကူညီသည်ကို အလ္လာဟ်အရှင်မြတ်သည် သိတော်မူအံ့သောငှာ (ချပေးတော်မူခြင်းလည်းဖြစ်၏)။ မလွဲမကန် အလ္လာဟ်အရှင်မြတ်မှာမူကား အလွန်တရာ အားအင်ပြည့်စုံသောအရှင်၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်မြတ် ဖြစ်တော်မူပေသတည်း။

وَلَقَدْ أَرْسَلْنَا نُوحًا وَإِبْرَاهِيمَ وَجَعَلْنَا فِي ذُرِّيَّتِهِمَا النُّبُوَّةَ وَالْكِتَابَ فَمِنْهُمْ مُهْتَدٍ وَكَثِيرٌ مِنْهُمْ فَاسِقُونَ ﴿٢٦﴾

၂၆။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် (နဗီ တမန်တော်) 'နူဟ်'အား လည်းကောင်း၊ (နဗီတမန်တော်) 'အီဗ်ရာဟီမ်'အား လည်းကောင်း၊ စေလွှတ်တော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထို(နဗီတမန်တော်)'နူဟ်'နှင့် (နဗီတမန်တော်)'အီဗ်ရာဟီမ်' နှစ်ပါးတို့၏ သား၊ မြေးတို့၌ နဗီတမန်တော် ဖြစ်မှုကိုလည်းကောင်း၊ ကျမ်းဂန်ကိုလည်းကောင်း၊ သတ်မှတ်၍ ပေးသနားတော်မူခဲ့ရာ ၎င်းတို့တွင် တရားလမ်းမှန်ကို ရရှိသူများလည်း ရှိခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့အနက် *မြောက်မြားစွာသောသူတို့မှာ သွေဖည်သူများပင် ဖြစ်ခဲ့ကြ၏။* [၁]

➤➤ သံသည် အလွန်ပြင်းထန်သည်။ လူသားတို့အဖို့ အကျိုးများလှသည်။ လူသားတို့၏ အသုံးအဆောင်များတွင် သံသည်များစွာ အသုံးဝင်သည်။ များသောအားဖြင့် လက်နက်ကိရိယာများသည် သံဖြင့်ပြုလုပ်ရပေသည်။ ယင်းသို့သံကို ချပေးတော်မူခြင်းမှာ အကယ်၍ ကျမ်းဂန်လာ တရားတော် များကို ဖောက်ဖျက်လာကြသည့်အခါ တရားမျှတခြင်းတည်းဟူသော ချိန်ခွင်ကို ရိုက်ချိုးလာကြသည့်အခါ လိုအပ်ပါက မဖြစ်သာသည့်အဆုံးတွင် သံကို (ဝါ)အာဏာကို (ဝါ) လက်နက်ကို အသုံးပြုနိုင်ရန်ပင်ဖြစ်သည်။ လက်နက်ဆွဲကိုင်၍ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ကျိုးဒါပြုလုပ်ခြင်းမှာလည်း ဤသည့်သဘောပင်။

① အလ္လာဟ်အရှင်မြတ်သည် တမန်တော် နူဟ်နှင့် တမန်တော် အစ်ဗ်ရာဟီမ်တို့အား စေလွှတ်တော်မူခဲ့သည်။ ထိုတမန်တော်ကြီး ၂-ပါး၏ သားမြေးတို့တွင်လည်း မြောက်မြားစွာသော တမန်တော်များအား ပေါ်ထွန်းစေတော်မူခဲ့သည်။ ယင်းတို့အနက် အချို့တို့အား ကျမ်းဂန်းများကိုလည်း ချီးမြှင့်တော်မူခဲ့သည်။ ဥပမာ တမန်တော်မူစာသည် အဆိုပါ တမန်တော်ကြီး ၂-ပါး၏သားမြေးများတွင် ပါဝင်ခဲ့သည်။ ➤➤

ثُمَّ قَفَّيْنَا عَلَىٰٓ اٰثَارِهِمْ بِرُسُلِنَا
وَقَفَّيْنَا بِعِيسَى ابْنِ مَرْيَمَ
وَاٰتَيْنَٰهُ الْاِنْجِيلَ ۙ وَجَعَلْنَا فِى
قُلُوبِ الَّذِينَ اتَّبَعُوهُ رَاْفَةً
وَّرَحْمَةً ۚ وَرَهْبَانِيَّةً
اِبْتَدَعُوهَا مَا كَتَبْنَٰهَا
عَلَيْهِمْ اِلَّا ابْتِغَآءَ رِضْوَانِ
اللّٰهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا
فَاٰتَيْنَا الَّذِينَ اٰمَنُوا مِنْهُمْ
اَجْرَهُمْ ۖ وَكَثِيرٌ مِّنْهُمْ
فَٰسِقُونَ ﴿٢٧﴾

၂၇။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏ နောက်တွင် မိမိရဏ္ဍုလ်တမန်တော်များအား အဆက်မပြတ် စေလွှတ်တော်မူခဲ့၏။ ထို့နောက် ငါအရှင်မြတ်သည် 'မရ်ယမ်'၏သားတော် (နဗီတမန်တော်)'အီစာ' အား စေလွှတ်တော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထို 'အီစာ'အား 'အင်နဂျီလ်'ကျမ်းတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထို'အီစာ' ၏နောက်သို့လိုက်ခဲ့ကြသောသူတို့၏စိတ်နှလုံးများတွင် နူးညံ့သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။

သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အရှင်မြတ်၏ နှစ်မြို့မှုရှာဖွေအံ့သောငှာ (တောထွက် လမ်းစဉ်ကို လိုက်နာကျင့်သုံးခဲ့ကြကုန်၏)။ သို့ပါသော်လည်း ၎င်းတို့သည် ယင်းတောထွက်လမ်းစဉ်ကို စောင့်စည်းအပ်သောဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ကြသည် မရှိချေ။ [၁]

➤➤ ကျမ်းဂန်ချီးမြှင့်တော်မူခြင်း ခံခဲ့ကြရသည်။

တမန်တော် ဟူဒ်နှင့် တမန်တော်ဆွာလိဟ် ၂-ပါးသည် ကျမ်းဂန်ချီးမြှင့်တော်မူခြင်းခံခဲ့ကြရသည်။ မခံခဲ့ကြရသည်ကိုမူ အတိအကျ မသိရှိရပေ။ အဆိုပါ တမန်တော်များ၏ နောက်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် အခြားတမန်တော်များအား အဆက်မပြတ် စေလွှတ်တော်မူခဲ့ပေသည်။ ထိုထိုသော တမန်တော်များ၏ နောက်လိုက် တပည့် သားတို့တွင် အချို့တရားရရှိခဲ့ကြသော်လည်း၊ အများစုမှာကား သွေဖည်ခဲ့ကြပေသည်။ ဤကား အတိတ်ခေတ် တမန်တော်လောကဓာတ်၏ ပထမပိုင်း ဖြစ်စဉ်ဖြစ်ရပ်ပင်။

① ရဟ်ဗာနီယတ်=တောထွက်လမ်းစဉ်။

တမန်တော်အီစာ(အလိုင်ဟစ္စလာမ်)၏ နောက်လိုက်တပည့်သားတို့သည် နောက်ပိုင်းတွင် ဘာသာမဲ့၊ သာသနာမဲ့ မင်းဆိုးများ၏ ဖိနှိပ်ချုပ်ချယ်မှုများကိုလည်း အလူးအလိမ့် ခံစားလာခဲ့ကြရ၏။ ရှုပ်ထွေးပွေလီလှသော လောကီရေးရာများကိုလည်း စက်ဆုပ်ရွံမုန်းလာခဲ့ကြ၏။ ထိုအခါ ၎င်းတို့သည် (ရဟ်ဗာနီယာတ်) တောထွက်လမ်းစဉ်ကို အသစ်တီထွင်လာခဲ့ကြ၏။ ၎င်းတို့၏ စေတနာမှာလည်း အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ဆည်းပူးရပ်ပင်ဖြစ်ခဲ့၏။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱتَّقُواْ ٱللَّهَ وَءَامِنُواْ بِرَسُولِهِۦ يُؤۡتِكُمۡ كِفۡلَيۡنِ مِن رَّحۡمَتِهِۦ وَيَجۡعَل لَّكُمۡ نُورٗا تَمۡشُونَ بِهِۦ وَيَغۡفِرۡ لَكُمۡۚ وَٱللَّهُ غَفُورٞ رَّحِيمٞ ٢٨

မည်သို့ပင်ဖြစ်စေ ငါအရှင်မြတ်သည် ၎င်းတို့အနက် သက်ဝင် ယုံကြည်ခဲ့ကြသောသူတို့အား ၎င်းတို့၏အကျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသောသူတို့မှာကား သွေဖည်သူများပင် ဖြစ်ကြကုန်သတည်း။

၂၈။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ ရာသွယ်တမန်တော်မြတ်အား ယုံကြည်ကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား မိမိကရုဏာတော်မှ နှစ်ဆ ချီးမြှင့် ပေးသနားတော်မူမည့်ပြင်၊ အသင်တို့အဖို့ အကြင်အလင်းရောင်ကို ဖန်ဆင်း၍ ပေးသနားတော်မူပေမည်။ အသင်တို့သည် ယင်းအလင်းရောင်ဖြင့် လျှောက်သွားကြပေမည်။ ထိုမှတစ်ပါး အသင်တို့အား ခွင့်လွှတ်ချမ်းသာမှု ပေးသနားတော်မူပေမည်။ ③

➤➤ သို့ပါသော်လည်း ၎င်းတို့သည် မိမိတို့ စေတနာအလျောက် မိမိတို့ တီထွင်ခဲ့သော မိမိတို့၏ လမ်းစဉ်သစ်ကိုပင် မိမိတို့ကိုယ်တိုင် ထိန်းသိမ်းအပ်သည့် အားလျော်ညီစွာ ထိန်းသိမ်းနိုင်ခဲ့ကြသည်မရှိပေ။ အမှန်မှာ အလ္လာဟ်အရှင်မြတ်က ယင်းလမ်းစဉ်သစ်ကို ၎င်းတို့အပေါ်၌ သတ်မှတ်ပြဋ္ဌာန်းပေးတော် မူခဲ့သည်လည်း မဟုတ်ပေ။ ၎င်းတို့ကိုယ်တိုင် တီထွင်ခဲ့သောလမ်းစဉ်သာဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် မိမိတို့ ထွင်ခဲ့သော လမ်းစဉ်ကို မိမိတို့ကိုယ်တိုင်ပင် မလိုက်နာနိုင်ခဲ့ကြပေ။

ဥပမာ- ၎င်းတို့သည် ဥစ္စာပစ္စည်းရာဖွေဆည်းပူးမှုကို စွန့်ခဲ့ကြ၏။ အိမ်ထောင်ပြုခြင်းကို စွန့်ခဲ့ကြ၏။ လောကီစည်းစိမ်များကို စွန့်ခဲ့ကြ၏။ တောထွက်ခဲ့ကြ၏။ သို့ရာတွင် လူသဘာဝနှင့် မဟပ်မိသော လမ်းစဉ်တစ်ရပ်ကို ၎င်းတို့သည် အဘယ်မျှအထိ ဒုက္ခခံကာ ဆုပ်ကိုင်ထားနိုင်ကြမည်နည်း။ မကြာမီပင် ၎င်းတို့သည် မိမိတို့ တီထွင်ခဲ့သောလမ်းစဉ်ကို မိမိတို့ ကိုယ်တိုင်ပင် ဖောက်ဖျက်လာခဲ့ကြ၏။ သွေဖည်လာခဲ့ကြ၏။ သာသနာရေးကို အကာအကွယ်ယူပြီး စည်းပွားရှာလာခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် အစွန်လာမ်သည် ယင်းလမ်းစဉ်ကို ခွင့်မပြုခဲ့ပေ။

③ ဤအာယတ်တော်သည် (ကိတာဗီ) ခေါ် အတိတ်ခေတ် ကျမ်းဂန်ရရှိခဲ့သောသူများအနက် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အား အီမာန်သက်ဝင်ယုံကြည်လာခဲ့သော ပုဂ္ဂိုလ်များကို ရည်ညွှန်းမိန့်ကြားထားတော်မူသော အာယတ်တော်ဖြစ်သည်။ ဤယူဆချက်အရ ဤအာယတ်တော်တွင် လာရှိသော ➤➤

لِّئَلَّا يَعْلَمَ أَهْلُ الْكِتَابِ أَلَّا يَقْدِرُونَ عَلَىٰ شَيْءٍ مِّن فَضْلِ اللَّهِ وَأَنَّ الْفَضْلَ بِيَدِ اللَّهِ يُؤْتِيهِ مَن يَشَاءُ ۚ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ ﴿٢٩﴾

စင်စစ်မှာကားအလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ အလွန်တရာ ကြင်နာသနားတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

၂၉။ (ယင်းသို့ ချီးမြှင့် ပေးသနားတော်မူမည့် အကြောင်းမှာ) ရှေးကျမ်းကို ရရှိခဲ့သောသူတို့သည် ၎င်းတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အနက် အနည်းငယ်မျှကိုပင် (ရယူ)နိုင်ကြသည် မဟုတ်ကြောင်း ကိုလည်းကောင်း၊ ကျေးဇူးတော်မှာ အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာရှိ၍ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူကြောင်းကိုလည်းကောင်း၊ သိရှိအံ့သောငှာဖြစ်၏။ အမှန်စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်လှသော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

➤➤ (وَاٰمِنُوْا بِرَسُوْلِهٖ) 'ငင်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ တမန်တော်အား ယုံကြည်ကြကုန်' ဟူသော အမိန့်တော်၏အလိုသဘောမှာ အသင်တို့သည် ထိုအရှင်မြတ်၏ တမန်တော်မြတ်အား ယုံကြည်လျက်ရှိကြသည့် အတိုင်း၊ ယင်းယုံကြည်ချက်အပေါ်၌ အမြဲတစေ ရပ်တည်နေကြကုန်ဟူ၍ ဖြစ်သွားပေမည်။

ဆိုလိုသည်ကား - အတိတ်ခေတ်ကျမ်းဂန် ရရှိခဲ့ကြသော ပုဂ္ဂိုလ်များသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကာ ထိုအရှင်မြတ်၏ တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝဓလ္လမ်)အား ဆက်လက်ယုံကြည်ကြပါက တမန်တော်မြတ်၏လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးကြပါက၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကုသိုလ်အကျိုး နှစ်ဆ ချီးမြှင့်တော်မူမည်။ အလင်းရောင်ကိုလည်း ချီးမြှင့်တော်မူမည်။ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ချီးမြှင့်တော်မူမည်ဖြစ်သည်။

① ဆိုလိုသည်ကား ကိတာဗီများသည် အတိတ်ခေတ် တမန်တော်ကြီးများ၏ ထေရုပ္ပတ္တိများကို ကြားသိကြရသော အခါ ငါတို့သည် ထိုထိုသော တမန်တော်ကြီးများနှင့် ဝေးခဲ့ကြရလေခြင်း၊ ထိုထိုသော တမန်တော်ကြီးများအထံတွင် အမြဲတစေချဉ်းကပ်ခွင့် ရရှိသွားခဲ့ကြသော သူတော်စင်များ၏ အဆင့်အတန်းများကို ငါတို့သည် အသို့လျှင် ရရှိကြနိုင်အံ့နည်းဟု တွေးတောကာ ကြေကွဲဝမ်းနည်း နေခဲ့ကြလေသည်။ ယင်းသို့သောကိတာဗီများ သိထားအပ်သည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိဝဓလ္လမ်)အား ပွင့်ပေါ်စေတော်မူပြီ။ ၎င်းတို့သည် တမန်တော်မြတ်ထံ ချဉ်းကပ်ကြပါက ၎င်းတို့လိုလားနေကြသော အဆင့်အတန်းများကို ပိုမို၍ပင် ရရှိနိုင်ကြပေသည်။ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်၏ တံခါးသည် မပိတ်ပင်သေးချေ။ ပွင့်လျက်ပင်၊ ကြည့် - အွတ်ဆ်မာနီ။

စောဒကဝင်သောမိန်းမ ကဏ္ဍ



ဤကဏ္ဍသည် "မုဂျာဒိလဟ်" စောဒကဝင်သော မိန်းမအကြောင်း ပါဝင်သော ကဏ္ဍမည်၏။ မဒီနာမြို့တွင် ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၂၂)ပါးနှင့် ရကူအ်အပိုဒ် (၃)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

قَدْ سَمِعَ اللّٰهُ قَوْلَ الَّتِيْ تُجَادِلُكَ فِيْ زَوْجِهَا وَتَشْتَكِيْٓ اِلَى اللّٰهِ ۖ وَاللّٰهُ يَسْمَعُ تَحَاوُرَكُمَا ۚ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ①

ကရုဏာတော်ရှင်ဖြစ်တော်မူသော၊ အလွန်တရာ ကြင်နာသနားတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

၁။ ဧကန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် အကြင် မိန်းမ၏ပြောဆိုမှုကို ကြားတော်မူခဲ့လေပြီ။ ထိုမိန်းမသည် မိမိလင်ယောကျ်ားနှင့် ပတ်သက်၍ အသင်နှင့် ငြင်းခုံ ပြောဆိုဆွေးနွေးလျက်ရှိသည့်ပြင် (မိမိ)မကျေနပ်ကြောင်း အလ္လာဟ်အရှင်မြတ်အထံတော်တွင် ထုတ်ဖော်လျှောက်ထား တိုင်တန်းလျက်ရှိခဲ့၏။ [၁] ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှစ်ဦး ပြောဆိုမေးဖြေခြင်းကိုလည်း ကြားတော်မူ၏။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော အရှင်၊ အကြွင်းမဲ့သိမြင်တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။ [၂]

---

① အစ္စလာမ် မထွန်းကားမီ အရဗ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာ ယူဆချက်မှာ လင်ယောကျ်ားက မိမိ၏ဇနီးအား အသင်မသည် ကျွန်ုပ်၏မိခင်ဖြစ်သည်၊ အသင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်၏မိခင်၏ ကျောက်ကုန်းကဲ့သို့ ဖြစ်သည်ဟု ပြောဆိုလိုက်လျှင် ထိုအမျိုးသမီးသည် ထိုယောကျ်ားနှင့်ရာသက်ပန် ပြတ်စဲသွားလေသည်။ ထိုဇနီးမောင်နှံ ပြန်လည်ပေါင်းစပ်ရန် နည်းလမ်းလုံးဝမရှိတော့ပေ။ ဤကား အစ္စလာမ်မထွန်းကားမီ အရဗ်တို့၏ ထုံးတမ်းစဉ်လာယူဆချက်တစ်ရပ်ပင်၊ အမျိုးသမီးတို့အဖို့ နင့်နာဖွယ်ရာပင်။

တမန်တော်မြတ်လက်ထက်တော်တွင် အောက်စ်အိမ်နဆွာမိတ်အမည်ရှိ မွတ်စ်လင်မ်အမျိုးသားတစ်ဦးက မိမိ၏ဇနီး ခေါင်လဟ်ဗင်နဲ့တိဆအ်လဗဟ်အား အရဗ်တို့၏ထုံးတမ်းစဉ်လာအတိုင်း ယင်းသို့ပြောဆိုလိုက်၏။

ထိုအခါ ခေါင်လဟ်သည် တမန်တော်မြတ်ထံတွင်ရောက်ရှိလာပြီး "ကျွန်မ၏ခင်ပွန်းသည် ကျွန်မ၏ ဥစ္စာပစ္စည်းများကို သုံးဖြုန်းလိုက်ပါပြီ၊ ကျွန်မ၏ပျိုရွယ်မှုကိုလည်း ဖျက်ဆီးလိုက်ပါပြီ၊ ➤➤

الَّذِينَ يُظٰهِرُونَ مِنكُم مِّن نِّسَآئِهِم مَّا هُنَّ أُمَّهٰتِهِمْ ۖ إِنْ أُمَّهٰتُهُمْ إِلَّا اللَّائِي وَلَدْنَهُمْ ۗ وَإِنَّهُمْ لَيَقُولُونَ مُنكَرًا مِّنَ الْقَوْلِ وَزُورًا ۗ وَإِنَّ اللَّهَ لَعَفُوٌّ غَفُورٌ ﴿٢﴾

၂။ အသင်တို့အနက် အကြင်သူတို့သည် မိမိတို့ဇနီးမိန်းမများအား ကျွန်ုပ်၏မိခင်ကဲ့သို့ပင် ကျွန်ုပ် အပေါ်၌ "ဟရာမ်" ဖြစ်သည်ဟု ပြောဆို "ဇီဟာရ်" ပြုလုပ်ကြလေ၏။ ထိုဇနီးမိန်းမများမှာ ၎င်းတို့၏ မိခင်များ မဟုတ်ကြပေ။ ၎င်းတို့အား မွေးဖွားခဲ့ကြသောမိန်းမများသာလျှင် ၎င်းတို့၏မိခင်များ ဖြစ်ကြလေ၏။

သို့ရာတွင် ဇနီးမလွဲ ထို("ဇီဟာရ်" ပြုလုပ်ကြသော) ထိုသူတို့သည် စက်ဆုပ်ဖွယ်ရာ စကားကိုလည်းကောင်း၊ မုသားစကားကိုလည်းကောင်း၊ ပြောဆိုကြသည် အမှန်ပင်။ သို့တစေလည်း မလွဲဇနီး အလျှာဟ်အရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ ချမ်းသာပေးတော်မူသော အရှင် ဖြစ်တော်မူ၏။

➢➢ ကျွန်မ၏ဝမ်းဗိုက်မှကလေး အမြောက်အမြားလည်း မွေးခဲ့ပါပြီ၊ ယခုမူ ကျွန်မအသက်အရွယ် ကြီးရင့်လာပြီ၊ သားသမီးလည်း မမွေးနိုင်တော့ပြီ။

ဤသို့သော အချိန်အရွယ်ကျမှ ကျွန်မ၏ခင်ပွန်းသည် ကျွန်မအား စိမ်းကားစွာ ပြတ်စဲလိုက်သည်၊ ကျွန်မ၌ ကလေးငယ်လူမမယ်တွေ ရှိနေပါသည်။ ကလေးတွေကို သူ့ထံအပ်လျှင် ပျက်စီးကုန်မည်၊ ကျွန်မထံ၌ထားလျှင် ငတ်ကုန်ပါမည်။

အို-အလျှာဟ်အရှင်မြတ် ကျွန်တော်မျိုးမသည် အရှင်မြတ်ထံတော်၌ တိုင်ကြားအပ်ပါသည်" စသည်ဖြင့် ဝမ်းနည်းကြေကွဲစွာဖြင့် တိုင်ကြားလျှောက်ထားနေခဲ့ရှာ၏။

ထိုအချိန်မှာပင် ကောင်းကင်တမန် ဂျိဗ်ရီလ်သည် ဤအာယတ်တော်ကို ဦးထိပ်ရွက် ပန်ဆင်ကာ တမန်တော်မြတ်ထံသို့ ကြွရောက်လာခဲ့လေသည်။

ⓙ အလျှာဟ်အရှင်မြတ်သည် အားလုံးကြားတော်မူသည်၊ မြင်တော်မူသည်၊ သို့ဖြစ်ရာ တမန်တော်မြတ်နှင့် အဆိုပါအမျိုးသမီး (ခေါင်လဟ်) အပြန်အလှန် မေးခြေ ပြောဆိုနေကြသည်များကို အသို့လျှင် ကြားတော်မမူဘဲ ရှိအံ့နည်း။ ထိုအရှင်မြတ်သည် ဒုက္ခရောက်နေရှာသော အမျိုးသမီး၏ တိုင်ကြားချက်ကို ကြားတော်မူသည်။ သို့ကြားတော်မူသည့်အလျောက် မမှန်ကန် ထုံးတမ်းစဉ်လာများမှ ရာသက်ပန်လွတ်မြောက်ရန် နည်းလမ်းကိုလည်း ညွှန်ပြတော်မူလိုက်သည်။ အဆိုပါနည်းလမ်းသည် ရှေ့လာမည့် အာယတ်တော်များတွင် ပါရှိသည်။

وَالَّذِينَ يُظَاهِرُونَ مِن نِّسَآئِهِمْ ثُمَّ يَعُودُونَ لِمَا قَالُوا فَتَحْرِيرُ رَقَبَةٍ مِّن قَبْلِ أَن يَتَمَاسَّا ذَٰلِكُمْ تُوعَظُونَ بِهِ ۚ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿٣﴾

၃။ စင်စစ်မှာကား အကြင်သူတို့သည် မိမိတို့၏ ဇနီးမိန်းမများနှင့် "ဇိဟာရ်" ပြုလုပ်ကြကုန်၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ ပြောဆိုခဲ့သည်မှ ပြန်လည် ရုပ်သိမ်းလိုက်ကြ၏။

သို့ဖြစ်လျှင် ၎င်းတို့ဇနီး(မောင်နှံ)နှစ်ဦး ကိုယ်လက်နီးနော ထိတွေ့ခြင်းမပြုကြမီ ကျွန်တစ်ယောက်ကို လွတ်မြောက်စေရမည်။ ထိုသည်ဖြင့် အသင်တို့သည် ဆုံးမခြင်းကို ခံကြရပေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ ကြားသိတော်မူသောအရှင် ဖြစ်တော်မူ၏။

فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ مِن قَبْلِ أَن يَتَمَاسَّا ۖ فَمَن لَّمْ يَسْتَطِعْ فَإِطْعَامُ سِتِّينَ مِسْكِينًا ۚ ذَٰلِكَ لِتُؤْمِنُوا بِاللَّهِ وَرَسُولِهِ ۚ وَتِلْكَ حُدُودُ اللَّهِ ۗ

၄။ သို့ရာတွင် မည်သူမဆို (ကျွန်)မရခဲ့လျှင် ၎င်းတို့(ဇနီးမောင်နှံ)နှစ်ဦး ကိုယ်လက်နီးနောခြင်း မပြုကြမီ နှစ်လတိုင်တိုင် တစ်ဆက်တည်း "ဆွိယာမ်" ဥပုသ်သီလ ဆောက်တည်ရပေမည်။ သို့သော် မည်သူမဆို ("ဆွိယာမ်" ဥပုသ်သီလ ဆောက်တည်ခြင်း၄၁) မတတ်စွမ်းနိုင်လျှင် သူဆင်းရဲ ခြောက်ဆယ်အား (၎င်းတို့မောင်နှံနှစ်ဦး ကိုယ်လက်နီးနောခြင်းမပြုကြမီ ထမင်းနှစ်နပ်) ကျွေးမွေးရပေမည်။ [၁]

---

① **ဇွိဟာရ်။**

ဟနဖီဂိုဏ်း၏ယူဆချက်အရ "ဇိဟာရ်"ဟူသည် ခင်ပွန်းယောကျ်ားက မိမိ၏ဇနီးအား မိခင်၊ နှမစသည်တို့၏ ရာသက်ပန် ဟရာမ်ဖြစ်သော(အကြောင်းမဲ့) လုံးဝ မကြည့်အပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုနှင့် နှိုင်းယှဉ် ပြောဆိုခြင်းကိုဆိုသည်။

ဥပမာ- ယောကျ်ားက မိမိ၏ဇနီးအား (أَنتِ عَلَيَّ كظهر أُمِّي) "အသင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်မိခင်၏ ကျောက်ကုန်းကဲ့သို့ဖြစ်သည်" ဟုဆိုခြင်း။ ကြည့်-အွတ်ဆ်မာနီ။ ထာနဝီ။

ဆိုလိုသည်ကား ယောကျ်ားတစ်ဦးက မိမိ၏ဇနီးသည်အား 'ဇိဟာရ်' ပြုလုပ်ရုံမျှဖြင့် (၀၁) "အသင်မသည် ကျွန်ုပ်အဖို့ ကျွန်ုပ်၏ မိခင်၏ ကျောက်ကုန်းကဲ့သို့ဖြစ်သည်"ဟု ပြောဆိုရုံကာမျှဖြင့် ဇနီးသည် ယောကျ်ား၏ မိခင်ဖြစ်သွားသည် မဟုတ်ပေ။ ➤➤

وَلِلْكَٰفِرِينَ عَذَابٌ أَلِيمٌ ۝

ထို(အမိန့်ပညတ်ကို ပြဋ္ဌာန်းတော်မူခြင်း)ကား အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ရာစူလ်တမန်တော်မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြအံ့သောငှာ ဖြစ်ပေသည်။ စင်စစ်မှာမူကား ထိုသည်တို့မှာ အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များပင်။ ၎င်းပြင် "ကာဖိရ်" သွေဖည် ငြင်းပယ်ကြကုန်သောသူတို့၌ နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်သည် ရှိပေအံ့သတည်း။

➤➤ မိမိအား ဝမ်းဗိုက်တွင် လွယ်ပိုက်မွေးဖွားခဲ့သော မိခင်သည်သာလျှင် မိခင်ဖြစ်သည်။ သို့ဖြစ်ရာ ယောကျ်ားတစ်ဦးက မိမိ၏ဇနီးအား ယင်းသို့ ပြောဆိုရုံကာမျှဖြင့် အဆိုပါ ဇနီးသည် မိမိ၏ လင်ခင်ပွန်းနှင့် ရာသက်ပန် လင်ခန်းမယားခန်း အသို့လျှင် ပြတ်စဲသွားအံ့နည်း။

အမှန်မှာ 'ဇိဟာရ်' ပြုလုပ်သောသူများသည် စက်ဆုပ်ဖွယ်စကား၊ မုသားစကား ပြောဆိုခြင်းသာလျှင် ဖြစ်သည်။ သို့မဟုတ်အပ် မဆိုအပ်သော စကားကို ပြောဆိုမိသောသူများသည် မိမိတို့၏အပြစ်ကို ပြေစေရန်အတွက် (ကဖ်ဖာရဟ်)- **(Sin Offering Expiation)** ဒဏ်ဆောင်ဖြေကြရမည်ဖြစ်သည်။

သို့အာပတ်ဖြေပြီးသည့်နောက်တွင်မှ မိမိတို့၏ ဇနီးများနှင့်ယခင်အတိုင်း ဥမကွဲသိုက်မပျက် နေထိုင်ကြရမည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် 'ဇိဟာရ်' ပြုလုပ်ခြင်းခံရသော အမျိုးသမီးတစ်ဦးသည် သက်ဆိုင်ရာ ခင်ပွန်း၏ဇနီးပင်ဖြစ်ကြောင်း၊ ဇိဟာရ်ပြုလုပ်ခြင်းဖြင့် 'တွလာက်' အထမမြောက်ကြောင်း၊ လင်ခန်း မယားခန်း ပြတ်စဲမသွားကြောင်း အတိတ်ခေတ် အရဗ်တို့၏ ထုံးတမ်းစဉ်လာ ထင်မြင်ယူဆချက်များ မမှန်ကန်ကြောင်း ကောင်းစွာ သိရှိနိုင်ပေသည်။

'ဇိဟာရ်'၏ 'ကဖ်ဖာရဟ်'

ဇိဟာရ်ပြုလုပ်မိသောသူများသည် ကဖ်ဖာရဟ် အာပတ်ဖြေသည့်အနေဖြင့် မိမိတို့၏ ဇနီးများနှင့် မထိတွေ့မီအလျင်-

(၁) ကျေးကျွန်တစ်ယောက်ကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေကြရမည်။

(၂) ကျေးကျွန်တစ်ယောက်ကို လွတ်မြောက်စေရန် မစွမ်းနိုင်လျှင် နှစ်လတိတိ 'ဆွိယာမ်' ဥပုသ်ဆောက်တည်ကြရမည်။

(၃) ဤသည်ကိုလည်း မပြုစွမ်းနိုင်ကြလျှင် ဆင်းရဲသား (၆၀) တို့အား ထမင်း (တစ်ရက်စာ နှစ်နပ်) ကျွေးကြရမည်။

ဤသည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် စည်းကမ်းချက် နယ်နိမိတ်များဖြစ်သည်။ မကျူးကျော်ရာ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အကြောင်းများကို 'ဖစ်ဟ်' ဓမ္မသတ်ကျမ်းကြီးများတွင် တွေ့ရှိနိုင်ပေသည်။

إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ كُبِتُوا كَمَا كُبِتَ الَّذِينَ مِن قَبْلِهِمْ وَقَدْ أَنزَلْنَا آيَاتٍ بَيِّنَاتٍ ۚ وَلِلْكَافِرِينَ عَذَابٌ مُّهِينٌ ۝٥

၅။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ကဏ္ဍက ပြုလုပ်ကြသောသူတို့ကား မိမိတို့အလျောင်ရှိခဲ့ကြသော ရှေးသူဟောင်းတို့ ဂုဏ်ရည်သေးသိမ်စေခြင်း ခံခဲ့ကြရသည့်နည်းတူ ဂုဏ်ရည်သေးသိမ်စေခြင်းကို ခံကြရပေမည်။ အမှန်စင်စစ်သော်ကား ငါအရှင်မြတ်သည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များကို ချပေးတော်မူခဲ့ပြီးဖြစ်၏။ ၎င်းပြင် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့၌ ဂုဏ်ရည်ပျက်ပြားစေသော ပြစ်ဒဏ်သည် ရှိပေမည်။ ②

يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيُنَبِّئُهُم بِمَا عَمِلُوا ۚ أَحْصَاهُ اللَّهُ وَنَسُوهُ ۚ وَاللَّهُ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ۝٦

၆။ အကြင်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီးနောက် ၎င်းတို့ကျင့်မူခဲ့သမျှတို့ကို ၎င်းတို့အား သိစေတော်မူပေမည်။ အလ္လာဟ်အရှင်မြတ်သည် ထိုအကျင့်အမူကို ရေတွက်မှတ်သား၍ ထားရှိတော်မူ၏။ သို့ရာတွင် ၎င်းတို့မှာမူကား ယင်းအကျင့်အမူကို မေ့ပျောက်ကြကုန်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ် ဝယ်မျက်မြင်သက်သေဖြစ်တော်မူ၏။

---

② ဆိုလိုသည်ကား- မွတ်စ်လင်မ်သည် မိမိ၏ဂုဏ်နာမ်နှင့်အညီ အမိန့်တော်ကိုနာခံသည်၊ အလ္လာဟ်အရှင်မြတ်သတ်မှတ်ထားတော်မူသည့် စည်းကမ်းချက် နယ်နိမိတ်များကို မကျူးကျော်ပေ။

ကာဖိရ်များမူကား - အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် စည်းကမ်းချက်နယ်နိမိတ်များကို ကျူးကျော်ကြပေသည်။ မိမိတို့၏စိတ်အလိုဆန္ဒအရ နယ်နိမိတ် သတ်မှတ်ကြပေသည်။ ထိုသို့သော ကာဖိရ်များအား လျစ်လျူပြုထားရမည်သာ၊ ၎င်းတို့အဖို့ ပြင်းထန်သော ကျူးယုတ်ရှက်ရစေမည့် ပြစ်ဒဏ်သည် အသင့်ပင်ရှိပေသည်။ ယင်းသို့သော ကာဖိရ်များသည် အတိတ်ခေတ်များတွင်လည်း အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ကြရပြီ၊ ယခုလည်းဖြစ်လျက်ပင်။

အလ္လာဟ်အရှင်မြတ်၏ထင်ရှားသော သက်သေလက္ခဏာတော်များကို တွေ့မြင်ရပြီးသည့်နောက်၊ ထင်ရှားသောဒေသနာတော်များကို ကြားနာရပြီးသည့်နောက်သော်မှပင် မိမိတို့၏သွေဖည်မှုအပေါ်၌ ရပ်တည်နေခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို မလေးစားခြင်းသည် တစ်နည်းအားဖြင့် ကျူးယုတ်ရှက်ရဖြစ်စေမည့် ပြစ်ဒဏ်ကို လက်ယပ်ခေါ်နေခြင်းပင်။

أَلَمْ تَرَ أَنَّ اللَّهَ يَعْلَمُ مَا فِي
السَّمَاوَاتِ وَمَا فِي الْأَرْضِ ۖ مَا
يَكُونُ مِن نَّجْوَىٰ ثَلَاثَةٍ إِلَّا هُوَ
رَابِعُهُمْ وَلَا خَمْسَةٍ إِلَّا هُوَ
سَادِسُهُمْ وَلَا أَدْنَىٰ مِن ذَٰلِكَ
وَلَا أَكْثَرَ إِلَّا هُوَ مَعَهُمْ أَيْنَ مَا
كَانُوا ۖ ثُمَّ يُنَبِّئُهُم بِمَا عَمِلُوا يَوْمَ
الْقِيَامَةِ ۚ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٧﴾

၇။ (အို-နဗီတမန်တော်၊) ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များ၌ရှိသည်တို့ကိုလည်းကောင်း၊ ပထဝီမြေ၌ရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူကြောင်း အသင်သည် စဉ်းစားဆင်ခြင်သိမြင်ခဲ့ပြီး မဟုတ်ပါလော။ (လူ)သုံးဦး လျှို့ဝှက်တိုင်ပင်ကြသည် မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အနက် စတုတ္ထ ဖြစ်တော်မူ၏။

ထိုနည်းတူစွာ (လူ)ငါးဦး (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့အနက် ဆဋ္ဌမ ဖြစ်တော်မူ၏။ ထို့ပြင် ထို(သုံးဦး)ထက်လျော့၍လည်းကောင်း၊ (ငါးဦး)ထက်ပို၍လည်းကောင်း၊ (လျှို့ဝှက်တိုင်ပင်ကြသည်) မဟုတ်ပေ။ သို့ရာတွင် ထိုအရှင်မြတ်သည် ၎င်းတို့ မည်သည့်နေရာ၌ရှိနေကြသည်ဖြစ်စေ ၎င်းတို့နှင့်အတူ ရှိနေတော်မူ၏။ [၁]

ထို့နောက် ထိုအရှင်မြတ်သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့အား ၎င်းတို့ ကျင့်မူခဲ့သည်တို့ကို သိစေတော်မူပေမည်။ စင်စစ်ဧကန်အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်း တို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

---

① ဆိုလိုသည်ကား- အလ္လာဟ်အရှင်မြတ်သည် လူသားတို့ ကျင့်မူ ဆည်းပူးကြသည်များကိုသာလျှင် သိရှိတော်မူသည်မဟုတ်၊ မိုး၊မြေ နှင့်တကွ ဤလောကဓာတ်ကြီးတစ်ခုလုံးတွင် ဖြစ်ပျက်သမျှ ကိစ္စအဝဝကို အကြွင်းမဲ့ ဥဿုံအလုံးစုံကိုပင် သိရှိတော်မူသည်။ မည်သည့် အစည်းအဝေး၊ မည်သည့်တီးတိုး ပြောဆိုမှု၊ မည်သည့် လျှို့ဝှက် တိုင်ပင်ဆွေးနွေး ကြစည်မှုကိုမဆို အလ္လာဟ်အရှင်မြတ်သည် သိတော်မူသည်သာဖြစ်သည်။

ဥပမာ- လူသုံးဦး လျှို့ဝှက်စွာဖြင့် တံခါးပိတ်ဆွေးနွေးတိုင်ပင်အံ့၊ စတုတ္ထမရှိ မထင်ရာ၊ အလ္လာဟ်အရှင်မြတ်သည် စတုတ္ထဖြစ်တော်မူသည်၊ ဆွေးနွေးတိုင်ပင်သမျှကို သိရှိတော်မူသည်။ လူငါးဦး လျှို့ဝှက်စွာဆွေးနွေးတိုင်ပင်အံ့၊ ဆဋ္ဌမမရှိ မထင်ရာ၊ အလ္လာဟ်အရှင်မြတ်သည် ဆဋ္ဌမဖြစ်တော်မူသည်၊ အားလုံး ➤➤

أَلَمْ تَرَ إِلَى الَّذِينَ نُهُوا عَنِ
النَّجْوَىٰ ثُمَّ يَعُودُونَ لِمَا نُهُوا
عَنْهُ وَيَتَنَاجَوْنَ بِالْإِثْمِ
وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ ۖ
وَإِذَا جَاءُوكَ حَيَّوْكَ بِمَا لَمْ
يُحَيِّكَ بِهِ اللَّهُ وَيَقُولُونَ فِي
أَنفُسِهِمْ لَوْلَا يُعَذِّبُنَا اللَّهُ بِمَا

၈။ (အို-နဗီတမန်တော်၊) အသင်သည် အကြင်သူတို့(၏အခြေအနေ)ကို ဆင်ခြင်သုံးသပ် မြင်ခဲ့သည် မဟုတ်လော။ ထိုသူတို့သည် လျို့ဝှက်တိုင်ပင်မှု မပြုရန် တားမြစ်ခြင်းကို ခံခဲ့ရလေ၏။ ထို့နောက် ၎င်းတို့သည် မိမိတို့ တားမြစ်ခြင်းခံခဲ့ကြရသော အမှု ကိစ္စကိုပင် ထပ်မံ၍ ပြုလုပ်ကြကုန်၏။

စင်စစ် ထိုသူတို့ကား ပြစ်မှုကျူးလွန်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရာဇလ်တမန်တော်မြတ်၏အမိန့်ကို သွေဖည်ဆန့်ကျင်မှု ပြုလုပ်ရန်နှင့်စပ်လျဉ်း၍လည်းကောင်း၊ လျို့ဝှက်တိုင်ပင်ကြကုန်၏။ [၁] ၎င်းပြင် ထိုသူတို့သည် အသင့်ထံသို့ လာကြသောအခါ အလ္လာဟ်အရှင်မြတ်က အသင့်အား မေတ္တာပို့တော်မမူခဲ့သော နည်းမျိုးဖြင့် မေတ္တာပို့သ နှုတ်ခွန်းဆက်ကြပေသည်။

➤➤ သိတော်မူသည်။ ဆိုလိုသည်ကား သုံးဦးတိုင်ပင်သည်ဖြစ်စေ၊ ငါးဦးတိုင်ပင်သည်ဖြစ်စေ၊ ထို့ထက်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မည်မျှပင်တိုင်ပင်သည်ဖြစ်စေ၊ မည်သည့်ဌာနတွင် တိုင်ပင်သည်ဖြစ်စေ၊ မည်သို့တိုင်ပင်သည် ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် အားလုံး သိတော်မူသည်သာ ဖြစ်ပေသည်။

① တမန်တော်မြတ် တရားဟောကြားတော်မူသည့် အခမ်းအနားများတွင် မုနာဖစ်က်များသည် ဝင်ရောက်ထိုင်ကာ တီးတိုးတိုင်ပင်လေ့ရှိခဲ့ကြ၏။ အခမ်းအနားသို့ လာရောက်သောသူများအား ပြက်ရောသမှု ပြုလေ့ရှိခဲ့ကြ၏။ အပြစ်ရှာလေ့ရှိခဲ့ကြ၏။ အချင်းချင်း နှစ်ကိုယ်ကြား တီးတိုးပြောဆိုလေ့ရှိခဲ့ကြ၏။ မျက်ရိပ်မျက်ကဲ ပြလေ့ရှိခဲ့ကြ၏။

ယင်းသို့သော အပြုအမူများကြောင့် အကယ်ရိုးသားဖြောင့်မတ်သော မွတ်စ်လင်မ်များသည် စိတ်ဒုက္ခဖြစ်ခဲ့ကြရ၏။ ထို့ပြင်တစ်ဝ ယင်းမုနာဖစ်က်များသည် တမန်တော်မြတ်၏အဆုံးအမသြဝါဒများကို ကြားကြရသောအခါ၊ "ဤခဲယဉ်းသော အမှုကို ကျွန်ုပ်တို့အသို့လျှင် ပြုစွမ်းနိုင်ကြပါမည်နည်း" ဟူ၍ပင် မရိုမသေ မလေးမစား မခန့်မညား ပြောဆိုလေ့ရှိခဲ့ကြ၏။

ဤသို့ဖြင့် မုနာဖစ်က်များသည် တီးတိုးတိုင်ပင်၍-

(၁) ပြစ်မှုကို ကျူးလွန်နေခဲ့ကြ၏။

(၂) မွတ်စ်လင်မ်တို့အား ကျူးကျော်စော်ကားနေခဲ့ကြ၏။

(၃) တမန်တော်မြတ်အား သွေဖည်ဆန့်ကျင်နေခဲ့ကြ၏။

ယင်းသို့မပြုမူကြရန် ၎င်းတို့အား ယခင်က တားမြစ်ထားတော်မူပြီးဖြစ်၏။ ကြည့်-ကုရ်အာန်ကျမ်းမြတ် (၄း၁၁၄)။ သို့ပါသော်လည်း ယင်းမုနာဖစ်က်များသည် "ခွေးမြီးကောက် ကျည်တောက်စွပ်" ဆိုသကဲ့သို့ပင် ➤➤

نَقُولُ حَسْبُهُمْ جَهَنَّمُ ۚ يَصْلَوْنَهَا ۖ فَبِئْسَ الْمَصِيرُ ﴿٨﴾

ထိုမှတစ်ပါး: ၎င်းတို့သည် မိမိတို့ စိတ်ထဲတွင် (တွေးတော) ပြောဆိုကြကုန်၏။ "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ပြောဆိုမှုကြောင့် ကျွန်ုပ်တို့အား အဘယ်ကြောင့် ပြစ်ဒဏ်ပေးတော်မမူပါသနည်း။" ၎င်းတို့၌ အကြင် "ဂျဟန္နမ်" ငရဲသည် လုံလောက်ပေသည်။ ၎င်းတို့သည် ယင်း "ဂျဟန္နမ်" ငရဲသို့ ဝင်ရောက် ကြရပေမည်။ စင်စစ်သော်ကား ယင်း "ဂျဟန္နမ်"ငရဲမှာ လွန်စွာဆိုးရွားလှသော ပြန်လည်ရာ စခန်း ဖြစ်ပေသည်။ ၁

➤➤ မိမိတို့၏အကျင့်အမူများကို မစွန့်လွှတ်ခဲ့ကြပေ၊ ပြုမူမြဲတိုင်း ပြုမူလျက်ပင် ရှိနေခဲ့ကြ၏။ ထိုအခါ ၎င်းတို့နှင့် ပတ်သက်၍ ဤအာယတ်တော်များ ထပ်မံကျရောက်လာခဲ့ပေသည်။

၁ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အပေါ်သို့ အခြား တမန်တော်များနှင့်အတူ (وَسَلَامٌ عَلَى الْمُرْسَلِينَ) "တမန်တော်များအပေါ်သို့ ကောင်းချီးချမ်းသာ မင်္ဂလာအဖြာဖြာ သက်ရောက်ပါစေ"။ (وَسَلَامٌ عَلَىٰ عِبَادِهِ الَّذِينَ اصْطَفَىٰ) ထိုအရှင်မြတ်၏ ရွေးချယ်မြှောက်စားတော်မူခြင်း ခံကြရသော ကျွန်များအပေါ်၌ ကောင်းချီးချမ်းသာ မင်္ဂလာအဖြာဖြာ သက်ရောက်ပါစေ"ဟူ၍ မေတ္တာပို့သတော်မူ၏။

မုအ်မင်နှ်များအား (السلام عليك أيها النبى و رحمة الله و بركاته) "အို-တမန်တော်၊ အသင့်အပေါ်၌ ကောင်းချီးချမ်းသာ မင်္ဂလာအဖြာဖြာ သက်ရောက်ပါစေ၊ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် မင်္ဂလာအဖြာဖြာလည်း သက်ရောက်ပါစေ" ဟူ၍ မေတ္တာပို့သစေတော်မူ၏။

သို့ပါသော်လည်း အချို့ရေဝတီများသည် တမန်တော်မြတ်ထံ လာကြသည့်အခါ (السلام عليك) "အသင့်အပေါ်၌ ကောင်းချီးချမ်းသာအဖြာဖြာ သက်ရောက်ပါစေ"ဟု မေတ္တာပို့သရမည့်အစား လျှာအနည်းငယ်လိပ်၍ (السام عليك) (အတ်စ္စာမု အလိုင်က) "အသင့်အပေါ်၌ သေခြင်းတရား သက်ရောက်ပါစေ"ဟူ၍ပင် ကျိန်ဆဲခဲ့ကြလေသည်။

ထို့နောက် ယင်းရေဝတီများက "အကယ်၍ ဤပုဂ္ဂိုလ်သည် အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ပါမူ၊ ငါတို့သည်လည်း ထိုအရှင်မြတ်၏ တမန်တော်အား ယင်းသို့ ကျိန်ဆဲပြောဆို နေကြသည်ဖြစ်ရာ၊ ထိုအရှင်မြတ်သည် ငါတို့အား အဘယ်ကြောင့် ပြစ်ဒဏ်ခတ်တော်မမူပါသနည်း" ဟူ၍ပင် ကြက်တွန်တက်ခဲ့ကြသေး၏။

၎င်းတို့အဖို့ ဂျဟန္နမ်ငရဲသည် လုံလောက်ပေသည်။ ယင်းဂျဟန္နမ်သို့ သင်တို့လားကြရမည်။ အဆိုပါ "ဂျဟန္နမ်မှာ လွန်စွာ ဆိုးရွားလှပါတကား"။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا تَنَٰجَيْتُمْ فَلَا تَتَنَٰجَوْا۟ بِٱلْإِثْمِ وَٱلْعُدْوَٰنِ وَمَعْصِيَتِ ٱلرَّسُولِ وَتَنَٰجَوْا۟ بِٱلْبِرِّ وَٱلتَّقْوَىٰ ۖ وَٱتَّقُوا۟ ٱللَّهَ ٱلَّذِىٓ إِلَيْهِ تُحْشَرُونَ ۝٩

၉။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် လျှို့ဝှက်တိုင်ပင်ကြသောအခါ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျူးကျော်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရာဇလ်တမန်တော်မြတ်၏အမိန့်ကို သွေဖည်ဆန့်ကျင်ဘက်ပြုခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှို့ဝှက်တိုင်ပင်ခြင်း မပြုကြကုန်လင့်။ သို့ရာတွင် အသင်တို့သည် ကောင်းမှုပြုလုပ်ရန်လည်းကောင်း၊ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ရန်လည်းကောင်း၊ လျှို့ဝှက်တိုင်ပင်ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အကြင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ထို အရှင်မြတ်အထံတော်သို့ပင် အသင်တို့သည် ပြန်လည် စုရုံးကြရပေမည်။

إِنَّمَا ٱلنَّجْوَىٰ مِنَ ٱلشَّيْطَٰنِ لِيَحْزُنَ ٱلَّذِينَ ءَامَنُوا۟ وَلَيْسَ بِضَآرِّهِمْ شَيْـًٔا إِلَّا بِإِذْنِ ٱللَّهِ ۚ وَعَلَى ٱللَّهِ فَلْيَتَوَكَّلِ ٱلْمُؤْمِنُونَ ۝١٠

၁၀။ (မကောင်းမှုကျူးလွန်ရန်) လျှို့ဝှက်တိုင်ပင်မှုကား "ရှိုင်တွာန်"မိစ္ဆာကောင်၏ထံမှ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား စိတ်ဒုက္ခ ဖြစ်စေရန်သာ ဖြစ်၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏အလိုတော်မရှိဘဲ ယင်း"ရှိုင်တွာန်"မိစ္ဆာကောင်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား အနည်းငယ်စိုးစဉ်းမျှပင် ကျိုးယုတ်စေနိုင်သူမဟုတ်ပြီ။ သို့ဖြစ်ပေရာ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့ကား အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွဲအပ် အားထားကြရာသတည်း။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا قِيلَ لَكُمْ تَفَسَّحُوا۟ فِى ٱلْمَجَٰلِسِ فَٱفْسَحُوا۟ يَفْسَحِ ٱللَّهُ لَكُمْ ۖ

၁၁။ အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် "နေရာချဲ့ပေးကြလေကုန်" ဟု ပြောဆိုခြင်းကို ခံကြရလေသောအခါ နေရာချဲ့၍ပေးကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ နေရာချဲ့ပေးတော်မူမည်။

وَإِذَا قِيلَ انشُزُوا فَانشُزُوا يَرْفَعِ اللَّهُ الَّذِينَ آمَنُوا مِنكُمْ وَالَّذِينَ أُوتُوا الْعِلْمَ دَرَجَاتٍ ۚ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿١١﴾

ထိုနည်းတူစွာ အသင်တို့သည် "မတ်တတ်ထကြလေကုန်" ဟု ပြောဆိုခြင်းကိုခံကြရလေသောအခါ မတ်တတ်ထကြလေကုန်။ အရှင်မြတ်သည် အသင်တို့အနက် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ အသိပညာ ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသောသူတို့အားလည်းကောင်း၊ အဆင့်အတန်းများစွာ မြှင့်တင်ပေးတော်မူပေမည်။ ၁

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نَاجَيْتُمُ الرَّسُولَ فَقَدِّمُوا بَيْنَ يَدَيْ نَجْوَاكُمْ صَدَقَةً ۚ ذَٰلِكَ خَيْرٌ لَّكُمْ وَأَطْهَرُ ۚ فَإِن لَّمْ تَجِدُوا فَإِنَّ اللَّهَ

၁၂။ အို-မုအ်မင်န် သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ရစူလ်တမန်တော်မြတ်နှင့် လျှို့ဝှက်ပြောဆိုတိုင်ပင်ကြသောအခါ မိမိတို့ လျှို့ဝှက်ပြောဆိုတိုင်ပင်မှု မပြုကြမီ အလျှဒါန တစ်စုံတစ်ရာကို ကြိုတင်ပေးနှင့်ကြလေကုန်။ ဤသည် အသင်တို့အဖို့ အကောင်းဆုံးလည်းဖြစ်၏။ အသန့်ရှင်းဆုံးလည်းဖြစ်၏။

---

① **မှတ်ချက်။**

တမန်တော်မြတ် တရားဟောကြားတော်မူသည့် အခမ်းအနားတွင် လူတိုင်းလူတိုင်းသည် တမန်တော်မြတ်၏ အနီးဦးပင်ထိုင်၍ တရားနာလို၏။ ထို့အတွက် တစ်ခါတစ်ရံ နေရာအကျဉ်းအတည်းဖြစ်ခဲ့ရ၏။ တစ်ခါတစ်ရံ အဂ္ဂသာဝက၊ မဟာသာဝကကြီးများသည်ပင် တမန်တော်မြတ်အနီးဦး နေရာမရဖြစ်ခဲ့ကြရ၏။ ထို့အတွက်ကြောင့် ဤစည်းကမ်းချက်များကို သတ်မှတ်ပြဋ္ဌာန်း ပေးတော်မူခြင်းဖြစ်သည်။ သို့မှသာလျှင် ပုဂ္ဂိုလ်အသီးသီးတို့သည် ကိုယ့်အဆင့်အတန်းနှင့်ကိုယ် အကျိုးခံစားနိုင်ကြပေမည်။ စီမံကွပ်ကဲအုပ်ချုပ်မှုသည်လည်း စနစ်တကျ ရှိနေပေမည်။

ယခုသော်လည်း အစည်းအဝေးပွဲများတွင် သက်ဆိုင်ရာ သဘာပတိ၏ စီမံကွပ်ကဲ ထိန်းသိမ်းမှုနှင့် စပ်လျဉ်းသည့် အမိန့်များကို ကြည်ဖြူစွာ နာခံကြရမည်သာဖြစ်သည်။ အစ္စလာမ်သည် အရေးကိစ္စအဝဝတွင် စည်းစနစ်ရှိမှုကို အထူးလိုလားသည်။ စည်းစနစ်မဲ့မှု၊ စည်းမဲ့ကမ်းမဲ့ဖြစ်မှု၊ ဖရိုဖရဲဖြစ်မှုများကို အလျင်းမလိုလားပေ။ အစ္စလာမ်၏ အမိန့်ပညတ် အရပ်ရပ်တွင် ဤသည့်စည်းစနစ်ရှိမှုကို အထင်သား အမြင်သား၊ အထင်အရှား တွေ့ရပေသည်။

غَفُورٌ رَّحِيمٌ ﴿١٢﴾

သို့ရာတွင် အကယ်၍ အသင်တို့သည် (အလှူဒါနပြုရန် ဝတ္ထုပစ္စည်းတစ်စုံတစ်ရာကို) မရခဲ့ကြလျှင် ဧကန်အမှန် အလွန်ဟအရှင်မြတ်သည် အလွန်တရာခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာသနားကရုဏာပြုတော်မူသောအရှင်မြတ် ဖြစ်တော်မူ၏။ [၁]

---

① ဆိုလိုသည်ကား မုနာဖစ်က်များသည် မိမိတို့ ကြီးကျယ်ကြောင်း၊ ပေါက်ရောက်ကြောင်းကို လူများအားပြသလိုသည့်အတွက် တမန်တော်မြတ်ထံချဉ်းကပ်၍ တီးတိုးစွာ ပြောဆိုလေ့ရှိခဲ့ကြ၏။

အချို့မုတ်စ်လင်မ်များသည်လည်း တမန်တော်မြတ်ထံ ချဉ်းကပ်၍ အရေးမကြီးလှသောစကားများကို အချိန်ကြာမြင့်စွာ တီးတိုးပြောဆိုနေလေ့ရှိခဲ့ကြ၏။ ထို့အတွက် အခြားပုဂ္ဂိုလ်များမှာ တမန်တော်မြတ်ထံမှ အကျိုးခံစားခွင့် မရရှိဘဲနေခဲ့ကြရ၏။

တစ်ခါတစ်ရံ တမန်တော်မြတ်သည် တစ်ကိုယ်တည်း လွတ်လပ်စွာနေတော်မူလိုသော်လည်း ထိုထိုသောပုဂ္ဂိုလ်များကြောင့် ထိုသည့်အခွင့်အရေးကို တမန်တော်မြတ် ခံစားတော်မမူခဲ့ရပေ။

သို့တစေလည်း တမန်တော်မြတ်သည် ယဉ်ကျေးသိမ်မွေ့တော်မူလှသည့်အတွက်၊ တဖက်သားအား အလွန်ထောက်ထားညှာတာတော်မူ လှသည့်အတွက် ဖွင့်ဟ၍ မည်သူ့ကိုမျှ ပိတ်ပင်တော် မမူရက်ရှာခဲ့ပေ။

ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။

ဆိုလိုသည်ကား တတ်ကုံနိုင်သူတစ်ဦးသည် တမန်တော်မြတ်ထံချဉ်းကပ်၍ တီးတိုးစကားပြောကြားလိုပါက ယင်းသို့ စကားမပြောမီအလျင်၊ တစ်စုံတစ်ရာ အလှူဒါန ပေးကမ်းစွန့်ကြဲရမည်ဖြစ်သည်။ ထိုသို့စွန့်ကြဲလှူဒါန်းပြီးနောက်တွင်မှ တမန်တော်မြတ်ထံချဉ်းကပ်၍ တီးတိုးစကား ပြောကြားရမည်။

ဤသို့ပြုလုပ်ခြင်းတွင် အကျိုးအမြိုးမြိုးရှိသည်။

(၁) ယင်းသို့ စွန့်ကြဲလှူဒါန်းခြင်းဖြင့်၊ ဆင်းရဲသားတို့အား ကူညီထောက်ပံ့ရာလည်း ရောက်သည်။

(၂) ယင်းသို့ စွန့်ကြဲလှူဒါန်းခြင်းဖြင့်၊ သက်ဆိုင်ရာ အလှူရှင်၏ စိတ်စေတနာလည်း ဖြူစင်သွားသည်။

(၃) ယင်းသို့ စွန့်ကြဲလှူဒါန်းခြင်းဖြင့်၊ မွတ်စ်လင်မ်အစစ်နှင့် အယောင်ဆောင်များကိုလည်း ခွဲခြားသိရှိရပေမည်။

(၄) ယင်းသို့ စွန့်ကြဲလှူဒါန်းရသည့်အတွက်၊ တမန်တော်မြတ်ထံ ချဉ်းကပ်၍ တီးတိုးစကားပြောဆိုသူများ၏ အရည်အတွက်လည်း လျော့နည်းသွားပေမည်။

(၅) သို့တီးတိုးစကား ပြောကြားသူများ၏ အရေအတွက် လျော့နည်းသွားသည်နှင့်အမျှ တမန်တော်မြတ်၌ စိတ်၏ချမ်းသာမှု၊ ကိုယ်၏ချမ်းသာမှုများလည်း ပို၍ရှိလာပေမည်။

(အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်ထံချဉ်းကပ်၍ တီးတိုးစကား ပြောကြားလို၏၊ စွန့်ကြဲလှူဒါန်းရန်လည်း မိမိ၌တစ်စုံတစ်ရာမရှိ။ သို့ဖြစ်လျှင် ထိုသို့သောပုဂ္ဂိုလ်၌ စွန့်ကြဲလှူဒါန်းရန် တာဝန်မရှိပေ)

ဤအာယတ်တော် ကျရောက်လာသည့်အခါ မုနာဖစ်က်များသည် စေးနဲတွန့်တိုလှကြသည့်အတွက် တမန်တော်မြတ်ထံချဉ်းကပ်၍ တီးတိုးစကားပြောကြားသည့် အလေ့အထကို စွန့်လွှတ်ကြလေသည်။

ကျန်မုတ်စ်လင်မ်များသည်လည်း တမန်တော်မြတ်ထံချဉ်းကပ်၍ အကြောင်းမဲ့ တီးတိုးပြောဆိုမှုကို ➤➤

ءَاَشْفَقْتُمْ اَنْ تُقَدِّمُوْا بَيْنَ يَدَيْ نَجْوٰىكُمْ صَدَقٰتٍ ؕ فَاِذْ لَمْ تَفْعَلُوْا وَتَابَ اللّٰهُ عَلَيْكُمْ فَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ ؕ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ﴿۱۳﴾

၁၃။ အသင်တို့သည် မိမိတို့လျှို့ဝှက် ပြောဆိုမှု မပြုမီ အလှူဒါနများပေးနှင့်ရန် ကြောက်ရွံ့ခဲ့ကြလေ ပြီလော။ သို့ဖြစ်လျှင် အသင်တို့သည် (ယင်းသို့ အလှူဒါနပေးခြင်းကို) မပြုလုပ်နိုင်ခဲ့ကြသည်ဖြစ်ရာ၊ အလ္လာဟ်အရှင်မြတ်သည်လည်း အသင်တို့ဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူသည် ဖြစ်ပေရာ၊ အသင်တို့သည် "ဆွလာတ်"ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် "ဇကာတ်" ပေးဆောင်ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာစူလ်တမန်တော်မြတ်၏အမိန့်ကိုလည်းကောင်း၊ လိုက်နာကြလေကုန်။ [၁] အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မှုလျက် ရှိကြသည်တို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မမူကြောင်း သိရှိသွားကြသောအခါ အထူးဆင်ခြင်သွားခဲ့ကြပေသည်။ ဤစည်းကမ်းချက်ကို သတ်မှတ်ထားတော်မူခြင်း၏ ရည်ရွယ်ချက်မှာလည်း တမန်တော်မြတ်ထံ ချဉ်းကပ်၍ အကြောင်းမဲ့ တီးတိုးစကားပြောဆိုသူများ၏ အရေအတွက် လျော့နည်းသွားစေရန်ပင် ဖြစ်သည်။

အဆိုပါရည်ရွယ်ချက် အောင်မြင်လာသည့်အခါ အလ္လာဟ်အရှင်မြတ်သည် အဆိုပါ စည်းကမ်းချက်ကို ပြန်လည်ရုပ်သိမ်း ထားတော်မူလိုက်သည်။

ဤသည့်သဘောကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ကြည့်-အွတ်ဆ်မာနီ။

① ဆိုလိုသည်ကား တမန်တော်မြတ်ထံချဉ်းကပ်၍ တီးတိုးစကား ပြောကြားလိုသူတစ်ဦးသည် ယင်းသို့စကား မပြောမီအလျင် စွန့်ကြဲလှူဒါန်းရမည်ဟူ၍ ယခင်အာယတ်တော်တွင် စည်းကမ်းချက်တစ်ရပ် သတ်မှတ်ထားတော်မူသည်။ ယင်းစည်းကမ်းချက်သည် အခြေအနေအရ ယာယီမျှသာဖြစ်သည်။

ယင်းသို့စည်းကမ်းသတ်မှတ်ချက်၏ ရည်ရွယ်ချက်မှာလည်း အောင်မြင်လာပြီဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် အဆိုပါစည်းကမ်းချက်ကို ပြန်လည်ရုပ်သိမ်းထားတော်မူလိုက်လေပြီ။

သို့ဖြစ်ပေရာ မွတ်စ်လင်မ်များသည် ဘယ်သောအခါမျှ ပြန်လည်ရုပ်သိမ်းတော်မူမည်မဟုတ်သော အမိန့်တော်များကို ဥပမာ- ဆွလာတ်ဝတ်ပြုမှု၊ ဇကာတ်ပေးဆောင်မှု စသည်များကို စိတ်ရောကိုယ်ပါ အမြဲတစေ လိုက်နာကျင့်သုံးကာ နေကြရပေမည်။

ဤသို့လိုက်နာကျင့်သုံးခြင်းဖြင့် စိတ်နှလုံးများသည် အမြဲတစေ ဖြူစင်လျက် ရှိကြပေမည်။

اَلَمْ تَرَ اِلَى الَّذِيْنَ تَوَلَّوْا قَوْمًا
غَضِبَ اللّٰهُ عَلَيْهِمْ مَا هُمْ مِّنْكُمْ
وَلَا مِنْهُمْ ۙ وَيَحْلِفُوْنَ عَلَى
الْكَذِبِ وَهُمْ يَعْلَمُوْنَ ﴿١٤﴾

၁၄။ (အိုး-နဗီတမန်တော်၊) အသင်သည် အကြင် အမျိုးသားတို့အား အဆွေခင်ပွန်း ပြုလုပ်ခဲ့ကြသော သူတို့(၏ အခြေအနေကို) သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီမဟုတ်လော။ ထိုအမျိုးသားတို့ အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်သည် အမျက်ထွက်တော်မူခဲ့၏။ ထိုအမျိုးသားတို့ကား အသင်တို့အနက်မှလည်းမဟုတ်ကြပေ။ ၎င်းတို့အနက်မှလည်း မဟုတ်ကြချေ၊ [၁] ထို အမျိုးသားတို့မှာ သိလျက်နှင့်ပင် မုသားနှင့်စပ်လျဉ်း၍ ကျိန်တွယ်ကြကုန်၏။

اَعَدَّ اللّٰهُ لَهُمْ عَذَابًا شَدِيْدًا ۭ
اِنَّهُمْ سَاۗءَ مَا كَانُوْا يَعْمَلُوْنَ ﴿١٥﴾

၁၅။ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာသော ပြစ်ဒဏ်ကို ထိုအမျိုးသားတို့အဖို့ အဆင့်သင့်ပြုလုပ်၍ ထားရှိတော်မူ၏။ ဧကန်မလွဲ ၎င်းတို့ကျင့်မူလျက် ရှိကြသည်မှာ လွန်စွာ ဆိုးယုတ်လှပေသည်။

اِتَّخَذُوْٓا اَيْمَانَهُمْ جُنَّةً فَصَدُّوْا
عَنْ سَبِيْلِ اللّٰهِ فَلَهُمْ عَذَابٌ
مُّهِيْنٌ ﴿١٦﴾

၁၆။ ၎င်းတို့သည် မိမိတို့၏ ကျိန်ဆိုချက်များကို အကွယ်အကာ ပြုလုပ်ခဲ့ကြပြီးလျှင် (သူတစ်ပါးတို့အား လည်း) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့၌ ဂုဏ်သရေပျက်ပြားစေသောပြစ်ဒဏ်သည် ရှိချေမည်။

لَنْ تُغْنِيَ عَنْهُمْ اَمْوَالُهُمْ وَلَآ
اَوْلَادُهُمْ مِّنَ اللّٰهِ شَيْـــًٔا ۭ
اُولٰۗىِٕكَ اَصْحٰبُ النَّارِ ۭ
هُمْ فِيْهَا خٰلِدُوْنَ ﴿١٧﴾

၁၇။ အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ ထိုသူတို့၏ပစ္စည်းဥစ္စာတို့သည် လည်းကောင်း၊ ထိုသူတို့၏ သားသမီးတို့သည်လည်းကောင်း၊ ထိုသူတို့အား လုံးဝ အကျိုးပေးမည်မဟုတ်ပေ။ ထိုသူတို့ကား ငရဲသားများပင်ဖြစ်ကြကုန်၏။ ၎င်းတို့မှာ ယင်းငရဲ၌ ထာဝစဉ် နေထိုင်ကြရမည့်သူများပင် ဖြစ်ကြကုန်၏။ [၂]

---

① ဆိုလိုသည်ကား မုနာဖစ်က်များသည် အသင်မွတ်စ်လင်မ်တို့တွင် လုံးဝအပြည့်အဝ ပါဝင်ကြသည်လည်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏စိတ်နှလုံးများသည် ကာဖိရ်များပင် ဖြစ်ကြပေသည်။ မုနာဖစ်က်များသည် ရေဝတီများ၊ ကာဖိရ်များတွင် လုံးဝအပြည့်အဝ ပါဝင်ကြသည်လည်း မဟုတ်ပေ။ အဘယ်ကြောင့် ➤➤

يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيَحْلِفُونَ لَهُ كَمَا يَحْلِفُونَ لَكُمْ وَيَحْسَبُونَ أَنَّهُمْ عَلَىٰ شَيْءٍ ۚ أَلَا إِنَّهُمْ هُمُ الْكَاذِبُونَ ﴿١٨﴾

၁၈။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးတို့ကို ရှင်ပြန်ထစေတော်မူအံ့သောနေ့တွင် ၎င်းတို့သည် ထိုအရှင်မြတ်၏ရှေ့မှောက်၌လည်း အသင်တို့ရှေ့ဝယ်ကျိန်ဆိုဘိသကဲ့သို့ပင် ကျိန်ဆိုကြပေမည်။ ထိုမှတစ်ပါး ၎င်းတို့သည် ဧကန်အမှန် မိမိတို့မှာ (ကောင်းသော) အခြေအနေ၌ ရှိနေကြသည်ဟု ထင်မှတ်ကြပေမည်။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ ၎င်းတို့မှာ မုသာဝါဒီများပင် ဖြစ်ကြကုန်၏။ [၁]

اسْتَحْوَذَ عَلَيْهِمُ الشَّيْطَانُ فَأَنْسَاهُمْ ذِكْرَ اللَّهِ ۚ أُولَٰئِكَ حِزْبُ الشَّيْطَانِ ۚ أَلَا إِنَّ حِزْبَ الشَّيْطَانِ هُمُ الْخَاسِرُونَ ﴿١٩﴾

၁၉။ 'ရှိုင်တွာန်' မိစ္ဆာကောင်သည် ၎င်းတို့အား နိုင်နင်း ကြီးစိုးလျက် ရှိပေရာ ၎င်းတို့အား ယင်း 'ရှိုင်တွာန်' မိစ္ဆာကောင်သည် အလ္လာဟ်အရှင်မြတ်အား သတိရခြင်းကို မေ့ပျောက်စေခဲ့၏။ ထိုသူတို့ကား 'ရှိုင်တွာန်' မိစ္ဆာကောင်၏အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ 'ရှိုင်တွာန်' မိစ္ဆာကောင်၏အုပ်စုကား ဆုံးရှုံးအံ့သောသူများပင် ဖြစ်ကြကုန်သတည်း။

➤➤ ဆိုသော် ၎င်းတို့သည် အခြေအနေအရ နူတ်မှ မိမိတို့ကိုယ်ကို မွတ်စ်လင်မ်များ ဖြစ်ကြပါသည်ဟူ၍ ဖွင့်ဟ ပြောဆိုနေခဲ့ကြပေသည်။ ကြည့်-ကုရ်အာန် (၄:၁၄၃)။

(၂) မုနာဖစ်က်များသည် မိမိတို့ကိုယ်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့၏ ကျိန်ဆိုမှုများကို ဒိုင်းကြီးများ ပြုလုပ်ထားခဲ့ကြ၏။ ယင်းသို့ ပြုလုပ်ထားခြင်းမှာ မွတ်စ်လင်မ်များသည် ၎င်းတို့အား မွတ်စ်လင်မ်များဟု ထင်မှတ်ကာ ၎င်းတို့၏ အသက်စည်းစိမ်နှင့်ဥစ္စာပစ္စည်းများကို အနှောင့်အယှက် မပြုရန်ပင်ဖြစ်သည်။

ထို့ပြင်တစ်ဝ ယင်းမုနာဖစ်က်များသည် သူတစ်ပါးတို့အားလည်း အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ အမျိုးမျိုး သွေးဆောင်ဖြားယောင်း ပိတ်ပင်တားဆီးခဲ့ကြ၏။ သို့ဖြစ်ရာ ၎င်းတို့သည် အကျိုးယုတ် ရှက်စေရမည့် ပြစ်ဒဏ်ကို လှလှကြီးခံကြရပေမည်။ သို့ပြစ်ဒဏ်ခံကြသည့်အခါ ၎င်းတို့အမျိုးမျိုး လိမ်လည်ကျိန်ဆို ကာကွယ်ထားခဲ့ကြသော ၎င်းတို့၏ဥစ္စာပစ္စည်းနှင့် သားသမီးများသည်ပင် ၎င်းတို့အား မည်သို့မျှ ကာကွယ်ပေးနိုင်ကြမည် မဟုတ်ပေ။ ခဲလေသမျှ သဲရေကျဖြစ်ကာ ငရဲမီးတွင် အမြဲထာဝစဉ် လားခြင်းကြီးမက လားနေကြရမည်သာတည်း။

(၁) ဆိုလိုသည်ကား မုနာဖစ်က်များသည် မွတ်စ်လင်မ်တို့အား အမျိုးမျိုးလိမ်လည်ကျိန်ဆိုကာ မိမိတို့ကိုယ်ကို ကာကွယ်နေခဲ့ကြ၏။ မိမိတို့ကိုယ်ကို မိမိတို့ အလွန်လိမ္မာပါးနပ်ကြသည်ဟု ထင်မှတ်နေခဲ့ကြ၏။ ဤသည့် အကျင့်ဆိုးသည် ၎င်းတို့တွင် ကိယာမတ်နေ့၌ပင်ကျန်ရှိနေဦးမည်။ အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်၌ပင် ➤➤

إِنَّ الَّذِينَ يُحَادُّونَ اللَّهَ وَرَسُولَهُ أُولَٰئِكَ فِي الْأَذَلِّينَ ﴿٢٠﴾

كَتَبَ اللَّهُ لَأَغْلِبَنَّ أَنَا وَرُسُلِي ۚ إِنَّ اللَّهَ قَوِيٌّ عَزِيزٌ ﴿٢١﴾

၂၀။ မချွတ်ဧကန် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ်တမန်တော်မြတ်အား လည်းကောင်း၊ ပမာမခန့် ပြုလုပ်ကြကုန်သောသူတို့မှာ အယုတ်ညံ့ဆုံးသောသူတို့တွင် အပါအဝင်ဖြစ်ကြပေမည်။ [၁]

၂၁။ ငါအရှင်မြတ်သည်လည်းကောင်း၊ ငါအရှင်မြတ်၏ ရာဇူလ်တမန်တော်များသည် လည်းကောင်း၊ ဧကန်မလွဲ လွှမ်းမိုးတော်မူမည်ဟူ၍ အလ္လာဟ်အရှင်မြတ်သည် ရေးသားတော်မူပြီးဖြစ်၏။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် လွန်စွာ စွမ်းအားနှင့်ပြည့်စုံတော်မူသောအရှင်၊ လွန်စွာ နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

➤➤ လိမ်လည်ကျိန်ဆို၍ လွတ်မြောက်ရန် ကြိုးစားကြပေဦးမည်။ သို့ရာတွင် ကိယာမတ်နေ့၌ လိမ်လည်ပြောဆိုလေ့ ရှိသောနှုတ်များသည် တံဆိပ်နှိပ်ခံရပြီး၊ ကျန်ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးက ဟုတ်တိုင်းမှန်ရာသက်သေ ထွက်ဆိုကြမည်ဖြစ်ရာ ၎င်းတို့၏ကြိုးစားမှုသည် အဘယ်မှာလျှင် အောင်မြင်အံ့နည်း။

ကြည့်-ကုရ်အာန်(၃၆း၆၅)။

(၁) မုနာဖစ်ကိုများ နှစ်ဘဝစလုံးတွင် ယင်းသို့ပျက်စီးခြင်းကြီးမလှ ပျက်စီးရခြင်းမှာ၊ ဆုံးရှုံးခြင်းကြီးမလှ ဆုံးရှုံးရခြင်းမှာ၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား သွေဖည်ဆန့်ကျင်ခဲ့ကြခြင်း၊ ပမာမခန့် ပြုခဲ့ကြခြင်းတို့ကြောင့်ပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား သွေဖည်ဆန့်ကျင်သူများထက် ယုတ်ညံ့သူ အသူရိုနိုင်အံ့နည်း။ အယုတ်ညံ့ဆုံးသော သူများသည် အယုတ်ညံ့ဆုံးသော ပြစ်ဒဏ်ကို ခံကြရမည်မှာ သဘာဝပင်၊ ဤကား အလ္လာဟ်အရှင်မြတ်၏ နိယာမတရားပင်။

အလ္လာဟ်အရှင်မြတ်သည် အမိန့်တော် သွေဖည်ဆန့်ကျင်သူများအဖို့ ယုတ်ညံ့မှုပြစ်ဒဏ်ကို သတ်မှတ်ပြဋ္ဌာန်းတော်မူသည့်အလား၊ အမိန့်တော်နာခံသော ပုဂ္ဂိုလ်များအဖို့ မြင့်မြတ်သောဂုဏ်အင်ဒြပ်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းတော်မူသည်။ သို့ပြဋ္ဌာန်းထားတော်မူသည့်အလျောက် အမိန့်တော်နာခံကြကုန်သော တမန်တော်များ၊ ထိုတမန်တော်များ၏လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်မူကြကုန်သော သူမွန်သူမြတ်တို့သည် အောင်နိုင်ကြသည်သာ ဖြစ်ပေသည်။ ဤသည့်သဘောသည် ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ် ပါရှိခဲ့ပေပြီ။

ကြည့်-ကုရ်အာန် (၅၈း၂၁။ ၄၀း၅၁)။

لَا تَجِدُ قَوْمًا يُؤْمِنُونَ بِاللَّهِ
وَالْيَوْمِ الْآخِرِ يُوَادُّونَ مَنْ
حَادَّ اللَّهَ وَرَسُولَهُ وَلَوْ كَانُوا
آبَاءَهُمْ أَوْ أَبْنَاءَهُمْ أَوْ
إِخْوَانَهُمْ أَوْ عَشِيرَتَهُمْ ۚ أُولَٰئِكَ
كَتَبَ فِي قُلُوبِهِمُ الْإِيمَانَ
وَأَيَّدَهُمْ بِرُوحٍ مِنْهُ ۖ وَيُدْخِلُهُمْ
جَنَّاتٍ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ
خَالِدِينَ فِيهَا ۚ رَضِيَ اللَّهُ عَنْهُمْ
وَرَضُوا عَنْهُ ۚ أُولَٰئِكَ حِزْبُ
اللَّهِ ۚ أَلَا إِنَّ حِزْبَ اللَّهِ هُمُ
الْمُفْلِحُونَ ﴿٢٢﴾

၂၂။ (အို-နဗီတမန်တော်၊) အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက်ဝင်ယုံကြည်ကြကုန်သောအမျိုးသားတို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်အားလည်းကောင်း၊ ပမာမခန့် ပြုလုပ်သူတို့ကို ထိုသို့ ပမာမခန့်ပြုကြသူတို့မှာ ၎င်းတို့၏ ဖခင်များပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏သားများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ညီအစ်ကိုများပင် ဖြစ်ကြသည်ဖြစ်စေ၊ ၎င်းတို့၏ဆွေမျိုးသားချင်းများပင် ဖြစ်ကြသည်ဖြစ်စေ၊ ချစ်မြတ်နိုးကြသည်ဟူ၍ကား အသင် တွေ့ရှိရမည် မဟုတ်ပေ။

ထိုသူတို့ကား အကြင်သူများပင်၊ ထိုအရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများတွင် 'အီမာန်' သက်ဝင်ယုံကြည်မှုကို ရေးမှတ်တော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား မိမိအထံတော်မှ ရက်ရောမှုဖြင့် အားအင်ဖြည့်ပေးတော်မူခဲ့၏။ ထို့ပြင် ၎င်းတို့အား ထိုအရှင်မြတ်သည် အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။

ယင်းဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ၎င်းတို့သည် ထိုဥယျာဉ်များ၌ အစဉ်နေထိုင်ကြပေမည်။ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် ကျေနပ်တော်မူပေမည်။ ၎င်းတို့သည်လည်း ထိုအရှင်မြတ်အပေါ်ဝယ် ကျေနပ်ကြပေမည်။ [၁]

---

① **အလ္လာဟ့်အုပ်စု**

အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးကြကုန်သော၊ တစ်ရက်ပြန်လည်ရှင်ထ၍ ကျိုးပြစ်ခံစံကြရမည်ကို နှစ်နှစ်ကာကာ ယုံကြည်ကြကုန်သော မုအ်မင်န်များသည် မိမိတို့နှင့် ယုံကြည်ချက်ချင်းမတူသော၊ လမ်းစဉ်ချင်းမတူသော အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်မြတ်အား သွေဖည် ➤➤

ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အုပ်စုပင် ဖြစ်ကြကုန်၏။ ကောင်းစွာ မှတ်ယူကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်၏ အုပ်စုသည်သာလျှင် အောင်မြင်မည့်သူများဖြစ်ကြကုန်သတည်း။

➤➤ ဆန့်ကျင်နေကြသောသူများအား ယင်းတို့သည် မိမိတို့၏ အလွန်ရင်းချာသော သွေးရင်း၊ သားရင်း၊ ဆွေမျိုးရင်းများ ဖြစ်နေကြလင့်ကစား အသို့လျှင် နှစ်ကိုယ်တစိတ် ချစ်ကြည်မြတ်နိုးနိုင်ကြအံ့နည်း။

ဝါဒလမ်းစဉ်တစ်ရပ်ကို နှစ်နှစ်ကာကာ ယုံကြည်လက်ခံ ကျင့်သုံးသူတစ်ဦးသည် မိမိယုံကြည်လက်ခံ ကျင့်သုံးနေသည့် ဝါဒလမ်းစဉ်ကို သွေဖည်ဆန့်ကျင်နေသူများအား အသို့လျှင် မဟာမိတ်ပြုနိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်သည် ယင်းသို့ ယုံကြည်မြတ်နိုးကြကုန်သော မုအ်မင်နှ်တို့၏ နှလုံးသားတွင် (အီမာန်) တည်းဟူသော ယုံကြည်မှုကို သံမှိုနှက်ထားဘိအလား စွဲမြဲစေတော်မူသည်။

ထို့ပြင်တစ်ဝ ၎င်းတို့၏နှလုံးသားကို ရှင်သန်စေသည်ထက် ရှင်သန်စေတော်မူရန်အလို့ငှာ အလင်းရောင်ခြည်တစ်မျိုးကိုလည်း ချီးမြှင့်တော်မူသည်။ ကြည့်-ကုရ်အာန် (၃၉း၂၂)။ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဤပစ္စက္ခတွင် ကောင်းကင်တမန် ဂျိဗရီလ်ဖြင့် ကူညီထိန်းသိမ်းစောင့်မတော်မူသည်။ နောင်တမလွန်ဘဝတွင်လည်း ဣန္ဒတ်ဥယျာဉ်မြေ၌ ထာဝစဉ်စံစားစေတော် မူပေဦးမည်။

အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော မုအ်မင်နှ်များအား ကျေနပ်တော်မူသည်။ ၎င်းတို့ကလည်း ထိုအရှင်မြတ်အား ကျေနပ်ကြပေသည်။ ယင်းတို့ကား 'အလ္လာဟ့်အုပ်စုပင်' ပင်။ အလ္လာဟ်အုပ်စုသည် အောင်မြင်ခြင်းသည်သာတည်း။

ပြည်နှင်ဒဏ်ကဏ္ဍ



ဤကဏ္ဍသည် 'အလ်ဟရ်ရ်' ပြည်နှင်ဒဏ် ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၂၄)ပါးနှင့် ရုကူအ်အပိုဒ် (၃)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

ကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

سَبَّحَ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْأَرْضِ ۖ وَهُوَ الْعَزِيْزُ الْحَكِيْمُ ①

၁။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေဝယ်ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြကုန်၏။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် လွန်စွာ နိုင်နင်းလွမ်းမိုးတော်မူသောအရှင်၊ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်၊ ဖြစ်တော်မူ၏။

هُوَ الَّذِيْ أَخْرَجَ الَّذِيْنَ كَفَرُوْا مِنْ أَهْلِ الْكِتٰبِ مِنْ دِيَارِهِمْ لِأَوَّلِ الْحَشْرِ ۚ مَا ظَنَنْتُمْ أَنْ يَّخْرُجُوْا وَظَنُّوْا أَنَّهُمْ مَّانِعَتُهُمْ حُصُوْنُهُمْ مِّنَ اللّٰهِ فَأَتٰىهُمُ اللّٰهُ مِنْ حَيْثُ لَمْ يَحْتَسِبُوْا

၂။ ထိုအရှင်မြတ်သည်ပင် ရှေးကျမ်းဂန်ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အား ပထမအကြိမ် စုရုံးကြစဉ်အခါ၌ပင် *ဂင်းတို့၏နေအိမ်များမှ နှင်ထုတ်တော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။* [3] အသင်တို့သည် ဂင်းတို့ ထွက်သွားကြလိမ့်မည်ဟူ၍ပင် ထင်မြင်ခဲ့ကြသည်မဟုတ်ပေ။ ဂင်းတို့ကိုယ်တိုင်ကလည်း မိမိတို့အား မိမိတို့၏ခံတပ်များသည် အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)မှ ကွယ်ကာ စောင့်ရှောက်ကြလိမ့်မည်ဟူ၍ပင် ထင်မြင်နေခဲ့ကြကုန်၏။

---

③ အလ္လာဟ်အရှင်မြတ်သည် အတိုင်းအဆမရှိ ကြီးကဲသော တန်ခိုးတော်ရှင်၊ ဉာဏ်တော်ရှင် ဖြစ်တော်မူသည်။ ထို့အတွက်ကြောင့်ပင် မိုး၊ မြေနှင့်တကွ ဤလောကဓာတ်ကြီးအတွင်းရှိ သက်ရှိ သက်မဲ့ အားလုံးတို့သည် ထိုအရှင်မြတ်အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဂုဏ်တော်မွမ်းလျက် ရှိကြကုန်၏။ >>

➤➤ ထိုအရှင်မြတ်သည်ပင် အတိတ်ဓေတ် ကျမ်းဂန်ရရှိသူများအနက် မိမိတို့၏ခံတပ်များကို အထင်ကြီးကာ သွေဖည်ဆန့်ကျင်ခဲ့ကြသောသူများ (၀၁) ဗနီနသွိရ် မျိုးနွယ်အား ပြည်နှင်ဒဏ်ပေးတော်မူခဲ့ ပေသည်။

ဤကား ထိုအရှင်မြတ်၏ တန်ခိုးတော်ကြီးကဲ့မှု၏ အကျိုးဆက်တစ်ရပ်ပင်။

ဗနီနသွိရ်အား ပြည်နှင်ဒဏ်ပေးတော်မူသည့်အကြောင်း။

တမန်တော်မြတ် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ၀စလ္လမ်)သည် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ရွှေ့ပြောင်း ကြွရောက်လာပြီးသည့်နောက် ရေ၀တီများနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုတော်မူခဲ့၏။ ရေ၀တီများတွင် ဗနီနသွိရ်မျိုးနွယ်စုလည်း အပါအ၀င်ဖြစ်ခဲ့၏။ ဤမျိုးနွယ်စုသည် မဟာမိတ်စာချုပ် ချုပ်ဆိုရာတွင်လည်း အပါအ၀င် ဖြစ်ခဲ့၏။

ဗနီနသွိရ်မျိုးနွယ်သည် မဒီနာမြို့နှင့် နှစ်မိုင်ခန့်အကွာတွင် နေထိုင်လျက်ရှိခဲ့၏။ တစ်ကြိမ်သော် တမန်တော်မြတ်သည် အသက်ဖိုး လျော်ကြေးကိစ္စတစ်ခုနှင့် ၎င်းတို့ထံ ကြွသွားတော်မူခဲ့၏။

အဆိုပါ အသက်ဖိုးလျော်ကြေးကိစ္စ ဖြစ်ပေါ်ခဲ့ရသည့်အကြောင်းမှာ အုမရ်အိဗ်နုအုမိုင်ယတ်သွမ်ရီ၏ လက်ချက်ဖြင့် လူနစ်ယောက် သေဆုံးသွားခဲ့ရ၏။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ သားချင်းတို့အား အသက်ဖိုးလျော်ကြေး ပေးရမည်ဖြစ်၏။ အဆိုပါလျော်ကြေးကိစ္စနှင့်စပ်လျဉ်း၍ တမန်တော်မြတ်သည် ဗနီနသွိရ် မျိုးနွယ်ထံသို့ ကြွသွားတော်မူခဲ့၏။

ယင်းသို့ ကြွသွားတော်မူခြင်း၏ ရည်ရွယ်ချက်မှာ ဗနီနသွိရ်မျိုးနွယ်သည်လည်း အဆိုပါလျော်ကြေး ကိစ္စတွင် စေတနာအလျောက် ပါ၀င်လှူဒါန်းလိုပါက ပါ၀င်လှူဒါန်းနိုင်ရန်ပင် ဖြစ်၏။

ဗနီနသွိရ်မျိုးနွယ်၀င်များသည် တမန်တော်မြတ် ကြွလာတော်မူသည့် ရည်ရွယ်ချက်ကို သိရှိသွားကြ သောအခါ တမန်တော်မြတ်အား သီးသန့်နေရာတစ်ခုတွင် ထိုင်စေပြီးလျှင် တမန်တော်မြတ် မိန့်ကြားတော်မူသည့် အတိုင်း အဆိုပါ အသက်ဖိုး လျော်ကြေးကိစ္စတွင် ပါ၀င်လှူဒါန်းနိုင်ရန် ကျွန်တော်တို့ ယခုပင်စီစဉ်ကြပါမည်ဟု ပြောဆိုကာ အသီးသီး ထွက်ခွာသွားခဲ့ကြ၏။

ထို့နောက် တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် အချင်းချင်း ဆွေးနွေးတိုင်ပင်ခဲ့ကြ၏။ သို့တိုင်ပင်ပြီးနောက် တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်နိုင်ရန်အတွက် လူတစ်ဦးသည် အမြင့်သို့တက်၍ တမန်တော်မြတ်အပေါ်သို့ ကြီးလေးသော ကျောက်တုံးကြီးတစ်ခုကို ပစ်ချရန် ဆုံးဖြတ်ခဲ့ကြ၏။ သို့ဆုံးဖြတ်ခဲ့ကြ သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ရန် စီစဉ်ခဲ့ကြ၏။

ထိုအချိန်မှာပင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ၀ဟီဖြင့် ၎င်းတို့၏ ယုတ်မာပက်စက်သော အကြံအစည် ကို တမန်တော်မြတ် သိရှိသွားတော်မူခဲ့ရာ၊ တမန်တော်မြတ်သည် အဆိုပါနေရာမှ ချက်ချင်းပင် ထပြန်ပြီး ပြန်ကြွလာတော်မူခဲ့လေသည်။ ထို့နောက် တမန်တော်မြတ်က အဆိုပါ မျိုးနွယ်၀င်များထံ 'အသင်တို့သည် မဟာမိတ်စာချုပ်ကို စတင်ချိုးဖောက်လိုက်ပြီဖြစ်ရာ အသင်တို့၌ (၁၀)ရက် ခွင့်ရှိသည်။ ဤ (၁၀)ရက်အတွင်း မိမိတို့လိုရာသို့ ရွှေ့ပြောင်းသွားနိုင်ကြသည်။ ဤ (၁၀)ရက် ကုန်လွန်ပြီးနောက် ဤနေရာတွင် အသင်တို့အနက် တစ်ဦးတစ်ယောက် တွေ့ရှိရပါက ကွပ်မျက်သတ်ဖြတ်ခြင်း ခံရမည်သာဖြစ်သည်'ဟု လူလွတ်ပြောကြားစေတော် မူခဲ့လေသည်။

ယင်းသို့ တမန်တော်မြတ်က ပြောကြားလိုက်တော်မူသည့်အခါ ဗနီနသွိရ်မျိုးနွယ်၀င်များသည် မိမိတို့၏မြို့ရွာကိုစွန့်၍ အရပ်တပါးသို့ ရွှေ့ပြောင်းသွားကြရန် စိတ်ကူးခဲ့ကြ၏။ ထိုအချိန်တွင် မုနာဖစ်က်တို့၏ ခေါင်းဆောင်ဖြစ်သူ အဗ်ဒုလ္လာဟ်အိဗ်နုအုဗိုင်ယ်က ဗနီနသွိရ်ထံ လူလွတ်၍ 'အသင်တို့သည် ➤➤

وَقَذَفَ فِي قُلُوبِهِمُ الرُّعْبَ يُخْرِبُونَ بُيُوتَهُم بِأَيْدِيهِمْ وَأَيْدِي الْمُؤْمِنِينَ فَاعْتَبِرُوا يَا أُولِي الْأَبْصَارِ ۝٢

သို့တစေလည်း အလ္လာဟ်အရှင်မြတ်(၏ ပြစ်ဒဏ်)သည် ၎င်းတို့ထံ ၎င်းတို့ မထင်မြင်မယူဆခဲ့ကြသောနေရာမှ ရောက်ရှိ၍လာခဲ့၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများတွင် ကြောက်ရွံ့စိုးရိမ်မှုကို သက်ရောက်စေတော်မူခဲ့ရာ ထိုသူတို့မှာ မိမိတို့၏နေအိမ်များကို မိမိတို့၏လက်များဖြင့်လည်းကောင်း၊ မုအ်မင်နသက်ဝင် ယုံကြည်သူတို့၏လက်များဖြင့်လည်းကောင်း၊ ဖျက်ဆီးလျက် ရှိခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ အို–ဉာဏ်(ပညာ)မျက်စိရှင်အပေါင်းတို့၊ အသင်တို့သည် သင်ခန်းစာယူကြလေကုန်။

➤➤ မိမိတို့၏ မြို့ရွာကိုစွန့်ခွာ၍ မည်သည့်အရပ်သို့မျှ မသွားကြနှင့်။ ကျွန်ုပ်တို့ထံတွင် လူ (၂၀၀၀)ရှိသည်။ ကျွန်ုပ်တို့သည် အသင်တို့အား အသက်ပေး၍ ကာကွယ်ကြမည်။ အသင်တို့၌ မည်သို့မျှ မဲ့စွန်းမရှိစေရ၊ မည်သို့မျှ ဒုက္ခ မဖြစ်စေရ'ဟု ပြောကြားစေခဲ့၏။

ဗနီနသွိရ်မျိုးနွယ်ဝင်များသည် အဗ်ဒုလ္လာဟ်အိဗ်နုအုဗိုင်ယ်၏စကားကို ယုံစားပြီးလျှင် တမန်တော်မြတ်ထံသို့ 'ကျွန်တော်တို့သည် မည်သည့်အရပ်သို့မျှ ရွှေ့ပြောင်းသွားကြမည်မဟုတ်ပါ။ တမန်တော်မြတ်သည် ပြုလုပ်တော်မူလိုသည်များကို ပြုလုပ်တော်မူနိုင်ပါသည်'ဟု လူလွတ် ဖြေကြားခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်သည် တပည့်သား မွတ်စ်လင်မ် ရဲဘော်ရဲဘက်များနှင့်အတူ ကြွသွားတော်မူခဲ့၏။ ဗနီနသွိရ်မျိုးနွယ်ဝင်များသည် ခံတပ်များတွင် ခိုအောင်းနေခဲ့ကြ၏။ မုနာဖစ်ဂ်များသည် မျက်နှာလွှဲ၍ ထိုင်နေခဲ့ကြ၏။

မွတ်စ်လင်မ်များသည် ခံတပ်များတွင် ခိုအောင်းလျက်ရှိသော ဗနီနသွိရ်မျိုးနွယ်ဝင်များအား ဝိုင်းဝန်းထားခဲ့ကြ၏။ ၎င်းတို့၏ ဥယျာဉ်များအတွင်းရှိ အချို့အပင်များကို ခုတ်လဲဖြတ်တောက်ခဲ့ကြ၏။ အချို့ကို မီးတင်ရှို့ခဲ့ကြ၏။

နောက်ဆုံးတွင် ဗနီနသွိရ်မျိုးနွယ်ဝင်များသည် မိမိတို့ကိုယ်ကိုမိမိတို့ မကာကွယ်နိုင်ကြသည့်အဆုံး၌ ပထမအကြိမ် ရင်ဆိုင်တွေ့ဆုံရာ၌ပင် တစ်စုံတစ်ရာခုခံခြင်းမပြုဘဲ၊ အရှုံးပေးကာ မိမိတို့ မြို့ရွာများမှ ထွက်ခွာသွားကြပါမည့်အကြောင်း တမန်တော်မြတ်ထံ၌ မေတ္တာရပ်ခံကြရာ၊ တမန်တော်မြတ်က 'အသင်တို့သည် လက်နက်များမှတပါး အခြားသယ်ဆောင်သွားနိုင်သမျှ ပစ္စည်းများကို သယ်ဆောင်သွားနိုင်ကြသည်'ဟု မိန့်ကြားကာ ခွင့်ပြုတော်မူလိုက်လေသည်။

ထိုအခါ ဗနီနသွိရ်မျိုးနွယ်ဝင်များအနက် အချို့သည် ဆီးရီးယားနိုင်ငံသို့ ရွှေ့ပြောင်းသွားခဲ့ကြ၏။ သို့ရွှေ့ပြောင်းသွားကြရာတွင် လောဘရမ္မက် ကြီးကြသည်က တစ်ကြောင်း၊ မွတ်စ်လင်မ်တို့အပေါ်၌ မနာလိုစိတ်ရှိနေသည်က တစ်ကြောင်း ဤအကြောင်းများကြောင့် မိမိတို့ အိုးအိမ်များ၏ တံခါး၊ တံခါးပေါင်၊ မင်းတုံးစသည့် အသေးအဖွဲများကိုပင် ဖြုတ်ယူသယ်ဆောင်သွားခဲ့ကြလေသည်။

ဤဖြစ်ရပ်သည် ဗဒ်ရ်စစ်ပွဲ၏နောက်၊ ဟိဂျ်ရီ ၄–ခုနှစ်၊ ရဗီအုလ်အောင်ဝလ်လတွင် ဖြစ်ပေါ်ခဲ့၏။➤➤

وَلَوْلَآ اَنْ كَتَبَ اللّٰهُ عَلَيْهِمُ الْجَلَآءَ لَعَذَّبَهُمْ فِى الدُّنْيَا ۖ وَلَهُمْ فِى الْاٰخِرَةِ عَذَابُ النَّارِ ۝٣

၃။ စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့နှင့်ပတ်သက်၍ ပြည်နှင်ဒဏ် ပေးခြင်းကို ရေးမှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မရှိပါလျှင် အမှန်ပင် ထိုအရှင်မြတ်သည် ပစ္စုပ္ပန်ဘဝ၌ ၎င်းတို့အား (ကွပ်မျက်သတ်ဖြတ်၍) ပြစ်ဒဏ်ခတ်တော်မူခဲ့ပေမည်။ စင်စစ်သော်ကား 'အာခိရတ်' တမလွန်ဘဝ၌မူ ၎င်၏ပြစ်ဒဏ်သည် ၎င်းတို့၌ ရှိပေမည်။

ذٰلِكَ بِاَنَّهُمْ شَآقُّوا اللّٰهَ وَرَسُوْلَهٗ ۚ وَمَنْ يُّشَآقِّ اللّٰهَ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝٤

၄။ ယင်းသို့ ဖြစ်ရခြင်းမှာ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇူလ် တမန်တော်မြတ်အားလည်းကောင်း၊ ဆန့်ကျင်ဖီလာ ပြုလုပ်ခဲ့ကြသောကြောင့်ပင်။ စင်စစ်သော်ကား မည်သူ မဆို အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်ဖီလာ ပြုလုပ်ခဲ့မူ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

مَا قَطَعْتُمْ مِّنْ لِّيْنَةٍ اَوْ تَرَكْتُمُوْهَا قَآئِمَةً عَلٰٓى اُصُوْلِهَا فَبِاِذْنِ اللّٰهِ وَلِيُخْزِىَ الْفٰسِقِيْنَ ۝٥

၅။ စွန်ပလွံပင်များကို အသင်တို့ ခုတ်လဲဖြတ်တောက်ခဲ့ကြခြင်း၊ သို့မဟုတ် ယင်းစွန်ပလွံပင်များကို ၎င်းတို့၏ အောက်ခြေအမြစ်များပေါ်၌ ရပ်တည်လျက် ချန်ထားခဲ့ကြခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်အညီပင် ဖြစ်သည်။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူတို့အား အရှက်တကွဲ ဖြစ်စေတော်မူအံ့သောငှာ ဖြစ်ပေသတည်း။

➤➤ ဤသို့ဖြင့် ဗနီနသ္ဒီရ်မျိုးနွယ်ဝင်များသည် ပထမအကြိမ် ပြည်နှင်ဒဏ် ခံခဲ့ကြရ၏။ ထို့နောက် (ခလီဖဟ်) သမ္မတကြီး အုမရ်လက်ထက်တွင် ၎င်းတို့သည် အခြားရေဝတီများနှင့်အတူ ဒုတိယအကြိမ် ပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ကြရသေး၏။ ကြည့်-ထာနဝီ၊ ရူဟ်။ ဇာဒုလ်မဆာဒ်။

ရှေ့အာယတ်တော်များတွင် ဤသည့်ဖြစ်ရပ်ကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

وَمَآ أَفَآءَ ٱللَّهُ عَلَىٰ رَسُولِهِۦ مِنْهُمْ فَمَآ أَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَلَا رِكَابٍ وَلَٰكِنَّ ٱللَّهَ يُسَلِّطُ رُسُلَهُۥ عَلَىٰ مَن يَشَآءُ ۚ وَٱللَّهُ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ۝٦

၆။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မိမိ ရစ္ဆလ် တမန်တော်မြတ်အား ၎င်းတို့ထံမှ 'ဖိုင်အ်'[၁] လက်ရ ပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သော အရာများ မှာမူကား အသင်တို့သာ ယင်းပစ္စည်းများအပေါ်သို့ မြင်းများကို (စီးနင်း) မောင်းနှင်ခဲ့ကြသည်လည်း မဟုတ် ပေ၊ ကုလားအုတ်များကို (စီးနင်း)မောင်းနှင်ခဲ့ကြသည် လည်း မဟုတ်ပေ။

စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် မိမိ ရစ္ဆလ်တမန်တော်များအား မိမိအလိုရှိတော်မူသောသူတို့ အပေါ်ဝယ် လွှမ်းမိုးစေတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းနိုင် တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

مَّآ أَفَآءَ ٱللَّهُ عَلَىٰ رَسُولِهِۦ مِنْ أَهْلِ ٱلْقُرَىٰ فَلِلَّهِ وَلِلرَّسُولِ وَلِذِى ٱلْقُرْبَىٰ وَٱلْيَتَٰمَىٰ

၇။ အလ္လာဟ်အရှင်မြတ်သည် မိမိရစ္ဆလ်တမန်တော် မြတ်အား မြို့ရွာများတွင်နေထိုင်သောသူတို့ထံမှ 'ဖိုင်အ်' လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သောအရာ များကား အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။

---

① **'ဖိုင်အ်' လက်ရပစ္စည်း။**

'ဖိုင်အ် နှင့် ဃနီမတ်' သည် မတူ၊ ခြားနားသည်။ စစ်မြေပြင်တွင် ရန်သူများနှင့်တိုက်ခိုက်၍ ရန်သူများလက်မှ သိမ်းပိုက်ရရှိလိုက်သော လက်ရပစ္စည်းကို 'ဃနီမတ်'ဟု ခေါ်သည်။ 'နဖလ်'၊ 'အန်ဖာန်'ဟူ၍လည်း ခေါ်သည်။ 'ဃနီမတ်' လက်ရပစ္စည်းအနက် ၅-ပုံ ၁-ပုံသည် တမန်တော်မြတ်နှင့် သက်ဆိုင်သည်။ ကျန် ၄-ပုံသည် သက်ဆိုင်ရာ စစ်သည်များအား ခွဲဝေပေးရသည်။

ဤအကြောင်း ကုရ်အာန် (၈း၁)တွင် လည်းကောင်း၊ (၈း၄၁)တွင်လည်းကောင်း၊ ပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

စစ်မြေပြင်တွင် ရန်သူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမရှိဘဲ ရန်သူများလက်မှ သိမ်းပိုက်ရရှိလိုက်သော လက်ရပစ္စည်းကို 'ဖိုင်အ်'ဟု ခေါ်သည်။ 'ဖိုင်အ်' ခေါ် လက်ရပစ္စည်းသည် အများမွတ်စ်လင်မ်တို့နှင့် ဆိုင်သည်။ အစ္စလာမ်အစိုးရ ဘဏ္ဍာတော်တွင် ထားရှိရသည်။ အများအကျိုးပြု ကိစ္စများတွင် လိုအပ်သောနေရာများ၌ အသုံးပြုရသည်။

وَالْمَسٰكِيْنِ وَابْنِ السَّبِيْلِ ۙ كَيْ لَا يَكُوْنَ دُوْلَةًۢ بَيْنَ الْاَغْنِيَآءِ مِنْكُمْ ۭ وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ ۤ وَمَا نَهٰىكُمْ عَنْهُ فَانْتَهُوْا ۚ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝

ထို့ပြင် ရာဇူလ်တမန်တော်မြတ်နှင့်လည်းကောင်း၊ (ထိုရာဇူလ်တမန်တော်မြတ်၏) ဆွေရင်းသားရင်းတို့နှင့်လည်းကောင်း၊ ဖမဲ့ကလေးသူငယ်တို့နှင့်လည်းကောင်း၊ သူဆင်းရဲတို့နှင့်လည်းကောင်း၊ ခရီးသည်တို့နှင့်လည်းကောင်း၊ သက်ဆိုင်၏။

(ယင်းကဲ့သို့ ပြဋ္ဌာန်းတော်မူခြင်းမှာ) ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသောသူတို့၏ အကြားခံသာ လည်နေသော ပစ္စည်းများ မဖြစ်စေရန် (ပြဋ္ဌာန်းတော်မူခြင်း)ပင်။ [၁] ထို့ပြင် အသင်တို့သည် မိမိတို့အား ရာဇူလ်တမန်တော်မြတ်က ပေးခဲ့သည်ကို ယူကြလေကုန်။ ထိုနည်းတူစွာ ထိုရာဇူလ်တမန်တော်မြတ်က တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြလေကုန်။ [၂]

---

① တမန်တော်မြတ်သည် 'ဖိုင်အ်'လက်ရပစ္စည်းများကို မိမိ၏သားချင်းများ၊ ဖသက်ဆိုးကလေးများ၊ ဆင်းရဲသားများ၊ ဒုက္ခဖြစ်နေသော ခရီးသည်များအား ခွဲဝေပေးတော်မူလေ့ရှိခဲ့ပေသည်။

'ဖိုင်အ်'လက်ရပစ္စည်းများ ခွဲဝေသုံးစွဲရာ ဌာနများတွင် ဆင်းရဲသားများအား အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူခြင်းမှာ ယင်းပစ္စည်းများသည် ကုံလုံကြွယ်ဝသူတစ်စု၏ လက်များတွင် လည်မနေရန်ပင်ဖြစ်သည်။

ကုံလုံကြွယ်ဝသူတစ်စုက ဆင်းရဲသားများအပေါ်၌ ခေါင်းပုံမဖြတ်နိုင်ရန်ပင်ဖြစ်သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ်သည် ဆင်းရဲသားတို့အား အဘယ်မျှ ထောက်ထားသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။

ထို့ပြင်တစ်ဝ အစ္စလာမ်သည် လူတစ်စု၏လက်တွင် အကြောင်းမဲ့ဥစ္စာပစ္စည်း စုပုံနေသည်ကို မလိုလားသည်မှာ ထင်ရှားနေပေသည်။

② ဆိုလိုသည်ကား 'ဖိုင်အ်' လက်ရပစ္စည်းများနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ တမန်တော်မြတ် ခွဲဝေပေးသည်များကို မွတ်စ်လင်မ်များသည် ကြည်ဖြူစွာ လက်ခံကြရပေမည်။ တားမြစ်တော်မူသောအရာများမှ ကြည်ဖြူစွာ ရပ်တန့်သွားကြရပေမည်။

ဤအာယတ်တော်သည် 'ဖိုင်အ်' လက်ရပစ္စည်းများနှင့် စပ်လျဉ်းသော်လည်း အမိန့်၊ ပညတ်အရပ်ရပ်သည် ဤအာယတ်တော်တွင် အကျုံးဝင်ပေသည်။ (ဝါ) တမန်တော်မြတ် မိန့်ကြားတော်မူသမျှကို နာခံကြရပေမည်။ တားမြစ်တော်မူသမျှကို ရှောင်ကြည်ကြရပေမည်ဟူ၏။ ကြည့် - (မအာလင်မ်)၊ အိဗ်နူကဆီရ်၊

ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

لِلْفُقَرَآءِ الْمُهٰجِرِيْنَ الَّذِيْنَ
أُخْرِجُوْا مِنْ دِيَارِهِمْ
وَأَمْوَالِهِمْ يَبْتَغُوْنَ فَضْلًا
مِّنَ اللّٰهِ وَرِضْوَانًا وَّيَنْصُرُوْنَ
اللّٰهَ وَرَسُوْلَهٗ ۚ أُولٰٓئِكَ هُمُ
الصّٰدِقُوْنَ ۚ﴿٨﴾

၈။ အကြင် 'မုဟာဂျိရိန်' (မက္ကာမြို့တော်မှ) ရွှေ့ပြောင်းခဲ့ကြသော သူဆင်းရဲတို့နှင့် (အထူး) သက်ဆိုင်၏။ ထိုသူတို့သည် မိမိတို့၏နေအိမ်များကိုလည်းကောင်း၊ မိမိတို့၏ ပစ္စည်းဥစ္စာများကိုလည်းကောင်း၊ စွန့်၍ ထွက်ခဲ့ကြရကုန်၏။ ထိုသူတို့မှာကား အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကိုလည်းကောင်း၊ ကျေနပ်မှုကိုလည်းကောင်း၊ ရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ထို့ပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရာသုလ်တမန်တော်မြတ်အား လည်းကောင်း၊ ကူညီကြကုန်၏။ ထိုသူတို့သည်ပင် လျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။

وَالَّذِيْنَ تَبَوَّءُو الدَّارَ وَالْإِيْمَانَ
مِنْ قَبْلِهِمْ يُحِبُّوْنَ مَنْ هَاجَرَ
إِلَيْهِمْ وَلَا يَجِدُوْنَ فِيْ
صُدُوْرِهِمْ حَاجَةً مِّمَّآ أُوْتُوْا
وَيُؤْثِرُوْنَ عَلٰٓى أَنْفُسِهِمْ وَلَوْ
كَانَ بِهِمْ خَصَاصَةٌ ۚ وَمَنْ

၉။ ထိုမှတစ်ပါး အကြင်သူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် ထို 'မုဟာဂျိရိန်'တို့(ရောက်မလာမီ)အလျင်ကပင် 'ဒါရွလ်အစ္စလာမ်' အစ္စလာမ့်မြို့တော်၌ နေထိုင်လျက်ရှိကြကုန်၏။ 'အီမာန်'သက်ဝင်ယုံကြည်မှုတွင် ကြံ့ခိုင်စွာ ရှိခဲ့ကြကုန်၏။ ၎င်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းခဲ့ကြသောသူတို့အား ချစ်မြတ်နိုးကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ထို 'မုဟာဂျိရိန်' များရရှိကြသော ပစ္စည်းများကြောင့် မိမိတို့၏ စိတ်ထဲ၌ တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရသည် မဟုတ်ပေ။ [၁]

---

① **ဦးစားပေးထိုက်သူများ။**

ဆိုလိုသည်ကား 'ဖိုင်အ်'လက်ရပစ္စည်းများကို မည်သူတို့အား ခွဲဝေပေးရမည့်အကြောင်း ➤➤

وَمَن يُوقَ شُحَّ نَفْسِهِۦ فَأُو۟لَٰٓئِكَ هُمُ ٱلْمُفْلِحُونَ ۝٩

ထိုမှတစ်ပါး: ငင်းတို့သည် မိမိတို့ကိုယ်တိုင် ငတ်မွတ်နေသော်လည်း: (ထိုမုဟာဂျိရိန်တို့အား) မိမိတို့ထက် ဦးစားပေးကြကုန်၏။ စင်စစ်သော်ကား: မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုနှင့် ကင်းစေခြင်းခံရလျှင် ထိုကဲ့သို့သော သူတို့သည် အောင်မြင်သောသူများ ဖြစ်ကြပေသည်။ [၁]

➤➤ အထက်တွင် ပါရှိ၏။ ယင်းပုဂ္ဂိုလ်များသည် ယေဘုယျအားဖြင့် ဆင်းရဲနွမ်းပါး သူများပင်ဖြစ်ကြ၏။

ဆင်းရဲနွမ်းပါးသူများတွင်လည်း ပို၍ဦးစားပေးထိုက်သူများ ရှိကြသေး၏။ ဤအာယတ်တော်များတွင် ငင်းတို့၏အကြောင်းကိုပင် မိန့်ဆိုထားတော်မူသည်။

'ဖိုင်အ်' လက်ရပစ္စည်းများကို ခွဲဝေရာ၌ ဆင်းရဲနွမ်းပါးသော မုဟာဂျိရ်များအား ဦးစားပေးထိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ငင်းတို့သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့်ကျေနပ်မှုကို ဆည်းပူးရန်နှင့် တမန်တော်မြတ်အား ကူညီရန်အလို့ငှာ မိမိတို့၏ မြို့ရွာ၊ အိုးအိမ်နှင့် ဥစ္စာပစ္စည်းများကိုပင် စွန့်ခွဲကြ၏။

လောကီသံယောဇဉ်များကို ဖြတ်တောက်၍ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် စွန့်စားစွာ ထွက်လာခဲ့ကြ၏။ အိမ်မဲ့အိုးမဲ့နေခဲ့ကြရရှာ၏။ စားဝတ်နေရေးတွင် အလွန်တရာမျှ ကဿိလင်တ ဖြစ်ခဲ့ကြရရှာ၏။

ဤသို့သော ဆင်းရဲသား မုဟာဂျိရ်များအား အမှန်ပင် ဦးစားပေးထိုက်ပေသည်။ မဒီနာမြို့နေ 'အန်ဆွာရ်' များအားလည်း ဦးစားပေးထိုက်ပေသည်။ အန်ဆွာရ်များသည် မုဟာဂျိရ်များ မလာရောက်မီ ကတည်းကပင် မဒီနာမြို့၌ နေထိုင်လျက် ရှိခဲ့ကြ၏။ အီမာန်ယုံကြည်မှုအပေါ်တွင်လည်း ကြံ့ခိုင်စွာရပ်တည်လျက် ရှိခဲ့ကြ၏။ ငင်းတို့တွင် သူတစ်ပါး: ကူညီစောင့်ရှောက်လိုသော စိတ်ဓာတ်သည် အပြည့်အဝရှိခဲ့၏။

ငင်းတို့သည် မိမိတို့ထံ ရွှေ့ပြောင်းလာကြသော မုဟာဂျိရ်များအား အလိုက်သည်းလှိုက် ချစ်ကြည်မြတ်နိုးခဲ့ကြ၏။ ငင်းတို့ကိုယ်တိုင် အဆင်းရဲခံပြီး မုဟာဂျိရ်များအား ပြုစုခဲ့ကြ၏။ မုဟာဂျိရ်များ ရရှိလာသော ပစ္စည်းများနှင့် စပ်လျဉ်း၍လည်း ငင်းတို့သည် မကြည်မသာ ဖြစ်ရန်ဝေးစွ၊ အကျေနပ်ကြီး ကျေနပ်ခဲ့ကြ၏။ ဝမ်းအသာကြီး သာခဲ့ကြ၏။

အန်ဆွာရ်တို့၏ စိတ်နေစိတ်ထား ဖြူစင်လှပါဘိတကား။ ဤသို့သော 'အန်ဆွာရ်' များအားလည်း အမှန်ပင် ဦးစားပေးထိုက်ပေသည်။ 'မုဟာဂျိရ်'များနှင့် 'အန်ဆွာရ်'တို့၏ စွန့်စားမှု၊ ချစ်ကြည်မှု၊ ကူညီထောက်ပံ့မှုတို့သည် အထူးပင်စိတ်ဝင်စားဖွယ် အတုယူဖွယ်ကောင်းလှပေသည်။ ငင်းတို့၏ အကြောင်းများကို 'တမန်တော်မြတ်' ကျမ်းတွင် အကျယ် တွေ့ရှိနိုင်ပေသည်။

① 'ရှဟ်ဟ်' ဟူသည် ကြီးမားသော လောဘရမ္မက်နှင့် ဒွန်တွဲလျက်ရှိသည့် အထုံအဖြစ်ရှိနေသော စေးနဲမှုကို ဆိုသည်။ ကြည့် - ရာဃိဗ်။ လောဘရမ္မက်ရှိသူ၊ စေးနဲသူ၊ အထူးသဖြင့် လောဘရမ္မက် ကြီးမားသည်သာမက အလွန်အလွန် စေးနဲတွန့်တိုမှုအထုံ ပါနေသူတစ်ဦးသည် သူတစ်ပါးအား အသို့လျှင် အကျိုးပြုနိုင်အံ့နည်း။ လောဘရမ္မက်မရှိသော၊ စေးနဲတွန့်တိုမှုကင်းသော ပုဂ္ဂိုလ်တစ်ဦးသာလျှင် သူတစ်ပါးအားအကျိုးပြုနိုင်ပေသည်။ ထိုသို့သော ပုဂ္ဂိုလ်မျိုး သာလျှင် အောင်မြင်နိုင်ကြပေသည်။ အန်ဆွာရ်နှင့် မုဟာဂျိရ်များသည် ဤသည့်ဂုဏ်ရည်၏ သရုပ်သကန်များပင် ဖြစ်ခဲ့ကြပေသည်။

وَالَّذِيْنَ جَآءُوْ مِنْۢ بَعْدِهِمْ
يَقُوْلُوْنَ رَبَّنَا اغْفِرْ لَنَا وَلِاِخْوَانِنَا
الَّذِيْنَ سَبَقُوْنَا بِالْاِيْمَانِ
وَلَا تَجْعَلْ فِيْ قُلُوْبِنَا غِلًّا
لِّلَّذِيْنَ اٰمَنُوْا رَبَّنَآ اِنَّكَ
رَءُوْفٌ رَّحِيْمٌ ۝١٠

၁၀။ ထိုမှတစ်ပါး: ၎င်းတို့နောက် လာကြသောသူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် (ဤသို့) ပန်ကြားကြကုန်၏။ 'အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်းကောင်း၊ 'အီမာန်' သက်ဝင်ယုံကြည်မှုတွင် ကျွန်တော်မျိုးထက် ဦးခဲ့ကြသော ကျွန်တော်မျိုးတို့၏နောင်တော်တို့အားလည်းကောင်း၊ ခွင့်လွှတ် ချမ်းသာပေးသနားတော်မူပါ။

ထိုမှတစ်ပါး: အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏စိတ်တွင်းဝယ် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့နှင့်ပတ်သက်၍ ရန်ငြိုး တစ်စုံတစ်ရာမျှကိုပင် ဖြစ်ပေါ်စေတော်မမူပါနှင့်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ မလွဲဧကန် အရှင်မြတ်သည် လွန်စွာ သိမ်မွေ့တော်မူသောအရှင်၊ လွန်စွာ ကရုဏာပြုတော်မူသောအရှင်၊ ဖြစ်တော်မူပါသတည်း'။

اَلَمْ تَرَ اِلَى الَّذِيْنَ نَافَقُوْا
يَقُوْلُوْنَ لِاِخْوَانِهِمُ الَّذِيْنَ
كَفَرُوْا مِنْ اَهْلِ الْكِتٰبِ
لَئِنْ اُخْرِجْتُمْ لَنَخْرُجَنَّ مَعَكُمْ
وَلَا نُطِيْعُ فِيْكُمْ اَحَدًا اَبَدًا ۙ
وَّاِنْ قُوْتِلْتُمْ لَنَنْصُرَنَّكُمْ ؕ
وَاللّٰهُ يَشْهَدُ اِنَّهُمْ لَكٰذِبُوْنَ ۝١١

၁၁။ (အို-နဗီတမန်တော်၊) အသင်သည် အယောင်ဆောင်ခဲ့ကြသောသူတို့၏ အခြေအနေကို သုံးသပ်ဆင်ခြင် တွေ့မြင်ခဲ့လေပြီ မဟုတ်ပါလော။ ထိုသူတို့သည် မိမိတို့၏ ညီအစ်ကိုများဖြစ်ကြသော ရှေးကျမ်းဂန်ရရှိသူတို့အနက် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အား (ဤသို့) ပြောဆိုလျက်ရှိခဲ့ကြ၏။

အမှန်ပင် အကယ်၍သာ အသင်တို့သည် (မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင် ဧကန်မလွဲ ကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်အတူ ထွက်ကြမည်။ စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့် ပတ်သက်၍ မည်သည့်အခါမျှပင် မည်သူတစ်ဦး တစ်ယောက်(၏ ပြောဆိုချက်)ကိုမျှ လိုက်နာကြမည် မဟုတ်ပေ။

ထိုမှတစ်ပါး အကယ်၍ အသင်တို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း မုချစင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကူညီကြမည်။ အမှန်စင်စစ်သော်ကား ၎င်းတို့မှာ အမှန်ပင် မုသာဝါဒီများဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်သည် သက်သေခံတော်မူ၏။'

لَئِنْ أُخْرِجُوا لَا يَخْرُجُونَ مَعَهُمْ وَلَئِنْ قُوتِلُوا لَا يَنْصُرُونَهُمْ وَلَئِنْ نَصَرُوهُمْ لَيُوَلُّنَّ الْأَدْبَارَ ثُمَّ لَا يُنْصَرُونَ ﴿١٢﴾

၁၂။ (စင်စစ်မှာကား) အမှန်ပင် အကယ်၍ ထိုသူတို့သည် ('မဒီနာမြို့တော်မှ) နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်းတို့သည် ထိုသူတို့နှင့်အတူ ထွက်ကြမည် မဟုတ်ပေ။ ထိုနည်းတူစွာ အမှန်ပင် အကယ်၍ ထိုသူတို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း ၎င်းတို့သည် ထိုသူတို့အား ကူညီကြမည်မဟုတ်ပေ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် ထိုသူတို့အား ကူညီခဲ့ငြားအံ့လည်း ဧကန်မုချ ၎င်းတို့သည် ကျောခိုင်း၍ ထွက်ပြေးကြမည်သာ။ ထို့နောက် ထိုသူတို့သည် အကူအညီ ရရှိကြမည် မဟုတ်တော့ပြီ။

لَأَنْتُمْ أَشَدُّ رَهْبَةً فِي صُدُورِهِمْ مِنَ اللَّهِ ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَا يَفْقَهُونَ ﴿١٣﴾

၁၃။ အမှန်ပင် အသင်(မုစ်လင်မ်)တို့သည် ၎င်းတို့၏စိတ်တွင်းဝယ် အလ္လာဟ်အရှင်မြတ်ထက်ပင် ကြောက်ရွံ့ စိုးရိမ်ဖွယ် ဖြစ်နေကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမှန်စင်စစ် ၎င်းတို့သည် နားမလည်သူများ ဖြစ်ကြသောကြောင့်ပင်။ ③

---

① **မုနာဖစ်ဂ်တို့၏ စောတိရုပ်။**

တမန်တော်မြတ်က ဗနီနသွီရ်အား မဟာမိတ်စာချုပ်ကို စတင်ချိုးဖောက်ခဲ့သည့်အတွက် (၁၀)ရက်အတွင်း မိမိတို့၏ မြို့ရွာများမှ ထွက်ခွာသွားရန် သတိပေးတော်မူလိုက်သည့်အခါ၊ အဗ်ဒုလ္လာဟ်အိဗ်နု အုဗိုင်ယ်စသည့် မုနာဖစ်ဂ်အကြီးအကဲများက ဗနီနသွီရ်ထံသို့ လျှို့ဝှက်စွာ လူလွှတ်၍ 'အသင်တို့ မစိုးရိမ်ကြနှင့်၊ အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ မျက်နှာငယ်သည်ဟူ၍ မထင်မှတ်ကြလင့်၊ အကယ်၍ မွတ်စ်လင်မ်များက အသင်တို့အား မြို့ရွာများမှ နှင်ထုတ်ကြလျှင် ငါတို့လည်း အသင်တို့နှင့်အတူတကွ ထွက်ကြမည်၊ အကယ်၍ မွတ်စ်လင်မ်များက အသင်တို့အား တိုက်ခိုက်ကြလျှင် ငါတို့သည် အသင်တို့အား ကူညီကြမည်၊ ➤➤

لَا يُقَٰتِلُونَكُمْ جَمِيعًا إِلَّا فِى قُرًى مُّحَصَّنَةٍ أَوْ مِن وَرَآءِ جُدُرٍۭ ۚ بَأْسُهُم بَيْنَهُمْ شَدِيدٌ ۚ تَحْسَبُهُمْ جَمِيعًا وَقُلُوبُهُمْ شَتَّىٰ ۚ ذَٰلِكَ بِأَنَّهُمْ قَوْمٌ لَّا يَعْقِلُونَ ﴿١٤﴾

၁၄။ ၎င်းတို့သည် အသင်တို့အား တစ်စည်းတစ်လုံးတည်း တိုက်ခိုက်ကြမည် မဟုတ်ပေ။ သို့ရာတွင် လုံခြုံသောမြို့ရွာများတွင်လည်းကောင်း၊ တံတိုင်းများ၏အကွယ်မှသော်လည်းကောင်း၊ တိုက်ခိုက်ကြပေမည်။ ၎င်းတို့ အချင်းချင်းတွင် ကြီးကျယ်သော ခိုက်ရန် ရှိနေ၏။ အသင်သည် ၎င်းတို့အား တစ်စည်းတစ်လုံးတည်းဟူ၍ ထင်မှတ်နေသော်လည်း အမှန်စင်စစ် ၎င်းတို့၏ စိတ်နှလုံးမှာမူကား တကွဲတပြားစီ ဖြစ်နေကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အသိဉာဏ်ကို အသုံးမပြုကြသောကြောင့်ပင်။

➤➤ ဤသည် ငါတို့၏ ယတိပြတ် ဆုံးဖြတ်ချက်ပင်၊ ဤသည့်ဆုံးဖြတ်ချက်ကို ဆန့်ကျင်၍ ငါတို့သည် အသင်တို့၏ အရေးတွင် မည်သူ၏စကားကိုမျှ လက်ခံကြမည်မဟုတ်ဟု ပြောကြားခဲ့လေသည်။

အမှန်မှာ မုနာဖစ်ဂ်များသည် ဗနီနသွီရ်မျိုးနွယ်ဝင်များအား အမှန်တကယ်လိုလား၍၊ ကြင်နာ၍၊ ကူညီလိုရှိ၍၊ ကာကွယ်လိုရှိ၍ စိတ်တွင်းမှ ပြောဆိုနေခဲ့ကြသည်မဟုတ်၊ မွတ်စ်လင်မ်တို့အား ဆန့်ကျင်ရန် တစ်ဖက်သားအား ဆွပေးနေခဲ့ကြခြင်းသာဖြစ်သည်။ ၎င်းတို့သည် မုနာဖစ်ဂ်များပီပီ ပြောဆိုကြသည့်အတိုင်း ဘယ်သောအခါမျှ လက်တွေ့ပြုလုပ်ခဲ့ကြသည် မရှိပေ။

နောက်ဆုံးတွင် မွတ်စ်လင်မ်များသည် ဗနီနသွီရ်မျိုးနွယ်ဝင်များအား တိုက်ခိုက်ရန် စစ်ချီလာခဲ့ကြ၏။ ဗနီနသွီရ်မျိုးနွယ်ဝင်များသည် မိမိတို့၏ခံတပ်များတွင် ခိုအောင်းနေခဲ့ကြ၏။ ယင်းသို့ ဗနီနသွီရ် မျိုးနွယ်များ၏ အခြေအနေ ဆိုးရွားနေသည့် အရေးကြီးလှသည့်အချိန်မျိုးတွင်ပင် ၎င်းတို့အား ကာကွယ်ရန်အတွက် မုနာဖစ်ဂ်တစ်ဦးတစ်ယောက်မျှပင် ထွက်ပေါ်မလာခဲ့ပေ။

နောက်ဆုံးတွင် ဗနီနသွီရ် မျိုးနွယ်ဝင်များသည် မွတ်စ်လင်မ်တို့အား အရှုံးပေးကာ မိမိတို့၏မြို့ရွာများမှ ထွက်ခွာသွားခဲ့ကြရလေသည်။ ထိုအချိန်တွင် မုနာဖစ်ဂ်များ သည် မိမိတို့၏ နေအိမ်များတွင် မသိဟန်ဆောင်ကာ အေးချမ်းစွာ နေထိုင်ခဲ့ကြလေသည်။

အကယ်စင်စစ်၊ မုနာဖစ်ဂ်များသည် ဗနီနသွီရ်မျိုးနွယ်ဝင်များအား ကာကွယ်ရန် ထွက်လာခဲ့ကြသည်တိုင်၊ မွတ်စ်လင်မ်များနှင့် တိုက်ခိုက်ရာတွင် ကျောပေးထွက်ပြေးကြမည်သာ။ ထိုအချိန်တွင် မုနာဖစ်ဂ်များသည် သူတစ်ပါးတို့အား ကာကွယ်ရန်ဝေးစွ၊ မိမိတို့အား ကာကွယ်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှပင် တွေ့ရှိကြရမည် မဟုတ်ပေ။

မုနာဖစ်ဂ်များသည် မွတ်စ်လင်မ်တို့၏ သူရသတ္တိကို ကောင်းစွာ သိကြပေသည်။ မွတ်စ်လင်မ်တို့အား စိတ်တွင်းမှ အကြောက်ကြီးကြောက်လျက် ရှိခဲ့ကြပေသည်။ ဤကား မုနာဖစ်ဂ်တို့၏ ဇာတိရုပ်ပင်။

كَمَثَلِ الَّذِيْنَ مِنْ
قَبْلِهِمْ قَرِيْبًا ذَاقُوْا وَبَالَ
اَمْرِهِمْ ۚ وَلَهُمْ عَذَابٌ
اَلِيْمٌ ۚ﴿١٥﴾

၁၅။ (ၾကားတို့၏ ဥပမာကား) ၾကားတို့နှင့် အချိန်ကာလ အနည်းငယ်အလျင် မိမိတို့၏ အပြုအမူများ၏ပြစ်ဒဏ်ကို မြည်းစမ်း သွားခဲ့ကြရသောသူတို့၏ ဥပမာကဲ့သို့ပင်။ ထိုမှတစ်ပါး ထိုသူတို့၌ (တမလွန်ဘဝတွင်လည်း) နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိပေဦးမည်။

كَمَثَلِ الشَّيْطٰنِ اِذْ قَالَ
لِلْاِنْسَانِ اكْفُرْ ۚ فَلَمَّا كَفَرَ
قَالَ اِنِّيْ بَرِيْٓءٌ مِّنْكَ اِنِّيْٓ
اَخَافُ اللّٰهَ رَبَّ الْعٰلَمِيْنَ﴿١٦﴾

၁၆။ (ထို့ပြင် ၎င်းတို့၏ ဥပမာကား) 'ရှိုင်တွာန်' မိစ္ဆာကောင်၏ဥပမာကဲ့သို့ပင်။ အဘယ်ကြောင့်ဆိုသော် ထို 'ရှိုင်တွာန်' မိစ္ဆာကောင်သည် လူသားအား အသင်သည် သွေဖည်ငြင်းပယ်လော့ဟု ပြောဆို(စေခိုင်း)လေ့ရှိ၏။

သို့ စေခိုင်းသည့်အလျောက် ထိုလူသားသည် သွေဖည် ငြင်းပယ်သောအခါ ယင်း 'ရှိုင်တွာန်' မိစ္ဆာကောင်က 'ဧကန်စင်စစ် ငါသည် အသင်နှင့် မည်သို့မျှမပတ်သက်တော့ပြီ။ ဧကန်အမှန် ငါသည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်' ဟု ပြောဆို(နောက်ဆုတ်)လေသည်။

فَكَانَ عَاقِبَتَهُمَآ اَنَّهُمَا فِى
النَّارِ خَالِدَيْنِ فِيْهَا ۭ وَذٰلِكَ
جَزٰٓؤُا الظّٰلِمِيْنَ ۚ﴿١٧﴾

၁၇။ သို့ဖြစ်ပေရာ ၎င်းတို့နှစ်ဦးစလုံး၏ နောက်ဆုံးအကျိုးမှာ ၎င်းတို့နှစ်ဦးသည် ငရဲထဲသို့ရောက်ရှိကြပေမည်။ ၎င်းတို့နှစ်ဦးမှာ ယင်းငရဲထဲ၌ အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ဤသည် မတရားပြုလုပ်သော သူတို့၏အကျိုးတည်း။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ
وَلْتَنْظُرْ نَفْسٌ مَّا قَدَّمَتْ

၁၈။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။

لِغَدٍ ۚ وَاتَّقُوا اللَّهَ ۖ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ ﴿١٨﴾

ငင်းပြင် လူတိုင်းလူတိုင်းသည် မနက်ဖြန်အဖို့ မိမိ တင်ကြို ပို့နှင့်ထားသည်ကို ကြည့်ရပေမည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင်။ ③

وَلَا تَكُونُوا كَالَّذِينَ نَسُوا اللَّهَ فَأَنسَاهُمْ أَنفُسَهُمْ ۚ أُولَٰئِكَ هُمُ الْفَاسِقُونَ ﴿١٩﴾

၁၉။ ထို့ပြင် အသင်တို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြကုန်လင့်၊ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား မေ့ပစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ငင်းတို့အား မိမိတို့ကိုယ်ကိုပင် မေ့ပျောက်စေတော်မူခဲ့၏။ ထိုသူတို့ကား ငင်းတို့သည်ပင် အမိန့်တော်ကို သွေဖည်သူများ ဖြစ်ကြကုန်၏။

لَا يَسْتَوِي أَصْحَابُ النَّارِ وَأَصْحَابُ الْجَنَّةِ ۚ أَصْحَابُ الْجَنَّةِ هُمُ الْفَائِزُونَ ﴿٢٠﴾

၂၀။ ငရဲသားတို့နှင့် 'ဂျန္နတ်' သုခဘုံသားတို့သည် တူကြသည် မဟုတ်ပေ။ သုခဘုံသားတို့မှာမူကား အောင်မြင်သူများပင် ဖြစ်ကြကုန်သတည်း။

---

③ ဆိုလိုသည်ကား - ကိယာမတ်ဖြစ်မည်မှာ အမှန်ပင်၊ ကိယာမတ်နေ့တွင် စာရင်းအင်းရှင်းရမည်မှာလည်း အမှန်ပင်၊ ကျွန်ုပ်တို့အဆိုးအကောင်း၊ ကျင့်မူဆည်းပူးကြသည်များကို အလ္လာဟ်အရှင်မြတ် အကြွင်းမဲ့သိတော်မူသည်မှာလည်း အမှန်ပင်၊ သွေဖည်သောသူများ၏ နောက်ဆုံးအကျိုးဆက်ကိုလည်း ကြားသိပြီးပင်၊ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကာ ကုသိုလ်များကို ဆည်းပူးကြရပေမည်။

မနက်ဖြန် ကိယာမတ်နေ့တွင် မိမိအား အကျိုးပြုမည့် ကုသိုလ်များအဘယ်မျှ ပို့နှင့်ထားကြပြီး ဖြစ်သည်ကို လည်းကောင်း၊ မိမိအားအကျိုးယုတ်စေမည့် အကုသိုလ်များ အဘယ်မျှပို့နှင့်ထားပြီး ဖြစ်သည်ကို လည်းကောင်း၊ ဆင်ခြင်သုံးသပ် ကြည့်ကြရမည်။

ယခုကပင် မိမိတို့၏ကုသိုလ်နှင့် အကုသိုလ်စာရင်းများကို မိမိတို့ကိုယ်တိုင် စစ်ဆေးကြရမည်။ အကယ်၍ ကိယာမတ်အတွက် ကုသိုလ် အသင့်အတင့် ပို့ထားပြီးဖြစ်ပါက လိုလိုမယ်မယ် ထပ်မံပို့ထားကြရမည်။ မပို့ရသေးပါက အမြန်ပို့ကြရမည်။

ကုသိုလ်မပို့ရသေးသည့်အပြင် အကုသိုလ်များကိုသာ ပို့ထားမိပါက အချိန်မီ ဝန်ချတောင်းပန်ကာ ကုသိုလ်များပို့နိုင်ရန် ကိုယ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ကြရပေမည်။

لَوْ أَنزَلْنَا هَٰذَا الْقُرْآنَ عَلَىٰ جَبَلٍ لَّرَأَيْتَهُ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللَّهِ ۚ وَتِلْكَ الْأَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُونَ ﴿٢١﴾ هُوَ اللَّهُ الَّذِي لَا إِلَٰهَ إِلَّا هُوَ ۖ عَالِمُ الْغَيْبِ وَالشَّهَادَةِ ۖ هُوَ الرَّحْمَٰنُ الرَّحِيمُ ﴿٢٢﴾

၂၁။ အကယ်၍သာ ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို တစ်စုံတစ်ခုသောတောင်ပေါ်၌ ချပေးတော်မူခဲ့ပါလျှင် အသင်သည် ထိုတောင်ကို အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သောကြောင့် နိမ့်ကျလျက်၊ အပိုင်းပိုင်းဖြစ်လျက်၊ ရှိသည်ကို အမှန်ပင် တွေ့မြင်ရပေမည်။ [၁] စင်စစ်သော်ကား ငါအရှင်မြတ်သည် လူတို့ သုံးသပ်ဆင်ခြင် စဉ်းစားကြအံ့သောငှာ ယင်းဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းဖော်ပြတော်မူ၏။

၂၂။ ထိုအရှင်မြတ်သည်ပင် အကြင် အလွှာဟ်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး: ခယရိကျိုးဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း၊ သိတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်ပင် မဟာကရုဏာတော်ရှင်၊ အလွန်တရာ ကြင်နာ သနားတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

---

① **ကုရ်အာန်ကျမ်းမြတ်၏ တန်ခိုး။**

ကုရ်အာန်ကျမ်းမြတ်၏ တန်ခိုးအာနိသင်ကား ကြီးမားလှ၏။ ထက်မြက်လှ၏။ ထိရောက်လှ၏။ ကုရ်အာန်ကျမ်းမြတ်သည် မိမိ၏တန်ခိုးအာနိသင်ဖြင့် အခါခပ်သိမ်း ပြည့်စုံလျက် ရှိနေသည်သာဖြစ်၏။

အချို့လူသားတို့၏ စိတ်နလုံးသားပေါ်၌ ကုရ်အာန်ကျမ်းမြတ်၏ တန်ခိုးအာနိသင် မပေါ်လွင်ခြင်းမှာ ကုရ်အာန်ကျမ်းမြတ်၏ အပြစ်မဟုတ်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်၏နှလုံးသားအပေါ်၌ အမိုက်မှောင် အထပ်ထပ် ကာဆီးလျက်ရှိနေခြင်းကြောင့်သာဖြစ်သည်။

အကယ်၍ အလွှာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို မြင့်မောက်မာကျောသော တောင်တစ်လုံးအပေါ်၌ ချပေးသော်မူခဲ့ပါသော်၊ ယင်းတောင်၌ အသိတရားလည်း ရှိနေပါသော်၊ အဆိုပါ မြင့်မောက်မာကျောလျက် ရှိသော တောင်ကြီးသည်ပင်လျှင် အလွှာဟ်အရှင်မြတ်၏ အတိုင်းမသိကြီးမားလှဘိသော အရှိန်အဝါ၏ ရှေ့မှောက်တွင် ကျိုးနွံနိမ့်ကျသွားပေမည်။ ထိုအရှင်မြတ်အား ကြောက်ရွံ့ကာ အပိုင်းပိုင်း အစစ ကြွေမွသွားပေမည်။

ဤသည့်သဘောနှင့်ဆက်စပ်၍ ကုရ်အာန် (၂:၇၄)ကို ဆင်ခြင်ပါကုန်။

هُوَ اللَّهُ الَّذِي لَا إِلَٰهَ إِلَّا هُوَ ۖ الْمَلِكُ الْقُدُّوسُ السَّلَامُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيزُ الْجَبَّارُ الْمُتَكَبِّرُ ۚ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ ﴿٢٣﴾

၂၃။ ထိုအရှင်မြတ်သည်ပင် အကြင် အလွှာဟ် အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ခယရိုကျိုး ဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ စိုးမိုး အုပ်ချုပ်တော်မူသောဘုရင်၊ စင်ကြယ်သန့်ရှင်း အပြစ် ကင်းတော်မူသောအရှင်၊ ချွတ်ယွင်းချက်တို့မှ ကင်းစင်တော်မူသောအရှင်၊ ငြိမ်းချမ်းမှုပေးတော်မူသော အရှင်၊ ထိန်းသိမ်း စောင့်ရှောက်တော်မူသောအရှင်၊ ခန့်ညားတော်မူသောအရှင်၊ သြဇာအာဏာလွှမ်းမိုးတော် မူသောအရှင်၊ ဂုဏ်သိက္ခာ ကြီးကဲမြင့်မြတ်တော်မူသော အရှင်၊ ဖြစ်တော်မူ၏။ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ကြသည်တို့မှ စင်ကြယ် သန့်ရှင်းတော်မူဘိ၏။

هُوَ اللَّهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْأَسْمَاءُ الْحُسْنَىٰ ۚ يُسَبِّحُ لَهُ مَا فِي السَّمَاوَاتِ وَالْأَرْضِ ۖ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٢٤﴾

၂၄။ ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသော အကောင်အထည်ဖော်တော်မူသော (မရှိရာမှ ရှိအောင် ပြုလုပ် ဖန်ဆင်းတော်မူသော) ပုံသဏ္ဌာန် ပြုလုပ်တော် မူသော အလွှာဟ်အရှင်မြတ် ဖြစ်တော်မူ၏။ ထိုအရှင် မြတ်၌ ကောင်းမြတ်လှစွာသော နာမံဂုဏ်တော်များ ရှိကုန်၏။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည် လည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့သည် လည်း ကောင်း၊ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူ ကြောင်းကို မြွက်ဆိုလျှက်ရှိကြကုန်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် လွန်စွာခန့်ညားတော်မူသော အရှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံ တော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။ ၃

---

① **အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်များ။**

အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်များကား ကြီးကဲမွန်မြတ်ရာ၌ အလွန်များပေသတည်း။ ထိုအရှင်မြတ်မှတပါး အခြားကိုးကွယ်ရာဟူ၍ အလျင်းမရှိ။ ထိုအရှင်မြတ် တစ်ပါးတည်းသာလျှင် ကိုးကွယ်မှု အစုစုကို ခံထိုက်တော်မူသည်။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို ကြွင်းမဲ့သည့် အလုံးစုံ ➤➤

➢➢ သိတော်မူသည်။ လျှို့ဝှက်လျက်ရှိသည်တို့ကိုလည်း သိတော်မူသည်။ ထင်ရှားလျက်ရှိသည်တို့ကိုလည်း သိတော်မူသည်။ ထိုအရှင်မြတ်သည် အလွန်အလွန် ကြင်နာတော်မူသည်၊ အထူးသနားတော်မူသည်။ ထိုအရှင်မြတ်သည် ယှဉ်ပြိုင်ဘက်ကင်းတော်မူသော၊ တစ်ပါးတည်းသော ဘုရင်အစစ်ဖြစ်ခြင်းကြီး ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူသည်၊ ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသည်၊ ငြိမ်းချမ်းမှုကို ပေးသနား တော်မူသည်၊ ထိုအရှင်မြတ်သည် ယှဉ်ပြိုင်ဘက်ကင်းတော်မူသော၊ တစ်ပါးတည်းသော ဘုရင်အစစ် ဖြစ်ခြင်းကြီး ဖြစ်တော်မူသည်၊ ထိုအရှင်မြတ်သည် စင်ကြယ်သန့်ရှင်း အပြစ် ကင်းတော်မူသည်၊ ထိန်းသိမ်းစောင့်ရှောက် တော်မူသည်၊ နိုင်နင်းလွှမ်းမိုးတော်မူသည်၊ ချွတ်ယွင်းမှုများကို ပြုပြင်ပေးတော်မူသည်၊ အတိုင်းမသိ ကြီးကဲ မြင့်မြတ်တော်မူသည်၊ အယူလွဲမှားနေသူများ၏ ယုဉ်တွဲကိုးကွယ်မှုများနှင့် လုံးဝ သန့်ရှင်းတော်မူသည်။

ထိုအရှင်မြတ်သည်ပင် အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းတော်မူသည်။ သင့်မြတ်စွာ စီမံဖန်တီးတော်မူသည်။ ထိုအရှင်မြတ်သည်ပင်လျှင် အရာရာ၏ ပုံပန်းသဏ္ဌာန်များကို လျော်ကန်စွာ ပြုလုပ်ထားတော်မူသည်။

ထိုထိုသော ဂုဏ်တော်များအပြင်၊ ထိုအရှင်မြတ်၌ အတိုင်းမသိ မြင့်မြတ်လှပါသော ဂုဏ်တော်များမှာ အများအပြား ရှိပေသေးသည်။ ယင်းသို့ ဂုဏ်တော်ကြီးများနှင့် ပြည့်စုံခြင်းကြီးမက ပြည့်စုံတော်မူလှသည့် အတွက်ကြောင့်ပင် မိုး၊ မြေနှင့်တကွ ဤလောကဓာတ်ကြီး တစ်ခုလုံးရှိ အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်အား ကိုယ့်နည်း၊ ကိုယ့်ဟန်ဖြင့် ဂုဏ်တော်မွမ်းလျက် ရှိကြကုန်သည်။

အချုပ်ဆိုရသော် အလွှာဟ်အရှင်မြတ်သည် တန်ခိုးတော်ကြီးမြတ်ခြင်း၊ ဉာဏ်တော်မြင့်မြတ်ခြင်းနှင့် ပြည့်စုံတော်မူလှပါသော တစ်ဆူတည်းသော အကြီးကဲဆုံး တန်ခိုးတော်ရှင်ဖြစ်ခြင်းကြီးမက ဖြစ်တော်မူပေသည်။

ထိုအရှင်မြတ်၏ ဂုဏ်တော်များကား အတိုင်းမသိ ကြီးမားများပြားလှပါဘိတကား။

မှတ်ချက်။

ဤကဏ္ဍ၏ အဆုံးတွင် လာရှိသော အာယတ်တော်သုံးပါး (၅၉း၂၂-၂၄) ကိုရွတ်ဖတ်သရဇ္ဈာယ်ပါက၊ ယင်းအာယတ်တော်များ၏ အနက်သဘောများကို နှလုံးသွင်းပါက မြောက်မြားစွာသော အကျိုးထူးများကို ခံစားရမည့်အကြောင်း တမန်တော်မြတ်က ဟောကြားတော်မူခဲ့လေသည်။

စစ်ဆေးခြင်းကဏ္ဍ



ဤကဏ္ဍသည် 'မွမ်တဟိနဟ်' စစ်ဆေးခြင်း ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၃)ပါးနှင့် ရုကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوْا
عَدُوِّيْ وَعَدُوَّكُمْ اَوْلِيَآءَ
تُلْقُوْنَ اِلَيْهِمْ بِالْمَوَدَّةِ وَقَدْ
كَفَرُوْا بِمَا جَآءَكُمْ مِّنَ الْحَقِّ ۚ
يُخْرِجُوْنَ الرَّسُوْلَ وَاِيَّاكُمْ اَنْ
تُؤْمِنُوْا بِاللّٰهِ رَبِّكُمْ ۗ اِنْ كُنْتُمْ
خَرَجْتُمْ جِهَادًا فِيْ سَبِيْلِيْ وَابْتِغَآءَ
مَرْضَاتِيْ ۚ تُسِرُّوْنَ اِلَيْهِمْ بِالْمَوَدَّةِ ۚ
وَاَنَا اَعْلَمُ بِمَآ اَخْفَيْتُمْ وَمَآ اَعْلَنْتُمْ ۗ
وَمَنْ يَّفْعَلْهُ مِنْكُمْ فَقَدْ ضَلَّ
سَوَآءَ السَّبِيْلِ ①

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊
မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

၁။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခြင်းငှာ လည်းကောင်း၊ ငါအရှင်မြတ်၏ နှစ်မြို့ကျေနပ်မှုကို ဆည်းပူးအံ့သောငှာလည်းကောင်း၊ ထွက်ခဲ့ကြသည် ဖြစ်မူ၊ အသင်တို့သည် ငါအရှင်မြတ်၏ရန်သူကိုလည်း ကောင်း၊ မိမိတို့၏ ရန်သူကိုလည်းကောင်း၊ အဆွေခင်ပွန်းများ မပြုကြကုန်လင့်။

အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ (လျှို့ဝှက်သတင်းကို) ပို့ကြကုန်၏။ အမှန်စင်စစ် သော်ကား၊ ၎င်းတို့သည် အသင်တို့ထံ ရောက်ရှိလာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြလေ၏။ ထိုသူတို့သည် ရဿူလ်တမန်တော်မြတ်အား နှင်ထုတ်ခဲ့ကြသည်။ ၎င်းပြင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြသောကြောင့် ၎င်းတို့သည် အသင်တို့ကိုလည်း နှင်ထုတ်ခဲ့ကြလေ၏။

အသင်တို့သည် ခင်မင်မှုကြောင့် ၎င်းတို့ထံ လျှို့ဝှက်(သတင်းကို) ပို့ဆောင်ကြငြားလည်း ငါအရှင်

မြတ်မှာမူကား အသင်တို့ လျှို့ဝှက်သမျှတို့ကိုလည်း ကောင်း၊ အသင်တို့ ထင်ရှားစေသမျှတို့ကိုလည်း ကောင်း၊ အသိတော်မူဆုံးပင် ဖြစ်တော်မူ၏။

စင်စစ်သော်ကား အသင်တို့အနက် မည်သူမဆို ယင်းလျှို့ဝှက်သတင်း ပို့ဆောင်ခြင်းကို ကျူးလွန်ပါမူ ထိုသူသည် ဧကန်မလွဲ ဖြောင့်မတ်သော လမ်းစဉ်မှ တိမ်းပါး လွဲချော်၍ သွားခဲ့လေပြီ။ ၁

---

① နောက်ခံဖြစ်ရပ်၊

တမန်တော်မြတ်သည် မက္ကာမြို့သားများနှင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုထားကော်မူခဲ့၏။

(ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်၏ ကဏ္ဍစဉ်(၄၈)မြောက်ဖြစ်သော "အောင်နိုင်ခြင်း" ကဏ္ဍ၏ အစတွင်ပါရှိ၏။ သက်ဆိုင်ရာ အဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ)။

အဆိုပါ စစ်ပြေငြိမ်းရေး စာချုပ်သည် (၂) နှစ်ခန့်ပင် တည်ရှိခဲ့၏။ ထို့နောက်တွင် ကာဖိရ်များကပင် စတင်၍အဆိုပါစာချုပ်ကို ချိုးဖောက်ခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်သည် မက္ကာမြို့တော်ကို ပြန်လည် သိမ်းပိုက်ရန် အလို့ငှာ လျှို့ဝှက်စွာ စစ်ရေးစစ်ရာများကို စီစဉ်နေတော်မူခဲ့၏။ သတင်းမပေါက်ကြားစေရန်လည်း အထူးတလည် ပိတ်ပင်ထားတော်မူခဲ့၏။

သတင်းပေါက်ကြားသွားပါက မက္ကာမြို့သား ကာဖိရ်များသည် ယှဉ်ပြိုင်ရင်ဆိုင် တိုက်ခိုက်နိုင်ရန် ကြိုတင်စီစဉ်ကြပေမည်။ ယင်းသို့ ကြိုတင်စီစဉ်ကြပါက မက္ကာမြို့တော်ရှိ ကျောင်းတော် ပရဝဏ်ဝင်းခြံအတွင်း၌ စစ်ဖြစ်ပွားရပေမည်။ ဤသည်ကို တမန်တော်မြတ်သည် လားလားမျှလိုလားတော်မမူခဲ့ပေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် မိမိ၏အစီအစဉ်ကို အထူးလျှို့ဝှက်စွာဖြင့် ပြုလုပ်နေတော်မူခဲ့၏။

ထိုအချိန်တွင် ဟာတိဗ်အိဗ်နုအဗီဗလ်တအဟ်သည် တမန်တော်မြတ်၏ အစီအစဉ်နှင့်စပ်လျဉ်း၍ မက္ကာမြို့သားများအား အသိပေးရန် လျှို့ဝှက်စာရေး၍ အမျိုးသမီးတစ်ဦးအား မက္ကာမြို့သားများထံ စေလွှတ်ခဲ့၏။

ဟာတိဗ်သည် ယမန်ပြည်သားတစ်ဦးဖြစ်ခဲ့၏။ မက္ကာမြို့တွင် လာရောက်နေထိုင်ခဲ့၏။ အစ္စလာမ်ကို သက်ဝင်ယုံကြည်ခဲ့၏။ အခြားမွတ်စ်လင်မ်များနည်းတူ မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်းလာခဲ့၏။ (၈ဒရ်)စစ်ပွဲတွင်လည်း ပါဝင်ခဲ့၏။

တမန်တော်မြတ်သည် 'ဝဟီ' ဖြင့် ဟာတိဗ်၏အကြံအစည်ကို သိရှိတော်မူရာ သာဝကကြီးအလီနှင့် တကွ အချို့သာဝကများအားခေါ်၍ 'အမျိုးသမီးတစ်ဦးသည် မက္ကာမြို့တော်သို့ဦးတည်၍ ခရီးသွားနေသည်၊ အသင်တို့သည် ထိုအမျိုးသမီးကို 'ခါခ်' အမည်ရှိသောစခန်းတွင် မီကြမည်၊ ထိုအမျိုးသမီးထံ၌ လျှို့ဝှက်စာ တစ်စောင် ပါရှိသည်၊ အသင်တို့သည် ထိုအမျိုးသမီးထံမှ အဆိုပါလျှို့ဝှက်စာကို ယူဆောင်လာခဲ့ကြ'ဟု မိန့်ကြား စေလွှတ်တော်မူလိုက်လေသည်။

သာဝကကြီးများသည် တမန်တော်မြတ်ညွှန်ကြားတော်မူသည့်အတိုင်း အဆိုပါအမျိုးသမီးနောက်သို့ မြင်းစီး၍ အမြန်လိုက်လာခဲ့ကြရာ၊ တမန်တော်မိန့်ကြားတော်မူသည့် နေရာ၌ပင် အဆိုပါအမျိုးသမီးကို ➤➤

إِنْ يَثْقَفُوكُمْ يَكُونُوا لَكُمْ أَعْدَاءً وَيَبْسُطُوا إِلَيْكُمْ أَيْدِيَهُمْ

၂။ အကယ်၍ ၎င်းတို့သည် အသင်တို့အပေါ်၌ အရေးသာခဲ့ကြလျှင် အသင်တို့၏ ရန်သူဖြစ်ကြောင်း ကိုသာ ပေါ်လွင်စေကြသည့်ပြင် မိမိတို့လက်များဖြင့်လည်းကောင်း၊ မိမိတို့ နှုတ်များဖြင့်လည်းကောင်း၊

➤➤ မီလာခဲ့ကြ၏။ ပထမသော် အဆိုပါအမျိုးသမီးသည် မိမိ၌တစ်စုံတစ်ရာ မပါရှိကြောင်း ငြင်းကွယ်နေခဲ့၏။ နောက်ဆုံးတွင် အဆိုပါ အမျိုးသမီးသည် မိမိ၏ဆံထုံးအတွင်းတွင် လျှို့ဝှက်ထားသောစာကို ထုတ်ပေးခဲ့၏။ သာဝကကြီးများသည် ထိုစာကိုယူဆောင်၍ တမန်တော်မြတ်အား ပေးအပ်ခဲ့ကြ၏။ အဆိုပါစာတွင် ဟာတိဗ်က မက္ကာမြို့သားများအား တမန်တော်မြတ်သည် မက္ကာမီအတွင်း အလွန်ကြီးမားများပြားသော ရဲဘော်ရဲဘက် အင်အားဖြင့် မက္ကာမြို့တော်ကို သိမ်းပိုက်တော်မူမည့်အကြောင်း အသိပေးထားသည်။

တမန်တော်မြတ်သည် ဟာတိဗ်အားခေါ်၍ မေးမြန်းတော်မူရာ၊ ဟာတိဗ်က 'တမန်တော်မြတ် ကျွန်တော်သည် အစ္စလာမ်မှ ဖောက်ပြန်သည်လည်းမဟုတ်ပါ၊ (ကုဖ်ရ်)သွေဖည်မှုကို နှစ်သက်သည်လည်း မဟုတ်ပါ။ အမှန်မှာ ကျွန်တော်၏အိမ်သူအိမ်သားများသည် မက္ကာမြို့တော်တွင် ရှိနေကြပါသည်။ မက္ကာမြို့တော်တွင် ကျွန်တော်၏ အိမ်သူအိမ်သားများအား ငဲ့ညှာထောက်ထားရန် ဆွေမျိုးသားချင်းဟူ၍ တစ်ဦးတစ်ယောက်မျှလည်း မရှိပါ။ မက္ကာမြို့သားများအား ယခုကဲ့သို့ လျှို့ဝှက်စွာအသိပေးခြင်းမှာ ကျွန်တော်၏ အိမ်သူအိမ်သားများအား ငဲ့ညှာထောက်ထားကြစေရန်ပင် ဖြစ်ပါသည်။ ယင်းသို့ပြုခြင်းအားဖြင့် ကျွန်တော်၌လည်း အနည်းငယ်အကျိုးရှိမည်၊ အစ္စလာမ်၌လည်း တစ်စုံတစ်ရာ ဆုံးရှုံးမှုရှိမည်မဟုတ်ဟူ၍ ထင်မိပါသည်။ အောင်နိုင်မှုနှင့်စပ်လျဉ်း၍ တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်က ပြုထားတော်မူသည့် ကတိတော်များသည် မုချအတည်ဖြစ်မည်သာ ဖြစ်ပါသည်။ မည်သူမျှဟန့်တားနိုင်မည်လည်း မဟုတ်ပါ'ဟု လျှောက်ထားခဲ့လေသည်။

မက္ကာမြို့သားများထံ ဟာတိဗ်၏ပေးစာတွင်

"ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ရေးသားအံ့၊ အကယ်၍ တမန်တော်မြတ်တစ်ပါး တည်းပင် အသင်တို့ကို တိုက်ခိုက်တော်မူပါကလည်း အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မုချ ကူညီတော်မူမည်သာဖြစ်သည်။ ထိုအရှင်မြတ်သည် တမန်တော်မြတ်အား ပြုထားတော်မူသည့် ကတိတော်များကို ပြီးမြောက်ပြည့်စုံအောင် ပြုလုပ်တော်မူမည်သာဖြစ်သည်" ဟူ၍ ရေးသားဖော်ပြထားခဲ့ပေသည်။

အသို့ပင်ရှိစေ၊ ဤသည်ဟာတိဗ်၏ မဟာအမှားကြီးပင်။ ယင်းသို့ မဟာအမှားကြီးမှားခဲ့သော ဟာတိဗ်နှင့်ပတ်သက်၍ မွတ်စ်လင်မ်များသည် အထူးပင် မကျေမနပ်ဖြစ်ခဲ့ကြသည်။

သာဝကကြီး အုမရ်ကမူ မိမိ၏စိတ်ကို မချုပ်တီးနိုင်တော့ဘဲ "တမန်တော်မြတ်၊ ကျွန်တော်အား ခွင့်ပြုတော်မူပါ၊ ကျွန်တော်သည် ဤသူ့ကို ဇဟ်လုပ်ပါရစေ"ဟူ၍ပင် မေတ္တာရပ်ခံခဲ့လေသည်။

ထိုအခါ တမန်တော်မြတ်က မွတ်စ်လင်မ်များအား အသင်တို့သည် ဟာတိဗ်နှင့်ပတ်သက်၍ အလျင်စလို မပြုကြနှင့်၊ ကောင်းသည်မှတပါး အခြားမပြောကြကုန်လင့်၊ သူသည် ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ဗဒ်ရ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော ပုဂ္ဂိုလ်များအား လွတ်ငြိမ်းခွင့်ပြုထားတော်မူသည်"ဟု မိန့်ကြားတော်မူခဲ့လေသည်။ ဤကဏ္ဍလာ များစွာသော အာယတ်တော်များသည် ဤဖြစ်ရပ်နှင့် ဆက်စပ်လျက် ရှိပေသည်။ ကြည့်-အွတ်ဆ်မာနီ၊ အိဗ်နုကဆီရ်၊ ထာနဝီ။

وَأَلْسِنَتَهُم بِالسُّوٓءِ وَوَدُّوا۟ لَوْ تَكْفُرُونَ ﴿٢﴾

အသင်တို့အား ဒုက္ခပေးကြမည်သာ။ ထို့ပြင် ၎င်းတို့သည် အသင်တို့ "ကာဖိရ်" သွေဖည်ငြင်းပယ်သူများဖြစ်ကြရန်လည်း လိုလားတောင့်တကြပေသည်။

لَن تَنفَعَكُمْ أَرْحَامُكُمْ وَلَآ أَوْلَٰدُكُمْ ۚ يَوْمَ ٱلْقِيَٰمَةِ ۚ يَفْصِلُ بَيْنَكُمْ ۚ وَٱللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٣﴾

၃။ အသင်တို့၏ ဆွေမျိုးနီးစပ်မှုတို့သည်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့သည်လည်းကောင်း၊ 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့တွင် အသင်တို့အား အလျှင်း အကျိုးပေးကြမည်မဟုတ်ပေ။ ထိုအရှင်မြတ်သည် အသင်တို့၏အကြား၌ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِىٓ إِبْرَٰهِيمَ وَٱلَّذِينَ مَعَهُۥٓ ۚ إِذْ قَالُوا۟ لِقَوْمِهِمْ إِنَّا بُرَءَٰٓؤُا۟ مِنكُمْ وَمِمَّا تَعْبُدُونَ مِن دُونِ ٱللَّهِ ۖ كَفَرْنَا بِكُمْ وَبَدَا بَيْنَنَا وَبَيْنَكُمُ ٱلْعَدَٰوَةُ وَٱلْبَغْضَآءُ أَبَدًا حَتَّىٰ تُؤْمِنُوا۟ بِٱللَّهِ وَحْدَهُۥٓ إِلَّا قَوْلَ إِبْرَٰهِيمَ لِأَبِيهِ لَأَسْتَغْفِرَنَّ لَكَ وَمَآ أَمْلِكُ لَكَ

၄။ ဧကန်အမှန် အသင်တို့အဖို့ (နဗီတမန်တော်) 'အီဗ်ရာဟီမ်' ၌လည်းကောင်း၊ ထို(နဗီတမန်တော်) အီဗ်ရာဟီမ်နှင့် အတူရှိခဲ့ကြသော သူတို့၌လည်းကောင်း၊ မွန်မြတ်လှစွာသော စံနမူနာသည်ရှိပေသည်။

တစ်ရံရောအခါဝယ် ၎င်းတို့သည် မိမိတို့၏အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့ကြကုန်၏။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ ဆည်းကပ် ကိုးကွယ်ကြသောအရာများနှင့်လည်းကောင်း၊ မပတ်သက်သူများပင် ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အသင်တို့အား ငြင်းပယ်လိုက်ကြပြီ။

အသင်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား မယုံကြည်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏အကြား၌ရန်ငြိုးသည်လည်းကောင်း၊

مِنَ اللّٰهِ مِنْ شَيْءٍ ۚ رَبَّنَا عَلَيْكَ تَوَكَّلْنَا وَإِلَيْكَ أَنَبْنَا وَإِلَيْكَ الْمَصِيرُ ۝٤

မှန်းတီးမှုသည်လည်းကောင်း၊ အမြဲမပြတ် ဖြစ်ပေါ်လျက် ရှိနေမည်သာ။ [၃] သို့ရာတွင် (နဗီတမန်တော်) အီဗ်ရာဟီဗ်သည် မိမိ၏ဖခင်အား 'မုချဧကန် ကျွန်ုပ်သည် အသင့်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အသင်နှင့်ပတ်သက်၍ ကျွန်ုပ်တစ်စုံတစ်ရာမျှပင် အခွင့်အာဏာပိုင်ဆိုင်ခြင်း မရှိပြီ' ဟူသော(နဗီတမန်တော်) 'အီဗ်ရာဟီမ်'၏ ပြောဆို(ကတိပြု)ချက်မှတစ်ပါး: (ယင်းသည့်အချက်ကိုမူကား အသင်တို့သည် လိုက်နာခြင်း မပြုကြရ)။

အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အပေါ်၌သာလျှင် ယုံပုံ လွဲအပ်ကြပါပြီ။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ဘက်သို့ သာလျှင် ပြန်လှည့်ကြပါပြီ။ ထို့မှတစ်ပါး နောက်ဆုံး ပြန်လည်ရာ စခန်းမှာ အရှင်မြတ်အထံတော်၌ပင် ဖြစ်ပါသည်။

---

③ **တမန်တော်အီဗ်ရာဟီမ်၏စံနမူနာ**

တမန်တော် အီဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်)သည် ကာဖိရ်များနှင့်ဆက်ဆံရာတွင် အလွန်တရာမျှ ပြတ်သားတော်မူခဲ့၏။ တမန်တော် အီဗ်ရာဟီမ်ပြတ်သားတော်မူသကဲ့သို့ (အီမာန်) သက်ဝင်ယုံကြည်ရာတွင် လည်းကောင်း၊ အမိန့်တော်နာခံရာတွင် လည်းကောင်း၊တမန်တော်အီဗ်ရာဟီမ်၏ လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာခဲ့ကြသော တမန်တော်အီဗ်ရာဟီမ်၏ နောက်လိုက်တပည့်သားတို့သည်လည်း ပြတ်သားခဲ့ကြပေသည်။

ဥပမာ-၎င်းတို့က ကာဖိရ်များအား 'ငါတို့သည် အသင်တို့နှင့်လည်း မပတ်သက်ကြ၊ အသင်တို့၏ ကိုးကွယ်ရာများနှင့်လည်း မပတ်သက်ကြ။ မပတ်သက်ကြသည်သာမက ငါတို့သည် အသင်တို့ကိုလည်း ဆန့်ကျင်ကြသည်၊ အသင်တို့၏ ကိုးကွယ်ရာများကိုလည်း ဆန့်ကျင်ကြသည်။

ရှင်းရှင်းပြောရလျှင် ငါတို့နှင့် အသင်တို့၏စပ်ကြားတွင် ရန်ငြိုးထားမှု၊ မလိုမုန်းတီးမှုများသည် အမြဲတစေ ပေါက်ပွား၊ ထင်ရှားလျက်ရှိချေပြီ။ အသင်တို့သည် ငါတို့ကဲ့သို့ တစ်ဆူတည်းသော် အလ္လာဟ် အရှင်မြတ်အား မယုံကြည်ကြသမျှကာလပတ်လုံး ဤရန်ငြိုးထားမှု၊ မလိုမုန်းတီးမှုများသည် တည်ရှိနေမည်သာ ဖြစ်သည်'ဟု ပြတ်သားစွာ ကြေညာခဲ့ကြလေသည်။ ဤသည် မွတ်စ်လင်မ်တို့ အဖို့ စံနမူနာပင်။

رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِينَ كَفَرُوا وَاغْفِرْ لَنَا رَبَّنَا إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ۝٥

၅။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'ကာဖိရ်' သွေဖည်ငြင်းပယ်သူတို့၏ ဖိစီးနှိပ်စက်မှုခံကြသောသူများ ပြုလုပ်တော်မမူပါနှင့်။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (ပြစ်မှုဒုစရိုက်များ)ကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူပါ။

အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်မလွဲ အရှင်မြတ်သည်သာလျှင် အလွန်တရာ ခန့်ညားတော်မူသောအရှင်၊ သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပါ၏။ [၁]

لَقَدْ كَانَ لَكُمْ فِيهِمْ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ۝٦

၆။ ဧကန်မလွဲ အသင်တို့အဖို့ (၀၊) အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်သူ၏အဖို့ ထို(ဆိုခဲ့ပြီး ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်)တို့၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိ၏။ သို့ရာတွင် မည်သူမဆို မျက်နှာလွှဲ၍ ထွက်သွားသည်ရှိသော် ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်မှာ မူကား လိုလားတောင့်တမှု ကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းအပ်သော ဂုဏ်ဝိသေသအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

---

① **တမန်တော် အီဗ်ရာဟီမ်၏ဆုမွန်။**

တမန်တော်အီဗ်ရာဟီမ်နှင့် နောက်လိုက်တပည့်သားတို့သည် အစွန်လာမ်သာသနာရေးရာများတွင် ကာဖိရ်များနှင့်မည်သို့မျှ မပတ်သက်ကြောင်း ပြတ်သားစွာ ကြေညာလိုက်ကြသည့်အခါ၊ ဤအာယတ်တော်များတွင် လာရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်ထံတော်၌ "အို-ကျွန်တော်မျိုးတို့၏ အရှင်သခင်၊ ကျွန်တော်မျိုးတို့သည် (ယင်းသို့ ကာဖိရ်များနှင့် အဆက်ဖြတ်ရာတွင်) အရှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ကြပါသည်။ (အရေးကိစ္စအဝဝတွင်) အရှင်မြတ်ဘက်တော်သို့သာလျှင် လှည့်ကြပါသည်။ အားလုံးတို့သည်လည်း အရှင်မြတ်ဘက်တော်သို့ ပြန်လှည့်ကြရမည်သာဖြစ်ပါသည်။

အို-အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ကာဖိရ်များ၏ ကျူးကျော်စော်ကားရာ ပြုတော်မမူပါနှင့်၊ ➤➤

عَسَى اللّٰهُ اَنْ يَّجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِيْنَ عَادَيْتُمْ مِّنْهُمْ مَّوَدَّةً ؕ وَاللّٰهُ قَدِيْرٌ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ۝٧

၇။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့် အသင်တို့၏ ရန်ဘက်များဖြစ်ကြသော သူတို့၏အကြား၀ယ် ချစ်ခင်မှုကိုစီမံဖန်တီးပေးတော်မူမည်ဖြစ်တန်ရာ၏၊ [၁] အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာရာကို အကြွင်းမဲ့ စွမ်းနိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။

لَا يَنْهٰىكُمُ اللّٰهُ عَنِ الَّذِيْنَ لَمْ يُقَاتِلُوْكُمْ فِى الدِّيْنِ وَلَمْ يُخْرِجُوْكُمْ مِّنْ دِيَارِكُمْ اَنْ تَبَرُّوْهُمْ وَتُقْسِطُوْٓا اِلَيْهِمْ ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝٨

၈။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို ကျေးဇူးပြုခြင်းမှလည်းကောင်း၊ တရားမျှတစွာ ဆက်ဆံခြင်းမှလည်းကောင်း၊ တားမြစ်တော်မူသည် မဟုတ်ပေ။ ထိုသူတို့သည် အသင်တို့အား "ဒီန်" သာသနာနှင့်စပ်လျဉ်း၍ တိုက်ခိုက်ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့ကြသည်လည်း မဟုတ်ပေ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူတို့အား နှစ်သက် ချစ်တော်မူ၏။

➤➤ ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ အရှင်မြတ်၊ အရှင်မြတ်သည် အလွန်တရာ မြင့်မြတ်သော ဘုန်းတေဇာနှင့် ပြည့်စုံတော်မူသောအရှင်၊ အတိုင်းမသိ သိမ်မွေ့ဘိသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင် အမှန်ပင် ဖြစ်တော်မူပါသည်ဟူ၍ ဆုပန်ကြားခဲ့ကြလေသည်။ ဤကား: အန္တရာယ်ကင်း: ဆုမွန်ပင်။

① အထက်တွင် ရန်သူကာဖိရ်များနှင့် အဆက်ဖြတ်ရမည့်အကြောင်း၊ ယင်းကိစ္စတွင် တမန်တော် အီဗ်ရာဟီမ်နှင့် ၎င်း၏တပည့်သားများ၏ လမ်းစဉ်ကို ဖ၀ါးခြေထပ် လိုက်နာကျင့်သုံးရမည့် အကြောင်းပါရှိ၏။ မွတ်စ်လင်မ်များသည် ယင်းလမ်းစဉ်အရ မိမိတို့၏ အချို့သားချင်းများနှင့် အဆက်ဖြတ်ကြရမည်ဖြစ်ရာ၊ လူ့သဘာ၀အလျောက် ပူပန်ကောင်း ပူပန်ကြမည်ဖြစ်၏။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် မွတ်စ်လင်မ်များအား ကောင်းချီးသတင်း ပေးထားတော်မူ၏။

ဆိုလိုသည်ကား-အလ္လာဟ်အရှင်မြတ်သည် မိမိ၏တန်ခိုးတော်၊ ကရုဏာတော်ဖြင့် ယနေ့ မွက်စ်လင်မ်များနှင့် အကြီးအကျယ် ရန်ငြိုးဖွဲ့ထားကြသော မွတ်စ်လင်မ်တို့၏ အဆိုးရွားဆုံးနှင့် အကြီးဆုံး ရန်သူများကိုပင် မကြာမီအတွင်း မွတ်စ်လင်မ်တို့၏ မိတ်ဆွေများအဖြစ်သို့ ပြောင်းလဲပေးတော်မူနိုင်သည်၊ မွတ်စ်လင်မ် ➤➤

إِنَّمَا يَنْهَىٰكُمُ اللَّهُ عَنِ الَّذِينَ
قَاتَلُوكُمْ فِي الدِّينِ وَأَخْرَجُوكُم
مِّن دِيَارِكُمْ وَظَاهَرُوا عَلَىٰ
إِخْرَاجِكُمْ أَن تَوَلَّوْهُمْ ۚ
وَمَن يَتَوَلَّهُمْ فَأُولَٰئِكَ
هُمُ الظَّالِمُونَ ۝٩

၉။ (စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အကြင်သူတို့ကို အဆွေခင်ပွန်း ပြုလုပ်ခြင်းမှသာ တားမြစ်တော်မူ၏။ ထိုသူတို့သည် "ဒီန်" သာသနာနှင့်စပ်လျဉ်း၍ အသင်တို့ကို တိုက်ခိုက်ခဲ့ကြသည့်ပြင် အသင်တို့အား အသင်တို့၏နေအိမ်များမှ လည်း နှင်ထုတ်ခဲ့ကြ၏။ အသင်တို့ကို နှင်ထုတ်ရေးနှင့်စပ်လျဉ်း၍ (သူတစ်ပါး)တို့အား) ယိုင်းပင်းကူညီခဲ့ကြ၏။ စင်စစ်သော်ကား မည်သူမဆို ၎င်းတို့အား အဆွေခင်ပွန်း ပြုလုပ်သည်ရှိသော် ထိုကဲ့သို့သော သူတို့သည်သာလျှင် *မတရားသောသူများ* ဖြစ်ကြကုန်သတည်း။ [၁]

➤➤ အဖြစ်သို့ပင် ကူးပြောင်းစေတော်မူနိုင်သည်။

မက္ကာမြို့တော်ကို တမန်တော်မြတ် ပြန်လည်သိမ်းပိုက်လိုက်တော်မူသည့်အချိန်တွင် ဤအတိုင်းပင် ဖြစ်ပေါ်လာခဲ့သည် မဟုတ်ပါလော၊ ထိုအချိန်တွင် မက္ကာမြို့သား အားလုံးလိုလိုပင် မွတ်စ်လင်မ် ဖြစ်လာခဲ့ကြပေသည်။ မွတ်စ်လင်မ်တို့အား လက်ရောက်ကျူးကျော်စော်ကား သတ်ဖြတ်နေခဲ့ကြသော ကာဖိရ်များသည် ယခုသော် မွတ်စ်လင်မ်ဖြစ်လာပြီး မွတ်စ်လင်မ်များ၏ မိတ်ဆွေများ ဖြစ်လျက်ရှိကြပြီ၊ မွတ်စ်လင်မ်များအား ကာကွယ်လျက်ရှိကြပြီ၊ မွတ်စ်လင်မ်များအတွက် အသက်ပေးလျက်ရှိကြပြီ။

သို့ဖြစ်ရာ မွတ်စ်လင်မ်များသည် ခေတ္တခဏာ မိမိတို့၏အချို့သားချင်းများနှင့် အဆက်ဖြတ်ကြရမည်ကို တွေးတောကာ ပူပန်မနေကြရာ။

① <u>ရန်ပြုသောကာဖိရ်နှင့် ရန်မပြုသောကာဖိရ် မတူ၊</u>

အချို့ ကာဖိရ်များသည် သာသနာရေးရာများတွင် မွတ်စ်လင်မ်တို့အား အမျိုးမျိုး အနှောင့်အယှက်ပေးခဲ့ကြ၏။ တိုက်ခိုက်ခဲ့ကြ၏။ တိုင်းပြည်မှ နှင်ထုတ်ခဲ့ကြ၏။ မွတ်စ်လင်မ်တို့ကို တိုင်းပြည်မှ နှင်ထုတ်ရန် သူတစ်ပါးတို့အားလည်း အားပေးအားမြှောက် ပြုလုပ်ခဲ့ကြ၏။

ယင်းသို့သော ရန်သူကာဖိရ်များနှင့် မိတ်ဖွဲ့မှုကို အလ္လာဟ်အရှင်မြတ်သည် အတိအလင်း ပိတ်ပင်တားမြစ်တော်မူသည်။ ကြည့်-ကုရ်အာန် (၃း၁၁၇-၁၁၉)

အချို့ ကာဖိရ်များသည် သာသနာရေးရာများနှင့် စပ်လျဉ်း၍ မွတ်စ်လင်မ်တို့အား မည်သို့မျှ အနှောင့်အယှက်မပြုကြ၊ တိုက်ခိုက်ကြသည်လည်း မရှိကြ၊ တိုင်းပြည်မှ နှင်ထုတ်ကြသည်လည်း မဟုတ်ကြ၊

ယင်းသို့သော ကာဖိရ်များကိုမူ မွတ်စ်လင်မ်များသည် အကျိုးပြုကြရပေမည်။ ၎င်းတို့နှင့်ကောင်းမွန်မှုတစ်စွာ ဆက်ဆံကြရပေမည်။ ယင်းသို့ အကျိုးပြုခြင်း၊ တရားမျှတစွာ ဆက်ဆံခြင်းများကို အလ္လာဟ်အရှင်မြတ်သည် တားမြစ်တော်မမူပေ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا جَآءَكُمُ
ٱلْمُؤْمِنَٰتُ مُهَٰجِرَٰتٍ فَٱمْتَحِنُوهُنَّ ۖ
ٱللَّهُ أَعْلَمُ بِإِيمَٰنِهِنَّ ۖ
فَإِنْ عَلِمْتُمُوهُنَّ مُؤْمِنَٰتٍ
فَلَا تَرْجِعُوهُنَّ إِلَى ٱلْكُفَّارِ ۖ
لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّونَ
لَهُنَّ ۖ وَءَاتُوهُم مَّآ أَنفَقُوا۟ ۚ
وَلَا جُنَاحَ عَلَيْكُمْ أَن تَنكِحُوهُنَّ
إِذَآ ءَاتَيْتُمُوهُنَّ أُجُورَهُنَّ ۚ
وَلَا تُمْسِكُوا۟ بِعِصَمِ ٱلْكَوَافِرِ

၁၀။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့ထံ 'မုအ်မင်န်'သက်ဝင်ယုံကြည်သော မိန်းမများသည် ရွှေ့ပြောင်း၍ လာခဲ့ကြသောအခါ အသင်တို့သည် ၎င်းတို့အား စမ်းသပ်စစ်ဆေးကြလေကုန်။ [၁] အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို ကောင်းမွန်စွာ သိရှိတော်မူ၏။

သို့ဖြစ်ရကား အကယ်၍ အသင်တို့သည် ၎င်းတို့ "မုအ်မင်န်" သက်ဝင်ယုံကြည်သော မိန်းမများဖြစ်ကြောင်းကို ကောင်းမွန်စွာ သိရှိခဲ့ကြရသောအခါ အသင်တို့သည် ၎င်းတို့အား "ကာဖိရ်" များထံသို့ ပြန်၍ မပို့ကြကုန်လင့်။ ၎င်းတို့မှာလည်း ထိုကာဖိရ်တို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပေ။ ထို "ကာဖိရ်"များမှာလည်း ၎င်းတို့အဖို့ (ဟလာလ်) တရားဝင်ကြသည် မဟုတ်ပြီ။ သို့ရာတွင် အသင်တို့သည် ထို'ကာဖိရ်'များအား ၎င်းတို့ အကုန်အကျခံခဲ့ကြသည်များကို ပေးဆပ်ကြလေကုန်။

ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ "မဟ်ရ်" ထိမ်းမြားကြေးများကို ပေးဆပ်ကြလျှင် ၎င်းတို့နှင့် နိကာဟ်ထိမ်းမြားခြင်းမှာ အသင်တို့၌ အပြစ်မဟုတ်ပေ။ [၂]

---

① ဆိုလိုသည်ကား-မွတ်စ်လင်မ်များသည် မိမိထံသို့ 'ဒါရုလ်ဟရ်ဗ်'မှ ရွှေ့ပြောင်းလာကြသော မွတ်စ်လင်မ်အမျိုးသမီးများအား ယင်းအမျိုးသမီးများသည် အမှန်တကယ် မွတ်စ်လင်မ် ဖြစ်ကြသည်၊ မဖြစ်ကြသည်၊ အစွမ်းလမ်းအတွက် တိုင်းပြည်မြို့ရွာ စွန့်ခွာကြသည်၊ သို့တည်းမဟုတ် အခြားလောကီရေး ကိစ္စတစ်ခုခုအတွက် သော်လည်းကောင်း၊ မိမိ စိတ်အလိုဆန္ဒ တစ်ခုခုအတွက်ကြောင့် သော်လည်းကောင်း၊ စွန့်ခဲ့ကြသည်များကို စစ်ဆေးမေးမြန်းကြရပေမည်၊ စမ်းသပ်ကြည့်ကြရပေမည်။

အချို့(ရိဝါယတ်)ကျမ်းချက်များအရ ယင်းသို့သော အမျိုးသမီးများအား သာဝကကြီး အုမရ်သခင်သည် စစ်ဆေးမေးမြန်းလေ့ရှိခဲ့ပေသည်။ တမန်တော်မြတ်၏ ကိုယ်စား 'ဗိုင်အတ်' ယူလေ့ရှိခဲ့ပေသည်။ တစ်ခါတစ်ရံ တမန်တော်မြတ်ကိုယ်တော်တိုင် 'ဗိုင်အတ်' ယူတော်မူလေ့ရှိခဲ့ပေသည်။

وَسْـَٔلُوْا مَآ اَنْفَقْتُمْ وَلْيَسْـَٔلُوْا مَآ اَنْفَقُوْا ۭ ذٰلِكُمْ حُكْمُ اللّٰهِ ۭ يَحْكُمُ بَيْنَكُمْ ۭ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ⑩

ထိုပြင် အသင်တို့သည် 'ကာဖိရ်' မိန်းမများ၏ ဂုဏ်အသရေကို သိမ်းပိုက်၍မထားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည်လည်း မိမိတို့ အကုန်အကျခံခဲ့ကြသည်များကို ('ကာဖိရ်'များထံမှ) တောင်း၍ ယူကြလေကုန်။ ၎င်းတို့သည်လည်း မိမိတို့ ကုန်ကျခဲ့သည်များကို (အသင်တို့ထံမှ) တောင်း၍ ယူကြရပေမည်။ ၁

ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်ပင်။ ထိုအရှင်မြတ်သည် အသင်တို့၏ အကြားဝယ် စီရင် ပြဋ္ဌာန်းတော်မူ၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

---

⑨ ဆိုလိုသည်ကား ဇနီးမောင်နှံ နှစ်ဦးအနက် တစ်ဦးက မွတ်စ်လင်မ်ဖြစ်၍ အခြားတစ်ဦးက ကာဖိရ်ဖြစ်နေသော်၊ ထို့နောက် တစ်ဦးက 'ဒါရုလ်အစ္စလာမ်'တွင် နေထိုင်၍တစ်ဦးက 'ဒါရုလ်ဟရ်ဗ်' တွင် နေထိုင်ပါသော် ထိုဇနီးမောင်နှံနှစ်ဦး၏ လင်ခန်းမယားခန်းသည် ရပ်တည်မနေ၊ ပြတ်စဲ၍ သွားပေသည်။

သို့ဖြစ်ရာ အကယ်၍ ကာဖိရ်တစ်ယောက်၏ ဇနီးမိန်းမတစ်ဦးသည် မွတ်စ်လင်မ်ဖြစ်၍ ဒါရုလ်အစ္စလာမ်သို့ ရွှေ့ပြောင်းလာသော် ထိုဇနီးမောင်နှံ၏ လင်ခန်းမယားခန်းသည် ပြတ်စဲသွားသည်။ သို့ပြတ်စဲသွားပြီးဖြစ်ရာ အကယ်၍ မွတ်စ်လင်မ်တစ်ဦးသည် ထိုအမျိုးသမီးနှင့် ထိမ်းမြားလိုပါက အဆိုပါအမျိုးသမီးအား ၎င်း၏ယခင် ခင်ပွန်းဖြစ်ခဲ့သူ ကာဖိရ် ယောကျ်ားက 'မဟာရ်' ထိမ်းမြားကြေးအဖြစ်ပေးခဲ့သော ထိမ်းမြားကြေးကို အဆိုပါအမျိုးသမီးနှင့် ယခုထိမ်းမြားမည့် မွတ်စ်လင်မ်က ယခင် ကာဖိရ် ယောကျ်ားသို့ ပေးအပ်ရမည်။ ထို့နောက် အဆိုပါ အမျိုးသမီးနှင့် ထိမ်းမြားရာတွင် သတ်မှတ်သော မဟရ် ထိမ်းမြားကြေးကိုလည်း သီးသန့် ပေးရဦးမည်ပင်ဖြစ်သည်။ ထို့နောက်သော်မှ ထိမ်းမြားနိုင်ပေသည်။

⑩ ဆိုလိုသည်ကား မွတ်စ်လင်မ်တစ်ဦး၏ ဇနီးမိန်းမတစ်ယောက်သည် ကာဖိရ်ဖြစ်နေလျှင် အဆိုပါ မွတ်စ်လင်မ် ယောကျ်ားသည် အဆိုပါ မိမိ၏ဇနီးအား စွန့်လွှတ်လိုက်ရပေမည်။ ထို့နောက် ကာဖိရ် တစ်ဦးတစ်ယောက်သည် အဆိုပါ အမျိုးသမီးနှင့် ထိမ်းမြားလိုပါက အဆိုပါ အမျိုးသမီး၏ ယခင် ခင်ပွန်းသည်ဖြစ်ခဲ့ဖူးသူ မွတ်စ်လင်မ် ယောကျ်ားက အဆိုပါ အမျိုးသမီးအား 'မဟာရ်' ထိမ်းမြားကြေးအဖြစ် ပေးခဲ့သော ထိမ်းမြားကြေးကို အဆိုပါ အမျိုးသမီးနှင့် ယခုထိမ်းမြားလိုသော ကာဖိရ်ယောကျ်ားက အဆိုပါ မွတ်စ်လင်မ်ထံသို့ ပေးအပ်ရမည်။ ဤသို့ဖြင့် ကုရ်အာန်သည် အုပ်စုနှစ်ခုစလုံး၌ မိမိတို့၏ အခွင့်အရေးများကို တောင်းဆိုပိုင်ခွင့် ပြုထားသည်။

အပြန်အလှန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း အမိန့်တော်ကျရောက်လာသည့်အခါ မွတ်စ်လင်မ် ➤➤

وَإِنْ فَاتَكُمْ شَيْءٌ مِّنْ أَزْوَاجِكُمْ إِلَى الْكُفَّارِ فَعَاقَبْتُمْ فَآتُوا الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا ۚ وَاتَّقُوا اللَّهَ الَّذِي أَنتُم بِهِ مُؤْمِنُونَ ﴿١١﴾

၁၁။ သို့ရာတွင် အကယ်၍ အသင်တို့၏ ဇနီးမိန်းမတို့အနက် တစ်စုံတစ်ယောက်သည် 'ကာဖိရ်' များထံသို့ ထွက်သွားခဲ့ပြီးနောက် အသင်တို့အလှည့် ရောက်ခဲ့ပါလျှင် (အသင်တို့သည် လက်ရပစ္စည်းရရှိခဲ့ကြလျှင်) ဇနီးမိန်းမများ ထွက်သွားခဲ့ကြသောသူတို့အား ၎င်းတို့အကုန်အကျခံခဲ့ကြသည့် ('မဟ်ရ်' ထိမ်းမြားကြေး)နှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြလေကုန်။ [၁] ထိုမှတစ်ပါး အသင်တို့ သက်ဝင် ယုံကြည်ကြကုန်သော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။

➢➢ များသည် မိမိတို့၌ပေးရန်ရှိက မိမိတို့က ပေးရန်လည်းအသင့်၊ မိမိတို့က ရယူရန်ရှိက လက်ခံယူရန်လည်း အသင့် ဖြစ်သွားခဲ့ကြပေသည်။ သို့ရာတွင် ကာဖိရ်များသည် ၎င်းတို့၌ ပေးရန်တာဝန်ရှိသည်ကိုပေးရန်၊ လက်မခံခဲ့ကြပေ။ ထိုအခါ ရှေ့ရှိအာယတ်တော် ကျရောက်လာခဲ့ပေသည်။ ကြည့်- အွတ်ဆ်မာနီ။

① ဆိုလိုသည်ကား - မွတ်စ်လင်မ်ယောကျ်ားတစ်ဦး၏ ကာဖိရ်ဇနီး မိန်းမတစ်ဦးသည် ဒါရလ်ဟရ်ဗ်တွင် နေရစ်ခဲ့အံ့၊ ယင်းကာဖိရ် အမျိုးသမီးနှင့် ကာဖိရ်တစ်ဦးတစ်ယောက်က ထိမ်းမြားအံ့၊ ယင်းကာဖိရ်ယောကျ်ားက အဆိုပါ ကာဖိရ် အမျိုးသမီး၏ ပထမခင်ပွန်းသည်ဖြစ်သူ မွတ်စ်လင်မ်ယောကျ်ားအား ၎င်းကုန်ကျထားခဲ့သည့် မဟာရ်ထိမ်းမြားကြေးကို ပြန်လည် မပေးအံ့။

ထို့အတူ အကြင်ကာဖိရ်တစ်ယောက်၏ ဇနီးမိန်းမသည် မွတ်စ်လင်မ်ဖြစ်၍ ဒါရလ်အစ္စလာမ်သို့ ရောက်ရှိလာအံ့၊ အဆိုပါ မွတ်စ်လင်မ် အမျိုးသမီးနှင့် မွတ်စ်လင်မ်တစ်ဦးက ထိမ်းမြားအံ့။ သို့ဖြစ်လျှင် မွတ်စ်လင်မ်အမျိုးသမီးနှင့် ထိမ်းမြားသော မွတ်စ်လင်မ်ယောကျ်ားသည် မိမိ၏ဇနီးနှင့်ပတ်သက်၍ ပေးဆပ်ရန်ရှိသော ထိမ်းမြားကြေးကို သက်ဆိုင်ရာ ကာဖိရ်ယောကျ်ားအား မပေးဘဲ၊ မိမိ၏ကာဖိရ်ဇနီးနှင့်ပတ်သက်၍ အခွင့်အရေးဆုံးရှုံးနေရသော မွတ်စ်လင်မ်ယောကျ်ားအား ၎င်းကုန်ကျထားခဲ့သည်နှင့်အမျှ လွှဲပြောင်းပေးရမည်။

အကယ်၍ အဆိုပါ မွတ်စ်လင်မ် ယောကျ်ားအား လွှဲပြောင်းပေးပြီးသည့်နောက်တွင်လည်း ထိမ်းမြားကြေး တစ်စုံတစ်ရာ ကျန်ရှိနေပါက ကျန်ရှိနေသော ထိမ်းမြားကြေးကိုမူ သက်ဆိုင်သူထံသို့ ပြန်လည်ပေးရမည်။

အချို့ အာလင်မ်ပညာရှင်များက ဖွင့်ဆိုရေးသားကြသည်မှာ အကယ်၍ မွတ်စ်လင်မ်တစ်ဦးသည် ကာဖိရ်တစ်ဦးတစ်ယောက်အား ၎င်းကုန်ကျထားခဲ့သော ထိမ်းမြားကြေးကို ပေးဆပ်ရန် မစွမ်းဆောင်နိုင်ပါက 'ဗိုင်တုလ်မာလ်' ခေါ် အစ္စလာမ်အစိုးရ၏ ဘဏ္ဍာတော်တိုက်မှပင် စိုက်ထုတ်ပေးရမည်ဟူ၏။ အစ္စလာမ်၏ တရားမျှတမှုကား အံ့မဆုံးပါဘိတကား။

يَٰٓأَيُّهَا ٱلنَّبِيُّ إِذَا جَآءَكَ ٱلْمُؤْمِنَٰتُ
يُبَايِعْنَكَ عَلَىٰٓ أَن لَّا يُشْرِكْنَ
بِٱللَّهِ شَيْـًٔا وَلَا يَسْرِقْنَ
وَلَا يَزْنِينَ وَلَا يَقْتُلْنَ
أَوْلَٰدَهُنَّ وَلَا يَأْتِينَ بِبُهْتَٰنٍ
يَفْتَرِينَهُۥ بَيْنَ أَيْدِيهِنَّ
وَأَرْجُلِهِنَّ وَلَا يَعْصِينَكَ
فِى مَعْرُوفٍ فَبَايِعْهُنَّ
وَٱسْتَغْفِرْ لَهُنَّ ٱللَّهَ إِنَّ ٱللَّهَ
غَفُورٌ رَّحِيمٌ ﴿١٢﴾

၁၂။ အို-နဗီတမန်တော်၊ "မုအ်မင်နဲ်" သက်ဝင်ယုံကြည်ကြသော မိန်းမများသည် အသင့်ထံလာ၍ မိမိတို့မှာ မည်သည့် တစ်စုံတစ်ရာကိုမျှပင် အလျှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်) ကြမည် မဟုတ်ပါ ဟူ၍လည်းကောင်း၊ ခိုးဝှက်မှုကိုလည်း ကျူးလွန်ကြမည်မဟုတ်ပါ ဟူ၍လည်းကောင်း၊ သူတစ်ပါး၏ ဇနီးမယားအား ပြစ်မှားသော အမှုကိုလည်းကျူးလွန်ကြမည်မဟုတ်ပါဟူ၍လည်းကောင်း။ မိမိတို့၏ သားသမီးများကိုလည်း သတ်ဖြတ်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ မိမိတို့၏ လက်များနှင့် ခြေများ၏အကြားဌ်၌ မုသား တစ်စုံတစ်ရာကိုလည်း လိဆယ်ဖန်တီးကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ ကောင်းမြတ်သော အမှုကိစ္စတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏အမိန့်ကိုလည်း ဖီဆန်ကြမည်မဟုတ်ပါဟူ၍ လည်းကောင်း၊ "ဗိုင်အတ်" ပြုကြသောအခါ အသင်သည် ၎င်းတို့အား ဗိုင်အတ် ပြုပါလေ။

ထိုမှတစ်ပါး အသင်သည် အလျှာဟ်အရှင်မြတ်အထံတော်၌ ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားပါလေ။ မလွဲဧကန် အလျှာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။ [၁]

---

① **တမန်တော်မြတ်ထံ၌ မွတ်စ်လင်မ် အမျိုးသမီးများ 'ဗိုင်အတ်' ပြုခဲ့ခြင်း။**

အဏက်တွင် ကုရ်အာန်ကျမ်းမြတ် (၆၀း၁၀) တွင် ဒါရုလ်အစ္စလာမ်သို့ ရွှေ့ပြောင်းလာကြသော မွတ်စ်လင်မ် အမျိုးသမီးများအား စစ်ဆေးမေးမြန်းရမည့် အကြောင်းပါရှိ၏။

ဤအာယတ်တော်တွင် ယင်းမွတ်စ်လင်မ် အမျိုးသမီးများအား စစ်ဆေးမေးမြန်းမှုမှာ အခြားမဟုတ်၊ ၎င်းတို့သည် ဤအာယတ်တော်တွင်လာရှိသော အမိန့်တော်များကို ကြည်ဖြူစွာနာခံခြင်းပင်ဖြစ်၏။ ဆိုလိုသည်ကား ဒါရုလ် အစ္စလာမ်သို့ ရွှေ့ပြောင်းလာကြသော မွတ်စ်လင်မ်အမျိုးသမီးများသည် ဤအာယတ်တော်လာ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَتَوَلَّوْاْ قَوْمًا غَضِبَ ٱللَّهُ عَلَيْهِمْ قَدْ يَئِسُواْ مِنَ ٱلْءَاخِرَةِ كَمَا يَئِسَ ٱلْكُفَّارُ مِنْ أَصْحَٰبِ ٱلْقُبُورِ ﴿١٣﴾

၁၃။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော် ကျရောက်ခဲ့သောလူမျိုးကို အဆွေခင်ပွန်း မပြုလုပ်ကြကုန်လင့်။ [၁] ဧကန်စင်စစ် ၎င်းတို့မှာ သချိုင်းများအတွင်း၌ ရှိကြကုန်သောသူတို့နည်းတူ "အာခိရတ်" တမလွန်ဘဝ၏ (အကျိုးကျေးဇူး)များကို မျှော်လင့်ချက် ကင်းလျက် ရှိကြကုန်သတည်း။

တစ်နည်း

ဧကန်စင်စစ် ၎င်းတို့မှာမူကား သချိုင်းများအတွင်းဝယ် ရှိသူတို့ထံမှ (အကျိုးကျေးဇူး)များကို မျှော်လင့်ချက် ကင်းကြသကဲ့သို့ပင် "အာခိရတ်" တမလွန်ဘဝ(၏) အကျိုးကျေးဇူး)များကိုလည်း မျှော်လင့်ချက် ကင်းလျက် ရှိကြကုန်သတည်း။

➤➤ အမိန့်တော်မြတ်များကို ကြည်ဖြူစွာ နာခံကြပါက ၎င်းတို့၏ 'အီမာန်' ယုံကြည်မှုကို အတည်ပြုကြရမည်ဟူ၏။

ဤအာယတ်တော်သည် ဗိုင်အတ်ဆိုင်ရာ အာယတ်တော်ဟူ၍ မည်တွင်သည်။ မွတ်စ်လင်မ် အမျိုးသမီးများသည် တမန်တော်မြတ်ထံလာရောက်၍ ဤအာယတ်တော်တွင် ပါရှိသည့်အတိုင်း ဗိုင်အတ်ပြုလေ့ရှိခဲ့သည်။ (သစ္စာအဓိဋ္ဌာန် ဆိုလေ့ရှိခဲ့ကြသည်)။ တမန်တော်မြတ်သည် မိမိထံ အမျိုးသမီးများ လာရောက်ဗိုင်အတ်ပြုကြရာတွင် လက်ဆက်တော်မူလေ့ အလျင်းမရှိခဲ့ပေ။ ကြည့်-အွတ်ဆ်မာနီ။

① ဤကဏ္ဍ၏ အစတွင် ရန်သူကာဖိရ်များနှင့် မိတ်ဆွေမဖွဲ့ရမည့်အကြောင်း ပါရှိ၏။ ယင်းသည့်အကြောင်းကိုပင် လေးနက်စေသည်ထက် လေးနက်စေရန် အလို့ငှာ ဤကဏ္ဍ၏ အဆုံးတွင် ပြန်လည် သတိပေးထားတော်မူသည်။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်၏ အမျက်တော်စူးရှခြင်းခံခဲ့ရသောသူများနှင့် အကျွမ်းတဝင် မိတ်ဖွဲ့ခြင်းမှာ မွတ်စ်လင်မ်များအဖို့ လားလားမျှ မအပ်စပ်ပေ။ အလ္လာဟ်အရှင်မြတ် အမျက်ထားတော်မူသောသူများအပေါ်၌ မွတ်စ်လင်မ်များသည်လည်း အမျက်ထားကြရမည်ပင်။

(တန်းစီ)အစီအတန်းများကဏ္ဍ



ဤကဏ္ဍသည် 'ဆွဖ်' တန်းစီ ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၄)ပါးနှင့် ရုကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

سَبَّحَ لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ①

၁။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုလျက်ရှိကြကုန်၏။ အမှန်သော်ကား ထိုအရှင်မြတ်သည် အလွန်တရာ ခန့်ညားတော်မူသောအရှင်၊ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။ [၁]

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لِمَ تَقُوْلُوْنَ مَا لَا تَفْعَلُوْنَ ②

၂။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့ မပြုလုပ်ကြသောကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုကြသနည်း။

---

① အလ္လာဟ်အရှင်မြတ်သည် ကြီးကဲ့ဆုံးသော တန်ခိုးတော်၊ သိမြင်နိုင်ဆုံးသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏။ ထို့အတွက်ကြောင့်ပင် မိုး၊ မြေနှင့်တကွ စကြာဝဠာအဝန်း၌ ရှိရှိသမျှသော အရာခပ်သိမ်းကုန်တို့သည် ထိုအရှင်မြတ်အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဂုဏ်တော်မွမ်းလျက် ရှိကြကုန်၏။

အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော တန်ခိုးတော်၊ ဉာဏ်တော်များနှင့်ပြည့်စုံတော်မူသည်ဖြစ်ရာ ထိုအရှင်မြတ်၏အမိန့်တော်များကို ဦးလည်မသုဉ် နာခံကြရမည်သာဖြစ်သည်။ ထိုအရှင်မြတ်၏ အမိန့်တော်များတွင် 'ဂျိဟာဒ်' လည်း အပါအဝင်ဖြစ်သည်။ ရှေ့တွင် ယင်း 'ဂျိဟာဒ်' အကြောင်းကိုပင် မိန့်ဆိုထားတော်မူသည်။ ကြည့် - ထာနဝီ။

كَبُرَ مَقْتًا عِندَ اللَّهِ
أَن تَقُولُوا مَا لَا تَفْعَلُونَ ﴿٣﴾

إِنَّ اللَّهَ يُحِبُّ الَّذِينَ
يُقَاتِلُونَ فِي سَبِيلِهِ صَفًّا
كَأَنَّهُم بُنْيَانٌ مَّرْصُوصٌ ﴿٤﴾

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِ يَا قَوْمِ
لِمَ تُؤْذُونَنِي وَقَد تَّعْلَمُونَ أَنِّي
رَسُولُ اللَّهِ إِلَيْكُمْ ۖ فَلَمَّا زَاغُوا
أَزَاغَ اللَّهُ قُلُوبَهُمْ ۚ وَاللَّهُ لَا يَهْدِي
الْقَوْمَ الْفَاسِقِينَ ﴿٥﴾

၃။ အလ္လာဟ်အရှင်မြတ်အထံတော်တွင် အသင်တို့ မပြုလုပ်ကြသောအမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆို ခြင်းသည် လွန်စွာမုန်းတီးစက်ဆုပ်ဖွယ်ကောင်းလှ၏။ [၃]

၄။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်၏လမ်းတော်၌ စီတန်းလျက် လွန်စွာသိပ်သည်း ခိုင်ခံ့လှစွာသော အဆောက်အအုံကဲ့သို့ပင် (မဆုတ်မနစ်၊ စိတ်ဓာတ် တည်ကြည်ကြံ့ခိုင်စွာ) တိုက်ခိုက်ကြကုန်သောသူတို့အား နှစ်မြို့တော်မူပေသတည်း။

၅။ ၎င်းပြင်၊ ပြန်လည် သတိရရှိကြလေကုန်။ တစ်ရံရောအခါဝယ် (နဗီတမန်တော်) "မူစာ"သည် မိမိ အမျိုးသားတို့အား "အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံ (စေလွှတ်တော်မူခြင်းခံရသော) အလ္လာဟ်အရှင်မြတ်၏ ရာဇလ်တမန်တော် မုချအမှန် ဖြစ်ကြောင်း ဧကန်မလွဲ အသင်တို့ သိရှိပြီးဖြစ်ကြပါလျက် မည်သည့်အတွက်ကြောင့် အသင်တို့သည် ငါ့အားဒုက္ခပေးကြသနည်း'ဟု ပြောကြားခဲ့လေ၏၊ [၄]

---

① **စကားဆို-တောင်လို မမောက်ရာ။**

ဆိုလိုသည်ကား လူသားသည် စကားပြောရာတွင် မကြွားရာ၊ စကားမထွားရာ၊ စကားကြီး စကားကျယ်မပြောရာ၊ ဟိတ်ဟန်မထုတ်ရာ။ စကားတစ်ခွန်းကို နှုတ်မှဖွင့်ဟပြောဆိုလိုက်ခြင်းမှာ လွယ်ကူလှ၏။ သို့ရာတွင် ပြောဆိုလိုက်သည့်အတိုင်း လက်တွေ့လိုက်နာ ဆောင်ရွက်ခြင်းမှာကား မလွယ်ကူလှပေ။ စကားကြီး စကားကျယ် ပြောဆိုပြီး မိမိကိုယ်တိုင် လက်တွေ့ လိုက်နာဆောင်ရွက်ခြင်း မရှိသူများကို အလ္လာဟ်အရှင်မြတ်သည် အလွန်စက်ဆုပ် ရွံ့မုန်းတော်မူသည်။

တစ်ခါသော် အချို့မွတ်စ်လင်မ်များသည် တစ်နေရာတွင် စုဝေးပြီး အကယ်၍သာ အလ္လာဟ်အရှင်မြတ် အနှစ်မြို့တော်မူဆုံး အလုပ်ကို သိရှိရပါလျှင် ငါတို့သည် ထိုအလုပ်ကို လုပ်ကြမည်သာဖြစ်သည်ဟု ပြောဆိုနေခဲ့ကြ၏။ ထိုအခါ ဤအာယတ်တော်များ ကျရောက်လာခဲ့ပေသည်။

ဆိုလိုသည်ကား စကားကို စဉ်းစားဆင်ခြင်၍ ပြောဆိုကြရမည်၊ မိမိတို့ကိုယ်တိုင် လက်တွေ့ မဆောင်ရွက်နိုင်သော ကိစ္စများကို မပြောကြရာ၊ ဤသည် အရှင်မြတ်ထံတော်မှာ အလွန်တရာ မနှစ်မြို့ဖွယ်ရာ ဖြစ်သည်။

وَإِذْ قَالَ عِيسَى ابْنُ مَرْيَمَ يَا بَنِي
إِسْرَائِيلَ إِنِّي رَسُولُ اللَّهِ إِلَيْكُمْ
مُصَدِّقًا لِمَا بَيْنَ يَدَيَّ مِنَ
التَّوْرَاةِ وَمُبَشِّرًا بِرَسُولٍ يَأْتِي
مِنْ بَعْدِي اسْمُهُ أَحْمَدُ فَلَمَّا

သို့ပါလျက် ၎င်းတို့သည် လွဲချော်မှောက်မှား ခဲ့ကြသောအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နလုံးကို လွဲချော် မှောက်မှားစေတော်မူခဲ့၏။ အမှန်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောလူမျိုးအား လမ်းမှန်သို့ရောက်စေတော်မူသည် မဟုတ်ပေ။

၆။ ထိုမှတစ်ပါး ပြန်လည် သတိရရှိကြလေကုန်။ အခါတစ်ပါး၌ 'မရ်ယမ်'၏သားတော် နဗီတမန်တော် 'အီစာ' သည် (ဤသို့)ပြောကြားခဲ့လေ၏။

အို-အစ္စရာအီလီ မျိုးနွယ်ဝင် အပေါင်းတို့။ ဧကန်မလွဲ ငါသည် မိမိအလျင်ရှိနေသော တောင်ရာတ် (ကျမ်းဂန်)ကို ဟုတ်မှန်ကြောင်း ထောက်ခံအတည်ပြုသူအဖြစ်လည်းကောင်း၊ ငါ၏နောက်တွင် 'အဟ်မဒ်'

Ⓙ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်)၏ အမျိုးသားများသည် တမန်တော်မူစာ၏ ထင်ရှားသော တန်ခိုးများကို တွေ့မြင်၍ တမန်တော်မူစာမှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော် အစစ်အမှန်ဖြစ်သည်ကို ကောင်းစွာယုံကြည်ခဲ့ကြ၏။ သို့ပါသော်လည်း တမန်တော်မူစာ၏ အမျိုးသားများသည် သိဆိုး ဆိုးနေခဲ့ကြ၏။

'အသိခေါက်လျက် အဝင်နက်' ဆိုသကဲ့သို့ပင် သိလျက်နှင့်မိုက်နေခဲ့ကြ၏။ တမန်တော်မူစာအား အမျိုးမျိုး စိတ်ဆင်းရဲစေခဲ့ကြ၏။ မိမိ၏ ကောင်းကျိုးကို လိုလား၍ သွန်သင်ဆုံးမသော သာမန်မိတ်ဆွေ၊ ဆရာရှေ့ဆောင်တစ်ဦးအားပင် စိတ်ဆင်းရဲရအောင် မပြုအပ်ပေရာ၊ အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးအား မူကား အသို့လျှင် ပြုအပ်ပါမည်နည်း။

တမန်တော်မူစာ၏ အမျိုးသားများသည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ကိုးကွယ်ကြရမည်ကိုသိပါလျက် နွားငယ်ကို ကိုးကွယ်ခဲ့ကြ၏။ 'အမာလိက်'များနှင့် စစ်ထိုးရန် အမိန့်တော် ကျရောက်လာသည့်အခါ 'အသင်နှင့်အသင်၏ အရှင်သွား၍တိုက်ကြ၊ ကျွန်ုပ်တို့သည် ဤတွင်ထိုင်နေကြမည်'ဟူ၍ပင် ပြောဆိုခဲ့ကြ၏။

ယင်းသို့သော စကားများဖြင့် တမန်တော်မူစာသည် လွန်စွာ စိတ်ဆင်းရဲတော်မူခဲ့ရရှာပေသည်။

နောက်ဆုံးတွင် တမန်တော်မူစာသည် မိမိ၏အမျိုးသားများအား မည်သို့မျှ တရားချ၍မရသည့်အဆုံး၌ မိမိ၏အမျိုးသားများဘက်မှ မျှော်လင့်ချက်ကုန်ဆုံးကာ၊ အလ္လာဟ်အရှင်မြတ်အထံတော်၌ 'အို-အရှင်မြတ်၊ ကျွန်တော်မျိုးသည် မိမိကိုယ်နှင့် မိမိ၏နောင်တော်ကြီးမုတစ်ပါး အခြားမည်သူကိုမျှ မပိုင်ဆိုင်ပါ၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့နှင့် ဤသွေဖည်သော အမျိုးသားများ စပ်ကြားတွင် ခွဲခြားတော်မူပါ'ဟူ၍ ပန်ကြားရှာခဲ့လေသည်။

ကြည့်-ကုရ်အာန် (၅:၂၅)။

جَآءَهُمْ بِالْبَيِّنٰتِ قَالُوْا هٰذَا سِحْرٌ مُّبِيْنٌ ۝٦

ဟူသော အမည်နာမနှင့် ပွင့်အံ့သော ရစ္ဆရ်တမန်တော် တစ်ပါးနှင့်ပတ်သက်၍ သတင်းကောင်း ပြောကြားသူ အဖြစ်လည်းကောင်း၊ အသင်တို့ထံ (စေလွှတ်တော်မူခြင်းခံရသော) *အလ္လာဟ်အရှင်မြတ်၏* ရစ္ဆရ်တမန်တော် ဖြစ်၏။ [၁]

သို့တစေလည်း ထို(နဗီတမန်တော်)သည် သက်သေ လက္ခဏာတော်များနှင့်တကွ ၎င်းတို့ထံ ရောက်ရှိ၍ လာခဲ့သောအခါ ၎င်းတို့က ဤသည် ထင်ရှားစွာသော ပဋ္ဌလက်အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသတည်း။

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ الْكَذِبَ وَهُوَ يُدْعٰٓى اِلَى الْاِسْلَامِ ۭ وَاللّٰهُ لَا يَهْدِي الْقَوْمَ الظّٰلِمِيْنَ ۝٧

၇။ အမှန်စင်စစ်သော်ကား မိမိကိုယ်တိုင် အစွမ်းလာမ်သာသနာတော်သို့ ဖိတ်ခေါ်ခြင်း ခံရသည်ဖြစ်ပါလျက် အလ္လာဟ်အရှင်မြတ်အပေါ်ဝယ် မုသားကို လိဆယ် စွပ်စွဲသောသူထက် ပိုမို၍မတရားသောသူကား အသူရိအံ့နည်း။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် မတရားသော လူမျိုးတို့အား တရားလမ်းမှန်သို့ ရောက်စေတော်မူသည် မဟုတ်ပြီ။ [၂]

---

① ဆိုလိုသည်ကား ပွင့်လေသမျှသော တမန်တော်များသည် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစ္လမ်) ပွင့်တော်မူမည့်အကြောင်းကို အသီးသီးကြိုတင်ဟောကြားတော်မူခဲ့ကြသည်သာဖြစ်သည်။ ယင်းသည့် တမန်တော်များတွင် တမန်တော် အီစာ(အလိုင်ဟစ္စလာမ်)သည် တမန်တော်မြတ် ပွင့်တော်မူမည့်အကြောင်းကို အမည်နာမနှင့်တကွ အတိအကျ ပွင့်လင်းစွာ ကြိုတင် ဟောကြားတော်မူခဲ့ပေသည်။

ယင်းသို့ ဟောကြားတော်မူခဲ့ခြင်းမှာ တမန်တော်အီစာနှင့် တမန်တော်မြတ်၏ခေတ်မှာ နီးကပ်လျက်ရှိသည်ကတစ်ကြောင်း၊ တမန်တော်အီစာ၏ နောက်တွင် နောက်ဆုံးစွန် ပွင့်တော်မူမည့် တမန်တော်မြတ်မှတစ်ပါး အခြားတမန်တော်တစ်ပါးမျှ ပွင့်ရန်မရှိသည်ကတစ်ကြောင်း တို့ကြောင့်ပင် ဖြစ်တန်ရာသည်။

ယနေ့ ကျွန်ုပ်တို့လက်ဝယ်ရှိ 'တောင်ရာတ်၊ အင်ဂျီလ်' ကျမ်းများသည် မူရင်းအတိုင်း မဟုတ်ပြီ။ သက်ဆိုင်ရာပုဂ္ဂိုလ်များကလည်း ဝန်ခံထားကြပြီးဖြစ်သည်။ ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းမြတ်တွင် အတိအလင်း ထုတ်ဖော်မိန့်ကြားထားတော်မူသည့် အကြောင်းတစ်ရပ်ကို မူရင်းအတိုင်း မဟုတ်တော့သည့် တောင်ရာတ်၊ အင်ဂျီလ်ကျမ်းများတွင် မတွေ့ရသည့်အတွက် မည်သူ၌မျှ ငြင်းပယ်ပိုင်ခွင့်မရှိပေ။ သို့ပင်တစေ ဤသည်လည်း တမန်တော်မြတ်၏ တန်ခိုးတစ်ပါးပင်။

يُرِيدُونَ لِيُطْفِـُٔوا۟ نُورَ ٱللَّهِ بِأَفْوَٰهِهِمْ وَٱللَّهُ مُتِمُّ نُورِهِۦ وَلَوْ كَرِهَ ٱلْكَٰفِرُونَ ﴿٨﴾

၈။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်ကို မိမိတို့၏ ပါးစပ်ဖြင့် ငြိမ်းသတ်လိုကြကုန်၏။ သို့ရာတွင် ကာဖိရ် သွေဖည်ငြင်းပယ်သောသူများ မနှစ်မြို့ကြငြားသော်လည်း အလ္လာဟ်အရှင်မြတ်မှာ မူကား မိမိရောင်ခြည်ကို ပြည့်ဝစုံလင်အောင် ပြုတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၁]

هُوَ ٱلَّذِىٓ أَرْسَلَ رَسُولَهُۥ بِٱلْهُدَىٰ وَدِينِ ٱلْحَقِّ لِيُظْهِرَهُۥ عَلَى ٱلدِّينِ كُلِّهِۦ وَلَوْ كَرِهَ ٱلْمُشْرِكُونَ ﴿٩﴾

၉။ ထို အရှင်မြတ်သည် အကြင် အရှင်မြတ်ပင် ဖြစ်တော်မူ၏။ မုရှ်ရစ်က်တို့သည် မနှစ်မြို့ကြငြားသော်လည်း ထိုအရှင်မြတ်သည် မိမိ ရဿူလ်တမန်တော်အား တရားလမ်းညွှန်နှင့်တကွလည်းကောင်း၊ ဘာသာသာသနာ အလုံးစုံတို့ထက်ဝယ် လွှမ်းမိုးစေတော်မူအံ့သောငှာ မှန်ကန်သော 'ဒီန်'သာသနာတော်နှင့်တကွလည်းကောင်း၊ (ယင်း မှန်ကန်သော သာသနာကို) စေလွှတ်တော်မူခဲ့ပေသတည်း။

---

(၂) အကြင်သူတစ်ဦးသည် အစွမ်လာမ်ဘက်သို့ ဖိတ်ခေါ်ခြင်း ခံနေရပါလျက် အလ္လာဟ်အရှင်မြတ်အားပင် မဟုတ်မမှန် လုပ်ကြံဖိုးစွပ်ပြောဆို၏။ ကိုးကွယ်ရာအရှင်ကို လူသား၊ လူသားကို ကိုးကွယ်ရာအရှင် ပြုလုပ်၏။ အမှန်တရားကို ဖုံးကွယ်ထား၏။ မမှန်သော အကြောင်းများပြ၍ တမန်တော်မြတ်အား သွေဖည်၏။ ကောင်းကင်ကျကျမ်းဂန်များတွင် မိမိ၏ စိတ်အာသာဆန္ဒအတိုင်း နတ်ပယ်၏။ ဖြည့်သွင်း၏။ ရှိသည်ကို မရှိ၊ မရှိသည်ကို အရှိလုပ်၏။ အမျိုးမျိုး ကပြောင်းကပြန် ပြုလုပ်၏။ ထိုသို့သောသူထက် သစ္စာမဲ့သူ၊ ဖောက်ပြန်သူ၊ မတရားသူ၊ ကျူးကျော်စော်ကားသူ အသူရိအံ့နည်း။ ထိုရွေ့ထိုမျှ ကျူးကျော်စော်ကားသူအား အလ္လာဟ်အရှင်မြတ်သည် အသို့လျှင် လမ်းမှန်သို့ အသို့လျှင် ဆောင်တော်မူအံ့နည်း။

(၁) ဆိုလိုသည်ကား ကာဖိရ်၊ မုရှ်ရစ်က်များသည် အလ္လာဟ်အရှင်မြတ်၏ လင်းရောင်ခြည်တည်းဟူသော အစွမ်လာမ်ရောင်ခြည်ကို မိမိတို့၏ နှုတ်များဖြင့် မှုတ်၍ အလွယ်တကူ ငြိမ်းသတ်လိုကြ၏။

တစ်နည်း- မိမိတို့၏နှုတ်များဖြင့် မဟုတ်မမှန် လုပ်ကြံဖြောဆို၍ အစွမ်လာမ်ကို တိုက်ဖျက်လိုကြ၏။ သို့ရာတွင် ၎င်းတို့သည် အဘယ်မျှပင် အစွမ်လာမ်ကို တိုက်ဖျက်လိုကြလင့်ကစား အစွမ်လာမ်၏သူရိယနေမင်းကြီးကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တစ်နေ့တစ်ခြား ပို၍ပို၍သာ လင်းဝင်း တောက်ပလျက်နေမည်သာ။

အလ္လာဟ်အရှင်မြတ်သည် အစွမ်လာမ် လင်းရောင်ခြည်ကို ထာဝစဉ် လင်းဝင်းတောက်ပနေစေတော်မူရန် အလို့ငှာ မည်သို့မည်ပုံ စီစဉ်ထားတော်မူသည့်အကြောင်းကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ هَلْ أَدُلُّكُمْ عَلَىٰ تِجَٰرَةٍ تُنجِيكُم مِّنْ عَذَابٍ أَلِيمٍ ﴿١٠﴾

تُؤْمِنُونَ بِٱللَّهِ وَرَسُولِهِۦ وَتُجَٰهِدُونَ فِى سَبِيلِ ٱللَّهِ بِأَمْوَٰلِكُمْ وَأَنفُسِكُمْ ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿١١﴾

၁၀။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့အား အလွန်တရာ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှ လွတ်မြောက်စေအံ့သော ကူးသန်းရောင်းဝယ် ဖောက်ကားမှုကို ငါအရှင်မြတ်သည် အသင်တို့အား ညွှန်ပြတော်မူရမည်လော။

၁၁။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်အားလည်းကောင်း၊ သက်ဝင်ယုံကြည်ကြရပေမည်။ ၎င်းပြင် အသင်တို့သည် မိမိတို့ ပစ္စည်းဥစ္စာများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ သက်စွန့်ကြိုးပမ်းကြရပေမည်။ ဤသည် အကယ်၍ အသင်တို့ သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့အကောင်းဆုံးပင်ဖြစ်၏။

---

① **နှစ်ဘဝစလုံးတွင် အရှုံးမရှိသည့် ရောင်းဝယ်မှု။**

အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ် လင်းရောင်ခြည်ကို အမြဲထာဝစဉ် လင်းဝင်း တောက်ပနေစေတော်မူမည်သာဖြစ်သည်။ အစ္စလာမ်ဝါဒကို ကမ္ဘာအနှံ့ ပျံ့နှံ့နေစေတော်မူမည်သာဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ အလုပ်ပင်။

မွတ်စ်လင်မ်တို့၏ တာဝန်မှာကား 'အီမာန်' သက်ဝင်ယုံကြည်မှုအပေါ်တွင် တည်မြဲတိုးတက်စွာရပ်တည်ကာ ထိုအရှင်မြတ်၏လမ်းတော်တွင် မိမိတို့၏ဥစ္စာပစ္စည်းကို စွန့်ကြဲ၍လည်းကောင်း၊ အသက်များကို စွန့်လူ၍လည်းကောင်း၊ 'ဂျီဟာဒ်' ပြုလုပ်ကြရပေမည်၊ သက်စွန့်ကြိုးပမ်းကြရပေမည်။ ဤသည် နှစ်ဘဝစလုံးတွင် အရှုံးမရှိသော ရောင်းဝယ်မှုပင်။

လူ့လောကတွင် လူများသည် မိမိနှင့်တကွ မိမိ၏သားသမီးများ၏ စားဝတ်နေရေး အဆင်ပြေရန်၊ ကသိလင်တမဖြစ်စေရန်၊ ဥစ္စာပစ္စည်း အရင်းအနှီး မပျက်စီးစေရန်၊ အမြတ်အစွန်းရရှိရန်နှင့် ဥစ္စာပစ္စည်းတိုးပွားချမ်းသာကြွယ်ဝရန်အတွက် အမျိုးမျိုး အရောင်းအဝယ်ပြုလုပ်ကြသည်၊ အရောင်းအဝယ်ပြုလုပ်ရာတွင် အရင်းအနှီးများကို ထည့်သွင်းကြသည်။

သို့ရာတွင် မွတ်စ်လင်မ်များသည် မိမိတို့၏ ဥစ္စာပစ္စည်းနှင့် အသက်ဇီဝိန်တည်းဟူသော အရင်းအနှီးကို အလွန့်အလွန် မြင့်မြတ်သော ရောင်းဝယ်မှုတွင် ထည့်သွင်းကြပေသည်။ ထိုရောင်းဝယ်မှုသည် ဤမျက်မှောက်ဘဝတွင် ထာဝစဉ်ဆုံးရှုံးရမည့် မဟာအရှုံးကြီး ဖြစ်သည့်အတိုင်း မသိနာကျင်ဖွယ်ဖြစ်ဘိသော ငရဲဒဏ်မှလည်း လွတ်မြောက်စေမည်ဖြစ်သည်။ အမြော်အမြင်ရှိပါက၊ သိတတ်ပါက ဤသည့်အရောင်းအဝယ်သည် လောကီဆိုင်ရာ အရောင်းအဝယ်အားလုံးတို့ထက် သာလွန်ကြီးကဲ မြင့်မြတ်လှပေသည်။ ➤➤

يَغْفِرْ لَكُمْ ذُنُوبَكُمْ وَيُدْخِلْكُمْ جَنَّٰتٍ تَجْرِي مِن تَحْتِهَا الْأَنْهَٰرُ وَمَسَٰكِنَ طَيِّبَةً فِي جَنَّٰتِ عَدْنٍ ۚ ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿١٢﴾

၁၂။ ထိုအရှင်မြတ်သည် အသင်တို့၏ ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်တော်မူပေမည်။ ထို့ပြင် ထိုအရှင်မြတ်သည် အသင်တို့အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ ချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ထိုမှတစ်ပါး (ထိုအရှင်မြတ်သည် အသင်တို့အား) အကြင်နေအိမ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ထိုနေအိမ်များမှာ အမြဲထာဝစဉ် နေထိုင်ရအံ့သောဥယျာဉ်များဝယ် ရှိကြပေမည်။ ထိုသည် ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။

وَأُخْرَىٰ تُحِبُّونَهَا ۖ نَصْرٌ مِّنَ اللَّهِ وَفَتْحٌ قَرِيبٌ ۗ وَبَشِّرِ الْمُؤْمِنِينَ ﴿١٣﴾

၁၃။ ထိုမှတစ်ပါး အသင်တို့ နှစ်သက်ကြကုန်သော အခြား(အကျိုးကျေးဇူး)တစ်ပါးကိုလည်း (ထိုအရှင်မြတ်သည် အသင်တို့အား ချီးမြှင့်တော်မူပေမည်။ ယင်းသည်) အလ္လာဟ်အရှင်မြတ်အထံတော်မှ ကူညီစောင်မမှုပင်၊ နီးကပ်စွာသောအောင်နိုင်မှုပင်။ ၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အား သတင်းကောင်းပြောကြားပါလေ။

يَا أَيُّهَا الَّذِينَ آمَنُوا كُونُوا أَنصَارَ اللَّهِ كَمَا قَالَ عِيسَى ابْنُ مَرْيَمَ لِلْحَوَارِيِّينَ مَنْ أَنصَارِي إِلَى

၁၄။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် 'မရ်ယမ်' ၏သားတော် (နဗီတမန်တော်'အီစာ)က 'ဟဝါရီ'တို့အား ပြောကြားဘိသကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်(၏ 'ဒီန်' သာသနာတော်)ကို ကူညီသူများပင် ဖြစ်ကြလေကုန်။

➤➤ အဘယ်ကြောင့်ဆိုသော် ယင်း၏အမြတ်အစွန်းမှာ လုံးဝလွတ်ငြိမ်းချမ်းသာခွင့်နှင့် ထာဝစဉ်စံစားရမည့် 'ဂျန္နတ်'အမတသုခဘုံပင်ဖြစ်သည်။ ဤသည်ထက် ကြီးကဲမြင့်မြတ်သော အမြတ်အစွန်းသည် အဘယ် အရောင်းအဝယ် ရှိနိုင်အံ့နည်း။ ဤသည်ထက် ကြီးကဲမြင့်မြတ်သော အောင်မြင်မှုသည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။

اللَّهِ ۖ قَالَ الْحَوَارِيُّونَ نَحْنُ
أَنصَارُ اللَّهِ فَآمَنَت طَّائِفَةٌ
مِّن بَنِي إِسْرَائِيلَ وَكَفَرَت
طَّائِفَةٌ ۖ فَأَيَّدْنَا الَّذِينَ
آمَنُوا عَلَىٰ عَدُوِّهِمْ فَأَصْبَحُوا
ظَاهِرِينَ ﴿١٤﴾

(မရ်ယမ်၏သားတော် 'အီစာ' က 'ဟဝါရီ' တို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ငါ့အား မည်သူများကူညီမည်နည်း(ဟု ပြောကြားခဲ့ရာ) 'ဟဝါရီ' တို့က အလ္လာဟ်အရှင်မြတ်(၏ 'ဒီန်'သာသနာတော်)ကို ကျွန်ုပ်တို့ကူညီကြပါမည်ဟု ပြောဆိုခဲ့ကြကုန်၏။ [၁]

ထို့နောက် အစ္စရာအီလီမျိုးနွယ်ဝင်တို့အနက် လူတစ်စုမှာ သက်ဝင်ယုံကြည်ခဲ့ကြ၍ လူတစ်စုမှာ သွေဖည်ငြင်းပယ်ခဲ့ကြလေ၏။ ထိုအခါ ငါအရှင်မြတ်သည် သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့အား ၎င်းတို့၏ ရန်သူများအပေါ်၌ ကူညီစောင်မတော်မူခဲ့ပေရာ ၎င်းတို့မှာ အောင်နိုင်ခဲ့ကြကုန်သတည်း။ [၂]

---

① တမန်တော်အီစာ (အလိုင်ဟစ္စလာမ်) သည် ဆန့်ကျင်သူများနှင့် ရန်သူများ၏ သွေဖည်ဆန့်ကျင်မှုများကို အလူးအလိမ့် ခံနေတော်မူခဲ့ရရှာသည့်အချိန်တွင် မိမိ၏ 'ဟဝါရီ' တပည့်ရင်းများအား 'အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ငါ့အားအသူများ ကူညီမည်နည်း'ဟု မေးမြန်းတော်မူခဲ့ရာ၊ တပည့်ရင်းများက 'ကျွန်တော်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (အသင့်အား) ကူညီပါမည်ဟု' အလိုက်သည်းလိုက် အဖြေပေးခဲ့ကြလေသည်။

② ဆိုလိုသည်ကား တမန်တော်အီစာ၏ တပည့်ရင်းများသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ တမန်တော်အီစာအား ဤမျက်မှောက်ဘဝတွင်လည်း စွမ်းစွမ်းတမံကူညီခဲ့ကြ၏။ တမန်တော်အီစာ၏နောက်တွင်လည်း သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် တမန်တော်အီစာ၏ သာသနာသည် အံ့ဖွယ်သရဲ တိုးပွားပျံ့နှံ့လာခဲ့ပေသည်။ မွတ်စ်လင်မ်များသည်လည်း တမန်တော်အီစာ၏ နောက်လိုက်များကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြရပေမည်။

③ ဆိုလိုသည်ကား အစ္စရာအီလီမျိုးနွယ်တွင် အုပ်စုတစ်စုသည် အီမာန်ယုံကြည်မှုအပေါ်၌ ရပ်တည်နေခဲ့၏။ အုပ်စုတစ်စုသည် သွေဖည်ဖောက်ပြန်သွားခဲ့၏။ တမန်တော်အီစာ၏နောက်တွင် အဆိုပါအုပ်စုနှစ်ခုသည် အချင်းချင်း အငြင်းပွားနေခဲ့ကြ၏။ ခိုက်ရန် ဖြစ်ပွားနေခဲ့ကြ၏။

နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်မှုအပေါ်၌ ရပ်တည်နေခဲ့သောအုပ်စုကို ဖောက်ပြန်သွေဖည်သွားခဲ့သော အုပ်စုအပေါ်၌ လွှမ်းမိုးစေတော်မူခဲ့လေသည်။

ဂျုမုအဟ် သောကြာနေ့ ကဏ္ဍ



ဤကဏ္ဍသည် 'ဂျုမုအဟ်' သောကြာနေ့ ကဏ္ဍ မည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၁)ပါးနှင့် ရုကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ○

يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ الْمَلِكِ الْقُدُّوسِ الْعَزِيزِ الْحَكِيمِ ①

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

၁။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိသမျှတို့သည်လည်းကောင်း၊ စိုးမိုးအုပ်ချုပ်တော်မူသော၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူသော၊ အလွန်တရာ ခန့်ညားတော်မူသော၊ လွန်စွာနူးညံ့သိမ်မွေ့သော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၊ စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုလျက် ရှိကြကုန်၏။ [1]

---

① စကြဝဠာအဝန်း၌ရှိကုန်သော သက်ရှိသက်မဲ့ ခပ်သိမ်းကုန်တို့သည် တန်ခိုးတော်ကြီးမြင့်ခြင်းနှင့်၊ ဉာဏ်တော်မြင့်မြတ်ခြင်းတို့နှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်အား ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ဂုဏ်တော်မွမ်းလျက် ရှိကြကုန်၏။

ထိုအရှင်မြတ်သည် ခပ်သိမ်းကုန်သော တန်ခိုးအာဏာအပေါင်းတို့နှင့် ပြည့်စုံတော်မူသော၊ ချုပ်ချယ်မှုအပေါင်းနှင့် လုံးဝကင်းစင်တော်မူသော ဘုရင်လည်း ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် ချို့တဲ့မှုအပေါင်းနှင့်လည်း လုံးဝစင်ကြယ် သန့်ရှင်းတော်မူ၏။

ခပ်သိမ်းကုန်သော တန်ခိုးအာဏာအပေါင်းတို့သည် ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာရှိ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကို နိုင်နင်းလွှမ်းမိုးတော်မူလျက်ရှိ၏။ ထိုအရှင်မြတ်သည် အလွန်နက်နဲသော၊ အလွန်သိမ်မွေ့သော ကိုးကြောင်းဆင်ခြင်တုံတရားများနှင့်လည်း ပြည့်စုံတော်မူလှဘိ၏။ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များကား အလွန်တရာ ကြီးမြတ်ပေတည်း။

ထိုအရှင်မြတ်၏ ကျေးဇူးတော်များကား အသွေ့ အသန့်ကာတည်း။

ထိုအရှင်မြတ်ကပင် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)အား စေလွှတ်တော်မူခဲ့၏။ ဤသည်လည်း အတိုင်းမသိ ကြီးမားဘိသော ကျေးဇူးတော်တစ်ပါးပင်။ ဤအကြောင်းကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

هُوَ الَّذِي بَعَثَ فِي الْأُمِّيِّينَ رَسُولًا مِّنْهُمْ يَتْلُوا عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُوا مِن قَبْلُ لَفِي ضَلَالٍ مُّبِينٍ ﴿٢﴾

၂။ ထိုအရှင်မြတ်သည်ပင် စာပေ မတတ်သော သူတို့ထဲ ၎င်းတို့အနက်မှပင် ရဿူလ်တမန်တော်တစ်ပါး ကို စေလွှတ်တော်မူခဲ့၏။ ထိုရဿူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအရှင်မြတ်၏အာယတ်တော်များကို ဖတ်ကြားလေ၏။ ထို့ပြင် ၎င်းတို့အား စင်ကြယ် သန့်ရှင်းအောင်ပြုလုပ်လေ၏။ ထိုမှတစ်ပါး ထိုသူတို့ အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်း ကောင်း၊ သင်ကြားပို့ချလေ၏။ စင်စစ်မှာမူကား ၎င်းတို့ သည် ယခင်က ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေခဲ့ကြကုန်၏။

وَآخَرِينَ مِنْهُمْ لَمَّا يَلْحَقُوا بِهِمْ ۚ وَهُوَ الْعَزِيزُ الْحَكِيمُ ﴿٣﴾

၃။ ထိုမှတစ်ပါး (ထိုအရှင်မြတ်သည်) ၎င်းတို့ အနက်မှ ၎င်းတို့နှင့်လာရောက်ပူးပေါင်းခြင်း မရှိကြ သေးသောသူတို့အဖို့လည်း (ထိုရဿူလ်တမန်တော်အား စေလွှတ်တော်မူခဲ့၏)။ စင်စစ်သော်ကား ထိုအရှင်မြတ် သည် လွန်စွာ ခန့်ညားတော်မူသောအရှင်၊ လွန်စွာ နူးညံ့သိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော် မူသော အရှင်မြတ်ပင်။

ذَٰلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاءُ ۚ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ ﴿٤﴾

၄။ ထိုသည်ကား အလ္လာဟ်အရှင်မြတ်၏ ကျေးဇူး တော်ပင်၊ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော် မူ၏။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်သော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

مَثَلُ الَّذِينَ حُمِّلُوا التَّوْرَاةَ ثُمَّ لَمْ يَحْمِلُوهَا كَمَثَلِ الْحِمَارِ

၅။ 'တောင်ရာတ်' ကျမ်းတော်နှင့်စပ်လျဉ်း၍ တာဝန် ပေးခြင်းကို ခံခဲ့ကြရပြီးနောက် ယင်း 'တောင်ရာတ်' ကျမ်းတော်ကို (တာဝန်ကျေပွန်စွာ) ထမ်းဆောင်ခြင်း မရှိခဲ့ကြသောသူတို့၏ဥပမာကား ကျမ်းစာအုပ်များကို

يَحْمِلُ أَسْفَارًا ۚ بِئْسَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِ اللَّهِ ۚ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ۝٥

တင်ဆောင်လျက်ရှိသော မြည်းတိရစ္ဆာန်၏ ဥပမာကဲ့သို့ပင်၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေသောလူမျိုး၏ ဥပမာကား လွန်စွာ ယုတ်ညံ့လှပေ၏။ [၃] စင်စစ် တမူကား အလ္လာဟ်အရှင်မြတ်သည် မတရားသော သူတို့အား လမ်းမှန်သို့ ပို့ပေးတော်မူသည်မဟုတ်ပေ။

قُلْ يَا أَيُّهَا الَّذِينَ هَادُوا إِنْ زَعَمْتُمْ أَنَّكُمْ أَوْلِيَاءُ لِلَّهِ مِنْ دُونِ النَّاسِ فَتَمَنَّوُا الْمَوْتَ إِنْ كُنْتُمْ صَادِقِينَ ۝٦

၆။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ အို-'ရေဝတီ' ဖြစ်ကြသောသူတို့၊ အကယ်၍ အသင်တို့သည် အခြားသူများမပါဘဲ မိမိတို့သည်သာလျှင် အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များ ဖြစ်ကြသည်ဟု ထင်မှတ်ကြလျှင်၊ အကယ်၍ အသင်တို့သည် (ယင်းသို့ ထင်မှတ်ပြောဆိုရာ၌) သစ္စာဝါဒီများဖြစ်ကြလျှင်၊ 'မရဏ' သေခြင်းတရားကို တောင့်တဆန္ဒပြုကြလေကုန်။

---

① အလ္လာဟ်အရှင်မြတ်သည် ယင်းကျမ်းကို တမန်တော်မူစာအပေါ်သို့ ချပေးတော်မူခဲ့၏။ ရေဝတီများအား ထမ်းဆောင်စေတော်မူခဲ့၏။ သို့တစေလည်း ရေဝတီများသည် တောင်ရာတ်ကျမ်းလာ တရားတော်များကို လျစ်လျူပြုထားခဲ့ကြ၏။ မလိုက်နာမကျင့်သုံးခဲ့ကြပေ။ ကောင်းစွာလည်း ထိန်းသိမ်းမထားခဲ့ကြပေ။ ကောင်းစွာမထိန်းသိမ်းခဲ့ကြသည်သာမက ယင်းကျမ်းမြတ်တွင် အမျိုးမျိုး ကပြောင်းကပြန် ပြုလုပ်ခဲ့ကြ၏။

ရေဝတီများသည် တောင်ရာတ်ကျမ်းကို ထိန်းသိမ်းရန် တာဝန်ပေးတော်မူခြင်း ခံခဲ့ကြရသည်ကား မှန်၏။ သို့သော်လည်း ၎င်းတို့သည် ယင်းကျမ်းဖြင့် မည်သို့မျှ အကျိုးမခံစားခဲ့ကြပေ။ သို့ဖြစ်ရာ ၎င်းတို့သည် အလွန်အဖိုးတန်သော ကျမ်းများကို မိမိ၏ကျောကုန်းပေါ်၌ တင်ဆောင်သွားနေသော မြည်းတိရစ္ဆာန်ပမာ ဖြစ်နေခဲ့ကြ၏။

မြည်းတိရစ္ဆာန်တစ်ကောင်အပေါ်၌ အလွန်အဖိုးထိုက်တန်သော ကျမ်းများကို တင်ဆောင်ထားသော်လည်း၊ ယင်းမြည်းတိရစ္ဆာန်အဖို့မှာကား အဆိုပါကျမ်းများ၏ အလေးချိန်အောက်တွင် ပိနေရသည်မှတပါး အခြားမည်သို့မျှ အကျိုးခံစားနိုင်မည်မဟုတ်ပေ။ မြည်း၏ကျောကုန်းပေါ်၌ အလွန်အဖိုးထိုက်တန်သော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည့်ရတနာများကို တင်ထားသည်ဖြစ်စေ၊ ကျောက်တုံးကျောက်ခဲများကို တင်ထားသည်ဖြစ်စေ မြည်းအဖို့ကား အသို့မျှမထူးခြားပေ။မြည်းသည်စိမ်းစိုသောမြက်ကိုသာအလိုရှိပေသည်။

အကယ်၍ မိမိ၏ကျောကုန်းပေါ်၌ တင်ဆောင်ထားသည့် ကျမ်းများကို အကြောင်းပြု၍ ကျွန်ုပ်သည် ဧရာမပညာရှင်ကြီး၊ ဧရာမဂုဏ်အသရေရှိသူကြီးဖြစ်သည်ဟု ထင်မှတ်ပါက ဤသည် ပို၍ မြည်းတိရစ္ဆာန်ဖြစ်မှု၏ အကျိုးပင်ဖြစ်ချိမ့်မည်။

وَلَا يَتَمَنَّوْنَهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ ۗ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ ﴿٧﴾

၇။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏လက်များက တင်ကြိုပို့နှင့်ခဲ့သောအကျင့်အမူတို့ကြောင့် ယင်း 'မရဏာ' သေခြင်းတရားကို မည်သည့်အခါမျှပင် တောင့်တ ဆန္ဒပြုကြမည်မဟုတ်ပြီ။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် မတရားသောသူတို့အား ကောင်းစွာသိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

قُلْ إِنَّ الْمَوْتَ الَّذِي تَفِرُّونَ مِنْهُ فَإِنَّهُ مُلَاقِيكُمْ ثُمَّ تُرَدُّونَ إِلَىٰ عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُونَ ﴿٨﴾

၈။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော 'မရဏာ' သေခြင်းတရားမှာ ဧကန်မလွဲအသင်တို့နှင့် တွေ့ဆုံမည်ပင်ဖြစ်၏။ ထို့နောက် အသင်တို့သည် လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်စေခြင်းကို ခံကြရပေမည်။ ထိုအခါ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ ကျင့်မူခဲ့ကြသည်တို့ကို သိစေတော်မူအံ့သတည်း။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نُودِيَ لِلصَّلَاةِ مِنْ يَوْمِ الْجُمُعَةِ فَاسْعَوْا إِلَىٰ ذِكْرِ اللَّهِ وَذَرُوا الْبَيْعَ ۚ ذَٰلِكُمْ خَيْرٌ لَكُمْ إِنْ كُنْتُمْ تَعْلَمُونَ ﴿٩﴾

၉။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ (ဂျုမုအဟ်)သောကြာနေ့တွင် 'ဆွလာတ်' ဝတ်ပြုအံ့သောငှာ 'အဇာန်' ပေးသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားတ,သ သတိရရှိရာသို့ အဆောတလျင်သွားကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ အသင်တို့ သိရှိကြသည်ဖြစ်မူ အသင်တို့အဖို့ အကောင်းဆုံးပင်။ ၁

① 'ဂျုမုအဟ်' ဆွလာတ်ဝတ်ပြုမှု ဂရုပြု။

မွတ်စ်လင်မ်များသည် 'ဂျုမုအဟ်' သောကြာနေ့ ဆွလာတ်ဝတ်ပြုမှုကို အထူးဂရုပြုကြရမည်။ ဂျုမုအဟ် ဆွလာတ်ဝတ်ပြုရန် သက်ဆိုင်ရာ 'မုအတ်ဇ္ဇင်န်' 'အဇာန်'ဆိုသူက 'အဇာန်' ဆိုလိုက်သည့်အခါ ရောင်းဝယ်ဖောက်ကားမှုစသည့် လောကီရေးရာအားလုံးကို စွန့်လွှတ်ကာ အလ္လာဟ်အရှင်မြတ်၏ တရားဓမ္မတော်ကို နားသောတဆင်ရန်၊ သောကြာ ဆွလာတ်ဝတ်ပြုရန်အတွက် သက်ဆိုင်ရာ 'ဂျာမိအ်' ဗလီကြီးများသို့ အချိန်မီ ➤➤

➢➢ သွားကြရပေမည်။ အချိန်မီသွားရောက်ပြီးလျှင် တရားဓမ္မတော်ကို ကောင်းမွန်စွာ နားထောင်ကြရမည်၊ ဆွေးနွေးတတ် ဝတ်ပြုကြရမည်။

ဤအာယတ်တော်တွင် ပါရှိသည့် 'ဇစ်က်ရုလ္လာက်' 'အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ သတိရမှု' ဟူသောစကားသည် သောကြာဆွေးနွေးတတ်အလျှင် သက်ဆိုင်ရာ 'အေမာမ်'ရှေ့ကဖတ်ကြားသော တရားဓမ္မတော်ကိုဆိုလိုသည်။ ဤတွင် သောကြာဆွေးနွေးတတ်ဝတ်ပြုမှုလည်း အကျုံးဝင်ပေသည်။ကြည့်-အွတ်ဆ်မာနီ။

ဤအာယတ်တော်အရ သောကြာနေ့တွင် သောကြာဆွေးနွေးတတ်ဝတ်ပြုရန် အဇာန်ဆိုလိုက်သည့်အချိန်မှ သောကြာဆွေးနွေးတတ်ပြီးဆုံးသည့် အချိန်အထိ ရောင်းဝယ်ဖောက်ကားမှုအစုစုသည် 'ဟရာမ်' ဖြစ်သည်။ လုံးဝမပြုရ။

မှတ်ချက်။

ဤအာယတ်တော်တွင် ပါရှိသော 'အဇာန်'ဟူသည် သောကြာနေ့တွင် သောကြာဆွေးနွေးတတ် ဝတ်မပြုမီ အလျှင်သက်ဆိုင်ရာ (အေမာမ်)ရှေ့ဆောင်၏ရှေ့၌ဆိုသော 'အဇာန်'ကို ဆိုလိုသည်။

တမန်တော်မြတ်လက်ထက် သမ္မတကြီး အဗူဗတ်က်ရ်နှင့်သမ္မတကြီးအုမရ်တို့လက်ထက်တွင် အဆိုပါ 'အဇာန်'ပင်ရှိခဲ့၏။ သမ္မတကြီး အုဆ်မာန်၏လက်ထက်တွင်မူ မွတ်စ်လင်မ်ဦးရေ အလွန် များပြားလာသည့်အခါ (ဆွေဟာဗဟ်)သာဝကကြီးများအားလုံးတို့၏ 'အိဂျီမာအ်' အများသဘောတူ ဆုံးဖြတ်ချက်အရ၊အထက်တွင် ဖော်ပြပါ 'အဇာန်' အလျှင် နောက်ထပ် 'အဇာန်'တစ်ခု ကိုးလာခဲ့ပေသည်။

ဤသို့အားဖြင့် သောကြာဆွေးနွေးတတ် ဝတ်ပြုရာတွင် 'အဇာန်' နှစ်ကြိမ် ဆိုရသည်။ သောကြာနေ့ ရောင်းဝယ်ဖောက်ကားမှု 'ဟရာမ်' ဖြစ်ရာတွင် ပထမ 'အဇာန်'နှင့် ဒုတိယ'အဇာန်'သည် အတူတူ ပင်ဖြစ်ပေသည်။ (၀၊) သောကြာနေ့တွင် နောက်တိုး အဇာန်၊ တစ်နည်း ပထမအဇာန် ဆုံးသည့်အချိန်မှစ၍ ရောင်းဝယ်မှုသည် ဟရာမ်ဖြစ်သွားပေသည်။

မှတ်ချက်။

သောကြာနေ့ သောကြာဆွေးနွေးတတ် ဝတ်မပြုမီ သက်ဆိုင်ရာ အေမာမ်က ဖတ်ကြားသော (ခွတ္တဗဟ်) ခေါ် တရားဓမ္မတော်ကို ဆိတ်ငြိမ်စွာ နားထောင်ခြင်းသည် အရေးကြီးလှပေသည်။

တမန်တော်မြတ်က 'အကြင်သူသည် သောကြာနေ့ (ခွတ္တဗဟ်) တရားဓမ္မ ဟောကြားနေသည့် အချိန်တွင် စကားပြောကြားအံ့၊ ထိုသူသည် ကျောက်ကုန်းပေါ်၌ ကျမ်းဂန်များ တင်ဆောင်ထားသော မြည်းသတ္တဝါနှင့်တူအံ့' ဟူ၍ပင် မိန့်ကြားတော်မူခဲ့ပေသည်။

'ဂျုမုအဟ်' နေ့ကို 'ဂျုမုအဟ်'နေ့ဟု အဘယ်ကြောင့်ခေါ်သည်၊ 'ဂျုမုအဟ်'နေ့သည် မည်သို့မည်ပုံ ထူးခြားသည်၊ မည်ရွေ့မည်မျှ မြင့်မြတ်သည်၊ 'ဂျုမုအဟ် ဆွေးနွေးတတ်သည် မည်သူတို့အပေါ်၌ တာဝန်ရှိသည်၊ ဂျုမုအဟ်ဆွေးနွေးတတ်အတွက် မည်သို့မည်ပုံ ကြိုတင်စီစဉ်ရသည်၊ မည်သို့မည်ပုံ ဝတ်ကောင်းစားကောင်း ဝတ်ဆင်ရသည်၊ မည်သို့မည်ပုံ အမွေးအကြိုင် လိမ်းရသည်၊ ဂျုမုအဟ်နေ့တွင် ဆုတောင်းပြည့် အချိန်တစ်ချိန်ရှိသည်၊

ဂျုမုအဟ်ဆွေးနွေးတတ်ကို တစ်နေရာတွင် စုပေါင်း၍ ပြုခြင်းအားဖြင့် မည်သို့မည်ပုံ လောကီလောကုတ္တရာ ဆိုင်ရာ အကျိုးရှိသည်များကား စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ သုတေသီများ လေ့လာဆည်းပူးလိုပါက အိဗ်နူကဆီရ် ကျမ်းအစောင် (၄)၊ စာမျက်နှာ (၃၆၅-၃၆၇) တွင် ရှုပါကုန်။

فَإِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِي الْأَرْضِ وَابْتَغُوْا مِنْ فَضْلِ اللّٰهِ وَاذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ﴿١٠﴾

၁၀။ ထို့နောက် 'ဆွလာတ်' ဝတ်ပြုမှု ပြီးဆုံးခဲ့သောအခါ အသင်တို့သည် ပထဝီမြေဝယ် အနှံ့အပြား သွားလာကြလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော ရိက္ခာကို ဖွေရှာဆည်းပူးကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား များစွာ တ,သ သတိရလျက် ရှိကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြကုန်အံ့သတည်း။ [၁]

وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انْفَضُّوْا إِلَيْهَا وَتَرَكُوْكَ قَائِمًا ۚ قُلْ مَا عِنْدَ اللّٰهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ التِّجَارَةِ ۚ وَاللّٰهُ خَيْرُ الرّٰزِقِيْنَ ﴿١١﴾

၁၁။ စင်စစ်သော်ကား၊ ထိုသူတို့သည် အရောင်းအဝယ်၊ ရောင်းကုန်ဝယ်ကုန်ကိုသော်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကိုသော်လည်းကောင်း၊ တွေ့မြင်ခဲ့ကြလေသောအခါ အသင့်အား မတ်တတ်ရပ်လျက် ထားခဲ့ပြီးလျှင် ယင်းရောင်းကုန်ဝယ်ကုန် သို့မဟုတ် ပျော်ပွဲရွှင်ပွဲရှိရာသို့ ကစဉ့်ကလျားပြေး၍ သွားခဲ့ကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့၊) အလ္လာဟ်အရှင်မြတ်အထံတော်၌ရှိသော အရာသည် ရောင်းကုန်ဝယ်ကုန်ထက်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲထက်လည်းကောင်း၊ မွန်မြတ်လှပေသည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် ရိက္ခာချီးမြှင့်တော်မူသော အကောင်းဆုံးသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၂]

---

① 'ဂျုမုအဟ်' သောကြာ ဆွလာတ် ဝတ်ပြုပြီးဆုံးသည့်အခါ မွတ်စ်လင်မ်များသည် ကမ္ဘာမြေအနှံ့အပြားသို့ သွားလာ၍ အလ္လာဟ်အရှင်မြတ်၏ ရိက္ခာတော်ကို ရှာဖွေဆည်းပူးနိုင်ကြပေသည်။ သို့ရာဖွေဆည်းပူးရာတွင်လည်း အလ္လာဟ်အရှင်မြတ်အား မမေ့ကြရာ၊ ထိုအရှင်မြတ်အား များစွာ အောက်မေ့တသ သတိရကြရပေမည်။

မွတ်စ်လင်မ်များသည် ယင်းသို့ သာသနာ့တာဝန်များကိုလည်း ကျေပွန်ကြမည်၊ ရောင်းဝယ်ဖောက်ကားမှု စသည့် လောကီရေးရာများကို ဆောင်ရွက်ရာတွင်လည်း အလ္လာဟ်အရှင်မြတ်အား များစွာတသ သတိရကြမည်ဆိုပါက 'လက်ဝါးမြေခတ်မလွဲ' အောင်မြင်ကြမည်သာတည်း။

'သောကြာနေ့ ဂျုမုအဟ်ဆွလာတ်၏ နောက်တွင် ရောင်းဝယ်ဖောက်ကားမှုပြုသူ၏ ရောင်းဝယ် ➤➤

➤➤ ဖောက်ကားမှုတွင် အလ္လာဟ်အရှင်မြတ်သည် အဆပေါင်း(၇၀) တိုးပွားစေတော်မူကြောင်း အတိတ်ဓေတ်အချို့ အာလင်မ်ပညာရှင် သူတော်စင်များထံမှ ကြားသိရပေသည်။ ကြည့်-အိဗ်နုကဆီရ်။ အ-၄။ စ-၃၆၇။

Ⓙ တစ်ကြိမ်သော် တမန်တော်မြတ်သည် သောကြာနေ့တွင် သောကြာ 'ခွတ္တဗဟ်' တရားခမ္မ ဟောကြားနေတော်မူခဲ့၏။ ထိုအချိန်တွင်ပင် ကုန်သည်များသည် အပြင်မှစားကုန်၊ သောက်ကုန်များ ယူဆောင်၍ ရောက်ရှိလာခဲ့ကြ၏။ ကြည်ညာသည့်သဘောဖြင့် ဗုံပတ်များလည်း တီးလိုက်ကြ၏။ မြို့တွင်း၌ ယခင်ကတည်းကပင် စားနပ်ရိက္ခာ ခေါင်းပါးနေခဲ့၏။

ထိုအခါ အချို့ပုဂ္ဂိုလ်များသည် စားနပ်ရိက္ခာဝယ်ယူနိုင်ရန်အတွက် အဆိုပါ ကုန်သည်များထံသို့ အပြေးအလွှား ထွက်ခွာသွားခဲ့ကြ၏။ (ယင်းသို့ထွက်ခွာသွားခဲ့သော ပုဂ္ဂိုလ်များသည် သောကြာနေ့ 'ခွတ္တဗဟ်' မှာလည်း အခြားတရားခမ္မမျိုးပင်ဖြစ်သည်။ ယင်းသို့သော တရားခမ္မကမှပင် အရေးအကြောင်းရှိက ထသွားနိုင်ပေသည်။ သို့ဖြစ်ရာ ငါတို့သည် သောကြာဆွေလာတ်ဝတ်ပြုမှုကို အချိန်မီ ပြန်လာပြီး ပြုကြမည်ဟု တွေးထင်ခဲ့ကြဟန်တူ၏။) သို့မဟုတ် ထိုအချိန်တွင် သောကြာဆွေလာတ်သည် ပြီးဆုံးနေပြီးဖြစ်ပေမည်။

အချို့အဆိုအရ ထိုအချိန်တွင် သောကြာဆွေလာတ်ကို သောကြာခွတ္တဗဟ်အလျင် ပြုလေ့ရှိခဲ့ကြ၏။ အသို့ပင်ရှိစေ တမန်တော်မြတ် ခွတ္တဗဟ် ဖတ်ကြားနေတော်မူစဉ် ကုန်သည်များထံသို့ ထသွားခဲ့ကြသော ပုဂ္ဂိုလ်များသည် သောကြာခွတ္တဗဟ် အဘယ်မျှအရေးကြီးသည်ကိုကား ကောင်းစွာမသိခဲ့ကြပေ။ တမန်တော်မြတ် ထံတော်ပါး၌ ပုဂ္ဂိုလ် (၁၂) ဦးသာလျှင် ကျန်ရစ်ခဲ့ကြ၏။ ယင်း (၁၂) ဦးတွင် (ခလီဖဟ်) သမ္မတကြီး (၄) ပါးလည်း အပါအဝင်ဖြစ်၏။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့ပေသည်။

ဆိုလိုသည်ကား လောကီရေးရာ ရောင်းဝယ်ဖောက်ကားမှုနှင့် ဖျော်ပွဲရွှင်ပွဲများသည် အလ္လာဟ်အရှင်မြတ် ထံတော်၌ရှိသော ထာဝရအမတ သုခများနှင့်စာလျှင် အသို့မျှ အဖိုးမတန်ပေ၊ မွတ်စ်လင်မ်များသည် ယင်းသည့် အမတသုခချမ်းသာကိုသာ ဆည်းပေးကြရာသည်။

ယင်းသည့်အမတသုခများကို ခံစားလိုကြပါက တမန်တော်မြတ် ဖတ်ကြားတော်မူသည့် ခွတ္တဗဟ်တရားခမ္မတော်များကို ကြားနာကြပေမည်၊ တမန်တော်မြတ်ထံ ချဉ်းကပ်ကြရပေမည်။ အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုရန်၊ အောက်မေ့တသ သတိရရန် ပြုလုပ်သည့် အစုအဝေးများ၊ တရားသဘင်များတွင် စိတ်ရောကိုယ်ပါ ပါဝင်ကြရပေမည်။

ရိက္ခာသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌ရှိသည်။ ထိုအရှင်မြတ်သည် ရိက္ခာအကောင်းဆုံး ပေးတော်မူသော အရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်၏ ကျွန်များသည် စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍ မပူပန်ကြရာ၊ မစိုးရိမ်ကြရာ။

ယင်းသို့ သတိပေးတော်မူခြင်း ခံကြရပြီးနောက်ပိုင်းတွင် (ဆွဟာဗဟ်) သာဝကကြီးများသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမှုမှ တွေဝေတိမ်းပါးစေသည့် လောကီရေးကိစ္စ အဝဝကို အံ့ဖွယ်သရဲ ရှောင်ကြဉ်လာနိုင်ခဲ့ကြပေသည်။ သာသနာရေးရာ တာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြပေသည်။ ဤသည့်အကြောင်းကို ကုရ်အာန် (၂၄:၃၇) တွင် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

မွတ်စ်လင်မ်အယောင်ဆောင်များကဏ္ဍ



ဤကဏ္ဍသည် 'မုနာဖိကူန်' မုစ်လင်မ်အယောင်ဆောင်များ ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၁)ပါးနှင့် ရုကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

إِذَا جَآءَكَ الْمُنٰفِقُوْنَ قَالُوْا نَشْهَدُ إِنَّكَ لَرَسُوْلُ اللّٰهِ وَاللّٰهُ يَعْلَمُ إِنَّكَ لَرَسُوْلُهٗ وَاللّٰهُ يَشْهَدُ إِنَّ الْمُنٰفِقِيْنَ لَكٰذِبُوْنَ ①

၁။ 'မုနာဖစ်က်' အယောင်ဆောင် မုစ်လင်မ်တို့သည် အသင့်ထံလာခဲ့ကြသောအခါ 'မုဟမ္မဒ်ကန် အသင်သည် အလ္လာဟ်အရှင်မြတ်၏ ရာဇူလ်တမန်တော် ဖြစ်ကြောင်း ကျွန်တော်များ သက်သေခံကြပါသည်' ဟု ပြောဆိုကြကုန်၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင် ထိုအရှင်မြတ်၏ ရာဇူလ်တမန် ဖြစ်ကြောင်း ကောင်းစွာ သိရှိတော်မူ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ဗဟုသုတလွဲ 'မုနာဖစ်က်' အယောင်ဆောင်မုစ်လင်မ်တို့မှာ မုသာဝါဒီများ ဖြစ်ကြောင်း သက်သေခံတော်မူ၏။

اِتَّخَذُوْٓا أَيْمَانَهُمْ جُنَّةً فَصَدُّوْا عَنْ سَبِيْلِ اللّٰهِ إِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ②

၂။ ၎င်းတို့သည်ကား မိမိတို့၏ကျိန်ဆိုချက်များကို အကာအကွယ်ပြုလုပ်ပြီးလျှင် (သူတစ်ပါးတို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြလေ၏။ ဗဟုသုတစစ် ၎င်းတို့၏ပြုမူချက်များမှာ လွန်စွာ ဆိုးရွားလှ၏။ [၁]

---

① **အစွန်လာမ့်အရေခြုံများ။**

မုနာဖစ်က်များသည် အကယ် မွတ်စ်လင်မ်မဟုတ်၊ အခြေအနေအရ မိမိတို့၌ တစ်စုံတစ်ရာ ဘေးမသက်ရန် အစွန်လာမ့်အရေခြုံထားသော မွတ်စ်လင်မ် အယောင်ဆောင် ကာဖိရ်များသာလျှင် ဖြစ်ခဲ့ကြ၏။ တမန်တော်မြတ်ထံ ရောက်ရှိလာကြသည့်အခါ 'ဗဟုသုတလွဲ အသင်သည် အလ္လာဟ်အရှင်မြတ်၏ ➤➤

ذَٰلِكَ بِأَنَّهُمْ آمَنُوا ثُمَّ كَفَرُوا فَطُبِعَ عَلَىٰ قُلُوبِهِمْ فَهُمْ لَا يَفْقَهُونَ ﴿٣﴾

၃။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြသောကြောင့်ပင်။ သို့ဖြစ်ပေရာ ၎င်းတို့သည် နားလည်ကြသည် မဟုတ်ပြီ။

وَإِذَا رَأَيْتَهُمْ تُعْجِبُكَ أَجْسَامُهُمْ ۖ وَإِنْ يَقُولُوا تَسْمَعْ لِقَوْلِهِمْ ۖ كَأَنَّهُمْ خُشُبٌ مُسَنَّدَةٌ ۖ يَحْسَبُونَ كُلَّ صَيْحَةٍ عَلَيْهِمْ ۚ هُمُ الْعَدُوُّ فَاحْذَرْهُمْ ۚ قَاتَلَهُمُ اللَّهُ ۖ أَنَّىٰ يُؤْفَكُونَ ﴿٤﴾

၄။ ထို့ပြင် (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား တွေ့မြင်သောအခါ ၎င်းတို့၏ လုံးရပ်သဏ္ဌာန်များသည် အသင်၏အမြင်၌ လှပစွာ မြင်ရပေမည်။ ထိုနည်းတူစွာ အကယ်၍ ၎င်းတို့သည် စကားစမည် ပြောဆိုကြလျှင် အသင်သည် ၎င်းတို့၏စကားကို (စိတ်ဝင်စားစွာ) နားထောင်ပေမည်။

ဤသို့ဖြစ်ရခြင်းမှာ မှီ၍ထားသော သစ်တုံးများကဲ့သို့ပင် ဖြစ်ကြကုန်၏။ ဟစ်အော်သံ(ကြား၍)တိုင်း မိမိတို့နှင့်ဆန့်ကျင်၍ (ဟစ်အော်သည်ဟု) ထင်မှတ်ကြ၏။ ၎င်းတို့သည်ပင် ရန်သူများ ဖြစ်ကြ၏။ သို့ဖြစ်ရာ အသင်သည် ၎င်းတို့နှင့် ကင်းရှင်းစွာ နေပါလေ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေ။ ၎င်းတို့သည် အဘယ်သို့ ပြန်လှည့်၍ ထွက်သွားကြသနည်း။

➤➤ တမန်တော်ဖြစ်ပါသည်' ဟု စိတ်တွင်းမပါ၊ နှုတ်ဖြင့်သာ လိမ်လည်ပြောဆိုခဲ့ကြ၏။ ၎င်းတို့၏လိမ်လည်မှုတစ်ခုခု ပေါ်ပေါက်လာသည့်အခါ မျက်စိမှိတ်၍ ကျိန်ဆိုလေ့ရှိခဲ့ကြ၏။ မိမိတို့၏ လိမ်လည်မှုများကို ကာကွယ်ရန် ကျိန်ဆိုမှုကို ဒိုင်းကြီးတစ်ခု ပြုလုပ်ထားခဲ့ကြ၏။

၎င်းတို့သည် အစွလာမ်အရေခြုံကာ အစွလာမ်ကို မိမိတို့ကိုယ်တိုင် မနာယူခဲ့ကြသည်သာမက သူတစ်ပါးတို့အားလည်း အစွလာမ်ကို နာယူခြင်းမှ အမျိုးမျိုးတားဆီးပိတ်ပင်နေခဲ့ကြ၏။ တမန်တော်မြတ်နှင့် ပတ်သက်၍လည်း 'နားချဉ် နားခါး၊ စကားချော်ပျက်၊ နှုတ်သွမ်းသက်နှင့်၊ ပြက်ရိပြက်ရယ်၊ ဆိုပျက်ပြယ်လျက်၊ ချုပ်ချယ်စော်ကား' နေခဲ့ကြ၏။ အမှန်မှာ မုနာဖစ်က်များသည် အစွလာမ်အရေခြုံကာ 'အရိပ်ခိုခို အခက်ချိုးချိုး' ဆိုသကဲ့သို့ အစွလာမ်ကို နည်းပရိယာယ် အမျိုးမျိုးတို့ဖြင့် အနှောင့်အယှက်ပေးခဲ့ကြသော မွတ်စ်လင်မ်တို့အား ပူးသတ်ခဲ့ကြသော အစွလာမ့် အရေခြုံ သူပုန်များပင်ဖြစ်ခဲ့ကြ၏။

မုနာဖစ်က်များအကြောင်း အကြိမ်ကြိမ်ပါရှိခဲ့ချေပြီ။ ကြည့်-ကုရ်အာန်(၂း၈-၂၀)။(၂း၂၀၄)။

وَإِذَا قِيلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ رَسُولُ اللَّهِ لَوَّوْا رُءُوسَهُمْ وَرَأَيْتَهُمْ يَصُدُّونَ وَهُم مُّسْتَكْبِرُونَ ۝٥

၅။ ၎င်းပြင် ထိုသူတို့အား 'အသင်တို့သည် လာကြလေကုန်၊ အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြား၍ပေးမည်'ဟု ပြောဆိုသောအခါ ၎င်းတို့သည် မိမိတို့၏ဦးခေါင်းများကို လှုပ်ခါကြကုန်၏။ ထို့ပြင် (အိုးနဗီတမန်တော်) အသင်သည် ၎င်းတို့အား မာန်မာနထောင်လွှားကြလျက် ပြန်လှည့်၍ သွားကြသည်ကို တွေ့မြင်ရပေမည်။ [၁]

سَوَآءٌ عَلَيْهِمْ أَسْتَغْفَرْتَ لَهُمْ أَمْ لَمْ تَسْتَغْفِرْ لَهُمْ لَن يَغْفِرَ اللَّهُ لَهُمْ ۚ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ ۝٦

၆။ အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့်ကို ပန်ကြားခြင်းမပြုသည်ဖြစ်စေ၊ ၎င်းတို့အဖို့ အကြောင်းမထူးပြီ။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် *အမိန့်တော်ကို သွေဖည်သောသူတို့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူသည် မဟုတ်ပေ။* [၂]

---

① တစ်ခါတစ်ရံ မုနာဖစ်ဂ်များ၏ ယုတ်မာမှု၊ သစ္စာဖောက်မှု တစ်ခုခုသည် ပေါ်လွင်သွားခဲ့၏။ လူသိရှင်ကြားဖြစ်သွားခဲ့၏။ လူများက ၎င်းတို့အား (ယခုလည်းအချိန်ရှိသည်)၊ အသင်တို့သည် တမန်တော်မြတ်ထံသွားရောက်၍ မိမိတို့၏အမှားကို ဝန်ခံကြလျှင် တမန်တော်မြတ်သည် အသင်တို့အဖို့ လွတ်ငြိမ်းခွင့် ပန်ကြားပေးတော်မူလိမ့်မည်။ တမန်တော်မြတ်က လွတ်ငြိမ်းခွင့် ပန်ကြားပေးတော်မူလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ချမ်းသာခွင့်ပေးတော်မူလိမ့်မည်'ဟု စေတနာကောင်းဖြင့် ပြောခဲ့ကြ၏။ ထိုအခါ မုနာဖစ်ဂ်များသည် မောက်မာပလွားစွာဖြင့် ဦးခေါင်းခါ၍ ပြခဲ့ကြ၏။ အချို့မုနာဖစ်ဂ်များကမူ 'ငါတို့သည် တမန်တော်မြတ်၏ လွတ်ငြိမ်းခွင့်ပန်ကြားပေးမှုကို အလိုမရှိ'ဟူ၍ပင် မိုက်မဲစွာ ပြောဆိုခဲ့ကြလေသည်။

② တမန်တော်မြတ်သည် ကမ္ဘာအဝန်းအား ကရုဏာပွားရန်အလို့ငှာ ပွင့်လာတော်မူခဲ့သော တမန်တော်ဖြစ်တော်မူသည်။ ရန်သူမိတ်ဆွေမခြား အားလုံးတို့အား သနားကြင်နာတော်မူလေ့ရှိသည်။

ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ယင်းသို့သော မုနာဖစ်ဂ်များအတွက်လည်း လွတ်ငြိမ်းခွင့် ပန်ကြားပေးတော်မူနိုင်ပေသည်။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် ထိုရွေ့ထိုမျှကမ်းကုန်အောင် သွေဖည်ဆိုးမိုက်နေသော မုနာဖစ်ဂ်များကိုမူ မုနာဖစ်ဂ်ဖြစ်နေသမျှ ကာလပတ်လုံး ရိုးသားစွာ (အီမာန်) မယုံကြည်ကြသမျှ ကာလပတ်လုံး ဘယ်သောအခါ၌မျှ ချမ်းသာခွင့် ပေးတော်မူမည်မဟုတ်ပေ။

တမန်တော်မြတ်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းခွင့် ပန်ကြားသည်ပင်ဖြစ်စေ၊ မပန်ကြားသည်ပင်ဖြစ်စေ ၎င်းတို့အဖို့မှာကား မထူးပြီ။ ဤကား ကမ်းကုန်အောင် သွေဖည်မှု၏ အကျိုးပင်၊ 'မည်သူ မပြုမိမိမှု'ဆိုသကဲ့သို့ ကိုယ့်ပြစ်ဒဏ် ကိုယ်ခံရမည်ပင်။ ဤသည့်သဘောကိုကုရ်အာန်(၉း၈၀)တွင်လည်း မိန့်ဆိုထားတော်မူသည်။

هُمُ الَّذِينَ يَقُولُونَ لَا تُنفِقُوا عَلَىٰ مَنْ عِندَ رَسُولِ اللَّهِ حَتَّىٰ يَنفَضُّوا ۗ وَلِلَّهِ خَزَائِنُ السَّمَاوَاتِ وَالْأَرْضِ وَلَٰكِنَّ الْمُنَافِقِينَ لَا يَفْقَهُونَ ۝٧

၇။ ၎င်းတို့ကပင် 'အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ထံတော်ပါး၌ရှိနေကြသော သူတို့အပေါ်၌ ၎င်းတို့ ကစဉ့်ကလျား ဖြစ်သွားကြသည်အထိ သုံးစွဲခြင်းကို မပြုကြကုန်လင့်' ဟူ၍ ပြောဆိုခဲ့ကြကုန်၏။ စင်စစ်သော်ကား မိုးကောင်းကင်များ၌ ရှိကုန်သော ဘဏ္ဍာတော်များသည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကုန်သော ဘဏ္ဍာတော်များသည်လည်းကောင်း၊ အရှင်မြတ်ပိုင်ဆိုင်တော်မူသော ဘဏ္ဍာတော်များသာ ဖြစ်ကုန်၏။ သို့ရာတွင် 'မုနာဖစ်ဂ်' အယောင်ဆောင် မုစ်လင်မ်တို့သည် နားလည်ကြသည် မဟုတ်ပေ။ ၁

يَقُولُونَ لَئِن رَّجَعْنَا إِلَى الْمَدِينَةِ لَيُخْرِجَنَّ الْأَعَزُّ مِنْهَا الْأَذَلَّ ۚ وَلِلَّهِ الْعِزَّةُ وَلِرَسُولِهِ وَلِلْمُؤْمِنِينَ وَلَٰكِنَّ الْمُنَافِقِينَ لَا يَعْلَمُونَ ۝٨

၈။ ၎င်းတို့ကပင် (ယခုသော်) ကျွန်ုပ်တို့သည် 'မဒီနာမြို့သို့ ပြန်၍သွားခဲ့ကြလျှင် ဂုဏ်အသရေအားအင်ရှိသူတို့သည် ဂုဏ်အသရေ အားအင်မဲ့သော သူတို့အား ထိုမြို့မှ ဧကန်မလွဲ နှင်ထုတ်ကြပေမည်' ဟူ၍(လည်း) ပြောဆိုကြကုန်၏။ စင်စစ်မှာမူကား ဂုဏ်အသရေ အားအင်ဟူသည် အလ္လာဟ်အရှင်မြတ်၌သာလည်းကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်မြတ်၌သာလည်းကောင်း၊ 'မုအ်မင်န်' သက်ဝင် ယုံကြည်သူတို့၌သာလည်းကောင်း၊ ရှိပေသည်။ သို့တစေလည်း 'မုအ်မင်န်' အယောင်ဆောင်တို့မှာမူကား သိရှိကြသည် မဟုတ်ပေ။

---

① အမှန်မှာ ဤမိုးဤမြေနှင့်တကွ စကြာဝဠာအဝန်းရှိ ဘဏ္ဍာတော်အားလုံးကို အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသည်။ 'မုဟာဂျိရ်'များသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် မိမိတို့ ဇာတိချက်မြှုပ်မြို့ရွာများကိုစွန့်၍ ထိုအရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ဆည်းပူးရန် ထွက်လာခဲ့ကြသော အလ္လာဟ်ချစ်၊ တမန်တော်ချစ်၊ သာသနာချစ်ပုဂ္ဂိုလ်များပင် ဖြစ်ကြသည်။ စားဝတ်နေရေးတွင် ဒုက္ခအမျိုးမျိုးကို အပြုံးနှင့် ရဲရဲရင့်ဆိုင်ကာ တမန်တော်မြတ်ထံတွင် ချဉ်းကပ်၍ သာသနာရေးရာများကို လက်တွေ့ဆည်းပူးလျက်ရှိကြသည်။ ယင်းသို့သော ပုဂ္ဂိုလ်များအား သင်္ကြိပ်ထောက်ပံ့ခွင့် ရရှိခြင်းသည်ပင် မင်္ဂလာတစ်ပါးပင်၊ မြင့်မြတ်လှသော ကုသိုလ်တစ်ရပ်ပင်။ ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تُلْهِكُمْ أَمْوَٰلُكُمْ وَلَآ أَوْلَٰدُكُمْ عَن ذِكْرِ ٱللَّهِ ۚ وَمَن يَفْعَلْ ذَٰلِكَ فَأُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ﴿٩﴾

၉။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ကို အလ္လာဟ်အရှင်မြတ်အား တ,သ သတိရခြင်းမှ အသင်တို့၏ ပစ္စည်းဥစ္စာများသည်လည်း လျစ်လျူရှု ပေါ့တန်စေခြင်း မရှိစေရ။ အသင်တို့သားသမီးများသည်လည်း လျစ်လျူရှု ပေါ့တန်စေသည် မရှိစေရ။ စင်စစ်သော်ကား မည်သူမဆို ထိုသည်ကို ပြုမူသည်ရှိသော် ထိုကဲ့သို့ သူတို့သည်သာလျှင် ဆုံးရှုံးသူများ ဖြစ်ကုန်၏။ [၁]

وَأَنفِقُوا۟ مِن مَّا رَزَقْنَٰكُم مِّن قَبْلِ أَن يَأْتِىَ أَحَدَكُمُ ٱلْمَوْتُ فَيَقُولَ رَبِّ لَوْلَآ أَخَّرْتَنِىٰٓ

၁၀။ ထိုမှတစ်ပါး အသင်တို့အနက် တစ်ဦးတစ်ယောက်၏ထံသို့ 'မရဏ' သေခြင်းတရား ဆိုက်ရောက်မလာမီပင် အသင်တို့သည် မိမိတို့အား ငါအရှင်မြတ် ချီးမြှင့် ပေးသနားတော်မူခဲ့သည်များအနက်မှ သုံးစွဲ(လှူဒါန်း)ကြလေကုန်။

➢➢ ယခုသော် မုနာဖစ်ဂ်များက ယင်းသို့သော ပုဂ္ဂိုလ်မွန်များအား မကူညီမထောက်ပံ့ရန် သက်ဆိုင်ရာတို့ကို ညွှန်ကြားလျက်ရှိကြပေသည်။ ဤသည်ထက် ဆိုးရွားသော စေတနာ၊ ဤသည်ထက် ပုပ်သောနလုံးသားကား အဘယ်မှာလျှင် ရှိနိုင်တော့အံ့နည်း။ အကယ်၍ မုနာဖစ်ဂ်များနှင့် ၎င်းတို့၏ဘက်တော်များက မုဟာဂျိရ်များအား နေရာထိုင်ခင်းမပေးကြလျှင်၊ မကူညီကြလျှင်၊ ကမ္ဘာဘဏ္ဍာတော်အားလုံးကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်က မိမိ၏အချစ်တော်များအား လျစ်လျူပြုထားတော်မူမည်လော၊ ပို၍ပင် ချီးမြှောက်တော်မူမည်မဟုတ်ပါလော။ သိထားအပ်သည်မှာ ယခု ထိုထိုသောမုဟာဂျိရ်များအား နည်းများမဆို ကူညီထောက်ပံ့ခွင့်ရှိနေခြင်းသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်ပင်။ ထိုအရှင်မြတ်အလိုတော် မရှိပါက ထိုအရှင်မြတ်၏လမ်းတော်တွင် အသုမျှ ပိုက်ဆံတစ်ပြားကိုပင် သုံးစွဲလှူဒါန်းနိုင်ကြမည် မဟုတ်ပေ။ မုနာဖစ်ဂ်များသည် ဤသည်ကိုပင် နားမလည်ခဲ့ကြပေ။

① ဤပစ္စက္ခသည် ခေတ္တခဏသခ်ီရ၊ နောင်တမလွန်သည် အမြဲထာဝစဉ်။ ဤဘဝသည် ယာယီ၊ ထိုဘဝသည် အဓိကဖြစ်သည်။ သို့ပါလျက် ဤပစ္စက္ခတွင် နစ်မွန်း၍ နောင်တမလွန်ကို လျစ်လျူပြုထားပါက အမြင့်မြတ်ဆုံးဘဝကို စွန့်လွှတ်၍ သာမန်ဘဝတွင် လုံးပန်းနေပါက အရှုံးကြီးရှုံးမည်ပင်။

အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရမှုတွင် ဥစ္စာပစ္စည်း၊ သားသမီးများသည် အဟန့်အတား မဖြစ်ရာ။ အကယ်၍ ဥစ္စာပစ္စည်း၊ သားသမီးနှင့်လောကီရေးရာများတွင် နစ်မွန်းပြီး အလ္လာဟ်အရှင်မြတ်အား မေ့လျော့နေပါက နောင်တမလွန်တွင် အရှုံးကြီး ရှုံးမည်သာမက ဤပစ္စက္ခတွင် စိတ်၏ချမ်းသာမှု ရရှိနိုင်မည်မဟုတ်ပေ။ နှစ်ဘဝလုံး ဆုံးရှုံးရပေမည်။ ဤသည့်သဘောကို ကုရ်အာန်(၂၀း၁၂၄-၁၂၇)တွင်လည်း မိန့်ဆိုထားတော်မူသည်။

إِلَىٰٓ أَجَلٍ قَرِيبٍ فَأَصَّدَّقَ وَأَكُن مِّنَ الصَّٰلِحِينَ ﴿١٠﴾

ထို('မရဏ' သေခြင်းတရားရောက်လာသော) အခါ ထိုသူသည် 'အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား အချိန်ကာလ အနည်းငယ်ရွှေ့ဆိုင်းခွင့် ပေးတော်မမူပါသနည်း။ သို့ပေးတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးသည် အလှူဒါနပြုသည့်ပြင် သူတော်ကောင်းတစ်ဦးလည်း ဖြစ်ပါမည်' ဟု လျှောက်ထားပေမည်။ [၁]

---

① မိမိတို့ကိုယ်ကိုလည်း အလွှာဟ်အရှင်မြတ်ပင် မိမိ၏ကျေးဇူးတော်ဖြင့် ဖန်ဆင်းထားတော်မူသည်။ မိမိတို့ဥစ္စာပစ္စည်းများမှာလည်း အလွှာဟ်အရှင်မြတ်ကပင် ချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းများသာလျှင် ဖြစ်ချေသည်။ သို့ဖြစ်ရာ မိမိတို့အား အလွှာဟ်အရှင်မြတ်က ချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းများကို ထိုအရှင်မြတ်၏ လမ်းတော်၌ ကြည်ဖြူစွာ လှူဒါန်းစွန့်ကြဲရမည်သာ။ သို့လှူဒါန်းစွန့်ကြဲပါကလည်း မိမိတို့၏ အကျိုးသာ။

ယခုမူ အလွှာဟ်အရှင်မြတ်က မိမိချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းအားလုံးကိုမဟုတ်၊ အချို့အဝက်ကိုသာ၊ ဤသည်လည်း မိမိတို့အကျိုးငှာ မိမိ၏လမ်းတော်၌ အချိန်မီလှူဒါန်းစွန့်ကြဲရန် အမိန့်ပေးတော်မူခြင်းမျှဖြစ်သည်။ အလွှာဟ်အရှင်မြတ်က ချီးမြှင့်ထားတော်မူသော ဥစ္စာပစ္စည်းကို အလွှာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏အကျိုးအတွက် အချို့အဝက် လှူဒါန်းကြရသည်ကိုပင် အကြောင်းမဲ့တွန့်တိုကြသည်။ စေးနဲကြသည်။ ဤကား မဟာအမှားပင်။

ကျွန်ုပ်တို့သည် အချိန်မီ မသေမီ လှူဒါန်းစွန့်ကြဲကြရပေမည်။ အချိန်ဆွဲနေပါက မရဏသေခြင်းတရားက ကျွန်ုပ်တို့အား စောင့်ဆိုင်းမည်မဟုတ်၊ အချိန်ဆွဲမည်လည်းမဟုတ်။ အလွှာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့်အချိန်တွင် သေခြင်းတရားသည် အပိုအလိုမရှိ အတိအကျ အချိန်မှန် ဆိုက်ရောက်လာမည်ပင်။ ထိုအခါမှ နောင်တရနေသော်လည်း 'မိုးကုန်မှ ထွန်ချ'ဆိုသကဲ့သို့ အသို့မျှ အကျိုးရှိမည်မဟုတ်ပေ။

အလွှာဟ်အရှင်မြတ်လမ်းတော်၌ စေးနဲတွန့်တိုသည့်အတွက် မလှူရက်၊ မတန်းရက် နေခဲ့သောသူများသည် သေခါနီးအချိန်တွင် အလွှာဟ်အရှင်မြတ်ထံတော်၌ "အရှင်မြတ်၊ ကျွန်တော်မျိုးအား အချိန်အနည်းငယ် ထပ်မံပေးသနားတော်မူပါ၊ ကျွန်တော်မျိုး လှူဒါန်းပါမည်။ သူတော်စင်များတွင် ပါဝင်ပါတော့မည်"ဟု လျှောက်ထားကြပေမည်။ သို့ရာတွင် 'အလာကောင်းသော်လည်း အခါနောင်းချေပြီ' ဆိုသကဲ့သို့ အကျိုးကားရှိမည် မဟုတ်တော့ပေ။

သာဝကကြီး အိဗ်နုအဗ္ဗားစ်ထံမှတစ်ဆင့် ကြားသိရသောကျမ်းအရ၊ စေးနဲတွန့်တို၍ အချိန်မီ အလှူဒါန မပြုမိခဲ့ကြသောသူများသည် အဆိုပါစကားကို ကိယာမတ်နေ့တွင် လျှောက်ထားကြပေမည်ဖြစ်သည်။ ဆိုလိုသည်ကား အရှင်မြတ်သည်ကျွန်တော်မျိုးအား လူ့လောကသို့ ခေတ္တခဏပြန်လွှတ်တော်မူပါသော်၊ ကျွန်တော်မျိုးသည် ယခုတခါသော် ကောင်းစွာ လှူဒါန်းကာ သူတော်ကောင်း ဖြစ်လာပါမည်ဟူ၏။

وَلَن يُؤَخِّرَ اللَّهُ نَفْسًا إِذَا جَاءَ أَجَلُهَا ۚ وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ ﴿١١﴾

၁၁။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ၎င်းနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ ဆိုက်ရောက်လာခဲ့လျှင် ရွှေ့ဆိုင်းခွင့် အလျှင်း ပြုတော်မူသည် မဟုတ်ပြီ။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

အရှုံးအမြတ်ပေါ်လွင်မည့်နေ့ကဏ္ဍ

سُورَةُ التَّغَابُنِ

ဤကဏ္ဍသည် 'တဃာဗွန်' အရှုံးအမြတ်ပေါ်လွင်မည့်နေ့ ကဏ္ဍမည်၏။ မဒီနာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၈)ပါးနှင့် ရုကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۖ لَهُ الْمُلْكُ وَلَهُ الْحَمْدُ ۖ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١﴾

၁။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ် စင်ကြယ် သန့်ရှင်းတော်မူကြောင်း မွှက်ဆိုလျက် ရှိကြကုန်၏။

စိုးမိုးအုပ်ချုပ်မှုသည်လည်း ထိုအရှင်မြတ်၌သာ ရှိ၏။ ချီးမွမ်းထောပနာ ဟူဟူသမျှ တို့သည်လည်း ထိုအရှင်မြတ်နှင့်သာ အပ်စပ်၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

هُوَ الَّذِي خَلَقَكُمْ فَمِنْكُمْ كَافِرٌ وَمِنْكُمْ مُؤْمِنٌ ۚ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٢﴾

၂။ ထိုအရှင်မြတ်သည်သာ အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက်အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက်အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ ۖ وَإِلَيْهِ الْمَصِيرُ ﴿٣﴾

၃။ ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ နက်နဲသိမ်မွေ့သောဆင်ခြင်တုံတရားနှင့်လျော်ညီစွာ ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့ရာ အသင်တို့၏ပုံပန်းသဏ္ဌာန်များကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့၏။ ထိုမှတစ်ပါး (အသင်တို့၏ နောက်ဆုံး) ပြန်လည်ရာစခန်းမှာလည်း ထိုအရှင်မြတ်ထံတော်၌ပင် ဖြစ်၏။

يَعْلَمُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ ۚ وَاللَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٤﴾

၄။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ရှိရှိသမျှတို့ကို သိရှိတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့ လျှို့ဝှက်စွာ ပြုလုပ်သမျှတို့ကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစွာ ပြုလုပ်သမျှတို့ကိုလည်းကောင်း၊ သိရှိတော်မူ၏။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသမျှတို့ကိုလည်း အကြွင်းမဲ့ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[၂]

---

(၁) ဆိုလိုသည်ကား မိုးမြေနှင့်တကွ စကြာဝဠာအဝန်းရှိ အရာခပ်သိမ်းကုန်တို့သည် အလ္လာဟ်အရှင်မြတ်အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဂုဏ်တော်မွမ်းလျက်ရှိကြကုန်၏။

အကြောင်းသော် စကြာဝဠာအဝန်းကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၏ ➤➤

اَلَمْ يَاْتِكُمْ نَبَؤُا الَّذِيْنَ كَفَرُوْا مِنْ قَبْلُ فَذَاقُوْا وَبَالَ اَمْرِهِمْ وَلَهُمْ عَذَابٌ اَلِيْمٌ ۝

၅။ အသင်တို့ထံ (မိမိတို့)အလျင် သွေဖည်ငြင်းပယ်ခဲ့ကြလေသော ရှေးသူဟောင်းတို့၏ သတင်းရောက်ရှိ၍ မလာခဲ့လေသလော။ သို့သွေဖည် ငြင်းပယ်ခဲ့ကြပေရာ ၎င်းတို့သည် မိမိတို့၏ အပြုအမူနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရလေပြီ။ ထိုမှတစ်ပါး ('အာခိရတ်'တမလွန်ဘဝတွင်) ၎င်းတို့၌ လွန်စွာနာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်သည်လည်း ရှိချေဦးမည်။

ذٰلِكَ بِاَنَّهٗ كَانَتْ تَّاْتِيْهِمْ رُسُلُهُمْ بِالْبَيِّنٰتِ فَقَالُوْٓا

၆။ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းတို့ထံ ၎င်းတို့၏ ရဿူလ်တမန်တော်များသည် ထင်ရှားစွာသော သက်သေသာဓကများနှင့်တကွ လာရောက်လေ့ ရှိခဲ့ကြသောအခါ

➤➤ လက်တော်တွင်း၌သာရှိ၏။ စကြာဝဠာအဝန်း၌ ချီးမွမ်းဖွယ်ရာအပေါင်းသည်လည်း ထိုအရှင်မြတ်နှင့်သာလျှင် အပ်စပ်၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကုန်တို့ကိုလည်း ပြုစွမ်းတော်မူနိုင်၏။ သို့ဖြစ်ရာ ထိုအရှင်မြတ်၏ အမိန့်တော်ကိုနာခံရာ၏။မသွေဖည်ရာ။ ထို့မျှမက ထိုအရှင်မြတ်သည်ပင် အသင်လူသားတို့ကို သတ္တဝါအပေါင်းတွင် အချီးအကျဆုံး၊ အဆင့်ပြေဆုံး၊ အလှဆုံး၊ အမြင့်မြတ်ဆုံး ဖန်ဆင်းထားတော်မူ၏။

ဤသည်တို့ကို ထောက်ရှုကာ အသင်လူသားတို့သည် အရှင်မြတ်အားသာလျှင် ယုံကြည်မြတ်နိုးရှိခိုးပူဇော်ကော်ရော်ကြရပေမည်။ ယခုမူ အသင်တို့အနက်အချို့သည် သွေဖည်လျက်ရှိကြ၏။ အချို့မူ ယုံကြည်မြတ်နိုးလျက်ရှိကြ၏။ အလ္လာဟ်အရှင်မြတ်သည် (ယုံကြည်မှု၊ သွေဖည်မှုဆိုင်ရာ) အသင်တို့၏ အကျင့်အမူဟူသမျှကို ကြွင်းမဲ့ဉဿုံအလုံးစုံ သိမြင်တော်မူသည်။ သို့သိမြင်တော် မူသည့်အလျောက် အသီးသီးတို့အားထိုက်သည့်အားလျော်ညီစွာ ကျိုးပြစ်ပေးတော်မူမည်သာဖြစ်သည်။ ကြည့်-ထာနဝီ။

အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးတို့ကို မှန်ကန်သော သဘာဝအပေါ်၌ပင် ဖန်ဆင်းထားတော်မူခဲ့၏။ လူသားတို့၌ အကောင်းဘက်သို့လည်းကောင်း၊ အဆိုးဘက်သို့လည်းကောင်း ကြိုက်နစ်သက်ရာဘက်သို့ သွားနိုင်ရန် စွမ်းရည်သတ္တိကိုလည်း ထည့်သွင်းပေးတော်မူခဲ့၏။

အချို့လူသားတို့သည် မှန်ကန်သော မူလသဘာဝအပေါ်၌ပင် ရပ်တည်နေခဲ့၏။ အချို့လူသားတို့မူ ပတ်ဝန်းကျင်၏ ဆွဲဆောင်ရာသို့လိုက်ပါကာ မှန်ကန်သော မူလသဘာဝမှ တိမ်းစောင်းသွားခဲ့၏။ အသို့ပင်ရှိစေမည်သူမည်ဝါတို့သည် မိမိတို့၏စေတနာအလျောက် မူလသဘာဝအပေါ်၌ ရပ်တည်နေကြမည်၊ မည်သူမည်ဝါတို့သည် မူလသဘာဝမှ တိမ်းစောင်းသွားကြမည်ကို အလ္လာဟ်အရှင်မြတ်သည် အစကတည်းကပင် အသိဖြစ်တော်မူသည်။

သို့အသိဖြစ်တော်မူသည့်အလျောက် ထိုအရှင်မြတ်သည် လူသားအသီးသီးနှင့်ပတ်သက်၍ မည်သူမည်သို့ဖြစ်မည်၊ မည်ဝါမည်ပုံဖြစ်မည် ဟူ၍ ရေးမှတ်ထားတော်မူခဲ့၏။ သို့ရေးမှတ်ထားတော်မူခဲ့သည့် အတိုင်းပင် ဖြစ်ပျက်လာသည်ချည်းသာ ဖြစ်၏။

أَبَشَرٌ يَهْدُونَنَا فَكَفَرُوا وَتَوَلَّوا وَّاسْتَغْنَى اللَّهُ ۚ وَاللَّهُ غَنِيٌّ حَمِيدٌ ۝٦

ဒင်းတို့က မနုဿလူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လောဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် ဒင်းတို့သည် သွေဖည် ငြင်းပယ်ခဲ့ကြကုန်၏။ ကျောခိုင်းသွားခဲ့ကြ၏။ *အလ္လာဟ်အရှင်မြတ်သည်လည်း ဒင်းတို့အား ဂရုစိုက်တော်မူသည်မရှိခဲ့ပေ။* [၁] စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တမှု ကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းအပ်သော ဂုဏ်တော်၊ အတိုင်းအဆမရှိ ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

زَعَمَ الَّذِينَ كَفَرُوا أَن لَّن يُبْعَثُوا ۚ قُلْ بَلَىٰ وَرَبِّي لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا عَمِلْتُمْ ۚ وَذَٰلِكَ عَلَى اللَّهِ يَسِيرٌ ۝٧

၇။ 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့က ဒင်းတို့သည် အလျှင်း ရှင်ပြန်ထကြရမည် မဟုတ်ဟူ၍ ထင်မြင် ပြောဆိုခဲ့ကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အဘယ်ကြောင့် မဟုတ်သနည်း။ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား တိုင်တည်၍(ပြောအံ့)၊ ဧကန်မလွဲ အသင်တို့သည် ရှင်ပြန်ထကြရပေမည်။ ထို့နောက် ဧကန်မုချ အသင်တို့သည် မိမိတို့ကျင့်မူခဲ့သမျှတို့ကို သိစေခြင်းခံကြရမည်။ စင်စစ်သော်ကား ဤသည်အလ္လာဟ်အရှင်မြတ်၌လွန်စွာလွယ်ကူလှ၏။ [၂]

---

① ယင်းသို့ကာဖိရ်များ ဤပစ္စက္ခတွင်လည်းကောင်း၊နောင်တမလွန်ဘဝတွင်လည်းကောင်း ပြစ်ဒဏ်ခံကြရခြင်းမှာ မသိနားမလည်၍ မေ့မှားသွေဖည်ခဲ့ကြခြင်းမဟုတ်၊ ၎င်းတို့ထံ အလ္လာဟ်အရှင်မြတ်၏ တမန်တော်များ အသီးသီး ရောက်ရှိလာခဲ့ကြ၏။ ထင်ရှားသော သက်သေလက္ခဏာတော်များကိုလည်း ပြသခဲ့ကြ၏။ မှားမှန်၊ ဆိုးကောင်း၊ ကျိုးကြောင်းပြ၍လည်း သွန်သင်ဆုံးမခဲ့ကြ၏။ တရားဟောညွှန်ပြခဲ့ကြ၏။

သို့ပါသော်လည်း ကာဖိရ်များက ဤလူသား (တမန်တော်များ)သည် ငါတို့အား အသို့လျှင် တရားပြနိုင်ကြအံ့နည်း။ လူသားသည် တမန်တော်မဖြစ်နိုင်ဟုဆိုကာ သွေဖည်ခဲ့ကြ၏၊ကျောခိုင်းသွားခဲ့ကြ၏။ ယင်းသို့သိပါလျက်နှင့် သွေဖည်သွားခဲ့ကြသည့်အတွက်၊ ကျောခိုင်းသွားခဲ့ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်လည်း အနည်းငယ်စိုးစဉ်းမျှပင် ဂရုစိုက်တော်မမူခဲ့ပေ။ ကရုဏာတော်ပွားတော်မူပါလျက် ကရုဏာတော်ကိုပင် ကျောခိုင်းသွားခဲ့ကြသည်ဖြစ်ရာ၊ ကရုဏာတော်နှင့် မထိုက်တန်သောသူများအား ၎င်းတို့နှင့်ထိုက်တန်သော အကျိုးကိုပင် ပေးတော်မူခဲ့လေသည်။ ဤသည် မည်သူမပြုမိမိမှုပင်။

فَـَٔامِنُوا۟ بِٱللَّهِ وَرَسُولِهِۦ وَٱلنُّورِ ٱلَّذِىٓ أَنزَلْنَا ۚ وَٱللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿٨﴾

၈။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရုစူလ်တမန်တော်မြတ်အား လည်းကောင်း၊ ငါအရှင်မြတ်ချပေးသနားတော်မူခဲ့သော အလင်းရောင်အား လည်းကောင်း၊ သက်ဝင် ယုံကြည်ကြလေကုန်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

يَوْمَ يَجْمَعُكُمْ لِيَوْمِ ٱلْجَمْعِ ۖ ذَٰلِكَ يَوْمُ ٱلتَّغَابُنِ ۗ وَمَن يُؤْمِنۢ بِٱللَّهِ وَيَعْمَلْ صَٰلِحًا يُكَفِّرْ عَنْهُ سَيِّـَٔاتِهِۦ وَيُدْخِلْهُ جَنَّٰتٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ خَٰلِدِينَ فِيهَآ أَبَدًا ۚ ذَٰلِكَ ٱلْفَوْزُ ٱلْعَظِيمُ ﴿٩﴾

၉။ အကြင်နေ့ကို (သတိရကြလေကုန်)။ ထိုအရှင်မြတ်သည် အသင်တို့အား စုရုံးရာနေ့တွင် စုရုံးတော်မူပေမည်။ ထိုနေ့ကား အရှုံးအနိုင်ကို အမှန်အတိုင်း သိရှိရမည့်နေ့ပင်။

စင်စစ်မှာမူကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်၍ ကောင်းမှုကို ကျင့်မူဆောက်တည်ပါလျှင် ထိုအရှင်မြတ်သည် ၎င်း၏အကုသိုလ်ဒုစရိုက်များကို ၎င်းမှ ပပျောက်စေတော်မူမည့်ပြင် ၎င်းအား အကြင်ဥယျာဉ်များသို့လည်း အမြဲထာဝစဉ် နေထိုင်သူများအဖြစ် ဝင်ရောက်စေတော်မူမည်ဖြစ်၏။ ယင်းဥယျာဉ်များ၏အောက်မှ ချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ ထိုသည်ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။

---

(၂) ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်က စေလွှတ်တော်မူသော တမန်တော်များအား သွေဖည်ငြင်းဆန်လက်မခံခဲ့ကြသကဲ့သို့ သေပြီးနောက် ပြန်လည်ရှင်ထကြရမည်ကိုလည်း သွေဖည်ငြင်းဆန်လက်မခံခဲ့ကြပေ။ ယင်းကာဖိရ်များ လက်မခံကြသော်လည်း တစ်ရက် 'ကိယာမတ်' အမှန်ဖြစ်မည်၊ အားလုံး ရှင်ပြန်ထကြရမည်။ မိမိတို့ ကျင့်မူဆည်းပူးခဲ့ကြသည်များနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းခံကြရပေမည်။ ဤသည် အလ္လာဟ်အရှင်မြတ်အဖို့ အသို့မျှ အခက်အခဲမရှိ။

وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ النَّارِ خَالِدِينَ فِيهَا ۖ وَبِئْسَ الْمَصِيرُ ﴿١٠﴾

၁၀။ သို့တစေလည်း အကြင်သူသည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ငါအရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့ကား ငရဲမီးခဲ့၌ အမြဲထာဝစဉ် နေထိုင်ကြရအံ့သော သူများပင် ဖြစ်ကြကုန်၏။ စင်စစ်သော်ကား ယင်းငရဲမီးသည် လွန်စွာယုတ်ညံ့လှစွာသော စခန်းပင် ဖြစ်ပေသတည်း။ [၁]

مَا أَصَابَ مِن مُّصِيبَةٍ إِلَّا بِإِذْنِ اللَّهِ ۗ وَمَن يُؤْمِن بِاللَّهِ يَهْدِ قَلْبَهُ ۚ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١١﴾

၁၁။ *ဘေးဒုက္ခဟူသမျှတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့်သာ သက်ရောက်၏။* [၂] ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုအလ္လာဟ်အရှင်မြတ်သည် ၎င်း၏စိတ်နှလုံးကို တရားလမ်းမှန် ပြသတော်မူ၏။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၃]

---

① **အရှုံးအမြတ်ပေါ်မည့်နေ့**

ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် အားလုံးကိုပြန်လည်စုရုံးစေတော်မူမည်ဖြစ်သည်။ ထိုနေ့တွင် လက်တွေ့အရှုံးအမြတ်လည်း ပေါ်မည်။ (ဂျဟန္နမ်) ငရဲသို့လားကြရသူများသည် ရှုံးကြမည်၊ (ဂျန္နတ်) အမတ သုခဘုံသို့ လားကြရသူများသည် မြတ်ကြမည်။

ရှုံးသူများ၏ အရှုံးကား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က မိမိတို့အား ချီးမြှင့်အပ်နှင်း ထားတော်မူသော စွမ်းရည်သတ္တိများကို အလွဲသုံးစားပြုခဲ့ကြသည့်အတွက် မတည်အရင်းအနှီးကိုပင် ဆုံးရှုံးကြရခြင်းကြောင့်ပင်။

အမြတ်အစွန်းရရှိသူများ၏ အမြတ်ကား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က မိမိတို့အား ချီးမြှင့်အပ်နှင်းထားတော်မူသည့် စွမ်းရည်သတ္တိများကို ထိုအရှင်မြတ်လမ်းတော်တွင် တရားသဖြင့် အသုံးပြုခဲ့ကြသည့်အတွက် ချီးမြှင့်သင့် ချီးမြှင့်အပ်သည်ထက် အတိုင်းမသိ ကြီးမားများပြားလှသော ဆုတော်လာဘ်တော်များကို ချီးမြှင့်တော်မူခြင်း ခံကြရခြင်းကြောင့်ပင်။ ရှေ့အာယတ်တော်တွင် ဤသည့်အရှုံးနှင့်အမြတ်ကိုပင် ရှင်းလင်းမိန့်ဆိုထားတော်မူသည်။

② ဆိုလိုသည်ကား ဤလောကဓာတ်ကြီးတွင် ဖြစ်ပျက်နေသော အဖြစ်အပျက် ဒုက္ခ၊ သုခကိစ္စအဝဝတို့သည် အကြောင်းမဲ့၊ အကျိုးမဲ့ ပရမ်းပတာဖြစ် နေသည်မဟုတ်။ အလ္လာဟ်အရှင်မြတ်၏ အသိ၊ အလိုတော်၊ စီမံဖန်တီးမှုဖြင့်သာလျှင် ဖြစ်ပျက်နေခြင်းပင်ဖြစ်သည်။ ထိုအရှင်မြတ်၏ အလိုတော်သာမရှိပါက မည်သည့်ဒုက္ခ၊ မည်သည့်သုခမျှ သက်ရောက်မည်မဟုတ်ပေ။ ➤➤

وَأَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ ۚ فَإِن تَوَلَّيْتُمْ فَإِنَّمَا عَلَىٰ رَسُولِنَا الْبَلَاغُ الْمُبِينُ ﴿١٢﴾

၁၂။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာကြလေကုန်။ ၎င်းပြင် အသင်တို့သည် ရစူလ်တမန်တော်မြတ်၏ အမိန့်ကိုလည်း လိုက်နာကြလေကုန်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (လိုက်နာခြင်းမပြုဘဲ) မျက်နှာလွှဲသွားလျှင် ငါအရှင်မြတ်၏ရစူလ်တမန်တော်မြတ်အပေါ်ဝယ် (အမိန့်တော်များကို) ရှင်းလင်းစွာ ပို့ဆောင်ရန်သာလျှင် တာဝန်ရှိ၏။

اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٣﴾

၁၃။ အလ္လာဟ်အရှင်မြတ်သာလျှင် (ဆည်းကပ်ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏။) ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိပြီ။ သို့ဖြစ်ပေရာ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့မှာမူကား အလ္လာဟ်အရှင်မြတ်၏အပေါ်၌သာလျှင် ယုံပုံလွဲအပ် အားထားရာကုန်သတည်း။

➤➤ သို့ဖြစ်ရာ ဤသည့်သဘောတရားကို ယုံကြည်လက်ခံထားသော မုအ်မင်န်များသည် မိမိတို့၌ ဒုက္ခတစ်စုံတစ်ရာ သက်ရောက်သည့်အတွက် စိတ်မပျက်ရာ၊ စိတ်ဓာတ်မကျရာ၊ အလ္လာဟ်အရှင်မြတ် စီရင်တော်မူသမျှကို အခါခပ်သိမ်း ကျေနပ်နှစ်သက်နေကြရမည်သာ။

⑫ ဆိုလိုသည်ကား အကြင်သူသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးအံ့၊ မိမိ၌ ဒုက္ခတစ်စုံတစ်ရာ ရောက်ရှိလာပါက ဤသည် အလ္လာဟ်အရှင်မြတ်၏ စီမံဖန်တီးမှု၊ စီရင်ဆုံးဖြတ်မှု အရာသာဖြစ်သည်ဟူ၍ နားလည်အံ့။ လောကီရေးရာများတွင် ဆုံးရှုံးပျက်စီးခဲ့ရသည်များအစား ယင်းထက် ပိုမိုကောင်းမြတ်သော အရာများကို ပေးသနားတော်မူအံ့။ ကြည့်-အိဗ်နူကဆီရ်။

တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့သည်မှာ မုအ်မင်န်၏အဖြစ်ကား အံ့ဖွယ်ပင်။ အလ္လာဟ်အရှင်မြတ် စီရင်တော်မူသမျှ ထိုမုအ်မင်န်အဖို့ အကောင်းချည်းပင်။ အကြောင်းသော်ကား ထိုမုအ်မင်န်သည် မိမိ၌ဒုက္ခဖြစ်သော်သည်းခံ၏၊ ဤသည်လည်း သူ၏အဖို့အကောင်းပင်။ တဖန် ထိုမုအ်မင်န်သည် မိမိ၌သုခဖြစ်သော် ကျေးဇူးတင်၏၊ ဤသည်လည်း သူ၏အဖို့အကောင်းပင်။ ဤသည့် အခွင့်အလမ်းသာမူကား မုအ်မင်န်များ၌သာ ရှိပေသည်။ ဤဩဝါဒတော်သည် ဗုခါရီနှင့် မွတ်စ်လင်မ်ကျမ်းကြီး နှစ်စောင်စလုံးတွင် လာရှိပေသည်။ အိဗ်နူကဆီရ်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِنَّ مِنْ أَزْوَٰجِكُمْ وَأَوْلَٰدِكُمْ عَدُوًّا لَّكُمْ فَٱحْذَرُوهُمْ ۚ وَإِن تَعْفُوا۟ وَتَصْفَحُوا۟ وَتَغْفِرُوا۟ فَإِنَّ ٱللَّهَ غَفُورٌ رَّحِيمٌ ﴿١٤﴾

၁၄။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ဇနီးမိန်းမတို့တွင်လည်းကောင်း၊ အသင်တို့၏ သားသမီးတို့တွင်လည်းကောင်း၊ အသင်တို့၏ရန်သူများ ရှိနေကြပေသည်။ [၁] သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့ကို သတိပြုကြလေကုန်။ ထို့ပြင် အကယ်၍ အသင်တို့သည် (ထိုသူတို့အား) ခွင့်လွှတ်ကြပါလျှင်လည်းကောင်း၊ လျစ်လျူရှုကြပါလျှင်လည်းကောင်း၊ လွှတ်ငြိမ်းချမ်းသာခွင့် ပေးကြပါလျှင်လည်းကောင်း၊ ဇကန်မလွဲ အလွှာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်တရာကြင်နာသနားတော်မူသောအရှင် ဖြစ်တော်မူ၏။ [၂]

---

① **အချို့သားသမီးနှင့် ဇနီးသည် ရန်သူဖြစ်တတ်၏။**

များသောအားဖြင့် အချို့ပုဂ္ဂိုလ်များသည် သားသမီးဇနီးသည်တို့၏ ခင်တွယ်မှု၊ သံယောဇဉ်ဝဲဩဃတွင် တဝဲလည်လည်ဖြစ်ကာ အလွှာဟ်အရှင်မြတ်အား မေ့နေတတ်ကြ၏။ထိုအရှင်မြတ်၏ အမိန့်တော်များကို နာယူကျင့်မူရာတွင် ပေါ့လျော့နေတတ်ကြ၏။

သားသမီးဇနီးသည်များ၏ သံယောဇဉ်ကြောင့် များစွာသော ကောင်းမှုကိစ္စများကို လျစ်လျူရှုထားကြသည်သာမက၊ များစွာသောမကောင်းမှုများကိုပင် ကျူးလွန်တတ်ကြ၏။ သားသမီးဇနီးသည်တို့၏ လိုလားချက်များကို ဖြည့်စွမ်းနိုင်ရန်နှင့် ၎င်းတို့၌ ကျေနပ်နှစ်သက်မှုရှိစေရန်အတွက် နေ့မအား ညမအား ကြိုးပမ်းနေကြတတ်၏။ ဤသည့် ဝဲဩဃတွင် တဝဲလည်လည်ဖြစ်ကာ နောင်တမလွန်အရေးကို အမေ့ကြီး မေ့နေတတ်ကြ၏။

သားသမီးဇနီးများ၏ သံယောဇဉ်သည် အလွှာဟ်အရှင်မြတ်အား မေ့ရန်၊ နောင်တမလွန်အရေးကိုမေ့ရန် ကောင်းမှုများကို မပြုလုပ်နိုင်သည်သာမက၊ မကောင်းမှုများကို ပြုလုပ်ရန်ပင် အကြောင်း ကြီးဖြစ်လာပါက၊ ယင်းသို့သော သားသမီးဇနီးသည်များသည် မိမိအဖို့ အဆွေခင်ပွန်း မဟုတ်သည်သာမက အလွန်ဆိုးရွားသော ရန်သူများပင်ဖြစ်နေကြပြီ မဟုတ်အံ့လော။ သားသမီးဇနီးသည်တို့သည် ယင်းသို့ မိမိအဖို့ ရန်သူများ ဖြစ်နေကြသည်ကို သက်ဆိုင်ရာပုဂ္ဂိုလ်တို့၌ တစ်ခါတစ်ရံ အတွေးပင်မပေါ်ပေါက်တတ်ပေ။ ထို့အတွက်ကြောင့် အလွှာဟ်အရှင်မြတ်က ယင်းသို့သော သားသမီးဇနီးတို့နှင့် ပတ်သက်၍ သတိပေးထားတော်မူခြင်းဖြစ်သည်။ ကုရ်အာန် (၆၃း၉)တွင်လည်း ဤအတိုင်း သတိပေးထားတော်မူသည်။

ဤတွင် သတိပြုအပ်သည်မှာ လူ့လောကရှိ သားသမီးဇနီးသည် အားလုံးတို့သည် တစ်မျိုးတစ်စားတည်း မဟုတ်ကြပေ။ သားဆိုး၊ သမီးဆိုး၊ ဇနီးဆိုးများရှိကြသကဲ့သို့ သားကောင်း၊ သမီးကောင်း၊ ဇနီးကောင်းများလည်း အမြောက်အမြားရှိကြပေသည်။ များစွာသောဇနီးများသည် ဇနီးကောင်းပီပီ မိမိတို့ကိုယ်တိုင် သာသနာရေးရာများကို ထိန်းသိမ်းနိုင်ကြသည်သာမက မိမိတို့၏ ခင်ပွန်းသည်များ၏ သာသနာရေးရာများကိုပင် ထိန်းသိမ်းပေးနိုင်ကြသည်။

➤➤

إِنَّمَآ أَمْوَٰلُكُمْ وَأَوْلَٰدُكُمْ فِتْنَةٌ ۚ وَٱللَّهُ عِندَهُۥٓ أَجْرٌ عَظِيمٌ ﴿١٥﴾

၁၅။ အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း၊ စမ်းသပ်မှုသာလျှင် ဖြစ်ကုန်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်အထံတော်၌ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည် ရှိပေသည်။

فَٱتَّقُوا۟ ٱللَّهَ مَا ٱسْتَطَعْتُمْ وَٱسْمَعُوا۟ وَأَطِيعُوا۟ وَأَنفِقُوا۟ خَيْرًا لِّأَنفُسِكُمْ ۗ وَمَن يُوقَ شُحَّ نَفْسِهِۦ فَأُو۟لَٰٓئِكَ هُمُ ٱلْمُفْلِحُونَ ﴿١٦﴾

၁၆။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ တတ်စွမ်းနိုင်သမျှ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် နာခံကြလေကုန်။ ၎င်းပြင် အသင်တို့သည် လိုက်နာကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့ကိုယ်တိုင် ကောင်းစားရန် သုံးစွဲ(လှူဒါန်း)ကြလေကုန်။ စင်စစ်သော်ကား မည်သူမဆို မိမိကိုယ်တိုင်၏ လောဘရမ္မက်ကြီးမှုမှ လွတ်ကင်းပါမူ ယင်းကဲ့သို့သောသူတို့သည်သာလျှင် အောင်မြင်သူများဖြစ်ကုန်၏။

➤➤ ထို့အတူများစွာသော သားသမီးများသည် မိဘများအား အနှောင့်အယှက် တစ်စုံတစ်ရာ မပေးကြသည်သာမက အကျိုးအမြတ်များကိုပင် ပြုလျက်ရှိကြပေသည်။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား သားကောင်း၊ သမီးကောင်းနှင့် ဇနီးကောင်းများကို ပေးသနားတော်မူပါစေသတည်း။)

ⓙ ဆိုလိုသည်ကား အကယ်၍သာ သားသမီးဇနီးသည်များသည် မိမိတို့အား ရန်မူကြသည်ရှိသော် လောကီရေး၊ လောကုတ္တရာရေးများတွင် အန္တရာယ်ပြုကြသည်ရှိသော်၊ ၎င်းတို့အား တုံ့ပြန်လက်စားမချေကြရာ။ ၎င်းတို့အား လျော်ကန်သင့်မြတ်သော အရေးယူမှုထက် ပိုမိုလွန်ကဲ၍ မပြင်းထန်ကြရာ၊ သို့မဟုတ်ပါမူ စိမ်ကွပ်ကဲအုပ်ချုပ်မှုသည် ပျက်စီးသွားပေမည်။

တရားတော်က ခွင့်ပြုသည်နှင့်အမျှ အခြေအနေအရ လိုက်လျောနိုင်သည်နှင့်အမျှ ၎င်းတို့၏ မှားယွင်းမှု၊ မိုက်မဲမှုများကို ခွင့်လွှတ်ကြရမည်၊လျစ်လျူပြုကြရမည်။

ယင်းသို့ စိတ်နေသဘောထားကြီးစွာဖြင့် သားသမီးဇနီးတို့အား ခွင့်လွှတ်ပါက၊လျစ်လျူပြုပါက အလ္လာဟ်အရှင်မြတ်သည် မိမိတို့အား သနားကြင်နာတော်မူပေမည်။ မိမိ၏အမှားများကိုလည်း ခွင့်လွှတ်တော်မူပေမည်။

အမှန်မှာသားသမီးဇနီးတို့သည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော အဖိုးမဖြတ်နိုင်သည့် ရတနာများပင်ဖြစ်ကြပေသည်။ ၎င်းတို့အား အစွမ်းလာမ်နှင့်အညီ သွန်သင်ဆုံးမ၍ ပြုစုပျိုးထောင် ပေးပါက နှစ်ဘဝစလုံးပင် သုခချမ်းသာအဖြာဖြာကို ဆောင်ကြဉ်းပေးနိုင်ကြပေသည်။ သို့မဟုတ်ပါမူ ဒုက္ခအမျိုးမျိုး ပေးနိုင်ပေသည်။ ကြည့်-မာဂျိဒီ။

إِنْ تُقْرِضُوا اللَّهَ قَرْضًا حَسَنًا يُضَٰعِفْهُ لَكُمْ وَيَغْفِرْ لَكُمْ ۚ وَاللَّهُ شَكُورٌ حَلِيمٌ ﴿١٧﴾

၁၇။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်စွာ ချေးငှားကြသည်ရှိသော် ထိုအရှင်မြတ်သည် အသင်တို့အဖို့ ယင်းချေးငှားခြင်းကို ဆထက် တိုးပွားတော်မူပေမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့အား ခွင့်လွှတ်ချမ်းသာပေးတော်မူပေမည်။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ရက်ရောစွာ ကျေးဇူးတုံ့ပြန်တော်မူသောအရှင်၊ အလွန်တရာ သည်းခံခြင်းတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

عَٰلِمُ الْغَيْبِ وَالشَّهَٰدَةِ الْعَزِيزُ الْحَكِيمُ ﴿١٨﴾

၁၈။ လျှို့ဝှက်စွာ ရှိသည်တို့ကိုလည်းကောင်း၊ ထင်ရှားစွာ ရှိသည်တို့ကိုလည်းကောင်း၊ သိရှိတော်မူသောအရှင်၊ အလွန်တရာ ခန့်ညားတော်မူသောအရှင်၊ လွန်စွာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။

လင်ခန်းမယားခန်းဖြတ်ခန်းကဏ္ဍ



ဤကဏ္ဍသည် 'တွလာက်' လင်ခန်းမယားခန်းဖြတ်ခြင်း ကဏ္ဍမည်၏။ မဒီနာမြို့တော်တွင် ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၁၂)ပါးနှင့် ရကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

يٰٓاَيُّهَا النَّبِيُّ اِذَا طَلَّقْتُمُ النِّسَآءَ
فَطَلِّقُوْهُنَّ لِعِدَّتِهِنَّ
وَاَحْصُوا الْعِدَّةَ ۚ وَاتَّقُوا اللّٰهَ
رَبَّكُمْ ۚ لَا تُخْرِجُوْهُنَّ مِنْۢ بُيُوْتِهِنَّ
وَلَا يَخْرُجْنَ اِلَّآ اَنْ يَّاْتِيْنَ
بِفَاحِشَةٍ مُّبَيِّنَةٍ ۚ وَتِلْكَ حُدُوْدُ

မပြတ်မစဲ သနားညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

၁။ အိ–နဗီတမန်တော်၊ (အသင်သည် လူသားတို့အား ပြောကြားလိုက်ပါလေ)။ အသင်တို့သည် ဇနီးမိန်းမများအား တွလာက်ပေး ကွာရှင်း(ရန် ရည်ရွယ်) သောအခါ ၎င်းတို့၏ 'အစ်ဒ္ဒသ်'ရက်များ *(စဉ်ရေတွက်နိုင်သော)* အချိန်ကာလ၌ 'တွလာက်'ပေး ကွာရှင်းကြလေကုန်။ [၁] ၎င်းပြင် အသင်တို့သည် 'အစ်ဒ္ဒသ်' ရက်များကို ရေတွက်ကြလေကုန်။ [၂] ထိုမှတပါး အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။

---

① အကြောင်းတစ်ခုခုကြောင့် မလွဲမရှောင်သာ၍ မိမိ၏ဇနီးအား ကွာရှင်းရန် ရည်ရွယ်သောအခါ၊ 'အစ်ဒ္ဒတ်' ရက်တွင် ကွာရှင်းသင့်ပေသည်။ 'အစ်ဒ္ဒတ်' ရက်သည် 'ဟိုက်ဇ်' ရာသီသွေး သုံးကြိမ် ဆင်းခြင်းပင်ဖြစ်သည်။

ဤအကြောင်း ကုရ်အာန် (၂:၂၂၈)တွင် ပါရှိခဲ့ချေပြီ။

ဆိုလိုသည်ကား ရာသီသွေးဆင်းနေချိန်တွင် ကွာရှင်းခြင်းမပြုရာ၊ သန့်ရှင်းနေသောအချိန်တွင် ကွာရှင်းရာ၏။ ထို့ပြင်တစ်ဝ တမန်တော်မြတ်၏ သြဝါဒတော်အရ အဆိုပါ သန့်ရှင်းနေသည့်အချိန်တွင် မေထုန်သံဝါသ မပြုမိရ။

② မလွဲမရှောင်သာ၍ မိမိ၏ဇနီးအား ကွာရှင်းပါက သို့ကွာရှင်းပြီးနောက် ယောကျ်ား၊ မိန်းမနှစ်ဦးစလုံးတို့သည် 'အစ်ဒ္ဒတ်' ရက်ကို ကောင်းစွာ ရေတွက်ထားကြရမည်။ သို့ကောင်းစွာ ရေတွက် မထားကြပါက ပြဿနာပေါ်နိုင်သည်။ ထို့အတွက်ကြောင့်ပင် အထက်ပါ အာယတ်တော်တွင် 'အစ်ဒ္ဒတ်'ရက် ရေတွက်ရာတွင် အဝိုအလို မဖြစ်စေသည့် အချိန်အခါမျိုးဌ ကွာရှင်းရန် ညွှန်ကြားထားတော်မူခြင်းဖြစ်သည်။

اللَّهِ ۚ وَمَن يَتَعَدَّ حُدُودَ اللَّهِ فَقَدْ ظَلَمَ نَفْسَهُ ۚ لَا تَدْرِي لَعَلَّ اللَّهَ يُحْدِثُ بَعْدَ ذَٰلِكَ أَمْرًا ①

ထင်ရှားစွာသော စက်ဆုပ်ရွံရှာမှု တစ်စုံတစ်ရာကို ယင်းဇနီးမိန်းမများ ကျူးလွန်ကြသည်မှတစ်ပါး အသင်တို့သည် ၎င်းတို့အား ၎င်းတို့၏ နေအိမ်များမှ ထွက်စေခြင်းကို မပြုကြကုန်လင့်။ ၎င်းတို့ ကိုယ်တိုင်လည်း (နေအိမ်များမှ) မထွက်ကြရပေ။ ②

စင်စစ်သော်ကား ထိုသည် အလ္လာဟ်အရှင်မြတ် (သတ်မှတ်ပြဋ္ဌာန်းတော်မူသော) စည်းကမ်းချက်များပင်၊ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်မှု ဧကန်မလွဲ ထိုသူသည် မိမိကိုယ်ကို နှိပ်စက်ခဲ့ချေပြီ။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အကြောင်းကိစ္စ တစ်စုံတစ်ရာကို အသစ် ဖန်တီး၍ပေးတော်မူမည် ဖြစ်တန်ရာသည်ကို အသင် မသိပြီတကား။ ③

---

① မလွဲမရှောင်သာ၍ ကွာရှင်းရာတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညား၍ သက်ဆိုင်ရာအမိန့်၊ ပညတ်များကို အတိအကျ လိုက်နာကြရပေမည်။

ဥပမာ–ရာသီသွေးဆင်းနေချိန်တွင် မကွာရှင်းရာ၊ (တွလာက်) ကွာရှင်းမှသုံးခုကိုလည်း တစ်ကြိမ်တည်း တစ်ခါတည်း မပြုရာ၊ ကွာရှင်းထားသော အမျိုးသမီးအား ၎င်း၏သက်ဆိုင်ရာနေအိမ်မှလည်း (အကြောင်းမဲ့) နှင်မထုတ်ရာ။ ထိုနည်းအတူ ကွာရှင်းခြင်းခံရသော အမျိုးသမီးများသည် မိမိတို့နေထိုင်ရာ သက်ဆိုင်ရာနေအိမ်များမှ မိမိတို့စိတ်စေတနာအလျောက်လည်း ထွက်ခွာမသွားကြရာ။

(ဤစွတ်က်နာ) နေထိုင်ခွင့်သည် လူ့အခွင့်အရေးသာမဟုတ်၊ လူ့အခွင့်အရေးဖြစ်ပါမူ လူသည် မိမိ၏အခွင့်အရေးကို စွန့်လွှတ်နိုင်သည်။ ယခုမူ ဤနေထိုင်ခွင့် အခွင့်အရေးသည် ရှရီအတ် တရားတော်၏ အခွင့်အရေးဖြစ်သည်။ စွန့်လွှတ်ပိုင်ခွင့်မရှိ၊ စွန့်လွှတ်သော်လည်း ပျက်ပြယ်သွားမည်မဟုတ်။

သို့ရာတွင် အကယ်၍ ကွာရှင်းခြင်းခံရသော အမျိုးသမီးတစ်ဦးသည် စက်ဆုပ်ရွံ့ရှာဖွယ်အမှုကို အထင်အရှားပြုမူကျင့်ကြံသော် ဥပမာ–ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သော်၊ သို့မဟုတ် ခိုးဝှက်သော်၊ သို့တည်းမဟုတ် အချို့အာလင်မ်များ၏ အဆိုအရ အချိန်တိုင်းတွင် ငြူစူစောင်းမြောင်း ရေရွတ်ပြောဆိုသော်၊ စကားများရန်တွေ့နေသည်ရှိသော်၊ နှုတ်သံညည်းညူဒေါသမှုဖြင့် အငြူအစူပြုမူနေသော် ယင်းသို့သော အမျိုးသမီးများကိုမူ နေအိမ်မှပင်လျှင် နှင်ထုတ်ပိုင်သည်။

အကယ်၍ ကွာရှင်းခြင်းခံရသော အမျိုးသမီးတစ်ဦးသည် မိမိနေအိမ်မှအကြောင်းမဲ့ ထွက်ခွာသွားပါမူ ဤသည် ၎င်း၏အရှက်ကင်းမဲ့သော အပြုအမူသာလျှင်ဖြစ်ပေမည်။

فَإِذَا بَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ
بِمَعْرُوفٍ أَوْ فَارِقُوهُنَّ
بِمَعْرُوفٍ وَأَشْهِدُوا ذَوَيْ
عَدْلٍ مِنْكُمْ وَأَقِيمُوا الشَّهَادَةَ
لِلَّهِ ذَٰلِكُمْ يُوعَظُ بِهِ مَنْ كَانَ
يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ
وَمَنْ يَتَّقِ اللَّهَ يَجْعَلْ لَهُ
مَخْرَجًا ﴿٢﴾

၂။ ကစ်ဖန် ထို(ကွာရှင်းခဲ့သော) ဧနီးမိန်းမများသည် ၎င်းတို့နှင့်ပတ်သက်၍ သတ်မှတ်ထားသော 'အစ်ဒ္ဒတ်'ရက်ပိုင်း၏ နောက်ဆုံးအချိန်ကာလသို့ ရောက်ခါနီးတွင် အသင်တို့သည် ၎င်းတို့အား(တရားတော်၏)စည်းကမ်းနှင့်အညီ ပြန်လည်သိမ်းပိုက်ကြလေကုန်။ သို့တည်းမဟုတ် အသင်တို့သည် (တရားတော်၏) စည်းကမ်းနှင့်အညီ ၎င်းတို့နှင့်ခွဲခွာကြလေကုန်။ [၁]

၎င်းအပြင် အသင်တို့သည် မိမိတို့အနက်မှ သမာဓိရှိသောသူ နှစ်ယောက်ကို သက်သေထားကြလေကုန်။ [၂] ထိုမှတစ်ပါး အသင်တို့သည် အလွှာဟ်အရှင်မြတ်အား ရည်သန်၍ ဖြောင့်မှန်စွာ သက်သေထွက်ဆိုကြလေကုန်။ ထိုသည်ကား အလွှာဟ်အရှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက်ဝင်ယုံကြည်သောသူအား ဆုံးမသြဝါဒပေးခြင်းပင်ဖြစ်၏။ [၃]

---

① ဤအာယတ်တော်တွင် (لا تدري) 'လာတဒ်ရီ'-'အသင်မသိ'ဟူသည် မိမိ၏ဧနီးအား ကွာရှင်းသူကို ရည်ညွှန်းသည်။ ဆိုလိုသည်ကား အို-ကွာရှင်းသူ၊ အသင်သည် မိမိ၏ဧနီးအား အလျင်စလို ကွာရှင်းလိုက်ပြီ။ သို့အသင် ကွာရှင်းပြီးနောက်တွင် အလွှာဟ်အရှင်မြတ်သည် အကြောင်းတစ်စုံတစ်ရာကို အသစ်ဖန်တီး ပေးတော်မူကောင်းမူပေလိမ့်မည်။ သို့ဖန်တီးပေးမူကြောင့် အသင်တို့ဧနီးမောင်နှံသည် ပြန်လည်သင့်မြတ်သွားနိုင်ကြပေသည်။

ထိုအခါ အသင်တို့သည် မိမိကွာရှင်းမှုပြုမိလေခြင်းဟု ဝမ်းနည်းကြေကွဲပေမည်။ ဤသည်ကို အသင်မသိ။ သို့ဖြစ်ရာ ကွာရှင်းရာတွင် အလျင်စလိုမပြုရာ၊ စိတ်လိုက်မာန်ပါမပြုမှားမိကြရာ။

② 'တွလာက်ရ်ဂျ်အီ' ပေးခြင်းခံရသော အမျိုးသမီးများသည် 'အစ်ဒ္ဒတ်'ရက် ကုန်ဆုံးခါနီးသို့ ရောက်ရှိသွားကြသောအခါ လင်ယောကျ်ားများအဖို့ ပြုလုပ်ရန် နှစ်ခုသာရှိပေသည်။ လင်ယောကျ်ားများသည် ဧနီးမိန်းမများအား ကောင်းမြတ်သောနည်းဖြင့် ပြန်လည်သိမ်းပိုက်လိုက သိမ်းပိုက်နိုင်ကြပေသည်။ သို့တည်းမဟုတ် ဆက်လက်၍ လုံးဝမပေါင်းသင်းလိုက ကောင်းမြတ်သောနည်းဖြင့် ဂုဏ်ရှိရှိသိက္ခာရှိရှိ လုံးလုံးလျားလျား စွန့်လွှတ်နိုင်ကြပေသည်။

ဆိုလိုသည်ကား လင်ယောကျ်ားများသည် ဧနီးမိန်းမများအား ပြန်လည်သိမ်းပိုက်ကြသည်ဖြစ်စေ၊ သားမယားအဖြစ်မှ လုံးဝစွန့်လွှတ်ကွာရှင်း ပြတ်စဲကြသည်ဖြစ်စေ၊ အသို့ပင်ဖြစ်စေကာမူ ဧနီးမိန်းမများအား မည်သည့်နည်းနှင့်မျှ အရှက်တကွဲ အကျိုးနည်းအောင် မပြုလုပ်ကြရာ။ ➤➤

➢➢ တစ်ခါတစ်ရံ အချို့ယောကျ်ားများသည် မိမိတို့၏ဇနီးများအား ပြန်လည်သိမ်းပိုက်၍ သင့်မြတ်စွာ ဆက်လက်ပေါင်းသင်းလိုကြ သည်မဟုတ်၊ သို့ပါသော်လည်း 'အစဒ္ဒတ်'ရက်ကို ရှည်လျားစေရန်အတွက် ကွာရှင်းမှုကိုပြန်လည်ရုပ်သိမ်းကြ၏။ ဤသို့လည်း မပြုကြရာ။

အချို့ယောကျ်ားများသည် ဇနီးမိန်းမများအား တမင်သက်သက် ဒုက္ခပေးနိုင်ရန်အတွက် ကွာရှင်းမှုကို ပြန်လည်ရုပ်သိမ်းကြ၏။ ဤသည်ကိုလည်း မပြုကြရာ။ ဤအကြောင်း ကုရ်အာန် (၂:၂၃၁)တွင် ပါရှိခဲ့ချေပြီ။

ⓙ ဆိုလိုသည်ကား 'တွလာက်ရဂ်အီ' ပေး၍ ကွာရှင်းထားသော အမျိုးသမီးများအား 'အစဒ္ဒတ်' ရက်အတွင်း ပြန်လည်သိမ်းပိုက်သည်ဖြစ်စေ၊ လုံးလုံးလျားလျား စွန့်လွှတ်လိုက်သည်ဖြစ်စေ၊ အသို့ပင်ဖြစ်စေ၊ တရားမျှတသော ဂုဏ်သမာဓိရှိသူနှစ်ဦးအား သက်သေထားကြရပေမည်။ သက်သေမထားမိကြပါက ပြန်လည်ရုပ်သိမ်းသည့် အဖြစ်မျိုးတွင် အမျိုးသမီးများဘက်မှ အငြင်းပွားနိုင်ကြပေသည်။ လုံးလုံးလျားလျား စွန့်လွှတ်သည့်အဖြစ်မျိုးတွင် ယောကျ်ားများဘက်မှ ကျွန်ုပ်သည် ကွာရှင်းမှုကို ပြန်လည်ရုပ်သိမ်းထားပြီးဖြစ်သည်ဟု လိမ်လည် ပြောဆိုနိုင်ကြပေသည်။ ကြည့်–ထာနဝီ။

ဇနီးမောင်နှံနှစ်ဦး ပြန်လည်ပေါင်းသင်းကြသည်ဖြစ်စေ၊ လုံးလုံးပြတ်စဲကြသည်ဖြစ်စေ၊ တရားဝင် သက်သေများ မထားရှိပါက အကြောင်းမသိသူများက ယိုးစွပ်ပြောဆိုကြပေမည်။

ⓚ ယောကျ်ားများသည် ဇနီးမိန်းမများအား တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မဟုတ်၊ ရာ(၁၀၀) နှင့်ချီ၍ ကွာရှင်းလေ့ရှိခဲ့ကြ၏။ သို့ကွာရှင်းပြီးနောက်တွင်လည်း အမျိုးသမီးတို့၏ ဒုက္ခမှာ ကုန်ဆုံး ရပ်တန့်သွားသည် မရှိခဲ့ပေ။

ကုရ်အာန်ကျမ်းမြတ်တွင် အထူးသဖြင့် ဤကဏ္ဍတွင် ယင်းသည့် နှိပ်စက်ညှဉ်းပန်းမှု၊ မတရား ကျူးကျော်စော်ကားမှုများကို လုံးဝပိတ်ပင်တားဆီးနိုင်ရန်အလို့ငှာ ထိမ်းမြားရေး၊ ကွာရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို တိကျပြတ်သားစွာ သတ်မှတ်ပြဋ္ဌာန်း ၍ပေးထားတော်မူသည်။

ဆိုလိုသည်ကား ယောကျ်ားများသည် ဇနီးမိန်းမများနှင့် ဆက်ဆံပေါင်းသင်းနေထိုင်လိုကြပါက ဇနီးများအား သားမှတ်မှတ်၊ မယားမှတ်မှတ် ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိ ထားကြရမည်။ မလွဲမရှောင်သာ၍ ကွာရှင်းလိုပါကလည်း နှမချင်းစာနာကာ ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိ ကောင်းမြတ်သောနည်းနှင့်ပင် ကွာရှင်းကြရပေမည်။ မည်သည့်အချိန်တွင်မျှ မည်သို့မျှ ဒုက္ခမပေးကြရ၊ အရှက်တကွဲ အကျိုးနည်း မပြုကြရ။

ဤသည့်အဆုံးအမတော်ကို အသူလိုက်နာ ကျင့်သုံးအံ့နည်း။ အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ အမှန်တကယ် ယုံကြည်သူများသာလျှင် လိုက်နာကျင့်သုံးကြပေသည်။ အဘယ်ကြောင့်ဆိုသော် ဤသည့်ယုံကြည်မှုသည်ပင် လူသားတို့၏စိတ်တွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှုကို ထည့်သွင်းပေးသည်။

ဤသည့်ကြောက်ရွံ့ ရိုသေခန့်ညားမှုသည်ပင် ယောကျ်ားများအား ဇနီးမိန်းမများအပေါ်၌ မတရားကျူးကျော်စော်ကားခြင်း၊ နှိပ်စက်ညှဉ်ပန်းခြင်းများမှ တားဆီးပေးပေသည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံရန် တိုက်တွန်းလှုံ့ဆော်ပေးပေသည်။

ထို့အတွက်ကြောင့်ပင် ဤကဏ္ဍတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကြရမည့် အကြောင်း အကြိမ်ကြိမ် မိန့်ဆိုထားတော်မူပေသည်။

ကုရ်အာန် (၂:၂၃၂) တွင်လည်း ဤသည့်သဘောကို မိန့်ဆိုထားတော်မူသည်။

وَيَرْزُقْهُ مِنْ حَيْثُ لَا يَحْتَسِبُ ۚ وَمَنْ يَتَوَكَّلْ عَلَى اللَّهِ فَهُوَ حَسْبُهُ ۚ إِنَّ اللَّهَ بَالِغُ أَمْرِهِ ۚ قَدْ جَعَلَ اللَّهُ لِكُلِّ شَيْءٍ قَدْرًا ③

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအရှင်မြတ်သည် ထိုသူတို့၏အဖို့ ထွက်မြောက်ရာနည်းလမ်းကို ပြုလုပ်၍ ပေးသနားတော်မူပေမည်။ ②

၃။ ထိုမှတစ်ပါး: ထိုအရှင်မြတ်သည် ထိုသူအား ထိုသူ မထင်သောနေရာမှ စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ထိုမှတစ်ပါး: မည်သူမဆို အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်အားထားပါမူ ထိုအရှင်မြတ်သည် ထိုသူ၏အဖို့ လုံလောက်တော်မူ၏။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိအရေးကိစ္စကို ပြီးမြောက်အောင် ပြုလုပ်ပေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ အတိုင်းအတာအချိန်အဆတစ်ခုကို ပြုလုပ်၍ ထားရှိတော်မူပေသတည်း။

---

② **'တတ်ဝါ' သည် အချုပ်ပင်။**

အကြင်သူတစ်ဦးသည် 'တတ်ဝါ' တရားလက်ကိုင်ထားသော်၊ အလ္လာဟ်အရှင်မြတ်အား အမှန်တကယ် ကြောက်ရွံ့ရိုသေခန့်ညားး၍ ထိုအရှင်မြတ်၏ အမိန့်တော်များကို မြေဝယ်မကျ ဦးထိပ်ရွက်ပန်သည်ရှိသော် အဘယ်မျှပင် ကြီးလေးခက်ခဲသော အခက်အခဲများနှင့် ရင်ဆိုင်ရလင့်ကစား၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူအဖို့ ယင်းသည့် အခက်အခဲ များမှ လွတ်မြောက်ရန် နည်းလမ်းကိုဖန်တီးပေးတော်မူမည်။

ထို့ပြင်တဝ ထိုအရှင်မြတ်သည် ထိုသူကိုယ်တိုင် မတွေးထင်မိသော နေရာမှပင် စားနပ်ရိက္ခာကိုလည်း ချီးမြှင့်တော်မူမည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားမှုသည် နှစ်ဘဝ၏ ဘဏ္ဍာတော်များဖြစ်သော၊ အောင်မြင်မှုအပေါင်းတို့၏ အဓိကအချက်ပင်ဖြစ်ပေသည်။

ယင်းသည့် ကြောက်ရွံ့ရိုသေခန့်ညားမှုကြောင့် အခက်အခဲများ ပြေလည်၏။ မတွေးမထင်မိသော နေရာမှ ရိက္ခာရရှိ၏။ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိ၏။ (ဂျန္နတ်)သုခဘုံရရှိ၏။ ကုသိုလ် အကျိုးတိုးပွား၏။ အံ့မဆုံးသည့် စိတ်၏ချမ်းသာမှုကို ခံစားရ၏။ ယင်းသည့်နောက်ပိုင်းတွင် မည်သည့်ဒုက္ခမျှ ဒုက္ခမဟုတ်တော့ပေ။ မည်သည့်အခက်အခဲမျှ ခက်ခဲသည်မရှိတော့ပေ။ ဒုက္ခအပေါင်း ချုပ်ငြိမ်းသွားသည်သာ ဖြစ်ပေသည်။

ကြည့်-ကုရ်အာန် (၆၅:၄-၅)။

တမန်တော်မြတ်က 'လူသားအားလုံးတို့သည် ဤအာယတ်တော်ကိုပင် ဆုပ်ကိုင်ထားကြပါက ၎င်းတို့အဖို့ လုံလောက်သည်'ဟူ၍ပင် မိန့်ကြားတော်မူခဲ့ပေသည်။ ကြည့်-အွတ်ဆ်မာနီ။ မဒါရစ်ဂ်၊ နစဖီ။

وَالّٰٓـِٔيْ يَىِٕسْنَ مِنَ الْمَحِيْضِ مِنْ نِّسَاۤىِٕكُمْ اِنِ ارْتَبْتُمْ فَعِدَّتُهُنَّ ثَلٰثَةُ اَشْهُرٍ ۙ وَّالّٰٓـِٔيْ لَمْ يَحِضْنَ ۗ وَاُولَاتُ الْاَحْمَالِ اَجَلُهُنَّ اَنْ يَّضَعْنَ حَمْلَهُنَّ ۗ وَمَنْ يَّتَّقِ اللّٰهَ يَجْعَلْ لَّهٗ مِنْ اَمْرِهٖ يُسْرًا ۝٤

၄။ ငင်းပြင် အသင်တို့၏ (ကွာရှင်းပြီးဖြစ်သော) ဇနီးမိန်းမတို့အနက် ရာသီပန်းပွင့်ခြင်းမှ မျှော်လင့်ချက်ကင်းခဲ့ကြသော မိန်းမများသည် အကယ်၍(ငင်းတို့၏ 'အစ်ဒ္ဒတ်'နှင့်စပ်လျဉ်း၍) အသင်တို့သည် ဤဟာသံသယ ဖြစ်ခဲ့ကြလျှင် ငင်းတို့၏ 'အစ်ဒ္ဒတ်'မှာ သုံးလ (တိတိ)ဖြစ်၏။ [၃] ထိုနည်းတူစွာ ရာသီပန်း ပွင့်ဖူးခဲ့သည်မရှိသေးသောမိန်းမများ(၏ 'အစ်ဒ္ဒတ်'မှာ)လည်း (သုံးလတိတိပင်)၊ ထိုမှတစ်ပါး: ကိုယ်ဝန်ရှိသော မိန်းမများသည် ငင်းတို့၏('အစ်ဒ္ဒတ်'ရက်) အပိုင်းအခြားမှာ ငင်းတို့သည် မိမိတို့၏ကိုယ်ဝန်ကို ဖွားမြင်ခြင်းပင်ဖြစ်၏။ [၂] စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်ရှိသော် ထိုအရှင်မြတ်သည် ငင်းတို့အဖို့ ငင်း၏အရေးကိစ္စကို လွယ်ကူအောင် ပြုလုပ်ပေး၍ ပေးတော်မူမည်ဖြစ်၏။

ذٰلِكَ اَمْرُ اللّٰهِ اَنْزَلَهٗٓ اِلَيْكُمْ ۗ وَمَنْ يَّتَّقِ اللّٰهَ يُكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُعْظِمْ لَهٗٓ اَجْرًا ۝٥

၅။ ထိုသည်ကား: အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ပင်၊ ထိုအရှင်မြတ်သည် ယင်းအမိန့်တော်ကို အသင်တို့ထံ ချပေးတော်မူခဲ့၏။ စင်စစ်သော်ကား: မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါမူ ထိုအရှင်မြတ်သည် ထိုသူ၏ ပြစ်မှုဒုစရိုက်များကို ထိုသူမှ ပယ်ဖျောက်စေတော်မူမည်။ ထိုမှတစ်ပါ: ထိုသူ၏ အကျိုးကျေးဇူးကို ကြီးကျယ်စေတော်မူအံ့သတည်း။

---

① ကွာရှင်းထားသော အမျိုးသမီးများ၏ 'အစ်ဒ္ဒတ်' ရက်မှာ ရာသီသွေး သုံးကြိမ်ဆင်းသက်ခြင်းပင်ဖြစ်သည်။ ကြည့်-ကုရ်အာန် (၂:၂၂၈) အကယ်၍ ကွာရှင်းထားသော အမျိုးသမီးတစ်ဦးသည် အသက်အရွယ်ကြီးရင့်မှုကြောင့် သော်လည်းကောင်း၊ ရောဂါဖိစီးမှုကြောင့် သော်လည်းကောင်း၊ အသက်အရွယ်ငယ်၍ သော်လည်းကောင်း၊ ရာသီသွေး မဆင်းသော် ယင်းသို့သော အမျိုးသမီး၏ 'အစ်ဒ္ဒတ်' ရက်မှာ သုံးလဖြစ်သည်။

② ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် ကွာရှင်းခြင်းခံခဲ့ရသော် ငင်း၏ 'အစ်ဒ္ဒတ်' ရက်မှာ မိမိ၏ကိုယ်ဝန်ကို ဖွားမြင်သည် အထိဖြစ်သည်။ ကိုယ်ဝန်ကို ဖွားမြင်ရာတွင် အချိန်တိုတောင်းသည်ဖြစ်စေ၊ ကြာညောင်းသည်ဖြစ်စေ၊ သုံးလအတွင်း ဖွားမြင်သည်ဖြစ်စေ၊ သုံးလထက်ကျော်မှပင် ဖွားမြင်သည်ဖြစ်စေ အတူတူပင်။ ➤➤

أَسْكِنُوهُنَّ مِنْ حَيْثُ سَكَنتُم مِّن وُجْدِكُمْ وَلَا تُضَآرُّوهُنَّ لِتُضَيِّقُوا عَلَيْهِنَّ وَإِن كُنَّ أُولَٰتِ

၆။ အသင်တို့သည် ထို(ကွာရှင်းပြီး ဖြစ်ကြသော) မိန်းမများအား မိမိတို့ နေထိုင်ရာတွင် မိမိတို့၏ ကြွယ်ဝမှုနှင့်လျော်ညီ(နေထိုင်ရန်) အိမ်ပေးကြလေကုန်။ [၁] ထို့အပြင် အသင်တို့သည် ၎င်းတို့အပေါ်၌ ကျပ်တည်းစေခြင်းငှာ ၎င်းတို့အား ဒုက္ခမပေးကြကုန်လင့်။ [၂]

➤➤ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် ကွာရှင်းပြီးနောက် နာရီပိုင်းအတွင်းမှာပင် ဖွားမြင်သော်၊ ၎င်း၏ 'အစ်ဒ္ဒတ်' ရက်မှာ ပြည့်စုံသွားပြီဟူ၍ မှတ်ယူရမည်။ဖွားမြင်ရာတွင် အချိန်အလွန်ကြန့်ကြာ နေပါကလည်း ကလေးမဖွားမြင်သမျှ ၎င်း၏ 'အစ်ဒ္ဒတ်' ရက်မှာ ကုန်ဆုံးမည်မဟုတ်ပေ။ ကြည့်–မာဂျီဒီ။

① ကွာရှင်းထားသော အမျိုးသမီးများအား 'အစ်ဒ္ဒတ်'ရက် ကုန်ဆုံးသည်ထိ မိမိတို့ နေထိုင်ရာတွင် နေရာထိုင်ခင်း ပေးခြင်းသည် သက်ဆိုင်ရာ ကွာရှင်းသောလင်ယောကျ်ားများ၏ တာဝန်ပင် ဖြစ်သည်။ ဤသည်ကို 'ဖွတ်ဏ်နာ' ဟု ခေါ်သည်။

လင်ယောကျ်ားများသည် မိမိတို့ကွာရှင်းထားသော အမျိုးသမီးများအား 'အစ်ဒ္ဒတ်'ရက် ကုန်ဆုံးသည်အထိ နေရာထိုင်ခင်း ပေးနေကြရသည်ဖြစ်ရာ စားသောက်ရေးကိုလည်း တာဝန်ယူကြရပေမည်။ တာဝန်ယူမှုမှာ မိမိ၏အခြေအနေအရ ထိုက်တန်သည့်အား လျော်ညီစွာ ဖြစ်ရပေမည်။

ဟနဖီဂိုဏ်း၏ ယူဆချက်အရ နေရာထိုင်ခင်းပေးရေး၊ စားရေးသောက်ရေးဆိုင်ရာ၊ ဤအမိန့်တော်သည် ကွာရှင်းခြင်းခံရသော အမျိုးသမီးအားလုံးနှင့် သက်ဆိုင်ပေသည်။ (တွလာက်ရဂ်ဂိအီ) ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသော ကွာရှင်းခြင်းမျိုးဖြင့် ကွာရှင်းခံရသော အမျိုးသမီးများသာလျှင် သက်ဆိုင်သည်မဟုတ်ပေ။

(ဟဒီး)ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင် ဖာတီမဟ်ဗင်ဒ်တု ကိုတ်စ်က 'ကျွန်မ၏ခင်ပွန်းသည် ကျွန်မအား 'တွလာက်' သုံးကြိမ်ပေးလိုက်ပါသည်။ တမန်တော်မြတ်သည် ကျွန်မအား နေထိုင်ရေးနှင့် စားရေးသောက်ရေးကို စီစဉ်ပေးတော်မမူခဲ့ပါ'ဟု ဖွင့်ဟပြောဆိုခဲ့သည့်အကြောင်း ပါရှိ၏။

ဤအကြောင်းကို သမ္မတကြီး အုမရ်၊ ကြင်ရာတော် အာအိရှဟ်၊ ဆွေဟာဗဟ်သာဝကကြီးများနှင့် 'တာဗိအီ' မည်သော အတိတ်ခေတ်ပညာရှင်များက လက်မခံခဲ့ကြပေ။ သမ္မတကြီးအုမရ်က 'ကျွန်ုပ်တို့သည် အမျိုးသမီးတစ်ဦး၏ ပြောဆိုမှုကြောင့် အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်နှင့် တမန်တော်မြတ်၏ စွန့်တ်တော်ကို မစွန့်လွှတ်နိုင်ကြပေ'ဟူ၍ပင် ထုတ်ဖော်ပြောဆိုခဲ့လေသည်။

ဆိုလိုသည်ကား တွလာက်သုံးကြိမ်ပေးခြင်းခံရသော အမျိုးသမီးအားလည်း နေရာထိုင်ခင်းနှင့် စားသောက်ရေးကို စီစဉ်ပေးခြင်းမှာ သက်ဆိုင်ရာလင်ယောကျ်ား၏ တာဝန်ပင်ဖြစ်သည်ဟူ၍ သမ္မတကြီးအုမရ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များအရ ပိုင်နိုင်စွာ နားလည်သဘောပေါက်၍ နေခဲ့ပေသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ သမ္မတကြီးအုမရ်ထံတွင် တမန်တော်မြတ်၏ ဩဝါဒတော်များလည်း အခိုင်အမာရှိနေခဲ့ပေသည်။ ယင်းသည့်ဩဝါဒတော်များကို တွဟာဝီနှင့် အခြားအာလင်မ်ပညာရှင်ကြီးများကလည်း မိမိတို့၏ကျမ်းကြီးများတွင် အတိအလင်း ဖော်ပြထားကြပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မော်လာနာ အွတ်ဆ်မာနီသခင်က မိမိ၏ကျမ်းတွင် အကျယ်တဝင့်ဖွင့်ဆို ရေးသားထားသည်။ ကျမ်းလေးမည်စိုး၍ အကျယ်မရေးပြီ။

حَمْلٍ فَأَنفِقُوا۟ عَلَيْهِنَّ حَتَّىٰ يَضَعْنَ حَمْلَهُنَّ ۚ فَإِنْ أَرْضَعْنَ لَكُمْ فَـَٔاتُوهُنَّ أُجُورَهُنَّ ۖ وَأْتَمِرُوا۟ بَيْنَكُم بِمَعْرُوفٍ ۖ وَإِن تَعَاسَرْتُمْ فَسَتُرْضِعُ لَهُۥٓ أُخْرَىٰ ۝٦

ထိမှတစ်ပါး အကယ်၍ ထိမိန်းမများမှာ ကိုယ်ဝန်ရှိသူများ ဖြစ်ခဲ့ကြလျှင် အသင်တို့သည် ၎င်းတို့နှင့်ပတ်သက်၍ ၎င်းတို့သည် မိမိတို့၏ကိုယ်ဝန်ကို ဖွားမြင်ကြသည်အထိ သုံးစွဲကြလေကုန်။ ③

တစ်ဖန် အကယ်၍ ၎င်းတို့သည် အသင်တို့အကျိုးငှာ (အသင်တို့၏ကလေးကို) နို့တိုက်ကျွေးခဲ့ကြလျှင် အသင်တို့သည် ၎င်းတို့အား ၎င်းတို့အခများကို ပေးဆပ်ကြလေကုန်။ ထိမှတစ်ပါး အသင်တို့သည် မိမိတို့အချင်းချင်း သင့်လျော်စွာ ညှိနှိုင်းတိုင်ပင်ကြလေကုန်။ သို့ရာတွင် အကယ်၍ သင်တို့သည် အချင်းချင်း မညီမညွတ် မငြေမလည် ဖြစ်ခဲ့ကြလျှင် ထို(ဖခင်)၏ အကျိုးငှာ အခြားမိန်းမ တစ်ဦးတစ်ယောက်သည် နို့တိုက်ကျွေးရမည်ဖြစ်၏။ ④

---

④ ဆိုလိုသည်ကား ကွာရှင်းထားသော အမျိုးသမီးများအား နေအိမ်မှ ထွက်ခွာသွားစေရန်အတွက် ဒုက္ခမပေးကြရာ၊ အကျပ်အတည်းမဖြစ်စေကြရာ။ 'ပေးကားပေး၏၊ မရ' ဆိုရိုးစကားကဲ့သို့ အမည်ခံမပေးကြရာ။ အကျပ်ကိုင်၍ အိမ်မှနှင်မထုတ်ကြရာ။

ဇနီးမိန်းမများအား ကွာရှင်းလိုကလည်း ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိ ကွာရှင်းကြရမည်။ ဇနီးမိန်းများနှင့် ပြန်လည်ပေါင်းသင်းလိုပါကလည်း ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိ ပေါင်းသင်းကြရမည်။ ကွာရှင်းထားသော အမျိုးသမီးများနှင့်လည်း 'အစ်ဒ္ဒတ်' ရက်အတွင်း ဂုဏ်ရှိရှိ၊ သိက္ခာရှိရှိနှင့်ပင် ဆက်ဆံကြရပေမည်ဟူ၏။

③ ကွာရှင်းခံရသော အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်များဖြစ်နေပါက၊ ကလေးဖွားမြင်ကြသည်အထိ ၎င်းတို့အား စားစရိတ်ကို သက်ဆိုင်ရာ ကွာရှင်းထားသော ယောကျ်ားများက ပေးကြရမည်ဖြစ်သည်။ ဤသို့အထူးတလည် မိန့်ဆိုထားတော်မူခြင်းမှာ တစ်ခါတစ်ရံ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် သားဖွားရာတွင် အချိန်အတော်အတန် ကြာလေ့ရှိတတ်သည်။ သို့အချိန်ကြာသည့် အခါမျိုးတွင် သက်ဆိုင်ရာ ယောကျ်ားဖြစ်သူသည် သုံးလအထိသာ စားစရိတ်ပေး၍၊ ထို့နောက် စားစရိတ်ပေးခြင်းကို ရပ်စဲမပစ်ရန်ပင်ဖြစ်သည်။

④ ကလေးဖွားမြင်ပြီးနောက် အကယ်၍ ကလေး၏မိခင်သည် ကလေးအား နို့ရည်တိုက်ကျွေးပါက၊ ကလေး၏ဖခင်သည် အခြားနို့ထိမ်းသည်ကို ငှားရမ်းပါက အခကြေးငွေပေးရသကဲ့သို့ ကလေးမိခင်အား ပေးရပေမည်။ အခကြေးငွေကိုလည်း အချင်းချင်း တိုင်ပင်၍ လျော်ကန်သင့်မြတ်စွာ သတ်မှတ်ကြရပေမည်။ အခကြေးငွေကို သတ်မှတ်ရာတွင် အချင်းချင်းထောက်ထားကြရပေမည်။ အကျပ်မကိုင်ကြရာ၊ မဖိနှိပ်ကြရာ၊ ကလေး၏မိခင်ကလည်း မိမိ၏ကလေးအား နို့တိုက်ခြင်းမှမငြင်းရာ။ ကလေး၏ဖခင်ကလည်း ကလေးမိခင်ရှိပါလျက် အခြားနို့ထိမ်းမငှားရာ။ ➤➤

لِيُنفِقْ ذُو سَعَةٍ مِّن سَعَتِهِۦ ۖ وَمَن قُدِرَ عَلَيْهِ رِزْقُهُۥ فَلْيُنفِقْ مِمَّآ ءَاتَىٰهُ ٱللَّهُ ۚ لَا يُكَلِّفُ ٱللَّهُ نَفْسًا إِلَّا مَآ ءَاتَىٰهَا ۚ سَيَجْعَلُ ٱللَّهُ بَعْدَ عُسْرٍ يُسْرًا ۝٧

၇။ ကြွယ်ဝချမ်းသာသောသူသည် မိမိကြွယ်ဝမှုနှင့်လျော်ညီစွာ သုံးစွဲရပေမည်။ သို့ရာတွင် စီးပွားဥစ္စာကျပ်တည်းသောသူမှာမူကား မိမိအား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ပေးသနားတော်မူသမျှ (ဥစ္စာပစ္စည်း) အနက်မှ သုံးစွဲရပေမည်။

အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှပင် မိမိချီးမြှင့်ပေးသနားတော်မူသည်ထက်ပို၍ တာဝန်ပေးသည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် ကျပ်တည်းမှု၏နောက်တွင် မကြာမြင့်မီပင် ချောင်လည်မှုကိုဖန်တီး၍ ပေးသနားတော်မူအံ့သတည်း။ [၁]

➤➤ ကလေးနို့တိုက်ကျွေးရေးစပ်လျဉ်း၍ ကလေး၏မိခင်သည် ကလေးအား နို့တိုက်ကျွေးရန် သဘောမတူပါက ကလေးအား အခြားနို့ထိမ်းသည် တစ်ဦးဦးက တိုက်ကျွေးပေးလိမ့်မည်။ ကလေးအား နို့တိုက်ကျွေးမှုသည် ကလေး၏မိခင်အပေါ်၌သာလျှင် တည်ရှိနေသည် မဟုတ်ပေရာ၊ ကလေး၏မိခင်သည် အကြောင်းမဲ့ ဦးခေါင်းမမာရာ။

တဖန် ကလေး၏ဖခင်သည် ကလေးအား ကလေး၏မိခင်က နို့တိုက်ကျွေးသည်ကိုပင် အကြောင်းမဲ့မလိုလားသော် အဆိုပါ ကလေး၏ဖခင်သည် ကလေးအား နို့တိုက်ကျွေးနိုင်ရန်အတွက် အခြားနို့ထိမ်းသည် တစ်ဦးဦးအား မလွဲမရှောင်သာ ငှားရမ်းရမည်သာဖြစ်သည်။ သို့ငှားရမ်းသည့်အခါ နို့ထိမ်းသည်အားလည်း နည်းများမဆို အခကြေးငွေ ပေးရမည်သာဖြစ်သည်။ သို့ဖြစ်ရာ ယင်းသည့်အခကြေးငွေကို သူတစ်ပါးအား ပေးရမည့်အစား ကလေး၏မိခင်အား အဘယ်လိုသနည်း။

ဆိုလိုသည်ကား ဇနီးမောင်နှံနှစ်ဦးတို့သည် အကြောင်းတစ်ခုခုကြောင့် မလွဲမရှောင်သာ ပြတ်စဲကြသော်လည်း မိမိတို့၏ရင်သွေးအား နို့တိုက်ကျွေးရေးကိစ္စတွင်မူ အချင်းချင်း ထောက်ထားသင့်ကြပေသည်။ မိခင်ဖြစ်သူကလည်း မိမိ၏ရင်သွေးအား နို့တိုက်ကျွေးသင့်ပေသည်။ ဖခင်ဖြစ်သူကလည်း ကလေး၏မိခင်အား လျော်ကန်သင့်မြတ်သည့် အခကြေးငွေကိုပေးကြောင့် မပေးသင့်ပေသည်။

① ဆိုလိုသည်ကား ကလေးအား မွေးမြူစရိတ်သည် ဖခင်၏တာဝန်ပင်ဖြစ်သည်။ ဖခင်ဖြစ်သူသည် ဥစ္စာဓနကဲ့လုံကြွယ်ဝပါက ကြွယ်ဝသည့်အလျောက်၊ ဆင်းရဲနွမ်းပါးပါက နွမ်းပါးသည့်အလျောက် မွေးမြူစရိတ်ပေးရမည်။ အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမှ မိမိချီးမြှင့်ထားတော်မူသည်ထက်ပို၍ တာဝန်ပေးတော်မူသည်မရှိပေ။

အကယ်၍ ဖခင်ဖြစ်သူသည် ဆင်းရဲနွမ်းပါးသည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့်အညီဆုံး သုံးစွဲပါက ထိုအရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ထိုသူ၏ကျပ်တည်းမှုကို ချောင်လည်မှုဖြင့်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုကို ကြွယ်ဝချမ်းသာမှုဖြင့်လည်းကောင်း ပြောင်းလဲပေးတော်မူမည်ဖြစ်သည်။

وَكَأَيِّن مِّن قَرْيَةٍ عَتَتْ عَنْ أَمْرِ رَبِّهَا وَرُسُلِهِ فَحَاسَبْنَاهَا حِسَابًا شَدِيدًا وَعَذَّبْنَاهَا عَذَابًا نُّكْرًا ﴿٨﴾

၈။ စင်စစ်သော်ကား မြောက်မြားစွာသော မြို့ရွာများ(၌ နေထိုင်သောသူတို့)သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်များ၏ အမိန့်များကိုလည်းကောင်း၊ ဖီဆန်တော်လှန်ခဲ့ကြလေ၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ယင်း မြို့(သူ)ရွာ(သား)တို့အား ပြင်းထန်စွာ စစ်ဆေးတော်မူသည့်ပြင် ၎င်းတို့အား ဆိုးရွားလှသော ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့သည်။

فَذَاقَتْ وَبَالَ أَمْرِهَا وَكَانَ عَاقِبَةُ أَمْرِهَا خُسْرًا ﴿٩﴾

၉။ မည်သို့ပင်ဖြစ်စေ ယင်းမြို့(သူ)ရွာ(သား)တို့မှာ မိမိတို့၏ အမှုကိစ္စများနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရကုန်၏။ စင်စစ် ၎င်းတို့၏ နောက်ဆုံးအကျိုးမှာ ဆုံးရှုံးမှုပင် ဖြစ်ခဲ့လေ၏။ ၁

---

① ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို အထူးသဖြင့် အမျိုးသမီးများနှင့်စပ်လျဉ်းသည့် အမိန့်တော်များကို တိကျမှန်ကန်စွာ လိုက်နာကျင့်သုံးကြရပေမည်။ တမန်တော်မြတ်ကလည်း "အသင်တို့အနက် အကောင်းဆုံးမှာ မိမိတို့၏ အိမ်သူအိမ်သား သားမယားတို့အပေါ်၌ ကောင်းသူသာဖြစ်သည်။ ကျွန်ုပ်သည် အသင်တို့တွင် မိမိ၏အိမ်သူအိမ်သား သားမယားတို့အပေါ်၌ အကောင်းဆုံးပင်ဖြစ်သည်"ဟု မိန့်ကြားတော်မူခဲ့လေသည်။ သို့ပါလျက် အကြင်သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို တော်လှန်ကာ၊ တမန်တော်မြတ်၏လမ်းစဉ်ကို သွေဖည်ကာ မိမိ၏အိမ်သူအိမ်သား သားမယားအပေါ်၌ မောက်မာဆိုးသွမ်းသောင်းကျန်းလာပါက၊ အလ္လာဟ်အရှင်မြတ်အား တော်လှန်၍ တမန်တော်များ၏လမ်းစဉ်ကို သွေဖည်သူများ၏ သွားရာလမ်းကား ဘယ်သောအခါမျှ သာယာဖြောင့်ဖြူးခြင်းမရှိသည်ကို သိထားရာသည်။

အတိတ်ခေတ်များတွင် မြောက်မြားစွာသော မြို့သူရွာသားတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို တော်လှန်ခဲ့ကြ၏။ တမန်တော်များ၏လမ်းစဉ်ကို သွေဖည်ခဲ့ကြ၏။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ပြင်းပြင်းထန်ထန် အရေးယူတော်မူခဲ့၏။ တစ်ဦးတစ်ယောက်မျှမမြင်ဘူး၊ မကြုံဘူးသော ကြီးလေးလှသည့် ပြစ်ဒဏ်ကို တပ်ရိုက်စီရင်တော်မူခဲ့၏။

နောက်ဆုံးတွင် ယင်းမြို့သူရွာသားများသည် ပြစ်ဒဏ်သင့်၍ မရှုမလှသေကြေဆုံးရှုံး ပျက်ပြုန်းသွားခဲ့ကြလေသည်။ ဤသည့်ပြစ်ဒဏ်သည် ဤမျက်မှောက် ပစ္စက္ခဘဝအတွက်သာလျှင် ဖြစ်ချေသည်။ နောင်တမလွန်ဘဝတွင်လည်း အတိုင်းမသိ ပြင်းထန်သောပြစ်ဒဏ်ကို ခံစားကြရပေဦးမည်။ ဤကား အမိန့်တော်ကို တော်လှန်မှု၊ သွေဖည်မှု၊ မောက်မာမှု၊ ဆိုးသွမ်းမှု၏အကျိုးပင်။ သို့ဖြစ်ရာ အသိဉာဏ်အမြော်အမြင် ရှိသူများသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကာ ထိုအရှင်မြတ်၏ အမိန့်တော်များကို မတော်လှန်မိကြရာ၊ ➤➤

أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا ۖ فَاتَّقُوا اللَّهَ يَا أُولِي الْأَلْبَابِ ۚ الَّذِينَ آمَنُوا ۚ قَدْ أَنْزَلَ اللَّهُ إِلَيْكُمْ ذِكْرًا ﴿١٠﴾

رَسُولًا يَتْلُو عَلَيْكُمْ آيَاتِ اللَّهِ مُبَيِّنَاتٍ لِيُخْرِجَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنَ الظُّلُمَاتِ إِلَى النُّورِ ۚ وَمَنْ يُؤْمِنْ بِاللَّهِ وَيَعْمَلْ صَالِحًا يُدْخِلْهُ جَنَّاتٍ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ۖ قَدْ أَحْسَنَ اللَّهُ لَهُ رِزْقًا ﴿١١﴾

၁၀။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့နှင့်ပတ်သက်၍ ပြင်းထန်လှစွာသောပြစ်ဒဏ်ကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူ၏။ သို့ဖြစ်ပေရာ အိုး–သက်ဝင် ယုံကြည်ခဲ့ကြလေသောဉာဏ်ရှင်တို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထံ "ဆုံးမစာ" (ကုရ်အာန်ကျမ်းတော်မြတ်)ကို ချပေးသနားတော်မူခဲ့၏။

၁၁။ (ထိုမှတစ်ပါး) ရာရှူလ်တမန်တော် တစ်ပါးကို (စေလွှတ်တော်မူခဲ့ရာ) ထိုရာရှူလ်တမန်တော်သည် အသင်တို့၏ ရှေ့ဝယ် အလ္လာဟ်အရှင်မြတ်၏ ရှင်းလင်းသော အာယတ်တော်များကို ဖတ်ကြားလေ၏။ (ထိုသို့ ပြုလုပ်တော်မူခြင်းမှာ) ထိုအရှင်မြတ်သည် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူတည်ဆောက်ခဲ့ကြသောသူတို့အား အမှောင်ထုမှ အလင်းသို့ ထွက်စေတော်မူအံ့သောငှာဖြစ်၏။

စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အားယုံကြည်၍ ကောင်းမှုကို ကျင့်မူတည်ဆောက်ပါလျှင် ထိုအရှင်မြတ်သည် ၎င်းအား အကြင်ဥယျာဉ်များသို့ အမြဲထာဝစဉ် နေနိုင်သူများအဖြစ် ဝင်ရောက်စေတော်မူပေမည်။ ထိုဥယျာဉ်များ၏ အောက်မှ ချောင်းများသည် စီးတွေလျက် ရှိပေမည်။ စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား မွန်မြတ်လှစွာသော စားနပ်ရိက္ခာကို ချီးမြှင့်တော်မူခြင်းပင်။

➤➤ တမန်တော်မြတ်၏လမ်းစဉ်ကို မသွေဖည်မိကြရာ၊ အထူးသဖြင့် မိမိတို့၏အိမ်သူအိမ်သား သားမယားတို့ အပေါ်၌ မဆိုးသွမ်းမိကြရာ။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို တော်လှန်၍ သက်ဆိုင်ရာ တမန်တော်များ၏ လမ်းစဉ်ကို သွေဖည်မိခဲ့ကြသည့်အတွက် ပြစ်ဒဏ်သင့်၍ မရှုမလှ သေကြေပျက်စီးသွားခဲ့ကြရသော အတိတ်ခေတ်သူမိုက်တို့၏ အဖြစ်အပျက်မှ သင်ခန်းစာရယူကြရာသတည်း။ သို့မဟုတ်ပါမူ မိမိတို့၏ သွားရာလမ်းမှာလည်း နှစ်ဘဝစလုံးတွင် သာယာ ဖြောင့်ဖြူးခြင်းရှိမည် မဟုတ်ပါတကား။

اَللّٰهُ الَّذِیْ خَلَقَ سَبْعَ سَمٰوٰتٍ وَّمِنَ الْاَرْضِ مِثْلَهُنَّ ؕ

၁၂။ အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်၊ ထိုအရှင်မြတ်သည် မိုးခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် မြေကိုလည်း ယင်းကဲ့သို့ပင် (ဖန်ဆင်းတော်မူခဲ့၏။) [၁]

① အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကား အလွန်တရာကြီးမြတ်သည်ပင်။ ထိုအရှင်မြတ်သည် မိုးခုနစ်ထပ်ကို ဖန်ဆင်းထားတော်မူ၏။ ထိုအရှင်မြတ်သည်ပင် ပထဝီမြေကိုလည်း ယင်းမိုးများကဲ့သို့ပင် ဖန်ဆင်းထားတော်မူ၏။ ဤအာယတ်တော်ကို ပညာရှင်သုခမိန်များသည် အမျိုးမျိုးအနက် ဖွင့်ကြပေသည်။

(၁) များသောအားဖြင့် ပညာရှင်များသည် ဤအာယတ်တော်ကို အကြောင်းပြု၍ မိုးခုနစ်ထပ်ရှိသကဲ့သို့ မြေကြီးလည်း ခုနစ်ထပ်ရှိသည်ဟူ၍ပင် ယူဆကြသည်။ 'တိရ်မိဓီ' အစရှိသည့် ဟဒီးဆ်ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများတွင်လည်း မိုးခုနစ်ထပ်ရှိသကဲ့သို့ မြေကြီးလည်း ခုနစ်ထပ်ရှိကြောင်း၊ မြေခုနစ်ထပ်အနက် ကျန်ခြောက်ထပ်မှာ ဤကမ္ဘာမြေကြီးအောက်တွင်ပင် တည်ရှိကြောင်း ပါရှိသည်။ (ကျန်မြေကြီးခြောက်ထပ်သည် အချို့အခြေအနေများတွင် ဤကမ္ဘာမြေကြီးအောက်၌ တည်ရှိ၍ အချို့အခြေအနေများတွင် ဤကမ္ဘာမြေကြီးအပေါ်၌လည်း တည်ရှိနိုင်ပေသည်။) ကြည့်–မာဂျိဒီ၊ အွတ်ဆ်မာနီ၊ ထာနဝီ။

(၂) အချို့၏ယူဆချက်အရ မိုးခုနစ်ထပ်ရှိသကဲ့သို့ ပထဝီမြေကြီးသည်လည်း ခုနစ်ထပ်ရှိသည်။ သို့ရာတွင် လူသားတို့သည် ကျန်မြေခြောက်ထပ်ကို မမြင်နိုင်စွမ်းကြသေး၊ သို့တည်းမဟုတ် ယင်းကျန်မြေများကိုပင် လူသားတို့သည် (မိရ်ရိခ်) အင်္ဂါဂြိုဟ်စသည်ဖြင့် အမျိုးမျိုးအမည် မှည့်ခေါ်သမုတ်နေကြသည်လည်း ဖြစ်နိုင်ပေသည်။ ကြည့်–မာဂျိဒီ၊ အွတ်ဆ်မာနီ၊ ထာနဝီ။

(၃) အချို့ယူဆချက်အရ မြေခုနစ်ထပ်ဟူသည် အမေရိက၊ အာရှ၊ ဥရောပ၊ အာဖရိကစသည့် ကမ္ဘာမြေဆိုင် တိုက်ကြီးခုနစ်ခုကို ဆိုလိုသည်။ ရူဟုလ်မအာနီကျမ်းတွင် ဤအတိုင်းအဆိုတစ်ရပ် တွေ့ရှိရသည်။ ကြည့်–မာဂျိဒီ၊ မဒါရိခ်နစဖီ။

(၄) အချို့ယူဆချက်အရ လူသားတို့သည် တစ်နေ့တစ်ခြားချဲ့ထွင်ကာ စကြာဝဠာကြီးကို အမျိုးမျိုးရှာဖွေစုံစမ်းလျက်ရှိကြ၏။ ဂြိုဟ်တုအမျိုးမျိုးကိုလွှတ်၍ သုတေသနပြုလုပ်လျက်ရှိကြ၏။ လကမ္ဘာတွင် မြေကြီးမရှိဟု မဆိုနိုင်ချေ။ ကျန်ဂြိုဟ်များတွင်လည်း မြေကြီးမရှိဟု မဆိုနိုင်ချေ။ တချိန် ဂြိုဟ်များတွင် မြေရှိကြောင်း ထင်ရှားလာပါက ကမ္ဘာမြေကြီးခုနစ်ခုရှိသည်မှာ အထင်းသားအမြင်သား ပေါ်လွင်ထင်ရှားလာနိုင်ပေသည်။ ဤသည့်ထင်မြင်ချက်ကိုလည်း ရူဟုလ်မအာနီကျမ်းရှင်က မိမိ၏ကျမ်းတွင်ပင် ထည့်သွင်းဖော်ပြထားပေသည်။ ကြည့်–မာဂျိဒီ။

(၅) ဤအာယတ်တော်တွင် 'အလ္လာဟ်အရှင်မြတ်သည်ပင် မိုးခုနစ်ထပ်ကိုလည်းကောင်း၊ မြေကိုလည်း ယင်းမိုးများကဲ့သို့ပင်လည်းကောင်း၊ ဖန်ဆင်းထားတော်မူသည်' ဟု နှိုင်းယှဉ် မိန့်ဆိုထားတော်မူသည်။ ဤနှိုင်းယှဉ်ချက်သည် မိုးခုနစ်ထပ်ရှိသကဲ့သို့ မြေခုနစ်ထပ်ရှိသည်ကို နှိုင်းယှဉ်သည်မဟုတ်၊ ဖန်ဆင်းမှုကိုသာ နှိုင်းယှဉ်ခြင်းဖြစ်သည်။ (၀၁) အလ္လာဟ်အရှင်မြတ်သည် မိုးကိုဖန်ဆင်းတော်မူသကဲ့သို့ မြေကိုလည်း ဖန်ဆင်းတော်မူသည်။ (၀၁) မိုးသည် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံဖြစ်သကဲ့သို့၊ မြေသည်လည်း အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံပင်ဖြစ်သည်။ ဤသည့် ထင်မြင်ယူဆချက်ကိုလည်း ရူဟုလ်မအာနီကျမ်းတွင် ထည့်သွင်းဖော်ပြထားသည်။ မာဂျိဒီသည်လည်း ဤနည်းနှင့်နှင်ပင် ယူဆသည်။ ကြည့်–မာဂျိဒီ။ ➤➤

يَتَنَزَّلُ الْأَمْرُ بَيْنَهُنَّ لِتَعْلَمُوٓا أَنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ۙ وَأَنَّ اللَّهَ قَدْ أَحَاطَ بِكُلِّ شَيْءٍ عِلْمًا ﴿١٢﴾

ယင်းမိုးနှင့်မြေတို့ အကြားဝယ် အမိန့်တော်များသည် ဆင်းသက်လေ၏။ (ယင်းသို့ဖြစ်ရခြင်းမှာ) ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူကြောင်းကိုလည်းကောင်း၊ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အသိပညာဖြင့် အမှန်ပင် ဝန်းခြုံလျက် ရှိတော်မူကြောင်းကိုလည်းကောင်း၊ အသင်တို့ သိရှိကြအံ့သောငှာ ဖြစ်ပေသတည်း။ ၁

➢➢ (၆) မြေခုနစ်ထပ်ဟူသည် ဤကမ္ဘာမြေကြီး၏ အလွှာခုနစ်လွှာဟု ယူဆပါကလည်း မမှားနိုင်ပေ။ ကြည့်–မာဂျိဒီ။

(၇) အိဗ်နူကဆီရ်ကျမ်းတွင် အောက်ပါအတိုင်း အံ့ဖွယ်သရဲဩဝါဒတော်တစ်ပါး တွေ့ရှိရပေသည်။

ဤအာယတ်တော်နှင့်စပ်လျဉ်း၍ သာဝကကြီး အိဗ်နူအဗ္ဗားစ်က ဖွင့်ဟပြောဆိုခဲ့သည်မှာ မြေကြီးခုနစ်ခု ရှိသည့် မြေကြီးတိုင်းတွင် အသင်တို့၏တမန်တော်ကဲ့သို့ တမန်တော်၊ အသင်တို့၏အာဒမ်ကဲ့သို့ အာဒမ်၊ တမန်တော်နူဟ်ကဲ့သို့ နူဟ်၊ တမန်တော်အိဗ်ရာဟီမ်ကဲ့သို့ အိဗ်ရာဟီမ်၊ တမန်တော်အီစာကဲ့သို့ အီစာ၊ အသီးသီး ရှိသည်။ အိဗ်နူကဆီရ်။

အထက်ပါ ဩဝါဒတော်ကို အိဗ်နူကဆီရ်ကျမ်းတွင် တွေ့ရှိရသကဲ့သို့ ဒူရ်ရိမန်ဆူရ်ကျမ်းတွင်လည်း တွေ့ရှိရပေသည်။ အထက်ပါ ဩဝါဒတော်အနက်သဘောမှာ နက်နဲလှ၏။ လူတိုင်းသဘောပေါက်ရန် ခဲယဉ်းလှ၏။ အချို့ပညာရှင်များကမူ အထက်ပါဩဝါဒသည် မမှန်၊ မခိုင်လုံ၊ လုပ်ကြံထားသောစကားများသာဖြစ်သည်ဟုလည်း ဆိုကြ၏။ ကြည့်–ထာနဝီ။

(၈) ကုရ်အာန်ကျမ်းမြတ်တွင် မြေခုနစ်ထပ်ဟူ၍ အတိအလင်း မပါရှိသော်လည်း တမန်တော်မြတ်၏ ဩဝါဒတော်များတွင် မိုးခုနစ်ထပ်ရှိသကဲ့သို့ မြေလည်း ခုနစ်ထပ်ရှိကြောင်း အတိအလင်း ပါရှိပေသည်။ ဗုခါရီ၊ မွတ်စ်လင်မ် စသည့် ကျမ်းများတွင်ပင် မြေခုနစ်ထပ်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရပေသည်။

အချုပ်ဆိုရသော် မိုးခုနစ်ထပ်ရှိသကဲ့သို့ မြေကြီးခုနစ်ထပ်၊ သို့မဟုတ် ခုနစ်ခုရှိသည်မှာ အမှန်ပင်၊ သို့ရာတွင် မြေကြီးခုနစ်ထပ်၊ သို့မဟုတ် မြေခုနစ်ခုသည် မည်သို့မည်ပုံ တည်ရှိနေသည်ကိုမူ ယနေ့ ထက်တိုင် အတိအကျ မသိရှိရသေးပေ။

① ဆိုလိုသည်ကား စကြာဝဠာအဝန်းကို စီမံကွပ်ကဲအုပ်ချုပ်တော်မူရန်အတွက် "အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှု၊ တရားဥပဒေပြုမှုဆိုင်ရာဆိုင်ရာ အမိန့်တော်များသည်" မိုးများတွင်လည်းကောင်း၊ မြေများတွင်လည်းကောင်း၊ ဆင်းသက်လျက်ရှိပေသည်။ ယင်းသို့ အမိန့်တော်များကို ဆင်းသက်လျက်ရှိစေတော်မူခြင်းမှာ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကြီးမြတ်သော တန်ခိုးတော်ဖြင့် အရာခပ်သိမ်းကုန်တို့ကို ပြုစွမ်းတော်မူနိုင်ကြောင်း၊ ထိုအရှင်မြတ်သည် မိမိ၏မြင့်မြတ်သော ဉာဏ်တော်ဖြင့် အရာခပ်သိမ်းကုန်တို့ကို ဝန်းခြုံလျက်ရှိတော်မူကြောင်းကို လူသားတို့ တွေးဆဆင်ခြင် မြော်မြင်သိရှိကြရန်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် အလ္လာဟ်အရှင်မြတ်၏ ကြီးကဲသောတန်ခိုးတော်နှင့်မြင့်မြတ်သော ဉာဏ်တော်ကို ထင်ရှားပြတော်မူရန်ပင်ဖြစ်သည်။

တားမြစ်ခြင်းကဏ္ဍ



ဤကဏ္ဍသည် 'တဟရီမ်' တားမြစ်ခြင်း ကဏ္ဍမည်၏။
မဒီနာမြို့တော်တွင် ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၂)ပါး၊ ရကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားညှာတာတော်မူသော၊
မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

يٰٓاَيُّهَا النَّبِيُّ لِمَ تُحَرِّمُ مَآ
اَحَلَّ اللّٰهُ لَكَ ۚ تَبْتَغِيْ
مَرْضَاتَ اَزْوَاجِكَ ۭ
وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ①

၁။ အို-နဗီတမန်တော်၊ အသင်သည် မိမိအဖို့ အလ္လာဟ်အရှင်မြတ်က (ဟလာလ်) ခွင့်ပြုတော်မူခဲ့သောအရာကို မည်သည့်အတွက်ကြောင့် အသင်၏ ကြင်ရာတော်များ၏နှစ်သက်မှုကို ရှာဖွေသောအားဖြင့် (ဟရမ်)ဟူ၍ *တားမြစ်သောအရာပြုလုပ်ပါသနည်း။* [1] သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ ကရုဏာ ပြုတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

---

① **အိမ်တော်တွင်း အိမ်တွင်းရေး။**

ကုရ်အာန်ကျမ်းမြတ် (၃၃း၂၈-၂၉)တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မွတ်စ်လင်မ်များသည် စစ်ပွဲများတွင် စစ်ရေးသာလာခဲ့ကြ၏။ စားဝတ်နေရေးလည်း ချောင်လည်လာခဲ့ကြ၏။ ထိုအချိန်တွင်လည်း တမန်တော်မြတ်သည် မိမိ၏အာသာဆန္ဒအလျောက် စားဝတ်နေရေးတွင် အသုံးအစွဲကို ခြိုးခြံနိုင်သမျှ ခြိုးခြံ၍ပင် နေတော်မူခဲ့၏။ သို့ရာတွင် တမန်တော်မြတ်၏ ကြင်ရာတော်များသည် မွတ်စ်လင်မ်များ၏ စားဝတ်နေရေး ချောင်လည်မှုကို တွေ့မြင်ကြသောအခါ လူသဘာဝအလျောက်မိမိတို့လည်း စားဝတ်နေရေးတွင် ယခင်ကထက် အဆင်ပြေပြေ နေထိုင်လိုခဲ့ကြ၏။

ထိုအခါ ကြင်ရာတော်များသည် အချင်းချင်းညှိနှိုင်း၍ တမန်တော်မြတ်ထံတွင် ယခင်ကထက် စားနပ်ရိက္ခာနှင့် အသုံးစရိတ်များကို ပိုမိုပေးတော်မူရန် တောင်းဆိုခဲ့ကြ၏။ ယင်းသို့ကြင်ရာတော်များ စရိတ်ပိုမို တောင်းဆိုလာကြသည်ကို တမန်တော်မြတ်သည် နှစ်သက်တော်မမူခဲ့ပေ။ နောက်ဆုံးတွင် ကြင်ရာတော်များက 'ကျွန်မတို့သည် နောက်နောင် တမန်တော်မြတ်ထံ၌မရှိသည်ကို တောင်းဆိုကြတော့မည် မဟုတ်ပါ'ဟု တောင်းပန်ကတိပြုခဲ့ကြ၏။ သို့တစေလည်း အိမ်တွင်းရေးကား လုံးဝပြေလည်မသွားခဲ့ပေ။ ထို့အတွက် တမန်တော်မြတ်သည် တစ်လတိုင်တိုင် 'အီလာ' ပြုတော်မူခဲ့၏။ ကြင်ရာတော်များထံ သွားလာတော့မည်မဟုတ်ဟု ကျိန်ဆိုတော်မူ၍ ➤➤

➤➤ ကြင်ရာတော်များနှင့် တစ်လတိုင်တိုင် ခွဲခွာနေတော်မူခဲ့၏။

နောက်ဆုံးတွင် ကုရ်အာန်ကျမ်းမြတ် (၃၃း၂၈-၂၉)တွင် လာရှိသည့်အတိုင်း ကြင်ရာတော်များသည် ကြိုက်နှစ်သက်ရာ လမ်းတစ်သွယ်ကို ရွေးချယ်ရန် အမိန့်တော်ကျရောက်လာခဲ့သည်။ ထိုအခါကျမှ ကြင်ရာတော်များ၏ အသုံးစရိတ်ပိုမိုတောင်းဆိုမှု ပြဿနာသည် အဆုံးသတ်သွားခဲ့သည်။ ဤသည့်အတောအတွင်းမှာပင် အိမ်တော်တွင် အချို့ပြဿနာရပ်များ ပေါ်ပေါက်ခဲ့သေး၏။ ထိုဖြစ်ရပ်များကြောင့် တမန်တော်မြတ်သည် အတော်ပင် စိတ်ဒုက္ခဖြစ်တော်မူခဲ့ပေသည်။

အမှန်မှာ ကြင်ရာတော်များသည် တမန်တော်မြတ်အား အထူးပင် ချစ်ကြည်မြတ်နိုးခဲ့ကြ၏၊ မေတ္တာသက်ခဲ့ကြ၏။ ယင်းသည့် ချစ်ကြည်မြတ်နိုးမှု၊ မေတ္တာသက်မှုကြောင့်ပင် ကြင်ရာတော်များသည် လူ့သဘာဝအလျောက် မကြာခဏ အချင်းချင်း မကျေမနပ်ဖြစ်နေခဲ့ကြသည်။ ကြင်ရာတော်တိုင်းသည် တမန်တော်မြတ်ထံ အများဆုံးချဉ်းကပ်၍ နှစ်ဘဝ၏သုခချမ်းသာများကို ခံစားလို၏။ ဤသည့် အခြေအနေမျိုးတွင် လင်ယောကျ်ားတစ်ဦးအဖို့ တစ်ဖက်စောင်းနင်းမဖြစ်ရန်၊ မျှတစွာဆက်ဆံရန်၊ သည်းခံရန်နှင့် ပြေပြစ်စွာ ဆက်ဆံရန်မှာ မလွယ်ကူလှပေ၊ သို့တစေလည်း တမန်တော်မြတ်သည် အမြော်အမြင်ကြီးစွာဖြင့် သည်းခံတရားလက်ကိုင်ထားကာ ကြင်ရာတော်အားလုံးနှင့် မျှတပြေပြစ်စွာ ဆက်ဆံတော်မူနိုင်ခဲ့ပေသည်။

တမန်တော်မြတ်သည် 'အဆွရ်' ညနေ ဆွလာတ်အပြီးတွင် ကြင်ရာတော်အသီးသီးထံသို့ ခေတ္တကြွသွားတော်မူလေ့ရှိခဲ့၏။ တစ်နေ့သော် တမန်တော်မြတ်သည် ကြင်ရာတော်ဇိုင်နဗ်သခင်မထံ ကြွသွားရာတွင် အနည်းငယ် အချိန် ကြာသွားခဲ့သည်။ အကြောင်းသော်ကား ထိုနေ့တွင် ကြင်ရာတော် ဇိုင်နဗ်သည် တမန်တော်မြတ်အား ပျားရည်ဆက်သခဲ့၏။ တမန်တော်မြတ် ပျားရည်သောက်သုံးတော်မူရာတွင် အချိန်အနည်းငယ် ကြန့်ကြာသွားခြင်းဖြစ်သည်။ ထို့နောက် ရက်အတန်ကြာသည်အထိ ကြင်ရာတော်ဇိုင်နဗ်ထံ ကြွသွားတော်မူ၍ ပျားရည်သောက်သုံးတော်မူသည့် အစဉ်အလာဖြစ်နေခဲ့၏။

ဤသည့်အကြောင်းကို သိရှိသောအခါ အာအိရှာ်နှင့် ကြင်ရာတော်ဟဖ်ဆွာ်တို့သည် အချင်းချင်း တိုင်ပင်၍ ကြင်ရာတော် ဇိုင်နဗ်ထံတွင် တမန်တော်မြတ် ပျားရည်သောက်သုံးတော်မမူရန် အကြံအစည်တစ်ခု ပြုလုပ်ခဲ့ကြ၏။ ထိုအခါ တမန်တော်မြတ်သည် ကြင်ရာတော် ဇိုင်နဗ်ထံတွင် ပျားရည်သောက်သုံးမှုကို စွန့်လွှတ်၍ ကြင်ရာတော် ဟဖ်ဆွာ်အား 'ငါသည် ဇိုင်နဗ်ထံတွင် ပျားရည်သောက်သုံးလေ့ ရှိခဲ့သည်၊ ယခု ငါကျိန်ဆိုပြောမည်၊ ငါသည် ပျားရည်သောက်သုံးတော့မည်မဟုတ်' ဟု ပြောပြတော်မူခဲ့၏။ ထို့နောက် ဤအကြောင်းကို ကြင်ရာတော် ဇိုင်နဗ်သိရှိသွားပါက စိတ်မကောင်းဖြစ်မည် ဖြစ်သည့်အတွက် တမန်တော်မြတ်က ကြင်ရာတော် ဟဖ်ဆွာ်အား ဤအကြောင်းမပေါက်ကြားရန် အမှတ်တရ မှာကြားတော်မူခဲ့၏။

သို့တစေလည်း ကြင်ရာတော် ဟဖ်ဆွာ်သခင်မသည် အဆိုပါ အကြောင်းများနှင့် စပ်လျဉ်း၍ ကြင်ရာတော် အာအိရှာ်ဟ် သခင်မအား လျှို့ဝှက်စွာ အသိပေးလိုက်၏။ ထို့နောက် သူတစ်ပါးအား မပြောရန်လည်း မှာကြားလိုက်သေး၏။

အလ္လာဟ်အရှင်မြတ်သည် ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်အား အသိပေးတော်မူခဲ့၏။ တမန်တော်မြတ်သည် ကြင်ရာတော်ဟဖ်ဆွာ်အားခေါ်၍ 'ဤအကြောင်း မပေါက်ကြားစေရန် အသင်မအား ငါအထပ်ထပ် မှာကြားပါလျက်၊ ယခုမူ အသင်မသည် ဤအကြောင်းကို အာအိရှာ်အား အသိပေးသည်' ဟု ပြောပြတော်မူ၏။ ထိုအခါ ကြင်ရာတော်ဟဖ်ဆွာ်သည် အံ့သြကြီးစွာဖြင့် 'တမန်တော်မြတ်၊ တမန်တော်မြတ်အား မည်သူပြောပြပါသနည်း'ဟု မေးလျှောက်ရာ တမန်တော်မြတ်က 'ငါ့အား အရာခပ်သိမ်းကုန်တို့ကို ➤➤

قَدْ فَرَضَ اللّٰهُ لَكُمْ تَحِلَّةَ
اَيْمَانِكُمْ ۚ وَاللّٰهُ مَوْلٰىكُمْ ۚ
وَهُوَ الْعَلِيْمُ الْحَكِيْمُ ۝٢

၂။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အကျိုးငှာ အသင်တို့၏ ကျိန်ဆိုချက်များကို ဖြေနိုင်ရန် (နည်းလမ်း)သတ်မှတ်၍ ပေးတော်မူခဲ့၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးတော်မူသည့်ပြင် ထိုအရှင်မြတ်သည် ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ အလွန်တရာနက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

وَاِذْ اَسَرَّ النَّبِيُّ اِلٰى بَعْضِ
اَزْوَاجِهٖ حَدِيْثًا ۚ فَلَمَّا نَبَّاَتْ
بِهٖ وَاَظْهَرَهُ اللّٰهُ عَلَيْهِ
عَرَّفَ بَعْضَهٗ وَاَعْرَضَ عَنْۢ
بَعْضٍ ۚ

၃။ ၎င်းပြင် (ပြန်လည်သတိရကြလေကုန်။) တစ်ရံရောအခါဝယ် နဗီတမန်တော်မြတ်သည် မိမိ၏ကြင်ယာတော်တစ်ပါးအား စကားတစ်ခွန်းကို လျှို့ဝှက်စွာ ပြောခဲ့လေ၏။ ထို့နောက် ထိုကြင်ရာတော်က (အခြားကြင်ရာတော်အား) ယင်းစကားကို ပြောပြခဲ့လေ၏။ အလ္လာဟ်အရှင်မြတ်သည် ယင်းအကြောင်းကို နဗီတမန်တော်မြတ်အား အသိပေးတော်မူခဲ့၏။ ထိုအခါ ထိုနဗီတမန်တော်မြတ်သည် ယင်းစကားအချို့ကို သိစေခဲ့ပြီး အချို့ကိုမူ လျစ်လျူရှုထားခဲ့၏။

➤➤ အကြွင်းမဲ့သိတော်မူသော ကြားသိတော်မူသောအရှင်မြတ်က ပြောပြတော်မူသည်'ဟု ပြောပြတော်မူခဲ့လေသည်။ ဤအာယတ်တော်များသည် ဤသည့်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ကျရောက်လာခဲ့ပေသည်။

(ဟလာလ်)အသုံးပြုခွင့်ရှိသောအရာကို (ဟရာမ်)အသုံးပြုခွင့်မရှိသောအရာ ပြုလုပ်ခြင်းကား အသို့ပါနည်း။ ဥပမာ (ဟလာလ်)အသုံးပြုခွင့်ရှိသော အရာတစ်ခုနှင့်စပ်လျဉ်း၍ မွတ်စ်လင်မ်တစ်ဦးသည် စိတ်တွင်းမှ (ဟလာလ်) အသုံးပြုခွင့်ရှိသော အရာဟူ၍ပင် ယုံကြည်လျက် မှန်ကန်ခိုင်လုံသော အကြောင်းအကျိုးတစ်ခုခုကြောင့် အဆိုပါ အသုံးပြုပိုင်ခွင့်ရှိသောအရာကို နောက်နောင် မိမိ အသုံးပြုမည်မဟုတ်ဟုဆို၏။ အသုံးမပြုဘဲလည်းနေ၏။

ဤသို့ ပြောဆိုပြုမူခြင်းမှာ ခိုင်လုံသောအကြောင်းအကျိုး ရှိပါက ရှရီအတ်တရားဥပဒေအရ ပြုပိုင်၏။ သာမန် မွတ်စ်လင်မ်တို့အဖို့ ပြုပိုင်ခွင့် ရှိလင့်ကစား၊ ကမ္ဘာအဝန်းအား စံပြအဖြစ် ရှေ့ဆောင် လမ်းညွှန်ပြတော်မူမည့် တမန်တော်မြတ်အဖို့မှာကား အချို့ကြင်ရာတော်များ၏ ကျေနပ်မှုရရှိရန်အတွက် အသုံးပြုပိုင်ခွင့်ရှိသော အရာတစ်ခုကို အသုံးမပြုဘဲနေတော်မူခြင်းသည် မလျော်ကန်ပေ။ ဤသည် နောက်တစ်ချိန်တွင် နောက်လိုက်တပည့်သားတို့အဖို့ အခက်အခဲ အကျပ်အတည်း လာ၍ဖြစ်ပေမည်။ ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်က ဤအာယတ်တော်တွင် တမန်တော်မြတ်အား သတိပေး တော်မူခြင်းဖြစ်သည်။

فَلَمَّا نَبَّأَهَا بِهِ قَالَتْ مَنْ أَنْبَأَكَ هٰذَا ۖ قَالَ نَبَّأَنِيَ الْعَلِيمُ الْخَبِيرُ ﴿٣﴾

တစ်ဖန် ထိုနဗီတမန်တော်မြတ်သည် ထိုကြင်ရာတော်အား ယင်းစကားကို ပြောပြခဲ့သောအခါ ထိုကြင်ရာတော်က ဤသတင်းကို အသင့်အား မည်သူပြောပြသနည်းဟု ပြောဆို(မေးမြန်း)ခဲ့ရာ ထိုနဗီတမန်တော်မြတ်က ကျွန်ုပ်အား ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိရှိတော်မူသော၊ ခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ကြားသိတော်မူသော၊ အရှင်မြတ်က အသိပေးတော်မူခဲ့သည်ဟု ပြန်ကြားခဲ့လေသည်။ ၃

إِنْ تَتُوبَا إِلَى اللَّهِ فَقَدْ صَغَتْ قُلُوبُكُمَا ۖ

၄။ အကယ်၍ အသင်(ကြင်ရာတော်)နှစ်ပါးတို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ခဲ့ကြပါလျှင် (အသင်တို့အဖို့ ကောင်း၏၊ အဘယ်ကြောင့်ဆိုသော်) စင်စစ်မှာကား အသင်တို့နှစ်ဦး၏စိတ်နှလုံးမှာ *(တမန်တော်မြတ် မနှစ်မြို့သော အရာဘက်သို့)* ယိမ်းညွတ်လျက် ရှိနေခဲ့၏။ ၄

---

③ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း တမန်တော်မြတ်သည် မိမိ၏စကားမပေါက်ကြားရန် ကြင်ရာတော်ဟဖ်ဆွဟ်အား အမှတ်တရ မှာထားတော်မူခဲ့၏။ ကြင်ရာတော် ဟဖ်ဆွဟ်သည် အဆိုပါစကားကို ကြင်ရာတော် အာအိရှဟ်အား လျှို့ဝှက်စွာ ပြောကြားခဲ့၏။ အလ္လာဟ်အရှင်မြတ်သည် ဤသည့်ဖြစ်ကြောင်းကုန်စင်ကို တမန်တော်မြတ်အား အသိပေးတော်မူခဲ့၏။

ထိုအခါ တမန်တော်မြတ်သည် လူသဘာဝအလျောက် ဒေါသအမျက်ထွက်ကာ၊ ကြင်ရာတော် ဟဖ်ဆွဟ်အား ကြိမ်းမောင်းတော်မူရန်သာရှိခဲ့၏။ သို့တစေလည်း တမန်တော်မြတ်သည် ယင်းသည့် အခြေအနေမျိုးတွင်ပင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မိမိသိရှိထားသည်များကို အားလုံးဖွင့်ဟ ပြောကြားတော်မမူဘဲ၊ အချို့အဝက်ကိုသာ ဖွင့်ဟပြောကြား၍ အချို့အဝက်ကိုမူ လျစ်လျူ ပြုတော်မူခဲ့ပေသည်။ တမန်တော်မြတ်၏ သဘောထားကြီးမှု၊ သည်းခံမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ လျစ်လျူပြုမှုကား အံ့ဖွယ်တပါးပင်တည်း။

④ ဤအာယတ်တော်တွင် "အသင်မတို့နှစ်ဦး" ဟူသည် ကြင်ရာတော် ဟဖ်ဆွဟ်နှင့် ကြင်ရာတော် အာအိရှဟ်ကို ဆိုလိုသည်။ အဆိုပါ ကြင်ရာတော်နှစ်ပါး၏ စိတ်နှလုံးများသည် အိမ်တွင်းရေးတွင် တည့်မတ်မျှတမှုမှ တိမ်းယိမ်းသွားခဲ့ကြပေသည်။ ထို့အတွက် အဆိုပါ ကြင်ရာတော်နှစ်ပါးအား မိမိတို့၏ မှားယွင်းမှုနှင့်စပ်လျဉ်း၍ အချိန်မီဝန်ချတောင်းပန်ရန် သတိပေးထားတော်မူခြင်းဖြစ်သည်။

ခင်ပွန်းသည်အား ချစ်ရပါသည်။ အချစ်သည် အပြစ်မဟုတ်၊ သို့ရာတွင် မိမိ၏အချစ်ကြောင့် သူတပါးအား မနှစ်ရာ၊သူတပါး၏ အခွင့်အရေးကို မဆုံးရှုံးစေရာ။

وَإِنْ تَظٰهَرَا عَلَيْهِ فَإِنَّ اللّٰهَ
هُوَ مَوْلٰهُ وَجِبْرِيْلُ وَصَالِحُ
الْمُؤْمِنِيْنَ ۚ وَالْمَلٰٓئِكَةُ بَعْدَ
ذٰلِكَ ظَهِيْرٌ ۝٤

သို့ရာတွင် အကယ်၍ အသင်တို့နှစ်ဦးသည် ထိုနဗီတမန်တော်မြတ်နှင့် ဆန့်ကျင်၍ အချင်းချင်း ရိုင်းပင်းကူညီလျက် ရှိကြပါလျှင် ဧကန်မလွဲ အလွှာဟ် အရှင်မြတ်သည် တမန်တော်မြတ်အား ကာကွယ် စောင့်ရှောက်တော်မူမည့် အဆွေခင်ပွန်း ဖြစ်တော်မူသည်။ ထို့ပြင်တဝ ကောင်းကင်တမန် 'ဂျစ်ဗရီလ်' သည်လည်း ကောင်း၊ ထိုနဗီတမန်တော်မြတ်အား ကာကွယ်စောင့် ရှောက်သော အဆွေခင်ပွန်းများ ဖြစ်ကြကုန်၏။ ထိုမှ တပါး၎င်းတို့အပြင် 'မလာအိကဟ်' ကောင်းကင် တမန်တို့သည်လည်း ရိုင်းပင်းကူညီသူများပင် ဖြစ်ကြ ကုန်၏။ [၁]

عَسٰى رَبُّهٗٓ إِنْ طَلَّقَكُنَّ أَنْ
يُّبْدِلَهٗٓ أَزْوَاجًا خَيْرًا
مِّنْكُنَّ مُسْلِمٰتٍ مُّؤْمِنٰتٍ
قٰنِتٰتٍ تٰٓئِبٰتٍ عٰبِدٰتٍ
سٰٓئِحٰتٍ ثَيِّبٰتٍ وَّأَبْكَارًا ۝٥

၅။ အကယ်၍ ထိုနဗီတမန်တော်မြတ်သည် အသင်တို့အား ကွာရှင်းခဲ့ပါလျှင် ထိုနဗီတမန်တော်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အစား ထိုနဗီတမန်တော်မြတ်အား အသင်တို့ထက် ပိုမို၍ ထွတ်မြတ်သော 'မုစ်လင်မ်' မိန်းမများ၊ 'မုအ်မင်နဲ့' သက်ဝင်ယုံကြည်သော မိန်းမများ၊ အမိန့်ကိုနာခံသော မိန်းမများ၊ ဝန်ချတောင်းပန်ကြသောမိန်းမများ၊ ဝတ်ပြုသောမိန်းမများ၊ ဥပုသ်သီလ ဆောက်တည် သောမိန်းမများ၊ အအိုများနှင့် အပျိုများကို ပေးတော် မူအံ့သတည်း။ [၂]

---

① ဇနီးမောင်နှံ၏ အိမ်တွင်းရေးပြဿနာများသည် အစပထမတွင် သာမန်ဟူ၍ပင် ထင်မှတ်ရ၏။ အိမ်တွင်းရေး အသေးအဖွဲ ပြဿနာများကို အချိန်မီ ဖြေရှင်းမပစ်ဘဲ လျစ်လျူပြုထားမိပါက အလွန်ဆိုးရွားသော ပြဿနာများ ပေါ်ပေါက်နိုင်ပေသည်။ အထူးသဖြင့် ဇနီးသည်ဖြစ်သူများသည် ဆွေကြီးမျိုးကြီး၊ မျက်နှာကြီးများဖြစ်ပါမူ ဆွေဂုဏ်၊ မျိုးဂုဏ်မောက်ကာ မာန်မာန ထောင်လွှားတတ်ကြ၏။

အကြောင်းအားလျော်စွာ ကြင်ရာတော် ဟဖ်ဆွဟ်နှင့် ကြင်ရာတော် အာအိရှဟ်သည် ဆွေကြီး၊ မျိုးကြီး မျက်နှာကြီးများထဲမှ ဖြစ်ခဲ့ကြ၏။

ထို့အတွက်ကြောင့် အဆိုပါ ကြင်ရာတော်နှစ်ပါးအား "အကယ်၍ အသင်မတို့ နှစ်ဦးသည် ➤➤

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ قُوٓاْ أَنفُسَكُمۡ وَأَهۡلِيكُمۡ نَارٗا وَقُودُهَا ٱلنَّاسُ وَٱلۡحِجَارَةُ عَلَيۡهَا مَلَٰٓئِكَةٌ غِلَاظٞ شِدَادٞ لَّا يَعۡصُونَ ٱللَّهَ مَآ أَمَرَهُمۡ وَيَفۡعَلُونَ مَا يُؤۡمَرُونَ ٦

၆။ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်များကိုလည်းကောင်း၊ မိမိတို့၏အိမ်သူအိမ်သားတို့ကိုလည်းကောင်း၊ (ငရဲ)မီး(ဘေး)မှ ကင်းလွတ်စေကြလေကုန်။ [၁] ယင်း(ငရဲ)မီး၏လောင်စာများမှာ လူများနှင့် ကျောက်တုံးများ ဖြစ်ကြ၏။ ယင်း(ငရဲ)မီးခဲ့၌ ညှာတာမှုကင်းမဲ့၊ စိတ်ဓာတ်ခက်ထန်ကြမ်းတမ်းသော၊ လွန်စွာပြင်းထန် ကြံ့ခိုင်သော "မလာအိကဟ်" ကောင်းကင်တမန်များသည် (စောင့်ကြပ်လျက်) ရှိကြကုန်၏။ ထို "မလာအိကဟ်" ကောင်းကင်တမန်တို့မှာ အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်က ၎င်းတို့ကိုပေးတော်မူသော အမိန့်တော်နှင့်စပ်လျဉ်း၍ ဖီဆန်ကြသည် မရှိသည့်အပြင် မိမိတို့ အမိန့်ပေးတော်မူခြင်း ခံကြရသည်ကို (မဆိုင်းမတွ) ပြုလုပ် ဆောင်ရွက်လေ့ရှိကြကုန်၏။

➢➢ ဆွေဂုဏ်မျိုးဂုဏ်မောက်ကာ အချင်းချင်းရိုင်းပင်း၍ တမန်တော်မြတ်အား ဆက်လက် ဆန့်ကျင်နေကြမည် ဆိုပါက အလ္လာဟ်အရှင်မြတ်နှင့်တကွ ကောင်းကင်တမန် ဂျိဗ်ရီလ်၊ မုအ်မင်န် သူတော်စင်များ၊ ကောင်းကင်တမန်များသည် တမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်ကြရန် အသင့်ရှိကြသည်ကို သတိပြုကြရာသည်"ဟု သတိပေးထားတော်မူခြင်း ဖြစ်ပေသည်။

(၂) ဆိုလိုသည်ကား ကြင်ရာတော်များ၏ စိတ်နှလုံးများတွင် တမန်တော်မြတ်သည် မလွဲမရှောင်သာ ကြင်ရာတော်ချား ထားတော်မူရမည်သာ ဖြစ်သည်။"ငါတို့ထက်သာသော အမျိုးသမီးမရှိ။ သို့ဖြစ်ရာ တမန်တော်မြတ်သည် ငါတို့၏စကားကို မလွဲမရှောင်သာ လိုက်လျောတော်မူရမည်သာဖြစ်သည်"ဟူ၍ကား မေ့မှား၍မျှ အတွေးအထင်မပေါ်စေရာ၊ အမှန်စင်စစ် တမန်တော်မြတ်သည် လက်ရှိ ကြင်ရာတော်များကို စွန့်လွှတ်ကွာရှင်းတော်မူပါက အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား လက်ရှိကြင်ရာတော်များထက် သာသောကြင်ရာတော်များကို ဖန်ဆင်းပေးတော်မူနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်ထံတော်၌ အခက်အခဲဟူ၍ အလျင်းမရှိပေ။ သို့ဖြစ်ရာ ကြင်ရာတော်များသည် မိမိတို့ကိုယ်ကိုမိမိတို့ အထင်မကြီးကြရာဟု ထပ်မံ သတိပေးထားတော်မူခြင်း ဖြစ်သည်။

(၃) ဆိုလိုသည်ကား မွတ်စ်လင်မ်တိုင်းသည် မိမိတို့ကိုယ်တိုင်လည်း ကာကွယ်ကြရမည်။ မိမိတို့နှင့်အတူတကွ မိမိတို့၏ အိမ်သူအိမ်သား၊ သားမယားတို့ကိုလည်း နားချ၍တစ်မျိုး၊ ခြောက်လှန့်၍တစ်ဖုံ၊ ချော့၍တစ်မျိုး၊ ရိုက်၍တစ်သွယ်၊ အစွမ်းရှိသမျှ သွန်သင်ဆုံးမ တရားပြကြရမည်။ ငရဲမီးဘေးမှ မိမိတို့ကိုယ်များကို ကာကွယ်ကြသကဲ့သို့ မိမိတို့၏ အိမ်သူအိမ်သား၊ သားမယားတို့အားလည်း ကာကွယ်ကြရမေမည်။ ဤသည် မွတ်စ်လင်မ်တိုင်း၏တာဝန်ပင်။ ဤအာယတ်တော်၌ "အဟ်လီကွမ်"ဟူသော စကားတွင် အိမ်သူအိမ်သား သားမယား တပည့်သား နောက်လိုက်ငယ်သား၊ မိမိနှင့်ဆက်သွယ်လျက်ရှိသော အပေါင်းအသင်းအားလုံး အကျုံးဝင်ပေသည်။

يَٰٓأَيُّهَا ٱلَّذِينَ كَفَرُوا۟ لَا تَعْتَذِرُوا۟ ٱلْيَوْمَ ۖ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ ۝٧

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ تُوبُوٓا۟ إِلَى ٱللَّهِ تَوْبَةً نَّصُوحًا ۚ عَسَىٰ رَبُّكُمْ أَن يُكَفِّرَ عَنكُمْ سَيِّـَٔاتِكُمْ وَيُدْخِلَكُمْ جَنَّٰتٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَٰرُ يَوْمَ لَا يُخْزِى ٱللَّهُ ٱلنَّبِىَّ وَٱلَّذِينَ ءَامَنُوا۟ مَعَهُۥ ۖ نُورُهُمْ يَسْعَىٰ بَيْنَ أَيْدِيهِمْ وَبِأَيْمَٰنِهِمْ يَقُولُونَ رَبَّنَآ أَتْمِمْ لَنَا نُورَنَا وَٱغْفِرْ لَنَآ ۖ إِنَّكَ عَلَىٰ كُلِّ شَىْءٍ قَدِيرٌ ۝٨

၇။ အို-"ကာဖိရ်" သွေဖည်ငြင်းပယ်သူအပေါင်းတို့၊ ယနေ့ အသင်တို့သည် (မည်သို့မျှ) အကြောင်းမပြကြကုန်လင့်။ အသင်တို့သည် မိမိတို့ ကျင့်မူနေခဲ့ကြသော (အမှုကိစ္စ)နှင့် စပ်လျဉ်း၍သာ အစားပေးခြင်းကို ခံနေကြရခြင်း ဖြစ်သည်။

၈။ အို-"မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ စစ်မှန်သော ဝန်ချ တောင်းပန်ခြင်းမျိုးဖြင့် ဝန်ချတောင်းပန်ကြလေကုန်။ (သို့ပြုလုပ်ခြင်းအားဖြင့်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့၏ပြစ်မှုဒုစရိုက်များကို အသင်တို့မှ ပပျောက်စေတော်မူမည်ပြင် အသင်တို့အား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူတန်ရာ၏။

ယင်းဥယျာဉ်များ၏ အောက်မှ ချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ အကြင်နေ့ကို (သတိရရှိကြလေကုန်၊) ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်မြတ်အား လည်းကောင်း၊ ထိုနဗီတမန်တော်မြတ်နှင့်အတူ သက်ဝင် ယုံကြည်ခဲ့ကြသောသူတို့အား လည်းကောင်း၊ *ကျိုးယုတ်ရှက်ရ ဖြစ်စေတော်မူမည် မဟုတ်ပေ။* [၁] ၎င်းတို့၏ အလင်းရောင်မှာ ၎င်းတို့၏ရှေ့၌လည်းကောင်း၊ လယ်ယာဘက်များ၌လည်းကောင်း၊ *ပြေးလျက် ရှိပေမည်။* [၂]

---

① ဆိုလိုသည်ကား ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)အား မဆိုထားနှင့်၊ တမန်တော်မြတ်၏ နောက်လိုက်တပည့်သားများကိုပင် ကျိုးယုတ်ရှက်ရ ဖြစ်စေတော်မူမည်မဟုတ်၊ သိက္ခာရှိစွာဖြင့် အလွန်မြင့်မြတ်သော ဂုဏ်အင်ဒြပ်များကိုပင် ချီးမြှင့်တော်မူပေမည်။

သစ္စာရှိသူနှင့် သစ္စာမရှိသူ၊ အမိန့်တော်နာခံသူနှင့် အမိန့်တော် မနာခံသူ၊ မွတ်စ်လင်မ်နှင့် ကာဖိရ်၏ အကျိုးဆက်ကား အသို့လျှင် တူနိုင်အံ့နည်း။

ငင်းတို့မှာ (ဤသို့) လျှောက်ထားပန်ကြားလျက်ရှိကြမည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏အလင်းရောင်ကို အဆုံးတိုင်အောင် ထားရှိတော်မူပါ။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ခွင့်လွှတ်တော်မူပါ၊ ဧကန်မလွဲ အရှင်မြတ်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။

يَٰٓأَيُّهَا ٱلنَّبِيُّ جَٰهِدِ ٱلْكُفَّارَ وَٱلْمُنَٰفِقِينَ وَٱغْلُظْ عَلَيْهِمْ ۚ وَمَأْوَىٰهُمْ جَهَنَّمُ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٩﴾

၉။ အို-နဗီတမန်တော်၊ အသင်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သောသူတို့အားလည်းကောင်း၊ "မုနာဖစ်ဂ်" အယောင်ဆောင်မုစ်လင်မ်တို့အားလည်းကောင်း၊ *သက်စွန်ကြိုးပမ်း တိုက်ခိုက်ပါလေ၊ ထို့ပြင်* အသင်သည် ငင်းတို့*အပေါ်၌ကျပ်တည်းစေပါလေ။* [၁] ထို့ပြင် ငင်းတို့၏ခိုလှုံရာဌာနမှာ "ဂျဟန္နမ်" ငရဲသာလျှင် ဖြစ်၏။ စင်စစ်မှာကား (ယင်း "ဂျဟန္နမ်"ငရဲမှာ) လွန်စွာ ဆိုးရွားလှသောစခန်းပင် ဖြစ်ချေသည်။

---

(၂) ကိယာမတ်နေ့တွင် မွတ်စ်လင်မ်များ၏ အလင်းရောင်သည် ငင်းတို့ရှေ့တွင် ပြေးလျက်ရှိပေမည်။ အဆိုပါအလင်းရောင်သည် (အီမာန်) ယုံကြည်မှု (အီမလ်) အကျင့်သီလနှင့်အမျှ လင်းဝင်း တောက်ပလျက်ရှိပေမည်။

ဤအကြောင်း ကုရ်အာန် (၅၇း၁၂-၁၅)တွင် ပါရှိသည်။ သက်ဆိုင်ရာအဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။

(၁) အလ္လာဟ်အရှင်မြတ်သည် အခြားသူများအား သည်းခံရန် မိန့်ကြားတော်မူ၏။ သို့ရာတွင် တမန်တော်မြတ်သည် အဘယ်မျှ သည်းခံတော်မူသည်၊ နှုးညံ့ သိမ်မွေ့တော်မူသည်ဆိုသော်၊ အလ္လာဟ်အရှင်မြတ်ကပင် တမန်တော်မြတ်အား ကာဖိရ်များ၊ မုနာဖစ်ဂ်များနှင့် ဆက်ဆံရာတွင် ပြင်းထန်ပြတ်သားစွာ ဆက်ဆံပါဟူ၍ပင် အမိန့်ပေးတော်မူသည်။ တမန်တော်မြတ်၏ သည်းခံမှု၊ နှုးညံ့ သိမ်မွေ့မှုကား အံ့ဖွယ်တစ်ပါးပင်။

ဤအာယတ်တော်နှင့်ဆက်စပ်၍ ကုရ်အာန်ကျမ်းလာ အာယတ်တော် (၃း၁၅၉) ကိုဆင်ခြင်ပါကုန်။

ضَرَبَ اللّٰهُ مَثَلًا لِّلَّذِيْنَ كَفَرُوا امْرَاَتَ نُوْحٍ وَّ امْرَاَتَ لُوْطٍ ؕ كَانَتَا تَحْتَ عَبْدَيْنِ مِنْ عِبَادِنَا صَالِحَيْنِ فَخَانَتٰهُمَا فَلَمْ يُغْنِيَا عَنْهُمَا مِنَ اللّٰهِ شَيْـًٔا وَّقِيْلَ ادْخُلَا النَّارَ مَعَ الدّٰخِلِيْنَ ﴿۱۰﴾

၁၀။ အလ္လာဟ်အရှင်မြတ်သည် "ကာဖိရ်" သွေဖည်ငြင်းပယ်ကြကုန်သူတို့၏အကျိုးငှာ (နဗီတမန်တော်) နူဟ်၏ ဇနီးကြင်ရာကိုလည်းကောင်း၊ (နဗီတမန်တော်) "လူတ်"၏ ဇနီးကြင်ရာကိုလည်းကောင်း၊ ဥပမာအဖြစ် ခိုင်းနှိုင်း မိန့်ကြားတော်မူ၏။ ထိုဇနီးကြင်ရာနှစ်ဦးကား ငါအရှင်မြတ်၏ကျွန်အနက် သူတော်စင်ကျွန်နှစ်ပါး၏ (ထိမ်းမြားမှု)အောက်တွင် ရှိခဲ့ကြလေ၏။

သို့တစေလည်း ထိုဇနီးကြင်ရာ နှစ်ဦးသည် ထိုကျွန်နှစ်ပါးနှင့်ပတ်သက်၍ (ဒီန်သာသနာရေးတွင်) သစ္စာ သွေလှန်ခဲ့ကြပေရာ ထိုကျွန်တော်နှစ်ပါးမှာ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ထိုကြင်ရာနှစ်ဦးအဖို့ အနည်းငယ်စိုးစဉ်းမျှပင် အကျိုးမပြုနိုင်ခဲ့ကြပေ။ ထို့ပြင် "အသင်တို့နှစ်ဦးသည်လည်း (အခြားသော) ဝင်ရောက်ကြသူတို့နှင့်အတူ (ငရဲ)မီးထဲသို့ ဝင်ရောက်ကြကုန်လော့"ဟု အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရလေသတည်း။ [၁]

وَضَرَبَ اللّٰهُ مَثَلًا لِّلَّذِيْنَ اٰمَنُوا امْرَاَتَ فِرْعَوْنَ

၁၁။ ထိုနည်းတူစွာ အလ္လာဟ်အရှင်မြတ်သည် "မုအ်မင်န်" သက်ဝင်ယုံကြည်ကြကုန်သောသူတို့၏ အကျိုးငှာ 'ဖစ်ရ်အောင်န်' ၏ဇနီးကြင်ရာကို ဥပမာအဖြစ် ခိုင်းနှိုင်း မိန့်ကြားတော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထို 'ဖစ်ရ်အောင်န်'၏ ဇနီးကြင်ရာသည် (ဤသို့) လျှောက်ထား ပန်ကြားခဲ့လေ၏။

---

① **မယားဆိုးကို လင်ကောင်းမကယ်နိုင်။**

တမန်တော်နူဟ်နှင့် တမန်တော်လူတ်တို့သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များဖြစ်ခဲ့ကြသည်၊ သူတော်စင်များ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် အကြောင်းအားလျော်စွာ ထိုတမန်တော်ကြီးနှစ်ပါး၏ ကြင်ရာများမှာ မုနာဖစ်က်များ ဖြစ်နေခဲ့ကြပေသည်။ အမြင်အားဖြင့် အဆိုပါကြင်ရာနှစ်ပါးသည် တမန်တော်ကြီးနှစ်ပါး၏ ကြင်ရာများ ဖြစ်နေခဲ့ကြသော်လည်း အမှန်မှာ ယင်းကြင်ရာနှစ်ဦးတို့သည် မိမိတို့၏ ခင်ပွန်းများအား သာသနာရေးတွင် သစ္စာဖောက်ခဲ့ကြသည်။ ➤➤

إِذْ قَالَتْ رَبِّ ابْنِ لِي عِندَكَ بَيْتًا فِي الْجَنَّةِ وَنَجِّنِي مِن فِرْعَوْنَ وَعَمَلِهِ وَنَجِّنِي مِنَ الْقَوْمِ الظَّالِمِينَ ﴿١١﴾

အို-ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် မိမိထံတော်ပါး၌ '၇နှုတ်'သုခဘုံတွင် ကျွန်တော်မျိုးမအဖို့ နေအိမ်တစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးမအား 'ဖစ်ရ်အောင်န်' နှင့် ၎င်း၏ အကျင့်အမူတို့မှ လွတ်မြောက်စေတော်မူပါ။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးမအား မတရားသော အမျိုးသားတို့မှလည်း လွတ်မြောက်စေတော်မူပါ။ [၁]

وَمَرْيَمَ ابْنَتَ عِمْرَانَ الَّتِي أَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيهِ مِن رُّوحِنَا

၁၂။ ထိုနည်းတူစွာ (အလ္လာဟ်အရှင်မြတ်သည်) 'အိမ်ရာန်' ၏သမီး၊ အကြင် 'မရ်ယမ်' အား (ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့၏။) ထို 'မရ်ယမ်' သည် မိမိအသရေကို စောင့်စည်းထိန်းသိမ်းခဲ့လေရာ ငါအရှင်မြတ်သည် ၎င်း၏အင်္ကျီရင်ကွဲ (ရင်ဖုံး)ဝယ် မိမိအထံတော်မှ အသက်ဇီဝိန်ကို နှုတ်တော်မူခဲ့လေ၏။

➤➤ ကာဖိရ်များ၊ မုနာဖစ်က်များ ဖြစ်နေခဲ့ကြသည်။ အတွင်းမှ ကာဖိရ်များနှင့် ဆက်သွယ်နေခဲ့ကြသည်။ နောက်ဆုံးတွင် ယင်းကြင်ရာနှစ်ဦးတို့သည် တမန်တော်ကြီးနှစ်ပါး၏ ကြင်ရာများ ဖြစ်ခဲ့ကြလင့်ကစား မိမိတို့ကိုယ်တိုင်က မုနာဖစ်က်များဖြစ်နေခဲ့ ကြသည့်အတွက် ငရဲသို့လားခဲ့ကြရသည်။ တမန်တော်ကြီးနှစ်ပါးသည် မိမိတို့၏ ကြင်ရာများအား မည်သို့မျှ မကာကွယ်နိုင်ခဲ့ကြပေ။

① **လင်ဆိုးကို မယားကောင်း မကယ်နိုင်။**

အထက်တွင် မယားဆိုးကို လင်ကောင်း မကယ်နိုင်သည့်အကြောင်းပါရှိ၏။ ဤတွင် ဆန့်ကျင်ဘက် ဖြစ်ရပ်တစ်ခုကို မိန့်ဆိုထားတော်မူသည်။ ဖစ်ရ် အောင်န်သည် ကာဖိရ်ဖြစ်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်အား တော်လှန်ပုန်ကန်ခဲ့သည်။

သို့ရာတွင် ဖစ်ရ်အောင်န်၏ကြင်ရာ အာစီယဟ်သခင်မမှာမူ အလ္လာဟ်အရှင်မြတ်အား ရိုးသားဖြောင့်မတ်စွာ ယုံကြည်မြတ်နိုးခဲ့သည်။ အကျင့်သီလကောင်းမြတ်ခဲ့သည်။ သူတော်စင်မတစ်ဦး ဖြစ်ခဲ့သည်။ သို့တစေလည်း ကြင်ရာတော် အာစီယဟ်သခင်မသည် မိမိ၏ခင်ပွန်းသည်အား အသို့မျှ မကယ်နိုင်ခဲ့ပေ။ ခင်ပွန်း၏ သွေဖည်မှု၊ တော်လှန်ပုန်ကန်မှုကြောင့် အသို့မျှ အရေးယူတော်မူခြင်းကိုလည်း မခံခဲ့ရပေ။

ဆိုလိုသည်ကား လင်သည် မယားကိုမကယ်နိုင်၊ မယားသည် လင်ကိုမကယ်နိုင်။ မိမိ၏မှန်ကန်သော (အီမာန်) ယုံကြည်မှုနှင့် ကောင်းမြတ်သော (အမလ်) အကျင့်သီလသည်သာလျှင် မိမိအား ကယ်တင်မည်ဖြစ်သည်။

وَصَدَّقَتْ بِكَلِمٰتِ رَبِّهَا وَكُتُبِهٖ وَكَانَتْ مِنَ الْقٰنِتِيْنَ ﴿١٢﴾

ထို့ပြင် ထို 'မရ်ယမ်' သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မိန့်ကြားချက်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်တရားတော်တို့ကိုလည်းကောင်း၊ ယုံကြည်ထောက်ခံခဲ့သည့်ပြင် အမှန်စင်စစ် ထို'မရ်ယမ်'မှာ အမိန့်တော်ကို နာခံကြကုန်သောသူတို့တွင် အပါအဝင်ဖြစ်ခဲ့ပေသတည်း။ [၁]

---

① **ပျိုကညာလည်း သူတော်ကောင်းဖြစ်နိုင်သည်။**

အိမ်ရာမ်၏သမီး မရ်ယမ်သခင်မသည် ပျိုကညာတစ်ပါးဖြစ်ခဲ့သည်၊ အိမ်ထောင်မပြုခဲ့ပေ၊ မရ်ယမ်သခင်မ၌ လင်ယောကျ်ားမရှိခဲ့ပေ။ သို့ပါသော်လည်း အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် မိမိ၏ကာယိန္ဒြေကို ကောင်းစွာ စောင့်စည်းထိန်းသိမ်းခဲ့သည်။

အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များနှင့်ကျမ်းဂန်လာ တရားတော်များကို ထောက်ခံယုံကြည်မြတ်နိုးခဲ့သည်။ အလ္လာဟ်အရှင်မြတ်အား ကြည်ဖြူစွာ ဆည်းကပ်ကိုးကွယ်ခဲ့သည်။ သူတော်စင်များတွင် အထင်အရှား အပါအဝင်ဖြစ်ခဲ့သည်။

ဆိုလိုသည်ကား ပျိုကညာတစ်ဦးပင် ဖြစ်လင့်ကစား 'အီမာန်နှင့်အမလ်' ကောင်းက သူတော်ကောင်းဖြစ်နိုင်ပေသည်။

မရ်ယမ်သခင်မ၌ လင်ယောကျ်ားမရှိဘဲလျက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် သားတော် (တမန်တော်အီစာ) ဖွားမြင်တော်မူခဲ့သည့်အကြောင်း ကုရ်အာန် (၃:၅၈။ ၁၉:၁၆။ ၂၁:၂၁-၉၁) တွင် ပါရှိခဲ့ချေပြီ။

စိုးမိုးခြင်းကဏ္ဍ



ဤကဏ္ဍသည် "မုလ်ခ်" စိုးမိုးခြင်း ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၃၀)ပါး၊ ရကူအ်(၂)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسۡمِ اللَّهِ الرَّحۡمَٰنِ الرَّحِيمِ

تَبَٰرَكَ الَّذِي بِيَدِهِ الۡمُلۡكُ وَهُوَ عَلَىٰ كُلِّ شَيۡءٖ قَدِيرٌ ١

الَّذِي خَلَقَ الۡمَوۡتَ وَالۡحَيَوٰةَ لِيَبۡلُوَكُمۡ أَيُّكُمۡ أَحۡسَنُ عَمَلٗاۚ وَهُوَ الۡعَزِيزُ الۡغَفُورُ ٢

ကရုဏာတော်ရှင်ဖြစ်တော်မူသော၊ အလွန်တရာ ကြင်နာသနားတော်မူသော၊ အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

၁။ အကြင်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ မြင့်မြတ်လှတော်မူ၏။ ထိုအရှင်မြတ်၏ လက်တော်တွင်းဝယ် အုပ်ချုပ်မှုသည်ရှိသည်။ [၁] ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို တတ်စွမ်းနိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူ၏။

၂။ အကြင် အရှင်မြတ်သည် အသင်တို့အား အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှာ "မရဏ" သေခြင်းတရားကိုလည်းကောင်း၊ အသက်ရှင်ခြင်းကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့၏။ [၂] ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အလွန်တရာ ခန့်ညားတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ ဖြစ်တော်မူ၏။

---

① စိုးမိုးအုပ်ချုပ်မှု အစုစုတို့သည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိ၏။ စကြာဝဠာအဝှန်းသည် ထိုအရှင်မြတ်၏ စိုးမိုးအုပ်ချုပ်မှုအောက်တွင်ပင် ရပ်တည်လျက်ရှိ၏။

② သေခြင်းရှင်ခြင်း တရားနှစ်ပါးကိုလည်း အလ္လာဟ်အရှင်မြတ်သည်ပင် စီရင်ဖန်တီးထားတော်မူ၏။ သို့စီရင်ဖန်တီးထားတော်မူခြင်းမှာ အကြောင်းမဲ့မဟုတ်၊ လူသားတို့၏အကျင့်သီလကို စမ်းသပ်တော်မူရန်ပင်ဖြစ်၏။ လူသားတို့သည် အသက်ရှင်စဉ် ဆည်းပူးခဲ့ကြသည့် ကောင်းမှု၊ မကောင်းမှု၏ကျိုးပြစ်ကို သေပြီးနောက် အတိအကျခံ၊ စံကြရမည်ဖြစ်၏။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ်ပါရှိခဲ့ပေပြီ။
ကြည့်-ကုရ်အာန်(၂း၂၈)။

الَّذِيْ خَلَقَ سَبْعَ سَمٰوٰتٍ
طِبَاقًا ؕ مَا تَرٰى فِيْ خَلْقِ
الرَّحْمٰنِ مِنْ تَفٰوُتٍ ؕ فَارْجِعِ
الْبَصَرَ ۙ هَلْ تَرٰى مِنْ فُطُوْرٍ ۝٣

ثُمَّ ارْجِعِ الْبَصَرَ كَرَّتَيْنِ
يَنْقَلِبْ اِلَيْكَ
الْبَصَرُ خَاسِئًا وَّهُوَ حَسِيْرٌ ۝٤
وَلَقَدْ زَيَّنَّا السَّمَآءَ
الدُّنْيَا بِمَصَابِيْحَ
وَجَعَلْنٰهَا رُجُوْمًا لِّلشَّيٰطِيْنِ
وَاَعْتَدْنَا لَهُمْ عَذَابَ
السَّعِيْرِ ۝٥

၃။ အကြင်အရှင်မြတ်သည် မိုးကောင်းကင် ခုနစ်ထပ်ကို အထပ်ထပ် ဖန်ဆင်းတော်မူခဲ့၏။ အသင်သည် "ရဟ်မာန်" ကရုဏာတော်ရှင်၏ ဖန်ဆင်းမှုဌ္ဌကွာခြားမှု၊ မဆီလျော်မှုဟူ၍ကား လုံးဝ တွေ့ရှိရမည် မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် မျက်စိကို ပြန်မော့၍ ကြည့်လော့၊ အသင်သည် တစ်စုံတစ်ရာ အက်ကွဲမှု တွေ့မြင်ရလေသလော။

၄။ ထို့နောက် အသင်သည် မျက်စိကိုပြန်မော့၍ အကြိမ်ကြိမ် ပြန်လည်ကြည့်ရှုလော့၊ မျက်စိသာလျှင် အသင့်ထံသို့ အရှက်ရ၍ညောင်းလျက် ပြန်လာမည် ဖြစ်၏။

၅။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်သည် အနီးဆုံး(အောက်ဆုံး)ဖြစ်သောမိုးကောင်းကင်ကို မီးအိမ်များဖြင့် တင့်တယ်သိုက်မြိုက်စွာ ဆင်ယင်ထားတော်မူသည့်ပြင် ငါအရှင်မြတ်သည် ယင်းမီးအိမ်များကို "ရှိုင်တွာန်" မိစ္ဆာကောင်များအား ပစ်ခတ်ရန် လက်နက်ကိရိယာများပြုလုပ်တော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အဖို့ ဂျဟန္နမ်ငရဲ၏ပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပြီးဖြစ်ပေသတည်း။

---

② ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ် စီရင်ဖန်ဆင်းထားတော်မူသည့် အရာခပ်သိမ်းကုန်တို့သည် ဆန်းကြယ်ဘိ၏။ ပြေပြစ်ဘိ၏။ သပ်ရပ်ဘိ၏။ အလွန်သေးငယ်သော အဏုမြူမှအစ၊ အလွန်ကြီးမားသော ဂြိုလ်ကြီးများအထိ အရာရာကို လေ့လာသည်နှင့်အမျှ၊ ကြည့်ရှုသည်နှင့်အမျှ၊ ပို၍ပို၍ ဆန်းကြယ်သည်၊ ပြေပြစ်သည်၊ သပ်ရပ်သည်၊ နက်နဲသိမ်မွေ့သည်။ အဲ့မဆုံး ရှုမငြီးဖြစ်သည်ကိုသာ တွေ့ရှိရ၏။ မဆီလျော်မှုဟူ၍ကား စိုးစဉ်းမျှမတွေ့ရှိရပေ။

လူသားတိုင်းသည် နေ့စဉ်နှင့်အမျှ မိုးကောင်းကင်ကို တွေ့မြင်နေရ၏။ မိုးကား မြင့်စွင့်လှ၏။ ကြယ်တာရာများနှင့် ခြယ်လှယ်ထားတော်မူသည်မှာ အဲ့မဆုံး ရှုမငြီးပင်၊ မိုး၏သက်တမ်းကား ရှည်လျားလှချေပြီ၊ သို့တစေ ယခုထက်တိုင် မိုးတွင် တစ်စုံတစ်ရာ အပြစ်အနာအဆာ မတွေ့ရှိရသေးပေ။ မိုးကိုကြည့်၊ ထပ်ကြည့်ပါလေ၊ အကြိမ်ကြိမ် ကြည့်ပါလေ၊ စူးစိုက်၍ကြည့်ပါလေ၊ မျက်စိသာလျှင် ညောင်း၍သွားပေမည်။ မိုးတွင်မူကား အပြစ်တစ်စုံတစ်ရာ တွေ့ရှိရမည်မဟုတ်ပေ။ ဤအကြောင်းနှင့်ဆက်စပ်၍ ကုရ်အာန်(၅၀း၆)ကို ဆင်ခြင်ပါကုန်။

وَلِلَّذِينَ كَفَرُوا بِرَبِّهِمْ عَذَابُ جَهَنَّمَ ۖ وَبِئْسَ الْمَصِيرُ ۝٦

၆။ ထို့ပြင် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သွေဖည်ငြင်းပယ်ကြကုန်သောသူတို့၌ ဂျဟန္နမ်ငရဲ၏ပြစ်ဒဏ်သည် ရှိချေမည်။ စင်စစ်မှာကား ယင်း"ဂျဟန္နမ်"ငရဲသည် လွန်စွာဆိုးရွားလှသော စခန်းပင် ဖြစ်ချေ၏။

إِذَا أُلْقُوا فِيهَا سَمِعُوا لَهَا شَهِيقًا وَهِيَ تَفُورُ ۝٧

تَكَادُ تَمَيَّزُ مِنَ الْغَيْظِ ۖ كُلَّمَا أُلْقِيَ فِيهَا فَوْجٌ سَأَلَهُمْ خَزَنَتُهَا أَلَمْ يَأْتِكُمْ نَذِيرٌ ۝٨

၇။ ၎င်းတို့သည် ယင်းငရဲ၌ပစ်ချခြင်းကို ခံခဲ့ကြရသောအခါ ယင်းငရဲ၏ဟိန်းသံကို ကြားကြရပေမည်။ ၎င်းပြင် ယင်းငရဲသည် ဆူပွက်လျက်ရှိမည်မှာ၊

၈။ အမျက်ဒေါသကြောင့် ပေါက်ကွဲလုမတတ် ရှိပေမည်။ ယင်း"ဂျဟန္နမ်"ငရဲ၌ အုပ်စုတစ်စု ပစ်ချခြင်း ခံရတိုင်း ယင်းငရဲကို စောင့်ကြပ်သော ကောင်းကင်တမန်များက ၎င်းတို့အား "အသင်တို့ထံ သတိပေးနှိုးဆော်သူ တစ်ဦးတစ်ယောက်မျှ မလာခဲ့လေသလော" ဟု မေးမြန်းကြပေမည်။

قَالُوا بَلَىٰ قَدْ جَاءَنَا نَذِيرٌ فَكَذَّبْنَا وَقُلْنَا مَا نَزَّلَ اللَّهُ مِن شَيْءٍ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ كَبِيرٍ ۝٩

၉။ (ထိုအခါ) ၎င်းတို့က အဘယ်ကြောင့် မဟုတ်ပါသနည်း၊ ဧကန်မလွဲ သတိပေးနှိုးဆော်သူသည် ကျွန်ုပ်တို့ထံ လာခဲ့ပေသည်။ သို့တစေလည်း ကျွန်ုပ်တို့က မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည့်ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သည့် တစ်စုံတစ်ရာကိုမျှပင် ချပေးတော်မူခြင်းမရှိ၊ အသင်တို့သည် ကြီးကျယ်လှစွာသော လမ်းမှားမှု၌ ရှိနေကြသည်ဟု ပြောဆိုခဲ့ကြောင်း ဖြေကြားကြပေမည်။

وَقَالُوا لَوْ كُنَّا نَسْمَعُ أَوْ نَعْقِلُ مَا كُنَّا فِي أَصْحَابِ السَّعِيرِ ۝١٠

၁၀။ ထိုမှတစ်ပါး၊ ၎င်းတို့က အကယ်၍သာ ကျွန်ုပ်တို့သည် နားထောင်ခဲ့ကြပါလျှင် သို့တည်းမဟုတ် ကျွန်ုပ်တို့သည် နားလည်ခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် ငရဲသားများ ဖြစ်ကြမည်မဟုတ်ဟု ပြောဆိုကြပေမည်။

فَاعْتَرَفُوا بِذَنْۢبِهِمْ فَسُحْقًا لِّأَصْحٰبِ السَّعِيْرِ ﴿١١﴾

၁၁။ မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် (ကိယာမတ် နေ့တွင်) မိမိတို့၏ ပြစ်မှုကျူးလွန်ခြင်းကို ဝန်ခံကြ ပေမည်၊ သို့ဖြစ်ပေရာ "ဂျဟန္နမ်" ငရဲသားတို့၌ ကရဏာတော်မှ ကင်းဝေးမှုသည် ရှိစေသား။

اِنَّ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ﴿١٢﴾

၁၂။ ဧကန်မလွဲ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်အား မမြင်ဘဲလျက် ကြောက်ရွံ့သော သူတို့အဖို့ အပြစ်မှ ချမ်းသာပေးခြင်းသည်လည်း ကောင်း၊ ကြီးကျယ်လှစွာသော အကျိုးကျေးဇူးသည် လည်းကောင်း၊ ရှိ၏။

وَاَسِرُّوْا قَوْلَكُمْ اَوِ اجْهَرُوْا بِهٖ ؕ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿١٣﴾

၁၃။ ထို့ပြင် အသင်တို့သည် မိမိတို့၏ စကားများ ကို လျှို့ဝှက်စွာပြောဆိုကြသည်ဖြစ်စေ၊ ကျယ်လောင် စွာ ပြောဆိုကြသည်ဖြစ်စေ၊ ဧကန်စင်စစ် ထိုအရှင် မြတ်မှာမူကား စိတ်နှလုံးများအတွင်းဝယ် ရှိသည် တို့ကိုပင် အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော် မူ၏။ ①

اَلَا يَعْلَمُ مَنْ خَلَقَ ؕ وَهُوَ اللَّطِيْفُ الْخَبِيْرُ ﴿١٤﴾

၁၄။ ဖန်ဆင်းတော်မူသော အရှင်မြတ်သည် သိ တော်မူမည် မဟုတ်ပါသလော၊ စင်စစ်မှာမူကား ထို အရှင်မြတ်သည် သိမ်မွေ့သောအရာတို့ကို လွန်စွာ သိမြင်တော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်း မဲ့ ကြားသိတော်မူသောအရှင်၊ ဖြစ်တော်မူ၏။

---

① ဆိုလိုသည်ကား အသင်လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား ဤမံသစက္ခုဖြင့် မမြင်နိုင်ကြပေ။ သို့တစေ ထိုအရှင်မြတ်သည် အသင်တို့အား မြင်တော်မူသည်။ အသင်တို့ ပြောဆိုသမျှကိုလည်း လျှို့ဝှက်စွာ ပြောဆိုသည်ဖြစ်စေ၊ ကျယ်လောင်စွာ ပြောဆိုသည်ဖြစ်စေ၊ လူသိရှင်ကြား ပြောဆိုသည်ဖြစ်စေ၊ ဆိတ်ကွယ်ရာ၌ နှစ်ကိုယ်ကြားပြောဆိုသည်ဖြစ်စေ၊ အားလုံး ကြားသိတော်မူသည်။ ထိုမျှမက အသင်တို့၏ စိတ်နှလုံးသားတွင် ဖြစ်ပေါ်နေသည့် အတွေးအခေါ် အကြံအစည်များကိုပင် သိရှိတော်မူသည်။ အချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ် သည် အသင်တို့အဖို့ မျက်ကွယ်၌ဖြစ်တော်မူသော်လည်း ထိုအရှင်မြတ်အဖို့မှာကား အသင်တို့သည် မျက်ကွယ်၌ မဟုတ်ကြပေ။

هُوَ الَّذِیْ جَعَلَ لَكُمُ الْاَرْضَ ذَلُوْلًا فَامْشُوْا فِیْ مَنَاكِبِهَا وَكُلُوْا مِنْ رِّزْقِهٖ ؕ وَاِلَیْهِ النُّشُوْرُ ﴿۱۵﴾

၁၅။ ထိုအရှင်မြတ်သည်ပင် အသင်တို့အကျိုးငှာ ပထဝီမြေကို တစ်ဆင့်အသုံးခံ၊ လက်အောက်ခံ ပြုလုပ်ထားတော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်းပထဝီမြေ၏ သွားလာရာလမ်းများ၌ လှုပ်ရှားသွားလာကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ထိုအရှင်မြတ် ချီးမြှင့် ပေးသနားတော်မူသော ရိက္ခာမှ စားသုံးကြလေကုန်။ စင်စစ်သော်ကား ရှင်ပြန်ထ၍ ထိုအရှင်မြတ် အထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရအံ့သတည်း။ ①

ءَاَمِنْتُمْ مَّنْ فِی السَّمَآءِ اَنْ یَّخْسِفَ بِكُمُ الْاَرْضَ فَاِذَا هِیَ تَمُوْرُ ﴿۱۶﴾

၁၆။ အသင်တို့သည် မိုးကောင်းကင်၌ ရှိတော်မူသော အရှင်မြတ်အား ထိုအရှင်မြတ်သည် အသင်တို့အား မြေမျိုစေတော်မူမည် မဟုတ်ဟူ၍ စိုးရိမ်ကြောင့်ကြမှ ကင်းကြလေပြီလော၊ သို့(မြေမျိုစေတော်မူသော်)အခါ ယင်းပထဝီမြေမှာ ပြင်းထန်စွာ တုန်လှုပ်လျက်ရှိပေမည်။

اَمْ اَمِنْتُمْ مَّنْ فِی السَّمَآءِ اَنْ یُّرْسِلَ عَلَیْكُمْ حَاصِبًا ؕ فَسَتَعْلَمُوْنَ كَیْفَ نَذِیْرِ ﴿۱۷﴾

၁၇။ သို့တည်းမဟုတ် အသင်တို့သည် မိုးကောင်းကင်၌ရှိတော်မူသော အရှင်မြတ်အား ထိုအရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကျောက်စရစ်မိုး ရွာသွန်းစေတော်မူမည်မဟုတ်ဟူ၍ စိုးရိမ်ခြင်း ကင်းကြလေပြီလော။ သို့ဖြစ်လျှင် မကြာမြင့်မီပင် ငါအရှင်မြတ်၏ သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့သည်ကို သိရှိကြပေမည်။

---

① ဆိုလိုသည်ကား အတိုင်းမသိ ထူထည်ကြီးမားလှသော ပထဝီမြေကြီးကိုပင် အလွယ်တကူအရှင်မြတ်သည် အသင်လူသားတို့ အကျိုးငှာ လူသားတို့၏ လက်အောက်ခံ အသုံးခံအဖြစ် ပိရိစွာ ဖန်ဆင်းထားတော်မူသည်။ လူသားတို့သည် ပထဝီမြေကြီးကို အမျိုးမျိုး အသုံးပြုလျက် ရှိကြသည်။ ပထဝီမြေကြီးတွင် အမျိုးမျိုး ခြယ်လှယ်လျက် ရှိကြသည်။ ပထဝီမြေကြီးပေါ်တွင်သာမက ပထဝီမြေကြီး၏ ကျောက်ကုန်းပေါ်၌ တည်ရှိသော တောင်ကြီး တောင်ငယ်များကိုပင် ဖြတ်သန်းသွားလာလျက် ရှိကြသည်။ မြေစွန်မြေဖျားအထိပေါက်ရောက်လျက် ရှိကြသည့် လိုရာစားနပ်ရိက္ခာများကို ရှာဖွေစားသုံးလျက် ရှိကြပေသည်။ ဤသည်တို့သည် ➤➤

وَلَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَكَيْفَ كَانَ نَكِيرِ ﴿١٨﴾

၁၈။ စင်စစ်သော်ကား၊ ၎င်းတို့အလျင်ရှိခဲ့ကြသော သူတို့သည်လည်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ပြစ်ဒဏ်မှာ မည်သို့ရှိပေသနည်း။

أَوَلَمْ يَرَوْا إِلَى الطَّيْرِ فَوْقَهُمْ صَافَّاتٍ وَيَقْبِضْنَ ۚ مَا يُمْسِكُهُنَّ إِلَّا الرَّحْمَٰنُ ۚ إِنَّهُ بِكُلِّ شَيْءٍ بَصِيرٌ ﴿١٩﴾

၁၉။ ၎င်းတို့သည် မိမိတို့ထက်ဝယ် ငှက်တိရစ္ဆာန်တို့အား အတောင်ပံများကို ကားလျက်ရှိသည်ကို လည်းကောင်း၊ (ယင်းအတောင်ပံများကို) ရုပ်သိမ်းလျက်ရှိကြသည်ကိုလည်းကောင်း၊ ရှုမြင်ခဲ့ကြသည် မဟုတ်လော။

ယင်း ငှက်တိရစ္ဆာန်တို့ကို "ရဟ်မာန်" ကရုဏာတော်ရှင်မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှပင် ထိန်းသိမ်း၍ ထားရှိသည်မဟုတ်ပြီ။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ရှုမြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

➤➤ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်ပင်။ ဤတွင် တစ်ရက် ထိုအရှင်မြတ်ထံ ပြန်ကြရဦးမည်ဖြစ်သည်ကိုလည်း သိထားအပ်ကြပေသည်။ ကျေးဇူးသိတတ်ခဲ့ကြပါက ထိုအရှင်မြတ်ထံတော်၌ မျက်နှာပန်းလှကြရပေမည်။ ကျေးဇူးကန်းမိခဲ့ကြပါသော် မျက်နှာညှိုးငယ်ကြရပေမည်။

ဤအာယတ်တော်တွင်ပါရှိသော 'မနာကိဗ်' ဟူသောပုဒ်သည် အစွန်အဖျားများ၊ တောင်များ၊ လမ်းများ၊ အနက်၌ဖြစ်သည်။ ကြည့်-မဒါရိုက်။

③ အထက်တွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို မိန့်ဆိုထားတော်မူသည်။ အထူးသဖြင့် လူသားတို့အကျိုးငှာ မိုးကောင်းကင်များနှင့် ပထဝီမြေကြီးကို ဖန်ဆင်းထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် မဟာကရုဏာရှင် ဖြစ်တော်မူသည်ကား မှန်သည်။ သို့တစေ ကရုဏာပြုတော်မူပါလျက် ကရုဏာတော်ကို သိတတ်ရန်လိုအပ်သည်။ ပတ်ဝန်းကျင်နှင့် လိုအပ်သည့်အကြောင်းတရားများကို ဖန်တီးပေးထားတော်မူပါလျက် ကရုဏာတော်ကို မသိပါက၊ ကရုဏာတော်ကို အလွဲသုံးစားပြုပါက၊ သွေဖည်သောင်းကျန်းပါက၊ ပတ်ဝန်းကျင်ကို အန္တရာယ်ပြုလာပါက၊ ထိုက်သည့်အားလျော်စွာ အရေးလည်းယူတော်မူသ၁ည်။ အတိတ်ခေတ်များတွင် ယင်းသို့သော ဆူးငြောင့်ခလုတ်များကို ဖယ်ရှားပစ်တော်မူခဲ့သည်မှာလည်း ကမ္ဘာသမိုင်းစဉ်တွင် အထင်အရှားပင်။ "အာဒ်" "ဆမုဒ်"၏ဖြစ်ရပ်များသည် သင်ခန်းစာပင်။

သို့ဖြစ်ရာ လက်ရှိလူသားတို့သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးသိတတ်ကြရာသည်။ ➤➤

أَمَّنْ هَٰذَا الَّذِي هُوَ جُندٌ لَّكُمْ يَنصُرُكُم مِّن دُونِ الرَّحْمَٰنِ ۚ إِنِ الْكَافِرُونَ إِلَّا فِي غُرُورٍ ﴿٢٠﴾

၂၀။ စင်စစ် "ရဟ်မာန်" ကရုဏာတော်ရှင်မှ တစ်ပါး အသင်တို့၏ စစ်သည်ဗိုလ်ပါအဖြစ် အသင်တို့အား ကူညီအံ့သောသူသည် မည်သူနည်း။ စင်စစ်မှာကား (ကာဖိရ်) သွေဖည်ငြင်းပယ်သောသူတို့သည် ဖြားယောင်းမှုဌာန်၌သာ ရှိနေကြကုန်၏။

أَمَّنْ هَٰذَا الَّذِي يَرْزُقُكُمْ إِنْ أَمْسَكَ رِزْقَهُ ۚ بَل لَّجُّوا فِي عُتُوٍّ وَنُفُورٍ ﴿٢١﴾

၂၁။ စင်စစ် အကယ်၍ ထိုအရှင်မြတ်သည် မိမိ(ထံမှ) ရိက္ခာကို ပိတ်ပင်တော်မူခဲ့ပါလျှင် အသင်တို့အား ရိက္ခာပေးအံ့သောသူသည် မည်သူနည်း။ စင်စစ်မှာကား ထိုသူတို့သည် ဆိုးသွမ်းမှုဌာန်လည်းကောင်း၊ စက်ဆုပ်ရွံရှာမှုဌာန်လည်းကောင်း၊ စွဲမြဲစွာ ရှိနေကြကုန်၏။ [၁]

أَفَمَن يَمْشِي مُكِبًّا عَلَىٰ وَجْهِهِ أَهْدَىٰ أَمَّن يَمْشِي سَوِيًّا عَلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿٢٢﴾

၂၂။ မိမိ မျက်နှာပေါ်၌ မှောက်လျက်သွားသောသူသည် ဖြောင့်မှန်စွာသွားသူ ဖြစ်လေသလော၊ သို့တည်းမဟုတ် ဖြောင့်မတ်သောလမ်းပေါ်၌ မတ်မတ်သွားနေသောသူသည် ဖြောင့်မှန်စွာသွားသူ ဖြစ်လေသလော။ [၂]

➤➤ ကျေးငှားမကန်းကြရာ၊ မသွေဖည်ကြရာ၊ မသောင်းကျန်းကြရာ၊ အမှုမဲ့အမှတ်မဲ့ စိတ်အေးလက်အေးမနေကြရာ။ ပထဝီမြေကြီးဖြင့် အမျိုးမျိုး အကျိုးပြုထားတော်မူသောအရှင်၊ မိုးကောင်းကင်များဖြင့် အမျိုးမျိုးအကျိုးပြုထားတော်မူသောအရှင်သည်၊ မြေလည်း မျိုစေတော်မူနိုင်သည်၊ မိုးကောင်းကင်မှ ခဲမိုးလည်း ရွာသွန်းစေတော်မူနိုင်သည်။ ပြင်းထန်သော လေမုန်တိုင်းကိုလည်း တိုက်ခတ်စေတော်မူနိုင်သည်။ သို့ဖြစ်ရာ လက်ရှိလူသားတို့သည် စိုးရိမ်ကြောင့်ကြမ္ဘကင်းစွာ မနေကြရာ။ အလွှာဟ်အရှင်မြတ်က မိမိ၏ ကရုဏာတော်ဖြင့် အရေးယူတော်မမူသေးဘဲ ခေတ္တခဏ လျစ်လျူပြုထားတော်မူသည်ကိုလည်း အထင်မှား၍ မနေကြရာ။

① အကယ်တန်ဆို အလွှာဟ်အရှင်မြတ်သည် မိမိပေးသနားတော်မူသော ရိက္ခာကို ပိတ်ပင်တော်မူလိုက်ပါလျှင် အသင်တို့အား အသူရိက္ခာပေးအံ့နည်း။ လူသားတို့အား အလွှာဟ်အရှင်မြတ်သာလျှင် စားနပ်ရိက္ခာ ပေးသနားတော်မူသည်။ စားနပ်ရိက္ခာကို ထိုအရှင်မြတ် ပိတ်ပင်တော်မူလိုက်ပါက (ထိုအရှင်မြတ်မှတစ်ပါး) အခြားမည်သူတစ်ဦးတစ်ယောက်၌မျှ စားနပ်ရိက္ခာ ပေးနိုင်စွမ်းမရှိ။ သို့ဖြစ်ပါသော်လည်း များစွာသော လူသားတို့သည် ဆိုးသွမ်းလျက်ပင် ရှိကြပေသည်။ အမှန်တရားကို စက်ဆုပ်ရွံ့ရှာလျက်ပင် ရှိကြပေသည်။

② ဆိုလိုသည်ကား အကြင်သူတစ်ဦးသည် ဖြောင့်မတ်မှန်ကန်သောလမ်းကြောင်းပေါ်၌ လူလိုသူလို ဖြောင့်မတ်စွာလျှောက်သွား၏။ အခြားတစ်ဦးသည် မဖြောင့်မတ်သော မမှန်ကန်သောလမ်းကြောင်းပေါ်၌ မှောက်လျက် ➤➤

قُلْ هُوَ الَّذِيْٓ اَنْشَاَكُمْ وَجَعَلَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ۭ قَلِيْلًا مَّا تَشْكُرُوْنَ ۝۲۳

၂၃။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့၊) ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင်ဖြစ်တော်မူ၏။ ထို့ပြင် အသင်တို့အဖို့ ထိုအရှင်မြတ်သည် နားကိုလည်း ကောင်း၊ မျက်စိကိုလည်းကောင်း၊ စိတ်နလုံးများကို လည်းကောင်း၊ ပြုလုပ်၍ ပေးသနားတော်မူခဲ့၏။ (သို့ရာတွင်) အသင်တို့မှာမူကား အနည်းငယ်မျှသာ လျှင် ကျေးဇူးသိတတ်ကြကုန်၏။

قُلْ هُوَ الَّذِيْ ذَرَاَكُمْ فِي الْاَرْضِ وَاِلَيْهِ تُحْشَرُوْنَ ۝۲۴

၂၄။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့၊) ထိုအရှင်မြတ်သည်ပင် အသင်တို့အား ပထဝီမြေ၌ ပြန့်ပွားစေတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်အထံတော်သို့ပင် အသင်တို့သည် စုရုံးကြရပေမည်။ ၁

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ۝۲۵

၂၅။ ထို့ပြင် ၎င်းတို့က "အကယ်၍ အသင်တို့ သည် သစ္စာဝါဒီများ ဖြစ်ကြလျှင် ဤချိန်းဆိုချက် သည် မည်သည့်အခါ၌ ဖြစ်မြောက်အံ့နည်း" ဟု ပြောဆိုကြကုန်၏။

➤➤ လျှောက်၏။ ထိုသူနှစ်ဦးသည် အချင်းချင်း အသို့လျှင်တူနိုင်ကြအံ့နည်း။ ပထမပုဂ္ဂိုလ်သည် လိုရာပန်းတိုင်သို့ ရောက်မည်။ ဒုတိယပုဂ္ဂိုလ်သည် လိုရာပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကိုးကွယ်သော မုအ်မင်န်နှင့် ကိုးကွယ်ရာအများကိုးကွယ်သော မွတ်ရှ်ရစ်က်၏ ပုံပမာမှာလည်း ဤနည်းအတိုင်းပင်။ မုအ်မင်န်သည် လိုရာပန်းတိုင်သို့ ရောက်မည်။ မွတ်ရှ်ရစ်က်မူကား လိုရာပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ မုအ်မင်န်နှင့် မွတ်ရှ်ရစ်က်၏ သွားလာပုံသည် ဤပစ္စက္ခတွင် ခြားနားသကဲ့သို့ နောင်တမလွန်ဘဝတွင်လည်း ခြားနားမည်သာဖြစ်သည်။

၁ လူသားတို့အား အလ္လာဟ်အရှင်မြတ်သည်ပင် စတင်ဖန်ဆင်းတော်မူ၏။ နောက်ဆုံးတွင် လူသားတို့အား မိမိထံတော်သို့ ပြန်လည်စုရုံးစေတော်မူမည် ဖြစ်သည်။ ဆိုလိုသည်ကား လူသားတို့၏ အစလည်း ထိုအရှင်မြတ် အထံတော်မှ ဖြစ်သည်။ အဆုံးလည်း ထိုအရှင်မြတ်အထံတော်၌ပင် ဖြစ်မည်။ အကြင်ဌာနမှ လာခဲ့ကြ၏။ ထိုဌာနသို့ ပြန်လည်သွားကြရမည် ဖြစ်သည်။ သို့ဖြစ်ရာ လူသားတို့သည် အခါခပ်သိမ်း အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရကြရာသည်။ ထိုအရှင်မြတ်ထံ ပြန်သွားကြသည့်အခါတွင်လည်း လက်မဲ့မဖြစ်ကြရာ။

قُلْ إِنَّمَا الْعِلْمُ عِندَ اللَّهِ وَإِنَّمَا أَنَا نَذِيرٌ مُّبِينٌ ﴿٢٦﴾

၂၆။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ "(ဤသည်နှင့်စပ်လျဉ်း၍ တိကျသော)အသိ ပညာမှာ အလ္လာဟ်အရှင်မြတ်၌သာရှိ၏။ စင်စစ်သော် ကား ငါသည် ထင်ရှားလှစွာသော သတိပေးနှိုးဆော်သူ တစ်ဦးမျှသာဖြစ်၏။" [၁]

فَلَمَّا رَأَوْهُ زُلْفَةً سِيئَتْ وُجُوهُ الَّذِينَ كَفَرُوا وَقِيلَ هَٰذَا الَّذِي كُنتُم بِهِ تَدَّعُونَ ﴿٢٧﴾

၂၇။ စင်စစ်သော်ကား ၎င်းတို့သည် ယင်း (ကိယာ မတ်)ကို တွေ့မြင်ကြသောအခါ "ကာဖိရ်" သွေဖည် ငြင်းပယ်ကြကုန်သောသူတို့၏ မျက်နှာများမှာ ပျက် သွားကြပေမည်။ ထိုမှတစ်ပါး ဤသည်ပင် အသင်တို့ တောင်းဆိုလျက်ရှိခဲ့ကြသောအရာဖြစ်သည်ဟု ပြောဆို ခြင်းကို ခံကြရကုန်အံ့သတည်း။ [၂]

قُلْ أَرَأَيْتُمْ إِنْ أَهْلَكَنِيَ اللَّهُ وَمَن مَّعِيَ أَوْ رَحِمَنَا فَمَن يُجِيرُ الْكَافِرِينَ مِنْ عَذَابٍ أَلِيمٍ ﴿٢٨﴾

၂၈။ (အို-နဗီတမန်တော်) အသင်သည် ပြောကြား ပါလေ။ (အချင်းတို့) အကယ်၍သာ အလ္လာဟ်အရှင် မြတ်သည် ငါ့အားလည်းကောင်း၊ ငါနှင့်အတူရှိသူတို့ အားလည်းကောင်း၊ ဖျက်ဆီးတော်မူခဲ့ပါလျှင် သို့မ ဟုတ် ထိုအရှင်မြတ်သည် ငါတို့အား သနားကရုဏာ ပြုတော်မူခဲ့ပါလျှင် "ကာဖိရ်" သွေဖည်ငြင်းပယ်သော သူတို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်မှ မည်သူ ကာကွယ် စောင့်ရှောက်မည်နည်း။ အသင်တို့သည် (ငါ့အား) ပြောပြကြလေကုန်။ [၃]

---

① အလ္လာဟ်အရှင်မြတ်ထံတော်သို့ တစ်ရက် လူသားတို့ ပြန်လည် ရောက်ရှိကြရမည့်အကြောင်း ပြောဆိုသော အခါ ကာဖိရ်များက "ကိယာမတ် ဘယ်တော့ဖြစ်မည်နည်း"ဟူ၍ ပြက်ရယ်သည့်သဘောဖြင့် ပြောဆိုမေးမြန်းခဲ့ကြ၏။ ဤအာယတ်တော်တွင် တမန်တော်မြတ်အား ယင်းသို့သော ကာဖိရ်များကို "ကိယာမတ်ဖြစ်မည့် နေ့ရက် အချိန်အတိအကျကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူသည်။ သိထားအပ်သည်မှာ ကိယာမတ်နေ့ မုချ ဖြစ်မည်။ ပွင့်လင်းစွာ သတိပေးခြင်းမှာ ကျွန်ုပ်၏တာဝန်သာဖြစ်သည်"ဟူ၍ ဖြေကြားစေတော်မူသည်။

② ယခုသော် ကာဖိရ်များသည် ကိယာမတ်ဖြစ်မည်ကိုပင် ပြက်ရယ်နေကြ၏။ သို့ရာတွင် ယင်းကိယာမတ်ဖြစ်ရန် အချိန်နီးကပ်လာပြီကို တွေ့မြင်ကြရသောအခါ ကာဖိရ်တို့သည် မျက်နှာပျက်သွားကြပေမည်။ အကြောက်ကြီး ကြောက်ကြပေမည်။ ဤသည် အသင်တို့ အလျင်စလို တောင်းဆိုနေခဲ့ကြသော ကိယာမတ်ပင်ဖြစ်သည်ဟု ပြောဆိုခြင်းကိုလည်း ခံကြရပေမည်။

قُلْ هُوَ الرَّحْمٰنُ اٰمَنَّا بِهٖ وَعَلَيْهِ تَوَكَّلْنَا ۚ فَسَتَعْلَمُوْنَ مَنْ هُوَ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٢٩﴾

၂၉။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) ထိုအရှင်မြတ်သည်ပင် "ရဟ်မာန်" မဟာကရုဏာတော်ရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အားသာလျှင် ငါတို့သည် သက်ဝင် ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုအရှင်မြတ်အပေါ်၌သာလျှင် ငါတို့သည် ယုံကြည်လွှဲအပ်ကြကုန်၏။ စင်စစ်သော်ကား မည်သူသည် ထင်ရှားစွာသော လမ်းမှန်၌ ရှိနေသည်ကို မကြာမြင့်မီပင် အသင်တို့ သိရှိကြရပေတော့မည်။ [၁]

قُلْ اَرَءَيْتُمْ اِنْ اَصْبَحَ مَآؤُكُمْ غَوْرًا فَمَنْ يَّاْتِيْكُمْ بِمَآءٍ مَّعِيْنٍ ﴿٣٠﴾

၃၀။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ အသင်တို့၏ ရေသည် (မြေဝယ်) တိမ်မြုပ်၍ သွားခဲ့ပါလျှင် အသင်တို့ထံ ကြည်လင်စီးတွေသော ရေကို မည်သူယူလာအံ့နည်း။ [၂]

---

(၃) မပြောကောင်းမဆိုအပ်၊ ကာဖိရ်များသည် တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ နောက်လိုက်တပည့်သားများမနှေးအမြန် သေကြေပျက်စီးသွားရေးကိုပင် အထူးလိုလားနေခဲ့ကြ၏။ ဤအာယတ်တော်တွင် တမန်တော်မြတ်အားယင်းသို့သော ကာဖိရ်များကို ဖြေကြားထားစေတော်မူသည်မှာ အို-ကာဖိရ်အပေါင်းတို့၊ အကယ်တန်ဆို အသင်တို့ထင်မြင်ယူဆထားကြသည့်အတိုင်း ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏တပည့်သားများ အားလုံး ဤပစ္စက္ခတွင် ပျက်စီးကြရသည်ရှိသော်၊ သို့တည်းမဟုတ် ကျွန်ုပ်တို့၏မျှော်လင့်ချက်အရ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏တပည့်သားများကို သနားကြင်နာတော်မူ၍ အောင်မြင်စေတော်မူသည်ရှိသော်၊ အသို့ပင်ဖြစ်စေ အသင်တို့အဖို့မှာကား မည်သို့မျှ အကျိုးမရှိပေ။ ဤပစ္စက္ခတွင် ကျွန်ုပ်တို့၏ အခြေအနေသည် အသို့ပင်ဖြစ်သည်ဖြစ်စေ နောင်တမလွန်ဘဝတွင်မူ အမှန်မုချ ကောင်းမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအတွက်ပင်ကြိုးပမ်းလျက်ရှိကြသည်။ အမှန်မှာ အသင်တို့သည် ကျွန်ုပ်တို့၏အရေးထက် မိမိတို့၏အရေးကို စဉ်းစားကြရပေမည်။ အသင်တို့သည် မိမိတို့သွေဖည်ဆန့်ကျင်မှုကြောင့် ပြစ်ဒဏ် မုချခံကြရပေမည်။ အသင်တို့၌ ပြစ်ဒဏ် သက်ရောက်လာသည့်အခါ အသင်တို့အား အသူ ကာကွယ်မည်နည်း။ ကာဖိရ်များအား အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ အသူမျှ ကာကွယ်နိုင်သည်မရှိပေ။

(၄) တမန်တော်မြတ်အား ကာဖိရ်များကို ဆက်လက်ဖြေကြားစေတော်မူသည်မှာ အလ္လာဟ်အရှင်မြတ်သည် အတိုင်းမသိ သနားကြင်နာတော်မူသော ရှင်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်အား ယုံကြည်မြတ်နိုးကြသည်။ အရေးကိစ္စအဝဝတွင် ထိုအရှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ထားကြသည်။ သို့ဖြစ်ရာ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား နောင်တမလွန်ဘဝ၏ပြစ်ဒဏ်မှ လွတ်မြောက်စေတော်မူမည်။ ➤➤

မင်တဲ့ကဏ္ဍ



ဤကဏ္ဍသည် (ကလမ်) မင်တဲ့ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင်အာယတ်တော် (၅၂)ပါး၊ ရကူအ်အပိုဒ် (၂)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

ကရုဏာတော်ရှင်ဖြစ်တော်မူသော၊ အလွန်တရာ
ကြင်နာသနားတော်မူသော အလ္လာဟ်အရှင်မြတ်၏
နာမ်တော်ဖြင့် အစပြုပါ၏။

نٓ وَالْقَلَمِ وَمَا يَسْطُرُوْنَ ۙ﴿۱﴾

၁။ "နူန်" (ငါအရှင်မြတ်)သည် "ကလောင်"ကို
လည်းကောင်း၊ ထို(ကောင်းကင်တမန်များ) ရေးမှတ်ကြ
သည်တို့ကိုလည်းကောင်း၊ သက်သေထူတော်မူ၏၊ [၁]

مَآ اَنْتَ بِنِعْمَةِ رَبِّكَ بِمَجْنُوْنٍ ۚ﴿۲﴾

၂။ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူ
တော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ရူးသွပ်
သောသူ မဟုတ်ပေ။ [၂]

➤➤ ဤပစ္စက္ခ၏ ဘေးအန္တရာယ်များမှလည်း တစ်နည်းတစ်ဖုံ ကာကွယ်ပေးတော်မူပေမည်။ အို-ကာဖိရ်အပေါင်းတို့၊ အသင်တို့၌ ယုံကြည်မှုလည်းမရှိ၊ ယုံပုံလွဲအပ်မှုလည်းမရှိ၊ မည်သူလမ်းမှန်သည် မည်သူလမ်းမှားသည်ကို အသင်တို့သည် မကြာမီပင် သိကြရတော့မည်။

(၂) တမန်တော်မြတ်အား ကာဖိရ်များကို ဆက်လက်ပြောကြားစေတော်မူသည်မှာ အို-ကာဖိရ်အပေါင်းတို့ အသင်တို့ အမြဲတစေသောက်သုံးနေကြသော ရေသည် အကယ်တန်ခြေမြေတွင် စိမ့်ဝင်ခန်းခြောက်သွားသည် ရှိသော်၊ လိုအပ်သည့်ရေကို အသူ ဆောင်ကြဉ်းနိုင်အုံးမည်း။

(၁) မင်တဲ့တော်။

ဤကဏ္ဍ၏အစတွင်ပါရှိသော "နူန်"ဟူသော အက္ခရာသည် (ဟုရူဖ်မုကတ္တဲတူအာတ်)ခေါ် သခေါ်ပ အက္ခရာစုများတွင် အပါအဝင်ဖြစ်သည်။ ယင်းသခေါ်ပအက္ခရာစုများ၏ တိကျမှန်ကန်သော အနက်အဓိပ္ပါယ်ကို အလ္လာဟ်အရှင်မြတ်သာလျှင် အသိတော်မူဆုံး ဖြစ်တော်မူပေသည်။

ဤအာယတ်တော်တွင်ပါရှိသော (ကလမ်)မင်တဲ့ဟူသည် အကြင်မင်တဲ့တော်ကို ဆိုလိုသည်။ ယင်းမင်တဲ့တော်ဖြင့် အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံအပေါင်းတို့နှင့် စပ်လျဉ်းသည့်လျာထားချက်၊ စီမံချက်များကို 'လောင်ဟ်မဟ်ဖူဇ်'မှတ်တမ်းတော်တွင် ရေးမှတ်ထားတော်မူခဲ့သည်။

ဤအာယတ်တော်တွင် "ထိုသူများ ရေးမှတ်ထားကြသောအရာ"ဟူ၍ ပါရှိ၏။ ထိုသူများကား အသူများနည်း၊ ထိုအရာကား အဘယ်နည်း၊ ထိုသူများဟူသည်ကား လူသားတို့၏ အပြုအမူများကို ရေးမှတ်ကြသော ကောင်းကင်တမန်များကို ဆိုလိုသည်။ "ထိုအရာ"ဟူသည်ကား လူသားတို့၏ အပြုအမူများနှင့် ➤➤

➤➤ စပ်လျဉ်း၍ ကောင်းကင်တမန်များ ရေးမှတ်ထားကြသည့် သက်ဆိုင်ရာမှတ်တမ်းများကို ဆိုလိုသည်။
ကြည့်-မဒါရိုက် နစဖ၊ မအာလင်မ၊ ဒုရ်ရိမန်ဆူရ၊ ထာနဝီ၊ မာဂျိဒီ။

(၂) တမန်တော်မြတ်သည် တမန်တော်ဂုဏ်ဖြင့် ချီးမြှင့်တော်မူခြင်းမခံရမီ အလျင် မက္ကာမြို့တော်တွင်ပင် နေထိုင်တော်မူခဲ့၏။ မြို့သူမြို့သားအားလုံးတို့နှင့် ခင်မင်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းတော်မူခဲ့၏။ သားချင်းတို့အား အထူးထောက်ထားတော်မူခဲ့၏။ မရှိဆင်းရဲသူများအား ကြည့်ရှုတော်မူခဲ့၏။ သူတစ်ပါးတို့၏တာဝန်များကို ဆောင်ရွက်ပေးတော်မူခဲ့၏။ ဧည့်ဝတ်ကျေပွန်တော်မူခဲ့၏။ ပြဿနာပေါ်က မှန်ကန်သည့်ဘက်မှ နေတော်မူခဲ့၏။ သစ္စာသမာဓိ လွန်စွာရှိတော်မူခဲ့၏။ "အမီန်"ဟူ၍ပင် မည်တွင်တော်မူခဲ့၏။ သို့အတွက် သားချင်းများနှင့်တကွ မြို့သူမြို့သားအားလုံးတို့၏ ယုံကြည်လေးစားမှုကို အထူးခံတော်မူခဲ့ရ၏။

သက်တော်(၄၀)ရှိ၍ တမန်တော်မြတ် ဂုဏ်ဖြင့် ချီးမြှင့်တော်မူခြင်းခံရပြီးနောက် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို စတင် ဟောကြားတော် မူသည့်အခါ မက္ကာမြို့သား ကာဖိရ်များအဖို့ တမန်တော်မြတ်၏ စကားများသည် ယခင်နှင့်မတူ တမူထူးခြားနေခဲ့၏။ အသစ်အဆန်းဖြစ်နေခဲ့၏။ တမန်တော်မြတ်၏ဝါဒမှာ ၎င်းတို့၏ဝါဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေခဲ့၏။ ထိုအခါမက္ကာမြို့သား ကာဖိရ်များတို့ရှုရစ်ကများက မပြောကောင်းမဆိုအပ် တမန်တော်မြတ်၌ ရူးသွပ်မှု ရောဂါဝေဒနာ စွဲကပ်နေပြီ၊ ရှိုင်တွာန်ပြုစားထားပြီ၊ ထို့အတွက် ယခုကဲ့သို့ စကားထူး စကားဆန်းများ ပြောဆိုနေခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြ၏။

ဤအာယတ်တော်တွင် ယင်းသို့ မဟုတ်မမှန် လုပ်ကြံယိုးစွပ် ပြောဆိုခဲ့ကြသော ကာဖိရ်များအား ရည်ညွှန်း မိန့်ဆိုထားတော်မူသည်မှာ- အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် တမန်တော်မြတ်၌ ရူးသွပ်မှုရောဂါဝေဒနာ အလျှင်းမရှိ။ တမန်တော်မြတ် အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကား အတိုင်းမသိ များပြားလှဘိ၏။

ဥပမာ- တမန်တော်မြတ် ဟောကြားတော်မူသည့် တရားတော်များသည် လျော်ကန်သင့်မြတ်လှ၏။ မှန်ကန်တိကျလှ၏။ စာပေအဆင့်အတန်း မြင့်မားလှ၏။ ပြိုင်ဘက် ယှဉ်ဘက်ကင်းလှ၏။ အနက်အဓိပ္ပာယ် ထိမိလှ၏။ တမန်တော်မြတ်၏ အကျင့်သီလ၊ သိက္ခာသမာဓိများမှာလည်း အတိုင်းမသိ မြင့်မြတ်လှ၏။ တမန်တော်မြတ်၏ ကိုယ်ကျင့်တရားများသည် ရိုးသားဖြူစင်လှ၏။ သက်တမ်း တစ်လျှောက်လုံးတွင် "မှဲ့စွန်း"ဟူ၍ အလျှင်းမရှိခဲ့ပေ။ ယင်းသို့သော ဂုဏ်အင်ဒြပ်များနှင့် ပြည့်စုံတော်မူသော တမန်တော်မြတ်အား ရူးသွပ်သူဟူ၍ ယိုးစွပ်ပြောဆိုသူများသည် အမှန်မှာ ၎င်းတို့ကိုယ်တိုင် ရူးသွပ်သူများဖြစ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။ ဤကား အထူးအဆန်းမဟုတ်ပေ။ အတိတ်ခေတ်များတွင် အလွန်ကျော်ကြားခဲ့ကြသည့် တမန်တော်ကြီးများအားပင် အစပထမတွင် သက်ဆိုင်ရာအမျိုးသားတို့က ယင်းသို့ပင် ယိုးစွပ်ပြောဆိုခဲ့ကြလေသည်။

ဤသည် ကမ္ဘာ့သမိုင်းစဉ်တွင် အထင်အရှားပင်။ သို့ရာတွင် ဤတွင် သိထားအပ်သည့် အချက်တစ်ရပ်မှာ မပြောသင့်မပြောအပ်၊ သူမွန်သူမြတ်တို့အား ကဲ့ရဲ့ပြစ်တင် ယိုးစွပ်ပြောဆိုခဲ့ကြသော လူရွပ်လူပွေများသည် ကမ္ဘာ့သမိုင်းစဉ်တွင် အပျောက်ကြီး ပျောက်ကွယ်သွားခဲ့ကြချေပြီ။ ကဲ့ရဲ့ပြစ်တင်ခြင်းခံခဲ့ကြရသော သူမွန်သူမြတ်တို့မှာကား ကမ္ဘာ့သမိုင်းစဉ်တွင် အထင်အရှားပင်၊ ယခင်ကလည်းဤနည်း၊ ယခုလည်း ဤနှယ်၊ နောင်လည်း ကမ္ဘာတည်သရွေ့ ဤသို့ ထင်ရှားနေမည်သာ။ အထူးသဖြင့်အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် "လောင်ဟ်မဟ်ဖုဇ်" မှတ်တမ်းတော်တွင် မိမိ၏(ကလမ်)မင်တံတော်ဖြင့် အထူးဆုံး အမြတ်ဆုံး တမန်တော်မြတ်အဖြစ် မှတ်တမ်းတင်တော်မူခြင်း ခံခဲ့ရသော တမန်တော်မြတ်၏ဂုဏ်သိက္ခာသည် လူရွပ်လူပွေတစ်စု၏ ကဲ့ရဲ့ပြစ်တင်မှုကြောင့် အသို့လျှင် ညှိုးနွမ်းနိုင်အံ့နည်း။

وَإِنَّ لَكَ لَأَجْرًا غَيْرَ مَمْنُونٍ ﴿٣﴾

၃။ ၎င်းပြင် ဓကန်စင်စစ် အသင့်အဖို့ မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးသည်ရှိ၏။

وَإِنَّكَ لَعَلَىٰ خُلُقٍ عَظِيمٍ ﴿٤﴾

၄။ ထိုမှတစ်ပါး၊ မလွဓကန် အသင်သည် ထူးကဲမြင့်မြတ်လှစွာသော သဘောသကန် အကျင့်စာရိတ္တ ပေါ်၌ရှိနေ၏။ [၁]

فَسَتُبْصِرُ وَيُبْصِرُونَ ﴿٥﴾

၅။ သို့ဖြစ်ပေရာ မကြာမြင့်မီပင် အသင်သည်လည်း မြင်ရပေမည်၊ ၎င်းတို့သည်လည်း မြင်ကြရပေမည်။

بِأَيِّيكُمُ الْمَفْتُونُ ﴿٦﴾

၆။ အသင်တို့အနက် မည်သူ၌ ရူးသွပ်ခြင်း ဝေဒနာရှိနေသည်ကို၊

---

① အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် တမန်တော်မြတ်သည် အလွန်ကောင်းမွန်မြင့်လှသော ကိုယ်ကျင့်တရားများနှင့် ပြည့်စုံတော်မူခဲ့ပေသည်။ ယင်းသို့ ကောင်းမွန်မြင့်မြတ်လှသော ကိုယ်ကျင့်တရားများသည် သူရူးများတွင် အဘယ်မှာလျှင် ရှိနိုင်အုံးနည်း။ သူရူးတစ်ယောက်၏စကားသည် ရှေ့နောက်မညီပေ။ သူရူးတစ်ယောက်၏ အပြောအဆိုနှင့် အကျင့်အမူသည်လည်း အဆင်ပြေသည်မရှိပေ။ တမန်တော်မြတ် ဟောကြားတော်မူသည့် တရားတော်မှာ ကုရ်အာန်ကျမ်းမြတ်ပင်ဖြစ်သည်။ တမန်တော်မြတ်၏ အကျင့်အမူနှင့် ကိုယ်ကျင့်တရားများသည် တစ်နည်းအားဖြင့် ကုရ်အာန်ကျမ်းမြတ်၏အဖွင့်ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်က လိုလားသော ကောင်းမှုများသည်လည်း တမန်တော်မြတ်၏ မူလဗီဇ၌ပင် ရှိနေခဲ့ပေသည်။ ကုရ်အာန်ကျမ်းမြတ်က မလိုလားသော မကောင်းမှုများကိုလည်း တမန်တော်မြတ်သည် မူလဗီဇသဘာဝအလျောက်ပင် စက်ဆုပ်ရွံမုန်းပြီး ဖြစ်တော်မူခဲ့ပေသည်။ တမန်တော်မြတ်သည် တည့်မတ်မှန်ကန် ဖြောင့်မတ်ဖြူစင်သော သဘာဝကို အမိဝမ်းတွင်းမှပင် ရရှိလာတော်မူခဲ့သည်ဖြစ်ရာ၊ တမန်တော်မြတ်၏ တွေးခေါ်မှု၊ ပြောမှု၊ ဆိုမှု၊ ပြုကျင့်မှု၊ လှုပ်ရှားမှု အစုစုတို့သည် လျော်ကန် သင့်မြတ်မှု၊ မျှတမှု၊ မှန်ကန်မှုတည်းဟူသော (မချိမပဋိပဒါ)လမ်းကြောင်းမှ ဘယ်သောအခါမှ အနည်းငယ်စိုးစဉ်းမျှပင် တိမ်းယိမ်းသည်ဟူ၍ အလျှင်းမရှိပေ။ ယင်းသို့သော ကိုယ်ကျင့်တရားများနှင့် ပြည့်စုံတော်မူသည့်အတွက်ကြောင့်ပင် တမန်တော်မြတ် မိမိအား အကြောင်းမဲ့ ကဲ့ရဲ့ပြစ်တင်ရှုတ်ချ ပြောဆိုသူများ၏ စကားများကို ဂရုစိုက်တော်မမူခဲ့ပေ။ ထိုမျှမက တမန်တော်မြတ်သည် မိမိအား ယင်းသို့ မကောင်းပြောဆိုသူများကိုပင် သနားကြင်နာတော်မူခဲ့ပေသည်။ ၎င်းတို့၏ ကောင်းစားရေးကို အခါခပ်သိမ်း လိုလားတော်မူခဲ့ပေသည်။ ကြည့်-ကုရ်အာန်(၁၈း၆။ ၂၆း၃)။ တမန်တော်မြတ်၏ စိတ်နေသဘောထား ကိုယ်ကျင့်တရားများကား ကောင်းမွန်မြင့်မြတ်လှပါဘိတကား။ ယင်းသို့သော တမန်တော်မြတ်၌ မပြောအပ် မဆိုအပ် ရူးသွပ်မှုရောဂါဝေဒနာ စွဲကပ်လျက်ရှိသည်ဟု ပြောရက်ဆိုရက်သောသူများမှာ ၎င်းတို့ ကိုယ်တိုင်၌ ရူးသွပ်မှုရောဂါဝေဒနာ စွဲကပ်လျက်ရှိကြောင်း ထုတ်ဖော်ကြေညာခြင်းသာ ဖြစ်သည်။

إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِۦ وَهُوَ أَعْلَمُ بِٱلْمُهْتَدِينَ ﴿٧﴾

၇။ စင်စစ်ဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်ပင် ထိုအရှင်မြတ်၏ လမ်းတော်မှ ချွတ်ချော်တိမ်းပါးခဲ့သောသူအား အသိတော်မူဆုံး ဖြစ်တော်မူ၏။ ထိုနည်းတူ ထိုအရှင်မြတ်သည်ပင်လျှင် တရားလမ်းမှန်ကို ရရှိကြသောသူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသတည်း။

فَلَا تُطِعِ ٱلْمُكَذِّبِينَ ﴿٨﴾

၈။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သောသူတို့၏ စကားကို နားမထောင်ပါလေနှင့်။

وَدُّوا۟ لَوْ تُدْهِنُ فَيُدْهِنُونَ ﴿٩﴾

၉ ။ ၎င်းတို့သည် အကယ်၍ အသင် အလျှော့ပေးလိုက်လျောပါလျှင် ၎င်းတို့သည် အလျှော့ပေး လိုက်လျောလိုကြကုန်၏။

وَلَا تُطِعْ كُلَّ حَلَّافٍ مَّهِينٍ ﴿١٠﴾

၁၀။ ထိုမှတစ်ပါး အသင်သည် မည်သည့် လွန်စွာ(မုသား)ကျိန်တွယ်သောသူ၏စကားကိုမျှ နားမထောင်လေနှင့်၊ အကြင်သူသည် ဂုဏ်ရည်သေးသိမ်သူ၊

هَمَّازٍ مَّشَّآءٍۭ بِنَمِيمٍ ﴿١١﴾

၁၁။ လွန်စွာ စောင်းချိတ်ကဲ့ရဲ့သူ၊ လွန်စွာ ကုန်းချောသူ။

مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ أَثِيمٍ ﴿١٢﴾

၁၂။ ကောင်းမှုကို လွန်စွာတားမြစ်သူ၊ စည်းကမ်းကျူးလွန်သူ၊ လွန်စွာ အပြစ်ကျူးလွန်သူ။

عُتُلٍّۭ بَعْدَ ذَٰلِكَ زَنِيمٍ ﴿١٣﴾

၁၃။ လွန်စွာ ကြမ်းကြုတ် အန္တရာယ်ပြုသူ၊ ထိုမှတစ်ပါး မျိုးရိုး မစစ်သောသူဖြစ်၏။

---

① ဆိုလိုသည်ကား-မည်သူ မည်ဝါတို့သည် အလ္လာဟ်အရှင်မြတ်၏ တရားလမ်းမှ တိမ်းယိမ်းသွေဖည်သွားကြမည်။ မည်သူမည်ဝါတို့သည် ထိုအရှင်မြတ်၏ တရားလမ်းပေါ်၌ ရပ်တည်နေကြမည်ကို အလ္လာဟ် အရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။ သို့သိတော်မူသည့်အလျောက် အသီးသီးတို့အား ထိုက်သည့်အားလျော်စွာ ကျိုး-ပြစ် ပေးတော်မူမည်သာဖြစ်သည်။ သို့ဖြစ်ရာ အဆုံးအဖြတ်ကို အလ္လာဟ်အရှင်မြတ်အပေါ်၌သာ လွှဲအပ်ထားရာသည်။ ကြည့်-မာဂျိဒီ။

اَنْ كَانَ ذَا مَالٍ وَّبَنِيْنَ ﴿١٤﴾

၁၄။ ထိုသူသည် ပစ္စည်းရှင်၊ သားသမီးရှင် ဖြစ်သောကြောင့်။ [၁]

---

① ဆိုလိုသည်ကား တရားလမ်းမှန်ကို လက်ခံမည့်သူ၊ သွေဖည်မည့်သူ အားလုံးကို အလ္လာဟ်အရှင်မြတ်သိတော်မူသည်။ သို့ဖြစ်ရာ တမန်တော်မြတ်သည် တရားဟောကြားရာတွင် မည်သူ့အားမျှ ထောက်ထားငဲ့ကွက်တော်မူရန် မလိုပေ။

မက္ကာမြို့သား ကာဖိရ်များက တမန်တော်မြတ်အား အသင်သည် ရုပ်တုကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ပြင်းထန်စွာ ဝေဖန်ပြောဆိုမှုကို စွန့်လွှတ်ပါလျှင်၊ ကျွန်ုပ်တို့၏ကိုးကွယ်ရာကို မတိုက်ခိုက်ပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်၏ကိုးကွယ်ရာဖြစ်သော အလ္လာဟ်အရှင်မြတ်အားလည်း လေးစားကြပါမည်။ အသင်၏လမ်းစဉ်ကိုလည်း ဆန့်ကျင်ကြမည်မဟုတ်ပါဟု ပြောဆိုခဲ့ကြ၏။

တမန်တော်မြတ်သည် တမန်တော်များလောက တွင် နောက်ဆုံးနှင့်အကြီးဆုံး တမန်တော်ဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် စိတ်နေသဘောထားလည်း အတိုင်းမသိ ကောင်းမွန်မြင့်မြတ်လှသည်။ သူတစ်ပါးအပေါ်၌ အလွန်မေတ္တာထားတော်မူသည်၊ သူတစ်ပါး၏ ကောင်းစားရေးကို အထူးလိုလားတော်မူသည်။ ယင်းသို့သော ဂုဏ်ရည်များနှင့် ပြည့်စုံတော်မူသော တမန်တော်မြတ်အဖို့ ကာဖိရ်များက မိမိအား အထက်ပါအတိုင်း ပြောဆိုလာကြသည့်အခါ၊ ကောင်းမြတ်သောစေတနာဖြင့် အနည်းငယ် လျှော့ပေး လိုက်ခြင်းဖြင့် မိမိ၏လုပ်ငန်းအောင်မြင်သည်ဖြစ်ရာ၊ စိုးရိမ်ဖွယ်မရှိဟူ၍ အတွေးပေါက်စရာ ဖြစ်နိုင်ပေသည်။

ထို့အတွက် ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ကာဖိရ်များသည် ရိုးသားစွာ ပြောဆိုနေကြသည်မဟုတ်ကြောင်း၊ အမှန်တရားကိုလည်း လက်ခံကြမည်မဟုတ်ကြောင်း၊ ပရိယာယ်ဖြင့် ဘမန်တော်မြတ်၏ ဟောကြားမှုကို လျော့ရဲဖြစ်စေလိုကြသည်သာဖြစ်ကြောင်း၊ ၎င်းတို့၏စကားကို မေ့မှား၍မျှ မလိုက်နာအပ်ကြောင်း သတိပေးထားတော်မူခြင်း ဖြစ်ပေသည်။

အချို့ ကာဖိရ်များသည် မိမိတို့၏စကားကို တစ်ဖက်သားအား ယုံကြည်လက်ခံစေရန်အတွက် မုသားကျိန်ဆိုလေ့ရှိကြသည်၊ ကျိန်ဆိုပြီးနောက် အလိမ်ပေါသည့်အတွက် မကြာခဏအရှက်တကွဲ ဖြစ်လေ့ရှိကြသည်၊ တဖက်သားအားကဲ့ရဲ့ ပြစ်တင်ပြောဆိုလေ့ရှိသည်။ ကုန်းချောလေ့ရှိကြသည်၊ မိမိတို့ကိုယ်တိုင် ကောင်းမှုတစ်စုံတစ်ရာ မပြုကြသည်သာမက သူတစ်ပါးတို့အားလည်း ကောင်းမှုပြုခြင်းမှ ပိတ်ပင်တားဆီးလေ့ရှိကြသည်၊ စည်းကမ်းကျူးလွန်လေ့ရှိကြသည်၊ ပြစ်မှုကျူးလွန်လေ့ရှိသည်။ စိတ်ဓာတ်ခဲယဉ်းကြသည်၊ ထို့မျှမက ဖ-မစစ် ဖြစ်လေ့ရှိကြသည်။

ယင်းသို့သော ကာဖိရ်များသည် ဥစ္စာဓနဂုဏ် သားသမီးဂုဏ်မောက်၍ ဝင့်ဝါလေ့ ရှိကြသည်။ ယင်းသို့ ကိုယ်ကျင့်တရားပျက်ပြားနေသော ကာဖိရ်များ၏စကားကို မေ့မှား၍မျှ နားမထောင်ရန် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား သတိပေးထားတော်မူသည်။

ဤအာယတ်တော်သည် ကိုယ်ကျင့်တရားပျက်ပြားလျက်ရှိသော ယုတ်မာသိမ်ဖျင်းသော ကာဖိရ်တိုင်းနှင့် သက်ဆိုင်သည်။ အချို့(ရိုဝါယတ်) ကျမ်းချက်များအရ ဤအာယတ်တော်သည် ဝလီဒ်ဣဗ်နမုဃီရဟ် အမည်ရှိသော ကာဖိရ်နှင့်ပတ်သက်၍ ကျရောက်လာခဲ့ပေသည်။ ယင်းကာဖိရ်၌ အထက်ဖော်ပြပါအကျင့်များသည် အပြည့်အဝ ရှိနေခဲ့ပေသည်။ ကြည့်-မာဂျိဒီ။

إِذَا تُتْلَىٰ عَلَيْهِ آيَاتُنَا قَالَ أَسَاطِيرُ الْأَوَّلِينَ ﴿١٥﴾

၁၅။ ငင်းတို့၏ရှေ့ဝယ် ငါအရှင်မြတ်၏ အာယတ်တော်များ ဖတ်ကြားခြင်းခံရသောအခါ ငင်းက (ဤသည်တို့မှာ) ရှေးသူဟောင်းတို့၏ ယုံတမ်းစကားများဖြစ်သည်ဟု ပြောဆို၏။

سَنَسِمُهُ عَلَى الْخُرْطُومِ ﴿١٦﴾

၁၆။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် ငင်း၏နှာခေါင်းပေါ်ဝယ် တံဆိပ် ခတ်နှိပ်တော်မူအံ့သတည်း။

إِنَّا بَلَوْنَاهُمْ كَمَا بَلَوْنَا أَصْحَابَ الْجَنَّةِ إِذْ أَقْسَمُوا لَيَصْرِمُنَّهَا مُصْبِحِينَ ﴿١٧﴾

၁၇။ ဧကန်စင်စစ် ငါအရှင်မြတ်သည် ဥယျာဉ်ရှင်များအား စမ်းသပ်တော်မူတိုသကဲ့သို့ပင်၊ ငင်းတို့အား စမ်းသပ်တော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထိုဥယျာဉ်ရှင်တို့က မလွဲဧကန် ငင်းတို့သည် နံနက်စောစော သွားကြလျက် ယင်းဥယျာဉ်၏အသီးများကို ဆွတ်ခူးကြမည်ဟု ကျိန်ဆိုခဲ့ကြကုန်၏။

وَلَا يَسْتَثْنُونَ ﴿١٨﴾

၁၈။ သို့ရာတွင် ငင်းတို့သည် (ယင်းသို့ကျိန်ဆိုရာ၌) "အင်နှာအလ္လာဟ်" "အလ္လာဟ်အရှင်မြတ်အလိုတော်ရှိတော်မူပါလျှင်" ဟူ၍ ခြွင်းချက်ထားရှိခြင်း မပြုခဲ့ကြပေ။

فَطَافَ عَلَيْهَا طَائِفٌ مِّن رَّبِّكَ وَهُمْ نَائِمُونَ ﴿١٩﴾

၁၉။ သို့ဖြစ်ပေရာ၊ ငင်းတို့ အိပ်ပျော်နေကြစဉ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အထံတော်မှ လှည့်ပတ်သောအရာ (ဝါ) မီးဘေးသည် ယင်းဥယျာဉ်ပေါ်ဝယ် လှည့်ပတ်ခဲ့လေ၏။

فَأَصْبَحَتْ كَالصَّرِيمِ ﴿٢٠﴾

၂၀။ သို့ဖြစ်ပေရာ နံနက်အချိန်တွင် ယင်းဥယျာဉ်မှာ ဆွတ်ခူး ရိတ်ဖြတ်ပြီးသကဲ့သို့ပင် ဖြစ်သွားခဲ့လေ၏။

فَتَنَادَوْا مُصْبِحِينَ ﴿٢١﴾

၂၁။ ထိုနောက် ငင်းတို့သည် နံနက်စောစော ထကြလျက် တစ်ဦးက တစ်ဦးအား ဟစ်ခေါ်ခဲ့ကြ၏။

أَنِ اغْدُوا عَلَىٰ حَرْثِكُمْ إِن كُنتُمْ صَارِمِينَ ﴿٢٢﴾

၂၂။ "အသင်တို့သည် အကယ်၍ အသီးများကို ဆွတ်ခူးလိုကြပါက မိမိတို့၏ လယ်ယာဥယျာဉ်သို့ စောစောသွားကြလေကုန်"

فَانطَلَقُوا وَهُمْ يَتَخَافَتُونَ ﴿٢٣﴾

၂၃။ ထို့နောက် ၎င်းတို့သည် မိမိတို့အချင်းချင်း တီးတိုးစကားပြောဆိုလျက် ထွက်ခွာသွားခဲ့ကြ၏။

أَن لَّا يَدْخُلَنَّهَا الْيَوْمَ عَلَيْكُم مِّسْكِينٌ ﴿٢٤﴾

၂၄။ အသင်တို့ထံ ယင်းဥယျာဉ်တွင် ယနေ့ သူဆင်းရဲ တစ်ဦးတစ်ယောက်မျှပင် ဝင်ရောက်ခြင်း မရှိရဟူ၍၊

وَغَدَوْا عَلَىٰ حَرْدٍ قَادِرِينَ ﴿٢٥﴾

၂၅။ ထို့ပြင် ၎င်းတို့သည် (မိမိတို့ကိုယ်ကိုမိမိတို့) မပေးဘဲ နေနိုင်စွမ်းရှိကြမည်ဟု ထင်မှတ်လျက် စောစော သွားရောက်ခဲ့ကြလေ၏။

فَلَمَّا رَأَوْهَا قَالُوا إِنَّا لَضَالُّونَ ﴿٢٦﴾

၂၆။ သို့ရာတွင် ၎င်းတို့သည် ယင်းဥယျာဉ်ကို မြင်တွေ့ကြလေသောအခါ (ဤသို့)ပြောဆိုကြလေ၏။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် လမ်းမှားခဲ့ကြလေပြီ။

بَلْ نَحْنُ مَحْرُومُونَ ﴿٢٧﴾

၂၇။ ထိုသို့ အလျင်းမဟုတ်၊ စင်စစ်မှာကား ကျွန်ုပ်တို့သည် အကြောင်းမလှသူများ၊ လက်မဲ့ဖြစ်စေခြင်း ခံကြရသူများ၊ ဖြစ်ကြရလေပြီ။

قَالَ أَوْسَطُهُمْ أَلَمْ أَقُل لَّكُمْ لَوْلَا تُسَبِّحُونَ ﴿٢٨﴾

၂၈။ ၎င်းတို့အနက် အလယ်အလတ်၊ အကောင်းဆုံး၊ ဖြစ်သူက "ကျွန်ုပ် အသင်တို့အား (စောစောက ပင် သတိပေးစကား) ပြောကြားခဲ့သည်မဟုတ်လော။ (သို့ဖြစ်ပေရာ ယခု) အသင်တို့သည် မည်သည့် အတွက်ကြောင့် (အလ္လာဟ်အရှင်မြတ်) စင်ကြယ်သန့် ရှင်းတော်မူကြောင်း မြွက်ဆိုခြင်းမပြုကြပါသနည်း" ဟု ပြောဆိုခဲ့လေ၏။

قَالُوا سُبْحَانَ رَبِّنَا إِنَّا كُنَّا ظَالِمِينَ ﴿٢٩﴾

၂၉။ (ထို့အခါ) ၎င်းတို့က ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ဧကန်မလွဲ ကျွန်တော်မျိုးတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပါသည်ဟု မြွက်ဆိုခဲ့ကြကုန်၏။

فَأَقْبَلَ بَعْضُهُمْ عَلَىٰ بَعْضٍ يَتَلَاوَمُونَ ﴿٣٠﴾

၃၀။ ထို့နောက် ၎င်းတို့သည် မိမိတို့အချင်းချင်း တစ်ဦးကတစ်ဦးအား ပြစ်တင်ကဲ့ရဲ့ ရွတ်ချလျက် တစ်ဦးဘက်သို့တစ်ဦး လှည့်ခဲ့လေ၏။

قَالُوا يَا وَيْلَنَا إِنَّا كُنَّا طَاغِينَ ﴿٣١﴾

၃၁။ (ထို့နောက်) ၎င်းတို့(အားလုံးသည်) (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ ဩ-ကျွန်ုပ်တို့ ဖြစ်ရလေခြင်း၊ ဧကန်အမှန် ကျွန်ုပ်တို့သည်ပင် ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြကုန်၏။

عَسَىٰ رَبُّنَا أَنْ يُبْدِلَنَا خَيْرًا مِنْهَا إِنَّا إِلَىٰ رَبِّنَا رَاغِبُونَ ﴿٣٢﴾

၃၂။ ကျွန်ုပ်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်ုပ်တို့အား ယင်းဥယျာဉ်ထက် ကောင်းမြတ်သော ဥယျာဉ်ကို လဲလှယ်အစားပေးတော်မူတန်ရာ၏။ စင်စစ်ဧကန် ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်သို့ ပြန်လှည့်သူများ ဖြစ်ကြကုန်၏။

---

① **ဆင်းရဲသားများအား မပေးကမ်းလိုသော ဥယျာဉ်ရှင်များ၏ဖြစ်အင်။**

ဆိုလိုသည်ကား အလွှာဟ်အရှင်မြတ်သည် မက္ကာမြို့သား မွတ်ရှ်ရစ်က်များအား အနည်းငယ်လောကီစည်းစိမ် ပေးသနားထားတော်မူခြင်းမှာ ယခင်က ဥယျာဉ်ရှင်များအား စမ်းသပ်တော်မူခဲ့သည့်အလား ကျေးဇူးသိတတ်ကြသည် မသိတတ်ကြသည်ကို စမ်းသပ်တော်မူရန်ပင်ဖြစ်သည်။

ဤအာယတ်တော်တွင်ပါရှိသော ဥယျာဉ်ရှင်များကား အသုများနည်း၊ အချို့က ယင်းဥယျာဉ်ရှင်များသည် (ဟဗရှ်ဟ်)Abyssinia အီသီယိုပီးယားနိုင်ငံမှ ဖြစ်ကြသည်ဟု ဆိုကြသည်။ ကြည့်-ကွဗ်နကဆီရ်။ အချို့က ယင်းဥယျာဉ်ရှင်များသည် ယမန် Yemenနိုင်ငံမှ ဖြစ်ကြသည်ဟုဆိုကြသည်။ ကြည့်-မအာလင်မ်။ အချို့ကမူ ယင်းဥယျာဉ်ရှင်များသည် "ဆွာန်အာ"မြို့နှင့် (၆)မိုင်အကွာတွင်တည်ရှိသည့် "ဒွရ်ဝါန်" မြို့မှ ဖြစ်ကြသည်ဟုဆိုကြသည်။ ကြည့်-ကွဗ်နကဆီရ်။

အသို့ပင်ရှိစေ အတိတ်ခေတ်တွင် ဥယျာဉ်တစ်ခုကို ဖခင်ဇဲမှ အမွေဆက်ခံရရှိထားခဲ့ကြသော ➤➤

كَذَٰلِكَ ٱلْعَذَابُ ۖ وَلَعَذَابُ ٱلْءَاخِرَةِ أَكْبَرُ ۘ لَوْ كَانُوا۟ يَعْلَمُونَ ﴿٣٣﴾

၃၃။ ပြစ်ဒဏ်မှာ ထိုနည်းအတိုင်း ဖြစ်လေ့ဖြစ်ထ ရှိ၏။ "အာခိရတ်"တမလွန်ဘဝ၏ပြစ်ဒဏ်မှာမူကား ပိုမို၍ပင် ကြီးလေးလှ၏။ (ဤသည်ကို) ၎င်းတို့ သိရှိကြလျှင် ကောင်းလေစွတကား။

➤➤ ညီနောင်များရှိခဲ့ကြ၏။ အဆိုပါဥယျာဉ်သည် စိုပြည်သာယာလှ၏။ ယင်းဥယျာဉ်မှ ထွက်သောသီးနှံများကို အကြောင်းပြု၍ အဆိုပါညီနောင်များ၏ စားဝတ်နေရေးသည် သာယာလျက်ရှိခဲ့၏။ ဖခင်ကြီးလက်ထက်၌ ဥယျာဉ်မှ သီးနှံများကို ဆွတ်ခူးသည့်နေ့တွင် လယ်ယာရိတ်သိမ်းသည့်နေ့တွင် မြို့တွင်းရှိ ဆင်းရဲသူဆင်းရဲသား များကို နည်းများမဆို ပေးကမ်းလှူဒါန်းလေ့ရှိခဲ့၏။ သို့ ပေးကမ်းလှူဒါန်းသည့် အကျိုးကြောင့် ဥယျာဉ်၌ မင်္ဂလာလည်းရှိနေခဲ့၏။ ဖခင်ကြီး သေဆုံးသွားသည့်အခါ ကျန်ရစ်သောသားသမီးများသည် ဖခင်ကြီးကဲ့သို့ ဥယျာဉ်ထွက်သီးနှံများကို ဆင်းရဲသားများအား မပေးကမ်းလိုခဲ့ကြပေ၊ ဥယျာဉ်ထွက်သီးနှံအားလုံးကို မိမိတို့သာလျှင် သိမ်းပိုက်လိုခဲ့ကြ၏။ ထို့အတွက် ဤအာယတ်တော်တွင် ပါရှိသည့်အတိုင်း ဆင်းရဲသားများအား အသိမပေးဘဲ နံနက်စောစောထ၍ တိတ်တဆိတ်သီးနှံ ဆွတ်ခူးရန် လျှို့ဝှက်တိုင်ပင်ဆုံးဖြတ်ခဲ့ကြ၏။

ယင်းသို့ တိုင်ပင်ဆုံးဖြတ်ရာတွင် မိမိတို့၏ အကြံအစည်ကို အဘယ်မျှအလေးပေးခဲ့ကြသည်ဆိုသော်၊ ၎င်းတို့သည် "အင်ရှာအလ္လာဟ်" "အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူပါသော်"ပင်မဆိုခဲ့ကြပေ၊ ခြွင်းချက်မထားခဲ့ကြ ပေ။ ယင်းသို့ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို မေ့ကြသည့်အခါ၊ လောဘရမ္မက် ကြီးထွားလာကြသည့်အခါ လွန်စွာစေးနှဲကာ ဆင်းရဲသားများ၏ အခွင့်အလမ်းကို ပိတ်ပင်လိုကြသည့်အခါ၊ ၎င်းတို့အိပ်စက်နေချိန် အလ္လာဟ်အရှင်မြတ်ထံတော်မှ လောင်မီးကျ၍ ၎င်းတို့၏ဥယျာဉ်သည် မရှုမလှ ပျက်စီးသွားခဲ့လေသည်။

အဆိုပါညီနောင်များသည် မိမိတို့အကြံအစည်အတိုင်း သီးနှံဆွတ်ခူးရန် နံနက်စောစောထ၍ ဥယျာဉ်သို့ သွားကြသောအခါ ပျက်စီးနေသောဥယျာဉ်ကို တွေ့မြင်ခဲ့ကြ၏။ ပထမသော် ဤသည်ငါတို့၏ဥယျာဉ် မဟုတ်နိုင်၊ ငါတို့သည် လမ်းမှားနေကြသည်ဟူ၍ပင် ထင်မှတ်နေခဲ့ကြ၏။ ထို့နောက် သေချာဂနစ္စာကြည့်သောအခါ မိမိတို့၏ဥယျာဉ်ပင်ဖြစ်ကြောင်း၊ လောင်မီးကျ၍ ပျက်စီးနေကြောင်း သိရှိခဲ့ကြ၏၊ ထိုအခါ "ငါတို့သည် လက်မဲ့ဖြစ်ကြရလေပြီ" ဟုဆိုကာ ဝမ်းနည်းကြ၏။

အဆိုပါညီနောင်များတွင် အမြော်အမြင်ရှိသော၊ သမမျှတစိတ်ရှိသော ညီနောင်တစ်ဦးက အလ္လာဟ် အရှင်မြတ်အား မမေ့ကြရန်၊ ဆင်းရဲသားများအား လျစ်လျူပြုမထားကြရန် သတိပေးခဲ့သေး၏။ သို့သတိပေးခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ဂရုမမူခဲ့ပေ။ နောက်ဆုံးတွင် လောင်မီးသင့်၍ ဥယျာဉ်ပျက်စီးသွားသောအခါ အဆိုပါညီနောင်က မိမိ၏ သတိပေးချက်ကို ပြန်လည်ပြောပြခဲ့လေသည်။

ဆက်လက်၍ အဆိုပါညီနောင်က ကျန်ညီနောင်များအား အလ္လာဟ်အရှင်မြတ်ထံတော်၌ ဝန်ချ တောင်းပန် အသနားခံရန် ထပ်မံပြောကြားသောအခါ၊ ညီနောင်များသည် ဤအာယတ်တော်တွင်လာရှိသည့်အတိုင်း ဝန်ချတောင်းပန် အသနားခံခဲ့ကြလေသည်။

အဆိုပါတစ်ရပ်အရ ယင်းသို့ ဝန်ချတောင်းပန် အသနားခံကြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ယင်းညီနောင်များအား ယခင်ဥယျာဉ်ထက်ပင် ကောင်းမွန်သော ဥယျာဉ်တစ်ခုကို ချီးမြှင့်တော်မူခဲ့ပေသည်။ ကြည့်-မဒါရိုက်။

إِنَّ لِلْمُتَّقِينَ عِندَ رَبِّهِمْ جَنَّٰتِ النَّعِيمِ ﴿٣٤﴾

၃၄။ ဧကန်အမှန် "မွတ္တကီ"သူတော်စင်တို့အဖို့ ငင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်တွင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ ရှိကြလေ၏။ ①

أَفَنَجْعَلُ الْمُسْلِمِينَ كَالْمُجْرِمِينَ ﴿٣٥﴾

၃၅။ သို့ဖြစ်ပေရာ အရှင်မြတ်သည် မုစ်လင်မ်၊ အမိန့်နာခံသောသူတို့အား အမိန့်ကိုဖီဆန်သောသူတို့ကဲ့သို့ ပြုလုပ်တော်မူရပါမည်လော။

مَا لَكُمْ كَيْفَ تَحْكُمُونَ ﴿٣٦﴾

၃၆။ အသင်တို့၌ မည်သို့သောအကြောင်းရှိသနည်း၊ အသင်တို့သည် မည်သို့ စီရင်ဆုံးဖြတ်ကြသနည်း။

أَمْ لَكُمْ كِتَابٌ فِيهِ تَدْرُسُونَ ﴿٣٧﴾

၃၇။ အသင်တို့၌ ကျမ်းဂန်အစောင်စောင်ရှိနေ၍ အသင်တို့သည် ယင်းကျမ်းဂန်၌ ဖတ်ရှုသင်ကြားကြလေသလော၊

إِنَّ لَكُمْ فِيهِ لَمَا تَخَيَّرُونَ ﴿٣٨﴾

၃၈။ ယင်းကျမ်းဂန်၌ အသင်တို့ နှစ်သက်ကြသော အရာ လာရှိသလော၊

أَمْ لَكُمْ أَيْمَانٌ عَلَيْنَا بَالِغَةٌ إِلَىٰ يَوْمِ الْقِيَامَةِ ۙ إِنَّ لَكُمْ لَمَا تَحْكُمُونَ ﴿٣٩﴾

၃၉။ သို့တည်းမဟုတ် အသင်တို့အဖို့ ငါအရှင်မြတ် အပေါ်၌ "ကိယာမတ်" ရှုင်ပြန်ထမည့်နေ့ တိုင်အောင် တည်ရှိအံ့သော ဧကန်စင်စစ် အသင်တို့အဖို့ အသင်တို့ စီရင်ဆုံးဖြတ်သည့်အတိုင်း ဖြစ်ရမည်ဟူ၍ လေးနက်ခိုင်မာစွာ ကျိန်ဆို၍ ပြုလုပ်ထားသော ကတိသစ္စာခံဝန်ချက်များ ရှိလေသလော။

---

① ဆိုလိုသည်ကား အချို့လူသားတို့သည် ဤပစ္စက္ခရှိ ဥယျာဉ်ပန်းမာလ်နှင့် စည်းစိမ်ချမ်းသာများကို ခုံမင်နေကြသည်၊ အမှန်မှာ နောင်တမလွန်ဘဝရှိ ဥယျာဉ်၊ ပန်းမာလ်နှင့် သုခချမ်းသာများသည် ဤပစ္စက္ခရှိ ဥယျာဉ်ပန်းမာလ်များနှင့် စည်းစိမ်ချမ်းသာများထက် အတိုင်းမသိ ကောင်းမွန် မြင့်မြတ်လှပေသည်။ အလျှင်းမရှိနိုင်းယှဉ်အပ်ပေ။သို့ရာတွင် သိထားအပ်သည်မှာ နောင်တမလွန်ဘဝ၏ အမတသုခများသည် အလွှာဟ်အရှင်မြတ် အမှန်တကယ် ကြောက်ရွံ့ရိုသေခန့်ညားသော (မွတ္တကီ) သူတော်သူမြတ်များအဖို့သာလျှင် ဖြစ်ကုန်သည်။

سَلْهُمْ أَيُّهُم بِذَٰلِكَ زَعِيمٌ ﴿٤٠﴾

၄၀။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား ၎င်းတို့အနက် ယင်းသည့်ဝန်ခံချက်နှင့်စပ်လျဉ်း၍ တာဝန်ယူ အာမခံသောသူသည် မည်သူနည်းဟု မေးမြန်းပါလေ။

أَمْ لَهُمْ شُرَكَاءُ فَلْيَأْتُوا بِشُرَكَائِهِمْ إِن كَانُوا صَادِقِينَ ﴿٤١﴾

၄၁။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် (၎င်းတို့ဖန်တီးထားသော) တွဲဖက် နှိုင်းယှဉ်ဖက်များ ရှိကြလေသလော၊ သို့ရှိလျှင် ၎င်းတို့သည် သစ္စာဝါဒီများဖြစ်ကြပါမူ ထိုတွဲဖက် နှိုင်းယှဉ်ဖက်တို့အား ခေါ်ဆောင်လာကြရာသတည်း။

يَوْمَ يُكْشَفُ عَن سَاقٍ وَيُدْعَوْنَ إِلَى السُّجُودِ فَلَا يَسْتَطِيعُونَ ﴿٤٢﴾

၄၂။ အကြောင်းနေ့ကို (ပြန်လည်သတိပြုကြလေကုန်၊) ထိုနေ့တွင် ခြေသလုံးဖွင့်လှစ်ခြင်းခံရပေမည်။ ထို့ပြင် ၎င်းတို့သည် 'စဂျဒဟ်' ပျပ်ဝပ်ဦးချရန် ဆင့်ခေါ်ခြင်းကို ခံကြရပေမည်။ သို့တစေလည်း ၎င်းတို့မှာမူကား (စဂျဒဟ်) ပြုစွမ်းနိုင်ကြမည် မဟုတ်ပြီ။ ၁

---

① "ဗုခါရီ" နှင့် "မွတ်စ်လင်မ်" ကျမ်းကြီးများ၌ ခိုင်လုံသော (ဟဒီဆ်) ဩဝါဒတော်များတွင် လာရှိသည်မှာ ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ခြေသလုံးတော်ကို လှစ်၍ပြတော်မူပေမည်။ ခြေသလုံးတော်ကို ဖူးမြင်ကြရသည့်အခါ မုအ်မင်နှ်အမျိုးသား အမျိုးသမီးအားလုံးတို့သည် (စဂျဒဟ်) ပျပ်ဝပ်ဦးချပေမည်။ သို့ရာတွင် လူ့လောကတွင်ရှိခဲ့စဉ် ဟန်ဆောင်၍ ဦးချခဲ့ကြသော အယောင်ဆောင်များသည် ဦးချနိုင်ကြမည် မဟုတ်ပေ၊ ၎င်းတို့၏ခါးများသည် ပျဉ်ပြားသဖွယ် မာမြင်းတောင့်တင်းလျက်ရှိကြပေမည်။ ကိယာမတ်နေ့တွင် အယောင်ဆောင်မုနာဖစ်ကများပင် ဦးချနိုင်ကြမည်မဟုတ်ပေရာ ကာဖိရ်၊ မွတ်ရှ်ရစ်က် များသည် အသို့လျှင် ဦးချနိုင်ကြအံ့နည်း။ ဤသို့ဖြင့် ကိယာမတ်နေ့တွင် မုအ်မင်နှ်၊ မုနာဖစ်က်၊ကာဖိရ် မွတ်ရှ်ရစ်က်တို့သည် အထင်အရှား ကွဲပြားခြားနားသွားကြပေမည်။

မှတ်ချက်။

ကုရ်အာန်ကျမ်းမြတ်တွင် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ လက်တော်၊ မျက်နှာတော် (ဤအာယတ်တော်တွင်) ခြေသလုံးတော်ဟူ၍ အကြောင်းအားလျော်စွာ သုံးနှုန်းထားတော်မူသည်။ ဤသည်တို့သည် "မုတာရှာဗီဟာတ်"တွင် အပါအဝင်ဖြစ်သည်၊ ခက်ခဲနက်နဲလှသည်၊ သိမ်မွေ့လှသည်။ အလ္လာဟ်အရှင်မြတ်၌ နှိုင်းယှဉ်ပုံဆောင်အပ်သော အရာဟူ၍ အလျှင်းမရှိပေရာ၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ်တွင် လာရှိသည်များကို လာရှိသည့်အတိုင်းပင် တစ်စုံတစ်ရာ ဝေဖန်ခြင်းမပြုဘဲ (အီမာန်) ယုံကြည်ကြရပေမည်။

خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ۖ وَقَدْ كَانُوا يُدْعَوْنَ إِلَى السُّجُودِ وَهُمْ سَالِمُونَ ﴿٤٣﴾

၄၃။ ထိုသူတို့၏မျက်စိများသည် အောက်သို့ စိုက်လျက် ရှိပေသည်၊ ဂုဏ်ရည်သိမ်ဖျင်းမှုက ထိုသူတို့အား ဖုံးလွှမ်းလျက် ရှိပေမည်။ စင်စစ်သော်ကား ၎င်းတို့သည် ပကတိကျန်းမာစွာ ရှိနေကြစဉ်အခါ၌ "စဂျဒဟ်" ပျပ်ဝပ်ဦးချရန် ဖိတ်ခေါ်ခြင်းကို ခံခဲ့ကြရကုန်၏။

فَذَرْنِي وَمَنْ يُكَذِّبُ بِهَٰذَا الْحَدِيثِ ۖ سَنَسْتَدْرِجُهُمْ مِنْ حَيْثُ لَا يَعْلَمُونَ ﴿٤٤﴾

၄၄။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ဤသည့်အာယတ်တော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်သူတို့အား ငါအရှင်မြတ်နှင့်ပင် လွှတ်ထားပါလေ။ အမှန်ပင် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့မသိကြသော-နည်းဖြင့်၊ နေရာမှ၊ တဖြည်းဖြည်း ဆွဲချတော်မူမည်။

وَأُمْلِي لَهُمْ ۚ إِنَّ كَيْدِي مَتِينٌ ﴿٤٥﴾

၄၅။ သို့ရာတွင် ငါအရှင်မြတ်သည် ၎င်းတို့အား ရွှေ့ဆိုင်းခွင့်ပေးတော်မူ၏၊ ဧကန်မလွဲ ငါအရှင်မြတ်၏ အကြံအစည်သည် လွန်စွာခိုင်မြဲလှ၏။

أَمْ تَسْأَلُهُمْ أَجْرًا فَهُمْ مِنْ مَغْرَمٍ مُثْقَلُونَ ﴿٤٦﴾

၄၆။ (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့ထံ အကျိုးကျေးဇူး တစ်စုံတစ်ရာကို တောင်းဆိုသဖြင့် ၎င်းတို့သည် ဒဏ်ငွေဆောင်မှုကြောင့် ဖိစီးခြင်းခံနေကြရလေသလော။

أَمْ عِنْدَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ﴿٤٧﴾

၄၇။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် အကွယ်၌ ရှိသည်တို့ကို (သိစွမ်းနိုင်သောအသိပညာ)ရှိနေသဖြင့် ၎င်းတို့သည် ရေးမှတ်ယူကြလေသလော။

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تَكُنْ كَصَاحِبِ الْحُوتِ إِذْ نَادَىٰ وَهُوَ مَكْظُومٌ ﴿٤٨﴾

၄၈။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိမိအရှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်ကို စောင့်စားသောအားဖြင့် သည်းခံ၍နေပါလေ။ ၎င်းပြင် အသင်သည် ငါးရှင်ကဲ့သို့ မဖြစ်ပါလေနှင့်။

တရံရောအခါဝယ် ထိုငါးရှင်သည် ဒုက္ခကို ကျိတ်မှိတ် ခံစားလျက်ရှိနေစဉ် မိမိအရှင်မြတ်အား ဟစ်ခေါ်(တမ်းတ)ခဲ့လေ၏။

لَوْلَآ اَنْ تَدٰرَكَهٗ نِعْمَةٌ مِّنْ رَّبِّهٖ لَنُبِذَ بِالْعَرَآءِ وَهُوَ مَذْمُوْمٌ ﴿۴۹﴾

၄၉။ အကယ်၍သာလျှင် ထိုငါးရှင်အား ၎င်း၏ အရှင်မြတ်ထံတော်မှ ကျေးဇူးတော်သည် သက်ရောက်ခဲ့သည်မရှိမူ အမှန်ပင်ထိုငါးရှင်မှာ အခြေမလှဖြစ် လျက် သစ်ပင်၊ ဝါးပင်၊ အိုးအိမ်စသည် (လုံး၀)မရှိသောလွင်ပြင်ဝယ် ပစ်ထားခြင်းကိုခံခဲ့ရမည်သာ။ ၁

فَاجْتَبٰهُ رَبُّهٗ فَجَعَلَهٗ مِنَ الصّٰلِحِيْنَ ﴿۵۰﴾

၅၀။ သို့တစေလည်း ထိုငါးရှင်အား ၎င်း၏အရှင်မြတ်သည် ရွေးချယ်မြှောက်စားတော်မူပြီးလျှင် သူတော်ကောင်းတို့တွင် ပါဝင်စေတော်မူခဲ့၏။

---

① ဤအာယတ်တော်တွင် (ဆွာဟိဗုလ်ဟူတ်) "ငါးရှင်" ဟူသည် တမန်တော် ယူနုတ်စ်(အလိုင်ဟစ္စလာမ်)ကို ဆိုလိုသည်။ တမန်တော် ယူနုတ်စ်သည် မိမိ၏အမျိုးသားများအား နှစ်ပရိစ္ဆေဒ မြောက်မြားစွာ တရားဟောပြန်ပြတော်မူခဲ့သော်လည်း အမျိုးသားများသည် တရားမရကြသည့်အပြင် တမန်တော် ယူနုတ်စ်ကိုပင် ပြောင်လှောင်ပြက်ရယ်ပြုလာခဲ့ကြ၏။ အန္တရာယ်ပြုလာခဲ့ကြ၏။

ထိုအခါ တမန်တော်ယူနုတ်စ်သည် မည်သို့မျှ သွန်သင်ဆုံးမ၍မရသည့်အဆုံး၌ လွန်စွာစိတ်ဆင်းရဲကာ အမျိုးသားများအား ကျိန်ဆဲ၍၊ မိမိအမျိုးသားများ၏ နေထိုင်ရာမြို့ရွာများမှ ထွက်ခွာလာခဲ့၏။ သို့ထွက်ခွာလာပြီးနောက် တမန်တော်ယူနုတ်စ်သည် မိမိ၏ အမျိုးသားများ (အီမာန်)မယုံကြည်ကြသည်က တစ်ကြောင်း၊ မိမိ၏ကျိန်ဆဲခဲ့သည့်အတိုင်း ပြစ်ဒဏ်မသက်ရောက်သည်က တစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ အတိအလင်း ခွင့်ပြုချက်မရရှိပါပဲလျက် မြို့မှအလျင်စလို ထွက်ခွာလာခဲ့မိသည်ကတစ်ကြောင်း၊ ငါးကြီး၏ ဝမ်းဗိုက်တွင် ရောက်ရှိနေရသည်ကတစ်ကြောင်း၊ အဆိုပါ အကြောင်းကြောင်းများကြောင့် ကြီးမားသောစိတ်ဒုက္ခကို ကျိတ်မှိတ်၍ အလူးအလိမ့်ခံစားနေခဲ့ရရှာ၏။

ထိုအချိန်တွင် တမန်တော်ယူနုတ်စ်သည် ကုရ်အာန်(၂၁း၈၇)တွင် လာရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန် အသနားခံခဲ့၏။ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကိုသာ မခိုလှုံခဲ့ရပါက တမန်တော်ယူနုတ်စ်သည် ကဲ့ရဲ့ပြစ်တင်ခြင်းခံရမည့်အပြင် လွင်ပြင်၌ ထာဝစဉ်စွန့်ပစ်ထားခြင်း ခံခဲ့ရမည်သာ ဖြစ်သည်။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်က၊ တမန်တော်မြတ်အား မိမိ၏အမိန့်တော်ကို သည်းခံစောင့်စားရန်နှင့် တမန်တော်ယူနုတ်စ်ကဲ့သို့ အလျင်စလို မပြုမိရန် သတိပေးထားတော်မူသည်။

وَإِن يَكَادُ الَّذِينَ كَفَرُوا لَيُزْلِقُونَكَ بِأَبْصَارِهِمْ لَمَّا سَمِعُوا الذِّكْرَ وَيَقُولُونَ إِنَّهُ لَمَجْنُونٌ ﴿٥١﴾

وَمَا هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ ﴿٥٢﴾

၅၁။ စင်စစ်သော်ကား ဧကန်မလွဲ 'ကာဖိရ်'သွေဖည်ငြင်းပယ်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြသောအခါ ၎င်းတို့၏မျက်စိများဖြင့် အသင့်အား ချွတ်ချော်စေအံ့ဆဲဆဲ ဖြစ်ကြလေ၏။ ထိုမှတစ်ပါး၊ ၎င်းတို့က ဧကန်အမှန် ဤသူသည် ရူးသွပ်နေသည်ဟု ပြောဆိုကုန်၏။ ①

၅၂။ စင်စစ် ယင်း ကုရ်အာန်ကျမ်းတော်မြတ်မှာ စကြာဝဠာခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒမှတစ်ပါး အခြားမဟုတ်ပြီတကား။

① ကာဖိရ်၊ မွတ်ရှ်ရစ်ကျများသည် ကုရ်အာန်ကျမ်းမြတ်လာ တရားတော်များကို ကြားကြရသည့်အခါ ဒေါသအမျက် ချောင်းချောင်းထွက်ကာ တမန်တော်မြတ်အား မိမိတို့၏ မျက်စိများဖြင့် ချွတ်ချော်တိမ်းယိမ်းသွားစေရန် အစွမ်းကုန်ကြိုးစားခဲ့ကြ၏။ မိမိတို့၏နှုတ်များဖြင့်လည်း (မပြောအပ် မဆိုအပ်) သူရူးဟု ဆိုခဲ့ကြ၏။ ကာဖိရ်၊ မွတ်ရှ်ရစ်ကျများသည် တမန်တော်မြတ်အား တစ်နည်းတစ်ဖုံ ချွတ်ချော်တိမ်းယိမ်းသွားစေရန် ကြိုးစားခဲ့လင့်ကစား တမန်တော်မြတ်သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အစွမ်းလမ်းစဉ်အပေါ်၌ အံ့ဖွယ်သရဲ ရပ်တည်၍ နေတော်မူခဲ့ပေသည်။

အမှန်မုချဖြစ်မည့်အရာကဏ္ဍ



ဤကဏ္ဍသည် "အလ်ဟားက္ကဟ်" အမှန်မုချဖြစ်မည့်အရာ ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၅၂)ပါး၊ ရုကူအ် အပိုဒ်(၂)ပိုဒ်၊ အသီးသီး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ ကြင်နာသနားတော်မူသော၊ ကရုဏာတော်ရှင်ဖြစ်တော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

اَلْحَآقَّةُ ۝١

၁။ အကယ်စင်စစ် ဖြစ်အံ့သောအရာ။

مَا الْحَآقَّةُ ۝٢

၂။ ယင်း အကယ်စင်စစ် ဖြစ်အံ့သောအရာကား မည်သည့်အရာနည်း။

وَمَآ اَدْرٰىكَ مَا الْحَآقَّةُ ۝٣

၃။ စင်စစ် ယင်း အကယ်စင်စစ် ဖြစ်အံ့သော အရာသည် မည်သည့်အရာဖြစ်ကြောင်း အသင်သိပါ သလော။ ၁

كَذَّبَتْ ثَمُوْدُ وَعَادٌۢ بِالْقَارِعَةِ ۝٤

၄။ "ဆမူဒ်"လူမျိုးတို့သည်လည်းကောင်း၊ "အာဒ်" လူမျိုးတို့သည်လည်းကောင်း၊ ဆိုက်ရောက်အံ့သော ဘေးကြီး (၀၊) "ကိယာမတ်"ကို မဟုတ်မမှန်ဟူ၍ ငွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။

---

① "ဟားက္ကဟ်" ဟူသောပုဒ်၏ မူရင်းအဓိပ္ပါယ်မှာ 'အမှန်မုချ ဖြစ်ပေါ်သက်ရောက်အံ့သောအရာ' ဟူ၍ဖြစ်သည်၊ ဤတွင် "ကိယာမတ်"ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ကိယာမတ်သည် အမှန်မုချဖြစ်မည်၊ ကိယာမတ်တွင် ကျိုးပြစ်အမှန် သက်ရောက်မည်။ ကြည့်-ဗိုင်းသွာဝီ၊ ရာဃိဗ်။

ဤအာယတ်တော်တွင် ကိယာမတ်နှင့်စပ်လျဉ်း၍ အကြိမ်ကြိမ်အဖန်ဖန် ပြန်လှန်မေးမြန်းထားတော်မူခြင်းမှာ အရဗ်စာပေအရ လေးနက်စေသည်ထက် ပိုမိုလေးနက်စေရန်ပင်ဖြစ်သည်။ ဤနည်းနှင့်နှင့် ကုရ်အာန် (၁၀၁း၁-၃)တွင်လည်း သုံးနှုန်းထားတော်မူသည်။

ကိယာမတ်နေ့တွင် အဘယ်မျှကြောက်မက်ဖွယ်ကောင်းလှသည်ကို အသူမျှပင်တွေးဆင်ခြင်၍ အတိအကျမသိရှိနိုင်ပေ၊ အတိုင်းမသိကြောက်မက်ဖွယ် ကောင်းလှ၏။ အနည်းငယ်စဉ်းစားဆင်ခြင်နိုင်ရန်အတွက် ရှေ့တွင်အတိတ်ခေတ်၌ ကြောက်ဖွယ်လိလိ အရေးယူ ကွပ်မျက်တော်မူခြင်းကို ခံခဲ့ကြရသော အချို့ ➤➤

فَأَمَّا ثَمُودُ فَأُهْلِكُوا بِالطَّاغِيَةِ ﴿٥﴾

၅။ သို့ဖြစ်ပေရာ "ဆမူဒ်"လူမျိုးတို့ကား အတိုင်းထက်အလွန် ပြင်းထန်လှစွာသောအသံဖြင့် သေကြေပျက်စီးစေခြင်းကို ခံခဲ့ကြကုန်၏။

وَأَمَّا عَادٌ فَأُهْلِكُوا بِرِيحٍ صَرْصَرٍ عَاتِيَةٍ ﴿٦﴾

၆။ ၎င်းပြင် "အာဒ်"လူမျိုးတို့မှာမူ ကြမ်းတမ်းလှစွာသော သောင်းကျန်းသော လေပြင်းမုန်တိုင်းဖြင့် ဖျက်ဆီးခြင်းကို ခံခဲ့ကြရကုန်၏။

سَخَّرَهَا عَلَيْهِمْ سَبْعَ لَيَالٍ وَثَمَانِيَةَ أَيَّامٍ حُسُومًا فَتَرَى الْقَوْمَ فِيهَا صَرْعَىٰ كَأَنَّهُمْ أَعْجَازُ نَخْلٍ خَاوِيَةٍ ﴿٧﴾

၇။ ထိုအရှင်မြတ်သည် ယင်းလေပြင်းမုန်တိုင်းကို ခုနစ်ညဉ့်နှင့်ရှစ်ရက်တိုင်တိုင် တစ်ဆက်တည်း ၎င်းတို့အပေါ်ဝယ် တာဝန်ပေးခန့်အပ်တော်မူခဲ့၏။ သို့ဖြစ်ပေရာ အသင်သည် ယင်းလူမျိုးတို့အား ပြိုလဲနေသော၊ သစ်ခေါင်းပွဖြစ်သော၊ စွန့်ပလွှဲပင်များပမာ ယင်းလေပြင်း မုန်တိုင်းအောက်တွင် လဲ၍နေကြသည်ကို တွေ့မြင်ရပေမည်။

فَهَلْ تَرَىٰ لَهُمْ مِنْ بَاقِيَةٍ ﴿٨﴾

၈။ သို့ဖြစ်ရာ အသင်သည် ၎င်းတို့အနက် (သေကြေပျက်စီးခြင်းမရှိဘဲ) ကြွင်းကျန်လျက်ရှိသူ တစ်ဦးတစ်ယောက်အား တွေ့မြင်ရလေသလော။

وَجَاءَ فِرْعَوْنُ وَمَنْ قَبْلَهُ وَالْمُؤْتَفِكَاتُ بِالْخَاطِئَةِ ﴿٩﴾

၉။ ထို့ပြင် "ဖစ်ရ်အောင်န်"သည်လည်းကောင်း၊ ထို "ဖစ်ရ်အောင်န်"၏အလျင်ရှိခဲ့ကြသောသူတို့သည်လည်းကောင်း၊ ထက်အောက် ပြောင်းပြန်လှန်ခြင်းကို ခံခဲ့ကြရသော ရွာ(သူရွာသား)တို့သည်လည်းကောင်း၊ ပြစ်မှုကို ကျူးလွန်ခဲ့ကြကုန်၏။

➤➤ အမျိုးသားများ၏ အဖြစ်များကို မိန့်ဆိုထားတော်မူသည်။ တစ်နည်းဆိုရသော် ယင်းဖြစ်ရပ်များသည် ကိယာမတ်ကြီး၏ ရှေ့တော်ပြေး ကိယာမတ်ကလေးများပင်။

فَعَصَوْا رَسُوْلَ رَبِّهِمْ فَاَخَذَهُمْ اَخْذَةً رَّابِيَةً ﴿١٠﴾

၁၀။ တစ်ဖန် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှ စေလွှတ်တော်မူသော ရာဇဝတ်တမန်တော်၏ အမိန့်ကို ဖီဆန်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းတို့အား (အခြားလူမျိုးများထက်) ပိုမို၍တင်းကြပ်စွာ ဖမ်းဆီးအရေးယူတော်မူခြင်းအားဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့၏။

اِنَّا لَمَّا طَغَا الْمَآءُ حَمَلْنٰكُمْ فِى الْجَارِيَةِ ﴿١١﴾

၁၁။ ဧကန်စင်စစ် ငါအရှင်မြတ်သည်ပင် အသင်တို့အား ရေ(လှိုင်းများ) တိုးမြှင့်လွှမ်းမိုး၍လာခဲ့သောအခါ သင်္ဘောပေါ်၌ တင်ဆောင်(ကယ်တင်)တော်မူခဲ့၏။

لِنَجْعَلَهَا لَكُمْ تَذْكِرَةً وَّتَعِيَهَآ اُذُنٌ وَّاعِيَةٌ ﴿١٢﴾

၁၂။ ငါအရှင်မြတ်သည် ယင်းဖြစ်အင်ကို အသင်တို့အဖို့ အမြဲမှတ်မိ သတိရစေရာ ပြုလုပ်တော်မူအံ့သောငှာလည်းကောင်း၊ မှတ်ထားသောနားသည် ယင်းဖြစ်အင်ကို မှတ်ထားကြအံ့သောငှာလည်းကောင်း။

فَاِذَا نُفِخَ فِى الصُّوْرِ نَفْخَةٌ وَّاحِدَةٌ ﴿١٣﴾

၁၃။ မည်သို့ပင်ဖြစ်စေ တံပိုးခရာ၌တစ်ချက်တည်း မှုတ်လေသော်၊

وَّحُمِلَتِ الْاَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَّاحِدَةً ﴿١٤﴾

၁၄။ ထို့ပြင် ပထဝီမြေသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း၊ ပင့်မြှောက်(ဖယ်ရှား)ခြင်းကို ခံကြရပြီးလျှင် တစ်ချက်တည်း ညက်ညက်ကြေအောင် ထုထောင်းခြင်းကို ခံခဲ့ကြရသော်၊

فَيَوْمَئِذٍ وَّقَعَتِ الْوَاقِعَةُ ﴿١٥﴾

၁၅။ ထိုအခါ ကိယာမတ်သည်ဖြစ်ပျက်လာပေမည်။

وَانْشَقَّتِ السَّمَآءُ فَهِىَ يَوْمَئِذٍ وَّاهِيَةٌ ﴿١٦﴾

၁၆။ ၎င်းပြင် မိုးကောင်းကင်သည် အက်ကွဲသွားမည်ဖြစ်ရာ ယင်းမိုးကောင်းကင်မှာ ထိုနေ့တွင် နုံနဲ့၊ ချွေချာ၊ ပျက်ယွင်းလျက် ရှိချိမ့်မည်။

وَٱلْمَلَكُ عَلَىٰٓ أَرْجَآئِهَا ۚ وَيَحْمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَئِذٍ ثَمَٰنِيَةٌ ﴿١٧﴾

၁၇။ ၎င်းပြင် "မလာအိကဟ်" ကောင်းကင်တမန်တို့မှာကား ယင်းမိုးကောင်းကင်၏ နံဘေးများဝယ် ရှိနေကြပေမည်။ ထိုမှတစ်ပါး ထိုနေ့တွင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ "အရ်ရှ်" ပလ္လင်တော်ကို ကောင်းကင်တမန်ရှစ်ပါးတို့က မိမိတို့ထက်ဝယ် ထမ်းဆောင်လျက်ရှိကြပေမည်။ [၁]

يَوْمَئِذٍ تُعْرَضُونَ لَا تَخْفَىٰ مِنكُمْ خَافِيَةٌ ﴿١٨﴾

၁၈။ ထိုနေ့တွင် အသင်တို့သည် ရှေ့တော်မှောက်သို့သွင်းစေခြင်းကို ခံကြရပေမည်။ (ထိုနေ့တွင်) အသင်တို့အပေါ်ဝယ် မည်သည့်ဖုံးကွယ်၍နေသော အရာမျှပင် ဖုံးကွယ်၍နေချိမ့်မည် မဟုတ်ပေတကား။ (တစ်နည်း)(ထိုနေ့တွင်) အသင်တို့ဖုံးကွယ်သော မည်သည့်အရာမျှပင် (အလ္လာဟ်အရှင်မြတ်)အပေါ်ဝယ် ဖုံးကွယ်၍ နေချိမ့်မည် မဟုတ်ပေတကား။

فَأَمَّا مَنْ أُوتِيَ كِتَٰبَهُۥ بِيَمِينِهِۦ فَيَقُولُ هَآؤُمُ ٱقْرَءُوا۟ كِتَٰبِيَهْ ﴿١٩﴾

၁၉။ သို့သော် မည်သို့ဖြစ်စေ မိမိမှတ်တမ်းစာအုပ်ကို မိမိလက်ယာလက်ဝယ်တွင် ပေးအပ်ခြင်းခံရသော သူသည် (သူတစ်ပါးတို့အား ပျော်ရွှင်စွာဖြင့်) (ဤသို့) ပြောဆိုပေမည်။ အသင်တို့သည် ကျွန်ုပ်၏မှတ်တမ်းစာအုပ်ကို ယူ၍ဖတ်ကြလေကုန်။

---

① အလ္လာဟ်အရှင်မြတ်၏ အတိုင်းမသိ ကြီးကဲမြင့်မြတ်လှသော 'အရ်ရှ်' ပလ္လင်တော်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ်ပါရှိသည်။ ယင်း ပလ္လင်တော်အကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်(၇:၅၄)တွင် ရေးသားခဲ့ပေပြီ။ ယင်းပလ္လင်တော်ကို ကောင်းကင်တမန်များ ထမ်းဆောင်လျက် ရှိကြကုန်သည်။

ကြည့်-ကုရ်အာန်(၄၀:၇)။

ကိယာမတ်နေ့၌ အဆိုပါအရ်ရှ်ပလ္လင်တော်ကို ကောင်းကင်တမန်(၈)ပါးက အထူးတလည် ထမ်းရွက်လျက်ရှိကြပေမည်။ အဆိုတစ်ရပ်အရ ဤအာယတ်တော်တွင်ပါရှိသော ပလ္လင်တော်ဟူသည် ကိယာမတ်နေ့တွင် တရားစီရင်ဆုံဖြတ်တော်မူရန်အတွက် ကမ္ဘာမြေ၌ ထားရှိတော်မူမည့် ပလ္လင်တော်ကို ဆိုလိုသည်ဟူ၍လည်း ယူဆနိုင်ပေသည်။

ကြည့်-ကွဗ်နကဆီရ်။

إِنِّي ظَنَنتُ أَنِّي مُلَاقٍ حِسَابِيَهْ ﴿٢٠﴾

၂၀။ စင်စစ်သော်ကား ကျွန်ုပ်သည် (လူ့လောက၌ ရှိစဉ်ကပင်) ဇကန်မလွဲ ကျွန်ုပ်သည် မိမိအား စစ်ဆေးမေးမြန်းခြင်းနှင့် တွေ့ဆုံရမည်ကို ယုံကြည်လျက် ရှိခဲ့၏။

فَهُوَ فِي عِيشَةٍ رَّاضِيَةٍ ﴿٢١﴾

၂၁။ ထို့နောက် ထိုသူသည် စိတ်တိုင်းကျ သုခစည်းစိမ်၌ နေရပေမည်။

فِي جَنَّةٍ عَالِيَةٍ ﴿٢٢﴾

၂၂။ မြင့်မြတ်လှစွာသော ဂျန္နတ်သုခဘုံ၌၊

قُطُوفُهَا دَانِيَةٌ ﴿٢٣﴾

၂၃။ ယင်း "ဂျန္နတ်" သုခဘုံ၏ သစ်သီးဝလံများမှာ ညွှတ်လျက် ရှိကြပေမည်။

كُلُوا وَاشْرَبُوا هَنِيئًا بِمَا أَسْلَفْتُمْ فِي الْأَيَّامِ الْخَالِيَةِ ﴿٢٤﴾

၂၄။ (ၔင်းတို့သည် ဤသို့ပြောဆိုခြင်းကို ခံကြရပေမည်။) အသင်တို့သည် လွန်လေပြီးဖြစ်သော နေ့ရက်များတွင် မိမိတို့ ကြိုတင်ပို့နှင့်ခဲ့ကြလေသော အကျင့်သီလများကြောင့် မြိန်ရှက်စွာ စားသောက်ကြလေကုန်။

وَأَمَّا مَنْ أُوتِيَ كِتَابَهُ بِشِمَالِهِ فَيَقُولُ يَا لَيْتَنِي لَمْ أُوتَ كِتَابِيَهْ ﴿٢٥﴾

၂၅။ သို့ရာတွင် မိမိလက်ဝဲလက်၌ မိမိမှတ်တမ်း စာအုပ်ပေးခြင်းခံရသောသူမှာမူကား (ဤသို့) ပြောဆိုပေမည်။ သြော်-ငါသည် မိမိ(လက်သို့) မှတ်တမ်း စာအုပ်ပေးခြင်း မခံခဲ့ရလျှင် ကောင်းလေစွ။

وَلَمْ أَدْرِ مَا حِسَابِيَهْ ﴿٢٦﴾

၂၆။ မိမိ စာရင်းအင်းကိုလည်း မသိခဲ့ရလျှင် ကောင်းလေစွ။

يَا لَيْتَهَا كَانَتِ الْقَاضِيَةَ ﴿٢٧﴾

၂၇။ "မရဏ" သေခြင်းတရားသည် လုံးဝ အပြီးအပြတ်စီရင်ခဲ့လျှင် ကောင်းလေစွ။

مَا أَغْنَىٰ عَنِّي مَالِيَهْ ﴿٢٨﴾

၂၈။ ငါ၏ပစ္စည်းဥစ္စာသည် ငါ၏အဖို့ အသုံးဝင်ခဲ့သည် မဟုတ်ပြီ။

هَلَكَ عَنِّي سُلْطَانِيَهْ ﴿٢٩﴾

၂၉။ ငါ၏အစွမ်းသတ္တိ ဂုဏ်ကျက်သရေသည်လည်း ငါ့ထံမှ ပျောက်ပျက်၍သွားချေပြီ။

خُذُوهُ فَغُلُّوهُ ﴿٣٠﴾

၃၀။ (ထိုအခါ ငရဲစောင့်တို့သည် ဤသို့အမိန့်ပေးခြင်းကို ခံကြရပေမည်။) အသင်တို့သည် ၎င်းအား ဖမ်းဆီး၍ ၎င်း၏လည်ပင်း၌ ကွင်းတပ်ကြလေကုန်။

ثُمَّ الْجَحِيمَ صَلُّوهُ ﴿٣١﴾

၃၁။ ထို့နောက် အသင်တို့သည် ၎င်းအား ဂျဟန္နမ် ငရဲသို့ ပစ်ချကြလေကုန်။

ثُمَّ فِي سِلْسِلَةٍ ذَرْعُهَا سَبْعُونَ ذِرَاعًا فَاسْلُكُوهُ ﴿٣٢﴾

၃၂။ ထို့နောက် အသင်တို့သည် ၎င်းအား အရှည်အလျား အတောင်-ကိုက်ခုနစ်ဆယ်ရှိသော သံကြိုးဖြင့် တုပ်နှောင်ကြလေကုန်။

إِنَّهُ كَانَ لَا يُؤْمِنُ بِاللَّهِ الْعَظِيمِ ﴿٣٣﴾

၃၃။ ဧကန်အမှန် ၎င်းသည် ထူးကဲမြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခဲ့သည်မဟုတ်ပေ။

وَلَا يَحُضُّ عَلَىٰ طَعَامِ الْمِسْكِينِ ﴿٣٤﴾

၃၄။ သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းလေ့ရှိခဲ့သည်လည်း မရှိပေ။

فَلَيْسَ لَهُ الْيَوْمَ هَاهُنَا حَمِيمٌ ﴿٣٥﴾

၃၅။ သို့ဖြစ်ပေရာ ယနေ့ ဤနေရာတွင် ၎င်း၏အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပြီ။

وَلَا طَعَامٌ إِلَّا مِنْ غِسْلِينٍ ﴿٣٦﴾

၃၆။ (၎င်း၏အဖို့) အစားအစာဟူ၍လည်း အနာများမှထွက်သော သွေးပုပ်ပြည်ပုပ် ဆေးထားသော ရေညစ်ရေပုပ်မှတစ်ပါး အခြားမရှိပြီ။

لَا يَأْكُلُهُ إِلَّا الْخَاطِئُونَ ﴿٣٧﴾

၃၇။ ယင်းသည့် ရေညစ်ရေပုပ်ကို အပြစ်ရှိသူတို့မှတစ်ပါး မည်သူမျှ စားသုံး(သောက်မျိုချ)ရမည်မဟုတ်ပေတကား။

فَلَا أُقْسِمُ بِمَا تُبْصِرُونَ ﴿٣٨﴾

၃၈။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့မြင်ကြသောအရာများကို သက်သေထူတော်မူ၏။

وَمَا لَا تُبْصِرُونَ ﴿٣٩﴾

၃၉။ ထိုနည်းတူစွာ အသင်တို့ မမြင်ကြသောအရာများကို (သက်သေထူတော်မူ၏)။

إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ ﴿٤٠﴾

၄၀။ စင်စစ်ဗကန် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် မြင့်မြတ်သောစေတမန်တစ်ပါး (ယူဆောင်လာသော အလ္လာဟ်အရှင်မြတ်)၏ အာယတ်တော်ပင်ဖြစ်၏။

وَمَا هُوَ بِقَوْلِ شَاعِرٍ ۚ قَلِيلًا مَّا تُؤْمِنُونَ ﴿٤١﴾

၄၁။ စင်စစ် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်ကဗျာဆရာ တစ်ဦးတစ်ယောက်၏ ပြောဆိုချက်မျှ မဟုတ်ပြီ။ အသင်တို့သည် အနည်းငယ်မျှသာလျှင် သက်ဝင်ယုံကြည်ကြကုန်၏။

وَلَا بِقَوْلِ كَاهِنٍ ۚ قَلِيلًا مَّا تَذَكَّرُونَ ﴿٤٢﴾

၄၂။ ထိုမှတစ်ပါး မည်သည့် ဟူးရား၊ အနာဂတ်ဟောဆရာ တစ်ဦးတစ်ယောက်၏ ပြောဆိုချက်မျှလည်း မဟုတ်ပြီ။ အသင်တို့သည် အနည်းငယ်စိုးစဉ်းမျှသာ နားလည်ကြကုန်၏။

تَنزِيلٌ مِّن رَّبِّ الْعَالَمِينَ ﴿٤٣﴾

၄၃။ (ယင်းကုရ်အာန်ကျမ်းတော်မြတ်မှာ) စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ချပေးတော်မူသော (အာယတ်တော်ပင်) ဖြစ်ချေသတည်း။ ③

---

③ ကုရ်အာန်ကျမ်းမြတ်သည် စကြာဝဠာအဝှန်းကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်တော်မူသော မြင့်မြတ်လှသော ကျမ်းဂန် ဓမ္မကွန်ဖြစ်သည်။ ယင်းကျမ်းမြတ်ကို အမြင့်မြတ်ဆုံး ကောင်းကင်တမန်တော်တစ်ပါးက အမြင့်မြတ်ဆုံးသော တမန်တော်တစ်ပါးထံသို့ ယူဆောင်ပို့သခဲ့ခြင်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကို ကောင်းကင်မှ ယူဆောင်လာခဲ့သော ကောင်းကင်တမန်သည် မြင့်မြတ်လှဘိသည်။ ယင်းကျမ်းမြတ်ကို ကမ္ဘာအဝှန်းသို့ ဟောကြားတော်မူခဲ့သော တမန်တော်သည်လည်း မြင့်မြတ်တော်မူလှဘိသည်။ တမန်တော် ၂–ပါးလုံးသည် မြင့်မြတ်လှဘိတကား။ တမန်တော်မြတ်၏ မြင့်မြတ်မူကား မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ ကောင်းကင်တမန်၏ မြင့်မြတ်မူကိုကား တမန်တော်မြတ်က ပြောပြတော်မူသဖြင့် သိရှိရသည်။ ယင်းသို့ အတိုင်းမသိ ကြီးကဲမြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ အမြင့်မြတ်ဆုံး ကောင်းကင်တမန်တစ်ပါးက အမြင့်မြတ်ဆုံးသော တမန်တော်တစ်ပါးထံသို့ ယူဆောင်ပို့သခဲ့သော ကုရ်အာန်ကျမ်းမြတ်သည် ➤➤

وَلَوْ تَقَوَّلَ عَلَيْنَا بَعْضَ الْأَقَاوِيلِ ﴿٤٤﴾

၄၄။ စင်စစ်သော်ကား အကယ်၍သာ ထို(နဗီတမန်တော်မြတ်)သည် ငါအရှင်မြတ်အပေါ်၌ အချို့သောစကားများကို လုပ်ကြံပြောဆိုခဲ့ပါလျှင်၊

لَأَخَذْنَا مِنْهُ بِالْيَمِينِ ﴿٤٥﴾

၄၅။ အမှန်ပင် ငါအရှင်မြတ်သည် သူ၏လက်ယာလက်ကို ဖမ်းဆွဲတော်မူခဲ့ပေမည်။

ثُمَّ لَقَطَعْنَا مِنْهُ الْوَتِينَ ﴿٤٦﴾

၄၆။ ထို့နောက် ငါအရှင်မြတ်သည် သူ၏နှလုံးကြောကို ဖြတ်တောက်တော်မူခဲ့ပေမည်သာ။

فَمَا مِنكُم مِّنْ أَحَدٍ عَنْهُ حَاجِزِينَ ﴿٤٧﴾

၄၇။ ထိုအခါ အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှပင် သူ့အား ယင်းပြစ်ဒဏ်မှ ကာကွယ်တားဆီးပေးနိုင်သောသူဟူ၍လည်းရှိမည်မဟုတ်ပေ၊ [၁]

➤➤ မက္ကာမြို့သား ကာဖိရ်များ ယိုးစွပ်ပြောဆိုခဲ့ကြသကဲ့သို့ အသို့လျှင် လင်္ကာဆရာတစ်ဦးတစ်ယောက်၏ စကား၊ အနာဂတ်ဟော ဆရာတစ်ဦး တစ်ယောက်၏ စကား ဖြစ်နိုင်အံ့နည်း။

ဤစကြာဝဠာတွင် ပစ္စည်း ၂–မျိုး ၂–စားရှိသည်။ အချို့ပစ္စည်းများကို လူသားတို့တွေ့မြင်ကြရသည်။ အချို့ပစ္စည်းများကိုမူ မတွေ့မမြင်ကြရပေ။ တွေ့မြင်သော အရာများကို ယုံကြည်ရသကဲ့သို့၊ မတွေ့မမြင်ရသော အရာများကို ယုံကြည်ရသည်လည်း ရှိသည်။ ဥပမာ– ပထဝီမြေကြီးသည် အသူကြည့်ကြည့်၊ အသို့ပင်ကြည့်ကြည့် တည်ငြိမ်လျက်ရှိသည်ကို တွေ့မြင်ရသည်။ လှုပ်ရှားသွားလာ နေသည်ကိုမူ မတွေ့ရပေ၊ မမြင်ရပေ။ သို့တစေ ပညာရှင်များ၏ ပြောပြချက်အရ ပထဝီမြေကြီး လှုပ်ရှားသွားလာနေသည်ကို မတွေ့ရဘဲလျက်၊ မမြင်ရဘဲလျက် ယုံကြည်ကြရပေသည်။ ဤတွင် သိထားအပ်သည်မှာ ပညာရှင်များ၏ အသိပညာအမြော်အမြင်များသည် အဘယ်မျှပင် ထက်မြက်သည်၊ ပေါက်ရောက်သည်ဟု ဆိုလင့်ကစား အမှေအများကား မကင်းနိုင်ပေ။ အမှေအများလုံးဝကင်းသော အရာကား အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာခဲ့သော (ဝဟီ) အာယတ်တော်များသာလျှင် ဖြစ်ချေသည်။ သို့ဖြစ်ရာ ဉာဏ်မမီသောကိစ္စများတွင် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကိုသာလျှင် လုံးဝယုံကြည်အားထားကြရပေမည်။ ကျွန်ုပ်တို့သည် လူ့လောကတွင် မြော်မြင်းစွာသောပစ္စည်းများကို မတွေ့မမြင်ရဘဲလျက် မျက်စိအမြင်နှင့် ဆန့်ကျင်နေပါလျက် ယုံကြည်နေကြရသည်ဖြစ်ရာ၊ မိမိတို့ဉာဏ်မမီသောကိစ္စများနှင့် စပ်လျဉ်း၍ ဂျုန္နတ်၊ ဂျဟန္နမ် စသည်များနှင့်စပ်လျဉ်း၍ တမန်တော်မြတ် ဟောကြားတော်မူသည်များကို ယုံကြည်လက်ခံရာတွင် အသို့လျှင် အခက်အခဲရှိနိုင်အံ့နည်း။

① အကယ်တန္တိ (မပြောကောင်း မဆိုအပ်) တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် အချို့သောစကားများကို လုပ်ကြံယိုးစွပ်ပြောဆိုတော်မူခဲ့သည်ရှိသော်၊ သို့တည်းမဟုတ် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များတွင် မိမိဘက်မှ လုပ်ကြံထည့်သွင်းဖြည့်စွက် ပြောကြားတော်မူခဲ့သည်ရှိသော်၊ သို့တည်းမဟုတ် အချို့အာယတ်တော်များကို ထိန်ဝှက်ထားခဲ့သည်ရှိသော် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ပင် ➤➤

وَإِنَّهُۥ لَتَذۡكِرَةٞ لِّلۡمُتَّقِينَ ٤٨

၄၈။ စင်စစ်သော်ကား ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် "မွတ္တကီ" သူတော်စင်တို့အဖို့ ဆုံးမသြဝါဒပင် ဖြစ်ပေသည်။

وَإِنَّا لَنَعۡلَمُ أَنَّ مِنكُم مُّكَذِّبِينَ ٤٩

၄၉။ ၎င်းပြင် ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အနက် (ယင်းကုရ်အာန်ကျမ်းတော်မြတ်)ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သူများလည်း ရှိနေကြောင်း ကောင်းစွာ သိရှိတော်မူသည်။

وَإِنَّهُۥ لَحَسۡرَةٌ عَلَى ٱلۡكَٰفِرِينَ ٥٠

၅၀။ ထို့ပြင် ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်သူတို့နှင့် ပတ်သက်၍ ဝမ်းနည်း ကြေကွဲဖွယ်ရာပင် ဖြစ်သည်။ [၁]

➤➤ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း မလွဲမသွေ အရေးယူကွပ်မျက်တော်မူမည်သာဖြစ်သည်။ ယင်းသို့ အရေးယူတော်မမူပါက အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာခဲ့သော အာယတ်တော်များတွင်ပင် ဗွီဟာသံသယများ ဝင်လာပေမည်၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များသည်ပင်လျှင် ယုံကြည်စိတ်ချဖွယ်ရာ ဖြစ်တော့မည်မဟုတ်ပေ။ သို့ဖြစ်ရလျှင် တရားဟောကြားမှုသည် အသို့လျှင် ဖြစ်နိုင်တော့အံ့နည်း။ ဤသို့ကား အလျှင်းမဖြစ်နိုင်။

မနှိုင်းစကောင်း ဘုရင်တစ်ပါးသည် ပုဂ္ဂိုလ်တစ်ဦးအား ကိုင်းတစ်ပါးသို့ တရားဝင်ခန့်စာပေး၍ သံတမန်အဖြစ် စေလွှတ်အံ့၊ အကယ်တန္တိ ထိုသံတမန်သည် မိမိအား ခန့်အပ်လိုက်သော ဘုရင်နှင့်ပတ်သက်၍ မဟုတ်မမှန် ယိုးစွပ်ပြောဆိုအံ့၊ သို့မဟုတ် မိမိကိုင်းပြည်အပေါ်၌ သစ္စာဖောက်အံ့၊ သို့ဖြစ်လျှင် ထိုဘုရင်သည် ထိုပုဂ္ဂိုလ်အား ချက်ချင်းအရေးယူ၍ ကြီးလေးသော ပြစ်ဒဏ်စီရင်မည်သာဖြစ်အံ့။ သာမန်ဘုရင်တစ်ပါးသည်ပင် မိမိအား သစ္စာဖောက်သော သံတမန်ကို အရေးယူသည်ဖြစ်ရာ၊ အလ္လာဟ်အရှင်မြတ်သည် မိမိခန့်အပ်စေလွှတ်ထားတော်မူသော တမန်တော်တစ်ပါးပါးက အကယ်တန္တိ သစ္စာဖောက်ခဲ့သည်ရှိသော် အသို့လျှင် လျစ်လျူပြုထားတော်မူအံ့နည်း။

ဆိုလိုသည်ကား ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်ထုတ်ပြန်ချမှတ်တော်မူခဲ့သော ကျမ်းဂန်ဓမ္မကွန် အစစ်အမှန်ဖြစ်သည်။ တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းမြတ်တွင် မိမိဘက်မှ တစ်လုံး တစ်ပါဒမျှပင် ထည့်သွင်းဖြည့်စွက်ထားတော်မူသည် အလျှင်းမရှိ။ (ပွင့်လေသမျှ တမန်တော်အပေါင်းတွင် မည်သည့်တမန်တော်တစ်ပါးမျှလည်း မိမိထံသို့ ကျရောက်လာခဲ့သော အာယတ်တော်များတွင် မိမိဘက်မှ တစ်လုံးတစ်ပါဒမျှ ထည့်သွင်း ဖြည့်စွက်ခဲ့ဖူးသည်ဟူ၍လည်း အလျှင်းမရှိ။)

① ကုရ်အာန်ကျမ်းမြတ်သည် (မွတ္တကီ) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသော ပုဂ္ဂိုလ်များအဖို့ အမှန်မုချ အဆုံးအမသြဝါဒတော်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားမှုမရှိသော ကာဖိရ်များမူကား ကုရ်အာန်ကျမ်းမြတ်ဖြင့် အသို့မျှ အကျိုးခံစားနိုင်ကြမည် မဟုတ်သည်သာမက၊ ➤➤

وَإِنَّهُۥ لَحَقُّ ٱلْيَقِينِ ﴿٥١﴾

၅၁။ ထိုမှတစ်ပါး ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် တပ်အပ်သေချာ ထင်ရှားသိမြင်နိုင်သော အမှန်တရားပင် ဖြစ်သည်။

فَسَبِّحْ بِٱسْمِ رَبِّكَ ٱلْعَظِيمِ ﴿٥٢﴾

၅၂။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ ထူးကဲမြင့်မြတ်တော်မူသော၊ အရှင်မြတ်၏(နာမံတော်)ကို စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆို(ချီးမွမ်း)ပါလေ။ [၁]

➤➤ ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍ပင် မဟုတ်မမှန် လုပ်ကြံပြောဆိုကြပေဦးမည်။ သို့ရာတွင် မကြာမီအတွင်းမှာပင် ယင်းသို့သောကာဖိရ်များသည် ကုရ်အာန်ကျမ်းမြတ်နှင့်စပ်လျဉ်း၍ ပြောမှားဆိုမှား ဖြစ်ခဲ့ကြရသည့်အတွက် ကြေကွဲဝမ်းနည်းကြရပေမည်။ နောင်တ ရကြရပေမည်။ အလာကောင်းသော်လည်း အခါနောင်းချေပြီဆိုသကဲ့သို့ အကျိုးကား ရှိမည်မဟုတ်ပေ။

① အချုပ်ဆိုရသော် ကုရ်အာန်ကျမ်းမြတ်သည် မလွဲမသွေ၊ တပ်အပ်သေချာ အထင်သား၊ အမြင်သား၊ အထင်အရှား သိမြင်နိုင်သော အမှန်တရားပင်ဖြစ်သည်။ အသူ အသို့ဆိုဆို အမှန်တရားသည် အမှန်တရားပင်။ သို့ဖြစ်ရာ ယင်းသို့သော ကျမ်းမြတ်ကို နှစ်နှစ်ကာကာ သံသယကင်းစွာ ယုံကြည်ကာ၊ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော ထူးကဲမြင့်မြတ်တော်မူသော အရှင်မြတ်အား အခါမလပ် ဂုဏ်တော်မွန်း၍ နေရာသတည်း။

အဆင့်အတန်းများကဏ္ဍ



ဤကဏ္ဍသည် "အလ်မအာရိဂ်" "အဆင့်အတန်းများ" ကဏ္ဍမည်၏။
မက္ကာမြို့တော်၌ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၄၄)ပါး၊
ရုကူအ်အပိုဒ် (၂)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

سَاَلَ سَآئِلٌۢ بِعَذَابٍ
وَّاقِعٍ ۙ﴿۱﴾
لِّلْكٰفِرِيْنَ لَيْسَ
لَهٗ دَافِعٌ ۙ﴿۲﴾
مِّنَ اللّٰهِ ذِى الْمَعَارِجِ ۚ﴿۳﴾

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင် ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

၁။ တောင်းဆိုသူတစ်ဦးသည် ကျရောက်အံ့သော ပြစ်ဒဏ်ကို တောင်းဆို၏။

၂။ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အပေါ် ဝယ် ယင်းပြစ်ဒဏ်ကို တွန်းလှန် ဖယ်ရှားအံ့သောသူ ဟူ၍ တစ်ဦးတစ်ယောက်မျှပင်မရှိပြီ။ [၁]

၃။ လှေကား အဆင့်အထစ် အဆင့်အတန်းများ ကို ပိုင်ဆိုင်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော် မှ (ကျရောက်မည်)ဖြစ်သော။

---

① တရားတော်များကို ဆက်လက်၍ သွေဖည်ငြင်းဆန်နေကြပါက အနှေးနှင့်အမြန် ကာဖိရ်များထံ ပြစ်ဒဏ် သက်ရောက်လာမည့်အကြောင်း တမန်တော်မြတ်သည် ကာဖိရ်များအား သတိပေးတော်မူလေ့ရှိခဲ့၏။ ထိုအခါ ကာဖိရ်များက ပြက်ရယ်သည့်သဘောဖြင့် ပြစ်ဒဏ်အမြန်ဆိုက်ရောက်ရန် တောင်းဆိုခဲ့ကြ၏။ ကာဖိရ်များသည် ပြစ်ဒဏ်ကို တောင်းဆိုကြသည်ပင်ဖြစ်စေ၊ မတောင်းဆိုကြသည်ပင်ဖြစ်စေ၊ ပြစ်ဒဏ်သည် ၎င်းတို့၌ အမှန်မုချ ဆိုက်ရောက်မည်ပင်ဖြစ်၏။ ပြစ်ဒဏ်ဆိုက်ရောက်လာသည့်အခါ အသူမျှ ကာကွယ်ဖယ်ရှားပေးနိုင်မည်လည်း မဟုတ်ပေ၊ သို့ပါလျက် ယင်းသို့ ပြစ်ဒဏ်ကို တောင်းဆိုခြင်းမှာ ကမ်းကုန်အောင်မိုက်မဲခြင်းပင်။

تَعْرُجُ الْمَلٰٓئِكَةُ وَالرُّوْحُ اِلَيْهِ فِيْ يَوْمٍ كَانَ مِقْدَارُهٗ خَمْسِيْنَ اَلْفَ سَنَةٍ ۚ﴿٤﴾

၄။ မလာအိကဟ် ကောင်းကင်တမန်များသည် လည်းကောင်း၊ (ရုဟ်)အသက်ဇီဝိန်များသည်လည်း ကောင်း၊ ထိုအရှင်မြတ်ထံတော်သို့ တက်ရောက်သွားကြပေသည်။ [၃] အကြင်နေ့တွင် ယင်းနေ့၏ အတိုင်းအတာသည် ဤပစ္စက္ခ၏ နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည်။ [၂]

فَاصْبِرْ صَبْرًا جَمِيْلًا ﴿٥﴾

၅။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ကောင်းမွန်သောခန္တီတရားကိုထားရှိပါလေ။ [၃]

اِنَّهُمْ يَرَوْنَهٗ بَعِيْدًا ﴿٦﴾

၆။ ဧကန်မလွဲ ၎င်းတို့သည် ယင်းပြစ်ဒဏ်နေ့ကို ဝေးသည်ဟု မြင်ကြ၏။

وَّنَرٰىهُ قَرِيْبًا ﴿٧﴾

၇။ ငါအရှင်မြတ်မှာမူ ယင်းပြစ်ဒဏ်နေ့ကို အနီးဌာပင် မြင်နေတော်မူပေသတည်း။ [၄]

---

① ဆိုလိုသည်ကား ကောင်းကင်တမန်များနှင့် မုအ်မင်န်သူတော်စင်တို့၏ အသက်ဇီဝိန်များသည် ကောင်းကင်များကို အဆင့်ဆင့်ကျော်တက်ကာ အလွှာဟ်အရှင်မြတ်၏ထံတော်ပါးသို့ ရောက်ရှိကြကုန်၏။ တစ်နည်း လူသားတို့သည် အလွှာဟ်အရှင်မြတ်၏ အမိန့်တော်များကို ဦးထိပ်ရွက်ပန်ဆင်ကာ ကောင်းမြတ်သော အကျင့်သီလများနှင့် ပြည့်စုံကာ ထံတော်ပါးသို့ ချဉ်းကပ်မှုဆိုင်ရာ နာမ်ပိုင်း အဆင့်အတန်းများကို ကျော်လွန်၍ ထိုအရှင်မြတ်၏ ရှေ့တော်မှောက်သို့ပင် ရောက်ရှိကြ၏။

② ဤအာယတ်တော်တွင်ပါရှိသော နေ့ဟူသည် ကိယာမတ်နေ့ကိုဆိုလိုသည်။ ကိယာမတ်နေ့သည် ဤပစ္စက္ခ၏ အတိုင်းအတာအရဆိုလျှင် နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည်။

ကိယာမတ်နေ့သည် အတိုင်းမသိ ကြောက်မက်ဖွယ်ကောင်းလှပေသည်၊ ထိုနေ့သည် အဘယ်မျှ ရှည်လျားမည်ကို အလွှာဟ်အရှင်မြတ်သာလျှင် အတိအကျ သိရှိတော်မူပေသည်။

ပြစ်မှုသောင်းခြောက်ထောင် ကျူးလွန်ထားကြသော ကာဖိရ်များအဖို့ ကိယာမတ်နေ့သည် အတိုင်းမသိ ရှည်လျားနေမည် ဖြစ်သော်လည်း၊ မုအ်မင်န် သူတော်စင်များအဖို့မှာကား ထိုမျှရှည်လျားသောအချိန်သည်ပင် ဖရသ်ဆွလာတ် တစ်ကြိမ်ဝတ်ပြုရာတွင် အချိန်ကုန်သည်နှင့်အမျှသာ အချိန်ကြာပေမည်။ မုအ်မင်န်များသည် ကာဖိရ်များအလား စိုးရိမ်ကြောင့်ကြ ပူပန်သောက ဖြစ်ကြရမည်လည်း မဟုတ်ပေ။

ကြည့်-ကုရ်အာန်(၂၊၆၂။ ၂၊၂၆၂။ ၃၂၇၄။ ၅၊၁၀၃။ ၂၇၊၈၉။)

③ ကာဖိရ်များသည် ပြက်ရယ်သည့်သဘောဖြင့် ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုနေကြသော်လည်း တမန်တော်မြတ်သည် အလျင်စလိုပြုတော်မမူရာ၊ စိတ်ပျက်တော်မမူရာ၊ ညည်းညူတော်မမူရာ၊ သည်းခံတော်မူရမည်သာ၊ တမန်တော်မြတ်၏ သည်းခံမှုနှင့် ကာဖိရ်များ၏ ပျက်ရယ်မှုသည် မကြာမီ အကောင်အထည်ပေါ်လာမည်သာ။

يَوْمَ تَكُونُ السَّمَاءُ كَالْمُهْلِ ﴿٨﴾

၈။ (ယင်းပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်အံ့၊) ထိုနေ့တွင် မိုးကောင်းကင်မှာ ဆီအနည်အရည်ကျိုထားသော (ကြေးနီ၊ ကြေးဝါ၊ ငွေစသည့်) တွင်းထွက်သတ္တုကဲ့သို့ ဖြစ်သွားပေမည်။

وَتَكُونُ الْجِبَالُ كَالْعِهْنِ ﴿٩﴾

၉။ ၎င်းပြင် တောင်များမှာ အရောင်ဆိုးထားသော သိုးမွေးများကဲ့သို့ ဖြစ်သွားပေမည်။

وَلَا يَسْـَٔلُ حَمِيمٌ حَمِيمًا ﴿١٠﴾

၁၀။ ၎င်းပြင် အဆွေခင်ပွန်း တစ်ဦးတစ်ယောက် ကမျှပင် မည်သည့်အဆွေခင်ပွန်းကိုမျှပင် မေးမြန်းမည် မဟုတ်ပေ။

يُبَصَّرُونَهُمْ ۚ يَوَدُّ الْمُجْرِمُ لَوْ يَفْتَدِي مِنْ عَذَابِ يَوْمِئِذٍ بِبَنِيهِ ﴿١١﴾

၁၁။ (စင်စစ်) ၎င်းတို့သည် အချင်းချင်း ပြသခြင်းကိုလည်းခံကြရပေမည်။ (ထိုနေ့တွင်) အပြစ်ရှိသော သူသည် ထိုနေ့၏ပြစ်ဒဏ်မှ (လွတ်မြောက်ရန်) မိမိသားများအားလည်းကောင်း၊

وَصَاحِبَتِهِ وَأَخِيهِ ﴿١٢﴾

၁၂။ မိမိကြင်ဖော်အားလည်းကောင်း၊ မိမိညီအစ်ကိုများအားလည်းကောင်း၊

وَفَصِيلَتِهِ الَّتِي تُؤْوِيهِ ﴿١٣﴾

၁၃။ မိမိအား ခိုလှုံနေထိုင်ရာနေရာပေးသောဆွေမျိုးသားချင်းကိုလည်းကောင်း၊

وَمَنْ فِي الْأَرْضِ جَمِيعًا ثُمَّ يُنْجِيهِ ﴿١٤﴾

၁၄။ ပထဝီမြေဝယ် ရှိကုန်သောသူ အားလုံးတို့အားလည်းကောင်း၊ အစားထိုး လျော်ကြေးပေးပြီးနောက် ထိုလျော်ကြေးသည် မိမိအား လွတ်မြောက်စေလျှင်ကောင်းလေစွဟု အာသာဆန္ဒရှိပေမည်။

---

⑨ ကိယာမတ်နေ့နှင့်စပ်လျဉ်း၍ ကာဖိရ်များက ဤသည်မဖြစ်နိုင်၊ ဉာဏ်မမီ၊ အသိဉာဏ်နှင့် အလွန်ကွာဝေးသည်ဟု ထင်မှန်နေကြသည်။ အမှန်မှာ ကိယာမတ်သည် မဖြစ်နိုင်သော အရာလည်းမဟုတ်၊ ဉာဏ်မမီသောအရာလည်းမဟုတ်၊ အသိဉာဏ်နှင့် အလွန်ကွာဝေးသည်လည်း မဟုတ်၊ ကိယာမတ်သည် အမှန်ဖြစ်မည်၊ မုချဖြစ်မည်၊ မကြာမီဖြစ်တော့မည်။ မဝေးလှတော့ပြီ၊ နီးကပ်လျက်ရှိချေပြီ။

⑩ ဤအာယတ်တော်တွင်ပါရှိသော "ဖဆွီလဟ်" ဟူသောပုဒ်ကို ပညာရှင်များသည် မျိုးနွယ်ဟူ၍လည်းကောင်း၊ သားချင်းဟူ၍လည်းကောင်း၊ မိခင်ဟူ၍လည်းကောင်း အမျိုးမျိုးအနက်ဖွင့်ဆိုကြသည်။ ကြည့်-ဣဗ်နကဆီရ်။

كَلَّآ إِنَّهَا لَظَىٰ ﴿١٥﴾

၁၅။ (ထိုသို့) အလျှင်း မဖြစ်နိုင်ပေ။ ဧကန်စင်စစ် ယင်း(ငရဲမီး)မှာ ဟုန်းဟုန်းတောက်လျက်ရှိသော

نَزَّاعَةً لِّلشَّوَىٰ ﴿١٦﴾

၁၆။ အရေကို ခွာပစ်အံ့သော မီးတောက်မီးလျှံပင် ဖြစ်ပေသည်။

تَدْعُوا مَنْ أَدْبَرَ وَتَوَلَّىٰ ﴿١٧﴾

၁၇။ ယင်းမီးကား (လောကီဘဝ၌ အီမာန်သက်ဝင် ယုံကြည်ခြင်းမပြုဘဲ) မျက်နှာလွှဲ ကျောခိုင်း၍ ထွက် သွားခဲ့သော၊

وَجَمَعَ فَأَوْعَىٰ ﴿١٨﴾

၁၈။ (ပစ္စည်းဥစ္စာ) စုဆောင်း၍ လုံခြုံစွာ သိုမှီး ထိန်းသိမ်းခဲ့သောသူများအား ခေါ်ယူပေမည်။ ①

إِنَّ الْإِنسَانَ خُلِقَ هَلُوعًا ﴿١٩﴾

၁၉။ စင်စစ်ဧကန် "မနုဿ" လူသားမှာ လွန်စွာ စိတ်စောသူ၊ သည်းမခံနိုင်သောသူအဖြစ် ဖန်ဆင်း ခြင်းကို ခံခဲ့ရလေ၏။

إِذَا مَسَّهُ الشَّرُّ جَزُوعًا ﴿٢٠﴾

၂၀။ ၎င်း၌ဘေးဒုက္ခသက်ရောက်သောအခါ လွန်စွာ ညည်းညူတတ်သူ ဖြစ်၏။

وَإِذَا مَسَّهُ الْخَيْرُ مَنُوعًا ﴿٢١﴾

၂၁။ သို့ရာတွင် ၎င်း၌ ချောင်လည်မှု ကောင်းစားမှု သက်ရောက်သောအခါ လွန်စွာ တွန့်တိုစေးနဲတတ်သူ ဖြစ်၏။ ②

---

① လူလောကတွင်ရှိစဉ် အမှန်တရားကိုကျောခိုင်းခဲ့သော၊ အမိန့်တော်ကို ဆွေဖည်ခဲ့သော၊ လောဘရမ္မက်ကြီးစွာဖြင့် ဥစ္စာပစ္စည်း စုဆောင်း၍ သိုလှောင်ထိမ်းသိမ်းခဲ့သော ကာဖိရ်များကို ကိယာမတ်နေ့တွင် ဂျဟန္နမ်ငရဲကပင် တစ်ဦးချင်းခေါ်ယူပေမည်။ မြေမှ တိရစ္ဆာန်များ အစာကောက်ယူသကဲ့သို့ ငရဲသည် သက်ဆိုင်ရာတို့အား ကောက်ယူပေမည်။ ငရဲကား ကြောက်ဖွယ်ပါတကား၊ ကြည့်-အွတ်ဆ်မာနီ၊ ဂျမ်နကဆီရ်။

② ဤအာယတ်တော်တွင်ပါရှိသော "လူသား" ဟူသည် ကာဖိရ်ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်လူသား၏အကြောင်း နောက်တွင် တစ်ဆက်တည်း မုအ်မင်နဲများ၏ အကြောင်းကို မိန့်ဆိုထားတော်မူသည်။

ကာဖိရ်သည် အလွန်စိတ်စောသည်၊ သတ္တိကြောင်သည်၊ သည်းမခံနိုင်၊ ဤသည် စိတ်စောမှု၊ သတ္တိကြောင်မှု၊ သည်းမခံနိုင်မှုသည် မူလဇီဇ သဘာဝအလျောက်မဟုတ်၊ ယင်း၏စေတနာအလျောက် ရွေးချယ် ပြုလုပ်မှု၊ ဆည်းပူးမှု၏ အကျိုးဆက်ပင်ဖြစ်သည်။ ကာဖိရ်သည် ဘေးဒုက္ခဖြစ်လျှင် အတိုင်းထက်အလွန် ညည်းညူတတ်သည်။ သုခချမ်းသာဖြစ်လျှင် တစ်ပြားတစ်ခြမ်းမျှ မလှူဒါန်းလိုပေ၊ လွန်စွာစေးနဲသည်။ ➤➤

إِلَّا الْمُصَلِّينَ ﴿٢٢﴾

၂၂။ သို့ရာတွင် "ဆွေလာတ်" ဝတ်ပြုသူတို့မှာမူ ကား (ထိုကဲ့သို့ မဟုတ်ကြချေ။)

الَّذِينَ هُمْ عَلَىٰ صَلَاتِهِمْ دَائِمُونَ ﴿٢٣﴾

၂၃။ အကြင်("ဆွေလာတ်" ဝတ်ပြုသူ)တို့သည် မိမိတို့၏"ဆွေလာတ်"ဝတ်ပြုမှုပေါ်၌ စွဲမြဲလျက် ရှိကြကုန်၏။

وَالَّذِينَ فِي أَمْوَالِهِمْ حَقٌّ مَّعْلُومٌ ﴿٢٤﴾

၂၄။ ၎င်းပြင် အကြင်("ဆွေလာတ်"ဝတ်ပြု)သူတို့သည် ၎င်းတို့၏ပစ္စည်းဥစ္စာများ၌ သိရှိသတ်မှတ်ပြီးဖြစ်သော အခွင့်အရေးသည်ရှိပေ၏။

لِّلسَّائِلِ وَالْمَحْرُومِ ﴿٢٥﴾

၂၅။ တောင်းရမ်းသောသူ၏အဖို့လည်းကောင်း၊ (သိက္ခာကိုစောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်းမပြုသောသူ၏အဖို့လည်းကောင်း၊

وَالَّذِينَ يُصَدِّقُونَ بِيَوْمِ الدِّينِ ﴿٢٦﴾

၂၆။ ထို့ပြင် အကြင်(ဆွေလာတ်ဝတ်ပြု)သူတို့သည် အစားပေးမည့်နေ့ကို ဟုတ်မှန်သည်ဟု ယုံကြည်ထောက်ခံကြကုန်၏။

وَالَّذِينَ هُم مِّنْ عَذَابِ رَبِّهِم مُّشْفِقُونَ ﴿٢٧﴾

၂၇။ ထို့ပြင် အကြင်(ဆွေလာတ်ဝတ်ပြု)သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်လျက် ရှိကြကုန်၏။

إِنَّ عَذَابَ رَبِّهِمْ غَيْرُ مَأْمُونٍ ﴿٢٨﴾

၂၈။ စင်စစ်ဧကန် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်မှာ စိုးရိမ်ခြင်းကင်းစွာနေထိုင်နိုင်သော အရာမဟုတ်ပြီ။

وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ ﴿٢٩﴾

၂၉။ ၎င်းပြင် အကြင်(ဆွေလာတ်ဝတ်ပြု)သူတို့သည် မိမိတို့၏အရှက်အင်္ဂါများကို ထိန်းသိမ်းကြကုန်၏။

➤➤ ဤသည် ကာဖိရ်၏အကျင့်အမူပင်၊ စရိုက်ပင်။ ရှေ့တွင် မုအ်မင်န်များ၏ ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်။ ကြည့်-မာဂျိဒီ။

إِلَّا عَلَىٰٓ أَزْوَٰجِهِمْ أَوْ مَا مَلَكَتْ أَيْمَٰنُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ ﴿٣٠﴾

၃၀။ မိမိတို့၏ ဇနီးမိန်းမများမှတစ်ပါး၊ သို့တည်းမဟုတ် မိမိတို့၏လက်ယာလက်များက ပိုင်ဆိုင်သော (တရားဝင်) ကျွန်မိန်းမများမှတစ်ပါး၊ အကြောင်းသော်ကား (မိမိတို့၏ ဇနီးမိန်းမများနှင့်သော်လည်းကောင်း၊ တရားဝင်ကျွန်မိန်းမများနှင့်သော်လည်းကောင်း၊ ကာယသံသဂ္ဂ ပြုခြင်းအားဖြင့်) ၎င်းတို့မှာကဲ့ရဲ့ပြစ်တင်ခြင်း ခံထိုက်သောသူများ မဟုတ်သောကြောင့်ပင်။

فَمَنِ ٱبْتَغَىٰ وَرَآءَ ذَٰلِكَ فَأُو۟لَٰٓئِكَ هُمُ ٱلْعَادُونَ ﴿٣١﴾

၃၁။ သို့ရာတွင် ထို(ဇနီးမိန်းမများ သို့မဟုတ် တရားဝင် ကျွန်မိန်းမများ)မှတစ်ပါးကို တောင့်တရှာဖွေကြကုန်သောသူများမှာကား (တရားတော်၏) စည်းကမ်းကို ဖောက်ဖျက် ကျူးလွန်သောသူများပင် ဖြစ်ကြကုန်၏။

وَٱلَّذِينَ هُمْ لِأَمَٰنَٰتِهِمْ وَعَهْدِهِمْ رَٰعُونَ ﴿٣٢﴾

၃၂။ ထို့ပြင် အကြင်(ဆွလာတ်ဝတ်ပြု)သူတို့သည် မိမိတို့ ယုံကြည်လွှဲအပ်ခြင်းခံကြရသည်တို့ကိုလည်းကောင်း၊ မိမိတို့၏ ကတိဝန်ခံချက်များကိုလည်းကောင်း၊ စောင့်စည်း ထိန်းသိမ်းသူများပင် ဖြစ်ကြကုန်၏။

وَٱلَّذِينَ هُم بِشَهَٰدَٰتِهِمْ قَآئِمُونَ ﴿٣٣﴾

၃၃။ ထို့ပြင် အကြင်(ဆွလာတ်ဝတ်ပြု)သူတို့သည် မိမိတို့၏ သက်သေခံချက်များကို တိကျမှန်ကန်စွာ ထွက်ဆိုကြကုန်၏။

وَٱلَّذِينَ هُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٣٤﴾

၃၄။ ထိုမှတစ်ပါး အကြင်(ဆွလာတ်ဝတ်ပြု)သူတို့သည် မိမိတို့၏ "ဆွလာတ်"ဝတ်ပြုမှုကို အမြဲမပြတ် စောင့်ထိန်းကြကုန်၏။

أُولَٰئِكَ فِي جَنَّاتٍ مُّكْرَمُونَ ﴿٣٥﴾

၃၅။ ထိုသူတို့ကား "ဂျန္နတ်" သုခဘုံများဝယ် ဂုဏ်အသရေရှိစွာ စံစားကြရကုန်အံ့သတည်း။ ၁

فَمَالِ الَّذِينَ كَفَرُوا قِبَلَكَ مُهْطِعِينَ ﴿٣٦﴾

၃၆။ သို့ဖြစ်ပေရာ ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့သည် မည်သည့်အကြောင်းကြောင့် အသင့်ဘက်သို့ လျှင်မြန်စွာ ပြေးလာလျက်ရှိကြသနည်း။

عَنِ الْيَمِينِ وَعَنِ الشِّمَالِ عِزِينَ ﴿٣٧﴾

၃၇။ လက်ယာဘက်မှလည်းကောင်း၊ လက်ဝဲဘက်မှလည်းကောင်း၊ အဖွဲ့လိုက်၊ အဖွဲ့လိုက်၊

أَيَطْمَعُ كُلُّ امْرِئٍ مِّنْهُمْ أَن يُدْخَلَ جَنَّةَ نَعِيمٍ ﴿٣٨﴾

၃၈။ ၎င်းတို့အနက် လူတိုင်းသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံလျက်ရှိသော ဂျန္နတ်သုခဘုံသို့ ဝင်ရောက်ရန် အလိုရမ္မက် ရှိလေသလော။ ၂

---

① ဤအာယတ်တော်တွင် မုအ်မင်န်များ၏ ဂုဏ်ရည်(၈)ခုကို အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ဆွလာတ်ဝတ်ပြုမှုမှ စတင်တော်မူသည်၊ ဆွလာတ်ဝတ်ပြုမှုနှင့်ပင် အဆုံးသတ်ထားတော်မူသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ဆွလာတ်ဝတ်ပြုမှုသည် အဘယ်မျှ အရေးကြီးလှသည်ကို ကောင်းစွာသိနိုင်ပေသည်။ သင်းသည့် ဂုဏ်ရည်များနှင့်ပြည့်စုံသော မုအ်မင်န်တစ်ဦးသည် ကာဖိရ်အလား အသို့လျှင် သတ္တိကြောင်အံ့နည်း၊ စိတ်စောနိုင်အံ့နည်း၊ အသို့လျှင် သည်းမခံဘဲရှိနိုင်အံ့နည်း၊ အသို့လျှင် စေးနဲနိုင်အံ့နည်း။ မုအ်မင်န်သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ သစ္စာရှိသည်၊ ဆွလာတ်ဝတ်ပြုမှုကို မှန်ကန်တိကျစွာ စောင့်စည်းသည်၊ ဆင်းရဲသူဆင်းရဲသားတို့အား ပေးကမ်းလှူဒါန်းသည်၊ ကျိုး-ပြစ် စီရင်မည့် ကိယာမတ်နေ့ကို ယုံကြည်ထောက်ခံသည်။ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကို အခါခပ်သိမ်း ကြောက်ရွံ့ကာနေသည်၊ မိမိ၏ ကာယိန္ဒြေကို ထိန်းသိမ်းသည်၊ မိမိထံ အပ်နှံထားသောအရာကို သက်ဆိုင်ရာတို့အား ရိုးသားစွာ ပြန်အပ်သည်၊ ကတိတည်သည်၊ သက်သေထွက်ဆိုရန်ရှိက ရိုးသားဖြောင့်မတ် မှန်ကန်စွာ ထွက်ဆိုသည်။ ဤသည် မုအ်မင်န်၏ ဂုဏ်ရည်များပင်။ ယင်းသို့သောဂုဏ်ရည်များနှင့် ပြည့်စုံသော မုအ်မင်န်များသည် ဂျန္နတ်သုခဘုံများတွင် ဂုဏ်ရှိရှိ သိက္ခာရှိရှိ စံစားကြရမည်ပင်။

② ဆိုလိုသည်ကား တမန်တော်မြတ်က ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်၍ ဂျန္နတ်နှင့် ဂျဟန္နမ်အကြောင်း ဟောကြားတော်မူသည့်အခါ ကာဖိရ်များသည် တမန်တော်မြတ်ထံသို့ အုပ်စုဖွဲ့ကာ ပြေး၍လာကြသည်။ ၎င်းနောက် ပြက်ရယ်သမ္မပြုကြသည်။ ကာဖိရ်များသည် တစ်ဘက်တွင် ကုရ်အာန်ကျမ်းလာ တရားတော်များကို ပြက်ရယ်ပြုကြသည်၊ အခြားတစ်ဘက်တွင် ဂျန္နတ်ကိုလည်း မျော်မှန်းကြသည်။ ကြည့်-ကုရ်အာန်(၄၁း၅၀)

အလ္လာဟ်အရှင်မြတ်အား အသက်ထက်ဆုံး ပုန်ကန်နေသော ကာဖိရ်များက ထိုအရှင်၏ ဂျန္နတ် ဥယျာဉ်မြတ်ကို မျှော်မှန်းခြင်းမှာ လားလားမျှ မစပ်အပ်သောအရာကို မျှော်မှန်းခြင်းပင်၊ ကာဖိရ်နှင့် ဂျန္နတ် အဘယ်မှာလျှင် ဆက်စပ်ရအံ့နည်း။

كَلَّآ إِنَّا خَلَقْنَٰهُم مِّمَّا
يَعْلَمُونَ ﴿٣٩﴾

၃၉။ အလျှင်းမဟုတ်၊ ဧကန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့ သိရှိကြသောအရာဖြင့် (ပင်) ဖန်ဆင်းထားတော်မူသည်။

فَلَآ أُقْسِمُ بِرَبِّ ٱلْمَشَٰرِقِ
وَٱلْمَغَٰرِبِ إِنَّا لَقَٰدِرُونَ ﴿٤٠﴾

၄၀။ သို့ဖြစ်ပေရာ နေထွက်ရာအရပ်များကိုလည်းကောင်း၊ နေဝင်ရာ အရပ်များကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော ငါအရှင်မြတ်သည် ကျိန်ဆို၍ မိန့်ကြားတော်မူ၏။ ဧကန်မလွဲ ငါအရှင်မြတ်သည် တတ်စွမ်းနိုင်တော်မူသော အရှင်မြတ်ပင်။ ①

عَلَىٰٓ أَن نُّبَدِّلَ خَيْرًا مِّنْهُمْ
وَمَا نَحْنُ بِمَسْبُوقِينَ ﴿٤١﴾

၄၁။ ၎င်းတို့၏အစား ၎င်းတို့ထက်သာလွန်မြင့်မြတ်သောသူအား လဲလှယ်တော်မူရန်။ စင်စစ်သော်ကား ငါအရှင်မြတ်သည် မစွမ်းဆောင်နိုင်တော်မူသောအရှင်မြတ် မဟုတ်ပေ။

فَذَرْهُمْ يَخُوضُوا۟ وَيَلْعَبُوا۟ حَتَّىٰ
يُلَٰقُوا۟ يَوْمَهُمُ ٱلَّذِى
يُوعَدُونَ ﴿٤٢﴾

၄၂။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့အား မိမိတို့ချိန်းဆိုခြင်း ခံကြရလေသောနေ့နှင့် ရင်ဆိုင်တွေ့ဆုံကြသည်အထိ အချည်းနှီးသောစကားများ ပြောဆိုကြလျက်ရှိကြရန်လည်းကောင်း၊ ကစားခုန်စားလျက် ရှိကြရန်လည်းကောင်း၊ စွန့်ထားပါလေ။

---

① ဆိုလိုသည်ကား နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲလျက်ရှိ၏။ ဤသည်အထင်အရှားပင်။ ဤသည် အလွှာဟ်အရှင်မြတ်၏ စီစဉ်ဖန်တီးမှုပင်။ နေထွက်ရာ အရပ်နှင့် နေဝင်ရာအရပ်ကို နေ့စဉ်နှင့်အမျှ ပြောင်းလဲပေးတော်မူသော အရှင်မြတ်သည် ဤပစ္စက္ခမှာပင် လက်ရှိ ကာဖိရ်များ၏နေရာတွင် ၎င်းတို့ထက် အဘက်ဘက်မှ ကောင်းမွန်မြင့်မြတ်သောသူများကိုလည်း ဖန်ဆင်းတော်မူနိုင်ပေသည်။ မက္ကာမြို့သား ကုရိုက်ရှ်မျိုးနွယ်၏နေရာတွင် မဒီနာမြို့မှ "အန်ဆာရ်" ထွန်းကားလာခဲ့ကြသည်မှာလည်း ဤအာယတ်တော်၏ လက်တွေ့အထောက်အထားတစ်ရပ်ပင်။

နေထွက်ရာအရပ်များ၊ နေဝင်ရာအရပ်များအကြောင်း ကုရ်အာန်(၃၇:၅)တွင် ပါရှိခဲ့ချေပြီ၊ သက်ဆိုင်ရာအဖွင့်များကိုလည်း ရေးသားခဲ့ပေပြီ။ ကုရ်အာန်(၅၅:၁၇)၏အဖွင့်တွင်လည်း ဤအကြောင်းကို ရေးသားခဲ့ပေပြီ။ ပြန်လည်ရှုပါကုန်။

يَوْمَ يَخْرُجُونَ مِنَ الْأَجْدَاثِ سِرَاعًا كَأَنَّهُمْ إِلَىٰ نُصُبٍ يُوفِضُونَ ﴿٤٣﴾
خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ۚ ذَٰلِكَ الْيَوْمُ الَّذِي كَانُوا يُوعَدُونَ ﴿٤٤﴾

၄၃။ ၎င်းတို့သည် ပူဇော်ပသရာသို့ ပြေးဝင်နေကြ ဘိသကဲ့သို့ပင် သချိုင်းများမှထွက်၍ လျင်မြန်စွာ ပြေးကြအံ့သောနေ့နှင့်၊

၄၄။ ၎င်းတို့၏ မျက်စိများမှာ အောက်သို့စိုက်၍ နေကြပေမည်။ ဂုဏ်ရည်သိမ်ဖျင်းမှုသည် ၎င်းတို့အား ဖုံးလွှမ်းလျက် ရှိပေမည်။ ထိုသည် ၎င်းတို့ချိန်းဆိုခြင်း ခံခဲ့ရသောနေ့ပင် ဖြစ်ပေသတည်း။ [၁]

---

① ဆိုလိုသည်ကား ပြန်လည်ရှင်ပြန်ထကြရမည့်အကြောင်း၊ ကိယာမတ်နေ့တွင် ကျိုးပြစ်ခံ၊ စံကြရမည့်အကြောင်း နှင့်စပ်လျဉ်း၍ အထောက်အထားများ အထင်အရှား ရှိနေပါလျက် ကာဖိရ်များ မလိုမုန်းတီး၍ သွေဖည်ငြင်းဆန် နေကြပါက၊ တမန်တော်မြတ်သည် ယင်းသို့သော ကာဖိရ်များအား မလွှမရှောင်သာ စွန့်ထားတော်မူရမည်သာ။ ၎င်းတို့သည် မကြာမီအတွင်း ချိန်းချက်ထားသော ကိယာမတ်နေ့နှင့် ရင်ဆိုင်တွေ့ကြရပေမည်။ ထိုအခါ မိမိတို့ ဓွတ်မိတ်ငြင်းဆိုခဲ့ကြသော ကိယာမတ်နေ့၏အကြောင်း ကောင်းကောင်းကြီး သိရှိသွားကြပေမည်။ ဤသည့်သဘော ကုရ်အာန်ကျမ်းမြတ်တွင် အကြိမ်ကြိမ်ပါရှိသည်။ ကြည့်-ကုရ်အာန်(၃၆း၅၁-၆၇)။

တမန်တော် နူဟ် ကဏ္ဍ

سُوْرَةُ نُوْحٍ

ဤကဏ္ဍသည်တမန်တော်နူဟ်ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၂၈)ပါး၊ ရုကူအ် (၂)ပိုဒ်အသီးသီးပါရှိ၏။

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင် ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ ဧကန်စင်စစ် ငါအရှင်မြတ်သည် (နဗီတမန်တော်)နူဟ်အား ၎င်း၏အမျိုးသားတို့ထံ စေလွှတ်တော်မူခဲ့၏။ အသင်သည် မိမိအမျိုးသားတို့အား၊ ၎င်းတို့ထံ နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ် ဆိုက်ရောက်၍မလာမီ သတိပေးပါလေ။

اِنَّآ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖٓ اَنْ اَنْذِرْ قَوْمَكَ مِنْ قَبْلِ اَنْ يَّاْتِيَهُمْ عَذَابٌ اَلِيْمٌ ①

၂။ ထို(နဗီတမန်တော်)နူဟ်က ပြောကြားခဲ့သည်မှာ- မိမိအမျိုးသားတို့အား "အို-ငါ၏အမျိုးသားတို့၊ ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ထင်ရှားစွာသတိပေး နှိုးဆော်သူဖြစ်သည်။

قَالَ يٰقَوْمِ اِنِّيْ لَكُمْ نَذِيْرٌ مُّبِيْنٌ ②

၃။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်၊ အသင်တို့သည် ထိုအရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်၊ အသင်တို့သည် ငါ၏အမိန့်ကို နာခံကြလေကုန်။

اَنِ اعْبُدُوا اللّٰهَ وَاتَّقُوْهُ وَاَطِيْعُوْنِ ③

၄။ ထိုအရှင်မြတ်သည် အသင်တို့၏ပြစ်မှုဒုစရိုက်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူမည့်ပြင် ထိုအရှင်မြတ်သည် အသင်တို့အား သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးတော်မူပေမည်။

يَغْفِرْ لَكُمْ مِّنْ ذُنُوْبِكُمْ وَيُؤَخِّرْكُمْ اِلٰٓى اَجَلٍ مُّسَمًّى ۭ اِنَّ اَجَلَ اللّٰهِ

إِذَا جَآءَ لَا يُؤَخَّرُ ۖ لَوْ كُنتُمْ تَعْلَمُونَ ﴿٤﴾

မလွဲဧကန် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းတော်မူသောအချိန်ကာလသည် ဆိုက်ရောက်လာသောအခါ ရွှေ့ဆိုင်း၍ရမည် မဟုတ်ပေ။ အကယ်၍ အသင်တို့သည် (ဤသည်ကို) သိရှိကြပါလျှင် ကောင်းလေစွတကား။"

قَالَ رَبِّ إِنِّي دَعَوْتُ قَوْمِي لَيْلًا وَنَهَارًا ﴿٥﴾

၅။ (ထို့နောက်) ထို(နဗီတမန်တော် "နူဟ်")သည် (ဤသို့)လျှောက်ထားခဲ့၏။ အို-ကျွန်တော်မျိုး၏အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် မိမိအမျိုးသားတို့အား နေ့ည၌ (မပြတ်) ဖိတ်ခေါ်ခဲ့ပါ၏။

فَلَمْ يَزِدْهُمْ دُعَآءِي إِلَّا فِرَارًا ﴿٦﴾

၆။ သို့တစေလည်း ကျွန်တော်မျိုး၏ဖိတ်ခေါ်ချက်သည် ၎င်းတို့၌ ထွက်ပြေးတိမ်းရှောင်မှုကိုသာလျှင် တိုးတက်စေခဲ့ပါ၏။

وَإِنِّي كُلَّمَا دَعَوْتُهُمْ لِتَغْفِرَ لَهُمْ جَعَلُوٓا۟ أَصَٰبِعَهُمْ فِيٓ ءَاذَانِهِمْ وَٱسْتَغْشَوْا۟ ثِيَابَهُمْ وَأَصَرُّوا۟ وَٱسْتَكْبَرُوا۟ ٱسْتِكْبَارًا ﴿٧﴾

၇။ ထိုမှတစ်ပါး အရှင်မြတ်သည် ၎င်းတို့အား ခွင့်လွှတ်တော်မူအံ့သောငှာ မည်သည့်အခါမျိုးမဆို ကျွန်တော်မျိုးသည် ၎င်းတို့အား ဖိတ်ခေါ်ခဲ့ပါလျှင် ၎င်းတို့သည် မိမိတို့၏လက်ချောင်းများကို မိမိတို့နားများ၌ ထည့်သွင်းထားခဲ့ကြပါ၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏အဝတ်များကို (မိမိတို့ကိုယ်များပေါ်၌) လွှမ်းခြုံ ဖုံးအုပ်ထားခဲ့ကြပါ၏။ ထို့ပြင် ၎င်းတို့သည် (မိမိတို့၏ သွေဖည်ငြင်းပယ်မှုပေါ်၌) ဇွတ်မှိတ်၍သာ နေခဲ့ကြသည့်ပြင် လွန်စွာ မာန်မာနထောင်လွှားခြင်းကိုလည်း ပြုခဲ့ကြပါ၏။

ثُمَّ إِنِّي دَعَوْتُهُمْ جِهَارًا ﴿٨﴾

၈။ ထို့နောက် ကျွန်တော်မျိုးသည် စင်စစ်ဧကန် ၎င်းတို့အား အသံကျယ်စွာ ဖိတ်ခေါ်ခဲ့ပါ၏။

ثُمَّ إِنِّي أَعْلَنتُ لَهُمْ
وَأَسْرَرْتُ لَهُمْ إِسْرَارًا ۝٩

၉။ ထို့နောက် အမှန်စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့အား ပွင့်လင်းထင်ရှားစွာ ကြေညာ၍လည်း ဖိတ်ခေါ်ခဲ့ပါ၏။ ထိုမှတစ်ပါး ကျွန်တော်မျိုးသည် ၎င်းတို့အား လျှို့ဝှက်စွာဖိတ်ခေါ်မှုလည်း ပြုခဲ့ပါ၏။

فَقُلْتُ اسْتَغْفِرُوا رَبَّكُمْ إِنَّهُ
كَانَ غَفَّارًا ۝١٠

၁၀။ ထိုကဲ့သို့ ဖိတ်ခေါ်ရာတွင် (၎င်းတို့အား ဤသို့) ပြောကြားခဲ့ပါ၏။ (အချင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံကြလေကုန်။

မလွဲမကန် ထိုအရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသောအရှင် ဖြစ်တော်မူ၏။

يُرْسِلِ السَّمَاءَ عَلَيْكُم
مِّدْرَارًا ۝١١

၁၁။ ထိုအရှင်မြတ်သည် အသင်တို့အပေါ်ဝယ် မြောက်မြားစွာ ရွာသွန်းသောမိုးကို စေလွှတ်တော်မူပေမည်။

وَيُمْدِدْكُم بِأَمْوَالٍ
وَبَنِينَ وَيَجْعَل
لَّكُمْ جَنَّاتٍ وَيَجْعَل
لَّكُمْ أَنْهَارًا ۝١٢

၁၂။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား ပစ္စည်းဥစ္စာများ (ချီးမြှင့်တော်မူခြင်းအား)ဖြင့်လည်းကောင်း၊ သား(သမီး)များ (ချီးမြှင့်တော်မူခြင်းအား) ဖြင့်လည်းကောင်း၊ စောင်မ ကူညီတော်မူပေမည်။ ထို့ပြင် အသင်တို့အဖို့ ဥယျာဉ်များကို ဖန်ဆင်း၍ ပေးသနားတော်မူသည့်ပြင် အသင်တို့အဖို့ ချောင်းများကိုလည်း စီးတွေစေတော်မူပေမည်။

مَّا لَكُمْ لَا تَرْجُونَ
لِلَّهِ وَقَارًا ۝١٣

၁၃။ အသင်တို့၌ မည်သည့် အကြောင်းရှိ၍ အလ္လာဟ်အရှင်မြတ်၏ ထူးကဲမြင့်မြတ်မှုကို မယုံကြည်ကြသနည်း။

وَقَدْ خَلَقَكُمْ أَطْوَارًا ﴿١٤﴾

၁၄။ စင်စစ်ဧကန် ထိုအရှင်မြတ်သည် အသင်တို့အား (ရုပ်ဆင်းသဏ္ဌာန်) အမျိုးမျိုးနှင့်၊ နည်းအမျိုးမျိုး(ပြောင်း၍ အဆင့်ဆင့်)ဖန်ဆင်းတော်မူခဲ့၏။

أَلَمْ تَرَوْا كَيْفَ خَلَقَ اللَّهُ سَبْعَ سَمَاوَاتٍ طِبَاقًا ﴿١٥﴾

၁၅။ အလ္လာဟ်အရှင်မြတ်သည် မိုးခုနစ်ခုကို မည်သို့မည်ပုံ အထပ်ထပ် ဖန်ဆင်းတော်မူခဲ့သည်ကို အသင်တို့သည် လေ့လာဆင်ခြင် တွေ့မြင်ခဲ့ကြသည် မဟုတ်လော။

وَجَعَلَ الْقَمَرَ فِيهِنَّ نُورًا وَجَعَلَ الشَّمْسَ سِرَاجًا ﴿١٦﴾

၁၆။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းမိုးများ၌ "လ"ကို လင်းရောင်ခြည် ဖြစ်စေတော်မူခဲ့၏။ ထို့ပြင် "နေ"ကို မီးရှူးမီးတိုင် ပြုလုပ်တော်မူခဲ့၏။

وَاللَّهُ أَنْبَتَكُمْ مِنَ الْأَرْضِ نَبَاتًا ﴿١٧﴾

၁၇။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အထူးနည်းမျိုးနှင့် မြေဖြင့်ဖန်ဆင်းတော်မူခဲ့၏။

ثُمَّ يُعِيدُكُمْ فِيهَا وَيُخْرِجُكُمْ إِخْرَاجًا ﴿١٨﴾

၁၈။ ထို့နောက်တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့အား ယင်းပထဝီမြေထဲသို့ပင် ပြန်ရောက်စေတော်မူပေမည်။ ထို့နောက်တစ်ဖန် အသင်တို့အား (ယင်းမြေထဲမှ) အပြင်သို့ ထွက်စေတော်မူပေမည်။

وَاللَّهُ جَعَلَ لَكُمُ الْأَرْضَ بِسَاطًا ﴿١٩﴾

၁၉။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့အကျိုးငှာ ပထဝီမြေကို အခင်းအကျင်း ပြုလုပ်တော်မူခဲ့၏။

لِتَسْلُكُوا مِنْهَا سُبُلًا فِجَاجًا ﴿٢٠﴾

၂၀။ သို့မှသာလျှင် အသင်တို့သည် ယင်းပထဝီမြေ၏ လမ်းကျယ်များဝယ် သွားလာနိုင်ကြကုန်အံ့သတည်း။ ③

---

③ တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအား နှစ်ပေါင်း(၉၅၀)တိုင်တိုင် နေ့ည၌မပြတ် တရားဟောကြား၍ နေတော်မူခဲ့၏။ နောက်ဆုံးတွင် တမန်တော် နူဟ်သည် မိမိ၏အမျိုးသားများဘက်မှ မျှော်လင့်ချက် ကုန်ဆုံးသွားသည့်အခါ အလ္လာဟ်အရှင်မြတ်ထံတော်၌ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း လျှောက်ထားတော်မူခဲ့လေသည်။

قَالَ نُوحٌ رَّبِّ إِنَّهُمْ عَصَوْنِي وَاتَّبَعُوا مَن لَّمْ يَزِدْهُ مَالُهُ وَوَلَدُهُ إِلَّا خَسَارًا ﴿٢١﴾

၂၁။ (နဗီတမန်တော်) "နူဟ်"သည် လျှောက်ထားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်အမှန် ထို ကျွန်တော်မျိုး၏အမျိုးသားတို့သည် ကျွန်တော်မျိုးအား ဖိဆန်၍ အကြင်သူတို့၏နောက်သို့ လိုက်သွားခဲ့ကြပါသည်။ ထိုသူတို့၌ ထိုသူတို့၏ ပစ္စည်းဥစ္စာသည်လည်းကောင်း၊ ထိုသူတို့၏ သားသမီးများသည်လည်းကောင်း၊ ဆုံးရှုံးမှုကိုသာလျှင် တိုးပွားစေခဲ့ကြပါသည်။

وَمَكَرُوا مَكْرًا كُبَّارًا ﴿٢٢﴾

၂၂။ ထို့ပြင် ကျွန်တော်မျိုး၏ အမျိုးသားတို့သည် လွန်စွာ ကြီးကျယ်လှစွာသော အကြံအစည်များကို ကြံစည်ခဲ့ကြပါ၏။

وَقَالُوا لَا تَذَرُنَّ آلِهَتَكُمْ وَلَا تَذَرُنَّ وَدًّا وَلَا سُوَاعًا وَلَا يَغُوثَ وَيَعُوقَ وَنَسْرًا ﴿٢٣﴾

၂၃။ ၎င်းပြင် ထို ကျွန်တော်မျိုး၏အမျိုးသားတို့သည် (လက်အောက်ငယ်သား လူဗာလတို့အား ဤသို့) ပြောဆိုခဲ့ကြပါသည်။ (အချင်းတို့၊) အသင်တို့ သည် မိမိတို့၏ ကိုးကွယ်ရာများကို စွန့်ပယ်၍ အလျှင်းမထားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် "ဝဒ္ဒ်" ဆင်းတုကိုလည်း အလျှင်း မစွန့်ပယ်ကြကုန်လင့်၊ "ဆုဝါအ်" ဆင်းတုကိုလည်း စွန့်ပယ်ခြင်း မပြုကြကုန်လင့်၊ ထိုမှတစ်ပါး "ယဂူဆ်" ဆင်းတုကိုလည်းကောင်း၊ "ယအူက်" ဆင်းတုကိုလည်းကောင်း၊ "နတ်စ်ရ်" ဆင်းတုကိုလည်းကောင်း၊ စွန့်ပယ်ခြင်းကိုမပြုကြကုန်လင့်။ [၁]

---

① ဤအာယတ်တော်တွင်ပါရှိသည့် "ဝဒ္ဒ်" "စုဝါအ်" "ယဂူဆ်" "ယအူက်" "နတ်စ်ရ်" အစရှိသည့် အမည်များမှာ တမန်တော်နူဟ် (အလိုင်ဟစ္စလာမ်)၏ အမျိုးသားများ ဆည်းကပ်ကိုးကွယ်လေ့ရှိကြသော ဆင်းတုများ၏ အမည်များဖြစ်ပေသည်။ အရဗ်အမျိုးသားများသည်လည်း နောက်ပိုင်းတွင် ယင်း ဆင်းတုများကို ကိုးကွယ်လာခဲ့ကြပေသည်။ ကြည့်-ဣဗ်နုကဆီရ်။

وَقَدْ أَضَلُّوا كَثِيرًا ۖ وَلَا تَزِدِ الظَّالِمِينَ إِلَّا ضَلَالًا ﴿٢٤﴾

၂၄။ အမှန်စင်စစ်သော်ကား၊ ၎င်းတို့သည် မြောက်မြားစွာသောသူတို့အား လမ်းလွဲစေခဲ့ကြပါသည်။ (သို့ဖြစ်ပါ၍) အရှင်မြတ်သည် မတရားသောသူတို့၌ လမ်းလွဲမှုကိုသာလျှင် တိုးပွားစေတော်မူပါ။

مِّمَّا خَطِيئَاتِهِمْ أُغْرِقُوا فَأُدْخِلُوا نَارًا فَلَمْ يَجِدُوا لَهُم مِّن دُونِ اللَّهِ أَنصَارًا ﴿٢٥﴾

၂၅။ ၎င်းတို့သည် မိမိတို့၏ပြစ်မှုတို့ကြောင့်ပင် နစ်မြုပ်စေခြင်းကို ခံခဲ့ကြရလေ၏။ တစ်ဖန် ၎င်းတို့သည် ငရဲမီးထဲသို့ ဝင်ရောက်စေခြင်းကို ခံခဲ့ကြရကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကူညီစောင်မအံ့သောသူများဟူ၍ တစ်ဦးတစ်ယောက်မျှပင် တွေ့ရှိခဲ့ကြသည်မဟုတ်ပေ။

وَقَالَ نُوحٌ رَّبِّ لَا تَذَرْ عَلَى الْأَرْضِ مِنَ الْكَافِرِينَ دَيَّارًا ﴿٢٦﴾

၂၆။ ၎င်းပြင် (နဗီတမန်တော်)နူဟ်က (ဤသို့) လျှောက်ထား ပန်ကြားခဲ့ပြန်၏။ အို-ကျွန်တော်မျိုး အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ပထဝီမြေဝယ် ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အနက် မည်သည့်နေထိုင်သူ တစ်ဦးတစ်ယောက်ကိုမျှ ချန်ထားတော်မမူပါနှင့်။

إِنَّكَ إِن تَذَرْهُمْ يُضِلُّوا عِبَادَكَ وَلَا يَلِدُوا إِلَّا فَاجِرًا كَفَّارًا ﴿٢٧﴾

၂၇။ မလွဲမကန် အကယ်၍ အရှင်မြတ်သည် ၎င်းတို့အား ချန်ထားတော်မူပါလျှင် ၎င်းတို့သည် အရှင်မြတ်၏ ကျွန်များအား လမ်းလွဲစေကြမည်သာမက ၎င်းတို့သည် လွန်စွာကျေးဇူးကန်း သွေဖည်ငြင်းပယ်အံ့သော၊ အကျင့်စာရိတ္တ ဖောက်ပြန်အံ့သော၊ သူတို့ကိုသာလျှင် မွေးဖွားကြမည်ဖြစ်ပါသည်။ ၁

---

၁ တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအား ကျိုးကြောင်းပြ၍ နှစ်ပရိဏ္ဍေဒ မြောက်များစွာ တရားဟောကြားခဲ့သည်ဖြစ်ရာ၊ မိမိ၏အမျိုးသားများ၏ စိတ်နေသဘောထားကို ကောင်းစွာသိရှိနားလည်ထားခဲ့၏။ မိမိအမျိုးသား၏ အတွင်းဓာတ်ခံသည် အပျက်စီးကြီး ပျက်စီးနေကြပြီဖြစ်ရာ၊ တရားဟောကြားသည်နှင့်အမျှ မိမိ၏ အမျိုးသားများသည် ပို၍ပို၍ လွဲမှားလာကြသည်၊ ပို၍ပို၍ ဆိုးရွားလာကြသည်။ ပို၍ပို၍ သွေဖည်ဆန့်ကျင်လာကြသည်ကိုလည်း တွေ့မြင်နေခဲ့၏။ ထို့ပြင်တဝ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော ➤➤

رَبِّ اغْفِرْ لِيْ وَلِوَالِدَيَّ وَلِمَنْ دَخَلَ بَيْتِيَ مُؤْمِنًا وَّلِلْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ۭ وَلَا تَزِدِ الظّٰلِمِيْنَ اِلَّا تَبَارًا ۝۲۸

၂၈။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏မိဘနှစ်ပါးတို့အားလည်းကောင်း၊ ကျွန်တော်မျိုး၏အိမ်၌ မုအ်မင်န် သက်ဝင်ယုံကြည်သူအဖြစ်နှင့် ဝင်ရောက်သောသူတို့အားလည်းကောင်း၊ "မုအ်မင်န်" ယောကျ်ားအပေါင်းတို့အားလည်းကောင်း၊ "မုအ်မင်န်" မိန်းမအပေါင်းတို့အားလည်းကောင်း၊ (အပြစ်တို့မှ) ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ [၁] ၎င်းပြင် အရှင်မြတ်သည် မတရားသောသူတို့၌မူကား ပျက်စီးမှုကိုသာလျှင် တိုးပွားစေတော်မူပါ။

➤➤ (၀ဟီ)အမိန့်တော်အရလည်း မိမိ၏အမျိုးသားများ (အီမာန်) သက်ဝင်ယုံကြည်ကြတော့မည် မဟုတ်ကြောင်းကိုလည်း သိနှင့်ထားခဲ့၏။ ကြည့်-ကုရ်အာန်(၁၁း၃၆)

ယင်းသို့သော အမျိုးသားများအား ကမ္ဘာတွင် ဆက်လက်ထားရှိပါက ၎င်းတို့၏ရောဂါသည် သူတစ်ပါးတို့သို့ပင် ကူးစက်လာမည်ဖြစ်သည်ကိုလည်း တမန်တော်နူဟ်သည် ရိပ်စားမိခဲ့၏။ သို့အတွက်ကြောင့်ပင် တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများနှင့်ပတ်သက်၍ ဤအာယတ်တော်များတွင် လာရှိသည့်အတိုင်း ဆုပန်ကြားခဲ့ခြင်းဖြစ်လေသည်။ တမန်တော်မူစာ(အလိုင်ဟစ္စလာမ်) သည်လည်း ဖစ်ရ်အောင်နှင့်ပတ်သက်၍ ဤနည်းနှင့်ပင် ဆုပန်ကြားခဲ့လေ၏။ ကြည့်-ကုရ်အာန်(၁၀း၈၈း၈၉)။ အွတ်ဆ်မာနီ။ မာဂျိဒီ။

① တမန်တော်နူဟ်(အလိုင်ဟစ္စလာမ်)သည် မိမိ၏အမျိုးသားများအနက်၊ ကာဖိရ်များနှင့်ပတ်သက်၍ အလွန်တာဟ် အရှင်မြတ်သည် ၎င်းတို့အား ဤကမ္ဘာမှ လုံးဝသုတ်သင်သန့်ရှင်းပစ်တော်မူပါမည့် အကြောင်း ဆုပန်ကြားပြီးနောက် မိမိအားလည်းကောင်း၊ မိမိ၏ မိဘနှစ်ပါးအားလည်းကောင်း၊ မိမိအိမ်တွင် မုအ်မင်န်အဖြစ်နှင့် ဝင်ထွက်သွားလာနေကြသော အိမ်သူအိမ်သား မိတ်ဆွေများအားလည်းကောင်း၊ ကမ္ဘာအဝှန်းရှိ မုအ်မင်န်အမျိုးသား၊ အမျိုးသမီးတို့အားလည်းကောင်း၊ ချမ်းသာခွင့် ပေးသနားတော်မူပါမည့်အကြောင်း ဆုပန်ကြားခဲ့လေသည်။

ဂျင်န် ကဏ္ဍ



ဤကဏ္ဍသည် "ဂျင်န်" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၂၈)ပါး၊ ရုကူအ်(၂)ပိုဒ်အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

قُلْ اُوْحِيَ اِلَيَّ اَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوْٓا اِنَّا سَمِعْنَا قُرْاٰنًا عَجَبًا ۙ﴿۱﴾

၁။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ငါ့ထံဝယ် ဤသို့ "ဝဟ်ယ်" အမိန့်တော်ထုတ်ပြန်ခြင်း ခံခဲ့ရလေသည်။ ဇကန်စင်စစ် ဂျင်နတစ်စုသည် (ကုရ်အာန်ကျမ်းတော်မြတ်)ကို ကြားနာခဲ့ကြလေ၏။ ထို့နောက် ၎င်းတို့သည် (မိမိတို့ ဂျင်နအမျိုးသားတို့ထံ ပြန်သွားခဲ့ရာ ဤသို့) ပြောကြားခဲ့ကြလေ၏။ (အချင်းတို့၊) ဇကန်မလွဲ ကျွန်ုပ်တို့သည် အံ့သြဖွယ်ဖြစ်သော ကုရ်အာန်ကျမ်းမြတ်ကို ကြားနာခဲ့ကြရ၏။ [၁]

يَّهْدِيْٓ اِلَى الرُّشْدِ فَاٰمَنَّا بِهٖ ۭ وَلَنْ نُّشْرِكَ بِرَبِّنَآ اَحَدًا ۙ﴿۲﴾

၂။ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ဖြောင့်မှန်သော တရားလမ်းကို ညွှန်ပြသည်ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို သက်ဝင်ယုံကြည်ခဲ့ကြလေပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကြမည် မဟုတ်ပြီ။

---

① တစ်ရက်၊ တမန်တော်မြတ်သည် မိမိ၏ တပည့်သားအချို့တို့နှင့်အတူ နံနက်ချိန်တွင် "ဆွလာတုလ်" ဖကျိရိ ဝတ်ပြုနေတော်မူခဲ့၏။ ထိုအချိန်တွင် "ဂျင်န်" တစ်စုသည် တမန်တော်မြတ်ရှိရာသို့ ရောက်ရှိလာခဲ့ကြ၏။ ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြားနာခွင့် ရရှိသွားခဲ့၏။ ထိုအခါ အဆိုပါ ဂျင်နများသည် အံမာန် သက်ဝင်ယုံကြည်၍ လာခဲ့ကြလေသည်။ ➤➤

وَّاَنَّهٗ تَعٰلٰى جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَّلَا وَلَدًا ۝٣

၃။ ထို့ပြင် ဧကန်မုချ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ဂုဏ်ကျက်သရေသည် မြင့်မြတ်လှ၏။ ထိုအရှင်မြတ်သည် မည်သူတစ်ယောက်ကိုမျှ ကြင်ရာကြင်ဖက်အဖြစ် ရွေးကောက်တင်မြှောက်တော်မူခဲ့သည်လည်း မရှိပေ။ သားသမီးအဖြစ် ပြုလုပ်တော်မူခဲ့သည်လည်း မရှိချေ။

وَّاَنَّهٗ كَانَ يَقُوْلُ سَفِيْهُنَا عَلَى اللّٰهِ شَطَطًا ۝٤

၄။ ၎င်းပြင် ဧကန်အမှန် ကျွန်ုပ်တို့အနက် အသိဉာဏ်ခေါင်းပါးသူတို့သည် အလွှာဟ်အရှင်မြတ်နှင့် ပတ်သက်၍ လုံးဝမတရားသော စကားများကို ပြောဆိုလေ့ရှိခဲ့ကြ၏။ ၁

وَّاَنَّا ظَنَنَّآ اَنْ لَّنْ تَقُوْلَ الْاِنْسُ وَالْجِنُّ عَلَى اللّٰهِ كَذِبًا ۝٥

၅။ ၎င်းပြင် ဧကန်စင်စစ် ကျွန်ုပ်တို့မှာမူကား လူသားတို့သည်လည်းကောင်း၊ ဂျင်န်တို့သည်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အလျှင်းမသားစကားကို ပြောဆိုကြမည်မဟုတ်ဟု ထင်မှတ်နေခဲ့ကြကုန်၏။

وَّاَنَّهٗ كَانَ رِجَالٌ مِّنَ الْاِنْسِ يَعُوْذُوْنَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوْهُمْ رَهَقًا ۝٦

၆။ ထို့ပြင် အမှန်စင်စစ် လူသားအချို့တို့သည် ဂျင်န်အချို့တို့၏ထံတွင် ခိုလှုံလေ့ရှိခဲ့ကြပေရာ ထိုလူသားတို့သည် ၎င်းဂျင်န်များ၏ပုန်ကန်မှုကို ပိုကဲစေခဲ့ကြကုန်၏။ ၂

➤➤ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်(၄၆း၂၉-၃၂)တွင် ပါရှိခဲ့ပြီ၊ သက်ဆိုင်ရာအဖွင့်များကိုလည်း အကျယ်ရေးသားခဲ့ပေပြီ။ ဂျင်နသတ္တဝါများအကြောင်း ကုရ်အာန်တွင် အကြိမ်ကြိမ် ပါရှိသည်။

① လူသားတို့တွင် အယူအဆ လွဲမှားမှုများ ရှိသကဲ့သို့၊ ဂျင်န်များတွင်လည်း ရှိခဲ့၏။ လူသားတို့တွင် အလွှာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မဟုတ်မမှန် လုပ်ကြံယိုးစွပ်ပြောဆိုသူများရှိသကဲ့သို့ ဂျင်န်များတွင်လည်း ရှိခဲ့ကြ၏။ လူဇာလများရှိသကဲ့သို့ ဂျင်န်ဇာလများလည်း ရှိခဲ့ကြ၏။ ဂျင်န်များတွင် အကြီးဆုံး ဂျင်န်ဇာလမှာ ဣဗ်လိစ်ပင်ဖြစ်ခဲ့၏။ ဤအာယတ်တော်တွင် "စဖီဟုနာ" ကျွန်ုပ်တို့၏ ဇာလဟူသည် ဣဗ်လိစ်ကိုပင် ရည်ညွှန်းဟန်တူသည်။

② အရဗ်အမိုက်ခေတ်တွင် လူများသည် မျက်ကွယ်သတင်းများကို ဂျင်န်များထံမှ မေးမြန်းလေ့ရှိခဲ့ကြ၏။ ဂျင်န်များထံ ပူဇော်ပသလေ့ရှိခဲ့ကြ၏။ ကြောက်မက်ဖွယ်ကောင်းသော တောင်ကြားဒေသများသို့ ဖြတ်သန်း➤➤

وَّاَنَّهُمْ ظَنُّوْا كَمَا ظَنَنْتُمْ اَنْ لَّنْ يَّبْعَثَ اللّٰهُ اَحَدًا ۝٧

၇။ ထိုမှတစ်ပါး ဧကန်မလွဲ ထိုဂျင်နီများမှာ အသင်တို့ ထင်မြင်ယူဆကြသကဲ့သို့ပင် အလ္လာဟ် အရှင်မြတ်သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရှင်ပြန်ထစေတော်မူမည်မဟုတ်၊ (စေလွှတ်တော်မူမည် မဟုတ်)ဟူ၍ပင် ထင်မြင်ယူဆခဲ့ကြကုန်သတည်း၊ [၁]

وَّاَنَّا لَمَسْنَا السَّمَآءَ فَوَجَدْنٰهَا مُلِئَتْ حَرَسًا شَدِيْدًا وَّشُهُبًا ۝٨

၈။ ထို့ပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိုးကောင်းကင်ကို စူးစမ်းခဲ့ကြရာ ယင်းမိုးကောင်းကင်ကို ကျွန်ုပ်တို့သည် သန်စွမ်းသော အစောင့်အကြပ်တို့ဖြင့် လည်းကောင်း၊ မီးကျီမီးခဲတို့ဖြင့် ပြည့်နှက်စွာ တွေ့ရှိခဲ့ကြရကုန်၏။

وَّاَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ ۭ فَمَنْ يَّسْتَمِعِ الْاٰنَ يَجِدْ لَهٗ شِهَابًا رَّصَدًا ۝٩

၉။ ၎င်းပြင် ဧကန်အမှန် ကျွန်ုပ်တို့သည် ယင်းမိုးကောင်းကင်မှ (သတင်းများ)နားထောင်ရန် ထိုင်ရာ နေရာများတွင် (သွား)ထိုင်လေ့ရှိခဲ့ကြကုန်၏။ ယခုသော် မည်သူမဆို (သွားရောက်)နားထောင်သည်ရှိသော် မီးကျီမီးခဲတစ်ခုကို မိမိအား အသင့် စောင့်လျက် (ကြိုနေသည်ကို) တွေ့ရှိရပေမည်။ [၂]

➤➤ သွားကြသည့်အခါ "ကျွန်ုပ်တို့သည် ဤကောင်ကြားဒေသရှိ ဂျင်နီများ၏အကြီးအကဲထံ ခိုလှုံကြပါသည်"ဟု ဆိုလေ့ရှိခဲ့ကြ၏။ ယင်းသို့ လူများက ဂျင်နီများကို ဆရာတင်လာကြသည့်အခါ ပူဇော်ပသလာကြသည့်အခါ၊ ခိုလှုံလာခဲ့ကြသည့်အခါ ဂျင်နီများသည် မိမိတို့ကိုယ်ကို မိမိတို့ ပို၍ပင် အထင်ကြီးလာခဲ့ကြ၏။ အတင့်ရဲလာခဲ့ကြ၏။ ပို၍မောက်မာ ပလွားလာခဲ့ကြ၏။ ကုရ်အာန်ကျမ်းမြတ် ကျရောက်လာသည့်အခါကျမှ အဆိုပါ အယူအဆ လွဲမှားမှုများသည် ကင်းစင်သွားခဲ့လေသည်။

① မွတ်စ်လင်မ် ဂျင်နီများက မိမိတို့၏ အမျိုးသားများအား ပြောပြခဲ့ကြသည်မှာ အလ္လာဟ်အရှင်မြတ်သည် မည်သူကိုမျှ သေပြီးနောက် အလျင်းရှင်ပြန်ထ စေတော်မူမည်မဟုတ်ဟု အသင်တို့ ထင်မှတ်၍နေကြသကဲ့သို့ များစွာသော လူသားတို့သည်လည်း ယင်းသို့ပင် ထင်မှတ်နေကြသည်။ (တစ်နည်း) အလ္လာဟ်အရှင်မြတ်သည် နောက်နောင် မည်သူကိုမျှ တမန်တော်အဖြစ် အလျင်းစေလွှတ်တော်မူမည် မဟုတ်ဟု အသင်တို့ ထင်မှတ်နေကြသကဲ့သို့ များစွာသော လူသားတို့သည်လည်း ယင်းသို့ပင် ထင်မှတ်နေကြသည်။ ယခုသော် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြားနာရခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် အမြင့်မြတ်ဆုံး တမန်တော်မြတ်အား ပွင့်ပေါ်တော်မူပြီးဖြစ်ကြောင်း၊ သေပြီးနောက် ပြန်လည်ရှင်ပြန်ထကြရမည်ဖြစ်ကြောင်း၊ ကျိုးပြစ်ခံစံကြရမည်ဖြစ်ကြောင်း၊ ငါတို့ ကောင်းကောင်း သိကြရပြီ။ ကြည့်- ကွဗ်နကဆီရ်။

وَّاَنَّا لَا نَدْرِیْۤ اَشَرٌّ اُرِیْدَ بِمَنْ فِی الْاَرْضِ اَمْ اَرَادَ بِهِمْ رَبُّهُمْ رَشَدًا ﴿۱۰﴾

၁၀။ သို့ရာတွင် ကမ္ဘာသူကမ္ဘာသားတို့နှင့် ပတ်သက်၍ အဆိုးကို ရည်စူးထားပြီး ဖြစ်လေသလော၊ သို့တည်းမဟုတ် ၎င်းတို့နှင့်ပတ်သက်၍ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တရားလမ်းမှန်ရရှိရေးကို ရည်စူးတော်မူပါသလော။ (ဤသည်ကို) ကျွန်ုပ်တို့သိရှိကြသည်မဟုတ်ပေတကား၊ [၅]

وَّاَنَّا مِنَّا الصّٰلِحُوْنَ وَمِنَّا دُوْنَ ذٰلِكَ ؕ كُنَّا طَرَآئِقَ قِدَدًا ﴿۱۱﴾

၁၁။ ၎င်းပြင် ဧကန်အမှန် ကျွန်ုပ်တို့တွင် အချို့မှာ သူတော်ကောင်းများဖြစ်ကြ၏။ ကျွန်ုပ်တို့တွင် အချို့မှာ ထိုမှတစ်ပါးသောသူများ ဖြစ်ကြကုန်၏။ (စင်စစ်သော်ကား)ကျွန်ုပ်တို့သည် ဂိုဏ်းဂဏအမျိုးမျိုး ဖြစ်ခဲ့ကြကုန်၏။

وَّاَنَّا ظَنَنَّاۤ اَنْ لَّنْ نُّعْجِزَ اللّٰهَ فِی الْاَرْضِ وَلَنْ نُّعْجِزَهٗ هَرَبًا ﴿۱۲﴾

၁၂။ သို့ရာတွင် စင်စစ်ဧကန် ကျွန်ုပ်တို့သည် အလွန်ဟ်အရှင်မြတ်အား ပထဝီမြေပေါ်၌လည်း မစွမ်းဆောင်နိုင်အောင် အလျှင်းပြုလုပ်နိုင်ကြမည် မဟုတ်ကြောင်းကိုလည်းကောင်း၊ (ပထဝီမြေမှ) ထွက်ပြေးတိမ်းရှောင်ခြင်းအားဖြင့်လည်း ထိုအရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် အလျှင်း ပြုလုပ်နိုင်ကြမည် မဟုတ်ကြောင်းကိုလည်းကောင်း၊ သိရှိပြီးဖြစ်ခဲ့ကြလေပြီ။

---

(၂) ဂျင်နီများနှင့် ရှိုင်တွာန်များသည် တစ်ချိန်က ကောင်းကင်ကိုတက်၍ အထက်ကမ္ဘာ၏ သတင်းများကို ခိုးဝှက်နားထောင်လေ့ရှိခဲ့ကြသည်။ ယခုသော် ခိုးဝှက်နားထောင်သူများကို သက်ဆိုင်ရာ အစောင့်အကြပ်များက မီးတောက်မီးလျှံများဖြင့် ပစ်ပေါက်သဖြင့် ရှိုင်တွာန်များနှင့် ဂျင်နီများသည် ကောင်းကင်သို့ မတက်နိုင်ကြတော့ပေ။ သတင်းလည်း မရယူနိုင်ကြတော့ပေ။

ဤအကြောင်း ကုရ်အာန်(၁၅း၁၇-၁၈)တွင်လည်းကောင်း၊ (၃၇း၆-၁၀)တွင်လည်းကောင်းပါရှိခဲ့ချေပြီ။ သက်ဆိုင်ရာအဖွင့်များကိုလည်းအကျယ်ရေးသားခဲ့ပေပြီ။

(၃) အထက်တွင်ပါရှိသည့်အတိုင်း ဂျင်နီများသည် ယခင်က ကောင်းကင်သို့တက်၍ အထက်ကမ္ဘာ၏ သတင်းများကို ခိုးဝှက် နားထောင်နိုင်ခဲ့ကြသော်လည်း၊ ယခုသော် ကောင်းကင်တွင် အစောင့်အကြပ်များ စနစ်တကျစောင့်ကြပ်လျက်ရှိကြပြီ၊ ထိုအခါ ဂျင်နီများက ဤအာယတ်တော်တွင်လာရှိသည့်အတိုင်း ➤➤

وَّاَنَّا لَمَّا سَمِعْنَا الْهُدٰٓى اٰمَنَّا بِهٖ ؕ فَمَنْ يُّؤْمِنْۢ بِرَبِّهٖ فَلَا يَخَافُ بَخْسًا وَّلَا رَهَقًا ﴿١٣﴾

၁၃။ ထို့ပြင် ဧကန်ဆတ်ဆတ် ကျွန်ုပ်တို့သည် တရားလမ်းညွှန်(တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်)ကို ကြားနာကြရသောအခါ ကျွန်ုပ်တို့သည် ယင်းတရားလမ်းညွှန်(တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်)ကို သက်ဝင်ယုံကြည်လာခဲ့ကြသည်။ စင်စစ်သော်ကား၊ မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား သက်ဝင်ယုံကြည်ပါလျှင် ထိုသူသည် မည်သည့် လျော့နည်းစေမှုကိုမျှလည်း၊ စိုးရိမ်ရမည် မဟုတ်ပေ၊ မည်သည့် အဓမ္မမှုကိုမျှလည်း၊ စိုးရိမ်ရမည် မဟုတ်ပေ။

وَّاَنَّا مِنَّا الْمُسْلِمُوْنَ وَمِنَّا الْقٰسِطُوْنَ ؕ فَمَنْ اَسْلَمَ فَاُولٰٓئِكَ تَحَرَّوْا رَشَدًا ﴿١٤﴾

၁၄။ ထို့မှတစ်ပါး၊ ဧကန်မလွဲ ကျွန်ုပ်တို့တွင် အချို့မှာ မုစ်လင်မ်(အမိန့်တော်ကို လိုက်နာသူ)များ ဖြစ်ကြကုန်၏။ ထိုနည်းတူစွာ ကျွန်ုပ်တို့တွင် အချို့မှာ မတရားသောသူများ ဖြစ်ကြကုန်၏။ စင်စစ် "အစွလာမ်" သာသနာတော်ကို လက်ခံသောသူတို့ သည် လမ်းမှန်ကို ရှာဖွေ ရရှိခဲ့ကြသောသူများပင် ဖြစ်ကြကုန်၏။

وَاَمَّا الْقٰسِطُوْنَ فَكَانُوْا لِجَهَنَّمَ حَطَبًا ﴿١٥﴾

၁၅။ သို့ရာတွင် မတရားသော သူတို့မှာကား 'ဂျဟန္နမ်'ငရဲ၏ လောင်စာများပင်ဖြစ်ကြကုန်၏။ ③

➤➤ "ကောင်းကင်တွင် ယခုအစောင့်အကြပ်များသည် အဘယ်ကြောင့် ကျပ်တည်းစွာ စောင့်ကြပ်နေကြပါသနည်း၊ တမန်တော်မြတ် ပွင့်တော်မူချေပြီ၊ ကုရ်အာန်ကျမ်းမြတ်လည်း ကျရောက်လာချေပြီ။ အဆိုပါ အစောင့်အကြပ်သည် ဤသည်တို့ ကြောင့်ပင် ဖြစ်သည်။ အကျိုးဆက်ကား အသို့ရှိအုံးနည်း။ ကမ္ဘာသူကမ္ဘာသားတို့သည် အမြင်မှန်ရကာ ကုရ်အာန်ကျမ်းလာ တရားတော်များကို နာယူကျင့်မူ၍ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ခိုလှုံကြရမည်လော။ သို့တည်းမဟုတ်၊ ကုရ်အာန်ကျမ်းလာ တရားတော်များကို သွေဖည်ကြသည့်အတွက် ပြစ်ဒဏ်ခတ်တော်မူခြင်းပင် ခံကြရမည်လော၊ အလ္လာဟ်အရှင်မြတ်ပင်သိတော်မူသည်။ ကျွန်ုပ်တို့မူ မသိကြပေ။" ဟု ထုတ်ဖော်ပြောဆိုခဲ့ကြလေသည်။

③ ကုရ်အာန်ကျမ်းမြတ်(၇၂း၁-၁၅)တွင် မွတ်စ်လင်မ်ဂျင်နီများအချင်း ပြောဆိုခဲ့ကြသည့်စကားရပ်များကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။ ရှေ့တွင် ဆက်လက်၍ အလ္လာဟ်အရှင်မြတ်သည် အချို့တရားတော်များကို မိန့်ကြားထားတော်မူသည်။

وَّاَنْ لَّوِ اسْتَقَامُوْا عَلَى
الطَّرِيْقَةِ لَاَسْقَيْنٰهُمْ مَّآءً
غَدَقًا ﴿١٦﴾

၁၆။ စင်စစ်သော်ကား အကယ်၍သာ ၎င်းတို့သည် (တရား)လမ်း(မှန်)ပေါ်၌ တည်ကြည်ဖြောင့်မတ်ကြံ့ခိုင်စွာတည်တံ့ခဲ့ကြလျှင် အမှန်ပင် ငါအရှင်မြတ်သည် ၎င်းတို့အား လှိုင်လှိုင်ရှိသော (ဖောဖောသီသီရှိသော)ရေကို တိုက်ကျွေးတော်မူမည်ဖြစ်၏။

لِّنَفْتِنَهُمْ فِيْهِ ؕ وَمَنْ
يُّعْرِضْ عَنْ ذِكْرِ رَبِّهٖ
يَسْلُكْهُ عَذَابًا صَعَدًا ﴿١٧﴾

၁၇။ ငါအရှင်မြတ်သည် ၎င်းတို့အား ထိုရေနှင့် စပ်လျဉ်း၍ စမ်းသပ်တော်မူအံ့သောငှာ စင်စစ်သော်ကား မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား အောက်မေ့တသ သတိရခြင်းမှ မျက်နှာလွှဲသည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းအား ပြင်းထန်သော ပြစ်ဒဏ်သို့ ဝင်ရောက်စေတော်မူအံ့သတည်း။ [၁]

وَّاَنَّ الْمَسٰجِدَ لِلّٰهِ فَلَا
تَدْعُوْا مَعَ اللّٰهِ اَحَدًا ﴿١٨﴾

၁၈။ ထိုမှတစ်ပါး (ငါ့ထံသို့ အမိန့်တော်ထုတ်ပြန်ခြင်းခံခဲ့ရလေ၏)။ ဧကန်မလွဲ 'မတ်စ်ဂျစ်ဒ်'ဗျပ်ဝပ်ဦးချရာနေရာများသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။ [၂]

---

① ဆိုလိုသည်ကား၊ ဂျင်နှင့်လူသားတို့သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကို လိုက်နာကျင့်သုံးကြပါက၊ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ရုပ်၊ နာမ်ဆိုင်ရာ မင်္ဂလာအဖြာဖြာနှင့် ကျေးဇူးတော်အဖုံဖုံကို ချီးမြှင့်တော်မူပေမည်။ ယင်းသို့ ချီးမြှင့်တော်မူခြင်းဖြင့် မည်သူမည်ဝါတို့သည် ကျေးဇူးသိတတ်ကြသည်၊ မည်သူမည်ဝါတို့သည် ကျေးဇူးကန်းကြသည်ဟူသော အချက်သည်လည်း ပေါ်လွင်ထင်ရှားလာပေမည်။ တစ်နည်းဆိုသော် ကျေးဇူးပြုတော်မူခြင်းသည်ပင် စမ်းသပ်တော်မူခြင်းတစ်ရပ်ပင်။ သို့ဖြစ်ရာ ကျေးဇူးသိတတ်ရာသည်၊ ကျေးဇူးမကန်းရာ၊ အလ္လာဟ်အရှင်မြတ်အား မမေ့ရာ၊ မေ့က ပြစ်ဒဏ်ခံရမည်သာ။

② "မစ္စာဂျိဒ်"သည် "မတ်စ်ဂျိဒ်"၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ "မတ်စ်ဂျိဒ်"၏ အဓိပ္ပါယ်မှာ ပျပ်ဝပ်ဦးချရာဌာနဟူ၍ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် ရည်သန်တည်ဆောက်ထားသော "ပလီ" ဝတ်ကျောင်းများကို ဆိုလိုသည်။ ➤➤

وَّاَنَّهٗ لَمَّا قَامَ عَبْدُ اللّٰهِ يَدْعُوْهُ كَادُوْا يَكُوْنُوْنَ عَلَيْهِ لِبَدًا ﴿١٩﴾

၁၉။ ထို့ပြင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်၏ ကျွန်တော်(မုဟမ္မဒ်)သည် ထိုအရှင်မြတ်အား ဝတ်ပြုရန် (ထ၍)ရပ်သောအခါ ၎င်းတို့သည် ထိုကျွန်တော်(မုဟမ္မဒ်)အပေါ်ဝယ် ဝိုင်းအုံကြအံ့ဆဲဆဲ ဖြစ်ခဲ့ကြကုန်၏။ [၁]

قُلْ اِنَّمَآ اَدْعُوْا رَبِّيْ وَلَآ اُشْرِكُ بِهٖٓ اَحَدًا ﴿٢٠﴾

၂၀။ (အို-နဗီတမန်တော်) အသင်ပြောကြားပါလေ။ (အချင်းတို့) ငါသည် မိမိအရှင်မြတ်အား သာလျှင် ဆည်းကပ်ကိုးကွယ်၏။ စင်စစ် ငါသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ထိုအရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်)ခြင်းမပြုပေ။ [၂]

➤➤ တမန်တော်မြတ်၏ နေ့ဂက်လိုက်တပည့်သားများအဖို့ ပထဝီမြေကြီးအားလုံးသည်ပင် ပလီဝတ်ကျောင်းတော်ဖြစ်သည်၊ ဟဒီးဆ်ဩဝါဒတော်များတွင် အတိအလင်းလာရှိသည်။ သို့ပါသော်လည်း အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် ရည်သန်၍ သီးသန့် တည်ဆောက်ထားသော ပလီဝတ်ကျောင်းတော်များသည် အခြားပထဝီမြေကြီးများနှင့်မတူ၊ တစ်မူထူးခြားကြသည်။ ယင်းသို့သော ပလီဝတ်ကျောင်းတော်များတွင် အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ကြရမေ့မည်၊ ထိုအရှင်မြတ်မှတစ်ပါး အခြားအရာကို အလျှင်းမကိုးကွယ်ကြရ။ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် ရည်သန်တည်ဆောက်ထားသော ပလီဝတ်ကျောင်းများတွင် ထိုအရှင်မြတ်အား မကိုးကွယ်ဘဲ အခြားအရာကို ဆည်းကပ်ကိုးကွယ်ပါက ထိုထက် ကြီးလေးသော ကျူးကျော်စော်ကားမှုဆိုးရွားသောပြစ်မှုသည် အဘယ်မှာလျှင် ရှိနိုင်တော့အံ့နည်း။

အချို့မုဖတ်စ်စိရ် ပညာရှင်များက ဤအာယတ်တော်တွင် လာရှိသော "မစာဂျိဒ်" ဟူသောပုဒ်ကို "စဂျဒဟ်" ပျံဝပ်ဦးချရာတွင် မြေနှင့်ထိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများဟူ၍ အနက်ဖွင့်ကြသည်၊ ဆိုလိုသည်ကား ယင်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော အရာများသာဖြစ်ပေရာ၊ယင်းသည့် အစိတ်အပိုင်းများကို မိမိတို့၏ အရှင်သခင်မှတစ်ပါးအခြားသူအား ဆည်းကပ်ကိုးကွယ်ရာတွင် အသုံးမပြုရာ။

① ဤအာယတ်တော်တွင်ပါရှိသော "အဗဒုလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏ ကျွန်တော်)ဟူသည် တမန်တော်မြတ်မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္ဆလာမ်)ပင်တည်း။ ကုရ်အာန်ကျမ်းမြတ်တွင် တမန်တော်မြတ်နှင့်ပတ်သက်၍ လည်းကောင်း၊ အခြားတမန်တော်များနှင့် ပတ်သက်၍လည်းကောင်း၊ ဤသည့် အသုံးအနှုန်းများကို များစွာသုံးနှုန်းထားတော်မူသည်။ ကြည့်-ကုရ်အာန်(၂:၂၃၊ ၈:၄၁၊ ၃၈:၁၇၊ ၃၈:၄၁၊ ၅၄:၉၊ ၁၇:၁၊ ၁၈:၁၊ ၁၉:၂၊ ၂၅:၁၊ ၃၉:၃၆၊ ၅၃:၁၀၊ ၅၇:၉)။

ဆိုလိုသည်ကား တမန်တော်မြတ်သည် မတ်တတ်ရပ်၍ ကုရ်အာန်ကျမ်းလာ တရားတော်များကို ရွတ်ဖတ်တော်မူသည့်အခါ လူများသည် တမန်တော်မြတ်ထံသို့ ဝိုင်းအုံ၍လာခဲ့ကြ၏။ ➤➤

قُلْ إِنِّي لَا أَمْلِكُ لَكُمْ ضَرًّا وَلَا رَشَدًا ﴿٢١﴾

၂၁။ (အို-နဗီတမန်တော်) အသင်ပြောကြားပါလေ။ ငါသည် အသင်တို့၏ ဆုံးရှုံးမှု၊ လမ်းလွဲမှုကိုလည်း ပိုင်ဆိုင်သည် မဟုတ်ပေ၊ (အသင်တို့၏) တရား လမ်းမှန်ရရှိရေးကိုလည်း ပိုင်ဆိုင်သည် မဟုတ်ပေ။

قُلْ إِنِّي لَنْ يُجِيرَنِي مِنَ اللَّهِ أَحَدٌ وَلَنْ أَجِدَ مِنْ دُونِهِ مُلْتَحَدًا ﴿٢٢﴾

၂၂။ အသင်သည် ပြောကြားပါဦးလေ။ (အချင်းတို့၊ အကယ်၍သာ ငါသည် အလ္လာဟ်အရှင်မြတ်အား ဖီဆန်ခဲ့မှု) မည်သူတစ်ဦးတစ်ယောက်မျှပင် ငါ့အား အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)မှ အလျှင်းကာကွယ် စောင့်ရှောက်နိုင်မည် မဟုတ်ပေ။ ထို့ပြင် ငါသည် ထိုအရှင်မြတ်(အထံတော်)မှတစ်ပါး မည်သည့်ခိုလှုံရာ နေရာကိုမျှ အလျှင်းတွေ့နိုင်မည် မဟုတ်ပေ။

إِلَّا بَلَاغًا مِنَ اللَّهِ وَرِسَالَاتِهِ ۚ وَمَنْ يَعْصِ اللَّهَ وَرَسُولَهُ فَإِنَّ

၂၃။ (စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်၏ ကိုယ်စား (ထိုအရှင်မြတ်၏အမိန့်တော်များကို အသင်တို့ထံ) ပို့ဆောင်၍သာလျှင်လည်းကောင်း၊ ထိုအရှင်မြတ်၏အကြောင်းကြားချက်များကို (ပို့ဆောင်ခြင်း) သာလျှင် ကာကွယ်နိုင်ပေမည်။ [၁] (စွမ်းဆောင်နိုင်၏)။

➤➤ (အီမာန်) သက်ဝင်ယုံကြည်သော မုအ်မင်နှ်များသည် ကုရ်အာန်ကျမ်းလာ တရားတော်များကို ကြားနာနိုင်ရန်အလို့ငှာ ကောင်းမြတ်သောစေတနာဖြင့် လာခဲ့ကြ၏။ ကာဖိရ်များမူ ရန်ငြိုးထားမှု၊ မလိုမုန်းတီးမှုများကြောင့် တမန်တော်မြတ်အား ရန်ပြုရန် ပိုင်းအုံခဲ့ကြ၏။

(၂) တမန်တော်မြတ်အား ကာဖိရ်များကို ပြောကြားစေတော်မူသည်မှာ အသင်တို့သည် ကျွန်ုပ်အား ဆန့်ကျင်ရန်၊ ရန်ပြုရန် အဘယ့်ကြောင့် ပိုင်းအုံကြသနည်း။ ကျွန်ုပ်ဟောကြားသော တရားများတွင် အသင်တို့ ဒေါသထွက်ရန် စကားတစ်ခွန်းတစ်ပါဒမျှမပါ၊ ကျွန်ုပ်သည် အမိပွါယ်မရှိသော စကားများကို ပြောဆိုနေသည်လည်းမဟုတ်၊ ကျွန်ုပ်သည် မိမိ၏အရှင်သခင်အား တ,သသည်၊ ဆည်းကပ်ကိုးကွယ်သည်၊ ထိုအရှင်မြတ်နှင့်ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ပါ၊ အသင်တို့သည် ကျွန်ုပ်အား ပိုင်းအုံ၍ အန္တရာယ်ပြုလိုပါက အသင်တို့သိထားအပ်သည်မှာ ကျွန်ုပ်သည် ထိုအရှင်မြတ်တစ်ပါးတည်းအပေါ်၌သာ ယုံပုံလွဲအပ်ထားသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား အန္တရာယ်အပေါင်းမှ ကာကွယ်ထိန်းသိမ်းတော်မူမည်သာဖြစ်သည်။

(၁) တမန်တော်မြတ်အား ဆက်လက် ပြောကြားစေတော်မူသည်မှာ အသင်တို့အား လမ်းမှန်ပေါ်သို့ မရအရ ဆွဲခေါ်လာရန် ကျွန်ုပ်မစွမ်းနိုင်၊ အသင်တို့ လမ်းမှန်ပေါ်သို့ ရောက်မလာကြသည့်အတွက် အသင်တို့အား ကျွန်ုပ်သည် တစ်စုံတစ်ရာဆုံးရှုံးအောင်လည်း ပြုစွမ်းနိုင်သည်မဟုတ်၊ အကျိုးပြုမှု၊ အကျိုးယုတ်စေမှု၊➤➤

لَهٗ نَارَ جَهَنَّمَ خٰلِدِيْنَ فِيْهَآ اَبَدًا ﴿٢٣﴾

စင်စစ်တမူကား မည်သူမဆို အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်အားလည်းကောင်း၊ ဖီဆန်သည်ရှိသော် ဇကန်အမှန် ထိုသူ၏အဖို့ "ဂျဟန္နမ်" ငရဲမီးသည် ရှိပေသည်။ (ၛင်းတို့မှာ) ယင်းမီးဌ္ဍ အမြဲထာဝစဉ် နေထိုင်သူများအဖြစ် (ဝင်ရောက်ကြရလတ္တံ့)။ [၁]

حَتّٰٓى اِذَا رَاَوْا مَا يُوْعَدُوْنَ فَسَيَعْلَمُوْنَ مَنْ اَضْعَفُ نَاصِرًا وَّاَقَلُّ عَدَدًا ﴿٢٤﴾

၂၄။ နောင်တွင် ၛင်းတို့သည် မိမိတို့ ချိန်းဆိုခြင်းခံကြရသည့် (ပြစ်ဒဏ်)ကို တွေ့မြင်ကြလေသောအခါ မည်သူ၏ကူညီစောင်မသောသူသည် အားနည်းသည်ကိုလည်းကောင်း၊ အရေအတွက်အားဖြင့် နည်းပါးသည်ကိုလည်းကောင်း၊ မုချ သိရှိကြကုန်အံ့သတည်း။

قُلْ اِنْ اَدْرِيْٓ اَقَرِيْبٌ مَّا تُوْعَدُوْنَ اَمْ يَجْعَلُ لَهٗ رَبِّيْٓ اَمَدًا ﴿٢٥﴾

၂၅။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့ ချိန်းဆိုခြင်းခံကြရသော(ကိယာမတ်နေ့)မှာ နီးလေသလော၊ သို့တည်း မဟုတ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ယင်း(ကိယာမတ်နေ့)နှင့်စပ်လျဉ်း၍ အဝွန်ရှည်သော ကာလအပိုင်းအခြားကို သတ်မှတ်၍ ထားတော်မူလေသလောဟူ၍ ငါသည် သိရှိသည်မဟုတ်ပေ။

➤➤ ဒုက္ခ၊ သုခအဝဝသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်းဌ္ဍာဟဖြစ်သည်။ ကျွန်ုပ်သည် အသင်တို့အား အကျိုးပြုနိုင်ရန်၊ ဒုက္ခပေးနိုင်ရန်ဝေးစွ၊ ကျွန်ုပ်သည် မိမိကိုယ်ကိုပင်မိမိ တစ်စုံတစ်ရာအကျိုးမပြုနိုင်၊ အကျိုးမယုတ်စေနိုင်။ အကယ်တန္တီ ကျွန်ုပ်သည် မိမိထမ်းဆောင်ရန် တာဝန်တစ်ရပ်ရုပ် ပျက်ကွက်မိပါက၊ ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ အသူမျှ ကာကွယ်ပေးနိုင်မည်မဟုတ်။ ထိုအရှင်မြတ်၏ထံတော်မှ တစ်ပါးအခြားခိုလှုံစရာဟူ၍ အလျှင်းတွေ့ရှိရမည်လည်း မဟုတ်။

အလ္လာဟ်အရှင်မြတ်ထံတော်မှ တရားတော်များကို လူသားတို့ထံသို့ ဟောကြားခြင်းသည် ကျွန်ုပ်၏ အဓိကတာဝန်ဖြစ်သည်။ ဤသည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းအားဖြင့်သာလျှင် ကျွန်ုပ်သည် ထိုအရှင်မြတ်၏ထံတော်၌ ခိုလှုံနိုင်ပေမည်။

① တမန်တော်မြတ်အား ဆက်လက်ပြောကြားစေတော်မူသည်မှာ ကျွန်ုပ်သည် အသင်တို့၏ ဒုက္ခ၊ သုခကို မပိုင်၊ သို့တစေလည်း အလ္လာဟ်အရှင်မြတ်အား ဆန့်ကျင်လျှင်၊ ကျွန်ုပ်အား ဆန့်ကျင်လျှင် ဆန့်ကျင်သူ ➤➤

عٰلِمُ الْغَيْبِ فَلَا يُظْهِرُ عَلٰى غَيْبِهٖٓ اَحَدًا ﴿٢٦﴾

၂၆။ (ထိုအရှင်မြတ်သည်ပင်) ဖုံးကွယ်လျက်ရှိသည်တို့ကို သိရှိတော်မူသောအရှင် ဖြစ်တော်မူ၏။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် ဖုံးကွယ်လျက်ရှိသည်တို့နှင့်စပ်လျဉ်းသော မိမိအသိပညာကို မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် အသိပေးတော်မူသည် မဟုတ်ပေ။ ၁

اِلَّا مَنِ ارْتَضٰى مِنْ رَّسُوْلٍ فَاِنَّهٗ يَسْلُكُ مِنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ رَصَدًا ﴿٢٧﴾

၂၇။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိကျေနပ်နှစ်သက်တော်မူသော ရစူလ်တမန်တော်တစ်ပါးပါး အား (ဖုံးကွယ်လျက်ရှိသော အကြောင်းအရာ တစ်စုံတစ်ရာကို သိစေလိုတော်မူပါလျှင် (ဇကန်အမှန် ထိုအရှင်မြတ်သည် ထိုရစူလ်တမန်တော်၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း၊ စောင့်ကြပ်သူ (ကောင်းကင်တမန်)ကို စေလွှတ်တော်မူ၏။ ၂

➤➤ ဒုက္ခဖြစ်မည်အမှန်ပင်၊ ငရဲသို့လားရမည်မုချပင်။

① အလ္လာဟ်အရှင်မြတ်သည် အားလုံးသိတော်မူသည်၊ "ဃိုက်ဗ်" အကွယ်၌ရှိသော အရာအားလုံးကိုလည်း သိတော်မူသည်။ အကွယ်၌ရှိသော အရာများနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်သည် မည်သူအားမျှ အတိအကျ အသိပေးတော်မမူပေ၊ သို့ရာတွင် အချို့တမန်တော်များအားမူ လိုအပ်သည်နှင့်အမျှ အသိပေးတော်မူသည်။

② ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် ပထမသော် အကွယ်၌ရှိသည့် မိမိ၏လျှို့ဝှက်ချက်များနှင့် စပ်လျဉ်း၍ မည်သူအားမျှ အတိအကျ အသိပေးတော်မမူပေ။ သို့ရာတွင် လိုအပ်ပါက အချို့တမန်တော်များအား ထိုက်တန်သည့်အားလျော်စွာ (ဝဟီ)ဖြင့်အသိပေးတော်မူသည်။

ထိုအသိပေးတော်မူရာတွင်လည်း အဆိုပါ(ဝဟီ) နှင့်အတူ ရှေ့-နောက် ထက်-အောက်အဘက်ဘက်တွင် ကောင်းကင်တမန်များအား အစောင့်အကြပ် ချထားတော်မူသည်။ ယင်းသို့ အစောင့်အကြပ်များ ချထားတော်မူခြင်းဖြင့် အလ္လာဟ်အရှင်မြတ်ထံမှ သက်ဆိုင်ရာ တမန်တော်များထံသို့ ရောက်ရှိလာသော (ဝဟီ)သည် တိကျသည်၊ မှန်ကန်သည်၊ ဩဟာသံသယကင်းသည်၊ လုံးဝ ယုံကြည်စိတ်ချရသည်။ ရှိုင်တွာန်များသည်လည်း မည်သို့မျှ အနောင့်အယှက် မပြုနိုင်ကြပေ။

لِّيَعْلَمَ اَنْ قَدْ اَبْلَغُوْا رِسٰلٰتِ رَبِّهِمْ وَاَحَاطَ بِمَا لَدَيْهِمْ وَاَحْصٰى كُلَّ شَيْءٍ عَدَدًا ﴿٢٨﴾

၂၈။ (ယင်းသို့ ပြုလုပ်တော်မူခြင်းမှာ) ထို(ရစူလ်တမန်တော်များသည်လည်းကောင်း၊ ကောင်းကင်တမန်များသည်လည်းကောင်း၊) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အကြောင်းကြားချက်တို့ကို (တိကျမှန်ကန်စွာ)ပို့ဆောင်ခဲ့ကြသည်ကို ထိုအရှင် သိတော်မူအံ့သောငှာ (ပြုလုပ်တော်မူခြင်း) ဖြစ်၏။ [၁]

စင်စစ်သော်ကား ထိုအရှင်မြတ်သည် ထို(ရစူလ်တမန်တော်များနှင့် ကောင်းကင်တမန်)တို့၏ အခြေအနေတို့ကို ဝန်းရံလျက်ရှိတော်မူသည်သာမက အရာခပ်သိမ်းတို့၏ အရေအတွက်ကိုလည်း ရေတွက်၍ ထားရှိတော်မူပြီး ဖြစ်ပေသတည်း။

---

① ယင်းသို့ အစောင့်အကြပ်များ စနစ်တကျ ချထားတော်မူခြင်းမှာ ကောင်းကင်တမန်များသည် သက်ဆိုင်ရာတမန်တော်များထံသို့လည်းကောင်း၊ တမန်တော်များသည် သက်ဆိုင်ရာ အမျိုးသားများထံသို့လည်းကောင်း၊ သက်ဆိုင်ရာ တရားတော်များကို တိကျမှန်ကန်စွာပေးပို့ကြသည်၊ မပေးပို့ကြသည်၊ ဟောကြားကြသည်၊ မဟောကြားကြသည်ကို အထင်အရှား သိမြင်တော်မူရန်ပင် ဖြစ်သည်။

ကိုယ်ရုံ ရုံထားသူကဏ္ဍ



ဤကဏ္ဍသည် "မွတ်ဇ်ဇမ်မစ်လ်" "ကိုယ်ရုံရုံထားသူ"၊ "အဝတ်ခြုံထားသူ" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်အပေါ်း(၂၀)၊ ရုကူအ်အပိုဒ် (၃)ပိုဒ် အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

يٰٓاَيُّهَا الْمُزَّمِّلُ ۙ﴿١﴾
قُمِ الَّيْلَ اِلَّا قَلِيْلًا ۙ﴿٢﴾

نِّصْفَهٗٓ اَوِ انْقُصْ
مِنْهُ قَلِيْلًا ۙ﴿٣﴾
اَوْ زِدْ عَلَيْهِ وَرَتِّلِ
الْقُرْاٰنَ تَرْتِيْلًا ۭ﴿٤﴾

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

၁။ အိုအဝတ်ခြုံထားသူ။ [၁]

၂။ အသင်သည် ညဉ့်၌(ထ၍ ဆွလာတ်ဝတ်ပြု)ပါလေ။ သို့ရာတွင် အနည်းငယ် (အနားယူအိပ်စက်ပါလေ)။

၃။ (ဝါ) ညဉ့်ဝက် သို့တည်းမဟုတ်၊ ယင်းညဉ့်ဝက်ထက် အနည်းငယ်လျှော့၍၊

၄။ သို့တည်းမဟုတ် ယင်းညဉ့်ဝက်ထက် ပို၍ (အနားယူ အိပ်စက်ပါလေ)။ [၂] ၎င်းပြင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန် ကောင်းမွန်စွာ ကွဲပြားခြားနား ရှင်းလင်း ပီသအောင် အေးအေး ဆေးဆေး ဖြည်းဖြည်းမှန်မှန် ဌာန်ကရိဏ်းကျကျ ရွတ်ဖတ် သရဇ္ဈာယ်ပါလေ။ [၃]

---

① ဤကဏ္ဍသည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သော ကဏ္ဍများအနက်၊ အဦးအစ ပထမကျရောက်ခဲ့သော ကဏ္ဍများတွင် အပါအဝင်ဖြစ်သည်။ အစပထမတွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်ထံသို့ (ဝဟီ) အာယတ်တော်များ စတင်ကျရောက်လာခဲ့သည့်အခါ တမန်တော်မြတ်သည် အလွန်လေးလံနက်နဲသော အာယတ်တော်များကို မကြားစဖူး ကြားနာတော်မူရသည့်အတွက် လူသဘာဝအလျောက် ထိတ်လန့်နေတော်မူခဲ့၏။ တုန်လှုပ်၍ နေတော်မူခဲ့၏။ ထိုအခါ တမန်တော်မြတ်က မိမိအိမ်တော်သူအိမ်တော်သားများအား "ဇမ္မိလူနီ၊ ဇမ္မိလူနီ" "အသင်တို့သည် ကျွန်ုပ်အား စောင်ခြုံပေးကြလော့၊ အသင်တို့သည် ကျွန်ုပ်အားစောင်ခြုံပေးကြလော့" ➤➤

إِنَّا سَنُلْقِي عَلَيْكَ قَوْلًا ثَقِيلًا ۝٥

၅။ ဧကန်အမှန် ငါအရှင်မြတ်သည် အသင့် အပေါ်ဝယ် လေးလံသောအာယတ်တော်ကို မကြာ မြင့်မီပင် ချပေးတော်မူပေမည်။ [၁]

➤➤ ဟု ပြောကြားတော်မူခဲ့၏။ အိမ်တော်သူ အိမ်တော်သားများကလည်း တမန်တော်မြတ်အား စောင့်ခြုံ၍ ပေးတော်မူခဲ့ကြ၏။ ယင်းသို့ တမန်တော်မြတ် စောင့်ခြုံ၍နေတော်မူသည့် ပုံပန်းသဏ္ဌာန်ကိုပင် အလွှာဟ်အရှင်မြတ်သည် နှစ်သက်တော်မူလှသဖြင့် တမန်တော်မြတ်အား ဤကဏ္ဍတွင်လည်းကောင်း၊ ဤကဏ္ဍ၏နောက်ရှိ ကဏ္ဍတွင်လည်းကောင်း၊ အိုး-စောင်ခြုံထားသူဟူ၍ ချစ်ကြည်မြတ်နိုးစဖွယ် ခေါ်ဝေါ်သုံးနှုန်းထားတော်မူခြင်းဖြစ်သည်။

① ညဉ့် ထ၊ ဆွလာတ်ဝတ်ပြု။

ဆိုလိုသည်ကား တမန်တော်မြတ်သည် ညဉ့်တွင် ဆွလာတ်ဝတ်ပြုရန် ထတော်မူရမည်။ သို့ရာတွင် ညဉ့်အနည်းငယ်(၀၊) ညဉ့်ထက်ဝက် တစ်ဝက်တွင်မူ ထရန်မလို၊ အနားယူတော်မူနိုင်ပေသည်။ သို့တည်းမဟုတ် တမန်တော်မြတ်သည် ညဉ့်၏ထက်ဝက်ထက် အနည်းငယ်လျှော့၍ (၀၊) ညဉ့်၏ထက်ဝက်ထက်လျော့၍ ဆွလာတ်ဝတ်ပြုတော်မူပြီး ညဉ့်၏ထက်ဝက်ထက်ပို၍ အနားယူတော်မူရမည်၊ တစ်နည်း-ညဉ့်တွင် ညဉ့် ၃-ပုံ ၁-ပုံတွင် ဆွလာတ်ဝတ်ပြုတော်မူရမည်။ သို့တည်းမဟုတ် တမန်တော်မြတ်သည် ညဉ့်၏ထက်ဝက်ထက် အနည်းငယ်ပို၍(၀၊) ညဉ့်၏ထက်ဝက်ပို၍ ဆွလာတ်ဝတ်ပြုတော်မူပြီး၊ ညဉ့်၏ထက်ဝက်ထက် လျော့၍၊ တစ်နည်း ညဉ့် ၃-ပုံ ၂-ပုံတွင် ဆွလာတ်ဝတ်ပြုတော်မူရမည်။ ဤသည့်သဘောကို ကုရ်အာန်ကျမ်းမြတ် (၇၃း၂၀)တွင် မိန့်ဆိုထားတော်မူသည်။ အချုပ်ဆိုရသော်-ညဉ့်ထ၍ ဆွလာတ်ဝတ်ပြုရန် အချိန်ပိုင်းမှာ သုံးမျိုးသုံးစားအနက်၊ ကြိုက်နှစ်သက်ရာ အချိန်ပိုင်းကို ရွေးချယ်တော်မူနိုင်သည်။ အဆိုပါအချိန်ပိုင်းသုံးမျိုးမှာ (၁)ညဉ့်၏ထက်ဝက်၊ (၂)ညဉ့် ၃-ပုံ ၂-ပုံ၊ (၃)ညဉ့် ၃-ပုံ ၁-ပုံ ဖြစ်သည်။ ကြည့်-ထာနဝီ။

② ဆိုလိုသည်ကား ညဉ့်ထ၍ "တဟဂ္ဇိဒ်" ဆွလာတ်ဝတ်ပြုရာတွင် ၇ုရ်အာန်ကျမ်းမြတ်ကို ဌာန်ကရိဏ်းကျကျ ပီပီသသ၊ ဖြည်းညှင်းသာယာစွာ ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ ယင်းသို့ ရွတ်ဖတ်ခြင်းဖြင့် မိမိရွတ်ဖတ်သော ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကောင်းစွာနားလည်သဘောပေါက်နိုင်ပေသည်။ စိတ်နလုံးသားပေါ်တွင် ပို၍ အကျိုးလည်းသက်ရောက်ပေသည်။ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်လိုသည့် နားလည်သဘောပေါက်လိုသည့် ဆန္ဒသည်လည်း ပို၍ပို၍ များလာသည်၊ ထက်သန်လာသည်။

③ အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်ထံသို့ အလွန်လေးနက်သော ကုရ်အာန်ကျမ်းမြတ်လာ အာယတ်တော်များကို ဆက်လက်၍ ဆက်တိုက်ထုတ်ပြန် ချမှတ်တော်မူမည်ဖြစ်သည်။ တမန်တော်မြတ်သည် ယင်းသည့် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို မိမိကိုယ်တိုင် နာယူကျင့်မူရမည်သာမက၊ ကမ္ဘာအဝှန်းကိုလည်း ဟောကြားတော်မူရပေမည်။ ယင်းသို့ ဟောကြားတော်မူရာ၌ ဘေးအန္တရာယ်အမျိုးမျိုးနှင့်လည်း ရင်ဆိုင်တော်မူရပေဦးမည်။ ယင်းသို့ မကြာမီအတွင်း ကျရောက်လာတော်မူမည့် အာယတ်တော်များကို ကြားနာဟောကြားတော်မူနိုင်ရန်နှင့်၊ တွေ့ကြုံရမည့် အန္တရာယ်များကို အပြုံးနှင့် ရဲရဲရင့်ဆိုင်တော်မူနိုင်ရန်အလို့ငှာ အလွှာဟ်အရှင်မြတ်က တမန်တော်မြတ်အား ယင်းသို့ ညဉ့်ထ၍ ဆွလာတ်ဝတ်ပြုစေတော်မူခြင်း၊ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်စေတော်မူခြင်း ဖြစ်သည်။ ယင်းသို့ ပြုလုပ်စေတော်မူခြင်းအားဖြင့် တမန်တော်မြတ်၌ လိုအပ်သည့် ➤➤

إِنَّ نَاشِئَةَ ٱلَّيْلِ هِىَ أَشَدُّ وَطْـًٔا وَأَقْوَمُ قِيلًا ۝٦

၆။ စင်စစ်ဧကန် ညဥ့်၌ (အိပ်ရာမှ)ထခြင်းသည် (ကိုယ်နှုတ်နလုံးတို့ကို) ပိုမိုး၍ သပ္ပာယဖြစ်စေသည်၊ စကားပြောဆိုရာတွင်လည်း ပိုမိုး၍ပင် တိကျမှန်ကန်စေသည်။ [၁]

إِنَّ لَكَ فِى ٱلنَّهَارِ سَبْحًا طَوِيلًا ۝٧

၇။ ဧကန်မလွဲ နေ့တွင် အသင်၌ လုပ်ကိုင်ဆောင်ရွက်ရန် ကိစ္စများပြားစွာ ရှိပေ၏။ [၂]

➤➤ အရည်အသွေးများ၊ အရည်အချင်းများ၊ စွမ်းရည်သတ္တိများ အသင့်ရှိလာပေမည်၊ အခက်အခဲများကို ကျော်လွန်နိုင်ရန် ခံနိုင်ရည်လည်း ရှိလာပေမည်။ ဤသည် တစ်နည်း ကြုံတင်လေ့ကျင့်ပေးတော်မူခြင်းပင်။

ကုရ်အာန်ကျမ်းမြတ်သည် အဆင့်အတန်းအားဖြင့် အတိုင်းမသိ အလွန်ကြီးကဲမြင့်မြတ်သည်၊ အလွန်လေးနက်သည်၊ ကုရ်အာန်ကျမ်းမြတ် ကျရောက်လာသည့်အခါ ယင်းသို့ကျရောက်လာသည့်အရိုန်မှာလည်း အလွန်လေးလံလှပေသည်။ (ဟဒီးဆ်) ဩဝါဒတော်များတွင် လာရှိသည်မှာ ကုရ်အာန်ကျမ်းလာ အာယတ်တော်များ ကျရောက်လာသည့်အချိန်တွင်၊ တမန်တော်မြတ်သည် အလွန်လေးလံသော လေးလံမှုကို ခံစားတော်မူရပေသည်၊ ဆောင်းရာသီတွင် တမန်တော်မြတ်၌ ချွေးများဖြိုက်ဖြိုက်ကျလာပေသည်။ အာယတ်တော်များ ကျရောက်သည့်အချိန်တွင် တမန်တော်မြတ်သည် အစီးအနင်းပေါ်၌ ရှိနေတော်မူပါက၊ အဆိုပါအစီးအနင်းသည် ထမ်းဆောင်နိုင်သည်မရှိပေ၊ တစ်ရက် တမန်တော်မြတ်သည် သာဝကကြီး ဇိုက်ဒ်ဗ္ဗဓ်နဆာဗိတ်၏ ပေါင်ပေါ်၌ မှီ၍နေတော်မူခဲ့၏။ ထိုအချိန်တွင် အာယတ်တော်များ ကျရောက်လာခဲ့၏။ ထိုအခါ သာဝကကြီးဇိုက်ဒ်သည် အရိုးကွဲလုမတတ် ခံစားခဲ့ရသည်။

① ညဥ့်၌နိုးထခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပေ။ အလွန်ခက်သည်၊ တာဝန်ကြီးလှသည်၊ အလွန်ကြီးလေးသော လေ့ကျင့်မှုနှင့် မိမိ၏အလိုဆန္ဒကို သတ်ခြင်းဖြစ်သည်။ ယင်းသို့ နိုးထခြင်းဖြင့် မိမိ၏စိတ်ဆင်ရိုင်းကို နိုင်၏။ စိတ်၏အလိုများ ချေမှုန်းနိုင်၏။ ထို့ပြင်တစ်ဝ ညဥ့်တွင် ပန်ကြားသည့်ဆုမွန်နှင့် တသမှသည် စိတ်နှလုံးသည်းပွတ်အတွင်းမှ ထွက်ပေါ်လာသော ဆုမွန်နှင့် တသမှဖြစ်သည်။ ထိုမှတစ်ပါး ညဥ့်အချိန်တွင် နှုတ်လျှာနှင့် စိတ်နှလုံးသည် စပ်မိ ဟပ်မိသည်၊ သပ္ပာယ ဖြစ်သည်၊ နှုတ်လျှာမှ ထွက်ပေါ်လာသော စကားသည် ဦးနှောက်တွင် သံမှိုနှက်ထားသည့်အလား စွဲထင်၍နေသည်။ အဘယ်ကြောင့်ဆိုသော် နေ့တွင် ဆူညံသံများရှိသော်လည်း ညဥ့်အချိန်တွင် ဆိတ်ငြိမ်လျက်ရှိသည်၊ စိတ်နှလုံး တည်ငြိမ်သည်၊ စိတ်၏ချမ်းသာမှု အပြည့်အဝရှိသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်အား ညဥ့်တွင် နိုးထ၍ ဆွလာတ်ဝတ်ပြုရန်၊ ကုရ်အာန်ကျမ်းမြတ် ရွတ်ဖတ်ရန်၊ အမိန့်ပေးတော်မူခြင်းဖြစ်သည်။

② ဆိုလိုသည်ကား၊ တမန်တော်မြတ်၌ နေ့တွင် တရားတော်ဖြန့်ချီမှု၊ တရားဟောကြားမှု၊ လောကီရေးကိစ္စ၊ အိမ်တွင်းရေးကိစ္စ စသည်ဖြင့် လုပ်ငန်းဆောင်တာ များများမြောင်၏။ ဤသည်တို့သည်လည်း တမန်တော်မြတ်အဖို့ သွယ်ဝိုက်သောအားဖြင့် (အီဗာဒတ်) ဝတ်ပြုမှုတွင် အကြုံးဝင်ပေသည်။ သို့တစေလည်း တမန်တော်မြတ်သည် အခြားအဆက်အသွယ်မပါဘဲ တိုက်ရိုက် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုနိုင်ရန်နှင့် လျှို့ဝှက်စွာ ပန်ကြားနိုင်ရန် အလို့ငှာ ညဥ့်အချိန်ကိုပင် ရွေးချယ်တော်မူရပေမည်။

وَاذْكُرِ اسْمَ رَبِّكَ وَتَبَتَّلْ إِلَيْهِ تَبْتِيلًا ﴿٨﴾

၈။ ၎င်းပြင် သင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ နာမ်တော်ကို ရွတ်ဆိုတသပါလေ။ ထိုမှတစ်ပါး အသင်သည် အနှောင်အဖွဲ့ဟူသမျှတို့ကို ဖြတ်တောက်၍ ထိုအရှင်မြတ်ဘက်သို့သာလျှင် အာရုံစူးစိုက်လျက် ရှိပါလေ။ [၁]

رَبُّ الْمَشْرِقِ وَالْمَغْرِبِ لَا إِلَٰهَ إِلَّا هُوَ فَاتَّخِذْهُ وَكِيلًا ﴿٩﴾

၉။ (ထိုအရှင်မြတ်)သည် နေထွက်ရာ အရပ်ကိုလည်းကောင်း၊ နေဝင်ရာ အရပ်ကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ထိုအရှင်မြတ်အားသာလျှင် ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသောအရှင်မြတ်အဖြစ် ရွေးချယ်ပါလေ။

وَاصْبِرْ عَلَىٰ مَا يَقُولُونَ وَاهْجُرْهُمْ هَجْرًا جَمِيلًا ﴿١٠﴾

၁၀။ ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့၏ပြောဆိုချက်များနှင့်စပ်လျဉ်း၍ သည်းခံ၍နေပါလေ။ [၂] ထို့ပြင် အသင်သည် ၎င်းတို့ထံမှ ကောင်းမွန်လှပစွာ ကင်းလွတ်၍နေပါလေ။ ၎င်းတို့အား (ကောင်းမွန်စွာ) စွန့်ထားပါလေ။ [၃]

---

① ဆိုလိုသည်ကား တမန်တော်မြတ်သည် ညဉ့်တွင်နိုးထ၍ အလွှာဟ်အရှင်မြတ်အား တစ်စိတ်တစ်လက်တည်း လွတ်လပ်စွာ ဝတ်ပြုတော်မူရုံမျှမက နေ့အချိန်တွင်လည်း အဆက်အသွယ် အလုပ်အကိုင် များမြောင်လင့်ကစား၊ ယင်းသည့်စပ်ကြားမှာပင် စိတ်နလုံးတွင်းမှမူ အားလုံးသော အဆက်အသွယ် အနှောင်အဖွဲ့များထက် အလွှာဟ်အရှင်မြတ်နှင့် ထားရှိသော အဆက်အသွယ် အနှောင်အဖွဲ့သည် လွှမ်းမိုးလျက်သာပင်ရှိရပေမည်။ ဤသည်ကို သူတော်စင်များက "ဇေဟမဟ် ဝဗါဟမဟ်" "ခလ်ဝါသ် ဒရ်အန်ဂျမန်" ဟုခေါ်ဝေါ်သုံးနှုန်းကြသည်။

② တမန်တော်မြတ်အား မက္ကာမြို့သား ကာဖိရ်များက ပဉ္စလက်ဆရာ၊ အနာဂတ်ဟောဆရာ၊ သူရူး ..... စသည်ဖြင့် အမျိုးမျိုး ယိုးစွပ်ပြောဆိုခဲ့ကြ၏။ ယင်းသို့ ပြောဆိုခြင်းမှာ အဖြူကို အမည်း၊ နေ့ကို ညဉ့်ဟု ပြောဆိုခြင်းမျိုးသာဖြစ်သည်။ တမန်တော်မြတ်သည် ယင်းသို့ ယိုးစွပ်ပြောဆိုခြင်း ခံရတော်မူသည့်အတွက် စိတ်ပျက်တော်မမူရာ၊ သည်းခံ၍ နေတော်မူရမည်သာ။

③ တမန်တော်မြတ်သည် ယင်းသို့သော ကာဖိရ်များအား ကောင်းမွန်စွာ စွန့်ထားတော်မူရမည်။ ဆိုလိုသည်ကား တမန်တော်မြတ်သည် အပြင်၌ ၎င်းတို့နှင့် အဆက်အသွယ် ဖြတ်ထားတော်မူရမည်။ သို့ရာတွင် အတွင်း၌ ၎င်းတို့၏အခြေအနေကို အတိအကျသိရှိထားတော်မူရမည်။ ထို့ပြင် တမန်တော်မြတ်သည် ယင်းကာဖိရ်များ၏ ➤➤

وَذَرْنِي وَالْمُكَذِّبِينَ أُولِي النَّعْمَةِ وَمَهِّلْهُمْ قَلِيلًا ﴿١١﴾

၁၁။ ငင်းပြင် အသင်သည် ငါအရှင်မြတ်အား လည်းကောင်း၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော စည်းစိမ်ရှင်တို့အား လည်းကောင်း၊ လွတ်ထားပါလေ။ ထို့ပြင် အသင်သည် ငင်းတို့အား အနည်းငယ် ရွေ့ဆိုင်း၍ ထားပါလေ။ [၁]

إِنَّ لَدَيْنَا أَنكَالًا وَجَحِيمًا ﴿١٢﴾

၁၂။ ဧကန်မလွဲ ငါအရှင်မြတ်အထံတော်၌ သံခြေချင်းများသည်လည်းကောင်း၊ "ဂျဟန္နမ်"ငရဲသည်လည်းကောင်း၊

وَطَعَامًا ذَا غُصَّةٍ وَعَذَابًا أَلِيمًا ﴿١٣﴾

၁၃။ လည်မျိုခြင် တစ်ဆို့၍နေအံ့သော အစားအစာသည်လည်းကောင်း၊ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်လည်းကောင်း၊ ရှိ၏။

يَوْمَ تَرْجُفُ الْأَرْضُ وَالْجِبَالُ وَكَانَتِ الْجِبَالُ كَثِيبًا مَّهِيلًا ﴿١٤﴾

၁၄။ အကြင်နေ့တွင် (ထိုနေ့တွင်) ကမ္ဘာမြေသည်လည်းကောင်း၊ တောင်များသည်လည်းကောင်း၊ တုန်လှုပ်သွားကြပေမည်။ ထိုမှတစ်ပါး တောင်များသည် ရွေ့လျားလွင့်ပါးလျက်ရှိသော သဲသောင်များပင် ဖြစ်သွားကြပေမည်။

➤➤ ဆိုးရွားလှသည့် ဆက်ဆံမှုများနှင့်စပ်လျဉ်း၍ အချေအတင်၊ အတိုင်အချ ချေပတော်မူရန်လည်းမလို၊ တုံ့ပြန် လက်စားချေရန်လည်း မလို၊ တစ်ခွန်းတစ်ပါဒ ထုတ်ဖော်ပြောဆိုတော်မူရန်လည်း မလို။ အမြင်အားဖြင့် ငင်းတို့နှင့်အဆက်ဖြတ်ထားတော်မူသော်လည်း၊ တမန်တော်မြတ်သည် အစွမ်းရှိသမျှ ငင်းတို့အား တရားပြတော်မူရန် အခါခပ်သိမ်း ကြိုးစား၍ နေတော်မူရမည်။

ဆိုလိုသည်ကား ထိုရွေ့ထိုမျှဆိုးသွမ်းသော ကာဖိရ်များကိုပင် စက်ဆုပ်တော်မမူရာ၊ မုန်းတီးတော်မမူရာ၊ ရွံရှာတော်မမူရာ၊ ငင်းတို့၏ကောင်းစားရေးကို အခါခပ်သိမ်း လိုလားတော်မူရမည်သာ။

ဤအာယတ်တော်သည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သော အာယတ်တော်ဖြစ်သည်။ ထိုအချိန်အထိ "ဂျိဟာဒ်" ပြုရန် အမိန့်တော် မကျရောက်သေးပေ။

① အချို့ပုဂ္ဂိုလ်များသည် လောကီစည်းစိမ်များတွင် နစ်မွန်း၍ အမှန်တရားကို ငြင်းပယ်နေကြသည်။ ယင်းသို့သော စည်းစိမ်ရှင်များ၏အရေးကို အလ္လာဟ်အရှင်မြတ်အား လွှဲအပ်ထားရမည်သာ၊ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့အား ကြည့်စီရင်တော်မူမည်သာဖြစ်သည်။ ယခု ခေတ္တခဏ ငင်းတို့အား လှန်စားထားတော်မူခြင်းသာ ဖြစ်သည်။

إِنَّآ أَرْسَلْنَآ إِلَيْكُمْ رَسُولًا شَٰهِدًا عَلَيْكُمْ كَمَآ أَرْسَلْنَآ إِلَىٰ فِرْعَوْنَ رَسُولًا ﴿١٥﴾

၁၅။ ဧကန်စင်စစ်ငါအရှင်မြတ်သည် ဖစ်ရိအောင်နှ၏ထံသို့ ရဏ္ဍလ်တမန်တော်တစ်ပါး စေလွှတ်တော်မူတိုသကဲ့သို့ပင် အသင်တို့ထံသို့လည်း ရဏ္ဍလ်တမန်တော်တစ်ပါးအား အသင်တို့အပေါ်၌ သက်သေအဖြစ် စေလွှတ်တော်မူ၏။ [၁]

فَعَصَىٰ فِرْعَوْنُ ٱلرَّسُولَ فَأَخَذْنَٰهُ أَخْذًا وَبِيلًا ﴿١٦﴾

၁၆။ ထိုအခါ ဖစ်ရိအောင်နှသည် ထိုရဏ္ဍလ်တမန်တော်မြတ်အား ဗီဆန်ခဲ့ရာ ငါအရှင်မြတ်သည် ၎င်းအား ပြင်းထန်စွာ ဖမ်းဆီးအရေးယူတော်မူခဲ့၏။ [၂]

فَكَيْفَ تَتَّقُونَ إِن كَفَرْتُمْ يَوْمًا يَجْعَلُ ٱلْوِلْدَٰنَ شِيبًا ﴿١٧﴾

၁၇။ သို့ဖြစ်ပေရာ အသင်တို့သည် အကြင်နေ့(၏ဘေးဒုက္ခ)မှ မည်ကဲ့သို့ ကင်းလွတ်ကြမည်နည်း။ ထိုနေ့သည် ကလေးသူငယ်တို့အား ဇရာအိုများအဖြစ် သို့ပင် ရောက်စေမည်။

ٱلسَّمَآءُ مُنفَطِرٌۢ بِهِۦ ۚ كَانَ وَعْدُهُۥ مَفْعُولًا ﴿١٨﴾

၁၈။ မိုးကောင်းကင်မှာလည်း ယင်းနေ့(၏ပြင်းထန်သောအဟုန်)ကြောင့် အက်ကွဲသွားပေမည်။ ထိုအရှင်မြတ်၏ ချိန်းဆိုချက်မှာကား ပြီးမြောက်အောင်ဆောင်ရွက်ပြီး ဖြစ်သည်သာတည်း။

إِنَّ هَٰذِهِۦ تَذْكِرَةٌ ۖ فَمَن شَآءَ ٱتَّخَذَ إِلَىٰ رَبِّهِۦ سَبِيلًا ﴿١٩﴾

၁၉။ ဧကန်မလွဲ ဤ(အာယတ်တော်များ)ကား ဆုံးမဩဝါဒ(များ)ပင်ဖြစ်၏။ သို့ဖြစ်ပေရာ အလိုရှိသောသူသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်သို့ (သွားရာ)လမ်းကို ရွေးချယ်ရာ၏။ [၃]

---

① ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မူစာအား သီးသန့်ကျမ်းဂန်ချီးမြှင့်တော်မူသကဲ့သို့၊ တမန်တော်မြတ်အားလည်း သီးသန့် ကျမ်းဂန်ချီးမြှင့်၍ စေလွှတ်တော်မူခြင်းဖြစ်သည်။ တမန်တော်မြတ်သည် မိမိ၏ဩဝါဒများကို မည်သူက လက်ခံသည်၊ မည်ဝါက ငြင်းဆန်သည်များကို အလ္လာဟ်အရှင်မြတ်ထံတော်၌ သက်သေ ထွက်ဆိုတော်မူပေမည်။

② ဆိုလိုသည်ကား တမန်တော် မူစာ၏ဩဝါဒကို သွေဖည်ငြင်းဆန်သောသူများအား အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာအရေးယူတော်မူခဲ့ပေရာ၊ တမန်တော်မြတ်၏ ဩဝါဒကို သွေဖည်ငြင်းဆန်သူများအား အသို့လျှင် လျစ်လျူပြုထားတော်မူအံ့နည်း။

إِنَّ رَبَّكَ يَعْلَمُ أَنَّكَ تَقُومُ
أَدْنَىٰ مِن ثُلُثَيِ ٱلَّيْلِ
وَنِصْفَهُۥ وَثُلُثَهُۥ وَطَآئِفَةٌ
مِّنَ ٱلَّذِينَ مَعَكَ ۚ وَٱللَّهُ
يُقَدِّرُ ٱلَّيْلَ وَٱلنَّهَارَ ۚ عَلِمَ
أَن لَّن تُحْصُوهُ فَتَابَ
عَلَيْكُمْ ۖ فَٱقْرَءُوا۟
مَا تَيَسَّرَ مِنَ ٱلْقُرْءَانِ ۚ
عَلِمَ أَن سَيَكُونُ مِنكُم
مَّرْضَىٰ ۙ وَءَاخَرُونَ يَضْرِبُونَ
فِى ٱلْأَرْضِ يَبْتَغُونَ مِن
فَضْلِ ٱللَّهِ ۙ وَءَاخَرُونَ

၂၀။ (အို-နဗီတမန်တော်) ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှာ အသင် သည်လည်းကောင်း၊ အသင်နှင့်အတူရှိကြသောသူတို့ အနက်မှ လူတစ်စုသည်လည်းကောင်း၊ ရဲဖန်ရဲခါ ညဉ့်၏ သုံးပုံနှစ်ပုံနီးခန့်၊ ရဲဖန်ရဲခါညဉ့်ဝက်၊ ရဲဖန်ရဲခါ ညဉ့်၏သုံးပုံတစ်ပုံ၊ ရပ်ကြသည်ကို သိရှိတော်မူ၏။ [၁] စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သာလျှင် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း (တိကျစွာ) တိုင်းတာ သတ်မှတ်နိုင်တော်မူ၏။

ဧကန်စင်စစ် အသင်တို့သည် ယင်း(ညဉ့် အချိန်ကာလ အစိတ်အပိုင်း)ကို (ကျနသေချာစွာ) ရေတွက်မှတ်သား စောင့်စည်းနိုင်ကြမည် မဟုတ်ကြောင်း ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် အသင်တို့ဘက်သို့ ကရုဏာတော်နှင့်လှည့်တော်မူခဲ့၏။ သို့ဖြစ်သောကြောင့် အသင်တို့သည် ("ဆွလာတ်"အတွင်း၌) ကုရ်အာန်ကျမ်းတော်မြတ်မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကို ရွတ်ဖတ် သရဇ္ဈာယ်ကြလေကုန်။ [၂]

---

① ကုရ်အာန်ကျမ်းမြတ်သည် အဆုံးအမသြဝါဒတော်ဖြစ်သည်။ မည်သူမဆို အလိုဆန္ဒရှိပါက အလ္လာဟ်အရှင်မြတ်ထံတော်သို့ သွားရာလမ်းကို ရွေးချယ်နိုင်သည်။ အလိုဆန္ဒမရှိပါက မရွေးချယ်ဘဲလည်း နေနိုင်ပေသည်။ ဤသည့်အာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် လူသားတို့၌ မိမိတို့ ကြိုက်နှစ်သက်ရာ လမ်းစဉ်တစ်ရပ်ရပ်ကို မိမိတို့ စေတနာအလျောက် လွတ်လပ်စွာရွေးချယ်ပြုလုပ်နိုင်သည့် အခွင့်အလမ်းရှိသည်မှာ ထင်ရှားပေသည်။
ကြည့်-မာဂျိဒီ။ အစောင်(၇)၊ စာမျက်နှာ(၁၁၅၃) အောက်ခြေအမှတ်(၁၄)။

② ဤကဏ္ဍ၏အစတွင် "ညဉ့်ထ" ဆွလာတ်ဝတ်ပြုရန် အမိန့်တော်လာရှိ၏။ ထိုအမိန့်တော်သည် တစ်နှစ်နီးပါးခန့် အတည်ဖြစ်ရှိနေခဲ့၏။ ထို့နောက် အခြေအနေအရ ပထမအမိန့်တော်ကို ရပ်ဆိုင်း၍ ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ပြုပြင်၍ လျော့ပေါ့ မိန့်ကြားထားတော်မူသည်။

တမန်တော်မြတ်နှင့်တကွ အချို့(ဆွဟာဗဟ်) သာဝကကြီးများသည် "တဟဂ္ဂုဒ်" ညဉ့်ထ ဆွလာတ်ဝတ်ပြုရန် အမိန့်တော်ကို အတိအကျနာခံခဲ့ကြသည်။ တစ်ခါတစ်ရံ ညဉ့်ဝက်၊ တစ်ခါတစ်ရံ ညဉ့်၏ ၃-ပုံ ၁-ပုံ၊ တစ်ခါတစ်ရံ ညဉ့်၏ ၃-ပုံ ၂-ပုံ နီးနီး နီးသကာ အလ္လာဟ်အရှင်မြတ်အား ➤➤

يُقَاتِلُونَ فِي سَبِيلِ اللَّهِ ۖ فَاقْرَءُوا مَا تَيَسَّرَ مِنْهُ ۚ وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَقْرِضُوا اللَّهَ قَرْضًا حَسَنًا ۚ

အသင်တို့အနက် အချို့မှာ ရောဂါဝေဒနာ စွဲကပ်သူများဖြစ်ကြမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အခြားသူတို့မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တည်းဟူသော စားနပ်ရိက္ခာကိုရှာဖွေရန် တိုင်းပြည်တွင် ခရီးသွားလာကြမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အခြားသူတို့မှာ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ သိရှိတော်မူ၏။

➤➤ ဝတ်ပြုခဲ့ကြသည်။ ဤသည်ကို အလ္လာဟ်အရှင်မြတ် အသိပင်။ ယင်းသို့ ဆွလာတ်ဝတ်ပြုခဲ့ကြသည့်အတွက် အချို့သာဝကကြီးများ၏ ခြေများသည် ရောင်လာခဲ့၏။ ကွဲအက်လာခဲ့၏။ အချို့သာဝကများသည် အိပ်ပျော်မသွားရန်အတွက် မိမိတို့၏ ဆံပင်များကို ကြိုးများဖြင့် တုပ်၍ပင် ထားခဲ့လေ့ရှိကြသည်။ ဆွဟာဗဟ် သာဝကကြီးများသည် ဤရွေ့ဤမျှ အမိန့်တော်ကို နာခံခဲ့ကြပေသည်။ ဤသည် ဆွဟာဗဟ် သာဝကကြီးများအဖို့ ဂုဏ်ယူဖွယ်ပင်။

Ⓙ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည်ပင် နေ့နှင့်ညဉ့်ကို စနစ်တကျ အတိုင်းအတာနှင့် ပြုပြင်စီရင်ထားတော်မူသည်၊ တစ်ခါတစ်ရံ ညဉ့်တာ တိုစေ၍ နေ့တာကို ရှည်စေတော်မူသည်။ တစ်ခါတစ်ရံ ညဉ့်တာရှည်စေ၍ နေ့တာကို တိုစေတော်မူသည်။ တစ်ခါတစ်ရံ နေ့တာနှင့် ညဉ့်တာကို အတူတူ အညီအမျှ ဖြစ်စေတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် နေ့နှင့်ညဉ့်၏ အတိုင်းအတာကို အတိအကျ သိရှိတော်မူသည်။ လူသားတို့သည် အိပ်စက်ချိန်တွင် နေ့စဉ်နှင့်အမျှ ညဉ့်၏ ထက်ဝက်၊ ၃-ပုံ ၁-ပုံ၊ ၃-ပုံ ၂-ပုံကို အတိအကျ မှတ်သားထားနိုင်ကြသည်မရှိပေ။ အထူးသဖြင့် အချိန်၊ နာရီစသည်များကို ညွှန်ပြသည့် ကိရိယာတန်ဆာပလာများ မထွန်းကားသေးသည့်ခေတ်မျိုးတွင်၊ ယင်းသည့်အချိန်ပိုင်းများကို မှတ်သားထားရန် ကိစ္စမှာ မလွယ်ကူလှပေ။ ထို့အတွက်ကြောင့်ပင် အချို့(ဆွဟာဗဟ်)သာဝကကြီးများသည် အိပ်ပျော်သွားပါက၊ အိပ်မောကျသွားပါက၊ ညဉ့် ၃-ပုံ ၁-ပုံမျှပင် နိုးထ ဆွလာတ်ဝတ်မပြုနိုင်မည်ကို စိုးရိမ်သဖြင့် တစ်ညဉ့်လုံးပင် မအိပ်ဘဲ နိုးထ၍နေခဲ့ကြပေသည်။

ထိုအခါ အလ္လာဟ်အရှင်မြတ်က မိမိ၏ကျေးဇူးတော်ဖြင့် အသင်တို့သည် ညဉ့်အချိန် နိုးထ ဆွလာတ်ဝတ်ပြုမှုကို စနစ်တကျအမြဲတစေ ထိန်းသိမ်းနိုင်ကြမည်မဟုတ်၊ ထို့အတွက် ညဉ့်အချိန် နိုးထနိုင်သော ပုဂ္ဂိုလ်များသည် မိမိတို့ ဆွလာတ်ဝတ်ပြုနိုင်သမျှ ဝတ်ပြုနိုင်ကြပေသည်။ ဆွလာတ်ဝတ်ပြုရာတွင် အလျင်းသင့်သမျှ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်နိုင်ကြပေသည်ဟု မိန့်ကြားတော်မူ၍ ညဉ့်အချိန် နိုးထ ဆွလာတ်ဝတ်ပြုရန် အမိန့်တော်ကို လျှော့၍ ပေးတော်မူခဲ့လေသည်။ သို့ဖြစ်ရာ ယခုမူ "တဟဂ္ဇုဒ်" ညဉ့်အချိန် နိုးထ ဆွလာတ်ဝတ်ပြုမှုသည် (ဖရဿ်) မလုပ်မနေရတာဝန် မဟုတ်တော့ပေ။ အချိန်၏ ကန့်သတ်ချက်လည်း မရှိတော့ပေ။ ကုရ်အာန်ကျမ်းမြတ်ကို မည်ရွေ့မည်မျှ ရွတ်ဖတ်ရမည်ဟူသော စည်းကမ်းချက်လည်း မရှိတော့ပေ။

وَمَا تُقَدِّمُوا لِأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللَّهِ هُوَ خَيْرًا وَأَعْظَمَ أَجْرًا ۚ وَاسْتَغْفِرُوا اللَّهَ ۖ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٢٠﴾

သို့ဖြစ်ပေရာ အသင်တို့သည် (ဆွေလာတ် ဝတ်ပြုရာတွင်) ယင်းကုရ်အာန်ကျမ်းတော်မြတ်မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကို ရွတ်ဖတ်သရဇ္ဈာယ် ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ဆွေလာတ် ဝတ်ပြုမှုကို (စွဲမြဲစွာ) ဆောက်တည်ကြလေကုန်။ ထို့ပြင် ဇကာတ်' ပေးဆပ်ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်သော (စေတနာ)နှင့် ကြွေးမြီ ချေးငှားကြလေကုန်။

စင်စစ်သော်ကား အသင်တို့သည် မည်သည့် ကောင်းမှုကိုမဆို မိမိတို့အကျိုးငှာ တင်ကြို ပို့နှင့် ကြပါလျှင် ယင်းသည့်ကောင်းမှုကို အလ္လာဟ်အရှင် မြတ်အထံတော်၌ သာ၍ မွန်မြတ်သည်ကိုလည်း ကောင်း၊ ကုသိုလ်အကျိုးအားဖြင့် ပို၍ကြီးကျယ် သည်ကိုလည်းကောင်း၊ အသင်တို့ တွေ့ရှိကြရပေမည်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ် အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံကြ လေကုန်၊ [၁] ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်မှာမူကား အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူသောအရှင်၊ အလွန်တရာ ကြင်နာသနားတော်မူသော အရှင်၊ ဖြစ်တော်မူပေသတည်း။

---

① ဆိုလိုသည်ကား အသင်တို့သည် အမိန့်တော်များ လိုက်နာကျင့်သုံးပြီး နောက်ပိုင်းတွင်သော်မှပင် အလ္လာဟ်အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းခွင့် ပန်ကြားကြရပေမည်။ အဘယ်ကြောင့်ဆိုသော် အမိန့်တော်ကို သတိဝိရိယကြီးစွာနှင့် လိုက်နာကျင့်သုံးသူတစ်ဦးဦး၌ပင်လျှင် ချွတ်ယွင်းမှု၊ ပျက်ကွက်မှု၊ ချို့တဲ့မှုသည် အနည်းနှင့်အများ ရှိသည်သာဖြစ်သည်။ "ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန် တာဝန်ကို တိကျမှန်ကန်စွာ ထမ်းဆောင်ပြီးပြီ"ဟု အသူဆိုဝံ့အဲ့နည်း။ လူသားတို့တွင် တမန်တော်များသည် အထွက်အထိပ် ဖြစ်ကြပေသည်။ ယင်းသည့် တမန်တော်များသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ထံတော်၌ လွတ်ငြိမ်းခွင့် ပန်ကြားခဲ့ကြသည်ဖြစ်ရာ၊ ကျွန်ုပ်တို့သည် ပို၍ပင် လွတ်ငြိမ်းခွင့် ပန်ကြားရမည် မဟုတ်ပါလော။ (အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ကျွန်တော်မျိုး၏ ချွတ်ယွင်းမှု၊ ချို့တဲ့မှုအပေါင်းကို လွတ်ငြိမ်းခွင့် ပေးသနားတော်မူပါ။)

စောင်ခြုံသူကဏ္ဍ

سُورَةُ المُدَّثِّر

ဤကဏ္ဍသည် "မွန္ဒဆ်ဆိရ်" "စောင်ခြုံသူ" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင်အာယတ်တော်(၅၆)ပါး၊ ရုကူအ်(၂)ပိုဒ်အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

يَا أَيُّهَا الْمُدَّثِّرُ ﴿١﴾

၁။ အိုစောင်ခြုံထားသူ။ [၁]

قُمْ فَأَنْذِرْ ﴿٢﴾

၂။ အသင်သည် ထပြီးလျှင် (ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အား) သတိပေးနှိုးဆော်ပါလေ၊ [၂]

وَرَبَّكَ فَكَبِّرْ ﴿٣﴾

၃။ ၎င်းပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ကြီးကဲမြင့်မြတ်တော်မူကြောင်း ချီးကျူးမြွက်ဆိုပါလေ။ [၃]

وَثِيَابَكَ فَطَهِّرْ ﴿٤﴾

၄။ ၎င်းပြင် အသင်သည် မိမိအဝတ်များကို (အညစ်အကြေးတို့မှ)စင်ကြယ်သန့်ရှင်းစေပါလေ၊ [၄]

---

① ဤအကြောင်းနှင့်စပ်လျဉ်း၍ ယခင်ကဏ္ဍ ပထမ အာယတ်တော်၏အဖွင့်ကို ပြန်လည်ရှုပါကုန်။

② တမန်တော်မြတ်သည် "ဝဟီ" အမိန့်တော်ကျရောက်ခြင်း၏ လေးလံမှုနှင့် ကောင်းကင်တမန်၏ ကြောက်ရွံ့ဖွယ်ရာ ပုံပန်းသဏ္ဌာန်တို့ကြောင့် စိုးရိမ်တော်မူရန်မလို။တမန်တော်မြတ်၏ အဓိကတာဝန်မှာ မိမိ၏သုခချမ်းသာမှုအစုစုတို့ကို စွန့်လွှတ်၍၊ သူတစ်ပါးတို့ကို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားစေခြင်းနှင့် သွေဖည်ဆန့်ကျင်မှု၏ ဆိုးရွားလှသည့် အကျိုးဆက်များကို ညွှန်ပြသတိပေးခြင်းပင်ဖြစ်သည်။

③ လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်၊ ဂုဏ်တော်များကို ကြားနာသိရှိကြမှသာလျှင် ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညား လာကြပေမည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ဆွလာတ် ဝတ်ပြုရာတွင် လည်းကောင်း၊ ဆွလာတ်အပြင်တွင် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဂုဏ်တော်များနှင့် အတိုင်းမသိ ကြီးကဲမြင့်မြတ်တော်မူသည့် အကြောင်းများကို ထုတ်ဖော်ဖွင့်ဟ ပြောပြတော်မူရပေမည်။

④ ဤကဏ္ဍကျရောက်လာသည့်အခါ လူသားတို့အား အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ရန် တမန်တော်မြတ်၌ တာဝန်ဖြစ်ရှိလာခဲ့၏။ ထို့နောက်၊ ဆွလာတ် စသည့်သာသနာ့တာဝန်များနှင့် စပ်လျဉ်း၍ ➤➤

وَالرُّجْزَ فَاهْجُرْ ﴿٥﴾

၅။ ထို့ပြင် အသင်သည် ရုပ်တုများမှ လွတ်ကင်းစွာနေပါလေ။

وَلَا تَمْنُن تَسْتَكْثِرُ ﴿٦﴾

၆။ ထို့ပြင် အသင်သည် (တစ်စုံတစ်ဦးအား) ပိုမိုရလိုသောအားဖြင့် (တစ်စုံတစ်ရာ)ပေးကမ်းခြင်း ကို မပြုပါလေနှင့်။

وَلِرَبِّكَ فَاصْبِرْ ﴿٧﴾

၇။ ထိုမှတစ်ပါး အသင်သည် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် (ကျေနပ်မှု)ကို ရည်စူး၍ သည်းခံခြင်း တရားထားရှိပါလေ။

فَإِذَا نُقِرَ فِي النَّاقُورِ ﴿٨﴾

၈။ စင်စစ်သော်ကား တံပိုးခရာ မှုတ်သော အခါဝယ်

فَذَٰلِكَ يَوْمَئِذٍ يَوْمٌ عَسِيرٌ ﴿٩﴾

၉။ ယင်းနေ့မှာ လွန်စွာ ခက်ခဲပြင်းထန်သော နေ့ပင် ဖြစ်ချိမ့်မည်။

عَلَى الْكَافِرِينَ غَيْرُ يَسِيرٍ ﴿١٠﴾

၁၀။ ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့အဖို့ လွယ်ကူခြင်းမရှိသော။

➤➤ အမိန့်တော်ကျရောက်လာခဲ့၏။

ဆွေးတော်ဝတ်ပြုရာတွင် အဝတ်အစား သန့်ရှင်းရမည်ဖြစ်သည်။ အညစ်အကြေးများနှင့် ကင်းစင်ရမည်ဖြစ်သည်။ ဤသည့်အကြောင်းကိုပင် ဤအာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။ ဆွေးတော်ဝတ်ပြုရာတွင် အဝတ်အစားများပင် သန့်ရှင်းရမည်ဖြစ်ရာ၊ ကိုယ်ခန္ဓာ၏ သန့်ရှင်းမှုသည် ပို၍ပင် အရေးကြီးမည်မဟုတ်ပါလော။ ထို့အတွက်ကြောင့် ဤအာယတ်တော်တွင် ကိုယ်ခန္ဓာ သန့်ရှင်းရမည့်အကြောင်း အထူးတလည် ထုတ်ဖော်မိန့်ဆိုထားတော်မူရန်ပင် မလိုပေ။

အချို့ မုဖတ်စ်စီရ်ပညာရှင်များက ဤအာယတ်တော်တွင် အဝတ်အစား သန့်ရှင်းမှုဟူသည် မိမိကိုယ်ကို ဆိုးသွမ်းညစ်ညမ်းသော အကျင့်အမူများနှင့် ကင်းရှင်းစွာထားရှိမှုကို ဆိုလိုသည် ဟူ၍လည်းကောင်း၊ အညစ်အကြေးများမှ ကင်းစင်မှုဟူသည် ရုပ်တုများနှင့် ကင်းစင်မှုကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ အနက်ဖွင့်ကြသည်။ အသို့ရှိစေ အချုပ်ဆိုရသော် ဤအာယတ်တော်အရ ရုပ်၊ နာမ်၊ အတွင်း၊ အပြင် အားလုံး သန့်ရှင်းရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ အဘက်ဘက်တွင် မသန့်ရှင်းသမျှ ကာလပတ်လုံး အလွှာဟ်အရှင်မြတ်၏ ကြီးကဲမြင့်မြတ်မှုသည် စိတ်နှလုံးသားတွင် ကောင်းမွန်စွာ ဆွဲထင်နိုင်မည်မဟုတ်ပေ။

ذَرْنِي وَمَنْ خَلَقْتُ وَحِيدًا ﴿١١﴾

၁၁။ (အို-နဗီတမန်တော်) အသင်သည် ငါအရှင်မြတ်အား လည်းကောင်း၊ အကြင်သူအား လည်းကောင်း၊ လွှတ်ထားပါလေ။ ငါအရှင်မြတ်သည် ၎င်းအား တစ်ဦးတည်း ဖန်ဆင်းတော်မူခဲ့၏။

وَجَعَلْتُ لَهُ مَالًا مَّمْدُودًا ﴿١٢﴾

၁၂။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသူအား မြောက်မြားစွာသော ပစ္စည်းဥစ္စာကိုလည်းကောင်း၊

وَبَنِينَ شُهُودًا ﴿١٣﴾

၁၃။ ရှေ့မှောက်၌ (အမြဲ)အဆင်သင့်ရှိနေကြသော ယောကျ်ားများကိုလည်းကောင်း၊ ပေးသနားတော်မူခဲ့၏။

وَمَهَّدتُّ لَهُ تَمْهِيدًا ﴿١٤﴾

၁၄။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်း၌(စည်းစိမ်ချမ်းသာအမျိုးမျိုးတို့ကို) အဆင်သင့် ပြုလုပ်၍ ပေးတော်မူခြင်းအားဖြင့် အဆင်ပြေစေတော်မူခဲ့၏။

ثُمَّ يَطْمَعُ أَنْ أَزِيدَ ﴿١٥﴾

၁၅။ သို့ပါလျက် ငါအရှင်မြတ်သည် ၎င်းအား ပိုမို၍ ပေးတော်မူရန် ၎င်းသည် လောဘရမ္မက် ထားရှိ၏။

كَلَّا ۖ إِنَّهُ كَانَ لِآيَاتِنَا عَنِيدًا ﴿١٦﴾

၁၆။ (၎င်းမှာ ပိုမိုချီးမြှင့်တော်မူခြင်းကို) အလျှင်း (ခံရမည်) မဟုတ်ပေ။ [၁] ဧကန်မလွဲ ၎င်းမှာ ငါအရှင်မြတ်၏အာယတ်တော်၊ သက်သေလက္ခဏာတော်များကို ဆန့်ကျင်သူဖြစ်၏။

---

① လူသားသည် အဓိဝမ်းတွင်းမှ တစ်ဦးတည်း မွေးဖွားလာခဲ့သည်ချည်းသာ ဖြစ်သည်၊ မွေးဖွားလာချိန်တွင် မိမိနှင့်အတူ ဥစ္စာပစ္စည်း၊ သားသမီး၊ ဆွေရဲသင်းပင်း တစ်စုံတစ်ရာ ယူဆောင်လာခဲ့သည်ဟူ၍ မရှိ၊ ဆိုလိုသည်ကား ဤအာယတ်တော်တွင် ပါရှိသော "တစ်ဦးတည်း" ဟူသည် လူသားတိုင်းကိုလည်း ဆိုလိုနိုင်သည်။ သို့တည်းမဟုတ် နာမည်ကြီး အရာဝတ္ထုခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော ဝလီဒ်ဣဗ်နမုဃီရဟ်ကိုလည်း ဆိုလိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ၎င်းသည် မိမိဖခင်၏တစ်ဦးတည်းသောသား ဖြစ်ခဲ့၏။ လောကီဆိုင်ရာ ဥစ္စာပစ္စည်း၊ ဆွေရဲသင်းပင်း၊ ဩဇာအာဏာအားဖြင့်လည်း တစ်ဦးတည်းဖြစ်ခဲ့၏။ ၎င်း၌ အားထားရာ သားယောကျ်ား(၁၀)ယောက်တိတိ ရှိခဲ့ကြ၏။ အမြဲတစေ ဖခင်၏ရှေ့မှောက်တွင် အသင့်ရှိနေခဲ့ကြ၏။ ကူးသန်းရောင်းဝယ်ရန်နှင့် အခြားလုပ်ငန်းများအတွက် အခိုင်းအစေ အမြောက်အမြားလည်းရှိခဲ့ကြ၏။ အချုပ်ဆိုရသော် ၎င်း၌ လောကီဆိုင်ရာ ဥစ္စာဓန၊ အဆွေအရံ၊ ဩဇာအာဏာ အားလုံးပြည့်စုံခဲ့၏။ ထို့အတွက်ကြောင့်ပင် ➤➤

سَأُرْهِقُهُۥ صَعُودًا ﴿١٧﴾

၁၇။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် ၎င်းအား (ဂျဟန္နမ်ငရဲ၏) တောင်ပေါ်သို့ အနိုင်အထက်ပြု၍ တက်စေတော်မူမည်။

إِنَّهُۥ فَكَّرَ وَقَدَّرَ ﴿١٨﴾

၁၈။ ဧကန်စင်စစ် ၎င်းသည် ကြံစည်၍ (ယင်း အကြံအစည်ကို) ဆုံးဖြတ်ခဲ့၏။

فَقُتِلَ كَيْفَ قَدَّرَ ﴿١٩﴾

၁၉။ သို့ဖြစ်ပေရာ ၎င်းသည် ပျက်စီးစေသား၊ ၎င်းသည် (အဘယ်ကဲ့သို့)သော အကြံအစည်ကို ဆုံးဖြတ်ခဲ့ဘိသနည်း။

ثُمَّ قُتِلَ كَيْفَ قَدَّرَ ﴿٢٠﴾

၂၀။ ထို့သူသည် ထို့နောက်တစ်ဖန် ထပ်မံ၍ ပျက်စီးစေသား၊ ၎င်းသည် မည်ကဲ့သို့(သော အကြံအစည်ကို) ဆုံးဖြတ်ခဲ့ဘိသနည်း။

ثُمَّ نَظَرَ ﴿٢١﴾

၂၁။ ထို့နောက် ၎င်းသည် (မိမိအမျိုးသားတို့၏ မျက်နှာများကို)ကြည့်ရှုခဲ့လေ၏။ (ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့်စပ်လျဉ်း၍) စဉ်းစားခဲ့လေ၏။

➤➤ ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် ပြဿနာပေါ်သည့်အခါ ၎င်းအား မှီခိုအားထားလေ့ ရှိကြ၏။ ဖြေရှင်းရန် အရေးကိစ္စပေါ်က ၎င်းအားပင် ခုံသမာဓိ တင်မြှောက်လေ့ရှိခဲ့ကြ၏။

အလ္လာဟ်အရှင်မြတ်သည် ဝလီဒ်ဣဗ်နုမုဃီရဟ်အား ယင်းကဲ့သို့ အမျိုးမျိုး ချီးမြှင့်မြှောက်စားတော်မူခဲ့သော်လည်း ဝလီဒ်သည် ကျေးဇူးမသိတတ်ခဲ့ပေ။ ကျေးဇူးမသိတတ်ခဲ့သည်သာမက ဝလီဒ်သည် အမြဲတစေ ရုပ်တုကိုးကွယ်မှုတွင် နစ်မွန်း၍နေခဲ့၏။ ဥစ္စာဓန ကဲ့လုံကြွယ်ဝပါလျက်၊ ကြွယ်ဝသည်ထက် ပို၍ကြွယ်ဝနိုင်ရန် လောဘကြီးစွာဖြင့် ဥစ္စာပစ္စည်းကို ရှာဖွေနေခဲ့၏။ တစ်ခါတစ်ရံ တမန်တော်မြတ်သည် ၎င်း၏ရှေ့တွင် ဂျန္နတ်၏ အမတသုခများအကြောင်း ပြောပြတော်မူသည့်အခါ ၎င်းက "အကယ်၍ ဤပုဂ္ဂိုလ်(တမန်တော်မြတ်) ပြောကြားသည့်အတိုင်း မှန်ကန်ပါလျှင် ဂျန္နတ်၏ အမတသုခများကိုလည်း ကျွန်ုပ် မုချရရှိမည်ဖြစ်သည်" ဟူ၍ ပြောဆိုလေ့ရှိခဲ့၏။ ဝလီဒ် မျှော်မှန်းချက်သည် အသို့လျှင် အကောင်အထည် ပေါ်နိုင်အံ့နည်း၊ အလျှင်းမဖြစ်နိုင်၊ အလ္လာဟ်အရှင်မြတ်အား အကြီးအကျယ် ကျေးဇူးကန်းနေသူတစ်ဦးက ထိုအရှင်မြတ်၏ အမတသုခများကို မျှော်မှန်းနေခြင်းမှာ စိတ်ကူးယဉ်အိပ်မက်မက်ခြင်းသာ ဖြစ်ပေမည်။

ဤအာယတ်တော်များ ကျရောက်လာပြီးနောက် ဝလီဒ်၏ ဥစ္စာပစ္စည်းများသည် တစ်နေ့တစ်ခြား ပျက်ပြားဆုံးပါးလာခဲ့၏၊ နောက်ဆုံးတွင် ဝလီဒ်သည် ပစ္စည်းမဲ့ ဆင်းရဲသားတစ်ဦးဖြစ်ကာ၊ သေသိမ်စွာ သေဆုံးသွားခဲ့လေသည်။ ဤကား ကျေးဇူးကန်းမှု၏ အကျိုးပင်။

ثُمَّ عَبَسَ وَبَسَرَ ﴿٢٢﴾

၂၂။ ထို့နောက် ၎င်းသည် မျက်နှာရှုံ့ခဲ့၏။ တစ်ဖန် ထပ်မံ၍ပင် ရှုံ့မဲ့ခဲ့၏။

ثُمَّ أَدْبَرَ وَاسْتَكْبَرَ ﴿٢٣﴾

၂၃။ ထို့နောက် ၎င်းသည် ကျောခိုင်းခဲ့၏။ မာန်မာန ထောင်လွှားခဲ့၏။

فَقَالَ إِنْ هَٰذَا إِلَّا سِحْرٌ يُؤْثَرُ ﴿٢٤﴾

၂၄။ ထို့နောက် ၎င်းက ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် ရှေးအဆက်ဆက်က အဆင့်ဆင့် ရောက်ရှိသော စုန်းအတတ်၊ ဂါထာမန္တရားမှတစ်ပါး အခြားမဟုတ်ဟူ၍ လည်းကောင်း၊

إِنْ هَٰذَا إِلَّا قَوْلُ الْبَشَرِ ﴿٢٥﴾

၂၅။ ဤသည် လူသား၏ ပြောဆိုချက်မှတစ်ပါး အခြားမဟုတ်ဟူ၍လည်းကောင်း၊ ပြောဆိုခဲ့လေ၏။ [၁]

سَأُصْلِيهِ سَقَرَ ﴿٢٦﴾

၂၆။ မကြာမြင့်မီပင် ငါအရှင်မြတ်သည် ၎င်းအား "စကရ်"(မည်သော)ငရဲသို့ ဝင်ရောက်စေတော်မူပေမည်။

---

① တစ်ခါသော် ဝလီဒ်ဣဗ်နုမုဃီရဟ်သည် တမန်တော်မြတ်ထံတော်သို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်သည် ၎င်းအား ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ရွတ်ဖတ်ပြတော်မူခဲ့၏။ ဝလီဒ်သည် အာယတ်တော်များကို ကြားနာပြီး အတော်ပင်နှလုံးတွေ့ခဲ့၏။ ပီတိဖြစ်ခဲ့၏၊ သို့တစေလည်း အမူရာဟ်လ်သည် ၎င်းအား သွေးဆောင်ဖြားယောင်းထားရန် ကြိုးစား၏။ ကုရိုက်ရှ်မျိုးနွယ်တွင် "အကယ်၍ ဝလီဒ်သည် မွတ်စ်လင်မ်ဖြစ်သွားပါက ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ရတော့မည်" ဟူသော သတင်းသည် အတော်ပင်ပြန့်ပွားနေခဲ့၏။ နောက်ဆုံးတွင် ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် စုဝေး၍ တမန်တော်မြတ်နှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ကြ၏။ အချို့က လက်ံာဆရာဟု ဆိုကြ၏။အချို့က အနာဂတ်ဟောဆရာဟု ဆိုကြ၏။ ဝလီဒ်က– ကျွန်ုပ်သည် လက်ံာအရာတွင် ပါရဂူဖြစ်သည်။ အနာဂတ်ဟောဆရာများ၏စကားများကိုလည်း ကြားဖူးသည်။ ကုရ်အာန်သည် လက်ံာလည်း မဟုတ်၊ အနာဂတ်ဟောကြားချက်လည်း မဟုတ်ဟု ပြောပြ၏။

ထိုအခါ လူများက အသင်သည် မည်သို့ထင်မြင်ပါသနည်းဟု မေးကြရာ၊ ဝလီဒ်က အနည်းငယ် စဉ်းစားပြီး မျက်နှာထားပြောင်းကာ အမူအရာဟန်ပါပါနှင့် "ဤသည် ဗာဗိလိုမြို့သူမြို့သားများထံမှ အဆင့်ဆင့် ရောက်ရှိလာခဲ့သော ဂါထာမန္တရားမျှသာဖြစ်သည်" ဟု ပြောဆိုလိုက်လေသည်။ ဝလီဒ်သည် မိမိ၏သားချင်းများအား ဝမ်းသာစေရန် ယခုကဲ့သို့ပြောဆိုသော်လည်း၊ မကြာမီအတွင်းပင် ယင်း ဝလီဒ်ကိုယ်တိုင်က ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြားနာပြီး "ဤသည် ဂါထာမန္တရားလည်းမဟုတ်၊ အရူးစကားလည်းမဟုတ်၊ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်သည်" ဟူ၍ အတိအလင်း ဝန်ခံပြောကြားခဲ့ပြီး ဖြစ်သည်။ ဤသည့် ဖြစ်ရပ်ကိုပင် ဤအာယတ်တော်တွင် ရည်ညွှန်းထားတော်မူသည်။

وَمَآ أَدۡرَىٰكَ مَا سَقَرُ ﴿٢٧﴾

၂၇။ စင်စစ် (အို-နဗီတမန်တော်) "စကရ်" ငရဲသည် အဘယ်နည်း၊ အသင် သိပါသလော။

لَا تُبۡقِي وَلَا تَذَرُ ﴿٢٨﴾

၂၈။ ယင်း"စကရ်" ငရဲသည် (မည်သည့် ကာဖိရ်တစ်ဦးတစ်ယောက်ကိုမျှ လောင်ကျွမ်းစေခြင်းမပြုဘဲ) ကျွင်းကျန်စေမည်လည်း မဟုတ်ပေ၊ (မည်သည့် ကာဖိရ်တစ်ဦးတစ်ယောက်ကိုမျှပင် မိမိအတွင်းသို့ သိမ်းသွင်းခြင်း မပြုဘဲ) စွန့်လွှတ်၍ထားရှိမည်လည်း မဟုတ်ပေ။

لَوَّاحَةٞ لِّلۡبَشَرِ ﴿٢٩﴾

၂၉။ (ယင်း "စကရ်"ငရဲသည်) လူသား၏အရေကို အခြေအနေ ပြောင်းလဲအံ့သော၊ ကျွမ်းလောင်ပျက်စီးစေအံ့သော၊ ခွာပစ်အံ့သော၊ အရာဖြစ်၏။

عَلَيۡهَا تِسۡعَةَ عَشَرَ ﴿٣٠﴾

၃၀။ ယင်း"စကရ်"ငရဲ၌ (မလာအိကဟ် ကောင်းကင်တမန်) ဆယ့်ကိုးပါးတို့သည် (စောင့်ကြပ်လျက်) ရှိကြကုန်အံ့သတည်း။

وَمَا جَعَلۡنَآ أَصۡحَٰبَ ٱلنَّارِ إِلَّا مَلَٰٓئِكَةٗۙ وَمَا جَعَلۡنَا عِدَّتَهُمۡ إِلَّا فِتۡنَةٗ لِّلَّذِينَ كَفَرُواْ لِيَسۡتَيۡقِنَ ٱلَّذِينَ أُوتُواْ ٱلۡكِتَٰبَ وَيَزۡدَادَ ٱلَّذِينَ ءَامَنُوٓاْ إِيمَٰنٗا

၃၁။ စင်စစ်သော်ကား ငါအရှင်မြတ်သည် "မလာအိကဟ်" ကောင်းကင်တမန်များကိုသာလျှင် ငရဲစောင့်များအဖြစ် ခန့်အပ်ထားတော်မူခဲ့၏။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုအစောင့်အကြပ်တို့၏ အရေအတွက်ကို ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့အဖို့ စမ်းသပ်မှုသာလျှင် ပြုလုပ်ထားတော်မူ၏။ နောက်ဆုံးတွင် ကျမ်းဂန်ကို ပေးသနားတော်မူခြင်း၊ ခံခဲ့ကြရသောသူတို့သည် ယုံကြည်လာကြသည့်ပြင် "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူတို့မှာ "အီမာန်" သက်ဝင်ယုံကြည်မှု တိုးပွားလာကြပေမည်။ ③

---

③ ငရဲကို ကွပ်ကဲသော ကောင်းကင်တမန်များ၏ အရေအတွက်ကို အတိတ်ခေတ် ကျမ်းဂန်ရရှိခဲ့ကြသော ကိတာဗီများသည် ယခင်ကတည်းကပင် သိရှိခဲ့ကြဟန်တူသည်။ တိရ်မိဓီကျမ်းတွင်လည်း ဤအတိုင်းလာရှိသည်။ သို့တည်းမဟုတ် ကိတာဗီများသည် ကောင်းကင်ကျ ကျမ်းဂန်များအရ ကောင်းကင်တမန်များ၌ အဘယ်မျှစွမ်းအင်သတ္တိရှိသည်ကိုလည်းကောင်း၊ ပြစ်ဒဏ်အမျိုးမျိုးအတွက် ကောင်းကင်တမန်အစားစား ➤➤

وَّلَا يَرْتَابَ الَّذِيْنَ اُوْتُوا
الْكِتٰبَ وَالْمُؤْمِنُوْنَ ۙ وَلِيَقُوْلَ
الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ
وَّالْكٰفِرُوْنَ مَاذَآ اَرَادَ اللّٰهُ
بِهٰذَا مَثَلًا ۭ كَذٰلِكَ يُضِلُّ
اللّٰهُ مَنْ يَّشَاۗءُ وَيَهْدِيْ مَنْ
يَّشَاۗءُ ۭ وَمَا يَعْلَمُ جُنُوْدَ
رَبِّكَ اِلَّا هُوَ ۭ وَمَا هِيَ
اِلَّا ذِكْرٰى لِلْبَشَرِ ۝۳۱

ထို့ပြင် ကျမ်းဂန်ကို ပေးသနားတော်မူခြင်း ခံခဲ့ကြရသောသူတို့သည်လည်းကောင်း၊ "မုအ်မင်နဲ်" သက်ဝင် ယုံကြည်သောသူတို့သည်လည်းကောင်း၊ ယုံမှား သံသယဖြစ်ကြမည် မဟုတ်ပေ။ ထိုမှတစ်ပါး နောက်ဆုံး စိတ်နလုံးများတွင် ရောဂါဝေဒနာ ရှိနေသောသူတို့သည်လည်းကောင်း၊ ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့သည်လည်းကောင်း၊ ဤသည့် (အရေအတွက်)ကို မိန့်ကြားတော်မူခြင်းအား ဖြင့် အလ္လာဟ်အရှင်မြတ်သည် မည်သည့်အရာကို ရည်စူး တော်မူပါသနည်းဟု ပြောဆိုလာကြပေမည်။

ထို သို့အား ဖြင့် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား လမ်းမှား၌ပင် ရှိမြဲရှိနေစေတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား လမ်းမှန်ကို ညွှန်ပြတော် မူ၏။

စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်၏ စစ်တပ်များကို ထိုအရှင် မြတ်မှတစ်ပါး မည်သူမျှပင် သိရှိမည်မဟုတ်ပေ။ ဤ အမှန်သော်ကား ယင်း"စကရ်"ငရဲနှင့်သက်ဆိုင်သော အကြောင်း အာယတ်တော်များကား လူသားတို့အဖို့ ဆုံးမသြဝါဒသည်သာလျှင် ဖြစ်ပေသည်။

➤➤ ရှိရမည်ကိုလည်းကောင်း၊ သိရှိကြပြီးဖြစ်ပေသည်။ သို့အတွက် ဤအာယတ်တော်ကို ကြားသိကြသောအခါ ကိတာဗီများသည် ကုရ်အာန်ကျမ်းမြတ်၏ မှန်ကန်မှုကို ပို၍ ယုံကြည်လာကြပေမည်။ မုအ်မင်နဲ်များ၏ အီမာန်ယုံကြည်မှုသည် ပို၍တိုးပွားလာပေမည်၊ ပို၍ရင့်ကျက်လာပေမည်။

③ အလ္လာဟ်အရှင်မြတ်၏ အသင်္ချေ အသန်္ချာသော စစ်သည်တော်များ၏ အရေအတွက်ကို ထိုအရှင်မြတ်သည်ပင် အတိအကျသိရှိတော်မူသည်။ ထိုအရှင်မြတ်မှတစ်ပါး အခြားမည်သူမျှမသိ။ ကောင်းကင်တမန်(၁၉)ပါးသည် ငရဲကို စီမံကွပ်ကဲသော အကြီးအကဲများ၏ အရေအတွက်မျှသာဖြစ်သည်။

كَلَّا وَالْقَمَرِ ﴿٣٢﴾

၃၂။ မှတ်ယူကြလေကုန်။ (ငါအရှင်မြတ်သည်) "လ" ကို သက်သေထူတော်မူ၏။

وَاللَّيْلِ إِذْ أَدْبَرَ ﴿٣٣﴾

၃၃။ ၎င်းပြင် (ငါအရှင်မြတ်သည်) "ည၌" ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ယင်းည၌သည် ဆုတ်ခွာ၍သွားလေ၏။

وَالصُّبْحِ إِذَا أَسْفَرَ ﴿٣٤﴾

၃၄။ ထို့ပြင် (ငါအရှင်မြတ်သည်) နံနက်အချိန်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ယင်းနံနက်အချိန်သည် လင်း၍လာခဲ့၏။ ၁

إِنَّهَا لَإِحْدَى الْكُبَرِ ﴿٣٥﴾

၃၅။ ကောန်မလွဲ ယင်း "စကရ်"မှာ (ကျဟန္နမ် ငရဲ၏) အကြီးအကျယ် ကြောက်မက်ဖွယ် ကောင်းသော (အထပ်များ)အနက် တစ်ခုဖြစ်၏။

نَذِيرًا لِّلْبَشَرِ ﴿٣٦﴾

၃၆။ (ယင်း"စကရ်"သည်) လူသားအား လွန်စွာ သတိပေး နှိုးဆော်လျက်ရှိ၏။

لِمَن شَاءَ مِنكُمْ أَن يَتَقَدَّمَ أَوْ يَتَأَخَّرَ ﴿٣٧﴾

၃၇။ (ဝါ) အသင်တို့အနက် ရှေ့သို့တိုးလိုသောသူ၊ သို့တည်း နောက်ဆုတ်လိုသောသူအား (သတိပေး နှိုးဆော်လျက်ပင် ရှိပေသတည်း)။

---

① ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် သုံးခုသောအရာကို သက်သေထူမိန့်ဆိုထားတော်မူသည်။ ထိုသုံးခုသောအရာသည် ကိယာမတ်နှင့် ဆက်စပ်လျက်ရှိပေသည်။ ဥပမာ လသည် ပထမသော် ငယ်ရာမ ကြီးလာ၏။ ထို့နောက် ကြီးရာမှငယ်သွား၏။ နောက်ဆုံးတွင် ကွယ်သွား၏။ ဤသည် ဤကမ္ဘာ၏တိုးပွားမှု၊ ဆုတ်ယုတ်မှုနှင့် ဆိတ်သုန်းမှု၏ နမူနာပင်ဖြစ်သည်။ ည၌တွင် အရာဝတ္ထုများသည် ဖုံးကွယ်လျက်ရှိ၏။ နေ့တွင် ပေါ်လွင်ထင်ရှားလာ၏။

ဤပစ္စက္ခသည် ည၌နှင့်တူ၏၊ နောင်တမလွန်ဘဝသည် နေ့နှင့်တူ၏။ တစ်နည်းဆိုသော် ဤပစ္စက္ခဘဝ၏ ဆိတ်သုဉ်းမှုသည် ည၌ကုန်သွားခြင်းနှင့်တူ၏။ နောင်တမလွန်ဘဝ စတင် ပေါ်လွင်ထင်ရှားလာခြင်းသည် နံနက်ချိန် လင်းလာခြင်းနှင့်တူ၏။ ဆိုလိုသည်ကား ဤပစ္စက္ခကမ္ဘာသည် လ ပမာ သခ်ၤါရမျှသာ ဖြစ်သည်၊ ည၌ကုန်သည့်အခါ နေ့ရောက်လာသည့်အလား ဤပစ္စက္ခသက်တမ်း ကုန်ဆုံးသည့်အခါ နောင်တမလွန်ဘဝသည် စတင်ပေါ်လာပေမည်ဟူ၏။

كُلُّ نَفْسٍۭ بِمَا كَسَبَتْ رَهِينَةٌ ﴿٣٨﴾

၃၈။ လူတိုင်းလူတိုင်းမှာ မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူများနှင့်စပ်လျဉ်း၍ ချုပ်နှောင်ထားပြီးဖြစ်ကြပေမည်။

إِلَّآ أَصْحَٰبَ ٱلْيَمِينِ ﴿٣٩﴾

၃၉။ သို့ရာတွင် လက်ယာဘက်သားတို့မှာမူကား၊

فِى جَنَّٰتٍ يَتَسَآءَلُونَ ﴿٤٠﴾

၄၀။ (ဂျန္နတ်သုခ၏) ဥယျာဉ်များဝယ် ရှိကြပေမည်။ ၎င်းတို့သည် မေးမြန်းလျက်ရှိကြပေမည်။

عَنِ ٱلْمُجْرِمِينَ ﴿٤١﴾

၄၁။ အပြစ်ရှိသူတို့နှင့်ပတ်သက်၍၊ [၁]

مَا سَلَكَكُمْ فِى سَقَرَ ﴿٤٢﴾

၄၂။ မည်သည့်အရာသည် အသင်တို့အား 'စကရ်' ငရဲထဲသို့ ဆောင်ကျဉ်းခဲ့သနည်းဟူ၍။

قَالُوا۟ لَمْ نَكُ مِنَ ٱلْمُصَلِّينَ ﴿٤٣﴾

၄၃။ ၎င်းတို့က (ဤသို့) ပြောဆိုကြပေမည်။ ကျွန်ုပ်တို့သည် "ဆွလာတ်" ဝတ်ပြုသူတို့တွင် ပါဝင်ခဲ့ကြသည်လည်း မဟုတ်ပေ။

وَلَمْ نَكُ نُطْعِمُ ٱلْمِسْكِينَ ﴿٤٤﴾

၄၄။ ၎င်းပြင် ကျွန်ုပ်တို့သည် သူဆင်းရဲတို့အားလည်း ကျွေးမွေးလေ့ရှိခဲ့ကြသည် မဟုတ်ပေ။

وَكُنَّا نَخُوضُ مَعَ ٱلْخَآئِضِينَ ﴿٤٥﴾

၄၅။ ထိုမှတစ်ပါး၊ ကျွန်ုပ်တို့သည် အချည်းနှီးသော ကိစ္စများကို ပြုလုပ်သောသူတို့နှင့်အတူ အချည်းနှီးသော ကိစ္စများကိုသာ လုပ်နေခဲ့ကြ၏။

وَكُنَّا نُكَذِّبُ بِيَوْمِ ٱلدِّينِ ﴿٤٦﴾

၄၆။ ထိုမှတစ်ပါး၊ ကျွန်ုပ်တို့သည် အစားပေးမည့်နေ့ကိုလည်း မဟုတ်မမှန်ဟူ၍စွပ်စွဲငြင်းပယ်နေခဲ့ကြ၏။

---

① လူတိုင်းသည် မိမိဆည်းပူးခဲ့သော အကျင့်အမူများတွင် တုပ်ပြီး၊ ချုပ်ပြီး၊ နှောင်ပြီးဖြစ်သည်။ သို့ရာတွင် လူလောကတွင် ဖြောင့်မတ်မှန်ကန်စွာ ရပ်တည်နေကြသော ကိယာမတ်နေ့တွင်လည်း "အရ်ရှ်" ပလ္လင်တော်၏ လက်ယာဘက်တွင် မတ်တတ်ရပ်ကြသော၊ မှတ်တမ်းများလည်း လက်ယာလက်များတွင် ပေးခြင်းခံကြရသော ပုဂ္ဂိုလ်များမှာမူကား ချုပ်နှောင်မှု ကင်းလွတ်ကြပေမည်။ ဂျန္နတ်တွင် လွတ်လပ်စွာ စံစားလျက်ရှိကြပေမည်။ ပြစ်မှု ကျူးလွန်သူများနှင့် ပတ်သက်၍ မိမိတို့အချင်းချင်း သို့မဟုတ် ကောင်းကင်တမန်များအား မေးမြန်းစုံစမ်းလျက် ရှိကြပေမည်။

حَتَّىٰٓ أَتَىٰنَا ٱلْيَقِينُ ﴿٤٧﴾

၄၇။ နောက်ဆုံးတွင် "မရဏ" သေခြင်းတရားသည် ကျွန်ုပ်တို့ထံ ရောက်ရှိ၍လာခဲ့လေ၏။ ၁

فَمَا تَنفَعُهُمْ شَفَٰعَةُ ٱلشَّٰفِعِينَ ﴿٤٨﴾

၄၈။ သို့ဖြစ်ပေရာ ကြားဝင်အသနားခံ၍ ပေးသူတို့၏ ကြားဝင် အသနားခံပေးမှုသည် ၎င်းတို့အား အကျိုးပေးမည်မဟုတ်ပေ။

فَمَا لَهُمْ عَنِ ٱلتَّذْكِرَةِ مُعْرِضِينَ ﴿٤٩﴾

၄၉။ ၎င်းတို့၌ မည်သည့် အကြောင်းရှိသဖြင့် ဆုံးမသြဝါဒဘက်မှ မျက်နှာလွှဲလျက်ရှိကြသနည်း။

كَأَنَّهُمْ حُمُرٌ مُّسْتَنفِرَةٌ ﴿٥٠﴾

၅၀။ ၎င်းတို့မှာ (အကြင်) ထွက်ပြေးနေသော မြည်းသတ္တဝါများကဲ့သို့ပင် ဖြစ်ကြကုန်၏။

فَرَّتْ مِن قَسْوَرَةٍۭ ﴿٥١﴾

၅၁။ ယင်း မြည်းသတ္တဝါတို့ကား ကျားတိရစ္ဆာန် (၏ဘေးရန်မှ) (လွတ်မြောက်ရန်) ထွက်ပြေးလျက်ရှိကြကုန်၏။

بَلْ يُرِيدُ كُلُّ ٱمْرِئٍ مِّنْهُمْ أَن يُؤْتَىٰ صُحُفًا مُّنَشَّرَةً ﴿٥٢﴾

၅၂။ စင်စစ်မှာကား ၎င်းတို့အနက် လူတိုင်းလူတိုင်းသည် ဖွင့်ထားသော ကျမ်းဂန်များကို ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံလိုကြကုန်၏။

كَلَّا بَل لَّا يَخَافُونَ ٱلْءَاخِرَةَ ﴿٥٣﴾

၅၃။ (၎င်းတို့သည် ယင်းသို့ ချီးမြှင့်ပေးသနားတော်မူခြင်းကို) အလျှင်း(ခံကြရမည်) မဟုတ်ပေ။ စင်စစ်မှာကား ၎င်းတို့သည် "အာခိရတ်" တမလွန်ဘဝကို ကြောက်ရွံ့စိုးရိမ်ကြသည် မဟုတ်ပေ။ ၂

---

① ပြစ်မှုကျူးလွန်သူများအား ငရဲတွင် သွင်းထားလိုက်ပြီဖြစ်ကြောင်းကို ဂျွန်တ်သားများ သိကြသောအခါ၊ ငရဲသားများအား ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း မေးမြန်းကြပေမည်။ ငရဲသားများကလည်း ဤအာယတ်တော်များတွင် လာရှိသည့်အတိုင်း ဟုတ်တိုင်းမှန်ရာကို ဝန်ခံဖြေကြားကြပေမည်။

အလိုသဘောမှာ ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ထမ်းဆောင်ရမည့် တာဝန်များကို မကျေပွန်ခဲ့ကြပါ၊ လူသားတို့နှင့်ပတ်သက်၍ ထမ်းဆောင်ရမည့် တာဝန်များကိုလည်း မကျေပွန်ခဲ့ကြပါ။ အခြားလူဇာလများကဲ့သို့ ကျွန်ုပ်တို့လည်း အမှန်တရားကို ဆန့်ကျင်ရာတွင် အချည်းနီး အချိန်ဖြုန်းတီးခဲ့ကြပါသည်။ အချုပ်ပြောရလျှင် ကျွန်ုပ်တို့သည် ဤတရားစီရင်မည့်နေ့ ဆိုက်ရောက်မည်ကိုပင် မယုံကြည်ခဲ့ကြပါ၊ ဤနေ့နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် အမြဲတစေ ငြင်းပယ်၍ပင် နေခဲ့ကြပါသည်။ နောက်ဆုံးတွင် သေခြင်းတရား ➤➤

كَلَّآ إِنَّهُۥ تَذۡكِرَةٞ ٥٤

၅၄။ မှတ်ယူကြလေကုန်။ ဧကန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ဆုံးမသြဝါဒပင် ဖြစ်ပေသည်။

فَمَن شَآءَ ذَكَرَهُۥ ٥٥

၅၅။ သို့ဖြစ်ပေရာမည်သူမဆိုအလိုရှိခဲ့မူ ယင်းဆုံးမသြဝါဒကို လေ့ကျက်မှတ်သားတရားရယူရပေမည်၊ [၁]

وَمَا يَذۡكُرُونَ إِلَّآ أَن يَشَآءَ ٱللَّهُ هُوَ أَهۡلُ ٱلتَّقۡوَىٰ وَأَهۡلُ ٱلۡمَغۡفِرَةِ ٥٦

၅၆။ စင်စစ်သော်ကား၊ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အလိုတော်ရှိမှသာလျှင် လေ့ကျက်မှတ်သား တရားရယူနိုင်ကြပေမည်။ [၂] ထိုအရှင်မြတ်သာလျှင် ကြောက်ရွံ့ထိုက်တော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူအံ့သောအရှင်၊ ဖြစ်တော်မူပေသတည်း။ [၃]

➤➤ ဆိုက်ရောက်လာခဲ့ပါသည်။ မိမိတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ကြရသည့်အခါမှ ယုံကြည်ကြပါသည်။ ယခုမူ ကျွန်ုပ်တို့၏ယုံကြည်မှုသည် အကျိုးမရှိပြီ။

① အမှန်မှာ ကာဖိရ်များသည် (အာခိရတ်) နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ကို ယုံကြည်ကြသည်မဟုတ်၊ ကြောက်ရွံ့ကြသည်မဟုတ်။ ထို့အတွက်ကြောင့်ပင် ၎င်းတို့သည် အမှန်တရားကို မဆည်းပူးလိုကြပေ။ အထက်တွင် ဖော်ပြပါအတိုင်း အမျိုးမျိုးတောင်းဆိုနေကြခြင်းမှာလည်း အမှန်တရားကို လိုလားကြ၍ ရိုးသားစွာ တောင်းဆိုနေကြခြင်းမဟုတ်၊ မရိုးသားသည့်သဘောဖြင့် တောင်းဆိုနေကြခြင်းသာဖြစ်သည်။ အကယ်တန်ဘိ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏တောင်းဆိုချက်များကို လိုက်လျောတော်မူပါကလည်း ၎င်းတို့သည် တစ်မျိုးတစ်ဖုံပြောဆို သွေဖည်မြဲ သွေဖည်သွားကြမည်ပင်။ ကြည့်-ကုရ်အာန်(၆:၇)။

② ကာဖိရ်များ တောင်းဆိုကြသည့်အတိုင်း ၎င်းတို့အသီးသီးတို့အား ကျမ်းတစ်စောင်စီ ပေးရန်မလိုပေ။ ကုရ်အာန်ကျမ်းမြတ်တစ်စောင်တည်းပင် တရားအတွက် ပြည့်စုံသည်။ အားလုံးအဖို့ လုံလောက်သည်။ မည်သူမဆို အလိုရှိက ကုရ်အာန်ကျမ်းမြတ်ကို မှတ်သားနိုင်သည်၊ နာယူကျင့်မှုနိုင်သည်။

③ အလ္လာဟ်အရှင်မြတ်၏ အလိုရှိမှု အလိုမရှိမှုသည် အကြောင်းမဲ့မဟုတ်၊ အဓိပ္ပါယ်အပြည့်အဝရှိသည်။ ကျိုးကြောင်းခိုင်လုံသည်။ ဤသည်ကို မည်သူမျှ မသိနိုင်၊ မငုံမိနိုင်၊ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို အကြွင်းမဲ့သိတော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည်။ အားလုံးတို့၏ အရည်အသွေး စွမ်းရည်သတ္တိကို အကြွင်းမဲ့သိတော်မူသည်။ သို့ သိတော်မူသည့်အလျောက် အလ္လာဟ်အရှင်မြတ်သည် အားလုံးတို့နှင့် ထိုက်တန်သည့်အားလျော်စွာ ဆက်ဆံတော်မူသည်။

④ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကြောက်ရွံ့ရိုသေ ခန့်ညားတော်မူထိုက်သည်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသည်၊ ထိုအရှင်မြတ်နှင့်သာလျှင် ထိုက်တန်လှသည်။ ဆိုလိုသည်ကား ပုဂ္ဂိုလ်တစ်ဦးသည် အဘယ်မျှပင်ကြီးလေးသည့်ပြစ်မှုများကိုပင် ကျူးလွန်ထားလင့်ကစား၊ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကာ "တတ်ဝါ"လမ်းစဉ်ကို လိုက်နာကျင့်သုံးပါက အလ္လာဟ်အရှင်မြတ်သည် ထိုပုဂ္ဂိုလ်အား မိမိ၏ ကရုဏာတော်ဖြင့် လွတ်ငြိမ်းခွင့်ပေးတော်မူမည်သာ။

ကိယာမတ် ကဏ္ဍ

سُوْرَةُ الْقِيَامَةِ

ဤကဏ္ဍသည် "ကိယာမတ်" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၄၀)ပါး၊ ရကူအ်အပိုဒ်(၂)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

لَآ اُقْسِمُ بِيَوْمِ الْقِيٰمَةِ ۝١

၁။ ငါ အရှင်မြတ်သည် "ကိယာမတ်" ရှင်ပြန်ထမည့်နေ့ကို သက်သေထူ ကျိန်ဆိုတော်မူ၏။ [၁]

وَلَآ اُقْسِمُ بِالنَّفْسِ اللَّوَّامَةِ ۝٢

၂။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် (မိမိကိုယ်ကို) လွန်စွာ ပြစ်တင်ဆုံးမတတ်သောစိတ်ကို သက်သေထူ ကျိန်ဆိုတော်မူ၏။ [၂]

---

① အရဗ်ဘာသာစာပေဝေါဟာရ အသုံးအနှုန်းတွင် တိုင်တည်ကျိန်ဆိုရာ၌ လေးနက်စေရန်အလို့ငှာ (လာ-နာဇီယဟ်) မဟုတ်၊ မရှိ၊ မဖြစ် စသည့် အနက်ပေးသော "လာ" ဟူသောပုဒ်ကို တိုင်တည်ကျိန်ဆိုသည့် ကြိယာပုဒ်ရှေ့တွင် ထည့်သွင်းသုံးနှုန်းလေ့ရှိကြသည်။ ဤအာယတ်တော်တွင်လည်း ဤနည်းအတိုင်းပင် သုံးနှုန်းထားတော်မူသည်။

ကိယာမတ်နေ့သည် အတိုင်းမသိ ကြီးကျယ်သော ကြောက်မက်ဖွယ်ကောင်းသော နေ့ကြီးဖြစ်သည်၊ ထိုနေ့မှာပင် လူသားတို့သည် ကျိုး-ပြစ် ခံ-စံကြရပေမည်။ ဤကဏ္ဍတွင်လည်း ကျိုး-ပြစ် ခံ-စံကြရမည့် အကြောင်းကိုပင် အဓိကထား၍ မိန့်ဆိုထားတော်မူသည်။ ထို့အတွက်ကြောင့်ပင်၊ အလ္လာဟ်အရှင်မြတ်သည် ဤကဏ္ဍ၏အစတွင် ကိယာမတ်နေ့ကို တိုင်တည်မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

② စိတ်သည် အမှန်မှာ တစ်ခုတည်းသာရှိသည်၊ သို့ရာတွင် စိတ်တွင် အခြေအနေသုံးမျိုးသုံးစားရှိသည်ကို အကြောင်းပြု၍ အမည်သုံးမျိုးဖြစ်နေသည်။ (၁)မွတ်မအင်နဖ်၊ (၂)အမ္မာရဟ်၊ (၃)လောင်ဝါမဟ်။ ဤစိတ်သုံးမျိုးသုံးစားအကြောင်း ကုရ်အာန်(၈၉း၂၇)၏အဖွင့်တွင် အကျယ်ရေးသားပေမည်။

မှတ်ချက်။

ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် "လောင်ဝါမဟ်"ကို ကျိန်ဆိုသက်သေထူတော်မူ၍ လူသားတို့အား သတိပေးထားတော်မူသည်မှာ အကယ်၍ လူသားသည် မှန်ကန်ဖြောင့်မတ်ဖြူစင်သော မူလသဘာဝအပေါ်၌ ရပ်တည်နေပါက၊ လူသား၏စိတ်သည် ဤပစ္စက္ခမှာပင် ချွတ်ယွင်းမှု၊ ချို့တဲ့မှု၊ မကောင်းမှုတို့ကို ကဲ့ရဲ့ပြစ်တင် ရွတ်ချပေသည်။ ဤသည်ပင် ကိယာမတ်နေ့တွင် အပြည့်စုံအဆုံး၊ အထင်ရှားဆုံးအဖြစ်နှင့် ပေါ်လွင်ထင်ရှားလာပေမည်။

أَيَحْسَبُ الْإِنسَانُ أَلَّن نَّجْمَعَ عِظَامَهُ ﴿٣﴾

၃။ လူသားသည် ၎င်း၏အရိုးများကို ငါအရှင်မြတ် စုပေါင်းတော်မူမည်မဟုတ်ဟု ထင်မှတ်၍နေလေသလော။

بَلَىٰ قَادِرِينَ عَلَىٰ أَن نُّسَوِّيَ بَنَانَهُ ﴿٤﴾

၄။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ ငါအရှင်မြတ်သည် ထိုလူသား၏ လက်ဆစ်ခြေဆစ်များကိုပင် လျှင် မူလအခြေအနေအတိုင်း ပြန်၍ပြုပြင်ဖန်ဆင်းရန် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။

بَلْ يُرِيدُ الْإِنسَانُ لِيَفْجُرَ أَمَامَهُ ﴿٥﴾

၅။ စင်စစ်မှာကား လူသားသည် မိမိ၏ရှေ့အနာဂတ်ကာလ၌ဖြစ်အံ့သော "ကိယာမတ်" ရှင်ပြန်ထမည့်နေ့ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လို၏။

(တစ်နည်း) စင်စစ်မှာကား လူသားသည် အနာဂတ်ကာလ၌လည်း ပြစ်မှုဒုစရိုက် ကျူးလွန်လို၏။

يَسْأَلُ أَيَّانَ يَوْمُ الْقِيَامَةِ ﴿٦﴾

၆။ ထိုလူသားက 'ကိယာမတ်' ရှင်ပြန်ထမည့်နေ့သည် မည်သည့်အခါ၌ဖြစ်အံ့နည်းဟု မေးမြန်း၏။

فَإِذَا بَرِقَ الْبَصَرُ ﴿٧﴾

၇။ စင်စစ်မှာကား အကြင်အခါ၀ယ် မျက်စိများမိန်းမောတွေ၀ေ ထိုင်းမှိုင်း၍ သွားပေမည်။

وَخَسَفَ الْقَمَرُ ﴿٨﴾

၈။ ၎င်းပြင် "လ" သည် အလင်းရောင် ကင်းမဲ့၍သွားပေမည်။

وَجُمِعَ الشَّمْسُ وَالْقَمَرُ ﴿٩﴾

၉။ ထိုမှတစ်ပါး "နေ"နှင့်"လ" တို့သည် ပေါင်းစပ်ခြင်းကို ခံကြရပေမည်။

(တစ်နည်း) "နေ" နှင့် "လ" တို့သည် တစ်မျိုးတစ်စားတည်း ဖြစ်စေခြင်းကို ခံကြရပေမည်။

يَقُولُ الْإِنسَانُ يَوْمَئِذٍ أَيْنَ الْمَفَرُّ ﴿١٠﴾

၁၀။ ထိုနေ့တွင် လူသားသည် (ကျွန်ုပ်) အဘယ်သို့ပြေးရပါမည်နည်းဟု ပြောဆိုပေမည်။

كَلَّا لَا وَزَرَ ﴿١١﴾

၁၁။ အလျှင်း မဟုတ်။ ခိုလှုံရာဟူ၍ အလျှင်း ရှိလိမ့်မည် မဟုတ်ပေ။

إِلَىٰ رَبِّكَ يَوْمَئِذٍ ٱلْمُسْتَقَرُّ ﴿١٢﴾

၁၂။ ထိုနေ့တွင် နေထိုင်ရာဌာနဟူသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌သာလျှင် ရှိချေမည်။ ③

يُنَبَّؤُا۟ ٱلْإِنسَٰنُ يَوْمَئِذٍۭ بِمَا قَدَّمَ وَأَخَّرَ ﴿١٣﴾

၁၃။ ထိုနေ့တွင် လူသားသည် မိမိ တင်ကြိုပို့နှင့်ခဲ့သည်ကိုလည်းကောင်း၊ မိမိ နောက်ချန်ရစ်ခဲ့သည်ကိုလည်းကောင်း၊ ပြောပြခြင်းကို ခံရပေမည်။

بَلِ ٱلْإِنسَٰنُ عَلَىٰ نَفْسِهِۦ بَصِيرَةٌ ﴿١٤﴾

၁၄။ စင်စစ်မှာကား လူသားသည် မိမိကိုယ်ကိုမိမိကောင်းစွာ မြင်သူဖြစ်မည်။

(တစ်နည်း) စင်စစ်မှာကား လူသား၏ ခန္ဓာကိုယ်၌ပင် သက်သေရှိနေပေမည်။

وَلَوْ أَلْقَىٰ مَعَاذِيرَهُۥ ﴿١٥﴾

၁၅။ စင်စစ် ၎င်းသည် မိမိ အကြောင်းပြချက်များကို (မည်မျှပင်) တင်ပြငြားအံ့လည်း။

لَا تُحَرِّكْ بِهِۦ لِسَانَكَ لِتَعْجَلَ بِهِۦٓ ﴿١٦﴾

၁၆။ အသင်သည် (ကောင်းကင်တမန် ဂျစ်ဗရီလ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ရွတ်ဖတ်တော်မူသည့်အခါ) အသင်၏လျှာကို (ယင်းအာယတ်တော်များကို) အလျှင်အမြန် (ကျက်မှတ်) ရယူရန်အလို့ငှာ မလှုပ်လေနှင့်။

---

③ ကိယာမတ်နေ့တွင် အတိုင်းမသိ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များကို တွေ့မြင်ရသောအခါ၊ အကြောက်ကြီးကြောက် အလန့်ကြီးလန့်ကာ မျက်စိများ ပြာသွားပေမည်။ "လ"သည် အလင်းရောင်မဲ့ဖြစ်သွားပေမည်။ နေနှင့် လကို ပေါင်းစပ်လိုက်ပေမည်။ ထိုအခါ တစ်ချိန်က ကိယာမတ်သည် မည်သည့်အခါ ဖြစ်မည်နည်းဟူ၍ပင် မေးမြန်းခဲ့သော ကာဖိရ်လူသားသည် ကိယာမတ်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ ကြောက်လန့်ကာ ကျွန်ုပ်သည် အဘယ်သို့ တိမ်းရှောင်ထွက်ပြေးရပါမည်နည်းဟု ပြောဆိုညည်းညူပေမည်။ ယနေ့အဖို့မှာကား ထွက်ပြေးတိမ်းရှောင်နိုင်ရန် နေရာဌာနဟူ၍ အလျှင်းရှိမည်မဟုတ်။ အလွှာဟ် အရှင်မြတ်၏ ရှေ့တော်မှောက်သို့ အစစ်အဆေးခံရန်အတွက် မလွဲမရှောင်သာ ရောက်ရမည်သာ။ တရားသဖြင့် စီရင်တော်မူခြင်း ခံရမည်သာ။ ကျိုး-ပြစ် ခံ-စံရမည်သာ။

إِنَّ عَلَيْنَا جَمْعَهُۥ وَقُرْءَانَهُۥ ﴿١٧﴾

၁၇။ ဧကန်စင်စစ် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို စုပေါင်းခြင်းသည်လည်းကောင်း၊ ထိုနည်းတူစွာ (ယင်းကုရ်အာန်ကျမ်းမြတ်ကို) ဖတ်စေခြင်းသည်လည်းကောင်း၊ ငါအရှင်မြတ်၏တာဝန်ဖြစ်၏။

فَإِذَا قَرَأْنَٰهُ فَٱتَّبِعْ قُرْءَانَهُۥ ﴿١٨﴾

၁၈။ သို့ဖြစ်ပေရာ အကြင်အခါဝယ် ငါအရှင်မြတ်သည် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်) ဖတ်ကြားတော်မူခဲ့အံ့။ ထိုအခါ (ယင်းကုရ်အာန်၏ ဖတ်ကြားချက်ကို) အသင်သည် လိုက်(၍ဖတ်)ပါလေ။ နားထောင်ပါလေ။

ثُمَّ إِنَّ عَلَيْنَا بَيَانَهُۥ ﴿١٩﴾

၁၉။ ထို့နောက် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ရှင်းပြခြင်းမှာလည်း ဧကန်အမှန် ငါအရှင်မြတ်၏တာဝန်သာဖြစ်၏။ [၁]

---

① ကောင်းကင်တမန် ဂျစ်ဗရီလ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို အလွှာဟ်အရှင်မြတ်ထံတော်မှ ယူဆောင်၍ တမန်တော်မြတ်အား ဖတ်ကြားပြသသည့်အခါ တမန်တော်မြတ်သည် အစပထမတွင် သက်ဆိုင်ရာ အာယတ်တော်များကို ကောင်းကင်တမန် ပြန်မသွားမီ ချက်ချင်း ကျက်မှတ်ထားနိုင်ရန်အလို့ငှာ စိတ်တွင်းမှ လိုက်၍ရွတ်ဖတ်တော်မူလေ့ရှိခဲ့၏။ ဤနည်းသည် တမန်တော်မြတ်အဖို့ မလွယ်ကူလှပေ၊ ကျက်မှတ်ရာတွင်လည်း အခက်အခဲရှိ၏။ ထို့အတွက် အလွှာဟ်အရှင်မြတ်က ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း အို-တမန်တော်၊ အသင်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို အလျင်စလိုလိုက်၍ နှုတ်လျှာတရွရွ ရွတ်ဖတ်နေရန်မလိုပေ။ စိတ်ရောကိုယ်ပါ အာရုံပြု၍ နားထောင်ရန်သာ လိုပေသည်။ အသင်၏စိတ်နှလုံးသားတွင် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို စ-လယ်-ဆုံး တစ်လုံးမကျန် မှတ်ထင်စေခြင်း၊ အသင်၏ နှုတ်လျှာမှ ရွတ်ဖတ်ပြစေခြင်း၊ အနက်အဓိပ္ပါယ်များကို လင်းပြခြင်း၊ သူတစ်ပါးတို့အား ဟောကြားခြင်းများသည် ငါအရှင်မြတ်၏ တာဝန်ဖြစ်သည်၊ အသင် ပူပန်သောက မဖြစ်လေနှင့်ဟု မိန့်ကြားတော်မူလိုက်လေသည်။

ထိုအချိန်မှစ၍ တမန်တော်မြတ်သည် ကျရောက်လာသော ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကောင်းကင်တမန် ဂျစ်ဗရီလ်နှင့်အတူ အလျင်စလို လိုက်၍ ရွတ်ဖတ်ခြင်းကို စွန့်လွှတ်လိုက်ပေသည်။ သို့တစေလည်း ကောင်းကင်တမန် ပြန်သွားသည့်အခါ တမန်တော်မြတ်သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ကုရ်အာန်ကျမ်း အာယတ်တော်များကို စ-လယ်-အဆုံး တစ်လုံးမကျန် မှတ်မိတော်မူသည်၊ သွက်လက်စွာ ဖတ်ပြတော်မူနိုင်သည်၊ အနက်သဘောကို ကောင်းစွာသိတော်မူသည်၊ သူတစ်ပါးတို့အား စနစ်တကျ ဟောပြ လင်းပြတော်မူနိုင်ပေသည်။ ဤသည်လည်း တန်ခိုးတော်တစ်ပါးပင်။

အထက်တွင် အလွှာဟ်အရှင်မြတ်သည် လူသား၏ အစိတ်စိတ်အမွှာမွှာဖြစ်နေသော၊ ပြန့်နှံ့လျက်ရှိသော အရိုးများကို ပြန်လည်စုပေါင်းပေးတော်မူမည့်အကြောင်း၊ လူသားကြိုတင်ပို့နှင့်ထားခဲ့သော အကျင့်အမူများနှင့် မိမိနောက်တွင် ချန်ရစ်ထားခဲ့သည့် အကျင့်အမူများကို လူသားအား စ-လယ်-အဆုံး အသိပေးတော်မူမည့် ➤➤

كَلَّا بَلْ تُحِبُّوْنَ الْعَاجِلَةَ ﴿٢٠﴾

၂၀။ မှတ်ယူကြလေကုန်။ စင်စစ်မှာကား အသင်တို့သည် လောကီဘဝကို နှစ်သက်ကြကုန်၏။

وَتَذَرُوْنَ الْاٰخِرَةَ ﴿٢١﴾

၂၁။ ၎င်းပြင် အသင်တို့သည် "အာခိရတ်"တမလွန်ဘဝကို စွန့်လွှတ်ကြကုန်၏။

وُجُوْهٌ يَّوْمَئِذٍ نَّاضِرَةٌ ﴿٢٢﴾

၂၂။ ထိုနေ့တွင် များစွာသော မျက်နှာတို့မှာ ရွှင်လန်းလျက် ရှိကြပေမည်။

اِلٰى رَبِّهَا نَاظِرَةٌ ﴿٢٣﴾

၂၃။ မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ဖူးမြော်လျက် ရှိကြပေမည်။ ၃

وَوُجُوْهٌ يَّوْمَئِذٍ بَاسِرَةٌ ﴿٢٤﴾

၂၄။ သို့ရာတွင် များစွာသော မျက်နှာတို့မှာမူကား ညှိုးနွမ်းလျက်ပင် ရှိကြပေမည်။

تَظُنُّ اَنْ يُّفْعَلَ بِهَا فَاقِرَةٌ ﴿٢٥﴾

၂၅။ ၎င်းတို့၌ ခါးရိုးကျိုးစေမည့် ပြစ်ဒဏ်ကို ခံရမည်ကို ကောင်းမွန်စွာ သိလျက်ရှိကြကုန်အံ့သတည်း။

كَلَّآ اِذَا بَلَغَتِ التَّرَاقِيَ ﴿٢٦﴾

၂၆။ မှတ်ယူကြလေကုန်၊ အကြင်အခါဝယ် အသက်ဇီဝိန်သည် ညှပ်ရိုးများသို့ ရောက်ရှိ၍သွားလေ၏။ ၂

➤➤ အကြောင်းပါရှိ၏။ ဤသည့်တန်ခိုးတော်သည် အထက်ပါအကြောင်း ၂-ရပ်အတွက် လက်တွေ့အထောက်အထား သာဓကတစ်ရပ်ပင်။ အလ္လာဟ်အရှင်မြတ်သည် မြော်ကြမ်းစွာ အာယတ်တော်များကို တမန်တော်မြတ်နှလုံးသားတွင် အသံထွက်နှင့်တကွ အနက်သဘောကိုပါ ထင်းလင်းမှတ်သားစေတော်မူနိုင်သည်ဖြစ်ရာ၊ လူသားတို့အား ၎င်းတို့၏ ရှေးနေ့ဘင်း အကျင့်အမူများကို အသို့လျှင် စုပေါင်း၍ပြတော်မမူဘဲ ရှိနိုင်အံ့နည်း။ ထို့အတူ ပြန့်လွင့်လျက်ရှိသော အရိုးများကို ပြန်လည်စုပေါင်း၍ ယခင်အတိုင်း လူသားတို့အား ပြန်လည်ရှင်ထစေတော်မမူဘဲ အသို့လျှင် ရှိနိုင်အံ့နည်း။

③ ကီယာမတ်နေ့တွင် အချို့မျက်နှာများသည် ရွှင်လန်းလျက်ရှိကြပေမည်။ အလ္လာဟ်အရှင်မြတ်အား ဖူးမြော်လျက်ရှိကြပေမည်။ ဤသည် နောင်တမလွန်ဘဝကို ယုံကြည်သော သူတော်စင်များ၏ အကျိုးဆက်ပင်။

ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့် ခိုင်လုံသော ဟဒီးဆ်ဩဒါဒတော်များကို ထောက်ရှုခြင်းအားဖြင့် သူတော်သူမြတ်တို့သည် နောင်တမလွန်ဘဝတွင် အလ္လာဟ်အရှင်မြတ်အား ဖူးမြင်ကြရမည်မှာ အမှန်မုချပင်။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိ၏ကျေးဇူးတော်ဖြင့် ဤသည့် အတိုင်းမသိကြီးကဲ့မြင့်မြတ်ဘိသော အခွင့်ထူး အခွင့်မြတ်ကို ချီးမြှင့်တော်မူသည် ဖြစ်ပါစေသတည်း)။

وَقِيلَ مَنْ ۜ رَاقٍ ﴿٢٧﴾

၂၇။ ၎င်းပြင် (ထိုဝေဒနာရှင်၏ အနီးအနားမှ၌ရှိသူတို့က) မန်းမှုတ်မည့်သူ ရှိပါသလောဟု ဟစ်အော်ကြပေမည်။ [၁]

وَظَنَّ أَنَّهُ الْفِرَاقُ ﴿٢٨﴾

၂၈။ ၎င်းပြင် ဧကန်စင်စစ် ဤအချိန်ကား (လောကီဘဝမှ) စွန့်ခွာရမည့်အချိန်ဖြစ်သည်ဟု ထိုသူ ယုံကြည်လျက်ရှိပေမည်။

وَالْتَفَّتِ السَّاقُ بِالسَّاقِ ﴿٢٩﴾

၂၉။ ထို့ပြင် ခြေသလုံးသည် ခြေသလုံးနှင့် ကပ်သွားပေမည်။ (တစ်နည်း) ထို့ပြင် ဒုက္ခသည် ဒုက္ခပေါ်၌ ထပ်ဆင့်၍ သွားပေမည်။ [၂]

---

(၂) နောင်တမလွန်ဘဝသည် မဝေးလှပြီ။ နောင်တမလွန်ဘဝ၏ ပထမဆုံးအဆင့်သည် သေခြင်းပင်ဖြစ်သည်၊ သေခြင်းတရားသည် ကပ်လျက်ရှိချေပြီ။ ဤအဆင့်မှ အဆင့်ဆင့်တက်လှမ်းကာ နောက်ဆုံးအဆင့်သို့ ရောက်ရမည်ဖြစ်သည်။ တစ်နည်းဆိုသော် လူတစ်ယောက်၏ သေဆုံးခြင်းသည် ထိုသူအဖို့ ကိယာမတ်ကြီး၏ နမူနာကလေးတစ်ခုပင်ဖြစ်သည်။ အသက် ညှပ်ရိုးသို့ ရောက်သည့်အခါ၊ အသက်ငင်သည့်အခါ၊ နောင်တမလွန်ဘဝ၏ခရီး စတင်ပြီဟူ၍ မှတ်ယူရပေမည်။

(၁) အသက်သေအံ့ဆဲဆဲဖြစ်၍ ဆေးဆရာများ၊ ဆရာဝန်များ လက်လျှော့လိုက်ကြရသည့်အခါ၊ အသက်ရှင်ရန် မျှော်လင့်ချက်အားလုံး ကုန်ဆုံးသည့်အခါ မန်းကြမှုတ်ကြသည်၊ မန်းမှုတ်သည့်ဆရာများကို စုံစမ်းမေးမြန်းကြသည်။ ဤသည် မျက်မြင်ကိုယ်တွေ့ပင်။

အချို့ပညာရှင်များက ဤအာယတ်တော်တွင်ပါရှိသည့် (مَنْ ۜ رَاقٍ) "မန်းရာကင်နှ်"ဟူသော စကားသည် သေမင်းတမန်နှင့်အတူ လိုက်ပါလာသော ကောင်းကင်တမန်များ၏ စကားဖြစ်သည်။ ထိုကောင်းကင်တမန်များသည် ဤသူသေ၏အသက်ကို မည်သူ ယူဆောင်သွားအုံနည်း၊ (၀၊) ကရုဏာတော်ဆိုင်ရာ ကောင်းကင်တမန်က ယူဆောင်သွားမည်လော၊ သို့တည်းမဟုတ် ပြစ်ဒဏ်ဆိုင်ရာကောင်းကင်တမန်က ယူဆောင်သွားမည်လော ဟူ၍ အချင်းချင်းမေးမြန်းကြပေသည်။ ဤဒုတိယဖွင့်ဆိုချက်အရ ဤအာယတ်တော်တွင်လာရှိသည့် (رَاقٍ) (ရာကင်နှ်)ဟူသောပုဒ်သည် အထက်သို့တက်ခြင်း အနက်ပေးသည်။ (رُقْيَة) (ရုကာ)ဟူသော မူရင်းပုဒ်မှ ဆင်းသက်ခြင်းဖြစ်သည်။ မန်းမှုတ်ခြင်း အနက်ပေးသည့် (رقية) (ရုကီယဟ်)ဟူသော မူရင်းပုဒ်မှ ဆင်းသက်ခြင်းမဟုတ်ပေ။

(၂) လူသည် သေအုံ့ဆဲဆဲဖြစ်သောအခါ များသောအားဖြင့် ခြေသလုံးချင်းကပ်သွား၏။ ထပ်သွား၏။ ကိုယ်ခန္ဓာ၏ အောက်ပိုင်းသည် အသက်နှင့် အဆက်ပြတ်သွားသည့်အခါ ခြေလှုပ်ရှားမှု ထိန်းသိမ်းမှုသည် လူ၏လက်တွင်း၌ မရှိတော့ပေ။ ထို့အတွက် ခြေသလုံးများသည် ကစဉ့်ကလျားဖြစ်ကာ တစ်ခုအပေါ်တစ်ခု ကျသွားတတ်၏။

အချို့ပညာရှင်များ၏ ယူဆချက်အရ အရပ်စာပေတွင် အလွန်ကြီးမားသောဒုက္ခကို ခြေသလုံးဖြင့် ➤➤

إِلَىٰ رَبِّكَ يَوْمَئِذٍ الْمَسَاقُ ﴿٣٠﴾

၃၀။ ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်သို့ပင် ပြန်သွားရပေမည်။

فَلَا صَدَّقَ وَلَا صَلَّىٰ ﴿٣١﴾

၃၁။ စင်စစ်သော်ကား ထိုလူသားသည် ဟုတ်မှန်ကြောင်း ယုံကြည်ထောက်ခံခဲ့သည်လည်း မဟုတ်ပေ။ "ဆွလာတ်"ဝတ်ပြုခဲ့သည်လည်း မဟုတ်ပေ။

وَلَٰكِن كَذَّبَ وَتَوَلَّىٰ ﴿٣٢﴾

၃၂။ သို့ရာတွင် ၎င်းသည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခြင်းကိုသာလည်းကောင်း၊ မျက်နှာလွှဲခြင်းကိုသာလည်းကောင်း၊ ပြုခဲ့၏။

ثُمَّ ذَهَبَ إِلَىٰ أَهْلِهِ يَتَمَطَّىٰ ﴿٣٣﴾

၃၃။ ထို့နောက် ၎င်းသည် မော်ကြွားဟန်ချီလျက် မိမိ အိမ်သူအိမ်သားတို့ထံ သွားခဲ့၏။

أَوْلَىٰ لَكَ فَأَوْلَىٰ ﴿٣٤﴾

၃၄။ အသင်၌ ပျက်စီးခြင်းအပေါ်ဝယ် ပျက်စီးခြင်းသာရှိပေမည်။

ثُمَّ أَوْلَىٰ لَكَ فَأَوْلَىٰ ﴿٣٥﴾

၃၅။ ထို့နောက် တစ်ဖန် အသင်၌ ပျက်စီးခြင်းအပေါ်ဝယ် ပျက်စီးခြင်းသည်သာ ရှိပေမည်။

أَيَحْسَبُ الْإِنسَانُ أَن يُتْرَكَ سُدًى ﴿٣٦﴾

၃၆။ လူသားသည် မိမိမှာ ဤအတိုင်း စွန့်လွှတ်ထားခြင်းကို ခံနေရမည်ဟု ထင်မှတ်လေသလော။

➤➤ တင်စားသုံးနှုန်းလေ့ရှိကြသည်။ ဆိုလိုသည်ကား ဒုက္ခတစ်ခုသည် အခြားဒုက္ခတစ်ခုနှင့် ပေါင်းစပ်သွား၏။ အဘယ့်ကြောင့်ဆိုသော် သေသူတစ်ဦးသည် ထိုအချိန်တွင် ဒုက္ခကြီး ၂-ခုနှင့် ရင်ဆိုင်ရသည်။ (၁) ဤပစ္စက္ခဘဝမှစွန့်ခွာရခြင်း ဒုက္ခ၊ သားသမီး၊ ဇနီး ခြွေရံသင်းပင်းနှင့် ရွှေငွေစွာပစ္စည်းများကို စွန့်ထားခဲ့ရခြင်းဒုက္ခ။ (၂) သချိုင်းနှင့် နောင်တမလွန်တွင် တွေ့ကြုံရမည့် ဒုက္ခ။

⑤ ဆိုလိုသည်ကား လူသားသည် သက်ဆိုင်ရာတမန်တော်များအား ယုံကြည်ထောက်ခံရမည့်အစား သွေဖည်ငြင်းပယ်ခဲ့၏။ အလ္လာဟ်အရှင်မြတ်အား ဆွလာတ်ဝတ်ပြုရမည့်အစား ကျောခိုင်း၍ နေခဲ့၏။ ထိုမျှမက မိမိ၏ သွေဖည်ငြင်းပယ်မှု၊ ကျောခိုင်းမှုကိုပင် အကောင်းထင်ကာ သူရဲကောင်းကြီးပမာ မောက်မာပလွားဝါကြွားစွာဖြင့် မိမိ၏ အိမ်သူအိမ်သားများထံသို့ သွားလာနေခဲ့၏။ ယင်းသို့သော သူမိုက်သည် တစ်ကြိမ်မက နှစ်ကြိမ်မက အကြိမ်ကြိမ်အခါခါ ထပ်ကာထပ်ကာ ပျက်စီးခြင်းကြီးမက ပျက်စီးရမည်သာတည်း။

أَلَمْ يَكُ نُطْفَةً مِّن مَّنِيٍّ يُمْنَىٰ ﴿٣٧﴾
ثُمَّ كَانَ عَلَقَةً فَخَلَقَ فَسَوَّىٰ ﴿٣٨﴾
فَجَعَلَ مِنْهُ الزَّوْجَيْنِ الذَّكَرَ وَالْأُنثَىٰ ﴿٣٩﴾
أَلَيْسَ ذَٰلِكَ بِقَادِرٍ عَلَىٰ أَن يُحْيِيَ الْمَوْتَىٰ ﴿٤٠﴾

၃၇။ ၎င်းမှာ သွန်းလောင်းခြင်းခံရသော သုတ်ရည်တစ်စက်သာလျှင် ဖြစ်ခဲ့သည်မဟုတ်လော။

၃၈။ ထို့နောက် ယင်းသုတ်ရည်သည် သွေးခဲဖြစ်ခဲ့၏။ တစ်ဖန် ထိုအရှင်မြတ်သည် (၎င်းအား) ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် (၎င်းအား) နေသားကျနအောင် ပြုပြင်တော်မူခဲ့၏။

၃၉။ ထို့နောက် ထိုအရှင်မြတ်သည် ယင်း(သွေးခဲဖြစ်သွားခဲ့သောသုတ်ရည်)ကို ယောကျ်ားမိန်းမ(ဟူ၍) နှစ်မျိုးနှစ်စား ပြုလုပ်တော်မူခဲ့၏။

၄၀။ ထို(ကဲ့သို့သော)အရှင်မြတ်သည် သူသေတို့အား (တစ်ဖန်ပြန်၍) ရှင်စေတော်မူရန် တတ်စွမ်းနိုင်တော်မူသောအရှင် မဟုတ်ပါသလော။ [၁]

---

① လူသားသည် အချုပ်အချယ်ကင်းမဲ့စွာ စွန့်လွှတ်ထားခြင်း ခံနေရမည်ဟူ၍ ထင်မှတ်နေလေသလော၊ (၀၁) အမိန့်တစ်စုံတစ်ရာ နာယူကျင့်မူရန် မရှိ၊ သေပြီးနောက် ပြန်လည်ရှင်ထရန် မရှိ၊ အစစ်အဆေးမရှိကျိုး-ပြစ် ခံ-စံရမည်မဟုတ်ဟူ၍ ထင်မှတ်နေလေသလော။ လူသား စဉ်းစားဆင်ခြင်အပ်သည်မှာ သူသည် သုက်ရည်တစ်စက်မျှသာဖြစ်ခဲ့၏။ ထိုမှတစ်ဆင့် သွေးစိုင်သွေးခဲတစ်ခု ဖြစ်လာခဲ့၏။ ယင်းသည့် သွေးစိုင်သွေးခဲမှပင် အလွှာဟ်အရှင်မြတ်သည် သူ့အား စနစ်တကျ အချိုးကျကျ ဖန်ဆင်းတော်မူခဲ့၏။ ရုပ်၊ နာမ်ဆိုင်ရာ လိုအပ်သည့် စွမ်းရည်များကို ချီးမြှင့်တော်မူ၍ လူတစ်လုံးသူတစ်လုံး အဖြစ် မြောက်စားတော်မူခဲ့၏။ ထိုမျှမက ခင်မင်းရင်းနှီးစွာ နေနိုင်ရန်နှင့် လူဆက်ပြတ်မသွားစေရန်အလို့ငှာ ကျားနှင့်မကိုလည်း အံ့ဖွယ်သရဲဒွန်တွဲဖန်ဆင်းထားတော်မူခဲ့၏။ ဤသို့ပြုစွမ်းတော်မူနိုင်သော ဤသို့သော တန်ခိုးတော်၊ ဉာဏ်တော်များနှင့် ပြည့်စုံတော်မူသော အလွှာဟ်အရှင်မြတ်သည် သူသေများအား ပြန်လည်ရှင်ထစေတော်မူနိုင်မည် မဟုတ်ပါလော။ လူသားသည် ဤမျှပင် မစဉ်းစား မဆင်ခြင်မိလေသလော။

ခေတ် ကဏ္ဍ



ဤကဏ္ဍသည် "ဒဟ်ရ်" "ခေတ်" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။
ဤကဏ္ဍတွင်အာယတ်တော်(၃၁)ပါး၊ ရုကူအ်အပိုဒ်(၂)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

هَلْ اَتٰى عَلَى الْاِنْسَانِ حِيْنٌ مِّنَ الدَّهْرِ لَمْ يَكُنْ شَيْـًٔا مَّذْكُوْرًا ①

၁။ လူသား၏ အပေါ်ဝယ် ခေတ်ကာလအနက် အချိန်တစ်ချိန်သည် ကောင်းစွာကျရောက်ရှိခဲ့၏။ ထိုလူသားသည် (ယင်းအချိန်၌) ပြောပလောက်သော၊ ကိုးကားရည်ညွှန်းလောက်သော၊ အရာဝတ္ထု တစ်စုံတစ်ရာမျှပင် မဖြစ်ခဲ့ပေ။ [၁]

اِنَّا خَلَقْنَا الْاِنْسَانَ مِنْ نُّطْفَةٍ اَمْشَاجٍ ۖ نَّبْتَلِيْهِ فَجَعَلْنٰهُ سَمِيْعًا بَصِيْرًا ②

၂။ ကောင်စစ် ငါအရှင်မြတ်သည် လူသားအား စမ်းသပ်လိုတော်မူသောအားဖြင့် ရောနှောပေါင်းစပ်သော ကလလရေကြည်ဖြင့်ဖန်ဆင်းတော်မူခဲ့၏။ [၂] သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းအား ကြားသူ၊ မြင်သူ၊ ပြုလုပ်တော်မူခဲ့၏။ [၃]

---

① ဆိုလိုသည်ကား လူသားအပေါ်တွင် အချိန်တစ်ချိန်ရောက်ရှိခဲ့ဖူး၏။ ထိုအချိန်တွင် လူသားသည် ရည်ညွှန်းထုတ်ဖော် ပြောပြလောက်သည့် ဝတ္ထုပစ္စည်း တစ်စုံတစ်ရာ မဟုပ်ခဲ့ပေ၊ အမည်နာမ အရိပ်အမြွက်မျှပင် မရှိခဲ့ပေ။ ထို့နောက် ခေတ်အခါကာလ အချိန်သမယ အမျိုးမျိုးပြောင်းလဲကာ ကလလရေကြည်တစ်စက် ဖြစ်လာခဲ့၏။ ယင်းသည့် ကလလရေကြည်ဘဝသည်လည်း လူသား၏ လက်ရှိရရှိထားသည့် မြင့်မြတ်လှသည့် ဘဝအခြေအနေနှင့် နှိုင်းစာထောက်ထားလျှင် ထုတ်ဖော်ပြောပြလောက်သည် မဟုတ်သေးပေ။

② "အမ်ရှားဂျ်"ဟူသောပုဒ်သည် ရောစပ်ထားသောအရာ၏ အနက်ပေးသည်။ ကလလရေကြည်သည် အမှုန်မှာ အစာအာဟာရ အမျိုးမျိုး၊ ဓာတ်ပစ္စည်းအဖုံဖုံတို့၏ အဆီအနှစ် အချုပ်မျှသာဖြစ်သည်။ အချို့၏ယူဆချက်အရ ပေါင်းစပ်ထားသော ကလလရေကြည်ဟူသည် ကျား နှင့် မ၊ မီ နှင့် ဘ၏ နှစ်မျိုးနှစ်စားသော ကလလရေကြည် ပေါင်းစပ်ခြင်းကို ဆိုလိုသည်။ ကြည့်-အွတ်ဆ်မာနီ။ ကဗီရ်၊ ရာဃိဗ်။

③ ယင်းသို့အဆင့်ဆင့် ဖြစ်ရှိလာသော ကလလရေကြည်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် သွေးစိုင်သွေးခဲဖြစ်လာ၏။ ထိုမှတစ်ဆင့် အသားတုံးဖြစ်လာ၏။ ထိုမှတစ်ဆင့် အဆင့်ဆင့်ပြောင်းကာ ➤➤

إِنَّا هَدَيْنَاهُ السَّبِيلَ إِمَّا شَاكِرًا وَإِمَّا كَفُورًا ﴿٣﴾

၃။ စင်စစ်ဇကန် ငါအရှင်မြတ်သည် ၎င်းအား တရားလမ်းမှန်ကို ပြသတော်မူခဲ့၏။(ထို့နောက် ၎င်းမှာ) ကျေးဇူးသိတတ်သူသော်လည်းကောင်း၊ လွန်စွာ ကျေးဇူးကန်းသူသော်လည်းကောင်း၊ ဖြစ်ခဲ့၏။ (တစ်နည်း) စင်စစ်ဇကန် ငါအရှင်မြတ်သည် ထိုလူသားအား ၎င်းသည် ကျေးဇူးတင်သည်ဖြစ်စေ၊ ကျေးဇူးကန်းသည်ဖြစ်စေ၊ တရားလမ်းမှန်ကို ပြသတော်မူခဲ့၏။ [၁]

إِنَّا أَعْتَدْنَا لِلْكَافِرِينَ سَلَاسِلَا وَأَغْلَالًا وَسَعِيرًا ﴿٤﴾

၄။ ဇကန်မလွဲ ငါအရှင်မြတ်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူ၏အဖို့ သံကြိုးများကို လည်းကောင်း၊ လည်ကွင်းများကိုလည်းကောင်း၊ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသောမီးကို လည်းကောင်း၊ အဆင်သင့်ပြုလုပ်ထားတော်မူ၏။ [၂]

➤➤ လူသားဖြစ်လာ၏။ ယခုမူ လူသားသည် အံ့ဖွယ်သရဲ မျက်စိများဖြင့် အရာရာကိုမြင်သည်၊ နားများဖြင့် အသံဟူသမျှကိုကြားသည်။ ဤကမ္ဘာတွင် လူတလုံးသူတလုံး ဖြစ်လျက်ရှိချေပြီ။ သတ္တဝါအပေါင်းတွင် အချိုးကျဆုံး၊ စွမ်းရည်သတ္တိအပြည့်ဝဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်လျက်ရှိချေပြီ။

အများပညာရှင်များက ဤအာယတ်တော်တွင်ပါရှိသည့် (نبتليه) (နဗ်တလီဟိ) ဟူသောပုဒ်ကို "ငါအရှင်မြတ်သည် ထိုလူသားအား စမ်းသပ်တော်မူရန်" ဟူ၍ အနက်ဖွင့်ကြသည်။ ဆိုလိုသည်ကား၊ ယင်းသို့ လူသားအား စွမ်းရည်သတ္တိများ ချီးမြှင့်တော်မူခြင်းမှာ လူသားသည် ယင်းသည့် စွမ်းရည်သတ္တိများကို အသုံးပြု၍ မိမိအရှင်သခင်အပေါ်၌ အဘယ်မျှသစ္စာရှိသည်၊ မရှိသည်၊ မိမိအရှင်သခင်၏ အမိန့်တော်နာခံသည်၊ မနာခံသည်ကို စမ်းသပ်တော်မူရန်ပင် ဖြစ်သည်ဟူ၏။

① အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် လူသား၌ မူလဗီဇတွင်ပင် အသိတရားကို ထည့်သွင်းပေးထားတော်မူခဲ့၏။ ထို့ပြင်တဝ လူသားအား တရားလမ်းမှန် ညွှန်ပြရန်အလို့ငှာ တမန်တော်များအား စေလွှတ်ပေးတော်မူခဲ့၏၊ ကျမ်းဂန်များကိုလည်း ချပေးတော်မူခဲ့၏။ ယုတ္တိဒဋ္ဌိ၊ အာဂမဒဋ္ဌိ နှစ်လိုသော အထောက်အထား သက်သေသာဓကများကိုလည်း ပြထားတော်မူခဲ့၏။ သို့ဖြစ်ရာ လူသားအားလုံးတို့သည် တရားလမ်းမှန်ကို ရရှိကြရန်သာရှိသည်။ သို့ပါသော်လည်း လူသားများသည် ပတ်ဝန်းကျင်၏ ဆွဲဆောင်မှု၊ သွေးဆောင်မှု၊ ဖြားယောင်းမှုများကြောင့် တရားလမ်းမှန်တစ်ခုတည်းအပေါ်၌ ရပ်တည်၍မနေနိုင်ခဲ့ကြပေ၊ အချို့လူသားတို့သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုးခဲ့ကြ၏။ ထိုအရှင်မြတ်၏ အမိန့်တော်များကို နာခံခဲ့ကြ၏။ ကျေးဇူးသစ္စာကို ဆောင်သိရှိသေခဲ့ကြ၏။ အချို့သည် အလ္လာဟ်အရှင်မြတ်အား သွေဖည်သွားခဲ့ကြ၏။ ကျေးဇူးကန်းသွားကြ၏။ ဤသို့ဖြင့် လူသားများသည် ကျေးဇူးသိတတ်သူ၊ ကျေးဇူးကန်းသူဟူ၍ အုပ်စုနှစ်မျိုးနှစ်စား ကွဲပြားသွားခဲ့ကြ၏။ ရှေ့တွင် အုပ်စုအသီးသီး၏ အကျိုးဆက်ကို မိန့်ဆိုထားတော်မူသည်။

إِنَّ الْأَبْرَارَ يَشْرَبُونَ مِن كَأْسٍ كَانَ مِزَاجُهَا كَافُورًا ۝٥

عَيْنًا يَشْرَبُ بِهَا عِبَادُ اللَّهِ يُفَجِّرُونَهَا تَفْجِيرًا ۝٦

၅။ ဧကန်စင်စစ် သူတော်သူမြတ်တို့သည် ပရုတ်ရောစပ်ထားသောအရက် အပြည့်အလျှံရှိသောခွက်မှ သောက်သုံးကြပေမည်။ [၁]

၆။ အလ္လာဟ်အရှင်မြတ်၏ (ထူးကဲမြင့်မြတ်သော) ကျွန်တို့သည် အကြင်စမ်းမှ၊ ထိုစမ်းမှ၊ သောက်သုံးကြပေမည်။ ၎င်းတို့သည် ယင်းစမ်းကို (အလိုရှိရာသို့) လွယ်လင့်တကူ စီးဆင်းစေကြပေမည်။ [၂]

---

(၂) ဆိုလိုသည်ကား ကာဖိရ်များသည် မိဘရိုးရာထုံးတမ်းစဉ်လာတည်းဟူသော သံကြိုးများတွင် တုပ်နှောင်လျက်ရှိခဲ့ကြ၏။ အလ္လာဟ်အရှင်မြတ် မှတစ်ပါးဖြစ်သော သူတစ်ပါးတို့၏ အုပ်ချုပ်မှု၊ အမိန့်၊ အာဏာစက်တည်းဟူသော ကြိုးကွင်းများကို မိမိတို့၏ လည်ပင်းများမှ ထုတ်မပစ်နိုင်ခဲ့ကြပေ၊ ထို့မျှမက ယင်းကာဖိရ်များသည် အမှန်တရားကို ညွှန်ပြကြသော သူမွန်သူမြတ်တို့အား ဆန့်ကျင်ကာ၊ ရန်မီးများ၀ှို အသက်ထက်ဆုံး မွေးထားခဲ့ကြ၏၊ မေ့မှားချွတ်မှ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သတိမရခဲ့ကြပေ။ ယင်းသို့သော ကာဖိရ်များအဖို့ အလ္လာဟ်အရှင်မြတ်သည်လည်း ယင်းတို့နှင့် ထိုက်တန်သည့် ပြစ်ဒဏ်များကိုပင် နောင်တမလွန်ဘ၀တွင် အသင့်ပြုလုပ်ထားတော်မူခြင်း ဖြစ်သည်။ ဤသည် မည်သူမပြု မိမိမူပင်။

(၁) အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအဖို့ ၎င်းတို့နှင့် ထိုက်တန်သည့် ပြစ်ဒဏ်များကို နောင်တမလွန်ဘ၀တွင် အသင့်ပြုလုပ်ထားတော်မူသကဲ့သို့၊ သူတော်သူမြတ်များအဖို့လည်း မိမိ၏ကျေးဇူးတော်ဖြင့် အတိုင်းမသိ ကောင်းမြတ်လှဘိသော ဂျန္နတ် သုခများကို အသင့်စီစဉ်ထားတော်မူသည်။

ဤပစ္စက္ခရှိ "ကာဖူရ်" =ပရုတ်သည်ပင် အကျိုးများပြားလှ၏။ အနံ့အရသာ ထူးကဲလှ၏။ ဂျန္နတ်သားတို့ သောက်သုံးကြရမည့် ရသာရည်သည်လည်း ပရုတ်၏အနံ့အရသာနှင့် ရောစပ်လျက်ရှိပေမည်။ အနံ့အရသာကား အတိုင်းမသိ ထူးကဲကောင်းမြတ်လှပေမည်။ ဤတွင် သိထားအပ်သည်မှာ ဂျန္နတ်၏ပရုတ်သည် ဂျန္နတ်၏ပရုတ်ပင်၊ ဤပစ္စက္ခရှိ ပရုတ်နှင့် အသို့မျှ မနှိုင်းယှဉ်အပ်ပေ။ အမည်သာလျှင် တူသည်၊ အနံ့အရသာကား မိုးမြေတမျှ ကွာခြားပေမည်။

(၂) ဂျန္နတ်တွင် ဂျန္နတ်သားတို့ သောက်သုံးကြမည့် စမ်းရေချောင်းသည် ဂျန္နတ်သားတို့၏ အမိန့်သြဇာအာဏာကို ညောင်းလျက်ရှိပေမည်။ ဂျန္နတ်သားတို့သည် ယင်းစမ်းရေချောင်းကို မိမိတို့ အာသာဆန္ဒအလျောက် အလိုရှိရာသို့ စီးဆင်းစေကြပေမည်။ ဤသည်လည်း အတိုင်းမသိ ကြီးမားလှဘိသော သုခတစ်ပါးပင်။

အချို့ကျမ်းချက်များအရ အဆိုပါစမ်းရေချောင်း၏ မူလအစသည် တမန်တော်မြတ်၏ ဘုံဗိမာန်တွင် တည်ရှိမည်၊ ထို့မှတစ်ဆင့် အခြားတမန်တော်များနှင့် မုအ်မင်န် သူတော်စင်များ၏ ဘုံဗိမာန်များသို့ အဆင့်ဆင့် စီးဆင်းလျက် ရှိပေမည်။

ရှေ့တွင် ဂျန္နတ်သို့ လားကြမည့် သူတော်သူမြတ်တို့၏ ဂုဏ်ရည်များကို မိန့်ဆိုထားတော်မူသည်။

يُوفُونَ بِالنَّذْرِ وَيَخَافُونَ يَوْمًا كَانَ شَرُّهُ مُسْتَطِيرًا ۝٧

၇။ ထို(ထူးကဲမြင့်မြတ်သော) ကျွန်တို့မှာ (မိမိတို့၏)တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လေ့ရှိကြသည်ပြင်၊ အကြင်နေ့ကိုလည်း စိုးရိမ်ကြောက်ရွံ့လေ့ရှိကြကုန်၏။ [၁] ထိုနေ့၏ ဘေးအန္တရာယ်မှာ ကျယ်ပြန့်စွာ ပြန့်နှံ့လျက်ရှိပေမည်။

وَيُطْعِمُونَ الطَّعَامَ عَلَىٰ حُبِّهِ مِسْكِينًا وَيَتِيمًا وَأَسِيرًا ۝٨

၈။ ထိုမှတစ်ပါး ထိုသူတို့သည် အစားအစာကို ခုံမင်စုံမက်ကြလျက်နှင့်ပင် ထိုအရှင်မြတ်အား ချစ်ကြည် မြတ်နိုးသောကြောင့် သူဆင်းရဲတို့အားလည်းကောင်း၊ ဘမဲ့ကလေးသူငယ်တို့အားလည်းကောင်း၊ သုံ့ပန်းတို့အားလည်းကောင်း၊ ကျွေးမွေးကြကုန်၏။

إِنَّمَا نُطْعِمُكُمْ لِوَجْهِ اللَّهِ لَا نُرِيدُ مِنكُمْ جَزَاءً وَلَا شُكُورًا ۝٩

၉။ (ထိုကျွန်များက) ကျွန်ုပ်တို့သည် အသင်တို့အား အလွှာဟ်အရှင်မြတ်အား ရည်စူး၍သာလျှင် ကျွေးမွေးကြ၏။ ကျွန်ုပ်တို့သည် အသင်တို့ထံမှ မည်သည့် အကျိုးကျေးဇူးကိုမျှလည်းကောင်း၊ မည်သည့် ကျေးဇူးတင်ခြင်းကိုလည်းကောင်း၊ ရည်စူးကြသည် မဟုတ်ပေ။ [၂]

---

① သူတော်သူမြတ်များသည် မိမိတို့၏စေတနာအလျောက် မိမိတို့အပေါ်၌ သတ်မှတ်ပြဋ္ဌာန်းထားကြသည့် တာဝန်များ၊ ကတိဝန်ခံချက်များကို ကျေပွန်စွာ ဆောင်ရွက်လေ့ရှိကြပေသည်။ မိမိတို့အပေါ်၌ မိမိတို့စေတနာအလျောက် သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်များနှင့် ကတိများကိုပင် ကျေပွန်စွာ ဆောင်ရွက်ကြသည်ဖြစ်ရာ၊ အလွှာဟ်အရှင်မြတ်ဘက်တော်မှ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော တာဝန်များကိုမူ ဆိုဖွယ်ရာပင်မရှိပေ။

ဤအာယတ်တော်တွင်ပါရှိသည့် "နဓ်ရ်"ဟူသောပုဒ်တွင် ဒ၊လွှာဟ်အရှင်မြတ်ဘက်တော်မှ သတ်မှတ်အတည်ပြုထားတော်မူသော တာဝန်များ၊ လူသားတို့ မိမိတို့စေတနာအလျောက် မိမိတို့အပေါ်၌ သတ်မှတ်အတည်ပြုထားကြသည့် တာဝန်များအားလုံး အကျုံးဝင်ပေသည်၊ တစ်နည်းဆိုသော် ယင်းပုဒ်တွင် အီမာန်ယုံကြည်မှုနှင့်တကွ အမိန့်တော်နာခံမှုအစုစု အကျုံးဝင်ပေသည်။ ကြည့်-ကဗီရ်။

② သူမွန်သူမြတ်တို့သည် အလွှာဟ်အရှင်မြတ်အား ချစ်ကြည်မြတ်နိုးသောအားဖြင့် ထိုအရှင်မြတ်က မိမိတို့အား ချီးမြှင့်ထားတော်မူသည့် စားနပ်ရိက္ခာများအနက် အချို့အဝက်ကို သူဆင်းရဲ၊ မိတဆိုး၊ ဘတဆိုး၊ အကျဉ်းသားစသည်တို့အား စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ကျွေးမွေးပေးကမ်းလှူဒါန်းလေ့ရှိကြပေသည်။ ယင်းသို့ပေးကမ်းလှူဒါန်းကြသည့်အတွက် တစ်စုံတစ်ရာ အကျိုးတုံ့ပြန်မှု၊ ကျေးဇူးတင်မှုများကိုလည်း လားလားမျှ မလိုလား မတောင့်တကြပေ။ ➤➤

إِنَّا نَخَافُ مِن رَّبِّنَا يَوْمًا عَبُوسًا قَمْطَرِيرًا ﴿١٠﴾

၁၀။ ဧကန်မလွဲ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကြမ်းကြုတ်ခက်ထန်စွာသော နေ့ကို ကြောက်ရွံ့စိုးရိမ်ကြကုန်၏၊ (ဟုပြောပြကြကုန်၏။)

فَوَقَاهُمُ اللَّهُ شَرَّ ذَٰلِكَ الْيَوْمِ وَلَقَّاهُمْ نَضْرَةً وَسُرُورًا ﴿١١﴾

၁၁။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ထိုနေ့၏ဘေးအန္တရာယ်မှ လွတ်ကင်းစေတော်မူပေမည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုသူတို့အား ရွှင်လန်းမှုနှင့်လည်းကောင်း၊ ဝမ်းမြောက် ပျော်ရွှင်မှုနှင့်လည်းကောင်း၊ တွေ့ကြုံစေတော်မူပေမည်။ [၁]

وَجَزَاهُم بِمَا صَبَرُوا جَنَّةً وَحَرِيرًا ﴿١٢﴾

၁၂။ ထိုမှတစ်ပါး၊ ၎င်းတို့အား ထိုအရှင်မြတ်သည် သီးခံခြင်းတရား ထားရှိခဲ့ကြသောကြောင့် "ဂျန္နတ်" သုခဘုံကိုလည်းကောင်း၊ ပိုး(အဝတ်အစား များ)ကိုလည်းကောင်း၊ အစားပေးတော်မူအံ့သတည်း။

مُّتَّكِئِينَ فِيهَا عَلَى الْأَرَائِكِ لَا يَرَوْنَ فِيهَا شَمْسًا وَلَا زَمْهَرِيرًا ﴿١٣﴾

၁၃။ (၎င်းတို့သည်) ယင်း "ဂျန္နတ်" သုခဘုံ၌ သလွန်များထက်ဝယ် (မိုအုံးများကို) မှီ၍ ထိုင်နေကြပေမည်။ ၎င်းတို့သည် ယင်း "ဂျန္နတ်" သုခဘုံ၌ နေ၏ အပူအရှိန်ကိုလည်းကောင်း၊ ခံရခက်သော အအေးကိုလည်းကောင်း၊ တွေ့ရှိကြမည်မဟုတ်ပေ။

➢➢ "အစီရ်" ဟူသောပုဒ်ကို သဘောထားကြီးစွာဖြင့်၊ အမြင်ကျယ်စွာဖြင့် ထို့ထက်ပင် ပိုမိုကျယ်ဝန်းစွာ အနက်ကောက်ယူပါက၊ ယင်းပုဒ်တွင် ကျေးကျွန်များနှင့် ကြွေးမြီခစီးပတ်တင်ရှိနေသော ဆင်းရဲသား များသည်ပင် အကျုံးဝင်လာနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ယင်း ပုဂ္ဂိုလ်များသည်လည်း တစ်နည်းအားဖြင့် အကျဉ်း ကျနေသူများပင် ဖြစ်ကြပေသည်။

① အလ္လာဟ်အရှင်မြတ်သည် သူတော်သူမြတ်များအား ယင်းသို့ ကောင်းမွန်မြင့်မြတ်သော ဂုဏ်ရည်များကြောင့်ပင် ကိယာမတ်နေ့၏ ကြောက်မက်ဖွယ် ကောင်းလှဘိသော အန္တရာယ်ကြီးမှ ဖယ်ရှားတော်မူ၍ ပျော်ရွှင်မှု၊ ရွှင်လန်းမှု၊ သာယာမှု အစုစုတို့နှင့် ပြည့်နှက်လျက်ရှိသော ဂျန္နတ်သုခများနှင့် ဆုံဆည်း ပေးတော်မူခြင်းဖြစ်သည်။ ဤသည် ကောင်းမြတ်သောဂုဏ်ရည်၏ ကောင်းမြတ်သော အကျိုးဆက်ပင်။

وَدَانِيَةً عَلَيْهِمْ ظِلٰلُهَا وَذُلِّلَتْ قُطُوْفُهَا تَذْلِيْلًا ﴿١٤﴾

၁၄။ ၎င်းပြင် ယင်း(ဂျန္နတ်သုခဘုံမှ) သစ်ပင်များမှာ ၎င်းတို့အပေါ်၌ ကိုင်းညွတ်လျက်ရှိကြပေမည်။ ထို့ပြင် ယင်း 'ဂျန္နတ်'တွင် အပြွတ်လိုက်သီးသော သစ်သီးဝလံတို့မှာ ညွတ်ကျလျက် ရှိကြပေမည်။

وَيُطَافُ عَلَيْهِمْ بِاٰنِيَةٍ مِّنْ فِضَّةٍ وَّاَكْوَابٍ كَانَتْ قَوَارِيْرَا ﴿١٥﴾

၁၅။ ထို့ပြင် ၎င်းတို့ထံ ငွေပန်းကန်များသည်လည်းကောင်း၊ ဖန်ခွက်များသည်လည်းကောင်း၊ လှည့်လည် ရောက်ရှိနေပေမည်။

قَوَارِيْرَا۟ مِنْ فِضَّةٍ قَدَّرُوْهَا تَقْدِيْرًا ﴿١٦﴾

၁၆။ ငွေဖြင့်ပြီးသော ဖန်များ ဖြစ်ကြပေမည်။ (ဖြည့်ထားသူတို့သည်) ယင်းဖန်ခွက်များကို သင့်လျော်စွာ ချိန်ဆ၍ ဖြည့်ထားကြပေမည်။

وَيُسْقَوْنَ فِيْهَا كَاْسًا كَانَ مِزَاجُهَا زَنْجَبِيْلًا ﴿١٧﴾

၁၇။ ထို့ပြင် ၎င်းတို့သည် ယင်း "ဂျန္နတ်"သုခဘုံ၌ ချင်းရောစပ်ထားသော အရက် အပြည့်အလျှံပါသော ခွက်များဖြင့် တိုက်ကျွေးခြင်းကို ခံကြရပေမည်။

عَيْنًا فِيْهَا تُسَمّٰى سَلْسَبِيْلًا ﴿١٨﴾

၁၈။ ယင်း'ဂျန္နတ်'သုခဘုံ၌ရှိသော 'စလ်စဗီလ်' ဟူ၍ အမည်သည်သာ မှည့်ခေါ်ခြင်းခံရသောစမ်းမှ။

وَيَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ ۚ اِذَا رَاَيْتَهُمْ حَسِبْتَهُمْ لُؤْلُؤًا مَّنْثُوْرًا ﴿١٩﴾

၁၉။ ထိုမှတစ်ပါး၊ ၎င်းတို့ထံတွင် အသက်သေဆုံးခြင်းမရှိဘဲ အမြဲထာဝစဉ် နုငယ်လျက် ရှိကြရမည်ဖြစ်သော သူငယ်တို့သည် လှည့်ပတ်သွားလာ (ပြုစု) လျက်ရှိကြပေမည်။ အသင်သည် ၎င်းတို့အား တွေ့မြင်သောအခါ ၎င်းတို့မှာ ကြဲဖြန့်ထားသော ပုလဲများဖြစ်သည်ဟူ၍ပင် ထင်မှတ်ပေမည်။

وَاِذَا رَاَيْتَ ثَمَّ رَاَيْتَ نَعِيْمًا وَّمُلْكًا كَبِيْرًا ﴿٢٠﴾

၂၀။ ၎င်းပြင် အသင်သည် ထိုနေရာတွင် ကြည့်သောအခါ ထူးကဲ ကြီးကျယ်လှစွာသော စည်းစိမ်ကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှု၊ ဂုဏ်ရည် အဆင့်အတန်းကိုလည်းကောင်း၊ တွေ့ရှိရပေမည်။

عٰلِيَهُمْ ثِيَابُ سُنْدُسٍ خُضْرٌ وَّاِسْتَبْرَقٌ ۫ وَّحُلُّوْٓا اَسَاوِرَ مِنْ فِضَّةٍ ۚ وَسَقٰىهُمْ رَبُّهُمْ شَرَابًا طَهُوْرًا ﴿٢١﴾

၂၁။ ၎င်းတို့(၏ ခန္ဓာကိုယ်များ)ပေါ်၌ အစိမ်းရောင် ပိုးထည်အပါးစား အဝတ်များသည်လည်းကောင်း၊ ပိုးထည်အထူစား၊ ရွှေခြည်ဖြင့် ပန်းထိုးထားသော ပိုးဗရိကိတ် အဝတ်များသည်လည်းကောင်း၊ ရှိကြပေမည်။ ထို့ပြင် ၎င်းတို့သည် ငွေလက်ကောက်၊ လက်ကြပ်များဖြင့် တန်ဆာဆင်ယင်ပေးခြင်းကိုလည်း ခံကြရပေမည်။ ထိုမှတစ်ပါး ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်းတို့အား လွန်စွာစင်ကြယ် သန့်ရှင်းသောအရက်ကို တိုက်ကျွေးတော်မူပေမည်။ [၁]

اِنَّ هٰذَا كَانَ لَكُمْ جَزَآءً وَّكَانَ سَعْيُكُمْ مَّشْكُوْرًا ﴿٢٢﴾

၂၂။ ဧကန်မလွဲ ဤသည်ကား အသင်တို့အား (ချီးမြှင့်တော်မူသော) အကျိုးကျေးဇူးပင်ဖြစ်၏။ စင်စစ်သော်ကား အသင်တို့၏ ကြိုးပမ်းမှုသည် (အရှင်မြတ်အထံတော်၌) ကျေနပ် လက်ခံပြီး ဖြစ်ပေသတည်း။ [၂]

اِنَّا نَحْنُ نَزَّلْنَا عَلَيْكَ الْقُرْاٰنَ تَنْزِيْلًا ﴿٢٣﴾

၂၃။ (အို-နဗီတမန်တော်) မလွဲဧကန် ငါအရှင်မြတ်သည်သာလျှင် အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို တဖြည်းဖြည်း ချပေးတော်မူခဲ့၏။

---

① အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ဣန္ဒတ်သားတို့အား စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ရသာရေ၊ ရမကာရေကို တိုက်ကျွေးတော်မူမည်။ ဤသည် ဣန္ဒတ်သားတို့အား အလ္လာဟ်အရှင်မြတ် မြှောက်စားတော်မူခြင်းပင်။ အရဗီဘာသာစာပေတွင် "ရှရားဗ်" ဟူသည် သောက်သုံးရာအားလုံးကို ဆိုသည်။ ကြည့်-ရာဃိဗ်။

အုရ်ဒူစာပေတွင် ခေါ်ဝေါ်သုံးနှုန်းလျက်ရှိသော မူးယစ်တွေဝေစေသော အကျင့်စာရိတ္တ ပျက်ပြားစေသော "ရှရားဗ်" နှင့် ဤအာယတ်တော်တွင်လာရှိသော "ရှရားဗ်"နှင့် လားလားမျှ မသက်ဆိုင်ပေ။ ကြည့်-မာဂျိဒီ၊ အစောင်(၇)၊ စာမျက်နှာ-၁၁၆၄၊ အောက်ခြေအမှတ်(၁၂)။

② အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ဣန္ဒတ်သားတို့အား ဣန္ဒတ်သုခအဝဝကို ချီးမြှင့်တော်မူပြီးနောက် ပိုမိုမြှောက်စားတော်မူရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်ဘက်တော်မှ "ဤသည် အသင်တို့၏ အကျင့်သီလများ၏ အကျိုးဆက်ဖြစ်သည်၊ အသင်တို့၏ကြိုးပမ်းမှုသည် အောင်မြင်ပြီ၊ ငါအရှင်မြတ် လက်ခံတော်မူပြီ" ဟူ၍ ချီးကျူးသြဘာစကား မြွက်ကြားတော်မူပေမည်။ ထိုသည့် သြဘာစကားကို ➤➤

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تُطِعْ مِنْهُمْ اٰثِمًا اَوْ كَفُوْرًا ﴿٢٤﴾

၂၄။ သို့ဖြစ်ပေရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်၏အပေါ်၌ ကြံ့ခိုင်စွာရပ်တည်၍နေပါလေ။ [၁] ၎င်းပြင် အသင်သည် ထိုသူတို့အနက်မှ မည်သည့် အပြစ်ကျူးလွန်သူ၏ ပြောဆိုချက်ကိုမျှသော်လည်းကောင်း၊ မည်သည့် သွေဖည်ငြင်းပယ်သူ၏ ပြောဆိုချက်ကို မျှသော်လည်းကောင်း၊ မလိုက်နာပါလေနှင့်။

وَاذْكُرِ اسْمَ رَبِّكَ بُكْرَةً وَّاَصِيْلًا ﴿٢٥﴾

၂၅။ ထို့ပြင်အသင်သည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ နာမံတော်ကို တသစီးဖြန်းပါလေ။

وَمِنَ الَّيْلِ فَاسْجُدْ لَهٗ وَسَبِّحْهُ لَيْلًا طَوِيْلًا ﴿٢٦﴾

၂၆။ တစ်ဖန် အသင်သည် ညဉ့်၏ အစိတ်အပိုင်းတစ်ခုခု၌လည်း ထိုအရှင်မြတ်အား "စဂျဒဟ်" ပျပ်ဝပ်ဦးချပါလေ။ ထို့နောက်တစ်ပါး အသင်သည် ညဉ့်၏ ရှည်လျားစွာသော အစိတ်အပိုင်း၌ ထိုအရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မြွက်ဆိုပါလေ။ [၂]

➤➤ ကြားနာကြရသောအခါ ဂျန္နတ်သားတို့သည် အတိုင်းမသိ ပျော်ရွှင်ကြပေမည်။ ပီတိ ဖြစ်ကြပေမည်။ (ကျွန်တော်မျိုးတို့သည် ယင်း ဂျန္နတ်သားတို့တွင် အပါအဝင်ဖြစ်ကြရသည် ဖြစ်ပါစေ၊ အို-မဟာကရုဏာတော်ရှင်)။

① အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို တမန်တော်မြတ်ထံသို့ ကာလ၊ ဒေသ၊ အဂွဲ၊ အချိန်အခါကာလအားလျော်စွာ တဖြည်းဖြည်းချပေးတော်မူခဲ့၏။ ယင်းသို့ ချပေးတော်မူခြင်းအားဖြင့် တစ်ဘက်တွင် တမန်တော်မြတ်သည် ကြံ့ခိုင်တည်ကြည်စွာ ရပ်တည်တော်မူနိုင်ပေမည်၊ စိတ်နလုံးတည်ငြိမ်ပေမည်။ အခြားတစ်ဘက်တွင် လူသားတို့သည် မိမိတို့၏ အဆိုးနှင့်အကောင်းကို ဝေဖန်ခွဲခြား၍ သိရှိလာကြပေမည်။ မည်သည့်အကျင့်သီလများကို စောင့်ထိန်းခြင်းဖြင့် ဂျန္နတ်သို့ ရောက်နိုင်သည်၊ မည်သည့်ပြစ်မှုများကို ကျူးလွန်ခြင်းကြောင့် ငရဲသို့လားနိုင်သည်များကိုလည်း သိရှိလာကြပေမည်။ သို့ ကုရ်အာန်ကျမ်းလာ တရားတော်များကို ကြားနာရပါလျက် အကယ်၍ မလိုက်နာကြလျှင် ၎င်းတို့၏ သဘောပင်၊ သို့ရာတွင် တမန်တော်မြတ်သည် မိမိအရှင်မြတ်၏ အမိန့်တော်အပေါ်၌ တည့်မတ်မှန်ကန်စွာ ရပ်တည်နေတော်မူရမည်သာ၊ နောက်ဆုံး အဆုံးအဖြတ်ကို စောင့်မျှော်နေတော်မူရမည်သာ။

② ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်အား စင်ကြယ်သန့်ရှင်းတော်မူကြောင်း တသမြွက်ဆိုရန် အမိန့်တော်သည် အဘယ်နည်း။ ပထမအာယတ်တော်တွင်ပါရှိသော ညဉ့်အချိန် ပျပ်ဝပ်ဦးချမှုသည် ➤➤

إِنَّ هَٰؤُلَآءِ يُحِبُّونَ ٱلْعَاجِلَةَ وَيَذَرُونَ وَرَآءَهُمْ يَوْمًا ثَقِيلًا ﴿٢٧﴾

၂၇။ စင်စစ်ဧကန် ဤသူတို့ကား လောကီဘဝကို နှစ်သက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ခက်ခဲကြီးလေးလှစွာသော နေ့တစ်နေ့ကိုမူ မိမိတို့၏ နောက်ဘွင် စွန့်ပစ်၍ထားကြကုန်၏။ (တစ်နည်း) သို့ရာတွင် မိမိတို့ရှေ့၌ (ကြုံကြိုက်အံ့သော) ခက်ခဲ လေးလံစွာသော နေ့တစ်နေ့ကိုမူ ၎င်းတို့သည် စွန့်ထားကြကုန်၏။ (လျစ်လျူပြုထားကြ၏။)

نَّحْنُ خَلَقْنَٰهُمْ وَشَدَدْنَآ أَسْرَهُمْ ۖ وَإِذَا شِئْنَا بَدَّلْنَآ أَمْثَٰلَهُمْ تَبْدِيلًا ﴿٢٨﴾

၂၈။ ငါအရှင်မြတ်သည်ပင် ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့သည့်ပြင် ငါအရှင်မြတ်သည်ပင် ၎င်းတို့၏ (ခန္ဓာကိုယ်၏) အဆစ်အဆက် အဆစ်အပိုင်းတို့ကို (အကြောအခြင်များဖြင့် ချည်နှောင်၍) ခိုင်ခံ့တော်မူစေခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အလိုရှိတော်မူသောအခါဝယ် ၎င်းတို့၏အစား ၎င်းတို့ကဲ့သို့သောသူတို့အား လဲလှယ်တော်မူပေမည်။

إِنَّ هَٰذِهِۦ تَذْكِرَةٌ ۖ فَمَن شَآءَ ٱتَّخَذَ إِلَىٰ رَبِّهِۦ سَبِيلًا ﴿٢٩﴾

၂၉။ ဧကန်မလွဲ ဤ "စူရဟ်" ကဏ္ဍသည် ဆုံးမသြဝါဒပင်ဖြစ်၏။ သို့ဖြစ်ပေရာ မည်သူမဆို အလိုရှိပါလျှင် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အထံတော်သို့ (သွားရာ)လမ်းကို ရွေးချယ်ရမည်သာ။ ၁

➤➤ "တဟဂ္ဂျုဒ်" ကို ဆိုလိုပါက၊ ဤ အာယတ်တော်တွင်ပါရှိသော စင်ကြယ်သန့်ရှင်းကြောင်း တသမူသည် ညဉ့်အချိန်တွင် "တဟဂ္ဂျုဒ်" အပြင်၊ အလွှာဟ်အရှင်မြတ်အား စင်ကြယ်သန့်ရှင်းတော်မူကြောင်းများစွာ တသ မြွက်ဆိုရမည်ဟူ၍ ဖြစ်ပေမည်။ အကယ်၍ ပထမ အာယတ်တော်တွင် ပါရှိသော ညဉ့်အချိန် ပျံဝပ်ဦးချမှုသည် မယ်ရိဗ်နှင့် အိရှာဆွလာတ်ကို ရည်ညွှန်းသည်ဆိုပါက၊ ဤအာယတ်တော်တွင် ပါရှိသော စင်ကြယ်သန့်ရှင်းတော်မူကြောင်း တသမြွက်ဆိုမှုသည် "တဟဂ္ဂျုဒ်" ဆွလာတ်ကို ရည်ညွှန်းမည်ဟူ၍ ဆိုရပေမည်။

① တမန်တော်မြတ်၌ သူတစ်ပါးအား အတင်းအဓမ္မ တရားရယူစေရန် တာဝန်မရှိ။ ကုရ်အာန်ကျမ်းမြတ်သည် အလွန်ထင်ရှား ပြတ်သားသော အဆုံးအမသြဝါဒဖြစ်သည်။ ယင်းကုရ်အာန်ကျမ်းမြတ်ဖြင့် သွန်သင်ဆုံးမသြဝါဒပေးတော်မူရန်သာ တာဝန်ရှိသည်။ သို့သွန်သင်ဆုံးမ သြဝါဒပေးတော်မူပြီးသည့် နောက်ပိုင်းတွင် ➤➤

وَمَا تَشَآءُوْنَ اِلَّآ اَنْ يَّشَآءَ اللّٰهُ ۭ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ﴿٣٠﴾

၃၀။ စင်စစ် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မမူဘဲ အသင်တို့သည် အလိုရှိနိုင်ကြမည်မဟုတ်ပေ။ [၁] စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့သိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သောဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ ဖြစ်တော်မူ၏။ [၂]

يُّدْخِلُ مَنْ يَّشَآءُ فِيْ رَحْمَتِهٖ ۭ وَالظّٰلِمِيْنَ اَعَدَّ لَهُمْ عَذَابًا اَلِيْمًا ﴿٣١﴾

၃၁။ ထိုအရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား မိမိကရုဏာတော်အတွင်းဝယ် ဝင်ရောက်စေတော်မူ၏။ သို့ရာတွင် မတရားသောသူတို့အဖို့မှာမူကား၊ ထိုအရှင်မြတ်သည် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်တော်ကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်ပေသည်တကား။

➤➤ မည်သူမဆို အလိုရှိက ယင်းကျမ်းမြတ်ကို လက်ကိုင်ထား၍ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရယူနိုင်ပေသည်။ ဤသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ အလိုဆန္ဒအတိုင်းပင်ဖြစ်သည်။

① ဤသဘောပါရှိပြီးဖြစ်သည်။ ကြည့်-ကုရ်အာန်(၇၄:၅၆)

② အလ္လာဟ်အရှင်မြတ်သည် အားလုံး သိတော်မူသည်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်သည် လူတိုင်း၏ အရည်အချင်း စွမ်းရည်သတ္တိကို အကြွင်းမဲ့သိတော်မူသည်၊ လူတိုင်းနှင့်ပတ်သက်၍ ထိုအရှင်မြတ်၏အဆုံးအဖြတ်သည် တော်တည့်၊ မှန်ကန်၊ လျော်ကန် သင့်မြတ်သည်သာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်အား ကရုဏာပြုတော်မူအံ့၊ ဤသည်လည်း မှန်ကန်သည်သာ ဖြစ်သည်၊ ထိုအရှင်မြတ်သည် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ်ပေးတော်မူအံ့၊ ဤသည်လည်း မှန်ကန်သည်သာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အားလုံး သိတော်မူရာ၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူပြီး၊ ထိုအရှင်မြတ် ပြုစီရင်တော်မူသမျှသည် အဘယ်မှာလျှင် မှားယွင်းနိုင်အံ့နည်း။

စေလွှတ်ခြင်းခံရသောလေများကဏ္ဍ



ဤကဏ္ဍသည် "မုရ်စလာတ်" "စေလွှတ်ခြင်းခံရသောလေများ" ကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်အပေါင်း(၅၀)၊
ရုကူအ်အပိုဒ်(၂)ပိုဒ်၊ အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

အလွန်တရာ ကြင်နာသနားတော်မူသော၊
ကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

وَالْمُرْسَلٰتِ عُرْفًا ۝١

၁။ (ငါအရှင်မြတ်သည်) အကျိုးဖြစ်စေအံ့သောငှာ စေလွှတ်ခြင်းခံရသောလေများကို၊ စေလွှတ်ခြင်းခံရသော၊ ဆက်တိုက်၊ တိုက်ခတ်သောလေများကို သက်သေထူတော်မူ၏။

فَالْعٰصِفٰتِ عَصْفًا ۝٢

၂။ တစ်ဖန် (ငါအရှင်မြတ်သည်) ပြင်းထန်စွာ တိုက်ခတ်သောလေများကိုသက်သေထူတော်မူ၏။ [၁]

وَّالنّٰشِرٰتِ نَشْرًا ۝٣

၃။ ထို့ပြင် (ငါအရှင်မြတ်သည်) တိမ်များကို ပြန့်နှံ့စေသောလေများကို သက်သေထူတော်မူ၏။

فَالْفٰرِقٰتِ فَرْقًا ۝٤

၄။ တစ်ဖန် (ငါအရှင်မြတ်သည် ယင်းတိမ်များကို) ကစဉ့်ကလျားဖြစ်စေသော လေများကို သက်သေထူတော်မူ၏။

---

① လေသည် ပထမသော် သာယာဖြည်းညှင်းစွာ တိုက်ခတ်၏။ ထိုအခါ လူများသည် မျှော်လင့်ချက်ကြီးငယ်များ ထားရှိကြ၏။ ထို့နောက် အတန်ကြာသော် လေသည် ပြင်းထန်စွာ တိုက်ခတ်လာ၏၊ မုန်တိုင်းကျလာ၏။ ထိုအခါ လူများသည် စိုးရိမ်ကြောက်ရွံ့လာကြ၏။ နောင်တမလွန်နှင့် ဤပစ္စက္ခသည်လည်း ဤနည်းပမာပင်။ လူများသည် ဤပစ္စက္ခတွင် အချို့ကိစ္စများကို အကျိုးရှိသည်ဟု ထင်မှတ်ကြ၏။ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ မျှော်လင့်ချက်ကြီးငယ်များ ထားရှိကြ၏။ သို့ရာတွင် ယင်းကိစ္စများသည် ကိယာမတ်နေ့တွင် ဖြစ်ရပ်မှန်အတိုင်း ကြောက်ရွံ့ဖွယ်ရာများအဖြစ်နှင့် ပေါ်လွင်ထင်ရှားလာသည့်အခါ၊ လူများသည် အကြောက်ကြီးကြောက်ကြပေမည်၊ အလန့်ကြီးလန့်ကြပေမည်။

فَالْمُلْقِيٰتِ ذِكْرًا ۝٥

၅။ တစ်ဖန် (ငါအရှင်မြတ်သည် စိတ်နှလုံးများတွင် အလျှောဟ်အရှင်မြတ်အား) အောက်မေ့တသသတိရမှု ထည့်သွင်းပေးသောလေများကို သက်သေထူတော်မူ၏။

عُذْرًا أَوْ نُذْرًا ۝٦

၆။ ဝန်ချ တောင်းပန်ရန်သော်လည်းကောင်း၊ သတိပေးနှိုးဆော်ရန်သော်လည်းကောင်း၊ (တစ်နည်း) အကြောင်းပြချက် မပြုနိုင်ရန်သော်လည်းကောင်း၊ သတိပေး နှိုးဆော်ရန်သော်လည်းကောင်း။ [၁]

إِنَّمَا تُوعَدُونَ لَوَاقِعٌ ۝٧

၇။ ဧကန်မလွဲ အသင်တို့ ချိန်းဆိုခြင်းခံကြရသော ချိန်းဆိုချက်မှာ အမှန်ပင် ဆိုက်လာမည်ဖြစ်၏။

فَإِذَا النُّجُومُ طُمِسَتْ ۝٨

၈။ စင်စစ်သော်ကား အကြင်ခါဝယ် ကြယ်နက္ခတ်တို့သည် ကွယ်ပျောက်၍သွားကြရပေမည်။ (တစ်နည်း) ကြယ်နက္ခတ်တို့၏အလင်းရောင်မှာ မှေးမှိန်၍ သွားရပေမည်။

---

① ဤအာယတ်တော်နှင့်စပ်လျဉ်း၍ ရှားဟ်အဗ်ဒုလ်အဇီဇ် သခင်က အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

(၁) (၀ဟီ)ထုတ်ပြန်ပို့ချတော်မူခြင်းဖြင့် ကာဖိရ်များ ဆင်ခြေမလဲနိုင်ရန်နှင့် (အီမာန်) သက်ဝင် ယုံကြည်သော မုအ်မင်နှ်များ သတိတရား ရကြရန်ပင်ဖြစ်သည်။

(၂) အချို့အာယတ်တော်များတွင် ကျင့်ရန်၊ ကြဉ်ရန် တရားများ၊ ယုံကြည်ချက်များ၊ အမိန့်တော်များ ပါရှိ၏။ ယင်းသို့သော အာယတ်တော်များသည် အကြောင်းပြရန်ဖြစ်သည်၊ စောကြောမေးမြန်းကြသည့်အခါ သက်ဆိုင်ရာပုဂ္ဂိုလ်က ကျွန်တော်မျိုးသည် အဘယ်ကိစ္စကို အလျှောဟ်အရှင်မြတ်၏ အမိန့်တော်အရ ပြုလုပ်ခြင်းဖြစ်ပါသည်။ အဘယ်ကိစ္စကို အလျှောဟ်အရှင်မြတ်၏ တားမြစ်ချက်အရ ကြဉ်ရှောင်ခြင်း ဖြစ်ပါသည်ဟူ၍ ဖြေဆိုအကြောင်းပြနိုင်ရန်ဖြစ်သည်။

အချို့အာယတ်တော်များတွင် အတိတ်ခေတ် ဖြစ်စဉ်ဖြစ်ရပ်များ၊ အတ္ထုပ္ပတ္တိများ၊ အနာဂတ်နှင့် စပ်လျဉ်းသည့် ဟောကြားချက်များ၊ သတင်းများ ပါရှိ၏။ ယင်းသို့သော အာယတ်တော်များသည် အများအားဖြင့် မယုံကြည်သူများအား သတိပေးရန် ကြောက်ရွံ့စေရန်အတွက် ဖြစ်သည်။

ဤကတ္ထာတွင် များသောအားဖြင့် မယုံကြည်သူများကိုပင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

အသို့ရှိစေ (၀ဟီ) အာယတ်တော်များကို ယူဆောင်လာသော ကောင်းကင်တမန်များနှင့် (၀ဟီ) အာယတ်တော်များ၏ အသံကို သက်ဆိုင်ရာတို့ထံ ပို့ပေးသော လေများ သက်သေဖြစ်ကြသည်မှာ၊ ➤➤

وَإِذَا السَّمَاءُ فُرِجَتْ ﴿٩﴾

၉။ ၎င်းပြင် အကြောင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍ သွားရပေမည်။

وَإِذَا الْجِبَالُ نُسِفَتْ ﴿١٠﴾

၁၀။ ထို့ပြင် အကြောင်အခါဝယ် တောင်များသည် အမြစ်မှ လှန်ပစ်ခြင်းကို ခံခဲ့ကြရ(ပြီး)လျှင် အစိတ်စိတ်အပိုင်းပိုင်းဖြစ်ကာ လေထဲ၌ လွင့်ပါးလျက်ရှိကြရ)ပေမည်။

وَإِذَا الرُّسُلُ أُقِّتَتْ ﴿١١﴾

၁၁။ ထိုမှတစ်ပါး အကြောင်အခါဝယ် (ရစူလ်)တမန်တော်များသည် (သတ်မှတ်ထားသော) အချိန်၌ လာရောက်စုရုံးကြရပေမည်။

لِأَيِّ يَوْمٍ أُجِّلَتْ ﴿١٢﴾

၁၂။ ယင်း (အရေးကိစ္စတို့သည်) မည်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းခြင်း ခံခဲ့ရသနည်း။

لِيَوْمِ الْفَصْلِ ﴿١٣﴾

၁၃။ စီရင်ဆုံးဖြတ်မည့် နေ့သို့ (ရွှေ့ဆိုင်းခြင်းခံခဲ့ရလေ၏။) [၁]

وَمَا أَدْرَاكَ مَا يَوْمُ الْفَصْلِ ﴿١٤﴾

၁၄။ စင်စစ်သော်ကား (အို-နဗီတမန်တော်)၊ စီရင်ဆုံးဖြတ်မည့်နေ့သည် အဘယ်နည်းဟူ၍ အသင်သိပါသလော။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿١٥﴾

၁၅။ ထိုနေ့တွင်မူကား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (အကြီးအကျယ်) ပျက်စီးမှုသည် ရှိချေအံ့သတည်း။ [၂]

➤➤ မကြာမီအတွင်း အချိန်တစ်ချိန်မှာ ဆိုက်ရောက်လာမည်ပင်ဖြစ်သည်။ ထိုအခါ ပြစ်မှုကျူးလွန်သောသူများသည် ပြစ်ဒဏ်စီရင်ခြင်း ခံကြရပေမည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားကာ ပြစ်မှုများကို ကြဉ်ရှောင်သော ပုဂ္ဂိုလ်များမှာမူ အန္တရာယ်ခပ်သိမ်း ကင်းဝေးကြပေမည်။

① အရေးကိစ္စအဝဝကို မည်သည့်နေ့ရက်အတွက် ယခုကဲ့သို့ ရွှေ့ဆိုင်းထားသနည်း။ ထိုနေ့တွင် အလ္လာဟ် အရှင်မြတ်သည် အရေးကိစ္စအဝဝနှင့် စပ်လျဉ်း၍ နောက်ဆုံးယတိပြတ် အဆုံးအဖြတ် ပေးတော်မူမည်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပါက ယခု ချက်ချင်းလက်ငင်းပင် အဆုံးအဖြတ် ပေးတော်မူနိုင်ပေသည်။ သို့ရာတွင် ယင်းသို့ ရွှေ့ဆိုင်းထားတော်မူခြင်းမှာလည်း အလ္လာဟ်အရှင်မြတ်၏ အလိုတော်အရပင်ဖြစ်သည်။

أَلَمْ نُهْلِكِ الْأَوَّلِينَ ﴿١٦﴾

၁၆။ ငါအရှင်မြတ်သည် ရှေးသူဟောင်းတို့အား ပျက်စီးစေတော်မူခဲ့သည် မဟုတ်လော။

ثُمَّ نُتْبِعُهُمُ الْآخِرِينَ ﴿١٧﴾

၁၇။ ထို့နောက်တစ်ဖန် ငါအရှင်မြတ်သည် နောင်လာနောက်သားတို့အားလည်း ထိုရှေးသူဟောင်းတို့၏ နောက်သို့ပင် လိုက်စေတော်မူမည်ဖြစ်၏။ [၁]

كَذَٰلِكَ نَفْعَلُ بِالْمُجْرِمِينَ ﴿١٨﴾

၁၈။ ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား ဤအတိုင်း ပြုလုပ်တော်မူလေ့ရှိ၏။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿١٩﴾

၁၉။ ထို့နေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (အကြီးအကျယ်)ပျက်စီးမှုသည် ရှိပေမည်။

---

(၁) အဆုံးအဖြတ်ပေးတော်မူမည့် နေ့ကား အဘယ်နည်း။ ထိုနေ့ကား အမှန်တရားကို မဟုတ်မမှန်ဟူ၍ ယိုးစွပ်ငြင်းပယ်ခဲ့ကြသော မုသာဝါဒီများ ပျက်စီးခြင်းကြီးမလှ ပျက်စီးကြရမည့် နေ့ပင်။ ထိုနေ့တွင် ၎င်းတို့အသက်ထက်ဆုံး ဇွတ်မိုက် ငြင်းပယ်နေခဲ့ကြသော အရာများသည် အထင်းသား၊ အမြင်သား၊ အထင်အရှား ပေါ်လွင်လာပေမည်၊ ထို့အတွက် အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရပေမည်။ ကျူးလွန်ပြစ်မှားခဲ့ကြသည့် ပြစ်မှုကြီးငယ်များ၏ ပြစ်ဒဏ်ကို မရှုမလှ ခံကြရပေမည်။

(၂) ကိယာမတ်ကို မယုံကြည်သူများက ဤမျှ အတိုင်းမသိ ကြီးမားသော စကြာဝဠာကြီးသည် အသို့လျှင် ချုပ်ငြိမ်းနိုင်အံ့နည်း၊ လူသားအားလုံးတို့သည် တစ်ချိန်တည်း အသို့လျှင် သေဆုံးကုန်နိုင်ကြအံ့နည်း။လူ့အဆက်သည် အသို့လျှင် ဆိတ်သုဉ်းသွားနိုင်အံ့နည်း၊ ကိယာမတ်၊ ဂျန္နတ်၊ ဂျဟန္နမ် စသည်များသည် လုပ်ဇာတ်များသာ ဖြစ်သည်ဟူ၍ ထင်မှတ်ပြောဆိုနေကြ၏။

ဤသို့သိထားအပ်ကြသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အလျင် မြောက်မြားစွာသော သူများကို ၎င်းတို့၏ပြစ်မှုများကြောင့် ကွပ်မျက်တော်မူခဲ့လေပြီ၊ အတိတ်ခေတ်များတွင် မြောက်မြားစွာသော သူများကို သေစေတော်မူခဲ့လေပြီ။ ယခုလည်း အလ္လာဟ်အရှင်မြတ်သည် ကွပ်မျက်တော်မူလျက်၊ သေစေတော်မူလျက်ပင်။

ကွပ်မျက်မှု သေစေမှု အစဉ်အလာသည် ယခုလည်းရှိလျက်ပင်၊ ဤသည်ကို ၎င်းတို့အသိပင်။ အလ္လာဟ်အရှင်မြတ်သည် အတိတ်ခေတ်များတွင် ပြစ်မှုကျူးလွန်သူတို့အား ကွပ်မျက်တော်မူလေ့ရှိခဲ့ပေရာ၊ ယခုခေတ်တွင် ပြစ်မှုကျူးလွန်သူတို့အားလည်း ယခင်အစဉ်အလာအတိုင်း ကွပ်မျက်တော်မူမည်ပင်။

အလ္လာဟ်အရှင်မြတ်သည် ခေတ်အသီးသီးတွင် အလွန်တန်ခိုးအာဏာ ကြီးမားခဲ့သော၊ မောက်မာပလွားခဲ့သော၊ ဆူပူသောင်းကျန်းခဲ့သော သူယုတ်မာကြီးငယ်တို့အား ကွပ်မျက်တော်မူနိုင်ခဲ့သည်ဖြစ်ရာ၊ သတ္တဝါအပေါင်းတို့ကို တစ်ချိန်တည်းတွင် အသို့လျှင် သေစေတော်မမူနိုင်ဘဲ ရှိအံ့နည်း၊ သူယုတ်မာအားလုံးကို တစ်ချိန်တည်း အသို့လျှင် ကွပ်မျက်တော်မမူနိုင်ဘဲရှိအံ့နည်း။

أَلَمْ نَخْلُقكُّم مِّن مَّآءٍ مَّهِينٍ ﴿٢٠﴾

၂၀။ ငါအရှင်မြတ်သည် အသင်တို့အား ယုတ်ညံ့သောရေဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်လော။

فَجَعَلْنَٰهُ فِى قَرَارٍ مَّكِينٍ ﴿٢١﴾

၂၁။ တစ်ဖန် ငါအရှင်မြတ်သည် ထိုရေကို လုံခြုံသောနေရာ၌ ထားရှိတော်မူခဲ့၏။ ①

إِلَىٰ قَدَرٍ مَّعْلُومٍ ﴿٢٢﴾

၂၂။ သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင်။

فَقَدَرْنَا فَنِعْمَ ٱلْقَٰدِرُونَ ﴿٢٣﴾

၂၃။ တစ်ဖန် ငါအရှင်မြတ်သည် စနစ်တကျ စီမံပြုပြင် ချိန်ဆခန့်မှန်းတော်မူခဲ့ရာ စင်စစ် (ငါအရှင်မြတ်သည်) အဘယ်မျှ ကောင်းမြတ်သော စီမံပြုပြင်ချိန်ဆ ခန့်မှန်းတော်မူသောအရှင်၊ ဖြစ်တော်မူပါသနည်း။ ②

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٢٤﴾

၂၄။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (အကြီးအကျယ်) ပျက်စီးမှု သည် ရှိပေမည်။

---

① ဤအာယတ်တော်တွင် လုံခြုံသောနေရာဟူသည် မိခင်၏ဝမ်းဗိုက်တွင်းရှိ "သားအိမ်"ကို ဆိုလိုသည်။ လူသားတစ်ဦးသည် မိမိကိုယ်တိုင် အမိ၏ဝမ်းဗိုက်တွင်းရှိ ထူးထွေဆန်းပြားလှသည့် သားအိမ်တွင် (၉)လကျော် (၁၀)လနီးပါး မည်သို့မည်ပုံ နေခဲ့သည်ကိုပင် စဉ်းစားဆင်ခြင် တွေးမြင်ပါက၊ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို သိရှိလာပေမည်။ ကိယာမတ်ကိုလည်း ယုံကြည်လာပေမည်။

② အလ္လာဟ်အရှင်မြတ်သည် လူသားအား ကလလရေကြည်တစ်စက်မှ စတင်၍ တဖြည်းဖြည်း အဆင့်ဆင့် ပြုစုပျိုးထောင်လာပြီး လူတလုံးသူတလုံးဖြစ်အောင် ဖန်ဆင်းတော်မူ၏။ ဤပစ္စက္ခတွင် အမြင့်မြတ်ဆုံးဘဝသို့ မြှင့်တင်ပေးထားတော်မူ၏။ ယင်းသို့ ပြုစွမ်းတော်မူနိုင်သော အရှင်တစ်ပါးသည် လူသားအား သေပြီးနောက် ပြန်လည်ရှင်ထစေတော်မူနိုင်မည် မဟုတ်ပါလော။

အချို့က ဤအာယတ်တော်တွင် (قَدَرْنَا) "ကဒရ်နာ" ဟူသောပုဒ်ကို "ငါအရှင်မြတ်သည် စနစ်တကျ ချိန်ဆ စီမံထားတော်မူသည်" ဟူ၍ အနက်ပြန်ကြသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် လူသားအား ရုပ်ပိုင်းဘက်တွင်လည်းကောင်း၊ နာမ်ပိုင်းဘက်တွင်လည်းကောင်း၊ အပိုအလိုမရှိ၊ အချိုးကျကျ၊ အဆင်းလှလှ၊ အရည်အချင်း အပြည့်အဝ၊ အံ့ဖွယ်သရဲ ချင့်ချိန်၍ ဖန်ဆင်းထားတော်မူသည်။ အလ္လာဟ်အရှင်မြတ်၏ ချင့်ချိန်လျှာထားမှုတွင် ပိုသည်လည်းမရှိ၊ လိုသည်လည်းမရှိ၊ နုတ်ယထ်ရန်လည်း မရှိ၊ ဖြည့်စွက်ရန်လည်းမရှိ။ အလ္လာဟ်အရှင်မြတ်၏ ချင့်ချိန်လျှာထားမှုကား ကောင်းမြတ်လှပါဘိတကား။

أَلَمْ نَجْعَلِ الْأَرْضَ
كِفَاتًا ﴿٢٥﴾

၂၅။ ငါအရှင်မြတ်သည် ပထဝီမြေကို စုရုံးပေါင်းစပ်ရာနေရာဌာန၊ စုရုံးပေါင်းစပ်သောအရာ၊ ပြုလုပ်တော်မူခဲ့သည်မဟုတ်လော။

أَحْيَاءً وَأَمْوَاتًا ﴿٢٦﴾

၂၆။ အသက်ရှင်သူတို့အားလည်းကောင်း၊ သူသေတို့အားလည်းကောင်း၊

وَجَعَلْنَا فِيهَا رَوَاسِيَ
شَامِخَاتٍ وَأَسْقَيْنَاكُم مَّاءً
فُرَاتًا ﴿٢٧﴾

၂၇။ ထိုမှတစ်ပါး၊ ငါအရှင်မြတ်သည် ယင်းပထဝီမြေဝယ် မြင့်စွင့်လှစွာသော တောင်များကို (နေရာတကျ) စိုက်ထူတော်မူသည်။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့အား ချိုမြသောရေကို တိုက်ကျွေးတော်မူသည်။

وَيْلٌ يَوْمَئِذٍ
لِّلْمُكَذِّبِينَ ﴿٢٨﴾

၂၈။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာ)သော ပျက်စီးမှုသည် ရှိချေမည်သာတည်း။

انطَلِقُوا إِلَىٰ مَا كُنتُم بِهِ
تُكَذِّبُونَ ﴿٢٩﴾

၂၉။ အသင်တို့သည် မဟုတ်မမှန်ဟူ၍ မိမိတို့စွပ်စွဲငြင်းပယ်လျက် ရှိခဲ့ကြသော (ပြစ်ဒဏ်)ရှိရာသို့ လျှောက်၍ သွားကြလေကုန်။

انطَلِقُوا إِلَىٰ ظِلٍّ ذِي ثَلَاثِ
شُعَبٍ ﴿٣٠﴾

၃၀။ အသင်တို့သည် အကိုင်းသုံးကိုင်း ခွဲထွက် သော အရိပ်ဆာယာ(အောက်)သို့ လျှောက်သွားကြလေကုန်၏။

لَّا ظَلِيلٍ وَلَا يُغْنِي مِنَ
اللَّهَبِ ﴿٣١﴾

၃၁။ (ယင်းအရိပ်တွင်) သက်သာမှုလည်း ရှိမည်မဟုတ်ပေ။ မီးတောက်မီးလျှံ(၏ အရှိန်မှ) ကာကွယ်မည်လည်း မဟုတ်ပေ။ [၁]

---

① ကိယာမတ်နေ့ကို မယုံကြည်သူများအား ကိယာမတ်နေ့တွင် သက်ဆိုင်ရာကောင်းကင်တမန်များက ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း ပြောဆိုကြိမ်းမောင်းကြပေမည်။ ➤➤

إِنَّهَا تَرْمِي بِشَرَرٍ كَالْقَصْرِ ﴿٣٢﴾

၃၂။ ဓကန်အမှန် ယင်းမီးသည် အဆောက်အအုံကြီးများ ပမာရှိသော မီးပွင့်မီးပွားများကို ပေါက်ထွက်စေမည်။

كَأَنَّهُ جِمَالَتٌ صُفْرٌ ﴿٣٣﴾

၃၃။ ယင်းမီးပွင့်မီးပွားများမှာ အဝါရောင်ရှိသော ကုလားအုပ်များကဲ့သို့ ရှိကြပေမည်။ ၁

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٣٤﴾

၃၄။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိပေမည်။

هَٰذَا يَوْمُ لَا يَنطِقُونَ ﴿٣٥﴾

၃၅။ ဤနေ့သည် ၎င်းတို့ စကားပြောဆိုခြင်း မပြုနိုင်သောနေ့ပင်။

وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُونَ ﴿٣٦﴾

၃၆။ ၎င်းတို့သည် အကြောင်းပြ ဆင်ခြေလဲနိုင်ကြရန် ခွင့်ပြုခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။ ၂

➤➤ ကျမ်းချက်များတွင် လာရှိသည်မှာ ကိယာမတ်နေ့တွင် ကာဖိရ်များ၏ အရိပ်ဆာယာအတွက် ငရဲမှ မီးခိုးများ ထွက်ပေါ်လာပေမည်၊ ထိုမီးခိုးများသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပေမည်။ ထိုမီးခိုးများသည် ကာဖိရ်တိုင်းကို ဝန်းရံထားပေမည်၊ မီးခိုးတစ်စိတ်တစ်ဒေသသည် ကာဖိရ်၏ဦးခေါင်းပေါ်၌ အရိပ်ပမာ မိုးလျက်ရှိပေမည်၊ မီးခိုးတစ်စိတ်တစ်ဒေသသည် ကာဖိရ်၏ လက်ယာဘက်တွင်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသည် လက်ဝဲဘက်တွင်လည်းကောင်း ရံလျက်ရှိပေမည်။ ဤသို့ဖြင့် ကိယာမတ်နေ့တွင် ကာဖိရ်တိုင်းကို မီးခိုးအစုသုံးခုသည် သုံးဘက်သုံးတန်မှ ဝန်းရံလျက်ရှိပေမည်။ ကာဖိရ်များသည် စစ်ကြောမေးမြန်းခြင်း ပြီးဆုံးသည်အထိ အဆိုပါမီးခိုးရိပ်အောက်တွင်ပင် နေကြရပေမည်။ ကိယာမတ်နေ့ကို ယုံကြည်သော မုအ်မင်န်တို့မူကား "အရ်ရှ်" ပလ္လင်တော်၏ အရိပ်ဆာယာအောက်တွင် အေးချမ်းသာယာစွာ (မတ်တတ်ရပ်လျက်) ရှိကြပေမည်။ ကိယာမတ်နေ့တွင် ကာဖိရ်များကို ဝန်းရံထားမည့်အရိပ်သည် အပန်းပြေစေမည်လည်းမဟုတ်၊ အပူရှိန်ကို ကာကွယ်ပေးမည်လည်းမဟုတ်၊ မီးခိုး၏ အရိပ်သာဖြစ်သည်။

① ငရဲမီးသည် မြင့်မားသော အဆောက်အအုံကြီးများပမာ၊ မြင့်မားသော မီးပွင့်များကို ပေါက်ထွက်စေမည်၊ တစ်နည်း-ယင်းငရဲမီးသည် ကြီးမားသော အဆောက်အအုံကြီးများတမျှ ကြီးမားသောမီးပွင့်များကို ပေါက်ထွက်စေမည်။ ယင်းမီးပွင့်များသည် အဆင်းအရောင်တွင် မည်းနက်သော ကုလားအုတ်ကြီးများနှင့် တူပေမည်။ ငရဲမီးကား ကြောက်မက်ဖွယ်ပါတကား။

② ကိယာမတ်နေ့တွင် အချို့ဌာနများ၌ ကာဖိရ်များသည် စကားပင်ပြောဆိုနိုင်ကြမည်မဟုတ်၊ ပြောဆိုခွင့်ရရှိသော ဌာနများတွင် ပြောဆိုခွင့် ရရှိကြသော်လည်း၊ ၎င်းတို့၏ပြောဆိုမှုသည် မည်သို့မျှ အကျိုးသက်ရောက်စေမည် မဟုတ်ပေ။ ဤသို့ဖြင့် ၎င်းတို့၏ ပြောဆိုမှု၊ မပြောဆိုမှုသည် မထူးခြားပေ၊ အတူတူပင်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٣٧﴾

၃၇။ ထိုနေ့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည်ရှိချေမည်။

هَٰذَا يَوْمُ الْفَصْلِ ۚ جَمَعْنَاكُمْ وَالْأَوَّلِينَ ﴿٣٨﴾

၃၈။ ဤသည် စီရင်ဆုံးဖြတ်မည့်နေ့ပင်။ ငါအရှင်မြတ်သည် အသင်တို့အားလည်းကောင်း၊ ရှေးသူဟောင်းတို့အားလည်းကောင်း၊ စုရုံးတော်မူလိုက်ပြီ။

فَإِن كَانَ لَكُمْ كَيْدٌ فَكِيدُونِ ﴿٣٩﴾

၃၉။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့၌ အကြံအစည် တစ်စုံတစ်ရာရှိခဲ့မူ ငါအရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကြံစည်ကြလေကုန်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٤٠﴾

၄၀။ ထို့နေ့တွင်မူကား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိချေအံ့သတည်း။

إِنَّ الْمُتَّقِينَ فِي ظِلَالٍ وَعُيُونٍ ﴿٤١﴾

၄၁။ ဧကန်မလွဲ "မွတ္တကီ" သူတော်စင်တို့သည် အရိပ်အာဝါသများ၌လည်းကောင်း၊ စမ်းများ၌လည်းကောင်း။

وَفَوَاكِهَ مِمَّا يَشْتَهُونَ ﴿٤٢﴾

၄၂။ ထိုသူတို့ အာသာဆန္ဒရှိကြလေသော သစ်သီးဝလံများ၌လည်းကောင်း၊ ရှိနေကြပေမည်။

---

① လူသားတို့သည် လူ့လောကတွင်၊ တရားရုံးများတွင် ဉာဏ်နီဉာဏ်နက်အသုံးပြုကာ နည်းပရိယာယ်အမျိုးမျိုးဖြင့် အနက်ကို အဖြူလုပ်ကြသည်။ လေးသောအပြစ်ကို ပေါ့စေသည်။ အမျိုးမျိုးကြံစည်ကြသည်။ အချို့လူသားတို့သည် လူ့လောကတရားရုံးများတွင် အမျိုးမျိုးအကြံအစည်ထုတ်နိုင်သကဲ့သို့ ကိယာမတ်နေ့ အလ္လာဟ်အရှင်မြတ်၏ တရားရုံးတော်တွင်လည်း အကြံအစည် ထုတ်နိုင်ကြမည်ဟု ထင်မှတ်ကောင်း ထင်မှတ်ကြပေမည်။ ထိုသို့ကား အလျှင်းမဟုတ်။ ကိယာမတ်နေ့တွင် အလ္လာဟ်အရှင်မြတ်က "ဤသည် အဆုံးအဖြတ်ပေးတော်မူမည့်နေ့ဖြစ်သည်၊ ငါအရှင်မြတ်သည် အသင်တို့အားလည်းကောင်း၊ ရှေးသူဟောင်းတို့အားလည်းကောင်း၊ အားလုံးတို့အား စုပေါင်းထားတော်မူလိုက်ပြီ၊ အသင်တို့၌ လွတ်မြောက်ရန် အကြံအစည်ရှိက စုပေါင်းကြံစည်ကြ" ဟု မြွက်ဆိုတော်မူပေမည်။

كُلُوا۟ وَٱشْرَبُوا۟ هَنِيٓـًٔۢا بِمَا كُنتُمْ تَعْمَلُونَ ﴿٤٣﴾

၄၃။ (၎င်းတို့သည် ဤသို့ပြောဆိုခြင်းကို ခံကြရပေမည်။) အသင်တို့သည် မိမိတို့ ကျင့်မူခဲ့ကြလေသော (ကောင်းမှု သုစရိုက်များကြောင့်) မြိန်ယှက်စွာ စားသုံးခြင်းကိုလည်းကောင်း၊ သောက်သုံးခြင်းကိုလည်းကောင်း၊ ပြုကြလေကုန်။

إِنَّا كَذَٰلِكَ نَجْزِى ٱلْمُحْسِنِينَ ﴿٤٤﴾

၄၄။ ဧကန်မလွဲ ငါအရှင်မြတ်သည် ကောင်းမှုပြုသူတို့အား ဤအတိုင်းပင် အစားပေးလေ့ရှိတော်မူ၏။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٤٥﴾

၄၅။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိပေမည်။

كُلُوا۟ وَتَمَتَّعُوا۟ قَلِيلًا إِنَّكُم مُّجْرِمُونَ ﴿٤٦﴾

၄၆။ အသင်တို့သည် (ဤပစ္စက္ခဘဝ၌) အနည်းငယ်မျှ (ကာလတိုင်အောင်) စားသုံးခြင်းကိုလည်းကောင်း၊ အကျိုးခံစားခြင်းကိုလည်းကောင်း၊ ပြုကြလေကုန်။ ဧကန်မလွဲ အသင်တို့သည် အပြစ်ရှိသူများပင် ဖြစ်ကြကုန်၏။ [၁]

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٤٧﴾

၄၇။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိပေမည်။

---

① ဤအာယတ်တော်သည် ပြစ်မှုကျူးလွန်သော ကာဖိရ်များကို ရည်ညွှန်းမိန့်ဆိုထားတော်မူသော အာယတ်တော်ဖြစ်သည်။ ဆိုလိုသည်ကား (အို-ကာဖိရ်အပေါင်းတို့) "အသင်တို့သည် ရက်အနည်းငယ် စားသုံးလိုက်ကြဦး၊ အကျိုးခံစားလိုက်ကြဦး ဤစားသောက်ခြင်း၊ အကျိုးခံစားခြင်းသည် အသင်တို့အား မကောင်းကျိုးသာပေးလိမ့်မည်၊ အကြောင်းသော်ကား အသင်တို့သည် အထင်အရှား ပြစ်မှုကျူးလွန်သူများ ဖြစ်ကြပေသည်။ ယင်း ပြစ်မှုကျူးလွန်မှု၏ ပြစ်ဒဏ်မှာ ရာသက်ပန် ငရဲလားခြင်းနှင့် ကြီးလေးသော ပြစ်ဒဏ်ပင်ဖြစ်သည်။ ယင်းသို့ ပြစ်မှု ကျူးလွန်သူများအား အသင်တို့သည် ရက်အနည်းငယ် စားသုံးလိုက်ကြဦး၊ အကျိုးခံစားလိုက်ကြဦး" ဟု မိန့်ဆိုတော်မူခြင်းမှာ ကြိုးမိန့်ကျပြီးသော တရားခံတစ်ဦးအား ကြိုးမပေးမီ "အသင်တို့အလိုရှိသမျှ ဖွင့်ဟပြောလေ၊ အသင်၏အလိုဆန္ဒကို ဖြည့်စွမ်းနိုင်ရန် ကြိုးစားပါမည်" ဟု သက်ဆိုင်ရာ အာဏာပိုင်က ပြောဆိုခြင်းမျိုးပင်။

وَإِذَا قِيلَ لَهُمُ ارْكَعُوا لَا يَرْكَعُونَ ﴿٤٨﴾

၄၈။ စင်စစ်သော်ကား ၎င်းတို့အား "အသင်တို့သည် 'ရုကူအ်' ဦးညွှတ်ကြလေကုန်၊" ဟု အမိန့်ပေးတော်မူသောအခါ ၎င်းတို့သည် "ရုကူအ်" ဦးညွှတ်ခြင်းကို ပြုကြသည် မဟုတ်ပေ။ ၁

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٤٩﴾

၄၉။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သောသူတို့၌ (ကြီးကျယ်လှစွာသော) ပျက်စီးမှုသည် ရှိချေမည်။

فَبِأَيِّ حَدِيثٍ بَعْدَهُ يُؤْمِنُونَ ﴿٥٠﴾

၅၀။ စင်စစ် ၎င်းတို့သည် (ကုရ်အာန်ကျမ်းတော်မြတ်)အပြင် (တစ်နည်း) (ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခဲ့ပြီး)နောက် မည်သည့်စကားကို သက်ဝင်ယုံကြည်ကြကုန်အံ့နည်း။ ၂

---

① ယင်းကာဖိရ်များအား အသင်တို့သည် ဆွလာတ်ဝတ်ပြုရာ၌ ဦးညွှတ်ကြဟု ပြောဆိုသောအခါ တစ်နည်း- ၎င်းတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ် အမိန့်တော်များရှေ့မှောက်တွင် ဦးညွှတ်ကြဟု ပြောဆိုသောအခါ ၎င်းတို့သည် ဦးမညွှတ်ကြပေ။ အကယ်၍သာ ၎င်းတို့သည် ထိုအချိန်တွင် ဦးညွှတ်ခဲ့ကြပါက ယနေ့ ဤ(နောင်တမလွန်)ဘဝတွင် ဦးခေါင်းထောင်နိုင်ကြမည် ဖြစ်ပေသည်။ ထိုဘဝတွင် ဦးခေါင်းထောင်ခဲ့ကြသည့် အတွက် ဤဘဝတွင် ဦးခေါင်းငိုက်စိုက်ကြရပြီ မဟုတ်တုံလော။ ဤကား မည်သူမပြု မိမိမှုပင်၊ ခေါင်းမာခြင်း၏ အကျိုးပင်။

② ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်သည်၊ တရားအဆုံးအမ၊ ဩဝါဒတော် ဖြစ်သည်။ အနက်အဓိပ္ပါယ်ပြည့်ဝလှသည်၊ နက်နဲသိမ်မွေ့လှသည်၊ ထိမိလှသည်၊ အကျိုးသက်ရောက်လှသည်။ ဤမည်သော ကုရ်အာန်ကျမ်းမြတ်ထက် ပိုမိုကောင်းမွန်မြင့်မြတ်သော ကျမ်းသည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။ ဤကာဖိရ်များသည် ဤသို့သော ကုရ်အာန်ကျမ်းမြတ်ကိုပင် မယုံကြည်ကြပါပေ။ အခြား အဘယ်အရာကို ယုံကြည်ကြမည်နည်း။ ကုရ်အာန်ကျမ်းမြတ်၏နောက်တွင် မိုးပေါ်မှကျလာမည့် အခြားကျမ်းများ ရှိလေသေးသလော။ ယင်းကာဖိရ်များသည် ထိုကျမ်းကိုပင် စောင့်မျှော်နေကြလေသလော။ ကုရ်အာန်ကျမ်းမြတ်၏ နောက်တွင် မိုးပေါ်ကကျရန် အခြားကျမ်းမရှိပြီ။ ကုရ်အာန်ကျမ်းမြတ်ကိုမှ မယုံကြည်ပါက၊ ယုံကြည်ရန် အခြားကျမ်းလည်းမရှိပြီ။

ကြီးကျယ်သောသတင်းကဏ္ဍ

سُورَةُ النَّبَإِ

ဤကဏ္ဍသည် "စူရဟ်နဗ်" ကြီးကျယ်သော သတင်းပါဝင်သည့် ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၄၀)၊ ရုကူအ် အပိုဒ်(၂) အသီးသီးပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

عَمَّ يَتَسَاءَلُونَ ﴿١﴾

၁။ ထို (ကိယာမတ်ကို မယုံကြည်သောသူတို့သည်) မည်သည့်အရာနှင့်စပ်လျဉ်း၍ မိမိတို့ အချင်းချင်း မေးမြန်းလျက် ရှိကြသနည်း။

عَنِ النَّبَإِ الْعَظِيمِ ﴿٢﴾

၂။ ၎င်းတို့သည် အကြင် ကြီးကျယ်လှစွာသော (ကိယာမတ်၏)အကြောင်းသတင်းကို (မေးမြန်းလျက် ရှိကြကုန်၏)။

الَّذِي هُمْ فِيهِ مُخْتَلِفُونَ ﴿٣﴾

၃။ ၎င်းတို့သည် ယင်း အကြောင်းသတင်းနှင့် စပ်လျဉ်း၍ (အမြင်မှန်ရရှိသောသူတို့နှင့် အယူဝါဒ) ကွဲလွဲနေသူများ ဖြစ်ကြကုန်၏။

كَلَّا سَيَعْلَمُونَ ﴿٤﴾

၄။ (၎င်းတို့သည် ကိယာမတ် ဖြစ်မည်မဟုတ်ဟု ထင်မှတ်နေကြ၏။) (ထိုသို့) အလျင်းမဟုတ်၊ (ထို ကိယာမတ်သည် မုချ ဆိုက်ရောက်လာမည်ဖြစ်ရာ) ၎င်းတို့သည် မကြာမြင့်မီပင် (ယင်းကိယာမတ်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်) သိရှိကြရပေမည်။

---

① **သေပြီးနောက်တစ်ဖန် ရှင်ပြန်ထရမည်မှာ အမှန်ပင်။**

ကြီးကျယ်သောအကြောင်းသတင်း ဟူသည်ကား အဘယ်နည်း။ အချို့က ကြီးကျယ်သော အကြောင်းသတင်း ဟူသည် သေပြီးနောက်တစ်ဖန် ရှင်ပြန်ထခြင်းကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ အချို့က ကုရ်အာန်ကျမ်းမြတ်ကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ အချို့က တမန်တော်မြတ်၏ (နှုတ်ဝါတော်)တမန်တော်➤➤

➢➢ ဖြစ်မှုကို ဆိုလိုသည်ဟူ၍လည်းကောင်း၊ အမျိုးမျိုး အနက်ဖွင့်ကြသည်။ ယင်းအဆိုများအနက် ပထမအဆိုသည် ပိုမို သင့်မြတ်သည်။ ထာနဝီသခင်ကလည်း ဤအတိုင်းပင် အနက်ဖွင့်ထားသည်။

ကာဖိရ်၊ မုရှ်ရစ်ကများသည် တမန်တော်မြတ်၏ တမန်တော်ဖြစ်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုရ်အာန်ကျမ်းမြတ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အချင်းချင်း ကွဲပြားလျက်ရှိကြသည်။ ထို့အတူ သေပြီးနောက် တဖန် ရှင်ပြန်ထခြင်းနှင့်စပ်လျဉ်း၍လည်း ကွဲပြားလျက်ရှိကြသည်။

အချို့က သေပြီးနောက် ရှင်ပြန်ထခြင်းသည် အလျင်းဖြစ်မည်မဟုတ်ဟု ဆိုကြသည်။ ကြည့်-ကုရ်အာန်(၂၃း၃၇)။

အချို့က သေပြီးနောက် တဖန် ပြန်လည်ရှင်ပြန်ထခြင်းနှင့် စပ်လျဉ်း၍ ဒွိဟသံသယ ဖြစ်နေကြသည်။ ကြည့်-ကုရ်အာန်(၄၅း၃၂)။

အချို့က သေပြီးနောက် တဖန် ပြန်လည်ရှင်ပြန်ထရေးကို ဆိုရာတွင် ရုပ်နှင့်နာမ်၂-ခုလုံး၏ ရှင်ပြန်ထရေးကို ငြင်းဆိုကြသည်။

အချို့က ရုပ်၏ရှင်ပြန်ထရေးကိုသာ ငြင်းဆိုကြသည်။ ကြည့်-တဖ်စီရ်အဗူစူအူဒ်။

သေပြီးနောက် တဖန် ပြန်လည်ရှင်ပြန်ထရေးကို ငြင်းဆိုသော ကာဖိရ်၊ မုရှ်ရစ်များ ပြက်ရယ်ပြုသည့် သဘောဖြင့် ကိယာမတ် ဘယ်သောအခါ ဖြစ်မည်နည်း။ ကိယာမတ်ဖြစ်ရာတွင် အဘယ်ကြောင့် ကြန့်ကြာနေပါသနည်း။ ယခု အဘယ်ကြောင့် ကိယာမတ် မဖြစ်သနည်း။ စသည်ဖြင့် အချင်းချင်းအားလည်းကောင်း၊ တမန်တော်မြတ်နှင့်မွတ်စ်လင်မ်များအားလည်းကောင်း၊ မေးမြန်းကြသည်။

ပွင့်လေသမျှသော တမန်တော်များသည် ကိယာမတ်ဖြစ်မည့်အကြောင်း အသီးသီး သတိပေးနှိုးဆော်ခဲ့ကြပေသည်။ သို့တစေလည်း ကာဖိရ်၊ မုရှ်ရစ်များသည် ပြက်ရယ်ပြုသည့်သဘောဖြင့် မေးလျက်သာ ရှိကြပေသည်။

အလ္လာဟ်အရှင်မြတ် မိန့်ကြားထားတော်မူသည့်အတိုင်း အချိန်ကျသည့်အခါ ကိယာမတ် မုချဖြစ်မည်။ သတ္တဝါအားလုံးတို့သည် ရှင်ပြန်ထကြရမည်။ ဤပစ္စက္ခတွင် ဆည်းပူးခဲ့ကြသည့် ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးပြစ်များကို အသီးသီး ခံ စံကြရမည်။ အရာရာတွင် အကြောင်းနှင့်အကျိုး ဒွန်တွဲ ဆက်စပ်လျက်ရှိသည်။ ဤပစ္စက္ခသည် အကြောင်းဖြစ်သည်။ နောင်တမလွန်ဘဝသည် အကျိုးဖြစ်သည်။ ကိယာမတ်မဖြစ်က ဤပစ္စက္ခသည် အချည်းနှီးဖြစ်ချိမ့်မည်။

ဤသို့ကား အလျင်းမဟုတ်၊ ကိယာမတ် မုချဖြစ်မည်။ ထိုအခါ ကာဖိရ်၊ မုရှ်ရစ်များသည် ကိယာမတ်ကို ကိုယ်တွေ့မျက်မြင် သိရှိသွားကြပေမည်။ ကာဖိရ်၊ မုရှ်ရစ်များသည် သေဆုံးပြီးနောက် ပြစ်ဒဏ်ခံကြရသည့်အခါမှပင် ကိယာမတ်၏သဘောကို သိရှိနားလည်သွားကြပေမည်။ ထိုအချိန်ကား မဝေးလှပြီ။

အလ္လာဟ်အရှင်မြတ်သည် စကြာဝဠာအဝန်းကို နတ္ထိက လုံးဝမရှိသည့်ဘဝမှ စတင်ဖန်ဆင်းတော်မူခဲ့သည်ဖြစ်ရာ ယင်းစကြာဝဠာအဝန်းကို တဖန်ရှင်ပြန်ထစေအောင် ပြုလုပ်ရန်မှာ ထိုအရှင်မြတ်အဖို့ အသို့လျှင် အခက်အခဲ ရှိနိုင်အံ့နည်း။ ကြည့်-ကုရ်အာန် (၂၃း၇၇-၈၃။ ၇၅း၁-၁၅)။

သေပြီးနောက်တဖန် ရှင်ပြန်ထခြင်းကို ငြင်းဆန်ခြင်းသည် တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို ငြင်းဆန်ရာရောက်သည်။ ထို့အတွက် ရှေ့အာယတ်တော်များတွင် ထိုအရှင်မြတ် ပြုလုပ်စီရင်ထားတော်မူသော အချို့ကျေးဇူးတော်များကို ထုတ်ဖော်မိန့်ဆိုထားတော်မူသည်။

ثُمَّ كَلَّا سَيَعْلَمُونَ ۝٥

၅။ ထို့နောက်တဖန် (ငါအရှင်မြတ် ထပ်မံ မိန့်ကြားတော်မူအံ့၊ ၎င်းတို့သည် ကိယာမတ် ဖြစ်မည်မဟုတ်ဟု ထင်မှတ်နေကြ၏။) အလျင်းမဟုတ်၊ (ထို ကိယာမတ်သည် အမှန်ပင် ဆိုက်ရောက်လာမည် ဖြစ်ပေရာ) ၎င်းတို့သည် (မျက်ဝါးထင်ထင်တွေ့မြင်) သိရှိကြရမည်သာ။

اَلَمْ نَجْعَلِ الْاَرْضَ مِهٰدًا ۝٦

၆။ (စင်စစ် ကိယာမတ်မဖြစ်နိုင်ဟု ငြင်းပယ်ခြင်းသည် ငါအရှင်မြတ်၏ တန်ခိုးတော်ကို ငြင်းပယ်စော်ကားခြင်းသာ ဖြစ်ပေသည်။ ငါအရှင်မြတ်၏ ထူးကဲဆန်းပြားလှစွာသော တန်ခိုးတော်ကို ၎င်းတို့သည် မတွေ့ကြလေသလော၊) ငါအရှင်မြတ်သည်သာလျှင် ပထဝီမြေကို (လူသတ္တဝါအပေါင်းတို့၏အကျိုးငှာ) အခင်း ပြုလုပ်တော်မူခဲ့သည် မဟုတ်လော။

وَّالْجِبَالَ اَوْتَادًا ۝٧

၇။ ၎င်းပြင် (ငါအရှင်မြတ်သည်ပင် ယင်းပထဝီမြေ တည်ငြိမ်အံ့သောငှာ) တောင်များကို သတ်များ၊ ၎ုတ်များ၊ (ပြုလုပ်တော်မူခဲ့သည် မဟုတ်လော)။

وَّخَلَقْنٰكُمْ اَزْوَاجًا ۝٨

၈။ ထိုမှတပါး ငါအရှင်မြတ်သည်သာလျှင် အသင်တို့အား (ယောကျ်ားနှင့် မိန်းမဟူ၍) အစုံ၊ အစုံ (စုံတွဲများ) ဖန်ဆင်းတော်မူခဲ့၏။

وَّجَعَلْنَا نَوْمَكُمْ سُبَاتًا ۝٩

၉။ ၎င်းပြင် ငါအရှင်မြတ်သည်သာလျှင် အသင်တို့၏အိပ်စက်ခြင်းကို (အသင်တို့အဖို့) အပန်းဖြေမှုပြုလုပ်တော်မူခဲ့၏။

وَّجَعَلْنَا الَّيْلَ لِبَاسًا ۝١٠

၁၀။ ထို့ပြင် ငါအရှင်မြတ်သည်သာလျှင် ညဉ့်ကို (အသင်တို့အကျိုးငှာ) ဝတ်ရုံ(အကာအကွယ်) ပြုလုပ်တော်မူခဲ့၏။

وَّجَعَلۡنَا النَّهَارَ مَعَاشًا ﴿١١﴾

၁၁။ ထို့မှတပါး၊ ငါအရှင်မြတ်သည်သာလျှင် နေ့ကို (အသင်တို့အဖို့) အသက်မွေးဝမ်းကျောင်းပြုရန် အချိန်ပြုလုပ်တော်မူခဲ့၏။

وَبَنَيۡنَا فَوۡقَكُمۡ سَبۡعًا شِدَادًا ﴿١٢﴾

၁၂။ ထို့ပြင် ငါအရှင်မြတ်သည်သာလျှင် အသင်တို့ထက်ဝယ် အလွန်ခိုင်ခန့်လှစွာသော မိုးခုနစ်ထပ်ကို ဆောက်လုပ်တော်မူခဲ့၏။

وَّجَعَلۡنَا سِرَاجًا وَّهَّاجًا ﴿١٣﴾

၁၃။ ထို့ပြင် ငါအရှင်မြတ်သည်သာလျှင် (ယင်းမိုးကောင်းကင်၌) လင်းဝင်းတောက်ပလှစွာသော ဆီမီးတစ်ခုကို ဖန်ဆင်းတော်မူခဲ့၏။

وَّاَنۡزَلۡنَا مِنَ الۡمُعۡصِرٰتِ مَآءً ثَجَّاجًا ﴿١٤﴾

၁၄။ ထို့မှတပါး၊ ငါအရှင်မြတ်သည်သာလျှင် ညစ်ထုတ်သောတိမ်များမှ (ရေအပြည့်ရှိသောမိုးတိမ်များမှ) (မိုး)ရေကို သည်းထန်စွာရွာသွန်းစေတော်မူခဲ့၏။ [၁]

لِّنُخۡرِجَ بِهٖ حَبًّا وَّنَبَاتًا ﴿١٥﴾

၁၅။ (ယင်းမိုးရေကို ရွာသွန်းစေတော်မူခြင်းမှာ) ငါအရှင်မြတ်သည် ထိုမိုးရေဖြင့် ကောက်ပဲသီးနှံများကို လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပင်များကိုလည်းကောင်း၊ ပေါက်ရောက်စေတော်မူရန်လည်း ဖြစ်ပေသည်။

وَّجَنّٰتٍ اَلۡفَافًا ﴿١٦﴾

၁၆။ ၎င်းပြင် ပူးကပ်ထူထပ်သော ဥယျာဉ်များ (ပေါက်ရောက်စေတော်မူရန်လည်း) ဖြစ်ပေသတည်း။

---

① အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေကြီး၊ တောင်၊ မိန်းမ၊ ယောကျ်ား၊ အိပ်စက်မှု၊ ညဥ့်၊ နေ့၊ မိုး၊ နေ၊ ရေများကို အံ့မဆုံး ဖန်ဆင်းထားတော်မူသည်။ ဤသည် ထိုအရှင်မြတ်၏ တန်ခိုးတော်အနန္တ၏ အချို့သက်သေလက္ခဏာများပင်။ ဤသည်တို့ကို စတင်ဖန်ဆင်းနိုင်တော်မူသော အရှင်မြတ်သည် ထိုသည့်အရာ များကို ဆိတ်သုဉ်းအောင်၊ ဆိတ်သုဉ်းပြီးနောက်တဖန် ပြန်လည်ရှင်ထအောင် အသို့လျှင် ပြုစွမ်းတော်မမူနိုင်အံ့နည်း။

အထက်တွင် ကိယာမတ်ဖြစ်နိုင်သည့်အကြောင်း ပါရှိသည်။ ရှေ့တွင် ကိယာမတ်ဖြစ်သည့်အခါ မည်သို့မည်ပုံ ဖြစ်ပျက်မည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

إِنَّ يَوْمَ الْفَصْلِ كَانَ مِيقَاتًا ﴿١٧﴾

၁၇။ ဧကန်မလွဲ စီရင်ဆုံးဖြတ်မည့်နေ့ကား သတ်မှတ်ပြီးဖြစ်သောအချိန်ကာလတစ်ခုပင် ဖြစ်ပေသည်၊

يَوْمَ يُنفَخُ فِي الصُّورِ فَتَأْتُونَ أَفْوَاجًا ﴿١٨﴾

၁၈။ အကြင်နေ့တွင် တံပိုးခရာမှုတ်ခြင်း ခံရပေမည်။ ထိုအခါ အသင်တို့သည် အစုလိုက်၊ အစုလိုက် လာကြပေမည်။

وَفُتِحَتِ السَّمَاءُ فَكَانَتْ أَبْوَابًا ﴿١٩﴾

၁၉။ ၎င်းပြင် (ထိုနေ့တွင်) မိုးကောင်ကင်သည် ပွင့်သွားပေမည်။ ထိုအခါ ယင်းမိုးကောင်းကင်၌ တံခါးများသာ ဖြစ်သွားကြပေမည်။

وَسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا ﴿٢٠﴾

၂၀။ ထို့ပြင် (ထိုနေ့တွင်) တောင်များသည် ရွေ့လျားစေခြင်းကို ခံကြရပေမည်။ ထိုအခါ ယင်းတောင်များသည် သဲ(များပမာ) (လင်းလျှပ်ပမာ) ဖြစ်သွားကြပေမည်။

إِنَّ جَهَنَّمَ كَانَتْ مِرْصَادًا ﴿٢١﴾

၂၁။ ဧကန်အမှန် ဂျဟန္နမ်ငရဲသည် (ကျူးလွန်ဆိုးသွမ်းသူတို့အဖို့) ချောင်းမြောင်းရာဌာနပင် ဖြစ်ပေသည်။

لِّلطَّاغِينَ مَآبًا ﴿٢٢﴾

၂၂။ လွန်စွာ ဆိုးသွမ်း ပြစ်မှုကျူးလွန်သူတို့၏ ပြန်လည်ရာစခန်း(လည်ရာ) ဖြစ်ပေသည်။

لَّابِثِينَ فِيهَا أَحْقَابًا ﴿٢٣﴾

၂၃။ (၎င်းတို့သည်) ယင်းဂျဟန္နမ်ငရဲ၌ အဆုံးမရှိသော အချိန်ကာလတိုင်အောင် နေထိုင်ကြရပေမည်။

① ကိယာမတ်နေ့သည် သတ်မှတ်ပြီးနေ့ဖြစ်၏။

ကိယာမတ်နေ့သည် အလ္လာဟ်အရှင်မြတ် အဆုံးအဖြတ် ပေးတော်မူမည့်နေ့ ဖြစ်သည်။ ထိုနေ့တွင် အကောင်းနှင့်အဆိုး လုံးဝခွဲခြားတော်မူမည်။ ဤပစ္စက္ခတွင် ကာဖိရ်နှင့် မွတ်စ်လင်မ်၊ သူတော်နှင့်မသူတော်အားလုံး ရောပြွမ်းလျက်ရှိကြသည်။ ကမ္ဘာတန်ဆာပလာများ၏ အကျိုးကိုလည်း ရောပြွမ်းခံစားလျက် ရှိကြသည်။ ကိယာမတ်နေ့တွင်မူ ဤသည့်ရောပြွမ်းမှုသည် အလျင်းရှိမည် မဟုတ်ပေ။ ကာဖိရ်နှင့်မွတ်စ်လင်မ် သူတော်နှင့်မသူတော်အားလုံး ကွဲပြားခြားနားသွားကြပေမည်။ ကိယာမတ်နေ့သည် ဤပစ္စက္ခဘဝ ကုန်ဆုံးပြီးနောက်တွင် ဖြစ်မည်။ ထိုနေ့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် သတ်မှတ်ပြီးဖြစ်သည်။ ထိုနေ့ ဖြစ်ပေါ်လာမည့်အချိန်ကို ထိုအရှင်မြတ်သာလျှင် သိတော်မူသည်။

لَّا يَذُوقُونَ فِيهَا بَرْدًا وَلَا شَرَابًا ﴿٢٤﴾

၂၄။ ၎င်းတို့သည် ယင်းဂျဟန္နမ်ဝင်ရဲ၌ မည်သည့် အေးချမ်း၊ အေးဆေး၊ အေးမြမှုကိုမျှ၊ မြည်းစမ်းကြ ရမည်မဟုတ်ပေ။ ၎င်းပြင် မည်သည့်သောက်သုံးရာ ပစ္စည်းကိုမျှလည်း မြည်းစမ်းကြရမည် မဟုတ်ပေ။

إِلَّا حَمِيمًا وَغَسَّاقًا ﴿٢٥﴾

၂၅။ ပွက်ပွက်ဆူလျက်ရှိသော ရေပူနှင့် ပြည်ပုပ်ကို သာ (မြည်းစမ်းကြရပေမည်)။ [၁]

جَزَاءً وِفَاقًا ﴿٢٦﴾

၂၆။ (ဤသည် ၎င်းတို့အား ၎င်းတို့ ကျူးလွန်ခဲ့ ကြကုန်သော ပြစ်မှုဒုစရိုက်များနှင့်)လျော်ညီစွာ အစား ပေးခြင်းပင် ဖြစ်ပေသည်။

إِنَّهُمْ كَانُوا لَا يَرْجُونَ حِسَابًا ﴿٢٧﴾

၂၇။ ဧကန်မလွဲ ၎င်းတို့သည် မည်သည့်စစ်ဆေးမှု ကိုမျှ ကြောက်ရွံ့စိုးရိမ်ခဲ့ကြသည် မဟုတ်ပေ။ မျှော် လင့်ခဲ့ကြသည် မဟုတ်ပေ။

وَكَذَّبُوا بِآيَاتِنَا كِذَّابًا ﴿٢٨﴾

၂၈။ ထိုမှတပါး၊ ၎င်းတို့သည် ငါအရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ ဇွတ်ငြင်းခဲ့ ကြပေသည်။ [၂]

---

① **ကာဖိရ်များ၏ လားရာဌာန**

ပြစ်မှု လွန်စွာကျူးလွန်သော ကာဖိရ်၊ မုရှ်ရစ်ကျများ၏ လားရာဘုံသည် ဂျဟန္နမ်ပင်ဖြစ်သည်။ ဂျဟန္နမ်သည် ၎င်းတို့အား အသင့် ချောင်းမြောင်းလျက်ရှိသည်။ ၎င်းတို့သည် ဂျဟန္နမ်တွင် အကန့်အသတ်မရှိ အမြဲထာဝစဉ် နေကြရမည်။ ၎င်းတို့သည် ဂျဟန္နမ်တွင် မည်သည့် အအေးကိုမျှလည်း ခံစားကြရမည်မဟုတ်။ မည်သည့် သောက်သုံးဖွယ်ရာကိုမျှလည်း သောက်သုံးကြရမည်မဟုတ်။ ကျိုက်ကျိုက်ဆူပွက်နေသော ရေပူနှင့် ငရဲသားတို့၏ ကိုယ်ခန္ဓာမှ ယိုစီးနေသော ပြည်ပုပ်များကိုသာ စားသောက်ကြရပေမည်။ ဤသည် ၎င်းတို့၏ မိုက်မဲ ဆိုးသွမ်းကျူးလွန်မှုများနှင့် လျော်ကန်သော အကျိုးပင်။ (အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် ကျွန်တော်မျိုးတို့အား အဆိုပါ ဂျဟန္နမ်ငရဲဘုံမှ ဖယ်ရှားတော်မူပါစေသတည်း။)

② ကာဖိရ်၊ မုရှ်ရစ်ကျများသည် ဤသို့ စစ်ဆေးမေးမြန်းခြင်း ခံကြရမည်ဟူ၍ပင် မမျှော်လင့်ခဲ့ကြပေ။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်များကို မဟုတ်မမှန်ဟူ၍ အထူးတလည် ငြင်းဆိုခဲ့ကြပေသည်။ ယခုမူ ၎င်းတို့ မမျှော်လင့်ခဲ့ကြသောအရာသည် ၎င်းတို့ရှေ့မှောက် ထင်ထင်ရှားရှားရှိလာချေပြီ။ ၎င်းတို့ မဟုတ်မမှန်ဟုငြင်း ဆိုခဲ့ကြသောအရာသည် အမှန်တကယ် ဟုတ်မှန်နေချေပြီ။

وَكُلَّ شَيْءٍ أَحْصَيْنَاهُ كِتَابًا ﴿٢٩﴾

၂၉။ စင်စစ် ငါအရှင်မြတ်သည် (ၚင်းတို့၏ အပြုအမူတို့ကို) အသီးသီး ရေးသားလျက် စေ့ငုစွာ ရေတွက်မှတ်သားတော်မူခဲ့သည်။ ၁

فَذُوقُوا فَلَن نَّزِيدَكُمْ إِلَّا عَذَابًا ﴿٣٠﴾

၃၀။ သို့ဖြစ်ပေရာ (ငါအရှင်မြတ်သည် ထိုနေ့တွင် ၚင်းတို့အား ယင်းအပြုအမူတို့ကို ပြသတော်မူ၍) အသင်တို့သည် (ပြစ်ဒဏ်၏အရသာကို) မြည်းစမ်းကြလေကုန်။ စင်စစ် ငါအရှင်မြတ်သည် ပြစ်ဒဏ်မှ တပါး အခြားတစုံတရာကိုမျှ အသင်တို့၌ ပိုမိုစေတော်မူမည်မဟုတ်(ဟု မိန့်ကြားတော်မူအံ့သတည်း)။ ၂

إِنَّ لِلْمُتَّقِينَ مَفَازًا ﴿٣١﴾

၃၁။ ဧကန်မလွဲ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေ ခန့်ညားသောသူတို့အဖို့ အောင်မြင်မှုသည် ရှိပေသည်။

حَدَائِقَ وَأَعْنَابًا ﴿٣٢﴾

၃၂။ (ၚင်းတို့ အေးချမ်းသာယာစွာ စားသောက်နေထိုင် သွားလာကြအံ့သောငှာ) ဥယျာဉ်များသည် လည်းကောင်း၊ စပျစ်သီးများသည်လည်းကောင်း၊ (ရှိကြပေမည်)။

وَكَوَاعِبَ أَتْرَابًا ﴿٣٣﴾

၃၃။ သက်တူရွယ်တူ ပျိုကညာများသည်လည်း ကောင်း၊

---

① အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို သိမြင်နိုင်တော်မူသော ဉာဏ်တော်ရှင်ဖြစ်တော်မူသည်။ အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူသည်။ မှတ်တမ်းတော်တွင် ခရေစေ့တွင်းကျ စ, လယ်, ဆုံး အကုန်အစင် မှတ်သားထားတော်မူသည်။ ထိုမှတ်သားထားတော်မူသည့်အလျောက် ကောင်းကျိုးဆိုးပြစ် ပေးတော်မူမည်သာ ဖြစ်သည်။

② ကာဖိရ်၊ မုရ်ရစ်ကျမ်းသည် သွေဖည်ငြင်းဆန် မနာခံရာတွင် တစ်နေ့တစ်ခြား တိုး၍တိုး၍သာ ဆိုးသွမ်းလျက်ရှိခဲ့ကြပေသည်။ အကယ်၍သာ ၚင်းတို့သည် သေခြင်းတရားနှင့် ကင်း၍ နေခဲ့ကြရသည်ရှိသော် အမြဲတစေ တိုး၍တိုး၍ ဆိုးသွမ်းလျက်သာ ရှိကြပေမည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်သည် ငရဲဘုံတွင် ၚင်းတို့အား ပြစ်ဒဏ်ကို တိုး၍တိုး၍ ပေးသွားတော်မူမည်သာ ဖြစ်သတည်း။

ငရဲသားများနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ်တွင် ဤအာယတ်တော်သည် အပြင်းထန်ဆုံးပင် ဖြစ်သည်။

وَّكَاْسًا دِهَاقًا ﴿٣٤﴾

၃၄။ (အရက်ဖြင့်) ပြည့်လျှံလျက်ရှိသော ခွက်များသည်လည်းကောင်း၊ (ရှိကြပေသည်)။

لَا يَسْمَعُوْنَ فِيْهَا لَغْوًا وَّلَا كِذّٰبًا ﴿٣٥﴾

၃၅။ ထိုသူတို့သည် ယင်းဥယျာဉ်များ၌ မည်သည့်သိမ်ဖျင်းသော စကားကိုမျှလည်းကောင်း၊ မည်သည့်မုသား စကားကိုမျှလည်းကောင်း၊ ကြားကြရမည် မဟုတ်ပေ။

جَزَآءً مِّنْ رَّبِّكَ عَطَآءً حِسَابًا ﴿٣٦﴾

၃၆။ (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ လုံလောက်စွာ ချီးမြှင့်တော်မူသော အကျိုးဆုလဒ်ပင်တည်း။ [၁]

رَّبِّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الرَّحْمٰنِ لَا يَمْلِكُوْنَ مِنْهُ خِطَابًا ﴿٣٧﴾

၃၇။ (အကြင်အရှင်မြတ်သည်) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေနှစ်ခု၏ အကြား၌ရှိသမျှတို့ကိုလည်းကောင်း၊ ပိုင်ဆိုင်တော်မူသောအရှင် (ရဟ်မာန်) မဟာကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ မည်သူတဦးတယောက်မျှပင် ထိုအရှင်မြတ်နှင့် စကားပြောဆိုပိုင်ခွင့်ရှိမည် မဟုတ်ပေ။

---

① **မုအ်မင်နဲ်သူတော်စင်များ လားရာ ဂျန္နတ်သုခဘုံ။**

အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားသော မုအ်မင်နဲ် သူတော်စင်များသည် နောင်တမလွန်ဘဝတွင် အောင်မြင်ခြင်း ကြီးမက အောင်မြင်ကြပေမည်။ လိုအင်ဆန္ဒအဝဝ ပြည့်ဝကြပေမည်။

မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ဘူး၊ မကြားဘူး၊ မတွေ့ဘူးသော၊ အံ့မဆုံး ရှုမငြီး ဥယျာဉ်ကြီးများတွင် အမြဲထာဝရ အေးချမ်းသာယာစွာ မွေ့လျော်စံစားကြရပေမည်။ ထိုဥယျာဉ်များတွင် စားသုံးရန်အလို့ငှာ စပျစ်သီး စသည့် သစ်သီးဝလံ ပန်းမာလ်မျိုးစုံလည်း အသင့်ရှိပေမည်။

တူမျော်ရန် အလို့ငှာ သက်တူရွယ်တူမျှ လှပတင့်တယ် ရှုချင်ဖွယ်ကောင်းလှသော "ဟုရ်" ကညာများလည်း အသင့်ရှိကြပေမည်။

သောက်သုံးရန် အလို့ငှာ စင်ကြယ်သန့်ရှင်းသော၊ ပြည့်လျှံလျက်ရှိသော အဆက်မပြတ်သော အရက်ခွက်များလည်း အသင့်ရှိပေမည်။ ထိုဥယျာဉ်များတွင် အချည်းနှီး အကျိုးမဲ့ဖြစ်သော အသိမ်အဖျင်း စကားများ၊ မဟုတ်မလျား မုသားစကားများကို အလျင်းကြားကြရမည်မဟုတ်ပေ။

အချုပ်မှာ ထိုဥယျာဉ်များတွင် တစ်စုံတစ်ရာမျှ လိုလေသေးသည်ဟူ၍ အလျင်းရှိမည် မဟုတ်ပေ၊ ➤➤

يَوْمَ يَقُومُ الرُّوحُ وَالْمَلَائِكَةُ صَفًّا ۖ لَّا يَتَكَلَّمُونَ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَٰنُ وَقَالَ صَوَابًا ﴿٣٨﴾

၃၈။ အကြင်နေ့တွင် သက်ရှိ အပေါင်းတို့သည် လည်းကောင်း၊ "မလာအိကဟ်" ကောင်းကင်တမန် အပေါင်းတို့သည်လည်းကောင်း၊ (အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ်) စီတန်းမတ်တတ် ရပ်ကြပေမည်။ (ထိုနေ့တွင် ၎င်းတို့အနက်) "ရဟ်မာန်" မဟာကရုဏာတော်ရှင်က ခွင့်ပြုတော်မူသော၊ မှန်ကန်သောစကားကို ပြောဆို(အံ့)သောသူမှတပါး မည်သူတဦးတယောက်မျှပင် စကားပြောဆိုနိုင်မည် မဟုတ်ပေ။ [၁]

➢➢ လိုတရမည်သာတည်း။ ဒုက္ခမရှိ၊ သုခချည်းသာတည်း။ အမတတည်း၊ထာဝရတည်း။ ဤသည်တို့ကား မုအ်မင်န် သူတော်စင်တို့အား အလ္လာဟ်အရှင်မြတ်ထံမှ ချီးမြှင့်တော်မူအံ့သော အံ့ချီးမဆုံးနိုင်သော အကျိုးဆုလာဘ်တည်း။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိ၏ကျေးဇူးတော်ဖြင့် အဆိုပါ ဂျန္နတ်သုခဘုံတွင် ဝင်ရောက်စံမြန်းခွင့် ပြုတော်မူပါစေသတည်း)။

① အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် အခွင့်မရရှိဘဲလျက် မည်သူမျှ လျှောက်ထားဝံ့မည် မဟုတ်ပေ။

ကိယာမတ်နေ့တွင် သက်ရှိများနှင့် ကောင်းကင်တမန် အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ ကြောက်ရွံ့ရိုသေခန့်ညားစွာဖြင့် တန်းစီကာ မတ်တပ်ရပ်လျက် ရှိကြပေမည်။ မည်သူတစ်ဦးတစ်ယောက်မျှ တစ်ခွန်းတစ်ပါဒမျှ ထိုအရှင်မြတ်၏ ရှေ့တော်မှောက်တွင် လျှောက်ထားဝံ့မည်မဟုတ်ပေ။ ထိုအရှင်မြတ်က လျှောက်ထားရန် ခွင့်ပြုတော်မူသော ပုဂ္ဂိုလ်သည်သာလျှင် လျှောက်ထားဝံ့ပေမည်။

ထိုသို့လျှောက်ထားခွင့်ရသော ပုဂ္ဂိုလ်သည်လည်း သတ္တိရှိသော၊ မှန်သောစကားကိုသာလျှင် လျှောက်ထားဝံ့ပေမည်။ လျှောက်ထားအသနားတော် ပန်ကြားအပ်သော ပုဂ္ဂိုလ်နှင့် ပတ်သက်၍သာ လျှောက်ထားပန်ကြားဝံ့ပေမည်။ သို့လျှောက်ထား အသနားတော် ပန်ကြားအပ်သော ပုဂ္ဂိုလ်မှာလည်း လူ့လောကတွင် အမှန်ကန်ဆုံးဖြစ်သော "လာအိလာဟ အိလ္လလ္လာဟု" ဟူသော "ကလိမဟ် တောင်ဟီဒ်"ကို ယုံကြည်စွာ မြွက်ဆိုခဲ့သူသာ ဖြစ်ပေမည်။

ဤအာယတ်တော်တွင်ပါရှိသော "အလ်ရူဟ်" ဟူသောပုဒ်ကိုအချို့က ကောင်းကင်တမန် ဂျိဗ်ရီလ်ဟူ၍လည်းကောင်း၊ အချို့က ဝိညာဉ်အပေါင်းဖြစ်ထွန်းရာ အကြီးဆုံးသော ဝိညာဉ်ချုပ်ဟူ၍လည်းကောင်း၊ အမျိုးမျိုးအနက်ဖွင့်ကြသည်။ (အွတ်ဆ်မာနီ)။

အချို့က သက်ရှိများဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။ (ထာနဝီ)။

အချို့က လူသားတို့၏ ဝိညာဉ်များဟူ၍လည်းကောင်း၊ ဖွင့်ဆိုကြသည်။(အိဗ်နကဆီရ်)။

ذَٰلِكَ الْيَوْمُ الْحَقُّ ۖ فَمَن شَاءَ اتَّخَذَ إِلَىٰ رَبِّهِ مَآبًا ﴿٣٩﴾

၃၉။ ထို(ကိယာမတ်နေ့)သည်ကား မုချ ဆိုက်ရောက်မည့်နေ့ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အလိုရှိသောသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အထံတော်တွင် (မိမိအဖို့) ပြန်လည်ရာဌာနကို (အဆင်သင့်)ပြုလုပ်၍ ထားရပေမည်။

إِنَّا أَنذَرْنَاكُمْ عَذَابًا قَرِيبًا يَوْمَ يَنظُرُ الْمَرْءُ مَا قَدَّمَتْ يَدَاهُ وَيَقُولُ الْكَافِرُ يَا لَيْتَنِي كُنتُ تُرَابًا ﴿٤٠﴾

၄၀။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား မကြာမီ (ဆိုက်ရောက်မည်ဖြစ်သော) ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သတိပေး နှိုးဆော်တော်မူခဲ့ချေပြီ။ ထိုနေ့တွင် လူတိုင်းသည် မိမိလက်နှစ်ဘက်ဖြင့် ကြိုတင်ပို့နှင့်ခဲ့သော အပြုအမူတို့ကို တွေ့မြင်ကြပေမည်။ ထိုမှတပါး (ထိုနေ့တွင်) ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သောသူက "သြော်–ငါသည် မြေကြီးဖြစ်ခဲ့ရလျှင်၊ ဖြစ်နိုင်လျှင်၊ ကောင်းလေစွတကား၊" ဟုပြောဆို(ညည်းညူ)အံ့သတည်း။

ဆွေငင်ထုတ်နုတ်သူများကဏ္ဍ



ဤကဏ္ဍသည် "စူရဟ်နာဇိအာတ်" ဆွေငင်ထုတ်နုတ်ယူသော ကောင်းကင်တမန်များ အကြောင်း ပါဝင်သော ကဏ္ဍမည်၏။ ဤကဏ္ဍသည် မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၄၆)၊ ရုကူအ်အပိုဒ် (၂) အသီးသီးပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالنّٰزِعٰتِ غَرْقًا ۝١

၁။ (ကာဖိရ် မယုံမကြည်သွေဖည်ငြင်းပယ်သော သူတို့၏အသက်ဇီဝိန်များကို) ပြင်းထန်စွာ ဆွေငင်နုတ်ထုတ်ယူကြသော (ကောင်းကင်တမန်)တို့အား သက်သေထူတော်မူ၏။

وَّالنّٰشِطٰتِ نَشْطًا ۝٢

၂။ ၎င်းပြင် အထုံးအဖွဲ့ကို ဖြေပေးကြသော(ဝါ) မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ အသက်ဇီဝိန်များကို လွယ်ကူ (ညင်သာ)စွာ နုတ်ယူကြသော (ကောင်းကင်တမန်)တို့အား သက်သေထူ၏။

وَّالسّٰبِحٰتِ سَبْحًا ۝٣

၃။ ၎င်းပြင် (ရေကူးသကဲ့သို့) လျင်မြန်စွာကူး၍ သွားကြသော (ကောင်းကင်တမန်)တို့အား သက်သေထူတော်မူ၏။

فَالسّٰبِقٰتِ سَبْقًا ۝٤

၄။ တဖန် လျင်မြန်စွာပြေးကြသော(ကောင်းကင်တမန်)တို့အား သက်သေထူတော်မူ၏။

فَالْمُدَبِّرٰتِ اَمْرًا ۝٥

၅။ တဖန် အရေးကိစ္စအဝဝတို့ကို နေရာတကျ ဖြစ်အောင် စီမံကြသော (ကောင်းကင်တမန်)တို့အား သက်သေထူတော်မူ၏။

يَوْمَ تَرْجُفُ الرَّاجِفَةُ ۝٦

၆။ အကြင်နေ့တွင် တုန်လှုပ်စေသောအရာ (၀၀) ပထမအကြိမ် တံပိုးခရာမှုတ်ခြင်းသည် တုန်လှုပ်စေမည်ဖြစ်၏။

تَتْبَعُهَا الرَّادِفَةُ ۝٧

၇။ နောက်မှလာသောအရာ(၀၀) ဒုတိယအကြိမ် တံပိုးခရာမှုတ်ခြင်းသည် ယင်းတုန်လှုပ်စေသောအရာ (၀၀) ပထမအကြိမ် တံပိုးခရာမှုတ်ခြင်း၏နောက်မှ လိုက်၍လာမည်ဖြစ်၏။

قُلُوبٌ يَوْمَئِذٍ وَاجِفَةٌ ۝٨

၈။ ထိုနေ့တွင်ကား မြောက်မြားစွာသောစိတ်နလုံးများသည် ချောက်ချားလျက်ရှိကြပေမည်။

أَبْصَارُهَا خَاشِعَةٌ ۝٩

၉။ ထို (စိတ်နလုံးရှင်)တို့၏ မျက်စိများကား အောက်သို့စိုက်လျက် ရှိကြပေမည်။

يَقُولُونَ أَإِنَّا لَمَرْدُودُونَ فِي الْحَافِرَةِ ۝١٠

၁၀။ ၎င်းတို့က "အသို့ပါနည်း၊ ကျွန်ုပ်တို့သည် မူလအခြေအနေသို့ တဖန်ပြန်၍ အမှန်ပင် ရောက်ရှိကြမည်လော၊" ဟု ပြောဆိုကြလေသည်။

---

① **ကိယာမတ် မုချဖြစ်မည်။**

သက်ဆိုင်ရာ ကောင်းကင်တမန်များသည် ကာဖိရ်များ၏ အသက်ဝိညာဉ်များကို ပြင်းထန်စွာ ဆွဲငင်ထုတ်နုတ်ယူကြသည်။ မုအ်မင်န်တို့၏ အသက်ဝိညာဉ် များကိုမူ သာယာဖြည်းညင်းစွာ ထုတ်ယူကြသည်။ ပြီးနောက် အသက်ဝိညာဉ်များကို ကောင်းကင်သို့ လျင်မြန်စွာ ရေကူးသည့်ပမာ ယူဆောင်သွားကြသည်။

ထို့နောက် ယင်းအသက်ဝိညာဉ်များနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော အမိန့်တော်များကို ဦးထိပ်ရွက်ပန်ဆင်ရန် ပြေးလွှားကြသည်။

ပြီးနောက် ထိုအသက်ဝိညာဉ်များနှင့်ပတ်သက်၍ ကောင်းကျိုးပေးရန်ဖြစ်စေ၊ ပြစ်ဒဏ်ခတ်ရန်ဖြစ်စေ ကျရောက်လာသော တာဝန်ကိစ္စအဝဝကို စီမံဆောင်ရွက်ကြပေသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းသို့သော ကောင်းကင်တမန်များအား "ကစမ်" ဆိုတော်မူပြီး "ကိယာမတ်သည် မုချဖြစ်မည်"ဟု မိန့်ကြားတော်မူသည်။

ကိယာမတ်နေ့တွင်ကား ပထမတစ်ကြိမ် တံပိုးမှုတ်မည်။ ထို့နောက် ဒုတိယအကြိမ် တံပိုးမှုတ်မည်။ ထိုနေ့တွင် မြောက်မြားစွာသော စိတ်နလုံးများသည် တုန်လှုပ်ချောက်ချားလျက် ရှိပေမည်။ ၎င်းတို့၏ မျက်စိများသည် အောက်သို့စိုက်လျက် ရှိပေမည်။ သို့တစေလည်း ဤကာဖိရ်များသည် ကိယာမတ်ကို ငြင်းဆန်လျက်ပင် ရှိကြပေသည်။

ءَإِذَا كُنَّا عِظَٰمًا نَّخِرَةً ﴿١١﴾

၁၁။ ကျွန်ုပ်တို့သည် ဆွေးမြည့်သော အရိုးများသာ ကျန်ရှိသောအခါ (မူလအတိုင်း ပြန်လည်ရှင်ကြရဦးမည်)လော။

قَالُوا تِلْكَ إِذًا كَرَّةٌ خَاسِرَةٌ ﴿١٢﴾

၁၂။ သို့ဖြစ်လျှင် ယင်း(ရှင်ပြန်ထခြင်း)သည် (ကျွန်ုပ်တို့အဖို့) ဆုံးရှုံးသော ရှင်ပြန်ထခြင်းပင် ဖြစ်ချေမည်ဟု ပြောဆိုကြလေသည်။

فَإِنَّمَا هِيَ زَجْرَةٌ وَاحِدَةٌ ﴿١٣﴾

၁၃။ စင်စစ် ထိုအရာကား ပြင်းထန်လှစွာသော အသံတခုသာလျှင် ဖြစ်ပေမည်။

فَإِذَا هُم بِالسَّاهِرَةِ ﴿١٤﴾

၁၄။ ထိုအခါ လူအားလုံးတို့သည် မြေမျက်နှာပြင်သို့ ရုတ်တရက်ပင် ရှိလာကြအံ့သတည်း။ ၁

هَلْ أَتَىٰكَ حَدِيثُ مُوسَىٰ ﴿١٥﴾

၁၅။ (အို-နဗီတမန်တော်) အသင့်ထံ (နဗီတမန်တော်)မူစာ၏အကြောင်း အတ္ထုပ္ပတ္တိသည် ရောက်လာခဲ့လေပြီလော။

إِذْ نَادَىٰهُ رَبُّهُ بِالْوَادِ الْمُقَدَّسِ طُوًى ﴿١٦﴾

၁၆။ တရံရောအခါဝယ် ထို(နဗီတမန်တော်)မူစာ၏အရှင်မြတ်သည် ထို(နဗီတမန်တော်)မူစာအား "တွၢဝါ" အမည်ရှိ ထူးမြတ်သောတောင်ကြားအရပ်၌ ဟစ်ခေါ်တော်မူခဲ့၏။

---

၁) ယင်းသို့သော ကာဖိရ်များက "ကျွန်ုပ်တို့သည် ယခင်အခြေအနေသို့ (ဝါ) သေပြီးနောက်တဖန် ပြန်လည်ရှင်ထကြရဦးမည်လော၊ ကျွန်ုပ်တို့သည် ဆွေးမြည့်သော အရိုးများဖြစ်ကြပြီးနောက် ယခင်မူလအတိုင်း တဖန်ပြန်လည် ဖြစ်ကြရဦးမည်လော၊ အကယ်၍သာ ဤသို့ဖြစ်ရပါသော် ကျွန်ုပ်တို့အဖို့ ဆုံးရှုံးမှုကြီး ဖြစ်ရချိမ့်မည်" ဟု ပြက်ရယ်သည့်သဘောဖြင့် ပြောဆိုကြသည်။ ကာဖိရ်များ၏ ယူဆချက်အရ ကိယာမတ် မဖြစ်နိုင်၊ ဖြစ်မည်လည်းမဟုတ်။

အမှန်မှာ ယင်းသို့သော ကာဖိရ်များ သိထားအပ်သည်မှာ အံ့ချီးမဆုံးသော စကြာဝဠာအဝန်းကို စတင် ဖန်ဆင်းတော်မူသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသော အလွှာဟ်အရှင်မြတ်အဖို့ ကိယာမတ်ဖြစ်ပေါ်စေရန်မှာ မည်သို့မျှ အခက်အခဲမရှိပေ။ ကိယာမတ်သည် အလွန်ပြင်းထန်သော အသံကြီးတစ်ခုသာဖြစ်ပေမည်။ ထိုအခါ သတ္တဝါအပေါင်းတို့သည် ကမ္ဘာ့သတ္တဝါအားလုံး စုရုံးရာ "မဟ်ရှ်ရ်" ကွင်းပြင်ကြီးသို့ ရုတ်တရက် ရောက်ရှိလာကြပေမည်။ (ထာနဝီ)။ ➤➤

اِذْهَبْ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿١٧﴾

၁၇။ အသင်သည် ဖစ်ရ်အောင်န်၏ထံသို့ သွားပါလေ။ ဧကန်မလွဲ ထိုဖစ်ရ်အောင်န်သည် လွန်စွာရက်စက်ကြမ်းကြုတ်လျက် ရှိနေလေပြီ။

فَقُلْ هَلْ لَّكَ اِلٰٓى اَنْ تَزَكّٰى ﴿١٨﴾

၁၈။ သို့ဖြစ်ပေရာ အသင်သည် (ငင်း၏ထံသို့ သွားရောက်ပြီးလျှင် ဤသို့)ပြောကြားပါလေ။ (အို-ဖစ်ရ်အောင်န်) အသင်၌ မိမိ စင်ကြယ်သန့်ရှင်းအပြစ်ကင်းရန်လည်းကောင်း။

وَاَهْدِيَكَ اِلٰى رَبِّكَ فَتَخْشٰى ﴿١٩﴾

၁၉။ ကျွန်ုပ်သည် အသင့်အား အသင်၏အရှင်မြတ်အထံတော်သို့ လမ်းညွှန်၍ပေးရန်လည်းကောင်း၊ ဆန္ဒရှိလေသလော။ သို့ဖြစ်လျှင် အသင်သည် (ထိုအရှင်မြတ်အား) ကြောက်ရွံ့ရိုသေသောသူ ဖြစ်လာပေမည်။

فَاَرٰىهُ الْاٰيَةَ الْكُبْرٰى ﴿٢٠﴾

၂၀။ ထိုနောက် ထို(နဗီတမန်တော်)မူစာသည် ငင်းဖစ်ရ်အောင်န်အား အကြီးကျယ်ဆုံးသော သက်သေလက္ခဏာ တန်ခိုးတော်ကို ပြသခဲ့လေသည်။

فَكَذَّبَ وَعَصٰى ﴿٢١﴾

၂၁။ သို့ပါလျက် ထိုဖစ်ရ်အောင်န်သည် (နဗီတမန်တော်မူစာအား) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့သည့်ပြင် (ထိုနဗီတမန်တော်မူစာ၏ ဟောကြားချက်များကိုလည်း) ဖီဆန်ခဲ့လေသည်။

ثُمَّ اَدْبَرَ يَسْعٰى ﴿٢٢﴾

၂၂။ ထို့နောက် ထိုဖစ်ရ်အောင်န်သည် (နဗီတမန်တော်မူစာအား) ကျောခိုင်း၍ (ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းရန်) ကြိုးပမ်းလေတော့သည်။

➤➤ ဤအာယတ်တော်များကို မုဖတ်စစ်ရ်များသည် အနက်အမျိုးမျိုး ဖွင့်ထားကြသည်။ ကျမ်းလေးမည်စိုး၍ မရေးပြီ။ အကျယ်သိလိုပါက အိဗ်နုကျရီရ်၊ အိဗ်နုကဆီရ်၊ ကရှ်ရှာဖ်၊ ဗိုင်ဿွာဝီ၊ တဖ်စီရ် အဗူစုအူဒ်၊ ခါဇင်န်၊ ဒူရ်ရိမန်ဆူရ်စသည့် ကျမ်းကြီးများတွင် ရှုပါကုန်။

فَحَشَرَ فَنَادٰى ﴿٢٣﴾

၂၃။ ထို့နောက် ထိုဖစ်ရှိအောင်နှသည် (ပဉ္စလက် ဆရာများကိုလည်းကောင်း၊ စစ်သည် ရဲမက်တို့ကိုလည်းကောင်း၊) စုရုံးပြီးလျှင် (အသံကျယ်စွာ) ဟစ်အော်ခဲ့လေသည်။

فَقَالَ اَنَا رَبُّكُمُ الْاَعْلٰى ﴿٢٤﴾

၂၄။ ထို့နောက် ၎င်း(ဖစ်ရှိအောင်နှ)က "ကျွန်ုပ်သည်ပင် အသင်တို့၏ မြင့်မြတ်ဆုံးသော အရှင်ဖြစ်သည်" ဟု ပြောဆို(ကြေညာ)ခဲ့လေသည်။

فَاَخَذَهُ اللّٰهُ نَكَالَ الْاٰخِرَةِ وَالْاُوْلٰى ﴿٢٥﴾

၂၅။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ထိုဖစ်ရှိအောင်နှအား အာခိရတ်တမလွန်ဘဝ၏ ပြစ်ဒဏ်၌လည်းကောင်း၊ လောကီဘဝ၏ပြစ်ဒဏ်၌လည်းကောင်း၊ ဖမ်းဆီး ကွပ်မျက်တော်မူခဲ့လေသည်။ [၁]

اِنَّ فِيْ ذٰلِكَ لَعِبْرَةً لِّمَنْ يَّخْشٰى ﴿٢٦﴾

၂၆။ ဧကန်မလွဲ ထို(အကြောင်းအတ္ထုပ္ပတ္တိ)၌ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေသောသူအဖို့ သတိပေး နှိုးဆော်ချက်သည် အမှန်ပင် ရှိပေသတည်း။

---

① **တမန်တော်မူစာအား သွေဖည်ငြင်းဆန်ခဲ့သော ဖစ်ရှိအောင်နှသည် ၂-ဘဝလုံးတွင် ပျက်စီးရပြီ။**

တမန်တော်မူစာသည် အစ္စရာအီလီ မျိုးနွယ်ဝင်များကို ကယ်တင်ရန်အလို့ငှာ ပွင့်လာခဲ့သည်မဟုတ်၊ ဖစ်ရှိအောင်နှအားလည်း တရားဟောကြားရန် အလို့ငှာ ပွင့်လာခဲ့ခြင်းဖြစ်ပေသည်။

တမန်တော်မူစာသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ ဖစ်ရှိအောင်နှထံ သွားရောက်၍ အလ္လာဟ်အရှင်မြတ်၏တရားတော်များကို ဟောကြားခဲ့သည်။ မိမိဟောကြားသော တရားတော်များသည် အလ္လာဟ်အရှင်မြတ်၏တရားတော်ဖြစ်ကြောင်း သက်သေသာဓကအဖြစ် အကြီးဆုံး (မုအ်ဂျိဇ်) တန်ခိုးဖြစ်သော တောင်ဝှေးမှမြွေဖြစ်သည့် တန်ခိုးတော်ကို ပြခဲ့လေသည်။

သို့တစေလည်း မောက်မာပလွားဝင့်ကြွားနေခဲ့သော ဖစ်ရှိအောင်နှသည် တမန်တော်မူစာ၏တရားတော်ကို မနာခံခဲ့ပေ။ မနာခံခဲ့သည်သာမက တမန်တော်မူစာနှင့် ယှဉ်ပြိုင်ရန်အတွက် စုန်းမော် ဆရာများအား စုစည်းခဲ့လေသည်။ ထို့နောက် မောက်မာပလွား ဝင့်ဝါသောအားဖြင့် "ကျွန်ုပ်သည် အသင်တို့၏ အကြီးဆုံးသော အရှင်သခင်ဖြစ်သည်" ဟူ၍ပင် ကြွေးကျော်ခဲ့လေသည်။

နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ဖစ်ရှိအောင်နှအား ၂-ဘဝလုံး၏ ပြစ်ဒဏ်ခတ်တော်မူလိုက်လေသည်။ ဤသည့် ဖြစ်ရပ်ကား အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သူများအဖို့ သင်ခန်းစာပင်။

ءَاَنْتُمْ اَشَدُّ خَلْقًا اَمِ السَّمَآءُ ؕ بَنٰىهَا ﴿۲۷﴾

၂၇။ အသို့ပါနည်း၊ အသင်တို့အား ဖန်ဆင်းတော်မူခြင်းသည် ပို၍ခဲယဉ်းလေသလော၊ သို့တည်းမဟုတ် မိုးကောင်းကင်ကို ဖန်ဆင်းတော်မူခြင်းသည် ပို၍ခဲယဉ်းလေသလော။ ထိုအရှင်မြတ်သည် ယင်း မိုးကောင်းကင်ကို ပြုလုပ်(ဖန်ဆင်း)တော်မူခဲ့၏။

رَفَعَ سَمْكَهَا فَسَوّٰىهَا ﴿۲۸﴾

၂၈။ ထိုအရှင်မြတ်သည် ယင်းမိုးကောင်းကင်၏ မျက်နှာကျက်ကို မြင့်စွင့်စွာပြုလုပ်တော်မူခဲ့၏။ တဖန် ယင်းမိုးကောင်းကင်ကို အပြစ်အနာ ကင်းရှင်းစွာ ပြုလုပ်တော်မူခဲ့၏။

وَاَغْطَشَ لَيْلَهَا وَاَخْرَجَ ضُحٰىهَا ﴿۲۹﴾

၂၉။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်း မိုးကောင်းကင်၏ ညဉ့်ကို မှောင်မိုက်စေတော်မူခဲ့၏။ ထို့ပြင် ယင်းမိုးကောင်းကင်၏ နေ့ကိုမူကား (လင်းဝင်း) ထင်ရှားစေတော်မူခဲ့၏။ ၁

وَالْاَرْضَ بَعْدَ ذٰلِكَ دَحٰىهَا ﴿۳۰﴾

၃၀။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်း(မိုးကောင်းကင်ကို စနစ်တကျ ပြုပြင်တော်မူပြီးသည့်) နောက်တွင် ပထဝီမြေကို ဖြန့်ခင်းတော်မူခဲ့၏။

---

① အလ္လာဟ်အရှင်မြတ်သည် မဟာတန်ခိုးတော်ရှင်ဖြစ်တော်မူသည်။ စကြာဝဠာအဝန်းကို ဖန်ဆင်းထားတော်မူသည်။ ထိုအရှင်မြတ်အဖို့ မည်သည်ကို ဖန်ဆင်းခြင်းက ခက်သည်၊ မည်ဝါကို ဖန်ဆင်းခြင်းက လွယ်သည်ဟူ၍ အလျင်းမရှိ။ ထိုအရှင်မြတ်အဖို့ အခက်မရှိ၊ အလွယ်ချည်းသာဖြစ်သည်။

အလ္လာဟ်အရှင်မြတ်အဖို့ ထိုအရှင်မြတ်အနေနှင့် မိုးကိုဖန်ဆင်းခြင်းနှင့် လူကို ဖန်ဆင်းခြင်းတွင် အလွယ်အခက်ဟူ၍ မရှိသော်လည်း၊ လူသားတို့၏ အမြင်တွင်မူ အတိုင်းမရှိ ထုထည်အလွန် ကြီးမားဆန်းပြားသော မိုးများကို ဖန်ဆင်းခြင်းသည် အရပ်အမောင်း သေးငယ်လှသော လူသားအား ဖန်ဆင်းခြင်းထက် ခဲယဉ်းခက်ခဲမည်သာ ဖြစ်သည်။ (ဤကား လူ့အမြင်တွင်) ယင်းသို့ ခဲယဉ်းသော မိုးများကို ဖန်ဆင်းတော်မူနိုင်သော အရှင်အဖို့ ဤသည့် လူသားတို့အား (ယခင်တစ်ကြိမ် ဖန်ဆင်းပြီးနောက်) ပြန်လည်ရှင်ပြန်ထစေရာတွင် အသို့လျှင် အခက်အခဲ ရှိအံ့နည်း။ ကြည့်-ကုရ်အာန် (၂၆:၇၇-၈၃။ ၄၀:၅၇)။

မိုးကောင်းကင်သည် အတိုင်းမသိ ကြီးမား၏၊ မြင့်စွင့်၏၊ ကျယ်ပြန့်၏၊ ခိုင်ခံ့၏၊ ကြည်လင်၏။ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တာရာအပေါင်းတို့သည် ကိုယ့်လမ်းနှင့်ကိုယ် စနစ်တကျ ဝင်ထွက်သွားလာလျက်ရှိကြ၏။ ညဉ့်၏အမှောင်ကား တစ်မျိုး၊ နေ့၏အလင်းကား တစ်နည်း၊ ညဉ့်ရှုမျှော်ခင်းကား တစ်မျိုး၊ နေ့၏ ရှုမျှော်ခင်းကားတစ်နည်း၊ ရှုမညီးတည်း။

أَخْرَجَ مِنْهَا مَآءَهَا وَمَرْعٰىهَا ﴿٣١﴾

၃၁။ ထိုအရှင်မြတ်သည် ထိုပထဝီမြေမှ ယင်းပထဝီမြေ၏ ရေကိုလည်းကောင်း၊ ယင်းပထဝီမြေ၏ မြက်၊ သစ်ပင်၊ ကောက်ပဲသီးနှံ၊ အစရှိသည်များကိုလည်းကောင်း၊ ထွက်စေတော်မူခဲ့၏။

وَالْجِبَالَ أَرْسٰىهَا ﴿٣٢﴾

၃၂။ ၎င်းပြင် ထိုအရှင်မြတ်သည် တောင်များကို (ယင်းပထဝီမြေ၌) ကျောက်ဆူး(အဖြစ်) ချထားတော်မူခဲ့၏။

مَتَاعًا لَّكُمْ وَلِأَنْعَامِكُمْ ﴿٣٣﴾

၃၃။ အသင်တို့၏အကျိုးငှာလည်းကောင်း၊ အသင်တို့၏ကုလားအုတ်၊ ကျွဲ၊နွားတိရစ္ဆာန်တို့၏အကျိုးငှာလည်းကောင်း။ [၁]

فَإِذَا جَآءَتِ الطَّآمَّةُ الْكُبْرٰى ﴿٣٤﴾

၃၄။ အကြင်အခါဝယ် ထိုကြီးကျယ်လှစွာသော ဘေးဒုက္ခကြီးသည် ဆိုက်ရောက်လာခဲ့ပေမည်။

يَوْمَ يَتَذَكَّرُ الْإِنسَانُ مَا سَعٰى ﴿٣٥﴾

၃၅။ (ဝါ)အကြင်နေ့တွင် လူသားတို့သည် မိမိတို့ကြိုးပမ်း ဆောင်ရွက်ခဲ့သမျှတို့ကို သတိရကြပေမည်။

وَبُرِّزَتِ الْجَحِيمُ لِمَن يَرٰى ﴿٣٦﴾

၃၆။ ၎င်းပြင် "ဂျဟန္နမ်" ငရဲသည် ကြည့်ရှုသော သူတို့၏ရှေ့ဝယ် ထင်ရှားစွာ ပေါ်လာစေခြင်းကို ခံရပေမည်။

---

① အလ္လာဟ်အရှင်မြတ်သည် ပထဝီမြေကြီးကို ဖြန့်ခင်းထားတော်မူသည်။ ထိုအရှင်မြတ်သည် ထိုပထဝီမြေကြီးတွင် သမုဒ္ဒရာ ပင်လယ်၊ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ကို စီးတွေစေတော် မူသည်။ သီးနှံမျိုးစုံကို ပေါက်ပွားစေတော်မူသည်။ ထိုအရှင်မြတ်သည် ပထဝီမြေကြီး တည်ငြိမ်စွာရှိရန်အတွက် တောင်များကို ကျောက်ဆူးချထားတော်မူသည်။ ဤသည် လူသားတို့နှင့် ၎င်းတို့၏ တိရစ္ဆာန်များ၏ အကျိုးငှာသာ ဖြစ်သည်။

ဤသည်တို့ကို စဉ်းစားဆင်ခြင်ပါက အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အရှင်၊ ဉာဏ်တော်အရှင်၊ ကျေးဇူးတော်အရှင် ဖြစ်တော်မူသည်ကို သိရှိပေမည်။ ထိုသို့သော တန်ခိုးတော်ရှင်အဖို့ ဆွေးမြည့်နေသော အရိုးများကို ပြန်လည်ရှင်ထအောင် ပြုလုပ်ရန် အသို့လျှင် အခက်အခဲရှိနိုင်အံ့နည်း။

သို့ဖြစ်ရာ လူသားတို့သည် ထိုသို့သော တန်ခိုးတော်ရှင်အား ကြောက်ရွံ့ရိုသေခန့်ညားရပေမည်။ ထိုသို့သော ကျေးဇူးတော်ရှင်အား ကျေးဇူးတုံ့ပြန်ရပေမည်။ သို့မဟုတ်ပါမူ ကိယာမတ်နေ့တွင် အရှက်တကွဲအကျိုးနည်းဖြစ်ရချိမ့်မည်။

فَأَمَّا مَنْ طَغَىٰ ﴿٣٧﴾

၃၇။ ထိုအခါ အကြင်သူသည် လွန်စွာ သွေဖည်(သောင်းကျန်း)ခဲ့လေသည်။

وَآثَرَ الْحَيَاةَ الدُّنْيَا ﴿٣٨﴾

၃၈။ ၎င်းပြင် ထိုသူသည် လောကီဘဝကို ဦးစားပေးခဲ့လေသည်။

فَإِنَّ الْجَحِيمَ هِيَ الْمَأْوَىٰ ﴿٣٩﴾

၃၉။ သို့ဖြစ်လျှင် ဧကန်မလွဲ "ဂျဟန္နမ်" ငရဲသာလျှင် (ထိုသူ၏)ခိုကိုးရာဌာန ဖြစ်ချိမ့်မည်။

وَأَمَّا مَنْ خَافَ مَقَامَ رَبِّهِ وَنَهَى النَّفْسَ عَنِ الْهَوَىٰ ﴿٤٠﴾

၄၀။ သို့ရာတွင် အကြင်သူသည် မိမိအား ဖန်ဆင်းတော်မူသောအရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် မတ်တပ်ရပ်ရမည်ကို ကြောက်ရွံ့စိုးရိမ်ခဲ့လေသည်။ ၎င်းပြင် ထိုသူသည် စိတ်ကိုလည်း (မကောင်းသော) အလိုဆန္ဒများမှ တားမြစ်ခဲ့လေသည်။

فَإِنَّ الْجَنَّةَ هِيَ الْمَأْوَىٰ ﴿٤١﴾

၄၁။ သို့ဖြစ်လျှင် ဧကန်မလွဲ "ဂျန္နတ်" သုခဘုံသည်သာလျှင် (ထိုသူ၏)ခိုကိုးရာဖြစ်အံ့သတည်း၊ [၁]

يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا ﴿٤٢﴾

၄၂။ (အို-နဗီတမန်တော်) ၎င်းတို့သည် အသင့်အား "ကိယာမတ်" ရှင်ပြန်ထမည့်နေ့နှင့်စပ်လျဉ်း၍ ယင်း "ကိယာမတ်" ရှင်ပြန်ထမည့်နေ့သည် မည်သည့် အချိန်အခါ၌ ဆိုက်ရောက်အံ့နည်းဟု မေးမြန်းကြကုန်၏။

---

① ကိယာမတ်ဖြစ်သောအခါ လူသားတို့သည် လူ့လောကတွင် မိမိတို့ပြုကျင့်ခဲ့ကြသော အရာအားလုံးကို သတိရလာပေမည်။ "ဂျဟန္နမ်" ငရဲသည်လည်း အထင်အရှား တွေ့မြင်ရပေမည်။ လူ့လောကတွင် အမှန်တရားကို သွေဖည်ငြင်းဆန်၍ နောင်တမလွန်ကို ကျောခိုင်းကာ လောကီဘဝကိုသာ အသားပေးခဲ့သော သူများသည် ငရဲဘုံသို့ လားကြရမည်သာဖြစ်သည်။

နောင်တမလွန်ဘဝ၌ အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် အစစ်ဆေးခံရန်အတွက် မတ်တပ်ရပ်ရမည်ကို စိုးရိမ်၍ မိမိစိတ်၏ အလိုဆန္ဒများကို မလိုက်နာခဲ့ဘဲ၊ မိမိ၏စိတ်ကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနောက်သို့ လိုက်စေခဲ့သော သူများသည် ဂျန္နတ် သုခဘုံသို့ လားကြရပေမည်။

فِيمَ أَنتَ مِن ذِكْرَاهَا ﴿٤٣﴾

၄၃။ ယင်း "ကိယာမတ်" ရှင်ပြန်ထမည့်နေ့ (ဆိုက်ရောက်မည့်အကြောင်းကို) ထုတ်ဖော် ပြောပြခြင်းသည် အသင်နှင့် မည်သို့ ပတ်သက်ပါသနည်း။

إِلَىٰ رَبِّكَ مُنتَهَاهَا ﴿٤٤﴾

၄၄။ ယင်း "ကိယာမတ်" ရှင်ပြန်ထမည့်နေ့(နှင့် စပ်လျဉ်းသောအသိပညာ)၏ အဆုံးမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အထံတော်၌ သာ ဖြစ်ပေသည်။ ①

إِنَّمَا أَنتَ مُنذِرُ مَن يَخْشَاهَا ﴿٤٥﴾

၄၅။ အသင်သည် ယင်း "ကိယာမတ်" ရှင်ပြန်ထမည့်နေ့ကို တွေ့မြင်ကြသောနေ့တွင် မိမိတို့မှာ (ကမ္ဘာလောက လောကီဘဝ၌) တစ်ညနေချမ်းမျှ သို့မဟုတ် ထိုညနေချမ်း၏ တစ်နံနက်ခင်းမျှသာ နေထိုင်ခဲ့ဘိသကဲ့သို့ ထင်မှတ်ကြအံ့သတည်း။ ②

كَأَنَّهُمْ يَوْمَ يَرَوْنَهَا لَمْ يَلْبَثُوٓا۟ إِلَّا عَشِيَّةً أَوْ ضُحَىٰهَا ﴿٤٦﴾

၄၆။ ၎င်းတို့သည် ယင်းကိယာမတ် ရှင်ပြန်ထမည့်နေ့ကို တွေ့မြင်ကြသောနေ့တွင် မိမိတို့မှာ (ကမ္ဘာလောက လောကီဘဝ၌ တညနေချမ်းမျှ သို့မဟုတ် ထိုညနေချမ်း၏ တနံနက်ခင်းမျှသာ နေထိုင်ခဲ့ဘိသကဲ့သို့ ထင်မှတ်ကြအံ့သတည်း။

---

① "ကိယာမတ်သည် မည်သည့်အချိန်အခါတွင် ကျရောက်မည်နည်း"ဟု လူအများက တမန်တော်မြတ်အား မေးမြန်းကြသည်။ ဤမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရန် တမန်တော်မြတ်၌ တာဝန်မရှိ။ ဤမေးခွန်းသည် တမန်တော်မြတ်အား မေးရန်လည်းမဟုတ်ပေ။အဘယ်ကြောင့်ဆိုသော် ဤမေးခွန်းကို အတိအကျ ဖြေဆိုရန် ကိယာမတ်နှင့်စပ်လျဉ်း၍ အတိအကျသိလိုပေသည်။ ထိုသည့်အသိသည် အလွှာဟ်အရှင်မြတ်၌သာ ရှိသည်၊ ထိုအရှင်မြတ်မှတပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှမရှိပေ။ တမန်တော်မြတ်၌ လည်းမရှိပေ။တမန်တော်မြတ်သည် ကိယာမတ်ကိုကြောက်ရွံ့သောသူများအား ကိယာမတ်သည် တစ်ရက်မဟုတ်တစ်ရက် ဆက်ဆက်ဖြစ်မည့် အကြောင်း၊ ကိယာမတ်၏သဘော၊ ကိယာမတ်၏ ရှေ့ပြေး နိမိတ်လက္ခဏာများကို ပြောပြ၍ သတိပေးတော်မူရမည် ဖြစ်ပေသည်။ မိမိတို့၏ နောင်ရေး စိုးရိမ်သောသူများသည် ဆင်ခြင်ကြပေမည်။ မိမိတို့၏နောင်ရေး မစိုးရိမ်သော သူမိုက်တို့မူကား "ကိယာမတ် မည်သည့်ခုနှစ်၊ သက္ကရာဇ်၊ မည်သည့်လ၊ မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင် ဖြစ်မည်နည်း" စသည်ဖြင့် မေးမြန်းကာ အချိန်ဖြုန်းလျက် သာ ရှိကြပေသည်။

② ယခုသော် ကိယာမတ် ဘယ်သောအခါ ဖြစ်မည်နည်းဟု မေးမြန်းနေကြသည်။ ထိုသို့သောသူများသည် ကိယာမတ်ဖြစ်သောအခါ လူ့လောကတွင် မိမိတို့ နေခဲ့ကြရသည့်သက်တမ်းကို တစ်နေ့ မဟုတ်၊ တစ်နေ့၏ နံနက်ခင်း၊ သို့မဟုတ် ညနေချမ်းမျှသာဖြစ်သည်ဟူ၍ ထင်မြင်ယူဆကြပေမည်။ ကိယာမတ်သည် ဖြစ်မည်၊ မုချဖြစ်မည်၊ အမှန်ဖြစ်မည်၊ ဖြစ်အံ့သောအရာသည် မဝေးလှပြီ။ သို့ဖြစ်ရာ ကိယာမတ် အဘယ်အခါဖြစ်မည်ကို မေးမြန်းစုံစမ်းနေရန်မလို၊ ကိယာမတ်နေ့ မှတ်ကျောက်အတင်ခံနိုင်ရန်အတွက် အသင့်ပြင်ဆင်ထားရန်သာလိုပေသည်။

သူ မျက်မှောင်ကြုတ်သည်ကဏ္ဍ



ဤကဏ္ဍသည် "အဗ္ဗစသူ မျက်မှောင်ကြုတ်သည်"ဟူသော အကြောင်း ပါဝင်သော ကဏ္ဍဖြစ်သည်။ ဤကဏ္ဍသည် မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။ ဤကဏ္ဍတွင် အာယတ်တော် (၄၂)ပါး၊ ရကူအ် အပိုဒ် (၁)ပိုဒ် အသီးသီးပါရှိသည်။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ ထို(နဗီတမန်တော်မြတ်)သည် မျက်မှောင်ကြုတ်ခဲ့သည့်ပြင် မျက်နှာလည်း လွှဲခဲ့လေသည်။ [မကြည်မသာ မျက်နှာသုန်မှုန်စွာဖြင့် မျက်နှာလွှဲ၍ နေခဲ့လေသည်။]

عَبَسَ وَتَوَلّٰٓى ۝١

၂။ မိမိထံသို့ မျက်စိမမြင်သောသူ ဝင်ရောက်၍ လာခဲ့သောကြောင့်။

اَنْ جَآءَهُ الْاَعْمٰى ۝٢

၃။ အသင် သိပါသလော၊ စင်စစ် မျက်စိမမြင်သောသူသည် စင်ကြယ်သန့်ရှင်းသူဖြစ်တန်ရာသည်။

وَمَا يُدْرِيْكَ لَعَلَّهٗ يَزَّكّٰٓى ۝٣

၄။ သို့တည်းမဟုတ် ထိုသူသည် တရားရသွားနိုင်ပေသည်။ (ဆင်ခြင်နိုင်ပေသည်)။ သို့ဖြစ်လျှင် ဆုံးမသြဝါဒပေးခြင်းသည် ထိုသူအား အကျိုးဖြစ်ထွန်းစေနိုင်မည်။

اَوْ يَذَّكَّرُ فَتَنْفَعَهُ الذِّكْرٰى ۝٤

၅။ မည်သို့ပင်ဖြစ်စေ အကြင်သူသည် အလေးမမူ ဂရုမစိုက်ခဲ့ချေ။

اَمَّا مَنِ اسْتَغْنٰى ۝٥

၆။ သို့ပါလျက် အသင်သည် ထိုသူအား ဂရုစိုက်အရေးပေးသည်။

فَاَنْتَ لَهٗ تَصَدّٰى ۝٦

وَمَا عَلَيْكَ أَلَّا يَزَّكَّىٰ ﴿٧﴾

၇။ စင်စစ်သော်ကား ထိုသူ မစင်ကြယ်သည့် အတွက် အသင့်အပေါ်၌ မည်သို့မျှ အပြစ်မရှိချေ။

وَأَمَّا مَن جَاءَكَ يَسْعَىٰ ﴿٨﴾

၈။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် အသင့်ထံသို့ အပြေးအလွှားရောက်ရှိလာခဲ့လေသည်။

وَهُوَ يَخْشَىٰ ﴿٩﴾

၉။ ထိုမှတပါး: ထိုသူသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေသူလည်း ဖြစ်ခဲ့ပေသည်။

فَأَنتَ عَنْهُ تَلَهَّىٰ ﴿١٠﴾

၁၀။ သို့ပါလျက် အသင်သည် ထိုသူအား အရေးမပေး လျစ်လျူရှုခဲ့ပေသည်။

كَلَّا إِنَّهَا تَذْكِرَةٌ ﴿١١﴾

၁၁။ (အို-နဗီတမန်တော်၊ အသင်သည်) ဤသို့ အလျင်းမပြုပါလေနှင့်။ ဤ(ကုရ်အာန်ကျမ်းတော်မြတ်) သည် ဆုံးမသြဝါဒပင်ဖြစ်ပေသည်။

---

② တမန်တော်မြတ်သည်ပင် သတိပေးတော်မူခြင်း ခံခဲ့ရခြင်း။

တစ်နေ့သောအခါ တမန်တော်မြတ်သည် ကုရိုက်ရှ် မျိုးနွယ်၏ အချို့ အကြီးအကဲများအား အစွယ်လာမ်၏ သဘောတရားများကို ရှင်းလင်းပြနေတော်မူခဲ့၏။ ယင်းသို့သော အကြီးအကဲများ အစွယ်လာမ်အတွင်းသို့ ဝင်လာကြပါက တစ်နွယ်ငင်တစ်စင်ပါ ဆိုသကဲ့သို့ ၎င်းတို့၏ နောက်လိုက်ငယ်သားများလည်း အစွယ်လာမ်အတွင်းသို့ ဝင်လာကြမည်ကို တမန်တော်မြတ်သည် မျှော်လင့်လျက် ရှိနေတော်မူခဲ့၏။

ထိုအချိန်တွင် တမန်တော်မြတ်ထံသို့ မျက်မမြင်သာဝကတစ်ပါး: (အိဗ်နုအွမ် မိမတ်က်တူမ်) ရောက်ရှိလာပြီး တမန်တော်မြတ်အား အချို့အာယတ်တော်များနှင့်စပ်လျဉ်း၍ မေးမြန်းလေတော့၏။ တမန်တော်မြတ် ကုရိုက်ရှ် အကြီးအကဲများအား တရားဟောကြားနေတော်မူချိန်တွင် အခါအခွင့်အခြေအနေကို မထောက်ထားဘဲ ယင်းသို့ ဝင်ရောက်မေးမြန်းသည့်အတွက် တမန်တော်မြတ်သည် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သွားတော်မူခဲ့လေသည်။

တမန်တော်မြတ်၏စိတ်တွင် ငါသည် အလွန်အရေးကြီးသော ကိစ္စတွင် လုံးပန်းနေသည်။ကုရိုက်ရှ် မျိုးနွယ်၏ အကြီးအကဲများသည် အစွယ်လာမ်ကို သဘောပေါက်နားလည်၍ အစွယ်လာမ်ကို သက်ဝင်ယုံကြည်လာကြလျှင် များစွာသော ကုရိုက်ရှ်မျိုးနွယ်ဝင်များသည်လည်း အစွယ်လာမ်အတွင်းသို့ ရောက်ရှိလာကြဖွယ်ရာရှိပေသည်။ အိဗ်နုအွမ်မိမတ်က်တူမ်သည် မဆွကပင် မွတ်စ်လင်မ် ဖြစ်နေခဲ့ချေပြီ။ သူ၏အဖို့ အစွယ်လာမ်ကို သင်ကြားနာယူရန်အတွက် အခြားအချိန် အခွင့်အလမ်း အမြောက်အမြားရှိသည်။ ယခုအချိန် ငါထံတွင် အရေးပါအရာရောက်သော ပုဂ္ဂိုလ်များ ထိုင်နေကြသည်ကို သူမမြင်။ အကယ်၍ ဤပုဂ္ဂိုလ်များ တရားရရှိလာကြပါက များစွာသော ကုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစွယ်လာမ်ကို လက်ခံလာကြပေမည်။ ငါသည် ယင်းသို့ အရေးပါသော ပုဂ္ဂိုလ်များအား အစွယ်လာမ်အကြောင်း ဟောကြားနေသည်။ ➤➤

➤➤ ဤသူသည် (အခါအခွင့်ကို မထောက်ထားဘဲ) ကိုယ့်အလိုကိုသာ ဆက်တိုက် ပြောဆိုနေသည်။ အကယ်၍ ငါသည် ဤပုဂ္ဂိုလ်များဘက်မှ မျက်နှာလွဲပြီး ဤသူ၏ဘက်သို့ အာရုံစူးစိုက်လိုက်ပါလျှင် ဤပုဂ္ဂိုလ်များသည် စိတ်အနှောင့်အယှက် ဖြစ်သွားကြပြီး ငါ၏စကားကိုပင် နားထောင်လိုမှ နားထောင်ကြတော့ပေမည်။ ဤသည်ကို ဤသူမသိဟူ၍ တမန်တော်မြတ်၏စိတ်တွင်း အတွေးပေါ်လာခဲ့ဟန်ရှိပေသည်။ သို့ဖြင့် တမန်တော်မြတ်သည် စိတ်အနှောင့်အယှက် ဖြစ်သွားတော်မူခဲ့လေသည်။ စိတ်အနှောင့်အယှက်ဖြစ်မှု၏ နိမိတ်လက္ခဏာများသည်လည်း တမန်တော်မြတ်၏ မျက်နှာတွင် ပေါ်လာခဲ့ပေသည်။ ထိုအခါ ဤအာယတ်တော်များ ကျရောက်လာခဲ့ပေသည်။

ယင်းသို့ အာယတ်တော်များ ကျရောက်လာပြီးသည့်နောက်ပိုင်းတွင် တမန်တော်မြတ်သည် အဆိုပါ မျက်မမြင် သာဝကအား မိမိထံရောက်လာလျှင် အထူးလေးစားစွာဖြင့် 'အို-အကြင်သူ၊ ထိုသူနှင့်ပတ်သက်၍ ကျွန်ုပ်၏အရှင်က ကျွန်ုပ်အား အရေးယူတော်မူခဲ့သည်၊ ကြွပါ' ဟု ခရီးဦးကြိုစကားဆိုကာ စည်ဝဲခံတော်မူလေတော့သည်။

အမှန်မှာ ထိုမျက်မမြင်သာဝကသည် ဒုက္ခိတဖြစ်သည်၊ အခြေအနေနွမ်းပါးသည်။ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်၊ (စိုးရိမ်ကြီးစွာနှင့် လာခြင်းဖြစ်သည်)။ အမှန်တရားကို လိုလားသည်။ ထိုသို့ပုဂ္ဂိုလ်အား ပို၍သာ ထောက်ထားရပေမည်။ ထိုသို့သော ပုဂ္ဂိုလ်၏ အခြေအနေသည် တမန်တော်မြတ်၏ အလေးဂရုပြုခြင်းဖြင့် ပြောင်းသွားနိုင်ပေသည်။ ကောင်းသွားနိုင်ပေသည်။ စိတ်နှလုံး ဖြူစင်သွားနိုင်ပေသည်။ ယုတ်စွအဆုံး တရားစကား တစ်ခွန်းတပါဒပင် ကြားသွားရလျှင်ပင် စေတနာဖြင့် စဉ်းစားဆင်ခြင်ပေမည်။ တချိန်တွင် အကျိုးခံစားနိုင်ပေသည်။ အဆိုပါ ကာဖိရ် အကြီးအကဲများမှကား မောက်မာပလွားမှု၊ ဘဝင်မြင့်မှု၊ အထင်ကြီးမှုများကြောင့် အမှန်တရားကို ဂရုမမူကြပေ၊ မကြားလိုကြပေ။ ၎င်းတို့အား ၎င်းတို့၏ မောက်မာမှုသည် အလွှာဟ်အရှင်မြတ်နှင့် တမန်တော်မြတ် ရှေ့မှောက်တွင်ညွှတ်ရန် ခွင့်မပြုပေ။

တမန်တော်မြတ်သည် ယင်းသို့သောပုဂ္ဂိုလ်များအား အစွမ်းလမ်းအတွင်းသို့ ၎င်းတို့၏နောက်လိုက်များသည်လည်း အစွမ်းလမ်းအတွင်းသို့ ဝင်လာကြပေမည်ဟူသော မျှော်လင့်ချက်ဖြင့် အထူး အလေးဂရုပြုလျက်ရှိပေသည်။ အမှန်မှာ ယင်းသို့ မောက်မာသော၊ ဘဝင်မြင့်နေသောပုဂ္ဂိုလ်များသည် တမန်တော်မြတ်၏ တရားဟောပြောခြင်းဖြင့် အဘယ်ကြောင့် တရားမရကြသနည်းဟူ၍ကား အလွှာဟ်အရှင်မြတ်ထံတော်မှ တမန်တော်မြတ်အပေါ်၌ တစ်စုံတစ်ရာ အပြစ်တင်ဖွယ်ရာ မရှိချေ။ တမန်တော်မြတ်၏ တာဝန်မှာ တရားဟောကြားရန်သာ ဖြစ်ပေသည်။ ထိုသည့်တာဝန်ကို တမန်တော်မြတ်သည် ဆောင်ရွက်ခဲ့ချေပြီ။ ဆက်လက်ဆောင်ရွက်လျက်ရှိချေပြီ။

ထိုသည့်နောက်ပိုင်းတွင် ယင်းသို့ မောက်မာသောပုဂ္ဂိုလ်များအား တရားရစေလိုသောစေတနာဖြင့် အလွန်အကျွံ အလေးဂရုပြုရန် မလိုတော့ပေ။ သို့မဟုတ်ပါမူ အမှန်တရားကို အမှန်တကယ် လိုလားသော စိတ်စေတနာဖြူစင်သော မွတ်စ်လင်မ်များသည် တမန်တော်မြတ်၏ အလေးဂရုပြုခြင်းမှ လွတ်ကင်းသွားကြရပေမည်။ ထို့ပြင်တဝ အတွေးခေါင်သူများက တမန်တော်မြတ်သည် ဆင်းရဲသားများထက် ချမ်းသာကြွယ်ဝသူများကို လည်းကောင်း၊ မျက်နှာငယ်များထက် မျက်နှာကြီးများကိုလည်းကောင်း ပိုမိုအလေးဂရုပြုသည်ဟု တွေးထင်လာကြပေမည်။ တမန်တော်မြတ်နှင့် ပတ်သက်၍ အထင်လွဲမှား လာကြပေမည်။ သို့အထင်လွဲမှားမှုပျံ့နှံ့လာပါက အစွမ်းလမ်းကို ဖြန့်ချီရာတွင် လက်တစ်ဆုပ်စာမျှ မျက်နှာကြီးတစ်စု၏ မွတ်စ်လင်မ်ဖြစ်လာခြင်းဖြင့် ရအံ့သော အမြတ်ထက် အရှုံးကား ပို၍များခဲမှ်မည်။ ဤသို့ကား မဖြစ်သင့်ရာသတည်း။

فَمَن شَآءَ ذَكَرَهُۥ ﴿١٢﴾

၁၂။ သို့ဖြစ်ပေရာ အလိုရှိသောသူသည် ယင်းဆုံးမ သြဝါဒကို လေ့ကျက်မှတ်သားပေလိမ့်မည်။ ၁

فِى صُحُفٍ مُّكَرَّمَةٍ ﴿١٣﴾

၁၃။ (ယင်းဆုံးမသြဝါဒသည်) ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော အရွက်များပေါ်၌ (ရေးသားပြီး)ဖြစ်၏။

مَّرْفُوعَةٍ مُّطَهَّرَةٍۭ ﴿١٤﴾

၁၄။ (ယင်းအရွက်များသည်) မြင့်မြတ်သော၊ စင်ကြယ်သန့်ရှင်းသော(အရွက်များ ဖြစ်သည်)။

بِأَيْدِى سَفَرَةٍ ﴿١٥﴾

၁၅။ (ယင်းအရွက်များသည်) ရေးသားကြသော ကောင်းကင်တမန်တို့၏ လက်တွင်း၌ရှိ၏။ ၂

كِرَامٍۭ بَرَرَةٍ ﴿١٦﴾

၁၆။ (ထိုကောင်းကင်တမန်များသည်) ဂုဏ်အင်ဒြပ် ထူးကဲကြသော၊ သူတော်စင်များဖြစ်ကြကုန်သော (ကောင်းကင်တမန်များ ဖြစ်ကြပေသတည်း)။

---

① **ကုရ်အာန်၏ ဂုဏ်အင်။**

မောက်မာပလွား ဝါကြွားသော ချမ်းသာကြွယ်ဝသော မျက်နှာကြီး ကာဖိရ်များ ဤကုရ်အာန်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း မပြုပါက၊ ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို မလိုက်နာကြပါက ကိုယ့်ကိုယ်ကို ကိုယ်တိုင် ဆုံးရှုံးနစ်နာအောင် ပြုလုပ်ခြင်းသာ ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းမြတ်သည် ၎င်းတို့အား မည်သို့မျှ ဂရုမူသည်မဟုတ်။ တမန်တော်မြတ်သည်လည်း ၎င်းတို့အား မည်သို့မျှ ဂရုမူသည်မဟုတ်။ တမန်တော်မြတ်သည်လည်း ၎င်းတို့အား ထိုရွေ့ထိုမျှ အလေးဂရုပြုနေရန် မလိုပေ။ ကုရ်အာန်သည် ကမ္ဘာသူကမ္ဘာသား အားလုံးတို့အဖို့ အဆုံးအမ သြဝါဒဖြစ်သည်။ မိမိအကျိုးကို လိုလားသူသည် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေမည်။ ကုရ်အာန်ကျမ်းလာ တရားတော်များကို လိုက်နာကျင့်သုံးပေမည်။

② မောက်မာပလွား ဝါကြွားသော ချမ်းသာကြွယ်ဝသော မျက်နှာကြီး ကာဖိရ်များ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြမှသာလျှင် ကုရ်အာန်၌ ဂုဏ်သိက္ခာရှိရမည်လော။ ဤသို့ အလျင်းမဟုတ်၊ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကောင်းကင်ထက်ဝယ် အလွန်မြင့်သော၊ မြင့်မြတ်သော၊ ဂုဏ်သိက္ခာရှိသော၊ ဖြူစင်သန့်ရှင်းသော အရွက်များထက်တွင် ရေးတင်လျက်ရှိ၏။

ကမ္ဘာမြေပြင်ဝယ် စိတ်စေတနာ သဒ္ဓါတရား အလွန်ထက်သန်လှသော မုအ်မင်န်တို့သည်လည်း ကုရ်အာန်ကျမ်းမြတ်ကို အလွန်ရိုသေ ခန့်ညားစွာဖြင့်၊ အလွန်စင်ကြယ်သန့်ရှင်းစွာဖြင့် အမြင့်တွင် တရိုတသေ ထားရှိကြပေသည်။ အထက်ကောင်းကင်တွင် ကုရ်အာန်ကျမ်းမြတ်ကို ကောင်းကင်တမန်များက ရေးမှတ်ထားကြသည်။

သို့ရေးမှတ်ထားကြသည့်အတိုင်း ကမ္ဘာမြေပြင်သို့ ကျရောက်လာပေသည်။ ဤကမ္ဘာမြေတွင်လည်း ကောင်းကင်တမန်များတမျှ ဖြူစင်သန့်ရှင်းသော သူတော်စင် မုအ်မင်န်များကပင် ကုရ်အာန်ကျမ်းလာ ➤➤

قُتِلَ الْإِنسَانُ مَا أَكْفَرَهُ ﴿١٧﴾

၁၇။ မနုဿလူသားသည် ပျက်စီးပါစေ၊ (ပျက်စီးခြိမ့်သတည်း)။ ၎င်းသည် အဘယ်မျှလောက် ကျေးဇူးကန်းဘိသနည်း။

مِنْ أَيِّ شَيْءٍ خَلَقَهُ ﴿١٨﴾

၁၈။ ထိုအရှင်မြတ်သည် ၎င်းအား မည်သည့်အရာဖြင့် ဖန်ဆင်းတော်မူပါသနည်း။

مِن نُّطْفَةٍ خَلَقَهُ فَقَدَّرَهُ ﴿١٩﴾

၁၉။ ထိုအရှင်မြတ်သည် ၎င်းအား ကလလ ရေကြည်တစက်ဖြင့် ဖန်ဆင်းတော်မူ၏။ တဖန် ထိုအရှင်မြတ်သည် ၎င်းအား နှိုင်းချိန်တိုင်းဆ ခန့်မှန်း၍ ပြုလုပ်တော်မူ၏။ [၁]

➤➤ အာယတ်တော်များကို အပိုအလိုမရှိ၊ တိကျမှန်ကန်စွာ ရေးမှတ်ထားကြပေသည်။ ဤသို့သော ကုရ်အာန်ကျမ်းမြတ်သည် ဂုဏ်သိက္ခာရှိပြီး၊ မြင့်မြတ်ပြီး ဖြစ်ပေသည်။

ဤအာယတ်တော်တွင် "အင်နှဟာ"ဟူသော ပုဒ်၌ပါရှိသော "ဟာ"ဟူသော နာမ်စားနှင့်စပ်လျဉ်း၍ အချို့က ယင်းနာမ်စားသည် ဤကဏ္ဍကို ရည်ညွှန်းသည်ဟူ၍လည်းကောင်း၊ အချို့က တရားဟောကြားရာတွင် နိမ့်မြင့်မခြား သာတူညီမျှ တစ်တန်းတစ်စားတည်း ဆက်ဆံရမည်ဟူသော အမိန့်တော်ကို ရည်ညွှန်းသည်ဟူ၍လည်းကောင်း၊ အချို့က ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံးကို ရည်ညွှန်းသည်ဟူ၍လည်းကောင်း၊ အမျိုးမျိုး ဖွင့်ဆိုကြသည်။ (နောက်ဆုံးအဆိုသည် သင့်မြတ်လှသည်)။

ဤအာယတ်တော်တွင်ပါရှိသော "စဖရဟ်"ဟူသောပုဒ်ကို အနက်ဖွင့်ရာတွင်လည်း အချို့က ယင်းပုဒ်သည် ကောင်းကင်တမန်များကို ရည်ညွှန်းသည်ဟူ၍လည်းကောင်း၊ အချို့က "ဆွဟာဗဟ်" သာဝကကြီးများအား ရည်ညွှန်းသည်ဟူ၍လည်းကောင်း၊ အချို့က "ကုရ်ရာအ်" ကုရ်အာန်ကျမ်းကို အာဂုံဆောင်ထားသော ပုဂ္ဂိုလ်များအား ရည်ညွှန်းသည်ဟူ၍လည်းကောင်း၊ အမျိုးမျိုး ဖွင့်ဆိုကြသည်။ အိဗ်နုဂျရီရ်က ယင်းအဆိုများအနက် ပထမအဆိုသည် မှန်ကန်သင့်မြတ်သည်ဟု ဆိုထားသည်။ ကြည့်-အိဗ်နုကဆီရ်။

ဤအာယတ်တော်များကို ထောက်ရှုခြင်းအားဖြင့် ကုရ်အာန်ကျမ်းမြတ်ကို စင်ကြယ်သန့်ရှင်းမြင့်မြတ်သောနေရာတွင် ထားရှိရမည့်အကြောင်း၊ ရိုသေလေးမြတ်စွာ ကိုင်တွယ်ရမည့်အကြောင်း၊ ထို့ပြင်တဝကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သောသူများသည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များနှင့်အညီ အပြောအဆို၊ အနေအထိုင်တွင် ရိုးသားဖြောင့်မတ်၊ မှန်ကန်တည်ကြည်၍ ကုရ်အာန်၏ သရုပ်သကန်များဖြစ်ကြရမည့်အကြောင်း၊ ကောင်းစွာ သိရှိနိုင်ပေသည်။

① **<u>လူသား၏ ကျေးဇူးကန်းမှု</u>**

လူသားသည် ကုရ်အာန် ကျမ်းမြတ်ကဲ့သို့ ကြီးကဲမြင့်မြတ်လှသော ကျေးဇူးကိုပင် မလေးစားပေ။ အလွယ်အရှင်မြတ်နှင့် ပတ်သက်၍လည်း တစ်စုံတစ်ရာ တာဝန်ကိုမျှ မသိပေ။ ယင်းသို့ ကျေးဇူးမသိတတ်သော ကျေးဇူးကန်းလှသော လူသားသည် ပျက်စီးပါစေသတည်း။ ပျက်စီးခြိမ့်သတည်း။ ➤➤

ثُمَّ السَّبِيلَ يَسَّرَهُ ﴿٢٠﴾

၂၀။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်း၏အဖို့လမ်းကို လွယ်ကူစေတော်မူ၏။

ثُمَّ أَمَاتَهُ فَأَقْبَرَهُ ﴿٢١﴾

၂၁။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းအား သေဆုံးစေတော်မူ၏။ တဖန် ထိုအရှင်မြတ်သည် ၎င်းအား သချိုင်းတွင်းသို့ မြှုပ်နှံစေတော်မူ၏။

ثُمَّ إِذَا شَآءَ أَنشَرَهُ ﴿٢٢﴾

၂၂။ ထို့နောက်တဖန် ထိုအရှင်မြတ်သည် အလိုရှိတော်မူသောအခါ ၎င်းအား ရှင်ပြန်ထစေတော်မူမည်။

كَلَّا لَمَّا يَقْضِ مَآ أَمَرَهُ ﴿٢٣﴾

၂၃။ ထိုလူသားသည် ၎င်းအား ထိုအရှင်မြတ်က အမိန့်ပေးတော်မူသည်များကို ကျေပွန်အောင် ဆောင်ရွက်ခဲ့ခြင်း အလျင်း မရှိချေ။ [၁]

فَلْيَنظُرِ الْإِنسَانُ إِلَىٰ طَعَامِهِ ﴿٢٤﴾

၂၄။ ပြီးနောက် လူသားသည် မိမိ အစားအစာကို (ပြန်လည်)ကြည့်ရှု ဆင်ခြင်အပ်ပေသည်။

➢➢ လူသားသည် မိမိ၏ မူလဘဝဖြစ်စဉ်ကို စဉ်းစားဆင်ခြင်ရာသည်။ လူသားသည် မည်သည့်အရာမှ ဖြစ်ပေါ်လာသနည်း။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူသားအား ကလလရေကြည် တစ်စက်ဖြင့် ဖန်ဆင်းထားတော်မူခြင်း ဖြစ်သည်။ ယင်းရေကြည်တစ်စက်တွင် အသီဉာဏ်၊ အမြော်အမြင်၊ အလှအပ၊ ဘစ်စုံတစ်ရာမျှ မရှိခဲ့ပေ။ ဤသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။

အလ္လာဟ်အရှင်မြတ်သည် လူသားအား ကလလ ရေကြည်တစ်စက်မှ ဖန်ဆင်းထားတော်မူ၏။ လူသား၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကိုလည်း စနစ်တကျ နေထားကျန၊ ထည်ဝါခဲ့ညားလှပစွာ စီမံထားတော်မူ၏။ လူသား၌ အဆင်မပြေမှုဟူ၍ တစ်စုံတစ်ရာမျှမရှိ၊ အစစအရာရာ အဆင်ပြေလှ၏။ ထို့ပြင်တဝ လူသားအား အီမာန်နှင့်ကုဖ်ရ်၊ ယုံကြည်မှုနှင့်မယုံကြည်မှု၊ အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှား စသည်တို့ကို ဝေဖန်ပိုင်းခြား သိမြင်နိုင်ရန် အလို့ငှာ အသိဉာဏ်ကိုလည်း ပေးထားတော်မူ၏။

① လူသားသည် မိမိအား မိမိ၏အရှင်က မိန့်ကြားထားတော်မူသည်များကို ယခုထက်တိုင် လိုက်နာမဆောင်ရွက်သေးပေ။

အိဗ်နူကဆီရ်က ဤအာယတ်တော် (كَلَّا لَمَّا يَقْضِ مَآ أَمَرَهُ) ကို (ثُمَّ إِذَا شَآءَ أَنشَرَهُ) ဟူသော အာယတ်တော်နှင့် ဆက်စပ်ပြီး "ထိုအရှင်မြတ်သည် မိမိအလိုတော်ရှိတော်မူသောအခါ ထိုလူသားအား ရှင်ပြန်ထစေတော်မူမည်။ ယခုမူ ဤသို့ ပြုလုပ်တော်မမူသေးပေ။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် ဤပစ္စက္ခဘဝ၏ စည်ပင်ဝပြောမှုနှင့် စပ်လျဉ်း၍ သတ်မှတ်ထားတော်မူသော 'တတ်ကဒီရ်'ဆိုင်ရာ လျာထားချက်ကို ပြီးစီးအောင် ပြုလုပ်တော်မမူရသေးပေ"ဟု အနက်ဖွင့်ထားပေသည်။

أَنَّا صَبَبْنَا الْمَاءَ صَبًّا ﴿٢٥﴾

၂၅။ ဧကန်မလွဲ ငါအရှင်မြတ်သည် (မိုး)ရေကို (အံ့ဘွယ်သရဲ) ရွာသွန်းစေတော်မူ၏။

ثُمَّ شَقَقْنَا الْأَرْضَ شَقًّا ﴿٢٦﴾

၂၆။ ထိုနောက် ငါအရှင်မြတ်သည် ပထဝီမြေကို (အံ့ဘွယ်သရဲ) ခွဲတော်မူ၏။

فَأَنْبَتْنَا فِيهَا حَبًّا ﴿٢٧﴾

၂၇။ တဖန် ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ ကောက်ပဲသီးနှံကို ပေါက်ရောက်စေတော်မူ၏။

وَعِنَبًا وَقَضْبًا ﴿٢٨﴾

၂၈။ စပျစ်ပင်ကိုလည်းကောင်း၊ စိမ်းစိုသော ဟင်းသီးဟင်းရွက်ကိုလည်းကောင်း။

وَزَيْتُونًا وَنَخْلًا ﴿٢٩﴾

၂၉။ သံလွင်ပင်ကိုလည်းကောင်း၊ စွန်ပလွံပင်ကိုလည်းကောင်း။

وَحَدَائِقَ غُلْبًا ﴿٣٠﴾

၃၀။ (သစ်ပင်ပန်းပင်များ)ထူထပ်သော ဥယျာဉ်များကိုလည်းကောင်း။

وَفَاكِهَةً وَأَبًّا ﴿٣١﴾

၃၁။ သစ်သီးဝလံများကိုလည်းကောင်း၊ ကျွဲ၊နွားတိရစ္ဆာန်အစာကိုလည်းကောင်း၊ (ပေါက်ရောက်စေတော်မူ၏)။

مَتَاعًا لَّكُمْ وَلِأَنْعَامِكُمْ ﴿٣٢﴾

၃၂။ အသင်တို့၏အကျိုးငှာလည်းကောင်း၊ အသင်တို့၏ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များ၏ အကျိုးငှာလည်းကောင်း၊ ၁

---

၁ အထက်တွင် လူသားအား အလ္လာဟ်အရှင်မြတ် စတင် ဖန်ဆင်းထားတော်မူသည့်အကြောင်း၊ သေစေတော်မူသည့်အကြောင်း၊ ထို့နောက် ရှင်ပြန်ထစေတော်မူမည့်အကြောင်းများ ပါရှိ၏။ ယခု ဤအာယတ်တော်များတွင် လူသက်တမ်း၌ လူသားများ ကောင်းစွာရပ်တည်နိုင်ရန်အလို့ငှာ ထိုအရှင်မြတ်သည် လူသားအဖို့ စားသောက်ဖွယ်ရာများကို လိုလေသေးမရှိ အသင့်စီမံထားတော် မူသည့်အကြောင်းများကို မိန့်ဆိုထားတော်မူပေသည်။

လူသားသည် နေ့စဉ်နှင့်အမျှ မိမိမှီဝဲစားသုံးနေသော အစာအာဟာရများ မည်သို့မည်ပုံ ဖြစ်ပေါ်လာသည်များကို စဉ်းစားဆင်ခြင် ရှုမြင်ရာသည်။ အလ္လာဟ်အရှင်မြတ်သည် မိုးရေများကို အံ့ဖွယ်သရဲ ရွာသွန်းချပေးတော်မူ၏။ မြေတွင်းရှိ မျိုးစေ့များကို ထွက်ပေါ်လာနိုင်ရန် မြေကို အက်စေတော်မူ၏။ ကောက်ပဲသီးနှံ ဟင်းသီးဟင်းရွက်များကိုလည်း ပေါက်ရောက်စေတော်မူ၏။ စပျစ်၊ သံလွင်၊ စွန်ပလွံ စသည့် ➤➤

فَإِذَا جَآءَتِ الصَّآخَّةُ ﴿٣٣﴾

၃၃။ တဖန် နားပင်းစေသောအသံသည် (ထွက်ပေါ်၍) လာသောအခါ။ [၁]

يَوْمَ يَفِرُّ الْمَرْءُ مِنْ أَخِيهِ ﴿٣٤﴾

၃၄။ အကြင်နေ့တွင် လူသည်ထွက်ပြေး (တိမ်းရှောင်)အုံ၊ မိမိညီအစ်ကို၏ထံမှလည်းကောင်း။

وَأُمِّهِ وَأَبِيهِ ﴿٣٥﴾

၃၅။ မိမိအမိထံမှလည်းကောင်း၊ မိမိအဘထံမှလည်းကောင်း။

وَصَاحِبَتِهِ وَبَنِيهِ ﴿٣٦﴾

၃၆။ မိမိဇနီး ကြင်ယာ၏ထံမှလည်းကောင်း၊ မိမိသားသမီးထံမှလည်းကောင်း။

لِكُلِّ امْرِئٍ مِّنْهُمْ يَوْمَئِذٍ شَأْنٌ يُغْنِيهِ ﴿٣٧﴾

၃၇။ ထိုနေ့တွင်ကား လူတိုင်းလူတိုင်း၌ (အခြားမည်သည့်တစုံတရာကိုမျှ) ဂရုမစိုက်ဘဲ လုံးပန်း၍နေစေသော အရေးကိစ္စတခုစီ ရှိနေမည်ဖြစ်၏။

وُجُوهٌ يَوْمَئِذٍ مُّسْفِرَةٌ ﴿٣٨﴾

၃၈။ ထိုနေ့တွင် မြောက်မြားစွာသောမျက်နှာတို့မှာ လင်းဝင်းတောက်ပလျက် ရှိကြပေမည်။

ضَاحِكَةٌ مُّسْتَبْشِرَةٌ ﴿٣٩﴾

၃၉။ ရယ်မောရွှင်ပြလျက် (ရှိကြပေမည်)။

وَوُجُوهٌ يَوْمَئِذٍ عَلَيْهَا غَبَرَةٌ ﴿٤٠﴾

၄၀။ ထိုမှတပါး၊ မြောက်မြားစွာသော မျက်နှာတို့ အပေါ်၌မူကား မြူမှုန်များသည် ရှိနေပေမည်။

تَرْهَقُهَا قَتَرَةٌ ﴿٤١﴾

၄၁။ ထိုမျက်နှာများအပေါ်၌ အမှောင်သည် ဖုံးလွှမ်းလျက် ရှိပေမည်။

➢➢ သစ်သီးဝလံများကိုလည်း ပေါက်ရောက်စေတော်မူ၏။ စိမ်းစိမ်းစို နုပျိုစည်ပင်သာယာလျက်ရှိသော ဥယျာဉ်များကိုလည်း စိုက်ပျိုးထားတော်မူ၏။ အခြေလေးချောင်း တိရိစ္ဆာန်များအဖို့လည်း စားနပ်ရိက္ခာများကို အသင့်စီမံထားတော်မူ၏။ ဤသည်တို့သည် လူသားတို့နှင့် လူသားတို့ စေခိုင်းနေသော တိရိစ္ဆာန်တို့၏ စားနပ်ရိက္ခာဖြစ်၏။ ဤသည်တို့ကို စဉ်းစားဆင်ခြင် ရှုမြင်ပါက လူသားသည် မိမိ၏ ကျေးဇူးရှင်အား ကျေးဇူးကန်းမည် မဟုတ်သည်သာမက ကျေးဇူးတော်သိလာပေမည်။ အမိန့်တော်ကို နာခံလာပေမည်။

① နားများ ပင်းသွားစေမည့် အရာဟူသည် ကိယာမတ်နေ့တွင် မှုတ်မည့် တံပိုးသံကို ဆိုလိုသည်။ ထိုအခါ ယခုကျေးဇူးကန်းနေသူများသည် ကျေးဇူးကန်းမှု၏အကျိုးကို ကောင်းစွာ သိသွားကြပေမည်။

أُولَٰئِكَ هُمُ الْكَفَرَةُ الْفَجَرَةُ ﴿٤٢﴾

၄၂။ ထိုသူတို့သည်သာလျှင် ကာဖိရ် သွေဖည်ငြင်း ပယ်သူများ၊ ဆိုးသွမ်းသူများဖြစ်ကြကုန်သတည်း။ [၁]



ခေါက်လိပ်ခြင်းကဏ္ဍ

ဤကဏ္ဍသည် စူရဟ် "တတ်ကဝီရ်" ခေါက်လိပ်ခြင်း အကြောင်းပါဝင်သော ကဏ္ဍမည်၏။ ဤကဏ္ဍသည် မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၂၉) ပါး ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

إِذَا الشَّمْسُ كُوِّرَتْ ﴿١﴾

၁။ နေသည် ခေါက်လိပ်ခြင်းကို ခံရသောအခါ၊ (အလင်းရောင်မဲ့သွားသောအခါ)၊

وَإِذَا النُّجُومُ انكَدَرَتْ ﴿٢﴾

၂။ ထိုပြင် ကြယ်တာရာများသည် ကြွေကျကြသောအခါ၊

وَإِذَا الْجِبَالُ سُيِّرَتْ ﴿٣﴾

၃။ ၎င်းပြင် တောင်များသည် ရွေ့လျားခြင်းကို ခံကြရသောအခါ၊

---

① **ကိယာမတ်နေ့တွင် မုအ်မင်န်နှင့် ကာဖိရ်တို့၏ဖြစ်အင်။**

ကိယာမတ်နေ့တွင် လူသားများသည် မိမိတို့၏ညီအစ်ကို မိဘ ဇနီးသားသမီးများကိုပင် စွန့်ခွာထွက်ပြေးလျက် ရှိကြပေမည်။ တစ်ဦးကိုတစ်ဦး သနားကြင်နာ ထောက်ထားနိုင်ကြမည်မဟုတ်ပေ။ အသီးသီး ကိုယ့်အရေးနှင့်ကိုယ် လုံးပန်းလျက် ရှိကြပေမည်။ သူတပါး၏အား လှည့်ကြည့်နိုင်ကြမည်မဟုတ်ပေ။ ဤကား ကာဖိရ်တို့၏ အဖြစ်တည်း။

ကိယာမတ်နေ့တွင် မြောက်မြားစွာသော မျက်နှာများသည် အီမာန်ကြောင့် တောက်ပလျက်ရှိကြပေမည်။ ဝမ်းသာမှုကြောင့် ရွှင်ပြလျက်ရှိကြပေသည်။ ဤသူများကား မုအ်မင်န် သူတော်စင်များတည်း။ ကိယာမတ်နေ့တွင် မြောက်မြားစွာသော မျက်နှာများသည် ကုဖ်ရ်ကြောင့် ပုပ်လျက်ရှိကြပေမည်။ ယုတ်မာမှုကြောင့် မည်းလျက်ရှိကြပေမည်။ ဤသူတို့ကား ကာဖိရ် သူယုတ်မာများတည်း။

وَإِذَا ٱلْعِشَارُ عُطِّلَتْ ﴿٤﴾

၄။ ထိုမှတပါး: ကိုယ်ဝန်ဆောင် ဆယ်လစေ့သော ကုလားအုတ်မများသည် (ထိန်းကျောင်းသူမရှိဘဲ) စွန့်လွှတ်ထားခြင်းကို ခံကြရသောအခါ၊

وَإِذَا ٱلْوُحُوشُ حُشِرَتْ ﴿٥﴾

၅။ ထို့ပြင် တောတိရစ္ဆာန်များသည် စုရုံးခြင်းကို ခံကြရသောအခါ၊

وَإِذَا ٱلْبِحَارُ سُجِّرَتْ ﴿٦﴾

၆။ ထို့ပြင် ပင်လယ် သမုဒ္ဒရာများသည် ခြောက်ခန်း ဆူပွက်စေခြင်းကို ခံကြရသောအခါ၊

وَإِذَا ٱلنُّفُوسُ زُوِّجَتْ ﴿٧﴾

၇။ ၎င်းပြင် အသက်ဇီဝိန်များ (လူများသည်) တွဲဖက်စုပေါင်းစေခြင်းကို ခံကြရသောအခါ၊

وَإِذَا ٱلْمَوْءُۥدَةُ سُئِلَتْ ﴿٨﴾

၈။ ၎င်းပြင် အရှင်လတ်လတ် မြှုပ်နှံခြင်းကို ခံခဲ့ရသော သမီးမိန်းကလေးသည် မေးမြန်းခြင်းကို ခံရသောအခါ၊

بِأَىِّ ذَنۢبٍ قُتِلَتْ ﴿٩﴾

၉။ ၎င်းပြင် မည်သည့်အပြစ်ကြောင့် သတ်ဖြတ်ခြင်းကို ခံခဲ့ရသနည်း(ဟု)၊

وَإِذَا ٱلصُّحُفُ نُشِرَتْ ﴿١٠﴾

၁၀။ ၎င်းပြင် (မှတ်တမ်း)စာရွက်များသည် ဖြန့်ထားခြင်းကို ခံကြရသောအခါ၊

وَإِذَا ٱلسَّمَآءُ كُشِطَتْ ﴿١١﴾

၁၁။ ထို့ပြင် မိုးကောင်းကင်သည် အရေခွာခြင်းကို ခံရသောအခါ (ပွင့်စေခြင်းကိုခံရသောအခါ)၊

وَإِذَا ٱلْجَحِيمُ سُعِّرَتْ ﴿١٢﴾

၁၂။ ထို့ပြင် "ဂျဟန္နမ်" ငရဲသည် မီးမွှေးခြင်းကို ခံရသောအခါ။

وَإِذَا ٱلْجَنَّةُ أُزْلِفَتْ ﴿١٣﴾

၁၃။ ထိုမှတပါး: "ဂျန္နတ်" သုခဘုံသည် အနီးသို့ယူဆောင်လာခြင်းကို ခံရသောအခါ။

عَلِمَتْ نَفْسٌ مَّآ اَحْضَرَتْ ﴿١٤﴾

၁၄။ လူအသီးသီးတို့သည် မိမိတို့ ယူဆောင်ခဲ့ကြသည့် (ကောင်းမှု၊ မကောင်းမှု)တို့ကို သိသွားကြအံ့သတည်း။ ၁

فَلَآ اُقْسِمُ بِالْخُنَّسِ ﴿١٥﴾

၁၅။ သို့ဖြစ်ပေရာ ငါ အရှင်မြတ်သည် အကြင်နောက်ဆုတ်တတ်သော နက္ခတ်တို့ကို သက်သေ ထူတော်မူ၏။

الْجَوَارِ الْكُنَّسِ ﴿١٦﴾

၁၆။ ထိုနက္ခတ်များသည် ဖြောင့်မတ်စွာ သွားတတ်သော၊ ကွယ်ပျောက်၍ သွားတတ်သော နက္ခတ်များဖြစ်ကြကုန်၏။ ၂

---

① **ကိယာမတ်ဖြစ်သောအခါဝယ်။**

ကိယာမတ်နေ့ ပထမအကြိမ် တံပိုးမှုတ်သောအခါ နေသည် အလင်းရောင်မဲ့ ဖြစ်သွားပေမည်။ ကြယ်တာရာများ ကြွေကျပေမည်။ တောင်များ လွင့်စဉ် ရွေ့လျားသွားပေမည်။ ကိုယ်ဝန်ဆောင် ကုလားအုတ်မများသည် အထိန်းအကျောင်းမဲ့ ဖြစ်နေကြပေမည်။ တောတိရစ္ဆာန်များသည် ကြောက်လန့်ပြီး စုရုံးနေကြမည်။ သမုဒ္ဒရာပင်လယ်များသည် လောင်ကျွမ်းဆူပွက်လျက် ရှိပေမည်။

ဒုတိယအကြိမ် တံပိုးမှုတ်သောအခါ လူသားတို့သည် မွတ်စ်လင်မ်တခြား၊ ကာဖိရ်တစ်ကန့်ဖြစ်ပြီး အသီးသီး ကိုယ့်အုပ်စုနှင့်ကိုယ် စုပေါင်းသွားကြပေမည်။ မိမိတို့၏ သမီးမိန်းကလေးများအား အရှင်လတ်လတ် သတ်ဖြတ်မြှုပ်နှံခဲ့ရသူများ၏ ပြစ်မှုထင်ရှားစေရန်အတွက်၊ ထိုသမီးမိန်းကလေးများသည် အဘယ်အပြစ်ကြောင့် သတ်ဖြတ်ခြင်း ခံခဲ့ကြရသနည်းဟု မေးမြန်းခြင်း ခံကြရပေမည်။

လူတိုင်းလူတိုင်း၏ မှတ်တမ်းများသည် ပွင့်သွားပေမည်။ ကောင်းကင်များလည်း ပွင့်သွားပေမည်။ ကောင်းကင်ထက် အရာများကို တွေ့မြင်လာပေမည်။ ငရဲကို မီးညှိပေးလိုက်ပေမည်။ ဂျန္နတ် သုခဘုံသည် မွတ္တကီသူတော်စင်များ အနီးသို့ရောက်ရှိလာပေမည်။ ထိုအခါ လူသားတို့သည် မိမိတို့ ဆည်းပူး ယူဆောင်လာခဲ့ကြသော ကောင်းမှု၊ မကောင်းမှု အကြောင်းနှစ်ခုကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိကြပေမည်။ (ထာနဝီ)

② အချို့ကြယ်ကြီးများသည် ရှေ့သို့ မတ်မတ်သွားရင်း နောက်သို့ ဆုတ်တတ်ကြပေသည်။ ထို့နောက် နောက်သို့သာ ဆုတ်လျက်ရှိကြပေသည်။ သို့ နောက်သို့ ဆုတ်ရင်း မိမိတို့၏ ထွက်ပေါ်ရာဌာနများတွင် ပျောက်ကွယ်သွားကြပေသည်။ ဤသည် "ဗျုဋ္ဌာ" ကျင့်ခြင်းပင်၊ (ဗျုဋ္ဌ=ကျား + ဇာ= အကျင့်) ကျားတို့သည် သားကောင်ကိုလိုက်ကာ ရှေ့ခုန်၊ နောက်ဆုတ်ပြုသကဲ့သို့ ဂြိဟ်တို့ ရှေ့သွား၊ နောက်ဆုတ်ပြုခြင်းပင်။ ဤသည့်အဖြစ်သည် ကြယ်ကြီး၀ါးလုံးတွင် ဖြစ်တတ်ပေသည်။ ယင်းကြယ်ကြီး၀ါးလုံးကို "စမ်စဟ် မုတဟိုင်ယိရဟ်"ဟု ခေါ်သည်။ ၎င်းတို့မှာ ဇုဟလ်၊ မုရ္ခတရီ၊ အတ္တာရိဒ်၊ မိရ်ရိခ်၊ ဇုပ်ရဟ်တည်း။ အလ္လာဟ်အရှင်မြတ်သည် အဆိုပါကြယ်ကြီးများကို သက်သေထူ မိန့်ဆိုထားတော်မူသည်။

وَالَّيۡلِ اِذَا عَسۡعَسَ ﴿۱۷﴾

၁၇။ ၎င်းပြင် (ငါအရှင်မြတ်သည်) ညဉ့်ကို (သက်သေထူတော်မူ၏)။ အကြင်အခါဝယ် ထိုညဉ့်သည် ရောက်ရှိလာ၏။ (ကုန်လွန်သွား၏)။

وَالصُّبۡحِ اِذَا تَنَفَّسَ ﴿۱۸﴾

၁၈။ ၎င်းပြင် (ငါအရှင်မြတ်သည်)နံနက်ကို (သက်သေထူတော်မူ၏)။ အကြင်အခါဝယ် ယင်း နံနက်သည် လင်း၍လာလေ၏။

اِنَّهٗ لَقَوۡلُ رَسُوۡلٍ كَرِيۡمٍ ﴿۱۹﴾

၁၉။ ဧကန်မလွဲ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် မြင့်မြတ်သော စေတမန်တပါး(ယူဆောင်လာသော) အာယတ်တော်ဖြစ်၏။

ذِىۡ قُوَّةٍ عِنۡدَ ذِى الۡعَرۡشِ مَكِيۡنٍ ﴿۲۰﴾

၂၀။ (ထိုစေတမန်သည်) ခွန်အား ကြီးမားသူ၊ 'အရ်ရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်၏အပါးတော်၌ ဂုဏ်အသရေရှိသူဖြစ်ပေသည်။

مُّطَاعٍ ثَمَّ اَمِيۡنٍ ﴿۲۱﴾

၂၁။ (ထို့ပြင်) ထို(မိုးကောင်းကင်များ)၌ ဩဇာညောင်းသူ၊ ယုံကြည်စိတ်ချရသူ(လည်းဖြစ်ပေသည်။)[၁]

وَمَا صَاحِبُكُمۡ بِمَجۡنُوۡنٍ ﴿۲۲﴾

၂၂။ ၎င်းပြင် (ဤ)အသင်တို့၏ အဖော်သည်လည်း ရူးသွပ်သောသူ မဟုတ်ပေ။

وَلَقَدۡ رَاٰهُ بِالۡاُفُقِ الۡمُبِيۡنِ ﴿۲۳﴾

၂၃။ ၎င်းပြင် မလွဲဧကန် ထိုအသင်တို့၏ အဖော်သည် ရှင်းလင်းသော 'အုဖွတ်က်' မိုးကုပ်စက်ဝိုင်း၌ ၎င်းစေတမန်အား တွေ့မြင်ခဲ့ဖူးပေသည်။

---

① **ကုရ်အာန်ကို ယူဆောင်လာသော ကောင်းကင်တမန်။**

ကုရ်အာန်ကျမ်းမြတ်ကို ယူဆောင်လာသော ကောင်းကင်တမန်သည် ကောင်းကင်တမန် ဂျိဗ်ရီလ်ပင်တည်း။ ကောင်းကင်တမန် ဂျိဗ်ရီလ်သည် အလွှာဟ်အရှင်မြတ် ထံတော်၌ မြင့်မြတ်သည်။ ဂုဏ်အသေရေရှိသည်။ အားအင်လည်း ကြီမားသည်။ ကောင်းကင်ထက်ဝယ် ဩဇာလည်း ကောင်းသည်။ သစ္စာသမာဓိလည်း ရှိပေသည်။

وَمَا هُوَ عَلَى الْغَيْبِ بِضَنِينٍ ﴿٢٤﴾

၂၄။ ၎င်းပြင် ထိုအသင်တို့၏အဖေါ်ကား အကွယ်၌ ရှိသောအရာများ(အနက်၊ အလ္လာဟ်အရှင်မြတ်အသိပေးတော်မူသောအရာများ)နှင့်စပ်လျဉ်း၍ စေးနဲသူလည်း မဟုတ်ပေ။ [၁]

وَمَا هُوَ بِقَوْلِ شَيْطَانٍ رَّجِيمٍ ﴿٢٥﴾

၂၅။ ထို့ပြင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်) သည် မည်သည့် နှင်ထုတ်ခြင်းခံရသော 'ရှိုင်တွာန်' မိစ္ဆာကောင်၏ ပြောဆိုချက်လည်း အလျှင်းမဟုတ်ပေ။

فَأَيْنَ تَذْهَبُونَ ﴿٢٦﴾

၂၆။ သို့ပါလျက် အသင်တို့သည် အဘယ်သို့သွားနေကြသနည်း။

إِنْ هُوَ إِلَّا ذِكْرٌ لِّلْعَالَمِينَ ﴿٢٧﴾

၂၇။ ထို(ကုရ်အာန်ကျမ်းတော်မြတ်)သည် စကြာဝဠာခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒသာလျှင် ဖြစ်ချေသည်။

لِمَن شَاءَ مِنكُمْ أَن يَسْتَقِيمَ ﴿٢٨﴾

၂၈။ (အထူးသဖြင့်) အသင်တို့အနက် ဖြောင့်မတ်စွာ သွားလိုသူ၏အဖို့။ [၂]

---

① **<u>ကုရ်အာန်ပို့ချခြင်းခံရသော တမန်တော်</u>**။

ကုရ်အာန်ကျမ်းမြတ် ပို့ချခြင်းခံရသော တမန်တော်ကား တမန်တော်မြတ် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစ္လလ်မ်)တည်း။ တမန်တော်မြတ်သည် ကာဖိရ်များ မဟုတ်မလျားး စွပ်စွဲပြောဆိုကြသကဲ့သို့ သူရူးမဟုတ်။

တမန်တော်မြတ်၌ ပြည့်ဝသော ဉာဏ်၊ မှန်ကန်သော အမြင်၊ ထက်မြက်သော အဆုံးအဖြတ်၊ ပြေပြစ်သော အပြောအဆို၊ ပိရိသော အနေအထိုင် ရှိပေသည်။ တမန်တော်မြတ်သည် ကောင်းကင်တမန် ဂျိဗ်ရီလ်အား ကောင်းစွာသိသည်။

တမန်တော်မြတ်သည် ကောင်းကင်တမန် ဂျိဗ်ရီလ်အား မူလရုပ်ဆင်းသဏ္ဌာန်၌ မိုးကုပ်စက်ဝိုင်းတွင် အသေအချာ တွေ့မြင်ခဲ့ဖူးသည်။ ဤအကြောင်း ကုရ်အာန် (၅၃း၆-၇) တွင် ပါရှိခဲ့ချေပြီ။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အသနားတော်မြတ်ခံရသော တရားတော်များကို ဟောကြားတော်မူရာတွင် အလျင်းစေးနဲတော်မူသည်မဟုတ်ပေ။

② **<u>ကုရ်အာန်ကျမ်းမြတ်</u>**။

ကုရ်အာန်ကျမ်းမြတ်သည် အနှင်ခံ ရှိုင်တွာန်၏ စကားမဟုတ်။ အထက်တွင် ပါရှိခဲ့သည့်အတိုင်း ကောင်းကင်တမန် ယူဆောင်လာသော တမန်တော်မြတ် အသနားတော်ခံရသော အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ဖြစ်ချေသည်။ ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာသူ ကမ္ဘာသားများအဖို့၊ အထူးသဖြင့် လူသားတို့အနက် ရိုးသား၊ တည်ကြည်၊ ဖြောင့်မတ်စွာ နေထိုင်လိုသူများအဖို့ အဆုံးအမသြဝါဒတော် တစ်ပါးဖြစ်ပေသည်။

وَمَا تَشَآءُوْنَ اِلَّآ اَنْ يَّشَآءَ اللّٰهُ رَبُّ الْعٰلَمِيْنَ ۝٢٩

၂၉။ စင်စစ်သော်ကား စကြာဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူမှသာလျှင် အသင်တို့သည် အလိုရှိနိုင်ကြပေမည်တကား။

စုတ်ပြတ်ခြင်းကဏ္ဍ



ဤကဏ္ဍသည် "အင်နှ်ဖိတွာရ်" စုတ်ပြတ်ခြင်းအကြောင်း ပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၉)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

اِذَا السَّمَآءُ انْفَطَرَتْ ۝١

၁။ မိုးကောင်းကင်သည် အက်ကွဲသောအခါ။

وَاِذَا الْكَوَاكِبُ انْتَثَرَتْ ۝٢

၂။ ၎င်းပြင် ကြယ်တာရာများသည် ကြွေကျကြသောအခါ။

وَاِذَا الْبِحَارُ فُجِّرَتْ ۝٣

၃။ ထို့ပြင် ပင်လယ်သမုဒ္ဒရာများသည် ဆူပွက်စီးထွက်(စေခြင်းကို ခံကြရ)သောအခါ။

---

① **အလိုတော်။**

အချို့သူများသည် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြပေသည်။ သို့သော် တရားမရကြပေ။ ဤသည်ကိုကြည့်ပြီး ကုရ်အာန်ကျမ်းမြတ်နှင့်စပ်လျဉ်း၍ အထင်မလွဲမှားရာ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ် အလိုတော်မရှိက လူသားတို့ အလိုမရှိနိုင်ကြပေ။ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိမှသာလျှင် လူသားတို့သည် အလိုရှိနိုင်ကြပေသည်။

ဆိုလိုသည်ကား ကုရ်အာန်ကျမ်းမြတ်သည် ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့အဖို့ အဆုံးအမ ဖြစ်သည်ကားမှန်၏။ သို့ရာတွင် ကုရ်အာန်၏ တရားထိရောက်မှု၊ အကျိုးသက်ရောက်မှုသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်အပေါ်၌သာ တည်ရှိနေပေသည်။ အလိုတော်ရှိတော်မူသော သူများသည် ကုရ်အာန်၏ အနှစ်သာရကို ခံစားခွင့်ရရှိကြပေသည်။ အကြောင်းတစ်ခုခုကြောင့် (၀၊) လက်ခံယူရန် အရည်အချင်း မရှိသည့်အတွက် အလိုတော်မရှိသော အချို့သူများမှာမူကား ကုရ်အာန်ကျမ်းမြတ်၏ အနှစ်သာရကို ခံစားခွင့်မရရှိကြပေ။

وَإِذَا الْقُبُورُ بُعْثِرَتْ ﴿٤﴾

၄။ ထိုမှတပါး သချိုင်းများသည် အထက်အောက် မှောက်လှန် ဖရိုဖရဲဖြစ်စေခြင်းကို ခံကြရသောအခါ။

عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ ﴿٥﴾

၅။ ဇီဝိန် အသီးသီးတို့သည် မိမိတို့ ကြိုတင်ပို့နှင့် ခဲ့ကြသည်များကိုလည်းကောင်း၊ မိမိတို့သည် နောက်တွင် ချန်ခဲ့ကြသည်များကိုလည်းကောင်း၊ သိသွားခဲ့ကြပေမည်။

يَا أَيُّهَا الْإِنسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيمِ ﴿٦﴾

၆။ အို-လူသား၊ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောကျေးဇူးတော်ရှင်နှင့် ပတ်သက်၍ မည်သည့် အရာသည် အသင့်အား လှည့်ဖြားခဲ့သနည်း။

الَّذِي خَلَقَكَ فَسَوَّاكَ فَعَدَلَكَ ﴿٧﴾

၇။ အကြင်အရှင်မြတ်သည် အသင်(လူသား)အား ဖန်ဆင်းတော်မူခဲ့၏။ တဖန် အသင်၏(ဤအဆစ်အပိုင်းများ)ကို နေထားတကျဖြစ်အောင်လည်း ပြုပြင်တော်မူခဲ့၏။ တဖန် အသင့်အား အချိုးအစားကျအောင်လည်း စီမံတော်မူခဲ့၏။

فِي أَيِّ صُورَةٍ مَّا شَاءَ رَكَّبَكَ ﴿٨﴾

၈။ မိမိအလိုရှိတော်မူသော ပုံသဏ္ဌာန်၌ အသင့်အား စီစဉ်ပြုလုပ် (ဖန်ဆင်း)တော်မူခဲ့၏။

كَلَّا بَلْ تُكَذِّبُونَ بِالدِّينِ ﴿٩﴾

၉။ (မည်သည့်အကြောင်းမျှ) အလျှင်းမဟုတ်၊ စင်စစ်မှာမူကား အသင်တို့သည် အစားပေးခြင်းကိုပင် မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်၏။

وَإِنَّ عَلَيْكُمْ لَحَافِظِينَ ﴿١٠﴾

၁၀။ စင်စစ်သော်ကား အသင်တို့အပေါ်၌ ကိုယ်စောင့်များသည် ဧကန်မလွဲ ရှိကြကုန်၏။

كِرَامًا كَاتِبِينَ ﴿١١﴾

၁၁။ (ငါအရှင်မြတ်အထံတော်၌) မြင့်မြတ်သူများ၊ (အသင်တို့၏ ပြောဆိုပြုမူချက်တို့ကို) ရေးမှတ်သူများ။

يَعْلَمُونَ مَا تَفْعَلُونَ ﴿١٢﴾

၁၂။ ၎င်းတို့သည် အသင်တို့ ပြုလုပ်သမျှတို့ကို သိရှိကြကုန်သတည်း။

إِنَّ الْأَبْرَارَ لَفِي نَعِيمٍ ﴿١٣﴾

၁၃။ ဧကန်မလွဲ သူတော်ကောင်းတို့သည် ထာဝရ သုခ၌ ရှိကြပေမည်။

وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ ﴿١٤﴾

၁၄။ သို့ရာတွင် ဆိုးသွမ်းသူတို့မူကား ဧကန်မလွဲ 'ဂျဟန္နမ်' ငရဲ၌ပင် ရှိကြပေမည်။

يَصْلَوْنَهَا يَوْمَ الدِّينِ ﴿١٥﴾

၁၅။ ၎င်းတို့သည် ထို'ဂျဟန္နမ်' ငရဲသို့ အစားပေးမည့်နေ့တွင် ဝင်ကြရပေမည်။

وَمَا هُمْ عَنْهَا بِغَائِبِينَ ﴿١٦﴾

၁၆။ ထို့ပြင် ၎င်းတို့သည် ယင်းငရဲမှ ခွဲခွာမည့်သူများ၊ (ထွက်ရမည့်သူများ) မဟုတ်ကြချေ။

وَمَا أَدْرَاكَ مَا يَوْمُ الدِّينِ ﴿١٧﴾

၁၇။ စင်စစ် အစားပေးမည့်နေ့သည် အဘယ်ကဲ့သို့သောနေ့ပါနည်းဟု အသင်သိပါသလော။

ثُمَّ مَا أَدْرَاكَ مَا يَوْمُ الدِّينِ ﴿١٨﴾

၁၈။ တဖန် အစားပေးမည့်နေ့သည် အဘယ်ကဲ့သို့သောနေ့ဖြစ်သည်ကို အသင်သိပါသလော။

يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْئًا ۖ وَالْأَمْرُ يَوْمَئِذٍ لِّلَّهِ ﴿١٩﴾

၁၉။ (ထိုနေ့သည်ကား) မည်သူမျှပင် မည်သူတဦးတယောက်ကိုမျှ လုံးဝ အကျိုးပြုပိုင်ခွင့်မရှိသောနေ့ပင်။ ထိုနေ့တွင်ကား အမိန့်အာဏာ အလုံးစုံတို့သည် အလ္လာဟ်အရှင်မြတ်၌သာ ရှိကုန်အံ့သတည်း။

အလေးတင်းတောင်းစဉ်းလဲခြင်းကဏ္ဍ



ဤကဏ္ဍသည် "တတ်ဖီဖ်" အလေးတင်းတောင်းစဉ်းလဲခြင်းအကြောင်း ပါဝင်သောကဏ္ဍ မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၃၆)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

၁။ အလေး၊ တင်းတောင်း၊ ခွက်၊ စသည်ကို စဉ်းလဲသူတို့သည် ပျက်စီးကြရပေမည်။

وَيْلٌ لِّلْمُطَفِّفِيْنَ ۝١

၂။ အကြင်သူတို့သည် သူတပါးထံမှ ခြင်တွယ်၍ ယူကြရသောအခါ အပြည့်(ခြင်၍)ရယူကြလေသည်။

الَّذِيْنَ اِذَا اكْتَالُوْا عَلَى النَّاسِ يَسْتَوْفُوْنَ ۝٢

၃။ သို့ရာတွင် ၎င်းတို့သည် သူတပါးတို့အား ခြင်တွယ်၍သော်လည်းကောင်း၊ သူတပါးတို့အား ချိန်တွယ်၍သော်လည်းကောင်း၊ ပေးကြသောအခါ လျှော့၍ ပေးကြလေသည်။

وَاِذَا كَالُوْهُمْ اَوْ وَّزَنُوْهُمْ يُخْسِرُوْنَ ۝٣

၄။ ၎င်းတို့သည် မိမိတို့မှာ ဧကန်အမှန် ရှင်ပြန် ထကြရမည့်သူများ ဖြစ်ကြသည်ကို မယုံကြည်ကြ လေသလော။

اَلَا يَظُنُّ اُولٰٓئِكَ اَنَّهُمْ مَّبْعُوْثُوْنَ ۝٤

၅။ ကြီးကျယ်လှစွာသောနေ့တွင်။

لِيَوْمٍ عَظِيْمٍ ۝٥

၆။ အကြင်နေ့တွင် လူခပ်သိမ်းတို့သည် စကြာဝဠာ ခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ရှေ့တော်မှောက်တွင် ရပ်ကြကုန်အံ့သတည်း။

يَوْمَ يَقُوْمُ النَّاسُ لِرَبِّ الْعٰلَمِيْنَ ۝٦

---

① **အလေးတင်းတောင်း မစဉ်းလဲရ။**

အလေးတင်းတောင်း စဉ်းလဲသူများသည် သူတပါးထံမှ ခြင်တွယ်ဝယ်ယူကြသောအခါ အပြည့် ခြင်ယူကြသည်။ သူတပါးတို့အား ခြင်၍သော်လည်းကောင်း၊ ချိန်၍သော်လည်းကောင်း ပေးကြသောအခါ ➤➤

كَلَّآ إِنَّ كِتَٰبَ ٱلْفُجَّارِ لَفِى سِجِّينٍ ۝٧

၇။ အလျှင်းမဟုတ်၊ ဧကန်စင်စစ် ဒုစရိုက်ကျူးလွန်သောသူတို့၏ မှတ်တမ်းသည် "စစ်ဂျိုဂျိန်" ၌ရှိ၏။

وَمَآ أَدْرَىٰكَ مَا سِجِّينٌ ۝٨

၈။ "စစ်ဂျိုဂျိန်"သည် မည်သည့်အရာဖြစ်ကြောင်း အသင် သိပါသလော။

كِتَٰبٌ مَّرْقُومٌ ۝٩

၉။ (ယင်း"စစ်ဂျိုဂျိန်"မှာ) ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ် တစ်အုပ်ပင် ဖြစ်ချေသည်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ۝١٠

၁၀။ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြသောသူတို့သည် ပျက်စီးကြရပေမည်။

ٱلَّذِينَ يُكَذِّبُونَ بِيَوْمِ ٱلدِّينِ ۝١١

၁၁။ အကြင် သူတို့သည် အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်၏။

➤➤ လျှော့၍ပေးကြသည်။ ဤသည် မတရားပြုခြင်းပင်။ ခေါင်းပုံဖြတ်ခြင်းပင်။ ထိုသို့သော အလေးတင်းတောင်းစဉ်းလဲသူများသည် ပျက်စီးကြရမည် သာဖြစ်သည်။

ယင်းသို့သောသူများသည် တစ်ရက် ငါတို့သည် ရှင်ပြန်ထကြရဦးမည်။ ထိုနေ့တွင် လူသားအားလုံးတို့သည် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက် ရောက်ကြရမည်။ လူ့လောကတွင် မိမိတို့ ပြုမူခဲ့ကြသည်များနှင့် စပ်လျဉ်း၍ စာရင်းအင်းရှင်းကြရမည်ကို မတွေးမိကြပေ၊ မယုံကြည်ကြပေ။

သို့တွေးမိကြပါက ယုံကြည်ကြပါက ၎င်းတို့သည် အလေးတင်းတောင်း စဉ်းလဲကြမည်မဟုတ်ပေ၊ ခေါင်းပုံဖြတ်ကြမည် မဟုတ်ပေ။ မတရားမှု အလျင်းပြုကြမည်မဟုတ်ပေ။

ရောင်းဝယ်ရာတွင် အလေးတင်းတောင်း မစဉ်းလဲရမည့်အကြောင်း၊ အပြည့်အဝ ပေးရမည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် မြောက်မြားစွာသော နေရာများ၌ မိန့်ဆိုထားတော်မူပေသည်။ ကြည့်- ကုရ်အာန် (၆း၁၅၃။ ၇း၈၅။ ၁၁း၈၄-၈၅။ ၁၇း၃၅။ ၂၆း၁၈၁-၁၈၃။ ၅၅း၇၊ ၇-၉)။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်ရှူအိုက်ဗ်၏ အမျိုးသားများကို အလေးတင်းတောင်း စဉ်းလဲခဲ့ကြသည့်အတွက် ကွပ်မျက်တော်မူခဲ့သည် မဟုတ်ပါလော။ ကြည့်-ကုရ်အာန် (၇း၈၅-၉၃။ ၁၁း၈၄-၉၅။ ၂၆း၁၇၆-၁၉၁)။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၇း၈၅)၏အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။

② "စစ်ဂျိုဂျိန်"

"စစ်ဂျိုဂျိန်"သည် ကာဖိရ် သူယုတ်မာများ၏ အမည်နာမများ ရေးမှတ်ထားသော မှတ်တမ်းစာအုပ် ဖြစ်သည်။ အချို့ ရိပါယတ် ကျမ်းချက်များကို ကြည့်ခြင်းအားဖြင့် "စစ်ဂျိုဂျိန်" သည် အဆိုပါ မှတ်တမ်းစာအုပ် ထားရာဌာနဖြစ်ကြောင်း၊ ကာဖိရ် သူယုတ်မာများ၏ ဝိညာဉ်များကိုလည်း ထိုဌာနမှာပင် ထားရှိကြောင်း သိရလေသည်။

وَمَا يُكَذِّبُ بِهِۦٓ إِلَّا كُلُّ مُعْتَدٍ أَثِيمٍ ﴿١٢﴾

၁၂။ စင်စစ် ယင်းအစားပေးမည့်နေ့ကို ကျူးကျော်သူ၊ အလွန် ပြစ်မှုထင်ရှားသော သူသည်သာလျှင် မဟုတ်မမှန်ဟူ၍ ငြင်းပယ်လေ့ရှိ၏။

إِذَا تُتْلَىٰ عَلَيْهِ ءَايَٰتُنَا قَالَ أَسَٰطِيرُ ٱلْأَوَّلِينَ ﴿١٣﴾

၁၃။ ၎င်း၏ရှေ့ဝယ် ငါအရှင်မြတ်၏ အာယတ်တော်များ ဖတ်ကြားသောအခါ "ဤသည် ရှေးလူဟောင်းတို့၏ပုံပြင်များသာ ဖြစ်ကြသည်"ဟု ၎င်းက ပြောဆိုလေ့ရှိ၏။

كَلَّا بَلْ ۜ رَانَ عَلَىٰ قُلُوبِهِم مَّا كَانُوا۟ يَكْسِبُونَ ﴿١٤﴾

၁၄။ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၎င်းတို့သည် ဆည်းပူးလျက် ရှိခဲ့ကြသည့် (ပြစ်မှု)များသည် ၎င်းတို့၏စိတ်နလုံးများပေါ်၌ ဖုံးလွှမ်းခဲ့ပြီးဖြစ်၏။

كَلَّآ إِنَّهُمْ عَن رَّبِّهِمْ يَوْمَئِذٍ لَّمَحْجُوبُونَ ﴿١٥﴾

၁၅။ အလျှင်းမဟုတ်၊ ဧကန်မလွဲ ၎င်းတို့သည် ထိုနေ့တွင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(အား ဖူးမျှော်ခြင်း)မှ ကာကွယ်ခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေသည်။

ثُمَّ إِنَّهُمْ لَصَالُوا۟ ٱلْجَحِيمِ ﴿١٦﴾

၁၆။ ထို့နောက် ဧကန်မလွဲ ၎င်းတို့သည် 'ဂျဟန္နမ်' ငရဲထဲသို့ ဝင်ရောက်ကြရပေမည်။

---

① **အစားပေးတော်မူမည့်နေ့ကို ငြင်းပယ်သောသူများသည် ပျက်စီးကြရမည်သာ။**

အစားပေးတော်မူမည့်နေ့ကို ငြင်းပယ်သူများသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမွေးမြူမှုတန်ခိုးတော်၊ ထိုအရှင်မြတ်၏ တရားမျှတမှု စသည့်အားလုံးတို့ကို ငြင်းပယ်သူများသာ ဖြစ်ကြပေသည်။ ထိုသို့သောသူများသည် မည်သည့်ပြစ်မှုကို ကျူးလွန်ရန် နောက်ဆန့်မင်ကြပေ။

ထိုသို့သောသူများသည် အလ္လာဟ်အရှင်မြတ်၏ တရားတော်များကို ကြားလျှင် ဤသည်တို့သည် ရှေ့သူဟောင်းတို့၏ ပုံပြင်ဒဏ္ဍာရီများသာဖြစ်သည်။ ငါတို့သည် ဤသို့သော ပုံပြင်ဒဏ္ဍာရီများကို ဂရုမမူကြဟူ၍ပင် မိုက်မဲစွာ ပြောဆိုကြလေသည်။

အလ္လာဟ်အရှင်မြတ်၏ တရားတော်များသည် အစမှအဆုံးတိုင် မှန်ကန်သည်သာဖြစ်သည်။ ဤတွင် ဒွိဟသံသယ အလျင်းမရှိ။ အမှန်မှာ ပြစ်မှုဒုစရိုက်များကို အမြဲတစေ ကျူးလွန်နေကြသည့်အတွက် ယင်းကာဖိရ်တို့၏ စိတ်နလုံးများအပေါ်တွင် သံချေးများ တက်လျက်ရှိချေပြီ။ ထို့အတွက် ၎င်းတို့သည် အမှန်တရားကို မကြားလိုကြ၊ မမြင်လိုကြ၊ မတွေးလိုကြ၊ မနာလိုကြ။ အမှန်တရားကို မကြားလို၊ မမြင်လို၊ မတွေးလို၊ မနာလိုကြသည်သာမက အမှန်တရားကိုပင် ပြက်ရယ်ပြုလာကြပေသည်။ ဆန့်ကျင်လာကြပေသည်။ ➤➤

ثُمَّ يُقَالُ هَٰذَا الَّذِي كُنتُم بِهِ تُكَذِّبُونَ ﴿١٧﴾

၁၇။ ထို့နောက် (ၦင်းတို့အား) "ဤသည် အသင်တို့က မဟုတ်မမှန်ဟူ၍ ငြင်းပယ်လေ့ရှိခဲ့သောအရာပင် ဖြစ်သည်"ဟု ပြောဆိုခြင်း ခံရအံ့သတည်း။

كَلَّا إِنَّ كِتَٰبَ الْأَبْرَارِ لَفِي عِلِّيِّينَ ﴿١٨﴾

၁၈။ အလျှင်းမဟုတ်၊ ဧကန်အမှန် သူတော်ကောင်းတို့၏မှတ်တမ်းမှာ "အစ်လ်လီယီန်" ၌ ရှိ၏။

وَمَا أَدْرَىٰكَ مَا عِلِّيُّونَ ﴿١٩﴾

၁၉။ သို့ရာတွင်၊ "အစ်လ်လီယီန်"သည် အဘယ်အရာဖြစ်သည်ကို အသင်သည် အသို့လျှင်သိနိုင်အံ့နည်း။

كِتَٰبٌ مَّرْقُومٌ ﴿٢٠﴾

၂၀။ (ယင်း "အစ်လ်လီယီန်" ကား) ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ်ပင်။ [၁]

➤➤ တမန်တော်မြတ်၏ ဩဝါဒတော်များတွင် လာရှိသည်မှာ လူတစ်ယောက်သည် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်လိုက်သည့်အခါ ထိုသူ၏ စိတ်နှလုံးပေါ်တွင် အမည်းစက်တစ်ခု ထင်လာသည်။ အကယ်၍ ထိုသူသည် မိမိ၏အမှားကို ဝန်ချတောင်းပန်ပါက ထိုအမည်းစက်သည် ပပျောက်သွားလေသည်။

သို့မဟုတ်ပါဘဲ အကယ်၍ ထိုသူသည် ဆက်လက်၍ ပြစ်မှုများ ကျူးလွန်နေပါက ထိုအမည်းစက်သည် ကြီးထွားပြန့်ပွားလာပြီး နောက်ဆုံးတွင် ထိုသူ၏စိတ်နှလုံးတစ်ခုလုံးသည် လုံးဝမည်း၍ သွားလေတော့သည်။ (ထိုအခါ ထိုသူသည် အမှားနှင့်အမှန်ကို ခွဲခြားမသိမြင်နိုင်တော့ပေ)။ ဤကား ကုရ်အာန် ကျမ်းများတွင် စိတ်နှလုံးများ၏ အပေါ်၌ သံချေးတက်ခြင်း သဘောပင်။ ထို့အတူ အထက်ဖော်ပြပါအစား ပေးတော်မူမည့်နေ့ကို ငြင်းပယ်နေသော ကာဖိရ်များသည်လည်း ပြစ်မှုများကို အမြဲတစေ ကျူးလွန်နေကြသည့်အတွက် ၎င်းတို့၏ စိတ်နှလုံးများသည် မည်းလျက် ခက်ထန်လျက် ရှိချေပြီ။ ထို့အတွက် ၎င်းတို့သည် ကျမ်းဂန်တရားတော်များကို မနာခံကြသည်သာမက ပြက်ရယ်သမ္ဘပြုလျက် ရှိကြချေပြီ။

ထိုသို့သော ကာဖိရ်များသိထားအပ်ကြသည်မှာ အစားပေးတော်မူမည့်နေ့သည် အချိန်ကျက မုချဆိုက်ရောက်လာမည်သာ ဖြစ်သည်။ ထိုအခါ စိတ်နှလုံးမည်းနေသော ကာဖိရ်များသည် အလွှာဟ် အရှင်မြတ်အား ဖူးတွေ့နိုင်ကြမည်မဟုတ်ပေ။ စိတ်နှလုံး သံချေးတက်နေသော ကာဖိရ်သည် ဂျဟန္နမ်ငရဲသို့ လားကြရပေမည်။ ဤကား စိတ်နှလုံးမည်းခြင်း၊ သံချေးတက်ခြင်း၏ အကျိုးပင်။ မုအ်မင်န် သူတော်စင်တို့မူကား အလွှာဟ်အရှင်မြတ်အား ဖူးတွေ့ရပေမည်။ ဂျန္နတ်သုခဘုံတွင် ချမ်းသာသုခအဝဝနှင့် ပြည့်ဝစွာရှိကြပေမည်။

ရှေ့တွင် မုအ်မင်န်သူတော်စင်များ စံစားကြရမည့် သုခချမ်းသာအဖြာဖြာကို မိန့်ဆိုထားတော်မူသည်။

① "အစ်လ်လီယီန်"

'အစ်လ်လီယီန်' သည် မုအ်မင်န်သူတော်စင်များ၏ အမည်များကို ရေးမှတ်ထားသော မှတ်တမ်းစာအုပ်ဖြစ်သည်။ အချို့ကျမ်းချက်များကို ကြည့်ခြင်းအားဖြင့် "အစ်လ်လီယီန်" သည် အဆိုပါ မှတ်တမ်းထားရာဌာနဖြစ်ကြောင်း၊ မုအ်မင်န်သူတော်စင်များ၏ ဝိညာဉ်များကိုလည်း ထိုဌာနမှာပင် ထားရှိကြောင်း သိရှိရပေသည်။

အိဗ်နုကဆီရ်။

يَّشْهَدُهُ الْمُقَرَّبُوْنَ ﴿٢١﴾

၂၁။ ယင်း မှတ်တမ်းစာအုပ်ကို အပါးတော်၌ရှိကုန်သော ကောင်းကင်တမန်တို့သည် ကြည့်ရှုကြပေမည်။

اِنَّ الْاَبْرَارَ لَفِيْ نَعِيْمٍ ﴿٢٢﴾

၂၂။ ဧကန်မလွဲ သူတော်ကောင်းတို့မှာ ထာဝရသုခ၌ ရှိကြပေမည်။

عَلَى الْاَرَآئِكِ يَنْظُرُوْنَ ﴿٢٣﴾

၂၃။ ၎င်းတို့သည် သလွန်များထက်ဝယ် စံမြန်းကာ ရှုစားကြလျက် ရှိကြပေမည်။

تَعْرِفُ فِيْ وُجُوْهِهِمْ نَضْرَةَ النَّعِيْمِ ﴿٢٤﴾

၂၄။ အသင်သည် ၎င်းတို့၏ မျက်နှာများတွင် ငြိမ်းချမ်းမှု၏စိုပြည်ခြင်းကို (မြင်သောအခါ) ခွဲခြား၍ သိနိုင်ပေမည်။

يُسْقَوْنَ مِنْ رَّحِيْقٍ مَّخْتُوْمٍ ﴿٢٥﴾

၂၅။ ၎င်းတို့သည် တံဆိပ်ခတ်ထားသော (ကြည်လင် သန့်ရှင်းသော) အရက်အစစ် တိုက်ကျွေးခြင်းကို ခံကြရပေမည်။

خِتٰمُهٗ مِسْكٌ ؕ وَفِيْ ذٰلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُوْنَ ﴿٢٦﴾

၂၆။ ထိုအရက်၏တံဆိပ်မှာ ကတိုးဖြစ်၏။ စင်စစ်သော်ကား ပြိုင်ဆိုင်သူတို့သည် (လိုလားသူတို့) ဤသည်ကိုပင် အပြိုင်အဆိုင် ရယူထိုက်ကြပေသည်။ (လိုလားအပ်ကြပေသည်)။

وَمِزَاجُهٗ مِنْ تَسْنِيْمٍ ﴿٢٧﴾

၂၇။ ယင်းအရက်၏ ရောစပ်ရာမှာ "တတ်စ်နီမ်"မှ ဖြစ်၏။

عَيْنًا يَّشْرَبُ بِهَا الْمُقَرَّبُوْنَ ﴿٢٨﴾

၂၈။ (ယင်း"တတ်စ်နီမ်"မှာ) စမ်းတစ်ခုပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် နီးစပ်သော သူမွန်သူမြတ်တို့ကား ယင်း"တတ်စ်နီမ်"မှပင် သောက်သုံးကြကုန်သတည်း။ ③

---

③ ဂျန္နတ်သုခဘုံရှိ ချမ်းသာသုခများကို လူသားတို့သည် ဤပစ္စက္ခရှိ မျက်စိ၊ နား၊ စိတ်နလုံးတို့ဖြင့် မမြင်နိုင်၊ မကြားနိုင် မတွေးနိုင်ကြချေ။ လူသားတို့ အနည်းငယ် မှန်းဆနိုင်ရန်အတွက် ဂျန္နတ်တွင် ➤➤

إِنَّ الَّذِينَ أَجْرَمُوا كَانُوا مِنَ
الَّذِينَ آمَنُوا يَضْحَكُونَ ﴿٢٩﴾
وَإِذَا مَرُّوا بِهِمْ
يَتَغَامَزُونَ ﴿٣٠﴾
وَإِذَا انقَلَبُوا إِلَىٰ أَهْلِهِمُ
انقَلَبُوا فَكِهِينَ ﴿٣١﴾
وَإِذَا رَأَوْهُمْ قَالُوا إِنَّ
هَٰؤُلَاءِ لَضَالُّونَ ﴿٣٢﴾
وَمَا أُرْسِلُوا عَلَيْهِمْ
حَافِظِينَ ﴿٣٣﴾

၂၉။ ဧကန်စင်စစ် ပြစ်မှုကျူးလွန်ခဲ့ကြသောသူတို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အပေါ်၌ ရယ်မောလေ့ရှိခဲ့ကြကုန်၏။

၃၀။ ၎င်းပြင် ထို သက်ဝင်ယုံကြည်သူတို့သည် ၎င်းတို့အနီးမှဖြတ်၍ လျှောက်သွားကြသောအခါ ၎င်းတို့သည် မျက်ရိပ်ပြ(ကာ ကျီစယ်)လေ့ရှိခဲ့ကြကုန်၏။

၃၁။ ထို့ပြင် ၎င်းတို့သည် မိမိတို့ အိမ်သူအိမ်သား ထံပြန်ခဲ့ကြသောအခါ (ထိုသက်ဝင်ယုံကြည်သူတို့၏ အကြောင်းများကို စားမြိုပြန်၍) ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။ (ရယ်မောမြူးတူးကျီစယ်ကြကုန်၏)။

၃၂။ ထိုမှတပါး၊ ၎င်းတို့သည် ထိုသက်ဝင်ယုံကြည်သူတို့အား တွေ့မြင်ကြသောအခါ "ဧကန်မလွဲ ဤသူတို့သည် အမှန်ပင် လမ်းလွဲသူများ ဖြစ်ကြသည်"ဟု ပြောဆိုကြကုန်၏။

၃၃။ စင်စစ်သော်ကား၊ ၎င်းတို့သည် ထိုသက်ဝင်ယုံကြည်သူတို့အပေါ်၌ ကြီးကြပ် အုပ်ထိန်းသူများ အဖြစ် စေလွှတ်ခြင်း ခံခဲ့ကြရသည် မဟုတ်ပေ။

➢➢ စံစားရမည့် အချို့ပစ္စည်းများကိုသာ ဖော်ပြထား၏။ ထိုပစ္စည်းများသည် ဤကမ္ဘာရှိ ပစ္စည်းများနှင့် အမည်တူသော်လည်း အရည်မတူ၊ အဆင်းတူသော်လည်း အချင်းကားမတူ။

ဤအာယတ်တော်တွင် ဂျန္နတ်၌ ဂျန္နတ်သားတို့သည် (ရဟီက်) ရသာရည်ကို သောက်သုံးကြရမည့် အကြောင်း ဖော်ပြထားတော်မူသည်။ "ရဟီက်" သည် အလွန်ကြည်လင် သန့်ရှင်းသော အနှံ့အရသာနှင့် ပြည့်ဝသော၊ စွမ်းရည်သတ္တိနှင့်ပြည့်စုံသော အုံမဆုံးသည့် ရသာရည်တစ်မျိုးပင်။ ထိုသည့် ရဟီက်ဟူသော ပုဒ်ကို မုဖတ်စ်စီရိမ်များက ခမ်ရ်၊ (Wine)"အရက်" ဟူ၍ အနက်ဖွင့်ကြသည်။ ထိုသို့ အနက်ဖွင့်ထားသည်ကို ကြည့်ပြီး အချို့က "ဂျန္နတ်" နှင့် အရက် လားလားမျှ မအပ်" ဟု ဆိုကောင်းဆိုကြပေမည်။

သို့ရာတွင် အထက်၌ ဖွင့်ဆိုရေးသားထားကဲ့သို့ ဂျန္နတ်ရှိအရာများကို ကျွန်ုပ်တို့သည် ဤပစ္စက္ခ အာရုံများဖြင့် မမြင်နိုင်၊ မကြားနိုင်၊ မတွေးနိုင်ကြပေ။ ထို့ပြင်တဝ ဂျန္နတ်ရှိ အရက်သည်လည်း ဤကမ္ဘာရှိ အရက်နှင့် လားလားမျှတူမည်မဟုတ်။ အမည်တူသော်လည်း အရည်အချင်းကား အလျင်းတူမည်မဟုတ်ပေတကား။

فَٱلْيَوْمَ ٱلَّذِينَ ءَامَنُوا۟ مِنَ ٱلْكُفَّارِ يَضْحَكُونَ ﴿٣٤﴾

عَلَى ٱلْأَرَآئِكِ يَنظُرُونَ ﴿٣٥﴾

هَلْ ثُوِّبَ ٱلْكُفَّارُ مَا كَانُوا۟ يَفْعَلُونَ ﴿٣٦﴾

၃၄။ သို့ဖြစ်ပေရာ ယနေ့သော်ကား "မုအ်မင်နှ်" သက်ဝင်ယုံကြည်သူတို့သည် "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့အပေါ်ဝယ် ရယ်ကြပေမည်။

၃၅။ ထိုသက်ဝင်ယုံကြည်သူတို့မှာ သလွန်များထက်ဝယ် စံမြန်းလျက်ကြည့်ရှုကြပေမည်။

၃၆။ "ကာဖိရ်" သွေဖည်ငြင်းပယ်သောသူတို့သည် မိမိတို့ပြုလုပ်လေ့ရှိခဲ့ကြသော အပြုအမူတို့၏အကျိုးပေးဆပ်ခြင်းကို ခံကြရပြီမဟုတ်လော။ ၁

---

① **သူ့ကို ငါဖျက် ငါလျှင်ပျက်**

လူ့လောကၦ ဒုစရိုက်မှုများတွင် နစ်မွန်း၍ ဆိုးမိုက်နေသော ကာဖိရ်များသည် မုအ်မင်နှ်များအား အထင်အမြင်သေးကာ ပြက်ရယ်သမူ ပြုလေ့ရှိကြ သည်။ ၎င်းတို့အနီးမှ မုအ်မင်နှ်များ ဖြတ်သွားလျှင် မျက်ရိပ်ပြကာ ကျီစယ်လေ့ရှိခဲ့ကြသည်။ မိမိတို့၏ အိမ်သူအိမ်သားများထံ ပြန်ကြသောအခါ မုအ်မင်နှ်များ၏ အကြောင်းစမြဲပြန်ပြီး အားပါးတရ ပြက်ရယ်လေ့ ရှိကြသည်။ ကာဖိရ်များသည် မုအ်မင်နှ်များကို မြင်သောအခါ မိမိတို့၏ ထင်မြင်ယူဆချက်အရ ဤသူများသည် အမှန်မှချ လမ်းလွဲမှားသူများ ဖြစ်ကြသည် ဟူ၍ပင် ဆိုလေ့ ရှိခဲ့ကြသည်။ ဤသို့ဖြင့် ကာဖိရ်များသည် မုအ်မင်နှ်တို့အား ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတစ်ဖုံ၊ မျက်ရိပ်ပြ၍ တစ်နယ်၊ ဖွင့်ဟ၍တစ်သွယ် ပြက်ရယ်သမူ ပြုခဲ့ကြလေသည်။

အမှန်မှာ ကာဖိရ်များသည် မုအ်မင်နှ်များအား ကြီးကြပ်အုပ်ထိန်းသူများလည်း မဟုတ်ကြပေ။ သူတပါးအား ပြက်ရယ်ပြုနေရန်မလိုပေ။ သူတပါးအရေးထက် ကိုယ့်အရေး တွေးကြရပေမည်။ ယခုမူ အမှန်တရား ရရှိနေကြသော မုအ်မင်နှ်များကိုပင် ပြက်ရယ်သမူ ပြုနေကြသည်။ မိမိတို့အရေးကို မေ့နေကြသည်။ ဤကား မဟာအမှားပင်၊ မိုက်မဲမှုပင်။ ယင်းသို့သော ကာဖိရ်များသည် "သူ့ကိုငါဖျက် ငါလျှင်ပျက်" ဆိုသကဲ့သို့ ကိယာမတ်နေ့တွင် မိမိတို့ မိုက်မဲမှု၊ ဆိုးသွမ်းမှုများ၏အကျိုးကို လှလှကြီးခံစားရမည်။ ၎င်းတို့ အထင်အမြင်သေးခဲ့သော၊ ပြက်ရယ်သမူပြုခဲ့သော မုအ်မင်နှ်များသည် ဂျန္နတ်သုခဘုံတွင် စံမြန်းလျက် ရှိကြမည်။ တစ်ချိန်က ၎င်းတို့သည် မုအ်မင်နှ်တို့အား ပြက်ရယ်ခဲ့ကြသည်။ ယနေ့ မုအ်မင်နှ်များသည် ၎င်းတို့အားကြည့်၍ ရယ်ကြမည်။ ဤကား မည်သူမပြု မိမိမှုပင်၊ ကိုယ့်ရှုးကိုယ်ပတ်ခြင်းပင်။

ဤသည့်သဘောကို ကုရ်အာန် (၂၃:၁၀၀-၁၁၁) တွင်လည်း မိန့်ဆိုထားတော်မူသည်။

ကွဲအက်ခြင်းကဏ္ဍ



ဤကဏ္ဍသည် "အင်နှိုကာက်" ကွဲအက်ခြင်းအကြောင်း ပါဝင်သောကဏ္ဍဖြစ်သည်။ မက္ကာမြို့တော်၌ ကျရောက်ခဲ့သည်။ ဤကဏ္ဍတွင် အာယတ်တော် (၂၅)ပါး ပါရှိသည်။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

إِذَا السَّمَاءُ انشَقَّتْ ﴿١﴾

၁။ အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍ သွားပေမည်။

وَأَذِنَتْ لِرَبِّهَا وَحُقَّتْ ﴿٢﴾

၂။ ၎င်းပြင် ထိုမိုးကောင်းကင်သည် မိမိအား ဖန်ဆင်းတော်မူသောအရှင်မြတ်၏ အမိန့်တော်ကို နာခံပေမည်။ စင်စစ် ယင်းမိုးကောင်းကင်သည် (ယင်းသို့ နာခံရန်သာ) ထိုက်တန်ပေသည်။ [၁]

وَإِذَا الْأَرْضُ مُدَّتْ ﴿٣﴾

၃။ ထို့ပြင် အကြင်အခါဝယ် ပထဝီမြေသည် ဆွဲဖြန့်ခြင်းကို ခံရပေမည်။

وَأَلْقَتْ مَا فِيهَا وَتَخَلَّتْ ﴿٤﴾

၄။ ၎င်းပြင် ယင်းပထဝီမြေသည် မိမိအတွင်း၌ ရှိသောအရာဝတ္ထုများကို (အပြင်သို့ အန်)ထုတ်ပြီး လျှင် ဗလာချည်း ဖြစ်သွားပေမည်။ [၂]

---

① **မိုးအက်ကွဲသွားမည်။**

အလ္လာဟ်အရှင်မြတ် ထံတော်မှ အမိန့်တော် ကျရောက်လာသည့်အခါ မိုးသည်ပင် အက်ကွဲသွားပေမည်။ အမိန့်တော် နာခံပေမည်။ နာခံရမည်သာဖြစ်သည်။

② **မြေသည် အန်ထုတ်မည်။**

ကိယာမတ်နေ့တွင် ကမ္ဘာမြေကြီးသည် ကြက်ပေါင်စေးကဲ့သို့ ဆွဲဖြန့်ခြင်း ခံရပေမည်။ ထိုအခါ မြေမျက်နှာပြင်တွင် နိမ့်မြင့် ဖြစ်နေသည်များသည် ပျောက်ကွယ်သွားပေမည်။ မြေမျက်နှာပြင်သည် ချေပြင်အလား ညီညွတ်သွားပေမည်။ လူသားအားလုံးတို့သည် မြေမျက်နှာပြင်ပေါ်တွင် အကာအကွယ်မရှိ ထင်လင်းစွာ ပေါ်ထွက်လာကြပေမည်။ ကိယာမတ်နေ့တွင် ကမ္ဘာမြေကြီးသည် မိမိအတွင်းသို့ ရောက်ရှိနေသော ဘဏ္ဍာများ၊ လူသားတို့၏ အစိတ်အပိုင်းများ၊ ကျိုးပြစ်ခဲစံရန်ရှိသော အရာများအားလုံးတို့ကို အန်ထုတ်ပေမည်။

وَأَذِنَتْ لِرَبِّهَا وَحُقَّتْ ﴿٢﴾

၅။ ထို့ပြင် ယင်းပထဝီမြေသည် မိမိအား ဖန်ဆင်းတော်မူသောအရှင်မြတ်၏ အမိန့်တော်ကို နာခံစေမည်။ စင်စစ် ယင်းပထဝီမြေသည် ယင်းသို့ နာခံရန်သာ ထိုက်တန်ပေသည်။

يَٰٓأَيُّهَا ٱلْإِنسَٰنُ إِنَّكَ كَادِحٌ إِلَىٰ رَبِّكَ كَدْحًا فَمُلَٰقِيهِ ﴿٦﴾

၆။ အို-လူသား၊ ဧကန်စင်စစ် အသင်သည် မိမိအရှင်မြတ်အထံတော်သို့ ရောက်ရှိသည့်တိုင်အောင် (သေသည့်တိုင်အောင်) ပင်ပန်းကြီးစွာ ကြိုးပမ်းဆောင်ရွက်ရပေမည်။ ထို့နောက် (အသင်သည်) ယင်းကြိုးပမ်းမှု(၏ အကျိုးကို) တွေ့ရှိရပေမည်။ [၁]

فَأَمَّا مَنْ أُوتِىَ كِتَٰبَهُۥ بِيَمِينِهِۦ ﴿٧﴾

၇။ မည်သို့ပင်ဖြစ်စေ ထိုအခါ မိမိမှတ်တမ်းကို မိမိလက်ယာဘက်လက်ထဲ၌ပေးခြင်းကို ခံရသောသူသည်-

فَسَوْفَ يُحَاسَبُ حِسَابًا يَسِيرًا ﴿٨﴾

၈။ ထိုသူသည် လွယ်ကူသော စစ်ဆေးမှုကို စစ်ဆေးခြင်း ခံရပေမည်။

وَيَنقَلِبُ إِلَىٰٓ أَهْلِهِۦ مَسْرُورًا ﴿٩﴾

၉။ ၎င်းပြင် ထိုသူသည် မိမိ အိမ်သူအိမ်သား အပေါင်းအဖော်တို့ထံမှ ဝမ်းမြောက်စွာ ပြန်လာပေမည်။

وَأَمَّا مَنْ أُوتِىَ كِتَٰبَهُۥ وَرَآءَ ظَهْرِهِۦ ﴿١٠﴾

၁၀။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ မိမိမှတ်တမ်းကို မိမိနောက်ကျောဘက်မှပေးခြင်းကို ခံရသောသူသည်-

---

① **လူတိုင်းသည် မိမိတို့ကြိုးပမ်းခဲ့သည်များကို ခံစံရမည်သာ။**

လူတိုင်းသည် မိမိ၏အရှင်သခင်ထံ မရောက်သေးမီ၊ တစ်နည်း မသေမီ အစွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သည်သာဖြစ်ပေသည်။ အချို့သည် မိမိ၏အရှင်သခင် နှစ်သက်တော်မူသော အလုပ်များကို လုပ်ဆောင်သည်။ အချို့သည် မိမိ၏ အရှင်သခင် မနှစ်သက်တော်မူသော အလုပ်များကို လုပ်ဆောင်သည်။ အချို့သည် မိမိအရှင်သခင်၏ အမိန့်တော်များကို နာခံသည်။ အချို့သည် ဆွေဖည်သည်။ လူတိုင်းသည် ကောင်းမှုကို လုပ်သည်ဖြစ်စေ၊ မကောင်းမှုကို လုပ်သည်ဖြစ်စေ နောက်ဆုံးတွင် မိမိ၏ အရှင်သခင်ထံသို့ ရောက်ရှိလာရပေမည်။ မိမိဆည်းပူးခဲ့သည်များကို ကောင်းမှုဖြစ်ပါက စံရပေမည်၊ မကောင်းမှုဖြစ်ပါက ခံရပေမည်။ ဤကား မည်သူတစ်ဦးတစ်ယောက်မျှ မကွေကွင်းနိုင်သော လမ်းကြောင်းတည်း။

فَسَوْفَ يَدْعُوا۟ ثُبُورًا ﴿١١﴾

၁၁။ အမှန်ပင် ထိုသူသည် သေခြင်းတရားကို ဟစ်ခေါ်ပေမည်။

وَيَصْلَىٰ سَعِيرًا ﴿١٢﴾

၁၂။ ၎င်းပြင် ထိုသူသည် (ဂျဟန္နမ်ငရဲ၏) မီးတောက်မီးလျှံထဲသို့ ဝင်ရပေမည်။

إِنَّهُۥ كَانَ فِىٓ أَهْلِهِۦ مَسْرُورًا ﴿١٣﴾

၁၃။ ၎ကန်စင်စစ် ထိုသူသည် မိမိအိမ်သူအိမ်သား အပေါင်းအဖော်တို့၌ ပျော်ရွှင်စွာရှိခဲ့ပေသည်။ [၁]

إِنَّهُۥ ظَنَّ أَن لَّن يَحُورَ ﴿١٤﴾

၁၄။ ၎ကန်စင်စစ် ၎င်းသည် (မိမိအရှင်မြတ်အထံ တော်သို့) အလျင်းပြန်သွားရမည် မဟုတ်ဟု ထင်မှတ်ခဲ့ပေသည်။

---

① **ရှေ့မှ မှတ်တမ်းပေးခံရသူများနှင့် နောက်ကျောဘက်မှ မှတ်တမ်းအပေးခံရသူများ။**

ကိယာမတ်နေ့တွင် ကောင်းကင်တမန်များသည် လူသားတို့အား ၎င်းတို့၏ မှတ်တမ်းများကို ပေးအပ်ကြမည်။ သို့ပေးအပ်ရာတွင် အချို့တို့အား ရှေ့ဘက်မှ လက်ယာလက်တွင်ပေးအပ်ကြမည်။ အချို့တို့အား နောက်ကျောဘက်မှ လက်ဝဲလက်တွင် ပေးအပ်ကြမည်။ ရှေ့ဘက်မှ လက်ယာလက်တွင် မှတ်တမ်းပေးအပ်ခြင်း ခံရသူများသည် စာရင်းအင်း စစ်ကြောမေးမြန်းရာ၌ လွယ်ကူကြမည်၊ သက်သာကြမည်။ မိမိတို့၏ အိမ်သူအိမ်သား အပေါင်းအဖော်များထံ ပျော်ရွှင်စွာ ပြန်နိုင်ကြမည်။

နောက်ကျောဘက်မှ လက်ဝဲလက်တွင် မှတ်တမ်းပေးအပ်ခြင်း ခံရသူများသည် ငရဲမလားရလေအောင် သေခြင်းတရားကို ဟစ်ခေါ်တမ်းတကြမည်။ သို့တစေလည်း ငရဲသို့ လားကြရမည်သာ ဖြစ်သည်။

သက်ဆိုင်ရာမှတ်တမ်းများကို ရှေ့ဘက်မှ လက်ယာဘက်တွင် ပေးအပ်ခြင်းမှာ ပေးရိုးပေးစဉ်ဖြစ်သည် သာမက သက်ဆိုင်ရာပုဂ္ဂိုလ်အား လေးစားခြင်းဖြစ်သည်။ နောက်ကျောဘက်မှ လက်ဝဲလက်တွင် ပေးအပ်ခြင်းမှာ ပေးရိုးပေးစဉ် မဟုတ်သည်သာမက သက်ဆိုင်ရာ ပုဂ္ဂိုလ်အား မလေးစားခြင်း၊ ၎င်း၏မျက်နှာကို မမြင်လိုခြင်း ကြောင့်ဖြစ်သည်။ သို့တည်းမဟုတ် နောက်ကျောဘက်မှ မှတ်တမ်းအပေးခံရသော သူများသည် လက်ပြန်တုပ်နောင် ထားခြင်း ခံနေရခြင်းကြောင့် ဖြစ်ပေမည်။

နောက်ကျောဘက်မှ လက်ဝဲလက်တွင် မှတ်တမ်းပေးခြင်း ခံရသော ပုဂ္ဂိုလ်များသည် လူ့လောကတွင် ရှိခဲ့ကြစဉ်က မိမိတို့၏ အိမ်သူအိမ်သား အပေါင်းအဖော်များနှင့်အတူ ပျော်ရွှင်စွာ ရှိခဲ့ကြပေသည်။ နောင်တမလွန်အရေးကို မေ့မှား၍မျှ မတွေးခဲ့ကြပေ။ ထိုသို့သောသူများသည် နောင်တမလွန်ဘဝတွင် အတိုင်းမရှိသော ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်ကြရပေမည်။ လူ့လောကတွင် ရှိခဲ့စဉ် နောင်တမလွန်အရေးအတွက် စိတ်မအေးနိုင်ခဲ့ကြသော သူတို့မှကား နောင်တမလွန်ဘဝတွင် ပူပင်သောကကင်းကာ ပျော်ရွှင်စွာ ရှိကြပေမည်။ အချုပ်အားဖြင့် ကာဖိရ်များသည် လူ့လောတွင် ပျော်ရွှင်နိုင်ခဲ့ကြသည်။ မုအ်မင်နိ်များသည် နောင်တမလွန်ဘဝတွင် ပျော်ရွှင်စွာ ရှိကြမည်။

بَلَىٰٓ ۚ إِنَّ رَبَّهُۥ كَانَ بِهِۦ بَصِيرًا ﴿١٥﴾

၁၅။ အဘယ်မှာလျှင် မဟုတ်ပါသနည်း၊ ဧကန်မလွဲ ၎င်း၏အရှင်မြတ်သည် ၎င်းအား ကောင်းစွာ ရှုမြင်လျက်ပင် ရှိတော်မူပေသတည်း။ [၁]

فَلَآ أُقْسِمُ بِٱلشَّفَقِ ﴿١٦﴾

၁၆။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် နေဝင်ဆည်းဆာ (နေဝင်ပြီးနောက်ကျန်ရှိသော) ရောင်နီကို သက်သေထူတော်မူ၏။

وَٱلَّيْلِ وَمَا وَسَقَ ﴿١٧﴾

၁၇။ ထို့ပြင် (ငါအရှင်မြတ်)သည် ညဉ့်ကိုလည်းကောင်း၊ ထိုညဉ့်က ဖုံးလွှမ်းသောအရာများကိုလည်းကောင်း၊ (သက်သေထူတော်မူ၏)။

---

① **အထင်နှင့်အမြင် လွဲမှားချေပြီ။**

ကာဖိရ်က ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံသို့ ပြန်လည်သွားရမည် မဟုတ်ဟု ထင်မှတ်ခဲ့သည်။ ဤသို့ကား အသို့လျှင် ဖြစ်နိုင်အံ့နည်း။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား စတင်ဖန်ဆင်းတော်မူသည့်အချိန်မှ သေဆုံးသည်အထိ ခရေစေ့တွင်းကျ ရှုမြင်လျက် ရှိတော်မူသည်။ ၎င်း၏အသက် အဘယ်မှလာသည်၊ ၎င်း၏ကိုယ်ခန္ဓာသည် အဘယ်အရာများမှ ဖြစ်ပေါ်လာသည်၊ ၎င်းသည် မည်သို့သော ယုံကြည်ချက်ထားသည်၊ အသို့ကျင့်မူ နေထိုင်သည်၊ ၎င်း၏စိတ်တွင် မည်သို့သောအကြံအစည်ရှိသည်၊ နှုတ်မှ အသို့ဆိုသည်၊ ခြေလက်တို့ဖြင့် အဘယ်အရာများကို ဆည်းပူးသည်၊ သေပြီးနောက် ၎င်း၏ အသက်သည် အဘယ်သို့ရောက်သည်၊ ၎င်း၏ ကိုယ်ခန္ဓာပျက်စီး၍ ခန္ဓာအစိတ်အပိုင်းများသည် အသို့ ပျံ့နှံ့လျက်ရှိသည် စသည်တို့ကို စ,လယ်,ဆုံး အကြွင်းမဲ့ သိမြင်တော်မူသည်။

ယင်းသို့ အကြွင်းမဲ့ သိမြင်နေတော်မူသော အရှင်သည် ယင်းကာဖိရ်အား အသို့လျှင် အချည်းနီးလျစ်လျူရှု ထားတော်မူအံ့နည်း။ ထိုအရှင်မြတ်သည် ၎င်းအား၊ ၎င်း၏ အပြုအမူ အကျင့်အကြံ များနှင့်စပ်လျဉ်း၍ ကျိုးပြစ်ပေးတော်မူမည်သာတည်း။ ကာဖိရ်ကား အထင်နှင့်အမြင် လွဲမှားချေပြီ။

ဩဝါဒတော်တစ်ပါး။

> တမန်တော်မြတ်က (အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အပေါ်သို့ ကောင်းချီးချမ်းသာ မင်္ဂလာ အဖြာဖြာ ပို့တော်မူသည်ဖြစ်ပါစေ။) မိန့်ကြားတော်မူခဲ့သည်မှာ "ကောင်းကင်တမန် ဂျိဗ်ရီလ်က အိုး-မုဟမ္မဒ်၊ အသင်အလိုရှိသမျှ အသက်ရှင်၍နေပါလေ၊ သို့ရာတွင် အသင်သည် သေရမည်သာ။ အသင် အလိုရှိသည်ကို နှစ်သြိုက်ပါလေ၊ သို့ရာတွင် အသင်သည် ထိုအရာကို ခွဲခွာထားခဲ့ရမည်သာ။ အသင်အလိုရှိသမျှ ပြုမူဆည်းပူးပါလေ၊ ထိုအရာကို မုချတွေ့ရမည်သာ"ဟု ပြောကြားခဲ့လေသည်။ အိဗ်နူကဆီရ်၊ အ-၄၊ စ-၄၈၈။

وَالْقَمَرِ إِذَا اتَّسَقَ ﴿١٨﴾

၁၈။ ၎င်းပြင် (ငါအရှင်မြတ်သည်) လစန္ဒာကို (သက်သေထူတော်မူ၏)။ အကြင်အခါဝယ် ထိုလစန္ဒာသည် ပြည့်ဝန်းလေသည်။ ②

لَتَرْكَبُنَّ طَبَقًا عَنْ طَبَقٍ ﴿١٩﴾

၁၉။ အမှန်ပင် အသင်တို့သည် တဆင့်မှတဆင့်သို့ တက်ကြရပေမည်။

فَمَا لَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾

၂၀။ သို့ပါလျက် ၎င်းတို့သည် မည်သည့်အကြောင်းကြောင့် မယုံကြည်ကြပါသနည်း။

وَإِذَا قُرِئَ عَلَيْهِمُ الْقُرْآنُ لَا يَسْجُدُونَ ﴿٢١﴾

၂၁။ ထိုမှတပါး၊ ၎င်းတို့ရှေ့၌ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ကြားသောအခါဝယ် ၎င်းတို့သည် (မည်သည့်အကြောင်းကြောင့်) ပျပ်ဝပ်ဦးချခြင်း မပြုကြသနည်း။

بَلِ الَّذِينَ كَفَرُوا يُكَذِّبُونَ ﴿٢٢﴾

၂၂။ ထိုမျှမကသေး၊ စင်စစ်မှာမူကား ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် (“ကိယာမတ်” အကြောင်းကို ရှင်းလင်းပြသော ထိုကုရ်အာန်ကျမ်းတော်မြတ်ကို) မဟုတ်မမှန်ဟူ၍ပင် ငြင်းပယ်ကြကုန်၏။

وَاللَّهُ أَعْلَمُ بِمَا يُوعُونَ ﴿٢٣﴾

၂၃။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့လျှို့ဝှက်မျိုသိပ်၍ ထားရှိကြသည်ကို ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

---

② လူသားတို့သည် လူသက်တမ်းတွင် ဘဝအခြေအနေအမျိုးမျိုးတို့ကို အဆင့်ဆင့်ကျော်လွန်၍ နောက်ဆုံးတွင် သေဆုံးကြရ၏။ ထို့နောက် “အာလမ်မေဗရ်ဇခ်”သို့ ရောက်ရှိကြရ၏။ ထို့နောက် ကိယာမတ်သို့ ရောက်ရှိကြရ၏။ ထို့နောက် ကိယာမတ်တွင်လည်း ဘဝအခြေအနေအမျိုးမျိုးကို အတိုင်းမသိ ကျော်လွန်ကြရဦးမည်ဖြစ်၏။

ဥပမာ ညဉ့်၏အစတွင် ဆည်းဆာရောင်နီ ကျန်ရှိနေပေသေးသည်အထိ လင်းရောင်မှာ တစ်မျိုးဖြစ်၏။ ထို့နောက် ရောင်နီပျောက်ကွယ်သွားသည့်အခါ ညဉ့်၏အမှောင်ပေါ်လာ၏။ အရာခပ်သိမ်း တို့ကို ဖုံးလွှမ်းလိုက်၏။

ညဉ့်အချိန်တွင် လသည်းထွက်၏။ လသည် ငယ်ရာမှ ကြီးလာ၏။ နောက်ဆုံးတွင် လသည် လုံးဝပြည့်ဝန်းလာ၏။ တစ်ညဉ့်လုံး လသာလျက်ရှိ၏။

ထို့အတူ လူသားတို့၏ ဘဝအခြေအနေများသည်လည်း ညဉ့်၏ ဘဝအခြေအနေများနှင့်တူ၏။ ဤသည့်သဘောကို ဤအာယတ်တော်တွင် ရည်ညွှန်းမိန့်ဆိုထားတော်မူသည်။

فَبَشِّرْهُم بِعَذَابٍ أَلِيمٍ ﴿٢٤﴾

၂၄။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အသင်သည် ၎င်းတို့အား ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ သတင်းကောင်း ပြောကြားပါလေ။

إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ﴿٢٥﴾

၂၅။ သို့ရာတွင် "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ကြကုန်သောသူတို့အဖို့မှာမူကား အဆုံးမရှိသော အကျိုးကျေးဇူးသည် ရှိပေသတည်း။ [၁]

---

① **နာခံသော မွတ်စ်လင်မ်နှင့် သွေဖည်သော ကာဖိရ်၏ အကျိုးဆက်ကား အသို့လျှင် တူနိုင်အံ့နည်း။**

အထက်တွင် ပါရှိသည့်အတိုင်း အီမာန် ယုံကြည်ဖွယ်ရာအချက်များ၊ စိုးရိမ်ဖွယ်ရာအချက်များ ရှိနေပါလျက် ကာဖိရ်များသည် မစဉ်းစား မဆင်ခြင်ကြပေ၊ မယုံကြည်ကြပေ။ အကယ်၍ ၎င်းတို့၏ အသိဉာဏ်သည် ထိုသည့်အချက်များကို ထွင်းဖောက်သိမြင်နိုင်ပါက ၎င်းတို့သည် ကုရ်အာန်ကျမ်းလာ တရားတော်များကို ကြားနာ၍ အကျိုးခံစားနိုင်ကြပေမည်။

ယခုမူ ၎င်းတို့သည် ကုရ်အာန်ကျမ်းလာတရားတော်များကို ကြားနာကြရပါလျက်လည်း နှုးညံ့သိမ်မွေ့မလာကြပေ၊ ကျိုးနွံမလာကြပေ၊ မွတ်စ်လင်မ်များသည် ကုရ်အာန်ကျမ်းလာ တရားတော်များကို ကြားနာကြသည့်အခါ အလွန်ဟ်အရှင်မြတ်အား ပျပ်ဝပ်ဦးချကြပေသည်။ ကာဖိရ်များကား ထိုသို့ မဟုတ်ကြပေ။ ထို့ပြင်တဝ ၎င်းတို့သည် ကုရ်အာန်ကျမ်းလာ တရားတော်များကို မုသာဝါဒ စကားများသာ ဖြစ်သည်ဟူ၍ပင် နှုတ်မှဖွင့်ဟ ပြောဆိုကြသည်။

ထိုမျှမက ၎င်းတို့သည် မိမိတို့၏ စိတ်နှလုံးများတွင် သွေဖည်ဆန့်ကျင်မှု၊ မလိုမုန်းတီးမှု၊ အမုန်တရားနှင့်ရန်ပြုလိုမှုများတွင် သွေဖည်ဆန့်ကျင်မှု၊ မလိုမုန်းတီးမှု၊ အမုန်တရားနှင့် ရန်ပြုလိုမှုများကို မျိုသိပ်ထားကြသေးသည်။ ဤသည်တို့ကို အလွန်ဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသည်။ သို့ဖြစ်ပေရာ ယင်းသို့သော ကာဖိရ်များသည် မိမိတို့၏ မယုံကြည်မှု၊ မနာခံမှု၊ သွေဖည်မှု၊ မလိုမုန်းတီးမှု၊ အမုန်တရားကို ရန်ပြုလိုမှုများကြောင့် အလွန်ပြင်းပြသော ပြစ်ဒဏ်ခံကြရမည်သာတည်း။

မုအ်မင်န်တို့မူကား မိမိတို့၏ ယုံကြည်မှု၊ နာခံမှု၊ ကျိုးနွံမှု၊ ကောင်းမြတ်သော အကျင့်သီလ ဆောက်တည်မှုများကြောင့် အဆုံးမရှိသော ကောင်းကျိုးချမ်းသာ အဖြာဖြာကို ထာဝစဉ် ခံစားကြရမည်သာတည်း။

နာခံသော မွတ်စ်လင်မ်များနှင့် သွေဖည်သော ကာဖိရ်၏ အကျိုးဆက်ခြင်းကား အသို့လျှင် တူနိုင်အံ့နည်း။

ဒွါဒ ရာသီစက် ကဏ္ဍ

سُوْرَةُ الْبُرُوْجِ

ဤကဏ္ဍသည် 'ဗုရွဂျ်' ဒွါဒ ရာသီစက်အကြောင်း ပါဝင်သောကဏ္ဍမည်၏။
ဤကဏ္ဍသည် မက္ကာမြို့တော်၌ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၂၂)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊
မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော၊
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

وَالسَّمَآءِ ذَاتِ الْبُرُوْجِ ①

၁။ (ငါအရှင်မြတ်သည်) ဒွါဒရာသီ (ဆယ့်နှစ်ရာသီ)အသံ်စက်ရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။ [1]

---

① **"ဗုရွဂျ်"**

"ဗုရွဂျ်" သည် "ဗူရ်ဂျ်"၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ "ဗုရွဂျ်"ဟူသည် တစ်နှစ်ကာလအတွင်း နေ့လည့်ပတ် သွားလာရာ ဒွါဒရာသီစက်ကိုလည်း ဆိုနိုင်သည်။ ကောင်းကင်တမန်များ စောင့်ရှောက်နေသော ကောင်းကင်ခံတိုက်များကိုလည်း ဆိုနိုင်သည်။ ကောင်းကင်တွင် တွေ့မြင်နေရသော ကြယ်တာရာကြီးများကိုလည်း ဆိုနိုင်သည်။

'ကစမ်' ကျိန်ဆိုခြင်း၊ သက်သေထူခြင်း၊

လူတို့သည် အမျိုးမျိုး ကျိန်ဆိုလေ့ ရှိကြသည်။ သက်သေထူလေ့ ရှိကြသည်။ သို့ကျိန်ဆို သက်သေထူရာတွင် အချို့သည် မိမိတို့ဆည်းကပ် ကိုးကွယ်ရာကိုသော်လည်းကောင်း၊ ရိုသေလေးစားအပ်သော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ ထူးဆန်းအံ့ဖွယ်ရာကိုသော် လည်းကောင်း၊ ချစ်မြတ်နိုးသော အရာကိုသော်လည်းကောင်း၊ ထူးကဲသောအရာကိုသော်လည်းကောင်း၊ ကျိန်ဆိုလေ့၊ သက်သေထူလေ့၊ တိုင်တည်လေ့ရှိကြသည်။

ထို့ပြင်တဝ စာပေအကျော်အမော်တို့သည် ကျိန်ဆိုသောပစ္စည်းနှင့် ကျိန်ဆိုသည့်အကြောင်းတွင် တစ်နည်းတစ်ဖုံ ဆက်စပ်မှုကို ထောက်ထားလေ့ရှိကြသည်။ ကျိန်ဆိုသောပစ္စည်းသည် ကျိန်ဆိုသည့် အကြောင်းအဖို့ အမြဲတစေ သက်သေဖြစ်ရကောင်းစေ ဟူ၍ကား မဟုတ်ပေ။

အစ္စလာမ်၏ ရှရီအတ်တွင် အလ္လာဟ်အရှင်မြတ်မှတပါး အခြားသောပုဂ္ဂိုလ်၊ အရာဝတ္ထုပစ္စည်းများကို ကျိန်ဆို သက်သေထူခြင်းသည် လူသားတို့အဖို့ ဟရာမ်ဖြစ်သည်၊ ပိတ်ပင်တားမြစ်ထားသည်။ အလ္လာဟ်အရှင်မြတ်မှာကား လူသားတို့နှင့် မတူချေ။ အလ္လာဟ်အရှင်မြတ်သည် များသောအားဖြင့် မိမိထံတော်တွင် ချစ်မြတ်နိုးဖွယ်သော၊ အကျိုးဖြစ်ထွန်းစေသော၊ လေးနက်သော၊ ထူးကဲသောအရာများ၊ ကျိန်ဆိုထားတော်မူသည့်အကြောင်းနှင့် စပ်လျဉ်း၍ သက်သေဖြစ်နိုင်သောအရာများကို ကျိန်ဆို သက်သေထူတော်မူလေ့ရှိပေသည်။

وَالْيَوْمِ الْمَوْعُودِ ﴿٢﴾

၂။ ထို့ပြင် အသင့်ရောက်ရှိသောနေ့ကိုလည်းကောင်း၊ အသင့်ရောက်ရှိကြရမည့်နေ့ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။ [၁]

وَشَاهِدٍ وَمَشْهُودٍ ﴿٣﴾

၃။ ကျင်းရှင်(တွင်းရှင်) ကျိုးတို့သည် ပျက်စီးခဲ့ကြရလေသည်။

قُتِلَ أَصْحَابُ الْأُخْدُودِ ﴿٤﴾

၄။ ထင်းများစွာ (လောင်စာများစွာ)ရှိသော မီးရှင်တို့သည်။ [၂]

النَّارِ ذَاتِ الْوَقُودِ ﴿٥﴾

---

① "ရှာဟိဒ်"၊ "မရှ်ဟူဒ်"။

"ရှာဟိဒ်" နှင့် "မရှ်ဟူဒ်" ဟူသော ပုဒ်များကို အနက်ဖွင့်ရာတွင် အဆိုအမျိုးမျိုး တွေ့ရှိရသည်။ ထိုအဆိုများအနက် အကျဉ်းကြားဆုံး အဆိုမှာအောက်ပါအတိုင်းဖြစ်သည်။

(၁) အချို့က "ရှာဟိဒ်" ဟူသည် သောကြာနေ့ကို ဆိုလိုသည်၊ "မရှ်ဟူဒ်" ဟူသည် 'အရဖာ်' နေ့ကို ဆိုလိုသည်။

အဘယ်ကြောင့်ဆိုသော် သောကြာနေ့တွင် လူများသည် ကိုယ့်အရပ်ဌာနမှာပင် နေထိုင်ကြသည်။ သောကြာနေ့သည် မိမိကိုယ်တိုင် အမြဲမြို့သို့ ရောက်ရှိလာသည်။ ထို့အတွက် သောကြာနေ့ကို 'ရှာဟိဒ်' (၀ါ) ရောက်ရှိလာသောနေ့ဟု ဖွင့်ဆိုခြင်း ဖြစ်တန်ရာသည်။

အရဖာ်နေ့တွင် ဟာဂျီများသည် မိမိတို့၏ အရပ်ဌာနအသီးသီးမှ ခရီးထွက်၍ အရဖာ်နေ့ကို ရည်စူးကာ 'အရဖာတ်' ကွင်းပြင်သို့ ရောက်ရှိလာကြသည်။ ထို့အတွက် အရဖာ်နေ့ကို မရှ်ဟူဒ် (၀ါ) ရောက်ရှိရသောနေ့ဟု ဖွင့်ဆိုခြင်း ဖြစ်တန်ရာသည်။ ကြည့်-ထာနဝီ၊ အွတ်ဆ်မာနီ၊ အိဗ်နုဂျုရိုရ်၊ အိဗ်နုကဆီရ်။

② "အတ်ဆွ်ဟာဗုလ် အုခ်ဒုဒ်"၊ ကျင်းတူး၍ မီးတိုက်သူများ

အတိတ်ခေတ်တွင် အလ္လာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်သူများအား ကျင်းကြီးကျင်းငယ်များတူး၍ မီးအကြီးအကျယ် တောက်လောင်စေပြီး မီးတိုက်ခဲ့သည့် ရင်နင့်ဖွယ်ရာ ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။ ထိုသို့ အီမာန်သက်ဝင်ယုံကြည်သူများအား ရက်ရက်စက်စက် မီးတိုက်ခဲ့သူများကား မည်သူများနည်း။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အဆိုအမျိုးမျိုးကို တွေ့ရှိရသည်။ ဤတွင် မွတ်စ်လင်မ်၊ တိရ်မိဓီ၊ မွတ်စ်နဒ်မ် အဟ်မဒ်၊ အိဗ်နုကဆီရ်စသည့် ကျမ်းကြီးများတွင် ဖော်ပြပါရှိသည့် အောက်ပါဖြစ်ရပ်ကို ရေးသားဖော်ပြအပ်ပါသည်။

အတိတ်ခေတ်တွင် ဘုရင်တစ်ပါးရှိခဲ့သည်။ ထိုဘုရင်ထံတွင် မှော်ဆရာတစ်ယောက် ရှိခဲ့သည်။ မှော်ဆရာသည် အသက်အရွယ်ကြီးပြင်း၍ အိုမင်းရင့်ရော်လာသည့်အခါ ဘုရင့်အား "ကျွန်တော်မျိုးသည် အိုမင်းရင့်ရော်လာပါပြီ၊ သေဆုံးရမည့်အချိန်မှာလည်း နီးကပ်လာပါပြီ၊ ထို့အတွက် မိမိ၏ စုန်းမှော်အတတ်ကို ➤➤

➤➤ သင်ကြားပြသထားနိုင်ခဲ့ရန်အတွက် ကျွန်တော်မျိုးထံ လူငယ်တစ်ဦးကို စေလွှတ်ပေးတော်မူပါ"ဟု လျှောက်ထားရာ၊ ဘုရင်သည် ထိုမှော်ဆရာထံသို့ လူငယ်တစ်ယောက်ကို စေလွှတ်ပေးခဲ့လေသည်။

မှော်ဆရာသည် ထိုလူငယ်အား မိမိ၏စုန်းမှော်အတတ်ပညာများကို သင်ကြားပြသ၍ နေခဲ့၏။ အကြောင်းအားလျော်စွာ ထိုမှော်ဆရာ(၏)နေအိမ်)နှင့် ဘုရင်(၏)နန်းတော်)စပ်ကြားတွင် (လမ်း၌) နဆ်ရာနီဘုန်းကြီးတစ်ပါး နေထိုင်လျက်ရှိခဲ့၏။ လူငယ်သည် နဆ်ရာနီဘုန်းကြီးထံသို့လည်း (လမ်းကြုံသဖြင့်) ဝင်ထွက်သွားလာနေခဲ့၏။ နဆ်ရာနီဘုန်းကြီး၏ တရားစကားများကိုလည်း ကြားနာမှတ်သားနေခဲ့၏။ နှစ်သက်မြတ်နိုးခဲ့၏။ (သို့ နဆ်ရာနီဘုန်းကြီးထံ ဝင်ထွက် သွားလာနေခဲ့သည့်အတွက် တစ်ခါတစ်ရံ အချိန်ကြန့်ကြာသွားလေ့ရှိခဲ့၏။ အချိန်ကြန့်ကြာ၍) မှော်ဆရာထံရောက်သည့်အခါ မှော်ဆရာက အသင် အဘယ်ကြောင့် ကြန့်ကြာရသနည်းဟု မေးမြန်းရှိက်၏။ ထို့အတူ (အိမ်သို့ပြန်ရာတွင် ကြန့်ကြာသည့်အခါ) အိမ်သားများကလည်း အသင် အဘယ်ကြောင့် ကြန့်ကြာသနည်းဟု မေးမြန်းရှိက်ကြ၏။ လူငယ်သည် ဤသို့ အရိုက်ခံနေရသည့်အကြောင်း နဆ်ရာနီဘုန်းကြီးအား တိုင်ကြားရာ နဆ်ရာနီဘုန်းကြီးက အသင့်အား မှော်ဆရာက ရိုက်မည်ပြုသည့်အခါ "ကျွန်တော်၏ အိမ်သားများက တားထား၍ ကြန့်ကြာရပါသည်" အိမ်သူအိမ်သားများက ရိုက်မည်ပြုကြသည့်အခါ "မှော်ဆရာက တားထား၍ ကြန့်ကြာရပါသည်" ဟု ဖြေဆိုရန် သင်ပေးလေသည်။

တစ်နေ့သောအခါ အလွန်ကြီးမား ကြောက်မက်ဖွယ်ကောင်းသော တိရစ္ဆာန်ကြီးတစ်ကောင်သည် လမ်းတွင် လူများအား ပိတ်ဆို့ဟန့်တားထားသည်ကို တွေ့မြင်ရလေသည်။ လူများသည်လည်း အသွားအလာ ပိတ်နေသည့်အတွက် စိတ်ပျက်နေခဲ့ကြသည်။ ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ လူငယ်က ယနေ့ အလွန်ဟအရှင်မြတ်ထံတော်၌ နဆ်ရာနီဘုန်းကြီး၏ လမ်းစဉ်မှန်သည်၊ နှစ်သက်ဖွယ်ရာဖြစ်သည်။ သို့မဟုတ် မှော်ဆရာ၏ လမ်းစဉ်မှန်သည် နှစ်သက်ဖွယ်ရာဖြစ်သည်ကို ကျွန်ုပ် သိရတော့မည်ဟုဆိုကာ ကျောက်ခဲတစ်လုံးကို ကောက်ပြီး "အို-အလွန်ဟအရှင်မြတ်၊ အရှင်မြတ်ထံတော်၌ အကယ်၍ နဆ်ရာနီဘုန်းကြီး၏ လမ်းစဉ်သည် မှော်ဆရာ၏လမ်းစဉ်ထက် မှန်ကန်ပါသော်၊ နှစ်သက်ဖွယ်ရာဖြစ်ပါသော်၊ လူအများ သွားလာနိုင်ရန်အလို့ငှာ ဤတိရစ္ဆာန်ကို ဤကျောက်ခဲဖြင့် ကွပ်မျက်တော်မူပါ"ဟု အဓိဋ္ဌာန်ပြုကာ အဆိုပါ တိရစ္ဆာန်ကြီးကိုပစ်ပေါက်ရာ အဆိုပါတိရစ္ဆာန်ကြီးသည် ထိမှန်သေကြေ ပျက်စီးသွားခဲ့လေသည်။

လူငယ်သည် ယင်းသည့်အဖြစ်အပျက်ကို နဆ်ရာနီဘုန်းကြီးအား ပြောပြလေသည်။ ထိုအခါ နဆ်ရာနီဘုန်းကြီးက လူငယ်အား "အသင်သည် ကျွန်ုပ်ထက်သာသည်၊ အသင်သည် မကြာမီ စမ်းသပ်ခြင်း ခံရလိမ့်မည်၊ သို့အသင် စမ်းသပ်ခြင်းခံရသည့်အခါ ကျွန်ုပ်အား ညွှန်မပြလေနှင့်"ဟု မှာကြားထားလိုက်လေသည်။

ထို့နောက် လူငယ်သည် (အလွှာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့်) အမိဝမ်းတွင်းမှ စက္ခုအလင်းမရသောသူများ၊ ကုဋ္ဌနှံနာစွဲကပ်နေသူများနှင့် အခြားရောဂါသည်အားလုံးတို့ကို ပျောက်ကင်း စေခဲ့လေသည်။ အကြောင်းအားလျော်စွာ ထိုအချိန်မှာပင် ဘုရင့်ထံ၌ ဝင်ထွက်သွားလာနေသော မင်းကျွမ်းဝင် အဆွေတော်တစ်ဦးသည် မျက်စိကွယ်သွားခဲ့လေသည်။ ဘုရင့်အဆွေတော်သည် အဆိုပါ လူငယ်၏ သတင်းကြားသိသောအခါ လူငယ်ထံသို့ လက်ဆောင်ပဏ္ဏာဝစ္ဆည်း အမြောက်အမြား ယူဆောင်လာပြီးလျှင် "ကျွန်ုပ်အား မျက်စိအလင်းပြန်လည်ရရှိအောင် ပြုလုပ်ပေးပါ"ဟု မေတ္တာရပ်ခံရာ၊ လူငယ်က "ကျွန်ုပ်သည် မိမိအစွမ်းဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောဂါပျောက်ကင်းအောင် ပြုလုပ်ပေးနိုင်သည် မဟုတ်ပါ။ အလွှာဟ်အရှင်မြတ်သာလျှင် ရောဂါခပ်သိမ်းကို ပျောက်ကင်းစေတော်မူပါသည်။ အကယ်၍ အသင်သည် ထိုအရှင်မြတ်အား အိမာန်သက်ဝင်ယုံကြည်ပါက ကျွန်ုပ်သည် ထိုအရှင်မြတ်အထံတော်၌ (အသင့်အဖို့) ဆုပန်ကြားပေးပါမည်။ ➤➤

➢➢ ထိုအရှင်မြတ်သည် အသင့်အား မျက်စိအလင်း ပြန်လည်ပေးတော်မူပါလိမ့်မည်"ဟု ဖြေကြားလေသည်။ ထိုအခါ ဘုရင့် အဆွေတော်သည် အလွှာဟ်အရှင်မြတ်အား အိမာန် သက်ဝင်ယုံကြည်လာခဲ့လေသည်။ လူငယ်သည် အလွှာဟ်အရှင်မြတ်ထံတော်၌ ဆုပန်ကြားလေရာ အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ဘုရင့်အဆွေတော်သည် မျက်စိအလင်း ပြန်လည်ရရှိသွားခဲ့လေသည်။

ဘုရင့်အဆွေတော်သည် မျက်စိအလင်းရပြီးနောက် ယခင်အတိုင်း ဘုရင့်ထံ အခစားဝင်သောအခါ ဘုရင်က "အဆွေတော်၊ အသင့်အား မျက်စိအလင်း ပြန်လည်ရရှိအောင် အသူပြုလုပ်ပေးပါသနည်း" ဟု မေးရာ အဆွေတော်က "ကျွန်တော်မျိုးအား ကျွန်တော်မျိုး၏အရှင်သခင်က မျက်စိအလင်းကို ပြန်လည် ပေးသနားတော်မူပါသည်"ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရင်က "ငါ့လော" ဟု မေးရာ၊ အဆွေတော်က "မဟုတ်ပါ" ဟု လျှောက်ထားလေသည်။ ဘုရင်က "အသင်၌ ငါမှတပါး အခြားအရှင်သခင် ရှိပါသေးသလော" ဟု မေးရာ အဆွေတော်က "အမှန်မှာ ကျွန်တော်မျိုး၏အရှင်သခင်နှင့် ဘုရင်မင်းမြတ်၏အရှင်သခင်မှာ အလွှာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူပါသည်"ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရင်သည် အဆွေတော်အား အမြဲတစေ ဒုက္ခပေးနေရန် အမိန့်ချမှတ်လိုက်လေသည်။ နောက်ဆုံးတွင် အဆွေတော်သည် ဖြစ်ရပ်မှန်ကို လျှောက်ထား၍ လူငယ်အား ညှဉ်းပြလိုက်လေသည်။

ဘုရင်သည် လူငယ်အား ဆင့်ခေါ်ပြီးလျှင် "အသင် လုလင်၊ အသင်သည် မိမိ၏ စုန်းပယောဂ အတတ်ဖြင့် မျက်စိအလင်း မရသူများ၊ ကုဋ္ဌနှာ စွဲကပ်နေသူများနှင့် အခြားရောဂါသည်များကို ပျောက်ကင်း စေနိုင်ကြောင်း ငါသိရသည်"ဟု မေးရာ၊ လူငယ်က "ကျွန်တော်မျိုးသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိ၏အစွမ်းဖြင့် ရောဂါပျောက်ကင်းစေနိုင်သည် မဟုတ်ပါ၊ အလွှာဟ်အရှင်မြတ်သာလျှင် ပျောက်ကင်းစေတော် မူနိုင်ပါသည်"ဟု လျှောက်ထားလေသည်။ ဘုရင်က "အသင်၌ ငါမှတပါး အခြားအရှင်သခင် ရှိပါသေးသလော" ဟု မေးရာ၊ လူငယ်က "အမှန်မှာ ကျွန်တော်မျိုး၏အရှင်သခင်မှာ အလွှာဟ်အရှင်မြတ်သာလျှင် ဖြစ်တော် မူပါသည်" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရင်သည် လူငယ်အား စတင်ဒုက္ခပေးရန် အမိန့်တော် ချမှတ်လိုက်လေသည်။ နောက်ဆုံးတွင် လူငယ်သည် ဖြစ်ရပ်မှန်ကို လျှောက်ထား၍ နဆ်ရာနီ ဘုန်းကြီးအား ညှဉ်းပြလိုက်လေသည်။

ဘုရင်သည် ခရစ်ယာန်ဘုန်းကြီးအား ဆင့်ခေါ်ပြီးလျှင် "အသင်သည် မိမိ၏ဘာသာ အယူဝါဒကို စွန့်လွှတ်ပါလေ" ဟု အမိန့်ပေးရာ၊ နဆ်ရာနီဘုန်းကြီးသည် လက်မခံ ငြင်းဆန်လေသည်။ ထိုအခါ ဘုရင်သည် နဆ်ရာနီဘုန်းကြီးအား ဦးခေါင်းပေါ်တွင် လွှတင်၍ တိုက်ဆွဲစေရာ နဆ်ရာနီဘုန်းကြီးသည် ဦးခေါင်း နှစ်ခြမ်း ထက်အက်ကွဲ၍ သေဆုံးသွားခဲ့ရလေသည်။

ထို့နောက် ဘုရင်သည် မျက်စိအလင်း ပြန်လည်ရရှိသွားသော အဆွေတော်အား ဆင့်ခေါ်၍ "အသင်သည် မိမိဘာသာအယူဝါဒကို စွန့်လွှတ်ပါလေ"ဟု အမိန့်ပေးပြန်ရာ၊ အဆွေတော်သည်လည်း မနာခံ ငြင်းဆန်လေသည်။ ထိုအခါ ဘုရင်သည် အဆွေတော်အားလည်း ဦးခေါင်းပေါ်တွင် လွှတင်၍ တိုက်ဆွဲစေရာ အဆွေတော်လည်း ဦးခေါင်းနှစ်ခြမ်းကွဲ၍ သေဆုံးသွားခဲ့ရရာလေသည်။

ထို့နောက်တဖန် ဘုရင်သည် လူငယ်အား ဆင့်ခေါ်ပြီးလျှင် "အသင်သည် မိမိ၏ ဘာသာအယူဝါဒကို စွန့်လွှတ်ပါလေ"ဟု အမိန့်ပေးရာ၊ လူငယ်သည်လည်း အမိန့်မနာခံ ငြင်းဆန်လေသည်။ ထိုအခါ ဘုရင်သည် လူငယ်အား တောင်ထိပ်သို့ ခေါ်ဆောင်စေ၍ တောင်ထိပ်သို့ရောက်သောအခါ လူငယ်သည် မိမိ၏ဘာသာ အယူဝါဒကို မစွန့်လွှတ်ဘဲ အမိန့်မနာခံ ငြင်းဆန်နေပါက လူငယ်အား တောင်ထိပ်မှ တွန်းချကွပ်မျက်ရန် ➢➢

➤➤ အာဏာသားတို့အား စေခိုင်းလိုက်လေသည်။ တောင်ထိပ်သို့ ရောက်ကြသောအခါ လူငယ်က "အို-အလွှာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား မိမိအလိုတော်ရှိတော်မူသည့်အတိုင်း ဤသူများ၏ ဘေးရန်မှ ကာကွယ်တော်မူပါ"ဟု ပန်ကြားရာ၊ တောင်ကြီးသည် လှုပ်ရှားလာ၏။ ထို့နောက် အာဏာသားတို့သည် တောင်ပိ၍ သေကြေပျက်စီးသွားခဲ့ကြလေသည်။ လူငယ်မှာကား အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ခလုတ်မထိ ဆူးမငြိဘဲ ကျန်းမာချမ်းသာစွာ ဘုရင့်ထံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး၊ ဖြစ်ကြောင်းကုန်စင် လျှောက်ထားလေသည်။ ထိုအခါ ဘုရင်သည် လူငယ်အား သဘော်ဖြင့် တင်ဆောင်စေပြီး သမုဒ္ဒရာအတွင်းသို့ ရောက်သောအခါ လူငယ်သည် မိမိ၏ဘာသာအယူဝါဒကို မစွန့်လွှတ်ပါက သမုဒ္ဒရာတွင် နှစ်မြှုပ်ကွပ်မျက်ရန် အခြားအာဏာသားတို့အား စေခိုင်းပြန်၏။ သမုဒ္ဒရာအတွင်းသို့ ရောက်ကြသောအခါ လူငယ်သည် ယခင်အတိုင်း အလွှာဟ်အရှင်မြတ်ထံတော်၌ ဆုပန်ကြားလေရာ အာဏာသားအားလုံးတို့သည် ရေသောင့်ပြီး သေကြေပျက်စီးခဲ့ကြလေသည်။ လူငယ်မှာကား အလွှာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ဘုရင့်ထံသို့ ကျန်းမာချမ်းသာစွာ ပြန်လည်ရောက်ရှိလာခဲ့ပြီး၊ ဖြစ်ကြောင်းကုန်စင် လျှောက်ထားလေသည်။

ထို့နောက် လူငယ်က "ဘုရင်မင်းမြတ်၊ ဘုရင်မင်းမြတ်သည် ကျွန်တော်မျိုးအား မည်သို့မျှ ကွပ်မျက်တော်မူနိုင်သည် မဟုတ်ပါ၊ ဘုရင်မင်းမြတ်သည် ကျွန်တော်မျိုးအား ကွပ်မျက်တော်မူလိုပါက ကျွန်တော်မျိုး ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်မူရမည်သာဖြစ်ပါသည်။ သို့မဟုတ်ပါက ကျွန်တော်မျိုးအား ကွပ်မျက်တော်မူနိုင်မည် မဟုတ်ပါ"ဟု လျှောက်ထားလေသည်။ ဘုရင်က "အသင် ညွှန်ပြလိုသောအချက်ကား အသို့ပါနည်း" ဟုမေးရာ၊ လူငယ်က "ဘုရင်မင်းမြတ်သည် တိုင်းသူပြည်သား လူအများအား ကွင်းပြင်ကြီးတစ်ခုလုံးတွင် စုရုံးစေတော်မူပါ။ကျွန်တော်မျိုးအား စွန့်ပလွှဲပင်ပေါ်တွင် ကားစင်တင်တော်မူပါ၊ ပြီးနောက် ကျွန်တော်မျိုး၏ မြှားအိပ်မှ မြှားတစ်ချောင်းယူတော်မူပါ၊ ထို့နောက် ကျွန်တော်မျိုး ဆည်းကပ်ကိုးကွယ်သော အလွှာဟ်အရှင်မြတ်၏ နာမ်တော်ကိုတသ၍ ကျွန်တော်မျိုးအား ပစ်တော်မူပါ"ဟု ညွှန်ပြလေသည်။ ဘုရင်သည် လူငယ် ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်မူ၍ လူငယ်အား တိုင်းသူပြည်သား ရှေ့မှောက်တွင် ကားစင်ပေါ်တင်၍ လူငယ်၏ မြှားအိပ်ထဲမှ မြှားတစ်ချောင်းယူ၍ လူငယ်ဆည်းကပ်ကိုးကွယ်သော အလွှာဟ်အရှင်မြတ်၏ နာမ်တော်ကို တသကာ ပစ်လိုက်ရာ လူငယ်သည် သေဆုံးသွားခဲ့ရာလေသည်။ ထိုသည့်အခြင်းအရာကို တွေ့မြင်ကြရသောအခါ (လူငယ်၏ ဘာသာအယူဝါဒမှန်ကန်ကြောင်း သိရှိသွားကြပြီး) တိုင်းသူပြည်သား လူအများတို့က "ကျွန်တော်မျိုးသည် လူငယ် ဆည်းကပ်ကိုးကွယ်သော အလွှာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်ကြပါပြီ" ဟု တစ်ခဲနက် မြွက်ဆိုကြလေတော့သည်။

ထိုအခါ မူးမတ်များက ဘုရင်အား "ဘုရင်မင်းမြတ်၊ ဘုရင်မင်းမြတ် စိုးရိမ်တော်မူသော အရာသည်ပင် ဖြစ်ပေါ်လာချေပြီ။ ယခု တိုင်းသူပြည်သားလူအများတို့သည် လူငယ် ဆည်းကပ်ကိုးကွယ်သော အလွှာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်ကုန်ကြပါပြီ"ဟု လျှောက်ထားကြရာ၊ ဘုရင်သည် (ဒေါသအမျက် ချောင်းချောင်းထွက်ကာ) ကျင်းကြီးကျင်းငယ်များ တူးစေ၍ မီးအကြီးအကျယ် လောင်ကျွမ်းစေပြီး အလွှာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်သူအားလုံးတို့ကို ရင်နှင့်ဖွယ်ရာ ရက်စက်စွာ မီးတိုက်စေခဲ့လေသည်။ အီမာန် သက်ဝင်ယုံကြည်သူအားလုံးတို့သည်လည်း အလွှာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်သောအားဖြင့် မကြောက်မရွံ့ နောက်မတွန့်ဘဲ မီးကျင်းများအတွင်းသို့ ဆင်းသွားခဲ့ကြလေသည်။ နောက်ဆုံးတွင် မိမိ၏ကလေးကို နို့တိုက်လျက်သားသည်အမေ အမျိုးသမီးတစ်ဦးလည်း ရောက်ရှိလာခဲ့၏။ သားသည်အမေသည် ကလေး၏ သံယောဇဉ်ကြီးစွာငြိတွယ်လျက်ရှိသည့်အတွက် မီးတွင်းဆင်းရန် အနည်းငယ်တွန့်ဆုတ်မိ၏။ ထိုအခါ ရင်ခွင်ဝယ်ရှိ သားငယ်က ➤➤

إِذْ هُمْ عَلَيْهَا قُعُودٌ ۝٦

၆။ အကြင်အခါဝယ် ၎င်းတို့သည် ထိုမီးဇ၏အနီး ပတ်ဝန်းကျင်၌ ထိုင်လျက်ရှိခဲ့ကြကုန်၏။

وَّهُمْ عَلَىٰ مَا يَفْعَلُونَ بِالْمُؤْمِنِينَ شُهُودٌ ۝٧

၇။ ထို့ပြင် ၎င်းတို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အား မိမိတို့ပြုလျက်ရှိသော အမှုကိစ္စ (နှိပ်စက်ညှဉ်းပမ်းမှု)ကို ရှုစားလျက်ရှိခဲ့ကြကုန်၏။ [၁]

وَمَا نَقَمُوا مِنْهُمْ إِلَّا أَنْ يُؤْمِنُوا بِاللَّهِ الْعَزِيزِ الْحَمِيدِ ۝٨

၈။ စင်စစ် ၎င်းတို့သည် ထို"မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့၌ တန်ခိုးကြီးမားတော်မူသော၊ ချီးမွမ်းထောပနာအပေါင်းကို ခံယူထိုက်တော်မူသော အကြင် အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ကြသည်မှတပါး အခြားတစ်စုံတစ်ရာကိုမျှ တွေ့ရှိခဲ့ကြသည် မဟုတ်ပေ။

الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ ۗ وَاللَّهُ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ۝٩

၉။ မိုးကောင်းကင်များကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအလ္လာဟ်အရှင်မြတ်၌သာ ရှိပေသည်။ [၂]

➤➤ "မေမေ၊ မတွန့်ဆုတ်ပါနှင့်၊ မကြောက်ပါနှင့်၊ မေမေသည် မှန်ကန်သောဘာသာအယူဝါဒအပေါ်တွင် ရပ်တည်လျက်ရှိပါသည်။ ရဲဝံ့စွာ မီးတွင်းသို့ဆင်းပါ"ဟုပြောဆိုလိုက်လေသည်။ အိမ်နီကဆီရ်အ-၄၊စ-၄၉၃။

① အဆိုပါ ဘုရင်သည် အီမာန် သက်ဝင်ယုံကြည်သော မုအ်မင်န်တို့အား ရက်စက်စွာ မီးတိုက်ခဲ့သည်သာမက မိမိ၏မူးမတ်များနှင့်တကွ မီးတွင်းများအနီးတွင်ထိုင်၍ မရှုမလှ မီးလောင်ကျွမ်းနေသော မုအ်မင်န်တို့အား ပွဲကြည့်၍ပင် နေခဲ့ကြပေသည်။ အနည်းငယ် စိုးစဉ်းမျှပင် မစာနာခဲ့ကြပေ၊ မထောက်ထားခဲ့ကြပေ၊ မသနားခဲ့ကြပေ။ ဤကား ကမ်းကုန်အောင် ရက်စက် ကြမ်းကြုတ်ခြင်းပင်။

② ယင်းသို့ မီးလောင်တိုက် အသွင်းခံကြရရှာသော မုအ်မင်န်တို့၌ အလ္လာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်ကြသည်မှတပါး အခြားတစ်စုံတစ်ရာ အပြစ်မရှိပေ။ ထိုအရှင်မြတ်သည် မဟာတန်ခိုးတော်နှင့် ပြည့်စုံတော်မူပေသည်။ ချီးမွမ်းထောပနာခြင်းအပေါင်းကို ခံယူထိုက်တော်မူပေသည်။ မိုးမြေစသည့် စကြာဝဠာအဝှမ်းကို စိုးပိုင်တော်မူသည်၊ အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့ သိမြင်တော်မူသည်။ ယင်းသို့ မဟာတန်ခိုးတော်၊ မဟာဉာဏ်တော်နှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်အား အီမာန် သက်ဝင်ယုံကြည်ရမည်သာ၊ ဆည်းကပ်ကိုးကွယ်ရမည်သာ၊ ထိုသို့သော အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်အရပ်ရပ်ကို မြေဝယ်မကျ နာခံရမည်သာ။ သို့ပါလျက် ယင်း ဘုရင်နှင့်မူးမတ်တို့သည် ထိုသို့သော အရှင်သခင်အား အီမာန် သက်ဝင်ယုံကြည်သည်ကိုပင် အကြောင်းပြု၍ မုအ်မင်န်တို့အား အရေးယူခဲ့ကြပေသည်။ ရက်စက်စွာ မီးလောင်တိုက် သွင်းခဲ့ကြပေသည်။ ➤➤

إِنَّ الَّذِينَ فَتَنُوا الْمُؤْمِنِينَ وَالْمُؤْمِنَاتِ ثُمَّ لَمْ يَتُوبُوا فَلَهُمْ عَذَابُ جَهَنَّمَ وَلَهُمْ عَذَابُ الْحَرِيقِ ﴿١٠﴾

၁၀။ ဧကန်မလွဲ အကြင်သူတို့သည် "မုအ်မင်န်" သက်ဝင်ယုံကြည်ကြကုန်သော ယောကျ်ားတို့အား လည်းကောင်း၊ "မုအ်မင်န်" သက်ဝင် ယုံကြည်ကြကုန်သော မိန်းမတို့အားလည်းကောင်း၊ နှိပ်စက်ညှဉ်းပမ်းခဲ့ကြ၏။ ထို့နောက် ၎င်းတို့သည်ဝန်ချတောင်းပန်ခြင်းမပြုခဲ့ကြပေ၊ ထိုသူတို့၌ "ဂျဟန္နမ်"ငရဲ၏ပြစ်ဒဏ်သည် (အထူးသဖြင့်) မီးလောင်ကျွမ်းခြင်း၏ပြစ်ဒဏ်သည် ရှိချေသတည်း။ [၁]

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ جَنَّاتٌ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ ۚ ذَٰلِكَ الْفَوْزُ الْكَبِيرُ ﴿١١﴾

၁၁။ ဧကန်မုချ "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကုဆောက်တည်ကြကုန်သော သူတို့အဖို့ အကြင်ဥယျာဉ်များသည်ရှိပေသည်။ ထိုဥယျာဉ်များ၏အောက်မှ စမ်းချောင်းများသည် စီးတွေလျက်ရှိပေသည်။ ဤသည်ကြီးကျယ်လှစွာသော အောင်မြင်မှုပင်။ [၂]

إِنَّ بَطْشَ رَبِّكَ لَشَدِيدٌ ﴿١٢﴾

၁၂။ မလွဲဧကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ဖမ်းဆီးမှု၊ (အရေးယူ)မှုသည် အမှန်ပင် ပြင်းထန်လှပေသည်။

➤➤ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် မိမိအား ယုံကြည်သူများကို ယင်းသို့ ယုံကြည်သည်ကိုပင် ဖွေယူကာ မီးလောင်တိုက် သွင်းခဲ့သူများကို အသို့လျှင် လျစ်လျူရှုထားတော်မူအံ့နည်း။ ထိုအရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့်ထိုက်တန်သည့် ကြီးလေးသော ပြစ်ဒဏ်မှုချ ခတ်တော်မူမည်သာတည်း။

① အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်သည် "အတ်ဆွဟာဗုလ် အုခ်ဒုဒ်" နှင့်သာ ပတ်သက်သည်မဟုတ်၊ မည်သူမဆို အီမာန် သက်ဝင်ယုံကြည်သော မုအ်မင်န်တို့အား အစွမ်းမစွမ်း၏ အမှန်တရားမှ ဖဲကြဉ်ထွက်ခွာသွားစေရန်အတွက် နှိပ်စက်ညှဉ်းပန်းကြလျှင်၊ (ဥပမာ မက္ကာမြို့သား ကာဖိရ်များသည် ဤသည့်သဘောဖြင့် မုအ်မင်န်တို့အား အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းလျက် ရှိခဲ့ကြသည်)။ ထို့နောက် အချိန်မီ သတိသံဝေဂနောင်တမရကြလျှင် ထိုသို့သောသူ အားလုံးတို့သည် (လူမျိုးမရွေး၊ ဘာသာမရွေး၊ ခေတ်မရွေး) ကြီးသော ငရဲပြစ်ဒဏ်နှင့် အထူးသဖြင့် ငရဲမီး လောင်ကျွမ်းခြင်းဒဏ်ကို အမှန်ခံစားကြရမည်သာတည်း။

② ဆိုလိုသည်ကား မုအ်မင်န်သူတော်စင်များသည် ဤပစ္စက္ခတွင် တွေ့ကြုံခံစားကြရသော ဒုက္ခကြီးငယ်များကို ကြည့်၍ စိတ်မပျက်ကြရာ။ အကြီးဆုံးနှင့်နောက်ဆုံး အောင်မြင်မှုသည် ၎င်းတို့အဖို့သာဖြစ်သည်။ ယင်းအောင်မြင်မှု၏ရှေ့တွင် ဤလောကီသုခ၊ လောကီဒုက္ခသည် အချည်းနှီးသာတည်း။

إِنَّهُۥ هُوَ يُبْدِئُ وَيُعِيدُ ﴿١٣﴾

၁၃။ ဇကန်မလွဲ ထိုအရှင်မြတ်သည်သာလျှင် (ပထမအကြိမ်) စတင် ဖန်ဆင်းတော်မူ၏။ တဖန် ထိုအရှင်မြတ်သည်သာလျှင် (ဒုတိယအကြိမ်) ပြန်လည် ဖန်ဆင်းတော်မူပေမည်။

وَهُوَ ٱلْغَفُورُ ٱلْوَدُودُ ﴿١٤﴾

၁၄။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ ချစ်မြတ်နိုးတော်မူသောအရှင်။

ذُو ٱلْعَرْشِ ٱلْمَجِيدُ ﴿١٥﴾

၁၅။ "အရ်ရှ်" ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်၊ အထူးဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူသောအရှင်။

فَعَّالٌ لِّمَا يُرِيدُ ﴿١٦﴾

၁၆။ မိမိ ရည်စူးတော်မူသောကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်တော်မူသောအရှင် ဖြစ်တော်မူ၏။

هَلْ أَتَىٰكَ حَدِيثُ ٱلْجُنُودِ ﴿١٧﴾

၁၇။ (အို-နဗီတမန်တော်) အသင့်ထံ ထိုတပ်များ၏အကြောင်း အတ္ထုပ္ပတ္တိသည် ရောက်ရှိခဲ့ပြီ မဟုတ်လော။

فِرْعَوْنَ وَثَمُودَ ﴿١٨﴾

၁၈။ "ဖစ်ရ်အောင်န်" ၏တပ်များ အကြောင်းသည်လည်းကောင်း၊ "ဆမူဒ်" အမျိုးသားတို့၏အကြောင်းသည်လည်းကောင်း။

بَلِ ٱلَّذِينَ كَفَرُوا۟ فِى تَكْذِيبٍ ﴿١٩﴾

၁၉။ ထိုမျှမကသေးပေ၊ စင်စစ်မှာကား ကာဖိရ်သွေဖည်ငြင်းပယ်ခဲ့ကြကုန်သောသူတို့သည် (ကုရ်အာန်ကျမ်းမြတ်ကိုပင်) မဟုတ်မမှန်ဟူ၍ ပြောဆိုငြင်းပယ်လျက် ရှိကြသေး၏။ ③

---

③ အလ္လာဟ်အရှင်မြတ်သည် ဖစ်ရ်အောင်န်၊ ဆမူဒ် စသည်တို့အား အချိန်ကာလအတော် ကြာမြင့်သည်အထိ အမျိုးမျိုး ကျေးဇူးတော်များကို ချီးမြှင့် တော်မူခဲ့ပေသည်။ သို့တစေလည်း ၎င်းတို့သည် ကျေးဇူးမသိတတ်ကြသည်သာမက ကျေးဇူးကန်းလာခဲ့ကြသည့် အတွက်၊ သွေဖည်ငြင်းဆန်လာခဲ့ကြသည့်အတွက်၊ ကျူးကျော်စော်ကားလာခဲ့ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်သည် နောက်ဆုံးတွင် ၎င်းတို့အား ကြီးလေးသော ပြစ်ဒဏ်ခတ်၍ ➤➤

وَّاللّٰهُ مِنْ وَّرَآىِٕهِمْ مُّحِيْطٌ ﴿٢٠﴾

၂၀။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အဘက်ဘက်မှ ဝန်းဝိုင်းလျက် ရှိတော်မူ၏။

بَلْ هُوَ قُرْاٰنٌ مَّجِيْدٌ ﴿٢١﴾

၂၁။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ဤသည် အထူးဂုဏ်ဝိသေသနှင့်ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင်။

فِيْ لَوْحٍ مَّحْفُوْظٍ ﴿٢٢﴾

၂၂။ လုံခြုံစွာ ထိန်းသိမ်း၍ထားသည့် သင်ပုန်းခွံရေးမှတ်ပြီးဖြစ်သော။ [၁]

➤➤ ကွပ်မျက်ခဲ့လေသည်။

ကာဖိရ်များသည် ဤသည့်ဖြစ်စဉ်ဖြစ်ရပ်များမှ သတိသံဝေဂ နောင်တတရား ရယူသင့်ကြပေသည်။ ယခုမူ ကာဖိရ်များသည် သတိသံဝေဂ မရကြသည်သာမက ကုရ်အာန်ကျမ်းမြတ်ကိုပင် ငြင်းဆိုလျက် ရှိကြပေသည်။ သို့ရာတွင် ကာဖိရ်များသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်တွင်းမှ အသို့လျှင် လွတ်မြောက်နိုင်ကြအံ့နည်း။

① **"လောင်ဟ်မဟ်ဖူဇ်" မှတ်တမ်းတော်။**

မှတ်တမ်းတော်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အများအပြား တွေ့ရှိရပေသည်။ ကြည့်-ကုရ်အာန် (၁၀း၆၁။ ၁၁း၆။ ၁၃း၃၉။ ၁၈း၄၉။ ၂၀း၅၂။ ၂၁း၆၂။ ၂၇း၇၅။ ၃၄း၃။ ၄၃း၄။ ၅၀း၄။ ၅၆း၇၈။ ၅၇း၂၂)။

မှတ်တမ်းတော်ကို အဘက်ဘက်မှ ထိန်းသိမ်းထားတော်မူသည်။ မှတ်တမ်းတော်တွင် အပြောင်းအလဲဟူ၍ စိုးစဉ်းမျှမရှိ။ ကုရ်အာန်ကျမ်းမြတ်သည် ယင်းမှတ်တမ်းတော်တွင် ရေးတင်ထားပြီးဖြစ်သည်။ ယင်းမှတ်တမ်းတော်တွင် ရှိသည့်အတိုင်းပင် တမန်တော်မြတ်ထံသို့ အပြောင်းအလဲမရှိ၊ အတိအကျ ကျရောက်လာခဲ့ပေသည်။ ကြည့်-ကုရ်အာန်(၇၂း၂၇)။

ညဥ့်အချိန်၌ပေါ်လာသူကယ်လ်



ဤကယ်လ်သည် "တွာရစ်က်" ညဥ့်အချိန်၌ ပေါ်လာသူ ကယ်လ်မည်၏။ ဤကယ်လ်သည် မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကယ်လ်တွင် အာယတ်တော် (၁၇) ပါး ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالسَّمَاءِ وَالطَّارِقِ ۝١

၁။ (ငါအရှင်မြတ်သည်) မိုးကောင်းကင်ကိုလည်း ကောင်း၊ ညဥ့်အချိန်၌ သွားလာသောအရာကိုလည်း ကောင်း၊ သက်သေထူတော်မူ၏။

وَمَا أَدْرَاكَ مَا الطَّارِقُ ۝٢

၂။ စင်စစ် ညဥ့်အချိန်၌လာသောအရာကား မည်သည့်အရာနည်းဟု အသင်သိပါသလော။

النَّجْمُ الثَّاقِبُ ۝٣

၃။ ယင်းသည် (ထွင်းဖောက်) လင်းဝင်းတောက်ပသော ကြယ်တာရာပင်။

إِن كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ ۝٤

၄။ လူတိုင်းလူတိုင်း၌ ထိန်းသိမ်းစောင့်ရှောက်သူ (ကောင်းကင်တမန်)တစ်ဦးစီ ရှိပေသည်။ [၁]

---

① **လူတိုင်း၌ အစောင့်ရှိသည်။**

လူတိုင်း၌ ၎င်းအကျင့်အမူများကို မှတ်သားသော ကောင်းကင်တမန် ရှိသည်သာဖြစ်သည်။ ဤသည့် သဘောကို ကုရ်အာန် (၈၂း၉-၁၁)တွင်လည်း မိန့်ဆိုထားတော်မူသည်။လူတိုင်း၌ ဘေးရန်အပေါင်းမှ ကာကွယ်စောင့်ရှောက်ရန် ကောင်းကင်တမန်လည်းရှိသည်။ ကြည့်-ကုရ်အာန် (၁၃း၁၁)။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် လူတိုင်းအား ၎င်း၏ အကျင့်အမူများနှင့်စပ်လျဉ်း၍ စောကြောမေးမြန်းပြီး ကျိုးပြစ်ပေးတော်မူမည်သာဖြစ်သည်။

ဤကယ်လ်၏အစတွင် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်နှင့် ကြယ်တာရာများကို သက်သေထူထားတော်မူသည်။

ဆိုလိုသည်ကား မိုးကောင်းကင်များတွင် ကြယ်တာရာများကို အခါခပ်သိမ်း ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ သို့ရာတွင် ယင်းကြယ်တာရာများသည် ညဥ့်တိုင်း မထွက်ပေါ်ပေ၊ သီးသန့် ညဥ့်များ၌သာ ထွက်ပေါ်ပေသည်။ ➤➤

فَلْيَنظُرِ الْإِنسَانُ مِمَّ خُلِقَ ۝٥

၅။ သို့ဖြစ်ပေရာ လူသားသည် မည်သည့်အရာမှ မိမိ ဖန်ဆင်းခြင်းခံခဲ့ရသည်ကို ကြည့်ရှုရပေမည်။

خُلِقَ مِن مَّاءٍ دَافِقٍ ۝٦

၆။ ထိုလူသားသည် ပန်း၍ထွက်သောအရည်မှ ဖန်ဆင်းခြင်းကို ခံခဲ့ရလေသည်။

يَخْرُجُ مِن بَيْنِ الصُّلْبِ وَالتَّرَائِبِ ۝٧

၇။ ထိုအရည်သည် ကျောရိုးနှင့် ရင်ရိုးများ၏ အကြားမှ (ဝါ-တစ်ကိုယ်လုံးမှ) ထွက်လေသည်။

إِنَّهُ عَلَىٰ رَجْعِهِ لَقَادِرٌ ۝٨

၈။ ဇကန်မလွဲ ထိုအရှင်မြတ်သည် ထိုလူသားအား အမှန်ပင် ရှင်ပြန်ထစေတော်မူနိုင်သော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ [၁]

يَوْمَ تُبْلَى السَّرَائِرُ ۝٩

၉။ လျှို့ဝှက်ချက်များ စစ်ဆေးစူးစမ်းခြင်း ခံရသောနေ့တွင်။

فَمَا لَهُ مِن قُوَّةٍ وَلَا نَاصِرٍ ۝١٠

၁၀။ ထိုလူသား၌ မည်သည့် စွမ်းအင်မျှလည်း ရှိလိမ့်မည်မဟုတ်၊ ကူညီစောင့်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေတကား။

وَالسَّمَاءِ ذَاتِ الرَّجْعِ ۝١١

၁၁။ (ငါအရှင်မြတ်သည်) မိုးရေရွာသွန်းသော မိုးကောင်းကင်ကို သက်သေထူတော်မူ၏။

➤➤ ထို့အတူ လူသားတို့၏ အကျင့်အမူများသည်လည်း မှတ်တမ်းတွင် အခါခပ်သိမ်း စနစ်တကျ မှတ်သားထားပြီး ဖြစ်သည်။ ထိုသည့်အတွက် အကျင့်အမူများသည် သီးသန့်အချိန်တွင် (ဝါ) ကိယာမတ်နေ့တွင် ထင်ရှားပေါ်လွင်လာပေမည်။ သို့ဖြစ်ရာ လူသားတို့သည် ကိယာမတ်အရေးကို လျစ်လျူရှုမထားရာ၊ သတိကြီးစွာဖြင့် ဆင်ခြင်ရာသတည်း။

① **<u>လူသားသည် မိမိမည်သို့မည်ပုံ ဖြစ်ပေါ်လာသည်ကို ဆင်ခြင်ရာသည်။</u>**

လူသားသည် ကိယာမတ်နှင့်စပ်လျဉ်း၍ ဩဟာသဖြစ်ပါက၊ မိမိအဘယ်အရာမှ ဖြစ်ပေါ်လာခဲ့သည်၊ မည်သို့မည်ပုံ ဖြစ်ပေါ်လာခဲ့သည်ကို စဉ်းစားဆင်ခြင်ရာသည်။ လူသားတို့သည် သုက်ရည်တစ်စက်မှ ဘဝအဖြစ် အခြေအနေအမျိုးမျိုးတို့ကို အဆင့်ဆင့် ကျော်လွန်ကာ ကမ္ဘာကြီးတစ်ခုလုံးထက်ပင် အံ့ဖွယ်ကောင်းလှသော၊ ပြည့်ဝစုံလင်လှသော လူသားတစ်ဦးဖြစ်ပေါ်လာခဲ့သည့် လူဘဝဖြစ်စဉ်ကို လေးနက်စွာ စဉ်းစားဆင်ခြင် မြော်မြင်ကြည့်ရှုပါက ကိယာမတ်ကို ယုံကြည်လက်ခံလာပေမည်။

သုက်ရည်တစ်စက်ဖြင့် လူသားအဖြစ် အံ့ဖွယ်သရဲ ဖန်ဆင်းတော်မူနိုင်သော အရှင်မြတ်အဖို့မှာ ဖန်ဆင်းထားပြီးဖြစ်သော လူသားအား တစ်ဖန် ရှင်ပြန်ထစေတော်မူရန်မှာ အသိုလျှင် အခက်အခဲ ရှိနိုင်အုံနည်း။

وَالْأَرْضِ ذَاتِ الصَّدْعِ ﴿١٢﴾

၁၂။ ၎င်းပြင် (ငါအရှင်မြတ်သည်) (သီးနှံထွက်ချိန်တွင်)အက်ကွဲသောပထဝီမြေကို သက်သေထူတော်မူ၏။

إِنَّهُ لَقَوْلٌ فَصْلٌ ﴿١٣﴾

၁၃။ ၎ကန်မလွဲ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် အပြီးအပြတ်စကားပင်ဖြစ်ပေသည်။ (တိကျပြတ်သားသော အဆုံးအဖြတ်ပင် ဖြစ်ပေသည်။)

وَمَا هُوَ بِالْهَزْلِ ﴿١٤﴾

၁၄။ ၎င်းပြင် ထိုစကားသည် ထို(ကုရ်အာန်ကျမ်းတော်မြတ်)သည် ကရော်ကမည် ပြောဆိုသော စကားမဟုတ်ပြီ။ ①

إِنَّهُمْ يَكِيدُونَ كَيْدًا ﴿١٥﴾

၁၅။ ၎ကန်စင်စစ် ထို(“ကာဖိရ်”သွေဖည်ငြင်းပယ်သော)သူတို့သည် အကြံအစည် အမျိုးမျိုးကို ကြံစည်လျက် ရှိကြကုန်၏။

وَأَكِيدُ كَيْدًا ﴿١٦﴾

၁၆။ ငါအရှင်မြတ်သည်လည်း အကြံအစည်အမျိုးမျိုးကို ကြံစည်လျက် ရှိတော်မူ၏။

فَمَهِّلِ الْكَافِرِينَ أَمْهِلْهُمْ رُوَيْدًا ﴿١٧﴾

၁၇။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် “ကာဖိရ်” သွေဖည်ငြင်းပယ်သောသူတို့အား ရွေ့ဆိုင်းခွင့်ပေးပါလေ။ အသင်သည် ၎င်းတို့အား မသိမသာ အချိန်ဆွဲ၍ ထားပါလေ။ (ခေတ္တလန်စမ်းထားပါလေ။)

---

① လူသားတို့ရှေ့မှောက်မှာပင် အံ့ဖွယ်သရဲမိုးရွာသွန်းလျက်ရှိ၏။ မြေကြီးမှ အံ့ဖွယ်သရဲ သီးနှံများ ပေါက်ရောက်လျက်ရှိ၏။ လူသားတို့သည် မိုးရွာသွန်းပုံနှင့် သီးနှံပေါက်ရောက်ပုံများကို စဉ်စားဆင်ခြင်ပါကလည်း ကိယာမတ်ကို ယုံကြည်လက်ခံလာကြပေမည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ် (၂၂း၅-၇) ၏ အဖွင့်တွင် အကျယ်ရေးသားခဲ့ပေပြီ။ အမှတ်တရ ပြန်လည်ရှုပါကုန်။

ထို့အတွက်ကြောင့်ပင် ဤအာယတ်တော်တွင် မိုးရေရွာသွန်းသောမိုးကောင်းကင်နှင့် သီးနှံ ပေါက်ရောက်သော မြေကိုသက်သေထူ၍ ကုရ်အာန်သည် အမှားအမှန်နှင့်စပ်လျဉ်း၍ မှန်ကန်တိကျ ပြတ်သားသော အဆုံးအဖြတ်ဖြစ်သည်ဟု မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။ ကုရ်အာန်သည် ကရော်ကမည်မဟုတ်၊ ကုရ်အာန်၏ ဟောကြားချက်များသည်လည်း ကရော်ကမည် မဟုတ်။ ကုရ်အာန်၌ ဒွိဟသံသယ အလျင်းမရှိ၊ ကုရ်အာန်သည် စလယ်ဆုံးမှန်ကန်သည်။ ကုရ်အာန်ကျမ်းလာ တရားတော်အားလုံးသည် မှန်ကန်သည်။ သို့ဖြစ်ရာ ကုရ်အာန်က ကြေညာထားသော ကိယာမတ်သည်လည်း တစ်ရက်မုချ ဆိုက်ရောက်မည်ဖြစ်သည်၊ ဤတွင် ဒွိဟ သံသယအလျင်းမရှိ။

အမြင့်မြတ်ဆုံး ကဏ္ဍ



ဤကဏ္ဍသည် "အအ်လာ" အမြင့်မြတ်ဆုံးအရှင်၏ အကြောင်းပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၉)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ۝

سَبِّحِ اسْمَ رَبِّكَ الْأَعْلَى ۝١

၁။ (အို-နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ အမြင့်မြတ်ဆုံးဖြစ်တော်မူသော၊ အရှင်မြတ်၏နာမ်တော် (သန့်ရှင်းစင်ကြယ်ကြောင်း)ကို ချီးမွမ်းမြွက်ဆိုပါလေ။ [၁]

الَّذِي خَلَقَ فَسَوَّىٰ ۝٢

၂။ အကြင်အရှင်မြတ်သည် (အရာခပ်သိမ်းတို့ကို) ဖန်ဆင်းတော်မူပြီးနောက် နေထားတကျဖြစ်အောင်လည်း ပြုလုပ်တော်မူခဲ့၏။ [၂]

---

① တမန်တော်မြတ်၏ 'ဟဒီဆ်' ဩဝါဒတော်များတွင် လာရှိသည်မှာ ကုရ်အာန် ကျမ်းလာအာယတ်တော် (فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ) ကျရောက်လာသောအခါ တမန်တော်မြတ်က "အသင်တို့သည် ဤအာယတ်တော်ကို (ဆွလာတ်ဝတ်ပြုရာတွင်) မိမိတို့၏ ရုကူအ် ဦးညွှတ်ရာ၌ မြွက်ဆိုကြကုန်"ဟု မိန့်ကြားတော်မူခဲ့လေသည်။ ထို့အတူ ကုရ်အာန်ကျမ်းလာ အာယတ်တော် (سَبِّحِ اسْمَ رَبِّكَ الْأَعْلَى) ကျရောက်သောအခါ၊ တမန်တော်မြတ်က "အသင်တို့သည် ဤအာယတ်တော်ကို မိမိတို့၏ 'စုဂျူဒ်' ဦးချရာတွင် မြွက်ဆိုကြကုန်"ဟု မိန့်ကြားတော်မူခဲ့လေသည်။ (ထိုသို့ သတ်မှတ်ချက်မရှိမီအလျင်) ဆွဟာဗဟ် သာဝကကြီးများသည် ဦးညွှတ်ရာတွင် 'အလ္လာဟ်ဟုမ္မလက ရကအ်ဟု' ဟူ၍ လည်းကောင်း၊ ဦးချရာတွင် 'အလ္လာဟ်ဟုမ္မ လက ဆဂျဒ်ဟု' ဟူ၍ လည်းကောင်း၊ မြွက်ဆိုလေ့ ရှိခဲ့ကြပေသည်။

② ဤအာယတ်တော်ကို 'မုဖတ်စ်စိရ်' များသည် အနက်အမျိုးမျိုး ဖွင့်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စတင်ဖန်ဆင်းတော်မူသည်။ သို့ဖန်ဆင်းတော်မူပြီးသည့်နောက် အသီးသီးတို့ကို လျော်ကန်သင့်မြတ် နေထား စေ့စပ်ကျန်စွာ ပြုလုပ်တော်မူသည်။ ထိုအရှင်မြတ်သည် သက်ရှိသတ္တဝါများအဖို့ ၎င်းတို့နှင့် လျော်ကန်သင့်မြတ်သော အရာများကို ချင့်ချိန် စီမံသတ်မှတ်ထားတော်မူသည်။ သို့ချင့်ချိန် စီမံသတ်မှတ်ထားတော်မူပြီးသည့်နောက် ယင်းသတ္တဝါများအား ထိုသည့်အရာများကို လမ်းညွှန်ပြတော်မူသည်။ (ဝါ) ၎င်းတို့၌ ထိုသည့်အရာများကို လိုလားသည့် အာသာဆန္ဒများကို ဖြစ်ပေါ်စေတော်မူသည်။ ထာနဝီ။

وَالَّذِي قَدَّرَ فَهَدَىٰ ﴿٣﴾

၃။ ၎င်းပြင် ထိုအရှင်မြတ်သည် တင်ရင်စီမံတော်မူပြီးနောက် လမ်းညွှန်တော်မူခဲ့၏။

وَالَّذِي أَخْرَجَ الْمَرْعَىٰ ﴿٤﴾

၄။ ထိုမှတပါး ထိုအရှင်မြတ်သည် မြက်သစ်ပင် (ကောက်ပဲသီးနှံ)ကို ပေါက်ရောက်စေတော်မူခဲ့၏။

فَجَعَلَهُ غُثَاءً أَحْوَىٰ ﴿٥﴾

၅။ ထို့နောက် ထိုအရှင်မြတ်သည် ယင်းမြက်သစ်ပင်များကို (ဆွေးမြေ့)မည်းနက်သော ရိုးဖြတ်၊ ကောက်ရိုး၊ ဖြစ်စေတော်မူခဲ့၏။

سَنُقْرِئُكَ فَلَا تَنسَىٰ ﴿٦﴾

၆။ (အို-နဗီတမန်တော်၊)မုချဧကန် ငါအရှင်မြတ်သည် အသင့်အား ရွတ်ဖတ်စေတော်မူမည်၊ သို့ဖြစ်လျှင် အသင်သည် မေ့လျော့မည်မဟုတ်တော့ပြီ။ [1]

---

① <u>ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားတော်မူရန် ကတိတော်</u>

အထက်ပါ အာယတ်တော်များတွင် လာရှိသည့်အတိုင်း အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကျေးဇူးတော်များကား အတိုင်းအဆမရှိ ကြီးမားများပြားလှပေရာ၊ ထိုအရှင်မြတ်အားသာလျှင် ဂုဏ်တော်မွမ်းကြရပေမည်။ ထိုအရှင်မြတ်၏ အမိန့်ပညတ်တော်များကိုသာ နာခံကြရပေမည်။

အလ္လာဟ်အရှင်မြတ်သည် မိမိအား မည်သို့မည်ပုံ နာခံကြရမည့် နည်းနာနိသျှည်းများကို ညွှန်ပြတော်မူရန်အလို့ငှာ တမန်တော်မြတ်အပေါ်သို့ ကုရ်အာန်ကျမ်းမြတ်ကို ထုတ်ပြန်ပို့ချတော်မူသည်။ သို့ထုတ်ပြန်ပို့ချတော်မူပြီးသည့်နောက် တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်က ကတိပြုထားတော်မူသည်မှာ ငါအရှင်မြတ်သည် အသင့်အား (ကုရ်အာန်ကျမ်းမြတ်ကို) ရွတ်ဖတ်စေတော်မူမည်၊ (ဝါ) ကျက်မှတ်စေတော်မူမည်၊ သို့ဖြစ်ရာ အသင်သည် (မည်သည့်အစိတ်အပိုင်းကိုမျှ) မေ့ပျောက်မည်မဟုတ်ပေ။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်(မေ့ပျောက်စေတော်မူရန်) အလိုရှိတော်မူသောအရာကိုမူ (ထိုအရှင်မြတ်သည် တမန်တော်မြတ်၏ မှတ်သားဉာဏ်အတွင်းမှလည်းကောင်း၊ အခြားလူခပ်သိမ်းတို့၏ မှတ်သားဉာဏ်အတွင်းမှလည်းကောင်း၊ မေ့ပျောက်သွားစေတော်မူမည်ဖြစ်သည်။ သို့မှတ်သားဉာဏ်တွင် ကျက်မှတ်မိစေတော်မူခြင်း၊ မှတ်သားဉာဏ်အတွင်းမှ မေ့ပျောက်စေတော်မူခြင်းများသည်လည်း ဟိုက်မတ် အမြော်အမြင်၊ ဆင်ခြင်တုံတရားနှင့် စပ်မိ၊ ဟပ်မိသည်သာ ဖြစ်ပေသည်)။

အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် ထင်ရှားပေါ်လွင်နေသော အရာခပ်သိမ်းကုန်တို့ကိုလည်းကောင်း၊ ဖုံးကွယ်လျက်ရှိသော အရာခပ်သိမ်းကုန်တို့ကိုလည်းကောင်း အကြွင်မဲ့သိတော်မူသည်။

သို့ဖြစ်ရာ ထိုအရှင်မြတ်သည် အမြဲတစေ ထိန်းသိမ်းထားအပ်သည်များကို ထိန်းသိမ်းတော်မူ၍ မေ့ပျောက်စေသင့်သည်များကို မေ့ပျောက်စေတော်မူပေသည်။ ယင်းသို့ မေ့ပျောက် စေတော်မူခြင်းသည် "နစ်ခ်" တစ်မျိုးပင်။ "နတ်ဗ်ခ်" အကြောင်း ကုရ်အာန်ကျမ်းမြတ် (၂:၁၀၆)တွင်ပါရှိခဲ့ပေပြီ။ ထာနဝီ။

إِلَّا مَا شَآءَ ٱللَّهُ ۚ إِنَّهُۥ يَعْلَمُ ٱلْجَهْرَ وَمَا يَخْفَىٰ ﴿٧﴾

၇။ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောအရာမှတပါး အခြားကို၊ ဧကန်မလွဲ ထိုအရှင်မြတ်သည် ထင်ရှားသိသာသောအရာကိုလည်းကောင်း၊ ဖုံးကွယ်လျက်ရှိသောအရာကိုလည်းကောင်း၊ သိရှိတော်မူ၏။

وَنُيَسِّرُكَ لِلْيُسْرَىٰ ﴿٨﴾

၈။ ထိုမှတပါး ငါအရှင်မြတ်သည် အသင့်အားတဖြည်းဖြည်း လွယ်ကူမှုသို့ ပို့ပေးတော်မူပေမည်။ (ငါအရှင်မြတ်သည် အသင့်အား လွယ်ကူသော ရှရီအတ်ကို (လိုက်နာ ကျင့်သုံးရန်) လွယ်ကူစေတော်မူမည်)။ [၁]

فَذَكِّرْ إِن نَّفَعَتِ ٱلذِّكْرَىٰ ﴿٩﴾

၉။ သို့ဖြစ်ပေရာ အကယ်၍ ဆုံးမခြင်းသည် အကျိုးဖြစ်စေလျှင် အသင်သည် ဆုံးမပါလေ။

سَيَذَّكَّرُ مَن يَخْشَىٰ ﴿١٠﴾

၁၀။ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့သောသူသည် အမှန်ပင် တရားရပေလိမ့်မည်။

وَيَتَجَنَّبُهَا ٱلْأَشْقَى ﴿١١﴾

၁၁။ သို့ရာတွင် အလွန် အကြောင်းမလှသောသူမှာမူကား ယင်းဆုံးမညြဝါဒမှ သွေဖည်၍ နေပေလိမ့်မည်။

---

① **လွယ်ကူသော ရှရီအတ်။**

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အဖို့ ကုရ်အာန်ကျမ်းမြတ် ကျက်မှတ်မှုကို လွယ်ကူစေတော်မူသကဲ့သို့ တမန်တော်မြတ်အဖို့ လွယ်ကူသော ရှရီအတ်၏ အမိန့်ပညတ်အရပ်ရပ်ကို လိုက်နာကျင့်သုံးမှုကိုလည်း လွယ်ကူစေတော်မူမည်ဖြစ်သည်။ (ဝါ) နားလည်သဘောပေါက်ရန်လည်း လွယ်ကူပေမည်။ လိုက်နာကျင့်သုံးရန်လည်း လွယ်ကူပေမည်။ "တဗ်လီဃ်" တရားဟောကြားရန်လည်း လွယ်ကူပေမည်။ တွေ့ကြုံရမည့်အနောင့်အယှက် အခက်အခဲများကိုလည်း လွယ်ကူစွာ ကျော်လွန်သွားနိုင်ပေမည်။

"လွယ်ကူသော ရှရီအတ်"ဟူ၍ ဝိသေသပြုထားတော်မူခြင်းမှာ ရှရီအတ်ကို ချီးမွမ်းဂုဏ်သိဒ္ဓိတင်တော်မူခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့မဟုတ် ရှရီအတ်သည် လိုက်နာကျင့်မှုသူတို့၌ လွယ်ကူမှု ချမ်းသာမှုများဖြစ်ပေါ်စေသည့် အကြောင်းတရားဖြစ်သည့်အတွက်ကြောင့် ယင်းသို့ ဝိသေသပြုထားတော်မူခြင်းလည်း ဖြစ်နိုင်ပေသည်။ ထာနဝီ။

الَّذِي يَصْلَى النَّارَ الْكُبْرَىٰ ﴿١٢﴾

၁၂။ အကြင် အကြောင်းမလှသောသူသည် အလွန်ကြီးကျယ်သော မီးထဲသို့ ဝင်ရောက်ရပေမည်။ [၁]

ثُمَّ لَا يَمُوتُ فِيهَا وَلَا يَحْيَىٰ ﴿١٣﴾

၁၃။ ထို့နောက် ထိုသူသည် ယင်းမီးထဲ၌ သေဆုံးသွားမည်လည်းမဟုတ်ပေ၊ အသက်ရှင်၍နေမည်လည်းမဟုတ်ပေတကား။

قَدْ أَفْلَحَ مَن تَزَكَّىٰ ﴿١٤﴾

၁၄။ ဇကန်မလွဲ အကြင်သူသည် အောင်မြင်ခဲ့လေပြီ၊ ထိုသူသည် "အီမာန်" သက်ဝင်ယုံကြည်ခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းခဲ့၏။

وَذَكَرَ اسْمَ رَبِّهِ فَصَلَّىٰ ﴿١٥﴾

၁၅။ ၎င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏နာမ်တော်ကို အောက်မေ့တ,သ ပြီးနောက် "ဆွလာတ်" ဝတ်ပြုခဲ့၏။ [၂]

---

① **အမြဲတစေ သွန်သင်ဆုံးမပါလေ။**

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အဖို့ ရှရီအတ်ကို လွယ်ကူစေတော်မူမည့်အကြောင်း ကတိပြုထားတော်မူပြီးဖြစ်ရာ၊ တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင် အလ္လာဟ်အရှင်မြတ်အား ဂုဏ်တော်မွမ်းသကဲ့သို့၊ ဝတ်ပြုသကဲ့သို့၊ နာခံသကဲ့သို့ သွန်သင်ဆုံးမမှုသည် အကျိုးပြုပါသော် သူတပါးတို့အားလည်း အမြဲတစေ သွန်သင်ဆုံးမရမည့်အကြောင်း မိန့်ကြားထားတော်မူသည်။

သွန်သင်ဆုံးမမှုသည် လက်တွေ့အားဖြင့် အကျိုးပြုသည်သာဖြစ်ပေသည်။ ကုရ်အာန်ကျမ်းမြတ် (၅၁:၅၅) တွင်လည်း "မုချဇကာန် သွန်သင်ဆုံးမမှုသည် မုအ်မင်နိတို့အား အကျိုးပြုသည်"ဟု လာရှိပေသည်။ အချုပ်မှာ သွန်သင်ဆုံးမမှုသည် အကျိုးရှိသော အရာသာဖြစ်ပေသည်။ ထို့အတွက် တမန်တော်မြတ်အား "အသင်သည် အမြဲတစေ သွန်သင်ဆုံးမပါလေ"ဟု မိန့်ကြားထားတော်မူခြင်း ဖြစ်သည်။

ဤတွင် စဉ်းစားအပ်သည့်အချက်တစ်ရပ်မှာ သွန်သင်ဆုံးမမှုသည် အကျိုးရှိသောအရာဖြစ်သည်ကား မှန်၏။ သို့ရာတွင် လူခပ်သိမ်းကုန်တို့အား အကျိုးပြုသည်၊ လူခပ်သိမ်းကုန်တို့သည် သွန်သင်ဆုံးမမှုကိုကြားနာပြီး အမိန့်ပညတ်အရပ်ရပ်တို့ကို လိုက်နာလာကြလိမ့်မည်ဟူ၍ကား မထင်မှတ်ရာ။ အမှန်မှာ အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့ရိုသေခန့်ညားအပ်သောသူများသာလျှင် သွန်သင်ဆုံးမမှုကို နာခံကြပေမည်။ အကြောင်းမလှသောသူများမူကား သွန်သင်ဆုံးမမှုများကို ဝေးစွာရှောင်ကြဉ်ကြပေမည်။ နောက်ဆုံးတွင် ငရဲသို့လား၍ မသေမရှင်မရှုမလှ ပြစ်ဒဏ် ခံစားကြရပေမည်။ ထာနဝီ။

ရှေ့တွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားသူများ၏ဂုဏ်ရည်နှင့် ကာဖိရ်များ၏ လွဲမှားမှုကို မိန့်ဆိုထားတော်မူသည်။

② အလ္လာဟ်အရှင်မြတ်အား အီမာန်သက်ဝင်ယုံကြည်သော ပုဂ္ဂိုလ်များသည် ကုရ်အာန်ကျမ်းလာ ➤➤

بَلْ تُؤْثِرُونَ الْحَيٰوةَ الدُّنْيَا ﴿١٦﴾

وَالْاٰخِرَةُ خَيْرٌ وَّاَبْقٰى ﴿١٧﴾

اِنَّ هٰذَا لَفِي الصُّحُفِ الْاُوْلٰى ﴿١٨﴾

صُحُفِ اِبْرٰهِيْمَ وَمُوْسٰى ﴿١٩﴾

၁၆။ ထိုသို့ အလျှင်းမဟုတ် စင်စစ်မှာကား အသင်တို့သည် လောကီဘဝကိုပင် ဦးစားပေးနေကြကုန်၏။

၁၇။ အမှန်သော်ကား တမလွန်ဘဝသည် ပိုမိုး၍ ကောင်းမြတ်သည့်ပြင် ပိုမိုရှိပင် တည်မြဲပေသည်။

၁၈။ ဧကန်စင်စစ် ဤသည် ရှေးဟောင်းကျမ်းများ၌လည်း လာရှိခဲ့ပေပြီ။

၁၉။ (နဗီတမန်တော်)အီဗ်ရာဟီမ်၏(ထံသို့ ကျရောက်ခဲ့သော)ကျမ်းများ၌လည်းကောင်း၊ (နဗီတမန်တော်)မူစာ၏(ထံသို့ ကျရောက်ခဲ့သော)ကျမ်းများ၌လည်းကောင်း။ [၁]

➢➢ တရားတော်များကို ကြားနာ၍ မှားယွင်းသော ယုံကြည်ချက်များမှလည်းကောင်း၊ ညစ်ညမ်းသော အကျင့်အမူများမှလည်းကောင်း၊ ရုပ်နာမ် အတွင်းအပြင် မှားယွင်းမှု၊ ညစ်ညမ်းမှုအစုစုတို့မှ စင်ကြယ်သန့်ရှင်းသွားကြလေသည်။ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ကို တသကာ ဆွလာတ် ဝတ်ပြုကြလေသည်။ ထိုသို့သော ပုဂ္ဂိုလ်များသည် အောင်မြင်ကြလေပြီ။

(၁) ကုရ်အာန်ကျမ်းလာ ဤအာယတ်တော် (၈၇း၁၆) တွင် "ထိုသို့မဟုတ်၊ အသင်တို့သည် ဤလောကီဘဝကိုပင် ပိုမိုနှစ်သက်ကြသည်"ဟူ၍ လာရှိ၏။ ဤအာယတ်တော်တွင် "အသင်တို့" ဟူသော နာမ်စားသည် ကာဖိရ်များကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်သည်။ မွတ်စ်လင်မ်များကို ရည်ညွှန်းသည်ဟုလည်း ဆိုနိုင်သည်။ အဆိုနှစ်ရပ်စလုံး လာရှိသည်။

ဤအာယတ်တော်နှင့်စပ်လျဉ်း၍ မောင်လာနာအရှ်ရဖ်အလီ ထာနဝီသခင်က ပထမအဆိုကို လက်ခံပြီး အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

"ကာဖိရ်တို့မူကား ကုရ်အာန်ကျမ်းလာ တရားတော်များကို ကြားနာကြရသော်လည်း မနာခံကြပေ။ နောင်တမလွန်ဘဝအတွက် ပြင်ဆင်မှုတစ်စုံတစ်ရာမျှလည်း မပြုလုပ်ကြပေ။ ၎င်းတို့သည် ဤလောကီဘဝကိုပင် အဓိကထားသော လောကီရေးရာများတွင်သာ နစ်မွန်း၍ နေကြပေသည်။ အမှန်မှာ ဤလောကီဘဝသည် အရိပ်ပမာ သခ်ါရမျှသာဖြစ်သည်။ နောင်တမလွန်ဘဝမှာမူ ဤပစ္စက္ခထက် အတိုင်းမသိ ပိုမိုကောင်းမြတ်လှပေသည်။ အမြဲတစေ တည်ရှိပေမည်။

ဤသည် ကုရ်အာန်ကျမ်းလာ တရားတော်သာလျှင်မဟုတ်၊ တမန်တော် အီဗ်ရာဟီမ်၊ တမန်တော်မူစာတို့၏ အတိတ်ခေတ် ကျမ်းဂန်များတွင်လည်း လာရှိခဲ့ပြီးဖြစ်သော တရားတော်ဖြစ်ပေသည်။ ဤသို့ ကျမ်းအစောင်စောင်တွင် လာရှိသော တရားတော်ကိုပင် မလေးစား မခန့်ညားသော ကာဖိရ်များကား ပျက်စီးခြင်းကြီးမက ပျက်စီးကြရမည်သာတည်း။ ကြည့်-ထာနဝီ။

ဖုံးလွှမ်းမည့်အရာများကဏ္ဍ



ဤကဏ္ဍသည် "ဃာရှိယတ်" ဖုံးလွှမ်းမည့်အရာ၏အကြောင်းသတင်း ပါဝင်သောကဏ္ဍ မည်၏။ မက္ကာမြို့တော်၌ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၂၆)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

هَلْ اَتٰىكَ حَدِيْثُ الْغَاشِيَةِ ①

၁။ (အို-နဗီတမန်တော် ထိုကမ္ဘာအဝန်းကို) ထိဖုံးလွှမ်းမည့် အဖြစ်အပျက်၏အကြောင်း သတင်းသည် အသင့်ထံရောက် ရှိခဲ့ပြီမဟုတ်လော။ [၁]

وُجُوْهٌ يَّوْمَئِذٍ خَاشِعَةٌ ②

၂။ ထိနေ့တွင် များစွာသော(သူတို့၏) မျက်နှာများမှာ ညှိုးငယ်လျက် ရှိကြပေမည်။

عَامِلَةٌ نَّاصِبَةٌ ③

၃။ ပင်ပန်းကြီးစွာ လုပ်ကိုင်(မှုကြောင့်) မောပန်းလျက် ရှိကြပေမည်။

تَصْلٰى نَارًا حَامِيَةً ④

၄။ ၎င်းတို့သည် အလျှံပြောင်ပြောင်တောက်လောင်လျက်ရှိသော မီးထဲသို့ ဝင်ရောက်ကြရပေမည်။

تُسْقٰى مِنْ عَيْنٍ اٰنِيَةٍ ⑤

၅။ ၎င်းတို့သည် ကျိုက်ကျိုက်ဆူလျက်ရှိသော စမ်းချောင်းတစ်ခုမှ (ရေကို) တိုက်ကျွေးခြင်း ခံကြရပေမည်။

لَيْسَ لَهُمْ طَعَامٌ اِلَّا مِنْ ضَرِيْعٍ ⑥

၆။ ၎င်းတို့အဖို့ "သွာရီအ်" မည်သော ဆူးပင်မှတစ်ပါး အခြားအဟာရဟူ၍ ရှိလိမ့်မည်မဟုတ်ပေ။

① ဃာရှိယတ်

"ဃာရှိယတ်" သည် "ဖုံးလွှမ်းသောအရာ" ဟူ၍ အနက်ရသည်။ "ကိယာမတ်" ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် ကိယာမတ်သည် အရာခပ်သိမ်းကုန်တို့ကို ဖုံးလွှမ်းသွားပေမည်။ ကမ္ဘာ့အဝန်းသည် ကိယာမတ်၏ ဒဏ်ကို ခံကြရပေမည်။ ကိယာမတ်၏ စက်ကွင်းမှ တစ်ဦးတစ်ယောက်မျှ လွတ်မြောက်မည် မဟုတ်ပေ။

لَّا يُسْمِنُ وَلَا يُغْنِي مِن جُوعٍ ۝٧

၇။ ထိုဆူးပင်မှာ (ငင်းတို့အား)ဝဖြိုးစေမည်လည်း မဟုတ်ပေ။ ဆာလောင် မွတ်သိပ်ခြင်းမှ အဆာပြေရောင့်ရဲစေမည်လည်း မဟုတ်ပေတကား။ [၁]

وُجُوهٌ يَوْمَئِذٍ نَّاعِمَةٌ ۝٨

၈။ များစွာသော(သူတို့၏) မျက်နှာများမှာမူကား ထိုနေ့တွင် စိုပြည်ရွှင်လန်းလျက်ပင် ရှိကြပေမည်။

لِّسَعْيِهَا رَاضِيَةٌ ۝٩

၉။ (ငင်းတို့သည်) မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နှစ်သက်ကျေနပ်လျက်ရှိကြပေမည်။

فِي جَنَّةٍ عَالِيَةٍ ۝١٠

၁၀။ မြင့်မြတ်လှစွာသော ဂျန္နတ်သုခဘုံ၌ ရှိကြပေမည်။

لَّا تَسْمَعُ فِيهَا لَاغِيَةً ۝١١

၁၁။ ငင်းတို့သည် ယင်းဂျန္နတ်သုခဘုံ၌ အချည်းနှီးအကျိုးမဲ့ဖြစ်သော စကားကိုကြားကြမည် မဟုတ်ပေ။

فِيهَا عَيْنٌ جَارِيَةٌ ۝١٢

၁၂။ ယင်းဂျန္နတ်သုခဘုံ၌ စီးတွေလျက်ရှိသော စမ်းချောင်းတစ်ခုရှိ၏။

فِيهَا سُرُرٌ مَّرْفُوعَةٌ ۝١٣

၁၃။ ယင်းဂျန္နတ်သုခဘုံ၌ မြင့်စွင့်သော သလွန်များရှိကြပေသည်။

وَأَكْوَابٌ مَّوْضُوعَةٌ ۝١٤

၁၄။ ငင်းပြင် သောက်ရေဖလားများသည်လည်း စီထားလျက် ရှိကြပေသည်။

---

① **ကိယာမတ်နေ့တွင် ကာဖိရ်များ၏ဖြစ်အင်။**

ကိယာမတ်နေ့တွင် ကာဖိရ်များသည် မျက်နှာညှိုးငယ်လျက် ရှိကြပေမည်။ မဟ်ရှရ် ကွင်းပြင်ကြီးတွင် ပူပန်သောကဖြစ်ကာ သွားလာရခြင်း၊ ငရဲတွင် ပင်ပန်းကြီးစွာ သံကြိုး၊ လက်ထိပ်၊ ခြေကျင်း၊ လယ်ကွင်း စသည်များကို သယ်ပိုးရခြင်း၊ ငရဲတောင်များသို့ တက်ရခြင်းများကြောင့် မောပန်းလျက်ရှိကြပေမည်။ ထို့ပြင်တဝ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲမီးသို့ လားကြရပေမည်။ ရေသောက်လိုကြသည့်အခါ ကျိုက်ကျိုက်ဆူလျက်ရှိသော စမ်းရေအတိုက်ခံကြရပေမည်။ ထမင်းစားလိုကြသည့်အခါ "သွဂီအ်" အမည်ရှိ အတိုင်းမသိ ပုပ်စော်နံသော၊ အတိုင်းမသိ ပူလောင်သော၊ အတိုင်းမသိ ခါးသောဆူးပင် အကျွေးခံကြရပေမည်။ ထိုသည့် ဆူးပင်ကို စားသုံးခြင်းဖြင့် တစ်စုံတစ်ရာ အားအင်ဖြစ်လာမည်လည်း မဟုတ်၊ အဆာပြေမည်လည်း မဟုတ်။ ဒုက္ခသည် ပို၍ပို၍ပင် များပြားကြီးမားလာပေမည်။ ဤကား ကာဖိရ်တို့၏ ဖြစ်အင်တည်း။

وَّنَمَارِقُ مَصْفُوْفَةٌ ﴿١٥﴾

၁၅။ ထို့ပြင် ကော်ဇောများသည်လည်း စနစ်တကျခင်းကျင်းထားလျက် ရှိကြပေသည်။

وَّزَرَابِيُّ مَبْثُوْثَةٌ ﴿١٦﴾

၁၆။ ထိုမှတပါး မှီအုံးများသည်လည်း အနှံ့အပြားခင်းထားလျက် ရှိကြပေမည်။ [၁]

اَفَلَا يَنْظُرُوْنَ اِلَى الْاِبِلِ كَيْفَ خُلِقَتْ ﴿١٧﴾

၁၇။ အသို့ပါနည်း ကုလားအုတ်များသည် အဘယ်ကဲ့သို့ ဖန်ဆင်းခြင်း ခံခဲ့ကြရသည်ကို ၎င်းတို့သည် ကြည့်ရှုလေ့လာ ဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။

وَاِلَى السَّمَآءِ كَيْفَ رُفِعَتْ ﴿١٨﴾

၁၈။ ထိုနည်းတူစွာ မိုးကောင်းကင်သည် အဘယ်ကဲ့သို့ မြင့်စွင့်စေခြင်းကို ခံခဲ့ရသည်ကိုလည်းကောင်း။

وَاِلَى الْجِبَالِ كَيْفَ نُصِبَتْ ﴿١٩﴾

၁၉။ ထို့အတူ တောင်များသည် အဘယ်ကဲ့သို့ စိုက်ထူခြင်းကို ခံခဲ့ကြရသည်ကိုလည်းကောင်း။

وَاِلَى الْاَرْضِ كَيْفَ سُطِحَتْ ﴿٢٠﴾

၂၀။ ထိုမှတပါး ပထဝီမြေသည် အဘယ်ကဲ့သို့ ခင်းကျင်းထားခြင်း ခံခဲ့ရသည်ကိုလည်းကောင်း၊ (ကြည့်ရှုလေ့လာ ဆင်ခြင်သုံးသပ်ခြင်းမပြုကြလေသလော၊) [၂]

---

① **ကိယာမတ်တွင် မုအ်မင်နှ်တို့၏ဖြစ်အင်။**

ကိယာမတ်တွင် မုအ်မင်နှ် သူတော်စင်များသည် မျက်နှာရွှင်လန်း စိုပြည်လျက် ရှိကြပေမည်။ မိမိတို့ ကုသိုလ်ကောင်းမှုများ ဆည်းပူး နိုင်ခဲ့ကြသည့်အတွက် ကျေနပ်နှစ်သက် ဝမ်းသာလျက် ရှိကြပေမည်။ ၎င်းတို့သည် အတိုင်းမသိ မြင့်မြတ်လှသော ဂျန္နတ်ဥယျာဉ်မြတ်တွင် စံစားလျက်ရှိကြပေမည်။ ယင်းဂျန္နတ်တွင် ဟဒယနှလုံး ရွှင်ပြုံးစေမည့် သာယာချိုအေးသော သံသာထူးများမှတပါး မချေမင်း မသာယာသော စကားကို အလျင်းကြားကြရမည်မဟုတ်ပေ။ ကြည့်-ကုရ်အာန် (၁၉း၆၂။ ၅၂း၂၃။ ၅၆း၂၅-၂၆။ ၇၈း၃၅)။

ယင်းဂျန္နတ်တွင် အလျဉ်တွေတွေ စီးဆင်းလျက်ရှိသော စမ်းချောင်း(များ)လည်း ရှိပေမည်။ လဲလျောင်းရန် မြင့်သောသလွန်များလည်း ရှိပေမည်။ သောက်သုံးရန် ရေဖလားများလည်း ရှိပေမည်။ စနစ်တကျခင်းထားသော ဖုံများလည်း ရှိပေမည်။ အနှံ့အပြား ခင်းကျင်းထားသော အခင်းကဗ္ဗလာများ လည်းရှိပေမည်။

ဆိုလိုသည်ကား ဂျန္နတ်တွင် မုအ်မင်နှ် သူတော်စင်များသည် အတိုင်းမသိသော သုခချမ်းသာအဖြာဖြာတို့ကို လိုလေသေးမရှိရရှိကာ ချမ်းသာခြင်းကြီးမက ချမ်းသာ၍ အောင်မြင်ခြင်းကြီးမက အောင်မြင်လျက် ရှိကြပေမည်။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ထိုသည့် ဂျန္နတ်သုခကို ချီးမြှင့်တော်မူသည် ဖြစ်ပါစေသတည်း)။

فَذَكِّرْ ۖ إِنَّمَا أَنتَ مُذَكِّرٌ ﴿٢١﴾

၂၁။ သို့ဖြစ်ပေရာ အသင်သည် ဆုံးမလျက် ရှိပါလေ။ အသင်သည် ဆုံးမသူတစ်ဦးမျှသာဖြစ်ပေသည်။

لَّسْتَ عَلَيْهِم بِمُصَيْطِرٍ ﴿٢٢﴾

၂၂။ အသင်သည် ၎င်းတို့အပေါ်၌ စောင့်ကြပ်အုပ်ထိန်းသူ မဟုတ်ပေ။

---

(၂) အလ္လာဟ်အရှင်မြတ်သည် အထက်၌ ပါရှိခဲ့သည့်အတိုင်း ကိယာမတ်နေ့တွင် ကာဖိရ်များအဖို့ ကြောက်ဖွယ်ရာ ပြစ်ဒဏ်များနှင့် မုအ်မင်နှ်များအဖို့ ဂျန္နတ်သုခဘုံများကို အသင့် စီစဉ်ထားတော်မူပြီး ဖြစ်သည်။ သို့ပါလျက် ကာဖိရ်များသည် ကိယာမတ်ကို မယုံကြည်ကြပေ။ သို့မယုံကြည်ခြင်းမှာ မယုံကြည်သူတို့၏ အပြစ်သာ ဖြစ်ပေသည်။ မိမိတို့၏ ပတ်ဝန်းကျင်ကို မစဉ်းစား မဆင်ခြင်၍သာဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် ပုံပန်းသဏ္ဌာန်၊ အနေအထား၊ တမူထူးခြား ဆန်းပြားလှသည့် ကုလားအုတ်များကို အံ့ဖွယ်သရဲ မည်သို့မည်ပုံ ဖန်ဆင်းထားတော်မူသည်၊ ထိုအရှင်မြတ်သည် အတိုင်းမသိ မြင့်စွင့်လှသည့် မိုးကောင်းကင်များကို မည်သို့မည်ပုံ ဖန်ဆင်းထားတော်မူသည်၊ အတိုင်းမသိ ကြီးမားလှသည့် တောင်ကြီးများကို မည်သို့မည်ပုံ စိုက်ထူထားတော်မူသည်၊ အတိုင်းမသိ ကျယ်ပြန့်လှသည့် ပထဝီမြေကြီးကို မည်သို့မည်ပုံ ခင်းကျင်းထားတော်မူသည်များကို ကိယာမတ်ကို မယုံကြည်သော ယင်းကာဖိရ်များသည် စဉ်းစားဆင်ခြင်မြော်မြင်၍ မကြည့်ကြလေသလော။

နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရသော ဤသည့်အရာများကိုပင် စဉ်းစားဆင်ခြင် မြော်မြင်ကြည့်ရှုပါက အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို သိမြင်လာကြပေမည်။ သေပြီးနောက်တဖန် ရှင်ပြန်ထရမည့်အရေးကို ယုံကြည်လာကြပေမည်။ ကိယာမတ်ကို လက်ခံလာကြပေမည်။

ဤအာယတ်တော်တွင် ဖော်ပြပါ လေးခုသောအရာကို အထူးတလည် ထုတ်ဖော်မိန့်ကြားတော်မူခြင်းမှာ ကုရ်အာန်ကျမ်းမြတ်ကို ဦးစွာပထမ ကြားနာကြရကုန်သော အရပ်လူမျိုးတို့သည် များသောအားဖြင့် ကုလားအုတ်များကို စီးနင်း၍ "ဆဟာရ" သဲကန္တာရများ၊ တောတောင်များတွင် သွားလာလေ့ရှိခဲ့ကြပေသည်။ သို့သွားလာရာတွင် ၎င်းတို့သည် မိမိတို့အနီးတွင် ကုလားအုတ်များ၊ အထက်တွင် မိုးကောင်းကင်များ၊ အောက်တွင်မြေကြီးများ၊ ပတ်ဝန်းကျင်တွင် တောင်ကြီးများကို အမြဲတစေတွေ့မြင်နေခဲ့ကြရပေသည်။ ထို့အတွက် ၎င်းတို့အား ၎င်းတို့အမြဲတစေ တွေ့မြင်နေကြရသော အရာများကိုပင် စဉ်းစားဆင်ခြင် မြော်မြင်ရန် မိန့်ကြားထားတော်မူခြင်းဖြစ်ပေသည်။

(၁) ထင်ရှားသော သက်သေသာဓက အထောက်အထားများ ရှိပါလျက်နှင့် မစဉ်းစားမဆင်ခြင်ကြပါလျှင်၊ အမှန်တရားကို သွေဖည်နေကြပါလျှင် တမန်တော်မြတ်သည် ထိုသို့သောသူများနှင့် ပတ်သက်၍ အထူးစဉ်းစားနေတော်မူရန်မလိုပေ၊ ပူပန်သောက ဖြစ်နေတော်မူရန် မလိုပေ၊ စိတ်ဒုက္ခဖြစ်နေတော်မူရန် မလိုပေ။ မိမိ၌ တာဝန်ရှိသည်နှင့်အမျှ သွန်သင်ဆုံးမ နားချတော်မူရန်သာ ရှိပေသည်။ တမန်တော်မြတ်သည် သွန်သင်ဆုံးမ ညြဝါဒပေးရန် စေလွှတ်တော်မူခြင်းခံရသော တမန်တော်တစ်ပါးသာ ဖြစ်တော်မူသည်။ စောင့်ကြပ်ထိန်းသိမ်းသော တာဝန်ခံ အအုပ်အထိန်း အစောင့်အကြပ် မဟုတ်ပေရာ၊ တရားမရ ရအောင်၊ မနာခံ နာခံအောင်၊ မလိုက်နာ လိုက်နာအောင် အတင်းအဓမ္မ ပြုပြင်ပြောင်းလဲရန် မလိုပေ။ ကြည့်-ကုရ်အာန် (၃:၁၉။ ၅:၉၂။ ၅:၉၉။ ၁၃:၄၀။ ၁၆:၃၅။ ၁၆:၈၂။ ၂၉:၁၈။ ၄၂:၄၈။ ၅၀:၄၅။ ၆၄:၁၂)။

إِلَّا مَنْ تَوَلَّىٰ وَكَفَرَ ﴿٢٣﴾

၂၃။ သို့ရာတွင် မည်သူမဆို မျက်နှာလွှဲခဲ့လျှင်လည်းကောင်း၊ သွေဖည်ငြင်းပယ်ခဲ့လျှင်လည်းကောင်း၊

فَيُعَذِّبُهُ اللَّهُ الْعَذَابَ الْأَكْبَرَ ﴿٢٤﴾

၂၄။ အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ကြီးလေးလှစွာသောပြစ်ဒဏ်ကို ပေးတော်မူမည်သာ ဖြစ်ပေသည်။

إِنَّ إِلَيْنَا إِيَابَهُمْ ﴿٢٥﴾

၂၅။ ဓကန်မလွဲ ၎င်းတို့သည် ငါအရှင်မြတ် အထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရမည် ဖြစ်ပေသည်။

ثُمَّ إِنَّ عَلَيْنَا حِسَابَهُمْ ﴿٢٦﴾

၂၆။ ထို့နောက် ၎င်းတို့အား စစ်ဆေးမေးမြန်းခြင်းသည် ငါအရှင်မြတ်၏တာဝန်ပင်ဖြစ်ပေသတည်း။ [၁]

---

① သွန်သင်ဆုံးမ ဩဝါဒပေးပါလျက်၊ သွေဖည်ကျောခိုင်းသော သူများကိုမူ အလ္လာဟ်အရှင်မြတ်သည် ကြီးလေးသောပြစ်ဒဏ် ခတ်တော်မူမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် တစ်ရက် ထိုအရှင်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ကြရမည်သာ ဖြစ်သည်။ ထိုအရှင်မြတ်သည် အသီးသီးတို့အား အတိအကျ စစ်ဆေးမေးမြန်း၍ ကျိုးပြစ်ပေးတော်မူမည်သာ ဖြစ်ပေသတည်း။

မိုးသောက်ချိန်ကဏ္ဍ



ဤကဏ္ဍသည် "ဖဂျ်ရ်" မိုးသောက်ချိန် ကဏ္ဍမည်၏။ မက္ကာမြို့တော်တွင် ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၃၀)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالْفَجْرِ ۙ﴿۱﴾

၁။ (ငါအရှင်မြတ်သည်) နံနက်မိုးသောက်ချိန်ကို သက်သေထူတော်မူ၏။

وَلَيَالٍ عَشْرٍ ۙ﴿۲﴾

၂။ ၎င်းပြင် (ငါအရှင်မြတ်သည်) ဆယ်ခုသော ညဉ့်ကို သက်သေထူတော်မူ၏။

وَّالشَّفْعِ وَالْوَتْرِ ۙ﴿۳﴾

၃။ ထို့ပြင် (ငါအရှင်မြတ်သည်) စုံ(ဖြစ်သော အရာ)ကိုလည်းကောင်း၊ မ(ဖြစ်သောအရာ)ကိုလည်း ကောင်း၊ သက်သေထူတော်မူ၏။

وَالَّيْلِ اِذَا يَسْرِ ۚ﴿۴﴾

၄။ ထိုမှတပါး (ငါအရှင်မြတ်သည်) ညဉ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုညဉ့်သည် သွားလေ၏။ [၁]

---

① ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် ထူးကဲသောအချိန် ငါးခုကို သက်သေထူ၍ စကားပလ္လင်အဖြစ် မိန့်ကြားထားတော်မူသည်။

(၁) မိုးသောက်ချိန်

မောင်လာနာရှာဟ်အဗ်ဒုလ်ကာဒရ်၏ ဖွင့်ဆိုချက်အရ "မိုးသောက်ချိန်"ဟူသည် ဇိလ်ဟိဂ္ဂျ်လ (၁၀) ရက်နေ့၏ မိုးသောက်ချိန်ကို ဆိုလိုသည်။ ထိုနေ့ နံနက်တွင် အီဒုလ်အဿွဟာခေါ် အစ္စလာမ် သာသနာ့ ပွဲတော်ကြီး ရှိပေသည်။

(၂) ၁၀- ညဉ့်

ဆယ်ညဉ့်ဟူသည် ဇိလ်ဟိဂ္ဂျ်လ၏ ပထမဆယ်ရက်၏ ညဉ့် (၁၀) ညဉ့်ကို ဆိုလိုသည်။

(၃-၄) စုံနှင့်မ

စုံနှင့်မဟူသည် ရမဿွာန်လမြတ်၏နောက်ဆုံး(၁၀)ညဉ့်ရှိ စုံ၊မဖြစ်သော ညဉ့်များကို ဆိုလိုသည်၊➤➤

هَلْ فِي ذَٰلِكَ قَسَمٌ لِّذِي حِجْرٍ ۝٥

၅။ ဤသည်တို့၌ ဉာဏ်အမြော်အမြင် ပြည့်စုံသောသူ၏အဖို့ ခိုင်မာလုံလောက်သော ကျိန်ဆိုချက် ရှိသည်မဟုတ်လော။

➤➤ **(၅) ညဉ့်သွားသောအခါ**

ညဉ့်သွားသောအခါဟူသည် မိအ်ရာဂျ်ညဉ့်တွင် တမန်တော်မြတ် ကြွမြန်းသွားတော်မူသည့်အချိန်ကို ဆိုလိုသည်။

ဖော်ပြပါအချိန်များသည် မင်္ဂလာရှိသော၊ ထူးကဲမြင့်မြတ်သော အချိန်များသာဖြစ်သည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်သည် ထိုအချိန်များကို သက်သေထူ၍ မိန့်ဆိုထားတော်မူခြင်းဖြစ်ပေသည်။

မှတ်ချက်။

ယေဘုယျအားဖြင့် မုဖတ်စ်စိရ်များက **"ဝလ်လိုင်လေ အေဇာယဆ်ရေ"** ဟူသော အာယတ်တော်ကို ညဉ့်ကုန်သွားခြင်း၊ သို့မဟုတ် ညဉ့်၏အမှောင် ပျံ့နှံ့သွားခြင်းဟူ၍ အနက်ဖွင့်ကြပေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် စုံနှင့်မကို ဆန့်ကျင်ဘက် ယှဉ်တွဲသက်သေ ထူထားတော်မူသကဲ့သို့ မိုးသောက်ချိန်နှင့် ညဉ့်၏သွားခြင်း သို့မဟုတ် လာခြင်းကို ဆန့်ကျင်ဘက် ယှဉ်တွဲ သက်သေထူထားတော်မူခြင်း ဖြစ်ပေသည်။

ထို့အတူ ဆယ်ညဉ့်ဟူသည် သီးသန့် ဆယ်ညဉ့်ကို ဆိုလိုသည်မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်အားဖြင့် မည်သည့် ဆယ်ညဉ့်ကိုမဆို ဆိုလိုသည်လည်း ဖြစ်နိုင်ပေသည်။ ယင်းသို့ဖြစ်လျှင် ဆယ်ညဉ့်များတွင်လည်း ဆန့်ကျင်ဘက်ကို တွေ့ရှိရပေသည်။ ဥပမာ-လ၏ပထမ ဆယ်ညဉ့်သည် အစတွင် လင်းသည်၊ ထို့နောက် မှောင်သည်။ လ၏နောက်ဆုံး ဆယ်ညဉ့်သည် အစတွင် မှောင်သည်၊ ထို့နောက် လင်းသည်။ လ၏အလယ် ဆယ်ညဉ့်သည် လ၏ ပထမဆယ်ညဉ့်၊ နောက်ဆုံး ဆယ်ညဉ့်နှင့် မတူပေ။ ဤသို့အားဖြင့် လ၏ဆယ်ညဉ့်များတွင်လည်း ဆန့်ကျင်ဘက်ဖြစ်မှုကို တွေ့ရှိရပေသည်။

ဆိုလိုသည်ကား ဤသည့်ဆန့်ကျင်မှုများကို စကားပလ္လင်အဖြစ် ညွှန်ပြကာ လူသားတို့သည် မိမိတို့၌ ဒုက္ခသော်လည်းကောင်း၊ သုခသော်လည်းကောင်း၊ ချောင်လည်မှုသော်လည်းကောင်း၊ ကျပ်တည်းမှုသော်လည်းကောင်း အခြေအနေတစ်ခုခု ဆိုက်ရောက်လာလျှင် ထိုသည့် အခြေအနေသည် အမြဲထာဝစဉ်တည်၍နေမည်၊ ထိုသည့် အခြေအနေနှင့်ဆန့်ကျင်ဘက် အခြေအနေပေါ်လာတော့မည် မဟုတ်ဟူ၍ကား ထင်မှတ်မနေအပ်ကြောင်း သတိပေးထားတော်မူခြင်းပင် ဖြစ်ပေသည်။

လူသားတို့ သိထားအပ်သည်မှာ အလ္လာဟ်အရှင်မြတ်သည် ဆန့်ကျင်ဘက်များကို ဖန်ဆင်းထားတော်မူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် စကြာဝဠာကြီးတွင် (နေ့နှင့်ညဉ့်၊ အလင်းနှင့်အမှောင်၊ အအေးနှင့်အပူစသည်ဖြင့်) ဆန့်ကျင်ဘက်များကို ဖန်ဆင်းထားတော်မူသကဲ့သို့ လူသားတို့၌လည်း ဘဝအခြေအနေများကို မိမိ၏အလုံးစုံကို အကြွင်းမဲ့သိတော်မူသော ဉာဏ်တော်ဖြင့် အမျိုးမျိုး ပြောင်းလဲပေးတော်မူသည်။ ရှေ့၌ ဤကဏ္ဍတွင် ပါရှိသော အကြောင်းများမှာလည်း ဤသည့်သဘောအရပင်ဖြစ်ပေသည်။

ဤအာယတ်တော်လာ ပုဒ်များကို ဖွင့်ဆိုရာတွင် အဆိုအမျိုးမျိုး တွေ့ရှိရပေသည်။ အကျယ်သိလိုပါက အိဗ်နုဂျရီရ်၊ အိဗ်နုကဆီရ်၊ ခါဇင်ကျမ်းများတွင် ရှုပါကုန်။

⑴ အထက်တွင် အလ္လာဟ်အရှင်မြတ် သက်သေထူ မိန့်ကြားတော်မူသော ကျိန်ဆိုချက်များသည် သာမန်မဟုတ်၊ အလွန်အရေး ပါလှသည်။ လေးနက်လှသည်။ ယင်းသည့် ကျိန်ဆိုချက်များကို စကားပလ္လင်အဖြစ် ➤➤

أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِعَادٍ ۝٦

၆။ (အို-နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် "အာဒ်"အမျိုးသားတို့အား မည်သို့ ပြုလုပ်တော်မူခဲ့သည်ကို အသင် သိမြင်ခဲ့ပြီမဟုတ်လော။

إِرَمَ ذَاتِ الْعِمَادِ ۝٧

၇။ အရပ်အမောင်းထွားကျိုင်းသော၊ တိုင်ရှည်ကြီးများ၏ပိုင်ရှင်ဖြစ်ကြသော "အိရမ်"(၏အဆက်အနွယ်)အား။

الَّتِي لَمْ يُخْلَقْ مِثْلُهَا فِي الْبِلَادِ ۝٨

၈။ (ကမ္ဘာပေါ်ရှိ) မြို့ရွာများတို့တွင် (မည်သူမျှပင်) ၎င်းတို့ကဲ့သို့ ဖန်ဆင်းခြင်းခံခဲ့ရသည်မဟုတ်ပေ။

وَثَمُودَ الَّذِينَ جَابُوا الصَّخْرَ بِالْوَادِ ۝٩

၉။ "ဝါဒစ်လ်ကုရာ" အရပ်၌ ကျောက်ဆောင်များကို ထွင်းခဲ့ကြသော "ဆမူဒ်" အမျိုးသားတို့အား (မည်ကဲ့သို့ပြုလုပ်တော်မူခဲ့သည်ကို)လည်းကောင်း။

وَفِرْعَوْنَ ذِي الْأَوْتَادِ ۝١٠

၁၀။ ၎တ်များ၏ပိုင်ရှင်ဖြစ်သော 'ဖစ်ရ်အောင်'အား(မည်ကဲ့သို့ပြုလုပ်တော်မူခဲ့သည်ကို)လည်းကောင်း။

الَّذِينَ طَغَوْا فِي الْبِلَادِ ۝١١

၁၁။ အကြင်သူတို့သည် တိုင်းပြည်များတွင် ဆိုးသွမ်းခဲ့ကြကုန်၏။

فَأَكْثَرُوا فِيهَا الْفَسَادَ ۝١٢

၁၂။ ထို့နောက် ၎င်းတို့သည် ထိုတိုင်းပြည်များတွင် ပျက်စီးရာပျက်စီးကြောင်းကို များစွာ ပြုလုပ်ခဲ့ကြကုန်၏။

فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ ۝١٣

၁၃။ သို့ဖြစ်ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်၏ကျာပွတ်၊ ပြစ်ဒဏ်တစ်မျိုးကို သွန်းချတော်မူခဲ့၏။

➤➤ ကျိန်ဆို မိန့်ကြားထားတော်မူသည့်အတွက် မိန့်ကြားတော်မူအံ့သော အာယတ်တော်များသည် အဘယ်မျှလေးနက်လာသည်ကို ဉာဏ်ပညာ အမြော်အမြင်ရှိသူများသည် ကောင်းစွာ သိရှိနိုင်ကြပေသည်။

إِنَّ رَبَّكَ لَبِالْمِرْصَادِ ﴿١٤﴾

၁၄။ ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တပ်ပုန်းချထားရာအရပ်၌ ချောင်းမြောင်းလျက် စောင့်ကြည့်လျက် ရှိတော်မူပေသတည်း။ [၁]

---

① **အလ္လာဟ်အရှင်မြတ်သည် စောင့်ကြည့်လျက် ရှိတော်မူသည်။**

လူတစ်ယောက်သည် ချောင်းမြောင်းရာအရပ်၌ ပုန်းကွယ်၍ ကင်းပုန်းကဲ့သို့ သွားလာသူတို့အား မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ မည်သူသွားသည်၊ မည်သူလာသည်၊ အဘယ်ကြောင့်သွားသည်၊ အဘယ်ကြောင့်လာသည်၊ အဘယ်ပစ္စည်းယူလာသည်၊ အဘယ်ပစ္စည်းယူသွားသည်၊ အဘယ်အရာလုပ်လာသည်၊ အဘယ်အရာလုပ်သွားသည် စသည်တို့ကို စလယ်ဆုံး သိမြင်နေ၏။ မှတ်သားနေ၏။ ထိုသူသည် အရေးပေါ်လာသည့်အခါ မိမိသိမြင်မှတ်သားထားသည့်အတိုင်း အတိအကျ အရေးယူ ဆောင်ရွက်နိုင်၏။

ထို့အတူ အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏အမြင်မှ ကွယ်ဝှက်ကာ လူသားတို့ ကျင့်ကြံပြုမူနေကြသည်များကို စောင့်ကြည့်နေတော်မူ၏၊ အရာခပ်သိမ်းကုန်တို့ကို အကြွင်းမဲ့သိတော်မူ၏၊ မြင်တော်မူ၏၊ ကြားတော်မူ၏၊ သို့တစေလည်း ထိုအရှင်မြတ်သည် မဟာကရုဏာတော်ရှင်၊ တရားမျှတတော် မူသောအရှင်ဖြစ်တော်မူပေရာ၊ အပြစ်ရှိသူတို့အား ချက်ခြင်းလက်ငင်း အရေးယူတော် မူလေ့မရှိပေ။ နောင်တတရား ရစိမ့်သောငှာ အချိန်အတန်ကြာ လျစ်လျူရှုထားတော်မူလေ့ရှိပေသည်။

သို့ချက်ချင်းလက်ငင်း ပြစ်ဒဏ်ပေးတော်မမူဘဲ ခေတ္တလျစ်လျူရှု ထားတော်မူသည်ကို သဘောမပေါက်သော၊ နားမလည်သော၊ အမှုမဲ့အမှတ်မဲ့နေသော အချို့လူသားတို့က ငါတို့ ကျင့်ကြံ ပြုမူနေကြသည်များကို မည်သူမျှမမြင်၊ မသိ၊ ငါတို့အား အရေးယူမည့်သူ တစ်ဦးတစ်ယောက်မျှမရှိဟု ထင်မြင်ယူဆကာ ဆိုးမိုက်မြဲတိုင်း ဆိုးမိုက်နေကြလေသည်။ နောက်ဆုံးတွင် အလွန်အကျွံ စည်းမဲ့ကမ်းမဲ့ ဖြစ်လာကြပြီး လျစ်လျူရှုရန် အကြောင်းမရှိတော့သည့်အဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ထိရောက်စွာ အတိအကျ အရေးယူတော်မူလေသည်။ ထိုအခါ ထိုသို့သော လူသားတို့သည် အကြောင်းသိသွားကြလေသည်။ ပျက်စီးခြင်းကြီးမက ပျက်စီးကြရလေသည်။

ထိုအခါကျမှ "သြော်-ငါတို့အား အပြစ်ရှိသည့်အလျောက် ချက်ခြင်းအရေးယူတော်မမူခြင်းမှာ ငါတို့အား စမ်းသပ်တော်မူခြင်းပါတကား၊ ငါတို့အား လျစ်လျူရှုထားတော်မူခြင်းပါတကား" ဟု သိရှိကာ နောင်တရကြလေသည်။ သို့ရာတွင် ထိုအချိန်ကျမှ နောင်တရခြင်းကား အကျိုးမရှိတော့ပြီ။

ထို့အတွက် လူသားတို့သည် အမှုမဲ့အမှတ်မဲ့ မနေကြရာ၊ နောင်ရေးကို မေ့မနေကြရာ။ အလ္လာဟ်အရှင်မြတ်သည် အခါခပ်သိမ်း စောင့်ကြည့်တော်မူလျက်ရှိသည်ကို အမြဲနလုံးသွင်းထားကြရာ သတည်း။

အတိတ်ခေတ် အာဒ်၊ ဆမူဒ်၊ ဖစ်ရ်အောင်နိတို့သည် ယင်းသို့ အမှုမဲ့ အမှတ်မဲ့နေကာ စည်းမဲ့ကမ်းမဲ့ သွေဖည်ဆိုးသွမ်းမိုက်မဲ၍ ကမ္ဘာမြေပြင်တွင် ဆူပူသောင်းကျန်းခဲ့ကြသည့်အတွက် နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ ကွပ်မျက်တော်မူခြင်းကို ခံသွားခဲ့ကြရပေသည်။ ယနေ့လည်း ၎င်းတို့၏လမ်းစဉ်ကို လိုက်သော သူများသည် ၎င်းတို့ကဲ့သို့ပင် နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ ကွပ်မျက်တော်မူခြင်းကို မလွဲဧကန်အမှန် ခံကြရမည်ကို ကြိုးစွာသတိပြုကြရပေမည်။ "အလ္လာဟ်အရှင်မြတ်သည် စောင့်ကြည့်လျက်ရှိတော်မူသည်"။

فَأَمَّا الْإِنسَانُ إِذَا مَا ابْتَلَاهُ رَبُّهُ فَأَكْرَمَهُ وَنَعَّمَهُ ۙ فَيَقُولُ رَبِّي أَكْرَمَنِ ﴿١٥﴾

၁၅။ သို့ပါလျက် မည်သို့ပင်ဖြစ်စေ၊ (ကာဖိရ်) လူသားမှာမူကား၊ ၎င်း၏အရှင်မြတ်က ၎င်းအား စမ်းသပ်တော်မူသောအခါ ထိုအရှင်မြတ်သည် ၎င်းအား ဂုဏ်အသရေချီးမြှင့်တော်မူ၏။ ထို့ပြင် ၎င်းအား ကျေးဇူးပြုတော်မူ၏။ ထိုအခါ ၎င်းက ကျွန်ုပ်၏ အရှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်အသရေ ချီးမြှင့်တော်မူခဲ့သည်ဟု ပြောဆိုလေ့ရှိ၏။

وَأَمَّا إِذَا مَا ابْتَلَاهُ فَقَدَرَ عَلَيْهِ رِزْقَهُ ۙ فَيَقُولُ رَبِّي أَهَانَنِ ﴿١٦﴾

၁၆။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ ထိုအရှင်မြတ်သည် ၎င်းအား (တစ်နည်း) စမ်းသပ်တော်မူပြန်သောအခါ ၎င်း၏အပေါ်၌ ၎င်း၏စားနပ်ရိက္ခာကို ကျပ်တည်းစေတော်မူ၏။ ထိုအခါ ၎င်းက ကျွန်ုပ်၏ အရှင်မြတ်သည် ကျွန်ုပ်အား ဂုဏ်အသရေ ဖျက်တော်မူခဲ့သည်ဟု ပြောဆိုလေ့ရှိပေသည်။ [၁]

---

① **ကျေးဇူးမသိတတ်သောလူသား။**

ကျေးဇူးမသိတတ်သော လူသား၏အဖြစ်သည် အံ့သြဖွယ်ပင်။ အလ္လာဟ်အရှင်မြတ်သည် လူသားအား ပေးချ်တစ်နည်း၊ ပြန်လည်ရုပ်သိမ်း၍တစ်ဖုံ၊ နည်းမျိုးစုံဖြင့် စမ်းသပ်တော်မူသည်။ တစ်ခါတစ်ရံ ထိုအရှင်မြတ်သည် လူသားအား ရာထူး၊ ဌာနန္တရ၊ ဥစ္စာပစ္စည်း စသည်များကို ချီးမြှင့်တော်မူသည်။ ယင်းသို့ ချီးမြှင့်တော်မူခြင်းမှာ လူသားသည် ယင်းသည့်ကျေးဇူးတော်များကို ရရှိခံစားရသည့်အတွက် ကျေးဇူးတော်ရှင်အား ကျေးဇူးသိတတ်သည်၊ မသိတတ်သည်ကို စမ်းသပ်တော်မူရန်ပင်ဖြစ်စေသတည်း။

ကျေးဇူးမသိတတ်သော လူသားသည် မိမိအား အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူသော ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ ဤသည် မိမိ၏ကျွမ်းကျင်လိမ္မာပါးနပ်မှု၊ ကြိုးပမ်းမှု၏ အကျိုးသာ ဖြစ်သည်၊ မိမိနှင့်ထိုက်တန်၍ မိမိအား မိမိ၏အရှင်က ချီးမြှင့်တော်မူခြင်းသာ ဖြစ်သည်ဟူ၍ပင် ကျေးဇူးကန်းကာ မိုက်မဲစွာဆိုလေသည်။ "ကာရွန်"သည်လည်း ဤအတိုင်း ဆိုခဲ့ချေသည်။ ကြည့်-ကုရ်အာန် (၂၈:၇၈)။ ကျေးဇူးမသိတတ်သော လူသားသည် ဤသည့်သခ်ါရ ပစ္စက္ခဘဝကိုပင် အဓိကပန်းတိုင် ဖြစ်သည်။ ဤသည့် ပစ္စက္ခဘဝ၏ ချမ်းသာကြွယ်ဝမှုသည် မိမိ၏ အဓိက အောင်မြင်မှု ဖြစ်သည်ဟု ယုံကြည်ယူဆနေပေသည်။ ဤကား မဟာအမှားပင်။

တစ်ခါတစ်ရံ အလ္လာဟ်အရှင်မြတ်သည် လူသား၌ စားဝတ်နေရေးကို ကျပ်တည်းစေတော်မူသည်။ ယင်းသို့ ကျပ်တည်းစေတော်မူခြင်းမှာ လူသားသည် အကျပ်အတည်းနှင့်ရင်ဆိုင် တွေ့ကြုံရသောအခါ သည်းခံနိုင်သည်၊ မိမိအရှင်အား ပုံအပ်နိုင်သည်၊ သို့တည်းမဟုတ် ညည်းညူမြည်တမ်းသည်၊ သည်းမခံနိုင်သည်များကို စမ်းသပ်တော်မူရန်ပင် ဖြစ်ပေသည်။ ကျေးဇူးမသိတတ်သော လူသားသည် ယင်းသို့ အကျပ်အတည်းနှင့် ➤➤

كَلَّا بَل لَّا تُكْرِمُونَ الْيَتِيمَ ﴿١٧﴾

၁၇။ အလျှင်းမဟုတ်၊ စင်စစ်မှာကား အသင်တို့သည် ဘမဲ့ကလေးသူငယ်များအား ဂုဏ်ပေးကြသည်မဟုတ်ပေ။

وَلَا تَحَاضُّونَ عَلَىٰ طَعَامِ الْمِسْكِينِ ﴿١٨﴾

၁၈။ ထို့ပြင် အသင်တို့သည် သူဆင်းရဲတို့အား ကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ကြသည်လည်း မဟုတ်ပေ။

وَتَأْكُلُونَ التُّرَاثَ أَكْلًا لَّمًّا ﴿١٩﴾

၁၉။ ၎င်းပြင် အသင်တို့သည် အမွေပစ္စည်းများကိုလည်း သိမ်းကျုံးလျက် စားသုံးကြကုန်၏။

➢➢ ရှင်ဆိုင်ရသည့်အခါ အမျိုးမျိုး ညည်းညူမြည်တမ်းလေသည်၊ အကြီးအကျယ် မကျေမချမ်း၊ မကျေမနပ်ဖြစ်လေသည်၊ မိမိအား မိမိ၏အရှင်သည် ဂုဏ်အသရေ ဖျက်ဆီးလေပြီဟူ၍ပင် ကျေးဇူးကန်းကာ မိုက်မဲစွာဆိုလေသည်။ ကျေးဇူးမသိတတ်သောသူသည် ဤသခ်ါရဘဝ၏ ခေတ္တချမ်းသာကြွယ်ဝမှုကို မိမိ၏အဓိကဆုံးရှုံးမှုကြီးပင် ဖြစ်သည်ဟု ယုံကြည် ယူဆနေပေသည်။ ဤသည်လည်း မဟာအမှားပင်။

ယင်းသို့ တွေးခေါ်ယုံကြည်ယူဆခြင်းမှာ ကျေးဇူးမသိတတ်သော၊ နောင်တမလွန်ဘဝကို မယုံကြည်သော ကာဖိရ်များ၏ အချည်းနှီးသော အတွေးအခေါ်နှင့် လုံးဝမှားယွင်းသော ယုံကြည်ယူဆချက်မျှသာ ဖြစ်ပေသည်။ အမှန်မှာ ဤသခ်ါရပစ္စက္ခဘဝသည် အဓိကမဟုတ်၊ ပန်းတိုင်မဟုတ်။ နောင်တမလွန်ဘဝသည်သာ အဓိကဖြစ်သည်၊ ပန်းတိုင်ဖြစ်သည်။

ဤပစ္စက္ခဘဝတွင် ခေတ္တချမ်းသာကြွယ်ဝမှုသည် ကြွားဝါဖွယ်ရာလည်းမဟုတ်၊ ဤပစ္စက္ခဘဝတွင် ကျပ်တည်းဆင်းရဲမှုသည် ဝမ်းနည်းဖွယ်ရာလည်းမဟုတ်။ ထို့အတူ ဤပစ္စက္ခ၏ ချမ်းသာ ကြွယ်ဝမှုသည် အလွှာဟ်အရှင်မြတ် နှစ်သက် မြတ်နိုးတော်မူခြင်း၏ လက္ခဏာလည်းမဟုတ်၊ ဆင်းရဲကျပ်တည်းမှုသည် ထို့အရှင်မြတ် စက်ဆုပ်မုန်းတီးတော်မူခြင်း၏ လက္ခဏာလည်းမဟုတ်ပေ။ ဆင်းရဲချမ်းသာမှုသည် စမ်းသပ်မှုသာ ဖြစ်သည်။

အချုပ်အားဖြင့် ကျေးဇူးမသိတတ်သော လူသားသည် ဤပစ္စက္ခဘဝကိုပင် အဓိကဟူ၍ ထင်မှတ်နေသည်။ ယင်းသို့ ထင်မှတ်ခြင်းဖြင့် ၎င်းသည် နောင်တမလွန်ကို မယုံကြည်ရာ ရောက်နေပေသည်။ ထို့အတူ ကျေးဇူးမသိတတ်သော လူသားသည် မိမိရရှိထားသော လောကီစည်းစိမ်မှာ မိမိနှင့်ထိုက်တန်၍သာ ဖြစ်သည်ဟူ၍ ထင်မှတ်နေသည်။

ယင်းသို့ ထင်မှတ်သည့်အတွက်ကြောင့် ၎င်းသည် လောကီစည်းစိမ်ကို အကြောင်းပြု၍ ကြွားဝါမောက်မာလေသည်၊ အလွှာဟ်အရှင်မြတ်အား ကျေးဇူးမတင်ပေ။ ဥစ္စာပစ္စည်း ပျက်စီးဆုံးပါးသည့် အခါတွင်လည်း သည်းမခံနိုင်ပေ။ ဤသည်တို့ကား ပြစ်ဒဏ်သက်ရောက်စေသော အကြောင်းတရားများတည်း။ ထာနဝီ။

وَّتُحِبُّوْنَ الْمَالَ حُبًّا جَمًّا ﴿٢٠﴾

၂၀။ ထိုမှတပါး အသင်တို့သည် ဥစ္စာပစ္စည်းကို လည်း အလွန်အမင်း ချစ်ခင်စုံမက် ခုံမင်ကြကုန်သတည်း။ [၁]

---

① ကျေးဇူးမသိတတ်သော လူသားက မိမိ၏အရှင်အား ကျေးဇူးကန်းကာ "ကျွန်ုပ်၏အရှင်သည် ကျွန်ုပ်အား ဂုဏ်အသရေမဲ့ စေတော်မူပြီ"ဟူ၍ပင် မိုက်မဲစွာ ကဲ့ရဲ့ပြစ်တင် ပြောဆို၏။ ယင်းသို့ကဲ့ရဲ့ပြောဆိုခြင်းမှာ ကျေးဇူးမသိတတ်ခြင်း၊ မိမိ၏အပြစ်ကို မိမိမမြင်ခြင်းကြောင့်ပင်ဖြစ်၏။ အမှန်မှာ ကျေးဇူးမသိတတ်သော လူသားသည် လောကီရေးတွင် အလွန်အကျွံ နစ်မွန်းပြီး ဖန်ဆင်းတော်မူသောအရှင်နှင့် အဖန်ဆင်းခံတို့၏စပ်ကြားၭ စောင့်သိရိသေအပ်သော တာဝန်များကိုလည်းကောင်း၊ အစွန်လာမ်က သတ်မှတ်ထားသော စည်းကမ်းချက်များကို လည်းကောင်း၊ အမေ့ကြီးမေ့လျက်ရှိ၏။

ဥပမာ-အစွန်လာမ်က ခိုကိုးရာမဲ့ဖြစ်နေသော မိတဆိုး ဖတဆိုး ကလေးများအား အထူးတလည် ကာကွယ်ထိန်းသိမ်း ကူညီစောင့်ရှောက်ရန် အကြိမ်ကြိမ် ညွှန်ကြားထားပါလျက်၊ ကျေးဇူးမသိတတ်သော လူသားသည် မိတဆိုး ဖတဆိုး တို့အား ကူညီစောင့်ရှောက်ရမည့်အစား အထင်အမြင်သေးသည်၊ အနိုင်ကျင့်သည်၊ စော်ကားသည်။ ၎င်းတို့၏ ဥစ္စာပစ္စည်းကိုပင် မတရား စားသုံးပစ်လေသည်။

ဆင်းရဲသားများနှင့်ပတ်သက်၍ အစွန်လာမ်က လူသားတို့အား မိမိကိုယ်တိုင်ကလည်း တတ်စွမ်းနိုင်သမျှ ဆင်းရဲသားများကို ကူညီထောက်ပံ့ကြရမည်။ သူတပါးတို့အားလည်း ကူညီထောက်ပံ့ရန် နှိုးဆော်ပေးကြရမည်ဟု အကြိမ်ကြိမ် ညွှန်ကြားထားပါသော်လည်း၊ ကျေးဇူးမသိသောလူသားသည် ဆင်းရဲသားတို့အား မိမိကိုယ်တိုင်က ကူညီထောက်ပံ့ရန်ဝေးစွ၊ သူတပါးတို့အားလည်း မေ့မှား၍မျှ မနှိုးဆော်ပေ။

ထိုမျှမကသေး၊ ကျေးဇူးမသိတတ်သောလူသားသည် မိမိကိုယ်တိုင် မစားရက်မသောက်ရက် ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းများနှင့် မရောင့်ရဲနိုင်သည်သာမက သူသေများ၏ အမွေပစ္စည်းများကိုပင် တရားသောနည်းဖြင့်ဖြစ်စေ၊ မတရားသောနည်းဖြင့်ဖြစ်စေ အမွေကြီးငယ်အားလုံးကို သိမ်းကျုံး၍ လက်ဝါးကြီးအုပ်လေသည်။

အမှန်မှာ ကျေးဇူးမသိတတ်သော လူသားသည် ဥစ္စာပစ္စည်းကို အလွန်အကျွံ ခုံမင်စုံမက် နှစ်သက်လျက် ရှိပေသည်။ ဥစ္စာကိုအမိ၊ ဥစ္စာကိုအဖ၊ ဥစ္စာကိုသာ အဓိကဟု ထင်မှတ် ယုံကြည်လျက်ရှိပေသည်။ ကျေးဇူးမသိတတ်သော လူသားသည် ဥစ္စာအတွက် အမြတ်ကြီးစားရန် အသင့်၊ ခေါင်းပုံဖြတ်ရန် အသင့်၊ ဘနဖူးသိုက်တူးရန် အသင့်။ ဥစ္စာရမည်ဆိုပါက အဘယ်မျှကြီးလေးသော အပြစ်ကိုပင်မဆို ကျူးလွန်ရန် လက်မနေးပေ။ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌မူ ကုသိုလ်ရေး၌မူ ပြားစေ့တစ်စေ့ကိုပင် မေ့မှား၍မျှ မသုံးရက်ပေ၊ မလှူရက်ပေ။

ထိုသို့သော လူသားသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ အသို့လျှင် ဂုဏ်အသရေ ရှိနိုင်အံ့နည်း။ လူသားထုကြီးထံ၌ အသို့လျှင် မျက်နှာပန်းလှနိုင်အံ့နည်း။ ယနေ့ကမ္ဘာအရပ်ရပ်တွင် ဆင်းရဲသားများ အုံကြွလာခြင်းမှာ ထိုသို့သော ဥစ္စာရူးတို့၏ မတရား လောဘကြီးမှု၏ အကျိုးပင် မဟုတ်တုံလော။ ဤရွေ့ဤမျှ လောကီရေးတွင် နစ်မွန်းနေသောသူများမှာ ကျိုးပြစ်ခံစံရမည့် ကိယာမတ်နေ့ကို ငြင်းဆန်သော၊ ကျေးဇူးမသိတတ်သော၊ ဥစ္စာရူး ရူးနေသော ကာဖိရ်များသာလျှင် ဖြစ်ကြပေသည်။

كَلَّآ إِذَا دُكَّتِ ٱلْأَرْضُ دَكًّا دَكًّا ﴿٢١﴾

၂၁။ အလျှင်းမဟုတ် (စင်စစ်မှာကား) ပထဝီမြေသည် ထုထောင်းလျက် တပြေးတည်းညီအောင် ပြုလုပ်ခြင်းကိုခံရသောအခါ၊ (တစ်နည်း) ညက်ညက်ကြေအောင် ထုထောင်းခြင်းကို ခံရသောအခါ။

وَجَآءَ رَبُّكَ وَٱلْمَلَكُ صَفًّا صَفًّا ﴿٢٢﴾

၂၂။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကြွလာတော်မူသောအခါ၊ ထို့ပြင် "မလာအိကဟ်" ကောင်းကင်တမန်တို့သည် စီတန်းလျက်(လာကြသောအခါ။)

وَجِا۟ٓءَ يَوْمَئِذٍۭ بِجَهَنَّمَ ۚ يَوْمَئِذٍ يَتَذَكَّرُ ٱلْإِنسَٰنُ وَأَنَّىٰ لَهُ ٱلذِّكْرَىٰ ﴿٢٣﴾

၂၃။ ၎င်းပြင် ထိုနေ့တွင် "ဂျဟန္နမ်" ငရဲသည် (လူတို့ရှေ့မှောက်ဝယ်) ယူဆောင်လာခြင်းကို ခံရသောအခါ၊ ထိုနေ့တွင် လူသားသည် အသိတရားရလာပေမည်။ သို့ရာတွင် (ထိုအခါ) သတိတရားရခြင်းသည် အဘယ်မှာလျှင် ၎င်း၌ အကျိုးရှိစေတော့မည်နည်း။

يَقُولُ يَٰلَيْتَنِى قَدَّمْتُ لِحَيَاتِى ﴿٢٤﴾

၂၄။ (ထိုအခါ) လူသားသည် (ဤသို့) ပြောဆို(ညည်းညူ)ပေလိမ့်မည်။ သြော်-ငါသည် (အာခိရတ်တမလွန်ဘဝ၌) မိမိအသက်ရှင်ရေးအလို့ငှာ (တစ်နည်း) မိမိသက်တမ်း၌ (ကောင်းမှု တစ်စုံတစ်ရာကို) ကြိုတင်၍ ဆည်းပူးခဲ့ပါလျှင် ကောင်းလေစွတကား။

فَيَوْمَئِذٍ لَّا يُعَذِّبُ عَذَابَهُۥٓ أَحَدٌ ﴿٢٥﴾

၂၅။ စင်စစ် ထိုနေ့တွင် ထိုအရှင်မြတ်၏ပြစ်ဒဏ်စီရင်ခြင်းမျိုးကို မည်သူတစ်ဦးတစ်ယောက်မျှပင် ပြစ်ဒဏ် စီရင်လိမ့်မည်မဟုတ်ပေ။

وَلَا يُوثِقُ وَثَاقَهُۥٓ أَحَدٌ ﴿٢٦﴾

၂၆။ ထိုနည်းတူစွာ ထိုအရှင်မြတ်၏ ဖမ်းဆီး ချုပ်နှောင်ခြင်းမျိုးကိုလည်း မည်သူတစ်ဦးတစ်ယောက် မျှပင် ဖမ်းဆီးချုပ်နှောင်လိမ့်မည် မဟုတ်ပေ။

يَٰٓأَيَّتُهَا ٱلنَّفْسُ ٱلْمُطْمَئِنَّةُ ﴿٢٧﴾

၂၇။ အို-(သောကကင်း၍) ငြိမ်ဆိမ်သော အသက်ဖြိုဝိန်။ [၁]

① "နဖ်စ်" စိတ်သုံးမျိုး။

လူ၌ "နဖ်စ်" စိတ်သည် တစ်ခုသာရှိသည်။ သို့ရာတွင် စိတ်၏အခြေအနေသုံးရပ်ကို အကြောင်းပြုပြီး စိတ်၏ အမည်သုံးခု ဖြစ်သွားပေသည်။

(၁) မွတ္တမအင်န်နဟ်။

(၂) အမ္မာရဟ်။

(၃) လောင်ဝါမဟ်။

အကယ်၍ စိတ်သည် အထက်ကမ္ဘာသို့ ယိမ်းယိုင်၏။ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်မှု၊ နာခံမှု၌ ဝမ်းသာပျော်ရွှင်၏။ သာသနာ၏စည်းကမ်းချက်များကို လိုက်နာကျင့်သုံးမှု၌ တည်ငြိမ်၏။ ငြိမ်းချမ်းသာယာ၏။ ကြည်နူး၏။ထိုသို့သောစိတ်ကို "မွတ္တမအင်န်နဟ်"ဟုခေါ်သည်။ကြည့်-ကုရ်အာန်(၈၉း၂၇-၃၀)

အကယ်၍ စိတ်သည် အောက်ကမ္ဘာသို့ ယိမ်းယိုင်၏။ လောကီစည်းစိမ်များတွင် နစ်မွန်း၍ ဒုစရိုက်မှုများကို ကျူးလွန်၏။ သာသနာ၏ စည်းကမ်းချက်များကို မနာခံသွေဖည်ဖောက်ပြန်၏။ ထိုသို့သော စိတ်ကို "အမ္မာရဟ်"ဟု ခေါ်သည်။ ကြည့်-ကုရ်အာန် (၁၂း၅၃)။

အကယ်၍ စိတ်သည် တစ်ခါတစ်ရံ အောက်ကမ္ဘာသို့ ယိမ်းယိုင်ကာ ကာမဂုဏ်အာရုံများ၌ မွေ့လျော်၏၊ ဒေါသထွက်၏။ တစ်ခါတစ်ရံ အထက်ကမ္ဘာသို့ ယိမ်းယိုင်ကာ အဆိုပါ ကာမဂုဏ်အာရုံ၊ ဒေါသ စသည်တို့ကို စက်ဆုပ်ရွံရှာ၏။ ဝေးစွာရှောင်ကြဉ်၏။ ဒုစရိုက်မှုတစ်ခုခု ကျူးလွန်မိလျှင် သို့မဟုတ် ကောင်းမှုတစ်ခုပြုရန် လစ်ဟင်းသွားလျှင် ရှက်ရွံ့ကာ မိမိကိုယ်ကိုမိမိ ကဲ့ရဲ့ပြစ်တင်၏။ ထိုသို့သောစိတ်ကို "လောင်ဝါမဟ်" ဟုခေါ်သည်။ ကြည့်-ကုရ်အာန် (၇၅း၂)။

ရှာဟ်အဗ်ဒုလ်ကာဒိရ်သခင်က စိတ်သုံးမျိုးအကြောင်းကို တစ်နည်း အောက်ပါအတိုင်း ဖွင့်ဆိုရေးသားထားသည်။

လူ၏စိတ်သည် ပထမသော် လောကီစည်းစိမ်များတွင် နစ်မွန်း၍နေ၏။ ကုသိုလ်ကောင်းမှုဘစ်စုံတစ်ရာကိုမျှ ဆည်းပူးလိုသည့် ဆန္ဒအလျင်းမရှိ။ ဤသို့သော မကောင်းရာကိုသာ ညွှန်သောစိတ်ကို 'အမ္မာရဟ်'ဟု ခေါ်သည်။ ထိုသို့ မကောင်းမှုများ၌ နစ်မွန်းနေပြီးသည့်နောက်တွင် လူသည် ဆင်ခြင်တုံတရားရလာ၏။ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်လာ၏။ ထိုအခါ လူသည် မကောင်းမှုမှ နောက်ဆုတ်လေသည်၊ ရှောင်ကြဉ် လေသည်။

ယင်းသည့်အခြေအနေတွင် ရောက်ရှိသည့်အချိန်မှာပင် တစ်ခါတစ်ရံ မေ့လျော့ကာ မိမိ၏ဝသီအတိုင်း မကောင်းမှုကို ကျူးလွန်မိတတ်၏။ ထို့နောက် တဖန် ဆင်ခြင်တုံတရားရရှိပြန်ကာ ယင်းသို့ မိမိမကောင်းမှု ကျူးလွန်မိသည့်အတွက် မိမိကိုယ်ကိုမိမိ ကဲ့ရဲ့ပြစ်တင်၏။ ထိုသို့သောစိတ်ကို "လောင်ဝါမဟ်" ဟုခေါ်သည်။

ထိုသည့်နောက်ပိုင်းတွင် စိတ်သည် လုံးဝကြည်လင်သန့်ရှင်းသွား၏။ ကောင်းမှုကုသိုလ်ရေးများကိုသာ ပြုလုပ်လိုသော ဆန္ဒရှိလေ၏။ မကောင်းမှုကို အလိုအလျောက် ဝေးစွာရှောင်ကြဉ်လာ၏။ မကောင်းမှုများကို ကာယကံမြောက် ကျူးလွန်ရန်ဝေးစွ၊ စိတ်ကူးတွင် ထည့်မိရုံမျှဖြင့် ဒုက္ခဖြစ်လာတော့၏။ ထိုသို့သောစိတ်ကို 'မွတ်မအင်န်နဟ်'ဟု ခေါ်သည်။

ارْجِعِيٓ إِلَىٰ رَبِّكِ رَاضِيَةً مَّرْضِيَّةً ﴿٢٨﴾

၂၈။ အသင်သည် မိမိ၏ အရှင်မြတ်အထံတော်သို့ ကျေနပ်လျက် (ထိုအရှင်မြတ်၏)ကျေနပ်မှုကို ခံယူလျက် ပြန်သွားလေလော့။

فَادْخُلِي فِي عِبَٰدِي ﴿٢٩﴾

၂၉။ ထို့နောက် အသင်သည် ငါအရှင်မြတ်၏ ကျွန်တို့တွင် ပါဝင်လေလော့။

وَادْخُلِي جَنَّتِي ﴿٣٠﴾

၃၀။ ၎င်းပြင် အသင်သည် ငါအရှင်မြတ်၏ ဂျန္နတ် သုခဘုံ၌ ဝင်ရောက်(စံမြန်း)လေလော့။

سُورَةُ الْبَلَدِ

မြို့တော် ကဏ္ဍ

ဤကဏ္ဍသည် 'အလ်ဗလဒ်' မြို့တော်ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၂၀)ပါး ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

لَآ أُقْسِمُ بِهَٰذَا الْبَلَدِ ﴿١﴾

၁။ ငါအရှင်မြတ်သည် ဤ(မက္ကာ) မြို့တော်ကို သက်သေထူတော်မူ၏။

وَأَنتَ حِلٌّۢ بِهَٰذَا الْبَلَدِ ﴿٢﴾

၂။ စင်စစ် အသင်သည် ဤ(မက္ကာ)မြို့တော်၌ ဝင်ခွင့်ပြုခြင်း ခံရပေမည်။ ①

---

① ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် မက္ကာမြို့တော်ကို သက်သေထူ၍ လူသားတို့ တွေ့ကြုံခံစားရသည့် ပင်ပန်းမှု၊ ဒုက္ခကြီးငယ်များကို ညွှန်ပြမြွက်ဟ ဆိုထားတော်မူသည်။ ထိုအချိန်တွင် တမန်တော်တို့၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ်သည်ပင် ရန်သူတို့၏ ဘေးရန်အပေါင်းကို မရွံမလှ ခံစား၍ နေခဲ့ရရှာတော်မူသည်။ (မက္ကာမြို့တော်အတွင်း သစ်ပင်နုတ်ခွင့်၊ သားကောင် သတ်ဖြတ်ခွင့်ပင် မပြုခဲ့ကြသော အရပ်ကာဖိရ်တို့သည်ပင် တမန်တော်မြတ်အား သတ်ဖြတ်ရန်၊ နှင်ထုတ်ရန် ကြိုးစားနေခဲ့ကြပေသည်။)

ထို့အတွက် စကားညှပ်အနေနှင့် (وَأَنتَ حِلٌّۢ بِهَٰذَا الْبَلَدِ) ဟူသော အာယတ်တော်ကို မိန့်ကြားတော်မူပြီး တမန်တော်မြတ်အား ယနေ့ ဤမြို့တော်ရှိ လူမိုက်များသည် အသင် (တမန်တော်)အား မလေးစား မခန့်ညား ရန်ပွားနေကြသော်လည်း မကြာမီအတွင်း တမန်တော်မြတ်သည် ဤမြို့တော်အတွင်းသို့ ➤➤

وَوَالِدٍ وَّمَا وَلَدَ ﴿٣﴾

၃။ ၎င်းပြင် (ငါအရှင်မြတ်သည်) ဖခင်ကိုလည်းကောင်း၊ ထိုဖခင်ကမွေးဖွားသည့် (သားသမီး)ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။ [၃]

لَقَدْ خَلَقْنَا الْإِنْسَانَ فِي كَبَدٍ ﴿٤﴾

၄။ မုချဧကန် ငါအရှင်မြတ်သည် လူကို (ကြီးကျယ်သော) ပင်ပန်းမှုဌ် (ပင်ပန်းသောဘဝ၌) ဖန်ဆင်းတော်မူခဲ့၏။ [၄]

➤➤ အောင်နိုင်သူအဖြစ်နှင့် ဝင်ရောက်လာပြီး အစွမ်းလာမ်အောင်လံကို စိုက်ထူရတော့မည်။ ထိုနေ့တွင် ဤမြင့်မြတ်သော မြို့တော်၏ ထာဝစဉ် စင်ကြယ်သန့်ရှင်းရေးအတွက် တမန်တော်မြတ်သည် သာသနာ့ရန်စွယ်ဓမ္မန္တရာယ်များကို သုတ်သင် ရှင်းလင်းခွင့်လည်း ရရှိတော်မူပေမည်ဟု အမိန့်တော် ပေးတော်မူလေသည်။ ဤအမိန့်တော်သည် ဟိဂျ်ရီသက္ကရာဇ် (၈) ခုနှစ်တွင် အတည်ဖြစ်သွားခဲ့ချေပြီ။

② ဤအာယတ်တော်တွင် ဖခင်ဟူသည် ဖခင်ကြီးအာဒမ် (အလိုင်ဟစ္စလာမ်)ကို ဆိုလိုသည်။ သားသမီးဟူသည် ထိုဖခင်ကြီးအာဒမ်၏ သားသမီးများကို ဆိုလိုသည်။ အချို့က ဖခင်ဟူသည် ဖခင်တိုင်းကိုလည်းကောင်း၊ သားသမီးဟူသည် သားသမီးတိုင်းကို လည်းကောင်း၊ ဆိုလိုသည်။

အချို့က မက္ကာမြို့တော်သည် တမန်တော် အိဗ်ရာဟင်မ် ပြန်လည်တည်ထောင်ခဲ့သော မြို့တော်၊ တမန်တော်အိစ်မာအီလ် ကြီးပြင်းရာမြို့တော်၊ တမန်တော်မြတ် မီးရှူးသန့်စင် ဖွားမြင်တော်မူရာ မြို့တော်ဖြစ်သည်ကို အကြောင်းပြုပြီး၊ ဤအာယတ်တော်တွင် ဖခင်ဟူသည် တမန်တော်အိဗ်ရာဟင်မ်ကို ဆိုလိုသည်။ သားဟူသည် တမန်တော်အိစ်မာအီလ်နှင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)ကို ဆိုလိုသည်ဟု ယူဆကြသည်။ ပထမအဆိုသည် ပိုမိုသင့်မြတ်လှပေသည်။ ကြည့်-အဗူစုအူဒ်။

③ **<u>လူသားနှင့် ဆင်းရဲမှုဒုက္ခ</u>**။

လူသားသည် အစမှအဆုံးတိုင် ဆင်းရဲဒုက္ခ၊ ခက်ခဲမှု၊ ခဲယဉ်းမှု၊ ပင်ပန်းမှုတို့၏ ဝဲဩဂတွင် နစ်မွန်းလျက်သာရှိ၏။ ဒုက္ခအမျိုးမျိုးတို့ကို ရင်ဆိုင်တွေ့ကြုံ ခံစားနေရသည်သာဖြစ်၏။

လူဘဝသက်တမ်းကိုကြည့်လျှင် လူသားသည် တစ်ခါတစ်ရံ ရောဂါ၏ ဖိစီးခြင်းကို ခံနေရ၏။ တစ်ခါတစ်ရံ စိတ်ဒုက္ခဖြစ်နေရ၏။ တစ်ခါတစ်ရံ အရောင်းအဝယ် ပျက်စီး၏။ တစ်ခါတစ်ရံ သားချင်းသေဆုံး၏။ တစ်ခါတစ်ရံ မိတ်ဆွေ သစ္စာဖောက်၏။ တစ်ခါတစ်ရံ အမှုဖြစ်ရ၏။ အငြင်းပွားရ၏။ ဒုက္ခဆင်းရဲမှုသည် တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်ပေါ်နေသည်သာ ဖြစ်၏။ ကာယဒုက္ခ၊စိတ္တဒုက္ခနှင့် လွတ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ နေထိုင်ရသော အချိန်ပိုင်းကိုကား လူဘဝသက်တမ်းတွင် တွေ့ရခဲလှ၏။ ဖခင်ကြီးအာဒမ်နှင့် ၎င်း၏သားသမီးတို့၏ ဘဝဖြစ်စဉ် သည် ဤသည်ကို ထောက်ခံလျက် ရှိပေသည်။

အာရေဗျတိုင်းပြည်ကဲ့သို့ စားနပ်ရိက္ခာ ခေါင်းပါးသော တိုင်းပြည်တွင် နေထိုင်ရခြင်းသည်လည်း ဒုက္ခတစ်ရပ်ပင်။ အထူးသဖြင့် ထိုသည့် တိုင်းပြည်မျိုးတွင် တမန်တော်မြတ်ကဲ့သို့သော ကမ္ဘာ အထွတ်အထိပ် တမန်တော်ကြီးတစ်ပါးသည်ပင် ရန်သူတို့၏ အလွန်ကြီးများသော ဘေးရန်အမျိုးမျိုးတို့ကို အလူးအလိမ့် ခံစားတော်မူခဲ့ရလေသည်။ ➤➤

أَيَحْسَبُ أَن لَّن يَقْدِرَ عَلَيْهِ أَحَدٌ ﴿٥﴾

၅။ ထိုလူသည် မိမိအပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှပင် အလျှင်းတတ်စွမ်းနိုင်မည် မဟုတ်ဟု ထင်မှတ်လေသလော။ [၁]

يَقُولُ أَهْلَكْتُ مَالًا لُّبَدًا ﴿٦﴾

၆။ ၎င်းက ကျွန်ုပ်သည် မြောက်မြားစွာသော ပစ္စည်းဥစ္စာကို သုံးဖြုန်းခဲ့သည်ဟု (ဝါကြွား)ပြောဆိုလေ၏။ [၂]

أَيَحْسَبُ أَن لَّمْ يَرَهُ أَحَدٌ ﴿٧﴾

၇။ ၎င်းသည် မိမိအား မည်သူတစ်ဦးတစ်ယောက်မျှပင်မြင်ခဲ့သည်မဟုတ်ဟူ၍ ထင်မှတ်လေသလော၊ [၃]

➤➤ ဤသည်လည်း "ငါအရှင်မြတ်သည် လူသားအား ဆင်းရဲမှုဌ် ဖန်ဆင်းတော်မူသည်" ဟူသော အာယတ်တော်၏ ထင်ရှားသော လက်တွေ့သာဓက တစ်ရပ်ပင်။

မှတ်ချက်။

"ကဗဒ်"ဟူသော ပုဒ်နှင့်စပ်လျဉ်း၍ အဆိုအမျိုးမျိုး တွေ့ရှိရသည်။ ကျမ်းလေးမည်စိုး၍ မရေးတော့ပြီ။ အကျယ်သိလိုပါက အိဗ်နူဂျရီရ်၊ အိဗ်နကဆီရ်၊ ခါဇင်နဲ့ စသည့် ကျမ်းကြီးများတွင် ကြည့်ရှုပါကုန်။

① လူသားသည် မိမိ၏သက်တမ်းတလျှောက်လုံးတွင် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း အမျိုးမျိုးကို မပြတ်ခါခါ ခံစားနေရသည်ဖြစ်ရာ၊ မိမိ၏စွမ်းဆောင်နိုင်မှု၊ ချည့်နဲ့မှု၊ အင်အားမရှိမှုများကို တွေ့မြင်ကာ ကျိုးနွံလာအပ်၏။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားကာ ထိုအရှင်မြတ်၏ အမိန့်တော်များကို ကြည်ဖြူစွာ လိုက်နာကျင့်သုံးအပ်၏။ သို့တစေလည်း ကျေးဇူးမသိတတ်သောလူသားသည် အမှေကြီးမှေလျက်ပင်ရှိ၏။ အမြင်မှားလျက်ပင်ရှိ၏။ အောက်ခြေလွတ်လျက်ပင်ရှိ၏။ မိမိအထက်၌ မိမိအား ချုပ်ကိုင်နိုင်သူ၊ အရေးယူနိုင်သူ၊ အပြစ်ပေးနိုင်သူ တစ်ဦးတစ်ယောက်မျှပင် မရှိဟူ၍ ထင်မှတ်နေ၏။ ဤကား မဟာအမှားပင်။

② ကျေးဇူးမသိတတ်သောလူသားသည် တမန်တော်အား ရန်ပွားရာတွင်လည်းကောင်း၊ အစ္စလာမ်ကို ဆန့်ကျင်ရာတွင် လည်းကောင်း၊ ဒုစရိုက်မှုများကို ကျူးလွန်ရာတွင်လည်းကောင်း မိမိ၏ ဥစ္စာပစ္စည်းများကို ရေလိုဖြုန်းတီးလေသည်။ ယင်းသို့ ဖြုန်းတီးသည်ကိုပင် ဂုဏ်ယူဖွယ်ရာ လုပ်ငန်းကြီးတစ်ရပ်ဟု ယူဆပေသည်။ ထို့ပြင်တဝ၊ ယင်းသို့ဖြုန်းတီးသည်ကိုလည်း ပုံကြီးချဲ့ကာ "ငါသည် ဤရွေ့ဤမျှ ဥစ္စာပစ္စည်း အမြောက်အမြား ဖြုန်းတီးပစ်လိုက်သည်"ဟု ဝါကြွားပြောဆိုလိုက်သေးသည်။ သို့ရာတွင် ယင်းကျေးဇူးကန်းသည့်စကားသည် မကြာမီအတွင်း ယင်းသို့ မိုက်မဲစွာ ဖြုန်းတီး ပြောဆိုမိခဲ့သည်များနှင့် စပ်လျဉ်း၍ "သြော်-ငါသည် မိမိ ဥစ္စာပစ္စည်းများကို အလွဲသုံးစား ပြုမိခဲ့ချေပြီ၊ အချည်းနှီး ဖြုန်းတီးပစ်မိခဲ့ချေပြီ။ ဤသည် ကောင်းကျိုးမပေး၊ ဆိုးကျိုးသာ ပေးချေပြီ၊ အမှား ကြီးမှားမိခဲ့ချေပြီတကား"ဟု နောင်တရချိမ့်မည်။

③ ကျေးဇူးမသိတတ်သော လူသားသည် မည်သို့ပင်ကြွားဝါနေလင့်ကစား အလ္လာဟ်အရှင်မြတ်သည် အားလုံးသိတော်မူသည်၊ မြင်တော်မူသည်။ မည်သူမည်ဝါသည် မည်ရွေ့မည်မျှကို မည်သည့်နေရာတွင် မည်သည့်စေတနာနှင့် သုံးသည်ကိုလည်း အကြွင်းမဲ့သိတော်မူသည်။ ကြွားဝါခြင်းအားဖြင့် အကျိုး တစ်စုံတစ်ရာမရှိပေ။

أَلَمْ نَجْعَل لَّهُ عَيْنَيْنِ ﴿٨﴾

၈။ ငါအရှင်မြတ်သည် ၎င်းအား မျက်စိနှစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူခဲ့သည် မဟုတ်ပါလော။

وَلِسَانًا وَشَفَتَيْنِ ﴿٩﴾

၉။ ထို့ပြင် လျှာတစ်ခုကိုလည်းကောင်း၊ နှုတ်ခမ်းတစ်ခုကိုလည်းကောင်း၊ (ပြုလုပ်ပေးသနားတော်မမူခဲ့ပါသလော)။

وَهَدَيْنَاهُ النَّجْدَيْنِ ﴿١٠﴾

၁၀။ ထိုမှတပါး၊ ငါအရှင်မြတ်သည် ၎င်းအား (အကောင်းအဆိုး) လမ်းနှစ်သွယ်ကို ညွှန်ပြတော်မူခဲ့ပေသတည်း။ [၁]

فَلَا اقْتَحَمَ الْعَقَبَةَ ﴿١١﴾

၁၁။ သို့ပါလျက် ထိုလူသားသည် တောင်ကြားလမ်းကို ဖြတ်ကူးခဲ့သည် မဟုတ်ပေ။

---

① အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ယင်းသည့် လူသားအား ရေတွက်၍ပင် မကုန်နိုင်သော၊ အသွေးအသန်းသော ကျေးဇူးတော်များကို ပြုထားတော်မူသည်။ အခြား ကျေးဇူးတော်များကိုထားဘိဦး။ ထိုလူသား အမြဲတစေအသုံးပြုသော မျက်စိနှစ်လုံး၊ လျှာတစ်ခု၊ နှုတ်ခမ်းနှစ်ခုကို ထိုလူသားအား အသူပေးထားသနည်း။ ပေးသူမှာ အခြားမဟုတ်၊ အလ္လာဟ်အရှင်မြတ်ပင်။

ထိုအရှင်မြတ်သည်ပင် ထိုလူသားအား ကြည့်ရှုရန်အလို့ငှာ မျက်စိနှစ်လုံးကို ပေးသနားတော်မူသည်။ ထိုအရှင်မြတ်သည်ပင် ထိုလူသားအား မိမိ၏ စိတ်အတွင်းရှိအရာများကို ဖွင့်ဟထုတ်ဖော် ပြောနိုင်ရန်အလို့ငှာ၊ စားသောက်နိုင်ရန်အလို့ငှာ လျှာတစ်ခုနှင့် နှုတ်ခမ်းနှစ်ခုကို ပေးသနားတော်မူသည်။

ထိုအရှင်မြတ်သည် ထိုလူသားအား အကောင်းနှင့်အဆိုးကို စဉ်းစားဆင်ခြင် ခွဲခြားမြင်နိုင်ရန်အလို့ငှာ (အကောင်းနှင့်အဆိုး) လမ်းနှစ်သွယ်ကိုလည်း ညွှန်ပြထားတော်မူသည်။ သို့ဖြစ်ရာ ထိုလူသားသည် ဤသည့် ကြီးမားလှသော ကျေးဇူးတော်များကို သိတတ်ရာ၏။ ကျေးဇူးတော်ရှင် အလ္လာဟ်အရှင်မြတ်သခင်အား ကျိုးနွံရာ၏၊ နာခံရာ၏၊ ထိုအရှင်မြတ်၏ သာသနာတော်ကို လိုက်နာ ကျင့်သုံးရာ၏၊ ကျေးဇူးရှင်အား ကျေးမွှပ်ရာ။

မှတ်ချက်။ အားလုံးသူတို့အား မျက်စိအလင်း ပေးတော်မူသောအရှင်သည် မိမိကိုယ်တော်တိုင် အသို့လျှင် မြင်တော်မမူဘဲ ရှိတော်မူနိုင်အံ့နည်း။ အားလုံးတို့အား မျက်စိအလင်း ပေးတော်မူသော အရှင်သည် အားလုံးတို့ထက် အတိုင်းအဆမရှိ ပိုမိုမြင်တော် မူမည်သာတည်း။

မှတ်ချက်။ လူသားအား အကောင်း၊ အဆိုး လမ်းနှစ်သွယ် ညွှန်ပြတော်မူခြင်းမှာ အကျဉ်းသဓေါပအားဖြင့် အသိဉာဏ်နှင့် သဘာဝအရ ဖြစ်၏။ အကျယ်ဝိတ္ထာရအားဖြင့် တမန်တော်များ၏ ရှင်းလင်းပြသချက်အရ ဖြစ်၏။

အချို့က လမ်းနှစ်သွယ်ဟူသည် မိခင်၏(နို့အုံ) အသားမြတ်နှစ်ခုကို ရည်ညွှန်းသည်ဟု ယူဆကြသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် အမိဝမ်းတွင်းမှ မွေးဖွားစ သားငယ်ကို နို့စို့ရန် ညွှန်ပြတော်မူသည်ဟူ၏။

وَمَآ أَدْرَىٰكَ مَا ٱلْعَقَبَةُ ﴿١٢﴾

၁၂။ စင်စစ် တောင်ကြားလမ်းသည် အဘယ်နည်း၊ အသင် သိပါသလော။

فَكُّ رَقَبَةٍ ﴿١٣﴾

၁၃။ ကျွန် တစ်ဦးတစ်ယောက်အား (ကျွန်ဘဝမှ) လွတ်မြောက်စေခြင်းပင်။

أَوْ إِطْعَٰمٌ فِى يَوْمٍ ذِى مَسْغَبَةٍ ﴿١٤﴾

၁၄။ သို့တည်းမဟုတ် ငတ်မွတ်သောနေ့တွင် ကျွေးမွေးခြင်းပင်။

يَتِيمًا ذَا مَقْرَبَةٍ ﴿١٥﴾

၁၅။ ဆွေမျိုးနီးစပ်ဖြစ်သော ဘမဲ့ကလေးသူငယ် တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း။

أَوْ مِسْكِينًا ذَا مَتْرَبَةٍ ﴿١٦﴾

၁၆။ မြေကြီးပေါ် လူးလိမ့်နေသော ဒုက္ခိတသူဆင်းရဲ တစ်ဦးတစ်ယောက်ကိုသော် လည်းကောင်း။ ၃

ثُمَّ كَانَ مِنَ ٱلَّذِينَ ءَامَنُوا۟ وَتَوَاصَوْا۟ بِٱلصَّبْرِ وَتَوَاصَوْا۟ بِٱلْمَرْحَمَةِ ﴿١٧﴾

၁၇။ ထို့နောက် အကြင်သူတို့တွင် ပါဝင်ခြင်းပင်၊ ထိုသူတို့သည် "အီမာန်" သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး သည်းခံကြရန် လေးနက်စွာ ဆုံးမခဲ့ကြကုန်၏။ ထိုနည်းတူစွာ အချင်းချင်း တစ်ဦးကိုတစ်ဦး ကရုဏာတရားထားရှိကြရန်လည်း လေးနက်စွာ ဆုံးမခဲ့ကြကုန်၏။

---

③ အလ္လာဟ်အရှင်မြတ်သည် လူသားအား လိုလေသေးသည်မရှိ၊ အတိုင်းအဆမရှိ၊ ကျေးဇူးတော်များပြုထားတော်မူပါလျက်၊ တရားရရှိနိုင်ရန် အကြောင်းတရားများ အသင့်စီမံ ဖန်တီး ပေးထားတော်မူပါလျက်၊ လူသားသည် "အကဗဟ်" (၀၀) သာသနာ၏လမ်းစဉ်ကို မလိုက်နာပေ။ ကောင်းမြတ်သော ကိုယ်ကျင့်တရားကို လက်ခံနာယူကျင့်မူကာ အောင်မြင်မှု၏ အထွတ်အထိပ်သို့ မရောက်ရှိပေ။ ဤကား လူသား၏ ပေါ့လျော့မှု၊ မှားယွင်းမှုတည်း။

ဤအာယတ်တော်တွင် သာသနာ၏လမ်းစဉ်ကို "အကဗဟ်"ဟူ၍ သုံးနှုန်းထားတော်မူသည်။ သို့သုံးနှုန်းထားတော်မူခြင်းမှာ သာသနာ၏အဆုံးအမများကို လိုက်နာကျင့်သုံးရာတွင် စိတ်၏အလိုကို ဆန့်ကျင်ပြီးပြုလုပ်ရသည့်အတွက် ခဲယဉ်းခြင်းကြောင့် ဖြစ်ပေသည်။

"အကဗဟ်"ဟူသည်ကား အဘယ်နည်း၊ ဤသည့် အမေးပုစ္ဆာကို ကုရ်အာန်ကျမ်းမြတ်မှာပင် ရှင်းလင်းပြထားတော်မူသည်။ "အကဗဟ်"ဟူသည် ကျေးကျွန်များကို ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေခြင်း၊ ➤➤

أُولَٰئِكَ أَصْحَابُ الْمَيْمَنَةِ ﴿١٨﴾

၁၈။ ထိုသူတို့ကား လက်ယာဘက်သားများပင် ဖြစ်ကြကုန်၏။

وَالَّذِينَ كَفَرُوا بِآيَاتِنَا هُمْ أَصْحَابُ الْمَشْأَمَةِ ﴿١٩﴾

၁၉။ သို့ရာတွင် အကြင်သူတို့သည် ငါအရှင်မြတ်၏အာယတ်တော်များကို သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့ကား လက်ဝဲဘက်သားများပင် ဖြစ်ကြကုန်၏။

عَلَيْهِمْ نَارٌ مُؤْصَدَةٌ ﴿٢٠﴾

၂၀။ ၎င်းတို့အပေါ်၌ ပိတ်လောင်ထားသော ဖုံးအုပ်ထားသော မီးသည် လွှမ်းခြုံလျက်ပင် ရှိချေအံ့သတည်း။

➤➤ ကယ်တင်ခြင်း၊ ငတ်မွတ်ခေါင်းပါးသော အချိန်အခါတွင် ငတ်မွတ်နေသူများအား ကျွေးမွေးခြင်း၊ မိတဆိုး၊ ဖတဆိုး အထူးသဖြင့် သားချင်းတော်စပ်သော မိတဆိုး၊ ဖတဆိုးများကို ကျွေးမွေးပြုစုခြင်း၊ ဘူမိကမ္မလာမြေကို အိပ်ရာ ပြုလုပ်နေရရှာသော၊ မြေပေါ်တွင် ကုန်းကောက်စရာမျှမရှိသော ဆင်းရဲသားကျောမွဲတို့အား ထောက်ပံ့သင်္ကြိုဟ်ခြင်းများတည်း။

ကျေးကျွန်များအား ကျေးကျွန်အဖြစ်မှ လွတ်မြောက်စေခြင်းတွင် ကြွေးမြီတင်ရှိနေသူများ၏ ကြွေးမြီများကို စိုက်ထုတ်ပေးဆပ်ခြင်းသည်လည်း အကျုံးဝင်ပေသည်။

③ အထက်ဖော်ပြပါ "အကဗဟ်" သာသနာ့လမ်းစဉ်များကို အလျှာဟ်အရှင်မြတ် နှစ်သက်လက်ခံတော်မူရန်အတွက် လူသားသည် အီမာန်ယုံကြည်ရမည်။ "အီမာန်"သည် အဓိကစည်းကမ်းချက်ပင် ဖြစ်သည်။ အီမာန်မရှိက ပြုသမျှ အချည်းနီးသာတည်း။

ထို့ပြင်တဝ လူသားသည် အမိန့်၊ ပညတ်အရပ်ရပ်ကို လိုက်နာကျင့်သုံးရာတွင် တွေ့ကြုံရသည့် ဆင်းရဲမှုအဝဝကိုလည်း သည်းခံရပေမည်။

ထို့ပြင်တဝ အလျှာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသော ကမ္ဘာသူ၊ ကမ္ဘာသား အဖန်ဆင်းခံအားလုံးတို့အား ထောက်ထားစာနာ၊ လေးစား သနားကြင်နာရမည်။ သို့အဖန်ဆင်းခံ အားလုံးတို့အား သနားကြင်နာပါက အလျှာဟ်အရှင်မြတ်သည် သနားကြင်နာတော်မူပေမည်။

ထိုသို့သော လူသားတို့သည် လက်ယာဘက်သားများ (၀၀) အကြောင်းလှသူများ၊ မင်္ဂလာရှိသူများတည်း။ ၎င်းတို့သည် စာရင်းအင်းများကို လက်ယာလက်တွင် ပေးအပ်ခြင်း ခံကြရပေမည်၊ ဂျန္နတ်တွင် ထာဝစဉ် စံစားကြရပေမည်။ သို့ရာတွင် အလျှာဟ်အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆန်မနာခံသော ကာဖိရ်များမူကား လက်ဝဲဘက်သားများ (၀၀) ၎င်းတို့သည် စာရင်းအင်းများကို လက်ဝဲဘက်လက်တွင် ပေးအပ်ခြင်းခံကြရပေမည်၊ ဂျဟန္နမ်ငရဲတွင် ထာဝစဉ်လားကြရပေမည်။

သူရိယကဏ္ဍ



ဤကဏ္ဍသည် "အရှ်ရှမ်စ်" သူရိယကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၁၅) ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالشَّمْسِ وَضُحٰىهَا ۝١

၁။ (ငါ အရှင်မြတ်သည်) နေကိုလည်းကောင်း၊ ထိုနေ၏အလင်းရောင်၊ အလင်းရောင်တက်ချိန်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။

وَالْقَمَرِ اِذَا تَلٰىهَا ۝٢

၂။ ထို့ပြင် (ငါအရှင်မြတ်သည်) လစန္ဒာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုလစန္ဒာသည် ယင်းနေ၏နောက်မှလိုက်၏။

وَالنَّهَارِ اِذَا جَلّٰىهَا ۝٣

၃။ ၎င်းပြင် (ငါအရှင်မြတ်သည်)နေ့ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုနေ့သည် ယင်းနေကို လင်းဝင်းစေ၏။

وَالَّيْلِ اِذَا يَغْشٰىهَا ۝٤

၄။ ထို့ပြင် (ငါအရှင်မြတ်သည်) ည၌ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုည၌သည် ယင်းနေကို ဖုံးလွှမ်းလေ၏။ ၁

---

① အလ္လာဟ်အရှင်မြတ်၏ "ဟိက်မတ်" ရွှေဘဏ်တော်ကား ဆန်းကြယ်လှ၏။ အံ့မဆုံးတည်း။ ထိုအရှင်မြတ်သည် နေနှင့်လ၊ နေ့နှင့်ည၊ မိုးနှင့်မြေ စသည်တို့ကို ဆန့်ကျင်ဘက် ဖန်ဆင်း ထားတော်မူသည်။ ထို့အတူ လူသားဌ်လည်း အကောင်း,အဆိုး နှစ်ရပ်စလုံးကို ဖန်ဆင်းထားတော်မူသည်။ ထိုအကောင်းနှင့်အဆိုးကို ခွဲခြားဆင်ခြင် သိမြင်နိုင်ရန် အသိတရားလည်း ပေးထားတော်မူသည်။

ထိုသည့် အကောင်းနှင့်အဆိုး နှစ်ရပ်အနက် မိမိစေတနာအလျောက် ကြိုက်နှစ်သက်ရာကို ရွေးချယ်ကျင့်သုံးနိုင်ရန် စွမ်းရည်လည်း ပေးထားတော်မူသည်။ ယင်းသို့အားဖြင့် ထိုအရှင်မြတ်သည် အမျိုးမျိုး အစားစား အပြားပြားသော အကျင့်အမူများအပေါ်၌ အမျိုးမျိုးသော အကျိုးတရားများကိုလည်း သက်ရောက်စေတော်မူသည်။

➤➤

وَالسَّمَآءِ وَمَا بَنٰىهَا ۝٥

၅။ ထို့ပြင် (ငါအရှင်မြတ်သည်) မိုးကောင်းကင်ကိုလည်းကောင်း၊ ထိုမိုးကောင်းကင်ကို ပြုလုပ် ဖန်ဆင်းတော်မူသောအရှင်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။ [၁]

وَالْاَرْضِ وَمَا طَحٰىهَا ۝٦

၆။ ထို့ပြင် (ငါအရှင်မြတ်သည်) ပထဝီမြေကိုလည်းကောင်း၊ ထိုပထဝီမြေကို ဖြန့်ခင်းတော်မူသော အရှင်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။

وَنَفْسٍ وَّمَا سَوّٰىهَا ۝٧

၇။ ထိုမှတပါး အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို စုံလင်အောင် ပြုလုပ်တော်မူသော အရှင်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။

فَاَلْهَمَهَا فُجُوْرَهَا وَتَقْوٰىهَا ۝٨

၈။ တဖန် ထိုအရှင်မြတ်သည် ထိုအသက်ဇီဝိန်တွင်းဝယ် ထိုအသက်ဇီဝိန်၏ ပြစ်မှုဒုစရိုက်(၏အသိ)ကိုလည်းကောင်း၊ ကောင်းမှုသုစရိုက်(၏ အသိ)ကိုလည်းကောင်း၊ ထည့်သွင်းပေးတော်မူခဲ့၏။ [၂]

➤➤ ဤစကြာဝဠာကြီးတွင် အကောင်းနှင့်အဆိုး ရှိနေခြင်းမှာ အလင်းနှင့်အမှောင် ရှိနေသကဲ့သို့ပင် လျော်ကန်သင့်မြတ်လှပေသည်။ (ဤကား အလုံးစုံကို အကြွင်းမဲ့ သိတော်မူသောအရှင်၏ 'ဟိုက်မတ်' ရွေဉာဏ်တော်၏ အံ့မဆုံးသော လက်ရာတော်တည်း)။

① ဤကဏ္ဍ၏ အာယတ်တော် (၅-၇) တွင် ပါရှိသော "မာ" ဟူသော ပုဒ်သည် အချို့က "မန်" (အကြင်သူ)၏ အနက်၌ ဖြစ်သည်ဟုဆိုကြ၏။ အချို့ကမူ "မာမဆွဒရိယဟ်" ဖြစ်သည်ဟု ဆိုကြ၏။

ဆိုလိုသည်ကား အချို့က ဥပမာ (وَالسَّمَآءِ وَمَا بَنٰىهَا) ကို "မိုးကောင်းနှင့် ထိုမိုးကောင်းကင်ကို တည်ဆောက်တော်မူသော အရှင်အား သက်သေထူတော်မူသည်" ဟူ၍လည်းကောင်း၊

အချို့က "မိုးကောင်းကင်နှင့် ထိုမိုးကောင်းကင်ကို တည်ဆောက်တော်မူခြင်းကို သက်သေထူတော်မူသည်" ဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။

② "အိလ်ဟာမ်" ဟူသည် စိတ်နလုံးအတွင်းသို့ ထည့်သွင်းပေးခြင်းကိုဆိုသည်။ ဤအာယတ်တော်တွင် လူသားအား အကောင်းနှင့်အဆိုးကို 'အိလ်ဟာမ်' ပြုတော်မူခြင်း ဟူသည် လူသားအား အကောင်းနှင့်အဆိုးကို အသိပေးခြင်း၊ အကောင်းနှင့်အဆိုးကို ရွေးချယ်ပြုမှုမ်းနိုင်ရန် စွမ်းရည်ပေးခြင်းကို ဆိုလိုသည်။

ရှင်းလင်းပြဦးအုံ-အလ္လာဟ်အရှင်မြတ်သည် ဦးစွာပထမလူသားအား ဖြူစင်သော အသိဉာဏ်၊ မှန်ကန်သောသဘာဝကိုချီးမြှင့်၍ အကောင်းနှင့်အဆိုးကို အကျဉ်းအားဖြင့် သိစေတော်မူသည်။ ထို့နောက် တမန်တော်များမှတဆင့် အကောင်းနှင့်အဆိုးကို အကျယ်တဝင့် အသေးစိတ် သိစေတော်မူသည်။ ➤➤

قَدْ أَفْلَحَ مَن زَكَّىٰهَا ﴿٩﴾

၉။ စင်စစ်ဧကန် ထိုအသက်ဇီဝိန်ကို သပ္ပာယ ဖြစ်အောင် စင်ကြယ် သန့်ရှင်းစေခဲ့သောသူသည် အောင်မြင်ခဲ့လေပြီ။

وَقَدْ خَابَ مَن دَسَّاهَا ﴿١٠﴾

၁၀။ သို့ရာတွင် ထိုအသက်ဇီဝိန်ကို (ဒုစရိုက်မှုများတွင်) နစ်မြုပ်စေခဲ့သော သူသည် ပျက်စီးဆုံးရှုံးခဲ့ချေပြီတကား။ [၁]

كَذَّبَتْ ثَمُودُ بِطَغْوَاهَا ﴿١١﴾

၁၁။ "ဆမူဒ်" *အမျိုးသားတို့သည်* [၂] မိမိတို့၏ ဆိုးသွမ်းမှုကြောင့် (နဗီတမန်တော် ဆွာလစ်ဟ်အား) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။

➤➤ ပြီးနောက် လူသား၏စိတ်တွင် အကောင်းပြုရန် အာသီသလည်း ပေါ်ပေါက်၏၊ အဆိုးပြုရန် ဆန္ဒလည်း ပေါ်ပေါက်၏။ အကောင်းနှင့်အဆိုးကို အလ္လာဟ်အရှင်မြတ်ပင် ဖန်ဆင်းထားတော်မူ၏။

သို့တစေလည်း အကောင်းပြုရန်အာသီသကို ပထမသော် ကောင်းကင်တမန်က ဖြစ်ပေါ်စေ၏။ အဆိုးပြုရန်ဆန္ဒကို ပထမသော် ရှိုင်တွာန်ကဖြစ်ပေါ်စေ၏။ ထို့နောက် ထိုသည့် အာသီသ၊ ဆန္ဒသည် တစ်ခါတစ်ရံ လူသား၏စေတနာဖြင့် အဆင့်ဆင့်ရင့်ကျက်ကာ သန္ဓိဋ္ဌာန်ဘဝသို့ ရောက်ရှိလာ၏။ထိုသည့် သန္ဓိဋ္ဌာန်သည်ပင် အကောင်းသို့မဟုတ် အဆိုးကို ကာယကံမြောက် ပြုလုပ်ရန် အကြောင်း တရားဖြစ်လာ၏။

အမှန်မှာ အကောင်းနှင့်အဆိုးကို ဖန်ဆင်းတော်မူသောအရှင်မှာ အလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအကောင်းနှင့်အဆိုးကို ကာယကံမြောက်ဆည်းပူးသူမှာ လူသားပင်ဖြစ်၏။ ဤသည့် အကောင်း၊ အဆိုး ဆည်းပူးမှုတည်းဟူသော အကြောင်းတရားပေါ်တွင် ကျိုးပြစ်တည်းဟူသော အကျိုးတရားသည် ဆက်စပ်တည်ရှိနေပေသည်။

① စိတ်နှလုံး၏ စင်ကြယ်သန့်ရှင်ခြင်းဟူသည် ကာမဂုဏ်စိတ်၊ ဒေါသစိတ်စသည့် အကုသိုလ်စိတ်များကို အသိတရား၏ နောက်လိုက်ဖြစ်စေပြီး အသိတရားကို အလ္လာဟ်အရှင်မြတ်၏ တရားတော်၏ နောက်လိုက်ဖြစ်စေခြင်းပင်။ သို့ဖြင့် စိတ်နှလုံးသည် အလ္လာဟ်အရှင်မြတ်၏ တရားရောင်ခြည်တော်များဖြင့် လင်းဝင်းတောက်ပလျက် ရှိပေမည်။ ထိုသို့သောသူသည် အောင်မြင်ပြီသာတည်း။

စိတ်နှလုံးကို မြေတွင်နစ်မြုပ်စေခြင်းဟူသည် စိတ်နှလုံးကို အသိတရားနှင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ တရားတော်နှင့် လည်းကောင်း မည်သို့မျှမပတ်သက်စေဘဲ စိတ်၏ဇောကြိုးကို ကာမဂုဏ်စိတ်၊ ဒေါသစိတ်စသည့် အကုသိုလ်စိတ်များသို့ လုံးဝ ဝဲ,ကွက်အပ်ခြင်းပင်။ ထိုသို့သော လူသားသည် တစ်နည်းအားဖြင့် ကာမတဏှာ၏ကျွန်သာ ဖြစ်ပေသည်။ ယင်းသို့သောလူသားသည် တိရစ္ဆာန်ထက်ပင် ဆိုးရွားပေသည်။ ဆုံးရှုံးမည်သာတည်း။

② ဆမူဒ်အမျိုးသားများအကြောင်း၊ တမန်တော် ဆွာလစ်ဟ်အကြောင်း၊ တမန်တော်ဆွာလစ်ဟ်အား ဆမူဒ် အမျိုးသားများက သွေဖည်ခဲ့သည့်အကြောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကုလားအုတ်မကို သတ်ဖြတ်ခဲ့သည့် ➤➤

إِذِ انۢبَعَثَ أَشۡقَىٰهَا ﴿١٢﴾

၁၂။ အကြင်အခါဝယ် ၎င်းတို့အနက်မှ အယုတ်မာဆုံးသောသူသည် အရှိန်နှင့်ထွက်ပေါ်လာခဲ့၏။

فَقَالَ لَهُمۡ رَسُولُ ٱللَّهِ نَاقَةَ ٱللَّهِ وَسُقۡيَٰهَا ﴿١٣﴾

၁၃။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ရာဇလတမန်တော်(ဆွာလစ်ဟ်)က ၎င်းတို့အား(အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကုလားအုတ်မကို (သတ်ဖြတ်ခြင်းမှ)လည်းကောင်း၊ ထိုကုလားအုတ်မရေသောက်ခြင်းကို (တားမြစ်ခြင်းမှ)လည်းကောင်း၊ (ရှောင်ကြဉ်ကြလေကုန်ဟု) ပြောကြား(သတိပေး)ခဲ့လေ၏။

فَكَذَّبُوهُ فَعَقَرُوهَا فَدَمۡدَمَ عَلَيۡهِمۡ رَبُّهُم بِذَنۢبِهِمۡ فَسَوَّىٰهَا ﴿١٤﴾

၁၄။ သို့ရာတွင် ထို"ဆမူဒ်" အမျိုးသားတို့သည် (အလ္လာဟ်အရှင်မြတ်၏) ထိုရာဇလတမန်တော်အား မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ပြီးနောက် ထိုကုလားအုတ်မ၏ခြေများကို ဖြတ်တောက်ခဲ့ကြကုန်၏။ ထိုအခါ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်းတို့၏အပေါ်၌ ၎င်းတို့၏ပြစ်မှုများကြောင့် ပြစ်ဒဏ်ကို စီရင်တော်မူခဲ့၏။ ထို့နောက် ထိုအရှင်မြတ်သည် ထိုပြစ်ဒဏ်ကို အားလုံးနှင့် သက်ဆိုင်စေတော်မူခဲ့၏။ (အားလုံးအပေါ်သို့ ပျံ့နှံ့သက်ရောက်စေတော်မူခဲ့လေသည်)။

وَلَا يَخَافُ عُقۡبَٰهَا ﴿١٥﴾

၁၅။ စင်စစ် ထိုအရှင်မြတ်သည် ထိုပြစ်ဒဏ်၏နောက်ဆက် (ဖြစ်ပေါ်လာမည့် တုံ့ပြန်မှု၊ ဒဏ်ပြန်မှု)ကို အလျင်စိုးရိမ်တော်မူသည် မဟုတ်ပေတကား။

➤➤ အကြောင်း၊ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ဆမူဒ်အမျိုးသားတို့အား ကွပ်မျက်ချေမှုန်းတော်မူလိုက်သည့်အကြောင်းများကို ကုရ်အာန် (၇:၇၃-၇၉)တွင် အကျယ်ဖွင့်ဆိုရေးသားခဲ့ပေပြီ။

ညဉ့်ကဏ္ဍ



ဤကဏ္ဍသည် "အလ်လိုင်ဟ်" ညဉ့် ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၂၁) ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့်အစပြုပါ၏။

وَالَّيْلِ اِذَا يَغْشٰى ۝١

၁။ (ငါအရှင်မြတ်သည်) ညဉ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုညဉ့်သည် လွှမ်းမိုးလေ၏။

وَالنَّهَارِ اِذَا تَجَلّٰى ۝٢

၂။ ၎င်းပြင် နေ့ကို သက်သေ ထူတော်မူ၏။ အကြင်အခါဝယ် ထိုနေ့သည် လင်းဝင်းလေ၏။

وَمَا خَلَقَ الذَّكَرَ وَالْاُنْثٰٓى ۝٣

၃။ ထို့ပြင် အဖိုကိုလည်းကောင်း၊ အမကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသောအရှင်ကို သက်သေထူတော်မူ၏။

اِنَّ سَعْيَكُمْ لَشَتّٰى ۝٤

၄။ ဧကန်စင်စစ် အသင်တို့၏ ကြိုးပမ်းဆောင်ရွက်မှုသည် အပြားပြားဖြစ်၏။ ①

فَاَمَّا مَنْ اَعْطٰى وَاتَّقٰى ۝٥

၅။ သို့ဖြစ်ပေရာ မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် ပေးကမ်းလှူဒါန်းလေ၏။ ၎င်းပြင် ထိုသူသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့လေ၏။

---

① ဤပစ္စက္ခတွင် နေ့နှင့်ညဉ့်၊ အဖိုနှင့်အမ စသည်များဖြင့် အမျိုးမျိုး အစားစား အပြားပြား ဆန့်ကျင်ဘက်များရှိသကဲ့သို့ လူသားတို့၏ အကျင့်အမူများ၊ ကြိုးပမ်းမှုများလည်း အမျိုးမျိုး အစားစား အပြားပြား ရှိကြပေသည်။ အကျင့်အမူများ၊ ကြိုးပမ်းမှုများ ကွဲပြားခြားနားသည့်အလျောက် ထိုသည့် အကျင့်အမူများ၊ ကြိုးပမ်းမှုများ၏ နောက်တွင် ဖြစ်ပေါ်လာမည့် အကျိုးတရားများသည်လည်း ကွဲပြားခြားနားလျက် ရှိပေမည်။ ဤသည့်သဘောကိုပင် ရှေ့တွင် မိန့်ဆိုထားတော်မူသည်။

وَصَدَّقَ بِالْحُسْنٰى ۝٦

၆။ ထိုမှတပါး ထိုလူသည် ကောင်းမြတ်သော အရာကို ဟုတ်မှန်သည်ဟု ယုံကြည်လက်ခံလေ၏။

فَسَنُيَسِّرُهٗ لِلْيُسْرٰى ۝٧

၇။ သို့ဖြစ်လျှင် မကြာမီပင် ငါအရှင်မြတ်သည် ထိုသူအား လွယ်ကူမှုသို့ ပို့ပေးတော်မူသည်။ [၁]

وَاَمَّا مَنْۢ بَخِلَ وَاسْتَغْنٰى ۝٨

၈။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် (ပေးကမ်းလှူဒါန်းခြင်းမပြုဘဲ) စေးနဲ၏။ ၎င်းပြင် ထိုသူသည် (မိမိကိုယ်ကို) လိုလားတောင့်တခြင်း ကင်းမဲ့သည်ဟု ထင်မှတ်လေ၏။

وَكَذَّبَ بِالْحُسْنٰى ۝٩

၉။ ထိုမှတပါး ထိုသူသည် ကောင်းမြတ်သော အရာကို မဟုတ်မမှန်ဟု ငြင်းဆိုလေ၏။

فَسَنُيَسِّرُهٗ لِلْعُسْرٰى ۝١٠

၁၀။ သို့ဖြစ်လျှင် မကြာမီပင် ငါအရှင်မြတ်သည် ထိုသူအား ခက်ခဲမှုသို့ ပို့ပေးတော်မူမည်။

وَمَا يُغْنِىْ عَنْهُ مَالُهٗٓ اِذَا تَرَدّٰى ۝١١

၁၁။ ၎င်းပြင် ထိုသူသည် တွင်းထဲသို့ကျသောအခါ ၎င်း၏ပစ္စည်းဥစ္စာသည် ၎င်း၏အဖို့ အသုံးဝင်လိမ့်မည် မဟုတ်ပေတကား။ [၂]

---

① အကြင်သူတစ်ဦးသည်၊

(၁) ကောင်းမြတ်သော လမ်း၌ ပေးကမ်းလှူဒါန်း၏။

(၂) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညား၏။

(၃) အစ္စလာမ်၏ ကောင်းမြတ်သော အဆုံးအမများနှင့် အလ္လာဟ်အရှင်မြတ်၏ တရားတော်များကို မှန်ကန်သည်ဟု ယုံကြည်၏။ နာယူကျင့်မူ၏။

ထိုသို့သောသူအဖို့ အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သောလမ်းစဉ်ကို လွယ်ကူစေတော်မူသည်။ နောက်ဆုံးတွင် အတိုင်းမရှိ လွယ်ကူသော၊ သုခနှင့်ပြည့်ဝသော ဌာနသို့ ပို့ပေးတော်မူသည်။ ထိုဌာနကား အခြားမဟုတ်၊ "ဂျန္နတ်" ပင်တည်း။ ကြည့်-ကုရ်အာန် (၁၇း၁၈-၂၀)။

② အကြင်သူတစ်ဦးသည်၊

(၁) အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ပေးကမ်းလှူဒါန်းရာ၌ စေးနဲတွန့်တို၏။

(၂) အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုနှင့် နောင်တမလွန်၏အကျိုးကို မလိုလားဂရုမထား။

(၃) အလ္လာဟ်အရှင်မြတ်၏ တရားတော်များနှင့် အစ္စလာမ့် တရားတော်များကို မုသာဝါဒအမှားမျှသာဟုဆို၏။

>>

إِنَّ عَلَيْنَا لَلْهُدَىٰ ﴿١٢﴾

၁၂။ ဧကန်မလွဲ တရားလမ်း ညွှန်ပြခြင်းသည် ငါအရှင်မြတ်၏တာဝန်ပင် ဖြစ်၏။

وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَىٰ ﴿١٣﴾

၁၃။ ထို့ပြင် ဧကန်မလွဲ တမလွန်လောကကိုလည်းကောင်း၊ ဤမျက်မှောက် လောကကိုလည်းကောင်း၊ ငါအရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ [၁]

فَأَنذَرْتُكُمْ نَارًا تَلَظَّىٰ ﴿١٤﴾

၁၄။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် အသင်တို့အား ဟုန်းဟုန်းတောက်လျက်ရှိသော (ငရဲ)မီးနှင့် စပ်လျဉ်း၍ သတိပေး နှိုးဆော်တော်မူခဲ့ပြီးဖြစ်၏။

➢➢ ထိုသို့သောသူ၏ စိတ်နှလုံးသည် တစ်နေ့တစ်ခြား ကျဉ်းမြောင်းလာ၏။ ခက်ထန်လာ၏။ မာကျောလာ၏။ ကောင်းမှုပြုရန်အကြောင်း သင့်မြတ်မှုသည် ဆုတ်ယုတ်ပျောက်ကွယ်သွား၏။ နောက်ဆုံးတွင်ထိုသူသည် အဆိုးရွား ဆုံးဌာနသို့ ရောက်ရှိသွား၏။ ထိုဌာနကား အခြားမဟုတ်၊ ဂျဟန္နမ်ငရဲပင်။ ကြည့်-ကုရ်အာန်(၁၈း၁၈-၂၀)။

အမှန်မှာ ထိုသူသည် လူ့လောကတွင် ဥစ္စာဂုဏ်၊ ဓနဂုဏ်မောက်ကာ နောင်တမလွန်အရေးကို မေ့မှား၍မှု စိတ်မဝင်စားခဲ့မေ၊ ဂရုမထားခဲ့မေ။ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ တစ်ပြားတစ်ချပ်မျှ မသုံးစွဲခဲ့မေ။ ယင်းသည့် ဥစ္စာဓနသည် နောင်တမလွန်ဘဝတွင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်တော်မှ ၎င်းအား အနည်းငယ် စိုးစဉ်းမျှပင် ကာကွယ်နိုင်မည်မဟုတ်မေ။ ဥစ္စာဓနကြောင့်မောက်မာခဲ့သော၊ မော်မောက်ခဲ့သောကြောင့် တွင်းထဲကျဆုံးရပြီ။

① အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းအဓမ္မလုကောင်း၊ လူဆိုးဖြစ်တော်မူသည် မဟုတ်။ သို့တစေလည်း ထိုအရှင်မြတ်သည် ဤအာယတ်တော်တွင် လာရှိသည့်အတိုင်း တရားဟောညွှန်ပြရန် တာဝန်ကိုမူ မိမိကိုယ်တော်တိုင် ယူထားတော်မူသည်။ သို့တာဝန်ယူထားတော်မူသည့်အလျောက် ထိုအရှင်မြတ်သည် တရားရရှိစိမ့်သောငှာ လိုလေသေးမရှိ၊ အစီအစဉ်များကိုလည်း ပြုလုပ်ပေးထားတော်မူပြီးဖြစ်သည်။ လူသားတို့သည် အကောင်းနှင့်အဆိုး ကြိုက်နှစ်သက်ရာ လမ်းစဉ်ကို လွတ်လပ်စွာ ရွေးချယ်လိုက်နာကျင့်သုံးနိုင်ကြပြီ။

အချို့သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ထိုအရှင်မြတ်၏ တရားတော်များကို ကြည်ဖြူစွာ နာယူကျင့်မူကြသည်။ အချို့မှာမူ အလ္လာဟ်အရှင်မြတ်အား သွေဖည်၍ ထိုအရှင်မြတ်၏ တရားတော်များကို ကျောခိုင်းကြသည်။ သို့ဖြစ်ရာ လူတိုင်းသည် မိမိတို့၏ အကျင့်အမူအလျောက် ကောင်းကျိုး၊ ဆိုးကျိုးများကို ခံစံကြရမည်သာဖြစ်သည်။

လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏ အာဏာစက်အတွင်းမှ လွတ်မြောက်မသွားနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် စကြာဝဠာအဝန်းကို ပိုင်ဆိုင်တော်မူသည်။ ဤမျက်မှောက် လောကနှင့် နောင်တမလွန်ဘဝကိုလည်း ထိုအရှင်မြတ်သည်ပင် ပိုင်ဆိုင်တော်မူသည်။ ထို့အတွက် ဤမျက်မှောက် ဘဝတွင် လိုက်နာကျင့်သုံးရန် သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော အမိန့်ပညတ်တော်များကို လိုက်နာကျင့်သုံး ကြသည့်အလျောက်၊ နောင်တမလွန်ဘဝတွင် ကျိုးပြစ်ပေးတော်မူမည်သာဖြစ်ပေသည်။ ဤကား မလွဲမရှောင် သာသော အရေးအခင်းတည်း။

لَا يَصْلٰىهَآ اِلَّا الْاَشْقَى ﴿١٥﴾

الَّذِيْ كَذَّبَ وَتَوَلّٰى ﴿١٦﴾

وَسَيُجَنَّبُهَا الْاَتْقَى ﴿١٧﴾

الَّذِيْ يُؤْتِيْ مَالَهٗ يَتَزَكّٰى ﴿١٨﴾

وَمَا لِاَحَدٍ عِنْدَهٗ مِنْ نِّعْمَةٍ تُجْزٰٓى ﴿١٩﴾

اِلَّا ابْتِغَآءَ وَجْهِ رَبِّهِ الْاَعْلٰى ﴿٢٠﴾

وَلَسَوْفَ يَرْضٰى ﴿٢١﴾

၁၅။ ထို(ငရဲ)မီးထဲသို့ အလွန်အကြောင်းမလှသော သူ၊ ယုတ်မာသောသူသာလျှင် လားရမည်ဖြစ်၏။

၁၆။ အကြောင်(အကြောင်းမလှသော)သူသည် (နဗီတမန်တော်မြတ်အား) မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကာ (အီမာန်သက်ဝင် ယုံကြည်ခြင်းမှလည်း) မျက်နှာလွှဲခဲ့၏။

၁၇။ သို့ရာတွင် (အလ္လာဟ်အရှင်မြတ်အား) အလွန်ကြောက်ရွံ့ရိုသေ ခန့်ညားသောသူမှာမူကား ထို(ငရဲ)မီးမှ ကင်းဝေးစေခြင်း ကိုခံရပေမည်။

၁၈။ အကြင် (ကြောက်ရွံ့ရိုသေခန့်ညားသော)သူသည် မိမိ သန့်ရှင်းစင်ကြယ်အံ့သောငှာ မိမိ ဥစ္စာပစ္စည်းကို ပေးကမ်းလှူဒါန်း၏။

၁၉။ ၎င်း၏အပေါ်၌ ပြန်လည်ပေးဆပ်ရန် တဦးတစ်ယောက်၏ ကျေးဇူးတစ်စုံတစ်ရာမျှပင် မရှိပေ။

၂၀။ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို ရယူရန် (ပေးကမ်းလှူဒါန်းခြင်း)သာ ဖြစ်၏။

၂၁။ စင်စစ် ထိုသူသည် မကြာမြင့်မီ အမှန်ပင် ကျေနပ်သွားမည် ဖြစ်သတည်း။ ③

---

③ အလ္လာဟ်အရှင်မြတ်သည် ဟုန်းဟုန်းတောက်လျက်ရှိသော ငရဲမီးနှင့်စပ်လျဉ်း၍ သတိပေးတော်မူပြီး ဖြစ်သည်။ ထိုမီးထဲသို့ အစွန်လာမ်၏ အမှန်တရားကို မုသားဟုဆိုသော သွေဖည်သော သူယုတ်မာများသာလျှင် လားကြရပေမည်။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခန့်ညားသော မိမိ၏ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကိုလည်း "ရိယာ" ပြစားမှု တစ်စုံတစ်ရာလည်း မပါ၊ သူတပါး၏ ကျေးဇူးတုံ့ပြန်သည့် သဘောလည်းမဟုတ်ဘဲ၊ ဒုစရိုက်များမှ စင်ကြယ်သန့်ရှင်းစိမ့်သောငှာ (ဝါ) အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို လိုလားသော စေတနာသဒ္ဓါတရား ထက်သန်စွာ ပေးကမ်းလှူဒါန်းသော မွတ္တကီသူတော်စင်များမှကား ထိုငရဲမီးဘေးမှ လွတ်မြောက်ကြပေမည်။ ငရဲမီးဘေးမှ လွတ်မြောက်သည်သာမက ဂျန္နတ်တွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကြောင့် အကျေနပ်ကြီး ကျေနပ်ကြပေမည်။

နေတက်ချိန်ကဏ္ဍ



ဤကဏ္ဍသည် "အသွီသွေးဟာ" နေတက်ချိန် ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၁)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော် မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالضُّحٰى ۝١

၁။ (ငါအရှင်မြတ်သည်) နေတက်ချိန် (နေ၏ အလင်းရောင်)ကို သက်သေထူတော်မူ၏။

وَالَّيْلِ اِذَا سَجٰى ۝٢

၂။ ၎င်းပြင် (ငါအရှင်မြတ်သည်) ညဉ့်ကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုညဉ့်သည် လွှမ်းမိုးလေ၏။

مَا وَدَّعَكَ رَبُّكَ وَمَا قَلٰى ۝٣

၃။ အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် အသင့်ကို စွန့်ပစ်၍ထားတော်မူသည် လည်းမဟုတ်၊ (အသင့်အား) မုန်းတီးတော်မူသည် လည်း မဟုတ်ပေ။ [၁]

---

① **ထုတ်ပြန်ပို့ချတော်မူသည့် အကြောင်း။**

တစ်ကြိမ်သော် ကောင်းကင်တမန်ဂျိဗ်ရီလ်သည် တမန်တော်မြတ်ထံသို့ အချိန်အတော်ကြာညောင်းသည်အထိ ရောက်ရှိမလာခဲ့ပေ။ ('ဝဟီ' အမိန့်တော် ကျခြင်းမှလည်း ရပ်ဆိုင်းနေခဲ့ပေသည်)။ မုရှ်ရစ်များကလည်း "မုဟမ္မဒ်အား ၎င်း၏ အရှင်သခင်က စွန့်ပစ်ထားပြီ"ဟု ကဲ့ရဲ့ပြောဆိုကြလေသည်။ ထိုအခါ ဤအာယတ်တော် ကျရောက်လာခဲ့လေသည်။

ကျွန်ုပ်(မောင်လာနာ ရှဗ်ဗီရ် အဟ်မဒ် အွတ်ဆ်မာနီ)၏ ထင်မြင်ယူဆချက်အရ၊ ထိုအချိန်သည် တမန်တော်မြတ်ထံသို့ ဦးစွာပထမ စူရဟ် "အင်ဂ်ရဒ်"၏ အစပိုင်း အာယတ်တော်များ ကျရောက်လာပြီးနောက် အချိန်အတော်ကြာညောင်းသည်အထိ "ဝဟီ" ကျရောက်ခြင်း ရပ်တန့်နေခဲ့သော အချိန်ပိုင်းပင် ဖြစ်တန်ရာသည်။ တမန်တော်မြတ်သည် ထိုအချိန်တွင် အတော်ပင် စိတ်မချမ်းမသာဖြစ်လျက် ရှိတော်မူခဲ့၏။

ထို့နောက် အလ္လာဟ်အရှင်မြတ်ထံတော်မှ "ယာအိုင်ယုဟလ်မုဒ္ဒဿိလု"ဟူသော အာယတ်တော်များ ကျရောက်လာခဲ့၏။ ➤➤

وَلَلْآخِرَةُ خَيْرٌ لَّكَ مِنَ الْأُولَىٰ ﴿٤﴾

၄။ စင်စစ်သော်ကား အသင့်အဖို့ တမလွန်ဘဝသည် မျက်မှောက် လောကီဘဝထက် သာလွန်ကောင်းမြတ်လှ၏။ [၁]

---

[၁] ➤➤ ထိုသည့်အချိန်ပိုင်းအတွင်းမှာပင် ရန်သူများက ယင်းကဲ့သို့ ကဲ့ရဲ့ပြစ်တင်ခဲ့ကြဟန်ရှိ၏။ မဟမ္မဒ် အိမ်နှအစ္စဘာက်စသည့် ပညာရှင်ကြီးများထံမှတဆင့် ကောက်နုတ်ရေးသားဖော်ပြထားသော ကောက်နုတ်ချက်များသည်လည်း ဤသည့်သဘောကိုပင် ထောက်ခံလျက်ရှိ၏။

အချို့ဟဒီးဆ်ဩဝါဒတော်များတွင် ပါရှိသည့်အကြောင်းသည်လည်း ထိုအချိန်ပိုင်း အတွင်းမှာပင် ဖြစ်ပေါ်ခဲ့ဟန် ရှိသည်။ ထိုအကြောင်းကား တစ်ခါသော် တမန်တော်မြတ်သည် မမာမကျန်းဖြစ်တော်မူသည့် အတွက် နှစ်ညဥ့်၊ သုံးညဥ့်တိုင် အိပ်ရာမှ ထတော်မမူနိုင်ခဲ့ပေ။ ထိုအခါ မိန်းမယုတ်တစ်ယောက်က "အိုမုဟမ္မဒ်၊ အသင့်အား အသင်၏ ရွိုင်တွာန်သည် စွန့်ပစ်ထားပြီ"ဟု (မပြောအပ်၊ မဆိုအပ်) ပြောဆိုခဲ့လေသည်။ ယင်းသည့် အကြောင်းရပ်အားလုံးကို ချေပဖြေရှင်းရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်သည် ဤကဏ္ဍကို ထုတ်ပြန်ချမှတ်တော်မူလိုက်လေသည်။

အလ္လာဟ်အရှင်မြတ်သည် ဤကဏ္ဍ၏အစတွင် နေတက်ချိန်နှင့် ညဥ့်၏အမှောင်ချိန်များကို သက်သေထူပြီး မိန့်ကြားထားတော်မူသည်မှာ ရန်သူများ၏ အတွေးအထင် အယူအဆအားလုံးတို့သည် လုံးဝမှားသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား စွန့်ပစ်ထားသည်လည်း မဟုတ်၊ မုန်းတီးတော်မူသည်လည်း မဟုတ်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် ရုပ်လောကၦ၌ မိမိ၏ဉာဏ်တော်၊ တန်ခိုးတော်များ၏ သက်သေ လက္ခဏာတော်များကို အမျိုးမျိုးအဖုံဖုံ ပြတော်မူ၏။ နေ့၏နောက်တွင်ညဥ့်၊ ညဥ့်၏နောက်တွင် နေ့ကို ဖြစ်ပေါ်စေတော်မူ၏။

ထို့အတူ နာမ်လောကၦလည်း သက်သေလက္ခဏာတော်များ အမျိုးမျိုးအဖုံဖုံ ပြထားတော်မူသည်။ နေ့၏အလင်းရောင်နောက်တွင် ညဥ့်၏အမှောင် ရောက်လာခြင်းသည် အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူခြင်း၏ လက္ခဏာလည်းမဟုတ်။ ညဥ့်၏အမှောင်နောက်တွင် နေ့၏အလင်းရောင်ခြည်သည် ဘယ်သောအခါမျှ ထွက်ပေါ်လာတော့မည်မဟုတ် ဟူ၍လည်းမဟုတ်။

သို့ဖြစ်လျှင် ရက်အနည်းငယ် ဝဟီ ရပ်တန့်နေသည်ကိုကြည့်ပြီး အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မုန်းတီးတော်မူပြီ၊ စွန့်ပစ်ထားတော်မူပြီ၊ ဝဟီကို လုံးဝပိတ်ပင် ရပ်ဆိုင်းထားတော်မူပြီ ဟူ၍ကား အသို့လျှင် ယူဆနိုင်အံ့နည်း။ ယင်းသို့ ထင်မြင်ယူဆလိုက်ခြင်းသည် တစ်နည်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်နှင့် တန်ခိုးတော်အပေါင်း၌ စောဒနာ တက်ရာရောက်သည်။

အလ္လာဟ်အရှင်မြတ်သည် မိမိတမန်တော်အဖြစ် ချီးမြှင့်ထားတော်မူသော ပုဂ္ဂိုလ်မှာ နောင်တစ်ချိန်တွင် တမန်တော်ဂုဏ်နှင့် မထိုက်တန်သည်ကို သိတော်မမူဟူ၍ ပြောဆိုစွပ်စွဲရာ ရောက်နေပေသည်။ ဤသို့ကား အလျင်းမတွေးအပ်၊ မတြေးအပ်။

② ဆိုလိုသည်ကား တမန်တော်မြတ်၏ ဖြစ်ပေါ်လတ္တံ့သော အခြေအနေသည် ဖြစ်ပေါ်ပြီးသော အခြေအနေထက်၊ တမန်တော်မြတ်၏ အနာဂတ်သည် အတိတ်ထက် အလွန်သာပို ကောင်းမြတ်လှပေသည်။ ယခုကဲ့သို့ ခေတ္တ 'ဝဟီ' ရပ်တန့်နေခြင်းသည် တမန်တော်မြတ်၏ နိမ့်ကျခြင်း၏ အကြောင်းမဟုတ်၊ အတိုင်းမသိ တိုးတက်ကြီးပွားရန် အကြောင်းသာလျှင် ဖြစ်ပေသည်။ ➤➤

وَلَسَوْفَ يُعْطِيكَ رَبُّكَ فَتَرْضَىٰ ﴿٥﴾

၅။ ငင်းပြင် မကြာမြင့်မီ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင် နှစ်သိမ့်ကျေနပ်လောက်အောင် အမှန်ပင် ချီးမြှင့်ပေးသနား တော်မူပေမည်။ ၁

أَلَمْ يَجِدْكَ يَتِيمًا فَآوَىٰ ﴿٦﴾

၆။ ထိုအရှင်မြတ်သည် အသင့်အား မိဘမဲ့အဖြစ်တွေ့ရှိတော်မူခဲ့၍ ခိုကိုးရာပေးတော်မူခဲ့သည် မဟုတ်လော။ ၂

➤➤ ငင်းပြင် အကယ်၍ ဖြစ်ပေါ်လတ္တံ့သော အခြေအနေကို ဖြစ်ပေါ်လတ္တံ့သော အခြေအနေ၏နောက်တွင် ဖြစ်ပေါ်လတ္တံ့သော အခြေအနေ (၀၊) နောင်တမလွန်ဘဝဟူ၍ ယူဆသော် နောင်တမလွန်ဘဝတွင် တမန်တော်မြတ်၏ အခြေအနေကား အံ့မဆုံးပင်။ ထိုဘဝတွင် ဖခင်ကြီးအာဒမ်နှင့် ဖခင်ကြီးအာဒမ်၏သားသမီးအပေါင်းတို့သည် တမန်တော်မြတ်၏ အလံတော်အောက်တွင် စုရုံးကြရပေမည်။ ထိုဘဝတွင် တမန်တော်မြတ်၏ ဂုဏ်အင်ဒြပ်သည် ဤပစ္စက္ခတွင် ချီးမြှင့်တော်မူခြင်းခံရသော ဂုဏ်အင်ဒြပ်များထက် အတိုင်းမသိ အသရေအသချော် သာပိုကြီးကဲ့ မြင့်မြတ်လှပေမည်သာတည်း။

① တမန်တော်မြတ်အား ကျေနပ်တော်မူသည်အထိ ချီးမြှင့်တော်မူရန် ကောင်းချီးသတင်း။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မုန်းတီးတော်မူရန်၊ စွန့်ပစ်ထားတော်မူရန် ဝေးစွ၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ဤပစ္စက္ခဘဝတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း တမန်တော်မြတ် စိတ်တိုင်းကျဖြစ်၍ လုံးဝကျေနပ်နှစ်သက်၊ အားရတော်မူသည်အထိ သုခချမ်းသာအဖြာဖြာကို ချီးမြှင့်တော်မူမည်သာတည်း။

Ⓙ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား နောင်တမလွန်ဘဝတွင် အတိုင်းမသိ ကြီးကဲမြင့်မြတ်သော ဂုဏ်အင်ဒြပ်များကို မုချဧကန် အမှန် ချီးမြှင့်တော်မူမည်ဖြစ်သည်။ ဤကား အဆန်းမဟုတ်၊ ထိုအရှင်မြတ်သည် တမန်တော်မြတ်အား ဤပစ္စက္ခဘဝတွင်လည်း မြောက်မြားစွာသော ကျေးဇူးတော်များကို အံ့ဖွယ်သရဲ ချီးမြှင့်ထားတော်မူခဲ့သည် မဟုတ်ပါလော။ တမန်တော်မြတ်အား အံ့ဖွယ်မဆုံး ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့သည် မဟုတ်ပါလော။

တမန်တော်မြတ် မီးရှူးသန့်စင် မဖွားမြင်မီပင် တမန်တော်မြတ်၏ဖခင်ကြီးသည် ကွယ်လွန်သေဆုံးသွားခဲ့ရာလေသည်။ တမန်တော်မြတ် (၆)နှစ်အရွယ်တွင် တဖန် မိခင်ကြီး ကွယ်လွန် သေဆုံးသွားခဲ့ရာလေသည်။ ဤသို့ဖြင့် တမန်တော်မြတ်သည် မိတဆိုး၊ ဖတဆိုးဘဝသို့ ရောက်သွားရာတော်မူခဲ့ရလေသည်။

မိဘနှစ်ပါး ကွယ်လွန် သေဆုံးကြပြီးနောက် တမန်တော်မြတ်အား (၈)နှစ်အရွယ်အထိ ဘိုးတော်အဗ်ဒုလ်မုတ္တလိဗ်က ထိန်းသိမ်းစောင့်ရှောက်ခဲ့လေသည်။

ဘိုးတော် ကွယ်လွန်ပြီးနောက် တမန်တော်မြတ်အား ဦးရီးတော် အဗူတွာလိဗ်က အသက်ထက်ဆုံး ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ လိုလေသေးသည်မရှိ ထိန်းသိမ်းစောင့်ရှောက် သွားခဲ့လေသည်။

တမန်တော်မြတ် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ (ဟိဂျ်ရတ်) ရွှေ့ပြောင်းသွားတော်မမူမီ ➤➤

وَوَجَدَكَ ضَآلًّا فَهَدَىٰ ﴿٧﴾

၇။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင့်အား လမ်းမပေါက်သူအဖြစ် တွေ့ရှိတော်မူခဲ့ရာ လမ်းညွှန်တော်မူခဲ့၏။ [၃]

وَوَجَدَكَ عَآئِلًا فَأَغۡنَىٰ ﴿٨﴾

၈။ ထိုမှတပါး ထိုအရှင်မြတ်သည် အသင့်အား ပစ္စည်းမဲ့အဖြစ်တွေ့ရှိတော်မူခဲ့ရာ ဥစ္စာပစ္စည်းကြွယ်ဝစေတော်မူခဲ့၏။ [၂]

➤➤ အချိန်ပိုင်းအတွင်း ဦးရီးတော်သည်လည်း ကွယ်လွန်သေဆုံး၍ သွားခဲ့ရာလေသည်။ ထို့နောက် တမန်တော်မြတ် မဒီနာမြို့တော်သို့ ကြွရောက်သွားတော်မူသည့်အခါ အောက်စ်နှင့် ခဇ်ရဂျ်မျိုးနွယ်များက တမန်တော်မြတ်အား မိုးအောက်မြေပြင် ကမ္ဘာဇာတ်ခုံပေါ်တွင် စံမတူအောင် ကာကွယ်ထိန်းသိမ်းကူညီ စောင့်ရှောက်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ထိုးမျိုးနွယ်များသည် ယနေ့တိုင်အောင် "အာန်ဆွာရ်" ဟူ၍ ကျော်ကြားလျက်ရှိကြပေသည်။

ဤသို့ဖြင့် တမန်တော်မြတ်သည် မိတဆိုး ဖတဆို: ဘဝမှ မိုးရွှားတန်ဆောင်အဖြစ်သို့ အံ့ဖွယ်သရဲ ရောက်ရှိလာတော်မူခဲ့လေသည်။ ဤသည်တို့သည် ဤအာယတ်တော်တွင် လာရှိသည်နှင့်အညီ အလ္လာဟ်အရှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုတွင် အဆင့်ဆင့် အကျုံးဝင်လျက် ရှိပေသည်။ ဤသည်လည်း ဤပစ္စက္ခဘဝတွင် တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူခဲ့သော အတိုင်းမသိ ကြီးမားလှသော ကျေးဇူးတော်တစ်ရပ်ပင်။ ကြည့်-အိဗ်နူကဆီရ်။

① တမန်တော်မြတ်သည် (တမန်တော်မြတ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခြင်း မခံရသေးမီအလျင်) အရွယ်ရောက်၍ အမျိုးသားတို့၏ ရိုရိုက်အမှု၊ကုဖ်ရ်အမှုနှင့် အချည်းနီးသော ထုံးထမ်းစဉ်လာများကို တွေ့မြင်ရသောအခါ လွန်စွာမုန်းတီးတော်မူ၏။ စက်ဆုပ်ရွံရှာတော်မူ၏။ စိတ်နှလုံးတွင် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ချစ်ကြည်မြတ်နိုးလိုသော အာသာနှင့် ခဝပ်ကိုးကွယ်လိုသော ဆန္ဒ ပြင်းပြလျက်ရှိတော်မူ၏။ ထိုအရှင်မြတ်ထံတော်သို့ ပေါက်ရောက်ကြောင်း တရားကိုသာ ရှာဖွေဆည်းပူးလျက် ရှိတော်မူ၏။ ဝေနေယျသတ္တဝါအပေါင်းတို့အား တရားဟောညွှန်ပြရန် ဆန္ဒပြင်းပြလျက် ရှိတော်မူ၏။

သို့ရာတွင် ပွင့်လင်းထင်ရှားသော၊ ပြည့်ဝစုံလင်သော တရားနှင့် ကျင့်စဉ်ကျင့်ရပ်များကား မပွင့်လင်းသေးချေ။ ထို့အတွက် တမန်တော်မြတ်သည် အားမလိုအားမရ ဖြစ်နေတော်မူခဲ့၏။ စိတ်စောလျက်ရှိတော်မူခဲ့၏။ လိုဏ်ဂူများ၊ တော၊ တောင်များသို့သွား၍ မိမိ၏အရှင်သခင်အား တမ်းတနေတော်မူခဲ့၏။ ပန်ကြားနေတော်မူခဲ့၏။

နောက်ဆုံးတွင် တမန်တော်မြတ် "ဟိရာ" လိုဏ်ဂူ၌ တရားဆည်းပူးနေတော်မူစဉ် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန် ဂျိဗ်ရီလ်အား စေလွှတ်တော်မူ၍ အစွမ်းလာမ်၏ အမှန်တရားကို စတင်ချီးမြှင့်တော်မူလိုက်လေသည်။ ကြည့်-ကုရ်အာန် (၄၂:၅၂)။

ဤသည်လည်း ဤပစ္စက္ခတွင် တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူခဲ့သော အတိုင်းမသိ ကြီးမားလှသည့် ကျေးဇူးတော်တစ်ရပ်ပင်။

فَأَمَّا الْيَتِيمَ فَلَا تَقْهَرْ ﴿٩﴾

၉။ သို့ဖြစ်ပေရာ မည်သို့ပင်ဖြစ်စေကာမူ အသင်သည် မိဘမဲ့ကလေးသူငယ်အား ဖိနှိပ်(ကြိမ်းမောင်း)ခြင်းကို မပြုပါလေနှင့်။ [၁]

وَأَمَّا السَّائِلَ فَلَا تَنْهَرْ ﴿١٠﴾

၁၀။ ထိုနည်းတူစွာ မည်သို့ပင်ဖြစ်စေကာမူ အသင်သည် သူတောင်းစားအား ငေါက်ငမ်း၊ နှင်ထုတ်ခြင်းကို မပြုပါလေနှင့်။ [၂]

وَأَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ ﴿١١﴾

၁၁။ ထိုမှတပါး မည်သို့ပင်ဖြစ်စေကာမူ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကျေးဇူးတော်ကို ထုတ်ဖော်ပြောကြား၍နေပါလေ။ [၃]

---

(၂) တမန်တော်မြတ်သည် မိဘများထံမှ မယ်မယ်ရရ အမွေပစ္စည်းလည်း ရရှိတော်မမူခဲ့ပေ။ ပစ္စည်းမဲ့ပင်ဖြစ်တော်မူခဲ့၏။ ယင်းသည့် အခြေအနေတွင် တမန်တော်မြတ်သည် ခဒီဂျာဟ်သခင်မ၏ ကုန်ပစ္စည်းများကူးသန်း ရောင်းဝယ်ပေးခဲ့ရာ အမြတ်အစွန်းများစွာ ရရှိတော်မူခဲ့၏။ ထို့နောက် ခဒီဂျာဟ်သခင်မသည် တမန်တော်မြတ်နှင့် ထိမ်းမြားပြီး မိမိပိုင်ပစ္စည်းအားလုံးတို့ကို တမန်တော်မြတ်အား ပုံအပ်ခဲ့လေသည်။ ဤသို့ဖြင့် တမန်တော်မြတ်သည် ပစ္စည်းမဲ့ဘဝမှ စားဝတ်နေရေး ချောင်လည်သည့်ဘဝသို့ ရောက်ရှိလာတော်မူခဲ့ပေသည်။ ဤသည် ရုပ်၏ ချမ်းသာကြွယ်ဝမှုပင်။

ချမ်းသာကြွယ်ဝမှုသည် နှစ်မျိုးရှိ၏။ (၁) ဥစ္စာပစ္စည်း၏ ချမ်းသာကြွယ်ဝမှု။ (၂) စိတ်၏ ချမ်းသာကြွယ်ဝမှု။ ဤ ချမ်းသာကြွယ်ဝမှု နှစ်ရပ်တွင် စိတ်၏ချမ်းသာကြွယ်ဝမှုသည် အဓိကပင်ဖြစ်၏။ တမန်တော်မြတ်၏ စိတ်၊ နာမ်၏ ချမ်းသာကြွယ်ဝမှုကား အတိုင်းမသိ ကြီးမားဘိ၏။

(၁) တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင် မိတဆိုး၊ ဖတဆိုး ဖြစ်တော်မူခဲ့ရ၏။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား မိတဆိုး၊ ဖတဆိုးဘဝမှပင် နှစ်ဘဝ၏ အထွတ်အထိပ်သို့ ရောက်ရှိအောင် အံ့ချီးမဆုံး ထိန်းသိမ်းစောင့်ရောက်ပြုစု ပျိုးထောင်ပေးတော်မူခဲ့၏။ ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား မိမိနှင့်ဘဝတူ မိတဆိုး ဖတဆိုးတို့အား ကိုယ်ချင်းစာနာကာ၊ ထောက်ထားသနားကြင်နာရန်၊ ကာကွယ်ထိန်းသိမ်းရန်၊ ကူညီထောက်ပံ့ရန် မေမှာင်၍မျှ မဖိနှိပ်ရန်၊ မကြိမ်းမောင်းမိရန် မိန့်ကြားထားတော်မူပေသည်။

(၂) တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင် ဆင်းရဲနွမ်းပါးတော်မူခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်းလည်း ကြွယ်ဝလာတော်မူခဲ့ပေသည်။ စိတ်ဓာတ်လည်း ချမ်းသာရောင့်ရဲတင်းတိမ်လာတော်မူခဲ့ပေသည်။

ထို့အတွက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား မိမိနှင့်ဘဝတူဖြစ်သော ဆင်းရဲနွမ်းပါးသူများ စားဝတ်နေရေး အဆင်မပြေသူများ၊ တောင်းရမ်းစားသောက် နေကြရရှာသော သူဆင်းရဲတို့ကို ကိုယ်ချင်းစာကာ ထောက်ထားသနားကြင်နာရန်၊ ကူညီပံ့ပိုးပေးရန်နှင့် မရှိဆင်းရဲလွန်း၍ နားပူသံကျပ် တောင်းဆိုကြသည့် သူဆင်းရဲများအား မေမှာင်၍မျှ မကြိမ်းမောင်းမိရန်၊ မငေါက်ငမ်းမိရန် သတိပေးထားတော်မူသည်။

အသိဉာဏ်ပွင့်ခြင်းကဏ္ဍ



ဤကဏ္ဍသည် 'အင်နှ်ရှိရာဟ်' အသိဉာဏ်ပွင့်ခြင်း ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၈)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊
မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ ۝

١ (အို-နဗီတမန်တော်) ငါ အရှင်မြတ်သည် အသင်၏ရင်ကို ဖွင့်ပေးတော်မူခဲ့သည်မဟုတ်လော၊ [၁]

اَلَمۡ نَشۡرَحۡ لَكَ صَدۡرَكَ ۝١

---

(၃) ကျေးဇူးရှင်၏ ကျေးဇူးများကို ကြွားဝါလိုသည့် သဘောနှင့်မဟုတ်ဘဲ၊ ကျေးဇူးစောင့်သိရိုသေအပ်သော စေတနာအရင်းခံဖြင့် ထုတ်ဖော်ပြောဆိုခြင်းမှာ တရားတော်အရ ပြုပိုင်ပြုအပ်သော ကိစ္စမှန် ကိစ္စမြတ်တစ်ရပ်ပင် ဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား အံ့ချီးမဆုံးသော ကျေးဇူးတော်များ ပြုထားတော်မူသည်မှာ အထင်အရှားပင်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ယင်းသည့်ကျေးဇူးတော်များကို အထူးသဖြင့် တရားတည်းဟူသောကျေးဇူးတော်ကို ဖွင့်ဟထုတ်ဖော် မြွက်ကြားရန် မိန့်ကြားထားတော်မူခြင်းပင် ဖြစ်သည်။ သို့ မိန့်ကြားထားတော်မူသည့်အတိုင်းပင် တမန်တော်မြတ်သည်လည်း အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို အထူးသဖြင့် တရားတည်းဟူသော ကျေးဇူးတော်ကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ အသက်ထက်ဆုံး၊ အကောင်းဆုံး၊ အံ့ချီးမဆုံး စံမတူအောင် ဖွင့်ဟထုတ်ဖော် ပြသဟောကြားသွားတော်မူခဲ့ပေသည်။

(၄) "ရှရ်ဟ်" ဟူသောပုဒ်၏ မူရင်းအနက်မှာ အသားစသည်များကို ပြန့်အောင် ဖြန့်ခြင်းဟူ၍ဖြစ်သည်။ ထိုမှတစ်ဆင့် ယင်းပုဒ်ကို ရင်နှင့်တွဲ၍ "ရှရ်ဟုဆွဲဆွဒ်ရ်" ရင်ဖြန့်ခြင်း (၀၊) အလ္လာဟ်အရှင်မြတ်၏ တရားရောင်ခြည်။ ထိုအရှင်မြတ်ထံတော်မှ တည်ငြိမ်မှု၊ အေးချမ်းသာယာမှုတို့ဖြင့် ရင်ကို ကျယ်ဝန်းပွင့်လင်းစေခြင်း အနက်၌ အသုံးအနှုန်း ဖြစ်လာခဲ့ချေသည်။ ကုရ်အာန်ကျမ်းမြတ် (၆း၁၂၆။ ၂၀း၂၅။ ၃၉း၂၂။ ၉၄း၁) တွင်လည်း ဤသည့် အနက်၌ပင် သုံးနှုန်းထားတော်မူသည်။ ကြည့်-ရာယိဗ်။

ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား သိသင့်သိအပ်သည့် အသိပညာ အရပ်ရပ်ကို ပွင့်လင်းစေတော်မူသည်။ တမန်တော်အဖြစ် တာဝန်များ ထမ်းဆောင်ရာတွင် ရန်သူများ၏ ဘေးရန်များကို ခံနိုင်ရည်ရှိရန်နှင့် ယင်းသည့်ဘေးရန်များကို ကျော်လွန်နိုင်ရန်အလို့ငှာ အတိုင်းမသိ ကြီးမားလှသော ဇွဲ၊ သတ္တိနှင့် ခံနိုင်ရည်များကိုလည်း ချီးမြှင့်ထားတော်မူသည်။

မှတ်ချက်။

'ဟဒီးဆ်' ဩဝါဒတော်ဆိုင်ရာ ကျမ်းကြီးများနှင့် 'စီရတ်' တမန်တော်မြတ်၏အတ္ထုပ္ပတ္တိဆိုင်ရာ ➤➤

وَوَضَعْنَا عَنكَ وِزْرَكَ ﴿٢﴾

၂။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်၏အပေါ်မှ အသင်၏ဝန်ထုပ်ကို ချပေးတော်မူခဲ့သည် (မဟုတ်လော)။ [၁]

الَّذِىٓ أَنقَضَ ظَهْرَكَ ﴿٣﴾

၃။ ထိုဝန်ထုပ်သည် အသင်၏ကျောကို ကိုင်းညွှတ်စေခဲ့၏။ (ချိုးထားခဲ့၏)။

وَرَفَعْنَا لَكَ ذِكْرَكَ ﴿٤﴾

၄။ ထိုမှတပါး၊ ငါအရှင်မြတ်သည် အသင်၏ဂုဏ်သတင်းကို ကျော်ကြားစေတော်မူခဲ့သည် (မဟုတ်လော)။ [၂]

➤➤ ကျမ်းကြီးများတွင် ကောင်းကင်တမန်များက တမန်တော်မြတ်၏ရင်ကို အကြိမ်ကြိမ် ခွဲသည့်အကြောင်း ပါရှိသည်။ သို့ရာတွင် ဤအာယတ်တော်သည် ယင်းသည့်အကြောင်းကို ရည်ညွှန်းဟန်မတူပေ။

① ဤအာယတ်တော်ကို မှဖတ်စီစီရိမ်များသည် အောက်ပါအတိုင်း အမျိုးမျိုးအနက် ဖွင့်ကြပေသည်။

(က) ဝဟီ ကျရောက်ခြင်းသည် တမန်တော်မြတ်အဖို့ အစပထမသော် မလွယ်ကူပေ။ အလွန်တရာမျှ ခဲယဉ်းခဲ့ပေသည်။ ထို့နောက်သော် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် လွယ်ကူသွားခဲ့ပေသည်။

(ခ) တမန်တော်မြတ်သည် တမန်တော်အဖြစ် ထမ်းဆောင်ရမည့် ကြီးလေးလှသော တာဝန်များကို တွေး၍တွေး၍ အလွန်စိတ်လေးတော်မူခဲ့ပေသည်။ ထို့နောက်သော် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် လွယ်ကူသွားခဲ့ပေသည်။

(ဂ) ဤအာယတ်တော်တွင် ပါရှိသည့် 'ဝဇ်ရ်' ဝန်ထုပ်ဟူသည် အကြင်သို့သော တားမြစ်ချက် မရှိသော ပြုပိုင်သော ကိစ္စရပ်များကို ဆိုလိုသည်။ ထိုသည့် ကိစ္စရပ်များကို တမန်တော်မြတ်သည် မိမိအမြင်နှင့် လျော်ကန်သင့်မြတ်သည်ဟု ထင်မြင်ယူဆကာ ကျင့်သုံးတော်မူလေ့ရှိခဲ့ပေသည်။ ထိုသည့်နောက်ပိုင်းတွင် ယင်းသည့် ကိစ္စရပ်များကို မကျင့်သုံးဘဲနေခြင်းက လျော်ကန်သင့်မြတ်သည်ကို သိမြင်လာတော်မူခဲ့လေသည်။ ထိုအခါ တမန်တော်မြတ်သည် မိမိ၏ တာဝန်နှင့် မိမိ၏ အဆင့်အတန်းကို ကြည့်ပြီး ပြစ်မှုတစ်ခု ကျူးလွန်မိပြီး ကြေကွဲဝမ်းနည်းသကဲ့သို့ ဝမ်းနည်းတော်မူလေ့ရှိခဲ့ပေသည်။ ထို့အတွက် ဤအာယတ်တော်တွင် ယင်းသို့သော ကိစ္စများနှင့်စပ်လျဉ်း၍ တမန်တော်မြတ်အား တစ်စုံတစ်ရာ အရေးယူတော်မူမည် မဟုတ်ကြောင်း ကောင်းချီးသတင်းပေးတော်မူခြင်း ဖြစ်သည်ဟူ၏။

② အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၏ ဂုဏ်သတင်းကို တမန်တော်များ၏ လောကတွင်လည်းကောင်း၊ ကောင်းကင်တမန်များ၏ လောကတွင်လည်းကောင်း၊ စကြာဝဠာအဝန်းတွင်လည်းကောင်း၊ ပို့နှံ့ကျော်ကြား စေတော်မူသည်။ စကြာဝဠာအတွင်းရှိ အသိဉာဏ်၊ အမြော်အမြင် အတွေးအခေါ် ရှိသူတိုင်းသည် တမန်တော်မြတ်၏အမည်နာမကို အလွန်ရိုသေ လေးစားစွာဖြင့် ဂုဏ်ယူပြောကြားလျက် ရှိကြပေသည်။

အစ္စာန်၊ အေ့ကာမတ်၊ ခွတ္တဗတ်၊ ကလိမတ်တို့ငါးဗတ်၊ အတ္တဟိယာတ် စသည်တို့တွင်လည်း အလ္လာဟ်အရှင်မြတ်၏ နာမံတော်၏နောက်၌ တမန်တော်မြတ်၏ အမည်နာမကို ဒွန်တွဲရွတ်ဆိုကြရပေသည်၊➤➤

فَإِنَّ مَعَ الْعُسْرِ يُسْرًا ﴿٥﴾

إِنَّ مَعَ الْعُسْرِ يُسْرًا ﴿٦﴾

فَإِذَا فَرَغْتَ فَانْصَبْ ﴿٧﴾

وَإِلَىٰ رَبِّكَ فَارْغَبْ ﴿٨﴾

၅။ သို့ဖြစ်ပေရာ ဧကန်မလွဲ ခက်ခဲမှုနှင့်အတူ လွယ်ကူမှုသည် (ဒွန်တွဲလျက်ပင်) ရှိ၏။

၆။ ခက်ခဲမှုနှင့်အတူ လွယ်ကူမှုသည် ဧကန်အမှန် (ဒွန်တွဲလျက်ပင်) ရှိ၏။ [၁]

၇။ သို့ဖြစ်ပေရာ အသင်သည် အားလပ်သော အခါ (ဝတ်ပြုမှု၌) ကြိုးပမ်းအားထုတ်ပါလေ။

၈။ ၎င်းပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဖက်သို့ (တစ်စိတ်တစ်လက်တည်း အာရုံ) လှည့်ထားပါလေ။ [၂]

➤➤ ထို့ပြင်တစ်ဝ၊ အလ္လာဟ်အရှင်မြတ်က လူသားတို့အား မိမိ၏အဓိန့်တော်များကို နာခံရန် အဓိန့်ပေးတော်မူသည့် နေရာတိုင်းတွင် တမန်တော်မြတ်၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးရန်လည်း တစ်ဆက်တည်း ညွှန်ကြားထားတော်မူပေသည်။

တမန်တော်မြတ်အား ကြည်ညိုမြတ်နိုးသူများကသာ တမန်တော်မြတ်အား ချီးမွမ်းထောပနာပြုကြသည်မဟုတ်၊ တမန်တော်မြတ်အား ရန်ပြုသူများသည်ပင်လျှင် တမန်တော်မြတ်အား မချီးမွမ်းဘဲ မနေနိုင်ကြပေ။

① ကျပ်တည်းမှုနှင့် ချောင်လည်မှု၊ ခဲယဉ်းမှုနှင့် လွယ်ကူမှု၊ ဒုက္ခနှင့်သုခ စသည်တို့သည် ဒွန်တွဲလျက်ရှိ၏။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဆင်းရဲမှု ဒုက္ခအမျိုးမျိုးကို ခံစားတော်မူခဲ့၏။ ထိုသည့်နောက်တွင် ယင်းသည့် ဆင်းရဲမှုဒုက္ခများနှင့်အတူ မြောက်မြားစွာသော ချောင်လည်မှု၊ လွယ်ကူမှု၊ သုခချမ်းသာ အဖြာဖြာတို့သည်လည်း တစ်ဆက်တည်း ဖြစ်ပေါ်လာခဲ့ပေသည်။ ဥပမာ-အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၌ အံ့ချီးမဆုံးသော ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည် ဇွဲသတ္တိနှင့် ခံနိုင်ရည်များကို ထည့်သွင်းပေးတော်မူခဲ့ရာ တမန်တော်မြတ်အဖို့ ဆင်းရဲဒုက္ခများကို ရင်ဆိုင်ရန်မှာ လွယ်ကူသွားခဲ့ပေသည်။ ဒုက္ခများ၏ နောက်တွင် သုခများ ပေါပေါက်လာခဲ့ပေသည်။

ဤအာယတ်တော်၏ အခြားအဖွင့်တစ်ရပ်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား (ရူဟာနီ ရာဟတ်) နာမ်ဆိုင်ရာ သုခကို ချီးမြှင့်တော်မူ၍၊ (ရူဟာနီ ကုလ်ဖတ်) နာမ်ဆိုင်ရာ ဒုက္ခကို တမန်တော်မြတ်မှ ကင်းဝေးစေတော်မူခဲ့သည်ဟူ၏။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ယင်းသို့ နာမ်ဆိုင်ရာ သုခကို ချီးမြှင့်ထားတော်မူသည်ဖြစ်ရာ လောကီဆိုင်ရာ သုခကို အသို့လျှင် ချီးမြှင့်တော်မမူဘဲ ရှိတော်မူအံ့နည်း။ ထိုအရှင်မြတ်သည် တမန်တော်မြတ်အား လောကီဆိုင်ရာ သုခများကိုလည်း အမှန်မုချ ချီးမြှင့်တော်မူမည်သာတည်း။ တမန်တော်မြတ် ခံစားနေရသော ဆင်းရဲဒုက္ခများ၏ နောက်ပိုင်းတွင် သုခချမ်းသာ အဖြာဖြာ ဖြစ်ပေါ်လာမည်သာတည်း။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကတိတော်ပင်။

သဖန်းပင်ကဏ္ဍ



ဤကဏ္ဍသည် "တိန်" သဖန်းပင် ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၈)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

وَالتِّيْنِ وَالزَّيْتُوْنِ ۝١

၁။ (ငါအရှင်မြတ်သည်) သဖန်းသီးပင်ကိုလည်းကောင်း၊ သံလွင်သီးပင်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။

وَطُوْرِ سِيْنِيْنَ ۝٢

၂။ ထို့ပြင် (ငါအရှင်မြတ်သည်) သိနတောင်ကို သက်သေထူတော်မူ၏။

وَهٰذَا الْبَلَدِ الْاَمِيْنِ ۝٣

၃။ ထိုမှတပါး (ငါအရှင်မြတ်သည်) ဤဘေးရန်ကင်းသောမြို့တော်ကို သက်သေထူတော်မူ၏။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား အတိုင်းမသိ ကြီးကဲမြင့်မြတ်သော အမျိုးမျိုးသော ကျေးဇူးတော်များကို ချီးမြှင့်ထားတော်မူပေရာ၊ ဤအာယတ်တော်တွင် တမန်တော်မြတ်သည် လူသားတို့အား (တဗလီဃ်) သွန်သင်ဆုံးမ တရားဟောကြား၍ ပြီးစီးသည့်အခါ ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်ရည် တစ်ကာယတည်း တရားအားထုတ်မည့်အကြောင်း၊ သို့တရားအားထုတ်ပါက သုခချမ်းသာ အဖြာဖြာကို ပိုမို၍ ချီးမြှင့်တော်မူခြင်း ခံရမည်ဖြစ်ကြောင်း၊ ထို့ပြင် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အား (အဆက်အသွယ် တစ်စုံတစ်ရာ မထားရှိဘဲ) တိုက်ရိုက်အာရုံပြုရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။

② အလ္လာဟ်အရှင်မြတ်သည် ဤအာယတ်တော်တွင် အလွန်အကျိုးများသော၊အဖိုးထိုက်တန်လှသော အပင်နှစ်ပင်နှင့် အလွန် မြင့်မြတ်သော ဌာနနှစ်ခုကို သက်သေထူပြီး မိန့်ဆိုထားတော်မူသည်။ အဆိုပါ အပင်နှစ်ပင်မှာ သဖန်းပင်နှင့် သံလွင်ပင်ဖြစ်သည်။ အဆိုပါ ဌာနနှစ်ခုမှာ သိနတောင်နှင့် မက္ကာမြို့တော်ဖြစ်သည်။
(တိန်) သဖန်းပင်အကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် တစ်နေရာ၌သာတွေ့ရှိရသည်။ ကြည့်-ကုရ်အာန်(၉၅း၁)
(ဇိုင်တူန်) သံလွင်ပင်အကြောင်းကို ကုရ်အာန် (၆)နေရာတွင် တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၆း၁၀၀။ ၆း၁၄၂။ ၁၆း၁၁။ ၂၄း၃၅။ ၈၀း၂၉။ ၉၅း၁)။
(တူရိစီနိန်) သိနတောင်အကြောင်းကို ကုရ်အာန်တွင် အကြိမ်ကြိမ် တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၂း၆၃။ ၂း၉၃။ ၄း၁၅၄။ ၁၉း၅၂။ ၂၀း၈၀။ ၂၃း၂၀။ ၂၈း၂၉။ ၂၈း၄၆။ ၅၂း၁။ ၉၅း၂)။

لَقَدْ خَلَقْنَا الْإِنسَانَ فِي أَحْسَنِ تَقْوِيمٍ ﴿٤﴾

၄။ ဧကန်မလွဲ ငါ အရှင်မြတ်သည် လူကို အကောင်းဆုံးသော အချိုးအစား အရပ်အမောင်း ပုံပန်းသဏ္ဌာန်၌ ဖန်ဆင်းတော်မူ၏။

ثُمَّ رَدَدْنَاهُ أَسْفَلَ سَافِلِينَ ﴿٥﴾

၅။ ထို့နောက် ငါအရှင်မြတ်သည် ၎င်းအား ညံ့ဖျင်းသူတို့ထက် အညံ့ဖျင်းဆုံးသော အခြေအနေသို့ ပြန်ရောက်စေတော်မူ၏။

إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ﴿٦﴾

၆။ သို့ရာတွင် သက်ဝင် ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြကုန်သောသူတို့အဖို့မှာကား မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးသည် (အသင့်)ရှိ၏။

➢➢ (အလ်ဗလဒုလ်အမီန်) ဘေးရန်ကင်းငြိမ်းသော (မက္ကာမြို့တော်အကြောင်းကို ကုရ်အာန်တွင် အများအပြား တွေ့ရှိရသည်။ ကြည့်-ကုရ်အာန် (၁၄:၃၅၊ ၉၀:၁-၂၊ ၉၅:၃)။

သဖန်းပင်နှင့် သံလွင်ပင်သည် အလွန်အကျိုး များပြားလှသည့်အတွက် ပြည့်ဝစုံလင်လှသော လူသား၏ ဘဝဖြစ်အင်နှင့် အထူးတူလှပေသည်။ ထို့အတွက်ကြောင့်လည်း လူသားအား ဖန်ဆင်းတော်မူသည့် အကြောင်းကို မိန့်ဆိုထားတော်မူရာတွင် ယင်းသည့်အပင်များကို အထူးတလည် သက်သေထူပြီး စကားပလ္လင် ခံထားတော်မူခြင်းဖြစ်သည်။

"တူရိစီနိန်" ၊ "တူရိစိုင်နာအ်" သည် သိနတောင်ပင်ဖြစ်သည်။ ယင်းတောင်ပေါ်၌ အလ္လာဟ် အရှင်မြတ်သည် တမန်တော်မူစာသခင်နှင့် စကားပြောကြားတော်မူခဲ့ပေသည်။

"အလ်ဗလဒုလ်အမီန်" ဘေးရန်ကင်းငြိမ်းသောမြို့ ဟူသည် မက္ကာမြို့တော်ကိုပင် ဆိုလိုသည်။ ယင်းမြို့တော်၌ တမန်တော်အပေါင်းတို့၏ အချုပ်ဖြစ်တော်မူသော တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလမ်) မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပေသည်။ ကမ္ဘာတစ်သက် တည်ရှိမည့် ကုရ်အာန်ကျမ်းဂန်သည်လည်း ယင်းမြို့တော်၌ စတင်ကျရောက်လာခဲ့ပေသည်။

ဆိုလိုသည်ကား ဖော်ပြပါ ဌာနများသည် အလွန်မြင့်မြတ်လှသည်။ ယင်းဌာနများတွင် အဓိပတိ အကျော်အမော် တမန်တော်များ ပွင့်ပေါ်ခဲ့ကြပေသည်။ ယင်းသို့သော ဌာနများကို သက်သေထူတော်မူ၍ အလ္လာဟ်အရှင်မြတ်က 'ငါအရှင်မြတ်သည် လူသားအား အလွန်ကောင်းမြတ်သော အချိုးအစား ပုံပန်းသဏ္ဌာန်၌ ဖန်ဆင်းထားတော်မူသည်။ စွမ်းရည်သတ္တိ အမျိုးမျိုး၊ ရုပ်၊ နာမ်၊ အတွင်းအပြင် စွမ်းအင် အစုံအလင်လည်း ချီးမြှင့်ထားတော်မူသည်' ဟု မိန့်ကြား ထားတော်မူသည်။

သို့ဖြစ်ရာ၊ အကယ်၍ လူသားသည် မိမိရရှိထားသော မူလဗီဇ မှန်ကန်သော် သဘာဝနှင့်အညီ ကြိုးစားပါက ကောင်းကင်တမန်များထက် သာနိုင်သည်သာမက ကောင်းကင်တမန်များ၏ ဂုဏ်ပြုခြင်းကိုပင် ခံရပေမည်။ ဤသည်ကို အဆိုပါ ဌာနများသည် သက်သေခံလျက် ရှိကြပေသည်။

فَمَا يُكَذِّبُكَ بَعْدُ بِالدِّيْنِ ۝٧

၇။ သို့ပါလျက် (ဤသည်တို့ကိုသိရှိပြီး)နောက်တွင် အစားပေးခြင်းကို မဟုတ်မမှန်ဟု ငြင်းပယ်ရန် အသင့်အား မည်သည့်အရာက လှုံ့ဆော်သနည်း။

اَلَيْسَ اللّٰهُ بِاَحْكَمِ الْحٰكِمِيْنَ ۝٨

၈။ အလ္လာဟ်အရှင်မြတ်သည် တရားစီရင်သူအပေါင်းတို့ထက် အကောင်းဆုံး တရားစီရင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်မဟုတ်လော။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် လူသားအား ရုပ်၊ နာမ်၊ အတွင်း၊ အပြင် အားဖြင့် အသင့်တော်ဆုံး အရပ်အမောင်း၊ အကောင်းဆုံး အချိုးအစား၊ ပုံပန်းသဏ္ဌာန်၊ ရုပ်ဆင်းအဂံါ ကြိအင်လက္ခဏာ၊ အစုံလင်ဆုံး အား၊ အပြည့်ဝဆုံး အရည်အချင်း၊ အထက်မြက်ဆုံး စွမ်းရည်၊ အမြင့်မြတ်ဆုံး အသိဉာဏ်များကို ချီးမြှင့်ထားတော်မူ၏။ လူဘဝ အထွတ်အထိပ်သို့ ရောက်ရှိနိုင်ရန် လိုလေသေးမရှိ စီမံဖန်တီးပေးထားတော်မူ၏။

ထို့နောက် တဖန် ထိုသည့်လူသားအား အနိမ့်ဆုံး အခြေအနေသို့ ပြန်လည်ရောက်ရှိစေတော်မူ၏။ ထိုအခါ လူသားသည် နုပျိုရာမှ အိုမင်းရင့်ရော်လာ၏။ တောင့်တင်း ပြေပြစ် ချောမွေ့သော အသားအရေသည် ရှုံ့တွန့် လျော့ရဲဖြစ်လာ၏။ ဖြောင့်မတ်သော ခါးသည် ကိုင်းညွှတ်လာ၏။ မည်းနက်သော ဆံပင်များသည် ဖြူဖွေးလာ၏။ ကြည်လင်တောက်ပသော မျက်စိများသည် မှုန်လာ၏။ ကောင်းစွာ ကြားသော နားများသည် ထိုင်းလာ၏။ လျင်မြတ်စွာ သွားလာလှုပ်ရှားနေသော ခြေများသည် နှေးကွေး ဆိုင်းတွလာ၏။ ပိုင်နိုင်စွာ ဆုပ်ကိုင်နိုင်သော လက်များသည် တုန်တုန်ယင်ယင် ဖြစ်လာ၏။ သွက်လက်စွာ ပြောနိုင်သော နှုတ်လျှာသည် လေးလာ၏။ အာရုံများသည် ဆုတ်ယုတ် ပျက်ပြားလာ၏။ အသိဉာဏ်၊ အတွေးအခေါ်၊ အမြော်အမြင် အယူအဆ အားလုံးတို့သည် ယိုယွင်း ညံ့ဖျင်းလာ၏။ ထိုင်းမှိုင်းလာ၏။ ဤကား လူဖြစ်စဉ်ပင်။

ကြည့်-ကုရ်အာန် (၃၀း၅၄)။

ဤသည့် လူဘဝဖြစ်စဉ်ကို စဉ်းစားဆင်ခြင်ပါက အလ္လာဟ်အရှင်မြတ်သည် လူသားအား အားအင်ချည့်နဲ့သည့်ဘဝမှ အားအင်ပြည့်ဝသည့် ဘဝသို့လည်းကောင်း၊ တဖန် အားအင်ပြည့်ဝသည့်ဘဝမှ အားအင်ချည့်နဲ့သည့်ဘဝသို့လည်းကောင်း အပြန်အလှန် ပြောင်းလဲ ဖန်ဆင်းတော်မူသော အရှင်သခင်ဖြစ်တော်မူသည်ကို ကောင်းစွာသိရှိနိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် ယင်းသို့ အပြန်အလှန် အပြောင်းအလဲ ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူသည်ကို သိရှိထားပြီးဖြစ်ရာကား ဤလူပ်ရှားသွားလာလျက်ရှိသော စကြာဝဠာကြီးသည် တစ်ရက်ရပ်ဆိုင်း ဆိတ်သုဉ်း၍ 'ကိယာမတ်' ဖြစ်မည်ကို အသို့လျှင် ငြင်းပယ်နိုင်အံ့နည်း။ ငြင်းပယ်ရန် အကြောင်းအလျှင်း မရှိပေ။

(သွေးခဲ)ဖတ်ရွတ်လော့ ကဏ္ဍ



ဤကဏ္ဍသည် ("အစ်က်ရ့") "ဖတ်ရွတ်လော့" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၁၉)ပါး ပါရှိ၏။
ဤကဏ္ဍသည် (အလတ်က်) "သွေးခဲ" ကဏ္ဍဟူ၍လည်း မည်တွင်၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

اِقْرَاْ بِاسْمِ رَبِّكَ الَّذِيْ خَلَقَ ۝١

၁။ (အို-နဗီတမန်တော်) အသင်သည် မိမိ အရှင်မြတ်၏နာမ်တော်ဖြင့် (အစပြု၍) ဖတ်ပါလေ။ထို အရှင်မြတ်သည် (သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို) ဖန်ဆင်းတော်မူခဲ့၏။

خَلَقَ الْاِنْسَانَ مِنْ عَلَقٍ ۝٢

၂။ ထိုအရှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူခဲ့၏။

اِقْرَاْ وَرَبُّكَ الْاَكْرَمُ ۝٣

၃။ (အို-နဗီတမန်တော်) အသင်သည် ဖတ်ပါလေ။ စင်စစ် အသင့်အား ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလွန်ရက်ရောစွာ ပေးကမ်း ချီးမြှင့်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။

الَّذِيْ عَلَّمَ بِالْقَلَمِ ۝٤

၄။ အကြင်အရှင်မြတ်သည် ကလောင်ဖြင့် သင်ကြားပေးတော်မူခဲ့၏။

عَلَّمَ الْاِنْسَانَ مَا لَمْ يَعْلَمْ ۝٥

၅။ ထိုအရှင်မြတ်သည် လူသားတို့အား ၎င်းတို့မသိခဲ့သောအရာများကို သင်ကြားပေးတော်မူခဲ့ပေသတည်း။ [၁]

---

① **ဦးစွာပထမ ကျရောက်လာခဲ့သော အာယတ်တော်ငါးပါး။**

ကုရ်အာန်ကျမ်းလာ ဤကဏ္ဍ၏ အစပထမ အာယတ်တော်ငါးပါးသည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များတွင် အဦးအစ ပထမ ကျရောက်လာခဲ့သော အာယတ်တော်များဖြစ်သည်။ ➤➤

➤➤ တမန်တော်မြတ်သည် သက်တော်(၄၀)သို့ ရောက်သောအခါ တမန်တော်မြတ်၌ ဆိတ်ငြိမ်ရာအရပ်တွင် တစ်ကိုယ်တကာယ တည်းနေ၍ တရားအားထုတ်လိုသည့် စိတ်ဓာတ်ပေါ်လာခဲ့၏။ သို့စိတ်ဓာတ် ပေါ်လာခဲ့သည့် အလျောက် တမန်တော်မြတ်သည် မက္ကာမြို့အနီးရှိ ဟိရာလိုဏ်ဂူတွင် သွားရောက်၍ တစ်ကိုယ်တကာယတည်း တရားအားထုတ်တော်မူခဲ့လေသည်။

ဟိဂျ်ရီသက္ကရာဇ် မတိုင်မီ(၁၃)နှစ်၊ ရမဇာန်လ၊ (ခရစ်သက္ကရာဇ် ၆၁၀၊ ဂျူလိုင်လ)တွင် တည်ဦးသော် ကောင်းကင်တမန် ဂျိဗရီလ်သည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီး တမန်တော်မြတ်အား "အစ်ကရအ်" အသင်ဖတ်ပါဟုဆိုရာ တမန်တော်မြတ်က "မာအနဓိကာရိအင်နံ" ကျွန်ုပ် ဖတ်တတ်သူ မဟုတ်ပါဟု ဖြေကြားတော်မူ၏။ ကောင်းကင်တမန်သည် တမန်တော်မြတ်အား ညှစ်ဖျစ်၍ အသင်ဖတ်ပါဟု ဆိုပြန်ရာ တမန်တော်မြတ်က ကျွန်ုပ် ဖတ်တတ်သူ မဟုတ်ပါဟူ၍ ဖြေကြားတော်မူ၏။ ဒုတိယတစ်ဖန် ကောင်းကင်တမန်က တမန်တော်မြတ်အား ညှစ်ဖျစ်၍ "အသင်ဖတ်ပါ" ဟု ဆိုပြန်ရာ တမန်တော်မြတ်က ယခင်အတိုင်း "ကျွန်ုပ် ဖတ်တတ်သူ မဟုတ်ပါ" ဟူ၍ပင် ဖြေကြားတော်မူ၏။ တတိယ အကြိမ်တွင် ကောင်းကင်တမန်သည် တမန်တော်မြတ်အား ညှစ်ဖျစ်၍ ကုရ်အာန်ကျမ်းလာ ဤအာယတ်တော် ငါးပါးကို စတင် ဖတ်ကြားပြသ သွားခဲ့လေသည်။ ဤအကြောင်း ဗုခါရီကျမ်းဝဟီအခန်းတွင် အကျယ်တဝန့် ပါရှိသည်။ (မာဂျီဒီ)။

ဟိရာလိုဏ်ဂူတွင် တရားဆည်းပူးတော်မူခြင်း။

ကအ်ဗဟ်ကျောင်းတော်နှင့် သုံးမိုင်အကွာတွင် ဟိရာအမည်ရှိသော လိုဏ်ဂူတစ်ခုရှိ၏။ တမန်တော်မြတ်သည် ထိုလိုဏ်ခေါင်းသို့ သွားရောက်၍ "မိုရာကဗဟ်" တရားကို အာရုံပြုတော်မူလေ့ရှိ၏။ စားဖွယ်သောက်ဖွယ်များကို ယူဆောင်၍ သွားလေ့ရှိ၏။ စားဖွယ်သောက်ဖွယ်များ ကုန်ခမ်းသွားသည့်အခါ အိမ်သို့ ပြန်လာပြီးလျှင် စားဖွယ်သောက်ဖွယ်များကို ယူဆောင်၍ ပြန်လည် ကြွသွားတော်မူပြီး ယခင်အတိုင်း ဆက်လက်၍ တရားအာရုံ ပြုလေ့ရှိတော်မူ၏။

တမန်တော်မြတ်သည် ဟိရာလိုဏ်ဂူတွင် တရားအားထုတ်လေ့ ဝတ်ပြုလေ့ရှိတော်မူသည့်အကြောင်း ဗုခါရီကျမ်းတွင် အတည့်အလင်းပါရှိ၏။ တမန်တော်မြတ်၏ ထိုတရားအားထုတ်ခြင်းနှင့် ဝတ်ပြုခြင်းကား အသို့နည်း။ အဆိုပါအကြောင်းနှင့်စပ်လျဉ်း၍ ဗုခါရီကျမ်း၏ အဖွင့်ဖြစ်သော အိုင်နီကျမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

قيل ما كان صفة تعبده؟ أجيب بأن ذلك كان بالتفكر والاعتبار

တမန်တော်မြတ်၏ ထိုဝတ်ပြုခြင်းကား အသို့နည်းဟု မေးသည်ရှိသော် တမန်တော်မြတ်၏ ထိုဝတ်ပြုခြင်းကား တွေးခေါ်မြော်မြင် စဉ်းစားဆင်ခြင်နှင့် တရားယူခြင်းပင်ဟူ၍ ဖြေဆိုရပေမည်။

တမန်တော်မြတ်၏ ထိုဝတ်ပြုခြင်း၊ တရားအားထုတ်ခြင်းသည် တမန်တော်မြတ်၏ ဘိုးတော် တမန်တော်အီဗရာဟိမ်(အလိုင်ဟစ္စလာမ်) နဗီမဖြစ်မီအလျင် ပြုကျင့်ခဲ့သော ဝတ်ပြုခြင်း၊ တရားအားထုတ်ခြင်း ချီးပင်ဖြစ်သည်။

တမန်တော်အီဗရာဟိမ်(အလိုင်ဟစ္စလာမ်)သည် ကောင်းကင်၌ ကြယ်တာရာများကို ရှုမြင်သည့်အခါ ဘုန်းတန်ခိုးတော်၏ အရိပ်အရောင်ဟု ထင်မြင်အံ့သြခဲ့၏။ လကို ရှုမြင်သောအခါ ပို၍ပင် ထင်မြင်အံ့သြခဲ့၏။ နေကို ရှုမြင်ပြန်သောအခါ တစ်ဖန် ပို၍ပင် ထင်မြင်အံ့သြခြင်း ဖြစ်ခဲ့လေသည်။ သို့ရာတွင် ကြယ်တာရာ၊ လနှင့် နေတို့ အသီးသီး ပျောက်ကွယ်၍ သွားကြသောအခါ အောက်ပါအတိုင်း အလိုက်အလျောက် ကြွေးကြော်လေတော့သည်။ ➤➤

➤➤ (لَا أُحِبُّ الْآفِلِينَ)

ကျွန်ုပ်သည် ပျောက်ကွယ်သွားသော အရာများကို မနှစ်သက်ပါ။ ကုရ်အာန် (၆:၇၆)။

(إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمٰوٰتِ وَالْأَرْضَ)

ကျွန်ုပ်သည် ပထဝီမြေနှင့် မိုးများကို ဖန်ဆင်းတော်မူသော အရှင်မြတ်ဘက်သို့သာလျှင် မိမိ၏မျက်နှာကို လှည့်ပါပြီ။

ကောင်းမြတ်သော အိပ်မက်များကို မြင်မက်တော်မူခြင်း။

တစ်နေ့သော် တမန်တော်မြတ်သည် မိမိအလေ့အထ "ဟိရာ"ဉမင်လိုဏ်ခေါင်းတွင် တရားဆည်းပူးလျက်ရှိစဉ် ကောင်းကင်တမန်ကို ရှုမြင်ရတော်မူ၏။ ထိုကောင်းကင်တမန်က တမန်တော်မြတ်အား ဤသို့ လျှောက်ထားပန်ကြား၏။

အသင်သည် အကြင်အရှင်၏ နာမ်တော်ဖြင့် အစပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပါလော။ ထိုအရှင်မြတ်သည် (ကမ္ဘာအဝန်းကို) ဖန်ဆင်းတော်မူ၏။ ထိုအရှင်မြတ်သည် လူသားကို သွေးခဲတစ်ခုဖြင့် ဖန်ဆင်းတော်မူ၏။ အသင်သည် ရွတ်ဖတ်သရဇ္ဈာယ်ပါလော။ အသင့်အား မွေးမြူတော်မူသော အရှင်သည် အလွန်တစ်ရာမျှ နူးညံ့သိမ်မွေ့တော်မူသော (ရက်ရောတော်မူသော) အရှင်ဖြစ်တော်မူ၏။ ထိုအရှင်သည် (လူသားကို) "ကလမ်" မင်တံဖြင့် အသိပညာကို သင်ကြားပေးတော်မူ၏။ ထိုအရှင်သည် လူသားအား ထို(လူသား) မသိသော အရာများကိုလည်း သင်ကြားပေးတော်မူ၏။ ကုရ်အာန် (၉၆:၁-၅)။

ထို့နောက် တမန်တော်မြတ်သည် မိမိနေအိမ်သို့ ပြန်ကြွလာတော်မူ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးတော်များကို ခံစားတော်မူလျက်ရှိ၏။ တမန်တော်မြတ်သည် မိမိတွေ့ကြုံခဲ့သည့် အဖြစ်အပျက် အလုံးစုံကို ကြင်ရာတော် ခဒီဂျာသခင်မအား ပြောပြတော်မူ၏။

တမန်တော်မြတ်သည် ယင်းကဲ့သို့ ကောင်းကင်တမန်အား တွေ့မြင်ရသောအခါ စိုးရိမ်ရာတော်မူ၏။ ထိုအခါ ခဒီဂျာသခင်မက "သခင် မစိုးရိမ်ပါလင့်၊ အလ္လာဟ်အရှင်မြတ်သည် သခင်အား စွန့်လွှတ်ထားတော်မူမည် မဟုတ်ပါ" ဟု ပြောဆိုနှစ်သိမ့်စေလေသည်။

တမန်တော်မြတ်က "ကျွန်ုပ် စိုးရိမ်မိပါသည်" ဟု ပြောကြားတော်မူခဲ့သည်မှာ မှန်၏။ သို့ရာတွင်ဤ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှုသည် အလ္လာဟ်အရှင်မြတ်၏ ဘုန်းတန်ခိုးတော် အာနုဘော်၏ အဟုန်ကြောင့်လည်းကောင်း၊ နဗီတမန်တော်၏ ကြီးမားလှသော တာဝန်ကို တွေးခေါ်မြော်မြင်မိခြင်းကြောင့်လည်းကောင်း၊ ဖြစ်ပေသည်။ တမန်တော်မြတ်သည် အဘယ်အရာကို ရှုမြင်တော်မူခဲ့သည်။ ကောင်းကင်တမန်တော်က မည်သို့ ပြောကြားခဲ့သည်။ မည်ပုံ တွေ့မြင်တော်မူခဲ့သည်။ မည်သို့သော အခြင်းလက္ခဏာများဖြစ်ပေါ်ခဲ့သည်။ ဤသည်တို့ကား အလွန်တရာမျှ နက်နဲလှ၏။ နူးညံ့သိမ်မွေ့လှ၏။ ဤသည်တို့ကို အကွာရာများဖြင့် ရေးသားဖော်ပြရန်ကား မဖြစ်နိုင်ပေ။

တမန်တော်မြတ်သည် ကောင်းကင်တမန်အား တွေ့မြင်၍ ဦးစွာပထမ အလ္လာဟ်အရှင်မြတ်၏ အာယတ်တော်ကို ကြားနာရသောအခါ မိမိနေအိမ်သို့ ပြန်ကြွလာပြီးလျှင် ခဒီဂျာသခင်မအား မိမိ စိုးရိမ်မိကြောင်း ပြောပြတော်မူရာ ခဒီဂျာသခင်မက အောက်ပါအတိုင်း ပြောဆိုနှစ်သိမ့်စေလေသည်။

"သခင်၊ အလျဉ်း မစိုးရိမ်ပါလင့်၊ အလ္လာဟ်အရှင်မြတ်သည် သခင့်အား ဘယ်သောအခါမျှ အရှက်တကွဲ အကျိုးနည်း ဖြစ်စေတော်မူမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သခင်သည် သားချင်းများနှင့် ကောင်းစွာဆက်ဆံတော်မူပါသည်။ သူတစ်ပါး၏ တာဝန်ကိုလည်း ထမ်းဆောင်တော်မူပါသည်။➤➤

➤➤ မရှိဆင်းရဲသူများကိုလည်း ပေးကမ်းတော်မူပါသည်။ ဧည့်သည်တော်များအားလည်း ဧည့်ခံကျွေးမွေးတော်မူပါသည်။မုန်ကန်သော ပြဿနာများကိုလည်း ထောက်ခံတော်မူပါသည်။" ကြည့်-ဗုခါရီ။ တမန်တော်မြတ်။ ၁-(၉၉-၁၀၂)။

ဆိုလိုသည်ကား တမန်တော်မြတ်သည် မိမိထံ ကျရောက်အံ့သော ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို (ယင်းအာယတ်တော်များတွင် ယခုကျရောက်သော ဤအာယတ်တော်ငါးပါးလည်း အပါအဝင်ဖြစ်သည်) မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ နာမံတော်ကို တသကာ ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။

ဤအာယတ်တော်တွင် အလွှာဟ်အရှင်မြတ်သည် မိမိ၏ ဂုဏ်တော်အနက် "ရဗ္ဗ" ဟူသော ဂုဏ်တော်ကို ဦးစွာပထမ သုံးနှုန်းထားတော်မူသည်။ "ရဗ္ဗ" ၏ အနက်ကား ကျယ်ဝန်းလှ၏။ နက်နဲလှ၏။ သိမ်မွေ့လှ၏။ ယင်း "ရဗ္ဗ" ဟူသောပုဒ်နှင့်စပ်လျဉ်း၍ အကျယ်ဖွင့်ဆိုရေးသားခဲ့ပေပြီ။ ဆိုလိုသည်ကား တမန်တော်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် တမန်တော်မြတ်အား မီးရှူးသန့်စင် ဖွားမြင်သည့် အချိန်မှစ၍ ယခုအထိ အံ့ဖွယ်သရဲ မွေးမြူပြုစုပျိုးထောင်ပေးတော်မူခဲ့ပေရာ ထိုအရှင်မြတ်သည် ရှေ့ဆက်လက်၍ တမန်တော်မြတ်အား အဘက်ဘက်တွင် ပြည့်ဝစုံလင်အောင် ပြုလုပ်ပေးတော်မူသည်သာမက တမန်တော်မြတ်အား "နဗုဝါတ်" တမန်တော်အဖြစ်၏ အထွဋ်အထိပ်သို့ပင် ပို့ဆောင်ပေးတော်မူမည်ဖြစ်သည်။ ဤသည့်သဘောကို "ရဗ္ဗ" ဟူသောပုဒ်သည် ရည်ညွှန်းလျက် ရှိပေသည်။

ရှေ့တွင် ဆက်လက်၍ "ရဗ္ဗ" ၏ ဝိသေသများကို မိန့်ဆိုထားတော်မူသည်မှာ ထိုအရှင်မြတ်သည်ပင် သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို စတင်ဖန်ဆင်းထားတော်မူသောအရှင် ဖြစ်တော်မူသည်။ အဖန်ဆင်းခံများတွင် လူသားသည် အမြင့်မြတ်ဆုံးဖြစ်သည်။ ထိုသည့်လူသားကိုလည်း ထိုသည့်အရှင်မြတ်ပင် သွေးစိုင်သွေးခဲဖြင့် အံ့ဖွယ်သရဲ ဖန်ဆင်းထားတော်မူသည်။ လူသားသည် သွေးခဲမျှသာ ဖြစ်ခဲ့သည်။ ထိုအရှင်မြတ်သည် လူသားအား ထိုသည့်သွေးခဲအဖြစ်မှ ကမ္ဘာဇာတ်ခုံပေါ်တွင် အလှဆုံးပုံသဏ္ဌာန်၊ အပြည့်ဝဆုံး အရည်အချင်း၊ အထက်မြတ်ဆုံး စွမ်းရည်၊ အမြင့်မြတ်ဆုံး အသိဉာဏ်များ ချီးမြှင့်၍ အံ့မဆုံး၊ အမြင့်မြတ်ဆုံး သတ္တဝါအဖြစ် မွေ့ကာစားထားတော်မူသည်။

ထိုအရှင်မြတ်သည် အလွန်ရက်ရောတော်မူသောအရှင် ဖြစ်တော်မူသည်။ မိမိအလိုတော်ဖြင့် အတိုင်းမသိ ရက်ရောစွာ ချီးမြှင့်ပေးကမ်းတော်မူသည်။

လူသားသည် တစ်ချိန်က မဖတ်တတ် မရေးတတ်ခဲ့ချေ။ စာပေလောကတွင် အလွန်နိမ့်ကျ၍ နေခဲ့ပေသည်။ ထို့အတူ လူသားသည် တစ်ချိန်က ဘာမျှ မသိခဲ့ပေ။ အသိပညာ သိပ္ပံလောကတွင် အလွန်နိမ့်ကျ၍ နေခဲ့ပေသည်။ ထိုအရှင်မြတ်သည်ပင် ထိုသည့်လူသားအား "ကလမ်" ကလောင်တံဖြင့်ရေးမှတ်ရန် သင်ကြားပေးတော်မူခဲ့ပေသည်။ ထိုအရှင်မြတ်သည်ပင် လူသားအား မသိသောအရာများကို သင်ကြားပြသတော်မူခဲ့ပေသည်။ ထိုအရှင်မြတ်သည် စကြာဝဠာအဝန်းကို စတင် ဖန်ဆင်းတော်မူသောအရှင်၊ အဆင့်ဆင့် ပြုစုပျိုးထောင် မွေးမြူတော်မူသောအရှင်၊ အလွန့်အလွန် ရက်ရောစွာ ပေးကမ်းတော်မူသောအရှင်၊ ကလောင်ဖြင့် ရေးမှတ်ရန် သင်ကြားပေးတော်မူသောအရှင်၊ လူသား မသိသည်များကို လူသားအား သင်ကြားပြသတော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ တန်ခိုးတော်ကား အတိုင်းမသိ ကြီးမားဘိ၏။ သို့ဖြစ်ရာ အဖန်ဆင်းခံအားလုံးတို့သည် ထိုအရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ရာ၏။ ထိုအရှင်မြတ်အားသာလျှင် အောက်မေ့တသရာ၏။ ထိုအရှင်မြတ်၏ တရားတော်များကိုသာလျှင် ဦးထိပ်ရွက်ပန်ဆင်ရာ၏။ ထိုအရှင်မြတ်၏ အာယတ်တော်များကိုသာလျှင် ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။ ထိုအရှင်မြတ်၏အာယတ်ဂုဏ်တော်များကိုသာလျှင် မွှမ်းရာ၏။➤➤

كَلَّآ إِنَّ ٱلْإِنسَٰنَ لَيَطْغَىٰٓ ﴿٦﴾

၆။ မှတ်ယူကြလေကုန်၊ ဧကန်မလွဲ လူသည် ဆိုးသွမ်း ပုန်ကန်လေ့ရှိ၏။

أَن رَّءَاهُ ٱسْتَغْنَىٰٓ ﴿٧﴾

၇။ ၎င်းသည် မိမိကိုယ်ကို လိုလားတောင့်တခြင်း ကင်းမဲ့သည်ဟု ထင်မြင်သောကြောင့်။ [၁]

إِنَّ إِلَىٰ رَبِّكَ ٱلرُّجْعَىٰٓ ﴿٨﴾

၈။ ဧကန်မလွဲ (အားလုံး၏) ပြန်လည်ရောက်ရှိခြင်းသည် အသင်၏အရှင်မြတ် အထံတော်သို့သာ လျှင်ဖြစ်သည်။

أَرَءَيْتَ ٱلَّذِى يَنْهَىٰ ﴿٩﴾

၉။ (အို-နဗီတမန်တော်) အသင်သည် အကြင်သူ အားမြင်ခဲ့လေသလော။ ထိုသူသည် တားမြစ်၏။

➤➤ ထိုသို့သော အရှင်မြတ်ကပင် တမန်တော်မြတ်အား မွေးမြူပြုစုပျိုးထောင်ပေးတော်မူမည်ဖြစ်ရာ၊ ထိုသို့သောအရှင်မြတ်ကပင် တမန်တော်မြတ်အား သင်ကြားပြသတော်မူမည်ဖြစ်ရာ၊ ထိုသို့သော အရှင်မြတ်ကပင် တမန်တော်မြတ်အား ရက်ရောစွာ မြှောက်စားတော်မူမည်ဖြစ်ရာ၊ တမန်တော်မြတ်သည် အသို့လျှင် ကမ္ဘာ့အထွတ်အထိပ်သို့ မရောက်ရှိဘဲ ရှိတော်မူအံ့နည်း။ ထိုသို့သော အရှင်မြတ်ကပင် တမန်တော်မြတ်အား ကမ္ဘာ့တစ်သက် တည်ရှိမည့် ကမ္ဘာ့ကျမ်းဂန် ကုရ်အာန်ကို ရွတ်ဖတ်ဟောကြားစေတော်မူခဲ့ရာ တမန်တော်မြတ်သည် ဘမ္ဘာ့သမိုင်းစဉ်တွင် စံမတူအောင် ဟောကြားသွားတော်မူခဲ့သည် မဟုတ်ပါလော။

တမန်တော်မြတ်ထံသို့ ယင်းသို့ ကုရ်အာန်ကျမ်းလာ အာယတ်တော်များ စတင်ကျရောက်လာခဲ့သည့် အချိန်မှစ၍ တမန်တော်မြတ်၌ အတိုင်းမသိ ကြီးမားသော စွမ်းရည်သတ္တိများ ရရှိလာပြီး အံ့ချီးမဆုံးသော ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့ပေသည်။ ထိုအချိန်မှစ၍ တမန်တော်မြတ်သည် မိမိ၏ သားချင်းများ၊ မိမိ၏ အမျိုးသားများနှင့် ကမ္ဘာ့အဝန်းတွင် ရှိနေသော မိစ္ဆာအမှောင်များကို ကုရ်အာန်ဖြင့် စတင်ဖြိုခွင်းတော်လှန်တော်မူခဲ့လေသည်။ ယနေ့လည်း ကျွန်ုပ်တို့သည် မိစ္ဆာအမှောင်များကို ဖြိုခွင်းတော်လှန်လိုပါက ကုရ်အာန်ကျမ်းမြတ်ဖြင့်သာလျှင် ဖြိုခွင်းတော်လှန်နိုင်ကြပေမည်။

① လူသားသည် သွေးစိုင်သွေးခဲမှ ဖြစ်ပေါ်လာခဲ့၏။ အဓိဝမ်းတွင်းမှ မွေးဖွားလာစဉ် ပညာမဲ့သက်သက်သာ ဖြစ်ခဲ့၏။ လူ၏ မူလအခြေအမြစ်မှာ ဤမျှသာ ဖြစ်ခဲ့ပေသည်။ အလွန်ဟ်အရှင်မြတ်သည်ပင် ယင်းသည့် လူသားအား အသိပညာပေးတော်မူ၏။ ၎င်းအဖို့ စားဝတ်နေရေးများကိုလည်း လိုလေသေးမရှိ စီစဉ်ပေးထားတော်မူ၏။ သို့တစေလည်း ကျေးဇူးမသိတတ်သော လူသားသည် မိမိ၏ မူလသဘာဝကို မေ့ကာ လောကီစည်းစိမ်များတွင် နစ်မွန်းလာ၏။ ငါသည် ငါပင်ဖြစ်၏။ ငါသည် တစ်စုံတစ်ရာကို လိုလားတောင့်တ ကြောင့်ကြရသည် မရှိဟု ထင်မြင်ကာ မိမိကိုယ်ကို မိမိ အထင်ကြီးလာ၏။ ဘဝင်မြင့်လာ၏။ မောက်မာလာ၏။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုပင် သွေဖည်ငြင်းဆန်လာ၏။ ဤသည် မိမိ၏မူလဘဝကို မေ့ပျောက်ကာ မိမိကိုယ်ကို မိမိ အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း၊ အောက်ခြေလွတ်ခြင်း၊ ဝင့်ဝါခြင်း၏ အကျိုးပင်။

عَبْدًا إِذَا صَلَّىٰ ﴿١٠﴾

၁၀။ (အလ္လာဟ်အရှင်မြတ်၏) ကျွန်တပါး အား ထိုကျွန်သည် ဆွလာတ်ဝတ်ပြုသောအခါဝယ်။

أَرَءَيْتَ إِن كَانَ عَلَى ٱلْهُدَىٰٓ ﴿١١﴾

၁၁။ (အို-နဗီတမန်တော်) အသင်သည် (ထိုလူ၏ အခြေအနေကို) ပြောပြပါလေ။ အကယ်၍ ၎င်းသည် တရားလမ်းမှန်ပေါ်၌ရှိခဲ့မူ။

أَوْ أَمَرَ بِٱلتَّقْوَىٰٓ ﴿١٢﴾

၁၂။ သို့တည်းမဟုတ် ၎င်းသည် (ပြစ်မှုများမှ) ကြဉ်ရှောင်ရန် အမိန့်ပေးခဲ့မူ (မကောင်းပါလော)။

أَرَءَيْتَ إِن كَذَّبَ وَتَوَلَّىٰٓ ﴿١٣﴾

၁၃။ (အို-နဗီတမန်တော်) အသင်သည် (ထိုသူ၏ အခြေအနေကို) ပြောပြပါလေ။ အကယ်၍ ၎င်းသည် (နဗီတမန်တော်အား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ပြီးနောက် (အီမာန်သက်ဝင်ယုံကြည်ခြင်းမှ) မျက်နှာလွှဲဖယ်ခဲ့သော် (မည်သူအကျိုးယုတ်အံ့နည်း)။

أَلَمْ يَعْلَم بِأَنَّ ٱللَّهَ يَرَىٰ ﴿١٤﴾

၁၄။ အလ္လာဟ်အရှင်မြတ်သည် ဧကန်အမှန် ရှုမြင်တော်မူသည်ကို ထိုသူသည် မသိခဲ့လေသလော။

كَلَّا لَئِن لَّمْ يَنتَهِ لَنَسْفَعًۢا بِٱلنَّاصِيَةِ ﴿١٥﴾

၁၅။ မှတ်ယူလော့၊ အကယ်၍ ထိုသူသည် (မိမိ အပြုအမူကို) မရပ်စဲခဲ့သော်၊ ဧကန်မလွဲ ငါအရှင်မြတ်သည် (၎င်း၏)ဦးစွန်းကိုကိုင်၍ ဆွဲတော်မူမည်။

نَاصِيَةٍ كَٰذِبَةٍ خَاطِئَةٍ ﴿١٦﴾

၁၆။ (ထိုဦးစွန်းကား) မုသားပြောဆိုလေ့ရှိသော၊ ပြစ်မှုကျူးလွန်လေ့ရှိသော ဦးစွန်းပင်။

فَلْيَدْعُ نَادِيَهُۥ ﴿١٧﴾

၁၇။ သို့ဖြစ်ပေရာ ၎င်းသည် မိမိ၏အဖွဲ့အရံများကိုခေါ်ယူစေ။

سَنَدْعُ ٱلزَّبَانِيَةَ ﴿١٨﴾

၁၈။ ယခုပင် ငါအရှင်မြတ်သည်လည်း ငရဲစောင့်ကောင်းကင်တမန်တို့ကို ခေါ်ယူတော်မူမည်။ ③

---

① ကျူးလွန်းမသိတတ်သော သွေဖည်ငြင်းဆန် မနာခံသော ကာဖိရ် သူယုတ်မာ၏ ယုတ်မာမှုကား အံ့တစ်ပါးပင်။ ထိုသို့သော သူယုတ်မာသည် မိမိကိုယ်တိုင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်၌ ဦးမချသည်သာမက ➤➤

كَلَّا لَا تُطِعْهُ وَاسْجُدْ وَاقْتَرِب ۩ ﴿١٩﴾

၁၉။ အလျှင်းမဟုတ်၊ (အို-နဗီတမန်တော်) အသင်သည် ၎င်း၏စကားကို မလိုက်နာလေနှင့်၊ ထို့ပြင် အသင်သည် (အလ္လာဟ်အရှင်မြတ်အား) "စျံဒဟ်" ပျှပ်ဝပ်ဦးချပါလေ။ ၎င်းပြင် အသင်သည် (ဝတ်ပြုခြင်းအားဖြင့် ထိုအရှင်မြတ်အပါးတော်သို့) ချဉ်းကပ်ပါလေ။ [၁]

➤➤ ထိုအရှင်မြတ်၏ ရှေ့တော်၌ သူတစ်ပါး ပျှပ်ဝပ်ရိုကျိုးရှိခိုးဦးချနေသည်ကိုလည်း မကြည့်လို၊ မမြင်လို၊ မရှုလိုပေ။ စက်ဆုပ်ရွံရှာမုန်တီးပေသည်။ ဤအာယတ်တော်များတွင် အစ္စလာမ်ကို အသက်ထက်ဆုံး ဆန့်ကျင်သွားခဲ့သော အဗူဂျဟ်လ်အား ရည်ညွှန်းထားသည်။ အဗူဂျဟ်လ်သည် တမန်တော်မြတ်အား ကာဗ်ဗဟ်ကျောင်းတော်၌ ဆွလာတ်ဝတ်ပြုနေသည်ကို မြင်လျှင် တားမြစ်လေ့ရှိခဲ့၏။ ပြက်ရယ်ပြောင်လှောင်လေ့ရှိခဲ့၏။ ခြိမ်းခြောက်လေ့ရှိခဲ့၏။ အဗူဂျဟ်လ်သည် တမန်တော်မြတ်အား အမျိုးမျိုး ဒုက္ခပေးလေ့ရှိခဲ့၏။

ဤတွင် စဉ်းစားဆင်ခြင်အပ်သည့်အချက်တစ်ရပ်မှာ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုတော်မူ၏။ မိမိကိုယ်တိုင် တရားလမ်းမှန်ပေါ်၌ ရပ်တည်လျက်ရှိတော်မူ၏။ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေ ခန့်ညားရန် သူတစ်ပါးတို့ကိုလည်း သွန်သင်ဆုံးမတော်မူ၏။ထိုသို့သော တမန်တော်မြတ်အား မိမိကိုယ်တိုင် တရားလမ်းလွဲမှားနေသော အမှန်တရားကို မယုံကြည်သော မကျင့်မူသော ဆန့်ကျင်နေသော အဗူဂျဟ်လ်ကဲ့သို့သော သူယုတ်မာတစ်ဦးက ဆွလာတ်ဝတ်ပြုခြင်းမှ တားဆီးပိတ်ပင်၏။ ဤသည်တရားမရှိသူက တရားရှိသူအား ဆွလာတ်ဝတ်မပြုသူက ဆွလာတ်ဝတ်ပြုသူအား ပိတ်ပင်တားဆီးခြင်းပင်။ ဤကား ပို၍ အံ့ဖွယ်ကောင်းလှ၏။ ပို၍ပင် ဆိုးရွားလှ၏။

ယင်းသူယုတ် သိထားအပ်သည်မှာအလ္လာဟ်အရှင်မြတ်သည် ထိုသူယုတ်မာ၏ ယုတ်မာမှုအစုစုကိုလည်း အကြွင်းမဲ့ သိတော်မူ၏။ တမန်တော်မြတ်၏ ကုသိုလ်ကောင်းမှု အစုစုကိုလည်း အကြွင်းမဲ့သိတော်မူ၏။ သို့သိတော်မူသည့်အလျောက် တိကျမှန်ကန်စွာ ကျိုးပြစ်ပေးတော်မူမည်သာ ဖြစ်၏။ အကယ်၍ ထိုသူယုတ်သည် မိမိအလွန်အရဲများကို အထင်ကြီးနေလျှင်၊ မိမိ၏ ယုတ်မာမှုများမှ မရပ်တန့်လျှင် အလ္လာဟ်အရှင် မြတ်သည် ထိုသူ၏ ဦးစွန်းကိုဆွဲ၍ ငရဲသို့ မောင်းနှင်တော်မူမည်သာဖြစ်သည်။ သို့ဖြစ်ရာ ယင်းသူယုတ်သည် ဖြစ်နိုင်ပါက မိမိအား ကာကွယ်ပေးရန်အတွက် မိမိ၏အလွန်အရဲများကို ခေါ်ယူနိုင်ပေသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း ပြစ်ဒဏ်ပေးသည့် ကောင်းကင်တမန် ဗိုလ်ခြေများအား ဆင့်ခေါ်တော်မူရန် အသင့်ပင်။ ဤသို့ဖြင့် အလ္လာဟ်အရှင်မြတ်သည် သူယုတ်တို့အား ကြုံးဝါးထားတော်မူသည်။

② အလ္လာဟ်အရှင်မြတ်သည် သူယုတ်မာအား အထက်တွင်ပါရှိသည့်အတိုင်း ကြုံးဝါးထားတော်မူပြီးနောက် တမန်တော်မြတ်အား "အသင်သည် ထိုသူယုတ်အား ဂရုမုနေရန်မလို၊ (သူ၏စကားကို နားထောင်ရန်မလို) အလိုရှိရာနေရာတွင် ယခင်နည်းတူ အလ္လာဟ်အရှင်မြတ်အား ဦးချရှိခိုးပါလေ။ သို့ဦးချရှိခိုး၍ အလ္လာဟ်အရှင်မြတ်ထံတော်သို့ ချဉ်းကပ်ပါလေ။ နီးစပ်သည်ထက် နီးစပ်အောင် ကြိုးစားပါလေဟု မိန့်ကြားထားတော်မူသည်။

တမန်တော်မြတ်၏ ဟဒီဆ်ဩဝါဒတော်များတွင် လူသားတို့အဖို့ အလ္လာဟ်အရှင်မြတ်နှင့် အနီးစပ်ဆုံးအဖြစ်အနေမှာ စျံဒဟ်ဦးချခြိန်ပင် ဖြစ်သည်ဟူ၍ လာရှိပေသည်။ ➤➤

မြင့်မြတ်ခြင်း(ညဉ့်) ကဏ္ဍ



ဤကဏ္ဍသည် "စူရတုလ်ကဒ်ရ်" ကဒ်ရ်-မြင့်မြတ်ခြင်း ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၅)ပါး ပါရှိ၏။

မပြတ်မစဲသနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

၁။ ဧကန်မလွဲ ငါအရှင်မြတ်သည်ပင် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို "လိုက်လသုလ်ကဒ်ရ်" မြင့်မြတ်သောညဉ့်၌ [1] ချပေးသနားတော်မူခဲ့၏။

إِنَّا أَنزَلْنَاهُ فِي لَيْلَةِ الْقَدْرِ ﴿١﴾

၂။ စင်စစ် "လိုက်လသုလ်ကဒ်ရ်" မြင့်မြတ်သောညဉ့်သည် အဘယ်နည်းဟု အသင်သိပါသလော။

وَمَا أَدْرَاكَ مَا لَيْلَةُ الْقَدْرِ ﴿٢﴾

➤➤ **မှတ်ချက်။**

ဤကဏ္ဍ၏ နောက်ဆုံးအာယတ်တော် (၉၆း၀၉) သည် "စဂျဒဟ်တိလာဝါတ်" ပြုရသော အာယတ်တော်များတွင် အပါအဝင်ဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၇၊၂၀၆)၏ အဖွင့်တွင် အကျယ်ဖွင့်ဆိုရေးသားခဲ့ပါပြီ။

① **"ကဒ်ရ်" ညဉ့်**

"ကဒ်ရ်"ဟူသော ပုဒ်၏ အနက်မှာ ကြွယ်လှသည်။ ယင်းပုဒ်ကို ကုရ်အာန်တွင် အနက်အဓိပ္ပါယ် အမျိုးမျိုး၌ သုံးနှုန်းထား တော်မူသည်။ "ကဒ်ရ်" ဟူသောပုဒ်သည် မှန်းဆ ရာထားခြင်း၊ စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်နိုင်ခြင်း၊ စွမ်းဆောင်စေနိုင်ခြင်း၊ မြင့်မြတ်ခြင်း၊ လေးစားအပ်ခြင်းစသည်ဖြင့် အနက်အမျိုးမျိုး၌ အသုံးဖြစ်ချေသည်။

(၁) အလ္လာဟ်အရှင်မြတ်သည် ကဒ်ရ်ညဉ့်တွင် အရေးကြီးသော ကိစ္စများကို စီမံခန့်ခွဲတော်မူသည်။ ယင်းသို့ စီမံခန့်ခွဲတော်မူသည်ကို အကြောင်းပြုပြီး အဆိုပါညဉ့်ကို ကဒ်ရ်ညဉ့် (၀၁) စီမံခန့်ခွဲတော်မူသော ညဉ့်ဟု အမည်မှည့်ခေါ်ထားခြင်းဖြစ်သည်။

(၂) "ကဒ်ရ်" ဟူသော ပုဒ်သည် ထူးကဲမြင့်မြတ်ခြင်း၊ လေးစားအပ်ခြင်း အနက်၌လည်းလာရှိသည်။ ကဒ်ရ်ညဉ့်သည် အလွန်ထူးကဲမြင့်မြတ်သည်။ ယင်းသို့ ထူးကဲမြင့်မြတ်သည်ကို အကြောင်းပြု၍ ထိုညဉ့်ကို ကဒ်ရ်ညဉ့် (၀၁) ထူးကဲမြင့်မြတ်သောညဉ့်ဟု အမည်မှည့်ခေါ်ထားခြင်းလည်း ဖြစ်တန်ရာသည်။ ➤➤

لَيْلَةُ الْقَدْرِ خَيْرٌ مِّنْ أَلْفِ شَهْرٍ ﴿٣﴾

၃။ "လိုက်လသုလ်ကဒ်ရ်" မြင့်မြတ်သော ညဉ့်ကား လပေါင်းတစ်ထောင်ထက်ပင် ပိုမိုး၍ ကောင်းမြတ်လှ၏၊[၁]

➤➤ **ကဒ်ရ်ညဉ့်၌ပင် ကုရ်အာန် စတင်ကျရောက်ခဲ့ခြင်း။**

အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းမြတ်ကို ရမဿွာန်လမြတ်၊ ကဒ်ရ်ညဉ့်တွင် 'လောဟ်မဟ်ဖူဇ်' ဤမျက်မှောက်ကမ္ဘာ၏ မိုးကောင်းကင်သို့ စတင်ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ ထိုမှတစ်ဆင့် ထိုညဉ့်မှစ၍ တမန်တော်မြတ်ထံသို့ အာယတ်တော်များသည် (၂၃)နှစ်တိုင်တိုင် လိုအပ်သမျှ တဖြည်းဖြည်း ကျရောက်လာခဲ့ပေသည်။ ဤအကြောင်း ကုရ်အာန် (၄၄း၁-၄)တွင်လည်း ပါရှိခဲ့ချေပြီ။

ကဒ်ရ်ညဉ့်သည် အဘယ်ညဉ့်နည်း။

ကဒ်ရ်ညဉ့်နှင့်စပ်လျဉ်း၍ အဆိုအမျိုးမျိုးရှိသည်။

(၁) အများပညာရှင်များ၏ ယူဆချက်အရ ကဒ်ရ်ညဉ့်သည် ရမဿွန်လမြတ်၏ နောက်ဆုံး (၁၀) ညဉ့်အနက် (စုံမဟုတ်) မ-ဖြစ်သော ညဉ့်တစ်ညဉ့် ဖြစ်သည်။

(၂) အချို့ပညာရှင်များက ကဒ်ရ်ညဉ့်သည် ရမဿွာန်လမြတ် (၂၇) ရက်နေ့ညဉ့်ဖြစ်သည်ဟု ဆိုကြသည်။ အီမာမ်အဗူဟနီဖတ်သခင်ကလည်း ဤအတိုင်းဆိုသည်။

မှတ်ချက်။

အချုပ်အားဖြင့် ရေးရသည်ရှိသော် အလ္လာဟ်အရှင်မြတ်သည် ကဒ်ရ်ညဉ့်ကို ဖုံးကွယ်ထားတော်မူသည်။ ဤကား အဆန်းမဟုတ်ပေ၊ အလ္လာဟ်အရှင်မြတ်သည်အခြားမြောက်မြားစွာသော အရာများကိုလည်း ဖုံးကွယ်ထားတော်မူသည်။ ဥပမာ ထိုအရှင်မြတ်သည် ဂျွန်မ်အဟ် (သောကြာနေ့) ဆုတောင်းပြည့်အချိန်၊ (ဆွလာတ်ဂုစ်တ) အလယ်ဆွလာတ်၊ (ကွစ်မုအအ်ဇ္စာမ်) အမြင့်မြတ်ဆုံး အမည်၊ ကိယာမတ်နေ့ စသည်များကိုလည်း ဖုံးကွယ်ထားတော်မူသည်။ ယင်းသို့ ဖုံးကွယ်ထားတော်မူခြင်းမှာ လူသားတို့သည် ပိုမိုး၍ တရားအားထုတ်ကြရန်ပင်ဖြစ်သည်။ အကယ်၍သာ ထူးကဲမြင့်မြတ်သောအချိန်၊ နေ့၊ ရက်များကို အတိအကျသိရှိနေပါက လူများသည် ထိုနေ့၊ရက်များတွင် ပိုမိုး၍ တရားအားထုတ်ကြပြီး ကျန်နေ့၊ ရက်များတွင် ပေါ့လျော့သွားကြပေမည်။

③ ကဒ်ရ်ညဉ့်သည် လပေါင်း၁၀၀၀ ထက်မြတ်သည်။

ကဒ်ရ်ညဉ့်သည် အလွန်ထူးကဲမြင့်မြတ်သော ညဉ့်ဖြစ်ပေရာ၊ ထိုညဉ့်တွင် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းသည် အခြားအချိန်များတွင် လပေါင်း ၁၀၀၀ ကောင်းမှုကုသိုလ်ပြုခြင်းထက်ပင် သာပေသည်။

သာဝကကြီး ကွဲဗ်နူအဗ္ဒာစ်က ပြောပြခဲ့သည်မှာ အစ္စရာအီလီမျိုးနွယ်ဝင်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ လပေါင်း ၁၀၀၀ တိုင်တိုင် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိပခုံးထက်ဝယ် လက်နက်ထမ်းပျက် နေခဲ့သည်အကြောင်း တမန်တော်မြတ်၏ ရှေ့မှောက်တွင် ပြောပြရာ တမန်တော်မြတ်သည် အံ့သြသွားတော်မူခဲ့၏။ ထို့နောက် တမန်တော်မြတ်သည် မိမိ၏ နောက်လိုက်များအဖို့ ထိုသို့ပြုစွမ်းနိုင်ရန် ဆန္ဒပြင်းပြကာ အလ္လာဟ်အရှင်မြတ်ထံတော်၌ "အိုး-အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏ နောက်လိုက်များအား အခြားနောက်လိုက်များထက် အသက်လည်း တိုစေတော်မူပါသည်။ အကျင့်အမူလည်း နည်းစေတော်မူပါသည်" ဟု လျှောက်ထားရာ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ကဒ်ရ်ညဉ့်ကို ချီးမြှင့်တော်မူ၍ "ကဒ်ရ်ညဉ့်သည် ကိယာမတ်တိုင် အသင့်အဖို့လည်းကောင်း၊ အသင်၏ နောက်လိုက်များအဖို့လည်းကောင်း၊ ➤➤

تَنَزَّلُ الْمَلٰٓئِكَةُ وَالرُّوْحُ فِيْهَا بِاِذْنِ رَبِّهِمْ ۚ مِّنْ كُلِّ اَمْرٍ ۙ﴿۴﴾

၄။ ထိုညဉ့်၌ ကောင်းကင်တမန်များသည်လည်း ကောင်း၊ ဂျစ်ဗ်ရိလ်သည်လည်းကောင်း၊ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အမိန့်တော်ဖြင့် ကောင်းမြတ်သောအရေးကိစ္စအသီးသီးကို ယူဆောင်၍ ဆင်းသက်လာကြကုန်၏။

سَلٰمٌ ۛ هِيَ حَتّٰى مَطْلَعِ الْفَجْرِ ﴿۵﴾

၅။ ထိုညဉ့်ကား နံနက်မိုးသောက်ချိန်တိုင် ငြိမ်းချမ်းသောညဉ့်ပင် ဖြစ်ချေသတည်း။ (ငြိမ်းချမ်းမှုချည်း သာတည်း)။ [၁]

➤➤ ငါအရှင်မြတ်၏လမ်းတော်၌ အစွမ်းအစီလီမျိုးနွယ်ဝင် လက်နက် ဆွဲထိုင်နေခဲ့သော လပေါင်း ၁၀၀၀ထက် သာသည်ဟု မိန့်ကြားတော်မူလိုက်လေသည်။ ခါဇင်၊ အစောင်-၇။ စာမျက်နှာ ၂၂၉။

မှတ်ချက်။ အချို့က ဤအာယတ်တော်တွင် လာရှိသည့် လပေါင်း ၁၀၀၀ ဟူသည် မုချအားဖြင့် အမှန်တကယ် လပေါင်း ၁၀၀၀ကို ဆိုလိုသည်မဟုတ်။ အရဗီစာပေဝေါဟာရအရ တစ်ထောင် (၁၀၀၀) ဂဏန်းသည် များစွာသော အရေအတွက် အဖို့လည်း အသုံးဖြစ်ချေသည်။ မြန်မာစာပေတွင်လည်း များစွာသော အရေအတွက် ဖော်ပြရာ၌ ထောင်၊ သောင်းဟူသော ဂဏန်းများကို အသုံးပြုကြသည်မှာ အထင်အရှားပင်။

① ကဒ်ရ်ညဉ့်တွင် သုချမ်းသာအဖြာဖြာ သက်ရောက်ခြင်း။

ကဒ်ရ်ညဉ့်တွင် ကမ္ဘာသူ ကမ္ဘာသားကို ချမ်းသာသုခအဝဝကို ခံစားနိုင်ကြရန် အလို့ငှာ အလွှာဟ် အရှင်မြတ်၏ အမိန့်တော်အရ ကောင်းကင်တမန်ကြီး ဂျိဗ်ရီလ်နှင့်တကွ အသချေါအသချာ်သော ကောင်းကင်တမန်များသည် မင်္ဂလာရှိသော အရေးကိစ္စအဝဝကို ယူဆောင်၍ ဤကမ္ဘာသို့ ဆင်းသက်လာကြပေသည်။ ဆိုလိုသည်ကား ဤမင်္ဂလာရှိသော ကဒ်ရ်ညဉ့်တွင် နေဝင်ချိန်မှ မိုးသောက်သည် အထိ တစ်ညဉ့်လုံး တစ်စုံတစ်ရာ ဒုက္ခမပါ၊ သုခချမ်းသာ မင်္ဂလာချည်းသာ အထူးတလည် သက်ရောက်သည် ဖြစ်သည်ဟူ၏။

တမန်တော်မြတ်က ဟောကြားတော်မူခဲ့သည်မှာ ကဒ်ရ်ညဉ့်ကျရောက်သည့်အခါ ကောင်းကင်တမန် ဂျိဗ်ရီလ်သည် ကောင်းကင်တမန်များ ခြံရံလျက် ဆင်းသက်လာသည်။ သို့ ဆင်းသက်လာပြီး ကောင်းကင်တမန်များသည် အလွှာဟ်အရှင်မြတ်အား ထလျက်၊ ထိုင်လျက်၊ အောက်မေ့တသ သတိရရှိနေကြကုန်သောသူ အပေါင်းတို့အပေါ်သို့ မေတ္တာပို့သကြကုန်သည်။ ၎င်းတို့အဖို့ အန္တရာယ်ကင်းရန် ဆုပန်ကြကုန်သည်။ (ခါဇင်နှ)

"အလ်ရူဟ်"

ဤအာယတ်တော်တွင် လာရှိသော "အလ်ရူဟ်"ကို အနက်ဖွင့်ရာတွင် မုဖတ်စ်စိရ်များသည် အမျိုးမျိုး အဆိုကွဲပြားနေကြသည်ကို တွေ့ရှိရသည်။ ဤအာယတ်တော်တွင် လာရှိသော အလ်ရူဟ်"သည် ကောင်းကင်တမန် ဂျိဗ်ရီလ်ကိုပင်ဆိုလိုသည်။ ဤကား မုဖတ်စ်စိရ် အများစုကြီး၏ ယူဆချက်ပင်။

ထူးသည့်ဆုမွန်။

အာအိရှဟ်သခင်မထံမှာ တစ်ဆင့်ကြားသိရ၏။ ထိုသခင်မကြီးက ပြောပြခဲ့သည်မှာ 'ကျွန်မက အလွှာဟ်အရှင်မြတ်၏တမန်တော်၊ အကယ်၍ အဘယ်ညဉ့်သည် ကဒ်ရ်ညဉ့်ဖြစ်သည်ကို ကျွန်မသိရှိရပါသော်➤➤

ထင်ရှားသောသာဓက ကဏ္ဍ



ဤကဏ္ဍသည် "အလ်ဗိုင်ယိနဟ်" ထင်ရှားသော သက်သေသာဓက ကဏ္ဍမည်၏။ မဒီနာမြို့တော်တွင် ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၈)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

لَمْ يَكُنِ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ وَالْمُشْرِكِيْنَ مُنْفَكِّيْنَ حَتّٰى تَاْتِيَهُمُ الْبَيِّنَةُ ۝١

၁။ ရှေးအထက်ကျမ်းဂန်ကို ရရှိခဲ့ကြသောသူတို့ အနက်မှလည်းကောင်း၊ "မွရှ်ရစ်က်" တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် ကိုးကွယ်ကြသူတို့ အနက်မှလည်းကောင်း၊ သွေဖည် ငြင်းပယ်သောသူတို့ မှာမူကား၊ ၎င်းတို့ထံ ထင်ရှားစွာသော သက်သေသာဓက ရောက်ရှိလာခြင်းမရှိသမျှ ကာလပတ်လုံး (မိမိတို့၏ မမှန်ကန်သောအယူဝါဒမှ) စွန့်ခွာကြမည့် သူများ မဟုတ်ခဲ့ကြပေ။

رَسُوْلٌ مِّنَ اللّٰهِ يَتْلُوْا صُحُفًا مُّطَهَّرَةً ۝٢

၂။ (ထိုထင်ရှားစွာသော သက်သေသာဓကမှာ ၎င်းတို့ရှေ့ဝယ်) သန့်ရှင်းသော ကျမ်းစာများကို ဖတ်ကြားခဲ့သော အလ္လာဟ်အရှင်မြတ်၏ ရဿူလ်တမန်တော်တစ်ပါးပင်။

فِيْهَا كُتُبٌ قَيِّمَةٌ ۝٣

၃။ ယင်းကျမ်းစာများမှာ မှန်ကန်သောအကြောင်းအရာများရေးသားပါရှိသောကျမ်းစာများပင်ဖြစ်သည်။

➤➤ ထိုညွှန်ပြတ်တွင် ကျန်မမည်သို့ ဆုပန်ရပါမည်နည်းဟု လျှောက်ထားရာ တမန်တော်မြတ်က အောက်ပါအတိုင်း ဆုပန်ကြားရန် မိန့်ကြားတော်မူခဲ့လေသည်။

اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ فَاعْفُ عَنِّى

"အို-အလ္လာဟ်၊ အရှင်မြတ်သည် ခွင့်လွှတ်တော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် ခွင့်လွှတ်မှုကိုလည်း နှစ်သက်တော်မူပါသည်။ သို့ဖြစ်ရာ ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ"။ (အီဗ်နုကဆီရ်)။

وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَٰبَ إِلَّا مِنۢ بَعْدِ مَا جَآءَتْهُمُ الْبَيِّنَةُ ﴿٤﴾

၄။ သို့ရာတွင် ရှေးအထက်ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသောသူတို့မှာ ၎င်းတို့ထံ ထင်ရှားစွာ သက်သေသာဓက ရောက်ရှိလာပြီးနောက်သော်မှပင် (သာသနာတော်နှင့်စပ်လျဉ်း၍) ကွဲလွဲခဲ့ကြကုန်လေသည်။ [၁]

---

① တမန်တော်မြတ် မပွင့်မီအလျင် ယဟူဒီ၊ နဆွရာနီ၊မုရ်ရစ်က် စသည့်ဘာသာဝင်အသီးသီးတို့မှာ အပျက်ကြီးပျက်စီးနေခဲ့ကြလေပြီ။ မိမိတို့၏အမှားကို အမှားဟူ၍ မထင်မှတ်ကြတော့သည်သာမက မိမိတို့၏အမှားကိုပင် အမှန်ထင်ကာ မောက်မာပလွားဝါကြွားလျက် ရှိခဲ့ကြပေသည်။ ထိုမျှ အလွန်အကျွံ လွဲမှားနေသူများအား သာမန်ပညာရှင်တစ်ဦး၊ သို့မဟုတ် သူတော်စင်တစ်ဦး၊ သို့မဟုတ် မျှတသော ဘုရင်တစ်ပါးက သွန်သင်ဆုံးမလမ်းညွှန်ပြပါကလည်း ၎င်းတို့သည် တရားရရှိ ကြမည် မဟုတ်ပေ။ ထိုရွေ့ထိုမျှ အလွန်အကျွံလွဲမှားနေသူများအား သွန်သင်ဆုံးမလမ်းညွှန်ပြနိုင်မည့် ပုဂ္ဂိုလ်မှာကား အလ္လာဟ်အရှင်မြတ်ထံတော်မှ အလွန်တန်ခိုးတော်နှင့်ပြည့်စုံသော ကျမ်းထူးကျမ်းမြတ်ရ တမန်တော်တစ်ပါးသာလျှင် ဖြစ်နိုင်ပေသည်။ ထိုသို့သော တမန်တော်တစ်ပါးသာလျှင် ၎င်းတို့၏ မိစ္ဆာမှောင်များကို ဖြိုခွင်း၍ မှန်ကန်သော တရားအလင်းသို့ ဆောင်နိုင်ပေမည်။ နောက်ဆုံးတွင် ထိုသို့သော တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ် ထံတော်မှ ကျမ်းဂန်တို့၏ အချုပ်ကို ယူဆောင်ကာ ၎င်းတို့ထံသို့ ရောက်ရှိ လာခဲ့လေသည်။ (ထိုတမန်တော်ကား အခြားမဟုတ်၊ တမန်တော်မြတ် မုဟမ္မဒ် "ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလ္လမ်" ပင်တည်း။ ထိုကျမ်းတော်ကားအခြားမဟုတ်၊ ကုရ်အာန်ကျမ်းမြတ်ပင်တည်း)။

ထိုသို့သော တမန်တော်ပွင့်လာသည့်အခါ၊ ၎င်းတို့သည် ထိုတမန်တော်မြတ်အား ကြည်ဖြူစွာ နာခံကြရန်သာရှိပေသည်။ သို့ပါသော်လည်း အဟ်လုလ်ကိတာပ်ဖြစ်သော ယဟူဒီနှင့် နဆွရာနီများအနက် အချို့မှာ ထိုတမန်တော်မြတ်အား မယုံကြည်၍ မဟုတ်၊ မနာလိုမုန်းတီးမှုကြောင့် ဩဇာညှဉ်ဆန့်ကျင်ခဲ့ကြပေသည်။ အချို့မှာမူ မျှတစွာ စဉ်စားဆင်ခြင်၍ အမှန်ကိုမြင်ကာ ထိုတမန်တော်အား ယုံကြည်လာခဲ့ကြပေသည်။ ဤသို့ဖြင့် ၎င်းတို့တွင် အုပ်စု ၂-ခုဖြစ်သွားခဲ့ပေသည်။

အမှန်မှာ အဟ်လုလ်ကိတာဗ်သည် နောက်ဆုံးပွင့်တော်မူမည့် တမန်တော်မြတ်ကို အမြော်ကြီးမျှော်၍ နေခဲ့ကြ၏။ တမန်တော်မြတ်အား အကြောင်းပြု၍ ဂုဏ်ယူကြွားဝါ၍ပင် နေခဲ့ကြ၏။ သို့ဖြစ်ရာ ၎င်းတို့သည် ထိုတမန်တော်မြတ် ပွင့်လာသည့်အခါ ဝမ်းသာအားရ သောင်းသောင်းဖြဖြ ယုံကြည်မြတ်နိုးကြရန်သာ ရှိပေသည်။ ထို့ပြင်တစ်ဝ ယခင်က မိမိတို့၌ရှိနေခဲ့သော သဘောကွဲလွဲမှုအရပ်ရပ်ကို ရပ်စဲလိုက်ပြီး၊ မှန်ကန်သော တစ်ခုတည်းသော တရားလမ်းစဉ်ကိုသာ တညီတညွတ်တည်း လက်ခံနာယူ ကျင့်မှု သင့်ကြပေသည်။ သို့တစေလည်း ၎င်းတို့သည် ၎င်းတို့၏ အကြောင်းမလှမူ၊ မလိုမုန်းတီးမှုများကြောင့် ညီညွတ်ကြရမည့်အစား ကွဲသည်ထက်ကွဲခဲ့ကြလေသည်။ အတိုင်းမသိ ကြီးမားလှဘိသော မင်္ဂလာသည် ၎င်းတို့အဖို့ အမင်္ဂလာဖြစ်သွားခဲ့ရလေသည်။ ဤကား မည်သူမပြုမိမိမှုပင်။

အတိတ်ခေတ်ရှိ ကျမ်းဂန်ရ ရဟူဒီ နဆွရာနီများသည်ပင် ထိုသို့ အမှောက်မှောက် အမှားမှားဖြစ်ခဲ့ကြလျှင် ကျမ်းဂန်မရရှိသော မုရ်ရစ်က်များကား အသို့ဖြစ်ကြမည်ကို အထူးရေးရန်ပင် မလိုပေ။

وَمَآ أُمِرُوٓاْ إِلَّا لِيَعۡبُدُواْ ٱللَّهَ مُخۡلِصِينَ لَهُ ٱلدِّينَ حُنَفَآءَ وَيُقِيمُواْ ٱلصَّلَوٰةَ وَيُؤۡتُواْ ٱلزَّكَوٰةَ وَذَٰلِكَ دِينُ ٱلۡقَيِّمَةِ ۝٥

၅။ စင်စစ်သော်ကား ထိုသူတို့သည် ဆည်းကပ်ကိုးကွယ်မှုကို အလွှာဟ်အရှင်မြတ်အား သာလျှင် ရည်စူး၍ သန့်သန့်ပြုကြလျက် (မမှန်ကန်သော ဘာသာဝါဒအသီးသီးတို့ကို နဗီတမန်တော်အိမ်ရာဟီမ်နည်းတူ စွန့်ကာ အလွှာဟ်အရှင်မြတ်ဖက်သို့သာလျှင်) အာရုံစူးစိုက်ကြလျက် ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ကြရန်လည်းကောင်း၊ ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြရန်လည်းကောင်း၊ ဇကာတ်ပေးဆောင်ကြရန်လည်းကောင်း၊ အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရသည်မဟုတ်ပေ။ အမှန်သော်ကား ဤသည်သာလျှင် မှန်ကန်သူတို့၏လမ်းစဉ်တည်း။ (မှန်ကန်သောအကြောင်းများ၏ လမ်းစဉ်ပင်၊ တရားပင်၊ သာသနာပင်)။ ၁

---

၁ ကုရ်အာန်ကျမ်းလာ တရားတော်များသည် အဆိုပါ အဟ်လုလ်ကိတာဗ်နှင့် မုရ်ရစ်ဂ်များအဖို့ အထူးအဆန်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်အား စေတနာသဒ္ဓါတရား ကြည်ဖြူစွာဖြင့် ခဝပ်ကိုးကွယ်ကြရမည့်အကြောင်း၊ မိစ္ဆာအမှုအစုစုကို ဖဲကြဉ်ရှောင်ရှား၍ အမှန်တရားအပေါ်၌ ဖြောင့်မတ်စွာ ရပ်တည်ကြရမည့်အကြောင်း၊ ဆွလာတ်ဝတ်ပြုကြရမည့်အကြောင်း၊ ဇကာတ် ပေးကြရမည့်အကြောင်းများသည် မဆွတ အဟ်လုလ်ကိတာဗ် ရရှိထားခဲ့ကြသော ကျမ်းများတွင်ပင် ပါရှိပြီးဖြစ်နေပေသည်။ ကုရ်အာန် ကျမ်းမြတ်၏ အမိန့်ပညတ်များမှာလည်း ၎င်းတို့၏ ကျမ်းလာ အမိန့်ပညတ်အတိုင်းပင် ဖြစ်ပေသည်။ ဤသည့် အမိန့်ပညတ်များသည် ဖြောင့်မတ်မှန်ကန်သော ဘာသာတိုင်း၏ အဓိကတရားပင်။ ကြည့်-ကုရ်အာန်(၅း၁၂-၁၉)။ သို့ဖြစ်ရာ ကုရ်အာန်ကျမ်းလာ အမိန့်ပညတ်များကို မနာခံခြင်းသည် အမှန်မှာ မိမိတို့၏ကျမ်းလာ အမိန့်ပညတ်များကို မိမိတို့ကိုယ်တိုင် သွေဖည်ငြင်းဆန် မနာခံခြင်း ပင်ဖြစ်သည်။

မုရ်ရစ်ဂ်များ၌ ကျမ်းဂန်မရှိ၊ ၎င်းတို့သည် အတိတ်ခေတ် ကျမ်းဂန်များကိုလည်း မနာခံခဲ့ကြပေ။ သို့တစေလည်း ၎င်းတို့သည် တမန်တော် အိမ်ရာဟီမ်အား ယုံကြည်မြတ်နိုးခဲ့ကြသည်။ တမန်တော်အိမ်ရာဟီမ်သည် ကုဖ်ရဲ၊ ရှိရ်ဂ်၊ မိစ္ဆာမှုအစုစုကို ဝေးစွာ ကြဉ်ရှောင်၍ အမှန်တရားအပေါ်၌ သူမတူအောင် ဖြောင့်မတ်စွာ ရပ်တည်နေခဲ့သည်ကိုလည်း နားလည်သဘောပေါက်ခဲ့ကြသည်။ တမန်တော်အိမ်ရာဟီမ်၏ နောက်လိုက်တပည့်သားများ ဖြစ်ကြရသည်ကိုလည်း ဂုဏ်ယူခဲ့ကြသည်။ ကုရ်အာန်ကျမ်းမြတ်သည်လည်း တမန်တော်အိမ်ရာဟီမ်၏ အကျင့်သိက္ခာများကိုပင် ရည်ညွှန်းမိန့်ဆိုထားသည်။ တမန်တော်အိမ်ရာဟီမ်၏ လမ်းစဉ်နှင့် ကုရ်အာန်သည် တထေရာတည်း ဖြစ်ချေသည်။ သို့ပါလျက် ကုရ်အာန်ကို မနာခံခြင်းသည် မိမိတို့ကိုယ်တိုင် ယုံကြည်လက်ခံထားသော ယုံကြည်ချက်ကို သွေဖည်ငြင်းဆန် မနာခံရာမည်သည်။

إِنَّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ فِي نَارِ جَهَنَّمَ خَالِدِينَ فِيهَا أُولَٰئِكَ هُمْ شَرُّ الْبَرِيَّةِ ۝٦

၆။ ရှေးအထက်ကျမ်းဂန် ရရှိသူတို့အနက်မှလည်းကောင်း၊ "မွန်ရှရစ်က်" တစ်စုံတစ်ရာကို အလျှာဟ်အရှင်မြတ်နှင့် တွဲဖက် ကိုးကွယ်သူတို့အနက်မှလည်းကောင်း၊ သွေဖည် ငြင်းပယ်ခဲ့ကြကုန်သောသူတို့မှာ ဧကန်အမှန် ဂျဟန္နမ်ငရဲ၏ မီးထဲသို့ အမြဲထာဝစဉ် နေထိုင် ခံစားကြရသူများအဖြစ် လားကြရပေမည်။ ထိုသူတို့ကား အဖန်ဆင်းခံတို့တွင် အဆိုးဆုံးသောသူများပင် ဖြစ်ကြကုန်၏။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُولَٰئِكَ هُمْ خَيْرُ الْبَرِيَّةِ ۝٧

၇။ "အီမာန်" သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်ကြံဆောက်တည်ခဲ့ကြကုန်သောသူတို့မှာမူကား ဧကန်မလွဲ အဖန်ဆင်းခံတို့တွင် အကောင်းဆုံးသောသူများပင် ဖြစ်ကြကုန်၏။

جَزَاؤُهُمْ عِنْدَ رَبِّهِمْ جَنَّاتُ عَدْنٍ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ۖ رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ ۚ ذَٰلِكَ لِمَنْ خَشِيَ رَبَّهُ ۝٨

၈။ ၎င်းတို့၏အကျိုးကား၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်၌ ထာဝစဉ် နေထိုင်ကြရမည့် ဥယျာဉ်များပင် ဖြစ်ကြကုန်၏။ ထိုဥယျာဉ်များ၏အောက်မှ ရေချောင်းများသည် တသွင်သွင် စီးတွေလျက် ရှိကြပေမည်။ (၎င်းတို့သည်) ထိုဥယျာဉ်များတွင် အမြဲထာဝစဉ် နေထိုင်စံမြန်းကြရပေမည်။ အလ္လာဟ်အရှင်မြတ်သည်လည်း၎င်းတို့အပေါ်၌ ကျေနပ်တော်မူမည်။ ၎င်းတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ကြပေမည်။ ဤ(အကျိုးကျေးဇူး)သည်ကား မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ကြောက်ရွံ့သော(သူတော်စင်)၏အဖို့သာလျှင် ဖြစ်အံ့သတည်း။ [၁]

---

① **အကောင်းဆုံးအုပ်စုနှင့် အဆိုးဆုံးအုပ်စု။**

အဟ်လုလ်ကိတာဗ်ခေါ် ကျမ်းဂန်ရရှိသူများပင် ဖြစ်စေ၊ မုရှ်ရစ်က်များပင်ဖြစ်စေ၊ အသူပင်ဖြစ်စေ၊ အမှန်တရားကို သွေဖည်ငြင်းဆန် မနာခံပါက အလ္လာဟ်အရှင်မြတ်အား ကျေးဇူးကန်းပါက ထိုသို့သောသူများသည် ထာဝရငရဲတဲ့သို့ လားကြရမည်သာဖြစ်သည်။ ဤသူများကား ကမ္ဘာအိမ်ထောင်စုတွင် အဆိုးဆုံးပင်။ ➤➤

မြေငလျင်ကဏ္ဍ



ဤကဏ္ဍသည် မြေငလျင်အကြောင်း ပါဝင်သောကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။ ဤကဏ္ဍသည် အာယတ်တော် (၈)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

اِذَا زُلْزِلَتِ الْاَرْضُ زِلْزَالَهَا ①

၁။ ပထဝီမြေသည် မိမိ ငလျင်လှုပ်ခြင်း၊ မိမိ သွက်သွက်ခါ တုန်လှုပ်ခြင်းဖြင့် တုန်လှုပ်ခြင်းကို ခံရလေသောအခါ။ [၁]

وَاَخْرَجَتِ الْاَرْضُ اَثْقَالَهَا ②

၂။ ၎င်းပြင် ပထဝီမြေသည် မိမိ(အတွင်းရှိ သေသူများ၊ ရွှေငွေရတနာအစရှိသော) ဝန်ထုပ်များကို အပြင်သို့ ထုတ်သောအခါ။ [၂]

➤➤ အလ္လာဟ်အရှင်မြတ်အား ယုံကြည်မြတ်နိုး၍ ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်သူများသည် အသူပင်ဖြစ်စေ၊ ဂျန္နတ်ထာဝရ သုခဘုံသို့ ဝင်ရောက်၍ ထာဝစဉ် စံမြန်းကြရမည်သာဖြစ်သည်။ ဤသူများကား၊ ကမ္ဘာအိမ်ထောင်စုတွင် အကောင်းဆုံးပင်။

ဤမျှ ကြီးကဲမြင့်မြတ်လှသော အဆင့်အတန်းကို မိမိအရှင်အား ကြောက်ရွံ့ရိုသေ ခန့်ညားသော သူတော်စင်များသာလျှင် ရရှိနိုင်ကြပေသတည်း။ အဘယ်ကြောင့်ဆိုသော် (အီမာန်)ယုံကြည်မှုနှင့် (အမလ်ဆွာလိဟ်) ကောင်းမြတ်သော အကျင့်သီလဆောက်တည်မှုသည် ထိုသည့် ကြောက်ရွံ့ရိုသေခန့်ညားမှု အပေါ်၌သာ တည်ရှိနေပေသည်။ ကြည့်-ထာနဝီ။

① ကိယာမတ်ဖြစ်သောအခါ။

ကိယာမတ်ဖြစ်ရန် အချိန်တန်သောအခါ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ပထဝီမြေကြီးသည် ကြောက်မက်ဖွယ်ရာ ပြင်းထန်စွာ မြေငလျင်လှုပ်ပေမည်။ထိုမြေငလျင်၏ ပြင်းထန်မှုကြောင့် မြေမျက်နှာပြင်ပေါ်ရှိ အရာခပ်သိမ်းကုန်တို့သည် ပြိုလဲပျက်စီး သွားပေမည်။ သစ်ပင်တစ်ပင်မျှ၊ အဆောက်အဦးတစ်ခုမျှ၊ တောင်တစ်လုံးမျှပင် ရပ်တည်ကာ ကျန်ရှိနေနိုင်မည် မဟုတ်ပေ။မြေမျက်နှာပြင် ပေါ်၌ အနိမ့်အမြင့်ဟူ၍ တစ်စုံတစ်ရာမျှလည်း ကျန်ရှိတော့မည်မဟုတ်ပေ။ အားလုံးတစ်သားတည်း ဖြစ်သွားပေမည်။ "မဟ်ရှရ်" ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတို့ စုရုံးရာ ကွင်းပြင်ကြီးကား ရေပြင်အလား တစ်သားတည်း ဖြစ်လျက်ရှိချိမ့်မည်။ (ဤသို့ကား ကိယာမတ်နေ့ ဒုတိယအကြိမ် တံပိုးမှုတ်သည့်အခါ ဖြစ်ပေါ်လာပေမည်)။

وَقَالَ الْإِنسَانُ مَا لَهَا ﴿٣﴾

၃။ ထို့ပြင် လူက ဤပထဝီမြေဌ္ဌ (ယင်းကဲ့သို့ တုန်လှုပ်ရန်) မည်သည့်အကြောင်း ရှိသနည်းဟု ပြောဆိုသောအခါ။ [၁]

يَوْمَئِذٍ تُحَدِّثُ أَخْبَارَهَا ﴿٤﴾

၄။ ထိုနေ့တွင် ယင်းပထဝီမြေသည် မိမိသတင်း စကားများကို ပြောပြပေမည်။ [၂]

بِأَنَّ رَبَّكَ أَوْحَىٰ لَهَا ﴿٥﴾

၅။ အကြောင်းသော်ကား အသင့်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်သည် ၎င်းအား (ယင်း သို့ပင်) အမိန့်ထုတ်ပြန်တော်မူခြင်းကြောင့် ဖြစ်အံ့။

يَوْمَئِذٍ يَصْدُرُ النَّاسُ أَشْتَاتًا لِّيُرَوْا أَعْمَالَهُمْ ﴿٦﴾

၆။ ထိုနေ့တွင် လူတို့သည် အုပ်စုအမျိုးမျိုး ကွဲလျက် မိမိတို့ကျင့်မူချက်တို့ကို ပြသခြင်း ခံကြရအံ့ သောငှာ ပြန်လာကြပေမည်။ [၃] (ထွက်ပေါ်လာကြ ပေမည်)။

---

(၁) ကိယာမတ်နေ့တွင် ပထဝီမြေကြီးသည် မိမိ၏ဝန်ထုပ်များကို (၀၁) မိမိအတွင်းရှိ သူသေများ၊ ရွှေငွေစသည့် ရတနာများကို အပြင်သို့အန်ထုတ်ပေမည်။ သို့ရာတွင် ထိုအချိန်တွင် ထိုသည့် ရတနာများကို မော်ကြည့်နိုင်မည့်သူ ဟူ၍ကား တစ်ဦးတစ်ယောက်မျှပင် တွေ့ရှိရမည်မဟုတ်ပေ။ လူ့လောကတွင် ရှိစဉ်က လူသားတို့သည် အသက်ထက်ဆုံး အချင်းချင်း အငြင်းပွားခဲ့ရသော ရွှေငွေ များသည် ယနေ့အဖို့ အချည်းနီးဖြစ်လျက်ရှိချိမ့်မည်။

(၂) ကိယာမတ်ကို မယုံကြည်ခဲ့သော လူသား (ကာဖိရ်)သည် ကိယာမတ်နေ့တွင် ပထဝီမြေကြီးအလှုပ်ကြီးလှုပ်၍ မိမိအတွင်းရှိ သူသေများနှင့် ရွှေငွေရတနာစသည်တို့ကို တစ်ခုမကျန် အန်ထုတ်သည်ကို တွေ့မြင်သောအခါ၊ အံ့သြကြီးစွာဖြင့် ဤပထဝီမြေကြီးအသို့ ဖြစ်ပါသနည်း ဟုပြောဆိုပေမည်။

(၃) လူသားတို့သည် ပထဝီမြေကြီးပေါ်၌ နေထိုင်ကြသည်။ ကုသိုလ်၊ အကုသိုလ်၊ ကောင်းမှု၊ မကောင်းမှု အစုစုတို့ကိုလည်း ကျင့်မူကြသည်။ ဤသည်တို့ကို ပထဝီမြေကြီးသည် ခြေရာလက်ရာမပျက် မှတ်သားထားသည်။ ယခုခေတ်စကားအရ Record, လုပ်ထားသည်။ ကိယာမတ်နေ့တွင် ပထဝီမြေကြီးသည် မိမိ Record, ပြုလုပ်ထားသည်များကို ပြန်လည်ဖွင့်ပြပေမည်။

လူသားတို့နေထိုင်ရာ ဤပထဝီမြေကြီးသည် လူသားတို့သွားလာလှုပ်ရှားပြောဆိုကျင့်မူသည်များကို Record, လုပ်နေသည်။ Record, ဖြစ်လျက်ရှိပေရာ၊ လူသားတို့အဖို့ လူမမြင်၊ သူမမြင် ပုန်းကွယ်ရာနေရာ ဟူသည်ကား အဘယ်မှာရှိတော့အံ့နည်း။ ဤသို့ သဘောပေါက်ထားသော မွတ်စ်လင်မ် တစ်ဦးသည် မကောင်းမှုကို အသို့လျှင် ပြုတော့အံ့နည်း။

فَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَرَهُ ۝٧

၇။ သို့ဖြစ်ပေရာ မည်သူမဆို တစ်စုံတစ်ရာ ကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုသူသည် (မိမိကျင့်မူခဲ့သော) ထိုကောင်းမှုကို တွေ့မြင်ရပေမည်။

وَمَن يَعْمَلْ مِثْقَالَ ذَرَّةٍ شَرًّا يَرَهُ ۝٨

၈။ ထိုနည်းတူစွာ မည်သူမဆို တစ်စုံတစ်ရာ မကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့ပါလျှင်လည်း ထိုသူသည် (မိမိပြုကျင့်ခဲ့သော) ယင်းမကောင်းမှုကို တွေ့မြင်ရမည်သာတည်း။

---

(၃) ကိယာမတ်နေ့တွင် လူများသည် မိမိတို့၏အကျင့်အမူများ၏ ကျိုးပြစ်များကို မျက်ဝါးထင်ထင် တွေ့မြင်ကြရန် အတွက် မိမိတို့၏သချိုင်းများမှထွက်၍ အဆင့်အတန်း တူရာတူရာအုပ်စု အသီးသီးဖြစ်ကာ "မဟ်ရှရ်" ကွင်းပြင်ကြီးသို့ ရောက်ရှိလာကြပေမည်။

လူလောကတွင် လူသားတို့သည် "ချို့ကုပ်ရှိရာ-ချို့ကုပ်လာ" ဆိုသကဲ့သို့ အရက်သမားထဲ အရက်သမား လာသည်။ ဘိန်းစားထဲ ဘိန်းစားလာသည်။ သူတော်ကောင်း၏အဆွေမှာ သူတော်ကောင်းပင်ဖြစ်သည်။ သူယုတ်မာ၏ အပေါင်းအဖော်မှာ သူယုတ်မာပင်ဖြစ်သည်။ ထို့အတူပင် ကိယာမတ်နေ့တွင်လည်း လူသားတို့သည် အကျင့်အကြံ အပြုအမူ တူရာတူရာ အုပ်စုအသီးသီးဖြစ်ကာ ကိုယ့်အုပ်စုနှင့်ကိုယ် ရှိကြပေမည်။

အာဇာနည်မြင်းများကဏ္ဍ



ဤကဏ္ဍသည် (အလ်အာဒီယာတ်) အာဇာနည်မြင်းများ အကြောင်းပါဝင်သော ကဏ္ဍ မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၁၁)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ (ငါအရှင်မြတ်သည်) မောဟိုက်သံနှင့်တကွ လျင်မြန်စွာပြေးကြသော တိုက်မြင်းများကို သက်သေထူတော်မူ၏။

وَالْعٰدِيٰتِ ضَبْحًا ①

၂။ တဖန် (ငါအရှင်မြတ်သည် မိမိတို့၏ခွာများဖြင့် ကျောက်ခဲများကို) ရိုက်ခတ်ခြင်းအားဖြင့် မီးပွားများ ထွက်စေကြသောမြင်းများကို သက်သေထူတော်မူ၏။

فَالْمُوْرِيٰتِ قَدْحًا ②

၃။ တဖန် (ငါအရှင်မြတ်သည်) နံနက်မိုးသောက်ချိန်၌ (ရန်သူများအား) ဝင်ရောက် တိုက်ခိုက်ကြသော မြင်းများကို သက်သေထူတော်မူ၏။

فَالْمُغِيْرٰتِ صُبْحًا ③

၄။ တဖန် (ငါအရှင်မြတ်သည်) ထိုနံနက် မိုးသောက်ချိန်၌ ဖုံများကို ထောင်းထောင်းထစေသော မြင်းများကို သက်သေထူတော်မူ၏။

فَاَثَرْنَ بِهٖ نَقْعًا ④

၅။ တဖန် (ငါအရှင်မြတ်သည် ရန်သူများ၏) အုပ်စုအလယ်သို့ တရှိန်တည်း ထိုးဖောက်ဝင်ရောက်ကြသော မြင်းများကို သက်သေထူတော်မူ၏။ [၁]

فَوَسَطْنَ بِهٖ جَمْعًا ⑤

---

① တိုက်မြင်းများသည် ပြေးလွှားရာတွင် အလွန်လျင်မြန်ဖြတ်လတ်ကြသည်။ ပြေးလွှားရာတွင် ခွာနှင့် ကျောက်ခတ်၍ မီးပွားများတဖွားဖွား ထွက်ပေါ်စေကြသည်။ နံနက်ချိန်၌ လူသိရှင်ကြား ရန်သူများအား ဝင်ရောက်တိုက်ခိုက်ကြသည်။ ဖုန်သိပ်၍ နေလေ့ရှိသော ထိုသည့် နံနက်ချိန်မှာပင် ဖုန်တစ်ထောင်းထောင်း ➤➤

إِنَّ الْإِنسَانَ لِرَبِّهِ لَكَنُودٌ ﴿٦﴾

وَإِنَّهُ عَلَىٰ ذَٰلِكَ لَشَهِيدٌ ﴿٧﴾

၆။ ဧကန်မလွဲ လူသည် မိမိကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကျေးဇူးကန်းသူဖြစ်၏။

၇။ ထို့ပြင် ထိုလူသည် ကျေးဇူးကန်းမှုနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်ပင် သက်သေဖြစ်၏။

➤➤ ထစေကြသည်။ ရန်သူများ၏ အတွင်းသို့ ရဲဝံ့စွာ ထိုးဖောက် ဝင်ရောက်တိုက် ခိုက်ကြသည်။

အရှင်တို့သည် ညဉ့်အချိန်၌ ရန်သူများအိပ်ပျော်နေစဉ် အမှုမဲ့အမှတ်မဲ့ ပုန်းလျှိုးကွယ်လျှိုး တိုက်ခိုက်ခြင်းသည် သတ္တိကြောင်ရာကျသည်။ နံနက်ချိန် အထင်ခံ အမြင်ခံတိုက်ခိုက်ခြင်းသည်သာ ရဲစွမ်းသတ္တိမည်သည်ဟု ယူဆခဲ့ကြသည်။ ထို့အတွက် အရှင်တို့သည် များသောအားဖြင့် ရန်သူများအား နံနက်ချိန်၌ လူသိရှင်ကြား အထင်အရှား တိုက်ခိုက်လေ့ရှိခဲ့ကြသည်။

အချို့မှဖတ်စိစစ်ရှိများက ဤအာယတ်တော်တွင်ပါရှိသော ဂုဏ်ရည်များသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သက်စွန့်ကြိုးပမ်းပါဝင်ဆင်နွှဲသော မြင်းစီးသူရဲ သာသနာ့အာဇာနည် စစ်သည်တော်များကို ဆိုလိုခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဤအာယတ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် ယင်းသို့ အရည်အသွေးနှင့် ပြည့်စုံသော၊ ရဲရင့်သော၊ လျင်မြတ်ဖြတ်လတ်သော အာဇာနည် တိုက်မြင်းများ၊ သို့မဟုတ် စစ်သည်များကိုပင် သက်သေထူ မိန့်ဆိုထားတော်မူသည်။ ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ (ဂျိဟာဒ်)ပြုလုပ်သော (မဂ္ဂဟိဒ်) သာသနာ့ အာဇာနည်များ၏ သက်စွန့်ကြိုးပမ်းမှုကို ထောက်ရှုပါက သစ္စာရှိသော၊ ကတိတည်သော၊ ကျေးဇူးသိတတ်သော သူများသည် ဤသို့သာဖြစ်ကြသည်ကို ကောင်းစွာ သိရှိရပေသည်။ အကြင်သူတစ်ဦးသည် မိမိအား အလ္လာဟ် အရှင်မြတ် အပ်နှင်းထားတော်မူသော စွမ်းရည်သတ္တိများကို ထိုအရှင်မြတ်၏ လမ်းတော်၌ မသုံးပါက ထိုသူထက် ကျေးဇူးကန်းသူကား အသူရိုနိုင်အံ့နည်း။

ဤတွင် စဉ်းစားအပ်သည်မှာ တိုက်မြင်းသည် မိမိသခင်၏ မြက်ချောက်၊ ပဲစသည့် သာမန်အာဟာရများကို စားသုံးရရုံမျှဖြင့် မိမိသခင်အတွက် အသက်ပေးရန် အသင့်ဖြစ်သွားလေသည်။ သခင်ညွှန်ရာပြေးသည်။ ရန်သူများ၏ ကျည်ဆံ၊ လုံစွပ်များကိုမမူဘဲ ရန်သူစစ်သည်များအုပ်စုထဲသို့ ရဲဝံ့စွာ ထိုးဖောက်ဝင်ရောက်သည်။ များစွာသော သစ္စာရှိသောမြင်းများသည် မိမိတို့ကိုယ်တိုင် အသက်အသေခံပြီး၊ မိမိတို့၏သခင်များကို ကာကွယ်ကြသည်။ လူသားသည် ဤကဲ့သို့သော အာဇာနည်တိုက်မြင်းများမှ သင်ခန်းစာယူသင့်ပေသည်။ မြင်းသည် မိမိ၏သခင်အား သစ္စာရှိလှ၏။ ကျေးဇူးသိတတ်လှ၏။ လူသားသည် မြင်း၏သစ္စာရှိမှုကို ကြည့်ကာ ငါသည်လည်း ငါ၏အရှင်သခင်အား သစ္စာရှိအပ်ပါ၏တကား၊ ကျေးဇူးသိသင့်ပါ၏တကားဟု သင်ခန်းစာ ရယူအပ်လှလေသည်။ ယခုမူ အချို့လူသားများသည် မြင်းမဆိုထားနှင့်၊ ခွေးတိရစ္ဆာန်လောက်ပင် သစ္စာမရှိ ကျေးဇူးမသိတတ်ပေ။ ⑦ ဆိုလိုသည်ကား အသက်ကိုပင်စွန့်၍ (ဂျိဟာဒ်) ပြုလုပ်သော မဂ္ဂဟိဒ်များနှင့် ၎င်းတို့၏ တိုက်မြင်းများ၏ သစ္စာရှိမှုကို လူသားသည် တွေ့မြင်နေရ၏။ သို့ပါလျက် မည်သို့မျှ သင်ခန်းစာ မယူပေ။ လူသားကား မိမိ၏အရှင်အား ကျေးဇူးကန်းလှ၏။ လူသားသည် မိမိ၏ကျေးဇူးကန်းမှုကို မိမိ၏နှုတ်လျှာမှ ဖွင့်ဟသက်သေခံသော်လည်း ၎င်း၏အပြုအမူက သက်သေခံလျက်ရှိပေသည်။ အကယ်၍သာ လူသားသည် မိမိ၏စိတ်ကို မေးကြည့်ပါက ၎င်း၏ စိတ်က ၎င်းအား "အသင်လူသား ကျေးဇူးကန်းလှပါတကား"ဟု ဖြေကြားသည့်အသံကို အမှန်မုချ ကြားရမည်သာတည်း။

وَإِنَّهُۥ لِحُبِّ ٱلْخَيْرِ لَشَدِيدٌ ﴿٨﴾

၈။ ထိုမှတပါး ထိုလူသည် ဥစ္စာပစ္စည်းကို ခုံမင်စုံမက်ရာ၌ အလွန်စိတ်ထက်သန်နေသူဖြစ်၏။ (ထိုလူသည် ဥစ္စာပစ္စည်းကို အလွန်ခုံမင်သည့်အတွက် အလွန်စေးနဲသူဖြစ်၏)။ [၁]

أَفَلَا يَعْلَمُ إِذَا بُعْثِرَ مَا فِي ٱلْقُبُورِ ﴿٩﴾

၉။ (ကိယာမတ်ဖြစ်သော)အခါတွင် သချိုင်းများအတွင်း၌ ရှိကြကုန်သောသူတို့သည် (ထိုသချိုင်းများကိုမှောက်လှန်၍) ထုတ်ဖော်ခြင်းခံကြရမည်ကို ထိုသူသည် မသိလေသလော။

وَحُصِّلَ مَا فِي ٱلصُّدُورِ ﴿١٠﴾

၁၀။ ၎င်းပြင် စိတ်နှလုံးများအတွင်း၌ လျှို့ဝှက်ချက်များသည် ထင်ရှားစေခြင်း ခံရမည်ကိုလည်း ထိုသူ (မသိလေသလော)။

إِنَّ رَبَّهُم بِهِمْ يَوْمَئِذٍ لَّخَبِيرٌ ﴿١١﴾

၁၁။ မလွဲဧကန် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုနေ့တွင် ၎င်းတို့နှင့် ပတ်သက်၍ အလုံးစုံတို့ကို ကောင်းစွာ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၂]

---

① လူသဘာဝအလျောက် လူသားများသည် နည်းများမဆို ဥစ္စာပစ္စည်းကို ရယူလိုကြပေသည်။ ထို့အတွက် အစွမ်းမကလည်း တရားသဖြင့် သမာအာဇီဝနည်းနှင့် စီးပွားရှာဖွေခြင်းကို ခွင့်ပြုထားသည်။ သို့တစေလည်း ကျေးဇူးမသိတတ်သော ကာဖိရ်လူသားသည် လောကီစည်းစိမ်များသို့ အလွန်အကျွံ ခုံမင် မက်မောသည်။ ဥစ္စာကိုသာ အဓိကဟူ၍ ထင်မှတ်သည်။ လူလူချင်းခေါင်းပုံဖြတ်၍ မတရား အမြတ်ကြီးစားသည်။ အမှန်မှာ ကာဖိရ်လူသားသည် ဥစ္စာရူး, ရူးနေသည်။ ဥစ္စာကိုကိုးကွယ်နေသည်။ဤရွေ့ဤမျှ အလွန်အကျွံ ဥစ္စာခုံမင်မက်မောမှုသည် လူ၏ မှန်ကန်တော်မှုသည့် ဖြောင့်မတ်သော အသိဉာဏ်အမြော်အမြင်ကို လုံးဝ ပျက်ပြားစေသည်။ လူသားအား စေးနဲစေသည်။ ကျေးဇူးကန်းစေသည်။ သွေဖည်သောင်းကျန်းစေသည်။ ထို့အတွက်ကြောင့်ပင် ကာဖိရ်များသည် မိမိ၏ အရှင်သခင်အား ကျေးဇူးကန်းလျက်ရှိ၏။ သွေဖည်သောင်းကျန်းလျက်ရှိ၏။ မကြာမီဖြစ်လတ္တံ့သော ကိယာမတ်နေ့တွင် မိမိမည်သို့ဖြစ်မည်ကို ကာဖိရ်မသိလေသလော။ ဥစ္စာကိုးကွယ်မှုသည် ဆိုးရွားလှဘိတကား။

② ဆိုလိုသည်ကား ကိယာမတ်သည် မကြာမီဖြစ်ပေါ်တော့မည်။ ထိုနေ့တွင် သူသေများသည် သချိုင်းမှ ရှင်ပြန်ထကြမည်။ စိတ်နှလုံးသားအတွင်း၌ ဖုံးကွယ်လျက်ရှိသောအရာများသည်လည်း ပေါ်လွင်ထင်ရှားလာပေမည်။ အလျှာဟ်အရှင်မြတ်သည်လည်း ၎င်းတို့၏ အရေးကိစ္စအဝဝကို အကြွင်းမဲ့ အလုံးစုံသိရှိထားတော်မူပြီးဖြစ်သည်။ ထိုနေ့တွင် ဥစ္စာပစ္စည်းသည် အသို့မျှ အကျိုးပေးမည်လည်း မဟုတ်ပေ။ ကာဖိရ်များသည် အသို့မျှ ➤➤

ကြီးလေးသောဘေးဥပဒ်ကဏ္ဍ



ဤကဏ္ဍသည် (အလ်ကာရိအဟ်) ကြီးလေးသောဘေးဥပဒ် အကြောင်းပါဝင်သောကဏ္ဍ မည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော်(၁၁)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝	မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။
اَلْقَارِعَةُ ۝١	၁။ ထိုဘေးကြီးဆိုက်ရောက်ခြင်းသည် (ထို တီးခေါက်သောအရာသည်)။
مَا الْقَارِعَةُ ۝٢	၂။ ထိုဘေးကြီးဆိုက်ရောက်ခြင်းသည် (ထို တီးခေါက်သောအရာသည်) မည်သည့်အရာနည်း။
وَمَآ اَدْرٰىكَ مَا الْقَارِعَةُ ۝٣	၃။ စင်စစ် ထိုဘေးကြီး ဆိုက်ရောက်ခြင်းဟူသည် (ထိုတီးခေါက်သော အရာဟူသည်) မည်သည့်အရာ ဖြစ်သည်ကို အသင်သိပါသလော။
يَوْمَ يَكُوْنُ النَّاسُ كَالْفَرَاشِ الْمَبْثُوْثِ ۝٤	၄။ အကြင်နေ့တွင် လူတို့သည် ပြန့်ကြဲလျက်ရှိကြသော ပိုးဖလံများကဲ့သို့ ဖြစ်ကြပေမည်။
وَتَكُوْنُ الْجِبَالُ كَالْعِهْنِ الْمَنْفُوْشِ ۝٥	၅။ ထိုမှတပါး တောင်များသည် ဖတ်ပြီး အရောင်ဆိုးထားသော သိုးမွေးကဲ့သို့ ဖြစ်ကြပေမည်။

➤➤ လွတ်မြောက်သွားနိုင်မည်လည်း မဟုတ်ပေ။ ထိုနေ့တွင် ကာဖိရ်များသည် မိမိတို့၏ ကျေးဇူးကန်းမှု၊ သွေဖည်မှုများ၏ အပြစ်ကို လှလှကြီးခံကြရပေမည်။ ယင်းသို့ ဖြစ်ရမည့်ဘေးကိုပင် ကာဖိရ်များ နားလည်ကြပါက ၎င်းတို့သည် ဥစ္စာရူး, ရူးပြီး ကျေးဇူးကန်းဝံ့ကြမည် မဟုတ်ပေ။ သွေဖည်ဝံ့ကြမည် မဟုတ်ပေ။

① တီးပေါက်မည့်အရာ၊ တစ်နည်း အလွန်ကြောက်မက်ဖွယ်ကောင်းလှသော ဘေးဥပဒ်အန္တရာယ်ကြီးဟူသည် ကိယာမတ်ကို ဆိုလိုသည်။ ကိယာမတ်နေ့၏ကြောက်လန့်မှုသည် စိတ်နှလုံးများကိုလည်းကောင်း၊ ပြင်းထန်လှသော ကြောက်မက်ဖွယ်ရာအသံသည် နားများကိုလည်းကောင်း၊ တီးခေါက်ထိုးဖောက် တုန်လှုပ်ချောက်ချားစေမည်။ ကိယာမတ်နေ့၏ ကြောက်လန့်ဖွယ်ရာ အဖြစ်ကိုကား ပြောပြ၍ မဖြစ်နိုင်ပေ။ ရေးပြ၍လည်း မဖြစ်နိုင်ပေ၊➤➤

فَأَمَّا مَنْ ثَقُلَتْ مَوَازِينُهُ ۝٦

၆။ ထိုအခါ အကြင်သူ၏ ချိန်စက်ခြင်းခံရသော (ကောင်းမှု)များသည် အချိန်စီးခဲ့မူ။

فَهُوَ فِي عِيشَةٍ رَّاضِيَةٍ ۝٧

၇။ ထိုသူသည် စိတ်တိုင်းကျစည်းစိမ်၌ (မွေ့လျော်စွာ)ရှိပေမည်။

وَأَمَّا مَنْ خَفَّتْ مَوَازِينُهُ ۝٨

၈။ သို့ရာတွင် အကြင်သူ၏ ချိန်စက်ခြင်းခံရ သော (ကောင်းမှု)များသည် (အချိန်မစီးဘဲ) ပေါ့၍ နေသည်ရှိသော်။

فَأُمُّهُ هَاوِيَةٌ ۝٩

၉။ ထိုသူ၏ နေထိုင်ရာဌာနမှာ နက်ရှိုင်းသော ငရဲတွင်းပင် ဖြစ်ပေမည်။ [၁]

وَمَا أَدْرَاكَ مَا هِيَهْ ۝١٠

၁၀။ စင်စစ် ထိုငရဲတွင်းဟူသည် အဘယ်နည်းဟု အသင်သိပါသလော။

نَارٌ حَامِيَةٌ ۝١١

၁၁။ (ထိုငရဲတွင်းမှာကား) အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော (ငရဲ)မီးပင် ဖြစ်ချေသတည်း။

➤➤ ကိယာမတ်၏ ကြောက်လန့်ဖွယ်ရာအဖြစ်ကို အနည်းငယ်တွေးဆ ဆင်ခြင်နိုင်ရန်အတွက် ကိယာမတ်၏ အချို့နိမိတ်လက္ခဏာများကို ဖွင့်ဟမိန့်ဆိုထားတော်မူသည်မှာ ထိုနေ့တွင် လူသားအားလုံးတို့သည် ဖရိုဖရဲ ပြန့်ကြဲလျက်ရှိသော ပိုးဖလံများကဲ့သို့ ကသိလင်တဖြစ်လျက် ရှိကြပေမည်။ ထိပ်ထိပ်ပျာပျာ ဖြစ်လျက်ရှိကြပေမည်။ ထုထည်ကြီးမားလှသော တောင်ကြီးများသည် ဖတ်ထားသော သိုးမွေး ဖန်ထားသော ဝါဂွမ်းကဲ့သို့ လွင့်စင်လျက်ရှိကြပေမည်။ ကိယာမတ်၏အဖြစ်သည် အမှန်တကယ် ကြောက်လန့်ဖွယ်ကြီးပါတကား။

① ကိယာမတ်နေ့တွင် လူသားတို့ ကျင့်မူ ဆည်းပူးခဲ့ကြသော ကောင်းမှု၊ မကောင်းမှုများကို ကိယာမတ်နေ့တွင် ချိန်စက်၍ ကျိုးပြစ်ပေးတော်မူမည်ဖြစ်ရာ၊ ကောင်းမှုဘက်မှ အလေးချိန်စီးသူများသည် ဂျန္နတ်သုခဘုံ၌ ချမ်းမြေ့သာယာစွာ နေကြရမည်ဖြစ်သည်။ မကောင်းမှုဘက်မှ အလေးချိန်စီးသော သူများမှာမူ နက်ရှိုင်းသော ငရဲတွင်းသို့ လားကြရပေမည်။

ကောင်းမှု၊ မကောင်းမှုများကို ချိန်စက်၍ ကျိုးပြစ်ပေးတော်မူမည့်အကြောင်း ကုရ်အာန်(၇း၈-၉)၏အဖွင့်တွင် အကျယ်ဖွင့်ဆိုရေးသားခဲ့ပါပြီ။

ဥစ္စာကြွယ်ဝခြင်းကဏ္ဍ



ဤကဏ္ဍသည် (အတ္တကာဆုရ) ဥစ္စာကြွယ်ဝခြင်း ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍသည် အာယတ်တော် (၈)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

اَلْهٰكُمُ التَّكَاثُرُ ۝١

၁။ (ဥစ္စာပစ္စည်း၊ သားသမီးအစရှိသော လောကီစည်းစိမ်) ပေါများကြွယ်ဝမှုနှင့်စပ်လျဉ်း၍ လောဘရမ္မက် ဂုဏ်တု၊ ဂုဏ်ပြိုင်ပြုမူသည် အသင်တို့အား (တမလွန်ဘဝကို) လျစ်လျူရှု ပေါ့တန်စေခဲ့၏။

حَتّٰى زُرْتُمُ الْمَقَابِرَ ۝٢

၂။ နောက်ဆုံးတွင် အသင်တို့သည် သချိုင်းများကို တွေ့မြင်ခဲ့ကြရလေသည်။

كَلَّا سَوْفَ تَعْلَمُوْنَ ۝٣

၃။ သတိပြုကြလေကုန်၊ အသင်တို့သည် မကြာမြင့်မီပင် သိရှိကြပေမည်။

ثُمَّ كَلَّا سَوْفَ تَعْلَمُوْنَ ۝٤

၄။ တဖန် သတိပြုကြလေကုန်၊ အသင်တို့သည် မကြာမြင့်မီပင် သိရှိကြပေမည်။

كَلَّا لَوْ تَعْلَمُوْنَ عِلْمَ الْيَقِيْنِ ۝٥

၅။ အကယ်၍သာ အသင်တို့သည် တပ်အပ်သေချာစွာ သိခြင်းအားဖြင့် သိရှိကြသည် ရှိသော် အလျှင်း (လျစ်လျူရှု ပေါ့တန်ကြမည်) မဟုတ်ပေ။

لَتَرَوُنَّ الْجَحِيْمَ ۝٦

၆။ မလွဲမကန် အသင်တို့သည် ဂျဟန္နမ်ငရဲကို တွေ့မြင်ကြပေမည်။

ثُمَّ لَتَرَوُنَّهَا عَيْنَ الْيَقِيْنِ ۝٧

၇။ ထို့နောက် မလွဲမကန် အသင်တို့သည် ယင်းဂျဟန္နမ်ငရဲကို မျက်မြင်ဒိဋ္ဌတွေ့မြင်ကြပေမည်။

ثُمَّ لَتُسْـَٔلُنَّ يَوْمَئِذٍ عَنِ النَّعِيمِ ۝٨

၈။ ထို့နောက် အသင်တို့သည် စည်းစိမ်များနှင့် စပ်လျဉ်း၍ မုချအမှန် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည် ဖြစ်သတည်း။ [၁]

---

① လောကီစည်းစိမ်များ၏ ပေါများကြွယ်ဝမှုကိုအကြောင်းပြု၍ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်း၊ မောက်မာပလွား ဝါကြွားခြင်းသည် ဤပစ္စက္ခလောကီဘဝကို အလွန်အကျွံ နှစ်သက်မြတ်နိုးခြင်း၊ လိုးလားတပ်မက်မောခြင်း၏ လက္ခဏာပင် ဖြစ်ပေသည်။ ယင်းသို့ အလွန်အကျွံနှစ်သက်မြတ်နိုးခြင်းနှင့် တပ်မက်မောခြင်းသည် လူသားတို့အား နောင်တမလွန်အရေးမှ ပေါ့တန်စေသည်။လျစ်လျူရှုစေသည်။ မေ့ပျောက်နေစေသည်။ သို့ခေတ္တခဏ မေ့မေ့ပျောက်ပျောက် နေနေကြသော်လည်း နောက်ဆုံးတွင် သချိုင်းသို့ မျက်မှောက်ပြုကြရသည် ဖြစ်လေသည်။ သွားရာလမ်းဆုံး သချိုင်ကုန်းသို့ ရောက်လာကြရသည်သာ ဖြစ်လေသည်။ လောကီစည်းစိမ်များကို စွန့်ခွာ၍ သေကြရသည်သာ ဖြစ်ရလေသည်။

အမှန်မှာ လောကီစည်းစိမ်များသည် မက်မောကြွားဝါဖွယ်ရာ အလျှင်းမဟုတ်၊ နောင်တမလွန် အရေးသည် လျစ်လျူရှုငြင်းပယ်ဖွယ်ရာ အလျှင်းမဟုတ်၊ မကြာမီအတွင်း သချိုင်းတွင်း ဆင်းလျှင်ဆင်းခြင်း အကြောင်းသိရှိကြရပေမည်။ ထို့နောက်တဖန် သတိပြုအပ်သည်မှာ ဤလောကီစည်းစိမ်များသည် မက်မောကြွားဝါဖွယ်ရာ အလျှင်းမဟုတ်၊ နောင်တမလွန်အရေးသည် လျစ်လျူရှုငြင်းဖွယ်ရာ အလျှင်းမဟုတ်၊ မကြာမီအတွင်း သချိုင်းတွင်းမှ ထွက်လျှင်ထွက်ခြင်း၊ 'မဟ်ရှရ်' ကွင်းတွင် အကြောင်းသိရှိကြရပေမည်။ ပြီးနောက် တဖန် သိထားအပ်သည်မှာ ဤလောကီစည်းစိမ်များသည် မက်မောကြွားဝါဖွယ်ရာ အလျှင်းမဟုတ်၊ နောင်တမလွန်အရေးသည် လျစ်လျူရှုငြင်းပယ်ဖွယ်ရာ အလျှင်းမဟုတ်၊ အကယ်၍သာ လူသားများသည် မှန်ကန်ခိုင်လုံ တိကျပြတ်သားသော လက်ခံနာယူအပ်သော အထောက်အထားများဖြင့် ဤသည့်အချက်ကို တပ်အပ်သေချာယုံကြည်စွာဖြင့် နားလည်သိရှိကြလျှင် လူသား တို့သည် လောကီစည်းစိမ်များတွင် ယင်းသို့ အလွန်အကျွံ နစ်မွန်းနေကြမည်မဟုတ်ပေ။ လောကီစည်းစိမ်များ၏ ပေါများကြွယ်ဝမှုကို အကြောင်းပြု၍ ယင်းသို့ ဂုဏ်တုဂုဏ်ပြိုင် မောက်မာပလွား ဝါးကြွားနေကြမည် မဟုတ်ပေ။

အလ္လာဟ်အရှင်မြတ် ကစမ်၊ လူသားတို့သည် မောက်မာပလွား ဝါကြွားနေခဲ့ကြသည့်အတွက်ကြောင့် ယခုသော် ဂျာဟန္နမ်ငရဲကို အမှန်မုချ တွေ့မြင်ကြရတော့မည်။ အလ္လာဟ်၏ ကစမ် မချွတ်ဧကန်အမှန် မလွဲမျက်ဝါးထင်ထင် (စာတွေ့မဟုတ်) လက်တွေ့ ကိုယ်တွေ့ ထိုငရဲကို တွေ့မြင်ကြရတော့မည်။ ထို့နောက်တဖန် သိထားအပ်သည်မှာ ထိုနေ့တွင် လူသား အားလုံးတို့သည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားတော်မူခဲ့သော ကျေးဇူးတော်များကို တရားသဖြင့် အသုံးပြုခဲ့ကြသည်။ မတရားသဖြင့် အလွဲသုံးစားပြုခဲ့ကြသည်များနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း ခံကြရပေမည်။ နောင်တမလွန်အရေး စိတ်အေးဖွယ်ရာ မဟုတ်ပြီ။

ဤကဏ္ဍလာ အာယတ်တော် (၁၀၂း၁-၇)သည် ကာဖိရ်များကို ရည်ညွှန်းသည်။ အာယတ်တော် (၁၀၂း၈)သည် ကာဖိရ်၊ မုအ်မင်နဲ့မခြား လူသားအားလုံးတို့ကို ရည်ညွှန်းသည်။ ကိယာမတ်နေ့တွင် အပြစ်မဲ့သူများသည်ပင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခံကြမည်ဖြစ်ရာ ပြောင်ပြောင်ကြီး ပြစ်မှုကျူးလွန်ခဲ့သော ကာဖိရ်များမှာကား အသို့လျှင် လွတ်မြောက်သွားနိုင်ကြအုံးနည်း။ (ထာနဝီ)

ခေတ်ကာလကဏ္ဍ

سُوْرَةُ الْعَصْرِ

ဤကဏ္ဍသည် "အလ်အဆွိရ်" ခေတ်ကာလ ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၃)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

وَالْعَصْرِ ﴿١﴾

၁။ (ငါအရှင်မြတ်သည်) ခေတ်ကာလ (အဆွိရ် အချိန်၊ အဆွိရ်ဆွလာတ်)ကိုသက်သေထူတော်မူ၏။ [၁]

اِنَّ الْاِنْسَانَ لَفِيْ خُسْرٍ ﴿٢﴾

၂။ ဧကန်စင်စစ် လူသည် အမှန်ပင် ဆုံးရှုံးမှု၌ ရှိ၏။ [၂]

---

① အလ္လာဟ်အရှင်မြတ်သည် ဤကဏ္ဍတွင် "အဆွိရ်" ကို သက်သေထူ၍ မိန့်ဆိုထားတော်မူသည်။ မုဖတ်စ်စိရ်များသည် ဤပုဒ်နှင့်စပ်လျဉ်း၍ အနက်အမျိုးမျိုး ဖွင့်ကြပေသည်။

(၁) 'အဆွိရ်' ဟူသည် ခေတ်ကိုဆိုလိုသည်။ ခေတ်ကာလတွင် အဖြစ်အပျက်အမျိုးမျိုး၊ အံ့ဖွယ်ရာအဖုံဖုံ၊ ဆင်ခြင်ဖွယ် အစုံစုံ တွေ့ရှိရပေသည်။

(၂) 'အဆွိရ်' ဟူသည် လူ၏သက်တမ်းတစ်ခုလုံးကို မဆိုထားလင့်၊ လူ့သက်တမ်း၏ တစ်နှစ်၊ တစ်လ၊ ရက်သတ္တပတ်၊ တစ်ရက်၊ တစ်နာရီ၊ တစ်မိနစ် ကိုမဆိုထားလင့်၊ တစ်စက္ကန့်အဖိုးကိုပင် မည်သူမျှ မဖြတ်နိုင်ဃ။ လူ့သက်တမ်းသည် လူသားအဖို့ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ဆည်းပူး၍ အထွတ်အထိပ်သို့ ရောက်ရှိနိုင်ရန်အတွက် လွန်စွာ အဖိုးထိုက်တန်လှသော မရှိလျှင် မဖြစ်သော အကြောင်းတစ်ရပ်ပင်ဖြစ်ပေသည်။

(၃) "အဆွိရ်" ဟူသည် အဆွိရ်ဆွလာတ် ဝတ်ပြုချိန်ကိုလည်း ဆိုလိုသည်။ အဆွိရ် အချိန်သည် လူသားတို့ ရောင်းဝယ်ဖောက်ကား၊ သွားလာ လှုပ်ရှား အလွန်အလုပ်များသော အချိန်ဖြစ်သည်။ အစွလာမ်၏ ရှရီအတ်အမြင်အရလည်း၊ အလွန်မြင့်မြတ်သော အချိန်ဖြစ်သည်။ တမန်တော်မြတ်က "အကြင်သူတစ်ဦးသည် အဆွိရ်ဆွလာတ်ကို ဝတ်မပြုမိဘဲ ဆုံးရှုံးပါက သူ၏ဥစ္စာပစ္စည်းနှင့် အိမ်သူအိမ်သားအားလုံး ပျက်စီး ဆုံးရှုံးရသကဲ့သို့ ဖြစ်ချေသည်။" ဟူ၍ပင် မိန့်ဆိုထားတော်မူသည်။

(၄) "အဆွိရ်" ဟူသည် တမန်တော်မြတ်၏ သက်တမ်းကိုလည်း ဆိုလိုသည်။ ထိုသည့်သက်တမ်းတွင် တမန်တော်မြတ်၏ အမြင့်မြတ်ဆုံးသော တမန်တော်မြတ်အဖြစ်နှင့် အကြီးဆုံးသော "ခိလာဖတ်" အုပ်ချုပ်မှုသည် စံမတူအောင် တိုးတက်ကြီးပွား ထွန်းလင်းတောက်ပပေသည်။

② **ဆုံးရှုံးသူ**

"မုချဧကန်လူသားသည် အမှန်ပင် ဆုံးရှုံးမှုတွင် သက်ရောက်နေ၏။" ဤကား ကုရ်အာန်ကျမ်းလာ အာယတ်တော်ပင်တည်း။ လင်းပြဦးအုံ။

➤➤

إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَتَوَاصَوْا بِالْحَقِّ ۙ وَتَوَاصَوْا بِالصَّبْرِ ﴿٣﴾

၃။ အကြင်သူတို့မှတပါး ထိုသူတို့သည် (အီမာန်) သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၎င်းပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြ၏။ ထို့ပြင် အချင်းချင်း မှန်ကန်သော (သာသနာပေါ်၌ ကြံ့ခိုင်စွာ)တည်ရှိကြရန်လည်း ဆုံးမကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် သည်းခံကြရန်လည်း အချင်းချင်း ဆုံးမကြကုန်သတည်း။

➤➤ လူ၏သက်တမ်းသည် အလွန်အဖိုးတန်၏။ သတ္တဝါတိုင်းသည် မိမိ၏သက်တမ်းကို လွန်စွာမြတ်နိုး၏။ ထိုသည့် သက်တမ်းသည် တိုးတောင်းလုမရ။ စက္ကန့်ပိုင်းနှင့်အမျှ ရေခဲအရည်ပျော်ဘိအလား၊ ဆုတ်ယုတ်လျက်ရှိ၏။ သို့ပါလျက် လူသားသည် မိမိ၏ အဖိုးတန်လှသော စက္ကန့်ပိုင်းနှင့်အမျှ ဆုတ်ယုတ်လျက်ရှိသော၊ တိုတောင်းလှသော သက်တမ်းတွင် မိမိအား အကျိုးပြုမည့် ကောင်းမှုကုသိုလ် တစ်စုံတစ်ရာ မဆည်းပူးနိုင်ခဲ့ပါသော် ဤသခ်ါရဘဝတွင် နောင်တမလွန်ဘဝအဖို့ ထာဝစဉ် အကျိုးပြုမည့် ထာဝရသုခကို မဆည်းပူးနိုင်ခဲ့ပါသော် ထိုသူထက် ဆုံးရှုံးသူမှာ အဘယ်မှာလျှင် ရှိနိုင်အံ့နည်း။

ကမ္ဘာသမိုင်းကြောင်းကို ဖော်လာကြည့်ရှုပါက မိမိသက်တမ်းတွင် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များကို တွေးဆဆင်ခြင်ပါက အချိန်ကို တန်ဖိုးမထားဘဲ၊ နောင်ရေးမတွေးဘဲ၊ နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို မဆင်ခြင်ဘဲ၊ လောကီစည်းစိမ် များတွင် နစ်မွန်း၍ အချည်းနှီးအလဟဿ အကျိုးမဲ့ကိစ္စများတွင် အချိန်ဖြုန်းတီး၍ မိမိ၏တိုတောင်းလှသော အဖိုးထိုက်တန်လှသော သက်တမ်းကို အချည်းနှီးဖြုန်းတီးပစ်သော သူများသည် အဆုံးကြီးဆုံး အရှုံးကြီးရှုံး၍ ပျက်စီးခြင်းကြီးမက ပျက်စီးသွားခဲ့ကြသည်ကို ကောင်းစွာ သိရှိရပေမည်။ သို့ဖို့ကြောင့် လူသားသည် မိမိရရှိထားသော အချိန်ကို အထူးလေးစားရာ၏။ မိမိ၏ အဖိုးထိုက်တန်လှသော တိုတောင်းလှသော သက်တမ်းကို အချည်းနှီးသော အကျိုးမရှိသော လောကီရေးများတွင် မဖြုန်းတီးရာ။ မိမိ၏ တိုးတောင်းလှသော သခ်ါရမ္မသာဖြစ်သောသက်တမ်းတွင် နောင်တမလွန်ဘဝ၌ ထာဝစဉ်အကျိုးပြုမည့် ထာဝရသုခ၊ ထာဝရ ကုသိုလ်များကိုသာ ဆည်းပူးရာ၏။ ထိုသို့သော သူများကား ဆုံးရှုံးကြမည်မဟုတ်ပေ။ ထိုသို့သော သူမွန် သူမြတ်တို့၏ ဂုဏ်ရည်များကိုပင် ရှေ့အာယတ်တော်များတွင် မိန့်ဆိုထားတော်မူပေသည်။

② <u>မဆုံးရှုံးသူ</u>။

လူသားသည် မဆုံးရှုံးလိုပါက ဂုဏ်ရည်လေးရပ်နှင့် ပြည့်စုံရပေမည်။

(၁) လူသားသည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အား (အီမာန်) ယုံကြည်ရမည်။ တမန်တော်မြတ်မှတစ်ဆင့် ထိုအရှင်မြတ် ထုတ်ပြန် ချမှတ်တော်မူသော လောကီ၊ လောကုတ္တရာဆိုင်ရာ ကတိသစ္စာ တော်များကို စွဲမြဲစွာ ယုံကြည်ရမည်။

(၂) ထိုသည့် ယုံကြည်ချက်၏ အကျိုးဆက်သည် စိတ်နလုံးနှင့် ဦးနှောက်အတွင်း၌သာ ရပ်တည်မနေရာ၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းများတွင် ပျံ့နှံ့ပေါ်လွင်ထင်ရှားနေစေရမည်။ (၀၊) စိတ်နှလုံးအတွင်းမှ ယုံကြည်သည့် အလျောက် ကာယကံမြောက် လိုက်နာကျင့်မူရမည်။ ဝစီကံမြောက် ဖွင့်ဟပြောဆိုရမည်။ အကျင့်အမူ အပြောအဆိုသည် စိတ်တွင်းရှိ အီမာန်ယုံကြည်ချက်၏ သရုပ်သကန် ဖြစ်ရှိနေရပေမည်။➤➤

➤➤ (၃) ထို့ပြင်တစ်ဝ မဆုံးရှုံးလိုသော လူသားသည် မိမိတစ်ကိုယ်တည်း၏ ပြုပြင်မှု၊ ကောင်းစားမှု၊ အောင်မြင်မှုများနှင့်သာ တင်းတိမ်မနေရာ။ သူတစ်ပါးတို့အား ပြုပြင်မှု၊ ကောင်းစားမှု၊ အောင်မြင်မှုများကိုလည်း ရှေ့ရှုရမည်။ အတ္တဟိတ ကိုယ်ကျိုးကိုသာ မကြည့်ရာ။ ပရဟိတ သူတစ်ပါး၏အကျိုးကိုလည်း ကြည့်ရာ၏။ မွတ်စ်လင်မ်နှစ်ဦး တွေ့ဆုံလျှင် အချင်းချင်း တစ်ဦးကိုတစ်ဦး မုန်ကန်သော သာသနာအပေါ်၌ ရပ်တည်ကာ အရေးကိစ္စအဝဝတွင် အမှန်တရားကိုသာ ကျင့်သုံးရန် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် တိုက်တွန်းနှိုးဆော်ရမည်။

(၄) ထိုမှတစ်ပါး အချင်းချင်းတွေ့ဆုံသည့်အခါ 'အမှန်တရားကို လိုက်နာကျင့်မှုရာတွင်လည်းကောင်း၊ တစ်ဦးချင်းကိုဖြစ်စေ၊ တစ်မျိုးသားလုံးကိုဖြစ်စေ သွန်သင်ဆုံးမရာတွင်လည်းကောင်း၊တွေ့ကြုံရအံ့သော ဘေးဒုက္ခအန္တရာယ် အသွယ်သွယ်တို့ကို မယိမ်းမယိုင် ကျောက်တိုင်ပမာ တည်ကြည်စွာဖြင့် အပြုံးနှင့် ရဲရဲရင်ဆိုင်ရမည့်အကြောင်း၊ တိုက်တွန်းနှိုးဆော်ရမည်။

အကြင်သူများသည် ဤသည့်ဂုဏ်ရည်လေးရပ်နှင့် ပြည့်စုံအံ့၊ မိမိကိုယ်တိုင် ယင်းသည့်ဂုဏ်ရည်များနှင့် ပြည့်စုံသည်သာမက သူတစ်ပါးတို့အားလည်း ပြည့်စုံ အောင် ပြုလုပ်ပေးကြအံ့။ ထိုသို့သော ပုဂ္ဂိုလ်မွန်တို့သည် ဆုံးရှုံးရန်ဝေးစွ၊ အောင်မြင်ခြင်းကြီးမက အောင်မြင်ကြပေသည်။ကမ္ဘာတစ်သက် ဥဒါန်းတွင်လျက်ရှိကြပေမည်။ မိမိတို့၏ သက်တမ်းတွင် အသက်ထက်ဆုံး တည်ကြည်စွာ ယုံကြည်ဆောက်တည် ဟောပြောထားခဲ့ကြသော ကုသိုလ်ကောင်းမှုများသည်လည်း ၎င်းတို့သေဆုံးသွားကြသည့်အခါ ရပ်တန့်ပြတ်စဲသွားသည် မဟုတ်ပဲ ထာဝစဉ် ရှင်လျက်ရှိသော ကုသိုလ်များအဖြစ်တည်ရှိကာ ၎င်းတို့၏ ကုသိုလ်အကျိုးများကို မပြတ်ခါခါ တိုးပွားစေလျက်သာ ရှိကြမည်တည်း။

အတိတ်ခေတ်တွင် မွတ်စ်လင်မ်သူတော်စင်များသည်တစ်ဦးနှင့်တစ်ဦး တွေ့ဆုံပြီးနောက် ခွဲခွာကြသည့် အခါ အချင်းချင်း ဤကဏ္ဍကို ရွတ်ဖတ်ပြလေ့ရှိခဲ့ကြသည်။

ဤကဏ္ဍနှင့်စပ်လျဉ်း၍ အေ့မာမ်ရာဇီအီသခင်က "အကယ်၍ ကုရ်အာန်ကျမ်းမြတ်လာ အာယတ်တော်များအနက် မှ ဤကဏ္ဍတစ်ခုတည်းပင်၊ ကျရောက်လာခဲ့ပါကလည်း (ဉာဏ်အမြော်အမြင် ရှိသူများအဖို့) တရားရယူနိုင်ရန် လုံလောက်ပေသည်။" ဟူ၍ပင် ထုတ်ဖော်ပြောကြားခဲ့လေသည်။

ချောပစ်ကုန်းတိုက်သူကဏ္ဍ



ဤကဏ္ဍသည် (ဟုမဇဟ်) ချောပစ်ကုန်းတိုက်သူ အကြောင်းပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၉)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ ۝

၁။ နောက်ကွယ်၌အတင်းပြောသူတိုင်း၊ မျက်နှာစုံညီ စောင်းချိတ်ရှုတ်ချသူတိုင်း၊ ကျိုးယုတ်ပျက်စီးမည်သာတည်း။ [၁]

وَيْلٌ لِّكُلِّ هُمَزَةٍ لُّمَزَةٍ ۝١

၂။ အကြင်(အတင်းပြော၊ စောင်းချိတ်ရှုတ်ချ)သူသည် ပစ္စည်းဥစ္စာကို စုဆောင်းပြီး ထိုပစ္စည်းဥစ္စာကို အကြိမ်ကြိမ် ရေတွက်လျက်ရှိ၏။ [၂]

الَّذِي جَمَعَ مَالًا وَعَدَّدَهُ ۝٢

၃။ ထိုသူသည် မိမိအား မိမိဥစ္စာပစ္စည်းသည် အမြဲတစေ (အသက်ထင်ရှား)ရှိစေမည်။(တစ်နည်း) (မိမိထံ မိမိဥစ္စာပစ္စည်းသည် အမြဲတစေရှိနေမည်ဟု) ထင်မှတ်လေ၏။ [၃]

يَحْسَبُ أَنَّ مَالَهُ أَخْلَدَهُ ۝٣

---

① အချို့သူများသည် မိမိ၏အပြစ်ကို မမြင်ကြ၊ သူတစ်ပါး၏ အပြစ်ကို မြင်ကြ၏။ သူတစ်ပါး၌ လွန်စွာအပြစ်ရှာကြ၏။ သူတစ်ပါးကို အထင်အမြင်သေးကြ၏။ နောက်ကွယ် အတင်းပြောကြ၏။ ရှေ့မှောက်တွင် ကဲ့ရဲ့ ပြစ်တင်ရှုတ်ချကြ၏။ ထိုသို့သော သူများသည် မိမိ၏အပြစ်ကို ဘယ်သောအခါမျှ မမြင်ကြ၊ မပြုပြင်ကြ၊ မိမိ၏အပြစ်ကို မမြင်သော၊ မပြုပြင်သော သူများသည် နောက်ဆုံး တွင် ပျက်စီးခြင်းကြီးမက ပျက်စီးကြရသည်သာတည်း။

② သူတစ်ပါး၌ အပြစ်ရှာခြင်း၊ သူတစ်ပါးအား နောက်ကွယ်အတင်းပြောခြင်း၊ ရှေ့မှောက်တွင် ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်း၏ အကြောင်းမှာ မိမိကိုယ်ကို မိမိအထင်ကြီးခြင်းပင် ဖြစ်သည်။ သို့အထင်ကြီးခြင်း၏ အကြောင်းမှာ ဥစ္စာပစ္စည်းလောဘကြီးခြင်း ပင်ဖြစ်သည်။ ထိုသို့သောသူများသည် လောဘရမ္မက် ကြီးလွန်းလှသဖြင့် တရားသောနည်းနှင့်ဖြစ်စေ၊ မတရားသောနည်းနှင့်ဖြစ်စေ၊ မည်သည့်နည်းနှင့်မဆို ဥစ္စာပစ္စည်းကိုသာ သိမ်းကြုံးစုဆောင်းကြသည်။ စေးနဲတွန့်တိုသည့်အတွက် တစ်ပြားတစ်ချပ်လျော့နည်း ပျောက်ဆုံးသွားမည်ကို ➤➤

كَلَّا لَيُنۢبَذَنَّ فِي الْحُطَمَةِ ﴿٤﴾

၄။ အလျှင်းမဟုတ်၊ စင်စစ်မှာကား ထိုသူသည် ချိုးဖျက်ချေခွဲ အပိုင်းပိုင်း အစစဖြစ်စေသော (ငရဲ)၌ ပစ်ချခြင်းကို အမှန်ပင်ခံရလတ္တံ့။ [၁]

وَمَآ أَدْرَىٰكَ مَا الْحُطَمَةُ ﴿٥﴾

၅။ စင်စစ် ထိုချိုးဖျက်ချေခွဲ အပိုင်းပိုင်း အစစဖြစ်စေသော (ငရဲ)သည် အဘယ်နည်းဟု အသင် သိပါသလော။

نَارُ اللَّهِ الْمُوقَدَةُ ﴿٦﴾

၆။ မွေးထားပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ ငရဲမီးပင်။ (တစ်နည်း) အလ္လာဟ်အရှင်မြတ် (အမိန့်တော်အရ မွေးထားတော်မူသောမီးပင်)။

الَّتِي تَطَّلِعُ عَلَى الْأَفْـِٔدَةِ ﴿٧﴾

၇။ အကြင်မီးသည် စိတ်နှလုံးများအထိ တိုးတက်ဖုံးလွှမ်းလေ၏။ (ထိရောက်လေ၏)။

إِنَّهَا عَلَيْهِم مُّؤْصَدَةٌ ﴿٨﴾

၈။ ဧကန်မလွဲ ထိမီးသည် ၎င်းတို့အပေါ်၌ ပိတ်ဆို့ပြီး ဖြစ်ပေမည်။

➤➤ စိုးရိမ်လွန်းလှသည့်အတွက် မိမိတို့၏ ဥစ္စာပစ္စည်းများကို မကြာခဏ ရေတွက်ကြည့်ရှုလေ့ရှိကြသည်။ ထိုသို့ရေတွက်ကြည့်ရှု ရသည့်အတွက် မမောမပန်းကြသည်သာမက ပိတိပင်ဖြစ်ကြလျက် ရှိကြပေသည်။ အပျော်ကြီး ပျော်နေကြပေသည်။ ဤကား မြေရှင်ကြေးရှင် ဓနရှင်ဆိုးတို့၏ ဝသီတစ်ရပ်ပင်။

(၃) ထိသို့သော ဥစ္စာရှူများက ၎င်းတို့၏ ဥစ္စာပစ္စည်းသည် ဘယ်သောအခါမျှ ပျက်စီးသွားမည်မဟုတ်။ ၎င်းတို့၏ ဥစ္စာပစ္စည်းသည် ၎င်းတို့အား တွေ့ကြုံရသမျှသော ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးလိမ့်မည်။ အခါခပ်သိမ်း အကျိုးပြုလိမ့်မည်ဟူ၍ပင် ထင်မှတ် နေကြသည်။ ဤသို့ထင်မှတ်ခြင်းကား အမှားသက်သက်ပင်။ မှားယွင်းသည့်အကြောင်းကို ရှေ့အာယတ်တော်တွင် မိန့်ဆိုထားတော်မူသည်။

(၄) ဥစ္စာရှူတို့ ထင်မှတ်နေကြသည့်အတိုင်းဖြစ်မည် အလျှင်းမဟုတ်၊ ဥစ္စာရှူတို့သည် လောဘရမ္မက်ကြီးစွာဖြင့် ချမ်းသာသည်ထက် ချမ်းသာအောင်၊ကြွယ်ဝသည်ထက် ကြွယ်ဝအောင် မိမိတို့၏ ဥစ္စာ ပစ္စည်းများကို မစားရက်၊မသောက်ရက်၊မသုံးရက်၊ မလှူရက်၊ မတန်းရက် စုဆောင်းထားခဲ့ကြသည်။ထိုသည့်ဥစ္စာပစ္စည်းများသည် ၎င်းတို့နှင့်အတူ အခါခပ်သိမ်းတည်ရှိနေလိမ့်မည်ဟူ၍လည်း ထင်မှတ် နေခဲ့ကြသည်။ထိုသို့ကား အလျှင်းမဟုတ်၊ ၎င်းတို့၏ ဥစ္စာပစ္စည်းများသည် သချိုင်းအထိပင် ပါရှိမည်မဟုတ်ပေ။ ၎င်းတို့ သေဆုံးကြသည့်အခါ ၎င်းတို့၏ ဥစ္စာပစ္စည်းများသည် ဤမှာပင် ကျန်ရှိနေခဲ့ပေမည်။ တစ်ပြားတစ်ချပ်မျှပင် ၎င်းတို့နှင့်အတူ လိုက်ပါခဲ့မည် မဟုတ်ပေ။ ထိုသို့သော ဥစ္စာရှူများသည် "ဟုတ္တမလ္လာ" တည်းဟူသော ငရဲတွင်းသို့ ပစ်ချခြင်းခံကြရမည်သာတည်း။ ဤကား မည်သူမပြု မိမိမူပင်တည်း။

فِي عَمَدٍ مُّمَدَّدَةٍ ۝٩

၉။ ရှည်လျားစွာသော (မီးကျီး)တိုင်များ၌ (တုပ်နှောင်လျက်)။ [၁]

---

① 'ဟုတွမဟ်' ကားအဘယ်နည်း။

သိထားအပ်သည်မှာ 'ဟုတွမဟ်' သည် လူလောကရှိ လူသားတို့ အသုံးပြုသော သာမန်မီးမဟုတ်။ အလ္လာဟ်အရှင်မြတ်၏အမိန့် တော်အရ မွေးထားသော ငရဲမီးပင်။ ထိုငရဲမီးကား အတိုင်းမသိ ပူပြင်းဘိတကား၊ လွန်စွာ ကြောက်ဖွယ်ရာတည်း။ ထိုသည့်ငရဲမီးကား၊ အံ့တစ်ပါးတည်း။ ထိုသည့်ငရဲမီး၌ အသိရှိသည်။ စိတ်နှလုံးများကို ချောင်းကြည့်သည်။ (အီမာန်) ယုံကြည်မှုရှိသော စိတ်နှလုံးများကို မလောင်ကျွမ်းပေ။ (ကုဖ်ရ်) သွေဖည်မှုရှိသော စိတ်နှလုံးများကိုသာ လောင်ကျွမ်းပေသည်။

ထိုငရဲမီး၏ အပူရှိန်ကား လွန်စွာပြင်းသည်။ ကိုယ်ခန္ဓာကို ထိရုံမျှဖြင့် စိတ်နှလုံးများကိုလည်း ထိရောက်လောင်ကျွမ်းစေသည်။ တစ်နည်းဆိုသော် ငရဲမီးသည် ရုပ်ကိုသာမက နာမ်ကိုပါ လောင်ကျွမ်းစေသည်။

ထို့ပြင်တစ်ဝ ဥစ္စာရူးကာဖိရ်များသည် ငရဲတွင်ထည့်သွင်း၍ အဖက်ဖက်မှ ပိတ်လှောင်ထားခြင်းတို့ ခံကြရပေမည်။ ၎င်းတို့အဖို့ ထွက်ပေါက်ဟူ၍ တစ်ပေါက်မျှရှိမည်မဟုတ်ပေ။ ထိုမှတစ်ပါး ငရဲမီး၏ မီးတောက်မီးလျွံများမှာလည်း ရှည်လျားသော တိုင်ကြီးများသဖွယ် မြင့်စွင့်ကြပေမည်။ အဆိုတစ်ရပ်အရ ငရဲသားများသည် မည်သို့မျှ မလှုပ်ရှားနိုင်ရန်အတွက် ရှည်လျားသော တိုင်ကြီးများတွင် တုတ်နှောင်ထားခြင်း ခံကြရမည်ဟူ၏။ အခြားအဆိုတစ်ရပ်အရ ငရဲ၏ မုခ်ဝတွင် ရှည်လျားသော တိုင်ကြီးများကို ထည့်သွင်းပြီးအပေါ်မှ လုံးဝပိတ်ဆို့ထားမည်ဟူ၏။

သို့ပြင်းထန်လှသော ငရဲမီးတွင် ကျရောက်မီးမြိုက်ခြင်း ခံနေကြရသော ငရဲသားများသည် ခံစားရသောဒဏ်ကို မခံနိုင်ကြသည့်အဆုံး တွင် အသက်သေဆုံး၍ ငရဲမီးဒဏ်မှ လွတ်မြောက်ကြရန် လိုလားကြပေမည်။ သို့တစေလည်း ၎င်းတို့၏ လိုလားချက်သည် အသို့မျှ အောင်မြင်မည် မဟုတ်ပေ။ ငရဲမီးတွင် မသေမရှင် ထာဝစဉ်ခံစား နေကြရမည်သာတည်း။ (အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ထိုသည့်ငရဲမီးဘေးမှ ဖယ်ရှားပေးတော်မူသည် ဖြစ်ပါစေသတည်း။)

ဆင် ကဏ္ဍ

سُوْرَةُ الْفِيْلِ

ဤကဏ္ဍသည် "အလ်ဖီလ်" ဆင် အကြောင်းပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၅)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِاَصْحٰبِ الْفِيْلِ ۝١

၁။ (အို-နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဆင်ပိုင်ရှင်တို့အား မည်သို့မည်ပုံ ပြုလုပ်တော်မူခဲ့သည်ကို အသင်သည် မသိမမြင် မဆင်ခြင်ခဲ့ပါလေသလော။

اَلَمْ يَجْعَلْ كَيْدَهُمْ فِيْ تَضْلِيْلٍ ۝٢

၂။ ထိုအရှင်မြတ်သည် ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုကို ပျက်ပြားစေတော်မူခဲ့သည် မဟုတ်လော။

وَّاَرْسَلَ عَلَيْهِمْ طَيْرًا اَبَابِيْلَ ۝٣

၃။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ၎င်းတို့အပေါ်၌ ငှက်များကို အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည်မဟုတ်လော။

تَرْمِيْهِمْ بِحِجَارَةٍ مِّنْ سِجِّيْلٍ ۝٤

၄။ ထိုငှက်များသည် ၎င်းတို့အား ရွံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲများဖြင့် ပစ်ခတ်လျက် ရှိခဲ့ကြကုန်၏။

فَجَعَلَهُمْ كَعَصْفٍ مَّاْكُوْلٍ ۝٥

၅။ ၎င်းနောက် ထိုအရှင်မြတ်သည် ၎င်းတို့အား စားထားပြီးဖြစ်သော ကောက်ရိုးဖတ်များကဲ့သို့ ပြုလုပ်တော်မူခဲ့ပေသတည်း။ ၁

---

① **'အတ်ဆ်ဟာဗ်လ်ဖီလ်' ဆင်ရှင်များ။**

အီသီယိုပီးယားဘုရင်သည် ယမန်ပြည်၌ ဘုရင်ခံတစ်ဦးကို ခန့်အပ်ထားခဲ့၏။ အဆိုပါ ဘုရင်ခံ၏ အမည်မှာ အဗ်ရဟာဟ်ဟူ၍ ဖြစ်၏။ အရဗ်လူမျိုးအားလုံးတို့သည် မက္ကာမြို့တော်ရှိ 'ကအ်ဗဟ်' ➤➤

➤➤ ကျောင်းတော်သို့ သွားရောက်၍ ဟဂျ်ပြုလေ့ရှိခဲ့ကြ၏။ ဤသည်ကို အဗရဟတ်သိမြင်သောအခါ မရှုဆိတ်ဖြစ်ကာ မက္ကာမြို့တော်သို့ အရဗ်တို့ ဟဂျ်ပြုရန် သွားကြမည့်အစား၊ မိမိအုပ်ချုပ်ရာ ယမန်ပြည်မှာ စုရုံးနိုင်ရန် အစီအစဉ်တစ်ရပ် ပြုလုပ်နိုင်ပါက ကောင်းမည်ဟု တွေးမိလေသည်။

သို့တွေးမိသည့်အလျောက် မိမိသက်ဝင်ယုံကြည်နေသော ခရစ်ယာန်ဘာသာကို အကြောင်းပြု၍ အလွန်ထည်ဝါခဲ့ညားသော၊ အလွန်မြင့်စွင့်သော၊ လက်ရာအလွန်မြောက်သော မျက်စိပသာဒဖြစ်စေမည့် အရာမျိုးစုံပါဝင်သော အလွန်ကြည်ညိုဖွယ်ရာ ဝတ်ကျောင်းကြီးတစ်ကျောင်းကို တည်ဆောက်ရလျှင် လူများသည် မက္ကာမြို့တော်ရှိ ရိုးရိုးတည်ဆောက်ထားသော ကအ်ဗဟ်ကျောင်းတော်ကို စွန့်၍ မိမိတည်ဆောက်မည့် ထည်ဝါခဲ့ညားသော ခရစ်ယာန်ဝတ်ကျောင်းကြီးသို့ အမှန်မုချ လာရောက် ဟဂျ်ပြုကြမည်ဖြစ်သည်ဟု ကြံစည်မိလေသည်။

သို့ကြံစည်မိသည်အလျောက် အဗရဟတ်သည် ယမန်ပြည်၏ အချက်အချာ မြို့ကြီးတစ်မြို့ဖြစ်သော 'ဆွာန်အာ'မြို့တွင် ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ခရစ်ယာန် ဝတ်ကျောင်းတစ်ကျောင်းကို အလွန်ကြီးကျယ် ခမ်းနားစွာ တည်ဆောက်ခဲ့လေသည်။ သို့ထည်ဝါခဲ့ညားစွာ တည်ဆောက်ခဲ့သော်လည်း အရဗ်တို့သည် ရှေးယခင်အစဉ်အလာအတိုင်း မက္ကာမြို့တော်ရှိ ကအ်ဗဟ် ကျောင်းတော်သို့သာ သွားရောက် ဟဂျ်ပြုခဲ့ကြလေသည်။ အဗရဟတ်၏ ဝတ်ကျောင်းသို့ကား မည်သူမျှ မသွားခဲ့ပေ။ ဤသည့်အဖြစ်ကို အဗရဟတ်တွေ့မြင်သောအခါ ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့လေသည်။ ကျိတ်မနိုင်ခဲမရ ဖြစ်ခဲ့လေသည်။

အဗရဟတ်၏ ယုတ်မာသော အကြံအစည်ကို အရဗ်လူမျိုးများ အထူးသဖြင့် ကုရိုက်ရှ် မျိုးနွယ်ဝင်တို့ သိရှိသွားကြသောအခါ လွန်စွာ အမျက်ထွက်ခဲ့ကြ၏။ တစ်နေ့သော် တစ်ဦးတစ်ယောက်သောသူသည် ဒေါသအမျက်ထွက်ကာ အဗရဟတ်ကျောင်းတွင် သွားရောက်ပြီး ကျင်ကြီး၊ ကျင်ငယ် စွန့်ထားလိုက်လေ၏။ အခြားအဆိုတစ်ရပ်အရ အချို့အရဗ်များ မီးမွေးရာမှ မီးပွားစင်ပြီး အဗရဟတ်၏ကျောင်းသည် မီးလောင်သွားခဲ့လေသည်။

ထိုအခါ အဗရဟတ်သည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ တုံ့ပြန်လက်စားချေလိုသည့် စိတ်ဖြင့် မက္ကာမြို့ရှိ ကအ်ဗဟ်ကျောင်းတော်ကို ဖြိုဖျက်ချေမှုန်းရန်အတွက် စစ်သည်ဗိုလ်ခြေ အမြောက်အမြားကို မိမိကိုယ်တိုင်ဦးစီး၍ ဆင်တပ်ကြီးဖြင့် မက္ကာမြို့တော်သို့ ဦးတည်ချီတက်လာခဲ့ပေသည်။ လမ်းခရီးတွင် ခုခံတိုက်ခိုက်သော အရဗ်အုပ်စုများကိုလည်း ချေမှုန်းခဲ့လေသည်။

ထိုအချိန်တွင် ကုရိုက်ရှ်မျိုးနွယ်၏ ဥက္ကဋ္ဌနှင့် ကအ်ဗဟ်ကျောင်းတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌမှာ တမန်တော်မြတ်၏ဘိုးတော် အဗဒုလ်မွတ္တလစ်ဗ် ဖြစ်ခဲ့လေသည်။ ဘိုးတော် အဗဒုလ်မွတ္တလစ်ဗ်သည် အဗရဟတ်၏ အကြံအစည်ကို ရိပ်စားမိသောအခါ မိမိ၏အမျိုးသားတို့အား "အမျိုးသားတို့၊ အသင်တို့သည် မိမိတို့ကိုယ်ကိုသာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကြိုးပမ်းကြကုန်လော့၊ ကအ်ဗဟ်ကျောင်းတော်ကိုမူ ကျောင်းတော်၏ အရှင်သခင်ကိုယ်တော်တိုင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်တော်မူလိမ့်မည်ဟု ပြောကြားလိုက်လေသသည်။

အဗရဟ်ဟ်သည် မက္ကာမြို့တော်အနီးသို့ ရောက်လာပြီး ခုခံကာကွယ်တိုက်ခိုက်သူ တစ်ဦးတစ်ယောက်မျှ မရှိ၊ အနှောင့်အယှက် တစ်စုံတစ်ရာမျှမရှိ၊ လမ်းသာယာလျက်ရှိသည်ကို တွေ့မြင်ရသောအခါ ယခုမူ ငါသည် ကအ်ဗဟ်ကျောင်းတော်ကို အလွယ်တကူ ဖြိုဖျက်ချေမှုန်းနိုင်တော့မည်ဟု ယုံကြည်လာခဲ့ပေသည်။

ယင်းသို့ဖြင့် အဗရဟတ်သည် မိမိ စစ်သည်ဗိုလ်ခြေများနှင့်အတူ မက္ကာမြို့အနီးရှိ ဝါဒီမုဟတ်စ်ရ်သို့ ရောက်ရှိလာသောအခါ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် ပင်လယ်(နီ)ဘက်မှ ငှက်ကလေးများသည် အုပ်လိုက်အုပ်လိုက် ပျံဝဲလာခဲ့ကြလေသည်။ အဆိုပါ ငှက်ကလေးများသည် မိမိတို့၏ နှုတ်သီးနှင့် ➤➤

ကုရိုက်ရှ်မျိုးနွယ်ကဏ္ဍ



ဤကဏ္ဍသည် 'ကုရိုက်ရှ်' မျိုးနွယ်အကြောင်း ပါဝင်သော ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၄)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

لِاِيْلٰفِ قُرَيْشٍ ۝١

၁။ "ကုရိုက်ရှ်" အမျိုးသားတို့၌ အလေ့အထရှိကြသောကြောင့်။

اٖلٰفِهِمْ رِحْلَةَ الشِّتَآءِ وَالصَّيْفِ ۝٢

၂။ ထို "ကုရိုက်ရှ်" အမျိုးသားတို့သည် ဆောင်းဥတုဒ္ဓလည်းကောင်း၊ နွေဥတုဒ္ဓလည်းကောင်း၊ (မိမိတို့) ခရီးထွက်လေ့ရှိကြသောကြောင့်။

فَلْيَعْبُدُوْا رَبَّ هٰذَا الْبَيْتِ ۝٣

၃။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤအိမ်တော် (ကအ်ဗဟ် ကျောင်းတော်)၏ အရှင်မြတ်အား ဆည်းကပ် ကိုးကွယ်ကြရာကုန်၏။

➤➤ ခြေထောက်များတွင် ကျောက်စရစ်ခဲများကို အသီးသီးချိလာခဲ့ကြလေသည်။ ထိုင်္ဂကလေးများသည် အဗ်ရဟာဗ်၏ စစ်သည်များ ပေါ်သို့ မိမိတို့ချိလာခဲ့ကြသော ကျောက်စရစ်ခဲ များဖြင့် မိုးရွာသွန်းချခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ဖြင့် အဆိုပါ ကျောက်စရစ်ခဲများသည် ထိမှန်သူ အားလုံးတို့အား ဤမှာဘက်မှ ထိုမှာဘက်သို့ ထုတ်ချင်းခတ် ထိုးဖောက်ပြီး ပြင်းထန်သော အဆိတ်အတောက်များကို ဖြစ်ပွားစေခဲ့လေသည်။ ထိုအခါ အဗ်ရဟာဗ်၏ စစ်သည်များအနက် မြောက်မြားစွာသော စစ်သည်များသည် ထိုနေရာမှာပင် သေကြေပျက်စီး သွားခဲ့ကြလေသည်။ ထွက်ပြေးသွားသော စစ်သည်များသည်လည်း ကြီးမားသော ဘေးဒုက္ခ အမျိုးမျိုး ခံစားကြရပြီး နောက်ဆုံးတွင်မူ အသေဆိုးနှင့် သေကြေပျက်စီးသွားခဲ့ကြလေသည်။

ဤသည့်အဖြစ်အပျက်သည် တမန်တော်မြတ် မီးရှူးသန့်စင် မဖွားမြင်မီ ရက်ပေါင်း (၅၀)တွင် ဖြစ်ခဲ့လေသည်။ အချို့သောအဆိုအရ ထိုနေ့မှာပင် တမန်တော်မြတ် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

အဆိုပါ ဆင်တပ်၏ဖြစ်ရပ်သည် အလွန်ကျော်ကြားသော အကြောင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။ အရဗ်တို့သည် ထိုဖြစ်ရပ်ကို အကြောင်းပြုပြီး အဆိုပါနှစ်ကို "အာမုလ်ဖီလ်" ဆင်နှစ်ဟူ၍ပင် ခေါ်ဝေါ်သမုတ်ခဲ့ကြလေသည်။ မိမိတို့ ခုနှစ်သက္ကရာဇ်ကိုလည်း ထိုသည့်ဖြစ်ရပ်မှပင် စတင်ရေတွက်ခဲ့ကြလေသည်။

ကြည့်-မာဂျိဒီ။

الَّذِيٓ أَطۡعَمَهُم مِّن جُوعٖ وَءَامَنَهُم مِّنۡ خَوۡفِۭ ٤

၄။ အကြင်အရှင်မြတ်သည် ၎င်းတို့အား ဆာလောင် မွတ်သိပ်သောအခါ၌ (တစ်နည်း) ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းလွတ်ရန် အာဟာရ ကျွေးမွေးတော်မူခဲ့၏။ ထိုမှတပါး၊ ၎င်းတို့အား စိုးရိမ်သောအခါ၌ (တစ်နည်း) စိုးရိမ်မှု ဘေးရန်ကင်းဝေးစေတော်မူခဲ့ပေသတည်း။ ၁

---

① **ကုရိုက်ရှုမျိုးနွယ်အပေါ် အလ္လာဟ်၏ ကျေးဇူးတော်။**

မက္ကာမြို့တော်တည်ရာအရပ်မှာ မိုးခေါင်ရေရှားအရပ် ဖြစ်ခဲ့သည်။ သွေ့ခြောက်လွန်းလှသဖြင့် စားနပ်ရိက္ခာ အလွန်ခေါင်းပါးခဲ့သည်။ ကောက်ပဲသီးနှံပေါက်ရောက်သည် မရှိခဲ့ပေ။ ထို့အတွက် ကုရိုက်ရှုမျိုးနွယ်ဝင်များသည် ကူးသန်းရောင်းဝယ် ဖောက်ကားရန်အတွက် တစ်နှစ်လျှင်နှစ်ကြိမ် တိုင်းတပါးသို့ ခရီးထွက်လေ့ရှိခဲ့ကြသည်။ ဆောင်းဥတုဌ် ယမန်ပြည်သို့ ခရီးထွက်လေ့ရှိခဲ့ကြသည်။ ယမန်ပြည်သည် ပူသည်။ နွေဥတုဌ် ဆီးရီးယားပြည်သို့ ခရီးထွက်လေ့ရှိခဲ့ကြသည်။ ဆီးရီးယားပြည်သည် အေးသည်။ စည်ပင်သာယာဝပြောသည်။ လူများသည်လည်း ကုရိုက်ရှုမျိုးနွယ်ဝင်များအား ကျောင်းတော်သူ ကျောင်းတော်သားများ၊ ကျောင်းတော်၏ ဝေယျာဝစ္စ ဆောင်ရွက်သူများ ဖြစ်ကြသည်ကို ထောက်ထားကာ လွန်စွာ ရိုသေလေးစားခဲ့ကြသည်။ ဂုဏ်ပေးခဲ့ကြသည်။ ပြုစုခဲ့ကြသည်။ ၎င်းတို့၏ အသက်စည်းစိမ်ဥစ္စာ ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ပေးခဲ့ကြသည်။ ၎င်းတို့အား အနည်းငယ်စိုးစဉ်းမျှပင် အနှောင့်အယှက်မပေးခဲ့ကြပေ။ ထို့အတွက်ကြောင့်လည်း ကုရိုက်ရှုမျိုးနွယ်ဝင်များသည် သွားလေရာအရပ်၌ အေးချမ်းသာယာစွာ ဝင်ထွက်သွားလာနေနိုင်ခဲ့ကြပေသည်။ အမြတ်အစွန်းလည်း ကောင်းစွာရရှိခဲ့ကြပေသည်။ ခရုတ်မထိဆူးမငြိဘဲ မိမိတို့မြို့ရွာသို့ ပြန်လာကြပြီး၊ အေးချမ်းသာယာ ဖောသီစွာ စားဝတ်နေထိုင်နိုင်ခဲ့ကြပေသည်။

ထိုခေတ်ထိုအခါတွင် ကျောင်းတော်၏ပတ်ဝန်းကျင်၌ပင် လုယက်တိုက်ခိုက်မှုများသည် အကြီးအကျယ် ဖြစ်ပွားလျက် ရှိခဲ့ပေသည်။ သို့တစေလည်း ကျောင်းတော်ကို ရိုသေလေးစား ထောက်ထားသောအားဖြင့် မည်သူတစ်ဦးတစ်ယောက်မျှပင် ကုရိုက်ရှုမျိုးနွယ်ဝင်တို့အား ဒုက္ခမပေးခဲ့ပေ။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်။ ကုရိုက်ရှုမျိုးနွယ်ဝင်များသည် ဤသည့်ကျောင်းတော်၏ကျေးဇူးကြောင့်ပင် အေးချမ်းသာယာစွာ ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်ခဲ့ကြပေသည်။ များစွာသော အမြတ်အစွန်းများ ရရှိခဲ့ကြပေသည်။ ဖောဖောသီသီ စားသုံးနေနိုင်ခဲ့ကြပေသည်။ ဘေးရန်ဝိုင်းလျက်ရှိသည့်စပ်ကြားမှပင် အေးချမ်းသာယာစွာ နေနိုင်ခဲ့ကြပေသည်။

ဤသည့် ကျောင်းတော်၏ကျေးဇူးကြောင့်ပင် ၎င်းတို့သည် ဆင်တပ်ရှင်များ၏ ဘေးရန်မှ လွတ်မြောက်လာခဲ့ကြပေသည်။ သို့ဖြစ်ပေရာ ကုရိုက်ရှုမျိုးနွယ်ဝင်များသည် ကျေးဇူးသိတတ်သောအားဖြင့် ဤကျောင်းတော်ရှင်အား ဆည်းကပ်ကိုးကွယ်ကြရာသည်။ ဤကျောင်းတော်ရှင် စေလွှတ်တော်မူလိုက်သော တမန်တော်မြတ်အား လည်း နာခံကြရာသည်။ ယခုမူ ၎င်းတို့သည် ကျေးဇူးတော်ရှင်အား ကျေးဖူးပူဇော်ရှိကြသည်။ ထိုအရှင်မြတ်၏ တမန်တော်မြတ်အား သွေဖည်ကျောခိုင်းလျက် ရှိကြသည်။ ဓမ္မန္တရာယ်ပြုလျက် ရှိကြသည်။ ဤကား လွန်စွာ ကျေးဇူးမသိတတ်ခြင်း၊ ကျေးဇူးကန်းခြင်းပင်။ ကျေးဇူးကန်းသောသူသည် နောက်ဆုံးတွင် မိမိကျေးဇူးကန်းမှု၏ အကျိုးကို မရှုမလှုခံစားရသည်သာတည်း။ သို့အတွက် လူသားသည် ကျေးဇူးသိတတ်ရာသည်။ ➤➤

အသေးအဖွဲ ကဏ္ဍ



ဤကဏ္ဍသည် "မာအူန်" အသေးအဖွဲ အကြောင်း ပါဝင်သောကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၇)ပါး ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော
မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

أَرَأَيْتَ الَّذِي يُكَذِّبُ بِالدِّينِ ﴿١﴾

၁။ အသင်သည် အစားပေးခြင်း(၏နေ့)ကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူအား မမြင်ခဲ့လေသလော။

فَذَٰلِكَ الَّذِي يَدُعُّ الْيَتِيمَ ﴿٢﴾

၂။ ထိုသူပင် ဘမဲ့ကလေးသူငယ်အား တွန်းထုတ်သောသူဖြစ်၏။

➤➤ တတ်စွမ်းနိုင်သမျှ ကျေးဇူးတုံ့ပြန်ရာသည်။ ကျေးဇူးမကန်းရာ။

"ကုရိုက်ရှ်"

"ကုရိုက်ရှ်"သည် အာရေဗျပြည်ရှိမျိုးနွယ်များတွင် အမွန်ရည်ဆုံး အကျော်ကြားဆုံး မျိုးနွယ်တစ်ခု၏ အမည်ဖြစ်သည်။ ထိုမျိုးနွယ်၏မျိုးနွယ်စုတစ်ခုမှာ "ဗနီဟာရှင်မ်" ဟာရှင်မ်၏မျိုးနွယ်စုဖြစ်သည်။ တမန်တော်မြတ် မုဟမ္မဒ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် "ဗနီဟာရှင်မ်" မျိုးနွယ်စုမှပင် ဖြစ်တော်မူ၏။

တမန်တော်မြတ်၏ဘိုးဘေးများတွင် ဖိဟ်ရ်အိုဗ်နုမာလိက်လည်း တစ်ဦးပါဝင်၏။ ဖိဟ်ရ်၏ ဘွဲ့နာမည်မှာ "ကုရိုက်ရှ်" ဟူ၍ဖြစ်၏။ ဤမျိုးနွယ်သည် ထိုသည့်ဘွဲ့နာမည်ဖြင့်ပင် ကျော်ကြားလာခဲ့ပေသည်။ ကြည့်-အိဗ်နုဟိရှာမ်။

ကုရိုက်ရှ်မျိုးနွယ်သည် ကအ်ဗဟ်ကျောင်းတော်၏ ဂေါပကများလည်း ဖြစ်ခဲ့ကြသည်။ ကူးသန်းရောင်းဝယ်ရေးအတွက် အလွန်ဆေးလံသော တိုင်းပြည်များသို့ ခရီးထွက်လေ့ရှိခဲ့ကြပေသည်။ ရောင်းဝယ်ဖောက်ကားရာတွင်လည်း အလွန်ရိုးသား ဖြောင့်မြတ်တည်ကြည် သန့်ရှင်းပြေပြစ်ခဲ့ကြပေသည်။ ထို့ပြင်တဝ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် မိမိတို့ခေတ်တွင် တိုင်းပြည်လူမျိုးနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းထားနိုင်ခဲ့ကြသော အကြီးအကဲများလည်း ဖြစ်ခဲ့ကြပေသည်။

وَلَا يَحُضُّ عَلَىٰ طَعَامِ الْمِسْكِينِ ﴿٣﴾

၃။ ၎င်းပြင် ထိုသူသည် သူဆင်းရဲတို့အား အစားအစာကျွေးမွေးရန် တိုက်တွန်း နှိုးဆော်ခြင်းလည်း မပြုပေ။ [၁]

فَوَيْلٌ لِّلْمُصَلِّينَ ﴿٤﴾

၄။ သို့ဖြစ်ပေရာ (အကြင်သို့သော) ဆွလာတ်ဝတ်ပြုသူတို့၌ အကြီးအကျယ် ပျက်စီးခြင်းသည်ရှိ၏။

الَّذِينَ هُمْ عَن صَلَاتِهِمْ سَاهُونَ ﴿٥﴾

၅။ ထိုသို့သောသူတို့သည် မိမိတို့၏ ဆွလာတ်ဝတ်ပြုမှု(တာဝန်)ကိုပင် မေ့လျော့ထားကြကုန်၏။

الَّذِينَ هُمْ يُرَاءُونَ ﴿٦﴾

၆။ အကြင်(ဆွလာတ်ဝတ်ပြု)သူတို့သည် (မိမိတို့၏ ဆွလာတ်ဝတ်ပြုမှုစသော ကောင်းမှုများကို) ပြစားကြကုန်၏။ [၂]

---

① ဤအာယတ်တော်တွင်ပါရှိသော "ဒီန်" ဟူသောပုဒ်၏ အလိုသဘောမှာ အချို့၏ယူဆချက်အရ သာသနာပင်ဖြစ်၏။ ဆိုလိုသည်ကား အကြင်သူများသည် မှန်ကန်သော အစွမ်းလာမ်သာသနာကိုပင် မဟုတ်မမှန်ဟု ဆိုကြ၏။ ၎င်းတို့၌ ဘာသာ၊ သာသနာသည် အချည်းနှီး အလဟဿဖြစ်သော အရာသာဖြစ်၏။ ထိုသို့သော ဘာသာမဲ့များသည် တရားသဖြင့် အဆုံးအဖြတ် ပေးခြင်းခံကြရမည်မဟုတ်၊ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကောင်းကျိုးဆိုးပြစ်များ ခံကြရမည်မဟုတ်ဟူ၍ ထင်မှတ်နေကြလေသလော။

"ဒီန်" ဟူသောပုဒ်သည် အစားပေးခြင်း၊ အနက်လည်း ပေးသည်။ ဤသည်ကိုထောက်၍ အချို့က ဤအာယတ်တော်တွင်ပါရှိသော "ဒီန်"ဟူသောပုဒ်ကို အစားပေးသည့်နေ့ဟူ၍ အနက်ဖွင့်ကြသည်။

ကြည့်-ထာနဝီ၊ မာဂျိဒီ။

② မည်သို့ပင်ရှိစေ၊ ထိုသို့မှန်ကန်သော သာသနာကို မယုံကြည်သော၊ တစ်နည်း-အစားပေးမည့်နေ့ကို မယုံကြည်သော ဘာသာမဲ့တို့သည် လူအချင်းချင်း စောင့်သိရိုသေအပ်သော တာဝန်များကို မထောက်ထားကြပေ။ ခိုကိုးရာမဲ့ဖြစ်နေကြရရှာသော မိဘမဲ့ကလေးများကို စာနာထောက်ထား သနားကြင်နာကြရမည့်အစား ရိုင်းပြခက်ထန် မာကျောစွာ ဆက်ဆံကြပေသည်။ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေကြရှာသော ဆင်းရဲနွမ်းပါးသူများအား မိမိတို့ကိုယ်တိုင်က ကူညီထောက်ပံ့ရန်ဝေးစွ၊ သူတပါးတို့အားလည်း မတိုက်တွန်းကြပေ။ မိမိကိုယ်တိုင်လည်း သူတပါးအကျိုးကို မဆောင်ကြဉ်းကြပေ။ အခြားသူများကိုလည်း မတိုက်တွန်းကြပေ။

ခိုကိုးရာမဲ့ကလေးများအား သနားကြင်နာရမည့်အကြောင်းနှင့် ဆင်းရဲနွမ်းပါးသူများအား ကူညီထောက်ပံ့ရမည့်အကြောင်းသည် ဘာသာတိုင်းလိုလိုမှာပင် ပါရှိသည်။ ဤသည့်အချက်ကို ကမ္ဘာ့ ပညာရှင်အသီးသီးတို့ကလည်း ခွင်းချက်မရှိ ထောက်ခံကြသည်။ သို့ဖြစ်ပါလျက် အကြင်သူတစ်ဦးသည် လူအချင်းချင်း ရှိအပ်သည့် အခြေခံ ကိုယ်ကျင့်တရား ဂုဏ်သိက္ခာနှင့်ပင် ကင်းမဲ့နေပါသော် ထိုသို့သောသူသည် လူမဟုတ်၊ တိရစ္ဆာန်ပင်ဖြစ်ပေမည်။ လူသိက္ခာနှင့် ကင်းကွာနေသောသူများသည် သာသနာကို အသို့လျှင် လေးစားအံ့နည်း။ အလ္လာဟ်အရှင်မြတ်အား အသို့လျှင် ယုံကြည်မြတ်နိုးကြကုန်အံ့။

وَيَمْنَعُونَ الْمَاعُونَ ۝٧

၇။ ထိုမှတပါး၊ ၎င်းတို့သည် အသေးအဖွဲ အသုံးအဆောင် ပစ္စည်းများကိုပင် (သူတစ်ပါးတို့အား ငှားရမ်းခြင်း မပြုရန်) ပိတ်ပင် တားမြစ်ကြကုန်သတည်း။ [၁]

---

(၂) အချို့သူများသည် အမြင်အားဖြင့်ကား ဆွလာတ်ပြုကြ၏။သို့ရာတွင် ဆွလာတ်ဝတ်ပြုရာ၌ ငါတို့သည် မည်သည့်အရှင်မြတ်အား ရည်စူးကြသည်။ ဆွလာတ်၏ ရည်ရွယ်ချက်မှာ အဘယ်အရာဖြစ်သည်။ ဆွလာတ်သည် အဘယ်မျှအရေးကြီးသည်။ အဘယ်မျှ ရိုသေလေးစားစွာ ဆောက်တည်ရာသည်များကိုမူ မစဉ်းစားမဆင်ခြင်ကြပေ။ ၎င်းတို့သည် ဆွာလတ်ဝတ်ပြုမှုကို မလေးစားကြပေ။ တစ်ခါတစ်ရံ စိတ်လိုက ဆွလာတ်ဝတ်ပြုကြ၏။ တစ်ခါတစ်ရံ စိတ်မလိုက ဆွလာတ်ဝတ်မပြုဘဲနေကြ၏။ တစ်ခါတစ်ရံ လောကီရေး စကားများတွင် အချိန်ဖြုန်းတီးပြီး ဆွလာတ်အချိန်ကို ကျဉ်းမြောင်းစေကြ၏။

ထိုသို့သောသူများသည် အမြင်အားဖြင့် ဆွလာတ်ဝတ်ပြုကြသော်လည်း၊ ၎င်းတို့၏ ဆွာလာတ်ဝတ်ပြုခြင်းမှာ ပြစားရန်အတွက် သာမန် ဝတ်ကျေဝတ်ကုန်သဘောမျိုးဖြင့် ထိုင်ထပြုခြင်းမျှသာ ဖြစ်၏။ ငါတို့သည် မည်သည့် အရှင်မြတ်၏ရှေ့တော်၌ ရပ်နေကြသည်ကိုပင် သတိမမူကြပေ။ အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ ထိုင်ထ ဦးညွှတ် ဦးချခြင်းကိုသာ ကြည့်တော်မူသည်။ ၎င်းတို့၏စိတ်နလုံးများနှင့် ၎င်းတို့၏စေတနာများကို ကြည့်တော်မမူဟူ၍များ ထင်မှတ်နေကြလေသလော။ ဆွလာတ်ဝတ်ပြုရာ၌ ဤသို့ အပေါ်တဆလုပ်သူများ၊ ဝတ်ကျေဝတ်ကုန် ဆွလာတ်ဝတ်ပြုသူများ၊ စိတ်စေတနာမပါ၊ ပေါ်တန်စွာလူမြင်ရုံသာ ဆွလာတ်ဝတ်ပြုသူများ အားလုံးတို့သည် ဤအာယတ်တော်တွင် အကျုံးဝင်ကြပေသည်။ ထိုသို့သောသူများသည် ပျက်စီးကြရမည်သာတည်း။

(၃) ထိုသို့သောသူများသည် ဇကာတ်ပေးရန်နှင့် အခြားအလှူဒါနများ ပြုလုပ်ရန်ဝေးစွ၊ အိမ်နီးချင်းများတစ်အိမ်နှင့်တစ်အိမ်၊ တစ်ဦးနှင့်တစ်ဦး ငှားရမ်းလေ့ရှိသော၊ ပေးလေ့ရှိသော သာမန်အသုံးအဆောင်များဖြစ်သည့် ရေပုံး၊ ကြိုး၊ အိုး၊ ခွက်၊ ပန်းကန်၊ ပုဆိန်၊ အပ်ချည်၊ ဆား၊ မီးခြစ်စသည့် အသေးအဖွဲများကိုပင် မပေးလိုကြပေ။ မငှားရမ်းလိုကြပေ။ သာမန် အသေးအဖွဲများတွင်ပင် ဤရွေ့ဤမျှ စေးနဲ့နေကြလျှင်၊ တွန့်တိုနေကြလျှင်၊ ပြစားရန်အတွက် ဆွလာတ်ပြုခြင်းဖြင့် အသို့လျှင် အကျိုးရှိအံ့နည်း။

လူတစ်ယောက်သည် မိမိကိုယ်ကို "မုဆွလီ" - "နမာဇီ" ဟု ဆို၏။ ခေါ်တွင်စေ၏။ သို့ရာတွင် အလွှာဟ်အရှင်မြတ်နှင့်ပတ်သက်၍ကား အနည်းငယ်စိုးစဉ်းမျှ စေတနာသဒ္ဓါတရားမရှိ။ ထိုအရှင်မြတ်ဖန်ဆင်းထားတော်မူသော လူသားတို့အား မစာနာ မထောက်ထား မလေးစားပေ။ သို့ဖြစ်ရာ ထိုသို့သောသူ၏ အစွမ်းသတ္တိသည် အဘယ်မှာလျှင် အဓိပ္ပာယ်ရှိအံ့နည်း။ ထိုသို့သောသူ၏ ဆွလာတ်သည် အသို့လျှင် အကျိုးသက်ရောက်အံ့နည်း။ အချည်းနီးသာဖြစ်ချိမ့်မည်။ ဤသို့သော ပြစားမှု၊ စိတ်စေတနာ မဖြူစင်မှု၊ လူစိတ်ကင်းမှု၊ ဆင်းရဲနွမ်းပါးသူတို့အား မစာနာမထောက်ထား၊ မလေးစားမှု စိတ်ဓာတ်ခဲယဉ်းမှု၊ ညှဉ်ဖျင်းမှု၊ စေးနဲမှုများသည် အလွှာဟ်အရှင်မြတ်၏ တရားတော်နှင့် ကိယာမတ်နေ့ကို မယုံကြည်သော ဓမ္မန္တရာယ်များ၏ အကျင့်အမူ သာဖြစ်ရာချေသည်။

ကောင်းခြင်းအမြောက်အမြားကဏ္ဍ



ဤကဏ္ဍသည် "အလ်ကောင်ဆရ်" ကောင်းခြင်းအမြောက်အမြား ကဏ္ဍမည်၏။
မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၃)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊
မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ (အို-နဗီတမန်တော်) ဧကန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား များပြားလှစွာသော ကောင်းခြင်းများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ [၁]

اِنَّآ اَعْطَيْنٰكَ الْكَوْثَرَ ①

၂။ သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ရည်သန်၍ ဆွလာတ် ဝတ်ပြုပါလေ။ ထို့မှတပါး အသင်သည် (ထိုအရှင်မြတ်အား ရည်သန်၍ သားကောင်ကို) ကုရ်ဗာနီပြုပါလေ။ [၂]

فَصَلِّ لِرَبِّكَ وَانْحَرْ ②

---

① "ကောင်ဆရ်"။

"ကောင်ဆရ်" ဟူသောပုဒ်၏ အဘိဓာန်အနက်မှာ 'ကောင်းခြင်းအမြောက်အမြား' ဟူ၍ဖြစ်၏။ မုဖတ်စိစိရ်များသည် ယင်းပုဒ်ကို-

(၁) ဂျန္နတ်ရှိ "ကောင်ဆရ်" ရေကန်တော်ဟူ၍လည်းကောင်း၊

(၂) ကုရ်အာန်ကျမ်းမြတ်ဟူ၍လည်းကောင်း

(၃) တမန်တော်ဖြစ်ခြင်းကျမ်းဂန်၊ မှန်ကန်သောအသိဉာဏ်ဟူ၍လည်းကောင်း၊

(၄) တပည့်နောက်လိုက် များပြားခြင်းဟူ၍ လည်းကောင်း၊

(၅) ကောင်းခြင်းအမြောက်အမြားဟူ၍လည်းကောင်း၊

(၆) တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်က သတ္တဝါအားလုံးတို့ထက် ပိုမိုထူးကဲစွာ ချီးမြှင့်ထားတော်မူသည့် တမန်တော်အဖြစ်၊ ကျမ်းဂန်၊ မှန်ကန်သော အသိဉာဏ်၊ ပညာ (ရူဖာအတ်) အသနားခံပေးခွင့်၊ 'ကောင်ဆရ်' ရေကန်တော်၊ (မကာမ်မတ်မူဒ်) ဂုဏ်ပြုရာဌာန၊ နောက်လိုက်တပည့် များပြားခြင်း၊ အစွမ်းလာမ်သာသနာနှင့် ထိုသည့်သာသနာကို အခြား သာသနာအားလုံးတို့ထက် ထင်ပေါ်ကျော်ကြားစေခြင်း၊ သိသာစေခြင်း၊ တမန်တော်မြတ်၏လက်ထက်တော်တွင်လည်းကောင်း၊ ➤➤

إِنَّ شَانِئَكَ هُوَ الْأَبْتَرُ ﴿٣﴾

၃။ ဧကန်မလွဲ အသင်၏ရန်သူသည်သာလျှင် အညွှန့်တုံးသူ ဖြစ်ချေသတည်း။ [၁]

➤➤ တမန်တော်မြတ်၏နောက် ကိယာမတ်တိုင် ရန်သူများအား အောင်နိုင်ခြင်းစသည့် ထူးကဲမြင့်မြတ်မြားမြောင်လှသော ဂုဏ်ကျေးဇူးတော်များဟူ၍လည်းကောင်း၊ အနက်အမျိုးမျိုး ဖွင့်ဆိုကြပေသည်။

ကြည့်-ခါဇင်။

(၂) ကုရ်ဗာနီ။

ကျေးဇူးတော်ကြီးမားထူးကဲ မြင့်မြတ်သည်နှင့်အမျှ ကျေးဇူးတုံ့ပြန်မှုသည်လည်း ကြီးမားရမည်သာ ဖြစ်သည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်သည် မိမိ၏ စိတ်ဖြင့်လည်းကောင်း၊ ကိုယ်ခန္ဓာဖြင့်လည်းကောင်း၊ ဥစ္စာပစ္စည်းဖြင့်လည်းကောင်း အလ္လာဟ်အရှင်မြတ်အား အမြဲတစေ ဝတ်ပြုလျက်ရှိနေရမည့်အကြောင်း မိန့်ကြားထားတော်မူခြင်း ဖြစ်သည်။

စိတ်နှင့်ဆိုင်သော်၊ ကိုယ်ခန္ဓာနှင့်ဆိုင်သော ဝတ်ပြုမှုများတွင် အကြီးဆုံး ဝတ်ပြုမှုမှာ "ဆွလာတ်" ပင်ဖြစ်သည်။ ဥစ္စာပစ္စည်းနှင့်ဆိုင်သော ဝတ်ပြုမှုများတွင် ကုရ်ဗာနီ ပြုလုပ်ခြင်းသည် အလွန် ထူးခြားသော ဝတ်ပြုမှုတစ်ရပ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်အိဗ်ရာဟီမ်နှင့် သားတော် အစ္စမာအီလ်၏ အတ္ထုပ္ပတ္တိကို ကြည့်ရှုခြင်းအားဖြင့် ကုရ်ဗာနီ၏ မူလအစအခြေအမြစ်မှာ အသက်ဇီဝိန်ကို ကုရ်ဗာနီပြုခြင်းပင် ဖြစ်ခဲ့ပေသည်။ ထို့နောက်သော်မှ အချို့အကျိုးအကြောင်းများကိုထောက်ရှုကာ အသက်ကို ကုရ်ဗာနီပြုလုပ်ရမည့် အစား သားကောင်များကို ကုရ်ဗာနီပြုလုပ်ရန် သတ်မှတ်တော်မူလိုက်ခြင်း ဖြစ်ပေသည်။ ထို့အတွက်ကြောင့်ပင် ကုရ်အာန်ကျမ်းမြတ် (၆း၁၆၃-၁၆၄)တွင်လည်း ဆွလာတ်နှင့် ကုရ်ဗာနီကို ဒွန်တွဲ မိန့်ဆိုထားတော်မူသည်။

(၃) အချို့ကာဖိရ်များက တမန်တော်မြတ်နှင့်ပတ်သက်၍ "ဤပုဂ္ဂိုလ်၌ သားယောကျ်ား တစ်ဦးတစ်ယောက်မျှ မရှိ၊ ဤပုဂ္ဂိုလ်၏အမည်သည် ဤပုဂ္ဂိုလ် အသက်ထင်ရှား ရှိနေစဉ်၌သာ တည်ရှိနေပေမည်။ ဤပုဂ္ဂိုလ် သေဆုံးပြီးနောက် ၎င်း၏အမည်ကို မည်သူတစ်ဦးတစ်ယောက်မျှ ထုတ်ဖော်သုံးစွဲမည်မဟုတ်၊ ဤပုဂ္ဂိုလ် သေဆုံးသည်နှင့်အမျှ ၎င်း၏အမည်သည်လည်း တိမ်မြုပ် သွားပေမည်" ဟု မမှန်မကန် ပြောဆိုခဲ့ကြပေသည်။ အရဗ်စာပေ ဝေါဟာရတွင် ထိုသို့ ကျောထောက်နောက်ခံ အမွေဆက်ခံသူမရှိသော ပုဂ္ဂိုလ်မျိုးအား "အဗ်တရ်" ဟူ၍ ခေါ်ဝေါ် သုံးစွဲလေ့ ရှိကြသည်။

"အဗ်တရ်"၏ မူရင်းအနက်မှာ အမြီးပြတ်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်ကား ဤပုဂ္ဂိုလ် အမြီးပြတ်သွားပြီ၊ အမွေဆက်ဆံသူ မရှိပြီ၊ အဆက်ပြတ်ပြီ၊ အညွှန့်တုံးပြီ၊ အစတုံးပြီဟူ၍ဖြစ်သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် တုံ့ပြန်ချေပ ဖြေရှင်းထားတော်မူသည်မှာ တမန်တော်မြတ်သည် "အဗ်တရ်" အလျင်းမဟုတ်၊ အစတုံး၊ အညွှန့်တုံးမဟုတ်၊ တမန်တော်မြတ် အားယင်းသို့ ပြောဆိုသူများသည်သာလျှင် အစတုံးသူများဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား "ကောင်ဆရ်" ကို ချီးမြှင့်ထားတော် မူသည်။ ကောင်းခြင်းအမြောက်အမြားကို ပေးသနားထားတော်မူသည်။ သို့ဖြစ်ရာ တမန်တော်မြတ်၏ ကောင်းချီးသတင်းများသည် အမြဲထာဝစဉ် ပေါ်လွင်ထင်ရှား ကျော်ကြား၍နေမည်သာ ဖြစ်သည်။ တမန်တော်မြတ်အား "အဗ်တရ်"ဟူ၍ ဆိုခြင်းမှာ လွန်စွာမိုက်မဲခြင်းသာဖြစ်သည်။ အမှန်မှာ ထိုသို့သော တမန်တော်မြတ်အား ➤➤

➢➢ မလိုမုန်းတီး၍ မိမိနောက်တွင် မိမိနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အကောင်းပြောဆိုမည့်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခဲ့သူ၊ မိမိနောက်တွင် သူငါအများ အမှတ်တရ ထုတ်ဖော်ပြောဆိုနိုင်ရန် ကောင်းမှုတစ်စုံတစ်ရာ မပြုခဲ့သူသာလျှင် "အဗ်တရ်" ဖြစ်ပေသည်။

တမန်တော်မြတ် ကွယ်လွန်သေဆုံးတော်မူခဲ့သည်မှာ ယခုဆိုသော် နှစ်ပေါင်း (၁၄၀၀) ကျော်လာခဲ့ပေပြီ။ ယင်းသို့ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီဖြစ်သော်လည်း တမန်တော်မြတ်၏အမည်နာမသည် မတိမ်မြုပ်သည် သာမက တိုး၍တိုး၍သာ ကျော်ကြားထင်ရှားလျက် ရှိပေသည်။

တမန်တော်မြတ်၏ ဂုဏ်သတင်းမှာ တစ်နေ့ထက် တစ်နေ့ တိုးတက်ပျံ့နှံ့သင်းကြိုင်လျက်သာ ရှိပေသည်။ တမန်တော်မြတ်အား ယုံကြည်မြတ်နိုးသော နောက်လိုက် တပည့်သားတို့သည်လည်း ကမ္ဘာအရပ်ရပ်တွင် တစ်နေ့တစ်ခြား တိုးပွားများပြားလျက်သာ ရှိကြပေသည်။ တမန်တော်မြတ်၏ ဆွေတော်မျိုးတော်များမှာလည်း မြောက်မြားစွာသော နိုင်ငံများတွင် ရောက်ရှိပျံ့နှံ့လျက် ရှိကြပေသည်။

တမန်တော်မြတ် ယူဆောင်လာတော်မူခဲ့သော သာသနာတော်နှင့် တမန်တော်မြတ် စံပြအဖြစ် ကျင့်မူဆောက်တည်ထား တော်မူခဲ့သော လမ်းစဉ်များသည်လည်း ကမ္ဘာတစ်ဝန်း၌ နေရောင် လရောင်ပမာ ထွန်းတောက်လျက် ရှိပေသည်။ ထောင်ပေါင်းများစွာသော လူသားတို့သည်လည်း တမန်တော်မြတ်အား ချစ်ကြည် မြတ်နိုးလှသဖြင့် တမန်တော်မြတ်အား အခါခပ်သိမ်း အောက်မေ့တသ သတိရလျက်ရှိကြပေသည်။ မေတ္တာပို့သလျက် ရှိကြပေသည်။ တမန်တော်မြတ်၏ အံ့မဆုံးသည့် ကမ္ဘာ့အကျိုးပြုလုပ်ငန်းများကို တမန်တော်မြတ်အား ယုံကြည်သူများသာမက မယုံကြည်သူ များကပင်လျှင် ဝန်ခံထုတ်ဖော် ချီးမွမ်းလျက်ရှိကြပေသည်။

ထို့ပြင်တဝ နောင်တမလွန်ဘဝ၌ တမန်တော်မြတ်သည် "မကာမ်မဟ်မူဒ်" ကမ္ဘာဂုဏ်ပြုရာဌာနတွင် ကမ္ဘာတစ်ဝန်း၏ ဂုဏ်ပြုခြင်းကိုလည်း ခံတော်မူရဦးမည်။ ဤသို့ ဤဘဝ၊ ထိုဘဝ နှစ်ဌာနလုံး၌ အမြဲထာဝစဉ် ကောင်းသတင်းကြိုင်လျက် ရှိတော်မူသော တမန်တော်မြတ်သည် အသို့လျှင် "အဗ်တရ်" (အညွှန့်တုံး၊ အစတုံး) ဖြစ်တော်မူနိုင်အံ့နည်း။

ထိုသို့သော တမန်တော်မြတ်အား မပြောအပ်၊ မဆိုအပ် "အဗ်တရ်"ဟု မရိုမသေ မလေးမစား၊ မခန့်မညား ပြောဆိုခဲ့သူများမှာမူ ယနေ့ကမ္ဘာတွင် အညွှန့်တုံး၊ အစတုံးဖြစ်ကာ အပျောက်ကြီး ပျောက်လျက်၊ အတိမ်ကောကြီး တိမ်ကောလျက်ရှိပေသည်။ ၎င်း၏အမည်ကို ကောင်းမြတ်သောစေတနာဖြင့် ထုတ်ဖော်ပြောဆိုမည့်သူ တစ်ဦးတစ်ယောက်မျှပင် မရှိချေပြီ။ ထို့အတူ နောက်နောင်တွင် တမန်တော်မြတ်အား ယင်းသို့ မရိုမသေ၊ မလေးမစား၊ မခန့်မညား ပြုလုပ်ပြောဆိုသူများသည်လည်း ထိုသူယုတ်ကဲ့သို့ပင် အညွှန့်တုံး၊ အစတုံးဖြစ်ကြရမည်သာတည်း။

မယုံကြည်သူများကဏ္ဍ



ဤကဏ္ဍသည် (အလ်ကာဖိရူန) မယုံကြည်သူများ ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၆)ပါး ပါရှိ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

قُلْ يٰٓاَيُّهَا الْكٰفِرُوْنَ ۝١

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ၊ အို-"ကာဖိရ်" ငြင်းပယ်သူအပေါင်းတို့။

لَآ اَعْبُدُ مَا تَعْبُدُوْنَ ۝٢

၂။ ငါသည် အသင်တို့ ကိုးကွယ်လျက်ရှိကြသော ကိုးကွယ်ရာများကို ကိုးကွယ် ဆည်းကပ်သည် မဟုတ်ပေ။

وَلَآ اَنْتُمْ عٰبِدُوْنَ مَآ اَعْبُدُ ۝٣

၃။ ၎င်းပြင် အသင်တို့သည်လည်း ငါ ကိုးကွယ်လျက်ရှိသော ကိုးကွယ်ရာကို ကိုးကွယ်ဆည်းကပ်ကြသူများ မဟုတ်ပေ။

---

① **တောင်ဟီဒ်နှင့် ရှိရ်ကိ်၏ချစ်ကြည်မှု အလျင်းမဖြစ်နိုင်။**

ကုရိ်ကိ်ရှမ်းမျိုးနွယ်၏ အချို့အကြီးအကဲများက တမန်တော်မြတ်အား "အသင်သည် တစ်နှစ် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများကို ဆည်းကပ်ကိုးကွယ်ပါလေ။ ဒုတိယနှစ်တွင် ကျွန်ုပ်တို့သည် အသင်၏ကိုးကွယ်ရာ အရှင်သခင်အား ဆည်းကပ်ကိုးကွယ်ကြပါမည်။ ဤသို့ဖြင့် အုပ်စုနှစ်ခုလုံးသည် အုပ်စုအသီးသီး၏ ဘာသာအယူဝါဒမှ နည်းများမဆို အကျိုးခံစားကြရမည်ဖြစ်သည်"ဟု ချစ်ကြည်ရေးစကား ပြောဆိုလာကြရာ၊ တမန်တော်မြတ်က "ဤသို့ အလျင်းမဖြစ်နိုင်၊ အကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ အခြားတစ်စုံတစ်ရာကို တစကန့်မျှပင်လျှင် ယှဉ်တွဲ မကိုးကွယ်နိုင်ပါ"ဟု ဖြေကြားတော်မူလိုက်လေသည်။

ထိုအခါ ကုရိ်ကိ်ရှမျိုးနွယ်၏ အကြီးအကဲများက "သို့ဖြစ်လျှင်၊ အသင်သည် ကျွန်ုပ်တို့၏ အချို့ကိုးကွယ်ရာများကို လက်ခံပါလေ။ (ထိုကိုးကွယ်ရာများကို ကဲ့ရဲ့ပြစ်တင် ပြောဆိုခြင်း မပြုပါလေနှင့်)။ ကျွန်ုပ်တို့သည် အသင့်အား ထောက်ခံယုံကြည်ပါမည်။ အသင်၏ ကိုးကွယ်ရာ အရှင်သခင်ကိုလည်း ဆည်းကပ်ကိုးကွယ်ကြပါမည်"ဟု တဖန် ပြောဆိုကြပြန်လေသည်။ ထိုအခါ ဤကဏ္ဍကျရောက်လာခဲ့လေသည်၊ ➤➤

وَلَآ أَنَا۠ عَابِدٌ مَّا عَبَدتُّمْ ۝٤

၄။ ထို့ပြင် ငါသည် အသင်တို့ ကိုးကွယ်ကြကုန်သော ကိုးကွယ်ရာများကို ကိုးကွယ်ဆည်းကပ်မည့်သူ မဟုတ်ပေ။

وَلَآ أَنتُمْ عَٰبِدُونَ مَآ أَعْبُدُ ۝٥

၅။ ထိုနည်းတူစွာ အသင်တို့သည်လည်း ငါကိုးကွယ်သော ကိုးကွယ်ရာကို ကိုးကွယ်ဆည်းကပ်ကြမည့်သူများ မဟုတ်ပေ။

لَكُمْ دِينُكُمْ وَلِيَ دِينِ ۝٦

၆။ (စင်စစ်မှာကား) အသင်တို့အဖို့ အသင်တို့၏ အကျိုး၊ လမ်းစဉ်၊ သာသနာဖြစ်၍ ငါ၏အဖို့ ငါ၏ အကျိုး၊ လမ်းစဉ်၊ သာသနာပင်ဖြစ်ပေသည်။ [၁]

➤➤ တမန်တော်မြတ်သည်လည်း ကျောင်းတော်တွင်းသို့ သွားရောက်၍ အသင့်ရောက်ရှိနေသော ကုရိုက်ရှမ်းနွယ်အကြီးအကဲတို့အား ဤကဏ္ဍကို ရွတ်ဖတ်ပြတော်မူလိုက်လေသည်။

ဤကဏ္ဍ၏ အချုပ်သဘောမှာ- တောင်ဟိဒ်နှင့်ရှိရိုက်သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ အဘယ်သောအခါ၌မျှ၊ မည်သည့်နည်းနှင့်မျှ ညှိနှိုင်းစေ့စပ်ချစ်ကြည်မှုပြုရန် အလျင်းမဖြစ်နိုင်။ ဤကဏ္ဍတွင် ဤသည့်အကြောင်းကိုပင် အတိအလင်း ကြေညာထားတော်မူသည်။ တမန်တော်များ၏ အဓိကတာဝန်မှာ တောင်ဟိဒ်ကို ပေါ်လွင်ထင်ရှားစေရန်နှင့် ရှိရိုက်ကို အခြေအမြစ်မှ တော်လှန်ချေမှုန်းရန်ပင် ဖြစ်သည်။ သို့ဖြစ်ရာ တမန်တော်မြတ်သည် ကုရိုက်ရှမ်းနွယ်အကြီးအကဲများ ပြောဆိုလာသော တောင်ဟိဒ်နှင့်ရှိရိုက်၏ ချစ်ကြည်ရေးစကားကို အသိုလျှင် လက်ခံတော်မူနိုင်အံ့နည်း။ အမှန်မှာ အလွှာဟ်အရှင်မြတ်သာလျှင် ဆည်းကပ်ကိုးကွယ်ရာ အရှင်သခင် ဖြစ်တော်မူသည်။ ဤတွင် အကွဲအပြားမရှိ။ မုရ်ရစ်က်များသည်ပင်လျှင် ဤသည့်အချက်ကို လက်ခံကြပေသည်။ ၎င်းတို့ကိုယ်တိုင်ကပင် "ရုပ်တုများကို ကျွန်ုပ်တို့ ဆည်းကပ်ကိုးကွယ်ခြင်း၏ အကြောင်းမှာ ယင်းရုပ်တုများသည် ကျွန်ုပ်တို့အား အလွှာဟ်အရှင်မြတ်၏ထံတော်ပါးသို့ နီးကပ်ပေးစေရန်အတွက် သာလျှင်ဖြစ်သည်" ဟု ဖွင့်ဟပြောဆိုကြပေသည်။ ကြည့်-ကုရ်အာန် (၃၉:၃)။

ကွဲပြားမှုမှာ အလွှာဟ်အရှင်မြတ်မှတပါး အခြားအရာများကို ဆည်းကပ်ကိုးကွယ်ခြင်း၌သာ ရှိပေသည်။ သို့ဖြစ်ပေရာ ကုရိုက်ရှမ်းနွယ်၏ အကြီးအကဲများ တင်ပြသော ဘာသာအချင်းချင်း ညီညွတ်မှု၊ ချစ်ကြည်မှု၏ အချုပ်သဘောမှာ ကျွန်ုပ်တို့သည် မိမိတို့၏ကိုးကွယ်ရာများကို ယခင်အတိုင်း ဆက်လက်၍ အစဉ်တစိုက် ဆည်းကပ် ကိုးကွယ်လျက် ရှိကြမည်။ (ဝါ) အလွှာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်မှတပါး အခြား ကိုးကွယ်ရာများကိုလည်းကောင်း၊ ဒွန်တွဲဆည်းကပ် ကိုးကွယ်လျက်ရှိကြမည်။ အသင် (တမန်တော်) သည် အလွှာဟ်အရှင်မြတ် တပါးတည်းအား ဆည်းကပ်ကိုးကွယ်ခြင်းတည်းဟူသော တောင်ဟိဒ်တရားကို စွန့်ရမည်ဖြစ်သည်ဟူ၏။ ဤသည့်တောင်ဟိဒ်နှင့်ရှိရိုက်၏ ချစ်ကြည်ရေးစကားကို အလျင်းလက်မခံကြောင်း ကြေညာရန်အတွက် ဤကဏ္ဍကျရောက်လာခဲ့ခြင်းဖြစ်သည်။

① ဆိုလိုသည်ကား ကျွန်ုပ်သည် 'တောင်ဟိဒ်'ကို မစွန့်နိုင်။ အသင်တို့သည် 'ရှိရိုက်'ကို မစွန့်နိုင်။ ➤➤

အကူအညီကဏ္ဍ



ဤကဏ္ဍသည် 'အနှုတ်ဆွဲရ်' အကူအညီမည်၏။ မဒီနာမြို့တော်၌ ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၃)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

اِذَا جَآءَ نَصْرُ اللّٰهِ وَالْفَتْحُ ۝١

၁။ (အို-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်၏ အကူအညီသည်လည်းကောင်း၊ အောင်နိုင်မှုသည်လည်းကောင်း၊ ရောက်ရှိခဲ့သောအခါ။

وَرَاَيْتَ النَّاسَ يَدْخُلُوْنَ فِيْ دِيْنِ اللّٰهِ اَفْوَاجًا ۝٢

၂။ ၎င်းပြင် အသင်သည် လူတို့အား အလ္လာဟ်အရှင်မြတ်၏ "ဒီန်" သာသနာတော်၌ အသင်းလိုက်အဖွဲ့လိုက် ဝင်ရောက်လျက် ရှိကြသည်ကို တွေ့မြင်သောအခါ။ [၁]

فَسَبِّحْ بِحَمْدِ رَبِّكَ وَاسْتَغْفِرْهُ ؕ اِنَّهٗ كَانَ تَوَّابًا ۝٣

၃။ (ထိုအခါ) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ချီးမွမ်းထောပနာပြုခြင်းအားဖြင့် (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်း မြွက်ဆိုပါလေ။ ထိုမှတပါး အသင်သည် ထိုအရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံပါလေ။

---

① ဤအာယတ်တော်တွင် အောင်နိုင်မှုသည် အာရေဗျပြည်နယ်၏ ဗဟိုချက်မမြို့တော်ဖြစ်သော မက္ကာမြို့တော်ကို တမန်တော်မြတ် ပြန်လည်အောင်နိုင်ခြင်းကို ဆိုလိုသည်။ များစွာသော အရဗ်မျိုးနွယ်စုများသည် အစ္စလာမ်အတွင်း ဝင်ရောက်ရေးတွင် မက္ကာမြို့တော်လိုပင် စောင့်ကြည့်နေခဲ့ကြပေသည်။ မက္ကာမြို့တော်ကို ပြန်လည်မအောင်မြင်မီ အချိန်ပိုင်းတွင် အစ္စလာမ်အတွင်းသို့ အရဗ်မျိုးနွယ်စုများမှ တစ်ဦးစီသာ ဝင်လေ့ရှိခဲ့ကြပေသည်။ မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်ပြီးသည့် နောက်ပိုင်းတွင်မူ အရဗ်မျိုးနွယ်စုများသည် အုပ်စုလိုက် အုပ်စုလိုက် အစ္စလာမ်အတွင်းသို့ ဝင်လာခဲ့ကြပေသည်။ အာရေဗျကျွန်းစွယ်တစ်ခုလုံးသည် အစ္စလာမ်ကို သက်ဝင်ယုံကြည်လာခဲ့ပေသည်။ ဤသည် တမန်တော်မြတ် ပွင့်တော်မူခြင်း၏ ရည်ရွယ်ချက်ပြည့်စုံခြင်းပင်။

၈ကန်မလွဲ ထို အရှင်မြတ်သည် ဝန်ချတောင်းပန်မှုကို အလွန်တရာ လက်ခံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၁]

မီးတောက်မီးလျှံကဏ္ဍ



ဤကဏ္ဍသည် "အလ္လဟဗ်" မီးတောက်မီးလျှံ ကဏ္ဍမည်၏။ မက္ကာမြို့တော်တွင် ကျရောက်၏။ ဤကဏ္ဍတွင် အာယတ်တော် (၅) ပါး ရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတော်တော်မူသော မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ○

၁။ အဗူလဟဗ်၏ လက်နှစ်ဖက်သည် ကျိုးပဲ့ပျက်စီးစေသား။ ထို့ပြင် ၎င်းကိုယ်တိုင်လည်း ပျက်စီးစေသား။

تَبَّتْ يَدَآ اَبِىْ لَهَبٍ وَّتَبَّ ①

---

① တမန်တော်မြတ်သည် မက္ကာမြို့တော် ပြန်လည်အောင်နိုင်ချေပြီ။ အစ္စလာမ်သည် ပြည့်ဝစုံလင်ချေပြီ။ အာရေဗျကျွန်းဆွယ်ကြီး တစ်ခုလုံးသည်လည်း အစ္စလာမ်ကို သက်ဝင်ယုံကြည် လာချေပြီ။ တမန်တော်မြတ် ပွင့်တော်မူခြင်း၏ ရည်ရွယ်ချက်မှာလည်း ပြည့်ဝချေပြီ။ ယခုမူ နောင်တမလွန်ဘဝခရီး စတင်ရန်အချိန် နီးကပ်လာချေပြီ။ ထို့အတွက် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား ဤပစ္စက္ခတွင် ဆောင်ရွက်ရန် ကိစ္စအဝဝ ပြီးဆုံးပြီ ဖြစ်ပါ၍ နောင်တမလွန်အရေးတွင် အထူးတလည် လုံးပန်းရန်၊ မိမိ၏အရှင်သခင်အား အထူးတလည် ဂုဏ်တော်မွမ်းရန် မိမိ၏ အရှင်သခင်အား အထူးတလည် ကျေးဇူးတုံ့ပြန်ရန် ထို့ပြင်တဝဤဘဝမှ ထိုဘဝသို့ ကူးပြောင်းရတော့မည် ဖြစ်သည့်အတွက် မိမိအဖို့လည်းကောင်း၊ မိမိ၏နောက်လိုက် တပည့်သားတို့အဖို့လည်းကောင်း၊ လွတ်ငြိမ်းခွင့်ပန်ကြားရန် မိန့်ကြားတော်မူခြင်း ဖြစ်စေသည်။

ဤကဏ္ဍကျရောက်လာသည့်အခါ တမန်တော်မြတ်နှင့်အတူ အချို့ဆွေဘဝဗဟ် သာဝကကြီးများသည် တမန်တော်မြတ် ကွယ်လွန်တော်မူရန် အချိန်နီးကပ်လာပြီ ဖြစ်ကြောင်းကို ရိပ်စားမိခဲ့ကြလေသည်။ ထိုအချိန်မှစ၍ တမန်တော်မြတ်အား ပြုံးရွှင်စွာ နေထိုင်တော်မူသည်ကို မတွေ့မြင်ရတော့ပေ။

တမန်တော်မြတ်သည် မက္ကာမြို့တော်ကို ဟိဂျရီသက္ကရာဇ် (၈)ခုနှစ်၊ ရမသွန်လမြတ်တွင် ပြန်လည် အောင်နိုင်တော်မူခဲ့လေသည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ် ကဏ္ဍ(၄၀)တွင် အကျယ်တဝင့် ပါရှိခဲ့ချေပြီ။

مَآ اَغۡنٰى عَنۡهُ مَالُهٗ وَمَا كَسَبَ ۝٢

၂။ ၎င်း၏ ပစ္စည်းဥစ္စာသည်လည်း ၎င်း၏အဖို့ အသုံးဝင်သည် မဟုတ်ပေ။ ထိုနည်းတူစွာ ၎င်းရှာဖွေဆည်းပူးခဲ့သော (အမြတ်အစွန်း၊ သားသမီး)သည်လည်း အသုံးဝင်ခဲ့သည် မဟုတ်ပေ။

سَيَصۡلٰى نَارًا ذَاتَ لَهَبٍ ۝٣

၃။ မကြာမြင့်မီပင် ၎င်း ကိုယ်တိုင်လည်း ဟုန်းဟုန်း တောက်လောင်လျက်ရှိသော မီးထဲသို့ ဝင်ရောက်ရပေမည်။ [၁]

---

① တမန်တော်မြတ်သည် အစ္စလာမ် ထွန်းကားခါစအချိန်တွင် ပထမသော် အစ္စလာမ်ကို လျှို့ဝှက်စွာ ဟောကြားတော်မူလေ့ရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် ကုရ်အာန်ကျမ်းလာ အာယတ်တော်(၂၆း၂၁၄)ကျရောက်လာပြီး အတိအလင်း တရားဟောကြားရန် အမိန့်တော် ရောက်ရှိလာသည့်အခါ တမန်တော်မြတ်သည် ဆွေဘာတောင်ထိပ်သို့ တက်၍ မိမိသားချင်းများအား စုရုံးကာ အစ္စလာမ်၏ တရားတော်ကို အတိအလင်း ဟောကြားတော်မူလေသည်။ ထိုအခါ အဗူလဟဗ်က တမန်တော်မြတ်အား "အသင် ပျက်စီးပါစေ၊ အသင်သည် ငါတို့အား ဤကိစ္စအတွက် စုရုံးစေ သလော"ဟု ကျိန်ဆဲပြောဆိုလေသည်။ ထိုအခါ ဤကဏ္ဍကျရောက်လာခဲ့ပေသည်။ ထာနဝီ။

"အဗူလဟဗ်" သည် အခြားမဟုတ်၊ တမန်တော်မြတ်၏ ဦးရီးအရင်းခေါက်ခေါက်တစ်ဦးဖြစ်သည်။ ၎င်း၏အမည်ရင်းမှာ အဗ်ဒုလ်အုဇ္ဇာအိဗ်နု အဗ်ဒုလ် မွတ္တလိဗ်ဟူ၍ဖြစ်သည်။

"အဗူလဟဗ်"၏ မူရင်းအဓိပ္ပာယ်မှာ "မီးတောက်မီးလျှံ၏အဘ" ဟူ၍ဖြစ်သည်။ ဤသည် ရဋ္ဌိအမည်တစ်မျိုးပင်ဖြစ်သည်။ ယင်းသို့အမည်မှည့်ခေါ်ခြင်းမှာ အဗူလဟဗ်၏ မျက်နှာအရည်အသွေး နီခြင်းကြောင့် ဖြစ်သည်။ ထိုမှတပါး အဗူလဟဗ်သည် နောင်တချိန်တွင် နိရဲလျက်ရှိသော မီးတောက်မီးလျှံအတွင်းသို့ ရောက်ရှိရမည် ဖြစ်ခြင်းကြောင့်လည်း ဖြစ်ပေသည်။

အဗူလဟဗ်သည် တမန်တော်မြတ်၏ဦးရီး အရင်းခေါက်ခေါက် ဖြစ်သော်လည်း ကာဖိရ်သွေဖည်မှု၊ ငြင်းဆန်မှု၊ စိတ်ဓာတ်မာကျောမှု၊ ခဲယဉ်းမှုများကြောင့် တမန်တော်မြတ်အား အကြီးအကျယ် ဆန့်ကျင်ခဲ့လေသည်။ အန္တရာယ်ပြုခဲ့လေသည်။ ဦးရီးသည် ရန်သူကြီးဖြစ်ခဲ့လေသည်။

အဗူလဟဗ်သည် တမန်တော်မြတ်အား အမျိုးမျိုး အန္တရာယ်ပြုခဲ့သည်။ တမန်တော်မြတ် တရားဟောကြားတော်မူသည့်အခါ အဗူလဟဗ်သည် ခဲများဖြင့်ပေါက်လေ့ရှိသည်။ တစ်ခါသော် တမန်တော်မြတ်သည် 'ဇုလ်မဂျာဇ်' ဈေးသို့သွား၍ တရားဟောကြားတော်မူ၏။ အဗူလဟဗ်သည် တမန်တော်မြတ်အား နောက်မှလိုက်၍ ခဲများဖြင့်ပေါက်လေရာ၊ တမန်တော်မြတ်၏ ခြေသလုံးနှင့် ခြေထောက်မှ သွေးများယိုစီးလာခဲ့ပေသည်။ ယင်းသို့ခဲများဖြင့် ပေါက်သည်သာမက အဗူလဟဗ်က လူများအား "အသင်တို့သည် ဤသူ၏စကားကို နားမထောင်ကြနှင့်၊ ဤသူသည် လူလိမ်ဖြစ်သည်။ သာသနာမဲ့ဖြစ်သည်"ဟူ၍ပင် ဖြားယောင်းပြောဆိုခဲ့လေသည်။ တစ်ခါတစ်ရံ အဗူလဟဗ်က "မုဟမ္မဒ်သည် ငါတို့အား သေပြီးနောက် ဤသို့၊ ထိုသို့ ဖြစ်ကြရမည်၊ ခံစံကြရမည် စသည်ဖြင့် အမျိုးမျိုးပြောဆိုသည်။ သို့ရာတွင် သူပြောဆိုသောစကားများသည် ဖြစ်ပေါ်လာသည် မတွေ့ရှိရပေ"ဟု ပြောဆိုလေ့ရှိသည်။ သို့ပြောဆိုပြီးနောက် အဗူလဟဗ်သည် မိမိ၏လက်နှစ်ဖက်ကိုညွှန်ကာ ➤➤

➤➤ "အို-လက်နှစ်ဖက်၊ အသင်တို့ ပျက်စီးပါစေ၊ အသင်တို့တွင် မုဟမ္မဒ်ပြောဆိုသော စကားများအနက် တစ်စုံတစ်ရာ မျှပင် မတွေ့မမြင်ရပါတကား"ဟု ပြက်ရယ် ပြောဆိုလေ့ရှိခဲ့ပေသည်။

အချုပ်အားဖြင့်ဆိုရသော် တမန်တော်မြတ်အပေါ်၌ အဗူလဟဗ်၏ရန်ပြုမှု၊ အန္တရာယ်ပြုမှုတို့သည် ကမ်းကုန်နေချေပြီ။ သို့အလွန်အကျွံ အန္တရာယ်ပြုသည့်အတွက် အဗူလဟဗ်အား အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခံရမည့်အကြောင်း သတိပေးလျှင် အဗူလဟဗ်က "အကယ်၍အမှန်တကယ် ပြစ်ဒဏ်ခံရ မည့် အရေးရှိပါကလည်းကျွန်ုပ်ထံတွင်ဥစ္စာပစ္စည်းသားသမီး အမြောက်အမြားရှိသည်။ ဤသည်တို့ကို လျော်ကြေးအဖြစ် ပေးသွင်း၍ ကျွန်ုပ် ပြစ်ဒဏ်မှလွတ်မြောက်အောင် ကြိုးစားမည်" ဟု ပြောဆိုလေ့ရှိသည်။

အဗူလဟဗ်၏ဇနီးဖြစ်သူ အုမ္မုဂျမီလ်သည်လည်း တမန်တော်မြတ်အား အလွန်မုန်းတီးသည်။ ရန်ပြုသည်။ မိမိခင်ပွန်းအား မီးလောင်ရာ လေပင့်ဆိုသကဲ့သို့ တမန်တော်မြတ်ကို ပို၍ပို၍ အန္တရာယ်ပြုရန် မြောက်ဆွပေးလေ့ရှိသည်။

ဤကဏ္ဍတွင် ဇနီးမောင်နှံနှစ်ဦးတို့၏ နောက်ဆုံးအခြေအနေကိုဖော်ပြပြီး သတိပေးထားတော်မူသည်မှာ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ သားချင်းဖြစ်စေ၊ သူစိမ်းဖြစ်စေ၊ အကြီးဖြစ်စေ၊ အငယ်ဖြစ်စေ၊ အမှန်တရားကို ရန်ပြုပါက ဆန့်ကျင်ပါက နောက်ဆုံးတွင် အရှက်တကွဲအကျိုးနည်းဖြစ်ကာ၊ ပျက်စီးခြင်းကြီးမက ပျက်စီးသွားရမည်သာဖြစ်သည်။

ဥစ္စာပစ္စည်း သားသမီးများ သည် အနည်းငယ်စိုးစဉ်းမျှပင် အကျိုးပြုနိုင်ကြမည် မဟုတ်ပေ။ တမန်တော်မြတ်နှင့်ဆွေမျိုးတော်စပ်ခြင်းသည်လည်း တစ်စုံတစ်ရာ အကျိုးပြုနိုင်မည်မဟုတ်ပေ။

အဗူလဟဗ်သည် လက်မထောင်ခဲ့သည်။ မိမိ၏ဥစ္စာပစ္စည်းနှင့်သားသမီးများကိုအကြောင်းပြုကာ တမန်တော်မြတ်အား အမျိုးမျိုးရန်ပြုခဲ့သည်။ အဗူလဟဗ်သိထားအပ်သည်မှာ- အမှန်မှာ ယခု အဗူလဟဗ်၏ လက်နှစ်ဖက်စလုံး ကျိုးချေပြီ။ အမှန်တရားကို ဖြိုခွင်းရန် ၎င်း၏ကြိုးပမ်းမှု အားလုံးတို့သည်လည်း အချည်းအနှီး ဖြစ်ချေပြီ။ ၎င်း၏ခေါင်းဆောင်မှုသည်လည်း ပျက်စီးချေပြီ။ ၎င်းကိုယ်တိုင် ပျက်စီးခြင်းကြီးမက ပျက်စီးနေချေပြီ။ ဤကား သမိုင်းစဉ်တွင် အထင်အရှားပင်။

ဗဒ်ရ်ဖြစ်ဆုံး၍ ခုနစ်ရက်ရှိသောအခါ အဗူလဟဗ်၌ အဆိပ်အတောက်ပါသော အဖုအကျိတ်တစ်ခု ထွက်ပေါ်လာခဲ့၏။ ရောဂါကူးစက်မည်ကို စိုးရိမ်သည့်အတွက် အိမ်သားများက အဗူလဟဗ်အား အိမ်တွင်း၌ မထားဘဲ၊ အိမ်ပြင် အခြားတစ်နေရာတွင် သွားရောက်ထားခဲ့ကြ၏။ အဗူလဟဗ်သည် ထိုနေရာမှာပင် သေဆုံးသွားခဲ့၏။ သုံးရက်တိုင်တိုင် အဗူလဟဗ်၏ အလောင်းသည် မြေမကျဘဲ ရှိနေ၏။ ၎င်း၏အလောင်းကို ကိုင်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။

နောက်ဆုံးတွင် အလွန်ပုပ်စော်နံလာသည့်အခါ အိမ်သူ၊ အိမ်သားများက နီဂရိုးလူမျိုး ကူလီများအားခေါ်၍ မြေမြှုပ်စေခဲ့ကြ၏။ အဆိုပါ ကူလီများသည်လည်း တွင်းတူးပြီး အဗူလဟဗ်၏အလောင်းကို တုတ်ဖြင့်မ၍ တွင်းထဲသို့ တွန်းချပြီးလျှင်အပေါ်မှ ခဲများဖြင့် ဖို့ထားလိုက်လေသည်။ တမန်တော်မြတ်အား ရန်ပြုခဲ့သော၊ ဂုဏ်မာနထောင်လွှားခဲ့သော အဗူလဟဗ်သည် ဤပစ္စက္ခ၌ ဤသို့အရှက်တကွဲ အကျိုးနည်း ဖြစ်သွားခဲ့ရလေသည်။ ဤကား ဤပစ္စက္ခတွင် ပျက်စီးခြင်းသာ။ နောင်ဘဝတွင် ခံစားရမည့် အပြစ်ဒဏ်ကား အတိုင်းမသိ ကြီးမားလှသည်။ မရှုမလှ ခံစားရဦးမည်သာတည်း။

وَّامۡرَاَتُهٗ ؕ حَمَّالَةَ الۡحَطَبِ ۚ﴿۴﴾

၄။ မီးဆိုက်ရန် ထင်းစည်းကို ထမ်းရွက်လျက်ရှိသော ၎င်း၏ဇနီးဖြစ်သူသည်လည်း (တစ်နည်း) ၎င်း၏ဇနီးဖြစ်သူသည်လည်း မီးဆိုက်ရန် ထင်းစည်းကို ထမ်းရွက်လျက် (တစ်နည်း) ဆူးခက်ကို ထမ်းရွက်လျက်ရှိသော ၎င်း၏ဇနီးဖြစ်သူသည်လည်း (တစ်နည်း) ၎င်း၏ဇနီးဖြစ်သူသည်လည်း ဆူးခက်ကို ထမ်းရွက်လျက် (တစ်နည်း) ၎င်း၏ကုန်းချောသူ ဇနီးသည်လည်း။ [၁]

فِىۡ جِيۡدِهَا حَبۡلٌ مِّنۡ مَّسَدٍ ۚ﴿۵﴾

၅။ ထိုဇနီးဖြစ်သူသည် လည်ကုပ်၌ စွန်ပလွံလျှော်ကို ကောင်းစွာကျစ်ထားသော ကြိုးတစ်ချောင်းလည်း ရှိချေအံ့သတည်း။ [၂]

---

① အဗူလဟဗ်၏ဇနီး အုမ္မုဂျမီလ်သည် ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသော်လည်း အလွန့်အလွန် တွန့်တိုစေးနဲလှသည့်အတွက် မိမိကိုယ်တိုင် တောတွင်းသွား၍ ထင်းခွေလေ့ရှိခဲ့သည်။ စိတ်နေသဘောထား အလွန့်အလွန် ယုတ်မာလှသည့်အတွက် တမန်တော်မြတ် သွားလာရာလမ်းတွင် ဆူးများကို ပစ်ထားလေ့ရှိခဲ့သည်။ အုမ္မုဂျမီလ်သည် ဤပစ္စက္ခတွင် တမန်တော်မြတ်အား ရန်ပြုရာ၌ မိမိ၏ခင်ပွန်းကို အထောက်အကူပြုသကဲ့သို့ နောင်တမလွန်ဘဝတွင်လည်း ငရဲ၌ မိမိ၏ ခင်ပွန်းနှင့်အတူတကွပင် ငရဲဒဏ်ခံစားရမည်ဖြစ်သည်။ ငရဲတွင် ငရဲသားများစားသုံးရန် 'ဇက္ကုမ်' 'သွာရီအ်'စသည့် ဆူးပင်များရှိသည်။ အုမ္မုဂျမီလ်သည် ငရဲတွင်လည်း အဆိပါဆူးပင်များကို သယ်ပိုး၍ မိမိခင်ပွန်း၏ ငရဲမီးကို ပိုမိုတောက်လောက်အောင် ပြုလုပ်နေရမည်သာဖြစ်သည်။ မည်သူမပြုမိမိမှုပင်၊ လုပ်ရဲလျှင် ခံရဲရမည်ပင်။

အချို့ပညာရှင်များက "ဟမ္မာလတလ်ဟတ္တမဲ" ၏အနက်ကို ကုန်းချောသူဟူ၍လည်း ဖွင့်ဆိုကြသည်။ အရဗီစာပေတွင် ဤအနက်၌ အသုံးအနှုန်းလည်းရှိသည်။ ပါရှားစာပေတွင်လည်း ကုန်းချော သူကို "ဟိုင်ဇမ်ကရ်"ဟူ၍ အသုံးအနှုန်းရှိသည်။ အုမ္မုဂျမီလ်သည် တမန်တော်မြတ်နှင့်ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံ၍ ကုန်းချောလေ့ရှိခဲ့ပေသည်။ ကြည့်-အွတ်(ဆ်)မာနီ။ ထာနဝီ။

② "ထိုမိန်းမ၏လည်ကုပ်၌ကောင်းစွာကျစ်ထားသောစွန်ပလွံလျှော်ကြိုးတစ်ချောင်းရှိသည်"ဟူသော အာယတ်တော်၌ လျှော်ကြိုးဟူသည် ငရဲတွင် ငရဲသားများအား ချည်နှောင်ရန်ဖြစ်သော ငရဲသံကြိုး ကွင်းများကို ဆိုလိုသည်။

အုမ္မုဂျမီလ်သည် ထင်းခွေလေ့ရှိခဲ့သည်။ ထင်းခွေရာ၌ ချည်နှောင်ရန်ကြိုးလိုသည်။ ထို့အတွက်ကြောင့် ယင်းသို့ ရှိုင်းယှဉ်သုံးနှုန်းထားတော်မူခြင်း ဖြစ်တန်ရာသည်။

အချို့ကျမ်းချက်များတွင် လာရှိသည်မှာ အုမ္မုဂျမီလ်၏လည်ပင်းတွင် အလွန်အဖိုးတန်သော ဆွဲကြိုးတစ်ကုံးရှိခဲ့သည်။ အုမ္မုဂျမီလ်သည် လာတ်, အုဇ္ဇာတို့အား တိုင်တည်၍ ငါသည် ဤဆွဲကြိုးကြီးကို မုဟမ္မဒ်အား အန္တရာယ်ပြုရာတွင် သုံးမည်ဟု ပြောဆိုလေ့ရှိခဲ့သည်။ သို့ဖြစ်ရာ အဆိုပါ ဆွဲကြိုးသည် ငရဲတွင် ➤➤

ဖြူစင်သောသဒ္ဒါတရားကဏ္ဍ



ဤကဏ္ဍသည် "အလ်အိခ်လာဆွ်" ကဏ္ဍမည်၏။ မက္ကာမြို့တော်၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော် (၄)ပါး ပါရှိ၏။

بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْمِ ۝

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော မဟာကရုဏာတော်ရှင်ဖြစ်တော်မူသာ အလ္လာဟ်အရှင်မြတ်၏ နာမ်တော်ဖြင့် အစပြုပါ၏။

قُلْ هُوَ اللهُ اَحَدٌ ۝١

၁။ (အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူ၏။ (တစ်နည်း) (အို-နဗီတမန်တော်) အသင်သည် ဤသို့ ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်းဖြစ်တော်မူ၏။ [၁]

اَللهُ الصَّمَدُ ۝٢

၂။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝ ကင်းရှင်းတော်မူသောအရှင်၊ သူတပါးတို့၏ မှီခိုအားထားရာအရှင်၊ နိစ္စထာဝရအရှင် ဖြစ်တော်မူ၏။ [၂]

➤➤ ၎င်း၏လည်ပင်း၌ မီးကြိုးဖြစ်ကာ ရှိနေမည်သာတည်း။

အုမ္မုဂျမီလ် သေဆုံးပုံမှာလည်း အံ့သြဖွယ်ရာပင်။ တစ်နေ့ အုမ္မုဂျမီလ်သည် မိမိ၏အလေ့အထအတိုင်း ထင်းများကိုရွက်ရာတွင် ထင်းများကို တုပ်နှောင်ထားသောကြိုးသည် ၎င်း၏လည်ပင်းတွင် စွပ်မိပြီး၊ လည်မျိုအစ်ကာ အသေဆိုးနှင့် သေဆုံးသွားခဲ့ရလေသည်။

① တစ်ခါသော် မုရှ်ရစ်များက တမန်တော်မြတ်အား အသင်၏ကိုးကွယ်ရာအရှင်သခင်၏ ဂုဏ်ဝိသေသကား အသို့ပါနည်းဟု မေးမြန်းခဲ့ကြ၏။ ထိုအခါ ဤကဏ္ဍကျရောက်လာခဲ့၏။ ကြည့်-ထာနဝီ။ ဒုရ်ရိမန်ဆူရ်။

အလ္လာဟ်အရှင်မြတ်သည် တဆူတည်း၊ တစ်ပါးတည်းသာ ဖြစ်တော်မူ၏။ နှစ်ပါးမဟုတ်၊ သုံးပါးမဟုတ်၊ အပြားပြားမဟုတ်။ ထိုအရှင်မြတ်၌ ဂုဏ်ရည်တူဟူ၍ အလျင်းမရှိ။ တွဲဖက်ယှဉ်ဖက် ဟူ၍ အလျင်းမရှိ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၁၇:၄၂ နှင့် ၂၁:၂၂)များကို ရှုပါကုန်။

② "ဆွမဒ်"ဟူသောပုဒ်ကို မုဖတ်စိစိရ်ပညာရှင်များသည် အရာခပ်သိမ်းကုန်တို့၏ မှီခိုအားထားရာအရှင်ဟူ၍လည်းကောင်း၊ ရှေ့ဆောင်ညွှန်ပြမှု ပြည့်ဝစုံလင်သောအရှင် ဟူ၍လည်းကောင်း၊ ထာဝရ တည်ရှိတော်မူသော အရှင်ဟူ၍လည်းကောင်း၊ မိဘသားသမီး သဲယောဇဉ် လုံးဝ ကင်းစင်တော်မူသောအရှင် ဟူ၍ ➤➤

لَمْ يَلِدْ ۙ وَلَمْ يُوْلَدْ ۙ﴿٣﴾

၃။ ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည် မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည်မဟုတ်ပေ။ [၁]

وَلَمْ يَكُنْ لَّهٗ كُفُوًا اَحَدٌ ﴿٤﴾

၄။ ထိုမှတပါး ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ [၂]

➤➤ လည်းကောင်း၊ ပြည့်ဝ သိပ်သည်းတော်မူသောအရှင်၊ စားခြင်း၊ သောက်ခြင်းမှ ကင်းစင်တော်မူသောအရှင်၊ အပြစ် လုံးဝ ကင်းတော်မူသောအရှင် စသည်ဖြင့် အမျိုးမျိုးအနက်ဖွင့်ကြလေသည်။ ယင်းသည့်အဖွင့်များအားလုံးမှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍ ပညာရှင်ကြီး တွဗရာနီက ထောက်ခံရေးသားထားပါသည်။

① အလ္လာဟ်အရှင်မြတ်၌ မိဘမရှိ၊ သားသမီးမရှိ၊ မိဘသားသမီးသဲ့ယောဇဉ် အလျင်းမရှိ။

② အလ္လာဟ်အရှင်မြတ်၌ ဂုဏ်ရည်တူဟူ၍ တစ်ဦးတစ်ယောက်မျှမရှိ။ ထိုအရှင်မြတ်၏ မည်သည့်ဂုဏ်အင်ဒြပ်တွင်မျှ၊ မည်သည့်အပြုအမူတွင်မျှ၊ မည်သို့မျှ၊ မည်ရွေ့မျှ ဂုဏ်ရည်တူ ဟူ၍ အလျင်းမရှိ။

မှတ်ချက်။ အချုပ်အားဖြင့် "ရှိရ်က်" ယှဉ်တွဲကိုးကွယ်မှုသည်

(၁) မူလဇာတိတွင်သော်လည်းကောင်း။

(၂) ဂုဏ်အင်ဒြပ်တွင်သော်လည်းကောင်း။

(၃) မျိုးနွယ်တော်စပ်ခြင်းတွင်သော်လည်းကောင်း။

(၄) အလုပ်အကိုင် တွင်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

အလ္လာဟ်အရှင်မြတ်သည် ဤသည့် "ရှိရ်က်" (၄)ရပ်လုံးနှင့် လုံးဝကင်းရှင်းတော်မူကြောင်း ဤကဏ္ဍလာ အာယတ်တော် (၄) ပါးတွင် တိုတိုတုပ်တုပ် တိတိကျကျ ဖွင့်ဟမိန့်ဆိုထားတော်မူသည်။

အရုဏ်တက်ချိန်ကဏ္ဍ



ဤကဏ္ဍသည် "အလ်ဖလာက်" အရုဏ်တက်ချိန်ကဏ္ဍမည်၏။ မဒီနာမြို့၌ကျရောက်ခဲ့၏။ ဤကဏ္ဍတွင် အာယတ်တော် (၅)ပါး ပါရှိ၏။

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသာ အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

قُلْ اَعُوْذُ بِرَبِّ الْفَلَقِ ۝١

၁။ (အို–နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထား ပန်ကြားပါလေ၊ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသောအရှင်မြတ်အား ဖြင့် အကာအကွယ်ယူပါ၏။ [၁]

مِنْ شَرِّ مَا خَلَقَ ۝٢

၂။ ထိုအရှင်မြတ်သည် ဖန်ဆင်းတော်မူသော (ခပ်သိမ်းကုန်သော)အဖန်ဆင်းခံတို့၏ ဘေးအန္တရာယ် များမှလည်းကောင်း။

---

① တစ်ခါသော် ရေဝတီဘာသာဝင်တစ်ဦးဖြစ်သူ လဗီဒ် အိဗ်နု အအ်ဆွာမ်နှင့် ၎င်း၏သမီးများက တမန်တော်မြတ်အား "စိဟ်ရ်" ဂျာဒူ ပြုလုပ်ခဲ့ကြသည့်အတွက် တမန်တော်မြတ်သည် အနည်းငယ် ခံစားတော်မူခဲ့ရလေသည်။ ထို့အတွက် တမန်တော်မြတ်က အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုပန်ကြားရာ ဤကဏ္ဍနှစ်ခု၊ (အလ်ဖလာက်နှင့်အနှာစ်) ကျရောက်လာခဲ့ပေသည်။

"အလ်ဖလာက်" ကဏ္ဍတွင် အာယတ်တော် (၅) ပါး၊ "အနှာစ်" ကဏ္ဍတွင် အာယတ်တော် (၆) ပါး၊ ပေါင်း(၁၁)ပါး ပါရှိ၏။ လဗီဒ်ဂျာဒူလုပ်ထားရာတွင်လည်း အထုံး (၁၁) ထုံး ပါရှိ၏။ ကောင်းကင်တမန် ဂျိဗ်ရီလ်သည် ဤကဏ္ဍနှစ်ခုလာ အာယတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်သည့်အခါ အာယတ်တော်တစ်ပါး ရွတ်ဖတ်ပြီးတိုင်း ပြီးတိုင်း၊တစ်ထုံးတစ်ထုံးစီ ပြေ၍ပြေ၍ သွားခဲ့၏။ ဤသို့ဖြင့် တမန်တော်မြတ်သည် လုံးဝကျန်းမာချမ်းသာ၍ သွားတော်မူခဲ့လေ၏။

အချုပ်အားဖြင့် ဤကဏ္ဍနှစ်ခုတွင် လောကီရေးနှင့် လောကုတ္တရာရေးဆိုင်ရာ ဘေးဒုက္ခအန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ခိုလှုံရမည့်အကြောင်းနှင့် အရေးကိစ္စအဝဝတွင် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွဲအပ်ရမည့်အကြောင်း မိန့်ဆိုထားတော်မူသည်။ ထာနဝီ။

وَمِنْ شَرِّ غَاسِقٍ إِذَا وَقَبَ ﴿٣﴾

၃။ အမှောင်အတိ ဖြစ်လာသောအခါ (ဖြစ်တတ်သော) ယင်းအမှောင်၏ ဘေးအန္တရာယ်များမှလည်း ကောင်း။ [၁]

وَمِنْ شَرِّ النَّفَّٰثَٰتِ فِي الْعُقَدِ ﴿٤﴾

၄။ အထုံးအဖွဲ့များ၌ (ဂါထာ မန္တရားရွတ်ဖတ်) မန်းမှုတ်သောမိန်းမတို့၏ ဘေးအန္တရာယ်များမှလည်း ကောင်း။ [၂]

وَمِنْ شَرِّ حَاسِدٍ إِذَا حَسَدَ ﴿٥﴾

၅။ မနာလို ငြူစူသောသူသည် မနာလို ငြူစူသောအခါ (ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း။ [၃]

---

(၁) လူသားတို့သည် ဘေးအန္တရာယ်အသွယ်သွယ်တို့မှ လွတ်ကင်းရန်အတွက် ကမ္ဘာအဝန်း၏ မှီခိုအားထားရာ ဖြစ်တော်မူသော၊ ညဉ့်၏အမှောင်ကိုခွင်း၍ နေ့၏အလင်းရောင်ကို ဆောင်တော်မူသော၊ ဒုက္ခကိုဖယ်ရှား၍ သုခကိုဆောင်တော်မူသော အလွှာဟ်အရှင်မြတ်ထံတော်၌သာ ခိုလှုံရပေမည်။ အထူးသဖြင့် ညဉ့်၏အမှောင်တွင် ဖြစ်ပေါ်လေ့ရှိသော ဘေးအန္တရာယ်အပေါင်းမှ ကင်းလွတ်ရန် လည်း ထိုအရှင်မြတ်ထံ၌ပင် ခိုလှုံရပေမည်။ ဤအာယတ်တော်တွင် ညဉ့်၏အန္တရာယ်မှဟု မိန့်ဆိုထားတော်မူခြင်းမှာ ဘေးအန္တရာယ်များသည် များသောအားဖြင့် အလင်းနှင့်စာလျှင် အမှောင်၌ နေ့နှင့်စာလျှင် ညဉ့်၌ ပိုမိုဖြစ်ပေါ်လေ့ရှိခြင်းကြောင့်ပင် ဖြစ်ပေသည်။ ဥပမာ-ခိုးသား ဓားပြများ၊ သားရဲတိရစ္ဆာန်များ၊ အဆိပ်အတောက်ရှိသော ပိုးမွှားများ၊ ရောဂါပိုးများသည်လည်း ညဉ့်၌ပင် ထွက်လေ့ရှိကြပေသည်။

အမှောင်ဟူသောစကားတွင် အတွင်းအမှောင်၊ အပြင်အမှောင်၊ ဆင်းရဲခြင်း၏ အမှောင်၊ စိတ်ဒုက္ခဖြစ်ခြင်း၏အမှောင်၊ လမ်းမှားခြင်း၏အမှောင် အားလုံး အကျုံးဝင်ပေသည်။

(၂) အထုံးများတွင် မန်းမှုတ်သူများဟူသည် ဂျာဒူမန္တရားပြုလုပ်ရာ၌ အထုံးအဖွဲ့များတွင် မန်းမှုတ်သော အမျိုးသမီးများအုပ်စု၊ မှော်ဆရာ၊ စုန်းကဝေကို ဆိုလိုသည်။ ဂျာဒူမန္တရားသည် ရှိသည်။ ကုရ်အာန်ကျမ်းမြတ် (၂၁၀၂) တွင်လည်း ပါရှိသည်။ တမန်တော်မြတ်၏ သြဝါဒတော်များတွင်လည်း ပါရှိသည်။ အကျယ်ကို သိလိုပါက ခါဧင်ကျမ်း၊ အစောင်-၇၊ စာမျက်နှာ (၂၆၈-၂၆၉) တွင် ရှုပါကုန်။

(၃) လူ့လောကတွင်ဖြစ်ပေါ်လျက်ရှိသော နောင့်ယှက်မှု၊ ဆန့်ကျင်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ တိုက်ခိုက်မှု၊ သတ်ဖြတ်မှု၊ ဖျက်ဆီးမှုတို့ကို နောက်ကွယ်မှ စေ့ဆော်တိုက်တွန်းဖြစ်ပေါ်စေသော အကြောင်းများတွင် မလိုမုန်းတီးမှုသည်လည်း အကြောင်းကြီးတစ်ရပ်ပင်။ ဤကား အထင်အရှားပင်။ မလိုမုန်းတီးသူတစ်ဦးသည် ပထမသော် မိမိ၏ မလိုမုန်းတီးမှုကို ဖုံးဖိထား၏။ သို့ရာတွင် မုန်းတီးမှုသည် ဖုံးဖိ၍ရခဲ၏။ တချိန်သော် အန်ထွက်လာ၏။ ထိုအခါ မုန်းတီးသောသူသည် ကာယကံမြောက် အန္တရာယ်ပြုလာ၏။ ကျူးလွန်စော်ကား၏။ ထို့အတွက် ယင်းသည့်မလိုမုန်းတီးသော သူများ၏ အန္တရာယ်မှ လွတ်ကင်းရန်လည်း အလွှာဟ်အရှင်မြတ်ထံတော်၌သာလျှင် ခိုလှုံရပေသည်။

လူသားများကဏ္ဍ

سُورَةُ النَّاسِ

ဤကဏ္ဍသည် "အန္နာစ်" လူသားများ ကဏ္ဍမည်၏။ မဒီနာမြို့၌ ကျရောက်ခဲ့၏။
ဤကဏ္ဍတွင် အာယတ်တော်(၆) ပါး ပါရှိ၏။

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မပြတ်မစဲ သနားကြင်နာတော်မူသော
မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမ်တော်ဖြင့် အစပြုပါ၏။

قُلْ أَعُوذُ بِرَبِّ النَّاسِ ﴿١﴾

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့) လျှောက်ထား ပန်ကြားပါလေ။ ကျွန်တော်မျိုးသည် အကာအကွယ်ယူပါ၏။ လူခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အား ဖြင့်။

مَلِكِ النَّاسِ ﴿٢﴾

၂။ လူခပ်သိမ်းတို့၏ ဘုရင်မင်းမြတ်ဖြစ်တော် မူသော (အရှင်မြတ်အား ဖြင့်)။

إِلَٰهِ النَّاسِ ﴿٣﴾

၃။ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ရာ ဖြစ်တော်မူသော (အရှင်မြတ်အား ဖြင့်)။

مِن شَرِّ الْوَسْوَاسِ الْخَنَّاسِ ﴿٤﴾

၄။ မကောင်းသော အကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်သော၊ (ရှိုင်တွာန်မိစ္ဆာကောင်)၏ ဘေးအန္တရာယ်မှ။

الَّذِي يُوَسْوِسُ فِي صُدُورِ النَّاسِ ﴿٥﴾

၅။ အကြင်(ရှိုင်တွာန်မိစ္ဆာကောင်သည်) လူတို့၏ စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်ကို ထည့်သွင်းလေ့ရှိ၏။ [၁]

---

① အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာအဝန်းကို စတင်ဖန်ဆင်းတော်မူသော၊ ပိုင်ဆိုင်စိုးမိုးတော်မူသော၊ ကမ္ဘာအဝန်း၏ ဆည်းကပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော၊ တန်ခိုးတော်နှင့် အဆုံးအစမရှိသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ တန်ခိုးတော်များသည် ကမ္ဘာအဝန်း၌ ပျံ့နှံ့လျက်ရှိ၏။ အထူးသဖြင့် ထိုအရှင်မြတ်၏ တန်ခိုးတော်များသည် အခြားအဖန်ဆင်းခံများနှင့်စာလျှင် လူသား၌ အများဆုံး ထင်ရှား ➤➤

مِنَ الْجِنَّةِ وَالنَّاسِ ۝٦

၆။ (ထိုရွိုင်တွာန်မိစ္ဆာကောင်သည်) ဂျင်န်(နှ်) သတ္တဝါတို့အနက်မှဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ၊ [၁]

➤➤ ပေါ်လွင်နေ၏။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အရှင်မြတ်သည် ဤကဏ္ဍတွင် မိမိကိုယ်ကို လူသားတို့၏ အရှင်သခင်၊ လူသားတို့၏ဘုရင်၊ လူသားတို့၏ကိုးကွယ်ရာအရှင်ဟူ၍ မိန့်ဆိုထားတော်မူခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် လူသားတို့ကို စတင်ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ လူသားတို့အား ပိုင်ဆိုင်စိုးမိုး ကွပ်ကဲစီမံအုပ်ချုပ်တော်မူသောအရှင်၊ လူသားတို့ ဆည်းကပ်ကိုးကွယ်ရာ အရှင်သခင်ဖြစ်တော်မူပေရာ လူသားတို့သည် ထိုသို့သော အရှင်မြတ်ထံတော်၌သာ ဘေးအန္တရာယ်အပေါင်းမှ ကင်းလွတ်ရန်ခိုလှုံကြရာသည်။

လူ့လောကတွင် ဖြစ်ပေါ်လျက်ရှိသော ညစ်ကျူးမကောင်းမှု အစုစုတို့သည် မကောင်းသောအကြံအစည် ပေါ်ပေါက်မှု၊ ဇဝေဒါဖြစ်မှု၊ တွေဝေယိမ်းယိုင်မှုမှပင် စတင်ဖြစ်သွားသည်သာဖြစ်သည်။ မကောင်းသော အကြံအစည်သည် စိတ်နှလုံးတွင် သက်ရောက်ပြီး ထွက်သွားပါက လူသည် တစ်စုံတစ်ရာ ပြစ်မှားခြင်းမှ လွတ်ကင်းသွားသည်။ အကယ်၍ မကောင်းသော အကြံအစည်သည် အချိန်အတန် ကြာသည်အထိ စိတ်နှလုံးတွင် စွဲကပ်နေသော် လူသည် ပြစ်မှုတစ်စုံတစ်ရာကို နည်းများမဆို ကျူးလွန်မိမည်သာဖြစ်သည်။ ထို့အတွက် ဤကဏ္ဍတွင် မကောင်းသောအကြံအစည်၏ ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်ရန် နည်းလမ်းကို သင်ကြားပြသထားတော်မူသည်။

ရွိုင်တွာန်သည် လူသားတို့၏ စိတ်နှလုံးများတွင် မကောင်းသော အကြံအစည်များ အတွေးအခေါ်များကို လှုံ့ဆော်စွာထည့်သွင်းပေးသည်။ လူသားတို့အား ဇဝေဒါဖြစ်စေသည်။ တွေဝေယိမ်းယိုင် စေသည်။ လူသားသည် အမှုမဲ့ အမှတ်မဲ့နေလျှင် မေ့လျော့နေလျှင် ရွိုင်တွာန်၏ခြယ်လှယ်မှုသည် ပို၍ပို၍ ကြီးထွားလာ၏။ လူသားအား မှောက်မှားစေ၏။ တဖန် လူသားသည် သတိရ၍ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသလိုက်လျှင် ရွိုင်တွာန်သည် နောက်ဆုတ်သွား၏။ ရွိုင်တွာန်၏ အန္တရာယ်ကား ကြီးမားလှ၏။ ထို့အတွက် ယင်းရွိုင်တွာန်၏ အန္တရာယ်မှ ကင်းလွတ်ရန် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ခိုလှုံရာသတည်း။

① လူသားတို့၏ စိတ်နှလုံးများတွင် မကောင်းသောအကြံအစည်များကို ထည့်သွင်းပေးသော ရွိုင်တွာန်မှာ 'ဂျင်န်' သတ္တဝါများတွင်လည်းရှိသည်။ လူသားတို့တွင်လည်းရှိသည်။ ဂျင်န်ရွိုင်တွာန်ရှိသကဲ့သို့ လူရွိုင်တွာန်လည်းရှိသည်။ ကြည့်-ကုရ်အာန် (၆:၁၁၃)။

သို့ဖြစ်ပေရာ လူသားတို့သည် ဂျင်န်ရွိုင်တွာန်၊ လူရွိုင်တွာန်တို့ ထည့်သွင်းပေးသော မကောင်းသော အကြံအစည် အတွေးအထင်များ၏ ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်ကြရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ခိုလှုံကြရမည်သာတည်း။

ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန် (၆:၁၁၃) ၏အဖွင့်တွင်လည်း အကျယ်ရေးသားခဲ့ပေပြီ။

فِهْرِسُ بِأَسْمَاءِ السُّوَرِ

မာတိကာ

السُّورَة	رَقمُها	الصَّفحَة	စာမျက်နှာ	ကဏ္ဍအမည်	ဘွဲ့အမှတ်	အမှတ်စဉ်
سُوْرَةُ الكهف	١٨	١٦٣٨	၁၆၃၈ မှ ၁၆၅၂	ဥမင်လိုဏ်ခေါင်းကဏ္ဍ	၁၈	၁၈
سُوْرَةُ مَرْيَم	١٩	١٦٥٣	၁၆၅၃ မှ ၁၆၉၂	မရိယမ်သခင်မကဏ္ဍ	၁၆	၁၉
سُوْرَةُ طٰـهٰ	٢٠	١٦٩٣	၁၆၉၃ မှ ၁၇၃၉	စူရဟ်တွာဟာကဏ္ဍ		၂၀
سُوْرَةُ الأَنبِيَآءِ	٢١	١٧٤٠	၁၇၄၀ မှ ၁၇၈၁	နဗီတမန်တော်များကဏ္ဍ	၁၇	၂၁
سُوْرَةُ الحَجِّ	٢٢	١٧٨٢	၁၇၈၂ မှ ၁၈၂၉	ဟဂ်ျပြုခြင်းကဏ္ဍ		၂၂
سُوْرَةُ المؤمنون	٢٣	١٨٣٠	၁၈၃၀ မှ ၁၈၆၇	ယုံကြည်သူများကဏ္ဍ	၁၈	၂၃
سُوْرَةُ النُّور	٢٤	١٨٦٨	၁၈၆၈ မှ ၁၉၂၂	ရောင်ခြည်တော်ကဏ္ဍ		၂၄
سُوْرَةُ الفُرقَان	٢٥	١٩٢٣	၁၉၂၃ မှ ၁၉၃၄	အမှားအမှန်ခွဲခြားပေးသောကဏ္ဍ		၂၅
			၁၉၃၅ မှ ၁၉၅၇	〃	၁၉	
سُوْرَةُ الشُّعَرَآءِ	٢٦	١٩٥٨	၁၉၅၈ မှ ၂၀၀၀	လင်္ကာဆရာများကဏ္ဍ		၂၆
سُوْرَةُ النَّمل	٢٧	٢٠٠١	၂၀၀၁ မှ ၂၀၂၀	ပရွက်ဆိတ်ကောင်းကဏ္ဍ		၂၇
			၂၀၂၁ မှ ၂၀၃၅	〃	၂၀	
سُوْرَةُ القَصَص	٢٨	٢٠٣٦	၂၀၃၆ မှ ၂၀၆၆	ဖြစ်ကြောင်းကုန်စင်ကဏ္ဍ		၂၈
سُوْرَةُ العَنكبوت	٢٩	٢٠٧٧	၂၀၆၇ မှ ၂၀၉၆	ပင့်ကူကောင်ကဏ္ဍ		၂၉
			၂၀၉၇ မှ ၂၁၁၁	〃	၂၁	
سُوْرَةُ الرُّوم	٣٠	٢١١٢	၂၁၁၂ မှ ၂၁၄၁	ရောမနိုင်ငံကဏ္ဍ		၃၀
سُوْرَةُ لُقمَان	٣١	٢١٤٢	၂၁၄၂ မှ ၂၁၅၈	လွတ်ကံမာန် သုခမိန်ကဏ္ဍ		၃၁
سُوْرَةُ السَّجْدَة	٣٢	٢١٥٩	၂၁၅၉ မှ ၂၁၇၀	ပျပ်ဝပ်ဦးချခြင်းကဏ္ဍ		၃၂
سُوْرَةُ الأَحزَاب	٣٣	٢١٧١	၂၁၇၁ မှ ၂၁၉၂	မဟာမိတ်များကဏ္ဍ		၃၃
			၂၁၉၃ မှ ၂၂၂၄	〃	၂၂	
سُوْرَةُ سَبَإٍ	٣٤	٢٢٢٥	၂၂၂၅ မှ ၂၂၄၉	ရှီဗာကဏ္ဍ		၃၄
سُوْرَةُ فَاطِر	٣٥	٢٢٥٠	၂၂၅၀ မှ ၂၂၇၁	စတင်ဖန်ဆင်းတော်မူသောအရှင်ကဏ္ဍ		၃၅

فِهْرِسُ بِأَسْمَاءِ السُّوَرِ

မာတိကာ

السُّورَة	رَقمُها	الصَّفحَة	စာမျက်နှာ	ကဏ္ဍအမည်	ဇယားနံပါတ်	အပိုဒ်နံပါတ်
سُوْرَةُ يٰسٓ	٣٦	٢٢٧٢	၂၂၇၂ မှ ၂၂၈၀	ယာစီန်ကဏ္ဍ	၃၆	
			၂၂၈၁ မှ ၂၃၀၁	〃		၂၃
سُوْرَةُ الصَّافَّات	٣٧	٢٣٠٢	၂၃၀၂ မှ ၂၃၃၀	စီတန်းနေသူများကဏ္ဍ	၃၇	
سُوْرَةُ صٓ	٣٨	٢٣٣١	၂၃၃၁ မှ ၂၃၅၆	ဆွာဒ်ကဏ္ဍ	၃၈	
سُوْرَةُ الزُّمَر	٣٩	٢٣٥٧	၂၃၅၇ မှ ၂၃၆၉	အုပ်စုများကဏ္ဍ	၃၉	
			၂၃၇၀ မှ ၂၃၈၉	〃		၂၄
سُوْرَةُ المُؤمن	٤٠	٢٣٩٠	၂၃၉၀ မှ ၂၄၂၃	အီမာန်ယုံကြည်သူကဏ္ဍ	၄၀	
سُوْرَةُ حٰمٓ السَّجْدَة	٤١	٢٤٢٤	၂၄၂၄ မှ ၂၄၄၅	ဟာမီမ်-စဂျဒဟ်ကဏ္ဍ	၄၁	
			၂၄၄၆ မှ ၂၄၅၀	〃		၂၅
سُوْرَةُ الشُّوْرٰى	٤٢	٢٤٥١	၂၄၅၁ မှ ၂၄၇၇	ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍ	၄၂	၂၅
سُوْرَةُ الزُّخْرُف	٤٣	٢٤٧٨	၂၄၇၈ မှ ၂၅၀၃	ရွှေကဏ္ဍ	၄၃	
سُوْرَةُ الدُّخَان	٤٤	٢٥٠٤	၂၅၀၄ မှ ၂၅၁၅	အခိုးအငွေ့ကဏ္ဍ	၄၄	
سُوْرَةُ الجَاثِيَة	٤٥	٢٥١٦	၂၅၁၆ မှ ၂၅၂၇	ပုဆစ်ခူးထောက်လျက်နေခြင်းကဏ္ဍ	၄၅	
سُوْرَةُ الأَحقاف	٤٦	٢٥٢٨	၂၅၂၈ မှ ၂၅၄၄	သဲတောင်များကဏ္ဍ	၄၆	၂၆
سُوْرَةُ مُحَمَّد	٤٧	٢٥٤٥	၂၅၄၅ မှ ၂၅၆၀	မုဟမ္မဒ်ကဏ္ဍ	၄၇	
سُوْرَةُ الفَتْح	٤٨	٢٥٦١	၂၅၆၁ မှ ၂၅၈၁	အောင်နိုင်ခြင်းကဏ္ဍ	၄၈	
سُوْرَةُ الحُجُرٰات	٤٩	٢٥٨٢	၂၅၈၂ မှ ၂၅၉၆	အတွင်းဆောင်များကဏ္ဍ	၄၉	
سُوْرَةُ قٓ	٥٠	٢٥٩٧	၂၅၉၇ မှ ၂၆၀၈	ကားဖ်ကဏ္ဍ	၅၀	
سُوْرَةُ الذّٰرِيٰات	٥١	٢٦٠٩	၂၆၀၉ မှ ၂၆၁၅	လွင့်ပါးစေသောလေများကဏ္ဍ	၅၁	
			၂၆၁၆ မှ ၂၆၂၂	〃		၂၇
سُوْرَةُ الطُّور	٥٢	٢٦٢٣	၂၆၂၃ မှ ၂၆၃၂	တူရ်တောင်ကဏ္ဍ	၅၂	
سُوْرَةُ النَّجْم	٥٣	٢٦٣٣	၂၆၃၃ မှ ၂၆၄၆	ကြယ်တာရာကဏ္ဍ	၅၃	

فِهْرِسُ بِأَسْمَاءِ السُّوَرِ
မာတိကာ

السُّورَة	رَقمها	الصَّفحَة	စာမျက်နှာ	ကဏ္ဍအမည်	အပိုဒ်အရေအတွက်	မှတ်ချက်
سُوْرَةُ القَمَر	٥٤	٢٦٤٧	၂၆၄၇ မှ ၂၆၅၉	စန်းသော်တာ လကဏ္ဍ	၅၄	
سُوْرَةُ الرَّحمٰن	٥٥	٢٦٦٠	၂၆၆၀ မှ ၂၆၇၅	အထူးကရုဏာတော်ရှင်ကဏ္ဍ	၅၅	
سُوْرَةُ الواقِعَة	٥٦	٢٦٧٦	၂၆၇၆ မှ ၂၆၉၃	အဖြစ်အပျက်ကဏ္ဍ	၅၆	
سُوْرَةُ الحَدِيْد	٥٧	٢٦٩٤	၂၆၉၄ မှ ၂၇၁၅	သံကဏ္ဍ	၅၇	၂၇
سُوْرَةُ المجَادلة	٥٨	٢٧١٦	၂၇၁၆ မှ ၂၇၂၂	စောဒကဝင်သောမိန်းမကဏ္ဍ	၅၈	၂၈
سُوْرَةُ الحَشر	٥٩	٢٧٣٣	၂၇၃၃ မှ ၂၇၄၈	ပြည်နှင်ဒဏ်ကဏ္ဍ	၅၉	
سُوْرَةُ المُمتَحنَة	٦٠	٢٧٤٩	၂၇၄၉ မှ ၂၇၆၁	စစ်ဆေးခြင်းကဏ္ဍ	၆၀	
سُوْرَةُ الصَّف	٦١	٢٧٦٢	၂၇၆၂ မှ ၂၇၆၉	(တန်းစီ)အစီအတန်းများကဏ္ဍ	၆၁	
سُوْرَةُ الجُمُعَة	٦٢	٢٧٧٠	၂၇၇၀ မှ ၂၇၇၆	ဣျုမုအဟ် သောကြာနေ့ကဏ္ဍ	၆၂	
سُوْرَةُ المُنَافِقون	٦٣	٢٧٧٧	၂၇၇၇ မှ ၂၇၈၂	မွတ်စ်လင်မ်အယောင်ဆောင်များကဏ္ဍ	၆၃	
سُوْرَةُ التَّغَابُن	٦٤	٢٧٨٣	၂၇၈၃ မှ ၂၇၉၂	အရှုံးအမြတ်ပေါ်လွင်မည့်နေ့ကဏ္ဍ	၆၄	
سُوْرَةُ الطَّلَاق	٦٥	٢٧٩٣	၂၇၉၃ မှ ၂၈၀၅	လင်ခန်းမဃားခန်းဖြတ်ခန်းကဏ္ဍ	၆၅	
سُوْرَةُ التَّحرِيم	٦٦	٢٨٠٦	၂၈၀၆ မှ ၂၈၁၆	တားမြစ်ခြင်းကဏ္ဍ	၆၆	
سُوْرَةُ المُلك	٦٧	٢٨١٧	၂၈၁၇ မှ ၂၈၂၆	ဓိုးမိုးခြင်းကဏ္ဍ	၆၇	၂၉
سُوْرَةُ القَلَم	٦٨	٢٨٢٧	၂၈၂၇ မှ ၂၈၄၀	မင်တံကဏ္ဍ	၆၈	
سُوْرَةُ الحَاقَّة	٦٩	٢٨٤١	၂၈၄၁ မှ ၂၈၅၀	အမှန်မုချဖြစ်မည့်အရာကဏ္ဍ	၆၉	
سُوْرَةُ المعَارِج	٧٠	٢٨٥١	၂၈၅၁ မှ ၂၈၅၉	အဆင့်အတန်းများကဏ္ဍ	၇၀	၂၉
سُوْرَةُ نُوح	٧١	٢٨٦٠	၂၈၆၀ မှ ၂၈၆၆	တမန်တော်နူဟ်ကဏ္ဍ	၇၁	
سُوْرَةُ الجِنّ	٧٢	٢٨٦٧	၂၈၆၇ မှ ၂၈၇၇	ဂျင်နီကဏ္ဍ	၇၂	
سُوْرَةُ المزَّمِّل	٧٣	٢٨٧٨	၂၈၇၈ မှ ၂၈၈၆	ကိုယ်ရုံ ရုံထားသူကဏ္ဍ	၇၃	
سُوْرَةُ المدَّثِّر	٧٤	٢٨٨٧	၂၈၈၇ မှ ၂၈၉၇	စောင်ခြုံသူကဏ္ဍ	၇၄	
سُوْرَةُ القِيَامَة	٧٥	٢٨٩٨	၂၈၉၈ မှ ၂၉၀၅	ကိယာမတ်ကဏ္ဍ	၇၅	

فِهْرِسُ بِأَسْمَاءِ السُّوَرِ
စာတိကာ

အမှတ်	အပိုဒ်	ကဏ္ဍအမည်	စာမျက်နှာ	الصَّفحَة	رَقمها	السُّورَة
	၇၆	ခေတ်ကဏ္ဍ	၂၉၀၆ မှ ၂၉၁၅	٢٩٠٦	٧٦	سُوْرَة الدَّهر
	၇၇	စေလွှတ်ခြင်းခံရသောလေများကဏ္ဍ	၂၉၁၆ မှ ၂၉၂၅	٢٩١٦	٧٧	سُوْرَة المُرسَلات
၂၀	၇၈	ကြီးကျယ်သောသတင်းကဏ္ဍ	၂၉၂၆ မှ ၂၉၃၅	٢٩٢٦	٧٨	سُوْرَة النَّبَإ
	၇၉	ဆွဲငင်ထုတ်နှုတ်သူများကဏ္ဍ	၂၉၃၆ မှ ၂၉၄၄	٢٩٣٦	٧٩	سُوْرَة النَّازِعَات
	၈၀	သူမျက်မှောင်ကြုတ်သည်ကဏ္ဍ	၂၉၄၅ မှ ၂၉၅၂	٢٩٤٥	٨٠	سُوْرَة عَبَسَ
	၈၁	ခေါက်လိပ်ခြင်းကဏ္ဍ	၂၉၅၃ မှ ၂၉၆၀	٢٩٥٣	٨١	سُوْرَة التَّكوِيْر
	၈၂	စုတ်ပြတ်ခြင်းကဏ္ဍ	၂၉၆၁ မှ ၂၉၆၈	٢٩٥٨	٨٢	سُوْرَة الإِنفِطَار
	၈၃	အလေးတင်းကောင်းစဉ်းလဲခြင်းကဏ္ဍ	၂၉၆၁ မှ ၂၉၆၇	٢٩٦١	٨٣	سُوْرَة المُطَفِّفِيْن
	၈၄	ကွဲအက်ခြင်းကဏ္ဍ	၂၉၆၈ မှ ၂၉၇၃	٢٩٦٨	٨٤	سُوْرَة الإِنشِقَاق
	၈၅	ဒွါဒ ရာသီစက်ကဏ္ဍ	၂၉၇၄ မှ ၂၉၈၂	٢٩٧٤	٨٥	سُوْرَة البُرُوج
	၈၆	ညဥ့်အချိန်၌ပေါ်လာသူကဏ္ဍ	၂၉၈၃ မှ ၂၉၈၅	٢٩٨٣	٨٦	سُوْرَة الطَّارِق
	၈၇	အမြင့်မြတ်ဆုံးကဏ္ဍ	၂၉၈၆ မှ ၂၉၉၀	٢٩٨٦	٨٧	سُوْرَة الأَعلى
	၈၈	ဖုံးလွှမ်းမည့်အရာများကဏ္ဍ	၂၉၉၁ မှ ၂၉၉၅	٢٩٩١	٨٨	سُوْرَة الغَاشِيَة
	၈၉	မိုးသောက်ချိန်ကဏ္ဍ	၂၉၉၆ မှ ၃၀၀၄	٢٩٩٦	٨٩	سُوْرَة الفَجْر
	၉၀	မြို့တော် ကဏ္ဍ	၃၀၀၅ မှ ၃၀၁၀	٣٠٠٥	٩٠	سُوْرَة البَلَد
	၉၁	သူရိယကဏ္ဍ	၃၀၁၁ မှ ၃၀၁၄	٣٠١١	٩١	سُوْرَة الشَّمس
၂၀	၉၂	ညဥ့်ကဏ္ဍ	၃၀၁၅ မှ ၃၀၁၈	٣٠١٥	٩٢	سُوْرَة اللَّيْل
	၉၃	နေတက်ချိန်ကဏ္ဍ	၃၀၁၉ မှ ၃၀၂၃	٣٠١٩	٩٣	سُوْرَة الضُّحَى
	၉၄	အသိဉာဏ်ပွင့်ခြင်း ကဏ္ဍ	၃၀၂၄ မှ ၃၀၂၆	٣٠٢٤	٩٤	سُوْرَة الشَّرْح
	၉၅	သဖန်းပင်ကဏ္ဍ	၃၀၂၇ မှ ၃၀၂၉	٣٠٢٧	٩٥	سُوْرَة التِّيْن
	၉၆	(သွေးခဲ)ဖတ်ရွက်လေ့ ကဏ္ဍ	၃၀၃၀ မှ ၃၀၃၆	٣٠٣٠	٩٦	سُوْرَة العَلَق
	၉၇	မြင့်မြတ်ခြင်း(ညဉ့်) ကဏ္ဍ	၃၀၃၇ မှ ၃၀၃၉	٣٠٣٧	٩٧	سُوْرَة القَدْر

فِهْرِسُ بِأَسْمَاءِ السُّوَرِ

မာတိကာ

السُّورَة	رَقمُها	الصَّفحَة	စာမျက်နှာ	ကဏ္ဍအမည်	တွဲအမှတ်	အခန်းငယ်
سُورَةُ البَيِّنَة	۹۸	۳۰٤۰	၃၀၄၀ မှ ၃၀၄၃	ထင်ရှားသောသာဓက ကဏ္ဍ	၉၈	
سُورَةُ الزِّلزَال	۹۹	۳۰٤٤	၃၀၄၄ မှ ၃၀၄၆	မြေငလျင်ကဏ္ဍ	၉၉	
سُورَةُ العَادِيات	۱۰۰	۳۰٤۷	၃၀၄၇ မှ ၃၀၄၉	အာဇာနည်မြင်းများကဏ္ဍ	၁၀၀	
سُورَةُ القَارِعَة	۱۰۱	۳۰۵۰	၃၀၅၀ မှ ၃၀၅၁	ကြိုးလေးသောဘေးဥပဒ်ကဏ္ဍ	၁၀၁	၃၀
سُورَةُ التَّكَاثُر	۱۰۲	۳۰۵۲	၃၀၅၂ မှ ၃၀၅၃	ဥစ္စာကြွယ်ဝခြင်းကဏ္ဍ	၁၀၂	
سُورَةُ العَصر	۱۰۳	۳۰۵٤	၃၀၅၄ မှ ၃၀၅၆	ခေတ်ကာလကဏ္ဍ	၁၀၃	
سُورَةُ الهُمَزَة	۱۰٤	۳۰۵۷	၃၀၅၇ မှ ၃၀၅၉	ချောပစ်ကုန်းတိုက်သူကဏ္ဍ	၁၀၄	
سُورَةُ الفِيل	۱۰۵	۳۰٦۰	၃၀၆၀ မှ ၃၀၆၁	ဆင်ကဏ္ဍ	၁၀၅	
سُورَةُ قُرَيش	۱۰٦	۳۰٦۲	၃၀၆၂ မှ ၃၀၆၃	ကုရိုက်ရှိမျိုးနွယ်ကဏ္ဍ	၁၀၆	
سُورَةُ المَاعون	۱۰۷	۳۰٦٤	၃၀၆၄ မှ ၃၀၆၆	အသေးအဖွဲကဏ္ဍ	၁၀၇	
سُورَةُ الكَوثَر	۱۰۸	۳۰٦۷	၃၀၆၇ မှ ၃၀၆၉	ကောင်းခြင်းအမြောက်အများကဏ္ဍ	၁၀၈	
سُورَةُ الكَافِرون	۱۰۹	۳۰۷۰	၃၀၇၀ မှ ၃၀၇၁	မယုံကြည်သူများကဏ္ဍ	၁၀၉	
سُورَةُ النَّصر	۱۱۰	۳۰۷۲	၃၀၇၂	အကူအညီကဏ္ဍ	၁၁၀	
سُورَةُ تَبَّتْ	۱۱۱	۳۰۷۳	၃၀၇၃ မှ ၃၀၇၆	မီးတောက်မီးလျှံကဏ္ဍ	၁၁၁	
سُورَةُ الإخلاص	۱۱۲	۳۰۷۷	၃၀၇၇ မှ ၃၀၇၈	ဖြူစင်သောသဒ္ဒါတရားကဏ္ဍ	၁၁၂	
سُورَةُ الفَلَق	۱۱۳	۳۰۷۹	၃၀၇၉ မှ ၃၀၈၀	အရုဏ်တက်ချိန်ကဏ္ဍ	၁၁၃	
سُورَةُ النَّاس	۱۱٤	۳۰۸۱	၃၀၈၁ မှ ၃၀၈၂	လူသားများကဏ္ဍ	၁၁၄	



مجمع الملك فهد لطباعة المصحف الشريف
المراقبة النهائية
١٢٣

حقوق الطبع محفوظة
لمجمع الملك فهد لطباعة المصحف الشريف

ص.ب ٦٢٦٢ - المدينة المنورة



(မူပိုင်)

ဖဟ်ဒ်ဘုရင် ကုရ်အာန်ကျမ်းမြတ် ပုံနှိပ်တိုက်

စာတိုက်သေတ္တာအမှတ် ၆၂၆၂ မဒီနာဟ်မုနာဝရာဟ်၊ စဆုဒီအရေဗျနိုင်ငံ။

إنَّ وزارةَ الشُّؤونِ الإسلاميَّةِ والأوقافِ والدَّعوةِ والإرشادِ

في المملكةِ العربيَّةِ السُّعوديَّةِ

المشرفةَ على مجمَّعِ الملكِ فهدٍ

لطباعةِ المصحفِ الشَّريفِ في المدينةِ المنوَّرةِ

إذ يسُرُّها أن يُصدِرَ المجمَّعُ هذه الطَّبعةَ مِنَ القُرآنِ الكريمِ

وترجمةِ معانيهِ إلى اللُّغةِ البُوزميَّة

تسألُ اللهَ أن ينفعَ بها النَّاس

وأنْ يجزيَ

خادمَ الحرمَيْنِ الشَّريفَيْنِ الملكَ فهدَ بنَ عبدِ العزيزِ آلَ سُعودٍ

أحسنَ الجزاءِ على جُهودِهِ العظيمةِ في نشرِ كتابِ اللهِ الكريمِ

واللهُ وليُّ التَّوفيقِ

ဒါဝါသ်နှင့် ဝကာဖ်ရေးရာ၊ အစ္စလာမ်မစ်ဝန်ကြီးဌါန

စအူဒ်မျိုးနွယ်ဖွား ဘုရင် ဖဟာဒ်ဗင်န် အဗ္ဒူလ်အဇီးဇ်၏ အမိန့်တော်ဖြင့် ဤမြန်မာဘာသာပြန် ကျမ်းမြတ်ကုရ်အာန်ကို မဒီနာမြို့တော်တွင် ပုံနှိပ်ခဲ့ပါသည်။

ဤ ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်စာအုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံသူနိုင်ငံသား မွတ်စ်လင်မ်များသည် လေ့လာဖတ်ရှု၊မှတ်သားနာယူ၊ ကျင့်ကြံအားထုတ်နိုင်မည်ဟု မျှော်လင့်ရပါသည်။

ⓒ مجمع الملك فهد لطباعة المصحف الشريف ، ١٤١٩هـ

فهرسة مكتبة الملك فهد الوطنية أثناء النشر

مجمع الملك فهد لطباعة المصحف الشريف

القرآن الكريم وترجمة معانيه إلى لغة البورما – المدينة المنورة

١٤٦٤ ص ،١٤×٢١سم

ردمك : ×-٧٧-٧٧٠-٩٩٦٠(مجموعة)

٠-٩٩-٧٧٠-٩٩٦٠ (ج٢)

النص باللغة البورمية

١- القرآن – ترجمة – اللغة البورمية أ – العنوان

ديوي ٢٢١،٤٩٥٧ ١٩/٤١٠٧

رقم الإيداع : ١٩/٤١٠٧

ردمك : ×-٧٧-٧٧٠-٩٩٦٠ (مجموعة)

٠-٩٩-٧٧٠-٩٩٦٠ (ج٢)

٤٠٠٠/د٣٤ (٥) (١)

ردمك : x-٧٧-٧٧٠-٩٩٦٠ (مجموعة)
٠-٩٩-٧٧٠-٩٩٦٠ (ج٢)

ဇာတ်ကောင်များ

တျမ်းကြတ်

ရွှန်းစာ ဘာသာရွှန်း

ဒုတိယ တွဲ

အစောင် (၁၆) မှ (၃၀) ထိ